# القرآن الكريم

## وترجمة معانيه إلى اللغة الميانمارية

إعداد

الحاج مولانا الحافظ القارئ هاشم تين مينت مكي الحنفي

# တန်ခိုးတော်များနှင့်
# တွဲနေသောကုရ်အာန်
# မြန်မာဘာသာပြန်

## အထူးထုတ်

(သမိုင်းဝင် MP3 အသံခွေနှင့် သမိုင်းဝင် ကွန်ပျူတာဆော့ဝဲခွေပါရှိသည်။)

**ခိဒ်မသ်လုပ်ပြုစုသူ**

အလ်ဟာဂ်ျ မော်လာနာ ဟာဖိဇ္ဇ် ကာရီ ဟာရှင်မ် တင်မြင့် မက္ကီ အလ်ဟနဖီ
(ရန်ကုန်စက်မှုတက္ကသိုလ်)
ကျောင်းအုပ်ဆရာကြီး ၊ ကုရ်အာန်ရေးရာကောလိပ် (ကာရီကျောင်း)၊ ဒလ၊ ရန်ကုန်။

**စစ်ဆေးတည်းဖြတ်သူများ**

**ပညာရှင်ဆရာတော်အပါး(၅၀)ကျော်**

(အတွင်းတွင် ၎င်းတို့၏အမည်များ ပါရှိသည်။)

(ကန့်သတ်)

# اَلْقُرْآنُ الْمُعْجِزُ

# တန်ခိုးတော်များနှင့်တွဲနေသောကုရ်အာန်

ကုရ်အာန်ကို ဘာဖြစ်လို့ တန်ခိုးတော်နဲ့တွဲနေတဲ့ကုရ်အာန်လို့ ခေါ်တာပါလဲ။ တန်ခိုးတော်နဲ့မတွဲဘဲ ခွဲထားတဲ့ကုရ်အာန်ရောရှိပါသေးသလားလို့ဆိုရင် ရှိပါသေးတယ်။ ကုရ်အာန်ဆိုတာ ဖတ်ခြင်းခံရတဲ့ကျမ်းကို ခေါ်ပါတယ်။ ဖတ်ခြင်းခံရတဲ့ကျမ်းကြီး(၄)ကျမ်းနဲ့ ကျမ်းငယ်အမြောက်အမြားကို အလ္လာဟ်အရှင်မြတ်က ချပေးတော်မူခဲ့ပါတယ်။ အဲဒီကျမ်းတွေအားလုံးထဲမှာ ကုရ်အာန်ကျမ်းတစ်ကျမ်းတည်းပဲ တန်ခိုးတော်တွေနဲ့ တွဲထားတာပါ။ ကျန်တဲ့ကျမ်းအားလုံးဟာ တန်ခိုးတော်တွေနဲ့ ခွဲထားပါတယ်။ ဥပမာ–သောင်ရာသ်ကျမ်းဆိုတာ ရိစာလတ်အရှင်မြတ်ရဲ့မိန့်မှာချက်တွေဖြစ်တယ်။ တုတ်ကနေ မြွေဖြစ်အောင်လုပ်ပြတဲ့တန်ခိုးကို အဲဒီကျမ်းချပေးခြင်းခံရတဲ့တမန်တော်မူစာ عليه السلام ကို သတ်သတ်ခွဲပေးထားပါတယ်။ အဲဒီလိုပဲ ဇဗူရ်ကျမ်းကို တမန်တော်ဒါဝူဒ် عليه السلام ထံချပေးပြီး သံကို လက်နဲ့ထိရင်ဖယောင်းလိုပျော့သွားစေတဲ့တန်ခိုးကို သတ်သတ်ခွဲပေးခဲ့တယ်။ အဲဒီလိုပဲ အင်န်ဂျီလ်ကျမ်းကို တမန်တော်အီစာ عليه السلام ထံချပေးပြီး ရွှံ့ရုပ်ငှက်ကို အသက်သွင်းပြီး ရှင်အောင်လုပ်တာတို့၊ လူသေတွေကို ရှင်ထစေတာတို့ စတဲ့တန်ခိုးတွေကို သတ်သတ်ခွဲပေးခဲ့တယ်။ ဒါကြောင့် အဲဒီကျမ်းတွေဟာ တန်ခိုးတော် "မုအ်ဂျိဇဟ်"မဟုတ်ပါဘူး။ ဒါပေမဲ့ ကုရ်အာန်ကျမ်းကိုတော့ အဲဒီလိုပုံစံမျိုး တန်ခိုးတွေကို သတ်သတ်ခွဲမပေးထားတော့ဘဲ တွဲပေးထားလိုက်ပါတယ်။ "မုအ်ဂျိဇဟ်"တန်ခိုးတော်ဆိုတာ အရှင်မြတ်ကလွဲလို့ ဘယ်သူမှမလုပ်နိုင်တဲ့တန်ခိုးကို ခေါ်တာပါ။ ပထမကျမ်းတွေဟာ မုအ်ဂျိဇဟ်တန်ခိုးမဟုတ်တဲ့အတွက် လူတွေက ပြုပြင်ပြောင်းလဲလို့ရခဲ့ကြတာပါ။ ကုရ်အာန်ကျတော့ မုအ်ဂျိဇဟ်တန်ခိုးဖြစ်လို့ ဘယ်သူမှ ပြောင်းလဲလို့မရ၊ အတုလုပ်လို့လည်းမရနိုင်တာပါ။ ဒါကြောင့် اَلْقُرْآنُ الْمُعْجِزُ "တန်ခိုးတော်နှင့်တွဲနေသောကုရ်အာန်"လို့ခေါ်တာပါ။ သဖ်စီရ်အိဗ်နုကဆီးရ်ကျမ်းမှာ လေ့လာကြည့်ပါ။ ဒီအသုံးအနှုန်းစကားလုံးဟာ "မက္ကာသဗဟ်ရှာမိလဟ်"ပရိုဂရမ်မှာ ရှာကြည့်ရင် (၃၉၆)ကြိမ်သုံးနှုန်းထားတာ တွေ့ရပါလိမ့်မယ်။ ဝင်ပေါက်(၁၁၁)ခုထဲမှာ တွဲနေတဲ့တန်ခိုးတွေကို တွေ့ရမှာပါ။ မြှုပ်နေတာကို ထုတ်ပြလိုက်ခြင်းမျှသာပါ။

ဟာရှင်မ်တင်မြင့်

الجامعة العربية الأسعدية زينة الإسلام
ဂျာမေအဟ်အရဗီယဟ်အဆ်အဒီယဟ်ဇီနသ်အစ္စလာမ်
JAMIAH ARBIYAH ASADIYAH ZINAT ISLAM (BOYS' HOME)
No (23) U Aung Myat Street.
Tha Pyae Kone Ward, Mingalar Taung Nyunt t/s,
YANGON, MYANMAR.
အမှတ် (၂၃) ဦးအောင်မြတ်လမ်း၊
သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
Telephone; + 951 290541 , 203741
Email; asadiyah@gmail.com

# ဂျာမိအဟ်အဆ်အဒီယဟ် ကျောင်းအုပ်ဆရာကြီးနှင့် မုဖ်သီချုပ် ကာရီယူစွတ်ဖ်(အဆ်အဒီ)၏အမှာစာ

၂၄-၆-၂၀၁၇

မြန်မာအစ္စလာမ်စာပေလောကတွင် ပထမဦးဆုံးအဖြစ် လူထုကို အကျိုးဖြစ်ထွန်းစေမည့် ကုရ်အာန်တစ်အုပ်လုံး၏မြန်မာဘာသာပြန်ဆောင့်ဝဲခွေနှင့် အမ်ပီသရီး အသံခွေ ထွက်ရှိလာသည်ကို တွေ့ရှိရပါသည်။ ၎င်းမှာ လူထုအတွက် ကျမ်းမြတ်ကုရ်အာန်အဓိပ္ပာယ်ကို အလွန်လွယ်ကူစွာလေ့လာနိုင်ရန် အလ္လာဟ်အရှင်မြတ်က ရက်ရောစွာ ကျေးဇူးပြုတော်မူလိုက်ခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ အရှင်မြတ်အား ကျေးဇူးတင်သည့် အနေဖြင့် ကြိုဆိုလက်ခံပြီး အကျိုးရယူခံစားရမည်ဖြစ်ပါသည်။

တန်ခိုးတော်များနှင့်တွဲနေသောကုရ်အာန် မြန်မာဘာသာပြန် (အထူးထုတ်-ဆိုက်သေး)နှင့် အသံခွေမှာ ပညာရှင်အပါး(၅၀)ကျော် စစ်ဆေးတည်းဖြတ်ပေးထားသော စတုတ္ထအကြိမ်ထုတ် ကျမ်းတော်မြတ်ကုရ်အာန်မြန်မာဘာသာပြန်ပင် ဖြစ်ပါသည်။ ၎င်းဘာသာပြန်မှာ ပထမအကြိမ်တုန်းက လိုအပ်ချက်ရှိသည်များကို ပြုပြင်ရန် ကျွန်ုပ်နှင့်တကွ အခြားပညာရှင်များက ထောက်ပြခဲ့သည့်အတိုင်း မော်လဝီဟာဖိဇ် ကာရီဟာရှင်မ်တင်မြင့်အနေဖြင့် ပြုပြင်ထားပြီးသော ဘာသာပြန်ကျမ်းဖြစ်ပါသည်။ လူသားတစ်ယောက်လုပ်နိုင်သည့် အတိုင်းအတာကို အစွမ်းကုန်ကြိုးစားပြီး အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ထားပြီးဖြစ်ရာ မြန်မာစာဖတ်ပရိသတ်အနေဖြင့် သံသယကင်းစွာ လေ့လာဖတ်ရှု နားထောင်ပြီး လိုက်နာကျင့်သုံးရန်လုံလောက်ပြီ ဖြစ်ပါသည်။

၎င်းခိဒ်မသ်လုပ်ပြုစုထားသော ကျမ်းမြတ်ကုရ်အာန် မြန်မာဘာသာပြန် စာအုပ်နှင့်အသံကို လူတိုင်းထံသို့ ပျံ့နှံ့အောင် အရှင်မြတ်ဖြန့်ချိပေးသနားတော်မူပါစေ။ ဖတ်ရှုလေ့လာနားထောင်သူများကိုလည်း လိုက်နာနိုင်သော အင်အားပေးပြီး အရှင်မြတ်နှင့်နီးကပ်မှုကိုပါ အရှင်မြတ်ပေးသနားတော်မူပါစေ။ အာမီးန်။

အလ်ဟာဂျ်၊မော်လာနာ၊မုဖ်သီ၊ကာရီယူစွတ်ဖ်(အဆ်အဒီ)
ကျောင်းအုပ်ဆရာကြီးနှင့် မုဖ်သီချုပ်
ဂျာမိအဟ်အဆ်အဒီယဟ်၊ ရန်ကုန်။

# စစ်ဆေးတည်းဖြတ်သူများ

၁။ မုဖ်သီ နူးရ်မုဟမ္မဒ်(ကျောင်းအုပ်ဆရာကြီး၊ ဂျာမိအဟ် ရှောင်ကသုလ် အစ္စလာမ် ၊ ၃ ရလမ်း ၊ရန်ကုန်။)

၂။ မုဖ်သီ မုဟမ္မဒ်အမီးန် မိဖ်သာဟီ (ဟဒီးဆ်ကျမ်းပြဆရာ၊ ဂျာမိအဟ် ရှောင်ကသုလ် အစ္စလာမ် ၊ ၃ ရလမ်း ၊ရန်ကုန်။)

၃။ မုဖ်သီ မုဟမ္မဒ် ဇုဗိုင်းရ် နဒဝီ၊ မဇ္ဇာဟိရီ (ဟဒီးဆ်ကျမ်းပြဆရာ၊ ကုရ်အာန်ရေးရာကောလိပ်၊ ကာရီကျောင်း၊ ဒလ၊ ရန်ကုန်။)

၄။ ရှိုင်းခ် အလ်ဟာဂျ် မော်လာနာ ဟာဖိဇ္ဇ် ဇိုင်ယိဒ် မုဟမ္မဒ် အတ်စွဂရ် အလီ မက္ကီ(သခတ်စွတ်စွ ဖိလ် ကုရ်အာန်၊ ဂျာမိအဟ် အွမ္မုလ် ကုရာ၊ မက္ကဟ်။)

၅။ အလ်ဟာဂျ် မော်လာနာ ဟာဖိဇ္ဇ် ကာရီ ကရီမွလ္လာဟ် စုလိုင်မာနီ(ဟဒီးဆ်ကျမ်းပြဆရာ၊ ကုရ်အာန်ရေးရာကောလိပ်၊ ကာရီကျောင်း။)

၆။ မော်လာနာ မုဟမ္မဒ် သွာရစ်က် မဟ်မူဒီ ၊ နဒဝီ (ဟဒီးဆ်ကျမ်းပြဆရာ၊ ကုရ်အာန်ရေးရာကောလိပ်၊ ကာရီကျောင်း။)

၇။ မော်လာနာ ဟာဖိဇ္ဇ် ကာရီ အဗ္ဗဒုလ် ဟကီးမ် အဇီဇီ (ဟဒီးဆ်ကျမ်းပြဆရာ၊ ကုရ်အာန်ရေးရာကောလိပ်၊ ကာရီကျောင်း။)

၈။ အလ်ဟာဂျ် ဟာဖိဇ္ဇ် ရှိုင်းခ် ဒါဝူးဒ် မက္ကီ (ဟဒီးဆ်ကျမ်းပြဆရာ၊ ကုရ်အာန်ရေးရာကောလိပ်၊ ကာရီကျောင်း။)

၉။ မော်လာနာ ဟာဖိဇ္ဇ် ကာရီ အန္နဝရ်၊ ၁၀။ မော်လာနာ ဟာဖိဇ္ဇ် ကာရီ ယအ်ကူးဗ် နှင့် ကာရီကျောင်းဆရာများ။

၁၁။ အလ်ဟာဂျ် မော်လာနာ ဒေါက်တာ အစ္စမာအီလ် စိုးဝင်းမြင့် (မဟ်မူဒီ)

၁၂။ ပါမောက္ခ ဒေါက်တာ အောင်ဇော် မြန်မာစာ ( **Ph.D** )

၁၃။ ဟဇရသ် မော်လာနာ မုဖ်သီ ကာရီ မုဟမ္မဒ်ယူစွဖ် အဆ်အဒီ (အဆ်အဒီယဟ်ကျောင်းအုပ်ဆရာကြီး)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

(ဆရာကြီးသည် ၎င်းထံမေးမြန်းလာသော ဖသ်ဝါများကို ကျွန်တော်သိရှိစေရန် ဖတ်ပြခိုင်းပြီး ချွတ်ချော်မှုများကို ရှုဂျူးအ်ပြုလုပ်၍ အမှန်ပြုပြင်ကာ ကြေညာပေးရန် ပထမဦးဆုံး ညွှန်ကြားပြီး ပြုပြင်တည့်မတ်ပေးခဲ့ပါသည်။ ဆရာကြီးညွှန်ကြားပြသခဲ့သည့်အတိုင်း ဤကျမ်းစာအုပ်အစအဆုံးပြင်ဆင်လိုက်ပြီး ပြင်ဆင်ချက်စာစောင်ပါ ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။)

၁၄။ ဟဇရသ် မော်လာနာ မုဖ်သီ ကာရီ သျှိုင်ယဗ် (ဇွမီရီ၊ ကာစိမီ) အုပ်ချုပ်ရေးမှူး၊ ဂျာမိအဟ် ဇွမီရီယာဟ် ကာစိမွလ် အိုလူမ်၊ အစ္စလာမ် သာသနာ့တက္ကသိုလ်၊ ကျွဲခြံကုန်းရပ်ကွက်၊ မော်လမြိုင်မြို့။

၁၅။ မုဖ်သီ အဗ္ဗဒုရ်ရဟီးမ် ညွန့်လွင် (မုအီနီ) **B.A. Islamic** ဟဒီးဆ်ပါမောက္ခချုပ်နှင့်အစ္စလာမ်ဓမ္မသတ်ဌာနမှူး၊ အလ်ဟိုင်ဒရ် ဓမ္မသတ်ဌာန၊ ကျွဲခြံကုန်းမြို့နယ်၊ မော်လမြိုင်မြို့။

၁၆။ အလ်ဟာဂျ် မော်လာနာ အိုမရ် မြင့်နိုင် (မဒနီ–ယင်းတော်၊ အလ်အဇ်ဟရ်–ကိုင်ရို) အာလင်မ်ပညာရှင်များရေးရာဌာနမှူးနှင့် ဓမ္မသတ်မှူး၊ အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်၊ ရန်ကုန်။

၁၇။ အလ်ဟာဂျ် မော်လာနာ ဦးအုန်းသောင် (အရဗီသိပ္ပံ)၊ ဒုတိယဥက္ကဋ္ဌ(အာလင်မ်ပညာရှင်များရေးရာဌာန)အစ္စလာမ့်ဓမ္မသတ်မှူး၊ အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်၊ ကျောင်းအုပ်ဆရာကြီး၊ ပညာဥယျာဉ်အရဗီသိပ္ပံ၊ မော်လမြိုင်မြို့။

၁၈။ မော်လာနာ ဟာရှင်မ် တင်ဦး(အဆ်အဒီ)၊ ဟဒီးဆ်ကျမ်းပြဆရာ၊ ပညာဥယျာဉ်အရဗီသိပ္ပံ၊ မော်လမြိုင်မြို့။

၁၉။ မော်လာနာ မုဟမ္မဒ် အလီ အတာ ၊ **B.A.** ဟဒီးဆ်ကျမ်းပြဆရာ၊ ပညာဥယျာဉ်အရဗီသိပ္ပံ၊ မော်လမြိုင်မြို့။

၂၀။ မော်လာနာ အဗ္ဗဒုရ်ရဟီးမ် မြင့်လွင်(ကျုံဒိုး)၊ မဒနီ၊ အဆ်အဒီ၊ **B.E. (Met).**

၂၁။ မော်လာနာ ဦးအီစာ ၊ ကျောင်းအုပ်ဆရာကြီး၊ ဟိဒါယသုလ်အိုလူမ် အစ္စလာမ့်အရဗီတက္ကသိုလ်၊ ရမည်းသင်းမြို့။

၂၂။မော်လာနာအဗ္ဗဒုစ်စတ္တားရ်၊ ပညာရေးမှူး၊ ဟဒီးဆ်တန်းပြဆရာ၊ ဟိဒါယသုလ်အိုလူမ် အစ္စလာမ့်အရဗီတက္ကသိုလ်၊ ရမည်းသင်းမြို့။

၂၃။ အလ်ဟာဂျ် မော်လာနာ ဂျမာလွတ်ဒီးန်၊ ကျောင်းအုပ်ဆရာကြီး၊ ဂျာမိအဟ် အဇီဇီယဟ်၊ မိတ္ထီလာမြို့။

၂၄။အလ်ဟာဂျ်မော်လာနာရမဿွာန်ဦးဘိုတင်၊ကျောင်းအုပ်ဆရာကြီး(ငြိမ်း)၊မဒီနသုလ်အိုလူမ်အရဗီတက္ကသိုလ်၊ ယင်းတော်။

၂၅။ မော်လာနာ အဗ္ဗဒုလ်ဟကီမ်(ကာစိမီ)၊ ကျောင်းအုပ်ဆရာကြီး၊ မစ်ဖ်သာဟွလ် အိုလူမ် အစ္စလာမ် သာသနာ့တက္ကသိုလ်၊ ဖုံးအိုး၊ မန္တလေးမြို့။

၂၆။ မော်လာနာ ဂျလာလွတ်ဒီးန်၊ ရှေ့ဆောင်ဆရာ၊ မင်္ဂလာဗလီ၊ ၂၅လမ်း၊ မန္တလေးမြို့။

၂၇။ အလ်ဟာဂျ်မော်လာနာ မုဟမ္မဒ်အမီးန်(အဇ္ဇိမီ)၊ ရှေ့ဆောင်ဆရာ၊ ရွှေဘုန်းရှိန်ဗလီ၄၅လမ်း၊ မန္တလေးမြို့။

၂၈။ မော်လာနာ အဗ္ဗဒုလ်ဟာဒီ၊ ကျောင်းအုပ်ဆရာကြီး၊ မြန်မာအရဗီသိပ္ပံကျောင်းကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့။

၂၉။ မော်လာနာ ဆရာညွှန့်၊ ဟဒီးဆ်တန်းပြဆရာ၊ မြန်မာအရဗီသိပ္ပံကျောင်းကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့။

၃၀။ အလ်ဟာဂျ် မော်လာနာ မုဖ်သီ ကာရီ အဗ္ဗဒုလ်ဂနီ ဦးကိုဦး(မဇ္ဇာဟေရီ)၊ ဟဒီးဆ်တန်းပြဆရာ၊ မြန်မာအရဗီသိပ္ပံကျောင်းကြီး၊ ကန့်ဘလူမြို့။

၃၁။ မော်လာနာမုဖ်သီ ကာရီ အဗ္ဗဒုလ်ဟကီးမ်(မဇ္ဇာဟေရီ)ဟဒီးဆ်တန်းပြဆရာ၊မြန်မာအရဗီသိပ္ပံကျောင်းကြီး၊ကန့်ဘလူမြို့။

၃၂။ မော်လာနာ အဗ္ဗဒုလ်ဟမီးဒ်၊ ကျောင်းဆရာ၊ မြန်မာအရဗီသိပ္ပံကျောင်းကြီး၊ ကန့်ဘလူမြို့။

၃၃။ မော်လာနာ ဦးဝင်းနိုင်၊ ဟဒီးဆ်တန်းပြဆရာ၊ မြန်မာအရဗီသိပ္ပံကျောင်းကြီး၊ ကန့်ဘလူမြို့။

၃၄။ အလ်ဟာဂျ်မော်လာနာ မုဖ်သီ ဟာမီမ်(မဇ္ဇာဟေရီ)၊ ဟဒီးဆ်တန်းပြဆရာ၊ မြန်မာအရဗီသိပ္ပံကျောင်းကြီး၊ ကန့်ဘလူမြို့။

၃၅။ မော်လာနာ မုဖ်သီ ကာရီ ဦးမင်းရွှေ (မဇ္ဇာဟေရီ)၊ ဟဒီးဆ်တန်းပြဆရာ၊ မြန်မာအရဗီသိပ္ပံကျောင်းကြီး၊ ကန့်ဘလူမြို့။

၃၆။ မော်လာနာ မုဖ်သီ မုဟမ္မဒ် စွလ်သွားန်(ဖာရူကီ)၊ ဟဒီးဆ်တန်းပြဆရာ၊ မြန်မာအရဗီသိပ္ပံကျောင်းကြီး၊ ကန့်ဘလူမြို့။

၃၇။ မော်လာနာ မုဖ်သီ ကာရီ ဟာဖွစ် ဦးခင်မောင်တင်(မဇ္ဇာဟေရီ)၊ ဟဒီးဆ်တန်းပြဆရာ၊ မြန်မာအရဗီသိပ္ပံကျောင်းကြီး၊ ကန့်ဘလူမြို့။

၃၈။ မော်လာနာ မုဖ်သီ ဝင်းသိန်း(အန္ဒဝါရီ၊ ကရာချိ)၊ ဒု-ကျောင်းအုပ်၊ မြန်မာအရဗီတက္ကသိုလ်၊ မြစ်ကြီးနားမြို့။

၃၉။ မော်လာနာ မုဖ်သီ အောင်လွင်(ဖာရူကီ၊ ကရာချိ)၊ ပညာရေးမှူး၊ မြန်မာအရဗီတက္ကသိုလ်၊ မြစ်ကြီးနားမြို့။

၄၀။ မော်လာနာမုဖ်သီစွာလေးဟ်ဇော်ဝင်းနိုင်(ဒါရွလ်အိုလူမ်၊ကရာချိ)၊ဟဒီးဆ်တန်းပြဆရာ၊မြန်မာအရဗီတက္ကသိုလ်၊မြစ်ကြီးနားမြို့။

၄၁။ မော်လာနာ မုဖ်သီ ရှုဇီအွလ်လာဟ် စည်သူ(အန္ဒဝါရီ၊ ကရာချိ)၊ ဟဒီးဆ်တန်းပြဆရာ၊ မြန်မာအရဗီတက္ကသိုလ်၊ မြစ်ကြီးနားမြို့။

၄၂။ မော်လာနာ မုဖ်သီ မုဟမ္မဒ်ဇကရီယာ (မဒနီ၊ မဟ်မူဒီ၊ ဒါရွလ်အိုလူမ်၊ကရာချိ)၊ ပြင်ဦးလွင်မြို့။

၄၃။ မော်လာနာ အဗ္ဗဒုလ်မဂျီးဒ်၊ ကျောင်းအုပ်၊ မအ်ဟဒွလ်မနားရ်၊ ပြင်ဦးလွင်မြို့။

၄၄။ အလ်ဟာဂျ် မော်လာနာ ဟာဖိဇ် အဗ်ရှဖ်စအီးဒ် ၊ ရန်ကုန်မြို့။

၄၅။ မော်လာနာ ဟာဖိဇ် ကာရီ အန္ဒဝရ် (မဒနီ)၊ လမ်းခွဲ။

၄၆။ အလ်ဟာဂျ် မော်လာနာ ဟာဖိဇ် စိရာဂျွဒ်ဒီးန် (မဇ္ဇာဟိရီ)၊ ပျော်ဘွယ်မြို့ ။

၄၇။ ဒေါက်တာအောင်ဇော် Ph.D ၊ မြန်မာစာပါမောက္ခ(ဌာနမှူးငြိမ်း)။

၄၈။ ဒေါက်တာ စိုးနိုင်Ph.D ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်။

မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးနှင့်မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပြုစုရေးအဖွဲ့ဝင်၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်။

၄၉။ အလ်ဟာဂျ် ဒေါက်တာ သန်းဝင်း Ph.D ၊ တွဲဘက်ပါမောက္ခ၊ မြန်မာစာဌာန။

၅၀။ မုဖ်သီ စွလ်သွားန် နဒဝီ။

၅၁။ မုဖ်သီ ဖိုင်စွလ် တန့်ယန်း ကာစိမီ။

**မှတ်ချက်။ အထက်ပါအမည်များထဲတွင် မပါရှိဘဲ ဝိုင်းဝန်းစိစစ်ပေးကြသော အာလင်မ်ပညာရှင် အမြောက်အမြားလည်း ကျန်ရှိပါသေးသည်။**

# အထူးထုတ်အကြိမ်နိဒါန်း

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

မြန်မာစာဖတ်ပရိသတ်၏ အီမာန်၊ အိလ်မ်နှင့် အမလ်များ တိုးတက်ဖွံ့ဖြိုးအောင် တန်ခိုးတော်များနှင့်တွဲနေသောကုရ်အာန် မြန်မာဘာသာပြန်ကို အသံနှင့်တကွ ထုတ်နိုင်သည့်စွမ်းအားပေးတော်မူသည့် အလ္လာဟ်အရှင်မြတ်သည် ချီးမွမ်းခြင်းဟူသမျှကို ခံထိုက်တော်မူပါသည်။ အကြီးဆုံးတန်ခိုးတော်ပေးခြင်းခံရသော တမန်တော်မြတ်မုဟမ္မဒ်ﷺအပေါ် စွလဝါသ်မေတ္တာ မြားမြောင်စွာ ကျရောက်ပါစေ။

ဤအထူးထုတ်အကြိမ်သည် စတုတ္ထအကြိမ်ထုတ် ကျမ်းတော်မြတ်ကုရ်အာန်မြန်မာဘာသာပြန်ကို လူထုလွယ်ကူမှုရှိစေရန် ဆိုက်သေးဖြင့် ပြောင်းပြီး ထုတ်ပေးလိုက်ခြင်းဖြစ်ပါသည်။ ဤတစ်ကြိမ်တွင် မုဖ်သီနှစ်ပါးနှင့်အာလင်မ်ပညာရှင်၅ပါးတို့ စုပေါင်းထိုင်ပြီး ဘာသာပြန်တစ်အုပ်လုံးအစမှအဆုံးတိုင် ထပ်မံစစ်ဆေးလိုက်သေးသော်ငြားလည်း အမှားယွင်းများ ထပ်မံတွေ့ရခြင်းမရှိတော့ပါ။ ကျွန်တော့်အနေနှင့်လည်း ကြိမ်ဖန်များစွာ တစ်လုံးချင်းပြန်စစ်ထားပါသည်။

မည်သည့်အာလင်မ်ပညာရှင်ထံကမျှ အမှားတွေ့သည်ဟူ၍ ထောက်ပြထားခြင်းလည်း မရှိတော့ပါ။ အာလင်မ်ပညာရှင်ဆရာတော်အပါး(၅၀)ကျော်ကလည်း ယခုအချိန်အထိ တစ်ဦးတစ်ယောက်မျှ အကွဲအလွဲမရှိဘဲ တညီတညွတ်တည်း ထောက်ခံထားလျက်ဖြင့်ပင် ရပ်တည်လျက်ရှိကြပါသည်။ သို့ဖြစ်ရာ ဤကုရ်အာန်ဘာသာပြန်သည် အတည်ဖြစ်သွားပြီဖြစ်ရာ မြန်မာစာဖတ်ပရိသတ် လေ့လာရန်စိတ်အချရဆုံး အကောင်းဆုံးကျမ်းစာတစ်အုပ်ဖြစ်သွားပါပြီ။ ဤတွင်မကသေးပါ။ စာအရေးသားမှာလည်း နားလည်လွယ်သော စကားလုံးများကိုသာ ရွေးချယ်ရေးသားထားသည့်အတွက် လေ့လာဖတ်ရှုရန် လွယ်ကူသော ကျမ်းစာအုပ် ဖြစ်နေပါပြီ။ သို့ဖြစ်ရာ အရှင်မြတ်သည် အမြဲအတွက် လက်ခံလိုက်တော်မူပါစေ။ အာမီးန်။ ကုရ်အာန်၏တန်ခိုးတော်များကို မျက်ဝါး ထင်ထင်ကြည့်မြင်လိုသူများအတွက် ကုရ်အာန်ထဲသို့ ဝင်ကြည့်နိုင်ရန်ဝင်ပေါက် (၁၁၁)ပေါက်ဖွင့်ထားသည့်စာအုပ်ကိုလည်း အရှင်မြတ်၏ကျေးဇူးဖြင့် ထုတ်ပေးခဲ့ပါပြီ။ ကုရ်အာန်ဘာသာပြန်ကို လေ့လာနေစဉ်၌ စိတ်သည် ပြင်ပသို့ရောက်သွားခဲ့ပါက ထိုဝင်ပေါက်များမှ ပြန်ဝင်ပါ။ စိတ်ဝင်စားမှု ပိုမို ထက်သန်လာပါလိမ့်မည်။ အင်န်ရှာအလ္လာဟ်။

ဟာရှင်မ်တင်မြင့်၊ ဒီဇင်ဘာလ ၂၀၁၆။

# အထူးထုတ်အကြိမ်
# ကျေးဇူးတင်ဂုဏ်ပြုလွှာ

وَاَمَّا بِنِعْمَةِ رَبِّكَ فَحَدِّثْ "ထို့ပြင်မည်သို့ပင်ဖြစ်စေ အသင်သည် အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ကျေးဇူးတော်ကို ထုတ်ဖော်ပြောကြား၍နေပါ။" (ကုရ်အာန်-၉၃း၁၁)

اَلْحَمْدُ لِلّٰهِ

ကျွန်တော့်အား တန်ခိုးတော်များနှင့်တွဲနေသော ကုရ်အာန်ကျမ်းတော်မြတ်ကို ခိဒ်မသ်လုပ် ပြုစုခွင့်ပေးတော်မူသည့် အလ္လာဟ်အရှင်မြတ်အား ပထမဦးစွာ အထူးကျေးဇူးတင်ပါသည်။ စွလဝါသ်မေတ္တာသည် ကျွန်တော်တို့ ချစ်မြတ်နိုးသော တမန်တော်မြတ်မုဟမ္မဒ်ﷺအပေါ် သက်ရောက်ပါစေ။ ၎င်းနောက် ကျွန်တော်၏ ကုရ်အာန်ဘာသာပြန်ကို စေတနာဖြူစင်စွာ စစ်ဆေးပေးကြပြီး တခြားဘက်သို့ ယိမ်းယိုင်ခြင်းမရှိဘဲ အမှန်တရားအပေါ်တွင် ကြံ့ကြံ့ခံ၍ ဆက်လက်ရပ်တည်နေကြသော ဆရာတော်ကြီး ၅၀ကျော်ကို အထူးကျေးဇူးတင်ပါသည်။ ၎င်းဆရာတော်ကြီးများနှင့်တကွ အဖက်ဖက်မှ ကူညီပံ့ပိုးခဲ့ကြသော ပုဂ္ဂိုလ်များကို အလ္လာဟ်အရှင်မြတ်၏အနီးအနားတွင် နေရာပေးသနားတော်မူပါစေ။ အာမီးန်။

အလ္လာဟ်အရှင်မြတ်အား ထပ်မံ၍ အတိုင်းအဆမရှိ ကျေးဇူးအထူးတင်ရှိပါသည်။ အကြောင်းမူ အရှင်မြတ်က ကျွန်တော်၏ကုရ်အာန်ဘာသာပြန်ကျမ်းကို အမှားအယွင်းမရှိတော့သလောက်ဖြစ်သွားအောင်ထိ ကျွန်တော့်လက်ထက်၌ပင် ဝါရင့်ဆရာတော်ကြီးများစွာဖြင့် အကြိမ်ပေါင်းများစွာ စစ်ဆေးခွင့်ပေးခဲ့ပြီး ပြုပြင်ခွင့်ပေးခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ၎င်းနောက် မှန်မှန်ကန်ကန်ပြုပြင်ထားသောစတုတ္ထအကြိမ်ဘာသာပြန်ကို မြန်မာစာဖတ်ပရိသတ် သံသယမရှိ လွယ်ကူစွာ လေ့လာနိုင်အောင် ဆိုက်သေးဖြင့် ထုတ်ခွင့်ပါပေးလိုက်သည့်အတွက် အရှင်မြတ်အား ကျွန်တော် မည်ကဲ့သို့ပင် ကျေးဇူးတင်သည်ဖြစ်ပါစေ နည်းနေပါသည်။ ဤတွင်မက မြန်မာအစ္စလာမ့်သမိုင်းတွင် ပထမဦးဆုံး ကုရ်အာန်တစ်အုပ်လုံးအစအဆုံး အာယသ်တော်များနှင့်တကွတွဲလျက် အာယသ်တိုင်း၏ အဓိပ္ပာယ်ကို အသံဖြင့်ပါ လူထုနားထောင်နိုင်ရန် ထုတ်ခွင့်ပေးလိုက်ခြင်းသည်လည်း အမှန်စစ်စစ် အရှင်မြတ်၏အနှိုင်းမဲ့ ကျေးဇူးသာ ဖြစ်ပါကြောင်း။

ဟာရှင်မ်တင်မြင့်

# တတိယအကြိမ်ထုတ် ဘာသာပြန် နိဒါန်း

بِسۡمِ اللهِ الرَّحۡمٰنِ الرَّحِيۡمِ ﴿مَا يَفۡتَحِ اللهُ لِلنَّاسِ مِنۡ رَّحۡمَةٍ فَلَا مُمۡسِكَ لَهَا﴾

"လူများအတွက် *အလ္လာဟ်* အရှင်မြတ်ဖွင့်ပေးထားတော်မူသော *ရဟ်မသ်* သနားကရုဏာကို ပိတ်နိုင်သူမရှိပေ။ "(၃၅:၂)

အလ်ဟမ်ဒုလိလ္လာဟ်၊ အလ္လာဟ်အရှင်မြတ်၏ဂုဏ်ကျေးဇူးတော်နှင့် အရှင်မြတ်၏အသနားတော်ဖြင့် ကျမ်းတော်မြတ်ကုရ်အာန် မြန်မာဘာသာပြန်ကို ယခု တတိယအကြိမ် စတင်ပုံနှိပ်ထုတ်ဝေလိုက်ပြီဖြစ်ပါသည်။ အရှင်မြတ်သခင်၏ အနှိုင်းမဲ့ ရက်ရောမှုကြောင့် ပထမအကြိမ်နှင့် ဒုတိယအကြိမ်ထုတ်ဝေဖြန့်ချိခဲ့သည့် ကျမ်းတော်မြတ်ကုရ်အာန် မြန်မာဘာသာပြန်အား မြန်မာနိုင်ငံတစ်ဝန်းမှ ပညာရှင်ကြီးအမြောက်အမြားက ထပ်မံစစ်ဆေးတည်းဖြတ်ခွင့်နှင့် လိုအပ်ချက်များထောက်ပြ ပြုပြင်ခွင့် ရရှိသွားခဲ့ကြသည့်အပေါ် မြန်မာမွတ်စ်လင်မ်ထုတစ်ရပ်လုံးအတွက် ပိုမို ခိုင်မာ မှန်ကန်သော ပြုပြင်ပြီးသား မြန်မာဘာသာပြန်ကျမ်းတစ်စောင်အဖြစ် ပေါ်ထွန်းလာခဲ့ပေတော့သည်။ ပထမဦးစွာစစ်ဆေးတည်းဖြတ်သူပညာရှင်ဆရာတော်၁၂ပါးနှင့် ဒုတိယထပ်မံစစ်ဆေးတည်းဖြတ်သူ၊ပြုပြင်တည့်မတ်ပေးသူ ပညာရှင်ဆရာတော် ၃၇ပါးအပြင် အမည်မဖော်ပြထားသော ပညာရှင်ဆရာတော် အပါး(၇၀)ခန့်တို့၏ စေတနာမေတ္တာတို့ဖြင့်အကျိုးပြုမှုများကြောင့် ဤဘာသာပြန်ကျမ်းသည် မြန်မာနိုင်ငံ အစ္စလာမ်စာပေသမိုင်းတွင် ပညာရှင်အများဆုံးစစ်ဆေးတည်းဖြတ်ထားသော ကျမ်းတစ်စောင်အဖြစ် ရောက်ရှိလာလေရာ မွတ်စ်လင်မ်ထုတစ်ရပ်လုံးအား အများဆုံးအကျိုးပြုသွားလိမ့်မည်ဟု အရှင်မြတ်ထံမှ သနားကရုဏာတော်ကို မျှော်လင့်ထားပါသည်။ ၎င်းပညာရှင်ဆရာတော်များအားလုံးကို နှစ်ဘဝစလုံးတွင် အောင်မြင်မှုပေးရန်နှင့် မွတ်စ်လင်မ်ထု အကျိုးပြုလုပ်ငန်းများတွင် ယခုကဲ့သို့ ဝိုင်းဝန်းကူညီလျက် တက်ညီလက်ညီ ဆထက်ထမ်းပိုးတိုးပြီး ပြုလုပ်ခွင့်ရရှိရန် အရှင်မြတ်ထံ၌ ဆုမွန်ဒုအာပြုလိုက်ပါသည်။ အမှန်မှာ အရှင်မြတ်သည် ကုရ်အာန်စာသားနှင့်အဓိပ္ပာယ်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ကတိပြုထားတော်မူသည့်အတိုင်း စာသားနှင့် မှန်ကန်သောအဓိပ္ပာယ်များကိုသာ ကျန်ရှိအောင်ထိန်းသိမ်းထားတော်မူလိုက်ခြင်းပင်ဖြစ်ပေသည်။

ကျွန်တော်သည် များသောအားဖြင့် ကုရ်အာန်အလင်းပြကျမ်းနှင့် အာစာန်သရ်ဂျုမဟ်ကျမ်းတို့မှ အရေးကြီးသော ဖွင့်ဆိုရှင်းလင်းချက်များကို အကျဉ်းချုံးကာ ဖော်ပြထားသည်ဖြစ်ရာ အလင်းပြကျမ်းအနှစ်ချုပ်ဟုပင် ခေါ်ရလုနီးပါး ဖြစ်ပါသည်။ လူတိုင်းလက်လှမ်းမီနိုင်လောက်သည့်ပမာဏအဖြစ် အလွယ်တကူလေ့လာနိုင်ရန်စီစဉ်ထားခြင်းဖြစ်ပါသည်။ သဗ်စီရ်ကျမ်းကြီးများနှင့် ဆန့်ကျင်မှုအလျင်းမရှိသည့် ဥပမာများကို ဘာသာပြန်သူဟု သီးခြားဖော်ပြထားပါသည်။ ဖွင့်ဆိုချက်တိုင်းတွင် ကျမ်းညွှန်းများ ဖော်ပြထားပါသည်။

ကုရ်အာန်အာယသ်များကို လေးနက်စေရန် စကားပြေရေးဟန်နှင့် ဘာသာပြန်ထားပြီး ရှင်းလင်းဖွင့်ဆိုချက်ကိုမူ လူတိုင်း လျှင်မြန်စွာနားလည်လွယ်သော စကားပြေပြောဟန်ဖြင့်သာ ဖော်ပြထားပါသည်။ စကားပြေပြောဟန်နှင့်ထုတ်ပြီးခဲ့သော ဘာသာပြန်ကျမ်းအတွက်လည်း ပြင်ဆင်ချက် ထုတ်ဝေထားပြီးဖြစ်ရာ ၎င်းဘာသာပြန်မှာ အလွန်နားလည်လွယ်သည့်အတွက် ဆက်လက်အသုံးပြုနိုင်ပါသည်။ အရှင်မြတ်၏ အကူအညီကြောင့် လူတန်းစား အလွှာအသီးသီးအတွက် ပြောဟန်ရော ရေးဟန်ပါ ထုတ်ခွင့်ရရှိလိုက်ခြင်းဖြစ်ပါသည်။

﴿هُوَ الَّذِيۡۤ اَيَّدَكَ بِنَصۡرِهٖ وَبِالۡمُؤۡمِنِيۡنَ﴾ "အရှင်မြတ်သည် အသင့်အား အရှင်မြတ်၏အကူအညီအပြင် *အီမာန်* ယုံကြည်သူများနှင့်လည်း အားပေးတော်မူခဲ့သည်။"(၈:၆၂)

ယခုထပ်မံပြီး ပညာရှင်ဆရာတော်များနှင့် မွတ်စ်လင်မ်ထုတစ်ရပ်လုံးအား မေတ္တာရပ်ခံလိုသည်မှာ---

ကျွန်တော်နှင့် စစ်ဆေးတည်းဖြတ်ထားသော ဆရာတော်များအားလုံးသည် လူသားများပင်ဖြစ်ကြလေရာ ချို့ယွင်းမှု ကျန်ရှိနေသည်ကို တွေ့မြင်သူများအနေဖြင့် အလ္လာဟ်အရှင်မြတ်နှင့် ကုရ်အာန်ကျမ်းတော်၏မျက်နှာကို ထောက်ရှု၍ စေတနာမေတ္တာကို ရှေ့မှာထားလျက် ကျွန်တော့်ထံ သတင်းပို့ပေးပါရန်ပန်ကြားအပ်ပါသည်။ အင်ရှာအလ္လာဟ် ထပ်မံရိုက်နှိပ်သည့်အခါ ထပ်၍ပြုပြင်ပေးမည်ဖြစ်ပါကြောင်း အသိပေးလိုက်ပါသည်။ အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ် သနားကရုဏာဝေငှရာတွင် ဝိုင်းဝန်းကူညီပံ့ပိုး အကျိုးပြုသူများအားလုံးကို အရှင်မြတ်၏အပါးတော်တွင် "မုကရ်ရဗီးန်" အနီးကပ်နေရာရသူများထဲ၌ ပါဝင်ခွင့်ပေးတော်မူပါစေ။ အာမီးန်။

ယခုကဲ့သို့ အရှင်မြတ်က ပညာရှင်အမြောက်အမြားဖြင့် ပံ့ပိုးပြီး ဘာသာပြန်ကို ခိုင်မာအောင်ပြုလုပ်ပေးတော်မူလိုက်သည့်အတွက် အရှင်မြတ်အား မဖော်ပြနိုင်လောက်အောင် အတိုင်းအဆမရှိ ကျေးဇူးတင်မိပါသည်။ ထို့နောက်တွင် ၎င်းပညာရှင်ကြီးများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးသူအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။ ၎င်းတို့၏ဝိုင်းဝန်းပံ့ပိုးမှုအပေါ်တွင် ယခုကဲ့သို့ စနစ်ကျသော လွယ်ကူပေါ့ပါး ခိုင်မာကျစ်လျစ်သည့် အကျဉ်းချုပ်ဘာသာပြန်လက်စွဲကျမ်း တစ်ကျမ်းအဖြစ် ပေါ်ထွန်းလာလေရာ မွတ်စ်လင်မ်များအတွက်လည်း ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင် ဖြစ်ပါသည်။ မွတ်စ်လင်မ်တိုင်းကို လေ့လာနိုင်သောအင်အား အရှင်မြတ်သခင် ပေးသနားတော်မူပါစေ။ အာမီးန်။

ဟာရှင်မ်တင်မြင့် မဂ္ဂီ အလ်ဟာနဖီ
ဇွန်လ ၂၀၁၄
E-mail: hashimtinmyint@gmail.com

# စတုတ္ထအကြိမ်ထုတ် ဘာသာပြန် နိဒါန်း

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

﴿ اِنَّ اللّٰہَ یَاۡمُرُکُمۡ اَنۡ تُؤَدُّوا الۡاَمٰنٰتِ اِلٰۤی اَہۡلِہَا ۙ وَ اِذَا حَکَمۡتُمۡ بَیۡنَ النَّاسِ اَنۡ تَحۡکُمُوۡا بِالۡعَدۡلِ ؕ ﴾

"အမှန်စင်စစ် *အလ္လာဟ်*အရှင်မြတ်သည် (အသင်တို့ထံတွင်)အပ်နှံထားသောပစ္စည်းများကို ❶ ထိုပစ္စည်းရှင်များထံသို့ပြန်ပေးဆပ်ရန်နှင့် လူများကြားတွင် စီရင်ဆုံးဖြတ်သောအခါ မျှတစွာ စီရင်ဆုံးဖြတ်ကြရန် အသင်တို့အား အမိန့်ပေးတော်မူသည်။" (ကုရ်အာန် - ၄း၅၈)

❶ *အမာနသ်* အပ်နှံပစ္စည်းဆိုသည်မှာ သူတစ်ပါးက မိမိကို ယုံကြည်စိတ်ချ၍ အပ်နှံထားသောအရာဟူသမျှကို ဆိုလိုသည်။ ပစ္စည်းများ၊ တာဝန်ဝတ္တရားများ၊ အသိပညာရပ်များ အလုံးစုံပါဝင်သည်၊ ထိုအရာအားလုံးကို ပို့ရမည့်သူထံသို့ အရောက်ပို့ပေးရမည်ဖြစ်သည်။ (အလင်းပြကျမ်း)

**အထက်ပါအာယသ်အား ရှင်းလင်းဖွင့်ဆိုရာတွင် မုဖ်သီရှဖီးအ်ဆဖ် ﷺ က မအာရိဖွုလ်ကုရ်အာန်၌ ဟဒီးဆ်တော်တစ်ပုဒ်ကို ရေးသားဖော်ပြထားပေသည်။ ၎င်းမှာ "အကြံဉာဏ်ယူခြင်းခံရသူသည် သစ္စာရှိရမည်။"(အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်း)**

معارف القرآن جلد دوم ۴۴۶ سورۂ نساء

ایک حدیث میں ہے: اَلْمُسْتَشَارُ مُؤْتَمَنٌ - یعنی جس شخص سے کوئی مشورہ لیا جائے وہ امین ہے، اس پر لازم ہے کہ مشورہ وہی دے جو اس کے نزدیک مشورہ لے نے والے کے حق میں مفید اور بہتر ہو، اگر جانتے ہوئے خلاف مشورہ دیدیا تو امانت میں خیانت کا مرتکب ہو گیا۔

**ထိုသူ၏အပေါ်တွင် အကြံဉာဏ်ရယူသူအတွက် အကျိုးဖြစ်ထွန်း၍ အကောင်းဆုံးဖြစ်မည့်အကြံကို ပေးရန်တာဝန်ရှိသည်။ အကယ်၍ သိပါလျက်နှင့် ဆန့်ကျင်သောအကြံကိုပေးခဲ့လျှင် သစ္စာမဲ့မှု၏ ပြစ်မှုကျူးလွန်သူဖြစ်သွားပေပြီ။**

**(မအာရိဖွုလ်ကုရ်အာန်–တွဲ ၂၊ စာ ၄၄၇ )**

## ဆရာကြီး မော်လာနာ ဟိဒါယသွလ္လာဟ်ဆဖ်၏ သစ္စာရှိသောအကောင်းဆုံးအကြံဉာဏ်

**ကျွန်တော်(မော်လဝီဟာရှင်မ်တင်မြင့်)သည် ကျမ်းတော်မြတ်ကုရ်အာန် မြန်မာဘာသာပြန်ကို အာလင်မ်ပညာရှင်အမြောက်အမြား၏ ထောက်ပြပြုပြင်တည့်မတ်ပေးမှုများဖြင့် အစအဆုံးပြင်ဆင်ပြီးသွားသည့်အခါ ကျွန်တော့်ဆရာကြီးတစ်ဦးဖြစ်သူ မော်လာနာဟိဒါယသွလ္လာဟ်ဆဖ်ထံသို့သွားရောက်၍ ကျွန်တော်ပြင်ဆင်ပြီးကြောင်း ပြောပြကာ ရှေ့ကို မည်သို့ ဆက်လက်ပြုလုပ်ရပါမည်နည်းဆိုသည်ကို အကြံပြုညွှန်ကြားပေးပါရန် မေတ္တာရပ်ခံခဲ့ပါသည်။ ဆရာကြီးက ကျွန်တော့်ကို မေတ္တာကရုဏာဖြင့် အကောင်းဆုံးအကြံပေးခဲ့သည်မှာ–**

**"ခင်ဗျားရဲ့ဘာသာပြန်စာအုပ်ကို ပြုပြင်ဖို့ ထောက်ပြခဲ့တဲ့ အာလင်မ်ပညာရှင် တစ်ပါး နှစ်ပါးလောက်ထံမှာ အခု ပြုပြင်ပြီးသားစာအုပ်ကို ပြန်ပြီးပြသလိုက်ပါ။ သူတို့ထောက်ပြတဲ့ အချက်အလက်တွေ ပြင်ဆင်ပြီးကြောင်း သူတို့တွေ့ရှိပြီး အသိအမှတ်ပြုလိုက်ရင် လုံလောက်သွားပြီဖြစ်တယ်။" ဆရာကြီး၏သစ္စာရှိမှုကိုအကြောင်းပြု၍ ဤကျမ်းကို အရှင်မြတ် လက်ခံတော်မူပါစေ။ အာမီးန်။**

**ဆရာကြီးက ထိုသို့ အကြံပေးလိုက်သည့်အတိုင်း ကျွန်တော်သည် ကျွန်တော့်ထံသို့ မည်သည့်အချက်အလက်များ ပြုပြင်ရန်လိုအပ်ပါသည်ဟု စာဖြင့်(၂၅–၁၁–၂၀၁၃)ရက်စွဲဖြင့် ပေးပို့ထောက်ပြခဲ့သော မော်လမြိုင်မြို့၊ ကျွဲခြံကုန်းရပ်ရှိ ဂျာမိအဟ် ဇွမီရီယာဟ် ကာစိမွလ် အိုလူမ် အစ္စလာမ် သာသနာ့တက္ကသိုလ်၊ အုပ်ချုပ်ရေးမှူး ဟာဇရသ် မော်လာနာ မုဖ်သီ ကာရီ မုဟမ္မဒ် သို့ိုင်ယမ်(ဇွမီရီ၊ ကာစိမီ) ထံသို့ ပြန်လည်စစ်ဆေးပေးပါရန် ကျွန်တော်၏ပြုပြင်ပြီးသားစာအုပ်ကို (၁၀–၇–၂၀၁၄)နေ့က ပေးပို့မေတ္တာရပ်ခံခဲ့ပါသည်။ ၎င်းဆရာကြီးက ပြန်လည် စစ်ဆေးကြည့်ရှုပြီး(၁၆–၈–၂၀၁၄)နေ့က စာပြန်ကြားပေးခဲ့ပါသည်။ ၎င်းဆရာကြီး၏စာကို တစ်ဖက်၌ ဖော်ပြလိုက်ပါသည်။**

**၎င်းဆရာကြီးနှင့်တကွ အကြံကောင်းဉာဏ်ကောင်းပေးခဲ့သော ကျွန်တော့်ဆရာကြီးအား မဖော်ပြနိုင်သောကျေးဇူး အထူးတင်ရှိပါသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းဆရာကြီးများအား သက်တမ်းတွင် ဗရကသ်မင်္ဂလာချီးမြှင့်တော်မူ၍ မွတ်စ်လင်မ်များ အကျိုးခံစားနိုင်ခွင့်ပေးပြီး အရှင်မြတ်၏အပါးတော်တွင် ခစားရမည့် သူမွန်သူမြတ်များ မုကရ်ရဗီးန်ထဲတွင် ပါဝင်ခွင့်ပေးသနားတော်မူပါစေ။ အာမီးန်။**

**ထိုသို့စာပြန်ကြားပေးခဲ့ကြောင်းကို (၂၀–၈–၂၀၁၄)နေ့က ကျွန်တော့်ဆရာကြီးထံသို့ သွားရောက်၍ပြောပြခဲ့ရာ ဆရာကြီးက "ပိုကောင်းပြီး ပိုနိုင်မာသွားတာပေါ့"ဟု ကျွန်တော့်ကိုပြောကာ ဆုမွန်ဒုအာများပေး၍ ထပ်မံကျေးဇူးပြုလိုက်ပြန်ပါသည်။ အရှင်မြတ်သည် ဆရာကြီး၏ထပ်မံကျေးဇူးပြုမှုကို လက်ခံတော်မူ၍ ဤကျမ်းဖြင့် လူသားဟူသမျှအကျိုးခံစားနိုင်သောအင်အားပေးသနားတော်မူပါစေ။**

**ထို့ပြင် ကျွန်တော်သည် ပြုပြင်ပြီးသား ဘာသာပြန်စာအုပ်ကို (၂–၇–၂၀၁၄)နေ့က ကုရ်အာန်ရေးရာကောလိပ်(ကာရီကျောင်း) ဟဒီးဆ်ကျမ်းပြဆရာ မုဖ်သီ မုဟမ္မဒ်စွလ်သွားန်(နဒဝီ)အား စစ်ဆေးပေးပါရန် မေတ္တာရပ်ခံခဲ့သည့်အပေါ် ၎င်းက အစအဆုံး တစ်လုံးချင်း အသေးစိတ်သေချာစွာစစ်ဆေး၍ (၂၅–၇–၂၀၁၄)၌ ကျွန်တော့်အား ပြန်လည်ပေးအပ်ခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းအား အသုံးပြု၍ သာသနာတိုးတက်ထွန်းကားအောင် ပြုလုပ်တော်မူပါစေ။ နှစ်ဘဝအောင်မြင်မှုလည်းပေးသနားတော်မူပါစေ။ အာမီးန်။**

**သာမန်လူသားတစ်ယောက်လုပ်နိုင်သည့် အင်အားဟူသမျှကို အစွမ်းကုန်အသုံးပြုပြီး အကောင်းဆုံးဖြစ်အောင် ပြုလုပ်ခွင့်ပေးတော်မူခဲ့သော အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ကိုဖော်ပြရန် မစွမ်းဆောင်နိုင်သည့် ကျွန်တော့်အား အရှင်မြတ်ခွင့်လွှတ်တော်မူ၍ ဤဘာသာပြန်ကို လက်ခံကာ လူသားထုကြီးတစ်ရပ်လုံး အကျိုးခံစားနိုင်သည့်အင်အား ပေးသနားတော်မူပါ အို–အရှင်၊ အာမီးန်။**

ဟာရှင်မ်တင်မြင့် မက္ကီ အလ်ဟာနဖီ

ဩဂုတ်လ၊ ၂၀၁၄

# မှန်ကန်စွာ ပြင်ဆင်ထားပြီးကြောင်း
# မော်လမြိုင်၊ ကွဲခြံကုန်း သာသနာ့တက္ကသိုလ်
# အုပ်ချုပ်ရေးမှူးမော်လာနာမုဖ်သီကာရီသွိုင်ယဗ်ဆပ်၏အမှာစာ

بسم الله الرحمن الرحيم

ဂျာမေအဟ် ဇွမီရီယာဟ် ကာစိမွလ် အိုလူမ် အစ္စလာမ်
သာသနာ့ တက္ကသိုလ်၊ ကွဲခြံကုန်းရပ်ကွက်၊
မော်လမြိုင်မြို့၊ မွန်ပြည်နယ်၊ မြန်မာ။

ZAMIRIYAH QASIMUL ULOOM, ISLAMIC,
UNIVERSITY, KYWE KYAN GONE
MAWLAMYINE M.S MYANMAR

الجامعة الضميرية قاسم العلوم
جوے بجان غون، مولمین، مون اسٹیٹ، میانما

မိအစ္စမိဟီသအာလာ

ရက်စွဲ. ၁၆. ၈. ၂၀၁၄

ဟာမိဒါန် ဝမုဆွလ်လိယာန်

မော်လာနာဟာရှင်မ်တင်မြင့် (ကျောင်းအုပ်၊ ကုရ်အာန်ရေးရာကောလိပ်၊ ဒလ၊ ရန်ကုန်)သည် မိမိပြုစုရေးသားသည့်ကျမ်းတော်မြတ်ကုရ်အာန်မြန်မာဘာသာပြန် ဒုတိယအကြိမ်ထုတ်ဝေသည့် ကျမ်းတော်မြတ်ကို စစ်ဆေးတည်းဖြတ်ပေးပါရန် ကျွန်ုပ်ထံသို့ ပေးပို့၍ မေတ္တာရပ်ခံခဲ့ပါသည်။ သို့ပါ၍ ကျွန်ုပ်သည် (စ၊လယ်၊ဆုံး) စစ်ဆေးပြီး လိုအပ်သည့်စာသားများကို ပြန်လည်ပြုပြင်နိုင်ရန် ထောက်ပြအကြံပြုခဲ့ပါသည်။ ကျွန်ုပ်အကြံပြုသည့်အတိုင်း ၎င်းမော်လာနာဟာရှင်မ်တင်မြင့်အနေဖြင့် လိုအပ်သည်များကို ဖြည့်စွက်ပြင်ဆင်ရေးသားပြီး တတိယအကြိမ်ထုတ်ဝေသော ကျမ်းတော်မြတ်ကုရ်အာန် မြန်မာဘာသာပြန်ကို ကျွန်ုပ်ထံ ထပ်မံစစ်ဆေးပေးပါရန် မေတ္တာရပ်ခံခဲ့ပါသည်။ တတိယအကြိမ် ထုတ်ဝေသော ကျမ်းတော်မြတ်ကုရ်အာန်မြန်မာဘာသာပြန်သည် ကျွန်ုပ်ထောက်ပြအကြံပြုထားခဲ့သော စာသားများအားလုံး တည့်မတ်မှန်ကန်စွာ ပြင်ဆင်ထားပြီးဖြစ်ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် မြန်မာစာဖတ် ပရိသတ်အားလုံး အကျိုးကျေးဇူး ခံစားနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍မွတ်စ်လင်မ်များအပါအဝင် လူထုတစ်ရပ်လုံးဤဘာသာပြန်ကျမ်းတော်မြတ်ကုရ်အာန်အား လေ့လာဖတ်ရှုခြင်းအားဖြင့် လွန်စွာအကျိုးရှိနိုင်ပါသည်။ အလ္လာဟ်အရှင်မြတ်ထံတော်ပါးမှ လူထုတစ်ရပ်လုံးကို ဤကျမ်းတော်မြတ်အား လေ့လာဖတ်ရှုနိုင်သောအင်အားနှင့် နားလည်သဘောပေါက်နိုင်သော စွမ်းအားအပြင် လိုက်နာနိုင်သော အရည်အချင်းကိုပါ ချီးမြှင့်ပေးသနားတော်မူပါစေ။ အာမီးန်။

16/8 2014

ဦးမုဟမ္မဒ်ယျူဗ်ယာမိ (ဇမီရိ၊ကဝ်ခမီမီ)
( ချုပ် ချုပ် ရေး မှူး )
ဂျာမိအဟ်ဇမီရိယာကာသိမူလ်အိုလူမ်
(အစ္စလာမ် သာသနာ့တက္ကသိုလ်)
ကွဲခြံကုန်း၊ မော်လမြိုင်(မွန်)

# စတုတ္ထအကြိမ်ထုတ် ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ

اَلْحَمْدُ لِلّٰهِ

ဦးစွာပထမ အတိုင်းအဆမရှိ ရက်ရောတော်မူလှသော အနန္တကရုဏာ တော်ရှင် အလ္လာဟ်အရှင်မြတ်သခင်အား ချီးမွမ်းထောမနာပြု ကျေးဇူးတင်ပါ၏။

ထို့နောက်တွင် မြန်မာစာဖတ်ပရိသတ် မွတ်စ်လင်မ်ထုတစ်ရပ်လုံး နားလည်လွယ်၍ ခိုင်လုံမှန်ကန်ကျစ်လျစ်သည့် ကျမ်းတော်မြတ်ကုရ်အာန်မြန်မာဘာသာပြန် ကျမ်းကြီးတစ်ကျမ်း ဖြစ်မြောက်ပေါ်ထွန်းလာရေးအတွက် ပထမအကြိမ် စစ်ဆေးတည်းဖြတ်ပေးခဲ့ကြသောအာလင်မ်ပညာရှင်ကြီးများ၊ မုဖ်သီကြီးများ၊ ပါမောက္ခကြီးများနှင့်တကွ ဒုတိယအကြိမ်ထပ်မံစစ်ဆေးတည်းဖြတ်ပေးခဲ့ကြသော မြန်မာနိုင်ငံတစ်ဝန်းမှ အာလင်မ်ပညာရှင်ကြီးများ၊ မုဖ်သီကြီးများနှင့် ပါမောက္ခကြီးများသာမက ချွတ်ချော်မှုများကို ထောက်ပြပြုပြင် တည့်မတ်ပေးခဲ့ကြသောအာလင်မ်ပညာရှင်ကြီးများ၊ မုဖ်သီကြီးများအပြင် အဘက်ဘက်မှ စိတ်အားထက်သန်စွာ ဝိုင်းဝန်းကူညီပံ့ပိုးသူများအားလုံးကို အတိုင်းအဆမရှိ အထူးကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ နောက်ဆုံး၌လည်း အလ္လာဟ်အရှင်မြတ်သခင်သည် ၎င်းတို့အားလုံးကို အသုံးပြုတော်မူ၍ မြန်မာအစ္စလာမ်စာပေလောကတွင် ပညာရှင်အများဆုံး ပါဝင်စစ်ဆေးထားသော ဘာသာပြန်ကျမ်းကြီးဖြစ်အောင် ဖန်တီးကာ ကျေးဇူးပြုတော်မူသည့်အပေါ် အရှင်မြတ်အား အတိုင်းအဆမရှိ ထပ်မံကျေးဇူးတင်ရှိပါကြောင်း။

(signature)

ဟာရှင်မ်တင်မြင့်

# မုဖ်သီ နူးရ် မုဟမ္မဒ် ၏အမှာစာ

## الحمد لله و كفى وسلام على عباده الذين اصطفى

ကောင်းကင်ကျ ကျမ်းတစ်ဆူဖြစ်တဲ့ ကုရ်အာန် ကျမ်းတော်မြတ်ရဲ့ဘာသာပြန်တွေဟာ ကမ္ဘာပေါ်မှာ ဘာသာစကားပေါင်းစုံနဲ့ ရေးသားထုတ်ဝေဖြန့်ချိထားပြီးဖြစ်ပါတယ်။ မြန်မာဘာသာစကားနဲ့လည်း ထုတ်ဝေဖြန့်ချိ ထားပြီးဖြစ်တဲ့အလျောက် အကျိုးခံစားလိုသူတွေဟာ အကျိုးခံစားလျက်ရှိကြပါတယ်။

မိတ်ဆွေ မော်လာနာ ဟာဖိဇ် ကာရီ ဟာရှင်မ် တင်မြင့်(ရန်ကုန်စက်မှုတက္ကသိုလ်)ကလည်း ကုရ်အာန်ကျမ်းတော်မြတ်ကို ရိုးရှင်းတဲ့ မြန်မာစကားနဲ့ အဓိပ္ပာယ်တိုတိုတုတ်တုတ် ပြန်ဆိုထုတ်ဝေလိုက်ပြီ ဖြစ်တယ်။ အချိန်တိုတိုအတွင်း လေ့လာဆည်းပူးလိုသူတွေဟာ လေ့လာဆည်းပူးနိုင်ကြပြီဖြစ်တယ်။ ဖွင့်ဆိုဖို့ လိုအပ်တဲ့ အာယသ်တော်တွေကို ရှင်းလင်းချက်တွေနဲ့တကွ လက်လှမ်းမီရာ ကျမ်းကိုးတွေနဲ့ ကိုးကားဖော်ပြထားတဲ့အတွက် အကျိုးရှိလှပါတယ်။

ဘာသာပြန်ဆိုသူက သူရဲ့ဘာသာပြန်ရေးသားချက်တွေကို ကျွန်ုပ်ကို တည်းဖြတ်ခိုင်းတဲ့အတွက် ကျမ်းတော်မြတ် ကုရ်အာန်ရဲ့အကျိုးကို မျှော်ကိုးလျက် သူရဲ့မြန်မာပြန်ကုရ်အာန် အစအဆုံးကို တည်းဖြတ်ပေးခဲ့ပါတယ်။ ဘာသာပြန်တည်းဖြတ်ရာမှာ ချစ်မိတ်ဆွေ မုဖ်သီ မုဟမ္မဒ်အမီးန် (ဟဒီးဆ်ကျမ်းပြဆရာ၊ ဂျာမိအဟ် ရှောင်ကာသုလ် အစ္စလာမ် ၊ ၃၇လမ်း၊ ရန်ကုန်)ကလည်း ကျွန်ုပ်နဲ့အတူ ဝိုင်းဝန်းကူညီတည်းဖြတ်ပေးခဲ့ပါတယ်။

ဘာသာပြန်ဆိုသူဟာ အတတ်နိုင်ဆုံးကြိုးစားပြီး တိတိကျကျပြန်ဆိုထားတာတွေ့ရတဲ့အပြင် မြန်မာစာဖတ်ပရိတ်သတ်အတွက် မြန်မာစာအနည်းငယ်ပဲ ဖတ်တတ်တဲ့သူကအစ အဓိပ္ပာယ်နားလည်လွယ်အောင် ပြန်ဆိုထားတာတွေ့ရပါတယ်။ အဲဒါကြောင့် လူသာမန်တွေတင်မက အာလင်မ်သင်တန်းကျောင်းသားတွေပါ ဒီဘာသာပြန်ကို လေ့လာဖတ်ရှုပြီး အကျိုးခံစားနိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

အလ္လာဟ် အရှင်မြတ်ဟာ ဘာသာပြန်ဆိုသူရဲ့ ကြိုးပမ်းမှုကို လက်ခံတော်မူပြီး နှစ်ဘဝကောင်းကျိုးများ ရရှိခံစားခွင့် ချီးမြှင့်တော်မူပါစေ။ ကုရ်အာန် ဘာသာပြန်လေ့လာသူတွေကိုကုရ်အာန်ရဲ့အကျိုးတွေ ရရှိခံစားနိုင်ပါစေလို့ ဒုအာပြုပါတယ်။ အာမီးန်။



၃-၆-၂၀၁၃
မုဖ်သီ နူးရ် မုဟမ္မဒ်
ကျောင်းအုပ်ဆရာကြီး
ဂျာမိအဟ် ရှောင်ကာသုလ် အစ္စလာမ်၊ ၃၇လမ်း၊
ဟဒီးဆ်ကျမ်းပြဆရာ၊ ဂျာမိအဟ် အရဗီယဟ် ဒါရွလ်အိုလူမ်၊ တာမွေ၊
အိမာမ် ရွှေဆောင်ဆရာ၊ စူရသီ ဗလီကြီး၊ ရန်ကုန်။

# ထပ်မံစစ်ဆေးတည်းဖြတ်ပေးသော ဆရာတော်များ၏အမှာစာများ

# ကန့်ဘလူမြို့ မြန်မာအရဗီသိပ္ပံကျောင်းကြီး၏ ကျောင်းအုပ်ဆရာကြီး မော်လာနာ အဗ္ဗဒွလ်ဟာဒီ၏အမှာစာ

بسم الله الرحمن الرحيم

مدرسة عربية جامعة ...

**မြန်မာအရဗီသိပ္ပံကျောင်းကြီး**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့ ၊ ဖုန်း–၀၇၅ ၂၅၆၇

**MYANMAR ARABIC COLLEGE**
**SAGAING DIVISION, SHWE BO DISTRICT, KANBALU**
**MYANMAR**

ARABIC COLLEGE, KANBALU ★ ၄၈၆ ★ مدرسة عربية جامعة كنبلو-شويبو ★ မြန်မာအရဗီသိပ္ပံကျောင်းကြီး ကန့်ဘလူ

နေ့စွဲ – ၂၇-၁၁-၂၀၁၃

စာအမှတ် –

[illegible]

ရန်ကုန်တိုင်းဒေသကြီး [illegible] တည်ထောင်ဖွင့်လှစ်ထားသော
ကုရ်အာန် [illegible] ( [illegible] ) ကျောင်းအုပ်ဆရာကြီး
[illegible]
[illegible]
[illegible]
[illegible] ကျမ်းမြတ်ကုရ်အာန် မြန်မာဘာသာပြန်
ကျမ်းစာအုပ်ကို ဘာသာပြန်ဆိုသူ [illegible]
ပေးပါရန် ပေးပို့ခဲ့သဖြင့် ကျွန်တော်နှင့်တကွ ကျောင်းဆရာများ
လေ့လာဖတ်ရှုစိစစ်တည်းဖြတ်ခွင့်ရခဲ့ပါသည်။

ကျမ်းစာအုပ်တစ်အုပ် ဘာသာပြန်ထုတ်ဝေနိုင်ရေးအတွက်
[illegible]
[illegible]
[illegible]
[illegible]
[illegible] ဖြစ်ပါသည်။ [illegible] ကျမ်းစာအုပ်မှာ
[illegible] ကျမ်းမြတ်ကုရ်အာန်
[illegible]
[illegible] ကျမ်းမြတ်စာစောင်

(၂) သို့ —→

# ကန့်ဘလူမြို့ မြန်မာအရဗီသိပ္ပံကျောင်းကြီး၏ ကျောင်းအုပ်ဆရာကြီး အမှာစာ (အဆက်)

بسم الله الرحمن الرحيم

[illegible]

**မြန်မာအရဗီသိပ္ပံကျောင်းကြီး**

စစ်ကိုင်းတိုင်းဒေသကြီး၊ရွှေဘိုခရိုင်၊ကန့်ဘလူမြို့ ၊ ဖုန်း–၀၇၅ ၂၅၂၆၇

**MYANMAR ARABIC COLLEGE**
**SAGAING DIVISION, SHWE BO DISTRICT, KANBALU**
**MYANMAR**

ARABIC COLLEGE, KANBALU ... မြန်မာအရဗီသိပ္ပံကျောင်းကြီး၊ကန့်ဘလူ

နေ့စွဲ ------------------

စာအမှတ် ----------------

[illegible]

[illegible]

[illegible]

27/11/13

ကျောင်းအုပ်ကြီး
မြန်မာအရဗီသိပ္ပံကျောင်းကြီး
ကန့်ဘလူမြို့၊စစ်ကိုင်းတိုင်းဒေသကြီး

# မန္တလေးမြို့၊ ပုံးအိုးရွာ၊ မစ်ဖ်သာဟွလ်အိုလူမ်တက္ကသိုလ် ကျောင်းအုပ် မော်လာနာအဗ္ဗဒုလ်ဟကီမ်(ကာစိမီ)၏အမှာစာ



الجامعة العربية مفتاح العلوم بُون اُو (مینی ما)
မြစ်ဖတာဟွလ် အိုလူမ် အစ္စလာမ် သာသနာ့တက္ကသိုလ်
ပုံးအိုးကျေးရွာ ၊ အမရပူရမြို့နယ် ၊ မန္တလေးတိုင်း
MIF - TA - HUL ULOOM ISLIAMIC INSTITUTE
Bon oh Village Amarapura Township Mandalay Division

---

သို့ [illegible]

စာအမှတ် –

ရက်စွဲ 1. 12. 2013

[illegible]

[illegible]

1. 12. 2013.

[illegible]

# မိတ္ထီလာမြို့ ဂျာမိအဟ် အဂီရီယဟ် ကျောင်းအုပ်ဆရာကြီး အလ်ဟာကျ်မော်လာနာဂျမာလွှတ်ဒီးန်၏အမှာစာ

الحمد لله وحده - والصلاة والسلام على من لا نبي بعده - وعلى آله وصحبه الذين اتبعوا السنة وهديه - أما بعد!

[illegible]

[illegible]

[illegible]

[illegible]

၂၃ / ၄ — ၂၀၁၃

အလ်ဟာကျ်မော်လာနာဂျမာလွှတ်ဒီး

ကျောင်းအုပ်ဆရာကြီး

ဂျာမိအဟ်အဂီရီယဟ် - မိတ္ထီလာမြို့

# ရမည်းသင်းမြို့ ဟိဒါယသုလ်အိုလူမ်အရဗီတက္ကသိုလ် ကျောင်းအုပ်ဆရာကြီး မော်လာနာအီစာ၏အမှာစာ

الحمد لله وكفى وسلام على عباده الذين اصطفى (اما بعد)

[illegible]

မော်လာနာ ဦးအီစာ (ကျောင်းအုပ်)
ဟိဒါယသုလ်အိုလူးမ်အစ္စလာမ့်အရဗီတက္ကသိုလ်
ဗမကာရပ်၊ ရမည်းသင်းမြို့
[illegible]၀၆၄–၅၀၂၆၄

# ယင်းတော် မဒီနသုလ်အိုလူမ်အရဗီတက္ကသိုလ် ကျောင်းအုပ်ဆရာကြီး(ငြိမ်း) အလ်ဟာဂျ်မော်လာနာရမသွာန်ဦးဘိုတင်၏အမှာစာ

بسم الله الرحمن الرحيم

نحمده و نصلى على رسوله الكريم - اما بعد

ကျွန်တော်၏ ဓမ္မမိတ်ဆွေ အလ်ဟာကျ်မော်လာနာ ဟာဖိဇ်ကာရီ မိုဟမ္မဒ် ဟာရှင်မ်
(ရန်ကုန် ဓနအမှုဆောင်ဆိုင်ရာ)မှ မွတ်စလင်မ်များ ဖြည့် ဂုဏ်ယူရာ ဒီ
လာမ် ဖြစ်ရို အတတ်တရားတော် များကို သိသိ ကျကျ ညီညာစွာ ကျင့်သုံး နိုင်ရန်
ရည်ရွယ်၍ ကျမ်း ဖြစ်ကာ ကုရ်အာန် ကို မြန်မာဘာသာဖြင့် ပြန်ဆိုရေး
သား ပြန်ဆို ထားပါသည်။ ထိုဆို ပြန်ဆိုချက်မှာ မွတ်စလင်မ် အများ လွယ်လွယ်
ကူကူ နားလည် စေရန် ရိုးရိုး ရှင်းရှင်း သိပ်သိပ်သည်းသည်း ပြန်ဆို
ထားသည် ကိုတွေ့ရပါသည်။

မော်လာနာ အား ၎င်း ကျွန်တော် ကို ၎င်း ကျမ်း ဘာသာပြန်
ဆိုမှု နှင့် ပတ်သက်၍ ဖြည့်ဆည်း ဖတ်ပေးရန် မေတ္တာရပ်ခံလာ
ရာ ကျွန်တော် အစွမ်းနှင့် တတ်နိုင်သမျှ ဖြည့်ဆည်း ဂုဏ်ယူ ပြီး စစ်ဆေး
တည်းဖြတ် ပေးခဲ့ပါသည်။

မွတ်စလင်များ အနေနှင့် ဤကျမ်းတော်ကို ယုံကြည်စိတ်
ချစ်စွာ ဖတ်ရှုလေ့လာ၍ ဒွန်ယာ - အာခိရတ် နှစ်ဘဝ ကောင်းချမ်းသာ
သုခ ရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

(signature)
23/11/2013

အလ်ဟာကျ်မော်လာနာ ရမသွာန် - ဦးဘိုတင်
မဒီနာသုလ်အိုလူမ်း အရဗီတက္ကသိုလ်
ကျောင်းအုပ်ဆရာကြီး (ငြိမ်း)
ယင်းတော်

# မြစ်ကြီးနားမြို့ ဂျာမိအဟ်အင်မ်ဒါဒွလ်အိုလူမ်အရဗီတက္ကသိုလ်
# ဒု–ကျောင်းအုပ်ဆရာကြီး
# မုဖ်သီမုဟမ္မဒ်ယူစွဖ် ဝင်းသိန်း၏အမှာစာ

حامدا و مصلیا و مسلما

[illegible]

[illegible]

[illegible]

၁/ မောင်လာနာ မွဖ်တီ ဝင်းသိန်း (အနုပါရီ–ကာရာချိ) 29-11-2013

ဒု - ကျောင်းအုပ်

[illegible]

မြစ်ကြီးနားမြို့

مفتی محمد یوسف ساهونی
استاذ جامعه امداد العلوم
مجینا ، میانمار

29.11.2013

ရှိုင်ခွလ်ဟဒီးစ်မောင်လာနာမွဖ်တီမို့ဟမ္မဒ်ရှမ်စွဒ္ဒီးန်(ခ)အောင်လွင်
ပညာရေးမှူး
ဂျာမိအာလာမီယာဟ်အင်မ်ဒါဒွလ်အိုလူမ်မြန်မာအရဗီတက္ကသိုလ်
ခေမာသီရိရပ်-မြစ်ကြီးနားမြို့

၂/ မောင်လာနာ မွဖ်တီ [illegible] (၁၂ [illegible])
([illegible] – ကာရာချိ)

၃/ မောင်လာနာ မွဖ်တီ [illegible] (ခ) [illegible]
([illegible] – ကာရာချိ)
([illegible])

29/11/2013

29/11/2013

၄/ မောင်လာနာ မွဖ်တီ [illegible] (ခ) [illegible] ([illegible]) (အနုပါရီ – ကာရာချိ)

# အလ်ဟာဂျ် မော်လာနာ အိုမရ် မြင့်နိုင်၏အမှာစာ

بسم الله الرحمن الرحيم

ကျွန်ုပ်ထံသို့မော်လဝီဟာရှင်မ်တင်မြင့်ကဒင်း၏ကုရ်အာန်မြန်မာဘာသာပြန်ကျမ်းကိုထပ်မံစစ်ဆေးတည်းဖြတ်ပေးပါရန် မေတ္တာရပ်ခံ ပန်ကြားလွှာပေးပို့ခဲ့သည့်အတွက် ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏မျက်နှာတော်ကို ထောက်ထားကာ လူထုအကျိုး ဖြစ်ထွန်းစေခြင်းငှာ အရှင်မြတ်၏အလိုတော်ဖြင့် သေချာစွာ စစ်ဆေးတည်းဖြတ်ပေးမည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ ထိုကဲ့သို့စစ်ဆေး တည်းဖြတ်ရန်အတွက် ကျွန်ုပ်တို့ အဘက်ဘက်မှ အမှီသဟဲပြုကာ ပညာအကျိုးကျေးဇူး ရရှိခံစားနေကြရသောကျမ်းတစ်ဆူဖြစ်သည့် "သစ်ဗ်ယာနွလ်ကုရ်အာန်" ကုရ်အာန်အလင်းပြကျမ်းကို ရှေ့မှာ စံနမူနာအဖြစ်ထားရှိကာ မော်လဝီဟာရှင်မ်တင်မြင့်၏ ကျမ်းတော်မြတ်ကုရ်အာန် မြန်မာဘာသာပြန်ကျမ်းကို တစ်ကြောင်းချင်း အစမှအဆုံးတိုင် တိုက်ကြည့်စစ်ဆေးကြည့်ရှုခဲ့ပါသည်။

ထိုသို့ တိုက်ကြည့်စစ်ဆေးရာတွင် များသောအားဖြင့် အဓိပ္ပာယ်များ တူညီနေသည်ကို တွေ့ရှိခဲ့ရပါသည်။ မတူညီသော နေရာများကို သေချာစွာ စစ်ဆေးရာဖွေလေ့လာကြည့်ရှုသည့်အခါ မှန်ကန်စွာ ဘာသာပြန်ဆိုဖွင့်ဆိုထားကြောင်း တွေ့ရှိရပါသည်။ လိုအပ်သည့် အချို့နေရာများကို ကျွန်ုပ်အနေဖြင့် တည်းဖြတ်ဖြည့်စွက်ပေးလိုက်ပါသည်။ ကုရ်အာန်အလင်းပြကျမ်း၏တချို့နေရာ များတွင် လွဲချော်နေသည့်အချက်အလက်များကိုလည်း တွေ့ရှိခဲ့ရပါသည်။ ထိုနေရာများတွင် မော်လဝီဟာရှင်မ်တင်မြင့်က ဝေဖန် ပြစ်တင်မှုတစ်စုံတစ်ရာပြုလုပ်ခြင်းမရှိဘဲ သေချာစွာ လေ့လာကာ  အမှန်ကိုသာ ဘာသာပြန်ပြီး ရေးသားထားသည်ကို တွေ့ရှိခဲ့ရပါ သည်။ ဤကဲ့သို့ လူထုအကျိုးငှာ စေတနာဖြူစင်စွာဖြင့် ပြုလုပ်သော လုပ်ရပ်များကို အရှင်မြတ် အစားပေးတော်မူပါစေ။ အာမီးန်။

ဥပမာ – ဆော်ဒီနိုင်ငံထုတ် ကုရ်အာန်ဘာသာပြန် စာမျက်နှာ ၂၈၂၆ တွင် အာယသ် ၂၉ထဲ၌ "စင်စစ်သော်ကား မည်သူသည် ထင်ရှားစွာသော လမ်းမှန်၌ ရှိနေသည်ကို မကြာမြင့်မီပင် အသင်တို့ သိရှိကြရပေတော့မည်။"ဟု လွဲချော်နေသည်ကို တွေ့ရှိရပါ သည်။ မော်လဝီဟာရှင်မ်တင်မြင့်၏ဘာသာပြန်ထဲ၌ "ဒါ့အပြင် ဘယ်သူဟာ ထင်ရှားတဲ့လမ်းမှားပေါ်မှာ ရှိနေတယ်ဆိုတာကို မကြာ ခင် အသင်တို့ သိကြရမယ်။"ဟု အမှန် ရေးသားထားသည်ကို တွေ့ရပါသည်။ ထိုကဲ့သို့ပင် စာမျက်နှာ ၃၀၀၈ တွင် အာယသ် ၉ ထဲ၌ "ထို့ပြင် လျှာတစ်ခုကိုလည်းကောင်း၊ နှုတ်ခမ်းတစ်ခုကိုလည်းကောင်း (ပြုလုပ်ပေးသနားတော်မမူခဲ့ပါသလော)။" ဟု လွဲချော်နေ သည်ကို တွေ့ရှိရပါသည်။ မော်လဝီဟာရှင်မ်တင်မြင့်၏ဘာသာပြန်ထဲ၌ "ဒါ့အပြင် လျှာတစ်ခုကိုရော၊ နှုတ်ခမ်းနှစ်ခုကိုပါ (ပြုလုပ် ပေးသနားတော်မမူခဲ့ဘူးလား)။"ဟု အမှန်ရေးသားထားသည်ကို တွေ့ရပါသည်။ ဤမျှမက ဆော်ဒီကုရ်အာန်ဘာသာပြန်ထဲ၌ မှား ယွင်းချွတ်ချော်နေသော အခြားနေရာများ– – – ၄း၄၂၊ ၅း၇၊ ၅း၄၄၊ ၆း၆၊ ၉း၂၊ ၉း၃၊ ၁၁း၂၂၊ ၁၁း၃၈၊ ၁၁း၅၅၊ ၁၁း၈၂၊ ၁၆း၉၃၊ ၁၇း၁၂၊ ၁၇း၂၅၊ ၁၇း၇၇၊ ၁၇း၈၂၊ ၁၉း၃၉၊ ၂၁း၄၊ ၃၀း၇၊ ၃၀း၈၊ ၃၀း၅၈၊ ၃၀း၅၉၊ ၃၇း၇၊ ၃၉း၅၆၊ ၄၀း၇၄၊ ၄၁း၂၉၊ ၄၃း၁၇၊ ၄၃း၅၄၊ ၅၀း၉၊ ၅၁း၃၁၊ ၅၁း၄၄၊ ၅၁း၄၅၊ ၅၇း၂၇၊ ၅၈း၂၂၊ ၆၃း၃၊ ၆၄း၁၀၊ ၆၆း၄၊ ၆၆း၁၀၊ ၆၆း၁၂၊ ၆၈း၃၅၊ ၆၉း၃၂၊ ၇၄း၁၃၊ ၇၉း၄၅၊ ၈၉း၂၇– – –စသည်ဖြင့် ဤသို့သောနေရာ အမြောက်အမြားကို ကောင်းမွန်မှန်ကန်စွာ ဘာသာပြန်ဆိုရေးသားထားကြောင်း ကျွန်ုပ်စစ်ဆေးကြည့်ရှုရာတွင် တွေ့ရှိခဲ့ရပါသည်။ သို့သော်ငြားလည်း မော်လဝီဟာရှင်မ်တင်မြင့်သည် ထိုကိစ္စများနှင့်ပတ်သက်ပြီး ၎င်း၏ဘာသာပြန်စာအုပ် တစ်အုပ်လုံးထဲတွင် မည်သည့်နေရာမျှ တစ်စုံတစ်ရာ ဝေဖန်ပြစ်တင်ပြောဆိုထားခြင်း အရိပ်အမြွက်မျှပင် မပါရှိပါ။ ဤသည်မှာ ၎င်းသည် မွတ်စ်လင်မ်ထုတစ်ရပ်လုံးကို အကျိုးသာ ဖြစ်ထွန်းစေလိုကြောင်း ထင်ရှားသည့်လုပ်ရပ်အဖြစ် ကျွန်ုပ်ရှုမြင်ပါသည်။ ဤကဲ့သို့ပင် ၎င်း၏ဘာသာပြန်ထဲ၌ လူသားဖြစ်သည့်အလျောက် အမှားအယွင်းများ မတော်တဆပါရှိလာသည်ကို တွေ့ရှိကြသူ များသည် ဝေဖန်နေကြမည့်အစား တည့်မတ် ပြုပြင်ပေးလိုက်ကြမည်ဆိုပါက မွတ်စ်လင်မ်လူထု ပိုမိုအကျိုးခံစားကြရမည်မှာ အမှန် မလွဲပင်ဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် သေချာစွာ ထပ်မံစစ်ဆေးတည်းဖြတ်ပေးပြီးနောက် အမှားမကျန်တော့ဘူးဟု ကျွန်ုပ်မဆိုနိုင် ပါ။ ကျွန်ုပ်သည်လည်း လူသားတစ်ဦးမျှသာပါ။

ထူးခြားသည်ကတော့ စာအရေးအသားများကို လူတိုင်းနားလည်လွယ်သည့် စကားလုံးများကို သုံးနှုန်းပြီး ဘာသာပြန် ထားသည့်အတွက် ပေါ့ပေါ့ပါးပါးဖြင့် လူတိုင်းလေ့လာရန်လွယ်ကူသွားခြင်းဖြစ်ပါသည်။ ကုရ်အာန်အလင်းပြကျမ်းသည် နှစ်၅၀ ကျော်လွန်လာခဲ့ပြီဖြစ်သည့်အတွက် ဤခေတ်မှ မျိုးဆက်သစ်များ လွယ်လွယ်လိုက်မီနားလည်နိုင်ရန် ကုရ်အာန်အလင်းပြကျမ်း၏ အကျဉ်းသဘောဆောင်သော ပဏ္ဏာမရှေ့ပြေးကျမ်းဟုပင် ဤကျမ်းစာအုပ်ကို တင်စားခေါ်ဝေါ်နိုင်လိမ့်မည်ဟု ကျွန်ုပ်ယူဆမိပါသည်။ အဘယ်ကြောင့်ဆိုသော် ဤကျမ်းစာအုပ်ကို အချိန်အနည်းငယ်ဖြင့် လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် အခြေခံလေ့လာဖတ်ရှုပြီးလျှင် ကုရ်အာန်အလင်းပြကျမ်းကိုအချိန်ယူကာ သေသေချာချာလေ့လာနိုင်ပြီး မြင့်မားသည့်ပညာရပ်များ ထပ်မံရရှိနိုင်ရန် လွယ်ကူသွား သောကြောင့်ဖြစ်ပါသည်။ ဤကဲ့သို့ တစ်ဆင့်ချင်းတက်နိုင်အောင် အရှင်မြတ်က လူထုအတွက် ကုရ်အာန်လေ့လာမှုလမ်းကြောင်း ဖွင့်ပေးလိုက်ခြင်းသည် အရှင်မြတ်၏ လွန်စွာကြီးမားလှသည့် ကျေးဇူးတော် အသနားတော်ပင်ဖြစ်ပါသည်။

မွတ်စ်လင်မ်တိုင်းကို လေ့လာနိုင်မှုအင်အားနှင့်လိုက်နာနိုင်မှုအင်အားချီးမြှင့်ပေးသနားတော်မူပါစေ။ အာမီးန်။

30.11.2013

အလ်ဟာဂျ်မော်လာနာ အိုမရ်မြင့်နိုင်
(မဒနီ – ယင်းတော်၊ အလ်အဇ်ဟရ် – ကိုင်ရို)
အာလင်မ်ပညာရှင်များရေးရာဌာနမှူးနှင့် မွေ့သတ်မှူး
အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်၊ ရန်ကုန်။

# အလ်ဟာဂ်ျ မော်လာနာ ဦးအုန်းသောင်၏အမှာစာ

အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့်အစပြုပါ၏။

အလ်ဟာဂ်ျမော်လာနာဟာဖိဇ္ဇ်ကာရီဟာရှင်မ်တင်မြင့် မက္ကီ အလ်ဟာနဖီက ၎င်းပြန်ဆိုပြီး(၂)ကြိမ်တိုင်တိုင် ပုံနှိပ်ဖြန့်ချိပြီးဖြစ်သော "ကျမ်းတော်မြတ်ကုရ်အာန် မြန်မာဘာသာပြန်" ကို ထပ်မံစိစစ်လေ့လာသုံးသပ် တည်းဖြတ်ပေးပါရန် ကျွန်ုပ်အား မေတ္တာရပ်ခံခဲ့ပါသည်။

ကျွန်ုပ်သည် စာပေရေးသားပြုစုသည့် ကိစ္စရပ်များကို အတိုင်းအတာတစ်ခုထိ ဆောင်ရွက်ခဲ့ဘူးသူဖြစ်ခြင်းကြောင့် ပြစ်တင်ဝေဖန်ခြင်းသည် ရေးသားပြုစုရသလောက် ခက်ခဲမှုမရှိဘဲ ရေးသားပြုစုရခြင်းသည် ပြစ်တင်ဝေဖန်ရသည်ထက် ပိုမိုခက်ခဲလှသည်ကိုတော့ ကိုယ်တိုင် ထိတွေ့ခံစားဖူးပါသည်။ မြန်မာနိုင်ငံ၏သမိုင်းတွင် ကျမ်းတော်မြတ်ကုရ်အာန်ကို မြန်မာစာပေဖြင့် စ လယ် ဆုံး ၁၉၁၁ ခုနှစ်တွင် တိုင်းရင်းသားအာလင်မ်ပညာရှင်ကြီးဖြစ်သော "မုဖတ်စိရုလ်ကုရ်အာန်"ဟာဂျီဦးကာလူက မြန်မာစကားပြေဖြင့် ဘာသာပြန်ဆိုရိုက်နှိပ်ဖြန့်ချိခဲ့ပါသည်။ အစ္စလာမ်သာသနာဝင် မြန်မာမွတ်စ်လင်မ်တို့အတွက် များစွာ အကျိုးခံစားခဲ့ကြရပါသည်။

ထို့နောက် ၁၉၅၁ ခုနှစ်မှ စတင်၍ ဝန်ကြီးဦးရာရှီးဒ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ် ဥက္ကဋ္ဌကြီး သီရိပျံချီ အလ်ဟာဂ်ျ မုဖတ်စိရုလ်ကုရ်အာန် အလ္လာမဟ် ယာဇီ မုဟမ္မဒ်ဟာရှင်မ်(တာဝန်ခံ ဘာသာပြန်မှူး)နှင့် အိုလမာသာသနာ့ပညာရှင်များအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် မော်လာနာ မက္ကဆူးဒ် အဟ်မဒ်ခါန်(ခ)ဦးခင်မောင်ကြီး (တွဲဘက်ဘာသာပြန်မှူး)တို့၏ ကြိုးပမ်းအားထုတ်ပြန်ဆိုမှုကြောင့် "ကုရ်အာန်၏အလင်းပြကျမ်း" တဖြည်းဖြည်းထွက်ပေါ်လာရာမြန်မာမွတ်စ်လင်မ်အလွှာပေါင်းစုံတို့အတွက် တန်ဖိုးမဖြတ်နိုင်သော ပညာအလင်းရောင်ကို ရရှိခံစားခဲ့ရပါသည်။

စာပေ၏သဘောတရားအရ ခေတ်ဟောင်းသွားခဲ့သည်ရှိသော် အရေးအသားအသုံးအနှုန်း ဟန်ပန် စသည်တို့သည်လည်း အတိုင်းအတာတစ်ခုထိ ပြောင်းလဲခြင်းမှာ သဘာဝပင်ဖြစ်ပါသည်။ ခေတ်မည်မျှပင်ပြောင်းပြောင်း မဟောင်းနိုင်သော၊ ဖျက်ရန်၊ ဖြတ်ရန်၊ ဖြည့်ရန် မလိုသောကျမ်းသည်ကား "ကျမ်းတော်မြတ်ကုရ်အာန်" မှုရင်းသာဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏မုက္ခပါဌ်တော်ဖြစ်ပြီး ကောင်းကင်ကျကျမ်းဖြစ်ခြင်းကြောင့်တည်း။

ဤဘာသာပြန်ကျမ်းကို တည်းဖြတ်ရာတွင် မိမိနှင့်တကွ ပညာဥယျာဉ်အရဗီသိပ္ပံ၏ အထက်တန်းပြကျောင်းဆရာများဖြစ်ကြသော မော်လာနာ ဟာရှင်မ် တင်ဦး (အဆ်အဒီ )နှင့် မော်လာနာ မုဟမ္မဒ် အလီ အတာ(ဘီ အေ)တို့ပါ ဝိုင်းဝန်းစုပေါင်းပြီး သေချာစွာ စိစစ် တည်းဖြတ်ခဲ့ကြပါသည်။ ၎င်း မော်လဝီဟာရှင်မ်တင်မြင့်၏ တိုတိုတုတ်တုတ် ရှင်းရှင်းလင်းလင်း ပြန်ဆိုထားသည့် ဘာသာပြန်အား စလယ်ဆုံး လေ့လာစိစစ်ကြည့်ရှုရာတွင် အစ္စလာမ်သာသနာဝင်တို့အတွက် လွယ်ကူစွာ နားလည်သဘောပေါက်ပြီး များစွာ အကျိုးကျေးဇူး ခံစားကြရမည်ဟု ယုံကြည်မိပါသည်။ ၎င်းပြန်ဆိုရေးသားမှုတွင် အဘိဓာန် သဘောတရားအရလည်းကောင်း၊ သဒ္ဒါနည်းအရလည်းကောင်း၊ သဖ်စီရ်ပြန်ဆိုမှု၏ ဥပဒေသအရလည်းကောင်း မှားယွင်းမှု တစ်စုံတစ်ရာမျှ မိမိမတွေ့ရှိရပါ။ မိမိမတွေ့သည်ကိုသာ တင်ပြခြင်းဖြစ်ပါသည်။ တွေ့သူရှိကလည်း စေတနာဖြူစင်စွာ အပြုသဘောဆောင်ပြီး ကျမ်းပြုသူကို အကြံပြုလျှင် အားလုံးအတွက် အကျိုးခံစားရလိမ့်မည်ဟု ယုံကြည်မိပါသည်။

အားနည်းချက်ကို ထောက်ပြအကြံပြုခြင်းမရှိဘဲ ဝေဖန်ပုတ်ခတ်စွပ်စွဲနေလျှင် အကျိုးလည်းရှိမည်မဟုတ်ပါ။ အလ္လာဟ်အရှင်လည်း နှစ်သက်မည်မဟုတ်ပါ။ ကျွန်ုပ်အနေဖြင့်ကတော့ အမှားဟု ဆိုလို၍မရနိုင်သော တချို့မြန်မာစာအသုံးအနှုန်းလေးများကို ပိုမိုကောင်းမွန်သော အသုံးအနှုန်းလေးများဖြင့် အစားထိုးပြောင်းလဲလိုက်ရန် ထောက်ပြအကြံပြုခဲ့ပြီးဖြစ်ပါသည်။

အလ္လာဟ်အရှင်သည် ကျမ်းပြုသူ မော်လဝီဟာရှင်မ်တင်မြင့်အား ဆထက်ထမ်းပိုးတိုး၍ သာသနာအကျိုးပြု စာပေများ ရေးသားပြုစုပြီး အစ္စလာမ့်အကျိုးကို သယ်ပိုး ဆောင်ရွက်နိုင်ပါစေဟု ဒိုအာပြုပါသည်။ မွတ်စ်လင်မ်ထုတစ်ရပ်လုံးလည်း ဤဘာသာပြန်ကို လေ့လာဖတ်ရှုပြီး အကျိုးခံစားနိုင်ကြပါစေဟုဒိုအာပြုပါသည်။

အလ်ဟာဂ်ျမော်လာနာ ဦးအုန်းသောင် (အရဗီသိပ္ပံ)
ဒုတိယဥက္ကဋ္ဌ (အာလင်မ်ပညာရှင်များရေးရာဌာန)
အစ္စလာမ့်ဓမ္မသတ်မှူး
အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်
ကျောင်းအုပ်ဆရာကြီး
ပညာဥယျာဉ်အရဗီသိပ္ပံ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

# မြန်မာစာ ပါမောက္ခ ဒေါက်တာအောင်ဇော် Ph.D ၏ အမှာစာ

အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့်အစပြုပါသည်။ အလ္လာဟ်အရှင်မြတ်၏ဂုဏ်ကျေးဇူးတော်ဖြင့် မော်လာနာ ဟာရှင်မ်တင်မြင့်၏ ကျမ်းတော်မြတ်ကုရ်အာန် မြန်မာဘာသာပြန်(တတိယအကြိမ်ထုတ်မည့်စာမူ)ကို ကြိုတင်တည်းဖြတ် ပြင်ဆင်ခွင့်ရသဖြင့် ဂုဏ်ယူဝမ်းမြောက်ပါသည်။

အပြောစကားပြေဖြင့် ပြန်ဆိုသော ပထမအကြိမ်ထုတ် ဘာသာပြန်စာအုပ်သည် စာဖတ်သူများအဖို့ လွယ်ကူရှင်းလင်းသဖြင့် မြန်မာနိုင်ငံတစ်ဝန်း၏ ထောက်ခံအားပေးမှုကို ရရှိခဲ့ပါသည်။ စာဖတ်ပရိသတ် တောင်းဆိုချက်အရ ဒုတိယအကြိမ် ထိုပုံစံအတိုင်း ထပ်မံထုတ်ဝေခဲ့ပြီးနောက် စေတနာထားသော ပညာရှင်များ၏ထောက်ပြပြုပြင်ပေးမှုများကို စိစစ်၍ ပြင်ဆင်ချက်ထုတ်ဝေခဲ့ပါသည်။

ဘာသာပြန်သူက ပထမအကြိမ်ထုတ်ဝေစဉ် ကတည်းက ဝေဖန်ထောက်ပြ အကြံပေးကြရန်အတွက်ပါ မေတ္တာရပ်ခံခဲ့ပါသည်။နိုင်ငံတစ်နံတစ်လျားကပညာရှင်များနှင့်စိတ်ပါဝင်စားသူများ၏အကြံပေးချက်များကိုလေ့လာဆင်ခြင်သုံးသပ်ပြီး ယခု တတိယအကြိမ်ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ ယခုလည်း အမှားအယွင်းတစ်စုံတစ်ရာ ထပ်မံတွေ့ရှိပါက ထပ်မံထောက်ပြကြပါရန် မေတ္တာရပ်ခံထားပါသည်။

အမှားအယွင်းကင်းရန် အကြိမ်ကြိမ်အထပ်ထပ် စစ်ဆေးပြီး သတိကြီးစွာဖြင့် ပုံနှိပ်ထုတ်ဝေသဖြင့် ဘာသာပြန်သူဆရာ၏ စေတနာကို အံ့သြချီးမွမ်းမိပါသည်။

ယခုအကြိမ်ထုတ်ဝေသည်မှာ အရေးစကားပြေဖြင့်ဖြစ်သည်။ ယခင်ဘာသာပြန်ဟန်နှင့်မတူ၊ တစ်မူထူးခြားသည်။ ရှင်းလင်းချက်ကိုမူ အပြောစကားပြေဖြင့် ရင်းနှီးသောလေသံကို အသုံးပြုထားသည်။

ယခုဘာသာပြန်တွင် ဆရာသည် စာကြီးပေကြီးဟန်မသုံး၊ အများပြည်သူသုံး ကျစ်လျစ်သောရေးဟန်၊ အရပ်သားလွယ်ကူစွာ နားလည်နိုင်သောရေးဟန်ကိုသာ သုံးနှုန်းသဖြင့် အကျိုးများလှပါသည်။

ကျမ်း၏နိဂုံးပိုင်းတွင် အက္ခရာစဉ်အညွှန်းများကိုပါ ပူးတွဲထည့်သွင်းထားပါသည်။ စာရှုသူတို့ စိတ်ဝင်စားသော သိရှိလိုသော အကြောင်းအရာများကို အလွယ်တကူရှာဖွေနိုင်သဖြင့် အသုံးတည့်လှပါသည်။

အများပရိသတ်အသံကို နားထောင်ပြီး ပညာရှင်များ၏အကြံဉာဏ်နှင့်အညီ ထပ်မံတည်းဖြတ်ပုံနှိပ် ဖြန့်ချိသည်ကို ဝမ်းသာအားရကြိုဆိုပါသည်။

ဝီရိယထူးသောဆရာနှင့်စေတနာထားသူအားလုံးကိုအလ္လာဟ်အရှင်မြတ်ထံတော်မှအကောင်းဆုံးအစားပေးမှုကို ရရှိပါစေ။ အာမီးန်။



ဒေါက်တာအောင်ဇော်
မြန်မာစာပါမောက္ခ၊ ဌာနမှူး(ငြိမ်း)

# မြန်မာစာ ပါမောက္ခ ဒေါက်တာစိုးနိုင် Ph.D ၏ အမှာစာ

အလ္လာဟ်အရှင်မြတ်၏အနန္တဂုဏ်ကျေးဇူးတော်ဖြင့် မော်လာနာ ဟာရှင်မ်တင်မြင့်၏ ကုရ်အာန်ကျမ်းတော်အမွန် မြန်မာဘာသာပြန်ကို ဖတ်ရှုတည်းဖြတ်ခွင့်ရပါသည်။ ယခု မြန်မာဘာသာပြန်သည် အရေးစကားပြေဖြစ်သဖြင့် ကျမ်းစာပေများကို ရေးဟန်ဖြင့်ရေးမှသာ နှစ်သက်သူများအဖို့ပါ ဘဝင်ကျစေမည့် ဘာသာပြန်ဖြစ်ပါသည်။

ဆရာဟာရှင်မ်တင်မြင့်အနေဖြင့် ယခင်ကလည်း ကျမ်းတော်မြတ်ကုရ်အာန်ကို မြန်မာဘာသာသို့ ပထမအကြိမ် ပြန်ဆိုပြီးဖြစ်ပါသည်။ ထိုစဉ်ကမူ ရှင်လူတကာ သိနားလည်လွယ်စေလိုသော စေတနာဖြင့် ပြောဟန်ကို အသုံးပြု၍ အပြော စကားပြေအဖြစ် ဘာသာပြန်ခဲ့ခြင်းဖြစ်ပါသည်။ ထိုအပြောစကားပြေ ဘာသာပြန်သည် ပြောဟန်ဖြစ်သောကြောင့် ဖတ်ရှုခြင်း၌ လွယ်ကူမှုရှိသဖြင့် တစ်မျိုးထူးခြားမှုရှိကြောင်းနှင့် လူအများ၏ထောက်ခံမှုရရှိကြောင်း တွေ့ရပါသည်။

ယခုအကြိမ် ဘာသာပြန်မှာမူ အရေးစကားပြေဖြစ်သဖြင့် စိတ်အတွင်းမှ စူးစူးစိုက်စိုက်ဖတ်ခြင်းက ပိုကောင်းလိမ့်မည်ဟု ယူဆပါသည်။ ရေးဟန်ကို အသုံးပြုထားသည့် စကားပြေဖြစ်သော်လည်း စာဟန်မှာ ရိုးရှင်း လွယ်ကူခြင်း၊ ကျစ်လျစ်သိပ်သည်းခြင်း၊ မူလအဓိပ္ပာယ်မပျက်ယွင်းခြင်း စသည့် စာ၏ဂုဏ်ရည်များမှာမူ ပေါ်လွင်ထင်ရှားလျက်ရှိပါသည်။

အထူးသဖြင့် အများသိနားလည်လွယ်ကူစေရန် ခေတ်နှင့်လျော်ညီသည့်စကားအသုံးအနှုန်းဝေါဟာရများကိုသာ ရွေးချယ်သုံးနှုန်းထားခြင်း၊ သမားဂုဏ်ပြသည့်အသုံးအနှုန်းများ၊ ခက်ခဲနက်နဲသည့်ပါဠိ၊ သက္ကတ၊ ပေါရာဏစကားများကို ရှောင်ရှား၍သုံးထားခြင်းတို့ကြောင့် ကြည်လင်ပြတ်သားသော စကားပြေဟု ဆိုရပါမည်။

ဘာသာပြန်သူတိုင်းသည် မူလဘာသာစကားကိုရော ဘာသာပြန်မည့် ဘာသာစကားကိုပါ ကျွမ်းကျင်နိုင်နင်းရန် လိုအပ်ပါသည်။ ထို့ပြင် မူလအကြောင်းအရာများနှင့် ဆက်စပ်နေသော အခြေအရံအသိုင်းအဝိုင်းအကြောင်းအရာများကိုလည်း နှံ့နှံ့စပ်စပ်သိရှိရပါမည်။ ထိုကျွမ်းကျင်နှံ့စပ်မှုတို့အပြင် စာဖတ်သူ၏စိတ်မျက်စိ၊ စိတ်နား၊ စိတ်နှလုံးထဲသို့ရောက်အောင် ပို့ဆောင်နိုင်သည့် အရေးစွမ်းရည်သည်လည်း ရှိရပါမည်။ အလ္လာဟ်အရှင်မြတ်အလိုတော်နှင့် ထိုအရည်အချင်းများအားလုံး ဆရာဟာရှင်မ်တင်မြင့်ထံတွင် ရှိသည်ဟု ဤဘာသာပြန်ကို ဖတ်၍ မှတ်ချက်ပေးလိုပါသည်။

မည်သို့ပင်ဆိုစေ ဆရာဟာရှင်မ်တင်မြင့်၏ ဤကျမ်းတော်မြတ်ကုရ်အာန်ဘာသာပြန်ကို ဘာသာပြန်ရသည့် အကြီးမားဆုံးစေတနာကို ကျွန်တော်ရိပ်စားမိပါသည်။ ထိုစေတနာမှာ မြန်မာပြည်သူပြည်သားအားလုံး ကုရ်အာန်ကျမ်းတော်မြတ်၏အဓိပ္ပာယ်ကို သိရှိနားလည်၍ လက်တွေ့ကျကျ လိုက်နာကျင့်သုံးစေလိုခြင်းပင်ဖြစ်ပါသည်။ ထိုကောင်းမြတ်သော စေတနာသည်ပင် ခက်ခဲလှစွာသောတာဝန်ကြီးဖြစ်သည့် ဤကျမ်းတော်မြတ်ဘာသာပြန် ဖြစ်ပေါ်လာရေးအတွက် အလ္လာဟ်အရှင်မြတ်ထံမှ မထင်မှတ်သည့်အကူအညီများ ဆရာ့ထံသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ယူဆမိပါသည်။

ဒေါက်တာစိုးနိုင်
ပါမောက္ခ၊ ဌာနမှူး၊
မြန်မာစာဌာန၊
ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်။
မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးနှင့် မြန်မာ့စွယ်စုံကျမ်းနစ်ချုပ်ပြုစုရေးအဖွဲ့ဝင်၊
စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်။

# မြန်မာစာ တွဲဖက်ပါမောက္ခ ဒေါက်တာသန်းဝင်း Ph.D ၏ အမှာစာ

ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်နှင့်သာ ထိုက်တန်ပါသည်။ အလ္လာဟ်အရှင်မြတ်၏ကြီးမားလှသော ကျေးဇူးတော်ဖြင့် မော်လာနာဟာရှင်မ်တင်မြင့် မြန်မာဘာသာပြန်သည့် ကျမ်းတော်မြတ်ကုရ်အာန်ဘာသာပြန် တတိယအကြိမ် ပုံနှိပ်ထုတ်ဝေရန်မြန်မာစာအရေးအသားရှုထောင့်မှစစ်ဆေးတည်းဖြတ်ပေးခွင့်ရပါသည်။ ကုရ်အာန်ကျမ်းတော်မြတ် မြန်မာဘာသာပြန်ရာတွင် အရေးစကားပြေဟန်သည် အစဉ်အဆက်ရေးသားလာသော စကားပြေမျိုးဖြစ်သည်။ စာသံပေသံပါပြီး လေးနက်ခံ့ညားမှုလည်းရှိသည်။ စကားအသုံးအနှုန်းနှင့် အရေးအသားရှင်းလင်းပါက လူတိုင်း နားလည်နိုင်သည်။ အရှင်မြတ်ကျေးဇူးပြုသဖြင့် ဆရာသည် တတိယအကြိမ် ပုံနှိပ်ထုတ်ဝေရာတွင် ကုရ်အာန်အာယသ်တော်တစ်ခုချင်း၏ အဓိပ္ပာယ်ကို အရေးစကားပြေဟန်နှင့် ရေးသားထားသည်။ ရှင်းလင်းဖွင့်ဆိုချက်နှင့် အထောက်အထားများကိုမူ အပြောစကားပြေဟန်နှင့် ဖော်ပြထားသည်။ အရဗီမူရင်း တစ်အာယသ်ချင်းကို ရေးဟန်၊ ရှင်းလင်းချက်ကို ပြောဟန်ဖြင့် ဘာသာပြန်ဖော်ပြပုံမှာ ဆီလျော်လိုက်ဖက်ပါသည်။ ကုရ်အာန်မြန်မာဘာသာပြန် စာပေသမိုင်းတွင် တစ်မူထူး စာဟန်ဖြစ်ပါသည်။

မြန်မာစာ အရေးအသားရှုထောင့်မှ ဖတ်ရှုစစ်ဆေးရာတွင် ဘာသာပြန်ဆိုသူ၏ မြန်မာဘာသာပြန်ဆိုချက်အပေါ် မူတည်၍မြန်မာစာ စာလုံးပေါင်းသတ်ပုံ၊ သိမ်မွေ့သော စကားအသုံးအနှုန်း၊ အဆက်အစပ်ရှင်းလင်းပြေပြစ်သော ပုဒ်အထားအသို ဝါကျဖွဲ့ထုံးဖြစ်အောင် အတတ်နိုင်ဆုံး ဂရုပြုပြင်ဆင်ပေးခဲ့ပါသည်။ ဤဘာသာပြန်ကျမ်းသည် အရေးအသားရှင်းလင်းပြေပြစ်မှုကို ဦးတည်ထားသည်ဖြစ်ရာ ဖတ်ရှုသည့်အခါ လွယ်ကူစွာ နားလည်နိုင်ပါမည်။

အလ္လာဟ်အရှင်မြတ်၏ ဝဟီလမ်းညွှန် ကျမ်းအမွန်ဖြစ်သည့် ရှင်းလင်းပြတ်သား အလင်းအားဖြင့် ဖွဲ့စည်းထားသော ကျမ်းတော်မြတ်ကုရ်အာန်၏ အဓိပ္ပာယ်ယတ္တ တန်ဖိုးအနှစ်သာရကို လူအများဖတ်ရှု လေ့လာနားလည်နိုင်ရန်၊ ကုရ်အာန်ကို ကျက်မှတ်၍ တရားရယူရာတွင် စဉ်းစားဆင်ခြင် သိမြင်နိုင်ရန်၊ အသိတရားရယူ အသုံးချလိုသူတို့ လက်တွေ့လိုက်နာကျင့်သုံးရန်၊ မြန်မာစာတတ် အစ္စလာမ်ဘာသာဝင်များ အီမာန်ခိုင်မြဲရန် များစွာ အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။

အလ်ဟာဂျ် ဒေါက်တာသန်းဝင်း
မြန်မာစာတွဲဖက်ပါမောက္ခ

# ကျမ်းကိုးစာရင်း المراجع


1 القرآن الکریم
2 تفسیر الطبری
3 تفسیر القرطبی
4 تفسیر ابن کثیر
5 التفسیر المیسر
6 تفسیر القرآن العظیم للطبرانی
7 تفسیر فی ظلال القرآن
8 تفسیر فتح القدیر للشوکانی
9 تفسیر المحرر الوجیز
10 تفسیر البحر المحیط
11 التسهیل لعلوم التنزیل
12 الکشف والبیان عن تفسیر القرآن
13 تفسیر البیضاوی
14 تفسیر الکشاف
15 تفسیر اللباب لابن عادل
16 تفسیر النسفی
17 أیسر التفاسیر
18 أیسر التفاسیر للجزائری
19 التفسیر المظهری
20 التفسیر الوسیط للزحیلی
21 التفسیر المنتخب
22 تفسیر ابن سعود
23 تفسیر الثعالبی
24 تفسیر الخازن
25 تفسیر السراج المنیر
26 تفسیر الشیخ المراغی
27 تفسیر القشیری
28 تفسیر حقی
29 تفسیر روح البیان
30 تفسیر التفسیر للقطان
31 صفوة التفاسیر
32 بحر العلوم
33 تنویر المقباس
34 تیسیر العلی القدیر
35 مختصر تفسیر البغوی المسمی بمعالم التنزیل
36 التفسیر الوسیط للقرآن الکریم
37 الحاوی فی تفسیر القرآن الکریم کاملا
38 تفسیر الآلوسی
39 تفسیر السمرقندی
40 أوضح التفاسیر
41 تفسیر الثعلبی
42 تفسیر ابن عباس
43 تفسیر لباب التأویل فی معالم التنزیل
44 تفسیر الجلالین
45 تفسیر ابن عربی
46 تفسیر تنویر الأذهان
47 تفسیر البحر المدید
48 تفسیر السراج المنیر
49 الدر المنثور فی التفسیر
50 تفسیر البغوی
51 تفسیر السعدی
52 محاسن التأویل
53 تفسیر السمعانی
54 زاد المسیر فی علم التفسیر
55 التفسیر القرآنی للقرآن
56 أضواء البیان فی إیضاح القرآن بالقرآن
57 تفسیر الشعراوی
58 تفسیر القرآن الکریم لابن القیّم
59 نواسخ القرآن لابن الجوزی
60 علوم القرآن
61 أسباب النزول
62 أحکام القرآن
63 بیان القرآن (مولانا اشرف علی تھانوی صاحب)
64 معارف القرآن (مفتی محمد شفیع صاحب)
65 تفسیر مظھری (مولانا قاضی محمد ثناء اللہ صاحب)
66 آسان ترجمہ قرآن (مفتی محمد تقی عثمانی)
67 تفسیر ترجمان القرآن (ابو الکلام آزاد)
68 نصر الباری شرح اردو صحیح البخاری
69 قرآن کریم میں رسول اکرم کا عالی مقام
70 آیاتِ مُتعارضہ اور ان کا حل
71 معلوماتِ قرآن
72 تعلیماتِ قرآن
73 مطالعہ قرآن
74 اطلس القرآن
75 صحیح البخاری
76 صحیح مسلم
77 صحیح ابن خزیمة
78 صحیح ابن حبان
79 سنن الترمذی
80 سنن أبی داود
81 سنن النسائی
82 سنن ابن ماجة
83 سنن الدار قطنی
84 سنن الدارمی
85 مسند أحمد
86 المستدرك
87 الموطا للإمام مالك
88 السنن الکبری
89 شعب الإیمان
90 فتح الباری
91 عمدة القاری
92 فیض الباری
93 البدایة والنهایة
94 السیرة النبویة للشعراوی
95 لسان العرب
96 المعجم الوسیط
97 تاج العروس
98 المورد
99 القاموس الجدید
100 مفردات ألفاظ القرآن للإمام الراغب
101 المنجد
102 القاموس المدرسی الحدیث
103 المعجم المفهرس

Scientific Wonders on the Earth and in Space 104
The Unchallengeable Miracles of the Quran 105
Discovering The Universe 106
The Developing Human 107
Fundamentals of Physics 108
Medical Embryology 109
Scientific Indications in The Holy Quran 110
This is The Truth 111
Exposition of The Holy Quran 112



تِبْيَانُ الْقُرْآنِ

113 ကုရ်အာန်အလင်းပြကျမ်း 113

114 ဟာဂျ်နှင့်အွမ္မရဟ်ပြုလုပ်နည်း 114

# ကျမ်းကိုးစာရင်း المراجع


115 معارف القرآن-مولانا ادریس کاندھلوی
116 تفسیر عثمانی
117 تفسیر المنار
118 معالم العرفان فی دروس القرآن
119 تفسیر ابن کثیر اردو
120 حاشیة الصاوی
121 حاشیة الجمل
122 تفسیر الکمالین
123 تیسیر الکریم الرحمن
124 الدر المنثور فی التفسیر المأثور
125 مواهب الرحمن
126 آیات من القرآن المیسر
127 التبیان فی تفسیر غریب القرآن
128 فتح القدیر
129 أنوار البیان
130 أحادیث من صحیح البخاری
131 شرح البخاری لابن بطال
132 تلخیص البخاری
133 تفهیم المسلم
134 درس ترمذی
135 مرقاة المفاتیح شرح مشکاة المصابیح
136 أصول التفسیر سؤالاً وجواباً
137 أعلام الموقعین عن رب العالمین
138 مقدمة إعلاء السنن
139 عقیدة الطحاوی مع الحواشی للقاری محمد طیب
140 الدرس الحاوی شرح عقیدة الطحاوی
141 المهند علی المفند
142 أصول الإفتاء وآدابه
143 آداب افتاء واستفتاء
144 فتوی نویسی کے رهنما اصول
145 أدب المفتی
146 القواعد الفقهیة
147 نور الأنوار
148 الموجز فی أصول الفقه
149 الهدایة
150 عین الهدایة
151 جواهر الفقه
152 إمداد الفتاوی
153 کفایة المفتی
154 الاختیار
155 کنز المسائل
156 اسلامی عدالت
157 الاعتدال فی مراتب الرجال اسلامی سیاست
158 بهشتی زیور حصه أول، دوم، سوم
159 سنهرے فیصلے
160 وحدت امت
161 حدیث نبوی اور دور حاضر کے فتنے
162 جن پر لعنت کی گئی
163 الأسماء الحسنی - (حضرت مولانا مفتی شمس الضحی صاحب)
164 الأسماء الحسنی - (حضرت مولانا مفتی حافظ سلیمان صاحب)
165 الأسماء الحسنی -(حضرت مولانا سلیم الله صاحب)
166 مفید الأطفال-(جمعیة العلماء برما)
167 تعمیر حیات
168 ماه نامه البلاغ
169 ماه نامه سعادت
170 الرسم العثمانی
171 روح المعانی
172 مناهل العرفان
173 مُوضح الفرقان
174 توفیق الرحمن
175 الدر المصون فی علم الکتاب المکنون
176 التفسیر الواضح
177 تفسیر أبی السعود
178 تفسیر المدارك
179 منازل التنزیل
180 تفسیر الرازی
181 تفسیر أحمدی
182 کوثری
183 أشرف التفاسیر
184 المجاهد
185 غرائب القرآن وغرائب الفرقان
186 أحکام القرآن للإمام الشافعی
187 التبیان فی علوم القرآن
188 مشکل الآثار
189 کشف الباری
190 شرح البخاری لابن بطال
191 الحاکم
192 اختلاف الأئمة فی المسائل المهمة
193 الفقه علی المذاهب الأربعة
194 فتاوی الإسلام
195 البلاغ المبین
196 الدر المنضود
197 الکامل
198 أنواع التوحید الثلاثة
199 رسالة التوحید
200 تقویة الإیمان
201 نظم الدرر
202 لطائف الإشارات
203 الفتاوی الهندیة
204 الوقایة
205 ماهی النصرانیة

=====================================================================

اٰيَاتُهَا ٧ سُوْرَةُ الْفَاتِحَةِ مَكِّيَّةٌ ٥ رُكُوْعُهَا ١

# (၁) စူရဟ် ဖာသိဟဟ် (အဖွင့်ကဏ္ဍ) سُوْرَةُ الْفَاتِحَةِ

=====================================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ﴿١﴾

(၁) အနန္တကရုဏာတော်ရှင်[1] ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်[2] အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اَلْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ ﴿٢﴾

(၂) ချီးမွမ်းခြင်းဟူသမျှသည်[3] စကြဝဠာအပေါင်းကိုဖန်ဆင်းမွေးမြူတော်မူသော[4] အလ္လာဟ်အရှင်မြတ်အတွက်သာဖြစ်ပါသည်။

الرَّحْمٰنِ الرَّحِيْمِ ﴿٣﴾

(၃) (ထိုအရှင်မြတ်သည်) အနန္တကရုဏာတော်ရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပါသည်။

مٰلِكِ يَوْمِ الدِّيْنِ ﴿٤﴾

(၄) (ထိုအရှင်မြတ်သည် ကောင်းကျိုး၊ ဆိုးကျိုး) အစားပေးတော်မူမည့်နေ့[5] ကို စိုးပိုင်တော်မူသောအရှင် ဖြစ်တော်မူပါသည်။

اِيَّاكَ نَعْبُدُ وَاِيَّاكَ نَسْتَعِيْنُ ﴿٥﴾

(၅) ကျွန်ုပ်တို့သည် အရှင်မြတ်ကိုသာလျှင် ကိုးကွယ်ကြပါသည်[6]။ ထို့ပြင် ကျွန်ုပ်တို့သည် အရှင်မြတ်ထံမှသာလျှင် အကူအညီတောင်းခံကြပါသည်[7]။

اِهْدِنَا الصِّرَاطَ الْمُسْتَقِيْمَ ﴿٦﴾

(၆) (အို- အရှင်မြတ်) ကျွန်ုပ်တို့အား ဖြောင့်မတ်မှန်ကန်သောလမ်းကို ညွှန်ကြားပြသတော်မူပါ။

صِرَاطَ الَّذِيْنَ اَنْعَمْتَ عَلَيْهِمْ غَيْرِ الْمَغْضُوْبِ عَلَيْهِمْ وَلَا الضَّآلِّيْنَ ﴿٧﴾

(၇) အကြင်သူတို့၏လမ်းကို (ညွှန်ကြားပြသတော်မူပါ)၊ ထိုသူတို့အပေါ်တွင် အရှင်မြတ်သည် ကျေးဇူးပြုတော်မူခဲ့ပါသည်။[8] (အရှင်မြတ်၏) အမျက်တော်စူးရှခြင်း ခံကြရသူများ(၏လမ်း)လည်း မဟုတ်သည့်အပြင် လမ်းမှားသူများ(၏လမ်း)လည်းမဟုတ်[9] (သော လမ်းမှန်ကိုသာ ညွှန်ကြားပြသတော်မူပါ)။ (အာမီးန်)။[10]

## ရှင်းလင်းဖွင့်ဆိုချက်နှင့်အထောက်အထားများ

❶ အနန္တကရုဏာတော်ရှင်က မိမိရဲ့ သနားကရုဏာတော်နဲ့ လူသားကို ကုရ်အာန်ကျမ်းတော်မြတ် သင်ကြားပေးတော်မူပြီး ကျေးဇူးပြုတော်မူခဲ့တာဖြစ်တယ်။(သွဗ်ရီကျမ်း)။ အဲဒီအကြောင်းကို အရှင်မြတ်က အခုလို မိန့်တော်မူထားတယ်။ اَلرَّحۡمٰنُ ۝١ عَلَّمَ الۡقُرۡاٰنَ ۝٢ "အနန္တကရုဏာတော်ရှင်။ ထိုအရှင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို သင်ပေးတော်မူခဲ့သည်။" (ကုရ်အာန် - ၅၅း၁ - ၂) အရှင်မြတ်က စူရဟ်ရဟ်မာန်ထဲမှာ အရှင်မြတ်ပြုထားတော်မူတဲ့ ကျေးဇူးတော်တွေကို ဖော်ပြထားပြီး အရှင်မြတ်ရဲ့ ဘယ်ကျေးဇူးတော်တွေကို အသင်တို့ ငြင်းပယ်ကြဦးမှာလဲလို့ ၃၁ ကြိမ် မေးမြန်းထားတော်မူပါတယ်။ အဲဒီကျေးဇူးတော်တွေထဲမှာ ပထမဦးဆုံးဖော်ပြထားတဲ့ကျေးဇူးတော်ဟာ ကုရ်အာန်ကျမ်းတော်မြတ်ကို သင်ကြားပြသခြင်းပဲဖြစ်ပါတယ်။(စူရဟ်ရဟ်မာန်)။ အဓိကကျပြီး အပြည့်စုံဆုံးကျေးဇူးတော်ဖြစ်တာကြောင့် ဦးစွာပထမဖော်ပြတာဖြစ်ပါတယ်။ (ရူဟွလ်မအာနီ) ကုရ်အာန်ကျမ်းတော်မြတ်ဟာ လမ်းမှန်ညွှန်ကြားပြသချက်နဲ့ ရဟ်မသ်သနားကရုဏာတော်ဖြစ်ကြောင်း အရှင်မြတ်က အခုလို အမိန့်ရှိထားပါတယ် - وَاِنَّهٗ لَهُدًى وَّرَحۡمَةٌ لِّلۡمُؤۡمِنِيۡنَ ۝٧٧ "ထို့ပြင် အမှန်စင်စစ် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)သည် မုအ်မင်န်ယုံကြည်သူများအတွက် တရားလမ်းမှန် ညွှန်ကြားပြသချက်နှင့် ရဟ်မသ်သနားကရုဏာတော်ဖြစ်သည်။" (ကုရ်အာန် - ၂၇း၇၇) အနန္တကရုဏာတော်ရှင်ရဲ့ ရဟ်မသ်သနားကြင်နာမှုထဲကို ဝင်ရောက်စေဖို့ ဒီကုရ်အာန်ကျမ်းတော်ကို အကြောင်းခံအဖြစ် အရှင်မြတ်က ပြုလုပ်ပေးထားပါတယ်။ အရှင်မြတ်က အခုလိုအမိန့်ရှိပါတယ် -

فَاَمَّا الَّذِيۡنَ اٰمَنُوۡا بِاللّٰهِ وَاعۡتَصَمُوۡا بِهٖ فَسَيُدۡخِلُهُمۡ فِىۡ رَحۡمَةٍ مِّنۡهُ وَفَضۡلٍ ۙ وَّيَهۡدِيۡهِمۡ اِلَيۡهِ صِرَاطًا مُّسۡتَقِيۡمًا

"သို့ဖြစ်ရာ အကြင်သူများသည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်၍ အရှင်မြတ်(၏သာသနာအစ္စလာမ်)ကို စွဲမြဲစွာ ဆုပ်ကိုင်ထားကြလျှင် ထိုသူများအား အရှင်မြတ်သည် အရှင်မြတ်၏ကရုဏာအသနားတော်(ဖြစ်သော ဂျန္နသ်သုခဘုံ)နှင့် အရှင်မြတ်၏ကျေးဇူးတော်ထဲသို့ မကြာမီဝင်ရောက်စေတော်မူမည်။ ထို့ပြင် အရှင်မြတ်သည် ထိုသူများအား အရှင်မြတ်ထံ (ရောက်ရှိရန်) ဖြောင့်မတ်သော(တရား)လမ်းကိုလည်း ညွှန်ကြားပြသတော်မူမည်။" (ကုရ်အာန် - ၄း၁၇၅)

ကုရ်အာန်ကို ဆုပ်ကိုင်ထားရင် လမ်းမှန်ရမှာဖြစ်ပြီး ကုရ်အာန်အတိုင်း လိုက်နာရင် အောင်မြင်မှာဖြစ်ကြောင်း အရှင်မြတ်က အမိန့်ရှိပါတယ် - وَمَنۡ يَّعۡتَصِمۡ بِاللّٰهِ فَقَدۡ هُدِىَ اِلٰى صِرَاطٍ مُّسۡتَقِيۡمٍ "ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်အား စွဲမြဲစွာ ဆုပ်ကိုင်ထားလျှင် ထိုသူသည် ဖြောင့်မတ်မှန်ကန်သောလမ်းကို အမှန်ပင် ညွှန်ကြားပြသခြင်း ခံရမည်ဖြစ်သည်။" (ကုရ်အာန် - ၃း၁၀၁)

فَالَّذِيۡنَ اٰمَنُوۡا بِهٖ وَعَزَّرُوۡهُ وَنَصَرُوۡهُ وَاتَّبَعُوا النُّوۡرَ الَّذِىۡۤ اُنۡزِلَ مَعَهٗۤ ۙ اُولٰٓـئِكَ هُمُ الۡمُفۡلِحُوۡنَ

"သို့ဖြစ်ရာ အကြင်သူများသည် ထိုတမန်တော်မြတ်အား ယုံကြည်ခဲ့ကြ၍ ၎င်းအား ကာကွယ်စောင့်ရှောက်ခဲ့ကြသည်သာမက ကူညီရိုင်းပင်းမှုလည်း ပြုခဲ့ကြသည်။ ၎င်းပြင် ထိုတမန်တော်နှင့် အတူတကွ ကျရောက်လာသော လင်းရောင်ခြည်(ကျမ်းတော်မြတ်ကုရ်အာန်)ကိုလည်း နောက်လိုက်မှုပြုခဲ့ကြသည်။ ထိုသူများပင် အောင်မြင်သူများဖြစ်ကြသည်။" (ကုရ်အာန် - ၇း၁၅၇)

❷ "အလ္လာဟ်" ဆိုတဲ့ စကားလုံးဟာ ကိုးကွယ်ခြင်းခံထိုက်တော်မူတဲ့ တစ်ပါးတည်းတည်ရှိတော်မူပြီး အတုမရှိတဲ့ အရှင်မြတ်ရဲ့နာမတော်ဖြစ်တယ်။ တချို့ပညာရှင်တွေက ၎င်းကို اسم اعظم(အိစ်မေ့အအ်ဇွမ်)အကြီးဆုံးနာမတော်ဖြစ်တယ်လို့ပြောကြတယ်။ (မအာရိဖွလ်ကုရ်အာန် - မုဖ်သီရှဖီးအ်)

အီမာမ်အဗူဟနီဖဟ် رحمة الله عليه က မိန့်ကြားခဲ့တယ် - اسم اعظم (အိစ်မေ့အအ်ဇွမ်) အကြီးမားဆုံးနာမတော်ဟာ اَللّٰهُ "အလ္လာဟ်" ဖြစ်တယ်။

حدثنا محمد بن الحسن عن أبي حنيفة قال اسم الله الأكبر هو الله (مشكل الآثار)

(မုရှ်ကိလွလ်အာဆာရ် တွဲ - ၁၊ စာ - ၆၂၊ မအာရိဖွလ်ကုရ်အာန် - မော်လာနာအိဒ်ရီးစ်)

❹ "ချီးမွမ်းခြင်းဟူသမျှသည် အလ္လာဟ်အရှင်မြတ်အတွက်သာဖြစ်ပါသည်" လို့ ဆိုလိုက်ခြင်းဟာ တကယ်တော့ လူသားမြင်တွေ့နေရတဲ့အရာတွေ အမြောက်အမြားထဲမှာ စိတ်ထဲကနေ သဘောကျစရာတွေ၊ ကောင်းခြင်းတွေ၊ အကျိုးရှိတာတွေ၊ နှစ်လိုဖွယ်ရာတွေ တွေ့ရှိပြီး နှစ်သက်ကြည်နူးကာ ချီးမွမ်းလိုက်ကြတဲ့အတွက် အဲဒီချီးမွမ်းခြင်းအားလုံးဟာ အမှန်စင်စစ် အဲဒီအရာတွေကို ဖန်ဆင်းတော်မူတဲ့ အလ္လာဟ်အရှင်မြတ်နဲ့ပဲ ထိုက်တန်တယ်လို့ ဆိုလိုတာဖြစ်တယ်။ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာ ချီးမွမ်းခြင်းခံထိုက်တယ်ဆိုတော့ ကိုးကွယ်ခြင်းခံထိုက်တာလည်း အဲဒီအရှင်တစ်ပါးတည်းပဲ ဖြစ်နိုင်တော့တာ ထင်ရှားပါတယ်။ ကုရ်အာန်ကျမ်းတော်ရဲ့ ဒီလောက်တိုတောင်းတဲ့ စာပိုဒ်လေးထဲမှာ အရှင်မြတ်ကို ချီးမွမ်းခြင်းနဲ့အတူတကွ အရှင်မြတ်တစ်ပါးတည်းသာ ကိုးကွယ်ခြင်းခံထိုက်ကြောင်း သောင်ဟီဒ်ဘက်ကို စစချင်း ညွှန်ကြားပြသပေးလိုက်ခြင်းဟာ အရှင်မြတ်ရဲ့စွမ်းဆောင်နိုင်မှုပဲဖြစ်ပါတယ်။(မအာရိဖွလ်ကုရ်အာန် တွဲ ၁၊ စာ - ၈၀၊ ဆိုလိုရင်းအကျဉ်း - မုဖ်သီရှဖီးအ်)

❺ "စကြဝဠာအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်" ဆိုတာ စကြဝဠာအပေါင်းကို အရှင်မြတ်ကပဲ ဖန်ဆင်းတော်မူခဲ့ပြီး အရှင်မြတ်ကပဲ အဆင့်ဆင့် ပြုစုပျိုးထောင် မွေးမြူနေတာဖြစ်တယ်။ တစ်ဖက်က ကြည့်မယ်ဆိုရင် "စကြဝဠာအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်" ဆိုတဲ့ စာပိုဒ်ဟာ "ချီးမွမ်းခြင်းဟူသမျှသည် အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်ပါသည်" ဆိုတဲ့ စာပိုဒ်ရဲ့အထောက်အထားပဲဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုရင် စကြဝဠာအပေါင်းကို ဖန်ဆင်းမွေးမြူနေတော်မူတာဟာ အရှင်မြတ်တစ်ပါးတည်းသာဖြစ်တာကြောင့် ချီးမွမ်းဖို့လည်း အဲဒီအရှင်မြတ်တစ်ပါးတည်းပဲ ထိုက်တန်တော်မူတာဖြစ်တယ်။ ဒီပထမဦးဆုံးအာယသ်မှာပဲ အရှင်မြတ်ကို ချီးမွမ်းခြင်းနဲ့အတူ သောင်ဟီဒ်ပါ တွဲပါလာတာဖြစ်တယ်။

(မအာရိဖွလ်ကုရ်အာန် တွဲ ၁၊ စာ - ၈၂၊ ဆိုလိုရင်းအကျဉ်း - မုဖ်သီရှဖီးအ်)

❻ "ကောင်းကျိုးဆိုးကျိုး အစားပေးတော်မူမည့်နေ့"ကို ကုရ်အာန်ကျမ်းတော်မြတ်မှာ အခုလိုဖွင့်ဆိုထားပါတယ်။

ثُمَّ مَآ اَدْرٰىكَ مَا يَوْمُ الدِّيْنِ ﴿١٨﴾ يَوْمَ لَا تَمْلِكُ نَفْسٌ لِّنَفْسٍ شَيْـًٔا ۭ وَالْاَمْرُ يَوْمَىِٕذٍ لِّلّٰهِ ﴿١٩﴾

"၎င်းနောက် ကောင်းကျိုးဆိုးကျိုး အစားပေးတော်မူမည့်နေ့ဆိုသည်မှာ အဘယ်နည်းဟု အသင်(တမန်တော်)ကို မည်သည့်အရာက အသိပေးပါသနည်း။ ထိုနေ့တွင် အသက်ဝိညာဉ်တစ်ခု(လူတစ်ဦး)သည် အခြားအသက်ဝိညာဉ်(လူတစ်ဦး)အတွက် မည်သည့်အရာတစ်ခုမျှ အကျိုးပြုပိုင်ခွင့်မရှိပေ။ ၎င်းပြင် ထိုနေ့တွင် အမိန့်အာဏာအားလုံးကို အလ္လာဟ်အရှင်မြတ်သာလျှင် စိုးပိုင်တော်မူလိမ့်မည်။" (၈၂:၁၈ - ၁၉) يَوْمَىِٕذٍ يُّوَفِّيْهِمُ اللّٰهُ دِيْنَهُمُ الْحَقَّ "ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့နှင့် ထိုက်တန်သောအစားကို ပြည့်ဝစွာ ပေးတော်မူမည်ဖြစ်သည်။"

(ကုရ်အာန် - ၂၄:၂၅) (အသ္မ်ဝါဒွလ်ဗယာန်)

❼ "ကျွန်ုပ်တို့သည် အရှင်မြတ်ကိုသာလျှင် ကိုးကွယ်ကြပါသည်" ဆိုတာ အရှင်မြတ်ရဲ့ကြီးကျယ်မြင့်မြတ်မှုကို လေးစားဖို့အတွက် မိမိကိုယ်ကို အဆုံးစွန်ထိ လိုလိုလားလားနှိမ့်ချလိုက်ခြင်းဖြစ်တယ်။ အရှင်မြတ်ကို ချစ်ခင်မှုအပြည့်အဝနဲ့ နာခံမှုအပြည့်အဝပြုလုပ်ခြင်းဖြစ်တယ်။ အရှင်မြတ်ရဲ့ ကြီးကျယ်မြင့်မြတ်မှုကို လေးစားမှုအပြည့်အဝနဲ့ အပြည့်အဝချစ်ခင်ခြင်းဟာလည်း ကိုးကွယ်ခြင်းထဲမှာ ပါဝင်တယ်။ ကိုးကွယ်မှုကို အရှင်မြတ်ရဲ့ကျေနပ်နှစ်သက်မှုအတွက်သာ ရည်စူးရမှာဖြစ်တယ်။

(မအာရိဖွလ်ကုရ်အာန် တွဲ ၁၊ စာ - ၁၉၊ ၂၀၊ ဆိုလိုရင်းအကျဉ်း - မော်လာနာ အိဒ်ရီးစ်)

❼ "အရှင်မြတ်ထံမှသာလျှင် အကူအညီတောင်းခံကြပါသည်" ဆိုတာ "အရှင်မြတ်ကိုပဲ ကိုးကွယ်ခြင်း"ရဲ့နောက်မှာလာတဲ့အတွက် ကိုးကွယ်ခြင်းခံထိုက်တဲ့ အရှင်တစ်ပါးတည်းမှာပဲ အလုံးစုံတတ်စွမ်းနိုင်မှုရှိတာကြောင့် အရှင်တစ်ပါးတည်းထံကပဲ အကူအညီဟူသမျှ တောင်းခံထိုက်တာကို ညွှန်ပြနေတာဖြစ်တယ်။ "فَاعْبُدْهُ وَ تَوَكَّلْ عَلَيْهِ" သို့ဖြစ်ရာ အသင်သည် အရှင်မြတ်အား ကိုးကွယ်ပြီး အရှင်မြတ်အပေါ်မှာသာလျှင် (ကိစ္စဟူသမျှကို အရှင်မြတ်ခွင့်ပြုထားတဲ့ အကြောင်းခံတွေကို အသုံးပြုလျက်)ယုံပုံအပ်နှင်းထားလိုက်ပါ။" (၁၁း၁၂၃) ကိုးကွယ်ခြင်းခံထိုက်တဲ့အရှင့်ထံမှာပဲ အင်အား အစုံရှိတဲ့အတွက် အဲဒီအရှင့်ထံမှာပဲ ယုံပုံအပ်နှင်းခိုင်းထားခြင်းဖြစ်တယ်။

(အသ်ွဝါအွလ်ဗယာန် ၊သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

❽ အရှင်မြတ်ရဲ့ကျေးဇူးတော်ပြုခြင်းခံခဲ့ကြရတဲ့သူတွေဆိုတာ –

"مِنَ النَّبِيّنَ وَ الصِّدِّيْقِيْنَ وَ الشُّهَدَآءِ وَ الصّٰلِحِيْنَ နဗီတမန်တော်များ၊ စိဒ်ဒီကီန်အလွန်မှန်ကန်သည့်သူများ၊ ရှဟီဒီအရှင်မြတ်၏လမ်းတွင် အသက်စတေးသည့်သူများနှင့် စွာလိဟီန်ကောင်းမြတ်သောသူများထဲမှ" ဖြစ်ကြတယ်။ (ကုရ်အာန် – ၄း၆၉) (အသ်ွဝါအွလ်ဗယာန်)

❾ အရှင်မြတ်ရဲ့ အမျက်တော် စူးရှခြင်းခံရသူတွေနဲ့ လမ်းလွဲသူတွေကတော့ ယဟူဒီတွေနဲ့ နတ်စ်ွရာနီတွေဖြစ်ကြတယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

ယဟူဒီတွေဟာ အမှန်ကိုသိပါလျက်နဲ့ ငြင်းပယ်ကြတဲ့အတွက် အမျက်တော် စူးရှခြင်းခံခဲ့ကြရတာဖြစ်ပြီး နတ်စ်ွရာနီတွေဟာ အမှန်ကို မသိဘဲ လမ်းလွဲသွားခဲ့ကြတာဖြစ်တယ်။ (အသ်ွဝါအွလ်ဗယာန်)

အမှန်ကိုသိပါလျက်ငြင်းပယ်သူတိုင်းနဲ့ အမှန်ကိုမသိဘဲ လမ်းလွဲသူတိုင်းကိုလည်း ခေါ်ဆိုတယ်။

(သွဗ်ရီကျမ်း)

❿ တမန်တော်မြတ် ﷺက မိန့်ကြားတော်မူခဲ့တယ် – "(စွလာသ်ဝတ်ပြုရာမှာ) စူရဟ်ဖာသိဟတ်ကို ရှေ့ဆောင်အိမာမ်က ရွတ်ဆိုပြီးတဲ့အခါ အသင်တို့က အာမီးန်လို့ ဆိုကြပါ"။ (အလင်းပြကျမ်း)

(အာမီးန်) "အိုအရှင်၊ (ကျွှ်ုပ်အတိုင်းလက်ခံ)ပြုလုပ်တော်မူပါ" ဆိုတာ စူရဟ်ဖာသိဟတ်ပြီးဆုံးတဲ့အခါ အရှင်မြတ်ထံမှာ တောင်းခံရတဲ့ ဒုအာ ဖြစ်တယ်။ (ကုရ်သွုဗီ)

عن ابن عباس قال: سألت رسول الله صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ ما معنى آمين؟ قال: (رب افعل). القرطبى

– – – – – – – – – – – – – – – – – – – – – –

==================================================

ركوعاتها ٤٠ ٢ سُوْرَةُ الْبَقَرَةِ مَدَنِيَّةٌ ٨٧ اٰياتها ٢٨٦

# စူရဟ်ဗကရဟ် سُوْرَةُ الْبَقَرَةِ

==================================================

## စူရဟ်ဗကရဟ်၏အဓိပ္ပာယ်မှာ "နွားမကဏ္ဍာ"ဟူ၍ဖြစ်သည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

الٓمّٓ ﴿١﴾

(၁) အလိဖ် လာမ် မီမ် ❶။

❶ အလိဖ် လာမ် မီမ် ဆိုတဲ့ အက္ခရာစုတွေကို اَلْحُرُوْفُ الْمُقَطَّعَات လို့ ခေါ်တယ်။ အဲဒီအက္ခရာစုမျိုးတွေဟာ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ စူရဟ်ကဏ္ဍ(၂၉)ခုရဲ့ ရှေ့ဆုံးမှာ ပါရှိပြီး အဲဒီအဓိပ္ပာယ်တွေကို အလ္လာဟ်အရှင်မြတ်ကလွဲလို့ ဘယ်သူမှမသိဘူး။ (အလင်းပြကျမ်း)

ذٰلِكَ الْكِتٰبُ لَا رَيْبَ ۛ فِيْهِ ۛ هُدًى لِّلْمُتَّقِيْنَ ﴿٢﴾

(၂) ဤကျမ်းသည် (ယခင်က ထုတ်ပြန်ခဲ့သောကျမ်းများထဲ၌ ကြိုတင်အမိန့်ရှိထားသည့် ကျမ်းဂန်ဖြစ်လေရာ (ဝါ) အသင်တို့က ငါအရှင်မြတ်ထံတော်တွင် اِهْدِنَا الصِّرَاطَ الْمُسْتَقِيْمَ "ကျွန်ုပ်တို့အား ဖြောင့်မတ်မှန်ကန်သောလမ်းကို ညွှန်ကြားပြသတော်မူပါ"ဟုတောင်းခံခြင်းကို ငါအရှင်လက်ခံတော်မူ၍ ချပေးတော်မူလိုက်သည့် လမ်းမှန်ညွှန်ကြားပြသသော ကျမ်းဂန်ဖြစ်လေရာ) ၎င်းကျမ်းဂန်နှင့်ပတ်သက်၍ သံသယဖြစ်စရာမရှိပေ။ (၎င်းကျမ်းဂန်သည်) မုသ်သကီန်ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သောသူများအတွက် လမ်းမှန် ညွှန်ကြားပြသချက်ဖြစ်သည်။

الَّذِيْنَ يُؤْمِنُوْنَ بِالْغَيْبِ وَيُقِيْمُوْنَ الصَّلٰوةَ وَمِمَّا رَزَقْنٰهُمْ يُنْفِقُوْنَ ﴿٣﴾

(၃) ၎င်း(မုသ်သကီန်)တို့သည် (ကုရ်အာန်က ပြဆိုထားသည့်)အကွယ်မှအရာများ❷ကို(အမှန်ဖြစ်သည်၊ တည်ရှိသည်ဟု) ယုံကြည်❸ကြပြီး ၎င်းတို့သည် စွလာသ်❹ဝတ်ပြုဆောက်တည်ကြသည့်အပြင် ၎င်းတို့သည် ငါအရှင်မြတ်က ၎င်းတို့အား ပေးသနားထားတော်မူသောအရာ(ပစ္စည်းဥစ္စာ)များထဲမှ (အချို့ကိုလည်း)လှူဒါန်းကြသည်။❺

❷ ကုရ်အာန်က ပြဆိုထားတဲ့ "အကွယ်မှအရာများ"ဆိုတာ စဉ်းစားဉာဏ်နဲ့ရော အာရုံငါးပါးနဲ့ပါ

သိရှိနိုင်ခြင်းမရှိဘဲ ကုရ်အာန်နဲ့ ဟဒီးဆ်က အသိပေးထားသလောက်သာ သိရှိနိုင်တဲ့အရာတွေဖြစ်ပါတယ်။ ဥပမာ - အလ္လာဟ်အရှင်မြတ်ရဲ့ဇားသ်တော်၊ အရှင်မြတ်ရဲ့ ဝဟီတော်၊ ကောင်းကင်တမန်တော်များ၊ ဂျန္နသ်သုခဘုံ၊ ဂျဟန္နမ်ငရဲဘုံ၊ အာခိရသ်တမလွန်ဘဝ၊ သေပြီးနောက် ရှင်ပြန်ထခြင်း၊ မီဇာန်ချိန်ခွင်၊ စွိရာသ္ဂံတံတား၊ ဟိစာဗ်စာရင်းစစ်ဆေးခြင်း၊ အစားပေးခြင်း စသည်တို့ဖြစ်ကြပါတယ်။(ဟာရှိယသွလ်ဂျမလ်) (၃) "ယုံကြည်ခြင်း"ဆိုတာကို - အလ္လာဟ်နဲ့ အလ္လာဟ်ရဲ့ရစူလ်က အမိန့်ရှိထားတာတွေအပေါ်မှာ စိတ်ထဲကယုံကြည်ပြီး နှုတ်လျှာက ဝန်ခံပြောဆိုလျက် လက်တွေ့လိုက်နာကျင့်သုံးခြင်းဖြစ်တယ်။ (အိဗ်သိလာဖွလ်အအင်မ်မဟ်ဖိလ်မစာအိလိလ်မုဟင်မ္မဟ် )၊ မုဖ်သီရှဖီးအ်ဆဖ် ؒ က မိမိရဲ့ဆရာ မော်လာနာ အန္ဒဝရ်ရှားဟ် ကရှ်မီရီ ؒ ရဲ့ဖွင့်ဆိုချက်ကို မအာရိဖွလ်ကုရ်အာန် အတွဲ ၁၊ စာ - ၁၁၂ မှာ အခုလို ဖော်ပြထားပါတယ် -

اگر تصدیقِ قلبی ظاہری اقرارو اطاعت تک نہ پہونچے وہ تصدیقِ ایمان معتبر نہیں، اسی طرح اگر ظاہری اطاعت واقرار تصدیقِ قلبی تک نہ پہونچے تو وہ اسلام معتبر نہیں، امام غزالی رحمۃ اللہ علیہ اور امام سبکی رحمۃ اللہ علیہ کی بھی یہی تحقیق ہے، اور امام ابن ہمام نے مسامرہ میں اس تحقیق پر تمام اہل حق کا اتفاق ذکر کیاہے۔

"တကယ်လို့ စိတ်ထဲက ယုံကြည်ချက်ဟာ နှုတ်လျှာက ဝန်ခံပြောဆိုချက်နဲ့ လိုက်နာကျင့်သုံးချက်အထိမရောက်ရင် အဲဒီအီမာန်ယုံကြည်ထောက်ခံချက်ဟာ အတည်မဖြစ်ဘူး။ ဒီလိုပဲ တကယ်လို့ အပြင်ပန်းလိုက်နာကျင့်သုံးချက်နဲ့ နှုတ်လျှာက ဝန်ခံပြောဆိုချက်ဟာ စိတ်ထဲက ယုံကြည်ထောက်ခံတဲ့အထိမရောက်ရင် အဲဒီအစ္စလာမ်ဟာ အတည်မဖြစ်ဘူး။" အိမာမ်ဂဇာလီ ؒ နဲ့ အိမာမ်စုဗ်ကီ ؒ တို့ရဲ့ လေ့လာတွေ့ရှိချက်ကလည်း ဒီအတိုင်းပဲဖြစ်တယ်။ အိမာမ်အိဗ်နဟုမာမ် ؒ က မုစာမရဟ်ကျမ်းမှာအဲဒီလေ့လာတွေ့ရှိချက်ကိုအဟ်လေ့ဟပ်က်အားလုံးရဲ့ညီညွတ်မှုလို့ဆိုတယ်။ (၆) "စွလာသ် "ဝတ်ပြုဆောက်တည်ခြင်းဆိုတာ ဒီနေရာမှာ စွန္နသ်နဲ့အညီ အလ္လာ့ဟ်အတွက် စွဲစွဲမြဲမြဲ ဝတ်ပြုကိုးကွယ်ခြင်းဖြစ်ပါတယ်။ တခြားနေရာတွေမှာတော့ ချီးကျူးခြင်း၊ ဆုတောင်းခြင်း၊ ဝတ်ပြုရာနေရာ၊ ကောင်းမှုပြုလုပ်ခြင်း စတဲ့အဓိပ္ပာယ်တွေနဲ့လည်း အသုံးပြုထားပါတယ်။(အလင်းပြကျမ်း) (၇) "ပစ္စည်းဥစ္စာလှူဒါန်းခြင်း"ဆိုတာ အရှင်မြတ်က ချမ်းသာသူတွေရဲ့ ပစ္စည်းဥစ္စာတွေထဲမှာ ဆင်းရဲသားနဲ့လိုအပ်သူရဲ့ဝေစုဝေပုံကိုပါရောပြီး အမာနသ်အပ်နှံပစ္စည်းအဖြစ် ထည့်ပေးလိုက်တဲ့အတွက် ဆင်းရဲသားနဲ့လိုအပ်သူရဲ့ ဝေစုကို ဆင်းရဲသားနဲ့လိုအပ်သူကို ပြန်လည်ပေးဆပ်လိုက်ခြင်း ဖြစ်ပါတယ်။ အဲဒါဟာ မပေးမနေရ ဖရသ္ဂ်တာဝန် ဇကာသ်ဖြစ်ပြီး အပိုပေးတဲ့ စွဒကဟ်တွေနဲ့ ကိုယ့်အိမ်သူအိမ်သားတွေအပေါ် ကောင်းတဲ့ကိစ္စတွေမှာ အသုံးပြုခြင်းလည်း အကျုံးဝင်ပါတယ်။ ဒါတင်မက အရှင်မြတ် ပေးထားတာဟူသမျှ လူအင်အား၊ ဉာဏ်အင်အား၊ ငွေအင်အားနဲ့ ပိုင်ဆိုင်သမျှအရာတွေအားလုံးထဲကနေ အရှင်မြတ်ရဲ့ သဘောတူကျေနပ်မှုရရှိဖို့ လူသားတွေအတွက် အကျိုးပြုသုံးစွဲပေးခြင်းကလည်း လှူဒါန်းခြင်းပဲဖြစ်ပါတယ်။ (အလင်းပြကျမ်း)

وَالَّذِيْنَ يُؤْمِنُوْنَ بِمَآ اُنْزِلَ اِلَيْكَ وَمَآ اُنْزِلَ مِنْ قَبْلِكَ ۚ وَبِالْاٰخِرَةِ هُمْ يُوْقِنُوْنَ ۝٤

(၄) ထို့ပြင် ၎င်း(မုသ်သကီန်)တို့သည် အသင်(တမန်တော်)ထံသို့ ချပေးခြင်းခံခဲ့ရသည့်ကျမ်းတော်(ကုရ်အာန်)ကိုသာမက၊ အသင်(တမန်တော်)မတိုင်မီ (နဗီတမန်တော်များထံသို့) ချပေးခြင်းခံခဲ့ရသည့် ကျမ်းဂန်များ(၈) ကိုလည်း ယုံကြည်ကြသည်။ ထို့ပြင် ၎င်း(မုသ်သကီန် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သောသူ)တို့သည် အာခိရသ်တမလွန်ဘဝကိုလည်း (အမှန်ဟု) ယုံကြည်

ကြသည်။❼

❻ "တမန်တော်မြတ် ﷺ အပေါ်ချပေးသောကျမ်း" ဆိုတာ ကုရ်အာန်ဖြစ်ပြီး "တမန်တော်မြတ် ﷺ မတိုင်မီ ချပေးသောကျမ်းများ" ဆိုတာကတော့ တမန်တော် ﷺ မတိုင်ခင်ပွင့်ပေါ်ခဲ့တဲ့ နဗီတမန်တော် عليهم السلام တွေအပေါ်မှာ ချပေးခဲ့တဲ့ သောင်ရာသ်၊ ဇဗူရ်၊ အင်န်ဂျီလ်နဲ့ အခြားစွဟီဖာကျမ်းငယ်တွေ ဖြစ်တယ်။ ကျမ်းတွေအများကြီးထဲက ကျော်ကြားတဲ့ကျမ်းတွေကတော့ လေးကျမ်းဖြစ်တယ်။ အဲဒီကျမ်းကြီးလေးကျမ်းကတော့ ကုရ်အာန်ကျမ်းမြတ်ထဲမှာ နာမည်တွေနဲ့တကွ ပါရှိပါတယ်။ (၁)တမန်တော်မြတ် ﷺ အပေါ်ချပေးခဲ့တဲ့ ကုရ်အာန်ကျမ်း၊ (၂) တမန်တော်မူစာ عليه السلام အပေါ် ချပေးခဲ့တဲ့သောင်ရာသ်ကျမ်း၊ (၃) တမန်တော်ဒါဝူဒ် عليه السلام အပေါ် ချပေးခဲ့တဲ့ဇဗူရ်ကျမ်းနဲ့ (၄) တမန်တော်အီစာ عليه السلام အပေါ် ချပေးခဲ့တဲ့ အင်န်ဂျီလ်ကျမ်းတို့ဖြစ်ပြီး ၎င်းကျမ်းအားလုံးအပေါ် (အရှင်မြတ်ချပေးခဲ့တုန်းက အမှန်ဖြစ်ကြောင်း၊ အခုကတော့ လူတွေရဲ့ ပြုပြင်ပြောင်းလဲမှုကြောင့် ကုရ်အာန်က လွဲလို့ ယခင်ကျမ်းအားလုံးဟာ အမှန်နဲ့အမှား ရောထွေးနေပြီဖြစ်ကြောင်း) ယုံကြည်ချက်ထားရှိရမှာဖြစ်တယ်။ တမန်တော်မြတ် ﷺ ရဲ့နောက်မှာလာမဲ့ ကျမ်းအပေါ်လည်း ယုံကြည်ရမယ်လို့ မိန့်ဆိုထားခြင်း မရှိတဲ့အတွက် ကုရ်အာန်ဟာ နောက်ဆုံးကျမ်းဖြစ်ကြောင်း လုံလောက်တဲ့သက်သေသာဓကပဲ ဖြစ်တယ်။ တကယ်လို့သာ နောက်ထပ်ကျမ်းတစ်စောင်ချပေးဦးမယ်ဆိုရင်လည်း ကြိုတင်မိန့်ခဲ့မှာအမှန်ပါပဲ။(အလင်းပြကျမ်း)၊ ကုရ်အာန်အာယသ်ပေါင်း ၅၀ခန့်မှာ တမန်တော်မြတ် ﷺ မတိုင်ခင်က နဗီတွေအကြောင်းကို အမိန့်ရှိထားပြီး တမန်တော်မြတ် ﷺ ရဲ့နောက်မှာလာမဲ့နဗီအကြောင်း တစ်နေရာမှ အမိန့်ရှိမထားခြင်းဟာ တမန်တော်မြတ် ﷺ ရဲ့နောက်မှာလာမဲ့နဗီ မရှိတော့ဘူးဆိုတာရဲ့ အထောက်အထားဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်) ❼ "အာခိရသ်အပေါ် ယုံကြည်ခြင်း" ဆိုတာ မမြင်နိုင်ဘဲနဲ့ အရှင်မြတ်ရဲ့မိန့်ကြားချက် မှန်တယ်ဆိုတာ ကိုယ်၊ နှုတ်၊ နလုံးသုံးပါးစလုံးနဲ့ တမလွန်ဘဝ အမှန်ရှိတယ်လို့ ယုံကြည်လိုက်ခြင်းကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

أُولَٰٓئِكَ عَلَىٰ هُدًى مِّن رَّبِّهِمْ ۖ وَأُولَٰٓئِكَ هُمُ الْمُفْلِحُونَ ﴿٥﴾

**(၅) ၎င်းတို့သည်သာလျှင် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံမှ လမ်းမှန်ညွှန်ကြားပြသချက်အပေါ်တွင် ရှိနေကြပြီး ၎င်းတို့သည်သာလျှင် အောင်မြင်ကြမည့်သူများ ဖြစ်ကြသည်။❶**

❶ ဒါဟာ အကြင်အီမာန်ရှင်တွေရဲ့ နိဂုံးရလဒ်ကို ဖော်ပြလိုက်တာဖြစ်ပါတယ်။ အဲဒီအီမာန်ရှင်တွေဟာ အီမာန်လက်ခံယုံကြည်ပြီးနောက် သက္ကဝါ ကြောက်ရွံ့အပြစ်ရှောင်မှု ပြုကြတဲ့အပြင် ကောင်းမြတ်တဲ့လုပ်ရပ်တွေကိုလည်း လုပ်ကြပြီး မှန်ကန်တဲ့ အကီဒဟ် ယုံကြည်ချက်အပေါ်မှာ ဂရုတစိုက်ရပ်တည်ခဲ့ကြတယ်။ ပါးစပ်က ကလိမဟ်ဖတ်ပြီး အီမာန်ယုံကြည်လိုက်ရင် လုံလောက်ပြီလို့ မယူဆခဲ့ကြဘူး။ အောင်မြင်မှုအစစ်အမှန်ဟာ တမလွန်ဘဝ အာခိရသ်မှာ အလ္လာဟ်အရှင်မြတ်ရဲ့ကျေနပ်နှစ်သက်မှုနဲ့ မဂ်ဖိရသ် ခွင့်လွှတ်ချမ်းသာပေးမှု၊ ရဟ်မသ် သနားကြင်နာမှုတို့ကို ရရှိခြင်းဖြစ်တယ်။ ဒါ့အပြင် ဒီဒွန္နယာလောကမှာလည်း ကောင်းမွန်တဲ့အခြေအနေမျိုးရရှိခဲ့မယ်ဆိုရင်လည်း ဒါဟာ အရှင်မြတ်ရဲ့အပိုထပ်ပေးမှုလို့သာ သဘောထားခဲ့ကြတယ်။ အမှန်တကယ် အောင်မြင်မှုကတော့ အာခိရသ် တမလွန်ဘဝရဲ့အောင်မြင်မှုသာ အဓိက ဖြစ်တယ်။

(မအာရိဖွလ်ကုရ်အာန် - မော်လာနာအိဒ်ရီးစ်)

اِنَّ الَّذِيْنَ كَفَرُوْا سَوَآءٌ عَلَيْهِمْ ءَاَنْذَرْتَهُمْ اَمْ لَمْ تُنْذِرْهُمْ لَا يُؤْمِنُوْنَ ﴿٦﴾

(၆) အမုန်စင်စစ် ကာဖိရ်ငြင်းပယ်သူများမှာမူ အသင်(တမန်တော်) သည် သူတို့အား သတိပေးနှိုးဆော်မှုပြုသည်ဖြစ်စေ၊ သတိပေးနှိုးဆော်မှု မပြုသည်ဖြစ်စေ သူတို့အပေါ်တွင် အတူတူသာဖြစ်သည်။ ၎င်းတို့သည် ယုံကြည်ကြမည်မဟုတ်ပေ။[၂]

[၂] တမန်တော်မြတ် ﷺ ဟာလူသားအားလုံးကိုလမ်းမှန်ရဖို့ကြိုးစားခဲ့တယ်။ဒါပေမဲ့အရှင်မြတ်က စိတ်နှလုံးတွေအပေါ် တံဆိပ်ခတ်နှိပ်ထားတဲ့ အဗူဂျဟလ်နဲ့ အဗူလဟဗ်တို့လို လူသားမျိုးကိုတော့ အသင်ဟာ တရားလမ်းမှန်ပြတာဖြစ်ဖြစ်၊ မပြတာဖြစ်ဖြစ် အီမာန်ယုံကြည်ကြမှာမဟုတ်ကြောင်း မိန့်ဆိုထားခြင်းဖြစ်တယ်။ (ဂျလာလိုင်န်)

خَتَمَ اللّٰهُ عَلٰى قُلُوْبِهِمْ وَعَلٰى سَمْعِهِمْ ۗ وَعَلٰٓى اَبْصَارِهِمْ غِشَاوَةٌ ۡ وَّلَهُمْ عَذَابٌ عَظِيْمٌ ﴿٧﴾

(၇) အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏စိတ်နှလုံးများအပေါ်နှင့် ၎င်းတို့၏ အကြားအာရုံများအပေါ်တွင် တံဆိပ်ခတ်နှိပ်လိုက်သည့်အပြင် ၎င်းတို့၏ အမြင်အာရုံများအပေါ်တွင်လည်း အကာအကွယ်ရှိနေပြီဖြစ်သည်၊ ထို့ပြင် ၎င်းတို့အတွက် ကြီးလေးသောအပြစ်ဒဏ်လည်းရှိသည်။[၃]

[၃] အဲဒီလို တံဆိပ်ခတ်နှိပ်ရတဲ့ အကြောင်းကလည်း بَلْ طَبَعَ اللّٰهُ عَلَيْهَا بِكُفْرِهِمْ "အမုန်စင်စစ် သူတို့၏ ကုဖ်ရ်ငြင်းပယ်မှုကြောင့် သူတို့၏စိတ်နှလုံးများအပေါ်၌ တံဆိပ်ခတ်နှိပ်လိုက်ခြင်းဖြစ်သည်။" (ကုရ်အာန် - ၄း၁၅၅) (အိဗ်နုကဆီးရ်)

وَمِنَ النَّاسِ مَنْ يَّقُوْلُ اٰمَنَّا بِاللّٰهِ وَبِالْيَوْمِ الْاٰخِرِ وَمَا هُمْ بِمُؤْمِنِيْنَ ﴿٨﴾

(၈) ထို့ပြင် လူသားများထဲမှ အချို့သူတို့သည် ယုံကြည်ကြသူများ မဟုတ်ကြဘဲလျက်[၄] "ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ကြပါပြီ"ဟု ပြောဆိုကြသည်။

[၄] ပါးစပ်ကသာယုံတယ်ပြောပြီး စိတ်ထဲကမယုံကြတဲ့ အယောင်ဆောင်သူတွေရဲ့ အကြောင်းကို အရှင်မြတ်က ထုတ်ဖော်ပြသနေခြင်းဖြစ်တယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

يُخٰدِعُوْنَ اللّٰهَ وَالَّذِيْنَ اٰمَنُوْا ۚ وَمَا يَخْدَعُوْنَ اِلَّآ اَنْفُسَهُمْ وَمَا يَشْعُرُوْنَ ﴿٩﴾

(၉) ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အီမာန်ယုံကြည်သူများကို လှည့်စားကြသည်၊ ထို့ပြင် (အမုန်စင်စစ်)သူတို့သည် သူတို့ကိုယ်ကိုသူတို့က လွဲ၍ မည်သူ့ကိုမျှ လှည့်စားနေကြသည်မဟုတ်ပေ။ ထို့ပြင် (မိမိကိုယ်ကိုမိမိ လှည့်စားနေမှန်းလည်း) သူတို့သိကြသည်မဟုတ်ပေ။

فِيْ قُلُوْبِهِمْ مَّرَضٌ ۙ فَزَادَهُمُ اللّٰهُ مَرَضًا ۚ وَلَهُمْ عَذَابٌ اَلِيْمٌ ۢ ۙ بِمَا كَانُوْا يَكْذِبُوْنَ ﴿١٠﴾

(၁၀) ၎င်းတို့၏စိတ်နှလုံးများထဲတွင် ရောဂါရှိနေသည်၊ သို့ဖြစ်ရာ

အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ရောဂါကို ပိုတိုးစေတော်မူလိုက်သည်။[၅] ထို့ပြင် ၎င်းတို့သည် လိမ်လည်(ပြောဆို)ခဲ့ကြသည့်အတွက်ကြောင့် ၎င်းတို့အတွက် ပြင်းပြနာကျင်စေသောအပြစ်ဒဏ်ရှိသည်။

[၅] ရောဂါရဲ့ဆိုလိုရင်းမှာ သံသယနဲ့ အယောင်ဆောင်ခြင်းရောဂါဖြစ်တယ်။ (ဂျလာလိုင်န်)

وَاِذَا قِيۡلَ لَهُمۡ لَا تُفۡسِدُوۡا فِى الۡاَرۡضِ ۙ قَالُوۡۤا اِنَّمَا نَحۡنُ مُصۡلِحُوۡنَ ﴿۱۱﴾

(၁၁) ထို့ပြင် အသင်တို့သည် ကမ္ဘာမြေပေါ်တွင် ဖျက်လိုဖျက်ဆီးမပြုလုပ်ကြနှင့်ဟု ၎င်း(အယောင်ဆောင်)သူများသည် ပြောဆိုခြင်းခံကြရသောအခါ သူတို့က ကျွန်ုပ်တို့သည် ကောင်းမွန်အောင် ပြုပြင်သူများသာ ဖြစ်ကြပါသည်ဟု ပြောဆိုကြသည်။

اَلَاۤ اِنَّهُمۡ هُمُ الۡمُفۡسِدُوۡنَ وَلٰـكِنۡ لَّا يَشۡعُرُوۡنَ ﴿۱۲﴾

(၁၂) သတိပြုကြပါ၊ အမှန်စင်စစ် ထိုသူများသာလျှင် ဖျက်ဆီးရေးလုပ်သူများဖြစ်ကြသည်။[၆] သို့ရာတွင် သူတို့သည် အသိမရှိကြပေ။

[၆] အစ္စလာမ်ထဲမှာ အယောင်ဆောင်နေပြီး အစ္စလာမ်ကို ဖျက်ဆီးဖို့ကြိုးစားတဲ့အတွက် ဖျက်ဆီးသူတွေလို့ ခေါ်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِذَا قِيۡلَ لَهُمۡ اٰمِنُوۡا كَمَاۤ اٰمَنَ النَّاسُ قَالُوۡۤا اَنُؤۡمِنُ كَمَاۤ اٰمَنَ السُّفَهَآءُ ؕ اَلَاۤ اِنَّهُمۡ هُمُ السُّفَهَآءُ وَلٰـكِنۡ لَّا يَعۡلَمُوۡنَ ﴿۱۳﴾

(၁၃) ထို့ပြင် သူတို့အား အသင်တို့သည် လူ(စွဟာဗဟ်)များ အီမာန်ယုံကြည်ကြသကဲ့သို့ အီမာန်ယုံကြည်ကြပါ[၇] ဟု ပြောဆိုခြင်းခံကြရသောအခါ သူတို့က ကျွန်ုပ်တို့သည် အသိဉာဏ်ပညာနည်းသူများ အီမာန်ယုံကြည်ကြသကဲ့သို့ အီမာန်ယုံကြည်ကြရပါမည်လောဟု (ပြန်)ပြောကြသည်။ သတိပြုကြပါ၊ အမှန်မုချ ထိုသူများသာလျှင် အသိဉာဏ်ပညာနည်းသည့်သူများပင် ဖြစ်ကြသည်။ သို့ရာတွင် သူတို့သည် အသိမရှိကြပေ။

[၇] (ကုရ်အာန် - ၂း၁၃၇) မှာ - فَاِنۡ اٰمَنُوۡا بِمِثۡلِ مَاۤ اٰمَنۡتُمۡ بِهٖ فَقَدِ اهۡتَدَوْا "၎င်းနောက် အကယ်၍ သူတို့သည် အသင်တို့ (စွဟာဗဟ် (ﷺ) များ) အီမာန်ယုံကြည်ခဲ့ကြသကဲ့သို့ ယုံကြည်ခဲ့ကြလျှင် အမှန်စင်စစ် သူတို့သည်လည်း တရားလမ်းမှန်ကို ရရှိကြလိမ့်မည်။"

وَاِذَا لَقُوا الَّذِيۡنَ اٰمَنُوۡا قَالُوۡۤا اٰمَنَّا ۖۚ وَاِذَا خَلَوۡا اِلٰى شَيٰطِيۡنِهِمۡ ۙ قَالُوۡۤا اِنَّا مَعَكُمۡ ۙ اِنَّمَا نَحۡنُ مُسۡتَهۡزِءُوۡنَ ﴿۱۴﴾

(၁၄) ထို့ပြင် ၎င်း(အယောင်ဆောင်သူ)တို့သည် အီမာန်ယုံကြည်သူများနှင့်တွေ့ဆုံကြသောအခါ ကျွန်ုပ်တို့သည်(လည်း) အီမာန်ယုံကြည်ကြပါသည်

ဟု ပြောဆိုကြသည်။ ၎င်းနောက် သူတို့သည် သူတို့၏(ယုတ်မာသော)ခေါင်းဆောင်များနှင့် သီးသန့်တွေ့ဆုံကြသောအခါ အမှန်စင်စစ်(သာသနာတွင်) ကျွန်ုပ်တို့သည် အသင်တို့နှင့်အတူတကွ ဖြစ်ကြပါသည်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် (သူတို့အား အီမာန်ယုံကြည်မှုကို ဟန်ဆောင်ဖော်ထုတ်ပြပြီး) ပြက်ရယ်ပြောင်လှောင်သူများသာ ဖြစ်ကြပါသည်ဟု ပြောဆိုကြသည်။

اَللّٰهُ يَسْتَهْزِئُ بِهِمْ وَيَمُدُّهُمْ فِيْ طُغْيَانِهِمْ يَعْمَهُوْنَ ﴿١٥﴾

(၁၅) (သို့ဖြစ်ရာ) အလ္လာဟ်အရှင်မြတ်သည် သူတို့အား (ပြန်လည်) ပြက်ရယ်ပြု(တုံ့ပြန်အစားပေး)လိုက်တော်မူသည်၊❶ ထို့ပြင် အရှင်မြတ်သည် သူတို့အား သူတို့၏ကုဖ်ရ်ငြင်းပယ်လမ်းလွဲမှုထဲ၌ တဝဲလည်လည်ဖြစ်လျက်(ရှိနေစေရန် အရှည်)ဆွဲထားလိုက်တော်မူသည်။

❶ သူတို့ဟာ ကိယာမသ်နေ့မှာ စိရာသွ်တံတားကို ဖြတ်ကျော်စဉ် မွတ်စ်လင်မ်တွေရဲ့ အလင်းရောင်ကို မှီပြီးလိုက်ရင်းနဲ့ သူတို့ဟာ လွတ်မြောက်သွားတော့မှာပဲလို့ ထင်နေတဲ့အချိန်မှာ သူတို့အတွက် မှောင်သွားတော့ သူတို့ကို အလင်းရောင်ပြပြီး စောင့်ခေါ်သွားကြဖို့ ပြောဆိုကြတဲ့အပေါ် အလ္လာဟ်အရှင်မြတ်က ပြန်ပြီး ပြက်ရယ်ပြုတော်မူမယ် - မွတ်စ်လင်မ်တွေ ဒါမှမဟုတ် ကောင်းကင်တမန်တွေက ပြောဆိုကြမယ် - ارْجِعُوْا وَرَآءَكُمْ فَالْتَمِسُوْا نُوْرًا "အသင်တို့သည် အသင်တို့၏နောက်ကို ပြန်သွားပြီး အလင်းရောင်ကို ရှာဖွေလိုက်ကြပါ။" (ကုရ်အာန် - ၅၇း၁၃)။ ဒီနေရာဟာ အလင်းရောင်ရှာရမဲ့ နေရာမဟုတ်ဘူး။ အလင်းရောင်ရှာရမဲ့နေရာ လောကီဘဝဟာ ကုန်လွန်သွားခဲ့ပြီဖြစ်တယ်လို့ ဆိုလိုတယ်။ အဲဒီတုန်းက သူတို့ ပြောင်လှောင်နေခဲ့ကြတဲ့အစား အခုပြန်ပြီး ပြောင်လှောင်မှုရဲ့ အစားပေးခြင်းခံရတာဖြစ်တယ်။ (အိဗ်နုကဆီးရ်)

اُولٰٓئِكَ الَّذِيْنَ اشْتَرَوُا الضَّلٰلَةَ بِالْهُدٰى ۖ فَمَا رَبِحَتْ تِّجَارَتُهُمْ وَمَا كَانُوْا مُهْتَدِيْنَ ﴿١٦﴾

(၁၆) ထိုသူတို့သည် လမ်းမှားကို လမ်းမှန်နှင့် အလဲအလှယ်လုပ်ပြီး ဝယ်ယူလိုက်ကြသူများသာ ဖြစ်ကြသည်။ ထို့ကြောင့် သူတို့၏အရောင်းအဝယ်❶ သည် (သူတို့အား) အကျိုးအမြတ်မပေးသည့်အပြင် သူတို့သည် လမ်းမှန်ရရှိသူများလည်း မဟုတ်ခဲ့ကြတော့ပေ။

❶ အရောင်းအဝယ်ရဲ့ အလိုသဘောမှာ လမ်းမှန်ကိုပစ်ပယ်ပြီး လမ်းမှားကို ရွေးချယ်လိုက်ခြင်းဖြစ်တယ်။ အဲဒါဟာ လုံးဝဆုံးရှုံးစေတဲ့ ကုန်ပစ္စည်းပဲ ဖြစ်တယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

مَثَلُهُمْ كَمَثَلِ الَّذِى اسْتَوْقَدَ نَارًا ۚ فَلَمَّآ اَضَآءَتْ مَا حَوْلَهٗ ذَهَبَ اللّٰهُ بِنُوْرِهِمْ وَ تَرَكَهُمْ فِىْ ظُلُمٰتٍ لَّا يُبْصِرُوْنَ ﴿١٧﴾

(၁၇) သူတို့၏ပမာသည် အကြင်သူနှင့်တူသည်၊ ထိုသူသည် မီးကိုမွှေးခဲ့၏။ သို့ဖြစ်ရာ ၎င်း၏အနီးအနားမှအရာများသည် အလင်းရောင်ရရှိသွားကြ

သောအခါ[၂] အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏လင်းရောင်ခြည်ကို ယူသွားလိုက်တော်မူသည်။ ထို့နောက် အရှင်မြတ်သည် သူတို့အား အမှောင်များထဲ၌ စွန့်လွှတ်ထားခဲ့လိုက်သည့်အပေါ် သူတို့သည် (မည်သည့်အရာကိုမျှ) မမြင်ကြရတော့ပေ။[၃]

[၂] اَضَاءَتْ ဟာ ကံလိုကြိယာ متعدى ရော၊ ကံမလိုကြိယာ لازم ပါဖြစ်ပါတယ်။

(သွပ်ရီနှင့်အခြားသဖ်စီရ်များ)

[၃] မုနာဖိက်အယောင်ဆောင်မွတ်စ်လင်မ်တွေရဲ့ပုံမှာကို ပြသထားခြင်းဖြစ်တယ်။ ပထမမှာ သူတို့ဟာ ရှိရ်က်တုဖက်နိုင်းယှဉ်ကိုးကွယ်ခြင်းဆိုတဲ့ အမှောင်ထဲမှာ ရှိနေခဲ့ကြတယ်။ အဲဒီနောက် မွတ်စ်လင်မ်ဖြစ်သွားကြတဲ့အခါ အလင်းရောင်ထဲ ရောက်လာခဲ့ကြတယ်။ ဟလာလ်နဲ့ ဟရာမ်၊ အကောင်းနဲ့အဆိုး ခွဲခြားသိရှိလာခဲ့ကြတယ်။ အဲဒီနောက်တစ်ဖန် ကုဖ်ရ်ငြင်းပယ်မှုနဲ့ နိဖာက်အယောင်ဆောင်မှုဘက်ကို ပြန်လှည့်သွားကြပြန်တယ်။ အဲဒါကြောင့် အလင်းရောင်အားလုံးဟာ ကွယ်ပျောက်သွားတော့တယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

صُمٌّۢ بُكۡمٌ عُمۡیٌ فَهُمۡ لَا یَرۡجِعُوۡنَ ۝١٨

(၁၈) (ထိုအယောင်ဆောင်သူများသည်) နားပင်းသူများ၊ ဆွံ့အသူများနှင့် မျက်စိကန်းသူများ ဖြစ်ကြသည့်အတွက် သူတို့သည် (အမှန်တရားဘက်သို့) ပြန်လှည့်ကြတော့မည်မဟုတ်ပေ။

اَوۡ كَصَیِّبٍ مِّنَ السَّمَآءِ فِیۡهِ ظُلُمٰتٌ وَّرَعۡدٌ وَّبَرۡقٌ ۚ یَجۡعَلُوۡنَ اَصَابِعَهُمۡ فِیۡۤ اٰذَانِهِمۡ مِّنَ الصَّوَاعِقِ
حَذَرَ الۡمَوۡتِ ؕ وَاللّٰهُ مُحِیۡطٌۢ بِالۡكٰفِرِیۡنَ ۝١٩

(၁၉) သို့မဟုတ်၊ (ထိုအယောင်ဆောင်သူများသည်) အမှောင်များ (အထပ်ထပ်)နှင့် မိုးချုန်းသံအပြင် လျှပ်စီးလက်ခြင်းလည်းပါဝင်သော ကောင်းကင်မှ သည်းထန်စွာ ရွာသွန်းသည့်မိုး(ထဲ၌ရှိနေသူများ)နှင့် ပမာတူကြသည်။ သူတို့သည် မိုးကြိုးပစ်သံများကြောင့် သေရမည်ကိုကြောက်ပြီး၊ သူတို့၏လက်ချောင်းများကို သူတို့၏နားများတွင်(ထိုးပြီး ပိတ်ဆို့)ပြုလုပ်ထားလိုက်ကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မယုံကြည်သော ကာဖိရ်ငြင်းပယ်သူများအား (မည်သည့်နေရာကိုမျှ ထွက်ပြေး၍မရရန် တန်ခိုးတော်နှင့်) ဝန်းရံထားတော်မူသော အရှင်ဖြစ်တော်မူသည်။

یَكَادُ الۡبَرۡقُ یَخۡطَفُ اَبۡصَارَهُمۡ ؕ كُلَّمَاۤ اَضَآءَ لَهُمۡ مَّشَوۡا فِیۡهِ ۙ وَاِذَاۤ اَظۡلَمَ عَلَیۡهِمۡ قَامُوۡا ؕ وَلَوۡ شَآءَ
اللّٰهُ لَذَهَبَ بِسَمۡعِهِمۡ وَاَبۡصَارِهِمۡ ؕ اِنَّ اللّٰهَ عَلٰى كُلِّ شَیۡءٍ قَدِیۡرٌ ۝٢٠

(၂၀) လျှပ်စီးလက်ခြင်းသည် သူတို့၏အမြင်အာရုံများကို ဆတ်ခနဲယူသွားလုနီးပါးဖြစ်သည်။ ထိုလျှပ်စီးလက်ခြင်းသည် သူတို့အတွက် လင်းဝင်းမှုပြုလုပ်ပေးသည့်အခါတိုင်း သူတို့သည် ထိုအလင်းရောင်ထဲတွင် သွားလာမှုပြုကြ

သည်။ ၎င်းနောက် သူတို့အပေါ်တွင် အမှောင်ကျရောက်လာပြန်သောအခါ သူတို့သည် ရပ်တန့်နေလိုက်ကြသည်။❻ ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်အလိုရှိတော်မူခဲ့ပါလျှင် အရှင်မြတ်သည် သူတို့၏အကြားများနှင့် သူတို့၏အမြင်များကို မုချ ရုပ်သိမ်းပစ်တော်မူခဲ့လိမ့်မည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်းအပေါ်တွင် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။

❻ လင်းတဲ့အခါ သွားလာပြီး မှောင်တဲ့အခါ ရပ်တန့်နေခြင်းရဲ့ သဘောမှာ အရှင်မြတ်က သူတို့ကို စည်းစိမ်ပေးတဲ့အခါ အစ္စလာမ်သာသနာတော်ကို ကောင်းတယ်ပြောပြီး သူတို့အပေါ် ဒုက္ခကျရောက်လာရင် သာသနာကို မကောင်းဘူးလို့ ပြောဆိုကြခြင်းကို ဆိုလိုတယ်။ အဲဒီပုံစံကို ကုရ်အာန်ကျမ်းတော်မြတ် (၂၂း၁၁)မှာလည်း အခုလိုအမိန့်ရှိထားတော်မူတယ် -

وَمِنَ النَّاسِ مَنۡ يَّعۡبُدُ اللّٰهَ عَلٰى حَرۡفٍ‌ ۚ فَاِنۡ اَصَابَهٗ خَيۡرُ ۨاطۡمَاَنَّ بِهٖ‌ ۚ وَاِنۡ اَصَابَتۡهُ فِتۡنَةُ ۨانْقَلَبَ عَلٰى وَجۡهِهٖ ۚ‌
خَسِرَ الدُّنۡيَا وَالۡاٰخِرَةَ‌ ؕ ذٰ لِكَ هُوَ الۡخُسۡرَانُ الۡمُبِيۡنُ

"ထို့ပြင်လူများထဲတွင်အစွန်အဖျား၌(ရပ်ပြီး)အလ္လာဟ်အရှင်မြတ်အားကိုးကွယ်သူလည်းရှိသည်။ ထို့ပြင် အကယ်၍ သူ့တွင် အကျိုးတစ်စုံတစ်ခု သက်ရောက်ခဲ့လျှင် သူသည် ထိုအခြေအနေကို ကျေနပ်ခဲ့သည်။ ထို့ပြင် အကယ်၍ ထိုသူတွင် စမ်းသပ်မှု တစ်စုံတစ်ခု သက်ရောက်ခဲ့လျှင် သူသည် သူ၏မျက်နှာကိုလှည့်ပြီးပြန်သွားခဲ့သည်။ သူသည်ဤဘဝတွင်သာမကတမလွန်ဘဝတွင်လည်းလက်လွတ်ဆုံးရှုံးခဲ့သည်။ ထိုအရာသည် ထင်ရှားသည့်ပျက်စီးဆုံးရှုံးမှုပင် ဖြစ်သည်။" (အိဗ်နုကဆီးရ်)

يٰۤاَيُّهَا النَّاسُ اعۡبُدُوۡا رَبَّكُمُ الَّذِىۡ خَلَقَكُمۡ وَالَّذِيۡنَ مِنۡ قَبۡلِكُمۡ لَعَلَّكُمۡ تَتَّقُوۡنَ ﴿۲۱﴾

(၂၁) အို- လူသားအပေါင်းတို့၊ အသင်တို့သည် ကြောက်ရွံ့အပြစ်ရှောင်ကောင်းကျိုးဆောင်သူများဖြစ်ကြရန်အတွက် အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသောအရှင်ကို ခဝပ်ကိုးကွယ်ကြပါ။ ထိုအရှင်သည် အသင်တို့ကိုသာမက အသင်တို့မတိုင်မီရှိသူများကိုလည်း ဖန်ဆင်းတော်မူခဲ့သည့်အရှင် ဖြစ်တော်မူသည်။

الَّذِىۡ جَعَلَ لَـكُمُ الۡاَرۡضَ فِرَاشًا وَّالسَّمَآءَ بِنَآءً وَّاَنۡزَلَ مِنَ السَّمَآءِ مَآءً فَاَخۡرَجَ بِهٖ مِنَ
الثَّمَرٰتِ رِزۡقًا لَّـكُمۡ‌ ۚ فَلَا تَجۡعَلُوۡا لِلّٰهِ اَنۡدَادًا وَّاَنۡتُمۡ تَعۡلَمُوۡنَ ﴿۲۲﴾

(၂၂) ထိုအရှင်မြတ်သည် အသင်တို့အတွက် ကမ္ဘာမြေကြီးကို အခင်းအဖြစ်နှင့် ကောင်းကင်ကို အမိုးအဖြစ် ပြုလုပ်ပေးတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် ကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူခဲ့ပြီး ၎င်း(မိုးရေ)ဖြင့် အသင်တို့အတွက် စားနပ်ရိက္ခာအဖြစ် အသီးအနှံများကို ထွက်ပေါ်စေတော်မူခဲ့သည်။ သို့ဖြစ်ရာ အသင်တို့သည် အသင်တို့သိနေကြပါလျက် အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်မှုများ မပြုလုပ်ကြနှင့်။

وَاِنۡ كُنۡتُمۡ فِىۡ رَيۡبٍ مِّمَّا نَزَّلۡنَا عَلٰى عَبۡدِنَا فَاۡتُوۡا بِسُوۡرَةٍ مِّنۡ مِّثۡلِهٖ وَادۡعُوۡا شُهَدَآءَكُمۡ مِّنۡ دُوۡنِ

اللّٰهِ اِنۡ كُنۡتُمۡ صٰدِقِيۡنَ ﴿٢٣﴾

(၂၃) ထို့ပြင် အကယ်၍ အသင်တို့သည် ငါအရှင်မြတ်က ငါအရှင်မြတ်၏ကျွန်(ဖြစ်သူ တမန်တော်မုဟမ္မဒ်)အပေါ် ချပေးတော်မူခဲ့သည့်အရာ(ကုရ်အာန်ကျမ်းတော်မြတ်)ကို (ငါအရှင်၏ထံမှမဟုတ်၊ မုဟမ္မဒ်သည် မိမိသဘောဖြင့် ပြောခဲ့သည်ဟု အသင်တို့) သံသယထဲတွင် ရှိခဲ့ကြသည်ဆိုလျှင် အသင်တို့အနေဖြင့် (စကားကြွယ်ဝသည့် အရဗ်များပီသစွာ ငါအရှင်မြတ် ချပေးတော်မူခဲ့သော ၎င်း(ကုရ်အာန်)နှင့်တူသည့် စူရဟ်ကဏ္ဍတစ်ပုဒ်(မျှ ရေးသားပြုစုပြီး) ယူဆောင်လာကြပါ။ ထို့နောက် (တမန်တော်မုဟမ္မဒ်၏ စကားဟု အသင်တို့ပြောသည်မှာ မှန်မည်ဆိုလျှင်) အသင်တို့သည် စကားမှန်ပြောသူများဖြစ်ကြမည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့ကို သက်သေခံပေးမည့်သူ (ကူညီမည့်သူ)များကိုလည်း ခေါ်ဆောင်လာခဲ့ကြပါ။

فَاِنۡ لَّمۡ تَفۡعَلُوۡا وَلَنۡ تَفۡعَلُوۡا فَاتَّقُوا النَّارَ الَّتِىۡ وَقُوۡدُهَا النَّاسُ وَالۡحِجَارَةُ ۖۚ اُعِدَّتۡ لِلۡكٰفِرِيۡنَ ﴿٢٤﴾

(၂၄) ထို့နောက် (အရဗ်များသည် လူရေးသည့်ကုရ်အာန်ဟုပြောပြီး လက်တွေ့မရေးနိုင်ကြသောအခါ အလ္လာဟ်အရှင်မြတ်က သူတို့အား မိန့်ကြားတော်မူသည်)အကယ်၍ အသင်တို့သည် (အတိတ်၌ ကုရ်အာန်ကျမ်းတော်မြတ်နှင့်ပတ်သက်၍ ယှဉ်ပြိုင်မှုများ) မပြုလုပ်နိုင်ခဲ့ကြဘူးဆိုလျှင်၊ ထို့ပြင် (အနာဂတ်၌လည်း) မည်သည့်အခါမျှ အသင်တို့ပြုလုပ်နိုင်ကြမည် မဟုတ်ပေ။❶ သို့ဖြစ်ရာ အသင်တို့သည် အကြင်ငရဲမီးကို ကြောက်ရွံ့ရှောင်ကြဉ်ကြပါ။ ထိုငရဲမီး၏မီးစာသည် (ငြင်းပယ်သောကာဖိရ်) လူသားများနှင့် (ကာဖိရ်များ၏ကိုးကွယ်ရာ) ကျောက်တုံးများဖြစ်သည်။❷ ထိုငရဲမီးသည် ကာဖိရ်ငြင်းပယ်သူများအတွက် အသင့်ပြုလုပ်ထားပြီး ဖြစ်သည်။

❶ ဒါဟာ ကုရ်အာန်ကျမ်းတော်မြတ်မှန်ကန်ကြောင်း ထင်ရှားတဲ့အထောက်အထားဖြစ်တယ်။ လူသားတွေကိုရော ဂျင်န်သတ္တဝါတွေကိုပါ စိန်ခေါ်ထားတာဖြစ်ပါလျက်နဲ့ ဒီကနေ့ထိ ဆင်တူတဲ့ကျမ်းတစ်စောင် ပြုစုနိုင်စွမ်းမရှိခဲ့ဘူး။ ကိယာမသ် ကမ္ဘာပျက်တဲ့နေ့ထိလည်း ပြုလုပ်နိုင်မှာမဟုတ်ဘူး။ (အာစာန် သရ်ဂျူမဟ်)။ ဘာဖြစ်လို့လဲဆိုရင် အသင်တို့ဟာ အရဗီဘာသာစကားကို နားလည်ကြတယ်။ ကဗျာလင်္ကာနဲ့ စကားပြေအရေးအသားရဲ့လေ့ကျင့်မှု ရှိထားကြတယ်။ တမန်တော်မြတ် ﷺ ဟာ အဲဒီအရေးအသားနဲ့ပတ်သက်ပြီးလေ့ကျင့်မှုတစ်စုံတစ်ရာမှပြုလုပ်ထားတာမရှိဘူး။ အဲဒီလိုဖြစ်ပါလျက်နဲ့ အသင်တို့ဟာ ကုရ်အာန်ရဲ့အပိုင်းအစလေးလောက်တောင် တူအောင် မပြုလုပ်နိုင်ကြဘူးဆိုရင် တရားမျှတမှုရဲ့ပြည့်တ်ချက်နဲ့ ချက်ချင်းပဲ ဒီအံ့ဖွယ်တန်ခိုးတော်ဟာ အလ္လာဟ်အရှင်မြတ်ထံက ဖြစ်ကြောင်းရော တမန်တော်မြတ် ﷺ ဟာ အလ္လာဟ်အရှင်မြတ်ရဲ့တမန်တော်ဖြစ်ကြောင်း

ပါအတည်ဖြစ်သွားမယ်။ (မအာရိဖွလ်ကုရ်အာန်)

❷ ကျောက်တုံးတွေနဲ့ပတ်သက်ပြီး (ကုရ်အာန် - ၂၁း၉၈)မှာ အခုလိုအမိန့်ရှိထားပါတယ် - إِنَّكُمْ وَمَا تَعْبُدُونَ مِن دُونِ اللَّهِ حَصَبُ جَهَنَّمَ "အမှန်စင်စစ် အလ္လာဟ်အရှင်မှလွဲ၍ အသင်တို့နှင့် အသင်တို့ ကိုးကွယ်နေကြသောအရာ(ရုပ်တု)များသည် ဂျဟန္နမ်ငရဲမီး၏လောင်စာ ထင်းများပင် ဖြစ်လိမ့်မည်။" (အိဗ်နုကဆီးရ်)

وَبَشِّرِ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ أَنَّ لَهُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ ۖ كُلَّمَا رُزِقُوا مِنْهَا مِن ثَمَرَةٍ رِّزْقًا ۙ قَالُوا هَٰذَا الَّذِي رُزِقْنَا مِن قَبْلُ ۖ وَأُتُوا بِهِ مُتَشَابِهًا ۖ وَلَهُمْ فِيهَا أَزْوَاجٌ مُّطَهَّرَةٌ ۖ وَهُمْ فِيهَا خَالِدُونَ ﴿٢٥﴾

(၂၅) ၎င်းနောက် အသင်(တမန်တော်)သည် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သောလုပ်ရပ်များပြုလုပ်သည့်သူများကို သတင်းကောင်းပေးလိုက်ပါ။ အမှန်စင်စစ် ၎င်းတို့အတွက် ဂျန္နသ်သုခဘုံများရှိသည်။ ယင်း(သုခဘုံများ)၏ အောက်တွင် စမ်းရေချောင်းများ စီးဆင်းနေသည်။❸ ၎င်း(သုခဘုံသား)တို့သည် ယင်း(သုခဘုံ)ထဲမှ သစ်သီးဝလံကျွေးမွေးခံရသည့်အခါတိုင်းတွင် "ဤသစ်သီးဝလံသည် ယခင်(လောကမှာရှိစဉ်)က ကျွန်ုပ်တို့ကို ကျွေးမွေးခံခဲ့ရပြီးဖြစ်သည်"ဟု ပြောဆိုကြလိမ့်မည်။ ၎င်းနောက် သူတို့သည် (အရသာကွဲပြီး) ပုံသဏ္ဌာန်တူသော သစ်သီးဝလံကိုလည်း ကျွေးမွေးခံကြရပေဦးမည်။ ထို့ပြင် သူတို့အတွက် သုခဘုံထဲတွင် စင်ကြယ်သန့်ပြန့်သည့် ဇနီးကြင်ရာများလည်း ရှိကြပေဦးမည်။❹ ထို့ပြင် သူတို့သည် သုခဘုံထဲတွင် အမြဲထာဝရ စံမြန်းနေထိုင်ကြမည့်သူများ ဖြစ်ကြမည်။

❸ စမ်းချောင်းတွေနဲ့ပတ်သက်ပြီး ကုရ်အာန်(၄၇း၁၅)မှာ - فِيهَا أَنْهَارٌ مِّن مَّاءٍ غَيْرِ آسِنٍ وَأَنْهَارٌ مِّن لَّبَنٍ لَّمْ يَتَغَيَّرْ طَعْمُهُ وَأَنْهَارٌ مِّنْ خَمْرٍ لَّذَّةٍ لِّلشَّارِبِينَ وَأَنْهَارٌ مِّنْ عَسَلٍ مُّصَفًّى "ထိုသုခဘုံထဲ၌ အနံ့အရသာမပျက်သော စမ်းရေချောင်းများ၊ အရသာပြောင်းလဲမသွားသော နို့ချောင်းများ၊ သောက်သုံးသူများအတွက် အထူးအနံ့အရသာကောင်းသော အရက်ချောင်းများနှင့် ကြည်လင်စင်ကြယ်သည့်ပျားရည်ချောင်းများရှိကြသည်။" လို့အမိန့်ရှိထားတယ်။ (သိုင်စီရှုလ်ကရီမိရ်ရဟ်မာန်)

❹ သုခဘုံထဲကမိန်းမပျိုတွေကို (ကုရ်အာန် - ၅၆း၂၂ - ၂၃)မှာ အခုလိုအမိန့်ရှိထားပါတယ် - وَحُورٌ عِينٌ ﴿٢٢﴾ كَأَمْثَالِ اللُّؤْلُؤِ الْمَكْنُونِ ﴿٢٣﴾ "ထို့ပြင် အလွန်ဖြူဖွေး လှပတင့်တယ် မျက်ဝန်းကျယ်သည့် မိန်းမပျိုများရှိလိမ့်မည်။ သူမတို့သည် လျှို့ဝှက်ပြီးထားသော ပုလဲများကဲ့သို့ ဖြစ်သည်။"

إِنَّ اللَّهَ لَا يَسْتَحْيِي أَن يَضْرِبَ مَثَلًا مَّا بَعُوضَةً فَمَا فَوْقَهَا ۚ فَأَمَّا الَّذِينَ آمَنُوا فَيَعْلَمُونَ أَنَّهُ الْحَقُّ مِن رَّبِّهِمْ ۖ وَأَمَّا الَّذِينَ كَفَرُوا فَيَقُولُونَ مَاذَا أَرَادَ اللَّهُ بِهَٰذَا مَثَلًا ۘ يُضِلُّ بِهِ كَثِيرًا وَيَهْدِي بِهِ كَثِيرًا ۚ وَمَا يُضِلُّ بِهِ إِلَّا الْفَاسِقِينَ ﴿٢٦﴾

(၂၆) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ခြင်ကောင်ဖြင့်ပင်ဖြစ်စေ၊

ခြင်ကောင်ထက်သေးငယ်သောအရာ သို့မဟုတ် ကြီးမားသောအရာဖြင့်ပင်ဖြစ်စေ ပုံပမာခိုင်းနှိုင်းပြခြင်းကို ရှက်တော်မမူပေ။ သို့ဖြစ်ရာ မုအ်မင်န်ယုံကြည်သူများကမူ ထိုပုံဆောင်ချက်ကို သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သခင့်ထံတော်မှ အမှန်ပင်ဖြစ်သည်ဟူ၍ သိနားလည်ကြသည်။ သို့ရာတွင် ကာဖိရ်ငြင်းပယ်သူများကမူ (ကဲ့ရဲ့ပြစ်တင်သည့်အနေဖြင့်) အလ္လာဟ်အရှင်မြတ်သည် ဤပုံပမာဖြင့် မည်သည့်အရာကို ရည်ရွယ်တော်မူခဲ့ပါသနည်းဟု ပြောဆိုကြသည်။ (အလ္လာဟ်) အရှင်မြတ်သည် ထိုပုံပမာဖြင့် အမြောက်အမြားကို လမ်းမှားပို့ဆောင်တော်မူပြီး ထိုပုံပမာဖြင့် အမြောက်အမြားကို လမ်းမှန်ညွှန်ကြားပြသပို့ဆောင်တော်မူသည်။ ထို့ပြင် (စင်စစ် အလ္လာဟ်)အရှင်မြတ်သည် ထိုပုံပမာဖြင့် (အရှင်မြတ်၏အမိန့်တော်ကို) ဖီဆန်သူများမှလွဲ၍ (မည်သူ့ကိုမျှ) လမ်းလွဲစေတော်မမူပေ။

الَّذِيْنَ يَنْقُضُوْنَ عَهْدَ اللّٰهِ مِنْۢ بَعْدِ مِيْثَاقِهٖ ۖ وَيَقْطَعُوْنَ مَآ اَمَرَ اللّٰهُ بِهٖٓ اَنْ يُّوْصَلَ وَيُفْسِدُوْنَ فِى الْاَرْضِ ۗ اُولٰٓئِكَ هُمُ الْخٰسِرُوْنَ ﴿٢٧﴾

(၂၇) ထိုသူများသည် အလ္လာဟ်အရှင်မြတ်နှင့် ကတိသစ္စာခိုင်မာစွာပြုပြီးနောက်မှ ထိုကတိကဝတ်ကို ဖောက်ဖျက်ကြသည်။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်က (ဆွေမျိုးသားချင်းများနှင့်ရင်းနှီးစွာ) ပေါင်းသင်းဆက်ဆံရန် အမိန့်ချထားတော်မူသည်ကိုလည်း အဆက်ဖြတ်ကြသည်။ ထို့ပြင် သူတို့သည် ကမ္ဘာမြေပေါ်၌လည်း ဖျက်လိုဖျက်ဆီးပြုလုပ်ကြသည်။ (စင်စစ်) သူတို့သာ ပျက်စီးဆုံးရှုံးမည့်သူများဖြစ်ကြသည်။

كَيْفَ تَكْفُرُوْنَ بِاللّٰهِ وَكُنْتُمْ اَمْوَاتًا فَاَحْيَاكُمْ ۚ ثُمَّ يُمِيْتُكُمْ ثُمَّ يُحْيِيْكُمْ ثُمَّ اِلَيْهِ تُرْجَعُوْنَ ﴿٢٨﴾

(၂၈) အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား မည်သည့်နည်းဖြင့် ငြင်းပယ်ကြမည်နည်း။ (စင်စစ်) အသင်တို့သည် သေသူသက်မဲ့များသာဖြစ်ခဲ့ကြပြီးနောက်တွင် အရှင်မြတ်သည် အသင်တို့အား အသက်ရှင်သန်စေတော်မူခဲ့သည်။ ၎င်းနောက် တစ်ဖန် အရှင်မြတ်သည် အသင်တို့အား သေစေတော်မူဦးမည်။ ထို့နောက် တစ်ဖန် အရှင်မြတ်သည် အသင်တို့အား ရှင်စေတော်မူဦးမည်။ ၎င်းနောက်တွင် အသင်တို့သည် ထိုအရှင်မြတ်ထံတော်သို့ ပြန်လည်ရောက်ရှိစေခြင်းခံကြရမည်။

هُوَ الَّذِي خَلَقَ لَكُم مَّا فِي الْأَرْضِ جَمِيعًا ثُمَّ اسْتَوَىٰ إِلَى السَّمَاءِ فَسَوَّاهُنَّ سَبْعَ سَمَاوَاتٍ ۚ
وَهُوَ بِكُلِّ شَيْءٍ عَلِيمٌ ﴿٢٩﴾

(၂၉) ထိုအရှင်မြတ်သည် အသင်တို့အတွက် မြေပထဝီ၌ အလုံးစုံသော အရာကို ဖန်ဆင်းတော်မူခဲ့သည်။ ၎င်းနောက် အရှင်မြတ်သည် ကောင်းကင်ဘက်သို့ လှည့်တော်မူခဲ့ပြီး မိုးခုနစ်ထပ်ကို နေသားတကျဖြစ်ရန် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အရာရာတိုင်းအား အကြွင်းမဲ့သိရှိတော်မူသော အရှင်ဖြစ်တော်မူသည်။

وَإِذْ قَالَ رَبُّكَ لِلْمَلَائِكَةِ إِنِّي جَاعِلٌ فِي الْأَرْضِ خَلِيفَةً ۖ قَالُوا أَتَجْعَلُ فِيهَا مَن يُفْسِدُ فِيهَا وَ
يَسْفِكُ الدِّمَاءَ وَنَحْنُ نُسَبِّحُ بِحَمْدِكَ وَنُقَدِّسُ لَكَ ۖ قَالَ إِنِّي أَعْلَمُ مَا لَا تَعْلَمُونَ ﴿٣٠﴾

(၃၀) ထို့ပြင် တစ်ခါတွင် အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ကောင်းကင်တမန်များအား အမှန်စင်စစ် ငါအရှင်သည် ကမ္ဘာမြေပေါ်၌ (လူသားများ၏ဖခင် အာဒမ်ကို) ကိုယ်စားလှယ်တစ်ဦး(အဖြစ်) ခန့်အပ်တော်မူမည့်အရှင်ဖြစ်သည်ဟု အမိန့်ရှိတော်မူသောအခါ ကောင်းကင်တမန်များသည် (ယခုကဲ့သို့) လျှောက်ထားကြသည်။ (အို-အရှင်) ကျွန်ုပ်တို့သည် အရှင်မြတ် သန့်ပြန့်စင်ကြယ်တော်မူကြောင်းကို အရှင်မြတ်၏ ချီးမွမ်းမှုနှင့်တကွ ပြောဆိုတသနေကြရုံမက အရှင်မြတ်သာ မြင့်မြတ်တော်မူကြောင်းကိုပါ ကျွန်ုပ်တို့ပြောဆိုတသနေကြပါလျက် ထိုကမ္ဘာမြေတွင် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်၍ (အချင်းချင်း သတ်ဖြတ်ပြီး) သွေးထွက်သံယို ပြုလုပ်ကြမည့်သူများကို ကိုယ်စားလှယ် ခန့်အပ်တော်မူပါမည်လော။ (ထိုအခါ) အရှင်မြတ်သည် အသင်တို့မသိသည့်အရာများကို အမှန်မုချ ငါအရှင်မြတ် သိရှိတော်မူသည်ဟု ပြောဆိုမိန့်ကြားတော်မူခဲ့သည်။

وَعَلَّمَ آدَمَ الْأَسْمَاءَ كُلَّهَا ثُمَّ عَرَضَهُمْ عَلَى الْمَلَائِكَةِ فَقَالَ أَنبِئُونِي بِأَسْمَاءِ هَٰؤُلَاءِ إِن كُنتُمْ
صَادِقِينَ ﴿٣١﴾

(၃၁) ထို့ပြင် အရှင်မြတ်သည် (လူသားအားလုံး၏ဖခင်)အာဒမ်● အား (အရာဝတ္ထုများ၏) အမည်များအားလုံးကို သင်ပေးတော်မူခဲ့သည်။ ၎င်းနောက် အရှင်မြတ်သည် ထိုအမည်များပေးထားသည့် အရာအားလုံးတို့ကို ကောင်းကင်တမန်များရှေ့တွင် ပြသတော်မူခဲ့ပြီး မိန့်ကြားတော်မူခဲ့သည်။ အသင်တို့သည် အမှန်စကား ပြောဆိုသူများဖြစ်ကြလျှင် ဤအရာဝတ္ထုများ၏ အမည်များကို ငါ

အရှင်မြတ်အား ပြောပြကြပါ။

❶ (တမန်တော်)အာဒမ် ﷺဟာ လူသားတို့ရဲ့ ဖခင်ကြီးဖြစ်ပြီး ၎င်းကနေ သားစဉ်မြေးဆက်ပေါ် ထွက်လာကြောင်း အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်(၇း၁၇၂)မှာ အမိန့်ရှိတော်မူတယ် - "وَإِذْ أَخَذَ رَبُّكَ مِنْ بَنِيٓ ءَادَمَ مِن ظُهُورِهِمْ ذُرِّيَّتَهُمْ" ထို့ပြင် တစ်ခါတွင် အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်သခင်သည် အာဒမ် ﷺ၏သားမြေးများ၏ကျောကုန်းမှ သူတို့၏သားမြေးများ ကို ထုတ်ဆောင်တော်မူခဲ့သည်။" (အလင်းပြကျမ်း)

قَالُوا سُبْحَٰنَكَ لَا عِلْمَ لَنَآ إِلَّا مَا عَلَّمْتَنَآ ۖ إِنَّكَ أَنتَ ٱلْعَلِيمُ ٱلْحَكِيمُ ﴿٣٢﴾

(၃၂) ကောင်းကင်တမန်များက ပြောဆိုခဲ့ကြသည်၊ (အို- အရှင်၊) အရှင်မြတ်သည် ချို့တဲ့မှုဟူသမျှမှ သန့်ရှင်းစင်ကြယ်တော်မူပါသည်။ အရှင်မြတ်သည် ကျွန်ုပ်တို့အား သင်ပေးထားသည်မှလွဲ၍ ကျွန်ုပ်တို့တွင် (မည်သည့်) အသိမျှမရှိပါ။ အမှန်မုချ အရှင်မြတ်သည်သာလျှင် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ် အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပါသည်။

قَالَ يَٰٓـَٔادَمُ أَنۢبِئْهُم بِأَسْمَآئِهِمْ ۖ فَلَمَّآ أَنۢبَأَهُم بِأَسْمَآئِهِمْ قَالَ أَلَمْ أَقُل لَّكُمْ إِنِّيٓ أَعْلَمُ غَيْبَ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ وَأَعْلَمُ مَا تُبْدُونَ وَمَا كُنتُمْ تَكْتُمُونَ ﴿٣٣﴾

(၃၃) အရှင်မြတ်က အမိန့်ရှိတော်မူခဲ့သည်။ အို- အာဒမ်၊ အသင်သည် ကောင်းကင်တမန်များအား ယင်း(အရာဝတ္ထု)တို့၏အမည်များကို ပြောပြလိုက်ပါ။ ထို့နောက် ၎င်း(လူသားအားလုံး၏ဖခင်အာဒမ်)က ၎င်းတို့အား ယင်း(အရာဝတ္ထု) တို့၏အမည်များကို ပြောပြခဲ့သောအခါ အရှင်မြတ်သည် (ကောင်းကင်တမန်များ အား) မိန့်ကြားတော်မူခဲ့သည်။ ငါအရှင်မြတ်သည် ကောင်းကင်များနှင့် မြေပထဝီ ၏အကွယ်(မှလျှို့ဝှက်ချက်)ကို သိရှိတော်မူသည်ဟု အသင်တို့အား မိန့်ကြား တော်မမူခဲ့သလော။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့ထုတ်ဖော်ပြောဆိုသည် များကိုသာမက အသင်တို့လျှို့ဝှက်ထားသည်များကိုလည်း သိရှိတော်မူသည်။

وَإِذْ قُلْنَا لِلْمَلَٰٓئِكَةِ ٱسْجُدُوا لِـَٔادَمَ فَسَجَدُوٓا إِلَّآ إِبْلِيسَ أَبَىٰ وَٱسْتَكْبَرَ وَكَانَ مِنَ ٱلْكَٰفِرِينَ ﴿٣٤﴾

(၃၄) ထို့ပြင် ငါအရှင်မြတ်သည် ကောင်းကင်တမန်များအား အသင်တို့ သည် အာဒမ်ကို ဦးချကြ❷ ဟုအမိန့်ပေးတော်မူသည့်အခါ အိဗ်လီစ်မှလွဲ၍ ၎င်းတို့ အားလုံးသည် (အာဒမ်ကို) ဦးချခဲ့ကြသည်။ ၎င်း(အိဗ်လီစ်)ကမူ ငြင်းပယ် ပြီး မာန ထောင်လွှားခဲ့သည်။❸ ထို့နောက် သူသည် ကာဖိရ်များထဲ၌ ပါဝင်သွားခဲ့တော့သည်။

❷ (လူသား အားလုံး၏ဖခင်) အာဒမ် ﷺကို ဦးချခိုင်းခြင်းဟာ ၎င်းကို ဂုဏ်ပြုခြင်းအထိမ်းအမှတ်

အဖြစ်ဦးချခိုင်းခြင်းဖြစ်ပြီး အိဗာဒသ် ခဝပ်ကိုးကွယ်ခြင်းအဖြစ်နဲ့ ဦးချခိုင်းခြင်း မဟုတ်ဘူး။
(အလင်းပြကျမ်း)

❷ အိဗ်လီစ်ဟာ မာနကြီးပြီး စောဒကတက်ခဲ့ပုံကို အရှင်မြတ်က (၇း၁၂)မှာ မိန့်ထားပါတယ် - قَالَ اَنَا خَيۡرٌ مِّنۡهُ ۚ خَلَقۡتَنِىۡ مِنۡ نَّارٍ وَّ خَلَقۡتَهٗ مِنۡ طِيۡنٍ ﴿١٢﴾ "ကျွန်ုပ်သည် ၎င်းထက်မြတ်သည်၊ အရှင်မြတ်သည် ကျွန်ုပ်ကို မီးဖြင့် ဖန်ဆင်းတော်မူခဲ့၍ ၎င်းကိုမူ ရွှံ့မြေဖြင့် ဖန်ဆင်းတော်မူခဲ့သည်။" (မီးဟာ မြေထက်မြတ်တယ်လို့ ရှိုင်သွာန်က အယူအဆမှားပြီး မာနတက်ခြင်းသာဖြစ်တယ်။ တကယ်တော့ မီး၊ ရေ၊ လေ၊ မြေဟာ အတူတူပဲဖြစ်တယ်။) (အာစာနုန်သရ်ဂျုမဟ်)

وَقُلۡنَا يٰۤـاٰدَمُ اسۡكُنۡ اَنۡتَ وَزَوۡجُكَ الۡجَـنَّةَ وَكُلَا مِنۡهَا رَغَدًا حَيۡثُ شِئۡتُمَا ۖ وَلَا تَقۡرَبَا هٰذِهِ الشَّجَرَةَ فَتَكُوۡنَا مِنَ الظّٰلِمِيۡنَ ﴿٣٥﴾

(၃၅) ၎င်းပြင် ငါအရှင်မြတ်က မိန့်ကြားတော်မူခဲ့သည်၊ အို- အာဒမ်၊ အသင်နှင့် အသင်၏ဇနီးကြင်ရာတို့သည် ဂျန္နသ်သုခဘုံတွင် နေထိုင်ပြီး အသင်တို့နှစ်ဦးသည် ၎င်း(သုခဘုံ)မှ အသင်တို့နှစ်ဦးအလိုရှိသည့်နေရာမှ (စိတ်ဆန္ဒရှိသမျှ) ဖောသီစွာ စားသုံးကြပါ။ ထို့ပြင် အသင်တို့နှစ်ဦးသည် ဤအပင်၏အနီးကို မကပ်ကြနှင့်။❻ ထိုသို့(ကပ်ခဲ့သည်)ဆိုလျှင် အသင်တို့နှစ်ဦးသည် အပြစ်ကျူးလွန်သူများထဲ၌ ပါဝင်သွားလိမ့်မည်။

❻ ဂျန္နသ် သုခဘုံမှာ အပင်တစ်ပင်ရှိပြီး အဲဒီအပင်ရဲ့အသီးကို မစားဖို့ အရှင်မြတ်က တားမြစ်ထားတော်မူခဲ့တယ်။ မစားမိဖို့အတွက် အနား မကပ်ခိုင်းခြင်းဖြစ်တယ်။ (အာစာနုန်သရ်ဂျုမဟ်)

فَاَزَلَّهُمَا الشَّيۡطٰنُ عَنۡهَا فَاَخۡرَجَهُمَا مِمَّا كَانَا فِيۡهِ ۖ وَقُلۡنَا اهۡبِطُوۡا بَعۡضُكُمۡ لِبَعۡضٍ عَدُوٌّ ۚ وَلَـكُمۡ فِى الۡاَرۡضِ مُسۡتَقَرٌّ وَّمَتَاعٌ اِلٰى حِيۡنٍ ﴿٣٦﴾

(၃၆) ထို့နောက် ရှိုင်သွာန်သည် သူတို့နှစ်ဦးအား ထိုသစ်ပင်နှင့် ပတ်သက်၍ (သွေးဆောင်ဖြားယောင်းကာ) တိမ်းပါးချွတ်ချော်စေခဲ့သည်။ ၎င်းပြင် သူတို့နှစ်ဦး ရှိသောနေရာ (ဂျန္နသ်)မှ သူတို့နှစ်ဦးအား ထွက်စေခဲ့သည်။ ထို့နောက် ငါအရှင်မြတ်က မိန့်ကြားတော်မူခဲ့သည်။ အသင်တို့ (ဤနေရာမှ) ဆင်းသွားကြ၊ အသင်တို့ထဲမှ အချို့သည် အချို့အတွက် ရန်သူများပင် ဖြစ်ကြမည်။ ထို့ပြင် အသင်တို့အတွက် ကမ္ဘာမြေပြင်တွင် အချိန်တစ်ခုအထိ နေရာထိုင်ခင်းနှင့် အကျိုးခံစားရမှု ရှိလိမ့်မည်။

فَتَلَقّٰٓى اٰدَمُ مِنۡ رَّبِّهٖ كَلِمٰتٍ فَتَابَ عَلَيۡهِ ؕ اِنَّهٗ هُوَ التَّوَّابُ الرَّحِيۡمُ ﴿٣٧﴾

(၃၇) ထို့နောက် (လူသားအားလုံး၏ဖခင်) အာဒမ်သည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံမှ အချို့ (ခွင့်လွှတ်အသနားခံနည်း) စကားရပ်များကို သင်ယူခဲ့(ပြီး ဝန်ချတောင်းပန်အသနားခံလိုက်)သည်။ ထို့

အတွက် အရှင်မြတ်သည် (၎င်းဘက်သို့ သနားကရုဏာတော်နှင့် လှည့်ပြီး ၎င်း၏ဝန်ချတောင်းပန်မှုကို)လက်ခံခွင့်လွှတ်လိုက်တော်မူခဲ့သည်။ အမှန်စင်စစ် အရှင်မြတ်သာလျှင် အများဝန်ခံမှုကို အကြိမ်ကြိမ်လက်ခံခွင့်လွှတ်တော်မူသော အရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

قُلْنَا اهْبِطُوا مِنْهَا جَمِيعًا ۖ فَإِمَّا يَأْتِيَنَّكُم مِّنِّي هُدًى فَمَن تَبِعَ هُدَايَ فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿٣٨﴾

(၃၈) ငါအရှင်မြတ် မိန့်ကြားတော်မူခဲ့သည်။ အသင်တို့အားလုံး ၎င်း (ဂျန္နသ်သုခဘုံ)မှ ဆင်းသွားလိုက်ကြပါ။ ထို့နောက် အကယ်၍ အသင်တို့ထံသို့ ငါအရှင်မြတ်ထံမှ တရားလမ်းညွှန်မှု အမှန်မုချ ရောက်လာလျှင် မည်သူမဆို ငါအရှင်မြတ်၏လမ်းညွှန်မှုကို လိုက်နာပါမူ ထိုသူများအပေါ်၌ စိုးရိမ်ကြောက်ရွံ့စရာ လည်းရှိမည် မဟုတ်သည့်အပြင် သူတို့သည် ပူဆွေးကြရမည်လည်းမဟုတ်ပေ။

وَالَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا أُولَٰئِكَ أَصْحَابُ النَّارِ ۖ هُمْ فِيهَا خَالِدُونَ ﴿٣٩﴾

(၃၉) ထို့ပြင် အကြင်သူတို့သည် ငြင်းပယ်ခဲ့ကြပြီး ငါအရှင်မြတ်၏ တရားတော်များကို မဟုတ်မမှန်ဟု လိမ်လည်ပြောဆိုခဲ့ကြသည်၊ ထိုသူများသည် ငရဲသားများပင်ဖြစ်ကြသည်။ သူတို့သည် ထို(ငရဲ)ထဲတွင် အမြဲထာဝစဉ်နေကြရမည့်သူများ ဖြစ်ကြသည်။

يَا بَنِي إِسْرَائِيلَ اذْكُرُوا نِعْمَتِيَ الَّتِي أَنْعَمْتُ عَلَيْكُمْ وَأَوْفُوا بِعَهْدِي أُوفِ بِعَهْدِكُمْ وَإِيَّايَ فَارْهَبُونِ ﴿٤٠﴾

(၄၀) အို-အစ္စရာအီလ်❶ မျိုးနွယ်ဝင်အပေါင်းတို့၊ အသင်တို့အပေါ် ငါအရှင် ကျေးဇူးပြုတော်မူထားခဲ့သည့် ဂုဏ်ကျေးဇူးတော်များကို သတိရကြပါ။ ထို့နောက် အသင်တို့သည် ငါအရှင်မြတ်နှင့် ချုပ်ဆိုထားသော ကတိသစ္စာကို ပြည့်ဝအောင် ဆောင်ရွက်ကြပါ၊ (သို့ဖြစ်လျှင်) ငါအရှင်မြတ်သည်လည်း အသင်တို့နှင့် ချုပ်ဆိုထားသောကတိသစ္စာကို ပြည့်ဝအောင် ဆောင်ရွက်ပေးတော်မူမည်။ သို့ဖြစ်ရာ အသင်တို့သည် ငါအရှင်မြတ်ကိုသာ ကြောက်ရွံ့ကြပါ။

❶ အစ္စရာအီလ်မျိုးနွယ်ဆိုတာ တမန်တော်ယအ်ကူဗ် عليه السلام ရဲ့ဘွဲ့နာမည် အစ္စရာအီလ်ကိုအစွဲပြုပြီး ၎င်းရဲ့သားတော် တမန်တော်ယူစွ်ဖ် عليه السلام အပါအဝင် သားတော်၁၁ပါးမှဆင်းသက်ပေါက်ဖွားလာတဲ့ မျိုးနွယ်ဖြစ်တယ်။ တမန်တော်ယအ်ကူဗ် عليه السلام ဟာ တမန်တော် အစ္စဟာက် عليه السلام ရဲ့သားဖြစ်ပြီး တမန်တော် အိဗ်ရာဟီမ် عليه السلام ရဲ့မြေးဖြစ်တယ်။ တမန်တော် ယအ်ကူဗ် عليه السلام ရဲ့သား တမန်တော်ယူစွ်ဖ် عليه السلام လက်ထက်မှာ အစ္စရာအီလ်မျိုးနွယ်တွေဟာ အီဂျစ်နိုင်ငံမှာ နှစ် (၄၀၀) နေထိုင်ခဲ့ကြတယ်။ (အလင်းပြကျမ်း)

وَاٰمِنُوْا بِمَآ اَنْزَلْتُ مُصَدِّقًا لِّمَا مَعَكُمْ وَلَا تَكُوْنُوْٓا اَوَّلَ كَافِرٍۢ بِهٖ ۖ وَلَا تَشْتَرُوْا بِاٰيٰتِيْ ثَمَنًا قَلِيْلًا ۫ وَّاِيَّايَ فَاتَّقُوْنِ ﴿٤١﴾

(၄၁) ထို့ပြင် အသင်တို့သည် ငါအရှင်မြတ်ချပေးတော်မူခဲ့သောအရာ (ကုရ်အာန်ကျမ်းတော်)ကို အီမာန်ယုံကြည်ကြပါ၊ ၎င်း(ကုရ်အာန်ကျမ်းတော်) သည် အသင်တို့ထံတွင်ရှိသောအရာ(ကျမ်းဂန်)များကို ထောက်ခံသောကျမ်း ဖြစ်သည်။[၂] ထို့ပြင် အသင်တို့သည် ၎င်း(ကုရ်အာန်ကျမ်းတော်)အား ပထမဦးဆုံး ငြင်းဆိုသူများ မဖြစ်ကြလေနှင့်။ ထို့ပြင် အသင်တို့သည် ငါအရှင်မြတ်၏တရား တော်များကို တန်ဖိုးအနည်းငယ်ဖြင့် လဲလှယ်ရောင်းချခြင်းမပြုကြနှင့်။ ထို့ပြင် အသင်တို့သည် ငါအရှင်မြတ်ကိုသာ ကြောက်ရွံ့ကြပါ။

[၂] ကုရ်အာန်ကျမ်းတော်ဟာ ထောက်ခံထိန်းသိမ်းတဲ့ကျမ်းဖြစ်တယ် - (ကုရ်အာန် - ၅း၄၈)မှာ - وَاَنْزَلْنَآ اِلَيْكَ الْكِتٰبَ بِالْحَقِّ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ الْكِتٰبِ "ငါအရှင်သည်အသင့်ထံသို့ကျမ်း(မြတ်ကုရ်အာန်) ကိုမှန်ကန်စွာ ချပေးတော်မူခဲ့သည်။ ထိုကျမ်းသည် ယခင်ရှိခဲ့သောကျမ်းများအား (အရှင်မြတ်ချပေး တော်မူခဲ့သည့်စာသားများကို) ထောက်ခံပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။"
(အလင်းပြကျမ်း)

وَلَا تَلْبِسُوا الْحَقَّ بِالْبَاطِلِ وَتَكْتُمُوا الْحَقَّ وَاَنْتُمْ تَعْلَمُوْنَ ﴿٤٢﴾

(၄၂) ထို့ပြင် အသင်တို့သည် အမှန်(တရား)ကို အမှား(မတရား)ဖြင့် မရောနှောကြနှင့်။ ထို့ပြင် အသင်တို့သည် အမှန်တရားကို သိပါလျက်နှင့် ဖုံးကွယ်ထိမ်ချန်၍ မထားကြနှင့်။

وَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ وَارْكَعُوْا مَعَ الرّٰكِعِيْنَ ﴿٤٣﴾

(၄၃) ထို့ပြင် အသင်တို့သည် စွလာသ်[၃] ဝတ်ပြုကြပါ။ ထို့ပြင် အသင်တို့သည် ဇကာသ်[၄] ပေးဆောင်ကြပါ။ ထို့ပြင် အသင်တို့သည် ကိုင်းညွတ်ရိုကျိုးသူများနှင့်အတူတကွ ကိုင်းညွတ်ရိုကျိုးကြပါ။[၅]

[၃] စွလာသ် ငါးကြိမ်ဆောက်တည်ဖို့ ဖရသ္ဂ် တာဝန်ဖြစ်တယ်။ (အလင်းပြကျမ်း) [၄] ဇကာသ် (ဆင်းရဲသားနဲ့ လိုအပ်သူတွေရဲ့ဝေစု)ကို ပေးဆောင်ဖို့လည်း ချမ်းသာသူတွေအပေါ် ဖရသ္ဂ်တာဝန် ဖြစ်တယ်။ (အလင်းပြကျမ်း) [၅] ရုကူအ် ကိုင်းညွတ် ရိုကျိုးသူတွေနဲ့အတူ စုပေါင်းပါဝင်ခိုင်းခြင်းဟာ စွလာသ်ဝတ်ပြုရာမှာ စုပေါင်းဝတ်ပြုဖို့တိုက်တွန်းမှုကို ရည်ညွှန်းထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

اَتَاْمُرُوْنَ النَّاسَ بِالْبِرِّ وَتَنْسَوْنَ اَنْفُسَكُمْ وَاَنْتُمْ تَتْلُوْنَ الْكِتٰبَ ؕ اَفَلَا تَعْقِلُوْنَ ﴿٤٤﴾

(၄၄) အသင်တို့သည် လူများအား ကောင်းမှုပြုလုပ်ရန် အမိန့်ပေးနေကြပြီး အသင်တို့ကိုယ်အသင်တို့ကိုမူ မေ့လျော့နေကြသလော။ (စင်စစ်)အသင် တို့သည် ကျမ်းဂန်ကို ဖတ်ရွတ်နေကြပါလျက် အသင်တို့သည် ထို့နောက်တွင်

လည်း အသိမရှိကြလေသလော။

وَاسْتَعِينُوا بِالصَّبْرِ وَالصَّلٰوةِ ۚ وَإِنَّهَا لَكَبِيرَةٌ إِلَّا عَلَى الْخٰشِعِينَ ﴿٤٥﴾

(၄၅) ထို့ပြင် အသင်တို့သည် သည်းခံခြင်းနှင့် စွလာသ်ဝတ်ပြုခြင်းတို့ဖြင့် (အရှင်မြတ်ထံတွင်) အကူအညီ တောင်းခံကြပါ။ ထို့ပြင် အမှန်စင်စစ် ၎င်း (စွလာသ်ဝတ်ပြုမှု)သည် ကြောက်ရွံ့ရိုကျိုးသူများမှလွဲ၍ (အခြားသူများအတွက်) အလွန်(ခက်ခဲ) ကြီး(လေး)သည့် တာဝန်ကြီးဖြစ်သည်။

الَّذِينَ يَظُنُّونَ أَنَّهُم مُّلٰقُوا رَبِّهِمْ وَأَنَّهُمْ إِلَيْهِ رٰجِعُونَ ﴿٤٦﴾

(၄၆) ထို(ကြောက်ရွံ့ရိုကျိုး)သူများသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို အမှန်မုချ ဖူးတွေ့ကြရမည့်သူများ ဖြစ်သည်ဟု ယုံကြည်ကြသည့်အပြင် ထိုအရှင်မြတ်ထံသို့ ပြန်လှည့်ကြရမည့်သူများဖြစ်သည်ဟူ၍လည်း ယုံကြည်ကြသည်။❻

❻ အရှင်မြတ်ကို ဖူးတွေ့ရမဲ့ မျှော်လင့်ချက်နဲ့ အရှင့်ရှေ့မှောက်မှာရပ်ပြီး စာရင်းစစ်ခံရမဲ့ စိုးရိမ်မှုရှိတဲ့သူအတွက် စွလာသ်ဟာ လွယ်ကူတယ်။ (အလင်းပြကျမ်း)

يٰبَنِي إِسْرٰءِيلَ اذْكُرُوا نِعْمَتِيَ الَّتِي أَنْعَمْتُ عَلَيْكُمْ وَأَنِّي فَضَّلْتُكُمْ عَلَى الْعٰلَمِينَ ﴿٤٧﴾

(၄၇) အို- အစ္စရာအီလ်မျိုးနွယ်အပေါင်းတို့၊ အသင်တို့အပေါ် ငါအရှင်ကျေးဇူးပြုတော်မူထားခဲ့သည့် ငါအရှင်မြတ်၏ ဂုဏ်ကျေးဇူးတော်များကိုသာမက ငါအရှင် အသင်တို့အား (အသင်တို့ခေတ်ရှိ) စကြဝဠာအပေါင်းထက် မြင့်မြတ်စေတော်မူခဲ့သည်ကိုလည်း သတိရကြပါ။

وَاتَّقُوا يَوْمًا لَّا تَجْزِي نَفْسٌ عَن نَّفْسٍ شَيْئًا وَلَا يُقْبَلُ مِنْهَا شَفٰعَةٌ وَلَا يُؤْخَذُ مِنْهَا عَدْلٌ وَلَا هُمْ يُنصَرُونَ ﴿٤٨﴾

(၄၈) ထို့ပြင် အသင်တို့သည် အကြင်နေ့အား ကြောက်ရွံ့၍ အပြစ်ရှောင်ကောင်းကျိုးဆောင်ကြပါ၊ ထိုနေ့တွင် မည်သူကမျှ မည်သူ့ကိုမျှ မည်သည့်အကျိုးကိုမျှ ပြုနိုင်မည်မဟုတ်ပေ။ ထို့ပြင် မည်သူ့ထံကမျှ အသနားခံလိုက်လံ ပြောဆိုပေးခြင်း❼ ကိုလည်း လက်ခံခြင်းခံရမည်မဟုတ်ပေ၊ ၎င်းပြင် မည်သူ့ထံကမျှ(အအ်မာလ်လုပ်ရပ်များကို) အစားထိုးလဲလှယ်ယူခြင်း ခံရမည်လည်းမဟုတ်ပေ။ ထို့ပြင် သူတို့သည် ကူညီခြင်းခံကြရမည်လည်း မဟုတ်ပေ။

❼ ရှဖာအသ် အသနားခံလိုက်လံပြောပေးခြင်းကို ကာဖိရ်တွေ မရရှိတဲ့အကြောင်း ကိယာမသ်နေ့မှာ သူတို့ပြောမဲ့စကားကို ကုရ်အာန်(၂၆း၁၀၀)မှာ အခုလို ဖော်ပြထားတယ် - فَمَا لَنَا مِن شٰفِعِينَ ﴿١٠٠﴾ "ကျွန်ုပ်တို့အတွက် ရှဖာအသ်ကြားဝင်အသနားခံပေးမည့်သူမရှိတော့ပေ။" ဒါပေမဲ့ မွတ်စ်လင်မ်

တွေအတွက်ကတော့ ရှဖာအသ်ကို အရှင်မြတ်ခွင့်ပြုသူက ပြုလုပ်ပေးမဲ့အကြောင်း ကုရ်အာန်ကျမ်းမြတ်(၂၀း၁၀၉)မှာ အခုလို အမိန့်ရှိထားတော်မူတယ် -

يَوْمَئِذٍ لَّا تَنفَعُ الشَّفَاعَةُ إِلَّا مَنْ أَذِنَ لَهُ الرَّحْمَٰنُ وَرَضِيَ لَهُ قَوْلًا ﴿١٠٩﴾ "ထိုနေ့တွင် ရှဖာအသ် ကြားဝင်အသနားခံ ပြောပေးခြင်းသည် အကျိုးပေးမည် မဟုတ်ပေ။ သို့ရာတွင် အနန္တကရုဏာတော်ရှင်က ခွင့်ပြုတော်မူသောသူနှင့် ၎င်း၏စကားကို အရှင်မြတ်နှစ်သက်တော်မူသောသူ၏ ရှဖာအသ်သာလျှင် အကျိုးပေးလိမ့်မည်။" (အလင်းပြကျမ်း)

وَإِذْ نَجَّيْنَٰكُم مِّنْ ءَالِ فِرْعَوْنَ يَسُومُونَكُمْ سُوٓءَ ٱلْعَذَابِ يُذَبِّحُونَ أَبْنَآءَكُمْ وَيَسْتَحْيُونَ نِسَآءَكُمْ ۚ وَفِى ذَٰلِكُم بَلَآءٌ مِّن رَّبِّكُمْ عَظِيمٌ ﴿٤٩﴾

(၄၉) ထို့ပြင် တစ်ခါတွင် ငါအရှင်သည် အသင်တို့အား ဖိရ်အောင်န်[၁] ၏ အခြွေအရံများ(၏အန္တရာယ်)မှ ကယ်တင်တော်မူခဲ့သည်။ သူတို့သည် အသင်တို့အား အလွန်ဆိုးရွားသည့် ဘေးဒုက္ခပေးကြသည်။ သူတို့သည် အသင်တို့၏သားယောကျ်ားလေးများကို သတ်ဖြတ်ကြပြီး အသင်တို့၏ (သမီး)မိန်းမများကို (သေးသိမ်မှုထဲတွင် နှစ်မြုပ်နေစေရန်) မသတ်ဘဲ အရှင်ထားကြသည်။ ထို့ပြင် ၎င်း(ဘေးဒုက္ခ)ထဲတွင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံမှ ကြီးကျယ်သည့် စမ်းသပ်မှုရှိသည်။[၂]

[၁] ဖိရ်အောင်န်ဆိုတာ အီဂျစ်နိုင်ငံမှာ အုပ်ချုပ်ခဲ့တဲ့ ဘုရင်တွေရဲ့ဘွဲ့ဖြစ်တယ်။ အဲဒီထဲကဖိရ်အောင်န်ဘုရင်တစ်ပါးဟာ အစ္စရာအီလ်မျိုးနွယ်တွေအပေါ်မှာ အလွန်ရက်စက်ညှဉ်းဆဲခဲ့တယ်။ တမန်တော်မူစာ عليه السلام ခေတ်မှာ အရှင်မြတ်က ဖိရ်အောင်န်နဲ့ သူရဲ့ အခြွေအရံတွေကို ပင်လယ်နီထဲမှာ နှစ်မြှုပ်ဖျက်ဆီးခဲ့ပြီး သူ့ရဲ့ရုပ်ကလာပ်ကို ဆယ်ထားပေးခဲ့ကြောင်း ကုရ်အာန်(၁၀း၉၂)မှာ မိန့်ထားတယ် -

فَالْيَوْمَ نُنَجِّيكَ بِبَدَنِكَ لِتَكُونَ لِمَنْ خَلْفَكَ آيَةً "ယနေ့၌မူ ငါအရှင်မြတ်သည် အသင့်ကို အသင့်ခန္ဓာကိုယ်ရုပ်ကလာပ်နှင့်တကွ အသင့်နောင်လာနောက်သားများအတွက် သတိတရားရဖွယ်ရာ အထိမ်းအမှတ်ဖြစ်စေရန်ဆယ်တင်ထားတော်မူမည်။" အဲဒါကြောင့် ဖိရ်အောင်န်ရဲ့ ရုပ်ကလာပ်ဟာ ဒီကနေ့ထိ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ (Museum) ပြတိုက်ထဲမှာ ပြသထားလျက်ရှိနေပါတယ်။(အလင်းပြကျမ်း)

[၂] အရှင်မြတ်ဘက်က ဖိရ်အောင်န်နဲ့ စမ်းသပ်မှုကြီးဖြစ်သလို ဖိရ်အောင်န်ရဲ့ရန်ကနေ ကယ်တင်လိုက်တဲ့အတွက် ကျေးဇူးတော်ကြီးလည်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِذْ فَرَقْنَا بِكُمُ الْبَحْرَ فَأَنجَيْنَاكُمْ وَأَغْرَقْنَا آلَ فِرْعَوْنَ وَأَنتُمْ تَنظُرُونَ ﴿٥٠﴾

(၅၀) ထို့ပြင် တစ်ခါတွင် ငါအရှင်သည် အသင်တို့အတွက် ပင်လယ်ကို ခွဲပြီး အသင်တို့အား (ဖိရ်အောင်န်၏အခြွေအရံများ၏ ဘေးအန္တရာယ်မှ) ကယ်တင်တော်မူခဲ့သည်။ ထို့နောက် အသင်တို့ကြည့်မြင်လျက်ရှိစဉ်၌ပင် ငါအရှင်သည် ဖိရ်အောင်န်၏အခြွေအရံများအား နှစ်မြုပ်စေတော်မူခဲ့သည်။

وَإِذْ وَٰعَدْنَا مُوسَىٰٓ أَرْبَعِينَ لَيْلَةً ثُمَّ ٱتَّخَذْتُمُ ٱلْعِجْلَ مِنۢ بَعْدِهِۦ وَأَنتُمْ ظَٰلِمُونَ ﴿٥١﴾

(၅၁) ထို့ပြင် တစ်ခါတွင် ငါအရှင်သည် (တမန်တော်)မူစာအား ညပေါင်း လေးဆယ်၏ကတိကဝတ်ကို ပြုတော်မူခဲ့သည်။ ထို့နောက် ၎င်း(တမန်တော်)၏ နောက်ကွယ်တွင် အသင်တို့သည် မတရားကျူးလွန်သူများဖြစ်ကြလျက် နွားငယ်ကို (ကိုးကွယ်ရာအဖြစ်) ပြုလုပ်ခဲ့ကြသည်။❷

❷ နွားငယ်ကိုးကွယ်မှုကို အခုလို အမိန့်ရှိထားတော်မူတယ် - فَاَخۡرَجَ لَهُمۡ عِجۡلًا جَسَدًا لَّهٗ خُوَارٌ فَقَالُوۡا هٰذَاۤ اِلٰهُكُمۡ وَاِلٰهُ مُوۡسٰى فَنَسِىَ ﴿٨٨﴾ "၎င်းနောက် သူတို့အတွက် အသံထွက်သည့် နွားငယ်ကလေး ပုံသဏ္ဌာန်တစ်ခုကို ထုတ်ယူလာခဲ့ပြီး သူတို့က ပြောဆိုခဲ့ကြသည် - ဤသည် အသင်တို့၏ကိုးကွယ်ရာအရှင်နှင့်(တမန်တော်)မူစာ၏ကိုးကွယ်ရာအရှင်လည်း ဖြစ်သည်။ ထို့နောက် ၎င်း(တမန်တော်မူစာ ﷺ)သည် (ဤအရှင်ကို)မေ့လျော့သွားခဲ့သည်။" (ကုရ်အာန် - ၂၀း၈၈)၊(အာစားန်သရ်ဂျူမဟ်)

ثُمَّ عَفَوۡنَا عَنۡكُمۡ مِّنۡۢ بَعۡدِ ذٰلِكَ لَعَلَّكُمۡ تَشۡكُرُوۡنَ ﴿٥٢﴾

(၅၂) ၎င်းနောက် အသင်တို့သည် ထို(ကဲ့သို့ နွားငယ်အား ကိုးကွယ်ကြပြီး)သည့်နောက်၌ပင် အသင်တို့သည် ငါအရှင်မြတ်အား ကျေးဇူးသိကြရန် အတွက် ငါအရှင်သည် အသင်တို့အား ခွင့်လွှတ်တော်မူခဲ့သည်။

وَاِذۡ اٰتَيۡنَا مُوۡسَى الۡكِتٰبَ وَالۡفُرۡقَانَ لَعَلَّكُمۡ تَهۡتَدُوۡنَ ﴿٥٣﴾

(၅၃) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် အသင်တို့ တရားလမ်းမှန် ရကြရန်အတွက် (တမန်တော်)မူစာအား (သောင်ရာသ်)ကျမ်းဂန်နှင့် အမှားအမှန် ခွဲခြားပေးသောအရာတို့ကို ပေးသနားတော်မူခဲ့သည်။

وَاِذۡ قَالَ مُوۡسٰى لِقَوۡمِهٖ يٰقَوۡمِ اِنَّكُمۡ ظَلَمۡتُمۡ اَنۡفُسَكُمۡ بِاتِّخَاذِكُمُ الۡعِجۡلَ فَتُوۡبُوۡۤا اِلٰى بَارِئِكُمۡ فَاقۡتُلُوۡۤا اَنۡفُسَكُمۡ ؕ ذٰلِكُمۡ خَيۡرٌ لَّكُمۡ عِنۡدَ بَارِئِكُمۡ ؕ فَتَابَ عَلَيۡكُمۡ ؕ اِنَّهٗ هُوَ التَّوَّابُ الرَّحِيۡمُ ﴿٥٤﴾

(၅၄) ထို့ပြင် တစ်ခါတွင် (တမန်တော်)မူစာသည် ၎င်း၏အမျိုးသားများကို ပြောကြားခဲ့သည်- အို-ကျွန်ုပ်၏ အမျိုးသားအပေါင်းတို့၊ အမှန်စင်စစ် အသင်တို့သည် နွားငယ်အား ပြုလုပ်(ကိုးကွယ်)၍ အသင်တို့ကိုယ်ကို အသင်တို့ နှိပ်စက်ခဲ့ကြပြီ၊ သို့ဖြစ်ရာ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတွင် ဝန်ချတောင်းပန်အသနားခံကြပါ။ ၎င်းပြင် အသင်တို့သည် အသင်တို့အချင်းချင်း (ရှိရက်မပြုလုပ်သူက ရှိရက်ပြုလုပ်သူကို)သတ်ဖြတ်ကြပါ။❸ ၎င်း(ဝန်ချတောင်းပန် အသနားခံသည့်အနေဖြင့်အချင်းချင်းသတ်ဖြတ်ခြင်း)သည် အသင်တို့အတွက် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတွင် ကောင်းမြတ်သည့်အရာဖြစ်သည်။ ထို့နောက် (အလ္လာဟ်)အရှင်မြတ်သည်

အသင်တို့(၏ဝန်ချတောင်းပန်ခြင်း)ကို သနားကရုဏာနှင့်လှည့်ပြီး လက်ခံခွင့်လွှတ်တော်မူခဲ့သည်။ အမှန်စင်စစ် အရှင်မြတ်သည် အများဝန်ခံမှုကိုအကြိမ်ကြိမ်လက်ခံခွင့်လွှတ်တော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

❻ အရှင်မြတ်က တမန်တော် မူစာ ﷺ ရဲ့နောက်ကွယ်မှာ အဲဒီလို ရှိရိက်အမှုကျူးလွန်တဲ့သူတွေကို အပြစ်ဒဏ်ခတ်တဲ့အနေနဲ့ ရှိရိက်အမှုမကျူးလွန်တဲ့သူတွေက အဲဒီသူတွေကို အရေးယူသတ်ဖြတ်ဖို့ အမိန့်ပေးထားခြင်းဖြစ်တယ်။(ထင်ရှားတဲ့ မုအ်ဂျိဇဟ်တန်ခိုးတော်တွေကို တွေ့မြင်ပြီးတဲ့နောက် ရှိရိက်ပြုလုပ်ကြတဲ့အတွက် အပြစ်အလွန်ကြီးလို့ ပြစ်ဒဏ်လည်း ကြီးခြင်းဖြစ်တယ်။)
(အာစားန်သရ်ဂျမဟ်)

وَإِذْ قُلْتُمْ يَٰمُوسَىٰ لَن نُّؤْمِنَ لَكَ حَتَّىٰ نَرَى ٱللَّهَ جَهْرَةً فَأَخَذَتْكُمُ ٱلصَّٰعِقَةُ وَأَنتُمْ تَنظُرُونَ ﴿٥٥﴾

(၅၅) ထို့ပြင် တစ်ခါတွင် အသင်တို့က ပြောဆိုခဲ့ကြသည်- “အို- မူစာ၊ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အား မျက်ဝါးထင်ထင် မဖူးမြင်ရမချင်း❼ ကျွန်ုပ်တို့သည် အသင့်ကို လုံးဝယုံကြည်ကြမည် မဟုတ်ပေ။” ထို(သို့ပြောဆိုကြသည့်အတွက်)ကြောင့် အသင်တို့အား မိုးကြိုးလောင်မီးက ဖမ်းဆီးခဲ့သည်။ အသင်တို့သည်လည်း (ထိုအရာကို) တွေ့မြင်လျက်ရှိခဲ့ကြသည်။

❼ အလ္လာဟ်အရှင်မြတ်ကို ဖူးမြော်ဖို့ လောကမှာ မဖြစ်နိုင်ကြောင်း ကုရ်အာန် (၆း၁၀၃)မှာ အမိန့်ရှိထားပါတယ်- لَّا تُدْرِكُهُ ٱلْأَبْصَٰرُ “မျက်စိများသည် အရှင်မြတ်အား မြင်နိုင်ခြင်းမရှိပေ။” ဒါပေမဲ့ တမလွန်ဘဝမှာ ဖူးမြော်နိုင်မှာဖြစ်တယ်- يَوْمَ يُكْشَفُ عَن سَاقٍ “ထိုနေ့၌ ခြေသလုံးတော်ဖွင့်ပြခြင်းခံရမည်” ကုရ်အာန် (၆၈း၄၂)။ ဘယ်ပုံဘယ်နည်းဆိုတာ ယခုဘယ်သူမှမသိပါ။ ဂျန္နသ် ရောက်တဲ့အခါ သိရပါလိမ့်မယ်။ အင်န်ရှာအလ္လာဟ်။ (သဖ်ဟီမွလ် မွတ်စ်လင်မ်၊ နပ်စွ်ရွလ်ဗာရီ၊ ဟာရိယဟ်အကီဒဟ်သွဟာဝီ - မော်လာနာ ကာရီသွိုင်ယိဗ်ဆပ် - ဒါရွလ်အုလူးမ် ဒေယိုဗန်ဒ်)

ثُمَّ بَعَثْنَٰكُم مِّنۢ بَعْدِ مَوْتِكُمْ لَعَلَّكُمْ تَشْكُرُونَ ﴿٥٦﴾

(၅၆) ထို့နောက် ငါအရှင်မြတ်သည် အသင်တို့သေပြီးသည့်နောက်မှပင် အသင်တို့ ကျေးဇူးသိတတ်ကြရန် အသင်တို့အား တစ်ဖန်ရှင်ပြန်ထစေတော်မူခဲ့သည်။

وَظَلَّلْنَا عَلَيْكُمُ ٱلْغَمَامَ وَأَنزَلْنَا عَلَيْكُمُ ٱلْمَنَّ وَٱلسَّلْوَىٰ ۖ كُلُوا۟ مِن طَيِّبَٰتِ مَا رَزَقْنَٰكُمْ ۖ
وَمَا ظَلَمُونَا وَلَٰكِن كَانُوٓا۟ أَنفُسَهُمْ يَظْلِمُونَ ﴿٥٧﴾

(၅၇) ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့အပေါ်၌ မိုးတိမ်ကို အရိပ်အာဝါသ ပြုလုပ်ပေးတော်မူခဲ့သည်သာမက ငါအရှင်မြတ်သည် နှင်းမုန့်နှင့် ငုံးသတ္တဝါတစ်မျိုးကိုလည်း ချပေးတော်မူခဲ့သည်။ အသင်တို့သည် ငါအရှင်မြတ်

ပေးသနားတော်မူသော ကောင်းမြတ်သည့် စားနပ်ရိက္ခာများကို စားသုံးကြပါ။ ထို့နောက် သူတို့သည် ငါအရှင်မြတ်အား နှိပ်စက်ညှဉ်းပန်းခဲ့ကြသည် မဟုတ်ပေ။ သို့ရာတွင် သူတို့ကိုယ်ကို သူတို့သာလျှင် နှိပ်စက်ညှဉ်းပန်းခဲ့ကြခြင်း ဖြစ်သည်။

وَ اِذۡ قُلۡنَا ادۡخُلُوۡا هٰذِهِ الۡقَرۡيَةَ فَكُلُوۡا مِنۡهَا حَيۡثُ شِئۡتُمۡ رَغَدًا وَّ ادۡخُلُوا الۡبَابَ سُجَّدًا وَّ
قُوۡلُوۡا حِطَّةٌ نَّغۡفِرۡ لَكُمۡ خَطٰيٰكُمۡ ؕ وَسَنَزِيۡدُ الۡمُحۡسِنِيۡنَ ﴿٥٨﴾

(၅၈) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် မိန့်ကြားတော်မူခဲ့သည်- အသင်တို့သည် ဤမြို့ရွာ❶ သို့ဝင်ရောက်ပြီး ထိုအထဲမှ မည်သည့်နေရာမှမဆို အသင်တို့ ကြိုက်နှစ်သက်ရာကို ဖောသီစွာ စားသုံးကြပါ။ ထို့ပြင် (မြို့)တံခါးကို ရိုကျိုးဝပ်တွားလျက်❷ ဝင်ကြပါ။ ၎င်းပြင် ဟိသ္သွသွန် "ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်တော်မူပါ"ဟုဆိုကြပါ။ (ထိုအတိုင်းလိုက်နာကြလျှင်) ငါအရှင်သည် အသင်တို့၏မှားယွင်းချက်များကို ခွင့်လွှတ်တော်မူမည်။ ထို့ပြင် ငါအရှင်သည် ကောင်းကျိုးဆောင်ရွက်သူများအား (ကုသိုလ်အကျိုး)မကြာမီ ပိုတိုးပြီး ပေးသနားတော်မူမည်။

❶ ဒီမြို့ဟာ ဗိုင်သုလ်မုကဒ္ဒတ်စ် မြို့ဖြစ်ကြောင်း သဖ်စီရ် ပညာရှင်အများစုကဆိုကြတယ်။(အိဗ်နကဆီးရ်) ❷ အရှင်မြတ်ကို ကျေးဇူးတင်တဲ့ စဂျ်ဒဟ်ချပြီး ရိုကျိုးလျက် ဝင်ရောက်ဖို့ ဆိုလိုကြောင်း သဖ်စီရ်ပညာရှင်များကဆိုကြတယ်။ (အိဗ်နကဆီးရ်)

فَبَدَّلَ الَّذِيۡنَ ظَلَمُوۡا قَوۡلًا غَيۡرَ الَّذِىۡ قِيۡلَ لَهُمۡ فَاَنۡزَلۡنَا عَلَى الَّذِيۡنَ ظَلَمُوۡا رِجۡزًا مِّنَ السَّمَآءِ
بِمَا كَانُوۡا يَفۡسُقُوۡنَ ﴿٥٩﴾

(၅၉) ထို့နောက် မတရားကျူးလွန်ကြသူများသည် သူတို့ကို ပြောကြားထားသည့်စကားနှင့် ဆန့်ကျင်သည့်အခြားစကား❸ ကို ပြောင်းလဲသုံးစွဲခဲ့ကြသည်။ သို့ဖြစ်ရာ ငါအရှင်သည် မတရားကျူးလွန်ခဲ့ကြသူများအပေါ်တွင် ၎င်းတို့ဒုစရိုက်ကျူးလွန်ခဲ့ကြခြင်းကြောင့် မိုးကောင်းကင်မှ အပြစ်ဒဏ်(ရောဂါကပ်ဘေး) ချပေးတော်မူခဲ့သည်။

❸ အဲဒီစကား ဟိသ်သွသွန်ရဲ့အစား ဟင်န်သွသွန် حِنۡطَةٌ "ဂျုံ" ကိုပဲလိုချင်တယ်လို့ ပြောင်လှောင်တဲ့အနေနဲ့ ပြောင်းလဲဆိုကြတယ်။ (သိုင်စီရွှလ်ကရီမိရ်ရဟ်မာန်၊ အွှဆ်မာနီ)

وَاِذِ اسۡتَسۡقٰى مُوۡسٰى لِقَوۡمِهٖ فَقُلۡنَا اضۡرِبْ بِّعَصَاكَ الۡحَجَرَ ؕ فَانۡفَجَرَتۡ مِنۡهُ اثۡنَتَا عَشۡرَةَ عَيۡنًا ؕ
قَدۡ عَلِمَ كُلُّ اُنَاسٍ مَّشۡرَبَهُمۡ ؕ كُلُوۡا وَاشۡرَبُوۡا مِنۡ رِّزۡقِ اللّٰهِ وَلَا تَعۡثَوۡا فِى الۡاَرۡضِ مُفۡسِدِيۡنَ ﴿٦٠﴾

(၆၀) ထို့ပြင် တစ်ခါတွင် (တမန်တော်)မူစာသည် ၎င်း၏အမျိုးသားများအတွက် သောက်ရေကို (ငါအရှင့်ထံ) တောင်းခံခဲ့သည်။ သို့ဖြစ်ရာ ငါအရှင်က

မိန့်ကြားတော်မူခဲ့သည်- အသင်(တမန်တော်)သည် အသင်၏တောင်ဝှေးဖြင့် ကျောက်တုံးကို ရိုက်လိုက်ပါ။ ထိုအခါ ၎င်း(ကျောက်တုံး)မှ စမ်းရေချောင်း၁၂ခု ပန်းထွက်❻ လာခဲ့သည်။ လူအုပ်စုတိုင်းသည် သူတို့၏သောက်သုံးရာနေရာကို သိရှိခဲ့ကြသည်။ (ထိုအခါ အရှင်မြတ်က မိန့်ကြားတော်မူသည်) အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ စားနပ်ရိက္ခာများကို စားကြသောက်ကြပါ။ ထို့နောက် ကမ္ဘာမြေပေါ်တွင် ဖျက်ဆီးသူများအဖြစ် ဆူပူသောင်းကျန်းခြင်းမပြုကြနှင့်။

❻ စမ်းချောင်း၁၂ခုပန်းထွက်ခြင်းဟာ အလ္လာဟ်အရှင်မြတ်ရဲ့တန်ခိုးတော်ကို တမန်တော်မူစာ عليه السلام ရဲ့ လက်ကနေ ထင်ရှားစေခဲ့ခြင်းဖြစ်တယ်။ သဲကန္တာရကွင်းပြင်ထဲမှာ အစ္စရာအီလ်မျိုးနွယ်အုပ်စု ၁၂စုဟာ ရေဆာလောင်တဲ့အတွက် တမန်တော်မူစာ عليه السلام ကို တောင်းခိုင်းတဲ့အပေါ်မှာ အရှင်မြတ်က အုပ်စုတစ်စုစီတစ်စုစီအတွက် စမ်းရေချောင်းတစ်ခုစီ စုစုပေါင်း ၁၂ ခု ထုတ်ပေးခဲ့ခြင်းဖြစ်တယ်။ (အာစာနိသဒ်ရ်ဂျုမဟ်)

وَاِذۡ قُلۡتُمۡ يٰمُوۡسٰى لَنۡ نَّصۡبِرَ عَلٰى طَعَامٍ وَّاحِدٍ فَادۡعُ لَنَا رَبَّكَ يُخۡرِجۡ لَنَا مِمَّا تُنۡۢبِتُ الۡاَرۡضُ مِنۡۢ بَقۡلِهَا وَقِثَّـآئِهَا وَفُوۡمِهَا وَعَدَسِهَا وَبَصَلِهَا ‌ؕ قَالَ اَتَسۡتَبۡدِلُوۡنَ الَّذِىۡ هُوَ اَدۡنٰى بِالَّذِىۡ هُوَ خَيۡرٌ‌ ؕ اِهۡبِطُوۡا مِصۡرًا فَاِنَّ لَـكُمۡ مَّا سَاَلۡتُمۡ‌ ؕ وَضُرِبَتۡ عَلَيۡهِمُ الذِّلَّةُ وَالۡمَسۡكَنَةُ وَبَآءُوۡ بِغَضَبٍ مِّنَ اللّٰهِ‌ ؕ ذٰلِكَ بِاَنَّهُمۡ كَانُوۡا يَكۡفُرُوۡنَ بِاٰيٰتِ اللّٰهِ وَيَقۡتُلُوۡنَ النَّبِيّٖنَ بِغَيۡرِ الۡحَـقِّ‌ ؕ ذٰلِكَ بِمَا عَصَوْا وَّكَانُوۡا يَعۡتَدُوۡنَ ﴿٦١﴾

(၆၁) ထို့ပြင် တစ်ခါတွင် အသင်တို့က ပြောဆိုခဲ့ကြသည်- "အို-(တမန်တော်)မူစာ၊ ကျွန်တော်တို့သည် အစားအစာ တစ်မျိုးတည်း(စားနေရခြင်း) အပေါ်တွင် လုံးဝ သည်းမခံနိုင်တော့ပါ။ သို့ဖြစ်ရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ထံတွင် ကျွန်ုပ်တို့အတွက် ဆုတောင်းပေးပါ၊ အရှင်မြတ်သည် ကျွန်ုပ်တို့အတွက် မြေမှပေါက်ရောက်သည့်ဟင်းသီးဟင်းရွက်များ၊ သခွားသီးများ၊ ဂျုံများ၊ ပဲနီလေးများနှင့် ကြက်သွန်နီများကို ပေါက်ရောက်စေရန် (ဆုတောင်းပေးပါ)။" ၎င်း(တမန်တော်မူစာ)က ပြောဆိုခဲ့သည်-"အသင်တို့သည် အလွန်ကောင်းသော စားနပ်ရိက္ခာများကို အလွန်ညံ့သော စားနပ်ရိက္ခာများနှင့် လဲလှယ်လိုကြသလော။ (သို့ဖြစ်လျှင်) အသင်တို့သည် မြို့တစ်မြို့သို့ ဝင်ရောက်နေထိုင်လိုက်ကြပါ၊ ထို(မြို့)အထဲတွင် အမှန်ပင် အသင်တို့တောင်းသည်များကိုရလိမ့်မည်။"❶ ထို့ပြင် သူတို့အပေါ်၌ သေးသိမ်မှုနှင့် ဆင်းရဲမှုသည် (အမြဲ)အတည်ဖြစ်သွားခဲ့သည်။ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏အမျက်တော်စူးရှမှုဖြင့် (ခံစားခဲ့ရလျက်) ပြန်လှည့်လာကြရတော့သည်။ ထိုသို့(သေးသိမ်မှုနှင့် အမျက်

တော်စူးရှမှုတို့)ဖြစ်ရသည်မှာ သူတို့သည် အလ္လာဟ်အရှင်မြတ်၏တရားဒေသနာတော်များကို ငြင်းပယ်နေခဲ့ကြပြီး တမန်တော်များကို မတရားသတ်ဖြတ်နေခဲ့ကြခြင်းကြောင့်[၆] ဖြစ်သည်။ ၎င်း(သေးသိမ်မှုနှင့် အမျက်တော်စူးရှမှုတို့)သည် သူတို့၏သွေဖည်မှုနှင့် စည်းဖောက်ခဲ့မှုများကြောင့်ဖြစ်သည်။

၅ အစ္စရာအီလ်မျိုးနွယ်တွေဟာ သီဟ်ဆိုတဲ့ ကွင်းပြင်ကြီးထဲမှာ နှစ်ပေါင်း ၄၀ကြာ တဝဲလည်လည် ဖြစ်နေခဲ့ကြရတယ်။ ရေဆာလို့ အရှင်မြတ်က စမ်းရေချောင်းတွေ ထုတ်ပေးခဲ့တယ်။ အရိပ်မရှိလို့ မိုးတိမ်တွေကို အရိပ်အဖြစ်မိုးပေးခဲ့တယ်။ အစားအစာမရှိလို့ "မန်း" ဆိုတဲ့ နှင်းမုန့်နဲ့ "စလ်ဝါ" ဆိုတဲ့ ငုံးသတ္တဝါတစ်မျိုးကို ချပေးတော်မူခဲ့တယ်။ အဲဒီလို အရှင်မြတ်က အရှင်မြတ်ရဲ့ကျေးဇူးတော်တွေကို ပြနေတဲ့ကြားထဲက အစ္စရာအီလ်လူမျိုးတွေဟာ အရှင်မြတ်ချပေးနေတဲ့ အစားအစာတွေကို စားနေရတာ ငြီးငွေ့နေပြီလို့ ပြောပြီးကျေးဇူးကန်းခဲ့ကြတယ်။ ကြိုးစားရှာဖွေရခြင်းမပြုရဘဲ ရရှိတဲ့ အစားအစာတွေကို မတင်းတိမ်တဲ့အတွက် ကြိုးစားရှာဖွေရတဲ့ အစားအစာတွေကိုရရှိဖို့ မြို့ထဲရွာထဲဝင်ကာ ထွန်ယက်စိုက်ပျိုးခိုင်းခဲ့ခြင်းဖြစ်တယ်။ ဒုက္ခပင်ပန်းမှုမရှိဘဲ ရရှိတဲ့ အရှင့်ကျေးဇူးကိုကန်းတဲ့ အတွက် ပင်ပန်းကြီးစွာ ဒုက္ခခံပြီး ကြိုးစားမှ အသင်တို့လိုချင်တာတွေ စားရတော့မယ်လို့ သတိပေးကာ အမိန့်ရှိလိုက် ခြင်းဖြစ်တယ်။ (အာစာနုလ်သရာဂျမဟ်) ၆ အစ္စရာအီလ်မျိုးနွယ်ထဲမှာ တမန်တော်ထောင်ပေါင်းများစွာ ပွင့်ပေါ်ခဲ့တယ်။ တမန်တော်အမြောက်အမြားကို အစ္စရာအီလ်လူမျိုးတွေက မတရားသတ်ဖြတ်ပစ်ခဲ့ကြတယ်။ အရှင်မြတ်ရဲ့အာယသ်တော် တရားဒေသနာတွေကိုလည်း ငြင်းပယ်ခဲ့ကြတယ်။ အဲဒါကြောင့် အရှင်မြတ်ရဲ့အမျက်တော်စူးရှမှုကို ခံခဲ့ကြရခြင်းဖြစ်တယ်။

(အိဗ်နုကဆီးရ်)

إِنَّ الَّذِينَ آمَنُوا وَالَّذِينَ هَادُوا وَالنَّصَارَىٰ وَالصَّابِئِينَ مَنْ آمَنَ بِاللَّهِ وَالْيَوْمِ الْآخِرِ وَعَمِلَ صَالِحًا فَلَهُمْ أَجْرُهُمْ عِندَ رَبِّهِمْ وَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿٦٢﴾

(၆၂) အမှန်မုချ အီမာန်ယုံကြည်ကြသောမုအ်မင်န်များ[၁]၊ ယဟူဒီများ[၂]၊ နတ်စ္စရာနီများ[၃] နှင့် စွာဗိအီများ၊[၄] (၎င်းတို့ထဲမှ) မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ပြီး ကောင်းမြတ်သည့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့လျှင် သူတို့အတွက် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် ကုသိုလ်အကျိုး (အဆင်သင့်)ရှိသည်။ ၎င်းပြင် သူတို့အပေါ်တွင် မည်သည့်စိုးရိမ်စရာမျှလည်းမရှိသည့်အပြင် သူတို့သည် ဝမ်းနည်းပူဆွေးကြရမည်လည်း မဟုတ်ပေ။

၁ အီမာန်ယုံကြည်ပြီး အစ္စလာမ်သာသနာထဲဝင်ခဲ့သူများ။ (အသ်သဖ်စီရွလ်မုယတ်စရ်)
၂ တမန်တော်မူစာ عليه السلام ရဲ့နောက်လိုက်သားကို ယဟူဒီလို့ခေါ်တယ်။ ယဟူဒီရဲ့အများကိန်းမှာ ယဟူဒ်ဖြစ်တယ်။ (ဟာရှိယဟ် ဂျလာလိုင်န်) ၃ တမန်တော်အီစာ عليه السلام ရဲ့နောက်လိုက်သားကို နတ်စ္စရာနီလို့ခေါ်တယ်။ နတ်စ္စရာနီရဲ့အများကိန်းမှာ နစွာရာ ဖြစ်တယ်။ အီစာအီတွေလို့လည်း ခေါ်တယ်။ (ဟာရှိယဟ် ဂျလာလိုင်န်) ၄ စွာဗိအီဆိုတာ ကြယ်တာရာတွေကို ကိုးကွယ်တဲ့သူတွေ၊ ကောင်းကင်

တမန်တွေကို ကိုးကွယ်သူတွေနဲ့ ဘာသာမဲ့တွေကို ဆိုလိုတယ်။ (ဟာရှိယဟ် ဂျလာလိုင်န်)

وَإِذْ أَخَذْنَا مِيثَاقَكُمْ وَرَفَعْنَا فَوْقَكُمُ الطُّورَ خُذُوا مَا آتَيْنَاكُم بِقُوَّةٍ وَاذْكُرُوا مَا فِيهِ لَعَلَّكُمْ تَتَّقُونَ ﴿٦٣﴾

(၆၃)ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် အသင်တို့အပေါ် "သွူရ်" တောင်❶ကိုပင့်မလျက် အသင်တို့ထံမှ ကတိဝန်ခံချက်ကို ရယူတော်မူခဲ့သည်။ (၎င်းနောက် ငါအရှင်မြတ်က မိန့်ကြားတော်မူခဲ့သည်-) "အသင်တို့သည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများ ဖြစ်ကြရန်အတွက် ငါအရှင် အသင်တို့အား ပေးသနားတော်မူခဲ့သောအရာ (သောင်ရာသ်ကျမ်းတော်)ကို စွဲမြဲစွာ ကိုင်ထားကြပါ။ ၎င်းပြင် ထို(ကျမ်း)ထဲ၌ရှိသော တရားတော်များကိုလည်း သတိရကြပါ။"

❶ ယဟူဒီတွေဟာ သူတို့အပေါ်ချပေးခြင်းခံရတဲ့ သောင်ရာသ်ကျမ်းထဲက အမိန့်ပညတ်ချက်တွေကို မလိုက်နာနိုင်ဘူးလို့ ပြောဆိုကြတဲ့အတွက် အရှင်မြတ်က သွူရ်တောင်ကို သူတို့အပေါ် ပင့်မပြီး မလိုက်နာရင် ဖိသတ်မယ်လို့ ခြိမ်းခြောက်လိုက်တဲ့အပေါ်မှာ သူတို့က လိုက်နာပါတော့မယ်ဆိုတဲ့ ကတိဝန်ခံချက်ပေးခဲ့ကြခြင်း ဖြစ်တယ်။ (ဂျလာလိုင်န်၊ ဟာရှိယာ စွာဝီ၊ ဟာရှိယာဂျမလ်)

ثُمَّ تَوَلَّيْتُم مِّن بَعْدِ ذَٰلِكَ فَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُ لَكُنتُم مِّنَ الْخَاسِرِينَ ﴿٦٤﴾

(၆၄) ၎င်းနောက် အသင်တို့သည် ထို(ကတိဝန်ခံချက်ပေးပြီး)နောက်မှ (ကုဖ်ရ်ဘက်သို့) နောက်ကြောင်းပြန်လှည့်သွားခဲ့ကြသည်။ ထို့ပြင် အကယ်၍သာ အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်နှင့် သနားကရုဏာတော်သည် အသင်တို့အပေါ်၌ မရှိခဲ့လျှင် အမှန်မုချ အသင်တို့သည် ဆုံးရှုံးသူများထဲမှဖြစ်ခဲ့ကြလိမ့်မည်။

وَلَقَدْ عَلِمْتُمُ الَّذِينَ اعْتَدَوْا مِنكُمْ فِي السَّبْتِ فَقُلْنَا لَهُمْ كُونُوا قِرَدَةً خَاسِئِينَ ﴿٦٥﴾

(၆၅) ထို့ပြင် အသင်တို့ထဲမှ စနေ(ဥပုသ်)နေ့❻နှင့် ပတ်သက်၍ ဖောက်ဖျက်ကျူးလွန်ခဲ့ကြသူများအား ငါအရှင်မြတ်က "အသင်တို့သည် ယုတ်ညံ့သော မျောက်တိရစ္ဆာန်များဖြစ်ကြလော့"ဟူ၍မိန့်ကြားတော်မူခဲ့သည်ကို အမှန်စင်စစ် အသင်တို့ အသိပင်ဖြစ်ခဲ့ကြသည်။

❻ ယဟူဒီဘာသာမှာ စနေနေ့ကို ဥပုသ်နေ့အဖြစ် သတ်မှတ်ထားပြီး အဲဒီနေ့မှာ ငါးမဖမ်းရ၊ အလုပ်အကိုင်မလုပ်ရလို့ သတ်မှတ်ထားတယ်။ အဲဒီနေ့မှာ ငါးတွေဟာရေပေါ်ကိုပေါ်နေပြီး ကျန်နေ့တွေမှာ ငါးတွေမပေါ်တဲ့အတွက် ငါးမရတော့တဲ့နောက်ဆုံး သူတို့ဟာ ဥပုသ်နေ့မှာ ကြံစည်မှုပြုကြတယ်။ စနေနေ့မှာ ကျင်းတူးပြီး ငါးတွေကို ထောင်ထားလိုက်ကြတယ်။ တနင်္ဂနွေနေ့ကျမှ အဲဒီငါးတွေကို ဖမ်းလိုက်ကြတယ်။ အဲဒီလို လိမ်လည်ကျူးလွန်မှုကြောင့် အရှင်မြတ်က သူတို့ကို မျောက်ဖြစ်အောင် ပြုလုပ်တော်မူလိုက်တယ်။ (အာစားန်သရ်ဂျမဟ်)

فَجَعَلْنٰهَا نَكَالًا لِّمَا بَيْنَ يَدَيْهَا وَمَا خَلْفَهَا وَمَوْعِظَةً لِّلْمُتَّقِيْنَ ﴿٦٦﴾

(၆၆) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့၏ခေတ်တွင် ရှိခဲ့ကြသူများနှင့် ၎င်းတို့၏ နောင်လာနောက်သားများအတွက် ၎င်း(အဖြစ်အပျက်)ကို သတိတရား ရယူစရာအဖြစ်နှင့် ကြောက်ရွံ့ အပြစ်ရှောင် ကောင်းကျိုးဆောင်သူများအတွက် ဆုံးမသြဝါဒအဖြစ် ပြုတော်မူခဲ့သည်။

وَاِذْ قَالَ مُوْسٰى لِقَوْمِهٖٓ اِنَّ اللّٰهَ يَاْمُرُكُمْ اَنْ تَذْبَحُوْا بَقَرَةً ؕ قَالُوْٓا اَتَتَّخِذُنَا هُزُوًا ؕ قَالَ اَعُوْذُ بِاللّٰهِ اَنْ اَكُوْنَ مِنَ الْجٰهِلِيْنَ ﴿٦٧﴾

(၆၇) ထို့ပြင် တစ်ခါတွင် (တမန်တော်)မူစာသည် ၎င်း၏အမျိုးသားများအား ပြောဆိုခဲ့သည်- အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား နွားမတစ်ကောင် လှီးဖြတ်ရန်❼ အမိန့်ပေးတော်မူသည်။ သူတို့ကပြောဆိုမေးမြန်းခဲ့ကြသည်- "အသင်(တမန်တော်)သည် ကျွန်ုပ်တို့အား ပြက်ရယ်ပြောင်လှောင်မှု ပြုလုပ်သည်လော။" ၎င်း(တမန်တော်မူစာ)က ပြောဆိုဖြေကြားခဲ့သည်- ငါသည် အသိအလိမ္မာကင်းမဲ့သူများထဲတွင် အပါအဝင်မဖြစ်ရန် အလ္လာဟ်အရှင်မြတ်ထံ၌ ခိုလှုံပါ၏။

❼ အစ္စရာအီလ်မျိုးနွယ်ထဲမှာ လူသတ်မှုတစ်ခုဖြစ်ခဲ့ပြီး တရားခံမပေါ်တဲ့အခါ နွားတစ်ကောင်ကို သတ်ခိုင်းပြီး အဲဒီနွားရဲ့အသားနဲ့ လူသေကို တို့ထိစေတဲ့အခါ အရှင့်အမိန့်နဲ့ လူသေဟာ အသက်ဝင်လာကာ သူ့ကို သတ်တဲ့သူကို ပြောပြပြီး ပြန်သေသွားခဲ့တဲ့ ဖြစ်ရပ်ထူးရှိခဲ့တယ်။ အဲဒီဖြစ်ရပ်ကို ညွှန်းဆိုပြီး အမိန့်ရှိနေခြင်းဖြစ်တယ်။ (အာစားန်သင်ရိဂျမဟ်)

قَالُوا ادْعُ لَنَا رَبَّكَ يُبَيِّنْ لَّنَا مَا هِيَ ؕ قَالَ اِنَّهٗ يَقُوْلُ اِنَّهَا بَقَرَةٌ لَّا فَارِضٌ وَّلَا بِكْرٌ ؕ عَوَانٌۢ بَيْنَ ذٰلِكَ ؕ فَافْعَلُوْا مَا تُؤْمَرُوْنَ ﴿٦٨﴾

(၆၈) ၎င်း(အမျိုးသား)တို့က ပြောဆိုခဲ့ကြသည်၊ (အို-တမန်တော်မူစာ) အသင်သည် ကျွန်ုပ်တို့အတွက် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတွင် ၎င်း(နွားမ)သည် မည်သို့(နွားမ)ဖြစ်သည်ကို ကျွန်ုပ်တို့အား ရှင်းလင်းဖော်ပြပေးရန် တောင်းခံပေးပါ။ ၎င်း(တမန်တော်မူစာ)က ပြောခဲ့သည်- အမှန်ပင် အရှင်မြတ်က အမိန့်ရှိတော်မူသည်-အမှန်မုချ ထိုနွားမသည် အိုသည့်နွားမလည်းမဟုတ်၊ ပျိုသည့်နွားမတမ်းလည်းမဟုတ်ဘဲ ထိုအရာ(နှစ်ခု)ကြားတွင် အလယ်အလတ်စားဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် အသင်တို့အမိန့်ပေးခံရသည့်အရာကို ပြုလုပ်ဆောင်ရွက်ကြပါ။

قَالُوا ادۡعُ لَنَا رَبَّكَ يُبَيِّنۡ لَّنَا مَا لَوۡنُهَا ؕ قَالَ اِنَّهٗ يَقُوۡلُ اِنَّهَا بَقَرَةٌ صَفۡرَآءُ ۙ فَاقِعٌ لَّوۡنُهَا تَسُرُّ النّٰظِرِيۡنَ ﴿٦٩﴾

(၆၉) သူတို့က ပြောဆိုခဲ့ကြသည်-(အို-တမန်တော်မူစာ) အသင်သည် ကျွန်ုပ်တို့အတွက် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတွင် ၎င်းနွားမ၏အသွေးအရောင်သည် မည်သို့ ဖြစ်သည်ကို ကျွန်ုပ်တို့အား ရှင်းလင်းဖော်ပြပေးရန် တောင်းခံပေးပါ။ ၎င်း(တမန်တော်မူစာ)က ပြောခဲ့သည်- အမှန်ပင် အရှင်မြတ်က အမိန့်ရှိတော်မူသည်- အမှန်မုချ ထိုနွားမသည် ကြည့်ရှုသူများအား စိတ်ကြည်နူးစေသည့်အဝါရင့်ရောင် ဖြစ်သည်။

قَالُوا ادۡعُ لَنَا رَبَّكَ يُبَيِّنۡ لَّنَا مَا هِىَ ۙ اِنَّ الۡبَقَرَ تَشٰبَهَ عَلَيۡنَا ؕ وَاِنَّاۤ اِنۡ شَآءَ اللّٰهُ لَمُهۡتَدُوۡنَ ﴿٧٠﴾

(၇၀) သူတို့က(ထပ်မံ) ပြောဆိုခဲ့ကြသည်- (အို-တမန်တော်မူစာ) အသင်သည် ကျွန်ုပ်တို့အတွက် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတွင် ၎င်း(နွားမ)သည် မည်သို့(နွားမ)ဖြစ်သည်ကို ကျွန်ုပ်တို့အား ရှင်းလင်းဖော်ပြပေးရန် တောင်းခံပေးပါ။ အမှန်ပင် နွားများသည် ကျွန်ုပ်တို့၏အမြင်တွင် ရုပ်ဆင်းသဏ္ဌာန် ဆင်တူယိုးမှားဖြစ်နေသည့်အတွက်ကြောင့် ဖြစ်ပါသည်။ ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူခဲ့ပါလျှင် ကျွန်ုပ်တို့သည် လမ်းမှန်ကို အမှန်ပင် တွေ့ရှိသူများဖြစ်ကြပါလိမ့်မည်။

قَالَ اِنَّهٗ يَقُوۡلُ اِنَّهَا بَقَرَةٌ لَّا ذَلُوۡلٌ تُثِيۡرُ الۡاَرۡضَ وَلَا تَسۡقِى الۡحَرۡثَ ۚ مُسَلَّمَةٌ لَّا شِيَةَ فِيۡهَا ؕ قَالُوا الۡـٰٔنَ جِئۡتَ بِالۡحَـقِّ ؕ فَذَبَحُوۡهَا وَمَا كَادُوۡا يَفۡعَلُوۡنَ ﴿٧١﴾

(၇၁) ၎င်း(တမန်တော်မူစာ)က ပြောခဲ့သည်- အမှန်ပင် အရှင်မြတ်က အမိန့်ရှိတော်မူသည်- အမှန်မုချ ထိုနွားမသည် လယ်မြေ၌ ထွန်ယက်သည့် ခိုင်းနွားမျိုးလည်းမဟုတ်ရပေ။ ထို့ပြင် (ရေတွင်းမှ ရေသယ်၍) လယ်ယာမြေထဲသို့ ရေသွင်းသည့် နွားမျိုးလည်း မဟုတ်ရပေ။ အပြစ်ကင်းစင်ပြီး ၎င်းထဲ၌ မှည့်အစွန်းအထင်း အရောင်ရောခြင်းလည်းမရှိသည့်နွားမမျိုး ဖြစ်ရမည်။ (ထိုအခါ) သူတို့က ပြောခဲ့ကြသည်- ယခုမှပင် အသင်(တမန်တော်)သည် မှန်ကန်ရှင်းလင်းစွာ ဖော်ပြလိုက်သည်။ ၎င်းနောက် သူတို့သည် (ထိုအမိန့်ကို) လိုက်နာရန် နီးစပ်မှုမရှိခဲ့ကြပါဘဲလျက် (မတတ်သာသည့်အဆုံး)❶ နွားမကို ဇဗဟ်လုပ်လှီးဖြတ်ခဲ့လိုက်ကြသည်။

❶ နွားမတစ်ကောင်ကို ဇဗဟ်လှီးဖြတ်ဖို့ အရှင်မြတ်ကအမိန့်ပေးတော်မူကတည်းက ဘယ်နွားမ

ကိုမဆို ဇဗဟ်လုပ်လိုက်ရင် လွယ်လွယ်နဲ့ပဲ ပြီးမြောက်သွားခဲ့မှာဖြစ်တယ်။ ဒါပေမဲ့ သူတို့ဟာ အသေးစိတ်စောဒကတက်မေးမြန်းပြီး ခက်ခဲအောင်လုပ်တဲ့အပေါ်မှာ အရှင်မြတ်ကလည်း ခက်ခဲစေလိုက်တော့တယ်။ အဲဒီဖော်ပြထားတဲ့အရည်အချင်းတွေနဲ့ တူတဲ့နွားမကို မရမကရှာဖွေပြီး ဇဗဟ်လုပ်ရတော့တယ်။ (အာစားန်သရ်ဂျုမဟ်)

وَاِذۡ قَتَلۡتُمۡ نَفۡسًا فَادّٰرَءۡتُمۡ فِيۡهَا ‌ؕ وَاللّٰهُ مُخۡرِجٌ مَّا كُنۡتُمۡ تَكۡتُمُوۡنَ ﴿٧٢﴾

(၇၂) ထို့ပြင် တစ်ခါတွင် အသင်တို့သည် လူတစ်ဦးအား သတ်ခဲ့ပြီးနောက် ၎င်း(လူသတ်မှု)နှင့် ပတ်သက်၍ အသင်တို့အချင်းချင်း တစ်ဦးကိုတစ်ဦး စွပ်စွဲခဲ့ကြသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ထိမ်ချန်လျှို့ဝှက်ထားသည့်ကိစ္စကို ဖွင့်ထုတ်ဖော်ပြမည့်အရှင် ဖြစ်တော်မူသည်။

فَقُلۡنَا اضۡرِبُوۡهُ بِبَعۡضِهَا ‌ؕ كَذٰلِكَ يُحۡىِ اللّٰهُ الۡمَوۡتٰى ۙ وَيُرِيۡكُمۡ اٰيٰتِهٖ لَعَلَّكُمۡ تَعۡقِلُوۡنَ ﴿٧٣﴾

(၇၃) ထို့နောက် ငါအရှင်မြတ်သည် မိန့်ကြားတော်မူခဲ့သည်- အသင်တို့သည် ထိုသူ(သေ)ကို ထို(နွားမ)၏အချို့(အစိတ်အပိုင်း)ဖြင့် ရိုက်ခတ်လိုက်ကြပါ။ အလ္လာဟ်အရှင်မြတ်သည် ထိုကဲ့သို့ပင် သေသူများကို ရှင်စေတော်မူမည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့နားလည်ကြရန်အတွက် အရှင်မြတ်၏ သက်သေလက္ခဏာများကို အသင်တို့အား ပြသတော်မူသည်။ [၂]

[၂] ကိယာမသ်နေ့မှာ သူသေတွေကို ပြန်လည်ရှင်ပြန်ထအောင်လုပ်နိုင်ကြောင်း ယုံကြည်နိုင်အောင် နမူနာတွေပြသထားတယ်။ ثُمَّ بَعَثۡنٰكُمۡ مِّنۡۢ بَعۡدِ مَوۡتِكُمۡ အာယသ် (၅၆)မှာ မိုးကြိုးပစ်ခံရပြီး သေသူတွေကို ရှင်အောင်လုပ်ပြခဲ့တာ လွန်ခဲ့ပြီ။ (အိဗ်နုကဆီးရ်)

ثُمَّ قَسَتۡ قُلُوۡبُكُمۡ مِّنۡۢ بَعۡدِ ذٰلِكَ فَهِىَ كَالۡحِجَارَةِ اَوۡ اَشَدُّ قَسۡوَةً ‌ؕ وَاِنَّ مِنَ الۡحِجَارَةِ لَمَا يَتَفَجَّرُ مِنۡهُ الۡاَنۡهٰرُ ‌ؕ وَاِنَّ مِنۡهَا لَمَا يَشَّقَّقُ فَيَخۡرُجُ مِنۡهُ الۡمَآءُ ‌ؕ وَاِنَّ مِنۡهَا لَمَا يَهۡبِطُ مِنۡ خَشۡيَةِ اللّٰهِ ‌ؕ وَمَا اللّٰهُ بِغَافِلٍ عَمَّا تَعۡمَلُوۡنَ ﴿٧٤﴾

(၇၄) ထို့နောက် အသင်တို့၏ စိတ်နှလုံးများသည် ထို(ကဲ့သို့ အရှင်မြတ်၏ နက်ရှိုင်းဆန်းကြယ်သော တန်ခိုးတော်များကို တွေ့မြင်ခဲ့ရပြီး)နောက်လည်း ခက်ထန်မာကျောလာခဲ့သည်။[၃] ထို့ပြင် ၎င်း(စိတ်နှလုံး)တို့သည် ကျောက်ဆောင်များကဲ့သို့ ဖြစ်ခဲ့သည်သာမက ထို(ကျောက်ဆောင်များ)ထက်ပင် ပိုမိုပြင်းထန်မာကျောပေသည်။ (အဘယ်ကြောင့်ဆိုသော်) ကျောက်ဆောင်များထဲတွင် စမ်းရေချောင်းများ စီးထွက်လာသည့် ကျောက်ဆောင်များလည်း အမှန်မုချရှိသည်။ ထို့ပြင် ၎င်း(ကျောက်ဆောင်များ)ထဲတွင် အက်ကွဲပြီး ၎င်းထဲမှ ရေပန်းထွက်လာသည့်ကျောက်ဆောင်များလည်း အမှန်ပင်ရှိသည်။ ထို့ပြင် ထို(ကျောက်

ဆောင်များ)ထဲတွင် အလ္လာဟ်အရှင်မြတ်အား ကြောက်ပြီး နိမ့်ဆင်းလာသည့် ကျောက်ဆောင်များလည်း အမှန်ပင်ရှိသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်ကြသည့်ကိစ္စများကို မေ့လျော့နေတော်မူသောအရှင် မဟုတ်ပေ။

❸ မုအ်မင်န်တွေကို ယဟူဒီတွေလို စိတ်နလုံးမာကျောမှုမဖြစ်ဖို့ အခုလို ဆုံးမထားတော်မူတယ် - وَلَا يَكُونُوا كَالَّذِينَ أُوتُوا الْكِتَابَ مِن قَبْلُ فَطَالَ عَلَيْهِمُ الْأَمَدُ فَقَسَتْ قُلُوبُهُمْ (ကုရ်အာန် - ၅၇း၁၆)

أَفَتَطْمَعُونَ أَن يُؤْمِنُوا لَكُمْ وَقَدْ كَانَ فَرِيقٌ مِّنْهُمْ يَسْمَعُونَ كَلَامَ اللَّهِ ثُمَّ يُحَرِّفُونَهُ مِن بَعْدِ مَا عَقَلُوهُ وَهُمْ يَعْلَمُونَ ﴿٧٥﴾

(၇၅) ထို့ပြင် ၎င်း(ယဟူဒီ)တို့သည် အသင်တို့(၏ပြောဆိုမှု)အပေါ် အီမာန်ယုံကြည်ကြလိမ့်မည်ဟု အသင်(မုအ်မင်န်)တို့ မျှော်လင့်တောင့်တနေကြသလော။ ထို့ပြင် အမှန်စင်စစ် သူတို့အထဲတွင် အလ္လာဟ်အရှင်မြတ်၏စကားတော်များကို ကြားနာကြသည့်အုပ်စုတစ်စုရှိခဲ့သည်။ ထို့နောက် သူတို့သည် ၎င်း(စကားတော်များ)ကို သိကျွမ်းနားလည်ပြီးနောက်မှ သိလျက်နှင့် (မိမိတို့၏အလိုကျ) ပြုပြင်ပြောင်းလဲခဲ့ကြသည်။❻

❻ ယဟူဒီတွေဟာ သူတို့ရဲ့ကျမ်းကို ပြုပြင်ပြောင်းလဲကြသလို မွတ်စ်လင်မ်တွေဟာ သူတို့ရဲ့ ကုရ်အာန်ကျမ်းတော်ကို မပြောင်းလဲကြဖို့ သင်ခန်းစာ ပြထားတာဖြစ်တယ်။

(သိုင်စီရ်ွလ်ကရီမိရ်ရဟ်မာန်၊ အဲသဲသဖ်စီရ်ွလ်မုယတ်စ်ရ်)

وَإِذَا لَقُوا الَّذِينَ آمَنُوا قَالُوا آمَنَّا وَإِذَا خَلَا بَعْضُهُمْ إِلَىٰ بَعْضٍ قَالُوا أَتُحَدِّثُونَهُم بِمَا فَتَحَ اللَّهُ عَلَيْكُمْ لِيُحَاجُّوكُم بِهِ عِندَ رَبِّكُمْ أَفَلَا تَعْقِلُونَ ﴿٧٦﴾

(၇၆) ထို့ပြင် ၎င်း(ယဟူဒီ)တို့သည် အီမာန်ယုံကြည်သူများနှင့် တွေ့သည့်အခါ (အယောင်ဆောင်ပြီး) ကျွန်ုပ်တို့လည်း (တရားတော်များကို) ယုံကြည်ကြပါသည်ဟု ပြောဆိုကြသည်။ ၎င်းပြင် သူတို့ထဲမှ အချို့သည် အချို့နှင့် သီးသန့်တွေ့သည့်အခါ (ယခုကဲ့သို့)ပြောဆိုကြသည်- အသင်တို့သည် အလ္လာဟ်အရှင်မြတ်က အသင်တို့ကို ဖွင့်ပြတော်မူခဲ့သော အကြင်အကြောင်းအရာများ❼ နှင့် ပတ်သက်၍ ၎င်း(မုအ်မင်န်)တို့ကို ပြောပြကြသလော။ သူတို့သည် ထိုအကြောင်းအရာများကို အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ထံတော်ပါးတွင် အသင်တို့နှင့်ဆန့်ကျင်ပြီး အထောက်အထားအဖြစ် တင်ပြကာ ငြင်းခုံကြလိမ့်မည်။ သို့ဖြစ်ရာ အသင်တို့သည် (ဤမျှပင်) အသိမရှိကြပါသလော။

❼ သောင်ရာသ်ကျမ်းထဲမှာ ဖော်ပြထားတဲ့ တမန်တော်မြတ် ﷺ ရဲ့ ဂုဏ်သတင်းအကြောင်းအရာတွေဖြစ်တယ်။ (အာစားန်သရ်ဂျမ်ဟ်)

أَوَلَا يَعْلَمُونَ أَنَّ اللَّهَ يَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ ﴿٧٧﴾

(၇၇) ထို့ပြင် အမှန်မုချအလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ တိတ်ဆိတ်စွာ လျှို့ဝှက်ထားသောအရာများနှင့် ပွင့်လင်းစွာ ထုတ်ဖော်သည့်အရာများကို သိရှိတော်မူသည်ကို ၎င်းတို့မသိကြလေသလော။

وَمِنْهُمْ أُمِّيُّونَ لَا يَعْلَمُونَ الْكِتَابَ إِلَّا أَمَانِيَّ وَإِنْ هُمْ إِلَّا يَظُنُّونَ ﴿٧٨﴾

(၇၈) ထို့ပြင် ထို(ယဟူဒီများ)ထဲတွင် စာပေကျမ်းဂန် မတတ်ကျွမ်းသူများလည်း ရှိကြသည်။ ထိုသူများသည် လုပ်ကြံပြောဆိုထားသော သတင်းစကားများ❶မှလွဲ၍ ကျမ်းဂန်ကို မသိနားမလည်ကြပေ။ ထို့ပြင် သူတို့သည် ထင်မြင်ယူဆနေကြသည်မှလွဲ၍ အခြားမည်သည့်အရာမျှ မဟုတ်ပေ။

❶ أَمَانِيَّ ကို တချို့က အကြီးအကဲတွေထံက ဆင်းသက်လာတဲ့ မုသားစကားတွေ၊ တချို့က အခြေအမြစ်မရှိတဲ့စကားတွေ၊ တချို့က ကျမ်းစာကို အဓိပ္ပာယ်မသိဘဲ အသံထွက်ပဲ ဖတ်တတ်ခြင်းလို့ ဖွင့်ဆိုကြတယ်။ (ဂျလာလိုင်န်၊ သန္တဝီရွှလ် မိက်ဗာစ်၊ သိုင်စီရုလ်ကရီမိရ် ရဟ်မာန်)။

فَوَيْلٌ لِّلَّذِينَ يَكْتُبُونَ الْكِتَابَ بِأَيْدِيهِمْ ثُمَّ يَقُولُونَ هَٰذَا مِنْ عِندِ اللَّهِ لِيَشْتَرُوا بِهِ ثَمَنًا قَلِيلًا ۖ فَوَيْلٌ لَّهُم مِّمَّا كَتَبَتْ أَيْدِيهِمْ وَوَيْلٌ لَّهُم مِّمَّا يَكْسِبُونَ ﴿٧٩﴾

(၇၉) သို့ဖြစ်ရာ ကျမ်းဂန်ကို သူတို့၏လက်များဖြင့်ရေးသားပြီး အဖိုးအခ အနည်းငယ်ဖြင့် ၎င်း(ကျမ်းကို) ရောင်းချရန် ဤ(ကျမ်း)သည် အလ္လာဟ်အရှင်မြတ်ထံမှ(ကျမ်း) ဟု(လိမ်လည်)ပြောဆိုသူများအတွက် ပျက်စီးခြင်းရှိသည်။ ၎င်းပြင် သူတို့သည် သူတို့၏လက်များဖြင့် သူတို့ရေးသားကြသည့်အတွက် ပျက်စီးကြရမည်ဖြစ်ပြီး (ထိုနည်းဖြင့်)သူတို့ရှာဖွေသောကြောင့်လည်း ပျက်စီးကြရမည်ဖြစ်ပေသည်။

وَقَالُوا لَن تَمَسَّنَا النَّارُ إِلَّا أَيَّامًا مَّعْدُودَةً ۚ قُلْ أَتَّخَذْتُمْ عِندَ اللَّهِ عَهْدًا فَلَن يُخْلِفَ اللَّهُ عَهْدَهُ ۖ أَمْ تَقُولُونَ عَلَى اللَّهِ مَا لَا تَعْلَمُونَ ﴿٨٠﴾

(၈၀) ထို့ပြင် သူတို့က ပြောဆိုကြသည်- ငရဲမီးသည် ကျွန်ုပ်တို့အား ရေတွက်ထားသောရက်အချို့မှလွဲ၍ လုံးဝထိရောက်မည်မဟုတ်ပေ။ (အို- တမန်တော်)အသင် ပြောလိုက်ပါ- အသင်တို့သည် (ဤသည်နှင့်ပတ်သက်၍)အလ္လာဟ်အရှင်မြတ်ထံမှ ကတိကဝတ် တစ်စုံတစ်ခု ရယူထားကြပါသလော။ ထိုကဲ့သို့ ရယူထားခဲ့ကြလျှင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ပြုထားသည့်ကတိကို မည်သည့်အခါမျှ ဖျက်တော်မူမည် မဟုတ်ပေ။ သို့မဟုတ် အသင်တို့သည်

အလ္လာဟ်အရှင်မြတ်အပေါ်တွင် အသင်တို့ မသိနားမလည်သည့်အရာကို (ရမ်းဆ) ပြောဆိုနေကြသည်လော။

بَلٰى مَنۡ كَسَبَ سَيِّئَةً وَّاَحَاطَتۡ بِهٖ خَطِيۡٓـــَٔتُهٗ فَاُولٰٓـئِكَ اَصۡحٰبُ النَّارِ‌ۚ هُمۡ فِيۡهَا خٰلِدُوۡنَ ﴿٨١﴾

(၈၁) (ယဟူဒီများပြောသည့်စကားသည် လုံးဝမဟုတ်ပေ။) အမှန်မှာ မည်သူမဆို မကောင်းမှုအကုသိုလ်ကို ရှာဖွေရယူမည်၊ ၎င်းနောက် သူ၏ပြစ်မှုသည် သူ့အား ဝန်းရံထားပြီဆိုလျှင် ထိုသူများသည် ငရဲသားများပင် ဖြစ်ကြသည်။ သူတို့သည် ထို(ငရဲဘုံ)ထဲတွင် အမြဲထာဝရ နေကြရမည့်သူများဖြစ်သည်။

وَالَّذِيۡنَ اٰمَنُوۡا وَعَمِلُوا الصّٰلِحٰتِ اُولٰٓـئِكَ اَصۡحٰبُ الۡجَـنَّةِ‌ۚ هُمۡ فِيۡهَا خٰلِدُوۡنَ ﴿٨٢﴾

(၈၂) ထို့ပြင် အကြင်သူတို့သည် အီမာန်ယုံကြည်၍ ကောင်းမြတ်သည့် လုပ်ရပ်များကို ပြုလုပ်ကြသည်။ ထိုသူများသည် ဂျန္နသ်သုခဘုံသားများဖြစ်ကြသည်။ သူတို့သည် ထို(ဂျန္နသ်သုခဘုံ)ထဲတွင် အမြဲနေကြရမည့်သူများ ဖြစ်ကြသည်။

وَاِذۡ اَخَذۡنَا مِيۡثَاقَ بَنِىۡٓ اِسۡرَآءِيۡلَ لَا تَعۡبُدُوۡنَ اِلَّا اللّٰهَ وَبِالۡوَالِدَيۡنِ اِحۡسَانًا وَّذِى الۡقُرۡبٰى وَ الۡيَتٰمٰى وَالۡمَسٰكِيۡنِ وَقُوۡلُوۡا لِلنَّاسِ حُسۡنًا وَّاَقِيۡمُوا الصَّلٰوةَ وَاٰتُوا الزَّکٰوةَ ؕ ثُمَّ تَوَلَّيۡتُمۡ اِلَّا قَلِيۡلًا مِّنۡكُمۡ وَاَنۡتُمۡ مُّعۡرِضُوۡنَ ﴿٨٣﴾

(၈၃) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် အစ္စရာအီလ်မျိုးနွယ်များထံမှ (ယခုကဲ့သို့)ခိုင်မာသော ကတိကဝတ် ရယူခဲ့သည်။❶ အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ (မည်သည့်အရာကိုမျှ) မကိုးကွယ်ကြရ၊ ထို့ပြင် မိဘနှစ်ပါးနှင့် ကောင်းမွန်စွာ ဆက်ဆံကြရမည်၊ ထို့ပြင် ဆွေမျိုးရင်းချာများနှင့် အဘမဲ့ကလေးများအပြင်၊ ဆင်းရဲသားများနှင့်လည်း (ကောင်းမွန်စွာဆက်ဆံကြရမည်)၊ ထို့ပြင် အသင်တို့သည် လူများကို ကောင်းမွန်စွာ ပြောဆိုကြပါ၊ စွလာသ်ဝတ်ပြုကြပါ၊ ထို့ပြင် ဇကာသ်(ဆင်းရဲသားနှင့် လိုအပ်သူများ၏ဝေစု)ကို ပေးဆောင်ကြပါ။ ထို(ကဲ့သို့ကတိပြုဝန်ခံပြီး)နောက် အသင်တို့ထဲမှ အနည်းငယ်မှလွဲ၍ (ကျန်အားလုံးသည်) မျက်နှာလွှဲကာ ပြန်လှည့်သွားကြသည်။ ထို့ပြင် အသင်တို့သည် မျက်နှာလွှဲသွေဖည်သူများသာ ဖြစ်ကြသည်။

❶ အစ္စရာအီလ်လူမျိုးတွေထံက ယူထားတဲ့ ကတိကဝတ်ပါ အချက်အလက်တွေဟာ ကျွန်တော်တို့ တမန်တော်မြတ် ﷺ ရဲ့အွမ္မသ်အုပ်စုတွေအတွက်လည်း ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်ရဲ့အခြားနေရာတွေမှာ အမိန့်ရှိထားပါတယ်။ သာဓကအနေနဲ့ပြရရင် - (၁၇း၂၃)မှာ وَقَضٰى رَبُّكَ اَلَّا تَعۡبُدُوۡۤا اِلَّاۤ اِيَّاهُ وَبِالۡوَالِدَيۡنِ اِحۡسَانًا “ ထို့ပြင် အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်က

ပြဋ္ဌာန်းတော်မူသည် - အလ္လာဟ်အရှင်မြတ်မှလွဲ၍ မည်သူ့ကိုမျှ မကိုးကွယ်ကြနှင့်၊ ၎င်းပြင် မိဘနှစ်ပါးနှင့် ကောင်းမွန်စွာဆက်ဆံကြပါ။" ဒါဟာ မိဘနှစ်ပါးနဲ့ ကောင်းကောင်းမွန်မွန် ဆက်ဆံဖို့ အရေးကြီးလွန်းလို့ အရှင်မြတ်ကို ကိုးကွယ်ခြင်းနဲ့အတူတကွ ဆက်တွဲဖော်ပြထားတာဖြစ်ပါတယ်။ အဲဒီလိုပဲ (၄း၃၆)မှာလည်း ဖော်ပြထားပါတယ် - وَاعْبُدُوا اللّٰهَ وَلَا تُشْرِكُوْا بِهٖ شَيْـًٔا وَّبِالْوَالِدَيْنِ اِحْسَانًا "ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အားကိုးကွယ်ကြပါ၊ ထို့ပြင် မည်သည့်အရာတစ်ခုကိုမျှ အရှင်မြတ်နှင့်တွဲဖက်ကိုးကွယ်ခြင်းမပြုကြနှင့်။ ၎င်းပြင် မိဘနှစ်ပါးနှင့်ကောင်းမွန်စွာဆက်ဆံကြပါ။" (၃၁း၁၄)မှာ လည်း ထပ်မံပြီး အခုလိုဖော်ပြထားပြန်ပါတယ်။ اَنِ اشْكُرْ لِیْ وَلِوَالِدَيْكَ ؕ اِلَیَّ الْمَصِیْرُ ﴿١٤﴾ "ငါအရှင်မြတ်၏ကျေးဇူးနှင့်အသင့်မိဘ၏ကျေးဇူးကို သိတတ်ကြပါ၊ ငါ့ထံကိုသာ ပြန်လှည့်လာရမည်ဖြစ်သည်။" အလ္လာဟ်အရှင်မြတ်ဟာ ကုရ်အာန်ကျမ်းတော်မြတ်ထဲမှာ မိဘနဲ့ပတ်သက်ပြီး ကောင်းကောင်းမွန်မွန် ဆက်ဆံကြဖို့ နေရာအမြောက်အမြားမှာ ကြိမ်ဖန်များစွာ မိန့်ဆိုထားပါတယ်။ ဒါကိုကြည့်တာနဲ့တင်ပဲ မိဘကို ဘယ်လောက်နေရာ ပေးထားသလဲဆိုတာ ထင်ရှားလှပါတယ်။ အရှင်မြတ်နေရာပေးထားသူတွေကို ကျွန်တော်တို့နေရာမပေးရင် ဘယ်လိုအဖြစ်ဆိုးနဲ့ ရင်ဆိုင်ရမယ်ဆိုတာ စဉ်းစားပြီး အမိန့်တော်ကို လိုက်နာသင့်ပါတယ်။ (အလင်းပြကျမ်း)

وَاِذْ اَخَذْنَا مِيْثَاقَكُمْ لَا تَسْفِكُوْنَ دِمَآءَكُمْ وَلَا تُخْرِجُوْنَ اَنْفُسَكُمْ مِّنْ دِيَارِكُمْ ثُمَّ اَقْرَرْتُمْ وَ
اَنْتُمْ تَشْهَدُوْنَ ﴿٨٣﴾

(၈၄) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် အသင်တို့ထံမှ "အသင်တို့သည် အသင်တို့အချင်းချင်း သွေးထွက်သံယိုမှု မပြုကြရန်၊ ထို့ပြင် တစ်ဦးကိုတစ်ဦး အသင်တို့နေထိုင်ရာ အိုးအိမ်မြို့ရွာအရပ်ဒေသများမှ နှင်မထုတ်ကြရန်" ကတိကဝတ်ယူတော်မူခဲ့သည်။ ထို့နောက် အသင်တို့သည် ၎င်း(ကတိဝန်ခံချက်)ကို အတည်ပြုပြီး အသင်တို့ကိုယ်တိုင် သက်သေထူလျက်ရှိကြသည်။

ثُمَّ اَنْتُمْ هٰٓؤُلَآءِ تَقْتُلُوْنَ اَنْفُسَكُمْ وَتُخْرِجُوْنَ فَرِيْقًا مِّنْكُمْ مِّنْ دِيَارِهِمْ ۫ تَظٰهَرُوْنَ عَلَيْهِمْ
بِالْاِثْمِ وَالْعُدْوَانِ ؕ وَاِنْ يَّاْتُوْكُمْ اُسٰرٰى تُفٰدُوْهُمْ وَهُوَ مُحَرَّمٌ عَلَيْكُمْ اِخْرَاجُهُمْ ؕ اَفَتُؤْمِنُوْنَ
بِبَعْضِ الْكِتٰبِ وَتَكْفُرُوْنَ بِبَعْضٍ ۚ فَمَا جَزَآءُ مَنْ يَّفْعَلُ ذٰلِكَ مِنْكُمْ اِلَّا خِزْیٌ فِی الْحَیٰوةِ
الدُّنْيَا ۚ وَيَوْمَ الْقِيٰمَةِ يُرَدُّوْنَ اِلٰٓى اَشَدِّ الْعَذَابِ ؕ وَمَا اللّٰهُ بِغَافِلٍ عَمَّا تَعْمَلُوْنَ ﴿٨٥﴾

(၈၅) ထို့နောက်လည်း အသင်တို့ပင် အသင်တို့အချင်းချင်း တစ်ဦးကိုတစ်ဦး သတ်ဖြတ်ကြသည်။ ၎င်းနောက် အသင်တို့သည် အသင်တို့ထဲမှ လူတစ်စုအား သူတို့၏အိုးအိမ်မြို့ရွာများမှ နှင်ထုတ်ကြသည်။ ထို့ပြင် အသင်တို့သည် အပြစ်ဒုစရိုက်နှင့် မတရားကျူးကျော်မှုကိစ္စများတွင် သူတို့နှင့် ဆန့်ကျင်ပြီး (သူတို့၏ရန်သူများကို) ရိုင်းပင်းကူညီကြသည်။ ထို့ပြင်အကယ်၍ထိုလူများသည်အသင်တို့ထံသို့ သုံ့ပန်းအဖြစ်နှင့် ရောက်လာကြ(ပြန်)သောအခါ အသင်တို့သည် သူတို့ကို ရွေးယူကြပြန်သည်။ သူတို့ကို နှင်ထုတ်ခြင်းသည် အသင်တို့အပေါ်၌ တား

မြစ်ထားသောအရာတစ်ခုဖြစ်ပါလျက်၊ အသင်တို့သည် ကျမ်းတော်၏တစ်စိတ်
တစ်ဒေသကိုသာ လက်ခံယုံကြည်ကြ၍ တစ်စိတ်တစ်ဒေသကိုမူ ငြင်းပယ်ကြ
သလော။❶ ထို့နောက် အသင်တို့ထဲမှ ထိုကဲ့သို့ ပြုလုပ်သူ၏ အကျိုးရလဒ်သည်
(ဤ)လောကီဘဝတွင် သိက္ခာကျ အရှက်ရခြင်းမှလွဲ၍ မည်သည့်အရာရှိဦးမည်
နည်း။ ထို့ပြင် ကိယာမသ်တရားစီရင်မည့်နေ့တွင် ထိုသူများသည် အပြင်းထန်
ဆုံးအပြစ်ဒဏ်ဘက်သို့ ပို့ခြင်းခံကြရမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည်
အသင်တို့ပြုလုပ်ကြသောအရာများကို မေ့လျော့တော်မူမည့်အရှင် မဟုတ်ပေ။

❶ ယဟူဒီတွေဟာ သူတို့ထဲက အုပ်စုကို ဘာဖြစ်လို့ တိုက်ခိုက်သတ်ဖြတ်ရတာလဲဆိုရင် သူတို့နဲ့ ဆန့်ကျင်တဲ့ ရန်သူတွေရဲ့အုပ်စုနဲ့ မဟာမိတ်ဖွဲ့တာကြောင့်ဖြစ်တယ်။ အဲဒီယဟူဒီတွေကို သုံ့ပန်းအဖြစ်ဖမ်းမိတဲ့အခါ လျော်ကြေးပေးရွေးပြီး လွှတ်ပေးလိုက်ကြတယ်။ အဲဒီရွေးလွှတ်တာကိုတော့ သောင်ရာသ်ကျမ်းရဲ့အမိန့်အတိုင်းလုပ်တာလို့ ပြောကြတယ်။ ဒါဆိုရင် တိုက်ခိုက်သတ်ဖြတ်တာကို သောင်ရာသ်ကျမ်းက တားမြစ်ထားတာဖြစ်ပါလျက်နဲ့ ဘာဖြစ်လို့ ပြုလုပ်ကြတာလဲ။ သူတို့ယုံချင်တဲ့တချို့အမိန့်ကို ယုံကြည်လိုက်နာကြပြီး သူတို့မယုံချင်တဲ့ တချို့အမိန့်ကို ငြင်းပယ်ဆန့်ကျင်ကြတယ်။ (တချို့အမိန့်ကို ငြင်းပယ်ခြင်းဟာလည်း ကုဖ်ရ်ပဲဖြစ်တယ်။) တကယ်တော့ တိုက်ခိုက်သတ်ဖြတ်မှု မလုပ်ရဘူးဆိုတဲ့တားမြစ်ချက်ကို လိုက်နာခဲ့ရင် ဖမ်းမိစရာလည်းမရှိတော့တဲ့အတွက် ရွေးလွှတ်စရာလည်း မလိုတော့ဘူး။ (အာစားန်သရ်ဂျူမဟ်)

أُولَٰٓئِكَ الَّذِينَ اشْتَرَوُا الْحَيٰوةَ الدُّنْيَا بِالْاٰخِرَةِ ۖ فَلَا يُخَفَّفُ عَنْهُمُ الْعَذَابُ وَلَا هُمْ يُنْصَرُونَ ﴿٨٦﴾

(၈၆) ထိုသူများသည် (ဤ)လောကီဘဝကို တမလွန်ဘဝနှင့် လဲလှယ်
ဝယ်ယူသူများပင် ဖြစ်ကြသည်။ ထို့အတွက် သူတို့သည် အပြစ်ဒဏ် လျှော့ပေါ့
ပေးခြင်းခံကြရမည် မဟုတ်ပေ၊ ထို့ပြင် သူတို့သည် ကူညီစောင်မခြင်းလည်း ခံ
ကြရမည် မဟုတ်ပေ။

وَلَقَدْ اٰتَيْنَا مُوسَى الْكِتٰبَ وَقَفَّيْنَا مِنْۢ بَعْدِهٖ بِالرُّسُلِ ۖ وَاٰتَيْنَا عِيسَى ابْنَ مَرْيَمَ الْبَيِّنٰتِ وَاَيَّدْنٰهُ بِرُوحِ الْقُدُسِ ۗ اَفَكُلَّمَا جَآءَكُمْ رَسُولٌۢ بِمَا لَا تَهْوٰٓى اَنْفُسُكُمُ اسْتَكْبَرْتُمْ ۚ فَفَرِيقًا كَذَّبْتُمْ ۖ وَفَرِيقًا تَقْتُلُونَ ﴿٨٧﴾

(၈၇) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)မူစာကို
(သောင်ရာသ်)ကျမ်း ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ၎င်း(တမန်တော်မူစာ)၏
နောက်တွင် နဗီတမန်တော်များကို ဆက်တိုက်စေလွှတ်တော်မူခဲ့သည်။ ထို့နောက်
မရ်ယမ်❶ ၏သားတော်(တမန်တော်)အီစာ❷ ကိုထင်ရှားသည့်တန်ခိုးတော်များ❸
ပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်သည် ၎င်း(တမန်တော်အီစာ)ကို မြင့်မြတ်
သည့် ဝိညာဉ် (ကောင်းကင်တမန်ဂျိဗ်ရီလ်)နှင့် အားဖြည့်ပေးတော်မူခဲ့သည်။ ထို့

နောက် မည်သည့်အခါမဆို တမန်တော်တစ်ပါးပါးသည် အသင်တို့မနှစ်သက်သောအရာ(အမိန့်တော်)များကို အသင်တို့ထံယူဆောင်လာခဲ့လျှင် အသင်တို့သည် မာနတက်ခဲ့ကြပြီး အချို့(နဗီများ)အား လိမ်လည်ပြောဆိုသူများဟု စွပ်စွဲခဲ့ကြသည့်အပြင် အချို့(နဗီများ)အား သတ်ဖြတ်ကြသည် မဟုတ်လော။

(၂) မရ်ယမ် عليهاالسلامဟာ တမန်တော်အီစာ ﷺ ရဲ့မိခင်ဖြစ်တယ်။ မရ်ယမ် عليهاالسلامရဲ့ဖခင်ဟာ အင်မ်ရာန်ဖြစ်ပြီး မရ်ယမ် عليهاالسلامရဲ့မိခင်က သားယောကျ်ားလေးမွေးရင် အလ္လာဟ် အတွက် စွန့်လှူမယ်လို့ ရည်စူးခဲ့တဲ့အပေါ်မှာ အရှင်မြတ်က သမီးမိန်းကလေးကို ပေးတော်မူခဲ့ကြောင်း (ကုရ်အာန် - ၃း၃၅ - ၃၆)မှာ အခုလိုအမိန့်ရှိထားတော်မူတယ် - (အလင်းပြကျမ်း)

إِذْ قَالَتِ امْرَأَتُ عِمْرَانَ رَبِّ إِنِّي نَذَرْتُ لَكَ مَا فِي بَطْنِي مُحَرَّرًا فَتَقَبَّلْ مِنِّي ۖ إِنَّكَ أَنتَ السَّمِيعُ الْعَلِيمُ ﴿٣٥﴾ فَلَمَّا وَضَعَتْهَا قَالَتْ رَبِّ إِنِّي وَضَعْتُهَا أُنثَىٰ وَاللَّهُ أَعْلَمُ بِمَا وَضَعَتْ وَلَيْسَ الذَّكَرُ كَالْأُنثَىٰ ۖ وَإِنِّي سَمَّيْتُهَا مَرْيَمَ وَإِنِّي أُعِيذُهَا بِكَ وَذُرِّيَّتَهَا مِنَ الشَّيْطَانِ الرَّجِيمِ ﴿٣٦﴾

(၃) တမန်တော်အီစာ ﷺဟာ မရ်ယမ် عليهاالسلامရဲ့သားတော်ဖြစ်ပြီး ၎င်းမှာ ဖခင်မရှိဘဲ အရှင်မြတ်ရဲ့ တန်ခိုးတော်နဲ့ မွေးဖွားစေခြင်းခံခဲ့ရတဲ့သူဖြစ်ကြောင်း (ကုရ်အာန် - ၃း၄၇)မှာ အမိန့်ရှိထားတော်မူတယ် - (အလင်းပြကျမ်း)

قَالَتْ رَبِّ أَنَّىٰ يَكُونُ لِي وَلَدٌ وَلَمْ يَمْسَسْنِي بَشَرٌ ۖ قَالَ كَذَٰلِكِ اللَّهُ يَخْلُقُ مَا يَشَاءُ ۚ إِذَا قَضَىٰ أَمْرًا فَإِنَّمَا يَقُولُ لَهُ كُن فَيَكُونُ ﴿٤٧﴾

(၆) တမန်တော်အီစာ ﷺ ရဲ့လက်ပေါ်ကနေ အရှင်မြတ်က တန်ခိုးတော်တွေ အမြောက်အမြားထွက်ပေါ်စေခဲ့တယ် - အဲဒီထဲမှာ (၁) ရွှံ့မြေကနေ ငှက်ရုပ်လုပ်ပြီး အသက်ရှင်စေခြင်း။ (၂) မွေးရာပါမျက်စိမမြင်သူတွေကို မျက်စိမြင်စေခြင်း။ (၃) အနူရောဂါကို ပျောက်ကင်းစေခြင်း။ (၄) သေသူတွေကို အလ္လာဟ်အမိန့်နဲ့ ပြန်ရှင်စေနိုင်ခြင်း။ (၅) အကွယ်မှာ သိုလှောင်ထားတဲ့အရာတွေကို ပြောပြနိုင်ခြင်း။ ကုရ်အာန် (၃း၄၉)မှာ အခုလို ဖော်ပြထားတယ် -

وَرَسُولًا إِلَىٰ بَنِي إِسْرَائِيلَ أَنِّي قَدْ جِئْتُكُم بِآيَةٍ مِّن رَّبِّكُمْ ۖ أَنِّي أَخْلُقُ لَكُم مِّنَ الطِّينِ كَهَيْئَةِ الطَّيْرِ فَأَنفُخُ فِيهِ فَيَكُونُ طَيْرًا بِإِذْنِ اللَّهِ ۖ وَأُبْرِئُ الْأَكْمَهَ وَالْأَبْرَصَ وَأُحْيِي الْمَوْتَىٰ بِإِذْنِ اللَّهِ ۖ وَأُنَبِّئُكُم بِمَا تَأْكُلُونَ وَمَا تَدَّخِرُونَ فِي بُيُوتِكُمْ ۚ

(အလင်းပြကျမ်း)

وَقَالُوا قُلُوبُنَا غُلْفٌ ۚ بَل لَّعَنَهُمُ اللَّهُ بِكُفْرِهِمْ فَقَلِيلًا مَّا يُؤْمِنُونَ ﴿٨٨﴾

(၈၈) ထို့ပြင် သူတို့ကပြောခဲ့ကြ(ပြန်)သည် - ကျွန်ုပ်တို့၏စိတ်နှလုံးများသည် (အဖုံးအအုပ်ထဲတွင်) ဖုံးအုပ်လျက်ရှိနေသည်။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် သူတို့၏ငြင်းပယ်သွေဖည်မှုကြောင့် အလ္လာဟ်အရှင်မြတ်သည် သူတို့အား အရှင်မြတ်၏ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့ခြင်းသာဖြစ်သည်။ သို့ဖြစ်ရာ ၎င်းတို့သည် (၎င်းတို့၏စိတ်ထဲမှ)အနည်းငယ်သာ အီမာန်ယုံကြည်ကြသည်။

وَلَمَّا جَاءَهُمْ كِتَابٌ مِّنْ عِندِ اللَّهِ مُصَدِّقٌ لِّمَا مَعَهُمْ وَكَانُوا مِن قَبْلُ يَسْتَفْتِحُونَ عَلَى الَّذِينَ كَفَرُوا فَلَمَّا جَاءَهُم مَّا عَرَفُوا كَفَرُوا بِهِ ۚ فَلَعْنَةُ اللَّهِ عَلَى الْكَافِرِينَ ﴿٨٩﴾

(၈၉) ထို့ပြင် တစ်ခါတွင် အလ္လာဟ်အရှင်မြတ်ထံမှ ၎င်း(ယဟူဒီများ)ထံသို့ ၎င်းတို့ထံတွင်ရှိနှင့်ပြီးဖြစ်သော(သောင်ရာသ်)ကျမ်းကို ထောက်ခံပေးသည့်

ကျမ်းတစ်စောင် (ကုရ်အာန်) ရောက်လာခဲ့သည်။ ၎င်းပြင် ယခင်က သူတို့သည် ကာဖိရ်များနှင့် ဆန့်ကျင်၍ (ထိုကျရောက်လာမည့် ကုရ်အာန်ကျမ်းသို့မဟုတ် တမန်တော်မြတ်ကို အကြောင်းပြုကာ အရှင်မြတ်ထံမှ) အောင်မြင်မှုများကို တောင်းခံနေခဲ့ကြသည်။[၁] ထို့နောက် သူတို့သိပြီးဖြစ်သော ယင်း(ကုရ်အာန်) သည် သူတို့ထံသို့ (အမှန်)ရောက်လာသည့်အခါတွင် သူတို့သည် ယင်း(ကုရ်အာန် ကျမ်း)ကိုပင် သွေဖည်ငြင်းပယ်ခဲ့ကြ(ပြန်)သည်။ ထို့ကြောင့် ငြင်းပယ်သူများ အတွက် အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်မှ ကင်းဝေးမှုသာ ရှိပေသည်။

[၁] အောင်မြင်မှုတောင်းခံခြင်းရဲ့အဓိပ္ပာယ်ရှိသလို သတင်းပေးဖွင့်ဟပြောဆိုခြင်းရဲ့ အဓိပ္ပာယ်လည်းရှိတယ်။ ဆိုလိုတာက နောက်ဆုံးတမန်တော် ပွင့်လာမယ်ဆိုတဲ့အကြောင်း၊ အဲဒီနောက်ဆုံးတမန်တော်ဟာ ကုရ်အာန်ကျမ်းတော်ကို ယူဆောင်လာမယ်ဆိုတဲ့အကြောင်း ယဟူဒီတွေက ကာဖိရ် မုရှ်ရိက်တွေကို ကြိုတင်သတင်းပေးကာ ဖွင့်ဟပြောဆိုလေ့ရှိခဲ့ကြတယ်။ တကယ်ရောက်လာတော့ ဆန့်ကျင်ငြင်းပယ်ခဲ့ကြတယ်။ (အိဗ်နုကဆီးရ်)

بِئْسَمَا اشْتَرَوْا بِهٖٓ اَنْفُسَهُمْ اَنْ يَّكْفُرُوْا بِمَآ اَنْزَلَ اللّٰهُ بَغْيًا اَنْ يُّنَزِّلَ اللّٰهُ مِنْ فَضْلِهٖ عَلٰى مَنْ
يَّشَآءُ مِنْ عِبَادِهٖ ۚ فَبَآءُوْ بِغَضَبٍ عَلٰى غَضَبٍ ۗ وَلِلْكٰفِرِيْنَ عَذَابٌ مُّهِيْنٌ ﴿٩٠﴾

(၉၀) သူတို့သည် သူတို့၏အသက်များနှင့် လဲလှယ်ဝယ်ယူလိုက်ကြသောအရာသည် မည်မျှဆိုးရွားလိုက်လေသနည်း။ ထိုအရာသည် အလ္လာဟ်အရှင်မြတ် ချပေးတော်မူသောအရာ (တရားဒေသနာတော်)ကို ငြင်းပယ်ခြင်းပင် ဖြစ်သည်။ (ထိုကဲ့သို့ ငြင်းပယ်ရသည့်အကြောင်းမှာလည်း သူတို့သည်) အလ္လာဟ်အရှင်မြတ်က အရှင်မြတ်၏ကျွန်များအနက်မှ အရှင်မြတ် နှစ်သက်တော်မူသောသူအပေါ် အရှင်မြတ် ကျေးဇူးပြုတော်မူခြင်းကို မနာလို[၂]ကြသည့်အတွက်ကြောင့်သာ ဖြစ်ပေသည်။ ထို့ကြောင့်ပင် သူတို့သည် ဒေါသအပေါ်တွင် ဒေါသသာထပ်၍ ပြန်လှည့်လာခဲ့ကြရသည်။ ထို့ပြင် သွေဖည်ငြင်းပယ်သောသူများအတွက် သေးသိမ်စေသည့်အပြစ်ဒဏ်လည်းရှိပေသည်။

[၂] ဒီနေရာမှာ بَغْيًا ရဲ့အဓိပ္ပာယ်ဟာ حَسَدًا မနာလိုခြင်းဖြစ်တယ်။ (ကုရ်သွုဗီ)

وَاِذَا قِيْلَ لَهُمْ اٰمِنُوْا بِمَآ اَنْزَلَ اللّٰهُ قَالُوْا نُؤْمِنُ بِمَآ اُنْزِلَ عَلَيْنَا وَيَكْفُرُوْنَ بِمَا وَرَآءَهٗ ۗ
وَهُوَ الْحَقُّ مُصَدِّقًا لِّمَا مَعَهُمْ ۗ قُلْ فَلِمَ تَقْتُلُوْنَ اَنْۢبِيَآءَ اللّٰهِ مِنْ قَبْلُ اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿٩١﴾

(၉၁) ထို့ပြင် ၎င်း(ယဟူဒီ)တို့ကို "အသင်တို့သည် အလ္လာဟ်အရှင်မြတ် ချပေးတော်မူခဲ့သောအရာ(ကျမ်းဂန်များ)အား ယုံကြည်(လိုက်နာ)ကြပါ"ဟု ပြောဆိုခြင်းခံကြရသည့်အခါ သူတို့က "ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အပေါ်တွင် ချ

ပေးခြင်းခံရသောအရာ (သောင်ရာသ်ကျမ်း)ကိုသာ ယုံကြည်ကြပါသည်”ဟု (ပြန်လည်)ပြောဆိုကြသည်။ ၎င်းပြင် သူတို့သည် ၎င်း(သောင်ရာသ်ကျမ်း)၏နောက်မှကျမ်း(ကုရ်အာန်)ကို ထိုကျမ်းသည် မှန်ကန်သောကျမ်းဖြစ်ပါလျက်နှင့်၊ ၎င်းပြင် သူတို့ထံတွင်ရှိသည့် (သောင်ရာသ်)ကျမ်းကိုလည်း ထောက်ခံအတည်ပြုနေပါလျက်နှင့် ငြင်းပယ်ကြသည်။ (အိုး-တမန်တော်) အသင် (သူတို့ကို)ပြောလိုက်ပါ “အကယ်၍ အသင်တို့သည် ယုံကြည်ကြသူများဖြစ်ခဲ့ကြသည်ဆိုလျှင် ယခင်က (စေလွှတ်ခြင်းခံခဲ့ရသော) အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်များကို အဘယ်ကြောင့် သတ်ဖြတ်ကြသနည်း”။

وَلَقَدْ جَآءَكُمْ مُّوْسٰى بِالْبَيِّنٰتِ ثُمَّ اتَّخَذْتُمُ الْعِجْلَ مِنْۢ بَعْدِهٖ وَاَنْتُمْ ظٰلِمُوْنَ ﴿٩٢﴾

(၉၂) ထို့ပြင် အမှန်စင်စစ် အသင်တို့ထံ(တမန်တော်)မူစာသည် ထင်ရှားသည့်သက်သေလက္ခဏာတန်ခိုးတော်များ❷နှင့်တကွ ရောက်လာခဲ့သည်။ ထို့နောက် ၎င်း(တမန်တော်မူစာ)၏နောက်(ကွယ်)တွင် အသင်တို့သည် နွားငယ်ကို (ကိုးကွယ်ရာအဖြစ်) ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် အသင်တို့သည် (အသင်တို့ကိုယ်အသင်တို့)ညှဉ်းပန်း နှိပ်စက်နေသည့်သူများပင်ဖြစ်ကြသည်။

❷ တမန်တော်မူစာ عليه السلام ကို သက်သေလက္ခဏာတန်ခိုးတော်(၉)ခုချီးမြှင့်တော်မူခဲ့ကြောင်း ကုရ်အာန်(၁၇း၁၀၁)မှာ အခုလို အမိန့်ရှိထားပါတယ်။ وَلَقَدْ اٰتَيْنَا مُوْسٰى تِسْعَ اٰيٰتٍۢ بَيِّنٰتٍ ။ အဲဒီအရာတွေဟာ (၁)မိုးသက်မုန်တိုင်း၊ (၂) ကျိုင်းကောင်၊ (၃) ပိုးမွှား၊ (၄)ဖား၊ (၅) သွေး၊ (၆) တောင်ဝှေး၊ (၇) အလင်းရောင်ထွက်တဲ့လက်၊ (၈)မိုးခေါင်ခြင်း၊ (၉) ကောက်ပဲသီးနှံလျော့နည်းခြင်း။

فَاَلْقٰى عَصَاهُ فَاِذَا هِيَ ثُعْبَانٌ مُّبِيْنٌ ﴿١٠٧﴾ وَّنَزَعَ يَدَهٗ فَاِذَا هِيَ بَيْضَآءُ لِلنّٰظِرِيْنَ ﴿١٠٨﴾ وَلَقَدْ اَخَذْنَآ اٰلَ فِرْعَوْنَ بِالسِّنِيْنَ وَنَقْصٍ مِّنَ الثَّمَرٰتِ لَعَلَّهُمْ يَذَّكَّرُوْنَ ﴿١٣٠﴾ فَاَرْسَلْنَا عَلَيْهِمُ الطُّوْفَانَ وَالْجَرَادَ وَالْقُمَّلَ وَالضَّفَادِعَ وَالدَّمَ اٰيٰتٍ مُّفَصَّلٰتٍ

အဲဒီ(၉)ခုကိုကုရ်အာန်(၇း၁၀၇၊၁၀၈၊၁၃၀၊၁၃၃)မှာဖော်ပြထားပါတယ်။ (အာစားန်သရ်ဂျူမဟ်)

وَاِذْ اَخَذْنَا مِيْثَاقَكُمْ وَرَفَعْنَا فَوْقَكُمُ الطُّوْرَ ؕ خُذُوْا مَآ اٰتَيْنٰكُمْ بِقُوَّةٍ وَّاسْمَعُوْا ؕ قَالُوْا سَمِعْنَا وَعَصَيْنَا ۗ وَاُشْرِبُوْا فِيْ قُلُوْبِهِمُ الْعِجْلَ بِكُفْرِهِمْ ؕ قُلْ بِئْسَمَا يَاْمُرُكُمْ بِهٖٓ اِيْمَانُكُمْ اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿٩٣﴾

(၉၃) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် အသင်တို့အပေါ်၌ သွေ့ရ်တောင်ကို ပင့်မ၍ (ယခုကဲ့သို့)အသင်တို့၏ ကတိသစ္စာကို ရယူခဲ့သည်-“အသင်တို့သည် ငါအရှင်မြတ်ချပေးတော်မူသောအရာ (သောင်ရာသ်ကျမ်း)ကို ခိုင်မြဲစွာ ဆုပ်ကိုင်၍ နားထောင်(လိုက်နာ)ကြပါ။” (ထိုအခါ) သူတို့က ပြောဆိုကြသည်-“ကျွန်ုပ်တို့သည် (ကြားတော့)ကြားကြပါ၏၊ ၎င်းနောက် (အမိန့်ကိုမူ) မလိုက်နာ

ကြပါ။[၆] ၎င်းပြင် သူတို့၏ ငြင်းပယ်မှုကြောင့် သူတို့၏စိတ်နှလုံးများထဲ၌ နွားငယ် (၏ကြီးကျယ်မြင့်မြတ်မှုချစ်စိတ်)ကို တိုက်ကျွေးခံခဲ့လိုက်ရပြီဖြစ်သည်။ (အို- တမန်တော်) အသင် (သူတို့အား) ပြောလိုက်ပါ- "အကယ်၍ အသင်တို့သည် ယုံကြည်ကြသူများ ဖြစ်ခဲ့ကြသည်ဆိုလျှင် အသင်တို့၏အီမာန်ယုံကြည်မှုက အသင်တို့အား အမိန့်ပေးညွှန်ကြားသောအရာများသည် အဘယ်မျှဆိုးယုတ်လိုက်လေသနည်း။"

[၆] ယဟူဒီတွေကို အရှင်မြတ်က အမိန့်ပေးတဲ့အခါ سَمِعۡنَا وَعَصَيۡنَا "ကျွန်ုပ်တို့သည် ကြားကြပါ၏၊ ထို့နောက် မနာခံကြပါ။" လို့ ဖြေကြားကြတယ်။ အရှင်မြတ်က မွတ်စ်လင်မ်တွေကို မိန့်တော်မူတဲ့အခါ سَمِعۡنَا وَاَطَعۡنَا "ကျွန်ုပ်တို့သည် ကြားကြပါ၏၊ ထို့နောက် နာခံကြပါသည်။" လို့ဖြေကြားကြတယ်။ အစ္စလာမ်သာသနာမှာ အမိန့်နာခံမှုဟာ အဓိကဖြစ်ကြောင်း သာဓကဖြစ်ပါတယ်။ (အလင်းပြကျမ်း)

قُلۡ اِنۡ كَانَتۡ لَكُمُ الدَّارُ الۡاٰخِرَةُ عِنۡدَ اللّٰهِ خَالِصَةً مِّنۡ دُوۡنِ النَّاسِ فَتَمَنَّوُا الۡمَوۡتَ اِنۡ كُنۡتُمۡ صٰدِقِيۡنَ ﴿٩٤﴾

(၉၄) (အို- တမန်တော်)အသင်(ယဟူဒီများကို)ပြောလိုက်ပါ- "အကယ်၍ အလ္လာဟ်အရှင်မြတ်ထံ၌ရှိသော တမလွန်ဘဝ၏အိမ်ရာ (ဂျန္နသ်သုခဘုံ)သည် အခြားလူများနှင့် မသက်ဆိုင်ဘဲ အသင်တို့အတွက်ချည်းသာ ဖြစ်ခဲ့သည်ဆိုလျှင် အသင်တို့ (ပြောဆိုယုံကြည်သည့် ထိုစကား)သည် မှန်ကန်သည်ဆိုပါက အသင်တို့သည် သေခြင်းကို တောင့်တလိုက်ကြပါ။"

وَلَنۡ يَّتَمَنَّوۡهُ اَبَدًۢا بِمَا قَدَّمَتۡ اَيۡدِيۡهِمۡ ؕ وَاللّٰهُ عَلِيۡمٌۢ بِالظّٰلِمِيۡنَ ﴿٩٥﴾

(၉၅) သို့ရာတွင် သူတို့သည် သူတို့၏လက်များက ကြိုတင်ပို့ထားသောအရာ(အကုသိုလ်များ)ကြောင့် မည်သည့်အခါမျှ ၎င်း(သေခြင်း)ကို တောင့်တကြမည် မဟုတ်ပေ။[၁] ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အပြစ်ကျူးလွန်သူများကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

[၁] ဒါဟာတမန်တော်မြတ် ﷺ လက်ထက်တော်က ရှိခဲ့ကြတဲ့ယဟူဒီတွေကိုသေခြင်းတောင့်တဖို့ ကုရ်အာန်က စိန်ခေါ်ခဲ့ခြင်းဖြစ်တယ်။သူတို့ဟာ ဘယ်တော့မှ သေခြင်းကို တောင့်တကြမှာမဟုတ်ဘူးလို့ အမိန့်ရှိထားတဲ့အတိုင်းပဲ သူတို့ဟာ သေခြင်းကို တကယ်ပဲ မတောင့်တရဲခဲ့ကြတာဟာ သမိုင်းမှာ ထင်ရှားခဲ့ပြီးဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုရင် သူတို့ရဲ့မဟုတ်တာ ပြောတာတွေ၊ မဟုတ်တာ လုပ်တာတွေကြောင့် သေခြင်းကို တောင့်တလိုက်လို့ ချက်ချင်း သေခြင်းရောက်လာခဲ့ရင် သူတို့ဟာ ချက်ချင်းပဲ ငရဲဘုံထဲတန်းရောက်သွားကြမှာကို ကြောက်တဲ့အတွက် အချိန်နည်းနည်းပဲ ရရဆိုပြီး သေခြင်းတရားကို မတောင့်တဘဲ နေခဲ့ကြတာဖြစ်တယ်။ ဒါကပဲ ကုရ်အာန်ရဲ့မှန်ကန်မှု အထောက်အထားတွေထဲကတစ်ခုဖြစ်နေတယ်။ (အလင်းပြကျမ်း)

وَلَتَجِدَنَّهُمْ اَحْرَصَ النَّاسِ عَلٰى حَيٰوةٍ ۚ وَمِنَ الَّذِيْنَ اَشْرَكُوْا ۚ يَوَدُّ اَحَدُهُمْ لَوْ يُعَمَّرُ اَلْفَ سَنَةٍ ۚ
وَمَا هُوَ بِمُزَحْزِحِهٖ مِنَ الْعَذَابِ اَنْ يُّعَمَّرَ ؕ وَاللّٰهُ بَصِيْرٌۢ بِمَا يَعْمَلُوْنَ ﴿٩٦﴾

(၉၆) ထို့ပြင် အသင်(တမန်တော်)သည် ၎င်း(ယဟူဒီ)တို့အား လူများအားလုံးထက် (ဤဘဝ၏)အသက်ရှင်နေထိုင်ခြင်းကို အမက်မောဆုံးသူများအဖြစ် အမှန်မုချ တွေ့ရလိမ့်မည်သာမက (သူတို့သည်) မုရှ်ရိက်များထက်ပင် (ဤဘဝကို) ပိုမက်မောကြသေးသည်။ ၎င်း(ယဟူဒီ)တို့ထဲမှ လူတိုင်းသည် နှစ်တစ်ထောင် အသက်ရှည်နေချင်ကြသည်။ ထို့ပြင် ထိုသို့ အသက်ရှည်ခြင်းသည်(လည်း တစ်နေ့တွင် သေဆုံးရမည်ပင် ဖြစ်သည့်အတွက်) သူတို့အား အပြစ်ဒဏ်မှ ကယ်တင်မည့်အရာ မဟုတ်ပေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့ပြုမူကြသည့်အရာများကို အကြွင်းမဲ့မြင်တော်မူသည့်အရှင် ဖြစ်တော်မူသည်။

قُلْ مَنْ كَانَ عَدُوًّا لِّجِبْرِيْلَ فَاِنَّهٗ نَزَّلَهٗ عَلٰى قَلْبِكَ بِاِذْنِ اللّٰهِ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ وَهُدًى وَّ
بُشْرٰى لِلْمُؤْمِنِيْنَ ﴿٩٧﴾

(၉၇) (အို-တမန်တော်) အသင် (ယဟူဒီများကို) ပြောလိုက်ပါ၊ မည်သူမဆို (ကောင်းကင်တမန်) ဂျိဗ်ရီလ်ကို ရန်မူခဲ့လျှင်❶ (ငါအရှင်မြတ်သည် ထိုသူ၏ရန်သူပင်ဖြစ်သည်)။ အဘယ်ကြောင့်ဆိုသော် အမှန်မှာ ဂျိဗ်ရီလ်(ကောင်းကင်တမန်)သည် ၎င်း(ကုရ်အာန်ကျမ်း)ကို အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ဖြင့်ပင် အသင်(တမန်တော်)၏စိတ်နှလုံးတွင်းသို့ ချပေးခဲ့ခြင်းသာ ဖြစ်သည်။ ၎င်းကျမ်းသည် ယခင်က (အရှင်မြတ်)ချပေးထားတော်မူသည့်ကျမ်းများကိုလည်း ထောက်ခံသည်။ ၎င်းပြင် မုအ်မင်န်ယုံကြည်သူများအတွက် တရားလမ်းညွှန်လည်း ဖြစ်ပြီး (ဂျန္နသ်သုခဘုံတွင် စံမြန်းရမည်ဖြစ်ကြောင်း) သတင်းကောင်းလည်း ဖြစ်သည်။

❶ ကောင်းကင်တမန် ဂျိဗ်ရီလ် عليه السلام ဟာ အရှင်မြတ်ထံက အမိန့်ပညတ်ချက်တွေယူလာလို့ဆိုပြီး ယဟူဒီတွေက မုန်းတီးကြခြင်း ဖြစ်တယ်။ ဂျိဗ်ရီလ် عليه السلام ကိုမုန်းတီးခြင်းဟာ ဘာမှ မသက်ဆိုင်ဘူး။ အရှင်မြတ်စေလွှတ်လို့သာ သူယူလာရခြင်းဖြစ်တယ်။ (အာစားန်သရ်ဂျမဟ်)

مَنْ كَانَ عَدُوًّا لِّلّٰهِ وَمَلٰٓئِكَتِهٖ وَرُسُلِهٖ وَجِبْرِيْلَ وَمِيْكٰلَ فَاِنَّ اللّٰهَ عَدُوٌّ لِّلْكٰفِرِيْنَ ﴿٩٨﴾

(၉၈) မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ကောင်းကင်တမန်များ၊ အရှင်မြတ်၏ ရစူလ်တမန်တော်များ၊ ဂျိဗ်ရီလ်၊ မီကာအီလ်တို့ကို ရန်မူခဲ့လျှင် အမှန်ပင် အလ္လာဟ်အရှင်မြတ်သည်လည်း ကာဖိရ်ငြင်းပယ်သူများ၏ရန်သူ ဖြစ်တော်မူသည်။

وَلَقَدْ اَنْزَلْنَآ اِلَيْكَ اٰيٰتٍۭ بَيِّنٰتٍ ۚ وَمَا يَكْفُرُ بِهَآ اِلَّا الْفٰسِقُوْنَ ﴿٩٩﴾

(၉၉) ထို့ပြင် အမှန်တကယ် ငါအရှင်မြတ်သည် အသင်(တမန်တော်)၏ ထံသို့ ထင်ရှားသည့် သက်သေလက္ခဏာများကို ချပေးခဲ့ပြီးဖြစ်သည်။ ၎င်း (သက်သေလက္ခဏာများ)ကို အမိန့်မနာခံသည့်သူများမှလွဲ၍ မည်သူမျှ မငြင်း ပယ်ကြပေ။

اَوَكُلَّمَا عٰهَدُوْا عَهْدًا نَّبَذَهٗ فَرِيْقٌ مِّنْهُمْ ؕ بَلْ اَكْثَرُهُمْ لَا يُؤْمِنُوْنَ ﴿١٠٠﴾

(၁၀၀) ထို့ပြင် ၎င်း(ယဟူဒီ)တို့သည် (အရှင်မြတ်နှင့်) ကတိသစ္စာ တစ်စုံတစ်ခုပြုလိုက်တိုင်း သူတို့ထဲမှ လူတစ်စုသည် ထိုကတိသစ္စာကို ပစ်ပယ် ထားခဲ့ကြသည်မဟုတ်လော။ အမှန်စင်စစ် သူတို့ထဲမှ အမြောက်အမြားသည် အီမာန် မယုံကြည်ကြပေ။

وَلَمَّا جَآءَهُمْ رَسُوْلٌ مِّنْ عِنْدِ اللّٰهِ مُصَدِّقٌ لِّمَا مَعَهُمْ نَبَذَ فَرِيْقٌ مِّنَ الَّذِيْنَ اُوْتُوا الْكِتٰبَ ۙ

كِتٰبَ اللّٰهِ وَرَآءَ ظُهُوْرِهِمْ كَاَنَّهُمْ لَا يَعْلَمُوْنَ ﴿١٠١﴾

(၁၀၁) ထို့ပြင် ၎င်းတို့ထံသို့ အလ္လာဟ်အရှင့်ထံမှ သူတို့ထံ၌ရှိပြီးဖြစ်သည့် (သောင်ရာသ်)ကျမ်းကို ထောက်ခံသည့် နဗီတမန်တော်(မုဟမ္မဒ်)ရောက် လာသည့်အခါ ၎င်းကျမ်းရသူများထဲမှ လူတစ်စုသည် (ထိုကျမ်းများကိုပင်) မသိကြသကဲ့သို့❷ အရှင်မြတ်၏ကျမ်းကို သူတို့၏နောက်ကျောများဘက်၌ ပစ် ပယ်ထားခဲ့ကြသည်။

❷ သောင်ရာသ်ကျမ်း၊ အင်န်ဂျီလ်ကျမ်းတွေထဲမှာ နောက်ဆုံးနဗီတမန်တော်မြတ် မုဟမ္မဒ် ﷺ ပွင့်ပေါ်မယ်ဆိုတဲ့အကြောင်း တမန်တော်မြတ် ﷺ ရဲ့အရည်အချင်းတွေနဲ့တကွ အသေးစိတ်ဖော်ပြ ပါရှိထားတယ်။ ယဟူဒီတွေဟာ တကယ်ဆိုရင် ဒီလောက်ထင်ရှားတဲ့သက်သေလက္ခဏာတွေ သိမြင်ပြီးတဲ့နောက် အီမာန်လက်ခံလိုက်ရုံသာရှိတယ်။ ဒါပေမဲ့ အဲဒီယဟူဒီတွေဟာ တမန်တော် မြတ် ﷺ ကို လက်မခံချင်တဲ့အခါကျတော့ သူတို့ကျမ်းထဲမှာ ပါရှိထားတဲ့ အဲဒီတမန်တော်ပွင့်ပေါ်မဲ့ သတင်းကို မသိချင်ယောင်ဆောင်ပြီး သူတို့ထံကို အရှင်မြတ်ချပေးထားတဲ့ သောင်ရာသ်ကျမ်းကို တောင် မသိသလို ပစ်ပယ်ထားလိုက်တော့တယ်။ (အလင်းပြကျမ်း)

وَاتَّبَعُوْا مَا تَتْلُوا الشَّيٰطِيْنُ عَلٰى مُلْكِ سُلَيْمٰنَ ۚ وَمَا كَفَرَ سُلَيْمٰنُ وَلٰكِنَّ الشَّيٰطِيْنَ

كَفَرُوْا يُعَلِّمُوْنَ النَّاسَ السِّحْرَ ۗ وَمَآ اُنْزِلَ عَلَى الْمَلَكَيْنِ بِبَابِلَ هَارُوْتَ وَمَارُوْتَ ؕ وَمَا

يُعَلِّمٰنِ مِنْ اَحَدٍ حَتّٰى يَقُوْلَآ اِنَّمَا نَحْنُ فِتْنَةٌ فَلَا تَكْفُرْ ؕ فَيَتَعَلَّمُوْنَ مِنْهُمَا مَا يُفَرِّقُوْنَ بِهٖ

بَيْنَ الْمَرْءِ وَزَوْجِهٖ ؕ وَمَا هُمْ بِضَآرِّيْنَ بِهٖ مِنْ اَحَدٍ اِلَّا بِاِذْنِ اللّٰهِ ؕ وَيَتَعَلَّمُوْنَ مَا يَضُرُّهُمْ وَ

لَا يَنْفَعُهُمْ ؕ وَلَقَدْ عَلِمُوْا لَمَنِ اشْتَرٰىهُ مَا لَهٗ فِى الْاٰخِرَةِ مِنْ خَلَاقٍ ۗ وَلَبِئْسَ مَا شَرَوْا بِهٖٓ

اَنۡفُسَهُمۡ ؕ لَوۡ كَانُوۡا يَعۡلَمُوۡنَ ﴿١٠٢﴾

(၁၀၂) ထို့ပြင် ၎င်း(ယဟူဒီ)တို့သည် (တမန်တော်)စုလိုင်မာန်ဘုရင် အုပ်ချုပ်သည့် (ခေတ်ကာလ)တွင် ရှိုင်သွာန်များရွတ်ဖတ်ကြသည့်အရာ (စုန်းပယောဂအတတ်ပညာ)ကို လိုက်စားခဲ့ကြသည်။❶ အမှန်စင်စစ် (တမန်တော်) စုလိုင်မာန်သည် (မည်သည့်)ကုဖ်ရ်ငြင်းပယ်မှုကိုမျှ မပြုခဲ့ပေ။ သို့ရာတွင် ထို ရှိုင်သွာန်များသည်ပင် လူများအား စုန်းပယောဂ သင်ပေးပြီး သွေဖည်ငြင်းပယ် ခဲ့ကြသည်။ ထို့ပြင် (ထိုယဟူဒီများသည်) ဗာဗိလုံမြို့မှ ကောင်းကင်တမန်နှစ်ပါး ဟာရူသ်နှင့် မာရူသ်တို့အပေါ်တွင် ကျရောက်ခဲ့သည့်အရာ (စုန်းပယောဂ)ကို လည်း လိုက်စားခဲ့ကြသည်။ ထို(ကောင်းကင်တမန်)နှစ်ပါးက "ကျွန်ုပ်တို့သည် စမ်းသပ်မှုအတွက် (ရောက်လာခြင်း) ဖြစ်သည်၊ ထို့ကြောင့် အသင်သည် (စုန်း ပယောဂ မှော်အတတ်ပညာနောက်ကိုလိုက်ပြီး) ကုဖ်ရ်ငြင်းပယ်မှု မပြုနှင့်"ဟု မပြောမချင်း မည်သူတစ်ဦးကိုမျှ (ထိုစုန်းပယောဂအတတ်များကို) သင်မပေး ကြပေ။ ထို့နောက်လည်း သူတို့သည် ထို(ကောင်းကင်တမန်)နှစ်ပါးထံမှ ဇနီး ခင်ပွန်းနှစ်ဦးကို ပြတ်စဲစေသည့် အတတ်ပညာကို သင်ယူကြသည်။ သူတို့သည် အလ္လာဟ်အရှင်မြတ်၏ အလိုတော်မရှိဘဲ ၎င်း(စုန်းပယောဂအတတ်)နှင့် မည် သူတစ်ဦးကိုမျှ ဘေးအန္တရာယ် ပြုနိုင်သူများမဟုတ်ကြပေ။ ၎င်းပြင် သူတို့သည် သူတို့အား အကျိုးမပြုဘဲ ဆုံးရှုံးမှုဖြစ်စေသည့်အရာကို သင်ယူလိုက်ကြသည်။ ထို့ပြင် အမှန်မုချ ထိုအရာများကို ရယူသည့်သူများသည် တမလွန်ဘဝအာခိရသ် တွင် မည်သည့်(ကောင်းသော)ဝေစုမျှ မရှိသည်ကို သူတို့ သိရှိခဲ့ကြပြီးဖြစ်သည်။ ထို့ပြင် သူတို့၏အသက်များနှင့် သူတို့ လဲလှယ်လိုက်စားထားသည့်အရာ (မှော် အတတ်)သည် အမှန်ပင် အဘယ်မျှ ဆိုးယုတ်လိုက်သနည်း။ (ဤသည်ကို) အကယ်၍ သူတို့သိကြလျှင် ကောင်းလေစွ။

❶ ယဟူဒီတွေဟာ အရှင်မြတ်ရဲ့ ကျမ်းလာအမိန့်ပညတ်ချက်တွေကို စွန့်လွှတ်ပြီး တမန်တော် စုလိုင်မာန် ﷺ လက်ထက်က ရှိုင်သွာန်တွေ ရွတ်ဖတ်ကြတဲ့စုန်းပယောဂအတတ်တွေကို လိုက်စား ခဲ့ကြတယ်။ ပြီးတော့ ထိုစုန်းပယောဂအတတ်တွေဟာ အလွန်ပျံ့နှံ့သွားခဲ့တယ်။ အဲဒီလို ပျံ့နှံ့မှုကို ပိတ်ပင်တားဆီးဖို့ တမန်တော်စုလိုင်မာန် ﷺ ဟာ စုန်းပယောဂအတတ်ပညာ စာအုပ်စာတမ်းတွေ ကို ရှာဖွေစုဆောင်းပြီး တမန်တော်စုလိုင်မာန် ﷺ ရဲ့ ထိုင်ခုံအောက်မှာ မြှုပ်နှံလိုက်တယ်။ တမန် တော်စုလိုင်မာန် ﷺ ဝဖာသ် ဖြစ်ကွယ်လွန်ပြီးတဲ့အခါမှာ ရှိုင်သွာန်တွေက အဲဒီ စုန်းပယောဂစာအုပ် စာတမ်းတွေကို ထုတ်ဖော်ပြီး တမန်တော်စုလိုင်မာန် ﷺ ဟာ ဒီစုန်းပယောဂအတတ်ပညာတွေနဲ့ ထူးဆန်းအံ့ဩဖွယ်ရာအမြောက်အမြားလုပ်ပြပြီး မင်းလုပ် အုပ်ချုပ်သွားခဲ့တယ်လို့ သားပုပ်လေလွင့်

စကားတွေပြောဆိုကြတယ်။ ဒါတင်မက တမန်တော်စုလိုင်မာန် ﷺ ဟာ စုန်းပယောဂလိုက်စားတဲ့အတွက် ကာဖိရ် မုရ်သဒ် ဖြစ်သွားပြီလို့လည်း စွပ်စွဲပြောဆိုကြတယ်။ အဲဒါကြောင့် အရှင်မြတ်က တမန်တော်စုလိုင်မာန် ﷺ ဟာ စုန်းပယောဂလိုက်စားပြီး ကာဖိရ်ဖြစ်သွားတာမဟုတ်တဲ့အကြောင်း ရှိုင်သွာန်တွေပဲ အဲဒီနောက်လိုက်စားပြီး ကာဖိရ် ဖြစ်သွားခဲ့ကြတာဖြစ်ကြောင်း မိန့်ဆိုထားခြင်းဖြစ်တယ်။ ထို့နောက် ဟာရူသ်နဲ့ မာရူသ် ကောင်းကင်တမန်နှစ်ပါးကို စေလွှတ်ပြီး တမန်တော်တွေလက်ပေါ်မှာဖြစ်ပေါ်တဲ့ မုအ်ဂျိဇဟ်တန်ခိုးနဲ့ စုန်းပယောဂဆရာတွေလက်ပေါ်မှာဖြစ်တဲ့ မျက်လှည့်ဖြစ်ရပ်တွေကို လက်တွေ့ခွဲခြားပြသစေခဲ့တယ်။ ပြီးတော့ ထိုစုန်းပယောဂတွေနောက်ကို မလိုက်စားကြဖို့လည်း ကောင်းကင်တမန်နှစ်ပါးက တားမြစ်ခဲ့ကြတယ်။ အဲဒီကြားထဲက ကာဖိရ်ဖြစ်စေတဲ့ အဲဒီစုန်းပယောဂတွေနောက်ကို ယဟူဒီတွေဟာ လိုက်စားခဲ့ကြတယ်။ (အာစားန်သင်ရ်ဂျမဟ်)

وَلَوْ أَنَّهُمْ آمَنُوا وَاتَّقَوْا لَمَثُوبَةٌ مِّنْ عِندِ اللَّهِ خَيْرٌ ۖ لَّوْ كَانُوا يَعْلَمُونَ ﴿١٠٣﴾

(၁၀၃) ထို့ပြင် အမှန်စင်စစ် သူတို့သည် အီမာန်ယုံကြည်ပြီး ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ကြလျှင် အလ္လာဟ်အရှင်မြတ်ထံမှ (သူတို့)အမှန်ပင် (ရရှိမည့်) အကျိုးကုသိုလ်သည် ပိုကောင်းသည်။ (ဤသည်ကို) အကယ်၍ သူတို့သိကြလျှင် ကောင်းလေစွ။

يَا أَيُّهَا الَّذِينَ آمَنُوا لَا تَقُولُوا رَاعِنَا وَقُولُوا انظُرْنَا وَاسْمَعُوا ۗ وَلِلْكَافِرِينَ عَذَابٌ أَلِيمٌ ﴿١٠٤﴾

(၁၀၄) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် (တမန်တော်မြတ်၏ ရှေ့မှောက်၌) "ရာအိနာ"ဟုမပြောဆိုကြနှင့်၊ [J] ထို့ပြင်(၎င်းအစား) "အွန်ဇွရ်နာ"ဟု ပြောဆိုကြပါ။ ထို့ပြင် အသင်တို့သည် နာခံကြပါ။ ထို့နောက် (မနာခံကြသည့်) ကာဖိရ်ငြင်းပယ်သူများအတွက်မှာမူ ပြင်းပြနာကျင်စေသည့် အပြစ်ဒဏ်ရှိသည်။

[J] သာဝကကြီး ﷺ တွေဟာ တမန်တော်မြတ် ﷺ ရဲ့ ရှေ့တော်မှောက်မှာ "ရာအိနာ" "ကျွန်တော်တို့ကို ငဲ့ညှာထောက်ထားတော်မူပါ" လို့ပြောဆိုကြတယ်။ ယဟူဒီတွေက တမန်တော်မြတ် ﷺ ကို ပြက်ရယ်ပြုဖို့အတွက် "အိုင်" စာလုံးကို ဆွဲပြီး "ရာအီးနာ" "ကျွန်တော်တို့ရဲ့တိရစ္ဆာန်ကျောင်းသား" လို့အဓိပ္ပာယ်ထွက်အောင်ပြောဆိုခဲ့ကြတယ်။ အဲဒါကြောင့် အရှင်မြတ်က အဲဒီလို ဆင်တူယိုးမှားဖြစ်စေတဲ့စကားလုံးကနေရှောင်ပြီး "အွန်ဇွရ်နာ" ကျွန်တော်တို့ကို ကြည့်ရှုတော်မူပါလို့ ပြောဆိုကြဖို့ ညွှန်ကြားတော်မူလိုက်ခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

مَّا يَوَدُّ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ وَلَا الْمُشْرِكِينَ أَن يُنَزَّلَ عَلَيْكُم مِّنْ خَيْرٍ مِّن رَّبِّكُمْ ۗ
وَاللَّهُ يَخْتَصُّ بِرَحْمَتِهِ مَن يَشَاءُ ۚ وَاللَّهُ ذُو الْفَضْلِ الْعَظِيمِ ﴿١٠٥﴾

(၁၀၅) (ယခင်က) ကျမ်းရထားသည့်သူများထဲမှကာဖိရ်ငြင်းပယ်သူများ အပြင် အရှင်မြတ်နှင့် တုဖက်ကိုးကွယ်သည့် မုရှ်ရိက်များကလည်း အသင်တို့အပေါ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံမှ မည်သည့်

ကောင်းခြင်းမှု ပို့ချပေးသနားခံရခြင်းကို မနှစ်သက်ကြပေ။ ထို့ပြင် (သူတို့မနှစ်သက်ကြလျှင်လည်း) အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူများကို အရှင်မြတ်၏ အသနားတော်ဖြင့် သီးသန့်ရွေးချယ်တော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ကြီးကျယ်မြင့်မြတ်သည့် ကျေးဇူးတော်ရှင်ဖြစ်တော်မူသည်။

مَا نَنۡسَخۡ مِنۡ اٰيَةٍ اَوۡ نُنۡسِهَا نَاۡتِ بِخَيۡرٍ مِّنۡهَاۤ اَوۡ مِثۡلِهَا ؕ اَلَمۡ تَعۡلَمۡ اَنَّ اللّٰهَ عَلٰى كُلِّ شَىۡءٍ قَدِيۡرٌ ﴿١٠٦﴾

(၁၀၆) ငါအရှင်မြတ်သည် မည်သည့် အာယသ်တော်တစ်ခုကို ရုပ်သိမ်းတော်မူသည်ဖြစ်စေ၊ သို့မဟုတ် ၎င်း(အာယသ်တော်)ကို မေ့ပျောက်စေတော်မူသည်ဖြစ်စေ ငါအရှင်မြတ်သည် ထို(အာယသ်တော်)ထက် ပိုကောင်းသော သို့မဟုတ် ထိုကဲ့သို့သောအရာမျိုးကို ယူဆောင်လာ(ပြီး ထုတ်ပြန်ပို့ချ)တော်မူသည်။❶ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ်တွင် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်ကို အသင်(တမန်တော်) မသိပါသလော။

❶ ယဟူဒီတွေနဲ့ ကာဖိရ်တွေက မေးခွန်းထုတ်ကြတယ် – " ဒီကုရ်အာန်အာယသ်တွေဟာ အလ္လာဟ်အရှင်မြတ်ထံက အမှန်တကယ်ချပေးခဲ့တာဆိုရင် ဘာဖြစ်လို့ အာယသ်တွေဟာ ပြောင်းလဲ ပြောင်းလဲသွားရတာလဲ။ " အဲဒီမေးခွန်းရဲ့အဖြေအဖြစ် ဒီအာယသ်ကို ချပေးခဲ့တာဖြစ်တယ်။ လူသားတွေရဲ့အခြေအနေကို အရှင်မြတ်သိတော်မူတယ်။ အီမာန်လက်ခံထားတဲ့အချိန်ကာလနနယ်သေးတဲ့အချိန်မှာ လိုက်နာနိုင်မဲ့ လွယ်တဲ့အမိန့်ပညတ်ချက်တွေကိုသာ ချပေးပြီး အချိန်ကာလကြာညောင်းလို့ အီမာန်ရင့်ကျက်လာတာနဲ့အမျှ ပိုပြီးလိုက်နာနိုင်မဲ့အမိန့်မျိုးကို တဖြည်းဖြည်းချင်း အဆင့်ဆင့်ပြောင်းလဲသတ်မှတ် အမိန့်ချမှတ်ပေးခြင်းဖြစ်တယ်။ ဥပမာ – တမန်တော်စတင်ပွင့်ခါစ အစပိုင်းကာလမှာ အရက်ကို ပိတ်ပင်တားမြစ်ခဲ့ခြင်းမရှိဘဲ အရက်ထဲမှာ အဆိုးနဲ့အကောင်းရှိပြီး အဆိုးကအကောင်းထက်ပိုများကြောင်း – ကုရ်အာန် (၂း၂၁၉)မှာ အခုလို အမိန့်ရှိတော်မူခဲ့တယ် – قُلۡ فِيۡهِمَاۤ اِثۡمٌ كَبِيۡرٌ وَّمَنَافِعُ لِلنَّاسِ ۡ وَاِثۡمُهُمَاۤ اَكۡبَرُ مِنۡ نَّفۡعِهِمَا အဲဒီနောက် အချိန်အတန်ကြာလာပြီး အီမာန်တိုးတက်လာတဲ့အခါ အရက်ကို အချိန်ကန့်သတ်ပြီး တားမြစ်တဲ့အမိန့်ချပေးတော်မူခဲ့တယ်။ စွလာသ်ဝတ်ပြုမဲ့အချိန်မှာ အရက်မသောက်ဖို့ကုရ်အာန်(၄း၄၃)မှာ အခုလိုတားမြစ်တော်မူခဲ့တယ် – لَا تَقۡرَبُوا الصَّلٰوةَ وَاَنۡتُمۡ سُكٰرٰى ။ အဲဒီနောက် အီမာန် အရင့်ကျက်ဆုံးအဆင့် ရောက်လာတဲ့အခါ နောက်ဆုံးအမိန့်အဖြစ် ဘယ်အချိန်မှ အရက်မသောက်ရအမိန့်ကို ထုတ်ပြန်ချမှတ်ခဲ့တယ်။ ဒါဟာ نَسۡخ "နတ်စ်ခ် "ရဲ့သဘောတရားဖြစ်တယ်။ အရက် လုံးဝတားမြစ်လိုက်တဲ့အာယသ်ကတော့ – يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡۤا اِنَّمَا الۡخَمۡرُ وَالۡمَيۡسِرُ وَالۡاَنۡصَابُ وَالۡاَزۡلَامُ رِجۡسٌ مِّنۡ عَمَلِ الشَّيۡطٰنِ فَاجۡتَنِبُوۡهُ لَعَلَّكُمۡ تُفۡلِحُوۡنَ ﴿٩٠﴾ ဖြစ်တယ်။ ဒီအာယသ်ကျတဲ့အချိန်မှာ မွတ်စ်လင်မ်တွေအားလုံးဟာ အရှင့်အမိန့်ကိုနာခံပြီး အရက်ကို တစ်ပြိုင်တည်း လုံးဝစွန့်လွှတ်လိုက်ခဲ့ကြတယ်။ (အာစားန်သရ်ဂျမဟ်)

اَلَمۡ تَعۡلَمۡ اَنَّ اللّٰهَ لَهٗ مُلۡكُ السَّمٰوٰتِ وَالۡاَرۡضِ ؕ وَمَا لَكُمۡ مِّنۡ دُوۡنِ اللّٰهِ مِنۡ وَّلِىٍّ وَّلَا نَصِيۡرٍ ﴿١٠٧﴾

(၁၀၇) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သာ ကောင်းကင်များနှင့် မြေပထဝီကို စိုးပိုင်တော်မူကြောင်းနှင့် အသင်တို့အတွက် အလ္လာဟ်အရှင်မြတ်မှ လွဲ၍ ကာကွယ်စောင့်ရှောက်မည့်သူ၊ ကူညီစောင်မမည့်သူ မည်သူမျှမရှိကြောင်း ကို အသင်(တမန်တော်) မသိပါသလော။

اَمۡ تُرِيۡدُوۡنَ اَنۡ تَسۡـَٔلُوۡا رَسُوۡلَـكُمۡ كَمَا سُٮِٕلَ مُوۡسٰى مِنۡ قَبۡلُ ؕ وَمَنۡ يَّتَبَدَّلِ الۡكُفۡرَ بِالۡاِيۡمَانِ فَقَدۡ ضَلَّ سَوَآءَ السَّبِيۡلِ ﴿١٠٨﴾

(၁၀၈) သို့မဟုတ် ယခင်က (တမန်တော်)မူစာ တောင်းဆိုမေးမြန်းခံ ခဲ့ရသကဲ့သို့ အသင်တို့သည်လည်း အသင်တို့၏ တမန်တော်(မုဟမ္မဒ်)ကို (ထို ကဲ့သို့ပင်) တောင်းဆိုမေးမြန်းလိုကြပါသလော။ ထို့ပြင် မည်သူမဆို အီမာန်ယုံ ကြည်မှုအစား ကုဖ်ရ်ငြင်းပယ်မှုကို လဲလှယ်ယူမည်ဆိုလျှင် ထိုသူသည် ဖြောင့် မတ်မှန်ကန်သည့်လမ်းမှ အမှန်ပင် တိမ်းချော်သွားပြီဖြစ်သည်။

وَدَّ كَثِيۡرٌ مِّنۡ اَهۡلِ الۡكِتٰبِ لَوۡ يَرُدُّوۡنَكُمۡ مِّنۡۢ بَعۡدِ اِيۡمَانِكُمۡ كُفَّارًا ۖۚ حَسَدًا مِّنۡ عِنۡدِ اَنۡفُسِهِمۡ مِّنۡۢ بَعۡدِ مَا تَبَيَّنَ لَهُمُ الۡحَـقُّ ۚ فَاعۡفُوۡا وَاصۡفَحُوۡا حَتّٰى يَاۡتِىَ اللّٰهُ بِاَمۡرِهٖ ؕ اِنَّ اللّٰهَ عَلٰى كُلِّ شَىۡءٍ قَدِيۡرٌ ﴿١٠٩﴾

(၁၀၉) ကျမ်းရသည့်သူများအနက်မှ အမြောက်အမြားသည် သူတို့ အတွက် အမှန်တရားသည် ထင်ရှားပြီးသည့်နောက်၌ပင် သူတို့၏စိတ်များထဲမှ မနာလိုမှုကြောင့် အသင်တို့ အီမာန်ယုံကြည်ပြီးနောက်တစ်ဖန် အသင်တို့အား ကာဖိရ်များအဖြစ်သို့ ပြန်လည်ရောက်စေချင်ကြသည်။ ထို့အတွက် အသင်တို့ သည် အလ္လာဟ်အရှင်မြတ်ထံမှ အမိန့်တော် ကျရောက်လာသည်အထိ (သူတို့ အား) ခွင့်လွှတ်ပြီး လျစ်လျူရှုနေကြပါ။ အမှန်မုချ အလ္လာဟ်အရှင်မြတ်သည် အရာ အားလုံးအပေါ်တွင် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

وَاَقِيۡمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ ؕ وَمَا تُقَدِّمُوۡا لِاَنۡفُسِكُمۡ مِّنۡ خَيۡرٍ تَجِدُوۡهُ عِنۡدَ اللّٰهِ ؕ اِنَّ اللّٰهَ بِمَا تَعۡمَلُوۡنَ بَصِيۡرٌ ﴿١١٠﴾

(၁၁၀) ထို့ပြင် အသင်တို့သည် စွလာသ်ဝတ်ပြုမှုကို ဆောက်တည် ကြပြီး ဇကာသ်(ဆင်းရဲသားနှင့် လိုအပ်သူများ၏ဝေစု)ကို ပေးဆောင်ကြပါ။ ထို့ပြင် အသင်တို့သည် အသင်တို့အတွက် ရှေ့ကိုကြိုတင်ပို့ဆောင်ထားသည့် မည်သည့်ကောင်းမှုကိုမဆို အလ္လာဟ်အရှင်မြတ်ထံ၌ ထိုအရာကို အသင်တို့ ရရှိကြလိမ့်မည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုမူကြသည့်

အရာအားလုံးကို အကြွင်းမဲ့မြင်တော်မူသောအရှင်ဖြစ်တော်မူသည်။

وَقَالُوا لَنْ يَدْخُلَ الْجَنَّةَ إِلَّا مَنْ كَانَ هُودًا أَوْ نَصَارَىٰ ۗ تِلْكَ أَمَانِيُّهُمْ ۗ قُلْ هَاتُوا بُرْهَانَكُمْ إِنْ
كُنْتُمْ صَادِقِينَ ﴿١١١﴾

(၁၁၁) ထို့ပြင် သူတို့က ပြောဆိုကြသည်- ဂျန္နသ်သုခဘုံကို ယဟူဒီသို့မဟုတ် နတ်စွဲရာနီဖြစ်သည့်သူမှလွဲ၍(မည်သူမျှ) လုံးဝ ဝင်ရမည်မဟုတ်။ ထိုအရာသည် သူတို့၏လိုချင်တပ်မက်မှုများသာဖြစ်သည်။ (အို-တမန်တော်) အသင် (သူတို့ကို) ပြောကြားလိုက်ပါ၊ အသင်တို့ (ပြောသမျှ)သည် မှန်သည်ဆိုလျှင် အသင်တို့၏ ခိုင်လုံသည့်အထောက်အထားကို ယူဆောင်ခဲ့ကြပါ။

بَلَىٰ مَنْ أَسْلَمَ وَجْهَهُ لِلَّهِ وَهُوَ مُحْسِنٌ فَلَهُ أَجْرُهُ عِنْدَ رَبِّهِ وَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿١١٢﴾

(၁၁၂) (သူတို့ပြောသကဲ့သို့ အခြားသူသည် ဂျန္နသ်ထဲသို့) အဘယ်ကြောင့် မဝင်နိုင်ရမည်နည်း၊ အမှန်မုချ မည်သူမဆို ကောင်းကျိုးဆောင်ရွက်သူဖြစ်လျက် သူ၏မျက်နှာ(ကိုယ်)ကို အလ္လာဟ်အရှင်မြတ်အတွက် အမိန့်နာခံပေးအပ်ခဲ့လျှင် ထိုသူအတွက် သူ၏အကျိုးရလဒ်သည် သူ့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံ၌ ရရှိလိမ့်မည်။ ၎င်းပြင် သူတို့အပေါ်၌ စိုးရိမ်စရာလည်းရှိမည်မဟုတ်သည့်အပြင် သူတို့သည် ပူဆွေးကြရမည်လည်းမဟုတ်ပေ။

وَقَالَتِ الْيَهُودُ لَيْسَتِ النَّصَارَىٰ عَلَىٰ شَيْءٍ وَقَالَتِ النَّصَارَىٰ لَيْسَتِ الْيَهُودُ عَلَىٰ شَيْءٍ وَ
هُمْ يَتْلُونَ الْكِتَابَ ۗ كَذَٰلِكَ قَالَ الَّذِينَ لَا يَعْلَمُونَ مِثْلَ قَوْلِهِمْ ۚ فَاللَّهُ يَحْكُمُ بَيْنَهُمْ يَوْمَ
الْقِيَامَةِ فِيمَا كَانُوا فِيهِ يَخْتَلِفُونَ ﴿١١٣﴾

(၁၁၃) ထို့ပြင် ယဟူဒီများက ပြောခဲ့ကြသည်၊ နတ်စွဲရာနီများသည် မည်သည့်အရာ(အခြေခံအမှန်တရား)ပေါ်၌မျှ မရှိခဲ့ပေ။ ၎င်းပြင် နတ်စွဲရာနီများကလည်း (ပြန်)ပြောခဲ့ကြသည်၊ ယဟူဒီများသည် မည်သည့်အရာ(အခြေခံအမှန်တရား)ပေါ်၌မျှမရှိခဲ့ပေ။ ● သူတို့ (နှစ်အုပ်စုလုံး)သည် (အရှင်မြတ်တစ်ပါးတည်းက ချပေးခဲ့သည့်)ကျမ်းကိုသာ ရွတ်ဖတ်နေကြပါလျက်(တစ်ဖက်နှင့်တစ်ဖက် မဟုတ်မမှန်ပြောနေကြသည်)။ ထို(နှစ်အုပ်စုပြောကြသ)ကဲ့သို့ပင် (ကျမ်းမရသည့်သူ) ပညာမဲ့များကလည်း သူတို့စကားမျိုးကဲ့သို့ပင် (ကျမ်းရသူမွတ်စ်လင်မ်များသည် မည်သည့်အခြေခံ အမှန်ပေါ်၌မျှ မရှိခဲ့ပေဟု) ပြောဆိုခဲ့ကြသည်။ ထို့အတွက် အလ္လာဟ်အရှင်မြတ်သည် ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် သူတို့ကွဲလွဲနေခဲ့ကြသည့် အရာ(ပြဿနာ)များကို သူတို့ကြားတွင် စီရင်

ဆုံးဖြတ် အမိန့်ချမှတ်တော်မူမည်။

❶ ယဟူဒီတွေဟာ အရှင်မြတ်ချပေးတော်မူထားတဲ့ သောင်ရာသ်ကျမ်းကို ဖတ်ရွတ်နေကြတယ်။ နတ်စ္စရာနီတွေဟာလည်း အရှင်မြတ်ချပေးတော်မူထားတဲ့ အင်န်ဂျီလ်ကျမ်းကို ဖတ်ရွတ်နေကြတယ်။ အဲဒီကျမ်းနှစ်ကျမ်းစလုံးဟာ အရှင်မြတ်တစ်ပါးတည်းက ချပေးတဲ့ကျမ်းတွေဖြစ်ပြီး တစ်ကျမ်းကို တစ်ကျမ်း ထောက်ခံလျက်ရှိနေပါလျက် ယဟူဒီတွေနဲ့ နတ်စ္စရာနီတွေဟာ တစ်အုပ်စုနဲ့တစ်အုပ်စု "ငါတို့ပဲမှန်တယ်၊ မင်းတို့မှားတယ်၊ မင်းတို့ဟာ ဘာမှ မဟုတ်ဘူး။" စသဖြင့် အုပ်စုစွဲထားပြီး အယူသည်းကာ ပုတ်ခတ်ပြောဆိုနေခဲ့ကြတယ်။ အဲဒီလို အရှင်မြတ်တစ်ပါးတည်းက ပို့ချပေးတဲ့ကျမ်းရတဲ့ မွတ်စ်လင်မ်အုပ်စုအချင်းချင်း မဟုတ်မမှန်ဘူးလို့ပြောဆိုနေကြတော့ ပညာမဲ့ကာဖိရ်တွေက သူတို့လိုပဲ ပုတ်ခတ် ပြောဆိုကြတော့တယ် - "အဲဒီမွတ်စ်လင်မ် အုပ်စုနှစ်ခုစလုံးဟာ ဘာမှမဟုတ်ဘူး၊ ငါတို့ပဲမှန်တယ်။" (အလင်းပြကျမ်း)

وَمَنْ اَظْلَمُ مِمَّنْ مَّنَعَ مَسٰجِدَ اللّٰهِ اَنْ يُّذْكَرَ فِيْهَا اسْمُهٗ وَسَعٰى فِىْ خَرَابِهَا ؕ اُولٰٓئِكَ مَا كَانَ
لَهُمْ اَنْ يَّدْخُلُوْهَآ اِلَّا خَآئِفِيْنَ ؕ لَهُمْ فِى الدُّنْيَا خِزْىٌ وَّلَهُمْ فِى الْاٰخِرَةِ عَذَابٌ عَظِيْمٌ ﴿١١٤﴾

(၁၁၄) ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ဗလီကျောင်းတော်များတွင် အရှင်မြတ်၏နာမတော်ကိုသတိရတသမှုမှတားဆီးပိတ်ပင်ခဲ့ပြီး၎င်း(ဗလီကျောင်းတော်)ကို ဖျက်ဆီးရန် ကြိုးပမ်းခဲ့ကြသည့်သူများထက် ပိုမိုမတရားသူသည် မည်သူရှိဦးမည်နည်း။ (အမှန်စင်စစ်)သူတို့ကိုယ်တိုင် ထို(ဗလီ)ထဲသို့ ကြောက်ရွံ့သူများအဖြစ်ဖြင့် ဝင်ရောက်ရမည်မှလွဲ၍ အခြားမရှိပေ။ ထို(ကဲ့သို့ ဖျက်ဆီးရန် ကြိုးပမ်း)သူများအတွက် (ဤ)လောကတွင် သေးသိမ်မှုနှင့် ၎င်းတို့အတွက် တမလွန်ဘဝတွင် ကြီးလေးသည့်အပြစ်ဒဏ်ရှိသည်။

وَلِلّٰهِ الْمَشْرِقُ وَالْمَغْرِبُ ۚ فَاَيْنَمَا تُوَلُّوْا فَثَمَّ وَجْهُ اللّٰهِ ؕ اِنَّ اللّٰهَ وَاسِعٌ عَلِيْمٌ ﴿١١٥﴾

(၁၁၅) ထို့ပြင် အရှေ့နှင့်အနောက်(အပြင် ရှိသမျှအရာအားလုံး)သည် အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် မည်သည့်ဘက်သို့ပင် မျက်နှာမူသည်ဖြစ်စေ ထိုဘက်တွင် အလ္လာဟ်အရှင်မြတ်၏မျက်နှာတော် ရှိနေတော်မူသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (အသိဉာဏ်ပညာနှင့် ကရုဏာ ကျယ်ဝန်းလျက်အရာအားလုံးကို) ဝန်းခြုံထားတော်မူသော အရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

وَقَالُوا اتَّخَذَ اللّٰهُ وَلَدًا ۙ سُبْحٰنَهٗ ؕ بَلْ لَّهٗ مَا فِى السَّمٰوٰتِ وَالْاَرْضِ ؕ كُلٌّ لَّهٗ قٰنِتُوْنَ ﴿١١٦﴾

(၁၁၆) ထို့ပြင် ၎င်း(ယဟူဒီ၊ နတ်စ္စရာနီ)တို့က အလ္လာဟ်အရှင်မြတ်၌ သားရှိသည်ဟု ပြောဆိုခဲ့ကြသည်။ အရှင်မြတ်သည် ကင်းစင်သန့်ပြန့်တော်မူသည်။ အမှန်စင်စစ် မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသမျှကို အရှင်မြတ်

သာ ပိုင်ဆိုင်တော်မူသည်။ အရာအားလုံးသည် အရှင်မြတ်၏အမိန့်ကို နာခံသော သူများဖြစ်ကြသည်။

بَدِيۡعُ السَّمٰوٰتِ وَالۡاَرۡضِ‌ؕ وَاِذَا قَضٰۤى اَمۡرًا فَاِنَّمَا يَقُوۡلُ لَهٗ كُنۡ فَيَكُوۡنُ ﴿۱۱۷﴾

(၁၁၇) (အရှင်မြတ်သည်) မိုးကောင်းကင်များနှင့် မြေပထဝီကို စတင်ဖန်ဆင်းတော်မူသောအရှင်ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် ကိစ္စရပ်တစ်ခုကို ပြဋ္ဌာန်းတော်မူသည့်အခါ ထိုကိစ္စရပ်ကို "ဖြစ်စေ"ဟုပြောလိုက်သည်နှင့် ထိုကိစ္စသည် ဖြစ်ပေါ်လာသည်။

وَقَالَ الَّذِيۡنَ لَا يَعۡلَمُوۡنَ لَوۡلَا يُكَلِّمُنَا اللّٰهُ اَوۡ تَاۡتِيۡنَاۤ اٰيَةٌ‌ ؕ كَذٰلِكَ قَالَ الَّذِيۡنَ مِنۡ قَبۡلِهِمۡ مِّثۡلَ قَوۡلِهِمۡ‌ؕ تَشَابَهَتۡ قُلُوۡبُهُمۡ‌ؕ قَدۡ بَيَّنَّا الۡاٰيٰتِ لِقَوۡمٍ يُّوۡقِنُوۡنَ ﴿۱۱۸﴾

(၁၁၈) ထို့ပြင် ပညာမဲ့များက ပြောဆိုခဲ့ကြသည်၊ အလ္လာဟ်အရှင်မြတ်သည်ကျွန်ုပ်တို့အားအဘယ်ကြောင့်(တိုက်ရိုက်)စကားပြောဆိုတော်မမူပါသနည်း၊ သို့မဟုတ် ကျွန်ုပ်တို့ထံ (အံ့သြဖွယ်ရာ)တန်ခိုးတော်တစ်ခုခု အဘယ်ကြောင့် ရောက်ရှိမလာပါသနည်း။ ထိုသို့ပင် သူတို့မတိုင်မီက လူများသည်လည်း သူတို့၏စကားကဲ့သို့ ပြောဆိုခဲ့ကြသည်။ သူတို့၏စိတ်နှလုံးများသည် ဆင်တူယိုးမှားပင်ဖြစ်ခဲ့ကြသည်။ အမှန်မုချ ငါအရှင်မြတ်သည် ယုံကြည်သည့်သူများအတွက် အာယသ်တော်များကို ရှင်းလင်းဖွင့်ဆိုပြသတော်မူပြီးဖြစ်သည်။

اِنَّاۤ اَرۡسَلۡنٰكَ بِالۡحَـقِّ بَشِيۡرًا وَّنَذِيۡرًا ۙ وَّلَا تُسۡـئَلُ عَنۡ اَصۡحٰبِ الۡجَحِيۡمِ ﴿۱۱۹﴾

(၁၁၉) အမှန်မုချ ငါအရှင်မြတ်သည် အသင်(တမန်တော်)ကို အမှန်တရားနှင့်တကွ သတင်းကောင်းပေးသူအဖြစ်နှင့် သတိပေးနှိုးဆော်သူအဖြစ် စေလွှတ်တော်မူခဲ့သည်။ ထို့နောက် အသင်(တမန်တော်)သည် ဂျဟန္နမ်ငရဲသားများနှင့် ပတ်သက်၍ အမေးအမြန်းခံရမည်မဟုတ်ပေ။

وَلَنۡ تَرۡضٰى عَنۡكَ الۡيَهُوۡدُ وَلَا النَّصٰرٰى حَتّٰى تَتَّبِعَ مِلَّتَهُمۡ‌ؕ قُلۡ اِنَّ هُدَى اللّٰهِ هُوَ الۡهُدٰى‌ؕ وَلَئِنِ اتَّبَعۡتَ اَهۡوَآءَهُمۡ بَعۡدَ الَّذِىۡ جَآءَكَ مِنَ الۡعِلۡمِ‌ۙ مَا لَكَ مِنَ اللّٰهِ مِنۡ وَّلِىٍّ وَّلَا نَصِيۡرٍ ﴿۱۲۰﴾

(၁၂၀) ထို့ပြင်ယဟူဒီများနှင့် နတ်စ္စရာနီများသည် သူတို့၏ ဘာသာအယူဝါဒကို အသင်(တမန်တော်)မလိုက်နာသမျှ အသင်(တမန်တော်)ကို မည်သည့်အခါမျှ ကျေနပ်ကြမည် မဟုတ်ပေ။ (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏လမ်းမှန်ညွှန်ကြားပြသမှုသာ လမ်းမှန်ညွှန်ကြားပြသမှု(အစစ်)ဖြစ်သည်။ ၎င်းပြင် အကယ်၍ အသင်(တမန်တော်)

သည့် အသင်၏ထံ အသိပညာရောက်ရှိပြီးသည့်နောက်မှ သူတို့၏ အလိုဆန္ဒများနောက်ကို လိုက်ခဲ့မည်ဆိုလျှင် အသင်(တမန်တော်)အတွက် အလ္လာဟ်အရှင်မြတ်(၏အရေးယူမှု)မှ (လွတ်မြောက်စေရန်) ကာကွယ်စောင့်ရှောက်မည့်သူနှင့် ကူညီရိုင်းပင်းမည့်သူ မည်သူမျှ ရှိမည်မဟုတ်ပေ။

اَلَّذِيۡنَ اٰتَيۡنٰهُمُ الۡكِتٰبَ يَتۡلُوۡنَهٗ حَقَّ تِلَاوَتِهٖ ؕ اُولٰٓـئِكَ يُؤۡمِنُوۡنَ بِهٖ ؕ وَمَنۡ يَّكۡفُرۡ بِهٖ فَاُولٰٓـئِكَ هُمُ الۡخٰسِرُوۡنَ ﴿١٢١﴾

(၁၂၁) အကြင်သူများအား ငါအရှင်မြတ်သည် ကျမ်းတော်ကို ပေးသနားတော်မူခဲ့သည်၊ ထိုသူများသည် ၎င်း(ကျမ်းတော်)ကို ဖတ်ရွတ်လိုက်နာထိုက်သည့်နည်းဖြင့် ဖတ်ရွတ်လိုက်နာကြသည်။[၁] ထိုသူများပင် ၎င်း(ကျမ်းတော်)ကို ယုံကြည်သည့်သူများဖြစ်ကြသည်။ ၎င်းပြင် မည်သူမဆို ၎င်း(ကျမ်းတော်)ကို ငြင်းပယ်လျှင် ထိုသူများသည်သာ ပျက်စီးဆုံးရှုံးမည့်သူများဖြစ်ကြသည်။

❶ ဖတ်ရွတ်လိုက်နာထိုက်တဲ့နည်းမှာ - (၁) စိတ်ဝင်တစား စဉ်းစားဖတ်ရွတ်ခြင်း၊ ဂျန္နသ်အကြောင်း ရောက်တဲ့အခါ ဂျန္နသ်ရရှိဖို့ တောင်းခံခြင်း၊ ဂျဟန္နမ်အကြောင်း ရောက်ရှိတဲ့အခါ ဂျဟန္နမ်က လွတ်ကင်းဖို့ တောင်းခံခြင်း။ (၂) ဟလာလ်လုပ်ပိုင်ခွင့်ပြုတဲ့အရာတွေကို ဟလာလ်လို့ မှတ်ယူလိုက်နာပြီး ဟရာမ်တားမြစ်ထားတဲ့အရာတွေကို ဟရာမ်လို့ မှတ်ယူရှောင်ကြဉ်ခြင်း။ အရှင်မြတ်ရဲ့ကျမ်းတော်ကို လုပ်ကြံပြောင်းလဲမှု မပြုလုပ်ခြင်း။ (၃) ကျမ်းတော်ထဲမှာ အမိန့်ရှိထားတဲ့အရာတွေကို ကွယ်ဝှက်ထိမ်ချန်မှုမပြုဘဲ လူတွေကို ပြသခြင်း။ (၄) မုဟ်ကမားသ်အာယသ်တွေကို နာခံလိုက်နာခြင်း၊ မုသရှာဗိဟားသ်အာယသ်တွေကို အီမာန်ယုံကြည်ခြင်း၊ နားမလည်တဲ့ အာယသ်တော်တွေကို ပညာရှင်တွေထံမှာ မေးမြန်းအဖြေရှာခြင်း။ (၅) အမိန့်တော်တိုင်းအပေါ်မှာ လိုက်နာခြင်း။ (၆) وَرَتِّلِ الْقُرْاٰنَ تَرْتِيْلًا ﴿٤﴾ (၇၃:၄) "ထို့ပြင် အသင်သည် ကုရ်အာန်ကို သရ်သီလ်ဖြင့် ဌာန်ကရိုဏ်းကျကျဖတ်ပါ" လို့ အမိန့်ပေးထားတဲ့အတိုင်း သဂျ်ဝီဒ်နဲ့ ဌာန်ကရိုဏ်းကျကျဖတ်ရွတ်ခြင်းတို့ ဖြစ်တယ်။ အဲဒီအချက်အလက်တွေ အားလုံးကို လိုက်နာပြီးဖတ်ရွတ်ခြင်းကို ဖတ်ရွတ်လိုက်နာထိုက်တဲ့ ဖတ်ရွတ်လိုက်နာမှု "حَقُّ التِّلَاوَة" လို့ခေါ်ပါတယ်။ အဲဒီလိုဖတ်ရွတ်လိုက်နာတဲ့သူတွေပဲ ကျမ်းတော်ကို တကယ်ယုံကြည်တဲ့သူတွေဖြစ်တယ်လို့ မိန့်ဆိုထားခြင်းဖြစ်တယ်။ (အိဗ်နုကဆီးရ်) မုဟ်ကမားသ်ဆိုတာ အဓိပ္ပာယ်ပေါ်လွင်ထင်ရှားတဲ့ အာယသ်တွေကို ဆိုလိုတယ်။ မုသရှာဗိဟားသ်ဆိုတာ အဓိပ္ပာယ် လျှို့ဝှက်နေတဲ့ အာယသ်တွေကို ဆိုလိုတယ်။ ဒီနှစ်မျိုးရဲ့အဓိပ္ပာယ်နဲ့ပတ်သက်ပြီး နောက်ထပ်ဖွင့်ဆိုချက်တွေလည်း ရှိပါသေးတယ်။ အကျယ်ကို မနာဟိလ္လလ်အိရ်ဖားန်မှာကြည့်ပါ။

يٰبَنِىۡٓ اِسۡرَآءِيۡلَ اذۡكُرُوۡا نِعۡمَتِىَ الَّتِىۡٓ اَنۡعَمۡتُ عَلَيۡكُمۡ وَاَنِّىۡ فَضَّلۡتُكُمۡ عَلَى الۡعٰلَمِيۡنَ ﴿١٢٢﴾

(၁၂၂) အို- အစ္စရာအီလ်မျိုးနွယ်ဝင်အပေါင်းတို့၊ ငါအရှင်မြတ်က အသင်တို့အပေါ် ကျေးဇူးပြုထားသည့် ငါအရှင်မြတ်၏ဂုဏ်ကျေးဇူးတော်(များ)ကို သတိရကြပါ။ ထို့ပြင်အမှန်ပင် ငါအရှင်မြတ်သည် အသင်တို့ကို (အသင်တို့ခေတ်ရှိ)

စကြာဝဠာအားလုံးထက် ထူးကဲမြင့်မြတ်စေတော်မူခဲ့သည်ကိုလည်း သတိရကြပါ။

وَاتَّقُوا يَوْمًا لَّا تَجْزِي نَفْسٌ عَن نَّفْسٍ شَيْئًا وَلَا يُقْبَلُ مِنْهَا عَدْلٌ وَلَا تَنفَعُهَا شَفَاعَةٌ وَلَا هُمْ يُنصَرُونَ ﴿١٢٣﴾

(၁၂၃) ထို့ပြင် အသင်တို့သည် အကြင်နေ့ကို ကြောက်ရွံ့ပြီး (အသင်တို့ကိုယ်ကို ကာကွယ်ကြပါ၊) ထိုနေ့တွင် မည်သူကမျှ မည်သူ့ကိုမျှ မည်သည့်အရာတစ်ခုမျှ အကျိုးပြုနိုင်မည်မဟုတ်ပေ။ ထို့ပြင် မည်သူ့ထံကမျှ အစားထိုးလဲလှယ်ယူခြင်းကိုလည်း လက်ခံခြင်းခံရမည်မဟုတ်ပေ။ ထို့ပြင်(မည်သူ၏)အသနားခံ လိုက်လံပြောပေးမှုမျှလည်း သူ့ကို အကျိုးရှိစေမည်မဟုတ်ပေ။ ထို့ပြင် သူတို့သည် ကူညီခြင်းလည်း ခံကြရမည်မဟုတ်ပေ။

وَإِذِ ابْتَلَىٰ إِبْرَاهِيمَ رَبُّهُ بِكَلِمَاتٍ فَأَتَمَّهُنَّ ۖ قَالَ إِنِّي جَاعِلُكَ لِلنَّاسِ إِمَامًا ۖ قَالَ وَمِن ذُرِّيَّتِي ۖ قَالَ لَا يَنَالُ عَهْدِي الظَّالِمِينَ ﴿١٢٤﴾

(၁၂၄) ထို့ပြင် တစ်ခါတွင်(တမန်တော်)အိဗ်ရာဟီမ်ကို ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က အချို့ကိစ္စရပ်များနှင့်ပတ်သက်၍ စမ်းသပ်တော်မူသည့်အခါ ၎င်း(တမန်တော်)သည် ယင်း(ကိစ္စရပ်များ)ကို ပြည့်ဝစွာဆောင်ရွက်ခဲ့သည်။ အရှင်မြတ်က အမိန့်ရှိတော်မူသည်၊ အမှန်မုချ ငါအရှင်မြတ်သည် အသင်(တမန်တော်)ကို လူများ၏အိမာမ်ရှေ့ဆောင်အဖြစ် ခန့်အပ်တော်မူမည့်အရှင်ဖြစ်တော်မူသည်။ ၎င်း(တမန်တော်)က ပြောဆို(မေးမြန်း)ခဲ့သည်၊ ကျွန်ုပ်၏သားမြေးများထဲမှလည်း (အိမာမ်ရှေ့ဆောင် ခန့်အပ်တော်မူပါမည်လော)။ အရှင်မြတ်က မိန့်တော်မူခဲ့သည်၊ ငါအရှင်မြတ်၏ကတိတော်သည် မတရားပြုလုပ်သည့်သူများနှင့် မသက်ဆိုင်ပေ။

وَإِذْ جَعَلْنَا الْبَيْتَ مَثَابَةً لِّلنَّاسِ وَأَمْنًا وَاتَّخِذُوا مِن مَّقَامِ إِبْرَاهِيمَ مُصَلًّى ۖ وَعَهِدْنَا إِلَىٰ إِبْرَاهِيمَ وَإِسْمَاعِيلَ أَن طَهِّرَا بَيْتِيَ لِلطَّائِفِينَ وَالْعَاكِفِينَ وَالرُّكَّعِ السُّجُودِ ﴿١٢٥﴾

(၁၂၅) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် ကအ်ဗဟ်ကျောင်းတော်❶ကို လူများအားလုံးအတွက် အကြိမ်ကြိမ်ပြန်လှည့်လာရသည့် နေရာအဖြစ်နှင့် ငြိမ်းချမ်းမှုခိုလှုံရာဌာနအဖြစ် ပြုလုပ်(သတ်မှတ်)တော်မူခဲ့သည်။ ၎င်းပြင် အသင်တို့သည် (တမန်တော်)အိဗ်ရာဟီမ် ရပ်တည်သည့်နေရာကို စွလာသ်ဝတ်ပြုရာနေရာအဖြစ်ပြုလုပ်ကြပါ။ ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)အိဗ်ရာဟီမ်နှင့် (တမန်တော်)အစ္စမာအီလ်တို့အား (ယခုကဲ့သို့)အမိန့်ချမှတ်တော်မူခဲ့သည်၊

အသင်တို့(တမန်တော်)နှစ်ဦးသည် (ငါအရှင်မြတ်၏အိမ်တော်ကို) သွတ်ဖ လှည့်ပတ်ဖူးမြော်ကြသူများ၊ အိအ်သိကာဖ်ဗလီထဲတွင် စွဲမြဲစွာနေထိုင်(လျက် အရှင်မြတ်၏နှစ်သက်မှုကို ရအောင်ရှာဖွေ)သူများ၊ ရကူအ်ကိုင်းညွတ်ရှိကျိုးသူ များနှင့် စဂျ်ဒဟ်ဦးချသူများအတွက် ငါအရှင်မြတ်၏အိမ်တော်ကို သန့်ပြန့်အောင် ရှင်းလင်းထားကြရမည်။

(၂) ကာအ်ဗဟ်ကျောင်းတော်နဲ့ပတ်သက်၍ ကုရ်အာန်(၃း၉၆)မှာ အခုလို အမိန့်ရှိထားတော်မူတယ် - “ اِنَّ اَوَّلَ بَيْتٍ وُّضِعَ لِلنَّاسِ لَلَّذِىْ بِبَكَّةَ مُبٰرَكًا وَّ هُدًى لِّلْعٰلَمِيْنَ ﴿٩٦﴾ အမှန်မုချ လူများအတွက်(ဝတ်ပြုကိုးကွယ် ရန်) ပထမဦးဆုံး ဆောက်လုပ်ထားသောအိမ်တော်သည် ဗက္ကဟ်ခေါ် မက္ကဟ်မြို့၌ တည်ရှိသည့် ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံလျက်ရှိသည့်အပြင်၊ စကြဝဠာအားလုံးအတွက် လမ်းမှန်ညွှန်ကြားပြ သလျက်ရှိသည့်အိမ်တော်ပင်ဖြစ်သည်။” (ကုရ်အာန်၊ သိုင်စီရွလ်ကရီမိရ်ရဟ်မာန်၊ အလင်းပြကျမ်း)

وَاِذْ قَالَ اِبْرٰهٖمُ رَبِّ اجْعَلْ هٰذَا بَلَدًا اٰمِنًا وَّ ارْزُقْ اَهْلَهٗ مِنَ الثَّمَرٰتِ مَنْ اٰمَنَ مِنْهُمْ بِاللّٰهِ وَ
الْيَوْمِ الْاٰخِرِ ؕ قَالَ وَمَنْ كَفَرَ فَاُمَتِّعُهٗ قَلِيْلًا ثُمَّ اَضْطَرُّهٗۤ اِلٰى عَذَابِ النَّارِ ؕ وَبِئْسَ الْمَصِيْرُ ﴿١٢٦﴾

(၁၂၆) ထို့ပြင် တစ်ခါတွင် (တမန်တော်)အိဗ်ရာဟီမ်က ပြောဆိုခဲ့သည်၊ အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ဤဒေသကို ငြိမ်းချမ်းသာ ယာသောမြို့တော်အဖြစ် ပြုလုပ်ပေးတော်မူပါ၊ ၎င်းပြင် ထိုမြို့သူမြို့သားများထဲမှ အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သူများအား သစ်သီးဝလံများ ထဲမှ စားနပ်ရိက္ခာများကို ပေးသနားတော်မူပါ။ အရှင်မြတ်က အမိန့်ရှိတော်မူခဲ့ သည်၊ ထို့ပြင် ငါအရှင်မြတ်သည် ငြင်းပယ်သူကို (အချိန်)အနည်းငယ် အကျိုးခံစား စေတော်မူမည်။ ထို့နောက် (တမလွန်ဘဝ၌) ငါအရှင်မြတ်သည် သူ့အား ငရဲမီး ၏အပြစ်ဒဏ်ထဲသို့ အတင်းအကျပ် မောင်းနှင်တော်မူမည်။ ထို့ပြင် (သူ၏)ခရီး လမ်းဆုံးပြန်လှည့်ရာနေရာသည် အဘယ်မျှ ဆိုးဝါးလိုက်သနည်း။

وَاِذْ يَرْفَعُ اِبْرٰهٖمُ الْقَوَاعِدَ مِنَ الْبَيْتِ وَاِسْمٰعِيْلُ ؕ رَبَّنَا تَقَبَّلْ مِنَّا ؕ اِنَّكَ اَنْتَ السَّمِيْعُ الْعَلِيْمُ ﴿١٢٧﴾

(၁၂၇) ထို့ပြင် တစ်ခါတွင်(တမန်တော်)အိဗ်ရာဟီမ်နှင့် (၎င်း၏သား တော်တမန်တော်)အစ္စမာအီလ်တို့သည် (ကာအ်ဗဟ်)ကျောင်းတော်၏ နံရံများကို မြှင့်တင်(ဆောက်လုပ်)နေစဉ် (အရှင်မြတ်ထံ၌ ပြောဆိုလျှောက်ထားကြသည်) အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ် တို့ထံမှ (ကျောင်းတော်ဆောက်လုပ်သည့် ဤကောင်းမှုကို) လက်ခံတော်မူပါ။ အမှန်စင်စစ် အရှင်မြတ်သည်သာ အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူပါသည်။

رَبَّنَا وَاجْعَلْنَا مُسْلِمَيْنِ لَكَ وَمِنْ ذُرِّيَّتِنَآ اُمَّةً مُّسْلِمَةً لَّكَ ۪ وَاَرِنَا مَنَاسِكَنَا وَتُبْ عَلَيْنَا ۚ
اِنَّكَ اَنْتَ التَّوَّابُ الرَّحِيْمُ ﴿١٢٨﴾

(၁၂၈) အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား အရှင်မြတ်၏အမိန့်ကို (ပြည့်ပြည့်ဝဝ)နာခံသူ မွတ်စ်လင်မ်နှစ်ဦးအဖြစ် ပြုလုပ်တော်မူပါ၊ ၎င်းပြင် ကျွန်ုပ်တို့၏သားစဉ်မြေးဆက် ထဲမှလည်း အရှင်၏အမိန့်တော်ကို (ပြည့်ပြည့်ဝဝ)နာခံကြမည့် မွတ်စ်လင်မ် အုပ်စုအဖြစ်ပြုလုပ်တော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား အိဗာဒသ် ကိုးကွယ်နည်းဥပဒေများကို ပြသပေးတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်ုပ်တို့(ဘက်သို့ ကရုဏာနှင့်လှည့်ပြီး ကျွန်ုပ်တို့)၏ ဝန်ချတောင်းပန်မှုကို လက်ခံခွင့်လွှတ်တော်မူပါ။ အမှန်စင်စစ် အရှင်မြတ်သည်သာ အများဝန်ခံမှုကို အကြိမ်ကြိမ်လက်ခံခွင့်လွှတ်တော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူ သောအရှင် ဖြစ်တော်မူပါသည်။

رَبَّنَا وَابْعَثْ فِيْهِمْ رَسُوْلًا مِّنْهُمْ يَتْلُوْا عَلَيْهِمْ اٰيٰتِكَ وَيُعَلِّمُهُمُ الْكِتٰبَ وَالْحِكْمَةَ وَيُزَكِّيْهِمْ ۗ
اِنَّكَ اَنْتَ الْعَزِيْزُ الْحَكِيْمُ ﴿١٢٩﴾

(၁၂၉) အို-ကျွန်ုပ်တို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ထို့ပြင် သူတို့ထဲတွင် သူတို့ထဲမှပင် ရစူလ်တမန်တော်တစ်ပါးကို ပွင့်ပေါ်စေတော်မူပါ၊ ၎င်း(တမန်တော်)သည် သူတို့၏ရှေ့မှောက်၌ အရှင်မြတ်၏အာယသ်တော်များ ကို ဖတ်ရွတ်ပြပြီး သူတို့အား ကျမ်းဂန်နှင့်တကွ ပညာဉာဏ်အမြော်အမြင်ကို လည်း သင်ကြားပေးမည်၊ ထို့နောက် သူတို့အား စင်ကြယ်သောသူများ ဖြစ် အောင်လည်း ပြုလုပ်ပေးမည်။ ❶ စင်စစ် အရှင်မြတ်သည်သာ တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံ တော်မူသောအရှင်ဖြစ်တော်မူပါသည်။

❶ တမန်တော်အိဗ်ရာဟီမ် عليه السلام နဲ့ တမန်တော်အစ္စမာအီလ် عليه السلام က သူတို့ရဲ့သားစဉ်မြေးဆက်ထဲက နေ တမန်တော်တစ်ပါး ပေါ်ထွန်းစေဖို့ အရှင်မြတ်ထံမှာ ဒုအာဆုမွန်တောင်းခံခဲ့ခြင်းဖြစ်တယ်။ အဲဒီ ပေါ်ထွန်းလာမဲ့ တမန်တော်ဟာ အချက်(၄)ချက်ကို အဓိကထားဆောင်ရွက်ဖို့ပါ ဒုအာထည့်တောင်း ထားခြင်းဖြစ်တယ်။ အဲဒီအချက်တွေကတော့ (၁) လူတွေရှေ့မှောက်မှာ အရှင်မြတ်ရဲ့ အာယသ် တော်တွေကို ဖတ်ရွတ်ပြခြင်း၊ (၂) ကျမ်းဂန်ကိုသင်ပြပေးခြင်း၊ (၃) ဆောင်ရန် ရှောင်ရန် အမြော် အမြင်ရှိတဲ့ ဆုံးမဩဝါဒ(စွန္နသ်တော်)တွေကို သင်ပြပေးခြင်းနဲ့(၄) လူတွေရဲ့စိတ်နှလုံးတွေထဲက မမှန်ကန်တဲ့အတွေးအခေါ်ယုံကြည်ချက်တွေကို မှန်ကန်အောင်လုပ်ပြီး အကျင့်စာရိတ္တတွေကောင်း မွန်အောင်ပြုလုပ်ပေးခြင်းတို့ ဖြစ်တယ်။ တမန်တော်မြတ် ﷺ ဟာ သူတို့ရဲ့သားစဉ်မြေးဆက်ထဲက

ပေါ်ထွန်းလာခဲ့ပြီး အဲဒီအချက်တွေကို တမန်တော်မြတ် ﷺ ဟာ အဓိကထား ကြိုးစားဆောင်ရွက်သွားခဲ့ပါတယ်။ (အလင်းပြကျမ်း)

وَمَنْ يَّرْغَبُ عَنْ مِّلَّةِ اِبْرٰهٖمَ اِلَّا مَنْ سَفِهَ نَفْسَهٗ ۭ وَلَقَدِ اصْطَفَيْنٰهُ فِى الدُّنْيَا ۚ وَاِنَّهٗ فِى الْاٰخِرَةِ لَمِنَ الصّٰلِحِيْنَ ﴿١٣٠﴾

(၁၃၀) ထို့ပြင် မိမိကိုယ်မိမိအသိဉာဏ်မရှိ မိုက်မဲသူဖြစ်အောင်လုပ်သူမှလွဲ၍ မည်သူသည် (တမန်တော်) အိဗ်ရာဟီမ်၏သာသနာ❶ မှ လွဲရှောင်သွားမည်နည်း။ ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ၎င်း(အိဗ်ရာဟီမ်)ကို (ဤ)လောကတွင် (တမန်တော်အဖြစ်) ရွေးချယ်တော်မူခဲ့သည့်အပြင် တမလွန်ဘဝတွင်လည်း အမှန်စင်စစ် ၎င်းသည် ကောင်းမြတ်သောသူများထဲမှ ဖြစ်လိမ့်မည်။

❶ အစ္စလာမ်သာသနာဝင်တွေကို တမန်တော်အိဗ်ရာဟီမ် عليه السلام ပေးခဲ့တဲ့ နာမည်အတိုင်း မွတ်စ်လင်မ်လို့ပဲ ခေါ်တွင်တယ်။ (၂၂း၇၈)မှာ နာမည်ပေးတဲ့အကြောင်း အရှင်မြတ်က အခုလိုအမိန့်ရှိထားတော်မူတယ် - مِلَّةَ اَبِيْكُمْ اِبْرٰهِيْمَ ۭ هُوَ سَمّٰىكُمُ الْمُسْلِمِيْنَ (အလင်းပြကျမ်း)
တချို့က ဒီနေရာမှာ မွတ်စ်လင်မ်လို့ နာမည်ပေးသူဟာ အရှင်မြတ်ဖြစ်ကြောင်း ဖွင့်ဆိုကြတယ်။
(အိဗ်နုကဆီးရ်၊ ရှအ်ရာဝီ၊ အသ်ဝ်ဝါအွလ်ဗယာန်)။

اِذْ قَالَ لَهٗ رَبُّهٗٓ اَسْلِمْ ۙ قَالَ اَسْلَمْتُ لِرَبِّ الْعٰلَمِيْنَ ﴿١٣١﴾

(၁၃၁) တစ်ခါတွင် (တမန်တော်) အိဗ်ရာဟီမ်ကို ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်က အမိန့်ရှိတော်မူခဲ့သည်၊ အသင်သည် အမိန့်နာခံသူ (မွတ်စ်လင်မ်) ဖြစ်လိုက်ပါ။ ၎င်း(တမန်တော်အိဗ်ရာဟီမ်)က ပြောခဲ့သည်၊ ကျွန်ုပ်သည် စကြဝဠာအားလုံးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်တော်ကို နာခံပြီးဖြစ်ပါသည်။

وَوَصّٰى بِهَآ اِبْرٰهٖمُ بَنِيْهِ وَيَعْقُوْبُ ۭ يٰبَنِىَّ اِنَّ اللّٰهَ اصْطَفٰى لَكُمُ الدِّيْنَ فَلَا تَمُوْتُنَّ اِلَّا وَاَنْتُمْ مُّسْلِمُوْنَ ﴿١٣٢﴾

(၁၃၂) ထို့ပြင် (တမန်တော်) အိဗ်ရာဟီမ်နှင့် (တမန်တော်) ယအ်ကူဗ်တို့သည် ထို(သာသနာ)အကြောင်းနှင့်ပတ်သက်၍ ၎င်းတို့၏သားများကို မှာကြားခဲ့သည်။ အို - ငါ့သားအပေါင်းတို့၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတွက် အစ္စလာမ်သာသနာကို ရွေးချယ်တော်မူပြီးဖြစ်သည့်အတွက် အသင်တို့သည် အမိန့်နာခံသည့် မွတ်စ်လင်မ်များဖြစ်လျက်နှင့်သာ သေဆုံးကြပါ။

اَمْ كُنْتُمْ شُهَدَاۗءَ اِذْ حَضَرَ يَعْقُوْبَ الْمَوْتُ ۙ اِذْ قَالَ لِبَنِيْهِ مَا تَعْبُدُوْنَ مِنْۢ بَعْدِىْ ۭ قَالُوْا نَعْبُدُ اِلٰهَكَ وَاِلٰهَ اٰبَاۗىِٕكَ اِبْرٰهٖمَ وَاِسْمٰعِيْلَ وَاِسْحٰقَ اِلٰهًا وَّاحِدًا ښ وَّنَحْنُ لَهٗ مُسْلِمُوْنَ ﴿١٣٣﴾

(၁၃၃) အသင်တို့သည်(တမန်တော်)ယအ်ကူဗ် ကွယ်လွန်ခါနီး၌ အသင့် ရောက်ရှိနေခဲ့ကြပါသလော၊ တစ်ခါတွင် ၎င်း(တမန်တော်ယအ်ကူဗ်)သည် ၎င်း၏သားများကို ပြောခဲ့သည်၊ ငါ၏နောက်တွင် အသင်တို့သည် မည်သည့်အရာကို ကိုးကွယ်ကြမည်နည်း။ သူတို့က ပြောဆိုခဲ့ကြသည်၊ ကျွန်ုပ်တို့သည် ဖခင်နှင့်တကွ ဖခင်၏ဘိုး၊ ဘေးများဖြစ်သည့် (တမန်တော်)အိဗ်ရာဟီမ်၊ (တမန်တော်) အစ္စမာအီလ်နှင့် (တမန်တော်)အစ္စဟာက်တို့၏ ကိုးကွယ်ထိုက်သည့်အရှင် တစ်ပါးတည်းကိုသာ ကိုးကွယ်ကြပါမည်။ ၎င်းပြင် ကျွန်ုပ်တို့သည် ထိုအရှင်၏ အမိန့်နာခံသူ (မွတ်စ်လင်မ်)များ ဖြစ်ကြပါသည်။

تِلْكَ اُمَّةٌ قَدْ خَلَتْ ۚ لَهَا مَا كَسَبَتْ وَلَكُمْ مَّا كَسَبْتُمْ ۚ وَلَا تُسْـَٔلُوْنَ عَمَّا كَانُوْا يَعْمَلُوْنَ ﴿١٣٤﴾

(၁၃၄) ၎င်းသည် ကုန်လွန်သွားခဲ့သည့် အုပ်စုတစ်စုဖြစ်သည်၊ သူတို့ ဆည်းပူးရှာဖွေခဲ့သောအရာများသည် သူတို့အတွက်ဖြစ်ပြီး အသင်တို့ဆည်းပူး ရှာဖွေခဲ့သောအရာများသည် အသင်တို့အတွက်သာဖြစ်သည်။ ထို့နောက် သူတို့ပြုကျင့်ခဲ့သည့်အရာများနှင့် စပ်လျဉ်း၍ အသင်တို့သည် မေးမြန်းခြင်းခံကြရမည်မဟုတ်ပေ။

وَقَالُوْا كُوْنُوْا هُوْدًا اَوْ نَصٰرٰى تَهْتَدُوْا ؕ قُلْ بَلْ مِلَّةَ اِبْرٰهٖمَ حَنِيْفًا ؕ وَمَا كَانَ مِنَ الْمُشْرِكِيْنَ ﴿١٣٥﴾

(၁၃၅) ထို့ပြင် သူတို့ကပြောခဲ့ကြသည်၊ အသင်တို့သည် ယဟူဒီဘာသာဝင် သို့မဟုတ် နတ်စ်ရာနီဘာသာဝင်များ ဖြစ်ကြပါ။ (သို့မှသာ) အသင်တို့သည် တရားလမ်းမှန်ကိုရကြမည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ (အသင်တို့ ပြောသကဲ့သို့ မည်သည့်အခါမျှ ဖြစ်မည်)မဟုတ်ပေ၊ အမှန်စင်စစ် (ငါတို့သည် ကောက်ကွေ့ခြင်းမရှိသော) ဖြောင့်မတ်မှန်ကန်သည့် (တမန်တော်)အိဗ်ရာဟီမ် ၏သာသနာ (အစ္စလာမ်)ကို (ယုံကြည်လိုက်နာကြသောသူများ ဖြစ်ကြမည်)။ ထို့ပြင် ၎င်း(တမန်တော်အိဗ်ရာဟီမ်)သည် အလ္လာဟ်အရှင်နှင့် တွဲဖက်ကိုးကွယ် သူများထဲတွင် မပါဝင်ခဲ့ပေ။

قُوْلُوْٓا اٰمَنَّا بِاللّٰهِ وَمَآ اُنْزِلَ اِلَيْنَا وَمَآ اُنْزِلَ اِلٰٓى اِبْرٰهٖمَ وَاِسْمٰعِيْلَ وَاِسْحٰقَ وَيَعْقُوْبَ وَ الْاَسْبَاطِ وَمَآ اُوْتِىَ مُوْسٰى وَعِيْسٰى وَمَآ اُوْتِىَ النَّبِيُّوْنَ مِنْ رَّبِّهِمْ ۚ لَا نُفَرِّقُ بَيْنَ اَحَدٍ مِّنْهُمْ ۖ وَنَحْنُ لَهٗ مُسْلِمُوْنَ ﴿١٣٦﴾

(၁၃၆) အသင်တို့သည် (ဤသို့) ပြောဆိုကြပါ၊ ကျွန်ုပ်တို့သည် အလ္လာဟ် အရှင်မြတ်ကို အီမာန်ယုံကြည်ခဲ့ကြပါသည်၊ ၎င်းပြင် ကျွန်ုပ်တို့ထံသို့ ချပေးခြင်း

ခံရသည့်အရာ (ကုရ်အာန်ကျမ်းမြတ်)အပြင် (တမန်တော်)အိဗ်ရာဟီမ်၊ (တမန်တော်)အစ္စမာအီလ်၊ (တမန်တော်)အစ္စဟာက်၊ (တမန်တော်)ယအ်ကူဗ်နှင့် ၎င်း၏အမျိုးအနွယ် သားမြေးများထံသို့ ချပေးခြင်းခံရသည့်အရာ (ကျမ်းများ၊ တရားဒေသနာများ)ကိုလည်း ယုံကြည်ခဲ့ကြပါသည်။ ၎င်းပြင် (တမန်တော်)မူစာနှင့် (တမန်တော်)အီစာတို့ကို ပေးသနားခြင်းခံရသည့်အရာ(ကျမ်းများ)ကိုလည်း ယုံကြည်ခဲ့ကြပါသည်။ ထို့ပြင် တမန်တော်များအားလုံးထံသို့ ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံမှ ပေးသနားခြင်းခံရသည့်အရာ (တရားဒေသနာ)များကိုလည်း ယုံကြည်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ၎င်း(တမန်တော်)တို့၏ကြားထဲတွင် မည်သူ့ကိုမျှ ခွဲခြားခြင်းမပြုကြပါ။ ထို့ပြင် ကျွန်ုပ်တို့သည် ထိုအရှင်မြတ်၏အမိန့်တော်ကို နာခံသောသူများသာ ဖြစ်ကြပါသည်။

فَإِنْ ءَامَنُوا بِمِثْلِ مَآ ءَامَنتُم بِهِۦ فَقَدِ ٱهْتَدَوا۟ ۖ وَّإِن تَوَلَّوْا فَإِنَّمَا هُمْ فِى شِقَاقٍ ۖ فَسَيَكْفِيكَهُمُ ٱللَّهُ ۚ وَهُوَ ٱلسَّمِيعُ ٱلْعَلِيمُ ﴿١٣٧﴾

(၁၃၇) ထို့နောက် အကယ်၍ ၎င်း(ယဟူဒီနှင့် နတ်စ္စရာနီ)တို့သည် အသင်တို့(စ္စဟာဗဟ်များ) အီမာန်ယုံကြည်ခဲ့ကြသကဲ့သို့ ယုံကြည်ခဲ့ကြလျှင် ၎င်းတို့သည်လည်း အမှန်စင်စစ် တရားလမ်းမှန်ကို ရရှိကြလိမ့်မည်။ ထို့နောက် အကယ်၍ ၎င်းတို့သည် ကျောခိုင်းမျက်နှာလွှဲသွားကြလျှင် အမှန်စင်စစ် ၎င်းတို့သည် ကွဲပြားဆန့်ကျင်မှုထဲ၌ပင်ရှိနေကြမည်။ သို့ဖြစ်ရာ အသင်(တမန်တော်)အား ၎င်းတို့(၏ရန်ပြုမှု)မှ အလ္လာဟ်အရှင်မြတ်(၏ကူညီစောင့်ရှောက်မှု)သည် လုံလောက်စေတော်မူလိမ့်မည်။ ထို့ပြင် အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

صِبْغَةَ ٱللَّهِ ۖ وَمَنْ أَحْسَنُ مِنَ ٱللَّهِ صِبْغَةً ۖ وَنَحْنُ لَهُۥ عَٰبِدُونَ ﴿١٣٨﴾

(၁၃၈) (အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုသာ ယုံကြည်ကိုးကွယ်မှုဖြစ်သည့် သောင်ဟီဒ်ဟူသော) အလ္လာဟ်အရှင်မြတ်၏ဆေးရောင်ကို (အရှင်မြတ်က ကျွန်ုပ်တို့အား ခြယ်သတော်မူခဲ့သည်)။❶ ထို့ပြင် အရှင်မြတ်ထက် သာပိုကောင်းသော ဆေးရောင်ခြယ်သနိုင်သူ မည်သူရှိဦးမည်နည်း။ ၎င်းပြင် ကျွန်ုပ်တို့သည် အရှင်မြတ်ကိုသာ ကိုးကွယ်ကြသူများ ဖြစ်ကြသည်။

❶ အလ္လာဟ်အရှင်မြတ်ရဲ့ဆေးရောင်ဆိုတာ အရှင်မြတ်က လူသားကို ဖန်ဆင်းကတည်းက ထည့်ပေးတော်မူလိုက်တဲ့ သောင်ဟီဒ် အရှင်တစ်ပါးတည်းကိုးကွယ်တဲ့အယူဝါဒဖြစ်တယ်။(စွဖ်ဝသုသ်

သဖာစီရ်) ဝိညာဉ်လောကမှာ လူသားတွေကိုဖန်ဆင်းပြီးနောက် اَلَسۡتُ بِرَبِّكُمۡ "ငါအရှင်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မဟုတ်ပါသလော" လို့ မေးမြန်းတော်မူတဲ့အခါ လူသားတွေက بَلٰى شَهِدۡنَا "အဘယ်ကြောင့် မဟုတ်ရပါမည်နည်း၊ အရှင်မြတ်သည် ကျွန်တော်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်ကြောင်း သက်သေထူကြပါသည်" လို့ လျှောက်ထားခဲ့ကြတယ်။ အဲဒီအယူဝါဒအတိုင်း လူသားတွေကို အပြစ်ကင်းစင်စွာနဲ့ ဖန်ဆင်းလိုက်ကြောင်း(၃၀း၃၀) မှာ فِطۡرَتَ اللّٰهِ الَّتِیۡ فَطَرَ النَّاسَ عَلَیۡهَا ؕ لَا تَبۡدِیۡلَ لِخَلۡقِ اللّٰهِ လို့ အမိန့်ရှိတော်မူတယ်။(သွပ်ရီ) အဲဒီနောက် လူသားတွေဟာ လောကမှာရောက်လာပြီး အယူဝါဒအမျိုးစုံ အရောင်မျိုးစုံ ဆိုးလိုက်ကြတော့ တယ်၊ (ကုဖ်ရ်အယူဝါဒကို နာမည်မျိုးစုံပေးထားကြတာဖြစ်တယ်)။ ဒါပေမဲ့ မူရင်းအရောင်(ဖြစ်တဲ့ သောင်ဟီဒ်အယူဝါဒ)ကို မမီပါ။ ဒါကြောင့် အရှင်မြတ်က صِبۡغَةَ اللّٰهِ "အလ္လာဟ်အရှင်မြတ်၏အရောင်" နဲ့ ရွေးချယ်ပြီး ခြယ်သပေးတော်မူလိုက်တာဖြစ်တယ်။ (အဒ်ဒုရ်ရုလ်မန်ဆူရ် ဖိသ်သဖ်စီရ်)

قُلۡ اَتُحَآجُّوۡنَنَا فِی اللّٰهِ وَهُوَ رَبُّنَا وَرَبُّكُمۡ ۚ وَلَنَاۤ اَعۡمَالُنَا وَلَكُمۡ اَعۡمَالُكُمۡ ۚ وَنَحۡنُ لَهٗ مُخۡلِصُوۡنَ ﴿۱۳۹﴾

(၁၃၉) (အို-တမန်တော်)အသင်သည် (ယဟူဒီများကို)ပြောလိုက်ပါ၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ထိုအရှင်မြတ်သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်ပြီး အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်လည်းဖြစ်တော်မူပါလျက် ကျွန်ုပ်တို့အား ဆန့်ကျင်အငြင်းအခုံ ပြုလုပ်နေကြပါသလော။ ထို့ပြင် ကျွန်ုပ်တို့၏လုပ်ရပ်များသည် ကျွန်ုပ်တို့အတွက်ဖြစ်၍ အသင်တို့၏လုပ်ရပ်များသည် အသင်တို့အတွက် ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့သည် ထိုအရှင်မြတ်ကိုသာ စိတ်စေတနာဖြူစင်မှုဖြင့် တစ်စိတ်တစ်လက်တည်း ကိုးကွယ်သူများဖြစ်ကြသည်။

اَمۡ تَقُوۡلُوۡنَ اِنَّ اِبۡرٰهٖمَ وَاِسۡمٰعِیۡلَ وَاِسۡحٰقَ وَیَعۡقُوۡبَ وَالۡاَسۡبَاطَ كَانُوۡا هُوۡدًا اَوۡ نَصٰرٰی ؕ قُلۡ ءَاَنۡتُمۡ اَعۡلَمُ اَمِ اللّٰهُ ؕ وَمَنۡ اَظۡلَمُ مِمَّنۡ كَتَمَ شَهَادَةً عِنۡدَهٗ مِنَ اللّٰهِ ؕ وَمَا اللّٰهُ بِغَافِلٍ عَمَّا تَعۡمَلُوۡنَ ﴿۱۴۰﴾

(၁၄၀) သို့မဟုတ် အသင်တို့က အမှန်စင်စစ် (တမန်တော်များဖြစ်ကြသော) အိဗ်ရာဟီမ်၊ အစ္စမာအီလ်၊ အစ္စဟာက်၊ ယအ်ကူဗ်နှင့် သားစဉ်မြေးဆက်များသည် ယဟူဒီ သို့မဟုတ် နတ်စ္စရာနီဘာသာဝင်များ ဖြစ်ကြသည်ဟူ၍ ပြောဆိုကြသလော။ (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ အသင်တို့သည် ပိုမိုသိကြသလော၊ သို့မဟုတ် အလ္လာဟ်အရှင်မြတ်သည်ပင် ပိုသိတော်မူပါသလော။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ထံမှ (ရရှိထားပြီး)သူ၏ထံတွင်ရှိနေသည့်သက်သေအထောက်အထားကို ထိမ်ချန်လျှို့ဝှက်သောသူထက် သာပိုမတရားသူသည် မည်သူရှိဦးမည်နည်း။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုမူကြသည့်ကိစ္စများကို မေ့လျော့တော်မူမည့်အရှင်လည်း မဟုတ်ပေ။

تِلْكَ أُمَّةٌ قَدْ خَلَتْ ۚ لَهَا مَا كَسَبَتْ وَلَكُمْ مَّا كَسَبْتُمْ ۚ وَلَا تُسْـَٔلُونَ عَمَّا كَانُوا
يَعْمَلُونَ ﴿١٣١﴾

(၁၄၁) ၎င်းသည် အမှန်ပင် ကုန်လွန်သွားခဲ့သည့် အုပ်စုတစ်စုဖြစ်သည်၊ သူတို့ ဆည်းပူးရှာဖွေခဲ့သောအရာများသည် သူတို့အတွက်ဖြစ်ပြီး အသင်တို့ ဆည်းပူးရှာဖွေခဲ့သောအရာများသည် အသင်တို့အတွက်ပင် ဖြစ်သည်။ ထို့နောက် သူတို့ပြုလုပ်ခဲ့သည့်အရာများနှင့်စပ်လျဉ်း၍ အသင်တို့သည် မေးမြန်းခြင်းခံကြရမည်မဟုတ်ပေ။ (အသင်တို့ပြုလုပ်ခဲ့သည့်အရာများနှင့်စပ်လျဉ်း၍သာ အသင်တို့မေးမြန်းခြင်း ခံကြရမည် ဖြစ်သည်။)

سَيَقُولُ السُّفَهَآءُ مِنَ النَّاسِ مَا وَلّٰىهُمْ عَنْ قِبْلَتِهِمُ الَّتِىْ كَانُوْا عَلَيْهَا ۗ قُلْ لِّلّٰهِ الْمَشْرِقُ وَ
الْمَغْرِبُ ۗ يَهْدِىْ مَنْ يَّشَآءُ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿١٤٢﴾

(၁၄၂) လူများအနက်မှ မသိမိုက်မဲသူများသည် (ယခုကဲ့သို့)မကြာမီ ပြောကြလိမ့်မည်၊ မည်သည့်အရာက ၎င်း(မွတ်စ်လင်မ်)တို့အား သူတို့၏မူလ မျက်နှာမူရာအရပ်မှ ပြောင်းလဲအောင်လုပ်လိုက်သနည်း။ (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ အရှေ့နေထွက်ရာအရပ်နှင့် အနောက်နေဝင်ရာအရပ်ကို အလ္လာဟ်အရှင်မြတ်သာ စိုးပိုင်တော်မူသည်။ အရှင်မြတ်သည် အရှင်မြတ်အလို ရှိသောသူကိုသာ ဖြောင့်မတ်မှန်ကန်သည့်လမ်းကို ညွှန်ကြားပြသတော်မူသည်။

وَكَذٰلِكَ جَعَلْنٰكُمْ اُمَّةً وَّسَطًا لِّتَكُوْنُوْا شُهَدَآءَ عَلَى النَّاسِ وَيَكُوْنَ الرَّسُوْلُ عَلَيْكُمْ شَهِيْدًا ؕ
وَمَا جَعَلْنَا الْقِبْلَةَ الَّتِىْ كُنْتَ عَلَيْهَآ اِلَّا لِنَعْلَمَ مَنْ يَّتَّبِعُ الرَّسُوْلَ مِمَّنْ يَّنْقَلِبُ عَلٰى عَقِبَيْهِ ؕ
وَاِنْ كَانَتْ لَكَبِيْرَةً اِلَّا عَلَى الَّذِيْنَ هَدَى اللّٰهُ ؕ وَمَا كَانَ اللّٰهُ لِيُضِيْعَ اِيْمَانَكُمْ ؕ اِنَّ اللّٰهَ
بِالنَّاسِ لَرَءُوْفٌ رَّحِيْمٌ ﴿١٤٣﴾

(၁၄၃)ထို့ပြင် ထိုကဲ့သို့ပင် ငါအရှင်သည် အသင်တို့အား လူများအတွက် (စံပြ)အသိသက်သေများ ဖြစ်စေရန်နှင့် ရစူလ်တမန်တော်(မုဟမ္မဒ်)သည်လည်း အသင်တို့အတွက် (စံပြ)အသိသက်သေဖြစ်စေရန် အလယ်အလတ်❷ ကျသည့် (အကောင်းဆုံး)အုပ်စုအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင် မျက်နှာမူခဲ့သည့် ကိဗ်လဟ်ကို (ကိဗ်လဟ်အဖြစ်) ပြုလုပ်တော်မူခဲ့သည့်အကြောင်းမှာ အခြားအတွက်မဟုတ်၊ တမန်တော်၏အမိန့်ကို လိုက်နာသူနှင့် (တမန်တော်၏အမိန့်ကို မလိုက်နာဘဲ)မိမိ၏ခြေဖနောင့်ဘက် (ကျောခိုင်း)ပြန် လှည့်သွားသူကို ငါအရှင်မြတ် သိရှိဖော်ထုတ်ပေါ်လွင်စေရန်အတွက်သာဖြစ်သည်။ ထို့ပြင်

အမှန်စင်စစ် ဤ(ကိဗ်လဟ်ပြောင်းလဲသည့်)ကိစ္စသည် အလ္လာဟ်အရှင်မြတ်က တရားလမ်းမှန်ညွှန်ကြားပြသထားသောသူများမှလွဲ၍ (အခြားသူများအတွက်) အလွန်ကြီးလေးသည့်ကိစ္စဖြစ်သည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ယုံကြည်မှု(ဝတ်ပြုမှု)ကို အကျိုးမဲ့ဖြစ်စေရန် (ဤကဲ့သို့ ကိဗ်လဟ်ပြောင်းလဲခြင်းအမိန့်ကို ထုတ်ပြန်ခြင်း) မဟုတ်ပေ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူများအပေါ်တွင် အလွန်ကြင်နာတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ အလယ်အလတ်လမ်းစဉ်ကို အစ္စလာမ်သာသနာက ရွေးချယ်ထားခြင်းဖြစ်တယ်။ တမန်တော်မြတ် ﷺ မပွင့်ပေါ်ခင်က အုပ်စုနှစ်စုရှိခဲ့တယ်။ အုပ်စုတစ်စုက တမလွန်ဘဝကို ပစ်ပယ်ထားပြီး ဒီဘဝရဲ့စည်းစိမ်တွေထဲမှာပဲ ယစ်မူးနေကြတယ်။ အခြားအုပ်စုတစ်စုကတော့ ဒီလောကရဲ့စည်းစိမ်တွေကို စွန့်ပစ်ပြီး တောထွက်ကာ တမလွန်ဘဝအတွက်ချည်းပဲ ကြိုးပမ်းအားထုတ်ကြတယ်။ အဲဒီနှစ်အုပ်စုလုံးဟာ နှစ်ဖက်စွန်း(إِفْرَاط နဲ့ تَفْرِيط) ကိုရောက်နေတဲ့အတွက် အရှင်မြတ်က အစွန်းမရောက်ဘဲ ကြားခလယ်မှာရှိတဲ့ (اِعْتِدَال)မျှတတဲ့ အစ္စလာမ်သာသနာကို ချမှတ်ပေးလိုက်တယ်။ အဲဒါကြောင့် အစ္စလာမ်သာသနာဟာ အရှင်မြတ်ရဲ့အမိန့်တော်ကို နာခံပြီး ဒီဘဝမှာရော တမလွန်ဘဝမှာပါ စည်းစိမ်ခံစားနိုင်တဲ့ သာသနာဖြစ်တဲ့အတွက် وَسَطًا အလယ်အလတ်လို့ အမိန့်ရှိထားခြင်းဖြစ်တယ်။

(သဖ်စီရ်ကမာလိုင်န် အလာ ရှရဟ် သဖ်စီရ်ဂျလာလိုင်န်၊နူရွလ်အန္ဓဝါးရ်၊ ကုရ်အာန်အလင်းပြကျမ်း။)

قَدۡ نَرٰى تَقَلُّبَ وَجۡهِكَ فِى السَّمَآءِ‌ۚ فَلَنُوَلِّيَنَّكَ قِبۡلَةً تَرۡضٰٮهَا‌ ۖ فَوَلِّ وَجۡهَكَ شَطۡرَ الۡمَسۡجِدِ الۡحَـرَامِ‌ؕ وَحَيۡثُ مَا كُنۡتُمۡ فَوَلُّوۡا وُجُوۡهَکُمۡ شَطۡرَهٗ‌ ؕ وَاِنَّ الَّذِيۡنَ اُوۡتُوا الۡكِتٰبَ لَيَعۡلَمُوۡنَ اَنَّهُ الۡحَـقُّ مِنۡ رَّبِّهِمۡ‌ؕ وَمَا اللّٰهُ بِغَافِلٍ عَمَّا يَعۡمَلُوۡنَ ﴿۱۴۴﴾

(၁၄၄) အသင်(တမန်တော်)သည် မိုးကောင်းကင်ဘက်သို့ အကြိမ်ကြိမ် မျက်နှာမော်ကြည့်နေသည်ကို ငါအရှင် အမှန်စင်စစ် မြင်နေတော်မူသည်။ ထို့အတွက် ငါအရှင်သည် အသင်(တမန်တော်)နှစ်သက်သည့် ကိဗ်လဟ်ဘက်သို့ အသင်(တမန်တော်)အား အမှန်စင်စစ် လှည့်ပေးလိုက်တော်မူမည်။ ထို့အတွက်ကြောင့် အသင်(တမန်တော်)သည် (ယခုအချိန်ကစပြီး) အသင်၏မျက်နှာကို မတ်စ်ဂျစ်ဒ်ဟရာမ်(ကအ်ဗဟ်ကျောင်းတော်)ဘက်သို့ လှည့်လိုက်ပါ။ ထို့ပြင် အသင်တို့သည် မည်သည့်အရပ်ဒေသ၌ပင်ရှိသည်ဖြစ်စေ (စွလာသ်ဝတ်ပြုသည့်အခါ) ၎င်း(မတ်စ်ဂျစ်ဒ်ဟရာမ်)ဘက်သို့သာ အသင်တို့၏မျက်နှာများကို လှည့်ကြပါ။ ထို့ပြင် အမှန်စင်စစ် ကျမ်းရသူများက ၎င်း(အမိန့်တော်)သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံမှ အမှန်ပင် ဖြစ်ကြောင်း မုချသိ

ကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့ပြုမူကြသည့်ကိစ္စရပ်များကို မေ့လျော့တော်မူသောအရှင်မဟုတ်ပေ။

وَلَئِنْ أَتَيْتَ الَّذِينَ أُوتُوا الْكِتَٰبَ بِكُلِّ ءَايَةٍ مَّا تَبِعُوا قِبْلَتَكَ ۚ وَمَآ أَنتَ بِتَابِعٍ قِبْلَتَهُمْ ۚ وَ
مَا بَعْضُهُم بِتَابِعٍ قِبْلَةَ بَعْضٍ ۚ وَلَئِنِ اتَّبَعْتَ أَهْوَآءَهُم مِّنۢ بَعْدِ مَا جَآءَكَ مِنَ الْعِلْمِ ۙ إِنَّكَ إِذًا
لَّمِنَ الظَّٰلِمِينَ ﴿١٤٥﴾

(၁၄၅) ထို့ပြင် အမှန်စင်စစ် အကယ်၍ အသင်(တမန်တော်)သည် သက်သေလက္ခဏာဟူသမျှကို ကျမ်းရထားသည့်သူများရှေ့၌ ယူဆောင်လာလျှင်လည်း သူတို့သည် အသင်၏မျက်နှာမူရာ ကိဗ်လဟ်ကို လိုက်နာကြမည် မဟုတ်ပေ။ အသင်သည်လည်း သူတို့၏ မျက်နှာမူရာ ကိဗ်လဟ်ကို လိုက်နာမည့်သူ မဟုတ်ပေ။ သူတို့အချင်းချင်းသည်လည်း အချို့သည် အချို့၏မျက်နှာမူရာ ကိဗ်လဟ်ကို လိုက်နာကြမည့်သူများ မဟုတ်ကြပေ။ သို့ဖြစ်ရာ (အရှင်မြတ်ထံမှ မှန်ကန်သည့်)အသိပညာသည် အသင်(တမန်တော်)ထံသို့ ရောက်ပြီးနောက်မှ အသင်သည် သူတို့၏အလိုဆန္ဒများကို လိုက်လျောခဲ့လျှင် အမှန်စင်စစ် အသင်သည် အပြစ်ကျူးလွန်သူများထဲတွင် မုချအပါအဝင်ဖြစ်သွားလိမ့်မည်။

الَّذِينَ ءَاتَيْنَٰهُمُ الْكِتَٰبَ يَعْرِفُونَهُۥ كَمَا يَعْرِفُونَ أَبْنَآءَهُمْ ۖ وَإِنَّ فَرِيقًا مِّنْهُمْ لَيَكْتُمُونَ الْحَقَّ وَ
هُمْ يَعْلَمُونَ ﴿١٤٦﴾

(၁၄၆) ငါအရှင်မြတ်က ကျမ်းဂန် ချီးမြှင့်ပေးသနားထားသည့်သူများသည် သူတို့၏သားမြေးများကို သိရှိ(မှတ်မိ)ကြသကဲ့သို့ ၎င်း(တမန်တော်မုဟမ္မဒ်)ကိုလည်း သိရှိ(မှတ်မိ)ကြသည်။[J] ထို့နောက် အမှန်စင်စစ် သူတို့ထဲမှ လူတစ်စုသည် အမှန်ကို သိပါလျက်နှင့် ထိမ်ချန်လျှို့ဝှက်ထားကြသည်။

[J] ယခင်က ကျမ်းဂန်ရရှိထားတဲ့သူတွေဟာ သူတို့ရဲ့ကျမ်းဂန်ထဲမှာ နောက်ဆုံးပွင့်ပေါ်လာမဲ့ နဗီတမန်တော်မြတ် ﷺ နဲ့ပတ်သက်ပြီးအသေးစိတ်အချက်အလက်တွေနဲ့တကွပါရှိထားတာကြောင့် တကယ်ပွင့်ပေါ်လာတဲ့အခါမှာ လွယ်လွယ်ကူကူပဲ သိရှိနိုင်တဲ့အတွက် သူတို့ရဲ့သားမြေးတွေကို သိသလိုသိကြတယ်လို့ အမိန့်ရှိထားခြင်း ဖြစ်တယ်။ သူတို့ဟာ အဲဒီလောက်တောင် သိရှိနေကြပါလျက်နဲ့ လူတွေကို အသိမပေးဘဲ ထိမ်ချန်လျှို့ဝှက်ထားတဲ့အတွက်ကြောင့် အရှင်မြတ်က ကုရ်အာန်ကျမ်းတော်ထဲမှာ အကြောင်းအရာအမြောက်အမြားကို ပြန်လည်ထုတ်ဖော်ပြသခဲ့တယ်။
(သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

الْحَقُّ مِن رَّبِّكَ ۖ فَلَا تَكُونَنَّ مِنَ الْمُمْتَرِينَ ﴿١٤٧﴾

(၁၄၇)(မျက်နှာမူရာအရပ်နှင့်ပတ်သက်သည့်အမိန့်တော်) အမှန်သည်

အသင်(တမန်တော်)ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ထံမှ (လာသည့်) အမိန့်ပင်ဖြစ်သည်။ ထို့ကြောင့် အသင်(တမန်တော်)သည် သံသယဖြစ်သော သူများထဲတွင် မပါဝင်ပါနှင့်။

وَلِكُلٍّ وِّجْهَةٌ هُوَ مُوَلِّيهَا فَاسْتَبِقُوا الْخَيْرَاتِ ۚ أَيْنَ مَا تَكُونُوا يَأْتِ بِكُمُ اللَّهُ جَمِيعًا ۚ إِنَّ اللَّهَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿١٤٨﴾

(၁၄၈) ထို့ပြင် လူမျိုးတိုင်းတွင်(မျက်နှာမူရာ)အရပ်တစ်ခုစီရှိ၏။ သူတို့သည် (ဝတ်ပြုသည့်အခါ) ၎င်း(မျက်နှာမူရာ)ဘက်သို့ မျက်နှာမူလေ့ရှိကြသည်။ သို့ဖြစ်ရာ အသင်တို့သည် ကောင်းမှုကုသိုလ်များကို သူ့ထက်ငါသာအောင် အပြိုင်အဆိုင်ပြုလုပ်ကြပါ။ အသင်တို့သည် မည်သည့်နေရာ၌ပင်ရှိသည်ဖြစ်စေ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အားလုံးကို စုရုံးတော်မူမည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

وَمِنْ حَيْثُ خَرَجْتَ فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ ۖ وَإِنَّهُ لَلْحَقُّ مِن رَّبِّكَ ۗ وَمَا اللَّهُ بِغَافِلٍ عَمَّا تَعْمَلُونَ ﴿١٤٩﴾

(၁၄၉) ထို့ပြင်အသင်(တမန်တော်)သည်မည်သည့်နေရာသို့ထွက်သည်ဖြစ်စေ(မည်သည့်နေရာ၌ပင်ရှိသည်ဖြစ်စေ) အသင်၏မျက်နှာကို (စွလာသ်ဝတ်ပြုသည့်အခါ) မတ်စ်ဂျစ်ဒ်ဟရာမ်ကျောင်းတော်ဘက်သို့ လှည့်ပါ။ အမှန်စင်စစ် ၎င်း(အမိန့်)သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသည့် အရှင်မြတ်ထံမှ (လာသည့်အမိန့်)အမှန်ပင် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုမူသည့်အရာများမှ မေ့လျော့တော်မူသောအရှင် မဟုတ်ပေ။

وَمِنْ حَيْثُ خَرَجْتَ فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ ۚ وَحَيْثُ مَا كُنتُمْ فَوَلُّوا وُجُوهَكُمْ شَطْرَهُ لِئَلَّا يَكُونَ لِلنَّاسِ عَلَيْكُمْ حُجَّةٌ إِلَّا الَّذِينَ ظَلَمُوا مِنْهُمْ فَلَا تَخْشَوْهُمْ وَاخْشَوْنِي وَلِأُتِمَّ نِعْمَتِي عَلَيْكُمْ وَلَعَلَّكُمْ تَهْتَدُونَ ﴿١٥٠﴾

(၁၅၀) ထို့ပြင် အသင်(တမန်တော်)သည် မည်သည့်နေရာသို့ထွက်သည်ဖြစ်စေ အသင်၏မျက်နှာကို (စွလာသ်ဝတ်ပြုသည့်အခါ)မတ်စ်ဂျစ်ဒ်ဟရာမ်ကျောင်းတော်ဘက်သို့လှည့်ပါ။ အသင်တို့သည်လည်း မည်သည့်နေရာ၌ပင်ရှိသည်ဖြစ်စေ (စွလာသ်ဝတ်ပြုသည့်အခါ) အသင်တို့၏မျက်နှာများကို ၎င်း(မတ်စ်ဂျစ်ဒ်ဟရာမ်ကျောင်းတော်)ဘက်သို့ လှည့်ကြပါ။ (ဤကဲ့သို့ အမိန့်ချတော်

မှုခြင်းသည်) အသင်တို့အပေါ်တွင် လူများ၏စောဒကတက်ခြင်းမရှိရန်အတွက် ဖြစ်သည်။❶ သို့ရာတွင် သူတို့ထဲမှ မတရားပြုလုပ်သောသူများကမူ၊❷ (စောဒကတက်နေကြဦးမည်ပင်ဖြစ်သည်)။ သို့ဖြစ်ရာ အသင်တို့သည် သူတို့အား မကြောက်ကြဘဲ ငါအရှင်မြတ်ကိုသာ ကြောက်ရွံ့ကြပါ။ ထို့နောက် ငါအရှင်မြတ်သည် အသင်တို့အပေါ် ငါအရှင်မြတ်၏ကျေးဇူးတော်ကို ပြည့်စုံစေတော်မူရန်နှင့် အသင်တို့သည် လမ်းမှန်ကို ရရှိကြရန်အတွက် (ဤသို့ အမိန့်ချတော်မူလိုက်ခြင်းဖြစ်သည်)။

❶ ကအ်ဗဟ်ဘက်ကို ကိဗ်လဟ်မပြောင်းခင်မှာ ကျမ်းရသူတချို့က စောဒကတက်ကြတယ်၊ ကျမ်းဂန်တွေထဲမှာ နောက်ဆုံးတမန်တော်ရဲ့ကိဗ်လဟ်ဟာ ကအ်ဗဟ် ဖြစ်လိမ့်မယ်လို့ ပါရှိတယ်၊ ဒါပေမဲ့ ၎င်းဟာ ဗိုင်သုလ်မုကဒ္ဒတ်စ်ဘက်ကို အခုမျက်နှာမူပြီး ဝတ်ပြုနေတယ်။ ဒါဟာ ငါတို့ယဟူဒီရဲ့ဘာသာမှန်လို့ပဲဖြစ်တယ်။ အဲဒီလိုစောဒကမျိုးတွေမတက်နိုင်အောင် အရှင်မြတ်က ကအ်ဗဟ်ဘက်ကိုလှည့်ပေးလိုက်ခြင်းဖြစ်တယ်။(အာစာနုန်သရ်ဂျူမဟ်) ❷ မတရားသူတွေကတော့ ကိဗ်လဟ်လှည့်တာ အမှန်ပဲဆိုတာသိပါလျက်နဲ့ တမန်တော်မြတ် ﷺဟာ ၎င်းရဲ့ မှရ်ရိရိက် ဘိုးဘေးတွေရဲ့ သာသနာနောက်လိုက်ပြီး ကအ်ဗဟ်ဘက်လှည့်သွားတယ်လို့ ဆက်ပြီး စောဒကတက်ပြောဆိုကြတယ်။ (အာစာနုန်သရ်ဂျူမဟ်)

كَمَآ اَرۡسَلۡنَا فِيۡكُمۡ رَسُوۡلًا مِّنۡكُمۡ يَتۡلُوۡا عَلَيۡكُمۡ اٰيٰتِنَا وَيُزَكِّيۡكُمۡ وَيُعَلِّمُكُمُ الۡكِتٰبَ وَالۡحِكۡمَةَ وَيُعَلِّمُكُمۡ مَّا لَمۡ تَكُوۡنُوۡا تَعۡلَمُوۡنَ ﴿١٥١﴾

(၁၅၁) (ထိုသို့ အသင်တို့၏ကိဗ်လဟ်ကို ကအ်ဗဟ်ကျောင်းတော်ဘက်သို့ လှည့်ပေးထား၍ အရှင်မြတ်၏ကျေးဇူးတော်များကို ပြည့်စုံအောင် လုပ်ပေးကာ အသင်တို့ လမ်းမှန်ရရှိသွားစေရန် ကျေးဇူးပြုတော်မူခြင်းသည် ဤကျေးဇူးမတိုင်မီ၌) ငါအရှင်မြတ်သည် အသင်တို့ထံသို့ အသင်တို့ထဲမှ တမန်တော်တစ်ပါးစေလွှတ်(ပြီး ကျေးဇူးပြု)တော်မူသကဲ့သို့ပင်ဖြစ်သည်၊ ၎င်း(တမန်တော်)သည် ငါအရှင်မြတ်၏အာယသ်တော်များကို အသင်တို့၏ရှေ့၌ ဖတ်ရွတ်သည့်အပြင် အသင်တို့အား (မကောင်းမှုများမှ)သန့်စင်အောင်ပြုပေးသည်။ ထို့ပြင် အသင်တို့အား ကျမ်းဂန်နှင့် ပညာဉာဏ်အမြော်အမြင်ကို သင်ပေးသည်။❸ ထို့ပြင် အသင်တို့ မသိခဲ့သည့်အရာများကိုလည်း သင်ပေးသည်။

❸ တမန်တော်မြတ် ﷺရဲ့သင်ပြမှုမပါဘဲ ကုရ်အာန်ကို မလိုက်နာနိုင်ကြောင်း အထောက်အထားဖြစ်တယ်။ အရပ်တွေဟာ အရဗီစကားတတ်တဲ့သူတွေဖြစ်တဲ့အတွက် တမန်တော်မြတ် ﷺက ကုရ်အာန်ကို ဖတ်ရွတ်ပြလိုက်ရုံနဲ့ နားလည်သွားပြီး လိုက်နာရုံပဲရှိတော့တယ်။ ဒါပေမဲ့ အဲဒီလို မဟုတ်လို့ ကုရ်အာန်(၂း၁၂၉)မှာ يُعَلِّمُهُمُ الۡكِتٰبَ وَالۡحِكۡمَةَ တမန်တော်က ကုရ်အာန်နဲ့ ပညာဉာဏ်အမြော်အမြင်ကို သင်ပြပေးရခြင်းဖြစ်တယ်။ တမန်တော်မြတ် ﷺရဲ့ အဲဒီရှင်းလင်းသင်ကြားချက်တွေကိုပဲ ဟဒီးဆ်လို့ခေါ်ခြင်းဖြစ်တယ်။ အဲဒီဟဒီးဆ်ကို အရှင်မြတ်ကပဲ ဝဟီနဲ့ ညွှန်ကြားပြသတာဖြစ်တယ်။ (အာစာနုန်သရ်ဂျူမဟ်)

فَاذْكُرُوْنِيْٓ اَذْكُرْكُمْ وَاشْكُرُوْا لِيْ وَلَا تَكْفُرُوْنِ ﴿١٥٢﴾

(၁၅၂) သို့ဖြစ်ရာ အသင်တို့သည် ငါအရှင်မြတ်အား သတိရကြပါ၊ ငါအရှင်မြတ်သည်လည်း အသင်တို့အား သတိရတော်မူမည်။ ထို့ပြင် အသင်တို့သည် ငါအရှင်မြတ်၏ ကျေးဇူးတော်ကို သိကြပါ၊ ထို့ပြင် အသင်တို့သည် ငါအရှင်မြတ်အား ကျေးဇူးမကန်းကြနှင့်။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اسْتَعِيْنُوْا بِالصَّبْرِ وَالصَّلٰوةِ ۭ اِنَّ اللّٰهَ مَعَ الصّٰبِرِيْنَ ﴿١٥٣﴾

(၁၅၃) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် သည်းခံခြင်း၊ စွလာသ်ဝတ်ပြုခြင်းတို့ဖြင့် (အရှင်မြတ်ထံတွင်)အကူအညီတောင်းခံကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သည်းခံသူများနှင့်အတူတကွ ရှိတော်မူသည်။

وَلَا تَقُوْلُوْا لِمَنْ يُّقْتَلُ فِيْ سَبِيْلِ اللّٰهِ اَمْوَاتٌ ۭ بَلْ اَحْيَاۗءٌ وَّلٰكِنْ لَّا تَشْعُرُوْنَ ﴿١٥٤﴾

(၁၅၄) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် အသတ်ခံရသူများကို သေသူများဟု မပြောကြနှင့်။ အမှန်စင်စစ် သူတို့သည် (အရှင်မြတ်ထံတွင်)ရှင်နေသူများသာ ဖြစ်ကြသည်။ သို့ရာတွင် အသင်တို့သည် မသိနိုင်ကြပေ။❻

❻ တမန်တော် عليهم السلام တွေဘယ်လိုအသက်ရှင်တယ်ဆိုတဲ့ မအာရိဖွလ်ကုရ်အာန်ရဲ့ဖွင့်ဆိုချက်ကို ကုရ်အာန်(၃း၁၆၉)ရဲ့ရှင်းလင်းချက်အောက်ခြေ ❷ မှာ ဖော်ပြထားပါတယ်။

وَلَنَبْلُوَنَّكُمْ بِشَيْءٍ مِّنَ الْخَوْفِ وَالْجُوْعِ وَنَقْصٍ مِّنَ الْاَمْوَالِ وَالْاَنْفُسِ وَالثَّمَرٰتِ ۭ
وَبَشِّرِ الصّٰبِرِيْنَ ﴿١٥٥﴾

(၁၅၅) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား တစ်စုံတစ်ခုသောအရာဖြင့် စမ်းသပ်တော်မူမည်၊ ကြောက်ရွံ့စိုးရိမ်မှုဖြင့်လည်းကောင်း၊ ငတ်မွတ်မှုဖြင့်လည်းကောင်း၊ ပစ္စည်းဥစ္စာလျော့နည်းဆုံးရှုံးမှုဖြင့်လည်းကောင်း၊ အသက်ဆုံးရှုံးမှုဖြင့်လည်းကောင်း၊ ကောက်ပဲသီးနှံများပျက်စီးမှုဖြင့်လည်းကောင်း စမ်းသပ်တော်မူမည်။ ၎င်းနောက် အသင်(တမန်တော်)သည် သည်းခံသူများအား သတင်းကောင်းပေးလိုက်ပါ။

الَّذِيْنَ اِذَآ اَصَابَتْهُمْ مُّصِيْبَةٌ ۙ قَالُوْٓا اِنَّا لِلّٰهِ وَاِنَّآ اِلَيْهِ رٰجِعُوْنَ ﴿١٥٦﴾ۭ

(၁၅၆) ထိုသူများသည် သူတို့အပေါ် ဒုက္ခတစ်စုံတစ်ခု ကျရောက်လာသည့်အခါ (ဤသို့) ပြောဆိုကြသည်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် အလ္လာဟ်

အရှင်မြတ်အတွက်သာ ဖြစ်ကြပြီး အမှန်စင်စစ် ကျွန်ုပ်တို့သည် အရှင်မြတ်ထံသို့ ပြန်သွားကြရမည့်သူများသာ ဖြစ်ကြသည်။

أُولَٰٓئِكَ عَلَيۡهِمۡ صَلَوَٰتٌ مِّن رَّبِّهِمۡ وَرَحۡمَةٌۖ وَأُوْلَٰٓئِكَ هُمُ ٱلۡمُهۡتَدُونَ ﴿١٥٧﴾

(၁၅၇) ထိုသူများအပေါ်၌ပင် သူတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်၏ထံမှ ကောင်းချီးမင်္ဂလာများနှင့် သနားကရုဏာရှိသည်။ ထို့ပြင် သူတို့ပင် တရားလမ်းမှန်ကို ရရှိသူများဖြစ်ကြသည်။

۞إِنَّ ٱلصَّفَا وَٱلۡمَرۡوَةَ مِن شَعَآئِرِ ٱللَّهِۖ فَمَنۡ حَجَّ ٱلۡبَيۡتَ أَوِ ٱعۡتَمَرَ فَلَا جُنَاحَ عَلَيۡهِ أَن يَطَّوَّفَ بِهِمَاۚ وَمَن تَطَوَّعَ خَيۡرٗا فَإِنَّ ٱللَّهَ شَاكِرٌ عَلِيمٌ ﴿١٥٨﴾

(၁၅၈) အမှန်စင်စစ် စွဖာ(တောင်)နှင့်မရ်ဝဟ်(တောင်)❶ သည် အလ္လာဟ်အရှင်မြတ်၏ ထင်ရှားသောအထိမ်းအမှတ်များ❷ ထဲမှဖြစ်သည်။ သို့ဖြစ်ရာ မည်သူမဆို (အလ္လာဟ်အရှင်မြတ်၏) အိမ်တော်(ကအ်ဗဟ်ကျောင်းတော်)သို့ ဟဂ်ျပြုလုပ်❸ ရန် သို့မဟုတ်အွမ္မရဟ်ပြုလုပ်❹ ရန်သွားလျှင် ထိုသူ၏အပေါ်တွင် ၎င်း(တောင်)နှစ်ခုကြား(စအီပြုလုပ်)သွားလာခြင်း❺ သည် မည်သည့်အပြစ်မျှ မရှိပေ။ ထို့ပြင် မည်သူမဆို စေတနာအလျောက် ကောင်းမှုတစ်ခုခုပြုလုပ်လျှင် အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် (အမိန့်နာခံသူကို) အလွန်ကျေးဇူးပြု အစားပေးတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ စွဖာနဲ့ မရ်ဝဟ်တောင်ဟာ မက္ကဟ်မြို့ရှိ ကအ်ဗဟ်ကျောင်းတော် အနီးတစ်ဝိုက်မှာရှိတယ်။ တမန်တော်အိဗ်ရာဟီမ် ﷺရဲ့ ကြင်ရာတော် ဟာဂျိရဟ် ﷺဟာ သောက်ရေရှာကုန်သွားတဲ့အခါမှာ သူမရဲ့သားငယ်လေး (တမန်တော်)အစ္စမာအီလ် ﷺအတွက် အဲဒီတောင်နှစ်ခုကြားမှာ ခေါက်တုံ့ခေါက်ပြန် (၇)ကြိမ်ပြေးလွှားပြီးရေရှာခဲ့တယ်။ အဲဒီအခါ အရှင်မြတ်က ဇမ်ဇမ်ရေကို ပေါ်ထွက်စေခဲ့တယ်။ အဲဒီကိစ္စကို အမြဲအမှတ်ရစေဖို့ အရှင်မြတ်က အဲဒီတောင်နှစ်ခုကြားမှာ (၇)ခေါက် ပြေးလွှား စအီလုပ်ခြင်းကို ဟဂ်ျရဲ့ကျင့်စဉ်တွေထဲက တစ်ခုအဖြစ် သတ်မှတ်တော်မူခဲ့တယ်။ (အလင်းပြကျမ်း)

❷ شَعَآئِر ရှအာအိရ်ဆိုတာ အလ္လာဟ်အရှင်မြတ်နဲ့ အရှင်မြတ်ရဲ့တမန်တော် ﷺက အစ္စလာမ်ရဲ့ထင်ရှားတဲ့လက္ခဏာအထိမ်းအမှတ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့တဲ့ အရာတွေကိုခေါ်တယ်။ တမန်တော်မြတ် ﷺလက်ထက်တော်ကတည်းက သတ်မှတ်ထားပြီးဖြစ်တယ်။ နောက်ထပ်တိုးလို့မရနိုင်တဲ့အရာတွေဖြစ်တယ်။ တိတ်တဆိတ်ပြုလုပ်ရတဲ့ အိဗာဒသ်ကျင့်စဉ်မျိုးမဟုတ်ဘဲ ထင်ထင်ပေါ်ပေါ် ပြုလုပ်ရတဲ့ အိဗာဒသ်ကျင့်စဉ်မျိုးဖြစ်တယ်။ ဥပမာ - အဇာန် ၊ ဂျုမုအဟ်စွလာသ် ၊ အီးဒ်စွလာသ် ၊ ကုရ်ဗာနီ ၊ စွဖာနဲ့ မရ်ဝဟ်ကြားမှာ စအီလျှောက်လှမ်းခြင်း စသည်တို့ဖြစ်တယ်။ စုပေါင်းပြီးပြုလုပ်ရတဲ့ ကျင့်စဉ်တွေဖြစ်တယ်။ (သွဗ်ရာနီ၊ ကုရ်သွုဗီ၊ ဇဂ်ဂီ၊ အလ်မနားရ်၊ ရှအ်ရာဝီ)

الشَّعَائِرُ لَمْ تُطْلَقْ فِي الْقُرْآنِ إِلَّا عَلَى مَنَاسِكِ الْحَجِّ الِاجْتِمَاعِيَّةِ، وَأُلْحِقَ بِهَا بَعْضُهُمْ مَا فِي مَعْنَاهَا مِنْ عِبَادَاتِ الْإِسْلَامِ الِاجْتِمَاعِيَّةِ كَالْأَذَانِ وَصَلَاةِ الْجُمُعَةِ وَالْعِيدَيْنِ. فِي الْأَحْكَامِ الَّتِي شَرَعَهَا اللّٰهُ تَعَالَى نَوْعٌ يُسَمَّى بِالشَّعَائِرِ، وَهَذَا النَّوْعُ يُوقَفُ فِيهِ عِنْدَ نَصِّ مَا

شَرَعَهُ اللهُ تَعَالَى، لَا يُزَادُ فِيهِ وَلَا يُنْقَصُ مِنْهُ وَلَا يُقَاسُ عَلَيْهِ، وَلَا يُؤْخَذُ فِيهِ بِرَأْيِ أَحَدٍ وَلَا بِاجْتِهَادِهِ، إِذْ لَوْ أُبِيحَ لِلنَّاسِ الزِّيَادَةُ فِي شَعَائِرِ الدِّينِ بِاجْتِهَادِهِمْ فِي عُمُومِ لَفْظٍ أَوْ قِيَاسٍ لَأَمْكَنَ أَنْ تَصِيرَ شَعَائِرُ الْإِسْلَامِ أَضْعَافَ مَا كَانَتْ عَلَيْهِ فِي عَهْدِ الرَّسُولِ -صَلَّى اللهُ عَلَيْهِ وَسَلَّمَ- حَتَّى لَا يُفَرِّقَ أَكْثَرُ النَّاسِ بَيْنَ الْأَصْلِ الْمُشْتَرَعِ وَالدَّخِيلِ الْمُبْتَدَعِ، فَيَكُونُ الْمُسْلِمُونَ كَالنَّصَارَى. (تفسير المنار)

الشعائر: جمع شعيرة، وهى المعالم التى جعلها الله لعباده لينالوا ثوابه بتعظيمها، فالإحرام شعيرة، والتكبير شعيرة، والطواف شعيرة، والسّعى شعيرة، ورمى الجمار شعيرة.. إلخ. وهذه أمور عظّمها الله، وأمرنا بتعظيمها. (الشعراوى)

❸ ဟဂ်ျပြုလုပ်ခြင်းဆိုတာ အရှင့်အိမ်တော်ကိုသွားရောက်ဖူးမြော်ဖို့ တတ်စွမ်းနိုင်သူအတွက် မပြုမနေရ ထမ်းဆောင်ရမဲ့တာဝန်အဖြစ် သတ်မှတ်ထားတဲ့ အဓိကကျင့်စဉ်ကြီးတစ်ခုဖြစ်တယ်။ အဲဒါကိုအရှင်မြတ်က وَلِلّٰهِ عَلَى النَّاسِ حِجُّ الْبَيْتِ مَنِ اسْتَطَاعَ إِلَيْهِ سَبِيلًا လို့ မိန့်တော်မူတယ်။ (ကုရ်အာန် - ၃း၉၇) ❻ အွမ္မရဟ်ပြုလုပ်ခြင်းဟာ တမန်တော်မြတ် ﷺ ရဲ့မကြာမကြာပြုလုပ်တော်မူခဲ့တဲ့ ဟဂ်ျအငယ်စားကျင့်စဉ်တစ်ခုဖြစ်တယ်။ အိဟ်ရာမ်နဲ့ နိယသ်ပြုလုပ်ပြီး ကအ်ဗဟ်ကျောင်းတော်ကိုသွားကာ သွဝါဖ်(၇)ကြိမ်ပတ်ပြီး မကာမေ့ အိဗ်ရာဟီမ်နားမှာ စွလာသ်နှစ်ရကအသ်ဖတ်ရတယ်။ ပြီးတော့ စအီ(၇)ခေါက်လျှောက်လှမ်းရတယ်။ အဲဒီနောက် ဆံပင်ရိတ်ခြင်း/ဖြတ်ခြင်းပြုကာ အိဟ်ရာမ် ကိုချွတ်ပြီး အဆုံးသတ်လိုက်ရတယ်။ (ဟဂ်ျနှင့်အွမ်ရဟ်လုပ်နည်း စာ - ၃၅) ❺ စအီလုပ်ခြင်းဆိုတာကတော့ စွဖာတောင်နဲ့ မရ်ဝဟ်တောင်ကြား (၇)ခေါက် လျှောက်လှမ်းခြင်းကိုခေါ်တယ်။

(ဟဂ်ျ နှင့်အွမ်ရဟ် လုပ်နည်း စာ - ၃၅)

إِنَّ الَّذِينَ يَكْتُمُونَ مَا أَنْزَلْنَا مِنَ الْبَيِّنٰتِ وَالْهُدٰى مِنْ بَعْدِ مَا بَيَّنّٰهُ لِلنَّاسِ فِى الْكِتٰبِ ۙ أُولٰٓئِكَ يَلْعَنُهُمُ اللّٰهُ وَيَلْعَنُهُمُ اللّٰعِنُونَ ﴿١٥٩﴾

(၁၅၉) အမှန်စင်စစ် အကြင်သူများသည် ငါအရှင်မြတ်ချပေးတော်မူသော ထင်ရှားသည့် အထောက်အထားများနှင့် လမ်းမှန်ညွှန်ကြားပြသချက်များကို ငါအရှင်မြတ်သည် လူများအတွက် ကျမ်းဂန်ထဲတွင် ရှင်းလင်းစွာ ဖော်ပြပြီးသည့်နောက်မှပင် ထိမ်ချန်လျှို့ဝှက်ထားကြသည်။ ထိုသူများအား အလ္လာဟ်အရှင်မြတ်သည် ကရုဏာတော်မှ ကင်းဝေးစေတော်မူသည်။ ထို့ပြင် ကျိန်ဆဲသူများကလည်း သူတို့အား ကျိန်ဆဲကြသည်။

إِلَّا الَّذِينَ تَابُوا وَأَصْلَحُوا وَبَيَّنُوا فَأُولٰٓئِكَ أَتُوبُ عَلَيْهِمْ ۚ وَأَنَا التَّوَّابُ الرَّحِيمُ ﴿١٦٠﴾

(၁၆၀) သို့ရာတွင် အကြင်သူများသည် ဝန်ချတောင်းပန်ကြမည်၊ ထို့နောက် ပြုပြင်ပြီးနေကြမည်၊ ၎င်းပြင် (အမိန့်တော်များကို) ရှင်းလင်းထုတ်ဖော်ပြကြမည်ဆိုလျှင် ငါအရှင်မြတ်သည် ထိုသို့သောသူများ၏ သောင်ဗဟ်အမှားဝန်ချတောင်းပန်မှုကို လက်ခံတော်မူသည်။ (အမှန်စင်စစ်) ငါအရှင်မြတ်သည် အမှားဝန်ခံမှုကို အကြိမ်ကြိမ်လက်ခံခွင့်လွှတ်တော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

إِنَّ الَّذِينَ كَفَرُوا وَمَاتُوا وَهُمْ كُفَّارٌ أُولٰٓئِكَ عَلَيْهِمْ لَعْنَةُ اللّٰهِ وَالْمَلٰٓئِكَةِ وَالنَّاسِ أَجْمَعِينَ ﴿١٦١﴾

(၁၆၁) အမှန်စင်စစ် အကြင်သူများသည် သွေဖည်ငြင်းပယ်ပြီး ကာဖိရ် အဖြစ်နှင့်သေဆုံးခဲ့ကြသည်။ (သို့ဖြစ်လျှင်) အလ္လာဟ်အရှင်မြတ်၏ကရုဏာ တော်မှကင်းဝေးခြင်းအပြင် ကောင်းကင်တမန်များနှင့် လူများအားလုံး၏ကျိန်ဆဲ ခြင်းတို့သည် ထိုသူများအပေါ်တွင် ရှိသည်။

خٰلِدِيْنَ فِيْهَا ۚ لَا يُخَفَّفُ عَنْهُمُ الْعَذَابُ وَلَا هُمْ يُنْظَرُوْنَ ﴿١٦٢﴾

(၁၆၂) သူတို့သည် ထိုအထဲ၌ပင် အမြဲနေရမည့်သူများဖြစ်ကြသည်။ သူတို့ထံမှ အပြစ်ဒဏ်သည် လျှော့ပေါ့ခြင်းခံကြရမည်လည်း မဟုတ်သည့်အပြင် သူတို့သည် အချိန်ဆိုင်းငံ့ခြင်းလည်း ခံရမည်မဟုတ်ပေ။

وَاِلٰهُكُمْ اِلٰهٌ وَّاحِدٌ ۚ لَآ اِلٰهَ اِلَّا هُوَ الرَّحْمٰنُ الرَّحِيْمُ ﴿١٦٣﴾

(၁၆၃) ထို့ပြင် အသင်တို့၏အရှင်သည် တစ်ပါးတည်းတည်ရှိတော်မူ သည့် ကိုးကွယ်ထိုက်သောအရှင်သာ ဖြစ်တော်မူသည်။ ထိုအရှင်မှလွဲ၍ ကိုး ကွယ်ထိုက်သောအရှင် မရှိပေ။ (ထိုအရှင်မြတ်သည်) အနန္တကရုဏာတော်ရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

اِنَّ فِيْ خَلْقِ السَّمٰوٰتِ وَالْاَرْضِ وَاخْتِلَافِ الَّيْلِ وَالنَّهَارِ وَالْفُلْكِ الَّتِيْ تَجْرِيْ فِي الْبَحْرِ بِمَا يَنْفَعُ النَّاسَ وَمَآ اَنْزَلَ اللّٰهُ مِنَ السَّمَآءِ مِنْ مَّآءٍ فَاَحْيَا بِهِ الْاَرْضَ بَعْدَ مَوْتِهَا وَبَثَّ فِيْهَا مِنْ كُلِّ دَآبَّةٍ ۪ وَّتَصْرِيْفِ الرِّيٰحِ وَالسَّحَابِ الْمُسَخَّرِ بَيْنَ السَّمَآءِ وَالْاَرْضِ لَاٰيٰتٍ لِّقَوْمٍ يَّعْقِلُوْنَ ﴿١٦٤﴾

(၁၆၄) အမှန်စင်စစ် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော် မူခြင်းတွင်၊ ညနှင့်နေ့ပြောင်းလဲနေခြင်းတွင်၊ လူသားများအား အကျိုးဖြစ်ထွန်း စေသောအရာများ တင်ဆောင်ပြီး ပင်လယ်ထဲ၌ သွားလာနေသည့်သင်္ဘောများ တွင်၊ (ခြောက်ကပ်)သေပြီးဖြစ်သည့်မြေကြီးကို ရှင်သန်(စိမ်းလန်း)စေရန် မိုးကောင်းကင်မှ အလ္လာဟ်အရှင်မြတ် ရွာသွန်းစေသည့်မိုးရေတွင်၊ ထို(စိမ်းလန်း ရှင်သန်သွားသည့်)မြေကြီးပေါ် တိရစ္ဆာန်အမျိုးမျိုးကို ပေါက်ဖွားပျံ့နှံ့စေတော်မူ ခဲ့ရာတွင်၊ ထို့ပြင် လေများကို ပြောင်းရွှေ့ရွှေ့လျားစေခြင်းတွင်၊ မိုးနှင့် မြေကြား၌ (သွားလာရန်) အမိန့်နာခံနေသည့်မိုးတိမ်များတွင် နားလည်တတ်သည့်၊ အသိ ဉာဏ်ရှိသောသူများအတွက်(အရှင်မြတ်၏)သက်သေလက္ခဏာများ[၆] အမှန်ပင် ရှိသည်။

[၆] အာယာသ် آيٰتٌ ဆိုတာ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းပဲတည်ရှိတော်မူကြောင်း၊ အရှင်မြတ်ပဲ ပြုလုပ်စွမ်းဆောင်နိုင်တော်မူကြောင်း သက်သေလက္ခဏာတွေကို ခေါ်တယ်။ ကုရ်အာန်အာယသ်

တွေကို အာယသ်လို့ခေါ်ရတာကလည်း အရှင်မြတ်ကို ညွှန်ပြနေတဲ့အတွက်နဲ့ အရှင်မြတ်တစ်ပါး တည်းပဲတတ်စွမ်းနိုင်တဲ့အတွက် ကြောင့်ဖြစ်တယ်။ (အာစားန်သဂ်ရဂျူမဟ်)

وَمِنَ النَّاسِ مَنْ يَّتَّخِذُ مِنْ دُوْنِ اللّٰهِ اَنْدَادًا يُّحِبُّوْنَهُمْ كَحُبِّ اللّٰهِ ؕ وَالَّذِيْنَ اٰمَنُوْٓا اَشَدُّ حُبًّا لِّلّٰهِ ؕ
وَلَوْ يَرَى الَّذِيْنَ ظَلَمُوْٓا اِذْ يَرَوْنَ الْعَذَابَ ۙ اَنَّ الْقُوَّةَ لِلّٰهِ جَمِيْعًا ۙ وَّاَنَّ اللّٰهَ شَدِيْدُ الْعَذَابِ ﴿١٦٥﴾

(၁၆၅) ထို့ပြင် လူများတွင် အချို့သည် အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်ပြီး အခြားအရာ(ရုပ်တု၊ အကြီးအကဲ)များကို တွဲဖက်ကိုးကွယ်ကြသည်။ ထိုသူများ သည် အလ္လာဟ်အရှင်မြတ်ကို ချစ်ခင်မြတ်နိုးသကဲ့သို့ ထိုအရာများကို ချစ်ခင် မြတ်နိုးကြသည်။ ၎င်းပြင် အီမာန်ယုံကြည်ကြသူများမှာမူ အလ္လာဟ်အရှင်မြတ် ကိုသာ အလွန်ချစ်ခင်မြတ်နိုးကြသည်။ ထို့ပြင် (အရှင်မြတ်နှင့်တွဲဖက်ပြီး) မတရား ကျူးလွန်သည့်သူများသည် အရှင်မြတ်၏အဇာဗ်အပြစ်ဒဏ်ကို မြင်သည့်အခါ အင်အားဟူသမျှသည် အလ္လာဟ်အရှင်မြတ်သာ စိုးပိုင်တော်မူကြောင်းနှင့်အလ္လာဟ် အရှင်မြတ်သည် ပြင်းထန်သည့် အပြစ်ဒဏ်ခတ်တော်မူသောအရှင်ဖြစ်ကြောင်း ကို သူတို့(သိရှိလိုက်ရသကဲ့သို့ ဤဘဝ၌ကတည်းက) အကယ်၍ (ကြိုတင်) သိမြင်ကြလျှင်ကောင်းလေစွ။

اِذْ تَبَرَّاَ الَّذِيْنَ اتُّبِعُوْا مِنَ الَّذِيْنَ اتَّبَعُوْا وَرَاَوُا الْعَذَابَ وَتَقَطَّعَتْ بِهِمُ الْاَسْبَابُ ﴿١٦٦﴾

(၁၆၆) တစ်ချိန် (ကိယာမသ်နေ့)တွင် ခေါင်းဆောင်များသည် သူတို့ ၏နောက်လိုက်များကို စွန့်ပစ်ကြလိမ့်မည်၊ ထို့ပြင် သူတို့(အားလုံး)သည် အပြစ် ဒဏ်များကို မြင်ကြလိမ့်မည်။ ထို့နောက် သူတို့၏အချင်းချင်းဆက်သွယ်မှုများသည် လည်း ပြတ်တောက်သွားလိမ့်မည်။

وَقَالَ الَّذِيْنَ اتَّبَعُوْا لَوْ اَنَّ لَنَا كَرَّةً فَنَتَبَرَّاَ مِنْهُمْ كَمَا تَبَرَّءُوْا مِنَّا ؕ كَذٰلِكَ يُرِيْهِمُ اللّٰهُ
اَعْمَالَهُمْ حَسَرٰتٍ عَلَيْهِمْ ؕ وَمَا هُمْ بِخٰرِجِيْنَ مِنَ النَّارِ ﴿١٦٧﴾

(၁၆၇) ထို့ပြင် နောက်လိုက်တပည့်များက ပြောဆိုကြမည်၊ အကယ်၍ ကျွန်ုပ်တို့သည် (လောကသို့)တစ်ကြိမ် ပြန်လှည့်ခွင့်ရလျှင် ကောင်းလေစွ။ သို့ ဖြစ်လျှင် ထိုခေါင်းဆောင်များသည် ကျွန်ုပ်တို့အား စွန့်ပစ်သွားကြသကဲ့သို့ ကျွန်ုပ် တို့သည်လည်း သူတို့အား စွန့်ပစ်လိုက်ကြမည်။ အလ္လာဟ်အရှင်မြတ်သည် ထို သို့ပင် သူတို့၏အပြုအမူများကို သူတို့အပေါ်တွင် ကြေကွဲဖွယ်ရာအဖြစ် ပြသ တော်မူမည်။ ၎င်းနောက် သူတို့သည် ငရဲမီးထဲမှ ထွက်ကြရမည့်သူများ မဟုတ် ကြပေ။

يَٰٓأَيُّهَا ٱلنَّاسُ كُلُوا۟ مِمَّا فِى ٱلْأَرْضِ حَلَٰلًا طَيِّبًا وَلَا تَتَّبِعُوا۟ خُطُوَٰتِ ٱلشَّيْطَٰنِ ۚ إِنَّهُۥ لَكُمْ عَدُوٌّ مُّبِينٌ ﴿١٦٨﴾

(၁၆၈) အို- လူသားအပေါင်းတို့၊ အသင်တို့သည် ကမ္ဘာမြေပေါ်တွင်ရှိသည့် အရာများထဲမှ စားပိုင်ခွင့်ပြုထားသည့် ❶သန့်ပြန့်သော အရာများကို စားသုံးကြပါ။ ထို့နောက် အသင်တို့သည် ရှိုင်သွာန်၏ ခြေရာကောက်လှမ်းမှုများအတိုင်း (ဖဝါးခြေထပ်)မလိုက်ကြနှင့်။❷ အမှန်စင်စစ် ၎င်း(ရှိုင်သွာန်)သည် အသင်တို့၏ ထင်ရှားသောရန်သူပင် ဖြစ်သည်။

❶ စားပိုင်ခွင့်ပြုထားတဲ့အရာတွေဆိုတာ အလ္လာဟ်အရှင်မြတ်က ဟလာလ်အဖြစ် သတ်မှတ်ပေးထားတဲ့အရာတွေဖြစ်တယ်။ (အလင်းပြကျမ်း) ❷ ရှိုင်သွာန်ရဲ့ခြေရာတွေဆိုတာ ရှိုင်သွာန်ဆွဲဆောင်တဲ့ မကောင်းမှုတွေနောက်မလိုက်ကြဖို့ တားမြစ်ထားခြင်းဖြစ်တယ်။ အရှင်မြတ်ပေးသနားထားတဲ့ ကောင်းမွန်တဲ့အစားအစာတွေကိုစားပြီး ကောင်းမှုတွေပြုလုပ်ကြဖို့ ဆိုလိုခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّمَا يَأْمُرُكُم بِٱلسُّوٓءِ وَٱلْفَحْشَآءِ وَأَن تَقُولُوا۟ عَلَى ٱللَّهِ مَا لَا تَعْلَمُونَ ﴿١٦٩﴾

(၁၆၉) (အဘယ်ကြောင့်ဆိုသော်)၎င်း(ရှိုင်သွာန်)သည် အသင်တို့အား မကောင်းမှုများနှင့် စက်ဆုပ်ဖွယ်ရာကိစ္စများဖြင့်လည်းကောင်း၊ အသင်တို့သည် အသင်တို့မသိသည့်ကိစ္စရပ်များကို အလ္လာဟ်အရှင်မြတ်အပေါ် လိမ်လည် ပြစ်တင်ပြောဆိုရန်အတွက်လည်းကောင်း❸ အမိန့်ပေးလှုံ့ဆော်နေသည်သာဖြစ်သည်။

❸ ယဟူဒီ၊ နတ်စွဲရာနီတွေဟာ အရှင်မြတ်က ဟလာလ်ပြုထားတဲ့အရာတွေကို ဟရာမ်လုပ်ကြပြီး အရှင်မြတ်က ဟရာမ်ပြုထားတဲ့အရာတွေကို ဟလာလ်လုပ်ကြတယ်။ အဲဒီလို ကပြောင်းကပြန်ပြုလုပ်ကြပြီး အရှင်မြတ်ရဲ့အမိန့်တော်နဲ့ လုပ်ကြတာလို့ လုပ်ကြံလိမ်လည်ပြောဆိုကြတာတွေကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

وَإِذَا قِيلَ لَهُمُ ٱتَّبِعُوا۟ مَآ أَنزَلَ ٱللَّهُ قَالُوا۟ بَلْ نَتَّبِعُ مَآ أَلْفَيْنَا عَلَيْهِ ءَابَآءَنَآ ۗ أَوَلَوْ كَانَ ءَابَآؤُهُمْ لَا يَعْقِلُونَ شَيْـًٔا وَلَا يَهْتَدُونَ ﴿١٧٠﴾

(၁၇၀) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ချပေးတော်မူသော အရာ(တရားတော်)များကိုလိုက်နာကြပါဟု သူတို့သည်ပြောဆိုခံကြရသည့်အခါ သူတို့ကပြောဆိုကြသည်၊ ထိုသို့(လိုက်နာမည်)မဟုတ်ပါ၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် အကြင်အရာကိုသာ လိုက်နာကြမည်၊ ထိုအရာအပေါ်တွင် ကျွန်ုပ်တို့၏ ဘိုး၊ ဘေးများလိုက်နာနေသည်ကို ကျွန်ုပ်တို့တွေ့ခဲ့ရသည်။❹ အကယ်၍ သူတို့၏ဘိုး၊ ဘေးများသည် မည်သည့်အရာမျှ မသိကြသည့်အပြင် တရားလမ်းမှန်မရကြလျှင်လည်း (သူတို့၏နောက်ကိုသာ လိုက်ကြမည်လော)။

❻ မိရိုးဖလာ ထုံးတမ်းစဉ်လာတွေနောက်လိုက်ခြင်း၊ ဘိုး၊ ဘေးတွေနောက်လိုက်ခြင်း စတာတွေဟာ အလ္လာဟ်အရှင်မြတ်ရဲ့အမိန့်တော်တွေနဲ့ ဆန့်ကျင်နေရင် လိုက်ခွင့်မရှိပါ။ အရှင်မြတ်ရဲ့အမိန့်တွေနဲ့ ဆန့်ကျင်ပြီး ဘိုး၊ ဘေးတွေနောက်လိုက်ခြင်းကို ကာဖိရ်တွေပဲပြုလုပ်ကြတယ်ဆိုတာကို ဒီအာယသ်ကဖော်ပြထားခြင်းဖြစ်တယ်။ အရှင်မြတ် ချပေးတဲ့အရာနောက်ကို လိုက်ကြပါလို့ ပြောတဲ့အခါ မလိုက်နိုင်ဘူး၊ ဘိုး၊ ဘေးတွေနောက်ကိုပဲ လိုက်မယ်လို့ပြောတာဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်က ဘိုး၊ ဘေးတွေဟာ မှားနေရင်လည်း ဘိုး၊ ဘေးတွေရဲ့နောက်ကိုပဲ ဆက်လိုက်နေကြမှာလားလို့မေးထားခြင်းဖြစ်တယ်။ ဒါဟာ ပုဂ္ဂိုလ်စွဲ၊ အယူသည်းမှု စွဲမထားဖို့ တားမြစ်ထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَثَلُ الَّذِينَ كَفَرُوا كَمَثَلِ الَّذِي يَنْعِقُ بِمَا لَا يَسْمَعُ إِلَّا دُعَاءً وَنِدَاءً ۚ صُمٌّ بُكْمٌ عُمْيٌ فَهُمْ لَا يَعْقِلُونَ ﴿١٧١﴾

(၁၇၁) ထို့ပြင် ကာဖိရ်ငြင်းပယ်သည့်သူများ(အား ပြောဆိုဆုံးမသူ)၏ ပမာသည် ခေါ်သံနှင့်ဟစ်အော်သံမှလွဲ၍ မည်သည့်အရာကိုမျှ မကြားသည့် (တိရစ္ဆာန်ကျောင်းသည့်သူ၏) တိရစ္ဆာန်များကို ဟစ်အော်(ပြောဆို)သံနှင့်တူသည် (မည်သည့်အရာကိုမျှ နားလည်ခြင်း မရှိပေ)❼။ သူတို့သည် နားပင်းသူများ၊ ဆွံ့အသူများ၊ မျက်ကန်းများသာ ဖြစ်ကြသည်။ သို့ဖြစ်ရာ သူတို့သည် (မည်သည့်အရာကိုမျှ) မသိနားမလည်ကြပေ။

❼ တိရစ္ဆာန်တွေဟာ သူတို့ကို ခေါ်တာနဲ့ အော်တာပဲ သိကြတယ်၊ တခြားဘာကိုမှ သိနားလည်ခြင်း မရှိကြဘူး။ အဲဒီအတိုင်းပဲ ကာဖိရ်တွေကို တရားစကားပြောရင် နားလည်နိုင်တဲ့နားရှိပါလျက် ကြားရုံပဲကြားပြီး ဘာပြောနေလဲဆိုတာမသိနားမလည်တဲ့အတွက် တိရစ္ဆာန်ထက်တောင် လမ်းလွဲကြတယ်လို့ (၇း၁၇၉)မှာ အရှင်မြတ်က အခုလိုမိန့်ထားတယ်။ أُولَٰئِكَ كَالْأَنْعَامِ بَلْ هُمْ أَضَلُّ (အလင်းပြကျမ်း)

يَا أَيُّهَا الَّذِينَ آمَنُوا كُلُوا مِنْ طَيِّبَاتِ مَا رَزَقْنَاكُمْ وَاشْكُرُوا لِلَّهِ إِنْ كُنْتُمْ إِيَّاهُ تَعْبُدُونَ ﴿١٧٢﴾

(၁၇၂) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အား ငါအရှင်မြတ်ပေးသနားတော်မူထားသည့် သန့်ပြန့်သောအရာများထဲမှ စားသုံးကြပါ။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုသာ ကိုးကွယ်ခဲ့ကြသည်ဆိုလျှင် ထိုအရှင်မြတ်အား ကျေးဇူးတင်ကြပါ။

إِنَّمَا حَرَّمَ عَلَيْكُمُ الْمَيْتَةَ وَالدَّمَ وَلَحْمَ الْخِنْزِيرِ وَمَا أُهِلَّ بِهِ لِغَيْرِ اللَّهِ ۖ فَمَنِ اضْطُرَّ غَيْرَ بَاغٍ وَلَا عَادٍ فَلَا إِثْمَ عَلَيْهِ ۚ إِنَّ اللَّهَ غَفُورٌ رَحِيمٌ ﴿١٧٣﴾

(၁၇၃) (အလ္လာဟ်)အရှင်မြတ်သည် အသင်တို့အပေါ်တွင် အသေကောင်၊❶ (ယိုစီးပြီးသည့်)သွေး၊❷ ဝက်သား❸နှင့် အလ္လာဟ်အရှင်မြတ်မှလွဲ၍ (အခြားအရာများအတွက်) ရည်စူး(သတ်ဖြတ်ထား)သည့်အရာ(သားကောင်

များ)❹ ကိုသာ အမှန်စင်စစ် တားမြစ်ထားတော်မူသည်။ သို့ရာတွင် (အစား အစာမရရှိ၍ အသက်စိုးရိမ်ရသည်အထိ)အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသူ သည် (အရသာခံစားချင်သည့်)မက်မောခုံမင်သူလည်းမဟုတ်ဘဲ၊ (လိုသည် ထက် ပိုစားသည့်)အစားကျူးသူလည်း မဟုတ်ဘဲ (မသေရုံသာစားခဲ့လျှင်)❺ ထိုသူ၏အပေါ်တွင် မည်သည့်အပြစ်မျှမရှိပေ။ အမှန်စင်စစ် အလ္လာဟ်အရှင် မြတ်သည် အလွန်လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသောအရှင်၊ အလွန်သနား ကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။❻

❶ အသေကောင်ဆိုတာ ငါးသေနဲ့ ကျိုင်းကောင်သေကလွဲလို့ စားပိုင်ခွင့်ရှိတဲ့ သတ္တဝါတွေကို အစ္စလာမ်တရားတော်နဲ့အညီ ဇဗဟ်ပြုလည်လှီးခြင်းမရှိဘဲ သေသွားတဲ့ အသေကောင်များကို ခေါ်တယ်။ (အလင်းပြကျမ်း) ❷ သွေးဆိုတာကတော့ ယိုစီးပြီးတဲ့သွေးကိုဆိုလိုကြောင်း အခြား တစ်နေရာမှာ أَوْ دَمًا مَّسْفُوحًا လို့ အမိန့်ရှိထားတယ်။(အလင်းပြကျမ်း) ❸ ဝက်သားဆိုတာ အသား တစ်မျိုးတည်းကိုမဆိုလိုပါ၊ ဝက်တစ်ကောင်လုံးက အစိတ်အပိုင်းဟူသမျှကိုဆိုလိုပါတယ်။(အလင်း ပြကျမ်း) ❹ အလ္လာဟ်အရှင်မြတ်ရဲ့နာမတော်ကလွဲလို့ အခြားအရာတွေကိုရည်စူးပြီး လှီးဖြတ်ရင် အဲဒီလိုရည်စူးလှီးဖြတ်တဲ့သူဟာ တုဖက်နှိုင်းယှဉ်ကိုးကွယ်သူ မုရှ်ရိက် ဖြစ်သွားတယ်။ လှီးဖြတ် လိုက်တဲ့ သားကောင်ဟာလည်း မုရှ်ရိက်က လှီးဖြတ်တဲ့သားကောင်ဖြစ်သွားတဲ့အတွက် စားပိုင်ခွင့် မရှိတော့ပါ။ (အလင်းပြကျမ်း) ❺ အစာအငတ်ခံပြီး ကိုယ့်ကိုယ်ကိုယ် အသေခံမှုမျိုးကို အစ္စလာမ် က လက်မခံဘူး။ ကိုယ့်ကိုယ်ကိုယ် မဖျက်ဆီးဖို့ ကိုယ့်ကိုယ်ကိုယ် မသတ်ဖြတ်ဖို့ (၂း၁၉၅)မှာ အခု လို မိန့်ဆိုထားတော်မူတယ် - وَلَا تُلْقُوا بِأَيْدِيكُمْ إِلَى التَّهْلُكَةِ ပြီးတော့ وَلَا تَقْتُلُوٓا أَنفُسَكُمْ (၄း၂၉)လို့ လည်းမိန့်ထားတယ်။ အဲဒါကြောင့် အသက်စိုးရိမ်ရလောက်အောင် အကျပ်အတည်းရင်ဆိုင်ရသူ အတွက် စားပိုင်ခွင့်မရှိတဲ့ ဟရာမ်အစားအစာတွေကို စားပိုင်ခွင့်ရှိတဲ့ ဟလာလ်အစားအစာတွေ အဖြစ် ဘောင်ခတ်ကန့်သတ်ပြီး သတ်မှတ်ပေးထားခြင်းဖြစ်တယ်။ မစားဘဲလည်း အသေမခံရပါ၊ စည်းဘောင်ကျော်ပြီး အားရပါးရလည်း မစားရပါ။ (မအာရိဖွလ်ကုရ်အာန်) ❻ အရှင်မြတ်ဟာ အလွန်ခွင့်လွှတ်တယ်၊ အလွန်သနားတယ်ဆိုပြီး ကျွန်တော်တို့စားချင်တာကို စားချင်သလောက် စားလို့ မရဘူးဆိုတာ သတိပြုရမှာဖြစ်ပြီး စည်းဘောင်အတွင်းမှာ စားသောက်မှပဲ ခွင့်လွှတ်တော် မူမှာ ဖြစ်တယ်။ غَيْرَ بَاغٍ وَلَا عَادٍ (ကုရ်အာန် - ၂း၁၇၃)

إِنَّ الَّذِينَ يَكْتُمُونَ مَآ أَنزَلَ اللَّهُ مِنَ الْكِتَٰبِ وَيَشْتَرُونَ بِهِۦ ثَمَنًا قَلِيلًا ۙ أُولَٰٓئِكَ مَا يَأْكُلُونَ
فِى بُطُونِهِمْ إِلَّا النَّارَ وَلَا يُكَلِّمُهُمُ اللَّهُ يَوْمَ الْقِيَٰمَةِ وَلَا يُزَكِّيهِمْ ۚ وَلَهُمْ عَذَابٌ أَلِيمٌ ﴿١٧٤﴾

(၁၇၄) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ် ချပေးတော်မူသည့်ကျမ်းဂန် ကို ထိမ်ချန်ပြီး ထိုကျမ်းဂန်ကို အဖိုးအခအနည်းငယ်ဖြင့် လဲလှယ်ရောင်းချသူ များသည် သူတို့၏ဗိုက်များထဲတွင် မီးကလွဲ၍ အခြားမည်သည့်အရာကိုမျှ စား သောက်ဖြည့်တင်းနေကြခြင်းမဟုတ်ပေ။ ထို့ပြင်ကိယာမသ်ရှင်ပြန်ထရမည့်နေ့ တွင် အလ္လာဟ်အရှင်မြတ်သည် သူတို့အား (အရေးလုပ်၍) စကားပြောမည်မဟုတ်

ပေ။ ထို့ပြင် အရှင်မြတ်သည် သူတို့အား စင်ကြယ်အောင်လုပ်ပေးမည်လည်း မဟုတ်ပေ။ ထို့ပြင် သူတို့အတွက်ပြင်းပြနာကျင်စေသည့်အပြစ်ဒဏ်လည်းရှိသည်။

أُولَٰئِكَ الَّذِينَ اشْتَرَوُا الضَّلَالَةَ بِالْهُدَىٰ وَالْعَذَابَ بِالْمَغْفِرَةِ ۚ فَمَا أَصْبَرَهُمْ عَلَى النَّارِ ﴿١٧٥﴾

(၁၇၅) ထိုသူများသည် လမ်းမှားကို လမ်းမှန်ဖြင့် အဇာဗ်အပြစ်ဒဏ်ကို မဂ်ဖိရသ်လွတ်ငြိမ်းချမ်းသာမှုဖြင့် လဲလှယ်ဝယ်ယူသောသူများ ဖြစ်ကြသည်။ သို့ဖြစ်ရာ သူတို့သည် ငရဲမီး(၏ဒဏ်)ကို မည်မျှခံနိုင်သူများဖြစ်ကြသနည်း။

ذَٰلِكَ بِأَنَّ اللَّهَ نَزَّلَ الْكِتَابَ بِالْحَقِّ ۗ وَإِنَّ الَّذِينَ اخْتَلَفُوا فِي الْكِتَابِ لَفِي شِقَاقٍ بَعِيدٍ ﴿١٧٦﴾

(၁၇၆) ထို(အပြစ်ဒဏ်များခံရမည့်) အကြောင်းရင်းမှာ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မှန်ကန်သောကျမ်းတော်ကို ချပေးတော်မူခဲ့သော်ငြား လည်း (အချို့ကို ယုံကြည်ကြပြီး အချို့ကို ထိမ်ချန်ခြင်းနှင့် ငြင်းပယ်ပြီး ကွဲလွဲခဲ့ကြ သည်။) အမှန်စင်စစ် ထိုကျမ်းတော်နှင့်ပတ်သက်၍ ကွဲလွဲကြသည့်သူများသည် ဝေးကွာလှသည့် ကွဲပြားမှု၌ အမှန်ပင် ရောက်ရှိနေခြင်းဖြစ်သည်။

لَيْسَ الْبِرَّ أَنْ تُوَلُّوا وُجُوهَكُمْ قِبَلَ الْمَشْرِقِ وَالْمَغْرِبِ وَلَٰكِنَّ الْبِرَّ مَنْ آمَنَ بِاللَّهِ وَالْيَوْمِ الْآخِرِ
وَالْمَلَائِكَةِ وَالْكِتَابِ وَالنَّبِيِّينَ وَآتَى الْمَالَ عَلَىٰ حُبِّهِ ذَوِي الْقُرْبَىٰ وَالْيَتَامَىٰ وَالْمَسَاكِينَ وَابْنَ
السَّبِيلِ وَالسَّائِلِينَ وَفِي الرِّقَابِ وَأَقَامَ الصَّلَاةَ وَآتَى الزَّكَاةَ وَالْمُوفُونَ بِعَهْدِهِمْ إِذَا عَاهَدُوا ۖ
وَالصَّابِرِينَ فِي الْبَأْسَاءِ وَالضَّرَّاءِ وَحِينَ الْبَأْسِ ۗ أُولَٰئِكَ الَّذِينَ صَدَقُوا ۖ وَأُولَٰئِكَ هُمُ الْمُتَّقُونَ ﴿١٧٧﴾

(၁၇၇) (မိမိတို့၏နေရာဒေသနှင့်အညီ ကိဗ်လဟ် ရှိရာ) အရှေ့အရပ်နှင့် အနောက်အရပ်ဘက်သို့ အသင်တို့၏မျက်နှာများကို မူခြင်းသည်သာ အသင်တို့အတွက် မြင့်မြတ်သောကောင်းမှု❷ မဟုတ်သေးပေ။ သို့ရာတွင် မြင့်မြတ်သည့် ကောင်းမှုရှင်ဟူသည် အလ္လာဟ်အရှင်မြတ်၊ နောက်ဆုံးနေ့၊ ကောင်းကင်တမန် များ၊ ကျမ်းဂန်(များ)နှင့် နဗီတမန်တော်များကို ယုံကြည်သောသူများဖြစ်သည်။ ထို့ပြင် ထိုသူများသည် အရှင်မြတ်အား ချစ်မြတ်နိုးသည့်အတွက် (သူတို့၏) ပစ္စည်းဥစ္စာများကို ဆွေမျိုးများ၊ အဘမဲ့ကလေးများ၊ ဆင်းရဲသားများ၊ ခရီးသည် များ၊ တောင်းစားသူများနှင့် ကျေးကျွန်များအား (ကျွန်ဘဝမှ လွတ်မြောက်စေ ရန်) ပေးကမ်းလှူဒါန်းကြသည်။ ထို့ပြင် သူတို့သည် စွလာသ်ဝတ်ပြုကြပြီး ဇကာသ် ပေးဆောင်ကြသည်။ ထို့ပြင် သူတို့သည် ကတိပြုသည့်အခါ သူတို့၏ ကတိကို တည်ကြသည်။ ထို့ပြင် ဆင်းရဲဒုက္ခရောက်သည့်အခါ၊ ရောဂါဝေဒနာခံ စားရသည့်အခါနှင့် စစ်တိုက်သည့်အခါတွင်လည်း သည်းခံကြသောသူများဖြစ်

ကြသည်။ သူတို့သည်သာ မှန်ကန်သည့်သူများ ဖြစ်ကြသည်။ ထို့ပြင် သူတို့သည်သာ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများ ဖြစ်ကြသည်။

❼ اَلْبِرُّ ကောင်းမှုဆိုတာ ကောင်းမြတ်တဲ့လုပ်ရပ်ဟူသမျှကိုခေါ်ပြီး اَلْاِثْمُ ဒုစရိုက်ရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့အတွက် သုစရိုက်လို့လည်းခေါ်တယ်။ ကုရ်အာန်ကျမ်းရဲ့ နေရာအမြောက်အမြားမှာအသုံးပြုထားတယ်။

(ကုရ်အာန် - ၂း၁၇၇) لَيْسَ الْبِرَّ اَنْ تُوَلُّوْا وُجُوْهَكُمْ (ကုရ်အာန် - ၂း၄၄) اَتَاْمُرُوْنَ النَّاسَ بِالْبِرِّ وَتَنْسَوْنَ اَنْفُسَكُمْ

(ကုရ်အာန် - ၃း၉၂) لَنْ تَنَالُوا الْبِرَّ حَتّٰى تُنْفِقُوْا مِمَّا تُحِبُّوْنَ (ကုရ်အာန် - ၂း၁၈၉) وَلٰكِنَّ الْبِرَّ مَنِ اتَّقٰى

(ကုရ်အာန် - ၅း၂) وَتَعَاوَنُوْا عَلَى الْبِرِّ وَالتَّقْوٰى ۖ وَلَا تَعَاوَنُوْا عَلَى الْاِثْمِ وَالْعُدْوَانِ ဒီအာယသ်တော်က ကောင်းမှု သုစရိုက် اَلْبِرُّ ကို အချင်းချင်းဝိုင်းဝန်းကူညီကြဖို့နဲ့ မကောင်းမှု ဒုစရိုက် اَلْاِثْمُ ကို ဝိုင်းဝန်းကူညီခြင်းကနေ တားမြစ်ထားတယ်။ (အလင်းပြကျမ်း)

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا كُتِبَ عَلَيْكُمُ الْقِصَاصُ فِى الْقَتْلٰى ؕ اَلْحُرُّ بِالْحُرِّ وَالْعَبْدُ بِالْعَبْدِ وَالْاُنْثٰى بِالْاُنْثٰى ؕ فَمَنْ عُفِىَ لَهٗ مِنْ اَخِيْهِ شَىْءٌ فَاتِّبَاعٌۢ بِالْمَعْرُوْفِ وَاَدَآءٌ اِلَيْهِ بِاِحْسَانٍ ؕ ذٰلِكَ تَخْفِيْفٌ مِّنْ رَّبِّكُمْ وَرَحْمَةٌ ؕ فَمَنِ اعْتَدٰى بَعْدَ ذٰلِكَ فَلَهٗ عَذَابٌ اَلِيْمٌ ﴿١٧٨﴾

(၁၇၈) အို - အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အပေါ်တွင် (မတရား)အသတ်ခံရသူများနှင့်ပတ်သက်၍ လက်စားချေမှု (ဥပဒေ)ပြဋ္ဌာန်းထားလိုက်ပေပြီ။ (ပြဋ္ဌာန်းချက်မှာ) လွတ်လပ်သူသည် လွတ်လပ်သူ၏အစား၊ ကျေးကျွန်သည် ကျေးကျွန်၏အစား၊ မိန်းမသည် မိန်းမ၏အစား(သေဒဏ်ပြန်ခံရမည်)❶။ ထို့နောက် အကြင်(သတ်)သူသည် သူ၏ညီနောင်(ဖြစ်သည့် သေသူ၏ အမွေဆိုင်များ)ဘက်မှ တစ်စုံတစ်ရာ ခွင့်လွှတ်မှု ပြုခံခဲ့ရလျှင် (သေသူ၏အမွေစား အမွေခံများသည်) ကောင်းမွန်သည့်နည်းဖြင့် လျော်ကြေးတောင်းဆိုမှုပြုရမည်။ (သတ်သူကလည်း သူတို့တောင်းဆိုသကဲ့သို့) ကောင်းမွန်သည့်နည်းဖြင့် လျော်ကြေးပေးဆပ်ရန် (ဖရသွ်တာဝန်)ဖြစ်သည်။❷ ၎င်း(အမိန့်တော်)သည် အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံမှ (သေစားသေစေခြင်းဒဏ်မှ) လျှော့ပေါ့ပေးခြင်းနှင့်❸ သနားကရုဏာ(ချီးမြှင့်ခြင်း)❹ ပင်ဖြစ်သည်။ ထို(ဥပဒေပြဋ္ဌာန်းပြီး)နောက် မည်သူမဆို (ဤဥပဒေကို)ကျူးလွန်လျှင် ထိုသူအတွက် ပြင်းပြနာကျင်စေသည့်အပြစ်ဒဏ်ရှိလိမ့်မည်။

❶ ကိစ္စာစ် သေစားသေစေခြင်းဒဏ်မှာ တန်းတူညီမျှမှုဖြစ်ရမှာကို ဖော်ပြထားခြင်းဖြစ်တယ်။ သတ်တဲ့သူဟာ လွတ်လပ်တဲ့ယောကျ်ားဖြစ်ပြီး အသတ်ခံရတဲ့သူဟာ ကျေးကျွန်ဖြစ်နေရင်လည်း အဲဒီသတ်တဲ့သူ လွတ်လပ်တဲ့ယောကျ်ားကိုပဲ သေစားသေစေဒဏ်ကို ခံစေရမှာဖြစ်တယ်။ အဲဒီသတ်သူ လွတ်လပ်တဲ့ယောကျ်ားအစား မသတ်တဲ့ အခြားကျွန်တစ်ဦးကို အစားထိုးခံခိုင်းလို့ မရဘူးလို့ ဆိုလိုတာဖြစ်တယ်။အဲဒီအမိန့်ကိုလည်း အာဏာပိုင်တွေကပဲ ချမှတ်နိုင်တာဖြစ်တယ်။

(မအာရိဖွလ်ကုရ်အာန်) ❷ မတရားသတ်ခံရသူအတွက် သတ်သူကို သေစားသေစေအမိန့်ချနိုင်ပေမဲ့ ကျန်ရစ်သူမိသားစုတွေ အကျိုးခံစားနိုင်ဖို့ လျော်ကြေးနဲ့ ကျေနပ်ချင်ရင် ကျေနပ်နိုင်ကြောင်း အရှင်မြတ်က လမ်းဖွင့်ပေးထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) ❸ အလ္လာဟ်အရှင်မြတ်ရဲ့လျှော့ပေါ့ပေးမှုနဲ့ (အလင်းပြကျမ်း) ❹ အရှင်မြတ်ရဲ့သနားကြင်နာမှု ဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَكُمْ فِى الْقِصَاصِ حَيٰوةٌ يّٰۤاُولِى الْاَلْبَابِ لَعَلَّكُمْ تَتَّقُوْنَ ﴿١٧٩﴾

(၁၇၉) ထို့ပြင် အို-အသိဉာဏ်ရှိသူအပေါင်းတို့၊ အသင်တို့သည် (မတရားသတ်ဖြတ်ခံရခြင်းမှ) ရှောင်ကြဉ်နိုင်ကြရန်အတွက်❺ ထိုသို့ သေစားသေစေခြင်း(ဥပဒေ)ထဲ၌ အသင်တို့အတွက် အသက်ရှင်ခြင်း ရှိသည်။❻

❺ အဲဒီ ဥပဒေကြောင့် မတရားသတ်ဖြတ်မှုဖြစ်ဖို့ မလွယ်ကူတော့ဘူး။ (အွဆ်မာနီ) ❻ သေစားသေစေ ဥပဒေရှိတဲ့အခါ လူတိုင်းဟာ သူတစ်ပါးကို ငါသတ်ရင် ငါလည်းပြန်အသတ်ခံရမှာပါလားဆိုတဲ့အသိက လွှမ်းမိုးနေတဲ့အတွက် ဘယ်သူ့ကိုမှ မသတ်ဖြစ်တော့ဘူး၊ ဒါဟာ လူတွေ အေးအေးချမ်းချမ်းအသက်ရှင်နေထိုင်နိုင်တဲ့ ရှင်သန်မှုတစ်ခုဖြစ်တယ်။ (အွဆ်မာနီ)

كُتِبَ عَلَيْكُمْ اِذَا حَضَرَ اَحَدَكُمُ الْمَوْتُ اِنْ تَرَكَ خَيْرَا ۖ ۚ الْوَصِيَّةُ لِلْوَالِدَيْنِ وَ الْاَقْرَبِيْنَ بِالْمَعْرُوْفِ ۚ حَقًّا عَلَى الْمُتَّقِيْنَ ﴿١٨٠﴾

(၁၈၀) အသင်တို့ထဲမှ တစ်ဦးဦးထံသို့ သေခြင်းတရား ဆိုက်ရောက်လာသည့်အခါ အကယ်၍ သူသည် ပစ္စည်းဥစ္စာတစ်စုံတစ်ရာ ချန်ထားခဲ့လျှင် (သူ၏)မိဘနှစ်ပါးနှင့် ဆွေမျိုးရင်းချာများအတွက် ကောင်းမွန်သည့်နည်းဖြင့် မှာကြားထားခဲ့ရန်❼ အသင်တို့အပေါ်တွင် ပြဋ္ဌာန်းခြင်း ခံရသည်။ (ဤသည်) ကြောက်ရွံ့အပြစ်ရှောင်ကောင်းကျိုးဆောင်သူများအပေါ်တွင် တာဝန်ဖြစ်သည်။

❼ သေမဲ့သူဟာ ကျန်ရစ်သူဆွေမျိုးရင်းချာတွေအတွက် စိတ်ကြိုက် ဝစီယသ် မှာကြားမှု ပြုလုပ်ခဲ့ဖို့တာဝန်ဟာ တမန်တော်စတင်ပွင့်ခါစ အစပိုင်းကာလမှာပဲဖြစ်ပြီး(၄း၁၁)မှာ يُوْصِيْكُمُ اللّٰهُ فِيْٓ اَوْلَادِكُمْ ဆိုတဲ့အာယသ်ကျလာတဲ့အခါမှာ ဝစီယသ်မှာကြားမှုဟာ ချန်ထားခဲ့တဲ့အမွေတွေရဲ့ သုံးပုံတစ်ပုံအထိပဲ ခွင့်ပြုတော့တယ်။ (အလင်းပြကျမ်း)

فَمَنْۢ بَدَّلَهٗ بَعْدَمَا سَمِعَهٗ فَاِنَّمَآ اِثْمُهٗ عَلَى الَّذِيْنَ يُبَدِّلُوْنَهٗ ۗ اِنَّ اللّٰهَ سَمِيْعٌ عَلِيْمٌ ﴿١٨١﴾

(၁၈၁) ထို့နောက် အကြင်သူတို့သည် (ထိုမှာကြားချက်ကို) ကြားနာပြီးနောက်မှ ပြောင်းလဲခဲ့လျှင် ထိုပြောင်းလဲခြင်း၏အပြစ်သည် ပြောင်းလဲသောသူများအပေါ်၌သာ ကျရောက်သည်။ (ပြောင်းလဲထားသော အမိန့်များကို လိုက်နာပါက လိုက်နာသူများသည် စိစစ်ခြင်းမပြုသည့် အပြစ်ဖြစ်ပေမည်။) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (သူတို့မှာကြားခဲ့သည်များကို) အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

فَمَنۡ خَافَ مِنۡ مُّوۡصٍ جَنَفًا اَوۡ اِثۡمًا فَاَصۡلَحَ بَيۡنَهُمۡ فَلَاۤ اِثۡمَ عَلَيۡهِ ؕ اِنَّ اللّٰهَ غَفُوۡرٌ رَّحِيۡمٌ ﴿١٨٢﴾

(၁၈၂) ထို့နောက် အကြင်သူသည် မှာကြားခဲ့သူထံမှ ဘက်လိုက်မတရားလုပ်မှု တစ်စုံတစ်ခု သို့မဟုတ် ပြစ်မှုတစ်စုံတစ်ခုကို စိုးရိမ်ရ၍ ထို(အမွေဆိုင်)သူများ၏ကြားတွင် သင့်မြတ်အောင်လုပ်ခဲ့လျှင် ထိုသို့(သင့်မြတ်အောင်) လုပ်သောသူအပေါ် မည်သည့်အပြစ်မျှ မရှိပေ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡا كُتِبَ عَلَيۡكُمُ الصِّيَامُ كَمَا كُتِبَ عَلَى الَّذِيۡنَ مِنۡ قَبۡلِكُمۡ لَعَلَّكُمۡ تَتَّقُوۡنَ ۙ﴿١٨٣﴾

(၁၈၃) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်နိုင်ကြရန်အတွက် အသင်တို့မတိုင်မီကသူများအပေါ်တွင် ဧွာင်မ်ဥပုသ်စောင့်ထိန်းမှု(အမိန့်တော်) ပြဋ္ဌာန်းထားသကဲ့သို့ အသင်တို့အပေါ်တွင်လည်း ဧွာင်မ်ဥပုသ်စောင့်ထိန်းရန် (အမိန့်တော်) ပြဋ္ဌာန်းထားလိုက်ပြီ ဖြစ်သည်။

اَيَّامًا مَّعۡدُوۡدٰتٍ ؕ فَمَنۡ كَانَ مِنۡكُمۡ مَّرِيۡضًا اَوۡ عَلٰى سَفَرٍ فَعِدَّةٌ مِّنۡ اَيَّامٍ اُخَرَ ؕ وَعَلَى الَّذِيۡنَ يُطِيۡقُوۡنَهٗ فِدۡيَةٌ طَعَامُ مِسۡكِيۡنٍ ؕ فَمَنۡ تَطَوَّعَ خَيۡرًا فَهُوَ خَيۡرٌ لَّهٗ ؕ وَاَنۡ تَصُوۡمُوۡا خَيۡرٌ لَّكُمۡ اِنۡ كُنۡتُمۡ تَعۡلَمُوۡنَ ﴿١٨٤﴾

(၁၈၄) (ဧွာင်မ်ဥပုသ် စောင့်ထိန်းရမည့်ရက်များသည်) ရေတွက်(သတ်မှတ်)ထားသောနေ့ရက်များသာ ဖြစ်သည်။❶ သို့ရာတွင် အသင်တို့ထဲမှ မည်သူမဆို ရောဂါသည်ဖြစ်နေသောကြောင့် သို့မဟုတ် ခရီးတွင်ရှိနေသောကြောင့် (ဧွာင်မ်ဥပုသ် မစောင့်ထိန်းဘဲနေခဲ့လျှင် ထိုသူ၏အပေါ်တွင်) အခြားရက်များ၌ (သူပျက်ခဲ့သည့်) အရေအတွက်အတိုင်း (စောင့်ထိန်းရမည်) ဖြစ်သည်။ ထို့ပြင် ခဲယဉ်းစွာ ဧွာင်မ်ဥပုသ် စောင့်ထိန်းကြရသူများ❷ အပေါ်တွင် ဖိဒ်ယဟ်အစားပေးရန် တာဝန်ရှိသည်။ ၎င်းမှာ (ဧွာင်မ်ဥပုသ်တစ်ရက်၏အစား) ဆင်းရဲသားတစ်ဦးကို(တစ်ရက်)ကျွေးမွေးရန် ဖြစ်သည်။ ထို့ပြင် အကြင်သူသည် (မိမိ၏အသိတရားဖြင့် ဖြူစင်သောစိတ်)စေတနာအလျောက် ကောင်းမှုတစ်ခုခု ပြုလုပ်လျှင် ထိုအရာသည် သူ၏အတွက် ပို၍ကောင်းသည်။ ၎င်းပြင် (မတတ်စွမ်းနိုင်သူအတွက် အခွင့်ရှိသော်ငြားလည်း စောင့်ထိန်းခြင်း၏အကျိုးအာနိသင်ကို) အသင်

တို့ သိနားလည်ခဲ့ကြလျှင် ဆွောင်မ်ဥပုသ် စောင့်ထိန်းခြင်းသည် အသင်တို့အတွက် ပို၍ကောင်းသည်။

❶ အရှင်မြတ်က ရေတွက်ထားတဲ့ရက် အနည်းငယ်အဖြစ် တစ်နှစ်မှာ ၂၉ရက် ဒါမှမဟုတ် ၃၀ရက်နဲ့ညီမျှတဲ့ ရမသွာန် လတစ်လကိုပဲ ဆွောင်မ် ဥပုသ်စောင့်ထိန်းဖို့ သတ်မှတ်ထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) ❷ ခဲခဲယဉ်းယဉ်းနဲ့ ဆွောင်မ် ဥပုသ်စောင့်ထိန်းနေကြရတဲ့ အဘိုးအိုတွေ၊ အဘွားအိုတွေ၊ နာတာရှည်ရောဂါသည်တွေ စတဲ့သူတွေအတွက် ဖိဒ်ယဟ် အစားပေးခြင်းကို ခွင့်ပြုထားခြင်းဖြစ်တယ်။ (ဟိဒါယဟ်)

شَهْرُ رَمَضَانَ الَّذِىٓ اُنْزِلَ فِيْهِ الْقُرْاٰنُ هُدًى لِّلنَّاسِ وَبَيِّنٰتٍ مِّنَ الْهُدٰى وَالْفُرْقَانِ ۚ فَمَنْ شَهِدَ مِنْكُمُ الشَّهْرَ فَلْيَصُمْهُ ؕ وَمَنْ كَانَ مَرِيْضًا اَوْ عَلٰى سَفَرٍ فَعِدَّةٌ مِّنْ اَيَّامٍ اُخَرَ ؕ يُرِيْدُ اللّٰهُ بِكُمُ الْيُسْرَ وَلَا يُرِيْدُ بِكُمُ الْعُسْرَ ۫ وَلِتُكْمِلُوا الْعِدَّةَ وَلِتُكَبِّرُوا اللّٰهَ عَلٰى مَا هَدٰىكُمْ وَلَعَلَّكُمْ تَشْكُرُوْنَ ﴿١٨٥﴾

(၁၈၅) ရမသွာန်လ❶ သည် ကုရ်အာန်ကျမ်းတော်မြတ် ချပေးခြင်းခံရသည့်လ ဖြစ်သည်။ (ထိုကျမ်းတော်သည်) လူသားများ(အားလုံး)အတွက် လမ်းမှန်ညွှန်ကြားပြသချက်၊ ၎င်းပြင် တရားလမ်းမှန်နှင့် အမှားအမှန် ခွဲခြားသိစေမှု၏ ထင်ရှားသည့်သက်သေလက္ခဏာများပင်ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့ထဲမှ မည်သူမဆို ထိုလနှင့် ကြုံကြိုက်ခဲ့လျှင် ထိုသူသည် ထိုလ(တစ်လလုံး)ကို ဆွောင်မ်ဥပုသ်စောင့်ထိန်းရမည်။ ထို့ပြင် အသင်တို့ထဲမှ မည်သူမဆို ရောဂါသည်ဖြစ်နေခြင်း သို့မဟုတ်ခရီးတွင်ရှိနေခြင်းကြောင့်(ဆွောင်မ်ဥပုသ် မစောင့်ထိန်းဘဲနေခဲ့လျှင် ထိုသူ၏အပေါ်တွင်) အခြားရက်များ၌ (သူပျက်ကွက်ခဲ့သည့်)အရေအတွက်နှင့်အမျှ (စောင့်ထိန်းရမည်)ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတွက် လွယ်ကူမှုကိုသာ လိုလားတော်မူပြီး အသင်တို့အတွက် ခက်ခဲမှုကို လိုလားတော်မမူပေ။ ထို့ပြင် အသင်တို့ (ပျက်ကွက်ခဲ့သည့် နေ့ရက်)အရေအတွက်ကို ဖြည့်စေရန်နှင့် အရှင်မြတ်က အသင်တို့အား ညွှန်ကြားပြသထားသည့် နည်းလမ်းအတိုင်း အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြီးကျယ်မြင့်မြတ်တော်မူကြောင်း ရွတ်ဆိုကြရန်အတွက်ဖြစ်သည်။ ၎င်းပြင် အသင်တို့ ကျေးဇူးတင်ကြရန်အတွက်လည်း ဖြစ်သည်။

❶ ရမသွာန်လဟာ အစ္စလာမ်လတွေထဲက ၉လမြောက်လဖြစ်ပြီး တစ်ကမ္ဘာလုံးရှိ မွတ်စ်လင်မ်တွေဟာ(ဘယ်နိုင်ငံမှာမဆို ရမသွာန်လမဟုတ်ဘဲ ဖရည်ဆွောင်မ် ဥပုသ်စောင့်ထိန်းကြရတာမရှိဘူး။ နိုင်ငံနေရာကွာခြားမှုကြောင့် တစ်ရက် နှစ်ရက်ရှေ့နောက်ဖြစ်ရင်လည်း လအနေနဲ့)တစ်ပြိုင်တည်း ဒီလမှာ ဆွောင်မ်ဥပုသ် စောင့်ထိန်းကြရတယ်။ (အလင်းပြကျမ်း)

وَاِذَا سَاَلَكَ عِبَادِىْ عَنِّىْ فَاِنِّىْ قَرِيْبٌ ؕ اُجِيْبُ دَعْوَةَ الدَّاعِ اِذَا دَعَانِ ۙ فَلْيَسْتَجِيْبُوْا لِىْ وَ

لِيُؤْمِنُوْا بِيْ لَعَلَّهُمْ يَرْشُدُوْنَ ﴿١٨٦﴾

(၁၈၆) ထို့ပြင် ငါအရှင်မြတ်၏ကျွန်များသည် ငါအရှင်မြတ်နှင့်ပတ်သက်၍ အသင်(တမန်တော်)ကို မေးမြန်းသည့်အခါ (အသင်ပြောလိုက်ပါ) အမှန်စင်စစ် ငါအရှင်မြတ်သည် (သူတို့နှင့်) နီးကပ်စွာပင်ရှိတော်မူသည်။ ❶ ငါအရှင်မြတ်သည် ဆုတောင်းဒုအာပြုသူ၏ ဆုတောင်းဒုအာကို ထိုသူ ငါအရှင်မြတ်ထံတွင် ဆုတောင်းသည့်အခါ လက်ခံတော်မူသည်။ သို့ဖြစ်ရာ သူတို့သည် ဖြောင့်မတ်မှန်ကန်သည့် တရားလမ်းမှန်ကို ရရှိလိုက်နာကြရန်အတွက် သူတို့သည် ငါအရှင်မြတ်(၏အမိန့်တော်များ)ကို လက်ခံပြီး ငါအရှင်မြတ်ကိုသာ ယုံကြည်ကြရမည်။

❶ အလ္လာဟ်အရှင်မြတ်ရဲ့ နီးကပ်မှုဆိုတာ ကြားသိမြင်နေခြင်းကို ဆိုလိုတာဖြစ်တယ်။ ဥပမာ - إِنَّنِي مَعَكُمَآ أَسْمَعُ وَأَرَىٰ "အမှန်မုချ ငါအရှင်မြတ်သည် အသင်တို့နှစ်ဦးနှင့်အတူ ရှိတော်မူသည်။ ငါအရှင်မြတ်သည် (အားလုံးကို) ကြားတော်မူသည်။ ထို့ပြင် ငါအရှင်မြတ်သည် (ဖြစ်ပျက်သမျှကို) မြင်တော်မူသည်။" (ကုရ်အာန် - ၂၀း၄၆) (အိဗ်နုကဆီးရ်)

أُحِلَّ لَكُمْ لَيْلَةَ الصِّيَامِ الرَّفَثُ إِلَىٰ نِسَآئِكُمْ ۚ هُنَّ لِبَاسٌ لَّكُمْ وَأَنْتُمْ لِبَاسٌ لَّهُنَّ ۗ عَلِمَ اللّٰهُ أَنَّكُمْ كُنْتُمْ تَخْتَانُوْنَ أَنْفُسَكُمْ فَتَابَ عَلَيْكُمْ وَعَفَا عَنْكُمْ ۖ فَالْـٰٔنَ بَاشِرُوْهُنَّ وَابْتَغُوْا مَا كَتَبَ اللّٰهُ لَكُمْ ۚ وَكُلُوْا وَاشْرَبُوْا حَتّٰى يَتَبَيَّنَ لَكُمُ الْخَيْطُ الْأَبْيَضُ مِنَ الْخَيْطِ الْأَسْوَدِ مِنَ الْفَجْرِ ۖ ثُمَّ أَتِمُّوا الصِّيَامَ إِلَى الَّيْلِ ۚ وَلَا تُبَاشِرُوْهُنَّ وَأَنْتُمْ عٰكِفُوْنَ فِي الْمَسٰجِدِ ۗ تِلْكَ حُدُوْدُ اللّٰهِ فَلَا تَقْرَبُوْهَا ۗ كَذٰلِكَ يُبَيِّنُ اللّٰهُ اٰيٰتِهٖ لِلنَّاسِ لَعَلَّهُمْ يَتَّقُوْنَ ﴿١٨٧﴾

(၁၈၇) အသင်တို့အတွက် ဆွောင်မ်ဥပုသ်စောင့်သောညဉ့် အသင်တို့၏ ဇနီးများနှင့် ပေါင်းသင်းဆက်ဆံခြင်းသည် ခွင့်ပြုပေးခြင်းခံရသည်။❷ သူမတို့သည် အသင်တို့အတွက် အဝတ်အစားဖြစ်ပြီး အသင်တို့သည်လည်း သူမတို့အတွက် အဝတ်အစားဖြစ်သည်။❸ အမှန်စင်စစ် အသင်တို့သည် အသင်တို့ကိုယ်ကို အသင်တို့သာ လှည့်စားနေခဲ့ကြသည်❹ ကို အလ္လာဟ်အရှင်မြတ်သည် သိရှိပြီးဖြစ်တော်မူသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် အသင်တို့(ဘက်သို့ သနားကရုဏာဖြင့်လှည့်ပြီး အသင်တို့၏ဝန်ချတောင်းပန်မှု)ကို လက်ခံခွင့်လွှတ်လိုက်တော်မူသည်။ ထို့ပြင် အသင်တို့၏မှားယွင်းချွတ်ချော်မှုများကိုလည်း ပလပ်လိုက်တော်မူသည်။ သို့ဖြစ်ရာ ယခုမူ အသင်တို့သည် သူမတို့နှင့် ပေါင်းသင်းဆက်ဆံကြ၍ အသင်တို့အတွက် အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းထားတော်မူသည့်အရာ (သားသမီး) များကို ရှာဖွေကြပါ။❺ ထို့ပြင် အသင်တို့သည် မိုးလင်းချိန်၏အဖြူမျှင်တန်းသည် အနက်မျှင်(အမှောင်ထု)မှထင်ရှားလာသည့်အချိန်ထိ စားသောက်ကြပါ။❻ ထို့

နောက် အသင်တို့သည် ညအချိန်ထိ စွောင်မ်ဥပုသ် ပြည့်ဝစွာစောင့်ထိန်းကြပါ။ ထို့ပြင် အသင်တို့သည် ဗလီကျောင်းတော်များထဲတွင် အိအ်တိကာဖ်❶ ထိုင်နေသည့်အခြေအနေတွင် သူမတို့နှင့် ပေါင်းသင်းဆက်ဆံခြင်းမပြုကြနှင့်။ ၎င်း(ဖော်ပြပါ အမိန့်)တို့သည် အလ္လာဟ်အရှင်မြတ် (သတ်မှတ်ထားတော်မူသည့်) သတ်မှတ်ချက်အမိန့်များပင်ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ထို(နယ်နိမိတ်သတ်မှတ်ချက်များ၏)အနီးသို့ မကပ်ကြနှင့်။ ထိုသို့ပင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏အာယသ်တော်များကို လူများအတွက် သူတို့ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ကြရန် ရှင်းပြတော်မူသည်။

❷ ဥပုသ်စောင့်ဖို့ အစောပိုင်းပညတ်ချက်မှာ ညအခါ ဝါဖြေပြီး မအိပ်ခင်မှာ ဒါမှမဟုတ် အိရှာအချိန်ထိဘဲ စားတာသောက်တာ စတာတွေအခွင့်ရှိခဲ့ပြီး အိပ်လိုက်ရင် ဒါမှမဟုတ် အိရှာစွလာသ်ပြီးရင် နောက်တစ်နေ့ည နေဝင်ချိန်ရောက်တဲ့ထိ ဘာမှ စားခွင့်မရှိတော့ဘူး။ ဇနီးကြင်ရာနဲ့လည်း ဆက်ဆံခွင့်မရှိတော့ဘူး။ အဲဒီအမိန့်ကို ပယ်ဖျက်လိုက်ပြီး မွတ်စ်လင်မ်တွေအတွက် အခွင့်ပေးလိုက်ခြင်းဖြစ်တယ်။ (အိပ်နုကဆီးရ်) ❸ အဝတ်အစားဟာ ခန္ဓာကိုယ်လုံခြုံအောင် ဖုံးအုပ်ကာကွယ်ပေးသလို ဇနီးခင်ပွန်းဟာလည်း တစ်ဦးကိုတစ်ဦး လုံခြုံမှုရှိအောင်နဲ့ အေးချမ်းသာယာမှုရှိအောင် လုပ်ဆောင်ပေးတယ်။ အဲဒါကို အခုလိုဖော်ပြထားတယ် - وَجَعَلَ مِنْهَا زَوْجَهَا لِيَسْكُنَ إِلَيْهَا (၇း၁၈၉)။ (အလင်းပြကျမ်း) ❹ ပေါင်းသင်းဆက်ဆံဖို့ ပွင့်လင်းစွာ ခွင့်မပြုခင်မှာ တချို့သူတွေဟာ ညတစ်ရေးနိုးချိန်မှာ သူတို့ရဲ့ဇနီးတွေနဲ့ လျှို့ဝှက်ပေါင်းသင်းဆက်ဆံကြတယ်။ အဲဒါဟာ ကိုယ့်ကိုယ်ကိုယ် လှည့်စားသလိုပဲဖြစ်တယ်။ အရှင်မြတ်ကတော့သိပြီးသားပဲဖြစ်တယ်။ (ဗွခါရီ - စာ - ၃၆) ❺ သားသမီးရဖို့ ရှာဖွေခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) ❻ မနက်ခင်းရဲ့ အမျှင်တန်းအဖြူရောင်နဲ့ ညရဲ့အနက်မျှင်အမှောင်ထုကို الْخَيْطُ الْأَبْيَضُ ضَوْءُ الصُّبْحِ مُنْفَلِقٌ ...... وَالْخَيْطُ الْأَسْوَدُ جُنْحُ اللَّيْلِ مَكْتُومٌ လို့ အရပ်တွေက သုံးနှုန်းကြပါတယ်။ ဆိုလိုတာက အမျှင်တန်းအဖြူရောင်ဆိုတာ မနက်ရဲ့အလင်းရောင်တန်းပေါ်ထွန်းလာချိန်(စွဗ်ဟ် စွာဒိက် အချိန်)ဖြစ်ပြီး အနက်မျှင်တန်းဆိုတာက ညရဲ့အမှောင်ထုဖုံးချိန်(နေဝင်ချိန်)ဖြစ်တယ်။ (ဆိုလိုတာက နေဝင်ချိန်ကနေ စွဗ်ဟ်စွာဒိက် အချိန်မရောက်မချင်း စားသောက်နိုင်တယ်။)(အလင်းပြကျမ်း) ❶ အိအ်တိကာဖ် ဆိုတာ ဗလီထဲမှာ စွဲစွဲမြဲမြဲ နေထိုင်ပြီး အရှင်မြတ်ရဲ့နှစ်သက်မှုကို ရအောင်ရှာဖွေခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا تَأْكُلُوٓا۟ أَمْوَٰلَكُم بَيْنَكُم بِٱلْبَٰطِلِ وَتُدْلُوا۟ بِهَآ إِلَى ٱلْحُكَّامِ لِتَأْكُلُوا۟ فَرِيقًا مِّنْ أَمْوَٰلِ ٱلنَّاسِ بِٱلْإِثْمِ وَأَنتُمْ تَعْلَمُونَ ﴿١٨٨﴾

(၁၈၈) ထို့ပြင် အသင်တို့သည် အသင်တို့အချင်းချင်း တစ်ဦး၏ပစ္စည်းကို တစ်ဦးက မတရားသည့်နည်းဖြင့် မစားသုံးကြနှင့်။ ထို့ပြင် သူတစ်ပါးတို့၏ ပစ္စည်းအချို့ကို မတရားသည့်နည်းဖြင့်စားခြင်းသည် (မတရားမှုဖြစ်ကြောင်း) အသင်တို့သိပါလျက် အာဏာပိုင်များထံသို့ (မိမိအနိုင်ရရန် တံစိုးလက်ဆောင်ပေးပြီး) ထိုအမှုကိစ္စကို မပို့ဆောင်ကြနှင့်။❶

❶ တရားသူကြီးက တံစိုးလက်ဆောင်ရယူပြီး အနိုင်ကျင့်ကာ ဆုံးဖြတ်ချက်ချပေးလိုက်ရင်လည်း အဲဒီပစ္စည်းတွေဟာ ဟလာလ် စားပိုင်တဲ့ပစ္စည်း ဖြစ်မသွားပါ။ တရားသူကြီးက ဟရာမ်ကိုဟလာလ် လုပ်လို့မရပါ။ အမှားကိုလည်း အမှန်ပြုလုပ်လို့မရပါ။ အဲဒီအမှုကိစ္စဟာ အရှင်မြတ်ရဲ့ရှေ့မှောက်မှာ အမှန် ပြန်လည်ဖြေရှင်းခြင်းခံရမှာ ဖြစ်တယ်။

(အိဗ်နကဆီးရ် တွဲ၁၊ စာ - ၄၈၂၊ မအာရိဖွလ်ကုရ်အာန် မော်လာနာအိဒ်ရီးစ် တွဲ၁၊ စာ - ၃၇၉)

قال قتادة: اعلم - يا ابن آدم - أن قضاء القاضى لا يُحِل لك حرامًا، ولا يُحِقُّ لك باطلا وإنما يقضى القاضى بنحو ما يرى ويشهد به الشهود، والقاضى بَشَر يخطئ ويصيب، واعلموا أنّ من قُضى له بباطل أنّ خصومته لم تَنقَض حتى يجمع الله بينهما يوم القيامة، فيقضى على المبطل للمحق بأجود مما قضى به للمبطل على المحق فى الدنيا. (ابن كثير)

يَسْـَٔلُونَكَ عَنِ الْاَهِلَّةِ ؕ قُلْ هِىَ مَوَاقِيْتُ لِلنَّاسِ وَالْحَجِّ ؕ وَلَيْسَ الْبِرُّ بِاَنْ تَاْتُوا الْبُيُوْتَ مِنْ ظُهُوْرِهَا وَلٰكِنَّ الْبِرَّ مَنِ اتَّقٰى ۚ وَاْتُوا الْبُيُوْتَ مِنْ اَبْوَابِهَا ۪ وَاتَّقُوا اللّٰهَ لَعَلَّكُمْ تُفْلِحُوْنَ ﴿١٨٩﴾

(၁၈၉) သူတို့သည် ဆန်းဦးစလများနှင့်ပတ်သက်၍ အသင်(တမန်တော်)၏ထံ (လာရောက်)မေးမြန်းကြသည်။ (အို - တမန်တော်)အသင် ပြောလိုက်ပါ၊ ၎င်း(ဆန်းဦးစလများ)သည် လူများအတွက်နှင့် ဟဂ္ဂျအတွက် အချိန်ကာလ သတ်မှတ်ချက်များဖြစ်သည်။ အသင်တို့သည် (အသင်တို့၏)အိမ်များကို အိမ်နောက်ဖေး(ပေါက်)မှဝင်ခြင်း❷ သည် ကောင်းမှုမဟုတ်ပေ။ သို့ရာတွင် အကြင်သူသည် ကြောက်ရွံ့ရှောင်ကြဉ်လျှင် ထိုအရာသည် ကောင်းမှုဖြစ်သည်။ ၎င်းပြင် အသင်တို့သည် (အသင်တို့၏)အိမ်များကို အိမ်(ရှေ့)တံခါးပေါက်များမှ ဝင်ကြပါ။ ထို့ပြင် အသင်တို့ အောင်မြင်ကြရန်အတွက် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြပါ။

❷ အမိုက်ခေတ်က ဟဂ္ဂျ အတွက် အိဟ်ရာမ် ဝတ်ပြီး ကိုယ့်အိမ်ကိုဝင်ရင် နောက်ဖေးပေါက်ကနေ ဝင်ခြင်းဟာ ကောင်းမှုလို့ ယူဆခဲ့ကြတယ်။ (ဗုခါရီ - ၄၅၁၂၊ သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

وَقَاتِلُوْا فِىْ سَبِيْلِ اللّٰهِ الَّذِيْنَ يُقَاتِلُوْنَكُمْ وَلَا تَعْتَدُوْا ؕ اِنَّ اللّٰهَ لَا يُحِبُّ الْمُعْتَدِيْنَ ﴿١٩٠﴾

(၁၉၀) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် အသင်တို့အား တိုက်ခိုက်ကြသောသူများကို (ပြန်လည်) တိုက်ခိုက်ကြပါ။❸ ၎င်းပြင် အသင်တို့သည် မကျူးကျော်ကြနှင့်။❹ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကျူးကျော်သောသူများကို နှစ်သက်တော်မမူပေ။

❸ အရှင်မြတ်က မွတ်စ်လင်မ်တွေကို အရင်စတင်တိုက်ခိုက်ဖို့ အမိန့်ပေးခဲ့ခြင်းမရှိဘဲ၊ ကိုယ့်ကို လာရောက် တိုက်ခိုက်တဲ့သူတွေကိုသာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ဖို့အတွက် ခံစစ်အနေနဲ့ ပြန်လည်တိုက်ခိုက်ဖို့ပဲ ဒီအာယသ်က အမိန့်ပေးထားတာ ပေါ်လွင်နေတယ်။ ဒါတင်မကဘူး၊ သူတို့စတင်တိုက်ခိုက်တာ ရပ်စဲကြရင် မွတ်စ်လင်မ်တွေရဲ့ ပြန်လည်တိုက်ခိုက်ခြင်းကို ရပ်လိုက်ကြဖို့ပါ အမိန့်ပေးထားတယ်။(အလင်းပြကျမ်း၊ မအာရိဖွလ်ကုရ်အာန်၊ အွဆ်မာနီ၊ ဂျလာလိုင်န်)

[၆] စစ်တိုက်ရာမှာ ကျူးကျော်မှုဆိုတာ အမျိုးသမီးတွေ၊ ကလေးတွေ၊ အဖိုးအိုတွေနဲ့ တရားကျင့်နေသူတွေကို သတ်ဖြတ်ခြင်းကို ဆိုလိုတယ်။ (အိဗ်နုကဆီးရ်)

وَاقْتُلُوْهُمْ حَيْثُ ثَقِفْتُمُوْهُمْ وَاَخْرِجُوْهُمْ مِّنْ حَيْثُ اَخْرَجُوْكُمْ وَالْفِتْنَةُ اَشَدُّ مِنَ الْقَتْلِ ۚ وَلَا تُقٰتِلُوْهُمْ عِنْدَ الْمَسْجِدِ الْحَرَامِ حَتّٰى يُقٰتِلُوْكُمْ فِيْهِ ۚ فَاِنْ قٰتَلُوْكُمْ فَاقْتُلُوْهُمْ ؕ كَذٰلِكَ جَزَآءُ الْكٰفِرِيْنَ ﴿١٩١﴾

(၁၉၁) ထို့ပြင် အသင်တို့သည် (အသင်တို့ကို တိုက်ခိုက်သတ်ဖြတ်ကြသော)၎င်း(ကာဖိရ်)တို့အား ဖမ်းမိသည့်နေရာတွင် သုတ်သင်လိုက်ကြပါ။ ထို့ပြင် ၎င်း(ကာဖိရ်)တို့သည် အသင်တို့အား နှင်ထုတ်ခဲ့ကြသည့်နေရာမှ အသင်တို့သည်လည်း ၎င်းတို့အား နှင်ထုတ်ကြပါ။ ထို့ပြင် ညှဉ်းပန်းနှိပ်စက် နှောင့်ယှက်ခြင်း[၇] သည် သတ်ဖြတ်ခြင်းထက်ပင် ပိုမိုဆိုးဝါးသည်။ ထို့နောက် မတ်စ်ဂျစ်ဒ်ဟရာမ် မြင့်မြတ်သည့် ဗလီဝတ်ကျောင်းတော်ထဲတွင် သူတို့သည် အသင်တို့အား မတိုက်ခိုက်သမျှ အသင်တို့သည်လည်း သူတို့အား ထိုထဲတွင် မတိုက်ခိုက်ကြနှင့်။ ထို့နောက် အကယ်၍ သူတို့သည် အသင်တို့အား တိုက်ခိုက်ကြလျှင်မူ အသင်တို့သည်လည်း သူတို့အား တိုက်ခိုက်ကြပါ။ (ထို)ကာဖိရ်များ၏အစားရလဒ်သည် ထိုသို့ပင်ဖြစ်သည်။

[၇] ဖိသ်နဟ်ဆိုတာ ဒီနေရာမှာ အစ္စလာမ်သာသနာကို စွန့်လွှတ်သွားအောင် ၊ ရှိရက်လုပ်အောင် နှိပ်စက်ညှဉ်းဆဲခြင်းဖြစ်တယ်။ တမန်တော် ﷺ စတင်ပွင့်ခါစ အစပိုင်းကာလမှာ အစ္စလာမ်ထဲ ဝင်တဲ့သူတွေကို ကာဖိရ်တွေက ပြင်းပြင်းထန်ထန် ညှဉ်းပန်းနှိပ်စက်မှုတွေနဲ့ အကျဉ်းအကျပ်ရောက်အောင်ပြုလုပ်ခဲ့ကြတယ်။ အလ္လာဟ်အရှင်တစ်ပါးတည်းကို လွတ်လွတ်လပ်လပ် ကိုးကွယ်ခွင့်မရခဲ့ကြဘူး။ ဘာသာရေး လွတ်လပ်ခွင့်မရှိခဲ့ဘူး။ အဲဒီလို ဖိသ်နဟ်နှိပ်စက်ညှဉ်းပန်းမှုတွေ အလွန်များပြားပျံ့နှံ့လာတဲ့အပေါ်မှာ အဲဒီဖိသ်နဟ်တွေ ပပျောက်ပြီး ဘာသာရေး လွတ်လပ်ခွင့်ရဖို့အတွက်နဲ့ အမျိုးသမီးတွေ၊ ကလေးတွေနဲ့ တရားကျင့်တဲ့သူတွေ လုံခြုံမှုရဖို့အတွက် စစ်တိုက်ဖို့ ခွင့်ပြုပေးခဲ့ခြင်းဖြစ်တယ်။ ဒါကို (၂၂း၃၉-၄၀) မှာ ------ أُذِنَ لِلَّذِيْنَ يُقٰتَلُوْنَ بِأَنَّهُمْ ظُلِمُوْا လို့ဖော်ပြထားတယ်။ (အာစားန်သရ်ဂျမဟ်)

فَاِنِ انْتَهَوْا فَاِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿١٩٢﴾

(၁၉၂) ထို့နောက် အကယ်၍ သူတို့သည် ရပ်စဲခဲ့ကြလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

وَقٰتِلُوْهُمْ حَتّٰى لَا تَكُوْنَ فِتْنَةٌ وَّيَكُوْنَ الدِّيْنُ لِلّٰهِ ؕ فَاِنِ انْتَهَوْا فَلَا عُدْوَانَ اِلَّا عَلَى الظّٰلِمِيْنَ ﴿١٩٣﴾

(၁၉၃) ထို့ပြင် လမ်းမှားမှု (တုဖက်ကိုးကွယ်မှု) ပပျောက်ပြီး သာသနာသည် အလ္လာဟ်အရှင်မြတ်အတွက်ဖြစ်သွားသည်အထိ[၈] အသင်တို့သည် သူတို့

အား တိုက်ခိုက်ကြပါ။ ထို့နောက် အကယ်၍ သူတို့သည် ရပ်စဲခဲ့ကြလျှင် မတရား ညှဉ်းပန်းနှိပ်စက်သူများအပေါ်မှလွဲ၍ (မည်သူ့ကိုမျှ) ကျူးကျော်စော်ကားမှု (ရန်ငြိုး)မရှိရပေ။

၆ သာသနာဟာ အလ္လာဟ်အရှင်မြတ်အတွက် ဖြစ်သွားဖို့ဆိုတာဟာ တုဖက်နိုင်းယှဉ်ကိုးကွယ်မှုတွေ ပပျောက်သွားပြီး အရှင်မြတ်တစ်ပါးတည်းကိုပဲ ကိုးကွယ်ရတဲ့အထိ တိုက်ခိုက်ဖို့ဖြစ်တယ်။
(အလင်းပြကျမ်း၊ သွဗ်ရီ၊ အဒ်ဒုရ်ရုလ်မန်ဆူရ် ဖိသ်သဖ်စီရ်)

اَلشَّهۡرُ الۡحَرَامُ بِالشَّهۡرِ الۡحَرَامِ وَالۡحُرُمٰتُ قِصَاصٌ ؕ فَمَنِ اعۡتَدٰى عَلَيۡكُمۡ فَاعۡتَدُوۡا عَلَيۡهِ
بِمِثۡلِ مَا اعۡتَدٰى عَلَيۡكُمۡ ۖ وَاتَّقُوا اللّٰهَ وَاعۡلَمُوۡۤا اَنَّ اللّٰهَ مَعَ الۡمُتَّقِيۡنَ ﴿١٩٤﴾

(၁၉၄) မြင့်မြတ်သောလ(၏အစား)သည် မြင့်မြတ်သောလသာဖြစ်သည်။[၁] ထို့ပြင် ထူးမြတ်သည့်အရာများနှင့်(ပတ်သက်၍) တူညီသည့် တုံ့ပြန်မှုရှိသည်။ သို့ဖြစ်ရာ အကြင်သူသည် (ထူးမြတ်သောလများတွင်) အသင်တို့အား ကျူးကျော်စော်ကားခဲ့လျှင် ထိုသူသည် အသင်တို့အား ကျူးကျော်စော်ကားသကဲ့သို့ အသင်တို့သည်လည်း ထိုသူ့အား(ထူးမြတ်သောလများ၌ပင်) တုံ့ပြန်လက်စားချေလိုက်ပါ။[၂] ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ကြပါ။ ထို့ပြင် စင်စစ် အလ္လာဟ်အရှင်မြတ်သည် အမှန်ပင် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူ မုသ်သကီများနှင့်အတူ ရှိတော်မူသည်ဆိုသည်ကို အသင်တို့ သိထားလိုက်ကြပါ။

၁ အစ္စလာမ်သာသနာမှာ စစ်မတိုက်ဖို့သတ်မှတ်ထားတဲ့လ (၄)လရှိတယ်။ (၁) မုဟာရ်ရမ်လ၊ (၂) ရဂျပ်လ၊ (၃) ဇွလ်ကာအ်ဒဟ်လ၊ (၄) ဇွလ်ဟဂ်ျလ တို့ဖြစ်တယ်။ အဲဒီလတွေမှာ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်လေးစားပြီး ထွတ်မြတ်မှုကို စောင့်စည်းရမှာဖြစ်တယ်။ တစ်ဖက်က မလေးစားဘဲ အဲဒီလတွေမှာ တိုက်ခိုက်လာရင် နောက်တစ်ဖက်က အဲဒီလတွေကို လေးစားပြီး ငြိမ်ခံနေရမှာမဟုတ်ဘူး။ ပြန်တိုက်ရမှာဖြစ်တယ်။ လေးစားမှုကို လေးစားမှုနဲ့တုံ့ပြန်ရမဲ့လတွေလို့ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း) ၂ တစ်ဖက်က မလေးစားဘဲတိုက်လာလို့ ပြန်တိုက်ရတဲ့အခါမှာလည်း စည်းနဲ့ကမ်းနဲ့ တိုက်ခိုက်ဖို့ ညွှန်ကြားထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَاَنۡفِقُوۡا فِىۡ سَبِيۡلِ اللّٰهِ وَلَا تُلۡقُوۡا بِاَيۡدِيۡكُمۡ اِلَى التَّهۡلُكَةِ ۖۚ وَاَحۡسِنُوۡا ۚ اِنَّ اللّٰهَ يُحِبُّ
الۡمُحۡسِنِيۡنَ ﴿١٩٥﴾

(၁၉၅) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတွင် သုံးစွဲကြပါ။ ထို့ပြင် အသင်တို့သည် (အရှင်မြတ်၏လမ်းတွင် သုံးစွဲခြင်းမပြုဘဲ အသင်တို့ကိုယ်ကို) အသင်တို့၏လက်များဖြင့် ပျက်စီးမှုထဲတွင် မထည့်ကြနှင့်။[၃] ထို့ပြင် အသင်တို့သည် ကောင်းကျိုးဆောင်ရွက်ကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်

သည့် ကောင်းကျိုးဆောင်ရွက်သူများကို နှစ်သက်တော်မူသည်။

[၃] အစ္စလာမ်ရဲ့အင်အား တောင့်တင်းခိုင်မာလာတဲ့အခါမှာ တချို့သူတွေက အလ္လာ့ဟ်လမ်းမှာ လှူခြင်းကိုလျှော့ပြီး သူတို့ရဲ့စီးပွားရေးကိုဦးစားပေးကြဖို့ပြောဆိုကြတဲ့အပေါ်မှာ ဒီအာယသ်တော် ကျလာခဲ့တယ်။ (သိရ်မိဇီ)

وَاَتِمُّوا الْحَجَّ وَالْعُمْرَةَ لِلّٰهِ ؕ فَاِنْ اُحْصِرْتُمْ فَمَا اسْتَيْسَرَ مِنَ الْهَدْيِ ۚ وَلَا تَحْلِقُوْا رُءُوْسَكُمْ حَتّٰى يَبْلُغَ الْهَدْيُ مَحِلَّهٗ ؕ فَمَنْ كَانَ مِنْكُمْ مَّرِيْضًا اَوْ بِهٖۤ اَذًى مِّنْ رَّاْسِهٖ فَفِدْيَةٌ مِّنْ صِيَامٍ اَوْ صَدَقَةٍ اَوْ نُسُكٍ ۚ فَاِذَاۤ اَمِنْتُمْ ۟ فَمَنْ تَمَتَّعَ بِالْعُمْرَةِ اِلَى الْحَجِّ فَمَا اسْتَيْسَرَ مِنَ الْهَدْيِ ۚ فَمَنْ لَّمْ يَجِدْ فَصِيَامُ ثَلٰثَةِ اَيَّامٍ فِى الْحَجِّ وَسَبْعَةٍ اِذَا رَجَعْتُمْ ؕ تِلْكَ عَشَرَةٌ كَامِلَةٌ ؕ ذٰلِكَ لِمَنْ لَّمْ يَكُنْ اَهْلُهٗ حَاضِرِى الْمَسْجِدِ الْحَرَامِ ؕ وَاتَّقُوا اللّٰهَ وَاعْلَمُوْۤا اَنَّ اللّٰهَ شَدِيْدُ الْعِقَابِ ﴿١٩٦﴾

(၁၉၆) ထို့ပြင် အသင်တို့သည် ဟဂ်ျ [၆] နှင့် အွမ္မရဟ် [၇] ကို အလ္လာဟ် အရှင်မြတ်အတွက်သာ ပြည့်ဝစွာ ပြုလုပ်ကြပါ။ ထို့ပြင် အကယ်၍ အသင်တို့ သည် (မက္ကာဟ် မရောက်အောင်) အတားအဆီးခံရလျှင် ကုရ်ဗာနီသားကောင် များထဲမှ လွယ်ကူစွာ ရရှိသော သားကောင်ကို (ကုရ်ဗာနီပြုလုပ်ကြပါ)။ ၎င်းပြင် ကုရ်ဗာနီသားကောင်[၈] သည် ၎င်း၏ရောက်ရမည့်နေရာ (ဟရမ်နယ်နိမိတ်)သို့ မရောက်မချင်း အသင်တို့သည် အသင်တို့၏ဦးခေါင်းများကို မရိတ်ကြနှင့်။ ထို့ပြင် အသင်တို့ထဲမှ မည်သူမဆို ရောဂါသည်ဖြစ်သောကြောင့်၊ သို့မဟုတ် သူ၏ ဦးခေါင်း၌ အနာရှိသောကြောင့် (ကုရ်ဗာနီသားကောင် ရောက်ရမည့်နေရာသို့ မရောက်မီ ခေါင်းရိတ်ခဲ့လျှင်) ထိုသူသည် ဆွောင်မ်ဥပုသ်စောင့်ထိန်းခြင်း၊ သို့မဟုတ် အလှူဒါနပြုခြင်း၊ သို့မဟုတ် သားကောင်လိုးဖြတ်ခြင်းဖြင့် ဖိဒ်ယဟ်[၉] အစားပေး ရမည်။ ထို့နောက် အသင်တို့သည် လုံခြုံစိတ်ချရသည့်အခါ အွမ္မရဟ်နှင့် ဟဂ်ျ အတူတကွ အကျိုးခံစားသောသူသည် လွယ်ကူစွာရသည့် သားကောင်ကို (အလ္လာ့ဟ်အတွက် သက်သက်လိုးဖြတ်ရမည်)။ ၎င်းပြင် ကုရ်ဗာနီသားကောင် မရရှိသောသူသည် ဟဂ်ျရက်ထဲ၌သုံးရက်နှင့်၊ (ဟဂ်ျမှ) အသင်တို့ ပြန်ရောက် သည့်အခါ ခုနစ်ရက် ဆွောင်မ်ဥပုသ်စောင့်ရမည်။ ဤ(ပြဋ္ဌာန်းချက်)သည် ဆယ် ရက်တိတိဖြစ်သည်။ ၎င်း(ဟဂ်ျနှင့်အွမ္မရဟ် အတူတကွအကျိုးခံစားသူအတွက် ကုရ်ဗာနီသားကောင် သို့မဟုတ် ဆွောင်မ်ဥပုသ်စောင့်ထိန်းရန် ဝါဂျိဗ်တာဝန်ဖြစ် ရခြင်း)သည် မြင့်မြတ်သည့်ဗလီဝတ်ကျောင်းတော် မတ်စ်ဂျေ့ဒ်ဟရာမ် အနီး တဝိုက်တွင် အိမ်သူအိမ်သားများ မရှိသည့်သူများအတွက်သာဖြစ်သည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ကြပါ၊ ထို့ပြင် အမှန်စင်စစ်

အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာ အရေးယူတော်မူသောအရှင် ဖြစ်တော်မူသည်ကို အသင်တို့သိထားကြပါ။

၄ အမိုက်ခေတ်မှာ ဟဂ်ျကို ပျော်ပွဲရွှင်ပွဲအတွက် စုစည်းရာတစ်ခုအဖြစ်သတ်မှတ်ထားတဲ့အချိန်မှာ ကျင်းပခဲ့ကြတယ်။ ဟဂ်ျဟာ အဲဒီလိုမဟုတ်တဲ့အကြောင်း၊ အရှင်မြတ်အတွက် သက်သက်ပြုလုပ်ရမှာဖြစ်ကြောင်း အမိန့်ရှိခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) ၅ အွမ္မရဟ်ဟာ ဟဂ်ျ အသေးစားပဲဖြစ်ပြီး အချိန်ကန့်သတ်ထားခြင်းမရှိဘူး။ အဲဒါလည်း အရှင်မြတ်အတွက်သက်သက်ပဲ ပြုလုပ်ရမှာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်) ၆ ဟဂ်ျနဲ့အွမ္မရဟ် တွဲလုပ်ဖို့ရည်ရွယ်တဲ့ သမသ်သုအ်နဲ့ ကိရာန်လုပ်မဲ့သူတွေဟာ သားကောင်ကို ကုရ်ဗာနီပြုလုပ်ရမယ်။ ဟဂ်ျတစ်ခုတည်း ရည်ရွယ်တဲ့ အိဖ်ရာဒ်လုပ်သူတွေဟာ ကုရ်ဗာနီတာဝန်မရှိဘူး။(အာစားန်သရ်ဂျုမဟ်) ၇ ဖိဒ်ယဟ်အစားပေးဖို့ စွောင်မ်ဥပုသ် ၃ ရက်စောင့်ခြင်း (ဝါ) ဆင်းရဲသား ၆ဦးကို တစ်ဦးစီ စွဒကဟ်ဖိသ်ရ်ခန့်ပေးလှူခြင်း(ဝါ) ဆိတ်တစ်ကောင်လှီးဖြတ်ပြီးဆင်းရဲသားတွေကိုဝေပေးခြင်းပြုလုပ်ရမယ်။ (အာစားန်သရ်ဂျုမဟ်)

اَلْحَجُّ اَشْهُرٌ مَّعْلُوْمٰتٌ ۚ فَمَنْ فَرَضَ فِيْهِنَّ الْحَجَّ فَلَا رَفَثَ وَلَا فُسُوْقَ ۙ وَلَا جِدَالَ فِى الْحَجِّ ؕ وَمَا تَفْعَلُوْا مِنْ خَيْرٍ يَّعْلَمْهُ اللّٰهُ ؕ وَتَزَوَّدُوْا فَاِنَّ خَيْرَ الزَّادِ التَّقْوٰى ۚ وَاتَّقُوْنِ يٰۤاُولِى الْاَلْبَابِ ﴿١٩٧﴾

(၁၉၇) ဟဂ်ျ(၏အချိန်)သည် (သတ်မှတ်)သိရှိပြီးဖြစ်သည့် လများပင်ဖြစ်သည်။၁ သို့ဖြစ်ရာ အကြင်သူသည် ထိုလများ၌ဟဂ်ျပြုလုပ်ရန် သတ်မှတ်ခဲ့လျှင် (ထိုသူသည်) ဟဂ်ျ(ပြုလုပ်ရန် အိဟ်ရာမ်ရုံထားစဉ်)အတွင်း၌ ကာမဆက်ဆံမှု မပြုရသည့်အပြင် (၎င်းနှင့်ဆိုင်သည့်) ညစ်ညမ်းသောစကားကိုပင် မပြောရပေ၊ ၎င်းပြင် အပြစ်ကျူးလွန်မှုလည်း မပြုလုပ်ရပေ၊ ၎င်းပြင် ခိုက်ရန်ဖြစ်ပွားမှုကိုလည်း မပြုရပေ။ ထို့ပြင် အသင်တို့ပြုလုပ်ကြသည့် မည်သည့်ကောင်းမှုကိုမဆို ထိုအရာကို အလ္လာဟ်အရှင်မြတ်သိရှိတော်မူသည်။ ထို့ပြင် အသင်တို့သည် ခရီးစရိတ်ယူဆောင်သွားကြပါ၊ အမှန်စင်စစ် အကောင်းဆုံးခရီးစရိတ်သည် သက္ကဝါရှောင်ကြဉ်ခြင်းပင် ဖြစ်သည်။၂ ထို့ပြင် အို- ဉာဏ်ရှိသူအပေါင်းတို့၊ အသင်တို့သည် ငါအရှင်မြတ်အား(မနာခံခြင်းမှ) ကြောက်ရွံ့ကြပါ။

၁ ဟဂ်ျရဲ့အချိန်ဟာ ရှောင်ဝါလ် ၊ ဇွလ်ကာအ်ဒဟ် နဲ့ ဇွလ်ဟဂ်ျလတို့မှာ ဖြစ်တယ်။ အဓိကရက်မှာ ဇွလ်ဟဂ်ျလ ၈ရက်မှ ၁၃ရက်ထိဖြစ်တယ်။ (အာစားန် သရ်ဂျုမဟ်) ၂ ဒီနေရာမှာ သက္ကဝါရဲ့ အဓိပ္ပာယ်ဟာ တောင်းရမ်းခြင်းကနေ ရှောင်ကြဉ်ခြင်း ဖြစ်တယ်။ တချို့သူတွေဟာ ခရီးစရိတ်မယူဘဲ ဟဂ်ျခရီးကို သွားကြတယ်။ ပြီးတော့ ကျွန်တော်တို့ဟာ အရှင်မြတ်အပေါ်မှာ သဝက္ကုလ် လုပ်ထားတယ်လို့ ပြောဆိုကြတယ်။ ပြီးတော့ စားစရာမရှိတဲ့အခါ လူတွေထံမှာ လက်ဖြန့်ကြတယ်။ အရှင်မြတ်က အဲဒီလို သဝက္ကုလ်မျိုးကို အမှားအဖြစ် သတ်မှတ်ပြီး ခရီးစရိတ်ယူသွားဖို့ အလေးအနက်မိန့်ထားတာဖြစ်တယ်။(အာစားန် သရ်ဂျုမဟ်)။ ဟဂ်ျခရီးစဉ်မှာ သူတစ်ပါးထံကို လက်ဖြန့်တောင်းဖို့ မလိုအောင် သက္ကဝါ လုပ်နေလို့ရတဲ့ ခရီးစရိတ်ကို ဆိုလိုတယ်။

(အာစားန် သရ်ဂျုမဟ် ၊ဟာရှီယဟ်စွာဝီ၊ သိုင်စီရုလ် ကရီမိရ်ရဟ်မားန်)။

لَيْسَ عَلَيْكُمْ جُنَاحٌ أَنْ تَبْتَغُوا فَضْلًا مِّنْ رَّبِّكُمْ ۚ فَإِذَا أَفَضْتُمْ مِّنْ عَرَفَاتٍ فَاذْكُرُوا اللَّهَ عِنْدَ الْمَشْعَرِ الْحَرَامِ ۖ وَاذْكُرُوهُ كَمَا هَدَاكُمْ وَإِنْ كُنْتُمْ مِّنْ قَبْلِهِ لَمِنَ الضَّالِّينَ ١٩٨

(၁၉၈) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံမှ ကျေးဇူးတော်ကို အသင်တို့ရှာဖွေခြင်းသည် အသင်တို့အပေါ်တွင် မည်သည့် အပြစ်မျှ မရှိပေ။❶ ထို့နောက် အသင်တို့သည် အရဖာသ်❷ မှ အစုလိုက်ပြန်လာ ကြသည့်အခါ မရှ်အရေ့ဟာရာမ်❸ အနီးတွင်အလ္လာဟ်အရှင်မြတ်အား သတိရတသ ကြပါ။ ထို့ပြင် အရှင်မြတ်က အသင်တို့ကို ပြသထားသည့်(နည်းလမ်း)အတိုင်း အသင်တို့သည် ထိုအရှင်မြတ်အား သတိရတသကြပါ။ ထို့ပြင် အမှန်စင်စစ် အသင်တို့သည် ၎င်း(ပြသထားသည့်နည်းလမ်း)မတိုင်မီက မသိလမ်းလွဲသူများ ပင် ဖြစ်ခဲ့ကြသည်။

❶ ဟဂျ်ခရီးသွားရင်းနဲ့ စီးပွားရှာတာဟာ အပြစ်ရှိတယ်လို့ အမှောင်ခေတ်ကသူတွေက ယူဆခဲ့ကြ တဲ့အပေါ်မှာ အပြစ်မရှိကြောင်း ဒီအာယသ် ချပေးတော်မူခဲ့တာဖြစ်တယ်။ (ဗုခါရီ – နံပါတ် ၁၇၇၀)

❷ အရဖာသ်ဟာ ဇွလ်ဟဂျ်လ ၉ရက်မွန်းလွဲချိန်ကစပြီး ဟာဂျီတွေ စုရုံးစောင့်ဆိုင်းနားနေရမဲ့နေရာ ကွင်းကြီးဖြစ်တယ်။ အဲဒါဟာ ဟာဂျီတွေအတွက် မလုပ်မနေရတာဝန်ဖြစ်တယ်။ (အလင်းပြကျမ်း)

❸ ဟာဂျီတွေဟာ အရဖာသ်ကနေ နေဝင်ပြီးနောက် ပြန်ကြတဲ့အခါမှာ ညမှာပဲ မုဇ်ဒလိဖဟ်ကို ရောက်ကြတယ်။ အဲဒီမုဇ်ဒလိဖဟ်ကို မြင့်မြတ်တဲ့အထိမ်းအမှတ် မရှ်အရေ့ဟာရာမ်လို့ ခေါ်ခြင်းဖြစ် တယ်။ အဲဒီညမှာ မဂ်ရိဗ်နဲ့ အိရှာကိုပေါင်းကာ စွလာသ်ဝတ်ပြုပြီးနောက် အရှင်မြတ်ကို သတိရ တသဖို့ဖြစ်တယ်။ (အလင်းပြကျမ်း)

ثُمَّ أَفِيضُوا مِنْ حَيْثُ أَفَاضَ النَّاسُ وَاسْتَغْفِرُوا اللَّهَ ۚ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ ١٩٩

(၁၉၉) ထို့နောက် လူများ အစုလိုက်ပြန်လာကြသည့်နေရာ (အရဖာသ်) မှ အသင်တို့လည်း (သွားရောက်၍) ပြန်လာကြပါ။ ၎င်းပြင် အသင်တို့သည် လွတ်ငြိမ်းချမ်းသာခွင့်ရရန် အလ္လာဟ်အရှင်မြတ်ထံတွင် အသနားခံကြပါ။ အမှန် စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသော အရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

فَإِذَا قَضَيْتُمْ مَّنَاسِكَكُمْ فَاذْكُرُوا اللَّهَ كَذِكْرِكُمْ آبَاءَكُمْ أَوْ أَشَدَّ ذِكْرًا ۗ فَمِنَ النَّاسِ مَنْ يَقُولُ رَبَّنَا آتِنَا فِي الدُّنْيَا وَمَا لَهُ فِي الْآخِرَةِ مِنْ خَلَاقٍ ٢٠٠

(၂၀၀) ထို့ပြင် အသင်တို့သည် အသင်တို့၏ ဟဂျ်ကျင့်စဉ်ကျင့်ရပ်များ ဆောင်ရွက်ပြီးသည့်အခါ အသင်တို့၏ဘိုး၊ ဘေးများအား သတိရတသကြသကဲ့သို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား သတိရတသကြပါ။ သို့မဟုတ် ထို့ထက် ပိုပြီး အရှင်မြတ်အား သတိရတသကြပါ။ ၎င်းပြင် လူများတွင် အချို့က ပြောဆို

ကြသည်၊ အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အား လောက၌သာ(ကောင်းကျိုးချမ်းသာများကို)ပေးသနားတော်မူပါ။ ၎င်းနောက် ထို(ကဲ့သို့ပြောဆို)သူအတွက် တမလွန်ဘဝတွင် မည်သည့် (ကောင်းသော)ဝေစုမျှ မရှိတော့ပေ။[၆]

[၆] အမှောင်ခေတ်မှာ အရပ်တွေဟာ လောကမှာ ပစ္စည်းဥစ္စာတွေ ချမ်းသာဖို့နဲ့ ရန်သူတွေအပေါ်မှာ အောင်နိုင်ဖို့အတွက်ပဲ အရှင်မြတ်ထံမှာ တောင်းခံလေ့ရှိတယ်။ တမလွန်ဘဝကိုမျှော်လင့်ယုံကြည်မှုမရှိတဲ့အတွက် တောင်းခံခြင်းလည်းမရှိတော့ဘူး။ အဲဒါကြောင့် သူတို့အတွက် တမလွန်ဘဝမှာ ကောင်းတဲ့အကျိုးရလဒ် ဘာမှ မရှိတော့ဘူး။ (ကုရ်သွူဗီ)

وَمِنْهُمْ مَّنْ يَّقُوْلُ رَبَّنَآ اٰتِنَا فِى الدُّنْيَا حَسَنَةً وَّفِى الْاٰخِرَةِ حَسَنَةً وَّقِنَا عَذَابَ النَّارِ ﴿٢٠١﴾

(၂၀၁) ၎င်းပြင် ထို(လူများ)ထဲတွင် အချို့က (ဤသို့) ပြောဆိုကြသည်၊ အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အား လောက၌ ကောင်းကျိုးချမ်းသာများကို ပေးသနားတော်မူပါ။ ၎င်းနောက် တမလွန်ဘဝ၌လည်း ကောင်းကျိုးချမ်းသာများကို ပေးသနားတော်မူပါ။ ၎င်းပြင် ကျွန်ုပ်တို့အား ငရဲမီး၏အပြစ်ဒဏ်မှလည်း ကယ်ဆယ်တော်မူပါ။[၇]

[၇] တမန်တော်ပွင့်ပေါ်လာတဲ့အခါ တမလွန်ဘဝရှိတဲ့အကြောင်းယုံကြည်ပြီး မွတ်စ်လင်မ်တွေဟာ ဒီဘဝအတွက်ရော တမလွန်ဘဝအတွက်ပါ တောင်းခံလာကြတော့တယ်။ အဲဒီအတွက် အရှင်မြတ်က သူတို့ကို ပေးသနားမဲ့အကြောင်း အမိန့်ရှိထားခြင်းဖြစ်တယ်။ ဟစနဟ်ဆိုတာ နှစ်ဘဝလုံးရဲ့ကောင်းကျိုးချမ်းသာမှုတွေကို ခေါ်တယ်။ (ကုရ်သွူဗီကျမ်း)

اُولٰٓئِكَ لَهُمْ نَصِيْبٌ مِّمَّا كَسَبُوْا ؕ وَاللّٰهُ سَرِيْعُ الْحِسَابِ ﴿٢٠٢﴾

(၂၀၂) ထိုသူများသည် သူတို့အတွက် သူတို့ရှာဖွေခဲ့ကြသည့်အရာများ၏ဝေစုရှိသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်လျင်မြန်စွာ စာရင်းစစ်ဆေးတော်မူမည့်အရှင်ဖြစ်တော်မူသည်။

وَاذْكُرُوا اللّٰهَ فِىْٓ اَيَّامٍ مَّعْدُوْدٰتٍ ؕ فَمَنْ تَعَجَّلَ فِىْ يَوْمَيْنِ فَلَآ اِثْمَ عَلَيْهِ ۚ وَمَنْ تَاَخَّرَ فَلَآ اِثْمَ عَلَيْهِ ۙ لِمَنِ اتَّقٰى ؕ وَاتَّقُوا اللّٰهَ وَاعْلَمُوْٓا اَنَّكُمْ اِلَيْهِ تُحْشَرُوْنَ ﴿٢٠٣﴾

(၂၀၃) ထို့ပြင် အသင်တို့သည် ရေတွက်ထားသည့်ရက်များအချို့၌[၈] အလ္လာဟ်အရှင်မြတ်အား သတိရတသကြပါ။ ထို့နောက် အကြင်သူသည် နှစ်ရက်အတွင်း[၉] လျင်မြန်စွာ ပြန်ခဲ့လျှင် ထိုသူ၏အပေါ်တွင် မည်သည့်အပြစ်မျှ မရှိပေ။ ထို့ပြင် အကြင်သူသည် နောက်ကျနေခဲ့လျှင်လည်း[၁၀] ထိုသူ၏အပေါ်တွင် မည်သည့်အပြစ်မျှ မရှိပေ။ (ဤသည်မှာ) အပြစ်ရှောင်သောသူများအတွက် ဖြစ်သည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ပြီး အပြစ်

ရှောင် ကောင်းကျိုးဆောင်ကြပါ။ ၎င်းပြင် အသင်တို့သည် အရှင်မြတ်ထံတွင် စုရုံးခြင်း ခံကြရမည်ဆိုသည်ကိုလည်း သိရှိ(ယုံကြည်)ထားကြပါ။၆

၆ أَيَّامٌ مَّعْدُودَاتٌ ဆိုတာဟာ أَيَّامُ التَّشْرِيْقِ ကို ခေါ်တယ်၊ يَوْمُ النَّحْرِ ရဲ့နောက်က သုံးရက်ဖြစ်တယ်။ အဲဒါဟာ ဇွလ်ဟဂျ်လ ၁၁၊ ၁၂၊ ၁၃ ရက်ဖြစ်တယ်။ ဇွလ်ဟဂျ်လ ၁၀ရက်ကို يَوْمُ النَّحْرِ လို့ခေါ်တယ်။ (လိစာနုလ်အရဗ်) အဲဒီရက်တွေကို မိနာမှာဆိုင်းငံ့နေပြီး အထူးသတိရတသဖို့ ခိုင်းထားခြင်းဖြစ်တယ်။(အလင်းပြကျမ်း) ၇ အပြစ်ရှောင်တဲ့ ဟာဂျီတွေအတွက် သတိရတသဖို့ ခိုင်းထားတဲ့ ဇွလ်ဟဂျ်လ ၁၁၊ ၁၂၊ ၁၃ရက်ထဲက ဇွလ်ဟဂျ်လ ၁၁ ရက်နဲ့ ၁၂ရက်မှာ သတိရတသဖို့ ၂ရက်ထဲပဲ နေပြီးပြန်မယ်ဆိုရင် အပြစ်မရှိဘူးလို့ဆိုလိုတာဖြစ်တယ်။(အလင်းပြကျမ်း) ၈ တကယ်လို့ ၁ရက် နောက်ချန်ပြီး ၁၃ရက်နေ့ပါ ဆက်နေမယ်ဆိုရင်လည်း အပြစ်မရှိဘူးလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း) ၉ ကိယာမသ်နေ့မှာ အရှင်မြတ်ရဲ့ရှေ့တော်မှောက် စုရုံးရမှာကို ဆိုလိုတာ ဖြစ်တယ်။ (အိဗ်နုကဆီးရ်၊ ဗဂ်ဝီ)

وَمِنَ النَّاسِ مَنْ يُّعْجِبُكَ قَوْلُهٗ فِى الْحَيٰوةِ الدُّنْيَا وَيُشْهِدُ اللّٰهَ عَلٰى مَا فِىْ قَلْبِهٖ ۙ وَهُوَ اَلَدُّ الْخِصَامِ ﴿٢٠٤﴾

(၂၀၄) ထို့ပြင် လူများတွင် ဤသို့သောလူလည်းရှိသည်၊ သူ၏လောကီရေးရာစကားများသည် အသင့်အား စိတ်ဝင်စားမှုဖြစ်စေသည်။ ၎င်းပြင် သူသည် သူ၏စိတ်ထဲ၌ရှိသည်များနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်ကိုပါ သက်သေထူလိုက်သေးသည်။ ၎င်းပြင် ထိုသူသည် အခက်ထန်ဆုံးရန်လိုသူ ဖြစ်သည်။၁

၁ မုနာဖိက် အယောင်ဆောင်တွေကို ဆိုလိုတာဖြစ်တယ်။ တမန်တော်မြတ် ﷺ ထံကို မုနာဖိက်တစ်ဦးရောက်လာပြီး သူဟာ အစ္စလာမ် သာသနာကို တကယ်ပဲ ချစ်မြတ်နိုးကြောင်း အရှင်မြတ်ကိုပါ သက်သေထူပြီး စကားကြွယ်ကြွယ်နဲ့ ပြောဆိုခဲ့ခြင်းဖြစ်တယ်။ တကယ်တော့ သူဟာ ရန်သူဖြစ်တယ်။ (အာစားန် သရ်ဂျူမဟ်)

وَاِذَا تَوَلّٰى سَعٰى فِى الْاَرْضِ لِيُفْسِدَ فِيْهَا وَيُهْلِكَ الْحَرْثَ وَالنَّسْلَ ؕ وَاللّٰهُ لَا يُحِبُّ الْفَسَادَ ﴿٢٠٥﴾

(၂၀၅) ထို့ပြင် ထိုသူသည် (အသင့်ထံမှ)ပြန်သွားသည့်အခါ မြေပေါ်တွင် ဖျက်လိုဖျက်ဆီးပြုလုပ်ရန်၊ လယ်ယာများကို ဖျက်ဆီးရန်နှင့် တိရစ္ဆာန်များကို မျိုးဖြုတ်သတ်ဖြတ်ပစ်ရန်ကြိုးစားသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ဖျက်ဆီးမှုကို နှစ်သက်တော်မမူပေ။

وَاِذَا قِيْلَ لَهُ اتَّقِ اللّٰهَ اَخَذَتْهُ الْعِزَّةُ بِالْاِثْمِ فَحَسْبُهٗ جَهَنَّمُ ؕ وَلَبِئْسَ الْمِهَادُ ﴿٢٠٦﴾

(၂၀၆) ထို့ပြင် အသင်သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ပါဟု ၎င်းသည် ပြောဆိုခြင်းခံခဲ့ရသည့်အခါ (၎င်း၏)ဂုဏ်သိက္ခာသည် ၎င်းအား မကောင်းမှုဘက်သို့ ဆွဲဆောင်သွားခဲ့သည်။ သို့ဖြစ်ရာ ၎င်းအတွက် ဂျဟန္နမ်ငရဲဘုံသည် လုံလောက်သည်။ ထို့ပြင် အမှန်စင်စစ် ငရဲဘုံသည် အလွန်ဆိုးဝါး

သည့်နေရာဌာန ဖြစ်ပေသည်။

وَمِنَ النَّاسِ مَنْ يَّشْرِىْ نَفْسَهُ ابْتِغَآءَ مَرْضَاتِ اللّٰهِ ؕ وَاللّٰهُ رَءُوْفٌۢ بِالْعِبَادِ ﴿٢٠٧﴾

(၂၀၇) ထို့ပြင် လူများတွင် အချို့သည် အလ္လာဟ်အရှင်မြတ်၏ သဘောတူနှစ်သက်မှုကို ရလိုသည့်အတွက် မိမိ၏အသက်ကိုရောင်းချ (စွန့်လှူ)သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (ထို)ကျွန်များကို အလွန်ကြင်နာတော်မူသော အရှင်ဖြစ်တော်မူသည်။❷

❷ အရှင်မြတ်က မုအ်မင်န်တွေရဲ့အသက်တွေကို ဂျန္နသ်သုခဘုံနဲ့ အလဲအလှယ်လုပ်ထားကြောင်း အလ္လာဟ်အရှင်မြတ်ရဲ့လမ်းမှာ အသက်ပေးရမှာဖြစ်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်(၉း၁၁၁)မှာ اِنَّ اللّٰهَ اشْتَرٰى مِنَ الْمُؤْمِنِيْنَ اَنْفُسَهُمْ وَاَمْوَالَهُمْ بِاَنَّ لَهُمُ الْجَنَّةَ ؕ يُقَاتِلُوْنَ فِىْ سَبِيْلِ اللّٰهِ فَيَقْتُلُوْنَ وَيُقْتَلُوْنَ လို့အမိန့်ရှိထားတယ်။ (အလင်းပြကျမ်း)

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوا ادْخُلُوْا فِى السِّلْمِ كَآفَّةً ۖ وَلَا تَتَّبِعُوْا خُطُوٰتِ الشَّيْطٰنِ ؕ اِنَّهٗ لَـكُمْ عَدُوٌّ مُّبِيْنٌ ﴿٢٠٨﴾

(၂၀၈) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အစ္စလာမ်ထဲသို့ လုံးလုံးလျားလျား ဝင်ရောက်ကြပါ၊ ထို့ပြင် ရှိုင်သွာန်၏ ခြေလှမ်းမှုများနောက်သို့ ဖဝါးခြေထပ် မလိုက်ကြနှင့်၊ အမှန်စင်စစ် ၎င်း(ရှိုင်သွာန်)သည် အသင်တို့အတွက် ထင်ရှားသည့်ရန်သူဖြစ်သည်။❸

❸ အစ္စလာမ်သာသနာထဲကို ဝင်ပြီဆိုရင် အစ္စလာမ်သာသနာနဲ့ ဆန့်ကျင်တဲ့အယူဝါဒတွေနဲ့အပြုအမူတွေ ဟူသမျှကို စွန့်လွှတ်ရမှာ ဖြစ်တယ်။ ရောနှောပြီး ယုံကြည်ကျင့်ကြံလို့ မရဘူး။ ယဟူဒီတချို့ဟာ အစ္စလာမ်သာသနာထဲကို ဝင်ပြီးတဲ့နောက် သူတို့ရဲ့ယဟူဒီ အယူဝါဒတချို့ကို မစွန့်လွှတ်နိုင်ဘဲ ဆက်လက်ယုံကြည်ကျင့်သုံးလာခဲ့ကြတယ်။ ယဟူဒီဘာသာမှာ စနေနေ့ဟာ ထွတ်မြတ်တဲ့နေ့ဖြစ်တယ်။ အစ္စလာမ်သာသနာမှာ စနေနေ့ကို မမြတ်နိုးရဘူးလို့ ပိတ်ပင်ထားခြင်းမရှိဘူး။ အဲဒါကြောင့် ငါတို့ဟာ ယဟူဒီဘာသာအရ စနေနေ့ကို ဆက်လက်မြတ်နိုးနေမယ်။ အဲဒီလိုပဲ ယဟူဒီဘာသာမှာ ကုလားအုတ်သားကို မစားရဘူးလို့ ပိတ်ပင်ထားတယ်။ ဒါပေမဲ့ အစ္စလာမ်သာသနာက ကုလားအုတ်သားကို မစားမနေရလို့ ဖရည်သ်အဖြစ် သတ်မှတ်ထားခြင်းမရှိတဲ့အတွက် ငါတို့ဟာ ကုလားအုတ်သားကို ယဟူဒီလမ်းစဉ်အတိုင်း မစားဘဲနေလိုက်မယ်။ ဒီလိုနဲ့ ငါတို့ဟာ ယဟူဒီဘာသာကိုလည်း လေးစားရာရောက်မယ်၊ အစ္စလာမ်သာသနာကိုလည်း မဆန့်ကျင်ဘဲရှိနေမယ်လို့ သူတို့က ယူဆကြတယ်။ အဲဒါကြောင့် အရှင်မြတ်က အဲဒီလို အယူဝါဒနှစ်ခု ပေါင်းစပ်တာကို မရတဲ့အကြောင်း၊ တစ်ခုကို စွန့်လွှတ်ပြီး တစ်ခုထဲကို လုံးဝ ဝင်လိုက်ရမှာဖြစ်ကြောင်း အမိန့်ရှိထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

فَاِنْ زَلَلْتُمْ مِّنْۢ بَعْدِ مَا جَآءَتْكُمُ الْبَيِّنٰتُ فَاعْلَمُوْۤا اَنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ ﴿٢٠٩﴾

(၂၀၉) ၎င်းပြင် ထင်ရှားသည့် သက်သေလက္ခဏာများသည် အသင်တို့ထံသို့ ရောက်ရှိလာပြီးသည့်နောက်တွင်မှ အသင်တို့သည် ချွတ်ချော်လွဲမှားသွား

ခဲ့ကြလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူသည်ကို အသင်တို့ သိထားလိုက်ကြပါ။

هَلْ يَنْظُرُوْنَ اِلَّآ اَنْ يَّاْتِيَهُمُ اللّٰهُ فِيْ ظُلَلٍ مِّنَ الْغَمَامِ وَالْمَلٰٓئِكَةُ وَقُضِيَ الْاَمْرُ ۗ وَاِلَى اللّٰهِ
تُرْجَعُ الْاُمُوْرُ ﴿٢١٠﴾

(၂၁၀) ၎င်းတို့သည် ၎င်းတို့ထံ အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်တမန်များနှင့်တကွ တိမ်များမိုးကာ ကြွရောက်လာပြီး (စီရင်ချက်ချကာ)ကိစ္စပြီးဆုံးသွားသည်ကိုသာ စောင့်မျှော်နေကြသည်။❻ ထို့ပြင် (အမှန်စင်စစ်)အရေးကိစ္စဟူသမျှသည် အလ္လာဟ်အရှင်မြတ်ထံသို့သာ ပြန်လည်ရောက်ရှိကြရမည် ဖြစ်သည်။

❻ အစ္စလာမ်ထဲကိုမဝင်သေးသူတွေကတော့ အရှင်မြတ်ဟာ တိမ်တွေကြားကနေ ကောင်းကင်တမန်တွေခြံရံပြီး ကြွရောက်လာကာ ကိစ္စတွေအားလုံးစီရင်ဆုံးဖြတ်ချက်ချတာကိုပဲ စောင့်မျှော်နေကြတာဖြစ်တယ်။ အဲဒါဟာ ကိယာမသ်နေ့မှာပဲ ဖြစ်မယ်။ (အဲဒီနေ့မှာ အရှင်မြတ်လာချင်တဲ့ပုံစံနဲ့လာမယ်။) လောကမှာ အရှင်မြတ်က အဲဒီလို မျက်ဝါးထင်ထင် လာရောက်ခဲ့မယ်ဆိုရင် ဘယ်သူက အီမာန်မယူဘဲနေတော့မှာလဲ။ လောကဟာ အကွယ်ကအရာတွေကို ယုံကြည်ဖို့ စမ်းသပ်နေခြင်းဖြစ်တဲ့အတွက် မမြင်ဘဲ အီမာန်ယုံခိုင်းထားခြင်းဖြစ်တယ်။ ကိယာမသ်နေ့ကျရင် အားလုံးမြင်ရမှာဖြစ်ပြီး ဘာမှမတတ်နိုင်တော့ဘဲ အစားပေးမှု အမိန့်ဟူသမျှဟာလည်း ဆုံးဖြတ်ပြီးဖြစ်လိမ့်မယ်။
(အာစားန် သဉ်ရဂျမဟ်)

سَلْ بَنِيْٓ اِسْرَآءِيْلَ كَمْ اٰتَيْنٰهُمْ مِّنْ اٰيَةٍۢ بَيِّنَةٍ ۗ وَمَنْ يُّبَدِّلْ نِعْمَةَ اللّٰهِ مِنْۢ بَعْدِ مَا جَآءَتْهُ فَاِنَّ
اللّٰهَ شَدِيْدُ الْعِقَابِ ﴿٢١١﴾

(၂၁၁) အစ္စရာအီလ်မျိုးနွယ်ဝင်များအား အသင်(တမန်တော်) မေးကြည့်လိုက်ပါ၊ ငါအရှင်သည် ၎င်းတို့အား ထင်ရှားသည့်သက်သေလက္ခဏာများကို မည်မျှ(များစွာ)ပေးသနားတော်မူခဲ့သနည်း။ ထို့ပြင် အကြင်သူသည် သူ၏ထံသို့ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ရောက်ရှိပြီးနောက် ယင်း(ကျေးဇူးတော်)ကို (မသင့်လျော်သည့်ပုံစံဖြင့်) အပြောင်းအလဲလုပ်ခဲ့မည်ဆိုလျှင် အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် အလွန်ပြင်းထန်စွာ ပြစ်ဒဏ်ခတ်စီရင်တော်မူသော အရှင် ဖြစ်တော်မူသည်။

زُيِّنَ لِلَّذِيْنَ كَفَرُوا الْحَيٰوةُ الدُّنْيَا وَيَسْخَرُوْنَ مِنَ الَّذِيْنَ اٰمَنُوْا ۘ وَالَّذِيْنَ اتَّقَوْا فَوْقَهُمْ يَوْمَ
الْقِيٰمَةِ ۗ وَاللّٰهُ يَرْزُقُ مَنْ يَّشَآءُ بِغَيْرِ حِسَابٍ ﴿٢١٢﴾

(၂၁၂) လောကီဘဝ အသက်ရှင်ခြင်းသည် ကာဖိရ်များအတွက် လှပ

အောင်တန်ဆာဆင်ထားခြင်းခံရသည်။ ထို့နောက် သူတို့သည် အီမာန်ယုံကြည်သူများကိုပြောင်လှောင်ကြသည်။❶ ထို့ပြင် (အရှင်မြတ်အား) ကြောက်ရွံ့အပြစ်ရှောင်ကောင်းကျိုးဆောင်သူများကမူ ကိယာမသ်နေ့တွင် သူတို့၏အထက်၌ (မြင့်မြတ်မှု)ရှိကြလိမ့်မည်။❷ ထို့ပြင် အရှင်မြတ်သည် အရှင်မြတ်အလိုရှိသူကို အကန့်အသတ်မရှိ စားနပ်ရိက္ခာ ပေးသနားတော်မူသည်။

❶ ကာဖိရ်တွေဟာ မွတ်စ်လင်မ်တွေကို ပြက်ရယ်ပြောင်လှောင်ကြောင်း၊ သူတို့အနားကနေ ဖြတ်သွားတဲ့အခါ မျက်ရိပ်ပြပြီး ရယ်ကြကြောင်း၊ သူတို့နဲ့တွေ့တဲ့အခါ လှောင်ပြောင်တဲ့အနေနဲ့ "ဒီသူတွေဟာ လမ်းလွဲတဲ့သူတွေဖြစ်ကြတယ်"လို့ ပြောဆိုကြကြောင်း ကုရ်အာန် (၈၃း၂၉ - ၃၂) မှာ

إِنَّ الَّذِينَ أَجْرَمُوا كَانُوا مِنَ الَّذِينَ آمَنُوا يَضْحَكُونَ ﴿٢٩﴾ وَإِذَا مَرُّوا بِهِمْ يَتَغَامَزُونَ ﴿٣٠﴾

وَإِذَا انْقَلَبُوا إِلَىٰ أَهْلِهِمُ انْقَلَبُوا فَكِهِينَ ﴿٣١﴾ وَإِذَا رَأَوْهُمْ قَالُوا إِنَّ هَٰؤُلَاءِ لَضَالُّونَ ﴿٣٢﴾

လို့မိန့်ဆိုထားပါတယ်။ ❷ ကိယာမသ် နေ့ကျရင် မွတ်စ်လင်မ်တွေကလည်း ကာဖိရ်တွေကို ပြန်လည် ပြက်ရယ်ပြုပြောင်လှောင်ကြမဲ့ အကြောင်း فَالْيَوْمَ الَّذِينَ آمَنُوا مِنَ الْكُفَّارِ يَضْحَكُونَ လို့ ကုရ်အာန် (၈၃း၃၄)မှာ မိန့်ဆိုထားပါတယ်။

كَانَ النَّاسُ أُمَّةً وَاحِدَةً فَبَعَثَ اللَّهُ النَّبِيِّينَ مُبَشِّرِينَ وَمُنْذِرِينَ وَأَنْزَلَ مَعَهُمُ الْكِتَابَ بِالْحَقِّ لِيَحْكُمَ بَيْنَ النَّاسِ فِيمَا اخْتَلَفُوا فِيهِ ۚ وَمَا اخْتَلَفَ فِيهِ إِلَّا الَّذِينَ أُوتُوهُ مِنْ بَعْدِ مَا جَاءَتْهُمُ الْبَيِّنَاتُ بَغْيًا بَيْنَهُمْ ۖ فَهَدَى اللَّهُ الَّذِينَ آمَنُوا لِمَا اخْتَلَفُوا فِيهِ مِنَ الْحَقِّ بِإِذْنِهِ ۗ وَاللَّهُ يَهْدِي مَنْ يَشَاءُ إِلَىٰ صِرَاطٍ مُسْتَقِيمٍ ﴿٢١٣﴾

(၂၁၃) လူသားအားလုံးသည် (မူလက) အုပ်စုတစ်စုတည်းသာဖြစ်ခဲ့ကြသည်။❸ ထို့နောက်(ကာလကြာရှည်လာသည့်အခါစိတ်ဓာတ်များမတူတော့ဘဲ အယူများ ကွဲလာသည့်အပေါ်တွင်) အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များကို (လူသားများထံသို့) သတင်းကောင်းပေးသူများအဖြစ်နှင့် သတိပေးနှိုးဆော်သူများအဖြစ် စေလွှတ်တော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် လူများကြားထဲတွင် သူတို့အချင်းချင်းကွဲလွဲနေကြသည့်အရာ(ကုဖ်ရ်နှင့် အီမာန်)နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ပေးတော်မူရန်အတွက် ၎င်း(နဗီ)တို့နှင့်အတူ မှန်ကန်သည့်ကျမ်းကိုလည်း ချပေးတော်မူခဲ့သည်။ ထို့ပြင် ယင်း(ကျမ်းဂန်)နှင့်ပတ်သက်၍ မည်သူမျှ ကွဲလွဲမှု မရှိကြပေ၊ သို့ရာတွင် ယင်း(ကျမ်းဂန်)ကို ရရှိသည့်သူများသာ သူတို့ထံကို ထင်ရှားသည့် သက်သေလက္ခဏာများ ရောက်ရှိလာပြီးသည့်နောက်တွင် သူတို့အချင်းချင်း မလိုမုန်းတီးမှုကြောင့် (ယင်းကျမ်းဂန်နှင့်ပတ်သက်၍ကွဲလွဲလာခဲ့ကြခြင်း) ဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်သူများကို သူတို့ကွဲလွဲသည့်အရာနှင့် ပတ်သက်၍ အရှင်မြတ်၏အမိန့်တော်ဖြင့်

အမှန်တရားကို ညွှန်ကြားပြသတော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိသူအား ဖြောင့်မတ်မှန်ကန်သောလမ်းကို ညွှန်ကြားပြသတော်မူသည်။

❷ လူသားတွေဟာ မူလက သောင်ဟီဒ်ရဲ့အုပ်စုတစ်စုတည်းပဲ ဖြစ်ခဲ့တယ်။ အာဒမ်ﷺနဲ့ နူးဟ်ﷺရဲ့ကြားမှာ မျိုးဆက်၁၀ဆက်ရှိခဲ့တယ်။ သူတို့အားလုံးဟာ အလ္လာဟ်အရှင်တစ်ပါးတည်းကိုပဲ ကိုးကွယ်ခဲ့ကြတယ်။ အဲဒီအုပ်စုဟာ သောင်ဟီဒ်အပေါ်မှာရှိခဲ့တဲ့ ပထမဆုံးနဲ့ အရင်ဆုံးအုပ်စု ဖြစ်တယ်။ အဲဒီနောက် ရှိုင်သွာန်ရဲ့နှောင့်ယှက်မှုအပေါ်မှာ ရှိရက်တုဖက်ကိုးကွယ်မှုတွေ ပေါ်ပေါက်လာကာ ကွဲလွဲမှုတွေဖြစ်လာခဲ့တော့တယ်။ အဲဒီအပေါ်မှာ အရှင်မြတ်က နဗီတမန်တော်နူးဟ်ﷺကို ပထမဦးဆုံး စေလွှတ်ပြီး မူရင်းအယူဝါဒဖြစ်တဲ့ သောင်ဟီဒ်တစ်ပါးတည်းတည်ရှိတဲ့အရှင်ရဲ့ ကိုးကွယ်ခြင်းဘက်ကို ပြန်လည်ဖိတ်ခေါ်နိုင်းခဲ့တယ်။ (အိဗ်နကဆီးရ်၊ အလင်းပြကျမ်း)

أَمْ حَسِبْتُمْ أَنْ تَدْخُلُوا الْجَنَّةَ وَلَمَّا يَأْتِكُمْ مَثَلُ الَّذِينَ خَلَوْا مِنْ قَبْلِكُمْ ۖ مَسَّتْهُمُ الْبَأْسَاءُ وَالضَّرَّاءُ وَزُلْزِلُوا حَتَّىٰ يَقُولَ الرَّسُولُ وَالَّذِينَ آمَنُوا مَعَهُ مَتَىٰ نَصْرُ اللَّهِ ۗ أَلَا إِنَّ نَصْرَ اللَّهِ قَرِيبٌ ﴿٢١٤﴾

(၂၁၄) အသင်တို့သည် ဂျန္နသ်ကို (လွယ်ကူစွာဖြင့်) ဝင်ရလိမ့်မည်ဟု ထင်မှတ်ကြသလော။ ထို့ပြင် ယခုထိ အသင်တို့ထံသို့ အသင်တို့မတိုင်မီက ကုန်လွန်သွားခဲ့သည့် သူများထံတွင် ရောက်ခဲ့သည့်အရာ (စမ်းသပ်မှုမျိုး)များ ကျရောက်လာခြင်း မရှိသေးပေ။ ထိုသူများအပေါ်တွင် ပြင်းထန်မှုများနှင့် ဒုက္ခခက်ခဲမှုများ ကျရောက်ခဲ့သည်။ ထို့ပြင် (နောက်ဆုံး၌) တမန်တော်နှင့်တကွ ၎င်း(တမန်တော်)နှင့်အတူ အီမာန်ယုံကြည်သူများသည် အလ္လာဟ်အရှင်မြတ်၏အကူအညီ မည်သည့်အခါများ ရောက်လာလိမ့်မည်နည်းဟု ပြောဆိုကြရသည်အထိ သူတို့သည် တုန်လှုပ်သွားခဲ့ကြရသည်။ (ထိုအခါ အရှင်မြတ်က မိန့်ကြားတော်မူခဲ့သည်) သတိပြုကြပါ၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ အကူအညီသည် နီးကပ်နေပြီ ဖြစ်သည်။

يَسْأَلُونَكَ مَاذَا يُنْفِقُونَ ۖ قُلْ مَا أَنْفَقْتُمْ مِنْ خَيْرٍ فَلِلْوَالِدَيْنِ وَالْأَقْرَبِينَ وَالْيَتَامَىٰ وَالْمَسَاكِينِ وَابْنِ السَّبِيلِ ۗ وَمَا تَفْعَلُوا مِنْ خَيْرٍ فَإِنَّ اللَّهَ بِهِ عَلِيمٌ ﴿٢١٥﴾

(၂၁၅) သူတို့က အသင့်အား သူတို့သည် မည်သည့်အရာကို လှူဒါန်းသုံးစွဲရမည်နည်းဟု မေးမြန်းကြသည်။ (အို-တမန်တော်)အသင် ပြောလိုက်ပါ၊ အသင်တို့သည် ကောင်းသည့်အရာထဲမှ မည်သည့်အရာကို လှူဒါန်းသုံးစွဲကြသည်ဖြစ်စေ၊ (ထိုအရာသည်) မိဘနှစ်ပါးအတွက်၊ ဆွေမျိုးသားချင်းများအတွက်၊

အဘမဲ့ကလေးများအတွက်၊ ဆင်းရဲသားများအတွက်နှင့် ခရီးသည်များအတွက် ဖြစ်(ရန်လို)ပေသည်။❻ ၎င်းပြင် အသင်တို့သည် ကောင်းသည့်အထဲမှမည်သည့် အရာကို ပြုလုပ်ကြသည်ဖြစ်စေ၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ထို အရာ (ကောင်းမှု)ကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

❻ ဒီလှူဒါန်းမှုဟာ စေတနာအလျောက် လှူဒါန်းတဲ့နဖိလ် လှူဒါန်းမှုဖြစ်တယ်။ ဖရသ္ဒ် အဖြစ် သတ်မှတ်ထားတဲ့ ဇကာသ် (ဆင်းရဲသားနဲ့ လိုအပ်သူတွေရဲ့ဝေစု)ကို ဆိုလိုတာမဟုတ်ဘူး။ ဇကာသ်အတွက် အာယသ်တော်တွေ သတ်သတ်ရှိတယ်။ (အိဗ်နုကဆီးရ်ကျမ်း)

كُتِبَ عَلَيْكُمُ الْقِتَالُ وَهُوَ كُرْهٌ لَّكُمْ ۚ وَعَسَىٰ أَن تَكْرَهُوا شَيْئًا وَهُوَ خَيْرٌ لَّكُمْ ۖ وَعَسَىٰ أَن تُحِبُّوا شَيْئًا وَهُوَ شَرٌّ لَّكُمْ ۗ وَاللَّهُ يَعْلَمُ وَأَنتُمْ لَا تَعْلَمُونَ ﴿٢١٦﴾

(၂၁၆) အသင်တို့အပေါ် စစ်တိုက်ခိုက်ခြင်းကို ထိုစစ်တိုက်ခြင်းသည် အသင်တို့အတွက် မနှစ်မြို့ဖွယ်ရာဖြစ်ပါလျက်❶ ဖရသ္ဒ်အဖြစ်ပြဋ္ဌာန်းခြင်းခံခဲ့ ရသည်။❷ ထို့ပြင် အသင်တို့သည် တစ်စုံတစ်ရာကို ထိုအရာသည် အသင်တို့ အတွက် အကောင်းဖြစ်နေပါလျက်နှင့် စက်ဆုပ်ရွံရှာကြသည်လည်း ဖြစ်နိုင် သည်။❸ ထို့ပြင် အသင်တို့သည် တစ်စုံတစ်ရာကို ထိုအရာသည် အသင်တို့ အတွက် အဆိုးဖြစ်နေပါလျက်နှင့် နှစ်သက်ကြသည်လည်းဖြစ်နိုင်သည်❹။ အလ္လာဟ်အရှင်မြတ်သာ(သေချာစွာ)သိရှိတော်မူသည်။ အသင်တို့မှာမူ (အဖြစ် မှန်ကို) သိနားလည်ခြင်းမရှိကြပေ။❺

❶ အဲဒီအချိန်မှာ မွတ်စ်လင်မ်တွေဟာ စားရေးသောက်ရေး၊ လူမှုရေးကိစ္စတွေမှာ ကျပ်တည်းနေ ကြတဲ့အတွက် စစ်တိုက်ရမှာ လေးလံသလို ဖြစ်ခဲ့ကြတယ်။ (အလင်းပြကျမ်း) ❷ အရဗ်ကာဖိရ် တွေရဲ့ညှဉ်းပန်းနှိပ်စက်မှုတွေကိုမခံနိုင်တော့တဲ့အဆုံးမှာတမန်တော်မြတ် ﷺ နဲ့မွတ်စ်လင်မ်တွေ ဟာ မက္ကဟ်မြို့တော်ကို စွန့်ခွာပြီး မဒီနဟ်မြို့မှာ ရွှေ့ပြောင်းနေထိုင်ခဲ့ကြတော့တယ်။ အလ္လာဟ်အရှင် မြတ်ကို လွတ်လပ်စွာကိုးကွယ်လို့ မရလောက်အောင် ညှဉ်းပန်းနှိပ်စက် ဒုက္ခပေးတာကို ပပျောက် စေဖို့အတွက် အရှင်မြတ်က စစ်တိုက်မိန့်ကို ဖရသ္ဒ်အဖြစ် ပြဋ္ဌာန်းတော်မူခဲ့တယ်။(အလင်းပြကျမ်း) ❸ စစ်တိုက်တာကို အသင်တို့ မနှစ်သက်ကြပေမဲ့ စစ်တိုက်လိုက်တဲ့အပေါ်မှာ ညှဉ်းပန်းနှိပ်စက်မှု တွေ ပပျောက်သွားပြီး ဘာသာရေး လွတ်လပ်ခွင့်တွေရရှိသွားမယ်၊ အဲဒါဟာ အသင်တို့အတွက် ကောင်းတဲ့ကိစ္စဖြစ်တယ်။ နောက်လည်း လောကီအကျိုးတွေရော နောင်တမလွန်အကျိုးတွေပါ ရှိသေးတယ်။(အိဗ်နုကဆီးရ်) ❹ စစ်မတိုက်ရတာကို အသင်တို့နှစ်သက်ကြပေမဲ့ ရန်သူက အဲဒီ လောက်ညှဉ်းဆဲနေတာတောင် အသင်တို့ ပြန်မတိုက်နိုင်ကြတာကိုကြည့်ပြီး ပိုမိုညှဉ်းပန်းလာရုံ မက အသင်တို့အပေါ် လွှမ်းမိုးဖျက်ဆီးပစ်လိုက်မယ်။ ဒါဟာ အသင်တို့အတွက် မကောင်းတဲ့ကိစ္စ ဖြစ်တယ်။ ❺ လူသားဟာ သူ့ရဲ့ ကောင်းကျိုးဆိုးကျိုးကို ကြိုတင်မသိနိုင်ဘူး။ ကောင်းတယ်လို့ ထင်တာဟာ မကောင်းလည်းဖြစ်တတ်တယ်၊ မကောင်းဘူးလို့ထင်တာဟာ အကောင်းလည်းဖြစ် တတ်တယ်။ နောက်ဆုံးရလဒ်အစစ်အမှန်ကို အရှင်မြတ်ပဲ သိတော်မူတဲ့အတွက် အရှင်မြတ်ရဲ့ အမိန့်တော်ကို နာခံလိုက်ခြင်းဟာ အကောင်းဆုံးရလဒ်ထွက်မဲ့အရာဖြစ်တယ်။ (အလင်းပြကျမ်း)

يَسْـَٔلُوْنَكَ عَنِ الشَّهْرِ الْحَرَامِ قِتَالٍ فِيْهِ ؕ قُلْ قِتَالٌ فِيْهِ كَبِيْرٌ ؕ وَ صَدٌّ عَنْ سَبِيْلِ اللّٰهِ وَ
كُفْرٌۢ بِهٖ وَ الْمَسْجِدِ الْحَرَامِ ۗ وَ اِخْرَاجُ اَهْلِهٖ مِنْهُ اَكْبَرُ عِنْدَ اللّٰهِ ۚ وَ الْفِتْنَةُ اَكْبَرُ
مِنَ الْقَتْلِ ؕ وَ لَا يَزَالُوْنَ يُقَاتِلُوْنَكُمْ حَتّٰى يَرُدُّوْكُمْ عَنْ دِيْنِكُمْ اِنِ اسْتَطَاعُوْا ؕ وَ مَنْ
يَّرْتَدِدْ مِنْكُمْ عَنْ دِيْنِهٖ فَيَمُتْ وَ هُوَ كَافِرٌ فَاُولٰٓئِكَ حَبِطَتْ اَعْمَالُهُمْ فِى الدُّنْيَا وَ الْاٰخِرَةِ ۚ
وَ اُولٰٓئِكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا خٰلِدُوْنَ ﴿٢١٧﴾

(၂၁၇) မြင့်မြတ်သည့်လတွင် စစ်တိုက်ခြင်းနှင့် ပတ်သက်၍ အသင် (တမန်တော်)၏ထံသို့ သူတို့(လာရောက်)မေးမြန်းကြသည်။ (အို-တမန်တော်) အသင် ပြောလိုက်ပါ၊ ထိုလမှာ စစ်တိုက်ခြင်းသည် ကြီးလေးသည့်အပြစ်ဖြစ်သည်။❻ ၎င်းပြင် အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ တားဆီးခြင်း၊ အရှင်မြတ်အား သွေဖည်ငြင်းပယ်ခြင်း၊ မတ်စ်ဂျေဒ့်ဟရာမ် မြင့်မြတ်သည့်ဗလီဝတ်ကျောင်းတော်(ကို ဖူးမြော်ရန်လာသည်)မှ တားဆီးခြင်း၊ ၎င်း(ဗလီဝတ်ကျောင်းတော်)တွင် နေထိုင်နေသူများကို နှင်ထုတ်ခြင်းများသည် အလ္လာဟ်အရှင်မြတ်ထံ၌(သတ်ဖြတ်ခြင်းထက်) ပိုကြီးလေး(သည့်အပြစ် ဖြစ်)သည်။ ထို့ပြင် တုဖက်နှိုင်းယှဉ်ကိုးကွယ်ခြင်းသည် (ထိုစစ်ထဲ၌) သတ်ဖြတ်ခြင်းထက် ပိုကြီး(သည့်အပြစ်ဖြစ်)သည်။ ထို့ပြင် အကယ်၍သာ သူတို့တတ်နိုင်မည်ဆိုလျှင် သူတို့သည်အသင်တို့၏ သာသနာမှ အသင်တို့ ပြန်လှည့်သွားသည်အထိ အသင်တို့ကို အမြဲတိုက်ခိုက်နေလိမ့်မည်။ ၎င်းပြင် အသင်တို့ထဲမှ အကြင်သူသည် သူ၏သာသနာမှ နောက်ပြန်လှည့်ကျောခိုင်းပြီး သူသည် ကာဖိရ်ဖြစ်လျက် သေဆုံးမည်ဆိုလျှင် ထိုသူ၏ (ကောင်းမှု)လုပ်ရပ်ဟူသမျှသည် ဤဘဝ၌သာမက တမလွန်ဘဝ၌လည်း အလဟဿဖြစ်သွားမည်။ ၎င်းပြင် ထိုသူများသည် ငရဲသားများ ဖြစ်ကြသည်။ သူတို့သည် ၎င်း(ငရဲ)ထဲ၌ အမြဲခံစားရမည့်သူများ ဖြစ်ကြသည်။

❻ မွတ်စ်လင်မ်တွေနဲ့ ကာဖိရ်တွေဟာ စစ်မတိုက်ရတဲ့ မြင့်မြတ်တဲ့လတွေထဲက ရဂျဗ်လမဝင်ခင်မှာ တိုက်ပွဲတစ်ခုဖြစ်ပွားခဲ့တယ်။ အဲဒီတိုက်ပွဲမှာ ကာဖိရ်ဘက်က ကျဆုံးမှုဖြစ်ခဲ့တယ်။ အဲဒီအပေါ် ကာဖိရ်တွေက မွတ်စ်လင်မ်တွေဟာ မြင့်မြတ်တဲ့လကိုတောင်မလေးစားဘူးလို့ပြောဆိုခဲ့ကြတယ်။ အဲဒီတိုက်ပွဲထက်ပိုဆိုးတာဟာ အလ္လာ့ဟ်ကို ကိုးကွယ်တဲ့ မွတ်စ်လင်မ်တွေကို အလ္လာ့ဟ်အိမ်တော်က နှင်ထုတ်ခြင်းဖြစ်တယ်။ ဒါကို အကြောင်းပြုပြီး ဒီအာယသ်ကျရောက်ခဲ့ခြင်းဖြစ်တယ်။
(အလင်းပြကျမ်း)

اِنَّ الَّذِيْنَ اٰمَنُوْا وَ الَّذِيْنَ هَاجَرُوْا وَ جٰهَدُوْا فِىْ سَبِيْلِ اللّٰهِ ۙ اُولٰٓئِكَ يَرْجُوْنَ رَحْمَتَ اللّٰهِ ؕ وَ
اللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿٢١٨﴾

(၂၁၈) အမှန်မုချ အီမာန်ယုံကြည်သူများနှင့် ဟိဂျ်ရဟ်[၇] ပြုလုပ်၍ အလ္လာဟ်လမ်းတွင် သက်စွန့်တိုက်ခိုက်သူများသည် အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်သနားကြင်နာမှုကို မျှော်လင့်တောင့်တကြသည်။ ထို့ပြင်အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

[၇] ဟိဂျ်ရဟ်ဆိုတာ အီမာန်ယုံကြည်သူဟာ မိမိရဲ့ သာသနာကို နှောင့်ယှက်ဖျက်ဆီးခံရမှာစိုးလို့ မိမိရဲ့သာသနာနဲ့တကွ အလ္လာဟ်နဲ့ အရှင့်တမန်တော်ဘက်ကို ထွက်ခွာရွှေ့ပြောင်း နေထိုင်ခြင်းကို ခေါ်တယ်။ (ဗုခါရီကျမ်း - နံပါတ် ၄၃၁၂)

يَسْـَٔلُوْنَكَ عَنِ الْخَمْرِ وَالْمَيْسِرِ ۗ قُلْ فِيْهِمَآ اِثْمٌ كَبِيْرٌ وَّمَنَافِعُ لِلنَّاسِ ۚ وَاِثْمُهُمَآ اَكْبَرُ مِنْ نَّفْعِهِمَا ۗ وَيَسْـَٔلُوْنَكَ مَاذَا يُنْفِقُوْنَ ۬ قُلِ الْعَفْوَ ۗ كَذٰلِكَ يُبَيِّنُ اللّٰهُ لَكُمُ الْاٰيٰتِ لَعَلَّكُمْ تَتَفَكَّرُوْنَ ﴿٢١٩﴾

(၂၁၉) သူတို့သည် အသင်(တမန်တော်)၏ထံတွင် အရက်သေစာ (သောက်ခြင်း)၊ လောင်းကစားခြင်းနှင့်ပတ်သက်၍ (လာရောက်) မေးမြန်းကြသည်။ (အို- တမန်တော်) အသင် ပြောလိုက်ပါ၊ ထိုနှစ်ခုစလုံးထဲတွင် ကြီးလေးသည့် အပြစ်ရှိသည်။ ထို့ပြင် လူများအတွက် (အနည်းငယ်သော) အကျိုးကျေးဇူးများ လည်းရှိသည်။ ထို့ပြင် ထိုနှစ်ခုစလုံး၏အပြစ်သည် ထိုနှစ်ခုစလုံး၏ အကျိုးထက် ပို၍ ကြီးသည်။[၈] ထို့ပြင် သူတို့က အသင်(တမန်တော်)၏ထံ သူတို့သည် မည်သည့်အရာကို သုံးစွဲလှူဒါန်းကြရပါမည်နည်းဟု (လာရောက်) မေးမြန်းကြသည်။ (အို- တမန်တော်) အသင် ပြောလိုက်ပါ၊ (လိုအပ်သည်ထက်) ပိုသောအရာ[၉] (ကို လှူဒါန်းကြပါ)။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ စဉ်းစားဆင်ခြင်ကြရန် အတွက် အာယသ်တော်များကို အသင်တို့အတွက် ထိုသို့ပင် ရှင်းပြတော်မူသည်။

[၈] အရက်နဲ့ လောင်းကစားစွန့်လွှတ်ဖို့ ရှေ့ပြေးအနေနဲ့ နှစ်ခုစလုံးဟာ မကောင်းတာပိုများကြောင်း မိန့်ဆိုခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း) [၉] ဇကာသ် (ဆင်းရဲသားနဲ့ လိုအပ်သူတွေရဲ့ဝေစု) ဆိုတဲ့ ဖရည်သွ် တာဝန်ကို ပေးဆောင်ပြီးနောက် သူတို့လိုအပ်တာထက် ပိုလျှံတဲ့ပစ္စည်းကို လှူဒါန်းဖို့ဖြစ်တယ်။ (အလင်းပြကျမ်း)

فِى الدُّنْيَا وَالْاٰخِرَةِ ۗ وَيَسْـَٔلُوْنَكَ عَنِ الْيَتٰمٰى ۗ قُلْ اِصْلَاحٌ لَّهُمْ خَيْرٌ ۗ وَاِنْ تُخَالِطُوْهُمْ فَاِخْوَانُكُمْ ۗ وَاللّٰهُ يَعْلَمُ الْمُفْسِدَ مِنَ الْمُصْلِحِ ۗ وَلَوْ شَآءَ اللّٰهُ لَاَعْنَتَكُمْ ۗ اِنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ ﴿٢٢٠﴾

(၂၂၀) လောကီဘဝနှင့် တမလွန်ဘဝတွင် (အသင်တို့ အကျိုးခံစားရမည့် ကိစ္စများကို စဉ်းစားဆင်ခြင်ကြရန်ဖြစ်သည်)။[၁၀] ထို့ပြင် သူတို့သည် အသင်(တမန်

တော်)အား အဘမဲ့ကလေးများနှင့်ပတ်သက်၍ မေးကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ ၎င်း(အဘမဲ့ကလေး)တို့အား ကောင်းမွန်အောင် ပြုပြင်ပေးခြင်းသည် အကောင်းဆုံးဖြစ်သည်။ ထို့ပြင် အကယ်၍ အသင်တို့သည် ၎င်းတို့နှင့် ရောနှောဆက်ဆံ(ပြီး အတူတကွ စားသုံး)ကြလျှင် ၎င်းတို့သည် အသင်တို့၏ ညီနောင်များပင် ဖြစ်ကြ(သည့်အတွက် အတူတကွ ရောနှောစား သုံးပိုင်ခွင့်ရှိ)သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ဖျက်ဆီးသည့်သူနှင့် ပြုပြင်သည့်သူကို ခွဲခြားသိရှိတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူခဲ့လျှင် အသင်တို့ကို အမှန်မုချဒုက္ခရောက်အောင်လုပ်ခဲ့ပြီးဖြစ်လိမ့်မည်။❷ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ အာယသ် (၂၁၉)ရဲ့ အဆက်ဖြစ်တယ်။(အလင်းပြကျမ်း) ❷ ယသီမ် အဘမဲ့ကလေးတွေရဲ့ ပစ္စည်းကို မတရားစားရင် ကိုယ့်ဗိုက်ထဲကို ငရဲမီးထည့်သလိုဖြစ်တဲ့အကြောင်း အာယသ်တော် (၄း၁၀) اِنَّ الَّذِيْنَ يَاْكُلُوْنَ اَمْوَالَ الْيَتٰمٰى ظُلْمًا اِنَّمَا يَاْكُلُوْنَ فِىْ بُطُوْنِهِمْ نَارًا ؕ وَسَيَصْلَوْنَ سَعِيْرًا ကျလာတဲ့အခါမှာ ယသီမ် အဘမဲ့ကလေးတွေရဲ့ အုပ်ထိန်းသူတွေဟာ အဲဒီကလေးတွေနဲ့ အတူတူမစားရဲတော့ဘဲ ခွဲခြားစားသောက်ရတဲ့အခြေအနေထိ ခက်ခဲမှုဖြစ်လာခဲ့တယ်။ အရှင်မြတ်က အဲဒီလိုခက်ခဲမှုကို အလိုရှိတော်မူတာမဟုတ်ကြောင်း ယသီမ်ကလေးတွေရဲ့ ကောင်းကျိုးကို ရှေးရှုပြီး မခွဲဘဲ အတူတကွ ရောစပ်စားသောက်နိုင်ကြောင်း မိန့်ကြားတော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا تَنْكِحُوا الْمُشْرِكٰتِ حَتّٰى يُؤْمِنَّ ؕ وَلَاَمَةٌ مُّؤْمِنَةٌ خَيْرٌ مِّنْ مُّشْرِكَةٍ وَّلَوْ اَعْجَبَتْكُمْ ۚ وَلَا تُنْكِحُوا الْمُشْرِكِيْنَ حَتّٰى يُؤْمِنُوْا ؕ وَلَعَبْدٌ مُّؤْمِنٌ خَيْرٌ مِّنْ مُّشْرِكٍ وَّلَوْ اَعْجَبَكُمْ ؕ اُولٰٓئِكَ يَدْعُوْنَ اِلَى النَّارِ ۖۚ وَاللّٰهُ يَدْعُوْٓا اِلَى الْجَنَّةِ وَالْمَغْفِرَةِ بِاِذْنِهٖ ۚ وَيُبَيِّنُ اٰيٰتِهٖ لِلنَّاسِ لَعَلَّهُمْ يَتَذَكَّرُوْنَ ﴿٢٢١﴾

(၂၂၁) ထို့ပြင် အသင်တို့သည် ရှိရက်တုဖက်ကိုးကွယ်သည့် အမျိုးသမီးများအား သူမတို့ အီမာန်မယူသမျှ နိကာဟ်ထိမ်းမြားမှု မပြုကြနှင့်။❸ ထို့ပြင် အီမာန်ယုံကြည်သူ ကျွန်မတစ်ဦးသည် ရှိရက်တုဖက်ကိုးကွယ်သူ အမျိုးသမီးတစ်ဦးထက် အမှန်ပင် ပိုကောင်းသည်၊ အကယ်၍ ထိုအမျိုးသမီးသည် အသင်တို့အား စိတ်ဝင်စား(စရာ ဖြစ်)စေခဲ့လျှင်လည်း (မုအ်မိနဟ် ကျွန်မသည်ပင် ပိုကောင်းသည်)။ ထို့ပြင် ရှိရက်တုဖက်ကိုးကွယ်သည့် အမျိုးသားများအား သူတို့ အီမာန်မယုံကြည်သမျှ (သူတို့နှင့် အသင်တို့၏သမီးများကို) လက်ထပ်မပေးကြနှင့်။ ထို့ပြင် အီမာန်ယုံကြည်သူ ကျွန်တစ်ဦးသည် ရှိရက်တုဖက်ကိုးကွယ်သူ အမျိုးသားတစ်ဦးထက် အမှန်ပင် ပိုကောင်းသည်၊ အကယ်၍ ထိုအမျိုးသားသည် အသင်တို့အား စိတ်ဝင်စား(စရာဖြစ်)စေခဲ့လျှင်လည်း (မုအ်မင်န်ကျွန်ကပင် ပို

ကောင်းသည်)။ ထိုသူများသည် ငရဲမီးဘက်သို့ခေါ်ကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ကမူ ဂျန္နသ်ဘက်နှင့် မင်္ဂဖိရသ်လွတ်ငြိမ်းချမ်းသာမှုဘက်သို့ အရှင်မြတ်၏အမိန့်တော်ဖြင့် ဖိတ်ခေါ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အရှင်မြတ်၏အာယသ်တော်များကို လူများအတွက် သူတို့ သတိတရားရကြရန် ရှင်းပြတော်မူသည်။

❷ သာဝကကြီးတစ်ဦးဟာ မက္ကဟ်မြို့ကို ရောက်တဲ့အခါ အမိုက်ခေတ်တုန်းက ချစ်ခင်ရင်းနှီးခဲ့ဖူးတဲ့ အမျိုးသမီးတစ်ဦးက သူမကို သူ့အနေနဲ့လက်ထပ်ယူဖို့ခွင့်ပန်ခဲ့တယ်။ အဲဒီအတွက် ကာဖိရ်တွေနဲ့ လက်ထပ်ခွင့်ရှိ/မရှိ တမန်တော်မြတ် ﷺ ထံမှာ မေးမြန်းခဲ့တဲ့အပေါ် မွတ်စ်လင်မ်ဟာ ကာဖိရ်နဲ့ ၎င်းတို့အီမာန် မယူမချင်း လက်ထပ်ခွင့်မရှိကြောင်း ဒီအာယသ်တော် ကျရောက်လာခဲ့တာဖြစ်တယ်။ (အလ်မနာရ်၊ အလင်းပြကျမ်း)

وَيَسْـَٔلُونَكَ عَنِ الْمَحِيضِ ۖ قُلْ هُوَ أَذًى فَاعْتَزِلُوا النِّسَاءَ فِي الْمَحِيضِ ۖ وَلَا تَقْرَبُوهُنَّ حَتَّىٰ يَطْهُرْنَ ۖ فَإِذَا تَطَهَّرْنَ فَأْتُوهُنَّ مِنْ حَيْثُ أَمَرَكُمُ اللَّهُ ۚ إِنَّ اللَّهَ يُحِبُّ التَّوَّابِينَ وَيُحِبُّ الْمُتَطَهِّرِينَ ﴿٢٢٢﴾

(၂၂၂) ထို့ပြင် သူတို့က အသင်(တမန်တော်)အား ဓမ္မတာရာသီလာခြင်းနှင့်ပတ်သက်၍ မေးမြန်းကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ။ ထိုအရာသည် (ရွံရှာဖွယ်ရာ) အညစ်အကြေးတစ်မျိုး ဖြစ်သည်။ သို့ဖြစ်ရာ ဓမ္မတာရာသီလာသည့်အချိန်တွင် အသင်တို့သည် (ဇနီး)မိန်းမများနှင့် (ကာမဆက်ဆံမှုမပြုဘဲ)ခွဲခွာ၍ နေကြပါ။❻ ထို့ပြင် အသင်တို့သည် ၎င်း(ဇနီးမိန်းမ)တို့ သန့်စင်မှုမဖြစ်သမျှ သူမတို့အနီးသို့ (ကာမဆက်ဆံရန်) မချဉ်းကပ်ကြနှင့်။ ထို့နောက် သူမတို့သည် သန့်စင်လာကြသည့်အခါ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အမိန့်ပေးထားသည့်နေရာမှ သူမတို့ထံ အသင်တို့(ကာမဆက်ဆံရန်) သွားလာကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အမှားဝန်ချတောင်းပန်(ပြီး အရှင်မြတ်ဘက် အလွန်လှည့်သော)သူများအား နှစ်သက်တော်မူသည်။ ၎င်းပြင် အရှင်မြတ်သည် သန့်ပြန့်စင်ကြယ်သောသူများအားလည်း နှစ်သက်တော်မူသည်။

❻ ဇနီးကြင်ရာတွေ ဓမ္မတာလာတဲ့အချိန်မှာ နတ်စ္စရာနီတွေက ကာမဆက်ဆံမှုပြုကြတယ်။ ယဟူဒီတွေကတော့ ကာမ ဆက်ဆံဖို့ဝေးစွ၊ ထမင်းတောင် အတူမစားဘဲ ရွံရှာစက်ဆုပ်မှုနဲ့ဝေးဝေးနေကြတယ်။ မွတ်စ်လင်မ်တွေကို အဲဒီလို အစွန်းမရောက်ဖို့ ဓမ္မတာလာတဲ့အချိန်မှာ ကာမဆက်ဆံမှုပြုခြင်းကိုသာ ဝေးဝေးရှောင်ဖို့နဲ့ ကျန်တဲ့ဆက်ဆံမှုဟူသမျှကို ပုံမှန်အတိုင်းအတူတူနေထိုင်ဆက်ဆံသွားကြဖို့ ညွှန်ကြားထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

نِسَاؤُكُمْ حَرْثٌ لَّكُمْ فَأْتُوا حَرْثَكُمْ أَنَّىٰ شِئْتُمْ ۖ وَقَدِّمُوا لِأَنفُسِكُمْ ۚ وَاتَّقُوا اللَّهَ وَاعْلَمُوا أَنَّكُم مُّلَاقُوهُ ۗ وَبَشِّرِ الْمُؤْمِنِينَ ﴿٢٢٣﴾

(၂၂၃) အသင်တို့၏ဇနီးမိန်းမများသည် အသင်တို့အတွက် လယ်ယာ

မြေဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် အသင်တို့၏လယ်ယာ(များ)ကို အသင်တို့ကြိုက်သည့်နည်း[၅] ဖြင့် (ထွန်ယက်စိုက်ပျိုး)သွားလာကြပါ။ ထို့ပြင် အသင်တို့သည် အသင်တို့အတွက် (ကောင်းမှု) ကြိုတင်ပို့ဆောင်ထားကြပါ။ ထို့ပြင် မုချ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ကြပါ။ ထို့ပြင် အသင်တို့သည် အရှင်မြတ်နှင့် တွေ့ဆုံရမည်ဆိုသည်ကိုလည်း သိရှိ(ယုံကြည်)ထားကြပါ။ ထို့နောက် အသင်သည် အီမာန်ယုံကြည်သူများအား သတင်းကောင်းပေးလိုက်ပါ။[၆]

[၅] ဇနီးမိန်းမနဲ့ နောက်ကျောဘက်ကနေ ပေါင်းသင်းဆက်ဆံမယ်ဆိုရင် မွေးဖွားလာမဲ့ကလေးဟာ မျက်စိစွေလိမ့်မယ်လို့ ယဟူဒီတွေက ပြောဆိုကြတဲ့အတွက် ဒီအာယသ်ကျရောက်လာခဲ့တာ ဖြစ်တယ်။(အိဗ်နုကဆီး၏) မစင်ထွက်ရာအပေါက်နေရာကလွဲလို့ ကိုယ်နှစ်သက်ရာပုံစံအနေအထားနဲ့ ကာမဆက်ဆံနိုင်ကြောင်း ခွင့်ပြုထားခြင်းဖြစ်တယ်။ (အာစားန်သရ်ဂျူမဟ်) [၆] အရှင်မြတ်ကို ကြောက်ပြီး ဇနီးကြင်ရာတွေနဲ့ကောင်းကောင်းမွန်မွန်ဆက်ဆံတဲ့သူတွေကို အလ္လာဟ်အရှင်မြတ်က သတင်းကောင်း ပေးခိုင်းထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا تَجْعَلُوا اللّٰهَ عُرْضَةً لِّاَيْمَانِكُمْ اَنْ تَبَرُّوْا وَتَتَّقُوْا وَتُصْلِحُوْا بَيْنَ النَّاسِ ۗ وَاللّٰهُ سَمِيْعٌ عَلِيْمٌ ﴿٢٢٤﴾

(၂၂၄) ထို့ပြင် အသင်တို့သည် ကောင်းမှုမပြုကြရန်၊ အပြစ်မရှောင်ကြရန်၊ လူများကြားတွင် ခိုက်ရန်ဖြစ်မှုကို ဖြန်ဖြေမပေးကြရန် အသင်တို့၏ကျိန်ဆိုမှုများအတွက် အလ္လာဟ်အရှင်မြတ်အား (ဒိုင်းသဖွယ်)အကာအကွယ် မပြုလုပ်ကြနှင့်။ (အလ္လာဟ်နှင့်ကျိန်ဆိုထားသည့်အတွက် ထိုအလုပ်များကို မလုပ်ခြင်းဖြစ်သည်ဟု အရှင်မြတ်ကို ခုတုံးမလုပ်ကြနှင့်။)[၇] ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

[၇] မကောင်းမှုပြုလုပ်ဖို့ ကျိန်ထားရင် အဲဒီကျိန်ဆိုချက်ကို ဖျက်ပြီးကဖ်ဖာရဟ် ပေးရမယ်။ ဗုခါရီကျမ်း – နံပါတ် ၆၆၂၁ (အဲဒီလိုပဲ ကောင်းမှုမပြုလုပ်ဘူးလို့ ကျိန်ဆိုထားရင်လည်းဖျက်ပြီးကဖ်ဖာရဟ် ပေးရမယ်။)(အာစားန် သရ်ဂျူမဟ် )။ (ကျိန်ဆိုမှုကို ဖျက်တဲ့အတွက် ကဖ်ဖာရဟ်ပြုလုပ်ရမဲ့ပုံစံကို ၅း၈၉ မှာ အကျယ်အမိန့်ရှိထားပါတယ်)။

لَا يُؤَاخِذُكُمُ اللّٰهُ بِاللَّغْوِ فِيْٓ اَيْمَانِكُمْ وَلٰكِنْ يُّؤَاخِذُكُمْ بِمَا كَسَبَتْ قُلُوْبُكُمْ ۗ وَاللّٰهُ غَفُوْرٌ حَلِيْمٌ ﴿٢٢٥﴾

(၂၂၅) အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ အလဟဿကျိန်ဆိုမှုများ[၁] နှင့်ပတ်သက်၍ အသင်တို့အား အရေးယူတော်မူမည်မဟုတ်ပေ။ သို့ရာတွင် အသင်တို့ စိတ်ရောကိုယ်ပါ ကျိန်ဆိုခဲ့သည်များ[၂] နှင့်စပ်လျဉ်း၍မူ အရှင်မြတ်သည် အသင်တို့အား အရေးယူတော်မူမည်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်

အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်ထောက်ထားညှာတာသည်းခံဆိုင်းငံ့တော်မူသောအရှင် ဖြစ်တော်မူသည်။

❶ စိတ်ထဲက (လိမ်လည်ဖို့ရည်ရွယ်ချက်)မပါဘဲ မှားယွင်းပြီး ကျိန်ဆိုမိတာမျိုးကို အရှင်မြတ်က အရေးမယူဘူး။(အလင်းပြကျမ်း) ❷ စိတ်ထဲက လိမ်ဖို့ ရည်ရွယ်ပြီး ကျိန်ဆိုတာမျိုးကို အရှင်မြတ်က အရေးယူတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

لِلَّذِينَ يُؤْلُونَ مِن نِّسَآئِهِمْ تَرَبُّصُ أَرْبَعَةِ أَشْهُرٍ ۖ فَإِن فَآءُو فَإِنَّ ٱللَّهَ غَفُورٌ رَّحِيمٌ ﴿٢٢٦﴾

(၂၂၆) မိမိတို့၏ ဇနီးကြင်ရာများနှင့် (ကာမဆက်ဆံမှု ပြုမည်မဟုတ်တော့ဟု) ကျိန်ဆိုသူများ❸ အတွက် အချိန်လေးလ စောင့်ဆိုင်းခွင့်ရှိသည်။ ထို့နောက် အကယ်၍(လေးလအတွင်း)သူတို့သည်(ကျိန်ဆိုချက်ကို)ပြန်လည်ရုပ်သိမ်းကြလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

❸ အမိုက်ခေတ်မှာ အရပ်တွေဟာ သူတို့ရဲ့ဇနီးတွေကို မနှစ်သက်ကြတဲ့အခါ ကွာရှင်းမှုလည်းမပြု၊ ပေါင်းသင်းမှုလည်း မပြုတဲ့ပုံစံအဖြစ်နဲ့ ညှဉ်းဆဲထားချင်တာနဲ့ ကျိန်ဆိုပြီး ကာမဆက်ဆံမှုမပြုတော့ဘူးလို့ပြောဆိုလေ့ရှိကြတယ်။ အဲဒါကို "အီလာ" လို့ ခေါ်တယ်။ တမန်တော်မြတ် ﷺ စတင်ပွင့်ခါစ အစပိုင်းကာလမှာလည်း မွတ်စ်လင်မ်တွေဟာ အဲဒီလို "အီလာ" လုပ်ပြီး ဇနီးမိန်းမတွေကို ဒုက္ခပေးနေကြတဲ့အတွက် ဒီအမိန့်တွေကျရောက်လာခဲ့တာဖြစ်တယ်။ (ခါဇင်န်၊ အလင်းပြကျမ်း)

وَإِنْ عَزَمُوا۟ ٱلطَّلَٰقَ فَإِنَّ ٱللَّهَ سَمِيعٌ عَلِيمٌ ﴿٢٢٧﴾

(၂၂၇) ထို့ပြင် အကယ်၍ သူတို့သည် ကွာရှင်းပြတ်စဲရန်သာ ဆုံးဖြတ်ကြသည်ဆိုလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

وَٱلْمُطَلَّقَٰتُ يَتَرَبَّصْنَ بِأَنفُسِهِنَّ ثَلَٰثَةَ قُرُوٓءٍ ۚ وَلَا يَحِلُّ لَهُنَّ أَن يَكْتُمْنَ مَا خَلَقَ ٱللَّهُ فِىٓ أَرْحَامِهِنَّ إِن كُنَّ يُؤْمِنَّ بِٱللَّهِ وَٱلْيَوْمِ ٱلْءَاخِرِ ۚ وَبُعُولَتُهُنَّ أَحَقُّ بِرَدِّهِنَّ فِى ذَٰلِكَ إِنْ أَرَادُوٓا۟ إِصْلَٰحًا ۚ وَلَهُنَّ مِثْلُ ٱلَّذِى عَلَيْهِنَّ بِٱلْمَعْرُوفِ ۚ وَلِلرِّجَالِ عَلَيْهِنَّ دَرَجَةٌ ۗ وَٱللَّهُ عَزِيزٌ حَكِيمٌ ﴿٢٢٨﴾

(၂၂၈) ထို့ပြင်ကွာရှင်းပြတ်စဲခြင်းခံရသည့် ဇနီးမိန်းမများသည် အချိန်ကာလသုံးခုအထိ❹ အိဒ္ဒသ်စောင့်ဆိုင်းမှုပြုကြရမည်။ ထို့ပြင် ၎င်း(ဇနီးမိန်းမ)တို့သည် အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ကြလျှင် ၎င်းတို့အနေဖြင့် ၎င်းတို့၏သားအိမ်များထဲတွင် အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသောအရာ (ကိုယ်ဝန် သို့မဟုတ် ဓမ္မတာလာခြင်း)ကို ထိမ်ချန်လျှို့ဝှက်ထားပိုင်ခွင့်မရှိပေ။❺ ထို့ပြင် ၎င်းတို့၏ခင်ပွန်းယောကျ်ားများသည် သင့်မြတ်မှုကို

ရည်ရွယ်ကြသည်ဆိုလျှင် ၎င်းတို့အား(ဇနီးအဖြစ်) ယင်း(စောင့်ဆိုင်းကာလ)တွင် ပြန်ယူရန် ပိုထိုက်သည်။ ထို့ပြင် ယောကျ်ားများသည် ကောင်းသည့်နည်းလမ်းဖြင့် ၎င်း(ဇနီးမိန်းမ)တို့အပေါ်တွင် အခွင့်အရေးရကြသကဲ့သို့ ၎င်းတို့သည်လည်း ကောင်းသည့်နည်းလမ်းဖြင့် အခွင့်အရေးရကြသည်။ ထို့ပြင် ယောကျ်ားများအတွက် မိန်းမများထက် အဆင့်တစ်ဆင့် ပိုသည်။[၆] ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

[၄] အချိန်ကာလသုံးခုနဲ့ပတ်သက်ပြီး အကွဲအလွဲရှိတယ်။ အိမာမ်ရှာဖိအီ رحمه الله အပါအဝင် တချို့က ဓမ္မတာလာပြီးနောက် သန့်ရှင်းနေတဲ့အချိန်သုံးချိန်ကို ဆိုလိုတာလို့လည်း ပြောကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကွာရှင်းခံရတဲ့ ဇနီးမိန်းမဟာ (ဟာနဖီမှာ)ဓမ္မတာသုံးကြိမ် ဒါမှမဟုတ်(ရှာဖိအီမှာ)ဓမ္မတာလာပြီး သန့်ပြန့်မှုသုံးကြိမ်ပြီးဆုံးတဲ့ထိ နောက်အိမ်ထောင်မပြုဘဲ အိဒ်ဒသ် စောင့်ဆိုင်းရမှာဖြစ်တယ်။ (ကုရ်အာန် အလင်းပြကျမ်း) [၅] အိဒ်ဒသ် စောင့်ဆိုင်းရက်အတွင်းမှာ ဖြစ်ပေါ်လာတဲ့ဓမ္မတာလာခြင်းနဲ့ ကိုယ်ဝန်ဖြစ်လာခြင်းတို့ကို အီမာန်ယုံကြည်သူဖြစ်ရင် ထုတ်ဖော်ပြောပြရမှာဖြစ်တယ်။ ဓမ္မတာလာခြင်းကို လျှို့ဝှက်ထားရင် အိဒ်ဒသ်ရဲ့ရက်တွက်မှုတွေ မှားယွင်း သွားနိုင်တယ်၊ အဲဒီလိုပဲ ကိုယ်ဝန်ရှိတာကို မပြောရင်လည်း အိဒ်ဒသ်ရက်မှားယွင်းသွားမယ်။ နောက်အိမ်ထောင်ပြုလိုက်ရင် ကလေးနဲ့ပတ်သက်ပြီး ပထမယောကျ်ားရဲ့ကလေးလား၊ ဒုတိယ ယောကျ်ားရဲ့ကလေးလားဆိုတာ အငြင်းပွားနိုင်တယ်။ (အလင်းပြကျမ်း) [၆] အမျိုးသားနဲ့ အမျိုးသမီးဟာ အခွင့်အရေး တန်းတူဖြစ်တယ်။ ဒါပေမဲ့ (ကုရ်အာန် - ၄း၃၄)မှာ اَلرِّجَالُ قَوَّامُوْنَ عَلَى النِّسَآءِ "အမျိုးသားများသည် အမျိုးသမီးများအပေါ်တွင် ကြီးကြပ်အုပ်ထိန်းသူများဖြစ်ကြသည်" လို့ အမိန့်ရှိထားတဲ့အတွက် အဆင့်တစ်ဆင့် မြင့်နေခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)။ ဒီလို အဆင့်တစ်ဆင့် မြင့်နေခြင်းမှာ လောကီရေးရာ အစီအစဉ်တွေအတွက်သာဖြစ်တယ်။ သာသနာရေးရာကိစ္စတွေဖြစ်တဲ့ ကောင်းမှု၊ မကောင်းမှုကိစ္စမှာတော့ တန်းတူပဲဖြစ်တယ်။ မိမိလုပ်သလောက် အာခိရသ် တမလွန်ဘဝမှာ အကျိုးအပြစ်ရရှိမှာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

اَلطَّلَاقُ مَرَّتٰنِ ۪ فَاِمْسَاكٌۢ بِمَعْرُوْفٍ اَوْ تَسْرِيْحٌۢ بِاِحْسَانٍ ؕ وَلَا يَحِلُّ لَكُمْ اَنْ تَاْخُذُوْا مِمَّآ اٰتَيْتُمُوْهُنَّ
شَيْـًٔا اِلَّآ اَنْ يَّخَافَآ اَلَّا يُقِيْمَا حُدُوْدَ اللّٰهِ ؕ فَاِنْ خِفْتُمْ اَلَّا يُقِيْمَا حُدُوْدَ اللّٰهِ ۙ فَلَا جُنَاحَ عَلَيْهِمَا فِيْمَا
افْتَدَتْ بِهٖ ؕ تِلْكَ حُدُوْدُ اللّٰهِ فَلَا تَعْتَدُوْهَا ۚ وَمَنْ يَّتَعَدَّ حُدُوْدَ اللّٰهِ فَاُولٰٓئِكَ هُمُ الظّٰلِمُوْنَ ﴿٢٢٩﴾

(၂၂၉) ကွာရှင်းမှုသည် နှစ်ကြိမ်သာလျှင်ဖြစ်၏။[၇] ထို့နောက် (ခင်ပွန်းယောကျ်ားများသည် သူတို့၏ဇနီးများကို) ကောင်းမွန်သည့်နည်းဖြင့် ပြန်ပေါင်းရန်သာရှိသည်။ သို့မဟုတ် (တတိယအကြိမ်တွင်) ကောင်းမွန်စွာ (ကြည်ကြည်ဖြူဖြူ) စွန့်လွှတ်လိုက်ရန်သာရှိသည်။ ထို့ပြင် အသင်တို့အတွက် ၎င်း(ဇနီးမိန်းမ)တို့အား ပေးခဲ့သည့်အရာ (ထိမ်းမြားရန် သဘောတူထားသောမဟာရ်ပစ္စည်း)ထဲမှ

မည်သည့်အရာမျှ ပြန်ယူပိုင်ခွင့်မရှိပေ။ သို့ရာတွင် ထို(ဇနီးမောင်နှံ)နှစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းဥပဒေများကို စောင့်စည်းနိုင်ကြမည်မဟုတ်ဟု စိုးရိမ်ကြသည့်အခါမျိုး၌သာ (လျော်ကြေးအဖြစ်ဖြင့် ယူနိုင်သည်)။ ထို့အတွက် အကယ်၍ ထို(ဇနီးမောင်နှံ)နှစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းဥပဒေများကို မစောင့်စည်းနိုင်မည်ကို အသင်တို့ စိုးရိမ်ကြလျှင် ၎င်း(ဇနီးမိန်းမ)က လျော်ကြေးပေးသည့် ပစ္စည်းနှင့်ပတ်သက်၍ ထို(ဇနီးမောင်နှံ)နှစ်ဦးတို့အပေါ်တွင် မည်သည့်အပြစ်မျှ မထိုက်ပေ။ ထိုအရာများသည် အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းများဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ယင်း(စည်းကမ်း)တို့ကို မကျူးကျော်ကြနှင့်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းများကို ကျူးကျော်လျှင် ထိုသူများပင် ပြစ်မှုကျူးလွန်သည့်သူများဖြစ်ကြသည်။

၇ အိဒ်ဒသ်ရက်အတွင်းမှာ သွလာက်ကို ပြန်ရုပ်သိမ်းနိုင်တာ ၂ကြိမ်ပဲဖြစ်တယ်။ أَوْ تَسْرِيحٌ بِإِحْسَانٍ ဆိုတာ နောက်ဆုံး ကောင်းကောင်းမွန်မွန်နဲ့စွန့်လွှတ်လိုက်ခြင်းဟာ သုံးကြိမ်မြောက် သွလာက်ပေးလိုက်ခြင်းပဲဖြစ်တယ်။ (အာစားန် သရ်ဂျမဟ် )။သွလာက်ထဲမှာ အကောင်းဆုံးသွလာက်မှာ သန့်ပြန့်နေစဉ် ကာမဆက်ဆံမှုမပြုဘဲ သွလာက်တစ်ကြိမ်ပဲပေးပြီး အိဒ်ဒသ်ရက်ကုန်တဲ့အခါ စွန့်လွှတ်လိုက်ခြင်းဖြစ်တယ်။ အဆိုးဆုံးအပြစ်ရှိတဲ့ သွလာက်မှာ တစ်ချိန်တည်း သုံးသွလာက်ပေးခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

فَإِنْ طَلَّقَهَا فَلَا تَحِلُّ لَهُ مِنْ بَعْدُ حَتَّىٰ تَنْكِحَ زَوْجًا غَيْرَهُ ۗ فَإِنْ طَلَّقَهَا فَلَا جُنَاحَ عَلَيْهِمَا أَنْ يَتَرَاجَعَا إِنْ ظَنَّا أَنْ يُقِيمَا حُدُودَ اللَّهِ ۗ وَتِلْكَ حُدُودُ اللَّهِ يُبَيِّنُهَا لِقَوْمٍ يَعْلَمُونَ ﴿٢٣٠﴾

(၂၃၀) ထို့နောက် အကယ်၍ (ယောကျ်ားက ဇနီးသည်ကို ထပ်ပြီး နောက်တစ်ကြိမ်) သွလာက်ပေးခဲ့လျှင် ထို(ကဲ့သို့ သုံးသွလာက်ပေးပြီး)နောက် ယင်း(ယောကျ်ား)အတွက် ၎င်း(ဇနီးမိန်းမ)သည် အခြားယောကျ်ားတစ်ဦးဦးနှင့် နိကာဟ်ထိမ်းမြားပေါင်းသင်းမှုမပြုသမျှ ဟလာလ်တရားဝင်ဇနီးဖြစ်မည်မဟုတ်တော့ပေ။၈ အကယ်၍ ယင်း(ဒုတိယယောကျ်ား)သည်လည်း ၎င်း(ဇနီးမိန်းမ)ကို ကွာရှင်းပြန်လျှင် ၎င်း(ဇနီးမိန်းမ)နှင့် ယင်း(ပထမယောကျ်ား)တို့သည် သူတို့နှစ်ဦးအနေဖြင့် အလ္လာဟ်အရှင်မြတ်၏စည်းကမ်းဥပဒေများကို စောင့်ထိန်းနိုင်ကြမည်ဟု ထင်မြင်ယူဆပြီး နောက်တစ်ကြိမ်ပြန်လည် (နိကာဟ်ပြုလက်ထပ်၍) ပေါင်းသင်းဆက်ဆံကြလျှင် ထို(ဇနီးမောင်နှံ)နှစ်ဦးအပေါ်တွင် မည်သည့်အပြစ်မျှ မရှိပေ။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းဥပဒေများဖြစ်သည်၊ အရှင်မြတ်သည် ၎င်းတို့ကို အသိရှိသည့်သူများအတွက် ရှင်းပြ

တော်မူသည်။

❶ ဥပမာ- “မောင်နီက သူ့ဇနီး မဖြူကို သုံးသွလာက်ပေးပြီး ကွာရှင်းလိုက်တယ်။ အဲဒီ မဖြူက အိဒ်ဒသ်ရက်ကုန်ဆုံးပြီးတဲ့နောက်မှာ မောင်ညိုနဲ့ နိကာဟ်ပြု လက်ထပ်ကာ ပေါင်းသင်းဆက်ဆံနေထိုင်ခဲ့တယ်။ ပြီးတော့ အဲဒီမောင်ညိုက မဖြူကို အပြီးအပြတ်သွလာက်ပေးပြီး ကွာရှင်းလိုက်ပြန်တယ်။ အဲဒီမဖြူက အိဒ်ဒသ်ရက်ကုန်ဆုံးပြီးနောက် ပထမခင်ပွန်းဖြစ်ခဲ့တဲ့ မောင်နီနဲ့ နောက်တစ်ဖန်ပြန်ပြီး နိကာဟ်ပြုလက်ထပ်ခဲ့တယ်ဆိုရင် မောင်နီနဲ့မဖြူ နှစ်ဦးစလုံးအပေါ်မှာ ဘာအပြစ်မှမရှိဘူး။” အဲဒါကို ဆိုလိုခြင်းဖြစ်တယ်။ (အလင်းပြကျမ်း၊ ဒရ်စေ့သိရ်မိဇီ ကျမ်း)

وَاِذَا طَلَّقْتُمُ النِّسَآءَ فَبَلَغْنَ اَجَلَهُنَّ فَاَمْسِكُوْهُنَّ بِمَعْرُوْفٍ اَوْ سَرِّحُوْهُنَّ بِمَعْرُوْفٍ ۖ وَلَا
تُمْسِكُوْهُنَّ ضِرَارًا لِّتَعْتَدُوْا ۚ وَمَنْ يَّفْعَلْ ذٰلِكَ فَقَدْ ظَلَمَ نَفْسَهٗ ۗ وَلَا تَتَّخِذُوْٓا اٰيٰتِ اللّٰهِ هُزُوًا ۫
وَّاذْكُرُوْا نِعْمَتَ اللّٰهِ عَلَيْكُمْ وَمَآ اَنْزَلَ عَلَيْكُمْ مِّنَ الْكِتٰبِ وَالْحِكْمَةِ يَعِظُكُمْ بِهٖ ۗ وَاتَّقُوا
اللّٰهَ وَاعْلَمُوْٓا اَنَّ اللّٰهَ بِكُلِّ شَيْءٍ عَلِيْمٌ ﴿٢٣١﴾

(၂၃၁) ထို့ပြင် အသင်တို့သည် (ဇနီး)မိန်းမများအား သွလာက်(ရဂ်ျအီ) ပေးပြီးနောက် ၎င်းတို့သည် ၎င်းတို့၏အိဒ်ဒသ်(ကုန်ဆုံးတော့မည့်)ရက်ကို ရောက်သွားသည့်အခါ အသင်တို့သည် ၎င်းတို့အား ကောင်းမွန်သည့်နည်းဖြင့် ပြန်ယူလိုက်ကြရမည်၊ သို့မဟုတ် ၎င်းတို့အား ကောင်းမွန်သည့်နည်းဖြင့် စွန့်လွှတ်လိုက်ကြရမည်။ ထို့နောက် အသင်တို့သည် ၎င်းတို့အား နစ်နာစေလိုသည့်အနေဖြင့် ညှဉ်းပန်းနှိပ်စက်ရန် ပြန်ယူထားခြင်းမပြုကြနှင့်။ ထို့ပြင် မည်သူမဆို ထိုကဲ့သို့ပြုလုပ်လျှင် ထိုသူသည် မိမိကိုယ်မိမိ နှိပ်စက်ခြင်း အမှန်ပင်ဖြစ်သည်။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များကို ပြောင်လှောင်မှု❷ မပြုလုပ်ကြနှင့်။ ထို့ပြင် အသင်တို့သည် အသင်တို့အပေါ်တွင်ရှိသည့် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်များကို သတိရကြပါ၊ ထို့ပြင် အရှင်မြတ်က အသင်တို့အပေါ် ချပေးခဲ့သည့်ကျမ်းဂန်နှင့် (တမန်တော်သင်ကြားပို့ချခဲ့သော)ပညာဉာဏ်အမြော်အမြင်များကိုလည်း သတိရကြပါ၊ ထိုအရာများနှင့်ပင် အရှင်မြတ်သည် အသင်တို့အား ဆုံးမတော်မူသည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ကြပါ၊ ထို့နောက် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်ကို အသင်တို့ သိထားကြပါ။

❷ သွလာက်ပေးပြီးနောက် ငါဟာ တကယ်ပေးတာမဟုတ်ဘူး၊ စတာပါ၊ နောက်တာပါလို့ပြောခြင်းဟာ အရှင့်အမိန့်ကို ပြောင်လှောင်သလိုဖြစ်တဲ့အတွက် တားထားခြင်းဖြစ်တယ်။ “အချက်(၃)ချက်ဟာ တကယ်လုပ်ရင်လည်း တကယ်ဖြစ်တယ်၊ ပြောင်လှောင်တဲ့အနေနဲ့လုပ်ရင်လည်း

တကယ်ပဲဖြစ်တယ်။ (၁) သွလာက် ကွာရှင်းခြင်း၊ (၂) နိကာဟ် ထိမ်းမြားခြင်း၊ (၃)ကျွန်ကို သူကောင်းပြုခြင်း။" (သိရ်မိဇီကျမ်း၁၁၈၄ ဟာရီယဟ်)။အဲဒီသုံးခုစလုံးဟာ(ဟနဖီ မဇ်ဟဗ်မှာ) ချစ်လို့ပဲပြောပြော၊ မုန်းလို့ပဲပြောပြော၊ ဒေါသထွက်လို့ပဲပြောပြော၊ မူးလို့ပဲပြောပြော၊ ပြောင်နောက်ပြီးပဲပြောပြော၊ အမှန်တကယ်ဖြစ်ဖို့အတွက်ပဲပြောပြော အတူတူပဲ သက်ရောက်အတည်ဖြစ်တယ်။(အလင်းပြကျမ်း)

وَإِذَا طَلَّقْتُمُ النِّسَاءَ فَبَلَغْنَ أَجَلَهُنَّ فَلَا تَعْضُلُوهُنَّ أَنْ يَنْكِحْنَ أَزْوَاجَهُنَّ إِذَا تَرَاضَوْا بَيْنَهُمْ بِالْمَعْرُوفِ ۗ ذَٰلِكَ يُوعَظُ بِهِ مَنْ كَانَ مِنْكُمْ يُؤْمِنُ بِاللَّهِ وَالْيَوْمِ الْآخِرِ ۗ ذَٰلِكُمْ أَزْكَىٰ لَكُمْ وَأَطْهَرُ ۗ وَاللَّهُ يَعْلَمُ وَأَنْتُمْ لَا تَعْلَمُونَ ﴿٢٣٢﴾

(၂၃၂) ထို့ပြင် အသင်တို့သည် (ဇနီး)မိန်းမများအား သွလာက်(ရဂ်ျအီ) ပေးပြီးနောက် သူမတို့သည် သူမတို့၏ အိဒ္ဒသ်ရက်ကို ရောက်သွားသည့်အခါ သူမတို့၏ (နောက်အိမ်ထောင်ပြုမည့်) ခင်ပွန်းသည်များနှင့် ကောင်းမွန်စွာ အချင်းချင်း သဘောတူခဲ့ကြလျှင် အသင်တို့သည် ၎င်း(ဇနီးမိန်းမ)တို့အား သူမတို့၏(နောက်အိမ်ထောင်ပြုမည့်)ခင်ပွန်းများနှင့် လက်ထပ်ထိမ်းမြားခြင်းကို ဖိနှိပ်ချုပ်ချယ်တားမြစ်မှု❷ မပြုကြနှင့်(မတားမြစ်ကြနှင့်)။ အသင်တို့ထဲမှ အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သောသူများသည် ၎င်း(ပညတ်တော်)ဖြင့် ဆုံးမခြင်းခံရသည်။ ၎င်းသည် အသင်တို့အတွက် ပိုပြီး အကျိုးဖြစ်ထွန်းစေသည့်အပြင် ပိုပြီးစင်ကြယ်စေသောအရာဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သိတော်မူ၏ အသင်တို့သည် မသိကြပေ။

❷ အမိုက်ခေတ်က ဇနီးမိန်းမတွေကို အခွင့်အရေး လုံးဝပေးလေ့မရှိဘဲ အမြဲညှဉ်းပန်းနှိပ်စက်လေ့ရှိခဲ့ကြတယ်။ နောက်ဆုံး ဇနီးမိန်းမကို မုန်းလွန်းလို့ ဆက်မပေါင်းချင်တော့ရင်တောင်မှ သွလာက်ပေးပြီးနောက် စွန့်လွှတ်လိုက်ခြင်းမရှိဘဲ နောက်အိမ်ထောင် မပြုနိုင်အောင် အတင်းအကျပ် ချုပ်ချယ်ထားခဲ့ကြတယ်။ အဲဒီ အကျင့်စရိုက်တွေကို ဖယ်ရှားဖို့ အရှင်မြတ်က ဒီအာယသ်တော်တွေကို ချပေးခဲ့ပြီး အမျိုးသမီးတွေရဲ့အခွင့်အရေးတွေ၊ လွတ်လပ်ခွင့်တွေကို ပေးသနားတော်မူခဲ့ခြင်းဖြစ်တယ်။ (အာစားန်သရ်ဂျူမဟ်)

وَالْوَالِدَاتُ يُرْضِعْنَ أَوْلَادَهُنَّ حَوْلَيْنِ كَامِلَيْنِ ۖ لِمَنْ أَرَادَ أَنْ يُتِمَّ الرَّضَاعَةَ ۚ وَعَلَى الْمَوْلُودِ لَهُ رِزْقُهُنَّ وَكِسْوَتُهُنَّ بِالْمَعْرُوفِ ۚ لَا تُكَلَّفُ نَفْسٌ إِلَّا وُسْعَهَا ۚ لَا تُضَارَّ وَالِدَةٌ بِوَلَدِهَا وَلَا مَوْلُودٌ لَهُ بِوَلَدِهِ ۚ وَعَلَى الْوَارِثِ مِثْلُ ذَٰلِكَ ۗ فَإِنْ أَرَادَا فِصَالًا عَنْ تَرَاضٍ مِنْهُمَا وَتَشَاوُرٍ فَلَا جُنَاحَ عَلَيْهِمَا ۗ وَإِنْ أَرَدْتُمْ أَنْ تَسْتَرْضِعُوا أَوْلَادَكُمْ فَلَا جُنَاحَ عَلَيْكُمْ إِذَا سَلَّمْتُمْ مَا آتَيْتُمْ بِالْمَعْرُوفِ ۗ وَاتَّقُوا اللَّهَ وَاعْلَمُوا أَنَّ اللَّهَ بِمَا تَعْمَلُونَ بَصِيرٌ ﴿٢٣٣﴾

(၂၃၃) ထို့ပြင် မိခင်များသည် ၎င်းတို့၏သားသမီးများအား ၂နှစ်အပြည့် နို့တိုက်ကြရမည်။ (ဤသည်) ရက်ပြည့်အောင်နို့တိုက်ကျွေးလိုသည့်သူအတွက်

ဖြစ်သည်။ ထို့ပြင်(ကလေး၏)ဖခင်အပေါ်တွင် (နို့တိုက်ရက်ပြည့်သည်အထိ) ၎င်း(မိခင်)တို့၏ စားနပ်ရိက္ခာနှင့် အဝတ်အစားကို ကောင်းမွန်သည့်နည်းဖြင့် (စီစဉ်ပေးရန်) တာဝန်ရှိသည်။ မည်သူမျှ သူတတ်စွမ်းနိုင်သည်ထက်ပိုပြီး တာဝန်ပေးခြင်းမခံရပေ။❶ မည်သည့်မိခင်မျှ ၎င်း၏သားသမီးအတွက်ကြောင့် နစ်နာမှုအဖြစ်မခံရပေ၊ ထို့ပြင် မည်သည့်ဖခင်မျှလည်း ၎င်း၏ သားသမီးအတွက်ကြောင့် နစ်နာမှုအဖြစ်မခံရပေ။(ဖခင်သေဆုံးသွားလျှင်) အမွေစားအမွေခံများအပေါ်၌ ထိုကဲ့သို့ပင် (မိခင်၏စားနပ်ရိက္ခာနှင့် အဝတ်အစားကို စီစဉ်ပေးရန်)တာဝန်ရှိသည်။❷ ထို့နောက် ၎င်း(မိဘ)နှစ်ပါးသည် သူတို့အချင်းချင်း သဘောတူ တိုင်ပင်ပြီး နို့ဖြတ်လိုက်မည်ဆိုလျှင် ၎င်းတို့နှစ်ဦးအပေါ်တွင် မည်သည့်အပြစ်မျှ မရှိပေ။ ထို့ပြင် အကယ်၍ အသင်တို့သည် အသင်တို့၏သားသမီးများကို (နို့ထိန်းသည်အား) သင့်တော်သည့်ဗွားရမ်းခပေးပြီး နို့တိုက်ကျွေးခိုင်းမည်ဆိုလျှင်လည်း အသင်တို့အပေါ်တွင် မည်သည့်အပြစ်မျှ မရှိပေ။ (ဝါ) အသင်တို့သည် ကလေးမိခင်ကို ပေးရန်တာဝန်ရှိသည်(များ စားစရာနှင့်အဝတ်အစား)ကို ပေးပြီးနောက် နို့ထိန်းသည် ဗွားရမ်းကာ အသင်တို့၏သားသမီးများကို နို့တိုက်ကျွေးခိုင်းမည်ဆိုလျှင်လည်း အသင်တို့အပေါ်တွင် မည်သည့်အပြစ်မျှ မရှိပေ။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ကြပါ။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သည်များကို အကြွင်းမဲ့မြင်နေတော်မူသောအရှင်ဖြစ်သည် ဆိုသည်ကို အသင်တို့သိထားကြပါ။

❶ အဲဒီတာဝန်တွေကိုလည်း တတ်စွမ်းနိုင်တဲ့အတိုင်းအတာလောက်ပဲ ပေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း) ❷ ကလေးရဲ့ဖခင်သေဆုံးသွားရင် ဖခင်ရဲ့အမွေကိုရယူကြမဲ့ အမွေစားအမွေခံတွေက ဖခင်ရဲ့တာဝန်ဖြစ်တဲ့ ကလေးရဲ့မိခင်ကို အစားရေစာနဲ့ အဝတ်အစား စီစဉ်ပေးရမဲ့ တာဝန်ကိုလည်း အချိုးကျ ခွဲဝေတာဝန်ယူရမှာဖြစ်တယ်။(အသေးစိတ်ကို စစ်မှန်တဲ့ ပညာရှင်တွေထံမှာ မေးမြန်းပြီး ကျင့်သုံးရမှာဖြစ်တယ်။) (အလင်းပြကျမ်း)

وَالَّذِيْنَ يُتَوَفَّوْنَ مِنْكُمْ وَيَذَرُوْنَ اَزْوَاجًا يَّتَرَبَّصْنَ بِاَنْفُسِهِنَّ اَرْبَعَةَ اَشْهُرٍ وَّعَشْرًا ۚ فَاِذَا
بَلَغْنَ اَجَلَهُنَّ فَلَا جُنَاحَ عَلَيْكُمْ فِيْمَا فَعَلْنَ فِيْٓ اَنْفُسِهِنَّ بِالْمَعْرُوْفِ ۗ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ﴿٢٣٤﴾

(၂၃၄) ထို့ပြင် အသင်တို့ထဲမှ အကြင်သူသည် သေဆုံးပြီး ဇနီးမိန်းမများချန်ထားခဲ့သည်။ ၎င်း(ဇနီးမိန်းမ)တို့သည် ၄လနှင့် ၁၀ရက် အိဒ္ဒသ် စောင့်ဆိုင်းနေကြရမည်။❸ ထို့ပြင် ၎င်း(ဇနီးမိန်းမ)တို့သည် ၎င်းတို့၏အိဒ္ဒသ်ရက်(အဆုံး)ကို ရောက်သည့်အခါ ၎င်းတို့ ကိုယ်၎င်းတို့ ကောင်းမွန်သည့်နည်းဖြင့်

ပြုလုပ်သည့်အရာ (နောက်အိမ်ထောင်ပြုခြင်းစသည်)တို့တွင် အသင်တို့အပေါ် မည်သည့်အပြစ်မျှ မရှိပေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ် သည်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်ဖြစ်တော်မူသည်။

❺ ကွာရှင်းခြင်းခံရတဲ့ ဇနီးမိန်းမတွေရဲ့အိဒ်ဒသ်စောင့်ဆိုင်းရမဲ့ကာလဟာ ဓမ္မတာသုံးကြိမ် လာပြီး တဲ့အထိဖြစ်တယ်။ ယောကျ်ားသေဆုံးသွားတဲ့ မုဆိုးမတွေရဲ့ အိဒ်ဒသ် စောင့်ဆိုင်းရမဲ့ ကာလဟာ ၄လနဲ့၁၀ရက်ဖြစ်တယ်။ တကယ်လို့ ကွာရှင်းခြင်းခံရတဲ့ ဇနီးမိန်းမတွေနဲ့ ယောကျ်ား သေဆုံးသွား တဲ့ မုဆိုးမတွေဟာ ကိုယ်ဝန်ဆောင်တွေဖြစ်ခဲ့ကြရင် သူမတို့ရဲ့အိဒ်ဒသ် စောင့်ဆိုင်းရမဲ့ကာလဟာ ကလေးမွေးဖွားတဲ့အချိန်ထိဖြစ်တယ်။ (ဟိဒါယဟ်ကျမ်း၊ အလင်းပြကျမ်း)

وَلَا جُنَاحَ عَلَيۡكُمۡ فِيۡمَا عَرَّضۡتُمۡ بِهٖ مِنۡ خِطۡبَةِ النِّسَآءِ اَوۡ اَكۡنَنۡتُمۡ فِىۡۤ اَنۡفُسِكُمۡ‌ؕ عَلِمَ اللّٰهُ اَنَّكُمۡ سَتَذۡكُرُوۡنَهُنَّ وَلٰـكِنۡ لَّا تُوَاعِدُوۡهُنَّ سِرًّا اِلَّاۤ اَنۡ تَقُوۡلُوۡا قَوۡلًا مَّعۡرُوۡفًا ؕ وَلَا تَعۡزِمُوۡا عُقۡدَةَ النِّكَاحِ حَتّٰى يَبۡلُغَ الۡكِتٰبُ اَجَلَهٗ‌ ؕ وَاعۡلَمُوۡۤا اَنَّ اللّٰهَ يَعۡلَمُ مَا فِىۡۤ اَنۡفُسِكُمۡ فَاحۡذَرُوۡهُ‌ ۚ وَ اعۡلَمُوۡۤا اَنَّ اللّٰهَ غَفُوۡرٌ حَلِيۡمٌ ﴿۲۳۵﴾

(၂၃၅) ထို့ပြင် အသင်တို့သည် (အိဒ်ဒသ်စောင့်ဆိုင်းနေသည့်)အမျိုး သမီး(မုဆိုးမ)များကို စေ့စပ်စကား အရိပ်အခြည်ပြောဆိုခြင်း၊ သို့မဟုတ် (အရိပ် အခြည်မပြောဘဲ)အသင်တို့ စိတ်ထဲ၌ပင် (လက်ထပ်မည့်ကိစ္စ)သိုဝှက်ထားခြင်း တွင် အသင်တို့အပေါ်၌ မည်သည့်အပြစ်မျှ မရှိပေ။ အမှန်စင်စစ် အသင်တို့သည် ၎င်း(မုဆိုးမ)တို့အကြောင်းကို ပြောဖြစ်ကြလိမ့်မည်ဆိုသည်ကို❻ အလ္လာဟ်အရှင် မြတ် သိပြီးဖြစ်တော်မူသည်။ သို့ရာတွင် အသင်တို့သည် ကောင်းမွန်သည့်စကား ပြောဆိုခြင်းမှလွဲ၍ သူမတို့ကို အပြန်အလှန် လျှို့ဝှက်စွာ ကတိပြုမထားကြနှင့်။ ထို့ပြင် ပြဋ္ဌာန်းထားသည့် အိဒ်ဒသ်(ကုန်ဆုံး)ရက် မရောက်မချင်း အသင်တို့သည် နိကာဟ်ပြုခြင်းအထုံးအဖွဲ့ကို မချည်နှောင်ကြနှင့်။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အသင်တို့၏စိတ်များထဲတွင်ရှိသည့်အရာများကို သိတော်မူ ကြောင်း အသင်တို့သိထားကြပါ။ သို့ဖြစ်ရာ အသင်တို့သည် ထိုအရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထို့ပြင် အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာ ခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်ထောက်ထားညှာတာ သည်းခံဆိုင်းငံ့ တော်မူသောအရှင်ဖြစ်တော်မူသည်ဆိုသည်ကို အသင်တို့သိထားကြပါ။

❻ ယောကျ်ားသေဆုံးသွားတဲ့ မုဆိုးမတွေနဲ့ ပတ်သက်ပြီး အခြားယောကျ်ားတွေထဲက နိကာဟ် ပြုလုပ်ဖို့ စိတ်ဝင်စားတဲ့သူတွေဟာ အချင်းချင်း သူမတို့ရဲ့အကြောင်းကို ပြောဆိုကြမယ်၊ ကလေး ဘယ်နှစ်ယောက်ကျန်ခဲ့တယ်၊ အသက်အရွယ်က ငယ်ငယ်ပဲ ရှိသေးတယ်၊ ရုပ်ရည်ကလည်းချော တယ်၊အကျင့်စာရိတ္တလည်း ကောင်းတယ်၊ သနားပါတယ်၊ သူမကို လက်ထပ်လိုက်ရင် သင့်တော်

မယ်လို့ထင်တယ် စသဖြင့် မုဆိုးမတွေအကြောင်း ပြောလေ့ ပြောထရှိလို့ ပြောကြမယ်ဆိုတာကို အရှင်မြတ်က သိပြီးဖြစ်တဲ့အကြောင်း မိန့်ဆိုထားခြင်း ဖြစ်တယ်။ အဲဒီလိုပြောဆိုကြတဲ့အပေါ်မှာတော့ အပြစ်မရှိဘူး။ ဒါပေမဲ့ အိဒ္ဒသ်ရက်မကုန်သေးခင်မှာပဲ နိကာဟ်ပြုဖို့ ပြောဆိုချည်နှောင်မထားကြဖို့ တားမြစ်ထားတာ ဖြစ်တယ်။ (အသ်သဖ်စီရွလ်မုယဿတ်စရ်၊ နပ်စ်ရွလ်ဗာရီ)

لَا جُنَاحَ عَلَيْكُمْ اِنْ طَلَّقْتُمُ النِّسَآءَ مَا لَمْ تَمَسُّوْهُنَّ اَوْ تَفْرِضُوْا لَهُنَّ فَرِيْضَةً ۖۚ وَّمَتِّعُوْهُنَّ ۚ عَلَى الْمُوْسِعِ قَدَرُهٗ وَعَلَى الْمُقْتِرِ قَدَرُهٗ ۚ مَتَاعًا بِالْمَعْرُوْفِ ۚ حَقًّا عَلَى الْمُحْسِنِيْنَ ﴿٢٣٦﴾

(၂၃၆) အကယ်၍ အသင်တို့သည် (ဇနီး)မိန်းမများကို မထိတွေ့ကြသေးမီ❶ သို့မဟုတ် (ထိမ်းမြားရန်သဘောတူထားသော)မဟာရ်ပစ္စည်း (မည်ရွေ့မည်မျှဟု)မသတ်မှတ်ရသေးမီပင် ကွာရှင်းခဲ့ကြလျှင် အသင်တို့တွင် မည်သည့်အပြစ်မျှ မရှိပေ။ ထို့နောက် အသင်တို့သည် ၎င်းတို့အား ချမ်းသာသောသူသည် ချမ်းသာသည့်အလျောက်၊ ဆင်းရဲသောသူသည် ဆင်းရဲသည့်အလျောက် မိမိတို့ တတ်စွမ်းနိုင်သည်ခန့် ကောင်းမွန်သည့်နည်းဖြင့် အကျိုးခံစားခွင့် (လက်ဆောင်) ပေးရန် တာဝန်ရှိသည်။❷ (ဤသည်) ကောင်းကျိုးဆောင်ရွက်သည့် သူများအပေါ်တွင် တာဝန်တစ်ခုဖြစ်သည်။

❶ မထိတွေ့ကြသေးခင်ဆိုတာ ကာမဆက်ဆံမှုမပြုရသေးခင်ကို ဆိုလိုတယ်။ ကာမဆက်ဆံဖို့ အခန်းအပ်လိုက်ပြီးနောက် ကာမ မဆက်ဆံလိုက်ရသေးရင်လည်း ကာမဆက်ဆံတဲ့အမိန့်ထဲမှာပဲ ဝင်သွားတော့တယ်။(အလင်းပြကျမ်း) ❷ တကယ်လို့ နိကာဟ်ပြုလုပ်ချိန်မှာ(ထိမ်းမြားဖို့ သဘောတူထားတဲ့)မဟာရ်ပစ္စည်း မသတ်မှတ်ဘဲ နိကာဟ်ပြုလုပ်လိုက်ရင် နိကာဟ် အထမြောက်ပိုင်သွားမှာဖြစ်ပြီး မဟာရ်ကို နောက်မှ သတ်မှတ်ရပါမယ်။ ဒါပေမဲ့ ဒီပုံစံမှာ တကယ်လို့ ပေါင်းသင်းဆက်ဆံမှု၊ လုံခြုံတဲ့အခန်းအတွင်း နှစ်ဦးတည်းတွေ့ဆုံရမှုမဖြစ်ခင်သွလာက်ဖြစ်သွားရင် မဟာရ်ပေးဖို့ အရေးမကြီးပါ။ မလိုအပ်တော့ပါ။ ဒါပေမဲ့ သတို့သားအနေနဲ့ အမျိုးသမီးကို မိမိဘက်က တစ်စုံတစ်ရာပေးလိုက်ရပါမယ်။ အဲဒါကို အမျိုးသမီးတွေအတွက် အကျိုးခံစားခွင့် "မုသ်အဟ်" လို့ ခေါ်တယ်။ အဲဒါကို လက်ဆောင်လို့လည်းခေါ်ကြတယ်။ လက်ဆောင်ပေးရမဲ့ပမာဏကို တရားဝင်သတ်မှတ်ထားခြင်းမရှိပါ။ ကိုယ်နိုင်သလောက် ကောင်းမွန်တဲ့နည်းနဲ့ ပေးလိုက်ဖို့ပဲတာဝန်ရှိတယ်။ (သဖ်စီရ်အွဆ်မာနီ၊ အသ်သဖ်စီရွလ်မုယဿတ်စရ်)

وَاِنْ طَلَّقْتُمُوْهُنَّ مِنْ قَبْلِ اَنْ تَمَسُّوْهُنَّ وَقَدْ فَرَضْتُمْ لَهُنَّ فَرِيْضَةً فَنِصْفُ مَا فَرَضْتُمْ اِلَّآ اَنْ يَّعْفُوْنَ اَوْ يَعْفُوَا الَّذِىْ بِيَدِهٖ عُقْدَةُ النِّكَاحِ ۚ وَاَنْ تَعْفُوْٓا اَقْرَبُ لِلتَّقْوٰى ۚ وَلَا تَنْسَوُا الْفَضْلَ بَيْنَكُمْ ۚ اِنَّ اللّٰهَ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿٢٣٧﴾

(၂၃၇) ထို့နောက် အကယ်၍ အသင်တို့သည်(ထိမ်းမြားရန်သဘောတူထားသော)မဟာရ်ပစ္စည်း သတ်မှတ်ပြီးနောက် သူမတို့ကို မထိတွေ့သေးမီတွင် ကွာရှင်းခဲ့ကြလျှင် အသင်တို့သတ်မှတ်ခဲ့ကြသည့် မဟာရ်ပစ္စည်း၏တစ်ဝက်

ကို သူမတို့အား ပေးရမည်။ သို့ရာတွင် သူမတို့က ခွင့်လွှတ်ကြလျှင် (ပေးရန် မလိုတော့ပေ)။ သို့မဟုတ် နိကာဟ်ပြုလုပ်သည့်သူက သူရမည့် ကျန်တစ်ဝက်ကို ခွင့်လွှတ်လိုက်လျှင်လည်း (ထိုမိန်းမသည် တစ်ဝက်ပြန်ပေးရန် မလိုတော့ဘဲ သူမသည် မဟာရ်အပြည့်ရရှိသွားတော့သည်)။ ၎င်းပြင် အသင်တို့ ခွင့်လွှတ်လိုက်ခြင်းသည် သက္ကဝါကြောက်ရွံ့အပြစ်ရှောင်ကောင်းကျိုးဆောင်မှုအတွက် ပိုနီးစပ်သည်။ ထို့ပြင် အသင်တို့သည် အသင်တို့ အချင်းချင်း(အပြန်အလှန်)ကျေးဇူးပြုကြသည်ကို မမေ့လျော့ကြနှင့်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်ကြသည့်အရာများကို အကြွင်းမဲ့မြင်တော်မူသောအရှင် ဖြစ်တော်မူသည်။

حَافِظُوا عَلَى الصَّلَوٰتِ وَالصَّلٰوةِ الْوُسْطٰى ۚ وَقُوْمُوْا لِلّٰهِ قٰنِتِيْنَ ﴿٢٣٨﴾

(၂၃၈) အသင်တို့သည် စွလာသ်ဝတ်ပြုမှုများကို ဂရုစိုက်(ဝတ်ပြု)ကြပါ၊ ၎င်းပြင်(အထူးသဖြင့်)အလယ်စွလာသ်ဝတ်ပြုမှု❷ ကို (ဂရုစိုက်ဝတ်ပြုကြပါ)။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှောက်တွင် ရိုကျိုးသူများအဖြစ်ဖြင့်ရပ်ကြပါ။

❷ အလယ်စွလာသ်ဆိုတာ ပညာရှင်အများစုက အစွရ်စွလာသ်ကို ဆိုလိုတယ်လို့ ဖွင့်ဆိုကြတယ်။ တမန်တော်မြတ် ﷺ ကလည်း ခန်ဒက်စစ်ပွဲမှာ အစွရ်စွလာသ်ကို အလယ်စွလာသ်လို့ အသုံးပြုခဲ့တယ်။ (အလင်းပြကျမ်း)

فَاِنْ خِفْتُمْ فَرِجَالًا اَوْ رُكْبَانًا ۚ فَاِذَآ اَمِنْتُمْ فَاذْكُرُوا اللّٰهَ كَمَا عَلَّمَكُمْ مَّا لَمْ تَكُوْنُوْا تَعْلَمُوْنَ ﴿٢٣٩﴾

(၂၃၉) ထို့နောက် အသင်တို့သည် (အန္တရာယ်များမှ) စိုးရိမ်ကြလျှင် ခြေလျင်ဖြစ်စေ၊ အစီးအနင်းစီးနေကြစဉ်ဖြစ်စေ (ရသည့်နည်းဖြင့် စွလာသ်ဝတ်ပြုကြပါ)။ ထို့ပြင် အသင်တို့သည် လုံခြုံစိတ်ချရသည့်အခါ အသင်တို့ မသိနားမလည်စဉ်၌ အရှင်မြတ်က အသင်တို့ကို သင်ကြားပြသထားတော်မူသည့်အတိုင်း အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား သတိရတသကြပါ။

وَالَّذِيْنَ يُتَوَفَّوْنَ مِنْكُمْ وَيَذَرُوْنَ اَزْوَاجًا ۖۚ وَّصِيَّةً لِّاَزْوَاجِهِمْ مَّتَاعًا اِلَى الْحَوْلِ غَيْرَ اِخْرَاجٍ ۚ فَاِنْ خَرَجْنَ فَلَا جُنَاحَ عَلَيْكُمْ فِيْ مَا فَعَلْنَ فِيْٓ اَنْفُسِهِنَّ مِنْ مَّعْرُوْفٍ ۗ وَاللّٰهُ عَزِيْزٌ حَكِيْمٌ ﴿٢٤٠﴾

(၂၄၀) ထို့ပြင် အသင်တို့ထဲမှ ဇနီးမိန်းမများကိုချန်ထားခဲ့ပြီးသေဆုံးသွားကြသောသူများသည် သူတို့၏ဇနီးမိန်းမများအတွက် (နေအိမ်မှ) နှင်ထုတ်ခြင်း မပြုစေဘဲ တစ်နှစ်အကျိုးခံစားခွင့် ရရှိစေရန် (သေတမ်းစာရေးပြီး) မှာထားခဲ့ရမည်။❸ ထို့နောက် အကယ်၍ သူမတို့က ထွက်သွားပြီး သူမတို့ကိုယ်သူမတို့ ကောင်းမွန်သည့်နည်းဖြင့် ပြုလုပ်ကြသည့်အရာတို့တွင် အသင်တို့အပေါ် မည်

သည့်အပြစ်မျှမရှိပေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင် နှင့်အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

❻ ဒီ အာယသ်ဟာ အမွေခွဲဝေခြင်းနဲ့ ပတ်သက်တဲ့ အာယသ် မကျရောက်ခင်ကဖြစ်တယ်။ အမွေအာယသ်ကျပြီးတော့ ပယ်ဖျက်လိုက်ပြီဖြစ်တယ်။ (အလင်းပြကျမ်း)

وَلِلْمُطَلَّقٰتِ مَتَاعٌۢ بِالْمَعْرُوْفِ ۭ حَقًّا عَلَى الْمُتَّقِيْنَ ﴿٢٤١﴾

(၂၄၁) ထို့ပြင် ကွာရှင်းပြတ်စဲခြင်းခံရသည့် ဇနီးမိန်းမများအတွက်လည်း ကောင်းမွန်သည့်နည်းဖြင့် အကျိုးခံစားခွင့် ရှိရမည်။ (ဤသည် အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများအတွက် တာဝန်တစ်ခုဖြစ်သည်။❼

❼ သွလာက်ပေးခံရတဲ့အမျိုးသမီးတွေကို ခွဲခွာတဲ့အချိန်မှာ လက်ဆောင်တွေပေးပြီး ချိုချိုသာသာ ပြောဆိုလွှတ်ဖို့ ဆိုလိုတာဖြစ်တယ်။ (အာစားန်သရ်ဂျမဟ်)

كَذٰلِكَ يُبَيِّنُ اللّٰهُ لَكُمْ اٰيٰتِهٖ لَعَلَّكُمْ تَعْقِلُوْنَ ﴿٢٤٢﴾

(၂၄၂) အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏အာယသ်တော်များကို အသင်တို့သိနားလည်ကြရန် အသင်တို့အတွက် ထိုသို့ပင် ရှင်းပြတော်မူသည်။❽

❽ အမျိုးသမီးတွေရဲ့ တာဝန်တွေ၊ အခွင့်အရေးတွေနဲ့ပတ်သက်တဲ့ အမိန့်တော်တွေဟာ အလွန်အရေးကြီးတဲ့အတွက် အဲဒီအမိန့်တော်တွေကို လေးလေးစားစားလိုက်နာကြဖို့အတွက် အရှင်မြတ်က ကုရ်အာန်ရဲ့နေရာပေါင်းအမြောက်အမြားမှာ အခုလို အမိန့်ရှိထားတယ်။ (၂း၂၂၉)မှာ - تِلْكَ حُدُوْدُ اللّٰهِ فَلَا تَعْتَدُوْهَا ۚ وَمَنْ يَّتَعَدَّ حُدُوْدَ اللّٰهِ فَاُولٰٓئِكَ هُمُ الظّٰلِمُوْنَ ။ ပြီးတော့ (၂း၂၃၀)မှာ - وَتِلْكَ حُدُوْدُ اللّٰهِ يُبَيِّنُهَا لِقَوْمٍ يَّعْلَمُوْنَ ။ ဒါ့အပြင် (၂း၂၃၁)မှာ - وَلَا تَتَّخِذُوْٓا اٰيٰتِ اللّٰهِ هُزُوًا ။ ပြီးတော့ (၂း၂၃၂)မှာ - ذٰلِكَ يُوْعَظُ بِهٖ مَنْ كَانَ مِنْكُمْ يُؤْمِنُ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ။ (၂း၂၃၃)မှာ - وَاتَّقُوا اللّٰهَ وَاعْلَمُوْٓا اَنَّ اللّٰهَ بِمَا تَعْمَلُوْنَ بَصِيْرٌ ။ ပြီးတော့ (၂း၂၃၅)မှာ - وَاعْلَمُوْٓا اَنَّ اللّٰهَ يَعْلَمُ مَا فِيْٓ اَنْفُسِكُمْ فَاحْذَرُوْهُ အမိန့်ရှိထားတော်မူတယ်။ အဲဒီအာယသ်တွေရဲ့ အဓိပ္ပာယ်တွေကို သက်ဆိုင်ရာအာယသ်နံပါတ်တွေမှာ ပြန်ကြည့်နိုင်ပါတယ်။ အမျိုးသမီးတွေနဲ့ပတ်သက်ပြီး သူတို့ရဲ့အခွင့်အရေးတွေ နစ်နာမှုဖြစ်မသွားကြစေဖို့ အလေးအနက် မိန့်ကြားထားတဲ့အာယသ်တွေချည်းပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

اَلَمْ تَرَ اِلَى الَّذِيْنَ خَرَجُوْا مِنْ دِيَارِهِمْ وَهُمْ اُلُوْفٌ حَذَرَ الْمَوْتِ ۠ فَقَالَ لَهُمُ اللّٰهُ مُوْتُوْا ۣ ثُمَّ اَحْيَاهُمْ ۭ اِنَّ اللّٰهَ لَذُوْ فَضْلٍ عَلَى النَّاسِ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَشْكُرُوْنَ ﴿٢٤٣﴾

(၂၄၃) အသင်(တမန်တော်)သည် ထောင်ပေါင်းများစွာရှိကြလျက်နှင့် သေရမည်ကိုကြောက်၍သူတို့၏အိမ်များမှ ထွက်သွားခဲ့ကြသည့်သူများကိုမသိမြင်ခဲ့ပါသလော။ ထို့အတွက်ကြောင့် အလ္လာဟ်အရှင်မြတ်သည် သူတို့အား “အသင်တို့ သေကြပေတော့” ဟုမိန့်ကြားတော်မူလိုက်သည်။ (ထိုအခါ သူတို့သည်

သေသွားကြသည်။) ထို့နောက် အရှင်မြတ်သည် သူတို့အား ရှင်ပြန်ထစေတော်မူခဲ့သည်။❶ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူများအပေါ်၌ ကျေးဇူးပြုတော်မူသောအရှင်ဖြစ်တော်မူသည်။ သို့ရာတွင် လူများထဲမှ အများစုသည် ကျေးဇူး မသိတတ်ကြပေ။

❶ တမန်တော်ယူရှ ﷺ နောက်ပိုင်း တမန်တော် ဖွလ်ကိဖ်လ် ဟိဇ်ကီလ် ﷺ လက်ထက်မှာ အစ္စရာအီလ်မျိုးနွယ်တွေဟာ ဂျိဟာဒ်စစ်ပွဲမှာ ဒါမှမဟုတ် ပလိပ်ရောဂါမှာ သေမှာစိုးရိမ်လို့ လွတ်မြောက်မယ်ထင်တဲ့နေရာကို သူတို့အိမ်တွေကနေ ထွက်သွားခဲ့ကြတယ်။ သူတို့ခိုလှုံနေမဲ့ နေရာရောက်တဲ့အခါမှာပဲ အရှင်မြတ်က သူတို့ကို သေဖို့အမိန့်ပေးတော်မူလိုက်တယ်။ အဲဒီနောက် ရှင်ပြန်ထစေတော်မူခဲ့တယ်။ စစ်ပွဲမှာ ဖြစ်စေ၊ အိမ်မှာဖြစ်စေ သေခြင်းရှင်ခြင်းဟာ အရှင်မြတ်ရဲ့လက်ထဲမှာပဲ ဖြစ်တယ်ဆိုတာကို သိကြဖို့နဲ့ သေရမှာကို မကြောက်ကြဖို့ သင်ခန်းစာပေးခြင်း ဖြစ်တယ်။ စစ်ပွဲလိုက်ပြီး မသေဘဲပြန်လာသူတွေရှိသလို စစ်ပွဲမလိုက်ဘဲ အိမ်မှာပဲ သေသွားတဲ့သူတွေလည်းရှိကြတယ်။ နောက်တစ်ခုက အရှင်မြတ်ဟာ သေသူတွေကို ပြန်လည်ရှင်ပြန်ထစေနိုင်တဲ့အရှင်ဖြစ်တယ်ဆိုတာကို သံသယမရှိယုံကြည်နိုင်ဖို့ သက်သေသာဓကအဖြစ် လက်တွေ့နမူနာလုပ်ပြခဲ့ခြင်းဖြစ်တယ်။ (သွဗ်ရီကျမ်း)။ အရှင်မြတ်ကလည်း (၃၃း၁၆)မှာ သေခြင်းကထွက်ပြေးလို့ အကျိုးမရှိကြောင်း قُل لَّن يَنفَعَكُمُ الْفِرَارُ إِن فَرَرْتُم مِّنَ الْمَوْتِ أَوِ الْقَتْلِ وَإِذًا لَّا تُمَتَّعُونَ إِلَّا قَلِيلًا လို့ အမိန့်ရှိထားတယ်။

وَقَاتِلُوا فِي سَبِيلِ اللَّهِ وَاعْلَمُوا أَنَّ اللَّهَ سَمِيعٌ عَلِيمٌ ﴿٢٤٤﴾

(၂၄၄) ထို့နောက် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် စစ်တိုက်ကြပါ။❷ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည် ဆိုသည်ကို အသင်တို့သိထားလိုက်ကြပါ။

❷ ဒီအဖြစ်အပျက်ကို သိပြီးနောက် သေမှာရှင်မှာကို မစဉ်းစားတော့ဘဲ သာသနာထွန်းကားဖို့ကိုပဲ ရည်ရွယ်ပြီး အရှင်မြတ်ရဲ့လမ်းမှာ တိုက်ခိုက်ကြဖို့ စေခိုင်းထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

مَّن ذَا الَّذِي يُقْرِضُ اللَّهَ قَرْضًا حَسَنًا فَيُضَاعِفَهُ لَهُ أَضْعَافًا كَثِيرَةً ۚ وَاللَّهُ يَقْبِضُ وَيَبْسُطُ وَإِلَيْهِ تُرْجَعُونَ ﴿٢٤٥﴾

(၂၄၅) အလ္လာဟ်အရှင်မြတ်အား ကောင်းမွန်သည့်အကြွေး❸ မည်သူချေးငှားမည်နည်း။ သို့ဖြစ်ရာ အရှင်မြတ်သည် ထိုသူ့အတွက် ၎င်း(ချေးငှားမှု)ကို အဆပေါင်းများစွာ တိုးပွားစေတော်မူမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည်ပင် ကျပ်တည်းစေတော်မူပြီး ချောင်လည်စေတော်မူသည်။ ထို့နောက် အသင်တို့သည် ထိုအရှင်မြတ်ထံသို့ပင် ပြန်လှည့်ခြင်းခံကြရမည်။

❸ ကောင်းမွန်တဲ့ ကြွေးချေးခြင်းဆိုတာ အရှင်မြတ်ရဲ့လမ်းမှာ သုံးစွဲခြင်းကို ပုံပမာတင်စားပြီး အမိန့်ရှိထားတာဖြစ်တယ်။ အဲဒီလိုသုံးစွဲလိုက်ရင် အရှင်မြတ်ဟာ ကျပ်တည်းအောင်ရော၊ ချောင်လည်အောင်ပါ ပြုလုပ်တော်မူတဲ့အရှင်ဖြစ်တဲ့အတွက် ပစ္စည်းဥစ္စာလျော့နည်းသွားမှာကိုလည်း စိုးရိမ်

စရာမလိုဘူး။ (အလင်းပြကျမ်း)

اَلَمْ تَرَ اِلَى الْمَلَاِ مِنْۢ بَنِيْٓ اِسْرَآءِيْلَ مِنْۢ بَعْدِ مُوْسٰى ۘ اِذْ قَالُوْا لِنَبِيٍّ لَّهُمُ ابْعَثْ لَنَا مَلِكًا نُّقَاتِلْ فِيْ سَبِيْلِ اللّٰهِ ؕ قَالَ هَلْ عَسَيْتُمْ اِنْ كُتِبَ عَلَيْكُمُ الْقِتَالُ اَلَّا تُقَاتِلُوْا ؕ قَالُوْا وَمَا لَنَآ اَلَّا نُقَاتِلَ فِيْ سَبِيْلِ اللّٰهِ وَقَدْ اُخْرِجْنَا مِنْ دِيَارِنَا وَاَبْنَآئِنَا ؕ فَلَمَّا كُتِبَ عَلَيْهِمُ الْقِتَالُ تَوَلَّوْا اِلَّا قَلِيْلًا مِّنْهُمْ ؕ وَاللّٰهُ عَلِيْمٌۢ بِالظّٰلِمِيْنَ ﴿٢٤٦﴾

(၂၄၆) အသင်(တမန်တော်)သည် တမန်တော်မူစာ(၏ ခေတ်ကာလ) ပြီးနောက် အစ္စရာအီလ်မျိုးနွယ်များထဲမှ အကြီးအကဲများ(၏အဖြစ်)ကို မသိမြင်ခဲ့ပါသလော။ တစ်ခါတွင် သူတို့သည် သူတို့၏နဗီတမန်တော်ကို (ဤသို့)တောင်းဆိုခဲ့ကြသည်၊ "အသင်သည် ကျွန်ုပ်တို့အတွက် ဘုရင်တစ်ပါး ခန့်ပေးပါ၊ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတွင် တိုက်ခိုက်ကြပါမည်။" ၎င်း( နဗီတမန်တော်)က ပြောဆိုခဲ့သည်၊ အကယ်၍ အသင်တို့အပေါ်တွင် စစ်တိုက်ခြင်းသည် အမိန့်ပြဌာန်းခြင်းခံရလျှင် အသင်တို့သည် စစ်မတိုက်ဘဲနေကောင်းနေကြလိမ့်မည်မဟုတ်လော။ သူတို့က ပြောဆိုကြသည်၊ ကျွန်ုပ်တို့အတွက် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် စစ်မတိုက်ကြရန်မည်သည့်အကြောင်းရှိတော့မည်နည်း၊ အမှန်ပင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အိုးအိမ်စည်းစိမ်များနှင့် သားသမီးများ(ထံ)မှ ခွဲခွာနှင်ထုတ်ခြင်းခံခဲ့ကြရပြီဖြစ်သည်။ ထို့နောက် သူတို့အပေါ်တွင် စစ်တိုက်မိန့်သည် ပြဌာန်းခြင်းခံရသည့်အခါ သူတို့ထဲမှ အနည်းငယ်မှလွဲ၍ (ကျန်အားလုံးသည်) ကျောခိုင်းသွားကြတော့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မတရားကျူးလွန်သည့်သူများကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

وَقَالَ لَهُمْ نَبِيُّهُمْ اِنَّ اللّٰهَ قَدْ بَعَثَ لَكُمْ طَالُوْتَ مَلِكًا ؕ قَالُوْٓا اَنّٰى يَكُوْنُ لَهُ الْمُلْكُ عَلَيْنَا وَنَحْنُ اَحَقُّ بِالْمُلْكِ مِنْهُ وَلَمْ يُؤْتَ سَعَةً مِّنَ الْمَالِ ؕ قَالَ اِنَّ اللّٰهَ اصْطَفٰىهُ عَلَيْكُمْ وَزَادَهٗ بَسْطَةً فِى الْعِلْمِ وَالْجِسْمِ ؕ وَاللّٰهُ يُؤْتِيْ مُلْكَهٗ مَنْ يَّشَآءُ ؕ وَاللّٰهُ وَاسِعٌ عَلِيْمٌ ﴿٢٤٧﴾

(၂၄၇) ထို့နောက် သူတို့၏နဗီတမန်တော်က သူတို့အား ပြောကြားသည်၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတွက် သွာလူသ်ကို ဘုရင်အဖြစ် ခန့်အပ်စေလွှတ်တော်မူလိုက်ပြီဖြစ်သည်။ သူတို့က ပြောဆိုကြသည်- အုပ်ချုပ်မှုအာဏာသည် ကျွန်ုပ်တို့အပေါ်တွင် သူ့အတွက် မည်သည့်နည်းဖြင့် ဖြစ်နိုင်ပါမည်နည်း။[၆] ၎င်းပြင် ကျွန်ုပ်တို့သည် သူ့ထက်ပိုပြီး အုပ်ချုပ်မှုအာဏာနှင့်ထိုက်တန်ကြသည်။ ထို့ပြင် သူသည် ပစ္စည်းဉစ္စာကြွယ်ဝချမ်းသာမှု

လည်း ပေးခြင်းခံရသည်မဟုတ်ပေ။ ၎င်း(နဗီတမန်တော်)က ပြောဆိုသည်၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်တွင် သူ့အား ရွေးချယ်တော်မူခဲ့သည်။ ၎င်းပြင် အရှင်မြတ်သည် သူ့အား ပညာရေးနှင့် ကိုယ်ကာယတွင် ကျယ်ဝန်းစွာ သာပို(သောအရည်အချင်းများ) ပေးတော်မူခဲ့သည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသည့်သူအား အရှင်မြတ်၏ အုပ်ချုပ်မှုအာဏာကို ချီးမြှင့်တော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသိဉာဏ်ပညာနှင့် ကရုဏာကျယ်ဝန်းလျက် အရာအားလုံးကို ဝန်းခြုံထားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

❻ သူတို့ဟာ စစ်မတိုက်ချင်တဲ့အတွက် သွာလူသ်ကို ဘုရင်ခန့်တဲ့ကိစ္စမှာ စောဒကအမျိုးမျိုးတက်ပြီး အကြောင်းရှာကြခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالَ لَهُمْ نَبِيُّهُمْ إِنَّ ءَايَةَ مُلْكِهِۦٓ أَن يَأْتِيَكُمُ ٱلتَّابُوتُ فِيهِ سَكِينَةٌ مِّن رَّبِّكُمْ وَبَقِيَّةٌ مِّمَّا
تَرَكَ ءَالُ مُوسَىٰ وَءَالُ هَٰرُونَ تَحْمِلُهُ ٱلْمَلَٰٓئِكَةُ ۚ إِنَّ فِى ذَٰلِكَ لَءَايَةً لَّكُمْ إِن كُنتُم مُّؤْمِنِينَ ﴿٢٤٨﴾

(၂၄၈) ထို့ပြင် သူတို့၏နဗီတမန်တော်က သူတို့အား ပြောကြားသည်၊ အမှန်စင်စစ် ၎င်း(သွာလူသ်)၏ ဘုရင်ဖြစ်ခြင်းလက္ခဏာသည် အသင်တို့ထံသို့ သေတ္တာတစ်လုံးရောက်လာခြင်းဖြစ်သည်။ ထို(သေတ္တာ)ထဲတွင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံမှ တည်ငြိမ်အေးချမ်းသာယာမှု(ပစ္စည်းများ) ပါရှိလိမ့်မည်။ ထို့ပြင် (တမန်တော်)မူစာ၏အမျိုးအနွယ်နှင့် (တမန်တော်)ဟာရူန်၏အမျိုးအနွယ်တို့က ချန်လှပ်ခဲ့သောအရာ(ပစ္စည်း)များထဲမှ (ဗရကသ်မင်္ဂလာရှိသောပစ္စည်း) အကြွင်းအကျန်အချို့ ပါရှိလိမ့်မည်။ ၎င်း(သေတ္တာ)ကို ကောင်းကင်တမန်များက သယ်ဆောင်လာလိမ့်မည်။ အမှန်စင်စစ် အသင်တို့သည် ယုံကြည်သူများဖြစ်ကြလျှင် ထိုအထဲ၌ အသင်တို့အတွက် အမှန်ပင်(ကြီးကျယ်သော)သက်သေလက္ခဏာရှိသည်။

فَلَمَّا فَصَلَ طَالُوتُ بِٱلْجُنُودِ قَالَ إِنَّ ٱللَّهَ مُبْتَلِيكُم بِنَهَرٍ فَمَن شَرِبَ مِنْهُ فَلَيْسَ مِنِّى وَمَن
لَّمْ يَطْعَمْهُ فَإِنَّهُۥ مِنِّىٓ إِلَّا مَنِ ٱغْتَرَفَ غُرْفَةًۢ بِيَدِهِۦ ۚ فَشَرِبُوا۟ مِنْهُ إِلَّا قَلِيلًا مِّنْهُمْ ۚ فَلَمَّا جَاوَزَهُۥ
هُوَ وَٱلَّذِينَ ءَامَنُوا۟ مَعَهُۥ قَالُوا۟ لَا طَاقَةَ لَنَا ٱلْيَوْمَ بِجَالُوتَ وَجُنُودِهِۦ ۚ قَالَ ٱلَّذِينَ يَظُنُّونَ أَنَّهُم
مُّلَٰقُوا۟ ٱللَّهِ كَم مِّن فِئَةٍ قَلِيلَةٍ غَلَبَتْ فِئَةً كَثِيرَةًۢ بِإِذْنِ ٱللَّهِ ۗ وَٱللَّهُ مَعَ ٱلصَّٰبِرِينَ ﴿٢٤٩﴾

(၂၄၉) ထို့နောက် သွာလူသ်(ဘုရင်)သည် စစ်တပ်နှင့် ထွက်ခွာချီတက်သွားသည့်အခါ ပြောဆိုသည်၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်

တို့အား မြစ်တစ်ခုဖြင့် စမ်းသပ်တော်မူမည်။ ထို့အတွက် အကြင်သူသည် ထိုမြစ်ထဲမှ (ရေများစွာ)သောက်ခဲ့လျှင် ထိုသူသည် ငါ၏(အုပ်စု)ထဲမှမဟုတ်ပေ။ ၎င်းပြင် အကြင်သူသည် ထိုမြစ်ထဲမှ သူ၏လက်ဖြင့် ရေလက်တစ်ခုပ်ခန့်မှလွဲ၍ (ပို)မသောက်ခဲ့လျှင် စင်စစ်ထိုသူသည် ငါ၏(အုပ်စု)ထဲမှဖြစ်သည်။ ထို့နောက် သူတို့ထဲမှ အနည်းငယ်မှလွဲ၍ (ကျန်အားလုံးသည်) ထိုမြစ်ထဲမှ(ရေကိုများစွာ)သောက်လိုက်ကြသည်။ ထို့နောက် ၎င်း(သွာလူသ်ဘုရင်)နှင့်တကွ အီမာန်ယုံကြည်သူများသည် ထိုမြစ်ကို ကျော်လွန်သွားကြသည့်အခါ (ရေများစွာသောက်သူ)အချို့က ပြောဆိုကြသည်၊ ယနေ့ ဂျာလူသ်နှင့်သူ၏စစ်တပ်အား (တိုက်ရန်) ကျွန်ုပ်တို့တွင် အင်အားမရှိတော့ပေ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်နှင့် ဖူးတွေ့ရမည့်သူများဟု ယုံကြည်ထားသူများကမူ (ဤသို့)ပြောဆိုကြသည်၊ အဘယ်မျှနည်းပါးလှသော (စစ်သား)အုပ်စု(လေး)များသည် အဘယ်မျှများပြားလှသည့် (စစ်သား)အုပ်စု(ကြီး)များကို အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ဖြင့် (အကြိမ်ကြိမ်)အောင်မြင်ခဲ့ကြပြီးဖြစ်သည်။ ထို့ပြင်အလ္လာဟ်အရှင်မြတ်သည် သည်းခံသူများနှင့် အတူတကွရှိတော်မူသည်။

وَلَمَّا بَرَزُوا لِجَالُوتَ وَجُنُودِهِ قَالُوا رَبَّنَا أَفْرِغْ عَلَيْنَا صَبْرًا وَثَبِّتْ أَقْدَامَنَا وَانصُرْنَا عَلَى الْقَوْمِ الْكَافِرِينَ ﴿٢٥٠﴾

(၂၅၀) ထို့နောက် သူတို့သည် ဂျာလူသ်(ဘုရင်)နှင့် သူ၏စစ်သားများအား ရင်ဆိုင်ကြသည့်အခါ (အရှင်မြတ်ထံတွင် ဤသို့ဒုအာ)တောင်းခံကြသည်၊ အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အပေါ်တွင် သည်းခံနိုင်သည့်အင်အား သွန်းလောင်းပေးတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်ုပ်တို့၏ ခြေများကို မြဲမြံစေတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား ကာဖိရ်ငြင်းပယ်သူများအပေါ်၌ (အောင်မြင်မှုရရန်) ကူညီတော်မူပါ။❶

❶ မွတ်စ်လင်မ်တွေဟာ စစ်တိုက်တဲ့နေရာမှာ သူတို့အင်အားထက် အရှင်မြတ်ရဲ့အင်အားအပေါ်မှာ အားကိုးပြီး ဒုအာတောင်းကာ တိုက်လေ့ရှိခဲ့ကြတယ်။ အဲဒီအပေါ်မှာ အရှင်မြတ်က အောင်နိုင်မှုတွေ မကြာခဏ ချီးမြှင့်တော်မူခဲ့တယ်။ (အလင်းပြကျမ်း)

فَهَزَمُوهُم بِإِذْنِ اللَّهِ وَقَتَلَ دَاوُودُ جَالُوتَ وَآتَاهُ اللَّهُ الْمُلْكَ وَالْحِكْمَةَ وَعَلَّمَهُ مِمَّا يَشَاءُ ۗ وَلَوْلَا دَفْعُ اللَّهِ النَّاسَ بَعْضَهُم بِبَعْضٍ لَّفَسَدَتِ الْأَرْضُ وَلَٰكِنَّ اللَّهَ ذُو فَضْلٍ عَلَى الْعَالَمِينَ ﴿٢٥١﴾

(၂၅၁) ထို့နောက် ၎င်း(သွာလူသ်၏စစ်သား)တို့သည် အလ္လာဟ်အရှင် မြတ်၏အမိန့်တော်ဖြင့် ၎င်း(ဂျာလူသ်၏စစ်သား)တို့အား ရှုံးနိမ့်အောင်ပြုလုပ်ခဲ့ ကြသည်။ ထို့ပြင် ဒါဝူဒ်သည်ဂျာလူသ်ကို သတ်ဖြတ်ခဲ့သည်။ ထို့နောက် အလ္လာဟ် အရှင်မြတ်သည် ၎င်း(ဒါဝူဒ် )❶ကို ဩဇာအာဏာနှင့် ဉာဏ်အမြော်အမြင်(ဝါ) နဗီဖြစ်ခြင်းကို ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ၎င်း(တမန်တော်ဒါဝူဒ်) အား အရှင်မြတ်အလိုရှိတော်မူသည့် ပညာရပ်များကိုလည်း သင်ကြားပေးသနား တော်မူခဲ့သည်။ ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် လူသားများအား သူတို့ထဲမှ အချို့ကို အချို့နှင့် တွန်းလှန်ကာကွယ်မှုမပြုခဲ့လျှင် (ဤကမ္ဘာ)မြေ ပထဝီသည် အမှန်ပင် ပျက်စီးခဲ့ပြီးဖြစ်လိမ့်မည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ် သည် စကြဝဠာအားလုံးအပေါ်၌ ကျေးဇူးတော်ရှင်ဖြစ်တော်မူသည်။

❶ တမန်တော်ဒါဝူဒ် عليه السلام ကို အရှင်မြတ်က စစ်တိုက်တဲ့နေရာမှာ အကာအကွယ်ပြုရတဲ့ သံချပ်ကာ အင်္ကျီလုပ်နည်းပညာ၊ သံကို ဖယောင်းလိုပျော့အောင်လုပ်ပေးပြီး သံကြိုးကွင်းဆက်တွေ လုပ်နည်း ပညာ စတဲ့ပညာတွေကို သင်ပေးတော်မူခဲ့တယ်။အဲဒါကို وَعَلَّمْنٰهُ صَنْعَةَ لَبُوْسٍ لَّكُمْ لِتُحْصِنَكُمْ مِّنْۢ بَاْسِكُمْ လို့ကုရ်အာန် (၂၁း၈၀)မှာ မိန့်ထားပြီး (၃၄း၁၀ - ၁၁)မှာ وَاَلَنَّا لَهُ الْحَدِيْدَ ﴿١٠﴾ اَنِ اعْمَلْ سٰبِغٰتٍ وَّقَدِّرْ فِى السَّرْدِ လို့အမိန့်ရှိထားတယ်။

تِلْكَ اٰيٰتُ اللّٰهِ نَتْلُوْهَا عَلَيْكَ بِالْحَقِّ ؕ وَاِنَّكَ لَمِنَ الْمُرْسَلِيْنَ ﴿٢٥٢﴾

(၂၅၂) ဤသည် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များပင်ဖြစ် သည်။ ငါအရှင်မြတ်သည် ၎င်း(အာယသ်တော်)တို့ကို အသင်(တမန်တော်)၏ အပေါ်၌ မှန်ကန်စွာ ဖတ်ရွတ်ပြတော်မူသည်၊❷ ထို့ပြင် အသင်သည် စေလွှတ် တော်မူခြင်းခံရသည့်သူ(ရစူလ်တမန်တော်)များထဲတွင် အမှန်ပင် တစ်ဦး အပါ အဝင်ဖြစ်သည်။❸

❷ ဝဟီပို့ချတဲ့နည်းနဲ့ ဖတ်ပြတာဖြစ်တယ်။ အဲဒီထဲမှာ ကောင်းကင်တမန်ဂျိဗ်ရီလ် عليه السلام က လာ ရောက်ဖတ်ပြတာလည်းပါဝင်တယ်။ (၄၂း၅၁ ရှင်းလင်းချက်၊ အလင်းပြကျမ်း) ❸ တမန်တော် မြတ် صلى الله عليه وسلم ဟာ အရှင်မြတ်ရဲ့တမန်တော် မဟုတ်ဘူးလို့ ကာဖိရ်တွေက မကြာခဏစွပ်စွဲပြောဆိုခဲ့ကြ တယ်။ကုရ်အာန်(၁၃း၄၃)မှာ وَيَقُوْلُ الَّذِيْنَ كَفَرُوْا لَسْتَ مُرْسَلًا အဲဒီလိုပြောဆိုမှုတွေနဲ့တမန်တော်မြတ် صلى الله عليه وسلم စိတ်မဆင်းရဲရအောင်နဲ့ ကာဖိရ်တွေ စိတ်ချလက်ချ ယုံကြည်နိုင်အောင် အလ္လာဟ်အရှင်မြတ်က မကြာခဏပြန်လည်ပြီး တမန်တော်ဖြစ်တာမှန်ကန်ကြောင်း အထောက်အထားအဖြစ် ထင်ရှား အောင် ကုရ်အာန်မှာ ဖော်ပြလေ့ရှိတယ်။ (အလင်းပြကျမ်း)

تِلْكَ الرُّسُلُ فَضَّلْنَا بَعْضَهُمْ عَلٰى بَعْضٍ ۘ مِنْهُمْ مَّنْ كَلَّمَ اللّٰهُ وَرَفَعَ بَعْضَهُمْ دَرَجٰتٍ ؕ وَاٰتَيْنَا عِيْسَى ابْنَ مَرْيَمَ الْبَيِّنٰتِ وَاَيَّدْنٰهُ بِرُوْحِ الْقُدُسِ ؕ وَلَوْ شَآءَ اللّٰهُ مَا اقْتَتَلَ الَّذِيْنَ مِنْۢ بَعْدِهِمْ

مِّنۢ بَعۡدِ مَا جَآءَتۡهُمُ ٱلۡبَيِّنَٰتُ وَلَٰكِنِ ٱخۡتَلَفُواْ فَمِنۡهُم مَّنۡ ءَامَنَ وَمِنۡهُم مَّن كَفَرَۚ وَلَوۡ شَآءَ ٱللَّهُ مَا ٱقۡتَتَلُواْ وَلَٰكِنَّ ٱللَّهَ يَفۡعَلُ مَا يُرِيدُ ﴿٢٥٣﴾

(၂၅၃) ငါအရှင်မြတ်သည် အချို့တမန်တော်များကို အချို့တမန်တော်များထက် မြင့်မြတ်မှုပိုပြီး ချီးမြှင့်တော်မူခဲ့သည်။ (ဤသို့ အချို့ကို မြင့်မြတ်မှု ပိုချီးမြှင့်သည့်အတွက် ကျန်ရှိသော တမန်တော်များသည် နိမ့်ကျသွားသည်မဟုတ်ပေ။) ထိုတမန်တော်များထဲတွင် အလ္လာဟ်အရှင်မြတ်က စကားပြောတော်မူခဲ့သည့် တမန်တော်များလည်းရှိသည်။ ❶ ထို့ပြင် အရှင်မြတ်သည် ထိုတမန်တော်များထဲမှ အချို့ကို အဆင့်များ မြှင့်တင်ပေးတော်မူခဲ့သည်။ ❷ ၎င်းပြင် ငါအရှင်မြတ်သည် မရ်ယမ်၏သား (တမန်တော်)အီစာကို ထင်ရှားသည့်သက်သေလက္ခဏာများ ပေးတော်မူခဲ့သည့်အပြင် ကောင်းကင်တမန်ဂျိဗ်ရီလ်ဖြင့်လည်း ကူညီအားပေးတော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူခဲ့လျှင် ထိုတမန်တော်များ၏နောက်တွင် ရှိခဲ့ကြသူများသည် သူတို့ထံကို ထင်ရှားသည့်သက်သေလက္ခဏာများ ရောက်ရှိခဲ့ပြီးသည့်နောက် အချင်းချင်းသတ်ဖြတ်ကြမည်မဟုတ်ပေ။ သို့ရာတွင် သူတို့သည် အချင်းချင်းကွဲလွဲခဲ့ကြသည့်အတွက် သူတို့ထဲမှ အချို့သည် အီမာန်ယုံကြည်ခဲ့ကြပြီး အချို့သည် ကုဖ်ရ်ငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူခဲ့လျှင် ❸ သူတို့သည် အချင်းချင်း သတ်ဖြတ်ခဲ့ကြမည်မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ် အလိုရှိတော်မူသည်ကို ပြုလုပ်တော်မူသည်။

❶ တမန်တော်မူစာ عليه السلام ကို အလ္လာဟ်က အကွယ်ကနေ စကားပြောတော်မူခဲ့တယ်။ (၄း၁၆၄) وَكَلَّمَ ٱللَّهُ مُوسَىٰ تَكۡلِيمٗا ။ (အလင်းပြကျမ်း) ❷ တမန်တော်မြတ် ﷺ ကို အဆင့်မြှင့်ပေးတော်မူခဲ့တယ်။ (ရူဟွလ်မအာနီကျမ်း ၊ အလင်းပြကျမ်း)။ ❸ အရှင်မြတ်အလိုရှိတော်မူရင် အရှင့်ရဲ့အမိန့်အာဏာနဲ့ အုပ်စုတစ်ခုတည်းလုပ်နိုင်ပါလျက်နဲ့ မလုပ်ဘဲ လူသားတွေကို စမ်းသပ်ဖို့အတွက် လွတ်လပ်ခွင့်ပေးလိုက်တဲ့အပေါ် သူတို့ကြိုက်ရာ အယူဝါဒတွေထားကာ ကွဲလွဲလာခဲ့ပြီး ခိုက်ရန်ဖြစ်ကာ သတ်ဖြတ်ကြခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ أَنفِقُواْ مِمَّا رَزَقۡنَٰكُم مِّن قَبۡلِ أَن يَأۡتِيَ يَوۡمٞ لَّا بَيۡعٞ فِيهِ وَلَا خُلَّةٞ وَلَا شَفَٰعَةٞۗ وَٱلۡكَٰفِرُونَ هُمُ ٱلظَّٰلِمُونَ ﴿٢٥٤﴾

(၂၅၄) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ ငါအရှင်မြတ်က အသင်တို့အား ပေးသနားတော်မူခဲ့သည့် ပစ္စည်းဥစ္စာများထဲမှ အသင်တို့သည် ထို(ကိယာမသ်)နေ့မရောက်မီ ပေးကမ်းလှူဒါန်းကြပါ။ ထိုနေ့၌ မည်သည့်အရောင်း

အဝယ်မျှ ရှိမည်မဟုတ်ပေ၊ မိတ်ဆွေဖြစ်မှုလည်း ရှိမည်မဟုတ်ပေ၊ ကြားဝင်အသနားခံ လိုက်ပြောပေးမှုလည်း ရှိမည်မဟုတ်ပေ။ ၎င်းပြင် ကာဖိရ်ငြင်းပယ်သူများပင် မတရားကျူးလွန်သူများဖြစ်ကြသည်။

اَللّٰهُ لَآ اِلٰهَ اِلَّا هُوَ ۚ اَلۡحَـىُّ الۡقَيُّوۡمُ ۚ لَا تَاۡخُذُهٗ سِنَةٌ وَّلَا نَوۡمٌ ‌ؕ لَهٗ مَا فِى السَّمٰوٰتِ وَمَا فِى الۡاَرۡضِ‌ؕ مَنۡ ذَا الَّذِىۡ يَشۡفَعُ عِنۡدَهٗۤ اِلَّا بِاِذۡنِهٖ‌ؕ يَعۡلَمُ مَا بَيۡنَ اَيۡدِيۡهِمۡ وَمَا خَلۡفَهُمۡ‌ۚ وَلَا يُحِيۡطُوۡنَ بِشَىۡءٍ مِّنۡ عِلۡمِهٖۤ اِلَّا بِمَا شَآءَ ۚ وَسِعَ كُرۡسِيُّهُ السَّمٰوٰتِ وَالۡاَرۡضَ‌ۚ وَلَا يَـُٔوۡدُهٗ حِفۡظُهُمَا ‌ۚ وَهُوَ الۡعَلِىُّ الۡعَظِيۡمُ ﴿٢٥٥﴾

(၂၅၅) အလ္လာဟ်အရှင်မြတ်။ ထိုအရှင်မှလွဲ၍ ကိုးကွယ်ထိုက်သောအရှင်မရှိပေ။ (ထိုအရှင်သည်) အမြဲထာဝရရှင်နေတော်မူသောအရှင်၊ အမြဲတည်ရှိလျက် ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင် ဖြစ်တော်မူသည်။ အရှင်မြတ်အား ငိုက်မျဉ်းခြင်းနှင့် အိပ်စက်ခြင်းက မဖိစီးနိုင်ပေ။ ကောင်းကင်များတွင်ရှိသမျှအရာများနှင့် ကမ္ဘာမြေတွင်ရှိသမျှအရာများကို အရှင်မြတ်သာ ပိုင်ဆိုင်တော်မူသည်။ အရှင်မြတ်၏ခွင့်ပြုချက်မရှိဘဲ အရှင်မြတ်ထံတွင် (သူတစ်ပါးအတွက်) ကြားဝင်အသနားခံ လိုက်ပြောပေးမည့်သူသည် မည်သူရှိသနည်း။ အရှင်မြတ်သည် သူတို့၏ရှေ့နောက် အဖြစ်အပျက်အကြောင်းစုံကို သိတော်မူသည်။ ထို့ပြင် သူတို့သည် အရှင်မြတ်၏အသိတော်ထဲမှ အရှင်မြတ်အလိုရှိသည်မှလွဲ၍ မည်သည့်အရာကိုမျှ လွှမ်းခြုံမသိနိုင်ကြပေ။ အရှင်မြတ်၏ကုရ်စီ❻ သည် ကောင်းကင်များနှင့် ကမ္ဘာမြေအားလုံးကို ဝန်းခြုံထားသည်။ ထို့ပြင် ထိုကောင်းကင်များနှင့် ကမ္ဘာမြေကို စောင့်ရှောက်ရခြင်းသည် အရှင်မြတ်အား ပင်ပန်းငြီးငွေ့စေခြင်းမရှိပေ။ ၎င်းပြင် အရှင်မြတ်သည် အလွန်မြင့်မားထွတ်မြတ်လှတော်မူသောအရှင်၊ အလွန်ကြီးကျယ်မြင့်မြတ်တော်မူသောအရှင် ဖြစ်တော်မူသည်။

❻ ကုရ်စီရဲ့အဓိပ္ပာယ်ကို (၁)စွဟာဗဟ်သာဝကကြီး အိဗ်နုအဗ္ဗာစ် رضي الله عنه က عِلْم အသိဉာဏ်လို့ဖွင့်ဆိုခဲ့တယ်၊ (အိဗ်နုကဆီးရ် )၊ (၂)စွဟာဗဟ်သာဝကကြီး အိဗ်နုအဗ္ဗာစ် رضي الله عنه ကဆင့်ပြန်ခဲ့တယ် - وَسِعَ كُرْسِيُّهُ السَّمٰوٰتِ وَالْاَرْضَ နဲ့ပတ်သက်ပြီး တမန်တော်မြတ် ﷺ ကို မေးမြန်းခြင်းခံရတဲ့အခါ တမန်တော်မြတ် ﷺ ကအမိန့်ရှိတော်မူခဲ့တယ် - "အရှင်မြတ်၏ကုရ်စီမှာအရှင်မြတ်၏ခြေတော်နစ်ဖက်တင်တော်မူသည့်နေရာဖြစ်သည်။ အရ်ရှ်၏ပမာဏအတိုင်းအတာကိုမူအလ္လာဟ်အရှင်မြတ်မှလွဲ၍ မည်သူမျှ ခန့်မှန်းနိုင်ခြင်းမရှိပေ။" ဒီဒုတိယဆင့်ပြန်ချက်ကို သဖ်စီရ်အမြောက်အမြားက ဖွင့်ဆိုကြပြီး မှန်ကန်တယ်လို့ ပြောဆိုကြတယ်။ ၎င်းသဖ်စီရ်ကျမ်းကြီးများမှာ(၁) အိဗ်နုကဆီးရ်ကျမ်း (၂) အဒ်ဒုရ်ရုလ်မန်ဆူရ် ဖိသ်သဖ်စီရိလ်မအ်ဆူရ် (၃) အိဗ်နုအဗီ ဟာသင်မ် (၄) သွဗ်ရီကျမ်း (၅) ကုရ်သွုဗီ (၆) ရူဟုလ်မအာနီ (၇) အိုင်စရွှသ်သဖာစီရ် (၈) အိမာမ် အိဗ်နုအဗိလ်အိဇ် အလ်ဟနဖီ

(၉) မ၀ါဟိဗွ်ရဟ်မာန်(အုရ်ဒူသဖ်စီရ်) တို့ ဖြစ်ကြပြီး အရဗီအဘိဓာန်ကြီး လိစာနွလ်အရဗ်ထဲမှာ လည်း အဲဒီဆင့်ပြန်ချက်ရဲ့မှန်ကန်မှုအပေါ် ပညာရှင်များ ညီညွတ်ကြတယ်လို့ ရေးသားဖော်ပြထား တယ်။ အီမာမ်အဗူဟာနီဖဟ် رحمه الله ကလည်း (العقيدة الطحاوية) وَالْعَرْشُ وَالْكُرْسِيُّ حَقٌّ كَمَا بَيَّنَ فِيْ كِتَابِهِ "အရှင်မြတ်ရဲ့ကျမ်းတော်ထဲမှာ ဖော်ပြထားသလိုပဲ အရ်ရှ်နဲ့ကုရ်စီဟာ အမှန်ပဲဖြစ်တယ်" လို့ ဖွင့် ဆိုခဲ့တယ်။(အကီဒဟ်သွဟာဝီယဟ်ကျမ်း)။ အဘိဓာန်အဓိပ္ပာယ်အရ လူသားတွေရဲ့ အရ်ရှ်နဲ့ ကုရ်စီဟာ ပလ္လင်နဲ့ထိုင်ခုံဆိုတာ အများသိပြီးဖြစ်တယ်။ အရှင်မြတ်ရဲ့ အရ်ရှ်နဲ့ကုရ်စီဟာ ဘယ်လို ပုံစံ ပလ္လင်ဖြစ်တယ်၊ ဘယ်လိုပုံစံ ထိုင်ခုံဖြစ်တယ်၊ အဲဒီအပေါ်မှာ ဘယ်လိုစံမြန်းတော်မူတယ်ဆိုတာ လူသားတွေ သိနိုင်ခြင်း မရှိတဲ့အတွက် အရ်ရှ်နဲ့ကုရ်စီဟာ ကုရ်အာန်ထဲမှာ ဖော်ပြထားသလို တကယ်ပဲရှိတယ်၊ မှန်တယ်လို့ အဲဒီလောက် သိရှိယုံကြည်လိုက်ရင် လုံလောက်သွားပြီဖြစ်တယ်။ ဒီထက်ပိုပြီး စူးစမ်းမှုဟာ အန္တရာယ်ဖြစ်နိုင်တဲ့အတွက် မေးမြန်းခြင်းကို တားမြစ်ထားတာဖြစ်တယ်။ အဲဒီအတွက် အီမာမ်မာလိက် رحمه الله ကမိန့်ကြားခဲ့တယ် -

اَلْاِسْتِوَاءُ مَعْلُوْمٌ وَالْكَيْفُ مَجْهُوْلٌ وَالْإِيْمَانُ بِهِ وَاجِبٌ وَالسُّؤَالُ عَنْهُ بِدْعَةٌ

"စံမြန်းတည်ရှိတာကတော့သိတယ်၊ ဘယ်လိုစံမြန်းတည်ရှိတာလဲဆိုတာကတော့ မသိဘူး။ အဲဒါ ကို ယုံကြည်ဖို့ တာဝန်ရှိတယ်။ အဲဒါနဲ့ပတ်သက်လို့ မေးမြန်းစုံစမ်းခြင်းဟာ ဗိဒ်အသ် ဖြစ်တယ်။" အဲဒါကြောင့် အရှင်မြတ်အမိန့်ရှိတော်မူတဲ့အတိုင်း သိရှိယုံကြည်ထားလိုက်ရင် လုံလောက်ပြီ ဖြစ် တယ်။(ရှရဟ်အကီဒဟ်သွဟာဝီယဟ် ) ကုရ်အာန်(၄၂း၁၁)မှာ لَيْسَ كَمِثْلِهِ شَيْءٌ وَهُوَ السَّمِيعُ الْبَصِيرُ ဆိုလိုတာက အရှင်မြတ်ဟာ ကြားတော်မူတယ်၊ မြင်တော်မူတယ်၊ ဒါပေမဲ့ ဘယ်သူနဲ့မှကြားပုံ မြင်ပုံမတူဘူး။ အနှိုင်းမဲ့ ဖြစ်တယ်။ لَيْسَ كَمِثْلِهِ شَيْءٌ က تَشْبِيه (ဘယ်ပုံဖြစ်ခြင်း)နဲ့ تَكْيِيف (ဘယ်လို ဖြစ်ခြင်း)ကနေ ကင်းစင်ကြောင်းပြနေတယ်။ تَشْبِيه (ဘယ်ပုံဖြစ်ခြင်း)ဆိုတာ ဖန်ဆင်းရှင်နဲ့ ဖန် ဆင်းခံ ပုံသဏ္ဍာန်တူခြင်းမှ ကင်းစင်စေခြင်း၊ تَكْيِيف (ဘယ်လိုဖြစ်ခြင်း)ဆိုတာ ဘယ်လိုပုံစံ သတ် မှတ်ပုံသွင်းခြင်းမှ ကင်းစင်စေခြင်းကိုဆိုလိုတယ်။ وَهُوَ السَّمِيعُ الْبَصِيرُ က تَعْطِيل အဓိပ္ပာယ်မဲ့ခြင်းက နေ ကင်းစင်ကြောင်းပြတယ်။ تَعْطِيل အဓိပ္ပာယ်မဲ့ခြင်းဆိုတာ အဓိပ္ပာယ်လုပ်ရပ်မရှိခြင်းမှ ကင်းစင် စေခြင်းကို ဆိုလိုတယ်။(အဓိပ္ပာယ်ရှိတယ်လို့ ဆိုလိုတာဖြစ်တယ်) အရှင်မြတ်ဟာ ကြားတော်မူ တယ်၊ မြင်တော်မူတယ်။ ဒီအာယသ်က အရှင်မြတ်ရဲ့ကြားခြင်း၊ မြင်ခြင်းစတဲ့ စွိဖာသ် ဂုဏ်အရည် အချင်းတွေ အတည်ဖြစ်ကြောင်းနဲ့ အဲဒီအရည်အချင်းတွေဟာ ဘယ်သူနဲ့မှမတူကြောင်း၊ ဘယ်လို ဖြစ်တည်နေတယ်ဆိုတာ အရှင်ကလွဲပြီး ဘယ်သူမှ မသိကြောင်းပြသထားတယ်။ အဲဒါကြောင့် အရှင်မြတ်ရဲ့ ဇားသ်တော်နဲ့ စွိဖာသ်ဂုဏ်တော်တွေနဲ့ ပတ်သက်လာရင် အရှင်မြတ်နဲ့ အရှင်မြတ်ရဲ့ တမန်တော် ﷺ အမိန့်ရှိတော်မူထားသလို အရှိကို အရှိအတိုင်းပဲ ယုံကြည်လိုက်ရမှာဖြစ်တယ်။

(အကီဒဟ်သွဟာဝီယဟ်ကျမ်း - ဒါရွလ်အိုလူမ် ဒေယိုဗန်ဒ် ကျောင်းအုပ်ဆရာကြီး ကာရီသွိုင်ယိဗ်ဆပ်၊ စာ - ၁၁၊ ၃၆၊ ၆၃ မှ အကျဉ်းချုပ်)

لَآ اِكْرَاهَ فِى الدِّيْنِ ۙ قَدْ تَّبَيَّنَ الرُّشْدُ مِنَ الْغَيِّ ۚ فَمَنْ يَّكْفُرْ بِالطَّاغُوْتِ وَ يُؤْمِنْۢ بِاللّٰهِ فَقَدِ اسْتَمْسَكَ بِالْعُرْوَةِ الْوُثْقٰى ۗ لَا انْفِصَامَ لَهَا ۗ وَاللّٰهُ سَمِيْعٌ عَلِيْمٌ ﴿٢٥٦﴾

(၂၅၆) သာသနာတွင် အတင်းအကျပ်မရှိပေ။ လမ်းမှန်သည် လမ်းမှားမှ အမှန်ပင်ထင်ရှားသွားခဲ့ပြီဖြစ်သည်။ထို့အတွက်ကြောင့် အကြင်သူသည်(အလ္လာဟ် အရှင်မြတ်မှလွဲ၍ လူသားများကိုးကွယ်သောအရာ) သွာဂူသ်ကို ဆန့်ကျင်ငြင်း

ပယ်ပြီး အလ္လာဟ်အရှင်မြတ်(တစ်ပါးတည်း)ကို လက်ခံယုံကြည်လျှင် ထိုသူသည် မည်သည့်အခါမျှ ကျိုးပျက်ခြင်းမရှိသော ခိုင်မာသည့်ကြိုးကွင်းကို ဆုပ်ကိုင်ထားလိုက်ပြီဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

اَللّٰهُ وَلِيُّ الَّذِيْنَ اٰمَنُوْا ۙ يُخْرِجُهُمْ مِّنَ الظُّلُمٰتِ اِلَى النُّوْرِ ؕ وَالَّذِيْنَ كَفَرُوْٓا اَوْلِيٰٓـئُهُمُ الطَّاغُوْتُ ۙ يُخْرِجُوْنَهُمْ مِّنَ النُّوْرِ اِلَى الظُّلُمٰتِ ؕ اُولٰٓـئِكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا خٰلِدُوْنَ ﴿٢٥٧﴾

(၂၅၇) အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်သူများကို ကာကွယ်စောင့်ရှောက်စောင်မတော်မူသည့် အဆွေတော်ဖြစ်တော်မူသည်။ အရှင်မြတ်သည်ထို(အီမာန်ယုံကြည်)သူများကိုအမိုက်အမှောင်များ(ကုဖ်ရ်)မှလင်းရောင်ခြည်(အစ္စလာမ်)ဘက်သို့ ထုတ်ယူပို့ဆောင်တော်မူသည်။ ထို့ပြင် ကာဖိရ်ငြင်းပယ်သူများ၏ အဆွေခင်ပွန်းများသည် ရှိုင်သွာန်များပင်ဖြစ်ကြသည်။ ယင်း(ရှိုင်သွာန်)တို့သည် သူတို့အား (အစ္စလာမ်)လင်းရောင်ခြည်မှ အမိုက်အမှောင်(ကုဖ်ရ်)များဘက်သို့ ပို့ဆောင်ကြသည်။ သူတို့သည် ငရဲသားများဖြစ်ကြသည်။ သူတို့သည် ထို(ငရဲ)ထဲ၌ပင် အမြဲနေထိုင်ကြရမည့်သူများဖြစ်ကြသည်။

اَلَمْ تَرَ اِلَى الَّذِىْ حَآجَّ اِبْرٰهٖمَ فِىْ رَبِّهٖٓ اَنْ اٰتٰىهُ اللّٰهُ الْمُلْكَ ۘ اِذْ قَالَ اِبْرٰهٖمُ رَبِّىَ الَّذِىْ يُحْىٖ وَيُمِيْتُ ۙ قَالَ اَنَا اُحْىٖ وَاُمِيْتُ ؕ قَالَ اِبْرٰهٖمُ فَاِنَّ اللّٰهَ يَاْتِىْ بِالشَّمْسِ مِنَ الْمَشْرِقِ فَاْتِ بِهَا مِنَ الْمَغْرِبِ فَبُهِتَ الَّذِىْ كَفَرَ ؕ وَاللّٰهُ لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ ﴿٢٥٨﴾

(၂၅၈) အသင်(တမန်တော်)သည် အကြင်သူ(ဘုရင်)ကို မသိမြင်ခဲ့ပါသလော။ ၎င်းအား အလ္လာဟ်အရှင်မြတ်က အုပ်ချုပ်မှုအာဏာ ပေးတော်မူခဲ့သည့်အပေါ်(မာနတက်ကာ) ၎င်းသည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်နှင့် ပတ်သက်၍ (တမန်တော်)အိဗ်ရာဟီမ်နှင့် အငြင်းအခုံပြုခဲ့သည်။ တစ်ခါတွင်(တမန်တော်)အိဗ်ရာဟီမ်က ပြောခဲ့သည်၊ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ရှင်စေတော်မူသောအရှင်၊ သေစေတော်မူသောအရှင်ဖြစ်တော်မူသည်။” ၎င်း(ဘုရင်)ကပြောသည်၊ “ငါသည်လည်း ရှင်စေနိုင်သည်၊ သေစေနိုင်သည်။” ❶ ၎င်း(တမန်တော်အိဗ်ရာဟီမ်)က ပြောသည်၊ “ထို့ပြင် အမှန်မုချ အလ္လာဟ်အရှင်မြတ်သည် နေကို အရှေ့ဘက်မှ ထွက်စေတော်မူသည်။ သို့ဖြစ်ရာ အသင်သည် ထိုနေကို အနောက်ဘက်မှ ထွက်အောင်ပြုလုပ်ပါ။”❷ သို့ဖြစ်ရာ ကာဖိရ်ငြင်းပယ်သူ(ဘုရင်)သည် တွေဝေအံ့သြသွားခဲ့

(ပြီး လက်မှိုင်ချလိုက်ရတော့)သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မတရား ကျူးလွန်သောသူများကို လမ်းမှန်ညွှန်ကြားပြသတော်မမူပေ။

❶ အဲဒီဘုရင်က "ငါလည်း ရှင်စေနိုင်တယ်၊ သေစေနိုင်တယ်။" လို့ ပြောဆိုခြင်းဟာ ဘုရင်အနေနဲ့ သတ်မိန့်ချခံရတဲ့သူ တစ်ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ရင် သေမဲ့သူဟာ ရှင်လာမှာဖြစ်တဲ့ အတွက် ငါဟာ ရှင်စေနိုင်တယ်လို့ ဆိုလိုခြင်းဖြစ်တယ်။ အဲဒီလိုပဲ တစ်ဦးတစ်ယောက်ကို သတ်မိန့်ချ ပြီး သေအောင် လုပ်နိုင်တဲ့အတွက် ငါဟာ သေစေနိုင်တယ်လို့ ဆိုလိုခြင်းဖြစ်တယ်။ အလ္လာဟ်အရှင် မြတ်ဟာ အဲဒီလို ရှင်စေ၊ သေစေနိုင်တာကို မိန့်တာမဟုတ်ဘူး။ ရှင်နေတဲ့သူတွေ အားလုံးကို သေ စေလို့ အမိန့်ရှိလိုက်တာနဲ့ အားလုံးသေသွားမယ်၊ အသက်မရှိတဲ့အရာတွေ၊ သေနေတဲ့သူတွေ အား လုံးကို ရှင်စေလို့ အမိန့်ရှိလိုက်ရင် အားလုံးဟာ ပြန်ရှင်လာကြမှာဖြစ်တယ်။ (အာစားန်သရ်ဂျမဟ်)

❷ အဲဒီဘုရင်ဟာ ရှင်စေတာသေစေတာနဲ့ပတ်သက်ပြီး အဓိပ္ပာယ်တလွဲကောက်ယူ ပြောဆိုနိုင်ခဲ့ ပေမဲ့ အရှေ့က နေထွက်တာကိုတော့ အဓိပ္ပာယ်တလွဲကောက်ယူပြီး အနောက်ဘက်က နေထွက် အောင်လုပ်ဖို့ မဖြစ်နိုင်တော့တဲ့အဆုံး တွေဝေငေးမှိုင်သွားရခြင်းဖြစ်တယ်။ ဒီအာယသ်တွေရဲ့ အဓိကရည်ရွယ်ချက်က အရှင်မြတ်ရဲ့ ကုဒ်ရသ် အလွန်စွမ်းဆောင်နိုင်မှုဖြစ်တဲ့ ရှင်စေ သေစေနိုင် တာ၊ နေထွက်စေနိုင်တာ စတာတွေကို လူသားတွေ ယုံကြည်နိုင်ဖို့ ပြသထားခြင်းဖြစ်တယ်။
(အာစားန်သရ်ဂျမဟ်)

أَوْ كَالَّذِي مَرَّ عَلَىٰ قَرْيَةٍ وَهِيَ خَاوِيَةٌ عَلَىٰ عُرُوشِهَا قَالَ أَنَّىٰ يُحْيِي هَٰذِهِ اللَّهُ بَعْدَ مَوْتِهَا ۖ فَأَمَاتَهُ اللَّهُ
مِائَةَ عَامٍ ثُمَّ بَعَثَهُ ۖ قَالَ كَمْ لَبِثْتَ ۖ قَالَ لَبِثْتُ يَوْمًا أَوْ بَعْضَ يَوْمٍ ۖ قَالَ بَل لَّبِثْتَ مِائَةَ عَامٍ
فَانظُرْ إِلَىٰ طَعَامِكَ وَشَرَابِكَ لَمْ يَتَسَنَّهْ ۖ وَانظُرْ إِلَىٰ حِمَارِكَ وَلِنَجْعَلَكَ آيَةً لِّلنَّاسِ ۖ وَانظُرْ إِلَى
الْعِظَامِ كَيْفَ نُنشِزُهَا ثُمَّ نَكْسُوهَا لَحْمًا ۚ فَلَمَّا تَبَيَّنَ لَهُ قَالَ أَعْلَمُ أَنَّ اللَّهَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿٢٥٩﴾

(၂၅၉) သို့မဟုတ် (အသင် တမန်တော်သည်) အကြင်သူကို (မသိမြင် ခဲ့ပါသလော၊) ထိုသူသည် မြို့ရွာတစ်ရွာကို ဖြတ်သန်းသွားခဲ့သည်။ ထိုရွာရှိအိမ် များသည် (ခေါင်မိုးများ ပြိုကျပြီး နံရံများသည်လည်း) ပြိုကျပျက်စီးလျက်ရှိသည်။ (ထိုအချင်းအရာကိုတွေ့ပြီး) ၎င်းက ပြောသည်၊ အလ္လာဟ်အရှင်မြတ်သည် ဤ မြို့ရွာအား ပျက်စီးပြီးနောက် မည်သည့်နည်းဖြင့် ပြန်လည်ရှင်စေ(ထူထောင်) တော်မူပါမည်နည်း။ ထို(ကဲ့သို့ ပြောသည့်အတွက်)ကြောင့် အလ္လာဟ်အရှင်မြတ် သည် ၎င်းအား နှစ်ပေါင်းတစ်ရာ သေစေတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ် သည် ၎င်းအား ပြန်ရှင်စေတော်မူ၍ မေးမြန်းတော်မူသည်၊ "အသင်သည် မည်မျှ ကြာညောင်းစွာ (ဤနေရာ၌)နေခဲ့သနည်း။" ၎င်းက ပြန်ဖြေသည်၊ "ကျွန်ုပ်သည် တစ်နေ့ သို့မဟုတ် နေ့၏တစ်စိတ်တစ်ပိုင်း နေခဲ့ပါသည်။" အရှင်မြတ်က အမိန့် ရှိတော်မူသည်၊ "ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် အသင်သည် နှစ်ပေါင်းတစ်ရာ နေခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ အသင်သည် အသင်၏စားဖွယ်သောက်ဖွယ်များ

ကို ကြည့်ပါ။ ထိုစားဖွယ်များသည် (ဤမျှနှစ်ကြာသည့်တိုင်) ပုပ်သိုးနံစော်ခြင်း မရှိပေ။ထို့နောက် (အသင်စီးနင်းလာသည့်) အသင်၏မြည်းတိရစ္ဆာန်ကို(လည်း) ကြည့်ပါ။ ထို့နောက် ငါအရှင်မြတ်သည် အသင့်အား လူများအတွက် သက်သေလက္ခဏာတစ်ခုအဖြစ် ပြုလုပ်တော်မူရန် ဖြစ်သည်။ ထို့နောက် (အသင်စီးလာသည့်မြည်း၏)အရိုးများကို ငါအရှင်မြတ်သည် မည်ကဲ့သို့ ဆက်စပ်တော်မူပြီး အသားဖြင့်ဖုံးအုပ်တော်မူသည်ဆိုသည်ကိုလည်း အသင်ကြည့်ပါ။” ထို့နောက် ၎င်းအတွက် ထိုအရာများ ထင်ရှားလာသည့်အခါ ၎င်းက “အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်ကို ကျွန်ုပ်သိရှိ(ယုံကြည်)ပါပြီ”ဟု ပြောဆိုခဲ့သည်။❷

❷ ပျက်စီးယိုယွင်းနေတဲ့ မြို့ရွာကိုလည်း အရှင်မြတ်ပြန်လည်ထူထောင်နိုင်ကြောင်း၊ အနှစ်တစ်ရာသေစေပြီး ပြန်ရှင်အောင် လုပ်နိုင်တော်မူတဲ့အရှင်ဟာ ဘယ်လောက်နှစ်ကြာကြာ ကိုယာမသ်ရောက်တဲ့အခါ ပြန်လည်ရှင်ပြန်ထအောင်လုပ်နိုင်ကြောင်း၊ အစားအစာတွေဟာ ခေတ္တခဏလေးနဲ့ ပုပ်သိုးပျက်စီးတတ်ပေမဲ့ အရှင်မြတ်ဟာ နှစ်တစ်ရာ မပုပ်မသိုးအောင်လည်း ပြုလုပ်ထားနိုင်ကြောင်း၊ စတဲ့အလွန်စွမ်းဆောင်နိုင်မှုတွေဟာ အရှင်မြတ်ထံမှာ အပြည့်အဝရှိတယ်ဆိုတာ ယုံကြည်နိုင်ဖို့ ပြသထားခြင်းဖြစ်တယ်။ အဲဒါကို တကယ်တွေ့လိုက်ရတဲ့သူဟာ နဂိုကတည်းက ယုံကြည်ထားတဲ့ အီမာန်အပေါ်မှာ ပိုမိုခိုင်မြဲမှု ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်လို့ ကျွန်တော်သိပါပြီလို့ ပြောဆိုခဲ့ခြင်းဖြစ်တယ်။ (အာစားန်သရ်ဂျူမဟ်)

وَاِذۡ قَالَ اِبۡرٰهٖمُ رَبِّ اَرِنِىۡ كَيۡفَ تُحۡىِ الۡمَوۡتٰى ؕ قَالَ اَوَلَمۡ تُؤۡمِنۡ ؕ قَالَ بَلٰى وَلٰـكِنۡ لِّيَطۡمَـئِنَّ قَلۡبِىۡ ؕ
قَالَ فَخُذۡ اَرۡبَعَةً مِّنَ الطَّيۡرِ فَصُرۡهُنَّ اِلَيۡكَ ثُمَّ اجۡعَلۡ عَلٰى كُلِّ جَبَلٍ مِّنۡهُنَّ جُزۡءًا ثُمَّ ادۡعُهُنَّ
يَاۡتِيۡنَكَ سَعۡيًا ؕ وَاعۡلَمۡ اَنَّ اللّٰهَ عَزِيۡزٌ حَكِيۡمٌ ﴿٢٦٠﴾

(၂၆၀) ထို့ပြင် တစ်ခါတွင် (တမန်တော်)အိဗ်ရာဟီမ်သည် ပြောဆိုခဲ့သည်၊ အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် သေသူများကို မည်သည့်နည်းဖြင့် ရှင်အောင်ပြုလုပ်တော်မူသည်ကို ကျွန်ုပ်အား ပြသတော်မူပါ။❶ အရှင်မြတ်က အမိန့်ရှိတော်မူသည်၊ အသင်(တမန်တော်)သည် (ထိုအရာကို)မယုံကြည်ပါသလော။ ၎င်း(တမန်တော်)က ပြောဆိုသည်၊ အဘယ်ကြောင့် မယုံရပါမည်နည်း၊ အမှန်ပင် ယုံကြည်ပါသည်။ သို့ရာတွင် ကျွန်ုပ်စိတ်ကျေနပ်(တင်းတိမ်)ရန်အတွက်ပင် (မေးရခြင်း) ဖြစ်ပါသည်။ (အရှင်မြတ်ဖန်ဆင်းနိုင်ကြောင်းကို မမြင်ရဘဲနှင့် မှန်ကန်သည်ဟု သိရှိယုံကြည်လိုက်ခြင်းဖြင့်လည်း အီမာန်အတွက် လုံလောက်ပြီးဖြစ်သည်။) (ထိုအခါ)အရှင်မြတ်က မိန့်တော်မူသည်၊ သို့ဖြစ်လျှင် အသင်သည် ငှက်လေးကောင်ကို ယူပြီးနောက်

အသင့်ထံတွင် သူတို့အား (ဇဗဟ်လုပ်ပြီး) အပိုင်းပိုင်းဖြတ်တောက်လိုက်ပါ။❷ ထို့နောက် ထိုထဲမှ တစ်ပိုင်းစီကို တောင်တစ်ခုစီအပေါ် တင်ထားလိုက်ပါ။ ထို့နောက် အသင်သည် ထိုငှက်များကို ဟစ်ခေါ်လိုက်ပါ။ ထိုငှက်များသည် (ပြန်ရှင်ပြီး) အသင့်ထံသို့ ပြေးလာကြလိမ့်မည်။ ထို့နောက် စင်စစ် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်ကို အသင်သိလိုက်ပါ။

❶ တမန်တော်အိဗ်ရာဟီမ် عليه السلام ဟာ အရှင်မြတ်ရဲ့ ကုဒ်ရသ် တတ်စွမ်းနိုင်မှုကို عِلْمُ الْيَقِيْن အသိရဲ့ ယုံကြည်မှုရှိပြီးသားဖြစ်တယ်၊ အဲဒီနောက် عَيْنُ الْيَقِيْن တွေ့မြင်မှုရဲ့ ယုံကြည်ချက်နဲ့ စိတ်အေးချမ်းတည်ငြိမ်မှုဖြစ်သွားကာ အရှင်မြတ်ရဲ့ ကုဒ်ရသ် တတ်စွမ်းနိုင်မှုကို ယုံကြည်ရုံတင်မက မျက်မြင်ကိုယ်တွေ့ပါဖြစ်ကြောင်း ပြောပြပြီး ဖိတ်ခေါ် နိုင်ဖို့ ပြသခိုင်းခြင်းဖြစ်တယ်။ (အာစားန်သရ်ဂျုမဟ်)

❷ فَصُرْهُنَّ ရဲ့ နောက်အဓိပ္ပာယ်တစ်ခုက "အသင်ဟာ ငှက်တွေကို ယဉ်ပါးအောင်လုပ်ပါ" လို့ ဖြစ်တယ်။ အဲဒီနောက် ဇဗဟ်လုပ်ပြီး အပိုင်းပိုင်းဖြတ်တောက်ကာ တောင်တွေပေါ်မှာ တင်ထားခိုင်းလိုက်တာဖြစ်တယ်။ ငှက်တွေကို ယဉ်အောင် ပြုလုပ်ခိုင်းခြင်းဟာ ပြန်ရှင်အောင်လုပ်ပေးလိုက်တဲ့ ငှက်တွေဟာ တမန်တော်အိဗ်ရာဟီမ် عليه السلام ကိုယ်တိုင် ယဉ်အောင်မွေးထားတဲ့ ငှက်တွေကလွဲလို့ တခြားငှက်တွေမဟုတ်ဘူးဆိုတာ သံသယမဖြစ်နိုင်အောင် စီစဉ်ပေးထားခြင်း ဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

مَثَلُ الَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمْ فِيْ سَبِيْلِ اللّٰهِ كَمَثَلِ حَبَّةٍ اَنْۢبَتَتْ سَبْعَ سَنَابِلَ فِيْ كُلِّ سُنْۢبُلَةٍ مِّائَةُ حَبَّةٍ ؕ وَاللّٰهُ يُضٰعِفُ لِمَنْ يَّشَآءُ ؕ وَاللّٰهُ وَاسِعٌ عَلِيْمٌ ﴿٢٦١﴾

(၂၆၁) မိမိတို့၏ပစ္စည်းဥစ္စာများကို အလ္လာဟ်အရှင်မြတ်၏လမ်းတွင်❸ သုံးစွဲလှူဒါန်းသူတို့၏ပမာသည် ကောက်နှံခုနစ်နှံပေါက်စေသည့် မျိုးစေ့နှင့်တူသည်။ ထိုကောက်နှံတစ်နှံစီတွင် အစေ့ပေါင်းတစ်ရာစီပါရှိသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ် အလိုရှိတော်မူသောသူအတွက် ဆတက်ထမ်းပိုးတိုးပွားစေတော်မူသည်။❹ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသိဉာဏ်ပညာနှင့် ကရုဏာကျယ်ဝန်းလျက် အရာအားလုံးကို ဝန်းခြုံထားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

❸ အလ္လာဟ်အရှင်မြတ်ရဲ့လမ်းမှာ သုံးစွဲလှူဒါန်းခြင်းဆိုတာ အရှင်မြတ်နှစ်သက်သဘောတူစေဖို့ (နည်းမှန်လမ်းမှန်) သုံးစွဲတာဟူသမျှပါဝင်တယ်။ (အလင်းပြကျမ်း) ❹ အရှင်မြတ်ရဲ့လမ်းမှာ သုံးစွဲလှူဒါန်းခြင်းအပေါ်မှာ အဆပေါင်း (၇၀၀) တိုးပြီး ရရှိမှာဖြစ်တယ်။ အရှင်မြတ်အလိုရှိတဲ့သူကို ထပ်မံပြီး အဆပေါင်းအမြောက်အမြား ချီးမြှင့်ပေးသနားတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

اَلَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمْ فِيْ سَبِيْلِ اللّٰهِ ثُمَّ لَا يُتْبِعُوْنَ مَآ اَنْفَقُوْا مَنًّا وَّلَآ اَذًى ۙ لَّهُمْ اَجْرُهُمْ عِنْدَ رَبِّهِمْ ۚ وَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ﴿٢٦٢﴾

(၂၆၂) အကြင်သူများသည် သူတို့၏ဥစ္စာပစ္စည်းများကို အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ သုံးစွဲလှူဒါန်းကြသည်။ ထို့နောက် သူတို့သည် သူတို့သုံးစွဲလှူဒါန်းသည့်အရာများကို ကျေးဇူးဂုဏ်ဖော်ခြင်းလည်းမပြုကြပေ၊ ထို့ပြင် စိတ်ဒုက္ခလည်းမပေးကြပေ။ ထိုသူများအတွက် ထိုသူများ၏အကျိုးကုသိုလ်သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတွင် ရှိသည်။ ထို့ပြင် သူတို့အပေါ်တွင် မည်သည့် စိုးရိမ်စရာမျှမရှိသည့်အပြင် သူတို့သည် ပူဆွေးကြရမည်လည်းမဟုတ်ပေ။

قَوْلٌ مَّعْرُوفٌ وَّمَغْفِرَةٌ خَيْرٌ مِّنْ صَدَقَةٍ يَّتْبَعُهَآ اَذًى ۗ وَاللّٰهُ غَنِيٌّ حَلِيْمٌ ﴿٢٦٣﴾

(၂၆၃) ကောင်းမြတ်သည့် စကားတစ်ခွန်းပြောဆိုခြင်းနှင့် ခွင့်လွှတ်ခြင်းသည် (ပစ္စည်းဥစ္စာ)ပေးကမ်းပြီး (စိတ်)ဒုက္ခရောက်အောင်လုပ်ခြင်းထက် ပိုကောင်းသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းပြီး ပြည့်စုံကြွယ်ဝတော်မူသောအရှင်၊ အလွန်ထောက်ထားညှာတာသည်းခံဆိုင်းငံ့တော်မူသောအရှင် ဖြစ်တော်မူသည်။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تُبْطِلُوْا صَدَقٰتِكُمْ بِالْمَنِّ وَالْاَذٰى ۙ كَالَّذِيْ يُنْفِقُ مَالَهٗ رِئَآءَ النَّاسِ وَلَا يُؤْمِنُ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ۗ فَمَثَلُهٗ كَمَثَلِ صَفْوَانٍ عَلَيْهِ تُرَابٌ فَاَصَابَهٗ وَابِلٌ فَتَرَكَهٗ صَلْدًا ۗ لَا يَقْدِرُوْنَ عَلٰى شَيْءٍ مِّمَّا كَسَبُوْا ۗ وَاللّٰهُ لَا يَهْدِى الْقَوْمَ الْكٰفِرِيْنَ ﴿٢٦٤﴾

(၂၆၄) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့၏အလှူဒါနများကို ဂုဏ်ဖော်မှု၊ (စိတ်)ဒုက္ခပေးမှုတို့ဖြင့် အကြင်သူကဲ့သို့ အချည်းနှီးဖြစ်အောင် မပြုလုပ်ကြနှင့်။ ထိုသူသည် အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို မယုံကြည်ဘဲ လူများကို ပြစားရန်အတွက်သာ သူ၏ပစ္စည်းဥစ္စာအားလှူဒါန်းသည်။ သို့ဖြစ်ရာ သူ၏ပမာသည် ပြောင်လက်ချောမွေ့သည့် ကျောက်တုံးကဲ့သို့ပင်ဖြစ်သည်၊ ၎င်း(ကျောက်တုံး)ပေါ်တွင် မြေကြီး(မှုန့်)အနည်းငယ်တင်နေသည်၊ ၎င်းနောက် ၎င်း(ကျောက်တုံး)ပေါ်ကို သည်းထန်သည့်မိုး ရွာချလိုက်သောကြောင့် ၎င်း(ကျောက်တုံး)သည် မူလအတိုင်း ပြောင်ချောပြီးကျန်ခဲ့သည်။ ထို(ပြစား)သူများသည် သူတို့ရှာဖွေဆည်းပူးခဲ့ကြသည့်အရာများထဲမှမည်သည့်အရာတစ်ခုမျှ(အကျိုးဆုဝါဗ်)ရရှိမည်မဟုတ်ပေ။❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်အုပ်စုအား လမ်းမှန်ညွှန်ကြားပြသတော်မူမည်မဟုတ်ပေ။

❶ သုံးစွဲလှူဒါန်းခြင်းကို အလ္လာဟ်အရှင်မြတ်ရဲ့ နှစ်သက်မှုရဖို့ မရည်ရွယ်ဘဲ ပြစားဖို့အတွက်

သုံးစွဲလှူဒါန်းရင် အဲဒီရဲ့အကျိုးရလဒ်ဟာ ဘာမှမရှိကြောင်း ကျောက်တုံးပေါ်မှာ တင်နေတဲ့ မြေမှုန့်တွေနဲ့ပုံဖော်ပြထားခြင်းဖြစ်တယ်။ မိုးရွာတဲ့အခါ ပြောင်တလင်းခါသွားသလိုပဲ လှူတဲ့အကျိုးဟာ ဘာမှမရှိတော့ဘဲ ပြောင်သွားကြောင်း ပြထားခြင်းဖြစ်တယ်။ (အာစားနီသရ်ဂျမဟ်)

وَمَثَلُ الَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمُ ابْتِغَآءَ مَرْضَاتِ اللّٰهِ وَتَثْبِيْتًا مِّنْ اَنْفُسِهِمْ كَمَثَلِ جَنَّةٍۢ بِرَبْوَةٍ اَصَابَهَا وَابِلٌ فَاٰتَتْ اُكُلَهَا ضِعْفَيْنِ ۚ فَاِنْ لَّمْ يُصِبْهَا وَابِلٌ فَطَلٌّ ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿٢٦٥﴾

(၂၆၅) ထို့ပြင် အကြင်သူများသည် သူတို့၏ ပစ္စည်းဥစ္စာများကို အလ္လာဟ်အရှင်မြတ်၏ကျေနပ်နှစ်သက်မှုရှာဖွေရန်အတွက် သူတို့၏ စိတ်နှလုံးများထဲမှ (ယုံကြည်မှု)တည်တံ့စွာထားပြီး❶ လှူဒါန်းသုံးစွဲကြသည်။ ထိုသူများ၏ပမာသည် တောင်ကုန်းပေါ်၌ရှိသည့် ဥယျာဉ်နှင့် အလားတူသည်။ ၎င်း(ဥယျာဉ်)ပေါ်တွင် သည်းထန်သည့်မိုး ရွာသွန်းသည့်အတွက် ၎င်း(ဥယျာဉ်)သည် ၎င်း၏အသီးအနှံများကို နှစ်ဆတိုးထွက်စေသည်။ အကယ်၍ ထို(ဥယျာဉ်)အပေါ် သည်းထန်သည့်မိုး မရွာလျှင်လည်း မိုးဖွဲဖြင့်ပင် (သီးနှံထွက်ရန်လုံလောက်သည်)။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်သည်များကို အကြွင်းမဲ့ မြင်တော်မူသော အရှင်ဖြစ်တော်မူသည်။

❶ وَتَثْبِيْتًا مِّنْ اَنْفُسِهِمْ ရဲ့အလိုသဘောဟာတမန်တော်မြတ် ﷺ ရဲ့ဩဝါဒမိန့်ခွန်းဟဒီးဆ်တော်ထဲက (من صام رمضان إيمانًا واحتسابًا....) အကြင်သူဟာ ယုံကြည်ပြီး အကျိုးဆဝါဗ်ကို မျှော်ကိုးလျက် စွာင်မ်ဥပုသ်စောင့်ထိန်းခဲ့ရင် - - - " (ဗုခါရီ ၂၀၁၄/မှ) ဆိုတဲ့အဓိပ္ပာယ်မျိုးဖြစ်တယ်။ ဆိုလိုတာက "သူတို့ရဲ့စိတ်နှလုံးတွေထဲကနေ အကျိုးဆဝါဗ်ရလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက် တည်တည်တံ့တံ့ထားလျက်" ဆိုတဲ့အဓိပ္ပာယ်ဖြစ်တယ်။ (အိဗ်နုကဆီးရ်)

اَيَوَدُّ اَحَدُكُمْ اَنْ تَكُوْنَ لَهٗ جَنَّةٌ مِّنْ نَّخِيْلٍ وَّاَعْنَابٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ ۙ لَهٗ فِيْهَا مِنْ كُلِّ الثَّمَرٰتِ ۙ وَاَصَابَهُ الْكِبَرُ وَلَهٗ ذُرِّيَّةٌ ضُعَفَآءُ ۖ فَاَصَابَهَآ اِعْصَارٌ فِيْهِ نَارٌ فَاحْتَرَقَتْ ؕ كَذٰلِكَ يُبَيِّنُ اللّٰهُ لَكُمُ الْاٰيٰتِ لَعَلَّكُمْ تَتَفَكَّرُوْنَ ﴿٢٦٦﴾

(၂၆၆) အသင်တို့ထဲမှ တစ်ဦးတစ်ယောက်သည်(ဤကဲ့သို့ဖြစ်ခြင်းကို) နှစ်သက်ပါသလော၊ ထိုသူ့တွင် စွန်ပလွံနှင့် စပျစ်ဥယျာဉ်တစ်ခုရှိသည်၊ ထို(ဥယျာဉ်)အောက်မှ စမ်းရေချောင်းများစီးဆင်းနေသည်။ ထို(ဥယျာဉ်)ထဲတွင် ထိုသူ့အတွက် သစ်သီးဝလံမျိုးစုံ ရှိသည်။ ၎င်းနောက် ထိုသူ့ထံကို အသက်အရွယ်ကြီးရင့်မှု ဆိုက်ရောက်လာပြီး ထိုသူ့ထံတွင် အင်အားချည့်နဲ့သည့် သားသမီးများကလည်း ရှိနေသည်။ ထို့နောက် လောင်မီးပါသည့်မုန်တိုင်းသည် ထို(ဥယျာဉ်)ပေါ်တွင် ကျရောက်ပြီး ထို(ဥယျာဉ်)သည် လောင်ကျွမ်းသွားတော့သည်။ (ဤသည်မှာ

လှူဒါန်းပြီးသော အလှူဒါနကို ဂုဏ်ဖော်ခြင်း၊ ပြစားခြင်း၊ စိတ်ဒုက္ခပေးခြင်းများဖြင့် ဖျက်ဆီးသူ၏ပမာပင်ဖြစ်သည်။) ထိုကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့စဉ်းစားကြရန် အသင်တို့အတွက် အာယသ်တော်များကို ရှင်းပြတော်မူသည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ أَنفِقُواْ مِن طَيِّبَٰتِ مَا كَسَبۡتُمۡ وَمِمَّآ أَخۡرَجۡنَا لَكُم مِّنَ ٱلۡأَرۡضِۖ وَلَا تَيَمَّمُواْ ٱلۡخَبِيثَ مِنۡهُ تُنفِقُونَ وَلَسۡتُم بِـَٔاخِذِيهِ إِلَّآ أَن تُغۡمِضُواْ فِيهِۚ وَٱعۡلَمُوٓاْ أَنَّ ٱللَّهَ غَنِيٌّ حَمِيدٌ ٢٦٧

(၂၆၇) အိုး-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့ရှာဖွေရရှိသည့် သန့်ပြန့်(ကောင်းမွန်)သည့် ပစ္စည်းဥစ္စာများထဲမှ သုံးစွဲလှူဒါန်းကြပါ၊ ၎င်းပြင် အသင်တို့အတွက် ငါအရှင်မြတ်က မြေမှထွက်စေသည့် (သတ္တု၊ သစ်သီးဝလံ စသည့်)အရာများထဲမှလည်း (သုံးစွဲလှူဒါန်းကြပါ)။ ထို့ပြင် အသင်တို့သည် မသန့်ပြန့်(ညံ့ဖျင်း)သည့် ပစ္စည်းဥစ္စာများထဲမှ သုံးစွဲလှူဒါန်းရန် စိတ်ပင်မကူးကြနှင့်။ ထို့ပြင် အသင်တို့သည်လည်း ထို(ညံ့ဖျင်းသည့်)အရာများကို ယူကြမည့်သူများမဟုတ်ကြပေ၊ သို့ရာတွင်(မလွှဲမရှောင်သာ) မျက်စိမှိတ်ပြီးမှသာ ယူကြမည်။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းပြီး ပြည့်စုံကြွယ်ဝတော်မူသောအရှင်၊ အလွန်ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူသည်ကို အသင်တို့ သိထားကြပါ။

ٱلشَّيۡطَٰنُ يَعِدُكُمُ ٱلۡفَقۡرَ وَيَأۡمُرُكُم بِٱلۡفَحۡشَآءِۖ وَٱللَّهُ يَعِدُكُم مَّغۡفِرَةٗ مِّنۡهُ وَفَضۡلٗاۗ وَٱللَّهُ وَٰسِعٌ عَلِيمٞ ٢٦٨

(၂၆၈) ရှိုင်သွာန်သည် အသင်တို့အား ဆင်းရဲမှုဖြင့် ခြိမ်းခြောက်သည်၊ ❶ ၎င်းပြင် သူသည် အရှက်မရှိသည့်အရာများ(စေးနှဲမှု)ကို ပြုလုပ်ရန် အသင်တို့အားညွှန်ကြားသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ကမူ အသင်တို့အား အရှင်မြတ်ထံမှ မဂ်ဖိရသ်လွတ်ငြိမ်းချမ်းသာခွင့်အပြင် အကျိုးကျေးဇူးများကိုပါ အသင်တို့အား(ပေးသနားရန်) ကတိပြုတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသိဉာဏ်ပညာနှင့် ကရုဏာကျယ်ဝန်းလျက်အရာအားလုံးကို ဝန်းခြုံထားတော်မူသောအရှင်၊ အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ ရှိုင်သွာန်က အသင်တို့လှူမယ်ဆိုရင် အသင်တို့ရဲ့ပစ္စည်းဥစ္စာတွေ ကုန်ခန်းသွားပြီး ဆင်းရဲသွားလိမ့်မယ်လို့ အသင်တို့ မလှူဒါန်းရဲအောင် ခြောက်လှန့်လေ့ရှိတယ်၊ ဒါပေမဲ့ ရက်ဖွယ်ရာမကောင်းမှုတွေလုပ်ဖို့ကျတော့ မခြောက်လှန့်တဲ့အပြင် မက်မောစရာနည်းမျိုးစုံလုပ်ပြပြီး ဆွဲဆောင်ကာ အမိန့်ပေးလျက်ရှိတယ်။ အဲဒါကြောင့် လှူဒါန်းတဲ့ကိစ္စမှာတော့ လူသားဟာ စေးနှဲတွန့်တိုပြီး မကောင်းမှု

တွေမှာ သုံးစွဲဖို့ကျတော့ ရက်ရောလေ့ရှိခြင်းဖြစ်တယ်။

(မအာရိဖွလ်ကုရ်အာန် - တွဲ၁၊ စာ - ၅၂၀၊ အသ်သဖ်စီရွလ်မုယတ်စရ်စာ - ၄၅)

يُؤْتِى الْحِكْمَةَ مَنْ يَّشَآءُ ۚ وَمَنْ يُّؤْتَ الْحِكْمَةَ فَقَدْ اُوْتِىَ خَيْرًا كَثِيْرًا ۗ وَمَا يَذَّكَّرُ اِلَّآ اُولُوا الْاَلْبَابِ ﴿٢٦٩﴾

(၂၆၉) အရှင်မြတ်သည် အရှင်မြတ်အလိုရှိသောသူကို ပညာဉာဏ်အမြော်အမြင်❷ ပေးသနားတော်မူသည်။ ထို့ပြင် မည်သူမဆို ပညာဉာဏ်အမြော်အမြင်ပေးသနားတော်မူခြင်းခံရလျှင် ထိုသူသည် ကောင်းခြင်းများစွာကို ပေးသနားတော်မူခြင်းခံလိုက်ရပြီ ဖြစ်သည်။ ထို့ပြင် ဉာဏ်ရှင်များမှလွဲ၍ (မည်သူမျှ) သတိတရားမရကြပေ။

❷ حِكْمَة ဟိက္ကမသ်ရဲ့အဓိပ္ပာယ်ဟာ အလွန်ကျယ်ဝန်းများပြားတယ်။ "ပညာဉာဏ်နဲ့ အမှန်ကို သိရှိမှု"၊ "ကုရ်အာန်ရဲ့အသိပညာ"၊ "လက်ရှိအရာတွေကိုသိရှိခြင်းနဲ့ ကောင်းမှုပြုလုပ်ခြင်း"၊ "ကုရ်အာန်ရဲ့အကျယ်ဖွင့်ဆိုရှင်းလင်းချက်ဖြစ်တဲ့ စွန္နသ်" စတဲ့အဓိပ္ပာယ်တွေပါဝင်ကြောင်း အိမာမ်ရာဂိဗ်ရဲ့ မုဖ်ရဒါးသုလ်ကုရ်အာန် (مفردات القرآن للراغب) ထဲမှာ အခုလို ဖော်ပြထားပါတယ်။

وَلَقَدْ اٰتَيْنَا لُقْمٰنَ الْحِكْمَةَ -لقمان/١٢ والحِكْمَةُ:إصابة الحق بالعلم والعقل، فالحكمة من الله تعالى: معرفة الأشياء وإيجادها على غاية الإحكام، ومن الإنسان: معرفة الموجودات وفعل الخيرات. قال ابن عباس رضى الله عنه فى قوله: مِنْ اٰيٰتِ اللّٰهِ وَالْحِكْمَةِ (الأحزاب/٣٤)، هى علم القرآن، وَاذْكُرْنَ مَا يُتْلٰى فِىْ بُيُوْتِكُنَّ مِنْ اٰيٰتِ اللّٰهِ وَالْحِكْمَةِ (الأحزاب/٣٤)، قيل: تفسير القرآن، ويعنى ما نبّه عليه القرآن. الحكمة = فهم القرآن, بيان الأحكام, الشريعة, السنة. (أحاديث من صحيح البخارى - ١٤٧,١٤٨,١٤٩)

(ဘာသာပြန်သူ၏ ဗုခါရီဟဒီးဆ်တော်များ စာအုပ် စာမျက်နှာ ၁၄၇၊ ၁၄၈၊ ၁၄၉ တွင် ဟိက္ကမသ်နဲ့ပတ်သက်ပြီး သဖ်စီရ်ကျမ်းအမြောက်အမြား၏ဖွင့်ဆိုချက်ပါရှိသည်)

وَمَآ اَنْفَقْتُمْ مِّنْ نَّفَقَةٍ اَوْ نَذَرْتُمْ مِّنْ نَّذْرٍ فَاِنَّ اللّٰهَ يَعْلَمُهٗ ۗ وَمَا لِلظّٰلِمِيْنَ مِنْ اَنْصَارٍ ﴿٢٧٠﴾

(၂၇၀) ထို့ပြင် အသင်တို့သည် မည်သည့်အလှူကိုလှူသည်ဖြစ်စေ၊ သို့မဟုတ် မည်သည့်အဓိဋ္ဌာန်ကိုပြုသည်ဖြစ်စေ ❶ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ထိုအရာကို သိတော်မူသည်။ ထို့ပြင် မတရားကျူးလွန်သူများအတွက် ကူညီမည့်သူ (တစ်ဦးတစ်ယောက်မျှ)ရှိမည် မဟုတ်ပေ။

❶ نَذْرٌ နဇရ်ဆိုတာ ကိုယ်ဖြစ်ချင်တဲ့အရာတစ်ခု ဖြစ်ဖို့အတွက် တာဝန်မရှိဘဲနဲ့ ကိုယ့်အပေါ်ကိုယ် တစ်ခုခုပြုလုပ်မယ်လို့ အဓိဋ္ဌာန်ပြုပြီး ကိုးထားခြင်းကို ခေါ်တယ်။ (ရာဂိဗ်)

(النّذر) : أن تُوجِب على نفسك ما ليس بواجب لحدوثِ أمر، يقال: نَذَرْتُ لله أمراً، قال تعالى: إِنِّىْ نَذَرْتُ لِلرَّحْمٰنِ صَوْمًا (مريم/٢٦)

اِنْ تُبْدُوا الصَّدَقٰتِ فَنِعِمَّا هِىَ ۚ وَاِنْ تُخْفُوْهَا وَ تُؤْتُوْهَا الْفُقَرَآءَ فَهُوَ خَيْرٌ لَّكُمْ ۗ وَ يُكَفِّرُ عَنْكُمْ مِّنْ سَيِّاٰتِكُمْ ۗ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ﴿٢٧١﴾

(၂၇၁) အကယ်၍ အသင်တို့သည် အလှူဒါနများကို ထင်ရှားစွာ လှူမည်ဆိုလျှင်လည်း ကောင်းမြတ်သည်။❷ ထို့ပြင် အကယ်၍ အသင်တို့သည် အလှူ

ဒါနများကို လျှို့ဝှက်ပြီး ဆင်းရဲသားများအား ပေးကမ်းကြမည်ဆိုလျှင် အသင်တို့အတွက် ပိုကောင်းသည်။ ထို့ပြင် အသင်တို့၏ ပြစ်မှုဒုစရိုက်များထဲမှ အချို့ကို အရှင်မြတ်သည် ဖယ်ရှားပေးတော်မူမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သည်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။

❷ လျှို့ဝှက်လှူတာနဲ့ ထင်ထင်ရှားရှားလှူတာနှစ်မျိုးလုံးဟာ လုပ်ပိုင်ခွင့်ရှိတဲ့ကိစ္စဖြစ်ပေမဲ့ လျှို့ဝှက်လှူတာဟာ ပိုကောင်းကြောင်း နောက်ဆုံးမှာ မိန့်ထားတယ်။ အဲဒီအလှူဒါနဟာ ဖရသ္ဖ် မလုပ်မနေရ လုပ်ရတဲ့ အလှူဖြစ်စေ၊ နဖိလ် အပိုလုပ်တဲ့ အလှူဖြစ်စေ လျှို့ဝှက်လှူတာ ပိုကောင်းတယ်။ (အလင်းပြကျမ်း)

لَيۡسَ عَلَيۡكَ هُدٰىهُمۡ وَلٰكِنَّ اللّٰهَ يَهۡدِىۡ مَنۡ يَّشَآءُ ؕ وَمَا تُنۡفِقُوۡا مِنۡ خَيۡرٍ فَلِاَنۡفُسِكُمۡ ؕ وَمَا تُنۡفِقُوۡنَ اِلَّا ابۡتِغَآءَ وَجۡهِ اللّٰهِ ؕ وَمَا تُنۡفِقُوۡا مِنۡ خَيۡرٍ يُّوَفَّ اِلَيۡكُمۡ وَاَنۡتُمۡ لَا تُظۡلَمُوۡنَ ﴿٢٧٢﴾

(၂၇၂) ၎င်း(ကာဖိရ်)တို့၏ လမ်းမှန်ရရှိမှုသည် အသင်(တမန်တော်)၏ အပေါ်တွင် တာဝန်မရှိပေ။❸ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ် အလိုရှိတော်မူသောသူများကို လမ်းမှန်ရစေတော်မူသည်။❹ ထို့ပြင် အသင်တို့သည် ကောင်းသည့်အရာထဲမှ မည်သည့်အရာပင် လှူသည်ဖြစ်စေ၊ ၎င်းသည် အသင်တို့အတွက်သာဖြစ်သည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုရရှိရန်အတွက်သာ သုံးစွဲလှူဒါန်းကြသည်။ ထို့ပြင် အသင်တို့သည် ကောင်းသည့်အရာထဲမှ မည်သည့်အရာကို လှူသည်ဖြစ်စေ အသင်တို့သည် မတရားပြုလုပ်ခြင်းမခံရဘဲလျက် အသင်တို့သည် (၎င်း၏အကျိုးကို) ပြည့်ဝစွာ ပေးဆပ်ခြင်းခံကြရမည်။

❸ တချို့ မွတ်စ်လင်မ်တွေက ဆင်းရဲတဲ့ ကာဖိရ်တွေကို အလှူဒါနတွေပေးကမ်းလိုက်ရင် သူတို့ဟာ ပစ္စည်းမက်ပြီး အစ္စလာမ်ထဲဝင်လာမှာစိုးလို့ မပေးဘဲနေကြတယ်။ အဲဒီအပေါ် ဒီအာယသ်တော်ကျလာခဲ့တယ်။ (အလ်မနာရ်ကျမ်း)။ ဆိုလိုတာက အသင်တို့ လှူလှူ ၊ မလှူလှူ အစ္စလာမ် လက်ခံနိုင်တဲ့ အင်အားကတော့ အရှင်မြတ်ပေးမှ ရမှာဖြစ်တယ်။ (အဲဒါကြောင့် ဆင်းရဲတဲ့ ကာဖိရ်တွေကို မပေးမလှူဘဲ မနေသင့်ဘူး)။ လူသားတွေကို တရားလမ်းမှန်ပေါ် ရောက်တဲ့အထိ ပို့ဆောင်ပေးဖို့ တမန်တော်တွေမှာ တာဝန်မရှိဘူး။ တမန်တော်တွေရဲ့ တာဝန်ဟာ အမှန်နဲ့အမှား ခွဲခြားပြကာ ညွှန်ကြားရုံပဲဖြစ်တယ်။ တခြားအာယသ်တွေမှာလည်း မိန့်ထားတယ်။ (အလင်းပြကျမ်း)

အဓိပ္ပာယ်တွေကို သက်ဆိုင်ရာအာယသ်တွေရဲ့စာမျက်နှာတွေပါ ကြည့်ရှုပါ။

فَاِنۡ تَوَلَّيۡتُمۡ فَاعۡلَمُوۡۤا اَنَّمَا عَلٰى رَسُوۡلِنَا الۡبَلٰغُ الۡمُبِيۡنُ (၅:၉၂) قُلۡ اَطِيۡعُوا اللّٰهَ وَاَطِيۡعُوا الرَّسُوۡلَ ۚ فَاِنۡ تَوَلَّوۡا فَاِنَّمَا عَلَيۡهِ مَا حُمِّلَ وَعَلَيۡكُمۡ مَّا حُمِّلۡتُمۡ ؕ وَاِنۡ تُطِيۡعُوۡهُ تَهۡتَدُوۡا ؕ وَمَا عَلَى الرَّسُوۡلِ اِلَّا الۡبَلٰغُ الۡمُبِيۡنُ (၂၄:၅၄) وَاِنۡ تُكَذِّبُوۡا فَقَدۡ كَذَّبَ اُمَمٌ مِّنۡ قَبۡلِكُمۡ ؕ وَمَا عَلَى الرَّسُوۡلِ اِلَّا الۡبَلٰغُ الۡمُبِيۡنُ (၂၉:၁၈) فَاِنۡ اَعۡرَضُوۡا فَمَاۤ اَرۡسَلۡنٰكَ عَلَيۡهِمۡ حَفِيۡظًا ؕ اِنۡ عَلَيۡكَ اِلَّا الۡبَلٰغُ ؕ (၄၂:၄၈)

❹ တမန်တော်တွေက လမ်းမှန်ညွှန်ကြားပြသပြီးတဲ့နောက် အရှင်မြတ်အလိုရှိတဲ့သူပဲ လမ်းမှန်အတိုင်းလျှောက်မှာဖြစ်တယ်။ (အာစာနုသ်ရ်ဂျမဟ်)

لِلْفُقَرَآءِ الَّذِيْنَ اُحْصِرُوْا فِيْ سَبِيْلِ اللّٰهِ لَا يَسْتَطِيْعُوْنَ ضَرْبًا فِي الْاَرْضِ ۖ يَحْسَبُهُمُ الْجَاهِلُ اَغْنِيَآءَ مِنَ التَّعَفُّفِ ۚ تَعْرِفُهُمْ بِسِيْمٰهُمْ ۚ لَا يَسْــَٔلُوْنَ النَّاسَ اِلْحَافًا ؕ وَمَا تُنْفِقُوْا مِنْ خَيْرٍ فَاِنَّ اللّٰهَ بِهٖ عَلِيْمٌ ﴿٢٧٣﴾

(၂၇၃) (အလှူဒါနများသည်) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် ဝိုင်းဝန်းပိတ်ဆို့ခြင်းခံနေကြရသည့်❶ ဆင်းရဲသားများအတွက် ဖြစ်သည်။ သူတို့သည် (သူတို့ဝမ်းစာရှာရန်) ကမ္ဘာမြေတွင် သွားလာနိုင်ခြင်း မရှိကြပေ။ သိက္ခာစောင့်စည်း(ပြီး သူတို့၏လိုအပ်ချက်ကို ထုတ်ဖော်ပြောဆိုမှု မရှိ)ခြင်းကြောင့် မသိနားမလည်သည့်သူက သူတို့ကို ချမ်းသာကြွယ်ဝသူများဟု ထင်မှတ်ကြသည်။ အသင်(တမန်တော်)သည် သူတို့အား သူတို့၏အသွင်အပြင် လက္ခဏာနှင့်ပင် (ဆင်းရဲသည်ကို) သိနိုင်သည်။ သူတို့သည် လူများထံတွင် ဖွတ်အတင်း တွယ်ကပ်လျက် မတောင်းကြပေ။ ထို့ပြင် အသင်တို့သည် ကောင်းသည့်အရာထဲမှ မည်သည့်အရာကို လှူသည်ဖြစ်စေ၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ထိုအရာကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ အလ္လာဟ်အရှင်မြတ်ရဲ့လမ်းမှာ ဝိုင်းဝန်းပိတ်ဆို့ခံရတဲ့သူတွေဆိုတာ သူတို့ကိုယ်ကိုသူတို့ အရှင်မြတ်အတွက် သာသနာအပေါ်မှာ ကြိုးပမ်းဖို့ လူသားတွေ ကောင်းကျိုးအတွက် အချိန်ပေးထားတဲ့ သူတွေကိုခေါ်တယ်။ အဲဒီသူတွေဟာ သာသနာ့တာဝန်တွေ ထမ်းဆောင်နေရတဲ့အတွက် စီးပွား ထွက်ရှာဖို့ မလွယ်ကူလို့ အဖက်ဖက်က ဝိုင်းဝန်းပိတ်ဆို့ခံထားရတဲ့သူတွေလို ဖြစ်နေတယ်။ အဲဒီလို စီးပွားမရှာနိုင်ကြတဲ့အတွက် သူတို့ဟာဆင်းဆင်းရဲရဲနဲ့ ရောင့်ရဲတင်းတိမ်ကာ သည်းခံနေကြတယ်။ အဲဒီလို အခြေအနေမျိုးရှိတဲ့သူတွေကို ပိုပြီးပေးလှူထိုက်တဲ့အကြောင်း အမိန့်ရှိထားခြင်း ဖြစ်တယ်။ (အာစားနိသရ်ဂျမဟ်)

اَلَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمْ بِالَّيْلِ وَالنَّهَارِ سِرًّا وَّعَلَانِيَةً فَلَهُمْ اَجْرُهُمْ عِنْدَ رَبِّهِمْ ۚ وَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ﴿٢٧٤﴾

(၂၇၄) အကြင်သူတို့သည် သူတို့၏ဥစ္စာပစ္စည်းများကို ညဥ့်ဖြစ်စေ၊ နေ့ဥ့်ဖြစ်စေ သိုသိပ်လျက်ဖြစ်စေ၊ ထင်ထင်ရှားရှားဖြစ်စေ သုံးစွဲလှူဒါန်းကြသည်။ ထို့အတွက်ကြောင့် သူတို့အတွက် သူတို့၏အကျိုးရလဒ်သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ထံတွင်ရှိသည်။ ထို့ပြင် သူတို့အပေါ်တွင် မည်သည့် စိုးရိမ်စရာမျှမရှိသည့်အပြင် သူတို့သည်ပူဆွေးကြရမည်လည်းမဟုတ်ပေ။

اَلَّذِيْنَ يَاْكُلُوْنَ الرِّبٰوا لَا يَقُوْمُوْنَ اِلَّا كَمَا يَقُوْمُ الَّذِيْ يَتَخَبَّطُهُ الشَّيْطٰنُ مِنَ الْمَسِّ ؕ ذٰلِكَ بِاَنَّهُمْ قَالُوْٓا اِنَّمَا الْبَيْعُ مِثْلُ الرِّبٰوا ۘ وَاَحَلَّ اللّٰهُ الْبَيْعَ وَحَرَّمَ الرِّبٰوا ؕ فَمَنْ جَآءَهٗ مَوْعِظَةٌ مِّنْ

رَّبِّهٖ فَانْتَهٰى فَلَهٗ مَا سَلَفَ ؕ وَاَمْرُهٗۤ اِلَى اللّٰهِ ؕ وَمَنْ عَادَ فَاُولٰٓئِكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا خٰلِدُوْنَ ﴿٢٧٥﴾

(၂၇၅) အတိုးစားသူများသည်❶ (ကိယာမသ်နေ့ ပြန်ထသည့်အခါ) ကောင်းကောင်း ရပ်နိုင်ကြမည်မဟုတ်ပေ။ သို့ရာတွင် ရှိုင်သွာန်ပူးကပ်၍ ရူးနေသည့် သူများရပ်သကဲ့သို့သာ ရပ်ကြလိမ့်မည်။ ထိုကဲ့သို့ ဖြစ်ရသည်မှာ သူတို့က "ကူးသန်းရောင်းဝယ်ခြင်းသည်လည်း အတိုး(စားခြင်း)ကဲ့သို့ပင် ဖြစ်သည်"ဟု ပြောဆိုခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ကူးသန်းရောင်း ဝယ်ခြင်းကို ခွင့်ပြုထားတော်မူပြီး အတိုးစားခြင်းကို တားမြစ်တော်မူခဲ့သည်။ သို့ဖြစ်ရာ အကြင်သူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ထံမှ ၎င်းထံ ဆုံးမသြဝါဒရောက်ရှိလာခဲ့ပြီးနောက် (အတိုးစားခြင်းကို ဟလာလ်ဟု မပြောဆိုတော့ဘဲ အတိုးစားခြင်းကို ဟရာမ်ဟုယုံကြည်ကာ) ရပ်ဆိုင်းလိုက်လျှင် (ဤအမိန့်)မတိုင်မီက ယူပြီးဖြစ်သည့်အရာ (အတိုး)များသည် ၎င်း၏ပစ္စည်း များပင်ဖြစ်သည်။ (ဤအမိန့်သည် ကုရ်အာန်ကျရောက်ခဲ့စဉ်ကာလအတွက်သာ ဖြစ်ခဲ့၏။ ယခုခေတ်အတွက်မဟုတ်ပေ။ ယခုခေတ်မှာမူ ယူထားပြီးသောအတိုး ဟူသမျှသည် အတိုးသာလျှင်ဖြစ်ပြီး အတိုးမယူတော့ဘူးဟု သောင်ဗဟ်လုပ် လိုက်သောကြောင့် ယူထားပြီးဖြစ်သော အတိုးများသည် ဟလာလ် ဖြစ်မသွား ပေ။ ဟရာမ်သာလျှင်ဖြစ်သည်။) ထို့ပြင် ၎င်း၏ကိစ္စသည် အလ္လာဟ်အရှင်မြတ် ဘက်သို့ (အပ်နှံလိုက်ပြီး) ဖြစ်သည်။ (၎င်းသည် စိတ်ထဲမှ အမှန်သောင်ဗဟ် လုပ်၍ရပ်ဆိုင်းခြင်းဖြစ်၏၊ မဖြစ်၏ဆိုသည်ကို အသင်တို့အနေဖြင့် မကောင်း ထင်မြင်ရန်အခွင့်မရှိပေ။) ထို့ပြင် အကြင်သူများသည် ထပ်မံပြီး(အတိုးစားခြင်း ကို)ပြုလုပ်ကြလျှင် သူတို့သည် ငရဲသားများပင်ဖြစ်ကြသည်။ သူတို့သည် ထို (ငရဲမီး)ထဲတွင်အမြဲနေကြရမည့်သူများဖြစ်ကြသည်။

❶ အတိုးစားခြင်းဟာ ဆင်းရဲသားတွေကို လူညွန့်တုံးစေခြင်းဖြစ်တယ်။ အတိုးစားသူတွေဟာ လောကမှာ ပစ္စည်းဥစ္စာရလိုမှုနဲ့ အရူးအမူးဖြစ်ကာ ရယူသိမ်းပိုက်ခဲ့ကြတဲ့အတွက် ကိယာမသ်နေ့ ရှင်ပြန်ထတဲ့အခါ ရှိုင်သွာန်ပူးကပ်လို့ ရူးနေတဲ့သူလို ပြန်ထရပ်နေကြရမယ်။ တမန်တော်မြတ် ﷺ မိန့်တော်မူခဲ့တယ်၊ " သိသိနဲ့ အတိုးတစ်ပြားစားတာဟာ ဇိနာတရားမဝင်ကာမဆက်ဆံမှု ၃၆ကြိမ် ကျူးလွန်တာထက်ပိုဆိုးတယ်။" (မိရ်ကာသ်ကျမ်း - စာ ၂၅၁၊ မွတ်စ်နဒ် အဟ်မဒ်၊ အဒ်ဒါးရကုသွ်နီ)

((قال رسول الله صلى الله عليه وسلم: درهم ربا يأكله الرجل وهو يعلم أشد من ستة وثلاثين زنية.)) رواه أحمد والدارقطني

يَمْحَقُ اللّٰهُ الرِّبٰوا وَيُرْبِى الصَّدَقٰتِ ؕ وَاللّٰهُ لَا يُحِبُّ كُلَّ كَفَّارٍ اَثِيْمٍ ﴿٢٧٦﴾

(၂၇၆) အလ္လာဟ်အရှင်မြတ်သည် အတိုးကို ဆုတ်ယုတ်လျော့နည်း

ပျက်စီးစေတော်မူပြီး အလှူဒါနကို တိုးပွားစေတော်မူသည်။(၂) ထို့ပြင် အလ္လာဟ် အရှင်မြတ်သည် အလွန်ကျေးဇူးကန်း ငြင်းပယ်သည့် ပြစ်မှုကျူးလွန်သူတိုင်းကို နှစ်သက်တော်မမူပေ။

(၂) အတိုးစားတဲ့အတွက် လောကမှာ ဆုတ်ယုတ်ပျက်စီးတဲ့အရာတွေထဲကတစ်ခုဟာ လူတွေရဲ့ ချစ်ခင်လေးစားမှု မရရှိတော့ဘူး။ ဆင်းရဲသားတိုင်းဟာ အတိုးပေးရမဲ့အချိန်ရောက်လာရင် အလွန် စက်ဆုပ်မုန်းတီးမှုဖြစ်ပေါ်တယ်။ မပေးလိုကြဘူး။ အတိုးယူမဲ့သူကလည်း အတင်းအကျပ် လိုက်ယူ တယ်။ အဲဒီရဲ့ အကျိုးဆက်တွေဟာ တမလွန်ဘဝမှာ ခံရမှာကတော့ သေချာပြီးသားဖြစ်တယ်။ အလှူဒါနပြုခြင်းအားဖြင့် လောကမှာလည်း အဲဒီအလှူရှင်ကို အားလုံးက ချစ်ခင်လေးစားကြတယ်။ အဲဒီအလှူရှင်ကို အမြဲကြိုဆိုလျက်ရှိကြတယ်။ သူ့ရဲ့ပစ္စည်းဥစ္စာလည်း ပိုပိုတိုးလာတဲ့အတွက် ပိုပို လှူနိုင်လာတယ်။ တမလွန်ဘဝမှာ ရရှိမဲ့အကျိုးတွေကတော့ မရေတွက်နိုင်ဘူး။ (အလင်းပြကျမ်း)

إِنَّ ٱلَّذِينَ ءَامَنُوا۟ وَعَمِلُوا۟ ٱلصَّٰلِحَٰتِ وَأَقَامُوا۟ ٱلصَّلَوٰةَ وَءَاتَوُا۟ ٱلزَّكَوٰةَ لَهُمْ أَجْرُهُمْ عِندَ رَبِّهِمْ وَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿٢٧٧﴾

(၂၇၇)အမှန်စင်စစ် အကြင်သူတို့သည် အီမာန်ယုံကြည်ခဲ့ကြပြီး ကောင်း မြတ်သည့်လုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည်၊ ထို့ပြင် သူတို့သည် စွလာသ်ဝတ်ပြု မှုကို တည်ဆောက်ခဲ့ကြပြီး ဇကာသ်(ဆင်းရဲသားနှင့်လိုအပ်သူများ၏ဝေစု)ကို ပေးဆောင်ခဲ့ကြသည်၊ ထိုသူများအတွက် သူတို့၏ အကျိုးရလဒ်သည် သူတို့ အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတွင် ရှိသည်။ ထို့ပြင် သူတို့အပေါ် တွင် မည်သည့်စိုးရိမ်စရာမျှလည်းမရှိသည့်အပြင် သူတို့သည် ပူဆွေးကြရမည် လည်း မဟုတ်ပေ။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ ٱتَّقُوا۟ ٱللَّهَ وَذَرُوا۟ مَا بَقِىَ مِنَ ٱلرِّبَوٰٓا۟ إِن كُنتُم مُّؤْمِنِينَ ﴿٢٧٨﴾

(၂၇၈) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ခဲ့ကြသည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ၊ ထို့ပြင် ရယူရန်ကျန်ရှိနေသည့် အတိုးများကိုလည်း စွန့်လွှတ်လိုက်ကြပါ။(၃)

(၃) တမန်တော်မြတ် ﷺ ဟာ နောက်ဆုံး ဟဂ်ျမှာ အတိုးစားခြင်းကို လုံးဝ ပယ်ဖျက်ကြောင်းနဲ့ ကြွေး ရှင်တွေကို ပေးဖို့ကျန်နေတဲ့ အတိုးတွေကို ပယ်ဖျက်လိုက်ကြောင်းကို မိမိရဲ့ဘကြီးတော် အဗ္ဗာစ် رضي الله عنه ကို စံနမူနာထားပြီး ပထမဦးဆုံး ပယ်ဖျက်ပြကာ ကြေညာခဲ့တယ်။ (အလင်းပြကျမ်း)

فَإِن لَّمْ تَفْعَلُوا۟ فَأْذَنُوا۟ بِحَرْبٍ مِّنَ ٱللَّهِ وَرَسُولِهِۦ ۖ وَإِن تُبْتُمْ فَلَكُمْ رُءُوسُ أَمْوَٰلِكُمْ لَا تَظْلِمُونَ وَلَا تُظْلَمُونَ ﴿٢٧٩﴾

(၂၇၉) ထို့နောက် အကယ်၍ အသင်တို့သည် (ထိုအမိန့်တော်အတိုင်း) မပြုလုပ်ခဲ့ကြလျှင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်တမန်တော်ဘက်

မှ စစ်ကြေညာမှုကို နားထောင်လိုက်ပါ။❻ ထို့ပြင် အကယ်၍ အသင်တို့သည် (အတိုးစားခြင်းကိုရပ်ကာ) အရှင်မြတ်ဘက်သို့ လှည့်ပြီး အမှားဝန်ခံခဲ့ကြလျှင် အသင်တို့၏အရင်းငွေများသည် အသင်တို့အတွက်ဖြစ်သည်။ အသင်တို့သည် (ငွေရင်းထက်ပိုပြီး အတိုးယူကာ သူတစ်ပါးအား) မတရားပြုလုပ် နစ်နာစေကြမည်လည်း မဟုတ်ပေ၊ ၎င်းပြင် အသင်တို့သည် (ငွေရင်းပြန်ရသည့်အတွက် သူတစ်ပါး၏) မတရားနစ်နာမှုပြုခြင်းကိုလည်း ခံကြရမည် မဟုတ်ပေ။

❻ အတိုးစားခြင်းကို မစွန့်လွှတ်တဲ့သူတွေကို အရှင်မြတ်ဘက်က စစ်ကြေညာတဲ့အထိ အမိန့်ရှိလိုက်ခြင်းက အတိုးစားခြင်းရဲ့အပြစ် ဘယ်လောက်ကြီးတယ်ဆိုတာကို ထင်ထင်ရှားရှားဖော်ပြလိုက်ခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِنۡ كَانَ ذُوۡ عُسۡرَةٍ فَنَظِرَةٌ اِلٰى مَيۡسَرَةٍ ؕ وَاَنۡ تَصَدَّقُوۡا خَيۡرٌ لَّـكُمۡ اِنۡ كُنۡتُمۡ تَعۡلَمُوۡنَ ﴿۲۸۰﴾

(၂၈၀) အကယ်၍ (အသင်တို့ထံမှ ချေးငှားထားသည့်)သူသည် ဆင်းရဲကျပ်တည်းသူဖြစ်လျှင် ချောင်လည်သည့်အထိ (အကြွေးဆပ်ရမည့်အချိန်ကို) စောင့်ဆိုင်းပေးရမည်။ ထို့နောက် (မဆပ်နိုင်သည့်သူထံမှ အကြွေးကိုမယူတော့ဘဲ အလှူဒါနအဖြစ်) အသင်တို့စွန့်လှူလိုက်ခြင်းသည် အကယ်၍ (၎င်းစွန့်လှူခြင်း၏အကျိုးဆဝါဗ်ကို) အသင်တို့ သိကြမည်ဆိုလျှင် (၎င်းသည်) အသင်တို့အတွက် ပိုကောင်းသည်။

وَاتَّقُوۡا يَوۡمًا تُرۡجَعُوۡنَ فِيۡهِ اِلَى اللّٰهِ ۖ ثُمَّ تُوَفّٰى كُلُّ نَفۡسٍ مَّا كَسَبَتۡ وَهُمۡ لَا يُظۡلَمُوۡنَ ﴿۲۸۱﴾

(၂၈၁) ထို့ပြင် အသင်တို့သည် အကြင်နေ့ကို ကြောက်ကြပါ၊ ထိုနေ့၌ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ထံသို့ ပြန်ပို့ခြင်းခံကြရမည်။ ထို့နောက် လူတိုင်းသည် သူတို့ ရှာဖွေပြုကျင့်ခဲ့ကြသည့်အရာများကို သူတို့သည် မတရားပြုခြင်း မခံကြရဘဲလျက်နှင့် အပြည့်အဝပြန်ပေးဆပ်ခြင်းခံကြရမည်။

يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡۤا اِذَا تَدَايَنۡتُمۡ بِدَيۡنٍ اِلٰٓى اَجَلٍ مُّسَمًّى فَاكۡتُبُوۡهُ ؕ وَلۡيَكۡتُبْ بَّيۡنَكُمۡ
كَاتِبٌۢ بِالۡعَدۡلِ ۚ وَلَا يَاۡبَ كَاتِبٌ اَنۡ يَّكۡتُبَ كَمَا عَلَّمَهُ اللّٰهُ فَلۡيَكۡتُبۡ ۚ وَلۡيُمۡلِلِ الَّذِىۡ عَلَيۡهِ
الۡحَـقُّ وَلۡيَتَّقِ اللّٰهَ رَبَّهٗ وَلَا يَبۡخَسۡ مِنۡهُ شَيۡـــًٔا ؕ فَاِنۡ كَانَ الَّذِىۡ عَلَيۡهِ الۡحَـقُّ سَفِيۡهًا اَوۡ
ضَعِيۡفًا اَوۡ لَا يَسۡتَطِيۡعُ اَنۡ يُّمِلَّ هُوَ فَلۡيُمۡلِلۡ وَلِيُّهٗ بِالۡعَدۡلِ ؕ وَاسۡتَشۡهِدُوۡا شَهِيۡدَيۡنِ مِنۡ
رِّجَالِكُمۡ ۚ فَاِنۡ لَّمۡ يَكُوۡنَا رَجُلَيۡنِ فَرَجُلٌ وَّامۡرَاَتٰنِ مِمَّنۡ تَرۡضَوۡنَ مِنَ الشُّهَدَآءِ اَنۡ تَضِلَّ
اِحۡدٰٮهُمَا فَتُذَكِّرَ اِحۡدٰٮهُمَا الۡاُخۡرٰى ؕ وَلَا يَاۡبَ الشُّهَدَآءُ اِذَا مَا دُعُوۡا ؕ وَلَا تَسۡـَٔـمُوۡۤا اَنۡ
تَكۡتُبُوۡهُ صَغِيۡرًا اَوۡ كَبِيۡرًا اِلٰٓى اَجَلِهٖ ؕ ذٰلِكُمۡ اَقۡسَطُ عِنۡدَ اللّٰهِ وَاَقۡوَمُ لِلشَّهَادَةِ وَاَدۡنٰٓى

اَلَّا تَرْتَابُوْٓا اِلَّآ اَنْ تَكُوْنَ تِجَارَةً حَاضِرَةً تُدِيْرُوْنَهَا بَيْنَكُمْ فَلَيْسَ عَلَيْكُمْ جُنَاحٌ اَلَّا
تَكْتُبُوْهَا ۭ وَاَشْهِدُوْٓا اِذَا تَبَايَعْتُمْ ۠ وَلَا يُضَاۗرَّ كَاتِبٌ وَّلَا شَهِيْدٌ ڛ وَاِنْ تَفْعَلُوْا فَاِنَّهٗ فُسُوْقٌۢ
بِكُمْ ۭ وَاتَّقُوا اللّٰهَ ۭ وَيُعَلِّمُكُمُ اللّٰهُ ۭ وَاللّٰهُ بِكُلِّ شَيْءٍ عَلِيْمٌ ۲۸۲

(၂၈၂) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့အချင်းချင်း အချိန်ကာလတစ်ခုအထိ သတ်မှတ်ပြီး[၁] အကြွေးနှင့် ရောင်းဝယ်ကြသည့်အခါ ထိုကိစ္စကို (စာရွက်စာတမ်းဖြင့်) ရေးမှတ်ထားကြပါ။ ထို့ပြင် စာရေးတစ်ဦးသည် အသင်တို့ကြား၌ မျှတစွာ ရေးသားပေးရမည်။ ထို့ပြင် စာရေးတစ်ဦးသည် သူ့အား အလ္လာဟ်အရှင်မြတ်သင်ပေးထားသည့်အတိုင်း ရေးသားပေးခြင်းကို မငြင်းပယ်ရပေ။ ထို့ကြောင့် သူသည် ရေးသားပေးရမည်။ ထို့ပြင် (ကြွေးဆပ်ရန်)တာဝန်ရှိသူကလည်း ပြောပြရေးသားစေရမည်။ ထို့ပြင် (ရေးသားခိုင်းသည့်အခါတွင်) သူ့အား ဖန်ဆင်းမွေးမြူတော်မူသည့် အလ္လာဟ်အရှင်မြတ်အား ကြောက်ပြီးထို(အကြွေးပမာဏ)ထဲမှ လျှော့ပေါ့(ရေးခိုင်းခြင်း)မပြုရပေ။ ထို့ပြင် အကယ်၍(ကြွေးဆပ်ရန်) တာဝန်ရှိသူသည် အသိဉာဏ်နည်းသူဖြစ်လျှင် သို့မဟုတ် ချည့်နဲ့သူဖြစ်လျှင် သို့မဟုတ် ပြောပြရေးခိုင်းရန် မစွမ်းဆောင်နိုင်လျှင် သူ၏အုပ်ထိန်းသူက မျှတစွာဖြင့် ပြောပြရေးခိုင်းစေရမည်။ ထို့ပြင် အသင်တို့သည် အသင်တို့ယောကျ်ားများထဲမှ သက်သေနှစ်ဦးကို ထားကြပါ။ ထို့ပြင် အကယ်၍ ထို(သက်သေ)နှစ်ဦးသည် ယောကျ်ားနှစ်ဦးမဖြစ်ကြလျှင် အသင်တို့နှစ်သက်သည့်သက်သေများထဲမှ ယောကျ်ားတစ်ဦးနှင့် မိန်းမနှစ်ဦးဖြစ်ရမည်။[၂] (မိန်းမနှစ်ဦး ဖြစ်ရသည့်ကြောင်းကမူ) ထို(မိန်းမ)နှစ်ဦးထဲမှ တစ်ဦးမေ့လျော့လျှင် ကျန်တစ်ဦးက ထိုတစ်ဦးကို သတိပေးနိုင်ရန်အတွက်ပင် ဖြစ်သည်။ ၎င်းပြင် သက်သေများသည်လည်း သူတို့အား ဖိတ်ခေါ်ခြင်းခံရသည့်အခါ မငြင်းပယ်ရပေ။[၃] ထို့ပြင် အသင်တို့သည် ၎င်း(အကြွေးကိစ္စ)ကို သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ (သတ်မှတ်)ကာလအထိ အသင်တို့ရေးကြရန် မပျင်းရိကြနှင့်။ ၎င်းသည် အလ္လာဟ်အရှင်မြတ်ထံမှ ပိုမိုမျှတသည့်နည်းလမ်းဖြစ်ပြီး သက်သေခံရန် ပိုမိုခိုင်လုံသည့်နည်း ဖြစ်သည်။ ထို့ပြင် အသင်တို့ သံသယကင်းရန် အနီးစပ်ဆုံးနည်းလမ်းလည်းဖြစ်သည်။ သို့ရာတွင် အရောင်းအဝယ်သည် အသင်တို့၏ကြားတွင် လက်ငင်းအလဲအလှယ် ပြုလုပ်ကြသည့် အရောင်းအဝယ်ဖြစ်လျှင် ရေးသားခြင်းမပြုလျှင်လည်း အသင်တို့အပေါ်တွင် မည်သည့်အပြစ်မျှ မရှိပေ။[၄]

ထို့ပြင် အသင်တို့ လက်ငင်း အရောင်းအဝယ်လုပ်သည့်အခါတွင်လည်း အသင်တို့သည် သက်သေများထားကြပါ။ ထို့ပြင် မည်သည့်စာရေးနှင့် မည်သည့်သက်သေကမျှနစ်နာစေခြင်းမခံရပေ။❸ ထို့ပြင် အကယ်၍ အသင်တို့သည် ၎င်း(နစ်နာစေခြင်းအရာ)ကို ပြုလုပ်ကြလျှင် ထိုအရာသည် အသင်တို့တွင် အပြစ်တစ်ခုဖြစ်သည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ကြပါ။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကို သင်ကြားပြသပေးတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ အကြွေးနဲ့ အရောင်းအဝယ်လုပ်တဲ့အခါ သတ်မှတ်ထားတဲ့အချိန်မှာ ပြန်ဆပ်ဖို့ အရေးကြီးတဲ့တာဝန်ဖြစ်တယ်။ (အလင်းပြကျမ်း) ❷ အသိသက်သေဟာ (ဟနဖီမဇ်ဟဗ်အရ) မွတ်စ်လင်မ်ဖြစ်ရမယ်၊ ကျေးကျွန်မဖြစ်ရဘူး၊ အရွယ်ရောက်ပြီး အသိဉာဏ်ရှိသူဖြစ်ရမယ်။ အဲဒီလို သက်သေယောကျ်ားနှစ်ဦး ဒါမှမဟုတ် ယောကျ်ားတစ်ဦးနဲ့ မိန်းမနှစ်ဦး ဖြစ်ရမယ်။ မိန်းမနှစ်ဦးထားရတဲ့အကြောင်းကတော့ မိန်းမတွေဟာ မေ့တတ်ကြတဲ့အတွက် တစ်ဦးမေ့သွားရင် တစ်ဦးက သတိပေးနိုင်အောင် ယောကျ်ားတစ်ဦးအစား မိန်းမနှစ်ဦးထားရတာဖြစ်တယ်။ (အလင်းပြကျမ်း) ❸ အရောင်းအဝယ်မှန်ကန်စေဖို့ စာရေးတွေ သက်သေတွေအပေါ်မှာ မူတည်နေတဲ့အတွက် ၎င်းတို့ကို ဖိတ်ခေါ်ရင် မငြင်းပယ်ရဘဲ အမှန်အတိုင်းထွက်ဆို သက်သေခံပေးဖို့ အမိန့်ပေးထားခြင်း ဖြစ်တယ်။ (အလင်းပြကျမ်း) ❹ ရှေ့တင်မျက်မှောက် လက်ငင်းအရောင်းအဝယ်တွေမှာ အငြင်းပွားနိုင်စရာတွေမရှိတဲ့အတွက် စာချုပ်စာတမ်းနဲ့ မရေးမှတ်ရင်လည်း အပြစ်မရှိတာကြောင့် အခွင့်ပေးထားတာဖြစ်တယ်။(အလင်းပြကျမ်း) ❺ စာရေးတွေနဲ့ သက်သေတွေဟာ ဖိတ်ခေါ်ခြင်းခံရတဲ့အခါမှာ မငြင်းရဘူးလို့ မိန့်ထားသလို သူတို့အတွက်လည်း မနစ်နာရအောင် စီမံဆောင်ရွက်ပေးဖို့လည်း မိန့်ဆိုထားခြင်းဖြစ်တယ်။ သူတို့အတွက် စာရေးခ၊ သက်သေလိုက်ခ၊ ခရီးစရိတ်မှအစ နေထိုင်သွားလာစရိတ်တွေ စသဖြင့်ထုတ်ပေးဖို့ ပြဋ္ဌာန်းလိုက်ခြင်း ဖြစ်တယ်။ အဲဒီလို လုပ်ဆောင်ပေးခြင်းမရှိရင် အပြစ်ထိုက်တဲ့ အကြောင်းကိုပါ အမိန့်ရှိထားတဲ့အတွက် အရေးကြီးတဲ့ကိစ္စဖြစ်တယ်။
(အလင်းပြကျမ်း)

وَاِنۡ كُنۡتُمۡ عَلٰى سَفَرٍ وَّلَمۡ تَجِدُوۡا كَاتِبًا فَرِهٰنٌ مَّقۡبُوۡضَةٌ ؕ فَاِنۡ اَمِنَ بَعۡضُكُمۡ بَعۡضًا فَلۡيُؤَدِّ الَّذِى اؤۡتُمِنَ اَمَانَـتَهٗ وَلۡيَتَّقِ اللّٰهَ رَبَّهٗ ؕ وَلَا تَكۡتُمُوا الشَّهَادَةَ ؕ وَمَنۡ يَّكۡتُمۡهَا فَاِنَّهٗۤ اٰثِمٌ قَلۡبُهٗ ؕ وَ اللّٰهُ بِمَا تَعۡمَلُوۡنَ عَلِيۡمٌ ﴿٢٨٣﴾

(၂၈၃) ထို့ပြင် အကယ်၍ အသင်တို့သည် ခရီး၌ရှိနေစဉ်(အကြွေးရောင်းဝယ်မှုအတွက်) စာရေးတစ်ဦးကိုမျှမတွေ့ရှိရလျှင် (စိတ်ချရရန်) အာမခံပစ္စည်းတစ်စုံတစ်ခုထားခဲ့ရမည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်ချခဲ့ကြလျှင် ယုံကြည်စိတ်ချခြင်းခံရသည့်(အကြွေးဖြင့်ဝယ်ယူ)

သူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသည့် အလ္လာဟ်အရှင်မြတ်အား ကြောက်ပြီး(အကြွေးဖြင့်ရောင်း)သူ၏အကြွေးကိုပေးဆပ်ရမည်။ ၎င်းပြင် အသင်တို့သည် သိမြင်သမျှကို မထိမ်ချန်ကြနှင့်။ ထို့ပြင် အကြင်သူသည် ၎င်း(တွေ့မြင်သမျှ)ကို ထိမ်ချန်မည်ဆိုလျှင် အမှန်စင်စစ် ထိုသူ၏ စိတ်နှလုံးသည်[၁] ပြစ်မှု ကျူးလွန်သူ၏စိတ်နှလုံးဖြစ်မည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်သည်များကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

[၁] စိတ်နှလုံးဟာ အားလုံးလုပ်ဆောင်ချက်တွေနဲ့ အဓိကသက်ဆိုင်လို့အသုံးပြုထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

لِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ؕ وَاِنْ تُبْدُوْا مَا فِىْۤ اَنْفُسِكُمْ اَوْ تُخْفُوْهُ يُحَاسِبْكُمْ بِهِ اللّٰهُ ؕ
فَيَغْفِرُ لِمَنْ يَّشَآءُ وَيُعَذِّبُ مَنْ يَّشَآءُ ؕ وَاللّٰهُ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ﴿٢٨٤﴾

(၂၈၄) မိုးကောင်းကင်များတွင်ရှိသမျှအရာများနှင့် မြေပထဝီတွင် ရှိသမျှအရာများ(အားလုံး)သည် အလ္လာဟ်အရှင်မြတ်သာ ပိုင်ဆိုင်ပေသည်။ ထို့ပြင် အသင်တို့သည် အသင်တို့၏စိတ်များထဲတွင်ရှိသည်များကို ထုတ်ဖော်၍ပြောသည်ဖြစ်စေ၊ လျှို့ဝှက်၍ထားသည်ဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်သည် ထိုအရာများနှင့်ပတ်သက်၍ အသင်တို့အား စစ်ဆေးမေးမြန်းတော်မူမည်။[၂] ထို့နောက် အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူကို လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပြီး မိမိအလိုရှိတော်မူသောသူကို အပြစ်ဒဏ်ပေးတော်မူမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။

[၂] စိတ်ထဲရှိတာတွေကို ထုတ်ပြောပြော၊ မပြောပြော အရေးယူခံရမယ်ဆိုတဲ့ အာယသ်ကျလာတော့ စွဟာဗဟ် သာဝကကြီး رضى الله عنهم တွေဟာ မခံမရပ်နိုင်ဖြစ်ပြီး အဲဒီကိစ္စဟာ ကျွန်တော်တို့ မတတ်စွမ်းနိုင်တဲ့ကိစ္စဖြစ်ကြောင်း တမန်တော်မြတ် ﷺ ထံကိုလာပြီး ပြောပြကြတယ်။ တမန်တော်မြတ် ﷺ က သူတို့ကို နှစ်သိမ့်ပြီး အသင်တို့ဟာ အရင်ကကျမ်းရသူတွေလို سَمِعْنَا وَعَصَيْنَا "ကျွန်ုပ်တို့ ကြားကြပါသည်၊ ထို့နောက် မလိုက်နာကြပါ" လို့ မပြောဆိုကြဖို့နဲ့ سَمِعْنَا وَاَطَعْنَا "ကျွန်ုပ်တို့ကြားကြပါသည်၊ ထို့နောက် လိုက်နာကြပါသည်" လို့ ပြောဆိုကြဖို့ ညွှန်ကြားတော်မူလိုက်တယ်။ သူတို့တစ်တွေဟာ အဲဒီလို ပြောဆိုကြတဲ့အခါ အရှင်မြတ်က لَا يُكَلِّفُ اللّٰهُ نَفْسًا اِلَّا وُسْعَهَا "အလ္လာဟ်အရှင်မြတ်သည် မည်သူ့ကိုမျှ သူတတ်နိုင်သည်ထက်ပိုပြီး တာဝန်ပေးတော်မမူပေ။" ဆိုတဲ့အာယသ် ချပေးကာ လူသားတွေအပေါ်မှာ လွယ်ကူအောင် ပြုလုပ်ပေးတော်မူခဲ့တယ်။ (အလ်မနာရ်ကျမ်း)

اٰمَنَ الرَّسُوْلُ بِمَاۤ اُنْزِلَ اِلَيْهِ مِنْ رَّبِّهٖ وَالْمُؤْمِنُوْنَ ؕ كُلٌّ اٰمَنَ بِاللّٰهِ وَمَلٰٓئِكَتِهٖ وَكُتُبِهٖ وَرُسُلِهٖ
لَا نُفَرِّقُ بَيْنَ اَحَدٍ مِّنْ رُّسُلِهٖ ۚ وَقَالُوْا سَمِعْنَا وَاَطَعْنَا ۗ غُفْرَانَكَ رَبَّنَا وَاِلَيْكَ الْمَصِيْرُ ﴿٢٨٥﴾

(၂၈၅) တမန်တော်(မုဟမ္မဒ်)သည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံမှ ၎င်းထံသို့ချပေးခြင်းခံရသည့်အရာ (ကုရ်အာန်ကျမ်းတော်)ကို ယုံကြည်ခဲ့ပေပြီ။❷ ထို့ပြင်မုအ်မင်န်ယုံကြည်သူများ(အားလုံး)သည်လည်းယုံကြည်ခဲ့ကြပေပြီ။ သူတို့အားလုံးသည် အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်၏ကောင်းကင်တမန်တော်များ၊ အရှင်မြတ်၏ကျမ်းဂန်များနှင့် အရှင်မြတ်၏ရစူလ်တမန်တော်များ(အားလုံး)ကို ယုံကြည်ခဲ့ကြသည်။ (သူတို့က ပြောဆိုကြသည်) ကျွန်ုပ်တို့သည် အရှင်မြတ်၏ရစူလ်တမန်တော်များထဲမှ မည်သည့် ရစူလ်တမန်တော်တစ်ပါးကိုမျှ ခွဲခြားခြင်းမပြုကြပါ။ (အားလုံးကိုယုံကြည်ကြပါသည်။) ထို့ပြင် သူတို့သည် (အရှင်မြတ်ထံ) ပြောဆိုလျှောက်ထားကြသည်၊ "ကျွန်ုပ်တို့သည် (အမိန့်တော်များကို) ကြားကြပြီး လိုက်နာခဲ့ကြပါသည်။ အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်၏လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူခြင်းကို (ကျွန်ုပ်တို့ လိုလားတောင့်တကြပါသည်)။ ၎င်းပြင် နောက်ဆုံးပြန်လှည့်ရာ စခန်းသည်လည်း အရှင်မြတ်ထံ၌သာဖြစ်ပါသည်။"

❷ အစ္စလာမ်သာသနာမှာ ပြဋ္ဌာန်းထားတဲ့ ယုံကြည်ရမဲ့အချက်တွေကို မွတ်စ်လင်မ်တွေယုံကြည်ကြသလို တမန်တော်မြတ် ﷺ လည်း ယုံကြည်တော်မူကြောင်း آمَنَ الرَّسُولُ ဆိုတဲ့ အာယသ်ဟာ ခိုင်မာတဲ့ အထောက်အထားဖြစ်တယ်။ (အလင်းပြကျမ်း)

لَا يُكَلِّفُ اللّٰهُ نَفْسًا اِلَّا وُسْعَهَا ۭ لَهَا مَا كَسَبَتْ وَعَلَيْهَا مَا اكْتَسَبَتْ ۭ رَبَّنَا لَا تُؤَاخِذْنَآ اِنْ نَّسِيْنَآ اَوْ اَخْطَاْنَا ۚ رَبَّنَا وَلَا تَحْمِلْ عَلَيْنَآ اِصْرًا كَمَا حَمَلْتَهٗ عَلَى الَّذِيْنَ مِنْ قَبْلِنَا ۚ رَبَّنَا وَلَا تُحَمِّلْنَا مَا لَا طَاقَةَ لَنَا بِهٖ ۚ وَاعْفُ عَنَّا ۥ وَاغْفِرْ لَنَا ۥ وَارْحَمْنَا ۥ اَنْتَ مَوْلٰىنَا فَانْصُرْنَا عَلَى الْقَوْمِ الْكٰفِرِيْنَ ﴿٢٨٦﴾

(၂၈၆) အလ္လာဟ်အရှင်မြတ်သည် မည်သူ့ကိုမျှ သူတတ်နိုင်သည်ထက် ပိုပြီး တာဝန်ပေးတော်မမူပေ။ သူရှာဖွေဆည်းပူးခဲ့သည့် (ကောင်းသည့်)အရာများသည် သူ့အတွက်ပင်ဖြစ်ပြီး သူရှာဖွေဆည်းပူးခဲ့သည့် (မကောင်းသည့်) အရာများသည်လည်း သူ၏အပေါ်၌ပင်တင်ရှိမည် ဖြစ်သည်။ (အသင်တို့သည် အရှင်မြတ်ထံတွင် ဤကဲ့သို့ ဆုတောင်းကြပါ။) "အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်ုပ်တို့သည် မေ့လျော့ပြီး သို့မဟုတ် မှားယွင်းချွတ်ချော်ပြီး (ပြုမိခဲ့သည့် မကောင်းမှုများနှင့်ပတ်သက်၍) အရှင်မြတ်သည် ကျွန်ုပ်တို့အား ဖမ်းဆီးအရေးယူတော်မမူပါနှင့်။ ထို့ပြင် အို-ကျွန်ုပ်တို့အား ဖန်ဆင်း

မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့ မတိုင်မီ ယခင်ကသူများ အပေါ်တွင် လေးလံသည့်ဝန်ကို အရှင်မြတ်တင်ထားခဲ့သကဲ့သို့ ကျွန်ုပ်တို့အပေါ် တွင် တင်တော်မမူပါနှင့်။ ထို့ပြင် အို–ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့မတတ်စွမ်းနိုင်သည့်တာဝန်ကိုလည်း ကျွန်ုပ် တို့အား ထမ်းဆောင်စေတော်မမူပါနှင့်။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား ခွင့်လွှတ်တော်မူပါ၊ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား လွတ်ငြိမ်းချမ်းသာ ခွင့် ပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား သနားကြင်နာ တော်မူပါ။ အရှင်မြတ်သာ ကျွန်ုပ်တို့၏အရေးကိစ္စများကို စီမံခန့်ခွဲပေးသည့်အရှင် သခင် ဖြစ်တော်မူပါသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်ုပ်တို့အား ကာဖိရ် ငြင်းပယ်သူများအပေါ်တွင် (အောင်နိုင်မှုရရန်) ကူညီတော်မူပါ။

======================================================

ركوعاتها٢٠ ٣ سُوْرَةُ اٰلِ عِمْرٰنَ مَدَنِيَّةٌ ٨٩ اٰياتها٢٠٠

## စူရဟ် အားလိ အင်မ်ရာန်(အင်မ်ရာန်မျိုးနွယ်ကဏ္ဍ) سُوْرَةُ اٰلِ عِمْرٰنَ

======================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့်(ကျွန်ုပ်အစပြုပါသည်)။

الٓمّٓ ۝١

(၁) အလစ်ဖ် လာမ် မီမ်။

اللّٰهُ لَآ اِلٰهَ اِلَّا هُوَ الْحَيُّ الْقَيُّوْمُ ۝٢

(၂) အလ္လာဟ်အရှင်မြတ်၊ ထိုအရှင်မြတ်မှလွဲ၍ ခဝပ်ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ (ထိုအရှင်မြတ်သည်) အမြဲထာဝရရှင်နေတော်မူသောအရှင်၊ အမြဲတည်ရှိလျက် (အရာအားလုံးကို) ထိန်းသိမ်းစောင့်ရှောက်နေတော်မူသော အရှင်ဖြစ်တော်မူသည်။

نَزَّلَ عَلَيْكَ الْكِتٰبَ بِالْحَقِّ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ وَاَنْزَلَ التَّوْرٰىةَ وَالْاِنْجِيْلَ ۝٣

(၃) အရှင်မြတ်သည် အသင်(တမန်တော်) ၏အပေါ် ကျမ်းတော်(မြတ်ကုရ်အာန်)ကို မှန်ကန်စွာ ပို့ချတော်မူခဲ့သည်။ (ဤကျမ်းသည်) ၎င်းမတိုင်မီ ကျရောက်ခဲ့သော ကျမ်းဂန်များကိုထောက်ခံလျက်ရှိသည်။ ၎င်းပြင် အရှင်မြတ်သည် သောင်ရာသ်ကျမ်းနှင့် အင်န်ဂျီလ်ကျမ်းကိုလည်း ချပေးတော်မူခဲ့သည်။

مِنْ قَبْلُ هُدًى لِّلنَّاسِ وَاَنْزَلَ الْفُرْقَانَ ۗ اِنَّ الَّذِيْنَ كَفَرُوْا بِاٰيٰتِ اللّٰهِ لَهُمْ عَذَابٌ شَدِيْدٌ ۗ وَاللّٰهُ عَزِيْزٌ ذُو انْتِقَامٍ ۝٤

(၄) (ထိုကျမ်းများကို) လူသားများလမ်းမှန်ရရန် (ကုရ်အာန်ချမပေးမီ) ယခင်က ချပေးတော်မူခဲ့ခြင်းဖြစ်သည်။ ၎င်းပြင် အရှင်မြတ်သည် အမှားအမှန်ခွဲခြားပေးသောအရာကိုလည်း ချပေးတော်မူခဲ့သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များကို ငြင်းပယ်ကြသောသူများအတွက် ပြင်းထန်သော အပြစ်ဒဏ်ရှိသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ တန်ပြန်အရေးယူတော်မူသောအရှင်ဖြစ်တော်မူသည်။

اِنَّ اللّٰهَ لَا يَخْفٰى عَلَيْهِ شَيْءٌ فِي الْاَرْضِ وَلَا فِي السَّمَآءِ ۝٥

(၅) အမှန်စင်စစ် မြေပထဝီနှင့် ကောင်းကင်ထဲတွင် (ရှိသမျှအရာများထဲမှ) မည်သည့်အရာတစ်ခုမျှ အလ္လာဟ်အရှင်မြတ်အပေါ်တွင် ဖုံးကွယ်နေသည် ဟူ၍မရှိပေ။

هُوَ الَّذِىْ يُصَوِّرُكُمْ فِى الْاَرْحَامِ كَيْفَ يَشَآءُ ۭ لَآ اِلٰهَ اِلَّا هُوَ الْعَزِيْزُ الْحَكِيْمُ ۝٦

(၆) ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသည့်အတိုင်း (မိခင်များ၏) သားအိမ်များထဲတွင် အသင်တို့၏ရုပ်ဆင်းသဏ္ဌာန်များကို ပြုလုပ်ဖန်ဆင်းတော်မူသည်။ အရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သောအရှင် မရှိပေ။ (အရှင်မြတ်သည်) တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

هُوَ الَّذِىْٓ اَنْزَلَ عَلَيْكَ الْكِتٰبَ مِنْهُ اٰيٰتٌ مُّحْكَمٰتٌ هُنَّ اُمُّ الْكِتٰبِ وَاُخَرُ مُتَشٰبِهٰتٌ ۭ فَاَمَّا الَّذِيْنَ فِىْ قُلُوْبِهِمْ زَيْغٌ فَيَتَّبِعُوْنَ مَا تَشَابَهَ مِنْهُ ابْتِغَآءَ الْفِتْنَةِ وَابْتِغَآءَ تَاْوِيْلِهٖ ڔ وَمَا يَعْلَمُ تَاْوِيْلَهٗٓ اِلَّا اللّٰهُ ڤ وَالرّٰسِخُوْنَ فِى الْعِلْمِ يَقُوْلُوْنَ اٰمَنَّا بِهٖ ۙ كُلٌّ مِّنْ عِنْدِ رَبِّنَا ۚ وَمَا يَذَّكَّرُ اِلَّآ اُولُوا الْاَلْبَابِ ۝٧

(၇) ထိုအရှင်မြတ်သည် အသင်(တမန်တော်)၏အပေါ် (ကုရ်အာန်) ကျမ်းတော်ကို ပို့ချတော်မူသောအရှင် ဖြစ်တော်မူသည်။ ၎င်း(ကျမ်းတော်မြတ်) ထဲမှ အချို့အာယသ်တော်များသည် ထင်ရှားပြတ်သားစွာ အဓိပ္ပာယ်ထွက်သော အာယသ်တော်များ❶ ဖြစ်သည်။ ၎င်း(အာယသ်တော်)တို့သည် (ကုရ်အာန်) ကျမ်းတော်၏အဓိကအရင်းအမြစ်ဖြစ်သည်။ ၎င်းပြင် အခြားအာယသ်တော်များသည် အဓိပ္ပာယ်အတိအကျပေါ်လွင်ထင်ရှားခြင်းမရှိသော အာယသ်တော်များ ဖြစ်သည်။❷ ထို့နောက် မည်သို့ပင်ဖြစ်စေ စိတ်နှလုံးများထဲတွင် အကောက်ရှိသော သူများသည် (လူများအား) လမ်းမှားစေလိုသည့်အတွက်နှင့် ၎င်း(အာယသ်တော်) တို့၏အဓိပ္ပာယ်ကို အမှားကောက်လိုသည့်အတွက် ၎င်းအဓိပ္ပာယ်အတိအကျ ပေါ်လွင်ထင်ရှားခြင်းမရှိသော အာယသ်တော်များကိုသာ လိုက်စားကြသည်။❸ ထို့ပြင် ၎င်း(အာယသ်တော်)တို့၏မူရင်းဇာစ်မြစ်အဖြစ်မှန်ကို အလ္လာဟ်အရှင်မြတ် မှလွဲ၍ မည်သူမျှ မသိပေ။❹ ထို့ပြင် ပညာရှင်ပါရဂူများကမူ (ဤသို့)ပြောဆိုကြသည်၊ " ၎င်း(အဓိပ္ပာယ်အတိအကျ ပေါ်လွင်ထင်ရှားခြင်းမရှိသော အာယသ်တော်)တို့အား ကျွန်ုပ်တို့ ယုံကြည်ကြပါသည်၊ ၎င်း(အာယသ်တော်များ)အားလုံးသည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှသာဖြစ်

ပါသည်။” ထို့ပြင် ဉာဏ်ပညာရှင်များမှလွဲ၍ (အခြားမည်သူမျှ)တရားမရကြပေ။

❶ مُحْكَمَاتٌ “မုဟ်ကမာသ်”ဆိုတာ အဓိပ္ပာယ်အမျိုးမျိုးမထွက်ဘဲ အဓိပ္ပာယ်တစ်ခုတည်းပဲ ပေါ်လွင်ထင်ရှားတဲ့အာယသ်တွေကိုခေါ်တယ်။ (ဂျပ်ဗ်စွဲစွာစွဲ) ❷ مُتَشَابِهَاتٌ “မုသရှာဗိဟာသ်”ဆိုတာ လူသားရဲ့ဉာဏ်နဲ့ မမီတဲ့ အာယသ်တွေဖြစ်တယ်။ လောကမှာ လူသားဉာဏ်မမီတဲ့အရာတွေ အမြောက်အမြားရှိနေတယ်။ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းတည်ရှိမှုကို စဉ်းစားပြီး သိရှိနိုင်ပေမဲ့ အရှင်မြတ်ရဲ့ဇားသ်တော်နဲ့ စွိဖားသ်တော်တွေကို စဉ်းစားပြီး သိရှိနိုင်ခြင်းမရှိဘူး။ လူသားရဲ့ကန့်သတ်ထားတဲ့ ဉာဏ်နဲ့ အကန့်အသတ်မရှိတဲ့ အနိူင်းမဲ့ အရှင်မြတ်ရဲ့ဇားသ်တော်၊ ဂုဏ်တော်တွေကို ဘယ်လိုမှ မသိနိုင်ဘူး။ အဲဒီနောက်ကိုလိုက်ရင် လမ်းလွဲဖို့ပဲရှိတယ်။ ဥပမာ- “အနန္တကရုဏာတော်ရှင်သည် အရ်ရှ်ပလ္လင်ပေါ်တွင် စံမြန်းတည်ရှိတော်မူသည်” လို့ မိန့်ဆိုထားတော်မူတယ်။ အရ်ရှ်ဟာ ဘယ်လိုလဲ၊ အဲဒီအပေါ်မှာ အရှင်မြတ်ဟာ ဘယ်လိုစံမြန်းတော်မူတာလဲ စသဖြင့် လူသားရဲ့ဉာဏ်မမီနိုင်တဲ့အတွက် အဲဒီအပေါ်မှာ အီမာန်ယုံကြည်ထားဖို့ပဲဖြစ်ပြီး လိုက်နာကျင့်သုံးမှုဟာ အဲဒီအပေါ်မှာ မူတည်ထားခြင်းမရှိဘူး။ လူသားဉာဏ်မမီပေမဲ့ အရှင်မြတ်က အဖြစ်မှန်ကို ပကတိအရှိအတိုင်း အမိန့်ရှိထားတဲ့ အဲဒီလို အာယသ်တော်တွေကို “မုသရှာဗိဟာသ်”လို့ခေါ်တယ်။ ယုံကြည်ရင် လုံလောက်ပြီ။ (အာစားန်သရ်ရ်ဂျမဟ်) အဓိပ္ပာယ်ပေါ်လွင်ထင်ရှားတဲ့ အာယသ်တော်တွေရှိနေပါလျက်နဲ့ အဓိပ္ပာယ်အတိအကျ ပေါ်လွင်ထင်ရှားခြင်းမရှိတဲ့ အာယသ်တော်တွေကို ကိုးကားခြင်းကနေ သဖ်စီရ်ပညာရှင်တွေက တားမြစ်ထားကြတယ်။(ကဗီးရ်) ❸ စိတ်နှလုံးကွေ့ကောက်တဲ့သူတွေဟာ လူတွေကို သံသယဖြစ်အောင်နဲ့ လွဲချော်မှားယွင်းမှုတွေဖြစ်အောင် ထင်ရှားပေါ်လွင်တဲ့ အာယသ်တော်တွေကို ဖယ်ထားပြီး အဓိပ္ပာယ်အတိအကျ ပေါ်လွင်ထင်ရှားခြင်းမရှိတဲ့ အာယသ်တော်တွေကို သူတို့လိုချင်တဲ့အဓိပ္ပာယ်ဘက် ဆွဲကောက်ပြီးပြောဆိုကြတယ်။ (သွဗ်ရီ)။ ❹ အဓိပ္ပာယ်အတိအကျ ပေါ်လွင်ထင်ရှားခြင်းမရှိတဲ့ အာယသ်တွေရဲ့ အဓိပ္ပာယ်ကို تَأْوِيلَهُ နဲ့ သုံးထားတယ်။ تَأْوِيل ရဲ့အဓိပ္ပာယ်ဟာ နှစ်မျိုးရှိတယ်။ ပထမတစ်မျိုးမှာ “အရာတစ်ခုရဲ့မူရင်းဇာစ်မြစ် အဖြစ်မှန်”ဖြစ်တယ်။ အဲဒီအဓိပ္ပာယ်ဆိုရင် အထက်မှာဘာသာပြန်ထားတဲ့အတိုင်းပဲ “အဲဒီမုသရှာဗိဟာသ်တွေရဲ့ မူရင်းဇာစ်မြစ် အဖြစ်မှန်ကိုတော့ အရှင်မြတ်ကလွဲလို့ ဘယ်သူမှမသိဘူး” ဖြစ်တယ်။ تَأْوِيلَهُ ရဲ့ ဒုတိယအဓိပ္ပာယ်က ဒီနေရာမှာ “အရာတစ်ခုရဲ့ ရှင်းလင်းဖွင့်ဆိုမှု” ဖြစ်တယ်။ ဒီအဓိပ္ပာယ်အရဆိုရင် “အဲဒီ မုသရှာဗိဟာသ်တွေရဲ့ ရှင်းလင်းဖွင့်ဆိုမှုကို အလ္လာဟ်အရှင်မြတ်နဲ့ ပညာရှင်ပါရဂူတွေကလွဲလို့ ဘယ်သူမှ မသိဘူး။” ဖြစ်တယ်။

(အိဗ်နုကဆီးရ်၊ ကမာလိုင်န်၊ သိုင်စီရွလ် ကရီမိရ်ရဟ်မာန်)။

رَبَّنَا لَا تُزِغْ قُلُوبَنَا بَعْدَ إِذْ هَدَيْتَنَا وَهَبْ لَنَا مِن لَّدُنكَ رَحْمَةً ۚ إِنَّكَ أَنتَ الْوَهَّابُ ﴿٨﴾

(၈) (ထိုဉာဏ်ပညာရှင်များသည် ဤသို့ဆုတောင်းကြသည်၊) အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အား လမ်းမှန်ပေါ်ပို့ပြီးနောက် ကျွန်ုပ်တို့၏စိတ်နှလုံးများကို တိမ်းစောင်းလွဲချော်အောင် ပြုတော်မမူပါနှင့်။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား အရှင်မြတ်ထံတော်မှ သနားကြင်နာမှုကရုဏာတော်ကို ပေးသနားတော်မူပါ။ အမှန်စင်စစ် အရှင်မြတ်သည်သာ အလွန်ပေးကမ်းရက်ရောတော်မူသောအရှင် ဖြစ်တော်မူပါသည်။

رَبَّنَآ اِنَّكَ جَامِعُ النَّاسِ لِيَوْمٍ لَّا رَيْبَ فِيْهِ ؕ اِنَّ اللّٰهَ لَا يُخْلِفُ الْمِيْعَادَ ﴿٩﴾

(၉) အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်စင်စစ် အရှင်မြတ်သည် နေ့တစ်နေ့တွင်လူသားအားလုံးကို စုရုံးတော်မူမည့်အရှင် ဖြစ်တော်မူပါသည်။ ၎င်း(နေ့)နှင့်ပတ်သက်ပြီး လုံးဝသံသယမရှိပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ပြုထားတော်မူသော) ကတိသစ္စာတော်ကို ဖောက်ဖျက်တော်မူမည် မဟုတ်ပါ။

اِنَّ الَّذِيْنَ كَفَرُوْا لَنْ تُغْنِىَ عَنْهُمْ اَمْوَالُهُمْ وَلَآ اَوْلَادُهُمْ مِّنَ اللّٰهِ شَيْـًٔا ؕ وَاُولٰٓئِكَ هُمْ وَقُوْدُ النَّارِ ﴿١٠﴾

(၁၀) အမှန်စင်စစ် ကာဖိရ်ငြင်းပယ်သူများ၏ ပစ္စည်းဥစ္စာများနှင့် သူတို့၏သားသမီးများသည် သူတို့အတွက်(ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင်) အလ္လာဟ်အရှင်မြတ်(၏ပြစ်ဒဏ်)မှ (ကာကွယ်ရန်) မည်သည့်အရာမျှ လုံးဝအသုံးဝင်မည်မဟုတ်ပေ။[၁] ထို့ပြင် သူတို့သည် ငရဲမီး၏လောင်စာများပင် ဖြစ်ကြလိမ့်မည်။

[၁] ကာဖိရ်ငြင်းပယ်သူတွေဟာ သူတို့ရဲ့ ပစ္စည်းဥစ္စာတွေနဲ့ သားသမီးတွေများပြားမှုကြောင့် ဘယ်တော့မှ အပြစ်ဒဏ်ခံရမှာမဟုတ်ဘူးလို့ ထင်ခဲ့ကြတယ်။ وَقَالُوْا نَحْنُ اَكْثَرُ اَمْوَالًا وَّ اَوْلَادًا وَّ مَا نَحْنُ بِمُعَذَّبِيْنَ (ကုရ်အာန် - ၃၄း၃၅) သူတို့ရဲ့ပစ္စည်းတွေဟာ ဘယ်တော့မှ မပျက်စီးဘူးလို့ထင်ကြတယ်။ قَالَ مَآ اَظُنُّ اَنْ تَبِيْدَ هٰذِهٖٓ اَبَدًا (ကုရ်အာန် - ၁၈း၃၅)ကိယာမသ် မရှိဘူးလို့လည်းထင်ကြတယ်၊ ရှိမယ်ဆိုရင်လည်း ငါတို့ဟာ ဒီဘဝထက်တောင် ပိုကောင်းကောင်းနေကြရဦးမယ်လို့ ပြောကြတယ်။ وَّمَآ اَظُنُّ السَّاعَةَ قَآئِمَةً ۙ وَّلَئِنْ رُّدِدْتُّ اِلٰى رَبِّىْ لَاَجِدَنَّ خَيْرًا مِّنْهَا مُنْقَلَبًا (ကုရ်အာန် - ၁၈း၃၆)၊ အရှင်မြတ်က သားသမီးတွေများပြားမှုနဲ့ ပစ္စည်းဥစ္စာတွေဟာ ဘာမှအသုံးမဝင်ကြောင်းမိန့်ပြီး သူတို့ရဲ့အယူအဆတွေကို ချေဖျက်လိုက်ခြင်း ဖြစ်တယ်။ (အလင်းပြကျမ်း)

كَدَاْبِ اٰلِ فِرْعَوْنَ ۙ وَالَّذِيْنَ مِنْ قَبْلِهِمْ ؕ كَذَّبُوْا بِاٰيٰتِنَا ۚ فَاَخَذَهُمُ اللّٰهُ بِذُنُوْبِهِمْ ؕ وَاللّٰهُ شَدِيْدُ الْعِقَابِ ﴿١١﴾

(၁၁) (သူတို့၏အလေ့အကျင့်များသည်) ဖိရ်အောင်န်၏ နောက်လိုက်အခြွေအရံများနှင့် သူတို့မတိုင်မီရှိခဲ့ကြသောသူများ၏ အလေ့အကျင့်များကဲ့သို့ဖြစ်သည်။[၂] သူတို့သည် ငါအရှင်မြတ်၏အာယသ် သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းဆိုခဲ့ကြသည်။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် သူတို့အား သူတို့၏အပြစ်များကြောင့် အပြစ်ဒဏ်ခတ်တော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာ အရေးယူတော်မူသောအရှင် ဖြစ်တော်မူသည်။[၃]

[၂] အရင်ကသူတွေဟာ တမန်တော်တွေယူဆောင်လာတဲ့ သာသနာကို မဟုတ်မမှန်ငြင်းပယ်ခဲ့ကြတဲ့အပေါ် သူတို့တစ်တွေရဲ့ ပစ္စည်းဥစ္စာ အခြွေအရံတွေ များပြားတဲ့ကြားထဲကပဲ အရှင်မြတ်က

အပြစ်ဒဏ်ခတ်တော်မူခဲ့တယ်။ အဲဒီလို ငြင်းပယ်တဲ့အကျင့်မျိုးတွေပဲ ဖြစ်ကြောင်းဆိုလိုတယ်။ (အလင်းပြကျမ်း) [၃] အရှင်မြတ်ရဲ့ဂုဏ်တော်တွေဟာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်နေတာမဟုတ်ဘူး။ အပြစ်ရှိသူကို အပြစ်ဒဏ်ခတ်ခြင်းနဲ့ အပြစ်မဲ့သူကို ကြင်နာခြင်းတို့ နှစ်ခုဟာ မဆန့်ကျင်ပါ။ အခြေအနေပြောင်းသွားလို့ ပြောင်းပြီးဆက်ဆံခြင်းသာဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ لِّلَّذِيْنَ كَفَرُوْا سَتُغْلَبُوْنَ وَتُحْشَرُوْنَ اِلٰى جَهَنَّمَ ۗ وَبِئْسَ الْمِهَادُ ﴿١٢﴾

(၁၂) (အို-တမန်တော်) အသင်သည် ကာဖိရ်ငြင်းပယ်သူများကို ပြောပါ၊ အသင်တို့သည် (မွတ်စ်လင်မ်များ၏) လွှမ်းမိုးမှုကို မကြာမီ ခံကြရမည်။[၆] ထို့ပြင် အသင်တို့သည် ဂျဟန္နမ်ငရဲဘုံတွင် မကြာမီ စုရုံးစေခြင်းကိုလည်း ခံကြရမည်။ ၎င်းပြင် ထိုနေရာထိုင်ခင်းသည် အဘယ်မျှ ယုတ်ညံ့သိမ်ဖျင်းလိုက်သနည်း။

[၆] တမန်တော်မြတ် ﷺ စတင်ပွင့်ပေါ်ပြီးတဲ့နောက် (၁၅)နှစ်(မက္ကဟ်မှာ ၁၃နှစ်၊ မဒီနဟ်မှာ ၂နှစ်) အကြာမှာဖြစ်ခဲ့တဲ့ ဗဒရ်စစ်ပွဲကစပြီး နောက်ပိုင်းစစ်ပွဲတွေမှာကာဖိရ် တွေရဲ့ အရေးရှုံးနိမ့်မှုတွေဟာ ဆက်တိုက်ဖြစ်ပေါ်ခဲ့ကြောင်း သမိုင်းမှာ ထင်ရှားခဲ့ပြီး ဖြစ်တယ်။ လာမဲ့အာယသ်မှာလည်း ဖော်ပြထားတယ်။ (အလင်းပြကျမ်း)

قَدْ كَانَ لَكُمْ اٰيَةٌ فِيْ فِئَتَيْنِ الْتَقَتَا ۗ فِئَةٌ تُقَاتِلُ فِيْ سَبِيْلِ اللّٰهِ وَاُخْرٰى كَافِرَةٌ يَّرَوْنَهُمْ مِّثْلَيْهِمْ رَاْيَ الْعَيْنِ ۗ وَاللّٰهُ يُؤَيِّدُ بِنَصْرِهٖ مَنْ يَّشَآءُ ۗ اِنَّ فِيْ ذٰلِكَ لَعِبْرَةً لِّاُولِى الْاَبْصَارِ ﴿١٣﴾

(၁၃) အမှန်စင်စစ် (ဗဒရ်စစ်ပွဲတွင်) တွေ့ဆုံရင်ဆိုင်ခဲ့ကြသောအုပ်စု နှစ်စုထဲတွင် အသင်တို့အတွက် သက်သေလက္ခဏာတစ်ခု ရှိခဲ့သည်။ အုပ်စုတစ်စုသည် အလ္လာဟ်အရှင်မြတ်၏လမ်းတွင် တိုက်ခိုက်နေခဲ့သည်။ ၎င်းပြင် အခြားအုပ်စုတစ်စုကမူ ကာဖိရ်များဖြစ်ခဲ့သည်၊ သူတို့သည် သူတို့ကိုယ်သူတို့ ၎င်း(မွတ်စ်လင်မ်များ)ထက် နှစ်ဆဖြစ်နေသည်ကို မျက်ဝါးထင်ထင်မြင်ကြသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိသောသူများကို အရှင်မြတ်၏အကူအညီဖြင့် အားပေးတော်မူခဲ့သည်။ အမှန်စင်စစ် ထိုထဲတွင်စဉ်းစားသိမြင်နိုင်စွမ်းရှိသူများအတွက် မုချ လေးနက်သော သင်ခန်းစာရှိသည်။[၇]

[၇] အလွန်အင်အားချည့်နဲ့တဲ့အုပ်စုနဲ့ အလွန်အင်အားကြီးတဲ့အုပ်စုတို့ တိုက်ခိုက်ကြပြီး မဖြစ်နိုင်တဲ့ဘက်က အောင်နိုင်သွားခြင်းဟာ အရှင်မြတ်ကူညီတာကြောင့်ပဲဆိုတဲ့ သင်ခန်းစာယူဖို့ဖြစ်တယ်။ (အလင်းပြကျမ်း)

زُيِّنَ لِلنَّاسِ حُبُّ الشَّهَوٰتِ مِنَ النِّسَآءِ وَالْبَنِيْنَ وَالْقَنَاطِيْرِ الْمُقَنْطَرَةِ مِنَ الذَّهَبِ وَالْفِضَّةِ وَالْخَيْلِ الْمُسَوَّمَةِ وَالْاَنْعَامِ وَالْحَرْثِ ۗ ذٰلِكَ مَتَاعُ الْحَيٰوةِ الدُّنْيَا ۚ وَاللّٰهُ عِنْدَهٗ حُسْنُ الْمَاٰبِ ﴿١٤﴾

(၁၄) လူများအတွက် မိန်းမများ၊ သားများ၊ စုထားသော ရွှေငွေရတနာများ၊ လေ့ကျင့်ပေးထားသော မျိုးကောင်းမြင်းများ၊ တိရစ္ဆာန်များနှင့် လယ်ယာ

များ၏(အပေါ်) ချစ်ခင်မက်မောမှုသည် လှပအောင် တန်ဆာဆင်မြန်းခြင်းခံရသည်။ ထိုအရာများသည် လောကီဘဝရှင်သန်မှု၏အကျိုးခံစားစရာများပင် ဖြစ်သည်။ ထို့ပြင် အကောင်းဆုံးပြန်လည်ရာဌာနမှာမူ အလ္လာဟ်အရှင်မြတ်ထံ၌သာ ရှိသည်။

قُلْ أَؤُنَبِّئُكُم بِخَيْرٍ مِّن ذَٰلِكُمْ ۚ لِلَّذِينَ اتَّقَوْا عِندَ رَبِّهِمْ جَنَّاتٌ تَجْرِي مِن تَحْتِهَا الْأَنْهَارُ
خَالِدِينَ فِيهَا وَأَزْوَاجٌ مُّطَهَّرَةٌ وَرِضْوَانٌ مِّنَ اللَّهِ ۗ وَاللَّهُ بَصِيرٌ بِالْعِبَادِ ﴿١٥﴾

(၁၅) (အို-တမန်တော်) အသင် ပြောလိုက်ပါ၊ ကျွန်ုပ်သည် အသင်တို့အား ထိုအရာများထက် ပိုကောင်းသောအရာကို အသိပေးရမည်လော။ ကြောက်ရွံ့အပြစ်ရှောင်ကောင်းကျိုးဆောင်သူများအတွက် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတွင် ဥယျာဉ်များရှိသည်။ ၎င်းတို့၏အောက်မှ စမ်းရေချောင်းများ စီးဆင်းလျက်ရှိသည်။ (သူတို့သည်) ၎င်း(ဥယျာဉ်များ)ထဲတွင် အမြဲနေကြရမည့်သူများဖြစ်သည်။ ထို့ပြင် (သူတို့အတွက်) စင်ကြယ်သောဇနီးကြင်ရာများလည်းရှိသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုလည်းရှိသည့်အပြင် အလ္လာဟ်အရှင်မြတ်သည် (အရှင်မြတ်၏) ကျွန်များအား အကြွင်းမဲ့ သိမြင်တော်မူသောအရှင်ဖြစ်တော်မူသည်။

الَّذِينَ يَقُولُونَ رَبَّنَا إِنَّنَا آمَنَّا فَاغْفِرْ لَنَا ذُنُوبَنَا وَقِنَا عَذَابَ النَّارِ ﴿١٦﴾

(၁၆) ထို(မုသ်သကီ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်)သူများက ပြောဆိုကြသည်၊ အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် ယုံကြည်ကြပါသည်၊ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား ငရဲမီး၏အပြစ်ဒဏ်မှ လွတ်ကင်းစေတော်မူပါ။

الصَّابِرِينَ وَالصَّادِقِينَ وَالْقَانِتِينَ وَالْمُنفِقِينَ وَالْمُسْتَغْفِرِينَ بِالْأَسْحَارِ ﴿١٧﴾

(၁၇) (ထိုသူများသည်) သည်းခံသောသူများ၊ မှန်ကန်သောသူများ၊ ရိုကျိုးသောသူများ၊ ပေးကမ်းစွန့်ကြဲသောသူများ၊ ညဉ့်၏နောက်ဆုံး(စဲဟ်ရီ)အချိန်များတွင် လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံသောသူများ ဖြစ်ကြသည်။

شَهِدَ اللَّهُ أَنَّهُ لَا إِلَٰهَ إِلَّا هُوَ وَالْمَلَائِكَةُ وَأُولُو الْعِلْمِ قَائِمًا بِالْقِسْطِ ۚ لَا إِلَٰهَ إِلَّا هُوَ الْعَزِيزُ الْحَكِيمُ ﴿١٨﴾

(၁၈) အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်မှလွဲ၍ အခြားခဝပ်ကိုး

ကွယ်ထိုက်သည့်အရှင်မရှိကြောင်း (အရှင်မြတ်ကိုယ်တော်တိုင်)သက်သေခံတော်မူခဲ့သည်။ ❶ဎင်းပြင် ကောင်းကင်တမန်များနှင့် ပညာရှင်အားလုံးသည်လည်း (သက်သေခံခဲ့ကြသည်)။ အရှင်မြတ်သည် မျှတမှုကို အကောင်အထည်ဖော်ဆောင်လျက်ရှိတော်မူသည်။ အရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ အရှင်မြတ်က သက်သေခံတာနဲ့ပတ်သက်ပြီး ကုရ်အာန် (၄၁း၅၃)မှာ စကြဝဠာထဲမှာရောလူ့ခန္ဓာကိုယ်ထဲမှာပါ အရှင်မြတ်တစ်ပါးတည်း တည်ရှိကြောင်း သက်သေလက္ခဏာ အာယသ်တော်တွေရှိတာကို ပြသမဲ့အကြောင်းနဲ့ အရှင်မြတ်ဟာ သိမြင်တော်မူတဲ့အရှင်အဖြစ်မလုံလောက်ဘူးလားလို့ အရှင်မြတ်က အခုလို မေးထားတယ် -

سَنُرِيۡهِمۡ اٰيٰتِنَا فِى الۡاٰفَاقِ وَفِىۡۤ اَنۡفُسِهِمۡ حَتّٰى يَتَبَيَّنَ لَهُمۡ اَنَّهُ الۡحَـقُّ ؕ اَوَلَمۡ يَكۡفِ بِرَبِّكَ اَنَّهٗ عَلٰى كُلِّ شَىۡءٍ شَهِيۡدٌ

ဒါဟာ အရှင်မြတ်က လူတိုင်းအတွက် အလ္လာဟ်အရှင်တစ်ပါးတည်းရှိကြောင်းကို လူတိုင်းရဲ့ဉာဏ်ရည်နဲ့ သိနိုင်အောင်စီမံခန့်ခွဲပေးထားခြင်းဖြစ်တယ်။ အဲဒီနောက် အရှင်မြတ်က ထပ်မံပြီး လူတိုင်းရဲ့ပညာရည်အသိဉာဏ်နဲ့ သိနိုင်အောင် အရှင်မြတ်ချပေးတဲ့ ကျမ်းဂန်တိုင်းမှာ အရှင်တစ်ပါးတည်းရှိကြောင်းကို နည်းမျိုးပေါင်းစုံနဲ့ သာဓကတွေပေးပေးပြီး ဖော်ပြထားပါတယ်။

(အွဆ်မာနီ၊ မအာရိဖွလ်ကုရ်အာန် - မော်လာနာအိဒ်ရီးစ်၊ အလင်းပြကျမ်း)

اِنَّ الدِّيۡنَ عِنۡدَ اللّٰهِ الۡاِسۡلَامُ ۗ وَمَا اخۡتَلَفَ الَّذِيۡنَ اُوۡتُوا الۡكِتٰبَ اِلَّا مِنۡۢ بَعۡدِ مَا جَآءَهُمُ الۡعِلۡمُ بَغۡيًاۢ بَيۡنَهُمۡ ؕ وَمَنۡ يَّكۡفُرۡ بِاٰيٰتِ اللّٰهِ فَاِنَّ اللّٰهَ سَرِيۡعُ الۡحِسَابِ ﴿١٩﴾

(၁၉) အမှန်စင်စစ် သာသနာသည် အလ္လာဟ်အရှင်မြတ်ထံတွင်အစ္စလာမ်သာသနာတော်ပင်ဖြစ်သည်။❷ ထို့ပြင် ကျမ်းဂန်ပေးခြင်းခံကြရသောသူများသည် သူတို့ထံသို့ အသိပညာရောက်ရှိခဲ့ပြီးနောက်မှ သူတို့အချင်းချင်း မနာလိုမှုကြောင့်မှလွဲ၍ (အခြားမည်သည့်အတွက်မျှ) ကွဲလွဲခဲ့ကြခြင်းမဟုတ်ပေ။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များကို ငြင်းပယ်လျှင် အမှန်စင်စစ်အလ္လာဟ်အရှင်မြတ်သည် အလွန်လျင်မြန်စွာ စာရင်းစစ်ဆေးတော်မူသောအရှင်ဖြစ်တော်မူသည်။

❷ ဒီန်သာသနာဆိုတာ ကုရ်အာန်ရဲ့ အသုံးအနှုန်းမှာ တမန်တော်အာဒမ် ﷺကစပြီး တမန်တော်မြတ် ﷺအထိ ရောနောပါဝင်သတ်မှတ်ပြဋ္ဌာန်းခြင်းခံရတဲ့ အရင်းအမြစ်တွေနဲ့ ပညတ်ချက်တွေကိုခေါ်တယ်။ ဥပမာ - အလ္လာဟ်အရှင်မြတ်ရဲ့ပြည့်ဝတဲ့ ဂုဏ်တော်တွေရှိမှု၊ အရှင်မြတ်ရဲ့ ချီးယွင်းချက်ဟူသမျှကနေ ကင်းစင်မှုနဲ့ အရှင်မြတ်တစ်ပါးတည်းသာ ကိုးကွယ်ခြင်းခံထိုက်မှုကိုစိတ်ထဲကယုံကြည်ပြီး နှုတ်လျှာက ဝန်ခံပြောဆိုမှု၊ ကိယာမသ်နေ့နဲ့ အဲဒီနေ့မှာ စာရင်းအင်းစစ်ဆေးမှု၊ အစားပေးမှု၊ ဂျန္နသ်နဲ့ ဂျဟန္နမ်ကို စိတ်ထဲကနေ ယုံကြည်ပြီး နှုတ်လျှာကနေ ဝန်ခံပြောဆိုမှု၊ အရှင်မြတ်စေလွှတ်လိုက်တဲ့ တမန်တော်တိုင်းအပေါ်မှာနဲ့ သူတို့တစ်တွေ ယူဆောင်လာတဲ့ပညတ်ချက်တွေအပေါ်မှာ

အဲဒီလိုပဲ ယုံကြည်လက်ခံလိုက်နာမှု၊ ဒီအချက်တွေအားလုံးဟာ တမန်တော်တိုင်း အတူတူယူဆောင်လာကြတဲ့ တစ်ခုတည်းသော ဒီန်သာသနာတော်ပဲဖြစ်တယ်။ အစ္စလာမ်ရဲ့မူရင်းအဓိပ္ပာယ်ဟာ မိမိကိုယ်ကို အလ္လာဟ်အရှင်မြတ်ကို ပုံအပ်လိုက်ပြီး အရှင်မြတ်ရဲ့အမိန့်တော်အတိုင်းနာခံခြင်းဖြစ်တယ်။ ဒီအဓိပ္ပာယ်နဲ့ တမန်တော်တိုင်းရဲ့ခေတ်မှာ ၎င်းတို့အပေါ်မှာ အီမာန်ယူပြီး ၎င်းတို့ယူဆောင်လာတဲ့ပညတ်ချက်တွေအတိုင်း လိုက်နာတဲ့သူတွေကို မွတ်စ်လင်မ်တွေလို့ ခေါ်တယ်။ ၎င်းတို့ရဲ့သာသနာကို အစ္စလာမ်သာသနာလို့ခေါ်တယ်။ အစ္စလာမ်ရဲ့အဓိပ္ပာယ်ကို နောက်ဆုံးတမန်တော်မြတ် ﷺ ယူဆောင်လာတဲ့ သာသနာ့လမ်းစဉ်အတွက်လည်း အသုံးပြုတယ်။ နဗီတမန်တော်တွေရောက်ရှိလာတဲ့ ခေတ်တိုင်းခေတ်တိုင်းမှာ ၎င်းတို့ယူဆောင်လာတဲ့ သာသနာပဲ အလ္လာဟ်လက်ခံတဲ့ အစ္စလာမ်သာသနာဖြစ်ခဲ့တယ်။ နောက်ထပ်တမန်တော်တစ်ပါး ရောက်ရှိလာတိုင်း ပထမတမန်တော်ရဲ့ တချို့ ရှရီအသ်ပညတ်ချက်တွေဟာ မန်စူခ်ရုပ်သိမ်းခြင်းခံခဲ့ရရင်းနဲ့ နောက်ဆုံးတမန်တော်မြတ် ﷺ ပွင့်ပေါ်လာခဲ့တယ်။ နောက်ဆုံးမှာ တမန်တော်မြတ် ﷺ ရဲ့ သာသနာပဲ အစ္စလာမ်သာသနာလို့ခေါ်ပြီး ကိယာမသ်နေ့ထိရှိတော့မှာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

فَاِنۡ حَآجُّوۡكَ فَقُلۡ اَسۡلَمۡتُ وَجۡهِىَ لِلّٰهِ وَمَنِ اتَّبَعَنِ ‌ؕ وَقُلۡ لِّلَّذِيۡنَ اُوۡتُوا الۡكِتٰبَ وَالۡاُمِّيّٖنَ ءَاَسۡلَمۡتُمۡ‌ ؕ فَاِنۡ اَسۡلَمُوۡا فَقَدِ اهۡتَدَوْا ‌ۚ وَاِنۡ تَوَلَّوۡا فَاِنَّمَا عَلَيۡكَ الۡبَلٰغُ‌ ؕ وَاللّٰهُ بَصِيۡرٌۢ بِالۡعِبَادِ ۝٢٠

(၂၀) ထို့နောက်လည်း သူတို့သည် အသင်(တမန်တော်)ကို စောဒကတက်ငြင်းခုံကြသေးသည်ဆိုလျှင် အသင်ပြောလိုက်ပါ၊ ကျွန်ုပ်သည် ကျွန်ုပ်၏မျက်နှာကို (အရှင်၏အမိန့်နာခံခြင်းနှင့်တကွ) အလ္လာဟ်အရှင်မြတ်ဘက်သို့ လှည့်လိုက်ပြီ (အမိန့်နာခံလိုက်ပြီ) ဖြစ်သည်။ ၎င်းပြင် ကျွန်ုပ်၏ နောက်လိုက်များသည်လည်း (သူတို့၏ မျက်နှာများကို အရှင်မြတ်ဘက်သို့ လှည့်လိုက်ကြပြီဖြစ်သည်)။ ထို့ပြင် (အို-တမန်တော်)အသင်သည် ကျမ်းဂန်ပေးခြင်းခံရသောသူများနှင့် စာမတတ်သောသူများကို ပြောဆိုမေးမြန်းလိုက်ပါ၊ အသင်တို့သည် အမိန့်နာခံသောမွတ်စ်လင်မ်များ ဖြစ်ကြလေပြီလော။ ထို့နောက် သူတို့သည် နာခံသောမွတ်စ်လင်မ်များဖြစ်ကြလျှင် သူတို့လည်း လမ်းမှန်ရရှိကြမည်။ ၎င်းပြင် အကယ်၍ သူတို့သည် မျက်နှာလွှဲ၍ ကျောခိုင်းသွားကြလျှင် အသင်(တမန်တော်)၏အပေါ်တွင်အမိန့်တော်များကို ပို့ချရုံသာတာဝန်ရှိသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (အရှင်မြတ်၏)ကျွန်များကို အကြွင်းမဲ့သိမြင်တော်မူသောအရှင် ဖြစ်တော်မူသည်။

اِنَّ الَّذِيۡنَ يَكۡفُرُوۡنَ بِاٰيٰتِ اللّٰهِ وَ يَقۡتُلُوۡنَ النَّبِيّٖنَ بِغَيۡرِ حَقٍّ ۙ وَّ يَقۡتُلُوۡنَ الَّذِيۡنَ يَاۡمُرُوۡنَ بِالۡقِسۡطِ مِنَ النَّاسِ ۙ فَبَشِّرۡهُمۡ بِعَذَابٍ اَلِيۡمٍ ۝٢١

(၂၁) အမှန်စင်စစ် အကြင်သူများသည် အလ္လာဟ်အရှင်မြတ်၏အာယသ်

တော်များကို ငြင်းပယ်ကြသည်။ ၎င်းပြင် သူတို့သည် နဗီတမန်တော်များအား မတရားသတ်ဖြတ်ကြသည်။ ၎င်းပြင် သူတို့သည် လူများထဲမှ တရားမျှတမှုပြုလုပ်ရန် ညွှန်ကြားသောသူများကိုလည်း သတ်ဖြတ်ကြသည်။ သို့ဖြစ်ရာ အသင်သည် ထိုသူများအား အလွန်နာကျင်စေသော အပြစ်ဒဏ်ဖြင့် သတင်းပေးလိုက်ပါ။

أُولَٰئِكَ الَّذِينَ حَبِطَتْ أَعْمَالُهُمْ فِي الدُّنْيَا وَالْآخِرَةِ وَمَا لَهُم مِّن نَّاصِرِينَ ﴿٢٢﴾

(၂၂) ထိုသူတို့သည် အကြင်သူများပင်၊ သူတို့၏(ရှာဖွေဆည်းပူးခဲ့သမျှ) လုပ်ရပ်(ကောင်းမှုများ)သည် ဤဘဝ၌သာမက တမလွန်ဘဝ၌လည်း ပျက်စီးသွားခဲ့ပြီ ဖြစ်သည်။ ထို့ပြင် သူတို့အတွက် မည်သည့်ကူညီသူမျှလည်းရှိမည် မဟုတ်ပေ။

أَلَمْ تَرَ إِلَى الَّذِينَ أُوتُوا نَصِيبًا مِّنَ الْكِتَابِ يُدْعَوْنَ إِلَىٰ كِتَابِ اللَّهِ لِيَحْكُمَ بَيْنَهُمْ ثُمَّ يَتَوَلَّىٰ فَرِيقٌ مِّنْهُمْ وَهُم مُّعْرِضُونَ ﴿٢٣﴾

(၂၃) ကျမ်းဂန်များထဲမှ တစ်စိတ်တစ်ဒေသပေးအပ်ခြင်းခံရသောသူများအား အသင်(တမန်တော်)မသိမြင်ပါသလော၊ ထိုသူများသည် သူတို့၏ကြားတွင်(ဖြစ်ပေါ်သောအငြင်းပွားမှုကို) ဆုံးဖြတ်ပေးရန် အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်ဘက်သို့ ဖိတ်ခေါ်ခြင်းခံကြရသည်။ ❶ ထို့နောက် သူတို့ထဲမှ အုပ်စုတစ်စုသည် မျက်နှာလွှဲသောသူများဖြစ်ကြလျက် သွေဖည်ကျောခိုင်းသွားကြသည်။

❶ ယဟူဒီတွေနဲ့ နတ်စ္စရာနီတွေဟာ သူတို့အပေါ်မှာ ချပေးခြင်းခံရတဲ့ ကျမ်းဂန်ဖြစ်တဲ့သောင်ရာသ်ကျမ်းနဲ့ အင်န်ဂျီလ်ကျမ်းထဲက အလ္လာဟ်အရှင်မြတ်နဲ့ တမန်တော်ရဲ့အမိန့်ကို နာခံဖို့ ဖိတ်ခေါ်ခြင်းခံရတဲ့အခါမှာ မနာခံဘဲ လှည့်ထွက်သွားကြတယ်။ သူတို့ဟာ နာခံတဲ့သူတွေမဟုတ်ကြဘူး။ (အိဗ်နကဆီးရ်)

ذَٰلِكَ بِأَنَّهُمْ قَالُوا لَن تَمَسَّنَا النَّارُ إِلَّا أَيَّامًا مَّعْدُودَاتٍ ۖ وَغَرَّهُمْ فِي دِينِهِم مَّا كَانُوا يَفْتَرُونَ ﴿٢٤﴾

(၂၄) ထိုကဲ့သို့ဖြစ်ရသည်မှာ သူတို့က ငရဲမီးသည် ကျွန်ုပ်တို့ကို ရက်အနည်းငယ်ထက်ပို၍ ထိတွေ့သက်ရောက်မည်မဟုတ်ဟု ပြောဆိုခဲ့သောကြောင့်ဖြစ်သည်။ ထို့ပြင် သူတို့၏သာသနာထဲတွင် သူတို့လုပ်ကြံဖန်တီးထားသောအရာများကပင် သူတို့အား လှည့်စားထားလိုက်ပြီ ဖြစ်သည်။

فَكَيْفَ إِذَا جَمَعْنَاهُمْ لِيَوْمٍ لَّا رَيْبَ فِيهِ وَوُفِّيَتْ كُلُّ نَفْسٍ مَّا كَسَبَتْ وَهُمْ لَا يُظْلَمُونَ ﴿٢٥﴾

(၂၅) ထို့နောက် ထို(ရှင်ပြန်ထမည့် ကိယာမသ်)နေ့တွင် ငါအရှင်မြတ်သည် သူတို့အား စုရုံးတော်မူသောအခါ (သူတို့) မည်သို့ဖြစ်ကြမည်နည်း။ ထို

(ကိယာမသ်)နေ့နှင့်ပတ်သက်၍ သံသယဖြစ်စရာမရှိပေ။ ထို့ပြင်(ထိုနေ့တွင်) လူတိုင်းသည် သူတို့ရှာဖွေဆည်းပူးခဲ့သောအရာများ(၏အကျိုး၊ အပြစ်များ)ကို သူတို့သည် မတရားပြုလုပ်ခြင်း မခံကြရဘဲလျက် အပြည့်အဝပေးခြင်း ခံကြရမည်။

قُلِ اللّٰهُمَّ مٰلِكَ الْمُلْكِ تُؤْتِی الْمُلْكَ مَنْ تَشَآءُ وَتَنْزِعُ الْمُلْكَ مِمَّنْ تَشَآءُ ؗ وَتُعِزُّ مَنْ تَشَآءُ وَتُذِلُّ مَنْ تَشَآءُ ؕ بِيَدِكَ الْخَيْرُ ؕ اِنَّكَ عَلٰی كُلِّ شَیْءٍ قَدِيْرٌ ﴿٢٦﴾

(၂၆) (အို-တမန်တော်)အသင် ပြောဆိုပါ၊ အုပ်ချုပ်မှုအာဏာအမျိုးမျိုးကို စိုးပိုင်တော်မူသော အို-အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို အုပ်ချုပ်မှုအာဏာ ပေးသနားတော်မူပါသည်။ ၎င်းပြင် အရှင်မြတ် အလိုရှိတော်မူသောသူထံမှ အုပ်ချုပ်မှုအာဏာကို ပြန်လည်ရုပ်သိမ်းတော်မူပါသည်။ ထို့ပြင် အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို ဂုဏ်သိက္ခာ ပေးသနားတော်မူပါသည်။ ၎င်းပြင် အရှင်မြတ်သည် အရှင်မြတ်အလိုတော်ရှိတော်မူသောသူကို သေးသိမ်စေတော်မူပါသည်။ ကောင်းခြင်းဟူသမျှသည် အရှင်မြတ်၏လက်တော်ထဲ၌သာ ရှိပါသည်။ အမှန်စင်စစ် အရှင်မြတ်သည် အရာအားလုံးအပေါ်တွင် အလွန်တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်တော်မူပါသည်။

تُوْلِجُ الَّيْلَ فِی النَّهَارِ وَتُوْلِجُ النَّهَارَ فِی الَّيْلِ ؗ وَتُخْرِجُ الْحَیَّ مِنَ الْمَيِّتِ وَتُخْرِجُ الْمَيِّتَ مِنَ الْحَیِّ ؗ وَتَرْزُقُ مَنْ تَشَآءُ بِغَيْرِ حِسَابٍ ﴿٢٧﴾

(၂၇) အရှင်မြတ်သည် ညကို နေ့ထဲတွင်ဝင်စေတော်မူပါသည်၊ ၎င်းပြင် နေ့ကို ညထဲတွင်ဝင်စေတော်မူပါသည်။❶ ထို့ပြင် အရှင်မြတ်သည် သက်မဲ့မှ သက်ရှိကို ထုတ်ယူတော်မူပါသည်။ ၎င်းပြင် အရှင်မြတ်သည် သက်ရှိမှ သက်မဲ့ကို ထုတ်ယူတော်မူပါသည်။❷ ၎င်းပြင် အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို အကန့်အသတ်မရှိ ရိက္ခာပေးသနားတော်မူပါသည်။

❶ နေ့ကညထဲကို ဝင်ခြင်းနဲ့ ညကနေ့ထဲကိုဝင်ခြင်းရဲ့အလိုသဘောဟာ နေ့တာတိုပြီး ညတာရှည်ခြင်းနဲ့ နေ့တာရှည်ပြီး ညတာတိုခြင်းကို ဆိုလိုတယ်။ (ဥပမာ- စက်တင်ဘာလမှာ နေထွက်ချိန်နဲ့ နေဝင်ချိန်ဟာ မနက် ၆နာရီနဲ့ ည ၆နာရီလောက်မှာ ဖြစ်လေ့ရှိတယ်။ နေ့ရဲ့အချိန်ဟာ ၁၂နာရီနဲ့ ညရဲ့အချိန်ဟာ ၁၂နာရီရှိနေတယ်။ ဇန္နဝါရီလရောက်တဲ့အခါ နေ့ရဲ့အစပိုင်းနာရီဝက်နဲ့ နေ့ရဲ့အဆုံးပိုင်းနာရီဝက်ဟာ ညထဲကို ဝင်သွားပြီး နေ့အချိန်ဟာ မနက်၆နာရီခွဲကနေ ညနေ၅နာရီခွဲထိ ၁၁နာရီပဲကျန်တော့တယ်။ အဲဒီလိုပဲ မေလရောက်တဲ့အခါ ညရဲ့အစပိုင်း နာရီဝက်နဲ့ ညရဲ့အဆုံးပိုင်းနာရီဝက်ဟာ နေ့ထဲကိုဝင်သွားပြီး ညရဲ့အချိန်ဟာ ည ၆နာရီခွဲကနေ မနက် ၅နာရီခွဲထိ ၁၁နာရီပဲကျန်တော့တယ်။ နေ့စဉ် အပြောင်းအလဲဖြစ်အောင် အလ္လာဟ်အရှင်မြတ်က စကြဝဠာအားလုံးမှာ စီမံခန့်ခွဲထားခြင်းဖြစ်တယ်။)(အလင်းပြကျမ်း) ❷ သက်မဲ့ကနေ သက်ရှိထုတ်ခြင်း၊ သက်ရှိကနေ

သက်မဲ့ထုတ်ခြင်းရဲ့အလိုသဘောမှာ သက်မဲ့ဥကနေ သက်ရှိကြက်ကို ထုတ်ပေးတယ်။ အဲဒီလိုပဲ သက်ရှိကြက်မက သက်မဲ့ဥကို ထုတ်ပေးတယ်။ အဲဒီလိုဖြစ်အောင် အရှင်မြတ်က စီမံခန့်ခွဲပေးထားခြင်းဖြစ်တယ်။ (ထာနဝီ၊ အလင်းပြကျမ်း)

لَا يَتَّخِذِ الْمُؤْمِنُوْنَ الْكٰفِرِيْنَ اَوْلِيَآءَ مِنْ دُوْنِ الْمُؤْمِنِيْنَ ۚ وَمَنْ يَّفْعَلْ ذٰلِكَ فَلَيْسَ مِنَ اللّٰهِ فِيْ شَيْءٍ اِلَّآ اَنْ تَتَّقُوْا مِنْهُمْ تُقٰىةً ؕ وَيُحَذِّرُكُمُ اللّٰهُ نَفْسَهٗ ؕ وَاِلَى اللّٰهِ الْمَصِيْرُ ﴿٢٨﴾

(၂၈) မုအ်မင်န်ယုံကြည်သူများသည် မုအ်မင်န်ယုံကြည်သူများမှလွဲ၍ ကာဖိရ်ငြင်းပယ်သောသူများကို မိတ်ဆွေများအဖြစ် မပြုလုပ်သင့်ပေ။❻ ၎င်းပြင် မည်သူပင်ဖြစ်စေ၊ ထိုသို့ပြုလုပ်လျှင် ထိုသူသည် အလ္လာဟ်အရှင်မြတ်နှင့် မည်သို့မျှ မသက်ဆိုင်တော့ပေ။ သို့ရာတွင် အသင်တို့သည် ထို(ကာဖိရ်)များ၏ဘေးရန်မှ ကာကွယ်ရန်အတွက်သာ (သူတို့နှင့် အဆင်ပြေစေရန် မိတ်ဖွဲ့ခွင့်ရှိသည်)။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ကိုကြောက်ရန် အသင်တို့အား သတိပေးတော်မူသည်။ ၎င်းပြင် နောက်ဆုံးပြန်လည်ရာစခန်းသည် အလ္လာဟ်အရှင်မြတ်ထံတော်သို့သာဖြစ်သည်။

❻ ကာဖိရ်တွေကို မိတ်ဆွေပြုလုပ်မှုနဲ့ ပတ်သက်ပြီး ရင်းနှီးဆက်သွယ်မှုမှာ အဆင့်တချို့ရှိတယ်။ (၁)စိတ်နှလုံးထဲက နှစ်နှစ်ကာကာ ချစ်ခင်ဆက်သွယ်မှု။ ဒါဟာ မုအ်မင်န်တွေအတွက်ပဲ ဖြစ်ပြီး မုအ်မင်န်မဟုတ်သူတွေနဲ့ အဲဒီလိုဆက်သွယ်ခြင်းမပိုင်ပါ။ (၂)ကျေးဇူးပြု အကောင်းလိုလားဆက်ဆံမှု။ စစ်တိုက်နေတဲ့ ကာဖိရ်တွေကလွဲလို့ ကျန်သူအားလုံးနဲ့ ဆက်ဆံခွင့်ရှိတယ်။ (၃) သာမန်မိတ်ဆွေအဖြစ်ဆက်ဆံမှု။ အားလုံးနဲ့ဆက်ဆံခွင့်ရှိတယ်။ (၄)အပေးအယူ ဆက်ဆံမှု။ အရောင်းအဝယ်၊ အငှားအရမ်း၊ ဆောက်လုပ်ရေး စတဲ့ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စတွေမှာ အားလုံးနဲ့ ကောင်းကောင်းမွန်မွန်ဆက်ဆံရမယ်။ (မအာရိဖွလ်ကုရ်အာန် - မုဖ်သီရှဖီးအ်)

قُلْ اِنْ تُخْفُوْا مَا فِيْ صُدُوْرِكُمْ اَوْ تُبْدُوْهُ يَعْلَمْهُ اللّٰهُ ؕ وَيَعْلَمُ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ؕ وَاللّٰهُ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿٢٩﴾

(၂၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ အကယ်၍ အသင်တို့သည် အသင်တို့၏စိတ်နှလုံးများထဲ၌ရှိသောအရာများ(ကာဖိရ်များနှင့်ရင်းနှီးစွာဆက်ဆံမှု၊ အကူအညီပေးလိုမှုတို့)ကို လျှို့ဝှက်၍ထားသည်ဖြစ်စေ၊ သို့မဟုတ် ထုတ်ဖော်၍ပြောသည်ဖြစ်စေ အလ္လာဟ်အရှင်မြတ်သည် ထိုအရာများကို သိတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် ကောင်းကင်များ၌ရှိသည်များကို သာမက မြေပထဝီ၌ ရှိသည်များကိုလည်းသိတော်မူသည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ်တွင် အလွန်တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။

يَوْمَ تَجِدُ كُلُّ نَفْسٍ مَّا عَمِلَتْ مِنْ خَيْرٍ مُّحْضَرًا ۖۚ وَّمَا عَمِلَتْ مِنْ سُوْٓءٍ ۚ تَوَدُّ لَوْ اَنَّ بَيْنَهَا وَ

بَيْنَهٗۤ اَمَدًۢا بَعِيْدًا ؕ وَيُحَذِّرُكُمُ اللّٰهُ نَفْسَهٗ ؕ وَاللّٰهُ رَءُوْفٌۢ بِالْعِبَادِ ﴿٣٠﴾

(၃၀) ထိုနေ့တွင် လူတိုင်းသည် သူတို့ပြုလုပ်ခဲ့သမျှ ကောင်းမှုများကို သာမက သူတို့ပြုလုပ်ခဲ့သမျှ မကောင်းမှုများကိုလည်း ရှေ့တင်မျက်မှောက် အသင့်တွေ့ရှိကြလိမ့်မည်။ (ထိုအခါ) သူတို့သည် "အကယ်၍ သူတို့နှင့် ၎င်း (မကောင်းမှုများ)၏ကြားတွင် (သူတို့ပြုလုပ်ခဲ့ကြသော မကောင်းမှုများအား မတွေ့လိုကြသည့်အတွက်) ဝေးလံသောနေရာစခန်းရှိလျှင် ကောင်းလေစွ"ဟူ၍ တောင့်တကြမည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ကိုသာ ကြောက်ရွံ့ရန်အတွက် အသင်တို့အား သတိပေးတော်မူသည်။ ထို့ပြင် အလ္လာဟ် အရှင်မြတ်သည် (အရှင်မြတ်၏)ကျွန်များအား အလွန်ကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

قُلْ اِنْ كُنْتُمْ تُحِبُّوْنَ اللّٰهَ فَاتَّبِعُوْنِىْ يُحْبِبْكُمُ اللّٰهُ وَيَغْفِرْ لَكُمْ ذُنُوْبَكُمْ ؕ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿٣١﴾

(၃၁) (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ အကယ်၍ အသင်တို့ သည် အလ္လာဟ်အရှင်မြတ်အား ချစ်မြတ်နိုးကြသည်ဆိုလျှင် အသင်တို့သည် ငါ(တမန်တော်၏အမိန့်)ကို လိုက်နာကြပါ။❶ (သို့ဖြစ်လျှင်) အသင်တို့ကို အလ္လာဟ် အရှင်မြတ်သည် ချစ်ခင်တော်မူမည်။ ၎င်းပြင် အရှင်မြတ်သည် အသင်တို့၏ပြစ်မှု များကို လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလွန် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော် မူသောအရှင် ဖြစ်တော်မူသည်။

❶ အလ္လာဟ်အရှင်မြတ်ရဲ့ချစ်ခင်မှုကို တမန်တော်မြတ် ﷺ ရဲ့နောက်လိုက်မှုအပေါ်မှာ မူတည်ထား လိုက်ခြင်းက တမန်တော်မြတ် ﷺ ရဲ့ နောက်လိုက်မှုဟာ ဘယ်လောက်တောင်အရေးကြီးတယ် ဆိုတာ ထင်ရှားပေါ်လွင်စေတယ်။ ဒါက တမန်တော်မြတ် ﷺ ရဲ့အမိန့်တွေကို ဖယ်ထားပြီး အရှင် မြတ်ရဲ့ အမိန့်တော်ကိုပဲ လိုက်နာရင် လုံလောက်တယ်လို့ ယူဆလိုက်နာခဲ့ရင် အရှင်မြတ်ရဲ့ချစ်ခင် မှုမရဘူးဆိုတာကို ညွှန်ပြလျက်ရှိတယ်။ (အလင်းပြကျမ်း)

قُلْ اَطِيْعُوا اللّٰهَ وَالرَّسُوْلَ ۚ فَاِنْ تَوَلَّوْا فَاِنَّ اللّٰهَ لَا يُحِبُّ الْكٰفِرِيْنَ ﴿٣٢﴾

(၃၂) (အို-တမန်တော်) အသင် ပြောလိုက်ပါ၊ အသင်တို့သည် အလ္လာဟ် အရှင်မြတ်၏အမိန့်တော်နှင့် တမန်တော်၏အမိန့်တော်ကို လိုက်နာကြပါ။ ထို့ နောက် အကယ်၍ သူတို့သည် သွေဖည်ကျောခိုင်းသွားကြလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ထိုကဲ့သို့) သွေဖည်ငြင်းပယ်သောသူများအား နှစ်သက်တော်မမူပေ။❷

❶ အလ္လာဟ်အရှင်မြတ်နဲ့ အရှင်မြတ်ရဲ့ရစူလ်ရဲ့အမိန့်ကို လိုက်နာခြင်းနဲ့ မျက်နာလွှဲခြင်းဟာ အီမာန်နဲ့ ကုဖ်ရ်ကို ခြားနားပေးတယ်။ အဲဒါကြောင့် အရှင်မြတ်က အရှင်မြတ်နဲ့ အရှင့်တမန်တော်ရဲ့အမိန့်ကို မလိုက်နာဘဲ မျက်နာလွှဲသွားတဲ့သူတွေကို ကာဖိရ်တွေအဖြစ်နဲ့ အခုလို ကုရ်အာန်(၃း၃၂)မှာ فَاِنۡ تَوَلَّوۡا فَاِنَّ اللّٰهَ لَا یُحِبُّ الۡكٰفِرِیۡنَ လို့သုံးစွဲထားတယ်။

اِنَّ اللّٰهَ اصۡطَفٰۤی اٰدَمَ وَ نُوۡحًا وَّ اٰلَ اِبۡرٰهِیۡمَ وَ اٰلَ عِمۡرٰنَ عَلَی الۡعٰلَمِیۡنَ ﴿۳۳﴾

(၃၃) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (တမန်တော်)အာဒမ်❷၊ (တမန်တော်)နူးဟ် ❸၊ (တမန်တော်)အိဗ်ရာဟီမ်၏ အဆက်အနွယ်နှင့်အင်မ်ရာန်၏အဆက်အနွယ်တို့ကို စကြဝဠာအားလုံးအပေါ်တွင် ရွေးချယ်တော်မူခဲ့သည်။

❷ အာဒမ် عليه السلام ဟာ လူသားတွေရဲ့ ဖခင်ဖြစ်တယ်။ (အလင်းပြကျမ်း) ❸ တမန်တော်နူးဟ် عليه السلام ဟာ အာဒမ် عليه السلام ရဲ့ သားစဉ်မြေးဆက်တွေထဲကဖြစ်ပြီး လောကမှာ နှစ်ပေါင်း ၉၅၀တိုင်တိုင် အလ္လာဟ်အရှင်မြတ်ဘက်ကိုဖိတ်ခေါ်သွားခဲ့တယ်။ အဲဒီအကြောင်းအရှင်မြတ်က အခုလိုမိန့်တော်မူတယ် - (ကုရ်အာန် - ၂၉း၁၄) وَلَقَدۡ اَرۡسَلۡنَا نُوۡحًا اِلٰی قَوۡمِهٖ فَلَبِثَ فِیۡهِمۡ اَلۡفَ سَنَةٍ اِلَّا خَمۡسِیۡنَ عَامًا ؕ فَاَخَذَهُمُ الطُّوۡفَانُ وَ هُمۡ ظٰلِمُوۡنَ

ذُرِّیَّةًۢ بَعۡضُهَا مِنۡۢ بَعۡضٍ ؕ وَ اللّٰهُ سَمِیۡعٌ عَلِیۡمٌ ﴿ۚ۳۴﴾

(၃၄) ထိုသူများထဲမှ အချို့သည် အချို့၏ သားစဉ်မြေးဆက်များဖြစ်ကြသည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

اِذۡ قَالَتِ امۡرَاَتُ عِمۡرٰنَ رَبِّ اِنِّیۡ نَذَرۡتُ لَكَ مَا فِیۡ بَطۡنِیۡ مُحَرَّرًا فَتَقَبَّلۡ مِنِّیۡ ۚ اِنَّكَ اَنۡتَ السَّمِیۡعُ الۡعَلِیۡمُ ﴿۳۵﴾

(၃၅) တစ်ခါတွင် အင်မ်ရာန်❶၏ဇနီးက ပြောဆိုလျှောက်ထားခဲ့သည်၊ "အို- ကျွန်မအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်စင်စစ် ကျွန်မသည် အရှင်မြတ်အတွက် ကျွန်မ၏ဗိုက်ထဲ၌ရှိသော ကလေးကို အရှင်မြတ်အား (ဝတ်ပြုစေနိုင်ရန်) လွတ်လပ်စွာထားရန်အတွက် (နဇရ်ကိုး)အဓိဋ္ဌာန်ပြုပါသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်မ၏ထံမှ(ကျွန်မ၏အဓိဋ္ဌာန်ကို)လက်ခံတော်မူပါ။ အမှန်စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူပါသည်။

❶ အင်မ်ရာန်ဟာ မရ်ယမ် عليها السلام ရဲ့ဖခင်ဖြစ်ပြီး တမန်တော်အီစာ عليه السلام ရဲ့အဘိုးဖြစ်တယ်။ (အွဆ်မာနီ - ၆၉)

فَلَمَّا وَضَعَتۡهَا قَالَتۡ رَبِّ اِنِّیۡ وَضَعۡتُهَاۤ اُنۡثٰی ؕ وَ اللّٰهُ اَعۡلَمُ بِمَا وَضَعَتۡ ؕ وَ لَیۡسَ الذَّكَرُ كَالۡاُنۡثٰی ۚ وَ اِنِّیۡ سَمَّیۡتُهَا مَرۡیَمَ وَ اِنِّیۡۤ اُعِیۡذُهَا بِكَ وَ ذُرِّیَّتَهَا مِنَ الشَّیۡطٰنِ الرَّجِیۡمِ ﴿۳۶﴾

(၃၆) ထို့နောက် သူမသည် ၎င်း(ကလေး)အား မွေးဖွားလိုက်သော

အခါ သူမက ပြောဆိုသည်၊ "အို- ကျွန်မအားဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်စင်စစ် ကျွန်မသည် ၎င်း(ကလေး)အား သမီးမိန်းကလေးအဖြစ် မွေးဖွားလိုက်ပါသည်။" ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူမ ဖွားမြင်ခဲ့သည်ကို ပိုသိတော်မူသည်။ ၎င်းပြင် (သူမ လိုချင်သော)သားယောကျ်ားလေးသည် (ဤ) သမီးမိန်းကလေးကဲ့သို့ မဟုတ်ပေ။ "ထို့နောက် အမှန်စင်စစ် ကျွန်မသည် ၎င်း (သမီးမိန်းကလေး)အားမရ်ယမ်ဟု အမည်ပေးလိုက်ပါသည်။ ၎င်းပြင် အမှန်စင်စစ် ကျွန်မသည် ၎င်းနှင့် ၎င်း၏သားသမီးများအား နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်၏နှောင့်ယှက်မှုမှ (လွတ်ကင်းရန်) အရှင်မြတ်ထံတွင်ခိုလှုံပါသည်။"

فَتَقَبَّلَهَا رَبُّهَا بِقَبُوْلٍ حَسَنٍ وَّ اَنْۢبَتَهَا نَبَاتًا حَسَنًا ۙ وَّ كَفَّلَهَا زَكَرِيَّا ۚ كُلَّمَا دَخَلَ عَلَيْهَا زَكَرِيَّا الْمِحْرَابَ ۙ وَجَدَ عِنْدَهَا رِزْقًا ۚ قَالَ يٰمَرْيَمُ اَنّٰى لَكِ هٰذَا ؕ قَالَتْ هُوَ مِنْ عِنْدِ اللّٰهِ ؕ اِنَّ اللّٰهَ يَرْزُقُ مَنْ يَّشَآءُ بِغَيْرِ حِسَابٍ ﴿٣٧﴾

(၃၇) ထို့နောက် သူမအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ၎င်း(မရ်ယမ်)အား ကောင်းမွန်သောလက်ခံမှုနှင့် လက်ခံတော်မူပြီး သူမအား ကောင်းမွန်သော မွေးမြူမှုနှင့် မွေးမြူခဲ့သည်။ ၎င်းပြင် အရှင်မြတ်သည် (တမန်တော်)ဇကရိယာ[၆] အား ၎င်း(မရ်ယမ်)ကို ထိန်းသိမ်းစောင့်ရှောက်စေတော်မူခဲ့သည်။ ၎င်း(တမန်တော်ဇကရိယာ)သည် (မရ်ယမ်ကို ကြည့်ရှုစောင့်ရှောက်ရန်) သူမ၏အဆောင်ထဲသို့ ဝင်သည့်အခါတိုင်း သူမ၏အနီးတွင် စားစရာများကို တွေ့ရှိရသည့်အတွက် ပြောဆိုမေးမြန်းသည်၊ "အို- မရ်ယမ်၊ ဤ(စားစရာများ) သည် အသင်မထံသို့ အဘယ်မှရောက်လာသနည်း။" သူမက ပြောသည်၊ "ဤ (စားစရာများ)သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ဖြစ်ပါသည်။" အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို အကန့်အသတ်မရှိ စားနပ်ရိက္ခာ ပေးသနားတော်မူသည်။

[၆] တမန်တော်ဇကရိယာ ﷺ ဟာ မရ်ယမ် عليها السلام ရဲ့ဦးကြီးဖြစ်တယ်။
(ဂျလာလိုင်န်၊ အာစားန်သရ်ဂျမဟ် ၁၉၂)

هُنَالِكَ دَعَا زَكَرِيَّا رَبَّهٗ ۚ قَالَ رَبِّ هَبْ لِيْ مِنْ لَّدُنْكَ ذُرِّيَّةً طَيِّبَةً ۚ اِنَّكَ سَمِيْعُ الدُّعَآءِ ﴿٣٨﴾

(၃၈)(တမန်တော်)ဇကရိယာသည် ထိုနေရာ၌ပင်[၁] ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတွင် ဆုတောင်းခဲ့သည်။ ၎င်းက ပြောဆိုလျှောက်ထားသည်၊ "အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်

သည် ကျွန်ုပ်အား အရှင်မြတ်ထံတော်မှ သန့်စင်အပြစ်ကင်းသော (သားကောင်း) မျိုးဆက်တစ်ဦးကို ပေးသနားတော်မူပါ။ အမှန်စင်စစ် အရှင်မြတ်သည် ဒုအာဆုတောင်းမှုကို အကြွင်းမဲ့ကြားတော်မူသောအရှင်ဖြစ်တော်မူပါသည်။”

၁ ဘယ်မှမထွက်ဘဲ အခန်းထဲမှာပဲနေတဲ့ မရ်ယမ်عليها السلامထံကို အစားအစာတွေရောက်လာတဲ့အချိန်နဲ့ နေရာကိုဆိုလိုတယ်။ (အလင်းပြကျမ်း)

فَنَادَتۡهُ الۡمَلٰٓـئِكَةُ وَهُوَ قَآئِمٌ يُّصَلِّىۡ فِى الۡمِحۡرَابِ ۙ اَنَّ اللّٰهَ يُبَشِّرُكَ بِيَحۡيٰى مُصَدِّقًۢا بِكَلِمَةٍ مِّنَ اللّٰهِ وَسَيِّدًا وَّحَصُوۡرًا وَّنَبِيًّا مِّنَ الصّٰلِحِيۡنَ ﴿٣٩﴾

(၃၉) ထို့နောက် ၎င်း(တမန်တော်ဇကရိယာ)သည် ဝတ်ပြုဆောင်ထဲတွင် မတ်တတ်ရပ်လျက် စွလာသ်ဝတ်ပြုနေစဉ် ကောင်းကင်တမန်များသည် ၎င်းအား ဟစ်ခေါ်ပြောဆိုကြသည်၊ “အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် အသင့်အား ယဟ်ယာအမည်ရှိသော (သားကောင်းတစ်ဦးကို ပေးသနားတော်မူမည့်အကြောင်း) သတင်းကောင်းပေးတော်မူသည်။ (ထိုသားသည်) အလ္လာဟ်အရှင်မြတ်၏ကလိမဟ်[၂] ကို ထောက်ခံမည့်သူ ဖြစ်မည်၊ ခေါင်းဆောင်လည်းဖြစ်မည်၊ (ကာမ လိုက်စားမှုကို) စောင့်ထိန်းသူလည်းဖြစ်မည်၊ ကောင်းမြတ်သောသူများထဲမှ နဗီတမန်တော်တစ်ပါးလည်းဖြစ်မည်။”

၂ အလ္လာဟ်အရှင်မြတ်ရဲ့ကလိမဟ် كَلِمَةُ اللّٰهِ ဆိုတာ တမန်တော် အီစာ عَلَيۡهِ السَّلَامُရဲ့ဘွဲ့နာမည်ဖြစ်တယ်။ တမန်တော်အီစာ عَلَيۡهِ السَّلَامُဟာ ဖခင်ကို အကြောင်းခံပြီး မွေးဖွားလာတာမဟုတ်ဘဲ အရှင်မြတ်ရဲ့ကလိမဟ် စကားတစ်ခွန်းဖြစ်တဲ့ كُنۡ “ဖြစ်စေ” ဆိုတာကို အကြောင်းပြုပြီး ဖြစ်ပေါ် မွေးဖွားလာခဲ့တဲ့အတွက် ကလိမသွလ္လာဟ်လို့ ခေါ်တွင်ခြင်းဖြစ်တယ်။ တမန်တော်ဇကရိယာ عَلَيۡهِ السَّلَامُရဲ့သားတော် ယဟ်ယာ عَلَيۡهِ السَّلَامُဟာ တမန်တော်အီစာ عَلَيۡهِ السَّلَامُထက်အရင် မွေးဖွားလာသူဖြစ်ပြီး တမန်တော်အီစာ عَلَيۡهِ السَّلَامُလာမဲ့သတင်းကို ကြိုတင်ပေးကာ ထောက်ခံသူဖြစ်ခဲ့တယ်။ (ဂျလာလိုင်န်၊ အာစားန် သရ်ဂျူမဟ်)

قَالَ رَبِّ اَنّٰى يَكُوۡنُ لِىۡ غُلٰمٌ وَّقَدۡ بَلَغَنِىَ الۡكِبَرُ وَامۡرَاَتِىۡ عَاقِرٌ ؕ قَالَ كَذٰلِكَ اللّٰهُ يَفۡعَلُ مَا يَشَآءُ ﴿٤٠﴾

(၄၀) ၎င်း(တမန်တော်ဇကရိယာ)က ပြောဆိုလျှောက်ထားသည်၊ အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်ုပ်တွင် မည်သည့်နည်းဖြင့် သားရနိုင်ပါမည်နည်း။ စင်စစ် ကျွန်ုပ်တွင် အိုမင်းရင့်ရော်မှုသည်လည်း ဆိုက်ရောက်လာခဲ့ပြီဖြစ်ပါသည်။[၃] ကျွန်ုပ်၏ဇနီးသည်လည်း သားသမီးမရသော အမြုံဖြစ်ပါသည်။” အရှင်မြတ်က အမိန့်ရှိတော်မူသည်၊ “ထိုသို့ပင် (သားရရှိမည့်အကြောင်းမှာ) အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသည်ကို ပြုလုပ်တော်မူသည်။”

၃ သားသမီးရဖို့သတင်းပေးတဲ့အချိန်မှာ တမန်တော်ဇကရိယာ عَلَيۡهِ السَّلَامُရဲ့ အသက်ဟာ ၁၂၀နှစ်ရှိနေပြီဖြစ်တယ်။ ၎င်းရဲ့ဇနီးကြင်ရာရဲ့အသက်ဟာ ၉၈ နှစ်ရှိနေပြီဖြစ်တယ်။ (ဂျလာလိုင်န်)

قَالَ رَبِّ اجْعَلْ لِّيْٓ اٰيَةً ۭ قَالَ اٰيَتُكَ اَلَّا تُكَلِّمَ النَّاسَ ثَلٰثَةَ اَيَّامٍ اِلَّا رَمْزًا ۭ وَاذْكُرْ رَّبَّكَ كَثِيْرًا وَّ
سَبِّحْ بِالْعَشِيِّ وَالْاِبْكَارِ ﴿٤١﴾

(၄၁) ၎င်း(ဇကရိယာ)က ပြောဆိုသည်၊ “အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်အတွက် (ဇနီးတွင် ကိုယ်ဝန်ရှိကြောင်း) နိမိတ်လက္ခဏာတစ်ခုခု ပြုလုပ်ပေးတော်မူပါ။” အရှင်မြတ်က မိန့်ကြားတော်မူသည်၊ “အသင်၏လက္ခဏာမှာ အသင်သည် သုံးရက်တိတိ လူများနှင့် အရိပ်အခြည်ပြသည်မှလွဲ၍ စကားမပြော(နိုင်)ခြင်းဖြစ်သည်။ ထို့ပြင် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို အမြောက်အမြား သတိရပြီး ညနေခင်းနှင့် နံနက်ခင်းများတွင် အရှင်မြတ် သန့်ပြန့်စင်ကြယ်တော်မူကြောင်း တသရွတ်ဆိုနေပါ။”

وَاِذْ قَالَتِ الْمَلٰۗىِٕكَةُ يٰمَرْيَمُ اِنَّ اللّٰهَ اصْطَفٰىكِ وَطَهَّرَكِ وَاصْطَفٰىكِ عَلٰي نِسَاۗءِ الْعٰلَمِيْنَ ﴿٤٢﴾

(၄၂) ၎င်းပြင် တစ်ခါတွင် ကောင်းကင်တမန်များသည် ပြောဆိုကြသည်၊ “အို-မရ်ယမ်၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်မအား ရွေးချယ်တော်မူခဲ့သည်။ ၎င်းပြင် အရှင်မြတ်သည် အသင်မကို သန့်ပြန့်စင်ကြယ်အောင် ပြုလုပ်တော်မူခဲ့သည်။ ၎င်းပြင် အရှင်မြတ်သည် အသင်မကို စကြဝဠာအားလုံး၏ အမျိုးသမီးများအပေါ်တွင် ရွေးချယ်တင်မြှောက်တော်မူခဲ့သည်။”

يٰمَرْيَمُ اقْنُتِيْ لِرَبِّكِ وَاسْجُدِيْ وَارْكَعِيْ مَعَ الرّٰكِعِيْنَ ﴿٤٣﴾

(၄၃) “အို-မရ်ယမ်၊ အသင်မသည် အသင်မအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏အမိန့်တော်များကို လိုက်နာနေပါ။ ထို့ပြင် အသင်မသည် စဂျ်ဒဟ်ဦးချနေပါ။ ထို့ပြင် အသင်မသည် ရုကူအ်ကိုင်းညွတ်သောသူများနှင့်အတူတကွ ရုကူအ်ကိုင်းညွတ်နေပါ။”

ذٰلِكَ مِنْ اَنْۢبَاۗءِ الْغَيْبِ نُوْحِيْهِ اِلَيْكَ ۭ وَمَا كُنْتَ لَدَيْهِمْ اِذْ يُلْقُوْنَ اَقْلَامَھُمْ اَيُّھُمْ يَكْفُلُ
مَرْيَمَ ۠ وَمَا كُنْتَ لَدَيْهِمْ اِذْ يَخْتَصِمُوْنَ ﴿٤٤﴾

(၄၄) ထိုအရာများသည် (အသင်တမန်တော်မုဟမ္မဒ်၏)မျက်ကွယ်တွင်ဖြစ်ခဲ့သော အကြောင်းအရာများထဲမှ ဖြစ်သည်။ ငါအရှင်မြတ်သည် ထိုအရာများကို အသင်(တမန်တော်)၏ထံသို့ ပို့ချပေးတော်မူသည်။ ၎င်းပြင် သူတို့သည် မရ်ယမ်အား သူတို့ထဲမှ မည်သူအုပ်ထိန်းရမည်ဆိုသည်ကို (မဲချရန်) သူတို့၏ကလောင်များအား (ရေထဲ)ပစ်ချစဉ်က အသင်(တမန်တော်)သည်

သူတို့အနီးတွင် ရှိခဲ့သည် မဟုတ်ပေ။ ၎င်းပြင် သူတို့သည် (မဲမချမီ မရ်ယမ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်)သူတို့ အချင်းချင်း တစ်ဦးနှင့်တစ်ဦး ငြင်းခုံနေကြစဉ်ကလည်း❻ အသင်(တမန်တော်)သည် သူတို့အနီးတွင်ရှိခဲ့သည်မဟုတ်ပေ။

❻ မရ်ယမ်ရဲ့မိခင်ဟာ မရ်ယမ်ကို ပွေ့ချီကာ ဗလီဝတ်ကျောင်းတော်ကို သွားပြီး ဗလီဂေါပကတွေထံမှာ အပ်နှင်းခဲ့တယ်။ အဲဒီအခါ ဗလီဂေါပကတွေဟာ မရ်ယမ်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ အချင်းချင်းအငြင်းပွားပြီး လုယူနေခဲ့ကြတယ်။ နောက်ဆုံးမှာ မဲချပြီး မဲပေါက်တဲ့သူဟာ ထိန်းသိမ်းခွင့်ရရှိမှာဖြစ်တဲ့အကြောင်း ညီညွတ်မှုရရှိသွားခဲ့ကြတယ်။ မဲချတဲ့အခါ ဗလီဂေါပကတစ်ဦးလည်းဖြစ်တဲ့ မရ်ယမ်ရဲ့ဦးကြီးဖြစ်သူ တမန်တော်ဇကရိယာ عليه السلام မဲပေါက်သွားခဲ့တဲ့အပေါ်မှာ ၎င်းရဲ့တူမကို စောင့်ရှောက်ခွင့်ရခဲ့တယ်။ (အွဆ်မာနီ၊ အာစားန်သရ်ဂျူမဟ်)

اِذْ قَالَتِ الْمَلٰٓئِكَةُ يٰمَرْيَمُ اِنَّ اللّٰهَ يُبَشِّرُكِ بِكَلِمَةٍ مِّنْهُ ۖ اسْمُهُ الْمَسِيْحُ عِيْسَى ابْنُ مَرْيَمَ
وَجِيْهًا فِى الدُّنْيَا وَالْاٰخِرَةِ وَمِنَ الْمُقَرَّبِيْنَ ﴿٤٥﴾

(၄၅) တစ်ခါတွင် ကောင်းကင်တမန်များက ပြောဆိုကြသည်၊ "အို- မရ်ယမ်၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ထံတော်မှ ကလိမဟ် ("ဖြစ်စေ"ဆိုသော) စကားတစ်ခွန်း(ကြောင့် ဖြစ်ထွန်းလာမည့်သားရတနာ)နှင့် အသင်မအား သတင်းကောင်းပေးတော်မူသည်။ ၎င်း၏အမည်(နှင့်ဘွဲ့)သည် မရ်ယမ်၏သား အီစာ၊ မစီဟ်ဟုဖြစ်မည်။ (ထိုအီစာသည်) ဤဘဝ၌သာမက တမလွန်ဘဝ၌လည်း ဂုဏ်သိက္ခာရှိသူဖြစ်မည်။ အရှင်မြတ်နှင့် နီးစပ်သောသူများထဲမှလည်း ဖြစ်မည်။

وَيُكَلِّمُ النَّاسَ فِى الْمَهْدِ وَكَهْلًا وَّمِنَ الصّٰلِحِيْنَ ﴿٤٦﴾

(၄၆) ထို့ပြင် ၎င်း(တမန်တော်အီစာ)သည် ပုခက်တွင်း၌လည်းကောင်း၊ အရွယ်ရောက်သောအခါ၌လည်းကောင်း လူများနှင့် စကားပြောလိမ့်မည်။ ထို့ပြင် (၎င်းသည်) ကောင်းမြတ်သောသူများထဲမှဖြစ်မည်။

قَالَتْ رَبِّ اَنّٰى يَكُوْنُ لِىْ وَلَدٌ وَّلَمْ يَمْسَسْنِىْ بَشَرٌ ۗ قَالَ كَذٰلِكِ اللّٰهُ يَخْلُقُ مَا يَشَآءُ ۗ اِذَا قَضٰٓى اَمْرًا
فَاِنَّمَا يَقُوْلُ لَهٗ كُنْ فَيَكُوْنُ ﴿٤٧﴾

(၄၇) ၎င်း(မရ်ယမ် )က ပြောဆိုလျှောက်ထားသည်၊ "အို- ကျွန်မအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်မအား မည်သည့်ယောကျ်ားတစ်ဦးတစ်ယောက်ကမျှ ထိတွေ့ခဲ့ဖူးခြင်းမရှိပါဘဲလျက် ကျွန်မသည် မည်သည့်နည်းဖြင့် သားရတနာ ရရှိနိုင်ပါမည်နည်း။" အရှင်မြတ်ကအမိန့်ရှိတော်မူသည်၊ ထိုကဲ့သို့ပင် (သားရတနာရမည်)။ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူ

သည်ကို ဖန်ဆင်းတော်မူသည်။ အရှင်မြတ်သည် ကိစ္စတစ်ခုခုကို ပြဋ္ဌာန်းတော်မူသောအခါ ထိုကိစ္စကို "ဖြစ်စေ"ဟုအမိန့်ပေးလိုက်သည်နှင့် ထိုကိစ္စသည် ဖြစ်လာပေသည်။

وَيُعَلِّمُهُ الْكِتٰبَ وَالْحِكْمَةَ وَالتَّوْرٰىةَ وَالْاِنْجِيْلَ ﴿٤٨﴾

(၄၈) ထို့ပြင် အရှင်မြတ်သည် ၎င်း(တမန်တော်အီစာ)ကို ကျမ်းဂန်၊ ပညာဉာဏ်အမြော်အမြင်၊ သောင်ရာသ်ကျမ်းနှင့် အင်န်ဂျီလ်ကျမ်းကို သင်ကြားပြသတော်မူမည်။

وَرَسُوْلًا اِلٰى بَنِيْٓ اِسْرَآءِيْلَ ۙ۬ اَنِّيْ قَدْ جِئْتُكُمْ بِاٰيَةٍ مِّنْ رَّبِّكُمْ ۙ اَنِّيْٓ اَخْلُقُ لَكُمْ مِّنَ الطِّيْنِ كَهَيْـَٔةِ الطَّيْرِ فَاَنْفُخُ فِيْهِ فَيَكُوْنُ طَيْرًاۢ بِاِذْنِ اللّٰهِ ۚ وَاُبْرِئُ الْاَكْمَهَ وَالْاَبْرَصَ وَاُحْيِ الْمَوْتٰى بِاِذْنِ اللّٰهِ ۚ وَاُنَبِّئُكُمْ بِمَا تَاْكُلُوْنَ وَمَا تَدَّخِرُوْنَ ۙ فِيْ بُيُوْتِكُمْ ؕ اِنَّ فِيْ ذٰلِكَ لَاٰيَةً لَّكُمْ اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿٤٩﴾

(၄၉) ထို့ပြင် (တမန်တော်အီစာကို) အစ္စရာအီလ်မျိုးနွယ်များထံသို့ ရစူလ်တမန်တော်အဖြစ်(စေလွှတ်တော်မူသောအခါတမန်တော်အီစာက ပြောမည်) "အမှန်စင်စစ် ကျွန်ုပ်သည် အသင်တို့ထံသို့ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ သက်သေလက္ခဏာတန်ခိုးတော်ကို အမှန်ပင် ယူဆောင်လာခဲ့သည်။ အမှန်စင်စစ် ကျွန်ုပ်သည် အသင်တို့အတွက် ရွှံ့မြေဖြင့် ငှက်ပုံစံကဲ့သို့(ငှက်ရုပ်)ပြုလုပ်ပြီး ၎င်းထဲသို့ (လေ)မှုတ်သွင်းလိုက်သောအခါတွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် ထိုအရာသည် ငှက်(အစစ်) ဖြစ်လာမည်။ ထို့ပြင် ကျွန်ုပ်သည် (မွေးရာပါ) မျက်မမြင်များနှင့် အနူရောဂါသည်များကိုလည်း ပျောက်ကင်းချမ်းသာမှုရအောင်လုပ်ပေးနိုင်သည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ဖြင့် သေသူများကိုလည်း ရှင်စေနိုင်သည်။ ထို့ပြင် အသင်တို့သည် အသင်တို့စားသုံးခဲ့ကြသော အရာများကိုသာမက အသင်တို့သည် အသင်တို့၏အိမ်များတွင် သိမ်းဆည်းသိုလှောင်ထားခဲ့သော အရာများကိုလည်း ကျွန်ုပ်သည် အသင်တို့အား ထုတ်ဖော်ပြောပြမည်။ အကယ်၍ အသင်တို့သည် မုအ်မင်န် ယုံကြည်သူများဖြစ်ကြလျှင် အမှန်စင်စစ် ထိုအချက်တွင် အသင်တို့အတွက် (လေးနက်သော) သက်သေလက္ခဏာတန်ခိုးတော်အမှန်ပင် ရှိသည်။

وَمُصَدِّقًا لِّمَا بَيْنَ يَدَيَّ مِنَ التَّوْرٰىةِ وَلِاُحِلَّ لَكُمْ بَعْضَ الَّذِيْ حُرِّمَ عَلَيْكُمْ وَجِئْتُكُمْ

بِاٰيَةٍ مِّنْ رَّبِّكُمْ ۚ فَاتَّقُوا اللّٰهَ وَاَطِيْعُوْنِ ﴿٥٠﴾

(၅၀) ထို့ပြင် (ကျွန်ုပ်သည်) ကျွန်ုပ်မတိုင်မီ ရှိနှင့်ခဲ့ပြီးဖြစ်သောသောင် ရာသ်ကျမ်းကို ထောက်ခံသူအဖြစ်သာမက အသင်တို့အပေါ် (ယခင်ကျမ်းထဲ၌) ဟာရာမ်ဟု တားမြစ်ခြင်းခံထားရသောအရာများထဲမှ အချို့ကို အသင်တို့အတွက် ဟလာလ်ဟု ခွင့်ပြုရန်အတွက် (ရောက်လာခဲ့သည်)၊ ထို့ပြင် ကျွန်ုပ်သည် အသင် တို့ထံသို့ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ထံမှ သက်သေ လက္ခဏာကိုလည်း ယူဆောင်လာခဲ့သည်။ သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား ကြောက်ကြပါ၊ ၎င်းပြင် အသင်တို့သည် ကျွန်ုပ်၏အမိန့်ကိုလည်း နာခံကြပါ။

اِنَّ اللّٰهَ رَبِّيْ وَرَبُّكُمْ فَاعْبُدُوْهُ ۗ هٰذَا صِرَاطٌ مُّسْتَقِيْمٌ ﴿٥١﴾

(၅၁) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်ကို ဖန်ဆင်းမွေး မြူတော်မူသောအရှင်ဖြစ်သည့်အပြင် အသင်တို့ကိုလည်း ဖန်ဆင်းမွေးမြူတော် မူသောအရှင်ဖြစ်တော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုအရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြပါ။ ဤသည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းပင်ဖြစ်သည်။

فَلَمَّآ اَحَسَّ عِيْسٰى مِنْهُمُ الْكُفْرَ قَالَ مَنْ اَنْصَارِيْٓ اِلَى اللّٰهِ ۗ قَالَ الْحَوَارِيُّوْنَ نَحْنُ اَنْصَارُ اللّٰهِ ۚ اٰمَنَّا بِاللّٰهِ ۚ وَاشْهَدْ بِاَنَّا مُسْلِمُوْنَ ﴿٥٢﴾

(၅၂) ထို့နောက် (တမန်တော်)အီစာသည် ၎င်း(အစ္စရာအီလ်မျိုးနွယ်) တို့ဘက်မှ ငြင်းပယ်မှုကို သိရှိခံစားရသောအခါ (ဤသို့)ပြောဆိုမေးမြန်းသည်၊ "အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် ကျွန်ုပ်အား ကူညီမည့်သူများသည် မည်သူ များနည်း။" [၁] ဟဝါရီများ [၂] က ပြောဆိုကြသည်၊ "ကျွန်ုပ်တို့သည် အလ္လာဟ်အရှင် မြတ်(၏သာသနာ)ကို ကူညီမည့်သူများဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် အလ္လာဟ် အရှင်မြတ်အား ယုံကြည်ကြပြီးဖြစ်ပါသည်။ ၎င်းပြင် ကျွန်ုပ်တို့သည်အမိန့်နာခံ သူများဖြစ်ကြောင်းကို အသင်(တမန်တော်)အနေဖြင့် သက်သေခံပေးပါ။"

[၁] + [၂] အလ္လာဟ်အရှင်မြတ်ရဲ့သာသနာကို ကူညီတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဟဝါရီတွေရဲ့အကြောင်း နဲ့ နမူနာပြဆိုထားတယ်။ ဟဝါရီရဲ့အဓိပ္ပာယ်ကတော့ ဖြူစင်အောင်လျှော်ဖွပ်သူ ခဝါသည်ကိုဆိုလို တယ်။ စိတ်နှလုံးကို ဖြူစင်အောင်လုပ်ပေးတဲ့သူကိုလည်း ဟဝါရီလို့ခေါ်တယ်။ စိတ်နှလုံးထဲက အညစ်အကြေးတွေကို ဖြူစင်သန့်ရှင်းအောင်လုပ်တာနဲ့ပတ်သက်ပြီး အရှင်မြတ်က (ကုရ်အာန် - ၃၃း၃၃)မှာ အခုလို အမိန့်ရှိထားတယ်။ إِنَّمَا يُرِيدُ اللّٰهُ لِيُذْهِبَ عَنْكُمُ الرِّجْسَ أَهْلَ الْبَيْتِ وَيُطَهِّرَكُمْ تَطْهِيرًا
အရှင်မြတ်ရဲ့သာသနာကိုကူညီဖို့ဟဝါရီတွေနဲ့နမူနာပြဆိုရခြင်းမှာ တမန်တော်မြတ် ﷺ ရဲ့နောက် လိုက်သားတွေကို အရှင့်သာသနာအပေါ်ကူညီတဲ့ကိစ္စမှာ တည်တံ့ခိုင်မြဲမှုရှိအောင် ပြဆိုထားခြင်း

ဖြစ်တယ်။ အဲဒီအကြောင်း ကုရ်အာန်အာယသ် (၆၁း၁၄)မှာ ဟဝါရီတွေလို အရှင့်သာသနာကို ကူညီတဲ့သူတွေဖြစ်ဖို့ တမန်တော်မြတ် ﷺရဲ့နောက်လိုက်သားတွေကို အခုလို -
يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا كُوْنُوْٓا اَنْصَارَ اللّٰهِ كَمَا قَالَ عِيْسَى ابْنُ مَرْيَمَ لِلْحَوَارِيّٖنَ مَنْ اَنْصَارِيْٓ اِلَى اللّٰهِ ؕ قَالَ الْحَوَارِيُّوْنَ نَحْنُ اَنْصَارُ اللّٰهِ
(အလင်းပြကျမ်း) လို့ ဖော်ပြတိုက်တွန်းထားတယ်။

رَبَّنَآ اٰمَنَّا بِمَآ اَنْزَلْتَ وَاتَّبَعْنَا الرَّسُوْلَ فَاكْتُبْنَا مَعَ الشّٰهِدِيْنَ ﴿٥٣﴾

(၅၃) (၎င်းဟဝါရီ ခဝါသည်များက ပြောဆိုကြသည်၊) "အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်ုပ်တို့သည် အရှင်မြတ်ချပေးသောအရာ (အမိန့်တော်)များကို ယုံကြည်ပြီး ရစူလ်တမန်တော်၏အမိန့်များကိုလည်း လိုက်နာကြပါသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်ုပ်တို့အား သက်သေခံသူများထဲတွင် ရေးမှတ်တော်မူပါ။"

وَمَكَرُوْا وَمَكَرَ اللّٰهُ ؕ وَاللّٰهُ خَيْرُ الْمٰكِرِيْنَ ﴿٥٤﴾

(၅၄) ထို့ပြင် သူတို့(ထဲမှမယုံကြည်သူများ)သည် (တမန်တော်အီစာအား သတ်ရန်) ကြံစည်ခဲ့ကြသည်။❶ အလ္လာဟ်အရှင်မြတ်သည်လည်း (တမန်တော်အီစာအား ကယ်တင်ရန်) စီစဉ်တော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံး စီစဉ်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

❶ မယုံကြည်သူတွေက တမန်တော်အီစာ عليه السلامကို နည်းမျိုးပေါင်းစုံ စွပ်စွဲကြတယ်။ ပြီးတော့ အပြစ်ရှိတယ်လို့ ဆိုကာ ကားစင်တင်ပြီး သတ်ဖို့ကြိုးစားကြံစည်ခဲ့ကြတယ်။ အရှင်မြတ်ကလည်း တမန်တော်အီစာ عليه السلامကို ကယ်တင်ဖို့ စီစဉ်တော်မူခဲ့တဲ့အတွက် နောက်ဆုံးမှာ သူတို့ဟာ အရှင်မြတ်ရဲ့ စီမံမှုနဲ့ တမန်တော်အီစာ عليه السلامရဲ့နေရာမှာ ၎င်းနဲ့ တူတဲ့သူတစ်ဦးကို ကားစင်တင်မိလျက်သားဖြစ်သွားခဲ့တယ်။ အဲဒီအပေါ် တမန်တော်အီစာ عليه السلامနဲ့တူတဲ့ သူသာ အသတ်ခံလိုက်ရတော့တယ်။ (အာစားန်သရ်ဂျူမဟ်) ကုရ်အာန် (၄း၁၅၇-၁၅၈)မှာ သူတို့ဟာ တမန်တော်အီစာ عليه السلامကို မသတ်ခဲ့ကြောင်း၊ ဒါပေမဲ့ ဆင်တူယိုးမှားဖြစ်သွားခဲ့ကြောင်းနဲ့ အရှင်မြတ်က မိမိထံကို မြှင့်ယူလိုက်တာဖြစ်ကြောင်း အခုလိုအမိန့်ရှိထားတယ်။ အလွန်မြင့်မားထွတ်မြတ်လှတော်မူတဲ့အရှင်က အရှင်မြတ်ထံကို ပင့်မ ယူလိုက်ခြင်းပဲဖြစ်တယ်။ وَمَا قَتَلُوْهُ وَمَا صَلَبُوْهُ وَلٰكِنْ شُبِّهَ لَهُمْ ؕ وَاِنَّ الَّذِيْنَ اخْتَلَفُوْا فِيْهِ لَفِيْ شَكٍّ مِّنْهُ ؕ مَا لَهُمْ بِهٖ مِنْ عِلْمٍ اِلَّا اتِّبَاعَ الظَّنِّ ۚ وَمَا قَتَلُوْهُ يَقِيْنًا ﴿١٥٧﴾ بَلْ رَّفَعَهُ اللّٰهُ اِلَيْهِ ကုရ်အာန် (၄း၁၅၇-၁၅၈)

اِذْ قَالَ اللّٰهُ يٰعِيْسٰٓى اِنِّيْ مُتَوَفِّيْكَ وَرَافِعُكَ اِلَيَّ وَمُطَهِّرُكَ مِنَ الَّذِيْنَ كَفَرُوْا وَجَاعِلُ الَّذِيْنَ اتَّبَعُوْكَ فَوْقَ الَّذِيْنَ كَفَرُوْٓا اِلٰى يَوْمِ الْقِيٰمَةِ ۚ ثُمَّ اِلَيَّ مَرْجِعُكُمْ فَاَحْكُمُ بَيْنَكُمْ فِيْمَا كُنْتُمْ فِيْهِ تَخْتَلِفُوْنَ ﴿٥٥﴾

(၅၅) တစ်ခါတွင် အလ္လာဟ်အရှင်မြတ်သည် မိန့်ကြားတော်မူခဲ့သည်၊ အို-(တမန်တော်)အီစာ၊ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင့်ကို ပြည့်ဝစွာယူဆောင်(ပြီး သတ်မှတ်ချိန်၌ သေစေ)တော်မူမည့်အရှင် ဖြစ်တော်မူသည်။❷

ထို့ပြင် ငါအရှင်မြတ်သည် အသင့်ကို ငါအရှင်မြတ်ထံ ပင့်မယူတော်မူမည့်အရှင်လည်းဖြစ်တော်မူသည်။ ၎င်းပြင် အသင့်ကို ကာဖိရ်ငြင်းပယ်သူများ(၏ စွပ်စွဲမှုများ)မှ စင်ကြယ်စေတော်မူမည့်အရှင်လည်းဖြစ်တော်မူသည်။ ထို့ပြင် ကိယာမသ်နေ့ထိ အသင်၏နောက်လိုက်သားများကို ကာဖိရ်များအပေါ်တွင် (လွှမ်းမိုးအောင်နိုင်စေရန်) ပြုလုပ်တော်မူမည့်အရှင်လည်း ဖြစ်တော်မူသည်။ ထို့နောက် အသင်တို့၏ ပြန်လည်ရာစခန်းသည် ငါအရှင်မြတ်ထံသို့သာ ဖြစ်သည်။ ထို့နောက် ငါအရှင်မြတ်သည် အသင်တို့ကြားတွင် အသင်တို့ (ယုံကြည်ချက်ပိုင်းဆိုင်ရာ အမှားအမှန်) ကွဲလွဲခဲ့သောအရာများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်တော်မူမည်။

J တမန်တော်အီစာ ﷷကို အရှင်မြတ်က အသက်ရှင်လျက်(ခန္ဓာကိုယ်နဲ့တကွ)မယူပြီးခေါ်လိုက်တော်မူတယ်။ مُتَوَفِّ ရဲ့မူရင်းအဓိပ္ပာယ်ဟာ ပြည့်ပြည့်ဝဝ သိမ်းယူလိုက်သူဆိုတဲ့အဓိပ္ပာယ်ဖြစ်တယ်။ ဆိုလိုတာက အသက်ရော ခန္ဓာကိုယ်ပါ အားလုံးကို သိမ်းယူလိုက်တာဖြစ်တယ်။ (သွင်ဗ်ရီ၊ကုရ်သွုဗီ)

معنى ذلك:إني قابضك من الأرض، فرافعك إليّ، قالوا: ومعنى "الوفاة"، القبض، لما يقال: "توفَّيت من فلان ما لى عليه"، بمعنى: قبضته واستوفيته. قالوا: فمعنى قوله: "إني متوفيك ورافعك"، أي: قابضك من الأرض حيًّا إلى جوارى، وآخذك إلى ما عندى بغير موت، ورافعك من بين المشركين وأهل الكفر بك. (تفسير الطبرى)

فَاَمَّا الَّذِيۡنَ كَفَرُوۡا فَاُعَذِّبُهُمۡ عَذَابًا شَدِيۡدًا فِى الدُّنۡيَا وَالۡاٰخِرَةِ وَمَا لَهُمۡ مِّنۡ نّٰصِرِيۡنَ ۝٥٦

(၅၆) ထို့နောက် ကာဖိရ်ငြင်းပယ်သူများမှာမူ ငါအရှင်မြတ်သည် သူတို့အား ဤဘဝနှင့် တမလွန်ဘဝတွင် ပြင်းထန်သော အပြစ်ဒဏ်ကို ခတ်တော်မူမည်။ ၎င်းပြင် သူတို့အတွက် မည်သည့်ကူညီသူမျှ ရှိမည်မဟုတ်ပေ။

وَاَمَّا الَّذِيۡنَ اٰمَنُوۡا وَعَمِلُوا الصّٰلِحٰتِ فَيُوَفِّيۡهِمۡ اُجُوۡرَهُمۡ‌ؕ وَاللّٰهُ لَا يُحِبُّ الظّٰلِمِيۡنَ ۝٥٧

(၅၇) ၎င်းပြင် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သော လုပ်ရပ်များကို ပြုမူခဲ့သောသူများမှာမူ အရှင်မြတ်သည် သူတို့အား သူတို့၏အကျိုးရလဒ်များကို ပြည့်ဝစွာ ပေးတော်မူမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မတရားကျူးလွန်သူများကို နှစ်သက်တော်မမူပေ။

ذٰلِكَ نَتۡلُوۡهُ عَلَيۡكَ مِنَ الۡاٰيٰتِ وَالذِّكۡرِ الۡحَكِيۡمِ ۝٥٨

(၅၈) ထို(အကြောင်း)အရာများသည် သက်သေလက္ခဏာ အာယသ်တော်များထဲမှလည်း ဖြစ်သည်၊ ပညာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော အကြောင်းအရာများထဲမှလည်း ဖြစ်သည်။ ထိုအရာများကို ငါအရှင်မြတ်သည် အသင့်အား(ဝဟီဖြင့်) ဖတ်ကြားပြသတော်မူသည်။

اِنَّ مَثَلَ عِيۡسٰى عِنۡدَ اللّٰهِ كَمَثَلِ اٰدَمَ‌ؕ خَلَقَهٗ مِنۡ تُرَابٍ ثُمَّ قَالَ لَهٗ كُنۡ فَيَكُوۡنُ ۝٥٩

(၅၉) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ထံတွင် (တမန်တော်)အီစာ၏ ပမာသည် (တမန်တော်)အာဒမ်ကဲ့သို့ ဖြစ်သည်။ အရှင်မြတ်သည် ၎င်း(တမန်တော်အာဒမ်)ကို မြေကြီးမှ ဖန်ဆင်းပြီးသည့်နောက် ၎င်းအား ဖြစ်စေဟု မိန့်ကြားတော်မူလိုက်သောအခါ (လူ)ဖြစ်လာခဲ့သည်။

اَلْحَقُّ مِنْ رَّبِّكَ فَلَا تَكُنْ مِّنَ الْمُمْتَرِيْنَ ﴿٦٠﴾

(၆၀) (ဤအကြောင်းအရာ)အမှန်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံမှဖြစ်သည့်အတွက် အသင်သည် သံသယဖြစ်သူများထဲတွင် မပါဝင်လေနှင့်။

فَمَنْ حَآجَّكَ فِيْهِ مِنْۢ بَعْدِ مَا جَآءَكَ مِنَ الْعِلْمِ فَقُلْ تَعَالَوْا نَدْعُ اَبْنَآءَنَا وَاَبْنَآءَكُمْ وَنِسَآءَنَا وَ
نِسَآءَكُمْ وَاَنْفُسَنَا وَاَنْفُسَكُمْ ثُمَّ نَبْتَهِلْ فَنَجْعَلْ لَّعْنَتَ اللّٰهِ عَلَى الْكٰذِبِيْنَ ﴿٦١﴾

(၆၁) သို့ဖြစ်ရာ အသင်၏ထံသို့ အသိပညာရောက်ရှိပြီးသည့် နောက်မှ ၎င်း(တမန်တော်အီစာ)နှင့်ပတ်သက်ပြီး မည်သူမဆို အသင့်အား စောဒကတက် ငြင်းခုံခဲ့မည်ဆိုလျှင် (အို-တမန်တော်) အသင်သည် (ထိုသူများအား) ပြောလိုက်ပါ၊ အသင်တို့လာကြပါ၊ ကျွန်ုပ်တို့၏သားမြေးများနှင့် အသင်တို့၏သားမြေးများကိုလည်းကောင်း၊ ကျွန်ုပ်တို့၏ (အိမ်သူအိမ်သားများထဲမှ)အမျိုးသမီးများနှင့် အသင်တို့၏ (အိမ်သူအိမ်သားများထဲမှ)အမျိုးသမီးများကိုလည်းကောင်း ကျွန်ုပ်တို့ခေါ်ယူကြပြီး ကျွန်ုပ်တို့ကိုယ်တိုင်နှင့် အသင်တို့ကိုယ်တိုင်လည်း (ပါဝင်ပြီးနောက် အရှင်မြတ်ရှေ့တော်မှောက်တွင် ရိုကျိုးစွာ ဤသို့) လျှောက်ထား(ကျိန်ဆို)ကြမည်၊ "(တမန်တော်အီစာနှင့် ပတ်သက်ပြီး) မုသားပြောသောသူများအပေါ်တွင် အလ္လာဟ်အရှင်မြတ်၏လအ်နသ်(အရှင်မြတ်၏ ကရုဏာမှကင်းဝေးမှု) ကျရောက်ပါစေ"(ဟူ၍ လျှောက်ထားမှုကို) ပြုလုပ်ကြမည်။

اِنَّ هٰذَا لَهُوَ الْقَصَصُ الْحَقُّ ۚ وَمَا مِنْ اِلٰهٍ اِلَّا اللّٰهُ ۚ وَاِنَّ اللّٰهَ لَهُوَ الْعَزِيْزُ الْحَكِيْمُ ﴿٦٢﴾

(၆၂) အမှန်စင်စစ် ဤအရာသည် မှန်ကန်သော အကြောင်းအရာအမှန်ပင် ဖြစ်သည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အမှန်မုချတန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။❷

❷ ဒီဂုဏ်အရည်အချင်းတွေဟာ အရှင်မြတ်ရဲ့ဂုဏ်အရည်အချင်းတွေသာဖြစ်တယ်၊ တမန်တော်

အီစာ عليه السلام ရဲ့ဂုဏ်အရည်အချင်းတွေ မဟုတ်ဘူး။ (အလင်းပြကျမ်း)

فَاِنْ تَوَلَّوْا فَاِنَّ اللّٰهَ عَلِيْمٌۢ بِالْمُفْسِدِيْنَ ﴿٦٣﴾

(၆၃) ထို့နောက် အကယ်၍ သူတို့သည် မျက်နှာလွှဲကျောခိုင်းသွားကြလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ဖျက်ဆီးသူများကို အလွန်သိတော်မူသောအရှင်ဖြစ်တော်မူသည်။

قُلْ يٰۤاَهْلَ الْكِتٰبِ تَعَالَوْا اِلٰى كَلِمَةٍ سَوَآءٍۢ بَيْنَنَا وَبَيْنَكُمْ اَلَّا نَعْبُدَ اِلَّا اللّٰهَ وَلَا نُشْرِكَ بِهٖ شَيْـًٔا وَّلَا يَتَّخِذَ بَعْضُنَا بَعْضًا اَرْبَابًا مِّنْ دُوْنِ اللّٰهِ ؕ فَاِنْ تَوَلَّوْا فَقُوْلُوا اشْهَدُوْا بِاَنَّا مُسْلِمُوْنَ ﴿٦٤﴾

(၆၄) (အို-တမန်တော်) အသင် ပြောလိုက်ပါ၊ အို-ကျမ်းရသူအပေါင်းတို့၊ အသင်တို့သည် ကျွန်ုပ်တို့နှင့် အသင်တို့၏ကြားတွင် တူညီသော ကလိမဟ်စကားတစ်ခုဘက်သို့ လာကြပါ၊ (ထိုစကားမှာ) ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ (မည်သူ့ကိုမျှ) မကိုးကွယ်ခြင်းနှင့် ကျွန်ုပ်တို့သည် မည်သည့်အရာကိုမျှ အရှင်မြတ်နှင့် တွဲဖက်မပြုလုပ်ခြင်းအပြင် ကျွန်ုပ်တို့ထဲမှ အချို့သည် အချို့သူများအား အလ္လာဟ်အရှင်မြတ်မှလွဲ၍ ဖန်ဆင်းမွေးမြူရှင်များအဖြစ် မပြုလုပ်ခြင်းတို့(ဖြစ်သည်)။ အကယ်၍ သူတို့သည် မျက်နှာလွှဲ ကျောခိုင်းသွားကြလျှင် အသင်တို့သည် (ဤသို့)ပြောဆိုလိုက်ကြပါ- “ကျွန်ုပ်တို့သည် အမှန်စင်စစ် (အလ္လာဟ်အရှင်မြတ်၏)အမိန့်တော်များကို လိုက်နာကြသော မွတ်စ်လင်မ်များသာဖြစ်ကြောင်း အသင်တို့ သက်သေခံကြပါ”။

يٰۤاَهْلَ الْكِتٰبِ لِمَ تُحَآجُّوْنَ فِيْۤ اِبْرٰهِيْمَ وَمَاۤ اُنْزِلَتِ التَّوْرٰىةُ وَالْاِنْجِيْلُ اِلَّا مِنْۢ بَعْدِهٖ ؕ اَفَلَا تَعْقِلُوْنَ ﴿٦٥﴾

(၆၅) အို-ကျမ်းရသူအပေါင်းတို့၊ သောင်ရာသ်နှင့် အင်န်ဂျီလ်ကျမ်းများသည် (တမန်တော်)အိဗ်ရာဟီမ်၏ နောက်မှသာ ချပေးခြင်းခံရသောကျမ်းများ ဖြစ်ပါလျက်နှင့်❶ အသင်တို့သည် (တမန်တော်)အိဗ်ရာဟီမ်နှင့်စပ်လျဉ်း၍ (၎င်းသည် ယဟူဒီဖြစ်သည်၊ နတ်စ္စရာနီဖြစ်သည်ဟု) အဘယ်ကြောင့် ပြောဆိုငြင်းခုံနေကြသနည်း။ သို့ဖြစ်ရာ အသင်တို့သည် (ဤမျှပင်) မသိနားမလည်ကြလေသလော။

❶ တမန်တော်အိဗ်ရာဟီမ် عليه السلام ကို ဘယ်လိုလုပ်ပြီး ယဟူဒီလို့ ပြောကြတာလဲ အို-ယဟူဒီအပေါင်းတို့၊ အမှန်မှာ တမန်တော်အိဗ်ရာဟီမ် عليه السلام ရဲ့ခေတ်ဟာ တမန်တော်မူစာ عليه السلام အပေါ်မှာ သောင်ရာသ်ကျမ်းချပေးတော်မမူခင်က ဖြစ်ခဲ့တယ်။ ပြီးတော့ တမန်တော်အိဗ်ရာဟီမ် عليه السلام ကို ဘယ်လို လုပ်ပြီး နတ်စ္စရာနီလို့ ပြောကြတာလဲ အို-နတ်စ္စရာနီအပေါင်းတို့၊ အမှန်မှာ တမန်တော်အိဗ်ရာဟီမ် عليه السلام ရဲ့ ခေတ်ကာလရဲ့နောက် အလွန်ကြာညောင်းပြီးတော့မှ နတ်စ္စရာနီအယူဝါဒဟာ ပေါ်ပေါက်ခဲ့တာ

ဖြစ်တယ်။ အသင်တို့ဟာ ဒီလောက်တောင် အသိမရှိကြဘူးလား။ (အိဗ်နကဆီးရ်)

هٰۤاَنۡتُمۡ هٰۤؤُلَاۤءِ حَاجَجۡتُمۡ فِيۡمَا لَـكُمۡ بِهٖ عِلۡمٌ فَلِمَ تُحَآجُّوۡنَ فِيۡمَا لَيۡسَ لَـكُمۡ بِهٖ عِلۡمٌ ‌ؕ وَاللّٰهُ يَعۡلَمُ وَاَنۡتُمۡ لَا تَعۡلَمُوۡنَ ﴿٦٦﴾

(၆၆) အသင်တို့သည် အသင်တို့တွင် အသိအနည်းငယ်သာရှိသော အရာနှင့်ပတ်သက်ပြီး ငြင်းခုံပြောဆိုခဲ့ကြပြီဖြစ်သည်။❶ ထို့နောက်(ယခုတစ်ခါ) အသင်တို့ထံတွင် အသိလုံးဝမရှိသောအရာနှင့် ပတ်သက်၍ အဘယ်ကြောင့် ငြင်းခုံပြောဆိုနေကြပြန်သနည်း။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (အားလုံးကို) သိတော်မူ၍ အသင်တို့သည်(မည်သည်ကိုမျှ) သိကြသည်မဟုတ်ပေ။

❶ အဲဒီအသိလောက်တောင်မရှိတဲ့သူတွေက လုံးဝမသိနိုင်တဲ့ကိစ္စရပ်တွေဖြစ်တဲ့ တမန်တော်အိဗ်ရာဟီမ် عليه السلام ရဲ့ အယူဝါဒနဲ့ပတ်သက်ပြီး အငြင်းအခုံလုပ်တာဟာ ဘယ်လိုမှန်နိုင်မလဲ။ တမန်တော်အိဗ်ရာဟီမ် عليه السلام ရဲ့ အယူဝါဒဟာ သောင်ဟီဒ် (ကိုးကွယ်ထိုက်တဲ့အရှင်တစ်ပါးတည်းကို ယုံကြည်ကိုးကွယ်မှု)နဲ့ အိခ်လာစ် (စိတ်ထားဖြူစင်မှု)အပေါ်မှာ အခြေခံထားတယ်။ (အလင်းပြကျမ်း)

مَا كَانَ اِبۡرٰهِيۡمُ يَهُوۡدِيًّا وَّلَا نَصۡرَانِيًّا وَّلٰـكِنۡ كَانَ حَنِيۡفًا مُّسۡلِمًا ؕ وَمَا كَانَ مِنَ الۡمُشۡرِكِيۡنَ ﴿٦٧﴾

(၆၇) (တမန်တော်)အိဗ်ရာဟီမ်သည် ယဟူဒီလည်း မဟုတ်ခဲ့ပေ၊ နတ်စ္စရာနီလည်း မဟုတ်ခဲ့ပေ၊ သို့ရာတွင် ၎င်းသည် အရှင်မြတ်တစ်ပါးတည်းကိုသာ ကိုးကွယ်သော❷ အမိန့်နာခံသူဖြစ်ခဲ့သည်။ ထို့ပြင် ၎င်းသည် မုရှ်ရိက် ယှဉ်တွဲကိုးကွယ်သောသူများထဲမှ မဟုတ်ခဲ့ပေ။

❷ حَنِيۡفًا ဟနီဖ်ရဲ့အဓိပ္ပာယ်ဟာ ဘယ်ဘက်မှ မယိမ်းမယိုင်ဘဲ အရှင်မြတ်ဘက် တစ်ဖက်တည်းကိုပဲ တည့်တည့်မတ်မတ်လှည့်တာကို ခေါ်တယ်။ ပြီးတော့ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုပဲ သက်သက်ကိုးကွယ်တာကိုလည်းခေါ်တယ်။ (အိဗ်နကဆီးရ်)

اِنَّ اَوۡلَى النَّاسِ بِاِبۡرٰهِيۡمَ لَـلَّذِيۡنَ اتَّبَعُوۡهُ وَهٰذَا النَّبِىُّ وَالَّذِيۡنَ اٰمَنُوۡا ‌ؕ وَاللّٰهُ وَلِىُّ الۡمُؤۡمِنِيۡنَ ﴿٦٨﴾

(၆၈) အမှန်စင်စစ် လူများထဲတွင်(တမန်တော်) အိဗ်ရာဟီမ်နှင့်အနီးစပ်ဆုံးသူများသည် ၎င်း၏အမိန့်ကိုနာခံသောနောက်လိုက်များသည်လည်းကောင်း၊ ဤတမန်တော်(မုဟမ္မဒ်)နှင့် အီမာန်ယုံကြည်ကြသောသူများသည်လည်းကောင်း အမှန်ပင် ဖြစ်ကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န်ယုံကြည်သူများကို ကာကွယ်စောင့်ရှောက်စောင်မတော်မူသော အဆွေတော်ဖြစ်တော်မူသည်။

وَدَّتۡ طَّآئِفَةٌ مِّنۡ اَهۡلِ الۡكِتٰبِ لَوۡ يُضِلُّوۡنَكُمۡ ؕ وَمَا يُضِلُّوۡنَ اِلَّاۤ اَنۡفُسَهُمۡ وَمَا يَشۡعُرُوۡنَ ﴿٦٩﴾

(၆၉) ကျမ်းရသူများထဲမှ လူတစ်စုသည် အသင်တို့အား လမ်းမှားရောက်

သွားအောင်လုပ်လိုကြသည်။ ထို့ပြင် သူတို့သည် သူတို့ကိုယ်သူတို့မှလွဲ၍ မည်သူ့ကိုမျှ လမ်းလွဲစေကြသည်မဟုတ်ပေ။ ၎င်းပြင် (ဤသည်ကိုလည်း) သူတို့ အသိမရှိကြပေ။

يٰۤاَهۡلَ الۡكِتٰبِ لِمَ تَكۡفُرُوۡنَ بِاٰيٰتِ اللّٰهِ وَاَنۡتُمۡ تَشۡهَدُوۡنَ ﴿۷۰﴾

(၇၀) အို - ကျမ်းရသူအပေါင်းတို့၊ အသင်တို့သည် အသင်တို့ကိုယ်တိုင် ဝန်ခံကြပြီး ဖြစ်ပါလျက် အဘယ်ကြောင့် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များကို ငြင်းပယ်ကြသနည်း။ ❻

❻ သူတို့ကိုယ်တိုင် သက်သေအဖြစ်နဲ့ဝန်ခံနေကြတာရဲ့ဆိုလိုရင်းမှာ အရှင်ကချပေးထားတဲ့ကျမ်းဂန်တွေထဲမှာ တမန်တော်မြတ် ﷺ နဲ့ပတ်သက်ပြီး သတင်းကောင်းတွေ အများကြီးပေးထားပြီးဖြစ်တယ်။ တမန်တော်မြတ် ﷺ မပွင့်ပေါ်ခင်မှာ ကျမ်းရသူတွေဟာ တမန်တော်မြတ် ﷺ ပွင့်ပေါ်လာမဲ့အကြောင်းတွေနဲ့ပတ်သက်ပြီး အမြဲပြောဆိုဝန်ခံလျက်ရှိခဲ့ကြတယ်။ သူတို့ကိုယ်တိုင် အဲဒီလိုပြောဆိုဝန်ခံပြီးနောက်မှ အမှန်တကယ် တမန်တော်မြတ် ﷺ ပွင့်ပေါ်လာပြီး အရှင်မြတ်ရဲ့အာယသ်တော်တွေယူဆောင်လာခဲ့တဲ့အခါကျတော့ သူတို့ဟာ အရှင်မြတ်ရဲ့ အာယသ်တော်တွေကို သိလျက်နဲ့ ငြင်းပယ်လိုက်ကြတာကို ဆိုလိုခြင်းဖြစ်တယ်။ (အာစားနုသ်ရ်ဂျုမဟ်)

يٰۤاَهۡلَ الۡكِتٰبِ لِمَ تَلۡبِسُوۡنَ الۡحَقَّ بِالۡبَاطِلِ وَتَكۡتُمُوۡنَ الۡحَقَّ وَاَنۡتُمۡ تَعۡلَمُوۡنَ ﴿۷۱﴾

(၇၁) အို-ကျမ်းရသူအပေါင်းတို့၊ အသင်တို့သည် (သိကြလျက်နှင့်) အမှန်ကို အမှားနှင့် အဘယ်ကြောင့် ရောထွေးအောင်လုပ်ကြသနည်း၊ ၎င်းပြင် (ကျမ်းထဲ၌ပါရှိသော တမန်တော်မုဟမ္မဒ်၏ ဂုဏ်အရည်အချင်း)အမှန်ကို အသင်တို့ သိကြပါလျက် အဘယ်ကြောင့် ထိမ်ချန်ထားကြသနည်း။

وَقَالَتۡ طَّآئِفَةٌ مِّنۡ اَهۡلِ الۡكِتٰبِ اٰمِنُوۡا بِالَّذِىۡۤ اُنۡزِلَ عَلَى الَّذِيۡنَ اٰمَنُوۡا وَجۡهَ النَّهَارِ وَاكۡفُرُوۡۤا اٰخِرَهٗ لَعَلَّهُمۡ يَرۡجِعُوۡنَ ﴿۷۲﴾

(၇၂) ထို့ပြင် ကျမ်းရသူများထဲမှ လူတစ်စုသည် (သူတို့အချင်းချင်း ဤသို့) ပြောဆိုကြသည်၊ "အသင်တို့သည် အီမာန်ယုံကြည်သူများအပေါ်တွင် ချပေးခြင်းခံခဲ့ရသောအရာ(ကုရ်အာန်)ကို နေ့၏အစတွင် ယုံကြည်လိုက်ကြပါ၊ ၎င်းပြင် အသင်တို့သည် ထိုနေ့၏အဆုံးတွင် ငြင်းပယ်လိုက်ကြပါ၊ သို့မှသာ ၎င်း(အီမာန်ယုံကြည်သူ)တို့သည်(သူတို့၏အမှန်တရားမှ သံသယဖြစ်ပြီး) ပြန်လှည့်သွားကြလိမ့်မည်။" ❶

❶ တချို့ယဟူဒီတွေဟာ မွတ်စ်လင်မ်တွေကို အစ္စလာမ်ကနေ ပြန်လှည့်ထွက်သွားစေဖို့ရည်ရွယ်ပြီး စီမံကိန်းချကြတယ်။ သူတို့ထဲက အုပ်စု တစ်စုကို စေခိုင်းထားတယ်။ အသင်တို့ဟာ အစ္စလာမ်သာသနာထဲကို မနက်ခင်းပိုင်းမှာ ဝင်လိုက်ကြပါ၊ အဲဒီနောက် ညနေခင်းကျတော့ ပြန်ထွက်လိုက်ကြပါ၊ အဲဒီလိုထွက်ရတဲ့အကြောင်းကို ဒီလိုကြေညာလိုက်ကြပါ၊ ကျွန်ုပ်တို့ဟာ အစ္စလာမ်ထဲကို

ဝင်ပြီး တမန်တော်မြတ် ﷺ ကို အနီးကပ်လေ့လာခဲ့ကြတယ်။ အဲဒီအခါ ဒီတမန်တော် ﷺ ဟာ တို့ အပေါ်ချပေးထားတဲ့ သောင်ရာသ်ကျမ်းထဲမှာ ပွင့်ပေါ်မဲ့အကြောင်း သတင်းကောင်းပေးထားတဲ့ တမန်တော် ﷺ မဟုတ်ဘူးဆိုတာ အခုသိလိုက်ရပြီဖြစ်တယ်။ အဲဒါကြောင့် ကျွန်ုပ်တို့ဟာ အစ္စလာမ် ထဲက ပြန်ထွက်သွားကြတာဖြစ်တယ်။ အဲဒီလို ယဟူဒီတွေပြောလိုက်ကြတော့ မွတ်စ်လင်မ်တွေ ဟာ အခုလိုသံသယဖြစ်သွားကြလိမ့်မယ်လို့ ယဟူဒီတွေက ယူဆထားကြတယ်။ မွတ်စ်လင်မ်တွေ ရဲ့စိတ်ထဲမှာ "ကျွန်ုပ်တို့ တမန်တော် ﷺ ဟာ တကယ်တမန်တော် ﷺ မဟုတ်တာသိလို့ ယဟူဒီ အာလင်မ်ပညာရှိတွေဟာ ပြန်ထွက်သွားကြတာ ဖြစ်မယ်၊ အဲဒီတော့ ကျွန်ုပ်တို့လည်း အစ္စလာမ် ကနေ ပြန်လှည့်ထွက်သွားရင်ကောင်းမယ်" လို့ သံသယဖြစ်ပြီး မွတ်စ်လင်မ်တွေ အစ္စလာမ်ကနေ ထွက်သွားကြလေမလားလို့ ယဟူဒီတွေက စီမံကိန်းချခဲ့ခြင်းဖြစ်တယ်။ တကယ်တမ်းကျတော့ တစ်ယောက်မှ ထွက်မသွားခဲ့ဘူး။ (အာစာန်သရ်ဂျူမဟ်)

وَلَا تُؤْمِنُوْٓا اِلَّا لِمَنْ تَبِعَ دِيْنَكُمْ ؕ قُلْ اِنَّ الْهُدٰى هُدَى اللّٰهِ ۙ اَنْ يُّؤْتٰٓى اَحَدٌ مِّثْلَ مَآ اُوْتِيْتُمْ اَوْ يُحَآجُّوْكُمْ عِنْدَ رَبِّكُمْ ؕ قُلْ اِنَّ الْفَضْلَ بِيَدِ اللّٰهِ ۚ يُؤْتِيْهِ مَنْ يَّشَآءُ ؕ وَاللّٰهُ وَاسِعٌ عَلِيْمٌ ۚ﴿٧٣﴾

(၇၃) "ၦင်းပြင် အသင်တို့သည် အသင်တို့၏သာသနာကို လိုက်နာသူ များမှလွဲ၍ (မည်သည့်အီမာန်ယုံကြည်သူကိုမျှ) မယုံကြနှင့်"-(ဟု ပြောဆိုကြ သည်)။ (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ အမှန်စင်စစ် (ဖြောင့်မတ်မှန် ကန်သော)လမ်းမှန်ညွှန်ကြားပြသချက်သည် အလ္လာဟ်အရှင်မြတ်၏ လမ်းမှန် ညွှန်ကြားပြသချက်သာဖြစ်သည်။ (အသင်တို့၏ထိုသို့ပြောဆိုခြင်းသည်) အသင် တို့ ပေးအပ်ခြင်းခံရသောသာသနာကဲ့သို့ အခြားသူ တစ်ဦးတစ်ယောက်ပေးအပ် ခြင်းခံရခြင်းကြောင့်၊ သို့မဟုတ် (အသင်တို့ကဲ့သို့ သာသနာမျိုး ရရှိသွားသော) အခြားသူများသည် (အသင်တို့ ထိမ်ချန်ထားသည်များကိုသိရှိသွားပြီး) အသင် တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတွင် အသင်တို့(သည် အမှန် ကို ထိမ်ချန်ထားသည့်အကြောင်း)ကို အငြင်းအခုံပြု(ပြီး အနိုင်ရရှိသွားကြ)မည့် အတွက်ကြောင့်ဖြစ်သည်။ (အို-တမန်တော်) အသင် ပြောလိုက်ပါ၊ စင်စစ် ကျေးဇူးတော်အားလုံးသည် အလ္လာဟ်အရှင်မြတ်၏ လက်တော်ထဲ၌ပင် ရှိသည်။ အရှင်မြတ်သည် ၎င်း(ကျေးဇူးတော်)ကို အရှင်မြတ် အလိုရှိတော်မူသောသူကို သာ (သီးသန့်ရွေးချယ်၍) ကျေးဇူးပြုတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ် သည် အသိဉာဏ်ပညာနှင့် ကရုဏာကျယ်ဝန်းလျက် အရာအားလုံးကိုဝန်းခြုံ ထားတော်မူသော အရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

يَّخْتَصُّ بِرَحْمَتِهٖ مَنْ يَّشَآءُ ؕ وَاللّٰهُ ذُو الْفَضْلِ الْعَظِيْمِ ﴿٧٤﴾

(၇၄) အရှင်မြတ်သည် မိမိအသနားတော်ဖြင့် အရှင်မြတ်အလိုရှိတော်

မူသောသူကို ရွေးချယ်တော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်ကြီးမားသော ကျေးဇူးတော်ရှင် ဖြစ်တော်မူသည်။

وَمِنْ اَهْلِ الْكِتٰبِ مَنْ اِنْ تَاْمَنْهُ بِقِنْطَارٍ يُّؤَدِّهٖٓ اِلَيْكَ ۚ وَمِنْهُمْ مَّنْ اِنْ تَاْمَنْهُ بِدِيْنَارٍ لَّا يُؤَدِّهٖٓ اِلَيْكَ اِلَّا مَا دُمْتَ عَلَيْهِ قَآئِمًا ؕ ذٰلِكَ بِاَنَّهُمْ قَالُوْا لَيْسَ عَلَيْنَا فِى الْاُمِّيّٖنَ سَبِيْلٌ ۚ وَيَقُوْلُوْنَ عَلَى اللّٰهِ الْكَذِبَ وَهُمْ يَعْلَمُوْنَ ﴿٧٥﴾

(၇၅) ထို့ပြင် ကျမ်းရသူများထဲတွင် ဤကဲ့သို့သူလည်းရှိသည်၊ အကယ်၍ အသင်(တမန်တော်)သည် ၎င်းကို စိတ်ချ(ယုံကြည်)ပြီး (ရွှေငွေ)အမြောက်အမြား အပ်နှံထားခဲ့လျှင် ၎င်းသည် ထိုအရာများအားလုံးကို အသင့်အား ပြန်ပေးဆပ်လိမ့်မည်။ ထို့ပြင် သူတို့ထဲတွင် ဤကဲ့သို့သူလည်းရှိသည်၊ အကယ်၍ အသင်သည် ၎င်းကို စိတ်ချ(ယုံကြည်)ပြီး ရွှေဒင်္ဂါးတစ်ပြားမျှသာ အပ်နှံခဲ့လျှင်လည်း ၎င်းသည် ယင်း(ရွှေဒင်္ဂါးတစ်ပြား)ကိုပင် အသင့်အားပြန်ပေးဆပ်မည်မဟုတ်ပေ၊ သို့ရာတွင် အသင်သည် ၎င်းအပေါ် အမြဲမတ်တတ်ရပ်တောင်းနေရမည်။(အသင်သည် ကြာညောင်းစွာ မတ်တတ်ရပ်၍ မတောင်းသမျှ ပေးမည်မဟုတ်ပေ)။ ထိုကဲ့သို့ (မပေးဆပ်မှု)ဖြစ်ရခြင်းမှာ သူတို့က (ဤသို့)ပြောဆိုမှုကြောင့်ဖြစ်သည်၊ “စာပေမတတ်ကျွမ်းသောသူများ သို့မဟုတ် ကျမ်းဂန်မရရှိသောသူများနှင့် ပတ်သက်၍ ကျွန်ုပ်တို့အပေါ်တွင် (အရေးယူရန်) နည်းလမ်းမရှိပေ။ (သူတို့၏ပစ္စည်းများကို မတရားယူလျှင်လည်း အပြစ်မရှိပေ)။” ၎င်းပြင် (ဤသို့ပင်) သူတို့သည် သိပါလျက်နှင့် အလ္လာဟ်အရှင်မြတ်အပေါ်တွင် လိမ်လည်ပြောဆိုကြသည်။

بَلٰى مَنْ اَوْفٰى بِعَهْدِهٖ وَاتَّقٰى فَاِنَّ اللّٰهَ يُحِبُّ الْمُتَّقِيْنَ ﴿٧٦﴾

(၇၆) (သူတို့ပြောသကဲ့သို့) လုံးဝမဟုတ်ပေ၊ အမှန်စင်စစ် (အပြစ်ရှိသည်) အကြင်သူသည် သူ၏ကတိကို ပြည့်ဝအောင်ပြုလုပ်ပြီး အရှင်မြတ်အား ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်လျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကြောက်ရွံ့အပြစ်ရှောင်ကောင်းကျိုးဆောင်သောသူများကို ချစ်ခင်မြတ်နိုးတော်မူသည်။

اِنَّ الَّذِيْنَ يَشْتَرُوْنَ بِعَهْدِ اللّٰهِ وَاَيْمَانِهِمْ ثَمَنًا قَلِيْلًا اُولٰٓئِكَ لَا خَلَاقَ لَهُمْ فِى الْاٰخِرَةِ وَلَا يُكَلِّمُهُمُ اللّٰهُ وَلَا يَنْظُرُ اِلَيْهِمْ يَوْمَ الْقِيٰمَةِ وَلَا يُزَكِّيْهِمْ ۪ وَلَهُمْ عَذَابٌ اَلِيْمٌ ﴿٧٧﴾

(၇၇) အမှန်စင်စစ် အကြင်သူများသည် အလ္လာဟ်အရှင်မြတ်နှင့် ပြုလုပ်ထားသောကတိကဝတ်နှင့် သူတို့၏ ကျိန်ဆိုချက်များကို အဖိုးအခ အနည်း

ယေ်ဖြင့် လဲလှယ်ရောင်းချကြသည်။ ထိုသူများအတွက် တမလွန်ဘဝတွင် မည်သည့်(ကောင်းသော)ဝေစုမျှ မရှိတော့ပေ။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့ကို (အမျက်ဒေါသကြောင့်) စကားပြောတော်မူမည် မဟုတ်ပေ။ ၎င်းပြင် အရှင်မြတ်သည် ကိယာမသ်နေ့တွင် သူတို့ဘက်သို့ (ငဲ့ညှာထောက်ထားမှုဖြင့်) ကြည့်ရှုတော်မူမည်လည်း မဟုတ်ပေ။ ၎င်းပြင် အရှင်မြတ်သည် သူတို့ကို (ပြစ်မှုများမှ)စင်ကြယ်အောင် လုပ်ပေးမည်လည်း မဟုတ်ပေ။ ထို့ပြင် သူတို့အတွက် ပြင်းပြနာကျင်စေသော အပြစ်ဒဏ်ရှိမည်။

وَإِنَّ مِنْهُمْ لَفَرِيقًا يَلْوُنَ أَلْسِنَتَهُم بِالْكِتَٰبِ لِتَحْسَبُوهُ مِنَ الْكِتَٰبِ وَمَا هُوَ مِنَ الْكِتَٰبِ
وَيَقُولُونَ هُوَ مِنْ عِندِ اللَّهِ وَمَا هُوَ مِنْ عِندِ اللَّهِ وَيَقُولُونَ عَلَى اللَّهِ الْكَذِبَ وَهُمْ يَعْلَمُونَ ﴿٧٨﴾

(၇၈) ထို့ပြင် သူတို့ထဲတွင် အမှန်မုချ လူတစ်စုရှိသည်၊ ထိုသူတို့သည် ကျမ်းဂန်ကို သူတို့၏လျှာများအား ခေါက်လိပ်(လုပ်ကြံပြီး ရွတ်ဖတ်)ကြသည်။ (သူတို့ လုပ်ကြံရွတ်ဖတ်သော) ထိုအရာသည် ကျမ်းဂန်ထဲမှ(စကား)မဟုတ်ပါဘဲလျက် အသင်တို့က ထိုအရာကို ကျမ်းဂန်ထဲကပင်ဖြစ်သည်ဟု ထင်မှတ်ကြစေရန် ဖြစ်သည်။ ထို့ပြင် သူတို့က ထို(သူတို့လုပ်ကြံရွတ်ဖတ်သော)အရာသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ မဟုတ်ပါဘဲလျက် ထိုအရာသည် အလ္လာဟ်အရှင်မြတ်ထံတော်မှဖြစ်သည်ဟု ပြောဆိုကြသည်။ ထို့ပြင် သူတို့သည် သိကြလျက်နှင့် အလ္လာဟ်အရှင်မြတ်အပေါ် လိမ်လည်ပြောဆိုကြသည်။

مَا كَانَ لِبَشَرٍ أَن يُؤْتِيَهُ اللَّهُ الْكِتَٰبَ وَالْحُكْمَ وَالنُّبُوَّةَ ثُمَّ يَقُولَ لِلنَّاسِ كُونُوا عِبَادًا لِّي مِن
دُونِ اللَّهِ وَلَٰكِن كُونُوا رَبَّٰنِيِّينَ بِمَا كُنتُمْ تُعَلِّمُونَ الْكِتَٰبَ وَبِمَا كُنتُمْ تَدْرُسُونَ ﴿٧٩﴾

(၇၉) မည်သည့်လူသားပင်ဖြစ်စေ ထိုသူ့အား အလ္လာဟ်အရှင်မြတ်က ကျမ်းဂန်၊ ပညာဉာဏ်အမြော်အမြင်နှင့် နဗီတမန်တော်ဖြစ်ခြင်းကို ပေးသနားတော်မူပြီးနောက် ထိုသူက လူများအား "အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား စွန့်လွှတ်ပြီး (ငါ့အား ကိုးကွယ်ကြရန်) ငါ၏ကျွန်များ ဖြစ်ကြပါ"ဟု ပြောရန်ဆိုသည်မှာ မဖြစ်နိုင်ပေ။ သို့ရာတွင် (၎င်းက ဤသို့ပြောဆိုပေလိမ့်မည်၊) "အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို သိရှိပြီးလိုက်နာကျင့်သုံးသူများ ဖြစ်ကြပါ။ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် ကျမ်းဂန်ကို သင်ကြားပို့ချကြသည့်အပြင် အသင်တို့သည် ကျမ်းဂန်ကို လေ့လာကြသည့် (အခါ ကျမ်းဂန်ထဲတွင် အရှင်မြတ်အား ကြောက်ရွံ့ရန်နှင့် အရှင်မြတ်၏အမိန့်ကို

နာခံရန် ထပ်ပြန်တလဲလဲ ညွှန်ကြားထားသည်ကို အသင်တို့ကိုယ်တိုင် တွေ့ရှိကြသည့်) အတွက်ကြောင့်ပင် ဖြစ်သည်။”

وَلَا يَأْمُرَكُمْ اَنْ تَتَّخِذُوا الْمَلٰٓئِكَةَ وَالنَّبِيّٖنَ اَرْبَابًا ۗ اَيَأْمُرُكُمْ بِالْكُفْرِ بَعْدَ اِذْ اَنْتُمْ مُّسْلِمُوْنَ ﴿٨٠﴾ ع

(၈၀) ထို့ပြင် ထို(တမန်တော်အဖြစ်ချီးမြှင့်ခံရ)သူက အသင်တို့အား “အသင်တို့သည် ကောင်းကင်တမန်များနှင့် နဗီတမန်တော်များအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သခင်များအဖြစ် ပြုလုပ်ကြပါ”ဟူ၍လည်း အမိန့်ပေးမည်မဟုတ်ပေ။ အသင်တို့သည် အမိန့်နာခံသောသူ မွတ်စ်လင်မ်များ ဖြစ်ကြပြီးနောက်မှ ထို(နဗီအဖြစ် ချီးမြှင့်ခံရသော)သူက အသင်တို့အား သွေဖည်ငြင်းပယ်ရန် အမိန့်ပေးပါမည်လော။

وَاِذْ اَخَذَ اللّٰهُ مِيْثَاقَ النَّبِيّٖنَ لَمَآ اٰتَيْتُكُمْ مِّنْ كِتٰبٍ وَّحِكْمَةٍ ثُمَّ جَآءَكُمْ رَسُوْلٌ مُّصَدِّقٌ لِّمَا مَعَكُمْ لَتُؤْمِنُنَّ بِهٖ وَلَتَنْصُرُنَّهٗ ۗ قَالَ ءَاَقْرَرْتُمْ وَاَخَذْتُمْ عَلٰى ذٰلِكُمْ اِصْرِيْ ۗ قَالُوْٓا اَقْرَرْنَا ۗ قَالَ فَاشْهَدُوْا وَاَنَا مَعَكُمْ مِّنَ الشّٰهِدِيْنَ ﴿٨١﴾

(၈၁) ထို့ပြင် တစ်ခါတွင် အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များထံမှ (ဤသို့)ကတိသစ္စာ ယူတော်မူခဲ့သည်၊ “အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား ကျမ်းဂန်နှင့် ပညာဉာဏ်အမြော်အမြင်ပေးသနားတော်မူပြီးနောက် အသင်တို့ထံတွင်ရှိသော ကျမ်းဂန်များကို ထောက်ခံသည့် ရစူလ်တမန်တော်❶ တစ်ပါးပါးသည် အသင်တို့ထံသို့ ရောက်လာသောအခါတွင် အသင်တို့သည် ၎င်း(တမန်တော်)အား အမှန်ပင် ယုံကြည်ကြရမည်၊ ထို့ပြင် ၎င်းအား ကူညီအားပေးကြရမည်။” (ထို့နောက်) အရှင်မြတ်က “အသင်တို့သည် ဝန်ခံကြပြီလော။ ၎င်းပြင် ထိုကိစ္စနှင့်ပတ်သက်ပြီး အသင်တို့သည် ငါအရှင်မြတ်၏ ကတိသစ္စာကိုလည်း လက်ခံကြပြီလော”ဟု မေးမြန်းတော်မူသည်။ သူတို့က “ကျွန်ုပ်တို့ ဝန်ခံကြပါပြီ”ဟုပြောဆိုလျှောက်ထားကြသည်။ (ထိုအခါ) အရှင်မြတ်က (ဤသို့)မိန့်ကြားတော်မူသည်- “သို့ဖြစ်လျှင် အသင်တို့သည် (ထိုကတိသစ္စာနှင့်ပတ်သက်၍) အသိသက်သေများ ဖြစ်ကြပါ။ ထို့ပြင် ငါအရှင်မြတ်သည်လည်း အသင်တို့နှင့်အတူ အသိသက်သေများထဲတွင် ပါဝင်တော်မူမည်”။

❶ ရစူလ်တမန်တော်တစ်ပါးပါးထပ်ရောက်လာရင် အဲဒီတမန်တော်ကိုလည်း ယုံကြည်ပြီး ကူညီဖို့ တမန်တော်တွေအားလုံးထံက ကတိကဝတ် ယူထားပြီးဖြစ်တယ်။ အဲဒါကြောင့် နောက်ရောက်လာတဲ့ နဗီတမန်တော်အပေါ် ယုံကြည်ဖို့ နဗီတမန်တော်တွေအားလုံးအပေါ်မှာ အရေးကြီးတယ်ဆိုတော့ နဗီမဟုတ်သူတွေအတွက်ဆိုရင် ပိုပြီးတော့တောင် အရေးကြီးတာ ထင်ရှားတယ်။ တမန်

တော်မူစာ ﷺ ရဲ့ နောက်မှာ တမန်တော်အီစာ ﷺ ရောက်လာတော့ တမန်တော်မူစာ ﷺ ရှိနေသေးတယ်ဆိုရင်လည်း တမန်တော်မူစာ ﷺ ဟာ တမန်တော်အီစာ ﷺ ကို ယုံကြည်လက်ခံပြီး ကူညီအားပေးရမှာဖြစ်တယ်။ တမန်တော်မူစာ ﷺ မရှိတော့ပေမဲ့ တမန်တော်ရဲ့နောက်လိုက်သားတွေကျန်ရှိနေခဲ့ရာ အဲဒီနောက်လိုက်သားတွေဟာ တမန်တော်အီစာ ﷺ ကို ယုံကြည်ကြပြီး ကူညီရမှာဖြစ်တယ်။ အဲဒီလိုပဲ တမန်တော်အီစာ ﷺ နောက်မှာ တမန်တော်မြတ် ﷺ ပွင့်လာတဲ့အတွက်ကျန်ရှိနေတဲ့သူတွေထဲမှာ နဗီတွေဖြစ်ဖြစ်၊ နဗီတွေရဲ့ နောက်လိုက်တွေဖြစ်ဖြစ် တမန်တော်မြတ် ﷺ အပေါ်မှာ အီမာန်ယုံကြည်ကြရမှာ ဖြစ်တယ်။ အဲဒါကြောင့် တမန်တော်မြတ် ﷺ ရဲ့နောက်ကိုလိုက်ဖို့အရေးကြီးကြောင်း ဟဒီးဆ်တော်တစ်ပုဒ်မှာ အခုလိုဖော်ပြထားတယ်။

والذى نفسى بيده لو أن موسى كان حيا ما وسعه إلا أن يتبعنى “ အကြောင်အရှင်မြတ်ကို တိုင်တည်ပြီးပြောဆိုမယ်။ အဲဒီအရှင်မြတ်ရဲ့ လက်တော်ထဲမှာ ငါရဲ့အသက်ရှိတယ်။ တကယ်လို့ (တမန်တော်)မူစာ ﷺ ဟာ ရှင်နေခဲ့ရင်လည်း ငါ့နောက်လိုက်ရုံပဲရှိတယ်”။ (မွတ်စ်နဒ် အဟ်မဒ် - ၁၅၁၉၅)

فَمَنْ تَوَلّٰى بَعْدَ ذٰلِكَ فَاُولٰٓئِكَ هُمُ الْفٰسِقُوْنَ ﴿٨٢﴾

(၈၂) ၎င်းပြင် အကြင်သူသည် ထို(ကတိထားပြီး)နောက် မျက်နှာလွှဲဖယ်သွားခဲ့လျှင် ထိုသူများပင် အမိန့်မနာခံသူများဖြစ်ကြသည်။

اَفَغَيْرَ دِيْنِ اللّٰهِ يَبْغُوْنَ وَلَهٗٓ اَسْلَمَ مَنْ فِى السَّمٰوٰتِ وَالْاَرْضِ طَوْعًا وَّكَرْهًا وَّاِلَيْهِ يُرْجَعُوْنَ ﴿٨٣﴾

(၈၃) သူတို့သည် အလ္လာဟ်အရှင်မြတ်၏ သာသနာတော်ကလွဲပြီး (အခြားသာသနာကို) လိုလားရှာဖွေကြသည်လော။ ထို့ပြင် ကောင်းကင်များနှင့် မြေပထဝီတွင်ရှိသမျှအရာအားလုံးသည် ကြည်ဖြူလျက်နှင့်ဖြစ်စေ၊ မနစ်မြို့လျက်နှင့်ဖြစ်စေ အရှင်မြတ်၏အမိန့်တော်ကိုပင် လိုက်နာနေကြသည်။ ထို့ပြင် ထိုအရာအားလုံးသည် အရှင်မြတ်ထံသို့ပင် ပြန်လှည့်ကြရမည်ဖြစ်သည်။

قُلْ اٰمَنَّا بِاللّٰهِ وَمَآ اُنْزِلَ عَلَيْنَا وَمَآ اُنْزِلَ عَلٰٓى اِبْرٰهِيْمَ وَاِسْمٰعِيْلَ وَاِسْحٰقَ وَيَعْقُوْبَ وَالْاَسْبَاطِ وَمَآ اُوْتِيَ مُوْسٰى وَعِيْسٰى وَالنَّبِيُّوْنَ مِنْ رَّبِّهِمْ ۖ لَا نُفَرِّقُ بَيْنَ اَحَدٍ مِّنْهُمْ ۖ وَنَحْنُ لَهٗ مُسْلِمُوْنَ ﴿٨٤﴾

(၈၄) (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ကျွန်ုပ်တို့အပေါ်တွင်ကျလာသောအရာ (ကုရ်အာန်ကျမ်းတော်မြတ်)အပြင်၊ (တမန်တော်)အိဗ်ရာဟီမ်၊ (တမန်တော်)အစ္စမာအီလ်၊ (တမန်တော်)အစ္စဟာက်၊ (တမန်တော်)ယအ်ကူဗ်နှင့် (၎င်း၏)သားမြေး မြစ်တို့အပေါ်တွင် ချပေးခြင်းခံရသောအရာ(တရားတော်)များကို ယုံကြည်ကြပါသည်။ ထို့ပြင် (တမန်တော်)မူစာ၊ (တမန်တော်)အီစာနှင့် (အခြား)နဗီတမန်တော်များသည် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ပေးသနားတော်မူခြင်းခံရသောအရာ (တရားတော်)များကိုလည်း ကျွန်ုပ်တို့ ယုံကြည်ကြပါသည်။

ကျွန်ုပ်တို့သည် ၎င်း(နဗီတမန်တော်)တို့ထဲမှ တစ်ပါးပါး၏ကြားတွင် ခွဲခြားမှု မပြု ကြပါ။ ထို့ပြင် ကျွန်ုပ်တို့သည် အရှင်မြတ်၏အမိန့်ကို နာခံသောမွတ်စ်လင်မ်များ ဖြစ်ကြပါသည်။

وَمَنۡ يَّبۡتَغِ غَيۡرَ الۡاِسۡلَامِ دِيۡنًا فَلَنۡ يُّقۡبَلَ مِنۡهُ ۚ وَهُوَ فِى الۡاٰخِرَةِ مِنَ الۡخٰسِرِيۡنَ ﴿٨٥﴾

(၈၅) ထို့ပြင် မည်သူမဆို အစ္စလာမ်သာသနာမှလွဲ၍ (အခြား)သာသနာ တစ်ခုခုကို လိုလားရှာဖွေလျှင် ထိုသူ၏ထံမှ (သူရှာဖွေထားသော သာသနာသည် အရှင်မြတ်ထံတွင်) သဘောတူလက်ခံတော်မူခြင်း လုံးဝခံရမည်မဟုတ်ပေ။ ထို့ပြင် ထိုသူသည် တမလွန်ဘဝ၌လည်း ဆုံးရှုံးသူများထဲတွင်ဖြစ်လိမ့်မည်။

كَيۡفَ يَهۡدِى اللّٰهُ قَوۡمًا كَفَرُوۡا بَعۡدَ اِيۡمَانِهِمۡ وَشَهِدُوۡۤا اَنَّ الرَّسُوۡلَ حَقٌّ وَّجَآءَهُمُ الۡبَيِّنٰتُ ؕ وَ اللّٰهُ لَا يَهۡدِى الۡقَوۡمَ الظّٰلِمِيۡنَ ﴿٨٦﴾

(၈၆) အလ္လာဟ်အရှင်မြတ်သည်(ဤသို့သော)လူမျိုးကိုမည်သည့်နည်း ဖြင့် လမ်းမှန်ပေးမည်နည်း။ ထိုသူတို့သည် အီမာန်ယုံကြည်ကြသည်၊ ၎င်းပြင် ရစူလ်တမန်တော် အမှန်ဖြစ်ကြောင်းကိုလည်း သက်သေခံကြသည့်အပြင် သူ တို့ထံသို့ ထင်ရှားသော သက်သေလက္ခဏာများလည်း ရောက်ရှိခဲ့ပြီးဖြစ်သည်၊ ထို့နောက်တွင်မှ သူတို့သည် သွေဖည်ငြင်းပယ်လိုက်ကြသည်။ (ထိုသူများကို အရှင်မြတ်က မည်သည့်နည်းဖြင့် ဟိဒါယသ်လမ်းမှန်ပေးမည်နည်း)။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မတရားကျူးလွန်သူများကို လမ်းမှန်သို့ပို့ဆောင်တော် မူမည် မဟုတ်ပေ။

اُولٰٓـئِكَ جَزَآؤُهُمۡ اَنَّ عَلَيۡهِمۡ لَعۡنَةَ اللّٰهِ وَالۡمَلٰٓـئِكَةِ وَالنَّاسِ اَجۡمَعِيۡنَ ﴿٨٧﴾

(၈၇) ထိုသို့သောသူတို့၏အကျိုးရလဒ်မှာ အမှန်စင်စစ် သူတို့အပေါ်တွင် အလ္လာဟ်အရှင်မြတ်၏လအ်နသ်(သနားကရုဏာတော်မှ ကင်းဝေးမှု)အပြင်၊ ကောင်းကင်တမန်များနှင့် လူများအားလုံး၏ လအ်နသ်(ရှုတ်ချမှု)ကျရောက်သည်။

خٰلِدِيۡنَ فِيۡهَا ۚ لَا يُخَفَّفُ عَنۡهُمُ الۡعَذَابُ وَلَا هُمۡ يُنۡظَرُوۡنَ ﴿٨٨﴾

(၈၈) သူတို့သည် ထို(လအ်နသ်)ထဲ၌ပင် အမြဲခံစားနေကြရမည့်အပြင် သူတို့၏အပြစ်ဒဏ်သည်လည်း လျှော့ပေါ့ပေးခြင်းခံရမည်မဟုတ်ပေ။ ၎င်းပြင် သူတို့သည် (အပြစ်ဒဏ်ကို) ဆိုင်းငံ့ထားခြင်း ခံရမည်လည်း မဟုတ်ပေ။

اِلَّا الَّذِيۡنَ تَابُوۡا مِنۡۢ بَعۡدِ ذٰلِكَ وَاَصۡلَحُوۡا ۖ فَاِنَّ اللّٰهَ غَفُوۡرٌ رَّحِيۡمٌ ﴿٨٩﴾

(၈၉) သို့ရာတွင် အကြင်သူများသည် ထို(ကဲ့သို့ ငြင်းပယ်ပြီး)နောက် ဝန်ချတောင်းပန်ပြီး ပြုပြင်ကြလျှင် ထို့နောက် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

اِنَّ الَّذِيۡنَ كَفَرُوۡا بَعۡدَ اِيۡمَانِهِمۡ ثُمَّ ازۡدَادُوۡا كُفۡرًا لَّنۡ تُقۡبَلَ تَوۡبَتُهُمۡ‌ ۚ وَاُولٰٓـئِكَ هُمُ الضَّآلُّوۡنَ ﴿٩٠﴾

(၉၀) အမှန်စင်စစ် အကြင်သူတို့သည် သူတို့ ယုံကြည်ကြပြီးနောက်တွင် မှသွေဖည်ငြင်းပယ်ခဲ့ကြသည်။ ထို့နောက် သူတို့သည် သွေဖည်ငြင်းပယ်မှုထဲ၌ပင် ဆက်တိုးနေခဲ့ကြသည်၊ ထိုသူများ၏နောင်တရပြီး အမှားဝန်ခံခြင်း❶ သည် (အရှင်မြတ်ထံ၌) လက်ခံသဘောတူတော်မူခြင်း လုံးဝခံရမည်မဟုတ်ပေ။ ၎င်းပြင် ထိုသူများသည်ပင် လမ်းလွဲသူများ ဖြစ်ကြသည်။

❶ သောင်ဗဟ်နောင်တရပြီးအမှားဝန်ခံခြင်းနဲ့ပတ်သက်လို့ အရှင်မြတ်က ကုရ်အာန်ကျမ်းတော်ထဲမှာ အာယသ်တော်အမြောက်အမြားနဲ့ ဖော်ပြထားတယ်။ ဒီအာယသ်မှာ အရှင်မြတ်က သောင်ဗဟ်လက်မခံဘူးလို့ အမိန့်ရှိတာဟာ သေဆုံးခါနီး စကရာသ်ရောက်တဲ့အချိန် သေမင်းတမန်ရောက်လာတော့မှ သောင်ဗဟ်လုပ်ခြင်းကို ဆိုလိုခြင်းဖြစ်တယ်။ သွေဖည်ငြင်းပယ်မှုထဲမှာနေရင်းနဲ့ သေဆုံးခါနီး အကြောတွေဆွဲတဲ့အချိန်ကျတော့မှ သောင်ဗဟ်လုပ်ရင် လက်မခံဘူးလို့ဆိုလိုတာဖြစ်တယ်။ (သိရ်မိဇီ - ၃၈၈၀) အဲဒီလိုသေဆုံးခါနီးမှာ ဖိရ်အောင်န်ဘုရင်လည်း သောင်ဗဟ်လုပ်ခဲ့တယ်၊ ဒါပေမဲ့ အရှင်မြတ်က လက်မခံခဲ့တဲ့ အကြောင်းကို အခုလိုအမိန့်ရှိထားတယ်။

وَجٰوَزۡنَا بِبَنِىۡۤ اِسۡرَآءِيۡلَ الۡبَحۡرَ فَاَتۡبَعَهُمۡ فِرۡعَوۡنُ وَجُنُوۡدُهٗ بَغۡيًا وَّعَدۡوًا‌ ؕ حَتّٰۤى اِذَاۤ اَدۡرَكَهُ الۡغَرَقُ ۙ قَالَ اٰمَنۡتُ اَنَّهٗ لَاۤ اِلٰهَ اِلَّا الَّذِىۡۤ اٰمَنَتۡ بِهٖ بَنُوۡۤا اِسۡرَآءِيۡلَ وَاَنَا مِنَ الۡمُسۡلِمِيۡنَ . آٰلۡــٰٔنَ وَقَدۡ عَصَيۡتَ قَبۡلُ وَكُنۡتَ مِنَ الۡمُفۡسِدِيۡنَ (၁၀း၉၀ - ၉၁)

وَلَيۡسَتِ التَّوۡبَةُ لِلَّذِيۡنَ يَعۡمَلُوۡنَ السَّيِّاٰتِ‌ ۚ حَتّٰۤى اِذَا حَضَرَ اَحَدَهُمُ الۡمَوۡتُ قَالَ اِنِّىۡ تُبۡتُ الۡــٰٔنَ وَلَا الَّذِيۡنَ يَمُوۡتُوۡنَ وَهُمۡ كُفَّارٌ‌ ؕ اُولٰٓـئِكَ اَعۡتَدۡنَا لَهُمۡ عَذَابًا اَلِيۡمًا (၄း၁၈)

သေဆုံးခါနီးမှာလုပ်တဲ့ သောင်ဗဟ်ကလွဲလို့ ကျန်သောင်ဗဟ်တွေကို အမြဲလက်ခံလျက်ရှိကြောင်း အရှင်မြတ်က အခုလို အမိန့်ရှိထားတယ်။ وَهُوَ الَّذِىۡ يَقۡبَلُ التَّوۡبَةَ عَنۡ عِبَادِهٖ وَيَعۡفُوۡا عَنِ السَّيِّاٰتِ (၄၂း၂၅)

اَلَمۡ يَعۡلَمُوۡۤا اَنَّ اللّٰهَ هُوَ يَقۡبَلُ التَّوۡبَةَ عَنۡ عِبَادِهٖ (ကုရ်အာန် - ၉း၁၀၄)

တမန်တော်မြတ် ﷺ ကလည်း သေဆုံးခါနီးအသက်ငင်ချိန်မရောက်မချင်း သောင်ဗဟ်ကို အရှင်မြတ်လက်ခံတော်မူကြောင်း အခုလို အမိန့်ရှိထားတယ်။ (သိရ်မိဇီ ဟဒီးဆ် - ၃၈၈၀)

اِنَّ اللّٰهَ يَقۡبَلُ تَوۡبَةَ الۡعَبۡدِ مَالَمۡ يُغَرۡغِرۡ (ترمذی)

اِنَّ الَّذِيۡنَ كَفَرُوۡا وَمَاتُوۡا وَهُمۡ كُفَّارٌ فَلَنۡ يُّقۡبَلَ مِنۡ اَحَدِهِمۡ مِّلۡءُ الۡاَرۡضِ ذَهَبًا وَّلَوِ افۡتَدٰى بِهٖ‌ ؕ اُولٰٓـئِكَ لَهُمۡ عَذَابٌ اَلِيۡمٌ وَّمَا لَهُمۡ مِّنۡ نّٰصِرِيۡنَ ﴿٩١﴾

(၉၁) အမှန်စင်စစ် အကြင်သူများသည် သွေဖည်ငြင်းပယ်ကြပြီး သွေဖည်ငြင်းပယ်သူများဖြစ်လျက်နှင့် သေဆုံးကြသည်၊ သို့ဖြစ်ရာ ထိုသူများအနက် တစ်ဦးတစ်ယောက်ထံမှ (အပြစ်လွတ်ရန်) ကမ္ဘာမြေနှင့်အပြည့် ရွှေများကို လျော်

ကြေးပေးလျှင်လည်း လုံးဝလက်ခံသဘောတူတော်မူခြင်းခံရမည်မဟုတ်ပေ။ သူတို့အတွက် အလွန်ပြင်းပြနာကျင်စေသော အပြစ်ဒဏ်သာရှိသည်၊ ၎င်းပြင် သူတို့အတွက် မည်သည့်ကူညီသူမျှလည်း ရှိမည်မဟုတ်ပေ။

لَنْ تَنَالُوا الْبِرَّ حَتّٰى تُنْفِقُوْا مِمَّا تُحِبُّوْنَ ۗ وَمَا تُنْفِقُوْا مِنْ شَيْءٍ فَاِنَّ اللّٰهَ بِهٖ عَلِيْمٌ ﴿٩٢﴾

(၉၂) အသင်တို့သည် အသင်တို့နှစ်သက်ကြသော❶ ပစ္စည်းဥစ္စာများထဲမှ သုံးစွဲလှူဒါန်းမှု မပြုသမျှ ကောင်းကျိုးချမ်းသာ(ဂျန္နသ်)ကို မည်သည့်အခါမျှရရှိကြမည်မဟုတ်ပေ။ ထို့ပြင် အသင်တို့သည် မည်သည့်အရာပင် လှူသည်ဖြစ်စေ၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ထိုအရာအား အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ ကိုယ်နှစ်သက်တဲ့အရာအားလုံး အကျုံးဝင်တယ်။ ဥပမာ - အသက်၊ ပစ္စည်းဥစ္စာ၊ အိုးအိမ်၊ ဂုဏ်ထူးရာထူး၊ အာဏာစတာတွေဖြစ်တယ်။ (အလင်းပြကျမ်း)

كُلُّ الطَّعَامِ كَانَ حِلًّا لِّبَنِيْٓ اِسْرَآءِيْلَ اِلَّا مَا حَرَّمَ اِسْرَآءِيْلُ عَلٰى نَفْسِهٖ مِنْ قَبْلِ اَنْ تُنَزَّلَ التَّوْرٰىةُ ۗ قُلْ فَاْتُوْا بِالتَّوْرٰىةِ فَاتْلُوْهَآ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٩٣﴾

(၉၃) သောင်ရာသ်ကျမ်းချပေးခြင်းမခံရမီက အစ္စရာအီလ်(တမန်တော်ယအ်ကူဗ်)သည် မိမိကိုယ်မိမိအပေါ်တွင် ဟရာမ်အဖြစ်တားမြစ်ခဲ့သောအရာမှလွဲ၍ အစားအစာဟူသမျှသည် အစ္စရာအီလ်မျိုးနွယ်များအတွက် ဟလာလ်စားပိုင်ခွင့် ပြုထားခဲ့သည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ အသင်တို့သည် မှန်ကန်သောသူများဖြစ်ကြလျှင် ထိုသောင်ရာသ်ကျမ်းကို ယူလာပြီးနောက် ဖတ်ရွတ်ကြပါ။

فَمَنِ افْتَرٰى عَلَى اللّٰهِ الْكَذِبَ مِنْۢ بَعْدِ ذٰلِكَ فَاُولٰٓئِكَ هُمُ الظّٰلِمُوْنَ ﴿٩٤﴾

(၉၄) ထို(ဟရာမ်သတ်မှတ်ခြင်းသည် တမန်တော်အိဗ်ရာဟီမ်၏ခေတ်သမယတွင်မဟုတ်ဘဲ တမန်တော်ယအ်ကူဗ်ဘက်မှ သတ်မှတ်ခြင်းဖြစ်သည်ဟု အထောက်အထားထင်ရှားပြီး)သည့်နောက်၌ အကြင်သူသည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် မုသားလိမ်လည်လုပ်ကြံပြောဆိုမည်ဆိုလျှင် ထိုသူများသည် မတရားကျူးလွန်သူများပင်ဖြစ်ကြသည်။

قُلْ صَدَقَ اللّٰهُ ۗ فَاتَّبِعُوْا مِلَّةَ اِبْرٰهِيْمَ حَنِيْفًا ۗ وَمَا كَانَ مِنَ الْمُشْرِكِيْنَ ﴿٩٥﴾

(၉၅) (အို-တမန်တော်)အသင် ပြောလိုက်ပါ၊ အလ္လာဟ်အရှင်မြတ်သည် အမှန်ကိုသာ ပြောဆိုတော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် ဖြောင့်မတ်

တည်ကြည်သော (တမန်တော်)အိဗ်ရာဟီမ်၏ သာသနာ(အစ္စလာမ်)နောက်ကို လိုက်ကြပါ။ ထို့ပြင် ၎င်း(တမန်တော်အိဗ်ရာဟီမ်)သည် တုဖက်နှိုင်းယှဉ်ကိုးကွယ်သောသူများထဲမှ မဟုတ်ခဲ့ပေ။

إِنَّ أَوَّلَ بَيْتٍ وُضِعَ لِلنَّاسِ لَلَّذِي بِبَكَّةَ مُبَارَكًا وَهُدًى لِّلْعَالَمِينَ ﴿٩٦﴾

(၉၆) အမှန်စင်စစ် လူများအတွက်(ဝတ်ပြုကိုးကွယ်ရန်) ပထမဦးဆုံးဆောက်လုပ်ထားသောအိမ်တော်❶ သည် မက္ကဟ်မြို့❷ တွင်တည်ရှိသော ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံလျက်ရှိသည့်အပြင်❸၊ စကြဝဠာအားလုံးအတွက် လမ်းမှန်ညွှန်ကြားပြသလျက်ရှိသော အိမ်တော်ပင် ဖြစ်သည်။

❶ ဝတ်ပြုကိုးကွယ်ဖို့ ပထမဦးဆုံး ဆောက်လုပ်ခြင်းခံရတဲ့ အိမ်တော်နဲ့ပတ်သက်ပြီး ယဟူဒီတွေက အလ်မတ်စ်ဂျိဒုလ်အက္ကစွာလို့ ပြောကြတယ်၊ မွတ်စ်လင်မ်တွေက အလ်မတ်စ်ဂျိဒုလ်ဟရာမ်လို့ ပြောကြတယ်။ အဲဒီလို အငြင်းပွားတဲ့အခါမှာ အရှင်မြတ်က မက္ကဟ်မှာရှိတဲ့ အိမ်တော်ဟာ ပထမဦးဆုံး ဝတ်ပြုဖို့ချပေးတဲ့အိမ်တော်ဖြစ်ကြောင်း အမိန့်ရှိခဲ့တယ်။ ဟဒီးဆ်တော်မှာလည်း အခုလို -

عن أبي ذر قال، قلت: يا رسول الله، أيُّ مسجد وضع أوّلاً؟ قال: "المسجد الحرام. قال: ثم أيٌّ؟ قال: المسجد الأقصى. (الطبرى)

အမိန့်ရှိထားတယ်၊ (သွဗ်ရီ) ❷ မက္ကဟ်ကို ဗက္ကဟ်လို့ နာမည်မှည့်ခေါ်ရတဲ့အကြောင်းဟာ သွဝါဖ်လုပ်ဖို့ အလွန်ပြွတ်သိပ်နေတဲ့အတွက် အရဗီလို "သဗာက်" ပြွတ်သိပ်မှု ဆိုတဲ့ စကားလုံးကနေယူထားခြင်းဖြစ်တယ်၊(ရာဂိဗ်)

بَكَّة: وسمّى بذلك من التَبَاكِّ، أى: الازدحام، لأنّ الناس يزدحمون فيه للطواف (مفردات القرآن للراغب)၊

❸ + ❺ မက္ကဟ်မြို့ဟာ ငြိမ်းချမ်းမှုရှိပြီး ကောင်းချီးမင်္ဂလာတွေနဲ့လည်း ပြည့်စုံရခြင်းအကြောင်းမှာ တမန်တော်အိဗ်ရာဟီမ် عليه السلام က ကအ်ဗဟ်ကျောင်းတော်ကြီးဆောက်လုပ်ပြီးတဲ့အခါ တောင်းဆိုခဲ့တဲ့ဆုမွန်ဒုအာအပေါ် အရှင်မြတ်က ပေးသနားတော်မူခဲ့ခြင်းဖြစ်တယ်။ အဲဒါကြောင့် ဟဂ်ျအချိန်မှာ တစ်ကမ္ဘာလုံးက ဟာဂျီတွေ လာရောက်စုရုံးနေတာတောင်မှ စားနပ်ရိက္ခာပြတ်လပ်သွားခြင်းမရှိဘဲစားသုံးကြရတယ်။ (အလင်းပြကျမ်း وَإِذْ قَالَ إِبْرَٰهِۧمُ رَبِّ ٱجْعَلْ هَٰذَا بَلَدًا ءَامِنًا وَٱرْزُقْ أَهْلَهُۥ مِنَ ٱلثَّمَرَٰتِ (၂း၁၂၆)
وَإِذْ قَالَ إِبْرَٰهِيمُ رَبِّ ٱجْعَلْ هَٰذَا ٱلْبَلَدَ ءَامِنًا . وَٱرْزُقْهُم مِّنَ ٱلثَّمَرَٰتِ (ကုရ်အာန် - ၁၄း၃၅၊ ၃၇)

فِيهِ ءَايَٰتٌۢ بَيِّنَٰتٌ مَّقَامُ إِبْرَٰهِيمَ ۖ وَمَن دَخَلَهُۥ كَانَ ءَامِنًا ۗ وَلِلَّهِ عَلَى ٱلنَّاسِ حِجُّ ٱلْبَيْتِ مَنِ ٱسْتَطَاعَ إِلَيْهِ سَبِيلًا ۚ وَمَن كَفَرَ فَإِنَّ ٱللَّهَ غَنِىٌّ عَنِ ٱلْعَٰلَمِينَ ﴿٩٧﴾

(၉၇) ထို(အိမ်တော်)ထဲတွင် ထင်ရှားသော သက်သေလက္ခဏာများရှိသည်။ မကာမေ့အိဗ်ရာဟီမ် (တမန်တော်အိဗ်ရာဟီမ် ရပ်တည်သောနေရာ)လည်း ရှိသည်။ ထို့ပြင် အကြင်သူသည် ထိုအိမ်တော်ထဲသို့ ဝင်ရောက်လျှင် ထိုသူသည်ဘေးရန် (ဟူသမျှ)မှ လွတ်ကင်းသူဖြစ်မည်။❺ ထို့ပြင် လူများထဲမှ အရှင်မြတ်၏ အိမ်တော်ထံသို့ သွားရောက်ရန် တတ်စွမ်းနိုင်သောသူများအပေါ်တွင် အလ္လာဟ်အရှင်မြတ်အတွက် ဟဂ်ျပြုလုပ်ရန် ဖရည်တာဝန်ရှိသည်။

ရင်းပြင် အကြင်သူသည် ငြင်းပယ်လျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် စကြဝဠာအားလုံးမှ လိုလားတောင့်တခြင်းကင်းပြီး ပြည့်စုံကြွယ်ဝတော်မူသော အရှင်ဖြစ်တော်မူသည်။

❺ အထက်မှာ ဖော်ပြခဲ့တဲ့ ရှင်းလင်းချက် ❹ အတိုင်းဖြစ်တယ်။

قُلْ يٰٓاَهْلَ الْكِتٰبِ لِمَ تَكْفُرُوْنَ بِاٰيٰتِ اللّٰهِ ۖ وَاللّٰهُ شَهِيْدٌ عَلٰى مَا تَعْمَلُوْنَ ﴿٩٨﴾

(၉၈) (အို-တမန်တော်)အသင် ပြောလိုက်ပါ၊ "အို-ကျမ်းရသူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များကို အဘယ်ကြောင့် ငြင်းပယ်ကြသနည်း။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သည်များကို မျက်မှောက်အသိသက်သေပင် ဖြစ်တော်မူသည်။"

قُلْ يٰٓاَهْلَ الْكِتٰبِ لِمَ تَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ مَنْ اٰمَنَ تَبْغُوْنَهَا عِوَجًا وَّاَنْتُمْ شُهَدَآءُ ۗ وَمَا اللّٰهُ بِغَافِلٍ عَمَّا تَعْمَلُوْنَ ﴿٩٩﴾

(၉၉) (အို-တမန်တော်)အသင် ပြောလိုက်ပါ၊ "အို-ကျမ်းရသူအပေါင်းတို့၊ အသင်တို့သည် (အရှင်မြတ်၏လမ်း ဖြောင့်မတ်မှန်ကန်နေသည်ကို)အသင်တို့ကိုယ်တိုင် အသိသက်သေများဖြစ်ကြပါလျက် အီမာန်ယုံကြည်သူများအား အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ ကောက်ကွေ့မှုရှာဖွေဖန်တီး၍ အဘယ်ကြောင့် ပိတ်ပင်တားဆီးကြသနည်း။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်ကြသည်များကို မေ့လျော့မည့်အရှင် မဟုတ်ပေ။"

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِنْ تُطِيْعُوْا فَرِيْقًا مِّنَ الَّذِيْنَ اُوْتُوا الْكِتٰبَ يَرُدُّوْكُمْ بَعْدَ اِيْمَانِكُمْ كٰفِرِيْنَ ﴿١٠٠﴾

(၁၀၀) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ကျမ်းရသူများထဲမှ လူတစ်စု(၏စကား)ကို လိုက်နာကြလျှင် သူတို့သည် အသင်တို့အား အသင်တို့ အီမာန်ယုံကြည်ကြပြီးနောက် ကာဖိရ် ငြင်းပယ်သူများ အဖြစ်သို့ ပြန်လည်ရောက်ရှိစေကြလိမ့်မည်။ ❻

❻ မဒီနဟ်မြို့မှာရှိတဲ့ အောင်းစ်နဲ့ ခဇ်ရဂျ်မျိုးနွယ်နှစ်ခုဟာ အချင်းချင်းအမြဲစစ်တိုက်နေတဲ့အုပ်စုဖြစ်ပြီး အစ္စလာမ်ကိုလက်ခံပြီးနောက် စစ်ပြေငြိမ်းသွားကြတယ်။ ဒါကို မနာလိုတဲ့ ယဟူဒီတွေက အတိတ်က စစ်ဖြစ်တဲ့အခါ ဆိုခဲ့တဲ့လှုံ့ဆော်ရေးကဗျာကို ဆိုလိုက်တဲ့အပေါ်မှာ ပြန်လည်စစ်ဖြစ်လုနီးပါးဖြစ်သွားခဲ့ရတယ်။ အဲဒီအပေါ်မှာ သူတို့ရဲ့ စကားကို နားထောင်ရင် အသင်တို့ လမ်းလွဲသွားလိမ့်မယ်လို့ အလ္လာဟ်အရှင်မြတ်က အာယသ်ချပြီး သတိပေးလိုက်တာဖြစ်တယ်။

(ဂျလာလိုင်န်၊ ဖသ်ဟွလ်ကဒီရ်၊ အိဗ်နကဆီးရ်)

وَكَيْفَ تَكْفُرُوْنَ وَاَنْتُمْ تُتْلٰى عَلَيْكُمْ اٰيٰتُ اللّٰهِ وَفِيْكُمْ رَسُوْلُهٗ ۗ وَمَنْ يَّعْتَصِمْ بِاللّٰهِ فَقَدْ هُدِيَ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿١٠١﴾

(၁၀၁) ထို့ပြင် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များသည် အသင်တို့၏ရှေ့တွင် ဖတ်ကြားခံရလျက်ရှိနေသည့်အပြင် အရှင်မြတ်၏တမန်တော်လည်း အသင်တို့ထဲတွင်ရှိနေပါလျက် အသင်တို့သည် အဘယ်နည်းဖြင့် သွေဖည်ငြင်းပယ်နိုင်ကြမည်နည်း။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်အား စွဲမြဲစွာ ဆုပ်ကိုင်ထားလျှင် ထိုသူသည် ဖြောင့်မတ်မှန်ကန်သောလမ်းကို အမှန်ပင် ညွှန်ကြားပြသခြင်းခံရမည်ဖြစ်သည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ ٱتَّقُوا۟ ٱللَّهَ حَقَّ تُقَاتِهِۦ وَلَا تَمُوتُنَّ إِلَّا وَأَنتُم مُّسْلِمُونَ ﴿١٠٢﴾

(၁၀၂) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်သင့်ကြောက်ထိုက်သည့်အတိုင်း ကြောက်ကြပါ။ ၎င်းပြင် အသင်တို့သည် မွတ်စ်လင်မ်များအဖြစ်ဖြင့်သာ သေဆုံးကြပါ။

وَٱعْتَصِمُوا۟ بِحَبْلِ ٱللَّهِ جَمِيعًا وَلَا تَفَرَّقُوا۟ ۚ وَٱذْكُرُوا۟ نِعْمَتَ ٱللَّهِ عَلَيْكُمْ إِذْ كُنتُمْ أَعْدَآءً فَأَلَّفَ بَيْنَ قُلُوبِكُمْ فَأَصْبَحْتُم بِنِعْمَتِهِۦٓ إِخْوَٰنًا وَكُنتُمْ عَلَىٰ شَفَا حُفْرَةٍ مِّنَ ٱلنَّارِ فَأَنقَذَكُم مِّنْهَا ۗ كَذَٰلِكَ يُبَيِّنُ ٱللَّهُ لَكُمْ ءَايَٰتِهِۦ لَعَلَّكُمْ تَهْتَدُونَ ﴿١٠٣﴾

(၁၀၃) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ကြိုး(ကုရ်အာန်)ကို❶ တညီတညွတ်တည်း စွဲမြဲစွာဆုပ်ကိုင်ထားကြပါ။ ထို့ပြင် အသင်တို့သည် အချင်းချင်း မကွဲပြဲကြလေနှင့်။ ၎င်းပြင် အသင်တို့သည် အသင်တို့အပေါ်တွင် အလ္လာဟ်အရှင်မြတ် ပြုထားသောကျေးဇူးတော်ကိုလည်း သတိရကြပါ။ တစ်ခါတွင် အသင်တို့သည် ရန်သူများ❷ဖြစ်ခဲ့ကြပြီး (အရှင်မြတ်သည်) အသင်တို့၏စိတ်နှလုံးများကို ညီညွတ်စေတော်မူခဲ့သည်။ သို့ဖြစ်ရာ အသင်တို့သည် အရှင်မြတ်၏ကျေးဇူးတော်ဖြင့် (ယခုအချိန်တွင်) ညီရင်းအစ်ကိုများ❸ဖြစ်သွားခဲ့ကြသည်။ ထို့ပြင် အသင်တို့သည် ဂျဟန္နမ်ငရဲမီးတွင်း၏နှုတ်ခမ်းဝပေါ် ရောက်ရှိခဲ့ကြပြီးဖြစ်သည်။❹ ထို့နောက် အရှင်မြတ်သည် အသင်တို့အား(အီမာန်ချီးမြှင့်ပြီး) ထိုငရဲမီးမှ ကယ်တင်တော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့လမ်းမှန်ရောက်ရှိကြရန် အရှင်မြတ်၏အာယသ်တော်များကို အသင်တို့အတွက် ထိုသို့ပင် ရှင်းပြတော်မူသည်။

❶ အလ္လာဟ်အရှင်မြတ်ရဲ့ကြိုးဆိုတာ အလ္လာဟ်အရှင်မြတ်ရဲ့ကျမ်းတော် ကုရ်အာန်ကိုဆိုလိုတယ်။ (အလင်းပြကျမ်း) တမန်တော်မြတ် ﷺ က အခုလို အမိန့်ရှိထားတယ် -

أَلَا وَإِنِّي تَارِكٌ فِيكُمْ ثَقَلَيْنِ أَحَدُهُمَا كِتَابُ اللهِ عَزَّ وَجَلَّ هُوَ حَبْلُ اللهِ مَنِ اتَّبَعَهُ كَانَ عَلَى الْهُدَى وَمَنْ تَرَكَهُ كَانَ عَلَى ضَلَالَةٍ

"သတိပြုကြပါ၊ ငါကိုယ်တော်မြတ် ﷺ ဟာ အသင်တို့ထဲမှာ အရာနှစ်ခုကို ချန်ထားမဲ့သူဖြစ်တယ်၊

အဲဒီနှစ်ခုထဲကတစ်ခုကတော့ အလ္လာဟ်အရှင်မြတ်ရဲ့ ကျမ်းတော်ဖြစ်တယ်၊ အဲဒါဟာ အလ္လာဟ်အရှင်မြတ်ရဲ့ ကြိုးပဲဖြစ်တယ်၊ အကြင်သူဟာ အဲဒီနောက်ကိုလိုက်ရင် လမ်းမှန်ပေါ်မှာရှိမယ်။ ပြီးတော့ အကြင်သူဟာ အဲဒါကို စွန့်လွှတ်ရင် လမ်းမှားပေါ်မှာရှိမယ်။"

(စွဟီဟ် မွတ်စ်လင်မ် ဟဒီးဆ် နံပါတ် - ၆၃၈၁၊ အိဗ်နုဟိဗ္ဗာန် - ၁၂၃)။

عن أبي سعيد الخدري قال: قال رسول الله صلى الله عليه وسلم: كتاب الله، هو حبل الله الممدود من السماء إلى الأرض (الطبرى)

တမန်တော်မြတ် ﷺ က အမိန့်ရှိတော်မူတယ်၊ "အလ္လာဟ်အရှင်မြတ်ရဲ့ ကျမ်းတော်ဟာ ကောင်းကင်ကနေ မြေကြီးထိရှည်လျားတဲ့ အလ္လာဟ်အရှင်မြတ်ရဲ့ကြိုးဖြစ်တယ်။ (သွဗ်ရီကျမ်း)

❶ တမန်တော်မြတ်မုဟမ္မဒ် ﷺ မပွင့်ပေါ်ခင်က အရဗ်လူမျိုးတွေဟာ အချင်းချင်းရန်သူတွေဖြစ်ခဲ့ကြပြီး မကြာခဏစစ်တိုက်လေ့ရှိကြောင်း သမိုင်းတွင်ခဲ့တယ်။(အလင်းပြကျမ်း) ❷ အရဗ်တွေဟာ အစ္စလာမ်လက်ခံပြီးနောက် ရန်သူတွေအဖြစ်ကနေ မိတ်ဆွေတွေဖြစ်သွားရုံသာမက ညီရင်းအစ်ကိုတွေလိုဖြစ်သွားခဲ့ကြတာကလည်း သမိုင်းမှာ အထင်အရှားဖြစ်ခဲ့တယ်။ ဥပမာ - မုဟာဂျိရ်တွေနဲ့ အန်စွာရ်တွေဟာ ညီရင်းအစ်ကိုတွေလိုပဲ အမွေကအစ ခွဲဝေပေးခဲ့ကြတယ်။ (အလင်းပြကျမ်း)
❸ အရဗ်မုရှ်ရိက်တွေဟာ အရှင်မြတ်ကို တုဖက်နိူင်းယှဉ်ကိုးကွယ်မှုနဲ့ ငြင်းပယ်မှုတွေကြောင့် ငရဲမီးရဲ့နှုတ်ခမ်းပေါ်ကို ရောက်နေခဲ့တယ်။ အရှင်မြတ်ကသာ မကယ်တင်ခဲ့ရင် ငရဲမီးထဲကျတော့မှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلۡتَكُنۡ مِّنۡكُمۡ اُمَّةٌ يَّدۡعُوۡنَ اِلَى الۡخَيۡرِ وَيَاۡمُرُوۡنَ بِالۡمَعۡرُوۡفِ وَيَنۡهَوۡنَ عَنِ الۡمُنۡكَرِ‌ؕ وَاُولٰٓـئِكَ هُمُ الۡمُفۡلِحُوۡنَ ﴿١٠٤﴾

(၁၀၄) ထို့ပြင် အသင်တို့ထဲ၌ (ဤသို့သော)အုပ်စုတစ်စု ရှိရမည်။ ထိုအုပ်စုသည် ကောင်းရာဘက်သို့ ဖိတ်ခေါ်ကြရမည်။ ၎င်းပြင် ကောင်းရာကို ညွှန်ကြားကြရမည်။ ၎င်းပြင် မကောင်းရာမှ တားမြစ်ကြရမည်။ ၎င်းပြင် ထိုသူများပင် အောင်မြင်မည့်သူများ ဖြစ်ကြသည်။

وَلَا تَكُوۡنُوۡا كَالَّذِيۡنَ تَفَرَّقُوۡا وَاخۡتَلَفُوۡا مِنۡۢ بَعۡدِ مَا جَآءَهُمُ الۡبَيِّنٰتُ‌ؕ وَاُولٰٓـئِكَ لَهُمۡ عَذَابٌ عَظِيۡمٌ ۙ‏ ﴿١٠٥﴾

(၁၀၅) ထို့ပြင် အသင်တို့သည် အကြင်သူများကဲ့သို့ မဖြစ်ကြနှင့်၊ ထိုသူများသည် (အရှင်မြတ်၏သာသနာကို တစ်စည်းတစ်လုံးတည်း မလိုက်နာကြဘဲ) အချင်းချင်း ကွဲပြဲခဲ့ကြသည့်အပြင် သူတို့ထံသို့ ထင်ရှားသော သက်သေလက္ခဏာများ ရောက်လာပြီးသည့်နောက်၌လည်း (သာသနာ၏အရင်းအမြစ်အဓိကကျသောအချက်များတွင်) အချင်းချင်း ကွဲလွဲခဲ့ကြသည်။ ၎င်းပြင် ထိုသူများအတွက်ပင် ကြီးလေးသောအပြစ်ဒဏ်ရှိသည်။

يَّوۡمَ تَبۡيَضُّ وُجُوۡهٌ وَّتَسۡوَدُّ وُجُوۡهٌ ۚ فَاَمَّا الَّذِيۡنَ اسۡوَدَّتۡ وُجُوۡهُهُمۡ اَكَفَرۡتُمۡ بَعۡدَ اِيۡمَانِكُمۡ فَذُوۡقُوا الۡعَذَابَ بِمَا كُنۡتُمۡ تَكۡفُرُوۡنَ ﴿١٠٦﴾

(၁၀၆) ထို(ကိယာမသ်)နေ့တွင် အချို့မျက်နှာများသည် ဖြူဖွေးနေ၍ အချို့မျက်နှာများသည် မည်းနက်နေလိမ့်မည်။ ၎င်းပြင် မည်းနက်နေသော မျက်နှာရှင်များသည် (ဤသို့ ပြောဆိုခံကြရမည်) "အသင်တို့သည် အီမာန် ယုံကြည်ပြီးနောက်မှ သွေဖည်ငြင်းပယ်ခဲ့ကြသည် မဟုတ်လော၊ သို့ဖြစ်ရာ အသင်တို့သည် အသင်တို့ ငြင်းပယ်ခဲ့ကြသည့် အတွက်ကြောင့် အပြစ်ဒဏ်ကို မြည်းစမ်းလိုက်ကြပါ။"

وَاَمَّا الَّذِيْنَ ابْيَضَّتْ وُجُوْهُهُمْ فَفِيْ رَحْمَةِ اللّٰهِ ؕ هُمْ فِيْهَا خٰلِدُوْنَ ﴿١٠٧﴾

(၁၀၇) ၎င်းပြင် ဖြူဖွေးနေသောမျက်နှာရှင်များမှာမူ အလ္လာဟ်အရှင် မြတ်၏သနားကရုဏာထဲတွင်ရှိကြပြီး သူတို့သည် ထိုထဲ၌ပင် အမြဲနေကြရမည့် သူများဖြစ်ကြသည်။

تِلْكَ اٰيٰتُ اللّٰهِ نَتْلُوْهَا عَلَيْكَ بِالْحَقِّ ؕ وَمَا اللّٰهُ يُرِيْدُ ظُلْمًا لِّلْعٰلَمِيْنَ ﴿١٠٨﴾

(၁၀၈) ထိုအရာများသည် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များ ဖြစ်သည်။ ငါအရှင်မြတ်သည် ထိုအာယသ်တော်များကို မှန်ကန်စွာ(ဝဟီ ပို့ချမှု ဖြင့်) အသင်၏အပေါ် ဖတ်ကြားတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် စကြဝဠာအားလုံးကို မတရားပြုလုပ်ရန် ရည်ရွယ်တော်မမူပေ။

وَلِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ؕ وَاِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ﴿١٠٩﴾

(၁၀၉) ထို့ပြင် ကောင်းကင်များတွင်ရှိသမျှအရာများနှင့် မြေပထဝီတွင် ရှိသမျှအရာအားလုံးသည် အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်သောအရာများပင် ဖြစ် သည်။ ၎င်းပြင် အရေးကိစ္စဟူသမျှသည် အလ္လာဟ်အရှင်မြတ်ထံသို့ပင် ပြန်လှည့် ခြင်းခံကြရမည်။

كُنْتُمْ خَيْرَ اُمَّةٍ اُخْرِجَتْ لِلنَّاسِ تَاْمُرُوْنَ بِالْمَعْرُوْفِ وَتَنْهَوْنَ عَنِ الْمُنْكَرِ وَتُؤْمِنُوْنَ بِاللّٰهِ ؕ وَلَوْ اٰمَنَ اَهْلُ الْكِتٰبِ لَكَانَ خَيْرًا لَّهُمْ ؕ مِنْهُمُ الْمُؤْمِنُوْنَ وَاَكْثَرُهُمُ الْفٰسِقُوْنَ ﴿١١٠﴾

(၁၁၀) အသင်တို့သည် လူများအတွက် ထုတ်ဖော်ခြင်းခံရသောအကောင်း ဆုံးအုပ်စုဖြစ်သည်။❶ (အဘယ်ကြောင့်ဆိုသော်)အသင်တို့သည် ကောင်းရာများ ကို ညွှန်ကြားကြပြီး စက်ဆုပ်ဖွယ်ရာများမှ တားမြစ်ကြသည်။ ၎င်းပြင် အသင်တို့ သည် အလ္လာဟ်အရှင်မြတ်ကိုလည်း ယုံကြည်ကြသည်။❷ ထို့ပြင် အကယ်၍ ကျမ်းရသူများသည် အီမာန်ယုံကြည်ခဲ့ကြမည်ဆိုလျှင် အမှန်ပင် သူတို့အတွက် ပိုကောင်းသည်။ သူတို့ထဲတွင် ယုံကြည်သူများလည်း ရှိသည်၊❸ ၎င်းပြင် သူတို့

ထဲမှ အများစုသည် အမိန့်မနာခံ ဖီဆန်သူများပင် ဖြစ်ကြသည်။

❶ မွတ်စ်လင်မ်တွေကို အကောင်းဆုံးအုပ်စုအဖြစ် အရှင်မြတ်က ထုတ်ဖော်ပေးလိုက်ပြီး ဒီအကောင်းဆုံးအုပ်စုမှာ ပါရှိရမဲ့ အရည်အချင်းတွေကိုလည်း ဖော်ပြထားတယ်။ အဲဒီအရည်အချင်းတွေမရှိရင် အကောင်းဆုံးအုပ်စုလည်း မဖြစ်နိုင်တော့ဘူး။ အဲဒီအရည်အချင်းတွေကတော့ အာယသ်ထဲမှာ ဖော်ပြထားတဲ့အတိုင်း အရှင်မြတ်ကို ယုံကြည်ပြီး ကောင်းရာညွှန်ကြားခြင်းနဲ့ မကောင်းရာကနေ တားမြစ်ခြင်းတို့ကို ပြုလုပ်ရမှာ ဖြစ်တယ်။ ယဟူဒီတွေဟာ အဲဒီလိုမလုပ်တဲ့အတွက် ရှုတ်ချခံခဲ့ရတယ်။ كَانُوْا لَا يَتَنَاهَوْنَ عَنْ مُّنْكَرٍ فَعَلُوْهُ ؕ لَبِئْسَ مَا كَانُوْا يَفْعَلُوْنَ "သူတို့သည် မိမိတို့ပြုလုပ်ခဲ့ကြသော မကောင်းမှုမှ အချင်းချင်း တားမြစ်လေ့ မရှိခဲ့ကြပေ။ အမှန်စင်စစ် သူတို့ပြုကျင့်လေ့ရှိခဲ့ကြသော အပြုအမူများသည် အဘယ်မျှပင် ဆိုးယုတ်သိမ်ဖျင်းလိုက်သနည်း။" (၅း၇၉)။ (အလင်းပြကျမ်း)
❷ အလ္လာဟ်အရှင်မြတ်ကို ယုံကြည်တယ်ဆိုရင် အရှင်မြတ်အမိန့်ရှိတာအားလုံးကို ယုံကြည်ရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း) ❸ ကျမ်းရသူ ယဟူဒီတွေထဲက အစ္စလာမ်ကိုလက်ခံပြီး အီမာန်ယုံကြည်ခဲ့ကြတဲ့သူတွေလည်းရှိတယ်။ ဥပမာ - အဗ္ဗဒုလ္လာဟ် အိဗ်န စလာမ်၊ ဆအ်လဗဟ်၊ အိဗ်န ရှုအ်ဗဟ် စသဖြင့်ရှိကြတယ်။ (အလင်းပြကျမ်း)

لَنْ يَّضُرُّوْكُمْ اِلَّاۤ اَذًى ؕ وَاِنْ يُّقَاتِلُوْكُمْ يُوَلُّوْكُمُ الْاَدْبَارَ ۫ ثُمَّ لَا يُنْصَرُوْنَ ﴿١١١﴾

(၁၁၁) သူတို့သည် အသင်တို့အား နားမခံချိမခံသာ(အန္တရာယ်)❹ ဖြစ်စေရန်ပြုလုပ်သည်မှလွဲ၍ ဆုံးရှုံးနစ်နာပျက်စီးအောင် လုံးဝ လုပ်နိုင်မည် မဟုတ်ပေ။ ၎င်းပြင် အကယ်၍ သူတို့သည် အသင်တို့အား ရင်ဆိုင်တိုက်ခိုက်ကြမည်ဆိုလျှင်လည်း သူတို့သည် အသင်တို့အား ကျောခိုင်းပြီး ထွက်ပြေးသွားကြလိမ့်မည်။ ထို့နောက် သူတို့သည် ကူညီခြင်းခံကြရမည် မဟုတ်ပေ။

❹ နားမခံချိမခံသာ ဖြစ်အောင်ပြုလုပ်ခြင်းဆိုတာ ပါးစပ်နဲ့ မခံချင်အောင်ပြောဆိုခြင်း၊ မဟုတ်တာတွေ ပြောဆိုခြင်း၊ စိတ်ဆင်းရဲအောင်ပြောဆိုခြင်း၊ ဆဲရေးတိုင်းထွာခြင်း စတာတွေဖြစ်တယ်။ (အွဆ်မာနီ)

ضُرِبَتْ عَلَيْهِمُ الذِّلَّةُ اَيْنَ مَا ثُقِفُوْۤا اِلَّا بِحَبْلٍ مِّنَ اللّٰهِ وَ حَبْلٍ مِّنَ النَّاسِ وَ بَآءُوْ بِغَضَبٍ مِّنَ اللّٰهِ وَ ضُرِبَتْ عَلَيْهِمُ الْمَسْكَنَةُ ؕ ذٰلِكَ بِاَنَّهُمْ كَانُوْا يَكْفُرُوْنَ بِاٰيٰتِ اللّٰهِ وَ يَقْتُلُوْنَ الْاَنْۢبِيَآءَ بِغَيْرِ حَقٍّ ؕ ذٰلِكَ بِمَا عَصَوْا وَّ كَانُوْا يَعْتَدُوْنَ ﴿١١٢﴾

(၁၁၂) သူတို့ကို မည်သည့်နေရာတွင် တွေ့ရှိသည်ဖြစ်စေ သူတို့အပေါ်တွင် သေးသိမ်မှုသည် ကျရောက်ခဲ့ပြီဖြစ်သည်၊ သို့ရာတွင် အလ္လာဟ်အရှင်မြတ်ဘက်မှ ကတိကဝတ်တစ်စုံတစ်ခု(အီမာန်ယုံကြည်မှု ကတိကဝတ်)ကြောင့်ဖြစ်စေ❺၊ လူများဘက်မှ ကတိကဝတ်တစ်စုံတစ်ခု(လူခွန်ပေးခြင်း ကတိကဝတ်)ကြောင့်ဖြစ်စေ❻ သူတို့သည် ခိုလှုံမှုရရှိခြင်းမှလွဲ၍ (အမြဲသေးသိမ်လျက်ပင်ရှိသည်)။ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏ အမျက်ဒေါသနှင့်အတူ ပြန်လှည့်လာကြရပြီ ဖြစ်သည်။ ၎င်းပြင် သူတို့အပေါ်တွင် ဒုက္ခဆင်းရဲမှုသည်လည်း

လှမ်းမိုးခံရပြီဖြစ်သည်။ ထိုကဲ့သို့ဖြစ်ရသည်မှာ သူတို့သည် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များကို ငြင်းပယ်ကြသည့်အပြင် နဗီတမန်တော်များကိုလည်း မတရားသတ်ဖြတ်သောကြောင့်ဖြစ်သည်။ ၎င်းသည် သူတို့အနေဖြင့် အမိန့်တော်ကို မနာခံကြဘဲ စည်းကမ်းဖောက်ဖျက်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။

❺ အရှင်မြတ်ဘက်က အကြောင်းခံဆိုတာ သူတို့ဟာ အီမာန်ယုံကြည်လိုက်ရင် တိုက်ခိုက်ခံရမှုကနေ လွတ်ကင်းသွားတယ်၊ ဒါမှမဟုတ် အစ္စလာမ့်လက်အောက်မှာ အခွန်ပေးပြီး နေရင်လည်း ငြိမ်းချမ်းမှုရသွားတယ်။ (အွဆ်မာနီ) ❻ လူတွေဘက်က ကတိကဝတ်ဆိုတာကတော့ လူတွေဘက်က အကာအကွယ်ပေးထားပြီး ခိုလှုံခွင့်ပြုထားခြင်းဖြစ်တယ်။ လူတစ်ဦးက တစ်ဦးကို ခိုလှုံခွင့်ပေးတာ ဖြစ်ဖြစ်၊ လူတစ်စုက အုပ်စုတစ်စုကို ခိုလှုံခွင့်ပေးတာဖြစ်ဖြစ်၊ အင်အားကြီး နိုင်ငံတစ်နိုင်ငံကအခြားနိုင်ငံတစ်နိုင်ငံကို ကာကွယ်မှုအတွက် တာဝန်ယူထားပြီး ခိုလှုံခွင့်ပေးထားတာဖြစ်ဖြစ် အတူတူပဲဖြစ်တယ်။ အဲဒါတွေအားလုံးဟာ ကိုယ့်မှာ အင်အားချည့်နဲ့နေတယ်လို့ ကြေညာလိုက်တာနဲ့ အတူတူပဲဖြစ်တဲ့အတွက် အဲဒါဟာ ချည့်နဲ့ သေးသိမ်ညံ့ဖျင်းမှုပဲဖြစ်တယ်။ ဒါဟာ အရှင်မြတ်က သူတို့အပေါ် သေးသိမ်မှု ချပေးလိုက်တဲ့အတွက် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သေးသိမ်နေရခြင်းဖြစ်တယ်။ (အဟ်ကာမွလ်ကုရ်အာန်၊ သွဗ်ရီ၊ ရှအ်ရာဝီ၊ သောင်ဖီကုရ်ရဟ်မာန်)

لَيْسُوْا سَوَآءً ؕ مِنْ اَهْلِ الْكِتٰبِ اُمَّةٌ قَآئِمَةٌ يَّتْلُوْنَ اٰيٰتِ اللّٰهِ اٰنَآءَ الَّيْلِ وَهُمْ يَسْجُدُوْنَ ﴿١١٣﴾

(၁၁၃) သူတို့(အားလုံး)သည် အတူတူမဟုတ်ကြပေ၊ (ထို) ကျမ်းရသူများထဲမှပင် ဖြောင့်မတ်တည်တံ့စွာနေသော အုပ်စုတစ်စုလည်းရှိသည်။ သူတို့သည် ညအချိန်များတွင် စဂျ်ဒဟ်ဦးချကြလျက် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များကို ဖတ်ရွတ်ကြသည်။

يُؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَيَاْمُرُوْنَ بِالْمَعْرُوْفِ وَيَنْهَوْنَ عَنِ الْمُنْكَرِ وَيُسَارِعُوْنَ فِى الْخَيْرٰتِ ؕ وَاُولٰٓئِكَ مِنَ الصّٰلِحِيْنَ ﴿١١٤﴾

(၁၁၄) သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ကြသည်။ ထို့နောက် သူတို့သည် ကောင်းရာကိုလည်း ညွှန်ကြားကြသည်။ ၎င်းပြင် သူတို့သည် မနှစ်မြို့ဖွယ်ရာများမှလည်း တားမြစ်ကြသည်။ ထို့နောက် သူတို့သည် ကောင်းမှုကုသိုလ်များကိုလည်း သူ့ထက်ငါသာအောင် အပြိုင်အဆိုင် ကြိုးစားပြုလုပ်ကြသည်။ ထို့ပြင် ၎င်းတို့သည် ကောင်းမြတ်သောသူများထဲမှဖြစ်ကြသည်။

وَمَا يَفْعَلُوْا مِنْ خَيْرٍ فَلَنْ يُّكْفَرُوْهُ ؕ وَاللّٰهُ عَلِيْمٌۢ بِالْمُتَّقِيْنَ ﴿١١٥﴾

(၁၁၅) ထို့ပြင် သူတို့သည် မည်သည့်ကောင်းမှုတစ်ခုခုကို ပြုလုပ်ကြသည်ဖြစ်စေ ၎င်း(ကောင်းမှု)သည် လုံးဝပယ်ချခြင်းမခံရပေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မုသ်သကီ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများ

ကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

إِنَّ الَّذِينَ كَفَرُوا لَن تُغْنِيَ عَنْهُمْ أَمْوَالُهُمْ وَلَا أَوْلَادُهُم مِّنَ اللَّهِ شَيْئًا ۖ وَأُولَٰئِكَ أَصْحَابُ النَّارِ ۚ هُمْ فِيهَا خَالِدُونَ ﴿١١٦﴾

(၁၁၆) အမှန်စင်စစ် ကာဖိရ်ငြင်းပယ်သူများမှာ သူတို့၏ပစ္စည်းဥစ္စာများနှင့် သူတို့၏ သားသမီးများသည် အလ္လာဟ်အရှင်မြတ်နှင့် ဆန့်ကျင်၍ သူတို့အား တစ်စုံတစ်ရာ လုံးဝအသုံးဝင်စေမည် မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် ငရဲသားများဖြစ်ကြပြီး ထို(ငရဲ)ထဲ၌ပင် အမြဲထာဝစဉ်နေရမည့်သူများ ဖြစ်သည်။

مَثَلُ مَا يُنفِقُونَ فِي هَٰذِهِ الْحَيَاةِ الدُّنْيَا كَمَثَلِ رِيحٍ فِيهَا صِرٌّ أَصَابَتْ حَرْثَ قَوْمٍ ظَلَمُوا أَنفُسَهُمْ فَأَهْلَكَتْهُ ۚ وَمَا ظَلَمَهُمُ اللَّهُ وَلَٰكِنْ أَنفُسَهُمْ يَظْلِمُونَ ﴿١١٧﴾

(၁၁၇) ဤလောကရှင်သန်မှုတွင် ထိုကာဖိရ်ငြင်းပယ်သူများ၏ သုံးစွဲလှူဒါန်းသောအရာ[၁] ၏ဥပမာသည် အကြင်လေနှင့်တူသည်။ ထိုလေတွင် အလွန်ပြင်းထန်သော အအေးဓာတ်ရှိသည်။ ထိုလေသည် သူတို့ကိုယ်ကို သူတို့နှိပ်စက်ကြသောလူတစ်စု၏လယ်ယာကို တိုက်ခတ်ဖျက်ဆီးခဲ့သည်။ (ထိုကဲ့သို့ပင် သူတို့၏အလှူဒါနများသည် တမလွန်ဘဝတွင် ဖျက်ဆီးခံရမည်)။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့ကို မတရားနှိပ်စက်ခဲ့သည် မဟုတ်ပေ၊ သို့ရာတွင် သူတို့သည် သူတို့ကိုယ်ကိုသူတို့ပင် နှိပ်စက်ကြသည်။

[၁] ကာဖိရ် တွေရဲ့သုံးစွဲလှူဒါန်းမှုတွေဟာ လောကမှာပဲ အစားပြန်ပေးခြင်းခံရတယ်။ သူတို့အတွက် တမလွန်ဘဝမှာ သူတို့ရဲ့ကုဖ်ရ်ငြင်းပယ်မှုကြောင့် လှူဒါန်းမှုရဲ့ဘာအကျိုးကိုမှ မရနိုင်တဲ့အပြင် အဲဒီကုဖ်ရ်ကြောင့်ပဲ ငရဲမှာ အမြဲခံနေကြရဦးမှာဖြစ်တယ်။ (အာစားန်သရ်ဖ်ဂျမဟ်)

يَا أَيُّهَا الَّذِينَ آمَنُوا لَا تَتَّخِذُوا بِطَانَةً مِّن دُونِكُمْ لَا يَأْلُونَكُمْ خَبَالًا وَدُّوا مَا عَنِتُّمْ قَدْ بَدَتِ الْبَغْضَاءُ مِنْ أَفْوَاهِهِمْ وَمَا تُخْفِي صُدُورُهُمْ أَكْبَرُ ۚ قَدْ بَيَّنَّا لَكُمُ الْآيَاتِ ۖ إِن كُنتُمْ تَعْقِلُونَ ﴿١١٨﴾

(၁၁၈) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့အချင်းချင်းမှလွဲ၍ (အခြားသူများကို) အတွင်းသိ မိတ်ဆွေရင်းအဖြစ် မပြုလုပ်ကြနှင့်။ သူတို့သည် အသင်တို့အား ပျက်စီးစေရာတွင် (မည်သည့် အခွင့်အရေးမျှ) လက်လွှတ်စေကြမည် မဟုတ်ပေ။ သူတို့သည် အသင်တို့ ဒုက္ခရောက်သည်ကို သာလိုလားကြသည်။ မနာလိုမုန်းတီးမှုသည် သူတို့၏နှုတ်များမှ အမှန်ပင်ထင်ရှားခဲ့ပြီး ဖြစ်ရုံမက သူတို့၏စိတ်နှလုံးများထဲတွင် ဖုံးကွယ်ထားသည်များမှာ ပို၍

ပင်ကြီးသည်။ အကယ်၍ အသင်တို့ သိနားလည်ကြမည်ဆိုလျှင်၊ အမှန်ပင် ငါ အရှင်မြတ်သည် အသင်တို့(အကျိုး)အတွက် အာယသ်တော်များကို ရှင်းလင်းပြသတော်မူခဲ့ပြီးဖြစ်သည်။

هَٰٓأَنتُمْ أُوْلَآءِ تُحِبُّونَهُمْ وَلَا يُحِبُّونَكُمْ وَتُؤْمِنُونَ بِٱلْكِتَٰبِ كُلِّهِۦ وَإِذَا لَقُوكُمْ قَالُوٓاْ ءَامَنَّا وَإِذَا خَلَوْاْ عَضُّواْ عَلَيْكُمُ ٱلْأَنَامِلَ مِنَ ٱلْغَيْظِ ۚ قُلْ مُوتُواْ بِغَيْظِكُمْ ۗ إِنَّ ٱللَّهَ عَلِيمٌۢ بِذَاتِ ٱلصُّدُورِ ﴿١١٩﴾

(၁၁၉) သတိရှိကြစမ်းပါ၊ အသင်တို့ကသာ သူတို့အား ချစ်ခင်နေကြသည်၊ သူတို့ကမူ အသင်တို့အား ချစ်ခင်မှုမရှိကြပေ။ ထို့ပြင် အသင်တို့သည် (ကောင်းကင်ကျ)ကျမ်းအားလုံးကို ယုံကြည်ကြသည်။ (သူတို့ကမူ မယုံကြပေ)။ ထို့ပြင် သူတို့သည် အသင်တို့နှင့် တွေ့ဆုံကြသောအခါ ကျွန်ုပ်တို့သည် အီမာန်ယုံကြည်ကြပါပြီဟု ပြောဆိုကြသည်။ ၎င်းပြင် သူတို့သည် (အကွယ်၌)သီးခြားတစ်ကိုယ်တည်း ဖြစ်ကြသောအခါ အသင်တို့အပေါ် ဒေါသထွက်သောကြောင့် (သူတို့၏)လက်ချောင်းများကိုပင် ကိုက်ခဲလိုက်ကြသည်။❶ (အို-တမန်တော်) အသင်သည် သူတို့အား "အသင်တို့သည် ကိုယ့်ဒေါသဖြင့်ကိုယ်သာ သေလိုက်ကြတော့ ဟုပြောလိုက်ပါ။" အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် စိတ်နှလုံးများ၌ရှိသည်များကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ အလွန် ဒေါသဖြစ်ကြောင်းကို ဖော်ပြတာဖြစ်တယ်။ (ဂျလာလိုင်န်)

إِن تَمْسَسْكُمْ حَسَنَةٌ تَسُؤْهُمْ وَإِن تُصِبْكُمْ سَيِّئَةٌ يَفْرَحُواْ بِهَا ۖ وَإِن تَصْبِرُواْ وَتَتَّقُواْ لَا يَضُرُّكُمْ كَيْدُهُمْ شَيْـًٔا ۗ إِنَّ ٱللَّهَ بِمَا يَعْمَلُونَ مُحِيطٌ ﴿١٢٠﴾

(၁၂၀) အကယ်၍ အသင်တို့တွင် ကောင်းသည့်အရာတစ်ခုခုဖြစ်ပေါ်လာခဲ့လျှင် ထိုအရာသည် သူတို့အား စိတ်ဒုက္ခရောက်စေသည်။ ၎င်းပြင် အသင်တို့တွင် မကောင်းသည့်အရာတစ်ခုခု ဆိုက်ရောက်လာလျှင်မူ ထိုအရာဖြင့် သူတို့သည် ဝမ်းသာပျော်ရွှင်ကြသည်။ ထို့ပြင် အကယ်၍ အသင်တို့သည် သည်းခံကြပြီး ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ကြမည်ဆိုလျှင် သူတို့၏ ကြံစည်မှုသည် အသင်တို့ကို တစ်စုံတစ်ရာမျှပင် ဆုံးရှုံးနစ်နာစေမည်မဟုတ်ပေ❷။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သူတို့ပြုလုပ်သည်များကို ခြုံငုံ(၍သိ)ထားတော်မူသောအရှင် ဖြစ်တော်မူသည်။

❷ မကောင်းကြံစည်မှုတွေကနေ လွတ်မြောက်ဖို့နဲ့ နစ်နာဆုံးရှုံးမှုမဖြစ်ဖို့ နည်းလမ်းကို အရှင်မြတ်က ပြသထားတော်မူတယ်။ အဲဒါဟာ ဘာလဲဆိုရင်- စွဗရ်သည်းခံမှုနဲ့ သက္ကဝါကြောက်ရွံ့အပြစ်

ရှောင် ကောင်းကျိုးဆောင်ခြင်းဖြစ်တယ်။ ဒီနှစ်ခုကို ကျင့်သုံးခြင်းအားဖြင့် သူတို့ရဲ့ မကောင်းကြံ စည်မှုတွေကြောင့် ဆုံးရှုံးနစ်နာနိုင်မှာမဟုတ်တော့ဘူး။ (အလင်းပြကျမ်း)

وَاِذۡ غَدَوۡتَ مِنۡ اَهۡلِكَ تُبَوِّئُ الۡمُؤۡمِنِيۡنَ مَقَاعِدَ لِلۡقِتَالِ ‌ؕ وَاللّٰهُ سَمِيۡعٌ عَلِيۡمٌ ۝١٢١

(၁၂၁) တစ်ခါတွင် အသင်(တမန်တော်)သည် အသင့်အိမ်သူအိမ်သားများထံမှ စောစီးစွာထွက်ပြီး အီမာန်ယုံကြည်သူများကို တပ်စွဲရန် နေရာချပေးလျက်ရှိခဲ့သည်။❻ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

❻ တမန်တော်မြတ် ﷺ ဟာ မဒီနဟ်မြို့ကို လာတိုက်တဲ့ ကာဖိရ် (၃၀၀၀)ကို ပြန်လည်ခုခံဖို့ အုဟုဒ်ရဲ့တောင်ခြေမှာ မွတ်စ်လင်မ်တွေကို နေရာချပေးထားခဲ့ခြင်းဖြစ်တယ်။ အဲဒီနေရာမှာပဲ အုဟုဒ်စစ်ပွဲဖြစ်ခဲ့ကြတယ်။ လာမဲ့အာယသ်တွေမှာ အုဟုဒ်စစ်ပွဲနဲ့ပတ်သက်ပြီး အရိပ်အမြွက်အမိန့်ရှိထားတယ်။ ဟိဂျ်ရီ ၂ ခုနှစ်မှာ ဗဒရ်စစ်ပွဲဖြစ်ပွားပြီး ကာဖိရ်တွေဘက်က အကြီးအကျယ်ရှုံးနိမ့်ခဲ့ကြတာကို မကျေနပ်လို့ပြန်လည်လက်စားချေဖို့ ကာဖိရ်စစ်သည် ၃၀၀၀ နဲ့တကွ မဒီနဟ်မြို့နားမှာရှိတဲ့ အုဟုဒ်တောင်ခြေထံကိုချီတက်လာခဲ့ကြတယ်။ အဲဒီကာဖိရ်တွေကို ခုခံတိုက်ခိုက်ဖို့ တမန်တော်မြတ် ﷺ ဟာ စစ်သည် ၁၀၀၀ နဲ့အတူ အုဟုဒ်တောင်ခြေဘက်ကို ထွက်ခဲ့တယ်။ မွတ်စ်လင်မ်စစ်သားလေးသည်တော်၅၀ကို ရုမာသ်တောင်ထိပ်မှာ တပ်စွဲစေခဲ့ပြီး အောင်နိုင်တာမြင်ရင်လည်း ဆင်းမလာခဲ့ဖို့ မှာထားခဲ့တယ်။ စစ်ပွဲဖြစ်ပြီးမကြာခင်မှာ မွတ်စ်လင်မ်တွေအောင်နိုင်တာတွေ့ပြီး တောင်ပေါ်က လေးသည်တော် ၁၂ဦးကလွဲလို့ အကုန်ဆင်းလာခဲ့ကြတယ်။ ကာဖိရ်စစ်တပ်က အဲဒါကိုတွေ့ပြီး အုဟုဒ်တောင်ကို ကျော်ပြီးဝင်လာကာ တိုက်ခိုက်ကြတော့တဲ့အပေါ်မှာ မွတ်စ်လင်မ်တွေ ကစဉ့်ကလျားဖြစ်ခဲ့ကြရတယ်။ မွတ်စ်လင်မ်စစ်သည်တော် ၇၀ ကျဆုံးခဲ့ရပြီး တမန်တော်မြတ် ﷺ ရဲ့သွားတော်လည်း ကျိုးခဲ့ရတယ်။ အဲဒီနောက် အရှင်မြတ်က တည်ငြိမ်မှုပေးခဲ့တယ်။ စစ်ပွဲပြီးတဲ့နောက် ကာဖိရ်စစ်သည်တွေ တပ်လန်သွားတဲ့အခါ တမန်တော်မြတ် ﷺ ဟာ စစ်သည် ၇၀နဲ့ တကွ အဲဒီကာဖိရ်စစ်တပ်နောက်ကို လိုက်ကာ သူတို့ပြန်လှည့်လာပြီး မွတ်စ်လင်မ်တွေကို ပြန်မတိုက်နိုင်အောင် တွန်းလှန်လိုက်တယ်။ အဲဒီနောက် မဒီနဟ်ကို ပြန်လာခဲ့ကြတယ်။ (အလင်းပြကျမ်း)

اِذۡ هَمَّتۡ طَّآئِفَتٰنِ مِنۡكُمۡ اَنۡ تَفۡشَلَا ۙ وَاللّٰهُ وَلِيُّهُمَا ‌ؕ وَعَلَى اللّٰهِ فَلۡيَتَوَكَّلِ الۡمُؤۡمِنُوۡنَ ۝١٢٢

(၁၂၂) တစ်ခါတွင် အသင်တို့ထဲမှ အုပ်စုနှစ်စုသည် လက်လျှော့လိုက်ရန်အတွက် ရည်ရွယ်ခဲ့ကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ထိုအုပ်စုနှစ်စုလုံးအား စောင့်ရှောက်တော်မူသောအရှင်ဖြစ်တော်မူသည်။ ထို့ပြင် မုအ်မင်န်ယုံကြည်သူများသည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ယုံပုံအားကိုးကြရမည်ဖြစ်သည်။

وَلَقَدۡ نَصَرَكُمُ اللّٰهُ بِبَدۡرٍ وَّاَنۡتُمۡ اَذِلَّةٌ ‌ۚ فَاتَّقُوا اللّٰهَ لَعَلَّكُمۡ تَشۡكُرُوۡنَ ۝١٢٣

(၁၂၃) ၎င်းပြင် အသင်တို့သည် ဗဒရ်(စစ်ပွဲ)တွင်❶ အင်အားချည့်နဲ့လျက်ရှိနေသောအခါတွင်❷ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကို အမှန်စင်စစ်

ကူညီတော်မူခဲ့သည်။ သို့ဖြစ်ရာ အသင်တို့သည် အရှင်မြတ်၏ ကျေးဇူးတော်များကို သိတတ်ကြရန် အလ္လာဟ်အရှင်မြတ်အား ကြောက်ကြပါ။

❶ ဗဒရ်စစ်ပွဲဟာ ဟိဂျ်ရီ ၂ခုနှစ် ရမသွာန်လ ၁၇ ရက်သောကြာနေ့ မဒီနဟ်နဲ့ မိုင် ၂၀ခန့်ဝေးတဲ့ခရီးစခန်းတစ်ခုဖြစ်တဲ့ ဗဒရ်မှာ ကာဖိရ်တွေနဲ့ မွတ်စ်လင်မ်တွေဖြစ်ပွားခဲ့တဲ့ ထင်ရှားတဲ့ စစ်ပွဲဖြစ်တယ်။ (အလင်းပြကျမ်း) ❷ မွတ်စ်လင်မ်တွေဘက်မှာ အင်အားအလွန်ချည့်နဲ့လျက်ရှိခဲ့တယ်။ စစ်သည် ၃၁၃ဦးပဲရှိပြီး အစီးအနင်း မြင်းနှစ်ကောင်နဲ့ ကုလားအုတ် ၇၀ပဲရှိခဲ့တယ်။ (အလင်းပြကျမ်း)

اِذۡ تَقُوۡلُ لِلۡمُؤۡمِنِيۡنَ اَلَنۡ يَّكۡفِيَكُمۡ اَنۡ يُّمِدَّكُمۡ رَبُّكُمۡ بِثَلٰثَةِ اٰلٰفٍ مِّنَ الۡمَلٰٓـئِكَةِ مُنۡزَلِيۡنَ ﴿١٢٤﴾

(၁၂၄) တစ်ခါတွင် အသင်(တမန်တော်)သည် (စစ်မြေပြင်၌) မုအ်မင်န်ယုံကြည်သူများအား (ဤသို့)ပြောကြားနေခဲ့သည်၊ “အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က ဆင်းသက်စေခြင်းခံရသော ကောင်းကင်တမန်သုံးထောင်❸ဖြင့် အသင်တို့အား ကူညီတော်မူခြင်းသည် အသင်တို့အတွက် လုံးဝမလုံလောက်လေသလော။

❸ မွတ်စ်လင်မ်တွေရဲ့ ချည့်နဲ့မှုအပေါ်မှာ စိတ်ဓာတ် ကြံ့ခိုင်စေဖို့အတွက် တမန်တော်မြတ် ﷺ က ကောင်းကင်တမန်တော်တွေနဲ့ အကူအညီပေးမယ်ဆိုတဲ့အကြောင်း အားပေးစကားဆိုခဲ့ခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

بَلٰٓى ۙ اِنۡ تَصۡبِرُوۡا وَتَتَّقُوۡا وَيَاۡتُوۡكُمۡ مِّنۡ فَوۡرِهِمۡ هٰذَا يُمۡدِدۡكُمۡ رَبُّكُمۡ بِخَمۡسَةِ اٰلٰفٍ مِّنَ الۡمَلٰٓـئِكَةِ مُسَوِّمِيۡنَ ﴿١٢٥﴾

(၁၂၅) အဘယ်ကြောင့် မလုံလောက်ရမည်နည်း။ အမှန်ပင် အကယ်၍ အသင်တို့သည် သည်းခံပြီး အပြစ်ရှောင်ကြဉ်ကြမည်ဆိုလျှင် ၎င်းပြင် ရန်သူများသည် အသင်တို့ထံသို့ ရုတ်တရက်လာရောက် (တိုက်ခိုက်)ကြလျှင်၊ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်က အမှတ်အသားပြုလုပ်ထားသော❹ ကောင်းကင်တမန်ငါးထောင်ဖြင့် အသင်တို့အား ကူညီတော်မူမည်။

❹ သည်းခံမှုနဲ့ သက္ကဝါကို စွဲကိုင်ထားရင် အရှင်မြတ်က အမှတ်အသားပြုထားတဲ့ကောင်းကင်တမန်ငါးထောင်နဲ့ အကူအညီပေးမယ်လို့ ကတိပြုခဲ့တယ်။ အမှတ်အသားပြုထားတယ်ဆိုတာ သိသာထင်ရှားတဲ့ ယူနီဖောင်းဝတ်စုံမျိုး ဝတ်ဆင်ထားတာကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

وَمَا جَعَلَهُ اللّٰهُ اِلَّا بُشۡرٰى لَـكُمۡ وَلِتَطۡمَـئِنَّ قُلُوۡبُكُمۡ بِهٖ‌ ؕ وَمَا النَّصۡرُ اِلَّا مِنۡ عِنۡدِ اللّٰهِ الۡعَزِيۡزِ الۡحَكِيۡمِ ۙ ﴿١٢٦﴾

(၁၂၆) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ၎င်းကို အသင်တို့အတွက် သတင်းကောင်းဖြစ်စေရန်နှင့် ထိုသတင်းကောင်းဖြင့် အသင်တို့၏စိတ်နှလုံးများ တည်ငြိမ်အေးဆေးသွားရန်အတွက်မှလွဲ၍(အခြားမည်သည့်အတွက်မျှ) ပြုလုပ်

တော်မူခဲ့သည်မဟုတ်ပေ။ ထို့ပြင် အကူအညီသည် တန်ခိုးတော်နှင့်အလွန်လွှမ်းမိုး တော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်မှလွဲ၍ (အခြားမည်သူ၏ ထံကမျှ) မဖြစ်ပေ။

لِيَقْطَعَ طَرَفًا مِّنَ الَّذِينَ كَفَرُوٓا۟ اَوْ يَكْبِتَهُمْ فَيَنْقَلِبُوا۟ خَآئِبِينَ ﴿١٢٧﴾

(၁၂၇) (ထိုကဲ့သို့ကူညီခြင်းမှာ) အရှင်မြတ်သည် ကာဖိရ် ငြင်းပယ်သူများထဲမှ အုပ်စုတစ်စုကို ဖျက်ဆီးရန်အတွက်❶၊ သို့မဟုတ် အရှင်မြတ်သည် ထိုသူများကို သိက္ခာချရန်အတွက်❷ဖြစ်သည်။ သို့ဖြစ်ရာ သူတို့သည် အလိုမပြည့်သူများဖြစ်လျက် ပြန်သွားလိုက်ကြရသည်။

❶ အုပ်စုတစ်စုကိုဖြတ်တောက်ဖျက်ဆီးဖို့ဆိုတာဟာ ဗဒရ်စစ်ပွဲမှာ ကာဖိရ်စစ်သည် ၇၀ ကျဆုံးသွားခဲ့တာကို ဆိုလိုတယ်။(အလင်းပြကျမ်း) ❷ သိက္ခာချဖို့ဆိုတာ ကာဖိရ်တွေ ရှုံးနိမ့်ထွက်ပြေးရလို့ သိက္ခာကျရတာနဲ့ ကာဖိရ်စစ်သည် ၇၀ မွတ်စ်လင်မ်တွေရဲ့လက်အောက်မှာ အဖမ်းခံလိုက်ရတဲ့အတွက် သိက္ခာကျသွားရတာကိုဆိုလိုတယ်။ (အလင်းပြကျမ်း)

لَيْسَ لَكَ مِنَ الْاَمْرِ شَيْءٌ اَوْ يَتُوبَ عَلَيْهِمْ اَوْ يُعَذِّبَهُمْ فَاِنَّهُمْ ظٰلِمُونَ ﴿١٢٨﴾

(၁၂၈) အရှင်မြတ်သည် သူတို့၏အမှားဝန်ခံမှုကို လက်ခံတော်မူသည်ဖြစ်စေ၊ သို့မဟုတ် အရှင်မြတ်သည် သူတို့ကို အပြစ်ဒဏ်ပေးတော်မူသည်ဖြစ်စေ အသင်(တမန်တော်)အတွက် ၎င်းကိစ္စနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ (ဝင်ရောက်စွက်ဖက်ခွင့်)မရှိပေ။ အဘယ်ကြောင့်ဆိုသော် ထိုသူများသည် မတရားကျူးလွန်သောသူများပင် ဖြစ်ကြသည်။❸

❸ ဟိဂျ်ရီ ၃ခုနှစ် ရှောင်ဝါလ်လမှာဖြစ်ခဲ့တဲ့ အုဟုဒ်စစ်ပွဲမှာ မွတ်စ်လင်မ်တွေ အများအပြားကျဆုံးခဲ့တယ်။ တမန်တော်မြတ် ﷺရဲ့မျက်နှာတော်မှာလည်း ဒဏ်ရာရပြီး သွေးစွန်းတဲ့အပေါ်မှာ တမန်တော်မြတ် ﷺက "သူတို့ရဲ့နဗီရဲ့မျက်နှာကို သွေးစွန်းစေတဲ့သူတွေဟာ ဘယ်လိုလုပ်ပြီး အောင်မြင်နိုင်တော့မှာလဲ" လို့ပြောဆိုလိုက်တဲ့အပေါ် အရှင်မြတ်က ဒီအာယသ်ကို ချပေးတော်မူခဲ့တယ်။ အောင်မြင်တာ မအောင်မြင်တာဟာ အရှင်မြတ်လက်ထဲမှာပဲ ရှိတယ်ဆိုတဲ့အကြောင်း သတိပေးလိုက်ခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَلِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ۚ يَغْفِرُ لِمَنْ يَّشَآءُ وَيُعَذِّبُ مَنْ يَّشَآءُ ۚ وَاللّٰهُ غَفُورٌ رَّحِيمٌ ﴿١٢٩﴾

(၁၂၉) ထို့ပြင် ကောင်းကင်များတွင် ရှိသမျှအရာများနှင့် ကမ္ဘာမြေတွင် ရှိသမျှအရာများသည် အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသောအရာများပင် ဖြစ်သည်။ အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသည်။ ၎င်းပြင် အရှင်မြတ်အလိုရှိတော်မူသောသူကို အပြစ်ပေး

တော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေး
တော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَاْكُلُوا الرِّبٰوٓا اَضْعَافًا مُّضٰعَفَةً ۖ وَّاتَّقُوا اللّٰهَ لَعَلَّكُمْ تُفْلِحُوْنَ ﴿١٣٠﴾

(၁၃၀) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အဆများ
စွာတိုးထားသော အတိုး(ဖြစ်စေ၊ အနည်းငယ်တိုးထားသောအတိုးဖြစ်စေ ၎င်း
တို့)ကို❶ မစားကြနှင့်။ ထို့ပြင် အသင်တို့သည် အောင်မြင်မှုရရှိရန်အတွက်
အလ္လာဟ်အရှင်မြတ်အား ကြောက်ကြပါ။

❶ အတိုးစားခြင်းဟာ နည်းနည်းစားစား၊ များများစားစား ဟရာမ် ဖြစ်တယ်။ လုံးဝစားပိုင်ခွင့် မရှိဘူး။ (အလင်းပြကျမ်း)

وَاتَّقُوا النَّارَ الَّتِيْٓ اُعِدَّتْ لِلْكٰفِرِيْنَ ﴿١٣١﴾

(၁၃၁) ထို့ပြင် အသင်တို့သည် ကာဖိရ် ငြင်းပယ်သူများအတွက် အသင့်
ပြင်ဆင်ထားသော (ငရဲ)မီးမှ ရှောင်ကြဉ်ကြပါ။

وَاَطِيْعُوا اللّٰهَ وَالرَّسُوْلَ لَعَلَّكُمْ تُرْحَمُوْنَ ﴿١٣٢﴾

(၁၃၂) ထို့ပြင် အသင်တို့သည် သနားကြင်နာမှုခံကြရရန် အတွက်
အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များနှင့် ရစူလ်တမန်တော်၏ ဩဝါဒများကို
လိုက်နာကြပါ။

وَسَارِعُوْٓا اِلٰى مَغْفِرَةٍ مِّنْ رَّبِّكُمْ وَجَنَّةٍ عَرْضُهَا السَّمٰوٰتُ وَالْاَرْضُ ۙ اُعِدَّتْ لِلْمُتَّقِيْنَ ﴿١٣٣﴾

(၁၃၃) ထို့ပြင် အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူ
သောအရှင့်ထံမှ လွတ်ငြိမ်းချမ်းသာခွင့်ဘက်နှင့် ဂျန္နသ်သုခဘုံဘက်သို့ သူ့ထက်
ငါသာအောင် လျင်မြန်စွာပြေးသွားကြပါ။ ၎င်း(ဂျန္နသ်သုခဘုံ)၏အကျယ်အဝန်း
သည်❶ မိုးကောင်းကင်များနှင့် ကမ္ဘာမြေတစ်မျှဖြစ်သည်။ (အနိမ့်ဆုံးသည်
လောကထက်ဆယ်ဆကြီးသည်။) ၎င်း(ဂျန္နသ်သုခဘုံ)သည် မုသ်သကီ ကြောက်ရွံ့
အပြစ်ရှောင် ကောင်းကျိုးဆောင်သူများအတွက် အသင့်ပြင်ဆင်ထားပြီးဖြစ်သည်။

❶ မိုးမြေတစ်မျှ ကျယ်ဝန်းခြင်းကို ပမာပေးခြင်းမှာ အဲဒီခေတ်တုန်းက လူသားတွေဟာ မိုးမြေဟာ အကျယ်ဆုံးလို့သိရှိထားခဲ့ကြတယ်။ သူတို့ရဲ့ဉာဏ်နဲ့မီအောင် မိန့်ဆိုထားခြင်းသာဖြစ်ပြီး အမှန်တကယ်မှာတော့ ဂျန္နသ်ဟာ မိုးမြေထက်အဆပေါင်းမရေမတွက်နိုင်အောင်ကြီးပါတယ်။ (အလင်းပြကျမ်း)

الَّذِيْنَ يُنْفِقُوْنَ فِى السَّرَّآءِ وَالضَّرَّآءِ وَالْكٰظِمِيْنَ الْغَيْظَ وَالْعَافِيْنَ عَنِ النَّاسِ ۗ وَاللّٰهُ يُحِبُّ
الْمُحْسِنِيْنَ ﴿١٣٤﴾

(၁၃၄) ၎င်း(မုသ်သကီ)တို့သည် စီးပွားရေးချောင်လည်သောအခါ၌

လည်းကောင်း၊ ဆင်းရဲကျပ်တည်းသောအခါ၌လည်းကောင်း ပေးကမ်းစွန့်ကြဲ လှူဒါန်းကြသည်။[၂] ထို့ပြင် သူတို့သည် ဒေါသကို မျိုသိပ်သောသူများလည်း[၃] ဖြစ်ကြသည်။ ထို့ပြင် သူတို့သည် လူများ(၏အပြစ်)ကို ခွင့်လွှတ်သောသူများ[၄] လည်းဖြစ်ကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ကောင်းမှု ပြုလုပ်သော သူများကို [၅]နှစ်သက်တော်မူသည်။

[၂] လူသားဟာ အလွန်ချမ်းသာတဲ့အခါ အရှင်မြတ်ကိုမေ့လျော့နေတတ်တဲ့အလျောက် လှူဒါန်းဖို့ လည်း မေ့လျော့လေ့ရှိကြတယ်။ အဲဒီလိုပဲ အလွန်ဆင်းရဲတဲ့အခါမှာလည်း ကိုယ့်ဝမ်းစာကိုပဲ အမိက ထားနေရတဲ့အတွက် လှူဒါန်းဖို့မလွယ်တော့ဘူး။ မုသ်သကီ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုး ဆောင်သူတွေကတော့ အခြေအနေတိုင်းမှာ ပေးကမ်းလှူဒါန်းကြကြောင်း သူတို့ရဲ့ဂုဏ်ထူးဝိသေသ ကို ဖော်ပြထားခြင်းဖြစ်တယ်။(အလင်းပြကျမ်း) [၃] မုသ်သကီရဲ့ဒုတိယဂုဏ်ထူးဝိသေသမှာ ဒေါသ ကို ချုပ်တည်းမျိုသိပ်ခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) [၄] မုသ်သကီတွေရဲ့တတိယဂုဏ်ထူး ဝိသေသမှာ လူတွေရဲ့ချို့ယွင်းချက်တွေ အပြစ်တွေကို ခွင့်လွှတ်လေ့ရှိကြတယ်။ (အလင်းပြကျမ်း) [၅] မုသ်သကီတွေရဲ့စတုတ္ထဂုဏ်ထူးဝိသေသမှာ ကောင်းကျိုးသယ်ပိုးခြင်း၊ ကောင်းမှုပြုလုပ်ခြင်း ဖြစ်တယ်။ (အလင်းပြကျမ်း)

وَالَّذِيْنَ اِذَا فَعَلُوْا فَاحِشَةً اَوْ ظَلَمُوْٓا اَنْفُسَهُمْ ذَكَرُوا اللّٰهَ فَاسْتَغْفَرُوْا لِذُنُوْبِهِمْ ۠ وَمَنْ يَّغْفِرُ الذُّنُوْبَ اِلَّا اللّٰهُ ۠ وَلَمْ يُصِرُّوْا عَلٰى مَا فَعَلُوْا وَهُمْ يَعْلَمُوْنَ ﴿١٣٥﴾

(၁၃၅) ထို့ပြင် သူတို့သည် ညစ်ညမ်းသောကိစ္စတစ်စုံတစ်ခုကို ကျူးလွန် မိကြသောအခါ သို့မဟုတ် သူတို့ကိုယ်သူတို့ နှိပ်စက်မိသောအခါ အလ္လာဟ် အရှင်မြတ်အား သတိရတသကြသည်။ ၎င်းပြင် သူတို့သည် သူတို့၏အပြစ်များ မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိရန် အသနားခံကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ် မှလွဲ၍ အပြစ်များကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမည့်သူ မည်သူရှိမည်နည်း။ ၎င်း ပြင် သူတို့သည် သူတို့ ပြုလုပ်မိကြသောအရာ(ပြစ်မှု)များကို သူတို့ကိုယ်တိုင် သိကြပါလျက်နှင့် လက်မလျှော့ဘဲ ဖွတ်တိုးပြီး ပြုလုပ်မနေခဲ့ကြပေ။[၆]

[၆] မုသ်သကီတွေရဲ့ ပဉ္စမဂုဏ်ထူးဝိသေသမှာ မကောင်းမှုတွေထဲကို သိပါလျက်နဲ့ ဖွတ်အတင်း ဆက်လက်ပြုလုပ်လေ့မရှိဘူး။ (အလင်းပြကျမ်း)

اُولٰٓئِكَ جَزَآؤُهُمْ مَّغْفِرَةٌ مِّنْ رَّبِّهِمْ وَجَنّٰتٌ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ؕ وَنِعْمَ اَجْرُ الْعٰمِلِيْنَ ﴿١٣٦﴾

(၁၃၆) ထိုသူများ၏အကျိုးသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူ သောအရှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ဥယျာဉ်များ ဖြစ်သည်။ ၎င်း (ဥယျာဉ်)တို့၏အောက်တွင် စမ်းရေချောင်းများ စီးဆင်းလျက်ရှိသည်။ ၎င်း

(ဥယျာဉ်)တို့ထဲတွင် သူတို့သည် အမြဲနေထိုင်ကြရမည့်သူများဖြစ်ကြသည်။ ထို့ပြင် (ကောင်းမှု)လုပ်ရပ်ပြုလုပ်သူများ၏အကျိုးသည် အဘယ်မျှကောင်းလိုက်သနည်း။

قَدْ خَلَتْ مِنْ قَبْلِكُمْ سُنَنٌ ۙ فَسِيرُوا فِي الْأَرْضِ فَانْظُرُوا كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ ﴿١٣٧﴾

(၁၃၇) အမှန်စင်စစ် အသင်တို့မတိုင်မီတွင် ထုံးတမ်းစဉ်လာများသည်❼ လွန်ခဲ့ပြီးပြီဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ကမ္ဘာမြေတွင် သွားလာလှည့်လည်ပြီး လိမ်လည်ငြင်းပယ်သော သူများ၏နိဂုံးသည် မည်ကဲ့သို့ဖြစ်ပျက်ခဲ့သည်ကို ကြည့်ရှုကြပါ။❶

❼ စွန္နသ်လမ်းစဉ်တွေ အများအပြားရှိတဲ့အထဲက တမန်တော်တွေရဲ့လမ်းစဉ်ကိုလိုက်ခဲ့တဲ့သူတွေဟာ အောင်မြင်ခဲ့ကြောင်း လေ့လာဖို့မိန့်ဆိုခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) ❶ အဲဒီတမန်တော် عليهم السلام တွေကို ငြင်းပယ်ခဲ့ကြတဲ့သူတွေရဲ့ ကျဆုံးသွားပုံတွေကို လှည့်လည်လေ့လာဖို့ အမိန့်ရှိထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

هَٰذَا بَيَانٌ لِلنَّاسِ وَهُدًى وَمَوْعِظَةٌ لِلْمُتَّقِينَ ﴿١٣٨﴾

(၁၃၈) ဤ(ကုရ်အာန်ကျမ်း)သည် လူများအတွက် ရှင်းလင်းဖော်ပြချက်ဖြစ်သည်။ ထို့ပြင် မုသ်သကီ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများအတွက် လမ်းမှန်ညွှန်ကြားပြသချက်နှင့်ဆုံးမဩဝါဒဖြစ်သည်။

وَلَا تَهِنُوا وَلَا تَحْزَنُوا وَأَنْتُمُ الْأَعْلَوْنَ إِنْ كُنْتُمْ مُؤْمِنِينَ ﴿١٣٩﴾

(၁၃၉) ထို့ပြင် အသင်တို့သည် အားမလျှော့ကြနှင့်၊ ထို့ပြင် အသင်တို့သည် ပူပင်သောကလည်း မဖြစ်ကြနှင့်။ ထို့ပြင် အသင်တို့သည် မုအ်မင်န်ယုံကြည်သူများ ဖြစ်ကြလျှင် အသင်တို့ပင် လွှမ်းမိုးအောင်နိုင်သူများဖြစ်ကြလိမ့်မည်။

إِنْ يَمْسَسْكُمْ قَرْحٌ فَقَدْ مَسَّ الْقَوْمَ قَرْحٌ مِثْلُهُ ۚ وَتِلْكَ الْأَيَّامُ نُدَاوِلُهَا بَيْنَ النَّاسِ وَلِيَعْلَمَ اللَّهُ الَّذِينَ آمَنُوا وَيَتَّخِذَ مِنْكُمْ شُهَدَاءَ ۗ وَاللَّهُ لَا يُحِبُّ الظَّالِمِينَ ﴿١٤٠﴾

(၁၄၀) အကယ်၍ အသင်တို့ကို(အုဟုဒ် စစ်ပွဲ၌)ဒဏ်ရာ တစ်စုံတစ်ခု ထိရောက်ခဲ့လျှင် ထိုကဲ့သို့ ဒဏ်ရာပင်(ဗဒရ်စစ်ပွဲ၌) ရန်သူများအားလည်း အမှန်စင်စစ် ထိရောက်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ်သည် လူများစပ်ကြားတွင် ထို(ကဲ့သို့)ရက်များကို တစ်လှည့်စီ လှည့်ပတ်သက်ရောက်စေတော်မူသည်။❸ (ထိုကဲ့သို့ပြုလုပ်ခြင်းမှာ) အလ္လာဟ်အရှင်မြတ်သည် (အစစ်အမှန်) အီမာန်ယုံကြည်သူများကို သိရှိဖော်ထုတ်ပေါ်လွင်စေရန်နှင့် အသင်တို့ထဲမှ (အချို့ကို) အသက်စတေးသော အာဇာနည်များအဖြစ် ပြုလုပ်တော်မူရန် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မတရားကျူးလွန်သောသူများကို နှစ်သက်တော်မမူပေ။

(၉) အလ္လာဟ်အရှင်မြတ်ဟာ ခေတ်တွေကို တလှည့်စီ ပြောင်းလဲပြုလုပ်ပေးလေ့ရှိတယ်။ မွတ်စ်လင်မ်တွေ နိုင်တဲ့ရက်တွေ ပြုလုပ်ပေးထားသလို မွတ်စ်လင်မ်တွေ ရှုံးတဲ့ရက်တွေလည်း ပြုလုပ်ပေးလေ့ရှိတယ်။ လောကဟာ စမ်းသပ်ကွင်းဖြစ်တဲ့အတွက် အရှင်မြတ်ဟာ လူသားတွေကို အလှည့်အမျိုးမျိုး ကြုံကြိုက်အောင်လုပ်ပြီး စမ်းသပ်နေတော်မူခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَلِيُمَحِّصَ اللّٰهُ الَّذِيْنَ اٰمَنُوْا وَيَمْحَقَ الْكٰفِرِيْنَ ﴿١٤١﴾

(၁၄၁) ထို့ပြင် (ထိုကဲ့သို့ စစ်ရှုံးနိမ့်မှု ပြုလုပ်တော်မူခြင်းဖြင့်) အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်သူများအား(စမ်းသပ်ပြီး အပြစ်များမှ)သန့်ရှင်းစင်ကြယ်စေတော်မူရန်နှင့် ငြင်းပယ်သူများအား သုတ်သင်ရှင်းလင်းတော်မူရန်ဖြစ်သည်။

اَمْ حَسِبْتُمْ اَنْ تَدْخُلُوا الْجَنَّةَ وَلَمَّا يَعْلَمِ اللّٰهُ الَّذِيْنَ جٰهَدُوْا مِنْكُمْ وَيَعْلَمَ الصّٰبِرِيْنَ ﴿١٤٢﴾

(၁၄၂) အသင်တို့သည် ဂျန္နသ်သုခဘုံကို (လွယ်ကူစွာ) ဝင်ရောက်နိုင်ကြလိမ့်မည်ဟု ထင်မှတ်နေကြသလော။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (ယခုထိ) အသင်တို့ထဲမှ စစ်တိုက်သောသူများကိုလည်း မတွေ့ရသေးပေ။ ၎င်းပြင် သည်းခံသောသူများကိုလည်း (ပေါ်လွင်ထင်ရှားစွာ) မတွေ့ရသေးပေ။

وَلَقَدْ كُنْتُمْ تَمَنَّوْنَ الْمَوْتَ مِنْ قَبْلِ اَنْ تَلْقَوْهُ ۖ فَقَدْ رَاَيْتُمُوْهُ وَاَنْتُمْ تَنْظُرُوْنَ ﴿١٤٣﴾

(၁၄၃) ထို့ပြင် အမှန်စင်စစ် အသင်တို့သည် သေခြင်းကို ၎င်းအား မတွေ့ရသေးမီကပင် တောင့်တခဲ့ကြသည်။ (ယခုသော်) အသင်တို့သည် မျက်ဝါးထင်ထင်ဖြစ်လျက် ထိုသေခြင်းကို အမှန်ပင် တွေ့လိုက်ကြရပြီဖြစ်သည်။(၁)

(၁) ဗဒရ်စစ်ပွဲမှာ အောင်နိုင်မှုရရှိပြီးနောက် အဲဒီစစ်ပွဲမှာ မပါဝင်လိုက်ရတဲ့ အချို့မွတ်စ်လင်မ်တွေက နောက်တစ်ခါ စစ်ပွဲဖြစ်ရင် ငါတို့လည်း ပါဝင်ပြီး အလ္လာဟ်လမ်းမှာ အသက်စတေးတဲ့ အာဇာနည်ဘွဲ့ကို ရယူကြမယ်လို့ တောင့်တခဲ့ကြတယ်။ အဲဒီနောက် မကြာခင်မှာပဲ အုဟုဒ်စစ်ပွဲဖြစ်တယ်။ အဲဒီမှာ သူတို့ရဲ့ ညီနောင်တချို့ကျဆုံးတာလည်းတွေ့ရော သူတို့တောင့်တခဲ့တဲ့ သေခြင်းကို ကြောက်လန့်သွားခဲ့ကြတာကို ရည်ညွှန်း မိန့်ဆိုထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا مُحَمَّدٌ اِلَّا رَسُوْلٌ ۚ قَدْ خَلَتْ مِنْ قَبْلِهِ الرُّسُلُ ؕ اَفَا۟ئِنْ مَّاتَ اَوْ قُتِلَ انْقَلَبْتُمْ عَلٰۤى اَعْقَابِكُمْ ؕ
وَمَنْ يَّنْقَلِبْ عَلٰى عَقِبَيْهِ فَلَنْ يَّضُرَّ اللّٰهَ شَيْـًٔا ؕ وَسَيَجْزِى اللّٰهُ الشّٰكِرِيْنَ ﴿١٤٤﴾

(၁၄၄) ထို့ပြင် (တမန်တော်)မုဟမ္မဒ်သည်(၂) တမန်တော်တစ်ပါးသာဖြစ်သည်။ ၎င်း၏မတိုင်မီ ရစူလ်တမန်တော်များသည် အမှန်ပင် ကုန်လွန်သွားခဲ့ကြပြီဖြစ်သည်။ သို့ဖြစ်ရာ အကယ်၍ ၎င်း(တမန်တော်မုဟမ္မဒ်)သည် ကွယ်လွန်သေဆုံးခဲ့လျှင်(၃) သို့မဟုတ် သတ်ဖြတ်ခံခဲ့ရလျှင် အသင်တို့သည် (စစ်မြေပြင်မှ၊ အစ္စလာမ်မှ) ကျောခိုင်းလှည့်ပြန်သွားကြမည်လော။ ထို့ပြင် မည်သူမဆို ကျော

ခိုင်းလှည့်ပြန်သွားလျှင် ထိုသူသည် အလ္လာဟ်အရှင်မြတ်အား တစ်စုံတစ်ရာ လုံးဝ ဆုံးရှုံးနစ်နာစေနိုင်မည် မဟုတ်ပေ။❺ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ကျေးဇူးသိတတ်သူများအား မကြာမီအစားပေးတော်မူမည်။

❹ မုဟမ္မဒ်ရဲ့ အဓိပ္ပာယ်ဟာ ချီးမွမ်းဖွယ်ရာ အရည်အချင်းတွေပေါများသူ၊ ချီးမွမ်းခံရသူ ဆိုတဲ့ အဓိပ္ပာယ်ဖြစ်တယ်။ مُحَمَّد:إذا كثرت خصاله المحمودة،ومحمد:إذا وجد محمودا (ရာဂိဗ်) ❺ မုဟမ္မဒ် ﷺ ဟာ တမန်တော်တစ်ပါးပဲဖြစ်တဲ့အတွက် လွန်ခဲ့တဲ့တမန်တော်တွေ ကွယ်လွန်သွားခဲ့သလို သူလည်း ကွယ်လွန်သွားမှာဖြစ်တယ်။ အုဟုဒ်စစ်ပွဲမှာ တမန်တော်မြတ် ﷺ ဟာ ဒဏ်ရာရသွားတဲ့အချိန် တမန်တော်မြတ် ﷺ အသတ်ခံလိုက်ရပြီ ဆိုပြီး သတင်းပြန့်သွားခဲ့တယ်။ အဲဒီအပေါ် အနတ်စ် رضي الله عنه က တကယ်လို့ တမန်တော်မြတ်မုဟမ္မဒ် ﷺ ဟာ အသတ်ခံရတယ်ဆိုရင် မုဟမ္မဒ် ﷺ ရဲ့အရှင်သခင်ဟာ အသတ်ခံရတာ မဟုတ်ဘူး။ အသင်တို့ဟာ တမန်တော်မြတ် ﷺ တိုက်တဲ့လမ်းစဉ်အတိုင်း ဆက်တိုက်ကြလို့ ပြောဆိုခဲ့တယ်။ တချို့လည်း စိတ်ဓာတ်ကျသွားကြတယ်။ قال أنس بن النضر يا قوم،إن كان محمد قد قُتل،فإن رب محمد لم يقتل،فقاتلوا على ما قاتل عليه محمد صلى الله عليه وسلم (သွဗ်ရီကျမ်း) အဲဒီလိုအသံတွေအမျိုးမျိုးထွက်ပေါ် ပြီးနောက် အရှင်မြတ်က وَمَا مُحَمَّدٌ اِلَّا رَسُوْلٌ ဆိုတဲ့အာယသ်တော်ကို ချပေးတော်မူခဲ့တာဖြစ်တယ်။(အလင်းပြကျမ်း) ❻ ဘယ်သူမဆို အစ္စလာမ်ကနေ ထွက်သွားရင် အရှင်မြတ်မှာ ဘာမှမဆုံးရှုံးဘဲ အဲဒီထွက်သွားသူပဲ ဆုံးရှုံးမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا كَانَ لِنَفْسٍ اَنْ تَمُوْتَ اِلَّا بِاِذْنِ اللّٰهِ كِتٰبًا مُّؤَجَّلًا ؕ وَمَنْ يُّرِدْ ثَوَابَ الدُّنْيَا نُؤْتِهٖ مِنْهَا ۚ وَ
مَنْ يُّرِدْ ثَوَابَ الْاٰخِرَةِ نُؤْتِهٖ مِنْهَا ؕ وَسَنَجْزِى الشّٰكِرِيْنَ ﴿١٤٥﴾

(၁၄၅) ထို့ပြင် မည်သူတစ်ဦးမျှ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်မရှိဘဲ မသေဆုံးနိုင်ပေ။❼ (လူတိုင်းအတွက် သေဆုံးရန်) သတ်မှတ်ချိန်ရေးသားပြီးဖြစ်သည်။ ၎င်းပြင် မည်သူမဆို လောကီအကျိုးကို အလိုရှိလျှင် ငါအရှင်မြတ်သည် (အလိုရှိတော်မူလျှင်) ထိုသူ့အား ၎င်း(လောကီ၏အကျိုး)ထဲမှ ပေးတော်မူမည်။ ၎င်းပြင် မည်သူမဆို တမလွန်ဘဝ၏အကျိုးကျေးဇူးကို အလိုရှိလျှင် ငါအရှင်မြတ်သည် ထိုသူ့အား ၎င်း(တမလွန်ဘဝ၏အကျိုး)ထဲမှ ပေးသနားတော်မူမည်။ ၎င်းပြင် ငါအရှင်မြတ်သည် ကျေးဇူးသိတတ်သူများကို မကြာမီအစားပေးတော်မူမည်။

❼ သေဆုံးမဲ့အချိန်ရောက်ရင် တစ်စက္ကန့်မှ ရှေ့တိုးနောက်ဆုတ်လုပ်လို့မရဘူး။(အလင်းပြကျမ်း)
ကြည့် - (ကုရ်အာန် - ၁၆း၆၁)

وَكَاَيِّنْ مِّنْ نَّبِيٍّ قٰتَلَ ۙ مَعَهٗ رِبِّيُّوْنَ كَثِيْرٌ ۚ فَمَا وَهَنُوْا لِمَآ اَصَابَهُمْ فِىْ سَبِيْلِ اللّٰهِ وَمَا ضَعُفُوْا وَ
مَا اسْتَكَانُوْا ؕ وَاللّٰهُ يُحِبُّ الصّٰبِرِيْنَ ﴿١٤٦﴾

(၁၄၆) ထို့ပြင် နဗီတမန်တော် အမြောက်အမြားနှင့် အလ္လာဟ်အရှင်မြတ်အား မြတ်နိုးသောသူများစွာတို့သည် ၎င်း(တမန်တော်)နှင့်အတူတကွ စစ်

တိုက်ခဲ့ကြသည်။ ၎င်းပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် သူတို့အပေါ် ဆိုက်ရောက်လာသောအရာ (ဘေးဒုက္ခများ)ကြောင့် စိတ်ဓာတ်မကျခဲ့ကြပေ၊ အင်အားလည်း မလျော့နည်းခဲ့ကြပေ၊ သေးသိမ်နိမ့်ကျမှုများလည်း မရှိခဲ့ကြပေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သည်းခံသောသူများကို ချစ်မြတ်နိုးတော်မူသည်။

وَمَا كَانَ قَوْلَهُمْ اِلَّآ اَنْ قَالُوْا رَبَّنَا اغْفِرْ لَنَا ذُنُوْبَنَا وَاِسْرَافَنَا فِيْٓ اَمْرِنَا وَثَبِّتْ اَقْدَامَنَا وَانْصُرْنَا عَلَى الْقَوْمِ الْكٰفِرِيْنَ ﴿١٤٧﴾

(၁၄၇) ထို့ပြင် သူတို့သည် (ဤသို့) ပြောဆိုခဲ့သည်မှလွဲ၍ (အခြား) စကားမရှိခဲ့ပေ၊ "အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့၏ အပြစ်များနှင့် ကျွန်ုပ်တို့၏ အရေးကိစ္စ၌ ကျွန်ုပ်တို့၏ လွန်ကျူးမှုများအား ခွင့်လွှတ်တော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်ုပ်တို့၏ ခြေများကိုလည်း တည်တံ့ခိုင်မြဲစေတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား ကာဖိရ်ငြင်းပယ်သူများအပေါ်တွင် အောင်နိုင်မှုကို ပေးသနားတော်မူပါ။"

فَاٰتٰىهُمُ اللّٰهُ ثَوَابَ الدُّنْيَا وَحُسْنَ ثَوَابِ الْاٰخِرَةِ ۭ وَاللّٰهُ يُحِبُّ الْمُحْسِنِيْنَ ﴿١٤٨﴾

(၁၄၈) သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် သူတို့အား လောကီ၏ အကျိုးနှင့် တမလွန်ဘဝ၏ကောင်းမြတ်သောအကျိုးကို ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ကောင်းကျိုးပြုသူများကို ချစ်ခင်တော်မူသည်။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِنْ تُطِيْعُوا الَّذِيْنَ كَفَرُوْا يَرُدُّوْكُمْ عَلٰٓى اَعْقَابِكُمْ فَتَنْقَلِبُوْا خٰسِرِيْنَ ﴿١٤٩﴾

(၁၄၉) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ကာဖိရ်ငြင်းပယ်သူများ(၏စကား)ကို လိုက်နာကြမည်ဆိုလျှင် သူတို့သည် အသင်တို့အား အသင်တို့၏နောက်(ကုဖ်ရ်)ဘက်သို့ ပြန်လှည့်စေကြလိမ့်မည်။ သို့ဖြစ်လျှင် အသင်တို့သည် ဆုံးရှုံးနစ်နာသူများ ဖြစ်သွားကြလိမ့်မည်။

بَلِ اللّٰهُ مَوْلٰىكُمْ ۚ وَهُوَ خَيْرُ النّٰصِرِيْنَ ﴿١٥٠﴾

(၁၅၀) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်သာ အသင်တို့အား ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် ကူညီသူများထဲတွင် အကောင်းဆုံး ကူညီတော်မူသောအရှင် ဖြစ်တော်မူသည်။

سَنُلْقِيْ فِيْ قُلُوْبِ الَّذِيْنَ كَفَرُوا الرُّعْبَ بِمَآ اَشْرَكُوْا بِاللّٰهِ مَا لَمْ يُنَزِّلْ بِهٖ سُلْطٰنًا ۚ وَمَاْوٰىهُمُ النَّارُ ۗ وَبِئْسَ مَثْوَى الظّٰلِمِيْنَ ﴿١٥١﴾

(၁၅၁) ငါအရှင်မြတ်သည် ကာဖိရ်ငြင်းပယ်သူများ၏စိတ်နှလုံးများထဲတွင် ကြောက်လန့်သောစိတ်ကို မကြာမီထည့်သွင်းတော်မူမည်။❶ အဘယ်ကြောင့်ဆိုသော် သူတို့သည် တစ်စုံတစ်ရာအထောက်အထား ချပေးထားခြင်းမရှိသောအရာများနှင့် အလ္လာဟ်အရှင်မြတ်အား တွဲဖက်ကိုးကွယ်မှုပြုလုပ်ကြသည်။ ထို့ပြင် သူတို့၏နေထိုင်ရာဌာနသည် ငရဲဘုံပင်ဖြစ်သည်။ ၎င်းပြင် မတရားကျူးလွန်သူများ၏ နေရာထိုင်ခင်းသည် အဘယ်မျှဆိုးရွားလိုက်သနည်း။

❶ အုဟုဒ်စစ်ပွဲပြီးနောက် ကာဖိရ်စစ်သည်တွေဟာ မဒီနဟ်ကနေပြန်သွားတဲ့အခါ သူတို့ရဲ့စိတ်နှလုံးတွေထဲမှာ ပေါ်လာခဲ့တယ်။ ဒီအချိန်မှာ မဒီနဟ်ကိုပြန်သွားပြီး မွတ်စ်လင်မ်တွေကို အပြတ်ရှင်းလိုက်ရင် အကုန်ကုန်သွားမယ်။ အဲဒီလို သူတို့စိတ်ကူးနေတဲ့အချိန်မှာ အရှင်မြတ်က သူတို့ရဲ့စိတ်ထဲကို ကြောက်လန့်တဲ့စိတ် ထည့်ပေးတော်မူခဲ့တယ်။ အဲဒါကြောင့် သူတို့ဟာ မဒီနဟ်ဘက်ကို ပြန်လှည့်ခြင်းမရှိကြတော့ဘူး။ (ဖသ်ဟုလ်ကဒီရ်)

وَلَقَدْ صَدَقَكُمُ اللّٰهُ وَعْدَهٗٓ اِذْ تَحُسُّوْنَهُمْ بِاِذْنِهٖ ۚ حَتّٰٓى اِذَا فَشِلْتُمْ وَتَنَازَعْتُمْ فِى الْاَمْرِ وَعَصَيْتُمْ مِّنْۢ بَعْدِ مَآ اَرٰىكُمْ مَّا تُحِبُّوْنَ ۗ مِنْكُمْ مَّنْ يُّرِيْدُ الدُّنْيَا وَمِنْكُمْ مَّنْ يُّرِيْدُ الْاٰخِرَةَ ۚ ثُمَّ صَرَفَكُمْ عَنْهُمْ لِيَبْتَلِيَكُمْ ۚ وَلَقَدْ عَفَا عَنْكُمْ ۗ وَاللّٰهُ ذُوْ فَضْلٍ عَلَى الْمُؤْمِنِيْنَ ﴿١٥٢﴾

(၁၅၂) ထို့ပြင် အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတွက် အရှင်မြတ်၏ ကတိတော်ကို မှန်ကန်ပြည့်ဝအောင်ပြုလုပ်တော်မူခဲ့သည်။❷ တစ်ခါတွင် အသင်တို့သည် အရှင်မြတ်၏အမိန့်တော်ဖြင့် (အသင်တို့ကို တိုက်ခိုက်ချေမှုန်းရန်လာသော) ၎င်း(ကာဖိရ်)တို့အား သတ်ဖြတ်ချေမှုန်းနေခဲ့ကြသည်။ နောက်ဆုံးတွင် အသင်တို့အား အရှင်မြတ်က အသင်တို့နှစ်သက်ကြသောအရာ (အောင်မြင်မှု)ကိုပြသတော်မူပြီးနောက် အသင်တို့သည် စိတ်အားလျှော့ခဲ့ကြတော့သည်။❸ ထို့ပြင် အသင်တို့သည် (တမန်တော်၏) အမိန့်တော်နှင့်ပတ်သက်၍ အချင်းချင်းအငြင်းပွားခဲ့ကြသည့်အပြင် (အမိန့်တော်ကိုလည်း) သွေဖည်ခဲ့ကြသည်။❹ (ထိုအခါ အရှင်မြတ်က အကူအညီကို ရုပ်သိမ်းတော်မူလိုက်သည်) အသင်တို့ထဲတွင် အချို့သည် လောကီ(အကျိုး)ကို အလိုရှိကြသည်။❺ အသင်တို့အထဲမှ အချို့ကမူ တမလွန်ဘဝ၏(အကျိုး)ကို အလိုရှိကြသည်။ ထို့နောက် အရှင်မြတ်သည် အသင်တို့အား စမ်းသပ်တော်မူရန် ရန်သူများထံမှ အသင်တို့ကို (ရှုံးနိမ့်မှုဖြင့်) ပြန်လှည့်စေတော်မူခဲ့သည်။❻ ထို့နောက် အရှင်မြတ်သည် အသင်တို့အား

အမှန်ပင် ခွင့်လွှတ်တော်မူလိုက်ပြီဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န်ယုံကြည်သူများအပေါ်တွင် ကျေးဇူးပြုတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ သည်းခံမှုနဲ့ သက္ကဝါရှိရင် အရှင်မြတ်ကူညီမယ်ဆိုတဲ့ကတိအတိုင်း အုဟုဒ်စစ်ပွဲအစပိုင်းမှာ ကူညီခဲ့လို့ ပထမပိုင်းမှာ အောင်နိုင်မှုရရှိခဲ့တယ်။ (အလင်းပြကျမ်း) ❷ တမန်တော် ﷺ ကျဆုံးသွားပြီလို့ ကောလာဟလသတင်းထွက်လာတဲ့အပေါ် မွတ်စ်လင်မ်တချို့ဟာ စိတ်အားလျော့ပြီး ပြန်သွားလိုက်ကြတယ်။ (အလင်းပြကျမ်း) ❸ တမန်တော်မြတ် ﷺ က လေးသည်တော်(၅၀)ကို ရုမာသ်တောင်ထိပ်မှာ တပ်စွဲထားခဲ့ပြီး အောင်နိုင်သွားရင်တောင် ဆင်းမလာကြဖို့ မှာထားခဲ့တယ်။ အဲဒီအမိန့်ကို အငြင်းပွားပြီး အောင်နိုင်တဲ့အခါ ဆင်းလာခဲ့ကြတယ်။ ရန်သူတွေက အဲဒီအပေါ် အင်အားနည်းသွားတာမြင်ကြကာ တက်ပြီးတိုက်ခိုက်ခဲ့ကြတယ်။ (အလင်းပြကျမ်း) ❹ လောကရဲ့ အကျိုးအလိုရှိသူတွေဆိုတာ လေးသည်တော် ၅၀ထဲက သုံ့ပန်းပစ္စည်းတွေကိုမြင်ပြီး တမန်တော်မြတ် ﷺ ရဲ့စကားကိုမနာခံဘဲ တောင်ပေါ်ကဆင်းလာသူတွေကိုရည်ညွှန်းတာဖြစ်တယ်။ တမလွန်ဘဝရဲ့အကျိုး အလိုရှိသူတွေဆိုတာ တမန်တော်မြတ် ﷺ ရဲ့အမိန့်နာခံပြီး တောင်ပေါ်ကမဆင်းဘဲ ကြံ့ကြံ့ခံလျက် အသက်စတေးသွားသူတွေကိုရည်ညွှန်းတာဖြစ်တယ်။ (အလင်းပြကျမ်း) ❺ အသင်တို့ဟာ ကာဖိရ်တွေအပေါ် အောင်နိုင်နေရာကနေ တမန်တော်မြတ် ﷺ ရဲ့အမိန့်ကို မနာခံမှုကြောင့် အသင်တို့ကို စမ်းသပ်တော်မူဖို့ ရှုံးနိမ့်မှုဘက်ကို လှည့်ပေးတော်မူလိုက်တာဖြစ်တယ်။ (သွင်ဒ်ရီ)

إِذْ تُصْعِدُونَ وَلَا تَلْوُۥنَ عَلَىٰٓ أَحَدٍ وَٱلرَّسُولُ يَدْعُوكُمْ فِىٓ أُخْرَىٰكُمْ فَأَثَٰبَكُمْ غَمًّۢا بِغَمٍّ لِّكَيْلَا تَحْزَنُوا۟ عَلَىٰ مَا فَاتَكُمْ وَلَا مَآ أَصَٰبَكُمْ ۗ وَٱللَّهُ خَبِيرٌۢ بِمَا تَعْمَلُونَ ﴿١٥٣﴾

(၁၅၃) တစ်ခါတွင် (အုဟုဒ်စစ်မြေပြင်၌) ရစူလ်တမန်တော်သည် အသင်တို့နောက်မှ အသင်တို့ကို ဟစ်ခေါ်နေပါလျက် အသင်တို့သည် မည်သူတစ်ဦးကိုမျှ လှည့်မကြည့်တော့ဘဲ ထွက်ပြေးနေခဲ့ကြသည်။❼ ထို(သို့တမန်တော်၏အမိန့်မနာခံမှု)အတွက်ကြောင့် အရှင်မြတ်က အသင်တို့အား စိတ်ဆင်းရဲမှု၏အစား စိတ်ဆင်းရဲမှုကိုပင် ပေးတော်မူခဲ့သည်။❽ အသင်တို့သည် အသင်တို့လက်လွတ်ဆုံးရှုံးသွားသောကိစ္စများနှင့် အသင်တို့တွင် ဆိုက်ရောက်လာသော အရာ(ဘေးဒုက္ခများ)အပေါ် ပူဆွေးမှုမဖြစ်ရလေအောင်❾ (စိတ်ဆင်းရဲမှုနှစ်ခုဆင့်ပေးလိုက်ခြင်းဖြစ်သည်)။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သည်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်ဖြစ်တော်မူသည်။

❼ တခဏတာ ရှုံးနိမ့်လို့ ထွက်ပြေးခဲ့တာဖြစ်တယ်။ နောက်ဆုံးမှာ မွတ်စ်လင်မ်တွေပဲ ပြန်ပြီး အောင်နိုင်ခဲ့ကြတယ်။ (ကရ်ဖွလ်ဗာရီ) ❽ ပထမစိတ်ဆင်းရဲမှုဟာစစ်ရှုံးတဲ့အတွက် ခံစားရတဲ့စိတ်ဆင်းရဲမှု၊ ဒုတိယစိတ်ဆင်းရဲမှုဟာ မွတ်စ်လင်မ်တွေ အသက်ဆုံးရှုံးရခြင်းနဲ့တမန်တော်မြတ် ﷺ ကွယ်လွန်သွားပြီဆိုတဲ့သတင်းကြောင့် ခံစားရတဲ့ စိတ်ဆင်းရဲမှုကိုဆိုလိုတယ်။ (အိဗ်နုကဆီးရ်) ❾ ခံနိုင်ရည်ရှိဖို့နဲ့ နောက်ထပ်ဒါမျိုးတွေတွေ့ရင် တမန်တော်မြတ် ﷺ ရဲ့အမိန့်အပေါ်မှာပဲ ကြံ့ကြံ့ခံရပ်တည်ပြီး သည်းခံနိုင်တဲ့အင်အားရရှိဖို့အတွက် အလေ့အကျင့်လုပ်ပေးခြင်းဖြစ်တယ်။

(အလင်းပြကျမ်း)

ثُمَّ اَنْزَلَ عَلَيْكُمْ مِّنْۢ بَعْدِ الْغَمِّ اَمَنَةً نُّعَاسًا يَّغْشٰى طَآئِفَةً مِّنْكُمْ ۙ وَطَآئِفَةٌ قَدْ اَهَمَّتْهُمْ
اَنْفُسُهُمْ يَظُنُّوْنَ بِاللّٰهِ غَيْرَ الْحَقِّ ظَنَّ الْجَاهِلِيَّةِ ؕ يَقُوْلُوْنَ هَلْ لَّنَا مِنَ الْاَمْرِ مِنْ شَيْءٍ ؕ قُلْ اِنَّ
الْاَمْرَ كُلَّهٗ لِلّٰهِ ؕ يُخْفُوْنَ فِيْۤ اَنْفُسِهِمْ مَّا لَا يُبْدُوْنَ لَكَ ؕ يَقُوْلُوْنَ لَوْ كَانَ لَنَا مِنَ الْاَمْرِ شَيْءٌ مَّا قُتِلْنَا
هٰهُنَا ؕ قُلْ لَّوْ كُنْتُمْ فِيْ بُيُوْتِكُمْ لَبَرَزَ الَّذِيْنَ كُتِبَ عَلَيْهِمُ الْقَتْلُ اِلٰى مَضَاجِعِهِمْ ۚ وَلِيَبْتَلِيَ
اللّٰهُ مَا فِيْ صُدُوْرِكُمْ وَلِيُمَحِّصَ مَا فِيْ قُلُوْبِكُمْ ؕ وَاللّٰهُ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ﴿١٥٤﴾

(၁၅၄) ထို့နောက် ၎င်းစိတ်ဆင်းရဲမှု၏နောက်တွင် အရှင်မြတ်က အသင်တို့အပေါ် ငြိမ်းချမ်းမှုဟုခေါ်သော ငိုက်မျဉ်းခြင်းကို ချပေးတော်မူခဲ့သည်။ ၎င်း(ငိုက်မျဉ်းခြင်း)[၁] သည် အသင်တို့ထဲမှ လူတစ်စုကို လွှမ်းမိုးခဲ့သည်။ ၎င်းပြင် (မုနာဖိက်)လူတစ်စုကမူ သူတို့၏ အသက်များကိုပင် စိုးရိမ်နေခဲ့ကြသည်။[၂] သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ မမှန်ကန်သောအမိုက်ခေတ်မှ ထင်မြင်ယူဆချက်မျိုးကို ယူဆခဲ့ကြသည်။[၃] သူတို့က ပြောဆိုကြသည်၊ "ကျွန်ုပ်တို့တွင် (ယခုတွေ့ကြုံနေရသောကိစ္စများနှင့်ပတ်သက်၍) တစ်စုံတစ်ရာရွေးချယ်ခွင့် အမိန့်အာဏာ ရှိပါသလော"[၄]၊ (အို-တမန်တော်)အသင် ပြောလိုက်ပါ၊ "အမှန်စင်စစ် အမိန့်အာဏာအားလုံးသည် အလ္လာဟ်အရှင်မြတ်၌သာရှိသည်"။ သူတို့သည် အသင်၏ရှေ့မှောက်၌ ထုတ်ဖော်မပြောကြသည့်အရာများကို သူတို့၏ စိတ်နှလုံးများထဲတွင် ထိမ်ချန်ထားကြသည်။ သူတို့က ပြောကြသည်၊ "အကယ်၍ ကျွန်ုပ်တို့တွင် တစ်စုံတစ်ရာ(ရွေးချယ်ခွင့်)အမိန့်အာဏာသာရှိခဲ့လျှင် ကျွန်ုပ်တို့သည် ဤနေရာ (စစ်မြေပြင်)တွင် အသတ်ခံကြရမည်မဟုတ်ပေ။" (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ အကယ်၍ အသင်တို့သည် အသင်တို့၏အိမ်များ၌ပင်ရှိနေလျှင်လည်း အသတ်ခံရရန် သတ်မှတ်ပြီးဖြစ်သောသူများသည် ၎င်းတို့ အသတ်ခံရမည့်နေရာများသို့ အမှန်ပင် ထွက်လာကြရမည်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ ရင်များထဲ၌ရှိသောအရာ(ယုံကြည်မှု)ကို စမ်းသပ်တော်မူရန်နှင့် အသင်တို့၏ စိတ်နှလုံးများထဲ၌ရှိသောအရာ(အညစ်အကြေး)များကို သန့်ရှင်းစင်ကြယ်စေတော်မူရန်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (လူသားများ၏)ရင်များထဲ၌ရှိသောအရာများကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

[၁] ငြိမ်းချမ်းတဲ့ငိုက်မျဉ်းခြင်းကို အုဟုဒ်စစ်ပွဲကအပြန်မှာ စစ်သည်တော်တွေအပေါ်ကို ချပေးခဲ့ခြင်း

ဖြစ်တယ်။ စိတ်ဆင်းရဲမှုတွေကြားထဲမှာ ခေတ္တခဏအိပ်ပျော်သွားပြီး စိတ်အေးချမ်းတည်ငြိမ်မှုရရှိ
သွားခဲ့ကြတယ်။(အလင်းပြကျမ်း) ❷ မုနာဖိက်တွေဟာလည်း သူတို့ရဲ့အဖြစ်မှန်ကို ဖုံးထားနိုင်ဖို့
အတွက် မလွှဲမရှောင်သာ စစ်ပွဲကို လိုက်လာခဲ့ကြတယ်။ သူတို့ဟာ ဘာကိုမှစိတ်မဝင်စားဘဲ သူတို့
အသက်မသေဖို့လောက်သာ ဂရုစိုက်ကာ စိုးရိမ်လျက် ရှိနေကြတယ်။(ဂျလာလိုင်န်၊ဟာရှီယဟ်စွာဝီ)
❸ သူတို့ဟာ အခုလို မကောင်းထင်မြင်မှုတွေပြုခဲ့ကြတယ်၊ တမန်တော်နဲ့ မွတ်စ်လင်မ်တွေဟာ သူ
တို့ရဲ့အိမ်သူအိမ်သားတွေထံ ပြန်လာကြရမှာ မဟုတ်တော့ဘူး (အားလုံးကျဆုံးသွားကြလိမ့်မယ်)
လို့မကောင်းထင်မြင်ယူဆခဲ့တာကို အခြားအာယသ်မှာ အခုလိုဖော်ပြထားတယ်။(ဟာရှီယဟ်စွာဝီ)
بَلْ ظَنَنْتُمْ اَنْ لَّنْ يَّنْقَلِبَ الرَّسُوْلُ وَ الْمُؤْمِنُوْنَ اِلٰۤى اَهْلِيْهِمْ اَبَدًا وَّ زُيِّنَ ذٰلِكَ فِىْ قُلُوْبِكُمْ وَ ظَنَنْتُمْ ظَنَّ السَّوْءِ ۖۚ وَ كُنْتُمْ قَوْمًۢا بُوْرًا
(ကုရ်အာန်-၄၈း၁၂) ❹ လူသားတို့ရဲ့ အကြံအစည်တွေဟာ အဓိကကျတဲ့အရာတွေမဟုတ်ဘူး။
အရှင်မြတ်ရဲ့အဆုံးအဖြတ်ပဲ အဓိကဖြစ်တယ်ဆိုတာကို ပြသထားခြင်းဖြစ်တယ်။(အလင်းပြကျမ်း)

اِنَّ الَّذِيْنَ تَوَلَّوْا مِنْكُمْ يَوْمَ الْتَقَى الْجَمْعٰنِ ۙ اِنَّمَا اسْتَزَلَّهُمُ الشَّيْطٰنُ بِبَعْضِ مَا كَسَبُوْا ۚ
وَلَقَدْ عَفَا اللّٰهُ عَنْهُمْ ۗ اِنَّ اللّٰهَ غَفُوْرٌ حَلِيْمٌ ﴿١٥٥﴾

(၁၅၅) အမှန်စင်စစ် အသင်တို့ထဲမှ အကြင်သူတို့သည် အုပ်စုနှစ်စု ရင်ဆိုင်တိုက်ခိုက်ကြသောနေ့တွင် ကျောခိုင်းဆုတ်ခွာသွားကြသည်။ ထိုသူများပြုကျင့်ခဲ့သော အချို့ပြစ်မှုများကြောင့် ရှိုင်သွာန်သည် သူတို့အား ခြေချော်အောင်ပြုလုပ်ခဲ့ခြင်းသာဖြစ်သည်။ ထို့နောက် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သူတို့အား ခွင့်လွှတ်တော်မူလိုက်သည်။ (အရှင်မြတ်က ခွင့်လွှတ်တော်မူလိုက်ပြီးဖြစ်ရာ ၎င်းတို့နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဝေဖန်ပြစ်တင်ပြောဆိုခွင့်မရှိတော့ပေ။) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်ထောက်ထားညှာတာ သည်းခံဆိုင်းငံ့တော်မူသော အရှင်ဖြစ်တော်မူသည်။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَكُوْنُوْا كَالَّذِيْنَ كَفَرُوْا وَ قَالُوْا لِاِخْوَانِهِمْ اِذَا ضَرَبُوْا فِى الْاَرْضِ اَوْ كَانُوْا
غُزًّى لَّوْ كَانُوْا عِنْدَنَا مَا مَاتُوْا وَ مَا قُتِلُوْا ۚ لِيَجْعَلَ اللّٰهُ ذٰلِكَ حَسْرَةً فِىْ قُلُوْبِهِمْ ؕ وَ اللّٰهُ يُحْىٖ وَ
يُمِيْتُ ؕ وَ اللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿١٥٦﴾

(၁၅၆) အို - အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အကြင်သွေဖည်ငြင်းပယ်သူ(မုနာဖိက်အယောင်ဆောင်)များကဲ့သို့ မဖြစ်ကြနှင့်။ ထို့ပြင် သူတို့က သူတို့၏ညီနောင်များအား ၎င်း(ညီနောင်)တို့သည် မြေပေါ်တွင်ခရီးသွားလာသောအခါ (သေဆုံးသွားခဲ့လျှင်ဖြစ်စေ၊) သို့မဟုတ် စစ်သည်တော်ဖြစ်(ပြီးကျဆုံးသွားခဲ့လျှင်ဖြစ်စေ ဤကဲ့သို့)ပြောဆိုကြသည်။ "အကယ်၍သာ

သူတို့သည် ငါတို့နှင့်အတူရှိနေခဲ့ကြလျှင် သူတို့သည်(ထိုသို့)သေကြေပျက်စီးကြမည်လည်းမဟုတ်သည့်အပြင် သူတို့သည် သတ်ဖြတ်ခြင်းခံကြရမည်လည်းမဟုတ်ပေ။"(အသင်တို့သည် သူတို့ပြောသကဲ့သို့ မပြောကြလေနှင့်။) ၎င်း(တို့ပြောဆိုသောစကား)ကို အလ္လာဟ်အရှင်မြတ်က သူတို့၏ စိတ်နှလုံးများထဲတွင် ဝမ်းနည်းပူဆွေးမှု(၏ အကြောင်းခံအဖြစ်) ပြုလုပ်တော်မူရန်အတွက်သာ ဖြစ်သည်။ (အမှန်မှာ) အလ္လာဟ်အရှင်မြတ်သည်သာ ရှင်စေ၊ သေစေတော်မူသည်။ (အိမ်မှာထိုင်နေခြင်းက သေခြင်းရောက်လာမှုကို တားဆီးနိုင်သည်မဟုတ်ပေ။) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သည်များကို အကြွင်းမဲ့သိမြင်တော်မူသောအရှင် ဖြစ်တော်မူသည်။

وَلَئِنْ قُتِلْتُمْ فِيْ سَبِيْلِ اللّٰهِ اَوْ مُتُّمْ لَمَغْفِرَةٌ مِّنَ اللّٰهِ وَرَحْمَةٌ خَيْرٌ مِّمَّا يَجْمَعُوْنَ ﴿١٥٧﴾

(၁၅၇) ထို့ပြင် အသင်တို့သည် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် အသတ်ခံရလျှင် သို့မဟုတ် (အရှင်မြတ်၏လမ်းတော်တွင်) သေဆုံးသွားလျှင်လည်း အလ္လာဟ်အရှင်မြတ်ထံတော်မှ မဂ်ဖိရသ်လွတ်ငြိမ်းချမ်းသာခွင့်နှင့် ရဟ်မသ်သနားကြင်နာမှုသည် သူတို့စုဆောင်းကြသော အရာများထက် အမှန်ပင် ပို၍ကောင်းမြတ်ပေသည်။

وَلَئِنْ مُّتُّمْ اَوْ قُتِلْتُمْ لَاِ۟لَى اللّٰهِ تُحْشَرُوْنَ ﴿١٥٨﴾

(၁၅၈) ထို့ပြင် အကယ်၍ အသင်တို့သည် အမှန်စင်စစ် သေဆုံးသွားခဲ့ကြလျှင် သို့မဟုတ် အသတ်ခံခဲ့ကြရလျှင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ထံသို့ပင် အမှန်စင်စစ် စုရုံးခြင်းခံကြရမည်ဖြစ်သည်။

فَبِمَا رَحْمَةٍ مِّنَ اللّٰهِ لِنْتَ لَهُمْ ۚ وَلَوْ كُنْتَ فَظًّا غَلِيْظَ الْقَلْبِ لَانْفَضُّوْا مِنْ حَوْلِكَ ۖ فَاعْفُ عَنْهُمْ وَاسْتَغْفِرْ لَهُمْ وَشَاوِرْهُمْ فِي الْاَمْرِ ۚ فَاِذَا عَزَمْتَ فَتَوَكَّلْ عَلَى اللّٰهِ ۗ اِنَّ اللّٰهَ يُحِبُّ الْمُتَوَكِّلِيْنَ ﴿١٥٩﴾

(၁၅၉) ၎င်းပြင် အသင်(တမန်တော်မုဟမ္မဒ်)သည် အလ္လာဟ်အရှင်မြတ်၏ကရုဏာ အသနားတော်ဖြင့်ပင် သူတို့အား နူးညံ့စွာ (ဆက်ဆံမှု)ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ○ အကယ်၍ အသင်သည် ကြမ်းတမ်းပြီး စိတ်သဘောထား ခက်ထန်ကြမ်းကြုတ်သူဖြစ်ခဲ့လျှင် သူတို့သည် အသင်၏အနီးမှ ဖရိုဖရဲဖြစ်ပြီး ထွက်ခွာသွားကြမည်မှာ အမှန်ပင်ဖြစ်သည်။ သို့ဖြစ်ရာ အသင်သည် သူတို့အား ခွင့်လွှတ်ပါ။ အလ္လာဟ်အရှင်မြတ်ထံ၌လည်း သူတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပါ။ ထို့ပြင် အသင်သည် အရေးကိစ္စများနှင့်စပ်လျဉ်း၍ သူတို့နှင့် တိုင်ပင်ဆွေးနွေး

ပါ။ ၎င်းပြင် အသင်သည် ပြုလုပ်ရန် စိတ်ဆုံးဖြတ်လိုက်သောအခါ အလ္လာဟ် အရှင်မြတ်အပေါ်တွင် ယုံပုံလွှဲအပ်လိုက်ပါ။❷ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (အရှင်မြတ်အပေါ်) ယုံပုံလွှဲအပ်သူများကို နှစ်သက်မြတ်နိုးတော်မူသည်။

❶ အုဟုဒ်စစ်ပွဲမှာ တချို့မွတ်စ်လင်မ်တွေရဲ့ချွတ်ချော်မှု၊ အမိန့်မနာခံမှုတွေကြောင့် ရှုံးနိမ့်ကာ ဒုက္ခရောက်ခဲ့ရပေမဲ့လည်းတမန်တော်မြတ် ﷺ ဟာအဲဒီသူတွေကိုအပြစ်တင်ခြင်းမရှိဘဲချိုချိုသာသာနူးနူးညံ့ညံ့ဆက်ဆံတော်မူခဲ့တယ်။ အရှင်မြတ်ရဲ့အသနားတော်နဲ့ အဲဒီလို အကျင့်စရိုက်ကို ရရှိထားတာဖြစ်ကြောင်း အရှင်မြတ်က မိန့်ထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) ❷ ကိစ္စရပ်တစ်ခုကို လက်အောက်ငယ်သားတွေနဲ့ ဆွေးနွေးပြီးနောက် ပြုလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီဆိုရင် အရှင်မြတ်အပေါ်မှာ ယုံပုံအားကိုးပြီး လွှဲအပ်လိုက်ဖို့ အရှင်မြတ်က ညွှန်ကြားထားတော်မူတယ်။ ဆွေးနွေးတိုင်ပင်မှုအပေါ်မှာ အားကိုးအားထားမပြုရဘဲ အရှင်မြတ်အပေါ်မှာပဲ အားကိုးဖို့ အမိန့်ပေးညွှန်ကြားထားတယ်လို့ အိမာမ် ကသာဒဟ် رحمه الله က ဖွင့်ဆိုတယ်။ (ကုရ်သွုဗီ)

اِنۡ يَّنۡصُرۡكُمُ اللّٰهُ فَلَا غَالِبَ لَـكُمۡ ۚ وَاِنۡ يَّخۡذُلۡكُمۡ فَمَنۡ ذَا الَّذِىۡ يَنۡصُرُكُمۡ مِّنۡۢ بَعۡدِهٖ ؕ وَعَلَى اللّٰهِ فَلۡيَتَوَكَّلِ الۡمُؤۡمِنُوۡنَ ﴿١٦٠﴾

(၁၆၀) အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ကူညီတော်မူမည်ဆိုလျှင် အသင်တို့အပေါ်တွင် အောင်နိုင်လွှမ်းမိုးမည့်သူ ရှိတော့မည်မဟုတ်ပေ။❷ ၎င်းပြင် အကယ်၍ အရှင်မြတ်သည် အသင်တို့ကို စွန့်ပစ်ထားတော်မူမည်ဆိုလျှင် ၎င်း(ကဲ့သို့ စွန့်ပစ်ထားတော်မူပြီးသည့်)နောက် အသင်တို့ကို ကူညီမည့်သူ မည်သူရှိနိုင်ဦးမည်နည်း။ သို့ဖြစ်ရာ မုအ်မင်န်ယုံကြည်သူများသည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ယုံပုံအားကိုးကြရမည်ဖြစ်သည်။

❷ ဗဒရ်စစ်ပွဲမှာ မွတ်စ်လင်မ်တွေဟာ အင်အားချည့်နဲ့ခဲ့ကြပေမဲ့လည်း သူတို့ရဲ့ အီမာန်ယုံကြည်ချက်တွေဟာ အရှင်မြတ်အပေါ်မှာ ပြည့်ပြည့်ဝဝ ယုံကြည်အားကိုးလျက် အမိန့်နာခံပြီး တိုက်ခိုက်ခဲ့ကြတဲ့အပေါ် အရှင်မြတ်က အကူအညီပေးသနားတော်မူခဲ့တယ်။ အရှင်မြတ်ကူညီတဲ့အတွက် ကာဖိရ်တွေဟာ အလွန်ကြီးမားတဲ့ အင်အားနဲ့ မွတ်စ်လင်မ်တွေကို တိုက်ခိုက်ခဲ့ကြပေမဲ့ မအောင်နိုင်ခဲ့ကြဘဲ ရှုံးနိမ့်သွားခဲ့ကြရတယ်။ (အလင်းပြကျမ်း)

وَمَا كَانَ لِنَبِىٍّ اَنۡ يَّغُلَّ ؕ وَمَنۡ يَّغۡلُلۡ يَاۡتِ بِمَا غَلَّ يَوۡمَ الۡقِيٰمَةِ ۚ ثُمَّ تُوَفّٰى كُلُّ نَفۡسٍ مَّا كَسَبَتۡ وَهُمۡ لَا يُظۡلَمُوۡنَ ﴿١٦١﴾

(၁၆၁) ထို့ပြင် ထိမ်ချန်လျှို့ဝှက် ခယာနသ်လုပ်ခြင်းသည် နဗီတမန်တော်အတွက် မဟုတ်ပေ။ ထို့ပြင် မည်သူမဆို ထိမ်ချန်လျှို့ဝှက်ခဲ့လျှင် ထိုသူသည် ရှင်ပြန်ထမည့် နေ့တွင် သူထိမ်ချန်လျှို့ဝှက်ခဲ့သောအရာများကို (အရှင်မြတ်၏ရှေ့မှောက်၌) ယူဆောင်လာရမည်။ ထို့နောက် လူတိုင်းသည် သူရှာဖွေဆည်းပူးခဲ့သည်များကို သူတို့သည် မတရားပြုခြင်း မခံကြရဘဲလျက် ပြည့်ဝစွာ

ပေးဆပ်ခြင်းခံကြရလိမ့်မည်။

اَفَمَنِ اتَّبَعَ رِضْوَانَ اللّٰهِ كَمَنْۢ بَآءَ بِسَخَطٍ مِّنَ اللّٰهِ وَمَاْوٰىهُ جَهَنَّمُ ۗ وَبِئْسَ الْمَصِيْرُ ﴿١٦٢﴾

(၁၆၂) ၎င်းပြင် အလ္လာဟ်အရှင်မြတ်၏နှစ်သက်လိုလားမှုကို လိုက်နာပြုလုပ်သောသူသည် အကြင်(ယုတ်မာ)သူကဲ့သို့ (မည်သည့်နည်းဖြင့်) ဖြစ်နိုင်မည်နည်း။ ထို(ယုတ်မာ)သူသည် အလ္လာဟ်အရှင်မြတ်၏အမျက်တော်နှင့်အတူ ပြန်လှည့်ခဲ့ရသည်။ ထို့ပြင် သူ၏ပြန်လည်ရာဌာနသည် ငရဲဘုံဖြစ်သည်။ ထို့ပြင် (ထိုငရဲဘုံဖြစ်သော) ပြန်လည်ရာဌာနသည် အဘယ်မျှ ယုတ်ညံ့ဆိုးရွားလိုက်သနည်း။

هُمْ دَرَجٰتٌ عِنْدَ اللّٰهِ ۗ وَاللّٰهُ بَصِيْرٌۢ بِمَا يَعْمَلُوْنَ ﴿١٦٣﴾

(၁၆၃) ထိုသူများသည် (သူတို့အတွက်) အလ္လာဟ်အရှင်မြတ်ထံတွင် အဆင့်အတန်းအမျိုးမျိုးရှိကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့ ပြုလုပ်သည်များကို အကြွင်းမဲ့သိမြင်တော်မူသောအရှင် ဖြစ်တော်မူသည်။

لَقَدْ مَنَّ اللّٰهُ عَلَى الْمُؤْمِنِيْنَ اِذْ بَعَثَ فِيْهِمْ رَسُوْلًا مِّنْ اَنْفُسِهِمْ يَتْلُوْا عَلَيْهِمْ اٰيٰتِهٖ وَيُزَكِّيْهِمْ وَ
يُعَلِّمُهُمُ الْكِتٰبَ وَالْحِكْمَةَ ۚ وَاِنْ كَانُوْا مِنْ قَبْلُ لَفِيْ ضَلٰلٍ مُّبِيْنٍ ﴿١٦٤﴾

(၁၆၄) အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်သူများအပေါ်တွင် ၎င်းတို့ထဲမှ တမန်တော်တစ်ပါးကို စေလွှတ်တော်မူခြင်းအားဖြင့် အမှန်စင်စစ် ကျေးဇူးပြုတော်မူခဲ့သည်။ ၎င်း(တမန်တော်)သည် သူတို့ရှေ့တွင် အရှင်မြတ်၏ အာယသ်တော်များကို ဖတ်ကြားသည်။ ၎င်းပြင် သူတို့အား သန့်စင်ရန် လုပ်ပေးသည်။ ၎င်းပြင် သူတို့အား ကျမ်းဂန်နှင့် ပညာဉာဏ်အမြော်အမြင်ကိုလည်း သင်ကြားပို့ချသည်။ ထို့ပြင် အမှန်စင်စစ် သူတို့သည် ယခင်က ထင်ရှားသော လမ်းများမှုထဲတွင်ရှိနေခဲ့ကြသည်။

اَوَلَمَّاۤ اَصَابَتْكُمْ مُّصِيْبَةٌ قَدْ اَصَبْتُمْ مِّثْلَيْهَا ۙ قُلْتُمْ اَنّٰى هٰذَا ؕ قُلْ هُوَ مِنْ عِنْدِ اَنْفُسِكُمْ ؕ
اِنَّ اللّٰهَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿١٦٥﴾

(၁၆၅) ထို့ပြင် (အုဟုဒ်စစ်မြေပြင်တွင်) အသင်တို့၌ ဒုက္ခဆိုက်ရောက်ခဲ့သည့်အခါတွင်၊ ၎င်း(ဒုက္ခ)ထက် နှစ်ဆ(ရှိသောဒုက္ခ)အား အသင်တို့သည် (ရန်သူများအပေါ်တွင်) အမှန်ပင် ဆိုက်ရောက်စေခဲ့ကြပြီးမဟုတ်လော။ ❻ (သို့ပါလျက် ထိုအခါတွင်)အသင်တို့က (ဤသို့ညည်းညူ)ပြောဆိုခဲ့ကြသေးသည် "ဤ(ဒုက္ခ)သည် အဘယ်မှ ဆိုက်ရောက်လာသနည်း။ (အို-တမန်တော်) အသင်

ပြောလိုက်ပါ၊ ၎င်း(ဒုက္ခ)သည် အသင်တို့ထံမှပင် (တမန်တော်၏အမိန့်ကိုမနာခံဘဲ ကာကွယ်ရန် နေရာချထားသောစခန်းကို အသင်တို့စွန့်ခွာခဲ့သည့်အတွက်ကြောင့်) ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန် တတ်စွမ်းနိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

❻ အုဟုဒ်စစ်ပွဲမှာ မွတ်စ်လင်မ်တွေဒုက္ခရောက်တာထက် ဗဒရ်စစ်ပွဲမှာ ကာဖိရ်တွေဟာ နှစ်ဆ ဒုက္ခရောက်ခဲ့တာဖြစ်တယ်။ ဆိုလိုတာက အုဟုဒ်စစ်ပွဲမှာ မွတ်စ်လင်မ်တွေဘက်က စစ်သည်၇၀ ကျဆုံးခဲ့တယ်။ဗဒရ်စစ်ပွဲမှာ ကာဖိရ်တွေဘက်က စစ်သည် ၇၀ ကျဆုံးတဲ့အပြင် စစ်သည်(၇၀) အဖမ်းခံရတယ်။ (အလင်းပြကျမ်း)

وَمَآ اَصَابَكُمۡ يَوۡمَ الۡتَقَى الۡجَمۡعٰنِ فَبِاِذۡنِ اللّٰهِ وَلِيَعۡلَمَ الۡمُؤۡمِنِيۡنَ ﴿١٦٦﴾

(၁၆၆) ထို့ပြင် အုပ်စုနှစ်စု ရင်ဆိုင်ကြသောနေ့ (အုဟုဒ်စစ်မြေပြင်)၌ အသင်တို့အပေါ် ဆိုက်ရောက်ခဲ့သည့်အရာ(ဆင်းရဲဒုက္ခ)သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့်ပင်ဖြစ်ပြီး အရှင်မြတ်သည် မုအ်မင်န်ယုံကြည်သူများအား (စမ်းသပ်)သိရှိထုတ်ဖော်တော်မူရန်ဖြစ်သည်။

وَلِيَعۡلَمَ الَّذِيۡنَ نَافَقُوۡا ۖۚ وَقِيۡلَ لَهُمۡ تَعَالَوۡا قَاتِلُوۡا فِىۡ سَبِيۡلِ اللّٰهِ اَوِ ادۡفَعُوۡا ؕ قَالُوۡا لَوۡ نَعۡلَمُ قِتَالًا لَّاتَّبَعۡنٰكُمۡ ؕ هُمۡ لِلۡكُفۡرِ يَوۡمَئِذٍ اَقۡرَبُ مِنۡهُمۡ لِلۡاِيۡمَانِ ۚ يَقُوۡلُوۡنَ بِاَفۡوَاهِهِمۡ مَّا لَيۡسَ فِىۡ قُلُوۡبِهِمۡ ؕ وَاللّٰهُ اَعۡلَمُ بِمَا يَكۡتُمُوۡنَ ﴿١٦٧﴾

(၁၆၇) ၎င်းပြင် အရှင်မြတ်သည် မွတ်စ်လင်မ်အယောင်ဆောင်သောသူများအား သိရှိ(ထုတ်ဖော်)တော်မူရန်လည်း ဖြစ်သည်။ ထို့ပြင် "အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင်လာရောက် တိုက်ခိုက်ကြပါ၊ သို့မဟုတ် ခုခံကြပါ" ဟူ၍ ထိုသူများသည် ပြောဆိုခြင်းခံရသောအခါတွင် သူတို့က "အကယ်၍သာ (စနစ်ကျသော)စစ်ပွဲဖြစ်မည်ဟု ကျွန်ုပ်တို့ သိရှိ(ယူဆ)ခဲ့မည်ဆိုလျှင် အသင်တို့နှင့်အတူ ကျွန်ုပ်တို့ အမှန်ပင် လိုက်ခဲ့ကြမည်"ဟု ပြောဆိုကြသည်။ သူတို့သည် ထို(သို့ပြောဆိုသော)နေ့တွင် အီမာန်ယုံကြည်မှုဘက်ထက် ကုဖ်ရ်ငြင်းပယ်မှုဘက်ကို ပိုနီးကပ်သောသူများ ဖြစ်ကြသည်။❶ သူတို့သည် သူတို့၏စိတ်များထဲ၌မရှိသည်များကို သူတို့၏နှုတ်များဖြင့် ပြောဆိုကြသည်။ (အကယ်၍ ထိုသို့သော စစ်ပွဲမျိုးဖြစ်မည်ဟု ၎င်းတို့ သိရှိကြလျှင်လည်း စစ်တိုက်ရန် အသင်တို့နှင့် လိုက်ကြမည်မဟုတ်ပေ။) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့ ထိမ်ချန်သောအရာများကို အသိဆုံးအရှင်ဖြစ်တော်မူသည်။

❶ မုနာဖိက်တွေဟာ အီမာန်မရှိဘဲ အယောင်ဆောင်ထားတဲ့အတွက် အဲဒီလို နှုတ်ကပါ ပြောဆို

လိုက်တဲ့အခါ သူတို့ရဲ့ကုဖ်ရ်ဟာ ပိုထင်ရှားသွားခဲ့တော့တယ်။ (အလင်းပြကျမ်း)

اَلَّذِيْنَ قَالُوْا لِاِخْوَانِهِمْ وَقَعَدُوْا لَوْ اَطَاعُوْنَا مَا قُتِلُوْا ؕ قُلْ فَادْرَءُوْا عَنْ اَنْفُسِكُمُ الْمَوْتَ اِنْ كُنْتُمْ صٰدِقِيْنَ ﴿١٦٨﴾

(၁၆၈) သူတို့သည် (သူတို့အိမ်များ၌)ထိုင်နေခဲ့ပြီး (အုဟုဒ်စစ်ပွဲတွင် ကျဆုံးခဲ့သော)သူတို့၏ ညီနောင်များနှင့် ပတ်သက်၍ ဝေဖန်ပြောဆိုကြသည်၊ "အကယ်၍သာ သူတို့သည် ကျွန်ုပ်တို့(၏စကား)ကို နားထောင်ခဲ့လျှင် သတ်ဖြတ်ခြင်းခံကြရမည်မဟုတ်ပေ"။ (အို-တမန်တော်) အသင် ပြောလိုက်ပါ၊ "သို့ဖြစ်ပါက အသင်တို့သည် အမှန်ပြောဆိုသောသူများဖြစ်ကြလျှင် အသင်တို့ အပေါ်တွင်ကျရောက်လာမည့် သေခြင်းတရားကို ဖယ်ရှားလိုက်ကြပါ။"

وَلَا تَحْسَبَنَّ الَّذِيْنَ قُتِلُوْا فِيْ سَبِيْلِ اللّٰهِ اَمْوَاتًا ؕ بَلْ اَحْيَآءٌ عِنْدَ رَبِّهِمْ يُرْزَقُوْنَ ﴿١٦٩﴾

(၁၆၉) ထို့ပြင် အသင်(တမန်တော်)သည် အလ္လာဟ်အရှင်မြတ်၏လမ်းတွင် အသတ်ခံရသောသူများအား သူသေများဟု လုံးဝမထင်မှတ်လေနှင့်။Ⓙ ထိုသို့မဟုတ်ပေ၊ အမှန်မှာ သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတွင် (အရှင်မြတ်၏)ကျွေးမွေးတော်မူခြင်းကို ခံကြရလျက် ရှင်နေသောသူများပင် ဖြစ်သည်။

Ⓙ အရှင်မြတ်ရဲ့လမ်းမှာ ကျဆုံးခဲ့တဲ့သူတွေဟာ ဗရ်ဇခ်လောကမှာ အသက်ရှင်လျက်ရှိပြီး အဲဒီလောကနဲ့ ဆီလျော်တဲ့ ချီးမြှင့်မှုတွေနဲ့ ချီးမြှင့်ပေးသနားခံနေရတယ်။ (အလင်းပြကျမ်း) မအာရိဖွလ်ကုရ်အာန်(မုဖ်သီရှဖီးအ်ဆဖ် رحمه الله)က ကုရ်အာန်၊ စွန္နသ်နဲ့ အနီးကပ်ဆုံး ကိုက်ညီမှုရှိတဲ့အဆိုဟာ ဗယာနွလ်ကုရ်အာန်ရဲ့ဖွင့်ဆိုချက်ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီဖွင့်ဆိုချက် ဆိုလိုရင်း အကျဉ်းချုပ်ကို ဖော်ပြလိုက်ပါတယ် - လူတိုင်းရဲ့ဝိညာဉ်ဟာ ဗရ်ဇခ်လောကမှာ အကျိုးအပြစ်တချို့ ခံစားရဖို့ အသက်ရှင်တယ်။ အဲဒီအသက်ရှင်မှုမှာ အဆင့်တွေ ကွာခြားမှုရှိတယ်။ သာမန်လူတွေထက် ရှဟီဒ်တွေ၊ နဗီတမန်တော်တွေရဲ့အသက်ရှင်မှုဟာ ပိုပြီး အားကောင်းတယ်။ ဒါကြောင့် သူတို့ရဲ့ကိုယ်ခန္ဓာကို မြေကြီးက မစားဘူး။ အသက်ရှင်နေတဲ့လူတွေရဲ့ကိုယ်ခန္ဓာလိုပဲ ပကတိကောင်းလျက်ရှိတယ်။ ဗရ်ဇခ်လောကဆိုတာ မျက်စိ၊ နား၊ နှာခေါင်း၊ လက် စတဲ့အာရုံကြီးတွေနဲ့ ခံစားလို့မရနိုင်ဘူး။ ဒါကြောင့် لَا تَشْعُرُوْنَ အသင်တို့ဟာ ၎င်းတို့ရဲ့အသက်ရှင်မှုကို မသိနိုင်ဘူးလို့ အမိန့်ရှိထားတာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန် - တွဲ ၁၊ စာမျက်နှာ ၃၉၇၊ ၃၉၈)။ စွဟီးဟ်ဟဒီးဆ်မှာ အခုလို တမန်တော်မြတ် ﷺ က အမိန့်ရှိတော်မူတယ် - "အသင်တို့ဟာ ငါကိုယ်တော်မြတ်ထံကို ဒရူးဒ်စွလဝါသ်များများပို့ကြပါ။ အသင်တို့ရဲ့ဒရူးဒ်စွလဝါသ်တွေဟာ ငါကိုယ်တော်မြတ်ထံမှာ တင်ပြခြင်းခံရတယ်။" သာဝကရ رضي الله عنهم တွေက မေးမြန်းကြတယ်- ကိုယ်တော်မြတ် ﷺ ဟာ ဆွေးမြေ့သွားတဲ့အခါ ဘယ်လိုလုပ်ပြီး ကျွန်တော်တို့ရဲ့ဒရူးဒ်စွလဝါသ်တွေကို ကိုယ်တော့်ထံ တင်ပြခြင်းခံရမှာပါလဲ။ တမန်တော်မြတ် ﷺ က မိန့်တော်မူတယ် - إِنَّ اللّٰهَ حَرَّمَ عَلَى الْأَرْضِ أَجْسَادَ الْأَنْبِيَاءِ "မုချ အလ္လာဟ်အရှင်မြတ်က တမန်တော်တွေရဲ့ကိုယ်ခန္ဓာတွေကို (မြေကြီးက မစားနိုင်အောင် )မြေကြီးအပေါ်ဟာရာမ်

ပြုထားတော်မူတယ်။" (အဗူဒါဝူးဒ်ကျမ်း - နံပါတ် ၁၀၄၇)

فَرِحِيۡنَ بِمَاۤ اٰتٰهُمُ اللّٰهُ مِنۡ فَضۡلِهٖ ۙ وَيَسۡتَبۡشِرُوۡنَ بِالَّذِيۡنَ لَمۡ يَلۡحَقُوۡا بِهِمۡ مِّنۡ خَلۡفِهِمۡ ۙ اَلَّا خَوۡفٌ عَلَيۡهِمۡ وَلَا هُمۡ يَحۡزَنُوۡنَ ﴿۱۷۰﴾

(၁၇၀) သူတို့သည် အလ္လာဟ်အရှင်မြတ်က အရှင်မြတ်၏ကျေးဇူးတော်ထဲမှ သူတို့အား ပေးသနားတော်မူသောအရာများနှင့် ပျော်ရွှင်လျက်ရှိသူများဖြစ်ကြသည်။ ၎င်းပြင် သူတို့သည် သူတို့နောက်တွင် သူတို့နှင့် မပူးပေါင်းရသေးသော (ကျန်ရစ်)သူများနှင့် ပတ်သက်၍လည်း ပျော်ရွှင်မြူးတူးလျက်ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ထို(ကျန်ရစ်ခဲ့သော)သူများအပေါ်၌လည်း မည်သည့်စိုးရိမ်စရာမျှမရှိသည့်အပြင် သူတို့သည် ပူဆွေးကြရမည်လည်း မဟုတ်ကြပေ။

يَسۡتَبۡشِرُوۡنَ بِنِعۡمَةٍ مِّنَ اللّٰهِ وَفَضۡلٍ ۙ وَّاَنَّ اللّٰهَ لَا يُضِيۡعُ اَجۡرَ الۡمُؤۡمِنِيۡنَ ﴿۱۷۱﴾

(၁၇၁) သူတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ စည်းစိမ်ချမ်းသာနှင့် အကျိုးကျေးဇူးများကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ ၎င်းပြင် စင်စစ် အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န်ယုံကြည်သူများ၏အကျိုးကို အချည်းနှီး ပြုလုပ်ပစ်တော်မူမည် မဟုတ်သောကြောင့်လည်း ဖြစ်သည်။

اَلَّذِيۡنَ اسۡتَجَابُوۡا لِلّٰهِ وَالرَّسُوۡلِ مِنۡۢ بَعۡدِ مَاۤ اَصَابَهُمُ الۡقَرۡحُ ۛؕ لِلَّذِيۡنَ اَحۡسَنُوۡا مِنۡهُمۡ وَاتَّقَوۡا اَجۡرٌ عَظِيۡمٌ ۚ﴿۱۷۲﴾

(၁၇၂) အကြင်သူများသည် (အုဟုဒ်စစ်ပွဲ၌) ဒဏ်ရာများရပြီးနောက် အလ္လာဟ်အရှင်မြတ်နှင့် ရစူလ်တမန်တော်(၏ ဖိတ်ခေါ်ချက်)ကို လက်ခံခဲ့ကြသည်။ သူတို့ထဲမှ ကောင်းသောလုပ်ရပ်များကို ပြုလုပ်ပြီး အပြစ်ရှောင်ကြဉ်ကြသောသူများအတွက် ကြီးမားသော အကျိုးရလဒ်ရှိမည်ဖြစ်သည်။

اَلَّذِيۡنَ قَالَ لَهُمُ النَّاسُ اِنَّ النَّاسَ قَدۡ جَمَعُوۡا لَـكُمۡ فَاخۡشَوۡهُمۡ فَزَادَهُمۡ اِيۡمَانًا ۖ وَّقَالُوۡا حَسۡبُنَا اللّٰهُ وَنِعۡمَ الۡوَكِيۡلُ ﴿۱۷۳﴾

(၁၇၃) ထိုသူများသည် သူတို့အား လူများက (ဤသို့)ပြောဆိုကြသည်၊ "လူ(ရန်သူ)များသည် အမှန်ပင် အသင်တို့(နှင့် တိုက်ခိုက်ရန်)အတွက် (စစ်လက်နက်များ) မုချစုဆောင်းကြပြီးဖြစ်သည်။ ထို့အတွက် အသင်တို့သည် သူတို့အား ကြောက်ကြပါ။" သို့ဖြစ်ရာ ၎င်း(လူများ၏ပြောဆိုမှု)သည် ၎င်း(မွတ်စ်လင်မ်)တို့အား အီမာန်ယုံကြည်မှု ပိုမိုတိုးပွားစေခဲ့သည်။ ထို့ပြင် သူတို့က (ခြိမ်းခြောက်သည်ကို မကြောက်ကြသည့်အပြင် ဤသို့ပြန်လည်)ပြောဆိုကြသည်၊ "အလ္လာဟ်

အရှင်မြတ်သည် ကျွန်ုပ်တို့အတွက် လုံလောက်တော်မူပါသည်၊ ၎င်းပြင် (အရှင်မြတ်သည်) အကောင်းဆုံး အလွန်ယုံပုံလွှဲအပ်ခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူပါသည်။" ❷

❷ အုဟုဒ်စစ်ပွဲပြီးတဲ့နောက် ကာဖိရ်တွေဟာ မက္ကဟ်ကို ပြန်သွားကြတဲ့အခါ လမ်းခုလတ်မှာ မဒီနဟ်သွားမဲ့ ကုန်သည်တွေနဲ့တွေ့ပြီး စကားမှာကြားလိုက်ကြတယ်၊ "အသင်တို့ဟာ တမန်တော်မုဟမ္မဒ် ﷺ နဲ့ ၎င်းရဲ့နောက်လိုက်တွေကို ပြောလိုက်ပါ၊ ကျွန်ုပ်တို့ဟာ သူတို့ကို အပြတ်ချေမှုန်းဖို့ လက်နက်တွေစုဆောင်းနေတယ်။" အဲဒီကုန်သည်တွေက မှာကြားလိုက်ကြတဲ့အတိုင်း မွတ်စ်လင်မ်တွေကို လာပြောတဲ့အခါ မွတ်စ်လင်မ်တွေဟာ အရှင်မြတ်အပေါ်မှာ ယုံကြည်အားကိုးမှု အပြည့်အဝနဲ့ သူတို့ကို ပြန်ပြောလိုက်ကြတယ်၊ "အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အတွက် လုံလောက်တော်မူပါသည်၊ ၎င်းပြင် အရှင်မြတ်သည် အကောင်းဆုံး အလွန် ယုံပုံလွှဲအပ်ခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူပါသည်။" (အလင်းပြကျမ်း)

فَانۡقَلَبُوۡا بِنِعۡمَةٍ مِّنَ اللّٰهِ وَفَضۡلٍ لَّمۡ يَمۡسَسۡهُمۡ سُوۡٓءٌ ۙ وَّاتَّبَعُوۡا رِضۡوَانَ اللّٰهِ ؕ وَاللّٰهُ ذُوۡ فَضۡلٍ عَظِيۡمٍ ﴿١٧٤﴾

(၁၇၄) ထို့နောက် သူတို့သည် (စစ်တိုက်ရန် ထွက်ခဲ့ပြီးနောက်) မည်သည့်အန္တရာယ်မျှ သူတို့အား မထိရောက်ဘဲ အလ္လာဟ်အရှင်မြတ်ထံတော်မှ စည်းစိမ်ချမ်းသာအပြင် (အပိုချီးမြှင့်သော) ကျေးဇူးတော်ဖြင့် (သူတို့၏အိမ်များသို့)ပြန်ခဲ့ကြသည်။ ၎င်းပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုနောက်ကို လိုက်နာခဲ့ကြသည်။ထို့ပြင် အလ္လာဟ်အရှင်မြတ်သည်ကြီးကျယ်သောကျေးဇူးတော်ရှင်ဖြစ်တော်မူသည်။❶

❶ အုဟုဒ်စစ်ပွဲပြီးနောက် ကာဖိရ်တွေဟာ မက္ကဟ်ကိုပြန်သွားခဲ့တယ်။ လမ်းခုလတ်မှာ သူတို့ဟာ မဒီနဟ်ကိုပြန်လှည့်ပြီး မွတ်စ်လင်မ်တွေကို အပြတ်ချေမှုန်းဖို့ ပြန်လာမယ်ဆိုတဲ့ သတင်းကို တမန်တော်မြတ် ﷺ ဟာဝဟီနဲ့သိရတဲ့အခါမှာ စွဟာဗဟ် ﷺ တွေနဲ့ဟမ်ရာအွလ်အစဒ်ဆိုတဲ့နေရာအထိ စစ်ချီတက်သွားခဲ့ကြတယ်။ အဲဒီနေရာရောက်တော့ ကာဖိရ်တွေမရှိတော့ကြောင်းသိရတယ်။ အဲဒီမှာပဲ သုံးရက်စခန်းချနေခဲ့တယ်။ အဲဒီအတောအတွင်းမှာ တချို့ကုန်သည်တွေနဲ့တွေ့ပြီး အရောင်းအဝယ်လုပ်ကြတဲ့အတွက် အမြတ်အစွန်းအမြောက်အမြားရရှိလိုက်ကြတယ်။ အဲဒီ အမြတ်အစွန်းတွေနဲ့တကွ မွတ်စ်လင်မ်တွေဟာ မဒီနဟ်ကို ပြန်လာခဲ့ကြတယ်။ (အလင်းပြကျမ်း)

اِنَّمَا ذٰلِكُمُ الشَّيۡطٰنُ يُخَوِّفُ اَوۡلِيَآءَهٗ ۖ فَلَا تَخَافُوۡهُمۡ وَخَافُوۡنِ اِنۡ كُنۡتُمۡ مُّؤۡمِنِيۡنَ ﴿١٧٥﴾

(၁၇၅) ထို(သို့အသင်တို့ကို ပြောဆိုသော)သူသည် ရှိုင်သွာန်ပင်ဖြစ်သည်။ ၎င်း(ရှိုင်သွာန်)သည် သူ၏မိတ်ဆွေများအား ခြောက်လှန့်သည်။ သို့ဖြစ်ရာ အသင်တို့သည် မုအ်မင်န်ယုံကြည်သူများဖြစ်ကြလျှင် သူတို့အား မကြောက်ကြဘဲ၊ ငါအရှင်မြတ်ကိုသာ ကြောက်ကြပါ။

وَلَا يَحْزُنْكَ الَّذِيْنَ يُسَارِعُوْنَ فِى الْكُفْرِ ۚ اِنَّهُمْ لَنْ يَّضُرُّوا اللّٰهَ شَيْـًٔا ۗ يُرِيْدُ اللّٰهُ اَلَّا يَجْعَلَ لَهُمْ حَظًّا فِى الْاٰخِرَةِ ۚ وَلَهُمْ عَذَابٌ عَظِيْمٌ ﴿١٧٦﴾

(၁၇၆) ထို့ပြင် ကုဖ်ရ်(ငြင်းပယ်မှု)ထဲသို့ အမြန်ပြေးသူများသည် အသင်(တမန်တော်)အား စိတ်ဒုက္ခ မပေးစေရပေ။ အမှန်စင်စစ် သူတို့သည် အလ္လာဟ်အရှင်မြတ်အား တစ်စုံတစ်ရာနစ်နာအောင် လုံးဝလုပ်နိုင်မည်မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်သည် သူတို့အတွက် တမလွန်ဘဝတွင်မည်သည့်(ကောင်းသော)ဝေစုတစ်ခုမျှပြုလုပ်မပေးရန် ရည်ရွယ်တော်မူသည်။ ထို့ပြင် သူတို့အတွက် အလွန်ကြီးလေးသောအပြစ်ဒဏ်လည်း ရှိသည်။

اِنَّ الَّذِيْنَ اشْتَرَوُا الْكُفْرَ بِالْاِيْمَانِ لَنْ يَّضُرُّوا اللّٰهَ شَيْـًٔا ۚ وَلَهُمْ عَذَابٌ اَلِيْمٌ ﴿١٧٧﴾

(၁၇၇) အမှန်စင်စစ် ကုဖ်ရ်ငြင်းပယ်မှုကို အီမာန်ယုံကြည်မှုဖြင့် လဲလှယ်ဝယ်ယူလိုက်သောသူများသည် အလ္လာဟ်အရှင်မြတ်အား တစ်စုံတစ်ရာနစ်နာအောင် အလျှင်းမပြုလုပ်နိုင်ကြပေ။ ထို့ပြင် သူတို့အတွက် အလွန်နာကျင်စေသောအပြစ်ဒဏ်ရှိသည်။

وَلَا يَحْسَبَنَّ الَّذِيْنَ كَفَرُوْٓا اَنَّمَا نُمْلِىْ لَهُمْ خَيْرٌ لِّاَنْفُسِهِمْ ۗ اِنَّمَا نُمْلِىْ لَهُمْ لِيَزْدَادُوْٓا اِثْمًا ۚ وَلَهُمْ عَذَابٌ مُّهِيْنٌ ﴿١٧٨﴾

(၁၇၈) ထို့ပြင် ကာဖိရ်ငြင်းပယ်သူများသည် သူတို့အား ငါအရှင်မြတ်က (အပြစ်ဒဏ်)ဆိုင်းငံ့ထားတော်မူသည်ကို သူတို့အတွက် ကောင်းမြတ်လှသည်ဟု လုံးဝ မထင်လိုက်ကြနှင့်။ ငါအရှင်မြတ်သည် သူတို့အား ဆိုင်းငံ့ထားတော်မူခြင်းမှာ သူတို့(၏သွေဖည်မှုများပြားခြင်းကြောင့်)အပြစ်များ ပိုတိုးပွားရန်အတွက်ဖြစ်သည်။ ထို့နောက် သူတို့အတွက် သိက္ခာကျစေသောအပြစ်ဒဏ်ရှိသည်။

مَا كَانَ اللّٰهُ لِيَذَرَ الْمُؤْمِنِيْنَ عَلٰى مَآ اَنْتُمْ عَلَيْهِ حَتّٰى يَمِيْزَ الْخَبِيْثَ مِنَ الطَّيِّبِ ۗ وَمَا كَانَ اللّٰهُ لِيُطْلِعَكُمْ عَلَى الْغَيْبِ وَلٰكِنَّ اللّٰهَ يَجْتَبِىْ مِنْ رُّسُلِهٖ مَنْ يَّشَآءُ ۖ فَاٰمِنُوْا بِاللّٰهِ وَرُسُلِهٖ ۚ وَاِنْ تُؤْمِنُوْا وَتَتَّقُوْا فَلَكُمْ اَجْرٌ عَظِيْمٌ ﴿١٧٩﴾

(၁၇၉) အလ္လာဟ်အရှင်မြတ်သည် မသန့်စင်သောသူကို သန့်စင်သောသူမှ မခွဲခြားမချင်း မုအ်မင်န်ယုံကြည်သူများအား အသင်တို့ လက်ရှိအခြေအနေမျိုးတွင် လွှတ်ထားတော်မူမည်မဟုတ်ပေ။❶ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကို အကွယ်(မှအရာများ)နှင့်စပ်လျဉ်း၍လည်း အသိပေးတော်မူမည်မဟုတ်ပေ။❷ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ တမန်တော်

များထဲမှ အရှင်မြတ်အလိုရှိတော်မူသော တမန်တော်ကို ရွေးချယ်(၍ လိုအပ်သည်ကို ထုတ်ဖော်ပြသ)တော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည်အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်တမန်တော်များကို ယုံကြည်ကြပါ။ ထို့ပြင် အသင်တို့သည် ယုံကြည်ကြပြီး ကြောက်ရွံ့အပြစ်ရှောင်ကောင်းကျိုးဆောင်ကြမည်ဆိုလျှင် အသင်တို့အတွက် ကြီးမားသော အကျိုးရလဒ်ရှိသည်။

(၂) မွတ်စ်လင်မ်အစစ်နဲ့ မွတ်စ်လင်မ်အယောင်ဆောင်တို့ ရောနှောနေတာကို အရှင်မြတ် အလိုရှိတော်မမူဘူး။ အဲဒါကြောင့် အရှင်မြတ်ဟာ တမန်တော် ﷺ အပေါ်မှာ ဝဟီချပေးပြီး အသိပေးတာပဲဖြစ်ဖြစ်၊ ဒုက္ခတွေချပေးပြီး သဲကွဲအောင်လုပ်တာပဲဖြစ်ဖြစ် အမှန်နဲ့အမှားကို ခွဲခြားပေးတော်မူလေ့ရှိတယ်။(အလင်းပြကျမ်း) (၃) အကွယ်ကအရာအားလုံးကို အရှင်မြတ်တစ်ပါးတည်းပဲ သိတော်မူတယ်။ အချို့အကွယ်ကအရာတွေကို သိဖို့လိုအပ်သလောက်ကို အရှင်မြတ်အလိုရှိတဲ့ နဗီတမန်တော်တွေကို အသိပေးတော်မူလေ့ရှိတယ်။ အဲဒီတမန်တော်ဟာ အကွယ်ကအရာအားလုံးကို သိသွားတာမဟုတ်ဘူး။ အရှင်မြတ် အသိပေးသလောက်ပဲသိသွားတာဖြစ်တယ်။ နဗီတမန်တော်အနေနဲ့ ၎င်းသိချင်တဲ့ အကွယ်ကအရာတိုင်းကို သိနိုင်စွမ်းမရှိဘူး။ အရှင်မြတ်ပဲ အရာတိုင်းကို သိနိုင်စွမ်းရှိတယ်။ (အလင်းပြကျမ်း)

وَلَا يَحْسَبَنَّ الَّذِيْنَ يَبْخَلُوْنَ بِمَآ اٰتٰهُمُ اللّٰهُ مِنْ فَضْلِهٖ هُوَ خَيْرًا لَّهُمْ ؕ بَلْ هُوَ شَرٌّ لَّهُمْ ؕ سَيُطَوَّقُوْنَ
مَا بَخِلُوْا بِهٖ يَوْمَ الْقِيٰمَةِ ؕ وَلِلّٰهِ مِيْرَاثُ السَّمٰوٰتِ وَالْاَرْضِ ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ﴿١٨٠﴾

(၁၈၀) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ကျေးဇူးတော်ဖြင့် ပေးသနားထားသောအရာ(ပစ္စည်းဥစ္စာ)များနှင့် ပတ်သက်၍ စေးနဲတွန့်တိုသောသူများသည် ၎င်း(ကဲ့သို့စေးနဲတွန့်တိုခြင်း)သည် သူတို့အတွက်ကောင်းသည်ဟု လုံးဝမထင်မှတ်ကြနှင့်၊ အမှန်မှာ ၎င်းသည် သူတို့အတွက် ဆိုးရွားလှသည်။ သူတို့သည် ရှင်ပြန်ထမည့်နေ့တွင် သူတို့စေးနဲတွန့်တို(၍ စုဆောင်း)ခဲ့သောပစ္စည်းများနှင့် လည်ပင်းတွင် မကြာမီ ကွင်းစွပ်ခြင်းခံကြရမည် ဖြစ်သည်။(၄) ထို့ပြင် ကောင်းကင်များနှင့် ကမ္ဘာမြေတွင်ရှိသမျှအမွေများသည် အလ္လာဟ်အရှင်မြတ်အတွက်ပင်ဖြစ်သည်။(၅) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်ဖြစ်တော်မူသည်။

(၄) ဇကာသ် (ဆင်းရဲသားနဲ့ လိုအပ်သူတွေရဲ့ဝေစု)မပေးသူတွေကို ဆိုလိုတယ်။ အဲဒီပစ္စည်းတွေဟာ ကိယာမသ်နေ့မှာ အဆိပ်ပြင်းတဲ့ မြွေကြီးဖြစ်သွားကာ လည်ပင်း(ပါးစောင်)မှာရစ်ပတ်ပြီး ပေါက်မဲ့အကြောင်း ဗုခါရီ ဟာဒီးဆ်နံပါတ် - ၁၄၀၃မှာ အခုလိုဖော်ပြထားတယ်၊ (အလင်းပြကျမ်း)

قَالَ رَسُولُ اللّٰهِ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ: مَنْ اٰتَاهُ اللّٰهُ مَالًا فَلَمْ يُؤَدِّ زَكَاتَهُ مُثِّلَ لَهُ يَوْمَ الْقِيَامَةِ شُجَاعًا أَقْرَعَ لَهُ زَبِيبَتَانِ يُطَوِّقُهُ يَوْمَ الْقِيَامَةِ ثُمَّ يَأْخُذُ بِلِهْزِمَتَيْهِ، يَعْنِي بِشِدْقَيْهِ ثُمَّ يَقُولُ أَنَا مَالُكَ أَنَا كَنْزُكَ. ثُمَّ تَلَا ((لَا يَحْسَبَنَّ الَّذِيْنَ يَبْخَلُوْنَ _ الآيَة))

(၅) ရွှေငွေဥစ္စာပစ္စည်းမှန်သမျှဟာ လူသားကို ခဏ အပ်နှံထားခြင်းသာဖြစ်တယ်။ အပိုင်ပေးထား

တာမဟုတ်။ အရှင်မြတ်ပဲ အားလုံးကို ပိုင်တယ်။ (အလင်းပြကျမ်း)

لَقَدْ سَمِعَ اللّٰهُ قَوْلَ الَّذِیْنَ قَالُوْۤا اِنَّ اللّٰهَ فَقِیْرٌ وَّ نَحْنُ اَغْنِیَآءُ ۘ سَنَكْتُبُ مَا قَالُوْا وَ قَتْلَهُمُ
الْاَنْۢبِیَآءَ بِغَیْرِ حَقٍّ ۙ وَّ نَقُوْلُ ذُوْقُوْا عَذَابَ الْحَرِیْقِ ﴿۱۸۱﴾

(၁၈၁) အလ္လာဟ်အရှင်မြတ်သည် အကြင်သူများ၏ ပြောစကားကို အမှန်ပင် ကြားတော်မူခဲ့သည်။ (အလ္လာဟ်အရှင်မြတ်က မည်သူသည် မိမိအား ကောင်းမြတ်သော ကြွေးချေးမည်နည်းဟု မိန့်တော်မူသည့်အခါ) ၎င်း(ယဟူဒီ) တို့က ပြောကြသည်၊ "အလ္လာဟ်အရှင်မြတ်သည် အမှန်ပင် ဆင်းရဲတော်မူသော အရှင်ဖြစ်တော်မူ၍ ကျွန်ုပ်တို့သည် ချမ်းသာသောသူများဖြစ်ကြသည်။" ငါအရှင် မြတ်သည် သူတို့ပြောဆိုသောအရာအပြင် တမန်တော်များအား သူတို့၏မတရား သတ်ဖြတ်မှုကိုလည်း မကြာမီရေးမှတ်တော်မူမည်။ ထို့နောက် ငါအရှင်မြတ် သည် မိန့်ကြားတော်မူမည်၊ "အသင်တို့သည် ဟုန်းဟုန်းတောက်သော ငရဲမီး၏ အပြစ်ဒဏ်ကို မြည်းစမ်းလိုက်ကြပေတော့"။

ذٰلِكَ بِمَا قَدَّمَتْ اَیْدِیْكُمْ وَ اَنَّ اللّٰهَ لَیْسَ بِظَلَّامٍ لِّلْعَبِیْدِ ﴿۱۸۲﴾ۚ

(၁၈၂) ၎င်း(ပြစ်ဒဏ်)သည် အသင်တို့၏လက်များက ကြိုတင်ပို့ထား သောအရာ(မကောင်းမှု)များကြောင့် ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (အရှင်မြတ်ဖန်ဆင်းထားသော)ကျွန်များအပေါ် မတရားနှိပ် စက်တော်မူသောအရှင်မဟုတ်ပေ။

اَلَّذِیْنَ قَالُوْۤا اِنَّ اللّٰهَ عَهِدَ اِلَیْنَاۤ اَلَّا نُؤْمِنَ لِرَسُوْلٍ حَتّٰى یَاْتِیَنَا بِقُرْبَانٍ تَاْكُلُهُ النَّارُ ؕ قُلْ قَدْ
جَآءَكُمْ رُسُلٌ مِّنْ قَبْلِیْ بِالْبَیِّنٰتِ وَ بِالَّذِیْ قُلْتُمْ فَلِمَ قَتَلْتُمُوْهُمْ اِنْ كُنْتُمْ صٰدِقِیْنَ ﴿۱۸۳﴾

(၁၈၃) အကြင်သူ(ယဟူဒီ)များသည် (ဤသို့)ပြောကြသည်၊ "မီး(က ဖမ်းယူ)စားလိုက်သော လှူဖွယ်ပစ္စည်းတစ်စုံတစ်ခုကို❶ ကျွန်ုပ်တို့ထံ မယူလာ မချင်း မည်သည့်တမန်တော်ကိုမျှ ကျွန်ုပ်တို့မယုံကြည်ကြရန် အမှန်ပင် အလ္လာဟ် အရှင်မြတ်သည် ကျွန်ုပ်တို့အား အမိန့်ပေးထားတော်မူခဲ့သည်။"(အို-တမန်တော်) အသင် ပြောလိုက်ပါ၊ "အသင်တို့သည် အမှန်ပြောသူများ ဖြစ်ကြလျှင် ကျွန်ုပ်၏ မတိုင်မီ တမန်တော်အမြောက်အမြားသည် ထင်ရှားသောတန်ခိုးတော်များနှင့် အသင်တို့ပြောသောအချက်ပါ အသင်တို့ထံယူဆောင်လာခဲ့ကြသည်။ သို့ပါလျက် နှင့် အဘယ်ကြောင့် အသင်တို့သည် ၎င်း(တမန်တော်များ)ကိုသတ်ဖြတ်ခဲ့ကြ သနည်း။"

❶ မီးစားတဲ့ လှူဖွယ်ပစ္စည်းဆိုတာ ရှေးခေတ်က လှူဖွယ်ပစ္စည်းတစ်ခုခုကို အရှင်မြတ်အတွက် ရည်ရွယ်ပြီး ချထားလိုက်ရင် အဲဒီလှူဖွယ်ကို အရှင်မြတ်က လက်ခံတယ်ဆိုရင် ကောင်းကင်က မီးတန်းကြီးတစ်ခု ဆင်းသက်လာပြီး အဲဒီလှူဖွယ်ပစ္စည်းကို လောင်ကျွမ်းစေလိုက်တယ်။ အစ္စရာအီလ်မျိုးနွယ်တွေထဲမှာ တချို့တမန်တော်တွေဟာ အရှင်မြတ်ထံတော်မှာ ဆုတောင်းလိုက်ရင် အဲဒီမီးတန်းကျလာပြီး မွတ်စ်လင်မ်တွေရဲ့လှူဖွယ်ပစ္စည်းတွေကို လောင်ကျွမ်းစေလိုက်တယ်။ အဲဒီကနေ သူတို့လှူဖွယ်တွေ အရှင်မြတ်လက်ခံကြောင်းနဲ့ တမန်တော်မှန်ကန်ကြောင်း အထောက်အထား ရရှိကြတယ်။ ပြီးတော့ အဲဒီတမန်တော်တွေကို ယဟူဒီတွေဟာ သတ်ဖြတ်ခဲ့ကြတယ်။ အဲဒီလို တမန်တော်မျိုးကိုမှ လက်ခံဖို့ အရှင်မြတ်နဲ့ ကတိပြုထားတယ်လို့ ပြောပြီးတဲ့နောက် အဲဒီတမန်တော်တွေကို ဘာဖြစ်လို့ အသင်တို့ သတ်ဖြတ်ခဲ့ကြတာလဲလို့ အရှင်မြတ်က ပြန်လည်ချေပ ပြောဆိုခိုင်းထားတာဖြစ်တယ်။ (အာစားန်သင်္ဂရူမဟ်)

فَاِنۡ كَذَّبُوۡكَ فَقَدۡ كُذِّبَ رُسُلٌ مِّنۡ قَبۡلِكَ جَآءُوۡ بِالۡبَيِّنٰتِ وَالزُّبُرِ وَالۡكِتٰبِ الۡمُنِيۡرِ ﴿١٨٤﴾

(၁၈၄) ၎င်းပြင် အကယ်၍ သူတို့က အသင်(တမန်တော်)အား လိမ်လည်ပြောဆိုသူဟု စွပ်စွဲကြလျှင် အသင်၏မတိုင်မီ တမန်တော်များသည်လည်း လိမ်လည်ပြောဆိုသူများဟု စွပ်စွဲပြောဆိုခြင်းခံခဲ့ကြရသည်။ ၎င်း(တမန်တော်)တို့သည် ထင်ရှားသော သက်သေသာဓကများ၊ ကျမ်းငယ်များနှင့် (အမှန်တရားကို)လင်းဝင်း(ထင်ရှား)စေသော ကျမ်းဂန်ကိုပင် ယူဆောင်လာခဲ့ကြသည်။

كُلُّ نَفۡسٍ ذَآٮِٕقَةُ الۡمَوۡتِ‌ؕ وَاِنَّمَا تُوَفَّوۡنَ اُجُوۡرَكُمۡ يَوۡمَ الۡقِيٰمَةِ‌ؕ فَمَنۡ زُحۡزِحَ عَنِ النَّارِ وَاُدۡخِلَ الۡجَـنَّةَ فَقَدۡ فَازَ‌ؕ وَمَا الۡحَيٰوةُ الدُّنۡيَاۤ اِلَّا مَتَاعُ الۡغُرُوۡرِ ﴿١٨٥﴾

(၁၈၅) သက်ရှိသတ္တဝါတိုင်းသည် သေခြင်း၏အရသာကို မြည်းစမ်းကြရမည်။ ၎င်းပြင် အသင်တို့သည် ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် အသင်တို့၏အကျိုးရလဒ်များကို ပြည့်ဝစွာ ပေးဆပ်ခြင်းခံကြရမည်။ သို့ဖြစ်ရာ အကြင်သူသည် ငရဲမီးဘေးမှ ဖယ်ရှားခံရပြီး ဂျန္နသ်သုခဘုံကို ဝင်ရောက်စေခြင်းခံရလျှင် ထိုသူသည် အမှန်စင်စစ် အောင်မြင်သွားပြီ ဖြစ်သည်။ ထို့ပြင် ဤလောကီသက်တမ်းသည် ထင်ယောင်ထင်မှားဖြစ်စေသော ပစ္စည်းများသာဖြစ်သည်။❷

❷ လောကီဘဝဟာ ထင်ယောင်ထင်မှား ဖြစ်စေတဲ့ပစ္စည်းဆိုတာ အီမာန်ယုံကြည်တဲ့သူကို လောကက လှည့်စားတဲ့အပေါ် လောကဟာ အမြဲကျန်ရှိမဲ့သက်တမ်း၊ စွဲမက်ဖွယ်ရာစည်းစိမ်လို့ ထင်မြင်ယူဆတယ်၊ တကယ်တော့ ပျက်စီးမဲ့သက်တမ်းဖြစ်တယ်။ ပစ္စည်းတွေဟာ အသုံးပြုလို့ရပြီး အကျိုးရှိတယ်၊ ဥပမာ – အိုး၊ ခွက်၊ ပန်းကန်၊ စလောင်းတွေ၊ အဲဒီနောက် ကွယ်ပျောက်သွားတယ်၊ သူ့ရဲ့ပိုင်ဆိုင်မှုထဲမှာ မရှိတော့ဘူး။ အဲဒါကို သဖ်စီရ် ပညာရှင်အများစုက ပြောကြတယ်။ ဟာစန်ဗစ္စရီ رحمه الله က ပြောတယ် – ပေါက်ရောက်တဲ့ အပင်တွေနဲ့တူတယ်၊ ပြီးတော့ မိန်းကလေးတွေရဲ့ကစားစရာ အရုပ်နဲ့တူတယ်၊ သူ့အတွက် ဘာမှမရဘူး။ ကသာဒဟ် رحمه الله က ပြောတယ် – ဒီလောကဟာ

လောကီသားကို ခေါ်သွားလုနီးပါးဖြစ်တဲ့ စွန့်ပစ်ခံရမဲ့ ခဏတာ အကျိုးခံစားရတဲ့အရာဖြစ်တယ်။ အဲဒါကြောင့် လူသားဟာ အဲဒီခဏတာအကျိုးခံစားရတဲ့ အရာကနေ တတ်နိုင်သလောက် အလ္လာဟ် အရှင်မြတ်ရဲ့အမိန့်နာခံမှုကို ရယူသင့်တယ်။ (အိဗ်နုကဆီးရ်)

وَمَا الۡحَيٰوةُ الدُّنۡيَاۤ اِلَّا مَتَاعُ الۡغُرُوۡرِ (٣:١٨٥) أى تغر المؤمن وتخدعه فيظن طول البقاء وهى فانية والمتاع مايتمتع به وينتفع، كالفأس والقدر والقصعة ثم يزول ولا يبقى ملكه، قاله أكثر المفسرين قال الحسن: كخضرة النبات، ولعب البنات لاحاصل له وقال قتادة: هى متاع متروك توشك أن تضمحل بأهلها، فينبغى للإنسان أن يأخذ من هذا المتاع بطاعة الله سبحانه ما استطاع (ابن كثير)

لَتُبۡلَوُنَّ فِىۡۤ اَمۡوَالِكُمۡ وَاَنۡفُسِكُمۡ وَلَتَسۡمَعُنَّ مِنَ الَّذِيۡنَ اُوۡتُوا الۡكِتٰبَ مِنۡ قَبۡلِكُمۡ وَ مِنَ الَّذِيۡنَ اَشۡرَكُوۡۤا اَذًى كَثِيۡرًا ‌ؕ وَاِنۡ تَصۡبِرُوۡا وَتَتَّقُوۡا فَاِنَّ ذٰلِكَ مِنۡ عَزۡمِ الۡاُمُوۡرِ ﴿١٨٦﴾

(၁၈၆) အမှန်စင်စစ် အသင်တို့သည် အသင်တို့၏ ပစ္စည်းဥစ္စာများနှင့် အသင်တို့၏အသက်ဝိညာဉ်များတွင် စမ်းသပ်ခံကြရမည်။ ထို့ပြင် အမှန် စင်စစ် အသင်တို့သည် အသင်တို့မတိုင်မီ ကျမ်းရသူများထံမှလည်းကောင်း၊ တွဲဖက် ကိုးကွယ်သူများထံမှလည်းကောင်း မြောက်မြားစွာသော စိတ်ထိခိုက်စရာများကို ကြားကြရမည်။ ၎င်းပြင် အကယ်၍ အသင်တို့သည် သည်းခံပြီး ကြောက်ရွံ့အပြစ် ရှောင်ကောင်းကျိုးဆောင်ကြမည်ဆိုလျှင် အမှန်စင်စစ် ၎င်းသည် အလွန်ဖွဲ့သတ္တိ ရှိသောကိစ္စများထဲမှဖြစ်သည်။

وَاِذۡ اَخَذَ اللّٰهُ مِيۡثَاقَ الَّذِيۡنَ اُوۡتُوا الۡكِتٰبَ لَتُبَيِّنُنَّهٗ لِلنَّاسِ وَلَا تَكۡتُمُوۡنَهٗ فَنَبَذُوۡهُ وَرَآءَ ظُهُوۡرِهِمۡ وَاشۡتَرَوۡا بِهٖ ثَمَنًا قَلِيۡلًا ‌ؕ فَبِئۡسَ مَا يَشۡتَرُوۡنَ ﴿١٨٧﴾

(၁၈၇) ထို့ပြင် တစ်ခါတွင် အလ္လာဟ်အရှင်မြတ်သည် ကျမ်းဂန်ချီးမြှင့်ခြင်း ခံခဲ့ရသောသူများထံမှ (ဤသို့) ကတိသစ္စာ ရယူတော်မူခဲ့သည်၊ "အမှန်စင်စစ် အသင်တို့သည် ထိုကျမ်းဂန်(ထဲမှ အရာများ)ကို မထိမ်ချန်ဘဲ လူသားများအတွက် ရှင်းလင်းပြောပြကြရမည်။" (သို့ပါလျက်)ထို့နောက်လည်း သူတို့သည် ထိုကျမ်း ဂန်ကို သူတို့၏ ကျောများနောက်၌ပင် ပစ်ထားခဲ့ကြသည်။ ထို့ပြင် ၎င်း(ကျမ်းဂန် ထဲ၌ရှိသည်များ)ကို အဖိုးအခ အနည်းငယ်ဖြင့် ရောင်းစားခဲ့ကြသည်။ (လောကီ အကျိုးရယူ၍ အရှင်မြတ်၏အမိန့်တော်များကို ထိမ်ချန်ထားခြင်းဖြစ်သည်။) သို့ ဖြစ်ရာ သူတို့ လဲလှယ်ဝယ်ယူလိုက်ကြသော အဖိုးအခသည် အဘယ်မျှ ယုတ် ညံ့သိမ်ဖျင်းလိုက်သနည်း။

لَا تَحۡسَبَنَّ الَّذِيۡنَ يَفۡرَحُوۡنَ بِمَاۤ اَتَوْا وَّيُحِبُّوۡنَ اَنۡ يُّحۡمَدُوۡا بِمَا لَمۡ يَفۡعَلُوۡا فَلَا تَحۡسَبَنَّهُمۡ بِمَفَازَةٍ مِّنَ الۡعَذَابِ‌ۚ وَلَهُمۡ عَذَابٌ اَلِيۡمٌ ﴿١٨٨﴾

(၁၈၈) အသင်(တမန်တော်) လုံးဝမထင်မှတ်လေနှင့်၊ အကြင်သူများ

သည် သူတို့ပြုလုပ်ထားသောအရာများနှင့် ပျော်မွေ့နေကြသည်။ ၎င်းပြင် သူတို့သည် သူတို့ မပြုခဲ့ကြသော(ကောင်းသော)ကိစ္စများနှင့်ပတ်သက်၍ ချီးမွမ်းခံလိုကြသည်။ သို့ဖြစ်ရာ အသင်သည် သူတို့ကို (ဤဘဝ၏)အပြစ်ဒဏ်မှလွတ်မြောက်ကြလိမ့်မည်ဟု လုံးဝမထင်နှင့်။ ထို့ပြင် သူတို့အတွက် (တမလွန်ဘဝ၌လည်း) ပြင်းပြနာကျင်စေသော အပြစ်ဒဏ်ရှိသည်။

وَلِلّٰهِ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ۗ وَاللّٰهُ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ﴿١٨٩﴾

(၁၈၉)ထို့ပြင် ကောင်းကင်များနှင့် မြေပထဝီ၏ စိုးမိုးအုပ်ချုပ်မှုသည် အလ္လာဟ်အရှင်မြတ်အတွက်ပင် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။

اِنَّ فِىْ خَلْقِ السَّمٰوٰتِ وَالْاَرْضِ وَاخْتِلَافِ الَّيْلِ وَالنَّهَارِ لَاٰيٰتٍ لِّاُولِى الْاَلْبَابِ ﴿١٩٠﴾

(၁၉၀) အမှန်စင်စစ် ကောင်းကင်များနှင့် မြေပထဝီ၏ ဖန်ဆင်းခြင်းတွင်လည်းကောင်း၊ ညနှင့် နေ့၏အပြောင်းအလဲတွင်လည်းကောင်း၊ ဉာဏ်ရှင်များအတွက် အမှန်ပင် သက်သေလက္ခဏာများရှိသည်။[၁]

[၁] ဉာဏ်ရှင်တွေအတွက် သက်သေလက္ခဏာတွေဆိုတာ အလ္လာဟ်အရှင်မြတ်ဟာ တစ်ပါးတည်းတည်ရှိတော်မူကြောင်းနဲ့ အဲဒီအရှင်မြတ်ရဲ့တန်ခိုးတော်တွေဟာ နေရာတိုင်းမှာ ပျံ့နှံ့လျက်ရှိကြောင်း ဖန်ဆင်းခြင်းခံရတဲ့အရာတွေကို ကြည့်ပြီး သိနိုင်တဲ့ သက်သေအထောက်အထားတွေကို ဆိုလိုတယ်။ (အလင်းပြကျမ်း)ဉပမာ - လူတိုင်းနားလည်လွယ်တဲ့ အထောက်အထားတစ်ခုမှာ ဘောလုံးတစ်လုံးဟာ ကန်တဲ့သူမရှိဘဲနဲ့ ဂိုးတိုင်ထဲ ဝင်ဂိုးသွားလောက်အောင် ရွေ့လျားသွားတာမရှိဘူး။ ဘောလုံးနဲ့ အလားတူတဲ့ ကမ္ဘာကြီးလို ကမ္ဘာဂြိုဟ်တွေအားလုံးဟာ စနစ်တကျ ရွေ့လျားနေကြတယ်။ အလိုလို မရွေ့လျားပါ။ ရွေ့လျားအောင်လုပ်သူရှိလို့သာ ရွေ့လျားတာဖြစ်တယ်။ ရွေ့လျားအောင်လုပ်သူဟာ အလ္လာဟ်အရှင်ဖြစ်တာ ထင်ရှားပါတယ်။ (ဘာသာပြန်သူ)

الَّذِيْنَ يَذْكُرُوْنَ اللّٰهَ قِيٰمًا وَّ قُعُوْدًا وَّ عَلٰى جُنُوْبِهِمْ وَ يَتَفَكَّرُوْنَ فِىْ خَلْقِ السَّمٰوٰتِ وَ الْاَرْضِ ۚ رَبَّنَا مَا خَلَقْتَ هٰذَا بَاطِلًا ۚ سُبْحٰنَكَ فَقِنَا عَذَابَ النَّارِ ﴿١٩١﴾

(၁၉၁) ထိုဉာဏ်ရှင်များသည် အလ္လာဟ်အရှင်မြတ်အား ရပ်လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ လဲလျောင်းလျက်ဖြစ်စေ သတိရတသကြသည်။ ထို့ပြင် သူတို့သည် ကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းခြင်းတွင်စဉ်းစားဆင်ခြင်ကြပြီး[၂] (ဤသို့) ပြောဆိုတောင်းခံကြသည်၊ အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ဤသည်များကို အချည်းနှီး ဖန်ဆင်းတော်မူခဲ့သည်မဟုတ်ပါ။ အရှင်မြတ်သည် ချို့တဲ့မှုဟူသမျှမှ ကင်းစင်တော်မူပါသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်ုပ်တို့အား ငရဲမီး၏အပြစ်ဒဏ်မှ ဖယ်ရှားတော်မူပါ။

[၂] အဖန်ဆင်းခံတွေအပေါ်မှာ စဉ်းစားဆင်ခြင်ကြည့်တာနဲ့ ဖန်ဆင်းရှင်ကို အလွယ်တကူပဲ သိနိုင်တယ်။ အဲဒီအတွက် စဉ်းစားဆင်ခြင်မှုဟာ အလွန်အရေးပါတဲ့ ကိစ္စရပ်ဖြစ်လို့ အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်ထဲမှာ အကြိမ်ကြိမ် စဉ်းစားဆင်ခြင်ခိုင်းထားခြင်း ဖြစ်တယ်။ စဉ်းစားဆင်ခြင်မှုဟာ နှစ်မျိုးရှိပါတယ်။ တစ်ခုက အရှင်မြတ်ရဲ့ စကားတော် ကုရ်အာန်ကျမ်းတော်မြတ်မှာ စဉ်းစားခြင်းနဲ့ နောက်တစ်ခုက အရှင်မြတ်ရဲ့ အဖန်ဆင်းခံတွေထဲမှာ စဉ်းစားခြင်းတို့ဖြစ်တယ်။ အလ္လာဟ်အရှင်မြတ်က ကုရ်အာန် (၄၇း၂၄)မှာ اَفَلَا يَتَدَبَّرُوْنَ الْقُرْاٰنَ اَمْ عَلٰى قُلُوْبٍ اَقْفَالُهَا "သူတို့သည် ကုရ်အာန်ကို မစဉ်းစားကြသလော၊ သို့မဟုတ် စိတ်နှလုံးများအပေါ်တွင် သော့ခလောက်များရှိနေသည်လော။" လို့မိန့်ထားတော်မူတယ်။ အဖန်ဆင်းခံတွေမှာ ကြည့်ရှုစဉ်းစားဖို့ ကုရ်အာန် (၅၁း၂၀၊ ၂၁)မှာ မိန့်ကြားတော်မူထားတယ် - وَفِى الْاَرْضِ اٰيٰتٌ لِّلْمُوْقِنِيْنَ . وَفِيْٓ اَنْفُسِكُمْ ؕ اَفَلَا تُبْصِرُوْنَ "ထို့ပြင် ကမ္ဘာမြေတွင် ယုံကြည်မည့်သူများအတွက် လက္ခဏာအထောက်အထားများရှိသည်၊ ၎င်းပြင် အသင်တို့၏ခန္ဓာကိုယ်များထဲ၌လည်းရှိသည်၊သို့ပါလျက် အသင်တို့သည် မမြင်ကြလေသလော။" (ကုရ်အာန်)

رَبَّنَآ اِنَّكَ مَنْ تُدْخِلِ النَّارَ فَقَدْ اَخْزَيْتَهٗ ؕ وَمَا لِلظّٰلِمِيْنَ مِنْ اَنْصَارٍ ﴿١٩٢﴾

(၁၉၂) အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်စင်စစ် အရှင်မြတ်သည် မည်သူ့ကိုမဆို ငရဲမီးထဲ ထည့်သွင်းတော်မူလိုက်လျှင် အရှင်မြတ်သည် ထိုသူ့အား အမှန်စင်စစ် သေးသိမ်အောင်လုပ်လိုက်သည်ပင် ဖြစ်ပါသည်။ ထို့ပြင် မတရားကျူးလွန်သူများအတွက် မည်သည့်ကူညီမည့်သူမျှ မရှိပေ။

رَبَّنَآ اِنَّنَا سَمِعْنَا مُنَادِيًا يُّنَادِىْ لِلْاِيْمَانِ اَنْ اٰمِنُوْا بِرَبِّكُمْ فَاٰمَنَّا ۖ رَبَّنَا فَاغْفِرْ لَنَا ذُنُوْبَنَا وَكَفِّرْ عَنَّا سَيِّاٰتِنَا وَتَوَفَّنَا مَعَ الْاَبْرَارِ ﴿١٩٣﴾

(၁၉၃) အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် ဟစ်ခေါ်သူတစ်ဦး[၃](၏ဟစ်ခေါ်သံ)ကို ကြားကြပါသည်။ ထိုသူသည် (လူများအား) အီမာန်ယုံကြည်ကြရန် (ဤသို့)ဖိတ်ခေါ်နေပါသည်၊ "အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကို ယုံကြည်ကြပါ။" ထို့ကြောင့် ကျွန်ုပ်တို့သည် (အရှင်မြတ်ကို) ယုံကြည်ခဲ့ကြပြီးဖြစ်ပါသည်။ အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်တော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့၏ မကောင်းမှုများကိုလည်း ကျွန်ုပ်တို့ထံမှ ပပျောက်စေတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား သူမွန်သူမြတ်တို့နှင့်အတူတကွ အသက်နှုတ်သိမ်းတော်မူပါ။

[၃] အီမာန်အတွက်ဟစ်ခေါ်သူဟာတမန်တော်မြတ် ﷺ ကိုဆိုလိုတယ်လို့တချို့ကဖွင့်ဆိုကြတယ်။ တချို့က "ကုရ်အာန်" လို့ ဖွင့်ဆိုတယ်။ ကုရ်အာန်ဟာ နေရာတိုင်း ခေတ်တိုင်းအတွက် ဖိတ်ခေါ်သူအဖြစ် ကျန်ရှိနေတယ်။ ဂျင်န်တွေလည်း ကုရ်အာန်ကိုကြားပြီး အီမာန်ယူခဲ့ကြကြောင်း (၇၂း၁၊၂)

မှာအမိန့်ရှိထားတယ်၊ اِنَّا سَمِعۡنَا قُرۡاٰنًا عَجَبًا يَّهۡدِىۡۤ اِلَى الرُّشۡدِ فَاٰمَنَّا بِهٖ “ ကျွန်ုပ်တို့သည် လမ်းမှန်ကို ညွှန်ကြား ပြသသော အံ့ဖွယ်ကုရ်အာန်ကို ကြားခဲ့ရသည်၊ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် ထိုကုရ်အာန်ကို အီမာန်ယူလိုက်ကြသည်။” (သွဗ်ရီ) ကုရ်အာန်ကိုပထမဦးဆုံးယူဆောင်လာသူဟာ တမန်တော်မြတ် ﷺ ပဲဖြစ်တဲ့အတွက် အဲဒီဖွင့်ဆိုချက်နစ်ခုဟာ ဆန့်ကျင်ဘက်မဖြစ်ဘူး။ (မူသွိဗ်ဟွလ်ဖုရ်ကာန်)

رَبَّنَا وَاٰتِنَا مَا وَعَدۡتَّنَا عَلٰى رُسُلِكَ وَلَا تُخۡزِنَا يَوۡمَ الۡقِيٰمَةِ ؕ اِنَّكَ لَا تُخۡلِفُ الۡمِيۡعَادَ ﴿۱۹۴﴾

(၁၉၄) အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ထို့ပြင် အရှင်မြတ်သည် အရှင်မြတ်၏ တမန်တော်များမှတစ်ဆင့် ကျွန်ုပ်တို့အား ကတိပြုတော်မူခဲ့သောအရာများကိုလည်း ကျွန်ုပ်တို့အား ပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် သေးသိမ် အောင်ပြုတော်မမူပါနှင့်။ အမှန်စင်စစ် အရှင်မြတ်သည် ကတိဖျက်တော်မမူပါ။

فَاسۡتَجَابَ لَهُمۡ رَبُّهُمۡ اَنِّىۡ لَاۤ اُضِيۡعُ عَمَلَ عَامِلٍ مِّنۡكُمۡ مِّنۡ ذَكَرٍ اَوۡ اُنۡثٰى ۚ بَعۡضُكُمۡ مِّنۡۢ بَعۡضٍ ۚ فَالَّذِيۡنَ هَاجَرُوۡا وَاُخۡرِجُوۡا مِنۡ دِيَارِهِمۡ وَاُوۡذُوۡا فِىۡ سَبِيۡلِىۡ وَقٰتَلُوۡا وَقُتِلُوۡا لَاُكَفِّرَنَّ عَنۡهُمۡ سَيِّاٰتِهِمۡ وَلَاُدۡخِلَنَّهُمۡ جَنّٰتٍ تَجۡرِىۡ مِنۡ تَحۡتِهَا الۡاَنۡهٰرُ ۚ ثَوَابًا مِّنۡ عِنۡدِ اللّٰهِ ؕ وَاللّٰهُ عِنۡدَهٗ حُسۡنُ الثَّوَابِ ﴿۱۹۵﴾

(၁၉၅) သို့ဖြစ်ရာ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် သူတို့(၏ ဒုအာတောင်းခံမှု)ကို လက်ခံတော်မူလိုက်သည်။ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့ထဲမှ မည်သူပြုသော (ကောင်းမှု)လုပ်ရပ်ကိုမျှ အချည်းနှီး ပြုလုပ်တော်မမူပေ။ (ထိုကောင်းမှုပြုသူသည်) ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ အသင်တို့၏အချို့သည် အချို့ထဲမှဖြစ်(သည့်အတွက် ကောင်းကျိုးဆိုးကျိုးပေး ရာတွင်လည်း တန်းတူပင်) ဖြစ်သည်။ ◉ ၎င်းပြင် အကြင်သူများသည် (သာသနာ အတွက် သူတို့၏အိုးအိမ်များမှ) ဟိဂျ်ရသ်ပြုလုပ်စွန့်ခွာခဲ့ကြသည်။ ထို့ပြင် သူတို့ သည် သူတို့၏နေအိမ်များမှ နှင်ထုတ်ခြင်းလည်းခံခဲ့ကြရသည်။ ထို့ပြင် သူတို့ သည် ငါအရှင်၏လမ်းတော်တွင် ဒုက္ခပေးခြင်းကိုလည်း ခံခဲ့ကြရသည်။ ထို့ပြင် သူတို့သည် (အရှင်မြတ်၏လမ်းတွင်) စစ်တိုက်ခဲ့ကြပြီး သတ်ဖြတ်ခြင်းလည်း ခံခဲ့ ကြရသည်။ ငါအရှင်မြတ်သည် ထိုသူများ၏ မကောင်းမှုများကို သူတို့ထံမှ အမှန် ပင် ဖယ်ရှားပေးတော်မူမည်။ ၎င်းပြင် ငါအရှင်သည် သူတို့အား အကြင်ဥယျာဉ် များထဲသို့ အမှန်ပင် ဝင်ရောက်စေတော်မူမည်။ ၎င်း(ဥယျာဉ်များ)၏ အောက်မှ စမ်းရေချောင်းများ စီးဆင်းနေသည်။ (ဤသည်) အလ္လာဟ်အရှင်မြတ်ထံတော်မှ

ရရှိမည့် အကျိုးရလဒ်ဖြစ်သည်။ ထို့ပြင် ကောင်းမြတ်သော အကျိုးရလဒ်သည် အလ္လာဟ်အရှင်မြတ်ထံ၌ပင် ရှိသည်။

❶ မိန်းမနင့်ယောကျာ်းဟာ မိဘတစ်စုံထဲက ပေါက်ဖွားလာခဲ့တဲ့အတွက် တစ်ဦးနဲ့တစ်ဦး ဆက်စပ်ပြီး သားစဉ်မြေးဆက် ပေါ်ထွန်းလာခဲ့တာဖြစ်တယ်။ တချို့ဟာ တချို့ထဲက ပေါက်ဖွားလာတာကြောင့် အသင်တို့ရဲ့တချို့ဟာ တချို့ထဲကဖြစ်တယ်လို့ မိန့်ထားတာဖြစ်တယ်။အဲဒါကြောင့် အရှင်မြတ်ကလည်း မိန်းမနဲ့ ယောကျာ်း (အခွင့်အရေး)တန်းတူထားပြီး အကျိုးရလဒ်တွေချီးမြှင့်မဲ့အကြောင်း မိန့်ဆိုထားခြင်းဖြစ်တယ်။(ဒါပေမဲ့ ရှရီအသ်တရားတော်ရဲ့ တချို့ညွှတ်ချက်တာဝန်တွေထမ်းဆောင်ရာမှာ မိန်းမနဲ့ ယောကျာ်း ကွာခြားမှုရှိနေတယ်။) (အလင်းပြကျမ်း)

لَا يَغُرَّنَّكَ تَقَلُّبُ الَّذِيْنَ كَفَرُوْا فِى الْبِلَادِ ﴿١٩٦﴾

(၁၉၆) မြို့ ရွာများတွင် ကာဖိရ်ငြင်းပယ်သူများ၏ (လွတ်လပ်စွာ စိတ်ကြိုက်) သွားလာ(နိုင်)ခြင်းသည် အသင်(တမန်တော်)အား လုံးဝအထင်အမြင်မမှားစေနင့်။❷

❷ လောကမှာ ကာဖိရ်တွေဟာ ချမ်းချမ်းသာသာနဲ့ လွတ်လွတ်လပ်လပ် သွားချင်သလိုသွားနိုင်၊ စားချင်သလိုစားနိုင်၊ နေချင်သလိုနေနိုင်ကြတာကို တွေ့မြင်ကြပြီး မွတ်စ်လင်မ်တချို့က ကျွန်တော်တို့တစ်တွေကတော့ ဒုက္ခဆင်းရဲမှုထဲမှာ ဝေ်ဝေ်ပြတ်ပြတ်ခံနေရတယ်လို့ ပြောဆိုကြတဲ့အပေါ် ဒီအာယသ် ကျရောက်လာခဲ့တယ်။ (ဗိုင်သွာဝီ) ။ (( اَلدُّنْيَا سِجْنُ الْمُؤْمِنِ وَجَنَّةُ الْكَافِرِ )) "လောကဟာ မုအ်မင်န်အတွက် အကျဉ်းထောင်ဖြစ်ပြီး ကာဖိရ်အတွက် ဥယျာဉ်ဖြစ်တယ်"(မွတ်စ်လင်မ်-၇၆၀၆) ဟာဒီးဆ်တော်က မိန့်ထားတာဟာလည်း မွတ်စ်လင်မ်တွေအတွက် လောကဟာ တမလွန်ဘဝရဲ့ ဂျန္နသ်ဥယျာဉ်နဲ့ယှဉ်ရင် အကျဉ်းထောင်လိုပဲ ကျဉ်းကျပ်နေတယ်လို့ပဲ မြင်ရမှာဖြစ်ပြီး ကာဖိရ်တွေအတွက် လောကဟာ တမလွန်ဘဝရဲ့ ဂျဟန္နမ်ငရဲဘုံနဲ့ ယှဉ်ရင် ဥယျာဉ်လိုပဲ စည်းစိမ်ထဲမှာ နေရတယ်လို့ မြင်ရမှာဖြစ်တယ်။

أن بعض المؤمنين كانوا يرون المشركين فى رخاء ولين عيش فيقولون إن أعداء الله فيما نرى من الخير وقد هلكنا من الجوع والجهد فنزلت. (تفسير البيضاوى)

مَتَاعٌ قَلِيْلٌ ثُمَّ مَاْوٰىهُمْ جَهَنَّمُ ؕ وَبِئْسَ الْمِهَادُ ﴿١٩٧﴾

(၁၉၇) (ထိုအရာများသည်) ခေတ္တအနည်းငယ် အကျိုးခံစားမှုသာဖြစ်သည်။ ထို့နောက် သူတို့၏ (ပြန်လှည့်ရာ)ဌာနသည် ဂျဟန္နမ်ငရဲဘုံပင် ဖြစ်မည်။ ၎င်းပြင် (ထိုငရဲဘုံဖြစ်သော) ပြန်လည်ရာဌာနသည် အဘယ်မျှ ဆိုးဝါးလိုက်သနည်း။

لٰكِنِ الَّذِيْنَ اتَّقَوْا رَبَّهُمْ لَهُمْ جَنّٰتٌ تَجْرِىْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا نُزُلًا مِّنْ عِنْدِ اللّٰهِ ؕ وَمَا عِنْدَ اللّٰهِ خَيْرٌ لِّلْاَبْرَارِ ﴿١٩٨﴾

(၁၉၈) သို့ရာတွင် အကြင်သူများသည် သူတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကို ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ကြသည်၊ သူတို့

အတွက် ဥယျာဉ်များရှိမည်။ ၎င်း(ဥယျာဉ်များ၏) အောက်မှ စမ်းရေချောင်းများ စီးတွေနေသည်။ သူတို့သည် ထို(ဥယျာဉ်များ)ထဲတွင်အမြဲနေထိုင်ကြရမည့်သူများဖြစ်ကြသည်။ (ဤသည်) အလ္လာဟ်အရှင်မြတ်ထံတော်မှ ဧည့်ခံတော်မူခြင်းဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ထံ၌ရှိသောအရာသည် သူမွန်သူမြတ်များအတွက် အကောင်းဆုံးပင်ဖြစ်သည်။

وَاِنَّ مِنۡ اَهۡلِ الۡكِتٰبِ لَمَنۡ يُّؤۡمِنُ بِاللّٰهِ وَمَآ اُنۡزِلَ اِلَيۡكُمۡ وَمَآ اُنۡزِلَ اِلَيۡهِمۡ خٰشِعِيۡنَ لِلّٰهِ ۙ لَا
يَشۡتَرُوۡنَ بِاٰيٰتِ اللّٰهِ ثَمَنًا قَلِيۡلًا ؕ اُولٰٓـئِكَ لَهُمۡ اَجۡرُهُمۡ عِنۡدَ رَبِّهِمۡ ؕ اِنَّ اللّٰهَ سَرِيۡعُ الۡحِسَابِ ﴿١٩٩﴾

(၁၉၉) ထို့ပြင် အမှန်စင်စစ် ကျမ်းရသူများထဲတွင်အလ္လာဟ်အရှင်မြတ်အား အမှန်ပင် ယုံကြည်သူများလည်းရှိသည်။ ၎င်းပြင် (သူတို့သည်) အသင်တို့အပေါ်၌ချပေးခြင်းခံရသောအရာ(ကျမ်းဂန်)နှင့်၊ သူတို့အပေါ် ချပေးခြင်းခံရသောအရာ(ကျမ်းဂန်)ကို ယုံကြည်ကြသည်။ သူတို့သည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တွင် ကြောက်ရွံ့ရိုကျိုးလျက်ရှိသူများဖြစ်ကြသည်။ သူတို့သည် အလ္လာဟ်အရှင်မြတ်၏(နောက်ဆုံးတမန်တော် ပွင့်ပေါ်မည့်အကြောင်းပါရှိသော)အာယသ်တော်များကို အဖိုးအခအနည်းငယ်ဖြင့် ရောင်းဝယ်ခြင်း(ထိမ်ချန်ထားခြင်း)မပြုကြပေ။ ထိုသူများအတွက်ပင်၊ သူတို့၏ အကျိုးရလဒ်သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတွင်ရှိသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်လျင်မြန်စွာ စာရင်းစစ်ဆေးတော်မူသောအရှင် ဖြစ်တော်မူသည်။

يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوا اصۡبِرُوۡا وَصَابِرُوۡا وَرَابِطُوۡا ۟ وَاتَّقُوا اللّٰهَ لَعَلَّكُمۡ تُفۡلِحُوۡنَ ﴿٢٠٠﴾

(၂၀၀) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် သည်းခံကြပါ။ ၎င်းပြင် အသင်တို့သည် ခိုင်မြဲစွာရပ်တည်ကြပါ။ ၎င်းပြင် အသင်တို့သည် (ရန်သူမှကာကွယ်ရန်) အသင့်ပြင်ဆင်ထားကြပါ။❷ ထို့ပြင် အသင်တို့ အောင်မြင်မှုရရှိရန်အတွက် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ကြပါ။

❷ رَابِطُوۡا ရဲ့အဓိပ္ပာယ်ဟာ ရန်သူတွေကနေ ကာကွယ်ဖို့ ကင်းစောင့်နေခြင်းနဲ့ ခိုင်ခိုင်မြဲမြဲပြုလုပ်ခြင်းဆိုတဲ့ အဓိပ္ပာယ်ဖြစ်တယ်။ (ရာဂိဗ်)

فالمرابطة ضربان: مرابطة في ثغور المسلمين، وهي كمرابطة النّفس البدن، فإنها كمن أقيم في ثغر وفوّض إليه مراعاته،
فيحتاج أن يراعيه غير مخلّ به، وفلان رَابِطُ الجأش: إذا قوي قلبه، وقوله تعالى: وَرَبَطۡنَا عَلٰى قُلُوۡبِهِمۡ (مفردات القرآن للراغب)

رکوعاتها ٢٤ ٤ سُوْرَةُ النِّسَآءِ مَدَنِيَّةٌ ٩٢ اٰياتها ١٧٦

# စူရဟ် နိစာအ် (အမျိုးသမီးများကဏ္ဍ) سُوْرَةُ النِّسَآءِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်(ကျွန်ုပ်အစပြုပါသည်)။

يٰۤاَيُّهَا النَّاسُ اتَّقُوۡا رَبَّكُمُ الَّذِىۡ خَلَقَكُمۡ مِّنۡ نَّفۡسٍ وَّاحِدَةٍ وَّ خَلَقَ مِنۡهَا زَوۡجَهَا وَ بَثَّ
مِنۡهُمَا رِجَالًا كَثِيۡرًا وَّ نِسَآءً ۚ وَ اتَّقُوا اللّٰهَ الَّذِىۡ تَسَآءَلُوۡنَ بِهٖ وَ الۡاَرۡحَامَ ؕ اِنَّ اللّٰهَ كَانَ
عَلَيۡكُمۡ رَقِيۡبًا ﴿۱﴾

(၁) အို-လူသားအပေါင်းတို့၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ကြောက်ကြပါ။ ထိုအရှင်မြတ်သည် အသင်တို့ကို အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူခဲ့သည်။❶ ထို့ပြင် အရှင်မြတ်သည် ၎င်း(အသက်တစ်ချောင်းတည်း)မှပင် ၎င်း၏ဇနီးကြင်ရာကိုလည်း ဖန်ဆင်းတော်မူခဲ့သည်။❷ ထို့ပြင် အရှင်မြတ်သည် ၎င်းနှစ်ဦးမှ များစွာသော ယောကျ်ားများနှင့် မိန်းမများကို ပြန့်ပွားစေတော်မူခဲ့သည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ကြပါ၊ ထိုအရှင်မြတ်ကိုအကြောင်းပြုပြီး အသင်တို့သည် အသင်တို့အချင်းချင်း(၏ အခွင့်အရေးများကို) တောင်းဆိုကြသည်။ ထို့ပြင် အသင်တို့သည် ဆွေမျိုးသားချင်းများ(၏ အခွင့်အရေးများကို မပေးဘဲနေခြင်း)မှလည်း ရှောင်ကြဉ်ကြပါ။❸ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်တွင် အလွန်စောင့်ကြပ်အုပ်ထိန်းတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ အလ္လာဟ်အရှင်မြတ်ဟာ အသက်တစ်ချောင်းတည်းဖြစ်တဲ့ အာဒမ် عليه السلام ကို အရင်ဆုံး ဖန်ဆင်းတော်မူခဲ့တယ်။ (အလင်းပြကျမ်း) ❷ အဲဒီအာဒမ် عليه السلام ကနေတစ်ဆင့် သူရဲ့ ဇနီးကြင်ရာအဖြစ် ဟောင်ဝါ عليها السلام ကို ဖန်ဆင်းတော်မူခဲ့တယ်။(အလင်းပြကျမ်း) ❸ မိခင်နဲ့ဖခင်တစ်စုံတည်းကနေ ပေါက်ဖွားလာတဲ့လူသားတွေ ဖြစ်တဲ့အတွက် အချင်းချင်း ဆွေမျိုးတော်စပ်လျက်ရှိနေကြတယ်။ အထူးသဖြင့် နီးစပ်တဲ့သားချင်းဆွေမျိုးတွေရဲ့အခွင့်အရေးတွေကို လေးစားဂရုစိုက်ပြီး ပေးကြဖို့နဲ့ ဆွေမျိုးအဆက်မဖြတ်ကြဖို့ အရေးကြီးကြောင်း ညွှန်ကြားထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَ اٰتُوا الۡيَتٰمٰۤى اَمۡوَالَهُمۡ وَلَا تَتَبَدَّلُوا الۡخَبِيۡثَ بِالطَّيِّبِ ۖ وَلَا تَاۡكُلُوۡۤا اَمۡوَالَهُمۡ اِلٰۤى اَمۡوَالِكُمۡ ؕ
اِنَّهٗ كَانَ حُوۡبًا كَبِيۡرًا ﴿۲﴾

(၂) ထို့ပြင် အသင်တို့သည် အဘမဲ့ကလေးများအား သူတို့၏ပစ္စည်းများကို ပေးကြပါ။❻ ထို့ပြင် အသင်တို့သည် (အသင်တို့၏ပစ္စည်း)အညံ့ကို (အဘမဲ့ကလေးများ၏ပစ္စည်း)အကောင်းဖြင့် မလဲလှယ်ကြနှင့်။ ထို့ပြင် အသင်တို့သည် ၎င်းတို့၏ ပစ္စည်းဥစ္စာများကို အသင်တို့၏ ပစ္စည်းဥစ္စာများနှင့် (ရောနှော) မစားသုံးကြနှင့်။ စင်စစ် ၎င်း(ကဲ့သို့ရောနှောစားသုံးခြင်း)သည် ကြီးမားသောအပြစ် ဖြစ်သည်။

❻ အဘမဲ့ကလေးတွေရဲ့ပစ္စည်းတွေကို သူတို့ အချိန်တန်အရွယ်ရောက်လာလို့ အသိစိတ်ဓာတ်ရင့်ကျက်လာရင် မချွင်းမချန်ပြန်ပေးဖို့ မိန့်ကြားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِنۡ خِفۡتُمۡ اَلَّا تُقۡسِطُوۡا فِى الۡيَتٰمٰى فَانْكِحُوۡا مَا طَابَ لَـكُمۡ مِّنَ النِّسَآءِ مَثۡنٰى وَثُلٰثَ وَرُبٰعَ ۚ
فَاِنۡ خِفۡتُمۡ اَلَّا تَعۡدِلُوۡا فَوَاحِدَةً اَوۡ مَا مَلَـكَتۡ اَيۡمَانُكُمۡ ؕ ذٰ لِكَ اَدۡنٰٓى اَلَّا تَعُوۡلُوۡا ؕ‏ ﴿۳﴾

(၃) ထို့ပြင် အကယ်၍ အသင်တို့သည် အဘမဲ့မိန်းကလေးများနှင့်(ထိမ်းမြားရာတွင် ထိုမိန်းကလေးများ၏အခွင့်အရေးများနှင့်)ပတ်သက်၍ တရားမျှတအောင်ပြုလုပ်နိုင်မည်မဟုတ်ဟု စိုးရိမ်ရလျှင်(ထိုမိန်းကလေးများနှင့် မထိမ်းမြားကြနှင့်) အသင်တို့ကြိုက်နှစ်သက်သော (အခြား)အမျိုးသမီးများထဲမှ (ယောကျာ်းတစ်ဦးကို) မိန်းမနှစ်ယောက်ဖြစ်စေ၊ သုံးယောက်ဖြစ်စေ၊ လေးယောက်ဖြစ်စေ (၎င်းတို့)နှင့် ထိမ်းမြားကြပါ။ ထို့နောက် အကယ်၍ အသင်တို့သည် (မိန်းမတစ်ဦးထက်ပို၍ထိမ်းမြားရာ၌)တရားမမျှတနိုင်မည်ကို စိုးရိမ်ရလျှင် (ဇနီးမိန်းမ)တစ်ဦးတည်းနှင့်သာ(နေရမည်)။ သို့မဟုတ် (တရားတော်နှင့်အညီ) အသင်တို့လက်အောက်၌ပိုင်ဆိုင်သော ကျွန်မများနှင့်သာ နေကြရမည်။ ၎င်းသည် အသင်တို့ စည်းကမ်းမကျူးလွန်ကြရန် အနီးစပ်ဆုံး(အသင့်တော်ဆုံး)ဖြစ်သည်။

وَاٰتُوا النِّسَآءَ صَدُقٰتِهِنَّ نِحۡلَةً  ؕ فَاِنۡ طِبۡنَ لَـكُمۡ عَنۡ شَىۡءٍ مِّنۡهُ نَفۡسًا فَكُلُوۡهُ هَنِيۡٓــًٔا مَّرِیۡٓــًٔا‏ ﴿۴﴾

(၄) ထို့ပြင် အသင်တို့သည်(အသင်တို့၏)ဇနီးမိန်းမများအား သူတို့၏(ထိမ်းမြားရန် သဘောတူထားသော)မဟာရ်ပစ္စည်းကို ကြည်ဖြူစွာပေးကြပါ။❼ ၎င်းပြင် အကယ်၍ သူမတို့သည် ၎င်း(မဟာရ်)ထဲမှ အချို့(သို့မဟုတ် အားလုံး)ကို အသင်တို့အတွက် ကြည်ဖြူစွာစွန့်လွှတ်လိုက်လျှင် အသင်တို့သည် ထိုမဟာရ်ကို မြိန်ရှက်စွာ စားသုံးကြပါ။

❼ မိန်းမတွေနဲ့ လက်ထပ်ထိမ်းမြားတဲ့အခါ (ထိမ်းမြားဖို့ သဘောတူထားတဲ့) မဟာရ်ပစ္စည်းကို ကျေကျေနပ်နပ်ပေးရမှာ ဖြစ်တယ်။ တချို့သူတွေဟာ မဟာရ်ကို အကြွေးအဖြစ်သတ်မှတ်ထားခဲ့ကြပြီးနောက် မိန်းမကတောင်းဆိုတဲ့အခါမှာ မကျေမနပ်ဖြစ်ကြတယ်။ ဒါဟာ လုံးဝမဖြစ်သင့်ဘူး။ ကြည်ဖြူစွာပဲပေးလိုက်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا تُؤْتُوا السُّفَهَآءَ اَمْوَالَكُمُ الَّتِىْ جَعَلَ اللّٰهُ لَكُمْ قِيٰمًا وَّ ارْزُقُوْهُمْ فِيْهَا وَ اكْسُوْهُمْ وَ قُوْلُوْا لَهُمْ قَوْلًا مَّعْرُوْفًا ﴿٥﴾

(၅) ထို့ပြင် အသင်တို့သည် အသင်တို့(ထံတွင် ထိန်းသိမ်းထားသော ပစ္စည်းဥစ္စာများကို အသိဉာဏ်နည်းသည့်သူများအား မပေးကြနှင့်။❻ အလ္လာဟ် အရှင်မြတ်သည် (ထိုပစ္စည်းများကို) အသင်တို့အတွက် အသက်မွေးဝမ်းကျောင်း ပြုလုပ်ရန် (အရင်းအနှီးအဖြစ်)ပြုလုပ်ထားတော်မူသည်။❼ ထို့ပြင် အသင်တို့ သည် ၎င်း(ပစ္စည်းဥစ္စာများ)ထဲမှ သူတို့အား ကျွေးမွေးကြပါ။ ထို့ပြင် သူတို့အား အဝတ်အစားဆင်ပေးကြပါ၊ ထို့ပြင် အသင်တို့သည် သူတို့အား ကောင်းမွန်သော စကား ပြောဆိုကြပါ။

❻ ထိန်းသိမ်းထားတဲ့ပစ္စည်းဥစ္စာဆိုတာ (လုပ်ငန်းကျွမ်းကျင်မှု၊ နားလည်မှု၊ ဗဟုသုတ စတဲ့)အသိ ဉာဏ်ပညာနနယ်နည်းပါးသေးတဲ့ အသင်တို့ရဲ့ ဇနီးမိန်းမ၊ အသင်တို့ရဲ့ကလေးတွေနဲ့ အဘမဲ့ ကလေးတွေရဲ့ပစ္စည်းဥစ္စာတွေအားလုံး အကျုံးဝင်တယ်။ (သွဗ်ရီ) အဲဒီပစ္စည်းတွေကို သူတို့တစ် တွေ ပစ္စည်းထိန်းသိမ်းရကောင်းမှန်း မသိတတ်သေးတဲ့အချိန်မှာ အပ်နှင်းခြင်းမပြုရဘူး။ သူတို့ကို သိတတ်မှုရှိလာရင်ပေးမယ်ဆိုတဲ့အကြောင်းကောင်းမွန်ချိုသာစွာနှစ်သိမ့်ပြောဆိုပြီးအုပ်ထိန်းသူ ထံမှာပဲ ဆက်ထိန်းထားရဦးမှာဖြစ်တယ်။ (အလင်းပြကျမ်း) ❼ အဲဒီပစ္စည်းတွေကိုအရင်းအနှီး အဖြစ်ပြုလုပ်ပြီး မိန်းမ၊ ကလေးနဲ့ အဘမဲ့ကလေးတွေအတွက် လိုအပ်တဲ့ စရိတ်စကရအောင် ကြိုးစားဖန်တီးပေးပြီး သူတို့ရဲ့စားဝတ်နေရေးအတွက် အသုံးပြုပေးရမှာဖြစ်တယ်။ အဲဒီနောက် သိတတ်တဲ့အရွယ်၊ ထိန်းသိမ်းနိုင်တဲ့အရွယ်ရောက်တဲ့အခါ သူတို့ပိုင်ပစ္စည်းတွေကို ပေးအပ်လိုက် ရမှာဖြစ်တယ်။ (သွဗ်ရီ)

وَابْتَلُوا الْيَتٰمٰى حَتّٰٓى اِذَا بَلَغُوا النِّكَاحَ ۚ فَاِنْ اٰنَسْتُمْ مِّنْهُمْ رُشْدًا فَادْفَعُوْٓا اِلَيْهِمْ اَمْوَالَهُمْ ۚ وَلَا تَاْكُلُوْهَآ اِسْرَافًا وَّ بِدَارًا اَنْ يَّكْبَرُوْا ؕ وَمَنْ كَانَ غَنِيًّا فَلْيَسْتَعْفِفْ ۚ وَمَنْ كَانَ فَقِيْرًا فَلْيَاْكُلْ بِالْمَعْرُوْفِ ؕ فَاِذَا دَفَعْتُمْ اِلَيْهِمْ اَمْوَالَهُمْ فَاَشْهِدُوْا عَلَيْهِمْ ؕ وَكَفٰى بِاللّٰهِ حَسِيْبًا ﴿٦﴾

(၆) ထို့ပြင် အသင်တို့သည် အဘမဲ့ကလေးများ(၏ အသိဉာဏ်)ကို သူတို့ထိမ်းမြားမည့်အရွယ် ရောက်လာသည်အထိ စမ်းသပ်စစ်ဆေးကြည့်ကြပါ။ ထို့နောက် အကယ်၍ အသင်တို့သည် သူတို့ထံမှ သိတတ်သောဉာဏ်ကို တွေ့ရ လျှင် အသင်တို့သည် သူတို့အား သူတို့၏ပစ္စည်းများကို ပေးအပ်လိုက်ပါ။ ထို့ပြင် အသင်တို့သည် ထို(အဘမဲ့ကလေးများ၏)ပစ္စည်းများကို သူတို့ကြီးပြင်းလာမည် ကို စိုးရိမ်၍ အကျိုးမဲ့သုံးဖြုန်းခြင်းနှင့် အမြန်သုံးစွဲခြင်းတို့ကို မပြုလုပ်ကြနှင့်။ ထို့ ပြင် အကြင်(အုပ်ထိန်း)သူသည် ချမ်းသာသူဖြစ်လျှင် သူသည်(အဘမဲ့ကလေး များ၏ပစ္စည်းကို စားသုံးခြင်းမှ)ရှောင်ကြဉ်ရမည်။ ထို့ပြင် အကြင်(အုပ်ထိန်း)

သူသည် ဆင်းရဲသူဖြစ်လျှင် သူသည် (အဘမဲ့ကလေးများ၏ ပစ္စည်းများထဲမှ) ကောင်းမွန်သောနည်းဖြင့် (အသင့်အတင့်) စားသုံးနိုင်သည်။ ထို့ပြင် အသင်တို့သည် သူတို့အား သူတို့၏ပစ္စည်းများကို ပြန်ပေးသောအခါ ၎င်းတို့အပေါ် အသိသက်သေများထားကြပါ။❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်စစ်ဆေးတော်မူသောအရှင် အဖြစ်လုံလောက်တော်မူသည်။

❶ အဘမဲ့ကလေးတွေ အရွယ်ရောက်ပြီး သိတတ်လိမ္မာတဲ့အခါ သူတို့ရဲ့ပစ္စည်းတွေကို သက်သေတွေရဲ့ရှေ့မှောက်မှာ ပြန်လည်ပေးအပ်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

لِلرِّجَالِ نَصِيبٌ مِّمَّا تَرَكَ الْوَالِدَانِ وَ الْأَقْرَبُونَ ۖ وَ لِلنِّسَآءِ نَصِيبٌ مِّمَّا تَرَكَ الْوَالِدَانِ وَ الْأَقْرَبُونَ مِمَّا قَلَّ مِنْهُ أَوْ كَثُرَ ۚ نَصِيبًا مَّفْرُوضًا ﴿٧﴾

(၇) ယောကျ်ားများအတွက် မိဘနှစ်ပါးနှင့် ဆွေမျိုးသားချင်းများက ထားခဲ့သော (အမွေ)ပစ္စည်းများထဲတွင် ဝေစုတစ်ခုရှိသည်။ ၎င်းပြင် မိန်းမများအတွက်လည်း မိဘနှစ်ပါးနှင့် ဆွေးမျိုးသားချင်းများက ထားခဲ့သော (အမွေ) ပစ္စည်းများထဲတွင် ဝေစုတစ်ခုရှိသည်။ ၎င်း(အမွေပစ္စည်း)သည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ (အရှင်မြတ်ထံတော်မှ) သတ်မှတ်ပြဋ္ဌာန်းထားသော ဝေစုတစ်ခုဖြစ်သည်။

وَإِذَا حَضَرَ الْقِسْمَةَ أُولُوا الْقُرْبَىٰ وَالْيَتَامَىٰ وَالْمَسَاكِينُ فَارْزُقُوهُم مِّنْهُ وَقُولُوا لَهُمْ قَوْلًا مَّعْرُوفًا ﴿٨﴾

(၈) ထို့ပြင် (အမွေ)ခွဲရာတွင် (အမွေမရထိုက်သော) ဆွေမျိုးများ၊ အဘမဲ့ကလေးများနှင့် ဆင်းရဲသားများသည် ရှေ့တွင်အသင့်ရောက်လာသည်ဆိုလျှင် အသင်တို့သည် သူတို့အားလည်း ထို(အမွေ)ထဲမှ ကျွေးမွေးပေးကမ်းကြပါ။❷ ထို့ပြင် အသင်တို့သည် သူတို့အား ကောင်းမွန်စွာ ပြောဆိုကြပါ။❸

❷ အမွေခွဲဝေတဲ့အချိန်မှာ ရောက်ရှိလာနေတဲ့ အမွေနဲ့မဆိုင်တဲ့ ဆွေမျိုးတွေ၊ ဆင်းရဲသားတွေကို အနည်းငယ်ပေးဖို့ ကျွေးဖို့အတွက် အရွယ်ရောက်ပြီးတဲ့ အမွေရမဲ့သူတွေရဲ့အမွေပစ္စည်းထဲက အနည်းငယ်ယူပေးခြင်းဟာ ပြုလုပ်သင့်တဲ့ကိစ္စပဲဖြစ်ပြီး မပြုမနေရတာဝန်မဟုတ်ဘူး။ (အလင်းပြကျမ်း) ❸ တကယ်လို့ အမွေစားအမွေခံတွေဟာ အရွယ်မရောက်သေးတဲ့ကလေးတွေပဲဖြစ်ခဲ့ရင် အဲဒီလို ယူပေးပိုင်ခွင့်မရှိတဲ့အတွက် အဲဒီရောက်လာတဲ့ ဆွေမျိုးတွေကို ကောင်းမွန်တဲ့ စကားပြောဆိုပြီး လွှတ်လိုက်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلْيَخْشَ الَّذِينَ لَوْ تَرَكُوا مِنْ خَلْفِهِمْ ذُرِّيَّةً ضِعَافًا خَافُوا عَلَيْهِمْ ۖ فَلْيَتَّقُوا اللَّهَ وَلْيَقُولُوا قَوْلًا سَدِيدًا ﴿٩﴾

(၉) ထို့ပြင် အကြင်သူများသည် (အခြားသူများ၏ကလေးများနှင့်ပတ်သက်၍) စိုးရိမ်ပူပန်ရမည်ဖြစ်သည်၊ ထိုသူများသည် သူတို့၏နောက်ကွယ်တွင်

ချည့်နဲ့သောကလေးများကို စွန့်ထား(ခဲ့ပြီး သေဆုံး)ကြရလျှင် ထိုကလေးများနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်ကြမည်ဖြစ်သည်။ သို့ဖြစ်ရာ သူတို့သည် (အဘမဲ့ကလေးများနှင့်ပတ်သက်၍) အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့(လျက် ၎င်းတို့နှင့် ၎င်းတို့၏ပစ္စည်းများကို စောင့်ရှောက်)ကြရမည်။ ထို့ပြင် သူတို့သည် (မှန်ကန်မျှတသော) ဖြောင့်မတ်သည့်စကားကို ပြောဆိုကြရမည်။[၉]

[၉] ကိုယ်သေခါနီးမှာ ကိုယ်ရဲ့ကလေးတွေနဲ့ ပတ်သက်ပြီး ကိုယ်သေပြီးနောက် ဘယ်လိုများ ဖြစ်ကြလိမ့်မလဲလို့ စိုးရိမ်ပူပန်မှုဖြစ်သလို သူများတွေရဲ့ကလေးတွေ၊ အဘမဲ့ကလေးတွေနဲ့ပတ်သက်ပြီးတော့လည်း အဲဒီလိုပဲ ပူပင်သောကထားပြီး အစစအရာရာပြေလည်အောင် စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ الَّذِينَ يَأْكُلُونَ أَمْوَالَ الْيَتَامَىٰ ظُلْمًا إِنَّمَا يَأْكُلُونَ فِي بُطُونِهِمْ نَارًا ۖ وَسَيَصْلَوْنَ سَعِيرًا ﴿١٠﴾

(၁၀) အမှန်စင်စစ် အကြင်သူများသည် အဘမဲ့ကလေးများ၏ ပစ္စည်းများကို မတရားစားသုံးကြသည်။ အမှန်စင်စစ် ထိုသူများသည် သူတို့၏ဗိုက်များထဲတွင် မီးကိုသာ (ထည့်သွင်း) စားသုံးကြခြင်းဖြစ်သည်။ ထို့ပြင် သူတို့သည် ဟုန်းဟုန်းတောက်နေသော ငရဲမီးထဲသို့ မကြာမီ ဝင်ရောက်ကြရမည်။[၁၀]

[၁၀] အဘမဲ့ကလေးတွေရဲ့ ပစ္စည်းဥစ္စာကို မတရားစားသုံးသူတွေနဲ့ပတ်သက်ပြီး သွဗ်ရီကျမ်းလာဟဒီးဆ်တော်မှာ တမန်တော်မြတ် ﷺ ဟာ အခုလိုအမိန့်ရှိထားပါတယ်။ မိအ်ရာဂျ်ညက လူတစ်စုကို ကုလားအုတ်နဖားကြိုးလိုတပ်ပြီး ထိန်းချုပ်ထားကာ ပါးစပ်ထဲမှာ မီးကျောက်ခဲကြီးတွေ ထည့်တဲ့အခါ သူတို့ရဲ့အောက်ပိုင်းကနေ ပြန်ထွက်သွားတာကို မြင်ခဲ့ရကြောင်းနဲ့ ဒါဘယ်သူတွေလဲလို့ မေးမြန်းတော့ အဘမဲ့ကလေးတွေရဲ့ပစ္စည်းဥစ္စာတွေကို မတရားစားသုံးသူတွေဖြစ်ပြီး သူတို့ရဲ့ ဝမ်းဗိုက်တွေအတွင်း မီးကို စားသုံးကြတဲ့သူတွေဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ (သွဗ်ရီ)

عن أبي سعيد الخدري قال، حدثنا النبي صلى الله عليه وسلم عن ليلة أسري به قال، نظرت فإذا أنا بقوم لهم مشافر كمشافر الإبل، وقد وُكِّل بهم من يأخذ بمشافرهم، ثم يجعل في أفواههم صخرًا من نار يخرج من أسافلهم، قلت: يا جبريل، من هؤلاء؟ قال، هؤلاء الذين يأكلون أموال اليتامى ظلمًا إنما يأكلون في بطونهم نارًا" (تفسير الطبري)

يُوصِيكُمُ اللَّهُ فِي أَوْلَادِكُمْ ۖ لِلذَّكَرِ مِثْلُ حَظِّ الْأُنثَيَيْنِ ۚ فَإِن كُنَّ نِسَاءً فَوْقَ اثْنَتَيْنِ فَلَهُنَّ ثُلُثَا مَا تَرَكَ ۖ وَإِن كَانَتْ وَاحِدَةً فَلَهَا النِّصْفُ ۚ وَلِأَبَوَيْهِ لِكُلِّ وَاحِدٍ مِّنْهُمَا السُّدُسُ مِمَّا تَرَكَ إِن كَانَ لَهُ وَلَدٌ ۚ فَإِن لَّمْ يَكُن لَّهُ وَلَدٌ وَوَرِثَهُ أَبَوَاهُ فَلِأُمِّهِ الثُّلُثُ ۚ فَإِن كَانَ لَهُ إِخْوَةٌ فَلِأُمِّهِ السُّدُسُ ۚ مِن بَعْدِ وَصِيَّةٍ يُوصِي بِهَا أَوْ دَيْنٍ ۗ آبَاؤُكُمْ وَأَبْنَاؤُكُمْ لَا تَدْرُونَ أَيُّهُمْ أَقْرَبُ لَكُمْ نَفْعًا ۚ فَرِيضَةً مِّنَ اللَّهِ ۗ إِنَّ اللَّهَ كَانَ عَلِيمًا حَكِيمًا ﴿١١﴾

(၁၁) အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အသင်တို့၏သားသမီးများနှင့် ပတ်သက်၍(ဤသို့) အမိန့်ပေးတော်မူသည်။[၁] ယောကျ်ားလေးအတွက် မိန်းကလေးနှစ်ဦး၏ဝေစုကဲ့သို့ဖြစ်သည်။ (မိန်းကလေးဝေစု၏နှစ်ဆဖြစ်သည်။)[၂]

၎င်းပြင် အကယ်၍ အမွေရရှိမည့်သူမတို့သည် (သမီး)မိန်းမများ (ချည်း နှစ်ဦး သို့မဟုတ်) နှစ်ဦးထက် ပိုမိုရှိခဲ့လျှင် သူမတို့အတွက် (ကွယ်လွန်သူ)ထားရှိခဲ့သော(အမွေ)ပစ္စည်း၏ သုံးပုံနှစ်ပုံဖြစ်သည်။[၃] ၎င်းပြင် အကယ်၍ သူမသည် တစ်ဦးတည်း(သောသမီး)သာဖြစ်ခဲ့လျှင် သူမအတွက် (အမွေ)တစ်ဝက်ဖြစ်သည်။ ထို့ပြင် အကယ်၍ (သေဆုံး)သူတွင် သားသမီးရှိလျှင် (သေဆုံး)သူ၏ မိဘနှစ်ပါးမှ တစ်ဦးစီအတွက် (သေဆုံး)သူချန်ခဲ့သော အမွေထဲမှ ခြောက်ပုံတစ်ပုံစီဖြစ်သည်။ ထို့နောက် အကယ်၍ (သေဆုံး)သူတွင်သားသမီးမရှိခဲ့လျှင် သူ(၏အမွေ)ကို သူ၏ မိဘနှစ်ပါးသည် ဆက်ခံမည်ဖြစ်ပြီး သူ၏မိခင်အတွက် သုံးပုံတစ်ပုံဖြစ်သည်။ ၎င်းပြင် အကယ်၍ (သေဆုံး)သူတွင်ညီအစ်ကိုမောင်နှမများရှိခဲ့လျှင် သူ၏မိခင်အတွက် ခြောက်ပုံတစ်ပုံ ဖြစ်သည်။ (ဤသို့အမွေခွဲခြင်းသည်) ထို(သေဆုံး)သူ မှာကြားခဲ့သော သေတမ်းစာ(အတိုင်းဆောင်ရွက်)ပြီးသည့်နောက် သို့မဟုတ် (သေသူ၏အပေါ်တွင်တင်ရှိသော) ကြွေးမြီများဆပ်ပြီးသည့်နောက်မှသာ (ခွဲဝေကြရမည်ဖြစ်သည်)။ အသင်တို့၏အဘ၊ ဘိုး၊ ဘေးများနှင့် အသင်တို့၏သား(မြေး၊ မြစ်)များထဲမှ မည်သူသည် အကျိုးဖြစ်ထွန်းစေခြင်းတွင် အသင်တို့နှင့် အနီးစပ်ဆုံးဖြစ်သည်ကို အသင်တို့ မသိနိုင်ကြပေ။ (ဤသည်) အလ္လာဟ်အရှင်မြတ်ထံတော်မှ ပြဋ္ဌာန်းထားသောတာဝန်ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

[၁] အမွေခွဲခြင်းဟာ အလွန်အရေးကြီးတဲ့အတွက် အရှင်မြတ်က မိမိကိုယ်တိုင် အချိုးကျခွဲဝေပြီး အမိန့်ပေးတော်မူတာဖြစ်တယ်။(အလင်းပြကျမ်း) [၂] ယောက်ျားတွေရဲ့တာဝန်ဟာ အိမ်ထောင်ထိန်းသိမ်းရာမှာ ပိုမိုကြီးမားတဲ့အတွက် ပိုပေးထားခြင်းဖြစ်တယ်။(အလင်းပြကျမ်း) [၃] သားယောက်ျားလေးမရှိတဲ့အခါမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَكُمْ نِصْفُ مَا تَرَكَ أَزْوَاجُكُمْ إِنْ لَمْ يَكُنْ لَهُنَّ وَلَدٌ ۚ فَإِنْ كَانَ لَهُنَّ وَلَدٌ فَلَكُمُ الرُّبُعُ مِمَّا
تَرَكْنَ مِنْ بَعْدِ وَصِيَّةٍ يُوصِينَ بِهَا أَوْ دَيْنٍ ۚ وَلَهُنَّ الرُّبُعُ مِمَّا تَرَكْتُمْ إِنْ لَمْ يَكُنْ لَكُمْ وَلَدٌ ۚ فَإِنْ
كَانَ لَكُمْ وَلَدٌ فَلَهُنَّ الثُّمُنُ مِمَّا تَرَكْتُمْ مِنْ بَعْدِ وَصِيَّةٍ تُوصُونَ بِهَا أَوْ دَيْنٍ ۗ وَإِنْ كَانَ رَجُلٌ
يُورَثُ كَلَالَةً أَوِ امْرَأَةٌ وَلَهُ أَخٌ أَوْ أُخْتٌ فَلِكُلِّ وَاحِدٍ مِنْهُمَا السُّدُسُ ۚ فَإِنْ كَانُوا أَكْثَرَ مِنْ
ذَٰلِكَ فَهُمْ شُرَكَاءُ فِي الثُّلُثِ مِنْ بَعْدِ وَصِيَّةٍ يُوصَىٰ بِهَا أَوْ دَيْنٍ غَيْرَ مُضَارٍّ ۚ وَصِيَّةً مِنَ
اللَّهِ ۗ وَاللَّهُ عَلِيمٌ حَلِيمٌ ﴿١٢﴾

(၁၂) ထို့ပြင် အသင်တို့၏ဇနီးမိန်းမများထားခဲ့သော (အမွေ)ပစ္စည်း၏ တစ်ဝက်သည် အကယ်၍သူမတို့တွင် သားသမီးတစ်ဦးမျှမရှိခဲ့လျှင် အသင်တို့ အတွက်ဖြစ်သည်။❻ ၎င်းပြင် အကယ်၍ သူမတို့တွင် သားသမီးတစ်စုံတစ်ဦးရှိ ခဲ့လျှင် သူမတို့ထားခဲ့သော(အမွေ)ပစ္စည်းထဲမှ အသင်တို့အတွက် လေးပုံတစ်ပုံ ဖြစ်သည်။ (ဤသို့ အမွေခွဲခြင်းသည်) သူမတို့က မှာကြားခဲ့သော သေတမ်းစာ (အတိုင်းဆောင်ရွက်)ပြီးသည့်နောက် သို့မဟုတ် (သူမတို့၏ အပေါ်တွင်တင်ရှိ သော) ကြွေးမြီ(များ ပေးဆပ်)ပြီးသည့်နောက်မှသာ ခွဲဝေကြရမည်ဖြစ်သည်။ (အကြွေးကို ဦးစွာမဖော်ပြထားသော်လည်း ဦးစွာဆပ်ပြီးမှသာ သေတမ်းစာကို ဆောင်ရွက်ရမည် ဖြစ်သည်။) ထို့ပြင် အသင်တို့တွင် သားသမီးတစ်ဦးမျှမရှိခဲ့ လျှင် အသင်တို့ထားခဲ့သော (အမွေ)ပစ္စည်းထဲမှ ၎င်း(ဇနီးမိန်းမများ)အတွက် လေးပုံတစ်ပုံဖြစ်သည်။ ၎င်းပြင် အကယ်၍ အသင်တို့တွင် သားသမီးတစ်စုံတစ်ဦး ရှိခဲ့လျှင် သူမတို့အတွက် အသင်တို့ထားခဲ့သော (အမွေ)ပစ္စည်းများထဲမှ ရှစ်ပုံ တစ်ပုံဖြစ်သည်။❼ (ဤကဲ့သို့ အမွေခွဲခြင်းသည်) အသင်တို့က မှာကြားခဲ့သော သေတမ်းစာ(အတိုင်းဆောင်ရွက်)ပြီးသည့်နောက် သို့မဟုတ်(အသင်တို့၏အပေါ် တွင်တင်ရှိသော) ကြွေးမြီ(များပေးဆပ်)ပြီးသည့်နောက်မှသာ (ခွဲဝေကြရမည် ဖြစ်သည်)။ ထို့ပြင် အကယ်၍ အမွေထားခဲ့သော အကြင်ယောက်ျားတစ်ဦး သို့ မဟုတ် အကြင်မိန်းမတစ်ဦးသည် (သူ၏အမွေကိုရရှိမည့် မိဘနှင့် သားသမီး မရှိဘဲ) တစ်ဦးတည်းသမားဖြစ်သည့်အပြင် ထိုသူ သို့မဟုတ်သူမတွင်(မိတူဘကွဲ) အစ်ကို၊ ညီတစ်ဦးဦး သို့မဟုတ် အစ်မ၊ ညီမတစ်ဦးဦး ရှိခဲ့လျှင် ထို(အစ်ကို သို့ မဟုတ်အစ်မ)နှစ်ဦးထဲမှ တစ်ဦးစီအတွက် ခြောက်ပုံတစ်ပုံဖြစ်သည်။❽ ၎င်းပြင် အကယ်၍ ထိုသူများသည် တစ်ဦးထက်ပိုခဲ့လျှင် သူတို့သည် သုံးပုံတစ်ပုံတွင် ညီတူညီမျှဝေစု ရရှိမည်ဖြစ်သည်။ (ထိုသို့ခွဲဝေခြင်းသည်) မှာကြားခြင်းခံရသော သေတမ်းစာ(အတိုင်း ဆောင်ရွက်)ပြီးသည့်နောက်၊ သို့မဟုတ် ကြွေးမြီ(များပေး ဆပ်ပြီး)သည့်နောက်တွင်မှ မည်သူ့ကိုမျှ မနစ်နာစေဘဲ (ပြုလုပ်ခွဲဝေကြရမည်) ဖြစ်သည်။ (ဤအရာများသည်) အလ္လာဟ်အရှင်မြတ်ထံတော်မှ အမိန့်တော်ဖြစ် သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ အလွန် ထောက်ထား ညှာတာသည်းခံဆိုင်းငံ့တော်မူသောအရှင် ဖြစ်တော်မူသည်။

❻ ဇနီးရဲ့အမွေကို ဇနီးမှာ သားသမီးမကျန်ခဲ့ရင် ခင်ပွန်းဖြစ်သူက တစ်ဝက်ရမယ်။ သားသမီးကျန်

ခဲ့ရင် လေးပုံတစ်ပုံရမယ်။ အဲဒီသားသမီးတွေဟာ သူနဲ့ရတဲ့သားသမီးဖြစ်ဖြစ်၊ မယားပါသားသမီး ဖြစ်ဖြစ် အတူတူပဲဖြစ်တယ်။(အလင်းပြကျမ်း) ❺ ခင်ပွန်းရဲ့အမွေကို ခင်ပွန်းမှာ သားသမီးမရှိရင် ဇနီးဖြစ်သူဟာ လေးပုံတစ်ပုံရမယ်။ သားသမီးရှိရင် ရှစ်ပုံတစ်ပုံရမယ်။ အဲဒီသားသမီးတွေဟာ သူနဲ့ရတဲ့ သားသမီးတွေဖြစ်ဖြစ် လင်ပါသားသမီးတွေဖြစ်ဖြစ် အတူတူပဲဖြစ်တယ်။ (အလင်းပြကျမ်း) ❻ كَلَالَة ဆိုတာ မိဘလည်းမရှိတော့တဲ့အပြင် သားသမီးလည်း မရှိတော့တဲ့သူကို ခေါ်တယ်။ အဲဒီ လိုလူသေဆုံးခဲ့ရင် သူထားခဲ့တဲ့အမွေတွေကို သူ့ရဲ့ မအေတူဖအေကွဲ ညီအစ်ကိုမောင်နှမတွေထဲ မှာ တစ်ဦးတည်းရှိပါက ခြောက်ပုံတစ်ပုံရမှာဖြစ်တယ်။ တကယ်လို့ အဲဒီညီအစ်ကိုမောင်နှမတွေ ဟာ (နှစ်ဦး ဒါမှမဟုတ်)နှစ်ဦးထက်ပိုမယ်ဆိုရင် အဲဒီညီအစ်ကိုမောင်နှမအားလုံးအတွက် စုစုပေါင်း ရမဲ့ဝေစုဟာ သုံးပုံတစ်ပုံဖြစ်တယ်။ အဲဒီသုံးပုံတစ်ပုံကို ညီအစ်ကိုမောင်နှမ ရှိသလောက်အရေ အတွက်နဲ့ အညီအမျှခွဲပြီး ဝေရမှာဖြစ်တယ်။ ယောကျ်ားနဲ့ မိန်းမဝေစု အတူတူပဲဖြစ်တယ်။ ဒီနေရာ မှာ အစ်ကို/ညီ နဲ့ အစ်မ/ညီမ ဆိုတာဟာ မိတူဘကွဲ မောင်နှမတွေကိုပဲ ဆိုလိုတာဖြစ်တယ်။ မိတူ ဘတူ နဲ့ ဘတူ မိကွဲ မောင်နှမတွေရဲ့ဝေစုဟာ ဒီစူရတ် အဆုံးပိုင်းမှာ ပါရှိပါတယ်။(အလင်းပြကျမ်း) မှတ်ချက်။ ။ ဇနီးမိန်းမတွေရဲ့ (ထိမ်းမြားဖို့ သဘောတူထားတဲ့)မဟာရ်ပစ္စည်းဟာ ခင်ပွန်းချန်ခဲ့တဲ့ အမွေပစ္စည်းထဲမှာ မပါဘူး။ ခင်ပွန်းက အကြွေးပေးဖို့ ကျန်ရှိတဲ့ အကြွေးစာရင်းထဲမှာပဲပါဝင်တယ်။ (အလင်းပြကျမ်း) သေသူရဲ့ ကဖန်ဒဖန် မြှုပ်နှံ စရိတ်စကတွေ ကုန်ကျပြီးနောက် ပေးဖို့ကျန်ရှိတဲ့ အကြွေးတွေဆပ်ရမယ်။ အဲဒီနောက် ကျန်ရှိတဲ့ အမွေပစ္စည်းရဲ့ သုံးပုံတစ်ပုံကို တရားတော်က ခွင့်ပြုတဲ့ ဝစီယသ်မှာကြားမှုအတွက် ဝစီယသ်မှာကြားမှုရှိခဲ့မယ်ဆိုရင် အဲဒီအတွက်သုံးရမယ်။ အဲဒီနောက် ကျန်ရှိတာကို အမွေခွဲရမယ်။ (မအာရိဖွလ်ကုရ်အာန်)

تِلْكَ حُدُوْدُ اللّٰهِ ۗ وَمَنْ يُّطِعِ اللّٰهَ وَرَسُوْلَهٗ يُدْخِلْهُ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ۗ وَذٰلِكَ الْفَوْزُ الْعَظِيْمُ ﴿١٣﴾

(၁၃) ၎င်းသည် အလ္လာဟ်အရှင်မြတ်၏(အမွေဆက်ခံမှုဆိုင်ရာ) စည်းမျဉ်းဥပဒေပညတ်ချက်များဖြစ်သည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် အရှင့်ရစူလ်၏ အမိန့်တော်များကို လိုက်နာမည်ဆိုလျှင် အရှင်မြတ်သည် ထိုသူကို ဥယျာဉ်များထဲသို့ ဝင်ရောက်စေတော်မူမည်။ ၎င်း(ဥယျာဉ်များ)အောက်တွင် စမ်းရေချောင်းများ စီးတွေလျက်ရှိသည်။ သူတို့သည် ၎င်း(ဥယျာဉ်များ)ထဲတွင် အမြဲနေထိုင်ကြရမည့်သူများဖြစ်သည်။ ထို့ပြင် ၎င်းသည် ကြီးကျယ်သော အောင်မြင်မှုဖြစ်သည်။

وَمَنْ يَّعْصِ اللّٰهَ وَرَسُوْلَهٗ وَيَتَعَدَّ حُدُوْدَهٗ يُدْخِلْهُ نَارًا خَالِدًا فِيْهَا ۖ وَلَهٗ عَذَابٌ مُّهِيْنٌ ﴿١٤﴾

(၁၄) ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် အရှင့်ရစူလ်၏အမိန့်တော်များကို သွေဖည်ငြင်းပယ်ပြီး အရှင်မြတ်၏ စည်းမျဉ်းဥပဒေများကို ကျူးကျော်ဖောက်ဖျက်လျှင် အရှင်မြတ်သည် ထိုသူ့ကို (ငရဲ)မီးထဲသို့ သွတ်သွင်း

တော်မူမည်။ (သူသည်) ထိုထဲတွင်အမြဲ နေထိုင်သူဖြစ်မည်။ ၎င်းပြင် ထိုသူ့အတွက် သိက္ခာကျစေသော အပြစ်ဒဏ်လည်းရှိမည်။

وَالّٰتِیۡ یَاۡتِیۡنَ الۡفَاحِشَۃَ مِنۡ نِّسَآئِکُمۡ فَاسۡتَشۡہِدُوۡا عَلَیۡہِنَّ اَرۡبَعَۃً مِّنۡکُمۡ ۚ فَاِنۡ شَہِدُوۡا فَاَمۡسِکُوۡہُنَّ فِی الۡبُیُوۡتِ حَتّٰی یَتَوَفّٰہُنَّ الۡمَوۡتُ اَوۡ یَجۡعَلَ اللّٰہُ لَہُنَّ سَبِیۡلًا ﴿۱۵﴾

(၁၅) ထို့ပြင် အသင်တို့၏ ဇနီးမိန်းမများထဲမှ အကြင်မိန်းမတို့သည် ကာမ[၁] ဖောက်ပြန်ကြလျှင်၊ အသင်တို့သည် သူမတို့အပေါ်တွင် အသင်တို့ထဲမှ (ယောက်ျား)လေးဦးအား သက်သေထားကြပါ။ အကယ်၍ ၎င်းတို့အနေဖြင့် သက်သေခံခဲ့ကြလျှင် အသင်တို့သည် သူမတို့အား အိမ်များထဲ၌ သူမတို့သေဆုံးသည်အထိ သို့မဟုတ် အလ္လာဟ်အရှင်မြတ်သည် သူမတို့အတွက် နည်းလမ်းတစ်စုံတစ်ခုပြုလုပ်ပေးတော်မူသည်အထိ အကျဉ်းချထားကြပါ။[၂]

[၁] اَلْفَاحِشَةَ ဆိုတာ စက်ဆုပ်ရွံရှာဖွယ်ရာ အပြုအမူအပြောအဆိုတွေကို ဆိုလိုတယ်။ ဒီနေရာမှာ နိကာဟ်မဲ့ တရားမဝင် ကာမဆက်ဆံခြင်း (ဇိနာကျူးလွန်ခြင်း)ရဲ့အဓိပ္ပာယ် ဖြစ်တယ်။ လိင်တူဆက်ဆံခြင်းလည်း ပါဝင်တယ်။(အလင်းပြကျမ်း) [၂] ဒီအမိန့်ဟာ တမန်တော်မြတ် ﷺ စတင်ပွင့်ခါစ အစပိုင်းကာလမှာဖြစ်တယ်။ နောက်ပိုင်းမှာ ဇိနာကျူးလွန်သူ အပျိုလူပျိုကို ကြိမ်ဒဏ်(၁၀၀) အပြစ်ဒဏ်ခတ်ဖို့(ဟိဒါယဟ်)နဲ့ဇိနာကျူးလွန်သူ အိမ်ထောင်ရှင်ကို သေတဲ့အထိ ခဲပေါက်ပစ်သတ်ဖို့ အမိန့်တွေသတ်မှတ်ခဲ့တယ်။ (ဒီအတိုင်း ကိယာမသ်နေ့အထိ အစ္စလာမ်သာသနာရဲ့ ဥပဒေတစ်ခုအဖြစ် အတည်ဖြစ်နေမယ်။) (အလင်းပြကျမ်း)

وَالَّذٰنِ یَاۡتِیٰنِہَا مِنۡکُمۡ فَاٰذُوۡہُمَا ۚ فَاِنۡ تَابَا وَاَصۡلَحَا فَاَعۡرِضُوۡا عَنۡہُمَا ؕ اِنَّ اللّٰہَ کَانَ تَوَّابًا رَّحِیۡمًا ﴿۱۶﴾

(၁၆) ထို့ပြင် အသင်တို့ထဲမှ အကြင်သူနှစ်ဦးတို့သည်[၃] ၎င်း(ကာမ)ကို ကျူးလွန်ကြလျှင် အသင်တို့သည် ထိုနှစ်ဦးတို့ကို အပြစ်ဒဏ်ခတ်ကြပါ။ ထို့နောက် အကယ်၍ သူတို့နှစ်ဦးသည် ဝန်ချတောင်းပန်ပြီး ပြုပြင်သွားခဲ့ကြလျှင် ထိုနှစ်ဦး(ကို အပြစ်ဒဏ်ပေးခြင်း)မှ ရှောင်ရှားလိုက်ကြပါ။[၄] အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အများဝန်ခံမှုကို အကြိမ်ကြိမ်လက်ခံခွင့်လွှတ်တော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

[၃] အကြင်သူနှစ်ဦးဆိုတာ အပျို၊ လူပျို ဒါမှမဟုတ် အိမ်ထောင်ရှင် ယောက်ျား၊ မိန်းမအားလုံးကို ဆိုလိုတယ်။ အဆိုတစ်ခုမှာ အမျိုးသားနှစ်ဦးကိုပဲ ဆိုလိုကြောင်းလာရှိတယ်။ (ဂျလာလိုင်န်၊ အလင်းပြကျမ်း)။ [၄] ဇိနာကျူးလွန်သူနှစ်ဦးဟာ တရားတော်အရ သတ်မှတ်ထားတဲ့အပြစ်ဒဏ်ခံပြီးနောက် ဝန်ချတောင်းပန်ကာ ပြုပြင်နေထိုင်ရင် သူတို့ကို ဆက်လက်ပြစ်တင်ရှုတ်ချခြင်းကနေ ရှောင်ရှားရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّمَا التَّوْبَةُ عَلَى اللَّهِ لِلَّذِينَ يَعْمَلُونَ السُّوٓءَ بِجَهَالَةٍ ثُمَّ يَتُوبُونَ مِن قَرِيبٍ فَأُولَٰٓئِكَ يَتُوبُ
اللَّهُ عَلَيْهِمْ ۗ وَكَانَ اللَّهُ عَلِيمًا حَكِيمًا ﴿١٧﴾

(၁၇) အလ္လာဟ်အရှင်မြတ်၏အပေါ်တွင် အကြင်သူများ၏ဝန်ချတောင်းပန်မှုကိုသာ လက်ခံတော်မူရန် တာဝန်ရှိသည်။❶ ထိုသူများသည် မသိမိုက်မဲမှုဖြင့် မကောင်းမှုကို ပြုလုပ်မိကြသည်။ ထို့နောက် မကြာမီပင်❷ သူတို့သည် ဝန်ချတောင်းပန်လိုက်ကြသည်။ သို့ဖြစ်ရာ ထိုသူများပင်၊ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့၏ဝန်ချတောင်းပန်မှုကို လက်ခံတော်မူပေသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ အရှင်မြတ်က အရှင်မြတ်ရဲ့ ကတိကို လေးနက်စေလိုတော်မူတဲ့အတွက် အရှင်မြတ်အပေါ်မှာ တာဝန်ရှိတော်မူတယ်လို့ မိန့်ထားခြင်းဖြစ်တယ်။(အလင်းပြကျမ်း) ❷ သေမင်းကို မြင်ရတဲ့အချိန်မှာ သောင်ဖဟ်တံခါးပိတ်လိုက်ပြီဖြစ်တယ်။ အဲဒါကြောင့် အပြစ်ကျူးလွန်ပြီးနောက် သေမင်းမရောက်လာခင်ကာလထိ အချိန်ဟာ နီးတဲ့အချိန်(မကြာခင်) ကာလထဲမှာ ပါဝင်တယ်။ (အလင်းပြကျမ်း)

وَلَيْسَتِ التَّوْبَةُ لِلَّذِينَ يَعْمَلُونَ السَّيِّـَٔاتِ ۚ حَتَّىٰٓ إِذَا حَضَرَ أَحَدَهُمُ الْمَوْتُ قَالَ إِنِّي تُبْتُ الْـَٰٔنَ وَ
لَا الَّذِينَ يَمُوتُونَ وَهُمْ كُفَّارٌ ۚ أُولَٰٓئِكَ أَعْتَدْنَا لَهُمْ عَذَابًا أَلِيمًا ﴿١٨﴾

(၁၈) ထို့ပြင် အကြင်သူများ၏ ဝန်ချတောင်းပန်ခြင်းသည် (လက်ခံခြင်းခံရသောသောင်ဖဟ်) မဟုတ်ပေ။ ထိုသူများသည် မကောင်းမှုများကို ပြုကျင့်လျက်ရှိကြသည်။ နောက်ဆုံးတွင် သူတို့ထဲမှ တစ်ဦးတစ်ယောက်ထံသို့ သေခြင်းရောက်လာခဲ့သောအခါ ထိုသူက အမှန်စင်စစ် ကျွန်ုပ်သည် ယခုပင် ဝန်ချတောင်းပန်ပါပြီဟု ပြောဆိုသည်။ ထို့ပြင် ကာဖိရ်များဖြစ်လျက် သေဆုံးသွားသောသူများအတွက်လည်း (လက်ခံခြင်းခံရသော ဝန်ချတောင်းပန်မှု)မရှိပေ။ ထိုသူများအတွက်ပင် ငါအရှင်မြတ်သည် ပြင်းပြနာကျင်စေသောအပြစ်ဒဏ်ကို အသင့်ပြုလုပ်ထားတော်မူသည်။

يَٰٓأَيُّهَا الَّذِينَ ءَامَنُوا لَا يَحِلُّ لَكُمْ أَن تَرِثُوا النِّسَآءَ كَرْهًا ۖ وَلَا تَعْضُلُوهُنَّ لِتَذْهَبُوا بِبَعْضِ
مَآ ءَاتَيْتُمُوهُنَّ إِلَّآ أَن يَأْتِينَ بِفَٰحِشَةٍ مُّبَيِّنَةٍ ۚ وَعَاشِرُوهُنَّ بِالْمَعْرُوفِ ۚ فَإِن كَرِهْتُمُوهُنَّ
فَعَسَىٰٓ أَن تَكْرَهُوا شَيْـًٔا وَيَجْعَلَ اللَّهُ فِيهِ خَيْرًا كَثِيرًا ﴿١٩﴾

(၁၉) အို - အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အတွက် မိန်းမများအား အမွေအဖြစ် အတင်းအကျပ် သိမ်းပိုက်ခြင်းသည် မပြုပိုင်ပေ။❶ ထို့ပြင်

အသင်တို့သည် သူမတို့အား ပေးခဲ့ဖူးသော ပစ္စည်းအချို့ကို ပြန်ယူရန်အတွက် သူမတို့ကို (ထိမ်းမြားခြင်းမှ)တားဆီးခြင်းမပြုကြနှင့်။❷ သို့ရာတွင် သူမတို့သည် ထင်ရှားသော စက်ဆုပ်ဖွယ်ရာ(ကာမ)အမှုကိစ္စကို ပြုကျင့်လျှင် (သူမတို့အား ထိမ်းမြားခြင်းမှ တားဆီးနိုင်သည်)။ ထို့ပြင် အသင်တို့သည် သူမတို့နှင့် ကောင်းမွန်စွာ ဆက်ဆံကြပါ။❸ ၎င်းပြင် အကယ်၍ အသင်တို့သည် သူမတို့ကို မနှစ်မြို့ကြလျှင်လည်း(သည်းခံကြပါ)။ အဘယ်ကြောင့်ဆိုသော် အသင်တို့သည် တစ်စုံတစ်ရာကို မနှစ်မြို့ကြသော်လည်း အလ္လာဟ်အရှင်မြတ်သည် ထိုအရာထဲ၌ များစွာသော ကောင်းမြတ်ခြင်းများကို ပြုလုပ်ပေးနိုင်တော်မူသည်။❹

❶ အမိုက်ခေတ်မှာ သေဆုံးသူရဲ့အမွေနဲ့အတူ သူရဲ့ဇနီးမိန်းမကျန်ရစ်ခဲ့ရင် အမွေဆိုင်တွေက အဲဒီဇနီးမိန်းမကိုပါ အမွေအဖြစ်နဲ့ သိမ်းပိုက်လေ့ရှိတယ်။ ပြီးတော့ သူတို့သဘောကျရင် အတင်းအကျပ်လက်ထပ်ယူလေ့ရှိကြတယ်။ ဒါမှမဟုတ် ဇနီးမိန်းမပိုင်တဲ့ပစ္စည်းတွေကိုသိမ်းပိုက်ပြီး တခြားသူတစ်ဦးဦးနဲ့ လက်ထပ်ပေးလေ့ရှိတယ်။(အလင်းပြကျမ်း) ❷ အမွေအဖြစ်နဲ့သိမ်းပိုက်လိုက်တဲ့ အဲဒီဇနီးမိန်းမတွေကို သူတို့လက်ထပ်ချင်တဲ့သူနဲ့ လက်ထပ်လို့မရအောင် အိမ်ထဲမှာ သေတဲ့အထိ ပိတ်ထားလေ့ရှိခဲ့ကြတယ်။ သေတဲ့အခါ အဲဒီဇနီးမိန်းမပိုင်တဲ့ပစ္စည်းတွေကို သိမ်းပိုက်လေ့ရှိကြတယ်။ အဲဒီလို ပြုလုပ်ခြင်းကနေ တားမြစ်ခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) ❸ ဇနီးမိန်းမတွေနဲ့ ကောင်းကောင်းမွန်မွန်ဆက်ဆံမှုအပေါ်မှာ အိမ်ထောင်ရေးသာယာမှုဟာ မူတည်နေတဲ့အတွက် အဲဒီလိုကောင်းကောင်းဆက်ဆံနိုင်းထားခြင်းဖြစ်တယ်။(အလင်းပြကျမ်း) ❹ တစ်ခါတစ်ရံ အသင်တို့မနှစ်သက်ပေမဲ့ သည်းခံပြီး ကောင်းကောင်းမွန်မွန်ဆက်ဆံခြင်းအပေါ်မှာ ရလဒ်ကောင်းတွေ ထွက်လာနိုင်တယ်။ သားသမီးကောင်းတွေထွန်းကားလာနိုင်တယ်။ အရှင့်အမိန့်ကို နာခံတဲ့အတွက် အကျိုးရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِنۡ اَرَدۡتُّمُ اسۡتِبۡدَالَ زَوۡجٍ مَّكَانَ زَوۡجٍ ۙ وَّاٰتَيۡتُمۡ اِحۡدٰٮهُنَّ قِنۡطَارًا فَلَا تَاۡخُذُوۡا مِنۡهُ شَيۡـًٔا ؕ اَتَاۡخُذُوۡنَهٗ بُهۡتَانًا وَّاِثۡمًا مُّبِيۡنًا ﴿۲۰﴾

(၂၀) ထို့ပြင် အကယ်၍ အသင်တို့သည် ဇနီးမိန်းမတစ်ဦး(ကို ကွာရှင်းပြီး သူမ)၏နေရာတွင်(အခြား)မိန်းမတစ်ဦးအား အစားထိုး(ထိမ်းမြား)ရန် ရည်ရွယ်ကြလျှင်၊ အသင်တို့သည် ၎င်း(ပထမဇနီး)ကို ပစ္စည်းအများအပြား ပေးထားခဲ့လျှင်လည်း ထို(ပစ္စည်းများ)ထဲမှ အနည်းငယ်မျှပင် ပြန်မယူကြနှင့်။❶ အသင်တို့သည် (အသင်တို့ပေးထားခဲ့သော) ၎င်း(ပစ္စည်းများ)ကို မဟုတ်မမှန် စွပ်စွဲပြီး ထင်ရှားသောပြစ်မှု (ကျူးလွန်ကာ) ပြန်ယူချင်ကြသလော။

❶ ကွာရှင်းတဲ့အခါ ပေးထားတဲ့မဟာရ်ကို ပြန်သိမ်းခြင်း၊ ပေးဖို့ကတိပြုထားတဲ့ မဟာရ်အကြွေးကို မပေးဘဲထားခြင်းတို့ကနေ တားမြစ်ထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَكَيۡفَ تَاۡخُذُوۡنَهٗ وَقَدۡ اَفۡضٰى بَعۡضُكُمۡ اِلٰى بَعۡضٍ وَّاَخَذۡنَ مِنۡكُمۡ مِّيۡثَاقًا غَلِيۡظًا ﴿۲۱﴾

(၂၁) ထို့ပြင် အသင်တို့သည် ၎င်း(ပစ္စည်းများ)ကို မည်ကဲ့သို့ ပြန်ယူကြမည်နည်း။ ထို့ပြင် အမှန်စင်စစ် အသင်တို့သည် တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံခဲ့ကြပြီး ဖြစ်သည်။ ထို့ပြင် ၎င်း(ဇနီးမိန်းမ)တို့သည် အသင်တို့ထံမှ ခိုင်မာသော ကတိဝန်ခံချက်ကို ယူထားပြီးလည်းဖြစ်သည်။

وَلَا تَنۡكِحُوۡا مَا نَكَحَ اٰبَآؤُكُمۡ مِّنَ النِّسَآءِ اِلَّا مَا قَدۡ سَلَفَ ؕ اِنَّهٗ كَانَ فَاحِشَةً وَّمَقۡتًا ؕ وَسَآءَ سَبِيۡلًا ﴿٢٢﴾

(၂၂) ထို့ပြင် အသင်တို့သည် အသင်တို့၏ဖခင်များ ထိမ်းမြားခဲ့ကြသော မိန်းမများနှင့် ထိမ်းမြားခြင်းမပြုကြနှင့်။❻ သို့ရာတွင် (ဤအမိန့်မကျမီ) လွန်ခဲ့သော ကိစ္စများမှာမူ (ပြီးဆုံးခဲ့ပြီ ဖြစ်သည်)။ (အဘယ်ကြောင့်ဆိုသော်) ၎င်း(အမှုကိစ္စ)သည် အမှန်ပင် ယုတ်မာမှုဖြစ်သည့်အပြင် စက်ဆုပ်ဖွယ်ရာလည်းဖြစ်သည်။ ထို့ပြင် ၎င်း (ကိစ္စ)သည် အလွန်ဆိုးရွားသော နည်းလမ်းတစ်ခုလည်းဖြစ်သည်။

❻ အမိုက်ခေတ်မှာ မိထွေးတွေနဲ့ ထိမ်းမြားမှုပြုလေ့ရှိခဲ့ကြတယ်။ အဲဒါကို တားမြစ်ခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

حُرِّمَتۡ عَلَيۡكُمۡ اُمَّهٰتُكُمۡ وَبَنٰتُكُمۡ وَاَخَوٰتُكُمۡ وَعَمّٰتُكُمۡ وَخٰلٰتُكُمۡ وَبَنٰتُ الۡاَخِ وَبَنٰتُ الۡاُخۡتِ وَاُمَّهٰتُكُمُ الّٰتِىۡۤ اَرۡضَعۡنَكُمۡ وَاَخَوٰتُكُمۡ مِّنَ الرَّضَاعَةِ وَاُمَّهٰتُ نِسَآٮِٕكُمۡ وَرَبَآٮِٕبُكُمُ الّٰتِىۡ فِىۡ حُجُوۡرِكُمۡ مِّنۡ نِّسَآٮِٕكُمُ الّٰتِىۡ دَخَلۡتُمۡ بِهِنَّ فَاِنۡ لَّمۡ تَكُوۡنُوۡا دَخَلۡتُمۡ بِهِنَّ فَلَا جُنَاحَ عَلَيۡكُمۡ وَحَلَاۤٮِٕلُ اَبۡنَآٮِٕكُمُ الَّذِيۡنَ مِنۡ اَصۡلَابِكُمۡ ۙ وَاَنۡ تَجۡمَعُوۡا بَيۡنَ الۡاُخۡتَيۡنِ اِلَّا مَا قَدۡ سَلَفَ ؕ اِنَّ اللّٰهَ كَانَ غَفُوۡرًا رَّحِيۡمًا ﴿٢٣﴾

(၂၃) အသင်တို့အပေါ်တွင် (အကြင်မိန်းမများသည်နိကာဟ်ထိမ်းမြားခြင်း)ဟာရာမ်ဟု တားမြစ်ခြင်းခံခဲ့ရသည်။ (၎င်းမိန်းမများသည်) အသင်တို့၏ မိခင်များ၊ အသင်တို့၏ သမီးများ၊ အသင်တို့၏ အစ်မ၊ နှမများ၊ အသင်တို့၏အရီးကြီး အရီးလေးများ၊ အသင်တို့၏ အဒေါ်ကြီး အဒေါ်လေးများ၊ အသင်တို့၏ညီ၊ အစ်ကို၏သမီးများ၊ အသင်တို့၏အစ်မ၊ နှမ၏ သမီးများ၊ အသင်တို့အား နို့တိုက်ခဲ့ဖူးသောအသင်တို့၏မိခင်များ၊ အသင်တို့၏နို့စို့ဖက်အစ်မ၊ နှမများ၊ အသင်တို့၏ဇနီးများ၏ မိခင်များ၊ အသင်တို့ ပေါင်းသင်းစပ်ယှက်ခဲ့ဖူးသော ဇနီးများဘက်မှ အသင်တို့၏ရင်ခွင်တွင်ကြီးပြင်းလာကြသော (မယားပါ)သမီးများ ဖြစ်ကြသည်။ ထို့ပြင် အကယ်၍ အသင်တို့သည် ၎င်း(ဇနီးမိန်းမ)တို့နှင့် (လက်ထပ်ထိမ်းမြားပြီးနောက်)ပေါင်းသင်းစပ်ယှက်မှုမပြုခဲ့ကြ(သေးမီ ကွာရှင်းခဲ့)လျှင် (ထိုမယားပါ

သမီးများနှင့် အသင်တို့ထိမ်းမြားခြင်းသည်) အသင်တို့အပေါ် အပြစ်မဖြစ်ပေ။ ထို့ပြင် အသင်တို့၏ ကျောရိုးများမှ(ဖြစ်လာသော)သားရင်းတို့၏ ဇနီးမိန်းမ(ချွေးမ အရင်း)များ(နှင့် ထိမ်းမြားခြင်း)၊ ညီအစ်မနှစ်ဦးတို့ကို (တစ်ဦးနှင့် ထိမ်းမြားထားစဉ်တွင် နောက်တစ်ဦးနှင့်ထိမ်းမြား)ပေါင်းသင်းခြင်းသည်လည်း တားမြစ်ထားပြီး ဖြစ်သည်။ သို့ရာတွင် (ဤအမိန့်မကျမီ)ကုန်လွန်ခဲ့သည့်အရာများသာ(ခွင့်လွှတ်ပြီးဖြစ်သည်)။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနား ကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။❶

❶ နိကာဟ်ထိမ်းမြားမှု ဟရာမ်အဖြစ်တားမြစ်ထားတဲ့အထဲက မိခင်တွေဆိုတာ မိခင်ရဲ့မိခင် စတဲ့ အထက်ဆက်အားလုံးပါဝင်တယ်။ သမီးဆိုတာ သမီးကမွေးတဲ့ သမီးစတဲ့ အောက်ဆက်၊ သားက မွေးတဲ့ သမီးစတဲ့အောက်ဆက်။ အစ်မ၊ နမဆိုတာ မိတူဘတူ၊ မိတူဘကွဲ၊ ဘတူမိကွဲ အားလုံး။ အရီးဆိုတာ ဖခင်နဲ့ ဖခင်အထက်ဆက်(အဘိုး စသည်)တို့ရဲ့ အစ်မ၊နမအားလုံး။ အဒေါ်ဆိုတာ မိခင်နဲ့ မိခင်ရဲ့အထက်ဆက်(အဘွား စသည်)တို့ရဲ့အစ်မ၊ညီမအားလုံး။ ညီအစ်ကိုနဲ့ အစ်မနမတို့ရဲ့သမီးဆိုတာ မိတူဘတူ၊ မိတူဘကွဲ၊ ဘတူမိကွဲအားလုံး။ နို့စို့ဖက်မောင်နမဆိုတာ မိခင်တစ်ဦးတည်းမှာဖြစ်စေ နို့ထိန်းသည် တစ်ဦးတည်းမှာဖြစ်စေ နို့စို့အရွယ်မှာ နို့အတူစို့ခဲ့ကြသူတွေ ကိုခေါ်တယ်။ သားရင်းရဲ့ဇနီးဆိုတာ သားရင်းနဲ့ အောက်ဆက်အားလုံးရဲ့ဇနီး(မြေးချွေးမ) အားလုံးပါဝင်တယ်။မွေးစားသားရဲ့ဇနီးမပါဝင်ဘူး။ ညီအစ်မ နှစ်ဦးတစ်ပြိုင်တည်းထိမ်းမြားခြင်းဆိုတာမိတူဘတူ၊ မိတူဘကွဲ၊ ဘတူမိကွဲအားလုံးနဲ့ နို့စို့ဖက် ညီအစ်မတွေအားလုံးပါဝင်တယ်။ အဲဒီသူတွေအားလုံးဟာ နိကာဟ် ဟရာမ်ဖြစ်တဲ့သူတွေဖြစ်တယ်။(အလင်းပြကျမ်း)၊ နို့စို့ဖက်မောင်နမတွေ နိကာဟ်ဟရာမ် ဖြစ်တယ်ဆိုတာ မောင်နမ အရင်းတွေမှာ နိကာဟ်ဟရာမ်ဖြစ်တဲ့အတိုင်းပဲဖြစ်တယ်။ (يَحْرُمُ مِنَ الرَّضَاعَةِ مَا يَحْرُمُ مِنَ الْوِلَادَةِ) (ဗုခါရီဟဒီးဆ် နံပါတ် - ၅၂၃၉၊ မွတ်စ်လင်မ် - နံပါတ် ၃၆၄၂)

وَّالْمُحْصَنٰتُ مِنَ النِّسَآءِ اِلَّا مَا مَلَكَتْ اَيْمَانُكُمْ ۚ كِتٰبَ اللّٰهِ عَلَيْكُمْ ۚ وَاُحِلَّ لَكُمْ مَّا وَرَآءَ ذٰلِكُمْ اَنْ تَبْتَغُوْا بِاَمْوَالِكُمْ مُّحْصِنِيْنَ غَيْرَ مُسٰفِحِيْنَ ؕ فَمَا اسْتَمْتَعْتُمْ بِهٖ مِنْهُنَّ فَاٰتُوْهُنَّ اُجُوْرَهُنَّ فَرِيْضَةً ؕ وَلَا جُنَاحَ عَلَيْكُمْ فِيْمَا تَرٰضَيْتُمْ بِهٖ مِنْۢ بَعْدِ الْفَرِيْضَةِ ؕ اِنَّ اللّٰهَ كَانَ عَلِيْمًا حَكِيْمًا ﴿٢٤﴾

(၂၄) ထို့ပြင် အမျိုးသမီးများထဲမှ ထိန်းသိမ်းခံထားရသူ (ကာမပိုင်ယောကျ်ားရှိမိန်းမ)များသည်လည်း (အသင်တို့အပေါ် ၎င်းတို့နှင့်ထိမ်းမြားမှု တားမြစ်ပြီးဖြစ်သည်)။ သို့ရာတွင် ထိုမိန်းမများသည် အသင်တို့ လက်ထဲသို့ သုံ့ပန်းအဖြစ်ရောက်ရှိလာလျှင် (ထိမ်းမြားခွင့်ရှိသည်)။❶ (ဤသည်)အသင်တို့အပေါ် အလ္လာဟ်အရှင်မြတ်၏ ပြဋ္ဌာန်းချက်အမိန့်တော်ဖြစ်သည်။ ထို့ပြင် ၎င်း(ဖော်ပြပြီးသောမိန်းမ)တို့မှလွဲ၍ (အခြားမိန်းမများသည်) အသင်တို့အတွက်

(နိကာဟ်ထိမ်းမြားခြင်း)ဟလာလ် ခွင့်ပြုထားခြင်းခံရသည်။❷ (ဆိုလိုသည်မှာ) အသင်တို့သည် (ထိုမိန်းမများကို) အသင်တို့၏ ပစ္စည်းဥစ္စာများနှင့် တရားမဝင်ကာမ လိုက်စားသူများအဖြစ်မဟုတ်ဘဲ စင်ကြယ်မှုကို လိုလားပြီး နိကာဟ် ပြုသူများအဖြစ်နှင့် ရှာဖွေ(ထိမ်းမြား)ခြင်းကို (ခွင့်ပြုပြီးဖြစ်သည်)။ ၎င်းပြင် အသင်တို့သည် သူမတို့ဖြင့် (ဇနီးမောင်နှံအဖြစ်) အကျိုးကျေးဇူးရယူခံစားခဲ့ကြလျှင် အသင်တို့သည် သူမတို့အား သတ်မှတ်ထားသည့် (ထိမ်းမြားရန် သဘောတူထားသော)မဟာရ်ပစ္စည်းများကိုပေးကြပါ။ ထို့နောက် အသင်တို့သည် (မဟာရ်) သတ်မှတ်ပြီးနောက် အသင်တို့ အချင်းချင်းပြေလည်ကြလျှင် (မဟာရ်ကိုတိုးခြင်း၊ လျှော့ခြင်း၊ ခွင့်လွှတ်ခြင်းတို့၌) အသင်တို့အပေါ်တွင်အပြစ်မရှိပေ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (အရာအားလုံးကို) အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့်အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ စစ်သုံ့ပန်းအဖြစ် မွတ်စ်လင်မ်ရဲ့လက်အောက်မှာ ရောက်လာတဲ့ လင်ရှိမိန်းမတစ်ဦးကို သူမရဲ့သားအိမ်သန့်စင်စေဖို့အတွက် ဓမ္မတာတစ်ကြိမ်လာခြင်း ဒါမှမဟုတ် ကလေးမွေးဖွားခြင်းပြီးဆုံးတဲ့အခါ သူမကို မွတ်စ်လင်မ်က ထိမ်းမြားနိုင်တယ်။ အဲဒီသုံ့ပန်းကလွဲလို့ ကျန်တဲ့ လင်ရှိမိန်းမတွေကို သူမတို့ရဲ့လင်ယောကျာ်းတွေက ကွာရှင်းမပေးမချင်း လက်ထပ်ပိုင်ခွင့်မရှိဘူး။ သူတို့ကွာရှင်းပြီးပါက အိဒ်ဒသ်ရက်ကုန်ရင် လက်ထပ်နိုင်တယ်။ (အလင်းပြကျမ်း) ❷ ညီအစ်မနှစ်ယောက်တစ်ပြိုင်တည်း လက်ထပ်ခွင့်မပိုင်သလို အရီး/အဒေါ်နဲ့ တူမကိုလည်း တစ်ပြိုင်တည်း လက်ထပ်ပိုင်ခွင့်မရှိဘူး။ (အလင်းပြကျမ်း)

وَمَنۡ لَّمۡ يَسۡتَطِعۡ مِنۡكُمۡ طَوۡلًا اَنۡ يَّنۡكِحَ الۡمُحۡصَنٰتِ الۡمُؤۡمِنٰتِ فَمِنۡ مَّا مَلَكَتۡ اَيۡمَانُكُمۡ مِّنۡ فَتَيٰتِكُمُ الۡمُؤۡمِنٰتِ ؕ وَاللّٰهُ اَعۡلَمُ بِاِيۡمَانِكُمۡ ؕ بَعۡضُكُمۡ مِّنۡۢ بَعۡضٍ ۚ فَانۡكِحُوۡهُنَّ بِاِذۡنِ اَهۡلِهِنَّ وَاٰتُوۡهُنَّ اُجُوۡرَهُنَّ بِالۡمَعۡرُوۡفِ مُحۡصَنٰتٍ غَيۡرَ مُسٰفِحٰتٍ وَّلَا مُتَّخِذٰتِ اَخۡدَانٍ ۚ فَاِذَاۤ اُحۡصِنَّ فَاِنۡ اَتَيۡنَ بِفَاحِشَةٍ فَعَلَيۡهِنَّ نِصۡفُ مَا عَلَى الۡمُحۡصَنٰتِ مِنَ الۡعَذَابِ ؕ ذٰلِكَ لِمَنۡ خَشِىَ الۡعَنَتَ مِنۡكُمۡ ؕ وَاَنۡ تَصۡبِرُوۡا خَيۡرٌ لَّكُمۡ ؕ وَاللّٰهُ غَفُوۡرٌ رَّحِيۡمٌ ﴿٢٥﴾

(၂၅) ထို့ပြင် အသင်တို့ထဲမှ အကြင်သူသည် လွတ်လပ်သောမုအ်မိနဟ် အမျိုးသမီးများနှင့် ထိမ်းမြားရန် မတတ်စွမ်းနိုင်လျှင် ထိုသူသည် အသင်တို့ပိုင်ဆိုင်သော မုအ်မိနဟ်ကျွန်မများနှင့် (လက်ထပ်ထိမ်းမြားနိုင်သည်)။❸ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ အီမာန်ယုံကြည်မှုကို အသိဆုံးဖြစ်တော်မူသည်။❹ အသင်တို့ထဲမှအချို့သည် အချို့ထံမှ(ဆင့်ကဲ ဆင့်ကဲဆင်းသက်လာသောသားချင်းများပင်) ဖြစ်သည်။❺ သို့ဖြစ်ရာ အသင်တို့သည် ထိုကျွန်မများကို

သူမတို့အား ပိုင်ဆိုင်ကြသောသခင်များ၏ ခွင့်ပြုချက်ဖြင့် လက်ထပ်ထိမ်းမြားကြပါ။ ထို့ပြင် အသင်တို့သည် တရားဥပဒေအတိုင်း သူမတို့အား သူမတို့၏မဟာရ်များကို ပေးကြပါ။ (ထိုကျွန်မများသည် သူမတို့၏)သိက္ခာကို ထိန်းသိမ်းသူများဖြစ်ကြရမည်။ တရားမဝင်ကာမကျူးလွန်သူများမဖြစ်ကြရပေ။ ထို့ပြင် တိတ်တိတ်ပုန်းယောကျ်ားယူသူများလည်းမဖြစ်ကြရပေ။ ထို့ပြင် သူမတို့သည် (ဇနီးအဖြစ်) ထိမ်းမြားခံရပြီးနောက် အကယ်၍ တရားမဝင်ကာမ ကျူးလွန်ခဲ့ကြလျှင် ၎င်း(ကျွန်မ)တို့အပေါ်တွင် (ချမှတ်ရမည့်အပြစ်ဒဏ်သည်) လွတ်လပ်သော အမျိုးသမီးများအပေါ်တွင်(ချမှတ်သော)အပြစ်ဒဏ်၏ ထက်ဝက်ဖြစ်သည်။❻ ဤ(သို့ကျွန်မများနှင့်ထိမ်းမြားရန်)အမိန့်တော်သည် အသင်တို့ထဲမှ(မထိမ်းမြားဘဲနေခဲ့လျှင်)တရားမဝင်ကာမ (ကျူးလွန်မိမည်)ကို စိုးရိမ်သောသူများအတွက်ဖြစ်သည်။ ထို့ပြင် အသင်တို့သည် (အသင်တို့၏ စိတ်များကိုထိန်းပြီး ကျွန်မများနှင့်မထိမ်းမြားဘဲ) သည်းခံကြလျှင် အသင်တို့အတွက် ပိုကောင်းသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

❸ မတတ်စွမ်းနိုင်သူတွေဆိုတာ လွတ်လပ်တဲ့အမျိုးသမီးတွေနဲ့ လက်ထပ်ဖို့ မဟာရ်တွေ၊ ဧည့်ခံစရိတ်တွေ မတတ်စွမ်းနိုင်သူတွေကို ဆိုလိုတယ်။ကျွန်မတွေနဲ့ လက်ထပ်ရင် အဲဒီကုန်ကျစရိတ် နည်းသွားတယ်။ (အလင်းပြကျမ်း) ❹ အီမာန်ယုံကြည်ချက်ဟာ ကျွန်ဖြစ်ခြင်း မဖြစ်ခြင်းနဲ့မဆိုင်ဘူး။ (အလင်းပြကျမ်း) ❺ ကျွန်တွေကို အထင်သေးဖို့မလို။ ကျွန်တွေရော လွတ်လပ်တဲ့သူတွေပါ အာဒမ် عليه السلام နဲ့ ဟောင်ဝါ عليها السلام တို့မှ ပေါက်ဖွားလာတဲ့သားချင်းတွေပဲ ဖြစ်ကြတယ်။(အလင်းပြကျမ်း) ❻ လွတ်လပ်တဲ့ယောကျ်ား/မိန်းမဟာ အပျို/လူပျိုဖြစ်ပြီး တရားမဝင် ကာမကျူးလွန်ရင် ကြိမ်ဒဏ်(၁၀၀)ဖြစ်ပြီး ကျွန်/ကျွန်မကတော့ အပျိုလူပျိုအတွက်ရော အိမ်ထောင်ရှင်အတွက်ပါ ကြိမ်ဒဏ်၅၀ဖြစ်တယ်။ (အဟ်ကာမွလ်ကုရ်အာန်၊ ဟိဒါယဟ်၊ အလင်းပြကျမ်း)

يُرِيدُ اللهُ لِيُبَيِّنَ لَكُمْ وَيَهْدِيَكُمْ سُنَنَ الَّذِينَ مِنْ قَبْلِكُمْ وَيَتُوبَ عَلَيْكُمْ ۗ وَاللهُ عَلِيمٌ حَكِيمٌ ﴿٢٦﴾

(၂၆) အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတွက် ရှင်းလင်းပြသတော်မူရန်အတွက်နှင့် အသင်တို့မတိုင်မီကရှိခဲ့ကြသောသူတို့၏ နည်းလမ်းများကို ပြသတော်မူရန်အပြင် အသင်တို့ဘက်ကို သနားကရုဏာတော်ဖြင့် လှည့်တော်မူရန်အတွက် ရည်ရွယ်တော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (အရာအားလုံးကို) အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

وَاللّٰهُ يُرِيۡدُ اَنۡ يَّتُوۡبَ عَلَيۡكُمۡ وَيُرِيۡدُ الَّذِيۡنَ يَتَّبِعُوۡنَ الشَّهَوٰتِ اَنۡ تَمِيۡلُوۡا مَيۡلًا عَظِيۡمًا ﴿٢٧﴾

(၂၇) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ဘက်ကို သနားကရုဏာတော်ဖြင့် လှည့်တော်မူရန်အတွက် ရည်ရွယ်တော်မူသည်။ သို့ရာတွင် (မိမိ၏)စိတ်အလိုဆန္ဒများနောက်ကို လိုက်သောသူများကမူ❼ အသင်တို့ အကြီးအကျယ် ယိမ်းယိုင်ချွတ်ချော်ရန်အတွက်ကိုသာ ရည်ရွယ်ကြသည်။

❼ အရှင်မြတ်ချမှတ်ထားတဲ့ဥပဒေအတိုင်း မလိုက်နာသူဟူသမျှဟာ စိတ်အလို လိုက်သူတွေ ဖြစ်တယ်။ (အလင်းပြကျမ်း)

يُرِيۡدُ اللّٰهُ اَنۡ يُّخَفِّفَ عَنۡكُمۡ ۚ وَخُلِقَ الۡاِنۡسَانُ ضَعِيۡفًا ﴿٢٨﴾

(၂၈) အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ (ဝန်ကို) လျှော့ပေါ့စေတော်မူရန် (အသင်တို့၏အရေးကိစ္စများ လွယ်ကူမှုဖြစ်စေရန်)ရည်ရွယ်တော်မူသည်။ ❶ထို့ပြင် လူသားသည် ချည့်နဲ့သူအဖြစ် ဖန်ဆင်းခြင်းခံခဲ့ရသည်။

❶ လူသားဟာ ချည့်နဲ့တဲ့အတွက် လူသားတွေလိုက်နိုင်တဲ့ အတိုင်းအတာလောက်ပဲ အရှင်မြတ်က အမိန့်တွေကို ပြဋ္ဌာန်းတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡا لَا تَاۡكُلُوۡۤا اَمۡوَالَـكُمۡ بَيۡنَكُمۡ بِالۡبَاطِلِ اِلَّاۤ اَنۡ تَكُوۡنَ تِجَارَةً عَنۡ تَرَاضٍ مِّنۡكُمۡ ۚ وَلَا تَقۡتُلُوۡۤا اَنۡفُسَكُمۡ ؕ اِنَّ اللّٰهَ كَانَ بِكُمۡ رَحِيۡمًا ﴿٢٩﴾

(၂၉) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့အချင်းချင်း သဘောတူကျေနပ်မှုဖြင့် ရောင်းဝယ်ဖောက်ကားမှု တစ်စုံတစ်ခု ပြုလုပ်ခြင်းမှလွဲ၍ အသင်တို့၏ ပစ္စည်းဥစ္စာများကို အသင်တို့အချင်းချင်း မတရားသောနည်းဖြင့် ❶စားသုံးမှုမပြုကြနှင့်။ ထို့ပြင် အသင်တို့သည် အသင်တို့ကိုယ် အသင်တို့သတ်ဖြတ်မှု(ကိုလည်းကောင်း၊ သူတစ်ပါးကို သတ်ဖြတ်မှုကိုလည်းကောင်း)မပြုကြနှင့်။❷ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ် အလွန်သနားတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ မတရားတဲ့နည်းလမ်းဆိုတာ အစ္စလာမ်ရဲ့တရားဥပဒေနဲ့ ဆန့်ကျင်တဲ့နည်းလမ်းဟူသမျှကိုခေါ်တယ်။(အလင်းပြကျမ်း) ❷ အသင်တို့ကိုယ် အသင်တို့မသတ်ဖြတ်ကြနဲ့ဆိုတာ ကိုယ့်ကိုယ်ကိုယ်သတ်ခြင်းနဲ့ သူတစ်ပါးကို မတရားသတ်ခြင်းနည်းမျိုးစုံပါဝင်တယ်။ (အလင်းပြကျမ်း)

وَمَنۡ يَّفۡعَلۡ ذٰلِكَ عُدۡوَانًا وَّظُلۡمًا فَسَوۡفَ نُصۡلِيۡهِ نَارًا ؕ وَكَانَ ذٰلِكَ عَلَى اللّٰهِ يَسِيۡرًا ﴿٣٠﴾

(၃၀) ထို့ပြင် အကြင်သူသည် ရန်ပြုကျူးကျော်သည့်အဖြစ်နှင့်သာမက မတရားနှိပ်စက်သည့်အဖြစ်နှင့် ထို(တားမြစ်ထားသော)အရာကို ပြုလုပ်လျှင် ငါအရှင်မြတ်သည် ထိုသူကို ငရဲမီးထဲသို့ မကြာမီ သွတ်သွင်းတော်မူမည်။ ထို့ပြင် ၎င်းသည် အလ္လာဟ်အရှင်မြတ်အတွက် လွယ်ကူသည်။

إِن تَجْتَنِبُوا كَبَآئِرَ مَا تُنْهَوْنَ عَنْهُ نُكَفِّرْ عَنكُمْ سَيِّـَٔاتِكُمْ وَنُدْخِلْكُم مُّدْخَلًا كَرِيمًا ﴿٣١﴾

(၃၁) အကယ်၍ အသင်တို့သည် အသင်တို့အား တားမြစ်ခြင်းခံရသော အပြစ်ကြီးများ(အပြစ်ဒဏ်ခတ်ခြင်းခံရမည့်မကောင်းမှု)များမှ ရှောင်ကြဉ်ကြလျှင်[၇] ငါအရှင်မြတ်သည် အသင်တို့၏ မကောင်းမှု(အသေး)များကို အသင်တို့ထံမှ ဖယ်ရှားတော်မူပြီး အသင်တို့အား ဂုဏ်ရှိသောနေရာသို့ ဝင်ရောက်စေတော်မူမည်။

[၇] အပြစ်ကြီးတွေဆိုတာ အဲဒီအပြစ်တွေနဲ့ပတ်သက်ပြီး အရှင်မြတ်က ငရဲမီး ဒါမှမဟုတ် အပြစ်ဒဏ် ဒါမှမဟုတ် အရှင်မြတ်ရဲ့အမျက်တော်နဲ့ ခြိမ်းခြောက်ထားတဲ့ မကောင်းမှုအားလုံးကို ဆိုလိုတယ်။ (သွဗ်ရီ)။ အပြစ်ကြီးဆိုတာ ကုရ်အာန်က တားမြစ်ထားတဲ့အရာတွေ၊ ဟဒ်ဒဏ်ပေးထိုက်တဲ့ပြစ်မှုတွေ၊ ဖရည်သွ်တာဝန်တွေကို ပျက်ကွက်မှုတွေ၊ မှသားလိမ်လည်မှုတွေ အားလုံးကို ဆိုလိုတယ်။ (အိဗ်နုကဆီးရ်)

أن الكبيرة: كل فِعْل نَصَّ الكتاب على تحريمه، وكل معصية توجب في جنسها حدًّا من قتل أو غيره وترك كل فريضة مأمور بها على الفور، والكذب في الشهادة، والرواية، واليمين. (تفسير ابن كثير)

وَلَا تَتَمَنَّوْا مَا فَضَّلَ اللّٰهُ بِهِ بَعْضَكُمْ عَلٰى بَعْضٍ ؕ لِلرِّجَالِ نَصِيبٌ مِّمَّا اكْتَسَبُوْا ؕ وَ
لِلنِّسَآءِ نَصِيبٌ مِّمَّا اكْتَسَبْنَ ؕ وَسْـَٔلُوا اللّٰهَ مِنْ فَضْلِهٖ ؕ اِنَّ اللّٰهَ كَانَ بِكُلِّ شَیْءٍ عَلِيْمًا ﴿٣٢﴾

(၃၂) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ထဲမှ အချို့ကို အချို့ထက် ကျေးဇူးပြုတော်မူခဲ့သည်ကို အသင်တို့ မတောင့်တကြနှင့်။ ယောကျ်ားများအတွက် သူတို့ရှာဖွေဆည်းပူးခဲ့သည်များထဲမှ ဝေစုရှိသည်။ ၎င်းပြင် မိန်းမများအတွက် သူမတို့ရှာဖွေဆည်းပူးခဲ့သည်များထဲမှ ဝေစုရှိသည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ကို အသနားခံ တောင်းယူကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အလွန်သိတော်မူသောအရှင်ဖြစ်တော်မူသည်။

وَلِكُلٍّ جَعَلْنَا مَوَالِيَ مِمَّا تَرَكَ الْوَالِدٰنِ وَالْاَقْرَبُوْنَ ؕ وَالَّذِيْنَ عَقَدَتْ اَيْمَانُكُمْ فَاٰتُوْهُمْ نَصِيْبَهُمْ ؕ
اِنَّ اللّٰهَ كَانَ عَلٰى كُلِّ شَیْءٍ شَهِيْدًا ﴿٣٣﴾

(၃၃) ထို့ပြင် ငါအရှင်မြတ်သည် မိဘနှစ်ပါးနှင့် ဆွေမျိုးသားချင်းများက ထားခဲ့သောအမွေပစ္စည်းများနှင့်ပတ်သက်၍ သူတို့အသီးသီးအတွက် အမွေစားအမွေခံများကို သတ်မှတ်ထားတော်မူသည်။ ထို့ပြင် အသင်တို့ ကတိကဝတ်ပြုထားသောသူများကိုလည်း အသင်တို့သည် သူတို့၏ဝေစုကို ပေးကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို မျက်မှောက်အသိသက်သေဖြစ်နေတော်မူသောအရှင်ဖြစ်တော်မူသည်။

اَلرِّجَالُ قَوّٰمُوْنَ عَلَى النِّسَآءِ بِمَا فَضَّلَ اللّٰهُ بَعْضَهُمْ عَلٰى بَعْضٍ وَّ بِمَاۤ اَنْفَقُوْا مِنْ اَمْوَالِهِمْ ؕ

فَالصّٰلِحٰتُ قٰنِتٰتٌ حٰفِظٰتٌ لِّلْغَيْبِ بِمَا حَفِظَ اللّٰهُ ؕ وَ الّٰتِىْ تَخَافُوْنَ نُشُوْزَهُنَّ فَعِظُوْهُنَّ وَ
اهْجُرُوْهُنَّ فِى الْمَضَاجِعِ وَ اضْرِبُوْهُنَّ ۚ فَاِنْ اَطَعْنَكُمْ فَلَا تَبْغُوْا عَلَيْهِنَّ سَبِيْلًا ؕ اِنَّ اللّٰهَ
كَانَ عَلِيًّا كَبِيْرًا ﴿٣٤﴾

(၃၄) ယောကျ်ားများသည် မိန်းမများအပေါ်တွင်ကြီးကြပ်အုပ်ထိန်းသူများ ဖြစ်ကြသည်၊❻ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်က အချို့ကို အချို့ထက်(ယောကျ်ားများကို မိန်းမများထက်အရည်အချင်း၊ အဆင့်အတန်း) ပိုမိုကျေးဇူးပြုတော်မူခဲ့သည့်အပြင် ၎င်း(ယောကျ်ား)တို့သည် သူတို့၏ ပစ္စည်းဥစ္စာများကို (မိန်းမများအပေါ်တွင်)သုံးစွဲသည့်အတွက်ကြောင့်လည်းဖြစ်သည်။ သို့ဖြစ်ရာ အမျိုးသမီးကောင်းများ(ဟူ)သည် (ခင်ပွန်း၏)အမိန့်ကို နာခံသူများဖြစ်ကြသည်၊ အလ္လာဟ်အရှင်မြတ်၏ စောင့်ရှောက်မှုဖြင့် (ခင်ပွန်း)ကွယ်ရာတွင် (ခင်ပွန်း၏ပစ္စည်းနှင့် သူမ၏အရှက်သိက္ခာကို) ထိန်းသိမ်းသူများဖြစ်ကြသည်။❼ ထို့ပြင် အသင်တို့သည် အကြင်ဇနီးမိန်းမများ၏ သွေဖည်မှုကို စိုးရိမ်ကြလျှင် (ပထမအဆင့်အနေဖြင့်) အသင်တို့သည် သူမတို့ကို ပြုပြင်ဆုံးမကြပါ။ ထို့နောက် (မနာခံကြသေးလျှင် ဒုတိယအဆင့်အနေဖြင့်) အသင်တို့သည် သူမတို့ကို အိပ်ခန်းများထဲတွင်(သီးခြားခွဲအိပ်ပြီး) စွန့်ထားလိုက်ကြပါ။ ထို့နောက်(လည်း မနာခံကြသေးလျှင်) အသင်တို့သည် သူမတို့ကို (မပြင်းထန်သောရိုက်ခြင်းမျိုးဖြင့်) ရိုက်(ပြီးဆုံးမ)ကြပါ။ ထို့နောက်အကယ်၍ သူမတို့သည် အသင်တို့၏အမိန့်ကို နာခံကြပြီဆိုလျှင် အသင်တို့သည် သူမတို့နှင့် ဆန့်ကျင်ပြီး မည်သည့်နည်းလမ်းကိုမျှ မရှာကြတော့နှင့်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်မြင့်မားထွတ်မြတ်လှတော်မူသောအရှင်၊ အလွန်ကြီးကျယ်ထူးကဲမြင့်မြတ်တော်မူသောအရှင်ဖြစ်တော်မူသည်။

❻ မိန်းမတွေရဲ့ အားနွဲ့မှုကြောင့် သူတို့သက်သာအောင် သူတို့ကို စီမံကွပ်ကဲပေးမဲ့သူတွေအဖြစ် ယောကျ်ားတွေကို တာဝန်ပေးထားခြင်းဖြစ်တယ်။(အလင်းပြကျမ်း) ❼ အမျိုးသမီးကောင်းနဲ့ပတ်သက်ပြီး တမန်တော်မြတ် ﷺက အမိန့်ရှိတော်မူတယ်၊ "အမျိုးသမီးတွေထဲက အကောင်းဆုံးသူဟာ အကြင်အမျိုးသမီးဖြစ်တယ်၊ အဲဒီအမျိုးသမီးကို အသင်ကြည့်တဲ့အခါ သူမက အသင့်ကို ပျော်ရွှင်ကြည်နူးစေတယ်။ ပြီးတော့ အသင်ဟာ သူမကို အမိန့်ပေးတဲ့အခါ အသင့်အမိန့်ကို နာခံတယ်။ ပြီးတော့ အသင်ဟာ သူမထံကနေ ကွယ်သွားတဲ့အခါ သူမဟာ သူမကိုယ်ကိုလည်း ထိန်းသိမ်းတယ်၊ အသင်ရဲ့ပစ္စည်းဥစ္စာကိုလည်း ထိန်းသိမ်းတယ်။" (သွဗ်ရီ၊ နစာအီ - ၃၂၃၁)

قال رسول الله صلى الله عليه وسلم: خيرُ النساء امرأةٌ إذا نظرتَ إليها سرَّتك، وإذا أمرتها أطاعتك،
وإذا غبت عنها حفظتك في نفسها ومالك. (تفسير الطبرى)

وَاِنۡ خِفۡتُمۡ شِقَاقَ بَيۡنِهِمَا فَابۡعَثُوۡا حَكَمًا مِّنۡ اَهۡلِهٖ وَحَكَمًا مِّنۡ اَهۡلِهَا ۚ اِنۡ يُّرِيۡدَاۤ اِصۡلَاحًا
يُّوَفِّقِ اللّٰهُ بَيۡنَهُمَا ؕ اِنَّ اللّٰهَ كَانَ عَلِيۡمًا خَبِيۡرًا ﴿٣٥﴾

(၃၅) ထို့ပြင် အကယ်၍ အသင်တို့သည် ၎င်း(ဇနီးခင်ပွန်း)နှစ်ဦးတို့၏ အကြားတွင် ကွဲလွဲမှုပြဿနာဖြစ်ပွားမည်ကို စိုးရိမ်ခဲ့ကြလျှင် ခင်ပွန်း၏ဆွေမျိုးများဘက်မှ ခုံသမာဓိလူကြီးတစ်ဦးနှင့် ဇနီး၏ဆွေမျိုးများဘက်မှ ခုံသမာဓိလူကြီးတစ်ဦးတို့ကို ခန့်အပ်(ပြီးဖြေရှင်း)ကြပါ။ အကယ်၍ ထို(ခုံလူကြီး)နှစ်ဦးသည် ထို(ဇနီးခင်ပွန်း)နှစ်ဦးအား ကောင်းမွန်စေရန်ပြုပြင်မှုကို ရည်ရွယ်ကြလျှင် အလ္လာဟ်အရှင်မြတ်သည် သူတို့(ဇနီးခင်ပွန်း)နှစ်ဦးကြားတွင် ညီညွတ်စေတော်မူမည်။❶ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ အကြွင်းမဲ့ကြားသိတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ ဇနီးခင်ပွန်းနှစ်ဦးအချင်းချင်း စကားများရန်ဖြစ်ပြီး ပြဿနာဖြစ်ကြရင် ဆွေမျိုးသားချင်းတွေက လက်ပိုက်ထိုင်ကြည့်နေရမှာ မဟုတ်ဘူး။ သူတို့အဆင်ပြေအောင် နှစ်ဖက်လူကြီးတွေက ဖျန်ဖြေပေးရမှာဖြစ်တယ်။ အဲဒီလိုဖျန်ဖြေပေးပါက အရှင်မြတ်က ပြေလည်အောင်လုပ်ပေးမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَاعۡبُدُوا اللّٰهَ وَلَا تُشۡرِكُوۡا بِهٖ شَيۡـًٔا وَّبِالۡوَالِدَيۡنِ اِحۡسَانًا وَّبِذِى الۡقُرۡبٰى وَالۡيَتٰمٰى وَالۡمَسٰكِيۡنِ
وَالۡجَارِ ذِى الۡقُرۡبٰى وَالۡجَارِ الۡجُنُبِ وَالصَّاحِبِ بِالۡجَنۡۢبِ وَابۡنِ السَّبِيۡلِ ۙ وَمَا مَلَكَتۡ
اَيۡمَانُكُمۡ ؕ اِنَّ اللّٰهَ لَا يُحِبُّ مَنۡ كَانَ مُخۡتَالًا فَخُوۡرَا ۙ ﴿٣٦﴾

(၃၆) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကိုးကွယ်ကြပါ။ ၎င်းပြင် အသင်တို့သည် မည်သည့်အရာကိုမျှ အရှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ်မှု မပြုကြနှင့်။ ထို့ပြင် အသင်တို့သည် မိဘနှစ်ပါးနှင့် ဆွေမျိုးနီးစပ်များ၊ အဘမဲ့ကလေးများ၊ ဆင်းရဲသားများ၊ ဆွေမျိုးတော်စပ်သော အိမ်နီးချင်း၊ ဆွေမျိုးမတော်စပ်သောအိမ်နီးချင်း၊ အတူတကွနေထိုင်သော အပေါင်းအဖော်၊ ခရီးသည်နှင့် အသင်တို့ပိုင်ဆိုင်သော ကျေးကျွန်များကို ကောင်းမွန်စွာ ဆက်ဆံကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မာနထောင်သောသူ၊ ကြွားဝါသောသူကို နှစ်သက်တော်မမူပေ။❷

❷ အရှင်မြတ်က အထက်မှာ မိန့်ဆိုထားတဲ့သူတွေနဲ့ ကောင်းကောင်းမွန်မွန်ဆက်ဆံဖို့ ညွှန်ကြားထားပြီး အဲဒီဆက်ဆံရေးကို ထိခိုက်စေတဲ့အရာဟာ စေးနဲတွန့်တိုခြင်းနဲ့ ကြွားဝါခြင်းဖြစ်တဲ့အတွက် အရှင်မြတ်နှစ်သက်တော်မမူကြောင်း မိန့်ဆိုထားခြင်းဖြစ်တယ်။ ဆက်ဆံရေးတင်မက အီမာန်ကိုပါ ထိခိုက်ကြောင်းကို မိန့်ဆိုထားတော်မူတယ်။ (အလင်းပြကျမ်း)

الَّذِيْنَ يَبْخَلُوْنَ وَ يَاْمُرُوْنَ النَّاسَ بِالْبُخْلِ وَ يَكْتُمُوْنَ مَآ اٰتٰهُمُ اللّٰهُ مِنْ فَضْلِهٖ ؕ وَ اَعْتَدْنَا لِلْكٰفِرِيْنَ عَذَابًا مُّهِيْنًا ﴿٣٧﴾

(၃၇) အကြင်သူများသည် စေးနဲတွန့်တိုကြသည်။ ထို့ပြင် လူများကိုလည်း စေးနဲတွန့်တိုစေရန် ညွှန်ကြားကြသည်။ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်က အရှင်မြတ်၏ကျေးဇူးတော်ဖြင့် သူတို့ကို ပေးသနားတော်မူထားသောအရာများကိုလည်း (မသုံးစွဲဘဲ)လျှို့ဝှက်ထိမ်ချန်ထားကြသည်။ ထို့ပြင် ငါအရှင်မြတ်သည် ကျေးဇူးကန်းသောသူများအတွက် သိက္ခာကျစေသော အပြစ်ဒဏ်ကို အသင့်ပြင်ဆင်ထားတော်မူသည်။

وَالَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمْ رِئَآءَ النَّاسِ وَلَا يُؤْمِنُوْنَ بِاللّٰهِ وَلَا بِالْيَوْمِ الْاٰخِرِ ؕ وَمَنْ يَّكُنِ الشَّيْطٰنُ لَهٗ قَرِيْنًا فَسَآءَ قَرِيْنًا ﴿٣٨﴾

(၃၈) ထို့ပြင် အကြင်သူများသည် သူတို့၏ပစ္စည်းများကို လူများအားပြစားရန် လှူဒါန်းသုံးစွဲကြသည်။ ၎င်းပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်ကို မယုံကြည်ကြသည့်အပြင် နောက်ဆုံးနေ့ကိုလည်း မယုံကြည်ကြပေ။ ထို့ပြင် မည်သူမဆို ရှိုင်သွာန်သည် ထိုသူ၏ အရင်းနှီးဆုံး မိတ်ဆွေဖြစ်ခဲ့လျှင် ၎င်း(ရှိုင်သွာန်)သည် အလွန်ဆိုးရွားသော မိတ်ဆွေပင်ဖြစ်သည်။

وَمَاذَا عَلَيْهِمْ لَوْ اٰمَنُوْا بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَاَنْفَقُوْا مِمَّا رَزَقَهُمُ اللّٰهُ ؕ وَكَانَ اللّٰهُ بِهِمْ عَلِيْمًا ﴿٣٩﴾

(၃၉) ထို့ပြင် အကယ်၍ သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ခဲ့ကြပြီး သူတို့အား အလ္လာဟ်အရှင်မြတ်က ပေးသနားတော်မူခဲ့သော ပစ္စည်းများကို သုံးစွဲလှူဒါန်းခဲ့ကြလျှင် သူတို့အပေါ်တွင် မည်သည့်(ဆုံးရှုံးနစ်နာစေမည့်) အရာရှိတော့မည်နည်း။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

اِنَّ اللّٰهَ لَا يَظْلِمُ مِثْقَالَ ذَرَّةٍ ۚ وَاِنْ تَكُ حَسَنَةً يُّضٰعِفْهَا وَيُؤْتِ مِنْ لَّدُنْهُ اَجْرًا عَظِيْمًا ﴿٤٠﴾

(၄၀) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မြူမှုန့်အလေးချိန်မျှပင် မတရားပြုလုပ်တော်မူမည်မဟုတ်ပေ။ ထို့ပြင် အကယ်၍ ၎င်း(မြူမှုန့်ခန့်မျှအလေးချိန်)သည် ကောင်းမှုတစ်ခုဖြစ်လျှင် အရှင်မြတ်သည် ထိုကောင်းမှုကို ဆတက်ထမ်းပိုး တိုးပွားစေတော်မူမည်၊ ၎င်းပြင် အရှင်မြတ်သည် မိမိထံတော်မှလည်း အလွန်ကြီးကျယ်သောအကျိုးကို ချီးမြှင့်ပေးသနားတော်မူမည်။

فَكَيْفَ اِذَا جِئْنَا مِنْ كُلِّ اُمَّةٍۭ بِشَهِيْدٍ وَّجِئْنَا بِكَ عَلٰى هٰٓؤُلَآءِ شَهِيْدًا ؕ﴿٤١﴾

(၄၁) ထို့နောက် ငါအရှင်မြတ်သည် (ကိယာမသ်နေ့တွင်) အွမ္မသ်အုပ်စု တိုင်းမှ သက်သေတစ်ဦးစီ ခေါ်ယူတော်မူမည်။[၂] ထို့ပြင် ငါအရှင်မြတ်သည် အသင်(တမန်တော်မုဟမ္မဒ်)ကိုလည်း ဤ(အသင်၏) အွမ္မသ်အုပ်စုအတွက် သက်သေအဖြစ် ခေါ်ယူတော်မူမည်။ ထိုအခါ (ကာဖိရ်များသည်) မည်ကဲ့သို့ ဖြစ်ကြမည်နည်း။

[၂] အရှင်မြတ်ဟာ ကိယာမသ်နေ့မှာ ကာဖိရ်တွေကို စစ်ဆေးတော်မူတဲ့အခါ သက်ဆိုင်ရာ အွမ္မသ် အုပ်စုတိုင်းက နဗီတမန်တော်တစ်ဦးစီကို သက်သေအဖြစ် ခေါ်ယူတော်မူမယ်။ အဲဒီနဗီတမန်တော် တွေဟာ သူတို့ရင်ဆိုင်ခဲ့ရတဲ့ကိစ္စတွေကို အမှန်အတိုင်း သက်သေခံပြောကြားပြီးတဲ့နောက် ကာဖိရ် တွေရဲ့သွေဖည်ဆန့်ကျင်မှုထင်ရှားတဲ့အပေါ်မှာ အပြစ်ဒဏ်ခတ်ဖို့ စီရင်ချက်ချတော်မူမယ်။
(အလင်းပြကျမ်း)

يَوْمَئِذٍ يَوَدُّ الَّذِينَ كَفَرُوا وَعَصَوُا الرَّسُولَ لَوْ تُسَوَّىٰ بِهِمُ الْأَرْضُ وَلَا يَكْتُمُونَ اللَّهَ حَدِيثًا ﴿٤٢﴾

(၄၂) ထိုနေ့တွင်(ကုဖ်ရ်)ငြင်းပယ်ခဲ့ကြပြီး တမန်တော်မြတ်ကို သွေ ဖည်ခဲ့ကြသောသူများသည် သူတို့နှင့်အတူ မြေကြီးသည်တစ်သားတည်းဖြစ်သွား ခြင်းခံရလျှင် ကောင်းလိုက်လေစွဟု တောင့်တကြလိမ့်မည်။[၁] ၎င်းပြင် သူတို့ သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် မည်သည့်စကားတစ်ခုမျှ ထိမ်ချန် ဖုံးကွယ် ထားနိုင်ကြမည်မဟုတ်ပေ။

[၁] ကိယာမသ်နေ့မှာ အရှင်မြတ်က တိရစ္ဆာန်တွေကို အချင်းချင်းကလဲ့စားချေခိုင်းပြီးနောက် အဲဒီ တိရစ္ဆာန်တွေကို မြေကြီးဖြစ်ဖို့အမိန့်ပေးတဲ့အခါမှာ ကာဖိရ်တွေက တောင့်တကြမဲ့အကြောင်းမိန့် ဆိုထားခြင်းဖြစ်တယ်။ (ကုရ်သွုဗီ၊ အဒ်ဒုရ်ရွလ်မစ္စူးန် ဗီအိလ်မိလ်ကိသာဗိလ်မက္ကနူးန်)

يَا أَيُّهَا الَّذِينَ آمَنُوا لَا تَقْرَبُوا الصَّلَاةَ وَأَنتُمْ سُكَارَىٰ حَتَّىٰ تَعْلَمُوا مَا تَقُولُونَ وَلَا جُنُبًا إِلَّا عَابِرِي سَبِيلٍ حَتَّىٰ تَغْتَسِلُوا ۚ وَإِن كُنتُم مَّرْضَىٰ أَوْ عَلَىٰ سَفَرٍ أَوْ جَاءَ أَحَدٌ مِّنكُم مِّنَ الْغَائِطِ أَوْ لَامَسْتُمُ النِّسَاءَ فَلَمْ تَجِدُوا مَاءً فَتَيَمَّمُوا صَعِيدًا طَيِّبًا فَامْسَحُوا بِوُجُوهِكُمْ وَأَيْدِيكُمْ ۗ
إِنَّ اللَّهَ كَانَ عَفُوًّا غَفُورًا ﴿٤٣﴾

(၄၃) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မူးယစ်နေ သူများဖြစ်ကြလျက် အသင်တို့ပြောဆိုကြသော အရာများကို အသင်တို့ မသိ သမျှကာလပတ်လုံး စွလာသ်ဝတ်ပြုမှုအနီးသို့ မချဉ်းကပ်ကြနှင့်။[၁] ၎င်းပြင် အသင်တို့သည် ရေချိုးသန့်စင်ရန် တာဝန်ရှိသူများဖြစ်နေကြလျက်နှင့်လည်း[၂] ရေချိုးသန့်စင်မှုမပြုသမျှကာလပတ်လုံး (စွလာသ်ဝတ်ပြုမှု၏အနီးနှင့် စွလာသ် ဝတ်ပြုရာနေရာ ဝတ်ကျောင်းတော်များအနီးသို့ချဉ်းကပ်မှု)မပြုကြနှင့်။ သို့ရာတွင်

အသင်တို့သည် (မလွဲမရှောင်သာ) ဖြတ်သွား ဖြတ်လာ ပြုရသောအခါမျိုး၌သာ (ဖြတ်သန်းခွင့် ရှိသည်)။ ထို့ပြင် အကယ်၍ အသင်တို့သည် ရောဂါသည်များ၊ သို့မဟုတ် ခရီး၌ရှိကြလျှင် သို့မဟုတ် အသင်တို့ထဲက တစ်ဦးတစ်ယောက်သည် ကျင်ကြီးကျင်ငယ်စွန့်ရာမှ ပြန်လာခဲ့လျှင်၊ သို့မဟုတ် အသင်တို့သည် ဇနီးမိန်းမများနှင့် ပေါင်းသင်းဆက်ဆံခဲ့ကြလျှင်၊ ထို့နောက် အသင်တို့သည် (သန့်စင်ရန်) ရေမရရှိခဲ့လျှင် အသင်တို့သည် စင်ကြယ်သောမြေကြီးဖြင့် သယမ်မွမ်❸ပြုလုပ်ကြပါ။ (ပြုလုပ်နည်းမှာ) အသင်တို့သည် (အသင်တို့၏ လက်ဖဝါးနှစ်ဖက်ဖြင့် မြေကို ရိုက်ပုတ်၍) အသင်တို့၏မျက်နှာများနှင့် အသင်တို့၏လက်များကို ပွတ်သပ်ကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်ခွင့်လွှတ်တော်မူသော အရှင်၊ လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ အရက်မသောက်ရ အမိန့်မကျရောက်ခင်က သာဝကကြီး ﷺတစ်စုဟာ အရက်သောက်ပြီး မူးနေလျက်နဲ့ မဂ်ရိဗ်စွလာသ်ဝတ်ပြုတဲ့အခါ ရှေ့ဆောင်သူက စူရဟ်ကာဖိရူးန်ကိုဖတ်ရာမှာ - "အို - ကာဖိရ်အပေါင်းတို့ အသင်တို့ကိုးကွယ်သောအရာများကို ငါ ကိုးကွယ်သည်" လို့ အခုလို -
قُلْ يَا أَيُّهَا الْكَافِرُونَ أَعْبُدُ مَا تَعْبُدُونَ، وَأَنتُمْ عَابِدُونَ مَا أَعْبُدُ، وَأَنَا عَابِدٌ مَا عَبَدتُّمْ، لَكُمْ دِينُكُمْ وَلِيَ دِينِ
ရှေ့နောက် ပြောင်းပြန်တွေ ဖြစ်သွားခဲ့တယ်။ အဲဒီအပေါ်မှာ ဒီအာယသ် ကျရောက်လာခဲ့တယ်။ (သွဗ်ရီ) ❷ ရေချိုးသန့်စင်ဖို့တာဝန်ရှိသူတွေဆိုတာ ယောကျ်ားသုက်လွှတ်ခြင်း၊(သုက်ထွက်ခြင်း)၊ မိန်းမဓမ္မတာ သွေးဆင်းခြင်း၊(မီးယပ်သွေးဆင်းခြင်း)၊ မိန်းမနဲ့ယောကျ်ား ပေါင်းသင်းဆက်ဆံမှုတွေပြုလုပ်ခဲ့ရင် ရေချိုးဖို့တာဝန်ရှိတယ်။(ဟိဒါယဟ် ၊ အလင်းပြကျမ်း) ❸ တာဝန်ရှိပြီးသန့်စင်မှု မလုပ်နိုင်တဲ့သူတွေကတော့ ရေကိုသုံးရင် ရောဂါပိုတိုးလာမယ်လို့ စိုးရိမ်ရသူတွေ၊ ရေမရရှိတဲ့ ခရီးသည်တွေ၊ ကျင်ကြီးကျင်ငယ်သွားပြီး ရေမရရှိတဲ့သူတွေ၊ အမျိုးသမီးတွေနဲ့ ပေါင်းသင်းဆက်ဆံပြီးနောက် ရေချိုးဖို့ ရေမရရှိတဲ့သူတွေနဲ့ ရေရှိပေမဲ့ သုံးနိုင်စွမ်းမရှိတဲ့သူတွေဖြစ်တယ်။ အဲဒီသူတွေဟာ သယမ်မွမ်ပြုလုပ်ပြီး သန့်စင်အောင်လုပ်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

أَلَمْ تَرَ إِلَى الَّذِينَ أُوتُوا نَصِيبًا مِّنَ الْكِتَابِ يَشْتَرُونَ الضَّلَالَةَ وَيُرِيدُونَ أَن تَضِلُّوا السَّبِيلَ ﴿٤٤﴾

(၄၄) ကျမ်းဂန်ထဲမှ တစ်စိတ်တစ်ဒေသ ချီးမြှင့်ခြင်းခံရသောသူများကို အသင်မတွေ့မြင်ခဲ့လေသလော။ ထိုသူများသည် လမ်းမှားကို ဝယ်ယူလိုက်စားကြသည်။ ၎င်းပြင် သူတို့သည် အသင်တို့ လမ်းမှားသည်ကိုလည်း လိုလားကြသည်။

وَاللَّهُ أَعْلَمُ بِأَعْدَائِكُمْ ۚ وَكَفَىٰ بِاللَّهِ وَلِيًّا وَكَفَىٰ بِاللَّهِ نَصِيرًا ﴿٤٥﴾

(၄၅) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ ရန်သူများကို ကောင်းကောင်းသိတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (အသင်တို့အတွက်) ကာကွယ်စောင့်ရှောက်စောင့်မတော်မူသော အဆွေတော်အဖြစ်

လုံလောက်တော်မူသည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် (အသင်တို့အတွက်) အလွန်ကူညီတော်မူသောအရှင်အဖြစ်လည်း လုံလောက်တော်မူသည်။

مِنَ الَّذِيْنَ هَادُوْا يُحَرِّفُوْنَ الْكَلِمَ عَنْ مَّوَاضِعِهٖ وَ يَقُوْلُوْنَ سَمِعْنَا وَ عَصَيْنَا وَ اسْمَعْ غَيْرَ
مُسْمَعٍ وَّ رَاعِنَا لَيًّا بِاَلْسِنَتِهِمْ وَ طَعْنًا فِى الدِّيْنِ ؕ وَلَوْ اَنَّهُمْ قَالُوْا سَمِعْنَا وَ اَطَعْنَا وَ اسْمَعْ
وَ انْظُرْنَا لَكَانَ خَيْرًا لَّهُمْ وَ اَقْوَمَ ۙ وَلٰكِنْ لَّعَنَهُمُ اللّٰهُ بِكُفْرِهِمْ فَلَا يُؤْمِنُوْنَ اِلَّا قَلِيْلًا ﴿٤٦﴾

(၄၆) ယဟူဒီများထဲမှ အချို့သည် (ကျမ်းဂန်ထဲမှမူရင်း)စကားများကို ၎င်းတို့၏(မူရင်း)နေရာများမှ ရွှေ့ပြောင်းကြသည်သာမက❺ သူတို့သည် (ဤသို့) ပြောဆိုကြသည်၊ "ကျွန်ုပ်တို့သည် ကြားကြပါသည်၊ ထို့ပြင် ကျွန်ုပ်တို့သည် မနာခံကြပါ။" ထို့ပြင် "အသင်သည် (ကျွန်ုပ်တို့၏စကားကို) ကြားခြင်းခံရသူမဟုတ်ဘဲဖြစ်လျက် နားထောင်ပါ။" ထို့ပြင် "ကျွန်ုပ်တို့၏တိရစ္ဆာန်ကျောင်းသား" (ရာအိနာကို ရာအီးနာ)ဟု သူတို့၏လျှာများကို ခေါက်လိပ်ပြီး သာသနာတွင် ပုတ်ခတ်ထိပါးစေရန်ပြောဆိုလေ့ရှိကြသည်။❻ အကယ်၍ သူတို့သည် အမှန်စင်စစ် "ကျွန်ုပ်တို့သည်ကြားကြပါသည်၊ ၎င်းပြင် ကျွန်ုပ်တို့သည် လိုက်နာကျင့်သုံးကြပါသည်။" ထို့ပြင် "အသင်(တမန်တော်)သည်(ကျွန်ုပ်တို့၏စကားကို) နားထောင်တော်မူပါ၊ ၎င်းပြင် ကျွန်ုပ်တို့အား ကြည့်ရှုထောက်ထားတော်မူပါ"ဟု ပြောဆိုခဲ့ကြလျှင် အမှန်မုချ ယင်း(ကဲ့သို့ပြောဆိုမှု)သည် သူတို့အတွက် အကောင်းဆုံးနှင့် အမှန်ကန်ဆုံးဖြစ်ခဲ့လိမ့်မည်။❼ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် သူတို့အား သူတို့၏ သွေဖည်ငြင်းပယ်မှုကြောင့်သာ ကရုဏာတော်မှ ဝေးစေတော်မူခဲ့သည်။ သို့ဖြစ်ရာ (သူတို့ထဲမှ) အနည်းငယ်မှလွဲ၍ (ကျန်သောသူများသည်) အီမာန်ယုံကြည်ကြမည် မဟုတ်ပေ။

❺ ယဟူဒီတွေဟာ ကျမ်းဂန်လာစကားတွေထဲက အက္ခရာတွေကိုရော အဓိပ္ပာယ်တွေကိုပါ ကပြောင်းကပြန်လုပ်ခဲ့ကြတယ်။(အလင်းပြကျမ်း) ယဟူဒီ၊ နတ်စ္စရာနီတွေဟာ ကပြောင်းကပြန်လုပ်ကြောင်း သူတို့ရဲ့ဘုန်းတော်ကြီးတွေကပါ ဝန်ခံထားကြတယ်။ (မာဟိယန်နတ်စ္စရာနိယဟ်ကျမ်း) ❻ ယဟူဒီတွေဟာ တမန်တော်မြတ် ﷺ နဲ့ တွေ့ဆုံတဲ့အခါမှာ ကဲ့ရဲ့ရှုတ်ချလိုတဲ့သဘောနဲ့ ကောင်းတဲ့အဓိပ္ပာယ်နဲ့ မကောင်းတဲ့အဓိပ္ပာယ်နှစ်မျိုးထွက်တဲ့စကားမျိုးကို ပြောလေ့ရှိကြတယ်။ (ယဟူဒီတွေထံပြန်ရောက်တဲ့အခါ ကျွန်ုပ်ဟာ တမန်တော်ကို ဒီလိုဒီလိုရှုတ်ချခဲ့တယ်လို့ ပြောဆိုနိုင်ဖို့အတွက်ဖြစ်တယ်။) (အလင်းပြကျမ်း) ❼ သူတို့ဟာ အဓိပ္ပာယ်တစ်မျိုးပဲထွက်တဲ့ စကားမျိုးကို ပြောမယ်ဆိုရင် ပိုကောင်းပြီး ပိုမှန်ကြောင်း မိန့်ဆိုထားခြင်းဖြစ်တယ်။ ဥပမာ - رَاعِنَا ရာအိနာရဲ့ အစား اُنْظُرْنَا အွန်ဇွ်ရ်နာကိုသုံးရင် ကျွန်ုပ်တို့ကို ကြည့်ရှုထောက်ထားပါဆိုတဲ့ အဓိပ္ပာယ်တစ်မျိုးတည်းပဲထွက်တဲ့အတွက် ပိုကောင်းပြီး ပိုမှန်တယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلَّذِينَ أُوتُوا۟ ٱلْكِتَٰبَ ءَامِنُوا۟ بِمَا نَزَّلْنَا مُصَدِّقًا لِّمَا مَعَكُم مِّن قَبْلِ أَن نَّطْمِسَ
وُجُوهًا فَنَرُدَّهَا عَلَىٰٓ أَدْبَارِهَآ أَوْ نَلْعَنَهُمْ كَمَا لَعَنَّآ أَصْحَٰبَ ٱلسَّبْتِ ۚ وَكَانَ أَمْرُ ٱللَّهِ مَفْعُولًا ﴿٤٧﴾

(၄၇) အို-ကျမ်းဂန်ပေးသနားတော်မူခြင်းခံကြရသူအပေါင်းတို့၊ ငါအရှင်သည် (အသင်တို့၏)မျက်နှာများကို ဖျက်ဆီးပြီး ကျောဘက်ကို ပြန်လှည့်ပစ်လိုက်တော်မမူမီ၊ သို့မဟုတ် ငါအရှင်မြတ်သည် (စဗ်သ်ခေါ်သော) ဥပုသ်စနေနေ့ကို ကျူးလွန်ဖောက်ဖျက်သောသူများအား ကရုဏာမှ ကင်းဝေးစေခဲ့သကဲ့သို့ (ထိုမယုံကြည်သောသူများအားလည်း ကရုဏာတော်မှဝေးစေရန်ပြုလုပ်တော်မမူမီ) အသင်တို့သည် အသင်တို့ထံရှိ ကျမ်းဂန်(သောင်ရာသ်)ကို ထောက်ခံလျက်ရှိသော ငါအရှင် ချပေးသနားတော်မူသည့်အရာ(ကုရ်အာန်)ကို ယုံကြည်လိုက်ကြပါ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်သည် အကောင်အထည်ဖော်ခြင်းခံရမည့်အရာပင် ဖြစ်သည်။

إِنَّ ٱللَّهَ لَا يَغْفِرُ أَن يُشْرَكَ بِهِۦ وَيَغْفِرُ مَا دُونَ ذَٰلِكَ لِمَن يَشَآءُ ۚ وَمَن يُشْرِكْ بِٱللَّهِ فَقَدِ ٱفْتَرَىٰٓ إِثْمًا
عَظِيمًا ﴿٤٨﴾

(၄၈) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်နှင့် (အခြားတစ်စုံတစ်ရာကို) တွဲဖက်ကိုးကွယ်မှုကို လွတ်ငြိမ်းချမ်းသာခွင့် လုံးဝပေးတော်မူမည်မဟုတ်ပေ။❶ ၎င်းပြင် ထိုတွဲဖက်ကိုးကွယ်ခြင်းမှလွဲ၍ အခြားပြစ်မှုများကိုမူ အရှင်မြတ်အလိုရှိတော်မူသောသူကို အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူမည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် အခြားတစ်စုံတစ်ရာကို တွဲဖက်ကိုးကွယ်လျှင် ထိုသူသည် အလွန်ကြီးသောပြစ်မှုကို အမှန်ပင် ကျူးလွန်လိုက်ပြီဖြစ်သည်။

❶ တစ်ဦးတစ်ယောက်ဟာ အလ္လာဟ်အရှင်မြတ်နဲ့ တစ်စုံတစ်ရာကို တွဲဖက်ကိုးကွယ်မှု ရှိရ်က်ပြုလုပ်ပြီး သောင်ဗဟ်မလုပ်ဘဲ သေဆုံးသွားခဲ့ရင် အရှင်မြတ်ဟာ အဲဒီသူကို ဘယ်လိုနည်းနဲ့မှ ခွင့်လွှတ်တော်မူမှာမဟုတ်တော့ဘူး။ ဒါပေမဲ့ ရှိရ်က်ကလွဲလို့ အခြားပြစ်မှု ကြီးငယ်တွေပြုလုပ်ပြီး သောင်ဗဟ်မလုပ်ဘဲ သေဆုံးသွားရင် အရှင်မြတ်အလိုရှိတော်မူရင် အဲဒီသူကို ဘာအပြစ်မှမပေးဘဲ ခွင့်လွှတ်လိုက်တော်မူမယ်။ ဒါမှမဟုတ် အပြစ်ပေးပြီးနောက် ခွင့်လွှတ်တော်မူမယ်။ ဒါမှမဟုတ် တမန်တော်မြတ် ﷺ ရဲ့ရှဖာအသ်တောင်းပန်အသနားခံပေးခြင်းနဲ့ခွင့်လွှတ်တော်မူမယ်။ သောင်ဗဟ်မလုပ်ဘဲ ခွင့်လွှတ်မဲ့ အခြေအနေတွေကို ပြသထားခြင်းဖြစ်တယ်။ သောင်ဗဟ်လုပ်မယ်ဆိုရင်တော့ အနစ်တစ်ရာရဲ့ကုဖ်ရ်၊ ရှိရ်က်ကိုတောင် တစ်မိနစ်ထဲနဲ့ ခွင့်လွှတ်ခံရတယ်။ (မအာရိဖွလ်ကုရ်အာန် - မော်လာနာအိဒ်ရိုးစ်) သောင်ဗဟ်မလုပ်ဘဲနဲ့ အဲဒီလို တစ်နည်းနည်းနဲ့ ခွင့်လွှတ်တော်မူခြင်းခံရပေမဲ့ ရှိရ်က်ပြုလုပ်ပြီး သေဆုံးသူကတော့ ဘယ်နည်းနဲ့မှ ခွင့်လွှတ်တော်မူခြင်းခံရမှာ မဟုတ်တော့

ဘူး။ ဒါပေမဲ့ ရှိရိက်ပြုလုပ်သူဟာ မသေဆုံးခင် စောစောစီးစီး နောင်တတရားရပြီး သောင်ဗဟ် အမှားဝန်ခံကာ အစ္စလာမ်ကို ကြည်ကြည်ဖြူဖြူလက်ခံလိုက်မယ်ဆိုရင် အဲဒီသူရဲ့အပြစ်တွေအားလုံးဟာ ခွင့်လွှတ်ခြင်းခံရမှာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုရင် အရှင်မြတ်ဟာ သောင်ဗဟ်ရဲ့တံခါးကို သေအံ့ဆဲဆဲ စကရာသ်အချိန်မတိုင်ခင်အထိ အမြဲဖွင့်ထားပြီး အကြိမ်ကြိမ်ခွင့်လွှတ်တော်မူတဲ့ အရှင်ဖြစ်တဲ့ အတွက်ကြောင့်ဖြစ်တယ်။ အဲဒါကြောင့် ရှိရိက်ပြုလုပ်တဲ့သူပဲဖြစ်ဖြစ်၊ အခြားပြစ်မှုကျူးလွန်တဲ့သူပဲဖြစ်ဖြစ် အမြန်ဆုံး သောင်ဗဟ်လုပ်လိုက်ရင် အမြန်ဆုံး ခွင့်လွှတ်တော်မူခြင်းခံရမှာဖြစ်တယ်။

(ကုရ်အာန် - ၄း၄၈၊ ၁၁၆၊ အိဗ်နုမာဂျဟ် - ၄၂၅၃၊ သိရ်မိဇီ - ၃၈၈၀၊ အကီဒဟ်သွဟာဝီယဟ်)

اَلَمۡ تَرَ اِلَى الَّذِيۡنَ يُزَكُّوۡنَ اَنۡفُسَهُمۡ‌ ؕ بَلِ اللّٰهُ يُزَكِّىۡ مَنۡ يَّشَآءُ وَلَا يُظۡلَمُوۡنَ فَتِيۡلًا ﴿٤٩﴾

(၄၉) အသင်(တမန်တော်)သည် သူတို့ကိုယ်ကို သူတို့ သန့်ရှင်းစင်ကြယ်ကြောင်းပြောဆိုကြသောသူများကို မတွေ့မြင်ခဲ့လေသလော။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်ပင် အရှင်မြတ်အလိုရှိတော်မူသောသူကို သန့်ရှင်းစင်ကြယ်စေတော်မူသည်။ ၎င်းပြင် သူတို့သည် (ဆံခြည်)အမျှင်တစ်မျှင်မျှပင် မတရားနှိပ်စက်ခံကြရမည်မဟုတ်ပေ။❶

❶ ဘယ်သူမဆို ကိုယ့်ကိုယ်ကိုယ် သန့်ပြန့်စင်ကြယ်တယ်လို့ ပြောလို့မရဘူး။ ဘာဖြစ်လို့လဲဆိုရင် သန့်ပြန့်စင်ကြယ်ဖို့အတွက် အကြောင်းခံတွေ သတ်မှတ်ထားတာကြောင့်ဖြစ်တယ်။ သောင်ဟီဒ်နဲ့ သက္ကဝါဟာ စိတ်နလုံးသန့်စင်ဖို့ မရှိမဖြစ် ရှိရမဲ့အချက်ဖြစ်တယ်။ အဲဒီအချက်တွေကို အရှင်မြတ်အလိုရှိတဲ့သူကို ပေးသနားတော်မူတယ်။ အရှင်မြတ်ဟာ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ စိုးစဉ်းမျှနစ်နာစေတော်မူတာမရှိဘူး။ (အလင်းပြကျမ်း၊ အာစားနိသရ်ဂျမဟ်)

اُنۡظُرۡ كَيۡفَ يَفۡتَرُوۡنَ عَلَى اللّٰهِ الۡكَذِبَ‌ ؕ وَكَفٰى بِهٖۤ اِثۡمًا مُّبِيۡنًا ﴿٥٠﴾

(၅၀) သူတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် မည်သို့လုပ်ကြံမုသားပြောဆိုနေကြသည်ကို အသင်ကြည့်လိုက်ပါ။ ထို့ပြင် ၎င်းဖြင့်ပင် ထင်ရှားသောအပြစ်အဖြစ် လုံလောက်ပေသည်။

اَلَمۡ تَرَ اِلَى الَّذِيۡنَ اُوۡتُوۡا نَصِيۡبًا مِّنَ الۡكِتٰبِ يُؤۡمِنُوۡنَ بِالۡجِبۡتِ وَالطَّاغُوۡتِ وَيَقُوۡلُوۡنَ لِلَّذِيۡنَ كَفَرُوۡا هٰٓؤُلَاۤءِ اَهۡدٰى مِنَ الَّذِيۡنَ اٰمَنُوۡا سَبِيۡلًا ﴿٥١﴾

(၅၁) (သောင်ရာသ်)ကျမ်းဂန်ထဲမှ (ပညာ)တစ်စိတ်တစ်ဒေသ ပေးခြင်းခံရသောသူများအား အသင်မတွေ့မြင်ခဲ့လေသလော။❷ သူတို့သည် ရုပ်တု(များ)နှင့် သွာဂူးသ် (အလ္လာဟ်မှအပ ကိုးကွယ်ခံရသောအရာ)ကို ယုံကြည်ကြသည်။ ၎င်းပြင် သူတို့သည် ကာဖိရ်များနှင့်ပတ်သက်၍ "ဤသူများသည် အီမာန်ယုံကြည်သူများထက်ပင် ပိုပြီး လမ်းမှန်ရရှိကြသည်" ဟု ပြောဆိုကြသည်။

❷ ယဟူဒီခေါင်းဆောင် ကအဗ်ဗင်န်အရှ်ရဖ်က မရှ်ရိက်ခေါင်းဆောင် အဗူစွဖ်ယာန်နဲ့ ပူးပေါင်းပြီး

တမန်တော်မြတ် ﷺ ကို လုပ်ကြံဖို့ စီစဉ်တဲ့အခါ အဗူစွဖ်ယာန်က မေးတယ် - အသင်ဟာ စာတတ်ပေတတ် ဖြစ်တယ်။ ကျွန်ုပ်တို့ဟာ စာမတတ် ပေမတတ်သူတွေဖြစ်ကြတယ်။ ကျွန်ုပ်တို့ထဲမှာ ဘယ်သူဟာ ပိုလမ်းမှန်ပြီး အမှန်ဘက်ကို ပိုနီးသလဲ။ ကျွန်ုပ်တို့လား၊ ဒါမှမဟုတ် မုဟမ္မဒ် ﷺ လား။ ယဟူဒီခေါင်းဆောင်ကပြောတယ် - မုဟမ္မဒ် ﷺ လျှောက်နေတဲ့လမ်းထက် အသင်တို့လျှောက်နေတဲ့လမ်းကပိုမှန်တယ်။ အဲဒီလိုပြောဆိုတဲ့အပေါ်မှာ ဒီအာယသ်ကျလာခဲ့တယ်။ (ကုရ်သွုဗီ)

أُولَٰئِكَ الَّذِينَ لَعَنَهُمُ اللَّهُ ۖ وَمَن يَلْعَنِ اللَّهُ فَلَن تَجِدَ لَهُ نَصِيرًا ﴿٥٢﴾

(၅၂) ထိုသူများသည် အကြင်သူများပင်ဖြစ်ကြသည်။ အလ္လာဟ်အရှင်သည် ထိုသူများအား ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့သည်။ ထို့ပြင် မည်သူ့ကိုမဆို အလ္လာဟ်အရှင်မြတ်သည် ကရုဏာတော်မှ ဝေးစေတော်မူလျှင် အသင်သည် ထိုသူအတွက် ကူညီမည့်သူတစ်ဦးကိုမျှ လုံးဝတွေ့ရှိမည် မဟုတ်တော့ပေ။

أَمْ لَهُمْ نَصِيبٌ مِّنَ الْمُلْكِ فَإِذًا لَّا يُؤْتُونَ النَّاسَ نَقِيرًا ﴿٥٣﴾

(၅၃) သို့မဟုတ်၊ ၎င်း(ယဟူဒီ)တို့တွင် တစ်စိတ်တစ်ဒေသမျှ သြဇာအာဏာရှိသောကြောင့်လော။ ထိုကဲ့သို့သာရှိခဲ့လျှင် သူတို့သည် လူများကို နှမ်းစေ့မျှပင် ပေးကြမည်မဟုတ်ပေ။

أَمْ يَحْسُدُونَ النَّاسَ عَلَىٰ مَا آتَاهُمُ اللَّهُ مِن فَضْلِهِ ۖ فَقَدْ آتَيْنَا آلَ إِبْرَاهِيمَ الْكِتَابَ وَالْحِكْمَةَ وَآتَيْنَاهُم مُّلْكًا عَظِيمًا ﴿٥٤﴾

(၅၄) သို့မဟုတ်၊ ၎င်း(ယဟူဒီ)တို့သည် အလ္လာဟ်အရှင်မြတ်က အရှင်မြတ်၏ကျေးဇူးတော်အထဲမှ လူများအား ပေးသနားတော်မူသော အရာများနှင့် ပတ်သက်၍ မနာလိုဖြစ်နေကြသည်လော။ သို့ဖြစ်လျှင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)အိဗ်ရာဟီမ်၏ အဆက်အနွယ်များအား ကျမ်းဂန်နှင့် ဉာဏ်ပညာကို ချီးမြှင့်ပေးသနားတော်မူခဲ့သည့်အပြင်၊ ငါအရှင်မြတ်သည် သူတို့အား ကြီးကျယ်သော သြဇာအာဏာကိုလည်း ချီးမြှင့်ပေးသနားတော်မူခဲ့သည်။

فَمِنْهُم مَّنْ آمَنَ بِهِ وَمِنْهُم مَّن صَدَّ عَنْهُ ۚ وَكَفَىٰ بِجَهَنَّمَ سَعِيرًا ﴿٥٥﴾

(၅၅) ထို့ပြင် ၎င်း(နဗီတမန်တော်အိဗ်ရာဟီမ်၏ အဆက်အနွယ်)တို့ထဲမှ အချို့သည် ထိုတမန်တော်နှင့် ပတ်သက်၍ အီမာန်ယုံကြည်ခဲ့ကြသည်။ ၎င်းပြင် သူတို့ထဲမှ အချို့ကမူ ထို(တမန်တော်အပေါ်တွင် အီမာန်ယုံကြည်မှု)မှ သွေဖည်ခဲ့ကြသည်။ ထို့ပြင် (ထိုသူများအတွက်) မီးတောက်မီးလျှံများနှင့် တောက်လောင်နေသော ဂျဟန္နမ်ငရဲဘုံသည် (ပြစ်ဒဏ်အဖြစ်)လုံလောက်ပေသည်။

اِنَّ الَّذِيْنَ كَفَرُوْا بِاٰيٰتِنَا سَوْفَ نُصْلِيْهِمْ نَارًا ۗ كُلَّمَا نَضِجَتْ جُلُوْدُهُمْ بَدَّلْنٰهُمْ جُلُوْدًا غَيْرَهَا
لِيَذُوْقُوا الْعَذَابَ ۗ اِنَّ اللّٰهَ كَانَ عَزِيْزًا حَكِيْمًا ﴿٥٦﴾

(၅၆) အမှန်စင်စစ် အကြင်သူများသည် ငါအရှင်မြတ်၏သက်သေလက္ခဏာတော်များကိုသွေဖည်ငြင်းပယ်ခဲ့ကြသည်။ ငါအရှင်မြတ်သည် ထိုသူများအား မီးထဲသို့ မကြာမီ ထည့်သွင်းတော်မူမည်။ ထိုသူများ၏(အသား)အရေများသည် လောင်ကျွမ်းသွားသည့်အခါတိုင်း ထို(လောင်ကျွမ်းသွားသောအသား) အရေများ၏အစား အခြားအသားအရေ(အသစ်)များနှင့် သူတို့ကို ငါအရှင်မြတ်က လဲလှယ်အစားထိုးပေးတော်မူမည်။ (ဤသို့ ပြုလုပ်ရခြင်းမှာ ပြစ်ဒဏ်အသစ်ဖြစ်ဖြစ်သွားပြီး) ထိုသူများသည် ပြစ်ဒဏ်ကို (ထပ်ထပ်ပြီး) မြည်းစမ်း (ခံစားနေကြရ)ရန်အတွက် ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ سَنُدْخِلُهُمْ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَآ
اَبَدًا ۗ لَهُمْ فِيْهَآ اَزْوَاجٌ مُّطَهَّرَةٌ ۙ وَّنُدْخِلُهُمْ ظِلًّا ظَلِيْلًا ﴿٥٧﴾

(၅၇) ထို့ပြင် အကြင်သူများသည် အီမာန်ယုံကြည်ကြပြီး ကောင်းမြတ်သောလုပ်ရပ်များကို ပြုမူခဲ့ကြသည်။ ထိုသူများအား ငါအရှင်မြတ်သည် အကြင်ဥယျာဉ်များထဲသို့ မကြာမီ ဝင်ရောက်စေတော်မူမည်။ ၎င်းတို့၏အောက်တွင် စမ်းရေချောင်းများ စီးဆင်းနေသည်။ သူတို့သည် ထိုအထဲတွင် အမြဲနေထိုင်ကြရမည့်သူများဖြစ်သည်။ ထိုအထဲတွင် သူတို့အတွက် သန့်ပြန့်စင်ကြယ်သော ဇနီးကြင်ရာများ ရှိကြမည်။ ထို့ပြင် ငါအရှင်မြတ်သည် ထိုသူများအား အလွန်ထူထပ်(ချမ်းမြေ့သာယာ)သော အရိပ်အာဝါသအောက်သို့ ဝင်ရောက်စေတော်မူမည်။

اِنَّ اللّٰهَ يَاْمُرُكُمْ اَنْ تُؤَدُّوا الْاَمٰنٰتِ اِلٰٓى اَهْلِهَا ۙ وَاِذَا حَكَمْتُمْ بَيْنَ النَّاسِ اَنْ تَحْكُمُوْا بِالْعَدْلِ ۗ
اِنَّ اللّٰهَ نِعِمَّا يَعِظُكُمْ بِهٖ ۗ اِنَّ اللّٰهَ كَانَ سَمِيْعًا بَصِيْرًا ﴿٥٨﴾

(၅၈) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (အသင်တို့ထံတွင်) အပ်နှံထားသောပစ္စည်းများကို❶ ထိုပစ္စည်းရှင်များထံသို့ ပြန်ပေးဆပ်ရန်နှင့် အသင်တို့သည် လူများကြားတွင် စီရင်ဆုံးဖြတ်သောအခါ မျှတစွာ စီရင်ဆုံးဖြတ်ကြရန် အသင်တို့အား အမိန့်ပေးတော်မူသည်။ စင်စစ် အသင်တို့ကို အလ္လာဟ်

အရှင်မြတ် ဆုံးမတော်မူသော ဆုံးမဩဝါဒတော်သည် အလွန်မွန်မြတ်လှတော်မူသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသော အရှင်၊ အကြွင်းမဲ့မြင်တော်မူသောအရှင် ဖြစ်တော်မူသည်။

❶ အမာနသ် အပ်နှံပစ္စည်းဆိုတာ သူတစ်ပါးက ကိုယ့်ကို ယုံကြည်စိတ်ချလို့ အပ်နှံထားတာအားလုံးကို ဆိုလိုတယ်။ ပစ္စည်းတွေ၊ တာဝန်တွေ၊ အသိပညာရပ်တွေ အားလုံးပါဝင်တယ်။ အဲဒါတွေအားလုံးကို ပို့ရမဲ့သူထံကို အရောက်ပို့ပေးရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

يَا أَيُّهَا الَّذِينَ آمَنُوا أَطِيعُوا اللَّهَ وَأَطِيعُوا الرَّسُولَ وَأُولِي الْأَمْرِ مِنْكُمْ ۖ فَإِنْ تَنَازَعْتُمْ فِي شَيْءٍ فَرُدُّوهُ إِلَى اللَّهِ وَالرَّسُولِ إِنْ كُنْتُمْ تُؤْمِنُونَ بِاللَّهِ وَالْيَوْمِ الْآخِرِ ۚ ذَٰلِكَ خَيْرٌ وَأَحْسَنُ تَأْوِيلًا ﴿٥٩﴾

(၅၉) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို လိုက်နာကြပါ။❷ ၎င်းပြင် အသင်တို့သည် ရစူလ်တမန်တော်၏အမိန့်တော်❸ နှင့် အသင်တို့ထဲမှ အာဏာပိုင်များ၏အမိန့်ကို လိုက်နာကြပါ။❹ ထို့နောက် အသင်တို့သည် ကိစ္စတစ်စုံတစ်ခုနှင့်ပတ်သက်၍ အငြင်းပွားခဲ့လျှင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သူများဖြစ်ကြလျှင် အသင်တို့သည် ထိုကိစ္စကို အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်၏ထံသို့ ပြန်ပို့ကြပါ။❺ ယင်း(သို့ အရှင်မြတ်နှင့်တမန်တော်၏ထံပြန်ပို့ခြင်း) သည် အကောင်းဆုံး (နည်းလမ်း)ဖြစ်သည့်အပြင် အကောင်းဆုံးနိဂုံးချုပ်လည်း ဖြစ်သည်။

❷ အလ္လာဟ်အရှင်မြတ်ဟာ ကိုးကွယ်ခြင်းခံထိုက်တော်မူတဲ့အရှင်ဖြစ်တဲ့အတွက် အရှင်မြတ်ရဲ့အမိန့်ကို နာခံရမှာဖြစ်တယ်။ အရှင်မြတ်အမိန့်ရှိတဲ့နည်းလမ်းအတိုင်း ကိုးကွယ်တာ မဟုတ်ရင် လက်ခံခြင်းခံရတဲ့ ကိုးကွယ်မှုမဟုတ်တော့ဘူး။ (ရှရဟ် အကီဒဟ်သွဟာဝီယဟ်) ❸ တမန်တော်ဟာ အရှင်မြတ်ရဲ့ အမိန့်တော်တွေကို ညွှန်ကြားပြီး ရှင်းပြတဲ့သူဖြစ်တဲ့အတွက် တမန်တော်ရဲ့ အမိန့်တွေ ဩဝါဒတွေကိုလည်း လိုက်နာကြရမှာဖြစ်တယ်။(အလင်းပြကျမ်း) ❹ အာဏာပိုင်တွေဆိုတာ အစိုးရ၊ တရားသူကြီး၊ စစ်သူကြီးနဲ့ အာလင်မ်ပညာရှင်တွေကို ဆိုလိုတယ်။ သူတို့ရဲ့အမိန့်တွေကို ကုရ်အာန်၊ ဟဒီးဆ်တွေနဲ့ မဆန့်ကျင်သရွေ့ လိုက်နာကြရမှာဖြစ်တယ်။(အလင်းပြကျမ်း) ❺ အဲဒီအာဏာပိုင်တွေနဲ့ ပညာရှင်တွေရဲ့ အမိန့်တွေ ဆုံးဖြတ်ချက်တွေဟာ ကွဲလွဲမှုတွေဖြစ်ပြီး အငြင်းပွားကာ ပြဿနာတွေတက်လာရင် အသင်တို့အချင်းချင်း အငြင်းပွားတဲ့ ပြဿနာတွေကို အလ္လာဟ်ထံပြန်ပို့ခြင်းဆိုတာ ကုရ်အာန်နဲ့အညီ လိုက်နာကျင့်သုံးခြင်းကိုဆိုလိုတယ်။ တမန်တော် ﷺ ထံကို ပြန်ပို့ခြင်းဆိုတာ တမန်တော်မြတ် ﷺ သက်တော် ထင်ရှားရှိစဉ်မှာ တမန်တော်မြတ် ﷺ ထံမှာ တင်ပြပြီး အဆုံးအဖြတ်ခံယူဖို့ဖြစ်တယ်။ တမန်တော်မြတ် ﷺ ကွယ်လွန်ပြီးနောက် တမန်တော်မြတ် ﷺ ရဲ့မိန့်ခွန်းဟဒီးဆ်တော်တွေနဲ့အညီ လိုက်နာကျင့်သုံးခြင်းကို ဆိုလိုတယ်။ ဒီအချက်ကို ကြည့်ခြင်းအားဖြင့် အစ္စလာမ်သာသနာမှာ ကုရ်အာန်ကျမ်းမြတ်နဲ့ တမန်တော်မြတ် ﷺ ရဲ့ဟဒီးဆ် ဩဝါဒတွေဟာ အဓိကဖြစ်တာ ထင်ရှားနေတယ်။

(ကုရ်အာန်အလင်းပြကျမ်း အောက်ခြေအမှတ် ၈၃၄)

اَلَمۡ تَرَ اِلَى الَّذِيۡنَ يَزۡعُمُوۡنَ اَنَّهُمۡ اٰمَنُوۡا بِمَاۤ اُنۡزِلَ اِلَيۡكَ وَ مَاۤ اُنۡزِلَ مِنۡ قَبۡلِكَ يُرِيۡدُوۡنَ اَنۡ
يَّتَحَاكَمُوۡۤا اِلَى الطَّاغُوۡتِ وَقَدۡ اُمِرُوۡۤا اَنۡ يَّكۡفُرُوۡا بِهٖ ؕ وَيُرِيۡدُ الشَّيۡطٰنُ اَنۡ يُّضِلَّهُمۡ ضَلٰلًا ۢ بَعِيۡدًا ﴿٦٠﴾

(၆၀) အသင်သည် အကြင်သူများအား မတွေ့မြင်ခဲ့လေသလော။ ထိုသူများက သူတို့သည် အသင့်ထံချပေးခြင်းခံရသော (ကုရ်အာန်)ကျမ်းတော်နှင့် အသင့်မတိုင်မီချပေးခြင်းခံရသော ကျမ်းတော်များကို အမှန်စင်စစ် ယုံကြည်ခဲ့ကြသည်ဟု ထုတ်ဖော်ပြောဆိုကြသည်။ သူတို့သည် (သူတို့၏အမှုကိစ္စများကို) ရှိုင်သွာန်ထံသို့ (တင်ပို့ကာ)အဆုံးအဖြတ်ခံယူလိုကြသည်။ ထို့ပြင် အမှန်စင်စစ် သူတို့သည် ၎င်း(ရှိုင်သွာန်)ကို သွေဖည်ငြင်းပယ်ကြရန် အမိန့်ပေးခြင်းခံထားရပြီးဖြစ်ကြသည်။ ထို့ပြင် ရှိုင်သွာန်သည် သူတို့ကို ဝေးလံသော လမ်းမှားသို့ ပို့ဆောင်လိုသည်။

وَاِذَا قِيۡلَ لَهُمۡ تَعَالَوۡا اِلٰى مَاۤ اَنۡزَلَ اللّٰهُ وَاِلَى الرَّسُوۡلِ رَاَيۡتَ الۡمُنٰفِقِيۡنَ يَصُدُّوۡنَ عَنۡكَ صُدُوۡدًا ﴿٦١﴾

(၆၁) ထို့ပြင် အလ္လာဟ်အရှင်မြတ်ချပေးတော်မူသောအရာ(ကုရ်အာန်)ဘက်နှင့် တမန်တော်ဘက်ကို (နည်းလမ်းတကျစီရင်ထုံးများဖြင့် ဆုံးဖြတ်ချက်ခံယူရန်) အသင်တို့လာကြပါဟု သူတို့သည် ပြောဆိုခြင်းခံကြရသောအခါ အသင်(တမန်တော်)သည် အယောင်ဆောင် မွတ်စ်လင်မ်များအား အသင်၏ထံမှ ရှောင်ဖယ်သွားကြသည်ကို တွေ့မြင်ရလိမ့်မည်။

فَكَيۡفَ اِذَاۤ اَصَابَتۡهُمۡ مُّصِيۡبَةٌ ۢ بِمَا قَدَّمَتۡ اَيۡدِيۡهِمۡ ثُمَّ جَآءُوۡكَ يَحۡلِفُوۡنَ ۖ بِاللّٰهِ اِنۡ اَرَدۡنَاۤ اِلَّاۤ
اِحۡسَانًا وَّتَوۡفِيۡقًا ﴿٦٢﴾

(၆၂) ထို့နောက် သူတို့တွင် သူတို့၏ အပြုအမူများကြောင့် ဘေးဒုက္ခတစ်စုံတစ်ခုကျရောက်လာသောအခါတွင် (သူတို့သည်) မည်သို့ ဖြစ်သွားကြသနည်း။ ထို့နောက် သူတို့သည် အသင်(တမန်တော်)၏ထံသို့လာပြီး အလ္လာဟ်အရှင်မြတ်အား ကျိန်ဆိုကာ(ဤသို့)ပြောဆိုကြသည်၊ “ကျွန်ုပ်တို့သည် အကောင်းဖြစ်စေရန်နှင့် (အချင်းချင်း) ညီညွတ်မှုရရန်မှလွဲ၍ (အခြားမည်သည်ကိုမျှ) မရည်ရွယ်ခဲ့ကြပါ။”

اُولٰٓئِكَ الَّذِيۡنَ يَعۡلَمُ اللّٰهُ مَا فِىۡ قُلُوۡبِهِمۡ فَاَعۡرِضۡ عَنۡهُمۡ وَعِظۡهُمۡ وَقُلۡ لَّهُمۡ فِىۡۤ اَنۡفُسِهِمۡ قَوۡلًاۢ بَلِيۡغًا ﴿٦٣﴾

(၆၃) ထိုသူများသည် အကြင်သူ(မုနာဖိက်)များပင်ဖြစ်သည်၊ အလ္လာဟ်အရှင်မြတ်သည် ထိုသူများ၏ စိတ်နှလုံးများထဲတွင်ရှိသည်များကို သိတော်မူ

သည်။ သို့ဖြစ်ရာ အသင်(တမန်တော်)သည် သူတို့အား လျစ်လျူရှုနေပါ။ ၎င်းပြင် အသင်သည် သူတို့အား ဆိုဆုံးမပါ။ ထို့ပြင် အသင်သည် သူတို့အား သူတို့၏ စိတ်နှလုံးများထဲသက်ဆင်းမည့် ထိရောက်သော စကားမျိုးကို ပြောဆိုပါ။

وَمَآ اَرۡسَلۡنَا مِنۡ رَّسُوۡلٍ اِلَّا لِيُطَاعَ بِاِذۡنِ اللّٰهِ ؕ وَلَوۡ اَنَّهُمۡ اِذۡ ظَّلَمُوۡۤا اَنۡفُسَهُمۡ جَآءُوۡكَ فَاسۡتَغۡفَرُوا اللّٰهَ وَاسۡتَغۡفَرَ لَهُمُ الرَّسُوۡلُ لَوَجَدُوا اللّٰهَ تَوَّابًا رَّحِيۡمًا ﴿٦٤﴾

(၆၄) ထို့ပြင် ငါအရှင်မြတ်သည် ရစူလ်တမန်တော်ကို စေလွှတ်တော်မူခြင်းသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ဖြင့် ထိုရစူလ်တမန်တော်(၏ဩဝါဒများ)သည် နာခံလိုက်နာခြင်းခံရရန်အတွက်ပင် ဖြစ်သည်။ ထို့ပြင် အကယ်၍ သူတို့သည် သူတို့ကိုယ်သူတို့ အမှန်စင်စစ် နှိပ်စက်ကျူးလွန်မိခဲ့ကြသောအခါ အသင်(တမန်တော်)၏ထံသို့လာပြီး သူတို့သည် အလ္လာဟ်အရှင်မြတ်ထံတွင် လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံခဲ့ကြလျှင် ၎င်းပြင် တမန်တော်သည်လည်း သူတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေးခဲ့မည်ဆိုလျှင် သူတို့သည် အလ္လာဟ်အရှင်မြတ်အား အများဝန်ခံမှုကို အကြိမ်ကြိမ်လက်ခံ ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်အဖြစ် အမှန်ပင် တွေ့ရလိမ့်မည်။

فَلَا وَرَبِّكَ لَا يُؤۡمِنُوۡنَ حَتّٰى يُحَكِّمُوۡكَ فِيۡمَا شَجَرَ بَيۡنَهُمۡ ثُمَّ لَا يَجِدُوۡا فِىۡۤ اَنۡفُسِهِمۡ حَرَجًا مِّمَّا قَضَيۡتَ وَيُسَلِّمُوۡا تَسۡلِيۡمًا ﴿٦٥﴾

(၆၅) သို့ဖြစ်ရာ အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ကစမ် (အရှင်မြတ်အား တိုင်တည်ပြောဆိုမည်၊) သူတို့သည် သူတို့အချင်းချင်းအငြင်းပွားခဲ့သောပြဿနာနှင့်ပတ်သက်၍ အသင်(တမန်တော်)အား ခုံသမာဓိတင်မြှောက်ပြီး သူတို့သည် အသင်စီရင်ချမှတ်ခဲ့သော ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ သူတို့၏စိတ်ထဲတွင် မည်သည့်ကျဉ်းကျပ်မှု ကိုမျှ မတွေ့ရှိကြသည့်အပြင် (ထိုဆုံးဖြတ်ချက်ကို) ပြည့်ဝ(ကြည်ဖြူ)စွာ လက်ခံနာယူခြင်းမရှိသမျှ သူတို့သည် အီမာန်ယုံကြည်သူများ မဖြစ်နိုင်ပေ။ ❶

❶ ဒီအာယသ်ဟာ တမန်တော်မြတ် ﷺ ရဲ့ညီအစ်ကိုဝမ်းကွဲတော်သူ ဇုဗိုင်းရ် رضي الله عنه နဲ့အန်စွာရီတစ်ဦးတို့ လယ်ယာရေသွင်းတဲ့ကိစ္စမှာ အငြင်းပွားပြီး တမန်တော်မြတ် ﷺ ရဲ့ အဆုံးအဖြတ်ပေးတာကို မကျေနပ်မှုကြောင့် ကျရောက်လာခဲ့တာဖြစ်တယ်။ အဲဒီနေရာမှာ ဇုဗိုင်းရ် رضي الله عنه ရသင့်ရထိုက်တာမှန်လို့ တမန်တော်မြတ် ﷺ က မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးလိုက်တာကို အန်စွာရီက မကျေနပ်ဘဲ အသင်ရဲ့ညီအစ်ကိုဝမ်းကွဲဖြစ်လို့ဒီလိုဆုံးဖြတ်တယ်လို့ပြောဆိုတဲ့အပေါ်တမန်တော်မြတ် ﷺ ဟာ

စိတ်ဆိုးတော်မူပြီး မျက်နှာတော်ရဲသွားတော်မူခဲ့တယ်။ အဲဒီအပေါ်တမန်တော်မြတ် ﷺ ဆုံးဖြတ်တာကို မကျေနပ်ရင် အီမာန်တောင်မရှိတဲ့အကြောင်း အရှင်မြတ်က ဒီအာယသ်ကို ချပေးတော်မူခဲ့ခြင်းဖြစ်တယ်။ အဲဒီအကြောင်းကို (ဗုခါရီကျမ်း - နံပါတ် ၂၃၆၀) မှာအခုလို ရေးသားဖော်ပြထားတယ် -

عَنْ عَبْدِ اللهِ بْنِ الزُّبَيْرِ، رَضِيَ الله عَنْهُمَا أَنَّهُ حَدَّثَهُ أَنَّ رَجُلاً مِنَ الأَنْصَارِ خَاصَمَ الزُّبَيْرَ عِنْدَ النَّبِيِّ صلى الله عليه وسلم فِي شِرَاجِ الْحَرَّةِ الَّتِي يَسْقُونَ بِهَا النَّخْلَ فَقَالَ الأَنْصَارِيُّ سَرِّحِ الْمَاءَ يَمُرُّ فَأَبَى عَلَيْهِ فَاخْتَصَمَا عِنْدَ النَّبِيِّ: فَقَالَ رَسُولُ اللهِ صلى الله عليه وسلم لِلزُّبَيْرِ اسْقِ يَا زُبَيْرُ ثُمَّ أَرْسِلِ الْمَاءَ إِلَى جَارِكَ فَغَضِبَ الأَنْصَارِيُّ فَقَالَ: أَنْ كَانَ ابْنَ عَمَّتِكَ فَتَلَوَّنَ وَجْهُ رَسُولِ اللهِ صلى الله عليه وسلم ثُمَّ قَالَ اسْقِ يَا زُبَيْرُ ثُمَّ احْبِسِ الْمَاءَ حَتَّى يَرْجِعَ إِلَى الْجَدْرِ فَقَالَ الزُّبَيْرُ وَاللهِ إِنِّي لأَحْسِبُ هَذِهِ الآيَةَ نَزَلَتْ فِي ذَلِكَ ((فَلَا وَرَبِّكَ لَا يُؤْمِنُونَ حَتّٰى يُحَكِّمُوْكَ فِيْمَا شَجَرَ بَيْنَهُمْ)).

ဒါဟာ တမန်တော်မြတ် ﷺ ရဲ့အမိန့်တွေနဲ့ပတ်သက်ပြီး စောဒကမတက်ဘဲ နာခံမှသာ မုအ်မင်န်ယုံကြည်သူဖြစ်မယ်ဆိုတဲ့ ထင်ရှားတဲ့ အာယသ်အထောက်အထားဖြစ်ပြီး အဲဒီလိုစောဒကမတက်ဘဲ တမန်တော်မြတ် ﷺ ရဲ့အမိန့်ကို နာခံတဲ့သူတွေဟာ အောင်မြင်ကြောင်း အခုလိုမိန့်ထားတယ်။

اِنَّمَا كَانَ قَوْلَ الْمُؤْمِنِيْنَ اِذَا دُعُوْٓا اِلَى اللّٰهِ وَرَسُوْلِهٖ لِيَحْكُمَ بَيْنَهُمْ اَنْ يَّقُوْلُوْا سَمِعْنَا وَاَطَعْنَا ؕ وَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ (၂၄း၅၁)

وَلَوْ اَنَّا كَتَبْنَا عَلَيْهِمْ اَنِ اقْتُلُوْٓا اَنْفُسَكُمْ اَوِ اخْرُجُوْا مِنْ دِيَارِكُمْ مَّا فَعَلُوْهُ اِلَّا قَلِيْلٌ مِّنْهُمْ ؕ وَلَوْ اَنَّهُمْ فَعَلُوْا مَا يُوْعَظُوْنَ بِهٖ لَكَانَ خَيْرًا لَّهُمْ وَاَشَدَّ تَثْبِيْتًا ﴿٦٦﴾

(၆၆) ထို့ပြင် အကယ်၍သာ ငါအရှင်မြတ်သည် အမှန်စင်စစ် သူတို့အပေါ်တွင် "အသင်တို့သည် အသင်တို့ကိုယ်ကို အသင်တို့ သတ်ဖြတ်ကြ၊ သို့မဟုတ် အသင်တို့သည် အသင်တို့၏ (လက်ရှိ) အရပ်ဒေသများမှ ထွက်သွားကြ" ဟုအမိန့်ချမှတ်ခဲ့လျှင် သူတို့ထဲမှ အနည်းငယ်မှလွဲ၍ အခြားသူများသည် ထိုအမိန့်ပြဋ္ဌာန်းချက်ကို လိုက်နာကြမည်မဟုတ်ပေ။ ထို့ပြင် အကယ်၍ သူတို့သည် သူတို့ဆုံးမခြင်းခံကြရသော အရာ(တမန်တော့်အမိန့်နာခံခြင်း)ကို အမှန်စင်စစ် ပြုမူဆောင်ရွက်ခဲ့ကြလျှင် အမှန်ပင် သူတို့အတွက် အကောင်းဆုံးဖြစ်ခဲ့မည့်အပြင်၊ (သူတို့၏အီမာန်ကို) ပို၍ပင်ခိုင်မြဲစေဦးမည်ဖြစ်သည်။

وَّاِذًا لَّاٰتَيْنٰهُمْ مِّنْ لَّدُنَّآ اَجْرًا عَظِيْمًا ﴿٦٧﴾

(၆၇) ထို့ပြင် သို့ဖြစ်လျှင် ငါအရှင်မြတ်သည် ၎င်းတို့အား ငါအရှင်မြတ်ထံတော်မှ ကြီးကျယ်မြင့်မြတ်သော အကျိုးကျေးဇူးတော်ကိုလည်း အမှန်ပင် ပေးသနားတော်မူခဲ့ဦးမည်ဖြစ်သည်။

وَّلَهَدَيْنٰهُمْ صِرَاطًا مُّسْتَقِيْمًا ﴿٦٨﴾

(၆၈) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ၎င်းတို့အား ဖြောင့်မတ်သော တရားလမ်းမှန်သို့ရောက်အောင်လည်း ပို့ဆောင်တော်မူခဲ့ဦးမည်ပင် ဖြစ်သည်။

وَمَنْ يُّطِعِ اللّٰهَ وَالرَّسُوْلَ فَاُولٰٓئِكَ مَعَ الَّذِيْنَ اَنْعَمَ اللّٰهُ عَلَيْهِمْ مِّنَ النَّبِيّٖنَ وَالصِّدِّيْقِيْنَ وَ
الشُّهَدَآءِ وَالصّٰلِحِيْنَ ۚ وَحَسُنَ اُولٰٓئِكَ رَفِيْقًا ﴿٦٩﴾

(၆၉) ထို့ပြင် အကြင်မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် ရစူလ်တမန်တော်၏ အမိန့်တော်များကို လိုက်နာလျှင် ထိုသူများသည် အလ္လာဟ်အရှင်မြတ် ကျေးဇူးပြုတော်မူထားသော နဗီတမန်တော်များ၊ အလွန်မှန်ကန်သောသူများ၊ အလ္လာဟ့်လမ်းတွင် အသက်စတေးသွားသောသူများ၊ ကောင်းမြတ်သောသူများနှင့်အတူ ရှိကြလိမ့်မည်။ ၎င်းပြင် ထိုသူများသည် အပေါင်းအဖော်များအဖြစ် အလွန်ပင်ကောင်းမြတ်လှသည်။❶

❶ အရှင်မြတ်က လူသားတွေအတွက် စည်းစိမ်မျိုးစုံကို ဖန်တီးထားတဲ့အထဲက လူသားတွေ မက်မောတဲ့ မိတ်ဆွေကောင်း၊ အပေါင်းအဖော်ကောင်းတွေကိုလည်း ဖန်တီးပေးထားတာဖြစ်တယ်။ ဒါဟာ အရှင်မြတ်ရဲ့ ကျေးဇူးဖြစ်ပြီး အဲဒီအရှင်ဟာ လူသားတွေ ဘာလိုတယ်ဆိုတာကို အလွန်သိတော်မူတဲ့အရှင်ဖြစ်တော်မူတယ်။(ဂျလာလိုင်န်၊အလ်ကရှ်ဖုဝလ်ဗယာန်အန်သဖ်စီရိလ်ကုရ်အာန်)

ذٰلِكَ الْفَضْلُ مِنَ اللّٰهِ ؕ وَكَفٰى بِاللّٰهِ عَلِيْمًا ﴿٧٠﴾

(၇၀) ထိုကျေးဇူးသည် အလ္လာဟ်အရှင်မြတ်ထံတော်မှပင် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်အဖြစ် လုံလောက်တော်မူသည်။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا خُذُوْا حِذْرَكُمْ فَانْفِرُوْا ثُبَاتٍ اَوِ انْفِرُوْا جَمِيْعًا ﴿٧١﴾

(၇၁) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့၏ကာကွယ်မှုကို ပြင်ဆင်ပြုလုပ်ကြပါ။ ၎င်းပြင် အသင်တို့သည် (စစ်တိုက်ရန်) အုပ်စုခွဲပြီး အစုလိုက်ချီတက်ကြပါ၊ သို့မဟုတ် အသင်တို့သည် စည်းလုံးစွာ ချီတက်ကြပါ။

وَاِنَّ مِنْكُمْ لَمَنْ لَّيُبَطِّئَنَّ ۚ فَاِنْ اَصَابَتْكُمْ مُّصِيْبَةٌ قَالَ قَدْ اَنْعَمَ اللّٰهُ عَلَيَّ اِذْ لَمْ اَكُنْ
مَّعَهُمْ شَهِيْدًا ﴿٧٢﴾

(၇၂) ထို့ပြင် အမှန်စင်စစ် အသင်တို့ထဲတွင် အကြင်သူကဲ့သို့လည်းရှိသည်။ ထိုသူသည် (စစ်ပွဲကိုလိုက်ရန်) နောက်ဆိုင်းနေမှုကို အမှန်ပင် ပြုသသည်။ ထို့နောက် အကယ်၍ အသင်တို့တွင် ဘေးဒုက္ခတစ်စုံတစ်ခု ကျရောက်လာခဲ့လျှင် ထိုသူက ပြောသည်၊ "အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အပေါ်တွင် ကျေးဇူးပြုတော်မူခဲ့သည်၊ ထို့အတွက်ကြောင့်ပင် ကျွန်ုပ်သည် သူတို့နှင့်အတူ

(စစ်ပွဲသို့) လိုက်ပါသွားသူမဖြစ်ခဲ့ပေ။"

وَلَئِنْ اَصَابَكُمْ فَضْلٌ مِّنَ اللّٰهِ لَيَقُوْلَنَّ كَاَنْ لَّمْ تَكُنْۢ بَيْنَكُمْ وَبَيْنَهٗ مَوَدَّةٌ يّٰلَيْتَنِىْ كُنْتُ
مَعَهُمْ فَاَفُوْزَ فَوْزًا عَظِيْمًا ﴿٧٣﴾

(၇၃) ၎င်းပြင် အကယ်၍ အသင်တို့တွင် အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျေးဇူးတော်တစ်စုံတစ်ခုရောက်ရှိလာလျှင် ထိုသူသည် အသင်တို့နှင့် သူ၏ အကြားတွင် ခင်မင်မှု လုံးဝမရှိခဲ့သကဲ့သို့ပင်❶ အမှန်စင်စစ်(ဤသို့)ပြောဆိုသည်၊ "သြော်- ကျွန်ုပ်သည်လည်း သူတို့နှင့်အတူ (စစ်ပွဲလိုက်သွားခဲ့သောသူ) ဖြစ်လျှင် ကောင်းလေစွ။ သို့ဖြစ်လျှင် ကျွန်ုပ်သည်လည်း ကြီးမားသောအောင်မြင်မှုမျိုးနှင့် အောင်မြင်မှုရရှိမည် ဖြစ်သည်။"

❶ အဲဒီသူဟာ မွတ်စ်လင်မ်တွေနဲ့ မိတ်ရင်းဆွေရင်းတွေပါလို့ ဆိုကာ ကြေညာထားခဲ့ပြီး စစ်ပွဲလာတဲ့အခါကျတော့ စစ်မြေပြင်ကို လိုက်ခြင်းလည်းမရှိဘဲနဲ့ မွတ်စ်လင်မ်တွေဟာ စစ်ပွဲမှာ ဒုက္ခတစ်ခုခုရောက်ရင် အဲဒီသူဟာ ဝမ်းသာတယ်။ မွတ်စ်လင်မ်တွေဟာ အောင်နိုင်မှုဖြစ်လာရင် အဲဒီသူဟာ ဝမ်းနည်းပက်လက်ဖြစ်ပြီး အရင်က မသိခဲ့သလိုနဲ့ စစ်ထဲလိုက်ခဲ့ရင်ကောင်းလေစွလို့ ပြောဆိုခြင်းဖြစ်တယ်။ (အာစားန်သရ်ဂျုမဟ်)

فَلْيُقَاتِلْ فِىْ سَبِيْلِ اللّٰهِ الَّذِيْنَ يَشْرُوْنَ الْحَيٰوةَ الدُّنْيَا بِالْاٰخِرَةِ ؕ وَمَنْ يُّقَاتِلْ فِىْ سَبِيْلِ اللّٰهِ
فَيُقْتَلْ اَوْ يَغْلِبْ فَسَوْفَ نُؤْتِيْهِ اَجْرًا عَظِيْمًا ﴿٧٤﴾

(၇၄) သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် ဤဘဝကို တမလွန်ဘဝနှင့် လဲလှယ်ရောင်းချသောသူများသည်❷ တိုက်ခိုက်ကြရမည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ပြီး ထိုသူသည် အသတ်ခံရသည်ဖြစ်စေ၊ အောင်နိုင်သည်ဖြစ်စေ ငါအရှင်မြတ်သည် ထိုသူ့အား ကြီးကျယ်မြင့်မြတ်သောအကျိုးကို မကြာမီ ပေးသနားတော်မူမည်။

❷ အိဗ်နုကဆီးရ်က ရောင်းချခြင်းအဓိပ္ပာယ်နဲ့ အထက်ကအတိုင်း ဖွင့်ဆိုခဲ့တယ်။ အခြားသဖ်စီရ်တွေမှာ يَشْرُوْنَ ရဲ့ အဓိပ္ပာယ်ဟာ ရောင်းချခြင်းနဲ့ ဝယ်ယူခြင်းဆိုပြီး နှစ်မျိုးရှိတယ်။ ဝယ်ယူခြင်းရဲ့ အဓိပ္ပာယ်နဲ့ ဖွင့်ဆိုရင် အခုလိုဖြစ်မယ်- "အဲဒီသူဟာ အလ္လာဟ်အရှင်မြတ်ရဲ့လမ်းတော်မှာ နောင်ဘဝကို ဒီဘဝနဲ့ လဲလှယ်ဝယ်ယူတဲ့သူတွေ(မုနာဖိက်တွေ၊ ကာဖိရ်တွေ)ကို တိုက်ခိုက်ကြရမယ်။" အဲဒီမုနာဖိက်တွေ၊ ကာဖိရ်တွေဟာ လောကီပစ္စည်းဥစ္စာအနည်းငယ်ရဖို့အတွက် သူတို့ရဲ့သာသနာပေးပြီး လဲလှယ်ဝယ်ယူလိုက်ကြတယ်။
(သွဗ်ရီ၊ ဗဂ်ဝီ၊ သွဗ်ရာနီ၊ အလ်မနားရ်၊ မဟာစိနသ် သအ်ဝီလ်၊ ဗဟ်ရှုလ်မုဟီးသွ်၊ ရူဟုလ်မအာနီ)

وَمَا لَكُمْ لَا تُقَاتِلُوْنَ فِىْ سَبِيْلِ اللّٰهِ وَالْمُسْتَضْعَفِيْنَ مِنَ الرِّجَالِ وَالنِّسَآءِ وَالْوِلْدَانِ
الَّذِيْنَ يَقُوْلُوْنَ رَبَّنَآ اَخْرِجْنَا مِنْ هٰذِهِ الْقَرْيَةِ الظَّالِمِ اَهْلُهَا ۚ وَاجْعَلْ لَّنَا مِنْ لَّدُنْكَ وَلِيًّا ۚ

وَّاجْعَلْ لَّنَا مِنْ لَّدُنْكَ نَصِيْرًا ﴿٧٥﴾

(၇၅) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတွင်လည်းကောင်း၊ အားအင်ချည့်နဲ့သောယောကျ်ားများ၊ မိန်းမများနှင့် ကလေးများ(အားကယ်တင်ရန်)အတွက်လည်းကောင်း စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းမပြုကြရန် အသင်တို့တွင် မည်သည့်အကြောင်းရှိသနည်း။ ထို(ချည့်နဲ့သော)သူများသည် (ဤသို့)ပြောဆိုပန်ကြားနေကြသည်၊ "အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အား မတရားနှိပ်စက်သော ရွာသူရွာသားများ၏မြို့ရွာမှ ထုတ်ဆောင်တော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အတွက် အရှင်မြတ်ထံတော်မှ အဆွေခင်ပွန်း တစ်စုံတစ်ဦးကို ဖန်တီးပေးသနားတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အတွက် အရှင်မြတ်ထံတော်မှ ကာကွယ်စောင့်ရှောက်ကူညီမည့်သူ တစ်စုံတစ်ဦးကိုလည်း ဖန်တီးပေးသနားတော်မူပါ။"

اَلَّذِيْنَ اٰمَنُوْا يُقَاتِلُوْنَ فِيْ سَبِيْلِ اللّٰهِ ۚ وَالَّذِيْنَ كَفَرُوْا يُقَاتِلُوْنَ فِيْ سَبِيْلِ الطَّاغُوْتِ فَقَاتِلُوْٓا اَوْلِيَآءَ الشَّيْطٰنِ ۚ اِنَّ كَيْدَ الشَّيْطٰنِ كَانَ ضَعِيْفًا ﴿٧٦﴾

(၇၆) အီမာန်ယုံကြည်သူများသည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင်စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြသည်။ ထို့ပြင် ကာဖိရ်ငြင်းပယ်သူများကမူ သွာဂူသ်❶(အလ္လာဟ်မှလွဲ၍ကိုးကွယ်ခြင်းခံရသူများ)၏လမ်းတွင် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြသည်။ သို့ဖြစ်ရာ အသင်တို့သည် ရှိုင်သွာန်၏ အဆွေခင်ပွန်းများကို တိုက်ခိုက်ကြပါ။ စင်စစ် ရှိုင်သွာန်၏(လှည့်ကွက်)ကြံစည်မှုသည် ချည့်နဲ့လှသည်။

❶ သွာဂူသ် ဆိုတာ အလ္လာဟ်အရှင်မြတ်ကလွဲလို့ ကိုးကွယ်ခြင်းခံရတဲ့ ကိုးကွယ်ရာတွေအားလုံးကို ခေါ်တယ်။ (ရာဂိဗ်)

اَلَمْ تَرَ اِلَى الَّذِيْنَ قِيْلَ لَهُمْ كُفُّوْٓا اَيْدِيَكُمْ وَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ ۚ فَلَمَّا كُتِبَ عَلَيْهِمُ الْقِتَالُ اِذَا فَرِيْقٌ مِّنْهُمْ يَخْشَوْنَ النَّاسَ كَخَشْيَةِ اللّٰهِ اَوْ اَشَدَّ خَشْيَةً ۚ وَقَالُوْا رَبَّنَا لِمَ كَتَبْتَ عَلَيْنَا الْقِتَالَ ۚ لَوْلَآ اَخَّرْتَنَآ اِلٰٓى اَجَلٍ قَرِيْبٍ ؕ قُلْ مَتَاعُ الدُّنْيَا قَلِيْلٌ ۚ وَالْاٰخِرَةُ خَيْرٌ لِّمَنِ اتَّقٰى ۟ وَلَا تُظْلَمُوْنَ فَتِيْلًا ﴿٧٧﴾

(၇၇) အသင်(တမန်တော်)သည် အကြင်သူများအား မတွေ့မြင်ခဲ့လေသလော။ (သူတို့သည် စစ်တိုက်မိန့် မကျမီက စစ်တိုက်ရန် စိတ်ပြင်းပြနေကြသောကြောင့်) သူတို့သည် (ဤသို့)ပြောဆိုခြင်းခံကြရသည်။ အသင်တို့သည် အသင်တို့၏လက်များကို (စစ်တိုက်ခြင်းမှ) ချုပ်တည်းထား၍ စွလာသ်ဝတ်ပြုမှု

ကို ဆောက်တည်နေကြပါ၊ ၎င်းပြင် ဇကာသ်(ဆင်းရဲသားနှင့်လိုအပ်သူများ၏ဝေစု)ကို ပေးဆောင်နေကြပါ။ ထို့နောက် သူတို့အပေါ်တွင် စစ်တိုက်အမိန့်သည် ပြဋ္ဌာန်းခြင်းခံရသောအခါ သူတို့ထဲမှ လူတစ်စုသည် အလ္လာဟ်အရှင်မြတ်အား ကြောက်သကဲ့သို့ လူများအား ကြောက်လာကြသည်သာမက (အလ္လာဟ်အရှင်မြတ်အား ကြောက်သည်ထက်) ပို၍ပင် ကြောက်လာကြသည်။ ၎င်းပြင် သူတို့က ပြောဆိုခဲ့ကြသည်၊ "အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် အဘယ်ကြောင့် စစ်တိုက်ခြင်းကို ကျွန်ုပ်တို့အပေါ်တွင် ပြဋ္ဌာန်းလိုက်တော်မူပါသနည်း။ အရှင်မြတ်သည် ကျွန်ုပ်တို့အား (ထပ်၍) ရက်အနည်းငယ် ရွှေ့ဆိုင်းပေးတော်မူခဲ့ပါလျှင် ကောင်းလေစွ။"❶ (အို-တမန်တော်)အသင် ပြောလိုက်ပါ၊ "လောကီအကျိုးခံစားမှုသည် အနည်းငယ်မျှသာဖြစ်ပြီး ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သောသူများအတွက် တမလွန်ဘဝသည် အကောင်းဆုံးဖြစ်သည်။ ၎င်းပြင် အသင်တို့သည် (ဆံခြည်)အမျှင်တစ်မျှင်ခန့်မျှပင် မတရားနှိပ်စက်ခံကြရမည် မဟုတ်ပေ။❷

❶ မွတ်စ်လင်မ်တွေဟာ မက္ကဟ်မြို့မှာ ကာဖိရ်တွေရဲ့နှိပ်စက်မှုကို ခံစားနေရတဲ့အချိန်က သူတို့ကို ပြန်လည်လက်စားချေဖို့ စစ်တိုက်ခွင့်တောင်းခံခဲ့ကြတယ်။တမန်တော်မြတ် ﷺက ခွင့်မပြုဘဲ သည်းခံဖို့ စွလာသ်ဝတ်ပြုဖို့နဲ့ ဇကာသ်ပေးဆောင်ဖို့ပဲ ညွှန်ကြားတော်မူခဲ့တယ်။ အဲဒီနောက် မဒီနဟ်ကို ဟိဂျ်ရသ်ပြုလုပ်ပြီးနောက် ကာဖိရ်တွေနဲ့ စစ်တိုက်ဖို့ အမိန့်ကျလာတဲ့အခါမှာ တချို့အီမာန်နနယ်တဲ့ မွတ်စ်လင်မ်တွေက စစ်တိုက်ရမှာကြောက်ပြီး ရွှေ့ဆိုင်းထားဖို့ အရှင်မြတ်ထံတော်မှာ တောင်းခံခဲ့ကြခြင်းဖြစ်တယ်။ (အလင်းပြကျမ်း၊ အာစားန်သရ်ဂျမဟ် ) ❷ ကာဖိရ်တွေနဲ့ စစ်တိုက်တာကို မလိုလားခြင်းရဲ့အကြောင်းခံဟာ လောကီစည်းစိမ်ကို မက်မောခြင်းနဲ့ လောကမှာ အသက်ရှည်ရှည်နေထိုင်လိုခြင်းကြောင့်ဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်က တမလွန်ဘဝဟာ ပိုကောင်းကြောင်းနဲ့ တမလွန်ဘဝမှာ မတရားမှုစိုးစဉ်းမျှတောင် ရှိမှာမဟုတ်ကြောင်း စည်းစိမ်တွေချည်းပဲရှိမှာဖြစ်ကြောင်း အမိန့်ရှိထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း၊ အာစားန်သရ်ဂျမဟ်)

اَيۡنَ مَا تَكُوۡنُوۡا يُدۡرِكْكُّمُ الۡمَوۡتُ وَلَوۡ كُنۡتُمۡ فِىۡ بُرُوۡجٍ مُّشَيَّدَةٍ ‌ؕ وَاِنۡ تُصِبۡهُمۡ حَسَنَةٌ يَّقُوۡلُوۡا
هٰذِهٖ مِنۡ عِنۡدِ اللّٰهِ‌ ۚ وَاِنۡ تُصِبۡهُمۡ سَيِّئَةٌ يَّقُوۡلُوۡا هٰذِهٖ مِنۡ عِنۡدِكَ‌ ؕ قُلۡ كُلٌّ مِّنۡ عِنۡدِ اللّٰهِ‌ ؕ فَمَالِ
هٰٓؤُلَاۤءِ الۡقَوۡمِ لَا يَكَادُوۡنَ يَفۡقَهُوۡنَ حَدِيۡثًا ﴿۷۸﴾

(၇၈) အသင်တို့သည် မည်သည့်နေရာ၌ပင်ရှိသည်ဖြစ်စေ၊ သေခြင်းသည် အသင်တို့ထံသို့ ရောက်ရှိလာမည်ပင်ဖြစ်သည်။ ၎င်းပြင် အကယ်၍ အသင်တို့သည် အလွန်ခိုင်ခံ့လုံခြုံသော ခံတပ်ရဲတိုက်များတွင်ရှိနေကြလျှင်လည်း (သေခြင်းမှ လွတ်မြောက်မည်မဟုတ်ပေ)။ ထို့ပြင် အကယ်၍ ယင်း(အယောင်ဆောင်

မွတ်စ်လင်မ်)တို့တွင် ကောင်းသောအရာ တစ်စုံတစ်ခု ရောက်ရှိလာလျှင် သူတို့က ဤသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ဖြစ်သည်ဟု ပြောဆိုလေ့ရှိကြသည်။ ထို့နောက် အကယ်၍ သူတို့တွင် မကောင်းသောအရာ တစ်စုံတစ်ခုရောက်ရှိလာလျှင် သူတို့က ဤသည် အသင်(တမန်တော်)၏ထံမှ ဖြစ်သည်ဟုပြောဆိုလေ့ရှိကြသည်။❻ (အို-တမန်တော်) အသင် ပြောလိုက်ပါ၊ "(အကောင်းနှင့်အဆိုး) အားလုံးသည် အလ္လာဟ်အရှင်မြတ်ထံတော်မှပင် ဖြစ်သည်။" သို့ဖြစ်ရာ ဤသူများသည် မည်သည့်အတွက်ကြောင့် စကားတစ်ခုကိုမျှ နားလည်ရန် မနီးစပ်ကြသနည်း။

❻ မုနာဖိက်တွေအကြောင်း မိန့်ဆိုထားခြင်းဖြစ်တယ်။ သူတို့က မွတ်စ်လင်မ်တွေ စစ်အောင်နိုင်ရင် အရှင်မြတ်ထံကဖြစ်တယ်လို့ ပြောဆိုကြတယ်။ မွတ်စ်လင်မ်တွေအပေါ် ဒုက္ခတစ်ခုခုရောက်ရင် မွတ်စ်လင်မ်တွေနဲ့ သူတို့ရဲ့ခေါင်းဆောင်တမန်တော် ﷺ ရဲ့ချို့ယွင်းချက်ကြောင့်လို့ပြောဆိုကြတယ်။ (အလင်းပြကျမ်း)

مَآ اَصَابَكَ مِنْ حَسَنَةٍ فَمِنَ اللّٰهِ ۡ وَمَآ اَصَابَكَ مِنْ سَيِّئَةٍ فَمِنْ نَّفْسِكَ ؕ وَاَرْسَلْنٰكَ لِلنَّاسِ رَسُوْلًا ؕ وَكَفٰى بِاللّٰهِ شَهِيْدًا ﴿٧٩﴾

(၇၉)အသင်၏ထံရောက်ရှိလာသော မည်သည့်ကောင်းသောအရာဖြစ်စေ အလ္လာဟ်အရှင်မြတ်ထံတော်မှပင် ဖြစ်သည်။ ၎င်းပြင် အသင်၏ထံသို့ ရောက်ရှိလာသော မည်သည့်မကောင်းသောအရာဖြစ်စေ (ထိုအရာသည်)အသင်၏ထံမှ(အပြုအမူများကြောင့်)ပင်ဖြစ်သည်။ ထို့ပြင်ငါအရှင်မြတ်သည် အသင်(တမန်တော်မုဟမ္မဒ်)ကို လူများ(အားလုံး) ထံသို့ ❼ရစူလ်တမန်တော်အဖြစ် စေလွှတ်တော်မူခဲ့သည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် (အသင် တမန်တော်ဖြစ်ကြောင်း) မျက်မှောက် အသိသက်သေအဖြစ် လုံလောက်တော်မူသည်။

❼ လူတွေအားလုံးကိုမိန့်ထားတဲ့အတွက်အရပ်လူမျိုးတစ်မျိုးတည်းကိုမဆိုလိုဘူး။(အလင်းပြကျမ်း)

مَنْ يُّطِعِ الرَّسُوْلَ فَقَدْ اَطَاعَ اللّٰهَ ۚ وَمَنْ تَوَلّٰى فَمَآ اَرْسَلْنٰكَ عَلَيْهِمْ حَفِيْظًا ﴿٨٠﴾

(၈၀) မည်သူမဆို ရစူလ်တမန်တော်၏ အမိန့်တော်ကို လိုက်နာလျှင် ထိုသူသည် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို လိုက်နာခြင်းပင်ဖြစ်သည်။❽ ၎င်းပြင် မည်သူမဆို (အသင်၏အမိန့်ကိုဖီဆန်၍) မျက်နှာလွှဲခဲ့လျှင်(အသင်၏တာဝန်မဟုတ်ပေ၊) ငါအရှင်မြတ်သည် အသင်(တမန်တော်)ကို ထိုသူများအပေါ်တွင် အုပ်ထိန်းသူအဖြစ် စေလွှတ်တော်မူခဲ့သည် မဟုတ်ပေ။❾

❽ တမန်တော်မြတ် ﷺ ရဲ့အမိန့်နာခံခြင်းဟာ အရှင်မြတ်ရဲ့အမိန့်တော်ကို နာခံတာပဲဖြစ်တယ်ဆို

တဲ့အတွက် တမန်တော် ﷺ ဟာ အပြစ်ကင်းစင်တာ ထင်ရှားနေတယ်။ အပြစ်ချို့ယွင်းချက်ရှိမနေ
လို့ဘဲ အရှင်မြတ်က တမန်တော်မြတ် ﷺ ရဲ့အမိန့်ကို နာခံဖို့ နောက်လိုက်ဖို့ အကြိမ်ကြိမ် အမိန့်ရှိ
ထားတော်မူတာ ဖြစ်တယ်။(အလင်းပြကျမ်း) ❷ တမန်တော်မြတ် ﷺ ဟာ အမိန့်မနာခံတဲ့သူတွေ
နဲ့ပတ်သက်ပြီး သောကဖြစ်နေတဲ့အတွက် နှစ်သိမ့်တဲ့အနေနဲ့ အမိန့်ရှိထားတာဖြစ်တယ်။သူတို့ကို
နာခံအောင် လုပ်ဖို့ရာဟာ အသင်တမန်တော်ရဲ့တာဝန်မဟုတ်ဘူး။ နာခံတာ မနာခံတာဟာ သူတို့
တာဝန်ပဲဖြစ်တယ်။ အသင်တမန်တော်ရဲ့တာဝန်ဟာ ပို့ချဖို့နဲ့ နားလည်အောင်ရှင်းပြဖို့ပဲဖြစ်တယ်။
(အလင်းပြကျမ်း)

وَيَقُوْلُوْنَ طَاعَةٌ ۡ فَاِذَا بَرَزُوْا مِنْ عِنْدِكَ بَيَّتَ طَآئِفَةٌ مِّنْهُمْ غَيْرَ الَّذِىْ تَقُوْلُ ؕ وَاللّٰهُ يَكْتُبُ مَا يُبَيِّتُوْنَ ۚ فَاَعْرِضْ عَنْهُمْ وَتَوَكَّلْ عَلَى اللّٰهِ ؕ وَكَفٰى بِاللّٰهِ وَكِيْلًا ﴿٨١﴾

(၈၁) ထို့ပြင် ၎င်း(အယောင်ဆောင်မွတ်စ်လင်မ်)တို့သည် (အသင်တမန်တော်ရှေ့၌မူ) "လိုက်နာရန်သာရှိသည်"ဟု ပြောဆိုကြသည်။ ထို့နောက် အသင်၏ထံမှ သူတို့ထွက်သွားကြသောအခါ သူတို့ထဲမှ လူတစ်စုသည် သူတို့ပြောဆိုခဲ့ကြသည်များနှင့် ဆန့်ကျင်သောကိစ္စများကို ညအချိန်တွင် တိုင်ပင်ဆွေးနွေးကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည်လည်း သူတို့ညအချိန်ဆွေးနွေးသောကိစ္စများကို ရေးမှတ်တော်မူသည်။❶ သို့ဖြစ်ရာ အသင်သည် သူတို့အားလျစ်လျူရှုပြီး အလ္လာဟ်အရှင်မြတ်ကိုသာ ယုံကြည်စိတ်ချအားကိုးပြီးနေပါ။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်ယုံပုံလွှဲအပ်ခြင်း ခံထိုက်တော်မူသောအရှင်အဖြစ် လုံလောက်တော်မူသည်။

❶ အယောင်ဆောင် မွတ်စ်လင်မ်တွေရဲ့ညအချိန် မကောင်းကြံစည်မှုတွေကို အရှင်မြတ်က ရေးမှတ်ထားတော်မူပြီး အပြစ်ဒဏ်ပေးတော်မူမှာ ဖြစ်တဲ့အတွက် အသင်ဟာ အဲဒီဘက်လှည့်မကြည့်တော့ဘဲ အရှင်မြတ်အပေါ်မှာ ယုံပုံလွှဲအပ်ထားလိုက်ဖို့ အမိန့်ရှိထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

اَفَلَا يَتَدَبَّرُوْنَ الْقُرْاٰنَ ؕ وَلَوْ كَانَ مِنْ عِنْدِ غَيْرِ اللّٰهِ لَوَجَدُوْا فِيْهِ اخْتِلَافًا كَثِيْرًا ﴿٨٢﴾

(၈၂) ၎င်းပြင် သူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို စဉ်းစားဆင်ခြင်မကြည့်ကြလေသလော။ ထို့ပြင် အကယ်၍ ထို(ကုရ်အာန်ကျမ်းတော်မြတ်)သည် အလ္လာဟ်အရှင်မြတ်ထံတော်မှလွဲ၍ (အခြားသူ၏ထံမှသာ) ဖြစ်ခဲ့လျှင် သူတို့သည် ထို(ကုရ်အာန်)ထဲတွင် ကွဲလွဲမှုများစွာကို အမှန်ပင် တွေ့ရှိခဲ့ကြလိမ့်မည်။

وَاِذَا جَآءَهُمْ اَمْرٌ مِّنَ الْاَمْنِ اَوِ الْخَوْفِ اَذَاعُوْا بِهٖ ؕ وَلَوْ رَدُّوْهُ اِلَى الرَّسُوْلِ وَاِلٰٓى اُولِى الْاَمْرِ مِنْهُمْ لَعَلِمَهُ الَّذِيْنَ يَسْتَنْۢبِطُوْنَهٗ مِنْهُمْ ؕ وَلَوْلَا فَضْلُ اللّٰهِ عَلَيْكُمْ وَرَحْمَتُهٗ لَاتَّبَعْتُمُ الشَّيْطٰنَ اِلَّا قَلِيْلًا ﴿٨٣﴾

(၈၃) ထို့ပြင် သူတို့ထံသို့ စိတ်အေးဖွယ်ရာသတင်း တစ်စုံတစ်ခု သို့မဟုတ် ထိတ်လန့်ဖွယ်ရာသတင်းတစ်စုံတစ်ခု ရောက်လာသောအခါ သူတို့သည်

ထိုသတင်းကို (ဆန်းစစ်ခြင်းမရှိဘဲ) ဖြန့်လိုက်ကြသည်။ J ထို့ပြင်အကယ်၍ သူတို့သည် ထိုသတင်းကို တမန်တော်ထံသို့ သို့မဟုတ် သူတို့ထဲမှ အာဏာပိုင်များထံသို့ လွှဲပို့ခဲ့ကြလျှင် သူတို့ထဲမှ ဆင်ခြင်သုံးသပ် ဆန်းစစ်တတ်သောသူများသည် ထိုသတင်း(၏ဇာစ်မြစ်)ကို အမှန်ပင် သိရှိကြလိမ့်မည်။ ထို့ပြင် အကယ်၍သာ အသင်တို့အပေါ်တွင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် အရှင်မြတ်၏သနားညှာတာမှုသာ မရှိခဲ့လျှင် အနည်းငယ်မှလွဲ၍ အသင်တို့(အားလုံး)သည် ရှိုင်သွာန်၏နောက်သို့ အမှန်ပင်လိုက်ခဲ့ကြမည်ဖြစ်သည်။

J သတင်းထုတ်ပြန်မှုနဲ့ပတ်သက်တဲ့ ဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်တယ်။ သတင်းတစ်ခုကြားတာနဲ့ အလျင်အမြန် မဆန်းစစ်ဘဲ ဖြန့်ချိတာမျိုး မလုပ်ကြဖို့နဲ့ တကယ်ကျွမ်းကျင်တဲ့သူတွေ၊ တာဝန်ခံတွေထံကို သတင်းပို့ပေးဖို့နဲ့ သူတို့က ဆန်းစစ်လေ့လာပြီးမှ သတင်းထုတ်ပြန်ဖို့လိုအပ်ရင် ထုတ်ပြန်မယ်၊ ထုတ်ပြန်ဖို့ မလိုအပ်သေးရင် မထုတ်ပြန်ဘဲထားမယ်။ အဲဒီတော့မှပဲ မွတ်စ်လင်မ်တွေ မနစ်နာမဆုံးရှုံးရအောင် ဆန်းစစ်လေ့လာပြီး ကာကွယ်မှုလုပ်လို့ရမှာ ဖြစ်တယ်။

(အလင်းပြကျမ်း၊ အာစားန်သရ်ဂျုမဟ်)

فَقَاتِلْ فِي سَبِيلِ اللَّهِ ۚ لَا تُكَلَّفُ إِلَّا نَفْسَكَ ۚ وَحَرِّضِ الْمُؤْمِنِينَ ۖ عَسَى اللَّهُ أَن يَكُفَّ بَأْسَ الَّذِينَ كَفَرُوا ۚ وَاللَّهُ أَشَدُّ بَأْسًا وَأَشَدُّ تَنكِيلًا ﴿٨٤﴾

(၈၄) သို့ဖြစ်ရာ အသင်(တမန်တော်)သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ပါ။ အသင်၏အပေါ်တွင် အသင်၏ တာဝန်သာရှိသည်။ (အခြားသူ၏တာဝန်မရှိပေ)။ ၎င်းပြင် အသင်သည် မုအ်မင်န်ယုံကြည်သူများအား တိုက်တွန်းနှိုးဆော်နေပါ။ အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်ငြင်းပယ်သူများ၏ အင်အားကို မကြာမီ တားဆီးတော်မူလိမ့်မည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အင်အားအကြီးဆုံးအရှင်ဖြစ်တော်မူပြီး အပြင်းထန်ဆုံး အပြစ်ဒဏ်ပေးတော်မူသောအရှင်လည်း ဖြစ်တော်မူသည်။

مَّن يَشْفَعْ شَفَاعَةً حَسَنَةً يَكُن لَّهُ نَصِيبٌ مِّنْهَا ۖ وَمَن يَشْفَعْ شَفَاعَةً سَيِّئَةً يَكُن لَّهُ كِفْلٌ مِّنْهَا ۗ وَكَانَ اللَّهُ عَلَىٰ كُلِّ شَيْءٍ مُّقِيتًا ﴿٨٥﴾

(၈၅) မည်သူမဆို ကောင်းသောကိစ္စတစ်ခုခုတွင် ကြားဝင်တိုက်တွန်းပြောဆိုပေးလျှင်ထို(ကောင်းသောကိစ္စ)ထဲမှထိုသူ့အတွက်ဝေစုဝေပုံရှိမည်။၎င်းပြင် မည်သူမဆို မကောင်းသော ကိစ္စတွင် ကြားဝင်တိုက်တွန်းပြောဆိုပေးလျှင် ထိုသူ့အပေါ်တွင် ထို(မကောင်းသောကိစ္စ)ထဲမှ ဝန်ထုပ်ဝန်ပိုး (အပြစ်)ရှိမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ်တွင် အလွန်ကြီးကြပ်

အုပ်ထိန်းတော်မူသောအရှင် ဖြစ်တော်မူသည်။

وَإِذَا حُيِّيتُم بِتَحِيَّةٍ فَحَيُّوا بِأَحْسَنَ مِنْهَا أَوْ رُدُّوهَا ۗ إِنَّ اللَّهَ كَانَ عَلَىٰ كُلِّ شَيْءٍ حَسِيبًا ﴿٨٦﴾

(၈၆) ထို့ပြင် အသင်တို့သည် (စလာမ်မေတ္တာပို့)နှုတ်ခွန်းဆက်မှုတစ်စုံတစ်ခုနှင့်နှုတ်ခွန်းဆက်သခံကြရသောအခါအသင်တို့သည်ထို(စလာမ်မေတ္တာပို့)နှုတ်ခွန်းဆက်ခြင်းထက် ပိုကောင်းသောနည်းဖြင့် နှုတ်ခွန်းပြန်ဆက်ကြပါ။ သို့မဟုတ် ထိုအတိုင်း တုံ့ပြန်နှုတ်ခွန်းဆက်ကြပါ။❶ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အလွန်စစ်ဆေးတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ အစ္စလာမ်သာသနာမှာ နှုတ်ခွန်းဆက်တဲ့စကားအဖြစ် စလာမ်မေတ္တာကို ပို့သဖို့ ပြဋ္ဌာန်းထားတယ်။ အစ္စလာမ်သာသနာဟာ ငြိမ်းချမ်းတဲ့ သာသနာဖြစ်တဲ့အလျောက် ငြိမ်းချမ်းတဲ့မေတ္တာနဲ့ နှုတ်ခွန်းဆက် ပို့သခိုင်းထားခြင်းဖြစ်တယ်။ အဲဒီလို နှုတ်ခွန်းဆက် ငြိမ်းချမ်းတဲ့ မေတ္တာပို့သတဲ့နေရာမှာ စတင်ပို့သသူက "အတ်စ္စလာမုအလိုင်ကွန်မ်" (အသင်တို့ အပေါ်မှာ ငြိမ်းချမ်းမှုသက်ရောက်ပါစေ)လို့ နှုတ်ခွန်းဆက်ရင် တုံ့ပြန်မဲ့သူက နည်းနှစ်နည်းနဲ့ တုံ့ပြန်နိုင်တယ်။ ပထမတစ်နည်းမှာ "ဝအလိုင်ကု မွတ်စ္စလာမ် " (အသင်တို့အပေါ်မှာလည်း ငြိမ်းချမ်းမှုသက်ရောက်ပါစေ)လို့တန်းတူတုံ့ပြန်ခြင်း။ ဒုတိယတစ်နည်းက "ဝအလိုင်ကုမွတ်စ္စလာမ် ဝရဟ်မသွလ္လာဟ် " (အသင်တို့အပေါ်မှာ ငြိမ်းချမ်းမှုနဲ့ အလ္လာဟ်အရှင့် ကရုဏာသက်ရောက်ပါစေ)လို့ ပိုမိုကောင်းမွန်အောင်တုံ့ပြန်ခြင်းဖြစ်တယ်။ ဒါ့အပြင် စတင်ပို့သသူက "အတ်စ္စလာမုအလိုင်ကွန်မ် ဝရဟ်မသွလ္လာဟ် " လို့နှုတ်ခွန်းဆက်ရင် တုံ့ပြန်သူက "ဝအလိုင်ကုမွတ်စ္စလာမ် ဝရဟ်မသွလ္လာဟိ ဝဘရကာသုဟူ"(အသင်တို့အပေါ်မှာ ငြိမ်းချမ်းမှုနဲ့ အလ္လာဟ်အရှင့်ကရုဏာအပြင် အရှင်မြတ်ရဲ့မင်္ဂလာပါ သက်ရောက်ပါစေ)လို့ ပိုပြီးကောင်းတဲ့ တုံ့ပြန်မှုမျိုးနဲ့ တုံ့ပြန်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

اللَّهُ لَا إِلَٰهَ إِلَّا هُوَ ۚ لَيَجْمَعَنَّكُمْ إِلَىٰ يَوْمِ الْقِيَامَةِ لَا رَيْبَ فِيهِ ۗ وَمَنْ أَصْدَقُ مِنَ اللَّهِ حَدِيثًا ﴿٨٧﴾

(၈၇) အလ္လာဟ်အရှင်မြတ်သည် (အကြင်အရှင်မြတ်ပင် ဖြစ်တော်မူသည်၊) ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ အရှင်မြတ်သည် အသင်တို့အား ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် အမှန်စင်စစ် စုရုံးတော်မူမည်။ ထိုကိစ္စတွင် သံသယဖြစ်ဖွယ်ရာမရှိပေ။ ၎င်းပြင် စကားအရာတွင် အလ္လာဟ်အရှင်မြတ်ထက် ပိုမိုမှန်ကန်စွာပြောဆိုသောသူ မည်သူရှိမည်နည်း။

فَمَا لَكُمْ فِي الْمُنَافِقِينَ فِئَتَيْنِ وَاللَّهُ أَرْكَسَهُم بِمَا كَسَبُوا ۚ أَتُرِيدُونَ أَن تَهْدُوا مَنْ أَضَلَّ اللَّهُ ۖ وَمَن يُضْلِلِ اللَّهُ فَلَن تَجِدَ لَهُ سَبِيلًا ﴿٨٨﴾

(၈၈) ၎င်းပြင် အသင်တို့သည် မည်သည့်အတွက်ကြောင့် အယောင်ဆောင်မွတ်စ်လင်မ်များနှင့်ပတ်သက်ပြီး အုပ်စုနှစ်စု❷ ဖြစ်နေကြသနည်း။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ထိုသူများအား သူတို့၏(မကောင်း)ပြုမှုဆည်းပူးချက်များကြောင့် (မကောင်းသည့်ဘက်သို့ပင်)ပြောင်းပြန်လှည့်ထားတော်မူခဲ့သည်။

အလ္လာဟ်အရှင်မြတ်က လမ်းမှားပေါ်ချထားတော်မူသောသူများအား အသင်တို့က လမ်းမှန်ပေါ်ရောက်စေလိုကြသလော။ ၎င်းပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်က (ထိုသူကို) လမ်းမှားပေါ်ချထားတော်မူလျှင် အသင်သည် ထိုသူအတွက် မည်သည့်လမ်းကိုမျှ လုံးဝတွေ့မည် မဟုတ်တော့ပေ။

❶ ဒီအာယသ်တွေမှာ မုနာဖိက်အယောင်ဆောင် မွတ်စ်လင်မ်လေးမျိုးနဲ့ပတ်သက်ပြီး အမိန့်ပညတ်ချက်တွေကို ဖော်ပြထားခြင်းဖြစ်တယ်။ ဒီအာယသ်(၈၈)မှာ ပထမအမျိုးအစား မုနာဖိက်နဲ့ပတ်သက်ပြီး အငြင်းပွားကာ မွတ်စ်လင်မ်တွေ နှစ်ခြမ်းကွဲသွားခဲ့တယ်။ အဲဒီအမျိုးအစားမှာ မက္ကဟ်က လူတချို့ မဒီနဟ်ရောက်လာပြီး အစ္စလာမ်လက်ခံပြီးနေခဲ့ကြတယ်။ ကာလအတန်ကြာနေပြီးနောက် အရောင်းအဝယ်လုပ်ဖို့ တမန်တော်မြတ် ﷺ ထံမှာ ခွင့်တောင်းပြီး မက္ကဟ်ကို ပြန်သွားကြတယ်။ အဲဒီသူတွေနဲ့ပတ်သက်ပြီး တချို့မွတ်စ်လင်မ်တွေကပြောတယ်၊ သူတို့ဟာ မွတ်စ်လင်မ်တွေပဲဖြစ်ကြတယ်။ တချို့က ပြောတယ်၊ သူတို့ဟာ မုနာဖိက်တွေဖြစ်တယ်။ အဲဒီလို နှစ်ခြမ်းကွဲအငြင်းပွားပြီးနောက် မကြာခင်မှာပဲ အဲဒီသူတွေဟာ မက္ကဟ်ကနေ ပြန်မလာကြတော့တဲ့အတွက် ကာဖိရ်ဖြစ်ကြောင်း ထင်ရှားသွားတော့တယ်။ အဲဒီအချိန်အခါက ဟိဂ်ျရသ်လုပ်နိုင်ပါလျက်နဲ့ မလုပ်တဲ့သူကို ကာဖိရ်အဖြစ်သတ်မှတ်ထားတယ်။ အဲဒီလိုထင်ရှားသွားတဲ့အတွက် အငြင်းပွားမှုလည်း ကုန်ဆုံးသွားတော့တယ်။ ဒုတိယအမျိုးအစားကတော့ မွတ်စ်လင်မ်တွေနဲ့ ငြိမ်းချမ်းရေးချုပ်ဆိုထားတဲ့လူမျိုးတွေနဲ့ သွားရောက်ပူးပေါင်းတဲ့ မုနာဖိက်တွေဖြစ်တယ်။ တတိယအမျိုးအစားကတော့ စစ်မတိုက်ချင်တဲ့ မုနာဖိက်တွေဖြစ်တယ်။ သူတို့ဟာ မွတ်စ်လင်မ်တွေနဲ့လည်း မတိုက်ချင်ကြဘူး၊ ကာဖိရ်တွေနဲ့လည်း မတိုက်ချင်ကြဘူး။ ပြီးတော့ သူတို့ကိုယ်သူတို့ မွတ်စ်လင်မ်တွေလို့ပဲ ပြောနေကြတယ်။ စတုတ္ထအမျိုးအစားကတော့ အဲဒီစစ်မတိုက်ချင်တဲ့ မုနာဖိက်တွေဟာ မွတ်စ်လင်မ်တွေရဲ့ အသတ်ခံရမှာစိုးလို့ အယောင်ဆောင်ကြေညာထားခြင်းဖြစ်တယ်။ သူတို့ကို ကာဖိရ်တွေက မွတ်စ်လင်မ်တွေနဲ့ ဆန့်ကျင်တဲ့ကိစ္စတွေ ကျူးလွန်ဖို့ခေါ်တဲ့အခါ ပါဝင်ဆင်နွှဲကြတယ်။ (အာစားန် သရ်ဂျုမဟ်)

وَدُّوا لَوْ تَكْفُرُونَ كَمَا كَفَرُوا فَتَكُونُونَ سَوَآءً فَلَا تَتَّخِذُوا مِنْهُمْ أَوْلِيَآءَ حَتَّىٰ يُهَاجِرُوا فِي سَبِيلِ اللَّهِ ۚ فَإِن تَوَلَّوْا فَخُذُوهُمْ وَاقْتُلُوهُمْ حَيْثُ وَجَدتُّمُوهُمْ ۖ وَلَا تَتَّخِذُوا مِنْهُمْ وَلِيًّا وَلَا نَصِيرًا ﴿٨٩﴾

(၈၉) ၎င်း(အယောင်ဆောင် မွတ်စ်လင်မ်)တို့သည် သူတို့(ကိုယ်တိုင်) ကုဖ်ရ် ငြင်းပယ်ခဲ့ကြသကဲ့သို့ အသင်တို့လည်း ကုဖ်ရ် သွေဖည်ငြင်းပယ်ကြရန် တောင့်တခဲ့ကြသည်။ သို့မှသာ အသင်တို့သည် (သူတို့နှင့်)တန်းတူ ဖြစ်ကြမည်။ သို့ဖြစ်ရာ ၎င်း(အယောင်ဆောင်မွတ်စ်လင်မ်)တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် ဟိဂ်ျရသ်ရွှေ့ပြောင်းထွက်ခွာသွားခြင်းမပြုသမျှ အသင်တို့သည် သူတို့ထဲမှ(မည်သူ့ကိုမျှ) မိတ်ဆွေများအဖြစ် မပြုလုပ်ကြနှင့်။ ထို့နောက် အကယ်၍ သူတို့သည် (ဟိဂ်ျရသ်အမိန့်တော်ကို) သွေဖည်ရှောင်လွှဲသွားခဲ့ကြလျှင် အသင်တို့သည် သူတို့အား တွေ့ရာအရပ်တွင် ဖမ်းဆီးကြပြီး သတ်ဖြတ်ကြပါ၊

၎င်းပြင် အသင်တို့သည် သူတို့ထဲမှ (မည်သူ့ကိုမျှ) မိတ်ဆွေအဖြစ်နှင့်လည်းကောင်း၊ ကူညီသူအဖြစ်နှင့်လည်းကောင်း မပြုလုပ်ကြနှင့်။

إِلَّا الَّذِينَ يَصِلُونَ إِلَىٰ قَوْمٍ بَيْنَكُمْ وَبَيْنَهُم مِّيثَاقٌ أَوْ جَاءُوكُمْ حَصِرَتْ صُدُورُهُمْ أَن
يُقَاتِلُوكُمْ أَوْ يُقَاتِلُوا قَوْمَهُمْ ۚ وَلَوْ شَاءَ اللَّهُ لَسَلَّطَهُمْ عَلَيْكُمْ فَلَقَاتَلُوكُمْ ۚ فَإِنِ اعْتَزَلُوكُمْ
فَلَمْ يُقَاتِلُوكُمْ وَأَلْقَوْا إِلَيْكُمُ السَّلَمَ فَمَا جَعَلَ اللَّهُ لَكُمْ عَلَيْهِمْ سَبِيلًا ﴿٩٠﴾

(၉၀) သို့ရာတွင် အကြင်(အယောင်ဆောင်မွတ်စ်လင်မ်)များသည် အကြင်လူမျိုးအုပ်စုထံ ပူးပေါင်းကြသည်။ ထိုသူတို့နှင့် အသင်တို့၏ကြားတွင် (ငြိမ်းချမ်းရေး) ကတိကဝတ်ရှိသည်။ သို့မဟုတ် ထို(အယောင်ဆောင်မွတ်စ်လင်မ်)များသည် အသင်တို့ထံသို့ လာကြသော်လည်း သူတို့သည် အသင်တို့နှင့် တိုက်ခိုက်ရန် သို့မဟုတ် သူတို့၏လူမျိုးအုပ်စု(ကာဖိရ်)များကို တိုက်ခိုက်ရန် ရင်လေးနေကြသည်။ ထို့ပြင် အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် အလိုရှိတော်မူခဲ့လျှင် အမှန်စင်စစ် သူတို့အား အသင်တို့အပေါ်တွင် နိုင်နင်းစေတော်မူခဲ့မည်။ သို့ဖြစ်လျှင် အမှန်ပင် သူတို့သည် အသင်တို့အား တိုက်ခိုက်ခဲ့ကြပေလိမ့်မည်။ ထို့နောက် အကယ်၍ သူတို့သည် အသင်တို့ထံမှဆုတ်ခွာပြီး အသင်တို့နှင့် တိုက်ခိုက်မှု မပြုဘဲနေခဲ့ကြလျှင်၊ ၎င်းပြင် သူတို့သည် အသင်တို့ထံသို့ ငြိမ်းချမ်းရေး ကမ်းလှမ်းခဲ့ကြလျှင်၊ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား သူတို့နှင့် ဆန့်ကျင်၍(စစ်တိုက်ကြရန်) မည်သည့်လမ်းကိုမျှ ပြုလုပ်မထားပေ။

سَتَجِدُونَ آخَرِينَ يُرِيدُونَ أَن يَأْمَنُوكُمْ وَيَأْمَنُوا قَوْمَهُمْ كُلَّ مَا رُدُّوا إِلَى الْفِتْنَةِ أُرْكِسُوا
فِيهَا ۚ فَإِن لَّمْ يَعْتَزِلُوكُمْ وَيُلْقُوا إِلَيْكُمُ السَّلَمَ وَيَكُفُّوا أَيْدِيَهُمْ فَخُذُوهُمْ وَاقْتُلُوهُمْ حَيْثُ
ثَقِفْتُمُوهُمْ ۚ وَأُولَٰئِكُمْ جَعَلْنَا لَكُمْ عَلَيْهِمْ سُلْطَانًا مُّبِينًا ﴿٩١﴾

(၉၁) အသင်တို့သည် အခြားသူများအားလည်း မကြာမီ တွေ့ရှိကြမည်။ ထိုသူများသည် အသင်တို့(၏ ဘေးရန်များမှ)သာမက သူတို့၏လူမျိုး(ဖြစ်သောကာဖိရ်များ၏ ဘေးရန်များ)မှလည်း လွတ်ကင်းချမ်းသာစွာ နေလိုကြသည်။ သူတို့သည် မည်သည့်အခါပင်ဖြစ်စေ စစ်တိုက်မှုတွင် ကာဖိရ်များ၏ ပြန်သိမ်းသွင်းခြင်းကို ခံကြရလျှင် ထိုတိုက်ခိုက်မှုဘက်ကိုသာ ပြန်လှည့်တတ်ကြသည်။ သို့ဖြစ်ရာ အကယ်၍ သူတို့သည် အသင်တို့(နှင့် စစ်တိုက်ခြင်း)မှ ဆုတ်ခွာမနေခဲ့ကြလျှင်၊ ၎င်းပြင် အသင်တို့ထံသို့ ငြိမ်းချမ်းရေးကမ်းလှမ်းမှု မပြုခဲ့ကြလျှင်၊ ၎င်းပြင် သူတို့လက်များကို (အသင်တို့နှင့် စစ်တိုက်ခြင်းမှ) ချုပ်တည်းထားခြင်း

မပြုခဲ့ကြလျှင် အသင်တို့သည် သူတို့အား တွေ့ရာအရပ်တွင်ဖမ်းဆီးပြီး သတ်ဖြတ်ကြပါ။ ထိုသူများအပေါ်၌ပင် ငါအရှင်မြတ်သည် အသင်တို့အား ထင်ရှားသောအာဏာ နိုင်နင်းမှုကို ပေးသနားတော်မူခဲ့သည်။

وَمَا كَانَ لِمُؤْمِنٍ اَنْ يَّقْتُلَ مُؤْمِنًا اِلَّا خَطَئًا ۚ وَمَنْ قَتَلَ مُؤْمِنًا خَطَئًا فَتَحْرِيْرُ رَقَبَةٍ مُّؤْمِنَةٍ
وَّدِيَةٌ مُّسَلَّمَةٌ اِلٰٓى اَهْلِهٖٓ اِلَّآ اَنْ يَّصَّدَّقُوْا ۗ فَاِنْ كَانَ مِنْ قَوْمٍ عَدُوٍّ لَّكُمْ وَهُوَ مُؤْمِنٌ فَتَحْرِيْرُ رَقَبَةٍ
مُّؤْمِنَةٍ ۗ وَاِنْ كَانَ مِنْ قَوْمٍ بَيْنَكُمْ وَبَيْنَهُمْ مِّيْثَاقٌ فَدِيَةٌ مُّسَلَّمَةٌ اِلٰٓى اَهْلِهٖ وَتَحْرِيْرُ رَقَبَةٍ
مُّؤْمِنَةٍ ۚ فَمَنْ لَّمْ يَجِدْ فَصِيَامُ شَهْرَيْنِ مُتَتَابِعَيْنِ ۫ تَوْبَةً مِّنَ اللّٰهِ ۗ وَكَانَ اللّٰهُ عَلِيْمًا حَكِيْمًا ﴿٩٢﴾

(၉၂) ထို့ပြင် မုအ်မင်န်တစ်ဦးသည် အခြားမုအ်မင်န်တစ်ဦးအား မှားယွင်းချွတ်ချော်ပြီး သတ်မိသည်မှလွဲ၍ မသတ်ထိုက်ပေ။[၁] ထို့ပြင် အကြင်သူသည် မှားယွင်း၍မုအ်မင်န်တစ်ဦးအား သတ်မိလျှင် (ထိုသူ၏အပေါ်၌)မုအ်မင်န်ကျွန်တစ်ဦးကို သူကောင်းပြုခြင်းအပြင် ထို(မှားယွင်းအသတ်ခံရသော)သူ၏ဆွေမျိုး အမွေစားအမွေခံများကို လျော်ကြေးပေးရန်တာဝန်ရှိသည်။[၂] သို့ရာတွင် ၎င်း(အမွေစားအမွေခံ)တို့က ခွင့်လွှတ်ခဲ့လျှင် (လျော်ကြေးပေးရန်မလိုပေ)။[၃] ၎င်းပြင် အကယ်၍ ထို(မှားယွင်းအသတ်ခံရသော)သူသည် မုအ်မင်န်ဖြစ်လျက်အသင်တို့၏ ရန်သူအုပ်စုထဲမှဖြစ်မည်ဆိုလျှင် (သတ်မိသူအပေါ်၌) မုအ်မင်န်ကျွန်တစ်ဦးကို သူကောင်းပြုခြင်းသာ တာဝန်ရှိသည်။[၄] ထို့ပြင် အကယ်၍ ထို(မှားယွင်းအသတ်ခံရ)သူသည် အသင်တို့၏ မဟာမိတ်အုပ်စုထဲမှ ဖြစ်ခဲ့လျှင်ထိုသူ၏ အမွေစားအမွေခံများကို (သတ်မိသူက)လျော်ကြေးပေးခြင်းအပြင် မုအ်မင်န်ကျွန်တစ်ဦးကိုလည်း သူကောင်းပြုရန်တာဝန်ရှိသည်။ ၎င်းပြင် အကြင်(သတ်မိ)သူသည် (ကျွန်ကို သူကောင်းပြုရန်) မတတ်နိုင်ခဲ့လျှင် ထိုသူ့အပေါ်နှစ်လဆက်တိုက် စွောင်မ်ဥပုသ်စောင့်ထိန်းရန်တာဝန်ရှိသည်။[၅] (ဤသည်)အလ္လာဟ်အရှင်မြတ်ထံတော်မှ (သတ်မှတ်ပြဋ္ဌာန်းတော်မူသော) ဝန်ချတောင်းပန်နည်းပင်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

[၁] မသတ်ထိုက်ဘူးလို့ ဆိုတာဟာ တားမြစ်ထားတဲ့အရာ ဟရာမ်ဖြစ်တယ်လို့ ဆိုလိုတာဖြစ်တယ်။ ဒီလိုပုံစံမျိုး (ကုရ်အာန် -၃၃း၅၃)မှာ အခုလို အမိန့်ရှိထားတယ်။ وَمَا كَانَ لَكُمْ اَنْ تُؤْذُوْا رَسُوْلَ اللّٰهِ "အသင်တို့အတွက် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ကို ဒုက္ခပေးရန်မထိုက်ပေ။" တမန်တော် ﷺ ကိုဒုက္ခပေးခြင်းဟာ ဟရာမ်တားမြစ်ထားတဲ့အရာဖြစ်တယ်လို့ဆိုလိုတယ်။ [၂] အသက်

ဖိုးလျော်ကြေးဒိယာသ်ကို တရားတော်နဲ့ညီညွတ်တဲ့ အမွေစား၊ အမွေခံတွေမှာ အချိုးကျဝေရမှာဖြစ်တယ်။ ရမဲ့သူတွေထဲက မိမိဝေစုကို ခွင့်လွှတ်သလောက်လျော်ကြေးပေးရမဲ့ပမာဏလည်း လျော့သွားမှာဖြစ်တယ်။ အားလုံးက ခွင့်လွှတ်ရင် ပေးစရာမလိုတော့ဘူး။ တရားတော်နဲ့ညီညွတ်တဲ့ အမွေစားအမွေခံမရှိရင် အသက်ဖိုးလျော်ကြေးကို ဗိုင်သွလ်မာလ် (အများပိုင်အဖြစ် စုထားသောဘဏ္ဍာ)မှာ ထည့်သွင်းရမယ်။(မအာရိဖွလ်ကုရ်အာန်) ❷ ဒိယာသ်ကိုခွင့်လွှတ်လိုက်လို့ ပေးဖို့ မလိုရင်လည်း ကဖ်ဖာရဟ်ကိုတော့ ဆောင်ရွက်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း) ❻ ရန်သူနိုင်ငံမှာရှိတဲ့ မွတ်စ်လင်မ်ကို မှားသတ်မိရင် လျော်ကြေးပေးဖို့မလိုဘဲ ကဖ်ဖာရဟ်ပဲ ပေးရမှာဖြစ်တယ်။ (အလင်းပြကျမ်း) ❼ ကဖ်ဖာရဟ်အတွက် ကျွန်တစ်ဦးကို သူကောင်းမပြုနိုင်ရင် နှစ်လဆက်တိုက် စွောင်မ်ဥပုသ်စောင့်ရမှာဖြစ်ပြီး တကယ်လို့ တစ်ရက်ပျက်ရင် အစကပြန်စောင့်ရမှာ ဖြစ်တယ်။ ကဖ်ဖာရဟ်ပေးတဲ့အမျိုးသမီးက ဓမ္မတာလာရင် ဆက်တိုက်စာရင်းမှာပဲ ရှိတယ်။ အကြောင်းတစ်ခုခုကြောင့် စွောင်မ်ဥပုသ် မစောင့်နိုင်ရင် စောင့်နိုင်တဲ့အချိန်ထိ သောင်ဗဟ် ပြုလုပ်နေရမယ်။ (မအာရိဖွလ်ကုရ်အာန်)

وَمَنْ يَّقْتُلْ مُؤْمِنًا مُّتَعَمِّدًا فَجَزَآؤُهٗ جَهَنَّمُ خٰلِدًا فِيْهَا وَغَضِبَ اللّٰهُ عَلَيْهِ وَلَعَنَهٗ وَاَعَدَّ لَهٗ عَذَابًا عَظِيْمًا ﴿٩٣﴾

(၉၃) ထို့ပြင် အကြင်သူသည် မုအ်မင်န်တစ်ဦးအား အကြောင်းမဲ့တမင် သတ်ခဲ့လျှင် ထိုသူ၏အပြစ်သည် (အမှန်ဆိုလျှင်) ဂျဟန္နမ်ငရဲဘုံပင်ဖြစ်သည်။ (ထိုသူသည်) ၎င်း(ငရဲဘုံ)ထဲတွင် အမြဲနေရမည့်သူ ဖြစ်သည်။ (သို့ရာတွင် ငရဲဘုံတွင် အချိန်ကာလတစ်ခုအထိ ခံရပြီးနောက် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ဖြင့် အမြဲမနေရတော့ဘဲ အီမာန်၏ဗရကာသ် မင်္ဂလာဖြင့် နောက်ဆုံးတွင် လွတ်မြောက်သွားမည် ဖြစ်သည်)။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ၏အပေါ်တွင် (ကာလတစ်ခုထိ) အမျက်ထားတော်မူမည်။ ၎င်းပြင် အရှင်မြတ်သည် ထိုသူအား ကရုဏာတော်မှ ကင်းဝေးစေတော်မူမည်။ ထို့ပြင် အရှင်မြတ်သည် သူ့အတွက် ကြီးလေးသော အပြစ်ဒဏ်ကိုလည်းအဆင် သင့်ပြုလုပ်ထားတော်မူမည်။❽

❽ သတ်ရင်လည်း ကိစ္စမရှိဘူး၊ ရတယ်ဆိုပြီး သတ်မယ်ဆိုရင် ဟရာမ်ကို ဟလာလ်လုပ်ပြီး ကုဖ်ရ်ရဲ့ဘောင်ထဲဝင်သွားတဲ့အတွက် ဂျဟန္နမ်ထဲမှာ အမြဲနေရမှာဖြစ်တယ်။ (အဟ်ကာမွလ်ကုရ်အာန်)

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اِذَا ضَرَبْتُمْ فِىْ سَبِيْلِ اللّٰهِ فَتَبَيَّنُوْا وَلَا تَقُوْلُوْا لِمَنْ اَلْقٰۤى اِلَيْكُمُ السَّلٰمَ لَسْتَ مُؤْمِنًا ۚ تَبْتَغُوْنَ عَرَضَ الْحَيٰوةِ الدُّنْيَا ۫ فَعِنْدَ اللّٰهِ مَغَانِمُ كَثِيْرَةٌ ؕ كَذٰلِكَ كُنْتُمْ مِّنْ قَبْلُ فَمَنَّ اللّٰهُ عَلَيْكُمْ فَتَبَيَّنُوْا ؕ اِنَّ اللّٰهَ كَانَ بِمَا تَعْمَلُوْنَ خَبِيْرًا ﴿٩٤﴾

(၉၄) အို- အီမာန်ယုံကြည်သူအပေါင်းတို့ ၊ အသင်တို့သည် အလ္လာဟ်

အရှင်မြတ်၏ လမ်းတော်တွင်(စစ်တိုက်ရန်) ခရီးထွက်ကြသောအခါ (ရန်သူနှင့် မိတ်ဆွေခွဲခြားနိုင်ရန်) စုံစမ်းစစ်ဆေးကြပါ။ ၎င်းပြင် အသင်တို့သည် အသင်တို့ကို စလာမ်(မေတ္တာ)ပို့သသောသူအား “အသင်သည် မုအ်မင်န်မဟုတ်”ဟူ၍ မပြောကြနှင့်။ အသင်တို့သည် လောကီပစ္စည်းဥစ္စာများကို ရှာဖွေကြသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်ထံတွင် မြောက်မြားစွာသော လက်ရပစ္စည်းများ ရှိသည်။ အသင်တို့လည်း ယခင်က ထိုကဲ့သို့ပင်(စလာမ်ပေးရုံ၊ ကလိမဟ်ဖတ်ရုံမျှသာ)ဖြစ်ခဲ့ကြသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်တွင် ကျေးဇူးပြုတော်မူခဲ့သည်။ သို့ဖြစ်ရာ အသင်တို့သည် လေ့လာစူးစမ်းစစ်ဆေးကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုမူသည်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။

لَا يَسْتَوِى الْقٰعِدُوْنَ مِنَ الْمُؤْمِنِيْنَ غَيْرُ اُولِى الضَّرَرِ وَالْمُجٰهِدُوْنَ فِىْ سَبِيْلِ اللّٰهِ بِاَمْوَالِهِمْ وَاَنْفُسِهِمْ ؕ فَضَّلَ اللّٰهُ الْمُجٰهِدِيْنَ بِاَمْوَالِهِمْ وَاَنْفُسِهِمْ عَلَى الْقٰعِدِيْنَ دَرَجَةً ؕ وَكُلًّا وَّعَدَ اللّٰهُ الْحُسْنٰى ؕ وَفَضَّلَ اللّٰهُ الْمُجٰهِدِيْنَ عَلَى الْقٰعِدِيْنَ اَجْرًا عَظِيْمًا ﴿٩٥﴾

(၉၅) အီမာန်ယုံကြည်သူများထဲမှ ချို့ယွင်းချို့တဲ့သူများ(၇) မဟုတ်ဘဲ (အိမ်၌)ထိုင်နေကြသောသူများနှင့် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် မိမိတို့၏အသက်စည်းစိမ်များနှင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သောသူများသည် မတူညီကြပေ။ အလ္လာဟ်အရှင်မြတ်သည် မိမိတို့၏အသက်စည်းစိမ်များနှင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြသူများအား (အိမ်၌)ထိုင်နေကြသောသူများထက် အဆင့်အတန်းမြင့်မြတ်စေတော်မူခဲ့သည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် (ထိုင်နေသူများနှင့် စစ်တိုက်သူများ)အားလုံးကို ကောင်းကျိုး ပေးသနားတော်မူမည်ဟု ကတိပြုထားပြီးဖြစ်သည်။(၈) ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သူများအား (အိမ်၌)ထိုင်နေသူများထက် ကြီးကျယ်သော အကျိုးကျေးဇူး(ချီးမြှင့်မှု)ဖြင့် မြင့်မြတ်စေတော်မူခဲ့သည်။(၉)

(၇) اُولِى الضَّرَرِ ဆိုတာ ချို့တဲ့သူတွေ၊ ဒုက္ခရောက်သူတွေကိုခေါ်တယ်။ အဲဒီထဲမှာ မသန်စွမ်းသူ၊ မမြင်သူ၊ မကြားသူ၊ ဆွံ့အသူ၊ ရောဂါသည်တွေနဲ့ လက်နက်ကိရိယာမစုံလင်တဲ့သူတွေအားလုံး ပါဝင်တယ်။(ကဗီးရ်) (၈) အားလုံးကို ကောင်းကျိုးပေးဖို့ ကတိပြုထားတယ်ဆိုတာ ဂျိဟာဒ် အလ္လာ့ဟ်လမ်းမှာ ပါဝင်တဲ့သူကို သူတို့ရဲ့သက်စွန့်ကြိုးပမ်းမှုကို အကြောင်းပြုပြီး အကျိုးပေးမယ်။ ဂျိဟာဒ်မှာ မပါဝင်တဲ့သူတွေကို တခြားကောင်းမှုတွေကို အကြောင်းပြုပြီး ပေးတော်မူမှာဖြစ်တယ်။(အလင်းပြကျမ်း) (၉) သာသနာရေးမှာ ကြိုးပမ်းဆောင်ရွက်သူတွေဟာ မကြိုးပမ်းဘဲထိုင်နေသူတွေထက် သာလွန်မြင့်မြတ်ကြောင်းကို အမိန့်ရှိထားခြင်းဖြစ်တယ်။ ဂျိဟာဒ်ဆိုတဲ့အထဲမှာ သာသနာအပေါ်

ကြိုးပမ်းမှုဟူသမျှ အကျိုးဝင်တယ်။ (အလင်းပြကျမ်း)

دَرَجٰتٍ مِّنْهُ وَمَغْفِرَةً وَّرَحْمَةً ؕ وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ﴿٩٦﴾

(၉၆) ထို(အလ္လာဟ်)အရှင်မြတ်ထံတော်မှ အဆင့်အတန်းများ(ကို ချီးမြှင့်မှုနှင့် အပြစ်များမှ) လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူခြင်းအပြင် သနားကရုဏာပြုမူခြင်းတို့ဖြင့် (သူတို့ကို မြင့်မြတ်စေတော်မူခဲ့သည်)။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

اِنَّ الَّذِيْنَ تَوَفّٰىهُمُ الْمَلٰٓئِكَةُ ظَالِمِيْٓ اَنْفُسِهِمْ قَالُوْا فِيْمَ كُنْتُمْ ؕ قَالُوْا كُنَّا مُسْتَضْعَفِيْنَ فِى الْاَرْضِ ؕ قَالُوْٓا اَلَمْ تَكُنْ اَرْضُ اللّٰهِ وَاسِعَةً فَتُهَاجِرُوْا فِيْهَا ؕ فَاُولٰٓئِكَ مَاْوٰىهُمْ جَهَنَّمُ ؕ وَ سَآءَتْ مَصِيْرًا ﴿٩٧﴾

(၉၇) အမှန်စင်စစ် ကောင်းကင်တမန်များသည် မိမိတို့ကိုယ်ကို နှိပ်စက်နေကြသော(အပြစ်ကျူးလွန်)သူများ(၏ အသက်)ကို နှုတ်ခဲ့ကြပြီး (သူတို့အား ဤသို့) စစ်ဆေးမေးမြန်းကြမည်- အသင်တို့သည် မည်သည့်ကိစ္စထဲတွင် ရှိနေခဲ့ကြသနည်း။ သူတို့က ဖြေကြားကြမည်- ကျွန်ုပ်တို့သည် (ကျွန်ုပ်တို့၏) အရပ်ဒေသတွင် အားနည်းပြီး ဖိနှိပ်ချုပ်ချယ်မှု ခံနေရသူများ ဖြစ်ခဲ့ကြပါသည်။ ၎င်း(ကောင်းကင်တမန်)တို့က (ဤသို့)ပြောဆိုကြမည်- အလ္လာဟ်အရှင်မြတ်၏ မြေပထဝီပြင်သည် အသင်တို့ ရွှေ့ပြောင်းနေထိုင်နိုင်လောက်အောင် ကျယ်ဝန်းခဲ့သည် မဟုတ်လော။ ထို(သို့ ရွှေ့ပြောင်းနေထိုင်နိုင်ကြပါလျက်နှင့် ရွှေ့ပြောင်းနေထိုင်ခြင်း မပြုခဲ့ကြသည့်)အတွက်ကြောင့် သူတို့၏ဌာနသည် ဂျဟန္နမ်ငရဲဘုံပင်ဖြစ်သည်။ ထို့ပြင် ၎င်း(ဂျဟန္နမ်ငရဲဘုံ)သည် အလွန်ဆိုးဝါးသောနေရာထိုင်ခင်းဖြစ်သည်။

اِلَّا الْمُسْتَضْعَفِيْنَ مِنَ الرِّجَالِ وَالنِّسَآءِ وَالْوِلْدَانِ لَا يَسْتَطِيْعُوْنَ حِيْلَةً وَّلَا يَهْتَدُوْنَ سَبِيْلًا ﴿٩٨﴾

(၉၈) သို့ရာတွင် မသန်မစွမ်းချည့်နဲ့သော ယောကျာ်းများ၊ မိန်းမများနှင့် ကလေးများသည် (ဟိဂျ်ရသ်ပြုလုပ်ရန် မည်ကဲ့သို့မျှ) မကြံဆနိုင်ကြသည်သာမက သူတို့သည် မည်သည့်လမ်းကိုမျှလည်း မတွေ့ရှိကြပေ။

فَاُولٰٓئِكَ عَسَى اللّٰهُ اَنْ يَّعْفُوَ عَنْهُمْ ؕ وَكَانَ اللّٰهُ عَفُوًّا غَفُوْرًا ﴿٩٩﴾

(၉၉) သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် ထိုသူများကို မကြာမီ မုချခွင့်လွှတ်တော်မူလိမ့်မည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်ခွင့်လွှတ်

တော်မူသောအရှင်၊ လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်ဖြစ်တော်မူသည်။

وَمَنْ يُّهَاجِرْ فِىْ سَبِيْلِ اللّٰهِ يَجِدْ فِى الْاَرْضِ مُرٰغَمًا كَثِيْرًا وَّسَعَةً ۗ وَمَنْ يَّخْرُجْ مِنْۢ بَيْتِهٖ مُهَاجِرًا اِلَى اللّٰهِ وَرَسُوْلِهٖ ثُمَّ يُدْرِكْهُ الْمَوْتُ فَقَدْ وَقَعَ اَجْرُهٗ عَلَى اللّٰهِ ۗ وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ﴿١٠٠﴾

(၁၀၀) ထို့ပြင် အကြင်သူသည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် ဟိဂျ်ရသ်စွန့်ခွာရွှေ့ပြောင်းနေထိုင်မည်ဆိုလျှင် ထိုသူသည် ကမ္ဘာမြေတွင် အခြေချနေထိုင်နိုင်မည့်နေရာများစွာနှင့် (ရိုဇီရိက္ခာတွင်) ကျယ်ဝန်းမှုကို တွေ့ရှိရလိမ့်မည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ရစူလ်တမန်တော်ဘက်ကို ရည်စူးပြီး သူ၏အိမ်မှ မုဟာဂျိရ်စွန့်ခွာရွှေ့ပြောင်းသူဖြစ်လျက် ထွက်ခွာခဲ့ပြီးနောက် သူ၏ထံသို့ သေခြင်းတရား ဆိုက်ရောက်လာခဲ့လျှင် အမှန်စင်စစ် ထိုသူ၏အကျိုးသည် အလ္လာဟ်အရှင်မြတ်အပေါ်၌ အတည်ဖြစ်သွားပြီဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။[၁]

[၁] အလ္လာဟ်အရှင်မြတ်နဲ့ တမန်တော်ဘက်ကို ရည်ရွယ်ပြီး ခရီးထွက်ခြင်းဟူသမျှဟာ ဟိဂျ်ရသ်ဆိုတဲ့အထဲမှာ အကျုံးဝင်လျက်ရှိတယ်။ ဥပမာ- သာသနာရေးပညာဆည်းပူးဖို့ ခရီးထွက်ခြင်း၊ သာသနာကို ကာကွယ်ဖို့ ဂျိဟာဒ်ခရီးထွက်ခြင်း၊ ဟဂ်ျခရီးထွက်ခြင်း စတာတွေဟာ အလ္လာဟ်အရှင်မြတ်ရဲ့လမ်းဆိုတဲ့အထဲမှာ ပါဝင်ပါတယ်။ (အလင်းပြကျမ်း)

وَاِذَا ضَرَبْتُمْ فِى الْاَرْضِ فَلَيْسَ عَلَيْكُمْ جُنَاحٌ اَنْ تَقْصُرُوْا مِنَ الصَّلٰوةِ ۖ اِنْ خِفْتُمْ اَنْ يَّفْتِنَكُمُ الَّذِيْنَ كَفَرُوْا ۗ اِنَّ الْكٰفِرِيْنَ كَانُوْا لَكُمْ عَدُوًّا مُّبِيْنًا ﴿١٠١﴾

(၁၀၁) ထို့ပြင် အသင်တို့သည် ကမ္ဘာမြေတွင်ခရီးထွက်ခဲ့ကြသောအခါ အကယ်၍ အသင်တို့သည် အသင်တို့ကို ကာဖိရ်ငြင်းပယ်သူများက ဒုက္ခပေးကြမည်ကို စိုးရိမ်ကြရလျှင်၊ အသင်တို့သည် စွလာသ်ဝတ်ပြုခြင်းကို လျှော့ပြုကြသည့်အတွက်[၂] အသင်တို့အပေါ် အပြစ်မရှိပေ။ အမှန်စင်စစ် ကာဖိရ်ငြင်းပယ်သူများသည် အသင်တို့၏ထင်ရှားသောရန်သူများဖြစ်ကြသည်။

[၂] ခရီးထွက်တဲ့အခါ ဟနဖီမဇ်ဟပ်မှာ ရန်သူတွေရဲ့ အန္တရာယ်ကို စိုးရိမ်ရတာဖြစ်ဖြစ်၊ မစိုးရိမ်ရတာဖြစ်ဖြစ် စွလာသ်ဝတ်ပြုမှုကို လျှော့ပြီး ဝတ်ပြုဖို့ တာဝန်ရှိတယ်။ (အလင်းပြကျမ်း) ဟနဖီမဇ်ဟပ်မှာ ခရီးဆိုတာ (၃မန်ဇင်လ်)၄၈မိုင်နဲ့အထက် ဝေးတဲ့ခရီးကို ဆိုလိုတယ်။ စွလာသ်လျှော့ပြီးဝတ်ပြုတာကို ကစွရ်လို့ခေါ်တယ်။ ၄၈မိုင်ခရီးကို သွားတဲ့အခါ တည်းခိုမဲ့နေရာမှာ ၁၅ရက်ထက် နည်းပြီး တည်းခိုမယ်လို့ ရည်ရွယ်ထားရင် ကစွရ်ပြုလုပ်ရမှာဖြစ်တယ်။ လေးရကအာသ် ဝတ်ပြုရတဲ့ဖရသ္ဇ် စွလာသ်တွေဖြစ်တဲ့ ဇုဟုရ်၊ အစွရ် နဲ့ အိရှာအ်တို့ကို နှစ်ရကအာသ်ပဲ ဝတ်ပြုရမှာဖြစ်တယ်။ တကယ်လို့ အဲဒီတည်းခိုရမဲ့နေရာမှာ ၁၅ရက်ထက်နည်းပြီး နေမယ်လို့ရည်ရွယ်ထားရင်းနဲ့ လတွေနှစ်တွေ

ဖြစ်သွားရင်လည်း ကိုယ့်ရည်ရွယ်ချက် မပြောင်းသရွေ့ ကစွရ်ပဲ ပြုလုပ်ရမှာဖြစ်တယ်။ ဒါပေမဲ့ တကယ်လို့ အဲဒီခရီးကို သွားတဲ့အချိန်ကတည်းက ၁၅ရက် ထက်ပိုပြီးနေမယ်လို့ ရည်ရွယ်သွားခဲ့ရင် အဲဒီစခန်းမှာ တစ်ရက်နှစ်ရက်လောက်ပဲနေရင်လည်း ကစွရ်မလုပ်ရဘဲ အပြည့်ဝတ်ပြုရမှာဖြစ်တယ်။(ဟိဒါယဟ်)။ တချို့သဖ်စီရ်တွေရဲ့ဖွင့်ဆိုချက်မှာ တခြားမဇ်ဟဗ်တွေရဲ့ခရီးအကွာအဝေး သတ်မှတ်ချက်နဲ့ တည်းခိုရက်သတ်မှတ်ချက်တွေကွာခြားပါတယ်။ ပြီးတော့ ခရီးသည်ရဲ့ ကစွရ်လျှော့ဖတ်ခြင်းနဲ့ အပြည့်ဖတ်ခြင်းမှာလည်း အကွဲအလွဲရှိပါတယ်။

(အလ်ဖိကဟ် အလလ် မဇာဟိဗိလ် အရ်ဗအဟ်၊ ကမာလိုင်န်၊ ဟာရှိယဟ် စွာဝီ)

وَاِذَا كُنْتَ فِيْهِمْ فَاَقَمْتَ لَهُمُ الصَّلٰوةَ فَلْتَقُمْ طَآئِفَةٌ مِّنْهُمْ مَّعَكَ وَلْيَاْخُذُوْۤا اَسْلِحَتَهُمْ ۟ۙ فَاِذَا سَجَدُوْا فَلْيَكُوْنُوْا مِنْ وَّرَآئِكُمْ ۪ وَلْتَاْتِ طَآئِفَةٌ اُخْرٰى لَمْ يُصَلُّوْا فَلْيُصَلُّوْا مَعَكَ وَلْيَاْخُذُوْا حِذْرَهُمْ وَاَسْلِحَتَهُمْ ۚ وَدَّ الَّذِيْنَ كَفَرُوْا لَوْ تَغْفُلُوْنَ عَنْ اَسْلِحَتِكُمْ وَاَمْتِعَتِكُمْ فَيَمِيْلُوْنَ عَلَيْكُمْ مَّيْلَةً وَّاحِدَةً ؕ وَلَا جُنَاحَ عَلَيْكُمْ اِنْ كَانَ بِكُمْ اَذًى مِّنْ مَّطَرٍ اَوْ كُنْتُمْ مَّرْضٰۤى اَنْ تَضَعُوْۤا اَسْلِحَتَكُمْ ۚ وَخُذُوْا حِذْرَكُمْ ؕ اِنَّ اللّٰهَ اَعَدَّ لِلْكٰفِرِيْنَ عَذَابًا مُّهِيْنًا ﴿١٠٢﴾

(၁၀၂) ထို့ပြင် အသင်(တမန်တော်မုဟမ္မဒ်)သည် သူတို့ထဲ၌ရှိနေပြီး သူတို့အတွက် စွလာသ်ဝတ်ပြုမှုကို စီစဉ်ခဲ့လျှင်၊ ထိုအခါ သူတို့ထဲမှ လူတစ်စုသည် အသင်နှင့်အတူ ရပ်ကြရမည်။ ထို့ပြင် သူတို့သည် သူတို့၏လက်နက်များကိုလည်း ယူဆောင်ထားကြရမည်။ ၎င်းပြင် သူတို့သည် စဂျ်ဒဟ်ဦးချပြီးသောအခါ အသင်တို့၏ နောက်သို့ဆုတ်သွားကြရမည်။ ထို့နောက် စွလာသ်ဝတ်မပြုကြရသေးသော အခြားအုပ်စုသည် လာပြီးနောက် အသင်နှင့်အတူ စွလာသ်ဝတ်ပြုကြရမည်။● ထို့ပြင် သူတို့လည်း သူတို့၏ဘေးရန်ကို သတိဝီရိယထားပြီး သူတို့၏လက်နက်များကို ယူဆောင်ထားကြရမည်။ ကာဖိရ်ငြင်းပယ်သူများကမူ အကယ်၍ အသင်တို့သည် အသင်တို့၏လက်နက်များနှင့် အသုံးအဆောင်ပစ္စည်းများကို မေ့လျော့သွားကြလျှင် သူတို့သည် အသင်တို့ကို တစ်ဟုန်ထိုးဝင်ရောက်တိုက်ခိုက်ရန် နှစ်သက်လိုလားကြသည်။ ထို့ပြင် အကယ်၍ အသင်တို့တွင် မိုးရွာသွန်းမှုကြောင့် (လက်နက်များ ကိုင်ဆောင်ပြီး စွလာသ်ဝတ်ပြုရန်) ခဲယဉ်းမှုတစ်ခုခုရှိခဲ့လျှင် သို့မဟုတ် အသင်တို့သည် ရောဂါသည်များဖြစ်ခဲ့လျှင် အသင်တို့၏ လက်နက်များကိုချထားသည့်အတွက် အသင်တို့တွင် အပြစ်မရှိပေ။ (သို့ရာတွင်)အသင်တို့သည် အသင်တို့အတွက်(တတ်နိုင်သမျှ) အကာအကွယ်ယူထားကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်ငြင်းပယ်သူတို့အတွက် သေးသိမ်စေမည့် အပြစ်ဒဏ်ကို အသင့်ပြုလုပ်ထားတော်မူသည်။

❶ စစ်မြေပြင်မှာ ရန်သူတွေကို စိုးရိမ်နေရတဲ့အခြေအနေမျိုးမှာ ဝတ်ပြုရတဲ့စွလာသ်ကို စွလာသုလ် ခေါင်ဖ်လို့ခေါ်တယ်။ အဲဒီစွလာသ်ဟာ အိမာမ်တစ်ဦးတည်းရဲ့ နောက်ကနေလိုက်ပြီး လူအားလုံး ဝတ်ပြုလိုတဲ့အခါမှသာ လူစုခွဲပြီး တစ်လှည့်စီ တစ်ဝက်စီဝတ်ပြုရမှာဖြစ်တယ်။တကယ်လို့ အိမာမ် နှစ်ပါးနောက်ကနေလိုက်ပြီး ဝတ်ပြုမယ်ဆိုရင် အိမာမ်တစ်ပါးနဲ့ အုပ်စုတစ်စုက အရင်ဆုံးပြီးဆုံးတဲ့ အထိ ဝတ်ပြုပြီးနောက်မှ အခြားအိမာမ်တစ်ပါးနဲ့ နောက်လိုက်တွေဟာ သတ်သတ် အစကနေ အဆုံးထိ ပြီးဆုံးအောင် ဝတ်ပြုရမှာဖြစ်တယ်။ ဒါဟာလည်း ဝတ်ပြုဖို့အတွက် အခြေအနေပေးမှပဲ ဝတ်ပြုရမှာဖြစ်တယ်။ တကယ်လို့ ဝတ်ပြုဖို့ကို မဖြစ်နိုင်တဲ့အခြေအနေမျိုး ဖြစ်နေရင် ဒါမှမဟုတ် စစ်ပွဲပြင်းထန်နေရင် စွလာသ်ကို ဂျမာအသ်နဲ့ဝတ်ပြုဖို့ တာဝန်မရှိရုံမက အချိန်ပါ ရွှေ့ဆိုင်းဝတ်ပြု နိုင်တယ်။ ဖြစ်နိုင်တဲ့အခြေအနေမျိုးရောက်မှ ပြန်လည်ဖြည့်စွက်လိုက်ရမှာဖြစ်တယ်။ (စွလာသ် ဝတ်ပြုဆောက်တည်မှုကို ကျမ်းမြတ်ကုရ်အာန်နဲ့ အထောက်အထားပြတော့မှ လက်ခံနိုင်မယ်လို့ စောဒကတက်သူတွေအတွက် ဒီအာယသ်ဟာ လုံလောက်ပါတယ်)။ (အလင်းပြကျမ်း)

فَإِذَا قَضَيْتُمُ الصَّلٰوةَ فَاذْكُرُوا اللّٰهَ قِيٰمًا وَّ قُعُوْدًا وَّ عَلٰى جُنُوْبِكُمْ ۚ فَإِذَا اطْمَأْنَنْتُمْ فَأَقِيْمُوا الصَّلٰوةَ ۚ اِنَّ الصَّلٰوةَ كَانَتْ عَلَى الْمُؤْمِنِيْنَ كِتٰبًا مَّوْقُوْتًا ﴿١٠٣﴾

(၁၀၃) ထို့ပြင် အသင်တို့သည် စွလာသ်ဝတ်ပြု၍ ပြီးကြသောအခါ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို မတ်တတ်ရပ်လျက်ဖြစ်စေ၊ ထိုင်လျက် ဖြစ်စေ၊ လဲလျောင်းလျက်ဖြစ်စေ သတိရတသကြပါ။❷ ထို့နောက် အသင်တို့ သည် ဘေးရန်ကင်းငြိမ်းပြီး စိတ်ချရသောအခါ အသင်တို့သည် (ပုံမှန်အတိုင်း) စွလာသ်ကို ဆောက်တည်ကြပါ။ အမှန်စင်စစ် စွလာသ်ဝတ်ပြုမှုသည် မုအ်မင်န် ယုံကြည်သူများအပေါ်တွင် အချိန်ကာလပိုင်းခြားပြီး အတည်သတ်မှတ်ပြဋ္ဌာန်း ထားသော ဖရည်သွ်တာဝန်တစ်ရပ် ဖြစ်သည်။

❷ အခြေအနေအရ စွလာသ်ကိုရွှေ့ဆိုင်းခွင့်ရှိပေမဲ့ အလ္လာဟ်အရှင်မြတ်ကို သတိရတသမှုကိုတော့ မေ့လျော့ထားဖို့ အခွင့်မရှိဘူး။ စစ်တိုက်နေရတဲ့အချိန်အခါဖြစ်စေ၊ ငြိမ်းချမ်းနေတဲ့အခါဖြစ်စေ၊ ထိုင်ရင်း ရပ်ရင်း လဲလျောင်းရင်းနဲ့ သတိရတသဖို့ အရှင်မြတ်က အမိန့်ပေးထားတဲ့အတွက် အမြဲ သတိရတသမှု ပြုလုပ်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا تَهِنُوْا فِى ابْتِغَآءِ الْقَوْمِ ؕ اِنْ تَكُوْنُوْا تَأْلَمُوْنَ فَإِنَّهُمْ يَأْلَمُوْنَ كَمَا تَأْلَمُوْنَ ۚ وَتَرْجُوْنَ مِنَ اللّٰهِ مَا لَا يَرْجُوْنَ ؕ وَكَانَ اللّٰهُ عَلِيْمًا حَكِيْمًا ﴿١٠٤﴾

(၁၀၄) ထို့ပြင် အသင်တို့သည် ရန်သူများအား(တိုက်ခိုက်ရန်) လိုက်လံ ရှာဖွေရာတွင် စိတ်အားမလျှော့ကြနှင့်။ အကယ်၍ အသင်တို့သည် ဒုက္ခခံစားကြ ရလျှင် အမှန်စင်စစ်သူတို့သည်လည်း အသင်တို့ကဲ့သို့ ဒုက္ခခံစားကြရသည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ထံမှ သူတို့မမျှော်လင့်သောအရာ များကို မျှော်လင့်ကြရသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို

အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

إِنَّآ أَنزَلۡنَآ إِلَيۡكَ ٱلۡكِتَٰبَ بِٱلۡحَقِّ لِتَحۡكُمَ بَيۡنَ ٱلنَّاسِ بِمَآ أَرَىٰكَ ٱللَّهُۚ وَلَا تَكُن لِّلۡخَآئِنِينَ خَصِيمٗا ١٠٥

(၁၀၅) အသင်(တမန်တော်)သည် လူများကြားတွင်အလ္လာဟ်အရှင်မြတ်အသင့်အား ပြသတော်မူသည့်အတိုင်း စီရင်ဆုံးဖြတ်ရန်❷ ငါအရှင်မြတ်သည် အသင်၏ထံသို့ မှန်ကန်မှုနှင့်တကွ ကျမ်းဂန်(ကုရ်အာန်)ကို အမှန်ပင် ချပေးသနားတော်မူခဲ့သည်။ ထို့ပြင် အသင်သည် သစ္စာဖောက်လိမ်လည်လှည့်ဖြားအလွဲသုံးစားလုပ်သော သူများအတွက်ကာကွယ် ချေပပြောဆိုသူ မဖြစ်လေနှင့်။

❷ အလ္လာဟ်အရှင်မြတ်က အသင့်ကို ပြသတော်မူတဲ့အတိုင်း بِمَآ أَرَىٰكَ ٱللَّهُ လို့ အမိန့်ရှိထားတာဟာ တမန်တော်မြတ် ﷺ ထံကို ကုရ်အာန်ကျမ်းတော်မြတ်အပြင် ဆုံးဖြတ်ချက်တွေချနိုင်ဖို့အတွက် ဝဟီနဲ့ အသိပေးတော်မူကြောင်း သက်သေသာဓကတစ်ခုဖြစ်တယ်။ ဒါဟာ တမန်တော်မြတ် ﷺ ရဲ့ပြောဆိုမှုတွေ လုပ်ရပ်တွေဟာ အရှင်မြတ်ရဲ့ဝဟီ အသိပေးမှုနဲ့ပဲ ဖြစ်နေတယ်ဆိုတာကို ခိုင်မာစေတယ်။ တမန်တော်မြတ် ﷺ ရဲ့ ဟဒီးဆ်တော်တွေရဲ့ ခိုင်မာမှုရဲ့ အထောက်အထားတစ်ခုပဲဖြစ်တယ်။ (အာစားန် သရ်ဂျုမဟ်)

وَٱسۡتَغۡفِرِ ٱللَّهَۖ إِنَّ ٱللَّهَ كَانَ غَفُورٗا رَّحِيمٗا ١٠٦

(၁၀၆) ထို့ပြင် အသင်(တမန်တော်)သည် အလ္လာဟ်အရှင်မြတ်ထံတွင် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပါ။❶ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ ဗနူဇွဖုရ်ရဲ့မျိုးနွယ်ထဲက ဗုရှိုင်းရ်ဗင်န် အုဗိုင်ရစ်က် ဆိုတဲ့သူဟာ သံချပ်ကာအင်္ကျီတစ်ခုကို ခိုးယူပြီး ခိုးမှုပေါ်တော့မဲ့အချိန်မှာ ယဟူဒီတစ်ဦးရဲ့အိမ်ထဲမှာ ပစ်ချခဲ့ပြီး ခိုးတဲ့သူဟာ ယဟူဒီဖြစ်ကြောင်း ပြောဆိုခဲ့တယ်။ ယဟူဒီကို မေးမြန်းတဲ့အခါမှာ မဟုတ်ကြောင်းပြောဆိုခဲ့ပေမဲ့ သက်သေမပြနိုင်ခဲ့ဘူး။ ဗုရှိုင်းရ်ရဲ့မျိုးနွယ်တွေဟာ ဗုရှိုင်းရ်ဘက်ကနေ ခုခံကာကွယ်ပြောဆိုပြီး ယဟူဒီ ပဲ ခိုးတဲ့သူဖြစ်ကြောင်း ပြောဆိုခဲ့ကြတယ်။ သူတို့ရဲ့ စကားတွေအတိုင်း ယဟူဒီကိုပဲ ပြစ်မှုပုံချရတော့မဲ့အခြေအနေကို ရောက်သွားခဲ့ရတယ်။ အဲဒီအပေါ်မှာ အရှင်မြတ်က တမန်တော်မြတ် ﷺ ရဲ့အပေါ်မှာ ဝဟီနဲ့ အမှန်ကို အသိပေးတော်မူခဲ့တယ်။ အဲဒီနောက် အရှင်မြတ်က လွတ်ငြိမ်းချမ်းသာခွင့် တောင်းခိုင်းခဲ့တယ်။ (မဟာစိန္ဓတ်သအ်ဝီးလ်၊ အသ်သဖ်စီရွလ်ဝစီးသွ်)

وَلَا تُجَٰدِلۡ عَنِ ٱلَّذِينَ يَخۡتَانُونَ أَنفُسَهُمۡۚ إِنَّ ٱللَّهَ لَا يُحِبُّ مَن كَانَ خَوَّانًا أَثِيمٗا ١٠٧

(၁၀၇) ထို့ပြင် သူတို့ကိုယ်ကိုသူတို့ လိမ်လည်လှည့်ဖြားသူများဘက်မှ❷ အသင်သည် ခုခံပြောဆိုခြင်းမပြုပါနှင့်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်

အလွန်သစ္စာမဲ့ပြီး မကောင်းမှု၌ နစ်မွန်းနေသူကို နှစ်သက်တော်မမူပေ။

J ဗုရှိုင်းရ်ဘက်ကနေ ခုခံကာကွယ်ပြောဆိုပေးကြတဲ့ သူရဲ့မျိုးနွယ်တွေကို ဆိုလိုတယ်။(အလင်းပြကျမ်း)မှတ်ချက်။ ။ဒီအာယသ်တော်တွေကနေ တချို့အချက်တွေကို သိရပါတယ်။ တမန်တော်မြတ် ﷺ ဟာ အကွယ်ကို သိသူမဟုတ်ပါ။ အကွယ်သိသူဖြစ်ရင် ချက်ချင်းပဲ အမှန်ကို ဖွင့်ဟပြောပြီးဆုံးဖြတ်လိုက်မှာဖြစ်တယ်။ အလ္လာဟ်အရှင်မြတ်ဟာ အရှင်မြတ်ရဲ့ရစူလ်တမန်တော် عليهم السلام တွေကို အမှားအယွင်းမဖြစ်အောင် ထိန်းသိမ်းတော်မူတယ်။ တကယ်လို့ အမှားအယွင်းဖြစ်မဲ့အနေအထားရောက်ရင်လည်း ချက်ချင်းပဲ အမှန်ကို တည့်မတ်ပေးဖို့အတွက် ဝဟီနဲ့ အသိပေးလိုက်တော်မူတယ်။ အဲဒီလိုနဲ့ အရှင်မြတ်ဟာ တမန်တော် عليهم السلام တွေကို မမှားအောင် ထိန်းသိမ်းတော်မူတယ်။ (မဟာစိန္တတ်သအ်ဝီးလ်)

يَّسْتَخْفُوْنَ مِنَ النَّاسِ وَلَا يَسْتَخْفُوْنَ مِنَ اللّٰهِ وَهُوَ مَعَهُمْ اِذْ يُبَيِّتُوْنَ مَا لَا يَرْضٰى مِنَ الْقَوْلِ ۭ وَكَانَ اللّٰهُ بِمَا يَعْمَلُوْنَ مُحِيْطًا ﴿١٠٨﴾

(၁၀၈) သူတို့သည် လူများကိုမူ (ရှက်သောကြောင့် သူတို့၏အပြစ်များမှ)ဖုံးကွယ်နေကြသည်။ ၎င်းပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်ကိုမူ ထိုအရှင်မြတ်သည် သူတို့နှင့် အတူရှိနေပါလျက် (မရှက်ကြသည့်အပြင်) ဖုံးကွယ်နိုင်ခြင်းမရှိကြပေ။ တစ်ခါတွင် သူတို့သည် အရှင်မြတ်နှစ်သက်တော်မူခြင်းမရှိသောစကားရပ်များကို ညအချိန် တိတ်ဆိတ်စွာ ကြံစည်နေကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့ ပြုမူကြသော အမှုကိစ္စအဝဝကို လွှမ်းခြုံသိရှိတော်မူသောအရှင် ဖြစ်သည်။

هٰٓاَنْتُمْ هٰٓؤُلَاۗءِ جٰدَلْتُمْ عَنْهُمْ فِي الْحَيٰوةِ الدُّنْيَا ۣ فَمَنْ يُّجَادِلُ اللّٰهَ عَنْهُمْ يَوْمَ الْقِيٰمَةِ اَمْ مَّنْ يَّكُوْنُ عَلَيْهِمْ وَكِيْلًا ﴿١٠٩﴾

(၁၀၉) သတိပြုကြပါ၊ အသင်တို့သည်ပင် ထိုသစ္စာဖောက်များဘက်မှ ဤဘဝတွင်ခုခံချေပ ပြောဆိုခဲ့ကြသည်။ ထို့နောက် ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင်သူတို့ဘက်မှ အလ္လာဟ်အရှင်မြတ်အား မည်သူခုခံချေပ ပြောဆိုမည်နည်း။ သို့မဟုတ် သူတို့အတွက် ကာကွယ်ပေးမည့် တာဝန်ခံ မည်သူရှိမည်နည်း။

وَمَنْ يَّعْمَلْ سُوْۗءًا اَوْ يَظْلِمْ نَفْسَهٗ ثُمَّ يَسْتَغْفِرِ اللّٰهَ يَجِدِ اللّٰهَ غَفُوْرًا رَّحِيْمًا ﴿١١٠﴾

(၁၁၀) ထို့ပြင် မည်သူမဆို မကောင်းမှုတစ်စုံတစ်ခု ကျူးလွန်မိလျှင် သို့မဟုတ် သူသည် သူ့ကိုယ်သူ နှိပ်စက်လျှင်၊ ထို့နောက် သူသည် အလ္လာဟ်အရှင်မြတ်ထံတွင် လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံလျှင် ထိုသူသည် အလ္လာဟ်အရှင်မြတ်အား အလွန်လွတ်ငြိမ်းချမ်းသာပေးတော်မူသောအရှင်၊ အလွန်သနားတော်မူသောအရှင်အဖြစ် တွေ့ရှိလိမ့်မည်။

وَمَن يَكْسِبْ إِثْمًا فَإِنَّمَا يَكْسِبُهُ عَلَىٰ نَفْسِهِ ۚ وَكَانَ اللَّهُ عَلِيمًا حَكِيمًا ﴿١١١﴾

(၁၁၁) ထို့ပြင် မည်သူမဆို မကောင်းမှုကို ရှာဖွေလျှင် ထိုသူသည် (သူ့ကိုယ်သူ နစ်နာအောင်) သူ့ကိုယ်နှင့် ဆန့်ကျင်ပြီး ရှာဖွေခြင်းပင်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

وَمَن يَكْسِبْ خَطِيئَةً أَوْ إِثْمًا ثُمَّ يَرْمِ بِهِ بَرِيئًا فَقَدِ احْتَمَلَ بُهْتَانًا وَإِثْمًا مُّبِينًا ﴿١١٢﴾

(၁၁၂) ထို့ပြင် မည်သူမဆို သေးငယ်သောအပြစ်ကိုဖြစ်စေ၊ သို့မဟုတ် ကြီးလေးသောအပြစ်ကိုဖြစ်စေ ကျူးလွန်ပြီးနောက် သူသည် ၎င်း(ပြစ်မှု)နှင့်ပတ်သက်၍ အပြစ်ကင်းသောသူ တစ်ဦးတစ်ယောက်ကို စွပ်စွဲခဲ့လျှင် ထိုသူသည် အမှန်စင်စစ် (ကြီးမားသော)စွပ်စွဲမှုနှင့် ထင်ရှားသောပြစ်မှုကို ကျူးလွန်ခဲ့ပြီဖြစ်သည်။

وَلَوْلَا فَضْلُ اللَّهِ عَلَيْكَ وَرَحْمَتُهُ لَهَمَّت طَّائِفَةٌ مِّنْهُمْ أَن يُضِلُّوكَ وَمَا يُضِلُّونَ إِلَّا أَنفُسَهُمْ
وَمَا يَضُرُّونَكَ مِن شَيْءٍ ۚ وَأَنزَلَ اللَّهُ عَلَيْكَ الْكِتَابَ وَالْحِكْمَةَ وَعَلَّمَكَ مَا لَمْ تَكُن تَعْلَمُ ۚ وَ
كَانَ فَضْلُ اللَّهِ عَلَيْكَ عَظِيمًا ﴿١١٣﴾

(၁၁၃) ၎င်းပြင် အကယ်၍ အသင်(တမန်တော်)၏အပေါ်တွင်အလ္လာဟ်အရှင်မြတ်၏ကျေးဇူးနှင့် အရှင်မြတ်၏သနားကြင်နာမှုသာ မရှိခဲ့လျှင် သူတို့ထဲမှ လူတစ်စုသည် အသင့်ကို လမ်းလွဲစေကြရန် အမှန်စင်စစ် စိတ်ဆုံးဖြတ်ခဲ့ကြပြီးဖြစ်သည်။ ထို့ပြင် သူတို့သည် သူတို့ကိုယ်ကိုသူတို့သာ လမ်းလွဲစေလျက်ရှိနေကြခြင်းဖြစ်သည်။ ထို့ပြင် သူတို့သည် အသင့်အား မည်သည့်အရာတစ်ခုမျှနစ်နာအောင်ပြုလုပ်ခဲ့ကြသည်လည်းမဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော်)အလ္လာဟ်အရှင်မြတ်သည် အသင်၏အပေါ်တွင် ကျမ်းတော်မြတ်နှင့် ပညာဉာဏ်အမြော်အမြင်ကို ချပေးသနားတော်မူခဲ့ခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် အသင်မသိနားမလည်ခဲ့သောအရာများကိုလည်း အသင့်အား သင်ကြားပြသတော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်သည် အသင်၏အပေါ်တွင် အလွန်ကြီးမားလှသည်။

لَّا خَيْرَ فِي كَثِيرٍ مِّن نَّجْوَاهُمْ إِلَّا مَنْ أَمَرَ بِصَدَقَةٍ أَوْ مَعْرُوفٍ أَوْ إِصْلَاحٍ بَيْنَ النَّاسِ ۚ وَمَن يَفْعَلْ
ذَٰلِكَ ابْتِغَاءَ مَرْضَاتِ اللَّهِ فَسَوْفَ نُؤْتِيهِ أَجْرًا عَظِيمًا ﴿١١٤﴾

(၁၁၄) အများအားဖြင့် သူတို့၏ လျှို့ဝှက်ဆွေးနွေးမှုများတွင် ကောင်းမြတ်ခြင်းမရှိပေ။ သို့ရာတွင် အကြင်သူသည် လှူဒါန်းရန်ကိစ္စ သို့မဟုတ် ကောင်း

မှုပြုရန်ကိစ္စ သို့မဟုတ် လူများကြားတွင် စေ့စပ်ပေးသောကိစ္စတစ်ခုခုကို ညွှန်ကြားမည်ဆိုလျှင် (ထိုကဲ့သို့ ကိစ္စများနှင့်ပတ်သက်၍ လျှို့ဝှက်တိုင်ပင်ခြင်း၌သာ ကောင်းမြတ်ခြင်းရှိသည်)။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုရယူရန်အတွက် ထိုကိစ္စများကို ပြုမူဆောင်ရွက်မည်ဆိုလျှင် မကြာမီ ငါအရှင်မြတ်သည် ထိုသူ့အား ကြီးကျယ်သော အကျိုးကို ချီးမြှင့်တော်မူမည်။

وَمَنْ يُّشَاقِقِ الرَّسُوْلَ مِنْۢ بَعْدِ مَا تَبَيَّنَ لَهُ الْهُدٰى وَيَتَّبِعْ غَيْرَ سَبِيْلِ الْمُؤْمِنِيْنَ نُوَلِّهٖ مَا تَوَلّٰى وَنُصْلِهٖ جَهَنَّمَ ۗ وَسَآءَتْ مَصِيْرًا ﴿١١٥﴾

(၁၁၅) ထို့ပြင် မည်သူမဆို သူ့အတွက် တရားလမ်းမှန်သည် ထင်ရှားခဲ့ပြီးနောက် ရစူလ်တမန်တော်ကို ဆန့်ကျင်မည်၊ ၎င်းပြင် ထိုသူသည် မုအ်မင်န် ယုံကြည်သူများ၏ လမ်းစဉ်မှလွဲ၍ အခြားလမ်းစဉ်ကို လိုက်နာမည်ဆိုလျှင်၊ ငါအရှင်မြတ်သည် ထိုသူ့အား သူကိုယ်တိုင် လှည့်သည့်ဘက်သို့ လှည့်ပေးတော်မူမည်။ ထို့နောက် ငါအရှင်မြတ်သည် ထိုသူ့အား ဂျဟန္နမ်ငရဲဘုံထဲသို့ ထည့်သွင်းတော်မူမည်။[၁] ထို့ပြင် ထိုဂျဟန္နမ်ငရဲဘုံသည် အလွန်ယုတ်ညံ့သော ပြန်လည်ရာစခန်းဖြစ်သည်။

[၁] အရှင်မြတ်က "မုအ်မင်န်" အီမာန်ယုံကြည်သူတွေရဲ့လမ်းစဉ်ကလွဲပြီးလိုက်နာရင် ငရဲဘုံထဲကို သွတ်သွင်းမဲ့အကြောင်း "မူ" တစ်ခုချမှတ်ပေးထားတော်မူတယ်။ "မုအ်မင်န်" တွေရဲ့ လမ်းစဉ်လို့ မိန့်ထားတော့ "မုအ်မင်န်" ဖြစ်ရမဲ့ပုံစံကိုလည်း အရှင်မြတ်က အခုလို "မူ" ချပေးထားပြီးဖြစ်တယ် - فَاِنْ اٰمَنُوْا بِمِثْلِ مَآ اٰمَنْتُمْ بِهٖ فَقَدِ اهْتَدَوْا ۚ وَاِنْ تَوَلَّوْا فَاِنَّمَا هُمْ فِيْ شِقَاقٍ "ထို့နောက် အကယ်၍ ၎င်း(ယဟူဒီနှင့်နတ်စ္စရာနီ)တို့သည် အသင်တို့(စွဟာဗဟ် ﷺ များ) အီမာန်ယုံကြည်ခဲ့ကြသကဲ့သို့ ယုံကြည်ခဲ့ကြလျှင် သူတို့သည်လည်း တရားလမ်းမှန်ကို အမှန်စင်စစ် ရရှိကြလိမ့်မည်။ ထို့နောက် အကယ်၍ သူတို့သည် ကျောခိုင်းမျက်နှာလွှဲသွားကြလျှင် အမှန်စင်စစ် သူတို့သည် ကွဲပြားဆန့်ကျင်မှုထဲ၌ပင် ရှိနေကြမည်။" (ကုရ်အာန် - ၂း၁၃၇) ဒီနေရာမှာ အသင်တို့ယုံကြည်ကြသလိုဆိုတာ တမန်တော်မြတ် ﷺ ရဲ့နောက်လိုက် စွဟာဗဟ် ﷺ တွေကို ဆိုလိုတာဖြစ်တဲ့အတွက် အရှင်မြတ်က "စံ" အဖြစ်သတ်မှတ်ထားတဲ့သူတွေရဲ့လမ်းစဉ်ကို လိုက်မှသာ အောင်မြင်မှာဖြစ်တယ်။ وَالَّذِيْنَ اتَّبَعُوْهُمْ بِاِحْسَانٍ (ကုရ်အာန်) ဒီအာယသ်တော်(၁၁၅)ဟာ အထောက်အထားကြီးလေးခုအနက် တတိယမြောက်ဖြစ်တဲ့ အိဂ်ျမာအ်အတည်ဖြစ်ကြောင်း အထောက်အထားဖြစ်ပါတယ်။

(အိဗ်နုကဆီးရ်ကျမ်း၊ အဟ်ကာမွလ်ကုရ်အာန်ကျမ်း)

اِنَّ اللّٰهَ لَا يَغْفِرُ اَنْ يُّشْرَكَ بِهٖ وَيَغْفِرُ مَا دُوْنَ ذٰلِكَ لِمَنْ يَّشَآءُ ۗ وَمَنْ يُّشْرِكْ بِاللّٰهِ فَقَدْ ضَلَّ ضَلٰلًاۢ بَعِيْدًا ﴿١١٦﴾

(၁၁၆) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်နှင့် တွဲဖက်ယှဉ်ပြိုင်ကိုးကွယ်သည်ကို လုံးဝခွင့်လွှတ်ချမ်းသာပေးတော်မူမည်မဟုတ်ပေ။[၂]

သို့ရာတွင် ထိုအရာမှလွဲ၍ အခြားအပြစ်ကိုမူ အရှင်မြတ်အလိုရှိတော်မူသောသူအား အရှင်မြတ်သည် ခွင့်လွှတ်တော်မူမည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်ကိုးကွယ်လျှင် ထိုသူသည် (မှန်ကန်သောလမ်းမှ)အလွန်ဝေးလံသော လမ်းမှားသို့ အမှန်စင်စစ် လွဲမှားသွားပြီဖြစ်သည်။

[၂] အရှင်မြတ်က အရှင်မြတ်နဲ့ တုဖက်နိုင်းယှဉ်တဲ့အပြစ်ကိုခွင့်မလွှတ်ဘူးဆိုတာ အဲဒီအပြစ်ပြုလုပ်လျက်သေသွားတဲ့အခါကို ဆိုလိုတယ်။ အဲဒီအပြစ် ပြုလုပ်ပြီး သောင်ဗဟ်အမှားဝန်ခံကာ အရှင်တစ်ပါးတည်းကို ကိုးကွယ်ပြီးမှ သေဆုံးရင် ခွင့်လွှတ်တော်မူမှာဖြစ်တယ်။ (အာစားန်သလ်ရဂျူမဟ်)

إِن يَدۡعُونَ مِن دُونِهِۦٓ إِلَّآ إِنَٰثٗا وَإِن يَدۡعُونَ إِلَّا شَيۡطَٰنٗا مَّرِيدٗا ﴿١١٧﴾

(၁၁၇) သူတို့သည် ထိုအရှင်မြတ်မှလွဲ၍ "မ"(အမည်ပေးထားသောရုပ်တု)များကိုသာ ဟစ်ခေါ်ကိုးကွယ်ကြသည်။[၃] ထို့ပြင် အမှန်စင်စစ် သူတို့သည် သောင်းကျန်းပုန်ကန်သော ရှိုင်သွာန်ကိုသာ ဟစ်ခေါ်ကိုးကွယ်ကြခြင်းဖြစ်သည်။

[၃] အရဗ်မုရှ်ရိက်တွေဟာ သူတို့ရဲ့ ကိုးကွယ်ရာတွေကို "ဖို"နာမည်တွေနဲ့မထားဘဲ "မ" နာမည်တွေနဲ့ထားခဲ့ကြတယ်။ သာဓက – اَللَّات, اَلۡعُزّٰى, اَلۡمَنٰوة (အလင်းပြကျမ်း)

لَّعَنَهُ ٱللَّهُۘ وَقَالَ لَأَتَّخِذَنَّ مِنۡ عِبَادِكَ نَصِيبٗا مَّفۡرُوضٗا ﴿١١٨﴾

(၁၁၈) အလ္လာဟ်အရှင်မြတ်သည် ၎င်း(ရှိုင်သွာန်)ကို ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့ပြီး ဖြစ်သည်။ ထို့ပြင် ၎င်း(ရှိုင်သွာန်)က ပြောဆိုလျှောက်ထားခဲ့သည်– ကျွန်ုပ်သည် အရှင်မြတ်၏ကျွန်များထဲမှ ခွဲဝေသတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော ဝေစုဝေပုံတစ်ခုကို အမှန်မုချ ပြုလုပ်မည် ဖြစ်သည်။

وَلَأُضِلَّنَّهُمۡ وَلَأُمَنِّيَنَّهُمۡ وَلَأٓمُرَنَّهُمۡ فَلَيُبَتِّكُنَّ ءَاذَانَ ٱلۡأَنۡعَٰمِ وَلَأٓمُرَنَّهُمۡ فَلَيُغَيِّرُنَّ خَلۡقَ ٱللَّهِۚ
وَمَن يَتَّخِذِ ٱلشَّيۡطَٰنَ وَلِيّٗا مِّن دُونِ ٱللَّهِ فَقَدۡ خَسِرَ خُسۡرَانٗا مُّبِينٗا ﴿١١٩﴾

(၁၁၉) ၎င်းပြင် ကျွန်ုပ်သည် သူတို့အား လမ်းမှားကို အမှန်မုချရောက်အောင်လုပ်မည်။ ၎င်းပြင် ကျွန်ုပ်သည် သူတို့အား မက်မောမှု အမှန်ဖြစ်စေမည်။ ၎င်းပြင် ကျွန်ုပ်သည် သူတို့အား အမှန်ပင် အမိန့်ပေးမည်။ သို့ဖြစ်လျှင် သူတို့သည် ခြေလေးချောင်း သတ္တဝါများ၏ နားရွက်များကို အမှန်ပင် ဖြတ်တောက်ကြလိမ့်မည်။[၄] ၎င်းပြင် ကျွန်ုပ်သည် သူတို့အား အမှန်ပင် အမိန့်ပေးမည်။ သို့ဖြစ်လျှင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏အဖန်ဆင်းခံများ(၏သဘောသဘာဝ)ကို အမှန်ပင် ပြောင်းလဲပစ်ကြလိမ့်မည်။[၅] ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်မှလွဲ၍ ရှိုင်သွာန်ကို အဆွေခင်ပွန်းပြုလုပ်လျှင် ထိုသူသည် အမှန်ပင် ထင်ရှားသော နစ်နာဆုံးရှုံးမှုကို ခံစားရမည်။

၆ အရစ်မှရှိရိက်တွေဟာ သူတို့ရဲ့ကိုးကွယ်ရာတွေအတွက် ပူဇော်ပသမဲ့ တိရစ္ဆာန်တွေရဲ့နားရွက်တွေကို ဖြတ်တောက်လေ့ရှိခဲ့ကြတယ်။(အလင်းပြကျမ်း) ၇ အရှင်မြတ်ဖန်ဆင်းထားတဲ့အတိုင်းမထားဘဲ ပြုပြင်ပြောင်းလဲတာဟူသမျှ အကျုံးဝင်တယ်။ ဥပမာ – ဆေးမင်ကြောင်ထိုးခြင်း၊ ယောကျ်ားက မိန်းမပုံ ဝတ်စားဆင်ယင်ခြင်း၊ မိန်းမက ယောကျ်ားပုံ ဆင်ယင်ဝတ်စားခြင်း၊ (ပလတ်စတစ်ဆာဂျရီနဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ခွဲစိတ်ပြုလုပ်ပြီး အလှအပအတွက် ပြုပြင်ပြောင်းလဲခြင်းများ၊ ရင်သားမှာ စီလီကွန်ထည့်ခြင်း၊ ဖိုအင်္ဂါကို မအင်္ဂါအဖြစ်၊ မအင်္ဂါကို ဖိုအင်္ဂါအဖြစ်ပြောင်းလဲခြင်းများ၊) တရားတော်တွေကို ကပြောင်းကပြန်ပြုလုပ်ခြင်း၊ ဟလာလ်ကို ဟရာမ်ပြုလုပ်ခြင်း၊ ဟရာမ်ကို ဟလာလ်ပြုလုပ်ခြင်း၊ လူသားအတွက်အသုံးခံအဖြစ် ပြုလုပ်ထားတဲ့နေ၊ လကို ကိုးကွယ်ခြင်း။ ဖန်ဆင်းခံကို ကိုးကွယ်ခံဖြစ်အောင် လူတွေရဲ့အတွေးအမြင်ပြောင်းလဲဖို့ ရှိုင်သွာန်က ကြိုးစားမှာကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

يَعِدُهُمْ وَيُمَنِّيهِمْ ۖ وَمَا يَعِدُهُمُ الشَّيْطَٰنُ إِلَّا غُرُورًا ﴿١٢٠﴾

(၁၂၀) ၎င်း(ရှိုင်သွာန်)သည် သူတို့အား ကတိပေးသည်။ ထို့ပြင် ၎င်း(ရှိုင်သွာန်)သည် သူတို့အား တောင့်တမက်မောစေသည်။ သို့ရာတွင် ရှိုင်သွာန်သည် သူတို့အား လိမ်လည်ဖြားယောင်းမှုကိုသာလျှင် ကတိပေးသည်။

أُولَٰٓئِكَ مَأْوَىٰهُمْ جَهَنَّمُ وَلَا يَجِدُونَ عَنْهَا مَحِيصًا ﴿١٢١﴾

(၁၂၁) ထိုသူများပင်၊ သူတို့၏ခိုလှုံရာနေရာသည် ဂျဟန္နမ်ငရဲဘုံ ဖြစ်သည်။ ထို့ပြင် သူတို့သည် ၎င်း(ငရဲဘုံ)မှ ထွက်ပြေးလွတ်မြောက်မည့်နေရာတစ်နေရာကိုမျှ တွေ့ရှိကြမည်မဟုတ်ပေ။

وَالَّذِينَ ءَامَنُوا وَعَمِلُوا الصَّٰلِحَٰتِ سَنُدْخِلُهُمْ جَنَّٰتٍ تَجْرِي مِن تَحْتِهَا الْأَنْهَٰرُ خَٰلِدِينَ فِيهَآ أَبَدًا ۖ وَعْدَ اللَّهِ حَقًّا ۚ وَمَنْ أَصْدَقُ مِنَ اللَّهِ قِيلًا ﴿١٢٢﴾

(၁၂၂) ထို့ပြင် အကြင်သူများသည် အီမာန်ယုံကြည်ခဲ့ကြပြီး ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည်။ ငါအရှင်မြတ်သည် သူတို့ကို ဥယျာဉ်များထဲသို့ မကြာမီ ဝင်ရောက်နေထိုင်စေတော်မူမည်။ ၎င်းတို့၏ အောက်မှ စမ်းရေချောင်းများ စီးဆင်းနေလိမ့်မည်။ သူတို့သည် ထိုအထဲ၌ အမြဲနေကြရမည့်သူများဖြစ်သည်။ (အလ္လာဟ်အရှင်မြတ်သည်) အရှင်မြတ်၏ကတိတော်ကို မှန်ကန်စွာ ပြုတော်မူထားသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ထက်ပိုပြီး စကားအရာတွင်မှန်ကန်သောသူ မည်သူရှိမည်နည်း။

لَّيْسَ بِأَمَانِيِّكُمْ وَلَآ أَمَانِيِّ أَهْلِ الْكِتَٰبِ ۗ مَن يَعْمَلْ سُوٓءًا يُجْزَ بِهِۦ وَلَا يَجِدْ لَهُۥ مِن دُونِ اللَّهِ وَلِيًّا وَلَا نَصِيرًا ﴿١٢٣﴾

(၁၂၃) အသင်တို့၏ လိုချင်တပ်မက်မှုများသည် မဖြစ်သည်သာမက

ကျမ်းရသူများ၏လိုချင်တပ်မက်မှုများသည်လည်း မဖြစ်ပေ။ မည်သူမဆို မကောင်းမှုတစ်စုံတစ်ရာကျူးလွန်လျှင် ထို(မကောင်းမှု)အတွက် အပြစ်ပေးခံရမည်။ ၎င်းပြင် သူသည် သူ့အတွက် အလ္လာဟ်အရှင်မြတ်မှလွဲ၍ မည်သည့်မိတ်ဆွေ၊ မည်သည့်ကူညီစောင်မမည့်သူတစ်ဦးကိုမျှ တွေ့ရမည်မဟုတ်ပေ။

وَمَنْ يَّعْمَلْ مِنَ الصّٰلِحٰتِ مِنْ ذَكَرٍ اَوْ اُنْثٰى وَهُوَ مُؤْمِنٌ فَاُولٰٓئِكَ يَدْخُلُوْنَ الْجَنَّةَ وَلَا يُظْلَمُوْنَ نَقِيْرًا ﴿١٢٤﴾

(၁၂၄) ထို့ပြင် မည်သူမဆို ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ မုအ်မင်န် ယုံကြည်သူဖြစ်လျက်[၁] ကောင်းမြတ်သော လုပ်ရပ်များကို ပြုလုပ်လျှင်၊ ထိုသူများသည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ကြရမည့်အပြင် သူတို့သည် သစ်စေ့၏ အမြှေးပါးမျှလောက်ပင် မတရားပြုခြင်းခံကြရမည်လည်း မဟုတ်ပေ။

[၁] ကောင်းမှုမှန်သမျှကို အရှင်မြတ်က အီမာန်ယုံကြည်ချက်နဲ့ ဘောင်ခတ်ထားခြင်းဖြစ်တယ်။ အီမာန်ယုံကြည်ချက်မရှိဘဲ လုပ်တဲ့ကောင်းမှုတွေကို အရှင်မြတ် လက်ခံတော်မူမှာ မဟုတ်ဘူး။ အီမာန်ယုံကြည်ချက်မရှိဘဲ လုပ်တဲ့ကောင်းမှုတွေဟာ လောကမှာ အမည်ခံမျှသာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَنْ اَحْسَنُ دِيْنًا مِّمَّنْ اَسْلَمَ وَجْهَهٗ لِلّٰهِ وَهُوَ مُحْسِنٌ وَّاتَّبَعَ مِلَّةَ اِبْرٰهِيْمَ حَنِيْفًا ۗ وَاتَّخَذَ اللّٰهُ اِبْرٰهِيْمَ خَلِيْلًا ﴿١٢٥﴾

(၁၂၅) ထို့ပြင် အကြင်သူထက် ဒီန်သာသနာအားဖြင့် ပိုမိုမြင့်မြတ်သောသူသည် မည်သူရှိဦးမည်နည်း။ ထိုသူသည် ကောင်းကျိုးဆောင်ရွက်သူဖြစ်လျက် သူ၏မျက်နှာ(ကိုယ်)ကို အလ္လာဟ်အရှင်မြတ်ထံတွင် အပ်နှင်းခဲ့သည့်အပြင် သူသည် ဖြောင့်မတ်မှန်ကန်သော (တမန်တော်)အိဗ်ရာဟီမ်၏ ဒီန်သာသနာ[၂] ကိုလည်း လိုက်နာခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (တမန်တော်)အိဗ်ရာဟီမ်ကို မိတ်ဆွေအဖြစ် ပြုလုပ်ချီးမြှင့်တော်မူခဲ့သည်။

[၂] တမန်တော်အိဗ်ရာဟီမ် عليه السلام ရဲ့ သာသနာဟာ အစ္စလာမ်သာသနာပဲဖြစ်တယ်။ ကုရ်အာန် (၂၂း၇၈)မှာ အခုလို အမိန့်ရှိထားတော်မူတယ် - مِلَّةَ اَبِيْكُمْ اِبْرٰهِيْمَ ۗ هُوَ سَمّٰىكُمُ الْمُسْلِمِيْنَ "အသင်တို့၏ဖခင် အိဗ်ရာဟီမ် عليه السلام ၏သာသနာ၊ ၎င်း (အိဗ်ရာဟီမ် သို့မဟုတ် အရှင်မြတ်)သည် အသင်တို့ကို မွတ်စ်လင်မ်များဟု အမည်မှည့်ခေါ်ခဲ့သည်။" တမန်တော်အိဗ်ရာဟီမ် عليه السلام ရဲ့ ဒုအာထဲမှာ မွတ်စ်လင်မ် ဆိုတဲ့အမည် ပါဝင်ကြောင်း အရှင်မြတ်က (၂း၁၂၈) မှာ အခုလို အမိန့်ရှိထားပါတယ် -
رَبَّنَا وَاجْعَلْنَا مُسْلِمَيْنِ لَكَ وَمِنْ ذُرِّيَّتِنَآ اُمَّةً مُّسْلِمَةً لَّكَ "အို - ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့ကို အရှင်မြတ်၏ အမိန့်နာခံသူ မွတ်စ်လင်မ် နှစ်ဦးဖြစ်စေတော်မူပါ၊ ၎င်းပြင် ကျွန်ုပ်တို့၏ သားစဉ်မြေးဆက်ထဲမှလည်း အရှင့်အမိန့်တော်ကို နာခံကြမည့် မွတ်စ်လင်မ် အုပ်စု ပေါ်ထွန်းစေတော်မူပါ။" အဲဒီလိုရှိတာကြောင့် တမန်တော် အိဗ်ရာဟီမ် عليه السلام က မွတ်စ်လင်မ်

လို့ အမည်မှည့်ခေါ်ခဲ့တယ်လို့ အဆိုဖြစ်လာခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ؕ وَكَانَ اللّٰهُ بِكُلِّ شَىْءٍ مُّحِيْطًا ﴿١٢٦﴾

(၁၂၆) ထို့ပြင် ကောင်းကင်များ၌ ရှိသမျှအရာများနှင့် မြေပထဝီတွင် ရှိသမျှအရာများသည် အလ္လာဟ်အရှင်မြတ်သာ ပိုင်ဆိုင်တော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို တန်ခိုးတော်နှင့်ဝန်းရံထားတော်မူသောအရှင် ဖြစ်တော်မူသည်။

وَيَسْتَفْتُوْنَكَ فِى النِّسَآءِ ؕ قُلِ اللّٰهُ يُفْتِيْكُمْ فِيْهِنَّ ۙ وَمَا يُتْلٰى عَلَيْكُمْ فِى الْكِتٰبِ فِىْ يَتٰمَى النِّسَآءِ الّٰتِىْ لَا تُؤْتُوْنَهُنَّ مَا كُتِبَ لَهُنَّ وَتَرْغَبُوْنَ اَنْ تَنْكِحُوْهُنَّ وَالْمُسْتَضْعَفِيْنَ مِنَ الْوِلْدَانِ ۙ وَاَنْ تَقُوْمُوْا لِلْيَتٰمٰى بِالْقِسْطِ ؕ وَمَا تَفْعَلُوْا مِنْ خَيْرٍ فَاِنَّ اللّٰهَ كَانَ بِهٖ عَلِيْمًا ﴿١٢٧﴾

(၁၂၇) ထို့ပြင် သူတို့သည် မိန်းမများနှင့်ပတ်သက်၍ အသင့်ထံသို့ ဆုံးဖြတ်ချက်လာတောင်းကြသည်။ (အို-တမန်တော်)အသင် ပြောဆို(ဖြေကြား)လိုက်ပါ။ အလ္လာဟ်အရှင်မြတ်သည် သူမတို့နှင့်ပတ်သက်၍ အသင်တို့ကို ပြဋ္ဌာန်းပေးတော်မူသည်။ ထို့ပြင် ကျမ်းတော်တွင် အသင်တို့အပေါ် ဖတ်ရွတ်ပြခြင်းခံရသောအရာ(အာယသ်တော်များ)သည်လည်း (ပြဋ္ဌာန်းထားလျက်ရှိသည်)။ ထို(အာယသ်တော်)များသည် အဘမဲ့ မိန်းကလေးများနှင့် ပတ်သက်(သောအာယသ်တော်များ ဖြစ်)သည်။ ထိုသူမတို့အတွက် ပြဋ္ဌာန်းထားခြင်းခံရသောအရာ(အခွင့်အရေးများ)ကို အသင်တို့သည် သူမတို့အား မပေးကြပေ။ ထို့ပြင် အသင်တို့သည် သူမတို့နှင့်လည်း ထိမ်းမြားလိုကြသည်။ (ထိုအာယသ်တော်များသည် ထိုကဲ့သို့) အားအင်ချည့်နဲ့သည့် ကလေးများနှင့်ပတ်သက်သောအမိန့်တော်များဖြစ်သည်။ ထို့ပြင် အသင်တို့သည် အဘမဲ့ကလေးများနှင့်ပတ်သက်၍ မျှတစွာ ဆောင်ရွက်ကြရန်အတွက် (အမိန့်တော်လည်း) ဖြစ်သည်။ ၎င်းပြင် အသင်တို့သည် မည်သည့်ကောင်းမှုကိုမဆို ပြုလုပ်သည်ဖြစ်စေ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ၎င်း(ကောင်းမှု)ကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

وَاِنِ امْرَاَةٌ خَافَتْ مِنْۢ بَعْلِهَا نُشُوْزًا اَوْ اِعْرَاضًا فَلَا جُنَاحَ عَلَيْهِمَآ اَنْ يُّصْلِحَا بَيْنَهُمَا صُلْحًا ؕ وَالصُّلْحُ خَيْرٌ ؕ وَاُحْضِرَتِ الْاَنْفُسُ الشُّحَّ ؕ وَاِنْ تُحْسِنُوْا وَتَتَّقُوْا فَاِنَّ اللّٰهَ كَانَ بِمَا تَعْمَلُوْنَ خَبِيْرًا ﴿١٢٨﴾

(၁၂၈) ထို့ပြင် အကယ်၍ အကြင်မိန်းမတစ်ဦးသည် သူမခင်ပွန်း၏

နိုပ်စက်မှု သို့မဟုတ် လျစ်လျူရှု စွန့်ပစ်ထားမှုတစ်ခုခုကို စိုးရိမ်ခဲ့လျှင် သူတို့နှစ်ဦးသည် သူတို့အကြားတွင် ပြန်လည်သင့်မြတ်စေမည့်(စည်းကမ်းချက်)တစ်စုံတစ်ခုကို (သတ်မှတ်ပြီး) သင့်မြတ်အောင်လုပ်ကြလျှင် သူတို့နှစ်ဦးအပေါ်တွင် အပြစ်မရှိပေ။❶ ထို့ပြင် ပြန်လည်သင့်မြတ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ထို့ပြင် (လူသား၏)စိတ်များသည် လောဘရမ္မက် (တစ်ခုမဟုတ်တစ်ခု)ကို အသင့်ရောက်ရှိအောင်ထည့်ပေးခြင်းခံခဲ့ရသည်ပင်ဖြစ်သည်။ ထို့ပြင် အကယ်၍ အသင်တို့သည် ကောင်းမွန်စွာ ဆက်ဆံ၍ (မကောင်းသည်များမှ)ရှောင်ကြဉ်ကြလျှင် အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုမူသည်များကို အကွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ ဇနီးမိန်းမဟာ သူမခင်ပွန်းရဲ့ဂရုမစိုက်မှာကို စိုးရိမ်ရရင် ပြေလည်အောင် သူမရရှိထားတဲ့အခွင့်အရေးတွေကို လျှော့ပြီး ယူနိုင်တယ်။ ဥပမာ- (ထိမ်းမြားဖို့ သဘောတူထားတဲ့)မဟာရ်ပစ္စည်းကို လျှော့ယူခြင်း ဒါမှမဟုတ် လုံးဝမယူတော့ဘဲ ခွင့်လွှတ်လိုက်ခြင်း၊ (အဲဒီနောက် ပြေလည်သွားတဲ့အခါမှာ ပြန်တောင်းပိုင်ခွင့် မရှိပါ)။ သူမ ရရှိနေတဲ့ စရိတ်စကတွေကို လျှော့ယူခြင်း၊ (ပြေလည်တဲ့အခါ ပြန်တောင်းပိုင်ခွင့်ရှိတယ်)။ သူမနဲ့ ကာမ ဆက်ဆံမှုအလှည့်ကို လျှော့ယူခြင်း၊ (ပြေလည်တဲ့အခါ ပြန်တောင်းပိုင်ခွင့်ရှိတယ်)။ အဲဒီလို ပြုလုပ်တဲ့အပေါ်မှာ ဘာမှအပြစ်မရှိကြောင်း မိန့်ထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَنْ تَسْتَطِيْعُوْٓا اَنْ تَعْدِلُوْا بَيْنَ النِّسَآءِ وَلَوْ حَرَصْتُمْ فَلَا تَمِيْلُوْا كُلَّ الْمَيْلِ فَتَذَرُوْهَا كَالْمُعَلَّقَةِ ۗ وَاِنْ تُصْلِحُوْا وَتَتَّقُوْا فَاِنَّ اللّٰهَ كَانَ غَفُوْرًا رَّحِيْمًا ﴿١٢٩﴾

(၁၂၉) ထို့ပြင် အကယ်၍အသင်တို့သည် (မည်မျှပင် တရားမျှတရန်) ဆန္ဒထားကြလျှင်လည်း အသင်တို့သည် ဇနီးမိန်းမများ၏ကြားတွင်(ဘက်ပေါင်းစုံမှ) တရားမျှတအောင်မှု လုံးဝ ပြုနိုင်ကြမည်မဟုတ်ပေ။ သို့ဖြစ်ရာ အသင်တို့သည် (ဇနီးမိန်းမတစ်ဦးကို မတင်မကျ) တွဲလောင်းချထားသကဲ့သို့ ဖြစ်စေရန် (အခြားဇနီးတစ်ဦးဘက်သို့) လုံးလုံးလျားလျား (ဘက်လိုက်) ယိမ်းယိုင်မသွားကြနှင့်။❷ ထို့ပြင် အကယ်၍ အသင်တို့သည် (ထိုကဲ့သို့ တစ်ဖက်သတ် ယိမ်းယိုင်ခြင်းများကို) ပြုပြင်ပြီး ဆင်ခြင်နေထိုင်ကြလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

❷ ဇနီးမိန်းမ တစ်ဦးထက်ပိုတဲ့အခါမှာ တန်းတူညီတူထားရမဲ့အမိန့်ရှိတဲ့အတိုင်း ညီညီမျှမျှထားလို့ရနိုင်ပေမဲ့ စိတ်နှလုံးကဖြစ်တဲ့ ချစ်ခင်မှု မေတ္တာကရုဏာကိုတော့ ညီညီမျှမျှထားနိုင်မှာ မဟုတ်ကြောင်း မိန့်ဆိုထားတာဖြစ်တယ်။ သားသမီးချင်းတူပါလျက်နဲ့တောင် မိဘက သားကို ပိုချစ်တယ်၊

သမီးကို လျှော့ချစ်တယ် စသဖြင့် ဖြစ်ပေါ်လေ့ရှိပါတယ်။ ဒါပေမဲ့ ဇနီးမိန်းမတွေရှိတဲ့အထဲက တစ်ဦး တည်းဘက်ကိုပဲ အချစ်များပြီး သူမတစ်ဦးတည်းအတွက်ပဲ အချိန်ပေးကာ အခြားဇနီးတွေကို အချစ်မဲ့လျက်ပစ်ထားတာမျိုး မလုပ်ဖို့ တားမြစ်ထားခြင်းဖြစ်တယ်။ တွဲလောင်းချထားသလို ဆွဲပြီး မပစ်ထားဖို့နဲ့ ပစ်မယ်ဆိုရင် နောင်ကြိုးဖြတ်ပြီး လွှတ်လိုက်ဖို့ပဲဖြစ်တယ်။ ဆိုလိုတာက သွလာက် ပေးပြီး စွန့်လွှတ်လိုက်ဖို့ဖြစ်တယ်။ တကယ်လို့ စရိတ်စက စတာတွေကိုပါ မညီမျှနိုင်တော့ဘူးဆို ရင် ဇနီးတစ်ဦးတည်းပဲ ထားရမဲ့အကြောင်း (ကုရ်အာန် - ၄း၃မှာ فَإِنۡ خِفۡتُمۡ أَلَّا تَعۡدِلُواْ فَوَٰحِدَةً လို့ အမိန့် ရှိထားတယ် - "ထို့နောက် အကယ်၍အသင်တို့သည် (မိန်းမတစ်ဦးထက်ပိုပြီး ထိမ်းမြားရာ၌)တရား မမျှတနိုင်မည်ကို စိုးရိမ်ရလျှင် (ဇနီးမိန်းမ)တစ်ဦးတည်းနှင့်သာ(နေရမည်)။" (အလင်းပြကျမ်း)

وَإِن يَتَفَرَّقَا يُغۡنِ ٱللَّهُ كُلّٗا مِّن سَعَتِهِۦۚ وَكَانَ ٱللَّهُ وَٰسِعًا حَكِيمٗا ﴿١٣٠﴾

(၁၃၀) ထို့ပြင် အကယ်၍ သူတို့နှစ်ဦးသည် (အဆင်မပြေတော့သည့် အဆုံး) ကွာရှင်းခဲ့ကြလျှင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ကျေးဇူးတော် မှ(သူတို့နှစ်ဦးထဲမှ) တစ်ဦးတိုင်းကို (တစ်ဦးကိုတစ်ဦး မမှီခိုရအောင်) လုံလောက် စေတော်မူမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသိဉာဏ်ပညာနှင့် ကရုဏာ ကျယ်ဝန်းလျက် အရာအားလုံးကို ဝန်းခြုံထားတော်မူသောအရှင်၊ ပညာဉာဏ် အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

وَلِلَّهِ مَا فِي ٱلسَّمَٰوَٰتِ وَمَا فِي ٱلۡأَرۡضِۗ وَلَقَدۡ وَصَّيۡنَا ٱلَّذِينَ أُوتُواْ ٱلۡكِتَٰبَ مِن قَبۡلِكُمۡ وَإِيَّاكُمۡ أَنِ ٱتَّقُواْ ٱللَّهَۚ وَإِن تَكۡفُرُواْ فَإِنَّ لِلَّهِ مَا فِي ٱلسَّمَٰوَٰتِ وَمَا فِي ٱلۡأَرۡضِۚ وَكَانَ ٱللَّهُ غَنِيًّا حَمِيدٗا ﴿١٣١﴾

(၁၃၁) ထို့ပြင် ကောင်းကင်များတွင်ရှိသမျှအရာနှင့် မြေပထဝီတွင်ရှိ သမျှအရာအားလုံးသည် အလ္လာဟ်အရှင်မြတ်သာ ပိုင်ဆိုင်တော်မူသည်။ ထို့ပြင် အမှန်ပင် ငါအရှင်မြတ်သည် အသင်တို့မတိုင်မီ ကျမ်းရထားသူများနှင့်အသင် တို့အား "အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ကြပါ"ဟု မိန့်တော် မူခဲ့သည်။ ထို့ပြင် အကယ်၍ အသင်တို့သည် ငြင်းပယ်ကြလျှင် ကောင်းကင်များ တွင်ရှိသမျှအရာနှင့် မြေပထဝီတွင်ရှိသမျှအရာအားလုံးသည် အလ္လာဟ်အရှင် မြတ်သာ အမှန်ပင် ပိုင်ဆိုင်တော်မူသည့်အတွက် (အရှင်မြတ်တွင် အနည်းငယ် မျှ လျော့နည်းသွားမည်မဟုတ်ပေ၊ အသင်တို့သာ ဆုံးရှုံးနစ်နာကြမည်)။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းပြီး ပြည့်စုံကြွယ်ဝတော်မူ သောအရှင်၊ အလွန်ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူသည်။

وَلِلَّهِ مَا فِي ٱلسَّمَٰوَٰتِ وَمَا فِي ٱلۡأَرۡضِۚ وَكَفَىٰ بِٱللَّهِ وَكِيلًا ﴿١٣٢﴾

(၁၃၂) ထို့ပြင် ကောင်းကင်များတွင်ရှိသမျှအရာနှင့် မြေပထဝီတွင်ရှိ

သမျှအရာအားလုံးသည် အလ္လာဟ်အရှင်မြတ်သာ ပိုင်ဆိုင်တော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်ယုံပုံလွှဲအပ်ခြင်း ခံထိုက်တော်မူသောအရှင် အဖြစ် လုံလောက်တော်မူသည်။

إِن يَشَأْ يُذْهِبْكُمْ أَيُّهَا النَّاسُ وَيَأْتِ بِآخَرِينَ ۚ وَكَانَ اللَّهُ عَلَىٰ ذَٰلِكَ قَدِيرًا ﴿١٣٣﴾

(၁၃၃) အို-လူသားအပေါင်းတို့၊ အကယ်၍ အရှင်မြတ်သာ အလိုရှိတော်မူလျှင် အရှင်မြတ်သည် အသင်တို့ကို ဖယ်ရှားပြီး အခြားသူများကို (အစားထိုးကာ) ခေါ်ယူလာတော်မူမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ထိုကိစ္စကို အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။

مَّن كَانَ يُرِيدُ ثَوَابَ الدُّنْيَا فَعِندَ اللَّهِ ثَوَابُ الدُّنْيَا وَالْآخِرَةِ ۚ وَكَانَ اللَّهُ سَمِيعًا بَصِيرًا ﴿١٣٤﴾

(၁၃၄) မည်သူမဆို ဤဘဝ၏အကျိုးကို(သာ)အလိုရှိလျှင်(အရှင်မြတ်ပေးလိုသောသူကို အရှင်မြတ်အလိုရှိသလောက်သာ ပေးမည်ဖြစ်သည်)အလ္လာဟ်အရှင်မြတ်ထံ၌မူ ဤဘဝနှင့် နောင်ဘဝ (နှစ်ခုစလုံး)၏အကျိုးရှိသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့မြင်တော်မူသောအရှင် ဖြစ်တော်မူသည်။

يَا أَيُّهَا الَّذِينَ آمَنُوا كُونُوا قَوَّامِينَ بِالْقِسْطِ شُهَدَاءَ لِلَّهِ وَلَوْ عَلَىٰ أَنفُسِكُمْ أَوِ الْوَالِدَيْنِ وَالْأَقْرَبِينَ ۚ إِن يَكُنْ غَنِيًّا أَوْ فَقِيرًا فَاللَّهُ أَوْلَىٰ بِهِمَا ۖ فَلَا تَتَّبِعُوا الْهَوَىٰ أَن تَعْدِلُوا ۚ وَإِن تَلْوُوا أَوْ تُعْرِضُوا فَإِنَّ اللَّهَ كَانَ بِمَا تَعْمَلُونَ خَبِيرًا ﴿١٣٥﴾

(၁၃၅) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် တရားမျှတမှုနှင့် တည်တံ့သူများဖြစ်ကြပါ။[၁] ထို့ပြင် အကယ်၍ အသင်တို့ကိုယ်တိုင်နှင့် ဆန့်ကျင်သည်ဖြစ်စေ၊ မိဘနှစ်ပါးနှင့် ဆန့်ကျင်သည်ဖြစ်စေ၊ ဆွေမျိုးသားချင်းများနှင့် ဆန့်ကျင်သည်ဖြစ်စေ၊[၂] အလ္လာဟ်အရှင်မြတ်အတွက် (အသင်တို့သည် မှန်ကန်စွာ) သက်သေခံသောသူများ ဖြစ်ကြပါ။ အကယ်၍ (ဆန့်ကျင်ပြီး သက်သေထွက်မည့်)သူသည် သူဌေးဖြစ်စေ၊ သို့မဟုတ် ဆင်းရဲသားဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်သည် (အသင်တို့ထက်) သူတို့နှစ်ဦးစလုံးနှင့် (ပို၍)အနီးစပ်ဆုံးအရှင် ဖြစ်တော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် တရားမျှတမှုမဖြစ်ရန်[၃] စိတ်၏အလိုဆန္ဒနောက်ကို မလိုက်ကြနှင့်။ ထို့ပြင် အကယ်၍ အသင်တို့သည် (သက်သေခံရာတွင်) ကွေ့ကောက်(လိမ်လည်)ပြောဆိုကြလျှင်၊ သို့မဟုတ် (သက်သေမခံဘဲ) ရှောင်တိမ်းကြလျှင်[၄] အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့

ပြုမူသည်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်ဖြစ်တော်မူသည်။❺

❶ ကိစ္စရပ်တိုင်းမှာ တရားမျှတဖို့ အမိန့်ပေးထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) ❷ အခက်ဆုံး ကိစ္စဖြစ်တဲ့ ကိုယ်နဲ့ ဆန့်ကျင်ပြီးတော့ဖြစ်ဖြစ်၊ ကိုယ့်အိမ်သူအိမ်သားတွေနဲ့ ဆန့်ကျင်ပြီးတော့ပဲ ဖြစ်ဖြစ် အလ္လာဟ်အရှင်မြတ်ကို ကြောက်ပြီး အမှန်ကိုပဲ သက်သေခံဖို့ ညွှန်ကြားထားတာဖြစ်တယ်။ (အလင်းပြကျမ်း) ❸ သူဌေးဖြစ်ဖြစ် ဆင်းရဲသားဖြစ်ဖြစ် မျက်နှာလိုက်ခြင်းကနေ တားမြစ်ထားတာဖြစ်တယ်။(အလင်းပြကျမ်း) ❹ အမှန်ပြောရမှာစိုးလို့ ရှောင်တိမ်းနေခြင်းမျိုးလည်း မလုပ်ရတဲ့ အကြောင်း မိန့်ဆိုထားတာဖြစ်တယ်။ (အလင်းပြကျမ်း) ❺ ဘာဖြစ်လို့ သက်သေမခံတာလဲဆိုတဲ့ စိတ်ထဲမှာရှိတဲ့မကောင်းတဲ့စိတ်ကို အရှင်မြတ်က သိတော်မူတယ်။ လူတွေကို လိမ်လို့ရနိုင်ပေမဲ့ အရှင်မြတ်ကို လိမ်လို့မရနိုင်ပါ။ (အလင်းပြကျမ်း)

يَا أَيُّهَا الَّذِينَ آمَنُوا آمِنُوا بِاللَّهِ وَرَسُولِهِ وَالْكِتَابِ الَّذِي نَزَّلَ عَلَىٰ رَسُولِهِ وَالْكِتَابِ الَّذِي أَنزَلَ مِن قَبْلُ ۚ وَمَن يَكْفُرْ بِاللَّهِ وَمَلَائِكَتِهِ وَكُتُبِهِ وَرُسُلِهِ وَالْيَوْمِ الْآخِرِ فَقَدْ ضَلَّ ضَلَالًا بَعِيدًا ﴿١٣٦﴾

(၁၃၆) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ် အရှင်မြတ်၊ အရှင်မြတ်၏ရစူလ်တမန်တော်(မုဟမ္မဒ်)၊ အရှင်မြတ်က အရှင်မြတ်၏ တမန်တော်(မုဟမ္မဒ်)အပေါ် ချပေးခဲ့သော ကျမ်းတော်မြတ်(ကုရ်အာန်)နှင့် ယခင်က အရှင်မြတ်ချပေးတော်မူခဲ့သော ကျမ်းတော်များကို ယုံကြည်ကြပါ။❻ ၎င်းပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်၏ကောင်းကင်တမန်များ၊ အရှင်မြတ်၏ကျမ်းဂန်များ၊ အရှင်မြတ်၏ရစူလ်တမန်တော်များနှင့် နောက်ဆုံးနေ့ကို ငြင်းပယ်လျှင် ထိုသူသည် အလွန်ဝေးသော လမ်းမှားသို့ အမှန်ပင် ရောက်သွားပြီဖြစ်သည်။❼

❻ မွတ်စ်လင်မ်တွေ ယုံကြည်ရမဲ့အချက်အလက်အကျဉ်းချုပ်ကို ဖော်ပြထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

❼ အီမာန်ပျက်စေမဲ့ အချက်အလက်အကျဉ်းချုပ်ကို ဖော်ပြထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ الَّذِينَ آمَنُوا ثُمَّ كَفَرُوا ثُمَّ آمَنُوا ثُمَّ كَفَرُوا ثُمَّ ازْدَادُوا كُفْرًا لَّمْ يَكُنِ اللَّهُ لِيَغْفِرَ لَهُمْ وَلَا لِيَهْدِيَهُمْ سَبِيلًا ﴿١٣٧﴾

(၁၃၇) အမှန်စင်စစ် အကြင်သူများသည် အီမာန်ယုံကြည်ခဲ့ကြသည်။ ထို့နောက် သူတို့သည် ငြင်းပယ်ခဲ့ကြပြန်သည်။ ထို့နောက် သူတို့သည် အီမာန် ယုံကြည်ကြပြန်သည်။ ထို့နောက် သူတို့သည် ငြင်းပယ်ကြပြန်သည်။ ထို့နောက် သူတို့သည် ငြင်းပယ်မှုထဲသို့ပင် ဆက်တိုးခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးမည် မဟုတ်သည့်အပြင် အရှင်မြတ်

သည် သူတို့အား လမ်းမှန်ရောက်အောင်လည်း ပို့ဆောင်မည်မဟုတ်တော့ပေ။

بَشِّرِ الْمُنٰفِقِيْنَ بِاَنَّ لَهُمْ عَذَابًا اَلِيْمًا ﴿١٣٨﴾

(၁၃၈) အသင်သည် မုနာဖိက်အယောင်ဆောင်မွတ်စ်လင်မ်များအား အမှန်စင်စစ် သူတို့အတွက် အလွန်ပြင်းပြနာကျင်စေသောအပြစ်ဒဏ်ရှိကြောင်း သတင်းကောင်းပြောလိုက်ပါ။❶

❶ တကယ်တော့ သတင်းကောင်းမဟုတ်ဘဲ သတင်းဆိုးပဲဖြစ်တယ်။ ပိုခံစားရအောင် ခနဲ့ပြီးပြောတာမျိုးလည်း ဖြစ်နိုင်တယ်။ (အလင်းပြကျမ်း)

الَّذِيْنَ يَتَّخِذُوْنَ الْكٰفِرِيْنَ اَوْلِيَآءَ مِنْ دُوْنِ الْمُؤْمِنِيْنَ ؕ اَيَبْتَغُوْنَ عِنْدَهُمُ الْعِزَّةَ فَاِنَّ الْعِزَّةَ لِلّٰهِ جَمِيْعًا ﴿١٣٩﴾

(၁၃၉) အကြင်သူ(မုနာဖိက်)တို့သည် မုအ်မင်န်များကို စွန့်လွှတ်ပြီး ကာဖိရ်များကို မိတ်ဆွေများအဖြစ်ပြုလုပ်ကြသည်။ ထိုသူများသည် ၎င်း(ကာဖိရ်)တို့ထံတွင် ဂုဏ်သိက္ခာကို ရှာဖွေကြသလော။ သို့ဖြစ်လျှင် ဂုဏ်သိက္ခာဟူသမျှသည် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်သည်။

وَقَدْ نَزَّلَ عَلَيْكُمْ فِى الْكِتٰبِ اَنْ اِذَا سَمِعْتُمْ اٰيٰتِ اللّٰهِ يُكْفَرُ بِهَا وَيُسْتَهْزَاُ بِهَا فَلَا تَقْعُدُوْا مَعَهُمْ حَتّٰى يَخُوْضُوْا فِىْ حَدِيْثٍ غَيْرِهٖٓ ۖ اِنَّكُمْ اِذًا مِّثْلُهُمْ ؕ اِنَّ اللّٰهَ جَامِعُ الْمُنٰفِقِيْنَ وَالْكٰفِرِيْنَ فِىْ جَهَنَّمَ جَمِيْعًا ﴿١٤٠﴾

(၁၄၀) ထို့ပြင် အမှန်စင်စစ် အရှင်မြတ်သည် အသင်တို့အပေါ်(ကုရ်အာန်)ကျမ်းတော်မြတ်ထဲတွင် (ဤသို့အမိန့်တော်) ချပေးတော်မူခဲ့သည်။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များကို ၎င်း(အာယသ်တော်များ)သည် ငြင်းပယ်ခံရခြင်း၊ ပြောင်လှောင်ခံရခြင်းတို့ကို ကြားကြရလျှင် သူတို့သည် ထိုစကားမှလွဲ၍ (အခြား)စကားဘက်သို့ နစ်မွန်း (ပြောင်းလဲ)မသွားသေးသမျှ အသင်တို့သည် သူတို့နှင့်အတူ မထိုင်ကြလေနှင့်။ ထိုသို့ (အတူထိုင်ကြမည်)ဆိုလျှင် အမှန်ပင် အသင်တို့သည်လည်း သူတို့ကဲ့သို့ (အာယသ်တော်များကို ငြင်းပယ်ပြောင်လှောင်သူများ) ဖြစ်သွားကြလိမ့်မည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မုနာဖိက်အယောင်ဆောင် မွတ်စ်လင်မ်များနှင့် ကာဖိရ်ငြင်းပယ်သူများအားလုံးကို ဂျဟန္နမ်ငရဲဘုံတွင် စုပေါင်းတော်မူမည့်အရှင် ဖြစ်တော်မူသည်။❷

❷ မုနာဖိက်တွေဟာ အပေါ်ယံပဲ အယောင်ဆောင်ထားတာဖြစ်ပြီးအမှန်တကယ်မှာ သူတို့ဟာ ကာဖိရ်တွေပဲဖြစ်တယ်။ အဲဒါကြောင့် ဂျဟန္နမ်မှာ အတူတူ စုရုံးထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

الَّذِيْنَ يَتَرَبَّصُوْنَ بِكُمْ ۚ فَاِنْ كَانَ لَكُمْ فَتْحٌ مِّنَ اللّٰهِ قَالُوْٓا اَلَمْ نَكُنْ مَّعَكُمْ ۖ وَاِنْ كَانَ لِلْكٰفِرِيْنَ نَصِيْبٌ ۙ قَالُوْٓا اَلَمْ نَسْتَحْوِذْ عَلَيْكُمْ وَنَمْنَعْكُمْ مِّنَ الْمُؤْمِنِيْنَ ؕ فَاللّٰهُ يَحْكُمُ بَيْنَكُمْ يَوْمَ الْقِيٰمَةِ ؕ وَلَنْ يَّجْعَلَ اللّٰهُ لِلْكٰفِرِيْنَ عَلَى الْمُؤْمِنِيْنَ سَبِيْلًا ﴿١٤١﴾

(၁၄၁) အကြင်(အယောင်ဆောင်)သူများသည် အသင်တို့(၌ကျရောက်မည့် ဒုက္ခများ)ကို စောင့်မျှော်နေကြသည်။ ထို့နောက် အကယ်၍ အသင်တို့အတွက် အလ္လာဟ်အရှင်မြတ်ထံတော်မှ အောင်မြင်မှုတစ်ခုခုဖြစ်လာခဲ့လျှင် သူတို့က "ကျွန်ုပ်တို့သည်လည်း အသင်တို့နှင့်အတူ ပါဝင်ခဲ့ကြသည်မဟုတ်လော" ဟု ပြောဆိုကြသည်။ ထို့နောက် အကယ်၍ (အောင်မြင်မှု)ဝေစုတစ်ခုခုသည် ကာဖိရ်ငြင်းပယ်သူများအတွက်ဖြစ်သွားလျှင် သူတို့က (ကာဖိရ်များထံသွားပြီး ဤသို့) ပြောဆိုကြပြန်သည်- "အသင်တို့အပေါ် (မုအ်မင်န်များက အောင်နိုင်တော့မည့် အခြေအနေတွင်) ကျွန်ုပ်တို့သည် အသင်တို့အား မုအ်မင်န်များ၏(ဘေးရန်မှ)တားဆီးပြီး ကာကွယ်ခဲ့ကြသည်မဟုတ်လော။" သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် ကိယာမသ်နေ့တွင် အသင်တို့၏ကြား၌ စီရင်ဆုံးဖြတ်တော်မူမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်ငြင်းပယ်သောသူများအား မုအ်မင်န်များအပေါ်တွင် (အောင်နိုင်ရန်) မည်သည့်နည်းလမ်းမျှ လုံးဝပြုလုပ်ပေးတော်မူမည်မဟုတ်ပေ။

اِنَّ الْمُنٰفِقِيْنَ يُخٰدِعُوْنَ اللّٰهَ وَهُوَ خَادِعُهُمْ ۚ وَاِذَا قَامُوْٓا اِلَى الصَّلٰوةِ قَامُوْا كُسَالٰى ۙ يُرَآءُوْنَ النَّاسَ وَلَا يَذْكُرُوْنَ اللّٰهَ اِلَّا قَلِيْلًا ﴿١٤٢﴾

(၁၄၂) အမှန်စင်စစ် မုနာဖိက်အယောင်ဆောင်မွတ်စ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်အား လိမ်လည်လှည့်ဖြားကြသည်။[၁] ၎င်းပြင် ထိုအရှင်မြတ်သည်လည်း သူတို့အား လှည့်ဖြားလျက်[၂] ရှိတော်မူသည်။ ထို့ပြင် သူတို့သည် စွလာသ်ဝတ်ပြုရန် ရပ်ကြသောအခါ၌လည်း ပျင်းရိသူများဖြစ်လျက် လူများအား ပြစားကြရန်သာရပ်ကြသည်။ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်အား အနည်းငယ်မှလွဲ၍ သတိရတသခြင်း မရှိကြပေ။

[၁] အယောင်ဆောင်မွတ်စ်လင်မ်တွေဟာ လောကမှာ တကယ်အီမာန်မယုံကြည်ဘဲနဲ့ လိမ်လည်ကာ မွတ်စ်လင်မ်အဖြစ် အယောင်ဆောင်နေလို့ရသလို တမလွန်ဘဝမှာလည်း အရှင်မြတ်ကို အဲဒီလိုပဲ လိမ်လည်လှည့်ဖြားလို့ ရလိမ့်မယ်လို့ ထင်မှတ်ကြတယ်။ (အလင်းပြကျမ်း) [၂] အရှင်မြတ်ကလည်း သူတို့ကို လှည့်ဖြားလျက်ရှိတော်မူတယ်ဆိုတာ သူတို့ဟာ အရှင်မြတ်ကို လှည့်ဖြားလို့ရတယ်လို့ ထင်နေတဲ့အတိုင်း သူတို့ကိုပစ်ထားတော်မူလျက် တမလွန်ဘဝရောက်တဲ့အခါ သူတို့ရဲ့လှည့်ဖြား

မှုရဲ့အစား ဂျဟန္နမ်ငရဲမီးထဲက အောက်ဆုံးမှာ ထည့်တော်မူလိုက်မှာဖြစ်တယ်။ (အလင်းပြကျမ်း)

مُّذَبْذَبِيْنَ بَيْنَ ذٰلِكَ ۖ لَآ اِلٰى هٰٓؤُلَآءِ وَلَآ اِلٰى هٰٓؤُلَآءِ ۗ وَمَنْ يُّضْلِلِ اللّٰهُ فَلَنْ تَجِدَ لَهٗ سَبِيْلًا ﴿١٤٣﴾

(၁၄၃) သူတို့သည် ၎င်း(အီမာန်ယုံကြည်မှုနှင့် ကုဖ်ရ်ငြင်းပယ်မှု)၏ စပ်ကြား၌ (သေချာတည်ငြိမ်စွာ) စိတ်ဆုံးဖြတ်ချက် မချနိုင်သူများဖြစ်ကြလျက် ယင်း(မုအ်မင်န်)တို့ဘက်သို့လည်းမရောက်ရှိကြသည့်အပြင်၊ ၎င်း(ကာဖိရ်)တို့ဘက်သို့လည်း မရောက်ရှိကြပေ။ ထို့ပြင် မည်သူ့ကိုမဆို အလ္လာဟ်အရှင်မြတ်သည် လမ်းမှား၌ ထားတော်မူလိုက်လျှင် အသင်သည် ထိုသူ့အတွက် မည်သည့်နည်းလမ်းကိုမျှ လုံး၀ တွေ့ရှိမည်မဟုတ်တော့ပေ။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَتَّخِذُوا الْكٰفِرِيْنَ اَوْلِيَآءَ مِنْ دُوْنِ الْمُؤْمِنِيْنَ ۗ اَتُرِيْدُوْنَ اَنْ تَجْعَلُوْا لِلّٰهِ عَلَيْكُمْ سُلْطٰنًا مُّبِيْنًا ﴿١٤٤﴾

(၁၄၄) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မုအ်မင်န်များကို စွန့်လွှတ်၍ ကာဖိရ်များကို မိတ်ဆွေများအဖြစ် မပြုလုပ်ကြနှင့်။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အတွက် အသင်တို့နှင့် ဆန့်ကျင်ပြီး ထင်ရှားသော သက်သေခံ(အဖြစ် အသင်တို့ကိုယ် အသင်တို့ ဂျဟန္နမ် ငရဲမီးထဲကို ကျစေမည့်) အထောက်အထားကို ပြုလုပ်လိုကြသလော။❺

❺ ကာဖိရ်တွေဟာ ဂျဟန္နမ်ကျမယ်ဆိုတာ အတည်ဖြစ်တယ်။ အဲဒီလိုပဲ သူတို့နဲ့ (အတွင်းသိအပြင်သိ နက်နဲတဲ့)မိတ်ဆွေဖွဲ့ရင် သူတို့နဲ့အတူနေရမယ်ဆိုတာလည်း အတည်ဖြစ်တယ်။ သူတို့နဲ့ မိတ်ဆွေဖွဲ့လိုက်ရင် အသင်တို့ဟာ ဂျဟန္နမ်ထဲကို မကျချင်ပါဘဲလျက်နဲ့ အသင်တို့ရဲ့ မိတ်ဆွေဖွဲ့မှုကြောင့် အရှင်မြတ်က အသင်တို့ကို ဂျဟန္နမ်ထဲချဖို့ ထင်ရှားတဲ့ အကြောင်းခံသက်သေ အတည်ဖြစ်သွားမယ်။ အဲဒါကြောင့် အသင်တို့ဟာ အဲဒီလို ထင်ရှားတဲ့ သက်သေခံမျိုး အရှင်မြတ်အတွက် ပြုလုပ်ပေးချင်တာလားလို့ မေးထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّ الْمُنٰفِقِيْنَ فِى الدَّرْكِ الْاَسْفَلِ مِنَ النَّارِ ۚ وَلَنْ تَجِدَ لَهُمْ نَصِيْرًا ﴿١٤٥﴾

(၁၄၅) အမှန်စင်စစ် မုနာဖိက်အယောင်ဆောင်မွတ်စ်လင်မ်များသည် ငရဲဘုံ၏အောက်ဆုံးအထပ်တွင် ရှိကြမည်။ ❻ ထို့ပြင် အသင်သည် သူတို့အတွက် မည်သည့်ကူညီမည့်သူကိုမျှ လုံး၀တွေ့ရမည်မဟုတ်ပေ။

❻ မုနာဖိက်တွေဟာ သူတို့ရဲ့စိတ်ထဲက တကယ်မယုံထားတဲ့အတွက် သူတို့ဟာ ကာဖိရ်တွေပဲဖြစ်ရုံမက သူတို့ရဲ့အယောင်ဆောင်လှည့်ဖြားမှု အပြစ်ပိုနေတဲ့အတွက် ကာဖိရ်တွေထက် ပိုဆိုးလို့ ငရဲအောက်ဆုံးမှာ နေရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

اِلَّا الَّذِيْنَ تَابُوْا وَاَصْلَحُوْا وَاعْتَصَمُوْا بِاللّٰهِ وَاَخْلَصُوْا دِيْنَهُمْ لِلّٰهِ فَاُولٰٓئِكَ مَعَ الْمُؤْمِنِيْنَ ۗ

وَسَوْفَ يُؤْتِ اللّٰهُ الْمُؤْمِنِيْنَ اَجْرًا عَظِيْمًا ﴿١٤٦﴾

(၁၄၆) သို့ရာတွင် အကြင်သူများသည် နောင်တရ အမှားဝန်ခံပြီး ပြုပြင်ခဲ့ကြမည်၊ ၎င်းနောက် သူတို့သည် အလ္လာဟ်အရှင်မြတ်(၏အမိန့်တော်များ)ကို လည်း စွဲမြဲစွာဆုပ်ကိုင်ထားကြမည်၊ ထို့ပြင် သူတို့သည် သူတို့၏သာသနာကို လည်း အလ္လာဟ်အရှင်မြတ်အတွက် သက်သက်ဖြစ်စေခဲ့ကြမည်ဆိုလျှင် ထိုသူများသည် မုအ်မင်န်ယုံကြည်သူများနှင့် အတူတကွ ရှိကြလိမ့်မည်။❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န်ယုံကြည်သောသူများကို ကြီးကျယ်မြင့်မြတ်သော အကျိုးကို မကြာမီ ပေးသနားတော်မူမည်။

❶ သူတို့ဟာ အမှားဝန်ခံပြီး ပြုပြင်နေရင် အရှင်မြတ်က လက်ခံတော်မူတယ်။ (အလင်းပြကျမ်း)

مَا يَفْعَلُ اللّٰهُ بِعَذَابِكُمْ اِنْ شَكَرْتُمْ وَاٰمَنْتُمْ ۚ وَكَانَ اللّٰهُ شَاكِرًا عَلِيْمًا ﴿١٤٧﴾

(၁၄၇) (အို-အယောင်ဆောင်မွတ်စ်လင်မ်အပေါင်းတို့၊) အကယ်၍ အသင်တို့သည် ကျေးဇူးတော်များကိုသိပြီး အီမာန်ယုံကြည်ကြမည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အပြစ်ဒဏ်ပေးပြီး မည်သည့်အရာ ပြုလုပ်ရမည်နည်း။❻ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (အမိန့်နာခံသူအား) အကျိုးကျေးဇူးပြု အစားပေးတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

❻ အီမာန်ယုံကြည်ပြီး ကျေးဇူးသိတတ်တဲ့သူတွေကို အရှင်မြတ်က အပြစ်ပေးတော်မူလေ့မရှိဘူး။ အပြစ်ပေးပြီး ဘာလုပ်ရမလဲလို့ မိန့်ထားခြင်းက အရှင်မြတ်ဟာ အသင်တို့ကို အပြစ်ပေးလိုတဲ့ဆန္ဒ မရှိဘူးဆိုတာကို ထင်ရှားစေတယ်။

(အသ်သဖ်စီရွလ်ဝါသွိအ်၊ သဖ်စီရွလ်ရှအ်ရာဝီ၊ ဖီဇွိလာလိလ်ကုရ်အာန်)

لَا يُحِبُّ اللّٰهُ الْجَهْرَ بِالسُّوْٓءِ مِنَ الْقَوْلِ اِلَّا مَنْ ظُلِمَ ۗ وَكَانَ اللّٰهُ سَمِيْعًا عَلِيْمًا ﴿١٤٨﴾

(၁၄၈) အလ္လာဟ်အရှင်မြတ်သည် နှိပ်စက်ညှဉ်းပန်းခြင်းခံရသူမှလွဲ၍❶ မကောင်းကြောင်း ထုတ်ဖော်ပြောဆိုသည်ကို နှစ်သက်တော်မမူပေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (သူပြောသမျှကို) အကြွင်းမဲ့ကြားတော်မူသောအရှင်၊ (သူလုပ်သမျှကို) အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်တော်မူသည်။

❶ သူတစ်ပါးကို မကောင်းပြောခြင်း၊ ရှုတ်ချခြင်း စတာတွေဟာ လုံးဝမကောင်းတဲ့အတွက် ပြုလုပ်ခြင်းမှ လုံးဝတားမြစ်ထားတာဖြစ်တယ်။ ဒါပေမဲ့ နှိပ်စက်ခံရတဲ့သူကိုတော့ သူနှိပ်စက်ခံရသလောက် အမှန်အတိုင်း ဖွင့်ဟပြောဆိုဖို့ ခွင့်ပြုထားတော်မူတယ်။ မဟုတ်မမှန်လုပ်ကြံပြောဆိုခြင်း၊ ပိုပြောခြင်းကိုတော့ နှိပ်စက်ခံရတဲ့သူကိုလည်း ခွင့်ပြုထားခြင်းမရှိဘူး။ (အလင်းပြကျမ်း)

اِنْ تُبْدُوْا خَيْرًا اَوْ تُخْفُوْهُ اَوْ تَعْفُوْا عَنْ سُوْٓءٍ فَاِنَّ اللّٰهَ كَانَ عَفُوًّا قَدِيْرًا ﴿١٤٩﴾

(၁၄၉) အကယ်၍ အသင်တို့သည် ကောင်းမှုကို ထုတ်ဖော်ကြလျှင်၊

သို့မဟုတ် ထိုကောင်းမှုကို လျှို့ဝှက်ထားကြလျှင် သို့မဟုတ် ပြစ်မှုတစ်စုံတစ်ခုကို ခွင့်လွှတ်ကြလျှင် (ထိုအရာသည် အလွန်ကောင်းသည်)။ အဘယ်ကြောင့်ဆိုသော် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။❶

❶ ကောင်းမှုအဆင့် သုံးဆင့်ကို ဖော်ပြထားတယ်။ (၁) ကောင်းမှုကို ကြေညာခြင်း၊ (၂)ကောင်းမှုကို လျှို့ဝှက်ထားခြင်း၊ (၃) ကိုယ့်အပေါ် သူတစ်ပါးရဲ့မကောင်းပြုတာကို ခွင့်လွှတ်ခြင်း။ ဒါဟာ အမြင့်ဆုံး အဆင့်ဖြစ်တဲ့အတွက် မလွယ်ကူလျှင်လည်း အရှင်မြတ်ကိုယ်တိုင်က ခွင့်လွှတ်နေတဲ့အပေါ် နမူနာယူပြီး ခွင့်လွှတ်ကြဖို့ တိုက်တွန်းထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ الَّذِينَ يَكْفُرُونَ بِاللَّهِ وَرُسُلِهِ وَيُرِيدُونَ أَنْ يُفَرِّقُوا بَيْنَ اللَّهِ وَرُسُلِهِ وَيَقُولُونَ نُؤْمِنُ بِبَعْضٍ
وَنَكْفُرُ بِبَعْضٍ وَيُرِيدُونَ أَنْ يَتَّخِذُوا بَيْنَ ذَٰلِكَ سَبِيلًا ﴿١٥٠﴾

(၁၅၀) အမှန်စင်စစ် အကြင်သူများသည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ရစူလ်တမန်တော်များကို ငြင်းပယ်ကြသည်။ ၎င်းပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်များ၏ကြား၌ ခွဲခြား(ယုံကြည်)လိုကြသည်။ ထို့ပြင် သူတို့က ကျွန်ုပ်တို့သည် အချို့(တမန်တော်များ)ကို ယုံကြည်ကြပြီး အချို့(တမန်တော်များ)ကို ငြင်းပယ်ကြသည်ဟု ပြောဆိုကြသည်။ ၎င်းပြင် သူတို့သည် ထို(ယုံကြည်မှုနှင့် ငြင်းပယ်မှု)၏ကြား၌ နည်းလမ်းတစ်ခုကို ပြုလုပ်လိုကြသည်။❷

❷ အရင်ကကျမ်းရသူတွေဟာ တမန်တော်တွေထဲမှာ ခွဲခြားယုံကြည်ခဲ့ကြတယ်။ ယဟူဒီတွေဟာ တမန်တော်မူစာ عليه السلام ကို ယုံကြည်ခဲ့ကြပေမဲ့ တမန်တော်အီစာ عليه السلام ကို မယုံကြည်ခဲ့ကြဘူး။ အဲဒီလိုပဲ နစ္စာရာတွေကလည်း အီစာ عليه السلام ကို ကိုးကွယ်ထိုက်တဲ့ အရှင်အဖြစ် ယုံကြည်ကိုးကွယ်ခဲ့ကြပြီး တမန်တော်မုဟမ္မဒ် ﷺ ကိုတော့ ယုံကြည်မှုမရှိခဲ့ကြဘူး။ အဲဒီလို ခွဲခြားဆက်ဆံခဲ့ကြတယ်။ မွတ်စ်လင်မ်တွေကတော့ အဲဒီလိုမခွဲခြားခဲ့ကြဘဲ အားလုံးကို လက်ခံယုံကြည်ခဲ့ကြတယ်။ (အလင်းပြကျမ်း)

أُولَٰئِكَ هُمُ الْكَافِرُونَ حَقًّا ۚ وَأَعْتَدْنَا لِلْكَافِرِينَ عَذَابًا مُهِينًا ﴿١٥١﴾

(၁၅၁) ထိုသူများပင် အမှန်စင်စစ် ငြင်းပယ်ကြသူများဖြစ်ကြသည်။ ၎င်းပြင် ငါအရှင်မြတ်သည် ငြင်းပယ်သူများအတွက် သေးသိမ်စေသောအပြစ်ဒဏ်ကို အသင့်ပြင်ဆင်ထားတော်မူသည်။

وَالَّذِينَ آمَنُوا بِاللَّهِ وَرُسُلِهِ وَلَمْ يُفَرِّقُوا بَيْنَ أَحَدٍ مِنْهُمْ أُولَٰئِكَ سَوْفَ يُؤْتِيهِمْ أُجُورَهُمْ ۗ وَكَانَ
اللَّهُ غَفُورًا رَحِيمًا ﴿١٥٢﴾

(၁၅၂) ထို့ပြင် အကြင်သူများသည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ရစူလ်တမန်တော်များကို ယုံကြည်ခဲ့ကြသည်။ ၎င်းပြင် သူတို့သည် ထို

(တမန်တော်များ)ထဲမှ မည်သည့်(တမန်တော်)တစ်ပါးကိုမျှ ခွဲခြားမှုမပြုခဲ့ကြပေ။ ထိုသူများပင် သူတို့အား အရှင်မြတ်သည် သူတို့၏အကျိုးများကို မကြာမီ ပေးသနားတော်မူမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးသနားတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

يَسۡـَٔلُكَ اَهۡلُ الۡكِتٰبِ اَنۡ تُنَزِّلَ عَلَيۡهِمۡ كِتٰبًا مِّنَ السَّمَآءِ فَقَدۡ سَاَلُوۡا مُوۡسٰٓى اَكۡبَرَ مِنۡ ذٰ لِكَ فَقَالُوۡۤا اَرِنَا اللّٰهَ جَهۡرَةً فَاَخَذَتۡهُمُ الصّٰعِقَةُ بِظُلۡمِهِمۡ‌ ۚ ثُمَّ اتَّخَذُوا الۡعِجۡلَ مِنۡۢ بَعۡدِ مَا جَآءَتۡهُمُ الۡبَيِّنٰتُ فَعَفَوۡنَا عَنۡ ذٰ لِكَ‌ ۚ وَاٰتَيۡنَا مُوۡسٰى سُلۡطٰنًا مُّبِيۡنًا ﴿١٥٣﴾

(၁၅၃) (ယခင်က) ကျမ်းရသူ(ယဟူဒီ)များသည် သူတို့ထံသို့ ကောင်းကင်မှ ကျမ်းတစ်စောင်ချပေးရန် အသင့်ထံတွင် တောင်းဆိုကြသည်။ အမှန်မှာ သူတို့သည် ထိုထက်ကြီးကျယ်သောကိစ္စကိုပင် (တမန်တော်)မူစာထံ၌ တောင်းဆိုခဲ့ကြသေးသည်။❻ သူတို့က (တမန်တော်မူစာအား) "အသင်သည် ကျွန်ုပ်တို့အား အလ္လာဟ်အရှင်မြတ်သခင်ကို အထင်အရှား ပြသပေးပါ"ဟု ပြောဆိုခဲ့ကြသည်။ သို့ဖြစ်ရာ သူတို့၏ ကျူးလွန်မှုကြောင့် သူတို့အား မိုးကြိုးလောင်မီးက ဖမ်းဆီး(သတ်ဖြတ်)ခဲ့သည်။ ထို့နောက် သူတို့ထံသို့ ထင်ရှားသော သက်သေလက္ခဏာများ ရောက်လာပြီးသည့်နောက်၌ပင် သူတို့သည် နွားငယ်ကို (ကိုးကွယ်ရာအရှင်အဖြစ်) ပြုလုပ်(ကိုးကွယ်)ခဲ့ကြပြန်သည်။ သို့ပါလျက် ငါအရှင်မြတ်သည် ထိုပြစ်မှုကို ခွင့်လွှတ်တော်မူခဲ့သေးသည်။ ထို့ပြင် ငါအရှင်မြတ်သည်(တမန်တော်)မူစာအားထင်ရှားသော သြဇာအာဏာကို ပေးသနားတော်မူခဲ့သည်။

❻ တမန်တော်မူစာ عليه السلام အပေါ်မှာ ကောင်းကင်ကနေ ကျမ်းတစ်စောင်လုံးချပေးခဲ့စဉ်ကလည်း သူတို့ဟာ တစ်ခုပြီးတစ်ခု စောဒကတက်မြဲပဲ တက်နေခဲ့ကြတယ်။ အခုလည်း တမန်တော်မြတ် ﷺ အပေါ်မှာ ကျမ်းတစ်စောင်လုံး ကောင်းကင်ကနေ ချပေးရင်လည်း သူတို့အဖို့ ဘာမှ ထူးလာမှာ မဟုတ်ဘူး။ (တမန်တော်မူစာ عليه السلام ထံကနေ)အရှင်မြတ်ကိုတောင် မျက်ဝါးထင်ထင် မြင်ရဖို့ တောင်းဆိုမှုပြုခဲ့ကြသေးတာပဲ။ (အလင်းပြကျမ်း)

وَرَفَعۡنَا فَوۡقَهُمُ الطُّوۡرَ بِمِيۡثَاقِهِمۡ وَقُلۡنَا لَهُمُ ادۡخُلُوا الۡبَابَ سُجَّدًا وَّقُلۡنَا لَهُمۡ لَا تَعۡدُوۡا فِى السَّبۡتِ وَاَخَذۡنَا مِنۡهُمۡ مِّيۡثَاقًا غَلِيۡظًا ﴿١٥٤﴾

(၁၅၄) ထို့ပြင် ငါအရှင်မြတ်သည် သူတို့ထံမှ ကတိကဝတ် (ရယူရန်) အတွက် သျှူရ်တောင်ကို သူတို့အပေါ် ပင့်မတော်မူခဲ့သည်။ ၎င်းပြင် ငါအရှင်မြတ်သည် သူတို့အား မိန့်ကြားတော်မူခဲ့သည်- အသင်တို့သည် (မြို့၏)တံခါး

ပေါက်တွင် ဝပ်တွားသူများဖြစ်လျက်ဝင်ကြပါ။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား အသင်တို့သည် စနေနေ့နှင့်ပတ်သက်၍ မကျူးကျော်ကြနှင့်❶ဟု မိန့်ကြားတော်မူခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် သူတို့ထံမှ အလွန်ခိုင်မာသော ကတိကဝတ်ကိုလည်း ရယူတော်မူခဲ့သည်။

❶ ယဟူဒီတွေထံမှာ စနေနေ့ဟာ မွတ်စ်လင်မ်တွေထံမှာ သောကြာနေ့လို ထွတ်မြတ်တဲ့နေ့ဖြစ်တယ်။ သောကြာစွလာသ်ဝတ်ပြုဖို့ အရောင်းအဝယ်တွေကို စွန့်လွှတ်ခိုင်းထားသလို စနေ့နေ့မှာ ယဟူဒီတွေအတွက် ဥပုသ်နေ့အဖြစ်နဲ့ သတ်မှတ်ပေးထားပြီး တချို့အလုပ်အကိုင်တွေကို စွန့်လွှတ်ခိုင်းထားခဲ့တာဖြစ်တယ်။ (ဟာရှိယဟ် စွာဝီ၊ ကမာလိုင်န်၊ ဟာရှိယဟ် ဂျုမလ်)

فَبِمَا نَقْضِهِم مِّيثَاقَهُمْ وَكُفْرِهِم بِآيَاتِ اللَّهِ وَقَتْلِهِمُ الْأَنبِيَاءَ بِغَيْرِ حَقٍّ وَقَوْلِهِمْ قُلُوبُنَا غُلْفٌ ۚ بَلْ طَبَعَ اللَّهُ عَلَيْهَا بِكُفْرِهِمْ فَلَا يُؤْمِنُونَ إِلَّا قَلِيلًا ﴿١٥٥﴾

(၁၅၅) ထို့နောက် သူတို့၏ကတိဝန်ခံချက်ကို သူတို့၏ဖောက်ဖျက်ခြင်း၊ အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာများကို သူတို့၏ငြင်းပယ်ခြင်း၊ နဗီတမန်တော်များကို သူတို့၏မတရားသတ်ဖြတ်ခြင်း၊ ကျွန်ုပ်တို့၏စိတ်နှလုံးများသည် ဖုံးအုပ်ပြီးဖြစ်သည်ဟု သူတို့၏ပြောဆိုခြင်းတို့ကြောင့် (သူတို့သည် ပြစ်ဒဏ်များခံစားခဲ့ကြရသည်)။ (အမှန်စင်စစ် သူတို့၏စိတ်နှလုံးများသည် ထိုကဲ့သို့ ဖုံးနေသည် မဟုတ်ပေ။) အမှန်မှာ သူတို့၏ငြင်းပယ်မှုများကြောင့် အလ္လာဟ်အရှင်မြတ်သည် ထို(စိတ်နှလုံးများ)အပေါ်တွင် တံဆိပ်ခတ်နှိပ်တော်မူခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ သူတို့သည် အနည်းငယ်မျှသာ ယုံကြည်ကြသည်။

وَبِكُفْرِهِمْ وَقَوْلِهِمْ عَلَىٰ مَرْيَمَ بُهْتَانًا عَظِيمًا ﴿١٥٦﴾

(၁၅၆) ထို့ပြင် သူတို့၏ငြင်းပယ်မှုနှင့် မရ်ယမ်အား သူတို့၏အကြီးအကျယ် စွပ်စွဲပြောဆိုမှုတို့ကြောင့် (သူတို့အား အရှင်မြတ်က ပြစ်ဒဏ်ခတ်တော်မူခဲ့သည်)။

وَقَوْلِهِمْ إِنَّا قَتَلْنَا الْمَسِيحَ عِيسَى ابْنَ مَرْيَمَ رَسُولَ اللَّهِ وَمَا قَتَلُوهُ وَمَا صَلَبُوهُ وَلَٰكِن شُبِّهَ لَهُمْ ۚ وَإِنَّ الَّذِينَ اخْتَلَفُوا فِيهِ لَفِي شَكٍّ مِّنْهُ ۚ مَا لَهُم بِهِ مِنْ عِلْمٍ إِلَّا اتِّبَاعَ الظَّنِّ ۚ وَمَا قَتَلُوهُ يَقِينًا ﴿١٥٧﴾

(၁၅၇) ထို့ပြင် အလ္လာဟ်အရှင်မြတ်၏တမန်တော်ဖြစ်သော မရ်ယမ်၏သား မစီဟ်အီစာကို အမှန်ပင် ကျွန်ုပ်တို့သတ်ဖြတ်လိုက်သည်ဟု သူတို့၏ပြောဆိုမှုကြောင့်(လည်း သူတို့အား အရှင်မြတ်က ပြစ်ဒဏ်ခတ်တော်မူခဲ့သည်)။ ထို့ပြင် သူတို့သည် ၎င်း(တမန်တော်အီစာ)ကို သတ်ဖြတ်နိုင်ခဲ့ကြသည်လည်း

မဟုတ်သည့်အပြင် လက်ဝါးကပ်တိုင် တင်နိုင်ခဲ့ကြသည်လည်းမဟုတ်ပေ။ သို့ရာတွင် သူတို့အတွက် ဆင်တူယိုးမှား ဖြစ်စေခြင်းခံခဲ့ရခြင်းသာဖြစ်သည်။❶ ထို့ပြင် အမှန်စင်စစ် ၎င်း(တမန်တော်အီစာ)နှင့်ပတ်သက်၍ ကွဲလွဲငြင်းခုံကြသော သူများသည် ၎င်း(တမန်တော်အီစာကို သတ်ဖြတ်မှု)တွင် သံသယထဲ၌ အမှန်ပင် ရှိနေကြသည်။ ၎င်း(ကိုသတ်ဖြတ်ခြင်း)နှင့် ပတ်သက်၍ ထင်မြင်ယူဆမှုနောက်ကိုသာ လိုက်နေကြသည်မှလွဲပြီး သူတို့တွင် မည်သည့်အသိမျှရှိကြသည် မဟုတ်ပေ။ ထို့ပြင် သူတို့သည် ၎င်း(တမန်တော်အီစာ)အား အမှန်မုချသတ်ဖြတ်နိုင်ခဲ့ကြသည် မဟုတ်ပေ။

❶ ယဟူဒီတွေဟာ တမန်တော်အီစာ عليه السلام ကို သတ်ဖြတ်ဖို့အတွက် ကားစင်တင်ဖို့ ဖမ်းဆီးတဲ့အခါမှာ အရှင်မြတ်ရဲ့ စီမံမှုကြောင့် ဆင်တူယိုးမှားရှိသူတစ်ဦးကို ဖမ်းဆီးမိသွားပြီး ကားစင်တင်လိုက်ကြတယ်။ အဲဒီအချိန်မှာ တမန်တော်အီစာ عليه السلام ဟာ ကားစင်တင်ခြင်းမခံရဘဲ လွတ်မြောက်သွားခဲ့တယ်။ (အလင်းပြကျမ်း)

بَلْ رَّفَعَهُ اللّٰهُ اِلَيْهِ ۭ وَكَانَ اللّٰهُ عَزِيْزًا حَكِيْمًا ١٥٨

(၁၅၈) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ၎င်း(တမန်တော်အီစာ)ကို အရှင်မြတ်ထံတော်သို့ ပင့်မယူတော်မူခဲ့သည်။❷ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

❷ အဲဒီလို တမန်တော်အီစာ عليه السلام လွတ်လွတ်ကင်းကင်းရှိနေတဲ့အချိန်အခါမှာ အရှင်မြတ်က ၎င်းကို အရှင်မြတ်ထံတော်မှာ ပင့်ဆောင်မယူပြီး ထိန်းသိမ်းထားလိုက်တော်မူတယ်။ အရှင်မြတ်က (၃း၅၅)မှာ အခုလိုအမိန့်ရှိထားတော်မူတယ် - اِذْقَالَ اللّٰهُ يٰعِيْسٰٓى اِنِّىْ مُتَوَفِّيْكَ وَرَافِعُكَ اِلَيَّ وَمُطَهِّرُكَ مِنَ الَّذِيْنَ كَفَرُوْا "တစ်ခါတွင် အလ္လာဟ်အရှင်မြတ်သည် မိန့်ကြားတော်မူခဲ့သည်၊ အို - အီစာ ၊ ငါအရှင်မြတ်သည် အသင့်အား ပြည့်ဝစွာ ယူဆောင်တော်မူမည်၊ ထို့ပြင် အသင့်အား ငါအရှင်မြတ်ထံတော်သို့ ပင့်မယူတော်မူမည်။ ထို့ပြင် အသင့်အား ကာဖိရ်ငြင်းပယ်သူများ(၏စွပ်စွဲမှုများ)မှ စင်ကြယ်စေတော်မူမည်။" (အလင်းပြကျမ်း)

وَاِنْ مِّنْ اَهْلِ الْكِتٰبِ اِلَّا لَيُؤْمِنَنَّ بِهٖ قَبْلَ مَوْتِهٖ ۚ وَيَوْمَ الْقِيٰمَةِ يَكُوْنُ عَلَيْهِمْ شَهِيْدًا ١٥٩

(၁၅၉) ထို့ပြင် ကျမ်းရသူများထဲမှ (တစ်ဦးမျှမကျန်ဘဲ) ၎င်း(တမန်တော်အီစာ)မကွယ်လွန်မီ ၎င်းကို ယုံကြည်ကြလိမ့်မည်။ ထို့ပြင် ၎င်း(တမန်တော်အီစာ)သည် ကိယာမသ်ရှင်ပြန်ထမြည့်နေ့တွင် ၎င်း(ယဟူဒီများ)နှင့်ပတ်သက်၍ (ဆန့်ကျင်)သက်သေခံသူဖြစ်လိမ့်မည်။

فَبِظُلْمٍ مِّنَ الَّذِيْنَ هَادُوْا حَرَّمْنَا عَلَيْهِمْ طَيِّبٰتٍ اُحِلَّتْ لَهُمْ وَبِصَدِّهِمْ عَنْ سَبِيْلِ اللّٰهِ كَثِيْرًا ١٦٠

(၁၆၀) ၎င်းပြင် ယဟူဒီများ၏ (ထိုကဲ့သို့) ကျူးကျော်မှုနှင့် အလ္လာဟ်

အရှင်မြတ်၏လမ်းတော်မှ (လူများအား) ၎င်းတို့၏ များစွာတားဆီးမှုတို့ကြောင့်၊ သူတို့အတွက် (ယခင်က) ဟလာလ်ခွင့်ပြုထားခြင်းခံခဲ့ရသော သန့်ပြန့်စင်ကြယ်သည့်အရာများကို ငါအရှင်မြတ်သည် သူတို့အပေါ်တွင် "ဟရာမ်"ဟု တားမြစ်တော်မူခဲ့သည်။

وَّاَخۡذِهِمُ الرِّبٰوا وَقَدۡ نُهُوۡا عَنۡهُ وَاَكۡلِهِمۡ اَمۡوَالَ النَّاسِ بِالۡبَاطِلِ ؕ وَاَعۡتَدۡنَا لِلۡكٰفِرِيۡنَ مِنۡهُمۡ عَذَابًا اَلِيۡمًا ﴿١٦١﴾

(၁၆၁) ထို့ပြင် သူတို့၏ အတိုးယူမှုကြောင့်၊ အမှန်မှာ သူတို့သည် ၎င်း (အတိုးစားခြင်း)မှ တားမြစ်ခြင်းခံခဲ့ရပြီးဖြစ်သည်၊ ၎င်းပြင် လူများ၏ပစ္စည်းဥစ္စာများကို သူတို့၏မတရားစားသုံးမှုကြောင့် (ထိုသန့်ပြန့်ကောင်းမွန်သည့်အရာများကို တားမြစ်ခဲ့ခြင်းလည်းဖြစ်သည်)။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့ထဲမှ ငြင်းပယ်သောသူများအတွက် အလွန်နာကျင်စေသော ပြစ်ဒဏ်ကို အသင့်ပြုလုပ်ထားတော်မူပြီး ဖြစ်သည်။

لٰكِنِ الرّٰسِخُوۡنَ فِى الۡعِلۡمِ مِنۡهُمۡ وَالۡمُؤۡمِنُوۡنَ يُؤۡمِنُوۡنَ بِمَاۤ اُنۡزِلَ اِلَيۡكَ وَمَاۤ اُنۡزِلَ مِنۡ قَبۡلِكَ وَالۡمُقِيۡمِيۡنَ الصَّلٰوةَ وَالۡمُؤۡتُوۡنَ الزَّكٰوةَ وَالۡمُؤۡمِنُوۡنَ بِاللّٰهِ وَالۡيَوۡمِ الۡاٰخِرِ ؕ اُولٰٓـئِكَ سَنُؤۡتِيۡهِمۡ اَجۡرًا عَظِيۡمًا ﴿١٦٢﴾

(၁၆၂) သို့ရာတွင် သူတို့ထဲမှ ကျွမ်းကျင်ပညာရှင်များနှင့် မုအ်မင်န်ယုံကြည်သူများကမူ အသင့်ထံသို့ ချပေးခြင်းခံရသောကျမ်းဂန်နှင့်တကွ အသင့်မတိုင်မီ ချပေးခြင်းခံရသော ကျမ်းဂန်များကိုလည်း ယုံကြည်ကြသည်။ ထို့ပြင် သူတို့သည် စွလာသ်ကို စွဲမြဲစွာဆောက်တည်သူများဖြစ်ကြသည်။ ၎င်းပြင် ဇကာသ်(ဆင်းရဲသားနှင့်လိုအပ်သူများ၏ဝေစု)ကိုလည်း ပေးဆောင်သူများ ဖြစ်ကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ကြသူများလည်း ဖြစ်ကြသည်။ ငါအရှင်မြတ်သည် ထိုသူများအား ကြီးကျယ်သော အကျိုးကျေးဇူးကို မကြာမီ ချီးမြှင့်ပေးသနားတော်မူမည်။

اِنَّاۤ اَوۡحَيۡنَاۤ اِلَيۡكَ كَمَاۤ اَوۡحَيۡنَاۤ اِلٰى نُوۡحٍ وَّالنَّبِيّٖنَ مِنۡۢ بَعۡدِهٖ ۚ وَاَوۡحَيۡنَاۤ اِلٰۤى اِبۡرٰهِيۡمَ وَاِسۡمٰعِيۡلَ وَاِسۡحٰقَ وَيَعۡقُوۡبَ وَالۡاَسۡبَاطِ وَعِيۡسٰى وَاَيُّوۡبَ وَيُوۡنُسَ وَهٰرُوۡنَ وَسُلَيۡمٰنَ ۚ وَاٰتَيۡنَا دَاوٗدَ زَبُوۡرًا ﴿١٦٣﴾

(၁၆၃) ငါအရှင်မြတ်သည် (တမန်တော်)နူးဟ်နှင့် ၎င်း၏နောက်တွင် (ပွင့်ပေါ်လာခဲ့ကြသော) နဗီတမန်တော်များထံသို့ ဝဟီအမိန့်တော်ပို့ချတော်မူသကဲ့သို့လည်းကောင်း၊ (တမန်တော်များဖြစ်သည့်) အိဗ်ရာဟီမ်၊ အစ္စမာအီလ်၊

အစ္စဟာက်၊ ယအ်ကူဗ်နှင့် (၎င်း၏)သားမြေးမြစ်(တို့ထဲတွင် ပွင့်ပေါ်ခဲ့သော နဗီတမန်တော်များဖြစ်သည့်) အီစာ၊ အိုင်ယူဗ်၊ ယူနွတ်စ်၊ ဟာရူန်နှင့် စုလိုင်မာန် တို့ထံသို့ ဝဟီအမိန့်တော်များ ပို့ချတော်မူသကဲ့သို့လည်းကောင်း၊ (တမန် တော်)ဒါဝူဒ်ကို ဇဗူရ်ကျမ်းပေးတော်မူခဲ့သကဲ့သို့လည်းကောင်း၊ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်(တမန်တော်)ထံသို့လည်း ဝဟီအမိန့်တော် ပို့ချတော် မူခဲ့ပေသည်။

وَرُسُلًا قَدْ قَصَصْنٰهُمْ عَلَيْكَ مِنْ قَبْلُ وَرُسُلًا لَّمْ نَقْصُصْهُمْ عَلَيْكَ ۗ وَكَلَّمَ اللّٰهُ مُوْسٰى تَكْلِيْمًا ﴿١٦٤﴾

(၁၆၄) ထို့ပြင် အမှန်ပင် (ဤအာယသ်)မတိုင်မီက အသင်၏အပေါ် တွင် ငါအရှင်မြတ်သည် အထူးပြုပွတ္တိပြောပြတော်မူခဲ့ဖူးသော ရစူလ်တမန်တော် များနှင့် ငါအရှင်မြတ် အသင့်အား မပြောပြခဲ့ဖူးသောရစူလ်တမန်တော်များအပေါ် ၌လည်း (ဝဟီအမိန့်တော်များကို ပို့ချပေးတော်မူခဲ့ပေသည်)။❶ ထို့ပြင် အလ္လာဟ် အရှင်မြတ်သည် (တမန်တော်)မူစာနှင့် စကားပြောဆိုတော်မူခဲ့သည်။

❶ အရှင်မြတ်ဟာ တမန်တော် عليهم السلام တွေ အမြောက်အမြားကို စေလွှတ်တော်မူခဲ့တဲ့အထဲက တချို့ကိုပဲ ကုရ်အာန်ကျမ်းတော်မြတ်ထဲမှာ ဖော်ပြထားပါတယ်။ ဒါပေမဲ့ ဖော်ပြတာရော မဖော်ပြ တာပါ အားလုံးအပေါ်မှာ အီမာန်ယုံကြည်ကြရမှာ ဖြစ်ပါတယ်။ (အလင်းပြကျမ်း)

رُسُلًا مُّبَشِّرِيْنَ وَمُنْذِرِيْنَ لِئَلَّا يَكُوْنَ لِلنَّاسِ عَلَى اللّٰهِ حُجَّةٌۢ بَعْدَ الرُّسُلِ ۗ وَكَانَ اللّٰهُ عَزِيْزًا حَكِيْمًا ﴿١٦٥﴾

(၁၆၅) (ငါအရှင်မြတ်သည်) ရစူလ်တမန်တော်များကို ဝမ်းမြောက်ဖွယ် ရာ သတင်းပေးသူများအဖြစ်နှင့် သတိပေးနှိုးဆော်သူများအဖြစ် (စေလွှတ်တော် မူခဲ့သည်။ ထိုကဲ့သို့ စေလွှတ်တော်မူခဲ့ခြင်းသည်) တမန်တော်များ ရောက်ရှိလာ ကြပြီးနောက် အလ္လာဟ်အရှင်မြတ်၏ရှေ့တော်၌ လူများအတွက် အကြောင်းပြ ချက် မရှိစေရန်ပင် ဖြစ်သည်။❷ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော် နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံ တော်မူသောအရှင် ဖြစ်တော်မူသည်။

❷ အရှင်မြတ်က တမန်တော် عليهم السلام တွေ စေလွှတ်တော်မမူခဲ့ရင် လူသားတွေက "ကျွန်ုပ်တို့ ဟာ လမ်းမှန်ကို လိုက်ချင်ကြပေမဲ့ လမ်းမှန်ညွှန်ကြားပြသမဲ့သူမရှိလို့ မလိုက်ခဲ့ရတာ ဖြစ်ပါတယ်" လို့ စောဒကမတက်နိုင်အောင် အရှင်မြတ်က တမန်တော် عليهم السلام တွေကို တရားလမ်းမှန်ပြဖို့ စေလွှတ်တော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

لٰكِنِ اللّٰهُ يَشْهَدُ بِمَآ اَنْزَلَ اِلَيْكَ اَنْزَلَهٗ بِعِلْمِهٖ ۚ وَالْمَلٰٓئِكَةُ يَشْهَدُوْنَ ۗ وَكَفٰى بِاللّٰهِ شَهِيْدًا ﴿١٦٦﴾

(၁၆၆) သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အသင့်ထံသို့ အရှင်မြတ်

ချပေးတော်မူခဲ့သောကျမ်းတော်(ကုရ်အာန်)ဖြင့် (အသင်သည် တမန်တော်ဖြစ်ကြောင်းကို) သက်သေခံတော်မူသည်။❷ အရှင်မြတ်သည် ထိုကျမ်းတော်ကို အရှင်မြတ်၏ အသိဉာဏ်ပညာတော်နှင့်တကွ ချပေးတော်မူခဲ့သည်။ ထို့ပြင် ကောင်းကင်တမန်တော်များသည်လည်း (အသင်သည် တမန်တော်ဖြစ်ကြောင်းကို) သက်သေခံလျက်ရှိကြသည်။❸ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည်ပင် မျက်မှောက်အသိသက်သေဖြစ်နေတော်မူသောအရှင်အဖြစ် လုံလောက်တော်မူသည်။

❷ တစ်ခါမှာ တမန်တော်မြတ် ﷺ က ယဟူဒီတွေကို အခုလိုပြောခဲ့တယ် - "အရှင်မြတ်ကို တိုင်တည်ပြီးပြောမယ်၊ ငါဟာ အရှင်မြတ်ရဲ့တမန်တော်ဖြစ်ကြောင်း အသင်တို့ သိကြတယ်။" အဲဒီအခါ ယဟူဒီတွေက မသိဘူးလို့ ပြန်ပြောခဲ့ကြတဲ့အပေါ်မှာ အသင်တို့ သက်သေမခံကြရင်လည်း ဂရုစိုက်စရာမလိုဘူး၊ အရှင်မြတ်ကိုယ်တော်တိုင် သက်သေခံနေတယ်ဆိုတဲ့အကြောင်း ဒီအာယသ်ချပေးခဲ့တာဖြစ်တယ်။ (သွဗ်ရီ၊ အလင်းပြကျမ်း) ❸ ကောင်းကင်တမန်တော် ဂျိဗ်ရီလ် عليه السلام ကလည်း ကုရ်အာန်ယူဆောင်ချပေးပြီး သက်သေခံလျက်ရှိတယ်။ (အလင်းပြကျမ်း)

إِنَّ ٱلَّذِينَ كَفَرُوا۟ وَصَدُّوا۟ عَن سَبِيلِ ٱللَّهِ قَدْ ضَلُّوا۟ ضَلَـٰلًۢا بَعِيدًا ﴿١٦٧﴾

(၁၆၇) အမှန်စင်စစ် အကြင်သူများသည် ငြင်းပယ်ခဲ့ကြသည်သာမက (အခြားသူများအား) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ တားမြစ်ခဲ့ကြသည်။ ထိုသူများသည် ဝေးလံသောလမ်းမှားထဲသို့ အမှန်ပင် လွဲမှား(ရောက်ရှိသွား)ခဲ့ပြီဖြစ်သည်။

إِنَّ ٱلَّذِينَ كَفَرُوا۟ وَظَلَمُوا۟ لَمْ يَكُنِ ٱللَّهُ لِيَغْفِرَ لَهُمْ وَلَا لِيَهْدِيَهُمْ طَرِيقًا ﴿١٦٨﴾

(၁၆၈) အမှန်စင်စစ် အကြင်သူများသည် ငြင်းပယ်ခဲ့ကြပြီး မတရားပြုလုပ်ခဲ့ကြသည်။ ထိုသူများအား အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူမည် မဟုတ်ပေ။ ထို့ပြင် အရှင်မြတ်သည် သူတို့အား မည်သည့်လမ်းမှန်ကိုမျှလည်း ညွှန်ကြားပြသတော်မူမည် မဟုတ်ပေ။

إِلَّا طَرِيقَ جَهَنَّمَ خَـٰلِدِينَ فِيهَآ أَبَدًا ۚ وَكَانَ ذَٰلِكَ عَلَى ٱللَّهِ يَسِيرًا ﴿١٦٩﴾

(၁၆၉) သို့ရာတွင် (ထိုသူများအား) ဂျဟန္နမ်ငရဲဘုံ၏လမ်းကိုသာ (ညွှန်ကြားပြသတော်မူမည်)၊ သူတို့သည် ၎င်း(ငရဲဘုံ)ထဲ၌ အမြဲနေထိုင်ရမည့်သူများဖြစ်ကြသည်။ ထို့ပြင် ၎င်းသည် အလ္လာဟ်အရှင်မြတ်အတွက် လွယ်ကူလှသည်။

يَـٰٓأَيُّهَا ٱلنَّاسُ قَدْ جَآءَكُمُ ٱلرَّسُولُ بِٱلْحَقِّ مِن رَّبِّكُمْ فَـَٔامِنُوا۟ خَيْرًا لَّكُمْ ۚ وَإِن تَكْفُرُوا۟ فَإِنَّ لِلَّهِ مَا فِى ٱلسَّمَـٰوَٰتِ وَٱلْأَرْضِ ۚ وَكَانَ ٱللَّهُ عَلِيمًا حَكِيمًا ﴿١٧٠﴾

(၁၇၀) အို-လူသားအပေါင်းတို့၊ အမှန်စင်စစ် တမန်တော်(မုဟမ္မဒ်)သည် အသင်တို့ထံသို့ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်

ထံမှ အမှန်တရားကို ယူဆောင်လာခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် အီမာန်ယုံကြည်ကြပါ။ (၎င်းသည်) အသင်တို့အတွက် အကောင်းဆုံးပင် ဖြစ်သည်။ ထို့ပြင် အကယ်၍ အသင်တို့သည် ငြင်းပယ်ကြမည်ဆိုလျှင် အမှန်စင်စစ် မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှအရာများသည် အလ္လာဟ်အရှင်မြတ်သာ ပိုင်ဆိုင်တော်မူသည့်အတွက် (ထိုအရှင်မြတ်တွင် မည်သည့်အရာမျှ လျော့နည်းမသွားဘဲ အသင်တို့သာ ဆုံးရှုံးကြမည်)။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။[၇]

[၇] ဒီအာယသ်တော်ဟာ ကမ္ဘာသူ ကမ္ဘာသားအားလုံးကို ရည်ညွှန်းထားတာဖြစ်တယ်။
(သွဖ်ရီ၊ အလင်းပြကျမ်း)

يَٰٓأَهۡلَ ٱلۡكِتَٰبِ لَا تَغۡلُواْ فِي دِينِكُمۡ وَلَا تَقُولُواْ عَلَى ٱللَّهِ إِلَّا ٱلۡحَقَّۚ إِنَّمَا ٱلۡمَسِيحُ عِيسَى ٱبۡنُ مَرۡيَمَ رَسُولُ ٱللَّهِ وَكَلِمَتُهُۥٓ أَلۡقَىٰهَآ إِلَىٰ مَرۡيَمَ وَرُوحٞ مِّنۡهُۖ فَـَٔامِنُواْ بِٱللَّهِ وَرُسُلِهِۦۖ وَلَا تَقُولُواْ ثَلَٰثَةٌۚ ٱنتَهُواْ خَيۡرٗا لَّكُمۡۚ إِنَّمَا ٱللَّهُ إِلَٰهٞ وَٰحِدٞۖ سُبۡحَٰنَهُۥٓ أَن يَكُونَ لَهُۥ وَلَدٞۘ لَّهُۥ مَا فِي ٱلسَّمَٰوَٰتِ وَمَا فِي ٱلۡأَرۡضِۗ وَكَفَىٰ بِٱللَّهِ وَكِيلٗا ﴿١٧١﴾

(၁၇၁) အို- ကျမ်းရသူအပေါင်းတို့၊ အသင်တို့သည် အသင်တို့၏သာသနာထဲတွင် အစွန်းရောက်လွန်ကဲမှု မပြုကြလေနှင့်။[၁] ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်စပ်လျဉ်းပြီး အမှန်ပြောသည်မှလွဲ၍ အခြားပြောဆိုမှု မပြုကြနှင့်။[၂] မရ်ယမ်၏သား မစီဟ်အီစာသည် အလ္လာဟ်အရှင်မြတ်၏တမန်တော်နှင့် အရှင်မြတ်၏(တတ်စွမ်းနိုင်မှုကို ထင်ပေါ်စေသော)စကားတော်ပင်ဖြစ်သည်။[၃] အရှင်မြတ်သည် ထိုစကားတော်ကို မရ်ယမ်ထံသို့ ထည့်ပေးတော်မူခဲ့သည်။ ၎င်းပြင် (ထိုစကားတော်သည်)အရှင်မြတ်ထံမှ (ချီးမြှင့်တော်မူသော)ဝိညာဉ်လည်းဖြစ်သည်။[၄] သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်များ(အားလုံး)ကို ယုံကြည်ကြပါ။ ထို့ပြင် အသင်တို့သည် (ကိုးကွယ်ထိုက်သောအရှင်) သုံးပါးရှိသည်ဟု မပြောကြနှင့်။ အသင်တို့သည် (ထိုကဲ့သို့ ပြောခြင်းများကို) ရပ်စဲကြပါ။ (၎င်းသည်) အသင်တို့အတွက် အကောင်းဆုံးပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် တစ်ပါးတည်းသော ကိုးကွယ်ခံထိုက်တော်မူသည့်အရှင်ပင် ဖြစ်တော်မူသည်။ အရှင်မြတ်သည် အရှင်မြတ်၌ သား(သမီး)ရှိခြင်းမှ ကင်းစင်တော်မူသည်။[၅] မိုးကောင်းကင်များ၌ရှိသမျှအရာများနှင့်မြေပထဝီရှိသမျှအရာများသည် အရှင်မြတ်သာ ပိုင်ဆိုင်တော်မူသည်။ ထို့ပြင် အလ္လာဟ်

အရှင်မြတ်သည်ပင် အလွန်ယုံပုံလွဲအပ်ခြင်း ခံထိုက်တော်မူသောအရှင်အဖြစ် လုံလောက်တော်မူသည်။❻

❶ ယဟူဒီတွေဟာ တမန်တော်အီစာ ﷺကို တမန်တော်လို့ လက်မခံခဲ့ကြဘူး။ နစ္စာရာတွေက တမန်တော် အီစာ ﷺကို အလ္လာဟ်အရှင်မြတ်ရဲ့သားတော်ဆိုပြီး လွန်လွန်ကဲကဲ ယုံကြည်မှုပြုခဲ့ကြတယ်။ ဒီအာယသ်က အဲဒီလို တစ်ဖက်စွန်းတွေရောက်တာကနေ တားမြစ်ထားခြင်း ဖြစ်တယ်။ (အလင်းပြကျမ်း) ❷ အရှင်မြတ်နဲ့ ပတ်သက်ပြီး နစ္စာရာတွေက အမျိုးမျိုးစွပ်စွဲပြောဆိုမှုတွေပြုလုပ်ကြတယ်။ အရှင်မြတ်ဟာ မစီဟ်ဖြစ်တယ်လို့လည်း ပြောကြတယ်၊ အရှင်မြတ်ရဲ့သားတော်ဟာ မစီဟ်အီစာ ဖြစ်တယ်လို့လည်း ပြောကြတယ်။ ကိုးကွယ်ထိုက်တဲ့အရှင်သုံးဆူထဲမှာ တစ်ဆူဖြစ်တယ်လို့လည်း ပြောကြတယ်။ အဲဒီလို မဟုတ်မမှန်ပြောတာကနေ တားမြစ်ခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) ❸ တမန်တော်အီစာ ﷺကို အရှင်မြတ်က ကွန် "ဖြစ်စေ" လို့ပြောတဲ့စကားကြောင့် ပြီးတော့ မရ်ယမ်ဟာ ခင်ပွန်းယောကျ်ားမရှိဘဲ ကလေးမွေးဖွားလိမ့်မယ်လို့ သတင်းစကားပြောထားတဲ့အတွက်ကြောင့် ကလိမသွလ္လာဟ် အရှင်မြတ်ရဲ့စကားတော်လို့ ခေါ်ထားခြင်းဖြစ်တယ်။ (သွဗ်ရီ ၊အလင်းပြကျမ်း)။ ❹ အရှင်မြတ်ရဲ့ လုပ်ထုံးလုပ်နည်းအတိုင်းမဟုတ်ဘဲ သီးသန့်ဖန်ဆင်းလိုက်တော်မူတဲ့ ဝိညာဉ်တော်ဖြစ်တယ်။(အလင်းပြကျမ်း) ❺ ကိုးကွယ်ထိုက်တဲ့အရှင်ဟာ သုံးပါးမဟုတ်ဘူး။ အလ္လာဟ်အရှင်ဟာ တစ်ပါးတည်းပဲ ဖြစ်တော်မူတယ်။(၄း၁၇၁) တမန်တော်တွေအားလုံးအပေါ်မှာ မခွဲခြားဘဲ ယုံကြည်ရမှာဖြစ်တယ်။(ကုရ်အာန် - ၂း၂၅၃) (အလင်းပြကျမ်း) ❻ အရှင်မြတ်ဟာ စီမံခန့်ခွဲတော်မူတဲ့အရှင်ဖြစ်တော်မူပြီး သူတစ်ပါးကိုလည်း မှီခိုခြင်းမရှိဘူး။ သားသမီးရှိခြင်းကလည်း ကင်းစင်တော်မူတယ်။ (အလင်းပြကျမ်း)

لَنْ يَّسْتَنْكِفَ الْمَسِيْحُ اَنْ يَّكُوْنَ عَبْدًا لِّلّٰهِ وَلَا الْمَلٰٓئِكَةُ الْمُقَرَّبُوْنَ ؕ وَمَنْ يَّسْتَنْكِفْ عَنْ عِبَادَتِهٖ وَيَسْتَكْبِرْ فَسَيَحْشُرُهُمْ اِلَيْهِ جَمِيْعًا ﴿١٧٢﴾

(၁၇၂) မစီဟ်(တမန်တော်အီစာ)နှင့် အပါးတော်စေတမန်များသည် အလ္လာဟ်အရှင်မြတ်၏ ကျွန်ဖြစ်ခြင်းကို သေးသိမ်သည်ဟု မည်သည့်အခါမျှ ထင်မှတ်ကြမည်မဟုတ်ပေ။ ၎င်းပြင် မည်သူမဆို အရှင်မြတ်၏ ကျွန်ဖြစ်ခြင်းအား သေးသိမ်သည်ဟုထင်ပြီး သူသည် မာနထောင်ခဲ့လျှင် အရှင်မြတ်သည် ထိုသူအားလုံးကို အရှင်မြတ်ထံတော်သို့ (စစ်ဆေးရန်) မကြာမီ စုရုံးတော်မူမည်။

فَاَمَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فَيُوَفِّيْهِمْ اُجُوْرَهُمْ وَيَزِيْدُهُمْ مِّنْ فَضْلِهٖ ۚ وَاَمَّا الَّذِيْنَ اسْتَنْكَفُوْا وَاسْتَكْبَرُوْا فَيُعَذِّبُهُمْ عَذَابًا اَلِيْمًا ۙ وَّلَا يَجِدُوْنَ لَهُمْ مِّنْ دُوْنِ اللّٰهِ وَلِيًّا وَّلَا نَصِيْرًا ﴿١٧٣﴾

(၁၇၃) ထို့နောက် အရှင်မြတ်သည် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သော လုပ်ရပ်များကို ပြုမူကြသူများအား သူတို့၏အကျိုးများကို အပြည့်အဝ ပေးသနားတော်မူမည်။ ၎င်းပြင် အရှင်မြတ်သည် အရှင်မြတ်၏ကျေးဇူးတော်မှ သူတို့အား ပိုပြီး ချီးမြှင့်တော်မူမည်။ သို့ရာတွင် အကြင်သူများသည် (အရှင်မြတ်၏

ကျွန်ဖြစ်ခြင်းအား) သေးသိမ်သည်ဟု ထင်ပြီးမာနထောင်ခဲ့ကြသည်။ ထိုသူများအား အရှင်မြတ်သည် အလွန်နာကျင်စေသော အပြစ်ဒဏ်ကို ပေးတော်မူမည်။ ထို့ပြင် သူတို့သည် သူတို့အတွက် အလ္လာဟ်အရှင်မြတ်မှလွဲ၍ မည်သည့်မိတ်ဆွေ၊ မည်သည့်ကူညီမည့်သူကိုမျှ တွေ့ရှိကြရမည်မဟုတ်ပေ။

يَاأَيُّهَا النَّاسُ قَدْ جَاءَكُمْ بُرْهَانٌ مِّن رَّبِّكُمْ وَأَنزَلْنَا إِلَيْكُمْ نُورًا مُّبِينًا ﴿١٧٤﴾

(၁၇၄) အို- လူသားအပေါင်းတို့၊ ❼ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အသင်တို့ထံသို့ ခိုင်လုံသော သက်သေအထောက်အထားတစ်ခု❽ (ဖြစ်သည့် တမန်တော်မုဟမ္မဒ်)သည် အမှန်စင်စစ် ရောက်လာခဲ့ပြီဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့ထံသို့ ထင်ရှားသော လင်းရောင်ခြည်❾ (ဖြစ်သည့် ကုရ်အာန်)ကိုလည်း ချပေးတော်မူခဲ့ပြီဖြစ်သည်။

❼ လူသားအပေါင်းတို့ဆိုတာ လူသားအားလုံးကို ဆိုလိုတယ်။ (အလင်းပြကျမ်း) ❽ ဗုရ်ဟာန်ဆိုတာ တမန်တော်မြတ် ﷺ ကို ဆိုလိုထားပါတယ်။ (အလင်းပြကျမ်း) ❾ ထင်ရှားတဲ့အလင်းရောင်ဆိုတာ ကုရ်အာန်ကျမ်းတော်မြတ်ကို ရည်ညွှန်းထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

فَأَمَّا الَّذِينَ آمَنُوا بِاللَّهِ وَاعْتَصَمُوا بِهِ فَسَيُدْخِلُهُمْ فِي رَحْمَةٍ مِّنْهُ وَفَضْلٍ وَيَهْدِيهِمْ إِلَيْهِ صِرَاطًا مُّسْتَقِيمًا ﴿١٧٥﴾

(၁၇၅) သို့ဖြစ်ရာ အကြင်သူများသည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်၍ အရှင်မြတ်(၏သာသနာ အစ္စလာမ်)ကို စွဲမြဲစွာ ဆုပ်ကိုင်ထားကြသည်။ ထိုသူများအား အရှင်မြတ်သည် အရှင်မြတ်၏ကရုဏာ အသနားတော်(ဖြစ်သော ဂျန္နသ်သုခဘုံ)နှင့်(အရှင်မြတ်၏)ကျေးဇူးတော်ထဲသို့မကြာမီဝင်ရောက်စေတော်မူမည်။ ထို့ပြင် အရှင်မြတ်သည် ထိုသူများအား အရှင်မြတ်ထံတော်သို့(ရောက်ရှိရန်) ဖြောင့်မတ်သော(တရား)လမ်းကိုလည်း ညွှန်ကြားပြသပို့ဆောင်တော်မူမည်။ ❿

❿ အီမာန်ယုံကြည်ပြီး အစ္စလာမ်အပေါ်မှာ တည်တည်တံ့တံ့ ခိုင်ခိုင်မြဲမြဲ နေသွားတဲ့သူတွေကို ဂျန္နသ်သုခဘုံပေးပြီး ကျေးဇူးပြုမဲ့အကြောင်း သတင်းကောင်းပေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

يَسْتَفْتُونَكَ قُلِ اللَّهُ يُفْتِيكُمْ فِي الْكَلَالَةِ ۚ إِنِ امْرُؤٌ هَلَكَ لَيْسَ لَهُ وَلَدٌ وَلَهُ أُخْتٌ فَلَهَا نِصْفُ مَا تَرَكَ ۚ وَهُوَ يَرِثُهَا إِن لَّمْ يَكُن لَّهَا وَلَدٌ ۚ فَإِن كَانَتَا اثْنَتَيْنِ فَلَهُمَا الثُّلُثَانِ مِمَّا تَرَكَ ۚ وَإِن كَانُوا إِخْوَةً رِّجَالًا وَنِسَاءً فَلِلذَّكَرِ مِثْلُ حَظِّ الْأُنثَيَيْنِ ۗ يُبَيِّنُ اللَّهُ لَكُمْ أَن تَضِلُّوا ۗ وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ ﴿١٧٦﴾

(၁၇၆) သူတို့သည် အသင်(တမန်တော်)ထံသို့ ("ကလာလဟ်" သားသမီးမရှိ၊ မိဘမရှိဘဲ သေဆုံးသွားသော ယောကျာ်းသို့မဟုတ် မိန်းမ၏ချန်ထား

ခဲ့သောအမွေနှင့်ပတ်သက်၍ စီရင်ဆုံးဖြတ်ချက်ကို) လာရောက်ပြီး မေးမြန်းကြသည်။ (အို-တမန်တော်) အသင် ပြောလိုက်ပါ၊ အလ္လာဟ်အရှင်မြတ်သည် ကလာလဟ်❶နှင့်ပတ်သက်၍ အသင်တို့အား (ဤသို့)ဆုံးဖြတ်ချက်ပေးတော်မူသည်။ အကယ်၍ အကြင်ယောကျ်ားတစ်ဦးတစ်ယောက်သည် သေဆုံးခဲ့ပြီး သူ့တွင် သားသမီးတစ်ဦးမျှမရှိဘဲ အစ်မ သို့မဟုတ် နှမတစ်ဦးသာရှိခဲ့လျှင် ၎င်း (အစ်မ သို့မဟုတ် နှမ)သည် (သေဆုံး)သူ (ကလာလဟ် ယောကျ်ား)ထားခဲ့သော အမွေပစ္စည်း၏တစ်ဝက်ကို ရရှိမည်။ ထို့ပြင် (အကယ်၍ ထိုအစ်မ သို့မဟုတ် နှမသေဆုံးပြီး) သူမတွင် သားသမီးတစ်ဦးမျှ မရှိခဲ့လျှင် ၎င်း(ကလာလဟ် ယောကျ်ား)သည် ၎င်း(အစ်မ သို့မဟုတ် နှမထားခဲ့သောအမွေပစ္စည်းအားလုံး) ကို ရရှိမည်။ ထို့နောက် အကယ်၍ (သေဆုံးသော ကလာလဟ်ယောကျ်ားတွင်) အစ်မသို့မဟုတ်နှမနှစ်ဦးရှိခဲ့ကြလျှင်၊ ထိုနှစ်ဦးသည် ၎င်း(ကလာလဟ်ယောကျ်ား) ထားခဲ့သော အမွေပစ္စည်းထဲမှ သုံးပုံနှစ်ပုံရရှိကြမည်။ အကယ်၍ ထို (သေဆုံးသောကလာလဟ်ယောကျ်ား၏အမွေစားအမွေခံ)သူများသည် ယောကျ်ားများနှင့် မိန်းမများ(ရောနှောနေသော)ညီအစ်ကိုမောင်နှမများဖြစ်ကြလျှင်၊ ယောကျ်ား (တစ်ဦး)သည် မိန်းမနှစ်ဦး၏ ဝေစုဝေပုံကဲ့သို့ရရှိမည်။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ လမ်းမှားသို့ မရောက်ကြစေရန်အတွက် အသင်တို့အား ရှင်းလင်းစွာမိန့်ကြားတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့သိရှိတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ ကလာလဟ်ဆိုတာ မိဘလည်းမရှိ၊ သားသမီးလည်း မရှိတော့တဲ့သူကို ခေါ်တယ်။ မိဘနဲ့ သားသမီးဟာ အမွေဆိုင် အစစ်ဖြစ်တယ်။ အခု မိဘနဲ့ သားသမီးမရှိတော့တဲ့အတွက် မောင်နှမတွေနဲ့ သက်ဆိုင်လာရခြင်းဖြစ်တယ်။ ကလာလဟ် မသေဆုံးဘဲ ကလာလဟ် ရဲ့အစ်မ/နှမ သေဆုံးရင်ပြီးတော့ သူမမှာလည်း သားသမီးမရှိရင် သူမရဲ့အမွေအားလုံးကို အဲဒီကလာလဟ်က ရရှိမှာဖြစ်တယ်။ (အလင်းပြကျမ်း)

==========

ركوعاتها ١٦ ٥ سُوْرَةُ الْمَآئِدَةِ مَدَنِيَّةٌ ١١٢ اٰياتها ١٢٠

## စူရဟ် မာအိဒဟ် (အစားအစာတည်ခင်းထားသောစားပွဲကလွှာ) سُوْرَةُ الْمَآئِدَةِ

==========

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِیۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော
အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

یٰۤاَیُّهَا الَّذِیۡنَ اٰمَنُوۡۤا اَوۡفُوۡا بِالۡعُقُوۡدِ ؕ اُحِلَّتۡ لَکُمۡ بَهِیۡمَةُ الۡاَنۡعَامِ اِلَّا مَا یُتۡلٰی عَلَیۡکُمۡ غَیۡرَ
مُحِلِّی الصَّیۡدِ وَ اَنۡتُمۡ حُرُمٌ ؕ اِنَّ اللّٰهَ یَحۡکُمُ مَا یُرِیۡدُ ﴿۱﴾

(၁) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် (အသင်တို့ပြုထားသော)ကတိဝန်ခံချက်များအတိုင်း ပြည့်ဝအောင်ဆောင်ရွက်ကြပါ။ အသင်တို့အပေါ်တွင် ဖတ်ရွတ်ပြသခြင်းခံရမည့်အရာများ[၂] (သွေး၊ အသေသား စသောအရာ)မှလွဲ၍၊ ၎င်းပြင် အသင်တို့သည်(ဟဂ်ျပြုလုပ်ရန်)အိဟ်ရာမ်ဝတ်ရုံ ဝတ်ဆင်ထားလျက် အမဲလိုက်ခြင်းကို ဟရာမ်သတ်မှတ်ထားသည်မှလွဲ၍ (ကုလားအုတ်၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်ကဲ့သို့)ခြေလေးချောင်းသတ္တဝါများသည် အသင်တို့အတွက် ဟလာလ်စားသုံးခွင့်ပြုထားပြီးဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသည်ကို အမိန့်ပေးတော်မူသည်။

[၂] အသင်တို့အပေါ်မှာ ဖတ်ရွတ်ပြသခြင်းခံရမဲ့အရာတွေဆိုတာ လာမဲ့အာယသ်(၃)မှာ အကျယ်တဝင့်ဖော်ပြမဲ့ စားပိုင်ခြင်းမရှိတဲ့အရာတွေကို ဆိုလိုခြင်းဖြစ်တယ်။(ကမာလိုင်န်၊ သဖ်စီရ်အဗိစ်စုအူဒ်)

یٰۤاَیُّهَا الَّذِیۡنَ اٰمَنُوۡا لَا تُحِلُّوۡا شَعَآئِرَ اللّٰهِ وَ لَا الشَّهۡرَ الۡحَرَامَ وَ لَا الۡهَدۡیَ وَ لَا الۡقَلَآئِدَ وَ لَاۤ
آٰمِّیۡنَ الۡبَیۡتَ الۡحَرَامَ یَبۡتَغُوۡنَ فَضۡلًا مِّنۡ رَّبِّهِمۡ وَ رِضۡوَانًا ؕ وَ اِذَا حَلَلۡتُمۡ فَاصۡطَادُوۡا ؕ وَ لَا
یَجۡرِمَنَّکُمۡ شَنَاٰنُ قَوۡمٍ اَنۡ صَدُّوۡکُمۡ عَنِ الۡمَسۡجِدِ الۡحَرَامِ اَنۡ تَعۡتَدُوۡا ۘ وَ تَعَاوَنُوۡا عَلَی الۡبِرِّ
وَ التَّقۡوٰی ۪ وَ لَا تَعَاوَنُوۡا عَلَی الۡاِثۡمِ وَ الۡعُدۡوَانِ ۪ وَ اتَّقُوا اللّٰهَ ؕ اِنَّ اللّٰهَ شَدِیۡدُ الۡعِقَابِ ﴿۲﴾

(၂) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ထင်ရှားသော အထိမ်းအမှတ်များ[၃]ကို မလေးမစား မပြုကြနှင့်။ ထို့ပြင် ထွတ်မြတ်သောလများ[၄]၊ (ထွတ်မြတ်သောနယ်နိမိတ်ထဲတွင် ကုရ်ဗာနီပြုလုပ်ရမည့်) သားကောင်များ[၅]၊ (ကုရ်ဗာနီပြုလုပ်ရန်) လည်ပင်း၌ အမှတ်အသားတစ်စုံတစ်ခု ဆွဲထားသော သားကောင်များ[၆]နှင့် ထွတ်မြတ်သောအိမ်

တော် ကအ်ဗဟ်ကျောင်းတော်သို့သွားပြီး မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ကျေးဇူးတော်နှင့် နှစ်သက်မှုကို ရှာဖွေဆည်းပူးကြရန် ရည်ရွယ်ကြသောသူများအား မလေးမစားမပြုကြနှင့်။ ထို့နောက် အသင်တို့သည် အိဟ်ရာမ်ဝတ်ရုံ ချွတ်ပြီးကြသောအခါ အမဲလိုက်သည်ကို (ပြုလုပ်လိုလျှင်) ပြုလုပ်ကြပါ။ ထို့ပြင် အသင်တို့အား ထွတ်မြတ်သော အိမ်တော်(သွားခြင်း)မှ တားဆီးပိတ်ပင်ကြသော လူမျိုးတစ်မျိုး၏ မုန်းတီးခြင်းသည် အသင်တို့ကျူးလွန်ဖောက်ဖျက်ခြင်းကို လုံးဝ မလှုံ့ဆော်စေနှင့်။ ထို့ပြင် အသင်တို့သည် ကောင်းမှုပြုခြင်းနှင့် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ခြင်းအပေါ် အချင်းချင်း ကူညီရိုင်းပင်းကြပါ။၇ သို့ရာတွင် မကောင်းမှု(ပြုခြင်း)နှင့် မတရားကျူးကျော်မှု(ပြုခြင်း)အတွက် အချင်းချင်းမကူညီကြလေနှင့်။၈ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ အမှန်မုချ အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာ အရေးယူတော်မူသောအရှင် ဖြစ်တော်မူသည်။

၃ အလ္လာဟ်အရှင်မြတ်ရဲ့အထိမ်းအမှတ်တွေဆိုတာ ကအ်ဗဟ်ကျောင်းတော်၊ ဗလီကျောင်းတွေ၊ အရှင်မြတ်ရဲ့ကျမ်းဂန်တွေ၊ ကုရ်ဗာနီသားကောင်တွေ၊ စွဖာ၊ မရ်ဝဟ် စတာတွေပါဝင်တယ်။ အဲဒါတွေကို မလေးစားခြင်းဟာ အရှင်မြတ်ကို မလေးစားခြင်းပဲ ဖြစ်တယ်။ (အလင်းပြကျမ်း) ၄ ထွတ်မြတ်တဲ့လတွေဆိုတာ ဇွလ်ကအ်ဒဟ်၊ ဇွလ်ဟိဂ်ျဂျဟ် ၊ မုဟာရ်ရမ်၊ ရဂျဗ်လတွေဖြစ်တယ်။ (အဗူဒါဝူဒ်-၁၉၄၇) ၅ ကုရ်ဗာနီပြုလုပ်ဖို့ ကအ်ဗဟ်ကျောင်းတော်ကို ယူဆောင်သွားတဲ့သားကောင်ကို ဆိုလိုတယ်။ (အလင်းပြကျမ်း) ၆ ကုရ်ဗာနီပြုလုပ်မယ်ဆိုတဲ့အကြောင်း သိသာစေတဲ့ အမှတ်အသားကို ဆိုလိုတယ်။(အလင်းပြကျမ်း) ၇ ကောင်းတဲ့ကိစ္စတွေမှာ အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်ထားတာဖြစ်တယ်။(အွဆ်မာနီ) ၈ မကောင်းမှုတွေမှာ အားပေးခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းကနေ တားမြစ်ထားတာဖြစ်တယ်။ (အွဆ်မာနီ)

حُرِّمَتۡ عَلَيۡكُمُ الۡمَيۡتَةُ وَ الدَّمُ وَ لَحۡمُ الۡخِنۡزِيۡرِ وَ مَاۤ اُهِلَّ لِغَيۡرِ اللّٰهِ بِهٖ وَ الۡمُنۡخَنِقَةُ وَ
الۡمَوۡقُوۡذَةُ وَ الۡمُتَرَدِّيَةُ وَ النَّطِيۡحَةُ وَ مَاۤ اَكَلَ السَّبُعُ اِلَّا مَا ذَكَّيۡتُمۡ ۞ وَ مَا ذُبِحَ عَلَى النُّصُبِ
وَ اَنۡ تَسۡتَقۡسِمُوۡا بِالۡاَزۡلَامِ ؕ ذٰلِكُمۡ فِسۡقٌ ؕ اَلۡيَوۡمَ يَىِٕسَ الَّذِيۡنَ كَفَرُوۡا مِنۡ دِيۡنِكُمۡ فَلَا
تَخۡشَوۡهُمۡ وَ اخۡشَوۡنِ ؕ اَلۡيَوۡمَ اَكۡمَلۡتُ لَكُمۡ دِيۡنَكُمۡ وَ اَتۡمَمۡتُ عَلَيۡكُمۡ نِعۡمَتِىۡ وَ رَضِيۡتُ
لَكُمُ الۡاِسۡلَامَ دِيۡنًا ؕ فَمَنِ اضۡطُرَّ فِىۡ مَخۡمَصَةٍ غَيۡرَ مُتَجَانِفٍ لِّاِثۡمٍ ۙ فَاِنَّ اللّٰهَ غَفُوۡرٌ رَّحِيۡمٌ ﴿۳﴾

(၃) အသင်တို့အပေါ်တွင်(ယခုရှေ့၌ ဖော်ပြမည့်အရာများသည် မစားသုံးရန်) ဟာရာမ်တားမြစ်ခြင်းခံရသည်။ (အလိုအလျောက်) သေသောတိရစ္ဆာန်၊ သွေး၊ ဝက်သား၊ အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြား(ကို ရည်စူး)တသ (ဇဗဟ်လုပ်)ထားသောတိရစ္ဆာန်၊ လည်မျိုညှစ်/လိမ်ပြီး သေရသောတိရစ္ဆာန်၊ ရိုက်

နက်/ထိခိုက်ခံရပြီး သေရသော တိရစ္ဆာန်၊ အမြင့်မှကျသေရသောတိရစ္ဆာန်၊ ဦးချို ဖြင့် ပွေ့ခံရပြီး သေရသောတိရစ္ဆာန်၊ သားရဲတိရစ္ဆာန်များက ကိုက်ဖြတ်စားသုံး ထားသောတိရစ္ဆာန်၊ သို့ရာတွင် (ထိုသားရဲတိရစ္ဆာန်များ၏ကိုက်ဖြတ်ခြင်းခံထား ရသော်လည်း) မသေခင် အသင်တို့ဇဗဟ်လှီးဖြတ်ရန် (မီလိုက်သော)တိရစ္ဆာန် များမပါဝင်ပေ။ ထို့ပြင် ရုပ်တုများကို (ပူဇော်ရန်) လှီးဖြတ်ခံထားရသောတိရစ္ဆာန်၊ မဲ/မြားတို့ဖြင့် ကံစမ်းမဲနှိုက်ပြီး (အသား၊ ပစ္စည်း၊ ငွေ စသည်များကို)အသင်တို့ ဝေစုခွဲယူခြင်း❶ တို့သည် ဟရာမ်တားမြစ်ထားပြီးဖြစ်သည်။ ထိုအရာသည် ပြစ်မှု ဒုစရိုက်ဖြစ်သည်။ ယနေ့၌မူ ကာဖိရ်ငြင်းပယ်သူများသည် အသင်တို့၏သာသနာ (ကို ဖျက်ဆီးနိုင်ခြင်း)မှ မျှော်လင့်ချက်ကင်းမဲ့ကြပြီးဖြစ်သည့်အတွက် အသင် တို့သည် သူတို့အား မစိုးရိမ်မကြောက်ရွံ့ကြဘဲ ငါအရှင်မြတ်ကိုသာ ကြောက်ရွံ့ ကြပါ။ ယနေ့ ငါအရှင်မြတ်သည် အသင်တို့အတွက် အသင်တို့၏ဒီန်သာသနာ ကို ပြည့်စုံစေတော်မူခဲ့ပြီးဖြစ်သည်။ ၎င်းပြင် ငါအရှင်မြတ်သည် ငါအရှင်မြတ်၏ ကျေးဇူးတော်ကို အသင်တို့အတွက် အပြည့်အဝပေးသနားတော်မူခဲ့ပြီးဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ်သည် အစ္စလာမ်(သာသနာ)ကို အသင်တို့အတွက် ဒီန် သာသနာအဖြစ် သဘောတူကျေနပ်တော်မူခဲ့ပြီးဖြစ်သည်။ ထို့နောက် မည်သူ မဆို ပြစ်မှုလိုလားသူမဟုတ်ဘဲနှင့် ဆာလောင်မွတ်သိပ်သဖြင့် မလွှဲမရှောင်သာ အကျပ်အတည်းဖြစ်ခြင်းခံခဲ့ရ(ပြီး တားမြစ်ထားသည်များကို စားသုံးမိခဲ့)လျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော် မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ အမိုက်ခေတ်က အရပ်တွေ မဲနှိုက်ဝေစုခွဲနည်းဥပမာမှာ - ကုလားအုတ်တစ်ကောင်ကို လူဆယ် ဦး အညီအမျှရှယ်ယာထည့်ပြီး ဝယ်လိုက်ကြတယ်။ ပြီးတော့ အသားကို ဝေစုခွဲဖို့ (အသွားနဲ့ အမွေး အတောင်မပါတဲ့)မြားဆယ်ချောင်းထားပြီး အဲဒီထဲက တစ်ချောင်းပေါ်မှာ ဆယ်ပုံခုနစ်ပုံ၊ နောက် တစ်ချောင်းပေါ်မှာ ဆယ်ပုံနှစ်ပုံ၊ နောက်တစ်ချောင်းပေါ်မှာ ဆယ်ပုံတစ်ပုံနဲ့ ကျန်မြားတွေပေါ်မှာ ဘာမှမရေးဘဲထားကာ မြားတွေကို လူဆယ်ဦးက နှိုက်ယူရတယ်။ ရေးထားတာရတဲ့သူကို အသား ခွဲပေးလိုက်တယ်။ မရေးထားတဲ့မြားရသူဟာ အသားမရတော့ဘူး။ ဒါဟာ လောင်းကစားနည်း တစ်မျိုးဖြစ်တဲ့အတွက် ဟရာမ်လုပ်ပိုင်ခွင့်မရှိဘူး။ (ဒီခေတ်မှာ ချဲထိုးခြင်း၊ ထီထိုးခြင်းတွေလိုဖြစ် တယ်။) (အာစားန် သရ်ဂျုမဟ်၊ အလင်းပြကျမ်း)

يَسْـَٔلُوْنَكَ مَاذَآ اُحِلَّ لَهُمْ ؕ قُلْ اُحِلَّ لَكُمُ الطَّيِّبٰتُ ۙ وَمَا عَلَّمْتُمْ مِّنَ الْجَوَارِحِ مُكَلِّبِيْنَ تُعَلِّمُوْنَهُنَّ مِمَّا عَلَّمَكُمُ اللّٰهُ ؗ فَكُلُوْا مِمَّآ اَمْسَكْنَ عَلَيْكُمْ وَاذْكُرُوا اسْمَ اللّٰهِ عَلَيْهِ ۪ وَاتَّقُوا اللّٰهَ ؕ اِنَّ اللّٰهَ سَرِيْعُ الْحِسَابِ ﴿۴﴾

(၄) သူတို့သည် သူတို့အတွက် မည်သည့်အရာများသည်(စားသုံးရန်) ဟလာလ်ခွင့်ပြုထားခြင်းခံရပါသနည်းဟု အသင်(တမန်တော်)အား မေးမြန်းကြသည်။ (အို-တမန်တော်)အသင် ပြောလိုက်ပါ၊ အသင်တို့(စားသုံးရန်)အတွက် သန့်ပြန့်စင်ကြယ်သောအရာ(တိရစ္ဆာန်)များသည် ဟလာလ်ခွင့်ပြုခြင်းခံရပြီးဖြစ်သည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်က အသင်တို့အား ပြသသောနည်းအတိုင်း အမဲလိုက်တိရစ္ဆာန်များအား အသင်တို့သင်ကြားလွှတ်လိုက်ပြီး အသင်တို့အတွက် ၎င်း(အမဲလိုက်တိရစ္ဆာန်)တို့က ဖမ်းဆီးလာခဲ့သော သားကောင်ကိုလည်း❷ အသင်တို့စားသုံးကြပါ။ ထို့ပြင် အသင်တို့သည် ၎င်း(အမဲလိုက်တိရစ္ဆာန်)ကို လွှတ်သောအခါ အလ္လာဟ်အရှင်မြတ်၏နာမတော်ကို တသကြပါ။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်အား ကြောက်ကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်လျင်မြန်စွာ စာရင်းစစ်ဆေးတော်မူသောအရှင် ဖြစ်တော်မူသည်။

❷ အမဲလိုက်တိရစ္ဆာန်တွေ ဖမ်းဆီးသတ်ဖြတ်ခဲ့တဲ့သားကောင်ကို စားသုံးပိုင်ဖို့ ဟနဖီမှာ အချက် ၅ချက်နဲ့ကိုက်ညီဖို့လိုပါတယ်။ (၁) သင်ကြားထားပြီး တိရစ္ဆာန် ဖြစ်ရမယ်။ (၂) အမဲလိုက်ဖို့ ရည်စူးလွှတ်ရမယ်။ (၃) တရားတော်ကပြတဲ့နည်းနဲ့ အမိန့်နာခံသူဖြစ်အောင် သင်ကြားထားရမယ်။ (၄) အမဲလိုက်ဖို့ လွှတ်တဲ့အချိန်မှာ ဗိစ္စမိလ္လာဟ် ဆိုရမယ်။ (၅) သားကောင်ကို သွေးယိုစီးအောင် ကိုက်ဖြတ်ခဲ့ရမယ်။ အဲဒီအချက်တွေနဲ့ ညီရင်စားပိုင်ခွင့် ရှိတယ်။ အသင်တို့ထံရောက်တဲ့အချိန်မှာ အသက်ရှင်နေသေးရင် အရှင့်နာမတော်တသပြီး ဇဗဟ်လုပ်ရမယ်။ (အလင်းပြကျမ်း)

اَلۡيَوۡمَ اُحِلَّ لَـكُمُ الطَّيِّبٰتُ ؕ وَطَعَامُ الَّذِيۡنَ اُوۡتُوا الۡـكِتٰبَ حِلٌّ لَّـكُمۡ ۖ وَطَعَامُكُمۡ حِلٌّ
لَّهُمۡ ۙ وَالۡمُحۡصَنٰتُ مِنَ الۡمُؤۡمِنٰتِ وَالۡمُحۡصَنٰتُ مِنَ الَّذِيۡنَ اُوۡتُوا الۡـكِتٰبَ مِنۡ قَبۡلِكُمۡ اِذَاۤ
اٰتَيۡتُمُوۡهُنَّ اُجُوۡرَهُنَّ مُحۡصِنِيۡنَ غَيۡرَ مُسٰفِحِيۡنَ وَلَا مُتَّخِذِىۡۤ اَخۡدَانٍ ؕ وَمَنۡ يَّكۡفُرۡ بِالۡاِيۡمَانِ
فَقَدۡ حَبِطَ عَمَلُهٗ ۖ وَهُوَ فِى الۡاٰخِرَةِ مِنَ الۡخٰسِرِيۡنَ ۝٥

(၅) ယနေ့ အသင်တို့အတွက် သန့်ပြန့်စင်ကြယ်သောအရာများသည် ဟလာလ်ခွင့်ပြုခြင်းခံရပြီးဖြစ်သည်။ ထို့ပြင် ကျမ်းရသူများ၏စားစရာ(များ)သည်လည်း❸ အသင်တို့အတွက် ခွင့်ပြုပြီးဖြစ်သည်။ ၎င်းပြင် အသင်တို့၏စားစရာ(များ)သည်လည်း သူတို့အတွက် ခွင့်ပြုပြီးဖြစ်သည်။ ထို့ပြင် သိက္ခာစောင့်ထိန်းသော မုအ်မိနဟ်အမျိုးသမီးများနှင့် အသင်တို့မတိုင်မီ ကျမ်းရသူများထဲမှ သိက္ခာစောင့်ထိန်းသောအမျိုးသမီးများကို အကယ်၍ အသင်တို့သည် သူမတို့၏(ထိမ်းမြားရန် သဘောတူထားသော)မဟရ်ပစ္စည်းများကို ပေးဆပ်ပြီး ကာမဂုဏ်လိုက်

စားသူများနှင့် တိတ်တိတ်ပုန်းမယားငယ်ပြုလုပ်ထားသူများ မဟုတ်ကြဘဲ သိက္ခာစောင့်စည်းလျက် (ထိမ်းမြားကြလျှင် ၎င်းသည် ခွင့်ပြုပြီးဖြစ်သည်)။ ထို့ပြင်မည်သူမဆို အီမာန်ယုံကြည်မှုကို ငြင်းပယ်လိုက်လျှင် [၄] ထိုသူ၏ကောင်းမှုသည် (အမှန်စင်စစ်) အကျိုးမဲ့အချည်းနှီးဖြစ်လိမ့်မည်။ ထို့ပြင် ထိုသူသည် တမလွန်ဘဝတွင် ပျက်စီးသောသူများထဲ၌ ပါဝင်လိမ့်မည်။

[၃] ကျမ်းရသူတွေဟာ အလ္လာဟ်အရှင်မြတ်ရဲ့နာမတော်ကို တသပြီး ဇဗဟ်လုပ်ခဲ့ရင် စားပိုင်ခွင့်ရှိတယ်။ ကျမ်းရသူတွေဆိုတာ အရှင်မြတ်မှာ သားရှိတယ်ဆိုပြီး ရှိရ်က်မလုပ်ကြတဲ့ ယဟူဒီ၊ နတ်စ်ရာနီ အစစ်တွေကို ဆိုလိုတယ်။ (အလင်းပြကျမ်း) [၄] အီမာန်ယုံကြည်ခြင်းထဲမှာ အရှင်မြတ်က ဟလာလ် ဒါမှမဟုတ် ဟရာမ်လို့မိန့်တာတွေကိုလည်း ယုံကြည်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ إِذَا قُمۡتُمۡ إِلَى ٱلصَّلَوٰةِ فَٱغۡسِلُواْ وُجُوهَكُمۡ وَأَيۡدِيَكُمۡ إِلَى ٱلۡمَرَافِقِ
وَٱمۡسَحُواْ بِرُءُوسِكُمۡ وَأَرۡجُلَكُمۡ إِلَى ٱلۡكَعۡبَيۡنِۚ وَإِن كُنتُمۡ جُنُبٗا فَٱطَّهَّرُواْۚ وَإِن
كُنتُم مَّرۡضَىٰٓ أَوۡ عَلَىٰ سَفَرٍ أَوۡ جَآءَ أَحَدٞ مِّنكُم مِّنَ ٱلۡغَآئِطِ أَوۡ لَٰمَسۡتُمُ ٱلنِّسَآءَ فَلَمۡ تَجِدُواْ
مَآءٗ فَتَيَمَّمُواْ صَعِيدٗا طَيِّبٗا فَٱمۡسَحُواْ بِوُجُوهِكُمۡ وَأَيۡدِيكُم مِّنۡهُۚ مَا يُرِيدُ ٱللَّهُ لِيَجۡعَلَ
عَلَيۡكُم مِّنۡ حَرَجٖ وَلَٰكِن يُرِيدُ لِيُطَهِّرَكُمۡ وَلِيُتِمَّ نِعۡمَتَهُۥ عَلَيۡكُمۡ لَعَلَّكُمۡ تَشۡكُرُونَ ٦

(၆) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် စွလာသ်ဝတ်ပြုရန် ရပ်ကြသောအခါ[၁] အသင်တို့၏မျက်နှာများနှင့် အသင်တို့၏လက်များကို တံတောင်ဆစ်များအပါအဝင် ဆေးကြောကြပါ။ ၎င်းပြင် အသင်တို့သည် အသင်တို့၏ဦးခေါင်းများကို ပွတ်သပ်ကြပါ။ ၎င်းပြင် အသင်တို့၏ခြေများကိုလည်း ခြေမျက်စိနှစ်ခုအပါအဝင် (ဆေးကြောကြပါ)။ ထို့ပြင် အကယ်၍ အသင်တို့သည် ခန္ဓာကိုယ်မသန့်သောသူများဖြစ်ခဲ့ကြလျှင်[၂] (တစ်ကိုယ်လုံးကို) သန့်ရှင်းအောင်ပြုကြပါ။ ထို့ပြင် အကယ်၍ အသင်တို့သည် ရောဂါသည်များဖြစ်ကြလျှင် သို့မဟုတ် ခရီး၌ရှိကြလျှင် သို့မဟုတ် အသင်တို့ထဲမှ တစ်စုံတစ်ဦးသည် ကျင်ကြီးကျင်ငယ်စွန့်ရာမှ ပြန်လာခဲ့လျှင်၊ သို့မဟုတ် အသင်တို့သည် (အသင်တို့၏)ဇနီးများနှင့် ပေါင်းသင်းဆက်ဆံခဲ့ကြလျှင်၊ ထို့နောက် အသင်တို့သည် (သန့်စင်ရန်) ရေကိုမရရှိခဲ့ကြလျှင် အသင်တို့သည် သန့်ပြန့်စင်ကြယ်သောမြေကြီးဖြင့် သယမ်မွမ်ပြုကြပါ။[၃] သို့ဖြစ်ရာ အသင်တို့သည် (လက်ဝါးနှစ်ဖက်ဖြင့် မြေကြီးကို ရိုက်ပုတ်ပြီး) အသင်တို့၏မျက်နှာများနှင့် အသင်တို့၏လက်များကို ၎င်း(မြေကြီး)ဖြင့် ပွတ်သပ်ကြပါ။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်တွင် မည်သည့်ကျဉ်းကျပ်မှုမျှ ပြုလုပ်ရန် ရည်ရွယ်တော်မမူပေ။[၄] သို့ရာတွင် အရှင်မြတ်သည် အသင်

တို့အား သန့်ရှင်းစင်ကြယ်စေရန်နှင့် အရှင်မြတ်၏ကျေးဇူးတော်ကို အသင်တို့အပေါ် ပြည့်ဝစွာ ပေးသနားတော်မူရန်အတွက်သာ❺ ရည်ရွယ်တော်မူသည်။ (ဤကဲ့သို့ ပြုလုပ်ခြင်းသည်) အသင်တို့ ကျေးဇူးတင်ကြရန်အတွက်ဖြစ်သည်။

❶ စွလာသ်ဝတ်ပြုဖို့ရပ်ခြင်းဆိုတာ စွလာသ်ဝတ်ပြုဖို့ရည်ရွယ်တာကို ဆိုလိုတယ်။ စွလာသ်ဝတ်ပြုမယ်ဆိုရင် ဝုဇူကို ဦးစွာပြုလုပ်ရမှာဖြစ်တယ်။ အာယသ်ထဲမှာပြထားတဲ့အတိုင်း အချက်လေးချက်ပြည့်စုံမှ ဝုဇူ ဖြစ်တယ်။(အဲဒါဟာ ဖရသ္ဒ် ဖြစ်တယ်။) (အလင်းပြကျမ်း) ❷ ရေချိုးဖို့တာဝန်ရှိသူဟာ တစ်ကိုယ်လုံး နေရာလပ်မကျန် သန့်စင်အောင် ရေချိုးမှသာ စွလာသ်ဝတ်ပြုလို့ရမှာဖြစ်တယ်။ (အလင်းပြကျမ်း) ❸ ဝုဇူပြုလုပ်ဖို့ တာဝန်ရှိသူရော ရေချိုးဖို့ တာဝန်ရှိသူပါ ရေမရှိခဲ့ရင် သန့်ပြန့်တဲ့မြေကြီးနဲ့ သယမ်မွမ်ပြုလုပ်ပြီး သန့်စင်ရမှာဖြစ်တယ်။ သယမ်မွမ်ဆိုတာ သန့်ပြန့်စင်ကြယ်ဖို့ ရည်ရွယ်ချက်နဲ့ လက်ဝါးနှစ်ဖက်ကို ပထမအကြိမ်မြေကြီးကို ရိုက်ပုတ်ပြီး အဲဒီလက်ဝါးနဲ့ မျက်နှာကို ပွတ်သပ်ရမှာဖြစ်တယ်။ ဒုတိယအကြိမ်မြေကြီးကို လက်ဝါးနှစ်ဖက်နဲ့ ပြန်ရိုက်ပုတ်ပြီး လက်နှစ်ဖက်ကို တံတောင်ဆစ်ထိ ပွတ်သပ်ရမှာ ဖြစ်တယ်။(အသေးစိတ်ပုံစံကိုတော့ နီးစပ်ရာကျွမ်းကျင်တဲ့ ပညာရှင်ထံမှာ မေးမြန်းနိုင်ပါတယ်။) (အလင်းပြကျမ်း) ❹ အရှင်မြတ်ဟာ လူတွေအတွက် လွယ်ကူတာပဲ အလိုရှိပြီး ခက်ခဲတာကို အလိုရှိတော်မမူဘူး။ (အလင်းပြကျမ်း) ❺ အရှင်မြတ်ဟာ သန့်ရှင်းမှုကို လိုလားတော်မူတယ်လို့ဆိုခြင်းဟာ ခန္ဓာကိုယ်သန့်ရှင်းမှုရော စိတ်နှလုံးသန့်ရှင်းမှုကိုပါ လိုလားတော်မူတဲ့အတွက် ခန္ဓာကိုယ်အတွက်ရော စိတ်နှလုံးအတွက်ပါ သန့်ရှင်းစင်ကြယ်အောင်လုပ်တဲ့နည်းစနစ်တွေကို မိန့်ကြားပေးခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَاذْكُرُوْا نِعْمَةَ اللّٰهِ عَلَيْكُمْ وَمِيْثَاقَهُ الَّذِيْ وَاثَقَكُمْ بِهٖٓ ۙ اِذْ قُلْتُمْ سَمِعْنَا وَاَطَعْنَا ۡ وَاتَّقُوا اللّٰهَ ۭ اِنَّ اللّٰهَ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ۝٧

(၇) ထို့ပြင် အသင်တို့သည် အသင်တို့အပေါ် အလ္လာဟ်အရှင်မြတ်က ပြုထားသောကျေးဇူးတော်ကို သတိရကြပါ။ ၎င်းပြင် အသင်တို့က "ကျွန်ုပ်တို့သည် ကြားနာ၍ လိုက်နာကြပါပြီ"ဟု ပြောဆိုကြစဉ်က အရှင်မြတ်သည် အသင်တို့နှင့် ခိုင်မာစွာ ပြုလုပ်ခဲ့သောကတိသစ္စာကိုလည်း သတိရကြပါ။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် စိတ်နှလုံးများထဲ၌ ရှိသည်များကို အကြွင်းမဲ့သိတော်မူသော အရှင် ဖြစ်တော်မူသည်။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا كُوْنُوْا قَوّٰمِيْنَ لِلّٰهِ شُهَدَاۗءَ بِالْقِسْطِ ۡ وَلَا يَجْرِمَنَّكُمْ شَنَاٰنُ قَوْمٍ عَلٰٓي اَلَّا تَعْدِلُوْا ۭ اِعْدِلُوْا ۣ هُوَ اَقْرَبُ لِلتَّقْوٰى ۡ وَاتَّقُوا اللّٰهَ ۭ اِنَّ اللّٰهَ خَبِيْرٌۢ بِمَا تَعْمَلُوْنَ ۝٨

(၈) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အတွက် ဖြောင့်မတ်သောသူများ၊ တရားမျှတစွာ သက်သေခံသူများ ဖြစ်ကြပါ။❶ ထို့ပြင် လူမျိုးတစ်မျိုးကို မုန်းတီးခြင်းသည် အသင်တို့အား တရား

မျှတမှု မရှိအောင် လုံးဝမလှုံ့ဆော်စေနှင့်။❼ အသင်တို့သည် (မည်သည့်ကိစ္စ၌မဆို)တရားမျှတကြပါ။ ထိုအရာသည် သက္ကဝါကြောက်ရွံ့အပြစ်ရှောင်ကောင်းကျိုးဆောင်မှုနှင့် အနီးစပ်ဆုံးဖြစ်သည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သည်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်ဖြစ်တော်မူသည်။

❻ အလ္လာဟ်အရှင်မြတ် သတ်မှတ်ပြဌာန်းတော်မူတဲ့တာဝန်ဝတ္တရားတွေထဲမှာ အရှင်မြတ်နဲ့ပတ်သက်တဲ့တာဝန်တွေကို حُقُوقُ اللهِလို့ခေါ်ပြီး قَوّٰمِيْنَ لِلّٰهِ ဆိုတဲ့အထဲမှာ ရည်ညွှန်းထားတယ်။ အရှင်မြတ်ရဲ့ကျွန်တွေနဲ့ ပတ်သက်တဲ့တာဝန်တွေကို حُقُوقُ الْعِبَادِလို့ ခေါ် ပြီး شُهَدَآءَ بِالْقِسْطِဆိုတဲ့အထဲမှာ ရည်ညွှန်းထားတယ်။(အလင်းပြကျမ်း) ❼ တရားမျှတမှုဟာ အလွန်အရေးကြီးတဲ့အတွက် အမြဲတမ်းတရားမျှမျှတတနဲ့ ဆက်ဆံကြဖို့ အမိန့်ပေးထားတာဖြစ်တယ်။ တရားမျှတမှုကို ပျက်စီးစေတဲ့အကြောင်းခံ နှစ်မျိုးရှိတယ်။ ပထမတစ်မျိုးက ချစ်ခင်တာကြောင့် အခွင့်အရေးပိုပေးပြီး မျှတမှုကိုဖျက်ဆီးတာဖြစ်တယ်။ ဒုတိယတစ်မျိုးက မုန်းတီးတာကြောင့် အခွင့်အရေးမပေးဘဲ မျှတမှုကိုဖျက်ဆီးတာဖြစ်တယ်။ ဒီနှစ်ခုလုံးကနေ ရှောင်ကြဉ်ပြီး ချစ်တဲ့သူကိုရော မုန်းတဲ့သူကိုပါ မျှမျှတတဆက်ဆံတော့မှသာ သက္ကဝါ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်တဲ့အဆင့်နဲ့ အနီးစပ်ဆုံးဖြစ်တဲ့အကြောင်း မိန့်ဆိုထားတာဖြစ်တယ်။ အဲဒီလို မျှတနိုင်ဖို့အတွက် နည်းလမ်းကတော့ အရှင်မြတ်ကို ကြောက်ခြင်းဖြစ်တယ်။ အရှင်မြတ်ကို ကြောက်ရင် ချစ်တဲ့သူနဲ့ မုန်းတဲ့သူကို ခွဲခြားပြီးမျက်နှာလိုက်ဆက်ဆံမှာ မဟုတ်တော့ဘူး။ (ဒီအကြောင်း အာယသ် ၄း၁၃၅ မှာလည်း မိန့်ဆိုခဲ့ပြီးဖြစ်တယ်)။ (အလင်းပြကျမ်း)

وَعَدَ اللّٰهُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ ۙ لَهُمْ مَّغْفِرَةٌ وَّاَجْرٌ عَظِيْمٌ ﴿٩﴾

(၉) အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်သူများအား သူတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးကျယ်သော အကျိုးဆုလာဘ်ရှိသည်ဟု ကတိပြုတော်မူခဲ့သည်။

وَالَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِاٰيٰتِنَآ اُولٰٓئِكَ اَصْحٰبُ الْجَحِيْمِ ﴿١٠﴾

(၁၀) ထို့ပြင် အကြင်သူများသည် သွေဖည်ခဲ့ကြပြီး ငါအရှင်မြတ်၏ သက်သေလက္ခဏာ၊ တန်ခိုးတော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းဆိုခဲ့ကြသည်။ ထိုသူများသည် ငရဲဘုံသားများပင်ဖြစ်ကြသည်။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اذْكُرُوْا نِعْمَتَ اللّٰهِ عَلَيْكُمْ اِذْ هَمَّ قَوْمٌ اَنْ يَّبْسُطُوْٓا اِلَيْكُمْ اَيْدِيَهُمْ فَكَفَّ
اَيْدِيَهُمْ عَنْكُمْ ۚ وَاتَّقُوا اللّٰهَ ۗ وَعَلَى اللّٰهِ فَلْيَتَوَكَّلِ الْمُؤْمِنُوْنَ ﴿١١﴾

(၁၁) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့အပေါ်၌ရှိသော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို သတိရကြပါ။ တစ်ခါတွင် လူမျိုးတစ်မျိုးသည် သူတို့၏လက်များကို အသင်တို့ဘက်သို့ လှမ်း(ပြီး

အသင်တို့အား သတ်ဖြတ်)ကြရန် ကြံစည်ခဲ့ကြသည်။❶ သို့ဖြစ်ရာ အရှင်မြတ်
သည် သူတို့၏လက်များကို အသင်တို့(အား သတ်ဖြတ်ခြင်း)မှ တားဆီးတော်မူ
ခဲ့သည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။
ၦင်းပြင် မုအ်မင်န်ယုံကြည်သူများသည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ယုံပုံ
အားကိုးကြရမည် ဖြစ်သည်။

❶ မွတ်စ်လင်မ်တွေကို သတ်ဖြတ်ဖို့ ကြံစည်တဲ့လူမျိုးတစ်မျိုးဆိုတာ တမန်တော်မြတ် ﷺ စတင်ပွင့်ခါစအစပိုင်းကာလမှာကုရိုင်းရှ်လူမျိုးတွေထဲကမုရှ်ရိက်တွေဖြစ်ပြီးတမန်တော်မြတ် ﷺ ပွင့်ပေါ်ချိန်နောက်ပိုင်းကာလမှာ ယဟူဒီလူမျိုးတွေဖြစ်ခဲ့ကြတယ်။ (သွပ်ဖ်ရီ၊အလင်းပြကျမ်း)

وَلَقَدۡ أَخَذَ ٱللَّهُ مِيثَٰقَ بَنِيٓ إِسۡرَٰٓءِيلَ وَبَعَثۡنَا مِنۡهُمُ ٱثۡنَيۡ عَشَرَ نَقِيبٗاۖ وَقَالَ ٱللَّهُ إِنِّي مَعَكُمۡۖ لَئِنۡ أَقَمۡتُمُ ٱلصَّلَوٰةَ وَءَاتَيۡتُمُ ٱلزَّكَوٰةَ وَءَامَنتُم بِرُسُلِي وَعَزَّرۡتُمُوهُمۡ وَأَقۡرَضۡتُمُ ٱللَّهَ قَرۡضًا حَسَنٗا لَّأُكَفِّرَنَّ عَنكُمۡ سَيِّـَٔاتِكُمۡ وَلَأُدۡخِلَنَّكُمۡ جَنَّٰتٖ تَجۡرِي مِن تَحۡتِهَا ٱلۡأَنۡهَٰرُۚ فَمَن كَفَرَ بَعۡدَ ذَٰلِكَ مِنكُمۡ فَقَدۡ ضَلَّ سَوَآءَ ٱلسَّبِيلِ ﴿١٢﴾

(၁၂)ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အစ္စရာအီလ်လူမျိုး
များထံမှ ကတိဝန်ခံချက်ကို ရယူတော်မူခဲ့သည်။ ၎င်းပြင် ငါအရှင်မြတ်သည်
သူတို့ထဲမှ အကြီးအကဲ ဆယ့်နှစ်ဦးခန့်အပ်တော်မူခဲ့သည်။ ထို့နောက် အလ္လာဟ်
အရှင်မြတ်သည် မိန့်ကြားတော်မူခဲ့သည်။ အမှန်မုချ ငါအရှင်မြတ်သည် အသင်
တို့နှင့်အတူ ရှိလိမ့်မည်။ အကယ်၍ အသင်တို့သည် စွလာသ်ဝတ်ပြုမှုကို တည်
ဆောက်ကြမည်၊ ၎င်းပြင် အသင်တို့သည် ဇကာသ်(ဆင်းရဲသားနှင့် လိုအပ်သူ
များ၏ဝေစု)ကိုလည်း ပေးဆောင်ကြမည်၊ ၎င်းပြင် အသင်တို့သည် ငါအရှင်မြတ်
၏တမန်တော်များကိုလည်း ယုံကြည်ကြပြီး ၎င်းတို့အား ကူညီရိုင်းပင်းကြမည်၊
၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အားလည်း ကောင်းမွန်သောကြွေး❷
ချေးကြမည်ဆိုလျှင် ငါအရှင်မြတ်သည် အသင်တို့၏မကောင်းမှုများကို အမှန်ပင်
ပပျောက်စေတော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့အား ဥယျာဉ်များ
ထဲသို့ အမှန်ပင် ဝင်ရောက်စေတော်မူမည်၊ ၎င်းတို့၏အောက်၌ စမ်းရေချောင်း
များ စီးဆင်းနေလိမ့်မည်။ ၎င်းပြင် အသင်တို့ထဲမှ မည်သူမဆို ထို(သို့ကတိ ဝန်ခံ
ချက်ယူပြီး)နောက်တွင်မှငြင်းပယ်ခဲ့လျှင် ထိုသူသည် ဖြောင့်မတ်သော(တရား)
လမ်းမှ အမှန်ပင် လွဲမှားသွားခဲ့ပြီဖြစ်သည်။

❷ အရှင်မြတ်အတွက် ရည်ရွယ်ပြီး အရှင်မြတ် စေခိုင်းတော်မူထားတဲ့နေရာတွေမှာ သုံးစွဲလှူဒါန်းခြင်းကို အရှင်မြတ်က အကြွေးအဖြစ်နဲ့ တင်စားသုံးနှုန်းထားခြင်းဟာ ကြွေးချေးထားတဲ့ပစ္စည်းလို

မလျော့နည်း မပျောက်ပျက်ဘဲ သေချာပေါက်ပြန်ရမယ်ဆိုတာကို လေးနက်စေချင်တဲ့အတွက်ဖြစ်တယ်။ ကြွေးမြီးယူထားလျှင် ပြန်ဆပ်ဖို့ အရေးကြီးသလို အရှင်မြတ်က အစားပြန်ပေးဖို့ အရှင်မြတ်အပေါ်မှာ မလုပ်မနေရ တာဝန်သဘောမျိုးမဟုတ်ဘဲ မိမိရဲ့ချီးမြှင့်မှု ကရုဏာတို့နဲ့ ကိုယ့်ကိုယ်ကိုယ်တာဝန်တစ်ခုလို သဘောထားတော်မူတယ်လို့ ဆိုလိုတာဖြစ်တယ်။

(သဖ်စီရ်အွဆ်မာနီ စာ-၁၄၅၊ အောက်ခြေ-၈)

فَبِمَا نَقْضِهِمْ مِّيْثَاقَهُمْ لَعَنّٰهُمْ وَجَعَلْنَا قُلُوْبَهُمْ قٰسِيَةً ۚ يُحَرِّفُوْنَ الْكَلِمَ عَنْ مَّوَاضِعِهٖ ۙ وَنَسُوْا حَظًّا مِّمَّا ذُكِّرُوْا بِهٖ ۚ وَلَا تَزَالُ تَطَّلِعُ عَلٰى خَآئِنَةٍ مِّنْهُمْ اِلَّا قَلِيْلًا مِّنْهُمْ فَاعْفُ عَنْهُمْ وَاصْفَحْ ۗ اِنَّ اللّٰهَ يُحِبُّ الْمُحْسِنِيْنَ ﴿١٣﴾

(၁၃) ထို့နောက် ၎င်း(ယဟူဒီ)တို့သည် သူတို့၏ကတိဝန်ခံချက်ကို ဖောက်ဖျက်ခြင်းကြောင့် ငါအရှင်မြတ်သည် သူတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့၏ စိတ်နှလုံးများကိုလည်း ခက်ထန်မာကျောအောင် ပြုလုပ်တော်မူခဲ့သည်။ သူတို့သည် (သောင်ရာသ်ကျမ်း၏)အာယသ်တော်များကို သူတို့၏ မူလနေရာများမှ(လုပ်ကြံ)ရွှေ့ပြောင်းကြသည်။ ၎င်းပြင် သူတို့သည် သူတို့ သတိပေးဆုံးမခြင်းခံရသည့်အထဲမှ(တမန်တော်မုဟမ္မဒ် မှန်ကန်ကြောင်း)အစိတ်အပိုင်းတစ်ခုကို❸ မေ့ပစ်ခဲ့ကြသည်။ ထို့ပြင် အသင်သည် သူတို့ထဲမှ အချို့သူမှလွဲ၍ (ကျန်သူများ၏)သစ္စာမဲ့မှု တစ်စုံတစ်ခုကို အမြဲဖော်ထုတ်သိရှိနေရလိမ့်မည်။ သို့ဖြစ်ရာ အသင်သည် သူတို့အား ခွင့်လွှတ်ထားလိုက်ပါ၊ ၎င်းပြင် အသင်သည် မျက်နှာလွှဲပြီးနေလိုက်ပါ၊❹ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကောင်းကျိုးဆောင်ရွက်သောသူများကို ချစ်ခင်မြတ်နိုးတော်မူသည်။

❸ မေ့ပစ်လိုက်တဲ့အစိတ်အပိုင်းဆိုတာ တမန်တော်မြတ် ﷺ အပေါ်မှာအီမာန်ယုံကြည်ဖို့နဲ့တမန်တော်မြတ် ﷺ ရဲ့ စွဲဖာသ် ဂုဏ်အရည်အချင်းတွေကို ထိမ်ချန်လျှို့ဝှက်မထားကြဖို့ သတိပေးထားခဲ့တာကို မေ့ပစ်လိုက်ကြတာကို ဆိုလိုတယ်။ (ကုရ်သွုဗီ) ❹ အဲဒီလိုကိစ္စရပ်တွေကို တမန်တော်မြတ် ﷺ စတင်ပွင့်ခါစ အစပိုင်းကာလမှာ အရေးမယူဘဲ ခွင့်လွှတ်ဥပေက္ခာပြုထားလိုက်ဖို့ညွှန်ကြားခဲ့တယ်။ တမန်တော်မြတ် ﷺ ပွင့်ပေါ်ချိန် နောက်ပိုင်းမှာ ကုရ်အာန် - ၉း၂၉ နဲ့အရေးယူတိုက်ခိုက်ဖို့ ညွှန်ကြားခဲ့တယ်။ ဒါပေမဲ့ ဒီညွှန်ကြားချက်ကြောင့် တစ်ချိန်ချိန်၊ တစ်နေရာရာမှာ အဲဒီလိုအုပ်စုနဲ့ ရင်ဆိုင်ရတဲ့အခါ ခွင့်လွှတ်မှုနဲ့ မဆက်ဆံရဘူးလို့ သတ်မှတ်ရာ မရောက်ပါ။ (သဖ်စီရ် အွဆ်မာနီ)

وَمِنَ الَّذِيْنَ قَالُوْٓا اِنَّا نَصٰرٰٓى اَخَذْنَا مِيْثَاقَهُمْ فَنَسُوْا حَظًّا مِّمَّا ذُكِّرُوْا بِهٖ ۖ فَاَغْرَيْنَا بَيْنَهُمُ الْعَدَاوَةَ وَالْبَغْضَآءَ اِلٰى يَوْمِ الْقِيٰمَةِ ۗ وَسَوْفَ يُنَبِّئُهُمُ اللّٰهُ بِمَا كَانُوْا يَصْنَعُوْنَ ﴿١٤﴾

(၁၄) ထို့ပြင် ငါအရှင်မြတ်သည် "အမှန်မုချ ကျွန်ုပ်တို့သည် နစ္စာရာ

(နတ်စွဲ့ရာနီများ)ဖြစ်ကြပါသည်” ဟု ပြောဆိုကြသောသူများထံမှလည်း သူတို့၏ ကတိဝန်ခံချက်ကို ယူတော်မူခဲ့သည်။ ထို့နောက် သူတို့သည် သူတို့သတိပေးဆုံးမခြင်းခံရသည့် (အင်န်ဂျီလ်ကျမ်း)အထဲမှ အစိတ်အပိုင်းတစ်ခုကို မေ့ပစ်ခဲ့ကြသည်။ ထို့ကြောင့် ငါအရှင်မြတ်သည် သူတို့ထဲတွင် ကိယာမသ်နေ့ထိ ရန်ငြိုးမှုနှင့် မုန်းတီးမှုကို ထည့်သွင်းပေးတော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့အား သူတို့ပြုလုပ်နေခဲ့သည်များကို မကြာမီ အသိပေးတော်မူမည်။

يَٰٓأَهۡلَ ٱلۡكِتَٰبِ قَدۡ جَآءَكُمۡ رَسُولُنَا يُبَيِّنُ لَكُمۡ كَثِيرٗا مِّمَّا كُنتُمۡ تُخۡفُونَ مِنَ ٱلۡكِتَٰبِ وَيَعۡفُواْ عَن كَثِيرٖۚ قَدۡ جَآءَكُم مِّنَ ٱللَّهِ نُورٞ وَكِتَٰبٞ مُّبِينٞ ﴿١٥﴾

(၁၅) အို-ကျမ်းရသူအပေါင်းတို့၊ ငါအရှင်မြတ်၏ ရစူလ်တမန်တော်သည် အသင်တို့ထံသို့ အမှန်စင်စစ်ရောက်လာပြီဖြစ်သည်။ ထိုတမန်တော်သည် (သောင်ရာသ်နှင့်အင်န်ဂျီလ်)ကျမ်းထဲမှ အသင်တို့ လျှို့ဝှက်ဖုံးကွယ်ထားခဲ့သောအရာများထဲမှ ကိစ္စအမြောက်အမြားကို အသင်တို့အား ထုတ်ဖော်ရှင်းလင်းပြသသည်။❶ ထို့ပြင် ကိစ္စအမြောက်အမြားကိုမူ အပြစ်မယူဘဲ ခွင့်လွှတ်သည်။❷ အသင်တို့ထံသို့ အလ္လာဟ်အရှင်မြတ်ထံတော်မှ ရောင်ခြည်တော်လည်းဖြစ်သောထင်ရှားသည့် (ကုရ်အာန်)ကျမ်းတော်မြတ်❸ သည် အမှန်စင်စစ်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

❶ ကျမ်းရသူတွေ ထိမ်ချန်ထားတဲ့အရာအမြောက်အမြားကိုတမန်တော်မြတ် ﷺ ဟာအရှင်မြတ်ရဲ့ ဝဟီအသိပေးမှုနဲ့ ထုတ်ဖော်ပြောပြခဲ့တယ်။ ဒါဟာ တမန်တော်ဖြစ်ခြင်းရဲ့ အထောက်အထားတွေထဲက တစ်ခုဖြစ်တယ်။(အလင်းပြကျမ်း) ❷ ကိစ္စအမြောက်အမြားကို သိပါလျက်နဲ့ ထုတ်ဖော်ပြောဆိုဖို့ တရားတော်အရ တစ်စုံတစ်ရာအကျိုးမရှိဘဲ အသင်တို့ရဲ့သိက္ခာကျရုံသက်သက်ပဲဖြစ်နေရင် အဲဒီကိစ္စတွေကို မပြောဘဲ ခွင့်လွှတ်လျစ်လျူရှုထားခဲ့တယ်။ တမန်တော်မြတ် ﷺ ရဲ့တခြားမုအ်ဂျိဇဟ်တန်ခိုးတော်တွေအပြင် တမန်တော်မြတ် ﷺ က အသင်တို့ကိုဒီလိုကောင်းမွန်တဲ့အကျင့်စာရိတ္တနဲ့ဆက်ဆံတာပဲ တမန်တော်ဖြစ်ကြောင်း အထောက်အထားအဖြစ် လုံလောက်နေတယ်။ (မအာရိဖွလ်ကုရ်အာန်) ❸ نُورٌ وَّكِتَابٌ مُّبِينٌ “အလင်းရောင်ဖြစ်ပြီး ထိုအလင်းရောင်သည် ထင်ရှားသောကျမ်းဖြစ်သည်”လို့ အဓိပ္ပာယ်ဖွင့်တဲ့ واو تفسيرية ဖြစ်တယ်။ ဒါ့ကြောင့် ရှေ့မှာ တစ်ဆက်တည်းလာတဲ့ အာယသ်အစမှာ يَهۡدِي بِهِ ٱللَّهُ “အလ္လာဟ်အရှင်မြတ်သည် ၎င်းနှင့် လမ်းမှန်ညွှန်ကြားပြသတော်မူသည်”လို့ တစ်ခုကိန်းနဲ့ မိန့်ထားတော်မူတယ်။ တကယ်လို့ နူးရ်က သတ်သတ်တစ်ခု ကိသာဗ်က သတ်သတ်တစ်ခုဖြစ်ရင် يَهۡدِي بِهِمَا ٱللَّهُ “အလ္လာဟ်အရှင်မြတ်သည် ထိုနှစ်ခုနှင့် လမ်းမှန်ညွှန်ကြားပြသတော်မူသည်” လို့ အမိန့်ရှိမှာဖြစ်တယ်။ (သဖ်စီရွှန်နစဖီ၊ အလ်ဗဟ်ရွလ်မုဟီးသွ်) إِنَّ ٱلصَّفَا وَٱلۡمَرۡوَةَ စွဖာနဲ့ မရ်ဝဟ်နဲ့ပတ်သက်ပြီး أَن يَطَّوَّفَ بِهِمَا “ထိုနှစ်ခုကို လှည့်ပတ်ခြင်း”လို့ သုံးနှုန်းထားပါတယ်။ သတ်သတ်တစ်ခုစီဖြစ်လို့ နှစ်ခုကိန်းကို သုံးခြင်းဖြစ်တယ်။(ကုရ်အာန် ၂း၁၅၈)။ ကုရ်အာန်ထဲမှာ

အဲဒီလို နှစ်ခုကိန်း ဗိဟိမာနဲ့ သတ်သတ်သုံးထားတာ သုံးနေရာပဲရှိပါတယ်။ နောက်နှစ်နေရာမှာ - ၄း၁၃၅ မှာ فَاللّٰهُ اَوْلٰى بِهِمَا နဲ့ (၂၄း၂)မှာ وَلَا تَاْخُذْكُمْ بِهِمَا رَاْفَةٌ တို့ဖြစ်ကြတယ်။

(قَدْ جَاءَكُمْ مِّنَ اللّٰهِ نُورٌ وَّكِتَابٌ مُّبِينٌ) فِي الْمُرَادِ بِالنُّورِ هُنَا ثَلَاثَةُ أَقْوَالٍ: أَحَدُهَا: أَنَّهُ النَّبِيُّ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ. ثَانِيهَا: أَنَّهُ الْإِسْلَامُ. ثَالِثُهَا: أَنَّهُ الْقُرْآنُ. فَبَيَّنَ مَزِيَّةَ النُّورِ وَالْكِتَابِ الْمُبِينِ بِضَمِيرِ الْمُفْرَدِ فَقَالَ: (يَهْدِي بِهِ) وَلَمْ يَقُلْ (بِهِمَا)، فَكَانَ هٰذَا مُرَجِّحًا لِكَوْنِ الْمُرَادِ بِهِمَا وَاحِدًا، وَهُوَ الْقُرْآنُ. (تفسير المنار)

ဒီနေရာမှာ နူးရ်ရောင်ခြည်နဲ့ပတ်သက်ပြီး အဆိုသုံးမျိုးလာရှိတယ် - (၁) တမန်တော်မြတ် ﷺ (၂)အစ္စလာမ် (၃)ကုရ်အာန် ဖြစ်တယ်။ အဲဒီနောက် ဆက်လက်ပြီး နူးရ်ရောင်ခြည်နဲ့ ထင်ရှားတဲ့ကျမ်းကို နာမ်စားတစ်လုံးတည်းသုံးပြီး ပေါ်လွင်ထင်ရှားအောင် ပြသထားခြင်းက နူးရ်ရောင်ခြည်ဟာ ထင်ရှားတဲ့ကျမ်းကိုပဲ ဆိုလိုတာဖြစ်ကြောင်း ဦးစားပေးထားခြင်းဖြစ်ပြီး အဲဒီနူးရ်ရောင်ခြည်နဲ့ ထင်ရှားတဲ့ကျမ်း နှစ်ခုစလုံးဟာ ကုရ်အာန်ကျမ်းတော်မြတ်ပဲဖြစ်တယ်။ (သဖ်စီရ်အလ်မနားရ်)

يَّهْدِىْ بِهِ اللّٰهُ مَنِ اتَّبَعَ رِضْوَانَهٗ سُبُلَ السَّلٰمِ وَ يُخْرِجُهُمْ مِّنَ الظُّلُمٰتِ اِلَى النُّوْرِ بِاِذْنِهٖ وَ يَهْدِيْهِمْ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿١٦﴾

(၁၆) အလ္လာဟ်အရှင်မြတ်သည် ထို(ကုရ်အာန်)ကျမ်းတော်မြတ်ဖြင့် အရှင်မြတ်၏နှစ်သက်မှုကို လိုက်နာသောသူများအား ငြိမ်းချမ်းသောလမ်းများကိုညွှန်ပြတော်မူသည်။ ၎င်းပြင် အရှင်မြတ်သည် သူတို့အား အရှင်မြတ်၏အမိန့်တော်ဖြင့် (ကုဖ်ရ်)အမှောင်ထုများထဲမှ (အစ္စလာမ်)လင်းရောင်ခြည်ဘက်သို့ ထုတ်ယူပို့ဆောင်တော်မူသည်။ ၎င်းပြင် အရှင်မြတ်သည် သူတို့အား ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို ညွှန်ပြတော်မူသည်။

لَقَدْ كَفَرَ الَّذِيْنَ قَالُوْٓا اِنَّ اللّٰهَ هُوَ الْمَسِيْحُ ابْنُ مَرْيَمَ ؕ قُلْ فَمَنْ يَّمْلِكُ مِنَ اللّٰهِ شَيْـًٔا اِنْ اَرَادَ اَنْ يُّهْلِكَ الْمَسِيْحَ ابْنَ مَرْيَمَ وَاُمَّهٗ وَمَنْ فِى الْاَرْضِ جَمِيْعًا ؕ وَلِلّٰهِ مُلْكُ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا ؕ يَخْلُقُ مَا يَشَآءُ ؕ وَاللّٰهُ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ﴿١٧﴾

(၁၇) အမှန်စင်စစ် "အလ္လာဟ်ဆိုသည်မှာ မရ်ယမ်၏သားတော် မစီဟ်(အီစာ)ပင်ဖြစ်သည်"ဟု ပြောဆိုခဲ့ကြသောသူများသည် အမှန်မုချ သွေဖည်ငြင်းပယ်ခဲ့ကြပြီဖြစ်သည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ သို့ဖြစ်လျှင် အကယ်၍ အရှင်မြတ်က မရ်ယမ်၏သားတော်မစီဟ်(အီစာ)၊ ၎င်း၏မိခင်နှင့် ကမ္ဘာမြေတွင် ရှိသမျှသူအားလုံးကို ဖျက်ဆီးပစ်တော်မူလိုလျှင် အလ္လာဟ်အရှင်မြတ်(၏အမိန့်တော်)မှ တစ်စုံတစ်ရာကို ဝင်ရောက်စွက်ဖက်နိုင်မည့်သူ မည်သူရှိသနည်း။ ၎င်းပြင် မိုးကောင်းကင်များနှင့် မြေပထဝီသာမက ထိုနှစ်ခုကြားရှိ အရာအားလုံးတို့၏ပိုင်ဆိုင်မှုသည် အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်သည်။ အရှင်မြတ်သည် အရှင်မြတ် အလိုတော်ရှိရာကို ဖန်ဆင်းတော်မူသည်။ ၎င်းပြင်

အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

وَقَالَتِ الْيَهُوْدُ وَالنَّصٰرٰى نَحْنُ اَبْنٰٓؤُا اللّٰهِ وَاَحِبَّآؤُهٗ ۭ قُلْ فَلِمَ يُعَذِّبُكُمْ بِذُنُوْبِكُمْ ۭ بَلْ اَنْتُمْ بَشَرٌ مِّمَّنْ خَلَقَ ۭ يَغْفِرُ لِمَنْ يَّشَاۗءُ وَيُعَذِّبُ مَنْ يَّشَاۗءُ ۭ وَلِلّٰهِ مُلْكُ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا ۡ وَاِلَيْهِ الْمَصِيْرُ ﴿١٨﴾

(၁၈) ထို့ပြင် ယဟူဒီများနှင့် နတ်စ္စရာနီများက "ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏သားတော်များနှင့်၊(၁) အရှင်မြတ်၏အချစ်တော်များ ဖြစ်ကြသည်"ဟု ပြောဆိုကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ သို့ဖြစ်လျှင် အဘယ်ကြောင့် အရှင်မြတ်သည် အသင်တို့အား အသင်တို့၏အပြစ်များကြောင့် ဒဏ်ခတ်(ရန် ငရဲမီးကို အသင့်ပြင်ဆင်ထား)သနည်း။(၂) ထိုသို့မဟုတ်ပေ၊ စင်စစ်မှာမူ အသင်တို့သည်လည်း အရှင်မြတ်ဖန်ဆင်းတော်မူသည့်အထဲမှ လူသာမန်များပင်ဖြစ်ကြသည်။ အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသူကို လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူပြီး အရှင်မြတ်အလိုရှိတော်မူသူကို ပြစ်ဒဏ်ပေးတော်မူသည်။ ၎င်းပြင် မိုးကောင်းကင်များနှင့် မြေပထဝီသာမက ထိုနှစ်ခုကြားရှိ အရာအားလုံးတို့၏ပိုင်ဆိုင်မှုသည် အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်သည်။ ထို့ပြင် (အားလုံး၏)ပြန်လည်ရောက်ရှိရာဌာနသည် အရှင်မြတ်ထံတော်သို့ပင်ဖြစ်သည်။

(၁) ယဟူဒီတွေက တမန်တော် အုဇိုင်းရ် عليه السلام ကို အရှင်မြတ်ရဲ့သားတော်လို့ပြောဆိုကြတယ်။ နတ်စ္စရာနီတွေက တမန်တော်အီစာ عليه السلام ကို အရှင်မြတ်ရဲ့ သားတော်လို့ ပြောဆိုကြတယ်။ အဲဒီနောက် သူတို့နှစ်အုပ်စုလုံးက တို့တစ်တွေဟာ အရှင်မြတ်ရဲ့သားတော်တွေဖြစ်ကြပြီး အချစ်တော်တွေလည်းဖြစ်ကြတယ်လို့ ပြောဆိုကြတယ်။(ကုရ်အာန် - ၉း၃၀၊ ၅း၁၈) (၂) သူတို့ဟာ ဘယ်သူဘယ်ဝါဖြစ်တယ်၊ ဘယ်သူဘယ်ဝါရဲ့ သားဖြစ်တယ်ဆိုတာကို အရှင်မြတ်က ကြည့်တော်မမူဘူး။ အရှင်မြတ် ကြည့်တော်မူတာက ဘယ်သူဟာ အီမာန်နဲ့ သက္ကဝါရှိပြီး ကောင်းမြတ်တဲ့လုပ်ရပ်တွေ လုပ်တာမလုပ်တာကိုပဲ ကြည့်တော်မူတယ်။ ဒါကြောင့် အဲဒီအချက်တွေမရှိတဲ့သူကို အရှင်မြတ်က အပြစ်ဒဏ်ခတ်တော်မူကြောင်း မိန့်ထားတာဖြစ်တယ်။ (အွဆ်မာနီ)

يٰٓاَهْلَ الْكِتٰبِ قَدْ جَاۗءَكُمْ رَسُوْلُنَا يُبَيِّنُ لَكُمْ عَلٰي فَتْرَةٍ مِّنَ الرُّسُلِ اَنْ تَقُوْلُوْا مَا جَاۗءَنَا مِنْۢ بَشِيْرٍ وَّلَا نَذِيْرٍ ۡ فَقَدْ جَاۗءَكُمْ بَشِيْرٌ وَّنَذِيْرٌ ۭ وَاللّٰهُ عَلٰي كُلِّ شَيْءٍ قَدِيْرٌ ﴿١٩﴾

(၁၉) အို-ကျမ်းရသူအပေါင်းတို့၊ တမန်တော်များ အဆက်ပြတ်နေသောကာလတွင်(၃) ငါအရှင်မြတ်၏ တမန်တော်(မုဟမ္မဒ်)သည် အသင်တို့ထံသို့ အမှန်စင်စစ်ရောက်ရှိလာခဲ့ပြီဖြစ်သည်။၎င်း(တမန်တော်)သည် အသင်တို့အား(အမိန့်တော်များကို) ရှင်းလင်းပြသသည်။ (အဘယ်ကြောင့်ဆိုသော်) အသင်တို့သည်

(ကိယာမသ်နေ့၌) ကျွန်ုပ်တို့ထံသို့ မည်သည့်သတင်းကောင်းပေးသူနှင့် မည်သည့်သတိပေးနှိုးဆော်သူမျှ ရောက်မလာခဲ့ပါဟု မပြောဆိုနိုင်ကြရန်အတွက် ဖြစ်သည်။ သို့ဖြစ်ရာ (ယခုမူ) အသင်တို့ထံသို့ သတင်းကောင်းပြောသူ၊ သတိပေးနှိုးဆော်သူ(တမန်တော်မုဟမ္မဒ်)သည် အမှန်စင်စစ် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

❷ တမန်တော်တွေ အဆက်ပြတ်တဲ့ကာလဟာ တမန်တော်အီစာ عليه السلام ရဲ့နောက်မှာ နှစ်ပေါင်း ၆၀၀ ခန့်ရှိခဲ့တယ်။ အဲဒီနောက် တမန်တော်မြတ် ﷺ ပွင့်ပေါ် လာခဲ့တယ်။ အဲဒါကြောင့် တမန်တော်တွေ မလာပါဘူးလို့ စောဒကတက်စရာအကြောင်းမရှိတော့ဘူး။ တမန်တော်မြတ် ﷺ မရှိတော့တဲ့နောက် ကိယာမသ်နေ့ထိ တည်ရှိနေမဲ့ ကျမ်းတော်ကုရ်အာန်နဲ့ တမန်တော်မြတ် ﷺ ရဲ့ စွန္နသ်တော်တွေဟာ လုံလုံလောက်လောက်ရှိနေတဲ့အတွက်ကြောင့်လည်းနောက်ထပ်တမန်တော်ပွင့်စရာမလိုတော့ဘူး။ ဒါ့ကြောင့် တမန်တော်တွေမလာပါဘူးလို့ စောဒကတက်စရာ မကျန်တော့ဘူး။ (သဖ်စီရွလ်မဒါရိက်)

وَإِذْ قَالَ مُوسَىٰ لِقَوْمِهِۦ يَٰقَوْمِ ٱذْكُرُوا۟ نِعْمَةَ ٱللَّهِ عَلَيْكُمْ إِذْ جَعَلَ فِيكُمْ أَنۢبِيَآءَ وَجَعَلَكُم مُّلُوكًا وَءَاتَىٰكُم مَّا لَمْ يُؤْتِ أَحَدًا مِّنَ ٱلْعَٰلَمِينَ ﴿٢٠﴾

(၂၀) ထို့ပြင် တစ်ခါတွင် (တမန်တော်)မူစာသည် ၎င်း၏အမျိုးသားများအား ပြောကြားခဲ့သည်။ အို- ကျွန်ုပ်၏အမျိုးသားအပေါင်းတို့၊ အသင်တို့သည် အသင်တို့အပေါ်၌ တင်ရှိသော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို သတိရကြပါ။ တစ်ခါတွင် အရှင်မြတ်သည် အသင်တို့ထဲမှ နဗီတမန်တော်များကို ပွင့်ပေါ်စေခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အား ဘုရင်များ(အဖြစ်)လည်း မြှောက်စားတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အား စကြဝဠာတွင် မည်သူတစ်ဦးကိုမျှ ပေးထားတော်မမူခဲ့သောအရာ(ကျေးဇူးများ)ကိုလည်း ပေးသနားတော်မူခဲ့သည်။

يَٰقَوْمِ ٱدْخُلُوا۟ ٱلْأَرْضَ ٱلْمُقَدَّسَةَ ٱلَّتِى كَتَبَ ٱللَّهُ لَكُمْ وَلَا تَرْتَدُّوا۟ عَلَىٰٓ أَدْبَارِكُمْ فَتَنقَلِبُوا۟ خَٰسِرِينَ ﴿٢١﴾

(၂၁) အို- ကျွန်ုပ်၏အမျိုးသားအပေါင်းတို့၊ အသင်တို့သည် အသင်တို့အတွက် အလ္လာဟ်အရှင်မြတ်က (အသင်တို့အောင်နိုင်ရာအဖြစ်) ရေးမှတ်တော်မူပြီးဖြစ်သော ထွတ်မြတ်သောနယ်မြေ❾ ထဲသို့ ဝင်ရောက်ကြပါ။ ၎င်းပြင် အသင်တို့သည် အသင်တို့၏နောက်သို့ ပြန်လှည့်မသွားကြနှင့်။ ထိုကဲ့သို့(ပြန်လှည့်သွားကြမည်)ဖြစ်လျှင် အသင်တို့သည် ဆုံးရှုံးသူများအဖြစ် ပြောင်းလဲသွားလိမ့်မည်။

❻ ထွတ်မြတ်တဲ့နယ်မြေထဲကို ဝင်ခိုင်းခြင်းဆိုတာ ဗိုင်သွလ်မုကဒ်ဒတ်စ်ရှိတဲ့ ဂျေရုစလင်မြို့ထဲကို ဝင်ခိုင်းခြင်းဖြစ်တယ်။ အဲဒီနေရာဟာ တမန်တော်ယအ်ကူဗ်ﷺရဲ့ မျိုးဆက်ထဲက တမန်တော်အမြောက်အမြား ပွင့်ပေါ်စည်ကားခဲ့တဲ့နေရာဖြစ်တယ်။ (အာစားန်သင်ရ်ဂျုမဟ်၊ ဟာရှီယဟ်စွာဝီ)

قَالُوْا يٰمُوْسٰۤى اِنَّ فِيْهَا قَوْمًا جَبَّارِيْنَ ۖ وَاِنَّا لَنْ نَّدْخُلَهَا حَتّٰى يَخْرُجُوْا مِنْهَا ۚ فَاِنْ يَّخْرُجُوْا مِنْهَا فَاِنَّا دٰخِلُوْنَ ﴿٢٢﴾

(၂၂) သူတို့က (ဤသို့)ပြောဆိုဖြေကြားကြသည်- "အို(တမန်တော်)မူစာ၊ အမှန်စင်စစ် ထို(နယ်မြေ)ထဲတွင် (ကျွန်ုပ်တို့ ပြိုင်ဆိုင်နိုင်စွမ်းမရှိသော) ကြီးမားထွားကြိုင်းသန်မာသည့် လူမျိုးတစ်မျိုးရှိနေသည်။ ထိုသူတို့သည် ထို(နယ်မြေ)ထဲမှ ထွက်ခွာမသွားမချင်း အမှန်စင်စစ် ကျွန်ုပ်တို့သည် ထို(နယ်မြေ)ထဲသို့ လုံးဝ ဝင်ရောက်မည်မဟုတ်ပေ။ အကယ်၍ ထိုသူတို့သည် ထို(နယ်မြေ)ထဲမှ ထွက်ခွာသွားကြလျှင် ကျွန်ုပ်တို့သည် အမှန်ပင်ဝင်ရောက်ကြသူများဖြစ်ကြပါမည်။"

قَالَ رَجُلٰنِ مِنَ الَّذِيْنَ يَخَافُوْنَ اَنْعَمَ اللّٰهُ عَلَيْهِمَا ادْخُلُوْا عَلَيْهِمُ الْبَابَ ۚ فَاِذَا دَخَلْتُمُوْهُ فَاِنَّكُمْ غٰلِبُوْنَ ۚ وَعَلَى اللّٰهِ فَتَوَكَّلُوْۤا اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿٢٣﴾

(၂၃) (အလ္လာဟ်အရှင်မြတ်အား) ကြောက်သောသူ(မုသ်သကီ)များထဲမှ အလ္လာဟ်အရှင်မြတ်က ကျေးဇူးပြုတော်မူထားသည့် လူနှစ်ဦးသည် (ကြံ့ခိုင်စွဲမြဲစွာရပ်တည်လျက် သတ္တိနည်းသူများကို အားပေးရန်အတွက် ဤသို့)ပြောဆိုကြသည်- "အသင်တို့သည် သူတို့အား တိုက်ခိုက်လျက် တံခါးဝသို့ ဝင်ရောက်ကြပါ။ အကယ်၍ အသင်တို့သည် ထိုတံခါးဝသို့ ဝင်ရောက်ခဲ့လျှင် အမှန်စင်စစ် အသင်တို့ပင် အောင်မြင်သူများ ဖြစ်ကြလိမ့်မည်။ ထို့ပြင် အကယ်၍ အသင်တို့သည် မုအ်မင်န်ယုံကြည်သူများဖြစ်ကြလျှင် အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ယုံပုံအားကိုးကြပါ။

قَالُوْا يٰمُوْسٰۤى اِنَّا لَنْ نَّدْخُلَهَاۤ اَبَدًا مَّا دَامُوْا فِيْهَا فَاذْهَبْ اَنْتَ وَرَبُّكَ فَقَاتِلَاۤ اِنَّا هٰهُنَا قٰعِدُوْنَ ﴿٢٤﴾

(၂၄) ၎င်း(အမျိုးသား)တို့က ပြောကြသည်- "အို-(တမန်တော်)မူစာ၊ သူတို့သည် ထို(နယ်မြေ)ထဲ၌ရှိနေသမျှ အမှန်ပင် ကျွန်ုပ်တို့သည် ထို(နယ်မြေ)ထဲသို့ မည်သည့်အခါမျှ လုံးဝ ဝင်ရောက်ကြမည်မဟုတ်ပေ။ ထို့ကြောင့် အသင်နှင့် အသင်၏အရှင်သခင်သာ သွားရောက်တိုက်ခိုက်ကြပါ။ အမှန်စင်စစ် ကျွန်ုပ်တို့သည် ဤနေရာ၌ပင် (မတိုက်ခိုက်ဘဲ) ထိုင်နေကြမည့်သူများ ဖြစ်ကြသည်။"

قَالَ رَبِّ اِنِّيْ لَاۤ اَمْلِكُ اِلَّا نَفْسِيْ وَاَخِيْ فَافْرُقْ بَيْنَنَا وَبَيْنَ الْقَوْمِ الْفٰسِقِيْنَ ﴿٢٥﴾

(၂၅) ၎င်း(တမန်တော်မူစာ)က- "အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်စင်စစ် ကျွန်ုပ်သည် ကျွန်ုပ်နှင့်ကျွန်ုပ်၏အစ်ကို(ဟာရူန်)မှလွဲ၍ (အခြားမည်သူ၏အပေါ်မျှ) လုပ်ပိုင်ခွင့် (အခွင့်အာဏာပိုင်ဆိုင်မှု) မရှိပါ။ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်ုပ်တို့နှင့် စည်းဖောက်သောအမျိုးသားများကြားတွင် အဆုံးအဖြတ်ပေးတော်မူပါ"ဟု ပြောဆိုလျှောက်ထားခဲ့သည်။❶

❶ တမန်တော်မူစာ ﷺ ဟာ မိမိရဲ့အမျိုးသားတွေကို ဆိုဆုံးမလို့မရတဲ့အဆုံး လက်လျှော့ပြီး အရှင်မြတ်ထံတော်မှာ အဆုံးအဖြတ် တောင်းခံခဲ့ခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ فَاِنَّهَا مُحَرَّمَةٌ عَلَيۡهِمۡ اَرۡبَعِيۡنَ سَنَةً ۚ يَتِيۡهُوۡنَ فِى الۡاَرۡضِ ‌ؕ فَلَا تَاۡسَ عَلَى الۡقَوۡمِ الۡفٰسِقِيۡنَ ﴿٢٦﴾

(၂၆) အရှင်မြတ်က မိန့်ကြားတော်မူသည်၊ "သို့ဖြစ်လျှင် အမှန်စင်စစ် ထိုနယ်မြေသည် သူတို့အတွက် နှစ်လေးဆယ်တိုင် ပိတ်ဆို့တားမြစ်ခံလိုက်ရပြီဖြစ်သည်။ သူတို့သည် ဤ(သဲကန္တာရကွင်းပြင်)ထဲ၌ပင် တဝဲလည်လည်ဖြစ်နေကြလိမ့်မည်။ သို့ဖြစ်ရာ အသင်(တမန်တော်မူစာ)သည် စည်းဖောက် အမိန့်ဖီဆန်သောလူမျိုးနှင့်ပတ်သက်၍ မပူဆွေးပါနှင့်။"

وَاتۡلُ عَلَيۡهِمۡ نَبَاَ ابۡنَىۡ اٰدَمَ بِالۡحَـقِّ‌ۘ اِذۡ قَرَّبَا قُرۡبَانًا فَتُقُبِّلَ مِنۡ اَحَدِهِمَا وَلَمۡ يُتَقَبَّلۡ مِنَ
الۡاٰخَرِ ؕ قَالَ لَاَقۡتُلَـنَّكَ‌ ؕ قَالَ اِنَّمَا يَتَقَبَّلُ اللّٰهُ مِنَ الۡمُتَّقِيۡنَ ﴿٢٧﴾

(၂၇) ထို့ပြင် အသင်(တမန်တော်မုဟမ္မဒ်)သည် သူတို့အား (တမန်တော်)အာဒမ်၏သားနှစ်ဦး၏အကြောင်းကို မှန်ကန်စွာပြောပြလိုက်ပါ။❷ တစ်ခါတွင် ထိုနှစ်ဦးသည် (အရှင်မြတ်အတွက်) အလှူပစ္စည်းတစ်ခု(စီ)ကို လှူဒါန်းမှုပြုသောအခါ သူတို့နှစ်ဦးထဲမှ တစ်ဦး(ဖြစ်သူ ညီ)၏အလှူပစ္စည်းသည် (အရှင်မြတ်၏) လက်ခံသဘောတူတော်မူခြင်း ခံရသည်။ အခြားတစ်ဦး(ဖြစ်သောအစ်ကို)၏ အလှူပစ္စည်းမှာမူ (အရှင်မြတ်၏)လက်ခံသဘောတူတော်မူခြင်းမခံခဲ့ရပေ။ (သို့ဖြစ်ရာ အစ်ကိုက ညီကို) "ကျွန်ုပ်သည် အသင့်အား အမှန်ပင်သတ်မည်"ဟုပြောဆိုခဲ့သည်။ ၎င်း(ညီ)က ပြောသည်- "အလ္လာဟ်အရှင်မြတ်သည် မုသ်သကီန် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများ၏ထံမှသာ (အလှူပစ္စည်းကို) သဘောတူလက်ခံတော်မူသည်။"

❷ အာဒမ် ﷺ အတွက် အရှင်မြတ်က သားသမီးမျိုးဆက်ပြန့်ပွားဖို့ အမိန့်ပညတ်ချက် နည်းစနစ်သတ်မှတ်ပေးထားခဲ့တယ်။ သားနဲ့သမီး အမြွှာတစ်စုံစီမွေးဖွားစေခဲ့တယ်။ အဲဒီအခါ ပထမသားသမီးတစ်စုံဟာ ဒုတိယသားသမီးတစ်စုံနဲ့ ညီအစ်ကိုမောင်နှမ ဝမ်းကွဲ ပုံစံမျိုးသတ်မှတ်ပြီး လက်ထပ်ထိမ်းမြားဖို့ အစီအစဉ်သတ်မှတ်ပေးထားခဲ့တယ်။ ဆိုလိုတာက ပထမတစ်စုံထဲက သားယောက်ျားလေးကို ဒုတိယတစ်စုံထဲက သမီးမိန်းကလေးနဲ့ လက်ထပ်ပေးခဲ့တယ်။ အဲဒီလိုပဲ ပထမတစ်စုံထဲ

က သမီးမိန်းကလေးကို ဒုတိယတစ်စုံထဲက သားယောက်ျားလေးနဲ့ လက်ထပ်ပေးခဲ့တယ်။ အဲဒီလို နည်းစနစ် သတ်မှတ်ထားတဲ့ကြားမှာ အစ်ကိုဖြစ်သူ ကာဗီလ်နဲ့အတူ မွေးဖွားလာတဲ့နမက ချောလှပြီး ညီဖြစ်သူ ဟာဗီလ်နဲ့ အတူမွေးဖွားလာတဲ့နမက ရုပ်ဆိုးနေတယ်။ အဲဒါကြောင့် ကာဗီလ်က သူနဲ့အတူမွေးလာတဲ့နမကိုပဲ လက်ထပ်မယ်ဆိုပြီး အငြင်းပွားမှုဖြစ်ခဲ့တယ်။ အဲဒါကို ဖြေရှင်းဖို့ ဖခင် အာဒမ်ﷺက သားတော်နှစ်ဦးကို ကုရ်ဗာနီ အလှူလုပ်ဖို့ ညွှန်ကြားခဲ့တာဖြစ်ပြီး အလှူလက်ခံခြင်း ခံရတဲ့သူရဲ့ဆန္ဒအတိုင်း လက်ထပ်ပေးမယ်လို့ ဆုံးဖြတ်ပေးခဲ့တယ်။ အလှူလုပ်တဲ့အခါ ညီဟာဗီလ်ရဲ့ အလှူဟာ လက်ခံခြင်းခံရတဲ့အပေါ်မှာ အစ်ကိုကာဗီလ်က သူနဲ့အတူမွေးလာတဲ့ ချောလှတဲ့ နမနဲ့ လက်ထပ်ခွင့်မရတော့ဘူးဆိုတာ သိသွားတဲ့အပေါ်မှာ သူ့ညီကို သတ်လိုက်ခြင်းဖြစ်တယ်။

(အဒ်ဒုရ်ရုလ်မန်ဆူရ် ဖိသ်သဖ်စီရ် ဗိလ်မအ်ဆူရ်)

لَئِنۢ بَسَطتَّ إِلَيَّ يَدَكَ لِتَقۡتُلَنِي مَآ أَنَا۠ بِبَاسِطٖ يَدِيَ إِلَيۡكَ لِأَقۡتُلَكَۖ إِنِّيٓ أَخَافُ ٱللَّهَ رَبَّ ٱلۡعَٰلَمِينَ ﴿٢٨﴾

(၂၈) အကယ်၍ အသင်သည် ကျွန်ုပ်အား သတ်ဖြတ်ရန် အသင်၏ လက်ကို ကျွန်ုပ်ဘက်သို့ အမှန်စင်စစ် လှမ်းခဲ့လျှင်လည်း ကျွန်ုပ်သည် အသင့်ကို သတ်ဖြတ်ရန် ကျွန်ုပ်၏လက်ကို အသင်၏ဘက်သို့ လှမ်းမည်မဟုတ်ပေ။ (မကောင်းကို မကောင်းဖြင့် တုံ့ပြန်မည်မဟုတ်ပေ။) အမှန်စင်စစ် ကျွန်ုပ်သည် စကြဝဠာအားလုံးကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သည်။

إِنِّيٓ أُرِيدُ أَن تَبُوٓأَ بِإِثۡمِي وَإِثۡمِكَ فَتَكُونَ مِنۡ أَصۡحَٰبِ ٱلنَّارِۚ وَذَٰلِكَ جَزَٰٓؤُاْ ٱلظَّٰلِمِينَ ﴿٢٩﴾

(၂၉) အမှန်စင်စစ် ကျွန်ုပ်(အား သတ်သော)အပြစ်နှင့် အသင်၏(ယခင်) အပြစ်ကို အသင်သည်သာ ထမ်းရွက်ရန် ကျွန်ုပ်ရည်ရွယ်သည်။ ထို့နောက် အသင်သည် ငရဲသားများထဲတွင် ဖြစ်သွားလိမ့်မည်။ ထို့ပြင် ၎င်းသည် မတရားပြုလုပ်သူများ၏ အကျိုးရလဒ်ဖြစ်သည်။

فَطَوَّعَتۡ لَهُۥ نَفۡسُهُۥ قَتۡلَ أَخِيهِ فَقَتَلَهُۥ فَأَصۡبَحَ مِنَ ٱلۡخَٰسِرِينَ ﴿٣٠﴾

(၃၀) ထို့နောက် ၎င်း(အစ်ကို)၏စိတ်သည် သူ့ကို သူ၏ညီအား သတ်ဖြတ်ရန် တိုက်တွန်းခဲ့သည့်အတွက် သူသည် ၎င်း(ညီ)ကို သတ်ဖြတ်ခဲ့သည်။ သို့ဖြစ်ရာ သူသည် ပျက်စီးဆုံးရှုံးသူများထဲတွင် ဖြစ်သွားတော့သည်။

فَبَعَثَ ٱللَّهُ غُرَابٗا يَبۡحَثُ فِي ٱلۡأَرۡضِ لِيُرِيَهُۥ كَيۡفَ يُوَٰرِي سَوۡءَةَ أَخِيهِۚ قَالَ يَٰوَيۡلَتَىٰٓ أَعَجَزۡتُ أَنۡ أَكُونَ مِثۡلَ هَٰذَا ٱلۡغُرَابِ فَأُوَٰرِيَ سَوۡءَةَ أَخِيۖ فَأَصۡبَحَ مِنَ ٱلنَّٰدِمِينَ ﴿٣١﴾

(၃၁) ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ကျီးကန်းတစ်ကောင်ကို စေလွှတ်တော်မူခဲ့သည်။ ထိုကျီးကန်းသည် သူ့အား သူ့ညီ၏ရုပ်အလောင်းကို မည်သို့(မြှုပ်နှံ)ဖုံးအုပ်ရမည်နည်းဆိုသည်ကို ပြသရန်အတွက် မြေကြီးကို ကုတ်

ခြစ် တူးဆွသည်။ (ထိုအခါ) သူက ပြောဆိုခဲ့သည်- "သြော်-ငါသည် ဤကျီး
ကန်းကဲ့သို့ပင် မဖြစ်နိုင်ခြင်းမှာ ဝမ်းနည်းစရာကောင်းလေစွ။ ထိုသို့ ဖြစ်နိုင်ခဲ့လျှင်
ငါသည် ငါ့ညီ၏ ရုပ်အလောင်းကို (မြှုပ်နှံ)ဖုံးအုပ်(လျှို့ဝှက်)နိုင်မည်ဖြစ်သည်။"
ထို့နောက် သူသည် နောင်တရသူများထဲတွင် ဖြစ်သွားခဲ့သည်။

مِنْ اَجْلِ ذٰلِكَ ۛ كَتَبْنَا عَلٰى بَنِىٓ اِسْرَآءِيْلَ اَنَّهٗ مَنْ قَتَلَ نَفْسًا بِغَيْرِ نَفْسٍ اَوْ فَسَادٍ فِى الْاَرْضِ
فَكَاَنَّمَا قَتَلَ النَّاسَ جَمِيْعًا ؕ وَمَنْ اَحْيَاهَا فَكَاَنَّمَآ اَحْيَا النَّاسَ جَمِيْعًا ؕ وَلَقَدْ جَآءَتْهُمْ
رُسُلُنَا بِالْبَيِّنٰتِ ثُمَّ اِنَّ كَثِيْرًا مِّنْهُمْ بَعْدَ ذٰلِكَ فِى الْاَرْضِ لَمُسْرِفُوْنَ ﴿٣٢﴾

(၃၂) ထို(နောင်တော်၏သတ်ဖြတ်မှု)ကြောင့်ပင် ငါအရှင်မြတ်သည်
အစ္စရာအီလ်မျိုးနွယ်များအပေါ်တွင် (ဤသို့)အမိန့်ပြဋ္ဌာန်းတော်မူခဲ့သည်။ အမှန်
စင်စစ် မည်သူမဆို တစ်ဦးတစ်ယောက်အား အသက်တစ်ချောင်း၏အစားလည်း
မဟုတ်ဘဲ၊ သို့မဟုတ် တိုင်းပြည်တွင် ဆူပူသောင်းကျန်းခြင်းကြောင့်လည်း
မဟုတ်ဘဲ (မတရား)သတ်ခဲ့လျှင် ထိုသူသည် လူများအားလုံးအား သတ်သကဲ့
သို့ပင် ဖြစ်သည်။ ထို့ပြင် မည်သူမဆို တစ်ဦးတစ်ယောက်အား (ကယ်တင်)
အသက်ရှင်စေခဲ့လျှင် ထိုသူသည် လူအားလုံးအား အသက်ရှင်စေသကဲ့သို့ပင်
ဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ်၏တမန်တော်များသည် ၎င်း(အစ္စရာအီလ်မျိုး
နွယ်)တို့ထံသို့ ထင်ရှားသော သက်သေလက္ခဏာများကို အမှန်ပင် ယူဆောင်
လာခဲ့ကြသည်။ ထို့နောက် သူတို့ထဲမှမြောက်မြားစွာသောသူတို့သည် ထို(တမန်
တော်များရောက်လာပြီး)နောက်၌ပင် တိုင်းပြည်တွင် အမှန်ပင် စည်းဖောက်
ကျူးလွန်သူများ အမှန်ပင် ဖြစ်ခဲ့ကြသည်။

اِنَّمَا جَزٰٓؤُا الَّذِيْنَ يُحَارِبُوْنَ اللّٰهَ وَرَسُوْلَهٗ وَيَسْعَوْنَ فِى الْاَرْضِ فَسَادًا اَنْ يُّقَتَّلُوْٓا اَوْ يُصَلَّبُوْٓا اَوْ
تُقَطَّعَ اَيْدِيْهِمْ وَاَرْجُلُهُمْ مِّنْ خِلَافٍ اَوْ يُنْفَوْا مِنَ الْاَرْضِ ؕ ذٰلِكَ لَهُمْ خِزْىٌ فِى الدُّنْيَا وَلَهُمْ فِى
الْاٰخِرَةِ عَذَابٌ عَظِيْمٌ ﴿٣٣﴾

(၃၃) အကြင်သူများသည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်
တော်ကို တိုက်ခိုက်ကြသည့်အပြင် ကမ္ဘာမြေတွင် ဖျက်ဆီးမှုကိုလည်း ပြုလုပ်ကြ
သည်။❶ (ထိုသူများ၏ပြစ်ဒဏ်မှာမူ) သူတို့သည် သတ်ဖြတ်ခြင်းခံကြရမည်၊ သို့
မဟုတ် လက်ဝါးကပ်တိုင်တင်ခြင်းခံကြရမည်၊ သို့မဟုတ် သူတို့၏လက်များနှင့်
သူတို့၏ခြေများသည် (ဝဲ၊ ယာ) ဘက်လွဲပြီး ဖြတ်တောက်ခြင်း ခံကြရမည်၊ သို့
မဟုတ် သူတို့သည် ပြည်နှင်ဒဏ်ပေးခြင်းခံကြရမည်။❷ ၎င်း(ပြစ်ဒဏ်)သည်

သူတို့အား ဤဘဝ၌ သေးသိမ်မှုရစေခြင်း ဖြစ်သည်။ ၎င်းပြင် သူတို့အတွက် တမလွန်ဘဝ၌ အလွန်ကြီးလေးသော အပြစ်ဒဏ်လည်း ရှိမည်။

၁ ကမ္ဘာမြေမှာ ဖျက်ဆီးမှုပြုလုပ်တယ်ဆိုတာ ကာဖိရ်တွေရဲ့တိုက်ခိုက်မှု၊ အစ္စလာမ် သာသနာကနေ နောက်ပြန်လှည့်သွားမှု၊ ဓားပြတိုက်မှု၊ မတရားသတ်ဖြတ်မှု၊ လုယက်မှု၊ မကောင်းလုပ်ကြံမှု၊ လမ်းများစေတဲ့လှုံ့ဆော်မှုတွေအားလုံး အကျုံးဝင်တယ်။ အဲဒီအပြစ်တစ်ခုခုကျူးလွန်ခဲ့ရင် ဒီအာယသ်ထဲက အပြစ်ဒဏ်တစ်ခုခုကို ခံရမှာဖြစ်တယ်။(အလင်းပြကျမ်း) ၂ ပြည်နှင်ဒဏ်ပေးခြင်းအစား အကျဉ်းထောင်ချခြင်းရဲ့အဓိပ္ပာယ်ကိုလည်း ကျမ်းတချို့က ဖွင့်ဆိုကြတယ်။ (အလင်းပြကျမ်း)

إِلَّا الَّذِينَ تَابُوا مِن قَبْلِ أَن تَقْدِرُوا عَلَيْهِمْ ۖ فَاعْلَمُوا أَنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿٣٤﴾

(၃၄) သို့ရာတွင် အကြင်သူများသည် သူတို့အား အသင်တို့ဖမ်းဆီးခြင်း မတိုင်မီတွင် (သတိတရားရပြီး) ဝန်ချတောင်းပန်ခဲ့လျှင် အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးသနားတော်မူသောအရှင်၊ အလွန် သနားကြင်နာတော်မူသောအရှင်ဖြစ်ကြောင်း အသင်တို့သိထားလိုက် ကြပါ။၃

၃ အထက်က ပြစ်မှုတွေကို ကျူးလွန်ပြီးနောက် အဖမ်းမခံရသေးခင်မှာ နောင်တရပြီး အမှားဝန်ခံမယ်ဆိုရင် အရှင်မြတ်ကတော့ ခွင့်လွှတ်တော်မူမှာဖြစ်ပေမဲ့ လူသားတွေနဲ့သက်ဆိုင်တဲ့ ပေးဆပ်စရာတွေကို ပေးဆပ်ရဦးမှာဖြစ်တယ်။ ဥပမာ - ခိုးဝှက်မှုကို ကျူးလွန်ပြီး အဖမ်းမခံရသေးခင် နောင်တရရင် ခိုးမှုဆိုတဲ့ အပြစ်ကျူးလွန်တာကို အရှင်မြတ်ထံတော်မှာ ဝန်ချတောင်းပန်ရင် ခွင့်လွှတ်ခံရမယ်။ အဲဒီနောက် ခိုးထားတဲ့ပစ္စည်းကို ပိုင်ရှင်ကို ပြန်ပေးရမှာဖြစ်တယ်။ ဒါမှမဟုတ် ပိုင်ရှင်ရဲ့ခွင့်လွှတ်မှုကို ရယူရမှာဖြစ်တယ်။ ကျန်တဲ့ပြစ်မှုတွေလည်း အဲဒီအတိုင်းပဲ အရှင်မြတ်ထံတော်ကရော လူသားထံကပါ ခွင့်လွှတ်မှုရယူရမှာဖြစ်တယ်။ ပြီးတော့ သက်ဆိုင်ရာ သတ်မှတ်ထားတဲ့ အပြစ်ဒဏ်ကိုလည်း ကျခံရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

يَا أَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَابْتَغُوا إِلَيْهِ الْوَسِيلَةَ وَجَاهِدُوا فِي سَبِيلِهِ لَعَلَّكُمْ تُفْلِحُونَ ﴿٣٥﴾

(၃၅) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထို့ပြင် အသင်တို့သည် အရှင်မြတ်၏ အနီး ချဉ်းကပ်မှု(အကြောင်းခံ)ကို ၄ ရှာဖွေကြပါ။ ထို့ပြင် အသင်တို့သည် အောင်မြင် ကြရန်အတွက် အရှင်မြတ်၏လမ်း၌ ကြိုးပမ်းအားထုတ်(တိုက်ခိုက်)ကြပါ။

၄ ဝစီလဟ်ဆိုတာ နီးကပ်မှုကိုဆိုလိုတယ်။ အရှင်မြတ်ရဲ့အနားမှာချဉ်းကပ်ဖို့ နီးကပ်မှုကို ရှာခိုင်းတယ်ဆိုတာ အရှင်မြတ်ရဲ့အမိန့်တော်ကိုနာခံပြီး အရှင်မြတ်နှစ်သက်တာတွေကို ပြုလုပ်ရင်းနဲ့ချဉ်းကပ်ဖို့ကို ဆိုလိုတာဖြစ်တယ်။ အလ္လာမဟ်အာလူစီ رحمه الله ရဲ့အမိန့်ရှိချက်တွေထဲက ကောက်နုတ်ချက်မှာ- သေသူတစ်ဦးတစ်ယောက်ထံ တောင်းဆိုပန်ကြားခြင်းဟာ မပြုပိုင်တဲ့အမှု ဖြစ်တယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်အာလင်မ်ကမှ သံသယမရှိဘူး။ အတိတ်ခေတ်က ဘယ်ပညာရှင်မှ ဒီကိစ္စကို

မပြုခဲ့ကြဘူး။ သာဝကကြီး အိဗ်နအုမရ် ﷺ ဟာ တမန်တော်မြတ် ﷺ ရဲ့ရောင်သွာတော်မှာ ဇိယာရသ်လုပ်ဖို့ ဝင်တဲ့အခါမှာ စလာမ်ဆိုပြီးတော့ပဲ ပြန်ထွက်ခဲ့တယ်။ တမန်တော်မြတ် ﷺ ထံမှာ တစ်စုံတစ်ရာ တောင်းခံပန်ကြားခဲ့ခြင်းမရှိဘူး။ သာဝကကြီး ﷺ တွေဟာ အလ္လာဟ်အရှင်မြတ် ထံမှာ ဆုပန်ကြားကြတဲ့အခါ တမန်တော်မြတ် ﷺ ရဲ့ ရောင်သွာ သချိုင်းတော်ဘက်ကို မျက်နှာမမူဘဲ ကအ်ဗဟ်ကျောင်းတော်ဘက်ကို မျက်နှာမူလေ့ရှိကြတယ်။ (အလင်းပြကျမ်း)

إِنَّ الَّذِينَ كَفَرُوا لَوْ أَنَّ لَهُم مَّا فِي الْأَرْضِ جَمِيعًا وَمِثْلَهُ مَعَهُ لِيَفْتَدُوا بِهِ مِنْ عَذَابِ يَوْمِ الْقِيَامَةِ مَا تُقُبِّلَ مِنْهُمْ ۖ وَلَهُمْ عَذَابٌ أَلِيمٌ ﴿٣٦﴾

(၃၆) အမှန်စင်စစ် ငြင်းပယ်သောသူများသည် အကယ်၍ ကိယာမသ်ရှင်ပြန်ထမည့်နေ့၏ အပြစ်ဒဏ်များမှ လျော်ကြေးပေးပြီး (လွတ်မြောက်ရန်အတွက်) အမှန်စင်စစ် သူတို့သည် ကမ္ဘာလောကထဲ၌ရှိသမျှအရာအားလုံးသာမက ထိုအရာနှင့်အတူ နောက်ထပ် ထိုမျှပိုင်ဆိုင်ထားလျှင်လည်း (ထိုပစ္စည်းများကို လျော်ကြေးပေးသည့်တိုင်) ထိုသူတို့ထံမှ လက်ခံတော်မူခြင်း ခံရမည်မဟုတ်ပေ။❶ ထို့ပြင် သူတို့အတွက် အလွန်နာကျင်စေသောအပြစ်ဒဏ် ရှိဦးမည်။

❶ လောကမှာ အပြစ်ဒဏ်ရဲ့အစား ထိုက်တန်တဲ့ လျော်ကြေးပေးပြီး လဲလှယ်ကာ အပြစ်ဒဏ်လျှော့ပေါ့အောင် ဒါမှမဟုတ် လွတ်ကင်းအောင် ပြုလုပ်နိုင်ကြသလို တမလွန်ဘဝမှာ အဲဒီလို ပြုလုပ်လို့မရဘူးဆိုတာကို ထင်ရှားအောင် မိန့်ဆိုထားခြင်းဖြစ်တယ်။ အပြစ်ဒဏ်ခတ်မှုကနေလွတ်ကင်းအောင် ကမ္ဘာလောကတစ်ခုလုံးလျော်ကြေးပေးမယ်ဆိုရင်လည်း မရနိုင်ကြောင်း ဖော်ပြလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

يُرِيدُونَ أَن يَخْرُجُوا مِنَ النَّارِ وَمَا هُم بِخَارِجِينَ مِنْهَا ۖ وَلَهُمْ عَذَابٌ مُّقِيمٌ ﴿٣٧﴾

(၃၇) သူတို့သည် မည်သည့်အခါမျှ ငရဲမီးမှထွက်ကြရမည့်သူများမဟုတ်ကြပါဘဲလျက် သူတို့သည် ဂျဟန္နမ်ငရဲမီးမှ ထွက်လိုကြသည်။ ထို့ပြင် သူတို့အတွက် တည်မြဲသောအပြစ်ဒဏ်ရှိနေသည်။

وَالسَّارِقُ وَالسَّارِقَةُ فَاقْطَعُوا أَيْدِيَهُمَا جَزَاءً بِمَا كَسَبَا نَكَالًا مِّنَ اللَّهِ ۗ وَاللَّهُ عَزِيزٌ حَكِيمٌ ﴿٣٨﴾

(၃၈) ထို့ပြင် သူခိုးဖြစ်စေ၊ သူခိုးမဖြစ်စေ အသင်တို့သည် သူတို့နှစ်ဦးလုံး၏လက်များကို (လက်ကောက်ဝတ်မှ) ဖြတ်ကြပါ။❷ (ဤသည်) သူတို့နှစ်ဦးပြုလုပ်ခဲ့သော လုပ်ရပ်၏အစားလည်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်ထံတော်မှ ပြစ်ဒဏ်တစ်ခုလည်းဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

❷ ခိုးမှုအတွက် လက်ဖြတ်ဖို့ စည်းကမ်းသတ်မှတ်ထားတာတွေရှိနေပါတယ်။ (၁) ခိုးသူဟာ အသိဉာဏ်ရှိသူ၊ အရွယ်ရောက်သူဖြစ်ရမယ်။ (၂)တိတ်တဆိတ်ခိုးသွားတာဖြစ်ရမယ်။ လုသွားတာမျိုး

မဖြစ်ရဘူး။(၃) ပိုင်ရှင်ရှိတဲ့ပစ္စည်းကို ခိုးတာဖြစ်ရမယ်။(၄)ခိုးခံရတဲ့ပစ္စည်းဟာ ခိုးတဲ့သူနဲ့ ဆက်စပ်နေတဲ့ပစ္စည်း မဖြစ်စေရ။ ဥပမာ-တစ်မိသားစုထဲကပစ္စည်းများ။ (၅)ခိုးခံရတဲ့ပစ္စည်းဟာ လုံလုံခြုံခြုံထိန်းသိမ်းထားတဲ့ ပစ္စည်းဖြစ်ရမယ်။ လမ်းမှာ ပစ်ထားတဲ့ပစ္စည်းမျိုးမဖြစ်စေရ။ အဲဒီအချက်တွေနဲ့ကိုက်ညီမှသာ အာဏာပိုင်တွေကပဲ ခိုးသူရဲ့လက်ကို ဖြတ်ပိုင်ခွင့်ရှိမှာဖြစ်တယ်။(တရားသူကြီးဆီရောက်ပြီးမှ ခိုးသူဟာ သောင်ဖဟ် အမှားဝန်ခံမယ်ဆိုရင်လည်း လက်ဖြတ်ခံရခြင်းကနေ ကင်းလွတ်မှာမဟုတ်ဘူး။) (အလင်းပြကျမ်း)

فَمَنْ تَابَ مِنْۢ بَعْدِ ظُلْمِهٖ وَاَصْلَحَ فَاِنَّ اللّٰهَ يَتُوْبُ عَلَيْهِ ۗ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿٣٩﴾

(၃၉) ၎င်းပြင် မည်သူမဆို ပြစ်မှုကျူးလွန်ပြီးနောက် ဝန်ချတောင်းပန်ပြီး ပြုပြင်နေခဲ့လျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ထိုသူ့ဘက်ပြန်လှည့်ပြီး သူ၏ဝန်ချတောင်းပန်မှုကို လက်ခံတော်မူသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးသနားတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

اَلَمْ تَعْلَمْ اَنَّ اللّٰهَ لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ۗ يُعَذِّبُ مَنْ يَّشَآءُ وَيَغْفِرُ لِمَنْ يَّشَآءُ ۗ وَاللّٰهُ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿٤٠﴾

(၄၀) အမှန်စင်စစ် ကောင်းကင်များနှင့် မြေပထဝီကို စိုးမိုးအုပ်ချုပ်မှုအာဏာသည် အလ္လာဟ်အရှင်မြတ်၌သာရှိကြောင်း အသင် မသိခဲ့လေသလော။ အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို ပြစ်ဒဏ်ပေးတော်မူပြီး အရှင်မြတ် အလိုရှိတော်မူသောသူကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။

يٰۤاَيُّهَا الرَّسُوْلُ لَا يَحْزُنْكَ الَّذِيْنَ يُسَارِعُوْنَ فِى الْكُفْرِ مِنَ الَّذِيْنَ قَالُوْۤا اٰمَنَّا بِاَفْوَاهِهِمْ وَلَمْ تُؤْمِنْ قُلُوْبُهُمْ ۛ وَمِنَ الَّذِيْنَ هَادُوْا ۛ سَمّٰعُوْنَ لِلْكَذِبِ سَمّٰعُوْنَ لِقَوْمٍ اٰخَرِيْنَ ۙ لَمْ يَاْتُوْكَ ۗ يُحَرِّفُوْنَ الْكَلِمَ مِنْۢ بَعْدِ مَوَاضِعِهٖ ۚ يَقُوْلُوْنَ اِنْ اُوْتِيْتُمْ هٰذَا فَخُذُوْهُ وَاِنْ لَّمْ تُؤْتَوْهُ فَاحْذَرُوْا ۗ وَمَنْ يُّرِدِ اللّٰهُ فِتْنَتَهٗ فَلَنْ تَمْلِكَ لَهٗ مِنَ اللّٰهِ شَيْـًٔا ۗ اُولٰٓئِكَ الَّذِيْنَ لَمْ يُرِدِ اللّٰهُ اَنْ يُّطَهِّرَ قُلُوْبَهُمْ ۗ لَهُمْ فِى الدُّنْيَا خِزْيٌ ۖۚ وَّلَهُمْ فِى الْاٰخِرَةِ عَذَابٌ عَظِيْمٌ ﴿٤١﴾

(၄၁) အို-တမန်တော်၊ အကြင်သူများသည် အသင့်အား စိတ်သောကထဲ နစ်မွန်းအောင် မလုပ်ကြစေနှင့်။ (အကြင်သူများ၏လုပ်ရပ်များကြောင့် အသင်သည် ပူပင်သောက မဖြစ်ပါနှင့်။) ထိုသူများသည် ကုဖ်ရ်ငြင်းပယ်မှုထဲသို့ အပြေးအလွှားသွားနေကြသည်၊ (သူတို့သည်) သူတို့၏စိတ်နှလုံးများက

အီမာန်ယုံကြည်ခြင်းမရှိဘဲ သူတို့၏နှုတ်များဖြင့်သာ ကျွန်ုပ်တို့ အီမာန်ယုံကြည်ကြပါသည်ဟု ပြောဆိုကြသောသူများထဲမှဖြစ်သည်။ ထို့ပြင် ယဟူဒီများထဲမှလည်း (အသင့်အား ပူပင်သောကမဖြစ်ပါစေနှင့်)။ ထိုသူများသည် မုသားကို အလွန်နားထောင်သောသူများဖြစ်ကြသည်သာမက အသင့်ထံသို့ မလာကြ(ဘဲ အဝေးမှသတင်းကြားလို)သောသူများအတွက်လည်း အလွန်နားစွင့်(ကာ သတင်းယူ)ပေးသောသူများဖြစ်ကြသည်။ သူတို့သည် အာယသ်တော်များအား သူတို့၏မူရင်းနေရာများမှ ရွှေ့ပြောင်းလေ့ရှိကြသည့်အပြင် (သူတို့၏အုပ်စုများအား) "အသင်တို့သည် ဤ(ကဲ့သို့ရွှေ့ပြောင်းထားသည့်)အတိုင်း (ဆုံးဖြတ်ချက်)ပေးခြင်းခံကြရလျှင် လက်ခံရယူလိုက်ကြပါ။ ၎င်းပြင် အကယ်၍ ထို(ကဲ့သို့ရွှေ့ပြောင်းထားသည့်)အတိုင်း (ဆုံးဖြတ်ချက်)ပေးခြင်းမခံကြရလျှင် ရှောင်ရှားပြီးနေလိုက်ကြပါ"ဟု ပြောဆိုလေ့ရှိကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မည်သူ့ကို မဆို လမ်းလွဲစေတော်မူလျှင် အသင်(တမန်တော်)သည် ထိုသူ့အတွက် အလ္လာဟ်အရှင်မြတ်နှင့်ဆန့်ကျင်၍ မည်သည့်အရာမျှ လုံးဝလုပ်ဆောင်ပေးနိုင်မည်မဟုတ်ပေ။ ထိုသူများသည် အလ္လာဟ်အရှင်မြတ်က သူတို့၏စိတ်နှလုံးများအား သန့်ရှင်းစင်ကြယ်စေရန် ရည်ရွယ်တော်မမူခဲ့သောသူများပင် ဖြစ်သည်။ သူတို့အတွက် ဤဘဝ၌လည်း သေးသိမ်မှုရှိပြီး တမလွန်ဘဝ၌လည်း သူတို့အတွက် ကြီးလေးသော အပြစ်ဒဏ်ရှိသည်။

J ဒီအာယသ်ဟာ အကြောင်းတစ်ခုနဲ့ပတ်သက်ပြီး ကျရောက်လာခဲ့တာဖြစ်တယ်။ အဲဒီအကြောင်းမှာ - ယဟူဒီထဲက လူပျို/အပျိုမဟုတ်တဲ့ အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးတစ်ဦးဟာ တရားမဝင်ကာမ ကျူးလွန်ကြတယ်။ သူတို့ဟာ ချမ်းသာတဲ့သူတွေဖြစ်ကြတဲ့အပေါ်မှာ ယဟူဒီတရားတော်မှာရှိတဲ့အတိုင်း ခဲပေါက်သတ်အမိန့်ကို မဆောင်ရွက်နိုင် ဖြစ်နေခဲ့တယ်။ ကုရ်အာန်ထဲမှာ အဲဒီအချိန်အထိ ခဲပေါက်သတ်အမိန့်မပါရှိဘဲ ကြိမ်ဒဏ်ရဲ့အပြစ်ဒဏ်ပဲပါနေသေးတဲ့အတွက် အသင်တို့ဟာ တမန်တော်မြတ် ﷺ ထံကိုသွားပြီး အဆုံးအဖြတ်ခံရင် သေခြင်းဘေးကလွတ်သွားနိုင်တယ်လို့ ပြောဆိုပြီး ယဟူဒီအကြီးအကဲတွေက အုပ်စုတစ်စုကို တမန်တော်မြတ် ﷺ ထံကို လွှတ်လိုက်ကြတယ်။ ပြီးတော့ အဲဒီသူတွေကို အခုလို မှာကြားလွှတ်လိုက်တယ် - အသင်တို့ဟာ ကြိမ်ဒဏ်ဆုံးဖြတ်ချက်ပေးမယ်ဆိုရင် လက်ခံလိုက်ကြပါ၊ ခဲပေါက်သတ်ပြစ်ဒဏ်ပေးမယ်ဆိုရင် လက်မခံကြပါနဲ့။ တမန်တော်မြတ် ﷺ က သူတို့ကို မေးမြန်းတော်မူတယ် - အသင်တို့ဟာ ဆုံးဖြတ်ချက်ကို နာခံကြမှာလား။ သူတို့က နာခံကြပါမယ်လို့ ဖြေကြားကြတယ်။ တမန်တော်မြတ် ﷺ က ယဟူဒီတွေထဲက အကြီးဆုံးအာလင်မ်တစ်ဦးဖြစ်သူ အိဗ်နုစွူရိယဟ်ကို ခေါ်ပြီးမေးတဲ့အခါမှာ သူတို့သောင်ရာသ်ကျမ်းထဲမှာလည်း ခဲပေါက်သတ်အမိန့်ပဲဖြစ်ကြောင်း ဖော်ထုတ်ပြသခဲ့တယ်။ အဲဒီနောက်ကောင်းကင်တမန်ဂျိဗ်ရီလ် عليه السلام ဟာ အရှင်မြတ်ထံတော်ကနေ အပျိုလူပျိုမဟုတ်တဲ့သူတွေအတွက် တရား

မဝင်ကာမကျူးလွန်သူတွေကို ခဲပေါက်သတ်အမိန့် ယူလာခဲ့တဲ့အပေါ် တမန်တော်မြတ် ﷺ က အဲဒီအတိုင်းဆုံးဖြတ်ချက်ချပေးလိုက်တော်မူတယ်။ ( ဗဂ်ဝီကျမ်း ၊ အလင်းပြကျမ်း) တမန်တော်မြတ် ﷺ ဟာ ဝဟီနဲ့ မိမိအမိန့်ကို အရင်ဆုံးဖြတ်ပြီးနောက် စောဒကမတက်နိုင်အောင် ဆုံးဖြတ်ချက်ကို အိပ်နစ်ဗျူရိယဟ်လက်အပ်နှင်းလိုက်တယ်။ (မနာဇိလုသ်သန်ဇီးလ်)

سَمّٰعُوْنَ لِلْكَذِبِ اَكّٰلُوْنَ لِلسُّحْتِ ؕ فَاِنْ جَآءُوْكَ فَاحْكُمْ بَيْنَهُمْ اَوْ اَعْرِضْ عَنْهُمْ ۚ وَ اِنْ تُعْرِضْ عَنْهُمْ فَلَنْ يَّضُرُّوْكَ شَيْـًٔا ؕ وَاِنْ حَكَمْتَ فَاحْكُمْ بَيْنَهُمْ بِالْقِسْطِ ؕ اِنَّ اللّٰهَ يُحِبُّ الْمُقْسِطِيْنَ ﴿٤٢﴾

(၄၂) ၎င်း(ယဟူဒီ)တို့သည် မုသားကို အလွန်နားထောင်သူများ၊ ဟာရာမ်တားမြစ်ထားသော(တံစိုးလက်ဆောင်စသည့်)အရာများကို အလွန်စားသုံးသောသူများဖြစ်သည်။ သို့ဖြစ်ရာ အကယ်၍ သူတို့သည် အသင်(တမန်တော်)ထံသို့ (အဆုံးအဖြတ်ခံယူရန်) လာရောက်ကြလျှင် အသင်သည် သူတို့၏ကြား၌ (စစ်ဆေးစီရင်လိုလျှင်) စစ်ဆေးစီရင်ပါ၊ သို့မဟုတ် (အလိုမရှိပါက) သူတို့ဘက်မှ မျက်နှာလွှဲပြီးနေလိုက်ပါ။ ထို့ပြင် အကယ်၍ အသင်သည် သူတို့ဘက်မှမျက်နှာလွှဲနေလျှင် သူတို့သည် အသင့်အား တစ်စုံတစ်ရာမျှ နစ်နာအောင် လုံးဝလုပ်နိုင်ကြမည်မဟုတ်ပေ။ ထို့ပြင် အကယ်၍ အသင်သည် စစ်ဆေးစီရင်မည်ဆိုလျှင် အသင်သည် သူတို့၏စပ်ကြားတွင် မျှတစွာ စီရင်ဆုံးဖြတ်ပါ။ အမှန်မုချ အလ္လာဟ်အရှင်မြတ်သည် တရားမျှတသောသူများအား ချစ်ခင်မြတ်နိုးတော်မူသည်။

وَكَيْفَ يُحَكِّمُوْنَكَ وَعِنْدَهُمُ التَّوْرٰىةُ فِيْهَا حُكْمُ اللّٰهِ ثُمَّ يَتَوَلَّوْنَ مِنْۢ بَعْدِ ذٰلِكَ ؕ وَمَآ اُولٰٓئِكَ بِالْمُؤْمِنِيْنَ ﴿٤٣﴾

(၄၃) ထို့ပြင် သူတို့သည် အသင်(တမန်တော်)အား မည်ကဲ့သို့ ခုံသမာဓိတင်မြှောက်ကြမည်နည်း။ ၎င်းပြင် သူတို့ထံတွင် သောင်ရာသ်ကျမ်းလည်းရှိသည်။ ၎င်းထဲ၌ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်လည်း ပါရှိသည်။ ထို(ကဲ့သို့ ဆုံးဖြတ်မှုခံယူပြီး)နောက် သူတို့သည် (အသင်၏ဆုံးဖြတ်ချက်မှ)ထပ်မံ၍ မျက်နှာလွှဲသွားကြပြန်သည်။ ထို့ပြင် သူတို့သည် မုအ်မင်န်ယုံကြည်သူများပင် မဟုတ်ကြပေ။

اِنَّآ اَنْزَلْنَا التَّوْرٰىةَ فِيْهَا هُدًى وَّنُوْرٌ ۚ يَحْكُمُ بِهَا النَّبِيُّوْنَ الَّذِيْنَ اَسْلَمُوْا لِلَّذِيْنَ هَادُوْا وَ الرَّبّٰنِيُّوْنَ وَالْاَحْبَارُ بِمَا اسْتُحْفِظُوْا مِنْ كِتٰبِ اللّٰهِ وَكَانُوْا عَلَيْهِ شُهَدَآءَ ۚ فَلَا تَخْشَوُا النَّاسَ وَ اخْشَوْنِ وَلَا تَشْتَرُوْا بِاٰيٰتِىْ ثَمَنًا قَلِيْلًا ؕ وَمَنْ لَّمْ يَحْكُمْ بِمَآ اَنْزَلَ اللّٰهُ فَاُولٰٓئِكَ هُمُ الْكٰفِرُوْنَ ﴿٤٤﴾

(၄၄) စင်စစ် ငါအရှင်မြတ်သည် သောင်ရာသ်ကျမ်းကို ချပေးတော်မူခဲ့သည်။ ထိုကျမ်းထဲတွင် လမ်းမှန်ညွှန်ကြားပြသချက်နှင့် ရောင်ခြည်တော်ပါရှိသည်။ (အရှင်မြတ်၏)အမိန့်တော်များကို လိုက်နာကြသော❶ နဗီတမန်တော်များသည် ယဟူဒီများအပေါ်တွင် ထိုသောင်ရာသ်ကျမ်းတော်နှင့်အညီ စီရင်ဆုံးဖြတ်လေ့ရှိခဲ့ကြသည်။ ၎င်းပြင် ယဟူဒီဘုန်းတော်ကြီးများနှင့် ပညာရှိသုခမိန်များသည်လည်း ထိုကျမ်းတော်နှင့်အညီ စီရင်ဆုံးဖြတ်လေ့ရှိခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်း(ဘုန်းတော်ကြီးများနှင့် ပညာရှင်များ)တို့သည် အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်ကို ထိန်းသိမ်းစောင့်ရှောက်ရန် အမိန့်ပေးတော်မူခြင်းခံခဲ့ကြရသည့်အပြင် သူတို့သည် ထိုကျမ်းကို အရှင်မြတ်ချပေးကြောင်းသက်သေခံသူများလည်း ဖြစ်ခဲ့ကြသည့်အတွက်ကြောင့်ပင် ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် လူများအား မကြောက်ကြနှင့်၊ ငါအရှင်မြတ်ကိုသာ ကြောက်ကြပါ။ ထို့ပြင် အသင်တို့သည် ငါအရှင်မြတ်၏အာယသ်တော်များကို တန်ဖိုးအနည်းငယ်ဖြင့် ရောင်းမစားကြနှင့်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်ချမှတ်တော်မူသည့်အတိုင်းစီရင်ဆုံးဖြတ်ခြင်းမပြုခဲ့လျှင် ထိုသူများပင် ကာဖိရ်ငြင်းပယ်သူများ ဖြစ်ကြသည်။

❶ အရှင်မြတ်ရဲ့အမိန့်တော်ကို လိုက်နာကြတဲ့ တမန်တော်တွေဆိုတာ တမန်တော်တိုင်းအပေါ်မှာ အရှင်မြတ်က အမိန့်တော်တွေချမှတ်ပေးခဲ့တယ်၊ အဲဒီအမိန့်တော်တွေကို တမန်တော်တိုင်းဟာ လိုက်နာခဲ့ကြတယ်။ အဲဒီအမိန့်တော်တွေထဲက တစ်ခုဟာ အရှင်မြတ်တစ်ပါးတည်းကို ကိုးကွယ်ပြီး အရှင်မြတ်နဲ့ တုဖက်ကာ ဘယ်သူ့ကိုမှ မကိုးကွယ်ဖို့ဖြစ်တယ်။ ဒီအကြောင်းကို (၂၁း၂၅)မှာ အခုလို အမိန့်ရှိထားတော်မူတယ် - وَمَآ اَرۡسَلۡنَا مِنۡ قَبۡلِكَ مِنۡ رَّسُوۡلٍ اِلَّا نُوۡحِىۡۤ اِلَيۡهِ اَنَّهٗ لَاۤ اِلٰهَ اِلَّاۤ اَنَا فَاعۡبُدُوۡنِ "ထို့ပြင် ငါအရှင်မြတ်သည် အသင်၏မတိုင်မီ တမန်တော်တစ်ပါးပါးစေလွှတ်တော်မူတိုင်း ထိုတမန်တော့်ထံ ဤသို့ ဝဟီညွှန်ကြားချက် ချပေးတော်မူသည် - ငါအရှင်မြတ်မှလွဲ၍ ကိုးကွယ်ခြင်းခံထိုက်သည့်အရှင်မရှိပေ။ သို့ဖြစ်ရာ အသင်တို့သည် ငါအရှင်မြတ်တစ်ပါးတည်းကိုသာ ကိုးကွယ်ကြပါ"။ အဲဒါကို ကုရ်အာန်က ဒီန်သာသနာလို့လည်း သုံးနှုန်းထားပါတယ်။ ကုရ်အာန် (၄၂း၁၃)မှာ အခုလို မိန့်ထားပါတယ် - شَرَعَ لَكُمۡ مِّنَ الدِّيۡنِ مَا وَصّٰى بِهٖ نُوۡحًا "(အသင်၏မတိုင်မီ တမန်တော်)နူးဟ်(နှင့်အခြားတမန်တော်များ)အပေါ်၌ ပြဋ္ဌာန်းခဲ့သည့်ဒီန်သာသနာကိုပင် အသင်တို့အပေါ်၌ ပြဋ္ဌာန်းခြင်းဖြစ်သည်။" (သိုင်စီရ္ဂလ် ကရီမိရ်ရဟ်မာန်၊ ဖားဒ္ဂလ်မစီးရ်၊ အသ္ဂဝ်ါအ္ဂလ်ဗယားန်)

وَكَتَبۡنَا عَلَيۡهِمۡ فِيۡهَاۤ اَنَّ النَّفۡسَ بِالنَّفۡسِ ۙ وَالۡعَيۡنَ بِالۡعَيۡنِ وَالۡاَنۡفَ بِالۡاَنۡفِ وَالۡاُذُنَ بِالۡاُذُنِ وَالسِّنَّ بِالسِّنِّ ۙ وَالۡجُرُوۡحَ قِصَاصٌ ؕ فَمَنۡ تَصَدَّقَ بِهٖ فَهُوَ كَفَّارَةٌ لَّهٗ ؕ وَمَنۡ لَّمۡ يَحۡكُمۡ بِمَاۤ اَنۡزَلَ اللّٰهُ فَاُولٰٓـئِكَ هُمُ الظّٰلِمُوۡنَ ﴿٤٥﴾

(၄၅) ထို့ပြင် ငါအရှင်မြတ်သည် ထို(သောင်ရာသ်ကျမ်း)၌ ၎င်း(ယဟူဒီ)

တို့အပေါ်(ဤသို့) အမိန့်ပြဋ္ဌာန်းတော်မူခဲ့သည်။ အသက်ဝိညာဉ်အစား အသက်ဝိညာဉ်၊ မျက်စိအစား မျက်စိ၊ နှာခေါင်းအစား နှာခေါင်း၊ နားရွက်အစား နားရွက်၊ သွားအစား သွားနှင့် ဒဏ်ရာဒဏ်ချက်များသည် ကိစ္စာစွဲလက်စားချေခွင့်ရှိသည်။ ထို့နောက် အကြင်သူသည် ၎င်း(လက်စားချေခြင်း)ကို ခွင့်လွှတ်ခဲ့လျှင် ၎င်း(ကဲ့သို့ခွင့်လွှတ်ခြင်း)သည် (ခွင့်လွှတ်သော)သူအတွက် အပြစ်များမှလွတ်ကင်းရန် အကြောင်းခံပင် ဖြစ်သည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်ချမှတ်တော်မူသည့်အတိုင်း စီရင်ဆုံးဖြတ်ခြင်း မပြုခဲ့လျှင် ထိုသူများပင် မတရားကျူးလွန်သူများဖြစ်ကြသည်။

وَقَفَّيْنَا عَلٰٓى اٰثَارِهِمْ بِعِيْسَى ابْنِ مَرْيَمَ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ التَّوْرٰىةِ ۖ وَاٰتَيْنٰهُ الْاِنْجِيْلَ فِيْهِ هُدًى وَّنُوْرٌ ۙ وَّمُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ التَّوْرٰىةِ وَهُدًى وَّمَوْعِظَةً لِّلْمُتَّقِيْنَ ﴿٤٦﴾

(၄၆) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(တမန်တော်)တို့၏ နောက်တွင် (ထိုတမန်တော်များ၏လမ်းစဉ်ကို ဖဝါးခြေထပ် လိုက်နာကျင့်သုံးရန် အတွက်) မရ်ယမ်၏သားတော် (တမန်တော်)အီစာကို ၎င်း၏မတိုင်မီရှိခဲ့သောသောင်ရာသ်ကျမ်းအား ထောက်ခံသူအဖြစ် စေလွှတ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းကို အင်န်ဂျီလ်ကျမ်းတော် ချီးမြှင့်တော်မူခဲ့သည်။ ၎င်း(ကျမ်း)ထဲတွင် လမ်းမှန်ညွှန်ကြားပြသချက်အပြင် လင်းရောင်ခြည်လည်းပါရှိသည်။ ၎င်း(ကျမ်း)သည် ၎င်း၏မတိုင်မီရှိသော သောင်ရာသ်ကျမ်းကို ထောက်ခံနေသည့်အပြင် မုသ်သကီကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများအတွက် လမ်းမှန်ညွှန်ကြားပြသချက်နှင့် ဆုံးမသြဝါဒလည်း ဖြစ်သည်။

وَلْيَحْكُمْ اَهْلُ الْاِنْجِيْلِ بِمَآ اَنْزَلَ اللّٰهُ فِيْهِ ۗ وَمَنْ لَّمْ يَحْكُمْ بِمَآ اَنْزَلَ اللّٰهُ فَاُولٰٓئِكَ هُمُ الْفٰسِقُوْنَ ﴿٤٧﴾

(၄၇) ထို့ပြင် အင်န်ဂျီလ်ကျမ်းတော်ကို ရရှိသောသူများသည်လည်း ထို(ကျမ်း)ထဲ၌ အလ္လာဟ်အရှင်မြတ်က ချမှတ်ထားသည့်အတိုင်း စီရင်ဆုံးဖြတ်ကြရမည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ် ချမှတ်တော်မူသည့်အတိုင်း စီရင်ဆုံးဖြတ်ခြင်းမပြုခဲ့လျှင် ထိုသူများသည်ပင် စည်းကမ်းဖောက်ဖျက်အမိန့်ဖီဆန်သူများပင် ဖြစ်ကြသည်။

وَاَنْزَلْنَآ اِلَيْكَ الْكِتٰبَ بِالْحَقِّ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ مِنَ الْكِتٰبِ وَمُهَيْمِنًا عَلَيْهِ فَاحْكُمْ بَيْنَهُمْ بِمَآ اَنْزَلَ اللّٰهُ وَلَا تَتَّبِعْ اَهْوَآءَهُمْ عَمَّا جَآءَكَ مِنَ الْحَقِّ ۗ لِكُلٍّ جَعَلْنَا مِنْكُمْ شِرْعَةً وَّمِنْهَاجًا ۗ وَلَوْ شَآءَ اللّٰهُ لَجَعَلَكُمْ اُمَّةً وَّاحِدَةً وَّلٰكِنْ لِّيَبْلُوَكُمْ فِيْ مَآ اٰتٰىكُمْ

فَاسْتَبِقُوا الْخَيْرٰتِ ۚ اِلَى اللّٰهِ مَرْجِعُكُمْ جَمِيْعًا فَيُنَبِّئُكُمْ بِمَا كُنْتُمْ فِيْهِ تَخْتَلِفُوْنَ ﴿٤٨﴾

(၄၈) ထို့ပြင် ငါအရှင်မြတ်သည် အသင်(တမန်တော်)ထံသို့ မှန်ကန်သောကျမ်းတော်မြတ်(ကုရ်အာန်)ကို ချပေးတော်မူခဲ့သည်။ (ထိုကျမ်းသည်) ၎င်းမတိုင်မီရှိခဲ့သောကျမ်းများအား ထောက်ခံလျက်ရှိသည့်❶ အပြင် ၎င်း(ကျမ်းများ)ကိုလည်း ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ထို့ကြောင့် အသင်သည် သူတို့၏ကြားတွင် အလ္လာဟ်အရှင်မြတ်ချမှတ်ပေးသည့်အတိုင်း စီရင်ဆုံးဖြတ်ပါ။ ထို့ပြင် အသင်သည် အသင်၏ထံသို့ ရောက်ရှိလာသော မှန်ကန်သည့်ကျမ်းကို စွန့်ပြီး သူတို့၏အလိုဆန္ဒများကို မလိုက်ပါနှင့်။ ငါအရှင်မြတ်သည် အသင်တို့ထဲမှ ကိုယ်စီ(အွမ္မသ်အုပ်စု)အတွက် ဥပဒေနှင့် လမ်းစဉ်တစ်မျိုးစီကို သတ်မှတ်ပြဋ္ဌာန်းပေးတော်မူခဲ့သည်။ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အလိုရှိတော်မူခဲ့လျှင် အရှင်မြတ်သည် အသင်တို့ကို (သာသနာဝင်)အုပ်စုတစ်ခုတည်း အမှန်ပင် ဖြစ်စေတော်မူခဲ့မည်။ သို့ရာတွင် အသင်တို့ကို အရှင်မြတ်ပေးသနားတော်မူသည်နှင့်ပတ်သက်၍ အရှင်မြတ်သည် အသင်တို့အား စမ်းသပ်တော်မူရန်အတွက် (ထိုကဲ့သို့ အုပ်စုတစ်ခုတည်း မပြုလုပ်ခဲ့ခြင်းဖြစ်သည်)။ ထို့ကြောင့် အသင်တို့သည် ကောင်းမှုများကို သူ့ထက်ငါသာအောင် အလျင်အမြန်ပြုလုပ်ကြပါ။ အသင်တို့ အားလုံး၏ ပြန်လည်ရောက်ရှိရာနေရာသည် အလ္လာဟ်အရှင်မြတ်ထံတော်သို့ပင် ဖြစ်သည်။ ထိုအခါ အရှင်မြတ်သည် အသင်တို့ကွဲလွဲခဲ့ကြသည့်(အဓိကယုံကြည်ရမည့်)အကြောင်းအရာများနှင့် ပတ်သက်၍ အသင်တို့အား အသိပေးတော်မူမည်ဖြစ်သည်။

❶ ကုရ်အာန်ကျမ်းတော်မြတ်က အရင်ချပေးထားတဲ့ကျမ်းတွေဖြစ်တဲ့သောင်ရာသ်၊ ဇဗူရ်၊ အင်န်ဂျီလ်ကျမ်းတွေကို ထောက်ခံတယ်ဆိုတာ အဲဒီကျမ်းတွေဟာလည်း အရှင်မြတ်ထံတော်က ချပေးတဲ့ကျမ်းတွေဖြစ်တယ်ဆိုတဲ့အကြောင်း ထောက်ခံခြင်းဖြစ်တယ်။ လူတွေပြုပြင်ပြောင်းလဲမှု လုပ်ထားပြီးဖြစ်တဲ့ အခုရှိနေတဲ့ကျမ်းတွေကို ထောက်ခံနေတာမဟုတ်ဘူး။ ကျမ်းချပေးတဲ့အချိန်အခါက အရှင်မြတ်ကိုယ်တိုင် ချပေးတော်မူခဲ့တာ ဖြစ်တယ်ဆိုတာကိုပဲ ထောက်ခံတာဖြစ်တယ်။

(အလင်းပြကျမ်း)

وَاَنِ احْكُمْ بَيْنَهُمْ بِمَآ اَنْزَلَ اللّٰهُ وَلَا تَتَّبِعْ اَهْوَآءَهُمْ وَاحْذَرْهُمْ اَنْ يَّفْتِنُوْكَ عَنْۢ بَعْضِ مَآ
اَنْزَلَ اللّٰهُ اِلَيْكَ ۚ فَاِنْ تَوَلَّوْا فَاعْلَمْ اَنَّمَا يُرِيْدُ اللّٰهُ اَنْ يُّصِيْبَهُمْ بِبَعْضِ ذُنُوْبِهِمْ ۚ وَاِنَّ كَثِيْرًا مِّنَ
النَّاسِ لَفٰسِقُوْنَ ﴿٤٩﴾

(၄၉) ထို့ပြင် အသင်သည် သူတို့၏ကြားတွင် အလ္လာဟ်အရှင်မြတ်

ချမှတ်တော်မူသည့်အတိုင်း စီရင်ဆုံးဖြတ်ပါ။ ထို့ပြင် အသင်သည် သူတို့၏အလို ဆန္ဒများကို မလိုက်ပါနှင့်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်က အသင့်ထံသို့ ချပေး သနားတော်မူသော အချို့အမိန့်တော်များနှင့်ပတ်သက်၍ သူတို့သည် အသင့် အား ချွတ်ချော်သွားအောင်လုပ်မည်ကို အသင်သတိထားပါ။ ထို့နောက် အကယ် ၍ သူတို့သည် (မလိုက်နာဘဲ) မျက်နှာလွှဲသွားကြလျှင်၊ အလ္လာဟ်အရှင်မြတ် သည် သူတို့၏အချို့ပြစ်မှုများကြောင့် သူတို့အား ပြစ်ဒဏ်ပေးလိုတော်မူခြင်းဖြစ် သည်ဟု အသင် သိလိုက်ပါ။ ထို့ပြင် အမှန်စင်စစ် လူများထဲမှ အမြောက်အမြား သည် (အရှင်မြတ်၏)စည်းကမ်းကို အမှန်ပင် ဖောက်ဖျက်ကြသောသူများ ဖြစ် ကြသည်။

أَفَحُكْمَ الْجَاهِلِيَّةِ يَبْغُونَ ۚ وَمَنْ أَحْسَنُ مِنَ اللَّهِ حُكْمًا لِّقَوْمٍ يُوقِنُونَ ﴿٥٠﴾

(၅၀) သို့ဖြစ်ရာ သူတို့သည် အမိုက်ခေတ်(၂) ၏ စီရင်ဆုံးဖြတ်မှုကို လို လားကြသလော။ ထို့ပြင် ယုံကြည်သောသူများအတွက် အလ္လာဟ်အရှင်မြတ်ထက် ပိုကောင်းသော စီရင်ဆုံးဖြတ်မည့်သူ မည်သူရှိသနည်း။

(၂) ဂျာဟိလိယသ်အမိုက်ခေတ်ဆိုတာတမန်တော်မြတ် ﷺ မပွင့်ပေါ်ခင်ကရှိရက်တုဖက်ကိုးကွယ် မှုတွေလွှမ်းမိုးနေတဲ့ခေတ်ကို ခေါ်တယ်။ အဲဒီခေတ်မှာ ဥပဒေပြဋ္ဌာန်းချက်တွေဟာ အရှင်မြတ်ပြ ဋ္ဌာန်းပေးထားတဲ့ ဥပဒေတွေနဲ့ လုံးဝဆန့်ကျင်လျက်ရှိနေပြီး သူတို့ ပြုလုပ်ချင်တာကို ဥပဒေအဖြစ် ပြဋ္ဌာန်းပြုလုပ်နေတဲ့ခေတ်ဖြစ်တယ်။ အဲဒီခေတ်ကြီးထဲမှာ လူတန်းစား အသီးသီးရဲ့ အခွင့်အရေး မျိုးစုံဟာ လက်လွတ်ဆုံးရှုံးနေရတယ်။ အဲဒါကြောင့် အရှင်မြတ်က လူတိုင်းအတွက် အခွင့်အရေး ရှိပြီး အောင်မြင်မဲ့လမ်းစဉ်အဖြစ် ချပေးထားတဲ့ ကုရ်အာန်ရဲ့ဥပဒေတွေရောက်ရှိလာပါလျက် မတရားမှုလွှမ်းမိုးပြီး အခွင့်အရေးဆုံးရှုံးနေတဲ့ အမိုက်ခေတ်က ဥပဒေတွေဘက်ကို ပြန်လှည့်ပြု လုပ်ဖို့လိုလားနေကြသေးတာလားလို့ မေးခွန်းထုတ်ထားတာဖြစ်တယ်။ အလ္လာဟ်အရှင်မြတ် ထက်ပိုပြီး လူတွေနဲ့ကိုက်ညီအောင် စီရင်ချက်ချပေးနိုင်တဲ့သူ ဘယ်သူရှိဦးမှာလဲ။ (ကုရ်သွူဗီ)

يَا أَيُّهَا الَّذِينَ آمَنُوا لَا تَتَّخِذُوا الْيَهُودَ وَالنَّصَارَىٰ أَوْلِيَاءَ ۘ بَعْضُهُمْ أَوْلِيَاءُ بَعْضٍ ۚ وَمَن يَتَوَلَّهُم مِّنكُمْ فَإِنَّهُ مِنْهُمْ ۗ إِنَّ اللَّهَ لَا يَهْدِي الْقَوْمَ الظَّالِمِينَ ﴿٥١﴾

(၅၁) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ယဟူဒီများ နှင့် နတ်စ္စရာနီများကို မိတ်ဆွေအပေါင်းအသင်းများအဖြစ် မပြုလုပ်ကြနှင့်။(၁) သူတို့သည် (အသင်တို့ကို ဆန့်ကျင်ရာတွင်) အချင်းချင်း(ကူညီရိုင်းပင်းကြသော) အဆွေခင်ပွန်းများပင်ဖြစ်ကြသည်။(၂) ၎င်းပြင် အသင်တို့ထဲမှ မည်သူမဆို သူ တို့အား မိတ်ဆွေအပေါင်းအသင်း ပြုလုပ်လျှင် ထိုသူသည် အမှန်ပင် သူတို့ထဲမှ ဖြစ်သည်။(၃) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မတရားကျူးလွန်သောသူ

များကို လမ်းမှန်ညွှန်ကြားပြသတော်မူမည် မဟုတ်ပေ။ ❻

❶ ယဟူဒီတွေ နတ်စ္စရာနီတွေနဲ့ မိတ်ဆွေမဖွဲ့ရဘူးဆိုတာ ယုံကြည်စိတ်ချရတဲ့ အတွင်းသိအပြင်သိ "လူယုံ"မိတ်ဆွေမျိုးကို ဆိုလိုတာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုရင် သူတို့ကို ယုံလို့မရလို့ဖြစ်တယ်။ (သူတို့ကို ယုံလိုက်ရင် ဘာသာရေးဆိုင်ရာ လွဲမှားတဲ့ယုံကြည်ချက်တွေ သွတ်သွင်းတာကိုပါ ခံရနိုင်တဲ့အတွက် တားမြစ်တားတာဖြစ်တယ်။) သာမန်ဆက်ဆံမှုမျိုးကိုတော့ ဘယ်လူသားနဲ့မဆို ကောင်းကောင်းမွန်မွန်ဆက်ဆံဖို့ ညွှန်ကြားချက်တွေရှိထားပါတယ်။ (အလင်းပြကျမ်း) ❷ ယဟူဒီနဲ့ နတ်စ္စရာနီတွေဟာ အုပ်စုအားဖြင့်တော့ ကွဲလွဲနေပေမဲ့ မွတ်စ်လင်မ်တွေကို ဆန့်ကျင်ရာမှာတော့ သူတို့ အချင်းချင်း ပူးပေါင်းကာ ဆန့်ကျင်မှုပြုလုပ်ကြတယ်။ အဲဒါကြောင့် ကာဖိရ်တွေဟာ ဘယ်လူမျိုး ဘယ်အုပ်စုတွေထဲကပဲဖြစ်စေ "ကုဖ်ရ်ဟာ ဘာသာတစ်ခုတည်းပဲ ဖြစ်တယ်" လို့ တမန်တော်မြတ် ﷺက မိန့်ဆိုထားခဲ့ခြင်းဖြစ်တယ်။(အလင်းပြကျမ်း) ❸ မွတ်စ်လင်မ်တွေထဲက ဘယ်သူမဆို ယဟူဒီတွေ နတ်စ္စရာနီတွေနဲ့ တရင်းတနှီးမိတ်ဆွေဖွဲ့ရင် သူတို့ထဲက တစ်စိတ်တစ်ဒေသဖြစ်သွားတယ်။ (အလင်းပြကျမ်း) ❹ မွတ်စ်လင်မ်ရဲ့ရန်သူတွေနဲ့ မိတ်ဖွဲ့ပြီး မွတ်စ်လင်မ်တွေအပေါ်မှာ ဖျက်ဆီးဖို့ ကြံစည်နေသူတွေဟာ ဘယ်လိုမှ လမ်းမှန်မရောက်နိုင်တော့ဘူး။ အဲဒီသူတွေဟာ မုနာဖိက်တွေပဲဖြစ်ကြတယ်။ (အလင်းပြကျမ်း)

فَتَرَى الَّذِيْنَ فِيْ قُلُوْبِهِمْ مَّرَضٌ يُّسَارِعُوْنَ فِيْهِمْ يَقُوْلُوْنَ نَخْشٰٓى اَنْ تُصِيْبَنَا دَآئِرَةٌ ؕ فَعَسَى اللّٰهُ اَنْ يَّاْتِيَ بِالْفَتْحِ اَوْ اَمْرٍ مِّنْ عِنْدِهٖ فَيُصْبِحُوْا عَلٰى مَآ اَسَرُّوْا فِيْٓ اَنْفُسِهِمْ نٰدِمِيْنَ ؕ﴿٥٢﴾

(၅၂) ထို့ကြောင့် အသင်သည် စိတ်နှလုံးများ၌ရောဂါရှိသောသူများအား ၎င်း(ယဟူဒီနှင့် နတ်စ္စရာနီ)တို့ထံ အပြေးအလွှားသွားနေကြသည်ကို တွေ့မြင်ရခြင်းဖြစ်သည်။ သူတို့က ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အပေါ် ဘေးဒုက္ခတစ်ခုခု ကျရောက်လာမည်ကို စိုးရိမ်ကြသည်ဟု ပြောဆိုကြသည်။❶ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် (မွတ်စ်လင်မ်များကို) အောင်မြင်မှု မကြာမီ ပေးသနားတော်မူမည်။ သို့မဟုတ် အရှင်မြတ်ထံတော်မှ အမိန့်တစ်စုံတစ်ခု(ချပေးတော်မူမည်)၊ ထိုအခါ သူတို့သည် သူတို့စိတ်များထဲ၌ လျှို့ဝှက်ထားခဲ့ကြသောအကြောင်းများနှင့် ပတ်သက်၍ ဝမ်းနည်းပူဆွေးသူများဖြစ်သွားကြလိမ့်မည်။

❶ မုနာဖိက်တွေက ကျွန်ုပ်တို့ဟာ ယဟူဒီတွေ နတ်စ္စရာနီတွေနဲ့ ပေါင်းသင်းဆက်ဆံရခြင်းဟာ တကယ်လို့ မွတ်စ်လင်မ်တွေ အရေးရှုံးနိမ့်သွားရင် ကျွန်ုပ်တို့ဒုက္ခရောက်မှာစိုးလို့ သူတို့ထံမှာ ခိုလှုံလို့ရအောင် ကြိုတင်ပြီး မိတ်ဖွဲ့ထားရတာဖြစ်တယ်လို့ ပြောဆိုကြတယ်။ (အလင်းပြကျမ်း)

وَيَقُوْلُ الَّذِيْنَ اٰمَنُوْٓا اَهٰٓؤُلَآءِ الَّذِيْنَ اَقْسَمُوْا بِاللّٰهِ جَهْدَ اَيْمَانِهِمْ ۙ اِنَّهُمْ لَمَعَكُمْ ؕ حَبِطَتْ اَعْمَالُهُمْ فَاَصْبَحُوْا خٰسِرِيْنَ ﴿٥٣﴾

(၅၃) ထို့ပြင် အီမာန်ယုံကြည်သောသူများက (မုနာဖိက်များနှင့်ပတ်သက်၍ ဤသို့အချင်းချင်း)ပြောဆိုကြမည်။ "အမှန်ပင် သူတို့သည် အသင်တို့

(မွတ်စ်လင်မ်များ)နှင့်အတူ ရှိကြပါသည်ဟု အလ္လာဟ်အရှင်မြတ်အား အစွမ်းကုန် တိုင်တည်ကျိန်ဆိုကြသောသူများသည် ဤသူများပင်လော။” သူတို့၏အမလ် လုပ်ရပ်များသည် အချည်းနှီးဖြစ်ခဲ့လေပြီ၊ သို့ဖြစ်ရာ သူတို့သည် ပျက်စီးဆုံးရှုံး သောသူများ ဖြစ်သွားကြပြီ ဖြစ်သည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ مَن يَرۡتَدَّ مِنكُمۡ عَن دِينِهِۦ فَسَوۡفَ يَأۡتِي ٱللَّهُ بِقَوۡمٖ يُحِبُّهُمۡ وَيُحِبُّونَهُۥٓ
أَذِلَّةٍ عَلَى ٱلۡمُؤۡمِنِينَ أَعِزَّةٍ عَلَى ٱلۡكَٰفِرِينَ يُجَٰهِدُونَ فِي سَبِيلِ ٱللَّهِ وَلَا يَخَافُونَ لَوۡمَةَ لَآئِمٖۚ
ذَٰلِكَ فَضۡلُ ٱللَّهِ يُؤۡتِيهِ مَن يَشَآءُۚ وَٱللَّهُ وَٰسِعٌ عَلِيمٌ ﴿٥٤﴾

(၅၄) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့ထဲမှ မည်သူမဆို သူ၏သာသနာမှ ပြန်လှည့်ထွက်သွားလျှင် အလ္လာဟ်အရှင်မြတ်သည် လူမျိုး တစ်မျိုးကို မကြာမီ (ဖန်ဆင်း)ယူလာတော်မူမည်၊ သူတို့ကို အရှင်မြတ်သည် ချစ်ခင်တော်မူမည့်အပြင် သူတို့ကလည်း အရှင်မြတ်ကို ချစ်ခင်ကြလိမ့်မည်။ (သူတို့သည်) မုအ်မင်န်ယုံကြည်သူများအပေါ်တွင် နူးညံ့သိမ်မွေ့သော စိတ် ထားရှိသူများဖြစ်ကြမည်။ ကာဖိရ်ငြင်းပယ်သူများအပေါ်၌မူ ပြင်းထန်တင်းမာ သောသူများ ဖြစ်ကြလိမ့်မည်။ ထိုသူများသည် အလ္လာဟ်အရှင်မြတ်၏လမ်း၌ သက်စွန့်ကြိုးပမ်း (တိုက်ခိုက်)ဆောင်ရွက်ကြလိမ့်မည်။ ထို့ပြင် သူတို့သည် မည်သည့် ပြစ်တင်ကဲ့ရဲ့သူတစ်ဦးတစ်ယောက်၏ ပြစ်တင်ကဲ့ရဲ့ခြင်းကိုမျှ စိုးရိမ် ကြမည်မဟုတ်ပေ။ ၎င်း(အရည်အချင်းများ)သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ပင်ဖြစ်သည်။ အရှင်မြတ်သည် ၎င်း(ကျေးဇူးတော်)ကို အရှင်မြတ် အလိုရှိတော်မူသောသူအား ပေးသနားတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ် သည် ကျယ်ဝန်းစွာ အလွန်ပေးတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသော အရှင် ဖြစ်တော်မူသည်။

إِنَّمَا وَلِيُّكُمُ ٱللَّهُ وَرَسُولُهُۥ وَٱلَّذِينَ ءَامَنُواْ ٱلَّذِينَ يُقِيمُونَ ٱلصَّلَوٰةَ وَيُؤۡتُونَ ٱلزَّكَوٰةَ وَهُمۡ رَٰكِعُونَ ﴿٥٥﴾

(၅၅) အသင်တို့၏မိတ်ဆွေသည် အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်၏ တမန်တော်နှင့် အီမာန်ယုံကြည်သူများပင် ဖြစ်ကြသည်။ ၎င်း(ယုံကြည်သူ)တို့ သည် ကျိုးနွံသူများဖြစ်လျက် စွလာသ်ဝတ်ပြုကြသည်။ ဇကာသ်(ဆင်းရဲသား နှင့်လိုအပ်သူများ၏ဝေစု)ကိုလည်း ပေးဆောင်ကြသည်။[6]

[6] ဒီအာယသ်မှာ မုအ်မင်န်တွေရဲ့ ဂုဏ်အရည်အချင်းတချို့ကိုဖော်ပြထားတယ် - - (၁) ယုံကြည် ချက်တိကျမှန်ကန်ခြင်း(၂) ကိုယ်ကာယနဲ့ပြုကျင့်ရတဲ့ကောင်းမှုများပြုလုပ်ခြင်း။ ဥပမာ - စွလာသ်

ဝတ်ပြုခြင်း(၃) ပစ္စည်းဥစ္စာနဲ့ လူ့ဒါန်းမှုပြုလုပ်ခြင်း။ ဥပမာ - ဇကာသ် ပေးဆောင်ခြင်း။
(အလင်းပြကျမ်း)

وَمَنۡ يَتَوَلَّ ٱللَّهَ وَرَسُولَهُۥ وَٱلَّذِينَ ءَامَنُواْ فَإِنَّ حِزۡبَ ٱللَّهِ هُمُ ٱلۡغَٰلِبُونَ ﴿٥٦﴾

(၅၆) ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်၏တမန်တော်နှင့် အီမာန်ယုံကြည်သူများအား မိတ်ဆွေပြုလုပ်ကြလျှင် (ထိုသူများသည် အရှင်မြတ်၏ဘက်တော်သားများဖြစ်ကြသည်)၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ဘက်တော်သားများသာ အောင်မြင်သူများဖြစ်ကြသည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا تَتَّخِذُواْ ٱلَّذِينَ ٱتَّخَذُواْ دِينَكُمۡ هُزُوٗا وَلَعِبٗا مِّنَ ٱلَّذِينَ أُوتُواْ ٱلۡكِتَٰبَ مِن قَبۡلِكُمۡ وَٱلۡكُفَّارَ أَوۡلِيَآءَۚ وَٱتَّقُواْ ٱللَّهَ إِن كُنتُم مُّؤۡمِنِينَ ﴿٥٧﴾

(၅၇) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့မတိုင်မီ ကျမ်းဂန်ရရှိသောသူများထဲမှ အသင်တို့၏သာသနာကို ပျက်ရယ်ပြောင်လှောင်စရာနှင့် ဆော့ကစားစရာအဖြစ် ပြုလုပ်ကြသူများနှင့် ကာဖိရ်ငြင်းပယ်သူများအား မိတ်ဆွေများအဖြစ် မပြုလုပ်ကြနှင့်။ ထို့ပြင် အကယ်၍အသင်တို့သည် အီမာန်ယုံကြည်သူများဖြစ်ကြလျှင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ (မိတ်ဆွေပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ၃း၂၈၊ ခြေ-၄ တွင်ရှင်းပြီးဖြစ်၏။)

وَإِذَا نَادَيۡتُمۡ إِلَى ٱلصَّلَوٰةِ ٱتَّخَذُوهَا هُزُوٗا وَلَعِبٗاۚ ذَٰلِكَ بِأَنَّهُمۡ قَوۡمٞ لَّا يَعۡقِلُونَ ﴿٥٨﴾

(၅၈) ထို့ပြင် အသင်တို့သည် စွလာသ်ဝတ်ပြုရန် အဇာန်ဟစ်ခေါ်ကြသောအခါ❶ သူတို့သည် ထိုဟစ်ခေါ်ခြင်းနှင့်စွလာသ်ဝတ်ပြုခြင်းကို ပြက်ရယ်ပြောင်လှောင်စရာနှင့် ဆော့ကစားစရာအဖြစ် ပြုလုပ်ကြသည်။ ထိုကဲ့သို့ ပြုလုပ်သည့်အကြောင်းမှာ အမှန်စင်စစ် သူတို့သည် အသိဉာဏ်ကင်းမဲ့သော လူမျိုးဖြစ်ခြင်းကြောင့်ပင်ဖြစ်သည်။❷

❶ စွလာသ်ဝတ်ပြုဖို့ ဟစ်ခေါ်တဲ့ အဇာန်ထဲက စာသားတွေဟာ အလွန်ကောင်းမွန်မြင့်မြတ်တဲ့ စာသားတွေဖြစ်တယ်။ အလ္လာဟ်အရှင်မြတ်ဟာ အကြီးကျယ်ဆုံးအရှင်ဖြစ်ကြောင်း၊ အလ္လာဟ်အရှင်မြတ်ဟာ တစ်ပါးတည်းတည်ရှိကြောင်း၊ တမန်တော်မုဟမ္မဒ် ﷺ ဟာ အရှင်မြတ်ရဲ့တမန်တော် ဖြစ်ကြောင်း၊ စွလာသ်ဝတ်ပြုတဲ့ဘက်ကို လာကြဖို့နဲ့ အောင်မြင်မှုဘက်ကို လာကြဖို့ဖိတ်ခေါ်တဲ့ စာသားတွေဖြစ်နေပါတယ်။ (အလင်းပြကျမ်း) ❷ အဲဒီလောက်ကောင်းမွန်တဲ့စာသားတွေနဲ့ ဖိတ်ခေါ်တာကို ပြောင်လှောင်ခြင်းဟာ အလွန်ပဲ အသိဉာဏ်ခေါင်းပါးလို့ပဲဆိုတာထင်ရှားပါတယ်။
(အလင်းပြကျမ်း)

قُلۡ يَٰٓأَهۡلَ ٱلۡكِتَٰبِ هَلۡ تَنقِمُونَ مِنَّآ إِلَّآ أَنۡ ءَامَنَّا بِٱللَّهِ وَمَآ أُنزِلَ إِلَيۡنَا وَمَآ أُنزِلَ مِن قَبۡلُ وَأَنَّ أَكۡثَرَكُمۡ فَٰسِقُونَ ﴿٥٩﴾

(၅၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ အို-ကျမ်းရသူအပေါင်းတို့၊ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်တကွ ကျွန်ုပ်တို့ထံသို့ ချပေးခြင်းခံရသောတရားတော်နှင့် ယခင်က(တမန်တော်များထံ) ချပေးခြင်းခံရသောအရာများကို ယုံကြည်ခြင်းကိုပင် အသင်တို့သည် ကျွန်ုပ်တို့အား အပြစ်ပြောနေကြသည် မဟုတ်လော။ ထို့ပြင် အမှန်မှာ အသင်တို့ထဲမှ အမြောက်အများသည် စည်းကမ်းဖောက်ဖျက်သောသူများပင် ဖြစ်ကြသည်။❸

❸ ကျမ်းရသူ ယဟူဒီနဲ့ နတ်စ္စရာနီတွေထဲက အများစုဟာ ကုရ်အာန်အပေါ်မှာလည်း အီမာန် မရှိဘူး။ ၎င်းတို့အပေါ်မှာ ချပေးထားတဲ့ သောင်ရာသ်နဲ့ အင်န်ဂျီလ်အပေါ်မှာလည်း အီမာန်မရှိဘူး။ ဘာဖြစ်လို့လဲဆိုရင် တကယ်လို့ သောင်ရာသ်နဲ့ အင်န်ဂျီလ်အပေါ်မှာ အီမာန်သာရှိရင် အဲဒီထဲမှာ တမန်တော်မြတ် ﷺ နဲ့ ကုရ်အာန်အပေါ်မှာ အီမာန်ယူဖို့ ညွှန်ကြားချက်ရှိတဲ့အတွက် တကယ်ပဲ တမန်တော်မြတ် ﷺ နဲ့ ကုရ်အာန်အပေါ်မှာ အီမာန်ယုံကြည်ကြမှာ အမှန်ပဲဖြစ်တယ်။ ကုရ်အာန်ကို ငြင်းပယ်ခြင်းဟာ သူတို့အပေါ်မှာ ချပေးထားတဲ့ကျမ်းတွေကို ငြင်းပယ်ခြင်းရဲ့သက်သေသာဓကပဲ ဖြစ်တယ်။ သူတို့ရဲ့အခြေအနေကတော့ ဒီလိုပဲဖြစ်တယ်။ မွတ်စ်လင်မ်တွေရဲ့အခြေအနေကတော့ အဲဒါရဲ့ဆန့်ကျင်ဘက် ဖြစ်တယ်။ အရှင်မြတ်ချပေးတော်မူတဲ့ ကျမ်းတွေအားလုံးအပေါ်မှာ အီမာန်ယုံကြည်တယ်။ အဲဒါကြောင့် အပြစ်ပြောစရာဟာ မွတ်စ်လင်မ်တွေအပေါ်မှာမရှိဘဲ သူတို့အပေါ်မှာသာရှိတယ်။ (မအာရိဖွလ်ကုရ်အာန်)

قُلْ هَلْ أُنَبِّئُكُمْ بِشَرٍّ مِّنْ ذٰلِكَ مَثُوْبَةً عِنْدَ اللّٰهِ ؕ مَنْ لَّعَنَهُ اللّٰهُ وَغَضِبَ عَلَيْهِ وَجَعَلَ مِنْهُمُ
الْقِرَدَةَ وَالْخَنَازِيْرَ وَعَبَدَ الطَّاغُوْتَ ؕ أُولٰٓئِكَ شَرٌّ مَّكَانًا وَّ أَضَلُّ عَنْ سَوَآءِ السَّبِيْلِ ﴿٦٠﴾

(၆၀) (အို-တမန်တော်)အသင် ပြောလိုက်ပါ၊ ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် နိဂုံးချုပ်ရလဒ်အနေဖြင့် ထို့ထက်ဆိုးသည့်အရာကို အသင်တို့အား ပြောပြရမည်လော။ (၎င်းမှာ)အကြင်သူများပင် ဖြစ်သည်။ သူတို့အား အလ္လာဟ်အရှင်မြတ်သည် သနားကရုဏာတော်မှကင်းဝေးစေတော်မူခဲ့သည်။ ထို့ပြင် သူတို့အပေါ်၌ အမျက်ဒေါသလည်းဖြစ်တော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် သူတို့ထဲမှ (အချို့ကို) မျောက်များနှင့် ဝက်တိရစ္ဆာန်များ ဖြစ်စေတော်မူခဲ့သည်။ ထို့ပြင် သူတို့သည် (အလ္လာဟ်အရှင်မြတ်မှလွဲ၍) အခြားကိုးကွယ်ရာများကိုလည်း (နှစ်သက်စွာ) ကိုးကွယ်ခဲ့ကြသည်။❻ သူတို့သည် နေရာအားဖြင့်လည်း အဆိုးရွားဆုံးသူများဖြစ်ကြသည်။ ထို့ပြင် လမ်းမှန်မှလည်း အလွဲများဆုံးသူများပင် ဖြစ်ကြသည်။”

❻ တကယ်အပြစ်တင်ရမဲ့လမ်းစဉ်က ရှိုင်သွာန်ကို ကိုးကွယ်တဲ့လမ်းစဉ်၊ မျောက်တွေ ဝက်တိရစ္ဆာန်တွေဖြစ်သွားတဲ့သူတွေရဲ့လမ်းစဉ်ပဲဖြစ်တယ်။ အဲဒီလမ်းစဉ်ပဲ လမ်းအလွဲဆုံးလမ်းစဉ်ဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِذَا جَآءُوكُمْ قَالُوٓا۟ ءَامَنَّا وَقَد دَّخَلُوا۟ بِٱلْكُفْرِ وَهُمْ قَدْ خَرَجُوا۟ بِهِۦ ۚ وَٱللَّهُ أَعْلَمُ بِمَا كَانُوا۟ يَكْتُمُونَ ﴿٦١﴾

(၆၁) ထို့ပြင် သူတို့သည် အသင်တို့ထံသို့ လာကြသောအခါ သူတို့က "ကျွန်ုပ်တို့သည် အီမာန်ယုံကြည်ကြပါပြီ" ဟု ပြောဆိုကြသည်။ ထို့ပြင် အမှန်မှာ သူတို့သည် ကုဖ်ရ်ငြင်းပယ်မှုကို ယူပြီးဝင်လာခဲ့ကြသည်။ ၎င်းပြင် အမှန်ပင် သူတို့သည် ထိုကုဖ်ရ်ငြင်းပယ်မှုကိုသာ ယူပြီး ပြန်ထွက်သွားကြသည်။❺ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့လျှို့ဝှက်ထားသည်များကို အသိဆုံးပင်ဖြစ်တော်မူသည်။

❺ ယဟူဒီ မုနာဖိက်အယောင်ဆောင်တွေဟာ မွတ်စ်လင်မ်တွေနဲ့တွေ့တဲ့အခါ အီမာန် ယုံကြည်ပါတယ်လို့ပြောဆိုကြပေမဲ့ သူတို့ဟာ စိတ်ထဲက တကယ်မယုံဘဲ ကာဖိရ်အဖြစ်နဲ့ပဲ ဝင်ရောက်လာခဲ့တာဖြစ်ပြီး ပြန်ထွက်သွားတဲ့အခါကျတော့လည်း ကာဖိရ်အဖြစ်နဲ့ပဲ ပြန်ထွက်သွားကြတာဖြစ်တယ်။ တကယ်တော့ သူတို့ဟာ အရင်ကလည်း ကာဖိရ် အခုလည်း ကာဖိရ်ပဲဖြစ်တယ်။ မွတ်စ်လင်မ်တွေကို လှည့်စားဖို့အတွက်ပဲ ဝင်လာတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَتَرَىٰ كَثِيرًا مِّنْهُمْ يُسَٰرِعُونَ فِى ٱلْإِثْمِ وَٱلْعُدْوَٰنِ وَأَكْلِهِمُ ٱلسُّحْتَ ۚ لَبِئْسَ مَا كَانُوا۟ يَعْمَلُونَ ﴿٦٢﴾

(၆၂) ထို့ပြင် အသင်သည် ၎င်း(ယဟူဒီ)တို့ထဲမှ အမြောက်အမြားကို ပြစ်မှုကျူးလွန်မှု၊ ကျူးကျော်စော်ကားမှုနှင့် သူတို့၏မတရားရသောပစ္စည်းများကို စားသုံးမှုတို့တွင် ပြေးလွှားပြုလုပ်နေကြသည်ကို တွေ့ရလိမ့်မည်။ သူတို့ပြုလုပ်နေသည့် အရာများသည် အမှန်ပင် အဘယ်မျှဆိုးဝါးလိုက်သနည်း။

لَوْلَا يَنْهَىٰهُمُ ٱلرَّبَّٰنِيُّونَ وَٱلْأَحْبَارُ عَن قَوْلِهِمُ ٱلْإِثْمَ وَأَكْلِهِمُ ٱلسُّحْتَ ۚ لَبِئْسَ مَا كَانُوا۟ يَصْنَعُونَ ﴿٦٣﴾

(၆၃) တရားအားထုတ်ကျင့်ကြံသော ဆရာတော်များနှင့် ပညာရှင်များသည် သူတို့၏ အပြစ်ရှိသောစကားကို ပြောဆိုခြင်းနှင့် သူတို့၏မတရားရသောပစ္စည်းများကို စားသုံးခြင်းမှ သူတို့အား အဘယ်ကြောင့် မတားမြစ်ကြသနည်း။❻ သူတို့ပြုလုပ်လေ့ရှိသောအရာများသည် အမှန်ပင် အဘယ်မျှ ဆိုးဝါးလိုက်သနည်း။

❻ ယဟူဒီဆရာတော်ကြီးတွေနဲ့ အာလင်မ်ပညာရှင်အကြီးအကဲတွေဟာ သူတို့ရဲ့ နောက်လိုက်တွေ အပြစ်ကျူးလွန်နေတာကို တွေ့ပါလျက်နဲ့ ဆိုဆုံးမခြင်းမရှိ၊ တားမြစ်ခြင်းမရှိတဲ့အတွက် အရှင်မြတ်က အာလင်မ်ပညာရှင်တွေကို ကြိမ်းမောင်းပြီးမိန့်ကြားထားတာဖြစ်တယ်။ ဒါဟာ အရှင်မြတ်ရဲ့အလွန်ပြင်းထန်တဲ့ ကြိမ်းမောင်းမှု ဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالَتِ ٱلْيَهُودُ يَدُ ٱللَّهِ مَغْلُولَةٌ ۚ غُلَّتْ أَيْدِيهِمْ وَلُعِنُوا۟ بِمَا قَالُوا۟ ۘ بَلْ يَدَاهُ مَبْسُوطَتَانِ يُنفِقُ
كَيْفَ يَشَآءُ ۚ وَلَيَزِيدَنَّ كَثِيرًا مِّنْهُم مَّآ أُنزِلَ إِلَيْكَ مِن رَّبِّكَ طُغْيَٰنًا وَكُفْرًا ۚ وَأَلْقَيْنَا بَيْنَهُمُ
ٱلْعَدَٰوَةَ وَٱلْبَغْضَآءَ إِلَىٰ يَوْمِ ٱلْقِيَٰمَةِ ۚ كُلَّمَآ أَوْقَدُوا۟ نَارًا لِّلْحَرْبِ أَطْفَأَهَا ٱللَّهُ ۚ وَيَسْعَوْنَ فِى

الْاَرْضِ فَسَادًا ۭ وَاللّٰهُ لَا يُحِبُّ الْمُفْسِدِيْنَ ﴿٦٣﴾

(၆၄) ထို့ပြင် ယဟူဒီများက “အလ္လာဟ်အရှင်မြတ်၏လက်သည် ဆုပ်ထားပြီးဖြစ်သည်(တွန့်တိုသွားပြီ)”ဟု ပြောဆိုကြသည်။ (အမှန်မှာ) သူတို့၏လက်များပင် ဆုပ်ထားခံရခြင်း (တွန့်တိုသွားခြင်း) ဖြစ်သည်။ ၎င်းပြင် သူတို့သည် သူတို့(၏ထိုကဲ့သို့)ပြောဆိုမှုကြောင့် သနားကရုဏာမှ ကင်းဝေးခံကြရပြီဖြစ်သည်။ ထိုသို့မဟုတ်၊ အမှန်စင်စစ် အရှင်မြတ်၏လက်တော်နှစ်ဖက်စလုံးသည် ပြန့်လျက်ပင်(ရက်ရောလျက်) ရှိသည်။❶ အရှင်မြတ်သည် အရှင်မြတ် အလိုရှိတော်မူသည့်အတိုင်း သုံးစွဲတော်မူသည်။ ထို့ပြင် အသင်၏ထံသို့ အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံတော်မှ ချပေးခြင်းခံရသောအရာ(ကုရ်အာန်)သည် သူတို့ထဲမှ အမြောက်အမြားအား ကျူးလွန်မှုနှင့် ငြင်းပယ်မှုကို အမှန်ပင်ပိုတိုးပွားစေလိမ့်မည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့၏ကြားတွင် ရန်ငြိုးမှုနှင့်မုန်းတီးမှုကို ကိယာမသ်ရှင်ပြန်ထမည့်နေ့ထိ ထည့်သွင်းဖန်တီးတော်မူခဲ့သည်။ သူတို့သည် စစ်မီးကို မွှေးသည့်အခါတိုင်း အလ္လာဟ်အရှင်မြတ်သည် ထိုမီးကိုငြိမ်းအေးစေတော်မူခဲ့သည်။ ထို့ပြင် သူတို့သည် ကမ္ဘာမြေပြင်တွင် ဖျက်ဆီးမှုကိုပြုလုပ်ကြသည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် ဖျက်ဆီးမှုပြုလုပ်သူများကိုနှစ်သက်တော်မမူပေ။

❶ အလ္လာဟ်အရှင်မြတ်က မဒီနဟ်မှာနေတဲ့ ယဟူဒီတွေကို ချမ်းသာကြွယ်ဝမှု ချီးမြှင့်ထားတော်မူခဲ့တယ်။ဒါပေမဲ့တမန်တော်မြတ် ﷺ ဟာမဒီနဟ်ကိုရွှေ့ပြောင်းလာတဲ့အခါတမန်တော်မြတ် ﷺ ရဲ့ဒအ်ဝသ်ဖိတ်ခေါ်မှုဟာ သူတို့ထံကို ရောက်ခဲ့တယ်။ သူတို့က လက်မခံကြတဲ့အပြင် တမန်တော်မြတ် ﷺ ကို ဆန့်ကျင်မှုပြုလာကြတော့တယ်။ အဲဒါကြောင့် အရှင်မြတ်က သူတို့ကို စားနပ်ရိက္ခာကျဉ်းကျပ်စေတော်မူခဲ့တယ်။ အဲဒီအပေါ်မှာ တချို့က အရှင်မြတ်ရဲ့ဘဏ္ဍာမှာ လျော့နည်းမှုဖြစ်လာပြီ ဒါမှမဟုတ် အရှင်မြတ်ဟာ တွန့်တိုသွားပြီလို့ ပြောဆိုကြတယ်။ အဲဒီလိုပြောဆိုမှုအပေါ်မှာ အရှင်မြတ်က ဒီအာယသ်နဲ့ မိန့်ကြားတော်မူခဲ့ခြင်းဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

وَلَوْ اَنَّ اَهْلَ الْكِتٰبِ اٰمَنُوْا وَاتَّقَوْا لَكَفَّرْنَا عَنْهُمْ سَيِّاٰتِهِمْ وَلَاَدْخَلْنٰهُمْ جَنّٰتِ النَّعِيْمِ ﴿٦٥﴾

(၆၅) ထို့ပြင် အကယ်၍ ကျမ်းရသူများသည် အီမာန်ယုံကြည်ပြီးကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ကြလျှင် အမှန်မုချ ငါအရှင်မြတ်သည် သူတို့ထံမှ သူတို့၏ပြစ်မှုများကို ခွင့်လွှတ်တော်မူပြီး ငါအရှင်မြတ်သည် သူတို့အား စည်းစိမ်ပြည့်ဝသော ဉယျာဉ်များသို့ အမှန်ပင် ဝင်ရောက်စေတော်မူမည်။

وَلَوْ اَنَّهُمْ اَقَامُوا التَّوْرٰىةَ وَالْاِنْجِيْلَ وَمَآ اُنْزِلَ اِلَيْهِمْ مِّنْ رَّبِّهِمْ لَاَكَلُوْا مِنْ فَوْقِهِمْ وَمِنْ تَحْتِ

اَرْجُلِهِمْ ۭ مِنْهُمْ اُمَّةٌ مُّقْتَصِدَةٌ ۭ وَكَثِيْرٌ مِّنْهُمْ سَاۗءَ مَا يَعْمَلُوْنَ ﴿٦٦﴾

(၆၆) ထို့ပြင် အကယ်၍ အမှန်စင်စစ် သူတို့သည် သောင်ရာသ်(ကျမ်း) နှင့် အင်န်ဂျီလ်(ကျမ်းများ)အပြင် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ သူတို့ထံ ချပေးခြင်းခံရသောအရာ(ကုရ်အာန်ကျမ်းတော်မြတ်)ကို အတည်ပြုလိုက်နာကြလျှင် အမှန်စင်စစ် သူတို့သည် သူတို့၏အထက်မှလည်းကောင်း၊ သူတို့၏ခြေများအောက်မှလည်းကောင်း၂ စားသုံးကြရလိမ့်မည်။ သူတို့ထဲတွင် (မှန်ကန်သောလမ်းကို လိုက်သော)အလယ်အလတ်လူတစ်စုရှိသည်။၃ ၎င်းပြင် သူတို့ထဲမှ များစွာသောသူများ၏လုပ်ရပ်များမှာမူ ဆိုးဝါးလှသည်။

၂ အထက်ကရော အောက်ကပါစားသုံးကြရမယ်ဆိုတာ အရှင်မြတ်ရဲ့အမိန့်ကို နာခံရင် စားနပ်ရိက္ခာဖောဖောသီသီနဲ့ လောကီစည်းစိမ်တွေ အပြည့်အဝရရှိကြမယ်လို့ ဆိုလိုတာဖြစ်တယ်။ (ကုရ်သွူဗီ) အထက်က မိုးကောင်းကောင်းရွာချပေးပြီး အောက်က အသီးအနှံတွေ ပေါပေါများများ ထွက်ရှိမယ်လို့လည်း ဆိုလိုနိုင်တယ်။ (အလင်းပြကျမ်း) ၃ ကျမ်းရသူတွေထဲမှာ မှန်ကန်တဲ့လမ်းကို လိုက်တဲ့သူတစ်စုရှိတယ်ဆိုတဲ့ဥပမာမှာ - ယဟူဒီတွေထဲက အဗ်ဒွလ္လာဟ်အိဗ်န စလာမ်နဲ့ သူ့အပေါင်းအပါတွေ၊ နတ်စွ်ရာနီတွေထဲက နဂျာရှီဘုရင်နဲ့ သူ့အပေါင်းအပါတွေဖြစ်ကြတယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلرَّسُولُ بَلِّغۡ مَآ أُنزِلَ إِلَيۡكَ مِن رَّبِّكَۖ وَإِن لَّمۡ تَفۡعَلۡ فَمَا بَلَّغۡتَ رِسَالَتَهُۥۚ وَٱللَّهُ يَعۡصِمُكَ مِنَ ٱلنَّاسِۗ إِنَّ ٱللَّهَ لَا يَهۡدِي ٱلۡقَوۡمَ ٱلۡكَٰفِرِينَ ٦٧

(၆၇) အို-တမန်တော်၊ အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အသင်၏ထံသို့ ချပေးခြင်းခံရသောအရာ(တရားတော်များ)ကို ပို့ချပါ။၄ အကယ်၍ အသင်သည် (ပို့ချမှု) မပြုခဲ့လျှင် အသင်သည် တမန်တော်ဖြစ်ခြင်း၏တာဝန်ကို ကျေပွန်ခြင်းမရှိပေ။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အသင့်ကို လူများ(၏ဘေးအန္တရာယ်)မှ ထိန်းသိမ်းစောင့်ရှောက်တော်မူမည်။ ၅ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်ငြင်းပယ်သူများကို (အသင်တို့အား ဖျက်ဆီးရန်)လမ်းပြတော်မူမည်မဟုတ်ပေ။၆

၄ တမန်တော်မြတ် ﷺ ကို အရှင်မြတ်အမိန့်ရှိတာဟူသမျှပြန်လည်တရားဟောကြားပို့ချဖို့အမိန့်ပေးထားခြင်းဖြစ်တယ်။ (ကုရ်သွူဗီ၊အလင်းပြကျမ်း)။ ၅ အဲဒီလိုပို့ချတဲ့အခါ လူတွေက အန္တရာယ်ပြုမယ်ဆိုရင် အဲဒီကိစ္စကို အရှင်မြတ်က တာဝန်ယူထားပြီးဖြစ်တဲ့ အတွက် စိုးရိမ်စရာမလိုတော့ဘဲ ထိမ်ချန်မထားဘဲ ပို့ချပေးရမှာဖြစ်တယ်။ အဲဒီတော့မှ တမန်တော့်ကို အပ်နှင်းထားတဲ့တာဝန်ဟာ ကျေပွန်မှာဖြစ်တဲ့အကြောင်း အမိန့်ရှိထားတာဖြစ်တယ်။ (ကာမာလိုင်န်၊ ဟာရှီယဟ်စွာဝီ) ၆ အရှင်မြတ်က တမန်တော်မြတ် ﷺ ကို ကာကွယ်တော်မူမှာဖြစ်ပြီး ကာဖိရ်တွေကိုတော့ တမန်တော်မြတ် ﷺ ကို ဖျက်ဆီးဖို့ အခွင့်အလမ်းပေးတော်မူမှာမဟုတ်ဘူး။ ဒ့ါကြောင့်ပဲ တမန်တော်မြတ် ﷺ ဟာ ဒီအာယသ်ကျရောက်လာပြီးတဲ့နောက် စစ်ပွဲတွေမှာ ကိုယ်ရံတော်တွေကို အခုလို အမိန့်ရှိခဲ့တယ် -

"အသင်တို့ သွားလိုက်ကြတော့၊ ကျွန်ုပ်ကို အသင်တို့ ကာကွယ်ဖို့မလိုတော့ပါ၊ အရှင်မြတ်ဟာ ကျွန်ုပ်ကို ကာကွယ်စောင့်ရှောက်တော်မူမှာ ဖြစ်တယ်"။ (သိရ်မိဇီ ၊အလင်းပြကျမ်း)

قُلْ يَٰٓأَهْلَ ٱلْكِتَٰبِ لَسْتُمْ عَلَىٰ شَىْءٍ حَتَّىٰ تُقِيمُوا۟ ٱلتَّوْرَىٰةَ وَٱلْإِنجِيلَ وَمَآ أُنزِلَ إِلَيْكُم مِّن رَّبِّكُمْ ۗ وَلَيَزِيدَنَّ كَثِيرًا مِّنْهُم مَّآ أُنزِلَ إِلَيْكَ مِن رَّبِّكَ طُغْيَٰنًا وَكُفْرًا ۖ فَلَا تَأْسَ عَلَى ٱلْقَوْمِ ٱلْكَٰفِرِينَ ﴿٦٨﴾

(၆၈) (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ အို-ကျမ်းရသူအပေါင်းတို့၊ အသင်တို့သည် သောင်ရာသ်ကျမ်းနှင့် အင်န်ဂျီလ်ကျမ်းအပြင် အသင်တို့ထံ အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ ချပေးခြင်းခံရသောအရာ (ကျမ်းမြတ်ကုရ်အာန်)ကိုလည်း အတည်ပြုလိုက်နာခြင်းမရှိသမျှ အသင်တို့သည် မည်သည့်(လမ်းစဉ်အမှန်)အပေါ်၌မျှ တည်ရှိကြသည်မဟုတ်ပေ။❼ ထို့ပြင် အသင်၏ထံသို့ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ ချပေးခြင်းခံရသောအရာ (ကုရ်အာန်ကျမ်း)သည် သူတို့ထဲမှ အမြောက်အမြားအား ကျူးလွန်မှုနှင့် ငြင်းပယ်မှုကို အမှန်ပင် တိုးပွားများပြားစေမည်ဖြစ်သည်။ သို့ဖြစ်ရာ အသင်သည် ကာဖိရ်ငြင်းပယ်သူများနှင့် ပတ်သက်၍ ပူပင်သောက မထားပါနှင့်။

❼ အရှင်မြတ်ချပေးတော်မူတဲ့ကျမ်းဂန်တွေက လမ်းပြတဲ့အတိုင်း မလိုက်နာသရွေ့ ဘယ်လိုပဲ ကြွေးကြော်ထားထား လမ်းမှန်ပေါ် မရောက်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဖန်ဆင်းရှင်ရဲ့လမ်းညွှန်ထိန်းသိမ်းမှုမပါဘဲ ဖန်ဆင်းခံဟာ သူ့ဘာသာ တည့်တည့်မတ်မတ် မလျှောက်နိုင်လို့ပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ ٱلَّذِينَ ءَامَنُوا۟ وَٱلَّذِينَ هَادُوا۟ وَٱلصَّٰبِـُٔونَ وَٱلنَّصَٰرَىٰ مَنْ ءَامَنَ بِٱللَّهِ وَٱلْيَوْمِ ٱلْءَاخِرِ وَعَمِلَ صَٰلِحًا فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿٦٩﴾

(၆၉) အမှန်စင်စစ် အီမာန်ယုံကြည်သူများ၊ ယဟူဒီများ၊ စွာဗိအီ❶ (ကြယ်တာရာများကို ကိုးကွယ်သူ၊ ကောင်းကင်တမန်များကို ကိုးကွယ်သူ၊ ဘာသာမဲ့)များ၊ နတ်စ္စရာနီများသည်(သူတို့ထဲမှ) မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ပြီး ကောင်းမြတ်သော လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြလျှင် ထိုသူများအတွက် မည်သည့်စိုးရိမ်စရာမျှ မရှိသည့်အပြင် သူတို့သည် ပူဆွေးကြရမည်လည်း မဟုတ်ပေ။

❶ စွာဗိအီဆိုတာ ကြယ်တာရာတွေကို ကိုးကွယ်တဲ့သူတွေ၊ ကောင်းကင်တမန်တွေကို ကိုးကွယ်သူတွေနဲ့ ဘာသာမဲ့တွေကို ဆိုလိုတယ်။ (ဟာရှီယဟ် ဂျလာလိုင်န်)

لَقَدْ اَخَذْنَا مِيْثَاقَ بَنِيْٓ اِسْرَآءِيْلَ وَاَرْسَلْنَآ اِلَيْهِمْ رُسُلًا ۭ كُلَّمَا جَآءَهُمْ رَسُوْلٌۢ بِمَا لَا تَهْوٰٓى اَنْفُسُهُمْ ۙ فَرِيْقًا كَذَّبُوْا وَفَرِيْقًا يَّقْتُلُوْنَ ﴿٧٠﴾

(၇၀) အမှန်စင်စစ် ငါအရှင်မြတ်သည် အစ္စရာအီလ်မျိုးနွယ်များထံမှ ကတိခံ၀န်ချက်ယူတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့ထံသို့ တမန်တော်များ(အမြောက်အမြား)ကို စေလွှတ်တော်မူခဲ့သည်။ သူတို့ထံသို့ တမန်တော်တစ်ပါးပါးသည် သူတို့မကြိုက်သော အမိန့်ပညတ်ချက်များကို ယူဆောင်လာခဲ့သည့်အခါတိုင်းတွင်၊ သူတို့သည် အချို့(တမန်တော်များ)အား လူလိမ်များဟု ပြောဆိုငြင်းပယ်ခဲ့ကြပြီး အချို့(တမန်တော်များ)အား သတ်ဖြတ်လိုက်ခဲ့ကြသည်။

وَحَسِبُوْٓا اَلَّا تَكُوْنَ فِتْنَةٌ فَعَمُوْا وَصَمُّوْا ثُمَّ تَابَ اللّٰهُ عَلَيْهِمْ ثُمَّ عَمُوْا وَصَمُّوْا كَثِيْرٌ مِّنْهُمْ ۭ وَاللّٰهُ بَصِيْرٌۢ بِمَا يَعْمَلُوْنَ ﴿٧١﴾

(၇၁) ထို့ပြင် သူတို့သည် (ထိုကဲ့သို့ ငြင်းပယ်ခြင်းနှင့် သတ်ဖြတ်ခြင်းသည် သူတို့တွင်) မည်သည့်အန္တရာယ်မျှ ဖြစ်မည်မဟုတ်ဟုထင်မြင်ယူဆခဲ့ကြသည်။ သို့ဖြစ်ရာ သူတို့သည် (အမှန်တရားမှ)မျက်စိကန်းပြီး နားပင်းခဲ့ကြသည်။ ထို့နောက်တစ်ဖန် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏သောင်ဖဟ်အမား ၀န်ချတောင်းပန်မှုကို လက်ခံခွင့်လွှတ်တော်မူခဲ့သည်။ ထို့နောက်လည်း သူတို့ထဲမှ များစွာသောသူများသည် (အမှန်တရားမှ)မျက်စိကန်းပြီး နားပင်းသွားကြပြန်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့ပြုလုပ်သည်များကို အကြွင်းမဲ့မြင်တော်မူသောအရှင်ဖြစ်တော်မူသည်။

لَقَدْ كَفَرَ الَّذِيْنَ قَالُوْٓا اِنَّ اللّٰهَ هُوَ الْمَسِيْحُ ابْنُ مَرْيَمَ ۭ وَقَالَ الْمَسِيْحُ يٰبَنِيْٓ اِسْرَآءِيْلَ اعْبُدُوا اللّٰهَ رَبِّيْ وَرَبَّكُمْ ۭ اِنَّهٗ مَنْ يُّشْرِكْ بِاللّٰهِ فَقَدْ حَرَّمَ اللّٰهُ عَلَيْهِ الْجَنَّةَ وَمَاْوٰىهُ النَّارُ ۭ وَمَا لِلظّٰلِمِيْنَ مِنْ اَنْصَارٍ ﴿٧٢﴾

(၇၂) "အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မရ်ယမ်၏သားတော် မစီဟ်(အီစာ)ပင်ဖြစ်သည်"ဟု[J] ပြောဆိုခဲ့ကြသောသူများသည် အမှန်ပင် ကုဖ်ရ်သွေဖည်ငြင်းပယ်ခဲ့ကြပြီဖြစ်သည်။ ထို့ပြင် မစီဟ်(အီစာကိုယ်တိုင်)ကမူ "အို-အစ္စရာအီလ်မျိုးနွယ်အပေါင်းတို့၊ အသင်တို့သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်နှင့် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်တော်မူသည့် အလ္လာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်ကြပါဟု ပြောဆိုခဲ့သည်။ အမှန်မှာ မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံတစ်ရာကို တွဲဖက်(ကိုး

ကွယ်)လျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အတွက် ဂျန္နသ်သုခဘုံကို အမှန်ပင် ဟရာမ်ပြုလုပ်တားမြစ်ထားတော်မူမည်။ ၎င်းပြင် သူ၏နေရာထိုင်ခင်းသည် ငရဲမီးပင်ဖြစ်သည်။ ထို့ပြင် မတရားကျူးလွန်သောသူများအတွက် မည်သည့်ကူညီသူမျှ ရှိမည် မဟုတ်ပေ။

❷ အလ္လာဟ်အရှင်မြတ်ကို မစီဟ်အီစာ ဖြစ်တယ်လို့ပြောရင် ကာဖိရ်ဖြစ်သွားတယ်။ (အလင်းပြကျမ်း)

لَقَدْ كَفَرَ الَّذِيْنَ قَالُوْٓا اِنَّ اللّٰهَ ثَالِثُ ثَلٰثَةٍ ۘ وَمَا مِنْ اِلٰهٍ اِلَّآ اِلٰهٌ وَّاحِدٌ ۗ وَاِنْ لَّمْ يَنْتَهُوْا عَمَّا يَقُوْلُوْنَ لَيَمَسَّنَّ الَّذِيْنَ كَفَرُوْا مِنْهُمْ عَذَابٌ اَلِيْمٌ ﴿٧٣﴾

(၇၃) "အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် (အရှင်)သုံးပါးထဲမှ တစ်ပါးဖြစ်သည်"ဟုပြောဆိုခဲ့ကြသောသူများသည်လည်း အမှန်စင်စစ် ကုဖ်ရ်သွေဖည်ငြင်းပယ်ခဲ့ကြပြီဖြစ်သည်။ ၎င်းပြင် (အမှန်မှာ) တစ်ပါးတည်းသော ကိုးကွယ်ထိုက်သည့်(အလ္လာဟ်)အရှင်မြတ်မှလွဲ၍(အခြား)ကိုးကွယ်ထိုက်သည့်အရှင်လုံးဝမရှိပေ။ ထို့ပြင် အကယ်၍ သူတို့သည် သူတို့၏ပြောဆိုမှုများကို မရပ်စဲကြလျှင် သူတို့ထဲမှ (ဆက်ပြီး)ငြင်းပယ်နေကြသောသူများအပေါ် အလွန်နာကျင်စေသော အပြစ်ဒဏ် အမှန်မုချ ဆိုက်ရောက်လာမည်ဖြစ်သည်။

اَفَلَا يَتُوْبُوْنَ اِلَى اللّٰهِ وَيَسْتَغْفِرُوْنَهٗ ۗ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿٧٤﴾

(၇၄) သို့ဖြစ်ရာ သူတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဝန်ချတောင်းပန်မှုနှင့်လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံမှုကို မပြုလုပ်ကြလေသလော။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

مَا الْمَسِيْحُ ابْنُ مَرْيَمَ اِلَّا رَسُوْلٌ ۚ قَدْ خَلَتْ مِنْ قَبْلِهِ الرُّسُلُ ۗ وَاُمُّهٗ صِدِّيْقَةٌ ۗ كَانَا يَاْكُلٰنِ الطَّعَامَ ۗ اُنْظُرْ كَيْفَ نُبَيِّنُ لَهُمُ الْاٰيٰتِ ثُمَّ انْظُرْ اَنّٰى يُؤْفَكُوْنَ ﴿٧٥﴾

(၇၅) မရ်ယမ်၏သားတော်မစီဟ်(အီစာ)သည် တမန်တော်တစ်ပါးသာဖြစ်သည်။❶ ၎င်း(အီစာ)၏မတိုင်မီ၌လည်း တမန်တော်များ အမှန်ပင် ပွင့်ပေါ်ခဲ့ကြပြီးဖြစ်သည်။ ထို့ပြင် ထိုမစီဟ်(အီစာ)၏မိခင်(မရ်ယမ်)သည် အလွန်မှန်ကန်သော အမျိုးသမီးတစ်ဦးဖြစ်သည်။❷ ၎င်းတို့(သားအမိ)နှစ်ဦးစလုံးသည် အစားအစာစားသုံးခဲ့ကြသည်။❸ ငါအရှင်မြတ်သည် ၎င်း(နတ်စ္စရာနီများ)၏ရှေ့၌ သက်သေအထောက်အထားများကို မည်သို့ရှင်းလင်း ပြသသနည်းဆိုသည်ကို

အသင်ကြည့်ပါ။ ၎င်းပြင် ထပ်မံ၍ သူတို့သည် (အမှန်တရားကိုစွန့်ကာ)အဘယ် သို့ လှည့်သွားကြသနည်း ဆိုသည်ကိုလည်း အသင်(တမန်တော်)ကြည့်လိုက်ပါ။

❸ တမန်တော်အီစာ ﷺဟာ တမန်တော်တစ်ပါးသာဖြစ်တယ်။ ၎င်းမတိုင်ခင်ကလည်း အဲဒီလို တမန်တော်တွေ ပွင့်ပေါ်ခဲ့ပြီးဖြစ်တယ်။ တမန်တော်တိုင်းဟာ အရှင်မြတ်ရဲ့အလိုတော်နဲ့မုအ်ဂျိဇဟ် တန်ခိုးတော်တွေကို ယူလာခဲ့တာချည်းပဲဖြစ်တယ်။ တန်ခိုးတွေပြတိုင်းသာ ကိုးကွယ်ထိုက်တဲ့အရှင် ဖြစ်ရမယ်ဆိုရင် ကိုးကွယ်ထိုက်တဲ့အရှင်ပေါင်း သိန်းနဲ့ချီပြီး ဖြစ်သွားလိမ့်မယ်။ ဒါဟာ မဖြစ်နိုင်တဲ့ ကိစ္စပဲဖြစ်တယ်။ တကယ်တော့ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းပဲ ကိုးကွယ်ထိုက်တဲ့အရှင်ဖြစ် တော်မူတယ်။ (အလင်းပြကျမ်း) ❹ တမန်တော်အီစာ ﷺရဲ့ မိခင်ဟာ အလွန်မှန်ကန်တဲ့ အပြစ် ရှောင်ကြဉ်သူ တစ်ဦးပဲဖြစ်တယ်။(အလင်းပြကျမ်း) ❺ ၎င်းတို့သားအမိနှစ်ဦးစလုံးဟာ အခြားလူ သားတွေလိုပဲ အစာအာဟာရမှီဝဲသုံးဆောင်ကြတဲ့အတွက် ဘယ်လိုနည်းနဲ့ ကိုးကွယ်ထိုက်တဲ့အရှင် ဖြစ်နိုင်မလဲ။ အစားအစာစားဖို့ လိုအပ်နေခြင်းကပဲ မပြည့်စုံမှုဖြစ်နေတဲ့အတွက် လိုလားတောင့်တ မှုကင်းမဲ့တဲ့အရှင်သခင် ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲဆိုတာ အလွယ်တကူပဲ စဉ်းစားသိရှိနိုင်ပါ တယ်။ အစ္စလာမ်သာသနာမှာ ကိုးကွယ်ထိုက်တဲ့အရှင်ဆိုတာ စားခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ကနေ ကင်းရမယ်ဆိုတော့ ဒါတွေကနေ မကင်းတဲ့သူဟာ ကိုးကွယ်ထိုက်တဲ့အရှင်မဖြစ်နိုင်ဘူး။ (အလင်းပြကျမ်း)

قُلْ اَتَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ مَا لَا يَمْلِكُ لَكُمْ ضَرًّا وَّلَا نَفْعًا ۭ وَاللّٰهُ هُوَ السَّمِيْعُ الْعَلِيْمُ ﴿٧٦﴾

(၇၆)(အို-တမန်တော်)အသင်သည် (နတ်စွဲရာနီများအား)ပြောလိုက် ပါ၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့အား အကျိုးယုတ်စေ ခြင်းနှင့် အကျိုးဖြစ်ထွန်းစေခြင်းကို ပြုနိုင်စွမ်းမရှိသောအရာများအား ကိုးကွယ် နေကြသလော။❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည်သာလျှင် အကြွင်းမဲ့ကြား တော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။❷

❶ ကောင်းကျိုးဆိုးကျိုးမတတ်စွမ်းနိုင်တဲ့သူဟာ ဘယ်လိုမှ အရှင်သခင်အစစ်အမှန်မဖြစ်နိုင်တာ သိပါလျက်နဲ့ ကိုးကွယ်နေကြခြင်းဟာ အသိဉာဏ်မဲ့မှုမှာ အဆုံးစွန်ကို ရောက်သွားခြင်းသာဖြစ် တယ်။( သဖ်စီရွှ်ရာဇီ၊ ဖသာဝလ် အစ္စလာမ်၊ အလ်ဗလာဂွလ်မုဗီးန်) ❷ အရှင်မြတ်ဟာ အကြွင်းမဲ့ ကြားတော်မူတဲ့အရှင်၊ အကြွင်းမဲ့သိတော်မူတဲ့အရှင်ဖြစ်တဲ့အတွက် အရှင်မြတ်တစ်ပါးတည်းထံ တော်မှာပဲ တောင်းခံရင် လုံလောက်တဲ့အတွက် အရှင်မြတ်ကိုပဲ ကိုးကွယ်ထိုက်တယ်လို့ ပြောခြင်း ဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ يٰٓاَهْلَ الْكِتٰبِ لَا تَغْلُوْا فِيْ دِيْنِكُمْ غَيْرَ الْحَقِّ وَلَا تَتَّبِعُوْٓا اَهْوَآءَ قَوْمٍ قَدْ ضَلُّوْا مِنْ قَبْلُ وَاَضَلُّوْا كَثِيْرًا وَّضَلُّوْا عَنْ سَوَآءِ السَّبِيْلِ ﴿٧٧﴾

(၇၇) (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ အို-ကျမ်းရသူအပေါင်း တို့၊ အသင်တို့သည် အသင်တို့၏ဒီနိသာသနာတွင် မတရား အစွန်းမရောက် ကြနှင့်။ ထို့ပြင် အသင်တို့သည် လူမျိုးတစ်မျိုး၏ အလိုဆန္ဒများကို မလိုက်ကြ

နှင့်။ အမှန်မှာ ထိုသူများသည် ယခင်က (သူတို့ကိုယ်တိုင်)လမ်းမှားကို ရောက်ခဲ့ကြသည်သာမက လူအမြောက်အမြားကိုလည်း လမ်းမှားစေခဲ့ကြသည်။ ထို့ပြင် သူတို့သည် လမ်းမှန်(ကို သိပါလျက်နှင့် လမ်းမှန်)မှ ချွတ်ချော်လွဲမှားခဲ့ကြသည်။

لُعِنَ الَّذِيْنَ كَفَرُوْا مِنْۢ بَنِيْٓ اِسْرَآءِيْلَ عَلٰى لِسَانِ دَاوٗدَ وَعِيْسَى ابْنِ مَرْيَمَ ؕ ذٰلِكَ بِمَا عَصَوْا وَّكَانُوْا يَعْتَدُوْنَ ﴿٧٨﴾

(၇၈) အစ္စရာအီလ်မျိုးနွယ်များထဲမှ ကာဖိရ်ငြင်းပယ်ခဲ့ကြသောသူများသည် (တမန်တော်)ဒါဝူဒ်နှင့် မရ်ယမ်၏သားတော် (တမန်တော်)အီစာ၏နှုတ်မှ တစ်ဆင့် ကျိန်ဆဲခံခဲ့ကြရသည်။ ထိုကဲ့သို့ (ကျိန်စာသင့်ပြီး အရှင့်ကရုဏာမှ ဝေးခြင်း)ခံခဲ့ကြရခြင်းမှာ သူတို့သည် ငြင်းပယ်ခဲ့ကြသည့်အပြင် သူတို့သည် စည်းကမ်းအမြဲ ဖောက်ဖျက်လေ့ရှိခဲ့ခြင်းကြောင့်ဖြစ်သည်။

كَانُوْا لَا يَتَنَاهَوْنَ عَنْ مُّنْكَرٍ فَعَلُوْهُ ؕ لَبِئْسَ مَا كَانُوْا يَفْعَلُوْنَ ﴿٧٩﴾

(၇၉) သူတို့သည် သူတို့ပြုကျင့်ခဲ့ကြသော မကောင်းမှုမှ အချင်းချင်းတားမြစ်လေ့မရှိခဲ့ကြပေ။ အမှန်မုချ သူတို့ပြုကျင့်လေ့ရှိခဲ့ကြသော အပြုအမူများသည် အဘယ်မျှ ဆိုးယုတ်သိမ်ဖျင်းလိုက်သနည်း။

تَرٰى كَثِيْرًا مِّنْهُمْ يَتَوَلَّوْنَ الَّذِيْنَ كَفَرُوْا ؕ لَبِئْسَ مَا قَدَّمَتْ لَهُمْ اَنْفُسُهُمْ اَنْ سَخِطَ اللّٰهُ عَلَيْهِمْ وَفِى الْعَذَابِ هُمْ خٰلِدُوْنَ ﴿٨٠﴾

(၈၀) အသင်သည် သူတို့ထဲမှ အမြောက်အမြားအား ကာဖိရ်ငြင်းပယ်သောသူများနှင့် မိတ်ဆွေပြုလုပ်ထားသည်ကိုတွေ့မြင်ရလိမ့်မည်။❷ အမှန်စင်စစ် သူတို့ကိုယ်တိုင် သူတို့အတွက် ကြိုတင်ပို့နှင့်ထားကြသော လုပ်ရပ်များသည် အဘယ်မျှ ဆိုးဝါးလိုက်သနည်း။ (ထို့ကြောင့်) အလ္လာဟ်အရှင်မြတ်သည် သူတို့အပေါ်တွင် အမျက်ဒေါသထားတော်မူခဲ့သည်။ ထို့ပြင် သူတို့သည် အပြစ်ဒဏ်ထဲ၌ အမြဲနေကြရမည့်သူများ ဖြစ်သည်။

❷ တမန်တော်မြတ် ﷺ လက်ထက်တော်က ယဟူဒီတွေဟာ အစ္စလာမ်ကို ဖျက်ဆီးချင်တာနဲ့ သူတို့နဲ့ လုံးဝဆန့်ကျင်ဘက်ဖြစ်တဲ့ ကာဖိရ် မုရှ်ရိက်တွေနဲ့တောင် မိတ်ဖွဲ့ပြီး အစ္စလာမ်ကို ချေမှုန်းဖို့ ကြိုးစားခဲ့ကြတာဟာ သမိုင်းရာဇဝင်မှာ အထင်အရှားဖြစ်ခဲ့ပြီးဖြစ်တယ်။ (အလင်းပြကျမ်း) မိတ်ဆွေဖွဲ့ခြင်းနဲ့ ပတ်သက်ပြီး ကုရ်အာန်(၃း၂၈)ရဲ့အောက်ခြေ-၄ မှာ ရှင်းပြီးဖြစ်တယ်။

وَلَوْ كَانُوْا يُؤْمِنُوْنَ بِاللّٰهِ وَالنَّبِيِّ وَمَآ اُنْزِلَ اِلَيْهِ مَا اتَّخَذُوْهُمْ اَوْلِيَآءَ وَلٰكِنَّ كَثِيْرًا مِّنْهُمْ فٰسِقُوْنَ ﴿٨١﴾

(၈၁) ထို့ပြင် အကယ်၍ သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်အပြင် ၎င်း(တမန်တော်မြတ်)ထံသို့ ချပေးခြင်းခံရသောအရာ (ကျမ်းမြတ်ကုရ်အာန်)တို့ကို ယုံကြည်ကြသည်ဆိုလျှင် ထို(ကာဖိရ်)များအား မိတ်ဆွေများအဖြစ် ပြုလုပ်ကြမည်မဟုတ်ပေ။ သို့ရာတွင် သူတို့ထဲမှ အမြောက်အမြားသည် စည်းကမ်းဖောက်ဖျက် အမိန့်ဖီဆန်သောသူများ ဖြစ်ကြသည်။

لَتَجِدَنَّ اَشَدَّ النَّاسِ عَدَاوَةً لِّلَّذِيْنَ اٰمَنُوا الْيَهُوْدَ وَالَّذِيْنَ اَشْرَكُوْا ۚ وَلَتَجِدَنَّ اَقْرَبَهُمْ مَّوَدَّةً لِّلَّذِيْنَ
اٰمَنُوا الَّذِيْنَ قَالُوْٓا اِنَّا نَصٰرٰى ؕ ذٰلِكَ بِاَنَّ مِنْهُمْ قِسِّيْسِيْنَ وَرُهْبَانًا وَّاَنَّهُمْ لَا يَسْتَكْبِرُوْنَ ﴿٨٢﴾

(၈၂) အသင်သည် အီမာန်ယုံကြည်သူများအား ရန်ငြိုးထားရာ၌ ယဟူဒီများနှင့် မုရှ်ရိကီများကို လူများထဲမှ အပြင်းထန်ဆုံးသူများအဖြစ် အမှန်ပင် တွေ့ရလိမ့်မည်။ ထို့ပြင် အသင်သည် အီမာန်ယုံကြည်သူများအား မိတ်ဆွေဖွဲ့ရာ၌ လူများထဲမှ အနီးစပ်ဆုံးသူများအဖြစ် "ကျွန်ုပ်တို့သည် နစ္စာရာများဖြစ်ကြပါသည်"ဟု ပြောဆိုကြသောသူများကို အမှန်စင်စစ် တွေ့ရှိရလိမ့်မည်။ ယင်း(သို့ မုအ်မင်န်များနှင့် ၎င်းတို့ ချစ်ခင်မှုနီးစပ်ခြင်း)သည် ၎င်း(နစ္စာရာများ)ထဲတွင် ပညာရှင်များနှင့် ဘုန်းကြီးရဟန်းများ ရှိနေကြခြင်းကြောင့်နှင့် အမှန်ပင် သူတို့သည် မာနထောင်လွှားမှုလည်း မရှိခြင်းကြောင့် ဖြစ်သည်။

وَاِذَا سَمِعُوْا مَآ اُنْزِلَ اِلَى الرَّسُوْلِ تَرٰٓى اَعْيُنَهُمْ تَفِيْضُ مِنَ الدَّمْعِ مِمَّا عَرَفُوْا مِنَ الْحَقِّ ۚ
يَقُوْلُوْنَ رَبَّنَآ اٰمَنَّا فَاكْتُبْنَا مَعَ الشّٰهِدِيْنَ ﴿٨٣﴾

(၈၃) ထို့ပြင် သူတို့သည် တမန်တော်(မုဟမ္မဒ်)ထံသို့ ချပေးခြင်းခံရသော အာယသ်တော်များကို ကြားနာကြရသောအခါ အမှန်ကို သိမြင်လာကြသည့်အတွက် သူတို့၏မျက်စိများမှ မျက်ရည်များ ယိုစီးကျနေသည်ကို အသင်(တမန်တော်)တွေ့မြင်ရလိမ့်မည်။ သူတို့က "အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်ုပ်တို့သည် ယုံကြည်ကြပါပြီ၊ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်ုပ်တို့အား သက်သေခံသောသူများနှင့်အတူ အသိအမှတ်ပြုတော်မူပါ "ဟု လျှောက်ထားကြသည်။

وَمَا لَنَا لَا نُؤْمِنُ بِاللّٰهِ وَمَا جَآءَنَا مِنَ الْحَقِّ ۙ وَنَطْمَعُ اَنْ يُّدْخِلَنَا رَبُّنَا مَعَ الْقَوْمِ الصّٰلِحِيْنَ ﴿٨٤﴾

(၈၄) ထို့ပြင် (ထိုသူများက)"ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ကျွန်ုပ်တို့ထံ ရောက်ရှိလာသော အမှန်တရားကို မယုံကြည်ကြရန် ကျွန်ုပ်တို့အတွက် (မည်သည့်အကြောင်းမျှ) မရှိပေ။ ၎င်းပြင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့

အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်က ကောင်းမြတ်သောသူများထဲတွင် ကျွန်ုပ်တို့အား သွတ်သွင်းတော်မူမည်ကိုလည်း မျှော်လင့်လိုလားကြပါသည်” (ဟုပြောဆိုကြသည်)။

فَأَثَابَهُمُ اللَّهُ بِمَا قَالُوا جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا ۚ وَذَٰلِكَ جَزَاءُ الْمُحْسِنِينَ ﴿٨٥﴾

(၈၅)သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် ထိုသူများအား သူတို့၏(ဝန်ခံ) ပြောဆိုမှုကြောင့် ဥယျာဉ်များကို အစားပေးတော်မူမည်။ ၎င်း(ဥယျာဉ်များ)၏ အောက်၌ စမ်းရေချောင်းများသည် စီးဆင်းလျက်ရှိမည်။ သူတို့သည် ထို(ဥယျာဉ်များ)ထဲတွင် အမြဲနေထိုင်ကြရမည့်သူများဖြစ်သည်။ ၎င်းသည် ကောင်းမြတ်သော လုပ်ရပ်များကို ပြုလုပ်ကြသောသူများ၏ အကျိုးပင်ဖြစ်သည်။

وَالَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا أُولَٰئِكَ أَصْحَابُ الْجَحِيمِ ﴿٨٦﴾

(၈၆) ထို့ပြင် အကြင်သူများသည် ငြင်းပယ်ခဲ့ကြပြီး ငါအရှင်မြတ်၏ အာယသ်တော်များကို (မုသားဟု)ငြင်းဆိုခဲ့ကြသည်။ ထိုသူများသည်ပင် ငရဲသားများ ဖြစ်ကြသည်။

يَا أَيُّهَا الَّذِينَ آمَنُوا لَا تُحَرِّمُوا طَيِّبَاتِ مَا أَحَلَّ اللَّهُ لَكُمْ وَلَا تَعْتَدُوا ۚ إِنَّ اللَّهَ لَا يُحِبُّ الْمُعْتَدِينَ ﴿٨٧﴾

(၈၇) အို– အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့အတွက် အလ္လာဟ်အရှင်မြတ်က ဟလာလ်ခွင့်ပြုထားသော သန့်ပြန့်စင်ကြယ်သည့် အရာများကို ဟရာမ် တားမြစ်မှုမပြုကြနှင့်။❶ ထို့ပြင် အသင်တို့သည် စည်းကမ်းဖောက်ဖျက်ကျူးလွန်မှုလည်း မပြုကြနှင့်။❷ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် စည်းကမ်းဖောက်ဖျက်ကျူးလွန်သောသူများကို နှစ်သက်တော်မမူပေ။

❶ ဥပမာ– အရှင်မြတ်က အိမ်ထောင်ပြုခြင်းကို ဟလာလ်ခွင့်ပြုထားပါလျက် တစ်စုံတစ်ဦးက (အကြောင်းမဲ့)အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ပြီး မပြုဘဲနေရင် ဒါဟာ အပြုအမူအားဖြင့် ဟလာလ်ကို ဟရာမ်ပြုလုပ်ခြင်းဖြစ်တယ်။ (ဒါပေမဲ့ ရောဂါစတဲ့ အကြောင်းတစ်ခုခုကြောင့် မပြုလုပ်ရင် ကိစ္စမရှိဘူး။) တကယ်လို့ အိမ်ထောင်မပြုတော့ဘူးလို့ပြောရင် ဒါဟာ အပြောအဆိုအားဖြင့် ဟလာလ်ကို ဟရာမ်ပြုလုပ်ခြင်းဖြစ်တယ်။ တကယ်လို့ အိမ်ထောင်ပြုတာမကောင်းဘူး၊ မပြုရဘူးလို့ယုံကြည်ရင် ဒါဟာ ယုံကြည်ချက်အားဖြင့် ဟလာလ်ကို ဟရာမ်ပြုလုပ်ခြင်းဖြစ်တယ်။ အဲဒီသုံးမျိုးထဲက တစ်မျိုးကို ပြုလုပ်တာဖြစ်ဖြစ်၊ သုံးမျိုးစလုံးကို ပြုလုပ်တာဖြစ်ဖြစ် အလွန်အပြစ်ကြီးပြီး အီမာန်ကိုထိခိုက်စေတယ်။ တမန်တော်မြတ် ﷺ ကလည်း “ငါရဲ့စွန္နသ်ကို စွန့်လွှတ်ရင် ငါရဲ့အုပ်စုထဲကမဟုတ်ဘူး ”လို့တောင် အမိန့်ရှိထားခဲ့ပါတယ်။(မအာရိဖွလ် ကုရ်အာန် အတွဲ ၃၊ စာမျက်နှာ– ၂၂၀ ထဲမှာ ဖော်ပြထားတဲ့ ဟလာလ်ကို ဟရာမ်ပြုလုပ်ပုံ အဆင့်သုံးဆင့်ကို ပမာပြုပြီး ရှင်းပြတာ

ဖြစ်တယ်၊ အလင်းပြကျမ်း)။ ❷ အရှင်မြတ် သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေကို နှုတ်ပယ်ခြင်းလည်းမပြုရသလို ထပ်တိုးခြင်းလည်းမပြုရပါ။ အဲဒီလိုလုပ်တဲ့သူကို စည်းဖောက်သူအဖြစ် အရှင်မြတ်က သတ်မှတ်ပါတယ်။ (အလင်းပြကျမ်း)

وَكُلُوا مِمَّا رَزَقَكُمُ اللَّهُ حَلَالًا طَيِّبًا ۚ وَاتَّقُوا اللَّهَ الَّذِي أَنتُم بِهِ مُؤْمِنُونَ ﴿٨٨﴾

(၈၈) ထို့ပြင် အသင်တို့သည် အသင်တို့အား အလ္လာဟ်အရှင်မြတ်က ပေးတော်မူသည့်အထဲမှ ဟလာလ်ခွင့်ပြုထားသော သန့်စင်သည့်အရာများကို စားသုံးကြပါ။❸ ထို့ပြင် အသင်တို့သည် အသင်တို့ယုံကြည်ကြသော အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ကြပါ။❹

❸ တမန်တော်မြတ် ﷺ စားသုံးတော်မူခဲ့တာတွေဟာ ဟလာလ်စားသုံးခွင့်ပြုထားတဲ့အရာ ဖြစ်တယ်။ စားသုံးကြဖို့ အမိန့်ရှိထားတဲ့အထဲမှာ စားတာရော အသုံးပြုတာရောပါဝင်တဲ့အတွက် အစားအစာတင်မက ဝတ်စားဆင်ယင်မှုပါ ပါဝင်တယ်။(ကုရ်သွုဗီ )။ ❹ အရှင်မြတ်ကို ကြောက်ရွံ့ကြပါ၊ အသင်တို့ဟာ ဟရာမ်ကိုဟလာလ်၊ ဟလာလ်ကို ဟရာမ် မပြုလုပ်ကြပါနဲ့။ (သွဗ်ရီ)

لَا يُؤَاخِذُكُمُ اللَّهُ بِاللَّغْوِ فِي أَيْمَانِكُمْ وَلَٰكِن يُؤَاخِذُكُم بِمَا عَقَّدتُّمُ الْأَيْمَانَ ۖ فَكَفَّارَتُهُ إِطْعَامُ عَشَرَةِ مَسَاكِينَ مِنْ أَوْسَطِ مَا تُطْعِمُونَ أَهْلِيكُمْ أَوْ كِسْوَتُهُمْ أَوْ تَحْرِيرُ رَقَبَةٍ ۖ فَمَن لَّمْ يَجِدْ فَصِيَامُ ثَلَاثَةِ أَيَّامٍ ۚ ذَٰلِكَ كَفَّارَةُ أَيْمَانِكُمْ إِذَا حَلَفْتُمْ ۚ وَاحْفَظُوا أَيْمَانَكُمْ ۚ كَذَٰلِكَ يُبَيِّنُ اللَّهُ لَكُمْ آيَاتِهِ لَعَلَّكُمْ تَشْكُرُونَ ﴿٨٩﴾

(၈၉) အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏(မရည်ရွယ်ဘဲ)အကျိုးမဲ့ ကျိန်ဆိုခြင်းများနှင့်ပတ်သက်၍ အသင်တို့အား အပြစ်ပေးတော်မူမည်မဟုတ်ပေ။ သို့ရာတွင် အသင်တို့ အခိုင်အမာ ကျိန်ဆိုကြသော ကျိန်ဆိုမှုများနှင့်ပတ်သက်၍မူ အရှင်မြတ်သည် အသင်တို့အား အပြစ်ဒဏ်ပေးတော်မူမည်ဖြစ်သည်။❺ သို့ဖြစ်ရာ ၎င်း(ခိုင်မာသောကျိန်ဆိုမှုကို ချိုးဖျက်ခြင်း)၏အပြစ်အား ပယ်ဖျက်နည်းမှာ အသင်တို့သည် အသင်တို့၏အိမ်သူအိမ်သားများအား ကျွေးမွေးလေ့ရှိကြသော အစားအစာမျိုးထဲမှ အလတ်စားဖြစ်သော အစားအစာကို ဆင်းရဲသားဆယ်ဦးအား ကျွေးမွေးရမည်၊ သို့မဟုတ် ၎င်း(ဆင်းရဲသားဆယ်ဦး)တို့အား အဝတ်အစား(တစ်စုံစီ) ဝယ်ပေးရမည်၊ သို့မဟုတ် ကျွန်တစ်ဦးကို သူကောင်းပြုရမည်။ သို့ရာတွင် အကြင်သူသည် မတတ်စွမ်းနိုင်ခဲ့လျှင် စွောင်မ်ဥပုသ် သုံးရက်စောင့်ထိန်းရမည်။ ၎င်းသည် အသင်တို့ကျိန်ဆိုပြီး (ချိုးဖျက်)ခဲ့လျှင် အသင်တို့၏ကျိန်ဆိုမှုများ(ကိုချိုးဖျက်ခြင်း)၏အပြစ်ဖြေရန်ဖြစ်သည်။ ထို့ပြင် အသင်တို့သည် အသင်တို့၏ကျိန်ဆိုချက်များကို စောင့်ထိန်းကြပါ။ (မကြာခဏ မကျိန်ဆို

ရပေ)။ အလ္လာဟ်အရှင်မြတ်သည် ထိုကဲ့သို့ပင် အရှင်မြတ်၏အမိန့်တော်များကို အသင်တို့ ကျေးဇူးသိတတ်ကြရန်အတွက် အသင်တို့အား ရှင်းလင်းစွာ မိန့်ကြားတော်မူသည်။

(၅) ကျိန်ဆိုမှုတွေထဲက အတိတ်မှာ ဖြစ်ခဲ့တဲ့ ကိစ္စရပ်တစ်ခုကို လိမ်လည်ကျိန်ဆိုရင် အပြစ်ဒဏ်ခံရမယ်။ အရှင်မြတ်ထံတော်မှာ သောင်ဗဟ်လုပ်ဖို့လိုတယ်။ ကဖ်ဖာရဟ်ပေးဖို့ မလိုဘူး။ (တကယ်လို့ အမှန်ထင်ပြီး ကျိန်ဆိုခဲ့ပြီးနောက် မှားနေရင် အပြစ်မရှိဘူး၊ ကဖ်ဖာရဟ်လည်းမရှိဘူး။) ရှေ့မှာဖြစ်ပျက်မဲ့ကိစ္စတစ်ခုခုကို ပြောဆိုပြီး ကျိန်ဆိုမယ်၊ ပြီးတော့ ပြောတဲ့အတိုင်း မဖြစ်လာရင်၊ မလုပ်တော့ရင် ကဖ်ဖာရဟ်ပေးရမယ်။ စကားပြောတိုင်း ကစမ်၊ ကစမ်လို့ ကျိန်ဆိုတဲ့ အကျင့်ဖြစ်နေတာမျိုးဟာ အလဟဿကျိန်ဆိုခြင်းဖြစ်ပြီး အပြစ်မရှိဘဲ ကဖ်ဖာရဟ်လည်းပေးဖို့မလိုဘူး။ ဒါပေမဲ့ မကောင်းဘူး။ ဒါ့ကြောင့် ခဏခဏ မကျိန်ဆိုသင့်ဘူး။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ إِنَّمَا ٱلۡخَمۡرُ وَٱلۡمَيۡسِرُ وَٱلۡأَنصَابُ وَٱلۡأَزۡلَٰمُ رِجۡسٞ مِّنۡ عَمَلِ ٱلشَّيۡطَٰنِ
فَٱجۡتَنِبُوهُ لَعَلَّكُمۡ تُفۡلِحُونَ ٩٠

(၉၀) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အရက်၊ လောင်းကစားမှု၊ ရုပ်တုဆင်းတုများနှင့် မဲမြားတို့(ဖြင့် ကံစမ်းခြင်း)သည် ရှိုင်သွာန်၏လုပ်ရပ်ထဲမှ အလွန်ဆိုးဝါးညစ်ညမ်းသော ကိစ္စများသာလျှင်ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုအရာများကို အသင်တို့အောင်မြင်ရန်အတွက် ရှောင်ကြဉ်ကြပါ။(၁)

(၁) အရက်နဲ့လောင်းကစားဟာ အလွန်ဆိုးယုတ်တဲ့အတွက် ရုပ်တုဆင်းတုတွေနဲ့ ယှဉ်တွဲမိန့်ဆိုထားတယ်။ ဒါတင်မက ညစ်ညမ်းမှုနဲ့ ရှိုင်သွာန်ရဲ့ လုပ်ရပ်ဖြစ်ကြောင်းပါ မိန့်ဆိုပြီး မကောင်းမှုမှာ အဆုံးစွန်ကိုရောက်နေတဲ့အရာဖြစ်လို့ အရှင်မြတ်က လုံး၀ တားမြစ်လိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّمَا يُرِيدُ ٱلشَّيۡطَٰنُ أَن يُوقِعَ بَيۡنَكُمُ ٱلۡعَدَٰوَةَ وَٱلۡبَغۡضَآءَ فِي ٱلۡخَمۡرِ وَٱلۡمَيۡسِرِ وَيَصُدَّكُمۡ عَن
ذِكۡرِ ٱللَّهِ وَعَنِ ٱلصَّلَوٰةِۖ فَهَلۡ أَنتُم مُّنتَهُونَ ٩١

(၉၁) စင်စစ် ရှိုင်သွာန်သည် အရက်၊ လောင်းကစားနှင့်ပတ်သက်၍ အသင်တို့ကြားတွင် ရန်ငြိုးမှုနှင့် မုန်းတီးမှုကို ဖြစ်ပေါ်စေရန်နှင့် အသင်တို့အား အလ္လာဟ်အရှင်မြတ်ကို သတိရမှုနှင့် စွလာသ်ဝတ်ပြုမှုမှ တားဆီးရန်ကိုသာ ရည်ရွယ်နေသည်။(၂) သို့ဖြစ်ရာ အသင်တို့သည် (အရက်သောက်ခြင်းနှင့် လောင်းကစားခြင်းမှ) ရပ်တန့်သူများဖြစ်ကြမည်လော။ (ဝါ) ရပ်တန့်ကြပါ။

(၂) အဲဒါဟာ ဖျက်ဆီးမှုတွေချည်းပဲပြုလုပ်စေတဲ့အရာဖြစ်လို့ အသင်တို့ဟာ ရပ်တန့်ကြမလားလို့ မိန့်လိုက်တာဟာ အသင်တို့ရပ်တန့်လိုက်ကြပါတော့လို့ အမြော်အမြင်ကြီးစွာနဲ့ အမိန့်ပေးလိုက်ခြင်းသာဖြစ်တယ်။ (အလင်းပြကျမ်း)

وَأَطِيعُواْ ٱللَّهَ وَأَطِيعُواْ ٱلرَّسُولَ وَٱحۡذَرُواْۚ فَإِن تَوَلَّيۡتُمۡ فَٱعۡلَمُوٓاْ أَنَّمَا عَلَىٰ رَسُولِنَا ٱلۡبَلَٰغُ
ٱلۡمُبِينُ ٩٢

(၉၂) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်ကို လိုက်နာကြပါ၊ ၎င်းပြင် အသင်တို့သည် တမန်တော်၏အမိန့်ကိုလည်း လိုက်နာကြပါ၊ ၎င်းပြင် အသင်တို့သည် (မကောင်းမှုများမှ)သတိထား(ရှောင်ကြဉ်)ကြပါ။ ထို့နောက် အကယ်၍ အသင်တို့သည် (မနာခံဘဲ)ရှောင်ဖယ်သွားကြလျှင်၊ ငါ၏ အရှင်မြတ်၏တမန်တော်အပေါ်၌ ရှင်းလင်းထင်ရှားစွာ ပို့ချရန်သာ တာဝန်ရှိသည်ဆိုသည်ကို အသင်တို့ သိထားကြပါ။

لَيْسَ عَلَى الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ جُنَاحٌ فِيْمَا طَعِمُوْٓا اِذَا مَا اتَّقَوْا وَّاٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ ثُمَّ اتَّقَوْا وَّاٰمَنُوْا ثُمَّ اتَّقَوْا وَّاَحْسَنُوْا ۗ وَاللّٰهُ يُحِبُّ الْمُحْسِنِيْنَ ﴿٩٣﴾

(၉၃) အီမာန်ယုံကြည်ပြီး ကောင်းသောလုပ်ရပ်များပြုမူခဲ့ကြသောသူများအပေါ်တွင် သူတို့သည် (အတိတ်ကာလ၌ ဟရာမ်ဟုမတားမြစ်မီက အရက်၊ လောင်းကစားဖြင့် ရထားသောပစ္စည်းများနှင့် အခြားအရာများကို)စားသုံးမိခဲ့ကြသည့်အတွက် အပြစ်မရှိပေ။ ယခင်က သူတို့သည် (ထိုစဉ်က တားမြစ်ထားသောအရာများမှ) ရှောင်ကြဉ်ခဲ့ကြသည်။ ထို့ပြင် သူတို့သည် (ထိုစဉ်က အမိန့်များကိုလည်း) ယုံကြည်ပြီး ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည်။ ထို့နောက်ထပ်မံပြီး သူတို့သည် (အရှင်မြတ်က ဟရာမ်ဟု တားမြစ်တော်မူလိုက်သောအခါ ထိုတားမြစ်ချက်များကိုလည်း)ရှောင်ကြဉ်ကြပြန်သည်။ ၎င်းပြင်(ထိုအမိန့်များကိုလည်း) ယုံကြည်ကြပြန်သည်။ ထို့နောက် (တစ်ဆင့်ထပ်တက်၍) သူတို့သည် (ဟရာမ်ကျူးလွန်မိသွားစေနိုင်သောအရာများမှလည်း) ရှောင်ကြဉ်ကြပြန်သည်သာမက (အရှင်မြတ်သည် မြင်နေတော်မူသည်ဟု စိတ်ထဲ၌စွဲမှတ်ယုံကြည်လျက်) သူတို့သည် အိဟ်စာန်ကောင်းကျိုး ဆောင်ရွက်ကြပြန်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (အရှင်မြတ်မြင်နေတော်မူသည်ဟု စိတ်ထဲတွင် စွဲမှတ်ယုံကြည်လျက်) အိဟ်စာန်ကောင်းကျိုးဆောင်ရွက်သောသူများအား ချစ်မြတ်နိုးတော်မူသည်။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَيَبْلُوَنَّكُمُ اللّٰهُ بِشَيْءٍ مِّنَ الصَّيْدِ تَنَالُهٗٓ اَيْدِيْكُمْ وَرِمَاحُكُمْ لِيَعْلَمَ اللّٰهُ مَنْ يَّخَافُهٗ بِالْغَيْبِ ۚ فَمَنِ اعْتَدٰى بَعْدَ ذٰلِكَ فَلَهٗ عَذَابٌ اَلِيْمٌ ﴿٩٤﴾

(၉၄) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အား အကွယ်မှ မည်သူသည် ကြောက်ရွံ့သနည်းဆိုသည်ကို သိရှိဖော်ထုတ်ပေါ်လွင်စေတော်မူရန်အတွက် အသင်တို့၏လက်များနှင့်

အသင်တို့၏ လုံများမိနိုင်သော အချို့သားကောင်များနှင့် အသင်တို့အား စမ်းသပ်တော်မူမည်။ သို့ဖြစ်ရာ မည်သူမဆို ထို(တားမြစ်ချက်)နောက်တွင် (အမဲလိုက်) ကျူးကျော်ခဲ့လျှင်၊ ထိုသူအတွက် အလွန်နာကျင်စေသောအပြစ်ဒဏ်သည် အသင့်ရှိသည်။

يَاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَقْتُلُوا الصَّيْدَ وَاَنْتُمْ حُرُمٌ ؕ وَمَنْ قَتَلَهٗ مِنْكُمْ مُّتَعَمِّدًا فَجَزَآءٌ مِّثْلُ مَا قَتَلَ مِنَ النَّعَمِ يَحْكُمُ بِهٖ ذَوَا عَدْلٍ مِّنْكُمْ هَدْيًا بٰلِغَ الْكَعْبَةِ اَوْ كَفَّارَةٌ طَعَامُ مَسٰكِيْنَ اَوْ عَدْلُ ذٰلِكَ صِيَامًا لِّيَذُوْقَ وَبَالَ اَمْرِهٖ ؕ عَفَا اللّٰهُ عَمَّا سَلَفَ ؕ وَمَنْ عَادَ فَيَنْتَقِمُ اللّٰهُ مِنْهُ ؕ وَاللّٰهُ عَزِيْزٌ ذُو انْتِقَامٍ ﴿٩٥﴾

(၉၅) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အိဟ်ရာမ်ဝတ်ရုံကို ရုံထားလျက် အမဲလိုက်သတ်ဖြတ်မှု မပြုလုပ်ကြနှင့်။❷ ၎င်းပြင် အသင်တို့ထဲမှ မည်သူမဆို တမင်ရည်ရွယ်ပြီး အမဲလိုက်သတ်ဖြတ်ခဲ့လျှင်၊ ခြေလေးချောင်းသားကောင်ထဲမှ ထိုသူသတ်ဖြတ်ခဲ့သော သားကောင်(၏တန်ဖိုး)နှင့် ညီမျှသော သားကောင်တစ်ကောင်ကို အသင်တို့ထဲမှ တရားမျှတသူနှစ်ဦးက ဆုံးဖြတ်ပေးပြီး ကုရ်ဗာနီသားကောင်အဖြစ် ကအ်ဗဟ်ကျောင်းတော်သို့ ပို့ဆောင်(၍) အစားပေးရမည်။ သို့မဟုတ် ကဖ်ဖာရဟ် (အပြစ်ပြယ်စေမှု)အဖြစ် ဆင်းရဲသားများအား (ထိုဒဏ်ဆောင်ရမည့်သားကောင်၏ တန်ဖိုးကို)ဝေငှပေးကျွေးရမည်။ သို့မဟုတ် ထို(ဝေငှပေးကျွေးမွေးခြင်းခံရသော)ဆင်းရဲသားအရေအတွက်နှင့်အညီအမျှ စွောင်မ်ဥပုသ်စောင့်ထိန်းရမည်။❸ (ထိုကဲ့သို့ ဒဏ်ဆောင်စေခြင်းနှင့် အပြစ်ပြေအောင်ဖြေစေခြင်းမှာ) ထိုသူသည် သူ(ကျူးလွန်ခဲ့သောကိစ္စ)၏ ဆိုးကျိုးရလဒ်ကို မြည်းစမ်းစေရန်အတွက်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် (ဟာရာမ်ဟု မတားမြစ်မီက) ပြီးခဲ့သောကိစ္စများကို ခွင့်လွှတ်တော်မူခဲ့ပြီးဖြစ်သည်။ သို့ရာတွင် မည်သူမဆို ထပ်မံကျူးလွန်လျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူကို တန်ပြန်အရေးယူတော်မူမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသောအရှင်၊ တန်ပြန်အရေးယူတော်မူသောအရှင် ဖြစ်တော်မူသည်။

❷ အမဲလိုက်သတ်ဖြတ်တယ်ဆိုတာ တောတိရစ္ဆာန်ကိုပဲဆိုလိုတာဖြစ်တယ်။ အိမ်မွေးတိရစ္ဆာန်ကို မဆိုလိုဘူး။ ရေသတ္တဝါကို သတ်ဖြတ်စားပိုင်ခွင့်ပြုထားတယ်။ ကိုယ့်ကို အန္တရာယ်ပေးတဲ့ သားရဲတိရစ္ဆာန်တွေကို ပြန်လည်ခုခံကာကွယ်ဖို့ သတ်ဖြတ်ပိုင်ခွင့်ရှိတယ်။ အမဲလိုက်သတ်ဖြတ်ခြင်း ဟာရာမ် ဖြစ်တယ်ဆိုတာ ဟာရာမ်ထွတ်မြတ်တဲ့နယ်မြေအတွင်းမှာ ဘယ်သူ့အတွက်မဆိုဖြစ်ပြီး

ဟာရာမ်နယ်မြေပြင်ပမှာ အိဟ်ရာမ်ဝတ်ရုံ ရုံထားသူအတွက်ပဲဖြစ်တယ်။(အလင်းပြကျမ်း) ❻ ဆင်းရဲသားတစ်ဦးကို ကောက်ပဲသီးနှံ စွာအ်တစ်ဝက်နှုန်းစီပေးရမယ်။ အဲဒီပေးခြင်းခံရမဲ့ ဆင်းရဲသားအရေအတွက်အတိုင်း ဓွောင်မ်ဥပုသ်စောင့်ထိန်းရမှာဖြစ်တယ်။ ဥပမာ - ဒဏ်ဆောင်ရမဲ့တန်ဖိုးဟာ စွာအ် ၂၀ ဖြစ်ရင် ဓွောင်မ် ရက်၄၀ စောင့်ထိန်းရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

أُحِلَّ لَكُمْ صَيْدُ الْبَحْرِ وَطَعَامُهُ مَتَاعًا لَّكُمْ وَلِلسَّيَّارَةِ ۖ وَحُرِّمَ عَلَيْكُمْ صَيْدُ الْبَرِّ مَا دُمْتُمْ حُرُمًا ۗ وَاتَّقُوا اللَّهَ الَّذِي إِلَيْهِ تُحْشَرُونَ ﴿٩٦﴾

(၉၆) အသင်တို့အတွက် (အိဟ်ရာမ်ရုံထားသောအချိန်တွင်) ရေသတ္တဝါများအား ဖမ်းဆီးခြင်းနှင့် ၎င်းတို့အား စားသုံးခြင်းကို အသင်တို့နှင့် ခရီးသည်များ၏အကျိုးအတွက် ဟလာလ်ခွင့်ပြုခြင်းခံရပြီးဖြစ်သည်။❶ သို့ရာတွင် အသင်တို့သည် အိဟ်ရာမ်ဝတ်ရုံကို ရုံထားနေသမျှ ကုန်းသတ္တဝါများကို အမဲလိုက်ခြင်းသည် အသင်တို့အပေါ်၌ ဟရာမ်တားမြစ်ထားခြင်းခံရသည်။ သို့ဖြစ်ရာ အသင်တို့သည် အကြွင်အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထိုအရှင်မြတ်ထံတော်သို့ပင် အသင်တို့သည် စုရုံးကြရမည်ဖြစ်သည်။

❶ အိဟ်ရာမ်ဝတ်ရုံ ဝတ်ထားစဉ်မှာတောင် ရေသတ္တဝါတွေကို ဖမ်းဆီးသတ်ဖြတ်စားသုံးခွင့်ပြုထားခြင်းဟာ အရှင်မြတ်ရဲ့သနားကရုဏာ ဖြစ်တယ်။ (အလင်းပြကျမ်း)

جَعَلَ اللَّهُ الْكَعْبَةَ الْبَيْتَ الْحَرَامَ قِيَامًا لِّلنَّاسِ وَالشَّهْرَ الْحَرَامَ وَالْهَدْيَ وَالْقَلَائِدَ ۚ ذَٰلِكَ لِتَعْلَمُوا أَنَّ اللَّهَ يَعْلَمُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَأَنَّ اللَّهَ بِكُلِّ شَيْءٍ عَلِيمٌ ﴿٩٧﴾

(၉၇) အလ္လာဟ်အရှင်မြတ်သည် မြင့်မြတ်သောအိမ်တော် ကအ်ဗဟ်ကျောင်းတော်အား လူများအတွက် (ငြိမ်းချမ်းမှု)တည်တံ့စေသော အကြောင်းခံအဖြစ်❷ ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် ထူးမြတ်သောလများ၊ ကုရ်ဗာနီသားကောင်များ၊ လည်ပတ်တပ်ဆင် အမှတ်အသားပြုထားသော သားကောင်များကိုလည်း (ထိုကဲ့သို့ ငြိမ်းချမ်းမှု၏အကြောင်းခံပြုလုပ်တော်မူသည်)။ ယင်း(သို့ ပြုလုပ်တော်မူသည်)မှာ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်များတွင်ရှိသမျှအရာနှင့် မြေပထဝီထဲတွင်ရှိသမျှအရာများကို သိတော်မူကြောင်းနှင့် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အမှန်ပင် အကြွင်းမဲ့သိရှိတော်မူကြောင်းကို အသင်တို့ သိရှိ(ယုံကြည်)ကြရန်အတွက် ဖြစ်သည်။

❷ လူသားတွေအတွက် ငြိမ်းချမ်းမှုတည်တံ့စေတဲ့အကြောင်းခံတွေထဲက တချို့အချက်တွေမှာ - အဲဒီကအ်ဗဟ်ကျောင်းတော် နယ်နိမိတ်ဝင်းထဲမှာ ဖခင်ကို သတ်တဲ့သူကို သားကတွေ့ရင်တောင်မှ မျက်လွှာချပြီး သွားလိုက်ခြင်း၊ (မအာရိဖွလ်ကုရ်အာန်) အဲဒီကျောင်းတော်ကပဲ သာသနာအစပြုလာခဲ့ခြင်း၊ အဲဒီကျောင်းတော်ကို တစ်ကမ္ဘာလုံးက လူသားတွေဟာ ဟဂ်ျပြုဖို့ လာရောက်

စုရုံးကြခြင်း၊ သူတို့အကျိုးအတွက် ကောင်းမှုတွေပြုလုပ်ရာဖွေနိုင်ခြင်း၊ စကြဝဠာအားလုံးအတွက် သနားကရုဏာနဲ့ အောင်မြင်မှုဘက်ကို လမ်းပြခေါ်ဆောင်သွားမဲ့ တမန်တော်မြတ် ﷺ ဟာ အဲဒီက နေပဲ စတင်ပွင့်ပေါ်လာခဲ့ခြင်း၊ ကအ်ဗာမပျက်ခင်မှာ အဲဒီကျောင်းတော်ကို အရှင်မြတ်က ပင့်မယူဆောင် မှာဖြစ်တဲ့အတွက် ကျောင်းတော်ကြီးတည်ရှိနေခြင်းဟာ ကမ္ဘာကြီးတည်တံ့နေစေဖို့ အကြောင်းခံ တစ်ခုဖြစ်နေခြင်း၊ မွတ်စ်လင်မ်တွေအားလုံးကို အဲဒီကျောင်းတော်ဘက်ကိုပဲ မျက်နှာမူလှည့်ခိုင်း ထားခြင်းအားဖြင့် ညီညွတ်မှုကို ရရှိစေခြင်း စတဲ့အချက်တွေ ပါဝင်နေတယ်။ (အလင်းပြကျမ်း)

اِعْلَمُوْٓا اَنَّ اللّٰهَ شَدِيْدُ الْعِقَابِ وَاَنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿٩٨﴾

(၉၈) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာအရေးယူ တော်မူသောအရှင်ဖြစ်ကြောင်းနှင့် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာ တော်မူသောအရှင်ဖြစ်ကြောင်းကို အသင်တို့သိထားကြပါ။

مَا عَلَى الرَّسُوْلِ اِلَّا الْبَلٰغُ ؕ وَاللّٰهُ يَعْلَمُ مَا تُبْدُوْنَ وَمَا تَكْتُمُوْنَ ﴿٩٩﴾

(၉၉) ရစူလ်တမန်တော်၏အပေါ်တွင် (အရှင်မြတ်၏ အမိန့်တော်များ ကို) ပို့ချရန်တာဝန်သာရှိသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ထုတ်ဖော်ပြုလုပ်သောအရာများနှင့် အသင်တို့ လျှို့ဝှက်ပြုလုပ်သောအရာများကို သိရှိတော်မူသည်။

قُلْ لَّا يَسْتَوِى الْخَبِيْثُ وَالطَّيِّبُ وَلَوْ اَعْجَبَكَ كَثْرَةُ الْخَبِيْثِ ۚ فَاتَّقُوا اللّٰهَ يٰٓاُولِى الْاَلْبَابِ لَعَلَّكُمْ تُفْلِحُوْنَ ﴿١٠٠﴾

(၁၀၀) (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ မသန့်ပြန့်သောအရာ ၏ပေါများမှုသည် အသင့်ကို နှစ်သက်အားရစေသော်လည်း မသန့်ပြန့်သော အရာနှင့် သန့်ပြန့်သောအရာသည် မတူပေ။❷ သို့ဖြစ်ရာ အို-ဉာဏ်ရှင်အပေါင်း တို့၊ အသင်တို့သည် အောင်မြင်မှုရရှိရန်အတွက် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။

❷ သန့်ပြန့်တဲ့အရာဟာ နည်းပေမဲ့ ကောင်းမွန်အကျိုးဖြစ်ထွန်းစေတယ်၊ မသန့်ပြန့်တဲ့အရာဟာ များပြီး စွဲမက်ဖွယ်ရာကောင်းပေမဲ့ အကျိုးဆုတ်ယုတ်စေတယ်။ ဒါကြောင့် အရှင်မြတ်က လူတွေကို အကျိုးဖြစ်ထွန်းစေမဲ့အရာတွေကိုပဲ ဟလာလ်ခွင့်ပြုတော်မူထားခြင်း ဖြစ်တယ်။ (အလင်းပြကျမ်း)

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَسْـَٔلُوْا عَنْ اَشْيَآءَ اِنْ تُبْدَ لَكُمْ تَسُؤْكُمْ ۚ وَاِنْ تَسْـَٔلُوْا عَنْهَا حِيْنَ يُنَزَّلُ الْقُرْاٰنُ تُبْدَ لَكُمْ ؕ عَفَا اللّٰهُ عَنْهَا ؕ وَاللّٰهُ غَفُوْرٌ حَلِيْمٌ ﴿١٠١﴾

(၁၀၁) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် (တမန်

တော်မြတ်အား) အကြင်အရာများနှင့်ပတ်သက်၍ မမေးမြန်းကြနှင့်။ အကယ်၍ ထိုအရာများသည် အသင်တို့ရှေ့၌ ထုတ်ဖော်(ပြော)ခြင်းခံခဲ့ရလျှင် အသင်တို့အား မကောင်းဖြစ်စေလိမ့်မည်။ ၎င်းပြင် အကယ်၍ ထိုအရာများနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ် ချပေးခြင်းခံနေရသောအချိန်၌ အသင်တို့မေးမြန်းကြလျှင် အသင်တို့အတွက် ထုတ်ဖော်(ပြော)ခြင်းခံရမည်။ ထိုကိစ္စများနှင့် ပတ်သက်၍ (ယခင်က မေးခဲ့သည်များကိုမူ) အလ္လာဟ်အရှင်မြတ်သည် ခွင့်လွှတ်တော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်ထောက်ထားညှာတာသည်းခံဆိုင်းငံ့တော်မူသောအရှင်ဖြစ်တော်မူသည်။

قَدْ سَاَلَهَا قَوْمٌ مِّنْ قَبْلِكُمْ ثُمَّ اَصْبَحُوْا بِهَا كٰفِرِيْنَ ﴿١٠٢﴾

(၁၀၂) အမှန်စင်စစ် အသင်တို့မတိုင်မီကသူများသည်လည်း ထိုကဲ့သို့အကြောင်းများကို မေးမြန်းခဲ့ဖူးကြသည်။❻ ထို့နောက် သူတို့သည် ထိုအကြောင်းအရာများအား ငြင်းပယ်သောသူများ ဖြစ်သွားခဲ့ကြသည်။

❻ အဲဒီလို မမေးသင့်တဲ့အရာတွေကို မေးမြန်းခဲ့တဲ့ အရင်တုန်းကသူတွေဆိုတာ အစ္စရာအီလ် မျိုးနွယ်ဝင်တွေပဲ အများဆုံး ဖြစ်ခဲ့ကြတယ်။ (အလင်းပြကျမ်း)

مَا جَعَلَ اللّٰهُ مِنْۢ بَحِيْرَةٍ وَّلَا سَآئِبَةٍ وَّلَا وَصِيْلَةٍ وَّلَا حَامٍ ۙ وَّلٰكِنَّ الَّذِيْنَ كَفَرُوْا يَفْتَرُوْنَ عَلَى اللّٰهِ الْكَذِبَ ۗ وَاَكْثَرُهُمْ لَا يَعْقِلُوْنَ ﴿١٠٣﴾

(၁၀၃) အလ္လာဟ်အရှင်မြတ်သည် ဗဟီရဟ်၊ စာအိဗဟ်၊ ဝစီလဟ်နှင့် ဟာမ်❼ တို့ကို (တရားတော်၌ အသိအမှတ်ပြု) ပြဋ္ဌာန်းတော်မူခဲ့သည်မဟုတ်ပေ။ သို့ရာတွင် ငြင်းပယ်သောသူများသည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် လုပ်ကြံမုသားပြောဆိုကြသည်။ ထို့ပြင် (အမှန်စင်စစ်) သူတို့ထဲမှ အများစုသည် အသိဉာဏ်မရှိကြပေ။

❼ နောက်ဆုံးပဉ္စမမြောက် ကုလားအုတ်အထီးလေးမွေးပြီးနောက် ရုပ်တုတွေအတွက် နားရွက်ခွဲကာ အရာပေးပြီး လွှတ်ထားတဲ့ကုလားအုတ်မကို ဗဟီရဟ်လို့ခေါ်တယ်။ ရောဂါပျောက်ကင်းဖို့ စစ်ပွဲအောင်နိုင်ဖို့ မစီးနင်းဘဲ၊ နို့မညှစ်ဘဲ ရုပ်တုတွေအတွက် လွှတ်ထားတဲ့ ကုလားအုတ်မကို စာအိဗဟ် လို့ခေါ်တယ်။ ပထမ အထီးမွေးပြီး ဒုတိယ အမမွေးတဲ့နောက် လည်မလှီးဘဲ ရုပ်တုတွေအတွက် လွှတ်ထားတဲ့ ကုလားအုတ်မကို ဝစီလဟ်လို့ခေါ်တယ်။ ကုလားအုတ်မတွေမှာ ကိုယ်ဝန်ဆယ်ခုဖြစ်လာတဲ့အထိ မျိုးစပ်ပေးခဲ့တဲ့ ကုလားအုပ်ထီးကို အစီးအနင်း မပြုလုပ်တော့ဘဲ ရုပ်တုတွေအတွက် လွှတ်ထားလိုက်တော့တယ်။ အဲဒီကုလားအုတ်ထီးကို ဟာမ်လို့ခေါ်တယ်။

(ဂျလာလိုင်န်၊ ဗုခါရီ၊ နတ်စ်စွ်ရှလ်ဗာရီ)

وَاِذَا قِيۡلَ لَهُمۡ تَعَالَوۡا اِلٰى مَاۤ اَنۡزَلَ اللّٰهُ وَاِلَى الرَّسُوۡلِ قَالُوۡا حَسۡبُنَا مَا وَجَدۡنَا عَلَيۡهِ اٰبَآءَنَا ؕ اَوَ لَوۡ كَانَ اٰبَآؤُهُمۡ لَا يَعۡلَمُوۡنَ شَيۡـًٔا وَّلَا يَهۡتَدُوۡنَ ﴿١٠٤﴾

(၁၀၄) ထို့ပြင် သူတို့အား "အသင်တို့သည် အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းတော်မူသောအမိန့်များနှင့် တမန်တော်ဘက်သို့ လာကြပါ"ဟုပြောဆိုခြင်း ခံကြရသောအခါ သူတို့က "ကျွန်ုပ်တို့အတွက် အကြင်(လမ်းစဉ်)သည် လုံလောက်သည်၊ ထို(လမ်းစဉ်)ပေါ်၌ ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြသည်" ဟု ဖြေကြားကြသည်။ ထို့ပြင် အကယ်၍သူတို့၏ အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့သည် မည်သည့်အရာကိုမျှ မသိနားမလည်ကြသည့်အပြင် လမ်းမှန်မရရှိကြလျှင်လည်း (သူတို့အတွက် လုံလောက်ဦးမည်လော။ လုံးဝမလုံလောက်ပေ)။

يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡا عَلَيۡكُمۡ اَنۡفُسَكُمۡ ۚ لَا يَضُرُّكُمۡ مَّنۡ ضَلَّ اِذَا اهۡتَدَيۡتُمۡ ؕ اِلَى اللّٰهِ مَرۡجِعُكُمۡ جَمِيۡعًا فَيُنَبِّئُكُمۡ بِمَا كُنۡتُمۡ تَعۡمَلُوۡنَ ﴿١٠٥﴾

(၁၀၅) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် (တတ်စွမ်းနိုင်သမျှ သဗ်လီးဂ်ပြုလုပ်ပို့ချ ညွှန်ကြားပြသပြီးနောက်) အသင်တို့ ကိုယ်ကို အသင်တို့ (ထိန်းသိမ်းစောင့်ရှောက်ရန်) အတွက်သာ ပူပင်ကြပါ။ အသင်တို့သည် လမ်းမှန်ပေါ်၌ရှိနေကြလျှင် လမ်းမှားသူသည် အသင်တို့အား အကျိုးယုတ်နစ်နာစေနိုင်မည်မဟုတ်ပေ။ အသင်တို့အားလုံး၏ ပြန်လှည့်ရာဌာနသည် အလ္လာဟ်အရှင်မြတ်ထံတော်သို့ပင် ဖြစ်သည်။ ထိုအခါ အရှင်မြတ်သည် အသင်တို့ပြုမူခဲ့ကြသည်များကို အသင်တို့အား အသိပေးတော်မူမည်။

يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡا شَهَادَةُ بَيۡنِكُمۡ اِذَا حَضَرَ اَحَدَكُمُ الۡمَوۡتُ حِيۡنَ الۡوَصِيَّةِ اثۡنٰنِ ذَوَا عَدۡلٍ مِّنۡكُمۡ اَوۡ اٰخَرٰنِ مِنۡ غَيۡرِكُمۡ اِنۡ اَنۡتُمۡ ضَرَبۡتُمۡ فِى الۡاَرۡضِ فَاَصَابَتۡكُمۡ مُّصِيۡبَةُ الۡمَوۡتِ ؕ تَحۡبِسُوۡنَهُمَا مِنۡۢ بَعۡدِ الصَّلٰوةِ فَيُقۡسِمٰنِ بِاللّٰهِ اِنِ ارۡتَبۡتُمۡ لَا نَشۡتَرِىۡ بِهٖ ثَمَنًا وَّلَوۡ كَانَ ذَا قُرۡبٰى ۙ وَلَا نَكۡتُمُ شَهَادَةَ ۙ اللّٰهِ اِنَّاۤ اِذًا لَّمِنَ الۡاٰثِمِيۡنَ ﴿١٠٦﴾

(၁၀၆) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့ထဲမှ တစ်ဦးတစ်ယောက်ထံသို့ သေခြင်းတရား ဆိုက်ရောက်လာ(ခါနီး)၍ ဝစီယသ်မှာတမ်းစကားပြောသောအခါ အသင်တို့၏ကြားတွင် အသင်တို့ထဲမှ မျှတသော သက်သေနှစ်ဦးရှိရမည်။ သို့မဟုတ် အသင်တို့သည် မြေပြင်တွင် ခရီးထွက်နေစဉ် အသင်တို့၌ သေခြင်းဆိုက်ရောက်ခဲ့လျှင်❶ (အကယ်၍ အသင်တို့ထဲမှ မျှတသော

သက်သေနှစ်ဦး မရှိလျှင်) အသင်တို့ထဲမှမဟုတ်သော (အခြား)သူများထဲမှ[၂]
သက်သေနှစ်ဦးရှိရမည်။ အကယ်၍ အသင်တို့သည် (မှာကြားခြင်း ခံခဲ့ရသော
သူများနှင့်ပတ်သက်၍) သံသယမကင်းဖြစ်ခဲ့ကြလျှင်၊ ထို(သက်သေ)နှစ်ဦးအား
(ဗလီထဲ၌) စွလာသ်ဝတ်ပြုပြီးနောက် ဆိုင်းငံ့ထားကြပါ။ ထို့နောက် သူတို့နှစ်ဦး
သည် အလ္လာဟ်အရှင်မြတ်အားတိုင်တည်ပြီး (ဤသို့)ကျိန်ဆိုကြရမည်– "ကျွန်ုပ်
တို့သည် ဆွေမျိုးဖြစ်နေခဲ့လျှင်လည်း ထိုကျိန်ဆိုမှုဖြင့် မည်သည့်အကျိုးကျေးဇူး
မျှ ရလိုမှုမရှိပေ။[၃] ၎င်းပြင် ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏သက်သေခံ
ချက်ကိုလည်း ထိမ်ချန်ထားကြမည်မဟုတ်ပေ။ သို့ဖြစ်လျှင် ကျွန်ုပ်တို့သည်
အမှန်စင်စစ် အပြစ်ရှိသောသူများထဲမှ ဖြစ်ကြလိမ့်မည်။"

[၁] အသင်တို့ ခရီးသွားရင်းနဲ့ ရောဂါဖြစ်ပြီး ပြန်ကောင်းလာဖို့ မျှော်လင့်ချက်မရှိတော့တဲ့အခါမျိုးမှာ မှာတမ်းစကားပြောကြားဖို့ကို ဆိုလိုတယ်။(ဟာရှိယဟ်ဂျလာလိုင်န်) [၂] အသင်တို့ထဲကဆိုတာ နှစ်မျိုးဖြစ်နိုင်တယ်၊ တစ်မျိုးက မွတ်စ်လင်မ်တွေထဲကဖြစ်ပြီး နောက်တစ်မျိုးက အနီးစပ်ဆုံးဆွေမျိုးသားချင်းတွေထဲကလို့ ဆိုလိုတာဖြစ်တယ်။ အသင်တို့ထဲကမဟုတ်တဲ့ တခြားသူတွေထဲကဆိုတာလည်း နှစ်မျိုးဖြစ်နိုင်တယ်၊ တစ်မျိုးက တခြားဘာသာဝင်တွေထဲက ဖြစ်ပြီး နောက်တစ်မျိုးက သေဆုံးသူရဲ့မျိုးနွယ်ထဲကမဟုတ်ဘဲ တခြားမျိုးနွယ်ထဲကလို့ ဆိုလိုတာဖြစ်တယ်။ ( ဖိုင်သွလ်ဗာရီ ရှရဟ် ဗုခါရီ၊ ရှရဟ်ဗုခါရီ လစ်ဗ်နေ့ ဗသ္ဒွာလ်၊ ဇာဒွလ်မစီရ် ဖီအိလ်မိသ်သဖ်စီရ်) [၃] လိမ်ပြီးကျိန်ဆိုနေတာမဟုတ်ဘူးလို့ ဆိုလိုတာဖြစ်တယ်။ (ဂျလာလိုင်န်)

فَاِنۡ عُثِرَ عَلٰۤى اَنَّهُمَا اسۡتَحَقَّاۤ اِثۡمًا فَاٰخَرٰنِ يَقُوۡمٰنِ مَقَامَهُمَا مِنَ الَّذِيۡنَ اسۡتَحَقَّ عَلَيۡهِمُ
الۡاَوۡلَيٰنِ فَيُقۡسِمٰنِ بِاللّٰهِ لَشَهَادَتُنَاۤ اَحَقُّ مِنۡ شَهَادَتِهِمَا وَمَا اعۡتَدَيۡنَاۤ ۖ اِنَّاۤ اِذًا لَّمِنَ
الظّٰلِمِيۡنَ ﴿۱۰۷﴾

(၁၀၇) ၎င်းပြင် အကယ်၍ သူတို့နှစ်ဦးသည် အပြစ်ရှိကြောင်း သိရ
လျှင်၊[၄] ထိုအပြစ်ရှိသူနှစ်ဦး၏နေရာ၌ (ကွယ်လွန်သူ၏) ဆွေမျိုးအနီးစပ်ဆုံး
အမွေစားများထဲမှ သက်သေနှစ်ဦးရပ်ပြီး၊ "အမှန်စင်စစ် ကျွန်ုပ်တို့၏သက်သေ
ခံခြင်းသည် သူတို့နှစ်ဦးသက်သေခံခြင်းထက် ပိုမှန်ပါသည်။ ၎င်းပြင် ကျွန်ုပ်တို့
သည် စည်းကမ်းဖောက်ဖျက်ကျူးလွန်ခြင်းလည်း မရှိကြပါ။ ထိုသို့ဖြစ်ခဲ့လျှင်
ကျွန်ုပ်တို့သည် အမှန်စင်စစ် မတရားကျူးလွန်သူများထဲမှ ဖြစ်ကြပါလိမ့်မည်"
ဟု အလ္လာဟ်အရှင်မြတ်အား တိုင်တည်ပြီး ကျိန်ဆိုကြရမည်။

[၄] လိမ်ပြီးကျိန်ဆိုနေတယ်လို့ သိရတယ်ဆိုရင်။ (ဂျလာလိုင်န်)

ذٰلِكَ اَدۡنٰۤى اَنۡ يَّاۡتُوۡا بِالشَّهَادَةِ عَلٰى وَجۡهِهَاۤ اَوۡ يَخَافُوۡۤا اَنۡ تُرَدَّ اَيۡمَانٌۢ بَعۡدَ اَيۡمَانِهِمۡ ؕ وَاتَّقُوا اللّٰهَ وَ
اسۡمَعُوۡا ؕ وَاللّٰهُ لَا يَهۡدِى الۡقَوۡمَ الۡفٰسِقِيۡنَ ﴿۱۰۸﴾ ع

(၁၀၈) ၎င်း(ကျိန်ဆိုမှုအစားထိုးခြင်း)သည် သက်သေများအနေဖြင့် သက်သေခံထိုက်သောနည်းအတိုင်း သက်သေခံကြရန်၊ သို့မဟုတ် သူတို့၏ ကျိန်ဆိုချက်များသည် (အခြားသူများ၏)ကျိန်ဆိုချက်များဖြင့် ကန့်ကွက်ပယ်ချခြင်းခံရမည်ကို သူတို့စိုးရိမ်ကြ(ပြီး အမှန်ကန်ဆုံး သက်သေထွက်ဆိုကြ)ရန် အနီးစပ်ဆုံး(အကောင်းဆုံး)နည်းဖြစ်သည်။❺ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ၊ ၎င်းပြင် (အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို) နားထောင်လိုက်နာကြပါ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် စည်းကမ်းဖောက်ဖျက်သောသူများကို လမ်းမှန်ညွှန်ကြားပြသတော်မူမည် မဟုတ်ပေ။

❺ ဒါဟာ လိမ်လည်ကျိန်ဆိုမှုတွေ အဆုံးသတ်ဖို့နည်းစနစ်တစ်မျိုးဖြစ်တယ်။ တစ်ဦးတစ်ယောက်က လိမ်လည်ကျိန်ဆိုရင် ဒီကိစ္စရပ်တွေကို သိထားတဲ့အခြားသူတွေထဲက ဘယ်သူကမဆို ကျိန်ဆိုပြီး ပထမကျိန်ဆိုသူရဲ့ ကျိန်ဆိုချက်မှားယွင်းကြောင်း ပြောဆိုခွင့်ပေးထားခြင်းဖြစ်တယ်။ အဲဒီလိုလိမ်လည်ကျိန်ဆိုကြောင်း ထောက်ပြကျိန်ဆိုနိုင်ဖို့ အခွင့်အလမ်းပေးထားတာကြောင့် ပထမကျိန်ဆိုသူရဲ့စိတ်ထဲမှာ(စိတ်ကောင်းရှိသူဆိုရင်) ငါလိမ်ပြီးကျိန်ဆိုရင် ပေါ်သွားမှာပဲလို့ ကြောက်ရွံ့စိုးရိမ်စိတ်ဝင်ကာ မလိမ်တော့ဘဲ အမှန်အတိုင်း ကျိန်ဆိုစေဖို့အတွက်အစီအစဉ်ပြုလုပ်ပေးထားခြင်းဖြစ်တယ်။ (ဂျလာလိုင်န်၊ သဖ်စီရ်အဟ်မဒီ၊ ကမာလိုင်န်)

يَوْمَ يَجْمَعُ اللَّهُ الرُّسُلَ فَيَقُولُ مَاذَآ أُجِبْتُمْ ۖ قَالُوا۟ لَا عِلْمَ لَنَآ ۖ إِنَّكَ أَنتَ عَلَّٰمُ ٱلْغُيُوبِ ﴿١٠٩﴾

(၁၀၉) ထို(ကိယာမသ်)နေ့တွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်များကို စုရုံးတော်မူပြီး “အသင်တို့သည် (အသင်တို့၏နောက်လိုက်များထံမှ)မည်သို့ တုံ့ပြန်ဖြေကြားခံခဲ့ကြရသနည်း”ဟု မေးမြန်းတော်မူမည်။ “ကျွန်ုပ်တို့ လုံးဝ မသိကြပါ။❻ အမှန်စင်စစ် အရှင်မြတ်သာ အကွယ်၌ရှိသည်များကို အလွန်သိတော်မူသောအရှင် ဖြစ်တော်မူပါသည်”ဟု (တမန်တော်အားလုံးက) ဖြေကြားကြလိမ့်မည်။

❻ ကိယာမသ်ရှင်ပြန်ထမဲ့နေ့မှာ အဖန်ဆင်းခံအားလုံး တွေ့မြင်နိုင်အောင် တမန်တော်တွေဟာ ပထမဦးဆုံး မေးမြန်းခြင်းခံရမှာဖြစ်တယ်။ အဲဒီနေ့မှာ ဘယ်သူ့ကိုမှ မေးမြန်းစစ်ဆေးမှုကနေ ချန်လှပ်ထားမှာမဟုတ်ဘူး။ တမန်တော်တွေကို မေးမှာက - အသင်တို့ဟာ မိမိတို့ရဲ့ အွမ္မသ်သားတွေကို မှန်ကန်တဲ့သာသနာဘက် ဒအ်ဝသ်ဖိတ်ခေါ်မှုပြုလုပ်တဲ့အခါမှာ သူတို့က ဘယ်လိုတုံ့ပြန်လိုက်ကြသလဲ။ အသင်တို့ပြသတဲ့ အမိန့်ပညတ်ချက်တွေအပေါ်မှာ လိုက်နာမှုပြုခဲ့ကြတာလား။ ဒါမှမဟုတ် ငြင်းပယ်ဆန့်ကျင်မှုပြုလုပ်ခဲ့ကြတာလား။ ဒီမေးခွန်းတွေဟာ တမန်တော်တွေကို မေးတာဖြစ်ပေမဲ့ အွမ္မသ်သားတွေရဲ့ကောင်းတဲ့လုပ်ရပ်နဲ့ မကောင်းတဲ့လုပ်ရပ်တွေအတွက် တမန်တော်တွေဟာ ပထမဦးဆုံးသက်သေဖြစ်သွားစေတယ်။ အပြစ်ရှိသူတွေက တမန်တော်တွေရဲ့ အသနားခံပေးမှု ရှဖာအသ်ကို မျှော်လင့်နေတုန်းမှာပဲ သူတို့အပြစ်လုပ်တာတွေကို သက်သေခံမဲ့သူဟာ တမန်တော်တွေဖြစ်နေတာ သိသွားတဲ့အပေါ် သူတို့ကို ဘယ်သူကအသနားခံပေးမှု ရှဖာအသ်လုပ်ပေးနိုင်ဦး

မှာလဲ၊ ဘယ်သူက ကူညီနိုင်ဦးမှာလဲလို့ စိုးရိမ်မှုတွေဖြစ်ပေါ်ကြလိမ့်မယ်။ တမန်တော်တွေကတော့ သူတို့ဟာ အကွယ်ကို မသိပါကြောင်း လျှောက်ထားကြမယ်။ တမန်တော်တွေရှိစဉ်မှာ အီမာန်ယူခဲ့ကြတဲ့ အွမ္မသ်သားတွေ၊ အမလ်လုပ်ခဲ့ကြသူတွေနဲ့ ပတ်သက်ပြီးတော့လည်း တမန်တော်တွေ အနေနဲ့ သူတို့စိတ်နှလုံးထဲမှာ တကယ်အီမာန် ရှိ၊ မရှိနဲ့ အမလ်ကို အရှင်မြတ်အတွက်လုပ်တာ ဟုတ်၊ မဟုတ်ဆိုတာတွေကို မသိနိုင်တဲ့အတွက် အကွယ်ကို ၎င်းတို့မသိကြောင်းကိုသာ လျှောက်ထားခဲ့ကြခြင်းဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

إِذْ قَالَ اللَّهُ يَا عِيسَى ابْنَ مَرْيَمَ اذْكُرْ نِعْمَتِي عَلَيْكَ وَعَلَىٰ وَالِدَتِكَ إِذْ أَيَّدتُّكَ بِرُوحِ الْقُدُسِ
تُكَلِّمُ النَّاسَ فِي الْمَهْدِ وَكَهْلًا ۖ وَإِذْ عَلَّمْتُكَ الْكِتَابَ وَالْحِكْمَةَ وَالتَّوْرَاةَ وَالْإِنجِيلَ ۖ وَإِذْ
تَخْلُقُ مِنَ الطِّينِ كَهَيْئَةِ الطَّيْرِ بِإِذْنِي فَتَنفُخُ فِيهَا فَتَكُونُ طَيْرًا بِإِذْنِي ۖ وَتُبْرِئُ الْأَكْمَهَ وَ
الْأَبْرَصَ بِإِذْنِي ۖ وَإِذْ تُخْرِجُ الْمَوْتَىٰ بِإِذْنِي ۖ وَإِذْ كَفَفْتُ بَنِي إِسْرَائِيلَ عَنكَ إِذْ جِئْتَهُم بِالْبَيِّنَاتِ
فَقَالَ الَّذِينَ كَفَرُوا مِنْهُمْ إِنْ هَٰذَا إِلَّا سِحْرٌ مُّبِينٌ ﴿١١٠﴾

(၁၁၀) (ထိုကိယာမသ်ရှင်ပြန်ထမည့်နေ့)တစ်ချိန်တွင် အလ္လာဟ်အရှင်မြတ်သည် မိန့်ကြားတော်မူမည်၊ အို- မရ်ယမ်၏သားအီစာ၊ အသင်သည် အသင်နှင့် အသင်၏မိခင်အပေါ်တွင် ငါအရှင်မြတ်ပြုတော်မူခဲ့သော ကျေးဇူးတော်အား သတိရပါ။ တစ်ခါတွင် ငါအရှင်မြတ်သည် အသင်(တမန်တော်အီစာ)ကို မြင့်မြတ်သော ဝိညာဉ်(ဂျိဗ်ရီလ်)နှင့်ကူညီပံ့ပိုးခဲ့သည်။ အသင်သည် ပုခက်တွင်း(ရင်ခွင်ပိုက်ကလေးဘဝ)တွင် လည်းကောင်း၊ ကြီးပြင်းသည့်အခါတွင် လည်းကောင်း လူများနှင့်(လူကြီးများပြောသောစကားမျိုးဖြင့်သာ တစ်မျိုးတည်း)စကားပြောဆိုခဲ့သည်။ ထို့ပြင် တစ်ခါက ငါအရှင်မြတ်သည် အသင့်အား ကောင်းကင်ကျမ်းဂန်(များ)၊ အသိပညာဉာဏ်အမြော်အမြင်၊ သောင်ရာသ်နှင့်အင်န်ဂျီလ်ကျမ်းဂန်များကို သင်ကြားပို့ချပေးတော်မူခဲ့သည်။ ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်၏အမိန့်တော်ဖြင့် အသင်သည် ရွှံ့မြေကို ငှက်ပုံစံကဲ့သို့(ငှက်ရုပ်)လုပ်ပြီး ၎င်းထဲသို့ လေမှုတ်လိုက်သောအခါ ၎င်း(ငှက်ရုပ်)သည် ငါအရှင်မြတ်၏အမိန့်တော်ဖြင့် (သက်ရှိ)ငှက်ဖြစ်သွားသည်။ ထို့ပြင် အသင်သည် ငါအရှင်မြတ်၏အမိန့်တော်ဖြင့် (မွေးရာပါ) မျက်မမြင်များနှင့် (ခရုသင်းစသော) အနူရောဂါသည်များအား ပျောက်ကင်းအောင် လုပ်ပေးသည်။ ထို့ပြင် တစ်ခါက အသင်သည် ငါအရှင်မြတ်၏အမိန့်တော်ဖြင့် သေသူများကို (ရှင်အောင်လုပ်ပြီး သင်္ချိုင်းထဲမှ)ထွက်စေသည်။ ထို့ပြင် တစ်ခါတွင် အသင်သည် သူတို့ထံသို့ ထင်ရှားသော သက်သေလက္ခဏာ တန်ခိုးတော်များကို ယူဆောင်သွားခဲ့သောအခါ ငါအရှင်

မြတ်က အစ္စရာအီလ်မျိုးနွယ်များကို အသင့်အား (သတ်ဖြတ်ခြင်းမှ) တားဆီးတော်မူခဲ့သည်။ ထို့နောက် သူတို့ထဲမှ ငြင်းပယ်ခဲ့ကြသောသူများက "ဤသည်ထင်ရှားသောစုန်းပယောဂအတတ်ပင်ဖြစ်သည်"ဟု ပြောဆိုခဲ့ကြသည်။

وَإِذْ أَوْحَيْتُ إِلَى الْحَوَارِيِّينَ أَنْ آمِنُوا بِي وَبِرَسُولِي قَالُوا آمَنَّا وَاشْهَدْ بِأَنَّنَا مُسْلِمُونَ ﴿١١١﴾

(၁၁၁) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် ဟဝါရီ (ခဝါသည်)များထံသို့ "အသင်တို့သည် ငါအရှင်မြတ်နှင့် ငါအရှင်မြတ်၏တမန်တော်(အီစာ)ကို ယုံကြည်ကြပါ"ဟု အမိန့်ချမှတ်တော်မူခဲ့သည်။ (ထိုအခါ) ၎င်းတို့က "ကျွန်ုပ်တို့ ယုံကြည်ကြပါပြီ၊ စင်စစ် ကျွန်ုပ်တို့သည် အမိန့်ကိုနာခံကြသော မွတ်စ်လင်မ်များဖြစ်ကြောင်း အရှင်မြတ် သက်သေအဖြစ်ရှိတော်မူပါ"ဟု ပြောဆိုခဲ့ကြသည်။

إِذْ قَالَ الْحَوَارِيُّونَ يَا عِيسَى ابْنَ مَرْيَمَ هَلْ يَسْتَطِيعُ رَبُّكَ أَنْ يُنَزِّلَ عَلَيْنَا مَائِدَةً مِنَ السَّمَاءِ قَالَ اتَّقُوا اللَّهَ إِنْ كُنْتُمْ مُؤْمِنِينَ ﴿١١٢﴾

(၁၁၂) တစ်ခါတွင် ဟဝါရီ[၂] များက "အို - မရ်ယမ်၏သားအီစာ၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ကျွန်ုပ်တို့အပေါ်ကောင်းကင်မှ အစားအစာတည်ခင်းထားသော စားပွဲတစ်ခုကို ချပေးနိုင်စွမ်းရှိပါသလော"ဟု ပြောဆိုကြသည်။ ၎င်း(တမန်တော်အီစာ)က အသင်တို့သည် မုအ်မင်န် ယုံကြည်သူများဖြစ်ကြလျှင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါဟု ပြောဆိုခဲ့သည်။[၃]

[၂] ဟဝါရီရဲ့အဓိပ္ပာယ်ကတော့ ဖြူစင်အောင် လျှော်ဖွပ်သူ ခဝါသည်ကိုဆိုလိုတယ်။ စိတ်နှလုံးကို ဖြူစင်အောင်လုပ်ပေးတဲ့သူကိုလည်း ဟဝါရီလို့ခေါ်တယ်။ (အလင်းပြကျမ်း) [၃] အရှင်မြတ်ရဲ့တန်ခိုးတော်တွေကို အကြောင်းမဲ့တောင်းဆိုခြင်းဟာ အီမာန်ယုံကြည်တဲ့သူတွေရဲ့ လုပ်ရပ်မဟုတ်တဲ့အတွက် တမန်တော်အီစာ عليه السلامက ၎င်းရဲ့နောက်လိုက်တွေကို အသင်တို့ဟာ ယုံကြည်သူတွေဖြစ်ရင် အဲဒီလိုမတောင်းဆိုကြဘဲ အရှင်မြတ်ကိုပဲ ကြောက်ရွံ့ကြဖို့အမိန့်ရှိခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

قَالُوا نُرِيدُ أَنْ نَأْكُلَ مِنْهَا وَتَطْمَئِنَّ قُلُوبُنَا وَنَعْلَمَ أَنْ قَدْ صَدَقْتَنَا وَنَكُونَ عَلَيْهَا مِنَ الشَّاهِدِينَ ﴿١١٣﴾

(၁၁၃) ၎င်း(ဟဝါရီ)များက ကျွန်ုပ်တို့သည် ၎င်း(စားပွဲ)မှ(အစားအစာများကို) စားသုံးရန်၊ ၎င်းပြင် ကျွန်ုပ်တို့၏စိတ်နှလုံးများ နှစ်သိမ့်ကျေနပ်ရန်၊ ၎င်းပြင် အသင်သည် ကျွန်ုပ်တို့အား စင်စစ် အမှန်ပြောခဲ့သည်ဆိုသည်ကို ကျွန်ုပ်တို့ သိရှိယုံကြည်ရန်၊ ၎င်းပြင် ၎င်း(စားပွဲကျရောက်သောတန်ခိုးတော်)နှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် အသိသက်သေများဖြစ်ကြရန်အတွက် ရည်ရွယ်ကြပါသည်ဟု ပြောဆိုခဲ့ကြသည်။[၄]

❻ တမန်တော် အီစာ عليه السلامက အီမာန်ရှင်တွေဟာ တန်ခိုးတွေမတောင်းဆိုဘဲနဲ့ ယုံကြည်ရမဲ့ပုံစံကို ရည်ညွှန်းလိုက်တဲ့အတွက် ဟဝါရီတွေက အဲဒီလိုရည်ရွယ်ပြီး တောင်းဆိုတာမဟုတ်တဲ့အကြောင်း နဲ့ သူတို့ရဲ့ရည်ရွယ်ချက်တွေကို အာယသ်တော်မှာပါရှိတဲ့အတိုင်း ဖော်ပြလိုက်ကြခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ عِيسَى ابْنُ مَرْيَمَ اللَّهُمَّ رَبَّنَا أَنزِلْ عَلَيْنَا مَائِدَةً مِّنَ السَّمَاءِ تَكُونُ لَنَا عِيدًا لِّأَوَّلِنَا وَآخِرِنَا وَآيَةً مِّنكَ ۖ وَارْزُقْنَا وَأَنتَ خَيْرُ الرَّازِقِينَ ﴿١١٤﴾

(၁၁၄) မရ်ယမ်၏သား (တမန်တော်)အီစာက “အို-အလ္လာဟ်အရှင်မြတ်၊ အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အပေါ်သို့ ကောင်းကင်မှ အစားအစာတည်ခင်းထားသောစားပွဲတစ်ခု ချပေးတော်မူပါ။ ၎င်း(စားပွဲ)သည် ကျွန်ုပ်တို့အတွက်၊ ကျွန်ုပ်တို့၏ ပထမ(ယခင်မှ)သူများအတွက်နှင့် ကျွန်ုပ်တို့၏နောက်လာမည့်သူများအတွက် ပျော်ရွှင်ဖွယ်ရာနှင့် အရှင်မြတ်ထံတော်မှ သက်သေလက္ခဏာတော်တစ်ပါးဖြစ်စေတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား စားနပ်ရိက္ခာပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် အကောင်းဆုံးစားနပ်ရိက္ခာ ပေးသနားတော်မူသောအရှင် ဖြစ်တော်မူပါသည်” ဟု ပြောဆိုလျှောက်ထားခဲ့သည်။

قَالَ اللَّهُ إِنِّي مُنَزِّلُهَا عَلَيْكُمْ ۖ فَمَن يَكْفُرْ بَعْدُ مِنكُمْ فَإِنِّي أُعَذِّبُهُ عَذَابًا لَّا أُعَذِّبُهُ أَحَدًا مِّنَ الْعَالَمِينَ ﴿١١٥﴾

(၁၁၅) အလ္လာဟ်အရှင်မြတ်က “ငါအရှင်မြတ်သည် ၎င်း(အစားအစာတည်ခင်းထားသောစားပွဲ)ကို အသင်တို့အပေါ်တွင် အမှန်ပင် ချပေးသနားတော်မူမည့်အရှင်ဖြစ်တော်မူသည်။ ထို့နောက် အသင်တို့ထဲမှ မည်သူမဆို ငြင်းပယ်လျှင် ငါအရှင်မြတ်သည် စကြဝဠာအားလုံးထဲတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပေးမည့်အပြစ်ဒဏ်ကို ထိုသူ့အား အမှန်ပင် ပေးတော်မူမည်”ဟုမိန့်ကြားတော်မူခဲ့သည်။❶

❶ အစ္စလာမ်သာသနာမှာ အီမာန်ယုံကြည်ခြင်းဆိုတာ အဓိကအားဖြင့် အကွယ်မှာရှိတဲ့အရာတွေ အပေါ်မှာ ယုံကြည်ခြင်းဖြစ်တယ်။ အဲဒီအကွယ်တွေကို ယုံကြည်မှုအပေါ် အကျိုးရလဒ်ရှိပြီး မယုံကြည်မှုအပေါ် ဆုံးရှုံးမှုအပြစ်ဒဏ်ရှိတယ်။ တကယ်လို့ အဲဒီအကွယ်ကအရာကို မြင်တွေ့အောင် တောင်းဆိုပြီး ယုံကြည်မှုပိုတိုးပွားလာရင် အကျိုးရလဒ်ပိုရရှိမှာဖြစ်သလို အကွယ်ကအရာကိုမြင်ပြီးတော့မှ မယုံကြည်ရင် အလွန်ဆိုးဝါးလို့ ဆုံးရှုံးမှု အပြစ်ဒဏ်ဟာလည်း ပိုကြီးမားတဲ့အတွက် အရှင်မြတ်က စကြဝဠာမှာ ဘယ်သူ့ကိုမှမပေးတဲ့အပြစ်ဒဏ်မျိုးပေးမယ်လို့ မိန့်ကြားထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِذْ قَالَ اللَّهُ يَٰعِيسَى ابْنَ مَرْيَمَ ءَأَنتَ قُلْتَ لِلنَّاسِ اتَّخِذُونِي وَأُمِّيَ إِلَٰهَيْنِ مِن دُونِ اللَّهِ ۖ قَالَ
سُبْحَٰنَكَ مَا يَكُونُ لِي أَنْ أَقُولَ مَا لَيْسَ لِي بِحَقٍّ ۚ إِن كُنتُ قُلْتُهُ فَقَدْ عَلِمْتَهُ ۚ تَعْلَمُ مَا فِي
نَفْسِي وَلَا أَعْلَمُ مَا فِي نَفْسِكَ ۚ إِنَّكَ أَنتَ عَلَّٰمُ الْغُيُوبِ ﴿١١٦﴾

(၁၁၆) ထို့ပြင် တစ်ခါ၌ အလ္လာဟ်အရှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူမည်- "အို-မရ်ယမ်၏သားအီစာ၊ အသင်သည် လူများအား အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိခင်အား ကိုးကွယ်ထိုက်သည့်အရှင်နှစ်ပါးအဖြစ် ပြုလုပ်ကြပါဟူ၍ ပြောကြားခဲ့သလော"။ ၎င်း(တမန်တော်အီစာ)က ပြောဆိုဖြေကြားမည်-"အရှင်မြတ်သည် သန့်ပြန့်စင်ကြယ်တော်မူပါသည်။ ကျွန်ုပ် မပြောထိုက်သောစကားကို ကျွန်ုပ်ပြောဆိုခွင့် လုံးဝမရှိပါ။ အကယ်၍ ကျွန်ုပ်သည် ၎င်း(စကား)ကို ပြောဆိုခဲ့လျှင် အရှင်မြတ်သည် ၎င်း(ပြောဆိုမှု)ကို အမှန်ပင် သိတော်မူပြီးဖြစ်ပါသည်။ အရှင်မြတ်သည် ကျွန်ုပ်၏စိတ်ထဲ၌ရှိသမျှသောအရာကို သိရှိတော်မူပါသည်။ သို့ရာတွင် ကျွန်ုပ်သည် အရှင်မြတ်၏စိတ်ထဲ၌ရှိသည်ကို မသိပါ။ အမှန်စင်စစ် အရှင်မြတ်သည်သာ အကွယ်မှအရာအားလုံးကို အလွန်သိတော်မူသောအရှင် ဖြစ်တော်မူပါသည်။

مَا قُلْتُ لَهُمْ إِلَّا مَا أَمَرْتَنِي بِهِ أَنِ اعْبُدُوا اللَّهَ رَبِّي وَرَبَّكُمْ ۚ وَكُنتُ عَلَيْهِمْ شَهِيدًا مَّا دُمْتُ
فِيهِمْ ۖ فَلَمَّا تَوَفَّيْتَنِي كُنتَ أَنتَ الرَّقِيبَ عَلَيْهِمْ ۚ وَأَنتَ عَلَىٰ كُلِّ شَيْءٍ شَهِيدٌ ﴿١١٧﴾

(၁၁၇) ကျွန်ုပ်သည် သူတို့အား အရှင်မြတ်သည် ကျွန်ုပ်အား အမိန့်ပေးထားသည့်အရာမှလွဲ၍ မည်သည့်အရာကိုမျှမပြောဆိုခဲ့ပါ။ (ကျွန်ုပ်သည် ဤသို့ပြောပါသည်)-"ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်လည်းဖြစ်ပြီး အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်လည်းဖြစ်သော အလ္လာဟ်အရှင်မြတ်ကိုသာ အသင်တို့ကိုးကွယ်ကြပါ"။ ၎င်းပြင် ကျွန်ုပ်သည် သူတို့ထဲ၌ ရှိနေသမျှ သူတို့နှင့်ပတ်သက်၍ သိမြင်သူ ဖြစ်ပါသည်။ ထို့နောက် အရှင်မြတ်သည် ကျွန်ုပ်ကို ပင့်မယူဆောင်လိုက်သောအခါ (J) အရှင်မြတ်သည်ပင် သူတို့နှင့်ပတ်သက်၍ ထိန်းသိမ်းစောင့်ကြပ်ကြည့်ရှုသူ ဖြစ်တော်မူပါသည်။ ထို့ပြင် အရှင်မြတ်သည် အရာအားလုံးကို မျက်မှောက်အသိသက်သေဖြစ်နေတော်မူသောအရှင်ဖြစ်တော်မူပါသည်။

(J) တမန်တော်အီစာ ﷵ ကို အရှင်မြတ်က ပင့်မယူဆောင်တယ်ဆိုတာ ယဟူဒီတွေက သတ်ဖို့ကြိုးစားတဲ့အချိန် ပထမအကြိမ် ကောင်းကင်ပေါ် ပင့်မယူဆောင်ထားခြင်းနဲ့ ကိယာမသ်နီးတဲ့

အချိန်မှာ ပြန်ဆင်းသက်လာပြီး ၎င်းအသက်စေ့တဲ့အချိန်မှာ အရှင်မြတ်က သေစေတော်မူကာ ဒုတိယအကြိမ် ပင့်မယူဆောင်သွားခြင်းနှစ်ခုစလုံးကို ဆိုလိုတယ်။ (အိဗ်နုကဆီးရ်)

إِن تُعَذِّبْهُمْ فَإِنَّهُمْ عِبَادُكَ ۖ وَإِن تَغْفِرْ لَهُمْ فَإِنَّكَ أَنتَ الْعَزِيزُ الْحَكِيمُ ﴿١١٨﴾

(၁၁၈) "အကယ်၍ အရှင်မြတ်သည် သူတို့အား အပြစ်ဒဏ်ပေးတော်မူမည်ဆိုပါလျှင်၊ သူတို့သည် အမှန်စင်စစ် အရှင်မြတ်၏ကျွန်များသာ ဖြစ်ကြပါသည်။ ထို့ပြင် အကယ်၍ အရှင်မြတ်သည် သူတို့အား (အရေးမယူဘဲ) လွှတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူမည်ဆိုလျှင်လည်း (ပေးနိုင်ပါသည်)။ အဘယ်ကြောင့်ဆိုသော် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပါသည်။"[၃]

[၃] အရှင်မြတ် အပြစ်ပေးလိုကပေးနိုင်သလို ခွင့်လွှတ်လိုကလည်း ခွင့်လွှတ်နိုင်တဲ့အတွက် ကျွန်တော်ဟာ ဝင်ရောက်စွက်ဖက်လိုခြင်းမရှိပါလို့ ဆိုလိုတယ်။ (အလင်းပြကျမ်း)

قَالَ اللَّهُ هَٰذَا يَوْمُ يَنفَعُ الصَّادِقِينَ صِدْقُهُمْ ۚ لَهُمْ جَنَّاتٌ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ
فِيهَا أَبَدًا ۚ رَّضِيَ اللَّهُ عَنْهُمْ وَرَضُوا عَنْهُ ۚ ذَٰلِكَ الْفَوْزُ الْعَظِيمُ ﴿١١٩﴾

(၁၁၉) အလ္လာဟ်အရှင်မြတ်သည် (ဤသို့) ပြောဆိုမိန့်ကြားတော်မူမည်-[၄] ယနေ့ဌမူ မှန်ကန်သူများ[၅] အတွက် သူတို့၏ မှန်ကန်မှုသည် အကျိုးပေးသောနေ့ပင် ဖြစ်သည်။ သူတို့အတွက် ဥယျာဉ်များရှိမည်။ ၎င်း(ဥယျာဉ်များ)၏အောက်မှ စမ်းရေချောင်းများ စီးဆင်းနေမည်။ သူတို့သည် ၎င်း(ဥယျာဉ်များ)ထဲ၌ အမြဲနေကြရမည့်သူများဖြစ်ကြသည်။ အလ္လာဟ်အရှင်မြတ်သည် သူတို့အား ကျေနပ်တော်မူပြီးဖြစ်တော်မူသည်။ ထို့ပြင် သူတို့ကလည်း အရှင်မြတ်အား ကျေနပ်ပြီးဖြစ်ကြသည်။ ၎င်းသည် ကြီးကျယ်သော အောင်မြင်မှုဖြစ်သည်။

[၄] ကိယာမသ်နေ့မှာ မိန့်ကြားမှာဖြစ်တယ်။ (အလင်းပြကျမ်း) [၅] မှန်ကန်တဲ့ယုံကြည်ချက်နဲ့ ကောင်းမြတ်တဲ့လုပ်ရပ်တွေပြုလုပ်တဲ့သူတွေကိုခေါ်တယ်။ (အလင်းပြကျမ်း)

لِلَّهِ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَمَا فِيهِنَّ ۚ وَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿١٢٠﴾

(၁၂၀) ကောင်းကင်များနှင့် မြေပထဝီအပြင် ထိုအရာများထဲ၌ရှိသမျှအရာများ၏အုပ်ချုပ်မှုအာဏာသည် အလ္လာဟ်အရှင်မြတ်သာ စိုးပိုင်တော်မူသည်။[၆] ထို့ပြင် အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန် စွမ်းဆောင်နိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

[၆] အရှင်မြတ်ပဲ အရာအားလုံးကို စိုးပိုင်ထားတဲ့အတွက် အရှင်မြတ်ရဲ့နှစ်သက်မှုရရှိအောင် အရှင်မြတ်ရဲ့အမိန့်တော်တွေကို နာခံပြီး အဲဒီအတိုင်း လိုက်နာဆောင်ရွက်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

رکوعاتها ٢٠ ٦ سُوۡرَةُ الۡاَنۡعَامِ مَكِّيَّةٌ ٥٥ اٰياتها ١٦٥

# စူရဟ် အန္အအာမ် (သားကောင်များကဏ္ဍ) سُوۡرَةُ الۡاَنۡعَامِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော
အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اَلۡحَمۡدُ لِلّٰهِ الَّذِىۡ خَلَقَ السَّمٰوٰتِ وَ الۡاَرۡضَ وَ جَعَلَ الظُّلُمٰتِ وَ النُّوۡرَ ۙ ثُمَّ الَّذِيۡنَ كَفَرُوۡا بِرَبِّهِمۡ يَعۡدِلُوۡنَ ﴿۱﴾

(၁) ချီးမွမ်းခြင်းဟူသမျှသည် အကြင်အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်သည်။ ထိုအရှင်မြတ်သည် ကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အမှောင်များနှင့် အလင်းရောင်ကို ပြုလုပ်ဖန်ဆင်းတော်မူခဲ့သည်။[၁] ထို့နောက် ကာဖိရ်ငြင်းပယ်သူများသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် (အခြားသူများကို)တန်းတူ ပြုလုပ်ကြသည်။[၂]

[၁] အမှောင်တွေနဲ့တူတဲ့ လမ်းမှားတွေဟာ အများအပြားဖြစ်တဲ့အတွက် အများကိန်းကို သုံးထားပြီး အလင်းရောင်နဲ့တူတဲ့ လမ်းမှန်ကတော့ တစ်ခုတည်းဖြစ်တဲ့အတွက် တစ်ခုကိန်းကို သုံးထားခြင်း ဖြစ်တယ်။ (အလင်းပြကျမ်း) [၂] ကာဖိရ် မုရှ်ရိက်တွေအနေနဲ့ မိုးမြေစကြဝဠာအားလုံးကို ဖန်ဆင်းတဲ့အရှင်ဟာ တစ်ပါးတည်းဖြစ်ကြောင်းနဲ့ ဘယ်ရုပ်တုကမှ ဘာမှမလုပ်နိုင်မှန်း သိကြပါလျက်နဲ့ တခြားအရာတွေကို တွဲဖက်ကိုးကွယ်ကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

هُوَ الَّذِىۡ خَلَقَكُمۡ مِّنۡ طِيۡنٍ ثُمَّ قَضٰۤى اَجَلًا ؕ وَاَجَلٌ مُّسَمًّى عِنۡدَهٗ ثُمَّ اَنۡتُمۡ تَمۡتَرُوۡنَ ﴿۲﴾

(၂) ထိုအရှင်မြတ်သည် အသင်တို့ကို ရွှံ့မြေမှ ဖန်ဆင်းတော်မူပြီးသည့်နောက်(သေဆုံးမည့်)အချိန်တစ်ချိန်ကို သတ်မှတ်တော်မူခဲ့သည့်အရှင် ဖြစ်တော်မူသည်။[၃] ထို့ပြင် (ပြန်ရှင်ထရမည့်)အချိန်သည် အရှင်မြတ်ထံတော်၌ပင် သတ်မှတ်ထားတော်မူသည်။ ထို့နောက် အသင်တို့သည် သံသယဖြစ်နေကြသည်။

[၃] လူသားတွေကို မရှိရာကနေ ရှိရာကို ဖန်ဆင်းပြီးတော့ သေဆုံးရမဲ့အချိန်ကာလကို အရှင်မြတ်က သတ်မှတ်ထားတော်မူတယ်။ (အလင်းပြကျမ်း)

وَهُوَ اللّٰهُ فِى السَّمٰوٰتِ وَفِى الۡاَرۡضِ ؕ يَعۡلَمُ سِرَّكُمۡ وَجَهۡرَكُمۡ وَيَعۡلَمُ مَا تَكۡسِبُوۡنَ ﴿۳﴾

(၃) ထို့ပြင် ကောင်းကင်များတွင်လည်းကောင်း၊ မြေပထဝီတွင်လည်းကောင်း ထိုအလ္လာဟ်အရှင်မြတ်သာ(ကိုးကွယ်ထိုက်သည့်အရှင်အဖြစ်)ရှိသည်။

အရှင်မြတ်သည် အသင်တို့၏လျှို့ဝှက်ချက်နှင့် အသင်တို့၏ထုတ်ဖော်ချက်ကို သိတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့ရှာဖွေဆည်းပူးသည်များကိုလည်း သိတော်မူသည်။[၆]

[၆] အရှင်မြတ်ဟာ အရာရာကို သိရှိနေတဲ့အရှင်ဖြစ်ပြီး ဂုဏ်တော်အပေါင်းနဲ့ ပြည့်စုံတဲ့အရှင်ဖြစ်တဲ့အတွက် အရှင်မြတ်တစ်ပါးတည်းကိုပဲ ကိုးကွယ်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا تَأْتِيهِم مِّنْ ءَايَةٍ مِّنْ ءَايَٰتِ رَبِّهِمْ إِلَّا كَانُوا۟ عَنْهَا مُعْرِضِينَ ﴿٤﴾

(၄)ထို့ပြင် သူတို့ထံသို့ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ မည်သည့်သက်သေလက္ခဏာမျိုး[၇] ရောက်လာသည်ပင်ဖြစ်စေ သူတို့သည် ၎င်း(သက်သေလက္ခဏာများ)မှ မျက်နှာလွှဲသွားခဲ့ကြသူများပင်ဖြစ်သည်။

[၇] သက်သေလက္ခဏာအာယသ် အမျိုးအစားတွေထဲမှာ တစ်မျိုးဟာ မုအ်ဂျိဇဟ်တန်ခိုးတော်တွေ ပြသခြင်းဖြစ်ပြီး နောက်တစ်မျိုးက တရားလမ်းမှန်တွေ ပြသခြင်းဖြစ်တယ်။ အဲဒီသူတွေဟာ အဲဒီနှစ်မျိုးစလုံးကို လက်မခံဘဲ မျက်နှာလွှဲကျောခိုင်းသွားကြခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

فَقَدْ كَذَّبُوا۟ بِٱلْحَقِّ لَمَّا جَآءَهُمْ ۖ فَسَوْفَ يَأْتِيهِمْ أَنۢبَٰٓؤُا۟ مَا كَانُوا۟ بِهِۦ يَسْتَهْزِءُونَ ﴿٥﴾

(၅) ထို့ပြင် အမှန်စင်စစ် သူတို့သည် သူတို့ထံသို့ အမှန်တရား ရောက်ရှိလာသောအခါ ၎င်း(အမှန်တရား)ကိုလည်း မဟုတ်မမှန်ဟု ငြင်းပယ်လိုက်ကြသည်။ သို့ဖြစ်ရာ သူတို့ထံသို့ သူတို့ပြောင်လှောင်လေ့ရှိခဲ့သောအရာ၏ သတင်းမှန်(ရလဒ်ဆိုးကျိုး)များသည် မကြာမီ ရောက်ရှိလာလိမ့်မည်။

أَلَمْ يَرَوْا۟ كَمْ أَهْلَكْنَا مِن قَبْلِهِم مِّن قَرْنٍ مَّكَّنَّٰهُمْ فِى ٱلْأَرْضِ مَا لَمْ نُمَكِّن لَّكُمْ وَأَرْسَلْنَا ٱلسَّمَآءَ عَلَيْهِم مِّدْرَارًا وَجَعَلْنَا ٱلْأَنْهَٰرَ تَجْرِى مِن تَحْتِهِمْ فَأَهْلَكْنَٰهُم بِذُنُوبِهِمْ وَأَنشَأْنَا مِنۢ بَعْدِهِمْ قَرْنًا ءَاخَرِينَ ﴿٦﴾

(၆) ငါအရှင်မြတ်သည် သူတို့မတိုင်မီက (ဆိုးသွမ်းသောမျိုးဆက်)လူမျိုး အမြောက်အမြားကို[၈] ဖျက်ဆီးတော်မူခဲ့သည်ကို သူတို့ မမြင်ခဲ့ကြသလော။ ငါအရှင်မြတ်သည် သူတို့အား ကမ္ဘာပေါ်တွင် စွမ်းဆောင်နိုင်မှုအင်အားများကို ပေးခဲ့သကဲ့သို့ အသင်တို့အား မပေးခဲ့ပေ။ ၎င်းပြင် ငါအရှင်မြတ်သည် သူတို့အပေါ်တွင် မိုးဖြိုင်ဖြိုင်ရွာသွန်းစေတော်မူခဲ့သည်။ ၎င်းပြင် ငါအရှင်မြတ်သည် သူတို့၏အောက်မှ စီးဆင်းနေသောစမ်းချောင်းများကို ပြုလုပ်ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် ထိုသူများအား သူတို့၏ မကောင်းမှုများကြောင့် ဖျက်ဆီးပစ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့၏နောက်

တွင် အခြားလူမျိုး(များ)အား ဖန်ဆင်းတော်မူခဲ့သည်။

❻ လူမျိုး မျိုးဆက်ဆိုတာ တမန်တော်တစ်ပါးပါးလက်ထက်မှာ ရှိခဲ့တဲ့လူမျိုးတွေ၊ ဉပမာမှာ နူးဟ် ﷺရဲ့လက်ထက်ကလူမျိုးတွေ၊ အာဒ်လူမျိုးတွေ၊ ဆမူဒ်လူမျိုးတွေကိုလည်း ခေါ်ဆိုတယ်။ နှစ် ၁၀၀ အတွင်းရှိ ခေတ်ရဲ့မျိုးဆက်ကိုလည်း ကရ်နလို့ခေါ်ဆိုတယ်။ (အလင်းပြကျမ်း)

وَلَوْ نَزَّلْنَا عَلَيْكَ كِتٰبًا فِيْ قِرْطَاسٍ فَلَمَسُوْهُ بِاَيْدِيْهِمْ لَقَالَ الَّذِيْنَ كَفَرُوْٓا اِنْ هٰذَآ اِلَّا سِحْرٌ مُّبِيْنٌ ۝٧

(၇) ထို့ပြင် အကယ်၍ ငါအရှင်မြတ်သည် (စာရွက်ကဲ့သို့)ရေးမှတ်စရာ၌ ရေးထားသောကျမ်းတစ်စောင်ကို အသင်၏အပေါ် ချပေးတော်မူခဲ့ပြီး သူတို့သည် ထိုကျမ်းကို သူတို့၏လက်များဖြင့် ထိတွေ့ခဲ့ကြလျှင်လည်း ကာဖိရ်ငြင်းပယ်သူများကမူ "ဤသည် ထင်ရှားသော စုန်းပယောဂပင် ဖြစ်သည်"ဟု အမှန်စင်စစ်ပြောဆိုကြလိမ့်မည်။❼

❼ အရပ်မှုရှိရိက်၊ ကာဖိရ်တွေရဲ့တောင်းဆိုချက်ကို ချေပထားခြင်းဖြစ်တယ်။ သူတို့တောင်းဆိုတဲ့အတိုင်းလုပ်ပေးရင်လည်း လက်ခံကြမှာမဟုတ်ကြောင်းမိန့်ဆိုထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالُوْا لَوْلَآ اُنْزِلَ عَلَيْهِ مَلَكٌ ؕ وَلَوْ اَنْزَلْنَا مَلَكًا لَّقُضِيَ الْاَمْرُ ثُمَّ لَا يُنْظَرُوْنَ ۝٨

(၈) ထို့ပြင် သူတို့က "အဘယ်ကြောင့် ၎င်း(တမန်တော်)ထံသို့ ကောင်းကင်တမန်တစ်ပါး စေလွှတ်ခြင်း မခံရသနည်း"ဟု ပြောဆိုကြသည်။❽ ထို့ပြင် အကယ်၍ ငါအရှင်မြတ်သည် ကောင်းကင်တမန် တစ်ပါးပါးကို စေလွှတ်တော်မူခဲ့လျှင် အမှန်ပင် ကိစ္စသည် ပြီးဆုံးသွားခဲ့မည်ပင် ဖြစ်သည်။ ထို့နောက် သူတို့သည် (အပြစ်ဒဏ်မှလုံး၀)ရွှေ့ဆိုင်းခြင်းခံကြရမည် မဟုတ်တော့ပေ။

❽ သူတို့တောင်းဆိုတဲ့အတိုင်း ကောင်းကင်တမန်ကို တွေ့မြင်ကြပြီးနောက်လည်း မယုံကြည်ကြရင် ချက်ချင်း ဖျက်ဆီးခံကြရမှာဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်က ကောင်းကင်တမန် မလွှတ်ဘဲ သူတို့ အချိန်ယူစဉ်းစားကာ ယုံကြည်နိုင်အောင် အရှင်မြတ်ရဲ့အသနားတော်နဲ့ အခွင့်ပေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَوْ جَعَلْنٰهُ مَلَكًا لَّجَعَلْنٰهُ رَجُلًا وَّلَلَبَسْنَا عَلَيْهِمْ مَّا يَلْبِسُوْنَ ۝٩

(၉) ထို့ပြင် အကယ်၍ ငါအရှင်မြတ်သည် ၎င်း(လူသားတမန်တော်)ကို ကောင်းကင်တမန်တစ်ပါးအဖြစ်ပြုလုပ်တော်မူခဲ့လျှင် အမှန်စင်စစ် ငါအရှင်မြတ်သည် ယင်း(ကောင်းကင်တမန်)ကိုလည်း (သူတို့ကြည့်မြင်နိုင်သောပုံသဏ္ဍာန်ရှိသော လူ)ယောကျ်ားအဖြစ် ပြုလုပ်ရမည် ဖြစ်သည်။ ထို့နောက် ငါအရှင်မြတ်သည် သူတို့ သံသယဖြစ်နေသောအရာထဲ၌ပင် (ထပ်ပြီး)သူတို့အပေါ်တွင် အမှန်စင်စစ် သံသယဖြစ်စေတော်မူဦးမည်ပင် ဖြစ်သည်။❾

❾ လူသားတွေဟာ ကောင်းကင်တမန်တော်တွေရဲ့ မူရင်းရုပ်ဆင်းသဏ္ဍာန်ကို မြင်နိုင်စွမ်းမရှိ

ဘူး။ လူတွေထံကို ကောင်းကင်တမန်စေလွှတ်မယ်ဆိုရင် လူတွေကြည့်နိုင်တဲ့ လူပုံစံနဲ့ပဲ အရှင်မြတ်က ပြုလုပ်စေလွှတ်ရမှာဖြစ်တဲ့အတွက် လူလို့ပဲ ထင်မှတ်ဦးမှာဖြစ်တယ်။ ကောင်းကင်တမန်စေလွှတ်ပြီးခါမှ မယုံကြည်ရင် အရှင်မြတ်က မစောင့်ဆိုင်းတော့ဘဲ အပြစ်ဒဏ်ခတ်လိုက်တော့မှာဖြစ်တယ်။ အဲဒါကြောင့် ကောင်းကင်တမန်ကို မစေလွှတ်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّن قَبْلِكَ فَحَاقَ بِالَّذِينَ سَخِرُوا مِنْهُم مَّا كَانُوا بِهِ يَسْتَهْزِءُونَ ﴿١٠﴾

(၁၀) ထို့ပြင် အသင်(တမန်တော်)၏မတိုင်မီက တမန်တော်များသည်လည်း ပြောင်လှောင်ခြင်းကို အမှန်စင်စစ် ခံသွားခဲ့ကြရသည်။ ထို့ပြင် ၎င်း(တမန်တော်များ)ကို ပြောင်လှောင်သောသူများအား သူတို့ ပြောင်လှောင်ခဲ့ကြသော အရာ(အပြစ်ဒဏ်)ကပင် ဝိုင်းဝန်းခဲ့သည်။❶

❶ ရှေးအရင်ခေတ်တွေကလည်း တမန်တော်တွေကို ပြောင်လှောင်ခဲ့ကြကြောင်း၊ သည်းခံရမှာဖြစ်ကြောင်း၊ ပြောင်လှောင်တဲ့သူတွေဟာ အပြစ်ဒဏ်ခံခဲ့ကြရကြောင်း အရှင်မြတ်က တမန်တော်မြတ် ﷺ ကို စိတ်မပျက်အောင် နှစ်သိမ့်စကားမိန့်ဆိုခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ سِيرُوا فِي الْأَرْضِ ثُمَّ انظُرُوا كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ ﴿١١﴾

(၁၁) (ယခင်ကလူများ အပြစ်ဒဏ်ခံခဲ့ကြရသည်များကို မယုံကြလျှင် အို-တမန်တော်)အသင် ပြောလိုက်ပါ၊ အသင်တို့သည် ကမ္ဘာမြေတွင်လှည့်ပတ်သွားလာကြပါ။ ထို့နောက် ငြင်းပယ်သောသူများ၏ အကျိုးရလဒ်သည် မည်သို့ ရှိခဲ့သည်ကို အသင်တို့ ကြည့်ရှုကြပါ။❷

❷ ကမ္ဘာပေါ်မှာ အဖျက်ဆီးခံရပြီး ပျောက်ကွယ်သွားတဲ့ မြို့ရွာတွေ၊ အဆောက်အအုံတွေဟာ အများကြီးရှိတဲ့အတွက် လှည့်ပတ်လေ့လာရင် သတိတရားရနိုင်တဲ့အကြောင်း မိန့်ဆိုထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

قُل لِّمَن مَّا فِي السَّمَاوَاتِ وَالْأَرْضِ ۖ قُل لِّلَّهِ ۚ كَتَبَ عَلَىٰ نَفْسِهِ الرَّحْمَةَ ۚ لَيَجْمَعَنَّكُمْ إِلَىٰ يَوْمِ الْقِيَامَةِ لَا رَيْبَ فِيهِ ۚ الَّذِينَ خَسِرُوا أَنفُسَهُمْ فَهُمْ لَا يُؤْمِنُونَ ﴿١٢﴾

(၁၂) "ကောင်းကင်များနှင့် မြေပထဝီတွင်ရှိသမျှအရာကို မည်သူပိုင်သနည်း" ဟု (ထိုငြင်းပယ်သောသူများအား) အသင်ပြောဆို(မေးမြန်း)လိုက်ပါ။ (သူတို့ မဖြေလျှင်လည်း) အသင်ကပင် "(အရာအားလုံးကို)အလ္လာဟ်အရှင်မြတ်သာ ပိုင်ဆိုင်တော်မူသည်"ဟု ဖြေကြားလိုက်ပါ။❸ ထို့ပြင် အရှင်မြတ်သည် မိမိအပေါ်၌ သနားကရုဏာကို သတ်မှတ်ပြဋ္ဌာန်းထားတော်မူသည်(ဟု ပြောလိုက်ပါ။)❹ ထို့ပြင် အရှင်မြတ်သည် အသင်တို့ကို အမှန်စင်စစ် ကိယာမသ်နေ့၌ စုရုံးတော်မူမည်။ ထိုနေ့နှင့်ပတ်သက်၍ သံသယဖြစ်စရာမရှိပေ။ အကြင်သူတို့သည်

မိမိတို့ကိုယ်ကိုမိမိတို့ ပျက်စီးဆုံးရှုံးအောင်လုပ်ခဲ့ကြသည်။ သို့ဖြစ်ရာ ထိုသူတို့သည် အီမာန်ယုံကြည်ကြမည် မဟုတ်ပေ။

❻ သောင်ဟီဒ်(ကိုးကွယ်ထိုက်တဲ့အရှင်တစ်ပါးတည်းကို ယုံကြည်ခြင်း)နဲ့ပတ်သက်ပြီး စဉ်းစားလိုက်ရင် လွယ်လွယ်ကူကူပဲ သိမြင်ဖြေကြားနိုင်တယ်။ ဒါပေမဲ့ သူတို့ဟာ လိုလားမှုမရှိတဲ့အတွက် ဖြေမှာမဟုတ်ဘူး။ အဲဒါကြောင့် အသင်ကပဲ အဖြေပေးလိုက်ပါ။(အလင်းပြကျမ်း) ❼ အရှင်မြတ်ဟာ အရှင်မြတ်ကိုယ်ကိုအရှင်မြတ် ရဟ်မသ်သနားကရုဏာပြဖို့ ပြဋ္ဌာန်းထားတဲ့အတွက် လူသားတွေဟာ အရှင်မြတ်ဘက်ကို အနည်းငယ် အာရုံလှည့်လိုက်ရင်တောင်မှ အရှင်မြတ်ဘက်က သနားကရုဏာနဲ့ အများကြီးလှည့်လာမှာကို မျှော်လင့်ပြီး အရှင်မြတ်ဘက်ကို လှည့်ဖို့လိုအပ်တယ်။

(ဗုခါရီ၊ သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

وَلَهٗ مَا سَكَنَ فِى الَّيْلِ وَالنَّهَارِ ۗ وَهُوَ السَّمِيْعُ الْعَلِيْمُ ﴿١٣﴾

(၁၃) ထို့ပြင် ညနှင့်နေ့တွင် နေထိုင်သောအရာများသည်လည်း အရှင်မြတ်ပင် ပိုင်ဆိုင်တော်မူသည်။❽ ထို့ပြင် အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

❽ မိုးနဲ့မြေကလွဲလို့ ဌာနမကျန်တော့သလို နေ့နဲ့ညကလွဲလို့ ကာလမကျန်တော့ဘူး။ အဲဒီဌာနနဲ့ကာလဟာ အရှင့်စိုးပိုင်မှုထဲမှာပဲ ရှိနေတယ်။ (အလင်းပြကျမ်း)

قُلْ اَغَيْرَ اللّٰهِ اَتَّخِذُ وَلِيًّا فَاطِرِ السَّمٰوٰتِ وَالْاَرْضِ وَهُوَ يُطْعِمُ وَلَا يُطْعَمُ ۗ قُلْ اِنِّىْۤ اُمِرْتُ اَنْ اَكُوْنَ اَوَّلَ مَنْ اَسْلَمَ وَلَا تَكُوْنَنَّ مِنَ الْمُشْرِكِيْنَ ﴿١٤﴾

(၁၄) (အို-တမန်တော်) အသင်ပြောလိုက်ပါ- ကောင်းကင်များနှင့် မြေပထဝီကို စတင်ဖန်ဆင်းတော်မူခဲ့သောအရှင်ဖြစ်ပြီး ထိုအရှင်သည် ကျွေးမွေးနေသော အရှင်လည်းဖြစ်သည့်အပြင် ကျွေးမွေးစောင့်ရှောက်မှုခံရခြင်းမှ ကင်းတော်မူသောအရှင်လည်းဖြစ်သော အလ္လာဟ်အရှင်မြတ်မှလွဲ၍ (အခြားသူကို) ကူညီစောင်မသူအဖြစ် ကျွန်ုပ်သည် ပြုလုပ်ရဦးမည်လော။ အမှန်စင်စစ် ကျွန်ုပ်သည် ပထမဦးဆုံးအမိန့်နာခံသူ မွတ်စ်လင်မ်ဖြစ်ရန် အမိန့်ပေးခံရသည်ဟု အသင်ပြောလိုက်ပါ။ ၎င်းပြင် အသင်သည် မုရှ်ရိက်များထဲတွင် လုံးဝမပါဝင်ပါနှင့်။

قُلْ اِنِّىْۤ اَخَافُ اِنْ عَصَيْتُ رَبِّىْ عَذَابَ يَوْمٍ عَظِيْمٍ ﴿١٥﴾

(၁၅) (အို-တမန်တော်)အသင် ပြောလိုက်ပါ၊ ကျွန်ုပ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၏အမိန့်ကို ဖီဆန်ခဲ့မည်ဆိုလျှင် ကြီးကျယ်သောနေ့၏အပြစ်ဒဏ်ကို အမှန်ပင်ကြောက်သည်။

مَنْ يُّصْرَفْ عَنْهُ يَوْمَئِذٍ فَقَدْ رَحِمَهٗ ۗ وَذٰلِكَ الْفَوْزُ الْمُبِيْنُ ﴿١٦﴾

(၁၆) မည်သူမဆို ထိုနေ့၌ ဤ(အပြစ်ဒဏ်)မှ ဖယ်ရှားခံရလျှင် အမှန်

ပင် အရှင်မြတ်က ထိုသူ့အား သနားတော်မူလိုက်ပြီဖြစ်သည်။ ၎င်းပြင် ထိုအရာသည် ထင်ရှားသောအောင်မြင်မှု ဖြစ်သည်။

وَإِن يَمْسَسْكَ اللَّهُ بِضُرٍّ فَلَا كَاشِفَ لَهُ إِلَّا هُوَ ۖ وَإِن يَمْسَسْكَ بِخَيْرٍ فَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿١٧﴾

(၁၇) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင့်အား ဘေးဒုက္ခတစ်ခုခု ဖြစ်စေတော်မူမည်ဆိုလျှင် ထိုအရှင်မြတ်မှလွဲ၍ ၎င်း(ဘေးဒုက္ခ)ကို ပပျောက်အောင် လုပ်နိုင်သောသူ လုံးဝ မရှိပေ။ ထို့ပြင် အကယ်၍ အရှင်မြတ်သည် အသင့်အား အကျိုးတစ်ခုခုဖြစ်ထွန်းစေတော်မူမည်ဆိုလျှင်လည်း(ထိုအကျိုးကို ပျက်ပြားအောင်လုပ်နိုင်သူ မည်သူမျှ မရှိပေ၊) သို့ဖြစ်ရာ အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်သောအရှင် ဖြစ်တော်မူသည်။

وَهُوَ الْقَاهِرُ فَوْقَ عِبَادِهِ ۚ وَهُوَ الْحَكِيمُ الْخَبِيرُ ﴿١٨﴾

(၁၈) ထို့ပြင် အရှင်မြတ်သည် အရှင်မြတ်၏ကျွန်များအပေါ်တွင် နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်လည်း ဖြစ်တော်မူသည်။ ၎င်းပြင် အရှင်မြတ်သည် ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်၊ အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။❼

❼ အရှင်မြတ်ဟာ သတ္တဝါတွေရဲ့အကြောင်းကို သိတော်မူတဲ့အတွက် အရှင်မြတ်ရဲ့နိုင်နင်းမှုနဲ့စုရုံးတော်မူပြီး အရှင်မြတ်ရဲ့ပညာဉာဏ်အမြော်အမြင်နဲ့ စီရင်တော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ أَيُّ شَيْءٍ أَكْبَرُ شَهَادَةً ۖ قُلِ اللَّهُ ۖ شَهِيدٌ بَيْنِي وَبَيْنَكُمْ ۚ وَأُوحِيَ إِلَيَّ هَٰذَا الْقُرْآنُ
لِأُنذِرَكُم بِهِ وَمَن بَلَغَ ۚ أَئِنَّكُمْ لَتَشْهَدُونَ أَنَّ مَعَ اللَّهِ آلِهَةً أُخْرَىٰ ۚ قُل لَّا أَشْهَدُ ۚ قُلْ إِنَّمَا هُوَ
إِلَٰهٌ وَاحِدٌ وَإِنَّنِي بَرِيءٌ مِّمَّا تُشْرِكُونَ ﴿١٩﴾

(၁၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ မည်သူ၏သက်သေခံချက်သည် အကြီးဆုံးနည်း။ အသင်ကပင် ပြောလိုက်ပါ၊ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်၏ကြားနှင့် အသင်တို့၏ကြားတွင် မျက်မှောက်အသိသက်သေ ဖြစ်နေတော်မူသောအရှင် ဖြစ်တော်မူသည်။ ၎င်းပြင် ဤကုရ်အာန်ကျမ်းတော်မြတ်သည် ကျွန်ုပ်ထံသို့ ပို့ချခြင်းခံရသည်။ (အဘယ်ကြောင့်ဆိုသော်)၎င်း(ကျမ်းတော်)ဖြင့် အသင်တို့နှင့် ၎င်း(ကျမ်းတော်)ရောက်ရှိသောသူများအား ကျွန်ုပ်သတိပေးနှိုးဆော်ရန်အတွက်ဖြစ်သည်။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်အတူ အခြားကိုးကွယ်ရာများရှိသေးသည်ဟု အမှန်ပင် သက်သေခံကြဦးမည်လော။ (သူတို့က ထိုကဲ့သို့ သက်သေခံကြဦးမည်ဆိုလျှင်) အသင်ပြော

လိုက်ပါ- ကျွန်ုပ်သည် (ထိုကဲ့သို့) သက်သေခံမည် မဟုတ်ပေ။ အသင်ပြော
လိုက်ပါ- "ထိုအရှင်မြတ်သည်ပင် တစ်ပါးတည်းရှိသော ကိုးကွယ်ခြင်းခံထိုက်
တော်မူသောအရှင်မြတ် ဖြစ်တော်မူသည်၊ ထို့ပြင် ကျွန်ုပ်သည် အသင်တို့ ပြု
လုပ်ကြသော တွဲဖက်ကိုးကွယ်ခြင်းမှ အမှန်ပင် ကင်းလွတ်သူ ဖြစ်သည်။"

ٱلَّذِينَ ءَاتَيْنَٰهُمُ ٱلْكِتَٰبَ يَعْرِفُونَهُۥ كَمَا يَعْرِفُونَ أَبْنَآءَهُمُ ۘ ٱلَّذِينَ خَسِرُوٓا۟ أَنفُسَهُمْ فَهُمْ لَا يُؤْمِنُونَ ﴿٢٠﴾

(၂၀) အကြင်သူများအား ငါအရှင်မြတ်သည် ကျမ်းဂန်ကို ပေးသနား
တော်မူခဲ့သည်။ ထိုသူများသည် သူတို့၏သားများအား သိရှိမှတ်မိကြသကဲ့သို့
၎င်း(တမန်တော် မုဟမ္မဒ်)ကို သိရှိမှတ်မိကြသည်။ (သို့ရာတွင်) သူတို့ကိုယ်
သူတို့ နစ်နာဆုံးရှုံးအောင်ပြုလုပ်သောသူများကမူ ယုံကြည်ကြမည်မဟုတ်ပေ။

وَمَنْ أَظْلَمُ مِمَّنِ ٱفْتَرَىٰ عَلَى ٱللَّهِ كَذِبًا أَوْ كَذَّبَ بِـَٔايَٰتِهِۦٓ ۗ إِنَّهُۥ لَا يُفْلِحُ ٱلظَّٰلِمُونَ ﴿٢١﴾

(၂၁) ထို့ပြင် အကြင်သူထက် ပိုမတရားသောသူ မည်သူရှိဦးမည်နည်း၊
ထိုသူသည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို လုပ်ကြံစွပ်စွဲသည်၊ သို့မဟုတ်
အရှင်မြတ်၏ အာယသ်တော်များကို မဟုတ်မမှန်ဟု ငြင်းပယ်သည်။❶ အမှန်
စင်စစ် မတရားသူများသည် အောင်မြင်ကြမည်မဟုတ်ပေ။

❶ အလ္လာဟ်အရှင်မြတ်ကို မတရားစွပ်စွဲခြင်းဆိုတာ - သားသမီးရှိတယ်လို့စွပ်စွဲခြင်း၊ ဂုဏ်ရည်တူ ရှိတယ်လို့စွပ်စွဲခြင်း၊ တစ်စုံတစ်ဦးထံမှ ဘာမဆို တတ်စွမ်းနိုင်တယ်လို့ယူဆပြီး ဆုတောင်းခြင်း၊ အရှင့်သာသနာမှာ ကိုယ့်စိတ်ကြိုက် ပြုပြင်ပြောင်းလဲခြင်း စတာတွေဟာ အရှင်မြတ်ကို လုပ်ကြံ စွပ်စွဲခြင်းတွေဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَوْمَ نَحْشُرُهُمْ جَمِيعًا ثُمَّ نَقُولُ لِلَّذِينَ أَشْرَكُوٓا۟ أَيْنَ شُرَكَآؤُكُمُ ٱلَّذِينَ كُنتُمْ تَزْعُمُونَ ﴿٢٢﴾

(၂၂) ထို့ပြင် ထိုနေ့တွင် ငါအရှင်မြတ်သည် သူတို့အားလုံးကို စုရုံး
တော်မူမည်။ ထို့နောက် ငါအရှင်မြတ်သည် ရှိရက်ပြုလုပ် တွဲဖက်ကိုးကွယ်ခဲ့ကြ
သောသူများအား မေးမြန်းတော်မူမည်- "အသင်တို့ ပြောဆို(ကြွေးကြော်ကိုး
ကွယ်)ခဲ့ကြသော အသင်တို့၏ အပေါင်းအဖော်များသည် အဘယ်မှာနည်း။"

ثُمَّ لَمْ تَكُن فِتْنَتُهُمْ إِلَّآ أَن قَالُوا۟ وَٱللَّهِ رَبِّنَا مَا كُنَّا مُشْرِكِينَ ﴿٢٣﴾

(၂၃) ထို့နောက် သူတို့အတွက် မည်သည့်စောဒကမျှ တက်စရာမရှိ
တော့ပေ၊ သို့ရာတွင် သူတို့က ဤသို့ပြောဆိုကြမည်-"ကျွန်ုပ်တို့အား ဖန်ဆင်း
မွေးမြူတော်မူသောအရှင်မြတ်ဖြစ်သည့်အလ္လာဟ်အရှင်အား ကျိန်ဆိုပြီး(ပြောပါ
မည်)ကျွန်ုပ်တို့သည် (အရှင်မြတ်နှင့် တစ်စုံတစ်ရာကို)တွဲဖက်ကိုးကွယ်သူများ

မဖြစ်ခဲ့ကြပါ။"

ٱنظُرْ كَيْفَ كَذَبُوا۟ عَلَىٰٓ أَنفُسِهِمْ ۚ وَضَلَّ عَنْهُم مَّا كَانُوا۟ يَفْتَرُونَ ﴿٢٤﴾

(၂၄) သူတို့သည် သူတို့နှင့်ဆန့်ကျင်ပြီး မည်သို့လိမ်ပြောကြသနည်း၊ ၎င်းပြင် သူတို့ လုပ်ကြံစွပ်စွဲပြောဆိုလေ့ရှိခဲ့သောအရာများသည် သူတို့ထံမှ (မည်သို့)ပျောက်ကွယ်သွားသည်ကို အသင် ကြည့်လိုက်ပါ။

وَمِنْهُم مَّن يَسْتَمِعُ إِلَيْكَ ۖ وَجَعَلْنَا عَلَىٰ قُلُوبِهِمْ أَكِنَّةً أَن يَفْقَهُوهُ وَفِىٓ ءَاذَانِهِمْ وَقْرًا ۚ وَإِن يَرَوْا۟ كُلَّ ءَايَةٍ لَّا يُؤْمِنُوا۟ بِهَا ۚ حَتَّىٰٓ إِذَا جَآءُوكَ يُجَٰدِلُونَكَ يَقُولُ ٱلَّذِينَ كَفَرُوٓا۟ إِنْ هَٰذَآ إِلَّآ أَسَٰطِيرُ ٱلْأَوَّلِينَ ﴿٢٥﴾

(၂၅) ထို့ပြင် သူတို့ထဲတွင် အသင့်ဘက်သို့ နားစွင့်သောသူများလည်း ရှိကြသည်။❶ ထို့ပြင် (သူတို့၏လုပ်ကြံစွပ်စွဲပြောဆိုမှုများကြောင့်) ၎င်း(ကုရ်အာန်)အား သူတို့ နားမလည်နိုင်ကြရန် ငါအရှင်မြတ်သည် သူတို့၏ စိတ်နှလုံးများပေါ်၌ အကာအဆီးများ ချပေးထားတော်မူခဲ့သည်။ ၎င်းပြင် သူတို့၏ နားများထဲ၌လည်း လေးလံမှုကို ပြုလုပ်ထားတော်မူခဲ့သည်။ (နားပင်းစေတော်မူခဲ့သည်။) ထို့နောက် အကယ်၍ သူတို့သည် သက်သေလက္ခဏာအားလုံးကို တွေ့မြင်ကြရလျှင်လည်း ၎င်း(သက်သေလက္ခဏာများ)ကို ယုံကြည်ကြမည် မဟုတ်ပေ။ နောက်ဆုံးတွင် သူတို့သည် အသင်(တမန်တော်)ထံ လာရောက်ကြသောအခါ သူတို့သည် အသင်နှင့် အငြင်းအခုံပြုလုပ်ကာ (ထို)ကာဖိရ်များကပင် "ဤသည် ရှေးသူများ၏(လုပ်ကြံထားသော)ပုံပြင်များမှလွဲ၍ (အခြားမည်သည့်အရာမျှ) မဟုတ်"ဟု ပြောဆိုကြသည်။❷

❶ တချို့မုရှိရိက်တွေဟာ ကုရ်အာန်ကျမ်းတော်မြတ်ကို အပြစ်ရှာဖို့အတွက် တမန်တော်မြတ် ﷺ ထံကို လာရောက်နားထောင်လေ့ရှိကြတယ်။ လက်ခံဖို့မရည်ရွယ်ကြဘူး။ (အလင်းပြကျမ်း) ❷ ကုရ်အာန် ကျမ်းတော်မြတ်ရဲ့မှန်ကန်မှုဟာ အလွန်ထင်ရှားနေပါလျက်နဲ့ ကာဖိရ်တွေဟာ မဟုတ်မမှန်လုပ်ကြံစွပ်စွဲမှုမှာ အလွန်အကျွံပြုပြီး ပုံပြင်တွေလို့ ပြောကြခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَهُمْ يَنْهَوْنَ عَنْهُ وَيَنْـَٔوْنَ عَنْهُ ۖ وَإِن يُهْلِكُونَ إِلَّآ أَنفُسَهُمْ وَمَا يَشْعُرُونَ ﴿٢٦﴾

(၂၆) ထို့ပြင် သူတို့သည် (အခြားသူများကိုလည်း) ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်ကို နားထောင်ခြင်း)မှ တားဆီးကြသည်။ ထို့ပြင် သူတို့ကိုယ်တိုင်လည်း ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်ကို နားထောင်ခြင်း)မှ ဝေးဝေး(ရှောင်ကြဉ်)နေကြသည်။ ထို့ပြင် သူတို့သည် သူတို့ကိုယ်သူတို့မှလွဲ၍ (အခြားမည်သူ့ကိုမျှ) ဖျက်ဆီးနေကြသည်မဟုတ်ပေ။ ထို့ပြင် သူတို့သည် (ဤသည်ကိုပင်)အသိမရှိ

ကြပေ။[၆]

[၆] မုရှ်ရိက်တွေဟာ နည်းမျိုးပေါင်းစုံ သုံးပြီး ကုရ်အာန်နဲ့ တမန်တော်မြတ် ﷺ ကို သိက္ခာကျအောင် လုပ်ကြံစွပ်စွဲမှုအမျိုးမျိုး ပြုလုပ်ခဲ့ကြပေမဲ့ ကုရ်အာန်ဟာ သိက္ခာကျသွားခဲ့ခြင်းမရှိသလို တမန်တော်မြတ် ﷺ ဟာလည်း သိက္ခာကျသွားခဲ့ခြင်းမရှိခဲ့ဘူး။ ဒါပေမဲ့ အဲဒီမုရှ်ရိက်တွေပဲ ဆုံးရှုံးနစ်နာခဲ့ရတယ်။ ဒါလည်း သူတို့မသိကြဘူး။ (အလင်းပြကျမ်း)

وَلَوۡ تَرَىٰٓ إِذۡ وُقِفُواْ عَلَى ٱلنَّارِ فَقَالُواْ يَٰلَيۡتَنَا نُرَدُّ وَلَا نُكَذِّبَ بِـَٔايَٰتِ رَبِّنَا وَنَكُونَ مِنَ ٱلۡمُؤۡمِنِينَ ﴿٢٧﴾

(၂၇) ထို့ပြင် အသင်(တမန်တော်)သည် (သူတို့၏အဖြစ်အပျက်ကို) မြင်မည်ဆိုလျှင်(အမှန်ပင် အံ့သြသွားမည်)၊ သူတို့သည် ငရဲဘုံပေါ်တွင် ရပ်တန့်စေခြင်းခံရသောအခါ သူတို့ကပြောဆိုကြမည်- "သြော်- ကျွန်ုပ်တို့သည် (လောကကို)ပြန်လွှတ်ခံရလျှင် ကောင်းလေစွ။ (ထိုသို့ဆိုလျှင်) ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏အာယသ်တော်များကို မဟုတ်မမှန်ငြင်းပယ်မှုမပြုကြဘဲ ကျွန်ုပ်တို့သည် မုအ်မင်န်ယုံကြည်သောသူများထဲတွင် ပါဝင်လိုက်ကြမည်။"[၁]

[၁] မုရှ်ရိက်တွေဟာ လောကမှာ အစ္စလာမ်ကို နည်းမျိုးပေါင်းစုံနဲ့ ဆန့်ကျင်ပြီး ခေါင်းမာနေခဲ့ကြပေမဲ့ ကိယာမသ်နေ့ရောက်တဲ့အခါမှာ အပြစ်ဒဏ်ကိုမြင်လိုက်တာနဲ့ သူတို့ရဲ့ခေါင်းမာမှုတွေဟာ လျော့ကျသွားကာ နောင်တရကြတော့မှာဖြစ်တယ်။ ဒါပေမဲ့ အကျိုးမရှိတော့ဘူး။ (အလင်းပြကျမ်း)

بَلۡ بَدَا لَهُم مَّا كَانُواْ يُخۡفُونَ مِن قَبۡلُۖ وَلَوۡ رُدُّواْ لَعَادُواْ لِمَا نُهُواْ عَنۡهُ وَإِنَّهُمۡ لَكَٰذِبُونَ ﴿٢٨﴾

(၂၈) (သူတို့သည် ပြန်သွားရလျှင်လည်း) ထိုသို့ (ပြုလုပ်မည့်သူများ) လုံးဝမဟုတ်ပေ၊ အမှန်စင်စစ် သူတို့အတွက် ယခင်က ထိမ်ချန်ထားသည်များ ပေါ်သွား(သဖြင့် ဤကဲ့သို့ပြောလိုက်ရ)သည်သာ ဖြစ်သည်။[၂] ထို့နောက် အကယ်၍ သူတို့သည် (လောကကို) ပြန်လွှတ်ခြင်းခံရလျှင်လည်း သူတို့တားမြစ်ခြင်းခံထားရသောအရာများကို အမှန်ပင် သူတို့သည် ပြန်လည်ကျူးလွန်ကြမည်သာ ဖြစ်သည်။ ထို့ပြင် အမှန်မုချ သူတို့သည် လိမ်ပြောသူများပင်ဖြစ်ကြသည်။

[၂] သူတို့ဟာ လောကမှာ ပြုကျင့်ခဲ့တဲ့ မကောင်းမှုတွေရဲ့ရုပ်လုံးပေါ်သွားတာ မြင်ရပြီဖြစ်တဲ့အတွက် ရှောင်တိမ်းလို့ရမလားဆိုပြီး လောကကို ပြန်သွားချင်တယ်လို့ ပြောတာဖြစ်တယ်။ အဲဒါတောင်မှ သူတို့အနေနဲ့ "ကျွန်ုပ်တို့သည် မုရှ်ရိက်များ မဟုတ်ခဲ့ကြပေ" ဆိုပြီး လိမ်လိုက်ကြသေးတယ်။ အပြစ်လွတ်အောင် လိမ်နေကြပေမဲ့အပြစ်လွတ်အောင်လုပ်လို့ရတဲ့နေရာမဟုတ်တော့ဘူး။ (အလင်းပြကျမ်း)

وَقَالُوٓاْ إِنۡ هِيَ إِلَّا حَيَاتُنَا ٱلدُّنۡيَا وَمَا نَحۡنُ بِمَبۡعُوثِينَ ﴿٢٩﴾

(၂၉) ၎င်းပြင် သူတို့ကပြောဆိုကြသည်- (အသက်ရှင်ခြင်းသည်) ကျွန်ုပ်တို့၏ ဤဘဝ၌ ရှင်ခြင်းမှလွဲ၍ (အခြား)မရှိပေ။ ထို့ပြင် ကျွန်ုပ်တို့သည်

(သေပြီးနောက်) ပြန်ရှင်ထစေခြင်းခံကြရမည့်သူများ မဟုတ်ပေ။

وَلَوْ تَرٰٓى اِذْ وُقِفُوْا عَلٰى رَبِّهِمْ ۗ قَالَ اَلَيْسَ هٰذَا بِالْحَقِّ ۗ قَالُوْا بَلٰى وَرَبِّنَا ۗ قَالَ فَذُوْقُوا الْعَذَابَ بِمَا كُنْتُمْ تَكْفُرُوْنَ ﴿٣٠﴾

(၃၀) ထို့ပြင် အသင်(တမန်တော်)သည် (သူတို့၏အဖြစ်အပျက်ကို) မြင်မည်ဆိုလျှင်(အမှန်ပင် အံ့သြသွားမည်)၊ သူတို့သည် သူတို့အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်၏ရှေ့မှောက်၌ ရပ်တန့်စေခြင်းခံရသောအခါ အရှင်မြတ်က အမိန့်ရှိတော်မူမည်- ဤ(ရှင်ပြန်ထစေခြင်း)သည် အမှန်ပင် မဟုတ်လော။ သူတို့က ပြန်ပြောကြမည်- အဘယ်ကြောင့် မဟုတ်ရမည်နည်း။ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား တိုင်တည်ပြောဆိုပါမည်၊ အမှန်ပင်ဖြစ်ပါသည်။ အရှင်မြတ်က မိန့်ကြားတော်မူမည်- သို့ဆိုလျှင် အသင်တို့ ငြင်းပယ်လေ့ရှိခဲ့ကြသည့်အတွက် အပြစ်ဒဏ်ကို မြည်းစမ်းလိုက်ကြပါ။

قَدْ خَسِرَ الَّذِيْنَ كَذَّبُوْا بِلِقَآءِ اللّٰهِ ۗ حَتّٰٓى اِذَا جَآءَتْهُمُ السَّاعَةُ بَغْتَةً قَالُوْا يٰحَسْرَتَنَا عَلٰى مَا فَرَّطْنَا فِيْهَا ۙ وَهُمْ يَحْمِلُوْنَ اَوْزَارَهُمْ عَلٰى ظُهُوْرِهِمْ ۗ اَلَا سَآءَ مَا يَزِرُوْنَ ﴿٣١﴾

(၃၁) အလ္လာဟ်အရှင်မြတ်နှင့် တွေ့ဆုံကြရမည်ကို မဟုတ်မမှန် ငြင်းပယ်ခဲ့ကြသောသူများသည် အမှန်စင်စစ် ပျက်စီးဆုံးရှုံးခဲ့ကြပြီဖြစ်သည်။ နောက်ဆုံးတွင် သူတို့ထံသို့ ကိယာမသ်ရှင်ပြန်ထမည့်နေ့သည် ရုတ်တရက် ရောက်ရှိလာသောအခါ သူတို့သည် သူတို့၏(အပြစ်)ဝန်ထုပ်များကို သူတို့၏ကျောများပေါ်၌ ထမ်းပိုးလျက် (ညည်းညူ)ပြောဆိုကြမည်- သြော်-ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ပေါ့လျော့ခဲ့ကြသော ၎င်းအချိန်နှင့်ပတ်သက်၍ ကြေကွဲစရာ ဖြစ်ရလေခြင်းပင်။ သတိပြုကြပါ၊ သူတို့ထမ်းပိုးထားသောအရာ(အပြစ်)များသည် အလွန်ဆိုးဝါးလှပေသည်။

وَمَا الْحَيٰوةُ الدُّنْيَآ اِلَّا لَعِبٌ وَّلَهْوٌ ۗ وَلَلدَّارُ الْاٰخِرَةُ خَيْرٌ لِّلَّذِيْنَ يَتَّقُوْنَ ۗ اَفَلَا تَعْقِلُوْنَ ﴿٣٢﴾

(၃၂) ထို့ပြင် ဤဘဝ၏အသက်ရှင်မှုသည် ဆော့ကစားစရာနှင့် ပျော်ရွှင်စရာပင်ဖြစ်သည်။❷ ၎င်းပြင် တမလွန်ဘဝ၏ နေအိမ်ဗိမာန်ကမူ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများအတွက် အမှန်ပင် အလွန်ကောင်းသည်။ ထိုမျှပင် အသင်တို့သည် နားမလည်ကြလေသလော။

❷ ဒီဘဝဟာ ကစားစရာဆိုတာ ကာဖိရ်တွေပြောသလို တမလွန်ဘဝမရှိဘူးဆိုရင် ဒီဘဝဟာ ကစားစရာနဲ့ မခြားနားတော့ဘူးလို့လည်း ဆိုလိုတယ်။ နောက်တစ်ခုက တမလွန်ဘဝအတွက်

အကျိုးဖြစ်စေမဲ့အရာတွေအပေါ်မှာ ကြိုးပမ်းတဲ့ကိစ္စတွေမရှိဘူးဆိုရင် ဒီဘဝဟာ ကစားစရာအဖြစ်ပဲ ကျန်ရှိနေတော့တယ်။ (အလင်းပြကျမ်း)

قَدْ نَعْلَمُ إِنَّهُۥ لَيَحْزُنُكَ ٱلَّذِى يَقُولُونَ فَإِنَّهُمْ لَا يُكَذِّبُونَكَ وَلَٰكِنَّ ٱلظَّٰلِمِينَ بِـَٔايَٰتِ ٱللَّهِ يَجْحَدُونَ ﴿٣٣﴾

(၃၃) သူတို့(ပြောဆိုကြသောစကား)သည် အမှန်စင်စစ် အသင်(တမန်တော်)အား စိတ်ပူပန်သောက ရောက်စေသည်ကို ငါအရှင်မြတ်သည် သိတော်မူသည်။❻ အမှန်စင်စစ် သူတို့သည် အသင့်အား မဟုတ်မမှန်ငြင်းပယ်ကြသည် မဟုတ်ပေ။ သို့ရာတွင် မတရားလုပ်သောသူများသည် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော် သက်သေလက္ခဏာများကိုသာ ငြင်းပယ်ကြခြင်းဖြစ်သည်။❼

❻ ကာဖိရ်တွေအပေါ်မှာ တမလွန်ဘဝအတွက် စိုးရိမ်ပူပန်ပြီး ကြေကွဲနေတဲ့ တမန်တော်မြတ် ﷺ ကို နှစ်သိမ့်တဲ့အနေနဲ့အရှင်မြတ်က မိန့်တော်မူခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

❼ အိဗ်နုကဆီးရ်ကျမ်းမှာ အခုလို ရေးထားတယ် -

قال: أبو جهل للنبي صلى الله عليه وسلم: إنا لا نكذبك، ولكن نكذب ما جئت به،
فأنزل الله: فَإِنَّهُمْ لَا يُكَذِّبُونَكَ وَلَٰكِنَّ ٱلظَّٰلِمِينَ بِـَٔايَٰتِ ٱللَّهِ يَجْحَدُونَ

အဗူဂျဟလ်ကတမန်တော်မြတ် ﷺ ကိုပြောတယ် - ကျွန်ုပ်တို့ဟာအသင့်ကိုမဟုတ်မမှန်ငြင်းပယ်ကြတာမဟုတ်ဘူး၊ ဒါပေမဲ့ အသင်ယူဆောင်လာခဲ့တဲ့အရာ(ကုရ်အာန်)ကို မဟုတ်မမှန်ငြင်းပယ်ကြခြင်းသာဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်က ဒီအာယသ်ကိုချပေးခဲ့တယ်။ (အိဗ်နုကဆီးရ်)

وَلَقَدْ كُذِّبَتْ رُسُلٌ مِّن قَبْلِكَ فَصَبَرُوا۟ عَلَىٰ مَا كُذِّبُوا۟ وَأُوذُوا۟ حَتَّىٰٓ أَتَىٰهُمْ نَصْرُنَا ۚ وَلَا مُبَدِّلَ لِكَلِمَٰتِ ٱللَّهِ ۚ وَلَقَدْ جَآءَكَ مِن نَّبَإِى۟ ٱلْمُرْسَلِينَ ﴿٣٤﴾

(၃၄) ထို့ပြင် အမှန်ပင် အသင်၏မတိုင်မီက တမန်တော်များသည်လည်း မဟုတ်မမှန် ငြင်းပယ်ခြင်းခံခဲ့ကြရသည်။ ထို့နောက် သူတို့သည် သူတို့ မဟုတ်မမှန်ငြင်းပယ်ခြင်း ခံရသည်များနှင့် ဒုက္ခပေးခြင်းခံခဲ့ကြရသည်များကို ငါအရှင်မြတ်၏အကူအညီ သူတို့ထံရောက်သည်အထိ သည်းခံခဲ့ကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ စကားတော်များအား ပြောင်းလဲနိုင်သောသူ လုံးဝမရှိပေ။ ထို့ပြင် စေလွှတ်ခြင်းခံရသောသူ(တမန်တော်)များ၏ အကြောင်းအရာသတင်းသည် အမှန်စင်စစ် အသင်၏ထံသို့ ရောက်ရှိလာခဲ့ပြီးဖြစ်သည်။

وَإِن كَانَ كَبُرَ عَلَيْكَ إِعْرَاضُهُمْ فَإِنِ ٱسْتَطَعْتَ أَن تَبْتَغِىَ نَفَقًا فِى ٱلْأَرْضِ أَوْ سُلَّمًا فِى ٱلسَّمَآءِ فَتَأْتِيَهُم بِـَٔايَةٍ ۚ وَلَوْ شَآءَ ٱللَّهُ لَجَمَعَهُمْ عَلَى ٱلْهُدَىٰ ۚ فَلَا تَكُونَنَّ مِنَ ٱلْجَٰهِلِينَ ﴿٣٥﴾

(၃၅) ထို့ပြင် အကယ်၍ သူတို့၏မျက်နှာလွှဲ တိမ်းရှောင်သွားခြင်းသည် အသင်(တမန်တော်)၏အပေါ်တွင် လေးလံမှုဖြစ်နေလျှင် (မြေလျှိုး မိုးပျံပြုရန်)

မြေ(အောက်)တွင် လိုဏ်ခေါင်းတစ်ခု သို့မဟုတ် မိုးပေါ်(တက်သော)လှေကား တစ်ခုကို အသင်ရှာဖွေနိုင်စွမ်းရှိလျှင် သူတို့ထံသို့ သက်သေလက္ခဏာ တန်ခိုးတော်တစ်ခု ယူဆောင်ပြလိုက်ပါ။❶ (ထိုအရာများကို အသင်လုပ်နိုင်မည်မဟုတ်သည့်အတွက် သည်းခံစောင့်ဆိုင်းပါ)။ ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူလျှင် သူတို့အားလုံးကို လမ်းမှန်ပေါ်၌ အမှန်ပင် စုစည်းထားတော်မူခဲ့မည်။❷ သို့ဖြစ်ရာအသင်သည် အသိဉာဏ်မဲ့သောသူများထဲတွင် လုံးဝ မပါဝင်လေနှင့်။

❶ တမန်တော်မြတ် ﷺ ဟာကာဖိရ်ငြင်းပယ်တဲ့သူတွေအစ္စလာမ်ကိုဘယ်လိုနည်းနဲ့ဖြစ်ဖြစ်လက်ခံယုံကြည်လာအောင် ပြုလုပ်လိုတဲ့ ဆန္ဒပြင်းပြကြောင်းကို ပြသနေခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

❷ အရှင်မြတ်ဟာ လူတွေကို ဖန်ဆင်းကတည်းက လိုက်နာတဲ့စိတ်တစ်ခုပဲထည့်လိုက်ရင် ဆန့်ကျင်တဲ့သူ တစ်ဦးမှရှိမှာမဟုတ်တော့ဘဲ ကောင်းကင်တမန်တွေလိုပဲဖြစ်သွားမှာဖြစ်တယ်။ ဒါပေမဲ့ အရှင်မြတ်ဟာ အဲဒီလိုပြုဖို့ ရည်ရွယ်တာ မဟုတ်ဘဲ လူသားကို အကောင်းအဆိုးနှစ်ခုလုံးပေးပြီး လွတ်လပ်ခွင့်ပေးကာ စမ်းသပ်ဖို့လိုလားတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّمَا يَسْتَجِيبُ الَّذِينَ يَسْمَعُونَ ۘ وَالْمَوْتَىٰ يَبْعَثُهُمُ اللَّهُ ثُمَّ إِلَيْهِ يُرْجَعُونَ ﴿٣٦﴾

(၃၆) နားထောင်သောသူများသာ (အမှန်တရားကို)လက်ခံကြမည်ဖြစ်သည်။ ထို့ပြင် လူသေများကိုမူ အလ္လာဟ်အရှင်မြတ်သည်ပင် (သင်္ချိုင်းများမှ)ရှင်ပြန်ထစေတော်မူမည်။ ထို့နောက် သူတို့သည် အရှင်မြတ်ထံတော်သို့ပင် ပြန်လှည့်ခြင်းခံကြရမည်ဖြစ်သည်။

وَقَالُوا لَوْلَا نُزِّلَ عَلَيْهِ آيَةٌ مِّن رَّبِّهِ ۚ قُلْ إِنَّ اللَّهَ قَادِرٌ عَلَىٰ أَن يُنَزِّلَ آيَةً وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٣٧﴾

(၃၇) ၎င်းပြင် သူတို့က ပြောကြသည်- (အကယ်၍ မုဟမ္မဒ်သည် တမန်တော်ဖြစ်ခဲ့လျှင်) ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ၎င်း၏ထံသို့ တန်ခိုးတော်တစ်စုံတစ်ခု အဘယ်ကြောင့်ချပေးခြင်းမခံရသနည်း။❸ (အို- တမန်တော်)အသင် ပြောလိုက်ပါ- အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (သူတို့တောင်းဆိုကြသော) တန်ခိုးတော်ကို ချပေးနိုင်စွမ်းရှိသောအရှင် ဖြစ်တော်မူသည်။ သို့ရာတွင် သူတို့ထဲမှ အမြောက်အမြားသည် (သူတို့ တောင်းဆိုသော တန်ခိုးတော်များ ချပေးခြင်းခံရပြီး နောက်မှ မယုံကြည်လျှင် သူတို့ ဖျက်ဆီးခံရမည်ဆိုသည်ကိုပင်) အသိမရှိကြပေ။❹

❸ တန်ခိုးတော်တစ်ခုမက အမြောက်အမြားပြသခဲ့ပြီးဖြစ်ပေမဲ့ ကာဖိရ်တွေဟာ မနာလိုမုန်းတီးမှုကြောင့် မုအ်ဂျိဇဟ်တန်ခိုးတော်ကိုပဲ ထပ်ထပ်ပြီးတောင်းနေကြခြင်းဖြစ်တယ်။(အလင်းပြကျမ်း)

[၆] အရှင်မြတ်ဟာ သူတို့ တောင်းတာတွေကိုလည်း ချပေးနိုင်တယ်။ ဒါပေမဲ့ အဲဒီလိုချပေးပြီးလို့ မယုံရင် ဖျက်ဆီးပစ်လေ့ရှိတာကို သူတို့အသိမရှိကြဘူး။ (အလင်းပြကျမ်း)

وَمَا مِنْ دَآبَّةٍ فِى الْاَرْضِ وَلَا طٰٓئِرٍ يَّطِيْرُ بِجَنَاحَيْهِ اِلَّآ اُمَمٌ اَمْثَالُكُمْ ؕ مَا فَرَّطْنَا فِى الْكِتٰبِ مِنْ شَىْءٍ ثُمَّ اِلٰى رَبِّهِمْ يُحْشَرُوْنَ ﴿٣٨﴾

(၃၈) ထို့ပြင် မြေပထဝီတွင်ရှိသမျှ သက်ရှိများနှင့် သူတို့၏တောင်ပံနှစ်ဖက်ဖြင့် ပျံသန်းနေသော ငှက်များသည်လည်း အသင်တို့ကဲ့သို့ အုပ်စုများပင် ဖြစ်ကြသည်။[၇] ငါအရှင်မြတ်သည် (ငါအရှင်မြတ်ထံတော်၌ရေးမှတ်ထိန်းသိမ်းထားသော) စာအုပ်ထဲတွင်[၈] မည်သည့်အရာမျှ ချန်မထားခဲ့ပေ။ ၎င်းပြင် သူတို့အားလုံးသည် သူတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်၌ပင်စုရုံးစေခြင်းကို ခံကြရမည်။

[၇] ငှက်တွေရော တခြားသက်ရှိသတ္တဝါတွေပါ လူသားတွေလိုပဲ အုပ်စုအသီးသီး ဖြစ်ကြတဲ့အတွက် ကိယာမသ်နေ့မှာ အားလုံးရှင်ထပြီး စုရုံးခြင်းခံကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း) [၈] စာအုပ်ဆိုတာ လောင်းဟေ့ မဟ်ဖူးဇ်ွ အရှင်မြတ်ထံတော်မှာ အရာအားလုံးကို ရေးမှတ်ထိန်းသိမ်းထားတဲ့ သင်ပုန်းကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

وَالَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا صُمٌّ وَّبُكْمٌ فِى الظُّلُمٰتِ ؕ مَنْ يَّشَاِ اللّٰهُ يُضْلِلْهُ ؕ وَمَنْ يَّشَاْ يَجْعَلْهُ عَلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٣٩﴾

(၃၉) ထို့ပြင် ငါအရှင်မြတ်၏သက်သေလက္ခဏာများကို မဟုတ်မမှန် ဟုငြင်းပယ်သောသူများသည် အမှောင်များထဲတွင်ရှိကြသော နားပင်းသူများနှင့် ဆွံ့အသူများပင် ဖြစ်ကြသည်။[၉] အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိသောသူကို (အမှန်ကို ငြင်းပယ်ခြင်းကြောင့်) လမ်းလွဲစေတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို ဖြောင့်မတ်သောလမ်းပေါ်တွင် တည်ရှိစေတော်မူသည်။

[၉] မှောင်မိုက်မှုတွေထဲရောက်နေတဲ့ အပင်းတွေ အအတွေဖြစ်နေကြတဲ့အတွက် အမှန်ကို မသိမြင်နိုင်ကြတော့ဘူး။ (အလင်းပြကျမ်း)

قُلْ اَرَءَيْتَكُمْ اِنْ اَتٰىكُمْ عَذَابُ اللّٰهِ اَوْ اَتَتْكُمُ السَّاعَةُ اَغَيْرَ اللّٰهِ تَدْعُوْنَ ۚ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٤٠﴾

(၄၀) (အို-တမန်တော်)အသင် ပြောလိုက်ပါ- အကယ်၍ အလ္လာဟ်အရှင်မြတ်၏ အပြစ်ဒဏ်သည် အသင်တို့အပေါ်၌ ကျရောက်လာခဲ့လျှင်၊ သို့မဟုတ် ကိယာမသ်ရှင်ပြန်ထမည့်နေ့သည် အသင်တို့ထံသို့ ရောက်လာခဲ့လျှင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ (အခြားအရာများကို) ဟစ်ခေါ်ကြဦးမည်လော၊ အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ခဲ့ကြလျှင် အသင်တို့သည် (ငါ့အား)ပြောပြကြပါ။

بَلْ اِيَّاهُ تَدْعُوْنَ فَيَكْشِفُ مَا تَدْعُوْنَ اِلَيْهِ اِنْ شَآءَ وَتَنْسَوْنَ مَا تُشْرِكُوْنَ ﴿٤١﴾

(၄၁) ထိုသို့မဟုတ်၊ အမှန်မှာ အသင်တို့သည် (ထိုကဲ့သို့အချိန်ရောက်လာလျှင်) ထိုအရှင်မြတ်(တစ်ပါးတည်း)ကိုပင် ဟစ်ခေါ်ကြလိမ့်မည်။ ❽ သို့ဖြစ်ရာ အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူခဲ့လျှင် အသင်တို့ (ဖယ်ရှားရန်)ဟစ်ခေါ်နေသောအရာမှ ဖယ်ရှားပေးတော်မူမည်။ ၎င်းပြင် အသင်တို့သည်လည်း အသင်တို့ တွဲဖက်ကိုးကွယ်ကြသော အရာများကို မေ့ပျောက်သွားကြလိမ့်မည်။

❽ လူသားဟာ ဒုက္ခရောက်ရင် အရှင်မြတ်တစ်ပါးတည်းကိုပဲ ဟစ်ခေါ်လေ့ရှိတယ်။ (အလင်းပြကျမ်း)

وَلَقَدْ اَرْسَلْنَآ اِلٰٓى اُمَمٍ مِّنْ قَبْلِكَ فَاَخَذْنٰهُمْ بِالْبَاْسَآءِ وَالضَّرَّآءِ لَعَلَّهُمْ يَتَضَرَّعُوْنَ ﴿٤٢﴾

(၄၂) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်(တမန်တော်)၏ မတိုင်မီရှိခဲ့ကြသော လူမျိုးများထံသို့လည်း (တမန်တော်များကို) စေလွှတ်တော်မူခဲ့သည်။၎င်းပြင် ငါအရှင်မြတ်သည် (ထိုလူမျိုးများကငြင်းပယ်ကြသောအခါ) သူတို့ကျိုးနွံကြရန်အတွက် သူတို့အပေါ်၌ ဆင်းရဲဒုက္ခနှင့် ရောဂါဝေဒနာကို ကျရောက်စေတော်မူခဲ့သည်။

فَلَوْلَآ اِذْ جَآءَهُمْ بَاْسُنَا تَضَرَّعُوْا وَلٰكِنْ قَسَتْ قُلُوْبُهُمْ وَزَيَّنَ لَهُمُ الشَّيْطٰنُ مَا كَانُوْا يَعْمَلُوْنَ ﴿٤٣﴾

(၄၃) ထို့နောက် သူတို့သည် သူတို့ထံသို့ ငါအရှင်မြတ်၏ ပြစ်ဒဏ်ရောက်လာသောအခါ အဘယ်ကြောင့် မကျိုးနွံခဲ့ကြသနည်း။ သို့ရာတွင် သူတို့၏စိတ်နှလုံးများသည် (မကျိုးနွံခဲ့ကြသည်သာမက) မာကျောခဲ့ကြပြီး❾ ရှိုင်သွာန်သည်လည်း သူတို့ပြုလုပ်သည်များကို သူတို့အတွက် (သူတို့၏အမြင်တွင် လှပစေရန်) တန်ဆာဆင်ပြထားခဲ့သည်။❿

❾ စိတ်နှလုံးမာကျောတဲ့သူတွေဟာ ဒုက္ခရောက်လာရင် ပိုပြီးမာကျောလေ့ရှိကြတယ်။ (အလင်းပြကျမ်း) ❿ ရှိုင်သွာန်ဟာ အမှန်ကိုမမြင်အောင်ဖုံးအုပ်ဖို့ အမှားကို တန်ဆာဆင်လေ့ရှိတယ်။ အမှားကို အမှန်ထင်ပြီဆိုရင် အမှန်မမြင်နိုင်တော့ဘူး။ (အလင်းပြကျမ်း)

فَلَمَّا نَسُوْا مَا ذُكِّرُوْا بِهٖ فَتَحْنَا عَلَيْهِمْ اَبْوَابَ كُلِّ شَيْءٍ ؕ حَتّٰٓى اِذَا فَرِحُوْا بِمَآ اُوْتُوْٓا اَخَذْنٰهُمْ بَغْتَةً فَاِذَا هُمْ مُّبْلِسُوْنَ ﴿٤٤﴾

(၄၄) ထို့နောက် သူတို့သည် သူတို့ သတိပေးနှိုးဆော်ခြင်းခံကြရသောအရာများကို မေ့ပျောက်ထားကြသောအခါ ငါအရှင်မြတ်သည် သူတို့အပေါ်တွင် (စည်းစိမ်၏)တံခါးများ အားလုံးကို ဖွင့်ပေးလိုက်တော်မူခဲ့သည်။ နောက်ဆုံး၌ သူတို့သည် သူတို့ပေးခြင်းခံရသောအရာ(စည်းစိမ်)များနှင့် ဂုဏ်ယူဝင့်ကြွားကြသောအခါ ငါအရှင်မြတ်သည် သူတို့အား ရုတ်တရက် ဖမ်းဆီးတော်မူလိုက်

သည်။ ထိုအခါ သူတို့သည် မျှော်လင့်ချက် ကင်းမဲ့ပြီး ကြေကွဲသွားကြတော့သည်။

فَقُطِعَ دَابِرُ الْقَوْمِ الَّذِيْنَ ظَلَمُوْا ۗ وَالْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ ﴿٤٥﴾

(၄၅) သို့ဖြစ်ရာ မတရားသူများ၏အခြေအမြစ်သည် ဖြတ်တောက်ခြင်း ခံရတော့သည်။ ထို့ပြင် ချီးမွမ်းခြင်းဟူသမျှသည် စကြဝဠာအားလုံးအား ဖန်ဆင်း မွေးမြူတော်မူသောအလ္လာဟ်အရှင်မြတ်အတွက်ပင်ဖြစ်သည်။❶

❶ မကောင်းတဲ့အကျင့်စရိုက်တွေနဲ့ အကျင့်ဆိုးတွေကူးစက်စေမဲ့ ကာဖိရ်တွေကို အရှင်မြတ်က သုတ်သင်ရှင်းလင်းပေးလိုက်ခြင်းဟာ အရှင်မြတ်ရဲ့ကျေးဇူးတော်ပဲဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ اَرَءَيْتُمْ اِنْ اَخَذَ اللّٰهُ سَمْعَكُمْ وَاَبْصَارَكُمْ وَخَتَمَ عَلٰى قُلُوْبِكُمْ مَّنْ اِلٰهٌ غَيْرُ اللّٰهِ يَاْتِيْكُمْ بِهٖ ۗ
اُنْظُرْ كَيْفَ نُصَرِّفُ الْاٰيٰتِ ثُمَّ هُمْ يَصْدِفُوْنَ ﴿٤٦﴾

(၄၆) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အကယ်၍ အလ္လာဟ် အရှင်မြတ်သည် အသင်တို့၏ကြားခြင်းနှင့် အသင်တို့၏မြင်ခြင်းများကို ရုပ်သိမ်း၍ အသင်တို့၏စိတ်နှလုံးများအား တံဆိပ်ခတ်နှိပ်တော်မူခဲ့လျှင်၊ အလ္လာဟ်အရှင် မြတ်မှလွဲ၍ ထို(ဂုဏ်သတ္တိ)များကို အသင်တို့အား (ပြန်)ပေးမည့်အရှင် မည်သူ ရှိသနည်းဆိုသည်ကို အသင်တို့သည် ငါ့အား ပြောပြကြပါ။ ငါအရှင်မြတ်သည် သက်သေသာဓကများကို မည်သို့ပြောင်းလဲပြသတော်မူသည်ကို အသင်(တမန် တော်)ကြည့်ပါ။ ထို့နောက်လည်း သူတို့သည် မျက်နှာလွှဲနေကြသည်။

قُلْ اَرَءَيْتَكُمْ اِنْ اَتٰىكُمْ عَذَابُ اللّٰهِ بَغْتَةً اَوْ جَهْرَةً هَلْ يُهْلَكُ اِلَّا الْقَوْمُ الظّٰلِمُوْنَ ﴿٤٧﴾

(၄၇) (အို-တမန်တော်)အသင် ပြောလိုက်ပါ- အကယ်၍ အလ္လာဟ် အရှင်မြတ်၏ အပြစ်ဒဏ်သည် အသင်တို့ထံသို့ ရုတ်တရက် သို့မဟုတ် ထင်ရှား စွာရောက်ရှိလာခဲ့လျှင် မတရားပြုလုပ်သူများမှလွဲ၍ (အခြားမည်သူများ)ဖျက် ဆီးခံကြရဦးမည်နည်းဆိုသည်ကို အသင်တို့ (ငါ့အား) ပြောပြကြပါ။❷

❷ အရှင်မြတ်ရဲ့အပြစ်ဒဏ်ကျရောက်တဲ့အခါ အမိန့်ဖီဆန်တဲ့သူတွေပဲ ခံကြရမှာဖြစ်ပြီး တမန်တော် عليهم السلامတွေနဲ့အီမာန်ယုံကြည်တဲ့သူတွေကိုတော့အရှင်မြတ်က ကာကွယ်ထားတော်မူမဲ့အကြောင်း ကုရ်အာန် (၁၀း၁၀၃)မှာ အမိန့်ရှိထားတော်မူတယ်။ (အလင်းပြကျမ်း)

وَمَا نُرْسِلُ الْمُرْسَلِيْنَ اِلَّا مُبَشِّرِيْنَ وَمُنْذِرِيْنَ ۚ فَمَنْ اٰمَنَ وَاَصْلَحَ فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ
يَحْزَنُوْنَ ﴿٤٨﴾

(၄၈) ထို့ပြင် ငါအရှင်မြတ်သည် တမန်တော်များအားလုံးကို ဝမ်းမြောက် ဖွယ်သတင်းပေးသူများနှင့် သတိပေးနှိုးဆော်သူများ အဖြစ်သာ စေလွှတ်တော် မူလေ့ရှိသည်။❸ သို့ဖြစ်ရာ မည်သူမဆို အီမာန်ယုံကြည်ပြီး ပြုပြင်ခဲ့လျှင် ထိုသူ

များအပေါ်တွင် မည်သည့်စိုးရိမ်စရာမျှ မရှိသည့်အပြင် သူတို့သည် ပူဆွေးကြရမည်လည်း မဟုတ်ကြပေ။

❸ နဗီတမန်တော် عليهم السلام တွေကို စေလွှတ်တာဟာ အရှင်မြတ်ရဲ့အမိန့်တော်တွေ နာခံတဲ့သူတွေကို သတင်းကောင်းပေးဖို့နဲ့ မနာခံတဲ့သူတွေကို သတိပေးဖို့ စေလွှတ်တာဖြစ်တယ်။ မနာခံချင်တဲ့သူတွေတောင်းဆိုတဲ့ မုအ်ဂျိဇဟ်တန်ခိုးတော်တွေကို ပြသဖို့ တာဝန်ပေးထားခြင်းမရှိဘူး။
(ကုရ်အာန်၊ အိဗ်နုကဆီးရ်)

وَالَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا يَمَسُّهُمُ الْعَذَابُ بِمَا كَانُوْا يَفْسُقُوْنَ ﴿٤٩﴾

(၄၉) ထို့ပြင် ငါအရှင်မြတ်၏အာယသ်တော်များအား မဟုတ်မမှန်ငြင်းပယ်ကြသောသူများကမူ သူတို့သည် စည်းကမ်းကျူးလွန်ဖောက်ဖျက်ကြသည့်အတွက် သူတို့ကို အပြစ်ဒဏ်ထိတွေ့သက်ရောက်လိမ့်မည်။

قُلْ لَّاۤ اَقُوْلُ لَكُمْ عِنْدِيْ خَزَآئِنُ اللّٰهِ وَلَاۤ اَعْلَمُ الْغَيْبَ وَلَاۤ اَقُوْلُ لَكُمْ اِنِّيْ مَلَكٌ ۚ اِنْ اَتَّبِعُ اِلَّا مَا يُوْحٰۤى اِلَيَّ ؕ قُلْ هَلْ يَسْتَوِي الْاَعْمٰى وَالْبَصِيْرُ ؕ اَفَلَا تَتَفَكَّرُوْنَ ﴿٥٠﴾

(၅၀) (အို-တမန်တော်)အသင် ပြောလိုက်ပါ- ကျွန်ုပ်ထံတွင် အလ္လာဟ်အရှင်မြတ်၏ဘဏ္ဍာတိုက်များရှိသည်ဟု ကျွန်ုပ် အသင်တို့ကို ပြောသည် မဟုတ်ပေ။ ကျွန်ုပ်သည် အကွယ်ဒွှရှိသည်များကို သိမြင်သည်ဟု(လည်း ပြောသည်) မဟုတ်ပေ။[၄] ထို့ပြင် ကျွန်ုပ်သည် အမှန်ပင် ကောင်းကင်တမန် ဖြစ်သည်ဟု အသင်တို့အား ပြောဆိုသည်လည်း မဟုတ်ပေ။ ကျွန်ုပ်သည် ကျွန်ုပ်ထံသို့ချပေးခံရသော ဝဟီအမိန့်တော်ကိုသာ လိုက်နာနေခြင်းဖြစ်သည်။[၅] (အို-တမန်တော်) အသင် ပြောလိုက်ပါ- မျက်စိမမြင်သောသူနှင့် မျက်စိမြင်သောသူသည် တူနိုင်ပါသလော။[၆] ထိုမျှပင် အသင်တို့ မစဉ်းစား မဆင်ခြင်ကြလေသလော။

❹ တမန်တော်မြတ် ﷺ ဟာကာဖိရ်မုရှ်ရိက်တွေတောင်းဆိုကြတဲ့တန်ခိုးတွေပိုင်ဆိုင်တဲ့သူမဟုတ်ကြောင်း အမိန့်ရှိတော်မူခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) ❺ တမန်တော်မြတ် ﷺ ဟာ အရှင်မြတ်ရဲ့အမိန့်တော်ကို တစ်သဝေမတိမ်း လိုက်နာသူသာဖြစ်ကြောင်း၊ အရှင်မြတ်ခိုင်းတာကိုပဲ လိုက်လုပ်နေခြင်းသာဖြစ်ကြောင်း အမိန့်ရှိထားတာဖြစ်တယ်။ (အလင်းပြကျမ်း) ❻ မစဉ်းစားမဆင်ခြင်ဘဲ မျက်စိမှိတ်ပြီး အမှားထဲမှာပဲ ဖွတ်တိုးနေတဲ့သူနဲ့ မျက်စိဖွင့်ပြီး စဉ်းစားဆင်ခြင်ကာ အမှန်ကို လက်ခံတဲ့သူဟာ မတူနိုင်ကြောင်းမိန့်ဆိုထားခြင်းဖြစ်တယ်။ (ဟာရှိယဟ်ဂျလာလိုင်န်)

وَاَنْذِرْ بِهِ الَّذِيْنَ يَخَافُوْنَ اَنْ يُّحْشَرُوْۤا اِلٰى رَبِّهِمْ لَيْسَ لَهُمْ مِّنْ دُوْنِهٖ وَلِيٌّ وَّلَا شَفِيْعٌ لَّعَلَّهُمْ يَتَّقُوْنَ ﴿٥١﴾

(၅၁) ထို့ပြင် အသင်(တမန်တော်)သည် ၎င်း(ကုရ်အာန်)နှင့် အကြင်သူများအား သူတို့အပြစ်ရှောင်ကြဉ်ကြရန်အတွက် သတိပေးနှိုးဆော်လိုက်ပါ၊ ထိုသူများသည် အရှင်မြတ်မှလွဲ၍ ကိစ္စဟူသမျှကို ဆောင်ရွက်ပေးမည့်သူအဖြစ်

နှင့် ကြားဝင်အသနားခံပေးမည့်သူအဖြစ် မည်သူမျှမရှိသော အခြေအနေမျိုးနှင့် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် စုရုံးခံကြရမည်ကို စိုးရိမ်နေကြသည်။❼

❼ ကိယာမသ်နေ့အတွက် စိုးရိမ်ပူပန်နေတဲ့သူတွေကို အကျိုးရှိဖို့အတွက် သတိပေးနှိုးဆော်ထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا تَطْرُدِ الَّذِينَ يَدْعُونَ رَبَّهُم بِالْغَدَاةِ وَالْعَشِيِّ يُرِيدُونَ وَجْهَهُ ۖ مَا عَلَيْكَ مِنْ حِسَابِهِم مِّن شَيْءٍ وَمَا مِنْ حِسَابِكَ عَلَيْهِم مِّن شَيْءٍ فَتَطْرُدَهُمْ فَتَكُونَ مِنَ الظَّالِمِينَ ﴿٥٢﴾

(၅၂) ထို့ပြင် အသင်(တမန်တော်)သည် အကြင်သူတို့အား နှင်ထုတ်ခြင်းမပြုပါနှင့်။❶ ထိုသူတို့သည် အရှင်မြတ်၏နှစ်သက်မှုကိုသာ ရည်ရွယ်ပြီး သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို နံနက်နှင့် ညနေတွင် ဟစ်ခေါ်တသနေကြသောသူများဖြစ်ကြသည်။ အသင်၏အပေါ်တွင် သူတို့နှင့်ပတ်သက်၍ တစ်စုံတစ်ရာ စုံစမ်းစစ်ဆေးရန် တာဝန်မရှိပေ။ ၎င်းပြင် သူတို့အပေါ်၌လည်း အသင်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ စုံစမ်းစစ်ဆေးရန် တာဝန်မရှိပေ။ သို့ဖြစ်ပါလျက် အသင်သည် သူတို့အား နှင်ထုတ်လျှင် အသင်သည် မတရားကျူးလွန်သူများထဲတွင် ပါဝင်သွားလိမ့်မည်။

❶ မက္ကဟ်က ကုရိုင်းရှ်ခေါင်းဆောင်တချို့က ပြောဆိုကြတယ်။ တမန်တော်မြတ် ﷺ ရဲ့အနားမှာ အဆင့်နိမ့်ကျသူတွေ၊ ဆင်းရဲသားတွေပဲ နေကြတယ်။ ကျွန်ုပ်တို့ဟာ သူတို့နဲ့ အတူထိုင်ရင် ကျွန်ုပ်တို့ရဲ့သိက္ခာကျတယ်။ အဲဒါကြောင့် အသင်ဟာ သူတို့ကို အသင့်နားက ဖယ်ရှားလိုက်ရင် ကျွန်ုပ်တို့ဟာ အသင့်နားမှာ လာရောက်နားထောင်နိုင်လိမ့်မယ်။ အဲဒီလို ပြောဆိုချက်အပေါ်မှာ ဒီအာယသ်ကျရောက်လာခဲ့တယ်။ (အာစားန်သင်္ဂရ်ဂျမဟ်)

وَكَذَٰلِكَ فَتَنَّا بَعْضَهُم بِبَعْضٍ لِّيَقُولُوا أَهَٰؤُلَاءِ مَنَّ اللَّهُ عَلَيْهِم مِّن بَيْنِنَا ۗ أَلَيْسَ اللَّهُ بِأَعْلَمَ بِالشَّاكِرِينَ ﴿٥٣﴾

(၅၃) ထို့ပြင် သူတို့သည် "ကျွန်ုပ်တို့ထဲမှ အလ္လာဟ်အရှင်မြတ် ကျေးဇူးပြုတော်မူထားသောသူများသည် ဤသူများလော"❷ ဟု ပြောဆိုကြရန်အတွက် ထိုသို့ပင် ငါအရှင်မြတ်သည် သူတို့ထဲမှ အချို့သူများကို အချို့သူများနှင့် စမ်းသပ်တော်မူသည်။❸ အလ္လာဟ်အရှင်မြတ်သည် ကျေးဇူးသိတတ်သောသူများအား အသိဆုံးအရှင် မဟုတ်ပါသလော။

❷ အဲဒီသူတွေဟာ ဆင်းရဲတဲ့သူတွေဖြစ်လို့ ကာဖိရ်တွေက ခနဲ့ပြီးပြောဆိုကြခြင်း ဖြစ်တယ်။ ကာဖိရ်တွေရဲ့အယူအဆမှာ အရှင်မြတ်ကျေးဇူးပြုလို့ပဲ ငါတို့ဟာ ချမ်းသာသူတွေဖြစ်နေကြတဲ့အတွက် တကယ်ဆိုရင် ငါတို့ပဲ အရှင်မြတ်ထံတော်မှာ အဆင့်ရှိတဲ့သူတွေဖြစ်ကြတယ်လို့ ယူဆ

ကြတယ်။(အလင်းပြကျမ်း) ❷ တကယ်တော့ ဆင်းရဲခြင်း၊ ချမ်းသာခြင်းဟာ အဓိကမဟုတ်ဘူး။ အရှင်မြတ်က စမ်းသပ်တော်မူနေခြင်းသာဖြစ်တယ်။ ဘယ်အခြေအနေပဲရောက်ရောက် အမှန်တရားကို သိရှိလိုက်နာခြင်းပဲ အဓိကဖြစ်တဲ့အတွက် ဆင်းရဲသူက အရှင်မြတ်ရဲ့အမိန့်နာခံရင် အရှင်မြတ်ရဲ့ကျေးဇူးတော်ကို ရရှိခံစားရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِذَا جَآءَكَ الَّذِيْنَ يُؤْمِنُوْنَ بِاٰيٰتِنَا فَقُلْ سَلٰمٌ عَلَيْكُمْ كَتَبَ رَبُّكُمْ عَلٰى نَفْسِهِ الرَّحْمَةَ ۙ اَنَّهٗ مَنْ عَمِلَ مِنْكُمْ سُوْٓءًۢا بِجَهَالَةٍ ثُمَّ تَابَ مِنْۢ بَعْدِهٖ وَاَصْلَحَ فَاَنَّهٗ غَفُوْرٌ رَّحِيْمٌ ﴿٥٤﴾

(၅၄) ထို့ပြင် အသင်(တမန်တော်)ထံသို့ ငါအရှင်မြတ်၏အာယသ်တော်များကို ယုံကြည်ကြသူများ ရောက်လာကြသောအခါ (အို-တမန်တော်) အသင်ပြောလိုက်ပါ- "အသင်တို့အပေါ်တွင် ငြိမ်းချမ်းမှု သက်ရောက်ပါစေ"၊❻ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မိမိအပေါ်၌ သနားကရုဏာကို သတ်မှတ်ပြဋ္ဌာန်းထားတော်မူသည်။ အမှန်စင်စစ် အသင်တို့ထဲမှ မည်သူမဆို မသိဘဲလျက် မကောင်းမှုတစ်ခုခုကို ပြုမိခဲ့သည်။ ၎င်းပြင် သူသည် ထို(မကောင်းမှုပြုလုပ်ပြီး)နောက် ဝန်ချတောင်းပန်ပြီး (သူ့ကိုယ်သူ) ပြုပြင်ခဲ့သည်ဆိုလျှင် အမှန်ပင် အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

❻ အရှင်မြတ်ရဲ့စလာမ်မေတ္တာကို တမန်တော်မြတ် ﷺ ကို ပို့ခိုင်းတာလည်း ဖြစ်နိုင်သလို ယုံကြည်သူတွေကိုဂုဏ်ပြုဖို့တမန်တော်မြတ် ﷺ ကိုစလာမ်ပေးခိုင်းတာလည်းဖြစ်နိုင်တယ်။ (အလင်းပြကျမ်း)

وَكَذٰلِكَ نُفَصِّلُ الْاٰيٰتِ وَلِتَسْتَبِيْنَ سَبِيْلُ الْمُجْرِمِيْنَ ﴿٥٥﴾

(၅၅) ၎င်းပြင် ထိုသို့ပင် အပြစ်ရှိသူများ၏လမ်းစဉ်သည် ထင်ရှားသွားစေရန်အတွက် ငါအရှင်မြတ်သည် အာယသ်တော်များကို ရှင်းလင်းထင်ရှားစွာ မိန့်ကြားတော်မူသည်။❼

❼ အမှားနဲ့အမှန် ထင်ထင်ရှားရှား မိန့်ကြားပြီးဖြစ်တဲ့အတွက် ကိုယ်လိုက်ချင်တဲ့လမ်းကို ထင်ထင်ရှားရှားလိုက်နိုင်သွားပြီဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ اِنِّيْ نُهِيْتُ اَنْ اَعْبُدَ الَّذِيْنَ تَدْعُوْنَ مِنْ دُوْنِ اللّٰهِ ؕ قُلْ لَّآ اَتَّبِعُ اَهْوَآءَكُمْ ۙ قَدْ ضَلَلْتُ اِذًا وَّمَآ اَنَا مِنَ الْمُهْتَدِيْنَ ﴿٥٦﴾

(၅၆) (အို-တမန်တော်) အသင် ပြောလိုက်ပါ- "အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့ ဟစ်ခေါ်တသကြသောသူများကို ကိုးကွယ်ခြင်းမှ အမှန်ပင် ငါသည် တားမြစ်ခံခဲ့ရပြီးဖြစ်သည်။"❽ (အို-တမန်တော်) အသင် ပြောလိုက်ပါ- "ငါသည် အသင်တို့၏အလိုဆန္ဒများကို လိုက်နာမည်မဟုတ်ပေ။ ထိုကဲ့သို့ လိုက်

နာခဲ့လျှင် အမှန်ပင် ငါသည် လမ်းမှားသို့ ရောက်သွားပေမည်။ ထို့ပြင် ငါသည် လမ်းမှန်ရရှိသူများထဲ၌လည်း ပါဝင်မည် မဟုတ်တော့ပေ။”❼

❻ မုရှ်ရိက်တွေဟာ တမန်တော်မြတ် ﷺ ကို သူတို့ဘက်ပါအောင် ဆွဲဆောင်ခဲ့ကြတယ်။ ဒါပေမဲ့ တမန်တော်မြတ် ﷺ ဟာ မလိုက်ဘူးဆိုတာ ထင်ရှားအောင် ကြေညာခိုင်းထားတာဖြစ်တယ်။ (အလင်းပြကျမ်း) ❼ မကောင်းတဲ့အလုပ်၊ လမ်းမှားတဲ့အလုပ်ကို ဘယ်သူပဲလုပ်လုပ် အတူတူပဲ ဖြစ်တယ်ဆိုတာ ထင်ရှားစေတယ်။ တကယ်လို့ တမန်တော်မြတ် ﷺ ဟာ အဲဒီမှားတဲ့လုပ်ရပ်တွေကို လုပ်မယ်ဆိုရင် တမန်တော် ﷺ လည်း လမ်းမှားတဲ့သူထဲရောက်သွားမှာဖြစ်ကြောင်း အရှင်မြတ်ရဲ့ မျက်နှာလိုက်ခွဲခြားမှုမရှိတဲ့ မူဝါဒကို ထုတ်ပြန်ကြေညာတော်မူခြင်းဖြစ်တယ်။

(ကမာလိုင်န်၊ သိုင်စီရွှလ်ကရီမိရ်ရဟ်မာန်)

قُلْ إِنِّي عَلَىٰ بَيِّنَةٍ مِّن رَّبِّي وَكَذَّبْتُم بِهِ ۚ مَا عِندِي مَا تَسْتَعْجِلُونَ بِهِ ۚ إِنِ الْحُكْمُ إِلَّا لِلَّهِ ۖ يَقُصُّ الْحَقَّ ۖ وَهُوَ خَيْرُ الْفَاصِلِينَ ﴿٥٧﴾

(၅၇) (အို-တမန်တော်)အသင် ပြောလိုက်ပါ- အမှန်စင်စစ် ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံမှ သက်သေသာဓက အပေါ်၌ရှိသည်။ ၎င်းပြင် အသင်တို့သည် ထိုအရာကို မဟုတ်မမှန်ဟုငြင်းပယ်ခဲ့ကြသည်။ အသင်တို့ ဆောလျင်စွာ တောင်းဆိုကြသောအရာ(အပြစ်ဒဏ်)သည် ငါ၏ထံတွင် မရှိပေ။ အမိန့်သည် အလ္လာဟ်အရှင်မြတ်သာ ပိုင်ဆိုင်တော်မူသည်။ အရှင်မြတ်သည် အမှန်ကို ထုတ်ဖော်မိန့်ကြားတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အကောင်းဆုံး စီရင်ဆုံးဖြတ်တော်မူသောအရှင် ဖြစ်တော်မူသည်။

قُل لَّوْ أَنَّ عِندِي مَا تَسْتَعْجِلُونَ بِهِ لَقُضِيَ الْأَمْرُ بَيْنِي وَبَيْنَكُمْ ۗ وَاللَّهُ أَعْلَمُ بِالظَّالِمِينَ ﴿٥٨﴾

(၅၈) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အကယ်၍ အသင်တို့ ဆောလျင်စွာ တောင်းဆိုကြသောအရာသည် အမှန်ပင် ငါ့ထံတွင်ရှိလျှင် ငါ၏ကြားနှင့် အသင်တို့၏ကြား၌ ဖြစ်ပေါ်နေသော ပြဿနာသည် အမှန်စင်စစ် ဖြေရှင်းခံရပြီး ဖြစ်ခဲ့မည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် မတရားသူများအား အသိဆုံး ဖြစ်တော်မူသည်။

وَعِندَهُ مَفَاتِحُ الْغَيْبِ لَا يَعْلَمُهَا إِلَّا هُوَ ۚ وَيَعْلَمُ مَا فِي الْبَرِّ وَالْبَحْرِ ۚ وَمَا تَسْقُطُ مِن وَرَقَةٍ إِلَّا يَعْلَمُهَا وَلَا حَبَّةٍ فِي ظُلُمَاتِ الْأَرْضِ وَلَا رَطْبٍ وَلَا يَابِسٍ إِلَّا فِي كِتَابٍ مُّبِينٍ ﴿٥٩﴾

(၅၉) ထို့ပြင် အရှင်မြတ်ထံတော်တွင် အကွယ်၏သော့များရှိသည်။❽ ၎င်းတို့ကို အရှင်မြတ်မှလွဲ၍ (မည်သူမျှ)မသိပေ။ ထို့ပြင် အရှင်မြတ်သည် ကုန်းမြေနှင့် ပင်လယ်ထဲတွင် ရှိသမျှအရာများကိုလည်း သိတော်မူသည်။ ထို့ပြင် မည်သည့်သစ်ရွက်မဆို ကြွေကျသည်ဖြစ်စေ အရှင်မြတ်သည် ၎င်းကိုစွကို သိတော်

မူသည်။ ထို့ပြင် မြေပထဝီ၏ အမှောင်များထဲ၌ ကျရောက်နေသော မည်သည့် အစေ့အဆန်ဖြစ်စေ၊ မည်သည့်စိမ်းစိုသောအရာနှင့် မည်သည့်ခြောက်သွေ့သော အရာဖြစ်စေ ရှင်းလင်းထင်ရှားသော (မှတ်တမ်း)စာအုပ်တွင် ရှိသည်။

❶ အကွယ်ရဲ့သော့တွေဆိုတာ အကွယ်မှာရှိတဲ့ လျှို့ဝှက်ချက်တွေ ဘဏ္ဍာတွေရဲ့သော့ချက်တွေကို ဆိုလိုတယ်။ (သွဗ်ရီ)

وَهُوَ الَّذِي يَتَوَفَّاكُم بِاللَّيْلِ وَيَعْلَمُ مَا جَرَحْتُم بِالنَّهَارِ ثُمَّ يَبْعَثُكُمْ فِيهِ لِيُقْضَىٰ أَجَلٌ مُّسَمًّى ۖ ثُمَّ إِلَيْهِ مَرْجِعُكُمْ ثُمَّ يُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ ﴿٦٠﴾

(၆၀) ထို့ပြင် အရှင်မြတ်သည် အသင်တို့ကို ညအချိန်တွင် အိပ်စက်စေတော်မူသည်။❷ ထို့ပြင် နေ့အချိန်၌ အသင်တို့ပြုသမျှကိုလည်း အရှင်မြတ်သိတော်မူသည်။ ထို့နောက် အရှင်မြတ်သည် အသင်တို့ကို ၎င်း(နေ့အချိန်)တွင် ပြန်လည်နိုးထစေတော်မူသည်။ သို့မှသာ သတ်မှတ်ထားသော သက်တမ်းသည် ကုန်သွားမည် ဖြစ်ပေသည်။ ထို့နောက် အသင်တို့၏ ပြန်လည်ရောက်ရှိရာဌာနသည် အရှင်မြတ်ထံတော်ပင် ဖြစ်သည်။ ၎င်းပြင် အရှင်မြတ်သည် အသင်တို့ပြုမူခဲ့သမျှကို အသင်တို့အား အသိပေးတော်မူမည်။

❷ ညအချိန်မှာ အရှင်မြတ်ဟာ လူတွေရဲ့အသိဉာဏ်တွေ၊ အာရုံတွေကိုရုပ်သိမ်းထားတော်မူတယ်။ အသက်ကိုတော့ နှုတ်ယူထားခြင်းမရှိဘူး။ (အလင်းပြကျမ်း)

وَهُوَ الْقَاهِرُ فَوْقَ عِبَادِهِ ۖ وَيُرْسِلُ عَلَيْكُمْ حَفَظَةً حَتَّىٰ إِذَا جَاءَ أَحَدَكُمُ الْمَوْتُ تَوَفَّتْهُ رُسُلُنَا وَهُمْ لَا يُفَرِّطُونَ ﴿٦١﴾

(၆၁) ထို့ပြင် အရှင်မြတ်သည်ပင် အရှင်မြတ်၏ ကျွန်များအပေါ်တွင် နိုင်နင်းလွှမ်းမိုးတော်မူသောအရှင်လည်း ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့ထံသို့ ထိန်းသိမ်းစောင့်ရှောက်သောသူ (ကောင်းကင်တမန်တော်)များကိုစေလွှတ်တော်မူသည်။နောက်ဆုံးတွင် အသင်တို့ထဲမှ တစ်ဦးတစ်ယောက်ထံသို့ သေခြင်း ဆိုက်ရောက်လာသောအခါ ငါအရှင်မြတ်၏ စေတမန်များသည် သူ(၏အသက်)ကို ပေါ့ဆစွာမပြုလုပ်ကြဘဲလျက် ရုပ်သိမ်းကြသည်။

ثُمَّ رُدُّوا إِلَى اللَّهِ مَوْلَاهُمُ الْحَقِّ ۚ أَلَا لَهُ الْحُكْمُ وَهُوَ أَسْرَعُ الْحَاسِبِينَ ﴿٦٢﴾

(၆၂) ထို့နောက် သူတို့သည် သူတို့၏ စစ်မှန်သည့်အရှင်သခင်ဖြစ်သော အလ္လာဟ်အရှင်မြတ်ထံတော်သို့ ပြန်လည် ပို့ဆောင်ခြင်းခံကြရမည်။ နားထောင်ကြပါ၊ စီရင်ဆုံးဖြတ်မှုအာဏာသည် အရှင်မြတ်ထံတော်၌သာရှိသည်။ ထို့ပြင် အရှင်မြတ်သည် အလျင်မြန်ဆုံး စာရင်းစစ်ဆေးတော်မူသောအရှင် ဖြစ်တော်မူ

သည်။

قُلۡ مَنۡ يُّنَجِّيۡكُمۡ مِّنۡ ظُلُمٰتِ الۡبَرِّ وَالۡبَحۡرِ تَدۡعُوۡنَهٗ تَضَرُّعًا وَّ خُفۡيَةً ۚ لَٮِٕنۡ اَنۡجٰٮنَا مِنۡ هٰذِهٖ لَنَكُوۡنَنَّ مِنَ الشّٰكِرِيۡنَ ﴿٦٣﴾

(၆၃) (အို-တမန်တော်)အသင် ပြောလိုက်ပါ- အသင်တို့ကို ကုန်းမြေနှင့် ပင်လယ်၏အမှောင်များမှ မည်သူကယ်တင်သနည်း။ အသင်တို့သည် အရှင်မြတ်ကိုသာ ကျိုးနွံပြီးတိတ်ဆိတ်စွာ ဟစ်ခေါ်တသကြသည်။ "အကယ်၍ အရှင်မြတ်သည် ကျွန်ုပ်တို့အား ဤဘေးဒုက္ခမှ ကယ်တင်တော်မူပါလျှင် ကျွန်ုပ်တို့သည် ကျေးဇူးသိတတ်သူများထဲ၌ အမှန်ပင် ဖြစ်ကြပါမည်" (ဟုပြောဆိုကြသည်)။

قُلِ اللّٰهُ يُنَجِّيۡكُمۡ مِّنۡهَا وَمِنۡ كُلِّ كَرۡبٍ ثُمَّ اَنۡتُمۡ تُشۡرِكُوۡنَ ﴿٦٤﴾

(၆၄) (အို-တမန်တော်) အသင် ပြောလိုက်ပါ- "အလ္လာဟ်အရှင်မြတ်သည်ပင် အသင်တို့အား ၎င်း(ဒုက္ခ)နှင့် (အခြား)ဘေးဒုက္ခတိုင်းမှ လွတ်မြောက်စေတော်မူသည်။ ထို့နောက်လည်း အသင်တို့သည် ရှိရ်က် တွဲဖက်ကိုးကွယ်မှုပြုလုပ်ကြပြန်သည်။[2]

[2] မုရှိရ်က် တွေဟာ ဒုက္ခရောက်တဲ့အခါမှာပဲ အရှင်မြတ်ကို ဟစ်ခေါ်လေ့ရှိကြပြီး ဒုက္ခကနေ လွတ်မြောက်သွားတဲ့အခါမှာ အရှင်မြတ်ကို မေ့ထားလေ့ရှိခဲ့ကြတယ်။ (အလင်းပြကျမ်း)

قُلۡ هُوَ الۡقَادِرُ عَلٰٓى اَنۡ يَّبۡعَثَ عَلَيۡكُمۡ عَذَابًا مِّنۡ فَوۡقِكُمۡ اَوۡ مِنۡ تَحۡتِ اَرۡجُلِكُمۡ اَوۡ يَلۡبِسَكُمۡ شِيَعًا وَّيُذِيۡقَ بَعۡضَكُمۡ بَاۡسَ بَعۡضٍ ؕ اُنۡظُرۡ كَيۡفَ نُصَرِّفُ الۡاٰيٰتِ لَعَلَّهُمۡ يَفۡقَهُوۡنَ ﴿٦٥﴾

(၆၅) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အရှင်မြတ်သည် အသင်တို့အပေါ်တွင် အသင်တို့၏ အထက်မှဖြစ်စေ၊ အသင်တို့၏ ခြေထောက်များအောက်မှဖြစ်စေ အပြစ်ဒဏ်သက်ရောက်ရန် စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်၊ သို့မဟုတ် အသင်တို့အား အသင်းအဖွဲ့များ ကွဲပြားစေပြီး (အချင်းချင်းတိုက်ခိုက်စေလျက်) အသင်တို့ထဲမှ အချို့အား အချို့၏တိုက်ခိုက်မှု(အရသာ)ကို မြည်းစမ်းစေရန်လည်း စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။ ငါအရှင်မြတ်သည် သူတို့ နားလည်ကြရန်အတွက် အာယသ်တော်များကို မည်သို့ပြောင်းလဲပြသတော်မူသည်ကို အသင်ကြည့်ပါ။

وَكَذَّبَ بِهٖ قَوۡمُكَ وَهُوَ الۡحَـقُّ ؕ قُلْ لَّسۡتُ عَلَيۡكُمۡ بِوَكِيۡلٍ ﴿٦٦﴾

(၆၆) ထို့ပြင် ၎င်း(ကုရ်အာန်)သည် အမှန်ပင်ဖြစ်ပါလျက် ၎င်းကို အသင်၏အမျိုးသားများက မဟုတ်မမှန် ငြင်းပယ်ခဲ့ကြသည်။ (အို-တမန်တော်) အသင်

ပြောလိုက်ပါ- “ငါသည် အသင်တို့အပေါ်ကြီးကြပ်အုပ်ထိန်းသူမဟုတ်ပေ”။

لِكُلِّ نَبَإٍ مُّسْتَقَرٌّ وَّسَوْفَ تَعْلَمُوْنَ ﴿٦٧﴾

(၆၇) သတင်းစကားတိုင်းအတွက် (ဖြစ်ပျက်ရန်) ကန့်သတ်ထားသော အချိန်တစ်ချိန်ရှိသည်။ ထို့ပြင် အသင်တို့သည် မကြာမီ သိရလိမ့်မည်။❻

❻ ကာဖိရ် မုရှ်ရိက်တွေက (ကိယာမသ်ဟာ ဖြစ်လာမှာမဟုတ်ဘူး၊) အပြစ်ဒဏ်ဟာ ကျရောက်လာမှာမဟုတ်ဘူး စသဖြင့် ပြောဆိုလေ့ရှိကြတယ်။ အဲဒီအပေါ်မှာ အရှင်မြတ်က အဲဒီလိုကြိုတင်ပြောကြားထားတဲ့ သတင်းစကားတွေဟာ အားလုံးဖြစ်လာလိမ့်မယ်။ အချိန်က သက်သေပြလိမ့်မယ်။ အဲဒီအချိန်ရောက်ရင် အသင်တို့ သိသွားကြလိမ့်မယ်လို့ အမိန့်ရှိထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِذَا رَأَيْتَ الَّذِيْنَ يَخُوْضُوْنَ فِيْٓ اٰيٰتِنَا فَأَعْرِضْ عَنْهُمْ حَتّٰى يَخُوْضُوْا فِيْ حَدِيْثٍ غَيْرِهٖ ۚ وَإِمَّا يُنْسِيَنَّكَ الشَّيْطٰنُ فَلَا تَقْعُدْ بَعْدَ الذِّكْرٰى مَعَ الْقَوْمِ الظّٰلِمِيْنَ ﴿٦٨﴾

(၆၈) ထို့ပြင် ငါ့အရှင်မြတ်၏အာယသ်တော်များကို မကောင်းပြောနေသောသူများအား အသင်(တမန်တော်)မြင်သောအခါ သူတို့သည် အခြားအကြောင်းအရာများထဲသို့ (ပြောင်းလဲ)မပြောဆိုသမျှ အသင်သည် သူတို့ထံမှ ရှောင်လွှဲနေပါ။ ၎င်းနောက် အကယ်၍ ရှိုင်သွာန်သည် အသင့်အား အမှန်ပင်မေ့လျော့စေခဲ့လျှင် (ပြန်)သတိရပြီးသောအခါ အသင်သည် မတရားပြုလုပ်သောသူများနှင့်အတူ မထိုင်ပါနှင့်။❶

❶ ကာဖိရ် မုရှ်ရိက်တွေဟာ အလ္လာဟ်အရှင်မြတ်နဲ့ပတ်သက်ပြီး မအပ်စပ်တဲ့စကားမျိုးကို ပြောဆိုနေရင် အဲဒီအသိုင်းအဝိုင်းမှာ ရောပြီး မထိုင်ကြဖို့ အရှင်မြတ်က တားမြစ်အမိန့် ထုတ်ပြန်လိုက်ခြင်းဖြစ်တယ်။ သူတို့နဲ့ အတူထိုင်ရင် သူတို့နဲ့အတူတူပဲလို့ သတ်မှတ်ခံရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا عَلَى الَّذِيْنَ يَتَّقُوْنَ مِنْ حِسَابِهِمْ مِّنْ شَيْءٍ وَّلٰكِنْ ذِكْرٰى لَعَلَّهُمْ يَتَّقُوْنَ ﴿٦٩﴾

(၆၉) ထို့ပြင် အပြစ်ရှောင်ကြဉ်သူများအပေါ်တွင် ၎င်း(မုရှ်ရိက်များ)နှင့်ပတ်သက်၍ တစ်စုံတစ်ရာစုံစမ်းစစ်ဆေးရန် တာဝန်မရှိပေ။❷ သို့ရာတွင် သူတို့ အပြစ်ရှောင်ကြဉ်ကြရန်အတွက် (မုသ်သကီတို့အပေါ်တွင်) ဆုံးမသြဝါဒစကားပြောရန် (တာဝန်သာ) ရှိသည်။

❷ မလွှဲမရှောင်သာနဲ့ ကာဖိရ်တွေ မုရှ်ရိက်တွေရဲ့အသိုင်းအဝိုင်းမှာ ထိုင်ခဲ့ရတဲ့ မုသ်သကီကြောက်ရွံ့အပြစ်ရှောင်ကောင်းကျိုးဆောင်သူတွေအပေါ်မှာ အဲဒီကာဖိရ်တွေရဲ့အစ္စလာမ်ကို ပြောင်လှောင်မှုပြုလုပ်ကြတဲ့အပြစ်တွေထဲက တစ်စုံတစ်ရာ အပြစ်ခံရမှာမဟုတ်ဘူး။ ဒါပေမဲ့ အတတ်နိုင်ဆုံး သူတို့ကို ဆုံးမသြဝါဒတော့ ပေးနေရမှာဖြစ်တယ်။ ဖြစ်နိုင်ရင် အာယသ်တွေကို ပြောင်လှောင်မှု ပြုလုပ်နေတဲ့ အသိုင်းအဝိုင်းကနေ ရှောင်ဖယ်သွားခြင်းဟာ အကောင်းဆုံးဖြစ်တယ်။

(မအာရိဖွလ် ကုရ်အာန်၊ အသ်သဖ်စီရွလ် မုယတ်စရ်)။

وَذَرِ الَّذِيْنَ اتَّخَذُوْا دِيْنَهُمْ لَعِبًا وَّلَهْوًا وَّغَرَّتْهُمُ الْحَيٰوةُ الدُّنْيَا وَذَكِّرْ بِهٖٓ اَنْ تُبْسَلَ نَفْسٌۢ بِمَا
كَسَبَتْ ۖ لَيْسَ لَهَا مِنْ دُوْنِ اللّٰهِ وَلِيٌّ وَّلَا شَفِيْعٌ ۚ وَاِنْ تَعْدِلْ كُلَّ عَدْلٍ لَّا يُؤْخَذْ مِنْهَا ۗ
اُولٰٓئِكَ الَّذِيْنَ اُبْسِلُوْا بِمَا كَسَبُوْا ۚ لَهُمْ شَرَابٌ مِّنْ حَمِيْمٍ وَّعَذَابٌ اَلِيْمٌۢ بِمَا كَانُوْا يَكْفُرُوْنَ ﴿٧٠﴾

(၇၀) ထို့ပြင် အသင်သည် အကြင်သူများအား စွန့်ထားလိုက်ပါ။ ထိုသူများသည် သူတို့၏ဒီန်သာသနာကို ကစားစရာ၊ ပျော်ရွှင်စရာအဖြစ် ပြုလုပ်ထားကြသည်။❷ ထို့ပြင် (ဤ)လောကီဘဝသည် သူတို့အား လှည့်ဖြားထားသည်။ ထို့နောက် တစ်စုံတစ်ဦးသည် ၎င်းပြုမူ(ကျူးလွန်)ထားသော အရာများကြောင့် အရေးယူဖျက်ဆီးခြင်း မခံရရန်အတွက် အသင်သည် ၎င်း(ကုရ်အာန်)ဖြင့် ဆုံးမနေပါ။ (ထိုကဲ့သို့ ဖျက်ဆီးခံလိုက်ရပြီဆိုလျှင်) သူ့အတွက် အလ္လာဟ်အရှင်မြတ်မှလွဲ၍ ကိစ္စဟူသမျှကို ဆောင်ရွက်ပေးမည့်သူ၊ ကြားဝင်အသနားခံပေးမည့်သူ ရှိမည်မဟုတ်ပေ။ ၎င်းပြင် အကယ်၍ ထိုသူသည် (ပြစ်ဒဏ်မှလွတ်ရန်) အစားထိုးမှုမှန်သမျှကို အစားထိုးပေးလျှင်လည်း သူ့ထံမှ လက်ခံခြင်းခံရမည် မဟုတ်ပေ။ ထိုသူများပင် သူတို့ပြုမူ(ကျူးလွန်)ထားသောအရာများကြောင့် ဖျက်ဆီးခြင်း ခံလိုက်ကြရပြီဖြစ်သည်။ သူတို့အတွက် သူတို့ ငြင်းပယ်လျက်ရှိခဲ့ခြင်းကြောင့် အလွန်ပူလောင်သောရေမှ သောက်စရာနှင့် အလွန်နာကျင်စေသော ပြစ်ဒဏ် ရှိသည်။

❷ အရှင်မြတ်က သာသနာဝင်တိုင်းအတွက် ပျော်ရွှင်ဖွယ်ရာအီဒ်နေ့ကို သတ်မှတ်ပေးထားတယ်။ သူတို့ဟာ အဲဒီနေ့ကို လေးစားကြပြီး အဲဒီနေ့မှာ အထူးစွလာသ် ဝတ်ပြုကြတယ်။ စည်းကမ်းနည်းစနစ်တွေကိုလည်း သတ်မှတ်ပေးထားတယ်။ အဲဒီနေ့မှာ အရှင်မြတ်ကို သတိရတသလျက် ပျော်ရွှင်မှုတွေ ပြုလုပ်ကြတယ်။ ဒါပေမဲ့ အရင်က ကျမ်းရသူတွေနဲ့ မုရှ်ရိက်တွေဟာ စည်းကမ်းဘောင်ကျော်လွန်ကာ သာသနာမှာ မရှိတဲ့အရာတွေကို တီထွင်ပြီး ပျော်ပွဲရွှင်ပွဲတွေပြုလုပ်ကြတာကို ဆိုလိုတာဖြစ်တယ်။ ဒါပေမဲ့ မွတ်စ်လင်မ်တွေကတော့ အရှင်မြတ် ပြဋ္ဌာန်းထားတဲ့ပုံစံအတိုင်း အီဒ် ပြုလုပ်ကြတာဖြစ်တယ်။ (သဖ်စီရုလ် မနား၅်)

((عَنِ ابْنِ عَبَّاسٍ-رَضِيَ اللهُ عَنْهُ-قَالَ: جَعَلَ اللهُ لِكُلِّ قَوْمٍ عِيدًا يُعَظِّمُونَهُ، وَيُصَلُّونَ فِيهِ، وَيُعَمِّرُونَهُ بِذِكْرِ اللهِ تَعَالَى،
ثُمَّ إِنَّ النَّاسَ-أَكْثَرُهُمْ مِنَ الْمُشْرِكِينَ وَأَهْلِ الْكِتَابِ-اتَّخَذُوا عِيدَهُمْ لَهْوًا وَلَعِبًا، غَيْرَ الْمُسْلِمِينَ،
فَإِنَّهُمُ اتَّخَذُوا عِيدَهُمْ كَمَا شَرَعَهُ اللهُ تَعَالَى.)) تفسير المنار

قُلْ اَنَدْعُوْا مِنْ دُوْنِ اللّٰهِ مَا لَا يَنْفَعُنَا وَلَا يَضُرُّنَا وَنُرَدُّ عَلٰٓى اَعْقَابِنَا بَعْدَ اِذْ هَدٰىنَا اللّٰهُ
كَالَّذِى اسْتَهْوَتْهُ الشَّيٰطِيْنُ فِى الْاَرْضِ حَيْرَانَ ۖ لَهٗٓ اَصْحٰبٌ يَّدْعُوْنَهٗٓ اِلَى الْهُدَى ائْتِنَا ۗ قُلْ
اِنَّ هُدَى اللّٰهِ هُوَ الْهُدٰى ۗ وَاُمِرْنَا لِنُسْلِمَ لِرَبِّ الْعٰلَمِيْنَ ﴿٧١﴾

(၇၁) (အို-တမန်တော်) အသင် ပြောလိုက်ပါ- ငါတို့သည် အလ္လာဟ်

အရှင်မြတ်မှလွဲ၍ ငါတို့ကို အကျိုးလည်းမပြုနိုင်၊ ဒုက္ခလည်းမပေးနိုင်သောအရာများအား ဟစ်ခေါ်တသ(ကိုးကွယ်)ကြရမည်လော။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ငါတို့အား လမ်းမှန်ပို့ဆောင်တော်မူပြီးနောက်တွင် ငါတို့သည် အကြင်သူကဲ့သို့ ကျောခိုင်း၍ ပြန်လှည့်သွားခြင်းခံကြရမည်လော။ ထိုသူအား ရှိုင်သွာန်များသည် ဖြားယောင်းပြီး မျက်စိလည်လမ်းမှားအောင်လုပ်ခဲ့ကြသည့်အတွက် သူသည် ကမ္ဘာမြေတွင် (စိတ်ရှုပ်ထွေးလျက်) တဝဲလည်လည်ဖြစ်နေခဲ့သည်။ သူ့တွင် မိတ်ဆွေများလည်း ရှိသည်။ ၎င်း(မိတ်ဆွေ)တို့သည် သူ့အား လမ်းမှန်ဘက်သို့ "အသင်သည် ကျွန်ုပ်တို့ထံသို့လာပါ"ဟု ဖိတ်ခေါ်နေသည်။ (အို-တမန်တော်) အသင် ပြောလိုက်ပါ- အမှန်စင်စစ် အလ္လာဟ်အရှင်မြတ် ညွှန်ကြားပြသတော်မူသောလမ်းပင် လမ်းမှန်ဖြစ်သည်။ ထို့ပြင် ငါတို့သည် စကြဝဠာအားလုံးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အမိန့်တော်များကို လိုက်နာရန် အမိန့်ပေးတော်မူခြင်း ခံခဲ့ကြရပြီ ဖြစ်သည်။

وَاَنْ اَقِيْمُوا الصَّلٰوةَ وَاتَّقُوْهُ ۗ وَهُوَ الَّذِيْٓ اِلَيْهِ تُحْشَرُوْنَ ﴿٧٢﴾

(၇၂) ထို့ပြင် အသင်တို့သည် စွလာသ်ဝတ်ပြုကြပါ၊ ၎င်းပြင် အသင်တို့သည် အရှင်မြတ်အား ကြောက်ရွံ့ကြပါ(ဟု အမိန့်ပေးခံကြရသည်)။ ၎င်းပြင် အသင်တို့သည် အရှင်မြတ်ထံတော်သို့ပင် စုရုံးခြင်းခံကြရမည်။

وَهُوَ الَّذِيْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ ۗ وَيَوْمَ يَقُوْلُ كُنْ فَيَكُوْنُ ۚ قَوْلُهُ الْحَقُّ ۗ

وَلَهُ الْمُلْكُ يَوْمَ يُنْفَخُ فِي الصُّوْرِ ۗ عٰلِمُ الْغَيْبِ وَالشَّهَادَةِ ۗ وَهُوَ الْحَكِيْمُ الْخَبِيْرُ ﴿٧٣﴾

(၇၃) ထို့ပြင် ထိုအရှင်မြတ်သည် ကောင်းကင်များနှင့် မြေပထဝီကို မှန်ကန်တိကျမှုဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် ထို(ကိယာမသ်)နေ့တွင် အရှင်မြတ်သည်(ကိယာမသ်နေ့အား)"ဖြစ်စေ" ဟု မိန့်ကြားတော်မူမည်။ သို့ဖြစ်ရာ(ကိယာမသ်) ဖြစ်သွားလိမ့်မည်။ အရှင်မြတ်၏စကားတော်သည် မှန်ကန်သောစကားပင်ဖြစ်သည်။ ထို့ပြင် တံပိုးခရာမှုတ်မည့်နေ့တွင် စိုးမိုးအုပ်ချုပ်မှုသည် အရှင်မြတ်၌သာ ရှိတော်မူမည်။❶ (အရှင်မြတ်သည်) အကွယ်နှင့် ရှေ့မှောက်ရှိအရာတို့ကို အလွန်သိရှိတော်မူသောအရှင် ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်၊ အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ အရှင်မြတ်ရဲ့ အုပ်ချုပ်မှုအာဏာဟာ အမြဲအရှင်မြတ်တစ်ပါးတည်းပိုင်ပဲဖြစ်တယ်။ ဒါပေမဲ့

လောကမှာ မစဉ်းစားမဆင်ခြင်တဲ့သူဟာ အရှင်မြတ်ရဲ့အုပ်ချုပ်မှုအာဏာကို ထင်ထင်ရှားရှား မတွေ့နိုင်ဘူး။ ကိယာမသ်ရှင်ပြန်ထမ်မြောက်တဲ့အခါမှာတော့ အရှင်မြတ်ရဲ့အုပ်ချုပ်မှုအာဏာကို မစဉ်းစားမဆင်ခြင်တဲ့သူလည်း မျက်ဝါးထင်ထင်မြင်တွေ့ရမှာဖြစ်တယ်။ ဒါတင်မက အရှင်မြတ်ရဲ့အုပ်ချုပ်မှုအာဏာထဲမှာ တခြားသူတစ်ဦးတစ်ယောက်က တွဲဖက်ပြီး အုပ်ချုပ်တာမျိုးလုံးဝမရှိတာကိုလည်း ထင်ထင်ရှားရှားတွေ့ရမှာဖြစ်တယ်။ စမ်းသပ်တဲ့နေရာ လောကကနေ လွန်မြောက်သွားပြီဖြစ်တဲ့အတွက် အားလုံးကို ထင်ပေါ်အောင်ပြသတော့မှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِذْ قَالَ إِبْرَٰهِيمُ لِأَبِيهِ ءَازَرَ أَتَتَّخِذُ أَصْنَامًا ءَالِهَةً ۖ إِنِّىٓ أَرَىٰكَ وَقَوْمَكَ فِى ضَلَٰلٍ مُّبِينٍ ﴿٧٤﴾

(၇၄) ထို့ပြင် တစ်ခါတွင် (တမန်တော်)အိဗ်ရာဟီမ်သည် ၎င်း၏ဖခင် အာဇရ်ကိုပြောခဲ့သည်-"အသင်သည် ရုပ်တုများကိုကိုးကွယ်ထိုက်သည့်အရှင်များ အဖြစ်ပြုလုပ်သည်လော။ အမှန်စင်စစ် ကျွန်ုပ်သည် အသင်နှင့် အသင်၏အမျိုးသားများအား ထင်ရှားသောလမ်းမှား၌ (ရောက်နေသည်ကို) တွေ့မြင်ရပါသည်။"

وَكَذَٰلِكَ نُرِىٓ إِبْرَٰهِيمَ مَلَكُوتَ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ وَلِيَكُونَ مِنَ ٱلْمُوقِنِينَ ﴿٧٥﴾

(၇၅) ထိုသို့ပင် (တမန်တော်)အိဗ်ရာဟီမ်ကို နက်နဲစွာ ယုံကြည်သောသူများထဲ၌ အပါအဝင်ဖြစ်ရန်အတွက် ငါအရှင်မြတ်သည် ကောင်းကင်များနှင့် မြေပထဝီကို စိုးပိုင်တော်မူကြောင်းပြသတော်မူခဲ့သည်။

فَلَمَّا جَنَّ عَلَيْهِ ٱلَّيْلُ رَءَا كَوْكَبًا ۖ قَالَ هَٰذَا رَبِّى ۖ فَلَمَّآ أَفَلَ قَالَ لَآ أُحِبُّ ٱلْءَافِلِينَ ﴿٧٦﴾

(၇၆) ထို့နောက် ညသည် ၎င်း(တမန်တော်အိဗ်ရာဟီမ်)ကို ဖုံးလွှမ်းသောအခါ ၎င်းသည် ကြယ်တစ်လုံးကို တွေ့မြင်ခဲ့သည်။ ၎င်းက ပြောသည်- "ဤသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်သည်။" ထို့နောက် ၎င်း(ကြယ်)သည် ပျောက်ကွယ်သွားသောအခါ ၎င်းက ပြောဆိုသည်- "ငါသည် ပျောက်ကွယ်သွားသောအရာများကို မနှစ်သက်ပေ။"

فَلَمَّا رَءَا ٱلْقَمَرَ بَازِغًا قَالَ هَٰذَا رَبِّى ۖ فَلَمَّآ أَفَلَ قَالَ لَئِن لَّمْ يَهْدِنِى رَبِّى لَأَكُونَنَّ مِنَ ٱلْقَوْمِ ٱلضَّآلِّينَ ﴿٧٧﴾

(၇၇) ထို့နောက် ၎င်းသည် လကို စတင်ထွက်ပေါ်လာလျက် တွေ့မြင်သောအခါ ပြောဆိုပြန်သည်-"ဤသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင် ဖြစ်သည်။" သို့ရာတွင် ထိုလသည် ပျောက်ကွယ်သွားသောအခါ ၎င်းက ပြောဆိုသည်- "အကယ်၍သာ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ကျွန်ုပ်အား လမ်းမှန်မညွှန်ကြား မပြသခဲ့လျှင် ကျွန်ုပ်သည် လမ်းမှားသူများထဲ၌ အမှန်စင်စစ် အပါအဝင်ဖြစ်သွားမည်။"

فَلَمَّا رَاَ الشَّمْسَ بَازِغَةً قَالَ هٰذَا رَبِّيْ هٰذَآ اَكْبَرُ ۚ فَلَمَّآ اَفَلَتْ قَالَ يٰقَوْمِ اِنِّيْ بَرِيْٓءٌ مِّمَّا تُشْرِكُوْنَ ﴿٧٨﴾

(၇၈) ထို့နောက် ၎င်းက နေကို စတင်ထွက်ပေါ်လာလျက် မြင်ပြန်သော အခါ ၎င်းကပြောဆိုပြန်သည်-“ဤသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ဤသည် အကြီးဆုံးဖြစ်သည်။” ထို့နောက် နေသည်လည်း ပျောက်ကွယ် သွားပြန်သောအခါ ၎င်း(တမန်တော်အိဗ်ရာဟီမ်)က ပြောဆိုသည်- “အို-ငါ၏ အမျိုးသားအပေါင်းတို့၊ အမှန်စင်စစ် ငါသည် အသင်တို့ တွဲဖက်ယှဉ်ပြိုင်ကိုးကွယ် လျက်ရှိကြသောအရာများမှ လုံးဝလွတ်ကင်းသူဖြစ်သည်။”

اِنِّيْ وَجَّهْتُ وَجْهِيَ لِلَّذِيْ فَطَرَ السَّمٰوٰتِ وَالْاَرْضَ حَنِيْفًا وَّمَآ اَنَا مِنَ الْمُشْرِكِيْنَ ﴿٧٩﴾

(၇၉) အမှန်စင်စစ် ငါသည် ငါ၏မျက်နှာလှည့်ခြင်းကို❶ ကောင်းကင် များနှင့် မြေပထဝီကို စတင်ဖန်ဆင်းတော်မူသော အရှင်မြတ်ဘက်သို့သာ တစ် စိတ်တစ်လက်တည်း❷ လှည့်ခဲ့ပြီ ဖြစ်သည်။ ထို့ပြင် ငါသည် တွဲဖက်ယှဉ်ပြိုင် ကိုးကွယ်သူများထဲမှ မဟုတ်ပေ။

❶ အရှင်မြတ်ဘက်ကို မျက်နှာလှည့်ခြင်းဆိုတာ အရှင်မြတ်ရဲ့အမိန့်တော်ကို နာခံခြင်းကို ဆိုလို တယ်။ (အလင်းပြကျမ်း) ❷ တစ်စိတ်တစ်လက်တည်းဆိုတာ လမ်းများကို စွန့်ပယ်ပြီး ဖြောင့်ဖြောင့် မတ်မတ် မှန်ကန်တဲ့ဘက် တစ်ဖက်တည်းကိုပဲ အာရုံစိုက်ခြင်းကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

وَحَآجَّهٗ قَوْمُهٗ ؕ قَالَ اَتُحَآجُّوْٓنِّيْ فِي اللّٰهِ وَقَدْ هَدٰىنِ ؕ وَلَآ اَخَافُ مَا تُشْرِكُوْنَ بِهٖٓ اِلَّآ اَنْ يَّشَآءَ رَبِّيْ شَيْـًٔا ؕ وَسِعَ رَبِّيْ كُلَّ شَيْءٍ عِلْمًا ؕ اَفَلَا تَتَذَكَّرُوْنَ ﴿٨٠﴾

(၈၀) ထို့နောက် ၎င်း၏အမျိုးသားများသည် ၎င်းနှင့် အငြင်းအခုံပြုလုပ် ခဲ့ကြသည်။ ၎င်း(တမန်တော် အိဗ်ရာဟီမ်)က ပြောသည်- အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် စပ်လျဉ်း၍ပင် ငါ့ကို အငြင်းအခုံ ပြုလုပ်ကြသလော။ အမှန်စင်စစ် အရှင်မြတ်သည် ငါ့အား လမ်းမှန်ညွှန်ကြားပြသပြီး ဖြစ်သည်။ ထို့ပြင် ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အလိုရှိသည် မှလွဲ၍❸ အသင်တို့ ယှဉ်တွဲကိုးကွယ်ကြသောအရာများအား မကြောက်ပေ။❹ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အရာအားလုံးကို အသိပညာနှင့် ကျယ် ဝန်းစွာ ဝန်းခြုံလျက်ရှိတော်မူသည်။ သို့ပါလျက် အသင်တို့သည် သတိတရား မရကြလေသလော။

❸ အရှင်မြတ်အလိုတော်ရှိတာကလွဲလို့ ဆိုတာ တကယ်လို့ အရှင်မြတ် အလိုတော်ရှိရင်ကတော့ ကျွန်ုပ်အပြစ်လုပ်ခဲ့ရင် အရှင်မြတ်ဟာ ကျွန်ုပ်ကို အပြစ်ပေးနိုင်တယ်လို့ဆိုလိုတာဖြစ်တယ်။(အလင်း

ပြကျမ်း) ❼ တမန်တော်အိဗ်ရာဟီမ် ﷺရဲ့အမျိုးသားတွေက သူတို့ရဲ့ကိုးကွယ်ရာတွေကို တမန်တော်က မကောင်းပြောနေတဲ့အပေါ် မှာ ၎င်းကို ရှုံးသွပ်သွားလိမ့်မယ်လို့ ခြိမ်းခြောက်ခဲ့ကြတဲ့အခါ တမန်တော် အိဗ်ရာဟီမ် ﷺက အသင်တို့ရဲ့တွဲဖက်ကိုးကွယ်ရာတွေကို မကြောက်ဘူးလို့ပြန်လည်ချေပခဲ့ခြင်းဖြစ်တယ်။ (သွဗ်ရီ)

وَكَيۡفَ اَخَافُ مَاۤ اَشۡرَكۡتُمۡ وَلَا تَخَافُوۡنَ اَنَّكُمۡ اَشۡرَكۡتُمۡ بِاللّٰهِ مَا لَمۡ يُنَزِّلۡ بِهٖ عَلَيۡكُمۡ سُلۡطٰنًا ؕ فَاَىُّ الۡفَرِيۡقَيۡنِ اَحَقُّ بِالۡاَمۡنِ ۚ اِنۡ كُنۡتُمۡ تَعۡلَمُوۡنَ ﴿۸۱﴾

(၈၁) ထို့ပြင် ငါသည် အသင်တို့ တွဲဖက်ကိုးကွယ်ကြသောအရာများကို အဘယ်ကြောင့် ကြောက်ရမည်နည်း။ ၎င်းပြင် အသင်တို့သည် အသင်တို့အပေါ်တွင် အရှင်မြတ်က သက်သေသာဓကတစ်ခုမျှ ချမပေးခဲ့သောအရာများအား အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်နေကြသည်ကို အမှန်ပင် အသင်တို့ မကြောက်ရွံ့ကြပေ။ သို့ဖြစ်ရာ အုပ်စုနှစ်စုထဲမှ မည်သည့်အုပ်စုသည် ငြိမ်းချမ်းမှုနှင့် ပို၍ထိုက်သည်ဆိုသည်ကို အကယ်၍ အသင်တို့ သိကြလျှင်(ပြောပြကြပါ)။

اَلَّذِيۡنَ اٰمَنُوۡا وَلَمۡ يَلۡبِسُوۡۤا اِيۡمَانَهُمۡ بِظُلۡمٍ اُولٰۤـئِكَ لَهُمُ الۡاَمۡنُ وَهُمۡ مُّهۡتَدُوۡنَ ﴿۸۲﴾

(၈၂) အကြင်သူများသည် အီမာန်ယုံကြည်ခဲ့ကြသည်၊ ၎င်းပြင် သူတို့သည် သူတို့၏အီမာန်ယုံကြည်မှုကို ရှိရ်က်တွဲဖက်ကိုးကွယ်မှုဖြင့်❶ ရောနှောခြင်း မပြုခဲ့ကြပေ။ ထိုသူများအတွက်သာ ငြိမ်းချမ်းမှုရှိသည်။ ၎င်းပြင် ထိုသူများသည်သာ လမ်းမှန်ရရှိသောသူများဖြစ်ကြသည်။

❶ ဒီအထဲမှာ ပါဝင်တဲ့ ظُلْم ဇွုလုမ်ရဲ့အဓိပ္ပာယ်ဟာ ပြစ်မှုတွေထဲက အကြီးဆုံးပြစ်မှုကို ဆိုလိုတယ်။ အကြီးဆုံးပြစ်မှုဟာ شِرْك ရှိရ်က် တုဖက်နှိုင်းယှဉ်ကိုးကွယ်ခြင်းဖြစ်တယ်။ ကုရ်အာန်ကျမ်းတော်မြတ်(၃၁း၁၃)မှာ اِنَّ الشِّرْكَ لَظُلْمٌ عَظِيْمٌ "အမှန်စင်စစ် ရှိရ်က်သည် အမှန်ပင် ကြီးမားသောပြစ်မှုဖြစ်သည်" လို့ အမိန့်ရှိထားတယ်။ (သွဗ်ရီ)

وَتِلۡكَ حُجَّتُنَاۤ اٰتَيۡنٰهَاۤ اِبۡرٰهِيۡمَ عَلٰى قَوۡمِهٖ ؕ نَرۡفَعُ دَرَجٰتٍ مَّنۡ نَّشَآءُ ؕ اِنَّ رَبَّكَ حَكِيۡمٌ عَلِيۡمٌ ﴿۸۳﴾

(၈၃) ထို့ပြင် ၎င်း(တမန်တော်၏အမျိုးသားများကို အထောက်အထားပြသောအရာ)သည် ငါအရှင်မြတ်၏သက်သေသာဓကဖြစ်သည်၊ ငါအရှင်မြတ်သည် ၎င်း(သက်သေသာဓက)ကို (တမန်တော်)အိဗ်ရာဟီမ်အား ၎င်း၏အမျိုးသားများနှင့်ဆန့်ကျင်၍ ချီးမြှင့်တော်မူခဲ့သည်။ ငါအရှင်မြတ်သည် ငါအရှင်မြတ် အလိုရှိတော်မူသောသူအား အဆင့်အတန်းများ တိုးမြှင့်ပေးတော်မူသည်။ အမှန်စင်စစ် အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်၊ အရာအားလုံးကို

အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

وَوَهَبۡنَا لَهُۥٓ إِسۡحَٰقَ وَيَعۡقُوبَۚ كُلًّا هَدَيۡنَاۚ وَنُوحًا هَدَيۡنَا مِن قَبۡلُۖ وَمِن ذُرِّيَّتِهِۦ دَاوُۥدَ وَسُلَيۡمَٰنَ
وَأَيُّوبَ وَيُوسُفَ وَمُوسَىٰ وَهَٰرُونَۚ وَكَذَٰلِكَ نَجۡزِي ٱلۡمُحۡسِنِينَ ﴿٨٤﴾

(၈၄) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(အိဗ်ရာဟီမ်)အား(သားတော်) အစ္စဟာက်နှင့် (မြေးတော်)ယအ်ကူဗ်တို့ကို ပေးသနားတော်မူခဲ့သည်။ ငါအရှင်မြတ်သည် (၎င်းတို့)အသီးသီးကို လမ်းမှန်ညွှန်ကြားပြသပို့ဆောင်တော်မူခဲ့သည်။ (ထိုကဲ့သို့ပင်) ငါအရှင်မြတ်သည် ၎င်း(တမန်တော်အိဗ်ရာဟီမ်)၏ မတိုင်မီတွင်ရှိသော(တမန်တော်)နူးဟ်ကိုလည်း လမ်းမှန်ညွှန်ကြားပြသ ပို့ဆောင်တော်မူခဲ့ပြီးဖြစ်သည်။ ထို့ပြင် ၎င်း(တမန်တော်အိဗ်ရာဟီမ်)၏ သားမြေးများထဲမှ(တမန်တော်များဖြစ်သည့်) ဒါဝူဒ်၊ စုလိုင်မာန်၊ အိုင်ယူဗ်၊ ယူစွဖ်၊ မူစာနှင့် ဟာရူန်တို့ကိုလည်း (ငါအရှင်မြတ်က လမ်းမှန်ညွှန်ကြားပြသပို့ဆောင်တော်မူခဲ့သည်)။ ထို့ပြင် ငါအရှင်မြတ်သည် ကောင်းကျိုးပြုလုပ်သူများအား ထိုသို့ပင် အကျိုးပေးလေ့ရှိတော်မူသည်။

وَزَكَرِيَّا وَيَحۡيَىٰ وَعِيسَىٰ وَإِلۡيَاسَۖ كُلٌّ مِّنَ ٱلصَّٰلِحِينَ ﴿٨٥﴾

(၈၅) ထို့ပြင် (တမန်တော်များဖြစ်သည့်)ဇကရိယာ၊ ယဟ်ယာ၊ အီစာနှင့် အိလ်ယာစ်တို့ကိုလည်း (ငါအရှင်မြတ်သည် လမ်းမှန်ညွှန်ကြားပြသပို့ဆောင်တော်မူခဲ့သည်)။ (၎င်းတို့)အသီးသီးသည် ကောင်းမြတ်သောသူတော်စင်များထဲမှ ဖြစ်ကြသည်။

وَإِسۡمَٰعِيلَ وَٱلۡيَسَعَ وَيُونُسَ وَلُوطًاۚ وَكُلًّا فَضَّلۡنَا عَلَى ٱلۡعَٰلَمِينَ ﴿٨٦﴾

(၈၆) (တမန်တော်များဖြစ်သည့်)အစ္စမာအီလ်၊ အလ်ယစအ်၊ ယူနွတ်စ်နှင့် လူသ္ဖ်တို့ကိုလည်း (ငါအရှင်မြတ်က လမ်းမှန်ညွှန်ကြားပြသပို့ဆောင်တော်မူခဲ့သည်)။ ထို့ပြင် ငါအရှင်မြတ်သည် (၎င်းတို့)အသီးသီးကို စကြဝဠာအားလုံးအပေါ်တွင် မြင့်မြတ်ထူးကဲမှုချီးမြှင့်တော်မူခဲ့သည်။

وَمِنۡ ءَابَآئِهِمۡ وَذُرِّيَّٰتِهِمۡ وَإِخۡوَٰنِهِمۡۖ وَٱجۡتَبَيۡنَٰهُمۡ وَهَدَيۡنَٰهُمۡ إِلَىٰ صِرَٰطٖ مُّسۡتَقِيمٖ ﴿٨٧﴾

(၈၇) ထို့ပြင် ၎င်းတို့၏အဘ၊ ဘိုး၊ ဘေးများထဲမှ အချို့နှင့် ၎င်းတို့၏သားမြေးများထဲမှ အချို့အပြင် ၎င်းတို့၏ညီအစ်ကိုများထဲမှ အချို့တို့ကို (ငါအရှင်မြတ်သည် လမ်းမှန်ညွှန်ကြားပြသ ပို့ဆောင်တော်မူခဲ့သည်)။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့ကို ရွေးချယ်တော်မူပြီး ဖြောင့်မတ်မှန်ကန်သော တရား

လမ်းကို ညွှန်ကြားပြသတော်မူခဲ့သည်။

ذٰلِكَ هُدَى اللّٰهِ يَهْدِىْ بِهٖ مَنْ يَّشَآءُ مِنْ عِبَادِهٖ ۗ وَلَوْ اَشْرَكُوْا لَحَبِطَ عَنْهُمْ مَّا كَانُوْا يَعْمَلُوْنَ ﴿٨٨﴾

(၈၈) ၎င်း(တို့အား လမ်းညွှန်ပြသခြင်းခံကြရသော သာသနာ)သည် အလ္လာဟ်အရှင်မြတ်၏တရားတော်ပင်ဖြစ်သည်။ အရှင်မြတ်သည် အရှင်မြတ်၏ ကျွန်များထဲမှ အလိုရှိတော်မူသောသူကို ထိုတရားတော်ဖြင့် လမ်းမှန်ကို ညွှန်ကြားပြသပို့ဆောင်တော်မူသည်။ ထို့နောက် အကယ်၍ သူတို့သည် တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ခဲ့ကြလျှင် သူတို့ပြုလုပ်ခဲ့သော ကောင်းမှုဟူသမျှသည် အမှန်စင်စစ် အချည်းနှီးအကျိုးမဲ့ ဖြစ်သွားခဲ့လိမ့်မည်။

اُولٰٓئِكَ الَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ وَالْحُكْمَ وَالنُّبُوَّةَ ۚ فَاِنْ يَّكْفُرْ بِهَا هٰٓؤُلَآءِ فَقَدْ وَكَّلْنَا بِهَا قَوْمًا لَّيْسُوْا بِهَا بِكٰفِرِيْنَ ﴿٨٩﴾

(၈၉) ထိုသူများပင်၊ ငါအရှင်မြတ်သည် သူတို့ကို ကျမ်းဂန်၊ ပညာဉာဏ်အမြော်အမြင်နှင့် တမန်တော်ဖြစ်ခြင်းတို့ကို ချီးမြှင့်ပေးသနားတော်မူခဲ့သည်။ သို့ဖြစ်ရာ အကယ်၍ ၎င်း(ကာဖိရ်)တို့သည် ယင်း(ကျမ်းဂန်၊ ပညာဉာဏ်အမြော်အမြင်နှင့် တမန်တော်ဖြစ်ခြင်း)တို့ကို ငြင်းပယ်ကြလျှင် အမှန်ပင် ငါအရှင်မြတ်သည် ယင်းတို့ကို မငြင်းပယ်မည့် လူမျိုးများထံသို့ လွှဲအပ်ပေးလိုက်တော်မူမည်။❶

❶ သူတို့က တမန်တော်မြတ် ﷺ ရဲ့ တမန်တော်ဖြစ်ခြင်းကို ငြင်းပယ်ကြမယ်ဆိုရင်လည်း အရေးစိုက်စရာမလိုအောင် အရှင်မြတ်က တမန်တော်မြတ် ﷺ ရဲ့ တမန်တော်ဖြစ်ခြင်းကို ဘယ်တော့မှ မငြင်းပယ်ဘဲ လက်ခံနေမဲ့ အုပ်စုအဖြစ် မုဟာဂျိရ်တွေနဲ့ အန်စွာရ်တွေကို ဖော်ထုတ်ပြီး လွှဲအပ်ပေးထားခဲ့ပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

اُولٰٓئِكَ الَّذِيْنَ هَدَى اللّٰهُ فَبِهُدٰىهُمُ اقْتَدِهْ ؕ قُلْ لَّآ اَسْـَٔلُكُمْ عَلَيْهِ اَجْرًا ؕ اِنْ هُوَ اِلَّا ذِكْرٰى لِلْعٰلَمِيْنَ ﴿٩٠﴾

(၉၀) ထိုသူများသည် အလ္လာဟ်အရှင်မြတ်က သူတို့အား လမ်းမှန်ညွှန်ကြားပြသပို့ဆောင်တော်မူပြီးဖြစ်သည်။ သို့ဖြစ်ရာ အသင် (တမန်တော်)သည်လည်း သူတို့၏လမ်းစဉ်အတိုင်း လိုက်ပါ။ (အို-တမန်တော်)အသင်ပြောလိုက်ပါ- ငါသည် ၎င်း(ကုရ်အာန်ကျမ်းတော်ကို ပို့ချရှင်းပြမှု)နှင့် ပတ်သက်၍ အသင်တို့ထံမှ မည်သည့်အဖိုးအခမျှ မတောင်းဆိုပေ။ ၎င်း(ကုရ်အာန်)သည် စကြဝဠာအားလုံး(ရှိသတ္တဝါအားလုံး)အတွက် ဆုံးမသြဝါဒပင် ဖြစ်သည်။❷

❷ ကုရ်အာန်ကျမ်းတော်မြတ်ဟာ လူမျိုးတစ်မျိုး၊ အုပ်စုတစ်စု၊ နေရာတစ်နေရာအတွက် ဆုံးမသြဝါဒမဟုတ်ဘဲ စကြဝဠာအားလုံးမှာရှိသမျှ သတ္တဝါတွေအားလုံးအတွက်ဖြစ်တယ်ဆိုတာ ထင်ရှား

အောင် အမိန့်ရှိထားခြင်းဖြစ်တယ်။ ခေတ်တစ်ခေတ်တည်းအတွက်လည်းမဟုတ်ဘဲ ကိယာမသ် နေ့အထိဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا قَدَرُوا اللَّهَ حَقَّ قَدْرِهِ إِذْ قَالُوا مَا أَنزَلَ اللَّهُ عَلَىٰ بَشَرٍ مِّن شَيْءٍ ۗ قُلْ مَنْ أَنزَلَ الْكِتَابَ الَّذِي جَاءَ بِهِ مُوسَىٰ نُورًا وَهُدًى لِّلنَّاسِ ۖ تَجْعَلُونَهُ قَرَاطِيسَ تُبْدُونَهَا وَتُخْفُونَ كَثِيرًا ۖ وَعُلِّمْتُم مَّا لَمْ تَعْلَمُوا أَنتُمْ وَلَا آبَاؤُكُمْ ۖ قُلِ اللَّهُ ۖ ثُمَّ ذَرْهُمْ فِي خَوْضِهِمْ يَلْعَبُونَ ﴿٩١﴾

(၉၁) ထို့ပြင် "အလ္လာဟ်အရှင်မြတ်သည် မည်သည့်လူသားအပေါ်မျှ မည်သည့်အရာမျှ ချမပေးခဲ့ပါ"ဟူ၍သူတို့က ပြောဆိုကြသောအခါ သူတို့သည် အလ္လာဟ်အရှင်မြတ်အား လေးစားထိုက်သည်ခန့် မလေးစားခဲ့ကြပေ။ (အို- တမန်တော်) အသင်ပြောလိုက်ပါ- (တမန်တော်)မူစာသည် လူများအတွက် လင်းရောင်ခြည်အဖြစ်နှင့် တရားလမ်းညွှန်အဖြစ် ယူဆောင်လာခဲ့သော ကျမ်းဂန်ကို မည်သူချပေးခဲ့သနည်း။ အသင်တို့သည် ၎င်း(ကျမ်းဂန်)ကို ရေးမှတ်စရာများအဖြစ် ပြုလုပ်(ရေးသား)ထားခဲ့ကြသည်။ အသင်တို့သည် ၎င်း(ကျမ်းဂန်၏ အချို့)ကို ဖော်ထုတ်ပြသကြပြီး အများအပြားကိုမူ ထိမ်ချန်လျှို့ဝှက်ထားကြသည်။ ထို့ပြင် အသင်တို့သည် အသင်တို့နှင့် အသင်တို့၏အဘ၊ ဘိုး၊ ဘေးများ မသိရှိခဲ့ကြသောအရာများကို သင်ကြားပို့ချခြင်းခံခဲ့ကြရသည်။ (အို- တမန်တော်) အသင်ကပင် ပြောလိုက်ပါ- "အလ္လာဟ်အရှင်မြတ်သည်ပင် (ထိုကျမ်းဂန်ကို ချပေးတော်မူသောအရှင်) ဖြစ်တော်မူသည်။" ထို့နောက် အသင်သည် သူတို့အား (သူတို့၏အကျိုးမဲ့ မှားယွင်းစွာ ပြောဆိုမှုများထဲ၌) နစ်မွန်းပြောဆို ကစားနေကြသည့်အတိုင်းသာ စွန့်ပစ်ထားလိုက်ပါ။

وَهَٰذَا كِتَابٌ أَنزَلْنَاهُ مُبَارَكٌ مُّصَدِّقُ الَّذِي بَيْنَ يَدَيْهِ وَلِتُنذِرَ أُمَّ الْقُرَىٰ وَمَنْ حَوْلَهَا ۚ وَالَّذِينَ يُؤْمِنُونَ بِالْآخِرَةِ يُؤْمِنُونَ بِهِ ۖ وَهُمْ عَلَىٰ صَلَاتِهِمْ يُحَافِظُونَ ﴿٩٢﴾

(၉၂) ထို့ပြင် ဤ(ကုရ်အာန်)သည် ငါအရှင်မြတ်ချပေးတော်မူခဲ့သော ကျမ်းဂန်ဖြစ်သည်။[1] (ဤကျမ်းဂန်သည်) ဗရကာသ်မင်္ဂလာ[2]ဖြင့် ပြည့်စုံပြီး ၎င်းမတိုင်မီက ကျမ်းဂန်များကိုလည်း (အလ္လာဟ်အရှင်မြတ်ထံတော်မှ ထုတ်ပြန်ချမှတ်ပေးတော်မူကြောင်း) ထောက်ခံအတည်ပြုသော ကျမ်းဂန်ဖြစ်သည်။ ထို့ပြင် အသင်သည် (ထိုကျမ်းဂန်နှင့်) မက္ကဟ်မြို့[3](သားများ)နှင့် ထိုမြို့၏ ပတ်ဝန်းကျင်၌[4]ရှိသော သူများကိုသတိပေးနှိုးဆော်ရန် ဖြစ်သည်။ ထို့ပြင် တမလွန်ဘဝကို ယုံကြည်သောသူများသည် ၎င်း(ကုရ်အာန်ကျမ်း)ကို ယုံကြည်ကြသည်။

ထို့ပြင် သူတို့သည် သူတို့၏စွလာသ်ဝတ်ပြုမှုကို ထိန်းသိမ်းဆောက်တည်ကြသည်။[5]

[1] သောင်ရာသ် ၊ ဇဗူရ်၊ အင်န်ဂျီလ်ကျမ်းတွေကို အရှင်မြတ်ချပေးခဲ့သလို ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်း အရှင်မြတ်ကပဲ တမန်တော်မြတ်မုဟမ္မဒ် ﷺ အပေါ်မှာ ချပေးတော်မူခဲ့ခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) [2] ဗရကာသ်ရှိတဲ့အရာဆိုတာ ကောင်းကျိုးချမ်းသာအပြည့်ရှိတဲ့အရာကို ဆိုလိုတယ်။(အလင်းပြကျမ်း) [3] အွမ္မုလ်ကုရာ "မြို့ရွာတွေရဲ့မိခင်" ဆိုတာ မက္ကဟ်မြို့ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာပေါ်မှာ ရှိသမျှ မြို့ရွာတွေဟာ အဲဒီမြို့ဘက်ကို ကိဗ်လဟ်အဖြစ်နဲ့ လှည့်ရတာတစ်ကြောင်းနဲ့ အဲဒီမြို့မှာ ဟဂျ်ပြုလုပ်ဖို့ သားသမီးတွေဟာ မိခင်ထံမှာ လာရောက်စုရုံးရသလို စုရုံးရတာတစ်ကြောင်းကြောင့် မြို့ရွာတွေရဲ့မိခင်လို့ ခေါ်တွင်ခြင်းဖြစ်တယ်။(မအာရိဖွလ်ကုရ်အာန်) [4] အဲဒီမြို့ရဲ့ပတ်ဝန်းကျင်ဆိုတာ အနီးအဝေးမှာရှိသမျှမြို့ ရွာအားလုံးပါဝင်တဲ့အတွက် ကမ္ဘာပေါ်မှာရှိသမျှ မြို့ရွာအားလုံးကို ဆိုလိုတယ်။(မအာရိဖွလ် ကုရ်အာန်) [5] တမလွန်ဘဝနဲ့ ကုရ်အာန်ကိုယုံကြည်တဲ့သူတွေဟာ စွလာသ်ကို စွဲစွဲမြဲမြဲ ဝတ်ပြုကြတယ်။ (အလင်းပြကျမ်း)

وَمَنْ اَظْلَمُ مِمَّنِ افْتَرٰى عَلَى اللّٰهِ كَذِبًا اَوْ قَالَ اُوْحِيَ اِلَيَّ وَلَمْ يُوْحَ اِلَيْهِ شَيْءٌ وَّمَنْ قَالَ سَاُنْزِلُ مِثْلَ مَآ اَنْزَلَ اللّٰهُ ۗ وَلَوْ تَرٰى اِذِ الظّٰلِمُوْنَ فِيْ غَمَرٰتِ الْمَوْتِ وَالْمَلٰٓئِكَةُ بَاسِطُوْٓا اَيْدِيْهِمْ ۚ اَخْرِجُوْٓا اَنْفُسَكُمْ ۗ اَلْيَوْمَ تُجْزَوْنَ عَذَابَ الْهُوْنِ بِمَا كُنْتُمْ تَقُوْلُوْنَ عَلَى اللّٰهِ غَيْرَ الْحَقِّ وَكُنْتُمْ عَنْ اٰيٰتِهٖ تَسْتَكْبِرُوْنَ ﴿٩٣﴾

(၉၃) ထို့ပြင် အကြင်သူထက် ပို၍မတရားသူသည် မည်သူရှိသနည်း။ ထိုသူသည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် မုသားပြောဆိုလုပ်ကြံစွပ်စွဲသည်။[6] သို့မဟုတ် ထိုသူသည် သူ၏ထံသို့ မည်သည့်အမိန့်တစ်ခုမျှ ချပေးခြင်းမခံရဘဲနှင့် ကျွန်ုပ်ထံသို့ ဝဟီအမိန့်တော်ချပေးခြင်းခံရသည်ဟု ပြောဆိုသည်။[7] ထို့ပြင် (အကြင်သူထက် ပို၍မတရားသူသည် မည်သူရှိသနည်း) ထိုသူသည် အလ္လာဟ်အရှင်မြတ် ချပေးတော်မူခဲ့သောအရာ(အာယသ်တော်များ)ကဲ့သို့ ကျွန်ုပ်လည်း မကြာမီ ချပေးမည်ဟု ပြောဆိုသည်။ အကယ်၍ အသင်(တမန်တော်)သည် အကြင်အခါ၌ တွေ့မြင်နိုင်လျှင် ကောင်းလေစွပင်၊ ထိုအခါ၌ မတရားလုပ်သူများသည် သေခြင်း၏ပြင်းထန်(စွာ ခံစားရ)မှုများတွင် ရှိနေကြလိမ့်မည်။ ထို့ပြင် ကောင်းကင်တမန်များသည် သူတို့၏လက်များကိုဖြန့်လျက်(ဤသို့ပြောကြမည်) "အသင်တို့သည် အသင်တို့၏အသက်များအား ထုတ်(ပေး)ကြပါ။[8] ယနေ့၌မူ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မဟုတ်မမှန် လုပ်ကြံပြောဆိုကြသည်သာမက အရှင်မြတ်၏ သက်သေလက္ခဏာများမှ မာနထောင် လွှားနေခဲ့ကြသည့်အတွက်ကြောင့် သေးသိမ်စေသောပြစ်ဒဏ်ကို အစားပေးခြင်းခံကြရမည်။"

[6] အရှင်မြတ်က ဘာကျမ်းမှ ချမပေးဘူး၊ ပြီးတော့ အရှင်မြတ်ဟာ လူသားတမန်တော်မစေလွှတ်

ဘူးလို့ လုပ်ကြံစွပ်စွဲမှု ပြုလုပ်ကြတာကို ဆိုလိုတယ်။ (အလင်းပြကျမ်း) ❷ နဗီမဟုတ်ဘဲ ဝဟီကျ လာတယ်လို့ ပြောဆိုခြင်းဟာ နဗီအတုကြေညာသလိုပဲဖြစ်တယ်။ ဒါဟာ အကြီးမားဆုံး မတရားမှု ဖြစ်တယ်။(အလင်းပြကျမ်း) ❸ အသက်တွေ ထုတ်ပေးကြလို့ပြောဆိုခြင်းဟာ ပိုပြီးခံစားရအောင် ကြိမ်းမောင်းခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدْ جِئْتُمُونَا فُرَادَىٰ كَمَا خَلَقْنَاكُمْ أَوَّلَ مَرَّةٍ وَتَرَكْتُم مَّا خَوَّلْنَاكُمْ وَرَاءَ ظُهُورِكُمْ ۖ وَمَا نَرَىٰ مَعَكُمْ شُفَعَاءَكُمُ الَّذِينَ زَعَمْتُمْ أَنَّهُمْ فِيكُمْ شُرَكَاءُ ۚ لَقَد تَّقَطَّعَ بَيْنَكُمْ وَضَلَّ عَنكُم مَّا كُنتُمْ تَزْعُمُونَ ﴿٩٤﴾

(၉၄) ထို့ပြင် အသင်တို့သည် ငါအရှင်မြတ်ထံတော်သို့ ပထမအကြိမ် ငါအရှင်မြတ် အသင်တို့အား ဖန်ဆင်းတော်မူခဲ့သည့်အတိုင်းပင် တစ်ဦးစီ၊ တစ်ဦး စီ (သေဆုံးလျက်) အမှန်ပင်လာကြပြီ ဖြစ်သည်။❶ ထို့ပြင် အသင်တို့သည် ငါ အရှင်မြတ်က အသင်တို့အား ပေးသနားတော်မူခဲ့သောအရာ(ပစ္စည်းဥစ္စာ)များ ကိုလည်း အသင်တို့၏နောက်တွင် စွန့်ထားခဲ့ကြပြီဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ် သည် အသင်တို့နှင့် အတူတကွ အသင်တို့ကို ကြားဝင်အသနားခံပေးမည့်အကြင် သူများကိုလည်း မတွေ့မြင်ပေ၊ အမှန်စင်စစ် ထိုသူများသည်သာ အသင်တို့၏ အရေးကိစ္စများတွင် (ငါအရှင်မြတ်နှင့်)ဖက်စပ်ပါဝင်သောသူများဖြစ်ကြသည်ဟု အသင်တို့ ထင်မြင်ယူဆခဲ့ကြသည်။ (ယခုမူ) အသင်တို့၏စပ်ကြားတွင် အမှန် ပင် အဆက်ပြတ်သွားပြီဖြစ်သည်။ ထို့ပြင် အသင်တို့ ထင်မြင်ယူဆခဲ့ကြသော အရာသည်လည်း အသင်တို့ထံမှ ပျောက်ကွယ်သွားပြီ ဖြစ်သည်။

❶ လောကမှာနေစဉ် အဖော်တွေနဲ့ ဥစ္စာတွေ အများကြီးရှိကြပေမဲ့ သေဆုံးတဲ့အခါ မွေးလာတုန်း ကလိုပဲ ဘာမှမပါဘဲနဲ့ တစ်ဦးချင်းစီ သေဆုံးရခြင်းကို ဆိုလိုတယ်။ (ကုရ်အာန် - ၆း၉၄)

إِنَّ اللَّهَ فَالِقُ الْحَبِّ وَالنَّوَىٰ ۖ يُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَمُخْرِجُ الْمَيِّتِ مِنَ الْحَيِّ ۚ ذَٰلِكُمُ اللَّهُ فَأَنَّىٰ تُؤْفَكُونَ ﴿٩٥﴾

(၉၅) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အစေ့အဆန်ကိုခွဲပြီး အညှောက်ထွက်စေတော်မူသော အရှင်ပင် ဖြစ်တော်မူသည်။❶ အရှင်မြတ်ပင် သက်ရှိ(သတ္တဝါ)ကို သက်မဲ့(အရာ)မှ ထုတ်တော်မူသည်။ ၎င်းပြင် အရှင်မြတ် သည်ပင် သက်မဲ့(အရာ)ကို သက်ရှိ(သတ္တဝါ)မှ ထုတ်တော်မူသော အရှင်မြတ် လည်းဖြစ်တော်မူသည်။ ထိုအရှင်သည် အလ္လာဟ်အရှင်မြတ်ပင်ဖြစ်သည်။ သို့ ဖြစ်ပါလျက် အသင်တို့သည် အဘယ်သို့ ပြန်လှည့်သွားကြသနည်း။

❶ သစ်စေ့၊ မျိုးစေ့တွေကနေ အညှောက်ထွက်ပြီး သစ်ပင်ပေါက်စေနိုင်တဲ့ အစွမ်းသတ္တိကို အရှင်

မြတ်ကပဲ ထည့်ပေးထားတာဖြစ်တယ်။ (၃း၂၇)ရဲ့အောက်ခြေ ၃ကိုကြည့်ပါ။ (အလင်းပြကျမ်း)

فَالِقُ الْإِصْبَاحِ ۚ وَجَعَلَ اللَّيْلَ سَكَنًا وَالشَّمْسَ وَالْقَمَرَ حُسْبَانًا ۚ ذَٰلِكَ تَقْدِيرُ الْعَزِيزِ الْعَلِيمِ ﴿٩٦﴾

(၉၆) (အရှင်မြတ်သည်) အလင်းကို ခွဲထုတ်ပေးတော်မူသောအရှင် ဖြစ်တော်မူသည်။❶ ထို့ပြင် အရှင်မြတ်သည်ပင် ညအချိန်ကို (သတ္တဝါအားလုံး) အနားယူရန် ပြုလုပ်ထားတော်မူသည်။❷ ထို့ပြင် နေနှင့်လတို့ကိုလည်း (အချိန်) တိုင်းတာတွက်ချက်ရန် ပြုလုပ်ထားတော်မူသည်။❸ ၎င်း(အရာများ)သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်၏ စီမံခန့်ခွဲမှုပင်ဖြစ်သည်။

❶ အရှင်မြတ်ပဲ အမှောင်ထဲကနေ အလင်းကို ပေါ်ထွက်စေတာဖြစ်တယ်။ (အလင်းပြကျမ်း) ❷ သတ္တဝါတွေဟာ နေ့အချိန်မှာ အလုပ်လုပ်ပြီး မောပန်းမှုကိုဖြေဖျောက်ဖို့အတွက် ညကို အရှင်မြတ်က ဖန်ဆင်းပေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း) ❸ နေနဲ့ လကို အကြောင်းပြုပြီး အချိန်နာရီ၊ နေ့၊ ရက်၊ လ၊ နှစ်တို့ကို ရေတွက်နိုင်အောင် အတိအကျ လှည့်ပတ်မှုတွေနဲ့ ပတ်လမ်းတွေကို အရှင်မြတ်က စီမံသတ်မှတ်ပေးထားခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَهُوَ الَّذِي جَعَلَ لَكُمُ النُّجُومَ لِتَهْتَدُوا بِهَا فِي ظُلُمَاتِ الْبَرِّ وَالْبَحْرِ ۗ قَدْ فَصَّلْنَا الْآيَاتِ لِقَوْمٍ يَعْلَمُونَ ﴿٩٧﴾

(၉၇) ထို့ပြင် အရှင်မြတ်သည် ကြယ်များအား အသင်တို့အတွက် ကုန်းမြေနှင့် ပင်လယ်၏အမှောင်များထဲတွင် အသင်တို့ လမ်းမှန်ရရှိစေရန် ပြုလုပ်တော်မူခဲ့သည်။❶ အမှန်စင်စစ် ငါအရှင်မြတ်သည် သက်သေသာဓကများကို သိနားလည်သောသူများအတွက် အသေးစိတ် ရှင်းလင်းပြသတော်မူသည်။

❶ ကြယ်တွေကိုကြည့်ပြီး အလင်းရောင်လည်းရသလို လူသားတွေ သွားရမဲ့လမ်းတွေကိုလည်း မှတ်မိနိုင်အောင် အရှင်မြတ်က စီစဉ်ပေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَهُوَ الَّذِي أَنْشَأَكُمْ مِنْ نَفْسٍ وَاحِدَةٍ فَمُسْتَقَرٌّ وَمُسْتَوْدَعٌ ۗ قَدْ فَصَّلْنَا الْآيَاتِ لِقَوْمٍ يَفْقَهُونَ ﴿٩٨﴾

(၉၈) ထို့ပြင် အရှင်မြတ်သည် အသင်တို့အား လူတစ်ဦးတည်းမှပေါက်ဖွားစေတော်မူခဲ့သောအရှင်မြတ်ပင် ဖြစ်တော်မူသည်။❶ ထို့နောက် ကြာရှည် နေရမည့်နေရာတစ်ခု (တမလွန်ဘဝ)နှင့် ခေတ္တနေရမည့် နေရာတစ်ခု (လောကီဘဝ)(ပြုလုပ်ပေးတော်မူခဲ့သည်)။❷ အမှန်စင်စစ် ငါအရှင်မြတ်သည် အသိဉာဏ်ရှိသောသူများအတွက် သက်သေသာဓကများကို အသေးစိတ် ရှင်းလင်းပြသခဲ့ပြီးဖြစ်သည်။

❶ အရှင်မြတ်က လူသားအားလုံးကို တစ်ဦးတည်း ဖခင်ဖြစ်တဲ့ အာဒမ် عليه السلام ကနေ စတင်ဖန်ဆင်းထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) ❷ ကြာရှည်နေရမဲ့နေရာဆိုတာ တမလွန်ဘဝဖြစ်ပြီး ခဏနေရမဲ့နေရာဟာ လောကဖြစ်တယ်လို့လည်း ဖွင့်ဆိုကြတယ်။ တခြားဖွင့်ဆိုချက်တွေလည်းရှိ

တယ်။ (သွင်ဝိရီ)

وَهُوَ الَّذِيٓ اَنْزَلَ مِنَ السَّمَآءِ مَآءً ۚ فَاَخْرَجْنَا بِهٖ نَبَاتَ كُلِّ شَيْءٍ فَاَخْرَجْنَا مِنْهُ خَضِرًا
نُّخْرِجُ مِنْهُ حَبًّا مُّتَرَاكِبًا ۚ وَمِنَ النَّخْلِ مِنْ طَلْعِهَا قِنْوَانٌ دَانِيَةٌ وَّجَنّٰتٍ مِّنْ اَعْنَابٍ
وَّالزَّيْتُوْنَ وَالرُّمَّانَ مُشْتَبِهًا وَّغَيْرَ مُتَشَابِهٍ ۗ اُنْظُرُوْٓا اِلٰى ثَمَرِهٖٓ اِذَآ اَثْمَرَ وَيَنْعِهٖ ۗ اِنَّ فِيْ
ذٰلِكُمْ لَاٰيٰتٍ لِّقَوْمٍ يُّؤْمِنُوْنَ ﴿٩٩﴾

(၉၉) ထို့ပြင် အရှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းချပေးတော်မူခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် ၎င်း(မိုးရေ)ဖြင့် ကောက်ပဲသီးနှံအညှောက်မျိုးစုံကို ထွက်ပေါ်စေတော်မူခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် ၎င်း(အညှောက်)မှ စိမ်းစိုသော အကိုင်းအခက်ကို ထွက်စေတော်မူသည်။ ငါအရှင်မြတ်သည် ၎င်း(အကိုင်းအခက်)မှ ပွတ်သိပ်နေသော အစေ့အဆန်များကို ထွက်စေတော်မူသည်။ ထို့ပြင် စွန်ပလွံပင်၏အဖူးဝတ်ဆံများမှတွဲလောင်းကျနေသောအခိုင်များ(ထွက်စေသည်)။ ၎င်းပြင် (ငါအရှင်မြတ်သည်) စပျစ်ခြံများ၊ သံလွင်သီး၊ သလဲသီးများကိုလည်း (ဖန်ဆင်းတော်မူခဲ့သည်)။ ၎င်းတို့သည် (အချင်းချင်း ပုံစံ)တူလျက်ရှိကြပြီး (အရသာတွင်) ကွဲပြားလျက်ရှိကြသည်။❶ အသင်တို့သည် ထိုအပင်များ သီးသောအခါနှင့် မှည့်သောအခါတွင် ထိုအသီးများအား ကြည့်ကြပါ။ အမှန်စင်စစ် ၎င်းတို့ထဲ၌ ယုံကြည်သောသူများအတွက် သက်သေသာဓကများရှိသည်။

❶ အရှင်မြတ်က ကောင်းကင်ကနေ မိုးရွာသွန်းချပေးလိုက်တဲ့အခါ ရေတစ်မျိုးတည်းပဲဖြစ်ပေမဲ့ မြေပေါ်မှာ ပေါက်ရောက်လာတဲ့ သစ်ပင်တွေကတော့ အမျိုးတူတာတွေပေါက်ရောက်သလို မတူတာတွေလည်း ပေါက်ရောက်ခဲ့တယ်။ အဲဒါတွေကို ကြည့်ရင် အရှင်မြတ်ရဲ့သက်သေသာဓကတွေ တွေ့ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَجَعَلُوْا لِلّٰهِ شُرَكَآءَ الْجِنَّ وَخَلَقَهُمْ وَخَرَقُوْا لَهٗ بَنِيْنَ وَبَنٰتٍۢ بِغَيْرِ عِلْمٍ ۗ سُبْحٰنَهٗ وَتَعٰلٰى عَمَّا
يَصِفُوْنَ ﴿١٠٠﴾

(၁၀၀) ထို့နောက် သူတို့သည် အလ္လာဟ်အရှင်မြတ်၏တွဲဖက်များအဖြစ် ဂျင်န်သတ္တဝါများကို ပြုလုပ်ခဲ့ကြသည်။❷ ထို့ပြင်(အမှန်မှာ) အရှင်မြတ်သည်ပင် သူတို့အား ဖန်ဆင်းတော်မူခဲ့ခြင်းဖြစ်သည်။ (ဂျင်န်များက သူတို့ကို ဖန်ဆင်းခဲ့သည်မဟုတ်ပေ)။ ထို့ပြင် သူတို့သည် မသိနားမလည်ဘဲနှင့် အလ္လာဟ်အရှင်မြတ်တွင် သားများသမီးများရှိသည်ဟု လုပ်ကြံစွပ်စွဲပြောဆိုကြသည်။ အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူသည်။ ၎င်းပြင် အရှင်မြတ်သည်

သူတို့ စွပ်စွဲပြောဆိုကြသည်များမှ အလွန်မြင့်မားထွတ်မြတ်လှတော်မူသည်။

❾ ဂျင်န်တွေကို အရှင်မြတ်နဲ့ ယှဉ်တွဲပြီး မုရှ်ရိက်တွေက ကိုးကွယ်ကြတယ်။ တကယ်တော့ ဂျင်န်တွေဟာ ဖန်ဆင်းရှင်တွေမဟုတ်ဘဲ အဖန်ဆင်းခံတွေသာဖြစ်တယ်။ (အလင်းပြကျမ်း)

بَدِيعُ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۖ أَنَّىٰ يَكُونُ لَهُۥ وَلَدٌ وَلَمْ تَكُن لَّهُۥ صَٰحِبَةٌ ۖ وَخَلَقَ كُلَّ شَىْءٍ ۖ وَهُوَ بِكُلِّ شَىْءٍ عَلِيمٌ ﴿١٠١﴾

(၁၀၁) (အရှင်မြတ်သည်) ကောင်းကင်များနှင့်မြေပထဝီကို ဆန်းကြယ်စွာ စတင်ဖန်ဆင်းတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။ အရှင်မြတ်၌ ကြင်ရာမရှိဘဲနှင့် မည်ကဲ့သို့ အရှင်မြတ်တွင် သားသမီးရှိမည်နည်း။❿ ၎င်းပြင် အရှင်မြတ်ပင် အရာအားလုံးကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်ပင် အရာအားလုံးကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

❿ ကြင်ရာရှိကြောင်း သက်သေသာဓကမရှိဘဲနဲ့ အရှင်မြတ်မှာ သားသမီးရှိတယ်လို့ပြောခြင်းဟာ လုပ်ကြံစွပ်စွဲမှုပဲဖြစ်တယ်။ (အလင်းပြကျမ်း)

ذَٰلِكُمُ ٱللَّهُ رَبُّكُمْ ۖ لَآ إِلَٰهَ إِلَّا هُوَ ۖ خَٰلِقُ كُلِّ شَىْءٍ فَٱعْبُدُوهُ ۚ وَهُوَ عَلَىٰ كُلِّ شَىْءٍ وَكِيلٌ ﴿١٠٢﴾

(၁၀၂) ထိုအရှင်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ထိုက်သောအရှင် မရှိပေ။ (ထိုအရှင်မြတ်သည်) အရာရာကို ဖန်ဆင်းတော်မူသော အရှင်ဖြစ်တော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် အရှင်မြတ်ကိုသာ ကိုးကွယ်ကြပါ။ ထို့ပြင် အရှင်မြတ်သည် အရာအားလုံးကို စီမံခန့်ခွဲပြီးမြောက်စေတော်မူသော အလွန်ယုံပုံလွှဲအပ်ခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူသည်။

لَّا تُدْرِكُهُ ٱلْأَبْصَٰرُ وَهُوَ يُدْرِكُ ٱلْأَبْصَٰرَ ۖ وَهُوَ ٱللَّطِيفُ ٱلْخَبِيرُ ﴿١٠٣﴾

(၁၀၃) မျက်စိများသည် အရှင်မြတ်ကို ခြုံငုံကြည့်မြင်နိုင်ခြင်းမရှိပေ။❶ အရှင်မြတ်ကမူ မျက်စိများကို ခြုံငုံကြည့်မြင်နေလျက်ရှိတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အလွန်နူးညံ့သိမ်မွေ့တော်မူသောအရှင်၊ အကြွင်းမဲ့ကြားသိတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ လူသားတွေဟာ ဒီလောကမှာ အလ္လာဟ်အရှင်မြတ်ကို ဖူးတွေ့ မြင်နိုင်တဲ့အင်အားမရှိဘူး။ ဒါပေမဲ့ အရှင်မြတ်ကတော့ လူသားတွေကိုရော ကျန်အဖန်ဆင်းခံအားလုံးကိုပါ တစ်ခုမကျန် လွှမ်းခြုံမြင်နိုင်တော်မူတယ်။ (အလင်းပြကျမ်း)

قَدْ جَآءَكُم بَصَآئِرُ مِن رَّبِّكُمْ ۖ فَمَنْ أَبْصَرَ فَلِنَفْسِهِۦ ۖ وَمَنْ عَمِىَ فَعَلَيْهَا ۚ وَمَآ أَنَا۠ عَلَيْكُم بِحَفِيظٍ ﴿١٠٤﴾

(၁၀၄) အမှန်စင်စစ် အသင်တို့ထံသို့ အသင်တို့အား ဖန်ဆင်းမွေးမြူ

တော်မူသောအရှင်မြတ်ထံတော်မှ သက်သေခံအထောက်အထားများ ရောက်ရှိလာပြီဖြစ်သည်။ သို့ဖြစ်ရာ မည်သူမဆို (ထိုအရာများကို)မြင်လျှင် သူ့အတွက် အကျိုးရှိမည်။ ၎င်းပြင် မည်သူမဆို မျက်စိကန်းနေလျှင် သူ့အတွက်သာ ဆုံးရှုံးမှု ရှိမည်။❶ ၎င်းပြင် ကျွန်ုပ်(တမန်တော်)သည် အသင်တို့အပေါ်တွင် ကြီးကြပ်အုပ်ထိန်းသူမဟုတ်ပေ။❷

❶ လူသားတွေအတွက် အရှင်မြတ်ကို သိစေနိုင်တဲ့ တန်ခိုးတော်တွေကို ပြသထားတယ်။ အဲဒါတွေကို သိမြင်မယ်ဆိုရင် အရှင်မြတ်ကို သိမှာဖြစ်ပြီး သူ့အတွက် အကျိုးရှိသွားမှာဖြစ်တယ်။ အဲဒါတွေကို စဉ်းစားဆင်ခြင်မှုမပြုလို့ မသိမြင်ဘဲ မျက်စိကန်းသလိုဖြစ်နေခဲ့ရင် သူ့အတွက်ပဲ နစ်နာမှာဖြစ်တယ်။(အလင်းပြကျမ်း) ❷ တမန်တော်မြတ် ﷺ ဟာ အရှင်မြတ်ရဲ့အမိန့်တော်တွေကို ပို့ချပေးသူနဲ့ သတိပေးနှိုးဆော်သူသာဖြစ်ပြီး လူတွေရဲ့အရေးကိစ္စဟူသမျှကို ကြီးကြပ်ကွပ်ကဲ ထိန်းသိမ်းစောင့်ရှောက်တဲ့သူဟာ အလ္လာဟ်အရှင်မြတ်ပဲ ဖြစ်တော်မူတယ်။ (အလင်းပြကျမ်း)

وَكَذَٰلِكَ نُصَرِّفُ الْآيَاتِ وَلِيَقُولُوا دَرَسْتَ وَلِنُبَيِّنَهُ لِقَوْمٍ يَعْلَمُونَ ﴿١٠٥﴾

(၁၀၅) ထို့ပြင် ထိုကဲ့သို့ပင် ငါအရှင်မြတ်သည် သက်သေလက္ခဏာများကို အမျိုးမျိုးပြောင်းလဲရှင်းလင်းပြသတော်မူသည်။ ထို့ပြင် (ထိုကဲ့သို့ရှင်းလင်းပြသရခြင်းသည်) ကာဖိရ်များက “အသင်(တမန်တော်)သည် သင်ယူထားသည်” ဟု ပြောဆိုကြရန်အတွက်နှင့် ငါအရှင်မြတ်သည် ၎င်း(ကုရ်အာန်)ကို အသိရှိသောသူများအတွက် ရှင်းလင်းထင်ရှားစွာ ပြသတော်မူရန်အတွက် ဖြစ်သည်။

اتَّبِعْ مَا أُوحِيَ إِلَيْكَ مِن رَّبِّكَ ۖ لَا إِلَٰهَ إِلَّا هُوَ ۖ وَأَعْرِضْ عَنِ الْمُشْرِكِينَ ﴿١٠٦﴾

(၁၀၆) အသင်(တမန်တော်)သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အသင့်ထံချပေးခြင်းခံရသောဝဟီအမိန့်တော်များကို လိုက်နာပြီးနေပါ။ ထိုအရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ထိုက်သောအရှင်မရှိပေ။ ၎င်းပြင် အသင်သည် မုရှ်ရိက်များဘက်မှ မျက်နှာလွှဲပြီးနေပါ။

وَلَوْ شَاءَ اللَّهُ مَا أَشْرَكُوا ۗ وَمَا جَعَلْنَاكَ عَلَيْهِمْ حَفِيظًا ۖ وَمَا أَنتَ عَلَيْهِم بِوَكِيلٍ ﴿١٠٧﴾

(၁၀၇) ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူခဲ့လျှင် သူတို့သည် ရှိရ်က်တွဲဖက်ကိုးကွယ်ခြင်းကို ပြုလုပ်ကြမည်မဟုတ်ပေ။❸ ထို့ပြင် ငါအရှင်မြတ်သည် အသင့်အား သူတို့အပေါ်၌ ကြီးကြပ်အုပ်ထိန်းသူအဖြစ် ခန့်အပ်ထားသည်မဟုတ်ပေ။ ထို့ပြင် အသင်သည် သူတို့အတွက် တာဝန်ခံလည်းမဟုတ်ပေ။

❸ အရှင်မြတ်အလိုရှိတော်မူရင် လူသားအားလုံးကို အရှင်မြတ်ကို ယုံကြည်သူတွေချည်းပဲ ဖြစ်အောင် ပြုလုပ်နိုင်တယ်။ ဒါပေမဲ့ အရှင်မြတ်ဟာ အဲဒီလို အတင်းအကျပ်လုပ်မှ လက်ခံတာမျိုးကို အလိုမရှိတဲ့အတွက် ကိုယ့်စိတ်သဘောနဲ့လက်ခံနိုင်အောင် လွတ်လပ်ခွင့်ပေးထားခြင်းဖြစ်တယ်။

(အလင်းပြကျမ်း)

وَلَا تَسُبُّوا الَّذِينَ يَدْعُونَ مِن دُونِ اللَّهِ فَيَسُبُّوا اللَّهَ عَدْوًا بِغَيْرِ عِلْمٍ ۗ كَذَٰلِكَ زَيَّنَّا لِكُلِّ أُمَّةٍ عَمَلَهُمْ ثُمَّ إِلَىٰ رَبِّهِم مَّرْجِعُهُمْ فَيُنَبِّئُهُم بِمَا كَانُوا يَعْمَلُونَ ﴿١٠٨﴾

(၁၀၈) ထို့ပြင် ၎င်း(အခြားဘာသာဝင်)တို့က အလ္လာဟ် အရှင်မြတ်မှလွဲ၍ ကိုးကွယ်နေကြသော ကိုးကွယ်ရာများကို အသင်တို့သည် ကဲ့ရဲ့ရှုတ်ချမှုမပြုကြနှင့်။ ထိုကဲ့သို့ပြုလုပ်လျှင် သူတို့သည် အသိတရားမရှိသည့်အတွက် စည်းဘောင်ကျော်ပြီး အလ္လာဟ်အရှင်မြတ်အား ကဲ့ရဲ့ရှုတ်ချမှုပြုလုပ်ကြမည်။[၅] ငါအရှင်မြတ်သည် ထိုကဲ့သို့ပင် အုပ်စုတိုင်း၏အမြင်တွင် သူတို့၏လုပ်ရပ်များကို လှပတင့်တယ်အောင် တန်ဆာဆင်ပေးထားတော်မူခဲ့သည်။[၆] ထို့နောက် သူတို့အားလုံး၏ ပြန်လှည့်ရာဌာနသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်သို့ပင် ဖြစ်သည်။ ထိုအခါ အရှင်မြတ်သည် သူတို့အား သူတို့ပြုမူခဲ့သောအရာများကို အသိပေးတော်မူမည်။

[၅] တန်ပြန်အဆဲခံရမှာဖြစ်လို့ တားမြစ်ထားခြင်း ဖြစ်တယ်။ (အလင်းပြကျမ်း) [၆] ဒီလောကဟာ စမ်းသပ်ကွင်းပြင် ဖြစ်တဲ့အတွက် အရှင်မြတ်က အဲဒီလို လှပအောင်ဆင်မြန်းပြီး စမ်းသပ်တော်မူခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَأَقْسَمُوا بِاللَّهِ جَهْدَ أَيْمَانِهِمْ لَئِن جَاءَتْهُمْ آيَةٌ لَّيُؤْمِنُنَّ بِهَا ۚ قُلْ إِنَّمَا الْآيَاتُ عِندَ اللَّهِ ۖ وَمَا يُشْعِرُكُمْ أَنَّهَا إِذَا جَاءَتْ لَا يُؤْمِنُونَ ﴿١٠٩﴾

(၁၀၉) ထို့ပြင် အကယ်၍ သူတို့ထံသို့ သက်သေလက္ခဏာတစ်စုံတစ်ခု ရောက်လာခဲ့လျှင် ၎င်းကို အမှန်စင်စစ် ယုံကြည်လက်ခံကြပါမည်ဟု သူတို့က အလ္လာဟ်အရှင်မြတ်ကို တိုင်တည်ပြီး အစွမ်းကုန်ကျိန်ဆိုကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- သက်သေလက္ခဏာတန်ခိုးတော်များသည် အလ္လာဟ် အရှင်မြတ်ထံတော်၌သာရှိသည်။[၇] ထို့ပြင် အမှန်စင်စစ် ၎င်း(သက်သေလက္ခဏာတန်ခိုးတော်)တို့ ကျရောက်လာခဲ့လျှင်လည်း သူတို့သည် ယုံကြည်ကြမည်မဟုတ်ဆိုသည်ကို အသင်တို့ကို မည်သည့်အရာက အသိပေးသနည်း။[၈]

[၇] လူတွေ ယုံကြည်နိုင်လောက်တဲ့အဆင့်ထိ တန်ခိုးတော်တွေချပေးထားပြီးဖြစ်တဲ့အတွက် တောင်းဆိုတိုင်းချမပေးတော့တာဖြစ်တယ်။ (အလင်းပြကျမ်း) [၈] လုံလောက်အောင်ချပေးပြီး တာတောင် မယုံတဲ့နောက် ဘာချပေးပေးယုံမှာမဟုတ်ဘူး။ (အလင်းပြကျမ်း)

وَنُقَلِّبُ أَفْئِدَتَهُمْ وَأَبْصَارَهُمْ كَمَا لَمْ يُؤْمِنُوا بِهِ أَوَّلَ مَرَّةٍ وَنَذَرُهُمْ فِي طُغْيَانِهِمْ يَعْمَهُونَ ﴿١١٠﴾

(၁၁၀) ထို့ပြင် သူတို့သည် ပထမအကြိမ် ၎င်း(တန်ခိုးတော်များဖြစ်

သော ကုရ်အာန်ကျမ်းတော်မြတ်)ကို ယုံကြည်ခြင်းမရှိခဲ့ကြသကဲ့သို့ပင် ငါအရှင်မြတ်သည် သူတို့၏စိတ်နှလုံးများနှင့် မျက်စိများကို လှည့်ထားပေးလိုက်တော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့ကို သူတို့၏ခေါင်းမာမှုထဲ၌ပင် တဝဲလည်လည် လွှတ်ထားတော်မူမည်။(၉)

(၉) လုံလောက်အောင်ပြပြီးတဲ့နောက် မယုံလို့ သူတို့ခေါင်းမာတဲ့ဘက်ကိုပဲ ဆက်လှည့်ပေးထားလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَوْ أَنَّنَا نَزَّلْنَآ إِلَيْهِمُ الْمَلَٰٓئِكَةَ وَكَلَّمَهُمُ الْمَوْتَىٰ وَحَشَرْنَا عَلَيْهِمْ كُلَّ شَيْءٍ قُبُلًا مَّا كَانُوا لِيُؤْمِنُوٓا إِلَّآ أَن يَشَآءَ اللَّهُ وَلَٰكِنَّ أَكْثَرَهُمْ يَجْهَلُونَ ﴿١١١﴾

(၁၁၁) ထို့ပြင် အကယ်၍ ငါအရှင်မြတ်သည် အမှန်စင်စစ် သူတို့ထံသို့ ကောင်းကင်တမန်များ စေလွှတ်တော်မူခဲ့လျှင်၊ ၎င်းပြင် သေသူများသည် သူတို့နှင့် စကားပြောဆိုခဲ့ကြလျှင်၊ ၎င်းပြင် ငါအရှင်မြတ်သည် အရာရာကို သူတို့ရှေ့မှောက်တွင် စုရုံးပေးတော်မူခဲ့လျှင်လည်း အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသောသူမှလွဲ၍ သူတို့သည် အီမာန်ယုံကြည်ကြမည် မဟုတ်ပေ။(၁) သို့ရာတွင် သူတို့ထဲမှ အမြောက်အမြားသည် အသိကင်းမဲ့ကြသည်။(၂)

(၁) ကာဖိရ်တွေဟာ အမှန်ကိုမလိုလားလို့ဘဲ စောဒကမျိုးစုံတက်ပြီးတောင်းဆိုနေတာဖြစ်တယ်။ အဲဒါကြောင့် သူတို့တောင်းဆိုတာအားလုံးကို ပေးမယ်ဆိုရင်လည်း ယုံကြည်မှာမဟုတ်တဲ့အပြင် စောဒကတက်နေဦးမှာပဲဖြစ်တယ်။ (အလင်းပြကျမ်း) (၂) အရာရာကိုတတ်စွမ်းတော်မူတဲ့အရှင်မြတ်က အားလုံးကို အီမာန်ယုံကြည်ဖို့ အတင်းအကျပ်လုပ်ရင် ရတယ်ဆိုတာ အဲဒီ ကာဖိရ်တွေဟာ မသိကြဘူး။ (အလင်းပြကျမ်း)

وَكَذَٰلِكَ جَعَلْنَا لِكُلِّ نَبِيٍّ عَدُوًّا شَيَٰطِينَ الْإِنسِ وَالْجِنِّ يُوحِي بَعْضُهُمْ إِلَىٰ بَعْضٍ زُخْرُفَ الْقَوْلِ غُرُورًا ۚ وَلَوْ شَآءَ رَبُّكَ مَا فَعَلُوهُ ۖ فَذَرْهُمْ وَمَا يَفْتَرُونَ ﴿١١٢﴾

(၁၁၂) ထို့ပြင် ထိုကဲ့သို့ပင် ငါအရှင်မြတ်သည် တမန်တော်တိုင်းအတွက် လူရှိုင်သွာန်နှင့် ဂျင်န်ရှိုင်သွာန်များကို ရန်သူများအဖြစ် ပြုလုပ်ထားတော်မူသည်။ ၎င်း(ရှိုင်သွာန်)တို့ထဲမှ အချို့သူများသည် အချို့သူများထံသို့ အပြင်ပန်းလှသော နှစ်လိုဖွယ်စကားများကို လှည့်ဖြားရန်ထည့်သွင်းလေ့ရှိကြသည်။ ထို့ပြင် အကယ်၍ အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် အလိုရှိတော်မူလျှင် ၎င်း(ရှိုင်သွာန်)တို့သည် ထိုသို့ ပြုလုပ်နိုင်ကြမည်မဟုတ်ပေ။ သို့ဖြစ်ရာ အသင်သည် သူတို့နှင့် သူတို့လုပ်ကြံလိမ်လည်ပြောသည်များကို စွန့်ထားလိုက်ပါ။(၃)

(၃) ရှိုင်သွာန်တွေကိုလည်း မဟုတ်တာပြောပြီး မဆွဲဆောင်နိုင်အောင် အရှင်မြတ်တားဆီးထားနိုင်တယ်။ ဒါပေမဲ့ အမှန်တရားကို လိုလိုလားလားနဲ့ အရှင်မြတ်ဘက်လှည့်တဲ့သူကို ဘယ်အနှောင့်

အယုက်ကမှ ဖျက်ဆီးလို့မရဘူးဆိုတာ ထင်ရှားစေဖို့နဲ့ စမ်းသပ်ဖို့အတွက် ပြုလုပ်ထားတာဖြစ်လို့ ဂရုမစိုက်ဘဲ ပစ်ထားလိုက်ဖို့ မိန့်ဆိုထားတာဖြစ်တယ်။ (ကုရ်အာန် - ၁၀း၃၇၊ ၁၀း၄၂)

وَلِتَصْغٰۤى اِلَيْهِ اَفْـِٕدَةُ الَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ وَلِيَرْضَوْهُ وَلِيَقْتَرِفُوْا مَا هُمْ مُّقْتَرِفُوْنَ ﴿١١٣﴾

(၁၁၃) ထို့ပြင် (ထိုကဲ့သို့နှစ်လိုဖွယ်စကားများကို ရှိုင်သွာန်က ထည့်သွင်းရခြင်းအကြောင်းမှာ) တမလွန်ဘဝကို မယုံကြည်သူများ၏ စိတ်နှလုံးများသည် ထို(စကားများ)ဘက်သို့ ယိမ်းညွတ်စေရန်အတွက်နှင့် ၎င်း(စကားများ)ကို သူတို့ကျေနပ်နှစ်သက်နေရန်အပြင် သူတို့ပြုလုပ်မြဲဖြစ်သော အရာများကို ပြုလုပ်နေကြရန်အတွက် ဖြစ်သည်။❻

❻ ရှိုင်သွာန်ဟာ အာခိရသ်တမလွန်ဘဝကို မယုံကြည်တဲ့သူတွေကိုပဲ ဆွဲဆောင်လို့ရမှာဖြစ်တယ်။ တမလွန်ဘဝကို ယုံကြည်တဲ့သူတစ်ဦးဟာ တမလွန်ဘဝအတွက် ပြင်ဆင်နေတာနဲ့ပဲ ဘယ်ဘက်ကိုမှ လှည့်ကြည့်အားမှာမဟုတ်တော့ဘူး။ (အလင်းပြကျမ်း)

اَفَغَيْرَ اللّٰهِ اَبْتَغِيْ حَكَمًا وَّ هُوَ الَّذِيْۤ اَنْزَلَ اِلَيْكُمُ الْكِتٰبَ مُفَصَّلًا ؕ وَ الَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ يَعْلَمُوْنَ اَنَّهٗ مُنَزَّلٌ مِّنْ رَّبِّكَ بِالْحَقِّ فَلَا تَكُوْنَنَّ مِنَ الْمُمْتَرِيْنَ ﴿١١٤﴾

(၁၁၄) (အသင် တမန်တော်ပြောလိုက်ပါ) ထို့နောက် ငါသည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ ထိုအရှင်မြတ်သည် အသင်တို့အပေါ်တွင် အသေးစိတ် ရှင်းလင်းဖွင့်ဆိုထားသော(ကုရ်အာန်)ကျမ်းတော်ကို ချပေးတော်မူခဲ့ပါလျက် အခြားသူကို စီရင်ဆုံးဖြတ်သူ တရားသူကြီးအဖြစ် ရှာဖွေရမည်လော။ ထို့ပြင် ငါအရှင်က ကျမ်းဂန်ပေးသနားထားသောသူများသည်လည်း အမှန်ပင် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)သည် အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ မှန်ကန်မှုနှင့်တကွ ချပေးခြင်းခံရသောကျမ်းဖြစ်သည်ကို သိရှိကြသည်။ သို့ဖြစ်ရာ အသင်(တမန်တော်)သည် သံသယဖြစ်သူများထဲ၌ အပါအဝင် မဖြစ်လေနှင့်။

وَتَمَّتْ كَلِمَتُ رَبِّكَ صِدْقًا وَّعَدْلًا ؕ لَا مُبَدِّلَ لِكَلِمٰتِهٖ ۚ وَهُوَ السَّمِيْعُ الْعَلِيْمُ ﴿١١٥﴾

(၁၁၅) ထို့ပြင် အသင်(တမန်တော်)အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်၏ စကားတော်သည် မှန်ကန်မှု၊ တရားမျှတမှုတို့ဖြင့် ပြည့်စုံသည်။❼ အရှင်မြတ်၏ စကားတော်များကို ပြောင်းလဲနိုင်သူလုံးဝမရှိပေ။ ထို့ပြင် အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

❼ ကုရ်အာန်ကျမ်းတော်မြတ်ဟာ မှန်ကန်မှုတွေ၊ မျှတမှုတွေနဲ့ ပြည့်လျှံနေတဲ့အတွက် အဲဒီအပေါ်

မှာတမန်တော်မြတ် ﷺ ညွှန်ကြားပြသတဲ့အတိုင်း လိုက်နာရင် လုံလောက်မှာဖြစ်ပြီး ရှိုင်သွာန်ဟာ အဲဒီလိုက်နာသူကို နှောင့်ယှက်ဖျက်ဆီးလို့ ရမှာမဟုတ်တော့ဘူး။ (အလင်းပြကျမ်း)

وَإِنْ تُطِعْ أَكْثَرَ مَنْ فِي الْأَرْضِ يُضِلُّوكَ عَنْ سَبِيلِ اللَّهِ ۚ إِنْ يَتَّبِعُونَ إِلَّا الظَّنَّ وَإِنْ هُمْ إِلَّا يَخْرُصُونَ ﴿١١٦﴾

(၁၁၆) ထို့ပြင် အကယ်၍ အသင်သည် ကမ္ဘာမြေရှိလူအမြောက်အမြား (၏စကားများ)ကို လိုက်နာခဲ့လျှင် သူတို့သည် အသင့်ကို အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ လွဲချော်စေကြလိမ့်မည်။ သူတို့သည် ထင်မြင်ယူဆချက်မှလွဲ၍ (အခြားမည်သည့်အရာကိုမျှ) လိုက်နာကြသည်မဟုတ်ပေ။ ၎င်းပြင် သူတို့သည် ရမ်းဆပြောဆိုနေကြသည်သာဖြစ်သည်။❻

❻ ကမ္ဘာပေါ်မှာ အမှားနဲ့အမှန်ကို ဘက်မလိုက်ဘဲ ဆင်ခြင်သုံးသပ်ပြီး ခွဲခြားနိုင်တဲ့ ပညာရှင်ဟာ အနည်းစုပဲဖြစ်တယ်။ အများစုကတော့ ထင်ရာမြင်ရာကိုပဲ ပြောဆိုပြုလုပ်နေကြတာဖြစ်တယ်။ သို့ဖြစ်ရာ အများစုရမ်းဆပြောဆိုကြတဲ့အတိုင်းသာ လိုက်နာမယ်ဆိုရင် လမ်းလွဲဖို့ပဲ ရှိတဲ့အတွက် အရှင်မြတ်က အများရဲ့စကားကို နားမယောင်ဖို့ တားမြစ်ထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) ကုရ်အာန်ထဲမှာတော့ ရမ်းဆမှုတွေ ထင်မြင်ယူဆချက်တွေ တစ်ခုမှမပါဘဲ အရှင်မြတ်ထံတော်က အတိအကျ ချပေးထားတာဖြစ်လို့ အဲဒီနောက်ပဲ လိုက်ဖို့ ညွှန်ကြားထားတာဖြစ်တယ်။ (သဖ်စီရွလ် မနားရ်၊ ရူဟွလ်မအာနီ၊ သဖ်စီရွလ်ဝစီးသွ်)(မှတ်ချက်။ ။ရမ်းဆပြောဆိုခြင်းမဟုတ်ဘဲ ကုရ်အာန်နဲ့ စွန္နသ်အတိုင်းပြောဆို ညွှန်ကြားတဲ့ ပညာရှင်တွေရဲ့စကားကိုတော့ နားထောင်လိုက်နာရမှာဖြစ်တယ်။) (ဘာသာပြန်သူ)

إِنَّ رَبَّكَ هُوَ أَعْلَمُ مَنْ يَضِلُّ عَنْ سَبِيلِهِ ۖ وَهُوَ أَعْلَمُ بِالْمُهْتَدِينَ ﴿١١٧﴾

(၁၁၇) အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အရှင်မြတ်၏လမ်းမှ မည်သူသည် လွဲချော်နေသည်ကို အသိဆုံးဖြစ်တော်မူသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် လမ်းမှန်ရရှိထားသူများကိုလည်း အသိဆုံးဖြစ်တော်မူသည်။

فَكُلُوا مِمَّا ذُكِرَ اسْمُ اللَّهِ عَلَيْهِ إِنْ كُنْتُمْ بِآيَاتِهِ مُؤْمِنِينَ ﴿١١٨﴾

(၁၁၈) သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် အရှင်မြတ်၏အာယသ်တော်များကို ယုံကြည်ကြသူများဖြစ်ကြလျှင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏နာမတော်ကို တသ(ပြီးလှီးဖြတ်)ခံရသော သားကောင်ကို စားသုံးကြပါ။

وَمَا لَكُمْ أَلَّا تَأْكُلُوا مِمَّا ذُكِرَ اسْمُ اللَّهِ عَلَيْهِ وَقَدْ فَصَّلَ لَكُمْ مَا حَرَّمَ عَلَيْكُمْ إِلَّا مَا اضْطُرِرْتُمْ إِلَيْهِ ۗ وَإِنَّ كَثِيرًا لَيُضِلُّونَ بِأَهْوَائِهِمْ بِغَيْرِ عِلْمٍ ۗ إِنَّ رَبَّكَ هُوَ أَعْلَمُ بِالْمُعْتَدِينَ ﴿١١٩﴾

(၁၁၉) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏နာမတော်ကို တသ(ပြီးလှီးဖြတ်)ခံရသောအရာ(တိရစ္ဆာန်)များကို စားသုံးမှုမပြုရန် မည်သည့်

အကြောင်းရှိသနည်း။❶ ထို့ပြင် အမှန်စင်စစ် အရှင်မြတ်သည် အသင်တို့အပေါ်တွင် မလွှဲမရှောင်သာဖြစ်သောအခါမှလွဲ၍ (မစားသုံးရန်) အရှင်မြတ်တားမြစ်ထားတော်မူသောအရာ(တိရစ္ဆာန်)များကို အသေးစိတ်ရှင်းလင်းပြသပြီးဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် အများစုသည် သူတို့၏အလိုဆန္ဒများ(နောက်ကိုလိုက်ခြင်း)ကြောင့် အသိမရှိတော့ဘဲ (သူတစ်ပါးကို လမ်းမှန်မှ)လွဲချော်စေကြသည်။ အမှန်မှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ကျူးကျော်သောသူများကို အသိဆုံးဖြစ်တော်မူသည်။

❶ အလ္လာဟ်အရှင်မြတ်ရဲ့နာမတော်တသပြီး ဇဗဟ်လုပ်တဲ့ ဟလာလ်သားကောင်ကိုသာ စားသုံးခိုင်းခြင်းဟာ အမိန့်ကို နာခံခိုင်းခြင်းဖြစ်တယ်။ မုအ်မင်န်ဟာ စောဒကမတက်ဘဲ နာခံလိုက်ရုံသာရှိတယ်။ အဲဒီအမိန့်ထဲမှာရှိတဲ့ အကျိုးဖြစ်ထွန်းမှုတွေကို သိခြင်းမသိခြင်းအပေါ်မှာ မူတည်မထားရဘူး။ တကယ်တော့ အဲဒီလို စနစ်တကျ ဇဗဟ်လှီးဖြတ်ခြင်းကြောင့် သားကောင်ထဲက သွေးတွေဟာ အပြင်ကို စီးတွေကျသွားပြီး သားကောင်ရဲ့အသားတွေဟာ အကျိုးပြုတဲ့အသားတွေဖြစ်သွားတယ်။ ဇဗဟ်မလုပ်ဘဲ သေသွားတဲ့သားကောင်ရဲ့သွေးတွေဟာ သားကောင်ရဲ့ကိုယ်ထဲမှာပဲ ကိန်းအောင်းနေတဲ့အတွက် သားကောင်ရဲ့အသားတွေဟာ ပျက်စီးတဲ့အဖြစ်ရောက်သွားတယ်။ ဒီအကျိုးအကြောင်းကို အရှင်မြတ်က ထုတ်ဖော်ပြသခြင်းမပြုဘဲ အရှင်မြတ်အပေါ်မှာ ယုံပုံစိတ်ချပြီး အမိန့်နာခံစေဖို့ အမိန့်ပေးထားခြင်းဖြစ်တယ်။ (အာစားန်သရ်ဂျမဟ်)

وَذَرُوْا ظَاهِرَ الْاِثْمِ وَبَاطِنَهٗ ۭ اِنَّ الَّذِيْنَ يَكْسِبُوْنَ الْاِثْمَ سَيُجْزَوْنَ بِمَا كَانُوْا يَقْتَرِفُوْنَ ﴿١٢٠﴾

(၁၂၀) ထို့ပြင် အသင်တို့သည် (မြင်နေရသော သိသာပေါ်လွင်) ထင်ရှားသည့်မကောင်းမှု(မုသား၊ ဇိနာစသည်တို့)နှင့် (မမြင်ရဘဲ ဖုံးကွယ်)လျှို့ဝှက်နေသောအတွင်းမကောင်းမှု❷ (မနာလိုမှု၊ မာနစသည်တို့)ကို စွန့်လွှတ်ကြပါ။ စင်စစ် မကောင်းမှုကို ရှာဖွေဆည်းပူးကြသောသူများသည် သူတို့ကျူးလွန်ခဲ့သည့် မကောင်းမှုများကြောင့် မကြာမီ အစားပေးခြင်းခံကြရမည်။

❷ ထင်ရှားတဲ့မကောင်းမှုဆိုတာ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကကျူးလွန်တဲ့အပြစ်တွေ ဥပမာ - မုသား၊ အတင်း၊ လုည့်စားမှု၊ လာဘ်ထိုးမှု၊ အရက်သောက်ခြင်း၊ ဇိနာ ကျူးလွန်ခြင်း စတဲ့အရာတွေဖြစ်တယ်။ လျှို့ဝှက်တဲ့ မကောင်းမှုဆိုတာ စိတ်က ကျူးလွန်တဲ့ အပြစ်တွေ ဥပမာ - မနာလိုမှု၊ ပြစ်မှု၊ မာနတက်မှု၊ မုန်းတီးမှု၊ ရန်လိုမှု စတဲ့အရာတွေဖြစ်တယ်။ (အာစားန်သရ်ဂျမဟ်)

وَلَا تَاْكُلُوْا مِمَّا لَمْ يُذْكَرِ اسْمُ اللّٰهِ عَلَيْهِ وَاِنَّهٗ لَفِسْقٌ ۭ وَاِنَّ الشَّيٰطِيْنَ لَيُوْحُوْنَ اِلٰٓى اَوْلِيٰۗـِٕــهِمْ
لِيُجَادِلُوْكُمْ ۚ وَاِنْ اَطَعْتُمُوْهُمْ اِنَّكُمْ لَمُشْرِكُوْنَ ﴿١٢١﴾

(၁၂၁) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏နာမတော်ကို တသ(၍ လှီးဖြတ်)ခံရခြင်းမရှိသောအရာ(တိရစ္ဆာန်)များထဲမှ မစားသုံးကြနှင့်။ ထို့ပြင် အမှန်မှာ ၎င်း(ကို စားသုံးခြင်း)သည် အမိန့်တော်ကို သွေဖည်ခြင်း ဖြစ်

သည်။ ထို့ပြင် အမှန်စင်စစ် ရှိုင်သွာန်များသည် အသင်တို့နှင့် ပြောဆိုငြင်းခုံကြရန်အတွက် သူတို့၏မိတ်ဆွေများထံသို့ (သံသယများ)သွတ်သွင်းပေးကြသည်။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် သူတို့(၏ စကားများ)ကို လိုက်နာကြမည်ဆိုလျှင် အမှန်စင်စစ် အသင်တို့လည်း (အခြားအရာများကို အလ္လာဟ်အရှင်မြတ်နှင့်) တွဲဖက်ကိုးကွယ်သူများ ဖြစ်သွားကြမည်။

أَوَمَن كَانَ مَيْتًا فَأَحْيَيْنَٰهُ وَجَعَلْنَا لَهُۥ نُورًا يَمْشِى بِهِۦ فِى ٱلنَّاسِ كَمَن مَّثَلُهُۥ فِى ٱلظُّلُمَٰتِ لَيْسَ بِخَارِجٍ مِّنْهَا ۚ كَذَٰلِكَ زُيِّنَ لِلْكَٰفِرِينَ مَا كَانُوا۟ يَعْمَلُونَ ﴿١٢٢﴾

(၁၂၂) ထို့ပြင် အကြင်သူသည် သေသူဖြစ်ခဲ့သည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုသူကို ရှင်စေတော်မူခဲ့သည်။ ၎င်းပြင် ငါအရှင်မြတ်သည် သူ့အတွက် (အီမာန်)အလင်းရောင်ကို ပြုလုပ်ပေးခဲ့သည်။ ထိုအလင်းရောင်ဖြင့် သူသည် လူများထဲတွင် သွားလာနေသည်။ ထိုသူသည် (ကုဖ်ရ်) အမှောင်ထုများထဲတွင် နစ်မွန်းနေ၍ ထိုအမှောင်ထုထဲမှ မထွက်နိုင်သောသူနှင့် တူနိုင်ပါမည်လော။ ထိုကဲ့သို့ပင် ကာဖိရ်ငြင်းပယ်သူများ၏အမြင်၌ သူတို့၏အပြုအမူများသည် လှပတင့်တယ်အောင် တန်ဆာဆင်မြန်းခြင်းခံရသည်။

وَكَذَٰلِكَ جَعَلْنَا فِى كُلِّ قَرْيَةٍ أَكَٰبِرَ مُجْرِمِيهَا لِيَمْكُرُوا۟ فِيهَا ۖ وَمَا يَمْكُرُونَ إِلَّا بِأَنفُسِهِمْ وَمَا يَشْعُرُونَ ﴿١٢٣﴾

(၁၂၃) ၎င်းပြင် ထိုသို့ပင် ငါအရှင်မြတ်သည် မြို့ရွာတိုင်း၌ (ထိုမြို့ရွာများ၏)အကြီးအကဲများအား ထိုမြို့ရွာထဲ၌ သူတို့မကောင်းကြံစည်ကြရန် ထိုမြို့ရွာ၏ ပြစ်မှု ကျူးလွန်သူများအဖြစ် ပြုလုပ်တော်မူခဲ့သည်။❷ ၎င်းပြင် သူတို့သည် အသိမရှိကြဘဲလျက် သူတို့ကိုယ်သူတို့သာ မကောင်းကြံစည်နေကြခြင်းဖြစ်သည်။

❷ မက္ကဟ်မြို့ရဲ့အကြီးအကဲတွေဟာ တမန်တော်မြတ် ﷺ ရဲ့အမိန့်တော်တွေကို လူတွေ မလိုက်နာနိုင်အောင် အမျိုးမျိုးကြံစည်အားထုတ်ခဲ့ကြတယ်။ (အလင်းပြကျမ်း)

وَإِذَا جَآءَتْهُمْ ءَايَةٌ قَالُوا۟ لَن نُّؤْمِنَ حَتَّىٰ نُؤْتَىٰ مِثْلَ مَآ أُوتِىَ رُسُلُ ٱللَّهِ ۘ ٱللَّهُ أَعْلَمُ حَيْثُ يَجْعَلُ رِسَالَتَهُۥ ۗ سَيُصِيبُ ٱلَّذِينَ أَجْرَمُوا۟ صَغَارٌ عِندَ ٱللَّهِ وَعَذَابٌ شَدِيدٌۢ بِمَا كَانُوا۟ يَمْكُرُونَ ﴿١٢٤﴾

(၁၂၄) ထို့ပြင် သူတို့ထံသို့ အာယသ်တစ်စုံတစ်ရာ ရောက်လာသောအခါ သူတို့က "အလ္လာဟ်အရှင်မြတ်၏တမန်တော်များ ပေးသနားခြင်းခံရသကဲ့သို့ ကျွန်ုပ်တို့ ပေးသနားမခံရမချင်း ကျွန်ုပ်တို့သည် လုံးဝအီမာန်ယုံကြည်ကြမည်မဟုတ်ပေ"ဟု ပြောဆိုကြသည်။❸ အလ္လာဟ်အရှင်မြတ်ပင် အရှင်မြတ်၏တမန်

တော်ဘွဲ့ကို မည်သူ့အား ပေးရမည်ကို အသိဆုံးဖြစ်တော်မူသည်။❼ ပြစ်မှုကျူးလွန်သောသူများသည် သူတို့၏ မကောင်းကြံစည်ခဲ့မှုများကြောင့် အလ္လာဟ်အရှင်မြတ်ထံတော်တွင် သေးသိမ်မှုနှင့် ပြင်းထန်သောအပြစ်ဒဏ်ကို မကြာမီ ခံစားကြရမည်။

❻ မက္ကာဟ်မြို့က ကာဖိရ်တွေထံကို အရှင်မြတ်ရဲ့တန်ခိုးတော်တွေ ရောက်ရှိလာတဲ့အခါ သူတို့က ပြောဆိုကြတယ် - "ကျွန်ုပ်တို့ဟာ တမန်တော်မူစာ عليه السلام ၊ တမန်တော် အီစာ عليه السلام တို့ ချီးမြှင့်ခြင်းခံရတဲ့အတိုင်း ကျွန်ုပ်တို့လည်း ချီးမြှင့်ခံရပြီး ကျွန်ုပ်တို့ကိုယ်တိုင် တမန်တော်မဖြစ်မချင်း အီမာန်ယုံကြည်ကြမှာမဟုတ်ဘူး"။ (ကုရ်သွူဗီ) အဗူဂျဟလ်က ပြောဆိုတယ် - "အလ္လာဟ်အရှင်မြတ်ကို တိုင်တည်ပြောမယ်၊ ကျွန်ုပ်တို့ဟာ မုဟမ္မဒ် صلى الله عليه وسلم အပေါ်မှာ ဝဟီအမိန့်တော်လာသလို ကျွန်ုပ်တို့အပေါ်မှာ မလာသရွေ့ ကျွန်ုပ်တို့ဟာ မုဟမ္မဒ် صلى الله عليه وسلم ကို ကျေနပ်မှာမဟုတ်ဘူး။ ၎င်းရဲ့အမိန့်ကိုလည်း ဘယ်တော့မှ လိုက်နာကြမှာမဟုတ်ဘူး။" (ကုရ်သွူဗီ) ❼ တမန်တော်ဘွဲ့ဟာ ရှာဖွေဆည်းပူး ကြိုးပမ်းအားထုတ်ပြီးရမဲ့အရာ မဟုတ်ဘူး။ အရှင်မြတ်ပေးတဲ့သူပဲ ရမှာဖြစ်တယ်။ အရှင်မြတ်ဟာ အဲဒီဘွဲ့ကို ဘယ်သူနဲ့ ထိုက်တန်တယ် မထိုက်တန်ဘူးဆိုတာ သိတော်မူတယ်။ အရှင်မြတ်အလိုရှိတဲ့သူကို အရှင်မြတ်ပေးတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَمَنْ يُّرِدِ اللّٰهُ اَنْ يَّهْدِيَهٗ يَشْرَحْ صَدْرَهٗ لِلْاِسْلَامِ ۚ وَمَنْ يُّرِدْ اَنْ يُّضِلَّهٗ يَجْعَلْ صَدْرَهٗ ضَيِّقًا حَرَجًا كَاَنَّمَا يَصَّعَّدُ فِى السَّمَآءِ ؕ كَذٰلِكَ يَجْعَلُ اللّٰهُ الرِّجْسَ عَلَى الَّذِيْنَ لَا يُؤْمِنُوْنَ ﴿١٢٥﴾

(၁၂၅) သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် အကြင်သူကို လမ်းမှန်ရောက်အောင် ပို့ဆောင်ရန် ရည်ရွယ်တော်မူလျှင် ထိုသူ၏ရင်(စိတ်နှလုံး)အား အစ္စလာမ်သာသနာ(ကို လက်ခံနိုင်ရန်)အတွက် ဖွင့်ဟပေးတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အကြင်သူအား လမ်းမှား၌ပင်ထားရန် ရည်ရွယ်တော်မူလျှင် အရှင်မြတ်သည် သူ၏ရင်(စိတ်နှလုံး)ကို အလွန်ခက်ခဲကျဉ်းကျပ်စေတော်မူသည်။ ထိုသူသည် မိုးကောင်းကင်သို့ တက်နေရသကဲ့သို့ (ခက်ခဲကျဉ်းကျပ်မှု) ဖြစ်လိမ့်မည်။ ထိုကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်သည် အီမာန်မယုံကြည်သူများအပေါ်တွင် အညစ်အကြေး(အပြစ်ဒဏ်)များကို ပြုလုပ်ထားတော်မူသည်။

وَهٰذَا صِرَاطُ رَبِّكَ مُسْتَقِيْمًا ؕ قَدْ فَصَّلْنَا الْاٰيٰتِ لِقَوْمٍ يَّذَّكَّرُوْنَ ﴿١٢٦﴾

(၁၂၆) ထို့ပြင် ဤ(အစ္စလာမ်သာသနာ)သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ဖြောင့်မတ်မှန်ကန်သောလမ်းပင် ဖြစ်သည်။ အမှန်စင်စစ် ငါအရှင်မြတ်သည် အာယသ်တော်များကို တရားသံဝေဂရသူများအတွက် အသေးစိတ်ရှင်းလင်းပြသတော်မူပြီးဖြစ်သည်။

لَهُمْ دَارُ السَّلٰمِ عِنْدَ رَبِّهِمْ وَهُوَ وَلِيُّهُمْ بِمَا كَانُوْا يَعْمَلُوْنَ ﴿١٢٧﴾

(၁၂၇) ထိုသူများအတွက် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် ငြိမ်းချမ်းသာယာသော (ဂျန္နသ်)သုခဘုံသည် (အဆင်သင့်)ရှိသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် သူတို့၏ (ကောင်းမြတ်သော)လုပ်ရပ်များကြောင့် သူတို့၏မိတ်ဆွေအဖြစ်❶ ရှိသည်။

❶ အကြင်သူဟာ ဖြောင့်မတ်မှန်ကန်တဲ့ အစ္စလာမ်ရဲ့ လမ်းစဉ်ကို လိုက်နာရင် ဂျန္နသ်သုခဘုံကို ဝင်ရောက်စံမြန်းရမယ်။ ပြီးတော့ အရှင်မြတ်ဟာ သူရဲ့ရင်းနှီးတဲ့မိတ်ဆွေအဖြစ်နဲ့ ရှိနေလိမ့်မယ်။ (အလင်းပြကျမ်း)

وَيَوْمَ يَحْشُرُهُمْ جَمِيعًا ۚ يَٰمَعْشَرَ ٱلْجِنِّ قَدِ ٱسْتَكْثَرْتُم مِّنَ ٱلْإِنسِ ۖ وَقَالَ أَوْلِيَآؤُهُم مِّنَ ٱلْإِنسِ رَبَّنَا ٱسْتَمْتَعَ بَعْضُنَا بِبَعْضٍ وَبَلَغْنَآ أَجَلَنَا ٱلَّذِىٓ أَجَّلْتَ لَنَا ۚ قَالَ ٱلنَّارُ مَثْوَىٰكُمْ خَٰلِدِينَ فِيهَآ إِلَّا مَا شَآءَ ٱللَّهُ ۗ إِنَّ رَبَّكَ حَكِيمٌ عَلِيمٌ ﴿١٢٨﴾

(၁၂၈) ၎င်းပြင် ထိုနေ့တွင် အရှင်မြတ်သည် သူတို့အားလုံးကို စုရုံးတော်မူမည်။ (၎င်းပြင် ဤသို့မိန့်ကြားတော်မူမည်)။ "အို-ဂျင်န်အပေါင်းတို့၊ အမှန်ပင် အသင်တို့သည် လူများအား (လမ်းမှားအောင်သွေးဆောင်မှု)များစွာ ပြုလုပ်ခဲ့ကြပြီးဖြစ်သည်။" ထို့နောက် လူသားများထဲမှ ဂျင်န်များ၏မိတ်ဆွေများက ပြောဆိုကြသည်-"အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်ုပ်တို့ထဲမှ အချို့သည် အချို့ထံမှ အကျိုးခံစားခဲ့ကြပါသည်။ ၎င်းပြင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အတွက် အရှင်မြတ်က သတ်မှတ်ထားသော အချိန်ကာလ (ကိယာမသ်နေ့)ကို ရောက်လာခဲ့ပြီဖြစ်ပါသည်။" အရှင်မြတ်က မိန့်ကြားတော်မူမည်- "ဂျဟန္နမ်ငရဲဘုံသည် အသင်တို့၏ ခိုလှုံရာဌာန ဖြစ်သည်။ ထိုအထဲတွင် အမြဲနေကြရမည့်သူများဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်အလိုရှိလျှင်မူ (ထိုထဲမှ ထုတ်လိုကထုတ်မည်ဖြစ်သည်)။" အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အမှန်စင်စစ် ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

وَكَذَٰلِكَ نُوَلِّى بَعْضَ ٱلظَّٰلِمِينَ بَعْضًۢا بِمَا كَانُوا۟ يَكْسِبُونَ ﴿١٢٩﴾

(၁၂၉) ထို့ပြင် ငါအရှင်မြတ်သည် ထိုသို့ပင် မတရားကျူးကျော်သောသူများထဲမှ အချို့ကို အချို့အပေါ်၌ သူတို့၏လုပ်ရပ်များကြောင့် လွှမ်းမိုးအုပ်ချုပ်စေတော်မူမည်။❷

❷ လူကောင်းတွေဟာ လူကောင်းအုပ်ချုပ်သူရဲ့လက်အောက်မှာ နေကြရသလို လူဆိုးတွေဟာလည်း လူဆိုးခေါင်းဆောင်တွေရဲ့လက်အောက်မှာ နေကြရမှာဖြစ်တယ်။ အဲဒီလိုပဲ လူကောင်းတွေ

ဟာ လူကောင်းတွေနဲ့ နီးစပ်နေကြသလို လူဆိုးတွေဟာလည်း လူဆိုးတွေနဲ့ နီးကပ်နေကြတယ်။
(သဖ်စီရွလ်မုယဿတ်စရ်)

يَٰمَعۡشَرَ ٱلۡجِنِّ وَٱلۡإِنسِ أَلَمۡ يَأۡتِكُمۡ رُسُلٞ مِّنكُمۡ يَقُصُّونَ عَلَيۡكُمۡ ءَايَٰتِي وَيُنذِرُونَكُمۡ لِقَآءَ يَوۡمِكُمۡ هَٰذَاۚ قَالُواْ شَهِدۡنَا عَلَىٰٓ أَنفُسِنَاۖ وَغَرَّتۡهُمُ ٱلۡحَيَوٰةُ ٱلدُّنۡيَا وَشَهِدُواْ عَلَىٰٓ أَنفُسِهِمۡ أَنَّهُمۡ كَانُواْ كَٰفِرِينَ ١٣٠

(၁၃၀) အို-ဂျင်န်နှင့် လူသားအပေါင်းတို့၊ အသင်တို့ထံသို့ အသင်တို့ထဲမှပင် တမန်တော်များ❷ သည် ရောက်ရှိလာကြပြီး အသင်တို့အား ငါအရှင်မြတ်၏အမိန့်တော်များကို ပြောပြကြကာ အသင်တို့အား ဤနေ့နှင့်တွေ့ဆုံရမည့်အကြောင်း သတိပေးနှိုးဆော်ခဲ့ကြသည် မဟုတ်လော။ ၎င်း(ဂျင်န်နှင့်လူသား)တို့က ပြောဆိုကြမည်- "ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့် ဆန့်ကျင်၍ပင် သက်သေခံကြပြီဖြစ်ပါသည်"။ ထို့ပြင် သူတို့ကို လောကီဘဝ၏ အသက်ရှင်မှုက လှည့်ဖြားထားခဲ့သည်။ ထို့ပြင် သူတို့သည် (ကိယာမသ်နေ့၌) သူတို့ကိုယ်သူတို့ ဆန့်ကျင်ပြီး အမှန်ပင် သူတို့သည် ကာဖိရ်ငြင်းပယ်သူများဖြစ်ခဲ့ကြပါသည်ဟု သက်သေခံကြလိမ့်မည်။

❷ ရစူလ်တမန်တော်တွေကို စေလွှတ်ရခြင်းအကြောင်းမှာ ဂျင်န်နဲ့ လူသားတွေကို အရှင်မြတ်ရဲ့အမိန့်တော်တွေကို လိုက်နာနိုင်အောင် ပြောပြဖို့အတွက်ဖြစ်ပြီး လိုက်နာသူတွေကို ဂျန္နသ်ရဲ့သတင်းကောင်းပေးဖို့နဲ့ မလိုက်နာသူတွေကို ဂျဟန္နမ်မှာ အပြစ်ခံရမဲ့အကြောင်း သတိပေးနှိုးဆော်ဖို့အတွက်ဖြစ်တယ်။ တကယ်လို့ တမန်တော်တွေမစေလွှတ်ဘဲ လူတွေရဲ့မကောင်းမှုတွေကြောင့် အရေးယူခံရရင် သူတို့က စောဒကတက်ကြမယ်။ ကျွန်ုပ်တို့ဘာမှမသိဘဲ ခံရတာဖြစ်လို့ မတရားပါဘူးလို့ ပြောဆိုကြမယ်။ အခုတော့ အဲဒီလိုပြောဆိုလို့မရအောင် တမန်တော်တွေ စေလွှတ်ပြီးဖြစ်တယ်။ အဲဒီနောက် သတိပေးပြီးဖြစ်ပါလျက် မကောင်းတာတွေကနေ မရှောင်ကြဉ်ကြလို့ အပြစ်ပေးခံရရင် အရှင်မြတ်က မတရားတာမဟုတ်တော့ဘူး။ လူတွေကပဲ မတရားကျူးလွန်ကြတာဖြစ်တယ်။
(အလင်းပြကျမ်း)

ذَٰلِكَ أَن لَّمۡ يَكُن رَّبُّكَ مُهۡلِكَ ٱلۡقُرَىٰ بِظُلۡمٖ وَأَهۡلُهَا غَٰفِلُونَ ١٣١

(၁၃၁) ထိုကဲ့သို့ (တမန်တော်များကို စေလွှတ်ခြင်း၏)အကြောင်းမှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မြို့ရွာများကို ထိုမြို့ရွာသားများသည် မေ့လျော့နေကြသူများဖြစ်လျက် မတရားကျူးလွန်မှု(ကုဖ်ရ်ငြင်းပယ်မှု)ကြောင့် ဖျက်ဆီးမည့်အရှင် မဟုတ်သည့်အတွက်ပင်ဖြစ်သည်။❶

❶ အရှင်မြတ်ဟာ မြို့ရွာတွေမှာ ကုဖ်ရ် ရှိရ်က်တွေ၊ မကောင်းမှုတွေ ကျူးလွန်နေကြပြီဆိုရင် ချက်ချင်း အရေးယူဖျက်ဆီးပစ်လေ့မရှိဘူး။ အဲဒီမြို့ရွာတွေထံကို အရှင်မြတ်ရဲ့တမန်တော်ကို အရင်ဆုံးစေလွှတ်ပြီး မကောင်းမှုတွေကနေ ရှောင်ကြဉ်ကြဖို့ သတိပေးနှိုးဆော်ခိုင်းတယ်။ အဲဒီနောက်လည်း

ထပ်ပြီး မကောင်းမှုတွေထဲမှာပဲ နစ်မွန်းနေတော့မှ အရေးယူဖျက်ဆီးလေ့ရှိတော်မူတယ်။ အရှင်မြတ်ဟာ သူတို့ကို သတိမပေးဘဲနဲ့ မတရားဖျက်ဆီးပစ်လိုက်တော်မမူဘူး။ (အလင်းပြကျမ်း)

وَلِكُلٍّ دَرَجٰتٌ مِّمَّا عَمِلُوْا ؕ وَمَا رَبُّكَ بِغَافِلٍ عَمَّا يَعْمَلُوْنَ ﴿١٣٢﴾

(၁၃၂) ထို့ပြင် (ဂျင်န်နှင့်လူ) အားလုံးတွင် သူတို့၏အပြုအမူများနှင့်အညီ အဆင့်အတန်းများရှိသည်။❶ ၎င်းပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် သူတို့၏အပြုအမူများကို မေ့လျော့တော်မူသောအရှင်မဟုတ်ပေ။

❶ လူတွေနဲ့ဂျင်န်တွေကို အစားပေးဖို့ သူတို့နဲ့ လိုက်ဖက်ညီတဲ့ အဆင့်အတန်းတွေ သတ်မှတ်ထားပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

وَرَبُّكَ الْغَنِيُّ ذُو الرَّحْمَةِ ؕ اِنْ يَّشَاْ يُذْهِبْكُمْ وَيَسْتَخْلِفْ مِنْۢ بَعْدِكُمْ مَّا يَشَآءُ كَمَآ اَنْشَاَكُمْ مِّنْ ذُرِّيَّةِ قَوْمٍ اٰخَرِيْنَ ﴿١٣٣﴾

(၁၃၃) ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းပြီး ပြည့်စုံကြွယ်ဝတော်မူသောအရှင်၊ သနားကရုဏာတော်ရှင်ဖြစ်တော်မူသည်။❷ အကယ်၍ အရှင်မြတ်သည် အလိုရှိတော်မူလျှင် အသင်တို့အား ဖယ်ရှားတော်မူပြီး အသင်တို့အား အခြားလူမျိုးများ၏ သားသမီးများမှ ပေါက်ဖွားစေတော်မူခဲ့သကဲ့သို့ အသင်တို့(မရှိသည့်)နောက် အရှင်မြတ် အလိုရှိတော်မူသောသူများအား (အသင်တို့နေရာတွင်) ဆက်ခံစေတော်မူမည်။

❷ အရှင်မြတ်ဟာ ဘယ်သူ့ကိုမှ မှီခိုနေသူမဟုတ်ဘူး။ လူသားတွေရဲ့ ကောင်းမှုတွေကို မှီခိုအားထားနေတာ မဟုတ်ဘူး။ လူသားတွေအားလုံး ကောင်းမှုချည်းပဲလုပ်ကြလို့လည်း အရှင်မြတ်အတွက် ဘာအကျိုးမှ ရှိမှာမဟုတ်ဘူး။ အကျိုးရှိတာက အဲဒီလူသားတွေပဲဖြစ်တယ်။ အဲဒီလိုအကျိုးရှိအောင် လမ်းမှန်ကိုရောက်ဖို့ တမန်တော်တွေ၊ ကျမ်းဂန်တွေနဲ့ ညွှန်ကြားပြသနေတာဟာ အရှင်မြတ်ရဲ့ သနားကရုဏာဖြစ်တယ်။ အရှင်မြတ်မသနားရင် ဘယ်နည်းလမ်းနဲ့ ဘယ်ကို လျှောက်ရမယ်ဆိုတာတောင် သိမှာမဟုတ်ကြဘူး။ အဲဒီအတိုင်းပဲ လူသားတွေအားလုံးဟာ မကောင်းမှုတွေချည်းပဲ ပြုလုပ်နေကြရင်လည်း အရှင်မြတ်မှာ ဘာမှထိခိုက်နစ်နာမှုမရှိဘူး။ ထိခိုက်နစ်နာမှာက လူသားတွေပဲဖြစ်တယ်။ အဲဒီလိုထိခိုက်နစ်နာမှုတွေမရှိရအောင် အရှင်မြတ်က လမ်းပြပေးတာဟာ အရှင်မြတ်ရဲ့သနားကရုဏာပဲဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်က ဂနီနဲ့ ရဟ်မသ်ကိုတွဲပြီး အမိန့်ရှိထားတာဖြစ်တယ်။ လူသားတွေကို မကောင်းမှုတွေကရှောင်ပြီး ကောင်းမှုကိုလုပ်ခိုင်းတာဟာ အရှင်မြတ် လိုအပ်လို့ လုပ်ခိုင်းတာ မဟုတ်ဘူးဆိုတာကို ထင်ယောင်ထင်မှားမဖြစ်ဘဲ ထင်ပေါ်သွားအောင်လို့ လိုလားတောင့်တခြင်းကင်းမဲ့တဲ့အရှင်ဖြစ်ကြောင်း အမိန့်ရှိထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّ مَا تُوْعَدُوْنَ لَاٰتٍ ۙ وَّمَآ اَنْتُمْ بِمُعْجِزِيْنَ ﴿١٣٤﴾

(၁၃၄) စင်စစ် အသင်တို့ ကတိပေးခြင်းခံရသောအရာ (ကိယာမသ်နေ့နှင့် ပြစ်ဒဏ်များ)သည် အမှန်ပင် ဆိုက်ရောက်လာမည်ဖြစ်သည်။ ထို့ပြင် အသင်

တို့သည်(အရှင်မြတ်အား အသင်တို့ကို အပြစ်ဒဏ်ခတ်ခြင်းမှ)မစွမ်းဆောင်နိုင်အောင် ပြုလုပ်နိုင်ကြသူများမဟုတ်ကြပေ။

قُلْ يٰقَوْمِ اعْمَلُوْا عَلٰى مَكَانَتِكُمْ اِنِّىْ عَامِلٌ ۚ فَسَوْفَ تَعْلَمُوْنَ ۙ مَنْ تَكُوْنُ لَهٗ عَاقِبَةُ الدَّارِ ؕ
اِنَّهٗ لَا يُفْلِحُ الظّٰلِمُوْنَ ﴿١٣٥﴾

(၁၃၅) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အို-ငါ၏အမျိုးသားအပေါင်းတို့၊ အသင်တို့သည် အသင်တို့၏နေရာ၌ (အသင်တို့၏နည်းလမ်းအတိုင်း) ပြုလုပ်နေကြပါ။ အမှန်စင်စစ် ငါသည်လည်း (ငါ၏နည်းလမ်းအတိုင်း) ပြုလုပ်နေသူဖြစ်သည်။ ထို့နောက် ဤလောက၏ (ကောင်းမွန်သော)အဆုံးသတ်နိဂုံးချုပ်သည် မည်သူ့အတွက်ဖြစ်မည်ဆိုသည်ကို အသင်တို့ မကြာမီ သိကြရလိမ့်မည်။ အမှန်စင်စစ် မတရားကျူးလွန်သူများသည် အောင်မြင်ကြမည်မဟုတ်ပေ။

وَجَعَلُوْا لِلّٰهِ مِمَّا ذَرَاَ مِنَ الْحَرْثِ وَالْاَنْعَامِ نَصِيْبًا فَقَالُوْا هٰذَا لِلّٰهِ بِزَعْمِهِمْ وَهٰذَا لِشُرَكَآئِنَا ۚ فَمَا
كَانَ لِشُرَكَآئِهِمْ فَلَا يَصِلُ اِلَى اللّٰهِ ۚ وَمَا كَانَ لِلّٰهِ فَهُوَ يَصِلُ اِلٰى شُرَكَآئِهِمْ ؕ سَآءَ مَا يَحْكُمُوْنَ ﴿١٣٦﴾

(၁၃၆) ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်အတွက် အရှင်မြတ်ဖန်ဆင်းပေါက်ရောက်စေတော်မူထားသော လယ်ယာများထဲမှလည်းကောင်း၊ ခြေလေးချောင်းသတ္တဝါများထဲမှလည်းကောင်း ဝေစုဝေပုံကို သတ်မှတ်၍ထားကြသည်။ ၎င်းပြင် သူတို့သည် သူတို့၏ ထင်မြင်ယူဆချက်အတိုင်း ဤသည်အလ္လာဟ်အရှင်မြတ်အတွက်ဖြစ်သည်၊ ၎င်းပြင် ဤသည်ကမူ ကျွန်ုပ်တို့၏တွဲဖက်ကိုးကွယ်ရာများအတွက်ဖြစ်သည်ဟု ပြောဆိုကြသည်။ ၎င်းပြင် သူတို့၏တွဲဖက်ကိုးကွယ်ရာများအတွက်ဖြစ်သောအရာ(ဝေစု)သည်အလ္လာဟ်အရှင်မြတ်(အတွက်ဖြစ်သောအရာဝေစု)ထဲသို့ရောက်ရှိလာသည်ဟူ၍မရှိပေ။သို့ရာတွင် အလ္လာဟ်အရှင်မြတ်အတွက်ဖြစ်သောအရာ(ဝေစု)ကမူ သူတို့၏တွဲဖက်ကိုးကွယ်ရာများ(အတွက်ဖြစ်သောအရာ ဝေစု)ထဲသို့ ရောက်သွားပေသည်။ သူတို့၏ဆုံးဖြတ်ချက်သည် ဆိုးယုတ်လှသည်။

وَكَذٰلِكَ زَيَّنَ لِكَثِيْرٍ مِّنَ الْمُشْرِكِيْنَ قَتْلَ اَوْلَادِهِمْ شُرَكَآؤُهُمْ لِيُرْدُوْهُمْ وَلِيَلْبِسُوْا عَلَيْهِمْ
دِيْنَهُمْ ؕ وَلَوْ شَآءَ اللّٰهُ مَا فَعَلُوْهُ فَذَرْهُمْ وَمَا يَفْتَرُوْنَ ﴿١٣٧﴾

(၁၃၇) ထို့ပြင် ထိုသို့ပင် မုရှ်ရိက်များထဲမှ အများစု၏အမြင်တွင် သူတို့၏တွဲဖက်ကိုးကွယ်ရာ (ရှိုင်သွာန်)များက သူတို့အား ဖျက်ဆီးကြရန်အတွက်နှင့်

သူတို့အပေါ်တွင် သူတို့၏သာသနာကို ရှုပ်ထွေးစေရန်အတွက် သူတို့၏သား သမီးများအား သတ်ဖြတ်ခြင်းကို လှပတင့်တယ်အောင် တန်ဆာဆင်ထားခဲ့ကြ သည်။ ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူခဲ့လျှင် သူတို့သည် ထိုအရာကို ပြုလုပ်ခဲ့ကြမည်မဟုတ်ပေ။ သို့ဖြစ်ရာ အသင်(တမန်တော်)သည် သူတို့နှင့် သူတို့လုပ်ကြံပြောဆိုသောစကားများကို စွန့်လွှတ်ထားလိုက်ပါ။

وَقَالُوا هَٰذِهِ أَنْعَامٌ وَحَرْثٌ حِجْرٌ لَّا يَطْعَمُهَا إِلَّا مَن نَّشَاءُ بِزَعْمِهِمْ وَأَنْعَامٌ حُرِّمَتْ ظُهُورُهَا

وَأَنْعَامٌ لَّا يَذْكُرُونَ اسْمَ اللَّهِ عَلَيْهَا افْتِرَاءً عَلَيْهِ ۚ سَيَجْزِيهِم بِمَا كَانُوا يَفْتَرُونَ ﴿١٣٨﴾

(၁၃၈) ထို့ပြင် သူတို့က သူတို့၏ ထင်မြင်ယူဆချက်အတိုင်း (ဤသို့) အရှင်မြတ်အပေါ်တွင် လုပ်ကြံလိမ်လည်လျက်ပြောဆိုခဲ့ကြသည်၊ ဤသည် တိရစ္ဆာန်များနှင့် လယ်ယာ(ထွက်ပစ္စည်း)များဖြစ်သည်။ ထိုအရာများကို ကျွန်ုပ် တို့ အလိုရှိသောသူများမှလွဲ၍အခြားမည်သူမျှမစားရအောင်တားမြစ်ထားပြီးဖြစ် သည်။ ၎င်းပြင် (ဤသည်) သူတို့၏ကျောကုန်းများပေါ်၌ (စီးနင်းကုန်တင်ရန်) တား မြစ်ထားသောတိရစ္ဆာန်များဖြစ်သည်။ ၎င်းပြင် (ဤသည် လှီးဖြတ်ရာ၌) အလ္လာဟ် အရှင်မြတ်၏နာမတော်ကို တသခြင်းမပြုရသော တိရစ္ဆာန်များဖြစ်သည်။ အရှင် မြတ်သည် သူတို့ကို သူတို့၏လုပ်ကြံစွပ်စွဲ လိမ်လည်ပြောဆိုမှုကြောင့် မကြာမီ အစားပေးတော်မူမည်။

وَقَالُوا مَا فِي بُطُونِ هَٰذِهِ الْأَنْعَامِ خَالِصَةٌ لِّذُكُورِنَا وَمُحَرَّمٌ عَلَىٰ أَزْوَاجِنَا ۖ وَإِن يَكُن مَّيْتَةً

فَهُمْ فِيهِ شُرَكَاءُ ۚ سَيَجْزِيهِمْ وَصْفَهُمْ ۚ إِنَّهُ حَكِيمٌ عَلِيمٌ ﴿١٣٩﴾

(၁၃၉) ထို့ပြင် သူတို့က ပြောဆိုကြသည်- "ဤတိရစ္ဆာန်တို့၏ဝမ်းဗိုက် ထဲ၌ရှိသော(နို့ရည် သို့မဟုတ် သန္ဓေသား)သည် ကျွန်ုပ်တို့ယောကျ်ားများအတွက် သာဖြစ်၍ ကျွန်ုပ်တို့၏ဇနီးများအပေါ်တွင်မူ ဟရာမ်တားမြစ်ခံထားရပြီးဖြစ်သည်။ သို့ရာတွင် (ထိုတိရစ္ဆာန်များ၏ ဝမ်းတွင်း၌ရှိသောသန္ဓေသားသည်) အသေဖြစ် ခဲ့လျှင် ထိုအရာကို ၎င်းတို့(ယောကျ်ားနှင့် မိန်းမပါ အတူတူ)ဖက်စပ်ပါဝင်(စား သုံး)နိုင်ကြသည်။" အရှင်မြတ်သည် သူတို့၏(ထိုကဲ့သို့ မဟုတ်မမှန်)ပြောဆိုမှု များကြောင့် သူတို့ကို မကြာမီ အစားပေးတော်မူမည်။ အမှန်စင်စစ် အရှင်မြတ် သည် ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်၊ အကြွင်းမဲ့ သိတော်မူသောအရှင်ဖြစ်တော်မူသည်။

قَدْ خَسِرَ الَّذِينَ قَتَلُوا أَوْلَادَهُمْ سَفَهًا بِغَيْرِ عِلْمٍ وَحَرَّمُوا مَا رَزَقَهُمُ اللَّهُ افْتِرَاءً عَلَى اللَّهِ ۚ قَدْ

ضَلُّوْا وَمَا كَانُوْا مُهْتَدِيْنَ ﴿١٤٠﴾

(၁၄၀) အမှန်စင်စစ် အကြင်သူများသည် ဆုံးရှုံးကြပြီဖြစ်သည်။ ထိုသူများသည် သူတို့၏သားသမီးများကို အသိမရှိဘဲ မိုက်မဲစွာသတ်ဖြတ်ကြသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်အပေါ်တွင် လုပ်ကြံလိမ်လည်ပြောဆိုပြီး အရှင်မြတ်က သူတို့အား ပေးထားသောအရာများကို ဟရာမ်တားမြစ်ထားသောအရာများဟု သတ်မှတ်ကြသည်။ အမှန်မှာ သူတို့သည် လမ်းမှားခဲ့ကြပြီဖြစ်သည်။ ၎င်းပြင် သူတို့သည် (မူလကလည်း)လမ်းမှန်ရရှိခဲ့သူများမဟုတ်ခဲ့ကြပေ။

وَهُوَ الَّذِيْٓ اَنْشَاَ جَنّٰتٍ مَّعْرُوْشٰتٍ وَّغَيْرَ مَعْرُوْشٰتٍ وَّالنَّخْلَ وَالزَّرْعَ مُخْتَلِفًا اُكُلُهٗ وَالزَّيْتُوْنَ وَالرُّمَّانَ مُتَشَابِهًا وَّغَيْرَ مُتَشَابِهٍ ۭ كُلُوْا مِنْ ثَمَرِهٖٓ اِذَآ اَثْمَرَ وَاٰتُوْا حَقَّهٗ يَوْمَ حَصَادِهٖ ڮ وَلَا تُسْرِفُوْا ۭ اِنَّهٗ لَا يُحِبُّ الْمُسْرِفِيْنَ ﴿١٤١﴾

(၁၄၁) ထို့ပြင် ထိုအရှင်မြတ်သည် အမိုးပြု၍ နွယ်တက်သောဥယျာဉ်များ၊ အမိုးမပြုရဘဲထောင်တက်သောဥယျာဉ်များ၊ အရသာအမျိုးမျိုးရှိသော စွန်ပလွံပင်များ၊ ကောက်ပဲသီးနှံများ၊ ဆင်တူယိုးမှားဖြစ်သော သံလွင်(ပင်)များ၊ သလဲသီး(ပင်)များနှင့် ဆင်တူမှုမရှိသော သစ်သီး(ပင်)များကို ပေါက်ရောက်ဖြစ်ထွန်းစေတော်မူခဲ့သည်။ အသင်တို့သည် ထိုအပင်များ၏ အသီးအနှံများ သီးပွင့်သောအခါ စားသုံးကြပါ။ ၎င်းပြင် အသင်တို့သည် ထိုအသီးအနှံများ ဆွတ်ခူးရိတ်သိမ်းသောနေ့၌ (ပြဋ္ဌာန်းထားသော)၎င်း၏တာဝန်[၁] ကို ပေးဆပ်ကြပါ။ ၎င်းပြင် အသင်တို့သည် မဖြုန်းတီးကြနှင့်။ အမှန်စင်စစ် အရှင်မြတ်သည် ဖြုန်းတီးသောသူများကို နှစ်သက်တော်မမူပေ။

[၁] ကောက်ပဲသီးနှံတွေရိတ်သိမ်းတဲ့နေ့မှာ ပေးဆပ်ရမဲ့ ပြဋ္ဌာန်းထားတဲ့တာဝန်ဆိုတာ သဘာဝမိုးရေနဲ့စိုက်ပျိုးလို့ထွက်လာတဲ့ ကောက်ပဲသီးနှံဆိုရင် အဲဒီထဲက ဆယ်ပုံတစ်ပုံဟာ ဆင်းရဲသားတွေရဲ့ ဝေစုဖြစ်တဲ့အတွက် ရိတ်သိမ်းပြီးတဲ့အချိန်မှာ သူတို့ရဲ့ဝေစုကို ပေးဆပ်လိုက်ရမှာဖြစ်တယ်။ တကယ်လို့ ရေတွင်းက ဒါမှမဟုတ် မြစ်ချောင်းတွေကနေ ရေသွင်းပြီးစိုက်ပျိုးလို့ ထွက်လာတဲ့ကောက်ပဲသီးနှံဖြစ်ရင် အဲဒီထဲက နှစ်ဆယ်ပုံတစ်ပုံဟာ ဆင်းရဲသားတွေရဲ့ဝေစုဖြစ်တယ်။ အဲဒီဝေစုတွေကို ဆင်းရဲသားတွေကို ပေးဖို့ ဝါဂျစ်ဗ်တာဝန်ဖြစ်တယ်။(အဒ်ဒုရ်ရုလ်မန်သူူးဒ်) ကောက်ပဲသီးနှံထွက်တဲ့ပမာဏအတိုင်းအတာ ဘယ်ရွေ့ဘယ်လောက်ရောက်မှ ဒီတာဝန်ကို ထမ်းဆောင်ဖို့ နိစွာဗ်ပြည့်မြောက်တယ်လို့ သတ်မှတ်ထားခြင်းမရှိတဲ့အတွက် အိမာမ်အဗူဟာနီဖဟ် رحمه الله နဲ့ အိမာမ်အဟ်မဒ်ဗင်န်ဟန်ဗလ် رحمه الله ရဲ့ မဇ်ဟဗ်မှာ ကောက်ပဲသီးနှံ နည်းနည်းပဲထွက်ထွက်၊ များများပဲထွက်ထွက် ပေးဖို့အရေးကြီးတယ်လို့ သတ်မှတ်ထားတယ်။ (မအာရိဖွလ်ကုရ်အာန်)

وَمِنَ الْاَنْعَامِ حَمُوْلَةً وَّفَرْشًا ۭ كُلُوْا مِمَّا رَزَقَكُمُ اللّٰهُ وَلَا تَتَّبِعُوْا خُطُوٰتِ الشَّيْطٰنِ ۭ اِنَّهٗ لَكُمْ

عَدُوٌّ مُّبِينٌ ﴿١٤٢﴾

(၁၄၂) ထို့ပြင် (အရှင်မြတ်သည်) ခြေလေးချောင်းတိရစ္ဆာန်များထဲမှ ထမ်းပိုးနိုင်သော(ကုလားအုတ်ကဲ့သို့)အရပ်မြင့်သော တိရစ္ဆာန်များနှင့် (အသားစား နို့စား သိုးဆိတ်ကဲ့သို့) အရပ်နိမ့်သောတိရစ္ဆာန်များကိုလည်း (ဖန်ဆင်းတော်မူခဲ့သည်)။ အသင်တို့သည် အသင်တို့အား အလ္လာဟ်အရှင်မြတ်က ပေးသနားတော်မူသောအရာများကို စားသုံးကြပါ။ ၎င်းပြင် အသင်တို့သည် ရှိုင်သွာန်၏ လျှောက်လှမ်းမှုခြေရာများနောက်ကို မလိုက်ကြနှင့်။ အမှန်စင်စစ် ထိုရှိုင်သွာန်သည် အသင်တို့၏ထင်ရှားသောရန်သူပင်ဖြစ်သည်။(၂)

(၂) ရှိုင်သွာန်ရဲ့လျှောက်လှမ်းမှုနောက်ကို လိုက်ခြင်းဆိုတာ အထောက်အထားသက်သေသာဓကမရှိဘဲ ထင်ရာမြင်ရာပြောဆိုနေတဲ့သူတွေရဲ့စကားတွေကိုနားထောင်ပြီးလိုက်တာကိုဆိုလိုတယ်။ အရှင်မြတ်က ဟလာလ်ခွင့်ပြုထားတာတွေကို ခွင့်မပြုဘူးလို့ ပြောဆိုတဲ့သူတွေနောက်လိုက်ခြင်း၊ အရှင်မြတ်က ဟရာမ်လို့ တားမြစ်ထားတဲ့အရာတွေကို လုပ်ပိုင်ခွင့်ရှိတယ်လို့ ပြောဆိုတဲ့သူတွေ နောက်ကိုလိုက်ခြင်းတို့ဖြစ်တယ်။ အဲဒီလို ရှိုင်သွာန်နောက်ကို လိုက်တဲ့သူတွေဟာ ရှိုင်သွာန်နဲ့ အတူ ငရဲဘုံထဲမှာနေကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

ثَمَٰنِيَةَ أَزْوَٰجٍ ۖ مِّنَ ٱلضَّأْنِ ٱثْنَيْنِ وَمِنَ ٱلْمَعْزِ ٱثْنَيْنِ ۗ قُلْ ءَآلذَّكَرَيْنِ حَرَّمَ أَمِ ٱلْأُنثَيَيْنِ أَمَّا
ٱشْتَمَلَتْ عَلَيْهِ أَرْحَامُ ٱلْأُنثَيَيْنِ ۖ نَبِّـُٔونِى بِعِلْمٍ إِن كُنتُمْ صَٰدِقِينَ ﴿١٤٣﴾

(၁၄၃) (ခြေလေးချောင်းသတ္တဝါများထဲမှ)ရှစ်မျိုး(၁)ကို (အရှင်မြတ်က ဖန်ဆင်းတော်မူခဲ့သည်)။ သိုးများထဲမှနှစ်မျိုး (အထီးနှင့်အမ)၊ ဆိတ်များထဲမှ နှစ်မျိုး(အထီးနှင့်အမ)။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အရှင်မြတ်က အထီးနှစ်ကောင်ကို ဟရာမ်ဟု တားမြစ်တော်မူသလော။ သို့မဟုတ် အမ နှစ်ကောင်ကိုတားမြစ်တော်မူသလော။ သို့မဟုတ် အမနှစ်ကောင်၏သားအိမ်များ၌ လွယ်ထားသော သန္ဓေသားများကို ဟရာမ်ဟု တားမြစ်တော်မူသလော။ အကယ်၍ အသင်တို့သည် အမှန်ပြောဆိုသူများ ဖြစ်ကြလျှင် ငါ့အား အထောက်အထား ပညာရပ်နှင့်တကွ တင်ပြကြပါ။

(၁) သိုး အထီး/အမ၊ ဆိတ် အထီး/အမ၊ ကုလားအုတ် အထီး/အမ၊ နွားအထီး/အမ အားလုံးရှစ်မျိုးဖြစ်တယ်။ ဒီနေရာမှာ أَزْوَاجٍ ဆိုတာ أَصْنَافٌ အမျိုးအစားကို ဆိုလိုတယ်။
(အသ်သဖ်စီရွလ် မုယတ်စရ်၊ အာစားန် သရ်ဂျုမဟ်)

وَمِنَ ٱلْإِبِلِ ٱثْنَيْنِ وَمِنَ ٱلْبَقَرِ ٱثْنَيْنِ ۗ قُلْ ءَآلذَّكَرَيْنِ حَرَّمَ أَمِ ٱلْأُنثَيَيْنِ أَمَّا ٱشْتَمَلَتْ
عَلَيْهِ أَرْحَامُ ٱلْأُنثَيَيْنِ ۖ أَمْ كُنتُمْ شُهَدَآءَ إِذْ وَصَّىٰكُمُ ٱللَّهُ بِهَٰذَا ۚ فَمَنْ أَظْلَمُ مِمَّنِ ٱفْتَرَىٰ عَلَى
ٱللَّهِ كَذِبًا لِّيُضِلَّ ٱلنَّاسَ بِغَيْرِ عِلْمٍ ۗ إِنَّ ٱللَّهَ لَا يَهْدِى ٱلْقَوْمَ ٱلظَّٰلِمِينَ ﴿١٤٤﴾

(၁၄၄) ၎င်းပြင် ကုလားအုတ်များထဲမှ နှစ်မျိုး(အထီးနှင့်အမ)၊ နွားများထဲမှနှစ်မျိုး (အထီးနှင့်အမ)ကို(လည်း အရှင်မြတ်က ဖန်ဆင်းတော်မူခဲ့သည်)။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အရှင်မြတ်သည် အထီးနှစ်ကောင်ကို တားမြစ်တော်မူသလော။ သို့မဟုတ် အမနှစ်ကောင်ကို တားမြစ်တော်မူသလော။ သို့မဟုတ် အမနှစ်ကောင်၏သားအိမ်များထဲ၌ လွယ်ထားသော သန္ဓေသားများကို တားမြစ်တော်မူသလော။ သို့မဟုတ် အသင်တို့သည် အလ္လာဟ်အရှင်မြတ်က အသင်တို့ကို ဤအမိန့်ချမှတ်စဉ်က (သက်သေအဖြစ်နှင့်)ရှေ့မှောက်၌ ရှိနေကြသူများဖြစ်ကြသလော။❶ သို့ဖြစ်ရာ အသိပညာမရှိဘဲနှင့် လူများအား လမ်းမှားစေရန် အလ္လာဟ်အရှင်မြတ်အပေါ်တွင် မုသားကို လုပ်ကြံပြောဆိုသူထက် မတရားသူ မည်သူရှိမည်နည်း။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မတရားကျူးလွန်သူများကို လမ်းမှန်ရောက်အောင် ပို့ဆောင်တော်မူမည်မဟုတ်ပေ။

❶ တစ်ခုခုကို ဟရာမ်၊ ဟလာလ်ပြုလုပ်ခြင်းဟာ အရှင်မြတ်ရဲ့အမိန့်တော်နဲ့ပဲ ဖြစ်နိုင်တယ်။ အရှင်မြတ်ရဲ့ အမိန့်တော်ဟာ လူသားထံကို ရောက်ဖို့ဆိုရင် အရှင်မြတ်စေလွှတ်လိုက်တဲ့ တမန်တော်တွေကတစ်ဆင့် ဒါမှမဟုတ် အရှင်မြတ်ချပေးတော်မူတဲ့ ကျမ်းဂန်ကတစ်ဆင့်ပဲရောက်ရှိနိုင်တယ်။ မုရှ်ရိက်တွေမှာ အဲဒီနှစ်ခုစလုံးမရှိတာ ထင်ရှားပြီးဖြစ်တယ်။ သူတို့ဟာ အရှင်မြတ်ရဲ့ရှေ့မှောက်မှာ မရှိခဲ့တာကတော့ ထင်ရှားပြီးဖြစ်တယ်။(အလင်းပြကျမ်း)ဆိုလိုတာက အသင်တို့ဟာ တစ်ခါတစ်ရံ အထီးကို ဟရာမ်ပြောကြတယ်၊ တစ်ခါတစ်ရံ အမကို ဟရာမ်ပြောကြတယ်။ တကယ်တော့ အရှင်မြတ် ဖန်ဆင်းတုန်းက အထီးကိုရော အမကိုပါ ဟရာမ်ပြုခဲ့တာမဟုတ်ဘူး။ အခု အသင်တို့ပဲ ပြကြပါ-အထီးဖြစ်ခြင်းကြောင့် ဟရာမ်ဖြစ်ရရင် အမြဲ အထီးပဲ ဟရာမ်ဖြစ်ရမှာပဲ။ အဲဒီလိုပဲ အမဖြစ်ခြင်းကြောင့် ဟရာမ်ဖြစ်ရရင် အမြဲ အမပဲ ဟရာမ်ဖြစ်ရမှာပဲ။ ပြီးတော့ ဗိုက်ထဲက ကလေးဖြစ်ခြင်းကြောင့် ဟရာမ်ဖြစ်ရရင် အဲဒီကလေးဟာ အထီးပဲဖြစ်ဖြစ်၊ အမပဲ ဖြစ်ဖြစ် ဟရာမ်ဖြစ်ရမှာပဲ။ အသင်တို့ လုပ်ကြံထားတဲ့ ပညတ်ချက်တွေဟာ ပညာအပေါ်မှာလည်း အခြေခံထားခြင်းမရှိရုံမက အသိဉာဏ်အပေါ်မှာလည်း အခြေခံထားခြင်းမရှိဘူး။ အရှင်မြတ်ရဲ့ အမိန့်တော်တစ်ခုမှ ဒီလိုပုံစံနဲ့ အမိန့်ပေးထားခြင်းမရှိဘူး။ (အာစားန်သရ်ဂျမဟ်)

قُلْ لَّآ اَجِدُ فِيْ مَآ اُوْحِيَ اِلَيَّ مُحَرَّمًا عَلٰى طَاعِمٍ يَّطْعَمُهٗٓ اِلَّآ اَنْ يَّكُوْنَ مَيْتَةً اَوْ دَمًا مَّسْفُوْحًا اَوْ لَحْمَ خِنْزِيْرٍ فَاِنَّهٗ رِجْسٌ اَوْ فِسْقًا اُهِلَّ لِغَيْرِ اللّٰهِ بِهٖ ۚ فَمَنِ اضْطُرَّ غَيْرَ بَاغٍ وَّلَا عَادٍ فَاِنَّ رَبَّكَ غَفُوْرٌ رَّحِيْمٌ ﴿١٤٥﴾

(၁၄၅) (အို-တမန်တော်) အသင်ပြောလိုက်ပါ-ငါသည် ငါ၏ထံသို့ ချပေးခြင်းခံရသော ဝဟီအမိန့်တော်တွင် (ယခုအငြင်းပွားနေသောတိရစ္ဆာန်များထဲမှ တစ်ကောင်မျှပင်) မည်သည့်စားသုံးသူအပေါ်၌မျှ ထိုအရာကို စားသုံးခြင်း ဟရာမ်ဟု တားမြစ်ထားသည်ကို မတွေ့ရပေ။❷ သို့ရာတွင် အသေသား၊ သို့

မဟုတ် စီးတွေသောသွေး၊ သို့မဟုတ် ဝက်သား(တို့သည် တားမြစ်ခြင်းခံရသည်။) အဘယ်ကြောင့်ဆိုသော် အမှန်ပင် ထိုအရာ(အားလုံး) သည် အလွန်ညစ်ညမ်း၍ မသန့်စင်ခြင်း၊ သို့မဟုတ် အရှင်မြတ်၏အမိန့်ကို ဖီဆန်ပြီး အလ္လာဟ်အရှင်မြတ်မှလွဲ၍အခြားအရာသည် ရည်စူး(ပြီး လှီးဖြတ်)ခံရခြင်းတို့ကြောင့်ဖြစ်သည်။ ထို့နောက် အကြင်သူသည် (ထိုတားမြစ်ထားသောအရာများကို) အရသာခံစားလိုသူလည်း မဟုတ်ဘဲ၊ အစားကျူးသူလည်းမဟုတ်ဘဲ မလွဲမရှောင်သာ အကျပ်အတည်းဖြစ်(၍အသက် မသေရုံမျှသာ စားသုံး)ခဲ့လျှင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အမှန်စင်စစ် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန် သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

❷ အရှင်မြတ်ထုတ်ပြန်ချမှတ်ခဲ့တဲ့ ဝဟီထဲမှာ မုဂ်ရိုက်တွေက ဟာရာမ်လို့ပြောတဲ့အရာတွေ မပါရှိဘူး။ တခြားအရာတွေ ဟာရာမ်ဖြစ်တဲ့အကြောင်းတွေကတော့ ကုရ်အာန်ရဲ့တခြားအာယသ်တွေနဲ့ ဟဒီးဆ်တော်တွေမှာ ရှိပါသေးတယ်။ (အလင်းပြကျမ်း)

وَعَلَى الَّذِيْنَ هَادُوْا حَرَّمْنَا كُلَّ ذِيْ ظُفُرٍ ۚ وَمِنَ الْبَقَرِ وَالْغَنَمِ حَرَّمْنَا عَلَيْهِمْ شُحُوْمَهُمَآ اِلَّا مَا
حَمَلَتْ ظُهُوْرُهُمَآ اَوِ الْحَوَايَآ اَوْ مَا اخْتَلَطَ بِعَظْمٍ ؕ ذٰلِكَ جَزَيْنٰهُمْ بِبَغْيِهِمْ ۖ وَاِنَّا لَصٰدِقُوْنَ ﴿١٤٦﴾

(၁၄၆) ထို့ပြင် ငါအရှင်မြတ်သည် ယဟူဒီများအပေါ်တွင် ခြေသည်း၊ လက်သည်း ရှိသော တိရစ္ဆာန်တိုင်းကို ဟာရာမ်ဟု တားမြစ်တော်မူခဲ့သည်။ ၎င်းပြင် နွားနှင့်ဆိတ်များထဲမှ သူတို့၏ ကျောကုန်းများနှင့်ကပ်နေသောအဆီ၊ သို့မဟုတ် အူများနှင့်ကပ်နေသောအဆီ၊ သို့မဟုတ် အရိုးနှင့်ကပ်နေသောအဆီများမှလွဲ၍ ထို(နွားဆိတ်)နှစ်မျိုးစလုံး၏ (အခြား)အဆီများကို ဟာရာမ်ဟု တားမြစ်တော်မူခဲ့သည်။❻ ယင်း(သို့ဟာရာမ်သတ်မှတ်ခြင်း)သည် ငါအရှင်မြတ်က သူတို့အား သူတို့၏ဆိုးသွမ်းပုန်ကန်မှုကြောင့် ပြစ်ဒဏ်ပေးတော်မူခြင်းသာ ဖြစ်သည်။ ထို့ပြင် အမှန်မှာ ငါအရှင်မြတ်သည် စင်စစ် မှန်ကန်စွာမိန့်ကြားတော်မူသောအရှင် ဖြစ်တော်မူသည်။

❻ ယဟူဒီတွေဟာ မလိုက်နာမှုတွေ၊ ပုန်ကန်မှုတွေများပြားတဲ့အတွက် သူတို့ကို အရှင်မြတ်က အပြစ်ဒဏ်ခတ်တဲ့အနေနဲ့ ဖော်ပြထားတဲ့အရာတွေကို ဟာရာမ်အဖြစ်တားမြစ်လိုက်ခြင်း ဖြစ်တယ်။ (အလင်းပြကျမ်း)

فَاِنْ كَذَّبُوْكَ فَقُلْ رَّبُّكُمْ ذُوْ رَحْمَةٍ وَّاسِعَةٍ ۚ وَلَا يُرَدُّ بَاْسُهٗ عَنِ الْقَوْمِ الْمُجْرِمِيْنَ ﴿١٤٧﴾

(၁၄၇) ထို့နောက်လည်း သူတို့သည် အသင်(တမန်တော်)အား(အသင်ယူလာသောအရာကို)လိမ်လည်ငြင်းပယ်လျှင် အသင်ပြောလိုက်ပါ- အသင်တို့

အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အလွန်ကျယ်ဝန်းသော သနား ကရုဏာတော်ရှင်ဖြစ်သည်။ ၎င်းပြင် အရှင်မြတ်၏အပြစ်ဒဏ်သည်လည်း အပြစ် ရှိသောသူများထံမှ ဆုတ်ခွာသွားခြင်းခံရမည်မဟုတ်ပေ။

سَيَقُولُ الَّذِينَ أَشْرَكُوا لَوْ شَاءَ اللَّهُ مَا أَشْرَكْنَا وَلَا آبَاؤُنَا وَلَا حَرَّمْنَا مِن شَيْءٍ ۚ كَذَٰلِكَ كَذَّبَ الَّذِينَ مِن قَبْلِهِمْ حَتَّىٰ ذَاقُوا بَأْسَنَا ۗ قُلْ هَلْ عِندَكُم مِّنْ عِلْمٍ فَتُخْرِجُوهُ لَنَا ۖ إِن تَتَّبِعُونَ إِلَّا الظَّنَّ وَإِنْ أَنتُمْ إِلَّا تَخْرُصُونَ ﴿١٤٨﴾

(၁၄၈) ရှိရ်က်တုဖက်ကိုးကွယ်သူများက မကြာမီ ပြောဆိုကြမည်- အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့သည် တစ်စုံတစ်ရာကို အလ္လာဟ်အရှင် မြတ်နှင့် တွဲဖက်ပြီး ကိုးကွယ်နိုင်ခဲ့ကြမည်မဟုတ်ပေ။ ၎င်းပြင် ကျွန်ုပ်တို့သည် မည်သည့်အရာကိုမျှ ဟရာမ်ဟုလည်း တားမြစ်နိုင်ခဲ့ကြမည်မဟုတ်ပေ။[၁] ထိုသို့ ပင် သူတို့မတိုင်မီကသူများသည်လည်း (တမန်တော်များကို) မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ နောက်ဆုံးတွင် သူတို့သည် ငါ့အရှင်မြတ်၏အပြစ်ဒဏ် ကို မြည်းစမ်းခဲ့ကြရသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့ ထံတွင် (အသင်တို့ ထင်မြင်ယူဆပြောဆိုသည်မှာ မှန်ကန်ကြောင်း) သက်သေ သာဓကတစ်စုံတစ်ခုရှိသလော။ သို့ဖြစ်လျှင် ငါတို့အား ၎င်း(သက်သေသာဓက) ကို ထုတ်ဖော်တင်ပြကြပါ။ အသင်တို့သည် (သက်သေသာဓကမရှိဘဲ အသင် တို့၏)ထင်မြင်ယူဆချက်ကိုသာ လိုက်နာကြခြင်းဖြစ်သည်။ ၎င်းပြင် အသင်တို့ သည် ရမ်းဆပြောဆိုနေကြသည်သာ ဖြစ်သည်။

[၁] အလ္လာဟ်အရှင်မြတ် အလိုရှိရင် ကျွန်ုပ်တို့ဟာ ရှိရ်က်လုပ်ကြမှာမဟုတ်ဘူးလို့ ပြောဆိုခြင်းဟာ သက်သက်အရှင်မြတ်ရဲ့အလိုရှိမှုကိုစွတ်ပုံးလုပ်ခြင်းသာဖြစ်တယ်။ မှန်ပါတယ်။ တကယ်ပဲ အရှင်မြတ် အလိုမရှိဘဲ ဘယ်သူမှ အလိုရှိလို့မရဘူး။ ဒါပေမဲ့ အဲဒီ အရှင်မြတ်အလိုရှိတော်မူတဲ့ စီမံကိန်းကြီးကို လူသားတွေ မဖန်ဆင်းခင်ကတည်းက သက္ကဒီရ်နဖူးစာအဖြစ်နဲ့ ရေးမှတ်ထားပြီးဖြစ်တယ်။ အဲဒီ သက္ကဒီရ်နဖူးစာမှာ အဆင့်လေးဆင့်ရှိတယ်။ ပထမအဆင့် - အရှင်မြတ်ရဲ့အိလ်မ်အသိ။ အရှင်မြတ် ဟာ ဖြစ်ခဲ့တဲ့၊ ဖြစ်နေတဲ့၊ ဖြစ်မဲ့အရာတွေအားလုံးကို သိထားပြီးဖြစ်တော်မူတယ် - إِنَّ اللَّهَ بِكُلِّ شَيْءٍ عَلِيمٌ ဒုတိယအဆင့် - ရေးမှတ်ထားခြင်း။ အရှင်မြတ်ရဲ့အိလ်မ်အသိထဲကနေ ကိယာမသ်နေ့ထိဖြစ်ပျက် မဲ့အရာအားလုံးကို လောင်းဟေ့မဟ်ဖူးဇ်မှတ်တမ်းစာအုပ်ကြီးမှာ ရေးမှတ်ထားတော်မူတယ် -

قال النبي صلى الله عليه وسلم: ((إن أول ما خلق الله القلم، فقال : اكتب، قال: ما أكتب؟ قال: اكتب القدر ما كان وما هو كائن إلى الأبد)) الترمذي-٢١٥٥ صحيح (وَكُلَّ شَيْءٍ أَحْصَيْنَاهُ فِي إِمَامٍ مُّبِينٍ)

တတိယအဆင့် - အလိုရှိခြင်း။ ဖြစ်နေတဲ့၊ ဖြစ်မဲ့အရာတွေအားလုံးဟာ အရှင်မြတ် အလိုရှိတော်မူ

လို့ပဲ ဖြစ်လာရတယ် - وَمَا تَشَآءُونَ إِلَّآ أَن يَشَآءَ ٱللَّهُ ။ စတုတ္ထအဆင့် - ဖန်ဆင်းခြင်း။ အရှင်မြတ်က မိမိ အလိုရှိတော်မူတာကို ဖန်ဆင်းတော်မူတယ် - يَخۡلُقُ ٱللَّهُ مَا يَشَآءُ ။ အရှင်မြတ်က ကိစ္စတစ်ခုခုကို ရည်ရွယ်တော်မူတဲ့အခါ "ဖြစ်စေ" လို့မိန့်တော်မူလိုက်ရင် အဲဒီကိစ္စဟာ ဖြစ်လာတယ် - إِذَآ أَرَادَ شَيۡـًٔا أَن يَقُولَ لَهُۥ كُن فَيَكُونُ ။ အရှင်မြတ်အလိုရှိတော်မူလို့ ဖန်ဆင်းတော်မူထားတဲ့ အဖန်ဆင်းခံတွေဟာ အမျိုးအစား ၂မျိုးရှိတယ်။ တစ်မျိုးက အရှင်မြတ်ရဲ့အမိန့်ကိုပဲ နာခံတဲ့အရည်အချင်းတစ်မျိုးတည်းရှိတဲ့ အဖန်ဆင်းခံအမျိုးအစားဖြစ်တယ်။ နောက်တစ်မျိုးကတော့ နာခံတဲ့အရည်အချင်းရော မနာခံတဲ့အရည်အချင်းပါ နှစ်မျိုးစလုံးရှိပြီး မိမိသဘောနဲ့ ရွေးချယ်ပြုလုပ်ဖို့ လွတ်လပ်ခွင့်ပေးထားတဲ့ အဖန်ဆင်းခံအမျိုးစားဖြစ်တယ်။ ပထမအမျိုးအစားရဲ့ ဥပမာမှာ - ကောင်းကင်တမန်တွေ - لَّا يَعۡصُونَ ٱللَّهَ مَآ أَمَرَهُمۡ وَيَفۡعَلُونَ مَا يُؤۡمَرُونَ ၊ နေလနက္ခတ်တာရာတွေ - وَٱلشَّمۡسَ وَٱلۡقَمَرَ وَٱلنُّجُومَ مُسَخَّرَٰتِۭ بِأَمۡرِهِۦٓ သက်ရှိတွေရဲ့နှလုံးခုန်ခြင်း၊ သွေးလည်ပတ်ခြင်း စတာတွေဖြစ်တယ်။ သူတို့တစ်တွေဟာ အရှင်မြတ်ခိုင်းတဲ့အတိုင်း အမိန့်နာခံနေကြတယ်။ အမိန့်ဖီဆန်ခြင်းမရှိကြဘူး။ သူတို့မှာ ရွေးချယ်စရာလည်း မရှိဘူး။ အရှင်မြတ်က အဲဒီပုံစံအတိုင်း အလိုရှိလို့ အဲဒီလို ဖန်ဆင်းခဲ့တာဖြစ်တယ်။ ဒုတိယအမျိုးအစားရဲ့ဥပမာကတော့ လူသားတွေနဲ့ ဂျင်န်တွေဖြစ်တယ်။ အရှင်မြတ်က လူသားနဲ့ဂျင်န်ကို အချိန်ကန့်သတ်ပြီး အတိုင်းအတာတစ်ခုအထိ သူတို့အင်အားနဲ့အညီ အရှင်မြတ်အလိုရှိတာတွေကို လွတ်လွတ်လပ်လပ် ရွေးချယ်ပြုလုပ်နိုင်တဲ့အင်အားကိုပေးထားတယ်။ အရှင်မြတ်အလိုရှိတဲ့အရာကိုပဲ သူတို့ဟာ လုပ်ကြမှာဖြစ်ပေမဲ့ သူတို့ကိုယ်တိုင် အရှင်မြတ်အလိုရှိတာကို စိတ်ပါလာမှာဖြစ်ပြီး သူတို့စိတ်ဆန္ဒနဲ့ လိုလိုလားလားရွေးချယ်ပြုလုပ်ကြတဲ့အတွက် သူတို့လုပ်တဲ့အရာအတိုင်း အစားပေးခြင်းခံကြရမှာဖြစ်တယ် - لَا يُكَلِّفُ ٱللَّهُ نَفۡسًا إِلَّا وُسۡعَهَاۚ لَهَا مَا كَسَبَتۡ وَعَلَيۡهَا مَا ٱكۡتَسَبَتۡ ။ လူသားတွေအတွက် အဲဒီလိုပုံစံကို အလိုရှိတော်မူထားတာဖြစ်တယ်။ အရှင်မြတ်အလိုရှိရင် လူသားအားလုံးကို ရွေးချယ်ခွင့်မရှိတဲ့ အမိန့်နာခံသူတွေအဖြစ် ကောင်းကင်တမန်တွေလို ဟိဒါယသ်လမ်းမှန်ပေးလိုက်မှာဖြစ်တယ် - فَلَوۡ شَآءَ لَهَدَىٰكُمۡ أَجۡمَعِينَ ။ သဖ်စီရ်ရှအ်ရာဝီထဲမှာ အခုလို ဖော်ပြထားပါတယ် -

(فما بالنا بالعبد عند ما يعطيه الحق الاختيار؟ ولو أراد الله الناس جميعاً على هداية لجعلهم كالملائكة) يقول سبحانه هنا: (وَلَوۡ شِئۡنَا لَأٓتَيۡنَا كُلَّ نَفۡسٍ هُدَىٰهَا) أي:- لجعل الناس كالملائكة، وكالمخلوقات المسيَّرة التى لا اختيار لها (تفسير الشعراوى)

လူသားတွေအတွက် အဲဒီလို အလိုမရှိလို့ ပြုလုပ်တော်မမူခဲ့တာဖြစ်တယ်။ အရှင်မြတ်ရဲ့အလိုရှိခြင်းဟာ အရှင်မြတ်ရဲ့ နှစ်သက်မှု၊ မနှစ်သက်မှုနဲ့ မဆိုင်ဘူး။ အရှင်မြတ်ရဲ့ နှစ်သက်မှုဟာ အရှင်မြတ်က ပြုလုပ်ဖို့စေခိုင်းထားတဲ့အမိန့်တွေအပေါ်မှာရှိပြီး အရှင်မြတ်ရဲ့ မနှစ်သက်မှုဟာ အရှင်မြတ်က လူသားတွေကို ပြုလုပ်ခြင်းကနေ တားမြစ်ထားတဲ့ပညတ်ချက်တွေအပေါ်မှာဖြစ်တယ်။ အဲဒီအမိန့်တွေကို နာခံခြင်း၊ မနာခံခြင်းအပေါ်မှာ အရှင်မြတ်အလိုရှိသလို အစားပေးတော်မူမှာဖြစ်တယ်။ (အလ်မနားရ်၊ ကာစိမီ၊ အရ်ရာဇီ၊ အသ်သွ်ဝါဒွလ်ဗယာန်၊ စွဖ်ဝသွသ်သဖာစီရ်၊ အရ်ရှအ်ရာဝီ၊ မဇ်ဟာရီ၊ သွရီကွလ်ဟိဂ်ျရသိုင်န်၊ အလ်ဗဟ်ရွလ်မုဟီးသွ်၊ အသ်သဟ်ရီရု ဝသ်သန္ဒဝီးရ်၊ ရူဟွလ်မအာနီ၊ အလ်မုနီးရ်၊ သွဗ်ရီ၊ အလ်ဝါသွိဟ်၊ အလ်ဝစီးသွ်) (ကုရ်အာန် - ၂၉း၂၁ အောက်ခြေ - ၂မှာရွေးချယ်ခွင့်အကြောင်း အထောက်အထားတွေပါရှိပါသေးတယ်။)

قُلۡ فَلِلَّهِ ٱلۡحُجَّةُ ٱلۡبَٰلِغَةُۖ فَلَوۡ شَآءَ لَهَدَىٰكُمۡ أَجۡمَعِينَ ١٤٩

(၁၄၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အလ္လာဟ်အရှင်မြတ်

တွင် ပြည့်စုံလုံလောက်သောသာဓကရှိသည်။ သို့ဖြစ်ရာ အကယ်၍ အရှင်မြတ် အလိုရှိတော်မူလျှင် အသင်တို့အားလုံးကို လမ်းမှန်ရောက်အောင် အမှန်စင်စစ် ပို့ဆောင်တော်မူခဲ့ပြီးဖြစ်မည်။

قُلْ هَلُمَّ شُهَدَآءَكُمُ الَّذِيْنَ يَشْهَدُوْنَ اَنَّ اللّٰهَ حَرَّمَ هٰذَا ۚ فَاِنْ شَهِدُوْا فَلَا تَشْهَدْ مَعَهُمْ ۚ وَلَا
تَتَّبِعْ اَهْوَآءَ الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا وَالَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ وَهُمْ بِرَبِّهِمْ يَعْدِلُوْنَ ﴿١٥٠﴾

(၁၅၀) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် အလ္လာဟ်အရှင်မြတ်က ဤအရာ(တိရစ္ဆာန်များနှင့် လယ်ယာများ)ကို ဟရာမ်ဟု တားမြစ်ထားကြောင်း သက်သေခံကြမည့် အသင်တို့၏သက်သေများကို ခေါ်ယူခဲ့ကြပါ။ ထို့နောက်အကယ်၍ သူတို့သည် (လိမ်လည်)သက်သေခံကြလျှင်လည်း အသင်သည် သူတို့နှင့်အတူ သက်သေမခံပါနှင့်။ⓙ ထို့ပြင် အသင်သည် အကြင်သူများ၏ အလိုဆန္ဒများနောက်ကို မလိုက်လေနှင့်။ ထိုသူများသည် ငါအရှင်မြတ်၏အမိန့်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ ၎င်းပြင် ထိုသူများသည် တမလွန်ဘဝကိုလည်း မယုံကြည်ကြသည့်အပြင် သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်နှင့် (အခြားအရာများကို) တန်းတူထားပြီး ကိုးကွယ်ကြသည်။

ⓙ သူတို့ရဲ့သက်သေခံချက်ကို မထောက်ခံဖို့နဲ့ သူတို့ရဲ့သက်သေခံချက်ဟာ မှားယွင်းကြောင်း ပြောပြဖို့ အမိန့်ရှိထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ تَعَالَوْا اَتْلُ مَا حَرَّمَ رَبُّكُمْ عَلَيْكُمْ اَلَّا تُشْرِكُوْا بِهٖ شَيْـًٔا وَّبِالْوَالِدَيْنِ اِحْسَانًا ۚ وَلَا تَقْتُلُوْٓا
اَوْلَادَكُمْ مِّنْ اِمْلَاقٍ ۭ نَحْنُ نَرْزُقُكُمْ وَاِيَّاهُمْ ۚ وَلَا تَقْرَبُوا الْفَوَاحِشَ مَا ظَهَرَ مِنْهَا وَمَا بَطَنَ ۚ
وَلَا تَقْتُلُوا النَّفْسَ الَّتِيْ حَرَّمَ اللّٰهُ اِلَّا بِالْحَقِّ ۭ ذٰلِكُمْ وَصّٰىكُمْ بِهٖ لَعَلَّكُمْ تَعْقِلُوْنَ ﴿١٥١﴾

(၁၅၁) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့လာကြပါ၊ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က အသင်တို့အပေါ်တွင် ဟရာမ်ဟု တားမြစ်ထားသောအရာများကို ကျွန်ုပ်ရွတ်ဖတ်ပြမည်။ (ထိုအရာများမှာ) အသင်တို့သည် အရှင်မြတ်နှင့်တွဲဖက်ပြီး မည်သည့်အရာကိုမျှ မကိုးကွယ်ကြနှင့်။ ၎င်းပြင် မိဘနှစ်ပါးနှင့် ကောင်းမွန်စွာ ဆက်ဆံမှု(ပြုကြပါ)။ ထို့ပြင် အသင်တို့သည် အသင်တို့၏သားသမီးများအား ဆင်းရဲမှုကြောင့် မသတ်ဖြတ်ကြနှင့်။ ငါအရှင်မြတ်သည် အသင်တို့နှင့် ၎င်း(သားသမီး)တို့ကို စားနပ်ရိက္ခာ ပေးနေတော်မူသည်။ ၎င်းပြင် အသင်တို့သည် ထင်ရှားသော စက်ဆုပ်ဖွယ်ရာမကောင်း

မှုများအနီးနှင့် လျှို့ဝှက်သော စက်ဆုပ်ဖွယ်ရာမကောင်းမှုများ၏ အနီးသို့ မကပ်ကြနှင့်။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်က (မသတ်ဖြတ်ရန်)တားမြစ်ထားသော အသက်ကို (မတရား)မသတ်ဖြတ်ကြနှင့်။ သို့ရာတွင် (အစ္စလာမ့်)တရားတော်နှင့်အညီ (သတ်ဖြတ်ပိုင်ခွင့် ခြွင်းချက်ရှိသည်)။ အရှင်မြတ်သည် အသင်တို့ သိနားလည်ကြရန်အတွက် အသင်တို့အား ၎င်း(အရာများ)နှင့်ပတ်သက်၍ (အလေးအနက်) မှာကြားတော်မူသည်။

وَلَا تَقْرَبُوا مَالَ الْيَتِيمِ إِلَّا بِالَّتِي هِيَ أَحْسَنُ حَتَّى يَبْلُغَ أَشُدَّهُ ۖ وَأَوْفُوا الْكَيْلَ وَالْمِيزَانَ بِالْقِسْطِ ۖ لَا نُكَلِّفُ نَفْسًا إِلَّا وُسْعَهَا ۖ وَإِذَا قُلْتُمْ فَاعْدِلُوا وَلَوْ كَانَ ذَا قُرْبَىٰ ۖ وَبِعَهْدِ اللَّهِ أَوْفُوا ۚ ذَٰلِكُمْ وَصَّاكُم بِهِ لَعَلَّكُمْ تَذَكَّرُونَ ﴿١٥٢﴾

(၁၅၂) ထို့ပြင် အသင်တို့သည် ပိုမိုကောင်းမွန်(တိုးတက်စေလို)သော နည်းလမ်းမှလွဲ၍ အဘမဲ့ကလေးများ၏ ပစ္စည်းဥစ္စာ အနားသို့ သူတို့အရွယ်မရောက်မချင်း မချဉ်းကပ်ကြနှင့်။ ၎င်းပြင် အသင်တို့သည် ခြင်ခွက်နှင့် ချိန်ခွင်များကို မျှတပြည့်ဝစွာ ခြင်တွယ်ချိန်ဆပေးကြပါ။ ငါအရှင်မြတ်သည် မည်သူ့ကိုမျှ သူတတ်စွမ်းနိုင်သည်ထက်ပိုပြီး တာဝန်ပေးတော်မမူပေ။ ၎င်းပြင် အသင်တို့သည် စကားပြော(ဆုံးဖြတ်/သက်သေခံ)သောအခါ သားချင်းဆွေမျိုးရင်းချာဖြစ်လျှင်လည်း မျှတစွာပြောဆိုကြပါ။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ထားရှိသော ကတိသစ္စာကိုလည်း ပြည့်ဝစွာပြုလုပ်ကြပါ။ အရှင်မြတ်သည် အသင်တို့ သတိတရားရရန်အတွက် ထိုအရာနှင့်ပတ်သက်၍လေးနက်စွာမှာ ကြားတော်မူခြင်းဖြစ်သည်။❶

❶ တမန်တော်မြတ် ﷺ က သာဝကကြီး ﷺ တွေကို အမိန့်ရှိတော်မူတယ် – "ငါကိုယ်တော့်ထံမှာ သုံးအာယသ်အပေါ် ဗိုင်အသ်ပြုလုပ်သစ္စာဆိုမဲ့သူ ဘယ်သူရှိလဲ။" အဲဒီနောက် အထက်က အာယသ်သုံးအာယသ်(ဖြစ်တဲ့ ၁၅၁၊ ၁၅၂၊ ၁၅၃)ကို ဖတ်ကြားတော်မူပြီး မိန့်တော်မူတယ် – "ဘယ်သူမဆို အဲဒီဗိုင်အသ်သစ္စာဆိုမှုကို ပြည့်ဝအောင်လုပ်ရင် သူရဲ့အကျိုးဟာ အလ္လာဟ်အရှင်မြတ်ရဲ့ တာဝန်ဖြစ်သွားပြီ။" (ဟာကင်မ်၊ မအာရိဖွလ်ကုရ်အာန်) အဲဒီသုံးအာယသ်ထဲမှာ ဟရာမ်ပြုလုပ်ထားတဲ့ အချက် ၉ချက်ပါဝင်တယ်။ အဲဒီနောက် နံပါတ် ၁၀မှာ "အမှန်စင်စစ် ဤသည် ငါ၏ဖြောင့်မတ်မှန်ကန်သောတရားလမ်းစဉ်ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုလမ်းစဉ်ကိုသာ လိုက်ကြပါ။ ထို့ပြင် အသင်တို့သည် အခြားလမ်းစဉ်များကို မလိုက်ကြနှင့်။" လို့ တမန်တော်မြတ် ﷺ ယူဆောင်လာတဲ့ ရှရီအသ်တရားတော်ဘက်ကို ညွှန်ကြားပြသပြီး ဟရာမ်၊ ဟလာလ်၊ ပိုင်ခြင်း၊ မပိုင်ခြင်း၊ မနှစ်မြို့ဖွယ်ရာဖြစ်ခြင်း၊ နှစ်သက်ဖွယ်ရာဖြစ်ခြင်း အားလုံးကို ရှရီအသ်တရားတော်အပေါ် လွှဲအပ်လိုက်တယ်။ ရှရီအသ်က ဟရာမ်၊ ဟလာလ်ပြောတဲ့အရာပဲ ဟရာမ်၊ဟလာလ်လို့ နားလည်ထားပါ။

မိမိဘက်က ဟရာမ်၊ ဟလာလ် သတ်မှတ်ပြီးမနေကြနဲ့။ (မအာရိဖွလ်ကုရ်အာန်) အဲဒီဟရာမ်(၁၀) ချက်က ဘာတွေလဲဆိုရင် - (၁) ကိုးကွယ်ခြင်းနဲ့ နာခံခြင်းမှာ အလ္လာဟ်အရှင်မြတ်နဲ့အတူ တွဲဖက်မှုပြုလုပ်ခြင်း၊ (၂) မိဘနဲ့ ကောင်းကောင်းမွန်မွန်မဆက်ဆံခြင်း၊ (၃) ဆင်းရဲမှာစိုးရိမ်လို့ သားသမီးကို သတ်ခြင်း၊ (၄) အရှက်မရှိတဲ့အလုပ်တွေကို ပြုလုပ်ခြင်း၊ (၅) သူတစ်ပါးကို မတရားသတ်ခြင်း၊ (၆) အဘမဲ့ကလေးတွေရဲ့ပစ္စည်းကို မတရားစားသုံးခြင်း၊ (၇) အလေး၊ အခြင်ခိုးခြင်း (၈) သက်သေခံခြင်း၊ ဒါမှမဟုတ် ဆုံးဖြတ်ချက်ချခြင်း၊ ဒါမှမဟုတ် သူတစ်ပါးရဲ့စကားမှာ တရားမျှတမှုမပြုလုပ်ခြင်း၊ (၉) အလ္လာဟ်အရှင်မြတ်နဲ့ ပြုလုပ်ထားတဲ့ ကတိကိုပြည့်ဝအောင် မဆောင်ရွက်ခြင်း၊ (၁၀) အလ္လာဟ်အရှင်မြတ်ရဲ့ ဖြောင့်မတ်မှန်ကန်တဲ့လမ်းကို စွန့်လွှတ်ပြီး ဝဲယာ တခြားလမ်းတွေကို ရွေးချယ်ခြင်း တို့ဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

وَ اَنَّ هٰذَا صِرَاطِيْ مُسْتَقِيْمًا فَاتَّبِعُوْهُ ۚ وَلَا تَتَّبِعُوا السُّبُلَ فَتَفَرَّقَ بِكُمْ عَنْ سَبِيْلِهٖ ۗ ذٰلِكُمْ وَصّٰىكُمْ بِهٖ لَعَلَّكُمْ تَتَّقُوْنَ ﴿١٥٣﴾

(၁၅၃) ထို့ပြင် အမှန်စင်စစ် ဤသည် ငါ၏ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုလမ်းစဉ်ကိုသာ လိုက်ကြပါ။ ထို့ပြင် အသင်တို့သည် အခြားလမ်းစဉ်များကို မလိုက်ကြနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုလမ်းစဉ်များသည် အသင်တို့အား အရှင်မြတ်၏လမ်းစဉ်မှ ကွဲကွာစေမည့်အတွက်ကြောင့်ဖြစ်သည်။ အရှင်မြတ်သည် အသင်တို့(အပြစ်) ရှောင်ကြဉ်နိုင်ကြရန်အတွက် ထိုအရာနှင့်ပတ်သက်၍ အသင်တို့အား (လေးနက်စွာ) မှာကြားတော်မူသည်။

ثُمَّ اٰتَيْنَا مُوْسَى الْكِتٰبَ تَمَامًا عَلَى الَّذِيْٓ اَحْسَنَ وَ تَفْصِيْلًا لِّكُلِّ شَيْءٍ وَّ هُدًى وَّ رَحْمَةً لَّعَلَّهُمْ بِلِقَآءِ رَبِّهِمْ يُؤْمِنُوْنَ ﴿١٥٤﴾

(၁၅၄) ထို့နောက် ငါအရှင်မြတ်သည် (တမန်တော်)မူစာကို ၎င်း၏ အမျိုးသားများသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် တွေ့ဆုံကြရမည်ကို ယုံကြည်နိုင်ကြရန်အတွက် အကောင်းပြုသူများအပေါ်တွင် သောင်ရာသ်ကျမ်းကို❶ ပြည့်စုံသော ကျေးဇူးတော်အဖြစ်၊ အရာရာကို ရှင်းလင်းပြသောကျမ်းအဖြစ်၊ တရားလမ်းမှန်ကို ညွှန်ကြားပြသသောအရာအဖြစ်နှင့် သနားကရုဏာတော်အဖြစ် ချီးမြှင့်ပေးသနားတော်မူခဲ့သည်။

❶ သောင်ရာသ်ကျမ်းဟာ ယဟူဒီတွေရဲ့သာသနာရေးကိစ္စတွေမှာ သူတို့လိုအပ်တဲ့အရာတွေအားလုံးကို ရှင်းလင်းပြသပေးတဲ့ ကျမ်းဂန်ဖြစ်တယ်။(အလင်းပြကျမ်း) အခုရှိနေတဲ့ သောင်ရာသ်ကျမ်းကတော့ လူတွေက အမျိုးမျိုးပြုပြင်ပြောင်းလဲထားတဲ့ကျမ်းဖြစ်နေပြီဖြစ်တယ်။
(ကုရ်အာန် - ၄း၄၆) يُحَرِّفُوْنَ الْكَلِمَ عَنْ مَّوَاضِعِهٖ

وَهٰذَا كِتٰبٌ اَنْزَلْنٰهُ مُبٰرَكٌ فَاتَّبِعُوْهُ وَاتَّقُوْا لَعَلَّكُمْ تُرْحَمُوْنَ ﴿١٥٥﴾

(၁၅၅) ထို့ပြင် ဤသည် ငါအရှင်မြတ်ချပေးတော်မူသော (ကုရ်အာန်) ကျမ်းမြတ်ဖြစ်သည်။ ကောင်းချီးမင်္ဂလာနှင့်ပြည့်စုံသောကျမ်းဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုကျမ်း(၏ညွှန်ကြားချက်)ကို လိုက်နာကြပါ။ ၎င်းပြင် အသင်တို့သည် သနားကရုဏာကို ခံစားနိုင်ကြရန်အတွက် (ကုရ်အာန်က တားမြစ်ထားသည်များကို)ရှောင်ကြဉ်ကြပါ။

اَنْ تَقُوْلُوْٓا اِنَّمَآ اُنْزِلَ الْكِتٰبُ عَلٰى طَآىِٕفَتَيْنِ مِنْ قَبْلِنَا ۪ وَ اِنْ كُنَّا عَنْ دِرَاسَتِهِمْ لَغٰفِلِيْنَ ﴿١٥٦﴾

(၁၅၆) (ကိယာမသ်နေ့တွင်) အသင်တို့က "ကျွန်ုပ်တို့မတိုင်မီရှိခဲ့ကြသော အုပ်စုနှစ်ခု(ယဟူဒီနှင့် နတ်စ္စရာနီ)အပေါ်၌သာ ကျမ်းဂန်များ❸ ချပေးခြင်းခံခဲ့ရပါသည်။ စင်စစ် ကျွန်ုပ်တို့မှာမူ သူတို့၏သင်ကြားလေ့လာမှုများကို အမှန်ပင် မသိခဲ့ကြပါ" ဟု မပြောနိုင်ကြရန်(ငါအရှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်ကို ချပေးတော်မူခဲ့သည်)။

❸ ယဟူဒီတွေအပေါ်မှာ သောင်ရာသ်ကျမ်းကျရောက်ခဲ့ပြီး နတ်စ္စရာနီတွေအပေါ်မှာ အင်န်ဂျီလ်ကျမ်းကျရောက်ခဲ့တယ်။ (ကုရ်အာန်)

اَوْ تَقُوْلُوْا لَوْ اَنَّآ اُنْزِلَ عَلَيْنَا الْكِتٰبُ لَكُنَّآ اَهْدٰى مِنْهُمْ ۚ فَقَدْ جَآءَكُمْ بَيِّنَةٌ مِّنْ رَّبِّكُمْ وَ هُدًى وَّرَحْمَةٌ ۚ فَمَنْ اَظْلَمُ مِمَّنْ كَذَّبَ بِاٰيٰتِ اللّٰهِ وَصَدَفَ عَنْهَا ۗ سَنَجْزِى الَّذِيْنَ يَصْدِفُوْنَ عَنْ اٰيٰتِنَا سُوْٓءَ الْعَذَابِ بِمَا كَانُوْا يَصْدِفُوْنَ ﴿١٥٧﴾

(၁၅၇) သို့မဟုတ် အသင်တို့က "အကယ်၍ ကျွန်ုပ်တို့အပေါ်၌ ကျမ်းဂန်ချပေးခြင်းခံခဲ့ရလျှင် အမှန်စင်စစ် ကျွန်ုပ်တို့သည် သူတို့ထက်ပင် ပိုပြီး လမ်းမှန်ရရှိကြပါမည်" ဟု မပြောနိုင်ကြရန် (ငါအရှင်မြတ်သည် ဤကျမ်းကို ချပေးတော်မူခဲ့ခြင်းဖြစ်သည်)။ သို့ဖြစ်ရာ အမှန်စင်စစ် အသင်တို့ထံသို့ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ထင်ရှားသောလက္ခဏာ၊ လမ်းမှန်ညွှန်ကြားချက်နှင့် သနားကရုဏာသည် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ အကြင်သူထက်ပို၍ မတရားသူသည် မည်သူရှိဦးမည်နည်း။ ထိုသူသည် အလ္လာဟ်အရှင်မြတ်၏သက်သေလက္ခဏာများကို မဟုတ်မမှန်ငြင်းပယ်ပြီး ၎င်း(သက်သေလက္ခဏာများ)မှ မျက်နှာလွှဲကျောခိုင်းခဲ့သည်။ ငါအရှင်မြတ်သည် ငါအရှင်မြတ်

၏ သက်သေလက္ခဏာများ(ကို ယုံကြည်ခြင်း)မှ မျက်နှာလွှဲ ကျောခိုင်းသောသူများအား သူတို့၏မျက်နှာလွှဲကျောခိုင်းမှုကြောင့် အလွန်ဆိုးဝါးသော ပြစ်ဒဏ်ကို မကြာမီ အစားပေးတော်မူမည်။

هَلۡ يَنظُرُونَ إِلَّآ أَن تَأۡتِيَهُمُ ٱلۡمَلَٰٓئِكَةُ أَوۡ يَأۡتِيَ رَبُّكَ أَوۡ يَأۡتِيَ بَعۡضُ ءَايَٰتِ رَبِّكَۗ يَوۡمَ يَأۡتِي بَعۡضُ ءَايَٰتِ رَبِّكَ لَا يَنفَعُ نَفۡسًا إِيمَٰنُهَا لَمۡ تَكُنۡ ءَامَنَتۡ مِن قَبۡلُ أَوۡ كَسَبَتۡ فِيٓ إِيمَٰنِهَا خَيۡرٗاۗ قُلِ ٱنتَظِرُوٓاْ إِنَّا مُنتَظِرُونَ ١٥٨

(၁၅၈) သူတို့သည် သူတို့ထံသို့ ကောင်းကင်တမန်များရောက်လာခြင်းကို၊ သို့မဟုတ် အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကိုယ်တိုင် ကြွရောက်လာတော်မူခြင်းကို၊ သို့မဟုတ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ (ကိယာမသ်ဖြစ်ခြင်းအပေါ် ညွှန်ပြသော)သက်သေလက္ခဏာအချို့ ရောက်ရှိလာခြင်းကို စောင့်ဆိုင်းနေကြသလော။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ သက်သေလက္ခဏာအချို့ (အနောက်မှနေထွက်ခြင်း)ရောက်ရှိလာသောနေ့တွင် ယခင်ကတည်းက အီမာန်ယုံကြည်မှုမရှိခဲ့သောသူ သို့မဟုတ် (ယခင်ကတည်းက)သူ၏ယုံကြည်မှုထဲ၌ ကောင်းမှုတစ်စုံတစ်ခုမပြုလုပ်ခဲ့သူအား (အနောက်မှနေထွက်သည့်အခါမှယုံကြည်သော)သူ၏အီမာန်ယုံကြည်မှုက အကျိုးဖြစ်ထွန်းစေမည် မဟုတ်ပေ။[၁] (အို-တမန်တော်) အသင် (သူတို့အား) ပြောလိုက်ပါ- "အသင်တို့ စောင့်ဆိုင်းနေကြပါ။ အမှန်စင်စစ် ငါတို့လည်း စောင့်ဆိုင်းနေသူများဖြစ်ကြသည်။"

[၁] သောင်ဗဟ်အမှားဝန်ခံမှု၊ အီမာန်ယုံကြည်မှုနဲ့ အမလ်ကောင်းမှုပြုလုပ်တာကို လက်မခံတော့တဲ့အချိန်နှစ်ချိန်ရှိပါတယ်။ ပထမအချိန်မှာ သေခါနီးဆဲဆဲ အသက်နှုတ်တဲ့ ကောင်းကင်တမန်တွေရောက်လာတဲ့အခါဖြစ်ပြီး ဒုတိယအချိန်ကတော့ ကိယာမသ်ဖြစ်ခါနီးဆဲဆဲ အနောက်အရပ်က နေထွက်လာခြင်းစတဲ့ နိမိတ်လက္ခဏာတွေပေါ်ထွက်လာတဲ့အချိန်ဖြစ်တယ်။ အဲဒီအချိန်တွေကျမှ သောင်ဗဟ်လုပ်ခြင်း၊ အီမာန်ယူခြင်း၊ ကောင်းမှုပြုလုပ်ခြင်းတွေဟာ အကျိုးမဲ့ဖြစ်တယ်။

(အလင်းပြကျမ်း)

إِنَّ ٱلَّذِينَ فَرَّقُواْ دِينَهُمۡ وَكَانُواْ شِيَعٗا لَّسۡتَ مِنۡهُمۡ فِي شَيۡءٍۚ إِنَّمَآ أَمۡرُهُمۡ إِلَى ٱللَّهِ ثُمَّ يُنَبِّئُهُم بِمَا كَانُواْ يَفۡعَلُونَ ١٥٩

(၁၅၉) အမှန်စင်စစ် အကြင်သူတို့သည် သူတို့၏သာသနာကို အစိတ်စိတ်ခွဲပစ်ခဲ့ကြသည်။[၂] ထို့နောက် သူတို့သည် ဂိုဏ်းဂဏများ ကွဲခဲ့ကြသည်။

အသင်သည် သူတို့နှင့် မည်သို့မျှ မပတ်သက်ပေ။ စင်စစ် သူတို့၏ကိစ္စသည် အလ္လာဟ်အရှင်မြတ်ထံတော်သို့ လွှဲအပ်ထားပြီး ဖြစ်သည်။ ထို့နောက် အရှင်မြတ်သည်ပင် သူတို့အား သူတို့ပြုလုပ်ခဲ့သည်များကို အသိပေးတော်မူမည်။

❷ သူတို့ရဲ့သာသနာကို အစိတ်စိတ်ခွဲတယ်ဆိုတာ အုပ်စုတစ်စုက သာသနာမှာမရှိတဲ့အရာတွေကို ထည့်ပြီး ကျင့်သုံးလိုက်တဲ့အပေါ်မှာ အဲဒီအုပ်စုဟာ မူလအုပ်စုနဲ့မတူတော့ဘဲ ဂိုဏ်းတစ်ဂိုဏ်းဖြစ်သွားခဲ့တယ်။ နောက်အုပ်စုတစ်ခုက တစ်ခါထပ်ပြီး သာသနာမှာမရှိတဲ့အရာနောက်တစ်မျိုးကို ထပ်ထည့်လိုက်ပြန်တဲ့အခါ မူလအုပ်စုနဲ့ မတူတဲ့ နောက်အုပ်စုတစ်စုဖြစ်သွားပြန်ပြီး နောက်ထပ်ဂိုဏ်းတစ်ဂိုဏ်း ထပ်ပေါ်လာပြန်တာဖြစ်တယ်။ အဲဒီလိုနဲ့ တစ်အုပ်စုနဲ့ တစ်အုပ်စုဟာ ယုံကြည်ချက်တွေ၊ လုပ်ဆောင်ချက်တွေ ကွဲပြားလာတဲ့အတွက် မူလသာသနာဟာ အစိတ်စိတ်ကွဲသွားရခြင်းဖြစ်တယ်။ တကယ်တော့ အရှင်မြတ်က မူလသာသနာအပေါ်မှာရှိတဲ့ အုပ်စုကိုပဲ လက်ခံတော်မူမှာဖြစ်တယ်။ (သိုင်စီရ္ဗလ်ကရီမိရ်ရဟ်မာန်၊ အိဗ်နုကဆီးရ်၊ အသ်သဖ်စီရ္ဗလ်မုယဿစ်ရ်)

مَنْ جَآءَ بِالْحَسَنَةِ فَلَهٗ عَشْرُ اَمْثَالِهَا ۚ وَمَنْ جَآءَ بِالسَّيِّئَةِ فَلَا يُجْزٰٓى اِلَّا مِثْلَهَا وَهُمْ لَا يُظْلَمُوْنَ ﴿١٦٠﴾

(၁၆၀) မည်သူမဆို ကောင်းမှုကို ယူဆောင်ခဲ့လျှင် ထိုသူသည် ထိုကောင်းမှု၏ဆယ်ဆကို ရရှိမည်။ ၎င်းပြင် မည်သူမဆို မကောင်းမှုကို ယူဆောင်လာခဲ့လျှင် ထိုသူသည် ၎င်း(မကောင်းမှု)နှင့် ဆတူ အညီအမျှအစားပေးခြင်းခံရမည်။❸ ၎င်းပြင် သူတို့သည် မတရားနိုပ်စက်ခြင်းခံကြရမည်မဟုတ်ပေ။

❸ ကိုယ့်အပြစ်ရှိသလောက်ပဲခံရမှာဖြစ်ပြီး ကိုယ့်အပြစ်ရှိတာထက် ပိုခံရမှာမဟုတ်ဘူး။ (အလင်းပြကျမ်း)

قُلْ اِنَّنِىْ هَدٰىنِىْ رَبِّىْٓ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ۚ دِيْنًا قِيَمًا مِّلَّةَ اِبْرٰهِيْمَ حَنِيْفًا ۚ وَمَا كَانَ مِنَ الْمُشْرِكِيْنَ ﴿١٦١﴾

(၁၆၁) (အို-တမန်တော်) အသင်ပြောလိုက်ပါ- ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အမှန်ပင် ငါ့ကို ဖြောင့်မတ်မှန်ကန်သောလမ်းသို့ ပို့ဆောင်တော်မူခဲ့ပြီဖြစ်သည်။ (ထိုလမ်းသည်) အလွန်တည်တံ့ခိုင်မာသောသာသနာပင်ဖြစ်သည်။ (တမန်တော်)အိဗ်ရာဟီမ်၏လမ်းစဉ်ပင်ဖြစ်သည်။ ၎င်းသည်(အရှင်မြတ်ဘက်) တစ်ဖက်တည်းကို ဦးလှည့်သူဖြစ်သည်။ ထို့ပြင် ၎င်းသည် တုဖက်ကိုးကွယ်သူများထဲတွင် အပါအဝင် မဖြစ်ခဲ့ပေ။❹

❹ အရှင်မြတ်တစ်ပါးတည်းဘက်ကိုပဲ လှည့်ခဲ့တဲ့ တမန်တော်အိဗ်ရာဟီမ် ﷺ ကို စံနမူနာပြသခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ اِنَّ صَلَاتِىْ وَنُسُكِىْ وَمَحْيَاىَ وَمَمَاتِىْ لِلّٰهِ رَبِّ الْعٰلَمِيْنَ ﴿١٦٢﴾

(၁၆၂) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်စင်စစ် ငါ၏ စွလာသ်ဝတ်ပြုမှု၊ ငါ၏ကုရ်ဗာနီ(စွန့်လှူ)ပြုလုပ်မှု၊ ငါ၏အသက်ရှင်ခြင်းနှင့် ငါ၏ အသက်သေခြင်းတို့သည် စကြဝဠာအားလုံးအား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်(နှစ်သက်ရန်)အတွက်သာဖြစ်သည်။[၅]

[၅] ကောင်းတာဟူသမျှဟာ အရှင်မြတ်နှစ်သက်မှုရရှိဖို့အတွက်ပဲ ပြုလုပ်ရမှာဖြစ်ကြောင်းနမူနာပြ ဆိုခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

لَا شَرِيكَ لَهُ ۖ وَبِذَٰلِكَ أُمِرْتُ وَأَنَا أَوَّلُ الْمُسْلِمِينَ ﴿١٦٣﴾

(၁၆၃) ထိုအရှင်မြတ်၌ တွဲဖက်လုံးဝမရှိပေ။ ၎င်းပြင် ငါသည် ယင်း (တစ်ပါးတည်းကိုးကွယ်ခြင်း)နှင့်ပတ်သက်ပြီး အမိန့်ပေးခြင်းခံရသည်။ ၎င်းပြင် ငါသည် အမိန့်နာခံသူများထဲတွင် ပထမဦးဆုံးနာခံသူဖြစ်သည်။[၆]

[၆] တမန်တော်တွေဟာ သူတို့ကိုယ်တိုင် စံနမူနာဖြစ်အောင် အရှင်မြတ်ရဲ့ အမိန့်တော်တွေကို တရားဟောရုံ သက်သက်မဟုတ်ဘဲ လိုက်နာပြကြရတယ်။ (အလင်းပြကျမ်း)

قُلْ أَغَيْرَ اللَّهِ أَبْغِي رَبًّا وَهُوَ رَبُّ كُلِّ شَيْءٍ ۚ وَلَا تَكْسِبُ كُلُّ نَفْسٍ إِلَّا عَلَيْهَا ۚ وَلَا تَزِرُ وَازِرَةٌ وِزْرَ أُخْرَىٰ ۚ ثُمَّ إِلَىٰ رَبِّكُم مَّرْجِعُكُمْ فَيُنَبِّئُكُم بِمَا كُنتُمْ فِيهِ تَخْتَلِفُونَ ﴿١٦٤﴾

(၁၆၄) (အို- တမန်တော်) အသင်ပြောလိုက်ပါ-“အရှင်မြတ်သည် အရာရာကို ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်နေပါလျက်နှင့် ငါသည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ (အခြားကို) ဖန်ဆင်းမွေးမြူတော်မူသောအရှင်အဖြစ် ရှာဖွေရဦးမည်လော။” ထို့နောက် မည်သူမဆို (ပြစ်မှု)ရှာဖွေဆည်းပူးပြုလုပ်လျှင် ထိုသူ၏အပေါ်၌သာ(တာဝန်)ရှိသည်။ ၎င်းပြင် မည်သည့်သယ်ပိုးသူတစ်ဦးမျှ သူတစ်ပါး၏ဝန်ထုပ်ကို သယ်ပိုးမည် မဟုတ်ပေ။[၇] ထို့နောက် အသင်တို့၏ ပြန်လည်ရာသည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်သို့ပင် ဖြစ်သည်။ ၎င်းပြင် အရှင်မြတ်သည် အသင်တို့အား အသင်တို့ကွဲလွဲခဲ့ကြသော ကိစ္စရပ်များကို အသိပေးတော်မူမည်။

[၇] ကိုယ့်ပြစ်မှုရဲ့အစားကို ကိုယ်ပဲခံရမှာဖြစ်တယ်။ အခြားသူက ကိုယ်စားခံပေးလို့ မရပါ။ (အလင်းပြကျမ်း)

وَهُوَ الَّذِي جَعَلَكُمْ خَلَائِفَ الْأَرْضِ وَرَفَعَ بَعْضَكُمْ فَوْقَ بَعْضٍ دَرَجَاتٍ لِّيَبْلُوَكُمْ فِي مَا آتَاكُمْ ۗ إِنَّ رَبَّكَ سَرِيعُ الْعِقَابِ وَإِنَّهُ لَغَفُورٌ رَّحِيمٌ ﴿١٦٥﴾

(၁၆၅)၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့အား မြေပထဝီတွင် ကိုယ်စားလှယ်များအဖြစ် ပြုလုပ်ပေးသနားတော်မူခဲ့သည်။[၈] ၎င်းပြင် အရှင်မြတ်သည်

အသင်တို့အား အရှင်မြတ်ပေးထားသော ကျေးဇူးတော်များနှင့် ပတ်သက်၍ စမ်းသပ်တော်မူရန် အသင်တို့ထဲမှ အချို့ကို အချို့ထက် အဆင့်အတန်းမြင့်စေတော်မူခဲ့သည်။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလွန်လျင်မြန်စွာ အရေးယူတော်မူသောအရှင်ဖြစ်တော်မူသည်။ ၎င်းပြင် အမှန်စင်စစ် အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်လည်း ဖြစ်တော်မူသည်။

❶ လောကမှာ အရှင်မြတ်ရဲ့ကိုယ်စား အရှင်မြတ်ညွှန်ကြားထားတဲ့အတိုင်း အုပ်ချုပ်သွားဖို့ဖြစ်တယ်။ (အလင်းပြကျမ်း)

==========

ركوعاتها ٢٤ ٧-سُوْرَةُ الْاَعْرَافِ مَكِّيَّةٌ ٣٩ اٰياتها ٢٠٦

## စူရဟ် အအ်ရာဖ် (တံတိုင်းပေါ်မှ နေရာများ ကဏ္ဍ) سُوْرَةُ الْاَعْرَافِ

==========

**(တံတိုင်းပေါ်မှနေရာများဆိုသည်မှာ ဂျန္နသ်နှင့် ဂျဟန္နမ်ကြား၌ ခြားထားသော အကာအရံတံတိုင်းပေါ်မှ မြင့်သောနေရာများကို ဆိုလိုသည်။)**

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

الٓمّٓصٓ ﴿١﴾

(၁) အလိဖ် လာမ် မီမ် စွာဒ် ။❶

❶ ဒီအက္ခရာစုတွေရဲ့အဓိပ္ပာယ်ကို အရှင်မြတ်ကလွဲပြီး ဘယ်သူမှ မသိရှိပါ။ (အလင်းပြကျမ်း)

كِتٰبٌ اُنْزِلَ اِلَيْكَ فَلَا يَكُنْ فِيْ صَدْرِكَ حَرَجٌ مِّنْهُ لِتُنْذِرَ بِهٖ وَذِكْرٰى لِلْمُؤْمِنِيْنَ ﴿٢﴾

(၂) (ဤသည်) အသင်(တမန်တော်)ထံသို့ ချပေးခံရသောကျမ်း တစ်စောင်ဖြစ်သည်။ သို့ဖြစ်ရာ အသင်၏စိတ်ထဲ၌ ထိုကျမ်းကြောင့် မည်သည့် ကျဉ်းကျပ်မှုမျှ မဖြစ်ပါစေနှင့်။❷ အသင်သည်ထိုကျမ်းဖြင့် သတိပေးနိုးဆော်ရန် ဖြစ်သည်။ ၎င်းပြင် (ထိုကျမ်းသည်) မုအ်မင်န်ယုံကြည်သော သူများအတွက် ဆုံးမသြဝါဒလည်း ဖြစ်သည်။

❷ တမန်တော်မြတ် ﷺ အနေနဲ့ သဗ်လီးဂ်လုပ်တဲ့အခါ ဘာစိုးရိမ်မှုမှ မဖြစ်ဖို့၊ လူတွေက မဟုတ်မမှန် ဘူးလို့ ငြင်းပယ်ကြမှာ၊ ဒုက္ခပေးကြမှာကို မကြောက်ရွံ့ဖို့ မိန့်ဆိုခြင်းဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

اِتَّبِعُوْا مَآ اُنْزِلَ اِلَيْكُمْ مِّنْ رَّبِّكُمْ وَلَا تَتَّبِعُوْا مِنْ دُوْنِهٖٓ اَوْلِيَآءَ قَلِيْلًا مَّا تَذَكَّرُوْنَ ﴿٣﴾

(၃) အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် မြတ်ထံတော်မှအသင်တို့ထံသို့ ချပေးခြင်းခံရသောအရာကိုသာ လိုက်နာကြပါ။ ၎င်းပြင် အသင်တို့သည် အရှင်မြတ်မှလွဲ၍ (အခြား)မိတ်ဆွေများ၏နောက်သို့ မလိုက်ကြနှင့်။❸ အသင်တို့သည် ဆုံးမသြဝါဒများကို အနည်းငယ်သာ နာခံကြသည်။

❸ လူရှိုင်သွာန်နဲ့ ဂျင်န်ရှိုင်သွာန်တွေရဲ့နောက်ကို လိုက်ခြင်းကနေ တားမြစ်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَكَمْ مِّنْ قَرْيَةٍ اَهْلَكْنٰهَا فَجَآءَهَا بَاْسُنَا بَيَاتًا اَوْ هُمْ قَآئِلُوْنَ ﴿٤﴾

(၄) ထို့ပြင် ငါအရှင်မြတ်သည် မြို့ရွာအများအပြားကို ဖျက်ဆီးတော်မူ

ခဲ့သည်။❹ သို့ဖြစ်ရာ (ထိုကဲ့သို့ဖျက်ဆီးရာတွင်) ငါအရှင်မြတ်၏အပြစ်ဒဏ်သည် ထိုမြို့ရွာသားများအပေါ် ညအချိန်၌ သို့မဟုတ် နေ့လယ်အချိန် သူတို့အပန်းဖြေနေကြသောအခါ၌ ရောက်လာခဲ့သည်။❺

❹ မကောင်းမှုတွေကျူးလွန်ပြီး စည်းစိမ်ထဲမှာ ယစ်မူးကာ အနားယူအိပ်ပျော်နေတဲ့ အချိန်မှာ အရှင်မြတ်က အပြစ်ဒဏ်ခတ်တဲ့အခါ သတိရသွားကြတယ်။ သူတို့မှားတဲ့အကြောင်း ဝန်ခံလိုက်ကြတယ်။ ဒါဟာ အရှင်မြတ်က မတရား ပြစ်ဒဏ်ချတာ မဟုတ်ဘူးဆိုတာ ထင်ရှားစေတယ်။ ဒီအချိန်မှာ သူတို့ရဲ့ နောင်တဟာ အကျိုးမရှိတော့ဘူး။(အလင်းပြကျမ်း) ❺ အမှုမဲ့ အမှတ်မဲ့နေတဲ့ အချိန်နှစ်ခုကို ဖော်ပြတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَمَا كَانَ دَعْوٰىهُمْ اِذْ جَآءَهُمْ بَاْسُنَآ اِلَّآ اَنْ قَالُوْٓا اِنَّا كُنَّا ظٰلِمِيْنَ ۝٥

(၅) သို့ဖြစ်ရာ သူတို့ထံသို့ ငါအရှင်မြတ်၏အပြစ်ဒဏ် ကျရောက်လာသောအခါ သူတို့က "အမှန်စင်စစ် ကျွန်ုပ်တို့သာ မတရားကျူးလွန်သူများ ဖြစ်ကြပါသည်"ဟုပြောဆိုသည်မှလွဲ၍ သူတို့၏ကြွေးကြော်မှုသည် မရှိခဲ့ပေ။

فَلَنَسْـَٔلَنَّ الَّذِيْنَ اُرْسِلَ اِلَيْهِمْ وَلَنَسْـَٔلَنَّ الْمُرْسَلِيْنَ ۝٦

(၆) ၎င်းပြင် ငါအရှင်မြတ်သည် တမန်တော်များ စေလွှတ်ခြင်းခံခဲ့ကြရသောသူ(လူမျိုးအုပ်စု)များအား အမှန်ပင် စစ်ဆေးမေးမြန်းတော်မူမည်။ ၎င်းပြင် ငါအရှင်မြတ်သည် တမန်တော်များအားလည်း အမှန်ပင် စစ်ဆေးမေးမြန်းတော်မူမည်။❻

❻ ကိယာမသ်နေ့မှာ လူမျိုးအုပ်စုတွေကို အသင်တို့ဟာ တမန်တော်တွေကို ဘယ်လိုအဖြေပေးခဲ့လိုက်ကြသလဲလို့ မေးမြန်းတော်မူမယ်။ وَيَوْمَ يُنَادِيْهِمْ فَيَقُوْلُ مَاذَآ اَجَبْتُمُ الْمُرْسَلِيْنَ (ကုရ်အာန် - ၂၈း၆၅) တမန်တော်တွေကိုလည်း အသင်တို့ ဘယ်လိုအဖြေရခဲ့ကြလဲလို့ မေးမြန်းတော်မူမယ်။ يَوْمَ يَجْمَعُ اللّٰهُ الرُّسُلَ فَيَقُوْلُ مَاذَآ اُجِبْتُمْ (ကုရ်အာန် - ၅း၁၀၉) (အလင်းပြကျမ်း)

فَلَنَقُصَّنَّ عَلَيْهِمْ بِعِلْمٍ وَّمَا كُنَّا غَآئِبِيْنَ ۝٧

(၇) ထို့နောက် ငါအရှင်မြတ်သည် သူတို့ရှေ့၌ (သူတို့၏အခြေအနေများကို ကိုယ်တိုင်) သိရှိထားတော်မူသည့်အတိုင်း (အမှန်)ပြောပြတော်မူမည်။❼ ၎င်းပြင် ငါအရှင်မြတ်သည် (ဖြစ်ပျက်သမျှ မသိရဘဲ) ပျောက်ကွယ်နေခဲ့သည် မဟုတ်ပေ။

❼ အရှင်မြတ်ဟာ ဖြစ်ပျက်သမျှအရာအားလုံးကို သိတော်မူတဲ့အတွက် ကိယာမသ်နေ့မှာ ပြန်ပြောပြမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَالْوَزْنُ يَوْمَئِذِ ۨالْحَقُّ ۚ فَمَنْ ثَقُلَتْ مَوَازِيْنُهٗ فَاُولٰٓئِكَ هُمُ الْمُفْلِحُوْنَ ۝٨

(၈) ထို့ပြင် ထိုနေ့တွင် ချိန်တွယ်မှုသည် အမှန်ပင်ဖြစ်သည်။ သို့ဖြစ်ရာ

အကြင်သူ၏(ကောင်းမှုများ၏) အလေးချိန်များသည် အချိန်စီးလျှင် ထိုသူများပင် အောင်မြင်သူများဖြစ်ကြမည်။

وَمَنْ خَفَّتْ مَوَازِيْنُهٗ فَاُولٰٓئِكَ الَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ بِمَا كَانُوْا بِاٰيٰتِنَا يَظْلِمُوْنَ ﴿٩﴾

(၉) ၎င်းပြင် အကြင်သူ၏(ကောင်းမှုများ၏) အလေးချိန်များ[၁] သည် ပေါ့လျှင် ထိုသူများပင် သူတို့ကိုယ်ကိုသူတို့ နစ်နာဆုံးရှုံးအောင် ပြုလုပ်ခဲ့သူများဖြစ်ကြသည်။ (အဘယ်ကြောင့်ဆိုသော်) သူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာများနှင့် ပတ်သက်၍ မတရားပြုလုပ်ခဲ့ခြင်းကြောင့်ဖြစ်သည်။

[၁] လောကမှာ ချိန်တွယ်လို့မရတာတွေဟာ ကိယာမသ်နေ့မှာ အရှင်မြတ်က ချိန်လို့ရအောင် အကောင်အထည်ဖော်ပေးမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدْ مَكَّنّٰكُمْ فِى الْاَرْضِ وَجَعَلْنَا لَكُمْ فِيْهَا مَعَايِشَ ۗ قَلِيْلًا مَّا تَشْكُرُوْنَ ﴿١٠﴾

(၁၀) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား မြေပထဝီတွင် တန်ခိုးအာဏာ(နေရာထိုင်ခင်း)ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့အတွက် ထိုမြေပထဝီတွင် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် နည်းလမ်းများကိုလည်း ပြုလုပ်ပေးတော်မူခဲ့သည်။[၂] အသင်တို့ကမူ အနည်းငယ်မျှသာ ကျေးဇူးသိတတ်ကြသည်။

[၂] နေရာပေးခြင်းနဲ့ အသက်မွေးဝမ်းကျောင်း နည်းလမ်းပေးခြင်းနှစ်ခုဟာ လူတိုင်းကို အသက်ရှင်နေထိုင်နိုင်ဖို့ အရေးကြီးဆုံးနစ်ချက်ကို ပေးထားတာဖြစ်တဲ့အတွက် အရှင်မြတ်ကို ကျေးဇူးတင်ကြရမှာဖြစ်တယ်။ အဲဒီထဲမှာ နစ်မွန်းနေရမှာမဟုတ်ဘူး။ (အလင်းပြကျမ်း)

وَلَقَدْ خَلَقْنٰكُمْ ثُمَّ صَوَّرْنٰكُمْ ثُمَّ قُلْنَا لِلْمَلٰٓئِكَةِ اسْجُدُوْا لِاٰدَمَ ۖ فَسَجَدُوْٓا اِلَّآ اِبْلِيْسَ ۗ لَمْ يَكُنْ مِّنَ السّٰجِدِيْنَ ﴿١١﴾

(၁၁) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်ပင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် အသင်တို့၏ရုပ်ဆင်းသဏ္ဌာန်ကို ပြုလုပ်တော်မူခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် ကောင်းကင်တမန်များအား အမိန့်ရှိတော်မူသည်- "အသင်တို့သည် အာဒမ်ကို ဦးချ(၍ ရိုသေသမှုပြု)ကြပါ။" သို့ဖြစ်ရာ အိဗ်လီစ်မှလွဲ၍ ၎င်းတို့အားလုံးသည် ဦးချခဲ့ကြသည်။ ထိုအိဗ်လီစ်ကမူ ဦးချသူများထဲတွင် အပါအဝင် မဖြစ်ခဲ့ပေ။

قَالَ مَا مَنَعَكَ اَلَّا تَسْجُدَ اِذْ اَمَرْتُكَ ۗ قَالَ اَنَا خَيْرٌ مِّنْهُ ۚ خَلَقْتَنِيْ مِنْ نَّارٍ وَّخَلَقْتَهٗ مِنْ طِيْنٍ ﴿١٢﴾

(၁၂) အရှင်မြတ်က အမိန့်ရှိတော်မူသည်- "ငါအရှင်မြတ်သည် အသင့်အား အမိန့်ပေးသောအခါ အသင်ဦးမချရန် အသင့်ကို မည်သည့်အရာက တား

ခဲ့သနည်း။" ၎င်း(အီဗ်လီစ်)ကပြောသည်-"ကျွန်ုပ်သည် ၎င်း(အာဒမ်)ထက်မြင့်မြတ်ပါသည်။ အရှင်မြတ်သည် ကျွန်ုပ်ကို မီးဖြင့် ဖန်ဆင်းတော်မူခဲ့ပြီး ၎င်းကိုမူ ရွှံ့မြေဖြင့် ဖန်ဆင်းတော်မူခဲ့ပါသည်။"

قَالَ فَاهْبِطْ مِنْهَا فَمَا يَكُونُ لَكَ أَن تَتَكَبَّرَ فِيهَا فَاخْرُجْ إِنَّكَ مِنَ الصَّاغِرِينَ ﴿١٣﴾

(၁၃) အရှင်မြတ်က အမိန့်ရှိတော်မူသည်-"သို့ဖြစ်လျှင် အသင်သည် ၎င်း(ဂျန္နသ်)မှ ဆင်းသွားလော့။ အသင်သည် ၎င်း(ဂျန္နသ်)၌ မာနထောင်ရမည် မဟုတ်ပေ။ သို့ဖြစ်ရာ အသင်သည် (ဤနေရာမှ)ထွက်လော့။ အမှန်စင်စစ် အသင်သည် သေးသိမ်သူများထဲ၌ အပါအဝင်ဖြစ်သည်။"❶

❶ ဂျန္နသ်သုခဘုံဟာ အမိန့်နာခံတဲ့သူတွေအတွက်ပဲဖြစ်တယ်။ အဲဒါကြောင့် မနာခံတဲ့ရှိုင်သွာန်ကို အဲဒီကနေ သေးသိမ်တဲ့အဖြစ်နဲ့ နှင်ထုတ်လိုက်တာဖြစ်တယ်။ ဒါကြောင့်ပဲ ပညာရှင်တွေက အရှင်မြတ်ရဲ့အမိန့်ကို မနာခံရင် ဂုဏ်သေးသိမ်မယ်လို့ ဖွင့်ဆိုကြတယ်။ (အလင်းပြကျမ်း)

قَالَ أَنظِرْنِي إِلَىٰ يَوْمِ يُبْعَثُونَ ﴿١٤﴾

(၁၄) ၎င်း(အီဗ်လီစ်)က ပြောသည်-"အရှင်မြတ်သည် ကျွန်ုပ်အား (အသက်သေဆုံးစေခြင်းနှင့် အပြစ်ဒဏ်ခတ်ခြင်းမှ) ကိယာမသ် ရှင်ပြန်ထခြင်း ခံရမည့်နေ့အထိ ဆိုင်းငံ့ထားပေးတော်မူပါ။"

قَالَ إِنَّكَ مِنَ الْمُنظَرِينَ ﴿١٥﴾

(၁၅) အရှင်မြတ်က အမိန့်ရှိတော်မူသည်-"အမှန်စင်စစ် အသင်သည် ဆိုင်းငံ့ခြင်းခံရသောသူများထဲတွင် အပါအဝင်ဖြစ်သည်။"

قَالَ فَبِمَا أَغْوَيْتَنِي لَأَقْعُدَنَّ لَهُمْ صِرَاطَكَ الْمُسْتَقِيمَ ﴿١٦﴾

(၁၆) ၎င်း(အီဗ်လီစ်)က ပြောသည်- "အရှင်မြတ်သည် (ကျွန်ုပ်၏မာနထောင်မှုကြောင့်) ကျွန်ုပ်အား လမ်းမှားစေတော်မူခဲ့သည်ဖြစ်ရာ❷ အမှန်စင်စစ် ကျွန်ုပ်သည်လည်း သူတို့(အား လမ်းမှားစေရန်)အတွက် အရှင်မြတ်၏ လမ်းမှန်တွင် မုချ(မှောင်ခိုပြီး) ထိုင်နေမည်ဖြစ်သည်။"❸

❷ တကယ်တော့ ရှိုင်သွာန်ကို အရှင်မြတ်က လမ်းလွဲစေခဲ့တာမဟုတ်ဘူး။ သူကိုယ်တိုင်က လမ်းလွဲစေတဲ့ အကြောင်းခံလုပ်ရပ်ဖြစ်တဲ့ မာနထောင်လွှားမှုကို ကျူးလွန်ခဲ့တာဖြစ်တယ်။ အဲဒီအတွက် အဲဒီမာနနဲ့ထိုက်တန်တဲ့ နှင်ထုတ်ခံရခြင်းဆိုတဲ့ အကျိုးဆက်ကို ခံရပြီး လမ်းလွဲမှုအကျိုးဆက်ကို ဆက်ခံရခြင်းဖြစ်တယ်။ အခြားဖွင့်ဆိုချက်အကွဲအလွဲများလည်းရှိပါသေးတယ်။ (ကုရ်သွုဗီ၊ နစဖီ)

❸ လူတွေဟာ ရှိုင်သွာန်ကို မမြင်နိုင်တဲ့အတွက် မှောင်ခိုပြီးဆွဲဆောင်တယ်လို့ သုံးထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

ثُمَّ لَآتِيَنَّهُم مِّن بَيْنِ أَيْدِيهِمْ وَمِنْ خَلْفِهِمْ وَعَنْ أَيْمَانِهِمْ وَعَن شَمَائِلِهِمْ ۖ وَلَا تَجِدُ أَكْثَرَهُمْ

شٰكِرِيْنَ ﴿١٧﴾

(၁၇) "ထို့နောက် ကျွန်ုပ်သည် သူတို့ထံသို့ သူတို့၏ရှေ့မှလည်းကောင်း၊ သူတို့၏နောက်မှလည်းကောင်း၊ သူတို့၏လက်ယာဘက်မှလည်းကောင်း၊ သူတို့၏ လက်ဝဲဘက်မှလည်းကောင်း (အဘက်ဘက်မှ) အမှန်ပင် ဝင်ရောက်မည်ဖြစ်သည်။[၆] ထို့နောက် အရှင်မြတ်သည် သူတို့ထဲမှ အများစုအား ကျေးဇူးသိတတ်သူများအဖြစ် တွေ့ရတော့မည်မဟုတ်ပါ။"

[၆] ရှိုင်သွာန်ဟာ နေရာတိုင်းကနေ လူသားကို လမ်းလွဲစေဖို့ နည်းမျိုးပေါင်းစုံသုံးပြီး ဒွိဟသံသယတွေထည့်ကာ ကောင်းမှုတွေကနေ တားမြစ်လေ့ရှိတယ်။

(မအာရိဖွလ်ကုရ်အာန် - မော်လာနာအိဒ်ရီးစ်)

قَالَ اخْرُجْ مِنْهَا مَذْءُوْمًا مَّدْحُوْرًا ۭ لَمَنْ تَبِعَكَ مِنْهُمْ لَاَمْلَئَنَّ جَهَنَّمَ مِنْكُمْ اَجْمَعِيْنَ ﴿١٨﴾

(၁၈) အရှင်မြတ်က မိန့်ကြားတော်မူသည်- "အသင်သည် ၎င်း(ဂျန္နသ်)မှ သေးသိမ်သူအဖြစ်နှင့် နှင်ထုတ်ခံရသူအဖြစ် ထွက်သွားလိုက်ပါ။[၇] အမှန်စင်စစ် သူတို့ထဲမှ မည်သူမဆို အသင်၏နောက်ကို လိုက်ခဲ့လျှင် ငါအရှင်မြတ်သည် ဂျဟန္နမ်ငရဲဘုံကို အမှန်ပင် အသင်တို့အားလုံးနှင့် ဖြည့်တော်မူမည်။"

[၇] နှင်ထုတ်ခံရခြင်းဟာ အရှင်မြတ်ရဲ့ကရုဏာတော်ကနေ ကင်းဝေးခံရခြင်းဖြစ်တယ်။

(အလင်းပြကျမ်း)

وَيٰٓاٰدَمُ اسْكُنْ اَنْتَ وَزَوْجُكَ الْجَنَّةَ فَكُلَا مِنْ حَيْثُ شِئْتُمَا وَلَا تَقْرَبَا هٰذِهِ الشَّجَرَةَ فَتَكُوْنَا مِنَ

الظّٰلِمِيْنَ ﴿١٩﴾

(၁၉) "၎င်းပြင် အို- အာဒမ်၊ အသင်သည် အသင်၏ကြင်ရာနှင့်တကွ ဂျန္နသ်သုခဘုံ၌ နေထိုင်ပါ။ ၎င်းပြင် အသင်တို့နှစ်ဦးသည် အသင်တို့နှစ်ဦးအလိုရှိသောနေရာမှ စားသုံးကြပါ။ သို့ရာတွင် အသင်တို့နှစ်ဦးသည် ဤသစ်ပင်အနီးကိုမူ မချဉ်းကပ်ကြလေနှင့်။ ထိုသို့(ချဉ်းကပ်လိုက်မည်)ဆိုလျှင်မူ အသင်တို့နှစ်ဦးသည် ကျူးလွန်သောသူများထဲ၌ အပါအဝင်ဖြစ်သွားကြပေလိမ့်မည်။"[၈]

[၈] တချို့ပညာရှင်တွေက ကျူးလွန်သူတွေဆိုတဲ့နေရာမှာ နစ်နာ ဆုံးရှုံးသူတွေလို့ လည်းဖွင့်ဆိုကြတယ်။

(အလင်းပြကျမ်း)

فَوَسْوَسَ لَهُمَا الشَّيْطٰنُ لِيُبْدِيَ لَهُمَا مَا وٗرِيَ عَنْهُمَا مِنْ سَوْاٰتِهِمَا وَقَالَ مَا نَهٰكُمَا

رَبُّكُمَا عَنْ هٰذِهِ الشَّجَرَةِ اِلَّآ اَنْ تَكُوْنَا مَلَكَيْنِ اَوْ تَكُوْنَا مِنَ الْخٰلِدِيْنَ ﴿٢٠﴾

(၂၀) ထို့နောက် ရှိုင်သွာန်သည် သူတို့နှစ်ဦး၏စိတ်ထဲ၌[၉] သူတို့နှစ်ဦးမှ ဖုံးကွယ်နေသော သူတို့နှစ်ဦး၏အရှက်ကို သူတို့နှစ်ဦး၏ရှေ့တွင် ပေါ်လွင်သွားစေရန်[၁] အကြံပေးသည်။ ၎င်းပြင် (ဤသို့)ပြောဆိုသည်- "အသင်တို့

အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အသင်တို့နှစ်ဦးကို အသင်တို့နှစ်ဦး ကောင်းကင်တမန်များ မဖြစ်ကြရန်အတွက်၊ သို့မဟုတ် အမြဲအသက်ရှင်နေသူများ မဖြစ်ကြရန်အတွက် ဤသစ်ပင်မှ တားမြစ်တော်မူခဲ့ခြင်းသာဖြစ်သည်။”

❼ ရှိုင်သွာန်ဟာ တမန်တော်အာဒမ် ﷺ နဲ့ ၎င်းရဲ့ကြင်ရာတို့ရဲ့စိတ်ထဲကို အဝေးကနေ မကောင်းတဲ့အကြံအစည်တွေ ထည့်သွင်းပေးတဲ့အတွက် အမိန့်တော်ကို ဖီဆန်မိသွားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) ❽ အရှင်မြတ်က ၎င်းတို့နှစ်ဦးရဲ့အရှက်တွေကို မမြင်နိုင်အောင် ဖုံးကွယ်ပေးထားတာ ဖြစ်တယ်။ ရှိုင်သွာန်က အဲဒီအချက်ကိုသိပြီး ပေါ်လွင်အောင်ကြိုးစားခဲ့တာဖြစ်တယ်။ (အသ်သဖ်စီရွလ်မုယတ်စရ်)

وَقَاسَمَهُمَآ اِنِّيْ لَكُمَا لَمِنَ النّٰصِحِيْنَ ﴿٢١﴾

(၂၁) ထို့ပြင် ၎င်း(အိဗ်လီစ်)က သူတို့နှစ်ဦးရှေ့၌ ကျိန်ဆိုပြီးပြောသည်- “အမှန်စင်စစ် ကျွန်ုပ်သည် အသင်တို့နှစ်ဦး၏ကောင်းခြင်းကိုသာ လိုလားသူ ဖြစ်ပါသည်”။❾

❾ အကောင်းလိုလားသူဖြစ်ကြောင်း လိမ်လည်ပြီးပြောဆိုကာ ဝပ်စ်ဝစဟ်ဒွိဟသံသယထည့်ပေးတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَدَلّٰىهُمَا بِغُرُوْرٍ ۚ فَلَمَّا ذَاقَا الشَّجَرَةَ بَدَتْ لَهُمَا سَوْاٰتُهُمَا وَطَفِقَا يَخْصِفٰنِ عَلَيْهِمَا مِنْ وَّرَقِ الْجَنَّةِ ؕ وَنَادٰىهُمَا رَبُّهُمَآ اَلَمْ اَنْهَكُمَا عَنْ تِلْكُمَا الشَّجَرَةِ وَاَقُلْ لَّكُمَآ اِنَّ الشَّيْطٰنَ لَكُمَا عَدُوٌّ مُّبِيْنٌ ﴿٢٢﴾

(၂၂) ထို့နောက် ယင်း(ရှိုင်သွာန်)သည် ၎င်းတို့နှစ်ဦးအား ပရိယာယ်ဖြင့်ဆွဲဆောင်သည်။ ထို့ပြင် ၎င်းတို့နှစ်ဦးသည် ထိုသစ်ပင်(၏အသီး)ကို မြည်းစမ်းကြသောအခါ ၎င်းတို့နှစ်ဦး၏ (ဖုံးကွယ်နေသော)အရှက်သည် ၎င်းတို့နှစ်ဦး၏ရှေ့၌ပေါ်သွားတော့သည်။ ထို့နောက် ၎င်းတို့နှစ်ဦးသည် ၎င်းတို့ကိုယ်ကို ဂျန္နသ်မှသစ်ရွက်(များ)ဖြင့် စတင်ဖုံးအုပ်ခဲ့ကြသည်။❿ ထို့ပြင် ၎င်းတို့နှစ်ဦးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်က ၎င်းတို့နှစ်ဦးအား မိန့်ကြားတော်မူသည်- “ငါအရှင်မြတ်သည် အသင်တို့နှစ်ဦးအား ထိုသစ်ပင်မှ တားမြစ်တော်မူခဲ့သည် မဟုတ်လော။ ၎င်းပြင် ငါအရှင်မြတ်သည် အသင်တို့နှစ်ဦးစလုံးအား အမှန်စင်စစ် ရှိုင်သွာန်သည် အသင်တို့နှစ်ဦး၏ ထင်ရှားသော ရန်သူဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့သည်မဟုတ်လော။”

❿ အရှင်မြတ်က စတင်ဖန်ဆင်းစဉ်ကတည်းက အရှက်တရားထည့်ပေးထားတာဖြစ်လို့ ၎င်းတို့ရဲ့အရှက်တွေပေါ်သွားတဲ့အချိန်မှာ ဂျန္နသ်က သစ်ရွက်တွေနဲ့ ၎င်းတို့ရဲ့အရှက်တွေကို ဖုံးအုပ်ကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَا رَبَّنَا ظَلَمْنَآ أَنفُسَنَا وَإِن لَّمْ تَغْفِرْ لَنَا وَتَرْحَمْنَا لَنَكُونَنَّ مِنَ ٱلْخَٰسِرِينَ ﴿٢٣﴾

(၂၃) ၎င်းတို့နှစ်ဦးက လျှောက်ထားကြသည်- "အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကိုကျွန်ုပ်တို့ နှိပ်စက်ပြီး နစ်နာအောင်လုပ်မိခဲ့ပြီဖြစ်ပါသည်။ ထို့နောက် အကယ်၍ အရှင်မြတ်သည် ကျွန်ုပ်တို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မမူပါလျှင် ၎င်းပြင် ကျွန်ုပ်တို့အား သနားညှာတာခြင်း ပြုတော်မမူပါလျှင် အမှန်စင်စစ် ကျွန်ုပ်တို့သည် ပျက်စီးဆုံးရှုံးသူများထဲတွင် အပါအဝင် ဖြစ်ကြရပါတော့မည်။"

قَالَ ٱهْبِطُوا۟ بَعْضُكُمْ لِبَعْضٍ عَدُوٌّ ۖ وَلَكُمْ فِى ٱلْأَرْضِ مُسْتَقَرٌّ وَمَتَٰعٌ إِلَىٰ حِينٍ ﴿٢٤﴾

(၂၄) အရှင်မြတ်က မိန့်ကြားတော်မူသည်- "အသင်တို့သည် (ဂျန္နသ်မှ)ဆင်းသွားကြလော့။ အသင်တို့ထဲမှ အချို့သည် အချို့၏ရန်သူ ဖြစ်လိမ့်မည်။ ၎င်းပြင် အသင်တို့အတွက် မြေပထဝီတွင် သတ်မှတ်ထားသော သက်တမ်းထိ နေရာထိုင်ခင်းနှင့် အကျိုးခံစားခွင့်ရှိသည်။"

قَالَ فِيهَا تَحْيَوْنَ وَفِيهَا تَمُوتُونَ وَمِنْهَا تُخْرَجُونَ ﴿٢٥﴾

(၂၅) အရှင်မြတ်က မိန့်ကြားတော်မူသည်- "အသင်တို့သည် ထို(မြေပထဝီ)ထဲတွင် အသက်ရှင်နေထိုင်ကြရမည်။ ၎င်းနောက် အသင်တို့သည် ထိုထဲ၌ပင် သေဆုံးကြရမည်။ ၎င်းပြင် (ကိယာမသ်ရှင်ပြန်ထမည့်နေ့၌) ထို(မြေပထဝီ)မှပင် ထုတ်ခြင်းခံကြရမည်။"

يَٰبَنِىٓ ءَادَمَ قَدْ أَنزَلْنَا عَلَيْكُمْ لِبَاسًا يُوَٰرِى سَوْءَٰتِكُمْ وَرِيشًا ۖ وَلِبَاسُ ٱلتَّقْوَىٰ ذَٰلِكَ خَيْرٌ ۚ ذَٰلِكَ مِنْ ءَايَٰتِ ٱللَّهِ لَعَلَّهُمْ يَذَّكَّرُونَ ﴿٢٦﴾

(၂၆) အို-အာဒမ်၏သားသမီးအပေါင်းတို့၊ ငါအရှင်မြတ်သည် အသင်တို့အတွက် အသင်တို့၏အရှက်ကို ဖုံးအုပ်ရုံမက❶ အလှအပလည်းဖြစ်စေသော အဝတ်အစား❷ ကိုချပေးတော်မူခဲ့သည်။ ၎င်းပြင် အရှင်မြတ်အား ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ခြင်းတည်းဟူသည့် (ရှက်စရာကောင်းသော ယုတ်ညံ့သည့် စိတ်ဓာတ်များကို ဖုံးအုပ်ပေးမည့်)သက်ဝါ၏ အဝတ်အစားသည် အမြင့်မြတ်ဆုံးပင် ဖြစ်သည်။❸ ၎င်းသည် သူတို့သတိတရားရယူကြရန်အတွက် အလ္လာဟ်အရှင်မြတ်၏သက်သေလက္ခဏာများထဲမှဖြစ်သည်။

❶ လူသားတွေရဲ့အရှက်ကို ဖုံးအုပ်ဖို့ အရှင်မြတ်ကိုယ်တိုင်က အဝတ်အစားကို ဖန်တီးပြုလုပ်ပေးထားတာဟာ ဖုံးအုပ်ရမဲ့အရာတွေကို ဖုံးအုပ်ဖို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို ပေါ်လွင်

စေပါတယ်။ အဲဒါကြောင့် အစ္စလာမ်သာသနာမှာ လုံလုံခြုံခြုံ ဝတ်စားဆင်ယင်ခြင်းဟာ သာသနာထဲက အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုအနေနဲ့ ရှိနေတာဖြစ်တယ်။(အလင်းပြကျမ်း) ❷ လုံလုံခြုံခြုံ အဝတ်အစားဟာ အရှက်ဖုံးအုပ်ဖို့အရာ တစ်ခုဖြစ်သလို ဖုံးအုပ်သင့်တာကို ဖုံးအုပ်တဲ့အတွက် လှပတင့်တယ်စေတဲ့အရာတစ်ခုလည်းဖြစ်တယ်။ (အလင်းပြကျမ်း) ❸ ရှက်ရမဲ့အရာတွေကို ဖုံးအုပ်ဖို့ အရှင်မြတ်က အဝတ်အစားနှစ်မျိုးကို ဖန်တီးပေးထားပါတယ်။ တစ်ခုက ခန္ဓာကိုယ်ရဲ့မြင်ရတဲ့အပေါ်ယံအရှက်ကို ဖုံးအုပ်ဖို့အဝတ်အစား ဖြစ်တယ်။ နောက်တစ်ခုက ခန္ဓာကိုယ်ရဲ့ အတွင်းပိုင်း မမြင်ရတဲ့အရှက်ကို ဖုံးအုပ်ဖို့ မမြင်ရတဲ့ အဝတ်အစားဖြစ်တယ်။ အဲဒါဟာ ခန္ဓာကိုယ်ထဲမှာ စိတ်ပိုင်းဆိုင်ရာ မလှပတဲ့အားနည်းချက်တွေ၊ စိတ်ထားယုတ်ညံ့မှုတွေကို ဖုံးအုပ်ဖို့ သက္ကဝါရဲ့အတွင်း အဝတ်ကို အရှင်မြတ်က ပေးထားတာ ဖြစ်တယ်။ အဲဒီအဝတ်ကို ဝတ်ဆင်လိုက်ရင် စိတ်ထဲက ရှက်စရာကောင်းတဲ့ ပျော့ညံ့မှုတွေမကောင်းမှုတွေဟာ လှပလာမှာဖြစ်တယ်။ (အလင်းပြကျမ်း)

يَٰبَنِيٓ ءَادَمَ لَا يَفْتِنَنَّكُمُ ٱلشَّيْطَٰنُ كَمَآ أَخْرَجَ أَبَوَيْكُم مِّنَ ٱلْجَنَّةِ يَنزِعُ عَنْهُمَا لِبَاسَهُمَا لِيُرِيَهُمَا سَوْءَٰتِهِمَآ ۗ إِنَّهُۥ يَرَىٰكُمْ هُوَ وَقَبِيلُهُۥ مِنْ حَيْثُ لَا تَرَوْنَهُمْ ۗ إِنَّا جَعَلْنَا ٱلشَّيَٰطِينَ أَوْلِيَآءَ لِلَّذِينَ لَا يُؤْمِنُونَ ﴿٢٧﴾

(၂၇) အို- အာဒမ်၏သားသမီးအပေါင်းတို့၊ အမှန်စင်စစ် ရှိုင်သွာန်သည် အသင်တို့၏မိဘနှစ်ပါး(အာဒမ်နှင့် ဟောင်ဝါအ်)ကို ၎င်းတို့နှစ်ဦးသည် ၎င်းတို့၏အရှက်ကို မြင်နိုင်စေရန် ၎င်းတို့(၏ခန္ဓာကိုယ်)မှ ၎င်းတို့၏အဝတ်အစားများကို ချွတ်ပြီး ဂျန္နသ်မှ ထွက်စေခဲ့သကဲ့သို့ အသင်တို့အားလည်း လမ်းမှားဘက်သွေးဆောင်ခြင်း မဖြစ်စေနှင့်။ အမှန်မှာ ထိုရှိုင်သွာန်နှင့် သူ၏ မျိုးနွယ်များသည် အသင်တို့ကို၊ အသင်တို့ သူတို့အား မမြင်နိုင်သောနည်းဖြင့် မြင်ကြသည်။❶ အမှန်စင်စစ် ငါအရှင်မြတ်သည် ရှိုင်သွာန်များကို အီမာန်ယုံကြည်မှု မရှိသောသူများ၏မိတ်ဆွေများအဖြစ် ပြုလုပ်တော်မူခဲ့သည်။❷

❶ လူတွေဟာ သူတို့ရဲ့ရန်သူဖြစ်တဲ့ ရှိုင်သွာန်ကို မမြင်ရတဲ့အပေါ်မှာ ပိုပြီး ဂရုစိုက်ကာကွယ်ရမှာဖြစ်တယ်။ အဲဒီရန်သူကတော့ လူသားတွေကို မြင်နိုင်တာဖြစ်လို့ သူ့ရန်ကနေ ကာကွယ်ဖို့ သူ့ကို မြင်တဲ့အရှင်မြတ်အပေါ်မှာပဲ အားကိုးပုံအပ်ပြီးကာကွယ်မှုရယူရမှာဖြစ်တယ်။ (အလင်းပြကျမ်း)
❷ ရှိုင်သွာန်ဟာ အီမာန်မရှိတဲ့သူကို ပိုပြီးဆွဲဆောင်နိုင်တယ်။ အဲဒါကြောင့် ကာဖိရ်တွေဟာ သူတို့ရဲ့မိတ်ဆွေတွေဖြစ်နေတယ်။ အီမာန်လျော့နည်းသူကို အနည်းငယ်ဆွဲဆောင်နိုင်ပြီး အီမာန် ပြည့်စုံသူကိုတော့ လုံးဝမဆွဲဆောင်နိုင်ဘူး။ (အလင်းပြကျမ်း)

وَإِذَا فَعَلُوا۟ فَٰحِشَةً قَالُوا۟ وَجَدْنَا عَلَيْهَآ ءَابَآءَنَا وَٱللَّهُ أَمَرَنَا بِهَا ۗ قُلْ إِنَّ ٱللَّهَ لَا يَأْمُرُ بِٱلْفَحْشَآءِ ۖ أَتَقُولُونَ عَلَى ٱللَّهِ مَا لَا تَعْلَمُونَ ﴿٢٨﴾

(၂၈) ထို့ပြင် (ကာဖိရ်ငြင်းပယ်)သူတို့သည် စက်ဆုပ်ဖွယ်ရာကိစ္စတစ်ခုခုကို ပြုလုပ်ကြသောအခါ "ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့အား ဤသို့ပင်(ပြုလုပ်နေသည်ကို) တွေ့ရှိခဲ့ကြပါသည်၊ ၎င်းပြင်

အလ္လာဟ်အရှင်မြတ်သည်လည်း ကျွန်ုပ်တို့အား ထိုအတိုင်းပင် အမိန့်ပေးတော်မူခဲ့သည်ဟု ပြောဆိုကြသည်။" (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် စက်ဆုပ်ဖွယ်ရာကိစ္စများကို (ပြုလုပ်ရန်လုံးဝ) အမိန့်ပေးတော်မမူပေ။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် အသင်တို့ မသိနားမလည်သောကိစ္စများကို လုပ်ကြံပြောဆိုကြသလော။

قُلْ اَمَرَ رَبِّيْ بِالْقِسْطِ ۗ وَاَقِيْمُوْا وُجُوْهَكُمْ عِنْدَ كُلِّ مَسْجِدٍ وَّادْعُوْهُ مُخْلِصِيْنَ لَهُ الدِّيْنَ ۗ كَمَا بَدَاَكُمْ تَعُوْدُوْنَ ﴿٢٩﴾

(၂၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ- ကျွန်ုပ်ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် တရားမျှတရန်အမိန့်ပေးတော်မူခဲ့သည်။ ထို့ပြင် အသင်တို့သည် အိဗာဒသ်လုပ် စဂျ်ဒဟ်ဦးချသောနေရာတိုင်း၌ အသင်တို့၏ မျက်နှာများကို (အရှင်မြတ်ဘက်တစ်စိတ်တစ်လက်တည်း)မျက်နှာမူပြီး ပြုလုပ်ကြပါ။ ၎င်းပြင် အသင်တို့သည် ဝတ်ပြုမှုကို အရှင်မြတ်အတွက်သာ စိတ်စေတနာဖြူစင်မှုနှင့် ပြုလုပ်သူများအဖြစ်ဖြင့် အရှင်မြတ်ကို ဟစ်ခေါ်ပန်ကြားကြပါ။ အရှင်မြတ်သည် အသင်တို့အား စတင်ဖန်ဆင်းတော်မူသကဲ့သို့ပင် အသင်တို့သည် (အရှင်မြတ်ထံတော်သို့) ပြန်လှည့်ကြရမည်။

فَرِيْقًا هَدٰى وَفَرِيْقًا حَقَّ عَلَيْهِمُ الضَّلٰلَةُ ۗ اِنَّهُمُ اتَّخَذُوا الشَّيٰطِيْنَ اَوْلِيَآءَ مِنْ دُوْنِ اللّٰهِ وَيَحْسَبُوْنَ اَنَّهُمْ مُّهْتَدُوْنَ ﴿٣٠﴾

(၃၀) အရှင်မြတ်သည် လူတစ်စုအား လမ်းမှန်ကို ရောက်စေတော်မူခဲ့သည်။ ၎င်းပြင် လူတစ်စုမှာမူ လမ်းလွဲခြင်းသည် သူတို့အပေါ်၌ အတည်ဖြစ်ခဲ့သည်။❻ (အဘယ်ကြောင့်ဆိုသော်) အမှန်ပင် သူတို့သည် အလ္လာဟ်အရှင်မြတ်အား စွန့်ပြီး ရှိုင်သွာန်များကို မိတ်ဆွေဖွဲ့ခဲ့ကြသည်။ ၎င်းပြင် အမှန်ပင် သူတို့သည် လမ်းမှန်ရရှိသူများဟု ထင်မှတ်ကြသည်။

❻ ကာဖိရ်တွေကို ဆိုလိုခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

يٰبَنِيْٓ اٰدَمَ خُذُوْا زِيْنَتَكُمْ عِنْدَ كُلِّ مَسْجِدٍ وَّكُلُوْا وَاشْرَبُوْا وَلَا تُسْرِفُوْا ۚ اِنَّهٗ لَا يُحِبُّ الْمُسْرِفِيْنَ ﴿٣١﴾

(၃၁) အို-အာဒမ်၏သားသမီးအပေါင်းတို့၊ အသင်တို့သည် ဗလီဝတ်ကျောင်းတော်(သို့ တက်ရောက်သည့်အခါ)တိုင်း၌ အသင်တို့၏ (အဝတ်အစားကို ဝတ်ဆင်၍) တင့်တယ်မှုကို ရယူကြပါ။ ၎င်းပြင် အသင်တို့သည် စားသောက်ကြပါ၊ သို့ရာတွင် အသင်တို့သည် မဖြုန်းတီးကြလေနှင့်။ (အဘယ်ကြောင့်ဆို

သော်) အမှန်ပင် အရှင်မြတ်သည် ဖြုန်းတီးသူများကို နှစ်သက်တော်မမူပေ။

قُلْ مَنْ حَرَّمَ زِينَةَ اللَّهِ الَّتِي أَخْرَجَ لِعِبَادِهِ وَالطَّيِّبَاتِ مِنَ الرِّزْقِ ۚ قُلْ هِيَ لِلَّذِينَ آمَنُوا فِي الْحَيَاةِ الدُّنْيَا خَالِصَةً يَوْمَ الْقِيَامَةِ ۗ كَذَٰلِكَ نُفَصِّلُ الْآيَاتِ لِقَوْمٍ يَعْلَمُونَ ﴿٣٢﴾

(၃၂) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အလ္လာဟ်အရှင်သည် မိမိ၏ကျွန်များအတွက် လှပတင့်တယ်မှုအဖြစ် ပြုလုပ်ထားသော အဝတ်အစားများနှင့် သန့်ပြန့်စင်ကြယ်သော အစားအစာများကို မည်သူက ဟရာမ်ဟု တားမြစ်ခဲ့သနည်း။❶ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အီမာန်ယုံကြည်သူများအတွက် ဤလောကတွင်ရရှိနေသော ၎င်းအရာများသည် ကိယာမသ်ရှင်ပြန်ထမည့်နေ့၌မူ (သူတို့အတွက်) သီးသန့်ပင်ဖြစ်လိမ့်မည်။❷ ငါအရှင်မြတ်သည် ထိုသို့ပင် အာယသ်တော်များကို အသိပညာရှိသူများအတွက် အသေးစိတ်ရှင်းလင်းပြသတော်မူသည်။

❶ အမိုက်ခေတ်မှာ အရပ်မှုရှိရိုက်တွေဟာ အဝတ်အစား အားလုံးချွတ်ပြီး ကအ်ဗဟ်ကျောင်းတော်ကို သွဝါဖ်လှည့်ပတ်လေ့ရှိခဲ့ကြတယ်။ အဲဒီအချိန်မှာ အဝတ်အစားဝတ်ခြင်းကို ဟရာမ်လို့ သူတို့က သတ်မှတ်ထားကြတယ်။ အဲဒီအပေါ် အရှင်မြတ်က အရှက်ဖုံးဖို့နဲ့ လှပတန်ဆာအဖြစ် ပြုလုပ်ပေးထားတဲ့ အဝတ်အစားတွေကို ဘယ်သူက တားမြစ်တာလဲလို့ မိန့်ဆိုထားတာဖြစ်တယ်။ အဲဒီလိုပဲ ဟဂျ်အချိန်မှာ အစားအစာတွေကို မသေရုံတမယ်ပဲစားပြီး အများအပြားကို ရှောင်ကြဉ်ခဲ့ကြတယ်။ အဲဒါကြောင့် အရှင်မြတ်က စားဖို့ပေးထားတဲ့ သန့်ပြန့်တဲ့အစားအစာတွေကို ဘယ်သူက တားမြစ်တာလဲလို့ အမိန့်ရှိတာဖြစ်တယ်။ ဒါပေမဲ့ အဝတ်အစားပဲဖြစ်ဖြစ်၊ အစားအသောက်ပဲဖြစ်ဖြစ် လိုအပ်တာထက်ပိုပြီး ဖြုန်းတီးတာကိုတော့ အရှင်မြတ်က နှစ်သက်ခြင်းမရှိလို့ မဖြုန်းတီးရဘူးဆိုပြီး တားမြစ်ထားတယ်။ (အလင်းပြကျမ်း) ❷ အရှင်မြတ်က ဒီလောကမှာ အဲဒီအဝတ်အစားတွေနဲ့ အစားအသောက်တွေကို အီမာန်ယုံကြည်သူတွေအတွက် ပြုလုပ်ဖန်ဆင်းပေးထားပေမဲ့ မယုံကြည်တဲ့သူတွေကပါ အကျိုးခံစားနေကြရတယ်။ ဒါပေမဲ့ တမလွန်ဘဝမှာတော့ မယုံကြည်သူတွေအတွက် မပါတော့ဘဲ ယုံကြည်သူတွေအတွက်ပဲ သီးသန့်ဖြစ်သွားမယ်။ (အလင်းပြကျမ်း)

قُلْ إِنَّمَا حَرَّمَ رَبِّيَ الْفَوَاحِشَ مَا ظَهَرَ مِنْهَا وَمَا بَطَنَ وَالْإِثْمَ وَالْبَغْيَ بِغَيْرِ الْحَقِّ وَأَنْ تُشْرِكُوا بِاللَّهِ مَا لَمْ يُنَزِّلْ بِهِ سُلْطَانًا وَأَنْ تَقُولُوا عَلَى اللَّهِ مَا لَا تَعْلَمُونَ ﴿٣٣﴾

(၃၃) (အို-တမန်တော်) အသင်ပြောလိုက်ပါ- ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည်စက်ဆုပ်ဖွယ်ရာများထဲမှထင်ရှားသည့်အရာများနှင့် ဖုံးကွယ်နေသောအရာများ၊ မကောင်းမှုများ၊ မတရားနိုပ်စက်မှုများ၊ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်က မည်သည့်အထောက်အထားတစ်ခုမျှ ချမပေးခဲ့သောအရာကို အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ခြင်း၊ ၎င်းပြင် အသင်တို့သည်

အသင်တို့ မသိသောအရာများကို အလ္လာဟ်အရှင်မြတ်အပေါ်၌ လုပ်ကြံပြောဆိုခြင်း (ထိုအရာများအားလုံး)ကိုသာ ဟရာမ်ဟု တားမြစ်တော်မူခဲ့ခြင်းဖြစ်သည်။

وَلِكُلِّ أُمَّةٍ أَجَلٌ ۖ فَإِذَا جَاءَ أَجَلُهُمْ لَا يَسْتَأْخِرُونَ سَاعَةً ۖ وَلَا يَسْتَقْدِمُونَ ﴿٣٤﴾

(၃၄) ထို့ပြင် လူမျိုးတိုင်းအတွက် (အသက်ရှင်ရန်) သတ်မှတ်ထားသောအချိန်ကာလရှိသည်။ သို့ဖြစ်ရာ သူတို့၏အချိန်ကာလ ရောက်လာလျှင် သူတို့သည် အချိန်အနည်းငယ်မျှပင် နောက်ဆုတ်နိုင်ကြမည်လည်း မဟုတ်သည့်အပြင် သူတို့သည် ရှေ့တိုးနိုင်ကြမည်လည်းမဟုတ်ပေ။❷

❷ မကောင်းတာတွေကို ကျူးလွန်နေကြပေမဲ့ အပြစ်ဒဏ်ချက်ချင်းရောက်မလာလို့ သံသယဖြစ်စရာမလိုဘူး။ ဘာဖြစ်လို့လဲဆိုရင် သတ်မှတ်ထားတဲ့အချိန်ရှိနေလို့ဖြစ်တယ်။ အချိန်ရောက်ရင် ရှေ့လည်းမတိုးနိုင်သလို နောက်လည်းမဆုတ်နိုင်တော့ဘူး။ အဲဒီအချိန်ကစပြီး အပြစ်ဒဏ် ကျိန်းသေခံကြရတော့မှာဖြစ်တယ်။ (အလင်းပြကျမ်း)

يَٰبَنِيٓ ءَادَمَ إِمَّا يَأْتِيَنَّكُمْ رُسُلٌ مِّنكُمْ يَقُصُّونَ عَلَيْكُمْ ءَايَٰتِي ۙ فَمَنِ ٱتَّقَىٰ وَأَصْلَحَ فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُونَ ﴿٣٥﴾

(၃၅) အို- အာဒမ်၏သားသမီးအပေါင်းတို့၊ အကယ်၍ အသင်တို့ထံသို့ အသင်တို့ထဲမှပင် ငါအရှင်မြတ်၏အမိန့်တော်များကို အသင်တို့ရှေ့မှောက်၌ ရှင်းလင်းပြောပြကြသော တမန်တော်များ အမှန်စင်စစ် ရောက်လာခဲ့သောအခါ အကြင်သူသည် (မကောင်းမှုများမှ) ရှောင်ကြဉ်ပြီး ပြုပြင်နေထိုင်လျှင် ထိုသူများအပေါ်တွင် စိုးရိမ်စရာမရှိသည့်အပြင် သူတို့သည် ပူဆွေးကြရမည်လည်းမဟုတ်ပေ။

وَٱلَّذِينَ كَذَّبُوا۟ بِـَٔايَٰتِنَا وَٱسْتَكْبَرُوا۟ عَنْهَآ أُو۟لَٰٓئِكَ أَصْحَٰبُ ٱلنَّارِ ۖ هُمْ فِيهَا خَٰلِدُونَ ﴿٣٦﴾

(၃၆) ၎င်းပြင် အကြင်သူများသည် ငါအရှင်မြတ်၏အမိန့်တော်များကို မဟုတ်မမှန်ငြင်းပယ်ကြပြီး ၎င်း(အမိန့်တော်များ)မှ မာနထောင်လွှား (လျစ်လျူရှု)နေခဲ့ကြသည်။ ထိုသူများသည် ငရဲသားများ ဖြစ်ကြသည်။ သူတို့သည် ၎င်း(ငရဲ)ထဲ၌ပင် အမြဲနေထိုင်ကြရမည့်သူများ ဖြစ်ကြသည်။

فَمَنْ أَظْلَمُ مِمَّنِ ٱفْتَرَىٰ عَلَى ٱللَّهِ كَذِبًا أَوْ كَذَّبَ بِـَٔايَٰتِهِۦٓ ۚ أُو۟لَٰٓئِكَ يَنَالُهُمْ نَصِيبُهُم مِّنَ ٱلْكِتَٰبِ ۖ حَتَّىٰٓ إِذَا جَآءَتْهُمْ رُسُلُنَا يَتَوَفَّوْنَهُمْ قَالُوٓا۟ أَيْنَ مَا كُنتُمْ تَدْعُونَ مِن دُونِ ٱللَّهِ ۖ قَالُوا۟ ضَلُّوا۟ عَنَّا وَشَهِدُوا۟ عَلَىٰٓ أَنفُسِهِمْ أَنَّهُمْ كَانُوا۟ كَٰفِرِينَ ﴿٣٧﴾

(၃၇) သို့ဖြစ်ရာ အကြင်သူထက် ပို၍မတရားသူ မည်သူရှိဦးမည်နည်း။ ထိုသူသည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် မုသားကို လုပ်ကြံစွပ်စွဲခဲ့သည်။❻ သို့မဟုတ် ထိုသူသည် အရှင်မြတ်၏အာယသ်တော်များကို မဟုတ်မမှန်ငြင်းဆိုခဲ့

သည်။ ထိုသူတို့ထံသို့ လောင်းပေ့မဟ်ဖူးဖွဲ့မှတ်တမ်း၌ (သတ်မှတ်ထားသော) သူတို့၏ဝေစုသည် (ဤဘဝ၌ပင်)ရောက်ရှိလာလိမ့်မည်။ နောက်ဆုံး၌ သူတို့ထံသို့ ငါအရှင်မြတ်၏စေတမန်များသည် သူတို့၏အသက်ကို နှုတ်သိမ်းရန်ရောက်လာကြသောအခါ ထိုစေတမန်များက မေးမြန်းကြလိမ့်မည်- "အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့ ဟစ်ခေါ်ခဲ့သောအရာများသည် အဘယ်မှာနည်း။" သူတို့က ပြောကြမည်- "ထိုအရာများသည် ကျွန်ုပ်တို့ထံမှ ပျောက်ကွယ်သွားကြပြီဖြစ်သည်။" ၎င်းပြင် သူတို့က အမှန်စင်စစ် ကျွန်ုပ်တို့သည် ကာဖိရ်ငြင်းပယ်သူများ ဖြစ်ကြပါသည်ဟု သူတို့ကိုယ်သူတို့ဆန့်ကျင်ပြီး သက်သေခံကြလိမ့်မည်။

၆ အရှင်မြတ်အပေါ်မှာ လုပ်ကြံစွပ်စွဲတယ်ဆိုတာ တချို့စကားတွေကို အရှင်မြတ်အမိန့်မရှိဘဲနဲ့ အမိန့်ရှိတယ်လို့ပြောခြင်း၊ အရှင်မြတ်အမိန့်ရှိတဲ့စကားကိုတော့ အရှင်မြတ်မိန့်တာမဟုတ်ဘူးလို့ ပြောခြင်း၊ အဲဒီလိုပဲ အရှင်မြတ်ထံတော်က တမန်တော်တွေယူဆောင်လာတဲ့စကားတွေကိုလည်း မဟုတ်ဘူးလို့ ငြင်းပယ်ခြင်း၊ တမန်တော်မပြောခဲ့တဲ့စကားတွေကို ပြောတယ်လို့ ဆိုခြင်း၊ အဲဒီသူတွေထက် မတရားသူမရှိတော့ဘူးလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ ادْخُلُوا فِيٓ اُمَمٍ قَدْ خَلَتْ مِنْ قَبْلِكُمْ مِّنَ الْجِنِّ وَالْاِنْسِ فِى النَّارِ ؕ كُلَّمَا دَخَلَتْ اُمَّةٌ لَّعَنَتْ اُخْتَهَا ؕ حَتّٰٓى اِذَا ادَّارَكُوْا فِيْهَا جَمِيْعًا ۙ قَالَتْ اُخْرٰىهُمْ لِاُوْلٰىهُمْ رَبَّنَا هٰٓؤُلَآءِ اَضَلُّوْنَا فَاٰتِهِمْ عَذَابًا ضِعْفًا مِّنَ النَّارِ ۬ؕ قَالَ لِكُلٍّ ضِعْفٌ وَّلٰكِنْ لَّا تَعْلَمُوْنَ ﴿٣٨﴾

(၃၈) အရှင်မြတ်သည် (ကိယာမသ်နေ့တွင်) အမိန့်ရှိတော်မူမည်- အသင်တို့မတိုင်မီက ရှိခဲ့ကြသောဂျင်န်အုပ်စုနှင့် လူအုပ်စုများနှင့်အတူ အသင်တို့သည်လည်း ဂျဟန္နမ်ငရဲဘုံထဲသို့ဝင်ကြပါ။ အုပ်စုတစ်စုသည် (ငရဲဘုံထဲသို့) ဝင်ရောက်သည့်အခါတိုင်း သူတို့နှင့် အယူဝါဒတူအုပ်စုကို ကျိန်ဆဲကြမည်။၁ နောက်ဆုံး ထို(ငရဲဘုံ)ထဲတွင် သူတို့အားလုံးဆုံမိကြသောအခါ သူတို့ထဲမှ နောင်လာနောက်သားများက သူတို့၏ ပထမလူများနှင့်ပတ်သက်၍၂ ပြောဆိုကြမည်- "အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ဤသူများပင် ကျွန်ုပ်တို့အား လမ်းလွဲစေခဲ့ကြသည့်အတွက် အရှင်မြတ်သည် သူတို့အား ငရဲဘုံ၏အပြစ်ဒဏ်ကို အဆတိုးပြီး ပေးတော်မူပါ။" အရှင်မြတ်က မိန့်တော်မူမည်- "အဆတိုးအပြစ်ဒဏ်သည် (အသင်တို့)အားလုံး၌ ရှိသည်။ သို့ရာတွင် အသင်တို့သည် အသိ မရှိကြပေ။"

၁ ငရဲထဲကျရောက်နေတဲ့ အယူဝါဒတူအချင်းချင်း ဘယ်သူက ဘယ်သူ့ကိုမှ သနားကြမှာမဟုတ်ဘူး။ တစ်ဦးကိုတစ်ဦး ကျိန်ဆဲနေကြမှာဖြစ်တယ်။ (အလင်းပြကျမ်း) ၂ ပထမလူတွေနဲ့ နောက်လူတွေဆိုတာ ပထမလူတွေထဲမှာ အကြီးအကဲတွေ ခေါင်းဆောင်တွေပါဝင်တယ်။ နောက်လူတွေထဲ

မှာ သူတို့ရဲ့နောက်လိုက်တွေပါဝင်တယ်။ (အလင်းပြကျမ်း)

وَقَالَتْ أُولٰىهُمْ لِأُخْرٰىهُمْ فَمَا كَانَ لَكُمْ عَلَيْنَا مِنْ فَضْلٍ فَذُوقُوا الْعَذَابَ بِمَا كُنْتُمْ تَكْسِبُونَ ﴿٣٩﴾

(၃၉) ထို့ပြင် သူတို့၏ပထမလူများက သူတို့၏နောက်လူများအား ပြောဆိုကြမည်- "သို့ဖြစ်လျှင် အသင်တို့၌ ငါတို့ထက် သာပိုသည်ဟူ၍ မည်သည့်အရာမျှမရှိပေ၊ သို့ဖြစ်ရာ အသင်တို့သည် အသင်တို့ဆည်းပူးခဲ့သည်များကြောင့် အပြစ်ဒဏ်ကို မြည်းစမ်းကြပါ။"

إِنَّ الَّذِينَ كَذَّبُوا بِآيَاتِنَا وَاسْتَكْبَرُوا عَنْهَا لَا تُفَتَّحُ لَهُمْ أَبْوَابُ السَّمَاءِ وَلَا يَدْخُلُونَ الْجَنَّةَ حَتّٰى يَلِجَ الْجَمَلُ فِي سَمِّ الْخِيَاطِ ۚ وَكَذٰلِكَ نَجْزِي الْمُجْرِمِينَ ﴿٤٠﴾

(၄၀) အမှန်စင်စစ် အကြင်သူများသည် ငါအရှင်မြတ်၏အာယသ်တော်များကိုမဟုတ်မမှန်ငြင်းဆိုကြသည်။ ၎င်းပြင် သူတို့သည် ၎င်း(အာယသ်တော်များ)မှ (မျက်နှာလွှဲ၍)မာနထောင်လွှားမှုပြုကြသည်။ ထိုသူများအတွက် ကောင်းကင်၏တံခါးများသည် ဖွင့်ထားခြင်းခံရမည်မဟုတ်ပေ။❷ ၎င်းပြင် နောက်ဆုံး၌ ကုလားအုတ်သည် အပ်ပေါက်ထဲသို့ ဝင်သွားသည်ဆိုလျှင်ပင်❻ သူတို့သည် ဂျန္နသ်သုခဘုံထဲသို့ ဝင်ရောက်ရမည်မဟုတ်ပေ။ ထို့ပြင် ငါအရှင်မြတ်သည် အပြစ်ရှိသူများအား ထိုသို့ပင် အပြစ်ပေးတော်မူသည်။

❷ ကောင်းကင်ရဲ့တံခါးတွေ ဖွင့်ပေးမှာမဟုတ်ဘူးဆိုတာနဲ့ပတ်သက်ပြီး တချို့က ကောင်းမှုလုပ်ရပ်တွေ၊ တချို့က ဝိညာဉ်တွေ၊ တချို့က ဒုအာတောင်းဆိုမှုတွေလို့ အဓိပ္ပာယ်ဖွင့်ကြတယ်။ အဲဒါတွေကိုလက်ခံဖို့ ဖွင့်ပေးမှာ မဟုတ်ဘူးလို့ ဆိုလိုတယ်။ (အလင်းပြကျမ်း) ❻ ကုလားအုတ်ဟာ အပ်နဖားပေါက်ထဲကို ဝင်တဲ့တိုင်အောင်လို့ပြောတာဟာ မဖြစ်နိုင်တာနဲ့ နှိုင်းနှိုင်းပြခြင်းဖြစ်တယ်။ အဲဒီလောက်မဖြစ်နိုင်တာ ဖြစ်သွားရင်တောင်မှ ကာဖိရ်တွေကတော့ ဂျန္နသ်သုခဘုံကို ဝင်ရမှာမဟုတ်ဘူးလို့ ဆိုလိုတာဖြစ်တယ်။ (ဘယ်တော့မှ ဝင်ရမှာမဟုတ်ဘူးလို့ ဆိုလိုတာဖြစ်တယ်။) (အလင်းပြကျမ်း)

لَهُمْ مِنْ جَهَنَّمَ مِهَادٌ وَمِنْ فَوْقِهِمْ غَوَاشٍ ۚ وَكَذٰلِكَ نَجْزِي الظّٰلِمِينَ ﴿٤١﴾

(၄၁) သူတို့အတွက် ဂျဟန္နမ်ငရဲမီး၏အခင်းရှိမည်။ ၎င်းပြင် သူတို့၏အပေါ်၌လည်း (ငရဲမီး၏)အမိုး(အဖုံးအအုပ်များ)ရှိမည်❸၊ ထို့ပြင် ငါအရှင်မြတ်သည် မတရားကျူးလွန်သူများအား ထိုသို့ပင် ပြစ်ဒဏ်ပေးတော်မူသည်။

❸ ဂျဟန္နမ်ထဲမှာ ကာဖိရ်တွေကို ငရဲမီးဟာ အထက်အောက် ရှေ့နောက် အဘက်ဘက်က ဝန်းရံထားမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَالَّذِينَ آمَنُوا وَعَمِلُوا الصّٰلِحٰتِ لَا نُكَلِّفُ نَفْسًا إِلَّا وُسْعَهَا ۖ أُولٰئِكَ أَصْحٰبُ الْجَنَّةِ ۖ هُمْ فِيهَا خٰلِدُونَ ﴿٤٢﴾

(၄၂) ထို့ပြင် အကြင်သူများသည် အီမာန်ယုံကြည်ကြပြီး ကောင်းမြတ်သော လုပ်ရပ်များကို ပြုလုပ်ကြသည်။ ငါအရှင်မြတ်သည် မည်သူ့ကိုမျှ သူ၏ အင်အားရှိသည်မှလွဲ၍ (ပိုပြီး) တာဝန်ပေးတော်မမူပေ။❻ ထိုသူများပင် ဂျန္နသ်သုခဘုံသားများ ဖြစ်ကြသည်။ သူတို့သည် ထို(ဂျန္နသ်)ထဲတွင် အမြဲနေထိုင်ကြရမည့်သူများ ဖြစ်သည်။

❻ အရှင်မြတ်က လူသားတတ်နိုင်တဲ့ဝန်ကိုပဲ ထမ်းစေတာကြောင့် အရှင်မြတ်သတ်မှတ်ထားတဲ့ အမိန့်ပညတ်ချက်တွေဟာ လူတိုင်း လိုက်နာနိုင်လောက်တဲ့ အတိုင်းအတာမျှသာ ဖြစ်တယ်။ အဲဒီ လိုက်နာနိုင်လောက်တဲ့ အတိုင်းအတာရှိတဲ့ အမိန့်တော်တွေကို လိုက်နာခဲ့ရင် ဂျန္နသ်ကို အလွယ်တကူပဲ ဝင်ရောက်နိုင်မှာဖြစ်တယ်။(တစ်စုံတစ်ဦးက အဲဒီအတိုင်းအတာကို လေးလံတဲ့ဝန်လို့ထင်ရင် သူရဲ့ဉာဏ်နည်းမှုသာဖြစ်တယ်။) (အလင်းပြကျမ်း)

وَ نَزَعۡنَا مَا فِیۡ صُدُوۡرِهِمۡ مِّنۡ غِلٍّ تَجۡرِیۡ مِنۡ تَحۡتِهِمُ الۡاَنۡهٰرُ ۚ وَ قَالُوا الۡحَمۡدُ لِلّٰهِ الَّذِیۡ
هَدٰىنَا لِهٰذَا ۟ وَ مَا كُنَّا لِنَهۡتَدِیَ لَوۡ لَاۤ اَنۡ هَدٰىنَا اللّٰهُ ۚ لَقَدۡ جَآءَتۡ رُسُلُ رَبِّنَا بِالۡحَقِّ ؕ وَ
نُوۡدُوۡۤا اَنۡ تِلۡكُمُ الۡجَنَّةُ اُوۡرِثۡتُمُوۡهَا بِمَا كُنۡتُمۡ تَعۡمَلُوۡنَ ﴿۴۳﴾

(၄၃) ထို့ပြင် ငါအရှင်မြတ်သည် သူတို့၏ စိတ်များထဲ၌(ကျန်)ရှိနေသော အာဃာတ အငြိုးအတေးကို ထုတ်ပစ်တော်မူမည်။ ❼ သူတို့၏အောက်တွင် စမ်းရေချောင်းများ စီးဆင်းနေမည်။ ၎င်းပြင် သူတို့သည် (ဤသို့)ပြောဆိုကြမည်- "ချီးမွမ်းခြင်းဟူသမျှသည် ကျွန်ုပ်တို့အား ဤနေရာသို့ ပို့ဆောင်ပေးတော်မူခဲ့သော အလ္လာဟ်အရှင်မြတ်အတွက်ပင် ဖြစ်ပါသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည်သာ ကျွန်ုပ်တို့ကို ပို့ဆောင်တော်မမူခဲ့ပါလျှင် ကျွန်ုပ်တို့သည် (ဤနေရာသို့)ရောက်ရှိခဲ့ကြမည် မဟုတ်ပေ။ အမှန်စင်စစ် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ တမန်တော်များသည် အမှန်ကို ယူဆောင်လာခဲ့ကြသည်ပင် ဖြစ်သည်။ ၎င်းပြင် သူတို့သည် (ဤသို့) ဟစ်ခေါ်ခြင်းခံကြရမည်- "ဤသည် ဂျန္နသ်သုခဘုံဖြစ်သည်၊ ၎င်း(သုခဘုံ)ကို အသင်တို့သည် အသင်တို့ပြုလုပ်ခဲ့သောအရာ (ကောင်းသောလုပ်ရပ်)များကြောင့် အမွေရရှိခဲ့ခြင်းဖြစ်သည်။❶"

❼ လောကမှာ သာသနာ့အလုပ်ကို လုပ်နေကြတဲ့သူအချင်းချင်း တစ်ခါတစ်ရံ အယူအဆ ကွဲလွဲမှုတွေ၊ လုပ်နည်းလုပ်ဟန် ကွဲလွဲမှုတွေကြောင့် တစ်ဦးနဲ့တစ်ဦး အငြင်းပွားမှုတွေ၊ စကားများမှုတွေ ဖြစ်ပွားလေ့ရှိကြတယ်။ အဲဒီအခါ တစ်ဦးအပေါ်တစ်ဦး စိတ်ကွက်မှုတွေ၊ ငြိုငြင်မှုတွေ၊ မကျေနပ်မှုတွေကိန်းအောင်းသွားလေ့ရှိကြတယ်။ အဲဒါတွေအားလုံးကို အရှင်မြတ်က ထုတ်ပစ်ပြီးတော့မှ ဂျန္နသ်ထဲကို ဝင်ရောက်စေမှာဖြစ်တယ်။ ဂျန္နသ်ထဲရောက်တဲ့အခါ ဘာမှ စိတ်ခုစရာမရှိတော့ဘဲ

တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်ပေါင်းသင်းဆက်ဆံပြီး နေကြရတော့မှာဖြစ်တယ်။ (နာမည်ခံလုပ်သူတွေအတွက်မဟုတ်ဘူး။)(အလင်းပြကျမ်း) ❶ အရှင်မြတ်ရဲ့ သနားကြင်နာမှု ခံရသူဟာ အီမာန်နဲ့ ကောင်းတဲ့လုပ်ရပ်တွေကို လုပ်ခွင့်ရရှိပြီး အဲဒီလုပ်ရပ်တွေကြောင့် ဖခင်ကြီး အာဒမ် ﷺနေခဲ့တဲ့နေရာကို အမွေရရှိမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَنَادَىٰٓ أَصْحَٰبُ ٱلْجَنَّةِ أَصْحَٰبَ ٱلنَّارِ أَن قَدْ وَجَدْنَا مَا وَعَدَنَا رَبُّنَا حَقًّا فَهَلْ وَجَدتُّم مَّا وَعَدَ رَبُّكُمْ حَقًّا ۖ قَالُوا۟ نَعَمْ ۚ فَأَذَّنَ مُؤَذِّنٌۢ بَيْنَهُمْ أَن لَّعْنَةُ ٱللَّهِ عَلَى ٱلظَّٰلِمِينَ ﴿٤٤﴾

(၄၄) ထို့ပြင် ဂျန္နသ်သုခဘုံသားများသည် ဂျဟန္နမ်ငရဲသားများကို ဟစ်ခေါ်ပြောဆိုကြမည်- "ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က ကျွန်ုပ်တို့နှင့် ထားရှိတော်မူခဲ့သည့်ကတိတော်အတိုင်း မှန်ကန်စွာ ရရှိကြပြီဖြစ်သည်။ ၎င်းပြင် အသင်တို့သည်လည်း အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က အသင်တို့နှင့် ထားရှိတော်မူခဲ့သော ကတိတော်အတိုင်း မှန်ကန်စွာ ရရှိကြပြီလော။" သူတို့က "ဟုတ်ကဲ့(ရရှိကြပြီ ဖြစ်ပါသည်)"ဟု ဖြေကြလိမ့်မည်။❶ ထို့နောက် ကြေညာသူတစ်ဦးက❷ သူတို့၏ကြား၌ (တရားဝင်)ကြေညာပြောဆိုမည်- "အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်မှကင်းဝေးမှုသည် မတရားကျူးလွန်သူများအပေါ်(သက်ရောက်ပြီ)ဖြစ်သည်။"

❶ အီမာန်ယုံကြည်ပြီး ကောင်းမြတ်တဲ့လုပ်ရပ်တွေလုပ်တဲ့သူတွေကို ဂျန္နသ်ပေးမယ်လို့ အရှင်မြတ်ပြုထားခဲ့တဲ့ ကတိနဲ့ ကာဖိရ်ငြင်းပယ်တဲ့သူတွေကို ဂျဟန္နမ်ထဲချမယ်လို့ အရှင်မြတ်က ပေးထားခဲ့တဲ့ ကတိကိုဆိုလိုတယ်။(အာခိရသ်မှာ မျက်မြင်တွေ့တော့မှပဲ ကာဖိရ်ဟာ လက်ခံမှာဖြစ်တယ်။) (အလင်းပြကျမ်း) ❷ ဟစ်အော်သူဆိုတာ ကောင်းကင်တမန်တော်တစ်ဦးကိုဆိုလိုတယ်။ (ကုရ်သွူဗီ)

ٱلَّذِينَ يَصُدُّونَ عَن سَبِيلِ ٱللَّهِ وَيَبْغُونَهَا عِوَجًا وَهُم بِٱلْءَاخِرَةِ كَٰفِرُونَ ﴿٤٥﴾

(၄၅) အကြင်(မတရားကျူးလွန်သော)သူများသည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ ပိတ်ပင်တားဆီးခဲ့ကြ၍ ထိုလမ်းတော်တွင် ကွေ့ကောက်မှုကို ရှာဖွေခဲ့ကြသည်။❸ ၎င်းပြင် သူတို့သည် နောင်ဘဝကိုလည်း ငြင်းပယ်သူများ ဖြစ်ခဲ့ကြသည်။

❸ အကွေ့အကောက်ရှာဖွေတယ်ဆိုတာ မှန်ကန်တဲ့သက်သေသာဓကတွေကို သံသယဖြစ်အောင် လှုံ့ဆော်ပေးခြင်းကို ဆိုလိုတယ်။ (ကဗီးရ်၊ အလင်းပြကျမ်း)

وَبَيْنَهُمَا حِجَابٌ ۚ وَعَلَى ٱلْأَعْرَافِ رِجَالٌ يَعْرِفُونَ كُلًّۢا بِسِيمَىٰهُمْ ۚ وَنَادَوْا۟ أَصْحَٰبَ ٱلْجَنَّةِ أَن سَلَٰمٌ عَلَيْكُمْ ۚ لَمْ يَدْخُلُوهَا وَهُمْ يَطْمَعُونَ ﴿٤٦﴾

(၄၆) ထို့ပြင် ထို(ဂျန္နသ်နှင့် ဂျဟန္နမ်)ကြား၌ အကာအကွယ်တံတိုင်း တစ်ခုတည်ရှိလိမ့်မည်။❻ ထို့ပြင် ထိုတံတိုင်းပေါ်မှနေရာများ၌လည်း လူအများ အပြားရှိကြလိမ့်မည်။ သူတို့သည် (သုခဘုံသားနှင့် ငရဲသား)အားလုံးကို သူတို့၏ အမှတ်အသားများဖြင့် မှတ်မိကြလိမ့်မည်။ ထို့ပြင် သူတို့သည် သုခဘုံသားများကို "ငြိမ်းချမ်းသာယာမှုသည် အသင်တို့အပေါ်တွင်ရှိပါစေ"ဟု ဟစ်အော်(ပြောဆို) ကြမည်။ သူတို့သည် ထို(ဂျန္နသ်)ထဲသို့ မဝင်ရောက်ကြရသေးသော်လည်း သူ တို့သည် (ဝင်ရောက်ကြရလိမ့်မည်ဟု) မျှော်လင့်နေကြမည်။

❻ ဂျန္နသ်နဲ့ ဂျဟန္နမ်ကြားမှာ (တံတိုင်းကြီးလို)အကာအကွယ်အမြင့် တစ်ခုရှိနေပါလျက်နဲ့ စကား ပြောလို့ရခြင်းမှာ တံခါးပေါက်တစ်ခုရှိနေကြောင်း (ကုရ်အာန် - ၅၇း၁၃) မှာ ဖော်ပြထားတယ်။ (အလင်းပြကျမ်း)

وَإِذَا صُرِفَتْ أَبْصَارُهُمْ تِلْقَآءَ أَصْحَٰبِ ٱلنَّارِ قَالُوا۟ رَبَّنَا لَا تَجْعَلْنَا مَعَ ٱلْقَوْمِ ٱلظَّٰلِمِينَ ﴿٤٧﴾

(၄၇) ထို့နောက် သူတို့၏မျက်စိများသည် ငရဲသားများဘက်လှည့်ခြင်းခံ ရသောအခါ သူတို့က ပြောဆိုကြမည်၊ "အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော် မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အား မတရားကျူးလွန်သောသူများ နှင့်အတူ ထားတော်မမူပါနှင့်။"❼

❼ တံတိုင်းအမြင့်ပေါ်ကနေရာတွေ (အအ်ရာဖ်)မှာရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ဂျန္နသ်နဲ့ ဂျဟန္နမ်ကြားမှာ ရှိတဲ့အတွက် နှစ်ဖက်စလုံးကို အပေါ်စီးက မြင်နေရတဲ့အတွက် သူတို့ဟာ သုခဘုံသားတွေကို မြင်ရတဲ့အခါ အဲဒီထဲဝင်ရဖို့ မျှော်လင့်နေကြပြီး ငရဲသားတွေကို တွေ့တဲ့အခါ အဲဒီထဲဝင်ရမှာကို စိုးရိမ်နေကြတယ်။ အဲဒါကြောင့် သူတို့ဟာ ငရဲသားတွေနဲ့အတူ မနေရဖို့ အရှင်မြတ်ထံမှာ လျှောက် ထားကြတာဖြစ်တယ်။(အလင်းပြကျမ်း) သူတို့ရဲ့ကောင်းမှုနဲ့ မကောင်းမှုတွေကို ချိန်တွယ်မှုခံရတဲ့ အခါ ညီနေတဲ့အတွက် အဲဒီဘုံနှစ်ခုကြားက တံတိုင်းပေါ်မှာ ခဏထားတာဖြစ်တယ်။ အရှင်မြတ်က သူတို့ကို သုခဘုံကို ပို့လိုက်မလား၊ ငရဲဘုံထဲချလိုက်မလားလို့ သူတို့ဟာ စိုးရိမ်တကြီးနဲ့ အရှင်မြတ် ထံတော်မှာ "ကျွန်ုပ်တို့ကို အဲဒီငရဲသားတွေရဲ့အုပ်စုအတွင်း ထည့်တော်မမူပါနဲ့"လို့ ခိုလှုံခွင့်တောင်း ခံကြမယ်။ (အွဆ်မာနီ စာ - ၂၀၈၊ အောက်ခြေ - ၃) ၊ နောက်ဆုံး သူတို့ဟာ ဂျန္နသ်ထဲဝင်ခွင့်ရသွား မှာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

وَنَادَىٰٓ أَصْحَٰبُ ٱلْأَعْرَافِ رِجَالًا يَعْرِفُونَهُم بِسِيمَٰهُمْ قَالُوا۟ مَآ أَغْنَىٰ عَنكُمْ جَمْعُكُمْ وَمَا كُنتُمْ تَسْتَكْبِرُونَ ﴿٤٨﴾

(၄၈) ထို့ပြင် တံတိုင်းပေါ်မှနေရာများ၌ ရှိသောသူများက အကြင်သူ များကို ဟစ်ခေါ်ကြမည်။ ၎င်း(တံတိုင်းပေါ်မှသူ)တို့က ထို(မတရားကျူးလွန်)သူ များအား ၎င်းတို့၏အမှတ်အသားများဖြင့် မှတ်မိကြမည်။ ထို့ပြင် ၎င်း(တံတိုင်းပေါ် မှသူ)တို့က ပြောဆိုကြမည်- "အသင်တို့၏ လူအုပ်စုများပြားခြင်းနှင့် အသင်

တို့၏မာနထောင်လွှားခြင်းတို့သည် အသင်တို့အတွက် အသုံးမဝင်ခဲ့ပေ။”❻

❻ လောကမှာ ကာဖိရ်ငြင်းပယ်သူတွေဟာ သူတို့ရဲ့အုပ်စုများပြားခြင်းနဲ့ ချမ်းသာကြွယ်ဝခြင်းကို အကြောင်းပြုပြီး မွတ်စ်လင်မ်ဆင်းရဲသားတွေအပေါ်မှာ အနိုင်ကျင့်ခဲ့ကြတယ်။ အခုကိယာမသ်နေ့ ရောက်တဲ့အခါမှာ အဲဒါတွေဟာ အသုံးမဝင်ကြောင်း ပြောဆိုကြခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

أَهَٰٓؤُلَآءِ ٱلَّذِينَ أَقۡسَمۡتُمۡ لَا يَنَالُهُمُ ٱللَّهُ بِرَحۡمَةٍۚ ٱدۡخُلُواْ ٱلۡجَنَّةَ لَا خَوۡفٌ عَلَيۡكُمۡ وَلَآ أَنتُمۡ تَحۡزَنُونَ ﴿٤٩﴾

(၄၉) ဤသူများသည် အကြင်သူများလော။ အသင်တို့(မတရားကျူး လွန်သူများ)သည် (ထိုမွတ်စ်လင်မ်များနှင့်ပတ်သက်၍) “အလ္လာဟ်အရှင်မြတ် သည် သူတို့အပေါ် ကရုဏာပြုတော်မူမည်မဟုတ်ပေ”ဟု ကျိန်တွယ်ပြောဆိုခဲ့ ကြသည်။❼ (ယခုမူ အသင်တို့ အထင်သေးခဲ့သောသူများနှင့်ပတ်သက်၍ အမိန့် ကျလာခဲ့သည်-) အသင်တို့သည် ဂျန္နသ်ထဲသို့ ဝင်ရောက်ကြပါ၊ အသင်တို့အပေါ် တွင် မည်သည့် စိုးရိမ်စရာမျှလည်းမရှိသည့်အပြင် အသင်တို့သည် ပူဆွေးကြရ မည်လည်း မဟုတ်ပေ။

❼ သူတို့ဟာလောကမှာတုန်းက မွတ်စ်လင်မ်တွေဆင်းရဲလို့ အရှင်မြတ်ရဲ့ရဟ်မသ်ကရုဏာကနေ ကင်းဝေးခြင်းခံရမယ်လို့ ကျိန်ပြောခဲ့တာတွေဟာ အခုတော့ ပြောင်းပြန်ဖြစ်သွားတာ မြင်လိုက်ရပြီ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَنَادَىٰٓ أَصۡحَٰبُ ٱلنَّارِ أَصۡحَٰبَ ٱلۡجَنَّةِ أَنۡ أَفِيضُواْ عَلَيۡنَا مِنَ ٱلۡمَآءِ أَوۡ مِمَّا رَزَقَكُمُ ٱللَّهُۚ قَالُوٓاْ إِنَّ ٱللَّهَ حَرَّمَهُمَا عَلَى ٱلۡكَٰفِرِينَ ﴿٥٠﴾

(၅၀) ၎င်းပြင် ငရဲသားများသည် သုခဘုံသားများအား (ဤသို့)ဟစ်ခေါ် ပြီး တောင်းဆိုကြမည်- “အသင်တို့သည် ရေအနည်းငယ်မျှ သို့မဟုတ် အလ္လာဟ် အရှင်မြတ်က အသင်တို့အား ပေးတော်မူထားသောစားစရာများထဲမှ (အချို့ကို) ကျွန်ုပ်တို့အား ပေးသနားကြပါ။” ၎င်း(သုခဘုံသား)တို့က ပြောဆိုဖြေကြားကြ မည်- “အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ထိုနှစ်ခုလုံးအား ကာဖိရ်ငြင်း ပယ်သူများအပေါ်၌ ဟရာမ်ဟု တားမြစ်ထားတော်မူသည်။”

ٱلَّذِينَ ٱتَّخَذُواْ دِينَهُمۡ لَهۡوٗا وَلَعِبٗا وَغَرَّتۡهُمُ ٱلۡحَيَوٰةُ ٱلدُّنۡيَاۚ فَٱلۡيَوۡمَ نَنسَىٰهُمۡ كَمَا نَسُواْ لِقَآءَ يَوۡمِهِمۡ هَٰذَا وَمَا كَانُواْ بِـَٔايَٰتِنَا يَجۡحَدُونَ ﴿٥١﴾

(၅၁) အကြင်သူများသည် သူတို့၏သာသနာကို ပျော်ရွှင်ဖွယ်ရာနှင့် ကစားစရာအဖြစ် ပြုလုပ်ခဲ့ကြသည်။ ၎င်းပြင် ဤဘဝ၏အသက်ရှင်ခြင်းသည် သူတို့ကို လှည့်ဖြားခဲ့သည်။ သို့ဖြစ်ရာ ထိုသူများသည် သူတို့၏ ဤ(ကိယာမသ်)

နေ့နှင့် တွေ့ဆုံရမည်ကို မေ့ထားခဲ့ကြသကဲ့သို့၊ ၎င်းပြင် ငါအရှင်မြတ်၏အာယသ်တော်များကို ငြင်းပယ်ခဲ့ကြသကဲ့သို့၊ ဤနေ့၌မူ ငါအရှင်မြတ်သည်လည်း ထိုသူများကို မေ့ပစ်ထားလိုက်တော်မူမည်။❶

❶ လောကမှာ သူတို့ဟာ ကိယာမသ်နေ့ကို မေ့ထားပြီး ငြင်းပယ်ခဲ့ကြလို့ အရှင်မြတ်ကလည်း သူတို့ကို မေ့ထားပြီးသူတို့တောင်းတာကိုပါ ငြင်းပယ်တော်မူတယ်။ (အလင်းပြကျမ်း)

وَلَقَدْ جِئْنٰهُمْ بِكِتٰبٍ فَصَّلْنٰهُ عَلٰى عِلْمٍ هُدًى وَّرَحْمَةً لِّقَوْمٍ يُّؤْمِنُوْنَ ﴿٥٢﴾

(၅၂) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့ထံသို့ ကျမ်းတစ်စောင်ကို❶ ယူဆောင်လာခဲ့သည်။ ငါအရှင်မြတ်သည် ထိုကျမ်းကို အသိပညာဉာဏ်နှင့် ရှင်းလင်းဖော်ပြတော်မူခဲ့သည်။ (ထိုကျမ်းသည်) အီမာန်ယုံကြည်သူများအတွက် လမ်းမှန်ညွှန်ကြားပြသချက်လည်းဖြစ်သည်။ သနားကရုဏာလည်းဖြစ်သည်။

❶ ကျမ်းတစ်စောင်ဆိုတာ ကုရ်အာန်ကျမ်းတော်မြတ်ကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

هَلْ يَنْظُرُوْنَ اِلَّا تَاْوِيْلَهٗ ؕ يَوْمَ يَاْتِيْ تَاْوِيْلُهٗ يَقُوْلُ الَّذِيْنَ نَسُوْهُ مِنْ قَبْلُ قَدْ جَآءَتْ رُسُلُ رَبِّنَا بِالْحَقِّ ۚ فَهَلْ لَّنَا مِنْ شُفَعَآءَ فَيَشْفَعُوْا لَنَآ اَوْ نُرَدُّ فَنَعْمَلَ غَيْرَ الَّذِيْ كُنَّا نَعْمَلُ ؕ قَدْ خَسِرُوْٓا اَنْفُسَهُمْ وَضَلَّ عَنْهُمْ مَّا كَانُوْا يَفْتَرُوْنَ ﴿٥٣﴾

(၅၃) သူတို့သည် ထို(ကုရ်အာန်)ကျမ်း(ထဲမှ အမိန့်ရှိထားသည်များ)၏နောက်ဆုံးရလဒ်ကိုသာ စောင့်မျှော်နေကြခြင်းဖြစ်သည်။❷ ထိုကျမ်း၏နောက်ဆုံးရလဒ် ရောက်ရှိလာသောနေ့တွင် ၎င်း(နေ့)ကို ယခင်က မေ့နေခဲ့သောသူများသည် (ဤသို့)ပြောဆိုကြမည်- “အမှန်ပင် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏တမန်တော်များသည် အမှန်ကိုယူဆောင်လာခဲ့ကြသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့အတွက် ကြားဝင်တောင်းပန်ပေးမည့်သူများ ရှိပါဦးမည်လော။ ထိုသို့(ရှိမည်)ဆိုလျှင် သူတို့သည် ကျွန်ုပ်တို့အတွက် ကြားဝင်တောင်းပန်ပေးလိမ့်မည်။ သို့မဟုတ် ကျွန်ုပ်တို့သည် (လောကကို)ပြန်လွှတ်ခြင်းခံကြရဦးမည်လော။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ပြုလုပ်ခဲ့ကြသောအရာ (မကောင်းမှု)များနှင့် ဆန့်ကျင်၍ (ကောင်းမှုများကိုသာ)ပြုလုပ်ကြပါမည်။”❸ သူတို့သည် အမှန်စင်စစ် သူတို့ကိုယ်ကိုသူတို့ နစ်နာဆုံးရှုံးစေရန် ပြုလုပ်ခဲ့ကြခြင်းသာဖြစ်သည်။ ထို့ပြင် သူတို့လုပ်ကြံပြောဆိုခဲ့ကြသောအရာများသည်လည်း သူတို့ထံမှ ပျောက်ကွယ်သွားကြပြီဖြစ်သည်။

❷ ကာဖိရ်တွေဟာ ကုရ်အာန်ကျမ်းတော်မြတ်ထဲမှာ အရှင်မြတ်က ငြင်းပယ်တဲ့သူတွေကို ငရဲမီး ထဲချမယ်လို့ ကတိပြုထားတဲ့ အပြစ်ဒဏ်ကိုပဲ စောင့်မျှော်နေကြတာဖြစ်တယ်။ (အလင်းပြကျမ်း)
❸ ကိယာမသ်နေ့ရောက်တဲ့အခါ အမှန်တရားတွေအားလုံးဟာ ပေါ်လွင်ထင်ရှားသွားပြီဖြစ်တဲ့ အတွက် ကာဖိရ်တွေဟာ ကြားဝင်ပြောပေးမဲ့သူ လည်းမရနိုင်၊ လောကကိုပြန်သွားချင်တိုင်းလည်း ပြန်သွားလို့မရနိုင်တော့ဘူး။ သူတို့ဟာ သူတို့ကိုယ်သူတို့ နစ်နာအောင်ပြုလုပ်ခဲ့ကြတာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ رَبَّكُمُ اللَّهُ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَىٰ عَلَى الْعَرْشِ يُغْشِي اللَّيْلَ النَّهَارَ يَطْلُبُهُ حَثِيثًا وَالشَّمْسَ وَالْقَمَرَ وَالنُّجُومَ مُسَخَّرَاتٍ بِأَمْرِهِ ۗ أَلَا لَهُ الْخَلْقُ وَالْأَمْرُ ۗ تَبَارَكَ اللَّهُ رَبُّ الْعَالَمِينَ ﴿٥٤﴾

(၅၄) အမှန်စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အလ္လာဟ်အရှင်မြတ်ပင် ဖြစ်သည်။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို ခြောက်ရက်(နှင့်ညီမျှသောအချိန်)ဖြင့်❹ ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်သည် အရ်ရှ်ပလ္လင်တော်အပေါ်တွင် တည်(ရှိလျက် အရှင်မြတ်နှင့်ထိုက်တန်တော်မူသည့်အတိုင်း စံမြန်းနေ)တော်မူသည်။ အရှင်မြတ်သည် နေ့ကို ညဖြင့် ဖုံးအုပ်တော်မူသည်။❺ ထိုညသည် နေ့၏နောက်မှ အမြန်ရောက်လာသည်။ ထို့ပြင် နေနှင့်လအပြင် ကြယ်များကိုလည်း (အရှင်မြတ်က) အရှင်မြတ်၏အမိန့်နာခံသူများအဖြစ် (ဖန်ဆင်းတော်မူခဲ့သည်)။ ဖန်ဆင်းမှုနှင့် အမိန့်အာဏာသည် အရှင်မြတ်သာ စိုးပိုင်တော်မူသည်ကို မှတ်ထားကြပါ။ စကြဝဠာအားလုံးကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်သည် ကောင်းချီးမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသည်။❻

❹ ခြောက်ရက်နဲ့ဖန်ဆင်းတာလို့ မိန့်ဆိုထားတဲ့ ရက်ဟာ နေ၊ လတွေမပေါ်သေးခင်က ရက်ဖြစ်တဲ့အတွက် အဲဒီရက်ရဲ့ ကာလအပိုင်းအခြားအတိအကျကို အရှင်မြတ်ပဲ သိနိုင်တယ်။ တချို့ကျမ်းတွေကတော့ အခုလူသားတွေအသုံးပြုနေတဲ့ရက်ကိုပဲ ဆိုလိုတယ်လို့လည်း ဖွင့်ဆိုကြတယ်။ (နတ်စ္စ်ရှလ်ဗာရီ၊ မအာရိဖွလ်ကုရ်အာန် - မော်လာနာအိဒ်ရီးစ် ) ❺ နေ့ရဲ့အလင်းရောင်ကို ညရဲ့အမှောင်က ဖုံးလွှမ်းလိုက်သလို ညရဲ့အမှောင်ထုကို နေ့ရဲ့အလင်းရောင်က လွှမ်းမိုးရင်းနဲ့ အဆက်မပြတ်အမိန့်နာခံနေတာကို ဖော်ပြတာဖြစ်တယ်။ (အလင်းပြကျမ်း) ❻ ဖန်ဆင်းမှုနဲ့ အမိန့်ပေးမှုနှစ်ခုစလုံးဟာ အရှင်မြတ်ရဲ့လက်ထဲမှာပဲရှိတဲ့အတွက် အရှင်မြတ်ဟာ မင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့အရှင်ဖြစ်တော်မူတယ်။ (အလင်းပြကျမ်း)

ادْعُوا رَبَّكُمْ تَضَرُّعًا وَخُفْيَةً ۚ إِنَّهُ لَا يُحِبُّ الْمُعْتَدِينَ ﴿٥٥﴾

(၅၅) အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် ရိုကျိုးစွာဖြင့် (တီးတိုး)လျှို့ဝှက်လျက် ဆုတောင်းကြပါ၊❼

အမှန်စင်စစ် အရှင်မြတ်သည် စည်းဖောက်သောသူများကို နှစ်သက်တော်မမူပေ။
❼ တောင်းခံတာဖြစ်တဲ့အတွက် အောက်ကျို့ပြီး သနားစရာဖြစ်အောင် အသွင်ဆောင်ကာ ညင်ညင်သာသာ တောင်းဆိုရမှာ ဖြစ်တယ်။(အလင်းပြကျမ်း) အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းကိုပဲ အိဗာဒသ်ကိုးကွယ်မှု ပြုလုပ်ပါလို့လည်း ဖွင့်ဆိုချက်လာရှိထားတယ်။ (မအာရိဖွလ်ကုရ်အာန်)

وَلَا تُفْسِدُوْا فِى الْاَرْضِ بَعْدَ اِصْلَاحِهَا وَادْعُوْهُ خَوْفًا وَّطَمَعًا ۚ اِنَّ رَحْمَتَ اللّٰهِ قَرِيْبٌ مِّنَ الْمُحْسِنِيْنَ ﴿٥٦﴾

(၅၆) ထို့ပြင် ကမ္ဘာမြေပြင်ကို ကောင်းမွန်အောင်ပြုပြင်ထားပြီးသည့်နောက် အသင်တို့သည် ထိုကမ္ဘာမြေပြင်တွင် ဖျက်လိုဖျက်ဆီးမပြုလုပ်ကြနှင့်။❶ ၎င်းပြင် အသင်တို့သည် အရှင်မြတ်ကို ကြောက်ရွံ့စိုးရိမ်မှုနှင့် မျှော်လင့်ချက်ထားလျက် ဟစ်ခေါ်တောင်းခံကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏သနားကရုဏာသည် ကောင်းကျိုးဆောင်ရွက်သောသူများနှင့် အလွန်နီးကပ်နေသည်။
❶ ကမ္ဘာမြေပြင်မှာ ကုဖ်ရ်၊ ရှိရ်ကတွေ များပြားလွှမ်းမိုးနေတဲ့အခါ တမန်တော်မြတ် ﷺ ကို အရှင်မြတ်က စေလွှတ်တော်မူပြီး ကုဖ်ရ်၊ ရှိရ်ကတွေကို ရှင်းလင်းပြုပြင်ပေးပြီးတဲ့နောက် ထပ်မံပြီး ပျက်စီးအောင်မလုပ်ဖို့ တားမြစ်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَهُوَ الَّذِىْ يُرْسِلُ الرِّيٰحَ بُشْرًاۢ بَيْنَ يَدَىْ رَحْمَتِهٖ ۗ حَتّٰۤى اِذَاۤ اَقَلَّتْ سَحَابًا ثِقَالًا سُقْنٰهُ لِبَلَدٍ مَّيِّتٍ فَاَنْزَلْنَا بِهِ الْمَآءَ فَاَخْرَجْنَا بِهٖ مِنْ كُلِّ الثَّمَرٰتِ ؕ كَذٰلِكَ نُخْرِجُ الْمَوْتٰى لَعَلَّكُمْ تَذَكَّرُوْنَ ﴿٥٧﴾

(၅၇) ၎င်းပြင် ထိုအရှင်မြတ်ပင် အရှင်မြတ်၏ အသနားတော်(မိုးရွာသွန်းမှု)မတိုင်မီ လေ(ပြည်လေညင်း)များကို (ရှေ့ပြေး)သတင်းကောင်းအဖြစ် စေလွှတ်တော်မူသည်။ နောက်ဆုံး ထိုလေများသည် လေးလံသောမိုးတိမ်များကို သယ်ပိုးလာသောအခါ ငါအရှင်မြတ်သည် ၎င်း(မိုးတိမ်များ)ကို ခြောက်သွေ့နေသော မြို့ရွာဒေသထံသို့ ရွှေ့လျားစေတော်မူသည်။ ထို့နောက် ငါအရှင်မြတ်သည် ၎င်း(မိုးတိမ်)ဖြင့် မိုးရေကို ချပေးတော်မူသည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုရေဖြင့် သစ်သီးဝလံမျိုးစုံတို့ကို ပေါက်ရောက်စေတော်မူသည်။ ထိုသို့ပင် ငါအရှင်မြတ်သည် အသင်တို့တရားရကြရန်အတွက် သေသူများကို (သင်္ချိုင်းတွင်းမှ) ထွက်စေတော်မူမည်။❽
❽ မြေသေကို ရှင်အောင်လုပ်နိုင်တဲ့အရှင်ဟာ လူသေကိုလည်း ရှင်အောင်လုပ်နိုင်တဲ့အရှင်ဖြစ်တယ်ဆိုတာကို စဉ်းစားဆင်ခြင်သတိရယုံကြည်ကြဖို့ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَالْبَلَدُ الطَّيِّبُ يَخْرُجُ نَبَاتُهٗ بِاِذْنِ رَبِّهٖ ۚ وَالَّذِىْ خَبُثَ لَا يَخْرُجُ اِلَّا نَكِدًا ؕ كَذٰلِكَ نُصَرِّفُ الْاٰيٰتِ لِقَوْمٍ يَّشْكُرُوْنَ ﴿٥٨﴾

(၅၈) ထို့ပြင်ကောင်းမွန်သန့်စင်သောမြေသည်၎င်းအားဖန်ဆင်းမွေးမြူ

တော်မူသောအရှင်၏အမိန့်တော်ဖြင့် ထိုမြေ၏ ဟင်းသီးဟင်းရွက်၊ ကောက်ပဲသီးနှံများ ထွက်ပေါ်သည်။ ထို့ပြင် မကောင်းသောမြေကမူ အလွန်ခက်ခဲစွာဖြင့်သာ ပင် ထွက်ပေါ်သည်။ ငါအရှင်မြတ်သည် သက်သေသာဓကများကို ကျေးဇူးတင်တတ်သူများအတွက် ထိုကဲ့သို့ပင် နည်းအမျိုးမျိုးဖြင့် မိန့်ကြားတော်မူသည်။❶

❶ လူသားတွေရဲ့တရားရယူနိုင်တဲ့အနေအထားကို မြေရဲ့အနေအထားနဲ့ နှိုင်းယှဉ်ပြထားတာဖြစ်တယ်။ ဟဒီးဆ်တော်မှာ မြေသုံးမျိုးသုံးစားရှိကြောင်း ပမာပြထားတယ်။ ပထမတစ်မျိုးမှာ မြေသြဇာကောင်းတဲ့မြေဖြစ်ပြီး မိုးရေကို စုပ်ယူပြီး အပင်မျိုးစုံထုတ်ပေးတယ်။ ဒုတိယတစ်မျိုးမှာ ကျောက်သားမြေဖြစ်ပြီး မိုးရေကို ထိန်းသိမ်းထားပြီး သူ့ထံကတော့ အပင်တွေထုတ်မပေးပေမဲ့ တခြားသူတွေကို တိုက်ကျွေးတယ်။ တတိယတစ်မျိုးမှာ သဲမြေဖြစ်ပြီး မိုးရေကို ထိန်းသိမ်းမထားတဲ့အပြင် သူ့ထံက ဘာအပင်မှလည်း ထုတ်မပေးဘူး။ အဲဒီလိုပဲ တမန်တော်မြတ် ﷺ ယူဆောင်လာခဲ့တဲ့သာသနာဟာ လူသုံးမျိုးထံကို ရောက်ရှိတယ်။ ပထမတစ်မျိုးက သာသနာကို လက်ခံထိန်းသိမ်းထားပြီး သူကိုယ်တိုင်လည်း လိုက်နာကျင့်သုံးတယ်။ သူတစ်ပါးကိုလည်း ပို့ချဖြန့်ဝေပေးတယ်။ ဒုတိယတစ်မျိုးက သာသနာကို လက်ခံထိန်းသိမ်းထားပြီး သူကိုယ်တိုင်တော့ လိုက်နာခြင်းမရှိဘဲ သူတစ်ပါးကို ပို့ချဖြန့်ဝေပေးတယ်။ တတိယတစ်မျိုးကတော့ သာသနာကို လက်ခံထိန်းသိမ်းထားခြင်းလည်းမရှိဘူး။ သူတစ်ပါးကို ဖြန့်ဝေပေးခြင်းလည်း မရှိဘူး။ (ကိုယ့်ကိုယ်ကို ဘယ်အမျိုးအစားထဲမှာ ပါဝင်နေလဲဆိုတာ ဆန်းစစ်ကြည့်သင့်တယ်)။

(ဗုခါရီကျမ်း ဟဒီးဆ် နံပါတ် ၇၉မှ အကျဉ်းချုံးပြခြင်း)

لَقَدْ اَرْسَلْنَا نُوْحًا اِلٰى قَوْمِهٖ فَقَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ اِنِّیْۤ اَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ عَظِيْمٍ ﴿٥٩﴾

(၅၉) အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)နူးဟ်ကို ၎င်း၏အမျိုးသားများထံ စေလွှတ်တော်မူခဲ့သည်။ ၎င်း(တမန်တော်နူးဟ်)က ပြောဆိုခဲ့သည်- "အို-ငါ၏အမျိုးသားအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြပါ။ အသင်တို့တွင် ထိုအရှင်မြတ်မှလွဲ၍ (အခြား)ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ အမှန်စင်စစ် ငါသည် အသင်တို့အပေါ်တွင် အလွန်ကြီးကျယ်သောနေ့၏ပြစ်ဒဏ်ကို စိုးရိမ်မိသည်။"

قَالَ الْمَلَاُ مِنْ قَوْمِهٖۤ اِنَّا لَنَرٰىكَ فِیْ ضَلٰلٍ مُّبِيْنٍ ﴿٦٠﴾

(၆၀) ၎င်း၏အမျိုးသားများထဲမှ အကြီးအကဲများက ပြောဆိုကြသည်- "အမှန်ပင် ကျွန်ုပ်တို့သည် အသင်(တမန်တော်နူးဟ်)ကို ထင်ရှားသောမှားယွင်းမှုထဲ၌ (ကျရောက်နေသည်ကို) တွေ့မြင်ရပါသည်။"

قَالَ يٰقَوْمِ لَيْسَ بِیْ ضَلٰلَةٌ وَّلٰكِنِّیْ رَسُوْلٌ مِّنْ رَّبِّ الْعٰلَمِيْنَ ﴿٦١﴾

(၆၁) ၎င်း(တမန်တော်နူးဟ်)က ပြောဆိုဖြေကြားသည်- "အို-ငါ၏

အမျိုးသားအပေါင်းတို့၊ ငါ့ထံ၌ မှားယွင်းမှု လုံးဝမရှိပေ။ အမှန်စင်စစ် ငါသည် စကြာဝဠာအားလုံးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ စေလွှတ်ခံရသော တမန်တော်တစ်ပါးပင်ဖြစ်သည်။”

أُبَلِّغُكُمْ رِسٰلٰتِ رَبِّيْ وَاَنْصَحُ لَكُمْ وَاَعْلَمُ مِنَ اللّٰهِ مَا لَا تَعْلَمُوْنَ ﴿٦٢﴾

(၆၂) ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် မှာကြားလိုက်သောအမိန့်တော်များကို အသင်တို့ထံသို့ ပို့ဆောင်သည်။ ၎င်းပြင် ငါသည် အသင်တို့၏အကျိုးကိုလည်း လိုလားစွာဖြင့်သယ်ပိုးသည်။ ထို့ပြင် ငါသည် အလ္လာဟ် အရှင်မြတ်ထံတော်မှ အသင်တို့မသိနားမလည်သောအရာများကိုလည်း သိရှိသည်။

اَوَ عَجِبْتُمْ اَنْ جَآءَكُمْ ذِكْرٌ مِّنْ رَّبِّكُمْ عَلٰى رَجُلٍ مِّنْكُمْ لِيُنْذِرَكُمْ وَلِتَتَّقُوْا وَلَعَلَّكُمْ تُرْحَمُوْنَ ﴿٦٣﴾

(၆၃) အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အသင်တို့အား သတိပေးနှိုးဆော်ရန် ဆုံးမသြဝါဒသည် အသင်တို့ထဲမှ လူတစ်ဦးမှတစ်ဆင့် အသင်တို့ထံသို့ ရောက်ရှိလာသည်ကိုပင် အံ့သြနေကြသလော။[J] ထို့ပြင် ၎င်း(ဆုံးမသြဝါဒ)သည် အသင်တို့မကောင်းမှုများမှ ရှောင်ကြဉ်ကြရန်နှင့် အသင်တို့သည် (အရှင်မြတ်၏)သနားကြင်နာမှု ခံကြရရန်အတွက် ဖြစ်သည်။

[J] ကာဖိရ်၊ မုရှ်ရိက်တွေဟာ အရှင်မြတ်က လမ်းမှန်ညွှန်ကြားပြသဖို့ လူသားတမန်တော်ကို သူတို့ထံစေလွှတ်လိုက်တဲ့အတွက် အံ့သြခဲ့ကြတာဖြစ်တယ်။ သူတို့ရဲ့စိတ်အထင်မှာ ကောင်းကင်တမန်တော်တစ်ပါးကိုသာ စေလွှတ်ရမှာလို့ ထင်မြင်ယူဆခဲ့ကြခြင်း ဖြစ်တယ်။ ဒါမှမဟုတ် အဲဒီလူသားတမန်တော်နဲ့အတူ ကောင်းကင်တမန်တစ်ပါးပါးလိုက်ပါလာပြီး ဒါဟာ အရှင်မြတ်စေလွှတ်လိုက်တဲ့ တမန်တော်ဖြစ်တယ်လို့ ထောက်ခံပြောဆိုပေးရမယ်လို့ ထင်မြင်ယူဆကြတယ်။ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့အခြားနေရာတွေမှာ ဒီအကြောင်းတွေ ပါရှိပါတယ်။ (ကုရ်အာန် - ၁၇း၉၃ - ၉၅)

فَكَذَّبُوْهُ فَاَنْجَيْنٰهُ وَالَّذِيْنَ مَعَهٗ فِى الْفُلْكِ وَاَغْرَقْنَا الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا ۚ اِنَّهُمْ كَانُوْا قَوْمًا عَمِيْنَ ﴿٦٤﴾

(၆၄) ထို့နောက် သူတို့က ၎င်း(တမန်တော်နူးဟ်)ကို မဟုတ်မမှန်ငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် ၎င်း(တမန်တော်နူးဟ်)နှင့်တကွ ၎င်းနှင့်အတူ သင်္ဘောပေါ်၌ ပါရှိသောသူများကို ကယ်ဆယ်တော်မူခဲ့သည်။ ၎င်းပြင် ငါအရှင်မြတ်သည် ငါအရှင်မြတ်၏အာယသ်တော်များကို ငြင်းပယ်သောသူများအား နစ်မြုပ်စေတော်မူခဲ့သည်။ အမှန်မှာ သူတို့သည်(သိမြင်မှုမရှိသော)

မျက်ကန်းအမျိုးသားများဖြစ်ခဲ့ကြသည်။

وَاِلٰى عَادٍ اَخَاهُمْ هُوْدًا ؕ قَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ اَفَلَا تَتَّقُوْنَ ﴿٦٥﴾

(၆၅) ၎င်းပြင် အာဒ်အမျိုးသားများထံ သူတို့၏ ညီနောင်ဖြစ်သော (တမန်တော်)ဟူဒ်ကို (စေလွှတ်တော်မူခဲ့သည်)။ ၎င်း(တမန်တော်ဟူဒ်)က ပြောဆိုသည်- "အို-ငါ၏အမျိုးသားအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ် အရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြပါ။ အသင်တို့တွင် ထိုအရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ထိုက်သော အရှင်မရှိပေ။ သို့ပါလျက် အသင်တို့သည် မကြောက်ကြသလော။"

قَالَ الْمَلَاُ الَّذِيْنَ كَفَرُوْا مِنْ قَوْمِهٖۤ اِنَّا لَنَرٰىكَ فِيْ سَفَاهَةٍ وَّاِنَّا لَنَظُنُّكَ مِنَ الْكٰذِبِيْنَ ﴿٦٦﴾

(၆၆) ၎င်း၏အမျိုးသားများထဲမှ ငြင်းပယ်ကြသော အကြီးအကဲများက ပြောဆိုကြသည်- "အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်(တမန်တော်ဟူဒ်)ကို အသိဉာဏ်နည်းပါးမှုတွင် (ကျရောက်နေသည်ကို) အမှန်ပင် တွေ့မြင်ကြရပါသည်။ ၎င်းပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင့်ကို လိမ်လည်ပြောဆိုသော သူများထဲတွင် ပါဝင်သည်ဟုလည်း အမှန်ပင် ထင်မြင်ယူဆကြပါသည်။"

قَالَ يٰقَوْمِ لَيْسَ بِيْ سَفَاهَةٌ وَّلٰكِنِّيْ رَسُوْلٌ مِّنْ رَّبِّ الْعٰلَمِيْنَ ﴿٦٧﴾

(၆၇) ၎င်း(တမန်တော်ဟူဒ်)က ပြောဆိုသည်- "အို-ငါ၏အမျိုးသားအပေါင်းတို့၊ ငါ့တွင် အသိဉာဏ်နည်းပါးမှု လုံးဝမရှိပေ။ အမှန်စင်စစ် ငါသည် စကြဝဠာအားလုံးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ စေလွှတ်တော်မူခြင်းခံရသော တမန်တော်ဖြစ်သည်။"

اُبَلِّغُكُمْ رِسٰلٰتِ رَبِّيْ وَاَنَا لَكُمْ نَاصِحٌ اَمِيْنٌ ﴿٦٨﴾

(၆၈) ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က မှာကြားတော်မူလိုက်သော အမိန့်တော်များကို အသင်တို့ထံ ပို့ဆောင်ပေးသည်။ ၎င်းပြင် ငါသည် အသင်တို့၏ကောင်းကျိုးကို လိုလားသယ်ပိုးသူ၊ ယုံကြည်စိတ်ချရသူလည်းဖြစ်သည်။

اَوَعَجِبْتُمْ اَنْ جَآءَكُمْ ذِكْرٌ مِّنْ رَّبِّكُمْ عَلٰى رَجُلٍ مِّنْكُمْ لِيُنْذِرَكُمْ ؕ وَاذْكُرُوْۤا اِذْ جَعَلَكُمْ خُلَفَآءَ مِنْۢ بَعْدِ قَوْمِ نُوْحٍ وَّزَادَكُمْ فِى الْخَلْقِ بَصْۜطَةً ۚ فَاذْكُرُوْۤا اٰلَآءَ اللّٰهِ لَعَلَّكُمْ تُفْلِحُوْنَ ﴿٦٩﴾

(၆၉) ထို့ပြင် အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အသင်တို့အား သတိပေးနှိုးဆော်ရန် ဆုံးမသြဝါဒ

သည် အသင်တို့ထဲမှ လူတစ်ဦးမှတစ်ဆင့် အသင်တို့ထံသို့ ရောက်ရှိလာသည်ကိုပင် အံ့ဩကြပါသလော။ ထို့ပြင် အသင်တို့သည် အသင်တို့ကို အရှင်မြတ်က (တမန်တော်)နူးဟ်၏ အမျိုးသားများ မရှိသည့်နောက်တွင် ကိုယ်စားလှယ်များအဖြစ် ပြုလုပ်(နေရာချပေး)တော်မူခဲ့ခြင်းနှင့် အသင်တို့ကို အရပ်အမောင်းပိုမိုထွားကြိုင်း ကြီးမားစေတော်မူခဲ့ခြင်းကို (ပြန်ပြီး) သတိရကြပါ။❶ သို့ဖြစ်ရာ အသင်တို့ အောင်မြင်ကြရန်အတွက် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်များကို အသင်တို့ (ပြန်၍)သတိရကြပါ။

❶ အလ္လာဟ်အရှင်မြတ်ဟာ အာဒ်အမျိုးသားတွေကို တမန်တော်နူးဟ် ﷺ ရဲ့အမျိုးသားတွေမရှိတော့တဲ့နောက်ပိုင်းမှာ ကမ္ဘာပေါ်မှာ အလွန်အင်အားကြီးတဲ့ အုပ်စုအဖြစ်နဲ့ နေရာချပေးထားတော်မူခဲ့တယ်။ (အလင်းပြကျမ်း)

قَالُوٓا۟ أَجِئْتَنَا لِنَعْبُدَ ٱللَّهَ وَحْدَهُۥ وَنَذَرَ مَا كَانَ يَعْبُدُ ءَابَآؤُنَا ۖ فَأْتِنَا بِمَا تَعِدُنَآ إِن كُنتَ مِنَ ٱلصَّٰدِقِينَ ﴿٧٠﴾

(၇၀) ၎င်း(တမန်တော်ဟူဒ်၏အမျိုးသား)တို့က ပြောဆိုကြသည်- "ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့ ကိုးကွယ်ခဲ့ကြသောအရာများကို စွန့်လွှတ်ပြီး အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုသာ ကိုးကွယ်ရန်အတွက် အသင်သည် ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာပါသလော။ သို့ဖြစ်လျှင် အကယ်၍ အသင်သည် အမှန်ပြောဆိုသူများထဲမှဖြစ်လျှင် ကျွန်ုပ်တို့အား အသင်ခြိမ်းခြောက်သောအရာ(ပြစ်ဒဏ်)ကို ကျွန်ုပ်တို့ထံယူခဲ့ပါ။"

قَالَ قَدْ وَقَعَ عَلَيْكُم مِّن رَّبِّكُمْ رِجْسٌ وَغَضَبٌ ۖ أَتُجَٰدِلُونَنِى فِىٓ أَسْمَآءٍ سَمَّيْتُمُوهَآ أَنتُمْ وَءَابَآؤُكُم مَّا نَزَّلَ ٱللَّهُ بِهَا مِن سُلْطَٰنٍ ۚ فَٱنتَظِرُوٓا۟ إِنِّى مَعَكُم مِّنَ ٱلْمُنتَظِرِينَ ﴿٧١﴾

(၇၁) ၎င်း(တမန်တော်ဟူဒ်)က ပြောဆိုသည်- "အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ ပြစ်ဒဏ်နှင့် အမျက်ဒေါသသည် အသင်တို့အပေါ် အမှန်ပင် ကျရောက်တော့မည်ဖြစ်သည်။ အသင်တို့သည် အသင်တို့နှင့် အသင်တို့၏ အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်များ မှည့်ခေါ်ထားခဲ့ကြသောအမည်နာမများနှင့် ပတ်သက်၍ ငါနှင့် အငြင်းအခုံ ပြုလုပ်ကြသည်လော။ အလ္လာဟ်အရှင်မြတ်သည် ၎င်း(အမည်နာမများ)နှင့်ပတ်သက်၍ မည်သည့်အထောက်အထားမျှ ချပေးတော်မမူခဲ့ပေ။ သို့ဖြစ်ရာ အသင်တို့သည် (ပြစ်ဒဏ်ကို)စောင့်ဆိုင်းပြီးနေကြပါ။ အမှန်စင်စစ် ငါလည်း အသင်တို့နှင့်အတူ စောင့်

ဆိုင်းသူများထဲတွင် အပါအဝင်ဖြစ်သည်။"

فَأَنجَيْنَاهُ وَالَّذِينَ مَعَهُ بِرَحْمَةٍ مِّنَّا وَقَطَعْنَا دَابِرَ الَّذِينَ كَذَّبُوا بِآيَاتِنَا وَمَا كَانُوا مُؤْمِنِينَ ﴿٧٢﴾

(၇၂) ထို့နောက် ငါအရှင်မြတ်သည် ၎င်း(တမန်တော်ဟူဒ်)နှင့်တကွ ၎င်း(တမန်တော်ဟူဒ်)နှင့်အတူ ရှိသူများအား ငါအရှင်မြတ်၏သနားကရုဏာတော်ဖြင့် ကယ်ဆယ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်၏အာယသ်တော်များကို မဟုတ်မမှန်ဟု ငြင်းပယ်သောသူများ၏အမြစ်ကို ဖြတ်တောက်တော်မူခဲ့သည်။ ၎င်းပြင် သူတို့သည် မုအ်မင်န်ယုံကြည်သောသူများ မဟုတ်ကြပေ။[J]

[J] အလွန်အင်အားကြီးမားတဲ့ အာဒ်အမျိုးသားတွေဟာ အရှင်မြတ်ရဲ့အာယသ်တော်တွေကို ငြင်းပယ်တဲ့အခါ အရှင်မြတ်က အပြစ်ဒဏ်ခတ်ပြီး ဖျက်ဆီးပစ်တော်မူခဲ့တယ်။ (အလင်းပြကျမ်း)

وَإِلَىٰ ثَمُودَ أَخَاهُمْ صَالِحًا ۗ قَالَ يَا قَوْمِ اعْبُدُوا اللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُ ۖ قَدْ جَاءَتْكُم
بَيِّنَةٌ مِّن رَّبِّكُمْ ۖ هَٰذِهِ نَاقَةُ اللَّهِ لَكُمْ آيَةً ۖ فَذَرُوهَا تَأْكُلْ فِي أَرْضِ اللَّهِ ۖ وَلَا تَمَسُّوهَا بِسُوءٍ
فَيَأْخُذَكُمْ عَذَابٌ أَلِيمٌ ﴿٧٣﴾

(၇၃) ထို့နောက် ဆမူဒ်အမျိုးသားများထံသို့ သူတို့၏ညီနောင်ဖြစ်သော (တမန်တော်)စွာလိဟ်ကို (စေလွှတ်တော်မူခဲ့သည်)။ ၎င်း(တမန်တော်)ကပြောသည်- အို-ငါ၏အမျိုးသားအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ခဝပ်ကိုးကွယ်ကြပါ။ အသင်တို့တွင် အရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ထိုက်သော အရှင်မရှိပေ။ အမှန်စင်စစ် အသင်တို့ထံသို့ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ထင်ရှားသော သက်သေသာဓကေ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ဤသည် အလ္လာဟ်အရှင်မြတ်၏ ကုလားအုတ်မ ဖြစ်သည်။ အသင်တို့အတွက် သက်သေလက္ခဏာတစ်ခု(အဖြစ် လွှတ်လိုက်ခြင်း) ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုကုလားအုတ်မကို အလ္လာဟ်အရှင်မြတ်၏မြေပထဝီတွင် စားသောက်ရန် လွှတ်ထားကြပါ။ ၎င်းပြင် အသင်တို့သည် ထိုကုလားအုတ်မကို မကောင်းသောရည်ရွယ်ချက်ဖြင့် မထိကြနှင့်။ ထိုသို့ (ထိလိုက်မည်)ဆိုလျှင် အလွန်နာကျင်စေသော အပြစ်ဒဏ်သည် အသင်တို့အား ဖမ်းဆီးကွပ်မျက်လိမ့်မည်။

وَاذْكُرُوا إِذْ جَعَلَكُمْ خُلَفَاءَ مِن بَعْدِ عَادٍ وَبَوَّأَكُمْ فِي الْأَرْضِ تَتَّخِذُونَ مِن سُهُولِهَا
قُصُورًا وَتَنْحِتُونَ الْجِبَالَ بُيُوتًا ۖ فَاذْكُرُوا آلَاءَ اللَّهِ وَلَا تَعْثَوْا فِي الْأَرْضِ مُفْسِدِينَ ﴿٧٤﴾

(၇၄) ၎င်းပြင် အသင်တို့သည် အသင်တို့အား အရှင်မြတ်က အာဒ်

အမျိုးသားများ မရှိသည့်နောက်တွင် ကိုယ်စားလှယ်များအဖြစ် ပြုလုပ်တော်မူခဲ့ခြင်းနှင့် မြေပထဝီတွင် အသင်တို့အား နေရာချပေးတော်မူခဲ့ခြင်းကို(ပြန်လည်)သတိရကြပါ။ အသင်တို့သည် မြေပထဝီ၏ကျယ်ဝန်းညီညာသော မြေပြန့်များ၌ ကြီးကျယ်ခမ်းနားသည့် အဆောက်အအုံများကို ဆောက်လုပ်ကြသည်။ ၎င်းပြင် အသင်တို့သည် တောင်များကို နေအိမ်များအဖြစ် ဖောက်ထွင်းပြုလုပ်ကြသည်။ သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်များကို (ပြန်လည်)သတိရကြပါ။ ထို့ပြင် အသင်တို့သည် မြေပထဝီတွင် သောင်းကျန်းဖျက်ဆီးသူများအဖြစ် မဆိုးသွမ်းကြနှင့်။

قَالَ الْمَلَأُ الَّذِينَ اسْتَكْبَرُوا مِن قَوْمِهِ لِلَّذِينَ اسْتُضْعِفُوا لِمَنْ آمَنَ مِنْهُمْ أَتَعْلَمُونَ أَنَّ صَالِحًا مُّرْسَلٌ مِّن رَّبِّهِ ۚ قَالُوا إِنَّا بِمَا أُرْسِلَ بِهِ مُؤْمِنُونَ ﴿٧٥﴾

(၇၅) ၎င်း(တမန်တော်စွာလိဟ်)၏အမျိုးသားများထဲမှ မာနထောင်လွှားသော အကြီးအကဲများက အားနည်းသည်ဟု အထင်ခံကြရသူများထဲမှ အီမာန်ယုံကြည်သောသူများအား (ဤသို့) ပြောဆိုမေးမြန်းကြသည်- "အမှန်ပင် စွာလိဟ်သည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ စေလွှတ်တော်မူခြင်းခံရသော တမန်တော်ဖြစ်ကြောင်း အသင်တို့ အမှန်ပင် သိရှိ(ယုံကြည်)ကြသလော။" ထိုသူများက ပြန်လည်ပြောဆိုဖြေကြားကြသည်- "ကျွန်ုပ်တို့သည် ၎င်း(တမန်တော်စွာလိဟ်)ယူဆောင်လာသော အမိန့်တော်များကို အမှန်ပင် ယုံကြည်သူများ ဖြစ်ကြပါသည်။"

قَالَ الَّذِينَ اسْتَكْبَرُوا إِنَّا بِالَّذِي آمَنتُم بِهِ كَافِرُونَ ﴿٧٦﴾

(၇၆) မောက်မာပလွှားသူများက ပြောဆိုကြသည်- "အမှန်ပင် ကျွန်ုပ်တို့သည် အသင်တို့ယုံကြည်ကြသောအရာကို ငြင်းပယ်သူများ ဖြစ်ကြသည်။"

فَعَقَرُوا النَّاقَةَ وَعَتَوْا عَنْ أَمْرِ رَبِّهِمْ وَقَالُوا يَا صَالِحُ ائْتِنَا بِمَا تَعِدُنَا إِن كُنتَ مِنَ الْمُرْسَلِينَ ﴿٧٧﴾

(၇၇) ၎င်းပြင် သူတို့သည် ကုလားအုတ်မကို သတ်ဖြတ်ခဲ့ကြသည်။ ထို့ပြင် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်တော်(ကိုနာခံခြင်း)မှလည်း မာနထောင်လွှားခဲ့ကြသည်။ ၎င်းပြင် သူတို့က ပြောကြသည်- "အို-စွာလိဟ်၊ အကယ်၍ အသင်သည် တမန်တော်များထဲမှ တစ်ဦးဖြစ်ခဲ့လျှင် ကျွန်ုပ်တို့အား အသင်ခြိမ်းခြောက်သောအရာ(ပြစ်ဒဏ်)ကို အသင်သည် ကျွန်ုပ်တို့ထံ ယူလာခဲ့ပါ။"

فَأَخَذَتْهُمُ الرَّجْفَةُ فَأَصْبَحُوا فِي دَارِهِمْ جَاثِمِينَ ﴿٧٨﴾

(၇၈) ထို့နောက် ပြင်းထန်သောလျှင်သည် သူတို့အား ဖမ်းဆီးကွပ်မျက်ခဲ့သည်။ ❶ သို့ဖြစ်ရာ သူတို့သည် သူတို့၏နေရာ၌ မှောက်လျက်သား(သေကြေပျက်စီး)သွားခဲ့ကြသည်။

❶ ဆမူဒ်အမျိုးသားတွေကို ပြစ်ဒဏ်ခတ်ရာမှာ ပြစ်ဒဏ်ဟာ အမျိုးမျိုးဖြစ်ခဲ့တယ်။ ကုရ်အာန် (၂၆း၁၅၈)မှာ ပြစ်ဒဏ်လို့ ဖော်ပြထားတယ်။ فَأَخَذَهُمُ الْعَذَابُ ۗ إِنَّ فِي ذَٰلِكَ لَآيَةً ۖ وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ
(၅၁း၄၄)မှာ မိုးကြိုးလောင်မီးလို့ ဖော်ပြထားတယ်။ فَعَتَوْا عَنْ أَمْرِ رَبِّهِمْ فَأَخَذَتْهُمُ الصَّاعِقَةُ وَهُمْ يَنظُرُونَ
(၅၄း၃၁)မှာကျယ်လောင်တဲ့အသံလို့ဖော်ပြထားတယ်။ إِنَّا أَرْسَلْنَا عَلَيْهِمْ صَيْحَةً وَاحِدَةً فَكَانُوا كَهَشِيمِ الْمُحْتَظِرِ
(၇း၇၈)မှာ မြေလျှင်လို့ဖော်ပြထားတယ်။ فَأَخَذَتْهُمُ الرَّجْفَةُ فَأَصْبَحُوا فِي دَارِهِمْ جَاثِمِينَ (အလင်းပြကျမ်း)

فَتَوَلَّىٰ عَنْهُمْ وَقَالَ يَا قَوْمِ لَقَدْ أَبْلَغْتُكُمْ رِسَالَةَ رَبِّي وَنَصَحْتُ لَكُمْ وَلَٰكِن لَّا تُحِبُّونَ النَّاصِحِينَ ﴿٧٩﴾

(၇၉) ထို့နောက် ၎င်း(တမန်တော်စာလိဟ်)သည် သူတို့ဘက်မှ မျက်နှာလွှဲထွက်ခဲ့သည်။ ထို့ပြင် ၎င်းကပြောသည်- “အို- ငါ၏အမျိုးသားအပေါင်းတို့၊ ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် မှာကြားတော်မူလိုက်သောအမိန့်တော်ကိုလည်း အသင်တို့ထံသို့ အမှန်စင်စစ် ပို့ဆောင်ခဲ့ပြီး ဖြစ်သည်။ ထို့ပြင် ငါသည် အသင်တို့၏ ကောင်းကျိုးကိုလည်း သယ်ပိုးဆောင်ရွက်ခဲ့သည်။ သို့ရာတွင် အသင်တို့ကမူ ကောင်းကျိုးသယ်ပိုးဆောင်ရွက်သူများကိုပင် မနှစ်သက်ကြပေ။”

وَلُوطًا إِذْ قَالَ لِقَوْمِهِ أَتَأْتُونَ الْفَاحِشَةَ مَا سَبَقَكُم بِهَا مِنْ أَحَدٍ مِّنَ الْعَالَمِينَ ﴿٨٠﴾

(၈၀) ထို့ပြင် (တမန်တော်)လူ့သ်ကို(လည်း စေလွှတ်တော်မူခဲ့သည်)။ တစ်ခါတွင် ၎င်း(တမန်တော်လူ့သ်)က ၎င်း၏အမျိုးသားများအား ပြောကြားခဲ့သည်- အသင်တို့သည် အသင်တို့မတိုင်မီ စကြဝဠာအားလုံးတွင် မည်သူတစ်ဦးတစ်ယောက်မျှ မကျူးလွန်ခဲ့သောစက်ဆုပ်ရွံရှာဖွယ်ကိစ္စကို ကျူးလွန်ကြသလော။

إِنَّكُمْ لَتَأْتُونَ الرِّجَالَ شَهْوَةً مِّن دُونِ النِّسَاءِ ۚ بَلْ أَنتُمْ قَوْمٌ مُّسْرِفُونَ ﴿٨١﴾

(၈၁) အမှန်စင်စစ် အသင်တို့သည် မိန်းမများကို စွန့်ပြီး ယောကျာ်းများထံသို့ ကာမဂုဏ်ခံစားရန် အမှန်ပင် ရောက်လာကြသည်။ အမှန်စင်စစ် အသင်တို့သည် စည်းဖောက်သောလူမျိုးပင်ဖြစ်သည်။❷

❷ တမန်တော်လူ့သ် عليه السلام ရဲ့ အွမ္မသ်အုပ်စုဟာ ယောကျာ်းအချင်းချင်း (လိင်တူ)ကာမဂုဏ်ခံစားမှုကို ဆိုးသွမ်းစွာပြုလုပ်ပြီး စည်းမရှိကမ်းမရှိ ကျူးလွန်ခဲ့ကြတယ်။ တခြားအရေးကိစ္စတွေမှာလည်း စည်းဖောက်ကျူးလွန်မှုတွေ ပြုလုပ်ခဲ့ကြတယ်။ အဲဒါကြောင့် အရှင်မြတ်ရဲ့ အရေးယူခြင်းကို ခံခဲ့ရခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا كَانَ جَوَابَ قَوْمِهِۦٓ إِلَّآ أَن قَالُوٓا۟ أَخْرِجُوهُم مِّن قَرْيَتِكُمْ ۖ إِنَّهُمْ أُنَاسٌ يَتَطَهَّرُونَ ﴿٨٢﴾

(၈၂) ထို့ပြင် ၎င်း(တမန်တော်လူသ္ဌ)၏အမျိုးသားများက (သူတို့အချင်းချင်း) အသင်တို့သည် ၎င်း(တမန်တော်လူသ္ဌနှင့် ယုံကြည်သူ)တို့အား အသင်တို့၏မြို့ရွာမှ နှင်ထုတ်ကြပါ။ အမှန်စင်စစ် ၎င်းတို့သည် အလွန်သန့်ပြန့်စင်ကြယ်သောသူများပင်ဖြစ်ကြသည်ဟု❶ ပြောဆိုသည်မှလွဲ၍ (အခြား မည်သည့်အရာကိုမျှ) ဖြေကြားနိုင်ခြင်းမရှိခဲ့ပေ။

❶ ၎င်းတို့ဟာ အလွန်သန့်ပြန့်စင်ကြယ်တဲ့သူတွေလို့ ပြောတာဟာ အဲဒီလုပ်ရပ်တွေကနေ ကင်းစင်ချင်လွန်းလို့ပြောတာလည်းဖြစ်နိုင်သလို ရွဲ့ပြီး ပြောင်လှောင်တဲ့အနေနဲ့ပြောတာမျိုးလည်းဖြစ်နိုင်တယ်။ (သဖ်စီရ် မုဂျာဟိဒ်၊ မအာရိဖွလ်ကုရ်အာန် တွဲ-၃၊ စာ-၁၅၄ -မော်လာနာအိဒ်ရီးစ်၊ မအာရိဖွလ်ကုရ်အာန် တွဲ-၃၊ စာ-၆၁၄-မုဖ်သီရှဖီးအ်)

فَأَنجَيْنَٰهُ وَأَهْلَهُۥٓ إِلَّا ٱمْرَأَتَهُۥ كَانَتْ مِنَ ٱلْغَٰبِرِينَ ﴿٨٣﴾

(၈၃) ထို့နောက် ငါအရှင်မြတ်သည် ၎င်း(တမန်တော်လူသ္ဌ)၏ကြင်ရာတစ်ဦးမှလွဲ၍ ၎င်းနှင့်တကွ ၎င်း၏အိမ်သူအိမ်သားများအား ကယ်ဆယ်တော်မူခဲ့သည်။ ၎င်း(ကြင်ရာ)ကမူ နောက်ကျန်ရစ်ခဲ့သူများထဲတွင် အပါအဝင်ဖြစ်ခဲ့သည်။❷

❷ တမန်တော်လူသ္ဌ عليه السلام ရဲ့ ကြင်ရာနဲ့ တမန်တော်နူးဟ် عليه السلام ရဲ့ ကြင်ရာတို့ဟာ သစ္စာဖောက်ပြီး အရှင်မြတ်ကို ငြင်းပယ်ခဲ့ကြတယ်။ အဲဒါကြောင့် အရေးယူခံရတာဖြစ်တယ်။ ကုရ်အာန် (၆၆း၁၀) မှာ အခုလို အမိန့်ရှိထားတယ်။ ضَرَبَ ٱللَّهُ مَثَلًا لِّلَّذِينَ كَفَرُوا۟ ٱمْرَأَتَ نُوحٍ وَٱمْرَأَتَ لُوطٍ ۖ كَانَتَا تَحْتَ عَبْدَيْنِ مِنْ عِبَادِنَا صَٰلِحَيْنِ فَخَانَتَاهُمَا فَلَمْ يُغْنِيَا عَنْهُمَا مِنَ ٱللَّهِ شَيْـًٔا وَقِيلَ ٱدْخُلَا ٱلنَّارَ مَعَ ٱلدَّٰخِلِينَ (အလင်းပြကျမ်း)

وَأَمْطَرْنَا عَلَيْهِم مَّطَرًا ۖ فَٱنظُرْ كَيْفَ كَانَ عَٰقِبَةُ ٱلْمُجْرِمِينَ ﴿٨٤﴾

(၈၄) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အပေါ်တွင် (ခဲ)မိုးရွာသွန်းစေတော်မူခဲ့သည်။❸ သို့ဖြစ်ရာ ပြစ်မှုကျူးလွန်သူများ၏အကျိုးဆက်သည် မည်သို့ဖြစ်ခဲ့သည်ကို အသင်(တမန်တော်မုဟမ္မဒ်)ကြည့်လိုက်ပါ။

❸ ခဲမိုးရွာချပြီးဖျက်ဆီးခဲ့ကြောင်း ကုရ်အာန် (၁၁း၈၂)မှာ အခုလို အမိန့်ရှိထားပါတယ်။ فَلَمَّا جَآءَ أَمْرُنَا جَعَلْنَا عَٰلِيَهَا سَافِلَهَا وَأَمْطَرْنَا عَلَيْهَا حِجَارَةً مِّن سِجِّيلٍ مَّنضُودٍ (အလင်းပြကျမ်း)

وَإِلَىٰ مَدْيَنَ أَخَاهُمْ شُعَيْبًا ۗ قَالَ يَٰقَوْمِ ٱعْبُدُوا۟ ٱللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُۥ ۖ قَدْ جَآءَتْكُم بَيِّنَةٌ مِّن رَّبِّكُمْ ۖ فَأَوْفُوا۟ ٱلْكَيْلَ وَٱلْمِيزَانَ وَلَا تَبْخَسُوا۟ ٱلنَّاسَ أَشْيَآءَهُمْ وَلَا تُفْسِدُوا۟ فِى ٱلْأَرْضِ بَعْدَ إِصْلَٰحِهَا ۚ ذَٰلِكُمْ خَيْرٌ لَّكُمْ إِن كُنتُم مُّؤْمِنِينَ ﴿٨٥﴾

(၈၅) ၎င်းပြင် မဒ်ယန်(မြို့သားများ)ထံသို့ သူတို့၏ညီနောင်ဖြစ်သော (တမန်တော်)ရှုအိုင်ဗ်ကို (စေလွှတ်တော်မူခဲ့သည်)။ ၎င်း(တမန်တော်ရှုအိုင်ဗ်)က ပြောကြားခဲ့သည်၊ အို-ငါ၏အမျိုးသားအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်

အရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြပါ။ အသင်တို့၌ ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ အမှန်စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ထင်ရှားသောသက်သေသာဓကသည် အသင်တို့ထံသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ပမာဏခြင်ခွက်များနှင့် အလေးချိန်ခွင်များကို (ခြင်ရာချိန်ရာ၌ တရားမျှတမှုဖြင့်) ပြည့်ဝစွာ(ခြင်၊ ချိန်)ပေးကြပါ။ ထို့ပြင် အသင်တို့သည် လူများအား သူတို့၏ပစ္စည်းဥစ္စာများကို မတရားလျှော့ပေးခြင်း မပြုလုပ်ကြနှင့်။ ၎င်းပြင် အသင်တို့သည် ကမ္ဘာမြေပြင်ကို ကောင်းမွန်အောင်ပြုပြင်ပြီးနောက် ထိုအပေါ်တွင် ဖျက်လိုဖျက်ဆီးမပြုလုပ်ကြနှင့်။ ၎င်း(အရာ)သည် အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ကြလျှင် အသင်တို့အတွက် အကောင်းဆုံးပင် ဖြစ်သည်။

وَلَا تَقْعُدُوا بِكُلِّ صِرَاطٍ تُوعِدُونَ وَتَصُدُّونَ عَنْ سَبِيلِ اللَّهِ مَنْ آمَنَ بِهِ وَتَبْغُونَهَا عِوَجًا ۚ وَاذْكُرُوا إِذْ كُنْتُمْ قَلِيلًا فَكَثَّرَكُمْ ۖ وَانْظُرُوا كَيْفَ كَانَ عَاقِبَةُ الْمُفْسِدِينَ ﴿٨٦﴾

(၈၆) ထို့ပြင် အသင်တို့သည် (ယုံကြည်သူများအား) ခြိမ်းခြောက်ရန်နှင့် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ အရှင်မြတ်အား ယုံကြည်သူများကို ပိတ်ပင်တားဆီးရန်အပြင် ၎င်း(လမ်းတော်)တွင် ကွေ့ကောက်မှုကို ရှာဖွေရန်အတွက် မည်သည့်လမ်းပေါ်၌မျှ မထိုင်ကြနှင့်။ ထို့ပြင် အသင်တို့သည် အနည်းငယ်သာရှိခဲ့ရာမှ အရှင်မြတ်က အသင်တို့အား များပြားအောင်ပြုလုပ်ပေးတော်မူခဲ့သည်ကိုလည်း (ပြန်လည်)သတိရကြပါ။ ၎င်းပြင် အသင်တို့သည် ဖျက်လိုဖျက်ဆီးပြုလုပ်သောသူများ၏ နောက်ဆုံးအကျိုးဆက်သည် မည်သို့ဖြစ်ခဲ့သည်ဆိုသည်ကိုလည်း ကြည့်ကြပါ။[၆]

[၆] မဒ်ယန်မြို့သားတွေဟာ အစက အနည်းငယ်အုပ်စုလေးပဲဖြစ်တယ်။ အရှင်မြတ်က များပြားအောင်လုပ်ပေးခဲ့ပြီးနောက်မှ အရှင်မြတ်ကို ကျေးဇူးကန်းပြီး ဖီဆန်မှုတွေလုပ်ခဲ့ကြတယ်။ ကမ္ဘာမြေပြင်မှာ ဖျက်ဆီးမှုတွေလုပ်ခဲ့တယ်။ အဲဒါကြောင့် အရှင်မြတ်က သူတို့ကို အပြစ်ဒဏ်ခတ်ပြီး ဖျက်ဆီးတော်မူခဲ့တယ်။ (အလင်းပြကျမ်း)

وَإِنْ كَانَ طَائِفَةٌ مِنْكُمْ آمَنُوا بِالَّذِي أُرْسِلْتُ بِهِ وَطَائِفَةٌ لَمْ يُؤْمِنُوا فَاصْبِرُوا حَتَّىٰ يَحْكُمَ اللَّهُ بَيْنَنَا ۚ وَهُوَ خَيْرُ الْحَاكِمِينَ ﴿٨٧﴾

(၈၇) ထို့ပြင် အမှန်စင်စစ် အသင်တို့ထဲမှ အုပ်စုတစ်စုသည် ငါ(ရှုအိုင်ဗ်ထံသို့ မှာကြား)စေလွှတ်ခြင်းခံရသော အမိန့်များကို ယုံကြည်ပြီး အုပ်စုတစ်စုက မယုံကြည်ဘဲနေခဲ့သည်။ သို့ဖြစ်ရာ ငါတို့၏ကြား၌ အလ္လာဟ်အရှင်မြတ်သည်

ဆုံးဖြတ်ပေးတော်မူသည်အထိ အသင်တို့သည် သည်းခံစောင့်ဆိုင်းနေကြပါ။ ထို့ပြင် အရှင်မြတ်သည် အကောင်းဆုံး ဆုံးဖြတ်ပေးတော်မူသောအရှင် ဖြစ်တော်မူသည်။

قَالَ الْمَلَأُ الَّذِيْنَ اسْتَكْبَرُوْا مِنْ قَوْمِهٖ لَنُخْرِجَنَّكَ يٰشُعَيْبُ وَالَّذِيْنَ اٰمَنُوْا مَعَكَ مِنْ قَرْيَتِنَآ اَوْ لَتَعُوْدُنَّ فِيْ مِلَّتِنَا ؕ قَالَ اَوَلَوْ كُنَّا كٰرِهِيْنَ ﴿٨٨﴾

(၈၈) ၎င်း(တမန်တော်ရှုအိုင်ဗ်)၏အမျိုးသားများထဲမှ မောက်မာသော အကြီးအကဲများက ပြောဆိုခဲ့ကြသည်-"အို-ရှုအိုင်ဗ်၊ ကျွန်ုပ်တို့သည် အသင်နှင့် တကွ အသင်နှင့်အတူ အီမာန်ယုံကြည်ကြသောသူများကို ကျွန်ုပ်တို့၏မြို့ရွာမှ❶ အမှန်ပင် နှင်ထုတ်ပစ်ကြမည်။ သို့မဟုတ် အသင်တို့သည် ကျွန်ုပ်တို့၏သာသနာ ထဲသို့ အမှန်ပင် ပြန်လှည့်လာကြရမည်။"❷ ၎င်း(တမန်တော်ရှုအိုင်ဗ်)က ပြော ဆိုဖြေကြားသည်- "ငါတို့သည် (အသင်တို့၏သာသနာကို) မလိုလားဘဲနှင့်(ပြန် ဝင်ကြရမည်)လော။"

❶ မြို့ရွာ ဒါမှမဟုတ် တိုင်းပြည်ကို ဆိုလိုတယ်။(အလင်းပြကျမ်း) ❷ လူမျိုးတစ်မျိုးထဲက တမန်တော်တစ်ပါးပွင့်ပေါ်မလာခင်မှာ အဲဒီပွင့်ပေါ်လာမဲ့ တမန်တော်ဟာ သူတို့လူမျိုးထဲကပဲဖြစ်တဲ့ အတွက် သူတို့နဲ့ အယူဝါဒအတူတူပဲလို့ ယူဆခဲ့ကြတယ်။ အဲဒီနောက် တမန်တော်ပွင့်လာပြီး ဖိတ်ခေါ်တဲ့ သာသနာကို သာသနာအသစ်လို့ယူဆခဲ့ကြပြီး သူတို့ရဲ့သာသနာအဟောင်းဘက်ကို ပြန်ဝင်ကြဖို့ တောင်းဆိုခဲ့ကြခြင်းပဲဖြစ်တယ်။ တကယ်တော့ တမန်တော်ဖြစ်မဲ့သူတွေကို အရှင်မြတ်က ယခင်ကတည်းက ကုဖ်ရ်၊ ရှိရ်ကတွေကနေ ကင်းစင်အောင်ထိန်းသိမ်းထားခဲ့ပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

قَدِ افْتَرَيْنَا عَلَى اللّٰهِ كَذِبًا اِنْ عُدْنَا فِيْ مِلَّتِكُمْ بَعْدَ اِذْ نَجّٰىنَا اللّٰهُ مِنْهَا ؕ وَمَا يَكُوْنُ لَنَآ اَنْ نَّعُوْدَ فِيْهَآ اِلَّآ اَنْ يَّشَآءَ اللّٰهُ رَبُّنَا ؕ وَسِعَ رَبُّنَا كُلَّ شَيْءٍ عِلْمًا ؕ عَلَى اللّٰهِ تَوَكَّلْنَا ؕ رَبَّنَا افْتَحْ بَيْنَنَا وَبَيْنَ قَوْمِنَا بِالْحَقِّ وَاَنْتَ خَيْرُ الْفٰتِحِيْنَ ﴿٨٩﴾

(၈၉) "အလ္လာဟ်အရှင်မြတ်က ငါတို့အား ၎င်း(အသင်တို့၏သာသနာ)မှ ကယ်တင်ပြီးနောက်မှ အကယ်၍ ငါတို့သည် အသင်တို့၏သာသနာထဲသို့ ပြန်လည်ဝင်ရောက်ခဲ့ကြမည်ဆိုလျှင် အမှန်စင်စစ် ငါတို့အနေဖြင့် အလ္လာဟ် အရှင်မြတ်အပေါ်တွင် မုသားကို လုပ်ကြံဖန်တီး၍စွပ်စွဲကြသည်သာဖြစ်လိမ့်မည်။ ထို့ပြင် ငါတို့သည် ငါတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်တော်မူသည့် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသည်မှလွဲ၍ ငါတို့အတွက် ထိုသာသနာထဲသို့ ပြန်ဝင်ကြရန် မဖြစ်နိုင်ပေ။❸ ငါတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် သည် အသိပညာနှင့် အရာအားလုံးကို လွှမ်းခြုံထားတော်မူသည်။ ငါတို့သည်

အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ယုံပုံလွှဲအပ်ခဲ့ကြပြီဖြစ်သည်။ အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ အမျိုးသားများ၏ကြားတွင် မှန်ကန်စွာ စီရင်ဆုံးဖြတ်ပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည်ပင် အကောင်းဆုံး စီရင်ဆုံးဖြတ်ပေးသနားတော်မူသောအရှင် ဖြစ်တော်မူပါသည်။"

❸ အရှင်မြတ် အလိုရှိတော်မူတာကလွဲပြီး ဝင်ဖို့ မဖြစ်နိုင်ဘူးလို့ ပြောဆိုခြင်းဟာ မိမိကိုယ်မိမိနှိမ့်ချမှုနဲ့ အရှင်မြတ်အပေါ်မှာ ယုံပုံလွှဲအပ်မှုဖြစ်တယ်။ အဲဒါဟာ တမန်တော်ဖြစ်ခြင်းရဲ့ ပြည့်ဝမှုတွေထဲကဖြစ်တယ်။ ဆိုလိုတာက ကျွန်ုပ်တို့ဟာ ကောင်းတာလုပ်နိုင်တယ်၊ မကောင်းတာက ရှောင်နိုင်တယ်လို့ မကြွေးကြော်နိုင်ဘူး။ ကောင်းတာကို လုပ်နိုင်ခြင်း၊ မကောင်းတာကနေ ရှောင်နိုင်ခြင်းဟာ အရှင်မြတ်ရဲ့ကျေးဇူးတော်ကြောင့်သာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

وَقَالَ الْمَلَاُ الَّذِيْنَ كَفَرُوْا مِنْ قَوْمِهٖ لَىِٕنِ اتَّبَعْتُمْ شُعَيْبًا اِنَّكُمْ اِذًا لَّخٰسِرُوْنَ ﴿٩٠﴾

(၉၀) ထို့ပြင် ၎င်း၏အမျိုးသားများထဲမှ ငြင်းပယ်ကြသော အကြီးအကဲများက(သူတို့၏လူများကို)ပြောဆိုခဲ့ကြသည်- "အကယ်၍ အသင်တို့သည် (တမန်တော်)ရှုအိုင်ဗ်၏အမိန့်ကို လိုက်နာကြလျှင်အမှန်ပင် အသင်တို့သည် သို့ဖြစ်လျှင် ပျက်စီးဆုံးရှုံးသူများဖြစ်ကြလိမ့်မည်။"

فَاَخَذَتْهُمُ الرَّجْفَةُ فَاَصْبَحُوْا فِيْ دَارِهِمْ جٰثِمِيْنَ ﴿٩١﴾

(၉၁) ထို့နောက် သူတို့အား ပြင်းထန်သော မြေငလျင်သည် ဖမ်းဆီးကွပ်မျက်လိုက်သည်။ သို့ဖြစ်ရာ သူတို့သည် သူတို့၏နေအိမ်များ၌ပင် မှောက်လျက်သားဖြစ်(လျက် သေကြေပျက်စီး)သွားခဲ့ကြတော့သည်။

الَّذِيْنَ كَذَّبُوْا شُعَيْبًا كَاَنْ لَّمْ يَغْنَوْا فِيْهَا ۛ اَلَّذِيْنَ كَذَّبُوْا شُعَيْبًا كَانُوْا هُمُ الْخٰسِرِيْنَ ﴿٩٢﴾

(၉၂) (တမန်တော်) ရှုအိုင်ဗ်ကို မဟုတ်မမှန်စွပ်စွဲ ငြင်းပယ်ခဲ့ကြသော သူများသည် ထိုနေရာတွင် လုံးဝမနေထိုင်ခဲ့ဖူးသကဲ့သို့ပင် ဖြစ်သွားခဲ့ကြသည်။ (တမန်တော်)ရှုအိုင်ဗ်ကို မဟုတ်မမှန်စွပ်စွဲငြင်းပယ်ခဲ့ကြသောသူများသာလျှင် ပျက်စီးဆုံးရှုံးသူများ ဖြစ်ခဲ့ကြသည်။❻

❻ တမန်တော်ရှုအိုင်ဗ် عليه السلام နဲ့ နောက်လိုက်တွေကို သူတို့ရဲ့မြို့ရွာကနေ နှင်ထုတ်မယ်လို့ ခြိမ်းခြောက်ခဲ့တဲ့သူတွေဟာ အခုတော့ သူတို့တင်မက သူတို့ရဲ့မြို့ရွာပါ ပျက်စီးသွားခဲ့ရပြီဖြစ်တယ်။ (အလင်းပြကျမ်း)

فَتَوَلّٰى عَنْهُمْ وَقَالَ يٰقَوْمِ لَقَدْ اَبْلَغْتُكُمْ رِسٰلٰتِ رَبِّيْ وَنَصَحْتُ لَكُمْ ۚ فَكَيْفَ اٰسٰى عَلٰى قَوْمٍ كٰفِرِيْنَ ﴿٩٣﴾

(၉၃) ထို့နောက် ၎င်း(တမန်တော်ရှုအိုင်ဗ်)သည် သူတို့ထံမှ မျက်နှာ

လွှဲပြီးထွက်ခဲ့သည်၊ ထို့ပြင် ၎င်းကပြောဆိုခဲ့သည်-“အို-ငါ၏အမျိုးသားအပေါင်းတို့၊ ငါသည် အမှန်စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က မှာကြားတော်မူလိုက်သည့် အမိန့်တော်များကို အသင်တို့ထံ ရောက်အောင် ပို့ဆောင်ခဲ့ပြီးဖြစ်သည်။ ၎င်းပြင် ငါသည် အသင်တို့၏ ကောင်းကျိုးကိုလည်း သယ်ပိုးဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ ငါသည် ငြင်းပယ်သော အမျိုးသားများအပေါ်၌ အဘယ်ကြောင့် ဝမ်းနည်းပူဆွေးရမည်နည်း။”❶

❶ တမန်တော်ရှုအိုင်ဗ် ﷺ ဟာ ၎င်းရဲ့အမျိုးသားတွေကို ကောင်းကောင်းမွန်မွန်ဆိုဆုံးမပြီး တာဝန်ကျေပွန်အောင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါလျက်နဲ့ မလိုက်နာဘဲ ငြင်းပယ်ခဲ့ကြတာကြောင့် ဖျက်ဆီးခံရတဲ့အပေါ်မှာ ဝမ်းနည်းစရာမလိုဘူးလို့ ပြောဆိုခဲ့ခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَآ اَرۡسَلۡنَا فِىۡ قَرۡيَةٍ مِّنۡ نَّبِىٍّ اِلَّاۤ اَخَذۡنَاۤ اَهۡلَهَا بِالۡبَاۡسَآءِ وَالضَّرَّآءِ لَعَلَّهُمۡ يَضَّرَّعُوۡنَ ﴿٩٤﴾

(၉၄) ထို့ပြင် ငါအရှင်မြတ်သည် မည်သည့်မြို့ရွာကိုမဆို တမန်တော်တစ်ပါးပါးအား စေလွှတ်တော်မူခဲ့လျှင် ထိုမြို့သူရွာသားများအား သူတို့ကျိုးနွံလာကြရန် ဆင်းရဲဒုက္ခ၊ ရောဂါဝေဒနာများဖြင့် ဒဏ်ခတ်တော်မူသည်ချည်းဖြစ်သည်။❻

❻ လူမျိုးတိုင်းထံကို တမန်တော်တွေ စေလွှတ်တော်မူတဲ့အခါတိုင်း အဲဒီလူမျိုးတွေရဲ့ မာနတွေကျဆင်းလာဖို့အတွက် အရှင်မြတ်က ဆင်းရဲဒုက္ခရောက်စေတော်မူခဲ့တယ်။ ဆင်းရဲဒုက္ခရောက်တဲ့အခါ ကျိုးနွံမှုနဲ့ အရှင်မြတ်ထံတော်မှာ အသနားခံဖို့အတွက်ဖြစ်တယ်။ အဲဒီနောက် သုခချမ်းသာပေးသနားတော်မူတာဟာ အရှင်မြတ်ရဲ့ကျေးဇူးကို သိတတ်ဖို့အတွက်ဖြစ်တယ်။ ဒါပေမဲ့ နှစ်ခုစလုံး မပြုလုပ်ကြတဲ့အပေါ် အရှင်မြတ်က သူတို့ကို အပြစ်ဒဏ်ခတ်အရေးယူဖျက်ဆီးတော်မူခဲ့ခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

ثُمَّ بَدَّلۡنَا مَكَانَ السَّيِّئَةِ الۡحَسَنَةَ حَتّٰى عَفَوۡا وَّ قَالُوۡا قَدۡ مَسَّ اٰبَآءَنَا الضَّرَّآءُ وَ السَّرَّآءُ
فَاَخَذۡنٰهُمۡ بَغۡتَةً وَّهُمۡ لَا يَشۡعُرُوۡنَ ﴿٩٥﴾

(၉၅) ထို့နောက် ငါအရှင်မြတ်သည် မကောင်းသောအခြေအနေမှ ကောင်းသောအခြေအနေသို့ ပြောင်းလဲပေးတော်မူခဲ့သည်။ နောက်ဆုံး၌ သူတို့သည် ကြီးပွားများပြားလာကြသောအခါ ကျပ်တည်းမှုနှင့်ချောင်လည်မှုသည် အမှန်ပင် ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်များ၌လည်း ကျရောက်ခဲ့ကြသည်ပင်ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့ကို သူတို့ မသိလိုက်ဘဲလျက် ရုတ်တရက် ဖမ်းဆီးအရေးယူတော်မူလိုက်သည်။

وَلَوۡ اَنَّ اَهۡلَ الۡقُرٰٓى اٰمَنُوۡا وَاتَّقَوۡا لَفَتَحۡنَا عَلَيۡهِمۡ بَرَكٰتٍ مِّنَ السَّمَآءِ وَالۡاَرۡضِ وَلٰـكِنۡ كَذَّبُوۡا
فَاَخَذۡنٰهُمۡ بِمَا كَانُوۡا يَكۡسِبُوۡنَ ﴿٩٦﴾

(၉၆) ထို့ပြင် အကယ်၍ မြို့ရွာဒေသများတွင် နေထိုင်ကြသူများသည်

အီမာန်ယုံကြည်ပြီး ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ခဲ့ကြလျှင် ငါ အရှင်မြတ်သည် သူတို့အတွက် မိုးကောင်းကင်နှင့် မြေပထဝီမှ ကောင်းချီးမင်္ဂလာ များ(၏တံခါးများ)ကို အမှန်ပင် ဖွင့်ပေးတော်မူခဲ့မည်ဖြစ်သည်။❶ သို့ရာတွင် သူ တို့သည် (တမန်တော်များကို) မဟုတ်မမှန်စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့အား သူတို့ရှာဖွေဆည်းပူးခဲ့ကြသောအရာ(အပြစ်)များ ကြောင့် ဖမ်းဆီးအရေးယူတော်မူခဲ့သည်။

❶ မိုးကောင်းကင်နဲ့ မြေပထဝီကနေ ကောင်းချီးမင်္ဂလာတွေဖွင့်ပေးတော်မူမယ်ဆိုတာ ကောင်းကင်က မိုးရွာသွန်းခြင်းနဲ့ မြေကြီးက ကောက်ပဲသီးနှံ ပေါပေါများများထွက်ရှိခြင်းကို ဆိုလိုတယ်။ (အိဗ်နုကဆီးရ်)

أَفَأَمِنَ أَهْلُ الْقُرَىٰ أَن يَأْتِيَهُم بَأْسُنَا بَيَاتًا وَهُمْ نَائِمُونَ ﴿٩٧﴾

(၉၇) သို့ဖြစ်ရာ မြို့ရွာဒေသများတွင် နေထိုင်ကြသူများ❷ သည် ညအခါ ၌ သူတို့အိပ်ပျော်သူများဖြစ်လျက်ရှိစဉ် ငါအရှင်မြတ်၏အပြစ်ဒဏ် သူတို့ထံရောက် လာမည်ကို (စိုးရိမ်မှု ကင်းမဲ့ပြီး)စိတ်ချနေကြသလော။

❷ မက္ကဟ်မြို့သူမြို့သားတွေကို ဆိုလိုရုံတင်မက အဲဒီလို ပြစ်မှုကျူးလွန်သူဟူသမျှကို ဆိုလိုတယ်။ (အာစားန်သရ်ဂျူမဟ်)

أَوَأَمِنَ أَهْلُ الْقُرَىٰ أَن يَأْتِيَهُم بَأْسُنَا ضُحًى وَهُمْ يَلْعَبُونَ ﴿٩٨﴾

(၉၈) ထို့ပြင် မြို့ရွာဒေသများတွင် နေထိုင်ကြသူများသည် နံနက် အချိန်၌ သူတို့ ကစားနေကြလျက်ရှိစဉ် ငါအရှင်မြတ်၏အပြစ်ဒဏ်သည် သူတို့ ထံသို့ ရောက်လာမည်ကို (စိုးရိမ်မှု ကင်းမဲ့ပြီး)စိတ်ချနေကြသလော။

أَفَأَمِنُوا مَكْرَ اللَّهِ ۚ فَلَا يَأْمَنُ مَكْرَ اللَّهِ إِلَّا الْقَوْمُ الْخَاسِرُونَ ﴿٩٩﴾

(၉၉) ၎င်းပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏အစီအစဉ်ချမှတ်မှုကို (စိုးရိမ်မှုကင်းမဲ့ပြီး) စိတ်ချနေကြသလော။ သို့ဖြစ်လျှင် ပျက်စီးနစ်နာမည့်သူများ❸ မှလွဲ၍ (အခြားမည်သူမျှ)အလ္လာဟ်အရှင်မြတ်၏ အစီအစဉ်ချမှတ်မှုကို စိုးရိမ်မှု ကင်းမဲ့မနေကြပေ။

❸ ပျက်စီးဆုံးရှုံးရမဲ့သူတွေဟာ ကာဖိရ်တွေပဲဖြစ်တဲ့အတွက် သူတို့ပဲ အရှင်မြတ်ရဲ့ တရားသဖြင့် စီရင်ချမှတ်မှုကို မစိုးရိမ်ဘဲနေကြတာဖြစ်တယ်။ မွတ်စ်လင်မ်တွေကတော့ စိုးရိမ်ပြီး အပြစ်တွေက နေ ရှောင်ကြဉ်နေကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

أَوَلَمْ يَهْدِ لِلَّذِينَ يَرِثُونَ الْأَرْضَ مِن بَعْدِ أَهْلِهَا أَن لَّوْ نَشَاءُ أَصَبْنَاهُم بِذُنُوبِهِمْ ۚ
وَنَطْبَعُ عَلَىٰ قُلُوبِهِمْ فَهُمْ لَا يَسْمَعُونَ ﴿١٠٠﴾

(၁၀၀) ထို့ပြင် ၎င်း(ဒေသ)တွင် နေထိုင်ခဲ့ကြသောသူများမရှိတော့

သည့်နောက် (ဤ)ဒေသကို အမွေဆက်ခံနေထိုင်သူများအတွက် အကယ်၍ ငါအရှင်မြတ် အလိုရှိတော်မူလျှင် သူတို့ကိုလည်း သူတို့၏အပြစ်များကြောင့် (ယခင်ကလူများကဲ့သို့) ဒုက္ခရောက်စေတော်မူမည်ဆိုသည်ကို သင်ခန်းစာမရရှိကြလေသလော။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့၏စိတ်နှလုံးများအပေါ်၌ တံဆိပ်ခတ်နှိပ်ထားတော်မူခြင်းကြောင့် သူတို့သည် နားထောင်နိုင်ကြတော့မည် မဟုတ်ပေ။

تِلْكَ الْقُرَىٰ نَقُصُّ عَلَيْكَ مِنْ أَنبَائِهَا ۚ وَلَقَدْ جَاءَتْهُمْ رُسُلُهُم بِالْبَيِّنَاتِ ۚ
فَمَا كَانُوا لِيُؤْمِنُوا بِمَا كَذَّبُوا مِن قَبْلُ ۚ كَذَٰلِكَ يَطْبَعُ اللَّهُ عَلَىٰ قُلُوبِ الْكَافِرِينَ ﴿١٠١﴾

(၁၀၁) ဤသည် (အကြင်)ဒေသများပင်ဖြစ်သည်။ ငါအရှင်မြတ်က ၎င်း(ဒေသများ)၏ အချို့အကြောင်းများကို အသင်(တမန်တော်)၏ အပေါ်တွင် ပြန်ပြောပြတော်မူသည်။ ထို့ပြင် အမှန်စင်စစ် သူတို့ထံသို့ သူတို့၏နဗီတမန်တော်များသည် ထင်ရှားသော သက်သေသာဓကများကို ယူဆောင်လာခဲ့ကြသည်။[၆] သို့ရာတွင် သူတို့သည် ယခင်က သူတို့ ငြင်းပယ်ခဲ့ကြသောအရာများကြောင့် မယုံကြည်ခဲ့ကြပေ။ ထိုသို့ပင် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်ငြင်းပယ်သူများ၏ စိတ်နှလုံးများအပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူသည်။[၇]

[၆] မျှတမှုရှိတဲ့သူတိုင်း အလွယ်တကူမြင်ပြီး အီမာန်ယုံကြည်လက်ခံနိုင်ဖို့ တမန်တော်တိုင်းဟာ သက်သေအထောက်အထားတွေ ယူဆောင်လာခဲ့ကြတာချည်းပဲ ဖြစ်တယ်။ (အိဗ်နုကဆီးရ်)

[၇] အမှန်တရားဟာ ထင်ထင်ရှားရှား ပေါ်လွင်နေပါလျက်နဲ့ မိရိုးဖလာအစွဲကြီးမှု၊ မနာလိုဖြစ်မှုတွေကြောင့် မျက်စိမှိတ်ပြီး ဖွတ်ပေငြင်းတဲ့သူတွေကတော့ ဘယ်တော့မှ ပြုပြင်မဲ့သူတွေမဟုတ်တဲ့အတွက် အရှင်မြတ်က သူတို့ရဲ့စိတ်နှလုံးတွေအပေါ်မှာ တံဆိပ်ခတ်နှိပ်တော်မူလိုက်တော့တယ်။ (အလင်းပြကျမ်း)

وَمَا وَجَدْنَا لِأَكْثَرِهِم مِّنْ عَهْدٍ ۖ وَإِن وَجَدْنَا أَكْثَرَهُمْ لَفَاسِقِينَ ﴿١٠٢﴾

(၁၀၂) ထို့ပြင် ငါအရှင်မြတ်သည် သူတို့ထဲမှအမြောက်အမြား၌ မည်သည့် ကတိတည်ကြည်မှု[၈] ကိုမျှတွေ့ရှိတော်မမူခဲ့ပေ။ ၎င်းပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့ထဲမှ အမြောက်အမြားကို စည်းဖောက်သူများအဖြစ်သာ တွေ့ရှိတော်မူခဲ့သည်။

[၈] ဝိညာဉ်ဘဝမှာ အရှင်မြတ်က أَلَسْتُ بِرَبِّكُمْ “ငါအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် မဟုတ်လော”လို့ မေးမြန်းတော်မူတဲ့အခါ ဖခင်ကြီး အာဒမ် ﷺ ရဲ့သားစဉ်မြေးဆက်တွေရဲ့ဝိညာဉ်တွေက بَلَىٰ “အဘယ်ကြောင့်မဟုတ်ရမည်နည်း၊ အမှန်ပင် ဟုတ်ပါသည်”လို့ အဖြေပေးခဲ့ကြတယ်။ အဲဒီနောက် လောကကို ရောက်လာတဲ့အခါ အများစုဟာ အဲဒီဝန်ခံကတိကို

ဖောက်ဖျက်ပြီး အရှင်မြတ်ကို ငြင်းပယ်ခဲ့ကြတာကို ဆိုလိုတာဖြစ်တယ်။ (ဂျလာလိုင်န်)

ثُمَّ بَعَثْنَا مِنْۢ بَعْدِهِمْ مُّوْسٰى بِاٰيٰتِنَآ اِلٰى فِرْعَوْنَ وَمَلَا۟ئِهٖ فَظَلَمُوْا بِهَا ۚ فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الْمُفْسِدِيْنَ ﴿١٠٣﴾

(၁၀၃) ထို့နောက် ငါအရှင်မြတ်သည် ၎င်း(တမန်တော်)တို့၏နောက်တွင်(တမန်တော်)မူစာကို ငါအရှင်မြတ်၏သက်သေသာဓကများနှင့်တကွ❼ ဖိရ်အောင်န်နှင့် သူ၏မှူးမတ်များထံသို့ စေလွှတ်တော်မူခဲ့သောအခါ သူတို့က ထိုသက်သေသာဓကများကို မတရားငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ ဖျက်ဆီးမှုပြုလုပ်သူများ၏ နောက်ဆုံးဖြစ်ရပ်သည် မည်သို့ ဖြစ်ခဲ့သနည်း ဆိုသည်ကို အသင်(တမန်တော်)ကြည့်ရှုပါ။

❼ နဗီတမန်တော်တိုင်းဟာ ထင်ရှားတဲ့ သက်သေလက္ခဏာတွေ ယူဆောင်လာခဲ့ကြတာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالَ مُوْسٰى يٰفِرْعَوْنُ اِنِّيْ رَسُوْلٌ مِّنْ رَّبِّ الْعٰلَمِيْنَ ﴿١٠٤﴾

(၁၀၄) ထို့ပြင် (တမန်တော်)မူစာက ပြောဆိုခဲ့သည်- “အို- ဖိရ်အောင်န်၊ အမှန်စင်စစ် ငါသည် စကြဝဠာအားလုံးကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ စေလွှတ်တော်မူခြင်းခံရသော တမန်တော်တစ်ပါးဖြစ်သည်။”

حَقِيْقٌ عَلٰٓى اَنْ لَّآ اَقُوْلَ عَلَى اللّٰهِ اِلَّا الْحَقَّ ؕ قَدْ جِئْتُكُمْ بِبَيِّنَةٍ مِّنْ رَّبِّكُمْ فَاَرْسِلْ مَعِيَ بَنِيْٓ اِسْرَآءِيْلَ ﴿١٠٥﴾

(၁၀၅) အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ အမှန်ကိုသာပြောဆိုရန် ငါ့တွင်တာဝန်ရှိသည်။ ငါသည် အမှန်စင်စစ် အသင်တို့ထံသို့ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ ထင်ရှားသောသက်သေလက္ခဏာကို ယူဆောင်ခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ အသင်သည် အစ္စရာအီလ်မျိုးနွယ်များကို ငါနှင့်အတူထည့်လိုက်ပါ။

قَالَ اِنْ كُنْتَ جِئْتَ بِاٰيَةٍ فَاْتِ بِهَآ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ﴿١٠٦﴾

(၁၀၆) ၎င်း(ဖိရ်အောင်န်)က ပြောဆိုသည်- “ အကယ်၍ အသင်သည် သက်သေလက္ခဏာတစ်စုံတစ်ခု ယူဆောင်လာခဲ့သည်ဆိုလျှင် အသင်သည် အမှန်ပြောသူဖြစ်လျှင် ယင်း(သက်သေလက္ခဏာ)ကို တင်ပြပါ။

فَاَلْقٰى عَصَاهُ فَاِذَا هِيَ ثُعْبَانٌ مُّبِيْنٌ ۚۖ ﴿١٠٧﴾

(၁၀၇) သို့ဖြစ်ရာ ၎င်း(တမန်တော်မူစာ)သည် ၎င်း၏တောင်ဝှေးကို ပစ်ချလိုက်သောအခါ ရုတ်တရက် ထိုတောင်ဝှေးသည် ထင်ရှားသော မြွေကြီး

တစ်ကောင်ဖြစ်နေတော့သည်။

وَّنَزَعَ يَدَهٗ فَاِذَا هِيَ بَيْضَآءُ لِلنّٰظِرِيْنَ ﴿١٠٨﴾

(၁၀၈) ထို့ပြင် ၎င်း(တမန်တော်မူစာ)သည် ၎င်း၏လက်ကို (အပြင်) ဆွဲထုတ်လိုက်သောအခါ ရုတ်တရက် ထိုလက်သည် ကြည့်ရှုသူများအတွက် ဝင်းလက်တောက်ပနေတော့သည်။❶

❶ တမန်တော်မူစာ عليه السلام ဟာ မိမိရဲ့လက်ကို ချိုင်းကြားထဲထည့်ပြီး ပြန်ထုတ်လိုက်တဲ့အခါ လက်ဟာ နေရောင်လို လင်းဝင်းတောက်ပသွားခဲ့တယ်။ (အလင်းပြကျမ်း)

قَالَ الْمَلَاُ مِنْ قَوْمِ فِرْعَوْنَ اِنَّ هٰذَا لَسٰحِرٌ عَلِيْمٌ ﴿١٠٩﴾

(၁၀၉) ဖိရ်အောင်န်၏ အမျိုးသားများထဲမှ အကြီးအကဲများက ပြောဆိုကြသည်-"အမှန်စင်စစ် ဤသူသည် အလွန်သိကျွမ်းသော မှော်ဆရာတစ်ဦးပင်ဖြစ်သည်။"

يُّرِيْدُ اَنْ يُّخْرِجَكُمْ مِّنْ اَرْضِكُمْ ۚ فَمَاذَا تَاْمُرُوْنَ ﴿١١٠﴾

(၁၁၀) ၎င်းသည် (၎င်း၏မှော်အတတ်ဖြင့်)အသင်တို့ကို အသင်တို့၏ နယ်မြေမှနှင်ထုတ်ရန် ရည်ရွယ်နေသည်။ သို့ဖြစ်ရာ အသင်တို့သည် မည်သို့ အကြံပြုချင်ကြသနည်း။

قَالُوْٓا اَرْجِهْ وَاَخَاهُ وَاَرْسِلْ فِى الْمَدَآئِنِ حٰشِرِيْنَ ﴿١١١﴾

(၁၁၁) သူတို့က ပြောဆို(အကြံပြု)ကြသည်- "၎င်း(တမန်တော်မူစာ) နှင့် ၎င်း၏အစ်ကိုအား ဆိုင်းငံ့ထားလိုက်ပါ။ ထို့ပြင် မြို့ရွာများသို့ မင်းစေများကို စေလွှတ်လိုက်ပါ။"

يَاْتُوْكَ بِكُلِّ سٰحِرٍ عَلِيْمٍ ﴿١١٢﴾

(၁၁၂) "၎င်း(မင်းစေ)တို့က အသင်ဘုရင်မင်းထံသို့ သိကျွမ်းသော မှော်ဆရာတိုင်းကို (စုဆောင်း)ခေါ်ဆောင်လာကြမည်။"

وَجَآءَ السَّحَرَةُ فِرْعَوْنَ قَالُوْٓا اِنَّ لَنَا لَاَجْرًا اِنْ كُنَّا نَحْنُ الْغٰلِبِيْنَ ﴿١١٣﴾

(၁၁၃) ထို့နောက် မှော်ဆရာများသည် ဖိရ်အောင်န်ထံသို့ ရောက်ရှိလာခဲ့ကြ၍ ပြောဆိုကြသည်- "အကယ်၍ ကျွန်ုပ်တို့သည် အောင်နိုင်ခဲ့ကြလျှင် အမှန်ပင် ကျွန်ုပ်တို့အတွက် ဆုလာဘ်တစ်စုံတစ်ရာ ရရှိကြပါမည်လော။"❷

❷ မှော်ဆရာတွေဟာ ကြေးစားတွေဖြစ်တဲ့အတွက် အရင်ဆုံး ဆုလာဘ်ရမှာလားလို့ ဘုရင့်ထံမှာ မေးမြန်းခဲ့ခြင်းဖြစ်တယ်။ တမန်တော်တွေကတော့ (စံပြအဖြစ်နဲ့) အခမဲ့ သာသနာ့အကျိုးဆောင်တွေသာဖြစ်ခဲ့ကြတယ်။(နောက်လိုက်တွေအနေနဲ့ အခနဲ့ သာသနာ့အကျိုးဆောင်ရင်လည်း ပိုင်ပါတယ်။) (အလင်းပြကျမ်း)

قَالَ نَعَمْ وَاِنَّكُمْ لَمِنَ الْمُقَرَّبِيْنَ ﴿١١٤﴾

(၁၁၄) ၎င်း(ဖိရ်အောင်န်)က ပြောဆိုသည်- "ဟုတ်သည်၊ (ဆုလာဘ်များရမည်) ထို့ထက်မက အသင်တို့သည် (ငါ၏အပါး၌) အနီးကပ်နေရမည့်သူများထဲတွင် အမှန်ပင်ပါဝင်ကြလိမ့်မည်။"

قَالُوْا يٰمُوْسٰٓى اِمَّآ اَنْ تُلْقِيَ وَاِمَّآ اَنْ نَّكُوْنَ نَحْنُ الْمُلْقِيْنَ ﴿١١٥﴾

(၁၁၅) ၎င်း(မှော်ဆရာ)တို့က ပြောဆိုကြသည်- "အို-မူစာ ၊ အသင်သည် (အသင်၏တောင်ဝှေးကိုဦးစွာ) ချပြမည်လော၊ သို့မဟုတ် ကျွန်ုပ်တို့သည် (ကျွန်ုပ်တို့၏တုတ်များ၊ ကြိုးများကိုဦးစွာ)ချပြကြမည့်သူများဖြစ်ကြရမည်လော။"

قَالَ اَلْقُوْا ۚ فَلَمَّآ اَلْقَوْا سَحَرُوْٓا اَعْيُنَ النَّاسِ وَاسْتَرْهَبُوْهُمْ وَجَآءُوْ بِسِحْرٍ عَظِيْمٍ ﴿١١٦﴾

(၁၁၆) ၎င်း(တမန်တော်မူစာ)က ပြောဆိုသည်- "အသင်တို့ပင်(ဦးစွာ)ပစ်ချကြပါ။" ထို့နောက် သူတို့သည် (သူတို့၏ တုတ်များနှင့် ကြိုးများကို)ပစ်ချလိုက်ကြသောအခါ လူများ၏မျက်စိများကို လှည့်စားလိုက်ကြသည်။ ၎င်းပြင် လူများအား ကြောက်လန့်စေခဲ့ကြသည်။ ထို့ပြင် သူတို့သည် ကြီးကျယ်သော မှော်အတတ်ပညာကို ❷ ယူဆောင်လာခဲ့ကြခြင်းဖြစ်သည်။

❷ မှော်အတတ်ပညာနဲ့စုန်းပယောဂပြုလုပ်တဲ့အခါတောင်ဝှေးတွေနဲ့ကြိုးတွေဟာလူတွေရဲ့အမြင်မှာတော့ မြွေတွေ၊ ကင်းတွေလို့ ထင်ရအောင် လှည့်စားထားနိုင်ခဲ့ကြပေမဲ့ တကယ်မြွေ၊ ကင်းဖြစ်ခဲ့တာမဟုတ်ဘူး။ ဒါပေမဲ့ တမန်တော်မူစာ عليه السلام ရဲ့တောင်ဝှေးကတော့ ပစ်ချလိုက်တာနဲ့ တကယ်မြွေကြီးဖြစ်သွားခဲ့ပြီး သူတို့လှည့်စားထားတဲ့အရာတွေကို တကယ်မျိုချခဲ့ခြင်းဖြစ်တယ်။ မှော်အတတ်က မျက်လှည့်လို လှည့်စားခြင်းသာဖြစ်ပြီး အရှင်မြတ်ပေးတဲ့ မုအ်ဂျိဇဟ်တန်ခိုးတော်ကတော့ တကယ် အမှန်ပဲဖြစ်တယ်။ (အိဗ်နုကဆီးရ်)

وَاَوْحَيْنَآ اِلٰى مُوْسٰٓى اَنْ اَلْقِ عَصَاكَ ۚ فَاِذَا هِيَ تَلْقَفُ مَا يَاْفِكُوْنَ ﴿١١٧﴾

(၁၁၇) ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)မူစာထံသို့ အမိန့်ထုတ်ပြန်တော်မူခဲ့သည်- "အသင်သည် အသင်၏တောင်ဝှေးကို ပစ်ချလိုက်ပါ။" ထိုအခါ ရုတ်တရက်ပင် ထိုတောင်ဝှေးသည် (မြွေနဂါးကြီးဖြစ်သွားပြီး) ၎င်း(မှော်ဆရာ)တို့ လှည့်စားထားသော အရာများကို မျိုချပစ်လိုက်တော့သည်။

فَوَقَعَ الْحَقُّ وَبَطَلَ مَا كَانُوْا يَعْمَلُوْنَ ﴿١١٨﴾

(၁၁၈) ထို့နောက် အမှန်သည် ထင်ရှားသွားခဲ့ပြီဖြစ်သည်။ ထို့ပြင် ၎င်း(မှော်ဆရာ)တို့ပြုလုပ်ထားသည်များမှာ ပျက်စီးသွားခဲ့ပြီဖြစ်သည်။

فَغُلِبُوْا هُنَالِكَ وَانْقَلَبُوْا صٰغِرِيْنَ ﴿١١٩﴾

(၁၁၉) ထို့ပြင် ၎င်း(ဖိရ်အောင်န်နှင့် မှူးမတ်)တို့သည် ထိုနေရာ၌ပင် အရေးရှုံးနိမ့်ခဲ့ကြသည့်အပြင် သေးသိမ်သူများဖြစ်လျက် လှည့်ပြန်ခဲ့ကြရသည်။

وَأُلْقِيَ السَّحَرَةُ سٰجِدِيْنَ ﴿١٢٠﴾

(၁၂၀) ၎င်းပြင် မှော်ဆရာများသည် (စဂ်ျဒဟ်)ဦးချသူများ ဖြစ်လျက် မှောက်လှဲလိုက်ကြသည်။❻

❻ မှော်ဆရာတွေအချင်းချင်း အမြဲပြိုင်ဆိုင်လေ့ရှိတဲ့အခါမှာ သူတို့ပစ်ချခဲ့တဲ့ တုတ်တွေ ကြိုးတွေဟာ လုံးဝပျောက်သွားလေ့မရှိဘဲ အနိုင်အရှုံးသာ လှည့်စားမှု နည်းတာများတာပေါ်မူတည်ပြီး ဖြစ်ပေါ်လေ့ရှိခဲ့ကြတယ်။ ဒီတစ်ခါ တမန်တော်မူစာ عليه السلام နဲ့ ပြိုင်ဆိုင်တဲ့အခါမှာ သူတို့ရဲ့တုတ်တွေ၊ ကြိုးတွေဟာ တစ်စွန်းတစ်စမှ ကျန်ရစ်ခဲ့ခြင်းမရှိဘဲ လုံးဝပျောက်ဆုံးသွားတဲ့အပေါ်မှာ သူတို့ ထင်ထင်ရှားရှားသိရှိလိုက်ကြတာကတော့ တမန်တော်မူစာ عليه السلام ရဲ့တောင်ဝှေးက ဖြစ်လာတဲ့ မြွေဟာ သူတို့လို မှော်အတတ်နဲ့ဖြစ်လာတဲ့ လှည့်စားစရာမြွေမဟုတ်ဘူးဆိုတာပဲ။ အဲဒါဟာ အရှင်မြတ်ကပေးတဲ့ မုအ်ဂျိဇဟ်တန်ခိုးတော်ပဲဖြစ်တယ်ဆိုတာ ယုံကြည်ကြတဲ့အပေါ်မှာ စဂ်ျဒဟ်ဦးချပြီး ယုံကြည်ကြောင်း ထုတ်ဖော်ကြွေးကြော်ခဲ့ကြခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

قَالُوْٓا اٰمَنَّا بِرَبِّ الْعٰلَمِيْنَ ﴿١٢١﴾

(၁၂၁) ၎င်းတို့ကပြောဆိုကြသည်- "ကျွန်ုပ်တို့သည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ယုံကြည်ကြပါပြီ။"

رَبِّ مُوْسٰى وَهٰرُوْنَ ﴿١٢٢﴾

(၁၂၂) (ထိုအရှင်သည် တမန်တော်)မူစာနှင့် (တမန်တော်)ဟာရူန်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်လည်း(ဖြစ်တော်မူပါသည် ဟု မှော်ဆရာများက ဆက်ပြောကြသည်)။❶

❶ ဖိရ်အောင်န်က သူ့ကိုယ်သူ أَنَا رَبُّكُمُ الْأَعْلٰى "ငါဟာ အသင်တို့ရဲ့အမြင့်မားအထွတ်မြတ်ဆုံးအရှင်သခင်" လို့ကြွေးကြော်ထားခဲ့တဲ့အတွက်ကြောင့် အထင်မှားမှုမဖြစ်စေဖို့ رَبِّ الْعَالَمِيْنَ ဆိုတဲ့ဂုဏ်ပုဒ်နဲ့ ဆက်ပြီး رَبِّ مُوْسٰى وَهَارُوْنَ ဆိုတဲ့ဂုဏ်ပုဒ်ကို တွဲထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ فِرْعَوْنُ اٰمَنْتُمْ بِهٖ قَبْلَ اَنْ اٰذَنَ لَكُمْ ۚ اِنَّ هٰذَا لَمَكْرٌ مَّكَرْتُمُوْهُ فِى الْمَدِيْنَةِ لِتُخْرِجُوْا مِنْهَآ اَهْلَهَا ۚ فَسَوْفَ تَعْلَمُوْنَ ﴿١٢٣﴾

(၁၂၃) ဖိရ်အောင်န်က ပြောသည်- "ငါသည် အသင်တို့အား ခွင့်မပြုသေးမီအလျင် အသင်တို့သည် ထိုအရှင်ကို ယုံကြည်ကြ(ပြီး မူစာကို ထောက်ခံခဲ့ကြ)ပြီဖြစ်သည်။ ဤသည် အမှန်စင်စစ် အသင်တို့သည် မြို့ထဲ၌ ပြုလုပ်ခဲ့သော ဟန်ဆောင်လှည့်စားမှုတစ်ခုသာ❷ ဖြစ်သည်။ ထိုလှည့်စားမှုဖြင့် ထိုမြို့သူမြို့သားများအား မြို့ထဲမှ ထုတ်ပစ်ကြရန် (မူစာနှင့် လျှို့ဝှက်ပူးပေါင်းပြီး)ကြံစည်ခဲ့ကြခြင်းဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် မကြာမီ သိကြရလိမ့်မည်။"

❶ ဖိရ်အောင်န်ဟာ သူရဲ့လက်အောက်ငယ်သားတွေကို လှည့်စားထားနိုင်ဖို့အတွက် သူရဲ့ရှုံးနိမ့်မှုကို ကာကွယ်ဖို့ အကွက်ဆင်ပြီး ပြောဆိုခြင်းသာ ဖြစ်တယ်။ ဘယ်လိုပဲပြောပြော နောက်ဆုံးတော့ အရှုံးအပေါ်မှာ အရှုံးနဲ့ပဲ အဆုံးသတ်သွားခဲ့ရတာဖြစ်တယ်။ (အလင်းပြကျမ်း)

لَاُقَطِّعَنَّ اَيۡدِيَكُمۡ وَاَرۡجُلَكُمۡ مِّنۡ خِلَافٍ ثُمَّ لَاُصَلِّبَنَّكُمۡ اَجۡمَعِيۡنَ ﴿١٢٤﴾

(၁၂၄) “ငါသည် အမှန်ပင် အသင်တို့၏လက်များနှင့် အသင်တို့၏ခြေများကို(ဝဲယာ) ဘက်လွှဲပြီး ဖြတ်တောက်ပစ်မည်။ ၎င်းပြင် ငါသည် အမှန်စင်စစ် အသင်တို့အားလုံးကို လက်ဝါးကပ်တိုင် (လူသတ်စင်ပေါ်) တင်မည်။”❷

❷ ဖိရ်အောင်န်ရဲ့ ခြိမ်းခြောက်ကြိမ်းဝါးမှုပဲဖြစ်တယ်။ အဲဒီအပေါ် မှော်ဆရာတွေက ကြံ့ကြံ့ခံ သည်းခံခဲ့ကြတယ်။ (အလင်းပြကျမ်း)

قَالُوۡۤا اِنَّاۤ اِلٰى رَبِّنَا مُنۡقَلِبُوۡنَ ﴿١٢٥﴾

(၁၂၅) ၎င်း(မှော်ဆရာ)တို့က ပြောဆိုကြသည်- “ကျွန်ုပ်တို့သည် အမှန်စင်စစ် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်သို့သာ ပြန်သွားကြရမည့်သူများဖြစ်ကြသည်။”❸

❸ ရိုးရိုးသေသွားတာပဲဖြစ်ဖြစ်၊ အသတ်ခံရတာပဲဖြစ်ဖြစ်၊ ကားစင်တင်ခံရတာပဲဖြစ်ဖြစ် နောက်ဆုံးတော့ အရှင်မြတ်ထံတော်ကိုပဲ ပြန်သွားကြရမှာဖြစ်တဲ့အတွက် သည်းခံပြီး သွားကြတော့မယ်လို့ ဆုံးဖြတ်ပြီး အရှင်မြတ်ထံတော်မှာ သည်းခံမှုကိုပဲ တောင်းခံခဲ့ကြခြင်းဖြစ်တယ်။ အရှင်မြတ်အပေါ်မှာ ယုံကြည်မှုခိုင်မာခဲ့ကြတဲ့အတွက် ဒုက္ခခံနိုင်ခဲ့ကြခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا تَنۡقِمُ مِنَّاۤ اِلَّاۤ اَنۡ اٰمَنَّا بِاٰيٰتِ رَبِّنَا لَمَّا جَآءَتۡنَا ؕ رَبَّنَاۤ اَفۡرِغۡ عَلَيۡنَا صَبۡرًا وَّتَوَفَّنَا مُسۡلِمِيۡنَ ﴿١٢٦﴾

(၁၂၆) “ထို့ပြင် ကျွန်ုပ်တို့ထံသို့ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏သက်သေလက္ခဏာများ ရောက်ရှိလာသောအခါ ကျွန်ုပ်တို့ ယုံကြည်လက်ခံလိုက်ကြသည်ကလွဲ၍ ကျွန်ုပ်တို့ထံမှ မည်သည့်အပြစ်မှ အသင်မတွေ့ရပေ။” (ထို့နောက် သူတို့သည် အရှင်မြတ်ထံတော်တွင် ဆုတောင်းကြသည်)။ “အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အပေါ်၌ သည်းခံမှုကို သွန်းလောင်းပေးသနားတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား အမိန့်တော်လိုက်နာသူ(မွတ်စ်လင်မ်)များအဖြစ် သေဆုံးစေတော်မူပါ။”

وَقَالَ الۡمَلَاُ مِنۡ قَوۡمِ فِرۡعَوۡنَ اَتَذَرُ مُوۡسٰى وَقَوۡمَهٗ لِيُفۡسِدُوۡا فِى الۡاَرۡضِ وَيَذَرَكَ وَاٰلِهَتَكَ ؕ قَالَ سَنُقَتِّلُ اَبۡنَآءَهُمۡ وَنَسۡتَحۡىٖ نِسَآءَهُمۡ ۚ وَاِنَّا فَوۡقَهُمۡ قٰهِرُوۡنَ ﴿١٢٧﴾

(၁၂၇) ထို့နောက် ဖိရ်အောင်န်၏အမျိုးသားများထဲမှ အကြီးအကဲများ

က ပြောဆိုကြသည်- "အသင်သည် မူစာနှင့် ၎င်း၏အမျိုးသားများအား တိုင်းပြည်တွင် ဖျက်လိုဖျက်ဆီးပြုလုပ်နိုင်ရန်နှင့် ၎င်း(တမန်တော်မူစာ)သည် အသင်နှင့် အသင်၏ကိုးကွယ်ရာများကိုပါ စွန့်ပစ်ထားရန်အတွက် (ဤအတိုင်း)❶ လွှတ်ထားမည်လော။❷ ၎င်း(ဖိရ်အောင်န်)က ပြောဆိုသည်- "ငါတို့သည် သူတို့၏သားယောကျ်ားလေးများကို မကြာမီ သတ်ဖြတ်ကြမည်။ ၎င်းပြင် ငါတို့သည် သူတို့၏(သမီး)မိန်းမများကိုမူ(အသုံးခံရန်) အရှင်ထားမည်။ ထို့ပြင် အမှန်စင်စစ် ငါတို့သည် သူတို့ကို နိုင်နင်းသူများပင်ဖြစ်ကြသည်။"

❶ ဖိရ်အောင်န်ဟာ သူ့ကိုယ်သူ အကြီးဆုံးအရှင်အဖြစ် ကြွေးကြော်ထားတဲ့အတွက် အငယ်စား အရှင်တွေကိုလည်း ပြုလုပ်ထားခဲ့ပြီး အဲဒီအငယ်စားအရှင်တွေကနေ တစ်ဆင့် သူနဲ့ နီးကပ်မှုရှာဖွေခိုင်းတယ်လို့ဆိုတယ်။ အဲဒါကြောင့် "အသင့်ကိုးကွယ်ရာတွေ"လို့ သုံးထားတာဖြစ်တယ်။ (သဖ်စီရ် အွဆ်မာနီ စာ - ၂၁၉၊ အောက်ခြေ -၅)။ ❷ တဖြည်းဖြည်းနဲ့ လူတွေဟာ အမှန်ကို သိပြီး တမန်တော်မူစာ عليه السلام ဘက်ကို ယိမ်းယိုင်လာကြတဲ့အတွက် ဒီအတိုင်းပဲ ကြည့်နေတော့မှာလားလို့ မှူးမတ်တွေက ပြောဆိုကြတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ مُوسَىٰ لِقَوْمِهِ اسْتَعِينُوا بِاللَّهِ وَاصْبِرُوا ۖ إِنَّ الْأَرْضَ لِلَّهِ يُورِثُهَا مَن يَشَاءُ مِنْ عِبَادِهِ ۖ وَالْعَاقِبَةُ لِلْمُتَّقِينَ ﴿١٢٨﴾

(၁၂၈) ၎င်း(တမန်တော်မူစာ)က ၎င်း၏အမျိုးသားများကို ပြောဆိုသည်- "အသင်တို့သည် အလ္လာဟ်အရှင်မြတ်ထံမှ အကူအညီကို အသနားခံတောင်းကြပါ။ ၎င်းပြင် အသင်တို့သည် သည်းခံကြပါ။ အမှန်စင်စစ် မြေပထဝီသည် အလ္လာဟ်အရှင်မြတ်ပင် စိုးပိုင်တော်မူသည်။ အရှင်မြတ်သည် ထိုမြေကို အရှင်မြတ်၏ ကျွန်များထဲမှ အရှင်မြတ်အလိုရှိတော်မူသောသူအား စိုးပိုင်စေတော်မူသည်။❶ ၎င်းပြင် နောက်ဆုံး(ကောင်းသော)အကျိုးဆက်သည် (အရှင်မြတ်အား) ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများအတွက်သာဖြစ်သည်။

❶ အသတ်ခံရမှာ စိုးရိမ်နေတဲ့အတွက် အားပေးစကားပြောဆိုခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

قَالُوا أُوذِينَا مِن قَبْلِ أَن تَأْتِيَنَا وَمِن بَعْدِ مَا جِئْتَنَا ۚ قَالَ عَسَىٰ رَبُّكُمْ أَن يُهْلِكَ عَدُوَّكُمْ وَيَسْتَخْلِفَكُمْ فِي الْأَرْضِ فَيَنظُرَ كَيْفَ تَعْمَلُونَ ﴿١٢٩﴾

(၁၂၉) ၎င်း(တမန်တော်မူစာ၏အမျိုးသား)တို့က ပြောဆိုကြသည်- "ကျွန်ုပ်တို့သည် အသင် ကျွန်ုပ်တို့ထံ မရောက်မီကလည်း နှိပ်စက်ခံခဲ့ကြရပါသည်။ ထို့ပြင် အသင် ကျွန်ုပ်တို့ထံသို့ ရောက်ပြီးနောက်၌လည်း (နှိပ်စက်ခံနေကြရလျက်ပင်ဖြစ်ပါသည်။)"❶ ၎င်း(တမန်တော်မူစာ)က ပြောဆိုသည်- "အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့၏ ရန်သူကို

မကြာမီ ဖျက်ဆီးတော်မူပြီး အသင်တို့ကို တိုင်းပြည်တွင် အရိုက်အရာ ဆက်ခံအုပ်စိုးစေတော်မူမည်ဖြစ်သည်။❶ ထို့နောက် အရှင်မြတ်သည် အသင်တို့ မည်သို့ ပြုမူကြမည်နည်းဆိုသည်ကို ကြည့်ရှုတော်မူလိမ့်မည်။"

❶ နိပ်စက်မှုတွေခံရပြီးတဲ့နောက် လွတ်လပ်မှုတွေလာမဲ့သတင်းကြိုပေးခဲ့တဲ့အတိုင်းပဲ အစ္စရာအီလ်မျိုးနွယ်တွေဟာ ခေတ်တိုင်းမှာ အချုပ်အခြာအာဏာပိုင်ခဲ့ကြတယ်။ (အလင်းပြကျမ်း)

❷ عَسَى သည် အရှင်မြတ်ဘက်မှဆိုလျှင် ကတိဖြစ်သည်။ (သွပ်ရီ)

وَلَقَدْ أَخَذْنَا آلَ فِرْعَوْنَ بِالسِّنِينَ وَنَقْصٍ مِّنَ الثَّمَرَاتِ لَعَلَّهُمْ يَذَّكَّرُونَ ﴿١٣٠﴾

(၁၃၀) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ဖိရ်အောင်န်၏ အမျိုးသားများကို သူတို့နောင်တတရားရကြရန်အတွက် (နှစ်ရှည်လများ) မိုးခေါင်ရေရှားစေမှု၊ သစ်သီးဝလံရှားပါးစေမှုတို့ဖြင့် ဖမ်းဆီးအရေးယူတော်မူခဲ့သည်။

فَإِذَا جَاءَتْهُمُ الْحَسَنَةُ قَالُوا لَنَا هَٰذِهِ ۖ وَإِن تُصِبْهُمْ سَيِّئَةٌ يَطَّيَّرُوا بِمُوسَىٰ وَمَن مَّعَهُ ۗ أَلَا إِنَّمَا طَائِرُهُمْ عِندَ اللَّهِ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿١٣١﴾

(၁၃၁) ထို့နောက် သူတို့သည် သူတို့၌ ကောင်းမွန်သောအခြေအနေဆိုက်ရောက်လာသောအခါ ဤသည် ငါတို့အတွက် (ငါတို့၏ကြိုးစားမှုကြောင့်) ဖြစ်သည်ဟုပြောဆိုကြသည်။ ၎င်းပြင် အကယ်၍သူတို့တွင် ဘေးဒုက္ခတစ်စုံတစ်ခုကျရောက်လာခဲ့လျှင် သူတို့က(တမန်တော်)မူစာနှင့်တကွ သူနှင့်အတူရှိသောသူများကြောင့်ဆိုပြီး မကောင်းအတိတ်ကောက်ယူကြသည်။ အသင်တို့ သတိပြုမှတ်ယူကြပါ- သူတို့၏မကောင်းအတိတ်နိမိတ်သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင်သာရှိသည်။ သို့ရာတွင် သူတို့ထဲမှ အမြောက်အမြားသည် မသိနားမလည်ကြပေ။

وَقَالُوا مَهْمَا تَأْتِنَا بِهِ مِنْ آيَةٍ لِّتَسْحَرَنَا بِهَا فَمَا نَحْنُ لَكَ بِمُؤْمِنِينَ ﴿١٣٢﴾

(၁၃၂) ထို့ပြင် သူတို့က ပြောဆိုကြသည်-"အသင်သည် ကျွန်ုပ်တို့ကိုပြုစားရန် မည်ကဲ့သို့သက်သေလက္ခဏာကိုမဆို ကျွန်ုပ်တို့ထံ ယူဆောင်လာခဲ့လျှင်လည်း ကျွန်ုပ်တို့ကမူ အသင့်ကို ယုံကြည်ကြမည့်သူများ မဟုတ်ပေ။"❶

❶ သိပါလျက်နဲ့ မိုက်မဲမှုထဲကို ဆက်လက်တိုးဝင်နေတာကို ထင်ရှားအောင်ပြသတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَأَرْسَلْنَا عَلَيْهِمُ الطُّوفَانَ وَالْجَرَادَ وَالْقُمَّلَ وَالضَّفَادِعَ وَالدَّمَ آيَاتٍ مُّفَصَّلَاتٍ فَاسْتَكْبَرُوا وَكَانُوا قَوْمًا مُّجْرِمِينَ ﴿١٣٣﴾

(၁၃၃) သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့အပေါ်တွင် ရေလွှမ်းမိုးမှု၊

ကျိုင်းကောင်များ၊ သန်းကောင်ပိုးမွှားများ၊ ဖားပြုပ်များ၊ သွေးများကို တသီးတခြား သက်သေလက္ခဏာများအဖြစ် ပို့တော်မူခဲ့သည်။ သို့ပါလျက် သူတို့သည် မာန ထောင်လွှားခဲ့ကြသည်။ ၎င်းပြင် သူတို့သည် ပြစ်မှုကျူးလွန်သူများပင် ဖြစ်ခဲ့ကြ သည်။❷

❷ အကြိမ်ကြိမ် သက်သေလက္ခဏာတွေ ပြသပေမဲ့လည်း ဆက်လက်ပြီး မာနထောင်လွှားနေကြ တာဟာ ပြစ်မှုကျူးလွန်လေ့ရှိသူတွေရဲ့အမူအကျင့်ပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)၊ အဲဒီလို သက် သေသာဓကတွေ ပြသပြီးနောက် ကတိဖျက်ပြီး ဆက်လက်ပြစ်မှုကျူးလွန်တဲ့အပေါ်မှာ အရှင်မြတ် က ရေလွှမ်းမိုးတဲ့ ပြစ်ဒဏ်ကို ချပေးတော်မူခဲ့တယ်။ အဲဒီရေလွှမ်းမိုးမှုထဲမှာ အစ္စရာအီလ်မျိုးနွယ် တွေရဲ့ အိမ်တွေမပါဝင်ခဲ့ဘူး။ ဖိရ်အောင်န်ရဲ့ အမျိုးသားတွေက သူတို့အပေါ်ကျရောက်နေတဲ့ ရေ လွှမ်းမိုးမှုကနေ ကင်းဝေးအောင် တမန်တော်မူစာ عليه السلام ထံမှာ ကတိပေးပြီး ဒုအာတောင်းခိုင်းကြတယ်။ ဒုအာတောင်းပေးလိုက်တဲ့အပေါ်မှာ ကင်းဝေးသွားခဲ့တယ်။ အဲဒီအခါ ကတိဖျက်ပြီး ဆက်လက် ပြစ်မှုကျူးလွန်ခဲ့ကြပြန်တယ်။ အဲဒီနောက် တစ်လကြာတဲ့အခါ နောက်ထပ်ပြစ်ဒဏ် ကျရောက် လာပြန်တယ်။ အဲဒီလိုနဲ့ တစ်လနားနားပြီး ပြစ်ဒဏ်တွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ကျရောက် လာခဲ့တယ်။ (မအာရိဖွလ်ကုရ်အာန်)

وَلَمَّا وَقَعَ عَلَيْهِمُ الرِّجْزُ قَالُوا يٰمُوسَى ادْعُ لَنَا رَبَّكَ بِمَا عَهِدَ عِنْدَكَ ۚ لَئِنْ كَشَفْتَ عَنَّا الرِّجْزَ
لَنُؤْمِنَنَّ لَكَ وَلَنُرْسِلَنَّ مَعَكَ بَنِيٓ اِسْرَآءِيلَ ﴿١٣٤﴾

(၁၃၄) ထို့ပြင် သူတို့အပေါ်တွင် ပြစ်ဒဏ်ကျရောက်လာသောအခါ သူ တို့က ပြောဆိုကြသည်- "အို(တမန်တော်)မူစာ၊ (အသင်၏)အရှင်သည် အသင် နှင့် ကတိပြုထားတော်မူသည့်အတိုင်း❸ အသင်သည် ကျွန်ုပ်တို့အတွက် အသင့် အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် ဆုတောင်းပေးပါ။❹ အကယ်၍ အသင်သည် ကျွန်ုပ်တို့အပေါ်မှ အပြစ်ဒဏ်ကို အမှန်စင်စစ် ဖယ်ရှား ပေးခဲ့လျှင် ကျွန်ုပ်တို့သည် အသင့်ကို ယုံကြည်ပြီး အစ္စရာအီလ်အမျိုးသားများ အား အသင်နှင့်အတူ အမှန်ပင် ထည့်လိုက်ကြပါမည်။"

❸ ကတိပြုထားတဲ့ အတိုင်းဆိုတာ "ငြင်းပယ်မှုများအား ရပ်ဆိုင်းပြီး အီမာန်ယုံကြည်ကြမည်ဆို လျှင် ပြစ်ဒဏ်ကို ရုပ်သိမ်းတော်မူမည်" ဆိုတဲ့ ကတိတော်ဖြစ်တယ်။(အလင်းပြကျမ်း) ❹ သူတို့ အပေါ်မှာ ဒုက္ခကပ်ဆိုးတွေကျရောက်တဲ့အခါမှာ တမန်တော်မူစာ عليه السلام ထံလာပြီး ကတိတွေပေးကာ ဒုက္ခဖယ်ရှားပေးဖို့ ဆုတောင်းခိုင်းကြခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

فَلَمَّا كَشَفْنَا عَنْهُمُ الرِّجْزَ اِلٰٓى اَجَلٍ هُمْ بٰلِغُوهُ اِذَا هُمْ يَنْكُثُونَ ﴿١٣٥﴾

(၁၃၅) ထို့နောက် ငါအရှင်မြတ်သည် သူတို့အပေါ်မှ အပြစ်ဒဏ်ကို သူ တို့ရောက်ကြရမည့် သတ်မှတ်ထားသောအချိန်တစ်ခုထိ❺ ဖယ်ရှားပေးတော်မူ လိုက်သောအခါ သူတို့သည် ရုတ်တရက် ကတိဖျက်လိုက်ကြတော့သည်။❻

❺ သတ်မှတ်ထားတဲ့အချိန်ဆိုတာ သေရမဲ့အချိန်ကို ဆိုလိုတယ်။ (အလင်းပြကျမ်း)
❻ သူတို့တောင်းဆိုတဲ့အတိုင်း ဒုက္ခတွေကို ဖယ်ရှားတော်မူလိုက်တဲ့အခါ သူတို့ဟာ ကတိမတည်ဘဲ ဖောက်ဖျက်ကာ အစ္စရာအီလ်အမျိုးသားတွေအပေါ်မှာ ဆက်လက်နှိပ်စက်မြဲနှိပ်စက်နေကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَانْتَقَمْنَا مِنْهُمْ فَاَغْرَقْنٰهُمْ فِى الْيَمِّ بِاَنَّهُمْ كَذَّبُوْا بِاٰيٰتِنَا وَكَانُوْا عَنْهَا غٰفِلِيْنَ ﴿١٣٦﴾

(၁၃၆) သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့အား တန်ပြန်အရေးယူတော်မူခဲ့သည်။❼ သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့အား ငါအရှင်မြတ်၏အာယသ်တော်များကိုသူတို့ငြင်းပယ်ခဲ့ကြသည့်အတွက်နှင့် သူတို့သည်၎င်း(သက်သေလက္ခဏာတော်များ)ကို လျစ်လျူရှုနေခဲ့ကြသူများဖြစ်သည့်အတွက်ကြောင့် ပင်လယ်ထဲ၌ နစ်မြုပ်စေတော်မူခဲ့သည်။

❼ အဲဒီလို ကတိ မကြာခဏ ဖောက်ဖျက်မှုတွေကြောင့် အရှင်မြတ်ကလည်း တန်ပြန်အရေးယူတော်မူဖို့အတွက် သူတို့အပေါ်မှာ ပြုထားတဲ့ကျေးဇူးတော်တွေကို ရုပ်သိမ်းတော်မူလိုက်တယ်။ (အလင်းပြကျမ်း)

وَاَوْرَثْنَا الْقَوْمَ الَّذِيْنَ كَانُوْا يُسْتَضْعَفُوْنَ مَشَارِقَ الْاَرْضِ وَمَغَارِبَهَا الَّتِىْ بٰرَكْنَا فِيْهَا ؕ وَتَمَّتْ كَلِمَتُ رَبِّكَ الْحُسْنٰى عَلٰى بَنِىْۤ اِسْرَآءِيْلَ ۙ بِمَا صَبَرُوْا ؕ وَدَمَّرْنَا مَا كَانَ يَصْنَعُ فِرْعَوْنُ وَقَوْمُهٗ وَمَا كَانُوْا يَعْرِشُوْنَ ﴿١٣٧﴾

(၁၃၇) ထို့နောက် ငါအရှင်မြတ်သည် အားအင်ချည့်နဲ့သည်ဟုထင်မြင်ခံကြရသော (အစ္စရာအီလ်)အမျိုးသားများအား (အကြွင်)နယ်မြေ၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်းဒေသများကို စိုးပိုင်စေတော်မူခဲ့သည်။ ထို(နယ်မြေဒေသများ)ထဲတွင် ငါအရှင်မြတ်သည် မင်္ဂလာနှင့် ပြည့်စုံစေတော်မူခဲ့သည်။ ၎င်းပြင် အစ္စရာအီလ်အမျိုးသားများနှင့် ပတ်သက်၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏အလွန်မွန်မြတ်သော ကတိတော်သည်လည်း သူတို့ သည်းခံခဲ့ကြသည့်အတွက်ကြောင့် ပြီးမြောက်အတည်ဖြစ်သွားခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ဖိရ်အောင်န်နှင့် သူ၏အမျိုးသားများပြုလုပ်ထားခဲ့ကြသော အရာများနှင့် သူတို့မြင့်မားစွာ တည်ဆောက်ထားခဲ့ကြသောအရာ (အဆောက်အအုံများ)ကို (လုံး၀) ဖျက်ဆီးပစ်တော်မူခဲ့သည်။

وَجٰوَزْنَا بِبَنِىْۤ اِسْرَآءِيْلَ الْبَحْرَ فَاَتَوْا عَلٰى قَوْمٍ يَّعْكُفُوْنَ عَلٰۤى اَصْنَامٍ لَّهُمْ ۚ قَالُوْا يٰمُوْسَى اجْعَلْ لَّنَاۤ اِلٰهًا كَمَا لَهُمْ اٰلِهَةٌ ؕ قَالَ اِنَّكُمْ قَوْمٌ تَجْهَلُوْنَ ﴿١٣٨﴾

(၁၃၈) ထို့ပြင် ငါအရှင်မြတ်သည် အစ္စရာအီလ်အမျိုးသားများအား

ပင်လယ်ကို ဖြတ်သန်း(၍ တစ်ဖက်ကမ်းသို့ရောက်)စေတော်မူခဲ့သည်။ ထို့နောက် သူတို့သည် လူမျိုးတစ်မျိုးထံသို့ ရောက်ရှိခဲ့ကြသည်၊ ထိုလူမျိုးများသည် သူတို့၏ ရုပ်ပွားဆင်းတုများကို ချဉ်းကပ်(ကိုးကွယ်)လျက်ရှိကြသည်။ ၎င်း(အစ္စရာအီလ် အမျိုးသား)တို့က ပြောဆိုကြသည်- “အို-(တမန်တော်)မူစာ၊ အသင်သည် ကျွန်ုပ်တို့အတွက်လည်း သူတို့တွင်ရှိသော ကိုးကွယ်ရာများကဲ့သို့ ကိုးကွယ်ရာ တစ်ဆူ ပြုလုပ်ပေးပါ။” ၎င်း(တမန်တော်မူစာ)က ပြောဆိုသည်၊ “အသင်တို့ သည် အမှန်စင်စစ် အသိတရား (လုံး၀)မရှိကြသောသူများပင်ဖြစ်ကြသည်။”

اِنَّ هٰٓؤُلَآءِ مُتَبَّرٌ مَّا هُمْ فِيْهِ وَبٰطِلٌ مَّا كَانُوْا يَعْمَلُوْنَ ﴿١٣٩﴾

(၁၃၉) အမှန်စင်စစ် သူတို့ ကြိုးပမ်းနေကြသောကိစ္စများကြောင့် သူတို့ သည် ဖျက်ဆီးခြင်းခံရမည် ဖြစ်သည်။ ၎င်းပြင် သူတို့ပြုလုပ်နေသောကိစ္စများ သည် အကျိုးမဲ့ကိစ္စများပင် ဖြစ်သည်။

قَالَ اَغَيْرَ اللّٰهِ اَبْغِيْكُمْ اِلٰهًا وَّهُوَ فَضَّلَكُمْ عَلَى الْعٰلَمِيْنَ ﴿١٤٠﴾

(၁၄၀) ၎င်း(တမန်တော်မူစာ)က ပြောဆိုသည်- “ငါသည် အသင်တို့ အတွက် အလ္လာဟ်အရှင်မြတ်မှလွဲ၍ ထိုအရှင်မြတ်သည် အသင်တို့အား စကြ၀ဠာ အားလုံးထက် ထွတ်မြတ်စေတော်မူခဲ့ပါလျက် (အခြား)ကိုးကွယ်ရာတစ်ပါးကို ရှာဖွေပေးရဦးမည်လော။”❶

❶ အစ္စရာအီလ်မျိုးနွယ်တွေကို အရှင်မြတ်က အရှင်မြတ်ကို ယုံကြည်နိုင်အောင် တန်ခိုးတော် ပေါင်းအမြောက်အမြားကို မျက်ဝါးထင်ထင်ပြသခြင်းအားဖြင့် ကျေးဇူးတွေပြုထားခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِذْ اَنْجَيْنٰكُمْ مِّنْ اٰلِ فِرْعَوْنَ يَسُوْمُوْنَكُمْ سُوْٓءَ الْعَذَابِ ۚ يُقَتِّلُوْنَ اَبْنَآءَكُمْ وَيَسْتَحْيُوْنَ

نِسَآءَكُمْ ۗ وَفِيْ ذٰلِكُمْ بَلَآءٌ مِّنْ رَّبِّكُمْ عَظِيْمٌ ﴿١٤١﴾

(၁၄၁) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် အသင်တို့အား ဖိရ်အောင်န် ၏အမျိုးသားများမှ လွတ်မြောက်စေတော်မူခဲ့သည်။ သူတို့သည် အသင်တို့အပေါ် တွင် အလွန်ဆိုးရွားသော ဘေးဒုက္ခများကို သက်ရောက်စေခဲ့ကြသည်။ သူတို့ သည် အသင်တို့၏ သားယောကျ်ားလေးများကို သတ်ဖြတ်ကြသည်။ ၎င်းပြင် အသင်တို့၏ (သမီး)မိန်းမများကိုမူ (ကျွန်မအဖြစ်အသုံးခံရန် မသတ်ဘဲ) အရှင် ထားကြသည်။ ၎င်းပြင် ထို(ဒုက္ခ)ထဲ၌ အသင်တို့အတွက် အသင်တို့အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ကြီးကျယ်လှသော စမ်းသပ်မှုရှိသည်။

وَوٰعَدْنَا مُوْسٰى ثَلٰثِيْنَ لَيْلَةً وَّاَتْمَمْنٰهَا بِعَشْرٍ فَتَمَّ مِيْقَاتُ رَبِّهٖٓ اَرْبَعِيْنَ لَيْلَةً ۚ وَقَالَ مُوْسٰى لِاَخِيْهِ هٰرُوْنَ اخْلُفْنِيْ فِيْ قَوْمِيْ وَاَصْلِحْ وَلَا تَتَّبِعْ سَبِيْلَ الْمُفْسِدِيْنَ ﴿١٤٢﴾

(၁၄၂) ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)မူစာကို ညပေါင်း သုံးဆယ် ချိန်းဆိုတော်မူခဲ့သည်။ ၎င်းပြင် ငါအရှင်မြတ်သည် ၎င်း(ညသုံးဆယ်)ကို ဆယ်ညနှင့် ထပ်ပေါင်းတော်မူခဲ့သည်။ သို့ဖြစ်ရာ ၎င်းအား ဖန်ဆင်းမွေးမြူတော် မူသောအရှင် သတ်မှတ်တော်မူသောအချိန်သည် ညပေါင်းလေးဆယ်ပြည့်သွား ခဲ့သည်။ ထို့ပြင် (တမန်တော်)မူစာသည် ၎င်း၏အစ်ကို (တမန်တော်)ဟာရူန်ကို ပြောဆိုမှာကြားခဲ့သည်- ❶ "အသင်သည် ကျွန်ုပ်၏အမျိုးသားများထဲတွင် ကျွန်ုပ် ၏ကိုယ်စားနေခဲ့ပါ။ ၎င်းပြင် အသင်သည် (သူတို့အား) မှန်ကန်အောင် ပြုပြင် ပေးပါ။ သို့ရာတွင် အသင်သည် ဖျက်ဆီးသူများ၏ လမ်းစဉ်ကို မလိုက်ပါနှင့်။

❶ တမန်တော်ဟာရူန် عليه السلام ဟာ တမန်တော်တစ်ပါးဖြစ်ပါလျက်နဲ့ တမန်တော်မူစာ عليه السلام က မှာကြား ခဲ့ရခြင်းမှာ သတိရစေဖို့အတွက် သတိပေးခြင်းမျှပဲဖြစ်တယ်။ (အိဗ်နုကဆီးရ်)

وَلَمَّا جَآءَ مُوْسٰى لِمِيْقَاتِنَا وَكَلَّمَهٗ رَبُّهٗ ۙ قَالَ رَبِّ اَرِنِيْٓ اَنْظُرْ اِلَيْكَ ۚ قَالَ لَنْ تَرٰىنِيْ وَلٰكِنِ انْظُرْ اِلَى الْجَبَلِ فَاِنِ اسْتَقَرَّ مَكَانَهٗ فَسَوْفَ تَرٰىنِيْ ۚ فَلَمَّا تَجَلّٰى رَبُّهٗ لِلْجَبَلِ جَعَلَهٗ دَكًّا وَّخَرَّ مُوْسٰى صَعِقًا ۚ فَلَمَّآ اَفَاقَ قَالَ سُبْحٰنَكَ تُبْتُ اِلَيْكَ وَاَنَا اَوَّلُ الْمُؤْمِنِيْنَ ﴿١٤٣﴾

(၁၄၃) ထို့ပြင် (တမန်တော်)မူစာသည် ငါအရှင်မြတ် သတ်မှတ်တော် မူသောအချိန်နှင့်နေရာတွင် ရောက်ရှိလာခဲ့ပြီး ၎င်းအား ဖန်ဆင်းမွေးမြူတော်မူ သောအရှင်မြတ်သည် ၎င်းနှင့် စကားပြောဆိုတော်မူသောအခါ ၎င်းကပြောဆို လျှောက်ထားသည်- "အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင် မြတ်သည် ကျွန်ုပ်အား(အရှင်မြတ်ကိုမြင်အောင်)ပြသတော်မူပါ၊ ကျွန်ုပ်သည် အရှင်မြတ်ကို ဖူးမြော်ပါရစေ။" ❷ အရှင်မြတ်က အမိန့်ရှိတော်မူသည်- "အသင် သည် (ဤလောက၌) ငါအရှင်မြတ်ကို (မျက်ဝါးထင်ထင်) လုံးဝဖူးမြင်နိုင်မည် မဟုတ်ပေ။ ❸ သို့ရာတွင် အသင်သည် (ဤ)တောင်ကို ကြည့်လိုက်ပါ။ အကယ် ၍ ထိုတောင်သည် သူ၏နေရာတွင် တည်ငြိမ်စွာ ရှိနေခဲ့လျှင် အသင်လည်း ငါ အရှင်မြတ်ကို (မုချ)ဖူးမြော်နိုင်လိမ့်မည်။" ❹ ထို့နောက် ၎င်းအား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်သည် တောင်ပေါ်သို့ တန်ခိုးတော်ထင်ရှားစေလိုက်သော အခါ ❺ ၎င်း(တန်ခိုးတော်)သည် ထိုတောင်ကို အစိတ်စိတ်အမြွှာမြွှာဖြစ်စေခဲ့သည်။ ၎င်းပြင်(တမန်တော်)မူစာသည်လည်း သတိလစ်ပြီး လဲကျသွားခဲ့သည်။ ထို့

နောက် ၎င်းသည် သတိပြန်ရလာသောအခါ ပြောဆိုလျှောက်ထားခဲ့သည်- "အရှင်မြတ်သည် (လောကမျက်စိနှင့် မြင်တွေ့နိုင်ခြင်းမှ)သန့်ရှင်းစင်ကြယ်တော်မူပါသည်။ ကျွန်ုပ်သည် အရှင်မြတ်ထံတော်တွင် (ဤသို့ပြောဆိုမိသည့်အတွက်) ဝန်ချတောင်းပန်ပါသည်။ ထို့ပြင် ကျွန်ုပ်သည် (အရှင်မြတ်အား လောက၌ မည်သူမျှ မဖူးမြင်နိုင်သည်ကို)ပထမဦးဆုံး ယုံကြည်သူဖြစ်ပါသည်။"❼

❷ တမန်တော်မူစာ ﷺ ဟာ အရှင်မြတ်ရဲ့အကွယ်ကနေ စကားပြောဆိုတဲ့အသံကို ကြားရတဲ့အခါ မျက်ဝါးထင်ထင်ဖူးတွေ့ချင်တဲ့စိတ်တွေပေါ်လာတဲ့အတွက် ဖူးတွေ့ဖို့ လျှောက်ထားခဲ့ခြင်း ဖြစ်တယ်။ (အလင်းပြကျမ်း) ❻ ဒီလောကမှာ လူသားဟာ အင်အားအနည်းငယ်ပဲ ပေးထားခြင်းခံရတာဖြစ်တဲ့အတွက် အလွန်အင်အားကြီးတော်မူတဲ့ အလ္လာဟ်အရှင်မြတ်ကို မြင်ဖို့မစွမ်းနိုင်တာဖြစ်တယ်။ وَخُلِقَ الْإِنسَانُ ضَعِيفًا "လူသားသည် ချည့်နဲ့သည့်အဖြစ်ဖြင့် ဖန်ဆင်းခြင်းခံခဲ့ရသည်။" (ကုရ်အာန်- ၄း၂၈) ❺ အဲဒီလောက်ကြီးမားလှတဲ့ တောင်ဟာ ခံနိုင်ရည်မရှိဘူးဆိုရင် လူသားလည်းခံနိုင်ရည်ရှိမှာမဟုတ်ဘူးဆိုတဲ့အသိဝင်နိုင်ဖို့ တောင်ပေါ်ကို အရှင်မြတ်ရဲ့တန်ခိုးရောင်ခြည် လွှတ်ပြခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) ❻ အရှင်မြတ်ရဲ့တန်ခိုးရောင်ခြည်တော်ကို အရှင်မြတ် အလိုရှိတဲ့နေရာအပေါ် လွှတ်တင်ပေးနိုင်တော်မူတဲ့အရှင်ဖြစ်တော်မူတယ်။ ဒါပေမဲ့ တောင်ဟာ မခံနိုင်တဲ့အတွက် အပိုင်းပိုင်းအစစ ကြေမွသွားခဲ့ရတာဖြစ်တယ်။ တမန်တော်မူစာ ﷺ လည်း အဲဒီမြင်ကွင်းကို မြင်လိုက်ရတာနဲ့ သတိလစ်သွားခဲ့တာ ဖြစ်တယ်။ (အလင်းပြကျမ်း) ❼ ဘယ်လူသားမှ အရှင်မြတ်ကို လောကမှာ မမြင်နိုင်ကြောင်း ဝန်ခံပြီး ပထမဆုံးယုံကြည်လိုက်ခြင်းဖြစ်တယ်။ (သွဗ်ရီ)

قَالَ يَٰمُوسَىٰٓ إِنِّي ٱصۡطَفَيۡتُكَ عَلَى ٱلنَّاسِ بِرِسَٰلَٰتِي وَبِكَلَٰمِي فَخُذۡ مَآ ءَاتَيۡتُكَ وَكُن مِّنَ ٱلشَّٰكِرِينَ ﴿١٤٤﴾

(၁၄၄) အရှင်မြတ်က မိန့်ကြားတော်မူသည်- "အို- မူစာ၊ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား လူများအပေါ်၌ ငါအရှင်မြတ်၏တမန်တော်အဖြစ် ချီးမြှင့်ခြင်းနှင့် (အသင်နှင့်) ငါအရှင်မြတ်၏ စကားပြောတော်မူခြင်းအားဖြင့် ရွေးချယ်မြှောက်စားတော်မူလိုက်ပြီ ဖြစ်သည်။ သို့ဖြစ်ရာ အသင်သည် အသင့်အား ငါအရှင်မြတ် ပေးသနားတော်မူသည်များကို ယူလိုက်ပါ။ ထို့ပြင် အသင်သည် ကျေးဇူးသိတတ်သူများထဲ၌ အပါအဝင်ဖြစ်လိုက်ပါ။"❶

❶ ဆိုလိုတာက အို- မူစာ၊ အသင်ဟာ ငါ့ကို မဖူးမြော်ရရင်လည်း ကိစ္စမရှိဘူး။ ငါအရှင်က အသင့်ကို ကျေးဇူးပြုထားတာတွေဟာ အများကြီးရှိတဲ့အတွက် ကျေးဇူးသိတတ်သူတွေထဲမှာ ပါဝင်နေပါလို့ မိန့်မှာခြင်း ဖြစ်တယ်။ (အလင်းပြကျမ်း)

وَكَتَبۡنَا لَهُۥ فِي ٱلۡأَلۡوَاحِ مِن كُلِّ شَيۡءٖ مَّوۡعِظَةٗ وَتَفۡصِيلٗا لِّكُلِّ شَيۡءٖ فَخُذۡهَا بِقُوَّةٖ وَأۡمُرۡ قَوۡمَكَ يَأۡخُذُواْ بِأَحۡسَنِهَاۚ سَأُوْرِيكُمۡ دَارَ ٱلۡفَٰسِقِينَ ﴿١٤٥﴾

(၁၄၅) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအား ဆုံးမသြဝါဒ အစုံအလင်နှင့် အရာအားလုံး❷၏ ရှင်းလင်းချက်ကို သင်ပုန်းများ၌ ရေးမှတ်ပေးတော်မူခဲ့

သည်။❸ သို့ဖြစ်ရာ အသင်သည် ၎င်းကို စွဲမြဲစွာ ကိုင်ထားပါ။ ထို့ပြင် အသင်သည် အသင်၏အမျိုးသားများအား ၎င်း(ဩဝါဒတော်များ)ထဲမှ အကောင်းဆုံးများကို လိုက်နာကြရန် အမိန့်ပေးလိုက်ပါ။ ငါအရှင်မြတ်သည် အသင်တို့အား အမိန့် မနာခံသူများ၏ နေရာကို မကြာမီ ပြသတော်မူမည်ဖြစ်သည်။

❶ အရာအားလုံးဆိုတာ သာသနာရေးနဲ့ပတ်သက်တဲ့ ရှင်းလင်းစရာလိုအပ်တဲ့ကိစ္စရပ်အားလုံးကို ဆိုလိုတယ်။(အလင်းပြကျမ်း) ❷ တမန်တော်မူစာ ﷵကို အရှင်မြတ်က ရေးမှတ်ပေးလိုက်တဲ့ သင်ပုန်းကျောက်ပြားတွေကို ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

سَاَصۡرِفُ عَنۡ اٰيٰتِىَ الَّذِيۡنَ يَتَكَبَّرُوۡنَ فِى الۡاَرۡضِ بِغَيۡرِ الۡحَـقِّ ؕ وَاِنۡ يَّرَوۡا كُلَّ اٰيَةٍ لَّا يُؤۡمِنُوۡا بِهَا ۚ وَاِنۡ يَّرَوۡا سَبِيۡلَ الرُّشۡدِ لَا يَتَّخِذُوۡهُ سَبِيۡلًا ۚ وَاِنۡ يَّرَوۡا سَبِيۡلَ الۡغَىِّ يَتَّخِذُوۡهُ سَبِيۡلًا ؕ ذٰلِكَ بِاَنَّهُمۡ كَذَّبُوۡا بِاٰيٰتِنَا وَكَانُوۡا عَنۡهَا غٰفِلِيۡنَ ﴿١٤٦﴾

(၁၄၆) ငါအရှင်မြတ်သည် ကမ္ဘာမြေတွင် မတရားမာနထောင်နေသူများအား ငါအရှင်မြတ်၏အာယသ်တော်များ(ကို နားလည်မှု)မှ လှည့်ထားတော်မူမည်။❸ အကယ်၍ သူတို့သည် သက်သေလက္ခဏာအားလုံးကို တွေ့မြင်လျှင်လည်း ၎င်း(သက်သေလက္ခဏာများ)ကို ယုံကြည်ကြမည် မဟုတ်ပေ။ ထို့ပြင် သူတို့သည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို တွေ့မြင်ကြလျှင်လည်း သူတို့သည် ထိုလမ်းကို (သူတို့၏)လမ်းအဖြစ် ပြုလုပ်ကြမည် မဟုတ်ပေ။ သို့ရာတွင် အကယ်၍ သူတို့သည် ကွေ့ကောက်သောလမ်းကို တွေ့မြင်ကြလျှင်မူ သူတို့သည် ထိုလမ်းကို (သူတို့၏)လမ်းအဖြစ် ပြုလုပ်ကြလိမ့်မည်။ ထို(သို့ဖြစ်ရ)သည်မှာ သူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာများကို မဟုတ်မမှန် စွပ်စွဲငြင်းပယ်ခဲ့ကြသည့် အတွက်ကြောင့်နှင့် ၎င်း(သက်သေလက္ခဏာများ)မှ လျစ်လျူရှုသူများဖြစ်ခဲ့ကြသည့် အတွက်ကြောင့်ပင် ဖြစ်သည်။

❸ သူတို့ရဲ့မောက်မာမှုက အရှင်မြတ်ရဲ့အမိန့်တော်တွေကို နာခံမှုမရှိအောင် တားဆီးနေတဲ့အတွက် ဘယ်တော့မှ လက်ခံကြမှာ မဟုတ်ဘူး။ အဲဒါကြောင့် အရှင်မြတ်ကလည်း သူတို့ရဲ့စိတ်နှလုံးတွေဟာ အကျိုးမရှိတော့တဲ့အတွက် နားမလည်နိုင်အောင် လှည့်ထားလိုက်တော့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَالَّذِيۡنَ كَذَّبُوۡا بِاٰيٰتِنَا وَلِقَآءِ الۡاٰخِرَةِ حَبِطَتۡ اَعۡمَالُهُمۡ ؕ هَلۡ يُجۡزَوۡنَ اِلَّا مَا كَانُوۡا يَعۡمَلُوۡنَ ﴿١٤٧﴾

(၁၄၇) ထို့ပြင် ငါအရှင်မြတ်၏အာယသ်တော်များနှင့် တမလွန်ဘဝ၏ တွေ့ဆုံမှုကို ငြင်းပယ်ခဲ့ကြသောသူများ၏ အပြုအမူများသည် အကျိုးမဲ့ဖြစ်သွားပြီဖြစ်သည်။ သူတို့သည် သူတို့ ပြုလုပ်ခဲ့သည်များကိုသာ အစားပေးခြင်းခံကြရမည်ဖြစ်သည်။

وَاتَّخَذَ قَوْمُ مُوسَىٰ مِنۢ بَعْدِهِۦ مِنْ حُلِيِّهِمْ عِجْلًا جَسَدًا لَّهُۥ خُوَارٌ ۚ أَلَمْ يَرَوْا۟ أَنَّهُۥ لَا يُكَلِّمُهُمْ وَلَا
يَهْدِيهِمْ سَبِيلًا ۘ ٱتَّخَذُوهُ وَكَانُوا۟ ظَٰلِمِينَ ﴿١٤٨﴾

(၁၄၈) ထို့ပြင်(တမန်တော်)မူစာ၏အမျိုးသားများသည်[၅] ၎င်း(က အရှင်မြတ်နှင့်တွေ့ဆုံရန် သွားနေသည့်ကာလ)နောက်တွင် သူတို့၏လက်ဝတ်တန်ဆာများဖြင့် နွားငယ်ရုပ်တစ်ခု ထုလုပ်လိုက်ကြသည်။ ၎င်း(နွားငယ်)၏ ခန္ဓာကိုယ်ထဲမှ အသံတစ်မျိုး (ပဲ့တင်သံ)ထွက်ခဲ့သည်။ စင်စစ် ထိုနွားငယ်သည် သူတို့နှင့် စကားလည်းမပြောသည့်အပြင်၊ သူတို့အား မည်သည့်လမ်းမျှ ညွှန်ကြားပြသနိုင်သည်လည်း မရှိသည်ကို သူတို့မသိမြင်ခဲ့ကြသလော။ သူတို့သည် ၎င်း(နွားငယ်)ကိုပင် (ကိုးကွယ်ရာအဖြစ်) ပြုလုပ်ခဲ့ကြသည်။ ၎င်းပြင် သူတို့သည် မတရားနှိပ်စက်ကျူးလွန်သူများ ဖြစ်သွားခဲ့ကြသည်။

[၅] တမန်တော်မူစာ عليه السلام ရဲ့အမျိုးသားတွေဟာ တမန်တော်မူစာ عليه السلام က သျှုရ်တောင်မှာ အရှင်မြတ်နဲ့ သွားတွေ့နေတုန်းမှာ သူတို့ရဲ့ရွှေထည်ငွေထည်လက်ဝတ်လက်စားတွေကို နွားရုပ်သွန်းလောင်းပြီး ကိုးကွယ်လိုက်ကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَمَّا سُقِطَ فِىٓ أَيْدِيهِمْ وَرَأَوْا۟ أَنَّهُمْ قَدْ ضَلُّوا۟ قَالُوا۟ لَئِن لَّمْ يَرْحَمْنَا رَبُّنَا وَيَغْفِرْ لَنَا لَنَكُونَنَّ
مِنَ ٱلْخَٰسِرِينَ ﴿١٤٩﴾

(၁၄၉) ၎င်းပြင် သူတို့သည် မိမိတို့ပြုလုပ်မှုအပေါ် ဝမ်းနည်းပက်လက် နောင်တရပြီး[၆] သူတို့အမှန်ပင် လမ်းမှားနေသည်ကို သိမြင်ကြသောအခါ ပြောဆိုကြသည် "အကယ်၍ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ကျွန်ုပ်တို့ကို သနားတော်မမူပါလျှင်၊ ၎င်းပြင် ကျွန်ုပ်တို့အား အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မမူပါလျှင် အမှန်ပင် ကျွန်ုပ်တို့သည် ပျက်စီးဆုံးရှုံးသူများထဲတွင် အပါအဝင် ဖြစ်ကြရတော့မည်ပင် ဖြစ်ပါသည်။"

[၆] သူတို့ဟာ မှားမှန်းသိတဲ့အတွက် နောင်တရခဲ့ကြတာဖြစ်တယ်။ အဲဒီအတွက် အရှင်မြတ်က သောင်ဖဟ်လုပ်တဲ့နည်းလမ်းညွှန်ကြားပြသခဲ့ပြီး ပြုလုပ်စေတော်မူခဲ့တယ်။ (အလင်းပြကျမ်း)

وَلَمَّا رَجَعَ مُوسَىٰٓ إِلَىٰ قَوْمِهِۦ غَضْبَٰنَ أَسِفًا قَالَ بِئْسَمَا خَلَفْتُمُونِى مِنۢ بَعْدِىٓ ۖ أَعَجِلْتُمْ أَمْرَ
رَبِّكُمْ ۖ وَأَلْقَى ٱلْأَلْوَاحَ وَأَخَذَ بِرَأْسِ أَخِيهِ يَجُرُّهُۥٓ إِلَيْهِ ۚ قَالَ ٱبْنَ أُمَّ إِنَّ ٱلْقَوْمَ ٱسْتَضْعَفُونِى وَ
كَادُوا۟ يَقْتُلُونَنِى فَلَا تُشْمِتْ بِىَ ٱلْأَعْدَآءَ وَلَا تَجْعَلْنِى مَعَ ٱلْقَوْمِ ٱلظَّٰلِمِينَ ﴿١٥٠﴾

(၁၅၀) ထို့နောက် (တမန်တော်)မူစာသည် ၎င်း၏အမျိုးသားများထံသို့ ဒေါသထွက် ပူဆွေးသောကရောက်လျက် ပြန်လာခဲ့သောအခါ ၎င်းကပြောဆိုသည်- "အသင်တို့သည် ငါ၏နောက်ကွယ်၌ ပြုမူခဲ့ကြသည်မှာ အဘယ်မျှဆိုး

ယုတ်လိုက်သနည်း။❶ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူ
သောအရှင်မြတ်၏ အမိန့်တော်(မတိုင်မီ)၌ပင် အလျင်စလိုပြုလုပ်လိုက်ကြ
သလော။❷ ထို့ပြင် ၎င်း(တမန်တော်မူစာ)သည် သင်ပုန်းများကို ပစ်ချလိုက်
သည်။ ထို့ပြင် ၎င်း၏အစ်ကို၏ ဦးခေါင်းကိုကိုင်ပြီး ၎င်းဘက်ကို ဆွဲခေါ်လိုက်
သည်။ ၎င်း၏အစ်ကို(တမန်တော်ဟာရူန်)က ပြောဆိုသည်- "အို-ငါ၏မိခင်၏
သား၊ အမှန်စင်စစ် အမျိုးသားများသည် ငါ့ကို အားနည်းသူဟု ယူဆခဲ့ပြီး သူ
တို့သည် ငါ့ကိုသတ်လုနီးပါးပင်ဖြစ်ခဲ့ကြသည်။ သို့ဖြစ်ရာ အသင်သည် ငါနှင့်
ပတ်သက်ပြီးရန်သူများကို အားရဝမ်းသာမှုမဖြစ်ပါစေနှင့်။ ၎င်းပြင် အသင်သည်
ငါ့ကို မတရားကျူးလွန်သူများနှင့်အတူ မပြုလုပ်ပါနှင့်။"

❶ တမန်တော်မူစာ ﷺ ဟာ သွူရ်တောင်မှာ အရှင်မြတ်နဲ့ တွေ့ဆုံပြီး သောင်ရာသ်ကျမ်းကို ယူဆောင်နေစဉ်မှာပဲ ၎င်းရဲ့အမျိုးသားတွေဟာ ရှိရ်က်ကျူးလွန်ကြကြောင်း အရှင်မြတ်က ဝဟီနဲ့ အသိပေးတော်မူခဲ့တယ်။ (အလင်းပြကျမ်း) ❷ အဲဒါကြောင့် ၎င်းပြန်လာတဲ့အခါမှာ အရှင်မြတ်ရဲ့ အမိန့်တော် ရောက်မလာခင်မှာပဲ သူတို့ဟာ အဆောတလျင် ရှိရ်က်ပြုလုပ်ခဲ့ကြတာကို ဒေါသထွက်ခဲ့ခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ رَبِّ اغْفِرْ لِي وَلِأَخِي وَأَدْخِلْنَا فِي رَحْمَتِكَ ۖ وَأَنتَ أَرْحَمُ الرَّاحِمِينَ ﴿١٥١﴾

(၁၅၁) ၎င်း(တမန်တော်မူစာ)က ပြောဆိုလျှောက်ထားသည်- "အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်နှင့်ကျွန်ုပ်၏အစ်ကိုအား လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား အရှင်မြတ်၏သနားကရုဏာထဲသို့ သွတ်သွင်းတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် သနားကြင်နာသူများထဲတွင် သနားအကြင်နာဆုံးအရှင်ဖြစ်တော်မူပါသည်။

إِنَّ الَّذِينَ اتَّخَذُوا الْعِجْلَ سَيَنَالُهُمْ غَضَبٌ مِّن رَّبِّهِمْ وَذِلَّةٌ فِي الْحَيَاةِ الدُّنْيَا ۚ وَكَذَٰلِكَ نَجْزِي الْمُفْتَرِينَ ﴿١٥٢﴾

(၁၅၂) အမှန်စင်စစ် နွားငယ်(ရုပ်တု)ကို (ကိုးကွယ်ရာအဖြစ်)ပြုလုပ်ခဲ့ကြသောသူများအပေါ်တွင် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံမှ ဤလောက၏ ရှင်သန်မှု၌ပင် ဒေါသအမျက်နှင့် သေးသိမ်မှု မကြာမီ သက်ရောက်မည်။❸ ထို့ပြင် ငါအရှင်မြတ်သည် လုပ်ကြံစွပ်စွဲသူများအား ဤသို့ပင် အပြစ်ပေးတော်မူသည်။

❸ အရှင်မြတ် အမျက်ဒေါသထွက်လို့ ချက်ချင်းပဲ အချင်းချင်း သတ်ဖြတ်ခိုင်းလိုက်တာဖြစ်တယ်။

လောကမှာ သေးသိမ်တဲ့အပြစ်ဒဏ်ခံရမယ်ဆိုတာကတော့ အသတ်အဖြတ်မခံရသေးခင် အသက်ရှင်နေသမျှ မုရ်သဒ်ဖြစ်သွားတဲ့သူတွေအဖြစ်နဲ့ ဘယ်သူကမှ သူတို့ကို မထိတွေ့ရဘဲ နေသွားရတော့တယ်။ (မအာရိဖွလ်ကုရ်အာန် တွဲ-၄၊ စာ-၆၅)

وَالَّذِيْنَ عَمِلُوا السَّيِّاٰتِ ثُمَّ تَابُوْا مِنْۢ بَعْدِهَا وَاٰمَنُوْٓا ۡ اِنَّ رَبَّكَ مِنْۢ بَعْدِهَا لَغَفُوْرٌ رَّحِيْمٌ ﴿١٥٣﴾

(၁၅၃) ၎င်းပြင် အကြင်သူများသည် မကောင်းမှုများကို ပြုလုပ်မိခဲ့ကြသည်။ ထို့နောက် သူတို့သည် ထိုကဲ့သို့မကောင်းမှုများ(ပြုလုပ်ပြီး)နောက် ဝန်ချတောင်းပန်ကြသည်။ ၎င်းပြင် သူတို့သည် အီမာန်လည်း ယုံကြည်ကြသည်။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ထို(သို့ ဝန်ချပြီးသည့်)နောက် အမှန်ပင် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသော အရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။❻

❻ ဘယ်လိုမကောင်းမှုမျိုးပဲဖြစ်စေ၊ အရေးယူခြင်းမခံရသေးခင်မှာ နောင်တသံဝေဂရပြီး သောင်ဗဟ်အများဝန်ချတောင်းပန်ကာ အီမာန်ယုံကြည်မယ်ဆိုရင် အရှင်မြတ်က လက်ခံတော်မူပြီး ခွင့်လွှတ်ချမ်းသာပေးသနားတော်မူမှာဖြစ်တယ်။ (အိဗ်နုကဆီးရ်)

وَلَمَّا سَكَتَ عَنْ مُّوْسَى الْغَضَبُ اَخَذَ الْاَلْوَاحَ ۖ وَفِيْ نُسْخَتِهَا هُدًى وَّرَحْمَةٌ لِّلَّذِيْنَ هُمْ لِرَبِّهِمْ يَرْهَبُوْنَ ﴿١٥٤﴾

(၁၅၄) ထို့နောက် (တမန်တော်)မူစာ၏ ဒေါသပြေသွားသောအခါ ၎င်းက သင်ပုန်းများကို ကောက်ယူလိုက်သည်။ ၎င်းပြင် ထို(သင်ပုန်း)ထဲ၌ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကို ကြောက်ရွံ့ကြသူများအတွက် တရားလမ်းမှန်ညွှန်ကြားချက်နှင့် သနားကရုဏာ ပါရှိခဲ့သည်။

وَاخْتَارَ مُوْسٰى قَوْمَهٗ سَبْعِيْنَ رَجُلًا لِّمِيْقَاتِنَا ۚ فَلَمَّآ اَخَذَتْهُمُ الرَّجْفَةُ قَالَ رَبِّ لَوْ شِئْتَ اَهْلَكْتَهُمْ مِّنْ قَبْلُ وَاِيَّايَ ۖ اَتُهْلِكُنَا بِمَا فَعَلَ السُّفَهَآءُ مِنَّا ۚ اِنْ هِيَ اِلَّا فِتْنَتُكَ ۖ تُضِلُّ بِهَا مَنْ تَشَآءُ وَتَهْدِيْ مَنْ تَشَآءُ ۖ اَنْتَ وَلِيُّنَا فَاغْفِرْ لَنَا وَارْحَمْنَا وَاَنْتَ خَيْرُ الْغٰفِرِيْنَ ﴿١٥٥﴾

(၁၅၅) ထို့ပြင် (တမန်တော်)မူစာသည် ၎င်း၏အမျိုးသားများထဲမှ ယောကျာ်းခုနစ်ဆယ်ကို ငါအရှင်မြတ် ချိန်းဆိုသတ်မှတ်တော်မူသောအချိန်❼ (၌ ခေါ်ဆောင်သွားရန်)အတွက် ရွေးချယ်ခဲ့သည်။ ထို့ပြင် သူတို့အား ပြင်းထန်သောမြေငလျင်က ဖျက်ဆီးလိုက်သောအခါ ၎င်း(တမန်တော်မူစာ)က ပြောဆိုလျှောက်ထားခဲ့သည်-"အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အကယ်၍ အရှင်မြတ်အလိုရှိတော်မူခဲ့လျှင် သူတို့နှင့်တကွ ကျွန်ုပ်ကို ယခင်ကတည်းက ဖျက်ဆီးလိုက်တော်မူပြီးဖြစ်ပါလိမ့်မည်။ အရှင်မြတ်သည် ကျွန်ုပ်

တို့ကို ကျွန်ုပ်တို့ထဲမှ အသိတရားမရှိသောသူများ၏အပြုအမူကြောင့် သေကြေပျက်စီးအောင် ပြုလုပ်တော်မူပါမည်လော။ ထို(အသိတရားမရှိသူများကျရောက်ခဲ့သော)အရာသည် အရှင်မြတ်၏စမ်းသပ်မှုတစ်ခုပင် ဖြစ်ပါသည်။ ထိုစမ်းသပ်မှုဖြင့် အရှင်မြတ်သည် အရှင်မြတ်အလိုရှိသူကို လမ်းမှားစေတော်မူပြီး အရှင်မြတ်အလိုရှိသူကို လမ်းမှန်ပို့ဆောင်တော်မူပါသည်။ အရှင်မြတ်သည် ကျွန်ုပ်တို့၏အရေးကိစ္စများကို ဆောင်ရွက်ပေးတော်မူသောအရှင် ဖြစ်တော်မူပါသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်ုပ်တို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား သနားညှာတာတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် အကောင်းဆုံး လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသောအရှင်မြတ် ဖြစ်တော်မူပါသည်။"

❶ အရှင်မြတ်ချိန်းဆိုထားတဲ့အချိန်ဟာ နွားငယ်ကို ကိုးကွယ်မှု မပြုလုပ်ခင်က အဖြစ်အပျက်ဖြစ်တယ်။ တမန်တော်မူစာ عليه السلام ဟာ မိမိရွေးချယ်ထားတဲ့ အမျိုးသားခုနစ်ဆယ်နဲ့အတူ အရှင်မြတ်ထံတော်မှာ သွားတွေ့တဲ့အခါ အရှင်မြတ်ရဲ့ အမိန့်တော်တွေကို သူတို့ကိုယ်တိုင်ကြားကြရတဲ့အခါ အရှင်မြတ်ကို မျက်ဝါးထင်ထင်မြင်ရမှ ယုံကြည်ကြမယ်လို့ ပြောဆိုကြတဲ့အတွက် လျှပ်စီးပေါ်လိုက်ပြီး ... 

(အလင်းပြကျမ်း)

وَاكْتُبْ لَنَا فِىْ هٰذِهِ الدُّنْيَا حَسَنَةً وَّ فِى الْاٰخِرَةِ اِنَّا هُدْنَآ اِلَيْكَ ؕ قَالَ عَذَابِىْٓ اُصِيْبُ بِهٖ مَنْ اَشَآءُ ۚ وَرَحْمَتِىْ وَسِعَتْ كُلَّ شَىْءٍ ؕ فَسَاَكْتُبُهَا لِلَّذِيْنَ يَتَّقُوْنَ وَيُؤْتُوْنَ الزَّكٰوةَ وَالَّذِيْنَ هُمْ بِاٰيٰتِنَا يُؤْمِنُوْنَ ۚ﴿۱۵۶﴾

(၁၅၆) ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အတွက် ဤလောကတွင်လည်းကောင်း၊ တမလွန်ဘဝတွင်လည်းကောင်း ကောင်းကျိုးချမ်းသာကို သတ်မှတ်ပြဋ္ဌာန်းပေးတော်မူပါ။ အမှန်စင်စစ် ကျွန်ုပ်တို့သည် အရှင်မြတ်ဘက်သို့သာ ပြန်လှည့်လာကြပါပြီ။ (ထိုအခါ) အရှင်မြတ်က မိန့်ကြားတော်မူသည်- "ငါအရှင်မြတ်သည် ငါအရှင်မြတ်၏အပြစ်ဒဏ်ကို ငါအရှင်မြတ်အလိုရှိသောသူအပေါ်၌သာ သက်ရောက်စေတော်မူသည်။ ၎င်းပြင် ငါအရှင်မြတ်၏သနားကရုဏာသည် အရာအားလုံးအပေါ်တွင် လွှမ်းခြုံနေသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် ထိုသနားကရုဏာကို ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်၍ ဇကာသ်(ဆင်းရဲသားနှင့်လိုအပ်သူများ၏ဝေစု)ကို ပေးဆောင်သူများနှင့် ငါအရှင်မြတ်၏သက်သေလက္ခဏာများကို ယုံကြည်သူများအတွက် မကြာမီ သတ်မှတ်ပြဋ္ဌာန်း

တော်မူမည်။❶

❶ အရှင်မြတ်ရဲ့ ရဟ်မသ်သနားကြင်နာမှုဟာ အားလုံးအပေါ်မှာ လွှမ်းခြုံထားတဲ့အတွက်ကြောင့် ဒီလောကမှာ ကာဖိရ်တွေလည်း အရှင်မြတ်ရဲ့သနားကြင်နာမှုတစ်စိတ်တစ်ဒေသရရှိကြတဲ့အတွက် စားသောက်နေကြရတာဖြစ်ပေမဲ့ တမလွန်ဘဝမှာတော့ အီမာန်နဲ့ သက္ကဝါရှိပြီး ဆင်းရဲသားနဲ့ လိုအပ်သူတွေရဲ့ဝေစုတွေကိုလည်း တာဝန်ကျေပွန်အောင်ဝေပေးတဲ့သူတွေပဲ အရှင်မြတ်ရဲ့ သနားကြင်နာမှုအပြည့်အဝရရှိကြမှာဖြစ်တယ်။ (အာစားနိသရ်ဂျမဟ်)

ٱلَّذِينَ يَتَّبِعُونَ ٱلرَّسُولَ ٱلنَّبِىَّ ٱلْأُمِّىَّ ٱلَّذِى يَجِدُونَهُۥ مَكْتُوبًا عِندَهُمْ فِى ٱلتَّوْرَىٰةِ وَٱلْإِنجِيلِ يَأْمُرُهُم بِٱلْمَعْرُوفِ وَيَنْهَىٰهُمْ عَنِ ٱلْمُنكَرِ وَيُحِلُّ لَهُمُ ٱلطَّيِّبَٰتِ وَيُحَرِّمُ عَلَيْهِمُ ٱلْخَبَٰٓئِثَ وَيَضَعُ عَنْهُمْ إِصْرَهُمْ وَٱلْأَغْلَٰلَ ٱلَّتِى كَانَتْ عَلَيْهِمْ ۚ فَٱلَّذِينَ ءَامَنُوا۟ بِهِۦ وَعَزَّرُوهُ وَنَصَرُوهُ وَٱتَّبَعُوا۟ ٱلنُّورَ ٱلَّذِىٓ أُنزِلَ مَعَهُۥٓ ۙ أُو۟لَٰٓئِكَ هُمُ ٱلْمُفْلِحُونَ ﴿١٥٧﴾

(၁၅၇) အကြင်သူများသည် မည်သည့်လူသား တစ်ဦးထံကမှ စာပေပညာသင်ယူခြင်းမရှိခဲ့သူ❷ဖြစ်သော နဗီတမန်တော်(မုဟမ္မဒ်)ကို လိုက်နာကြသည်။ သူတို့သည် ၎င်း(တမန်တော်၏ အရည်အချင်းလက္ခဏာများ)ကို သူတို့ထံတွင်ရှိသော သောင်ရာသ်ကျမ်းနှင့် အင်န်ဂျီလ်ကျမ်းထဲတွင် ရေးသားထားသည်ကို တွေ့ရှိကြသည်။ ၎င်း(တမန်တော်)သည် သူတို့ကို ကောင်းမှုပြုရန် ညွှန်ကြားပြီး မကောင်းမှုမှ ရှောင်ကြဉ်ရန် တားမြစ်သည်။ ထို့ပြင် ၎င်း(တမန်တော်)သည် သူတို့အတွက် စင်ကြယ်သောအရာများကို (စား)ခွင့်ပြုပြီး မသန့်စင်သောအရာများကို သူတို့အပေါ်၌ (မစားကြရန်) တားမြစ်သည်။ ထို့ပြင် ၎င်းသည် သူတို့အပေါ်တွင် တင်ရှိနေသော သူတို့၏ဝန်ထုပ်ဝန်ပိုးနှင့် လည်ကွင်းစွပ်များကိုလည်း သူတို့အပေါ်မှ ဖယ်ချပေးသည်။ သို့ဖြစ်ရာ အကြင်သူများသည် ၎င်း(တမန်တော်မြတ်)အား ယုံကြည်ခဲ့ကြ၍ ၎င်းအား (ရိုသေလေးစားချစ်ခင်မှုနှင့်တကွ) ကာကွယ်စောင့်ရှောက်ခဲ့ကြသည်သာမက ကူညီရိုင်းပင်းမှုလည်း ပြုခဲ့ကြသည်။ ထို့ပြင် သူတို့သည် ၎င်း(တမန်တော်)နှင့် အတူတကွ ချပေးခြင်းခံရသော လင်းရောင်ခြည်(ကျမ်းတော်မြတ်ကုရ်အာန်)ကိုလည်း နောက်လိုက်မှုပြုခဲ့ကြသည်။ ထိုသူများပင် အောင်မြင်သူများဖြစ်ကြသည်။

❷ အွမ္မီဟာ စာမတတ်တဲ့အုပ်စုဘက်ကို ဆက်နွှယ်ထားတာဖြစ်တယ်။ အဲဒီစာမတတ်တဲ့အုပ်စုဟာ သူတို့ရဲ့(အွမ်း)မိခင်တွေ မွေးဖွားတုန်းက မူရင်းဗီဇအတိုင်း ရေးတာဖတ်တာ ဘာမှမတတ်သလို၊ ဘယ်သူရဲ့သင်ကြားပို့ချခြင်းမှ မခံရသေးတဲ့အနေအထားဖြစ်နေတာကို ခေါ်ဆိုတယ်။ (ကုရ်သွူဗီ)

قوله تعالى: الأُمِّيَّ هو منسوب إلى الأُمَّةِ الأُمِّيَّةِ، التي هي على أصل وِلَادَةِ أُمَّهَاتِهَا، لم تتعلم الكتابة ولا قراءتها (القرطبى)

قُلْ يَٰٓأَيُّهَا ٱلنَّاسُ إِنِّى رَسُولُ ٱللَّهِ إِلَيْكُمْ جَمِيعًا ٱلَّذِى لَهُۥ مُلْكُ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۖ لَآ إِلَٰهَ إِلَّا

هُوَ يُحۡيِۦ وَيُمِيتُۖ فَـَٔامِنُواْ بِٱللَّهِ وَرَسُولِهِ ٱلنَّبِيِّ ٱلۡأُمِّيِّ ٱلَّذِي يُؤۡمِنُ بِٱللَّهِ وَكَلِمَٰتِهِۦ وَٱتَّبِعُوهُ لَعَلَّكُمۡ تَهۡتَدُونَ ١٥٨

(၁၅၈) (အို-တမန်တော်)အသင်ပြောလိုက်ပါ- "အို-လူသားအပေါင်းတို့၊ အမှန်စင်စစ် ငါသည် အသင်တို့အားလုံးထံသို့ အလ္လာဟ်အရှင်မြတ်ထံတော်မှ စေလွှတ်တော်မူခြင်းခံရသော တမန်တော်ပင်ဖြစ်သည်။❷ မိုးကောင်းကင်များနှင့် မြေပထဝီ၏ စိုးမိုးအုပ်ချုပ်မှုသည် ထိုအရှင်မြတ်သာ ပိုင်ဆိုင်တော်မူသည်။ ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင် မရှိပေ။ ထိုအရှင်မြတ်ပင် အသက်ရှင်စေတော်မူသည်။ ၎င်းပြင် ထိုအရှင်မြတ်ပင် အသက်သေစေတော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ အကြင်တမန်တော်ကို ယုံကြည်ကြပါ။ ထိုတမန်တော်သည် မည်သည့် လူသားတစ်ဦးထံကမျှ စာပေပညာသင်ယူခြင်းမရှိခဲ့သူဖြစ်သည်။ ထိုတမန်တော်သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏အာယသ်တော်များ (အရှင်မြတ်ချပေးတော်မူသော ကျမ်းဂန်များ)ကို ယုံကြည်သည်။ ၎င်းပြင် အသင်တို့သည် တရားလမ်းမှန်ရရှိရန်အတွက် ၎င်း(တမန်တော်၏အမိန့်ပေးဆုံးမမှု)ကို လိုက်နာကြပါ။

❷ အလ္လာဟ်အရှင်မြတ်ဟာ စကြာဝဠာအပေါင်းကို စိုးပိုင်တော်မူတဲ့အရှင်ဖြစ်တဲ့အတိုင်း အရှင်မြတ်ရဲ့တမန်တော်မြတ် ﷺ ကိုလည်း စကြာဝဠာအပေါင်းအတွက် စေလွှတ်တော်မူလိုက်တာဖြစ်တယ်။ အဲဒီအတွက် အရှင်မြတ်က ကျမ်းတော်မြတ်ကုရ်အာန်(၂၁း၁၀၇)မှာ အခုလိုအမိန့်ရှိထားတယ်- وَمَآ أَرۡسَلۡنَٰكَ إِلَّا رَحۡمَةٗ لِّلۡعَٰلَمِينَ "ငါအရှင်မြတ်သည် အသင့်အား စကြာဝဠာအပေါင်းအတွက် သနားကရုဏာတော်အဖြစ် စေလွှတ်တော်မူလိုက်ခြင်း ဖြစ်သည်။" (အလင်းပြကျမ်း)

وَمِن قَوۡمِ مُوسَىٰٓ أُمَّةٞ يَهۡدُونَ بِٱلۡحَقِّ وَبِهِۦ يَعۡدِلُونَ ١٥٩

(၁၅၉) ထို့ပြင် (တမန်တော်)မူစာ၏အမျိုးသားများတွင် လူတစ်စုရှိသည်။❻ သူတို့သည် မှန်ကန်သော တရားတော်နှင့်အညီ လမ်းမှန်ညွှန်ကြားပြသကြသည်။ ထို့ပြင် သူတို့သည် ၎င်း(မှန်ကန်သောတရားတော်)နှင့် အညီပင် စီရင်ဆုံးဖြတ်ကြသည်။

❻ တမန်တော်မူစာ عليه السلام ရဲ့ နောက်လိုက်တွေဖြစ်တဲ့ ယဟူဒီတွေထဲမှာ မှန်ကန်တဲ့အုပ်စုတစ်စု ရှိခဲ့တယ်။ ဥပမာ- စွဟာဗဟ်သာဝကကြီး အဗ်ဒွလ္လာဟ် အိဗ်နုစလာမ် رضي الله عنه နဲ့ သူ့လိုအခြားသာဝကကြီးများ رضي الله عنهم။ (အလင်းပြကျမ်း)

وَقَطَّعۡنَٰهُمُ ٱثۡنَتَيۡ عَشۡرَةَ أَسۡبَاطًا أُمَمٗاۚ وَأَوۡحَيۡنَآ إِلَىٰ مُوسَىٰٓ إِذِ ٱسۡتَسۡقَىٰهُ قَوۡمُهُۥٓ أَنِ ٱضۡرِب بِّعَصَاكَ ٱلۡحَجَرَۖ فَٱنۢبَجَسَتۡ مِنۡهُ ٱثۡنَتَا عَشۡرَةَ عَيۡنٗاۖ قَدۡ عَلِمَ كُلُّ أُنَاسٖ مَّشۡرَبَهُمۡۚ وَظَلَّلۡنَا عَلَيۡهِمُ ٱلۡغَمَٰمَ وَأَنزَلۡنَا عَلَيۡهِمُ ٱلۡمَنَّ وَٱلسَّلۡوَىٰۖ كُلُواْ مِن طَيِّبَٰتِ مَا رَزَقۡنَٰكُمۡۚ وَمَا ظَلَمُونَا

وَلَٰكِن كَانُوٓا۟ أَنفُسَهُمْ يَظْلِمُونَ ﴿١٦٠﴾

(၁၆၀) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား မျိုးနွယ်ဆယ့်နှစ်ခုခွဲပြီး အုပ်စုများ လုပ်ပေးတော်မူခဲ့သည်။❶ ထို့ပြင်(တမန်တော်)မူစာထံသို့ ၎င်း၏အမျိုးသားများက ၎င်းအား ရေတောင်းကြသောအခါ၊ ငါအရှင်မြတ်သည် ဝဟီ အမိန့်ချပေးတော်မူခဲ့သည်-"အသင်သည် အသင်၏တောင်ဝှေးဖြင့် ကျောက်တုံးကို ရိုက်လိုက်ပါ။" ထို(အမိန့်အတိုင်း ရိုက်လိုက်သည့်)အတွက် ၎င်း(ကျောက်တုံး)မှ စမ်းရေချောင်း ဆယ့်နှစ်သွယ် ပန်းထွက်လာခဲ့သည်။ ထိုမျိုးနွယ်အသီးသီးသည် သူတို့၏သောက်သုံးရာနေရာများကို အမှန်ပင် သိရှိမှတ်မိကြသည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုအမျိုးသားများအပေါ်တွင် မိုးတိမ်များကို အရိပ်အာဝါသပြုပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် "မန်း"ဟုခေါ်သော နှင်းမုန့်နှင့် "စလ်ဝါ" ဟုခေါ်သော ငုံးကောင်ကို သူတို့အပေါ်တွင် ချပေးတော်မူခဲ့သည်။ အသင်တို့သည် ငါအရှင်မြတ်ပေးသနားတော်မူသော ကောင်းမြတ်သန့်စင်သည့် စားစရာများကို စားသုံးကြပါ။ ထို့နောက် သူတို့သည် ငါအရှင်မြတ်ကို နှိပ်စက်ခဲ့ကြသည်မဟုတ်ပေ။ ၎င်းပြင် သူတို့သည် သူတို့ကိုယ်သူတို့ပင် နှိပ်စက်ညှဉ်းပန်းခဲ့ကြခြင်းဖြစ်သည်။

❶ အစ္စရာအီလ်မျိုးနွယ်ဆယ့်နှစ်ခုထဲကနေ အကြီးအကဲဆယ့်နှစ်ဦးခန့်အပ်ပြီး အုပ်စုခွဲပေးထားလိုက်တဲ့အကြောင်း အရှင်မြတ်က အခုလို အမိန့်ရှိထားတယ် -
وَلَقَدْ أَخَذَ ٱللَّهُ مِيثَٰقَ بَنِىٓ إِسْرَٰٓءِيلَ وَبَعَثْنَا مِنْهُمُ ٱثْنَىْ عَشَرَ نَقِيبًا "ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အစ္စရာအီလ်လူမျိုးများထံမှ ကတိဝန်ခံချက်ကို ရယူတော်မူခဲ့သည်။ ၎င်းပြင် ငါအရှင်မြတ်သည် သူတို့ထဲမှ အကြီးအကဲ ဆယ့်နှစ်ဦးကို ခန့်အပ်တော်မူခဲ့သည်။" (၅း၁၂)(အလင်းပြကျမ်း)

وَإِذْ قِيلَ لَهُمُ ٱسْكُنُوا۟ هَٰذِهِ ٱلْقَرْيَةَ وَكُلُوا۟ مِنْهَا حَيْثُ شِئْتُمْ وَقُولُوا۟ حِطَّةٌ وَٱدْخُلُوا۟ ٱلْبَابَ سُجَّدًا نَّغْفِرْ لَكُمْ خَطِيٓـَٰٔتِكُمْ ۚ سَنَزِيدُ ٱلْمُحْسِنِينَ ﴿١٦١﴾

(၁၆၁) ထို့ပြင် တစ်ခါတွင် ၎င်း(မူစာ၏အမျိုးသား)တို့သည် (ဤသို့) ပြောဆိုအမိန့်ပေးခံခဲ့ကြရသည်။ အသင်တို့သည် ဤမြို့ရွာတွင် နေထိုင်ကြပြီး ၎င်း(မြို့ရွာ)တွင် အသင်တို့ နှစ်သက်ရာနေရာများမှ စားသုံးကြပါ။ ၎င်းပြင် အသင်တို့သည် ဟိတ္တွသွသွန် "ကျွန်ုပ်တို့ကို အပြစ်မှ ချမ်းသာပေးတော်မူပါ"ဟု ရွတ်ဆို၍ (ငါအရှင်မြတ်အား ရိုကျိုးသည့်အနေဖြင့် မြို့ရွာ၏)တံခါးပေါက်သို့ ဝပ်တွားပြီး ဝင်ရောက်ကြပါ။ (ထိုကဲ့သို့ ပြုလုပ်လျှင်) ငါအရှင်မြတ်သည် အသင်တို့အတွက် အသင်တို့၏အမှားများကို ခွင့်လွှတ်တော်မူမည့်အပြင် ကောင်းမှုပြု

သောသူများ ကို ငါအရှင်မြတ်သည် မကြာမီ၌ပင် ပိုတိုး၍ပေးတော်မူမည်ဖြစ်သည်။

فَبَدَّلَ الَّذِينَ ظَلَمُوا مِنْهُمْ قَوْلًا غَيْرَ الَّذِي قِيلَ لَهُمْ فَأَرْسَلْنَا عَلَيْهِمْ رِجْزًا مِّنَ السَّمَاءِ بِمَا كَانُوا يَظْلِمُونَ ﴿١٦٢﴾

(၁၆၂) ထို့နောက် သူတို့ထဲမှ မတရားကျူးလွန်သူများသည် သူတို့ မိန့်ကြားခံရသော စကားရပ်အစား အခြား(မသင့်တော်သော)စကားနှင့် ပြောင်းလဲပြောဆိုခဲ့ကြသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့အပေါ်တွင် သူတို့ မတရားနှိပ်စက်လေ့ရှိကြသည့်အတွက် ဒုက္ခကပ်ဆိုးပြစ်ဒဏ်ကို မိုးကောင်းကင်မှ သက်ရောက်စေတော်မူခဲ့သည်။

وَسْـَٔلْهُمْ عَنِ الْقَرْيَةِ الَّتِي كَانَتْ حَاضِرَةَ الْبَحْرِ إِذْ يَعْدُونَ فِي السَّبْتِ إِذْ تَأْتِيهِمْ حِيتَانُهُمْ يَوْمَ سَبْتِهِمْ شُرَّعًا وَيَوْمَ لَا يَسْبِتُونَ ۙ لَا تَأْتِيهِمْ ۚ كَذَٰلِكَ نَبْلُوهُم بِمَا كَانُوا يَفْسُقُونَ ﴿١٦٣﴾

(၁၆၃) ထို့ပြင် အသင်သည် သူတို့ကို ပင်လယ်ဆိပ်ကမ်းမြို့ရွာ(တွင် နေထိုင်သူများ)နှင့်ပတ်သက်၍ မေးမြန်းလိုက်ပါ။[J] တစ်ခါတွင် သူတို့သည် စဗ်သ် စနေနေ့နှင့်ပတ်သက်၍ စည်းကမ်းကျူးကျော်ကြသည်။ တစ်ခါတွင် သူတို့၏ (ပင်လယ်မှ)ငါးများသည် သူတို့ထံသို့ သူတို့၏ စနေနေ့၌ အုပ်လိုက်(ရေပေါ်) ပေါ်လာလေ့ရှိသည်။ ၎င်းပြင် စနေနေ့မဟုတ်သောနေ့၌မူ သူတို့ထံသို့ (ပေါ်) လာလေ့မရှိပေ။ ထိုသို့ပင် ငါအရှင်မြတ်သည် သူတို့ကို သူတို့သွေဖည်လေ့ရှိကြသည့်အတွက် စမ်းသပ်တော်မူခဲ့သည်။

[J] အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ် ﷺ လက်ထက်က ယဟူဒီတွေကို နောင်တတရားရစေဖို့အတွက် တမန်တော်ဒါဝူဒ် عليه السلام လက်ထက်က ယဟူဒီတွေအကြောင်းကို တမန်တော်မြတ် ﷺ ကို ပြောခိုင်းခြင်းဖြစ်တယ်။ စနေနေ့ကို သူတို့ရဲ့ ဥပုသ်နေ့အဖြစ် သတ်မှတ်ထားခဲ့ပြီး အဲဒီနေ့မှာ ငါးမဖမ်းရလို့ အမိန့်ချထားခဲ့တယ်။ ပင်လယ်ထဲက ငါးတွေဟာ အဲဒီစနေနေ့မှာပဲ ထွက်လာပြီး တခြားနေ့မှာ ထွက်မလာတဲ့အပေါ် သူတို့ဟာ စနေနေ့ရဲ့အမိန့်ပညတ်ကို ဖောက်ဖျက်ပြီး ငါးဖမ်းကြတော့တဲ့အတွက် အရှင်မြတ်က သူတို့ကို မျောက်တွေအဖြစ် ရုပ်သဏ္ဌာန် ပြောင်းပေးလိုက်တော်မူခဲ့တယ်။ (အွဆ်မာနီ)

وَإِذْ قَالَتْ أُمَّةٌ مِّنْهُمْ لِمَ تَعِظُونَ قَوْمًا ۙ اللَّهُ مُهْلِكُهُمْ أَوْ مُعَذِّبُهُمْ عَذَابًا شَدِيدًا ۖ قَالُوا مَعْذِرَةً إِلَىٰ رَبِّكُمْ وَلَعَلَّهُمْ يَتَّقُونَ ﴿١٦٤﴾

(၁၆၄) ထို့ပြင် တစ်ခါတွင် သူတို့ထဲမှ လူတစ်စုက(ဆိုဆုံးမသောသူများအား) ပြောဆိုကြသည်- "အသင်တို့သည် အလ္လာဟ်အရှင်မြတ်က ဖျက်ဆီးပစ်တော်မူမည့် လူမျိုးအုပ်စု သို့မဟုတ် ပြင်းထန်သောအပြစ်ဒဏ်ပေးတော်မူမည့်

လူမျိုးအုပ်စုကို အဘယ်ကြောင့် ဆိုဆုံးမနေကြသနည်း။[၁] ထို(ဆိုဆုံးမ)သူများက ပြောဆိုကြသည်- "အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ထံတွင် (တာဝန်ကျေကြောင်း) အကြောင်းပြရန်အတွက်နှင့် သူတို့သည် အပြစ်ရှောင်ကြဉ်ကောင်း ရှောင်ကြဉ်ကြရန်အတွက်ပင်ဖြစ်သည်။"

[၁] အုပ်စုနှစ်စုရှိတဲ့အထဲမှာ အုပ်စုတစ်စုဟာ မကောင်းမှုတွေ ကျူးလွန်နေတဲ့အုပ်စုဖြစ်ပြီး တခြားအုပ်စုတစ်စုကတော့ မကောင်းမှုတွေကနေ တားမြစ်ပိတ်ပင်နေတဲ့အုပ်စုဖြစ်တယ်။ မကောင်းမှုကျူးလွန်နေတဲ့အုပ်စုက တားမြစ်နေတဲ့အုပ်စုကို ပြောဆိုကြတယ် - ငါတို့ဟာ အပြစ်ဒဏ်ခတ်ဖျက်ဆီးခြင်းခံရမဲ့အုပ်စုဖြစ်ပါလျက်နဲ့ အသင်တို့ဟာ ဘာဖြစ်လို့ ငါတို့ကို တားဆီးပိတ်ပင်နေရတာလဲ။ တားဆီးပိတ်ပင်တဲ့သူတွေက ပြန်ဖြေကြတယ်။ ငါတို့ဟာ အသင်တို့ကို တားဆီးပိတ်ပင်မှုမပြုလုပ်ရင် မတားဆီးတဲ့အပြစ်ကို ငါတို့ခံရမှာဖြစ်တဲ့အတွက် အသင်တို့နဲ့ အတူတူပဲ အပြစ်ဒဏ်ခတ်ဖျက်ဆီးခြင်းခံရမဲ့အထဲမှာ ပါဝင်သွားမှာ စိုးရိမ်တာကြောင့်ဖြစ်တယ်။ ပြီးတော့ အရှင်မြတ်ထံတော်မှာ ကျွန်ုပ်တို့ဟာ သူတို့ကို ပိတ်ပင်တားဆီးခဲ့ကြပေမဲ့ သူတို့ဟာ မရပ်နားကြဘဲ အပြစ်ကျူးလွန်မြဲကျူးလွန်နေကြတာဖြစ်တဲ့အတွက် ကျွန်ုပ်တို့ မတတ်နိုင်ကြတော့ပါဘူးလို့ ကျွန်ုပ်တို့အတွက် အပြစ်လွတ်ဖို့ အကြောင်းပြချက်ဖြစ်သွားမယ်။ နောက်တစ်ခုက အသင်တို့ဟာ အရှင်မြတ်အလိုရှိရင် မကောင်းမှုတွေကနေ ရှောင်ကြဉ်ကောင်း ရှောင်ကြဉ်သွားကြမယ်။ အဲဒီအကြောင်းတွေကြောင့် အသင်တို့ကို ပိတ်ပင်တားဆီးနေတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَلَمَّا نَسُوا مَا ذُكِّرُوا بِهِ أَنجَيْنَا الَّذِينَ يَنْهَوْنَ عَنِ السُّوءِ وَأَخَذْنَا الَّذِينَ ظَلَمُوا بِعَذَابٍ
بَئِيسٍ بِمَا كَانُوا يَفْسُقُونَ ﴿١٦٥﴾

(၁၆၅) ထို့နောက် သူတို့သည် သူတို့သတိပေးခြင်းခံရသော အမှုကိစ္စကို မေ့လျော့နေစဉ်၌ ငါအရှင်မြတ်သည် မကောင်းမှုမှ တားမြစ်နေသူများကို ကယ်ဆယ်တော်မူပြီး မတရားကျူးလွန်သူများကို သူတို့၏သွေဖည်မှုများကြောင့် ပြင်းထန်သော ပြစ်ဒဏ်ဖြင့် ဖမ်းဆီးအရေးယူတော်မူခဲ့သည်။[၂]

[၂] နောက်ဆုံးမှာ သူတို့ဟာ အပြစ်ကျူးလွန်မြဲ ကျူးလွန်နေကြတာကြောင့် အရှင်မြတ်က သူတို့ကို အရေးယူဖျက်ဆီးလိုက်တော့တယ်။ (အလင်းပြကျမ်း)

فَلَمَّا عَتَوْا عَن مَّا نُهُوا عَنْهُ قُلْنَا لَهُمْ كُونُوا قِرَدَةً خَاسِئِينَ ﴿١٦٦﴾

(၁၆၆) ထို့နောက် သူတို့သည် သူတို့တားမြစ်ခြင်းခံခဲ့ကြရသောအမှုကိစ္စနှင့်ပတ်သက်၍ စည်းကမ်းဖောက်ဖျက် ကျူးလွန်ခဲ့ကြသောအခါ ငါအရှင်မြတ်သည် သူတို့ကို မိန့်ကြားတော်မူလိုက်သည်- "အသင်တို့သည် ယုတ်ညံ့သိမ်ဖျင်းသော မျောက်တိရစ္ဆာန်များ ဖြစ်ကြလော့။"

وَإِذْ تَأَذَّنَ رَبُّكَ لَيَبْعَثَنَّ عَلَيْهِمْ إِلَىٰ يَوْمِ الْقِيَامَةِ مَن يَسُومُهُمْ سُوءَ الْعَذَابِ ۗ إِنَّ رَبَّكَ لَسَرِيعُ
الْعِقَابِ ۖ وَإِنَّهُ لَغَفُورٌ رَّحِيمٌ ﴿١٦٧﴾

(၁၆၇) ထို့ပြင် တစ်ခါတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က ကြေညာတော်မူခဲ့သည်။ အရှင်မြတ်သည် သူတို့အပေါ်တွင် ဤကဲ့သို့လူများကို ကိယာမသ်နေ့ထိ အမှန်စင်စစ် လွှမ်းမိုးစေတော်မူမည်။ သူတို့သည် ပြင်းထန်သောပြစ်ဒဏ်ကို သူတို့အပေါ်တွင် သက်ရောက်စေကြလိမ့်မည်။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် လျင်မြန်စွာ အပြစ်ပေးတော်မူသောအရှင်ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အမှန်ပင် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

وَ قَطَّعْنٰهُمْ فِی الْاَرْضِ اُمَمًا ۚ مِنْهُمُ الصّٰلِحُوْنَ وَ مِنْهُمْ دُوْنَ ذٰلِكَ ۫ وَ بَلَوْنٰهُمْ بِالْحَسَنٰتِ وَ
السَّیِّاٰتِ لَعَلَّهُمْ یَرْجِعُوْنَ ﴿١٦٨﴾

(၁၆၈) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား ကမ္ဘာပေါ်တွင် အုပ်စုများ ကွဲပြားစေတော်မူခဲ့သည်။❷ သူတို့ထဲမှ အချို့သည် ကောင်းမြတ်သောသူများ ဖြစ်ကြသည်။ ၎င်းပြင် သူတို့ထဲတွင် ထို(ကောင်းမြတ်သော)သူများမှလွဲ၍ အခြားသူများလည်းရှိခဲ့ကြသည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့ ပြန်လှည့်လာကြရန်အတွက် သူတို့အား သုခချမ်းသာများနှင့်လည်းကောင်း၊ ဆင်းရဲဒုက္ခများနှင့်လည်းကောင်း သူတို့ကို စမ်းသပ်တော်မူခဲ့သည်။

❷ အလ္လာဟ်အရှင်မြတ်ဟာ ယဟူဒီတွေကို အုပ်စုအမျိုးမျိုးခွဲပြီး ကမ္ဘာအနှံ့အပြားမှာ ထားရှိလိုက်တော်မူတယ်။ (အလင်းပြကျမ်း)

فَخَلَفَ مِنْۢ بَعْدِهِمْ خَلْفٌ وَّرِثُوا الْكِتٰبَ یَاْخُذُوْنَ عَرَضَ هٰذَا الْاَدْنٰی وَ یَقُوْلُوْنَ سَیُغْفَرُ لَنَا ۚ وَ
اِنْ یَّاْتِهِمْ عَرَضٌ مِّثْلُهٗ یَاْخُذُوْهُ ؕ اَلَمْ یُؤْخَذْ عَلَیْهِمْ مِّیْثَاقُ الْكِتٰبِ اَنْ لَّا یَقُوْلُوْا عَلَی اللّٰهِ اِلَّا
الْحَقَّ وَ دَرَسُوْا مَا فِیْهِ ؕ وَ الدَّارُ الْاٰخِرَةُ خَیْرٌ لِّلَّذِیْنَ یَتَّقُوْنَ ؕ اَفَلَا تَعْقِلُوْنَ ﴿١٦٩﴾

(၁၆၉) ထို့နောက် သူတို့မရှိသည့်နောက်တွင် အကြင်(ယုတ်မာသောသားမြေး)ဆက်ခံသူများက(သူတို့၏)နေရာတွင် အမွေဆက်ခံခဲ့ကြသည်။ သူတို့သည် ကျမ်းဂန်ကို အမွေရယူခဲ့ကြသည်။ သူတို့သည် (ကျမ်းဂန်ထဲမှ တရားတော်များကို) ဤလောက(၏သေးသိမ်သော)ပစ္စည်းဖြင့် (အစားလဲလှယ်ပြီး) ယူကြသည်။ ထို့ပြင် သူတို့က ကျွန်ုပ်တို့သည် (ဤကျမ်းဂန်ထဲမှ တရားတော်များကို ရောင်းစားခဲ့ကြသည့်အပြစ်မှ) မကြာမီ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူခြင်းခံကြရမည်ဟုလည်း ပြောဆိုကြသည်။ ထို့ပြင် အကယ်၍ ထိုကဲ့သို့ ပစ္စည်း

ဥစ္စာသည် သူတို့ထံသို့ (ထပ်မံ)ရောက်လာလျှင်လည်း ထိုပစ္စည်းကို သူတို့သည် ယူကြဦးမည်ပင်ဖြစ်သည်။ သူတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် အမှန်ကိုသာ ပြောဆိုကြရန် (သောင်ရာသ်)ကျမ်းတော်၌ သူတို့ထံမှ ကတိကဝတ်ယူထားခံခဲ့ရပြီးမဟုတ်လော၊ ထို့ပြင် သူတို့သည် ထိုကျမ်းထဲမှအမိန့်တော်များကိုလည်း ဖတ်ခဲ့ကြပြီးဖြစ်သည်။ ထို့ပြင် တမလွန်ဘဝ(ဂျန္နသ်သုခဘုံ)သည် (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ကြသောသူများအတွက် အကောင်းဆုံးပင် ဖြစ်သည်။ သို့ပါလျက် အသင်တို့သည် မသိနားမလည်ကြသလော။

وَالَّذِينَ يُمَسِّكُونَ بِالْكِتَابِ وَأَقَامُوا الصَّلَاةَ إِنَّا لَا نُضِيعُ أَجْرَ الْمُصْلِحِينَ ﴿١٧٠﴾

(၁၇၀) ထို့ပြင် အကြင်သူများသည် ကျမ်းဂန်(ထဲမှ တရားတော်များ)ကို❻ စွဲမြဲစွာ ဆုပ်ကိုင်ထားကြသည်။ ၎င်းပြင် သူတို့သည် စွလာသ်ဝတ်ပြုမှုကိုလည်း အမြဲတည်ဆောက်ကြသည်။ အမှန်စင်စစ် ငါအရှင်မြတ်သည် (မိမိကိုယ်မိမိ) မှန်ကန်အောင်ပြုပြင်ကြသောသူများ၏အကျိုးရလဒ်ကို ပျက်စီးစေမည်မဟုတ်ပေ။

❻ ဒီနေရာမှာ အလ်ကိသာဗ်ဆိုတာ သောင်ရာသ်ကျမ်းကို ဆိုလိုတယ်။ (ကွန်ရှုသ္ပဗ်)

وَإِذْ نَتَقْنَا الْجَبَلَ فَوْقَهُمْ كَأَنَّهُ ظُلَّةٌ وَظَنُّوا أَنَّهُ وَاقِعٌ بِهِمْ خُذُوا مَا آتَيْنَاكُمْ بِقُوَّةٍ وَاذْكُرُوا مَا فِيهِ لَعَلَّكُمْ تَتَّقُونَ ﴿١٧١﴾

(၁၇၁) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် (သွူရ်)တောင်ကို သူတို့အပေါ်၌ ပင့်မြှောက်တော်မူခဲ့သောအခါ ထိုတောင်သည် အမိုးကဲ့သို့ဖြစ်နေခဲ့သည်။ ၎င်းပြင် သူတို့က ထိုတောင်သည် သူတို့အပေါ်သို့ အမှန်ပင် ကျတော့မည်ဟု ယုံကြည်ခဲ့ကြသည်။ (ထိုအခါ အရှင်မြတ်က ဤသို့ မိန့်ကြားတော်မူသည်) "အသင်တို့သည် အသင်တို့အား ငါအရှင်မြတ်ပေးသနားတော်မူသောအရာ(ကျမ်းတော်)ကို စွဲမြဲစွာ ဆုပ်ကိုင်ထားကြပါ။ ၎င်းပြင် အသင်တို့သည် အပြစ်ရှောင်ကြဉ်ကြရန်အတွက် ထိုကျမ်းထဲမှ တရားတော်များကိုလည်း လေ့ကျင့်မှတ်သား (လိုက်နာ)ကြပါ။"

وَإِذْ أَخَذَ رَبُّكَ مِنْ بَنِي آدَمَ مِنْ ظُهُورِهِمْ ذُرِّيَّتَهُمْ وَأَشْهَدَهُمْ عَلَىٰ أَنْفُسِهِمْ أَلَسْتُ بِرَبِّكُمْ ۖ
قَالُوا بَلَىٰ ۛ شَهِدْنَا ۛ أَنْ تَقُولُوا يَوْمَ الْقِيَامَةِ إِنَّا كُنَّا عَنْ هَٰذَا غَافِلِينَ ﴿١٧٢﴾

(၁၇၂) ထို့ပြင် တစ်ခါတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် အာဒမ်၏သားမြေးများ၏ ကျောကုန်းများမှ သူတို့၏သားမြေးများကို ထုတ်ဆောင်တော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်သည် သူတို့အား သူတို့အပေါ် ၌ပင် သက်သေထားတော်မူပြီး မိန့်ကြားတော်မူခဲ့သည်- “ငါအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ပင် မဟုတ်လော။”❶ သူတို့က ပြောဆိုလျှောက်ထားခဲ့ကြသည်- “အမှန်ပင် ဟုတ်ပါသည်၊ ကျွန်ုပ်တို့ ကိုယ်တိုင် သက်သေခံကြပါသည်။”❷ (ဤကဲ့သို့ပြုလုပ်ခြင်းမှာ) အသင်တို့သည် ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် “အမှန်စင်စစ် ကျွန်ုပ်တို့သည် ဤသည်ကို မသိခဲ့ကြပါ”ဟု မပြောဆို(နိုင်)ကြရန်အတွက်ပင် ဖြစ်သည်။

❶ ဒါဟာ ဝိညာဉ်လောကမှာတုန်းက အရှင်မြတ်က လူသားအားလုံးရဲ့ ဝိညာဉ်တွေကို မေးမြန်းတော်မူခဲ့ခြင်းဖြစ်တယ်။ (အလင်းပြကျမ်း) ❷ အဲဒီအခါမှာ အရှင်မြတ်ဟာ ဖန်ဆင်းမွေးမြူတော်မူတဲ့ အရှင်မြတ်ဖြစ်ကြောင်းကို လူသားအားလုံးရဲ့ ဝိညာဉ်တွေက ဝန်ခံသက်သေထူခဲ့ကြခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

أَوْ تَقُولُوٓا۟ إِنَّمَآ أَشْرَكَ ءَابَآؤُنَا مِن قَبْلُ وَكُنَّا ذُرِّيَّةً مِّنۢ بَعْدِهِمْ ۖ أَفَتُهْلِكُنَا بِمَا فَعَلَ ٱلْمُبْطِلُونَ ﴿١٧٣﴾

(၁၇၃) သို့မဟုတ် အသင်တို့သည် “ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့သည် ယခင်ကတည်းက (အခြားအရာများကို အရှင်မြတ်နှင့်) တွဲဖက်ကိုးကွယ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့မှာမူ သူတို့၏နောက်တွင် (သူတို့၏)သားမြေးများမျှသာ ဖြစ်ကြပါသည်။❸ သို့ဖြစ်ရာ အရှင်မြတ်သည် (ယခင်ကတည်းက) မဟုတ်မမှန် ပြုလုပ်ခဲ့ကြသောသူများကြောင့် ကျွန်ုပ်တို့အား ဖျက်ဆီးပစ်တော်မူပါမည်လော” ဟု မပြောဆို(နိုင်)ကြရန်အတွက်ဖြစ်သည်။❹

❸ ဘိုး၊ ဘေးတွေက ရှိရ်က်ပြုလုပ်ခဲ့ကြတဲ့အပေါ်မှာ သူတို့ရဲ့သားစဉ်မြေးဆက်ဟာလည်း သူတို့ရဲ့ ဗီဇတွေလိုက်တတ်တဲ့အကျင့်ရှိတာကြောင့် သူတို့ရှိရ်က်လုပ်ကြတဲ့အတိုင်း လိုက်လုပ်ခဲ့ကြတာ ဖြစ်တဲ့အတွက် သားစဉ်မြေးဆက်မှာ အပြစ်မရှိပါဘူးလို့ စောဒကတက်ကြတာ ဖြစ်တယ်။ ဒါပေမဲ့ သူတို့ရဲ့စောဒကဟာ မမှန်ဘူး။ ဘာဖြစ်လို့လဲဆိုရင် သူတို့ဟာ ဝိညာဉ်လောကမှာ အရှင်မြတ်သခင်တစ်ပါးတည်းကိုပဲ အရှင်သခင်အဖြစ် ဝန်ခံကတိပြုခဲ့ပြီးဖြစ်တယ်။ အဲဒီဝန်ခံကတိကို နဗီတမန်တော်တွေ သိန်းနဲ့ချီပြီးလာရောက်ကာ သတိပေးသွားခဲ့ပြီလည်းဖြစ်တယ်။ မျက်စိပိတ်နားပိတ်ပြီး အမှန်တရားကို ဖွတ်လက်မခံတဲ့သူတွေဟာ အဲဒီလိုစောဒကတက်မယ်ဆိုရင်လည်း အဲဒီလိုစောဒကတက်လို့မရအောင် အရှင်မြတ်က ကြိုတင် ကတိပြုဝန်ခံခိုင်းထားခဲ့ခြင်းဖြစ်တယ်။(အလင်းပြကျမ်း) ❹ အမှန်ကို မျက်စိဖွင့်မကြည့်ဘဲ ဘိုး၊ ဘေးတွေရဲ့နောက်ကို နောက်ယောင် အမှားလိုက်တဲ့အတွက် ဖျက်ဆီးပစ်မှာပဲဖြစ်တယ်။ (ကမာလိုင်န်)

وَكَذٰلِكَ نُفَصِّلُ الْاٰيٰتِ وَلَعَلَّهُمْ يَرْجِعُوْنَ ﴿١٧٤﴾

(၁၇၄) ထို့ပြင် ငါအရှင်မြတ်သည် သူတို့ပြန်လှည့်ကြရန်အတွက် သက်သေလက္ခဏာများကို ထိုသို့ပင် ရှင်းလင်းစွာထုတ်ဖော်မိန့်ကြားတော်မူသည်။

وَاتْلُ عَلَيْهِمْ نَبَاَ الَّذِيْٓ اٰتَيْنٰهُ اٰيٰتِنَا فَانْسَلَخَ مِنْهَا فَاَتْبَعَهُ الشَّيْطٰنُ فَكَانَ مِنَ الْغٰوِيْنَ ﴿١٧٥﴾

(၁၇၅) ထို့ပြင် အသင်သည် သူတို့ရှေ့၌ အကြင်သူ၏အကြောင်းကို ဖတ်ကြားလိုက်ပါ။ ငါအရှင်မြတ်သည် ထိုသူအား ငါအရှင်မြတ်၏သက်သေလက္ခဏာများ(အမိန့်ပညတ်တော်များ၏ အသိပညာများ)ကို ပေးသနားတော်မူခဲ့သည်။ ထို့နောက် သူသည် ၎င်း(သက်သေလက္ခဏာများ)ကို စွန့်ပစ်ထွက်သွားခဲ့သည်။ သို့ဖြစ်ရာ ရှိုင်သွာန်သည် သူ၏နောက်သို့ လိုက်လာခဲ့သည်။ ထို့နောက် သူသည် လမ်းမှားသူများထဲတွင် အပါအဝင်ဖြစ်သွားခဲ့သည်။

وَلَوْ شِئْنَا لَرَفَعْنٰهُ بِهَا وَلٰكِنَّهٗٓ اَخْلَدَ اِلَى الْاَرْضِ وَاتَّبَعَ هَوٰىهُ ۚ فَمَثَلُهٗ كَمَثَلِ الْكَلْبِ ۚ اِنْ تَحْمِلْ عَلَيْهِ يَلْهَثْ اَوْ تَتْرُكْهُ يَلْهَثْ ؕ ذٰلِكَ مَثَلُ الْقَوْمِ الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا ۚ فَاقْصُصِ الْقَصَصَ لَعَلَّهُمْ يَتَفَكَّرُوْنَ ﴿١٧٦﴾

(၁၇၆) ထို့ပြင် အကယ်၍ငါအရှင်မြတ်သည် အလိုရှိတော်မူခဲ့လျှင် သူ့အား ၎င်း(သက်သေလက္ခဏာများ)နှင့် (ဂုဏ်သိက္ခာ) မြှင့်တင်ပေးတော်မူခဲ့လိုက်မည်။ သို့ရာတွင် သူသည် ကမ္ဘာမြေ(လောကီစည်းစိမ်)ဘက်ကို ယိမ်းယိုင်သွားပြီး သူ့စိတ်အလိုဆန္ဒနောက်ကို လိုက်စားခဲ့သည်။ သို့ဖြစ်ရာ သူ၏ပမာသည် ခွေး၏ပမာကဲ့သို့ဖြစ်ခဲ့သည်။❶ အကယ်၍ အသင်သည် ထိုခွေးအား မောင်းထုတ်လျှင်လည်း ထိုခွေးသည် မောဟိုက်၍ လျှာထုတ်နေမည်။ သို့မဟုတ် အကယ်၍ အသင်သည် ထိုခွေးအား လွှတ်ထားလျှင်လည်း မောဟိုက်၍ လျှာထုတ်နေမည်ပင်❷ ဖြစ်သည်။ ၎င်းသည် ငါအရှင်မြတ်၏သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု ငြင်းပယ်သောသူများ၏ ပမာပင်ဖြစ်သည်။ သို့ဖြစ်ရာ အသင်သည် သူတို့ စဉ်းစားဆင်ခြင်နိုင်ရန်အတွက် (ဤ)အကြောင်းအရာကို ပြောပြလိုက်ပါ။

❶ ဒီခွေးနဲ့တူတဲ့လူအာလင်မ်အကြောင်း သစ်ဖ်ယာနွလ်ကုရ်အာန် အလင်းပြကျမ်း အစောင်(၉)၊ စာမျက်နှာ ၂၀၇ - ၂၀၉ ထဲမှာ အကျယ်တဝင့် ရေးသားဖော်ပြထားပါတယ်။ ❷ ခွေးကို ရိုက်ဖို့ တုတ်နဲ့ပစ်လိုက်ရင်တောင်မှ ခွေးက သူ့အတွက် အစာပစ်ပေးလိုက်တာထင်မှတ်ပြီး လျှာထုတ်လျက် လောဘတကြီး တဟုန်ထိုးပြေးကာ ကောက်ယူလေ့ရှိတယ်။ အဲဒီလိုပဲ လောကီရဲ့လောဘတက်နေသူဟာ အဖြစ်ပျက်တိုင်းကနေ လောကအကျိုးရရှိဖို့ပဲ ကြိုးစားနေတဲ့အတွက် အမြဲမောဟိုက်လျက်ရှိနေတယ်။ (အာစားန်သန်ရ်ဂျူမဟ်)

سَآءَ مَثَلًا ٱلْقَوْمُ ٱلَّذِينَ كَذَّبُوا۟ بِـَٔايَٰتِنَا وَأَنفُسَهُمْ كَانُوا۟ يَظْلِمُونَ ﴿١٧٧﴾

(၁၇၇) အကြင်သူတို့၏ပမာသည် ဆိုးယုတ်လှသည်။ ထိုသူများသည် ငါအရှင်မြတ်၏ သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု ငြင်းပယ်ကြသည်။ ၎င်းပြင် သူတို့သည် သူတို့ကိုယ်သူတို့ပင် နှိပ်စက်ညှဉ်းပန်းနေခဲ့ကြသည်။

مَن يَهْدِ ٱللَّهُ فَهُوَ ٱلْمُهْتَدِى ۖ وَمَن يُضْلِلْ فَأُو۟لَٰٓئِكَ هُمُ ٱلْخَٰسِرُونَ ﴿١٧٨﴾

(၁၇၈) အကြင်သူကို အလ္လာဟ်အရှင်မြတ်သည် တရားလမ်းမှန်သို့ ညွှန်ကြားပြသတော်မူမည်ဆိုလျှင် ထိုသူသည်သာ တရားလမ်းမှန်ကို ရရှိသူဖြစ်မည်။ ထို့ပြင် (အကြင်သူများကို) အရှင်မြတ်သည် လမ်းမှားသို့ ရောက်စေတော်မူလျှင် ထိုသူများပင် ပျက်စီးဆုံးရှုံးမည့်သူများ ဖြစ်ကြမည်။❼

❼ အရှင်မြတ်ပေးသနားထားတဲ့ မျက်စိ၊ နား၊ စိတ်နှလုံးတို့ကို အသုံးမပြုဘဲ အမှားထဲ ဖွတ်ပေနေတဲ့သူတွေကိုသာ အရှင်မြတ်က လမ်းမှားထဲမှာပဲ ဆက်ပြီးထားလိုက်တော့တာဖြစ်တဲ့အတွက် သူတို့ဟာ ဆုံးရှုံးရမဲ့သူတွေပဲ ဖြစ်သွားရတော့တယ်။ (ကုရ်အာန် - ၄၆း၂၆၊ အိဗ်နုကဆီးရ်)

وَلَقَدْ ذَرَأْنَا لِجَهَنَّمَ كَثِيرًا مِّنَ ٱلْجِنِّ وَٱلْإِنسِ ۖ لَهُمْ قُلُوبٌ لَّا يَفْقَهُونَ بِهَا وَلَهُمْ أَعْيُنٌ لَّا يُبْصِرُونَ بِهَا وَلَهُمْ ءَاذَانٌ لَّا يَسْمَعُونَ بِهَآ ۚ أُو۟لَٰٓئِكَ كَٱلْأَنْعَٰمِ بَلْ هُمْ أَضَلُّ ۚ أُو۟لَٰٓئِكَ هُمُ ٱلْغَٰفِلُونَ ﴿١٧٩﴾

(၁၇၉) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ဂျင်န်နှင့်လူများထဲမှ အမြောက်အမြားကို ငရဲဘုံအတွက် ဖန်ဆင်းထားတော်မူသည်။❶ သူတို့တွင် စိတ်နှလုံးများရှိကြသည်။ (သို့ရာတွင်) သူတို့သည် ၎င်း(စိတ်နှလုံးများ)ဖြင့် နားလည်မှုမရှိကြပေ။ ထို့ပြင် သူတို့၌ အမြင်အာရုံများသည်လည်းရှိကြသည်။ (သို့ရာတွင်) သူတို့သည် ၎င်း(အမြင်အာရုံများ)ဖြင့် မမြင်ကြပေ။ ထို့ပြင် သူတို့၌ အကြားအာရုံများသည်လည်း ရှိကြသည်။ (သို့ရာတွင်) သူတို့သည် ၎င်း (အကြားအာရုံများ) ဖြင့် မကြားကြပေ။❷ ထိုသူများသည် တိရစ္ဆာန်များနှင့် တူကြရုံမက တိရစ္ဆာန်များထက်ပင် အလွန်မိုက်မဲ လမ်းလွဲသူများဖြစ်ကြသည်။ (အမှန်မှာ)သူတို့သည် (သူတို့၏တာဝန်ဝတ္တရားများကို) မေ့လျော့သူများပင် ဖြစ်ကြသည်။

❶ အရှင်မြတ်က လူသားနဲ့ ဂျင်န်ကို အရှင်မြတ်ကို ကိုးကွယ်ဖို့ ဖန်ဆင်းထားတော်မူပြီး လွတ်လပ်ခွင့်ပေးတော်မူတယ်။ အဲဒီလို လွတ်လပ်ခွင့်ရတဲ့ အပေါ်မှာ တချို့သူတွေဟာ အရှင်မြတ်ကို ကိုးကွယ်မှာမဟုတ်ဘူးဆိုတာ အရှင်မြတ်သိရှိထားတော်မူတဲ့အတွက် အဲဒီသူတွေကို အရှင်မြတ်က ငရဲဘုံအတွက် သတ်မှတ်(ဖန်ဆင်း)ထားတော်မူလိုက်တာလို့ ဆိုလိုတာဖြစ်တယ်။(အလင်းပြကျမ်း)

❷ အရှင်မြတ်ပေးထားတဲ့ နား၊ မျက်စိ၊ စိတ်နှလုံးတွေကို သူရဲ့အရှင်သခင်ကို သိဖို့ အသုံးမပြုတဲ့သူတွေဟာ တိရစ္ဆာန်တွေထက်တောင်ဆိုးဝါးတယ်။ ဘာဖြစ်လို့လဲဆိုရင် တိရစ္ဆာန်ကို မိမိသခင်က ခေါ်ရင် လာဖို့ သင်ပေးထားရင် လာကြတယ်။ လူသားနဲ့ဂျင်န်ထံကို တမန်တော်တွေစေလွှတ်ပြီး

အရှင်မြတ်သခင်ထံလာဖို့ သင်ပေးပါလျက်နဲ့ မလာခြင်းဟာ ပိုဆိုးရွားလို့သာ ဖြစ်တာထင်ရှားတယ်။ (အလင်းပြကျမ်း)

وَلِلَّهِ الْأَسْمَاءُ الْحُسْنَىٰ فَادْعُوهُ بِهَا ۖ وَذَرُوا الَّذِينَ يُلْحِدُونَ فِي أَسْمَائِهِ ۚ سَيُجْزَوْنَ مَا كَانُوا
يَعْمَلُونَ ﴿١٨٠﴾

(၁၈၀) ထို့ပြင် အလ္လာဟ်အရှင်မြတ်တွင် ကောင်းမြတ်သော(ဂုဏ်)နာမတော်များရှိသည်။ သို့ဖြစ်ရာ အသင်တို့သည် အရှင်မြတ်အား ၎င်း(နာမတော်များ) ဖြင့် ဟစ်ခေါ်(တသ)ကြပါ။[၃] ထို့ပြင် အသင်တို့သည် အရှင်မြတ်၏နာမတော်များ နှင့်ပတ်သက်၍ တိမ်းချော်စေသူများအား စွန့်ပယ်ထားကြပါ။ သူတို့သည် သူတို့၏ အပြုအမူများနှင့် ပတ်သက်၍ မကြာမီ အစားပေးခြင်းခံကြရမည်။

[၃] အရှင်မြတ်မှာ ထင်ရှားတဲ့နာမတော်တွေ ၉၉ ပါးရှိတယ်။ အရှင်မြတ်ကို မမေ့ဖို့အတွက် အဲဒီ နာမတော်တွေနဲ့ တသနေရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمِمَّنْ خَلَقْنَا أُمَّةٌ يَهْدُونَ بِالْحَقِّ وَبِهِ يَعْدِلُونَ ﴿١٨١﴾

(၁၈၁) ထို့ပြင် ငါအရှင်မြတ် ဖန်ဆင်းတော်မူသောသူများထဲတွင် အမှန်တရားနှင့်အညီ လမ်းမှန်ညွှန်ကြားပြသကြသည့်အပြင် သူတို့(ကိုယ်တိုင်)လည်း ထိုအမှန်တရားနှင့်အညီ စီရင်ဆုံးဖြတ်ကြသော လူတစ်စုရှိသည်။[၄]

[၄] ခေတ်တိုင်းမှာ အမှန်အပေါ်လိုက်နာတဲ့အုပ်စုတစ်စုဟာ အမြဲရှိနေမှာဖြစ်တယ်။ ဥပမာ - တမန်တော်မြတ် ﷺ ရဲ့နောက်ကို တစ်သဝေမတိမ်းလိုက်နာနေတဲ့အုပ်စုများ။ (အလင်းပြကျမ်း)

وَالَّذِينَ كَذَّبُوا بِآيَاتِنَا سَنَسْتَدْرِجُهُم مِّنْ حَيْثُ لَا يَعْلَمُونَ ﴿١٨٢﴾

(၁၈၂) ထို့ပြင် အကြင်သူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု ငြင်းပယ်ကြသည်။ ငါအရှင်မြတ်သည် ထိုသူများအား (ဂျဟန္နမ်ဘက်သို့) သူတို့မသိသောနည်းဖြင့် တဖြည်းဖြည်း မကြာမီ ဆွဲယူတော်မူမည်။[၅]

[၅] အရှင်မြတ်ကို ငြင်းပယ်တဲ့သူတွေကို အရှင်မြတ်က လောကစည်းစိမ်တွေပေးပြီး လွှတ်ထားလေ့ရှိတယ်။ သူတို့ဟာ ကြီးမားတဲ့အပြစ်တွေပါကျူးလွန်လာတဲ့အပေါ် ကြီးမားတဲ့အပြစ်ဒဏ်ကို ခံရအောင်ဆွဲခေါ်သလိုဖြစ်သွားတော့တယ်။ (အလင်းပြကျမ်း)

وَأُمْلِي لَهُمْ ۚ إِنَّ كَيْدِي مَتِينٌ ﴿١٨٣﴾

(၁၈၃) ၎င်းပြင် ငါအရှင်မြတ်သည် သူတို့အား အချိန်ဆိုင်းထားပေးသည်။ အမှန်စင်စစ် ငါအရှင်မြတ်၏လျှို့ဝှက်ကြံစည်မှုသည် အလွန်ခိုင်ခံ့သည်။

أَوَلَمْ يَتَفَكَّرُوا ۗ مَا بِصَاحِبِهِم مِّن جِنَّةٍ ۚ إِنْ هُوَ إِلَّا نَذِيرٌ مُّبِينٌ ﴿١٨٤﴾

(၁၈၄) သူတို့သည် သူတို့၏အဖော်(နဗီတမန်တော် မုဟမ္မဒ်)၌ ရူးသွပ်မှု

လုံးဝမရှိကြောင်း၊ ၎င်းသည် ထင်ရှားစွာ သတိပေးနှိုးဆော်သူတစ်ဦးသာ ဖြစ်ကြောင်း (ကောင်းစွာ)ဆင်ခြင်သုံးသပ်မှု မပြုခဲ့ကြလေသလော။[6]

[6] တမန်တော်မြတ် ﷺ ဟာ ရူးသွပ်လား မရူးသွပ်လားဆိုတာ ကုရ်အာန်ကို လေ့လာ စဉ်းစားလိုက်တာနဲ့ ရူးသွပ်သူတစ်ယောက်မဟုတ်လို့ ဒီလိုဖြစ်နိုင်တာ(ဝဟီကို ဖတ်ပြနိုင်တာ) ဖြစ်တယ်ဆိုတာမြင်တွေ့ရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

أَوَلَمْ يَنظُرُوا فِي مَلَكُوتِ السَّمَاوَاتِ وَالْأَرْضِ وَمَا خَلَقَ اللَّهُ مِن شَيْءٍ وَأَنْ عَسَىٰ أَن يَكُونَ قَدِ اقْتَرَبَ أَجَلُهُمْ ۖ فَبِأَيِّ حَدِيثٍ بَعْدَهُ يُؤْمِنُونَ ﴿١٨٥﴾

(၁၈၅) ထို့ပြင် သူတို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏ စိုးမိုးအုပ်ချုပ်မှုကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်ဖန်ဆင်းတော်မူသောအရာများကိုလည်းကောင်း၊ သူတို့၏(သေဆုံးရန်)သတ်မှတ်ထားသောအချိန်ကာလသည် အမှန်ပင် နီးကပ်လာပြီဆိုသည့် အကြောင်းကိုလည်းကောင်း (စဉ်းစားဆင်ခြင်) မကြည့်ကြလေသလော။ သို့ဖြစ်ရာ သူတို့သည် ၎င်း(ကုရ်အာန်၏)နောက်တွင် မည်သည့် စကားကို ယုံကြည်ကြဦးမည်နည်း။[7]

[7] အမှန်တရားကို ထင်ထင်ရှားရှားမြင်နိုင်အောင်ပြထားတဲ့ ကုရ်အာန်ကိုမှ မယုံရင် အဲဒီနောက်မှာ ဘာကိုယုံဦးမှာလဲ။ (အလင်းပြကျမ်း)

مَن يُضْلِلِ اللَّهُ فَلَا هَادِيَ لَهُ ۚ وَيَذَرُهُمْ فِي طُغْيَانِهِمْ يَعْمَهُونَ ﴿١٨٦﴾

(၁၈၆) မည်သူ့ကိုမဆို အလ္လာဟ်အရှင်မြတ်သည် လမ်းမှားစေတော်မူမည်ဆိုလျှင် ထိုသူ့အတွက် လမ်းမှန်ကို ညွှန်ကြားပြသမည့်သူ လုံးဝမရှိတော့ပေ။ ၎င်းပြင် အရှင်မြတ်သည် သူတို့အား သူတို့၏ဆိုးသွမ်းမှုထဲ၌ပင် တဝဲလည်လည် ဖြစ်စေလျက် စွန့်ပစ်ထားတော်မူမည်။

يَسْأَلُونَكَ عَنِ السَّاعَةِ أَيَّانَ مُرْسَاهَا ۖ قُلْ إِنَّمَا عِلْمُهَا عِندَ رَبِّي ۖ لَا يُجَلِّيهَا لِوَقْتِهَا إِلَّا هُوَ ۚ ثَقُلَتْ فِي السَّمَاوَاتِ وَالْأَرْضِ ۚ لَا تَأْتِيكُمْ إِلَّا بَغْتَةً ۗ يَسْأَلُونَكَ كَأَنَّكَ حَفِيٌّ عَنْهَا ۖ قُلْ إِنَّمَا عِلْمُهَا عِندَ اللَّهِ وَلَٰكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ ﴿١٨٧﴾

(၁၈၇) သူတို့သည် အသင့်အား ကိယာမသ်ရှင်ပြန်ထမည့်နေ့နှင့်ပတ်သက်၍ (ဤသို့)မေးမြန်းကြသည်- "ထိုကိယာမသ်နေ့သည် မည်သည့်အခါ ဆိုက်ရောက်မည်နည်း။" (အို-တမန်တော်) အသင်သည် (သူတို့အား) ဖြေကြားလိုက်ပါ- "ထိုကိယာမသ်နေ့နှင့်ပတ်သက်သောအသိသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံ၌သာရှိသည်။ အရှင်မြတ်သည်ပင် ထိုကိယာမသ်နေ့ကို ထိုကိယာမသ် (ဆိုက်ရောက်မည့်)အချိန်၌ ထင်ရှားပေါ်လွင်စေတော်မူမည်ဖြစ်

သည်။ ထိုကိယာမသ်သည် မိုးကောင်းကင်များနှင့် မြေပထဝီတွင် အလွန်လေးလံ (သောကိစ္စရပ်ဖြစ်)သည်။ ထိုကိယာမသ်သည် အသင်တို့ထံသို့ ရုတ်တရက်ပင် ဆိုက်ရောက်လာမည်ဖြစ်သည်။” သူတို့သည် အသင့်အား ထိုကိယာမသ်နှင့် ပတ်သက်၍ အသင်သည် ကောင်းစွာသိထားသကဲ့သို့ မေးမြန်းကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- “ထိုကိယာမသ်နှင့် ပတ်သက်သောအသိသည် အလ္လာဟ်အရှင်မြတ်ထံတော်၌သာရှိသည်။ သို့ရာတွင် များစွာသောလူတို့သည် မသိရှိကြပေ။”

قُلْ لَّاۤ اَمْلِكُ لِنَفْسِىْ نَفْعًا وَّلَا ضَرًّا اِلَّا مَا شَآءَ اللّٰهُ ؕ وَلَوْ كُنْتُ اَعْلَمُ الْغَيْبَ لَاسْتَكْثَرْتُ مِنَ الْخَيْرِ ۛۚ وَمَا مَسَّنِىَ السُّوْٓءُ ۛۚ اِنْ اَنَا اِلَّا نَذِيْرٌ وَّبَشِيْرٌ لِّقَوْمٍ يُّؤْمِنُوْنَ ﴿١٨٨﴾

(၁၈၈) (အို-တမန်တော်) အသင်ပြောလိုက်ပါ-“ငါသည် အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူသည်မှလွဲ၍ ငါ့အတွက်ပင် အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးယုတ်မှုတို့ကို ပိုင်ဆိုင်သည် မဟုတ်ပေ။ ထို့ပြင် အကွယ်၌ရှိသည်များကို ငါသိရှိလျှင် အကျိုးဖြစ်ထွန်းသည်များကိုသာ များစွာရယူခဲ့မည်ဖြစ်သည်။ ၎င်းပြင် ငါ့အား ဒုက္ခသက်ရောက်မည်မဟုတ်တော့ပေ။ ငါသည် ယုံကြည်သူများအတွက် သတိပေးနှိုးဆော်သူနှင့် သတင်းကောင်းပေးသူမျှသာဖြစ်သည်။❶

❶ ဒါဟာ တမန်တော်မြတ် ﷺ နဲ့ပတ်သက်ပြီး ယုံကြည်မှု လွန်ကဲတာမျိုးမဖြစ်အောင် အရှိအတိုင်း အရှင်မြတ်က မိန့်ကြားတော်မူထားတာဖြစ်တယ်။ တမန်တော်မြတ် ﷺ ဟာ အကွယ်ကအရာဟူသမျှကို သိရှိသူမဟုတ်ကြောင်း ထင်ထင်ရှားရှားပြသလိုက်တာဖြစ်တယ်။ အကွယ်ကအရာဟူသမျှကို သိသူဟာ အရှင်မြတ်သခင်တစ်ပါးတည်းသာဖြစ်တယ်။ တမန်တော်မြတ် ﷺ ဟာ အကွယ်က အရာအားလုံးကို မသိတဲ့အတွက် တမန်တော်မြတ် ﷺ ရဲ့သက်တမ်းတစ်လျှောက်လုံးမှာ ဒုက္ခမျိုးစုံကို ခံခဲ့ရတာ အထင်အရှားပါပဲ။ တကယ်လို့သာ တမန်တော်မြတ် ﷺ ကိုယ်တိုင်ဒုက္ခရောက်မှာကို ကြိုတင်သိနေရင် ရှောင်တိမ်းကာကွယ်ထားလို့ ရနိုင်မှာအမှန်ပါ။ အလုံးစုံကို သိနိုင်စွမ်းနဲ့ အလုံးစုံကို ပြုလုပ်နိုင်စွမ်းဟာ အရှင်မြတ်တစ်ပါးတည်းပဲ ပိုင်ဆိုင်ထားတာဖြစ်ကြောင်း အထင်အရှားပေါ်လွင်အောင်ပြထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

هُوَ الَّذِىْ خَلَقَكُمْ مِّنْ نَّفْسٍ وَّاحِدَةٍ وَّجَعَلَ مِنْهَا زَوْجَهَا لِيَسْكُنَ اِلَيْهَا ۚ فَلَمَّا تَغَشّٰىهَا حَمَلَتْ حَمْلًا خَفِيْفًا فَمَرَّتْ بِهٖ ۚ فَلَمَّاۤ اَثْقَلَتْ دَّعَوَا اللّٰهَ رَبَّهُمَا لَئِنْ اٰتَيْتَنَا صَالِحًا لَّنَكُوْنَنَّ مِنَ الشّٰكِرِيْنَ ﴿١٨٩﴾

(၁၈၉) အရှင်မြတ်သည် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် ၎င်း(အသက်တစ်ချောင်းတည်း)မှပင် သူ၏ဇနီးကြင်ရာကို သူမ၏ထံတွင် တည်ငြိမ်စွာနေနိုင်ရန် ပြုလုပ်ဖန်ဆင်း

တော်မူခဲ့သည်။ ထို့နောက် သူသည် သူမကို ဖုံးလွှမ်းသောအခါ သူမသည် ပေါ့ပါး
သောကိုယ်ဝန်ကို လွယ်၍ ထိုကိုယ်ဝန်နှင့်အတူ သွားလာမှုပြုသည်။ ထို့နောက်
ထိုကိုယ်ဝန်သည် ရင့်လာသောအခါ သူတို့နှစ်ဦးသည် သူတို့အား ဖန်ဆင်းမွေး
မြူတော်မူသောအရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်တွင် (ဤသို့)
ဆုတောင်းကြသည်- "အကယ်၍ အရှင်မြတ်သည် ကျွန်ုပ်တို့အား(သားသမီး)
ကောင်းမွန်စွာ ပေးသနားတော်မူပါလျှင် ကျွန်ုပ်တို့သည် အမှန်ပင် ကျေးဇူးသိ
တတ်ကြသောသူများထဲမှ ဖြစ်ကြပါမည်။"

فَلَمَّآ اٰتٰىهُمَا صَالِحًا جَعَلَا لَهٗ شُرَكَآءَ فِيْمَآ اٰتٰىهُمَا ۚ فَتَعٰلَى اللّٰهُ عَمَّا يُشْرِكُوْنَ ﴿١٩٠﴾

(၁၉၀) ထို့နောက် အရှင်မြတ်သည် သူတို့နှစ်ဦးအား (သားသမီး)
ကောင်းမွန်စွာ ပေးသနားတော်မူလိုက်သောအခါ သူတို့နှစ်ဦးစလုံးသည် အရှင်
မြတ်က သူတို့အား ပေးသနားတော်မူသောအရာနှင့်ပတ်သက်၍ (အခြားအရာ
များကို) အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ကြသည်။ ❶ ၎င်းပြင် (အမှန်စင်စစ်)
အလ္လာဟ်အရှင်မြတ်သည် သူတို့ တွဲဖက်ကိုးကွယ်ကြသည်များထက် အလွန်
မြင့်မားထွတ်မြတ်လှတော်မူသည်။

❶ လူတွေဟာ သူတို့လိုချင်တာတွေရချင်တဲ့အခါ အရှင်မြတ်တစ်ပါးတည်းကို တစ်စိတ်တစ်လက်တည်း ဟစ်ခေါ်တောင်းခံလေ့ရှိကြတယ်။ ကိုယ်လိုချင်တာတွေ ရသွားတဲ့အခါကျတော့ တခြားအကြောင်းခံတွေဘက်ကို လှည့်ပြီး ရောထွေးလိုက်ကြလေ့ရှိတာကို ပြဆိုထားတာဖြစ်တယ်။ ဒါပေမဲ့ အရှင်မြတ်ကတော့ သူတို့ ယုဉ်တွဲယုံကြည်ကိုးကွယ်တာတွေထက် အလွန်မြင့်မားထွတ်မြတ်လှတော်မူတယ်။ (အလင်းပြကျမ်း)

اَيُشْرِكُوْنَ مَا لَا يَخْلُقُ شَيْـًٔا وَّهُمْ يُخْلَقُوْنَ ﴿١٩١﴾

(၁၉၁) ထိုအရာများသည် မည်သည့်အရာကိုမျှ မဖန်ဆင်းနိုင်သည့်
အပြင် ထိုအရာများကိုယ်တိုင် ဖန်ဆင်းခံထားရသောအရာများဖြစ်နေပါလျက်
ထိုအရာများကို သူတို့သည် (အလ္လာဟ်အရှင်မြတ်နှင့်)တုဖက်ကိုးကွယ်ကြသလော။

وَلَا يَسْتَطِيْعُوْنَ لَهُمْ نَصْرًا وَّلَآ اَنْفُسَهُمْ يَنْصُرُوْنَ ﴿١٩٢﴾

(၁၉၂) ထို့ပြင် ထိုအရာများသည် သူတို့အား မည်သည့်အကူအညီမျှ
မပေးနိုင်ကြသည်သာမက သူတို့ကိုယ်ကိုသူတို့လည်း ကူညီနိုင်ကြသည်မဟုတ်ပေ။

وَاِنْ تَدْعُوْهُمْ اِلَى الْهُدٰى لَا يَتَّبِعُوْكُمْ ؕ سَوَآءٌ عَلَيْكُمْ اَدَعَوْتُمُوْهُمْ اَمْ اَنْتُمْ صَامِتُوْنَ ﴿١٩٣﴾

(၁၉၃) ထို့ပြင် အကယ်၍ အသင်တို့သည် သူတို့အား မှန်ကန်သော
တရားလမ်းဘက်သို့ ဖိတ်ခေါ်ကြလျှင်လည်း သူတို့သည် အသင်တို့နောက်ကို

လိုက်နိုင်ကြမည်မဟုတ်ပေ။❸ (သို့ဖြစ်ရာ) အသင်တို့သည် သူတို့အား ဟစ်ခေါ်ကြသည်ဖြစ်စေ၊ သို့မဟုတ် ဆိတ်ဆိတ်နေကြသည်ဖြစ်စေ၊ အသင်တို့အပေါ်၌ အတူတူပင်ဖြစ်သည်။

❸ အသင်တို့က သူတို့ကို (ရုပ်တုတွေကို) "ကျွန်ုပ်တို့ကို လမ်းမှန်ညွှန်ကြားပြသပေးပါ"လို့ ညွှန်ကြားပြသခိုင်းမယ်ဆိုရင်လည်း သူတို့ဟာ ညွှန်ကြားပြသနိုင်ကြမှာမဟုတ်ဘူး။ ဒါမှမဟုတ် အသင်တို့က သူတို့ကို "ကျွန်ုပ်တို့က လမ်းမှန်ညွှန်ကြားပြသကြမယ်၊ အသင်တို့ လိုက်ခဲ့ကြပါ"လို့ လမ်းမှန်ညွှန်ကြားပြသမယ်ဆိုရင်လည်း သူတို့ဟာ လမ်းမှန်ကို လိုက်နိုင်ကြမှာမဟုတ်ဘူး။ (အလင်းပြကျမ်း)

إِنَّ ٱلَّذِينَ تَدْعُونَ مِن دُونِ ٱللَّهِ عِبَادٌ أَمْثَالُكُمْ فَٱدْعُوهُمْ فَلْيَسْتَجِيبُوا۟ لَكُمْ إِن كُنتُمْ صَٰدِقِينَ ﴿١٩٤﴾

(၁၉၄) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့ဟစ်ခေါ်(ကိုးကွယ်)ကြသောအရာများသည် အသင်တို့ကဲ့သို့ပင် (အဖန်ဆင်းခံ) ကျွန်များပင်ဖြစ်ကြသည်။ သို့ဖြစ်ရာ အသင်တို့သည် အကယ်၍ အမှန်ပြောဆိုသူများဖြစ်ကြလျှင် အသင်တို့သည် သူတို့အား ဟစ်ခေါ်(ကြည့်)ကြပါ။ ထို့နောက် သူတို့သည်လည်း အသင်တို့အား လက်ခံဖြေကြားစေကြပါ။

أَلَهُمْ أَرْجُلٌ يَمْشُونَ بِهَآ ۖ أَمْ لَهُمْ أَيْدٍ يَبْطِشُونَ بِهَآ ۖ أَمْ لَهُمْ أَعْيُنٌ يُبْصِرُونَ بِهَآ ۖ أَمْ لَهُمْ ءَاذَانٌ يَسْمَعُونَ بِهَا ۗ قُلِ ٱدْعُوا۟ شُرَكَآءَكُمْ ثُمَّ كِيدُونِ فَلَا تُنظِرُونِ ﴿١٩٥﴾

(၁၉၅) သူတို့၌ လမ်းလျှောက်ရန် ခြေများရှိကြသလော။ သို့မဟုတ် သူတို့၌ ကိုင်တွယ်ရန် လက်များရှိကြသလော။ သို့မဟုတ် သူတို့၌ ကြည့်ရန် မျက်စိများရှိကြသလော။ သို့မဟုတ် သူတို့၌ ကြားရန် နားများရှိကြသလော။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- "အသင်တို့သည် အသင်တို့၏တွဲဖက်ကိုးကွယ်ရာများကို ခေါ်ယူကြပါ။ ၎င်းပြင် အသင်တို့သည် ငါ့အား ဆိုင်းမထားဘဲ (သူတို့နှင့်ပေါင်းပြီး) ငါ့အား ကြံစည်မှုပြုလိုက်ကြပါ။❻

❻ "ငါတို့ရဲ့ရုပ်တုတွေကို မကောင်းမပြောနဲ့၊ အသင်ဒုက္ခရောက်လိမ့်မယ်"လို့ပြောဆိုတဲ့ မုရှ်ရိက်တွေရဲ့စကားကို ပြန်လည်ချေပထားတာဖြစ်တယ်။ အဲဒီရုပ်တုတွေ တတ်စွမ်းနိုင်ရင် အခုချက်ချင်းပဲ ငါ့ကို ကြံစည်ပြီးဒုက္ခပေးလိုက်ပေါ့လို့ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ وَلِـِّۧىَ ٱللَّهُ ٱلَّذِى نَزَّلَ ٱلْكِتَٰبَ ۖ وَهُوَ يَتَوَلَّى ٱلصَّٰلِحِينَ ﴿١٩٦﴾

(၁၉၆) အမှန်စင်စစ် ကျမ်းဂန်ကိုချပေးတော်မူသော အလ္လာဟ်အရှင်မြတ်သည် ငါ့အား ကာကွယ်စောင့်ရှောက်တော်မူသော မိတ်ဆွေ ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် ကောင်းမြတ်သောသူများကိုလည်း ကာကွယ်

စောင့်ရှောက်တော်မူသည်။

وَالَّذِيْنَ تَدْعُوْنَ مِنْ دُوْنِهٖ لَا يَسْتَطِيْعُوْنَ نَصْرَكُمْ وَلَآ اَنْفُسَهُمْ يَنْصُرُوْنَ ﴿١٩٧﴾

(၁၉၇) ၎င်းပြင် အရှင်မြတ်မှလွဲ၍ အသင်တို့ ဟစ်ခေါ်(ကိုးကွယ်)ကြသောသူများသည် အသင်တို့ကိုလည်း ကူညီနိုင်ကြသည်မဟုတ်ပေ။ ထို့ပြင် သူတို့သည် သူတို့ကိုယ် သူတို့လည်း ကူညီနိုင်ကြသည်မဟုတ်ပေ။

وَاِنْ تَدْعُوْهُمْ اِلَى الْهُدٰى لَا يَسْمَعُوْا ؕ وَتَرٰىهُمْ يَنْظُرُوْنَ اِلَيْكَ وَهُمْ لَا يُبْصِرُوْنَ ﴿١٩٨﴾

(၁၉၈) ထို့ပြင် အကယ်၍ အသင်တို့သည် သူတို့ကို လမ်းမှန်ဘက်သို့ ဖိတ်ခေါ်ကြလျှင်လည်း သူတို့သည် ကြားနိုင်ကြသည် မဟုတ်ပေ။ ထို့ပြင် အသင်(တမန်တော်)သည် ထို(မမှန်သောကိုးကွယ်ရာရုပ်တု)များအား သူတို့သည် ကြည့်မြင်နိုင်ကြသည်မဟုတ်ဘဲလျက် အသင့်ဘက်သို့ ကြည့်နေသကဲ့သို့ တွေ့မြင်ရမည်။

خُذِ الْعَفْوَ وَاْمُرْ بِالْعُرْفِ وَاَعْرِضْ عَنِ الْجٰهِلِيْنَ ﴿١٩٩﴾

(၁၉၉) အသင်သည် ခွင့်လွှတ်မှုကို (အမြဲ)လက်ကိုင်ထား၍ ကောင်းမြတ်သည်ကို (ပြုလုပ်ကြရန်) အမိန့်ပေးနေပါ။ ၎င်းပြင် အသင်သည် အသိပညာကင်းမဲ့သူများအား လျစ်လျူရှုပြီးနေပါ။❶

❶ ဆိုလိုတာက အဲဒီသူတွေကို ခွင့်လွှတ်ထားလိုက်ပါ။ (အိဗ်နုကဆီးရ်၊ အလင်းပြကျမ်း)

وَاِمَّا يَنْزَغَنَّكَ مِنَ الشَّيْطٰنِ نَزْغٌ فَاسْتَعِذْ بِاللّٰهِ ؕ اِنَّهٗ سَمِيْعٌ عَلِيْمٌ ﴿٢٠٠﴾

(၂၀၀) ထို့ပြင် အကယ်၍ ရှိုင်သွာန်၏ထံမှ လှုံ့ဆော်မှု တစ်စုံတစ်ခုသည် အသင်(၏စိတ်ထဲ)၌ ကျရောက်လာလျှင် အသင်သည်အလ္လာဟ်အရှင်မြတ်ထံတော်တွင် ခိုလှုံလိုက်ပါ။❷ အမှန်စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

❷ တမန်တော်တွေဟာ သူတို့ကို ရှိုင်သွာန်နှောင့်ယှက်တဲ့အတွက် ဘာမှ ထိခိုက်မှုမဖြစ်အောင် အရှင်မြတ်က ကာကွယ်ထားပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّ الَّذِيْنَ اتَّقَوْا اِذَا مَسَّهُمْ طٰٓئِفٌ مِّنَ الشَّيْطٰنِ تَذَكَّرُوْا فَاِذَا هُمْ مُّبْصِرُوْنَ ﴿٢٠١﴾

(၂၀၁) အမှန်စင်စစ် ကြောက်ရွံ့ အပြစ်ရှောင် ကောင်းကျိုးဆောင်သူများသည် ရှိုင်သွာန်၏ထံမှ လှည့်ဖြားမှုတစ်စုံတစ်ခုသည် သူတို့အပေါ် ကျရောက်ခဲ့သောအခါ သူတို့သည် (အရှင်မြတ်အား) သတိရတသကြသည်။ ထို့နောက် သူတို့သည် ချက်ချင်းပင် အမြင်မှန်ရသူများဖြစ်သွားကြသည်။❸

❸ ရှိုင်သွာန် နှောင့်ယှက်တဲ့အခါ အမြင့်ဆုံးအဆင့်မှာ လုံးဝ ထိခိုက်ပြောင်းလဲသွားခြင်းမရှိဘူး။

အလယ်ဆင့်မှာ ခေတ္တထိရောက်မှုဖြစ်ပြီး မမှားခင်အရင် ချက်ချင်းသတိရကာ လွတ်မြောက်သွားတယ်။ အနိမ့်ဆုံးအဆင့်မှာ ထိရောက်မှုဖြစ်ပြီး မှားယွင်းသွားပြီးနောက် ချက်ချင်းသတိရကာ ဝန်ချတောင်းပန်ပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းလိုက်တယ်။ (အလင်းပြကျမ်း)

وَإِخْوَانُهُمْ يَمُدُّونَهُمْ فِي الْغَيِّ ثُمَّ لَا يُقْصِرُونَ ﴿٢٠٢﴾

(၂၀၂) ထို့ပြင် ၎င်း(ရှိုင်သွာန်)တို့၏ညီအစ်ကိုများကမူ သူတို့အား ၎င်း(ရှိုင်သွာန်)တို့က လမ်းမှားထဲ၌ပင် ဆွဲခေါ်ထားကြသည်။ ထို့နောက် သူတို့သည် အလျှော့မပေးကြပေ။ (လမ်းမှားထဲ၌ပင် ရှိုင်သွာန်များက ဆက်ဆွဲထား၍ အဆွဲခံရသူများကလည်း လမ်းမှားထဲ၌ပင် ဆက်လက်နေကြတော့သည်)။

وَإِذَا لَمْ تَأْتِهِمْ بِآيَةٍ قَالُوا لَوْلَا اجْتَبَيْتَهَا ۚ قُلْ إِنَّمَا أَتَّبِعُ مَا يُوحَىٰ إِلَيَّ مِنْ رَبِّي ۚ هَٰذَا بَصَائِرُ مِنْ رَبِّكُمْ وَهُدًى وَرَحْمَةٌ لِقَوْمٍ يُؤْمِنُونَ ﴿٢٠٣﴾

(၂၀၃) ထို့ပြင် အသင်သည် သူတို့ထံသို့ (သူတို့တောင်းဆိုသော) မုအ်ဂျိဇဟ်တန်ခိုးတော် တစ်စုံတစ်ခု မယူလာသောအခါ သူတို့က ပြောဆိုကြသည်- "အသင်သည် ၎င်း(တန်ခိုးတော်)ကို အဘယ်ကြောင့် ရွေးချယ် မယူခဲ့သနည်း။" (အို-တမန်တော်)အသင်ပြောလိုက်ပါ- "ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ငါ့ထံသို့ ချပေးခြင်းခံရသော ဝဟီအမိန့်တော်ကိုသာ လိုက်နာသည်။ ဤ(ကုရ်အာန်ကျမ်းတော်မြတ်)သည် အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ (ပေးသနားတော်မူလိုက်သော) ထင်ရှားစွာ သိမြင်နိုင်သော သက်သေသာဓကေ တန်ခိုးတော်ပင် ဖြစ်သည်။ ၎င်းပြင် ယုံကြည်သူများအတွက် လမ်းမှန်ညွှန်ကြားပြသချက်ဖြစ်သည့်အပြင် သနားကရုဏာလည်းဖြစ်သည်။ ❾

❾ ကာဖိရ်တွေ၊ မုရှ်ရိက်တွေတောင်းဆိုတဲ့ တန်ခိုးတွေကို အရှင်မြတ်က ပြသတော်မူခြင်းမရှိတာဟာ မလိုအပ်လို့ဖြစ်တယ်။ ကုရ်အာန်ကျမ်းတော်မြတ်ထဲမှာ သူတို့တောင်းဆိုတဲ့တန်ခိုးတွေထက်တောင် ပိုမိုကြီးမားများပြားတဲ့ တန်ခိုးတွေကို ထင်ထင်ရှားရှားမြင်တွေ့နိုင်အောင် အရှင်မြတ်က ထည့်ပေးထားတော်မူတယ်။ လက်ခံချင်တဲ့သူအတွက် လုံလောက်နေပြီဖြစ်တယ်။ လက်မခံချင်တဲ့သူအတွက် သူတို့တောင်းဆိုတဲ့ တန်ခိုးကို ပြမယ်ဆိုရင်လည်း လက်ခံမှာမဟုတ်ဘူးဆိုတာ အရှင်မြတ်သိပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِذَا قُرِئَ الْقُرْآنُ فَاسْتَمِعُوا لَهُ وَأَنْصِتُوا لَعَلَّكُمْ تُرْحَمُونَ ﴿٢٠٤﴾

(၂၀၄) ထို့ပြင် ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်ခြင်းခံရသောအခါ အသင်တို့သည် (အရှင်မြတ်၏)သနားကရုဏာတော်ကို ရရှိခံစားရရန်အတွက်

၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို ဆိတ်ငြိမ်စွာ အာရုံစိုက်၍နားထောင်ကြပါ။❺

❺ စွလာသ်ဝတ်ပြုနေတဲ့ အတွင်းမှာဖြစ်စေ၊ အပြင်မှာဖြစ်စေ ကုရ်အာန်ဖတ်နေရင် အာရုံစိုက်ပြီး ဆိတ်ဆိတ်နားထောင်ရမှာဖြစ်တယ်။ အာရုံစိုက်ပြီး ဆိတ်ဆိတ်နားထောင်ဖို့ အမိန့်ရှိခြင်းဟာ ကုရ်အာန်အတိုင်းလိုက်နာဖို့ အမိန့်ပေးထားတာဖြစ်တယ်လို့လည်း ဖွင့်ဆိုကြတယ်။ (အလင်းပြကျမ်း)

وَاذْكُرْ رَّبَّكَ فِيْ نَفْسِكَ تَضَرُّعًا وَّ خِيْفَةً وَّدُوْنَ الْجَهْرِ مِنَ الْقَوْلِ بِالْغُدُوِّ وَالْاٰصَالِ وَلَا تَكُنْ مِّنَ الْغٰفِلِيْنَ ﴿٢٠٥﴾

(၂၀၅) ထို့ပြင် အသင်သည် နံနက်နှင့် ညနေ၌❻ အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို အသင့်စိတ်နှလုံးထဲ၌ ကျိုးနွံ၍ ကြောက်ရွံ့ရိုကျိုးလျက် ကျယ်လောင်သောအသံဖြင့် မဟုတ်ဘဲ သတိရတသပါ။ ၎င်းပြင် အသင်သည် ဂရုမစိုက်မေ့လျော့နေသောသူများထဲတွင် အပါအဝင်မဖြစ်လေနှင့်။❼

❻ တစ်နေ့လုံးအရှင်မြတ်ကို သတိရနိုင်ဖို့ နေ့ရဲ့အစွန်းနှစ်ဖက်ဖြစ်တဲ့ မနက်နဲ့ညနေမှာ အရှင်မြတ်ကို သတိရတသခိုင်းထားတာဖြစ်တယ်။(အလင်းပြကျမ်း) ❼ အရှင်မြတ်ကို သတိရတသရမဲ့ပုံစံကိုပြသထားတာဖြစ်တယ်။ စိတ်ထဲက ပါရမယ်၊ ကြောက်ရွံ့ရိုသေမှု ရှိရမယ်၊ နှုတ်လျှာက ရွတ်ဆိုရမယ်၊ အသံကို အကျယ်ကြီး မဖြစ်စေရဘူး။ (အလင်းပြကျမ်း)

السجدة
اِنَّ الَّذِيْنَ عِنْدَ رَبِّكَ لَا يَسْتَكْبِرُوْنَ عَنْ عِبَادَتِهٖ وَيُسَبِّحُوْنَهٗ وَلَهٗ يَسْجُدُوْنَ ﴿٢٠٦﴾

(၂၀၆) အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင်ရှိသောသူ(ကောင်းကင်တမန်)များသည် အရှင်မြတ်အား ခဝပ်ကိုးကွယ်မှုပြုခြင်းမှ မာနထောင်လွှားမနေကြပေ။ ၎င်းပြင် သူတို့သည် အရှင်မြတ်၏ သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ပြောဆိုကြသည့်အပြင် သူတို့သည် အရှင်မြတ်ကိုသာ စဂျ်ဒဟ်ဦးချနေကြသည်။❶

❶ အပြစ်မဲ့တဲ့ စေတမန်တွေတောင် အမြဲဦးချနေရင် အပြစ်ရှိတဲ့ လူသားတွေဟာ ပိုပြီးတော့တောင် ဦးချသင့်တယ်လို့ ညွှန်းနေတာဖြစ်တယ်။ ဒီအာယသ်အဆုံးမှာ စဂျ်ဒဟ်ဦးချဖို့ (ဟနဖီမဇ်ဟဗ်မှာ) ဝါဂျိဗ်တာဝန်ဖြစ်တယ်။ (အလင်းပြကျမ်း)

==================

ركوعاتها ١٠ ٨ سُوْرَةُ الْاَنْفَالِ مَدَنِيَّةٌ ٧٥ اٰياتها ٨٨

# စူရဟ် အန်ဖာလ် (လက်ရပစ္စည်းများကဏ္ဍ) سُوْرَةُ الْاَنْفَالِ

==================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

يَسْـَٔلُوْنَكَ عَنِ الْاَنْفَالِ ۖ قُلِ الْاَنْفَالُ لِلّٰهِ وَ الرَّسُوْلِ ۚ فَاتَّقُوا اللّٰهَ وَ اَصْلِحُوْا ذَاتَ بَيْنِكُمْ ۖ وَ اَطِيْعُوا اللّٰهَ وَ رَسُوْلَهٗۤ اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿١﴾

(၁) သူတို့သည် အသင်(တမန်တော်)အား (စစ်တိုက်ရာမှရရှိသော) လက်ရ(သုံ့ပန်း)ပစ္စည်းများနှင့် ပတ်သက်၍ မေးမြန်းကြသည်။❶ (အို-တမန်တော်)အသင်ပြောလိုက်ပါ။ "လက်ရပစ္စည်းများသည် (အမှန်မှာ) အလ္လာဟ် အရှင်မြတ်နှင့် တမန်တော်မြတ်ပိုင်ဆိုင်တော်မူသောပစ္စည်းများပင် ဖြစ်သည်၊❷ သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။❸ ၎င်းပြင် အသင်တို့သည် အသင်တို့အချင်းချင်း၏ အခြေအနေကို မှန်ကန်အောင်ပြုပြင်ကြပါ။ ထို့ပြင် အကယ်၍ အသင်တို့သည် မုအ်မင်န်ယုံကြည်သူများ ဖြစ်ကြလျှင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်နှင့် အရှင်မြတ်၏တမန်တော်၏အမိန့်တော်များကို လိုက်နာကြပါ။

❶ ဗဒရ်စစ်ပွဲကရရှိခဲ့တဲ့ လက်ရသုံ့ပန်းပစ္စည်းတွေနဲ့ ပတ်သက်ပြီး ဘယ်သူပိုင်ဆိုင်တာလဲ၊ ဘယ်သူခွဲဝေမှာလဲလို့ မွတ်စ်လင်မ်တွေကြားမှာ မသိရှိတဲ့အပေါ် မေးမြန်းမှုတွေဖြစ်ပေါ်လာခဲ့တယ်။ (အလင်းပြကျမ်း) ❷ အဲဒီလက်ရပစ္စည်းတွေကိုအရှင်မြတ်နဲ့အရှင့်တမန်တော် ﷺ ပဲပိုင်ဆိုင်ကြောင်း ဖြေကြားတော်မူခဲ့တယ်။ စစ်တိုက်သူတွေဟာ အဲဒီလက်ရပစ္စည်းတွေကို ရည်ရွယ်ပြီးတိုက်တာ မဟုတ်ကြောင်းကို ထင်ရှားအောင် ပြသထားပြီး ကမ္ဘာပေါ်မှာရှိသမျှပစ္စည်းဟူသမျှဟာ အရင်ကတည်းက အရှင်မြတ်ပဲ ပိုင်ဆိုင်တာဖြစ်သလို ဒီလက်ရပစ္စည်းတွေဟာလည်း အရှင်မြတ်ပဲ ပိုင်ဆိုင်တော်မူတာကိုထင်ရှားစေလိုက်ခြင်းဖြစ်တယ်။ တမန်တော်မြတ် ﷺ ရောပိုင်ဆိုင်တယ်လို့ဆိုထားတာက တမန်တော်မြတ် ﷺ ဟာ အရှင်မြတ်ရဲ့ကိုယ်စားလှယ် ဖြစ်တာကြောင့် အရှင်မြတ်ရဲ့ ကိုယ်စား စီမံခန့်ခွဲဖို့အဖြစ်ရော ခွဲဝေပေးဖို့အဖြစ်ပါ ပိုင်ဆိုင်မှုထဲမှာ ထည့်ထားခြင်းသာဖြစ်တယ်။ (အလင်းပြကျမ်း) ❸ လူ့အခွင့်အရေးကို အပြည့်အဝပေးကြဖို့နဲ့ အရှင်မြတ်ရဲ့တာဝန်တွေကို ကျေပွန်ကြဖို့ အရှင်မြတ်ကို ကြောက်ခိုင်းထားတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّمَا الْمُؤْمِنُوْنَ الَّذِيْنَ اِذَا ذُكِرَ اللّٰهُ وَجِلَتْ قُلُوْبُهُمْ وَ اِذَا تُلِيَتْ عَلَيْهِمْ اٰيٰتُهٗ زَادَتْهُمْ اِيْمَانًا وَّ عَلٰى رَبِّهِمْ يَتَوَكَّلُوْنَ ﴿٢﴾

(၂) မုအ်မင်န်ယုံကြည်သူများသည် အကြင်သူများပင် ဖြစ်ကြသည်။ (ထိုသူများ၏ရှေ့၌) အလ္လာဟ်အရှင်မြတ်အား သတိရခဲ့လျှင်၊ သူတို့၏စိတ်နှလုံးများသည် ထိတ်လန့်တုန်လှုပ်သွားကြသည်။ ၎င်းပြင် အကယ်၍ သူတို့ရှေ့၌ အရှင်မြတ်၏အာယသ်တော်များ ဖတ်ကြားခံခဲ့ရလျှင်၊ ၎င်း(အာယသ်တော်များ)သည် သူတို့၏အီမာန်ယုံကြည်မှုကို တိုးပွားခိုင်မြဲစေကြသည်။ ထို့ပြင် သူတို့သည် (ကိစ္စရပ်တိုင်းကို) သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အပေါ်၌သာ ယုံပုံအပ်နှင်းကြသည်။❻

❻ ပြည့်ဝတဲ့မွတ်စ်လင်မ်ဟာ သူကိုယ်တိုင်ရော သူပိုင်ဆိုင်သမျှအရာတွေကိုပါ အရှင်မြတ်အပေါ်မှာ ယုံပုံအပ်နှင်းပြီး အရှင်မြတ်ရဲ့နှစ်သက်မှုရရှိဖို့ ကိစ္စတွေထဲမှာပဲ အသုံးပြုတော့တာဖြစ်တယ်။ (အလင်းပြကျမ်း)

ٱلَّذِينَ يُقِيمُونَ ٱلصَّلَوٰةَ وَمِمَّا رَزَقۡنَٰهُمۡ يُنفِقُونَ ۝٣

(၃) အကြင်သူများသည် စွလာသ်ဝတ်ပြုမှုကို အမြဲဆောက်တည်ကြသည်။ ၎င်းပြင် သူတို့အား ငါအရှင်မြတ်ပေးသနားတော်မူသောအရာများထဲမှ (လှူဒါန်း)သုံးစွဲကြသည်။

أُوْلَٰٓئِكَ هُمُ ٱلۡمُؤۡمِنُونَ حَقّٗاۚ لَّهُمۡ دَرَجَٰتٌ عِندَ رَبِّهِمۡ وَمَغۡفِرَةٞ وَرِزۡقٞ كَرِيمٞ ۝٤

(၄) ထိုသူများပင် အမှန်ယုံကြည်သူများဖြစ်ကြသည်။ သူတို့အတွက် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် (မြင့်မားသော) အဆင့်အတန်းများနှင့် လွတ်ငြိမ်းချမ်းသာခွင့်အပြင် မြင့်မြတ်သော ရိဇ္ဇ္ဂာလည်းရှိသည်။

كَمَآ أَخۡرَجَكَ رَبُّكَ مِنۢ بَيۡتِكَ بِٱلۡحَقِّ وَإِنَّ فَرِيقٗا مِّنَ ٱلۡمُؤۡمِنِينَ لَكَٰرِهُونَ ۝٥

(၅) အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မှန်ကန်မှုဖြင့် (ဆုံးဖြတ်၍) အသင့်အား အသင်၏အိမ်မှ ထွက်စေတော်မူခဲ့သကဲ့သို့ပင်ဖြစ်သည်။❼ အမှန်စင်စစ် ယုံကြည်သူများထဲမှလူတစ်စုသည် (ထိုကဲ့သို့ စစ်တိုက်ထွက်ကြရသည်ကို) မနှစ်မြို့သူများဖြစ်ခဲ့ကြသည်။

❼ တမန်တော်မြတ် ﷺ နဲ့ စွဟာဗဟ် ﵃ တွေ ကို မဒီနဟ်မြို့ရှိ ၎င်းတို့အိမ်ကနေ ဗဒရ်မှာ စစ်တိုက်ဖို့ အရှင်မြတ်က ထွက်စေခဲ့တာကို ဆိုလိုတယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

يُجَٰدِلُونَكَ فِي ٱلۡحَقِّ بَعۡدَ مَا تَبَيَّنَ كَأَنَّمَا يُسَاقُونَ إِلَى ٱلۡمَوۡتِ وَهُمۡ يَنظُرُونَ ۝٦

(၆) သူတို့သည် အမှန်တရားနှင့်ပတ်သက်၍ ထိုအမှန်တရားသည် ထင်ရှားခဲ့ပြီးနောက် သူတို့သည် သေခြင်းကို မြင်နေရလျက် သေခြင်းဘက်သို့

မောင်းနှင်ခံရသကဲ့သို့ အသင်နှင့် ငြင်းခုံခဲ့ကြသေးသည်။❻

❻ သူတို့ရဲ့လူအင်အား လက်နက်အင်အားနည်းမှုနဲ့ ရန်သူဘက်က လူအင်အား လက်နက်အင်အားများမှုတို့ကို စဉ်းစားပြီး လူ့သဘာဝအလျောက်ကြောက်နေကြတာကို ဆိုလိုတယ်။(အဲဒါကို အကြောင်းပြုပြီး စဟာဗဟ် ﷺ တွေကို မကောင်းမထင်ရဘူး။) (အလင်းပြကျမ်း)

وَإِذْ يَعِدُكُمُ اللَّهُ إِحْدَى الطَّائِفَتَيْنِ أَنَّهَا لَكُمْ وَتَوَدُّونَ أَنَّ غَيْرَ ذَاتِ الشَّوْكَةِ تَكُونُ لَكُمْ وَيُرِيدُ اللَّهُ أَنْ يُحِقَّ الْحَقَّ بِكَلِمَاتِهِ وَيَقْطَعَ دَابِرَ الْكَافِرِينَ ﴿٧﴾

(၇) ထို့ပြင် တစ်ခါတွင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အုပ်စုနှစ်စုထဲမှ တစ်စုနှင့်ပတ်သက်၍ ထိုတစ်စုသည် အသင်တို့၏လက်တွင်းသို့ အမှန်ပင် ကျရောက်လိမ့်မည်ဟု ကတိပြုတော်မူသည်။ ထို့နောက် အသင်တို့ကမူ ဆူးညှောင့်(လက်နက်)မပါသော အုပ်စုကိုသာ အသင်တို့၏လက်တွင်းသို့ ကျရောက်ရန်မျှော်လင့်တောင့်တကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏အမိန့်တော်များအကြောင်းခံဖြင့် အမှန်တရားကို ထင်ရှားစေရန်အတွက်နှင့် ငြင်းပယ်သူများ၏ အခြေအမြစ်ကို ဖြတ်တောက်ပစ်တော်မူရန်အတွက်❼ ရည်ရွယ်တော်မူသည်။

❼ ဗဒရ်စစ်ပွဲမှာ ကာဖိရ်တွေဘက်က စစ်ရေးရှုံးနိမ့်ပြီး နာမည်ကြီးသူရဲကောင်း(၇၀)ကျဆုံးကာ (၇၀)အဖမ်းခံခဲ့ရတာဖြစ်တယ်။ အဲဒါဟာ ကာဖိရ်တွေရဲ့ အမြစ်ကို ဖြတ်လိုက်သလိုပဲဖြစ်သွားခဲ့တယ်။ (အလင်းပြကျမ်း)

لِيُحِقَّ الْحَقَّ وَيُبْطِلَ الْبَاطِلَ وَلَوْ كَرِهَ الْمُجْرِمُونَ ﴿٨﴾

(၈) (ထိုကဲ့သို့ရည်ရွယ်တော်မူသည်ကို) အပြစ်ရှိသူများကမူ နှစ်သက်ကြမည်မဟုတ်သော်လည်း အမှန်ကို အတည်ဖြစ်စေရန်နှင့် အမှားကို ပယ်ပျက်သွားစေရန်အတွက်ဖြစ်သည်။

إِذْ تَسْتَغِيثُونَ رَبَّكُمْ فَاسْتَجَابَ لَكُمْ أَنِّي مُمِدُّكُمْ بِأَلْفٍ مِنَ الْمَلَائِكَةِ مُرْدِفِينَ ﴿٩﴾

(၉) တစ်ခါတွင် အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်၌ ကူညီရန် တောင်းခံနေကြသည်။ ထို့နောက် အရှင်မြတ်သည် အသင်တို့၏တောင်းခံမှုကို (ဤသို့)ပြန်ကြားတော်မူခဲ့သည်– "အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား တစ်ပါးပြီးတစ်ပါး(ဆက်တိုက်)လာကြမည့်❶ ကောင်းကင်တမန်တစ်ထောင်နှင့် ကူညီတော်မူမည်"။

❶ ဗဒရ်စစ်ပွဲမှာ ကောင်းကင်တမန်တွေ တစ်ပါးပြီးတစ်ပါး ဆက်တိုက်လာကြတယ်ဆိုတာ ပထမမှာ အပါး(၁၀၀၀)ရောက်လာခဲ့တယ်။ (ကုရ်အာန် – ၈း၉)အဲဒီနောက် အပါး (၂၀၀၀)ထပ်ရောက်လာခဲ့တယ်။ အဲဒီနောက် အပါး (၂၀၀၀) ထပ်ရောက်လာခဲ့တယ်။ စုစုပေါင်း(၅၀၀၀) ဖြစ်သွားခဲ့တယ်။ (ကုရ်အာန် – ၃း၁၂၄ – ၁၂၅)။(မအာရိဖွလ်ကုရ်အာန် – မော်လာနာအိဒ်ရီးစ်)

وَمَا جَعَلَهُ اللّٰهُ اِلَّا بُشْرٰى وَلِتَطْمَىٕنَّ بِهٖ قُلُوْبُكُمْ ۚ وَمَا النَّصْرُ اِلَّا مِنْ عِنْدِ اللّٰهِ ؕ اِنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ ﴿١٠﴾

(၁၀) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ထို(သို့ ကောင်းကင်တမန်စေလွှတ်ပြီး ကူညီတော်မူမည်ဟု) ကတိပေးတော်မူခြင်းကို (အသင်တို့အတွက်) ဝမ်းမြောက်ဖွယ်သတင်းကောင်းအဖြစ်နှင့် အသင်တို့၏ စိတ်နှလုံးများသည် ထိုသတင်းနှင့် နှစ်သိမ့်အေးချမ်းရန်အတွက် ပြုလုပ်တော်မူခဲ့ခြင်းသာ ဖြစ်သည်။ ၎င်းပြင် အောင်မြင်မှုသည် အလ္လာဟ်အရှင်မြတ်ထံတော်မှသာဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

اِذْ يُغَشِّيْكُمُ النُّعَاسَ اَمَنَةً مِّنْهُ وَيُنَزِّلُ عَلَيْكُمْ مِّنَ السَّمَآءِ مَآءً لِّيُطَهِّرَكُمْ بِهٖ وَيُذْهِبَ عَنْكُمْ رِجْزَ الشَّيْطٰنِ وَلِيَرْبِطَ عَلٰى قُلُوْبِكُمْ وَيُثَبِّتَ بِهِ الْاَقْدَامَ ﴿١١﴾

(၁၁) တစ်ခါတွင် အရှင်မြတ်သည် အရှင်မြတ်ထံတော်မှ အသင်တို့အပေါ်၌ အမောအပန်းပြေစေရန်အတွက် ငိုက်မျဉ်းခြင်းကို ဖုံးလွှမ်းစေတော်မူခဲ့သည်။ (စစ်ပွဲတွင် မွတ်စ်လင်မ် စစ်သားများ အိပ်ငိုက်နေသည်ကို ကာဖိရ်စစ်သားများ မြင်တွေ့ပြီး ဤအချိန်၌ပင် အိပ်ငိုက်နိုင်သေးသည့် စစ်သားများ၏ရဲရင့်မှုအပေါ် ကြောက်ရွံ့မှုဖြစ်ပေါ်စေရန်ဖြစ်သည်။) ၎င်းပြင် အရှင်မြတ်သည် အသင်တို့အပေါ်၌ မိုးကောင်းကင်မှ (မိုး)ရေကို ထိုရေနှင့် အသင်တို့အား သန့်ရှင်းစင်ကြယ်စေရန်၊ ၎င်းပြင် အသင်တို့(၏စိတ်နှလုံးများ)ထဲမှ ရှိုင်သွာန်၏လှုံ့ဆော်ချက်ကို ပပျောက်စေရန်၊ ၎င်းပြင် အသင်တို့၏စိတ်နှလုံးများ ကြံ့ခိုင်စေရန်နှင့် ခြေများကို ထို(မိုးရေ)ဖြင့် ခိုင်မြဲစေရန်အတွက် ရွာသွန်းချပေးတော်မူခဲ့သည်။[J]

[J] မွတ်စ်လင်မ်တွေတပ်စွဲတဲ့နေရာမှာ ရေရှားပါးတဲ့နေရာဖြစ်နေတဲ့အတွက် သောက်ရေ၊ သုံးရေလည်းမရှိ၊ ဝုဒူလုပ်စရာလည်းမရှိနဲ့ အခက်အခဲတွေ၊ ပင်ပန်းမှုတွေ ဖြစ်နေခဲ့တယ်။ ခြေအောက်မှာလည်း သဲတွေဖြစ်နေတဲ့အတွက် ခြေကျွံမှုဖြစ်ကြတယ်။ ဒါ့အပြင် ရှိုင်သွာန်ကလည်း စိတ်ဓာတ်ကျဆင်းအောင် လှုံ့ဆော်လျက်ရှိတယ်။ အဲဒါတွေအားလုံးကို ပြေလည်အောင် အရှင်မြတ်က မိုးရွာသွန်းချပေးတော်မူခဲ့ပြီး အားရှိအောင် ငိုက်မျဉ်းမှုပါ ချပေးတော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

اِذْ يُوْحِيْ رَبُّكَ اِلَى الْمَلٰٓىٕكَةِ اَنِّيْ مَعَكُمْ فَثَبِّتُوا الَّذِيْنَ اٰمَنُوْا ؕ سَاُلْقِيْ فِيْ قُلُوْبِ الَّذِيْنَ كَفَرُوا الرُّعْبَ فَاضْرِبُوْا فَوْقَ الْاَعْنَاقِ وَاضْرِبُوْا مِنْهُمْ كُلَّ بَنَانٍ ﴿١٢﴾

(၁၂) တစ်ခါတွင် အသင်(တမန်တော်)ကို ဖန်ဆင်းမွေးမြူတော်မူသော

အရှင်မြတ်သည် ကောင်းကင်တမန်များထံသို့ ဝဟီအမိန့်တော် (ဤသို့)ချမှတ်တော်မူခဲ့သည်- "ငါအရှင်မြတ်သည် အမှန်ပင် အသင်တို့နှင့် အတူရှိတော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် ယုံကြည်သူများအား တည်မြဲအောင်လုပ်ကြပါ။❷ ငါအရှင်မြတ်သည် ကာဖိရ်များ၏စိတ်နှလုံးများထဲ၌ ကြောက်ရွံ့ထိတ်လန့်မှုကို မကြာမီ ထည့်သွင်းတော်မူမည်။ သို့ဖြစ်ရာ အသင်တို့သည် (သူတို့၏) လည်ကုပ်များကို ခုတ်ဖြတ်ကြပါ။ ၎င်းပြင် အသင်တို့သည် သူတို့၏လက်ချောင်းများ၏အဆစ်များကို တစ်ခုစီ ဖြတ်တောက်ကြပါ။"(ခေတ်တိုင်း၊ နေရာတိုင်းက ကာဖိရ်တိုင်းကို ဤသို့သတ်ဖြတ်ရန် အမိန့်ပေးထားသည်မဟုတ်ပေ။)

❷ မုအ်မင်န်ယုံကြည်သူတွေရဲ့စိတ်ဓာတ်မကျဆင်းရအောင် ကောင်းကင်တမန်တွေနဲ့ အရှင်မြတ်က အားပေးခိုင်းတာဖြစ်တယ်။ ပြီးတော့ အရှင်မြတ်ကူညီရင် ကာဖိရ်တွေရဲ့ဘယ်လောက်ကြီးမားတဲ့ အင်အားပင်ဖြစ်ပါစေ အရေးရှုံးနိမ့်မှာဖြစ်ကြောင်းကို သိရှိကြစေဖို့အတွက်လည်းဖြစ်တယ်။ နောက်ဆုံးတော့ တကယ်ပဲ ကာဖိရ်တွေဘက်က ရှုံးနိမ့်သွားခဲ့ရတာပဲဖြစ်တယ်။

(မအာရိဖွလ်ကုရ်အာန် - မော်လာနာအိဒ်ရီးစ်၊ ဂျလာလိုင်န်)

ذٰلِكَ بِاَنَّهُمْ شَآقُّوا اللّٰهَ وَرَسُوْلَهٗ ۚ وَمَنْ يُّشَاقِقِ اللّٰهَ وَرَسُوْلَهٗ فَاِنَّ اللّٰهَ شَدِيْدُ الْعِقَابِ ﴿١٣﴾

(၁၃) ၎င်း(အပြစ်ဒဏ်ကျရောက်လာခြင်း)သည် အမှန်မှာ သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်အား ဆန့်ကျင်ခဲ့ကြခြင်းကြောင့် (ဤသို့အမိန့်ချမှတ်ခြင်း)ဖြစ်သည်။ ၎င်းပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို ဆန့်ကျင်လျှင် အလ္လာဟ်အရှင်မြတ်သည် အမှန်စင်စစ် ပြင်းထန်စွာ ပြစ်ဒဏ်စီရင်တော်မူသောအရှင် ဖြစ်တော်မူသည်။

ذٰلِكُمْ فَذُوْقُوْهُ وَاَنَّ لِلْكٰفِرِيْنَ عَذَابَ النَّارِ ﴿١٤﴾

(၁၄) သို့ဖြစ်ရာ အသင်တို့သည် ထို(ပြစ်ဒဏ်)ကို မြည်းစမ်းလိုက်ကြပါ။ ၎င်းပြင် အမှန်စင်စစ် ကာဖိရ်ငြင်းပယ်သူများ (ခံစားကြရန်)အတွက် ဂျဟန္နမ်ငရဲဘုံ၏အပြစ်ဒဏ်သည် (အဆင်သင့်)ရှိသည်။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اِذَا لَقِيْتُمُ الَّذِيْنَ كَفَرُوْا زَحْفًا فَلَا تُوَلُّوْهُمُ الْاَدْبَارَ ﴿١٥﴾

(၁၅) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ကာဖိရ်ငြင်းပယ်သူများကို စုစည်းထားသောစစ်တပ်ကြီးအဖြစ်(စစ်မြေပြင်တွင်) တွေ့ဆုံကြသောအခါ အသင်တို့သည် သူတို့ကို ကျောခိုင်းထွက်မပြေးကြလေနှင့်။❻

❻ စစ်မြေပြင်ကနေ ရှုံးနိမ့်မှာ ကြောက်ပြီး ထွက်ပြေးခြင်းမပြုရဘူး။ မွတ်စ်လင်မ်ဟာ အရှင်မြတ်ရဲ့ သာသနာရှင်သန်ရေးအတွက် စစ်တိုက်တာဖြစ်တဲ့အတွက် ကိုယ့်ရဲ့အသက်ဆုံးရှုံးမှာကို ကြောက်စရာမလိုဘူး။ စစ်ပွဲမှာ ကျဆုံးခဲ့ရင်လည်း တမလွန်ဘဝမှာ အဆင့်မြင့်မြင့်နဲ့ ရှင်သန်ရမှာပဲဖြစ်တယ်။

အဲဒါကြောင့် စစ်ပွဲကနေ ထွက်မပြေးဖို့ ပြင်းပြင်းထန်ထန် အမိန့်ပညတ်ထားတာဖြစ်တယ်။ ရန်သူဟာ အဆပေါင်းများစွာ များပြားနေရင်သာ စစ်တပ်လိုက် ပြန်လည်ဆုတ်ခွာခွင့်ပြုထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَنْ يُّوَلِّهِمْ يَوْمَئِذٍ دُبُرَهٗٓ اِلَّا مُتَحَرِّفًا لِّقِتَالٍ اَوْ مُتَحَيِّزًا اِلٰى فِئَةٍ فَقَدْ بَآءَ بِغَضَبٍ مِّنَ اللّٰهِ وَمَاْوٰىهُ جَهَنَّمُ ۗ وَبِئْسَ الْمَصِيْرُ ﴿١٦﴾

(၁၆) ထို့နောက် မည်သူမဆို ထိုနေ့တွင် ချီတက်မှုလွှဲပြောင်းစစ်ဆင်ခြင်း သို့မဟုတ်(မိမိ၏)တပ်ဖွဲ့တစ်ဖွဲ့ထံသို့ ပူးပေါင်းနေရာယူခြင်းမှလွဲ၍ ၎င်း(ကာဖိရ်)တို့ကို ကျောခိုင်း(ထွက်ပြေး)သွားခဲ့လျှင် ထိုသူသည် အလ္လာဟ်အရှင်မြတ်၏အမျက်တော်သင့်၍ပြန်ခဲ့သည်ပင် ဖြစ်သည်။ ၎င်းပြင် သူ၏နေရာထိုင်ခင်းသည် ဂျဟန္နမ်ငရဲဘုံ ဖြစ်သည်။ ထို့ပြင် (ငရဲဘုံသည်) အဘယ်မျှဆိုးရွားသောပြန်လည်ရာစခန်းဖြစ်လိုက်သနည်း။

فَلَمْ تَقْتُلُوْهُمْ وَلٰكِنَّ اللّٰهَ قَتَلَهُمْ ۖ وَمَا رَمَيْتَ اِذْ رَمَيْتَ وَلٰكِنَّ اللّٰهَ رَمٰى ۚ وَلِيُبْلِيَ الْمُؤْمِنِيْنَ مِنْهُ بَلَآءً حَسَنًا ۗ اِنَّ اللّٰهَ سَمِيْعٌ عَلِيْمٌ ﴿١٧﴾

(၁၇) ထို့နောက် အသင်တို့သည် ထို(ကာဖိရ်ငြင်းပယ်သော)သူများအား သတ်ဖြတ်ခဲ့ကြသည်မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည်ပင် သူတို့အား သတ်ဖြတ်တော်မူခဲ့ခြင်းဖြစ်သည်။ ၎င်းပြင် အသင်(တမန်တော်)သည် (သူတို့အား သဲများဖြင့်) ပစ်ပက်စဉ်ကလည်း အသင်ပစ်ပက်ခဲ့သည်မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည်ပင် ပစ်ပက်တော်မူခဲ့ခြင်းဖြစ်သည်။❶ ၎င်းပြင် အရှင်မြတ်သည် ယုံကြည်သောသူများအား အရှင်မြတ်ထံတော်မှကောင်းမွန်သော စမ်းသပ်မှုဖြင့် စမ်းသပ်ကျေးဇူးပြုတော်မူရန်အတွက်ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ တမန်တော်မြတ် ﷺ ဟာ ဗဒရ်စစ်ပွဲမှာ စစ်တိုက်နေတုန်း ကျောက်စရစ်/သဲ လက်တစ်ဆုပ်ယူပြီး ရန်သူတွေဘက်ကို ပက်လိုက်တဲ့အခါ အဲဒီသဲတွေဟာ ရန်သူတွေရဲ့မျက်စိထဲကို ဝင်သွားတဲ့အတွက် စစ်ရှုံးနိမ့်ခဲ့ကြရတယ်။ အဲဒီလိုဖြစ်စေတာဟာ အရှင်မြတ်ပဲ ဖြစ်တော်မူတယ်လို့ ဆိုလိုတာဖြစ်တယ်။ ဒါဟာ အရှင်မြတ်ရဲ့တန်ခိုးတော်တွေထဲကဖြစ်တယ်။ (အလင်းပြကျမ်း)

ذٰلِكُمْ وَاَنَّ اللّٰهَ مُوْهِنُ كَيْدِ الْكٰفِرِيْنَ ﴿١٨﴾

(၁၈) ၎င်း(စမ်းသပ်မှု)သည် အမှန်ပင်ဖြစ်ခဲ့သည်၊ ၎င်းပြင်(နောက်စမ်းသပ်မှုတစ်ခုမှာ ဤသို့ ဖြစ်ခဲ့သည်) အလ္လာဟ်အရှင်မြတ်သည် ငြင်းပယ်သူ

များ၏အကြံအစည်ကိုလည်း အမှန်စင်စစ် ချည့်နဲ့(ပျက်စီး)စေတော်မူမည့်အရှင်ဖြစ်သည်။❶

❶ အခုလည်း ဗဒရ်စစ်ပွဲမှာ ကာဖိရ်တွေရဲ့အကြံအစည်ကို ပျက်စီးစေခဲ့သလို နောက်နောင်မှာလည်း ဒီလိုပဲ အကျိုးမဲ့ဖြစ်စေဦးမှာဖြစ်တယ်။ (အလင်းပြကျမ်း)

إِن تَسْتَفْتِحُوا فَقَدْ جَاءَكُمُ الْفَتْحُ ۖ وَإِن تَنتَهُوا فَهُوَ خَيْرٌ لَّكُمْ ۖ وَإِن تَعُودُوا نَعُدْ وَلَن تُغْنِيَ عَنكُمْ فِئَتُكُمْ شَيْئًا وَلَوْ كَثُرَتْ وَأَنَّ اللَّهَ مَعَ الْمُؤْمِنِينَ ﴿١٩﴾

(၁၉) အကယ်၍ အသင်တို့သည် စီရင်ဆုံးဖြတ်ချက်ကို ရလိုသည်ဆိုလျှင် စီရင်ဆုံးဖြတ်ချက်သည် အသင်တို့ထံ အမှန်စင်စစ် (အသင့်)ရောက်ရှိနေပြီဖြစ်သည်။❷ ၎င်းပြင် အကယ်၍ အသင်တို့သည် (ယခု)ရပ်စဲလိုက်ကြတော့မည်ဆိုလျှင်လည်း ထိုအရာသည် အသင်တို့အတွက် အကောင်းဆုံးပင်ဖြစ်သည်။ ၎င်းပြင် အကယ်၍ အသင်တို့သည် ထပ်ပြီးပြုလုပ်ကြဦးမည်ဆိုလျှင် ငါအရှင်မြတ်သည်လည်း ထပ်ပြီးပြုလုပ်တော်မူမည်ဖြစ်သည်။ ထို့နောက် အသင်တို့၏အုပ်စုသည် မည်မျှပင်များသည်ဖြစ်စေ၊ အသင်တို့အတွက် အနည်းငယ်မျှပင် လုံးဝအသုံးဝင်မည်မဟုတ်ပေ။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ယုံကြည်သောသူများနှင့် အတူတကွ ရှိတော်မူသည်။

❷ ကာဖိရ်တွေဟာ မက္ကဟ်မြို့ကနေ ဗဒရ်စစ်ပွဲကို မသွားခင်မှာ ကအ်ဗဟ်ကျောင်းတော်ရဲ့ အဖုံးဂိလာဖ်ကိုကိုင်တွယ်ပြီး အခုလို ပြောဆိုကြတယ်- “အို-အရှင်၊ အုပ်စုနှစ်စုထဲက အမွန်မြတ်ဆုံးအုပ်စုကို အနိုင်ပေးတော်မူပါ၊ ဆူပူနှောင့်ယှက်သူတွေကို ရှုံးစေတော်မူပါ။” အဲဒီနောက် ကာဖိရ်တွေဟာ စစ်ပွဲရှုံးနိမ့်ပြီဖြစ်တဲ့အတွက် သူတို့လိုချင်တဲ့ စီရင်ဆုံးဖြတ်ချက် “ကာဖိရ်တွေများတယ်ဆိုတဲ့ထင်ရှားမှု” ရရှိသွားပြီဖြစ်တယ်။ (အလင်းပြကျမ်း)

يَا أَيُّهَا الَّذِينَ آمَنُوا أَطِيعُوا اللَّهَ وَرَسُولَهُ وَلَا تَوَلَّوْا عَنْهُ وَأَنتُمْ تَسْمَعُونَ ﴿٢٠﴾

(၂၀) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များနှင့် အရှင်မြတ်၏တမန်တော့် အမိန့်တော်များကို လိုက်နာကြပါ။ ၎င်းပြင် အသင်တို့သည် ကြားသိလျက်နှင့် ၎င်း(အမိန့်တော်)မှ လွှဲဖယ်မသွားကြနှင့်။❸

❸ အမိန့်တော်တွေကို လိုက်နာမှုပဲ အမှန်တကယ်ကြားတယ်လို့ ခေါ်တယ်ဆိုတာကို ထင်ထင်ရှားရှားဖွင့်ပြထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا تَكُونُوا كَالَّذِينَ قَالُوا سَمِعْنَا وَهُمْ لَا يَسْمَعُونَ ﴿٢١﴾

(၂၁) ထို့ပြင် အသင်တို့သည် အကြင်သူများကဲ့သို့မဖြစ်ကြနှင့်၊ သူတို့သည် (မည်သည့်အရာကိုမျှ) ကြားကြသည်မဟုတ်ဘဲလျက် ကျွန်ုပ်တို့ ကြား

ကြပါပြီ ❺ဟု ပြောဆိုခဲ့ကြသည်။

❺ ယဟူဒီတွေက سَمِعْنَا وَعَصَيْنَا "ကျွန်ုပ်တို့သည်ကြားကြပါပြီ၊ ၎င်းနောက် မနာခံကြပါ"လို့ ပြောခဲ့ကြသလို မနာခံတဲ့သူတွေမဖြစ်ဖို့ မိန့်ဆိုထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ شَرَّ الدَّوَآبِّ عِندَ اللَّهِ الصُّمُّ الْبُكْمُ الَّذِينَ لَا يَعْقِلُونَ ﴿٢٢﴾

(၂၂) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ထံတော်တွင် အဆိုးဆုံးသတ္တဝါသည် နားပင်း၊ ဆွံ့အသော သတ္တဝါများပင်ဖြစ်ကြသည်။ ထိုသတ္တဝါများသည် (မည်သည့်အရာကိုမျှ) သိနားလည်ခြင်းမရှိကြပေ။❻

❻ အရှင်မြတ်ပေးထားတဲ့ အာရုံတွေကို မသုံးတဲ့အတွက် တိရစ္ဆာန်တွေထက်တောင် ဆိုးဝါးတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَوْ عَلِمَ اللَّهُ فِيهِمْ خَيْرًا لَّأَسْمَعَهُمْ ۖ وَلَوْ أَسْمَعَهُمْ لَتَوَلَّوا وَّهُم مُّعْرِضُونَ ﴿٢٣﴾

(၂၃) ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် သူတို့တွင် ကောင်းသောအချက် တစ်စုံတစ်ရာကိုသာ သိမြင်တော်မူခဲ့လျှင် သူတို့အား အမှန်ပင်ကြားနာစေတော်မူခဲ့မည်ဖြစ်သည်။ ၎င်းပြင် အကယ်၍ သူတို့အား (ယခု)ကြားနာစေတော်မူမည်ဆိုလျှင်လည်း သူတို့သည် ဂရုမစိုက်သောသူများဖြစ်လျက် အမှန်စင်စစ် မျက်နှာလွှဲသွားကြမည်ဖြစ်သည်။❼

❼ အခုလည်း သူတို့မှာ အမှန်တရားကို လိုလားတဲ့စိတ်မရှိတဲ့အတွက် ကျောခိုင်းသွားဦးမှာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

يَا أَيُّهَا الَّذِينَ آمَنُوا اسْتَجِيبُوا لِلَّهِ وَلِلرَّسُولِ إِذَا دَعَاكُمْ لِمَا يُحْيِيكُمْ ۖ وَاعْلَمُوا أَنَّ اللَّهَ يَحُولُ بَيْنَ الْمَرْءِ وَقَلْبِهِ وَأَنَّهُ إِلَيْهِ تُحْشَرُونَ ﴿٢٤﴾

(၂၄) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို လက်ခံလိုက်နာကြပါ။ ထို့ပြင် တမန်တော်၏အမိန့်တော်ကို ၎င်း(တမန်တော်)သည် အသင်တို့အား အသင်တို့ အသက်ရှင်စေနိုင်သောကိစ္စများဘက်သို့ ဖိတ်ခေါ်သောအခါ လက်ခံလိုက်နာကြပါ။❽ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူသားနှင့် သူ၏စိတ်နှလုံးကြား၌ ကာဆီးလျက်ရှိနေတော်မူသည်❾ ဆိုသည်ကိုလည်းကောင်း၊ အမှန်ပင် အရှင်မြတ်ထံတော်တွင် အသင်တို့စုရုံးခြင်းခံကြရမည် ဆိုသည်ကိုလည်းကောင်း အသင်တို့သိရှိထားကြပါ။

❽ အမိန့်နာခံဖို့ခေါ်တဲ့အခါမှာ အချိန်မဆွဲဘဲ အလျင်အမြန် လိုက်နာဖို့ကို ဆိုလိုတယ်။(အလင်းပြကျမ်း) ❾ ဟဒီးဆ်တော်မှာလာရှိတာက "ဗနီအာဒမ်ရဲ့ စိတ်တွေဟာ အရှင်မြတ်ရဲ့ လက်ချောင်းနှစ်ခုကြားမှာရှိတဲ့ စိတ်တစ်ခုထဲလိုဖြစ်တယ်။ အရှင်မြတ်အလိုရှိသလို လှည့်တော်မူတယ်"ဆိုတဲ့ အတိုင်း လူနဲ့စိတ်နှလုံးကြားမှာ အရှင်မြတ်က အဓိကဖြစ်နေတာကို ဆိုလိုတယ်။(အလင်းပြကျမ်း)

အရှင်မြတ်အလိုရှိသလို ပြုလုပ်တဲ့ကိစ္စမှာ လူသားကိုလည်း အရှင်မြတ်အလိုရှိတဲ့အတိုင်း လိုလို လားလားမိမိတို့ဆန္ဒအလျောက်ပြုလုပ်ပြီး အစားပေးနိုင်အောင် အရှင်မြတ်ရဲ့စီမံခန့်ခွဲထားပုံကို ကုရ်အာန်(၆း၁၄၈)ရဲ့အောက်ခြေ(၁)မှာ ဖော်ပြခဲ့ပြီးဖြစ်တယ်။

وَاتَّقُوا فِتْنَةً لَّا تُصِيبَنَّ الَّذِينَ ظَلَمُوا مِنكُمْ خَاصَّةً ۖ وَاعْلَمُوا أَنَّ اللَّهَ شَدِيدُ الْعِقَابِ ﴿٢٥﴾

(၂၅) ထို့ပြင် အသင်တို့သည် အကြောင်အပြစ်ဒဏ်ကို ကြောက်ရွံ့ကြပါ။ ၎င်း(ပြစ်ဒဏ်)သည် အသင်တို့ထဲမှ မတရားကျူးလွန်သူများအပေါ်၌သာ သီးသန့် ကျရောက်လာမည်မဟုတ်ပေ။⑩ ၎င်းပြင် စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်ပြင်းထန်စွာ ပြစ်ဒဏ်ခတ်တော်မူသောအရှင်ဖြစ်သည်ကိုလည်း အသင် တို့ သိရှိထားကြပါ။

⑩ မွတ်စ်လင်မ်တိုင်း ပြစ်မှုကင်းအောင်ကြိုးပမ်းရမှာဖြစ်တယ်။ မဟုတ်ရင် ကာဖိရ်တွေနဲ့ အတူတူ အပြစ်ခံရလိမ့်မယ်။ (ဂျလာလိုင်န်)

وَاذْكُرُوا إِذْ أَنتُمْ قَلِيلٌ مُّسْتَضْعَفُونَ فِي الْأَرْضِ تَخَافُونَ أَن يَتَخَطَّفَكُمُ النَّاسُ فَآوَاكُمْ وَأَيَّدَكُم بِنَصْرِهِ وَرَزَقَكُم مِّنَ الطَّيِّبَاتِ لَعَلَّكُمْ تَشْكُرُونَ ﴿٢٦﴾

(၂၆) ထို့ပြင် အသင်တို့သည် (အကြောင်အချိန်အခါကို) သတိရကြပါ။ ထိုအချိန်တွင် အသင်တို့သည် အနည်းငယ်မျှသာ ရှိခဲ့ကြသည်။ ကမ္ဘာမြေတွင် အင်အားချည့်နဲ့သူများဖြစ်ခဲ့ကြသည်။ အသင်တို့သည် အသင်တို့အား လူများက ရုတ်တရက် လုယက်တိုက်ခိုက် သတ်ဖြတ်ကြမည်ကိုပင် စိုးရိမ်နေကြရသည်။ ထို့နောက် အရှင်မြတ်သည် အသင်တို့ကျေးဇူးသိတတ်ကြရန်အတွက် အသင်တို့ အား ခိုကိုးရန်နေရာ (မဒီနဟ်မြို့တွင်) ချပေးတော်မူခဲ့သည်။ ၎င်းပြင် အရှင်မြတ် သည် အသင်တို့အား အရှင်မြတ်၏အကူအညီဖြင့် အင်အားဖြည့်တင်းပေးတော်မူ ခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အား သန့်ပြန့်သောရိဇ္ဇာများကိုလည်း ပေးသနားတော်မူခဲ့သည်။❶

❶ တမန်တော် ﷺ စတင်ပွင့်ခါစအစပိုင်းကာလမှာမွတ်စ်လင်မ်တွေဟာအရေအတွက်အနည်းငယ် လောက်ပဲရှိခဲ့ကြတဲ့အပေါ် အချိန်မရွေး ဝါးမျိုခံရမှာကို စိုးရိမ်နေခဲ့ကြရတယ်။ အဲဒီနောက် အရှင် မြတ်က မဒီနဟ်မြို့ကိုပြောင်းရွှေ့ခွင့်ပေးပြီး အန်စွာရီတွေနဲ့ အားဖြည့်ပေးခဲ့တယ်။ ပထမဦးဆုံးစစ်ပွဲ မှာ အရှင်မြတ်ကူညီလို့ အောင်နိုင်ခဲ့ကြတယ်။ အဲဒါကြောင့် အရှင်မြတ်ရဲ့ ကျေးဇူးတွေကိုသိရှိပြီး အမိန့်တော်ကို မဆိုင်းမတွနာခံဖို့လိုအပ်တယ်ဆိုတာကို ပြသထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

يَا أَيُّهَا الَّذِينَ آمَنُوا لَا تَخُونُوا اللَّهَ وَالرَّسُولَ وَتَخُونُوا أَمَانَاتِكُمْ وَأَنتُمْ تَعْلَمُونَ ﴿٢٧﴾

(၂၇) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ် အရှင်မြတ်နှင့် တမန်တော်ကို (တာဝန်ပျက်ကွက်ခြင်းဖြင့်) သစ္စာမဖောက်ကြနှင့်။❷

ဂုင်းပြင် အသင်တို့သည် အသင်တို့အား အပ်နှံထားသောပစ္စည်းများကို အသင်တို့ သိပါလျက်နှင့် သစ္စာဖောက် အလွဲသုံးစားမလုပ်ကြနှင့်။

❶ حُقُوْقُ اللهِ လို့ခေါ်တဲ့ အရှင်မြတ်နဲ့သက်ဆိုင်တဲ့ ဝတ္တရားတွေနဲ့ حُقُوْقُ الْعِبَادِ လို့ခေါ်တဲ့ လူသားအချင်းချင်းတွေရဲ့ ဝတ္တရားတွေကို သစ္စာဖောက်ပျက်ကွက်ခြင်းတွေ၊ အလွဲသုံးစားပြုခြင်းတွေကို ပြုလုပ်တာကနေ တားမြစ်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاعْلَمُوْٓا اَنَّمَآ اَمْوَالُكُمْ وَاَوْلَادُكُمْ فِتْنَةٌ ۙ وَّاَنَّ اللّٰهَ عِنْدَهٗٓ اَجْرٌ عَظِيْمٌ ﴿٢٨﴾

(၂၈) ထို့ပြင် အသင်တို့၏ပစ္စည်းဥစ္စာများနှင့် အသင်တို့၏သားသမီးများသည် စမ်းသပ်မှုတစ်ခုပင်❷ဖြစ်သည့်အပြင် အလ္လာဟ်အရှင်မြတ်ထံတော်၌ ကြီးမားသောဆုလာဘ် အမှန်စင်စစ်ရှိသည်ကို အသင်တို့ သိရှိထားကြပါ။

❷ သားသမီးတွေအတွက်နဲ့ အရှင်မြတ်ရဲ့ဝတ္တရားတွေကို ကျေပွန်နိုင် မကျေပွန်နိုင်ဆိုတာ ကြည့်ရှုဖို့ စမ်းသပ်မှုတစ်ခုဖြစ်တယ်။ (အလင်းပြကျမ်း)

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِنْ تَتَّقُوا اللّٰهَ يَجْعَلْ لَّكُمْ فُرْقَانًا وَّيُكَفِّرْ عَنْكُمْ سَيِّاٰتِكُمْ وَيَغْفِرْ لَكُمْ ۗ وَاللّٰهُ ذُو الْفَضْلِ الْعَظِيْمِ ﴿٢٩﴾

(၂၉) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလျှင် အရှင်မြတ်သည် အသင်တို့အား (အမှားနှင့်အမှန်) ခွဲခြားသိရှိနိုင်စေသောအရာ❸ကို ပေးသနားတော်မူမည်ဖြစ်သည်။ ထို့ပြင် အသင်တို့၏ မကောင်းမှုများကိုလည်း အသင်တို့ထံမှ ပပျောက်စေတော်မူမည့်အပြင် အသင်တို့အား အပြစ်မှလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူမည်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်ကြီးမားသော ကျေးဇူးတော်ရှင်ဖြစ်တော်မူသည်။

❸ အမှားအမှန်ခွဲခြားနိုင်သလို အကျိုးရှိမှုနဲ့ ဆုံးရှုံးမှု၊ အလင်းနဲ့အမှောင်၊ တရားနဲ့မတရား စတာတွေအားလုံးကို ခွဲခြားသိမြင်ပြီး ရှောင်ကြဉ်နိုင်တဲ့စိတ်ဓာတ်ဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِذْ يَمْكُرُ بِكَ الَّذِيْنَ كَفَرُوْا لِيُثْبِتُوْكَ اَوْ يَقْتُلُوْكَ اَوْ يُخْرِجُوْكَ ۗ وَيَمْكُرُوْنَ وَيَمْكُرُ اللّٰهُ ۗ وَاللّٰهُ خَيْرُ الْمٰكِرِيْنَ ﴿٣٠﴾

(၃၀) ထို့ပြင် တစ်ခါတွင် ကာဖိရ်ငြင်းပယ်သူများသည် အသင်(တမန်တော်)နှင့်ပတ်သက်၍ အသင့်အား သူတို့ဖမ်းချုပ်ကြရန်၊ သို့မဟုတ် အသင့်အား သူတို့သတ်ဖြတ်ကြရန်၊ သို့မဟုတ် အသင့်အား(မက္ကဟ်မြို့မှ)သူတို့ နှင်ထုတ်ကြရန် (တိတ်ဆိတ်စွာ) ကြံစည်နေကြသည်။ ထို့ပြင် သူတို့သည် (သူတို့၏ကြံစည်မှုများကို)ကြံစည်နေကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည်လည်း (အရှင်

မြတ်၏ကြံစည်မှုကို) ကြံစည်နေတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံး ကြံစည်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။❺

❺ ကာဖိရ်တွေဟာ တမန်တော်မြတ် ﷺ ကို သတ်ဖြတ်ဖို့ ကြံစည်ပြီးတဲ့အခါ အရှင်မြတ်က တမန်တော်မြတ် ﷺ ကိုအိမ်ကနေ ထွက်ခွာဖို့ ဝဟီနဲ့ အမိန့်ပေးတော်မူခဲ့တယ်။ တမန်တော်မြတ် ﷺ ဟာ ဆောင်ရ်လိုဏ်ဂူမှာ သုံးရက်ခိုအောင်းနေခဲ့ပြီး မဒီနဟ်မြို့ကို ထွက်ခွာသွားတော်မူခဲ့တယ်။ ကာဖိရ်တွေရဲ့ အကြံအစည် မအောင်မြင်ခဲ့ဘူး။ အရှင်မြတ်ရဲ့အကြံအစည်ပဲ အောင်မြင်ခဲ့တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِذَا تُتۡلٰى عَلَيۡهِمۡ اٰيٰتُنَا قَالُوۡا قَدۡ سَمِعۡنَا لَوۡ نَشَآءُ لَقُلۡنَا مِثۡلَ هٰذَاۤ ۙ اِنۡ هٰذَاۤ اِلَّاۤ اَسَاطِيۡرُ الۡاَوَّلِيۡنَ ﴿٣١﴾

(၃၁) ထို့ပြင် သူတို့ရှေ့၌ ငါအရှင်မြတ်၏အာယသ်တော်များ ဖတ်ရွတ်ပြခြင်းခံရသောအခါ သူတို့က (ဤသို့) ပြောဆိုကြသည်- "ကျွန်ုပ်တို့သည် အမှန်ပင်(ဤသည်ကို)ကြားဖူးပြီးဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့ အလိုရှိလျှင် ကျွန်ုပ်တို့လည်း ဤ(အာယသ်များ)ကဲ့သို့ အမှန်ပင် ပြောဆိုနိုင်ကြသည်။ ဤသည် ရှေးကသူများ၏ ပုံပြင်များသာ ဖြစ်သည်။"❻

❻ သူတို့လည်း လုပ်နိုင်တယ်လို့ ပြောပဲပြောခဲ့တာ၊ လုပ်ပြနိုင်ခဲ့ခြင်းမရှိတာကြောင့် ကုရ်အာန်ဟာ ဘယ်သူမှ အတုမလုပ်နိုင်တဲ့ ကျမ်းအဖြစ် တည်မြဲနေတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِذۡ قَالُوا اللّٰهُمَّ اِنۡ كَانَ هٰذَا هُوَ الۡحَـقَّ مِنۡ عِنۡدِكَ فَاَمۡطِرۡ عَلَيۡنَا حِجَارَةً مِّنَ السَّمَآءِ اَوِ ائۡتِنَا
بِعَذَابٍ اَلِيۡمٍ ﴿٣٢﴾

(၃၂) ထို့ပြင် တစ်ခါတွင် သူတို့က ပြောဆိုလျှောက်ထားကြသည်- "အို- အလ္လာဟ်အရှင်မြတ်၊ အကယ်၍ ဤ(ကုရ်အာန်)သည် အရှင်မြတ်ထံတော်မှ အမှန်စင်စစ်ပင် ဖြစ်ခဲ့သည်ဆိုလျှင် အရှင်မြတ်သည် ကျွန်ုပ်တို့အပေါ်သို့ ကောင်းကင်မှ ကျောက်ခဲမိုး ရွာသွန်းစေတော်မူပါ။ သို့မဟုတ် အရှင်မြတ်သည် အလွန်နာကျင်စေသော အပြစ်ဒဏ်တစ်စုံတစ်ခုကို ကျွန်ုပ်တို့အပေါ်၌ ကျရောက်စေတော်မူပါ။"❼

❼ အဗူဂျဟလ်က တောင်းဆိုခဲ့တယ်လို့ တချို့ကျမ်းတွေက ဖွင့်ဆိုကြတယ်။ အဲဒါကြောင့် သူနဲ့ (၆၉)ဦးဟာ ဗဒရ်စစ်ပွဲမှာ မရှုမလှအသတ်ခံခဲ့ရတာဖြစ်တယ်လို့ ဆိုကြတယ်။ (အလင်းပြကျမ်း)

وَمَا كَانَ اللّٰهُ لِيُعَذِّبَهُمۡ وَاَنۡتَ فِيۡهِمۡ‌ؕ وَمَا كَانَ اللّٰهُ مُعَذِّبَهُمۡ وَهُمۡ يَسۡتَغۡفِرُوۡنَ ﴿٣٣﴾

(၃၃) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့ထဲတွင် အသင်(တမန်တော်)ရှိနေပါလျက် သူတို့အား(မြင်သာထင်ရှားသော သဘာဝလွန်) ပြစ်ဒဏ်ပေးတော်မူမည်မဟုတ်ပေ။❽ ၎င်းပြင် သူတို့သည် (မကောင်းမှုများမှ)လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံနေပါလျက် အလ္လာဟ်အရှင်မြတ်သည် သူတို့အား ပြစ်ဒဏ်

ပေးတော်မူမည့်အရှင် မဟုတ်ပေ။

❶ တမန်တော်မြတ် ﷺ ရှိနေခဲ့တာကြောင့်၊ ပြီးတော့ သူတို့က လွတ်ငြိမ်းချမ်းသာခွင့် တောင်းနေခဲ့တာကြောင့် အစုလိုက်အပြုံလိုက် ပျက်စီးစေမဲ့ အပြစ်ဒဏ်မျိုးနဲ့ အရေးမယူခဲ့တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا لَهُمْ أَلَّا يُعَذِّبَهُمُ اللَّهُ وَهُمْ يَصُدُّونَ عَنِ الْمَسْجِدِ الْحَرَامِ وَمَا كَانُوا أَوْلِيَاءَهُ ۚ إِنْ أَوْلِيَاؤُهُ إِلَّا الْمُتَّقُونَ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٣٤﴾

(၃၄) ၎င်းပြင် သူတို့သည် အလ်မတ်စ်ဂျိဒုလ်ဟာရာမ် ဗလီဝတ်ကျောင်းတော်(၌ ဝတ်ပြုခြင်းများ)မှ တားဆီးနေကြပါလျက်၊ ၎င်းပြင် သူတို့သည် ၎င်း(ဗလီကျောင်းတော်)ကို စောင့်ရှောက်သော ဂေါပကလူကြီးများလည်း မဟုတ်ကြဘဲလျက် အလ္လာဟ်အရှင်မြတ်သည် သူတို့အား အပြစ်မပေးရန် မည်သည့်အကြောင်းရှိတော့မည်နည်း။ အမှန်စင်စစ် ၎င်း(ဗလီကျောင်းတော်)ကို အုပ်ထိန်းသူများသည် မုသ်သကီ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများသာ ဖြစ်နိုင်ကြသည်။ သို့ရာတွင် သူတို့ထဲမှ များစွာသောသူတို့သည် သိနားလည်မှု မရှိကြပေ။

وَمَا كَانَ صَلَاتُهُمْ عِنْدَ الْبَيْتِ إِلَّا مُكَاءً وَتَصْدِيَةً ۚ فَذُوقُوا الْعَذَابَ بِمَا كُنْتُمْ تَكْفُرُونَ ﴿٣٥﴾

(၃၅) ၎င်းပြင် ထိုအိမ်တော်(ကအ်ဗဟ်ကျောင်းတော်)တွင် သူတို့၏ စွလာသ်ဝတ်ပြုမှုသည် လေချွန်ခြင်းနှင့် လက်ခုပ်တီးခြင်းသာဖြစ်သည်။❶ သို့ဖြစ်ရာ အသင်တို့သည်သွေဖည်ငြင်းဆန်မှုပြုလုပ်ခဲ့သည့်အတွက်ကြောင့် အပြစ်ဒဏ်ကို မြည်းစမ်းကြပါ။

❶ သူတို့ရဲ့ ဝတ်ပြုမှုဟာ ပြက်ရယ်ပြောင်လှောင်သလို လေချွန်တာ လက်ခုပ်တီးတာပဲ ဖြစ်တဲ့အတွက် သူတို့ကိုယ်တိုင်လည်း ဘာမှ ဝတ်မပြုသလိုပဲဖြစ်တဲ့အပြင် တကယ်ဝတ်ပြုမဲ့သူတွေကိုလည်း တားဆီးကြခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ الَّذِينَ كَفَرُوا يُنْفِقُونَ أَمْوَالَهُمْ لِيَصُدُّوا عَنْ سَبِيلِ اللَّهِ ۚ فَسَيُنْفِقُونَهَا ثُمَّ تَكُونُ عَلَيْهِمْ حَسْرَةً ثُمَّ يُغْلَبُونَ ۗ وَالَّذِينَ كَفَرُوا إِلَىٰ جَهَنَّمَ يُحْشَرُونَ ﴿٣٦﴾

(၃၆) အမှန်စင်စစ် ကာဖိရ်ငြင်းပယ်သူများသည်(လူများအား) အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ တားဆီးရန် သူတို့၏ပစ္စည်းဥစ္စာများကို သုံးစွဲကြသည်။ ထိုပစ္စည်းများသည် သူတို့အပေါ်၌ ဝမ်းနည်းစရာဖြစ်သွားမည်။ ၎င်းပြင် သူတို့သည် လွှမ်းမိုးခြင်းကို ခံကြရဦးမည်ဖြစ်သည်။ ၎င်းပြင် ကာဖိရ်များသည် ဂျဟန္နမ်ငရဲဘုံသို့ စုရုံးစေခြင်းခံကြရမည်ဖြစ်သည်။

لِيَمِيزَ اللّٰهُ الْخَبِيْثَ مِنَ الطَّيِّبِ وَيَجْعَلَ الْخَبِيْثَ بَعْضَهُ عَلٰى بَعْضٍ فَيَرْكُمَهُ جَمِيْعًا فَيَجْعَلَهُ فِيْ جَهَنَّمَ أُولٰٓئِكَ هُمُ الْخٰسِرُوْنَ ﴿٣٧﴾

(၃၇) အလ္လာဟ်အရှင်မြတ်သည် သူယုတ်မာများအား ကောင်းမြတ်သောသူများနှင့် ခွဲခြားတော်မူရန်အတွက်လည်းကောင်း၊ သူယုတ်မာများအား တစ်ဦးပေါ်တစ်ဦးထပ်ဆင့်တော်မူ၍ အားလုံးကို စုပုံပြီး ငရဲဘုံထဲသို့ ပို့ဆောင်တော်မူရန်အတွက်လည်းကောင်း (ပြုလုပ်တော်မူခြင်း) ဖြစ်သည်။ ထိုသူများပင် ပျက်စီးဆုံးရှုံးသူများ ဖြစ်ကြသည်။

قُلْ لِّلَّذِيْنَ كَفَرُوْٓا إِنْ يَّنْتَهُوْا يُغْفَرْ لَهُمْ مَّا قَدْ سَلَفَ ۚ وَإِنْ يَّعُوْدُوْا فَقَدْ مَضَتْ سُنَّتُ الْأَوَّلِيْنَ ﴿٣٨﴾

(၃၈) (အို-တမန်တော်) အသင်သည် ငြင်းပယ်သူများကို (ဤသို့)ပြောလိုက်ပါ- အကယ်၍ သူတို့သည် (ငြင်းပယ်မှုမှ) ရပ်စဲကြလျှင် အမှန်ပင် လွန်ခဲ့သောပြစ်မှုများသည် သူတို့အတွက် ခွင့်လွှတ်ပြီးဖြစ်မည်။❶ ၎င်းပြင် အကယ်၍ သူတို့သည် ထပ်မံပြီး ပြုလုပ်ကြလျှင်၊ အမှန်စင်စစ် ရှေးကသူများနှင့် ပတ်သက်သော (ငါအရှင်မြတ်၏)လုပ်ထုံးလုပ်နည်း (အရေးယူနေကျပုံစံ)သည် (နမူနာအနေဖြင့်) ရောက်ရှိခဲ့ပြီဖြစ်သည်။❷

❶ အစ္စလာမ်သာသနာထဲကို ဝင်ခဲ့ရင် မဝင်ခင်က ပြုလုပ်ခဲ့တဲ့ ပြစ်မှုတွေအားလုံးဟာ ခွင့်လွှတ်ခြင်းခံရမှာဖြစ်တယ်။(အလင်းပြကျမ်း) ❷ တမန်တော်တွေနဲ့ ရင်ဆိုင်တိုက်ခိုက်သူတွေကို အရှင်မြတ်ဟာ ဖျက်ဆီးပစ်လေ့ရှိတယ်။ ယုံကြည်သူတွေကို ကူညီလေ့ရှိတယ်။ ဒါဟာ အရှင်မြတ်ရဲ့ စွန္နသ် လုပ်ထုံးလုပ်နည်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَقٰتِلُوْهُمْ حَتّٰى لَا تَكُوْنَ فِتْنَةٌ وَّيَكُوْنَ الدِّيْنُ كُلُّهُ لِلّٰهِ ۚ فَإِنِ انْتَهَوْا فَإِنَّ اللّٰهَ بِمَا يَعْمَلُوْنَ بَصِيْرٌ ﴿٣٩﴾

(၃၉) ထို့ပြင် အသင်တို့သည် သူတို့ကို (သာသနာရေးနှင့်ပတ်သက်၍) နှိပ်စက်ညှဉ်းပန်းချုပ်ချယ်မှုသည် ပပျောက်၍ သာသနာတစ်ခုလုံးသည် အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်သွားသည်အထိ တိုက်ခိုက်ကြပါ။ ထို့နောက် အကယ်၍ သူတို့သည် (တိုက်ခိုက်မှုမှ)ရပ်စဲခဲ့ကြလျှင်၊❻ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သူတို့ပြုမူသည်များကို အကြွင်းမဲ့မြင်တော်မူသောအရှင် ဖြစ်တော်မူသည်။❼

❻ သူတို့ဟာ ရပ်စဲခဲ့ကြရင်ဆိုတာ ငြင်းပယ်မှုကနေရပ်စဲပြီး အစ္စလာမ်သာသနာထဲကို ဝင်ရောက်တာကို ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း) ရပ်စဲခဲ့ကြရင်ဆိုတာ မွတ်စ်လင်မ်တွေကို တိုက်ခိုက်ခြင်းကနေ ရပ်စဲခဲ့ကြရင်လို့လည်း ဖွင့်ဆိုထားတယ်။(သွဗ်ရီ) ❼ သူတို့ ကုဖ်ရ်ငြင်းပယ်မှုကို ရပ်လိုက်တာတွေ၊ သောင်ဗဟ်အမှားဝန်ခံတာတွေ၊ အစ္စလာမ်သာသနာထဲကို ဝင်ရောက်တာတွေကို အရှင်မြတ်ဟာ ခွဲခြားသိမြင်တော်မူတဲ့အတွက် ကုသိုလ်အကျိုးတွေကို ပေးသနားတော်မူမှာဖြစ်တယ်။
(အလင်းပြကျမ်း)

وَاِنۡ تَوَلَّوۡا فَاعۡلَمُوۡۤا اَنَّ اللّٰهَ مَوۡلٰٮكُمۡ‌ؕ نِعۡمَ الۡمَوۡلٰى وَنِعۡمَ النَّصِيۡرُ ﴿٤٠﴾

(၄၀) ထို့နောက် အကယ်၍ သူတို့သည် မျက်နှာလွှဲသွားခဲ့ကြလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား(ကူညီတော်မူမည့်) မိတ်ဆွေဖြစ်တော်မူသည်ကို အသင်တို့ သိထားလိုက်ကြပါ။ အရှင်မြတ်သည် အဘယ်မျှကောင်းသောမိတ်ဆွေနှင့် အဘယ်မျှ ကောင်းသော ကူညီတော်မူသောအရှင်ဖြစ်တော်မူလိုက်သနည်း။

وَاعۡلَمُوۡۤا اَنَّمَا غَنِمۡتُمۡ مِّنۡ شَىۡءٍ فَاَنَّ لِلّٰهِ خُمُسَهٗ وَلِلرَّسُوۡلِ وَلِذِى الۡقُرۡبٰى وَالۡيَتٰمٰى وَالۡمَسٰكِيۡنِ
وَابۡنِ السَّبِيۡلِ ۙ اِنۡ كُنۡتُمۡ اٰمَنۡتُمۡ بِاللّٰهِ وَمَاۤ اَنۡزَلۡنَا عَلٰى عَبۡدِنَا يَوۡمَ الۡفُرۡقَانِ يَوۡمَ الۡتَقَى
الۡجَمۡعٰنِ‌ؕ وَاللّٰهُ عَلٰى كُلِّ شَىۡءٍ قَدِيۡرٌ ﴿٤١﴾

(၄၁) ထို့ပြင် အသင်တို့ သိရှိထားရမည်မှာ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် ယုံကြည်ခဲ့သည်ဆိုလျှင်၊ ၎င်းပြင် ငါအရှင်မြတ်သည် ငါအရှင်မြတ်၏ကျွန်(မုဟမ္မဒ်)၏အပေါ်ကို (ယုံကြည်သူနှင့် မယုံကြည်သူများကို) ခွဲခြားသိသာစေသောနေ့၊ အုပ်စုတစ်စုနှင့်တစ်စု ရင်ဆိုင်တွေ့ကြုံခဲ့ကြသောနေ့၌ ချပေးသနားတော်မူခဲ့သောအရာ (သက်သေသာဓကများ)ကို❶ ယုံကြည်ခဲ့သည်ဆိုလျှင်၊ အသင်တို့သည် (စစ်တိုက်ရာမှ) လက်ရပစ္စည်းများ ရရှိခဲ့လျှင်❷ ထိုပစ္စည်းများထဲမှ ငါးပုံတစ်ပုံသည် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်အတွက်၊ တမန်တော်မြတ်အတွက်၊ (တမန်တော်မြတ်၏) ဆွေမျိုးရင်းချာများအတွက်၊ အဘမဲ့ကလေးများအတွက်၊ ဆင်းရဲသားများအတွက်နှင့် ခရီးသည်များအတွက် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ် စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

❶ ဗဒရ်စစ်ပွဲနေ့မှာ အရှင်မြတ်က တမန်တော်မြတ် ﷺ အပေါ်မှာ ချပေးခဲ့တဲ့ သက်သေလက္ခဏာတွေဟာ ကောင်းကင်တမန်တော်တွေကို အကူအညီအဖြစ်စေလွှတ်လိုက်ခြင်း၊ စစ်ပွဲအောင်နိုင်မှုပေးလိုက်ခြင်း စတာတွေဟာ ထင်ရှားတဲ့သက်သေလက္ခဏာတွေဖြစ်တယ်။ (အလင်းပြကျမ်း)

❷ လက်ရပစ္စည်းဆိုတာ ကာဖိရ်တွေနဲ့ စစ်တိုက်ရာမှ သိမ်းဆည်းရမိတဲ့ ပစ္စည်းတွေကိုခေါ်တယ်။ (အလင်းပြကျမ်း)

اِذۡ اَنۡتُمۡ بِالۡعُدۡوَةِ الدُّنۡيَا وَهُمۡ بِالۡعُدۡوَةِ الۡقُصۡوٰى وَالرَّكۡبُ اَسۡفَلَ مِنۡكُمۡ‌ؕ وَلَوۡ تَوَاعَدۡتُّمۡ
لَاخۡتَلَفۡتُمۡ فِى الۡمِيۡعٰدِ‌ۙ وَلٰـكِنۡ لِّيَقۡضِىَ اللّٰهُ اَمۡرًا كَانَ مَفۡعُوۡلًا ۙ لِّيَهۡلِكَ مَنۡ هَلَكَ عَنۡۢ بَيِّنَةٍ
وَّيَحۡيٰى مَنۡ حَىَّ عَنۡۢ بَيِّنَةٍ‌ؕ وَاِنَّ اللّٰهَ لَسَمِيۡعٌ عَلِيۡمٌ ۙ ﴿٤٢﴾

(၄၂) တစ်ခါတွင် အသင်တို့သည် (ဗဒရ်ဝါဒီလျှိုမြောင်၏မဒီနဟ်နှင့်)

နီးရာဘက်တွင် ရှိခဲ့ကြသည်။ ၎င်းပြင် သူတို့သည် (ဗဒရ်ဝါဒီလျှိုမြောင်၏မဒီနဟ် နှင့်)ဝေးရာဘက်တွင် ရှိခဲ့ကြသည်။ ၎င်းပြင် ကုန်သည်အုပ်စုကမူ အသင်တို့၏ အောက်ပိုင်း(ပင်လယ်နီကမ်းခြေဘက်)တွင် ရှိခဲ့ကြသည်။❷ အကယ်၍သာ အသင် တို့(နှင့် ထိုသူများ)သည် အချင်းချင်း(တစ်ဖက်နှင့်တစ်ဖက်) ချိန်းဆိုခဲ့ကြလျှင်၊ အမှန်စင်စစ် အသင်တို့သည် ထိုချိန်းဆိုမှုနှင့် ပတ်သက်၍ ကွဲလွဲခဲ့ကြဦးမည်။ (မွတ်စ်လင်မ်များဘက်မှ လက်နက်မပြည့်စုံသေးဟုဆိုပြီး အချိန်သတ်မှတ်ရာ တွင် ဆိုင်းငံ့ရန် လက်နက်စုဆောင်းရန် တစ်ယောက်တစ်မျိုးပြောကြမည်။ ကာဖိရ် များဘက်မှလည်း တမန်တော်မြတ်၏ မှန်ကန်မှုအရှိန်အဝါကြောင့် တိုက်ခိုက် ၍ နိုင်မှနိုင်ပါမည်လောဟူသည့် စိုးရိမ်စိတ်များနှင့် အချင်းချင်းအချိန်သတ်မှတ် ချိန်းဆိုရန် အကွဲအလွဲများဖြစ်ပြီးနောက် နှစ်ဖက် စစ်ဖြစ်ရန် ဝေးသွားနိုင်သည်)။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် (သူတို့နှစ်ဖက်ထိပ်တိုက်တွေ့ဆုံမှု) ဖြစ်ရ မည့် ကိစ္စတစ်ခုကို ပြီးမြောက်စေတော်မူရန်အတွက်၊ (အကြောင်းခံများအဖြစ် ကာဖိရ်များသည်လည်း သူတို့၏ကုန်သည်အုပ်စု၏ လုံခြုံရေးအတွက် မလွှဲ မရှောင်သာတိုက်ခိုက်ရန်ပြင်ဆင်ပြီး ထွက်လာခဲ့ကြရာ မွတ်စ်လင်မ်များသည် လည်း သူတို့နှင့် မလွှဲမရှောင်သာ တိုက်ရတော့မည် ဖြစ်သွားခဲ့ရသည်။) သေ ကြေပျက်စီးမည့်သူသည် (အစ္စလာမ်မှန်ကန်ကြောင်း၊ ကုဖ်ရ် မှားယွင်းကြောင်း) သက်သေလက္ခဏာ ထင်ရှားစွာ (တွေ့မြင်ပြီးနောက်) သေကြေပျက်စီးရန်အတွက်၊ အသက်ထင်ရှားရှိနေမည့်သူသည်လည်း (ထို)သက်သေလက္ခဏာကို ထင်ရှား စွာ(တွေ့မြင်ပြီးနောက်) အသက်ထင်ရှားရှိစေရန်အတွက် (ထိုအုပ်စုနှစ်ခုကို ဗဒရ်တွင် မလွဲအောင်ထိပ်တိုက်ရင်ဆိုင်စေတော်မူခြင်း)ဖြစ်သည်။ ထို့ပြင် အမှန် စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသောအရှင်၊ အကြွင်းမဲ့ သိတော်မူသောအရှင်အမှန်ပင် ဖြစ်တော်မူသည်။

❷ မွတ်စ်လင်မ်စစ်တပ်ဟာ မဒီနဟ်မြို့နဲ့နီးပြီး ကာဖိရ်စစ်တပ်ဟာ မဒီနဟ်မြို့နဲ့ ဝေးတယ်။ ကုန်သည် အုပ်စုဟာ အောက်ပိုင်းဖြစ်တဲ့ မက္ကဟ် – ဆီးရီးယားလမ်းမကြီးကို လွှတ်ပြီး ပင်လယ်နီကမ်းခြေကပ် ပြီး သွားခဲ့ကြတယ်။ (အလင်းပြကျမ်း)

إِذْ يُرِيكَهُمُ ٱللَّهُ فِى مَنَامِكَ قَلِيلًا ۖ وَلَوْ أَرَىٰكَهُمْ كَثِيرًا لَّفَشِلْتُمْ وَلَتَنَٰزَعْتُمْ فِى ٱلْأَمْرِ وَلَٰكِنَّ ٱللَّهَ سَلَّمَ ۗ إِنَّهُۥ عَلِيمٌۢ بِذَاتِ ٱلصُّدُورِ ﴿٤٣﴾

(၄၃) တစ်ခါတွင် အလ္လာဟ်အရှင်မြတ်သည် အသင်(တမန်တော်)၏ အိပ်မက်ထဲ၌ သူတို့(၏အရေအတွက်)ကို အနည်းငယ်သာ ပြသတော်မူခဲ့သည်။

အကယ်၍သာ အရှင်မြတ်သည် အသင့်အား သူတို့(၏အရေအတွက်)ကို များပြား စွာပြသတော်မူခဲ့လျှင် အသင်တို့သည် အမှန်စင်စစ် စိတ်ဓာတ်ကျခဲ့ကြမည့်အပြင်၊ ထိုကိစ္စနှင့်ပတ်သက်၍ အချင်းချင်း အငြင်းပွားပြီး စကားများခဲ့ကြမည် အမှန်ပင်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် (အသင်တို့အား စိတ်ဓာတ်ကျခြင်းနှင့် အငြင်းပွားခြင်းမှ) ကယ်ဆယ်တော်မူခဲ့သည်။ အမှန်စင်စစ် အရှင်မြတ်သည် စိတ်နှလုံးများထဲတွင်ရှိသည်များကို အကြွင်းမဲ့သိရှိတော်မူသောအရှင် ဖြစ်တော်မူသည်။

وَاِذۡ يُرِيۡكُمُوۡهُمۡ اِذِ الۡتَقَيۡتُمۡ فِىۡۤ اَعۡيُنِكُمۡ قَلِيۡلًا وَّيُقَلِّلُكُمۡ فِىۡۤ اَعۡيُنِهِمۡ لِيَقۡضِىَ اللّٰهُ اَمۡرًا كَانَ مَفۡعُوۡلًا ؕ وَاِلَى اللّٰهِ تُرۡجَعُ الۡاُمُوۡرُ ﴿٤٤﴾

(၄၄) ထို့ပြင် တစ်ခါတွင် အရှင်မြတ်သည် အသင်တို့ (သူတို့နှင့် ရင်ဆိုင်)တွေ့ဆုံကြစဉ်မှာ သူတို့(၏အရေအတွက်)ကို အသင်တို့အမြင်၌ လျှော့၍ ပြသတော်မူခဲ့သည်။ ၎င်းပြင် အသင်တို့ကိုလည်း သူတို့၏ အမြင်၌ လျှော့၍ပင် ပြသတော်မူခဲ့သည်။ (ထိုကဲ့သို့ ပြုတော်မူခြင်းမှာ) အလ္လာဟ်အရှင်မြတ်သည် ပြုလိုတော်မူသောကိစ္စ(မွတ်စ်လင်မ်များ၏ အောင်နိုင်မှု)တစ်ခုကို (ဖြစ်ပေါ်ထင်ရှား)ပြီးမြောက်စေတော်မူရန်အတွက် ဖြစ်သည်။❻ ၎င်းပြင် ကိစ္စဟူသမျှသည် အလ္လာဟ်အရှင်မြတ်ထံတော်သို့ပင် ပြန်လှည့်ခံရမည်ဖြစ်သည်။

❻ لِيَقۡضِىَ اللّٰهُ اَمۡرًا كَانَ مَفۡعُوۡلًا "အလ္လာဟ်အရှင်မြတ်သည် ပြုလိုတော်မူသည့်ကိစ္စတစ်ခုအား ပြီးမြောက်စေတော်မူရန်အတွက်ဖြစ်သည်။" ဆိုတဲ့စာသားဟာ အာယသ် ၄၂ မှာတစ်ကြိမ်၊ ၄၄ မှာတစ်ကြိမ် ပါရှိပါတယ်။ နှစ်ခုရဲ့ အဓိပ္ပာယ်ဟာ ကွာခြားပါတယ်။ ပထမအမိန့်တော်ရဲ့အဓိပ္ပာယ်ကတော့ မွတ်စ်လင်မ်စစ်သည်တွေနဲ့ ကာဖိရ်စစ်သည်တွေ တွေ့ဆုံစေတော်မူဖို့အတွက်ဖြစ်တယ်။ ဒုတိယ အမိန့်တော်ရဲ့အဓိပ္ပာယ်ကတော့ မုရှ်ရိက်တွေကို သေကြေပျက်စီးစေဖို့နဲ့ အစ္စလာမ်သာသနာတော်ကို မြှင့်တင် ဂုဏ်တက်စေတော်မူဖို့ဖြစ်တယ်။ ဒါဟာ မွတ်စ်လင်မ်တွေကို ကျေးဇူးတော်အပြည့်အဝ ချီးမြှင့်တော်မူလိုက်တာဖြစ်တယ်။ (ကုရ်သွူဗီ)

يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡۤا اِذَا لَقِيۡتُمۡ فِئَةً فَاثۡبُتُوۡا وَاذۡكُرُوا اللّٰهَ كَثِيۡرًا لَّعَلَّكُمۡ تُفۡلِحُوۡنَ ﴿٤٥﴾

(၄၅) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အုပ်စုတစ်စုနှင့်(ရင်ဆိုင်)တွေ့ဆုံကြသောအခါ ကြံ့ကြံ့ခံရပ်တည်ကြပါ။ ၎င်းပြင် အသင်တို့ အောင်မြင်ရန်အတွက် အလ္လာဟ်အရှင်မြတ်ကို များစွာ သတိရတသကြပါ။❼

❼ စစ်တိုက်ရာမှာ ရှိရမဲ့စည်းကမ်းချက် (၂)ချက်ကို ဒီထဲမှာ ဖော်ပြထားတာဖြစ်တယ်။ ရှေ့လာမဲ့ အာယသ်တွေမှာ စည်းကမ်းချက်(၄)ချက်ကို ဆက်လက် ဖော်ပြထားပါတယ်။ စည်းကမ်းချက်(၁) ကြံ့ခိုင်မှုရှိရမယ်။ မကြောက်ရ၊ နောက်မဆုတ်ရ၊ သတ္တိမကြောင်ရ၊ ထွက်မပြေးရ။ စည်းကမ်းချက် (၂) အလ္လာဟ်ကို များများသတိရတသရမယ်။ ဇိက်ရ်ထဲမှာ စွလာသ်ဝတ်ပြုခြင်း၊ ဒုအာဆုတောင်းခြင်း၊ သက္ကဗီရ်ဆိုခြင်း၊ သတိရတသခြင်း စတာတွေ ပါဝင်တယ်။ အဲဒါတွေ များများပြုလုပ်မှ အားရှိ

မှာဖြစ်တယ်။(စည်းကမ်းချက် ၃ ကနေ ၆ ထိ လာမဲ့ အာယသ်တွေမှာ ပါရှိတယ်)။(အလင်းပြကျမ်း)

وَاَطِيْعُوا اللّٰهَ وَرَسُوْلَهٗ وَلَا تَنَازَعُوْا فَتَفْشَلُوْا وَتَذْهَبَ رِيْحُكُمْ وَاصْبِرُوْا ؕ اِنَّ اللّٰهَ مَعَ الصّٰبِرِيْنَ ﴿٤٦﴾

(၄၆) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များနှင့် အရှင်မြတ်၏တမန်တော်၏အမိန့်တော်များကို လိုက်နာကြပါ။❶ ထို့ပြင် အသင်တို့သည် အချင်းချင်း အငြင်းမပွားကြနှင့်။❷ သို့(အငြင်းပွားမှု)ဖြစ်လျှင် အသင်တို့သည် စိတ်ဓာတ်ကျကြလိမ့်မည်။ အသင်တို့၏လေ(အင်အား)သည်လည်း လျော့နည်းသွားလိမ့်မည်။ ၎င်းပြင် အသင်တို့သည် သည်းခံကြပါ။❸ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သည်းခံသောသူများနှင့်အတူ ရှိတော်မူသည်။

❶ စစ်တိုက်ရာမှာ စည်းကမ်းချက်(၃)ကတော့ အရှင်နဲ့ အရှင့်တမန်တော်ရဲ့အမိန့်ကို အချိန်အခါ နေရာမရွေး အမြဲလိုက်နာရမယ်။ မပေ့ါဆရ။ (အလင်းပြကျမ်း) ❷ စည်းကမ်းချက်(၄)အငြင်းပွားမှုတွေ၊ ကွဲလွဲမှုတွေမလုပ်ရ၊ အဲဒီလိုလုပ်ရင် စိတ်ဓာတ်ကျပြီး အားကုန်သွားမှာဖြစ်တယ်။(အလင်းပြကျမ်း) ❸ စည်းကမ်းချက်(၅) သည်းခံရမှာဖြစ်တယ်။ ခံနိုင်ရည်ရှိရမယ်။ (အလင်းပြကျမ်း)

وَلَا تَكُوْنُوْا كَالَّذِيْنَ خَرَجُوْا مِنْ دِيَارِهِمْ بَطَرًا وَّرِئَآءَ النَّاسِ وَيَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ ؕ وَاللّٰهُ بِمَا يَعْمَلُوْنَ مُحِيْطٌ ﴿٤٧﴾

(၄၇) ထို့ပြင် အသင်တို့သည် အကြင်သူများကဲ့သို့ မဖြစ်ကြနှင့်။❹ ထိုသူများသည် သူတို့၏အိမ်များမှ ကြွားဝါပြီး လူများအား ပြစားကာ ထွက်လာခဲ့ကြသည်။ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ တားဆီးကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့ပြုမူသည်များကို ခြုံငုံ၍သိတော်မူသောအရှင်ဖြစ်တော်မူသည်။

❹ စည်းကမ်းချက်(၆) ကြွားဝါမှု၊ ပြစားမှု၊ အရှင်မြတ်ရဲ့လမ်းတော်မှ ပိတ်ပင်တားဆီးမှုတို့ကို လုံးဝမပြုလုပ်ရ။ စိတ်စေတနာဖြူစင်မှုနဲ့ စစ်တိုက်ရမယ်။ (အလင်းပြကျမ်း)

وَاِذْ زَيَّنَ لَهُمُ الشَّيْطٰنُ اَعْمَالَهُمْ وَقَالَ لَا غَالِبَ لَكُمُ الْيَوْمَ مِنَ النَّاسِ وَاِنِّيْ جَارٌ لَّكُمْ ۚ فَلَمَّا تَرَآءَتِ الْفِئَتٰنِ نَكَصَ عَلٰى عَقِبَيْهِ وَقَالَ اِنِّيْ بَرِیْٓءٌ مِّنْكُمْ اِنِّيْٓ اَرٰى مَا لَا تَرَوْنَ اِنِّيْٓ اَخَافُ اللّٰهَ ؕ وَاللّٰهُ شَدِيْدُ الْعِقَابِ ﴿٤٨﴾

(၄၈) ထို့ပြင် တစ်ခါတွင် ရှိုင်သွာန်သည် သူတို့၏အပြုအမူများကို သူတို့၏အမြင်တွင် လှပအောင်တန်ဆာဆင်ပြခဲ့သည်။ ထို့ပြင် ၎င်း(ရှိုင်သွာန်)က ပြောဆိုခဲ့သည်-"ယနေ့ လူများထဲမှ အသင်တို့ကို အောင်နိုင်မည့်သူဟူ၍ မည်သူမျှ မရှိပေ။ အမှန်ပင် ငါသည် အသင်တို့ကို ကာကွယ်စောင့်ရှောက်မည့်သူဖြစ်သည်။"

ထို့နောက် အုပ်စုနှစ်စုသည် ရင်ဆိုင်ကြသောအခါ ၎င်း(ရှိုင်သွာန်)သည် နောက်ဆုတ်ထွက်ပြေးသွားခဲ့သည်။ ၎င်းနောက် သူကပြောသည်-"အမှန်ပင် ငါသည် အသင်တို့နှင့် မပတ်သက်ပေ၊ တာဝန်ကင်းသည်။ အမှန်မှာ ငါသည် အသင်တို့ မမြင်ရသောအရာများကို မြင်ရသည်။ ငါသည် အမှန်ပင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသောအရှင်ဖြစ်တော်မူသည်။"❺

❺ ရှိုင်သွာန်ဟာ ကောင်းကင်တမန်တွေ ဆင်းသက်လာတာကို မြင်ပြီး ကြောက်ရွံ့ကာ ထွက်ပြေးသွားခဲ့တာ ဖြစ်တယ်။ (အိဗ်နုကဆီးရ်)

إِذْ يَقُولُ الْمُنَافِقُونَ وَالَّذِينَ فِي قُلُوبِهِم مَّرَضٌ غَرَّ هَٰؤُلَاءِ دِينُهُمْ ۗ وَمَن يَتَوَكَّلْ عَلَى اللَّهِ فَإِنَّ اللَّهَ عَزِيزٌ حَكِيمٌ ﴿٤٩﴾

(၄၉) တစ်ခါတွင် မုနာဖိက်အယောင်ဆောင်များနှင့် စိတ်နှလုံးထဲတွင် ရောဂါစွဲကပ်နေသူများ❻က (မွတ်စ်လင်မ်များနှင့်ပတ်သက်၍)ပြောဆိုကြသည်-"ဤသူများအား သူတို့၏ ဒီန်သာသနာက လှည့်စားထားသည်။" ၎င်းပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်အပေါ်တွင် ယုံပုံအပ်နှင်းလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

❻ စိတ်နှလုံးမှာ ရောဂါစွဲကပ်သူတွေဆိုတာ မက္ကာဟ်မြို့က ဟိဂျ်ရသ်မလုပ်သေးတဲ့ နုနယ်သေးတဲ့ မွတ်စ်လင်မ်တွေကို ဆိုလိုတာဖြစ်နိုင်တယ်။ အဲဒီသူတွေရဲ့စိတ်ထဲမှာ မွတ်စ်လင်မ်တွေ အောင်နိုင်ပါ့မလားလို့ သံသယဖြစ်နေသေးတယ်။ ဒါမှမဟုတ် မုရှ်ရိက်တွေ၊ ဒါမှမဟုတ် မဒီနဟ်က ယဟူဒီတွေကို ဆိုလိုတာလည်းဖြစ်နိုင်တယ်။ (ရူဟွုလ်မအာနီ၊ ဂျလာလိုင်န်)

وَلَوْ تَرَىٰ إِذْ يَتَوَفَّى الَّذِينَ كَفَرُوا ۙ الْمَلَائِكَةُ يَضْرِبُونَ وُجُوهَهُمْ وَأَدْبَارَهُمْ وَذُوقُوا عَذَابَ الْحَرِيقِ ﴿٥٠﴾

(၅၀) ထို့ပြင် အကယ်၍ အသင်(တမန်တော်)သည် (ဤမြင်ကွင်းကို) မြင်ရလျှင် (အံ့သြသွားမည်)၊ တစ်ခါတွင်-ကောင်းကင်တမန်များသည် ကာဖိရ်များ၏အသက်ကို နှုတ်ယူသောအချိန်၌ သူတို့၏မျက်နှာများနှင့် သူတို့၏ ကျောကုန်းများကို ရိုက်နက်ပြီး "အသင်တို့သည် (ငရဲ)မီး၏ ပြစ်ဒဏ်ကို မြည်းစမ်းလိုက်ကြပါ"(ဟု ပြောဆိုကြမည်)။❼

❼ ဒီရိုက်နက်ခံရမှုဟာ အများစုက ဗဒ်ရ်စစ်ပွဲမှာ ရိုက်နက်ခံရတာကို ဖွင့်ဆိုကြတယ်။ အမှန်တကယ်တော့ ကာဖိရ်အားလုံးနဲ့ သက်ဆိုင်တဲ့အတွက် ကာဖိရ်တွေအားလုံး အသက်နှုတ်ချိန်မှာခံရတဲ့ အပြစ်ဒဏ်ကို ဆိုလိုတာဖြစ်တယ်။ (အိဗ်နုကဆီးရ်) ကာဖိရ်တွေဟာ အသက်နှုတ်ချိန်မှာ သူတို့ရဲ့ ကုဖ်ရ်ကြောင့် လောကအမှောင်တွေထဲကနေ ချစ်ခင်လျက်နဲ့ ကျောပေးပြီး ဝမ်းနည်း ကြေကွဲစွာနဲ့

ခွဲခွာသွားရတဲ့အပေါ် ဒုက္ခခံစားရမှုဖြစ်တယ်။ မျက်နှာချင်းဆိုင်တွေ့ရှိရမဲ့ တမလွန်ဘဝဟာလည်း သူတို့ရဲ့ကုဖ်ရ်ကြောင့် နူးရ်မရှိတဲ့အတွက် ဘာမှမမြင်ရတဲ့ အမှောင်တွေပဲဖြစ်နေတယ်။ (ပြီးတော့ ပြစ်ဒဏ်တွေခံစားရမယ်။) အဲဒီလို ရှေ့ရော နောက်ရော အမှောင်တွေနဲ့ ညှပ်ပြီး ရင်ဆိုင်ခံစားရတာကို ဆိုလိုတယ်။ (အန်ရ်ရာဇီ)

ذٰلِكَ بِمَا قَدَّمَتۡ اَيۡدِيۡكُمۡ وَاَنَّ اللّٰهَ لَيۡسَ بِظَلَّامٍ لِّلۡعَبِيۡدِۙ ﴿٥١﴾

(၅၁) ၎င်း(အပြစ်ဒဏ်ခတ်ခြင်း)သည် အသင်တို့၏လက်များက ကြိုတင်ပို့နှင့်ထားပြီးဖြစ်သော အရာ(မကောင်းမှုများ)ကြောင့်ပင် ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (အရှင်မြတ်၏)ကျွန်များကို နှိပ်စက်ညှဉ်းပန်းတော်မူသောအရှင် လုံးဝမဟုတ်ပေ။[၁]

[၁] အဲဒီလို အပြစ်ဒဏ်ခံကြရတာတွေဟာ အရှင်မြတ်က မတရားပြုလုပ်တာမဟုတ်ဘူး။ သူတို့ကိုယ်တိုင်က မကောင်းမှုတွေ ကျူးလွန်လာကြတဲ့အတွက် အဲဒီမကောင်းမှုတွေရဲ့အစား အပြစ်ပေးခံရတာပဲဖြစ်တယ်။ အရှင်မြတ်ဟာ ဘယ်သူ့ကိုမှ နှိပ်စက်တော်မူခြင်းမရှိဘူး။ (အလင်းပြကျမ်း)

كَدَاۡبِ اٰلِ فِرۡعَوۡنَ ۙ وَالَّذِيۡنَ مِنۡ قَبۡلِهِمۡ ؕ كَفَرُوۡا بِاٰيٰتِ اللّٰهِ فَاَخَذَهُمُ اللّٰهُ بِذُنُوۡبِهِمۡ ؕ اِنَّ اللّٰهَ قَوِىٌّ شَدِيۡدُ الۡعِقَابِ ﴿٥٢﴾

(၅၂) (ထိုအပြစ်ခံရသောကာဖိရ်များ၏ အခြေအနေသည်)ဖိရ်အောင်န်၏အခြွေအရံများ၏ အခြေအနေနှင့် သူတို့မတိုင်မီက ရှိခဲ့ကြသောသူများ၏ အခြေအနေကဲ့သို့ ဖြစ်သည်။ သူတို့သည် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များကို ငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် သူတို့ကို သူတို့၏မကောင်းမှုများကြောင့် အရေးယူကွပ်မျက်တော်မူခဲ့သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်အင်အားကြီးတော်မူသောအရှင်၊ အလွန်ပြင်းထန်စွာ အပြစ်ပေးတော်မူသောအရှင်ဖြစ်တော်မူသည်။

ذٰلِكَ بِاَنَّ اللّٰهَ لَمۡ يَكُ مُغَيِّرًا نِّعۡمَةً اَنۡعَمَهَا عَلٰى قَوۡمٍ حَتّٰى يُغَيِّرُوۡا مَا بِاَنۡفُسِهِمۡ ۙ وَاَنَّ اللّٰهَ سَمِيۡعٌ عَلِيۡمٌ ۙ ﴿٥٣﴾

(၅၃) ၎င်း(ကာဖိရ်များကို အပြစ်ဒဏ်ပေးခြင်း)သည် အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အကြင်လူမျိုးတစ်မျိုးအပေါ်၌ ပြုတော်မူခဲ့သော မည်သည့်ကျေးဇူးတော်ကိုမျှ ထိုလူမျိုးများသည် သူတို့ကိုယ်တိုင် သူတို့တွင်ရှိသော(ကျေးဇူးတော်)အခြေအနေကို မပြောင်းလဲသရွေ့ ပြောင်းလဲပေးတော်မမူပေ။[၁] ၎င်းပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

[၁] အရှင်မြတ်က လူသားကို အရှင်မြတ်ကို အိဗာဒသ် ခဝပ်ကိုးကွယ်ဖို့ ဖန်ဆင်းထားတော်မူတာဖြစ်

တယ်။ အဲဒီလို အိဗာဒသ်ပြုလုပ်နိုင်အောင်လည်း အင်အားတွေပေးထားတော်မူတယ်။ လူသားဟာ အဲဒီအင်အားတွေကို အိဗာဒသ်အတွက် အသုံးမပြုဘဲ မကောင်းမှုပြုလုပ်ဖို့နဲ့ အရှင်မြတ်ကို ဆန့်ကျင်ဖို့ ကိစ္စတွေအတွက် ပြောင်းလဲအသုံးပြုလာရင် အရှင်မြတ်ကလည်း အရှင်မြတ်ပြုထားတဲ့ ကျေးဇူးတော်တွေကို ရုပ်သိမ်းတော်မူပြီး ပြစ်ဒဏ်နဲ့ ပြောင်းလဲတော်မူလိုက်တယ်။ (အလင်းပြကျမ်း)

كَدَأْبِ آلِ فِرْعَوْنَ ۙ وَالَّذِينَ مِن قَبْلِهِمْ ۚ كَذَّبُوا بِآيَاتِ رَبِّهِمْ فَأَهْلَكْنَاهُم بِذُنُوبِهِمْ وَأَغْرَقْنَا آلَ فِرْعَوْنَ ۚ وَكُلٌّ كَانُوا ظَالِمِينَ ﴿٥٤﴾

(၅၄) (ထိုကာဖိရ်များ၏အခြေအနေသည်) ဖိရ်အောင်န်၏အခြွေအရံများ၏အခြေအနေနှင့် သူတို့မတိုင်မီက ရှိခဲ့ကြသောသူများ၏အခြေအနေကဲ့သို့ ဖြစ်သည်။ သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့ကို သူတို့၏မကောင်းမှုများကြောင့် ဖျက်ဆီးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ဖိရ်အောင်န်၏အခြွေအရံများကို နစ်မြုပ်စေတော်မူခဲ့သည်။ ၎င်းပြင် သူတို့အားလုံးသည် မတရားကျူးလွန်သူများပင် ဖြစ်ခဲ့ကြသည်။

إِنَّ شَرَّ الدَّوَابِّ عِندَ اللَّهِ الَّذِينَ كَفَرُوا فَهُمْ لَا يُؤْمِنُونَ ﴿٥٥﴾

(၅၅) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ထံတော်တွင် အဆိုးဆုံးသတ္တဝါများသည် J ထိုငြင်းပယ်သောသူများပင်ဖြစ်သည်။ ၎င်းပြင် သူတို့သည် ယုံကြည်ကြမည်လည်းမဟုတ်ပေ။

J ကတိဖောက်ဖျက်မှုဟာ အလွန်ဆိုးဝါးလှတဲ့အတွက် အရှင်မြတ်ထံတော်မှာ အဆိုးဆုံးသတ္တဝါအဖြစ်ဖော်ပြထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

الَّذِينَ عَاهَدتَّ مِنْهُمْ ثُمَّ يَنقُضُونَ عَهْدَهُمْ فِي كُلِّ مَرَّةٍ وَهُمْ لَا يَتَّقُونَ ﴿٥٦﴾

(၅၆) ထိုကာဖိရ်များကမူ အသင်သည် သူတို့ထံမှ ကတိကဝတ်ယူခဲ့ပြီးဖြစ်သည်။ ထို့နောက် သူတို့သည် သူတို့၏ကတိကဝတ်ကို အကြိမ်တိုင်း ဖောက်ဖျက်ကြသည်။ ထို့နောက်လည်း သူတို့သည် အရှင်မြတ်အား မကြောက်ရွံ့ကြပေ။

فَإِمَّا تَثْقَفَنَّهُمْ فِي الْحَرْبِ فَشَرِّدْ بِهِم مَّنْ خَلْفَهُمْ لَعَلَّهُمْ يَذَّكَّرُونَ ﴿٥٧﴾

(၅၇) သို့ဖြစ်ရာ အကယ်၍ အသင်သည် သူတို့အား စစ်ပွဲတွင် အမှန်ပင် ဖမ်းမိခဲ့လျှင်၊ အသင်သည် သူတို့နှင့် သူတို့နောက်၌ရှိသော (ရန်)သူများကို သူတို့ သတိတရားရကြပြီး (ကတိချိုးဖောက်မှုကို ရှောင်)ရန်အတွက် (ထိုဖမ်းမိထားသောသူများအား ဖရိုဖရဲဖြစ်အောင်)မောင်းထုတ်လိုက်ပါ။

وَإِمَّا تَخَافَنَّ مِن قَوْمٍ خِيَانَةً فَانبِذْ إِلَيْهِمْ عَلَىٰ سَوَاءٍ ۚ إِنَّ اللَّهَ لَا يُحِبُّ الْخَائِنِينَ ﴿٥٨﴾

(၅၈) ထို့ပြင် အကယ်၍ အသင်သည် လူမျိုးတစ်မျိုးထံမှ ကတိသစ္စာဖောက်မည်ကို စိုးရိမ်မှုဖြစ်လျှင်၊ အသင်သည် (သူတို့နှင့် ချုပ်ဆိုထားသောစာချုပ်ကို)သူတို့ထံသို့ ပြန်အပ်လိုက်ပါ။ (ထိုအခါ စာချုပ်ရုပ်သိမ်းပြီးဖြစ်ကြောင်း သိသောကိစ္စတွင် အသင်နှင့် သူတို့သည်)တန်းတူဖြစ်သွားမည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကတိဖောက်ဖျက်သောသူများကို နှစ်သက်တော်မမူပေ။❷

❷ ကတိဖောက်မှာကို စိုးရိမ်ရတဲ့အခါ နှစ်ဖက်စလုံးတူညီတဲ့ အခွင့်အရေးဖြစ်အောင် ကတိကို ရုပ်သိမ်းကြောင်း ကြေညာပေးရမှာဖြစ်တယ်။ တစ်ဖက်သတ် ကတိဖောက်ဖျက်လိုက်တာကို အရှင်မြတ်ဟာ လုံးဝနှစ်သက်တော်မမူဘူး။ (အလင်းပြကျမ်း)

وَلَا يَحْسَبَنَّ الَّذِيْنَ كَفَرُوْا سَبَقُوْا ۭ اِنَّهُمْ لَا يُعْجِزُوْنَ ﴿٥٩﴾

(၅၉) ထို့ပြင် ကာဖိရ်များက "သူတို့သည် လွတ်မြောက်သွားပြီ"ဟုလုံးဝမထင်မှတ်ရပေ။❻ အမှန်စင်စစ် သူတို့သည် (အလ္လာဟ်အရှင်မြတ်အား) မစွမ်းဆောင်နိုင်အောင် ပြုလုပ်နိုင်ကြသည်မဟုတ်ပေ။

❻ ကာဖိရ်တွေဟာ ဘယ်လောက်ပဲ ကြံစည်ပါစေ၊ အရှင်မြတ်ရဲ့လက်ထဲကနေ လွတ်မြောက်သွားမှာမဟုတ်ဘူး။ ဒါကြောင့် အရှင်မြတ်အပေါ်မှာပဲ ယုံပုံအပ်နှင်းပြီး အရှင်မြတ်ရဲ့အမိန့်တော်တွေကို လိုက်နာရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَ اَعِدُّوْا لَهُمْ مَّا اسْتَطَعْتُمْ مِّنْ قُوَّةٍ وَّ مِنْ رِّبَاطِ الْخَيْلِ تُرْهِبُوْنَ بِهٖ عَدُوَّ اللّٰهِ وَ عَدُوَّكُمْ وَ اٰخَرِيْنَ مِنْ دُوْنِهِمْ ۚ لَا تَعْلَمُوْنَهُمْ ۚ اَللّٰهُ يَعْلَمُهُمْ ۭ وَمَا تُنْفِقُوْا مِنْ شَيْءٍ فِيْ سَبِيْلِ اللّٰهِ يُوَفَّ اِلَيْكُمْ وَ اَنْتُمْ لَا تُظْلَمُوْنَ ﴿٦٠﴾

(၆၀) ထို့ပြင် အသင်တို့သည် ထိုကာဖိရ်များ(နှင့် တိုက်ခိုက်ရန်) အတွက် အသင်တို့တတ်နိုင်သမျှ (လက်နက်)အင်အားနှင့် ချည်နှောင်မွေးမြူထားသောမြင်းများကို အဆင်သင့် စုဆောင်းထားကြပါ။ အသင်တို့သည် ထိုလက်နက်အင်အားဖြင့် အလ္လာဟ်အရှင်မြတ်၏ ရန်သူများနှင့် အသင်တို့၏ ရန်သူများအပြင် အခြား အသင်တို့မသိကြသေးသော ရန်သူများကိုလည်း ခြောက်လှန့်ထားနိုင်ကြမည်။ အလ္လာဟ်အရှင်မြတ်သည် သူတို့ကို သိတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် အသင်တို့သုံးစွဲသမျှကို အသင်တို့သည် လျှော့ပေးခြင်းမခံရဘဲလျက် ပြည့်ပြည့်ဝဝ ချီးမြှင့်တော်မူခြင်းခံကြရမည်။

وَاِنْ جَنَحُوْا لِلسَّلْمِ فَاجْنَحْ لَهَا وَتَوَكَّلْ عَلَى اللّٰهِ ۭ اِنَّهٗ هُوَ السَّمِيْعُ الْعَلِيْمُ ﴿٦١﴾

(၆၁) ထို့ပြင် အကယ်၍ သူတို့သည် စစ်ပြေငြိမ်းရန် ယိမ်းညွတ် (ဦးတည်)လာကြလျှင် အသင်လည်း စစ်ပြေငြိမ်းရန် (၎င်းတို့ဘက်) ယိမ်းညွတ်(ဦးတည်)လိုက်ပါ။❸ ၎င်းပြင် အသင်သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် ယုံပုံ

အပ်နှင်းလိုက်ပါ။ အမှန်စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသော အရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

❸ ကာဖိရ်တွေကို တိုက်ခိုက်ရတဲ့အကြောင်းမှာ အရှင်မြတ်ရဲ့ တရားဒေသနာတော် မြှင့်တင်ဖို့နဲ့ သာသနာရေးလွတ်လပ်ခွင့်ရရှိဖို့အတွက်ဖြစ်တယ်။ တကယ်လို့ သူတို့က စစ်ပြေငြိမ်းချင်ကြတယ် ဆိုရင် သူတို့ရည်ရွယ်တဲ့ အဲဒီအချက်တွေကို စစ်မတိုက်ဘဲ ရရှိနိုင်ရင် စစ်ပြေငြိမ်းတာကို လက်ခံပြီး ကိုယ့်ဘက်ကလည်း စစ်ပြေငြိမ်းလိုက်ရမှာဖြစ်ကြောင်းကို ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِن يُرِيدُوٓاْ أَن يَخۡدَعُوكَ فَإِنَّ حَسۡبَكَ ٱللَّهُۚ هُوَ ٱلَّذِيٓ أَيَّدَكَ بِنَصۡرِهِۦ وَبِٱلۡمُؤۡمِنِينَ ﴿٦٢﴾

(၆၂) ထို့နောက် အကယ်၍ သူတို့သည် အသင်(တမန်တော်)အား လိမ်လည်လှည့်ဖြားရန် ရည်ရွယ်ကြလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင့်အတွက် လုံလောက်တော်မူပေသည်။❶ အရှင်မြတ်သည် အသင့်အား အရှင်မြတ်၏အကူအညီအပြင် မုအ်မင်န်ယုံကြည်သူများဖြင့်လည်း အားပေးတော်မူခဲ့သည်။

❶ တကယ်လို့ ကာဖိရ်တွေဟာ စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ပြီးခါမှ လိမ်လည်လှည့်ဖြားမယ်ဆိုရင် ဘာမှစိုးရိမ်စရာမရှိဘဲ အရှင်မြတ်တစ်ပါးတည်းနဲ့ပဲ လုံလောက်တော်မူတယ်။ ဒီအာယသ်တော်တွေကျရောက်ပြီးနောက် ကာဖိရ်တွေဟာ လိမ်လည်လှည့်ဖြားနိုင်ခြင်းမရှိခဲ့ကြတော့ဘူး။ (အလင်းပြကျမ်း)

وَأَلَّفَ بَيۡنَ قُلُوبِهِمۡۚ لَوۡ أَنفَقۡتَ مَا فِي ٱلۡأَرۡضِ جَمِيعٗا مَّآ أَلَّفۡتَ بَيۡنَ قُلُوبِهِمۡ وَلَٰكِنَّ ٱللَّهَ أَلَّفَ بَيۡنَهُمۡۚ إِنَّهُۥ عَزِيزٌ حَكِيمٞ ﴿٦٣﴾

(၆၃) ထို့ပြင် အရှင်မြတ်သည် ထို(ယုံကြည်)သူများ၏ စိတ်နှလုံးများကြားထဲတွင် ညီညွတ်စေတော်မူခဲ့သည်။ အကယ်၍ အသင်သည် ကမ္ဘာမြေ၌ရှိသမျှအရာအားလုံးကို သုံးစွဲခဲ့လျှင်လည်း သူတို့၏ စိတ်နှလုံးများ၏ကြားတွင် ညီညွတ်စေနိုင်မည်မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် (အရှင်မြတ်၏တန်ခိုးတော်ဖြင့်) သူတို့၏ကြားတွင် ညီညွတ်စေတော်မူခဲ့သည်။❷ အမှန်ပင် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့်အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

❷ အရှင်မြတ်ဟာ မွတ်စ်လင်မ်တွေရဲ့စိတ်နှလုံးတွေကို အတ္တစိတ်၊ မျိုးနွယ်စိတ်၊ အုပ်စုစိတ် စတာတွေကို ကင်းရှင်းအောင်လုပ်ပေးပြီး အစ္စလာမ်သာသနာတစ်ခုတည်းအပေါ်မှာပဲ စိတ်ကို တညီတညွတ်တည်း ဖြစ်စေတော်မူခဲ့တယ်။ ဒါဟာ အရှင်မြတ်ရဲ့ကြီးမားလှတဲ့ ကျေးဇူးတော်ဖြစ်တယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلنَّبِيُّ حَسۡبُكَ ٱللَّهُ وَمَنِ ٱتَّبَعَكَ مِنَ ٱلۡمُؤۡمِنِينَ ﴿٦٤﴾

(၆၄) အို-တမန်တော်၊ အသင်နှင့် အသင်၏နောက်ကိုလိုက်ကြသော

ယုံကြည်သူများအတွက် အလ္လာဟ်အရှင်မြတ်သည် လုံလောက်တော်မူသည်။

يَاَيُّهَا النَّبِىُّ حَرِّضِ الْمُؤْمِنِيْنَ عَلَى الْقِتَالِ ؕ اِنْ يَّكُنْ مِّنْكُمْ عِشْرُوْنَ صٰبِرُوْنَ يَغْلِبُوْا مِائَتَيْنِ ۚ وَاِنْ يَّكُنْ مِّنْكُمْ مِّائَةٌ يَّغْلِبُوْٓا اَلْفًا مِّنَ الَّذِيْنَ كَفَرُوْا بِاَنَّهُمْ قَوْمٌ لَّا يَفْقَهُوْنَ ﴿٦٥﴾

(၆၅) အို-တမန်တော်၊ အသင်သည် ယုံကြည်သူများအား စစ်တိုက်ရန် တိုက်တွန်းနှိုးဆော်ပါ။❷ အကယ်၍ အသင်တို့ထဲမှ ဖွဲ့ရှိသူ နှစ်ဆယ်ရှိလျှင်၊ သူတို့သည် (ရန်သူ)နှစ်ရာကို လွှမ်းမိုးနိုင်မည်။ ၎င်းပြင် အကယ်၍ အသင်တို့ထဲမှ ဖွဲ့ရှိသူ တစ်ရာရှိလျှင်၊ သူတို့သည် ကာဖိရ်ငြင်းပယ်သူများထဲမှ တစ်ထောင်ကို လွှမ်းမိုးနိုင်ကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အမှန်စင်စစ် သူတို့သည် မသိနားမလည်သူများ ဖြစ်ကြသည့်အတွက်ကြောင့်ဖြစ်သည်။

❷ မွတ်စ်လင်မ်တွေကို အရေအတွက်နည်းရင်လည်း ဂျိဟာဒ်ပြုလုပ်ကြဖို့ တိုက်တွန်းထားတယ်။ အလ္လာဟ်အရှင်မြတ်ရဲ့အကူအညီနဲ့ အောင်နိုင်သွားမှာပဲဖြစ်တာကြောင့် စိုးရိမ်ကြောက်ရွံ့မှုမရှိဘဲ တိုက်ခိုက်ကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

اَلْـٰٔنَ خَفَّفَ اللّٰهُ عَنْكُمْ وَعَلِمَ اَنَّ فِيْكُمْ ضَعْفًا ؕ فَاِنْ يَّكُنْ مِّنْكُمْ مِّائَةٌ صَابِرَةٌ يَّغْلِبُوْا مِائَتَيْنِ ۚ وَاِنْ يَّكُنْ مِّنْكُمْ اَلْفٌ يَّغْلِبُوْٓا اَلْفَيْنِ بِاِذْنِ اللّٰهِ ؕ وَاللّٰهُ مَعَ الصّٰبِرِيْنَ ﴿٦٦﴾

(၆၆)ယခုမူ အလ္လာဟ်အရှင်မြတ်သည် (အသင်တို့၏ဝန်ထုပ်ကို)အသင်တို့ထံမှ ပေါ့ပါးစေတော်မူခဲ့သည်။ ၎င်းပြင် အရှင်မြတ်သည် အသင်တို့၌ အင်အားဖွဲ့သတ္တိနည်းပါးသည်ကိုလည်း သိရှိတော်မူသည်။❻ သို့ဖြစ်ရာ အကယ်၍ အသင်တို့ထဲမှ ဖွဲ့သတ္တိရှိသူ တစ်ရာရှိလျှင် သူတို့သည် (ရန်သူ)နှစ်ရာကို လွှမ်းမိုးနိုင်ကြမည်။ ၎င်းပြင် အကယ်၍ အသင်တို့ထဲမှ ဖွဲ့သတ္တိရှိသူ တစ်ထောင်ရှိလျှင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် (ရန်သူ)နှစ်ထောင်ကို လွှမ်းမိုးနိုင်ကြမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ဖွဲ့ရှိသူများနှင့်အတူရှိတော်မူသည်။

❻ မွတ်စ်လင်မ်တွေရဲ့အင်အား၊ ဖွဲ့သတ္တိ လျော့နည်းနေတဲ့အတွက် ပထမမှာ သူတို့ထက် ဆယ်ဆများတဲ့ရန်သူကို တိုက်ခိုက်ဖို့ အမိန့်ချထားခဲ့ပေမဲ့ အခုတော့ သူတို့ထက်နှစ်ဆရှိတဲ့ရန်သူကိုပဲ တိုက်ခိုက်ခိုင်းထားတော့တာဖြစ်တယ်။ (အလင်းပြကျမ်း)

مَا كَانَ لِنَبِيٍّ اَنْ يَّكُوْنَ لَهٗٓ اَسْرٰى حَتّٰى يُثْخِنَ فِى الْاَرْضِ ؕ تُرِيْدُوْنَ عَرَضَ الدُّنْيَا ۖ وَاللّٰهُ يُرِيْدُ الْاٰخِرَةَ ؕ وَاللّٰهُ عَزِيْزٌ حَكِيْمٌ ﴿٦٧﴾

(၆၇) မည်သည့်တမန်တော်မဆို ကမ္ဘာမြေတွင် တိုက်ခိုက်သတ်ဖြတ်မှုကို (သွေးမြေကျအောင်) ထိရောက်စွာမပြုသေးသမျှကာလပတ်လုံး ထိုတမန်တော်တွင် (စစ်ပွဲမှ)လက်ရဖမ်းဆီးမိခဲ့သော သုံ့ပန်းများသည် မရှိသင့်ပေ။ အသင်

တို့သည် လောကီပစ္စည်းကို အလိုရှိကြသည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်ကမူ (အသင်တို့အတွက်) တမလွန်ဘဝ(၏စည်းစိမ်)ကိုသာ လိုလားတော်မူသည်။❺ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသော အရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

❺ ဗဒရ်စစ်ပွဲကနေ သုံ့ပန်း (၇၀)ဖမ်းမိတဲ့ကိစ္စနဲ့ပတ်သက်ပြီး သတ်ပစ်ရမလား၊ လျော်ကြေးယူပြီး လွှတ်ပစ်ရမလားဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး ရှင်းလင်းဖွင့်ဆိုချက်များ အလွန်ရှည်လျားနေတဲ့အတွက် ဒီနေရာမှာ လုံလောက်အောင် ဖော်ပြရန် မဖြစ်နိုင်ပါ။ အလင်းပြကျမ်းနဲ့ တခြားကျမ်းကြီးများ၌ ကြည့်ရှုနိုင်ပါတယ်။

لَّوۡلَا كِتَٰبٌ مِّنَ ٱللَّهِ سَبَقَ لَمَسَّكُمۡ فِيمَآ أَخَذۡتُمۡ عَذَابٌ عَظِيمٌ ﴿٦٨﴾

(၆၈) အကယ်၍သာ အလ္လာဟ်အရှင်မြတ်ထံမှ ဥပဒေတစ်ခုသည် ယခင်ကတည်းက မရှိခဲ့လျှင် အသင်တို့ယူခဲ့ကြသည်နှင့်ပတ်သက်၍ ကြီးကျယ်သောပြစ်ဒဏ်သည် အသင်တို့၌ အမှန်စင်စစ် ထိရောက်ခဲ့လိမ့်မည်။❻

❻ သုံ့ပန်းပစ္စည်းနဲ့ပတ်သက်ပြီး ဟလာလ်စားသုံးပိုင်ခွင့်ရှိတယ်ဆိုတာကို အရှင်မြတ်က အစကတည်းက သတ်မှတ်ထားတာဖြစ်လို့ အရေးယူခြင်းမခံရတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَكُلُواْ مِمَّا غَنِمۡتُمۡ حَلَٰلًا طَيِّبًاۚ وَٱتَّقُواْ ٱللَّهَۚ إِنَّ ٱللَّهَ غَفُورٌ رَّحِيمٌ ﴿٦٩﴾

(၆၉) ယခုမူ အသင်တို့သည် (သူတို့ထံမှလက်ရပစ္စည်းအဖြစ်)အသင်တို့ရယူခဲ့ကြသည်များကို တရားဝင် သန့်စင်သောပစ္စည်းများအဖြစ် စားသုံးကြပါ။❼ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုသာ ကြောက်ရွံ့ကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသော အရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။ (အရှင်မြတ်သည် ထိုကိစ္စနှင့်ပတ်သက်ပြီး စွဟာဗဟ်များအား ခွင့်လွှတ်တော်မူပြီးဖြစ်ရာ ၎င်းတို့အပေါ်တွင် ဝေဖန်ပြောဆိုပိုင်ခွင့်မရှိတော့ပေ။)

❼ အဲဒါကြောင့် အခု စားပိုင်ခွင့်ပေးလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلنَّبِيُّ قُل لِّمَن فِيٓ أَيۡدِيكُم مِّنَ ٱلۡأَسۡرَىٰٓ إِن يَعۡلَمِ ٱللَّهُ فِي قُلُوبِكُمۡ خَيۡرًا يُؤۡتِكُمۡ خَيۡرًا مِّمَّآ أُخِذَ مِنكُمۡ وَيَغۡفِرۡ لَكُمۡۚ وَٱللَّهُ غَفُورٌ رَّحِيمٌ ﴿٧٠﴾

(၇၀) အို-တမန်တော်၊ အသင်သည် အသင်တို့၏လက်များအတွင်း၌ရှိနေသော လက်ရဖမ်းဆီးမိသည့်သုံ့ပန်းအကျဉ်းသားများကို (ဤသို့)ပြောလိုက်ပါ- "အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏စိတ်နှလုံးများ၌ ကောင်းခြင်းတစ်စုံတစ်ခုကို အကယ်၍ သိရှိတော်မူလျှင်၊ အရှင်မြတ်သည် အသင်တို့ထံမှ ယူခဲ့ပြီး

ဖြစ်သော (လျော်ကြေး)ပစ္စည်းထက် သာလွန်မြင့်မြတ်သောအရာကို အသင်တို့အား ချီးမြှင့်ပေးသနားတော်မူမည်။ ၎င်းပြင် အရှင်မြတ်သည် အသင်တို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူမည်။”❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ စိတ်နှလုံးထဲမှာ ကောင်းတာတစ်ခုခုဆိုတာ ယုံကြည်မှုနဲ့ စိတ်ထားဖြူစင်မှုကိုဆိုလိုတယ်။ အဲဒီလို လျော်ကြေးပေးပြီး လွတ်လာတဲ့အထဲမှာ သာဝကကြီး အဗ္ဗာစ် ﷺနဲ့ တခြားသာဝက ﷺတွေလည်းပါဝင်ခဲ့တယ်။ သူတို့ရဲ့ယုံကြည်မှုနဲ့ စိတ်ထားဖြူစင်မှုအပေါ်မှာ အရှင်မြတ်က ပိုမိုပြီးပေးတော်မူခဲ့တယ်။ (အလင်းပြကျမ်း)

وَإِن يُرِيدُوا۟ خِيَانَتَكَ فَقَدْ خَانُوا۟ ٱللَّهَ مِن قَبْلُ فَأَمْكَنَ مِنْهُمْ ۗ وَٱللَّهُ عَلِيمٌ حَكِيمٌ ﴿٧١﴾

(၇၁) ထို့နောက် အကယ်၍ သူတို့သည် အသင့်အား သစ္စာဖောက်ရန် ရည်ရွယ်ကြလျှင် အမှန်မှာ သူတို့သည် ယခင်က အလ္လာဟ်အရှင်မြတ်ကိုပင် သစ္စာဖောက်ခဲ့ကြခြင်းဖြစ်သည်။ သို့ဖြစ်ရာ အရှင်မြတ်သည် (အသင့်အား) သူတို့အပေါ်၌ လွှမ်းမိုးအောင်နိုင်စေတော်မူခဲ့သည်။❷ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

❷ တကယ်လို့ သစ္စာဖောက်ဖို့အတွက် လိမ်ပြီး အီမာန်ယုံကြည်ခဲ့မယ်ဆိုရင် စိုးရိမ်စရာမရှိဘူး။ ဗဒရ်စစ်ပွဲမှာ အသင့်ကို သူတို့အပေါ်မှာ အနိုင်ပေးတော်မူခဲ့သလိုပဲ သူတို့သစ္စာဖောက်တဲ့အတွက် ထပ်ပြီး အဖမ်းခံရဦးမှာဖြစ်တယ်လို့ဆိုလိုတာဖြစ်တယ်။ (အလင်းပြ ကျမ်း)

إِنَّ ٱلَّذِينَ ءَامَنُوا۟ وَهَاجَرُوا۟ وَجَٰهَدُوا۟ بِأَمْوَٰلِهِمْ وَأَنفُسِهِمْ فِى سَبِيلِ ٱللَّهِ وَٱلَّذِينَ ءَاوَوا۟ وَّنَصَرُوٓا۟ أُو۟لَٰٓئِكَ بَعْضُهُمْ أَوْلِيَآءُ بَعْضٍ ۚ وَٱلَّذِينَ ءَامَنُوا۟ وَلَمْ يُهَاجِرُوا۟ مَا لَكُم مِّن وَلَٰيَتِهِم مِّن شَىْءٍ حَتَّىٰ يُهَاجِرُوا۟ ۚ وَإِنِ ٱسْتَنصَرُوكُمْ فِى ٱلدِّينِ فَعَلَيْكُمُ ٱلنَّصْرُ إِلَّا عَلَىٰ قَوْمٍۭ بَيْنَكُمْ وَبَيْنَهُم مِّيثَٰقٌ ۗ وَٱللَّهُ بِمَا تَعْمَلُونَ بَصِيرٌ ﴿٧٢﴾

(၇၂) အမှန်စင်စစ် အကြင်သူတို့သည် အီမာန်ယုံကြည်ခဲ့ကြသည်၊ ၎င်းပြင် သူတို့သည် ဟိဂျ်ရသ်ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ထို့ပြင် သူတို့သည် သူတို့၏ပစ္စည်းဥစ္စာများ၊ သူတို့၏အသက်များနှင့် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် စစ်တိုက်ခဲ့ကြသည်။ ၎င်းပြင် အကြင်သူများသည် ခိုကိုးရန်နေရာများပေးခဲ့ကြသည်။ ၎င်းပြင် သူတို့သည် ရိုင်းပင်းကူညီခဲ့ကြသည်။ ထိုသူများသည် အချင်းချင်း တစ်ဦးသည် တစ်ဦး၏အမွေစားအမွေခံများပင် ဖြစ်ကြသည်။ ထို့ပြင်

အကြင်သူများကမူ ယုံကြည်ခဲ့ကြသည်။ ၎င်းပြင် သူတို့သည် ဟိဂ်ျရသ်ရွှေ့ပြောင်း နေထိုင်ခြင်း မပြုခဲ့ကြပေ။ ထိုသူများသည် ရွှေ့ပြောင်းနေထိုင်ခြင်း မပြုသမျှကာလပတ်လုံး အသင်တို့အတွက် သူတို့၏အမွေဆက်ခံခြင်းသည် မည်သည့်အရာ တစ်ခုမျှ မရှိပေ။❸ ထို့ပြင် အကယ်၍ သူတို့သည် ဒီန်သာသနာရေးနှင့်ပတ်သက်၍ အသင်တို့ထံမှ အကူအညီတောင်းခံကြသည်ဆိုလျှင် အသင်တို့နှင့် ကတိစာချုပ် ချုပ်ဆိုထားသော လူမျိုးမှလွဲ၍ အခြားလူမျိုးနှင့် ဆန့်ကျင်ပြီး ကူညီရိုင်းပင်းရန် အသင်တို့၌ တာဝန်ရှိသည်။❻ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုမူသမျှကို အကြွင်းမဲ့မြင်တော်မူသောအရှင်ဖြစ်တော်မူသည်။

❸ အဲဒီအချိန်အခါမှာ ဟိဂ်ျရသ်မလုပ်သရွှေ့ မုဟာဂျိရီန်တွေထဲမှာ အပါအဝင်မဖြစ်တဲ့အတွက် သူတို့လိုအခွင့်အရေးမျိုးလည်း မရနိုင်တာ ဖြစ်တယ်။(အလင်းပြကျမ်း) ❻ အဲဒီ ဟိဂ်ျရသ်မလုပ်တဲ့သူတွေဟာ သာသနာနဲ့ပတ်သက်ပြီး အကူအညီတောင်းခံကြတဲ့အခါ ကတိစာချုပ်ချုပ်ထားတဲ့ လူမျိုးနဲ့ ဆန့်ကျင်ပြီးကူညီရမယ်ဆိုရင် အကူအညီပေးလို့မရနိုင်ဘူး။ အဲဒီလိုပဲ ညီနောင်ဖွဲ့ပေးထားတဲ့အန်စွာရီတွေရဲ့အမွေလည်း မဆက်ခံနိုင်ဘူး။ (အလင်းပြကျမ်း)

وَالَّذِيْنَ كَفَرُوْا بَعْضُهُمْ اَوْلِيَآءُ بَعْضٍ ؕ اِلَّا تَفْعَلُوْهُ تَكُنْ فِتْنَةٌ فِى الْاَرْضِ وَفَسَادٌ كَبِيْرٌ ۝٧٣

(၇၃) ထို့ပြင် ကာဖိရ်များသည် အချင်းချင်း တစ်ဦးသည် တစ်ဦး၏ အမွေစားအမွေခံများပင်ဖြစ်ကြသည်။ အကယ်၍ အသင်တို့သည် ဤ(အမိန့်) အတိုင်း မပြုကြလျှင် ကမ္ဘာမြေတွင် ရှုပ်ထွေးသောပြဿနာနှင့် အကြီးအကျယ် ဖျက်ဆီးမှု ဖြစ်ပေါ်လာလိမ့်မည်။❶

❶ မွတ်စ်လင်မ်တွေနဲ့ ကာဖိရ်တွေဟာ ဆွေမျိုးဖြစ်နေရင်တောင်မှ အမွေစားအမွေခံ ပြုလုပ်လို့ မရဘူး။ အဲဒီအမိန့်ကို မလိုက်နာဘူးဆိုရင် ပြဿနာတွေပေါ်မယ်၊ နှိပ်စက်မှုတွေနဲ့ ဖျက်ဆီးမှုတွေ ဖြစ်ပေါ်လာမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَالَّذِيْنَ اٰمَنُوْا وَهَاجَرُوْا وَجٰهَدُوْا فِيْ سَبِيْلِ اللّٰهِ وَالَّذِيْنَ اٰوَوْا وَّنَصَرُوْٓا اُولٰٓئِكَ هُمُ الْمُؤْمِنُوْنَ حَقًّا ؕ لَهُمْ مَّغْفِرَةٌ وَّرِزْقٌ كَرِيْمٌ ۝٧٤

(၇၄) ထို့ပြင် အကြင်သူများသည် အီမာန်ယုံကြည်ခဲ့ကြသည်၊ ၎င်းပြင် သူတို့သည် ဟိဂ်ျရသ်ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်၊ ၎င်းပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် စစ်တိုက်ခဲ့ကြသည်။ ထို့ပြင် အကြင်သူများသည် ခိုကိုးရန်နေရာများပေးခဲ့ကြသည်၊ ၎င်းပြင် သူတို့သည် ရိုင်းပင်းကူညီခဲ့ကြသည်၊ ထိုသူများပင် စစ်မှန်သောမုအ်မင်န်ယုံကြည်သူများဖြစ်ကြသည်။ ထိုသူများအတွက် လွတ်ငြိမ်းချမ်းသာခွင့်နှင့် မြင့်မြတ်သောစားနပ်ရိက္ခာရှိသည်။

وَالَّذِيْنَ اٰمَنُوْا مِنْۢ بَعْدُ وَهَاجَرُوْا وَجٰهَدُوْا مَعَكُمْ فَاُولٰٓئِكَ مِنْكُمْ ؕ وَاُولُوا الْاَرْحَامِ

بَعْضُهُمْ اَوْلٰى بِبَعْضٍ فِىْ كِتٰبِ اللّٰهِ ۗ اِنَّ اللّٰهَ بِكُلِّ شَىْءٍ عَلِيْمٌ ﴿٧٥﴾

(၇၅) ထို့ပြင် အကြင်သူများသည် နောက်မှ အီမာန်ယုံကြည်ခဲ့ကြသည်။ ၎င်းပြင် သူတို့သည် ဟိဂ်ျရသ်ရွှေ့ပြောင်းနေထိုင်မှုကိုလည်း ပြုလုပ်ခဲ့ကြသည်။ ၎င်းပြင် သူတို့သည် အသင်တို့နှင့်အတူ စစ်တိုက်ခဲ့ကြသည်။ သို့ဖြစ်လျှင် သူတို့လည်း အသင်တို့ထဲတွင် အပါအဝင်ဖြစ်ကြသည်။ ထို့ပြင် ဆွေမျိုးရင်းချာများကမူ အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်ထဲ၌ အချင်းချင်း တစ်ဦး(၏အမွေကို) တစ်ဦးက ပိုပြီးဆက်ခံထိုက်သည်။❻ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

❻ ပထမအချိန်အခါမှာ အစ္စလာမ်အင်အားကောင်းလာအောင် ဆွေမျိုးမတော်တဲ့ မုဟာဂျိရီန်တွေနဲ့ ညီနောင်ဖွဲ့ပေးခဲ့ပြီး အမွေပါဆက်ခံခွင့်ပေးခဲ့ပေမဲ့ နောက်ဆုံးမှာတော့ အင်အားလည်းကောင်းလာပြီး တကယ်ဆွေမျိုးတော်တဲ့သူတွေ ရောက်လာတဲ့အခါ ပထမအမိန့်ကို ဖျက်သိမ်းပြီး တကယ်တော်စပ်တဲ့ ဆွေမျိုးသားချင်းတွေကိုပဲ အမွေဆက်ခံခွင့်ကို ပေးတော်မူခဲ့တာဖြစ်တယ်။
(အာစားန်သရ်ဂျူမဟ်)

==========================================

ركوعاتها١٦ ٩سُوْرَةُ التَّوْبَةِ مَدَنِيَّةٌ١١٣ اٰياتها١٢٩

## စူရတ် သောင်ဗဟ် (နောင်တရခြင်းကဏ္ဍ) سُوْرَةُ التَّوْبَةِ

==========================================

بَرَآءَةٌ مِّنَ اللّٰهِ وَرَسُوْلِهٖٓ اِلَى الَّذِيْنَ عٰهَدْتُّمْ مِّنَ الْمُشْرِكِيْنَ ﴿١﴾

(၁) (ဤသည်) အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်ထံမှ အသင်တို့ ကတိစာချုပ် ချုပ်ဆိုခဲ့ကြသော မုရှ်ရိက်တို့အား (၎င်းတို့ကိုယ်တိုင် စတင်ချိုးဖျက်သည့်အတွက် ထိုစာချုပ်နှင့်ပတ်သက်၍) လုံးဝတာဝန်မရှိ(တော့)ကြောင်း[၁] (ကြေညာချက်) ဖြစ်သည်။

[၁] ဗရာအသ်ဆိုတာ ကာကွယ်စောင့်ရှောက်မှု ပြတ်စဲတာ၊ တာဝန်မရှိတော့တာကိုခေါ်တယ်။ (အလင်းပြကျမ်း)

فَسِيْحُوْا فِى الْاَرْضِ اَرْبَعَةَ اَشْهُرٍ وَّاعْلَمُوْٓا اَنَّكُمْ غَيْرُ مُعْجِزِى اللّٰهِ ۙ وَاَنَّ اللّٰهَ مُخْزِى الْكٰفِرِيْنَ ﴿٢﴾

(၂) သို့ဖြစ်ရာ (အသင်ပြောလိုက်ပါ)- အသင်တို့သည် (ဤ)တိုင်းပြည်တွင် လေးလထိ[၂](သာ လွတ်လပ်စွာ) လှည့်လည်(သွားလာ)ကြပါ။ ၎င်းပြင် အသင်တို့သည် အမှန်ပင် အလ္လာဟ်အရှင်မြတ်အား (အပြစ်ဒဏ်ခတ်ခြင်းမှ) မစွမ်းဆောင်နိုင်အောင် ပြုလုပ်နိုင်သူများမဟုတ်ကြောင်းနှင့် အမှန်ပင်အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်များအား သေးသိမ်စေတော်မူမည့်အရှင် ဖြစ်တော်မူကြောင်းကို (ကောင်းစွာ)သိမှတ်ထားကြပါ။

[၂] လေးလအချိန်ပေးခြင်းမှာ အမှန်တရားကို လွတ်လွတ်လပ်လပ် စဉ်းစားရှာဖွေကြည့်ပြီး အမှန်ထဲကို ကိုယ့်ဆန္ဒနဲ့ ဝင်နိုင်အောင်အတွက်နဲ့ မဝင်ချင်ရင်လည်း လွတ်လွတ်လပ်လပ် ရှောင်တိမ်းထွက်ခွာနိုင်ဖို့ အစီအစဉ်လုပ်နိုင်အောင် အချိန်ပေးထားခြင်းဖြစ်တယ်။ ဒါကအစ္စလာမ်ဟာ ရန်သူကို အရေးယူနေတဲ့အချိန်မှာတောင် လွယ်ကူမှုဖန်တီးပေးထားတယ်ဆိုတာရဲ့ အထောက်အထားဖြစ်တယ်။ (အလင်းပြကျမ်း)

وَاَذَانٌ مِّنَ اللّٰهِ وَرَسُوْلِهٖٓ اِلَى النَّاسِ يَوْمَ الْحَجِّ الْاَكْبَرِ اَنَّ اللّٰهَ بَرِىٓءٌ مِّنَ الْمُشْرِكِيْنَ ۙ۬ وَرَسُوْلُهٗ ؕ فَاِنْ تُبْتُمْ فَهُوَ خَيْرٌ لَّكُمْ ۚ وَاِنْ تَوَلَّيْتُمْ فَاعْلَمُوْٓا اَنَّكُمْ غَيْرُ مُعْجِزِى اللّٰهِ ؕ وَبَشِّرِ الَّذِيْنَ كَفَرُوْا بِعَذَابٍ اَلِيْمٍ ۙ﴿٣﴾

(၃) ထို့ပြင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်ထံမှ ဟဂ်ျဂျေ့အက္ကဗရ်[၃] နေ့၌ လူများထံသို့ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်သည် (ကတိစာချုပ်ကို သူတို့ကိုယ်တိုင်ချိုးဖျက်ခဲ့ကြသော) မုရှ်ရိက်များနှင့်ပတ်သက်၍ (ယခုကစပြီး)တာဝန်ကင်းတော်မူကြောင်း ကြေညာ

လိုက်ခြင်းပင်ဖြစ်သည်။ ထို့နောက် အကယ်၍ အသင်တို့သည် (ငြင်းပယ်မှုကို စွန့်လွှတ်ပြီး) ဝန်ချတောင်းပန်ကြလျှင် ထိုဝန်ချတောင်းပန်ခြင်းသည် အသင်တို့အတွက် အကောင်းဆုံးဖြစ်သည်။ ၎င်းပြင် အကယ်၍ အသင်တို့သည် (တောင်းပန်ခြင်းမပြုဘဲ) မျက်နှာလွှဲခဲ့ကြလျှင် အမှန်စင်စစ် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား မစွမ်းဆောင်နိုင်အောင် ပြုလုပ်နိုင်သူများမဟုတ်ကြောင်း ကောင်းစွာ သိမှတ်ထားကြပါ။ ထို့ပြင် အသင်သည် ကာဖိရ်များကို အလွန်နာကျင်စေသော ပြစ်ဒဏ်ရှိကြောင်း သတင်းကောင်းပေးလိုက်ပါ။

❷ ဟဂ်ျဂျိအက္ကဗရ်ဆိုတာ ဟဂ်ျကိုပဲ ခေါ်ဆိုတာဖြစ်ပြီး ဟဂ်ျဂျိအစွ်ဂရ်ဆိုတာ အွမ္မရဟ်ကိုခေါ်တာဖြစ်တယ်။ ဟဂ်ျနဲ့အွမ်ရဟ် နှစ်ခုတို့ကို ခွဲခြားပြဖို့သုံးတာဖြစ်တယ်။ လူသာမန်တွေအနေနဲ့ ဂျုမုအဟ် သောကြာနေ့နဲ့ တိုက်ဆိုင်တဲ့ဟဂ်ျကို ဟဂ်ျဂျိအက္ကဗရ်လို့ ပြောဆိုနေကြတာဟာ လုံးဝအခြေအမြစ်မရှိဘူး။ (မအာရိဖွလ်ကုရ်အာန် တွဲ-၃၊ စာ၃၈၆ - မော်လာနာအိဒ်ရီးစ်)

اِلَّا الَّذِيْنَ عٰهَدْتُّمْ مِّنَ الْمُشْرِكِيْنَ ثُمَّ لَمْ يَنْقُصُوْكُمْ شَيْـًٔا وَّلَمْ يُظَاهِرُوْا عَلَيْكُمْ اَحَدًا فَاَتِمُّوْٓا اِلَيْهِمْ عَهْدَهُمْ اِلٰى مُدَّتِهِمْ ۗ اِنَّ اللّٰهَ يُحِبُّ الْمُتَّقِيْنَ ﴿٤﴾

(၄) သို့ရာတွင် (၎င်းထဲ၌) အကြင်မုရှ်ရိက်များ(မပါဝင်ပေ၊ ထိုသူများ) အား အသင်တို့က ကတိကဝတ်ပြုခဲ့ကြသည်။ ထို့နောက် သူတို့သည် အသင်တို့နှင့်ပတ်သက်၍ တစ်စုံတစ်ရာကိုမျှ တာဝန်လျော့နည်းပျက်ကွက်ခြင်းမရှိခဲ့ကြပေ။ ၎င်းပြင် သူတို့သည် အသင်တို့နှင့် ဆန့်ကျင်၍ မည်သူ့ကိုမျှ ကူညီခဲ့သည်လည်း မရှိခဲ့ပေ။ ထိုသို့ဆိုလျှင် အသင်တို့သည် သူတို့နှင့်ထားရှိသောကတိကို သူတို့ (သတ်မှတ်သည့်)အချိန်ထိ ပြီးမြောက်အောင်ဆောင်ရွက်ကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများကို ချစ်မြတ်နိုးတော်မူသည်။

فَاِذَا انْسَلَخَ الْاَشْهُرُ الْحُرُمُ فَاقْتُلُوا الْمُشْرِكِيْنَ حَيْثُ وَجَدْتُّمُوْهُمْ وَخُذُوْهُمْ وَاحْصُرُوْهُمْ وَاقْعُدُوْا لَهُمْ كُلَّ مَرْصَدٍ ۚ فَاِنْ تَابُوْا وَاَقَامُوا الصَّلٰوةَ وَاٰتَوُا الزَّكٰوةَ فَخَلُّوْا سَبِيْلَهُمْ ۗ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿٥﴾

(၅) ထို့နောက် ထွတ်မြတ်သောလများကုန်လွန်သွားသောအခါ အသင်တို့သည် (ကတိစာချုပ်ချိုးဖျက်ခဲ့ကြသော)မုရှ်ရိက်များအား တွေ့သောနေရာတွင် သတ်ဖြတ်ကြပါ။ ထို့ပြင် သူတို့အား ဖမ်းဆီးကြပါ။ ထို့ပြင် အသင်တို့သည် သူတို့အား ချုပ်နှောင်ထားကြပါ။ ထို့ပြင် အသင်တို့သည် သူတို့အား သွားလာပုန်းအောင်းရာနေရာတိုင်း၌ (ဖမ်းဆီးရန်)ချောင်းမြောင်းထိုင်(ပြီးရှာဖွေ)ကြပါ။ ထို့နောက်အကယ်၍သူတို့သည်(ငြင်းပယ်မှုကိုစွန့်လွှတ်ပြီး)ဝန်ချတောင်းပန်ကြ

မည်၊ ၎င်းပြင် စွလာသ်ဝတ်ပြုမှုကို ဆောက်တည်ကြမည်၊ ၎င်းပြင် ဇကာသ်(ဆင်းရဲသားနှင့်လိုအပ်သူများ၏ဝေစု)ကို ပေးဆောင်ကြမည်ဆိုလျှင် အသင်တို့သည် သူတို့၏လမ်းကို ဖွင့်လှစ်ပေးလိုက်ကြပါ။[၄] အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

[၄] သေဒဏ်ချခံရတဲ့မုရှ်ရိက်တွေတောင် အမှားဝန်ခံပြီး အီမာန်လက်ခံကာ ပြဌာန်းထားတဲ့အတိုင်းနေခဲ့ရင် လွတ်မြောက်မှုရရှိသွားမှာဖြစ်တယ်။ ဒါဟာ အစ္စလာမ် ရဲ့သဘောထားကြီးမှုဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِنۡ اَحَدٌ مِّنَ الۡمُشۡرِكِيۡنَ اسۡتَجَارَكَ فَاَجِرۡهُ حَتّٰى يَسۡمَعَ كَلٰمَ اللّٰهِ ثُمَّ اَبۡلِغۡهُ مَاۡمَنَهٗ ؕ ذٰلِكَ
بِاَنَّهُمۡ قَوۡمٌ لَّا يَعۡلَمُوۡنَ ۝٦

(၆) ထို့ပြင် အကယ်၍ မုရှ်ရိက်များထဲမှ တစ်ဦးတစ်ယောက်သည် အသင်၏ထံတွင် ခိုလှုံမှုတောင်းခံခဲ့လျှင် အသင်သည် ထိုသူအား သူသည် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များကို ကြားနာနိုင်ရန်အတွက် အကာအကွယ်ပေးလိုက်ပါ။ ထို့နောက် အသင်သည် သူ့အား သူ၏ဘေးဒုက္ခ ကင်းဝေးသောနေရာသို့ ပို့ဆောင်ပေးလိုက်ပါ။[၅] ၎င်း(နားထောင်စေခြင်း)မှာ သူတို့သည် မသိနားမလည်သူများဖြစ်သည့်အတွက်ကြောင့်ပင်ဖြစ်သည်။[၆]

[၅] ခိုလှုံခွင့်တောင်းထားသူကို ဘေးရန်ကင်းအောင် တာဝန်ယူပေးရမှာဖြစ်တယ်။ သာသနာနဲ့ ပတ်သက်ပြီး သိလိုတဲ့သူကို ပြသပေးရမှာဖြစ်တယ်။(အလင်းပြကျမ်း) [၆] မသိနားမလည်တဲ့ ကာဖိရ်တွေ၊ မုရှ်ရိက်တွေကို အစ္စလာမ်သာသနာကို သိနားလည်လာအောင် ပြသပြီးမှသာ သူတို့က လက်မခံတော့မှ အချိန်ပေးပြီး အရေးယူမှုကို ဆက်လက်ဆောင်ရွက်ရမှာဖြစ်တယ်။ (ဟာရှိယဟ် စွာဝီ)

كَيۡفَ يَكُوۡنُ لِلۡمُشۡرِكِيۡنَ عَهۡدٌ عِنۡدَ اللّٰهِ وَعِنۡدَ رَسُوۡلِهٖۤ اِلَّا الَّذِيۡنَ عٰهَدۡتُّمۡ عِنۡدَ الۡمَسۡجِدِ
الۡحَـرَامِ ۚ فَمَا اسۡتَقَامُوۡا لَـكُمۡ فَاسۡتَقِيۡمُوۡا لَهُمۡ ؕ اِنَّ اللّٰهَ يُحِبُّ الۡمُتَّقِيۡنَ ۝٧

(၇) အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ထံတွင် မုရှ်ရိက်များ၏ကတိစာချုပ်(ကို ထောက်ထားလိုက်နာရန် တာဝန်မည်ကဲ့သို့)ရှိတော့မည်နည်း။ သို့ရာတွင် မတ်စ်ဂျေ့ဒ်ဟာရာမ်ထွတ်မြတ်သောဗလီဝတ်ကျောင်းတော်အပါး၌ အသင်တို့ ကတိစာချုပ် ချုပ်ဆိုခဲ့ကြသောသူများကမူ၊ သူတို့သည် အသင်တို့နှင့် ပတ်သက်၍ ဖြောင့်မတ်စွာ တည်ရှိနေသမျှ အသင်တို့သည်လည်း သူတို့နှင့် ပတ်သက်၍ ဖြောင့်မတ်စွာ တည်ရှိကြပါ။[၇] အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများကို ချစ်မြတ်နိုး

ေတာ်မူသည်။

❶ မတ်စ်ဂျေဒ်ဟရာမ်ထဲမှာ ကတိစာချုပ်ချုပ်ဆိုထားတဲ့ ကိနာနဟ်မျိုးနွယ်နဲ့ပတ်သက်ပြီး သူတို့မဖောက်ဖျက်သရွေ့ စာချုပ်သက်တမ်းပြည့်တဲ့အထိ ကတိတည်ဖို့ အမိန့်ရှိထားခြင်းဖြစ်တယ်။ ဒါဟာ မွတ်စ်လင်မ်တွေဘက်က စတင်ကတိဖောက်ဖျက်လေ့မရှိဘူးဆိုတာရဲ့သက်သေပဲဖြစ်တယ်။ အဲဒီ မုရှ်ရိက်တွေနဲ့ စာချုပ်သက်တမ်းကုန်တဲ့အထိ ကတိတည်ခဲ့ကြတယ်။ (အလင်းပြကျမ်း)

كَيۡفَ وَاِنۡ يَّظۡهَرُوۡا عَلَيۡكُمۡ لَا يَرۡقُبُوۡا فِيۡكُمۡ اِلًّا وَّلَا ذِمَّةً ‌ؕ يُرۡضُوۡنَكُمۡ بِاَفۡوَاهِهِمۡ وَتَاۡبٰى قُلُوۡبُهُمۡ‌ۚ وَاَكۡثَرُهُمۡ فٰسِقُوۡنَ‌ۚ ﴿٨﴾

(၈) (ထိုကဲ့သို့ ကတိမတည်သောသူများ၏ ကတိစာချုပ်ကို) မည်ကဲ့သို့ ထောက်ထားနိုင်မည်နည်း။ ထို့ပြင် အကယ်၍ သူတို့သည် အသင်တို့အပေါ်တွင် အောင်နိုင်ကြလျှင် သူတို့သည် အသင်တို့နှင့် ပတ်သက်၍ ဆွေမျိုးတော်စပ်ခြင်းကိုသော်လည်းကောင်း၊ ကတိစာချုပ် ချုပ်ဆိုထားခြင်းကိုသော်လည်းကောင်း ထောက်ထားကြမည် မဟုတ်ပေ။ သူတို့သည် အသင်တို့အား သူတို့၏နှုတ်များဖြင့်သာ နှစ်သိမ့်စေကြသည်။ ၎င်းပြင် သူတို့၏စိတ်နှလုံးများကမူ (နှုတ်နှင့်)ဆန့်ကျင်လျက် ရှိကြသည်။ ၎င်းပြင် သူတို့ထဲမှ အများစုသည် စည်းဖောက်သူများပင်❷ ဖြစ်ကြသည်။

❷ ကာဖိရ်တွေဟာ စည်းကမ်းဖောက်ဖျက်တဲ့သူတွေပဲဖြစ်တယ်။ ဒီနေရာမှာ ဖာစိက်ရဲ့အဓိပ္ပာယ်ဟာ ကတိဖောက်ဖျက်မှု ထင်ထင်ရှားရှားကျူးလွန်သူကို ဆိုလိုတယ်။ (ကုရ်သွုဗီ)

اِشۡتَرَوۡا بِاٰيٰتِ اللّٰهِ ثَمَنًا قَلِيۡلًا فَصَدُّوۡا عَنۡ سَبِيۡلِهٖ‌ ؕ اِنَّهُمۡ سَآءَ مَا كَانُوۡا يَعۡمَلُوۡنَ‏ ﴿٩﴾

(၉) သူတို့သည် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များဖြင့် အဖိုးငွေအနည်းငယ်ကို လဲလှယ်ဝယ်ယူခဲ့ကြသည်။ ထို့နောက် သူတို့သည် (လူများအား)အရှင်မြတ်၏လမ်းတော်မှ ပိတ်ပင်တားဆီးခဲ့ကြသည်။ အမှန်မှာ သူတို့ပြုမူသမျှသည် အလွန်ဆိုးရွားလှသည်။

لَا يَرۡقُبُوۡنَ فِىۡ مُؤۡمِنٍ اِلًّا وَّلَا ذِمَّةً‌ ؕ وَاُولٰۤـئِكَ هُمُ الۡمُعۡتَدُوۡنَ‏ ﴿١٠﴾

(၁၀) သူတို့သည် မည်သည့်ယုံကြည်သူ တစ်ဦးတစ်ယောက်ကိုမျှ ဆွေမျိုးတော်စပ်မှုကိုသော်လည်းကောင်း၊ ကတိစာချုပ်ချုပ်ဆိုထားရှိမှုကိုသော်လည်းကောင်း ထောက်ထားကြသည်မဟုတ်ပေ။ ထို့ပြင် သူတို့ပင် လွန်ကျူးသူများဖြစ်ကြသည်။

فَاِنۡ تَابُوۡا وَاَقَامُوا الصَّلٰوةَ وَاٰتَوُا الزَّكٰوةَ فَاِخۡوَانُكُمۡ فِى الدِّيۡنِ‌ ؕ وَنُفَصِّلُ الۡاٰيٰتِ لِقَوۡمٍ يَّعۡلَمُوۡنَ‏ ﴿١١﴾

(၁၁) ထို့နောက် အကယ်၍ သူတို့သည် ဝန်ချတောင်းပန်ပြီး(အီမာန်

ယုံကြည်ကာ) စွလာသ်ဆောက်တည်ကြလျှင်၊ ၎င်းပြင် ဇကာသ်(ဆင်းရဲသားနှင့် လိုအပ်သူများ၏ဝေစု)ကို ပေးဆောင်ကြလျှင် သူတို့သည် သာသနာတွင် အသင်တို့၏ညီအစ်ကိုများပင်ဖြစ်ကြသည်။❸ ထို့ပြင် ငါအရှင်မြတ်သည် အာယသ်တော်များကို သိနားလည်သူများအတွက် အသေးစိတ် ရှင်းလင်းမိန့်ကြားတော်မူသည်။

❸ မုရှ်ရိက်တွေဟာ အမှားဝန်ခံပြီး အစ္စလာမ်ထဲဝင်လာကာ အမိန့်တွေကိုလည်း နာခံကြတယ်ဆိုရင် သူတို့ရဲ့ ပထမ ကတိဖောက်ဖျက်မှုတွေနဲ့ မကောင်းမှုတွေကို အငြိုးမထားဘဲ အရှင်မြတ်အပေါ်မှာ ပုံအပ်ထားပြီး ညီအစ်ကိုတွေလိုပဲ ဆက်ဆံရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِن نَّكَثُوٓا۟ أَيْمَٰنَهُم مِّنۢ بَعْدِ عَهْدِهِمْ وَطَعَنُوا۟ فِى دِينِكُمْ فَقَٰتِلُوٓا۟ أَئِمَّةَ ٱلْكُفْرِ ۙ إِنَّهُمْ لَآ

أَيْمَٰنَ لَهُمْ لَعَلَّهُمْ يَنتَهُونَ ﴿١٢﴾

(၁၂) ၎င်းပြင် အကယ်၍ သူတို့သည် ကတိသစ္စာပြုလုပ်ပြီးနောက်၌ပင် သူတို့ထားရှိသော ကတိသစ္စာများကို ချိုးဖျက်ပြီး အသင်တို့၏သာသနာကို ကဲ့ရဲ့ ရှုတ်ချအပြစ်ပြောဆိုမှုကို ပြုလုပ်ခဲ့ကြလျှင် အသင်တို့သည် ကာဖိရ်ခေါင်းဆောင်များအား သူတို့(၏အယူဝါဒ)ရပ်စဲသွားကြရန်အတွက် တိုက်ခိုက်ကြပါ။ အမှန်မှာ သူတို့၌ ကတိသစ္စာမရှိသည့်အတွက်ကြောင့် ဖြစ်သည်။❻

❻ ကုဖ်ရ်အယူဝါဒကို ဦးဆောင်နေတဲ့သူတွေဟာ ကတိမတည်ကြတဲ့အတွက် သူတို့ကို အရင်ဆုံး သတ်ဖြတ်ဖို့ အမိန့်ပေးထားတာဖြစ်တယ်။ သူတို့ရဲ့ တပည့်တွေကို ငြင်းပယ်မှုအယူဝါဒနဲ့ ကတိဖောက်ဖျက်တဲ့အကျင့်ကို သင်ပေးနေတာ ရပ်တန့်သွားဖို့ဖြစ်တယ်။ (အလင်းပြကျမ်း)

أَلَا تُقَٰتِلُونَ قَوْمًا نَّكَثُوٓا۟ أَيْمَٰنَهُمْ وَهَمُّوا۟ بِإِخْرَاجِ ٱلرَّسُولِ وَهُم بَدَءُوكُمْ أَوَّلَ مَرَّةٍ ۚ أَتَخْشَوْنَهُمْ ۚ

فَٱللَّهُ أَحَقُّ أَن تَخْشَوْهُ إِن كُنتُم مُّؤْمِنِينَ ﴿١٣﴾

(၁၃) အသင်တို့သည် အကြင်အမျိုးသားများအား အဘယ်ကြောင့် မတိုက်ကြသနည်း။ ထိုအမျိုးသားများသည် သူတို့၏ကတိများကိုလည်း ဖောက်ဖျက်ခဲ့ကြသည်။ ၎င်းပြင် သူတို့သည် တမန်တော်မြတ်(မုဟမ္မဒ်)ကို (မက္ကဟ်မြို့မှ)နှင်ထုတ်ရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။ ၎င်းပြင် သူတို့ကပင် အသင်တို့အား ပထမအကြိမ် စ(ပြီး တိုက်ခိုက်)ခဲ့ကြသည်။❼ အသင်တို့သည် သူတို့အား ကြောက်နေကြသလော၊၎င်းပြင်အကယ်၍အသင်တို့သည်မုအ်မင်န်ယုံကြည်သူများဖြစ်ကြသည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်အား ပို၍ကြောက်ထိုက်သည်။

❼ ကုရိုင်းရှ်မျိုးနွယ်ဝင်တွေဟာ မွတ်စ်လင်မ်တွေအပေါ်မှာ နိုပ်စက်မှုမျိုးစုံ ပြုလုပ်ခဲ့ရုံမက တမန်တော်မြတ် ﷺ ကိုလည်းနှင်ထုတ်ခဲ့ကြတယ်။အဲဒီနောက်ဟုဒိုင်ဗီယဟ်ငြိမ်းချမ်းမှုစာချုပ်ကိုလည်း ဖောက်ဖျက်ခဲ့ကြတယ်။ သို့ဖြစ်ရာ အရှင်မြတ်က သူတို့ရဲ့အင်အားတွေကို ကြောက်စရာမလိုဘူး။ အစစအရာရာကို အရှင်မြတ်ပဲ စီမံခန့်ခွဲနေတာဖြစ်တဲ့အတွက် အရှင်မြတ်ကိုပဲ ပိုကြောက်သင့်တဲ့

အကြောင်းမိန့်ကြားပြီး သူတို့ကို မကြောက်ဘဲ တိုက်ခိုက်ခိုင်းခဲ့တယ်။ သို့ဖြစ်ရာ မွတ်စ်လင်မ်တွေဟာ မုရှ်ရိက်တွေဖြစ်ကြတဲ့ကုရိုင်းရှ်မျိုးနွယ်ဝင်တွေအပေါ် မှာ လွှမ်းမိုးအောင်နိုင်ခဲ့ပြီး မက္ကဟ်မြို့ကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့တာဖြစ်တယ်။ (အွဆ်မာနီ)

قَاتِلُوهُمْ يُعَذِّبْهُمُ اللَّهُ بِأَيْدِيكُمْ وَيُخْزِهِمْ وَيَنصُرْكُمْ عَلَيْهِمْ وَيَشْفِ صُدُورَ قَوْمٍ مُّؤْمِنِينَ ﴿١٤﴾

(၁၄) အသင်တို့သည် သူတို့အား တိုက်ခိုက်ကြပါ။ အလ္လာဟ်အရှင်မြတ်သည် သူတို့အား အသင်တို့၏ လက်များဖြင့် ပြစ်ဒဏ်ပေးတော်မူမည်ဖြစ်သည်။ ၎င်းပြင် အရှင်မြတ်သည် သူတို့အား သေးသိမ်စေတော်မူမည်လည်းဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အား သူတို့နှင့်ဆန့်ကျင်၍ အကူအညီပေးတော်မူမည်လည်းဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် မုအ်မင်န်ယုံကြည်သူများ၏ စိတ်နှလုံးများကို ငြိမ်းအေးချမ်းသာစေတော်မူမည်လည်း ဖြစ်သည်။

وَيُذْهِبْ غَيْظَ قُلُوبِهِمْ ۗ وَيَتُوبُ اللَّهُ عَلَىٰ مَن يَشَاءُ ۗ وَاللَّهُ عَلِيمٌ حَكِيمٌ ﴿١٥﴾

(၁၅) ထို့ပြင် အရှင်မြတ်သည် ထိုယုံကြည်သူများ၏ စိတ်နှလုံးများ၏ ဒေါသကိုလည်း ပပျောက်စေတော်မူမည်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူ၏ အပေါ်၌ အများဝန်ခံမှုကို လက်ခံတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။❶

❶ ဂျိဟာဒ်တိုက်ခိုက်မှု ပြုလုပ်ရခြင်းအကြောင်းတွေကို ဖော်ပြထားတာဖြစ်တယ်။ အချုပ်မှာ - ကုဖ်ရ်၊ ရှိရ်က်တွေ၊ ဆိုးသွမ်းမှုတွေ၊ ဖျက်ဆီးမှုတွေ၊ မကောင်းမှုတွေ၊ မတရားမှုတွေ၊ ညှဉ်းပန်းနှိပ်စက်မှုတွေ အလွန်အကျွံများပြားလာတဲ့အခါ အတိတ်ခေတ်မှာ အရှင်မြတ်က အဲဒီသူတွေကို လုံး၀ ပြစ်ဒဏ်ခတ်ပြီးဖျက်ဆီးပစ်တော်မူလေ့ရှိခဲ့တယ်။ တမန်တော်မြတ် ﷺ လက်ထက်မှာတော့ အဲဒီလို မဖျက်ဆီးဘဲ အဲဒီသူတွေ နောင်တတရား ရနိုင်အောင် အရှင်မြတ်က သူတို့ရဲ့အများဝန်ခံမှုကို လက်ခံဖို့ မှန်ကန်တဲ့သူတွေရဲ့ လက်တွေနဲ့ ပြစ်ဒဏ်ခတ် တိုက်ခိုက်စေတော်မူခဲ့တာဖြစ်တယ်။ (အဲဒါကြောင့် ဂျိဟာဒ်ဟာ အရှင်မြတ်ရဲ့ရဟ်မဆ်ပဲဖြစ်တယ်။) (အလင်းပြကျမ်း)

أَمْ حَسِبْتُمْ أَن تُتْرَكُوا وَلَمَّا يَعْلَمِ اللَّهُ الَّذِينَ جَاهَدُوا مِنكُمْ وَلَمْ يَتَّخِذُوا مِن دُونِ اللَّهِ وَلَا رَسُولِهِ وَلَا الْمُؤْمِنِينَ وَلِيجَةً ۚ وَاللَّهُ خَبِيرٌ بِمَا تَعْمَلُونَ ﴿١٦﴾

(၁၆) အသင်တို့သည် အသင်တို့အား (စမ်းသပ်မှုမခံရဘဲ ဤအတိုင်း) စွန့်လွှတ်ထားခြင်း ခံကြရလိမ့်မည်ဟု ထင်မှတ်ကြသလော။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် (ယခုထိ)အသင်တို့ထဲမှ (မည်သူများသည် သာသနာအတွက်) စစ်တိုက်ကြသောသူများဖြစ်ကြောင်း (ကွဲပြားထင်ပေါ်လာသည်)ကို သိသာခြင်းမရှိသေးပေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်၏တမန်တော်နှင့် ယုံကြည်

သူများမှလွဲ၍ အခြားသူများအား အကျွမ်းဝင်မိတ်ဆွေအဖြစ် (မည်သူများသည်) မပြုလုပ်ကြသနည်းဆိုသည်ကိုလည်း (ကွဲပြားစွာ သိသာခြင်းမရှိသေးပေ)။❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုမူသမျှကို အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ ဆိုလိုတာက စမ်းသပ်မှုတွေပြုလုပ်တော်မူဖို့ ဂျိဟာဒ်မှာပါဝင်တိုက်ခိုက်ပြီးမှပဲ တကယ် စစ်မှန်သူနဲ့ လိမ်လည်သူဟာ ပေါ်လွင်ထင်ရှားသွားမှာ ဖြစ်တယ်။ ပြီးတော့ ကာဖိရ် မုရှ်ရိက်တွေနဲ့ အကျွမ်းတဝင် မိတ်ဆွေမဖွဲ့ရဘူးဆိုတဲ့ အရှင်မြတ်ရဲ့တားမြစ်ထားမှုကို ဘယ်သူတွေ လိုက်နာလဲဆိုတာပါ ခွဲခြားသိမြင်စေဖို့ စမ်းသပ်ရဦးမှာဖြစ်တယ်။ (အလင်းပြကျမ်း)

مَا كَانَ لِلْمُشْرِكِيْنَ اَنْ يَّعْمُرُوْا مَسٰجِدَ اللّٰهِ شٰهِدِيْنَ عَلٰٓى اَنْفُسِهِمْ بِالْكُفْرِ ۗ اُولٰٓئِكَ حَبِطَتْ اَعْمَالُهُمْ ۚۖ وَفِى النَّارِ هُمْ خٰلِدُوْنَ ﴿١٧﴾

(၁၇) မုရှ်ရိက်များသည် သူတို့အနေဖြင့် သူတို့ ကာဖိရ်ဖြစ်ကြောင်း ဝန်ခံနေပါလျက် အလ္လာဟ်အရှင်မြတ်၏ဗလီဝတ်ကျောင်းတော်များကို စည်ကားအောင်ပြုလုပ်ရန် (ထိန်းသိမ်းစောင့်ရှောက်ရန်) အရည်အချင်းမရှိပေ။❷ ထိုမုရှ်ရိက်များပင်၊ သူတို့၏ (ကောင်းသော)အပြုအမူများသည် အကျိုးမဲ့ဖြစ်ခဲ့ကြသည့်အပြင် သူတို့သည် ငရဲမီးထဲ၌ပင် အမြဲနေထိုင်ကြရမည့်သူများဖြစ်ကြသည်။❸

❷ မုရှ်ရိက်တွေဟာ ဗလီဝတ်ကျောင်းတော်ရဲ့ ဂေါပကတွေဖြစ်တယ်လို့ ကြွေးကြော်နေကြပြီး အရှင်မြတ်တစ်ပါးတည်းကို ကိုးကွယ်တဲ့သူတွေကို ဗလီဝတ်ကျောင်းတော်နားမကပ်ရအောင် မောင်းထုတ်နေပြီး ရှိရ်က်လုပ်တဲ့သူတွေကိုတော့ ဗလီထဲမှာ နေရာပေးနေခြင်းဟာ သူတို့မှာ ဂေါပကဖြစ်ခြင်းရဲ့ အရည်အချင်းမရှိဘူးဆိုတာ သူတို့ကိုယ်တိုင်ကပဲ ဖော်ပြနေတာဖြစ်တယ်။ တကယ်တော့ အဲဒီလိုလုပ်တာဟာ ဗလီကို စည်ကားအောင်လုပ်တာ မဟုတ်ဘဲ ပျက်စီးအောင်လုပ်တာပဲဖြစ်တယ်။(အလင်းပြကျမ်း) ❸ သူတို့မှာ အီမာန်မရှိတဲ့အတွက် သူတို့ကိုယ်တိုင် ကောင်းမှုလို့ထင်ပြီး လုပ်ခဲ့တဲ့အရာတွေဟာလည်း အကျိုးမဲ့ဖြစ်သွားတဲ့အတွက် ငရဲမီးထဲမှာ အမြဲနေကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّمَا يَعْمُرُ مَسٰجِدَ اللّٰهِ مَنْ اٰمَنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَاَقَامَ الصَّلٰوةَ وَاٰتَى الزَّكٰوةَ وَلَمْ يَخْشَ اِلَّا اللّٰهَ فَعَسٰٓى اُولٰٓئِكَ اَنْ يَّكُوْنُوْا مِنَ الْمُهْتَدِيْنَ ﴿١٨﴾

(၁၈) အလ္လာဟ်အရှင်မြတ်၏ ဗလီကျောင်းတော်များကို အကြင်သူများသာ စည်ကားအောင်(ထိန်းသိမ်းစောင့်ရှောက်မှု)ပြုလုပ်နိုင်ကြသည်။ ထိုသူများသည် အလ္လာဟ်အရှင်မြတ်နှင့်နောက်ဆုံးနေ့ကို ယုံကြည်ကြသည့်အပြင် စွလာသ်လည်း ဝတ်ပြုကြ၍ ဇကာသ်(ဆင်းရဲသားနှင့် လိုအပ်သူများ၏ဝေစု)ကိုလည်း ပေးဆောင်ကြသည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်မှလွဲ၍ မည်သူ့ကိုမျှ မကြောက်

ရှံ့ကြပေ။ ထိုသူများသာ တရားလမ်းမှန်ရရှိကြသောသူများထဲမှဖြစ်သည်ဟု စိတ်ချယုံကြည်နိုင်သည်။

اَجَعَلْتُمْ سِقَايَةَ الْحَآجِّ وَعِمَارَةَ الْمَسْجِدِ الْحَرَامِ كَمَنْ اٰمَنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَجٰهَدَ فِيْ سَبِيْلِ اللّٰهِ ؕ لَا يَسْتَوٗنَ عِنْدَ اللّٰهِ ؕ وَاللّٰهُ لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ ﴿١٩﴾

(၁၉) အသင်တို့သည် ဟာဂျီများကို ရေတိုက်ခြင်းနှင့် မတ်စ်ဂျေ့ဒ်ဟာရာမ်ထွတ်မြတ်သော ဗလီဝတ်ကျောင်းတော်ကို စည်ကားအောင်လုပ်ခြင်းအား အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်ပြီး အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် စစ်တိုက်သောသူများနှင့် တူညီသည်ဟု ထင်မှတ်ကြသလော။ သူတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် မတူကြပေ။❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မတရားကျူးလွန်သောသူများကို လမ်းမှန်ရောက်အောင်ပို့ဆောင်တော်မူမည် မဟုတ်ပေ။

❶ အီမာန်ယုံကြည်ပြီး အရှင်မြတ်ရဲ့လမ်းမှာ ဂျီဟာဒ်တိုက်ခိုက်တာထက် မြတ်တဲ့လုပ်ရပ်မရှိတော့ကြောင်း အရှင်မြတ်က အမိန့်ရှိတော်မူလိုက်တာဖြစ်တယ်။ အရှင်မြတ်ထံတော်မှာလည်း အမြင့်ဆုံးအဆင့်အတန်းကို ပေးမှာဖြစ်တဲ့အကြောင်း မိန့်ဆိုထားတာဖြစ်တယ်။(မအာရိဖွလ်ကုရ်အာန်)

اَلَّذِيْنَ اٰمَنُوْا وَهَاجَرُوْا وَجٰهَدُوْا فِيْ سَبِيْلِ اللّٰهِ بِاَمْوَالِهِمْ وَاَنْفُسِهِمْ ۙ اَعْظَمُ دَرَجَةً عِنْدَ اللّٰهِ ؕ وَاُولٰٓئِكَ هُمُ الْفَآئِزُوْنَ ﴿٢٠﴾

(၂၀) အကြင်သူများသည် အီမာန်ယုံကြည်ခဲ့ကြသည်။ ၎င်းပြင် သူတို့သည် ဟိဂျ်ရသ်ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ၎င်းပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် သူတို့၏ ပစ္စည်းဥစ္စာများ၊ သူတို့၏ အသက်များဖြင့်ရင်းပြီး စစ်တိုက်ခဲ့ကြသည်။ (သူတို့သည်) အလ္လာဟ်အရှင်မြတ်ထံတော်တွင် အဆင့်အတန်း အလွန်မြင့်သည့်အပြင် သူတို့သာ အောင်မြင်မှုကို ရရှိသူများဖြစ်ကြသည်။

يُبَشِّرُهُمْ رَبُّهُمْ بِرَحْمَةٍ مِّنْهُ وَرِضْوَانٍ وَّجَنّٰتٍ لَّهُمْ فِيْهَا نَعِيْمٌ مُّقِيْمٌ ۙ﴿٢١﴾

(၂၁) သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က သူတို့ကို အရှင်မြတ်ထံတော်မှ သနားကရုဏာတော်နှင့် ကျေနပ်နှစ်သက်မှုအပြင် ဂျန္နသ်ဥယျာဉ်များ ချီးမြှင့်တော်မူမည့်အကြောင်း သတင်းကောင်းပေးတော်မူသည်။ သူတို့အတွက် ထိုဥယျာဉ်များထဲတွင် တည်မြဲသောစည်းစိမ်များရှိမည်။

خٰلِدِيْنَ فِيْهَآ اَبَدًا ؕ اِنَّ اللّٰهَ عِنْدَهٗٓ اَجْرٌ عَظِيْمٌ ﴿٢٢﴾

(၂၂) သူတို့သည် ထိုဥယျာဉ်များ၌ အမြဲနေထိုင်ကြရမည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ကြီးကျယ်မြင့်မြတ်သော အကျိုးဆုလာဘ် လည်းရှိသည်။❶

❶ အီမာန်ရဲ့အကျိုးဟာ ရဟ်မသ်သနားကရုဏာ၊ ဂျိဟာဒ်ရဲ့အကျိုးဟာ ရိသွ်ဝါန် နှစ်သက်ကျေနပ်မှုနဲ့ ဟိဂျ်ရသ်ရဲ့အကျိုးဟာ ဂျန္နသ်ဥယျာဉ် ဖြစ်တယ်လို့ အဗူဟိုင်ယာန် ﷺ က ဖွင့်ဆိုခဲ့တယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَتَّخِذُوٓا۟ ءَابَآءَكُمْ وَإِخْوَٰنَكُمْ أَوْلِيَآءَ إِنِ ٱسْتَحَبُّوا۟ ٱلْكُفْرَ عَلَى ٱلْإِيمَٰنِ ۚ وَمَن يَتَوَلَّهُم مِّنكُمْ فَأُو۟لَٰٓئِكَ هُمُ ٱلظَّٰلِمُونَ ﴿٢٣﴾

(၂၃) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ အဘ၊ ဘိုး၊ ဘေးတို့နှင့် အသင်တို့၏ညီအစ်ကိုများသည် အကယ်၍ ကုဖ်ရ်ငြင်းပယ်မှုကို အီမာန်ယုံကြည်မှုထက် ပိုနှစ်သက်ကြလျှင် အသင်တို့သည် သူတို့အား မိတ်ဆွေများ မပြုလုပ်ကြနှင့်။❷ ၎င်းပြင် အသင်တို့ထဲမှ မည်သူမဆို ထိုသူများအား မိတ်ဆွေပြုလုပ်လျှင် ထို(ကဲ့သို့ မိတ်ဆွေပြုလုပ်)သူများပင် မတရားကျူးလွန်သူများ ဖြစ်ကြသည်။

❷ ဂျိဟာဒ်နဲ့ ဟိဂျ်ရသ်ဟာ အမြင့်မြတ်ဆုံးလုပ်ရပ်ဖြစ်တဲ့အတွက် လိုက်နာကျင့်သုံးဖို့ ဆွေမျိုးသားချင်းတွေနဲ့ သံယောဇဉ်တွယ်တာမှုကြောင့် အခက်အခဲဖြစ်လေ့ရှိတယ်။ အဲဒါကြောင့် အဲဒီလို အဟန့်အတားဖြစ်မယ်ဆိုလျှင် မိတ်ဆွေမဖွဲ့ဘဲ သံယောဇဉ်ဖြတ်တောက်ရမယ်လို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ إِن كَانَ ءَابَآؤُكُمْ وَأَبْنَآؤُكُمْ وَإِخْوَٰنُكُمْ وَأَزْوَٰجُكُمْ وَعَشِيرَتُكُمْ وَأَمْوَٰلٌ ٱقْتَرَفْتُمُوهَا وَتِجَٰرَةٌ تَخْشَوْنَ كَسَادَهَا وَمَسَٰكِنُ تَرْضَوْنَهَآ أَحَبَّ إِلَيْكُم مِّنَ ٱللَّهِ وَرَسُولِهِۦ وَجِهَادٍ فِى سَبِيلِهِۦ فَتَرَبَّصُوا۟ حَتَّىٰ يَأْتِىَ ٱللَّهُ بِأَمْرِهِۦ ۗ وَٱللَّهُ لَا يَهْدِى ٱلْقَوْمَ ٱلْفَٰسِقِينَ ﴿٢٤﴾

(၂၄) (အို-တမန်တော်) အသင်ပြောလိုက်ပါ - "အသင်တို့၏အဘ၊ ဘိုး၊ ဘေးများ၊ အသင်တို့၏သား(သမီး)များ၊ အသင်တို့၏ညီအစ်ကိုများ၊ အသင်တို့၏ဇနီးကြင်ရာများ၊ အသင်တို့၏ဆွေမျိုးသားချင်းများ၊ အသင်တို့ ရှာဖွေစုဆောင်းထားကြသောပစ္စည်းဥစ္စာများ၊ အသင်တို့ ထိုင်းမှိုင်းသွားမည်ကိုစိုးရိမ်ကြသော ရောင်းဝယ်ဖောက်ကားမှုများ၊ အသင်တို့ နှစ်သက်လိုလားကြသော တိုက်တာဂေဟာ အဆောက်အအုံများသည် အသင်တို့ထံတွင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်အပြင် အရှင်မြတ်၏လမ်းတော်၌ စစ်တိုက်ခြင်းတို့ထက်ပိုပြီး ချစ်ခင်နှစ်သက်ဖွယ်ရာများ ဖြစ်ခဲ့ကြလျှင် အလ္လာဟ်အရှင်မြတ်သည်

အရှင်မြတ်၏အမိန့်တော်ကို ထုတ်ပြန်တော်မူသည်အထိ အသင်တို့သည် စောင့်ဆိုင်းနေကြပါ။❷ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်ကို သွေဖည်သောသူများအား လမ်းမှန်သို့ရောက်အောင်ပို့ဆောင်တော်မူမည် မဟုတ်ပေ။

❷ တကယ်လို့ အဲဒီအရာတွေအပေါ်မှာ ချစ်ခင်မြတ်နိုးမှုကြောင့် အရှင်မြတ်ရဲ့ လမ်း(ဟိဂ်ျရသ်၊ ဂျိဟာဒ်)ကို မထွက်နိုင်ခဲ့ရင် အရှင်မြတ်ထံတော်က ကျရောက်လာမဲ့ ပြစ်ဒဏ်ကို စောင့်ဆိုင်းနေရုံပဲ ရှိတော့တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

لَقَدْ نَصَرَكُمُ اللّٰهُ فِيْ مَوَاطِنَ كَثِيْرَةٍ ۙ وَّيَوْمَ حُنَيْنٍ ۙ اِذْ اَعْجَبَتْكُمْ كَثْرَتُكُمْ فَلَمْ تُغْنِ عَنْكُمْ شَيْـًٔا وَّضَاقَتْ عَلَيْكُمُ الْاَرْضُ بِمَا رَحُبَتْ ثُمَّ وَلَّيْتُمْ مُّدْبِرِيْنَ ﴿٢٥﴾

(၂၅) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား စစ်မြေပြင်များစွာ၌လည်းကောင်း❻ ဟုနိုင်န်(တောင်ကြား၌ စစ်ဖြစ်ခဲ့သော) နေ့တွင်လည်းကောင်း❼ ကူညီတော်မူခဲ့သည်။ ထို(ဟုနိုင်န်တောင်ကြား၌စစ်ဖြစ်သော) အခါ အသင်တို့၏(အရေအတွက်)များပြားမှုသည် အသင်တို့အား အထင်ကြီးစေခဲ့သည်။ သို့ရာတွင် ၎င်း(အရေအတွက်)များပြားမှုသည် အသင်တို့အတွက် မည်သို့မျှ အသုံးမဝင်ခဲ့ပေ။ ထို့ပြင် ကမ္ဘာမြေပြင်သည် (ဤမျှ) ကျယ်ဝန်းလျက်နှင့်ပင် အသင်တို့အပေါ်၌ ကျဉ်းမြောင်းသွားခဲ့သည်။ ထို့နောက် အသင်တို့သည် ကျောခိုင်းထွက်ပြေးခဲ့ကြသည်။

❻ စစ်မြေပြင် အများအပြားဟာ နေရာပေါင်း ရှစ်ဆယ်ရှိတယ်လို့ ရာဇဝင်ဆရာတွေက ရေတွက်ပြသခဲ့ကြတယ်။ (ဗဟ်ရ်)။ ❼ ဟုနိုင်န်ဟာ မက္ကဟ်မြို့ကနေ သုံးမိုင်လောက်ဝေးတဲ့နေရာ တောင်ကြားဒေသတစ်ခုနာမည်ဖြစ်ပြီး သွာအိဖ်သွားတဲ့လမ်းမှာတည်ရှိတယ်။ မက္ကဟ်ကို အောင်နိုင်ပြီး ၁၅ရက်အကြာမှာ သွာအိဖ်မြို့သားတွေနဲ့ အဲဒီနေရာမှာ စစ်ဖြစ်ပွားခဲ့တာဖြစ်တယ်။ အဲဒီစစ်ပွဲမှာ မွတ်စ်လင်မ်တွေဘက်က စစ်သား (၁၂၀၀၀)ရှိပြီး ကာဖိရ်တွေဘက်က စစ်သား(၄၀၀၀)ပဲရှိခဲ့တယ်။ မွတ်စ်လင်မ်တွေဘက်က စစ်အင်အားဒီလောက်များများနဲ့ ထွက်ခဲ့တာ ဒီဟာ ပထမဆုံးအကြိမ်ဖြစ်ခဲ့တယ်။ အဲဒါကြောင့် တချို့မွတ်စ်လင်မ်တွေက "ငါတို့ဟာ အရေအတွက်အနည်းငယ်လေးနဲ့တောင် အများကြီးကို နိုင်ခဲ့သေးတာပဲ၊ အခုလိုများတဲ့နောက်တော့ ရှုံးစရာမရှိတော့ဘူး" လို့ပြောဆိုခဲ့ကြတယ်။ အဲဒီလိုနဲ့ စစ်စတိုက်နေတုန်းမှာပဲ မွတ်စ်လင်မ်တွေဟာ ကစဉ့်ကလျားဖြစ်ပြီး ထွက်ပြေးခဲ့ကြတယ်။ ပထမတော့ ရှုံးသလိုဖြစ်နေခဲ့တယ်။ နောက်ဆုံးမှာ တမန်တော်မြတ် ﷺ နဲ့ ရင့်ကျက်တဲ့သာဝကကြီး رضي الله عنهم (၁၀၀)လောက်ပဲ စစ်မြေပြင်မှာ ကျန်ခဲ့တော့တယ်။ သူတို့ဟာ ကြံ့ကြံ့ခံလျက် တိုက်နေတဲ့အချိန်မှာ အရှင်မြတ်က ကောင်းကင်တမန်တွေစေလွှတ်တော်မူလိုက်တယ်။ ကာဖိရ်တွေဟာ မွတ်စ်လင်မ်တွေဘက်က အကူစစ်တပ် အကြီးအကျယ်ရောက်လာနေပြီဆိုတာကို မြင်ပြီး ထွက်ပြေးခဲ့ကြတော့တယ်။ အဲဒီအခါ ကာဖိရ်အမြောက်အမြား အဖမ်းခံရပြီး သို့ပန်းပစ္စည်းအမြောက်အမြားလည်း မွတ်စ်လင်မ်တွေရရှိလိုက်ကြတယ်။ အဲဒါဟာ အရှင်မြတ်ကူညီလို့ နိုင်ခဲ့တာဖြစ်ပြီး စစ်တပ်အင်အားကြီးမားများပြားလို့ နိုင်ခဲ့တာမဟုတ်ဘူးဆိုတာ သမိုင်းမှာ တွင်

ကျန်ခဲ့ပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

ثُمَّ اَنۡزَلَ اللّٰهُ سَكِيۡنَـتَهٗ عَلٰى رَسُوۡلِهٖ وَعَلَى الۡمُؤۡمِنِيۡنَ وَاَنۡزَلَ جُنُوۡدًا لَّمۡ تَرَوۡهَا‌ ۚ وَعَذَّبَ الَّذِيۡنَ كَفَرُوۡا‌ ؕ وَذٰ لِكَ جَزَآءُ الۡكٰفِرِيۡنَ ﴿٢٦﴾

(၂၆) ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏တမန်တော်နှင့် ယုံကြည်သူများအပေါ်တွင် အရှင်မြတ်ထံတော်မှ စိတ်တည်ငြိမ်မှုကို ချပေးသနားတော်မူခဲ့သည်။ ၎င်းပြင် အရှင်မြတ်သည် အသင်တို့ မမြင်နိုင်သောစစ်တပ်များကို စေလွှတ်ပေးတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် ကာဖိရ်များအား ပြစ်ဒဏ်ပေးတော်မူခဲ့သည်။ ထို့ပြင် ၎င်း(ပြစ်ဒဏ်)သည် ကာဖိရ်များအား အစားပေးခြင်းပင်ဖြစ်သည်။

ثُمَّ يَتُوۡبُ اللّٰهُ مِنۡۢ بَعۡدِ ذٰ لِكَ عَلٰى مَنۡ يَّشَآءُ‌ ؕ وَاللّٰهُ غَفُوۡرٌ رَّحِيۡمٌ ﴿٢٧﴾

(၂၇) ၎င်းပြင် ထို(စစ်ပွဲ)ပြီးသည့်နောက် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူ၏ အမှားဝန်ခံမှုကို လက်ခံခွင့်လွှတ်တော်မူသည်။[1] ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

[၁] အရှင်မြတ်ဟာ အရှင်မြတ်ရဲ့သနားကရုဏာတော်နဲ့ လှည့်တော်မူတဲ့အတွက် ဟုနိုင်န်စစ်ပွဲပြီးတဲ့နောက် အဲဒီစစ်တိုက်ခဲ့တဲ့ ကာဖိရ်တွေထဲက အမြောက်အမြားဟာ အစ္စလာမ်သာသနာတော်ထဲကို ဝင်ရောက်ခဲ့ကြတယ်။ (အလင်းပြကျမ်း)

يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡۤا اِنَّمَا الۡمُشۡرِكُوۡنَ نَجَسٌ فَلَا يَقۡرَبُوا الۡمَسۡجِدَ الۡحَـرَامَ بَعۡدَ عَامِهِمۡ هٰذَا‌ ۚ وَاِنۡ خِفۡتُمۡ عَيۡلَةً فَسَوۡفَ يُغۡنِيۡكُمُ اللّٰهُ مِنۡ فَضۡلِهٖۤ اِنۡ شَآءَ‌ ؕ اِنَّ اللّٰهَ عَلِيۡمٌ حَكِيۡمٌ ﴿٢٨﴾

(၂၈) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ မုရှ်ရိက်များသည် ညစ်ညမ်းသူများပင်ဖြစ်ကြသည်။ သို့ဖြစ်ရာ သူတို့သည် ဤနှစ်ကုန်ဆုံးပြီးလျှင် မတ်စ်ဂျေ့ဒ်ဟရာမ်ထွတ်မြတ်သော ဗလီဝတ်ကျောင်းတော်အနီးသို့ပင် ချဉ်းကပ်မှုမပြုကြရပေ။[၂] ၎င်းပြင် အကယ်၍ အသင်တို့သည် ဆင်းရဲကျပ်တည်းမှုကို စိုးရိမ်ကြလျှင်၊ အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူလျှင် အသင်တို့အား အရှင်မြတ်၏ကျေးဇူးတော်ဖြင့် (ပစ္စည်းဥစ္စာ) မကြာမီ ကြွယ်ဝချမ်းသာစေတော်မူမည်။[၃] အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

[၂] ဟိဂျ်ရီ ၉ခုနှစ်နောက်ပိုင်းကစပြီး မုရှ်ရိက်တွေဟာ မတ်စ်ဂျေ့ဒ်ဟရာမ်အနားကို မဝင်ရဘူးလို့ တားမြစ်မှုဟာ အတည်ဖြစ်ခဲ့တယ်။ သာဝကကြီးအုမရ် ﷺ ရဲ့လက်ထက်မှာ ကာဖိရ်၊ မုရှ်ရိက်နဲ့

ယဟူဒီ၊ နတ်စ္စရာနီတွေကို မတ်စ်ဂျေ့ဒ်ဟရာမ် အနားကတင်မက ဆော်ဒီအာရေဗျ ကျွန်းဆွယ်ထဲ ကနေ တစ်ယောက်မကျန် လုံးဝနှင်ထုတ်နိုင်ခဲ့တယ်။ (အလင်းပြကျမ်း) ❸ ကာဖိရ်၊ မုရှ်ရိက်တွေကို ဟရာမ်ထဲမဝင်ရအောင်တားဆီးလိုက်ရင် သူတို့ယူလာနေကျ စားနပ်ရိက္ခာတွေဟာ ပြတ်တောက်သွားပြီး မွတ်စ်လင်မ်တွေဟာ ဆင်းရဲကုန်ကြလိမ့်မယ်လို့ တွေးထင်စိုးရိမ်မှု ဖြစ်မလာအောင် အရှင်မြတ်က တစ်ခါတည်း အမိန့်ရှိထားလိုက်တော်မူတယ် - အရှင်မြတ်အလိုရှိတော်မူရင် အသင်တို့ကို ချမ်းသာကြွယ်ဝအောင်ပြုလုပ်ပေးတော်မူမယ်လို့ဆိုတဲ့အတိုင်း ဆော်ဒီအာရေဗျနိုင်ငံတစ်နိုင်ငံလုံးဟာ အစ္စလာမ်သာသနာထဲကို ဝင်ရောက်လာကြပြီး မွတ်စ်လင်မ်တွေဟာ ချမ်းသာကြွယ်ဝလာခဲ့ကြတာဟာ အခုအထိပဲဖြစ်တယ်။ ဒါဟာ အရှင်မြတ်ရဲ့ကတိတော်မှန်ကန်ကြောင်း အထောက်အထားတစ်ခုလည်းဖြစ်တယ်။ (အလင်းပြကျမ်း)

قَاتِلُوا الَّذِيْنَ لَا يُؤْمِنُوْنَ بِاللّٰهِ وَلَا بِالْيَوْمِ الْاٰخِرِ وَلَا يُحَرِّمُوْنَ مَا حَرَّمَ اللّٰهُ وَرَسُوْلُهٗ وَلَا يَدِيْنُوْنَ دِيْنَ الْحَقِّ مِنَ الَّذِيْنَ اُوْتُوا الْكِتٰبَ حَتّٰى يُعْطُوا الْجِزْيَةَ عَنْ يَّدٍ وَّهُمْ صٰغِرُوْنَ ﴿٢٩﴾

(၂၉) အသင်တို့သည် အကြင်သူများအား တိုက်ခိုက်ကြပါ၊ ထိုသူများသည် အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို မယုံကြည်ကြပေ။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်က ဟရာမ်ဟုတားမြစ်ထားတော်မူသောအရာများကို ဟရာမ်ဟု မယူဆကြပေ။ ၎င်းပြင် ထိုသူများသည် မှန်ကန်သော (အစ္စလာမ်)သာသနာကိုလည်း ယုံကြည်လက်ခံခြင်းမရှိကြပေ။ ထိုသူများသည် ကျမ်းရသူများထဲမှဖြစ်ကြပြီး သူတို့လက်နှင့် သူတို့ အောက်ကျို့လျက် (ကြည်ဖြူစွာ) အခွန်မဆောင်သမျှ (သူတို့အား တိုက်ခိုက်ကြပါ)။

وَقَالَتِ الْيَهُوْدُ عُزَيْرُ ٌابْنُ اللّٰهِ وَقَالَتِ النَّصٰرَى الْمَسِيْحُ ابْنُ اللّٰهِ ؕ ذٰلِكَ قَوْلُهُمْ بِاَفْوَاهِهِمْ ۚ يُضَاهِـُٔوْنَ قَوْلَ الَّذِيْنَ كَفَرُوْا مِنْ قَبْلُ ؕ قٰتَلَهُمُ اللّٰهُ ۚ اَنّٰى يُؤْفَكُوْنَ ﴿٣٠﴾

(၃၀) ထို့ပြင် ယဟူဒီများက အုဇိုင်ရ်သည် အလ္လာဟ်အရှင်မြတ်၏ သားတော်ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ နတ်စ္စရာနီတို့ကလည်း မစီဟ်(အီစာ)သည် အလ္လာဟ်အရှင်မြတ်၏သားတော်ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ ၎င်းသည် သူတို့၏နှုတ်များကထွက်သော စကားများသာဖြစ်သည်။ သူတို့သည် ယခင်ကရှိခဲ့သော ကာဖိရ်များ၏ပြောဆိုမှုကို တုပခဲ့ကြခြင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် သူတို့အား ဖျက်ဆီးတော်မူပါစေ။ သူတို့သည် မည်သို့ပြန်လှည့်သွားကြသနည်း။

اِتَّخَذُوْۤا اَحْبَارَهُمْ وَرُهْبَانَهُمْ اَرْبَابًا مِّنْ دُوْنِ اللّٰهِ وَالْمَسِيْحَ ابْنَ مَرْيَمَ ۚ وَمَاۤ اُمِرُوْۤا اِلَّا لِيَعْبُدُوْۤا اِلٰهًا وَّاحِدًا ۚ لَاۤ اِلٰهَ اِلَّا هُوَ ؕ سُبْحٰنَهٗ عَمَّا يُشْرِكُوْنَ ﴿٣١﴾

(၃၁) သူတို့သည် ကိုးကွယ်ထိုက်သော အရှင်သခင် တစ်ပါးတည်းကိုသာ ကိုးကွယ်ကြရန် အမိန့်ပေးခြင်းခံထားရသည်ဖြစ်ပါလျက် အလ္လာဟ်အရှင်မြတ်အားစွန့်ပြီး သူတို့၏ပညာရှင်ဆရာတော်များနှင့်၊ ဘုန်းကြီးရဟန်းများအပြင် မရ်ယမ်၏သား မစီဟ်ကို အရှင်သခင်များအဖြစ် ပြုလုပ်ထားခဲ့ကြသည်။❻ ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သောအရှင် မရှိပေ။ အရှင်မြတ်သည် သူတို့တဖက် ကိုးကွယ်ကြသည်များမှ သန့်ရှင်းစင်ကြယ်တော်မူသည်။

❻ အိမာမ်ရာဇီ رحمه الله ရဲ့ဆရာက ပြောပြခဲ့တယ် - ကျွန်ုပ်ဟာ ကျွန်ုပ်တို့ရဲ့ဆရာ့ဆရာတွေရဲ့စကားတွေကို လေ့လာစူးစမ်းမှုမရှိဘဲ တစ်သဝေမတိမ်းလိုက်နာကြတဲ့ နောက်လိုက်တပည့်တချို့ကို တွေ့ခဲ့ဖူးတယ်။ ကျွန်ုပ်ဟာ သူတို့ရှေ့မှာ သူတို့ရဲ့လမ်းစဉ်မှားယွင်းနေကြောင်းနဲ့ ပတ်သက်ပြီး ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ အာယသ်တော်တွေကိုဖတ်ပြခဲ့တယ်။ ဒါပေမဲ့ သူတို့ဟာ ကုရ်အာန်အာယသ်တော်တွေကိုတောင် မနာခံခဲ့ကြဘူး။ ဂရုမစိုက်ခဲ့ကြဘူး။ ဒါတင်မက သူတို့က သူတို့ရဲ့ "ဆရာ့ဆရာကြီးတွေရဲ့လမ်းစဉ်ဟာ ကုရ်အာန်အာယသ်တော်တွေနဲ့ ဘယ်လိုဆန့်ကျင်နိုင်မှာလဲ" လို့တောင် အံ့သြနေကြသေးတယ်။ သူတို့ဟာ သူတို့ရဲ့ဆရာ့ဆရာတွေရဲ့အမိန့်ကို ပြောင်းလဲမဲ့အစား ကုရ်အာန်အာယသ်တော်တွေရဲ့အဓိပ္ပာယ်တွေကိုပဲ ပြောင်းလဲလိုက်ကြတယ်။ အိမာမ်ရာဇီ رحمه الله က သူ့ဆရာရဲ့အဲဒီစကားကို ဖော်ပြပြီးတော့ အခုလို ဆက်လက်ရေးသားခဲ့တယ် - " တကယ်လို့ အသင်ဟာ ကောင်းကောင်း မှန်မှန် စူးစမ်းဆင်ခြင်မယ်ဆိုရင် လူ့လောကမှာ လူအမြောက်အမြားရဲ့သွေးကြောတွေထဲမှာ အဲဒီ(ဆရာကိုးကွယ်မှုဝါဒ)ရောဂါဆိုး ပျံ့နှံ့လျက်ရှိနေတာကို အသင်တွေ့ရှိရလိမ့်မယ်။" (ကုရ်အာန် အလင်းပြကျမ်း အတွဲ ၁၀၊ စာ - ၂၃၆)။ တမန်တော်မြတ် ﷺ က အမိန့်ရှိတော်မူတယ် - "တကယ်တော့ သူတို့ဟာ အဲဒီဆရာကြီးတွေကို ခဝပ်ကိုးကွယ်ကြတာမဟုတ်ဘူး၊ ဒါပေမဲ့ အဲဒီဆရာကြီးတွေက တစ်ခုခုကို ဟလာလ်လုပ်ပိုင်ခွင့်ရှိတယ်လို့ ပြောလိုက်ရင် သူတို့ကလည်း ဟလာလ်လို့မှတ်ယူလိုက်ကြတယ်၊ ပြီးတော့ သူတို့က ဟရာမ်တားမြစ်ထားတယ်လို့ ပြောလိုက်ရင် သူတို့ကလည်း ဟရာမ်လို့ မှတ်ယူလိုက်ကြတယ်။ (အဲဒါကြောင့် ကိုးကွယ်တာလို့ အရှင်မြတ်က အမိန့်ရှိထားတာဖြစ်တယ်)။ (သိရ်မိဇီကျမ်း - ဟဒီးဆ်နံပါတ် ၃၀၉၅) ရှားဟ်ဝလီယွလ္လာဟ် رحمه الله ကရေးသားတယ်။ အာလင်မ်ပညာရှင်ဟာ ရှရီအသ်တရားတော်ကနေ နားလည်ပြီး ပြောဆိုတယ်ဆိုရင် သူ့ရဲ့စကားဟာ လူထုအတွက် အထောက်အထားဖြစ်တယ်။ တကယ်လို့ အာလင်မ်ပညာရှင်ဟာ မိမိဘက်က ပြောတာ ဒါမှမဟုတ် လောဘစတဲ့အရာတွေကြောင့် ပြောနေမှန်းသိရင် အဲဒီ နောက်မှာ အထောက်အထားမဖြစ်တော့ဘူး။

(သဖ်စီရ် အွဆ်မာနီ၊ ကုရ်အာန် အလင်းပြကျမ်း အတွဲ ၁၀၊ စာ - ၂၃၆)

يُرِيدُونَ أَن يُطْفِـُٔوا۟ نُورَ ٱللَّهِ بِأَفْوَٰهِهِمْ وَيَأْبَى ٱللَّهُ إِلَّآ أَن يُتِمَّ نُورَهُۥ وَلَوْ كَرِهَ ٱلْكَـٰفِرُونَ ﴿٣٢﴾

(၃၂) သူတို့သည် အလ္လာဟ်အရှင်မြတ်၏ ရောင်ခြည်တော်ကို❻ သူတို့ပါးစပ်များဖြင့် (မှုတ်ပြီး) ငြိမ်းသတ်လိုကြသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်များက မနှစ်သက်ကြသော်လည်း အရှင်မြတ်၏ ရောင်ခြည်တော်ကို ပြည့်ဝအောင်ပြုလုပ်တော်မူသည်မှလွဲ၍ (အခြားမည်သည့်ကိုမျှ) သဘော

တူတော်မူမည် မဟုတ်ပေ။

❶ အလ္လာဟ်အရှင်မြတ်ရဲ့ရောင်ခြည်တော်ဆိုတာ အစ္စလာမ်သာသနာကိုဆိုလိုတယ်။ (အလင်းပြကျမ်း)

هُوَ الَّذِيٓ اَرۡسَلَ رَسُوۡلَهٗ بِالۡهُدٰى وَدِيۡنِ الۡحَقِّ لِيُظۡهِرَهٗ عَلَى الدِّيۡنِ كُلِّهٖ ۙ وَلَوۡ كَرِهَ الۡمُشۡرِكُوۡنَ ﴿٣٣﴾

(၃၃) အရှင်မြတ်သည် အကြင်အရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် မုရှရိက်များက မနှစ်သက်ကြလျှင်လည်း အရှင်မြတ်၏တမန်တော်ကို သာသနာအားလုံးအပေါ်တွင် လွှမ်းမိုးစေရန်အတွက်❷ လမ်းမှန်ညွှန်ကြားပြသချက်နှင့်တကွ မှန်ကန်သောသာသနာနှင့်အတူ စေလွှတ်တော်မူခဲ့သည်။

❷ အစ္စလာမ်ဟာ ကျန်ဘာသာအားလုံးအပေါ်မှာ သက်သေအထောက်အထား ခိုင်လုံမှုတွေ၊ သဘာဝကျမှုတွေနဲ့ အမြဲလွှမ်းမိုးလျက်ရှိတယ်။ နောက်တစ်ခုက အုပ်ချုပ်မှုနဲ့ လွှမ်းမိုးလေ့လည်း ရှိတယ်။ (အလင်းပြကျမ်း)

يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡۤا اِنَّ كَثِيۡرًا مِّنَ الۡاَحۡبَارِ وَالرُّهۡبَانِ لَيَاۡكُلُوۡنَ اَمۡوَالَ النَّاسِ بِالۡبَاطِلِ وَيَصُدُّوۡنَ عَنۡ سَبِيۡلِ اللّٰهِ ؕ وَالَّذِيۡنَ يَكۡنِزُوۡنَ الذَّهَبَ وَالۡفِضَّةَ وَلَا يُنۡفِقُوۡنَهَا فِىۡ سَبِيۡلِ اللّٰهِ ۙ فَبَشِّرۡهُمۡ بِعَذَابٍ اَلِيۡمٍ ۙ ﴿٣٤﴾

(၃၄) အို - အီမာန်ယုံကြည်သူအပေါင်းတို့၊ အမှန်စင်စစ် (ယဟူဒီ၊ နတ်စွဲရာနီ)ပညာရှင်များနှင့် ဘုန်းတော်ကြီးအမြောက်အမြားသည် လူများ၏ပစ္စည်းဥစ္စာများကို အမှန်ပင် မတရားစားသုံးကြသည်။❸ ၎င်းပြင် သူတို့သည် (လူများအား) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ တားဆီးကြသည်။ ထို့ပြင် အကြင်သူများသည် ရွှေငွေ(ရတနာ)များကို စုဆောင်းပြီး❹ ထားကြသည်။ ၎င်းပြင် သူတို့သည် ထိုအရာများကို အလ္လာဟ်အရှင်မြတ်၏လမ်းတွင် မသုံးစွဲကြပေ။ သို့ဖြစ်ရာ အသင်သည် ထိုသူများအား နာကျင်စေသော အပြစ်ဒဏ်(ကို ခံကြရမည့်)အကြောင်း သတင်းကောင်းပေးလိုက်ပါ။

❸ ယဟူဒီ၊ နတ်စွဲရာနီတွေရဲ့ပညာရှင်ကြီးတွေဟာ လူတွေထံက ငွေကြေးတွေယူပြီး ကျမ်းဂန်ကတရားတော်တွေကို လိမ်လည်ပြီး ပြောပြခဲ့ကြတယ်။ သို့ဖြစ်ရာ လူထုဟာ အမှန်ကိုမသိဘဲ လမ်းမှားထဲမှာပဲ နစ်နေခဲ့ကြရတယ်။ နောက်ဆုံးမှာ အဲဒီလူမျိုးဟာ ပျက်စီးသွားခဲ့ကြရတယ်။ မွတ်စ်လင်မ်တွေရဲ့ပညာရှင်တွေဟာ အဲဒီလိုမဖြစ်ကြဖို့ အရှင်မြတ်က သတိပေးလိုက်တာဖြစ်တယ်။ သာသနာကို ဖျက်ဆီးသူတွေဟာ ဘုရင်တွေ၊ ပညာရှင်ဆိုးတွေနဲ့ ဘုန်းကြီးရဟန်းတွေဖြစ်ကြတယ်လို့ အဗ်ဒုလ္လာဟ်ဗင် မုဗာရက် رحمه الله က မိန့်ကြားခဲ့တယ်။ (သိုင်စီရွှလ်ကရီမိရ်ရဟ်မာန်၊ အသ်သဖ်စီရွှလ်မုယတ်စရ်) ❹ အရှင်မြတ်က တစ်ဦးတစ်ယောက်ကို ပစ္စည်းဥစ္စာပေးခြင်းဟာ အဲဒီတစ်ဦးတည်းသုံးစွဲဖို့ပဲ ပေးတာမဟုတ်ဘူး။ အဲဒီသူရဲ့ အသိုင်းအဝိုင်းမှာ ခွဲဝေပေးရမဲ့ ဟုကူက် တာဝန်ဝတ္တရားတွေအများကြီးရှိတယ်။ အဲဒီဝတ္တရားတွေကို ကျေပွန်အောင်ဆောင်ရွက်ပြီးမှ စုဆောင်းရင် အပြစ်

ဆိုစရာမရှိဘူး။ အဲဒီဝတ္တရားတွေထဲက တစ်ခုဟာ မပေးမနေရ ဇကာသ်လို့ခေါ်တဲ့ ဆင်းရဲသားနဲ့ လိုအပ်သူတွေရဲ့ဝေစုဖြစ်တယ်။ (အလင်းပြကျမ်း)

يَّوْمَ يُحْمٰى عَلَيْهَا فِىْ نَارِ جَهَنَّمَ فَتُكْوٰى بِهَا جِبَاهُهُمْ وَجُنُوْبُهُمْ وَظُهُوْرُهُمْ ؕ هٰذَا مَا كَنَزْتُمْ لِاَنْفُسِكُمْ فَذُوْقُوْا مَا كُنْتُمْ تَكْنِزُوْنَ ﴿٣٥﴾

(၃၅) (ပြစ်ဒဏ်ကျရောက်မည့်)ထိုနေ့တွင် ၎င်း(ရွှေငွေရတနာများ)သည် ဂျဟန္နမ်ငရဲမီး၌ လောင်မြှိုက်ခြင်းခံရမည်။ ထို့ပြင် ထိုသူများ၏ နဖူးများ၊ နံဘေးများနှင့် ကျောကုန်းများသည် ၎င်း(မီးဖုတ်ထားသောရွှေငွေ)နှင့် တံဆိပ်ခတ်နှိပ်ခြင်းကို ခံကြရမည်။[၅] (ပြစ်ဒဏ်ခတ်သော ကောင်းကင်တမန်များက ပြောဆိုကြမည်) "ဤသည် အသင်တို့အနေဖြင့် အသင်တို့အတွက် စုဆောင်းထားခဲ့ကြသောအရာ(ရတနာ)များပင်ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် အသင်တို့စုဆောင်းမှု(၏ ပြစ်ဒဏ်)ကို မြည်းစမ်းကြည့်ကြပါ။"

[၅] အဲဒီဝတ္တရားတွေကို မဆောင်ရွက်ဘဲ ပစ္စည်းဥစ္စာတွေကို စုဆောင်းထားရင် စုဆောင်းထားတဲ့ ဥစ္စာပစ္စည်းရွှေငွေတွေကို မီးဖုတ်ပြီး နဖူးတွေ၊ နံဘေးတွေ၊ ကျောကုန်းတွေကို ကပ်မှာဖြစ်တယ်။ ဒါတွေဟာ ဝတ္တရားမကျေပွန်ဘဲ စုဆောင်းခြင်းရဲ့ရလဒ်တွေဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّ عِدَّةَ الشُّهُوْرِ عِنْدَ اللّٰهِ اثْنَا عَشَرَ شَهْرًا فِىْ كِتٰبِ اللّٰهِ يَوْمَ خَلَقَ السَّمٰوٰتِ وَ الْاَرْضَ مِنْهَاۤ اَرْبَعَةٌ حُرُمٌ ؕ ذٰلِكَ الدِّيْنُ الْقَيِّمُ ۙ فَلَا تَظْلِمُوْا فِيْهِنَّ اَنْفُسَكُمْ وَقَاتِلُوا الْمُشْرِكِيْنَ كَاۤفَّةً كَمَا يُقَاتِلُوْنَكُمْ كَاۤفَّةً ؕ وَاعْلَمُوْۤا اَنَّ اللّٰهَ مَعَ الْمُتَّقِيْنَ ﴿٣٦﴾

(၃၆) အမှန်စင်စစ် လများ၏ အရေအတွက်သည် အလ္လာဟ်အရှင်မြတ်၏ထံတွင် အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်တွင် ပါရှိသည့်အတိုင်း မိုးကောင်းကင်များနှင့် မြေပထဝီကို အရှင်မြတ်ဖန်ဆင်းတော်မူသောနေ့မှစပြီး ဆယ့်နှစ်လပင် ဖြစ်သည်။ ထိုထဲမှ လေးလသည် ထွတ်မြတ်သော လများပင်[၆]ဖြစ်သည်။ ဤသည် ဖြောင့်မတ်မှန်ကန်သော သာသနာတော်(၏ ညွှန်ကြားပြသချက်)ပင်ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုလများ၌ အသင်တို့ကိုယ်ကိုအသင်တို့ ညှဉ်းပန်းနှိပ်စက်မှု မပြုကြနှင့်။ ၎င်းပြင် မုရှ်ရိက်များသည် အသင်တို့အားလုံးအား တိုက်ခိုက်ကြသကဲ့သို့ အသင်တို့သည်လည်း သူတို့အားလုံးအား တိုက်ခိုက်ကြပါ။[၇] ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများနှင့်အတူ ရှိတော်မူသည်ကို အသင်တို့ (ကောင်းစွာ) သိမှတ်ထားကြပါ။

[၆] လတွေထဲမှာ လေးလကို ထွတ်မြတ်တဲ့လတွေအဖြစ် အရပ်မုရှ်ရိက်တွေကပါ လက်ခံပြီး အစဉ်

အလာဖြစ်နေခဲ့တာဖြစ်တယ်။ (၎င်းလေးလမှာ - ဇွလ်ကအ်ဒဟ်၊ ဇွလ်ဟဂျ်၊ မုဟာရ်ရမ်၊ ရဂျဗ်တို့ဖြစ်တယ်။) (အလင်းပြကျမ်း) ❼ ဒါပေမဲ့ အဲဒီလတွေထဲမှာ မုရှ်ရိုက်တွေက တိုက်ခိုက်လာရင်တော့ ပြန်လည်တိုက်ခိုက်ဖို့ အရှင်မြတ်က အမိန့်ပေးထားတာဖြစ်တယ်။ ထွတ်မြတ်မှုကို လေးစားဖို့ဆိုတာ နှစ်ဖက်စလုံးက လေးစားရမှာဖြစ်တယ်။ မတ်စ်ဂျေ့ဒ္ဒေဟာရာမ်နယ်နိမိတ်ထဲမှာ တိုက်ခိုက်တဲ့ပုံစံပဲဖြစ်တယ်။ အဲဒီထဲမှာ တစ်ဖက်က စတင်တိုက်ခိုက်လာရင် ကျန်တစ်ဖက်က ငြိမ်ခံနေရမှာ မဟုတ် ဘဲ ပြန်တိုက်ရမှာပဲဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန် - မော်လာနာအိဒ်ရီးစ်)

إِنَّمَا النَّسِيٓءُ زِيَادَةٌ فِى الْكُفْرِ يُضَلُّ بِهِ الَّذِيْنَ كَفَرُوْا يُحِلُّوْنَهٗ عَامًا وَّيُحَرِّمُوْنَهٗ عَامًا لِّيُوَاطِئُوْا عِدَّةَ مَا حَرَّمَ اللّٰهُ فَيُحِلُّوْا مَا حَرَّمَ اللّٰهُ ۗ زُيِّنَ لَهُمْ سُوْٓءُ اَعْمَالِهِمْ ۗ وَاللّٰهُ لَا يَهْدِى الْقَوْمَ الْكٰفِرِيْنَ ﴿٣٧﴾

(၃၇) လများကို ရွှေ့ဆိုင်းခြင်းသည်❶ ကုဖ်ရ်ငြင်းပယ်မှု၌ တိုးပွားမှုဖြစ်သည်။ ထို(ကဲ့သို့ ရွှေ့ဆိုင်းထားသည့်)အတွက် ကာဖိရ်များသည် လမ်းမှားကို ရောက်စေခြင်းခံရသည်။ သူတို့သည် အလ္လာဟ်အရှင်မြတ်က ဟရာမ်ဟု တားမြစ်တော်မူခဲ့သော (လများ၏)အရေအတွက်နှင့် ကိုက်ညီစေရန်အတွက် ထိုရွှေ့ဆိုင်းထားသောလကို တစ်နှစ်တွင် ဟလာလ်ပြုလုပ်ပြီး နောက်တစ်နှစ်တွင် ဟရာမ်ဟု ပြုလုပ်လိုက်ကြသည်။ ထိုကဲ့သို့ပြုလုပ်သည့်အတွက် သူတို့သည် အလ္လာဟ်အရှင်မြတ်က ဟရာမ်ဟု တားမြစ်တော်မူခဲ့သောလကို ဟလာလ်ပြုလုပ်ကြသည်။ သူတို့၏မကောင်းမှုများသည် သူတို့(၏အမြင်)၌ လှပစွာရှိနေကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်များကို လမ်းမှန်ညွှန်ကြားပြသတော်မမူပေ။

❶ အရှင်မြတ်က ထွတ်မြတ်တဲ့လတွေလို့ သတ်မှတ်ထားတဲ့လတွေကို ရွှေ့သတ်မှတ်ကြတာကို ဆိုလိုတယ်။ ဥပမာမှာ- ဒီနှစ် မုဟာရ်ရမ်လမှာ အရပ်တွေဟာ စစ်တိုက်ချင်ကြတဲ့အခါကျတော့ အဲဒီလအစား စွဖရ်လကို ရွှေ့ပြီး ထွတ်မြတ်တဲ့လအဖြစ်သတ်မှတ်တယ်လို့ ကြေညာပြီး အဲဒီလမှာ စစ်တိုက်ကြတာဖြစ်တယ်။ အဲဒါဟာ တကယ်တော့ အရှင်မြတ်က ဟရာမ်လို့ သတ်မှတ်ထားတာကို ဟလာလ်လုပ်ကြတာပဲဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန် - မော်လာနာအိဒ်ရီးစ်)

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا مَا لَكُمْ اِذَا قِيْلَ لَكُمُ انْفِرُوْا فِىْ سَبِيْلِ اللّٰهِ اثَّاقَلْتُمْ اِلَى الْاَرْضِ ۗ اَرَضِيْتُمْ بِالْحَيٰوةِ الدُّنْيَا مِنَ الْاٰخِرَةِ ۚ فَمَا مَتَاعُ الْحَيٰوةِ الدُّنْيَا فِى الْاٰخِرَةِ اِلَّا قَلِيْلٌ ﴿٣٨﴾

(၃၈) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့အား အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင်ထွက်ကြပါဟု ပြောဆိုသောအခါ အသင်တို့သည် အဘယ်ကြောင့် မြေပေါ်တွင် တွေဝေပြီး ထိုင်နေကြသနည်း (နေးကွေးဖင့်နွဲ့လေးလံသွားကြသနည်း)။ အသင်တို့သည် လောကီဘဝရှင်သန်

ခြင်းကိုပင် တမလွန်ဘဝထက် နှစ်သက်ကြသလော။ သို့ဖြစ်လျှင် လောကီဘဝ၏ စည်းစိမ်သည် တမလွန်ဘဝနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်မျှသာ ဖြစ်သည် (ကို အသင်တို့ ကောင်းစွာသိမှတ်ထားကြပါ)။❷

❷ နွေခေါင်ခေါင်မှာ ခရီးရှည်သွားတိုက်ရမဲ့ သဗူက်စစ်ပွဲကိုထွက်ဖို့ ဖိတ်ခေါ်တဲ့အခါမှာ တချို့မွတ်စ်လင်မ်တွေရဲ့ စိတ်ထဲမှာ လေးလံဖင့်တွဲမှု ဖြစ်လို့ သတိပေးလိုက်တော်မူတာဖြစ်တယ်။ အဲဒီစစ်ပွဲဟာ ဆီးရီးယားနယ်စပ်မှာဖြစ်တယ်။ အဲဒီအချိန်က ရောမပြည်ရဲ့ လက်အောက်မှာဖြစ်ခဲ့ပြီး နတ်စွဲရာနီတွေ အုပ်စိုးနေတဲ့အခါဖြစ်ခဲ့တယ်။ နတ်စွဲရာနီစစ်တပ်ဟာ မဒီနဟ်ကို လာတိုက်မယ်လို့ သတင်းကြားတဲ့အပေါ်မှာ သူတို့မလာခင်မှာဘဲ မွတ်စ်လင်မ်စစ်သား သုံးသောင်းနဲ့အတူ တမန်တော်မြတ် ﷺ ဟာ သူတို့ထံသွားရောက်တိုက်ခိုက်ဖို့ အစီအစဉ်ဖြစ်တယ်။ နယ်စပ်မှာ တိုက်ခိုက်ဖို့ တစ်လလောက်ကြာကြာ စောင့်နေခဲ့ကြပေမဲ့ နတ်စွဲရာနီစစ်တပ်ဘက်က တစ်ယောက်မှ ထွက်မလာခဲ့ကြတဲ့အပေါ်မှာ စစ်ပွဲမဖြစ်ပွားလိုက်ရဘဲ ငြိမ်းငြိမ်းချမ်းချမ်း ပြန်လာခဲ့လိုက်ရတယ်။ အဲဒီအပေါ်မှာ မွတ်စ်လင်မ်တွေရဲ့အင်အားကို သိသွားပြီး ခြိမ်းခြောက်မှုတွေ မခံခဲ့ရတော့တာဖြစ်တယ်။

(အလင်းပြကျမ်း)

إِلَّا تَنفِرُوا يُعَذِّبْكُمْ عَذَابًا أَلِيمًا وَيَسْتَبْدِلْ قَوْمًا غَيْرَكُمْ وَلَا تَضُرُّوهُ شَيْئًا ۗ وَاللَّهُ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿٣٩﴾

(၃၉) အကယ်၍ အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏လမ်းကို) မထွက်ကြလျှင်၊ အရှင်မြတ်သည် အသင်တို့ကို အလွန်နာကျင်စေသောပြစ်ဒဏ်ကို ပေးတော်မူမည်။ ၎င်းပြင် အရှင်မြတ်သည် အသင်တို့၏အစား အခြားလူမျိုးတစ်မျိုးကို လဲလှယ်(ဖန်ဆင်း)တော်မူမည်။❸ ထို့ပြင် အသင်တို့သည် အရှင်မြတ်အား အနည်းငယ်မျှ နစ်နာအောင် လုပ်နိုင်ကြမည် မဟုတ်ပေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ် စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူသည်။

❸ အရှင်မြတ်က အရှင်မြတ်ရဲ့လမ်းကို မထွက်ကြရင် ထွက်တဲ့လူမျိုးကို ပြောင်းလဲ ဖန်ဆင်းတော်မူမှာလို့ မိန့်လိုက်တဲ့အတွက် မွတ်စ်လင်မ်တွေအပေါ်မှာ မထွက်မနေရ အမိန့်လိုဖြစ်သွားခဲ့တယ်။

(အလင်းပြကျမ်း)

إِلَّا تَنصُرُوهُ فَقَدْ نَصَرَهُ اللَّهُ إِذْ أَخْرَجَهُ الَّذِينَ كَفَرُوا ثَانِيَ اثْنَيْنِ إِذْ هُمَا فِي الْغَارِ إِذْ يَقُولُ لِصَاحِبِهِ لَا تَحْزَنْ إِنَّ اللَّهَ مَعَنَا ۖ فَأَنزَلَ اللَّهُ سَكِينَتَهُ عَلَيْهِ وَأَيَّدَهُ بِجُنُودٍ لَّمْ تَرَوْهَا وَجَعَلَ كَلِمَةَ الَّذِينَ كَفَرُوا السُّفْلَىٰ ۗ وَكَلِمَةُ اللَّهِ هِيَ الْعُلْيَا ۗ وَاللَّهُ عَزِيزٌ حَكِيمٌ ﴿٤٠﴾

(၄၀) အကယ်၍ အသင်တို့သည် ၎င်း(တမန်တော်)ကို မကူညီကြလျှင် (လည်း တမန်တော်တွင် မည်သည့်အရာမျှ ဆုံးရှုံးမသွားပေ၊ အဘယ်ကြောင့်ဆိုသော်) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြင်အချိန်အခါကလည်း

ကူညီတော်မူခဲ့သည့်အတွက်ဖြစ်သည်။ ထိုအချိန်အခါတွင် ၎င်း(တမန်တော်)အား ကာဖိရ်များက နှင်ထုတ်ခဲ့ကြစဉ်၌၊ (အရှင်မြတ်က ကူညီတော်မူခဲ့သည်၊ ထို့ပြင်)၎င်းသည် နှစ်ယောက်ထဲမှ တစ်ယောက်ဖြစ်ခဲ့ပြီး သူတို့နှစ်ဦး လိုဏ်ဂူထဲ၌ ရှိနေကြသောအခါ ၎င်း(တမန်တော်)က ၎င်း၏အဖော်အား "အသင်မစိုးရိမ်ပါနှင့်၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ငါတို့နှင့်အတူရှိတော်မူသည်"❻ ဟု ပြောဆိုနေသောအခါ၌လည်း (အရှင်မြတ်သည် ၎င်းအား ကူညီတော်မူခဲ့သည်။) ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ထံတော်မှ တည်ငြိမ်မှုကို ၎င်း၏အပေါ်တွင် ချပေးသနားတော်မူခဲ့သည်။ ထို့ပြင် အသင်တို့မမြင်သော စစ်သည်များနှင့် ၎င်းအား ကူညီအားပေးတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် ကာဖိရ်များ၏(ရှိရ်ကဘက်ဖိတ်ခေါ်သော)စကားအား နိမ့်ကျအောင်လုပ်တော်မူခဲ့သည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်၏(တစ်ပါးတည်းတည်ရှိကြောင်း ကလိမဟ်)စကားတော်ကမူ အမြင့်ဆုံးဖြစ်ခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့်အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

❻ တမန်တော်မြတ် ﷺကို မွတ်စ်လင်မ်တွေက မကူညီကြဘူးဆိုရင်လည်း အရေးမကြီးဘူး။ ဘာဖြစ်လို့လဲဆိုရင် တမန်တော်မြတ် ﷺရဲ့အောင်မြင်မှုဟာ မွတ်စ်လင်မ်တွေရဲ့ ကူညီမှုအပေါ်မှာ မူတည်နေတာမဟုတ်ဘူး။ အရှင်မြတ်ရဲ့ကူညီမှုအပေါ်မှာ မူတည်နေတာဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်ရဲ့အကူအညီပဲ အဓိကကျတယ်ဆိုတာကို ဖော်ပြလိုက်တာဖြစ်တယ်။(အလင်းပြကျမ်း)

انْفِرُوْا خِفَافًا وَّثِقَالًا وَّجَاهِدُوْا بِاَمْوَالِكُمْ وَاَنْفُسِكُمْ فِيْ سَبِيْلِ اللّٰهِ ؕ ذٰلِكُمْ خَيْرٌ لَّكُمْ

اِنْ كُنْتُمْ تَعْلَمُوْنَ ﴿٤١﴾

(၄၁) အသင်တို့သည် ပေါ့ပါး(လွယ်ကူ)သောအခါ၌လည်းကောင်း၊ လေးလံ(ခက်ခဲ)သောအခါ၌လည်းကောင်း❼ (အသင်တို့အိမ်များမှ) ထွက်ကြ၍ အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် အသင်တို့၏ပစ္စည်းဥစ္စာများ၊ အသင်တို့၏အသက်များဖြင့် စစ်တိုက်ကြပါ။ ၎င်းသည် အကယ်၍ အသင်တို့ သိတတ်ကြလျှင် အသင်တို့အတွက် အကောင်းဆုံးပင်ဖြစ်သည်။

❼ ပေါ့ပါး(လွယ်ကူ)တဲ့အခါမှာရော၊ လေးလံ(ခက်ခဲ)တဲ့အခါမှာပါ အရှင်မြတ်ရဲ့ လမ်းမှာထွက်ဖို့ အမိန့်ပေးတာဟာ စစ်တိုက်ဖို့ အရေးတကြီးလိုအပ်နေလို့ ဘယ်အခြေအနေမျိုးမှာပဲဖြစ်ဖြစ် ထွက်ရမယ်လို့ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

لَوْ كَانَ عَرَضًا قَرِيْبًا وَّسَفَرًا قَاصِدًا لَّاتَّبَعُوْكَ وَلٰكِنْۢ بَعُدَتْ عَلَيْهِمُ الشُّقَّةُ ؕ وَسَيَحْلِفُوْنَ

بِاللّٰهِ لَوِ اسْتَطَعْنَا لَخَرَجْنَا مَعَكُمْ ۚ يُهْلِكُوْنَ اَنْفُسَهُمْ ۚ وَاللّٰهُ يَعْلَمُ اِنَّهُمْ لَكٰذِبُوْنَ ﴿٤٢﴾

(၄၂) အကယ်၍ ပစ္စည်းဥစ္စာလည်း လွယ်ကူစွာရမည်၊ သွားရမည့် ခရီးကလည်း သာမန်သာ ဖြစ်မည်ဆိုလျှင် ၎င်း(မုနာဖိက်)တို့သည် အမှန်ပင် အသင်(တမန်တော်)နှင့်အတူ လိုက်ခဲ့ကြမည်ဖြစ်သည်။ သို့ရာတွင် (ယခုမူ) ခရီးသည် သူတို့(အမြင်)၌ ဝေးလံနေသည်။ (သို့ဖြစ်ရာ သူတို့သည် စစ်ပွဲကို မလိုက်ဘဲ နောက်၌ ထိုင်နေခဲ့ကြခြင်းဖြစ်သည်)။ မကြာမီ (အသင်တို့ စစ်ပွဲမှ ပြန်လာကြသောအခါ) ၎င်း(မုနာဖိက်)တို့သည် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ဤသို့ ကျိန်ဆိုပြောကြဦးမည်- “အကယ်၍ ကျွန်ုပ်တို့သည် တတ်စွမ်းနိုင်ခဲ့ကြပါလျှင် အသင်တို့နှင့်အတူ အမှန်ပင် ထွက်ခဲ့ကြမည်ပင်ဖြစ်သည်။” သူတို့သည် သူတို့ကိုယ်ကိုသာ ဖျက်ဆီးနေကြခြင်းဖြစ်သည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်က ၎င်း(မုနာဖိက်)တို့သည် အမှန်စင်စစ် လိမ်လည်ပြောဆိုသူများဖြစ်သည်ကို ကောင်းစွာ သိတော်မူသည်။

عَفَا اللّٰهُ عَنْكَ ۚ لِمَ اَذِنْتَ لَهُمْ حَتّٰى يَتَبَيَّنَ لَكَ الَّذِيْنَ صَدَقُوْا وَتَعْلَمَ الْكٰذِبِيْنَ ﴿٤٣﴾

(၄၃) အလ္လာဟ်အရှင်မြတ်သည် အသင့်အား ခွင့်လွှတ်တော်မူခဲ့ပြီဖြစ်သည်။ အသင့်အတွက် (သူတို့ထဲမှ) မှန်ကန်စွာပြောဆိုသောသူများ သဲကွဲထင်ရှားမှု မဖြစ်သေးမီနှင့် လိမ်လည်သောသူများကို အသင် မသိသေးမီတွင် အသင်သည် အဘယ်ကြောင့် သူတို့ကို(စစ်ပွဲမလိုက်ရန်) ခွင့်ပြုခဲ့ရသနည်း။❶

❶ စစ်ပွဲကို မုနာဖိက်တွေ မလိုက်ဘဲ အိမ်မှာနေရစ်ခဲ့ဖို့ ခွင့်ပြုခဲ့တာနဲ့ပတ်သက်ပြီး အိမ်မှာနေရစ်ခဲ့ဖို့ ခွင့်မပြုရင်ကောင်းတယ်ဆိုတဲ့အနေနဲ့ အရှင်မြတ်က တမန်တော်မြတ် ﷺ ကို သတိပေးလိုက်တဲ့ အကြောင်းရင်းဟာ- အိမ်မှာနေရစ်ခဲ့ဖို့ ခွင့်မပြုရင်လည်း သူတို့ဟာ စစ်ပွဲကို လိုက်မှာ မဟုတ်ဘူးပဲဖြစ်တယ်။ အဲဒီလိုအိမ်မှာနေရစ်ဖို့ ခွင့်မပြုပါဘဲလျက်နဲ့ စစ်ပွဲမလိုက်တဲ့အခါမှာ သူတို့ရဲ့ လိမ်လည်မှုတွေဟာ ပေါ်လွင်ထင်ရှားသွားမှာ ဖြစ်တယ်။ အဲဒီလိုလိမ်တာ မပေါ်လွင်သေးဘဲနဲ့ ဘာဖြစ်လို့ အိမ်မှာနေရစ်ခဲ့ဖို့ ခွင့်ပြုလိုက်ရတာလဲလို့ အရှင်မြတ်က သတိပေးမိန့်ဆိုတာဖြစ်တယ်။
(အလင်းပြကျမ်း)

لَا يَسْتَاْذِنُكَ الَّذِيْنَ يُؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ اَنْ يُّجَاهِدُوْا بِاَمْوَالِهِمْ وَاَنْفُسِهِمْ ؕ وَاللّٰهُ عَلِيْمٌۢ بِالْمُتَّقِيْنَ ﴿٤٤﴾

(၄၄) အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သောသူများကမူ သူတို့၏ပစ္စည်းဥစ္စာများ၊ အသက်များနှင့် စစ်တိုက်ခြင်းမှ (မလိုက်ရန်) အသင့်ထံတွင် ခွင့်တောင်းကြမည် မဟုတ်ပေ။❷ ထို့ပြင် အလ္လာဟ်အရှင်မြတ်

သည့် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများကို အကြွင်းမဲ့သိတော်မူသောအရှင်မြတ် ဖြစ်တော်မူသည်။

❶ အရှင်မြတ်က မွတ်စ်လင်မ်တွေကို အောင်မြင်မှုပေးမယ်ဆိုတဲ့ ကတိတော်ကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေတဲ့သူတွေပဲ စစ်ပွဲကို မလိုက်ဖို့ ခွင့်တောင်းကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّمَا يَسْتَأْذِنُكَ الَّذِينَ لَا يُؤْمِنُونَ بِاللَّهِ وَالْيَوْمِ الْآخِرِ وَارْتَابَتْ قُلُوبُهُمْ فَهُمْ فِي رَيْبِهِمْ يَتَرَدَّدُونَ ﴿٤٥﴾

(၄၅) အကြင်သူများပင် အသင့်ထံတွင် ခွင့်တောင်းကြခြင်းဖြစ်သည်။ ထိုသူများသည် အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို မယုံကြည်ကြသည့်အပြင် သူတို့၏ စိတ်နှလုံးများသည်လည်း (အစ္စလာမ်နှင့်ပတ်သက်၍) သံသယဖြစ်နေကြသည်။ သို့ဖြစ်ရာ သူတို့သည် သူတို့၏သံသယထဲ၌ပင် တဝဲလည်လည်ဖြစ်နေကြတော့သည်။

وَلَوْ أَرَادُوا الْخُرُوجَ لَأَعَدُّوا لَهُ عُدَّةً وَلَٰكِن كَرِهَ اللَّهُ انبِعَاثَهُمْ فَثَبَّطَهُمْ وَقِيلَ اقْعُدُوا مَعَ الْقَاعِدِينَ ﴿٤٦﴾

(၄၆) ၎င်းပြင် အကယ်၍ သူတို့သည် (စစ်တိုက်)ထွက်ရန် ရည်ရွယ်ခဲ့ကြလျှင် သူတို့သည် ထွက်ရန် ပြင်ဆင်မှုတစ်စုံတစ်ရာကို အသင့်ပြုလုပ်ခဲ့မည် အမှန်ပင်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် သူတို့ (စစ်ထဲလိုက်ပါ)သွားခြင်းကိုပင် နှစ်မြို့တော်မမူခဲ့ပေ။ သို့ဖြစ်ရာ အရှင်မြတ်သည် သူတို့အား တုံ့ဆိုင်းစေတော်မူခဲ့သည်။ ၎င်းပြင် (အရှင်မြတ်က သူတို့ကို) မိန့်ကြားတော်မူခဲ့သည်၊ "အသင်တို့သည် ကျန်ရစ်ခဲ့သောသူများနှင့်အတူထိုင်လျက်ပင် ကျန်ရစ်ခဲ့ကြပေတော့။"

لَوْ خَرَجُوا فِيكُم مَّا زَادُوكُمْ إِلَّا خَبَالًا وَلَأَوْضَعُوا خِلَالَكُمْ يَبْغُونَكُمُ الْفِتْنَةَ وَفِيكُمْ سَمَّاعُونَ لَهُمْ ۗ وَاللَّهُ عَلِيمٌ بِالظَّالِمِينَ ﴿٤٧﴾

(၄၇) အကယ်၍ သူတို့သည် အသင်တို့ထဲ၌ အတူပါဝင်ထွက်ခဲ့ကြလျှင် သူတို့သည် အသင်တို့ထဲ၌ ဖရိုဖရဲဖြစ်အောင်လုပ်သည်မှလွဲ၍ မည်သည့်အရာကိုမျှ တိုးပွားစေခဲ့ကြမည်မဟုတ်ပေ။❷ ၎င်းပြင် အမှန်ပင် သူတို့သည် အသင်တို့ကြား၌ အနှောင့်အယှက်ဖြစ်စေရန် ပြေးလိုက်လွှားလိုက် ပြုလုပ်ကြမည်ဖြစ်သည်။ ၎င်းပြင် (ယခုလည်း) အသင်တို့ထဲတွင် သူတို့၏ သတင်းထောက်များ ရှိနေကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မတရားပြုလုပ်သူများအား အကြွင်းမဲ့သိတော်မူသည်။

(၃) တကယ်လို့ မုနာဖိက်တွေဟာ စစ်ပွဲကို လိုက်ခဲ့ရင် သူတို့ရဲ့ ဟန်ဆောင်လိုက်ပါလာတာကြောင့် စစ်ပွဲက ပြန်ပြေးတာမျိုးတွေ၊ မွတ်စ်လင်မ်တွေကို ပြန်ပြေးဖို့ အဖော်စပ်တာမျိုးတွေ၊ မဟုတ်သတင်း လွှင့်တာမျိုးတွေ၊ သွေးခွဲမှုမျိုးတွေ စသဖြင့် ဖျက်လို ဖျက်ဆီး ပြုလုပ်ကြမှာဖြစ်တာကို အရှင်မြတ်က သိလို့ပဲ သူတို့ကို စစ်ပွဲလိုက်နိုင်တဲ့စွမ်းအား ပေးတော်မမူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

لَقَدِ ابْتَغَوُا الْفِتْنَةَ مِنْ قَبْلُ وَقَلَّبُوا لَكَ الْأُمُورَ حَتّٰى جَآءَ الْحَقُّ وَظَهَرَ اَمْرُ اللّٰهِ وَهُمْ كٰرِهُونَ ﴿٣٨﴾

(၄၈) အမှန်စင်စစ် သူတို့သည် ယခင်ကလည်း (အသင်တို့ကို အုဟုဒ်စသော စစ်ပွဲများ၌) အနှောင့်အယှက် ဖြစ်စေခဲ့ကြသည်။(၁) ၎င်းပြင် သူတို့သည် အသင်(တမန်တော်)၏ အရေးကိစ္စများကို ကပြောင်းကပြန် ပြုလုပ်ခဲ့ကြသည်။ နောက်ဆုံးတွင် သူတို့ မနှစ်မြို့ကြဘဲလျက် အမှန်သည် ရောက်လာခဲ့ပြီး အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်သည်လည်း ထင်ရှားလာခဲ့သည်။

(၁) မဒီနဟ်မြို့မှာ ယဟူဒီတွေနဲ့ နတ်စွဲရာနီတွေအပြင် မုနာဖိက်အယောင်ဆောင်တွေဟာ အစ္စလာမ်ကို နည်းမျိုးစုံနဲ့ ဒုက္ခပေးလျက်ရှိနေခဲ့ကြတယ်။ မုနာဖိက်တွေဟာ အုဟုဒ်စစ်ပွဲမှာ လိုက်လာခဲ့ပြီး လမ်းတစ်ဝက်ကပဲ လှည့်ပြန်ခဲ့ကြတယ်။ သူတို့ ဘယ်လောက်ပဲ ဒုက္ခပေးပေး အစ္စလာမ်ကတော့ တိုးတက်မြဲ တိုးတက်လျက်ပဲ ရှိခဲ့တယ်။ (အလင်းပြကျမ်း)

وَمِنْهُمْ مَّنْ يَّقُولُ ائْذَنْ لِّيْ وَلَا تَفْتِنِّيْ ۗ اَلَا فِى الْفِتْنَةِ سَقَطُوا ۗ وَاِنَّ جَهَنَّمَ لَمُحِيطَةٌ
بِالْكٰفِرِيْنَ ﴿٣٩﴾

(၄၉) ထို့ပြင် ၎င်း(ကျန်ရစ်ခဲ့သောမုနာဖိက်)တို့ထဲတွင် "ကျွန်ုပ်အား (စစ်ပွဲမလိုက်ရန်) ခွင့်ပေးပါ၊ ထို့ပြင် ကျွန်ုပ်အား မဖျက်ဆီးပါနှင့်"ဟု ပြောဆိုသူလည်း ရှိသေးသည်။(၂) သူတို့သည် ပျက်စီးမှုထဲ ကျဆင်းခဲ့ပြီးဖြစ်ကြသည်ကို (အသင်တို့) သိထားလိုက်ပါ။ ထို့ပြင် ဂျဟန္နမ်ငရဲဘုံသည် ကာဖိရ်များကို အမှန်ပင် ဝန်းရံလျက်ရှိလိမ့်မည်။

(၂) ဒီနေရာမှာ ဖိသ်နဟ်ဟာ အဓိပ္ပာယ်နှစ်မျိုးထွက်တယ်။ တစ်ခုက - ကျွန်တော်ဟာ ခွင့်မပြုရင်လည်း နေရစ်ခဲ့မှာဖြစ်တော့ ခွင့်မပြုဘဲ နေရစ်ခဲ့တဲ့ အပြစ်ကြီးကြောင့် ကျွန်တော်ဟာ ပျက်စီးသွားရမှာဖြစ်တယ်၊ အဲဒါကြောင့် ကျွန်တော့်ကို မဖျက်ဆီးပါနဲ့လို့ ပြောတာဖြစ်တယ်။ နောက်တစ်ခုက - ဂျဒ်ဗင်ကိုင်းစ်ဆိုတဲ့ မုနာဖိက်အယောင်ဆောင်က ပြောဆိုတယ်- ရောမကအမျိုးသမီးတွေဟာ အလွန်ချောလှကြတဲ့အတွက် ကျွန်တော်ဟာ အဲဒီရောက်ရင် အဲဒီအမျိုးသမီးတွေနဲ့တွေ့ပြီး စိတ်ထိန်းနိုင်မှာမဟုတ်ဘူး။ အဲဒါကြောင့် ကျွန်တော့်ကို မဖျက်ဆီးပါနဲ့ လို့ဆိုလိုတာဖြစ်တယ်။ အရှင်မြတ်က စစ်ပွဲမလိုက်တာကပဲ သူတို့ဟာ ပျက်စီးမှုထဲ ကျဆင်းပြီးဖြစ်ကြောင်း အမိန့်ရှိထားတာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန် - မော်လာနာအိဒ်ရီးစ်၊ သဖ်စီရွလ်မဒါရိက်)

اِنْ تُصِبْكَ حَسَنَةٌ تَسُؤْهُمْ ۚ وَاِنْ تُصِبْكَ مُصِيبَةٌ يَّقُولُوا قَدْ اَخَذْنَآ اَمْرَنَا مِنْ قَبْلُ وَيَتَوَلَّوْا وَّ
هُمْ فَرِحُونَ ﴿٥٠﴾

(၅၀) အကယ်၍ အသင့်ထံ ကောင်းခြင်း တစ်စုံတစ်ခုဆိုက်ရောက်လာလျှင် ထိုကောင်းသောဖြစ်ရပ်က သူတို့အား ဝမ်းနည်းပက်လက်ဖြစ်စေသည်။ ၎င်းပြင် အကယ်၍ အသင့်ထံ ဘေးဒုက္ခ တစ်စုံတစ်ခု ဆိုက်ရောက်လာလျှင် သူတို့က "အမှန်စင်စစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အရေးကိစ္စကို ယခင်ကတည်းက ကြိုတင်စီမံထားခြင်း ဖြစ်သည်"ဟု ပြောဆိုပြီး ဝမ်းသာလျက်ပြန်လှည့်သွားလေ့ရှိကြသည်။[၃]

[၃] မုနာဖိက်တွေဟာ မွတ်စ်လင်မ်တွေအောင်နိုင်ရင် ဝမ်းနည်းပက်လက်ဖြစ်ကြတယ်။ မွတ်စ်လင်မ်တွေမှာ ရှုံးနိမ့်မှု တစ်ခုခု ဖြစ်လာရင်တော့ "တွေ့လား၊ ငါတို့ဟာ အဲဒီလို ရှုံးမယ်ဆိုတာ သိလို့ ငါတို့ကိုယ်ငါတို့ ကာကွယ်ဖို့ မလိုက်ကြတာပေါ့" လို့ စသဖြင့် ပြောဆိုကြတယ်။ (အလင်းပြကျမ်း)

قُلْ لَّنْ يُّصِيْبَنَآ اِلَّا مَا كَتَبَ اللّٰهُ لَنَا ۚ هُوَ مَوْلٰىنَا ۚ وَعَلَى اللّٰهِ فَلْيَتَوَكَّلِ الْمُؤْمِنُوْنَ ﴿٥١﴾

(၅၁) (အို - တမန်တော်) အသင်ပြောလိုက်ပါ- အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်တို့နှင့်ပတ်သက်ပြီး သတ်မှတ်တော်မူခဲ့သည်မှလွဲ၍ အခြား မည်သည့်အရာမျှ ကျွန်ုပ်တို့၌ လုံးဝဆိုက်ရောက်မည် မဟုတ်ပေ။ အရှင်မြတ်သည် ကျွန်ုပ်တို့၏ အရှင်သခင် ဖြစ်တော်မူသည်။ သို့ဖြစ်ရာ မုအ်မင်န်ယုံကြည်သူများသည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ယုံပုံလွှဲအပ်ကြရမည် ဖြစ်သည်။[၄]

[၄] မွတ်စ်လင်မ်တွေဟာ အရှင်မြတ်ကို ယုံပြီးပုံအပ်ထားတဲ့အတွက် အရှင်မြတ်သတ်မှတ်ထားတဲ့အရာ အနိုင်နဲ့အရှုံးထဲက နိုင်နိုင်၊ ရှုံးရှုံး အရှင်မြတ်ရဲ့နှစ်သက်မှုနဲ့တကွ အကျိုးကုသိုလ်ရရှိမှာဖြစ်တယ်။ အဲဒီယာယီဒုက္ခကို ကျေကျေနပ်နပ်နဲ့ ခံယူပြီးဖြစ်တယ်။

(အသ်သဖ်စီရှလ်မုယတ်စရ်၊ ဂျလာလိုင်န်)

قُلْ هَلْ تَرَبَّصُوْنَ بِنَآ اِلَّآ اِحْدَى الْحُسْنَيَيْنِ ۗ وَنَحْنُ نَتَرَبَّصُ بِكُمْ اَنْ يُّصِيْبَكُمُ اللّٰهُ بِعَذَابٍ
مِّنْ عِنْدِهٖٓ اَوْ بِاَيْدِيْنَا ۖ فَتَرَبَّصُوْٓا اِنَّا مَعَكُمْ مُّتَرَبِّصُوْنَ ﴿٥٢﴾

(၅၂) (အို - တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် ကျွန်ုပ်တို့နှင့်ပတ်သက်၍ ကောင်းသောအရာနှစ်ခုအနက် တစ်ခုမှလွဲ၍ အခြားတစ်စုံတစ်ခုကို စောင့်မျှော်နေကြသလော။[၅] ကျွန်ုပ်တို့သည် အသင်တို့နှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ထံတော်မှ၊ သို့မဟုတ် ကျွန်ုပ်တို့၏လက်များနှင့် အသင်တို့အပေါ်တွင် ပြစ်ဒဏ်တစ်စုံတစ်ခု သက်ရောက်စေတော်မူရန် စောင့်မျှော်နေကြခြင်းဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် စောင့်မျှော်နေကြပါ။ အမှန်ပင် ကျွန်ုပ်တို့သည်လည်း အသင်တို့နှင့်အတူ စောင့်မျှော်နေကြသည်။

[၅] မုနာဖိက်တွေဟာ မွတ်စ်လင်မ်တွေနဲ့ ပတ်သက်ပြီး အကောင်းနှစ်ခုထဲက တစ်ခုကို စောင့်မျှော်ကြတာဖြစ်တယ်။ အကောင်းတစ်ခုက - စစ်အောင်နိုင်ရင် ဂျိဟာဒ်ရဲ့ အကျိုးကုသိုလ်နဲ့ လက်ရ

ပစ္စည်းလည်းရမှာဖြစ်တယ်။ ဒါဟာ အကောင်းပဲဖြစ်တယ်။ နောက်တစ်ခုက စစ်ရှုံးလို့ အသက်ဆုံး ရှုံးရင် ရှဟီဒ်ဖြစ်ပြီး ဂျန္နသ်ကိုရောက်မယ်။ ဒါဟာလည်း အကောင်းပဲဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ اَنْفِقُوْا طَوْعًا اَوْ كَرْهًا لَّنْ يُّتَقَبَّلَ مِنْكُمْ ؕ اِنَّكُمْ كُنْتُمْ قَوْمًا فٰسِقِيْنَ ﴿٥٣﴾

(၅၃) (အို-တမန်တော်)အသင် ပြောလိုက်ပါ- အသင်တို့သည် ကြည်ဖြူစွာ သို့မဟုတ် မကြည်ဖြူဘဲလျက် လှူဒါန်းသုံးစွဲကြပါ။ ထိုသုံးစွဲမှုသည် (အလ္လာဟ်အရှင်မြတ်ထံတော်တွင်) အသင်တို့ထံမှ လက်ခံတော်မူခြင်း လုံးဝခံရမည်မဟုတ်ပေ။ (ထိုကဲ့သို့ဖြစ်ရခြင်းသည်) အမှန်မှာ အသင်တို့သည် (အမိန့်ကို) သွေဖည်ဆန့်ကျင်သောသူများဖြစ်ခြင်းကြောင့်ပင် ဖြစ်သည်။

وَمَا مَنَعَهُمْ اَنْ تُقْبَلَ مِنْهُمْ نَفَقٰتُهُمْ اِلَّاۤ اَنَّهُمْ كَفَرُوْا بِاللّٰهِ وَبِرَسُوْلِهٖ وَلَا يَاْتُوْنَ الصَّلٰوةَ اِلَّا وَهُمْ كُسَالٰى وَلَا يُنْفِقُوْنَ اِلَّا وَهُمْ كٰرِهُوْنَ ﴿٥٤﴾

(၅၄) ထို့ပြင် ထိုသူများထံမှ သူတို့၏အလှူပစ္စည်းများကို လက်ခံတော်မူရန် (မည်သည့်အရာကမျှ) တားမြစ်ခဲ့သည် မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်အား အမှန်ပင် သူတို့သည် သွေဖည်ခဲ့ကြသည်ကပင် (တားမြစ်ခဲ့ခြင်း ဖြစ်သည်)။ ထို့ပြင် သူတို့သည် စွလာသ်ဝတ်ပြုမှုကို ပျင်းရိလျက် ဆောက်တည်ကြရုံမက လှူဒါန်းမှုကိုလည်း မနှစ်မြို့ဘဲလျက် ပြုလုပ်ကြသည်။[၆]

[၆] မုနာဖိက်တွေရဲ့ အလှူတွေလက်မခံတာဟာ သူတို့ရဲ့ စိတ်ထဲမှာဖုံးထားတဲ့ ကုဖ်ရ်ငြင်းပယ်မှုကြောင့်ပဲဖြစ်တယ်။ အဲဒီကုဖ်ရ်ကြောင့်ပဲ သူတို့ဟာ ကောင်းမှုတွေလုပ်တာကို စိတ်မပါကြခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

فَلَا تُعْجِبْكَ اَمْوَالُهُمْ وَلَاۤ اَوْلَادُهُمْ ؕ اِنَّمَا يُرِيْدُ اللّٰهُ لِيُعَذِّبَهُمْ بِهَا فِى الْحَيٰوةِ الدُّنْيَا وَتَزْهَقَ اَنْفُسُهُمْ وَهُمْ كٰفِرُوْنَ ﴿٥٥﴾

(၅၅) သို့ဖြစ်ရာ ၎င်း(မုနာဖိက်)တို့၏ ပစ္စည်းဥစ္စာများနှင့်သူတို့၏သားသမီးများသည် အသင့်အား[၁] အံ့သြမှုမဖြစ်စေနှင့်။[၂] အလ္လာဟ်အရှင်မြတ်သည် ထိုပစ္စည်း၊ သားသမီးများနှင့် သူတို့ကို လောကီဘဝတွင် ပြစ်ဒဏ်ပေးရန်နှင့် သူတို့သည် ကာဖိရ်များဖြစ်ကြလျက် သူတို့၏အသက်များထွက်သွားရန်ပင် ရည်ရွယ်တော်မူခြင်းဖြစ်သည်။

[၁] ဒီအာယသ်တော်မှာ "အသင့်ကို" လို့ပြောတာဟာ တမန်တော် ﷺ တင်မက မွတ်စ်လင်မ်အားလုံးကို ဆိုလိုတယ်။(အလင်းပြကျမ်း) [၂] သူတို့ကို အရှင်မြတ်က ပစ္စည်းတွေပေးထားတာနဲ့ပတ်သက်ပြီး မအံ့သြကြဖို့ဖြစ်တယ်။ တကယ်တော့ အဲဒါတွေဟာ သူတို့အတွက် သုခမဖြစ်ဘဲ ဒုက္ခ၊

စမ်းသပ်မှုတွေပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَحْلِفُونَ بِاللَّهِ إِنَّهُمْ لَمِنكُمْ وَمَا هُم مِّنكُمْ وَلَٰكِنَّهُمْ قَوْمٌ يَفْرَقُونَ ﴿٥٦﴾

(၅၆) ထို့ပြင် သူတို့သည် အသင်တို့ထဲမှ မဟုတ်ကြပါဘဲလျက် အမှန်စင်စစ် သူတို့သည် အသင်တို့ထဲမှ အမှန်ပင် ဖြစ်ကြပါသည်ဟု အလ္လာဟ်အရှင်မြတ်အား တိုင်တည်ပြီး ကျိန်ဆိုကြသည်။❷ သို့ရာတွင် သူတို့သည် သတ္တိကြောင်သူများပင်ဖြစ်ကြသည်။

❷ သူတို့ရဲ့ ဟန်ဆောင်မှုတွေ၊ စိတ်ထဲမှာရှိတဲ့ ကုဖ်ရ်တွေပေါ်သွားမှာကြောက်တဲ့အတွက် ထွက်ပြေးစရာလည်း လမ်းမရှိတော့တဲ့အဆုံး မွတ်စ်လင်မ်တွေနဲ့ အတူတူဖြစ်တယ်လို့ လိမ်လည်ပြီး ကျိန်ဆိုထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

لَوْ يَجِدُونَ مَلْجَأً أَوْ مَغَارَاتٍ أَوْ مُدَّخَلًا لَّوَلَّوْا إِلَيْهِ وَهُمْ يَجْمَحُونَ ﴿٥٧﴾

(၅၇) အကယ်၍ သူတို့သည် ခိုကိုးရာနေရာတစ်စုံတစ်ခု သို့မဟုတ် လိုဏ်ခေါင်းများ၊ သို့မဟုတ် (ပုန်းရန်) နေရာတစ်နေရာရာကို တွေ့ရှိကြမည်ဆိုလျှင် သူတို့သည် ထိုနေရာသို့ တစ်ဟုန်ထိုး ပြေးလျက် လှည့်ဝင်သွားကြမည်ဖြစ်သည်။

وَمِنْهُم مَّن يَلْمِزُكَ فِي الصَّدَقَاتِ فَإِنْ أُعْطُوا مِنْهَا رَضُوا وَإِن لَّمْ يُعْطَوْا مِنْهَا إِذَا هُمْ يَسْخَطُونَ ﴿٥٨﴾

(၅၈) ထို့ပြင် သူတို့ထဲတွင် အသင့်အား အလှူပစ္စည်းများနှင့် ပတ်သက်၍ ကဲ့ရဲ့ရှုတ်ချသူများလည်း ရှိကြသေးသည်။ သို့ရှိရာ အကယ်၍ ထိုအလှူပစ္စည်းများထဲမှ သူတို့ရရှိခဲ့ကြလျှင် ကျေနပ်ကြသည်။ သို့ရာတွင် အကယ်၍ ထိုအလှူပစ္စည်းများထဲမှ သူတို့မရရှိခဲ့ကြလျှင်မူ ချက်ချင်းပင် ဒေါသထွက်ကြသည်။❸

❸ တချို့သူတွေဟာ သူတို့ပစ္စည်းရရှိရေးကိုပဲ ဦးစားပေး တောင်းဆိုကြတယ်။ သူတို့ဟာ မွတ်စ်လင်မ်ဖြစ်တယ်လို့ ကြွေးကြော်ထားတာတောင် မထောက်ထားကြတော့ဘူး။ မရရင်မကောင်းပြောကြတယ်။ ဒါဟာ မုအ်မင်န်တစ်ဦးရဲ့အရည်အချင်းမဟုတ်ဘူး။ (အလင်းပြကျမ်း)

وَلَوْ أَنَّهُمْ رَضُوا مَا آتَاهُمُ اللَّهُ وَرَسُولُهُ وَقَالُوا حَسْبُنَا اللَّهُ سَيُؤْتِينَا اللَّهُ مِن فَضْلِهِ وَرَسُولُهُ إِنَّا إِلَى اللَّهِ رَاغِبُونَ ﴿٥٩﴾

(၅၉) ထို့ပြင် အကယ်၍ အမှန်ပင် သူတို့သည် သူတို့အား အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်က ပေးတော်မူခဲ့သည်များအပေါ်တွင် ကျေနပ်ပြီး "ကျွန်ုပ်တို့အတွက် အလ္လာဟ်အရှင်မြတ်သည် လုံလောက်တော်မူပါ

သည်။၅ အလ္လာဟ်အရှင်မြတ်သည် မကြာမီ ကျွန်ုပ်တို့အား အရှင်မြတ်၏ကျေးဇူးတော်ထဲမှ ပေးသနားတော်မူမည်။ ၎င်းပြင် အရှင်မြတ်၏တမန်တော်သည်လည်း(ထပ်ပေးဦးမည်)၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ဘက်ကိုသာ ယိမ်းညွတ်သူများဖြစ်ကြပါသည်” ဟု ပြောဆိုခဲ့ကြလျှင် ကောင်းလေစွပင်ဖြစ်သည်။

၅ မုအ်မင်န်ရဲ့အရည်အချင်းဟာ အရှင်မြတ်နဲ့ အရှင့်ရစူလ် ပေးသမျှကို ကျေနပ်ရမယ်။ အရှင်မြတ်အပေါ်မှာ ယုံပုံလွှဲအပ်ထားရမယ်။ ရသမျှနဲ့ ရောင့်ရဲတင်းတိမ်နေရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّمَا الصَّدَقَاتُ لِلْفُقَرَاءِ وَالْمَسَاكِينِ وَالْعَامِلِينَ عَلَيْهَا وَالْمُؤَلَّفَةِ قُلُوبُهُمْ وَفِي الرِّقَابِ وَ
الْغَارِمِينَ وَفِي سَبِيلِ اللَّهِ وَابْنِ السَّبِيلِ ۖ فَرِيضَةً مِّنَ اللَّهِ ۗ وَاللَّهُ عَلِيمٌ حَكِيمٌ ﴿٦٠﴾

(၆၀) အမှန်စင်စစ် ဇကာသ်(ဆင်းရဲသားနှင့် လိုအပ်သူများ၏ဝေစု)သည် ဆင်းရဲသားများအတွက်၊ ပစ္စည်းမဲ့များအတွက်၊ ဇကာသ်ကိစ္စကို ဆောင်ရွက်သောအမှုထမ်းများအတွက်၊ (အစ္စလာမ်ကို နှစ်သက်ပြီး သာသနာထဲဝင်လာသော)သူများ၏ စိတ်များအား နှစ်သိမ့်စေရန်အတွက်၊ ကျေးကျွန်များအား ကျွန်ဘဝမှလွတ်မြောက်စေရန်အတွက်၊ အကြွေးထဲ၌ နစ်နေသူများအတွက်၊ အလ္လာဟ်အရှင်မြတ်၏လမ်းတော်အတွက်နှင့် (ဒုက္ခရောက်သည့်) ခရီးသည်များအတွက်ဖြစ်သည်။၆ (ဤသည်) အလ္လာဟ်အရှင်မြတ်ထံတော်မှ ပြဋ္ဌာန်းထားတော်မူသောပညတ်ချက်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

၆ ဒီအာယသ်မှာ စွဒကဟ်ဆိုတာ မလုပ်မနေရတာဝန်ဖြစ်တဲ့ ဇကာသ်ကို ခေါ်တယ်။ ဇကာသ်စားပိုင်ခွင့်ရှိတဲ့သူတွေဟာ (၈)ဦးဖြစ်တယ်။ (၁)ဖုကရာအ်ဆိုတာ တောင်းရမ်းမစားတဲ့ပစ္စည်းမဲ့ဆင်းရဲသားတွေကို ခေါ်တယ်။ (၂) မစာကီးန်ဆိုတာ တောင်းရမ်းစားတဲ့ ပစ္စည်းမဲ့ ဆင်းရဲသားတွေကို ခေါ်တယ်။ (၃) အာမိလီးန အလတ်စွဲစွဒကဟ်ဆိုတာ ဇကာသ်လိုက်လံကောက်ပေးဖို့ ခန့်ထားတဲ့ဝန်ထမ်းတွေကိုခေါ်တယ်။ သူတို့ရဲ့ လစာကို ဇကာသ်နဲ့ပေးနိုင်တယ်။ (၄)မုအလ္လဖသွလ်ကုလူဗ်ဆိုတာ အစ္စလာမ်ထဲဝင်မယ်လို့ မျှော်လင့်နိုင်သူတွေ၊ ဝင်ပြီး အီမာန်ခိုင်မြဲအောင်လုပ်ဖို့လိုအပ်သူတွေ၊ မွတ်စ်လင်မ်တွေအတွက် အကျိုးဖြစ်ထွန်းနိုင်သူတွေ၊ မွတ်စ်လင်မ်တွေကို ရန်ပြုမှုမှ လွတ်ကင်းအောင်လုပ်ဖို့လိုအပ်သူတွေ။(အသ်သဖ်စီရုလ်မုယတ်စွရ် ) (၅)ရိကာဗ်ဆိုတာ ကျေးကျွန်ကိုခေါ်တယ်။ အဲဒီကျွန်ကို ကျွန်ဘဝကလွတ်မြောက်အောင်ကူညီနိုင်တယ်။ (၆) ဂါရိမီန်ဆိုတာ ပြန်မဆပ်နိုင်ဘဲ ကြွေးတင်နေသူကိုခေါ်တယ်။ (၇)အလ္လာ့ဟ်လမ်းမှာထွက်ပြီးဂျိဟာဒ်လုပ်သူတွေကိုဆိုလိုတယ်။ တချို့က သာသနာ့ပညာသင်ယူနေတဲ့ ကျောင်းသားတွေကိုလည်းဆိုလိုတယ်လို့ ဖွင့်ဆိုတယ်။(မအာရိဖွလ် ကုရ်အာန်၊ မော်လာနာအိဒ်ရီးစ် တွဲ-၃၊ စာ- ၄၆၇မှ ၄၆၉ထိ အကျယ်ပါရှိ

တယ်။) (၈)အိပ်နစ်စဗီလ်ဆိုတာ ခရီးသွားရင်းနဲ့ ခရီးစရိတ်ပြတ်သွားသူကိုခေါ်တယ်။
(အလင်းပြကျမ်း)

وَمِنْهُمُ الَّذِيْنَ يُؤْذُوْنَ النَّبِيَّ وَيَقُوْلُوْنَ هُوَ اُذُنٌ ۗ قُلْ اُذُنُ خَيْرٍ لَّكُمْ يُؤْمِنُ بِاللّٰهِ وَيُؤْمِنُ لِلْمُؤْمِنِيْنَ وَرَحْمَةٌ لِّلَّذِيْنَ اٰمَنُوْا مِنْكُمْ ۗ وَالَّذِيْنَ يُؤْذُوْنَ رَسُوْلَ اللّٰهِ لَهُمْ عَذَابٌ اَلِيْمٌ ﴿٦١﴾

(၆၁) ထို့ပြင် သူတို့ထဲတွင် အချို့သူများသည် တမန်တော်မြတ်အား စိတ်ဒုက္ခပေးကြသည်။ ၎င်းပြင် တမန်တော်သည် (မည်သည့်စကားမဆို)နား ထောင်(ပြီး ယုံ)လေ့ရှိသည်ဟု ပြောဆိုကြသည်။❼ (အို-တမန်တော်) အသင် ပြောလိုက်ပါ- ငါသည် အသင်တို့နှင့်ပတ်သက်၍ ကောင်းသည်ကိုသာ နား ထောင်လေ့ရှိသည်။ အလ္လာဟ်အရှင်မြတ်ကို ယုံသည်။ မုအ်မင်န်ယုံကြည်သော သူများကိုလည်း (သူတို့ပြောသော သတင်းစကားနှင့်ပတ်သက်၍) ယုံကြည် ထောက်ခံသည်။ ၎င်းပြင် အသင်တို့ထဲမှ ယုံကြည်သူများအတွက် သနားကရုဏာ လည်းဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏တမန်တော်အား စိတ်ဒုက္ခပေးကြ သောသူများအတွက် အလွန်နာကျင်စေသော ပြစ်ဒဏ်ရှိသည်။

❼ မွတ်စ်လင်မ်တွေရဲ့အကျိုးကို ငဲ့ညှာပြီး နားထောင်ခဲ့ခြင်းသာဖြစ်တယ်။
(သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

يَحْلِفُوْنَ بِاللّٰهِ لَكُمْ لِيُرْضُوْكُمْ ۚ وَاللّٰهُ وَرَسُوْلُهٗٓ اَحَقُّ اَنْ يُّرْضُوْهُ اِنْ كَانُوْا مُؤْمِنِيْنَ ﴿٦٢﴾

(၆၂) အကယ်၍ သူတို့သည် မုအ်မင်န်ယုံကြည်သူများ ဖြစ်ကြလျှင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်သည် သူတို့၏ကျေနပ်အောင် လုပ်သည်ကို ပို၍ပင် ခံထိုက်တော်မူပါလျက် သူတို့သည် အသင်တို့ကိုသာ ကျေ နပ်စေရန်အတွက် အလ္လာဟ်အရှင်မြတ်ကို တိုင်တည်ပြီးကျိန်ဆိုကြသည်။❶

❶ မုနာဖိက်တွေဟာ သူတို့မဟုတ်တာတွေ ပြုလုပ်ပြောဆိုပြီးသွားရင် မွတ်စ်လင်မ်တွေရဲ့ ရှေ့မှာ သူတို့မလုပ်ရပါဘူး၊ မပြောရပါဘူးလို့ ကျိန်ဆိုပြီး မွတ်စ်လင်မ်တွေကို အယုံသွင်း ကျေနပ်အောင် လုပ်ဖို့ပြောဆိုကြတယ်။ အမှန်တကယ်ပဲ သူတို့ကျိန်ဆိုပြောသလိုသာ သူတို့စိတ်ထဲမှာ ယုံကြည် ချက်ရှိရင် အရှင်မြတ်နဲ့ တမန်တော်ကိုစွန့်ပြီး အခြားသူတွေကို ကျေနပ်အောင် လုပ်မှာမဟုတ်ဘူး ဆိုတာ ထင်ရှားပြီးဖြစ်တယ်။ (အသ်သဖ်စီရွလ်မုယတ်စရ်)

اَلَمْ يَعْلَمُوْٓا اَنَّهٗ مَنْ يُّحَادِدِ اللّٰهَ وَرَسُوْلَهٗ فَاَنَّ لَهٗ نَارَ جَهَنَّمَ خَالِدًا فِيْهَا ۗ ذٰلِكَ الْخِزْيُ الْعَظِيْمُ ﴿٦٣﴾

(၆၃) အမှန်စင်စစ် မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်ကို ဆန့်ကျင်လျှင် အမှန်ပင် ထိုသူ့အတွက် ငရဲမီးပင်ရှိပြီး ၎င်း(ငရဲမီး) ထဲ၌ အမြဲနေရမည်ကို ယင်း(မုနာဖိက်)တို့သည် မသိကြသေးသလော။❷ ၎င်း

သည့် ကြီးကျယ်သော သေးသိမ်မှုပင်❸ ဖြစ်သည်။

❶ တမန်တော်မြတ် ﷺ ဟာ သူတို့ အဲဒီလို အရှုံးရမဲ့အကြောင်းကို အမြဲဆိုဆုံးမလျက်ရှိခဲ့ပေမဲ့ သူတို့ဟာ ဂရုမစိုက် နားမထောင်တဲ့အပေါ်မှာ အဲဒီလောက်တောင် သူတို့မသိသလိုဖြစ်သွားခဲ့တယ်။ (အလင်းပြကျမ်း) ❷ မုနာဖိက်တွေဟာ မွတ်စ်လင်မ်တွေရဲ့ရှေ့မှာ အရှုံးရမှာစိုးလို့ အယောင်ဆောင်ခဲ့ကြတယ်။ အယောင်ဆောင်မှုနဲ့နောက်ဆုံး ငရဲမီးထဲမှာ အမြဲနေရမှာဖြစ်တဲ့အတွက် အမြဲအရှုံး ရနေရတော့မှာဖြစ်တယ်။ (အလင်းပြကျမ်း)

يَحْذَرُ الْمُنٰفِقُوْنَ اَنْ تُنَزَّلَ عَلَيْهِمْ سُوْرَةٌ تُنَبِّئُهُمْ بِمَا فِىْ قُلُوْبِهِمْ ؕ قُلِ اسْتَهْزِءُوْا ۚ اِنَّ اللّٰهَ مُخْرِجٌ مَّا تَحْذَرُوْنَ ﴿٦٤﴾

(၆၄) မုနာဖိက်များသည် ထို(ယုံကြည်)သူများအပေါ်တွင် သူတို့၏ စိတ်နှလုံးများထဲ၌ရှိသည်များကို ထိုယုံကြည်သူများအား သိစေသော စူရဟ် ကဏ္ဍတစ်စုံတစ်ခု ချပေးခြင်းခံရမည်ကို စိုးရိမ်နေကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ-“အသင်တို့သည် ပြောင်လှောင်နေကြပါ၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ စိုးရိမ်နေကြသည်ကို ထုတ်ဖော်တော်မူမည့်အရှင်မြတ် ဖြစ်တော်မူသည်။”

وَلَئِنْ سَاَلْتَهُمْ لَيَقُوْلُنَّ اِنَّمَا كُنَّا نَخُوْضُ وَنَلْعَبُ ؕ قُلْ اَبِاللّٰهِ وَاٰيٰتِهٖ وَرَسُوْلِهٖ كُنْتُمْ تَسْتَهْزِءُوْنَ ﴿٦٥﴾

(၆၅) ထို့ပြင် အကယ်၍ အသင်(တမန်တော်)သည် သူတို့အား မေးမြန်းခဲ့လျှင် အမှန်စင်စစ် သူတို့က “ကျွန်ုပ်တို့သည် မည်သည့်အရာကိုမျှ မရည်ရွယ်ဘဲပြောနေကြခြင်းနှင့် ရယ်စရာပြောနေကြခြင်းသာ ဖြစ်ကြပါသည်”ဟုပြောဆိုကြမည်။ (အို-တမန်တော်)အသင်ပြောလိုက်ပါ-“အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ အာယသ်တော်များသာမက အရှင်မြတ်၏တမန်တော်ကိုပါ ပြက်ရယ်ပြောင်လှောင်နေကြသလော။❸”

❸ အရှင်မြတ်၊ တမန်တော်၊ အစ္စလာမ်နဲ့ ကုရ်အာန်တို့ကို ပြောင်လှောင်ရင် စိတ်လိုက်မာန်ပါပဲဖြစ်စေ၊ အလကား ရယ်စရာ ပြောင်လှောင်တဲ့ သဘောပဲဖြစ်စေ ပြောင်လှောင်ခြင်းဟာ ကုဖ်ရ်ဖြစ်တယ်။ (အလင်းပြကျမ်း)

لَا تَعْتَذِرُوْا قَدْ كَفَرْتُمْ بَعْدَ اِيْمَانِكُمْ ؕ اِنْ نَّعْفُ عَنْ طَآئِفَةٍ مِّنْكُمْ نُعَذِّبْ طَآئِفَةًۢ بِاَنَّهُمْ كَانُوْا مُجْرِمِيْنَ ﴿٦٦﴾

(၆၆) အသင်တို့သည် အကြောင်းမပြကြလေနှင့်။ အမှန်စင်စစ် အသင်တို့သည် အသင်တို့ အီမာန်ယုံကြည်(သည်ကို ထုတ်ဖော်ပြောဆို)ပြီးနောက် သွေဖည်ငြင်းပယ်ခဲ့ကြသည်။ အကယ်၍ ငါအရှင်မြတ်သည် အသင်တို့ထဲမှ လူ

တစ်စုကို ခွင့်လွှတ်တော်မူလျှင်လည်း အခြားလူတစ်စုကိုမူ အမှန်စင်စစ် သူတို့သည် ပြစ်မှုထင်ရှားသောသူများဖြစ်ခြင်းကြောင့် ပြစ်ဒဏ်ပေးတော်မူမည်ပင်ဖြစ်သည်။❶

❶ တချို့ မုနာဖိက်တွေဟာ စိတ်ရင်းနဲ့ အမြင်မှန်ရလာပြီး သော၀်ဗဟ်ပြုလုပ်ကာ အစ္စလာမ်ရဲ့ ဘောင်ထဲမှာ နေသွားကြတယ်။ အဲဒီသူတွေကို အရှင်မြတ်ဟာ ခွင့်လွှတ်တော်မူမှာဖြစ်ပြီး အမြဲအယောင်ဆောင်နေတဲ့ လူတစ်စုကိုတော့ ခွင့်လွှတ်တော်မူမှာ မဟုတ်ဘူး။ (အလင်းပြကျမ်း)

اَلۡمُنٰفِقُوۡنَ وَ الۡمُنٰفِقٰتُ بَعۡضُهُمۡ مِّنۡۢ بَعۡضٍ ۘ يَاۡمُرُوۡنَ بِالۡمُنۡكَرِ وَ يَنۡهَوۡنَ عَنِ الۡمَعۡرُوۡفِ وَ يَقۡبِضُوۡنَ اَيۡدِيَهُمۡ ‌ؕ نَسُوا اللّٰهَ فَنَسِيَهُمۡ ‌ؕ اِنَّ الۡمُنٰفِقِيۡنَ هُمُ الۡفٰسِقُوۡنَ ﴿٦٧﴾

(၆၇) မွတ်စ်လင်မ်အယောင်ဆောင်ယောကျ်ားများနှင့် အယောင်ဆောင်မိန်းမများမှာမူ ၎င်းတို့၏အချို့သည် အချို့ထဲမှပင်ဖြစ်ကြသည်(တစ်မျိုးတည်းပင်ဖြစ်ကြသည်)။ သူတို့သည် စက်ဆုပ်ဖွယ်ရာကို အမိန့်ပေးကြပြီး ကောင်းမှုမှ တားဆီးကြသည်။ ၎င်းပြင် သူတို့သည် (အရှင်မြတ်၏လမ်းတွင် မသုံးစွဲဘဲ)သူတို့၏လက်များကို ဆုပ်ထားကြသည်။❻ သူတို့သည် အလ္လာဟ်အရှင်မြတ်အား မေ့လျော့ခဲ့သည့်အတွက် အရှင်မြတ်ကလည်း သူတို့ကို မေ့တော်မူထားလိုက်ခဲ့သည်။❼ အမှန်စင်စစ် မုနာဖိက်များသည် အမိန့်ကို သွေဖည်ငြင်းပယ်သူများပင်ဖြစ်ကြသည်။

❻ အဲဒီအမြဲအယောင်ဆောင်မှုမှာပဲ နေတဲ့သူတွေဟာ အစ္စလာမ်ရဲ့ကောင်းကျိုးအတွက်ရော၊ မွတ်စ်လင်မ်တွေရဲ့ ကောင်းကျိုးအတွက်ပါ သုံးစွဲခြင်းမရှိကြဘဲ လက်ကို ဆုပ်ထားကြတယ်။ (အသ်သဖ်စီရွလ်မုယတ်စရ်၊ ဂျလာလိုင်န်) ❼ အရှင်မြတ်အတွက် သူတို့ဟာ ကောင်းမှု ဘာမှပြုလုပ်ခဲ့ခြင်းမရှိတာဟာ အရှင်မြတ်ကို မေ့ထားသလိုပြုမူခဲ့ခြင်းဖြစ်တဲ့အတွက် အရှင်မြတ်ကလည်း သူတို့ကို မေ့ထားလိုက်ခြင်းဖြစ်တယ်။ အရှင်မြတ်က ဘယ်လိုမေ့ထားလဲဆိုတာ လာမဲ့အာယသ်တော်တွေမှာ ဖော်ပြထားတယ်။ (အလင်းပြကျမ်း)

وَعَدَ اللّٰهُ الۡمُنٰفِقِيۡنَ وَالۡمُنٰفِقٰتِ وَالۡكُفَّارَ نَارَ جَهَنَّمَ خٰلِدِيۡنَ فِيۡهَا ‌ؕ هِىَ حَسۡبُهُمۡ‌ ۚ وَلَعَنَهُمُ اللّٰهُ‌ ۚ وَلَهُمۡ عَذَابٌ مُّقِيۡمٌۙ ﴿٦٨﴾

(၆၈) အလ္လာဟ်အရှင်မြတ်သည် မုနာဖိက်ယောကျ်ားများ၊ မုနာဖိကဟ်မိန်းမများနှင့် ကာဖိရ်များအား ဂျဟန္နမ်ငရဲမီးကို ကတိပြုထားတော်မူခဲ့သည်။ သူတို့သည် ထိုငရဲမီးထဲတွင် အမြဲနေကြရမည်။ ထိုငရဲမီးသည် သူတို့အား(ပြစ်ဒဏ်)ပေးရန် လုံလောက်သည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့အား သနားကရုဏာတော်မှ ကင်းဝေးစေတော်မူမည်။ ထို့ပြင် သူတို့အတွက် အမြဲတည်တံ့သောပြစ်ဒဏ်သည်လည်း ရှိဦးမည်ဖြစ်သည်။

كَالَّذِيْنَ مِنْ قَبْلِكُمْ كَانُوْٓا اَشَدَّ مِنْكُمْ قُوَّةً وَّ اَكْثَرَ اَمْوَالًا وَّ اَوْلَادًا ۭ فَاسْتَمْتَعُوْا
بِخَلَاقِهِمْ فَاسْتَمْتَعْتُمْ بِخَلَاقِكُمْ كَمَا اسْتَمْتَعَ الَّذِيْنَ مِنْ قَبْلِكُمْ بِخَلَاقِهِمْ وَخُضْتُمْ كَالَّذِيْ
خَاضُوْا ۭ اُولٰۤىِٕكَ حَبِطَتْ اَعْمَالُهُمْ فِي الدُّنْيَا وَالْاٰخِرَةِ ۚ وَاُولٰۤىِٕكَ هُمُ الْخٰسِرُوْنَ ﴿٦٩﴾

(၆၉) (အသင်တို့၏အခြေအနေသည်) အသင်တို့မတိုင်မီက ရှိခဲ့ကြဖူးသောသူများကဲ့သို့ ဖြစ်သည်။ သူတို့သည် အသင်တို့ထက် အင်အားပိုပြင်းထန်ကြသည့်အပြင် ပစ္စည်းဉစ္စာများနှင့် သားသမီးများအားဖြင့်လည်း အလွန်များပြားခဲ့ကြသည်။ သို့ဖြစ်ရာ သူတို့သည် သူတို့၏ဝေစုဝေပုံဖြင့် အကျိုးခံစားခဲ့ကြသည်။ ထို့နောက် အသင်တို့သည် အသင်တို့မတိုင်မီ ရှိခဲ့ကြဖူးသောသူများက သူတို့၏ဝေစုဝေပုံဖြင့် အကျိုးခံစားခဲ့ကြသကဲ့သို့ပင် အသင်တို့လည်း အသင်တို့၏ဝေစုဝေပုံဖြင့် အကျိုးခံစားခဲ့ကြပြီဖြစ်သည်။ ထို့ပြင် သူတို့သည် မကောင်းမှုများထဲဝင်ရောက်ပြောဆိုခဲ့ကြသကဲ့သို့ အသင်တို့လည်း မကောင်းမှုများထဲ ဝင်ရောက်ပြောဆိုခဲ့ကြသည်။ ထိုသူများ၏လုပ်ရပ်များသည် လောကီဘဝနှင့် တမလွန်ဘဝတွင် အကျိုးမဲ့ဖြစ်ခဲ့ကြပြီ ဖြစ်သည်။ ထို့ပြင် ထိုသူများပင် ပျက်စီးဆုံးရှုံးသူများဖြစ်ကြသည်။❶

❶ အရင်ကအုပ်စုတွေဟာ အင်အားတွေလည်းကြီး၊ သားသမီးတွေလည်းများ၊ ပစ္စည်းတွေလည်း ပေါပါလျက်နဲ့ လောကီစည်းစိမ်ချမ်းသာထဲမှာပဲ နစ်မွန်းနေခဲ့ကြတဲ့အပေါ်မှာ ပျက်စီးသွားခဲ့ကြသလို သူတို့နည်းလမ်းအတိုင်းလိုက်တဲ့ မုနာဖိက်အယောင်ဆောင်တွေဟာလည်း သူတို့လိုပဲ ပျက်စီးသွားကြမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

اَلَمْ يَاْتِهِمْ نَبَاُ الَّذِيْنَ مِنْ قَبْلِهِمْ قَوْمِ نُوْحٍ وَّعَادٍ وَّثَمُوْدَ ۙ وَقَوْمِ اِبْرٰهِيْمَ وَاَصْحٰبِ مَدْيَنَ وَ
الْمُؤْتَفِكٰتِ ۭ اَتَتْهُمْ رُسُلُهُمْ بِالْبَيِّنٰتِ ۚ فَمَا كَانَ اللّٰهُ لِيَظْلِمَهُمْ وَلٰكِنْ كَانُوْٓا اَنْفُسَهُمْ يَظْلِمُوْنَ ﴿٧٠﴾

(၇၀) ၎င်း(မုနာဖိက်)တို့ထံသို့ သူတို့ မတိုင်မီရှိခဲ့ကြသောသူများ၏ (ပျက်စီးမှု)သတင်း၊ (ဥပမာ- တမန်တော်)နူးဟ်၏ အမျိုးသားများ၏သတင်း၊ အာဒ်အမျိုးသားများ၏ သတင်း၊ ဆမူဒ်အမျိုးသားများ၏ သတင်း၊ (တမန်တော်) အိဗ်ရာဟီမ်၏အမျိုးသားများ၏ သတင်း၊ မဒ်ယန်မြို့သားများ၏ သတင်း၊ ထက်အောက်ပြောင်းပြန်ဖြစ်ပြီး ပျက်စီးသွားခဲ့သောမြို့များ၊ ရွာများ၏ သတင်းများသည် မရောက်ရှိခဲ့သလော။ သူတို့ထံသို့ သူတို့၏တမန်တော်များသည် ထင်ရှားသော သက်သေလက္ခဏာများနှင့်တကွ ရောက်ရှိလာခဲ့ကြသည်။ (သို့ရာတွင် သူတို့သည် ငြင်းပယ်ခဲ့ကြသည့်အတွက် ပျက်စီးခဲ့ကြသည်၊) ထို့နောက် အလ္လာဟ်အရှင်မြတ်သည် (ဤပျက်စီးမှု၌) သူတို့အား မတရားနှိပ်စက်တော်မူသည် မဟုတ်ပေ။

သို့ရာတွင် သူတို့ကိုယ်တိုင် သူတို့ကိုယ်သူတို့ နှိပ်စက်ခဲ့ကြခြင်းပင်ဖြစ်သည်။

وَالْمُؤْمِنُوْنَ وَالْمُؤْمِنٰتُ بَعْضُهُمْ اَوْلِيَآءُ بَعْضٍ ۘ يَاْمُرُوْنَ بِالْمَعْرُوْفِ وَيَنْهَوْنَ عَنِ الْمُنْكَرِ وَيُقِيْمُوْنَ الصَّلٰوةَ وَيُؤْتُوْنَ الزَّكٰوةَ وَيُطِيْعُوْنَ اللّٰهَ وَرَسُوْلَهٗ ؕ اُولٰٓئِكَ سَيَرْحَمُهُمُ اللّٰهُ ؕ اِنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ ﴿٧١﴾

(၇၁) ထို့ပြင် မုအ်မင်နိယုံကြည်သော ယောကျ်ားများနှင့် မုအ်မိနဟ်ယုံကြည်သော မိန်းမများသည်လည်း အချင်းချင်း တစ်ဦးနှင့်တစ်ဦး အဆွေခင်ပွန်းများဖြစ်ကြသည်။ သူတို့သည် ကောင်းသည်ကို အမိန့်ပေးကြသည်။ ၎င်းပြင် စက်ဆုပ်ဖွယ်ရာမှ တားမြစ်ကြသည်။ ထို့ပြင် သူတို့သည် စွဲမြဲစွာ စွလာသ်ဝတ်ပြုကြသည်။ ၎င်းပြင် သူတို့သည် ဇကာသ် (ဆင်းရဲသားနှင့် လိုအပ်သူများ၏ဝေစု) ကိုလည်း ပေးဆောင်ကြသည်။ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များနှင့် အရှင့်တမန်တော်၏ အမိန့်တော်များကို လိုက်နာကြသည်။ ထိုသူများသည် အကြင်သူများပင်၊ အလ္လာဟ်အရှင်မြတ်သည် ထိုသူများကို မကြာမီ သနားကရုဏာပြုတော်မူမည်။❶ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။❷

❶ မုနာဖိက်တွေဟာ အရှင်မြတ်ရဲ့အမိန့်တော်တွေကို ဖီဆန်တဲ့အတွက် အရှင်မြတ်ရဲ့သနားကရုဏာတော်နဲ့ကင်းဝေးပြီး အီမာန်ယုံကြည်သူတွေကတော့ အရှင်မြတ်နဲ့ အရှင့်တမန်တော်အမိန့်တွေကို လိုက်နာကြတဲ့အတွက် အရှင်မြတ်ရဲ့သနားကရုဏာတော်ကို ရရှိကြမှာ ဖြစ်တယ်။ (အလင်းပြကျမ်း) ❷ အရှင်မြတ်ဟာ တန်ခိုးတော်နဲ့ ပြည့်စုံတော်မူတဲ့အတွက် အကျိုးအပြစ်တွေကို ထိုက်တန်သလို ပေးနိုင်စွမ်းရှိတော်မူတယ်။ (အလင်းပြကျမ်း)

وَعَدَ اللّٰهُ الْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا وَمَسٰكِنَ طَيِّبَةً فِيْ جَنّٰتِ عَدْنٍ ؕ وَرِضْوَانٌ مِّنَ اللّٰهِ اَكْبَرُ ؕ ذٰلِكَ هُوَ الْفَوْزُ الْعَظِيْمُ ﴿٧٢﴾

(၇၂) အလ္လာဟ်အရှင်မြတ်သည် မုအ်မင်နိယုံကြည်သော ယောကျ်ားများ၊ မုအ်မိနဟ်ယုံကြည်သော မိန်းမများကို အကြင်ဥယျာဉ်များကို (ပေးတော်မူရန်) ကတိပြုထားတော်မူခဲ့သည်။ ၎င်း(ဥယျာဉ်များ)၏အောက်မှ စမ်းရေချောင်းများ စီးဆင်းလျက်ရှိသည်။ သူတို့သည် ၎င်း(ဥယျာဉ်များ)တွင် အမြဲနေကြရမည်။ ထို့ပြင် အမြဲတည်တံ့သောဥယျာဉ်များတွင် ကောင်းမွန်စင်ကြယ်သော ဗိမာန်များကို (ပေးတော်မူရန်)လည်း (ကတိပြုထားတော်မူခဲ့သည်)။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်မှုကမူ အကြီးကျယ်ဆုံးပင်❸ ဖြစ်သည်။ ၎င်း(ကဲ့သို့ အရှင်

မြတ်၏အသင့် ပြင်ဆင်ပေးမှု)သည် ကြီးကျယ်သော အောင်မြင်မှုဖြစ်သည်။

❻ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူခဲ့တယ် - ဂျန္နသ်သုခဘုံသားတွေဟာ ဂျန္နသ်ထဲကိုဝင်ကြတဲ့အခါ အလ္လာဟ်အရှင်မြတ်က မေးမြန်းတော်မူမယ် - "အသင်တို့ဟာ အခြားတစ်ခုခု အလိုရှိကြသေးသလော၊ ငါအရှင်မြတ်ဟာ အသင်တို့ကို ထပ်ပြီးချီးမြှင့်တော်မူမယ်။" အဲဒီအခါ သုခဘုံသားတွေက လျှောက်ထားကြမယ် - "အို - ကျွန်ုပ်တို့ရဲ့အရှင်၊ ကျွန်ုပ်တို့ကို အရှင်မြတ် ပေးသနားထားတာထက် ပိုကောင်းတဲ့အရာဟာ ဘယ်အရာပါလဲ။" အဲဒီအခါ အလ္လာဟ်အရှင်မြတ်က အမိန့်ရှိတော်မူမယ် - "ငါရဲ့ကျေနပ်မှုဟာ အကြီးဆုံး၊ အကောင်းဆုံး၊ အမြင့်မြတ်ဆုံး ဖြစ်တယ်။" (အိဗ်နုကဆီးရ်)

يَٰٓأَيُّهَا ٱلنَّبِىُّ جَٰهِدِ ٱلْكُفَّارَ وَٱلْمُنَٰفِقِينَ وَٱغْلُظْ عَلَيْهِمْ ۚ وَمَأْوَىٰهُمْ جَهَنَّمُ ۖ وَبِئْسَ ٱلْمَصِيرُ ﴿٧٣﴾

(၇၃) အို - တမန်တော်၊ အသင်သည် ကာဖိရ်များနှင့် မုနာဖိက်များကို ဂျိဟာဒ်ပြုလုပ်ပါ။❶ ထို့ပြင် သူတို့အပေါ်တွင် အသင်သည် ပြင်းထန်ကျပ်တည်းမှုကို ပြုလုပ်ပါ။ ထို့ပြင် သူတို့၏ ခိုကိုးရာဌာနသည် ဂျဟန္နမ်ငရဲဘုံပင် ဖြစ်သည်။ ထို့ပြင် ပြန်လှည့်ရာစခန်းသည် အဘယ်မျှ ဆိုးရွားလိုက်သနည်း။

❶ ဂျိဟာဒ်ရဲ့မူရင်းအဓိပ္ပာယ်ဟာ အစွမ်းကုန်ကြိုးပမ်းအားထုတ်ခြင်းဖြစ်တယ်။ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ဖို့နဲ့ ကာကွယ်ဖို့အတွက် စစ်တိုက်တဲ့ ပုံစံနဲ့လည်း ဖြစ်နိုင်တယ်။ နှုတ်နဲ့ ဖိတ်ခေါ်မှု၊ သင်ကြားပို့ချမှု၊ ဆွေးနွေးတင်ပြမှုရဲ့ပုံစံနဲ့လည်းဖြစ်နိုင်တယ်။ အဲဒီအဓိပ္ပာယ်အရ ကာဖိရ်တွေကို လက်နက်နဲ့ မုနာဖိက်တွေကို အခြားအရာတွေနဲ့ တိုက်ခိုက်ပါလို့ ဆိုလိုတယ်။ (အာစားန်သရ်ဂျူမဟ်) ရာဂိဗ်ကျမ်းမှာ အခုလိုဖွင့်ဆိုထားတယ် - ဂျိဟာဒ်ဟာ သုံးမျိုးသုံးစားရှိတယ် - (၁) ရန်သူနဲ့အစွမ်းကုန်တိုက်ခိုက်ခြင်း၊ (ကုရ်အာန် - ၂၂း၇၈) (၂) ရှိုင်သွာန်နဲ့ အစွမ်းကုန်တိုက်ခိုက်ခြင်း၊ (ကုရ်အာန် ၉း၄၁) (၃) ကိုယ့်စိတ်ကို အစွမ်းကုန်တိုက်ခိုက်ခြင်း (ကုရ်အာန် - ၈း၇၂)။ တမန်တော်မြတ် ﷺ က မိန့်တော်မူတယ် - "အသင်တို့ရဲ့ရန်သူတွေကို အစွမ်းကုန်တိုက်ခိုက်ကြသလို အသင်တို့ရဲ့စိတ်အလိုဆန္ဒတွေကိုလည်း အစွမ်းကုန်ဆန့်ကျင်တိုက်ခိုက်ကြပါ။"

(အလ်မနာရ်၊ ဟက်ကီ ၊ ရူဟွလ်ဗယာန်၊ ကာမိလ်)

((والجِهَاد ثلاثة أضرب: - مجاهدة العدو الظاهر. - ومجاهدة الشيطان. - ومجاهدة النفس. وتدخل ثلاثتها في قوله تعالى: وَجَاهِدُوا فِي اللهِ حَقَّ جِهَادِهِ (الحج / ٧٨)، وَجَاهِدُوا بِأَمْوَالِكُمْ وَأَنْفُسِكُمْ فِي سَبِيلِ اللهِ (التوبة / ٤١)، إِنَّ الَّذِينَ آمَنُوا وَهَاجَرُوا وَجَاهَدُوا بِأَمْوَالِهِمْ وَأَنْفُسِهِمْ فِي سَبِيلِ اللهِ (الأنفال / ٧٢)، وقال صلّى الله عليه وسلم: «جاهدوا أهواءكم كما تجاهدون أعداءكم». والمجاهدة تكون باليد واللسان، قال صلّى الله عليه وسلم «جاهدوا الكفار بأيديكم وألسنتكم» وَعِنْدَ التِّرْمِذِيِّ الْمُجَاهِدُ مَنْ جَاهَدَ نَفْسَهُ وَحَدِيثِ أَبِي ذَرٍّ عِنْدَ ابْنِ النَّجَّارِ أَفْضَلُ الْجِهَادِ أَنْ يُجَاهِدَ الرَّجُلُ نَفْسَهُ وَهَوَاهُ))

مفردات القرآن للراغب وللمراغى، تفسير المنار، تفسير حقى، روح البيان، الكامل.

(အလင်းပြကျမ်း)

يَحْلِفُونَ بِٱللَّهِ مَا قَالُوا۟ وَلَقَدْ قَالُوا۟ كَلِمَةَ ٱلْكُفْرِ وَكَفَرُوا۟ بَعْدَ إِسْلَٰمِهِمْ وَهَمُّوا۟ بِمَا لَمْ يَنَالُوا۟ ۚ وَمَا نَقَمُوٓا۟ إِلَّآ أَنْ أَغْنَىٰهُمُ ٱللَّهُ وَرَسُولُهُۥ مِن فَضْلِهِۦ ۚ فَإِن يَتُوبُوا۟ يَكُ خَيْرًا لَّهُمْ ۖ وَإِن يَتَوَلَّوْا۟ يُعَذِّبْهُمُ ٱللَّهُ عَذَابًا أَلِيمًا فِى ٱلدُّنْيَا وَٱلْءَاخِرَةِ ۚ وَمَا لَهُمْ فِى ٱلْأَرْضِ مِن وَلِىٍّ وَلَا نَصِيرٍ ﴿٧٤﴾

(၇၄) သူတို့သည် အလ္လာဟ်အရှင်မြတ်အား တိုင်တည်ပြီး သူတို့သည်

(ထိုစကားကို) မပြောဆိုခဲ့ပါဟု❷ ကျိန်ဆိုကြသည်။ အမှန်စင်စစ် သူတို့သည် ကုဖ်ရ်ဖြင်းပယ်သောစကားကို အမှန်ပင် ပြောဆိုခဲ့ကြသည်။ ၎င်းပြင် သူတို့သည် သူတို့၏အစ္စလာမ်(ကို လက်ခံပြီး)နောက်တွင် ကုဖ်ရ်ငြင်းပယ်မှု ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် သူတို့သည် မအောင်မြင်နိုင်သော ကိစ္စရပ်တစ်ခုကိုလည်း ပြုလုပ်ရန် ကြံရွယ်ခဲ့ကြသည်။❸ ၎င်းပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့်အရှင့်တမန်တော်က အရှင်မြတ်၏ကျေးဇူးတော်ဖြင့် သူတို့ကို ချမ်းသာကြွယ်ဝအောင်လုပ်သည်ကိုပင် တုံ့ပြန်လက်စားချေသည်မှလွဲ၍ အခြားမည်သည့်အရာကိုမျှ တုံ့ပြန်လက်စားချေခဲ့ကြသည်မဟုတ်ပေ။❹ ထို့နောက် အကယ်၍ သူတို့သည် ဝန်ချတောင်းပန်ကြလျှင် သူတို့အတွက်ပင် အကောင်းဆုံးဖြစ်မည်။ ၎င်းပြင် အကယ်၍ သူတို့သည် မျက်နှာလွှဲကျောခိုင်းသွားကြလျှင်၊ အလ္လာဟ်အရှင်မြတ်သည် သူတို့အား ဤလောကီဘဝနှင့် တမလွန်ဘဝတွင် အလွန်နာကျင်စေသော ပြစ်ဒဏ်ကို ပေးတော်မူမည်။ ထို့ပြင် သူတို့အတွက် ကမ္ဘာမြေတွင် မိတ်ဆွေနှင့် ကူညီမည့်သူမည်သူမျှ ရှိမည်မဟုတ်ပေ။

❷ မုနာဖိက်တွေဟာ တမန်တော်မြတ် ﷺ ကိုရော သာသနာကိုပါ နောက်ကွယ်မှာ မကောင်းပြောလေ့ရှိခဲ့ကြတယ်။ ပြီးတော့ သူတို့ဟာ မျက်နှာချင်းဆိုင်တွေ့ရင်တော့ အဲဒီလိုမပြောပါဘူးလို့ ငြင်းဆိုလေ့ရှိကြတယ်။ (အလင်းပြကျမ်း) ❸ သဗူက်စစ်ပွဲကအပြန်မှာ တမန်တော်မြတ် ﷺ ဟာ တောင်ကြားလမ်းတစ်ခုမှာ သွားနေခိုက် မုနာဖိက် ၁၂ ဦးဟာ တမန်တော်မြတ် ﷺ ကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားခဲ့ကြပေမဲ့ မအောင်မြင်ခဲ့ဘူး။ အဲဒါကို ရည်ညွှန်းမိန့်ဆိုထားတာ ဖြစ်တယ်။ (အလင်းပြကျမ်း) ❹ တမန်တော်မြတ် ﷺ ရဲ့ ဆုတောင်းပေးမှုကြောင့် အချို့ မုနာဖိက်တွေဟာ ကြွယ်ဝချမ်းသာသွားခဲ့ကြတယ်။ အဲဒါကို ကျေးဇူးတင်ကြရမဲ့အစား သစ္စာဖောက်ခဲ့ကြတယ်။ ရန်သူလိုလုပ်ခဲ့ကြတယ်။ အဲဒါတွေဟာ သူတို့ကို ကောင်းကောင်းကျေးဇူးပြုခြင်းရဲ့အစား ဆိုးဆိုးလက်တုံ့ပြန်ခြင်းပဲဖြစ်တယ်။ (အလင်းပြကျမ်း)

وَمِنْهُم مَّنْ عَٰهَدَ ٱللَّهَ لَئِنْ ءَاتَىٰنَا مِن فَضْلِهِۦ لَنَصَّدَّقَنَّ وَلَنَكُونَنَّ مِنَ ٱلصَّٰلِحِينَ ﴿٧٥﴾

(၇၅) ထို့ပြင် သူတို့ထဲမှ အကြင်သူများလည်းရှိကြသည်။ ထိုသူများသည် အလ္လာဟ်အရှင်မြတ်အား ကတိပေးခဲ့ကြသည်- "အကယ်၍ အရှင်မြတ်သည် ကျွန်ုပ်တို့အား အရှင်မြတ်၏ကျေးဇူးတော်ထဲမှ ပေးသနားတော်မူခဲ့ပါလျှင် ကျွန်ုပ်တို့သည် အမှန်ပင် လှူဒါန်းကြပါမည်။ ၎င်းပြင် ကျွန်ုပ်တို့သည် ကောင်းမြတ်သော လုပ်ရပ်များပြုလုပ်ကြသော သူတော်ကောင်းများထဲတွင် အမှန်ပင် ပါဝင်ကြပါမည်။"❶

❶ မုနာဖိက်တစ်ဦးဖြစ်တဲ့ ဆအ်လဗဟ်နဲ့ပတ်သက်ပြီး ကျရောက်လာခဲ့တာဖြစ်တယ်။ အဲဒီသူကို

အရှင်မြတ်က တကယ်ကြွယ်ဝချမ်းသာအောင်လုပ်ပေးလိုက်တဲ့အခါမှာ တကယ်မလှူဘဲ တွန့်တိုခဲ့တဲ့အပေါ် နောက်ဆုံးမှာ မုနာဖိက်အဖြစ်နဲ့ အသေဆိုးနဲ့သေခဲ့ရတယ်။ (အလင်းပြကျမ်း)

فَلَمَّآ اٰتٰىهُمْ مِّنْ فَضْلِهٖ بَخِلُوْا بِهٖ وَتَوَلَّوْا وَّهُمْ مُّعْرِضُوْنَ ﴿٧٦﴾

(၇၆) ထို့နောက် အရှင်မြတ်သည် သူတို့အား အရှင်မြတ်၏ကျေးဇူးတော်ပေးသနားတော်မူခဲ့သောအခါ သူတို့သည် ကျေးဇူးတော်ကို (သုံးစွဲသောနေရာ၌) စေးနဲခဲ့ကြသည်။ ၎င်းပြင် သူတို့သည် ရှောင်ဖယ်လျက် မျက်နှာလွှဲကျောခိုင်းခဲ့ကြသည်။

فَاَعْقَبَهُمْ نِفَاقًا فِيْ قُلُوْبِهِمْ اِلٰى يَوْمِ يَلْقَوْنَهٗ بِمَآ اَخْلَفُوا اللّٰهَ مَا وَعَدُوْهُ وَبِمَا كَانُوْا يَكْذِبُوْنَ ﴿٧٧﴾

(၇၇) သို့ဖြစ်ရာ အရှင်မြတ်သည် သူတို့၏စိတ်နှလုံးများ၌ အရှင်မြတ်အား သူတို့ တွေ့ဆုံကြမည့်နေ့ထိ နိဖာက်အယောင်ဆောင်မှုကို (ထည့်သွင်းတော်မူ၍) သူတို့အား ပြစ်ဒဏ်ခတ်တော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အလ္လာဟ်အရှင်မြတ်အား သူတို့ပေးခဲ့သောကတိကို ဖောက်ဖျက်ခဲ့ကြသည့်အပြင် လိမ်လည်ပြောဆိုလေ့ရှိခဲ့ကြခြင်းကြောင့် ဖြစ်သည်။[6]

[6] မုနာဖိက်တွေဟာ အမြဲ ကတိဖျက်လေ့ရှိတာ၊ မဟုတ်မမှန်လိမ်လည်ပြောတာတွေ ရှိခဲ့ကြတဲ့အတွက် အရှင်မြတ်က ပြစ်ဒဏ်ခတ်တော်မူခဲ့တယ်။ ဒါ့ကြောင့် သူတို့ရဲ့စိတ်နှလုံးမှာ အယောင်ဆောင်မှုဟာ သေတဲ့အထိ ပါသွားအောင် စွဲမြဲသွားတော့တယ်။ (အလင်းပြကျမ်း)

اَلَمْ يَعْلَمُوْٓا اَنَّ اللّٰهَ يَعْلَمُ سِرَّهُمْ وَنَجْوٰىهُمْ وَاَنَّ اللّٰهَ عَلَّامُ الْغُيُوْبِ ﴿٧٨﴾

(၇၈) အလ္လာဟ်အရှင်မြတ်သည် သူတို့၏လျှို့ဝှက်ချက်နှင့် သူတို့၏လျှို့ဝှက်တိုင်ပင်မှုကို အမှန်စင်စစ် သိရှိတော်မူကြောင်းနှင့် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကွယ်မှအရာအားလုံးကို အလွန်သိတော်မူသောအရှင် ဖြစ်တော်မူကြောင်းကို သူတို့သည် မသိကြသလော။[7]

[7] အရှင်မြတ်ဟာ မုနာဖိက်တွေရဲ့ အယောင်ဆောင်နေမှုကို သိတော်မူတယ်ဆိုတာကိုတောင် အဲဒီမုနာဖိက်တွေဟာ မသိသလိုဖြစ်သွားခဲ့ရတယ်။ (အလင်းပြကျမ်း)

اَلَّذِيْنَ يَلْمِزُوْنَ الْمُطَّوِّعِيْنَ مِنَ الْمُؤْمِنِيْنَ فِي الصَّدَقٰتِ وَالَّذِيْنَ لَا يَجِدُوْنَ اِلَّا جُهْدَهُمْ فَيَسْخَرُوْنَ مِنْهُمْ ۗ سَخِرَ اللّٰهُ مِنْهُمْ ۡ وَلَهُمْ عَذَابٌ اَلِيْمٌ ﴿٧٩﴾

(၇၉) အကြင် မုနာဖိက်များသည် မုအ်မင်န်ယုံကြည်သူများထဲမှ ကြည်ဖြူစွာ ပေးကမ်းလှူဒါန်းသောသူများကို အပြစ်တင်ကြသည်။ ၎င်းပြင် သူတို့ ကြိုးပမ်းရှာဖွေရရှိသော ချွေးနဲစာမှလွဲ၍ အခြားမည်သည့်အရာမျှ မရနိုင်ကြသောသူများကိုလည်း သူတို့သည် ပြောင်လှောင်ကြသည်။[1] အလ္လာဟ်အရှင်မြတ်သည်

ထိုသူများအား ပြက်ရယ်(ပြုအစားပေး)တော်မူခဲ့သည်။ ၎င်းပြင် သူတို့အတွက် အလွန်နာကျင်စေသော ပြစ်ဒဏ်လည်း ရှိလိမ့်မည်။

❶ မွတ်စ်လင်မ်တွေရဲ့နည်းနည်းလှူတာ၊ များများလှူတာတွေအပေါ်မှာ ပြစားတယ်လို့ ပြစ်တင်ဝေဖန်မှုကြောင့် အဲဒီမုနာဖိက်တွေကို ပြစ်ဒဏ်ပေးခဲ့တယ်။ အရှင်မြတ်က ပြောင်လှောင်တော်မူတယ်ဆိုတာ သူတို့ပြောင်လှောင်လို့ သူတို့ကို ပြန်ပြီး တန်ပြန်အရေးယူတော်မူတာဖြစ်တယ်။ အရှင်မြတ်ရဲ့တန်ပြန်အရေးယူခြင်းကတော့ အပြစ်ဒဏ်ခတ်ခြင်းပဲဖြစ်တယ်။ (အလင်းပြကျမ်း)

اِسْتَغْفِرْ لَهُمْ اَوْ لَا تَسْتَغْفِرْ لَهُمْ ۗ اِنْ تَسْتَغْفِرْ لَهُمْ سَبْعِيْنَ مَرَّةً فَلَنْ يَّغْفِرَ اللّٰهُ لَهُمْ ۗ ذٰلِكَ بِاَنَّهُمْ كَفَرُوْا
بِاللّٰهِ وَرَسُوْلِهٖ ۗ وَاللّٰهُ لَا يَهْدِى الْقَوْمَ الْفٰسِقِيْنَ ﴿٨٠﴾

(၈၀) အသင်(တမန်တော်)သည် သူတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံသည်ပင်ဖြစ်စေ၊ သို့မဟုတ် လွတ်ငြိမ်းချမ်းသာခွင့် မတောင်းခံသည်ပင်ဖြစ်စေ၊ (အကြောင်းမထူးပေ။)❶ အကယ်၍ အသင်သည် သူတို့အတွက် အကြိမ်ခုနစ်ဆယ်❷ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံမည်ဆိုလျှင်လည်း အလ္လာဟ်အရှင်မြတ်သည် သူတို့အား လုံး၀လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူမည် မဟုတ်ပေ။ ၎င်း(လွတ်ငြိမ်းချမ်းသာခွင့်မရခြင်း)သည် အဘယ်ကြောင့်ဆိုသော် သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို သွေဖည်ငြင်းပယ်ခဲ့ကြသည့် အတွက်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်ဖီဆန်သောသူများအား လမ်းမှန်ညွှန်ကြားပြသတော်မမူပေ။

❶ သူတို့ဟာ ကုဖ်ရ်ပြုလုပ်ခဲ့တဲ့သူတွေဖြစ်တာကြောင့် ဘယ်လောက်ပဲ ခွင့်ပန်ပန် လွတ်ငြိမ်းချမ်းသာခွင့်ပေးမှာ မဟုတ်တဲ့အတွက် ဘာမှမထူးဘူးလို့ ဆိုလိုတယ်။(အလင်းပြကျမ်း) ❷ အကြိမ်ခုနစ်ဆယ်လို့ဆိုတာဟာ အကြိမ်ခုနစ်ဆယ်အတိကို ဆိုလိုတာမဟုတ်ဘူး။ အကြိမ်အများကြီးကို ဆိုလိုတာဖြစ်တယ်။ အရဗီအသုံးအနှုန်းတစ်ခုဖြစ်တယ်။ (အလင်းပြကျမ်း)

فَرِحَ الْمُخَلَّفُوْنَ بِمَقْعَدِهِمْ خِلٰفَ رَسُوْلِ اللّٰهِ وَكَرِهُوْٓا اَنْ يُّجَاهِدُوْا بِاَمْوَالِهِمْ وَاَنْفُسِهِمْ فِىْ
سَبِيْلِ اللّٰهِ وَقَالُوْا لَا تَنْفِرُوْا فِى الْحَرِّ ۗ قُلْ نَارُ جَهَنَّمَ اَشَدُّ حَرًّا ۗ لَوْ كَانُوْا يَفْقَهُوْنَ ﴿٨١﴾

(၈၁) (သဗူက်စစ်ပွဲကို မလိုက်ဘဲ) နောက်ကျန်ရစ်ခဲ့ကြသောသူများသည်❶ အလ္လာဟ်အရှင်မြတ်၏ တမန်တော့်နောက်၌ သူတို့ထိုင်နေရစ်ခဲ့ကြရသည့်အတွက် ဝမ်းမြောက်ပျော်ရွှင်ခဲ့ကြသည်။ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် သူတို့၏ပစ္စည်းများ၊ အသက်များနှင့် စစ်တိုက်ရခြင်းကို မလိုလားခဲ့ကြပေ။ ထို့ပြင် သူတို့သည် (သူတို့အချင်းချင်း) "အသင်တို့သည် အပူရှိန်ထဲသို့ မထွက်ကြနှင့်"ဟု❷ ပြောဆိုခဲ့ကြသည်။ (အို-တမန်တော်)အသင်ပြောလိုက်ပါ- "ဂျဟန္နမ်ငရဲဘုံ၏မီးသည် ပို၍ပူသည်။" အကယ်၍ သူတို့သည်

သိမြင်နားလည်ကြလျှင် ကောင်းလေစွ။

❷ နောက်ကျန်ရစ်ခဲ့သူတွေဆိုတာ မုနာဖိက်တွေကို ဆိုလိုတယ်။ (အလင်းပြကျမ်း) ❻ သဗူက် စစ်ပွဲဟာ အလွန်ပူပြင်းတဲ့ နွေရာသီမှာဖြစ်တာကြောင့် မုနာဖိက်တွေက အပူရှိန်ထဲမထွက်ကြနဲ့လို့ ပြောဆိုကြတာ ဖြစ်တယ်။ သူတို့ရဲ့ဖီဆန်မှုကြောင့် ငရဲမီးဟာ ပိုပူကြောင်း အရှင်မြတ်က မိန့်တော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَلْيَضْحَكُوْا قَلِيْلًا وَّلْيَبْكُوْا كَثِيْرًا ۚ جَزَآءًۢ بِمَا كَانُوْا يَكْسِبُوْنَ ﴿٨٢﴾

(၈၂) သို့ဖြစ်ရာ သူတို့သည် (ဤဘဝတွင်)အနည်းငယ်သာ ရယ်မောကြရမည်၊ ၎င်းနောက်(တမလွန်ဘဝတွင်) များစွာ ငိုကြွေးကြရမည်။ (ထိုအရာသည်)သူတို့ ရှာဖွေဆည်းပူးခဲ့ကြသော (အရာ၏)အကျိုးရလဒ်ပင်ဖြစ်သည်။

فَاِنْ رَّجَعَكَ اللّٰهُ اِلٰى طَآئِفَةٍ مِّنْهُمْ فَاسْتَاْذَنُوْكَ لِلْخُرُوْجِ فَقُلْ لَّنْ تَخْرُجُوْا مَعِىَ اَبَدًا وَّ لَنْ تُقَاتِلُوْا مَعِىَ عَدُوًّا ۗ اِنَّكُمْ رَضِيْتُمْ بِالْقُعُوْدِ اَوَّلَ مَرَّةٍ فَاقْعُدُوْا مَعَ الْخٰلِفِيْنَ ﴿٨٣﴾

(၈၃) ထို့နောက် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အသင့်အား သူတို့ထဲမှ လူတစ်စုထံသို့ ပြန်ရောက်ရှိစေခဲ့လျှင်၊ ၎င်းနောက် သူတို့က (စစ်ပွဲသို့)ထွက်ရန် အသင့်ထံ၌ ခွင့်တောင်းကြလျှင် (အို - တမန်တော်) အသင်ပြောလိုက်ပါ- "အသင်တို့သည် ငါနှင့်အတူ မည်သည့်အခါမျှ ထွက်ကြရမည် မဟုတ်ပေ၊ ၎င်းနောက် ငါနှင့်အတူ မည်သည့် ရန်သူကိုမျှ တိုက်ခိုက်ကြရမည် မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော်) အမှန်စင်စစ် အသင်တို့သည် ပထမအကြိမ်၌လည်း ထိုင်နေရစ်ခဲ့ကြခြင်းကိုပင် နှစ်သက်ခဲ့ကြသောကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ ယခုလည်း အသင်တို့သည် နောက်ကျန်ခဲ့သောသူများနှင့်အတူ ထိုင်သာနေခဲ့ကြပေတော့။"❼

❼ ထိုင်ကျန်ရစ်ခဲ့တဲ့သူတွေနဲ့အတူ ကျန်ရစ်ခဲ့ဖို့ဆိုတာ အမျိုးသမီးတွေ၊ ကလေးသူငယ်တွေ၊ ဒုက္ခိတတွေ၊ အဘိုးအို၊ အဘွားအိုတွေနဲ့အတူ သေတဲ့အထိ ကုဖ်ရ်နဲ့တကွ ကျန်နေရစ်ခဲ့ကြဖို့ မိန့်ဆိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا تُصَلِّ عَلٰۤى اَحَدٍ مِّنْهُمْ مَّاتَ اَبَدًا وَّلَا تَقُمْ عَلٰى قَبْرِهٖ ۗ اِنَّهُمْ كَفَرُوْا بِاللّٰهِ وَرَسُوْلِهٖ وَمَاتُوْا وَهُمْ فٰسِقُوْنَ ﴿٨٤﴾

(၈၄) ထို့ပြင် အသင်သည် သူတို့ထဲမှ မည်သူမဆို သေဆုံးခဲ့လျှင် ထိုသူ၏အပေါ်တွင် ဂျနာဇဟ်စွလာသ်ဝတ်ပြုမှုကို မည်သည့်အခါမျှ မပြုလေနှင့်။ ၎င်းနောက် သူ၏သင်္ချိုင်းပေါ်၌လည်း မည်သည့်အခါမျှ မရပ်လေနှင့်။❽ (အဘယ်ကြောင့်ဆိုသော်)အမှန်စင်စစ် သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို သွေဖည်ငြင်းပယ်ခဲ့ကြသည့်အပြင် သူတို့သည် အမိန့်ဖီဆန်

သူများဖြစ်လျက် သေဆုံးခဲ့ကြသည့်အတွက်ဖြစ်သည်။

❻ မုနာဖိက်တွေသေဆုံးရင် သူတို့အပေါ်မှာ ဂျနာဇဟ်စွလာသ်ဝတ်ပြုပေးခြင်းနဲ့ ကဗရ်သချိုင်းပေါ်မှာရပ်ပြီး ဆုတောင်းပေးခြင်းကနေ ပိတ်ပင်တားမြစ်လိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا تُعۡجِبۡكَ اَمۡوَالُهُمۡ وَاَوۡلَادُهُمۡ ؕ اِنَّمَا يُرِيۡدُ اللّٰهُ اَنۡ يُّعَذِّبَهُمۡ بِهَا فِى الدُّنۡيَا وَتَزۡهَقَ اَنۡفُسُهُمۡ وَهُمۡ كٰفِرُوۡنَ ﴿۸۵﴾

(၈၅) ထို့ပြင် သူတို့၏ပစ္စည်းများနှင့် သူတို့၏သားသမီးများသည် အသင့်အား အံ့သြမှုမဖြစ်စေနှင့်။ အလ္လာဟ်အရှင်မြတ်သည် သူတို့အား ထို(ပစ္စည်းများ၊ သားသမီးများ)နှင့် လောကီဘဝတွင် ပြစ်ဒဏ်ပေးတော်မူရန်နှင့် သူတို့သည် ကာဖိရ်များဖြစ်လျက် သူတို့၏အသက်များ ထွက်သွားရန်ကိုပင် ရည်ရွယ်တော်မူသည်။

وَاِذَاۤ اُنۡزِلَتۡ سُوۡرَةٌ اَنۡ اٰمِنُوۡا بِاللّٰهِ وَجَاهِدُوۡا مَعَ رَسُوۡلِهِ اسۡتَاۡذَنَكَ اُولُوا الطَّوۡلِ مِنۡهُمۡ وَقَالُوۡا ذَرۡنَا نَكُنۡ مَّعَ الۡقٰعِدِيۡنَ ﴿۸۶﴾

(၈၆) ထို့ပြင် စူရဟ်ကဏ္ဍ တစ်စုံတစ်ခု❼ ချပေးခြင်းခံရသောအခါ၊ ထိုကဏ္ဍထဲ၌ "အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို အီမာန်ယုံကြည်ကြပါ၊ ၎င်းနောက် အသင်တို့သည် အရှင့်တမန်တော်နှင့်အတူတကွ ဂျိဟာဒ်တိုက်ခိုက်ကြပါ"ဟု ပါရှိသောအခါ၊ သူတို့ထဲမှ ကြွယ်ဝချမ်းသာသူများကပင် "ကျွန်ုပ်တို့အား ခွင့်ပြုပါ၊ ကျွန်ုပ်တို့သည် ထိုင်နေခဲ့သောသူများနှင့်အတူ နေရစ်ခဲ့ကြပါရစေ"ဟု အသင်၏ထံ၌ ပြောဆိုခွင့်ပန်ကြသည်။❶

❼ စူရဟ်ကဏ္ဍတစ်ခုလို့အမိန့်ရှိတာဟာ စူရဟ်ကဏ္ဍတစ်ပုဒ်လုံးကိုပဲ ဆိုလိုတာမဟုတ်ဘူး။ စူရဟ်ထဲက တစ်အာယသ်ပဲဖြစ်ဖြစ်၊ တစ်ပုဒ်လုံးပဲဖြစ်ဖြစ်ကို ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

❶ မုနာဖိက်တွေထဲက ချမ်းသာသူတွေတောင်မှ ခွင့်ပန်တဲ့နောက်တော့ ဆင်းရဲတဲ့သူဆိုရင် ပိုပြီးတောင် ခွင့်ပန်ကြဦးမှာကို ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

رَضُوۡا بِاَنۡ يَّكُوۡنُوۡا مَعَ الۡخَوَالِفِ وَطُبِعَ عَلٰى قُلُوۡبِهِمۡ فَهُمۡ لَا يَفۡقَهُوۡنَ ﴿۸۷﴾

(၈၇) သူတို့သည် နောက်၌ ကျန်ရစ်ခဲ့သော အမျိုးသမီးများနှင့်အတူ နေရစ်ခဲ့ခြင်းကိုပင် နှစ်သက်ခဲ့ကြသည်။❶ ထို့ပြင် သူတို့၏ စိတ်နှလုံးများအပေါ်တွင်လည်း တံဆိပ်ခတ်နှိပ်ပြီးဖြစ်သည်။ သို့ဖြစ်ရာ သူတို့သည် (ဂျိဟာဒ်၏သဘောတရားကို) သိမြင်နားလည်ခြင်းမရှိကြပေ။

❶ သူတို့ဟာ မိန်းမတွေလို သတ္တိကြောင်ပြီး အိမ်မှာထိုင်နေတာကိုပဲ လိုလားကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

لٰـكِنِ الرَّسُوۡلُ وَالَّذِيۡنَ اٰمَنُوۡا مَعَهٗ جٰهَدُوۡا بِاَمۡوَالِهِمۡ وَاَنۡفُسِهِمۡ ؕ وَاُولٰۤـئِكَ لَهُمُ الۡخَيۡرٰتُ ۚ

وَأُولَٰٓئِكَ هُمُ الْمُفْلِحُونَ ﴿٨٨﴾

(၈၈) သို့ရာတွင် တမန်တော်မြတ်နှင့် ၎င်းတမန်တော်နှင့်အတူ အီမာန်ယုံကြည်ကြသူများကမူ သူတို့၏ပစ္စည်းများ၊ အသက်များနှင့် စစ်တိုက်ခဲ့ကြသည်။❶ ၎င်းနောက် သူတို့အတွက်ပင် ကောင်းခြင်းများရှိသည်။ ထို့ပြင် သူတို့ပင် အောင်မြင်သူများဖြစ်ကြသည်။

❶ အီမာန်ယုံကြည်သူတွေကတော့ ယောက်ျားပီပီသသနဲ့ အရှင်မြတ်ကို ပေးထားတဲ့ကတိအတိုင်း အရှင့်လမ်းမှာ ထွက်ပြီး အစွလာမ်တိုးတက်အောင် ကြိုးပမ်းကြတယ်။ (အလင်းပြကျမ်း)

أَعَدَّ اللَّهُ لَهُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا ۚ ذَٰلِكَ الْفَوْزُ الْعَظِيمُ ﴿٨٩﴾

(၈၉) အလ္လာဟ်အရှင်မြတ်သည် သူတို့အတွက် အကြင်ဥယျာဉ်များကို အဆင်သင့်ပြုလုပ်ထားတော်မူသည်။ ၎င်း(ဥယျာဉ်များ)၏အောက်မှ စမ်းရေချောင်းများ စီးဆင်းလျက်ရှိသည်။ (သူတို့သည်) ၎င်း(ဥယျာဉ်များ)တွင် အမြဲစံမြန်းကြရမည်။ ၎င်းသည် အလွန်ကြီးကျယ်သော အောင်မြင်မှုဖြစ်သည်။

وَجَاءَ الْمُعَذِّرُونَ مِنَ الْأَعْرَابِ لِيُؤْذَنَ لَهُمْ وَقَعَدَ الَّذِينَ كَذَبُوا اللَّهَ وَرَسُولَهُ ۚ سَيُصِيبُ الَّذِينَ كَفَرُوا مِنْهُمْ عَذَابٌ أَلِيمٌ ﴿٩٠﴾

(၉၀) ထို့နောက် ကျေးလက်ဒေသတွင် နေထိုင်ကြသူများထဲမှ လိမ်လည်အကြောင်းပြသောသူများသည် သူတို့ ခွင့်ပြုခြင်းခံရရန် (အသင့်ထံသို့) လာခဲ့ကြသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို မုသားပြောဆိုခဲ့သောသူများကမူ (လိမ်ပြီးပင် အကြောင်းပြရန် မလာကြဘဲ) ထိုင်သာနေခဲ့ကြသည်။ သူတို့ထဲမှ ကာဖိရ်ငြင်းပယ်သောသူများတွင် နာကျင်စေသောပြစ်ဒဏ်သည် မကြာမီဆိုက်ရောက်မည် ဖြစ်သည်။❷

❷ မုနာဖိက်တွေဟာ မောက်မာပြီး အရက်အကြောင်းမရှိတော့တဲ့အတွက် လိမ်ပြီးအကြောင်းပြဖို့တောင် တမန်တော်မြတ် ﷺ ထံကို မလာခဲ့ကြဘူး။ အဲဒီသူတွေအတွက် အရှင်မြတ်က ပြစ်ဒဏ်စီစဉ်ထားပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

لَّيْسَ عَلَى الضُّعَفَاءِ وَلَا عَلَى الْمَرْضَىٰ وَلَا عَلَى الَّذِينَ لَا يَجِدُونَ مَا يُنفِقُونَ حَرَجٌ إِذَا نَصَحُوا لِلَّهِ وَرَسُولِهِ ۚ مَا عَلَى الْمُحْسِنِينَ مِن سَبِيلٍ ۚ وَاللَّهُ غَفُورٌ رَّحِيمٌ ﴿٩١﴾

(၉၁) အားအင်ချည့်နဲ့သူများ၏အပေါ်တွင် (စစ်တိုက်မထွက်သောကြောင့်)မည်သည့်အပြစ်မျှ မရှိပေ။ ၎င်းနောက် ရောဂါသည်များအပေါ်တွင်လည်း အပြစ်မရှိပေ။ ၎င်းနောက် (စစ်ပွဲတွင်) သုံးစွဲရန် မည်သည့်အရာမျှမရှိသောသူများအပေါ်၌လည်း သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏

တမန်တော်အတွက် အကောင်းလိုလားကြလျှင် မည်သည့်အပြစ်မျှ မရှိပေ။ ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ကြသောသူများအပေါ်တွင်လည်း အပြစ်တင်စရာနည်းလမ်း မရှိပေ။❻ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

❻ مُحۡسِنِيۡن ဆိုတာ ကောင်းကျိုးဆောင်ရွက်တဲ့သူတွေဖြစ်ပြီး အရှင်မြတ်နဲ့ အရှင့်တမန်တော်ရဲ့ အမိန့်တွေကို အတတ်နိုင်ဆုံးလိုက်နာပြီး ကောင်းမြတ်တဲ့ကိစ္စရပ်တွေကိုလည်း ပြုလုပ်ကြတယ်။ အဲဒီသူတွေဟာ ဂျိဟာဒ်စစ်ပွဲကို လိုက်ပါချင်တဲ့ဆန္ဒလည်း အပြည့်အဝရှိကြတယ်။ ပြီးတော့ ဂျိဟာဒ် ပြုလုပ်တဲ့သူတွေကိုလည်း ချစ်ခင်နှစ်သက်ကြတယ်။ အရှင်မြတ်နဲ့ အရှင့်တမန်တော်ရဲ့ရန်သူတွေကိုလည်း မုန်းတီးကြတယ်။ အဲဒီသူတွေဟာ မသန်မစွမ်းသူတွေဖြစ်တာကြောင့်၊ ဒါမှမဟုတ် ရောဂါဝေဒနာကြောင့်၊ ဒါမှမဟုတ် အစီးအနင်း စရိတ်စက မရှိတာကြောင့် စစ်ပွဲမလိုက်နိုင်ရင် အပြစ်မရှိဘူးလို့ ဆိုလိုတာဖြစ်တယ်။ (အိဗ်နုကဆီးရ်)

وَّلَا عَلَى الَّذِيۡنَ اِذَا مَاۤ اَتَوۡكَ لِتَحۡمِلَهُمۡ قُلۡتَ لَاۤ اَجِدُ مَاۤ اَحۡمِلُكُمۡ عَلَيۡهِ ۖ تَوَلَّوْا وَّ اَعۡيُنُهُمۡ تَفِيۡضُ مِنَ الدَّمۡعِ حَزَنًا اَلَّا يَجِدُوۡا مَا يُنۡفِقُوۡنَ ؕ ﴿٩٢﴾

(၉၂) ထို့ပြင် အကြင်သူများအပေါ်တွင်လည်း (အပြစ်)မရှိပေ။ ထိုသူများသည် အသင်က သူတို့အား အစီးအနင်းပေါ်တင်ပေးရန် အသင့်ထံသို့လာကြသောအခါတွင် အသင်က သူတို့အား ပြောခဲ့သည်- "အသင်တို့အား အစီးအနင်းတစ်စုံတစ်ခုပေါ် တင်ပေးရန် ငါ့တွင်လည်း (မြင်းများ၊ ကုလားအုတ်များ) မည်သည့်အရာမျှ မရှိပေ။" သူတို့သည် (စစ်ပွဲတွင်) သုံးစွဲရန် မည်သည့်အရာမျှ မရှိကြသည့်အတွက် ဝမ်းနည်းပက်လက်ဖြစ်ပြီး သူတို့၏ မျက်စိများတွင် မျက်ရည်များ ပြည့်လျှံနှင့်ပင် ပြန်လှည့်ခဲ့ကြရသည်။

اِنَّمَا السَّبِيۡلُ عَلَى الَّذِيۡنَ يَسۡتَاۡذِنُوۡنَكَ وَهُمۡ اَغۡنِيَآءُ ۚ رَضُوۡا بِاَنۡ يَّكُوۡنُوۡا مَعَ الۡخَوَالِفِ ۙ وَطَبَعَ اللّٰهُ عَلٰى قُلُوۡبِهِمۡ فَهُمۡ لَا يَعۡلَمُوۡنَ ﴿٩٣﴾

(၉၃) (ပြစ်တင်ရန်)နည်းလမ်းမှာမူ အကြင်သူများအပေါ်တွင်သာရှိသည်။ ထိုသူများသည် ချမ်းသာသူများ ဖြစ်ကြပါလျက် (စစ်ပွဲမလိုက်ရန်) အသင့်ထံ၌ ခွင့်ပန်ခဲ့ကြသည်။ သူတို့သည် နောက်၌ကျန်ရစ်ခဲ့ကြသော အမျိုးသမီးများနှင့်အတူ နေရစ်ခဲ့ကြရန် လိုလားခဲ့ကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့၏ စိတ်နှလုံးများအပေါ်တွင် တံဆိပ်ခတ်နှိပ်တော်မူခဲ့သည်။ သို့ဖြစ်ရာ သူတို့သည် (ဂျိဟာဒ်၏သဘောတရားကိုပင်)မသိနားမလည်ကြတော့ပေ။

يَعۡتَذِرُوۡنَ اِلَيۡكُمۡ اِذَا رَجَعۡتُمۡ اِلَيۡهِمۡ ؕ قُلۡ لَّا تَعۡتَذِرُوۡا لَنۡ نُّؤۡمِنَ لَكُمۡ قَدۡ نَبَّاَنَا اللّٰهُ

مِنْ اَخْبَارِكُمْ ۚ وَسَيَرَى اللّٰهُ عَمَلَكُمْ وَرَسُوْلُهٗ ثُمَّ تُرَدُّوْنَ اِلٰى عٰلِمِ الْغَيْبِ وَالشَّهَادَةِ
فَيُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ﴿٩٤﴾

(၉၄) အသင်တို့သည် (စစ်ပွဲမှ)သူတို့ထံသို့ ပြန်လာခဲ့ကြသောအခါ သူတို့သည် အသင်တို့၏ရှေ့၌ (သူတို့မလိုက်ကြသည်နှင့်ပတ်သက်၍) အကြောင်းပြကြလိမ့်မည်။ (အို-တမန်တော်) အသင် ပြောလိုက်ပါ- "အသင်တို့သည် အကြောင်းမပြကြနှင့်၊ ကျွန်ုပ်တို့သည် အသင်တို့အား မည်သည့်အခါမျှယုံကြည်ကြမည်မဟုတ်ပေ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား အသင်တို့၏သတင်းများကို အသိပေးတော်မူပြီးဖြစ်သည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်သည် အသင်တို့၏လုပ်ရပ်များကို မြင်တွေ့တော်မူလိမ့်မည်။ ထို့နောက် အသင်တို့သည် ဖုံးကွယ်နေသော အရာအားလုံးနှင့် ထင်ပေါ်နေသောအရာအားလုံးကို သိတော်မူသောအရှင်မြတ်ထံတော်သို့ ပြန်လည်ပို့ဆောင်ခြင်းခံကြရမည်။ ၎င်းနောက် အရှင်မြတ်သည် အသင်တို့အား အသင်တို့ ပြုလုပ်ခဲ့ကြသောလုပ်ရပ်များကို ထုတ်ဖော်မိန့်ကြားတော်မူမည်။

سَيَحْلِفُوْنَ بِاللّٰهِ لَكُمْ اِذَا انْقَلَبْتُمْ اِلَيْهِمْ لِتُعْرِضُوْا عَنْهُمْ ۖ فَاَعْرِضُوْا عَنْهُمْ ۖ اِنَّهُمْ رِجْسٌ ۖ وَّ
مَاْوٰىهُمْ جَهَنَّمُ ۚ جَزَآءًۢ بِمَا كَانُوْا يَكْسِبُوْنَ ﴿٩٥﴾

(၉၅) အသင်တို့သည် (စစ်ပွဲမှ)သူတို့ထံသို့ ပြန်လာခဲ့ကြသောအခါ အသင်တို့သည် သူတို့အား (အရေးမယူဘဲ) ခွင့်လွှတ်ကြရန် သူတို့သည် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ မကြာမီ ကျိန်ဆိုကြလိမ့်မည်။ သို့ဖြစ်ရာ အသင်တို့သည် သူတို့အား စွန့်ထားလိုက်ကြပါ။ အမှန်စင်စစ် သူတို့သည် ညစ်ညမ်းသူများပင် ဖြစ်ကြသည်။ ၎င်းနောက် သူတို့၏ခိုလှုံရာစခန်းသည် ဂျဟန္နမ်ငရဲဘုံပင် ဖြစ်သည်။ (၎င်းသည်) သူတို့ဆည်းပူးရှာဖွေခဲ့ကြသော အကျိုးရလဒ်ပင်ဖြစ်သည်။ ❶

❶ သူတို့ဟာ မွတ်စ်လင်မ်တွေပါလို့ လိမ်ပြောနေခြင်းပဲဖြစ်ပြီး တကယ်တော့ သူတို့ဟာ စိတ်ထဲက ကုဖ်ရ်ငြင်းပယ်နေတာဖြစ်တဲ့အတွက် အဲဒီရဲ့ရလဒ်ဟာ ဂျဟန္နမ်ငရဲဘုံပဲဖြစ်တယ်။
(အသ်သဖ်စီရွလ်မုယတ်စရ်)

يَحْلِفُوْنَ لَكُمْ لِتَرْضَوْا عَنْهُمْ ۚ فَاِنْ تَرْضَوْا عَنْهُمْ فَاِنَّ اللّٰهَ لَا يَرْضٰى عَنِ الْقَوْمِ الْفٰسِقِيْنَ ﴿٩٦﴾

(၉၆) သူတို့သည် သူတို့အား အသင်တို့ ကျေနပ်ကြရန် အသင်တို့၏ ရှေ့မှောက်တွင် ကျိန်ဆိုကြလိမ့်မည်။ ထို့နောက် အကယ်၍ အသင်တို့သည် သူတို့အား ကျေနပ်ခဲ့ကြလျှင်လည်း အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် အမိန့်

ဖိဆန်သူများအပေါ်တွင် ကျေနပ်တော်မူမည်မဟုတ်ပေ။❶

❶ အရှင်မြတ်မကျေနပ်ဘဲ မွတ်စ်လင်မ်တွေကျေနပ်လို့လဲ ဘာမှအကျိုးမရှိဘူး။ တကယ်တော့ မွတ်စ်လင်မ်တွေကလည်း သူတို့ရဲ့အယောင်ဆောင်မှုတွေဟာ ထင်ပေါ်လွှန်းနေတဲ့အတွက် ကျေနပ်မှာမဟုတ်ကြဘူး။ (အလင်းပြကျမ်း)

اَلۡاَعۡرَابُ اَشَدُّ كُفۡرًا وَّنِفَاقًا وَّاَجۡدَرُ اَلَّا يَعۡلَمُوۡا حُدُوۡدَ مَاۤ اَنۡزَلَ اللّٰهُ عَلٰى رَسُوۡلِهٖ ؕ وَاللّٰهُ عَلِيۡمٌ حَكِيۡمٌ ﴿٩٧﴾

(၉၇) ကျေးလက်ဒေသများတွင် နေထိုင်ကြသော အရပ်အမျိုးသားများသည် ကုဖ်ရ်ငြင်းပယ်မှုနှင့် နိဖာက်အယောင်ဆောင်မှုတွင် ပို၍ပြင်းထန်ကြသည်။❷ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်က အရှင်မြတ်၏တမန်တော်အပေါ်တွင် ချပေးထားသော အမိန့်ပညတ်များကို (တောဌနေသည့်အတွက်) ပို၍ပင် မသိထိုက်ကြသော(သိရန် မလွယ်သော)သူများဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့်အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

❷ မြို့သားနဲ့ ကျေးလက်တောသားယှဉ်ရင် အမြဲပဲ ကျေးလက်တောသားက ပိုရိုင်းတာတွေ့ရသလို အယောင်ဆောင်တဲ့ကိစ္စမှာလည်း ယဉ်ယဉ်လေး အယောင်မဆောင်ဘဲ ရိုင်းရိုင်းပဲ အယောင်ဆောင်တဲ့အတွက် ကျေးလက်တောသားရဲ့အယောင်ဆောင်မှုဟာ ပိုပြင်းထန်ခြင်းဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်၊ အသ်သဖ်စီရွလ်မုယတ်စရ်)

وَمِنَ الۡاَعۡرَابِ مَنۡ يَّتَّخِذُ مَا يُنۡفِقُ مَغۡرَمًا وَّيَتَرَبَّصُ بِكُمُ الدَّوَآئِرَ ؕ عَلَيۡهِمۡ دَآئِرَةُ السَّوۡءِ ؕ وَاللّٰهُ سَمِيۡعٌ عَلِيۡمٌ ﴿٩٨﴾

(၉၈) ထို့ပြင် ကျေးလက်ဒေသတွင် နေထိုင်ကြသော အရပ်အမျိုးသားများထဲ၌ (ဇကာသ်၊ ဂျိဟာဒ်များတွင်) သူတို့ သုံးစွဲကြသည်များကို "ဒဏ်ဆောင်ခြင်းဖြစ်သည်"ဟု မှတ်ယူကြသူများလည်းရှိကြသည်။ ထို့ပြင် သူတို့သည် အသင်တို့နှင့်ပတ်သက်၍ အတုံ့အလှည့်ဖြစ်ခြင်းများကို စောင့်မျှော်နေကြသည်။ (အမှန်စင်စစ်) သူတို့အပေါ်တွင် မကောင်းသောအလှည့်ကြုံခြင်းရှိသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (သူတို့ပြောသည်များကို) အကြွင်းမဲ့ကြားတော်မူသောအရှင်၊ (သူတို့၏ မှားယွင်းသောရည်ရွယ်ချက်များကို) အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

وَمِنَ الۡاَعۡرَابِ مَنۡ يُّؤۡمِنُ بِاللّٰهِ وَالۡيَوۡمِ الۡاٰخِرِ وَيَتَّخِذُ مَا يُنۡفِقُ قُرُبٰتٍ عِنۡدَ اللّٰهِ وَصَلَوٰتِ الرَّسُوۡلِ ؕ اَلَاۤ اِنَّهَا قُرۡبَةٌ لَّهُمۡ ؕ سَيُدۡخِلُهُمُ اللّٰهُ فِىۡ رَحۡمَتِهٖ ؕ اِنَّ اللّٰهَ غَفُوۡرٌ رَّحِيۡمٌ ﴿٩٩﴾

(၉၉) ထို့ပြင် အရပ်ကျေးတောသားများထဲ၌ အလ္လာဟ်အရှင်မြတ်နှင့်

နောက်ဆုံးနေ့ကို ယုံကြည်သူများလည်းရှိကြသည်။ သူတို့သည် (ကောင်းသော ကိစ္စများတွင်) သူတို့သုံးစွဲကြသည်များကို "အလ္လာဟ်အရှင်မြတ်ထံတော်၌ ချဉ်း ကပ်ရန် အကြောင်းခံများဖြစ်သည်"၊ ၎င်းနောက် "တမန်တော်မြတ်၏ဆုမွန်များ ရယူရန်ဖြစ်သည်"ဟု မှတ်ယူကြသည်။ သတိပြုကြပါ၊ အမှန်စင်စစ် ထိုသုံးစွဲမှုများ သည် သူတို့အတွက် ချဉ်းကပ်ရန် အကြောင်းခံပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ် သည် သူတို့အား အရှင်မြတ်၏သနားကရုဏာတော်ထဲ၌ မကြာမီ ပါဝင်စေတော် မူမည်။❻ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန် ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

❻ အရပ်ကျေးလက်တောသားတွေထဲမှာပဲ အဲဒီလို အယောင်ဆောင်မှု ပြင်းထန်တဲ့သူတွေရှိသလို အယောင်မဆောင်ဘဲ ရိုးရိုးသားသား အစ္စလာမ်ကို လက်ခံပြီး အရှင်မြတ်နဲ့ အရှင်မြတ်ရဲ့ တမန် တော်ကို လိုလိုလားလားရှိတဲ့သူတွေလည်း ရှိသေးတယ်။ အဲဒီသူတွေကို အရှင်မြတ်က အရှင်မြတ် ရဲ့သနားကရုဏာထဲကို သွင်းထားတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَالسّٰبِقُوْنَ الْاَوَّلُوْنَ مِنَ الْمُهٰجِرِيْنَ وَالْاَنْصَارِ وَالَّذِيْنَ اتَّبَعُوْهُمْ بِاِحْسَانٍ رَّضِيَ اللّٰهُ عَنْهُمْ وَ
رَضُوْا عَنْهُ وَاَعَدَّ لَهُمْ جَنّٰتٍ تَجْرِيْ تَحْتَهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَآ اَبَدًا ؕ ذٰلِكَ الْفَوْزُ الْعَظِيْمُ ﴿١٠٠﴾

(၁၀၀) ထို့ပြင် မုဟာဂျိရီန်များနှင့် အန်စွာရ်များထဲမှ (အီမာန်ယူရာတွင်) အားလုံးထက်ရှေ့ဆုံးရောက်သူများနှင့် ၎င်းတို့၏နောက်သို့ ကောင်းမှုနှင့်တကွ❶ လိုက်ခဲ့ကြသူများအား အလ္လာဟ်အရှင်မြတ်သည် ကျေနပ်တော်မူခဲ့ပြီဖြစ်သည်၊ ၎င်းနောက် သူတို့ကလည်း အရှင်မြတ်ကို ကျေနပ်ခဲ့ကြပြီဖြစ်သည်။ ထို့ပြင် အရှင် မြတ်သည် သူတို့အတွက် အကြင်ဥယျာဉ်များကို အသင့်ပြုလုပ်ထားတော်မူ သည်။ ၎င်း(ဥယျာဉ်များ)၏အောက်၌ စမ်းချောင်းများ စီးဆင်းလျက်ရှိသည်။ (သူတို့သည်) ၎င်း(ဥယျာဉ်များ)တွင် အမြဲနေကြရမည်ဖြစ်သည်။ ၎င်းသည် ကြီးကျယ်သော အောင်မြင်မှုဖြစ်သည်။

❶ စွဟာဗဟ်တွေ رضي الله عنهم နဲ့ပတ်သက်ပြီး ကောင်းမှုနဲ့တကွဆိုတဲ့ ကန့်သတ်ချက်မပါဘဲ အရှင်မြတ် ကျေနပ်တော်မူကြောင်း မိန့်ဆိုထားခြင်းဟာ ၎င်းတို့မှာ မှားယွင်းချွတ်ချော်မှုတွေနဲ့ အပြစ်တွေရှိ ပေမဲ့ အားလုံးဟာ ဂျန္နသ်သုခဘုံသားတွေပဲဖြစ်ကြောင်း အထောက်အထားဖြစ်တယ်။ ဒါပေမဲ့ ၎င်း တို့ရဲ့နောက်လိုက်သားတွေကိုတော့ ကောင်းမှုနဲ့တကွဆိုတဲ့ ကန့်သတ်ချက်နဲ့သာ အရှင်မြတ်ကျေ နပ်တော်မူကြောင်း မိန့်ဆိုထားတယ်။ (မအာရိဖွလ်ကုရ်အာန်)

وَمِمَّنْ حَوْلَكُمْ مِّنَ الْاَعْرَابِ مُنٰفِقُوْنَ ؕ وَمِنْ اَهْلِ الْمَدِيْنَةِ ۛ مَرَدُوْا عَلَى النِّفَاقِ ۟ لَا
تَعْلَمُهُمْ ؕ نَحْنُ نَعْلَمُهُمْ ؕ سَنُعَذِّبُهُمْ مَّرَّتَيْنِ ثُمَّ يُرَدُّوْنَ اِلٰى عَذَابٍ عَظِيْمٍ ﴿١٠١﴾

(၁၀၁) ထို့ပြင် အသင်တို့၏ပတ်ဝန်းကျင်၌ ရှိကြသော❷ အရပ်ကျေးလက်

တောသားများနှင့် မဒီနဟ်မြို့သားများထဲတွင် အယောင်ဆောင်သော မုနာဖိက်များရှိကြသည်။ ထိုသူများသည် အယောင်ဆောင်မှုထဲ၌ပင် ဖွတ်မိုတ်ပြီး နေလေ့ရှိကြသည်။ အသင်သည် ထိုသူများအား မသိပေ။ ငါအရှင်မြတ်သည် သူတို့အား သိတော်မူသည်။ ငါအရှင်မြတ်သည် သူတို့အား ပြစ်ဒဏ်နှစ်ကြိမ်[၃] မကြာမီ ပေးတော်မူမည်၊ ထို့နောက် သူတို့သည် အလွန်ကြီးလေးသော ပြစ်ဒဏ်သို့ ပြန်ပို့ခံကြရမည်။

[၂] အသင်တို့ရဲ့ပတ်ဝန်းကျင်ဆိုတာ မဒီနဟ်မြို့ရဲ့ ပတ်ဝန်းကျင်ကို ဆိုလိုတာဖြစ်တယ်။(အလင်းပြကျမ်း) [၃] ပြစ်ဒဏ်နှစ်ကြိမ်ဆိုတာ မသေခင်တစ်ကြိမ်၊ သေပြီးနောက် သင်္ချိုင်းထဲမှာတစ်ကြိမ် ခံကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاٰخَرُوْنَ اعْتَرَفُوْا بِذُنُوْبِهِمْ خَلَطُوْا عَمَلًا صَالِحًا وَّاٰخَرَ سَيِّئًا ۭ عَسَى اللّٰهُ اَنْ يَّتُوْبَ عَلَيْهِمْ ۭ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿١٠٢﴾

(၁၀၂) ထို့ပြင် အခြားသူများလည်းရှိကြသေးသည်။ သူတို့သည် သူတို့၏အပြစ်များကို ဝန်ခံခဲ့ကြသည်။ သူတို့သည် ကောင်းမှုနှင့် မကောင်းမှုကို ရောပြီးလုပ်ခဲ့ကြသည်။ အရှင်မြတ်သည် သူတို့၏ဝန်ချတောင်းပန်မှုကို လက်ခံတော်မူမည်။[၄] အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

[၄] မကောင်းမှုလုပ်ပြီး နောင်တရကာ အပြစ်ဝန်ခံ သောင်ဗဟ်ပြုလုပ်ပြီး ကောင်းမှုတွေပြုလုပ်ကြတဲ့သူတွေကို အရှင်မြတ်က သေချာပေါက် ခွင့်လွှတ်တော်မူတယ်။ عسى من الله واجب မျှော်လင့်ချက်စာလုံး "အစာ" ဟာ အရှင်မြတ်ဘက်မှဆိုရင် သေချာတဲ့အဓိပ္ပာယ်ဖြစ်တယ်။ (သွဗ်ရီကျမ်း)

خُذْ مِنْ اَمْوَالِهِمْ صَدَقَةً تُطَهِّرُهُمْ وَتُزَكِّيْهِمْ بِهَا وَصَلِّ عَلَيْهِمْ ۭ اِنَّ صَلٰوتَكَ سَكَنٌ لَّهُمْ ۭ وَاللّٰهُ سَمِيْعٌ عَلِيْمٌ ﴿١٠٣﴾

(၁၀၃) အသင်သည် သူတို့၏ ပစ္စည်းများထဲမှ အလှူပစ္စည်းကို လက်ခံယူလိုက်ပါ၊ ထိုအရာဖြင့် အသင်သည် သူတို့အား သန့်ရှင်းအောင်နှင့် အပြစ်ကင်းအောင် လုပ်ပေးနိုင်လိမ့်မည်။[၅] ၎င်းနောက် အသင်(တမန်တော်)သည် သူတို့အတွက် ဆုတောင်းလိုက်ပါ။[၆] အမှန်စင်စစ် အသင်၏ဆုတောင်းခြင်းသည် သူတို့အတွက် အေးချမ်းသာယာမှုဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

[၅] "အလှူဒါနဟာ အလ္လာဟ်အရှင်မြတ်ရဲ့အမျက်တော်ကို ငြိမ်းအေးစေတယ်" ဆိုတဲ့ တမန်တော်မြတ် ﷺ ရဲ့ မိန့်ဆိုချက်အတိုင်း အမှားဝန်ခံထားတဲ့သူတွေရဲ့ အလှူပစ္စည်းတွေကို အရှင်မြတ်က တမန်တော်မြတ် ﷺ ကို လက်ခံခိုင်းထားတာဖြစ်တယ်။ (အလင်းပြကျမ်း) [၆] အဲဒီနောက် အမှားဝန်ခံထားတဲ့သူတွေရဲ့စိတ်နှလုံးအေးချမ်းသာယာမှုဖြစ်စေဖို့ တမန်တော်မြတ် ﷺ ကို ဆုတောင်း

နိုင်းထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

أَلَمْ يَعْلَمُوٓا۟ أَنَّ ٱللَّهَ هُوَ يَقْبَلُ ٱلتَّوْبَةَ عَنْ عِبَادِهِۦ وَيَأْخُذُ ٱلصَّدَقَٰتِ وَأَنَّ ٱللَّهَ هُوَ ٱلتَّوَّابُ ٱلرَّحِيمُ ﴿١٠٤﴾

(၁၀၄) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ကျွန်များထံမှ အများဝန်ခံမှုကို လက်ခံတော်မူသောအရှင်နှင့် လှူဖွယ်ပစ္စည်းများကို လက်ခံတော်မူသောအရှင် ဖြစ်တော်မူသည်ကို သူတို့ မသိကြသလော။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အများဝန်ခံမှုကို အကြိမ်ကြိမ်လက်ခံခွင့်လွှတ်တော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။❼

❼ အလ္လာဟ်အရှင်မြတ်ဟာ ဝန်ချတောင်းပန်တဲ့သူဘက်ကို လက်ခံမှုနဲ့ အလွန်လှည့်လေ့ရှိတော်မူတယ်။ (မုဖ်ရဒါးသုလ်ကုရ်အာန်)

وَقُلِ ٱعْمَلُوا۟ فَسَيَرَى ٱللَّهُ عَمَلَكُمْ وَرَسُولُهُۥ وَٱلْمُؤْمِنُونَ ۖ وَسَتُرَدُّونَ إِلَىٰ عَٰلِمِ ٱلْغَيْبِ وَٱلشَّهَٰدَةِ فَيُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ ﴿١٠٥﴾

(၁၀၅) ထို့ပြင် (အို-တမန်တော်) အသင်ပြောလိုက်ပါ- "အသင်တို့သည် (အသင်တို့နှစ်သက်သကဲ့သို့) ပြုလုပ်ကြပါ၊ အသင်တို့၏လုပ်ရပ်ကို အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်သာမက မုအ်မင်န်ယုံကြည်သူများသည်လည်း မကြာမီ တွေ့မြင်ကြလိမ့်မည်။❽ ထို့ပြင် ဖုံးကွယ်နေသောအရာများနှင့် ပေါ်လွင်နေသောအရာများကို သိတော်မူသောအရှင်မြတ်ထံတော်သို့ အသင်တို့သည် မကြာမီ ပြန်ပို့ခြင်းခံကြရမည်။ ထို့နောက် အရှင်မြတ်သည် အသင်တို့အား အသင်တို့ ပြုလုပ်နေခဲ့သည်များကို ထုတ်ဖော်မိန့်ကြားတော်မူမည်။

❽ အများဝန်ခံထားတဲ့သူတွေဟာ နောင်တစ်ချိန်မှာ တည်တံ့မှုရှိမယ်မရှိဘူးဆိုတာ အဲဒီသူ အသက်ရှိနေတဲ့ ခေတ်တိုင်းက မွတ်စ်လင်မ်တွေပါ မြင်ရမှာဖြစ်တယ်။ (အွဆ်မာနီ)

وَءَاخَرُونَ مُرْجَوْنَ لِأَمْرِ ٱللَّهِ إِمَّا يُعَذِّبُهُمْ وَإِمَّا يَتُوبُ عَلَيْهِمْ ۗ وَٱللَّهُ عَلِيمٌ حَكِيمٌ ﴿١٠٦﴾

(၁၀၆) ထို့ပြင် အခြားသူများလည်း ရှိကြသေးသည်၊❾ ထိုသူများအပေါ်တွင် အရှင်မြတ်သည် သူတို့အား အပြစ်ပေးတော်မူသည်ပင်ဖြစ်စေ၊ သူတို့၏ဝန်ချတောင်းပန်မှုကို လက်ခံတော်မူသည်ပင်ဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်၏ (ထို)အမိန့်တော်(ကျရောက်သည်)အထိ ရွှေ့ဆိုင်းထားပြီးဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့်အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

❾ ဂျိဟာဒ်တိုက်ခိုက်ရာကို လိုက်ပါမသွားခဲ့တဲ့ ပုဂ္ဂိုလ်သုံးဦးနဲ့ပတ်သက်ပြီး ရက်ပေါင်း၅၀တိတိ

မွတ်စ်လင်မ်တွေနဲ့ အဆက်ဖြတ်ခံထားရပြီး အရှင်မြတ်ရဲ့အမိန့်တော် ကျရောက်တာကို စောင့်နေခဲ့ရတယ်။ အဲဒီနောက် အရှင်မြတ်ရဲ့ခွင့်လွှတ်တော်မူကြောင်း အမိန့်ကျရောက်လာခဲ့တယ်။
(အလင်းပြကျမ်း)

وَالَّذِيْنَ اتَّخَذُوْا مَسْجِدًا ضِرَارًا وَّكُفْرًا وَّتَفْرِيْقًا بَيْنَ الْمُؤْمِنِيْنَ وَاِرْصَادًا لِّمَنْ حَارَبَ اللّٰهَ وَ
رَسُوْلَهٗ مِنْ قَبْلُ ؕ وَلَيَحْلِفُنَّ اِنْ اَرَدْنَآ اِلَّا الْحُسْنٰى ؕ وَاللّٰهُ يَشْهَدُ اِنَّهُمْ لَكٰذِبُوْنَ ﴿١٠٧﴾

(၁၀၇) ထို့ပြင် အကြင်သူများလည်း ရှိကြသည်။ ထိုသူများသည် (အစ္စလာမ်ကို) ဒုက္ခပေးရန်အတွက်၊ ကုဖ်ရ်ပြင်းပယ်ရန်အတွက်၊ မုအ်မင်န်များကြား၌ သွေးခွဲရန်အတွက်၊ ယခင်က အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်အား တိုက်ခိုက်ခဲ့ကြသောသူများ(၏သတင်းပေးမှု၊ ကြံစည်မှုကို ဆက်သွယ်ရယူရန်)ကို ထောက်လှမ်းရာဌာနတစ်ခု ရရှိစေရန်အတွက် ဗလီတစ်လုံးကို တည်ဆောက်ခဲ့ကြသည်။❶ ၎င်းနောက် သူတို့က "ကျွန်ုပ်တို့သည် ကောင်းခြင်းမှလွဲ၍ မည်သည့်အရာမျှ မရည်ရွယ်ကြပါ"ဟု အမှန်ပင် ကျိန်ဆိုကြမည်။ ထို့ပြင် သူတို့သည် အမှန်ပင် လိမ်လည်သောသူများ ဖြစ်ကြသည်ကို အလ္လာဟ်အရှင်မြတ်သည် အသိသက်သေ ဖြစ်တော်မူသည်။

❶ တမန်တော်မြတ် ﷺ ဟာ မဒီနဟ်မြို့ကို ဟိဂျ်ရသ်ပြုလုပ်ဖို့လာတဲ့အခါမှာ မြို့ပြင်မှာ ရက်အတန်ကြာ အရှင်ဆုံးတည်းခိုနေခဲ့တယ်။ အဲဒီမှာ စွလာသ်တွေဝတ်ပြုခဲ့တယ်။ တမန်တော်မြတ် ﷺ စွလာသ်ဝတ်ပြုတဲ့နေရာမှာ တမန်တော်မြတ် ﷺ နဲ့ စွဟာဗဟ် رضي الله عنهم တွေက ဗလီတစ်လုံးဆောက်လုပ်လိုက်ကြတယ်။ အဲဒီဗလီကို မတ်စ်ဂျိဒ္ဒေကုဗာ လို့ခေါ်တယ်။ အခုထိလည်း ရှိနေတယ်။ အဲဒီနဲ့ မလှမ်းမကမ်းမှာ မုနာဖိက်တွေက မကောင်းတဲ့ ရည်ရွယ်ချက်တွေနဲ့ နောက်ပိုင်းမှာ ဗလီတစ်လုံးကို ဆောက်လုပ်ခဲ့ကြတယ်။ အဲဒီဗလီဟာ ဗလီမဟုတ်ကြောင်း အစ္စလာမ်ကို ဖြိုဖျက်ဖို့ နေရာတစ်ခု လုပ်ယူတာဖြစ်ကြောင်း အရှင်မြတ်က တမန်တော်မြတ် ﷺ ကို အသိပေးလိုက်တဲ့အပေါ် ဖျက်ပစ်ခိုင်းတော်မူခဲ့တဲ့အတွက် မီးရှို့ဖျက်ပစ်ခဲ့တယ်။
(အလင်းပြကျမ်း)

لَا تَقُمْ فِيْهِ اَبَدًا ؕ لَمَسْجِدٌ اُسِّسَ عَلَى التَّقْوٰى مِنْ اَوَّلِ يَوْمٍ اَحَقُّ اَنْ تَقُوْمَ فِيْهِ ؕ فِيْهِ رِجَالٌ
يُّحِبُّوْنَ اَنْ يَّتَطَهَّرُوْا ؕ وَاللّٰهُ يُحِبُّ الْمُطَّهِّرِيْنَ ﴿١٠٨﴾

(၁၀၈) အသင်(တမန်တော်)သည် ထိုဗလီဝတ်ကျောင်းတော်၌ မည်သည့်အခါမျှ (စွလာသ်ဝတ်ပြုရန်) မတ်တတ်မရပ်ပါနှင့်။ အမှန်စင်စစ် အကြင်ဗလီဝတ်ကျောင်းတော်သည် ပထမနေ့ကစပြီး သက်ဝါကြောက်ရွံ့အပြစ်ရှောင်ကောင်းကျိုးဆောင်မှုအပေါ်တွင် အုတ်မြစ်ချခဲ့ပြီးဖြစ်သည်။ အသင်သည် ထိုဗလီဝတ်ကျောင်းတော်၌သာ ပိုပြီးရပ်ထိုက်သည်။ ထိုဗလီဝတ်ကျောင်းတော်တွင် အလွန်သန့်ရှင်းစင်ကြယ်မှုကို နှစ်သက်ကြသောသူများရှိကြသည်။❷ ထို့ပြင်

အလ္လာဟ်အရှင်မြတ်သည် အလွန်သန့်ရှင်းစင်ကြယ်ကြသောသူများကို နှစ်သက်တော်မူသည်။

❶ မတ်စ်ဂျေ့ဒ်ကုဗာမှာ စွလာသ်ဝတ်ပြုသူတွေကိုဆိုလိုတယ်။ (အလင်းပြကျမ်း)

اَفَمَنْ اَسَّسَ بُنْيَانَهٗ عَلٰى تَقْوٰى مِنَ اللّٰهِ وَرِضْوَانٍ خَيْرٌ اَمْ مَّنْ اَسَّسَ بُنْيَانَهٗ عَلٰى شَفَا جُرُفٍ
هَارٍ فَانْهَارَ بِهٖ فِىْ نَارِ جَهَنَّمَ ؕ وَاللّٰهُ لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ ﴿١٠٩﴾

(၁၀၉) သို့ဖြစ်ရာ အကြင်သူသည် သူ၏အဆောက်အအုံကို အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့အပြစ်ရှောင်မှုနှင့် (အရှင်မြတ်၏) ကျေနပ်မှုအပေါ်တွင် အုတ်မြစ်ချခဲ့သည်၊ ထိုသူသည် ပိုကောင်းသလော။ သို့မဟုတ် အကြင်သူသည် ပိုကောင်းသလော၊ ထိုသူသည် သူ၏အဆောက်အအုံကို ပြိုကျလုနီးပါးဖြစ်နေသော ချောက်ကမ်းပါးပေါ်၌ အုတ်မြစ်ချခဲ့သည်။ ထို့နောက် ထိုအဆောက်အအုံသည် ထိုသူနှင့်တကွ ငရဲမီးထဲသို့ ပြိုကျသွားခဲ့သည်။❷ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မတရားပြုလုပ်သောသူများအား လမ်းမှန်ညွှန်ကြားပြသတော်မမူပေ။

❷ အရှင်မြတ်ရဲ့နှစ်သက်မှုနဲ့ ကြောက်ရွံ့မှုကို အခြေခံပြီး ဆောက်တဲ့အဆောက်အအုံနဲ့ အရှင်မြတ်ကို ဆန့်ကျင်ဖို့ ဆောက်တဲ့အဆောက်အအုံနှစ်ခုတို့ကို ယှဉ်ပြပြီး မေးထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

لَا يَزَالُ بُنْيَانُهُمُ الَّذِىْ بَنَوْا رِيْبَةً فِىْ قُلُوْبِهِمْ اِلَّاۤ اَنْ تَقَطَّعَ قُلُوْبُهُمْ ؕ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ﴿١١٠﴾

(၁၁၀) သူတို့ တည်ဆောက်ခဲ့ကြသော သူတို့၏အဆောက်အအုံသည် သူတို့၏စိတ်နှလုံးများ အစိတ်စိတ် အမွှာမွှာဖြစ်မသွားမချင်း❸ (မသေမချင်း) သူတို့၏စိတ်နှလုံးများထဲသို့ သံသယများဖြစ်ပေါ်အောင်❹ လုပ်နေလိမ့်မည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

❸ စိတ်နှလုံးတွေ အစိတ်စိတ်အမွှာမွှာဖြစ်တယ်ဆိုတာ သေသွားတာကို ဆိုလိုတယ်။ (အလင်းပြကျမ်း) ❹ မုနာဖိက်တွေ ဆောက်လုပ်တဲ့ဗလီဟာ မကောင်းတဲ့ရည်ရွယ်ချက်နဲ့ ဆောက်လုပ်တယ်ဆိုတာ ပေါ်လွင်သွားတဲ့အပေါ်မှာ ဖျက်ဆီးခံရရုံမက အဲဒီဗလီက သူတို့စိတ်ထဲမှာ သေတဲ့အထိစွဲမြဲနေအောင် အခုလို သံသယမျိုးတွေ ထည့်ပေးလိုက်တယ်။ "ငါတို့ဟာ အစ္စလာမ်ကို ဖျက်ဆီးဖို့ တည်ဆောက်လိုက်တာကို မွတ်စ်လင်မ်တွေ သိသွားပြီဆိုတော့ သူတို့ဟာ ငါတို့ကို ဘယ်လိုတွေ ဆက်ဆံကြမလဲမသိဘူး" ဆိုပြီး သို့လော သို့လောနဲ့ သေတဲ့အချိန်ထိ ခံစားသွားရအောင် သံသယပြုလုပ်ပေးလိုက်တာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန် - မော်လာနာအိဒ်ရီးစ်)

اِنَّ اللّٰهَ اشْتَرٰى مِنَ الْمُؤْمِنِيْنَ اَنْفُسَهُمْ وَاَمْوَالَهُمْ بِاَنَّ لَهُمُ الْجَنَّةَ ؕ يُقَاتِلُوْنَ فِىْ سَبِيْلِ اللّٰهِ
فَيَقْتُلُوْنَ وَيُقْتَلُوْنَ ۫ وَعْدًا عَلَيْهِ حَقًّا فِى التَّوْرٰىةِ وَالْاِنْجِيْلِ وَالْقُرْاٰنِ ؕ وَمَنْ اَوْفٰى بِعَهْدِهٖ

مِنَ اللّٰهِ فَاسْتَبْشِرُوْا بِبَيْعِكُمُ الَّذِىْ بَايَعْتُمْ بِهٖ ۚ وَذٰلِكَ هُوَ الْفَوْزُ الْعَظِيْمُ ﴿١١١﴾

(၁၁၁) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မုအ်မင်နိယုံကြည်သူများထံမှ သူတို့၏အသက်များနှင့် သူတို့၏ပစ္စည်းဥစ္စာများကို သူတို့အတွက် ဂျန္နသ်သုခဘုံဖြင့် အစားပေးပြီး ဝယ်ယူတော်မူခဲ့သည်။[၆] သူတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် စစ်တိုက်ကြသည်။ သို့ဖြစ်ရာ သူတို့သည်(ရန်သူများကို) သတ်ဖြတ်ကြပြီး သူတို့သည် (ရန်သူများ၏)သတ်ဖြတ်မှုကိုလည်း ခံကြရသည်။ အရှင်မြတ်သည် အရှင်မြတ်အပေါ်တွင် တာဝန်ရှိကြောင်း၊ သောင်ရာသ်ကျမ်း၊ အင်န်ဂျီလ်ကျမ်းနှင့် ကုရ်အာန်ကျမ်းတော်မြတ်၌ မှန်ကန်စွာ ကတိပြုထားတော်မူခဲ့သည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်ထက်ပိုပြီး မိမိကတိကို ပြည့်ဝအောင်ဆောင်ရွက်သူ မည်သူရှိသနည်း။ သို့ဖြစ်ရာ အသင်တို့သည် အသင်တို့အချင်းချင်း ရောင်းဝယ်ဖောက်ကားမှု (အပေးအယူပြုလုပ်ခဲ့ကြသော ရောင်းဝယ်မှု)နှင့်ပတ်သက်၍ ဝမ်းမြောက်ပျော်ရွှင်ကြပါ။ ထို့ပြင် ၎င်း(အရောင်းအဝယ်)သည် အလွန်ကြီးကျယ်သော အောင်မြင်မှုပင်ဖြစ်သည်။

[၆] အဗ်ဒုလ္လာဟ်ဗင် ရဝါဟဟ် ﷺက အကဗဟ်ညမှာ အရှင်မြတ်တစ်ပါးတည်းကိုပဲ ကိုးကွယ်ဖို့၊ ရှိရ်ကမလုပ်ဖို့နဲ့ တမန်တော်မြတ် ﷺကို ကာကွယ်ဖို့တာဝန်ယူလိုက်တဲ့အပေါ်မှာ တမန်တော်မြတ် ﷺက အဲဒီရဲ့အစား ဂျန္နသ်ရရှိမယ်လို့ မိန့်ကြားခဲ့တယ်။ အဲဒီအပေးအယူအပေါ်မှာ အရှင်မြတ်က ထောက်ခံပြီးရောင်းဝယ်သလိုပုံစံနဲ့ဒီအာယသ်ကိုချပေးတော်မူခဲ့တယ်။ (အိဗ်နုကဆီးရ်မှလိုရင်းချုပ်) မှတ်ချက်။ ။ အကဗဟ်ညဆိုတာ ဟဂျ်ကာလမှာ ဂျမ္မရသုလ်ကုဗ်ရာလို့ ခေါ်တဲ့ အကြီးခဲပေါက်ရာဌာနအနားမှာ တမန်တော်မြတ် ﷺဟာ မဒီနဟ်က အီမာန်ယုံကြည်ပြီးသူ ကိုယ်စားလှယ် ၁၂ဦးနဲ့ ပထမဦးဆုံးအကြိမ် ဗိုင်အသ်သစ္စာခံယူခဲ့တဲ့ညကို ခေါ်တယ်။ (သုဟ်ဖသွလ် အဟ်ဝဇီ)

اَلتَّآئِبُوْنَ الْعٰبِدُوْنَ الْحٰمِدُوْنَ السَّآئِحُوْنَ الرّٰكِعُوْنَ السّٰجِدُوْنَ الْاٰمِرُوْنَ بِالْمَعْرُوْفِ وَ
النَّاهُوْنَ عَنِ الْمُنْكَرِ وَالْحٰفِظُوْنَ لِحُدُوْدِ اللّٰهِ ۗ وَبَشِّرِ الْمُؤْمِنِيْنَ ﴿١١٢﴾

(၁၁၂) (အရှင်မြတ်က ဂျန္နသ်ပေးပြီး ဝယ်ယူလိုက်သောသူများသည်) ဝန်ချတောင်းပန်သူများ၊ အိဗာဒသ်ဝတ်ပြုသူများ၊ ချီးမွမ်းသူများ၊ စွောင်မ်ဥပုသ်စောင့်ထိန်းသူများ[၁]၊ ရကူအ်ဦးညွှတ်သူများ၊ စဂျ်ဒဟ်ဦးချသူများ၊ ကောင်းမှုများကို ညွှန်ကြားပြီး မကောင်းမှုများမှ တားမြစ်သူများ၊ အလ္လာဟ်အရှင်မြတ်၏စည်းကမ်းများကို စောင့်ထိန်းသောသူများ ဖြစ်ကြသည်။ ၎င်းနောက် အသင်သည် မုအ်မင်နိယုံကြည်သူများအား သတင်းကောင်းပေးလိုက်ပါ။

[၁] سَآئِحُوْنَ ရဲ့အဓိပ္ပာယ်ကို ပညာရှင်အများစုက စွောင်မ်ဥပုသ်စောင့်ထိန်းသူတွေလို့ ဖွင့်ဆိုကြတယ်။ ဘာဖြစ်လို့လဲဆိုရင် သူ့မူရင်းအဓိပ္ပာယ်က ခရီးသွားသူတွေကို ခေါ်တယ်။ ခရီးသွားတဲ့အခါမှာ

ကိုယ့်ဆန္ဒတွေ အပြည့်အဝမဖြည့်ဆည်းနိုင်သလို စွောင်မ်ဥပုသ်စောင့်ထိန်းတဲ့အခါမှာလည်း ကိုယ့်ဆန္ဒတွေအပြည့်အဝမရနိုင်တာကြောင့်ဖြစ်တယ်။ (စွဟီးဟ်ဗုခါရီ - ကိသာဗွသ်သဖ်စီရ်) တခြားဖွင့်ဆိုချက်တွေလည်းရှိသေးတယ်။

مَا كَانَ لِلنَّبِيِّ وَالَّذِينَ آمَنُوا أَن يَسْتَغْفِرُوا لِلْمُشْرِكِينَ وَلَوْ كَانُوا أُولِي قُرْبَىٰ مِن بَعْدِ مَا تَبَيَّنَ لَهُمْ أَنَّهُمْ أَصْحَابُ الْجَحِيمِ ﴿١١٣﴾

(၁၁၃) တမန်တော်မြတ်နှင့် အီမာန်ယုံကြည်သူများသည် မုရှ်ရိက်များအတွက် ၎င်း(မုရှ်ရိက်)တို့သည် သူတို့၏ဆွေမျိုးများဖြစ်ကြလျှင်လည်း သူတို့သည် ငရဲသားများဖြစ်ကြောင်း သူတို့တွင် ထင်ရှားခဲ့ပြီးသည့်နောက် (အရှင်မြတ်ထံတော်၌) လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံပေးပိုင်ခွင့် မရှိတော့ပေ။❶

❶ ကိုယ့်ဆွေမျိုးသားချင်းတွေထဲမှာ ကာဖိရ်၊ မုရှ်ရိက်တွေရှိနေရင် သူတို့သေဆုံးသွားတဲ့အခါ သူတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့် မတောင်းခံပိုင်တော့တာကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

وَمَا كَانَ اسْتِغْفَارُ إِبْرَاهِيمَ لِأَبِيهِ إِلَّا عَن مَّوْعِدَةٍ وَعَدَهَا إِيَّاهُ فَلَمَّا تَبَيَّنَ لَهُ أَنَّهُ عَدُوٌّ لِّلَّهِ تَبَرَّأَ مِنْهُ ۚ إِنَّ إِبْرَاهِيمَ لَأَوَّاهٌ حَلِيمٌ ﴿١١٤﴾

(၁၁၄) ထို့ပြင် (တမန်တော်)အိဗ်ရာဟီမ်သည် သူ၏ဖခင်အတွက် လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံခဲ့ခြင်းသည် ၎င်းအနေဖြင့် ၎င်း၏ဖခင်ကို ပေးခဲ့သောကတိကြောင့်သာဖြစ်သည်။❷ ထို့နောက် (တမန်တော်)အိဗ်ရာဟီမ်ထံ၌ စင်စစ် ၎င်း၏ဖခင်သည် အလ္လာဟ်အရှင်မြတ်၏ရန်သူဖြစ်ကြောင်း ထင်ရှားခဲ့သောအခါ ၎င်းသည် ၎င်း၏ဖခင်နှင့် မသက်ဆိုင် မပတ်သက်တော့ပါဟူ၍ ငြင်းဆိုခဲ့သည်။ အမှန်စင်စစ် (တမန်တော်)အိဗ်ရာဟီမ်သည် စိတ်နှလုံးအလွန်နူးညံ့သူ၊ အလွန်သည်းခံသူ ဖြစ်ခဲ့သည်။

❷ တမန်တော်အိဗ်ရာဟီမ် ﷺ ဟာ ၎င်းဖခင်ကို လွတ်ငြိမ်းချမ်းသာခွင့်ရရှိဖို့ ခွင့်တောင်းပေးမယ်လို့ ကတိပြုခဲ့တာကြောင့် ပထမမှာ တောင်းခံပေးခဲ့ပေမဲ့ အရှင်မြတ်ရဲ့ ရန်သူဖြစ်တာသိသွားတဲ့အခါမှာ စွန့်လွှတ်ခဲ့တယ်။ (အလင်းပြကျမ်း)

وَمَا كَانَ اللَّهُ لِيُضِلَّ قَوْمًا بَعْدَ إِذْ هَدَاهُمْ حَتَّىٰ يُبَيِّنَ لَهُم مَّا يَتَّقُونَ ۚ إِنَّ اللَّهَ بِكُلِّ شَيْءٍ عَلِيمٌ ﴿١١٥﴾

(၁၁၅) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မည်သည့်လူမျိုးကိုမဆို ထိုလူမျိုးများကို လမ်းမှန်ညွှန်ကြားပြသတော်မူပြီးနောက်၊ သူတို့ ရှောင်ကြဉ်ကြရမည့်အရာများကို ထင်ရှားစွာ မိန့်တော်မူခြင်း ပြုတော်မမူသေးသမျှ လမ်းလွဲစေတော်မမူပေ။❸ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

❻ အရှင်မြတ်ဟာ အရှင်မြတ်ရဲ့အမိန့်တော်တွေ ရှင်းမပြသေးသရွေ့ ဘယ်သူ့ကိုမှ လမ်းလွဲစေတာ မရှိဘူး၊ အရေးယူတာလည်း မရှိဘူး။ အဲဒါကြောင့် အရှင်မြတ်ရဲ့ အမိန့်တွေကို မသိသေးခင်မှာ မုရ်ရိကုတ်တွေအတွက် လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံခဲ့ခြင်းအပေါ် အရှင်မြတ်က အရေးယူတော် မမူခဲ့ဘူး။ ဒါပေမဲ့ အမိန့်တော်ကျရောက်ပြီးနောက် မလိုက်နာရင်တော့ အရေးယူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ ٱللَّهَ لَهُۥ مُلۡكُ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضِۖ يُحۡيِۦ وَيُمِيتُۚ وَمَا لَكُم مِّن دُونِ ٱللَّهِ مِن وَلِيّٖ وَلَا نَصِيرٖ ﴿١١٦﴾

(၁၁၆) အမှန်စင်စစ် မိုးကောင်းကင်များနှင့် မြေပထဝီကို စိုးမိုးအုပ်ချုပ်မှုသည် အလ္လာဟ်အရှင်မြတ်အတွက်ပင်ဖြစ်သည်။ အရှင်မြတ်ပင် ရှင်စေတော်မူသည်၊ အရှင်မြတ်ပင် သေစေတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့အတွက် မိတ်ဆွေရော၊ ကူညီမည့်သူပါ မည်သူမျှမရှိပေ။❼

❼ အရှင်မြတ်ကလွဲလို့ ကူညီမဲ့သူမရှိတဲ့အတွက် အရှင်မြတ်ကိုပဲ အားကိုးအားထားပြုရမှာဖြစ်ပြီး အရှင်မြတ်ရဲ့အမိန့်တော်အတိုင်း လိုက်နာဖို့ဆိုရင် ဘယ်သူ့မျက်နှာမှ ထောက်ထားစရာမလိုဘဲ လိုက်နာရုံပဲရှိတယ်။ (အလင်းပြကျမ်း)

لَّقَد تَّابَ ٱللَّهُ عَلَى ٱلنَّبِيِّ وَٱلۡمُهَٰجِرِينَ وَٱلۡأَنصَارِ ٱلَّذِينَ ٱتَّبَعُوهُ فِي سَاعَةِ ٱلۡعُسۡرَةِ مِنۢ بَعۡدِ مَا كَادَ يَزِيغُ قُلُوبُ فَرِيقٖ مِّنۡهُمۡ ثُمَّ تَابَ عَلَيۡهِمۡۚ إِنَّهُۥ بِهِمۡ رَءُوفٞ رَّحِيمٞ ﴿١١٧﴾

(၁၁၇) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်၏ဘက်နှင့်၊ အကြင်မုဟာဂျိရီန်နှင့် အန်စွာရ်များ၏ဘက်သို့ သနားကရုဏာနှင့် လှည့်တော်မူပြီး သူတို့၏ ဝန်ချတောင်းပန်မှုများကို လက်ခံတော်မူခဲ့ပြီဖြစ်သည်။ ၎င်းတို့ထဲမှ လူတစ်စု၏ စိတ်နှလုံးများသည် တိမ်းစောင်းလုနီးပါးဖြစ်ပြီးနောက် သူတို့သည် ကျပ်တည်းသောကာလ၌❽ တမန်တော်မြတ်၏နောက်ကို လိုက်ခဲ့ကြသည်။ ထို့နောက် အရှင်မြတ်သည် သနားကရုဏာနှင့်ပြန်လှည့်တော်မူပြီး သူတို့၏ဝန်ချတောင်းပန်မှုများကို လက်ခံတော်မူခဲ့သည်။ အမှန်စင်စစ် အရှင်မြတ်သည် သူတို့နှင့်ပတ်သက်၍ အလွန်ကြင်နာတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။❾

❽ ကျပ်တည်းတဲ့ကာလဆိုတာ သဗူက်စစ်ပွဲကာလကိုဆိုလိုတယ်။ အဲဒီအချိန်ဟာ နွေခေါင်ခေါင်ပူပြင်းတဲ့အချိန်ကာလလည်းဖြစ်တယ်။ စွန်ပလွံတွေမှည့်ချိန်၊ ဆွတ်ခူးရမဲ့အချိန်လည်းဖြစ်တယ်။ အလွန်ဆင်းရဲတဲ့အချိန်၊ စစ်လက်နက်မပြည့်စုံတဲ့အချိန်၊ အစီးအနင်းအလွန်ရှားပါးတဲ့ အချိန်ဖြစ်တဲ့အတွက် ဒုက္ခကျပ်တည်းမှုပေါင်းအမြောက်အမြားကို ခံရလျက် စစ်ပွဲမှာ လိုက်လာခဲ့ကြရတာဖြစ်တယ်။ (အလင်းပြကျမ်း) ❾ အရှင်မြတ်ဟာ အဲဒီလို အခက်အခဲကြားထဲက ထွက်လာတဲ့သူတွေဘက်ကို သနားကရုဏာနဲ့လှည့်ခဲ့တဲ့အတွက် ရန်သူတွေရဲ့ ရန်လုပ်မှုကနေ ကင်းဝေးသွားခဲ့တယ်။ မွတ်စ်လင်မ်တွေ အချင်းချင်း သွေးကွဲလုနီးပါးဖြစ်ပြီးနောက် စည်းလုံးသွားခဲ့တယ်။

မွတ်စ်လင်မ်တွေ တုန်လှုပ်ချောက်ချားရမဲ့အချိန်တွေမှာ အရှင်မြတ်က ကြံ့ခိုင်မှုစွမ်းရည်တွေပေးပြီး ထိန်းသိမ်းတော်မူခဲ့တယ်။ အဲဒါကြောင့် အစ္စလာမ်ဟာ ပြိုကွဲမှုမဖြစ်ဘဲ တစ်ဟုန်ထိုး တိုးတက်လာခဲ့တာဖြစ်တယ်။ (သဖ်စီရ်အွဆ်မာနီ)

وَّعَلَى الثَّلٰثَةِ الَّذِيْنَ خُلِّفُوْا ۗ حَتّٰۤى اِذَا ضَاقَتْ عَلَيْهِمُ الْاَرْضُ بِمَا رَحُبَتْ وَضَاقَتْ عَلَيْهِمْ اَنْفُسُهُمْ وَظَنُّوْۤا اَنْ لَّا مَلْجَاَ مِنَ اللّٰهِ اِلَّاۤ اِلَيْهِ ؕ ثُمَّ تَابَ عَلَيْهِمْ لِيَتُوْبُوْا ؕ اِنَّ اللّٰهَ هُوَ التَّوَّابُ الرَّحِيْمُ ﴿۱۱۸﴾

(၁၁၈) ထို့ပြင် (အရှင်မြတ်သည်) အကြင်သူသုံးဦး❶ဘက်သို့လည်း (သနားကရုဏာနှင့် လှည့်တော်မူပြီး သူတို့၏ ဝန်ချတောင်းပန်မှုများကို လက်ခံတော်မူခဲ့သည်)။ ထိုသုံးဦးတို့သည် (အမိန့်ကျရောက်သည်အထိ) ရွှေ့ဆိုင်းမှုခံခဲ့ကြရသည့်အတွက် နောက်ဆုံးတွင် ကမ္ဘာမြေသည် ကျယ်ဝန်းပါလျက်နှင့်ပင် သူတို့အပေါ်တွင် ကျဉ်းမြောင်းလာခဲ့ပေသည်။ ထို့ပြင် သူတို့၏အသက်ရှင်နေရခြင်းသည်ပင် သူတို့အပေါ်၌ ကျပ်တည်း ခဲယဉ်းလာခဲ့သည်။ ထို့နောက် သူတို့သည် အလ္လာဟ်အရှင်မြတ်(၏အမျက်တော်)မှ လွတ်ကင်းရန် ထိုအရှင်မြတ်မှလွဲ၍ အခြားမည်သည့်ခိုကိုးရာမျှ မရှိကြောင်းကို ယုံကြည်လာခဲ့ကြသည်။ ထို့နောက် အရှင်မြတ်သည် သူတို့(နောက်ထပ်အပြစ်ကျူးလွန်မိလျှင် အရှင်မြတ်ဘက်သို့) ပြန်လှည့်(အပြစ်ဝန်ခံ)နိုင်ကြရန် သူတို့ဘက်သို့ သနားကရုဏာဖြင့် ပြန်လှည့်တော်မူပြီး သူတို့၏ဝန်ချတောင်းပန်မှုကို လက်ခံတော်မူခဲ့သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အပြစ်ဝန်ခံမှုကို အကြိမ်ကြိမ်လက်ခံခွင့်လွှတ်တော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ အဲဒီသာဝကသုံးဦးဟာ (၁) ကအဗ်ဗင်န် မာလိက် ﵁ (၂) ဟိလာလ်ဗင်န် အုမိုင်ယဟ် ﵁ (၃) မရာရဟ်ဗင်န် အရ်ရဗီအ် ﵁ တို့ဖြစ်ကြတယ်။ သူတို့ဟာ စစ်ပွဲမလိုက်တဲ့ကိစ္စမှာ လိမ်လည်ပြီး အကြောင်းမပြကြဘဲ အမှားဝန်ခံခဲ့ကြတယ်။ ရက်(၅၀) အသိုင်းအဝိုင်းရဲ့ အဆက်ဖြတ်မှုခံခဲ့ရပြီး အရှင်မြတ်က ခွင့်လွှတ်တော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)။ ရက် (၆၀) လို့လည်း အကွဲအလွဲဖော်ပြထားတယ်။ (အဒ်ဒုရ်ရွှလ်မန်ဆူးရ်)

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ وَكُوْنُوْا مَعَ الصّٰدِقِيْنَ ﴿۱۱۹﴾

(၁၁၉) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ၊ ၎င်းနောက် အသင်တို့သည် မှန်ကန်သောသူများနှင့်အတူ ရှိကြပါ(နေထိုင်ကြပါ)။❷

❷ မှန်ကန်တဲ့သူတွေဆိုတာ စိတ်နှလုံးထဲကလည်း မှန်မှန်ကန်ကန် တွေးတောစဉ်းစားတယ်၊ နှုတ်ကလည်း အမှန်ပဲ ပြောတယ်၊ ကိုယ်ကလည်း အမှန်ပဲ လုပ်တယ်၊ အဲဒီလိုသူတွေကို ခေါ်ဆိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

مَا كَانَ لِأَهْلِ الْمَدِينَةِ وَمَنْ حَوْلَهُم مِّنَ الْأَعْرَابِ أَن يَتَخَلَّفُوا عَن رَّسُولِ اللَّهِ وَلَا يَرْغَبُوا
بِأَنفُسِهِمْ عَن نَّفْسِهِ ۚ ذَٰلِكَ بِأَنَّهُمْ لَا يُصِيبُهُمْ ظَمَأٌ وَلَا نَصَبٌ وَلَا مَخْمَصَةٌ فِي سَبِيلِ اللَّهِ وَلَا
يَطَئُونَ مَوْطِئًا يَغِيظُ الْكُفَّارَ وَلَا يَنَالُونَ مِنْ عَدُوٍّ نَّيْلًا إِلَّا كُتِبَ لَهُم بِهِ عَمَلٌ صَالِحٌ ۚ
إِنَّ اللَّهَ لَا يُضِيعُ أَجْرَ الْمُحْسِنِينَ ﴿١٢٠﴾

(၁၂၀) မဒီနဟ်မြို့သားများနှင့် သူတို့၏ပတ်ဝန်းကျင်၌ရှိသော အရဗ် ကျေးတောသားများအတွက် အလ္လာဟ်အရှင်မြတ်၏တမန်တော်ကို စွန့်ပြီး နောက်ကျန်ရစ်ခဲ့ကြရန် မသင့်ပေ။ ၎င်းနောက် သူတို့သည် သူတို့၏အသက်ကို တမန်တော်၏အသက်ထက် ပိုပြီးမနှစ်သက်သင့်ပေ။❸ ထို(သို့ပြဋ္ဌာန်းရသည့်)အကြောင်းကမူ သူတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတွင် မည်ကဲ့သို့သောရေငတ်မှု၊ ပင်ပန်းမှု၊ ဆာလောင်မှုပင်ဖြစ်စေ၊ ၎င်းနောက် ကာဖိရ်များအား ဒေါသဖြစ်စေမည့် မည်သို့သော သွားလာမှုပင်ဖြစ်စေ၊ ရန်သူများထံမှ ဒုက္ခသုခ မည်သို့ပင်ရသည်ဖြစ်စေ❻၊ ထိုအချက် တစ်ခုချင်းစီအတွက် ကောင်းမှုတစ်ခုစီ ရေးမှတ်ခြင်းခံရသောကြောင့်ပင် ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကောင်းကျိုးဆောင်ရွက်သူများ၏အကျိုးကို အလဟဿ ဖြစ်စေတော်မမူပေ။

❸ တမန်တော်မြတ် ﷺ က စစ်မြေပြင် နေပူကျဲတဲမှာ ဒုက္ခခံတိုက်ခိုက်နေပြီး မဒီနဟ် မြို့သားတွေကတော့ အရိပ်ထဲမှာ ဇိမ်နဲ့ စည်းစိမ်ခံနေမယ်ဆိုရင် အဲဒါဟာ နောက်လိုက် မပီသတာ အလွန်ထင်ရှားတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် တမန်တော်မြတ် ﷺ ရဲ့ အသက်ထက် ပိုမနှစ်သက်သင့်ဘူးလို့ အမိန့်ပညတ်လိုက်တာဖြစ်တယ်။ (အသ်သဖ်စီရွလ်မုယတ်စရ်၊ မအာရိဖွလ်ကုရ်အာန်) ❻ ရန်သူတွေထံက ရရှိတဲ့အရာဟာ နှစ်မျိုးဖြစ်တယ်။ တစ်မျိုးက သုံ့ပန်းရရှိမှုနဲ့ စစ်အောင်နိုင်မှုဖြစ်ပြီး နောက်တစ်မျိုးက ဒဏ်ရာရရှိမှု၊ အသတ်ခံရမှု၊ အဖမ်းခံရမှုတို့နဲ့ စစ်ရှုံးနိမ့်မှုတို့ဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا يُنفِقُونَ نَفَقَةً صَغِيرَةً وَلَا كَبِيرَةً وَلَا يَقْطَعُونَ وَادِيًا إِلَّا كُتِبَ لَهُمْ لِيَجْزِيَهُمُ اللَّهُ
أَحْسَنَ مَا كَانُوا يَعْمَلُونَ ﴿١٢١﴾

(၁၂၁) ထို့ပြင် သူတို့သည် အသေးအဖွဲ သုံးစွဲသည်ဖြစ်စေ၊ အကြီးအကျယ်သုံးစွဲသည်ဖြစ်စေ၊ သူတို့သည် မည်သည့်တောင်ကြားတစ်နေရာကို ဖြတ်ကျော်သည်ပင်ဖြစ်စေ သူတို့အတွက်(ကောင်းမှုအဖြစ်)ရေးသားထားခဲ့သည်ချည်းဖြစ်သည်။ (ထိုသို့ ရေးရခြင်းမှာ)အလ္လာဟ်အရှင်မြတ်သည် သူတို့အား သူတို့၏လုပ်ရပ်များနှင့်ပတ်သက်၍ အကောင်းဆုံးအကျိုးကို ပေးသနားတော်မူရန်အတွက်ဖြစ်သည်။

وَمَا كَانَ الْمُؤْمِنُونَ لِيَنفِرُوا كَافَّةً ۚ فَلَوْلَا نَفَرَ مِن كُلِّ فِرْقَةٍ مِّنْهُمْ طَائِفَةٌ لِّيَتَفَقَّهُوا فِي
الدِّينِ وَلِيُنذِرُوا قَوْمَهُمْ إِذَا رَجَعُوا إِلَيْهِمْ لَعَلَّهُمْ يَحْذَرُونَ ﴿١٢٢﴾

(၁၂၂) ထို့ပြင် မုအ်မင်နယုံကြည်သူများသည် တစ်ယောက်မကျန် (စစ်ပွဲသို့) မထွက်ထိုက်ပေ။ သို့ဖြစ်ရာ သူတို့ထဲက အုပ်စုတိုင်းမှ လူတစ်စုစီသာ ထွက်ကြရမည်။ သို့မှသာ (ကျန်လူများသည်) သာသနာနှင့်ပတ်သက်၍ (အသိပညာများကို) သင်ယူဆည်းပူးနိုင်ကြမည်ဖြစ်သည်။ ထို့နောက် သူတို့သည် သူတို့၏အမျိုးသားများအား (စစ်ပွဲမှ)သူတို့ထံသို့ ပြန်ရောက်လာသောအခါ ၎င်းတို့သတိပြုအပြစ်ရှောင်နိုင်ကြရန်အတွက် (အရှင်မြတ်၏အမိန့်တော်များကို သင်ပြပေးပြီး) သတိပေးနှိုးဆော်နိုင်ကြမည်ဖြစ်သည်။❶

❶ ဒီအာယသ်ရဲ့အလိုသဘောမှာ ဂျိဟာဒ်ပြုလုပ်ရာမှာ လူတစ်ယောက်မကျန် ထွက်ရမှာ မဟုတ်ဘဲ၊ အုပ်စုတစ်စုဟာ စစ်ပွဲမှာထွက် စစ်တိုက်ပြီး ကျန်အုပ်စုတစ်စုဟာ မြို့ပြမှာနေကာ ကျန်တဲ့လုပ်ငန်းဆောင်တာများဖြစ်ကြတဲ့ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းပြည်ကာကွယ်ရေး စတဲ့ကိစ္စတွေမှာ ဆောင်ရွက်ရမှာဖြစ်ကြောင်းကို ဆိုလိုတာဖြစ်တယ်။ ပညာရေးဆိုရင် မြို့မှာနေရစ်ခဲ့တဲ့သူက ပညာသင်ယူပြီး စစ်ထွက်ရာမှ ပြန်လာသူကို ပြန်လည်ပညာသင်ပေးခြင်းတွေ ပြုလုပ်နိုင်မှာဖြစ်သလို တခြားအရေးကိစ္စတွေမှာလည်း အဲဒီလိုပဲ ပြန်လည်အကျိုးပြုနိုင်မှာဖြစ်တယ်။ သဗူက်စစ်ပွဲမှာ မလိုက်ဘဲ ကျန်ရစ်ခဲ့တဲ့သူတွေကို အရေးယူခြင်းခံရတဲ့အပေါ်၊ ဒီနောက် ဖြစ်လာတဲ့ စစ်ပွဲတွေမှာ လူတွေအားလုံးလိုက်ထွက်ကြတော့တဲ့အတွက် လုပ်ငန်းစဉ်အားလုံးမပျက်စီးစေဖို့ ဒီအာယသ်ကို ချပေးခဲ့တာဖြစ်တယ်။ အရေးတကြီး သဗူက်စစ်ပွဲလို လိုအပ်မှပဲ အားလုံးစစ်ပွဲ ထွက်ကြဖို့ ခေါင်းဆောင်က အမိန့်ပေးမှသာ ထွက်ဖို့ တာဝန်ဖြစ်သွားတော့တယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ قَٰتِلُوا۟ ٱلَّذِينَ يَلُونَكُم مِّنَ ٱلْكُفَّارِ وَلْيَجِدُوا۟ فِيكُمْ غِلْظَةً ۚ وَٱعْلَمُوٓا۟ أَنَّ ٱللَّهَ مَعَ ٱلْمُتَّقِينَ ﴿١٢٣﴾

(၁၂၃) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့အနီး၌ရှိသော ကာဖိရ်များကို တိုက်ခိုက်ကြပါ။❶ ထို့ပြင် ထိုကာဖိရ်များသည် အသင်တို့တွင် ပြင်းထန်မှုကို တွေ့ရှိစေကြရမည်။❷ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများနှင့်အတူတကွ ရှိတော်မူသည်ကို အသင်တို့ သိထားကြပါ။❸

❶ ရန်သူကို တိုက်ခိုက်ခိုင်းတဲ့နေရာမှာ အစီအစဉ်ကို ဖော်ပြထားတာဖြစ်တယ်။ အရင်ဆုံးအနီးကရန်သူကို အရင်တိုက်ဖို့မိန့်ထားတာဖြစ်တယ်။ အဲဒါကြောင့် တမန်တော်မြတ် ﷺ ဟာ အနီးကရန်သူတွေဖြစ်တဲ့ အရဗ်မုရှ်ရိက်တွေကို အရင်တိုက်ပြီးမှ အဝေးကရန်သူဖြစ်တဲ့ ရောမစစ်တပ်ကို သွားတိုက်ဖို့ စီစဉ်ခဲ့တာဖြစ်တယ်။(ကုရ်သွူဗီ)။❷ ကာဖိရ်တွေရဲ့ အမြင်မှာ မွတ်စ်လင်မ်ဟာ အလွန်လည်းကြင်နာတတ်သူ၊ အလွန်လည်း အင်အားရှိသူ၊ ပြင်းထန်သူအဖြစ်မြင်တွေ့စေရမှာဖြစ်တယ်။ (သိုင်စီရ္ဂလ်ကရီမိရ်ရဟ်မာန်)❸ အရှင်မြတ်ဟာ သက်ဝါရှိသူတွေနဲ့အတူရှိတယ်လို့ မိန့်ထားတာဟာ သက်ဝါထဲမှာ အရှင်မြတ်တစ်ပါးတည်းကိုပဲ ကြောက်ရွံ့မှု၊ အပြစ်ရှောင်ကြဉ်မှု၊ ကောင်းကျိုး

ဆောင်ရွက်မှု၊ စစ်တိုက်ခြင်းအပေါ်မှာ တခြားမက်မောမှုတွေ ဥပမာ - ပစ္စည်းလောဘ၊ ရာထူး ဂုဏ်လောဘ စတာတွေကို ရှောင်ကြဉ်ပြီး အစ္စလာမ်တိုးတက်ဖို့ ရည်ရွယ်ချက်ကိုပဲ ထားရှိရမှာ ဖြစ်တယ်။
(သွဗ်ရီ၊ စအ်ဒီ၊ အိဗ်နုကဆီးရ်)

وَإِذَا مَا أُنزِلَتْ سُورَةٌ فَمِنْهُم مَّن يَقُولُ أَيُّكُمْ زَادَتْهُ هَٰذِهِ إِيمَانًا ۚ فَأَمَّا الَّذِينَ آمَنُوا فَزَادَتْهُمْ إِيمَانًا وَهُمْ يَسْتَبْشِرُونَ ﴿١٢٤﴾

(၁၂၄) ထို့ပြင် မည်သည့်အခါမဆို စူရဟ်ကဏ္ဍတစ်စုံတစ်ခုသည် (အရှင်မြတ်ထံမှ) ချပေးခြင်းခံရလျှင်၊ ထို(အယောင်ဆောင်)သူများထဲမှ အချို့က ဤစူရဟ်ကဏ္ဍသည် အသင်တို့ထဲမှ မည်သူ၏ အီမာန်ကို တိုးတက်စေပါသနည်းဟု ပြောဆိုကြသည်။❻ ၎င်းနောက် မည်သို့ပင်ဖြစ်စေ အီမာန်ယုံကြည်သူများကမူ သူတို့သည် ဝမ်းမြောက်ပျော်ရွှင်လျက် ထိုစူရဟ်ကဏ္ဍသည် သူတို့၏အီမာန်ကို တိုးတက်စေခဲ့သည်။

❻ စူရဟ်တစ်ခုခုကျရောက်လာရင် မွတ်စ်လင်မ်တွေရဲ့ အီမာန်တိုးတက်ကြောင်း အရှင်မြတ်က မိန့်ထားတာ ဖြစ်တယ်။ မုနာဖိက်တွေကတော့ သူတို့ဟာ အမြဲ မကောင်းတဲ့ဘက်ကိုပဲ တွေးခေါ်လေ့ရှိတဲ့အတွက် သူတို့စိတ်ထဲရှိနေတဲ့အညစ်အကြေးအပေါ်မှာ ထပ်ပြီးမကောင်းထင်တဲ့အညစ်အကြေးဖုံးလွှမ်းသွားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَأَمَّا الَّذِينَ فِي قُلُوبِهِم مَّرَضٌ فَزَادَتْهُمْ رِجْسًا إِلَىٰ رِجْسِهِمْ وَمَاتُوا وَهُمْ كَافِرُونَ ﴿١٢٥﴾

(၁၂၅) ထို့ပြင် မည်သို့ပင်ဖြစ်စေ စိတ်နှလုံးများ၌ ရောဂါရှိသူများကမူ ထိုစူရဟ်ကဏ္ဍသည် သူတို့၏ အညစ်အကြေးထဲသို့ အညစ်အကြေးတစ်ခု ထပ်တိုးစေခဲ့သည်။ သူတို့သည် ကာဖိရ်ငြင်းပယ်သူများဖြစ်လျက် သေဆုံးခဲ့ကြရသည်။

أَوَلَا يَرَوْنَ أَنَّهُمْ يُفْتَنُونَ فِي كُلِّ عَامٍ مَّرَّةً أَوْ مَرَّتَيْنِ ثُمَّ لَا يَتُوبُونَ وَلَا هُمْ يَذَّكَّرُونَ ﴿١٢٦﴾

(၁၂၆) ထို့ပြင် အမှန်စင်စစ် သူတို့သည် နှစ်စဉ်နှစ်တိုင်း တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် စမ်းသပ်ခြင်းခံကြရခြင်းကို သူတို့မမြင်ကြသလော။ ထို့နောက်လည်း သူတို့သည် ဝန်ချတောင်းပန်ခြင်းမရှိကြပေ၊ သတိတရားလည်းမရကြပေ။❼

❼ မုနာဖိက်တွေဟာ တစ်နှစ်မှာ နှစ်ကြိမ် စမ်းသပ်ခံနေကြရတယ်ဆိုတာ စစ်ပွဲမှာ သူတို့ရဲ့မကောင်းတဲ့ လုပ်ရပ်တွေ ပေါ်သွားတာမျိုး၊ သူတို့အပေါ်မှာ ဒုက္ခကပ်တွေဆိုက်ရောက်လာတာမျိုး စတာတွေ ဖြစ်ပေါ်လေ့ရှိတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِذَا مَا أُنزِلَتْ سُورَةٌ نَّظَرَ بَعْضُهُمْ إِلَىٰ بَعْضٍ هَلْ يَرَاكُم مِّنْ أَحَدٍ ثُمَّ انصَرَفُوا ۚ صَرَفَ اللَّهُ قُلُوبَهُم بِأَنَّهُمْ قَوْمٌ لَّا يَفْقَهُونَ ﴿١٢٧﴾

(၁၂၇) ထို့ပြင် မည်သည့်အခါမဆို စူရဟ်တစ်စုံတစ်ခု ချပေးခြင်းခံခဲ့ရလျှင်၊ သူတို့ထဲမှ တစ်ဦးသည် တစ်ဦးကို ကြည့်ပြီး "အသင်တို့ကို (တမန်တော်

နှင့် မွတ်စ်လင်မ်များထဲမှ) တစ်စုံတစ်ဦးသည် မြင်သွားသလော”[၆] ဟု မေးမြန်းပြီးသည့်နောက် ပြန်လှည့်သွားခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်သည် သူတို့၏ စိတ်နှလုံးများအား လှည့်ထားတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် (စဉ်းစားဆင်ခြင်မှုမပြုသည့်အတွက် အမှန်ကို) နားမလည်သော အမျိုးသားများဖြစ်ကြသည်။

[၆] မုနာဖိက်တွေဟာ တစ်ခါတစ်ရံ တမန်တော်မြတ် ﷺ ရဲ့အနားမှာ ထိုင်နေကြတုန်း သူတို့နဲ့ပတ်သက်တဲ့ စူရဟ်အာယသ်တစ်ခုခုကျလာတဲ့အခါမှာ ထပြန်လေ့ရှိကြတယ်။ သူတို့ထပြန်တာကို မွတ်စ်လင်မ်တစ်ဦးဦးမြင်သွားမှာကိုလည်း စိုးရိမ်ကြလို့ မေးမြန်းကြတာဖြစ်တယ်။ တကယ်လို့ မြင်သွားရင် တမန်တော်မြတ် ﷺ ထံကို သတင်းရောက်သွားပြီး သူတို့ရဲ့မကောင်းတဲ့လုပ်ရပ်ပေါ်သွားမှာကို ကြောက်ရွံ့စိုးရိမ်တာကြောင့်ဖြစ်တယ်။ သူတို့ဟာ အရှင်မြတ်ရဲ့အာယသ်တော်တွေနဲ့ အကျိုးမခံစားကြဘဲ ပြန်လှည့်သွားကြတဲ့အပေါ် အရှင်မြတ်ကလည်း သူတို့ရဲ့ စိတ်နှလုံးတွေကို လှည့်ထားလိုက်တော့တယ်။ (အလင်းပြကျမ်း)

لَقَدْ جَاءَكُمْ رَسُولٌ مِّنْ أَنفُسِكُمْ عَزِيزٌ عَلَيْهِ مَا عَنِتُّمْ حَرِيصٌ عَلَيْكُم بِالْمُؤْمِنِينَ رَءُوفٌ رَّحِيمٌ ﴿١٢٨﴾

(၁၂၈) အမှန်စင်စစ် အသင်တို့ထဲမှပင် တမန်တော်တစ်ပါးသည် အသင်တို့ထံသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။[၇] အသင်တို့ ဒုက္ခရောက်ခြင်းသည် ထိုတမန်တော်အပေါ်တွင် အလွန်ဝန်လေးသည်။[၈] (၎င်းနောက် ထိုတမန်တော်သည်) အသင်တို့နှင့် ပတ်သက်၍ (ကောင်းသည်ကိုသာ) အလွန်လိုလားသူဖြစ်သည်။ မုအ်မင်န်ယုံကြည်သူများနှင့် ပတ်သက်၍ အလွန်နူးညံ့သိမ်မွေ့သူ၊ အလွန်ကြင်နာသူတစ်ဦး ဖြစ်သည်။

[၇] အသင်တို့ထံကိုဆိုတာ လူထုအားလုံးထံကို ဆိုလိုတယ်(အလင်းပြကျမ်း) [၈] လူသားအားလုံးကို သနားကြင်နာမှုပေးဖို့ ရောက်လာတာဖြစ်ပြီး ဒုက္ခရောက်တာကို မလိုလားဘူး။(အလင်းပြကျမ်း)

فَإِن تَوَلَّوْا فَقُلْ حَسْبِيَ اللَّهُ لَا إِلَٰهَ إِلَّا هُوَ ۖ عَلَيْهِ تَوَكَّلْتُ ۖ وَهُوَ رَبُّ الْعَرْشِ الْعَظِيمِ ﴿١٢٩﴾

(၁၂၉) ထို့နောက် အကယ်၍ သူတို့သည် (သိပါလျက်နှင့် မလိုက်နာဘဲ)ပြန်လှည့်သွားခဲ့ကြလျှင် (အို-တမန်တော်)အသင်ပြောလိုက်ပါ- “ငါ့အတွက် အလ္လာဟ်အရှင်မြတ်သည် လုံလောက်တော်မူသည်၊ ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ ထိုအရှင်မြတ်အပေါ်၌သာ ငါသည် ယုံပုံလွှဲအပ်ခဲ့ပြီဖြစ်သည်။ ၎င်းနောက် အရှင်မြတ်သည် အလွန်ကြီးကျယ်မြင့်မြတ်သော အရ်ရှ်ပလ္လင်တော်ကို စိုးပိုင်တော်မူသည့်အရှင်ဖြစ်တော်မူသည်။”[၉]

[၉] အဲဒီလောက် သနားကြင်နာမှုကို ရှေ့တန်းတင်ထားပါလျက်နဲ့ လှည့်ထွက်သွားကြရင် ဂရုစိုက်စရာမလိုတော့ဘူးလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

ركوعاتها ١١ ١٠ سُوْرَةُ يُوْنُسَ مَكِّيَّةٌ ٥١ اٰياتها ١٠٩

## စူရဟ် ယူနွတ်စ် (တမန်တော်ယူနွတ်စ်ကဏ္ဍ) سُوْرَةُ يُوْنُسَ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

الٓرٰ ۚ تِلۡكَ اٰيٰتُ الۡكِتٰبِ الۡحَكِيۡمِ ﴿١﴾

(၁) အလိဖ် လာမ် ရာ ။[၁] ဤသည် ဉာဏ်ပညာနှင့်ပြည့်စုံသော ကျမ်းတော်မြတ်၏ အာယသ်တော်များဖြစ်သည်။

[၁] အဲဒါတွေရဲ့အဓိပ္ပာယ်ကိုတော့ အရှင်မြတ်ပဲ သိတော်မူတယ်။ (အာစားန်သဲရ်ဂျူမဟ်)

اَكَانَ لِلنَّاسِ عَجَبًا اَنۡ اَوۡحَيۡنَاۤ اِلٰى رَجُلٍ مِّنۡهُمۡ اَنۡ اَنۡذِرِ النَّاسَ وَبَشِّرِ الَّذِيۡنَ اٰمَنُوۡۤا اَنَّ لَهُمۡ قَدَمَ صِدۡقٍ عِنۡدَ رَبِّهِمۡ ؕ قَالَ الۡكٰفِرُوۡنَ اِنَّ هٰذَا لَسٰحِرٌ مُّبِيۡنٌ ﴿٢﴾

(၂) ငါအရှင်မြတ်သည် သူတို့ထဲမှပင် လူတစ်ဦးထံသို့ "အသင်သည် လူများအား သတိပေးနှိုးဆော်ပါ" ၎င်းနောက် "အီမာန်ယုံကြည်သူများအား သူတို့၏အရှင်မြတ်ထံတော်၌ သူတို့အတွက် မြင့်မြတ်သော အဆင့်အတန်းရှိသည်ဟု သတင်းကောင်းပြောလိုက်ပါ"ဟု ဝဟီအမိန့်ချပေးခြင်းသည် လူများအတွက် အံ့သြဖွယ်ရာဖြစ်နေသလော၊[၂] ကာဖိရ်ငြင်းပယ်သူများကမူ "ဤသည် ထင်ရှားသောစုန်းပယောဂ အမှန်ပင်ဖြစ်သည်"ဟု ပြောဆိုကြသည်။[၃]

[၂] အရပ်တွေအနေနဲ့ ဝလီဒ်ဗင်မုဂီရဟ်နဲ့ မတ်စ်အူဒ်ဗင် အမ်ရ်ဆကဖီတို့နှစ်ဦးဟာ သူတို့ထံမှာ တမန်တော်မုဟမ္မဒ် ﷺ ထက် ပိုမြင့်မြတ်ကြတဲ့အတွက် လွှတ်ခြင်းလွှတ်ရင် သူတို့နှစ်ဦးထဲက တစ်ဦးဦးကို တမန်တော်အဖြစ် အရှင်မြတ်က စေလွှတ်ရမှာဖြစ်လို့ အခုလို တမန်တော်မုဟမ္မဒ် ﷺ ကို စေလွှတ်တာဟာ မဖြစ်နိုင်ဘူးဆိုပြီး အံ့သြနေကြတာ ဖြစ်တယ်။ (သဖ်စီရ်မဇ္ဇဟာရီ) [၃] တမန်တော်မြတ် ﷺ ကို မှော်ဆရာ၊ ကုရ်အာန်ကို မှော်အတတ်ပညာလို့ စွပ်စွဲကြတယ်။ တကယ်တော့ ကုရ်အာန်မှာ လူသားတွေ စီစဉ်ဖန်တီးလို့မရနိုင်တဲ့ ထူးခြားချက်တွေရှိတယ်ဆိုတာ အရပ်တွေ အားလုံးသိကြတယ်။ အဲဒါကြောင့် ကုရ်အာန်ဘက်ကို အားလုံးပါသွားမှာစိုးလို့ နောက်လိုက်တွေကို လှည့်စားဖို့အတွက် မှော်လို့ပြောတာဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّ رَبَّكُمُ اللّٰهُ الَّذِىۡ خَلَقَ السَّمٰوٰتِ وَالۡاَرۡضَ فِىۡ سِتَّةِ اَيَّامٍ ثُمَّ اسۡتَوٰى عَلَى الۡعَرۡشِ يُدَبِّرُ الۡاَمۡرَ ؕ مَا مِنۡ شَفِيۡعٍ اِلَّا مِنۡۢ بَعۡدِ اِذۡنِهٖ ؕ ذٰلِكُمُ اللّٰهُ رَبُّكُمۡ فَاعۡبُدُوۡهُ ؕ اَفَلَا تَذَكَّرُوۡنَ ﴿٣﴾

(၃) အမှန်စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလ္လာဟ်အရှင်မြတ်ပင်ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို ခြောက်ရက်(နှင့် ညီမျှသောအချိန်)ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်သည် အရ်ရှ်ပလ္လင်တော်အပေါ်တွင် တည်(ရှိလျက် အရှင်မြတ်နှင့် ထိုက်တန်တော်မူသည့်အတိုင်း စံမြန်းနေ)တော်မူသည်။ အရှင်မြတ်သည်ပင် အမှုကိစ္စအားလုံးကို စီမံခန့်ခွဲတော်မူသည်။ မည်သူမဆို အရှင်မြတ်ခွင့်ပြုတော်မူပြီးမှပင် ကြားဝင် အသနားခံနိုင်မည် ဖြစ်သည်။❻ ထိုအရှင်မြတ်ပင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ် ဖြစ်တော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် အရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြပါ။ (ဤမျှပင်) အသင်တို့သည် သတိတရား မရကြသေးသလော။

❻ ရှဖာအသ်ဟာ အရှင်မြတ်ရဲ့ အမိန့်အာဏာခွင့်ပြုချက်ရပြီးမှသာ ပြုလုပ်နိုင်တဲ့အတွက် အရှင်မြတ်ရဲ့ခွင့်လွှတ်မှုဟာ အရှင်မြတ်ပဲ စိုးပိုင်ထားခြင်းဖြစ်တာ ထင်ရှားနေတယ်။ အရှင်မြတ် ခွင့်လွှတ်ဖို့ အလိုရှိတော်မမူတဲ့သူကို အရှင်မြတ်က ခွင့်လွှတ်ဖို့ ကြားဝင်ပြောပေးမဲ့သူကိုတောင် ဘယ်သူ့ကိုမှခွင့်ပေးမှာမဟုတ်တဲ့အတွက် အရှင်မြတ်အပေါ်မှာပဲ လုံးဝ အားကိုးပြီး ခွင့်လွှတ်တောင်းပန်ရမှာဖြစ်တယ်။ (အသ်သဖ်စီရွလ်မုယဿစရ်)

إِلَيْهِ مَرْجِعُكُمْ جَمِيعًا ۖ وَعْدَ اللَّهِ حَقًّا ۚ إِنَّهُ يَبْدَؤُا الْخَلْقَ ثُمَّ يُعِيدُهُ لِيَجْزِيَ الَّذِينَ آمَنُوا
وَعَمِلُوا الصَّالِحَاتِ بِالْقِسْطِ ۚ وَالَّذِينَ كَفَرُوا لَهُمْ شَرَابٌ مِّنْ حَمِيمٍ وَعَذَابٌ أَلِيمٌ بِمَا كَانُوا
يَكْفُرُونَ ﴿٤﴾

(၄) အသင်တို့အားလုံး၏ပြန်လှည့်ရာဌာနသည် အရှင်မြတ်ထံတော်သို့ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ကတိတော်ကို မှန်ကန်စွာပြုတော်မူထားသည်။ အမှန်စင်စစ် ထိုအရှင်မြတ်ပင် အဖန်ဆင်းခံများအားပထမအကြိမ်ကလည်း စတင်ဖန်ဆင်းတော်မူခဲ့ခြင်းဖြစ်သည်။ ထို့နောက် အရှင်မြတ်သည်ပင် ထိုအဖန်ဆင်းခံများအား နောက်တစ်ကြိမ်ပြန်ပြီး ဖန်ဆင်းတော်မူဦးမည်ဖြစ်သည်။ (ထိုသို့ပြန်ပြီး ဖန်ဆင်းတော်မူရခြင်းမှာ) အရှင်မြတ်သည် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်သောသူများအား မျှတစွာ အကျိုးပေးရန်အတွက် ဖြစ်သည်။❼ ထို့ပြင် ကာဖိရ်ငြင်းပယ်သူများကမူ သူတို့သည် ငြင်းပယ်နေခဲ့ခြင်းကြောင့် သူတို့အတွက် အလွန်ဆူပွက်နေသောသောက်စရာ(ရေပူ)နှင့် အလွန်နာကျင်စေသောအပြစ်ဒဏ် ရှိလိမ့်မည်။

❼ ကောင်းတဲ့သူတွေကို ကောင်းကျိုးပေးဖို့နဲ့ ဆိုးတဲ့သူတွေကို ဆိုးကျိုးပေးဖို့ နောက်တစ်ဖန်ပြန်

ဖန်ဆင်းမှာဖြစ်တယ်။ (အလင်းပြကျမ်း)

هُوَ الَّذِىۡ جَعَلَ الشَّمۡسَ ضِيَآءً وَّ الۡقَمَرَ نُوۡرًا وَّ قَدَّرَهٗ مَنَازِلَ لِتَعۡلَمُوۡا عَدَدَ السِّنِيۡنَ وَ الۡحِسَابَ‌ؕ مَا خَلَقَ اللّٰهُ ذٰلِكَ اِلَّا بِالۡحَـقِّ‌ۚ يُفَصِّلُ الۡاٰيٰتِ لِقَوۡمٍ يَّعۡلَمُوۡنَ ﴿۵﴾

(၅) အရှင်မြတ်သည် နေကို ထွန်းလင်းတောက်ပစေရန်နှင့် လကို လင်းဝင်းစေရန် ပြုလုပ်တော်မူခဲ့သောအရှင် ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် နှစ်များ၏အရေအတွက်နှင့် စာရင်းအင်းကို အသင်တို့ သိနားလည်ကြရန်အတွက် ထို(လသွားသည့်)စခန်းများအား သတ်မှတ်ပေးတော်မူခဲ့သည်။❻ အလ္လာဟ်အရှင်မြတ်သည် ထိုအရာများအား မှန်ကန်သောရည်ရွယ်ချက်ဖြင့်ပင် ဖန်ဆင်းတော်မူခဲ့ခြင်းဖြစ်သည်။ အရှင်မြတ်သည် သိနားလည်သူများအတွက် သက်သေလက္ခဏာများကို အသေးစိတ် ရှင်းလင်းပြသတော်မူသည်။

❻ နေ၊ လတွေကို ကြည့်ပြီး နေ့တွေရက်တွေ အချိန်အပိုင်းအခြားတွေကို သတ်မှတ်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّ فِى اخۡتِلَافِ الَّيۡلِ وَالنَّهَارِ وَمَا خَلَقَ اللّٰهُ فِى السَّمٰوٰتِ وَالۡاَرۡضِ لَاٰيٰتٍ لِّقَوۡمٍ يَّتَّقُوۡنَ ﴿۶﴾

(၆) အမှန်စင်စစ် ညနှင့်နေ့များ၏ ပြောင်းလဲမှုတွင်လည်းကောင်း၊ မိုးကောင်းကင်များနှင့် မြေပထဝီတွင် အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသောအရာများတွင်လည်းကောင်း (အရှင်မြတ်အား) ကြောက်ရွံ့သူများအတွက် သက်သေလက္ခဏာများ အမှန်ပင်ရှိသည်။❼

❼ အရှင်မြတ်ဟာ အာယသ်တော်တွေကို နေရာပေါင်းအမြောက်အမြားမှာ အသေးစိတ်ရှင်းလင်းပြတော်မူထားတယ်။ (အလင်းပြကျမ်း)

اِنَّ الَّذِيۡنَ لَا يَرۡجُوۡنَ لِقَآءَنَا وَرَضُوۡا بِالۡحَيٰوةِ الدُّنۡيَا وَاطۡمَاَنُّوۡا بِهَا وَالَّذِيۡنَ هُمۡ عَنۡ اٰيٰتِنَا غٰفِلُوۡنَ ۙ﴿۷﴾

(၇) အမှန်စင်စစ် အကြင်သူများသည် ငါအရှင်မြတ်နှင့်တွေ့ဆုံခြင်းကို မမျှော်လင့်ကြပေ။❶ ၎င်းနောက် သူတို့သည် လောကီဘဝကိုသာ ကျေနပ်၍ ထိုလောကီဘဝနှင့်ပင် (လုံလောက်ပြီဟု ထင်မှတ်ပြီး) အေးဆေးတည်ငြိမ်နေခဲ့ကြသည်။ ထို့ပြင် အကြင်သူတို့သည် ငါအရှင်မြတ်၏ (တမလွန်ဘဝနှင့် စပ်လျဉ်းသော) သက်သေလက္ခဏာများကို မေ့လျော့သူများ ဖြစ်ကြသည်။

❶ ကာဖိရ်တွေဟာ အရှင်မြတ်နဲ့ တွေ့ဆုံမှုကို မေ့ထားလိုက်ကြတယ်။ တမလွန်ဘဝကိုလည်း မေ့ထားကြတယ်။ နောက်ဆုံး ဒီဘဝပဲအဓိကဖြစ်တယ်ဆိုပြီး ဒီဘဝအပေါ်မှာ အာရုံစိုက်ကြိုးပမ်းနေကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

اُولٰٓـئِكَ مَاۡوٰٮهُمُ النَّارُ بِمَا كَانُوۡا يَكۡسِبُوۡنَ ﴿۸﴾

(၈) ထိုသူများပင်၊ သူတို့သည် (မကောင်းမှုများကို) ရှာဖွေဆည်းပူးနေခဲ့သည့်အတွက် သူတို့၏ခိုကိုးရာဌာနသည် ဂျဟန္နမ်ငရဲဘုံပင် ဖြစ်သည်။

اِنَّ الَّذِیۡنَ اٰمَنُوۡا وَ عَمِلُوا الصّٰلِحٰتِ یَهۡدِیۡهِمۡ رَبُّهُمۡ بِاِیۡمَانِهِمۡ ۚ تَجۡرِیۡ مِنۡ تَحۡتِهِمُ الۡاَنۡهٰرُ فِیۡ جَنّٰتِ النَّعِیۡمِ ﴿۹﴾

(၉) အမှန်စင်စစ် အကြင်သူများသည် အီမာန်ယုံကြည်ခဲ့ကြသည်။ ၎င်းနောက် သူတို့သည် ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည်။ သူတို့အား သူတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် သူတို့၏အီမာန်ယုံကြည်မှုကြောင့် စည်းစိမ်နှင့် ပြည့်စုံသော ဥယျာဉ်များထံသို့ ပို့ဆောင်တော်မူမည်ဖြစ်သည်၊ ၎င်းတို့၏အောက်၌ စမ်းရေချောင်းများစီးဆင်းနေမည်။

دَعۡوٰىهُمۡ فِیۡهَا سُبۡحٰنَكَ اللّٰهُمَّ وَ تَحِیَّتُهُمۡ فِیۡهَا سَلٰمٌ ۚ وَ اٰخِرُ دَعۡوٰىهُمۡ اَنِ الۡحَمۡدُ لِلّٰهِ رَبِّ الۡعٰلَمِیۡنَ ﴿۱۰﴾

(၁၀) ၎င်း(သုခဘုံဥယျာဉ်များ)၌ သူတို့၏စကားသည် "အို-အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် သန့်ပြန့်စင်ကြယ်တော်မူပါသည်"ဟုဖြစ်ပြီး၊ ထိုအထဲ၌ သူတို့၏နှုတ်ခွန်းဆက်သခြင်းသည် "စလာမ် ငြိမ်းချမ်းသာယာမှု သက်ရောက်ပါစေ"ဟု ဖြစ်မည်။ ၎င်းနောက် သူတို့၏နောက်ဆုံး(နိဂုံးချုပ်)စကားသည် "ချီးမွမ်းခြင်းဟူသမျှသည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်နှင့်သာ ထိုက်တန်သည်" ဟူ၍ဖြစ်မည်။[၂]

[၂] ဂျန္နသ်သုခဘုံသားတွေဟာ ဂျန္နသ်ထဲမှာ سُبۡحَانَ اللّٰه ဆိုလိုက်တာနဲ့ သူတို့စိတ်ထဲကနေ တောင့်တတဲ့အရာတွေဟာ ချက်ချင်းရရှိလာမှာဖြစ်တယ်။ အချင်းချင်းတွေ့ဆုံကြတဲ့အခါ سَلَام လို့ ဆိုကြမယ်။ သူတို့လိုချင်တာတွေဟာ မပင်ပန်းဘဲနဲ့ ရတဲ့အပေါ် သူတို့ဟာ နောက်ဆုံးမှာ اَلۡحَمۡدُ لِلّٰهِ رَبِّ الۡعَالَمِيۡنَ လို့ ဆိုကြမယ်။ (အလင်းပြကျမ်း)

وَلَوۡ یُعَجِّلُ اللّٰهُ لِلنَّاسِ الشَّرَّ اسۡتِعۡجَالَهُمۡ بِالۡخَیۡرِ لَقُضِیَ اِلَیۡهِمۡ اَجَلُهُمۡ ؕ فَنَذَرُ الَّذِیۡنَ لَا یَرۡجُوۡنَ لِقَآءَنَا فِیۡ طُغۡیَانِهِمۡ یَعۡمَهُوۡنَ ﴿۱۱﴾

(၁၁) ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် လူများထံသို့ သူတို့သည် အကောင်းကို အလျင်စလိုတောင်းဆိုကြသကဲ့သို့ အဆိုးကို အလျင်စလိုပြုလုပ်ပေးတော်မူလျှင် သူတို့ကို ပေးထားသော စောင့်ဆိုင်းချိန်သည် အမှန်ပင် ကုန်ဆုံးသွားခဲ့ပြီးဖြစ်လိမ့်မည်။[၃] သို့ဖြစ်ရာ ငါအရှင်မြတ်သည် ငါအရှင်မြတ်နှင့် တွေ့ဆုံမှုကို မမျှော်လင့်သူများအား သူတို့၏ ဆိုးသွမ်းမောက်မာမှုထဲ၌ပင် တဝဲ

လည်လည် ဖြစ်နေကြရန်အတွက် စွန့်ပစ်ထားတော်မူသည်။❻

❷ အရပ်မှရှိရိုက်တွေဟာ တမန်တော် ﷺ ရောက်လာပြီးမှ အီမာန်လက်မခံရင် ပြစ်ဒဏ်ခံကြရမဲ့အကြောင်း တမန်တော် ﷺ က ပြောပြတဲ့အခါ သူတို့က အဲဒီပြစ်ဒဏ်ကို ချက်ချင်းချပေးဖို့ တောင်းဆိုကြတယ်။ အဲဒီအတွက် သူတို့ချက်ချင်းတောင်းဆိုသလိုပဲ အရှင်မြတ်ကလည်း ပြစ်ဒဏ်ကိုချက်ချင်းသာ ချပေးလိုက်ရင် သူတို့ကို စဉ်းစားရွေးချယ်ဆုံးဖြတ်ဖို့ပေးထားတဲ့အချိန်ဟာ ကျန်မှာမဟုတ်တော့ဘဲ သူတို့ဟာ ချက်ချင်းပဲ အပြစ်ဒဏ်ခံလိုက်ရပြီး ပျက်စီးသွားကြရတော့မှာဖြစ်တယ်။ ဒါပေမဲ့ အရှင်မြတ်က အဲဒီလောက်မြန်မြန် အရေးမယူချင်တဲ့အတွက် လူသားကို စဉ်းစားပြီး ပြန်လည်ပြုပြင် မှန်ကန်လာနိုင်အောင် လွှတ်ပေးထားတာဖြစ်တယ်။ (အိဗ်နုကဆီးရ်၊ အွဆ်မာနီ)

❻ တချို့သူတွေကတော့ ပိုကောင်းမလာဘဲ ပိုဆိုးသွားတယ်ဆိုရင် အဲဒီလို ခေါင်းမာတဲ့သူတွေကိုလည်း ဆိုးတဲ့ဝဲဂယက်ထဲမှာနေရင်းနဲ့ သေသွားအောင် လွှတ်ပေးထားတာဖြစ်တယ်။

(အွဆ်မာနီ၊ သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

وَإِذَا مَسَّ الْإِنسَانَ الضُّرُّ دَعَانَا لِجَنبِهِ أَوْ قَاعِدًا أَوْ قَائِمًا فَلَمَّا كَشَفْنَا عَنْهُ ضُرَّهُ مَرَّ كَأَن لَّمْ يَدْعُنَا إِلَىٰ ضُرٍّ مَّسَّهُ ۚ كَذَٰلِكَ زُيِّنَ لِلْمُسْرِفِينَ مَا كَانُوا يَعْمَلُونَ ﴿١٢﴾

(၁၂) ထို့ပြင် လူသား၌ ဒုက္ခရောက်သောအခါ သူသည် ငါအရှင်မြတ်ကို လဲလျောင်းလျက် သို့မဟုတ် ထိုင်လျက် သို့မဟုတ် ရပ်လျက်ဟစ်ခေါ်သည်။ ထို့နောက် ငါအရှင်မြတ်သည် သူ၏ဒုက္ခကို ဖယ်ရှားတော်မူလိုက်သောအခါ သူသည် ငါအရှင်မြတ်အား သူ့တွင် ရောက်ခဲ့သည့် ဒုက္ခအတွက် (တစ်ကြိမ်မျှ) မဟစ်ခေါ်ခဲ့သကဲ့သို့ ဖြစ်သွားသည်။❶ ထိုသို့ပင် စည်းဖောက်သူများအတွက် သူတို့ပြုလုပ်နေခဲ့သည့်အရာ(မကောင်းမှု)များသည် လှပ(သည့်သဏ္ဍာန်ဖြစ်ရှိ)စေရန် တန်ဆာဆင်မြန်းခြင်းခံရသည်။

❶ လူသားဟာ ဒုက္ခရောက်ရင် အရှင်မြတ်ကို ဟစ်ခေါ်တောင်းခံလေ့ရှိပြီး ဒုက္ခပျောက်သွားတဲ့အခါကျရင်တော့ ဒုက္ခရောက်တုန်းက အရှင်မြတ်ကို ခေါ်ခဲ့တာတွေတောင် မေ့သွားလေ့ရှိတာကို ဖော်ပြထားတာဖြစ်တယ်။ အဲဒီလို အရှင်မြတ်ရဲ့ကျေးဇူးတော်ကို မေ့သွားရမှာမဟုတ်ဘူး။ အမြဲသတိ ရနေရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدْ أَهْلَكْنَا الْقُرُونَ مِن قَبْلِكُمْ لَمَّا ظَلَمُوا ۙ وَجَاءَتْهُمْ رُسُلُهُم بِالْبَيِّنَاتِ وَمَا كَانُوا لِيُؤْمِنُوا ۚ كَذَٰلِكَ نَجْزِي الْقَوْمَ الْمُجْرِمِينَ ﴿١٣﴾

(၁၃) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့မတိုင်မီက မျိုးနွယ်များကို သူတို့သည် မတရားကျူးလွန်ကြသောအခါ ဖျက်ဆီးပစ်တော်မူခဲ့သည်။ ထို့ပြင် သူတို့ထံသို့ သူတို့၏တမန်တော်များသည် ထင်ရှားသော သက်သေလက္ခဏာများကို ယူဆောင်လာခဲ့ကြပြီးနောက်လည်း သူတို့သည် (တစ်ပါးတည်းသောအရှင်မြတ်အား) ယုံကြည်ကြသူများ မဖြစ်ခဲ့ကြပေ။ ငါအရှင်

မြတ်သည် အပြစ်ကျူးလွန်သူများကို ထိုသို့ပင် အစားပေးတော်မူသည်။

ثُمَّ جَعَلْنٰكُمْ خَلٰٓئِفَ فِى الْاَرْضِ مِنْۢ بَعْدِهِمْ لِنَنْظُرَ كَيْفَ تَعْمَلُوْنَ ﴿١٤﴾

(၁၄) ထို့နောက် ငါအရှင်မြတ်သည် သူတို့၏နောက်တွင် အသင်တို့ မည်သို့ပြုမူဆောင်ရွက်ကြမည်နည်းဆိုသည်ကို ကြည့်ရှုတော်မူရန်အတွက် အသင်တို့အား ကမ္ဘာမြေပေါ်၌ ကိုယ်စားလှယ်များ ပြုလုပ်တော်မူခဲ့သည်။❻

❻ ကျွန်တော်တို့ကို အကောင်းပြုမူသလား၊ အဆိုးပြုမူသလားဆိုတာ စမ်းသပ်ဖို့ ကိုယ်စားလှယ် တွေခန့်ထားတာဖြစ်တဲ့အတွက် သာဝကကြီး ဥမရ် ﷺ က အခုလိုအမိန့်ရှိခဲ့တယ်- "အသင်တို့ ဟာ ရှေ့တင်ရော၊ ကွယ်ရာမှာပါ အသင်တို့ရဲ့ကောင်းတဲ့အပြုအမူတွေကို အရှင်မြတ်ကို ထုတ်ဖော် ပြသကြပါ။" (သွဗ်ရီ)

وَاِذَا تُتْلٰى عَلَيْهِمْ اٰيَاتُنَا بَيِّنٰتٍ ۙ قَالَ الَّذِيْنَ لَا يَرْجُوْنَ لِقَآءَنَا ائْتِ بِقُرْاٰنٍ غَيْرِ هٰذَآ اَوْ بَدِّلْهُ ؕ قُلْ مَا يَكُوْنُ لِيْٓ اَنْ اُبَدِّلَهٗ مِنْ تِلْقَآئِ نَفْسِيْ ۚ اِنْ اَتَّبِعُ اِلَّا مَا يُوْحٰٓى اِلَيَّ ۚ اِنِّيْٓ اَخَافُ اِنْ عَصَيْتُ رَبِّيْ عَذَابَ يَوْمٍ عَظِيْمٍ ﴿١٥﴾

(၁၅) ထို့ပြင် သူတို့ရှေ့၌ ငါအရှင်မြတ်၏ထင်ရှားသောအာယသ်တော် များကို ဖတ်ကြားခြင်းခံရသောအခါ၊ ငါအရှင်မြတ်နှင့်တွေ့ဆုံရန် မမျှော်လင့် ကြသောသူများက "အသင်သည် ဤသည်မှလွဲ၍ အခြားကုရ်အာန်ကိုယူခဲ့ပါ၊ သို့မဟုတ် ၎င်း(ကုရ်အာန်)ကိုပင် ပြောင်းလဲပေးပါဟု ပြောဆိုကြသည်။ (အို- တမန်တော်) အသင်ပြောလိုက်ပါ- ငါ့အတွက် ဤကုရ်အာန်မှာ ငါ၏သဘော အတိုင်း ပြောင်းလဲခွင့်မရှိပေ၊ ငါသည် ငါ၏ထံသို့ ညွှန်ကြားခြင်းခံရသော အမိန့် ကိုသာ လိုက်နာခြင်းဖြစ်သည်။ အမှန်စင်စစ် ငါသည် ငါ့အား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်၏အမိန့်တော်ကို ဖီဆန်မိလျှင် ကြီးကျယ်သောနေ့၏ပြစ်ဒဏ် ကို ငါစိုးရိမ်သည်။❶

❶ အဲဒီဖီဆန်တဲ့အပြစ်ကို ငါစိုးရိမ်သလို အသင်တို့လည်း စိုးရိမ်သင့်တယ်လို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ لَّوْ شَآءَ اللّٰهُ مَا تَلَوْتُهٗ عَلَيْكُمْ وَلَآ اَدْرٰىكُمْ بِهٖ ۖ فَقَدْ لَبِثْتُ فِيْكُمْ عُمُرًا مِّنْ قَبْلِهٖ ؕ اَفَلَا تَعْقِلُوْنَ ﴿١٦﴾

(၁၆) (အို-တမန်တော်) အသင်ပြောလိုက်ပါ- "အကယ်၍ အလ္လာဟ် အရှင်မြတ်အလိုရှိတော်မူခဲ့လျှင် ငါသည်လည်း ထိုကုရ်အာန်ကို အသင်တို့ရှေ့၌ ဖတ်ကြားနိုင်မည်မဟုတ်ပေ။ အရှင်မြတ်သည်လည်း အသင်တို့အား ထိုကုရ်အာန် နှင့်ပတ်သက်၍ အသိပေးတော်မူမည် မဟုတ်ပေ။ ၎င်းနောက် အမှန်စင်စစ် ငါ သည် ထို(ကုရ်အာန် မကျရောက်မီ) ယခင်ကလည်း အသင်တို့ထဲ၌ တစ်သက်

တာ(အနှစ်၄၀)နေခဲ့ပြီးဖြစ်သည်။(၂) သို့ဖြစ်ရာ အသင်တို့ နားမလည်ကြသလော။

(၂) တမန်တော်မြတ် ﷺ ဟာ တမန်တော်မဖြစ်ခင် နှစ်၄၀ ကြာ သူတို့ထဲမှာနေခဲ့တယ်။ ကုရ်အာန်နဲ့တူတဲ့စကားမျိုးပြောတာ တစ်ခါမှ ကြားဖူးခဲ့တာမရှိခဲ့ကြဘူး။ တမန်တော်မြတ် ﷺ ရဲ့ စကားနဲ့ ကုရ်အာန်ရဲ့စကားဟာ အနှစ်သာရနဲ့ ဂုဏ်ဒြပ်တွေမှာ အလွန်အမင်း ကွာခြားနေတာ ကျွန်တော်တို့ အမြင်ပဲဖြစ်တယ်။ အဲဒီလောက်ကွာခြားနေပါလျက်နဲ့ တမန်တော်မြတ် ﷺ ပြောတယ်လို့ ဘာဖြစ်လို့ပြောကြတာလဲ။ ဒီလောက်တောင် အသိမရှိကြလို့ပဲ ဖြစ်မယ်။ ဒါတင်မက တမန်တော်မြတ် ﷺ မရှိတော့တဲ့နောက်မှာတမန်တော်မြတ် ﷺ ရဲ့ဟဒီးဆ်ဩဝါဒတော်တွေဟာကျမ်းအစောင်စောင်နဲ့ ထွက်ခဲ့ပြီဖြစ်တယ်။ ကမ္ဘာမှာ ပျံ့နှံ့နေပြီလည်းဖြစ်တယ်။ ကုရ်အာန်နဲ့ ဟဒီးဆ်တွေကို ယှဉ်ကြည့်လိုက်ရင် လွယ်လွယ်ကူကူပဲ အရှင်မြတ်ရဲ့စကားနဲ့ တမန်တော် ﷺ ရဲ့စကားဟာ စကားအရာ အလှအပဂုဏ်အင်္ဂါရပ်တွေမှာ ထင်ထင်ရှားရှားကွဲပြားနေတာတွေ့ရမှာ ဖြစ်တယ်။ ဒါတွေက ကုရ်အာန်ဟာ အရှင်မြတ်ရဲ့ ကျမ်းတော်အစစ်အမှန်ဖြစ်ပြီး ဘယ်လူသားမှ အဲဒီလောက် ဂုဏ်ဒြပ်မြင့်မားတဲ့ စကားရပ်တွေကို ဖန်တီးနိုင်မှာ မဟုတ်ကြောင်း သက်သေပြနေတာဖြစ်တဲ့အတွက် အီမာန်ယုံကြည်လက်ခံရုံသာရှိတယ်။ (အလင်းပြကျမ်း)

فَمَنْ اَظْلَمُ مِمَّنِ افْتَرٰى عَلَى اللّٰهِ كَذِبًا اَوْ كَذَّبَ بِاٰيٰتِهٖ ؕ اِنَّهٗ لَا يُفْلِحُ الْمُجْرِمُوْنَ ﴿١٧﴾

(၁၇) သို့ဖြစ်ရာ အကြင်သူထက်ပိုပြီး မတရားသူ မည်သူရှိဦးမည်နည်း။ ထိုသူသည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် လုပ်ကြံစွပ်စွဲခဲ့သည်။ သို့မဟုတ် ထိုသူသည် အရှင်မြတ်၏သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့သည်။ အမှန်စင်စစ် အပြစ်ကျူးလွန်သူများသည် အောင်မြင်ကြမည် မဟုတ်ပေ။(၃)

(၃) အပြစ်ကျူးလွန်သူဟာ အောင်မြင်မှာမဟုတ်ဘူးဆိုတဲ့အတိုင်း တကယ်လို့ တမန်တော် ﷺ က သူ့စကားကို အရှင်မြတ်ရဲ့စကားလို့ လိမ်ပြောရင် တမန်တော်မြတ် ﷺ ဟာ အပြစ်ကျူးလွန်သူဖြစ်သွားမှာဖြစ်တဲ့အတွက် ဘယ်တော့မှ အောင်မြင်မှာ မဟုတ်ဘူး။ အဲဒီလိုပဲ တမန်တော်မြတ် ﷺ က မှန်နေပြီး ကာဖိရ်တွေက မဟုတ်မမှန်လုပ်ကြံပြောဆိုကြတယ်ဆိုရင် ကာဖိရ်တွေဟာ အပြစ်ကျူးလွန်သူတွေ ဖြစ်သွားပြီး ဘယ်တော့မှ အောင်မြင်မှာမဟုတ်တော့ဘူး။ (အလင်းပြကျမ်း)

وَ يَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ مَا لَا يَضُرُّهُمْ وَ لَا يَنْفَعُهُمْ وَ يَقُوْلُوْنَ هٰٓؤُلَآءِ شُفَعَآؤُنَا عِنْدَ اللّٰهِ ؕ قُلْ اَتُنَبِّـُٔوْنَ اللّٰهَ بِمَا لَا يَعْلَمُ فِى السَّمٰوٰتِ وَلَا فِى الْاَرْضِ ؕ سُبْحٰنَهٗ وَ تَعٰلٰى عَمَّا يُشْرِكُوْنَ ﴿١٨﴾

(၁၈) ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်အား စွန့်ပြီး အကြင်အရာများကို ကိုးကွယ်ကြသည်။ ထိုအရာများသည် သူတို့အား နစ်နာစေရန်လည်း မပြုလုပ်နိုင်ပေ၊ ၎င်းပြင် သူတို့အား အကျိုးဖြစ်ထွန်းစေရန်လည်း မပြုလုပ်နိုင်ပေ။ ၎င်းနောက် သူတို့က ပြောဆိုကြသည်- "ဤအရာများသည် ကျွန်ုပ်တို့အား အလ္လာဟ်အရှင်မြတ်ထံတော်၌ ကြားဝင်အသနားခံပေးမည့်အရာများပင် ဖြစ်ကြသည်။" (အို-တမန်တော်)အသင်ပြောလိုက်ပါ- "အသင်တို့သည် အလ္လာဟ်အရှင်

မြတ်အား မိုးကောင်းကင်များတွင်လည်းကောင်း၊ မြေပထဝီတွင်လည်းကောင်း (အရှင်မြတ်မှလွဲ၍ ကိုးကွယ်ခြင်းခံထိုက်တော်မူသောအရှင်မရှိကြောင်း အရှင်မြတ်သိထားပါလျက်) အရှင်မြတ်မသိသော(မရှိသည့်)အရာများ❻ နှင့်ပတ်သက်၍ သတင်းပေးနေကြသလော။ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူသည့်အပြင် အရှင်မြတ်သည် သူတို့တွဲဖက်ကိုးကွယ်သောအရာများထက် အလွန်မြင့်မားထွတ်မြတ်လှတော်မူသည်။"

❻ မုရှ်ရိက်တွေက ရုပ်တုတွေကို အလ္လာဟ်အရှင်မြတ်ရဲ့ရှေ့မှာ ကြားဝင်အသနားခံပေးမဲ့ ဒုတိယအဆင့်မှာရှိတဲ့ ကိုးကွယ်ရာတွေလို့ ပြောဆိုကြတယ်။ အဲဒါကြောင့် တကယ်လို့ သူတို့ပြောတဲ့အတိုင်းသာ အဲဒီကိုးကွယ်ရာတွေ ဖြစ်ခဲ့တယ်၊ ရှိခဲ့တယ်ဆိုရင် အလ္လာဟ်အရှင်မြတ်က အမှန်တကယ်ပဲ အဲဒီသူတွေကို သိရမှာပေါ့။ မိုးမြေစကြဝဠာအပေါင်းမှာ အလ္လာဟ်အရှင်မြတ်ကလွဲလို့ တခြားအရှင်မရှိဘူးဆိုတာ အရှင်မြတ်သိတော်မူပါလျက်နဲ့ အသင်တို့ဟာ မရှိတဲ့အရာကို လုပ်ကြံပြောဆိုနေကြခြင်းသာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا كَانَ النَّاسُ إِلَّآ أُمَّةً وَاحِدَةً فَاخْتَلَفُوا۟ ۚ وَلَوْلَا كَلِمَةٌ سَبَقَتْ مِن رَّبِّكَ لَقُضِىَ بَيْنَهُمْ فِيمَا فِيهِ يَخْتَلِفُونَ ﴿١٩﴾

(၁၉) ထို့ပြင် လူသားများသည် (ယခင်က အယူဝါဒတူညီသော)အုပ်စုတစ်ခုတည်းပင် ဖြစ်ခဲ့ကြသည်။ ထို့နောက် သူတို့သည် (အယူဝါဒ)ကွဲလွဲမှုဖြစ်ခဲ့ကြသည်။❼ ထို့နောက် အကယ်၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ စကားတစ်ခုသည် ရှေးယခင်ကတည်းက ရှိနှင့်ခဲ့ပြီး မဟုတ်လျှင် အမှန်စင်စစ် သူတို့ အချင်းချင်း သဘောထားကွဲလွဲနေသောအရာနှင့်ပတ်သက်၍ စီရင်ဆုံးဖြတ်ပြီး ဖြစ်လိမ့်မည်။

❼ ကွဲလွဲသွားပါလျက်နဲ့ အရှင်မြတ်က ချက်ချင်းအရေးမယူဘဲ လွှတ်ထားတာဟာ လူသားကို ဒီလောကမှာ ကြိုက်တာရွေးချယ်နိုင်ခွင့် ပေးထားတာကြောင့်ဖြစ်တယ်။ ရွေးချယ်တဲ့အတိုင်းအကျိုးအပြစ်ခံရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَقُولُونَ لَوْلَآ أُنزِلَ عَلَيْهِ ءَايَةٌ مِّن رَّبِّهِۦ ۖ فَقُلْ إِنَّمَا ٱلْغَيْبُ لِلَّهِ فَٱنتَظِرُوٓا۟ ۚ إِنِّى مَعَكُم مِّنَ ٱلْمُنتَظِرِينَ ﴿٢٠﴾

(၂၀) ထို့ပြင် သူတို့က ပြောဆိုကြသည်- အဘယ်ကြောင့် ၎င်း(တမန်တော်)၏အပေါ်တွင် ၎င်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ သက်သေလက္ခဏာ တစ်စုံတစ်ခု မကျရောက်ခဲ့သနည်း။ သို့ဖြစ်ရာ (အို-တမန်တော်) အသင်ပြောလိုက်ပါ- "အမှန်စင်စစ် အကွယ်၌ရှိသမျှကို အလ္လာဟ်အရှင်မြတ်သာ ပိုင်ဆိုင်တော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် စောင့်မျှော်ပြီးနေကြပါ။

အမှန်စင်စစ် ငါသည်လည်း အသင်တို့နှင့်အတူ စောင့်မျှော်သူများထဲ၌ တစ်ဦး အပါအဝင် ဖြစ်သည်။”

وَإِذَآ أَذَقْنَا ٱلنَّاسَ رَحْمَةً مِّنۢ بَعْدِ ضَرَّآءَ مَسَّتْهُمْ إِذَا لَهُم مَّكْرٌ فِىٓ ءَايَاتِنَا ۚ قُلِ ٱللَّهُ أَسْرَعُ مَكْرًا ۚ إِنَّ رُسُلَنَا يَكْتُبُونَ مَا تَمْكُرُونَ ﴿٢١﴾

(၂၁) ထို့ပြင် ငါအရှင်မြတ်သည် လူများကို သူတို့တွင် ဒုက္ခရောက်ပြီး နောက် (အရှင်မြတ်၏) သနားကရုဏာကို မြည်းစမ်း(ခံစား)စေတော်မူလျှင် သူတို့၌ ငါအရှင်မြတ်၏ သက်သေလက္ခဏာများနှင့် ပတ်သက်၍ ချက်ချင်းပင် မကောင်းသောအကြံအစည်များ ကြံစည်လေ့ရှိကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- “အလ္လာဟ်အရှင်မြတ်သည် အကြံအစည်ပြုရာတွင် ပိုပြီး လျင်မြန်တော်မူသောအရှင်ဖြစ်သည်။” အမှန်စင်စစ် ငါအရှင်မြတ်၏ကောင်းကင် တမန်များသည် အသင်တို့ ကြံစည်နေသည်များကို ရေးမှတ်နေကြသည်။❶

❶ အရှင်မြတ်ဟာ လူသားက ချက်ချင်းကြံစည်ကျူးလွန်တိုင်း ချက်ချင်းအရေးယူလေ့မရှိဘူး။ ကောင်းကင်တမန်တွေကို ရေးမှတ်ထားခိုင်းပြီး (တစ်ချိန်ချိန်မှာ သောင်ဖက်ပြုဖို့ အခွင့်အရေး ပေးထားကာ သောင်ဖက်မပြုပါက မိမိဆုံးဖြတ်ထားတော်မူတဲ့အတိုင်း)ကိယာမသ်နေ့မှာ ပြင်းထန်တဲ့အပြစ်ဒဏ်ကို ခတ်တော်မူမယ်။ (လူသားဟာ သတိပေးခံရပြီးနောက်လည်း အပြစ်ကျူးလွန်မှုမှာ နစ်မွန်းနေတာများသွားရင် အရှင်မြတ်က အဲဒီလူတွေကို လောကမှာ ပြစ်ဒဏ်တချို့ကို မြည်းစမ်းစေတော်မူမယ်။ ဉပမာ - အားဒ်လူမျိုး၊ ဆမူးဒ်လူမျိုး စသည်။) (ကောင်ဆရီ)

هُوَ ٱلَّذِى يُسَيِّرُكُمْ فِى ٱلْبَرِّ وَٱلْبَحْرِ ۖ حَتَّىٰٓ إِذَا كُنتُمْ فِى ٱلْفُلْكِ وَجَرَيْنَ بِهِم بِرِيحٍ طَيِّبَةٍ وَفَرِحُوا۟ بِهَا جَآءَتْهَا رِيحٌ عَاصِفٌ وَجَآءَهُمُ ٱلْمَوْجُ مِن كُلِّ مَكَانٍ وَظَنُّوٓا۟ أَنَّهُمْ أُحِيطَ بِهِمْ ۙ دَعَوُا۟ ٱللَّهَ مُخْلِصِينَ لَهُ ٱلدِّينَ لَئِنْ أَنجَيْتَنَا مِنْ هَـٰذِهِۦ لَنَكُونَنَّ مِنَ ٱلشَّـٰكِرِينَ ﴿٢٢﴾

(၂၂) အရှင်မြတ်သည် အသင်တို့အား ကုန်းကြောင်းနှင့် ရေကြောင်း တွင် ခရီးသွားလာစေတော်မူသောအရှင်ပင် ဖြစ်တော်မူသည်။ နောက်ဆုံး၌ အသင်တို့သည် သင်္ဘောများတွင် ရှိနေကြသောအခါ သင်္ဘောများသည် ညင် သာသောလေနှင့် သူတို့အား သယ်ဆောင်သွားသည်။ သူတို့သည်လည်း ထို လေကြောင့် ဝမ်းသာနေကြသည်။ ထို့နောက် (ရုတ်တရက်) ထိုသင်္ဘောများကို လေပြင်းမုန်တိုင်းရိုက်ခတ်လာပြီး လှိုင်းတံပိုးများသည် သူတို့၏အပေါ်၌ နေရာ တိုင်းမှ လွှမ်းမိုးလာသည့်အတွက် သူတို့သည် အမှန်စင်စစ် သူတို့အား ဝိုင်းဝန်း သည်ကို ခံကြရပြီဟု ယုံကြည်ခဲ့ကြသည်။ (ထိုအခါ) သူတို့သည် အလ္လာဟ်အရှင် မြတ်အား အရှင်မြတ်အတွက်သာ စိတ်ထားဖြူစင်လျက်နှင့် (ဤသို့)ဟစ်ခေါ်ဆု

တောင်းကြသည်- "အကယ်၍ အရှင်မြတ်သည် ကျွန်ုပ်တို့အား ဤ(အန္တရာယ်)မှ လွတ်မြောက်စေတော်မူပါလျှင် အမှန်စင်စစ် ကျွန်ုပ်တို့သည် ကျေးဇူးသိတတ်သူများထဲ၌ အပါအဝင် ဖြစ်ကြပါမည်။" ❷

❷ လူသားဟာ ကတိမတည်ကြောင်းကို ပြသတာဖြစ်တယ်။ ဒုက္ခရောက်တဲ့အခါမှာတော့ အရှင်မြတ်ကိုပဲ အကူအညီတောင်းဟစ်ခေါ်လေ့ရှိပြီး ဒုက္ခကင်းဝေးတဲ့အခါမှာတော့ အရှင့်အမိန့်တွေ မနာခံဘဲ အရှင်မြတ်နဲ့လည်း ဝေးသွားလေ့ရှိတာကို ပြသတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَلَمَّآ أَنجَىٰهُمْ إِذَا هُمْ يَبْغُونَ فِى ٱلْأَرْضِ بِغَيْرِ ٱلْحَقِّ ۗ يَٰٓأَيُّهَا ٱلنَّاسُ إِنَّمَا بَغْيُكُمْ عَلَىٰٓ أَنفُسِكُم ۖ مَّتَٰعَ ٱلْحَيَوٰةِ ٱلدُّنْيَا ۖ ثُمَّ إِلَيْنَا مَرْجِعُكُمْ فَنُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ ﴿٢٣﴾

(၂၃) ထို့နောက် အရှင်မြတ်သည် သူတို့အား လွတ်မြောက်စေတော်မူသောအခါတွင် သူတို့သည် ကမ္ဘာမြေ၌ ချက်ချင်းပင် မတရားသောင်းကျန်းမှုများ ပြုလုပ်ကြတော့သည်။ "အို- လူသားအပေါင်းတို့၊ အသင်တို့၏ ကျူးကျော်သောင်းကျန်းမှုသည် အသင်တို့အပေါ်တွင်သာ (ပြန်ကျရောက်မည်)ဖြစ်သည်။ လောကီ၌ အကျိုးအနည်းငယ်သာ (ရှိမည်)၊ ထို့နောက် အသင်တို့သည် ငါအရှင်မြတ်ထံတော်သို့ပင် ပြန်ကြရမည်ဖြစ်သည်။ ထိုအခါ ငါအရှင်မြတ်သည် အသင်တို့အား အသင်တို့ပြုလုပ်ခဲ့သည်များကို အသိပေးတော်မူမည်ဖြစ်သည်။

إِنَّمَا مَثَلُ ٱلْحَيَوٰةِ ٱلدُّنْيَا كَمَآءٍ أَنزَلْنَٰهُ مِنَ ٱلسَّمَآءِ فَٱخْتَلَطَ بِهِۦ نَبَاتُ ٱلْأَرْضِ مِمَّا يَأْكُلُ ٱلنَّاسُ وَٱلْأَنْعَٰمُ حَتَّىٰٓ إِذَآ أَخَذَتِ ٱلْأَرْضُ زُخْرُفَهَا وَٱزَّيَّنَتْ وَظَنَّ أَهْلُهَآ أَنَّهُمْ قَٰدِرُونَ عَلَيْهَآ أَتَىٰهَآ أَمْرُنَا لَيْلًا أَوْ نَهَارًا فَجَعَلْنَٰهَا حَصِيدًا كَأَن لَّمْ تَغْنَ بِٱلْأَمْسِ ۚ كَذَٰلِكَ نُفَصِّلُ ٱلْءَايَٰتِ لِقَوْمٍ يَتَفَكَّرُونَ ﴿٢٤﴾

(၂၄) လောကီဘဝ၏ပမာသည် အကြင်ရေ၏ပမာနှင့်တူသည်။ ငါအရှင်မြတ်သည် ၎င်း(ရေ)ကို မိုးကောင်းကင်မှ ချပေးတော်မူခဲ့သည်။ ထို့နောက် ၎င်း(ရေ)ကြောင့် လူများနှင့် တိရစ္ဆာန်များ စားကြသော အပင်ငယ်များသည် မြေပထဝီမှ ရောယှက်၍ ထွက်လာခဲ့သည်။ နောက်ဆုံးတွင် မြေပထဝီသည် မိမိ၏ဝတ်စားတန်ဆာတို့ဖြင့် အလှဆင်သောအခါ၊ ထိုမြေရှင်များက အမှန်စင်စစ် သူတို့သည် ထို(အပင်)များကို (မိမိတို့သဘောအတိုင်း) သုံးစွဲနိုင်ကြပြီဟု ထင်ကြသည်။ (ထိုအခါ ရုတ်တရက်) ငါအရှင်မြတ်၏အမိန့်တော်သည် ၎င်း(လယ်ယာဥယျာဉ်)တို့ကို ညဉ့် သို့မဟုတ် နေ့၌ ရောက်ရှိလာတော့သည်။ ထို့နောက် ငါအရှင်မြတ်သည် ၎င်း(လယ်ယာ)တို့ကို မနေ့က(လုံးဝ)မရှိခဲ့သကဲ့သို့ ရိတ်သိမ်းခံရသော

လယ်ယာများအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ငါအရှင်မြတ်သည် ထိုသို့ပင် သက်သေလက္ခဏာများကို စဉ်းစားဆင်ခြင်သူများအတွက် အသေးစိတ် ရှင်းလင်းဖော်ပြတော်မူသည်။❸

❸ ဒီဘဝဟာ ခဏတာလေးပဲ ဖြစ်တဲ့အကြောင်းနဲ့ ခဏလေးနဲ့ပဲ ပျက်စီးသွားမှာဖြစ်တဲ့အကြောင်း ပြသတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاللّٰهُ يَدۡعُوۡۤا اِلٰى دَارِ السَّلٰمِ ؕ وَيَهۡدِىۡ مَنۡ يَّشَآءُ اِلٰى صِرَاطٍ مُّسۡتَقِيۡمٍ ﴿٢٥﴾

(၂၅) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (လူများကို) ငြိမ်းချမ်းရာဌာနသို့ ဖိတ်ခေါ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူများအား ဖြောင့်မတ်မှန်ကန်သောလမ်းကို ညွှန်ကြားပြသတော်မူသည်။❹

❹ အရှင်မြတ်က အမြဲထာဝရ နေရမဲ့နေရာဖြစ်တဲ့ စည်းစိမ်အစုံအလင်စံစားရမဲ့နေရာ သုခဘုံဘက်ကို ဖိတ်ခေါ်တာဖြစ်တယ်။ လောကီဘဝမှာ ခေတ္တခဏလေး ဒုက္ခခံပြီး မှန်ကန်တဲ့လမ်းပေါ်မှာ ရပ်တည်သွားမယ်ဆိုရင် ဒုက္ခမရှိဘဲ ငြိမ်းချမ်းတဲ့နေရာကို ရရှိမှာဖြစ်တယ်။ (အလင်းပြကျမ်း)

لِلَّذِيۡنَ اَحۡسَنُوا الۡحُسۡنٰى وَزِيَادَةٌ ؕ وَلَا يَرۡهَقُ وُجُوۡهَهُمۡ قَتَرٌ وَّلَا ذِلَّةٌ ؕ اُولٰٓـئِكَ اَصۡحٰبُ الۡجَـنَّةِ ۚ هُمۡ فِيۡهَا خٰلِدُوۡنَ ﴿٢٦﴾

(၂၆) ကောင်းကျိုးဆောင်ရွက်ပြုလုပ်ခဲ့ကြသောသူများအတွက် ကောင်းသောအကျိုး(ဂျန္နသ်သုခဘုံ)ရမည့်အပြင် အပို(ဆုများ)လည်း ရှိဦးမည်ဖြစ်သည်။❺ ထို့ပြင် သူတို့၏ မျက်နှာများအား မြူမှုန်၊ ဖုန်မှုန် ဖုံးလွှမ်းခြင်း၊ (အမိုက်အမှောင်)မရှိသည့်အပြင် သေးသိမ်မှုလည်း ဖုံးလွှမ်းမည်မဟုတ်ပေ။ ထိုသူများပင် ဂျန္နသ်သုခဘုံသားများဖြစ်ကြသည်။ သူတို့သည် ၎င်း(သုခဘုံ)တွင် အမြဲနေကြရမည့်သူများဖြစ်သည်။

❺ တမန်တော်မြတ် ﷺ က زِيَادَةٌ အပိုဆုကို ဂျန္နသ်မှာ အရှင်မြတ်က အရှင်မြတ်ရဲ့ဟိဂျာဗ် အကာအကွယ်ကို ဖွင့်လှစ်ပြသတော်မူတဲ့အခါမှာ ဖူးမြော်တွေ့ရှိရခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့တယ်။ (သွတ်ဗ်ရီ၊ ကုရ်သွူဗီ၊ အိဗ်နုကဆီးရ်၊ မွတ်စ်လင်မ်၊ သိရ်မိဇီ၊ နစာအီ ) حِجَابُهُ النُّوْرُ "အရှင်မြတ်ရဲ့ဟိဂျာဗ် အကာအကွယ်ဟာ နူရ် ရောင်ခြည်ဖြစ်တယ်။" (မွတ်စ်လင်မ် ဟဒီးဆ် - ၄၆၃)အရှင်မြတ်က ဂျန္နသ်သုခဘုံသားတွေနဲ့ စကားပြန်လည်းမရှိဘဲ၊ ဟိဂျာဗ် အကာအကွယ်လည်းမရှိဘဲနဲ့ စကားပြောတော်မူမဲ့အကြောင်း တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူခဲ့တယ်။ (ဗုခါရီ ဟဒီးဆ် - ၇၄၄၃)

قَالَ رَسُوْلُ اللّٰهِ صلى الله عليه وسلم: مَا مِنْكُمْ مِنْ أَحَدٍ إِلَّا سَيُكَلِّمُهُ رَبُّهُ لَيْسَ بَيْنَهُ وَبَيْنَهُ تُرْجُمَانٌ، وَلَا حِجَابٌ يَحْجُبُهُ (صحيح البخارى)

وَالَّذِيۡنَ كَسَبُوا السَّيِّاٰتِ جَزَآءُ سَيِّئَةٍ ۢ بِمِثۡلِهَا ۙ وَتَرۡهَقُهُمۡ ذِلَّةٌ ؕ مَا لَهُمۡ مِّنَ اللّٰهِ مِنۡ عَاصِمٍ ۚ كَاَنَّمَاۤ اُغۡشِيَتۡ وُجُوۡهُهُمۡ قِطَعًا مِّنَ الَّيۡلِ مُظۡلِمًا ؕ اُولٰٓـئِكَ اَصۡحٰبُ النَّارِ ۚ هُمۡ فِيۡهَا خٰلِدُوۡنَ ﴿٢٧﴾

(၂၇) ထို့ပြင် မကောင်းမှုပြုလုပ်သူများအတွက် မကောင်းမှုတစ်ခု၏ အကျိုးသည် ထိုမကောင်းမှုနှင့် ညီတူညီမျှပင်ဖြစ်သည်။❻ ထို့ပြင် သေးသိမ်မှု

သည်လည်း သူတို့အား ဖုံးလွှမ်းမည်ဖြစ်သည်။ သူတို့အား အလ္လာဟ်အရှင်မြတ်(၏ပြစ်ဒဏ်)မှ ကယ်တင်မည့်သူ မည်သူမျှ ရှိမည်မဟုတ်ပေ။ သူတို့၏မျက်နှာများကမူ မဲမှောင်နေသောညဉ့်၏ အပိုင်းအစများနှင့် ဖုံးအုပ်ထားသကဲ့သို့ ရှိကြမည်။ သူတို့သည် ငရဲသားများဖြစ်ကြသည်။ သူတို့သည် ၎င်း(ငရဲဘုံ)တွင် အမြဲနေထိုင်ရမည့်သူများဖြစ်ကြသည်။

❶ ကောင်းမှုရဲ့ အကျိုးကို ရသင့်ရထိုက်တာထက် အဆအများကြီး အရှင်မြတ်က ပေးတော်မူရုံမက အပိုဆုကိုတောင် ပေးလိုက်သေးပေမဲ့ မကောင်းမှုရဲ့ပြစ်ဒဏ်ကိုတော့ ပိုမပေးဘဲ ညီတူညီမျှပဲ ပေးတာဟာ အရှင်မြတ်ရဲ့သနားကရုဏာနဲ့ တရားမျှတမှုဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَوْمَ نَحْشُرُهُمْ جَمِيعًا ثُمَّ نَقُولُ لِلَّذِينَ أَشْرَكُوا مَكَانَكُمْ أَنتُمْ وَشُرَكَاؤُكُمْ ۚ فَزَيَّلْنَا بَيْنَهُمْ ۖ وَقَالَ شُرَكَاؤُهُم مَّا كُنتُمْ إِيَّانَا تَعْبُدُونَ ﴿٢٨﴾

(၂၈) ၎င်းပြင် (ထို)နေ့တွင် ငါအရှင်မြတ်သည် သူတို့အားလုံးကို စုရုံးစေတော်မူမည်။ ထို့နောက် ရှိရက်တုဖက်ကိုးကွယ်ခဲ့သောသူများအား အမိန့်ရှိတော်မူမည်- “အသင်တို့နှင့် အသင်တို့ တုဖက်ကိုးကွယ်ခဲ့သောအရာများသည် (သတ်မှတ်ထားသော)နေရာ၌ပင်(ရပ်နေကြပါ)”။ ၎င်းနောက် ငါအရှင်မြတ်သည် သူတို့ကြားတွင် ကွဲပြားခြားနားစေတော်မူမည်။ (ထိုအခါ) သူတို့တွဲဖက်ကိုးကွယ်ခဲ့ကြသောအရာများက “အသင်တို့သည် ငါတို့အား ကိုးကွယ်ခဲ့ကြသည် မဟုတ်ပေ” ဟု ပြောဆိုကြမည်။❷

❷ ကိယာမသ်နေ့မှာ အလ္လာဟ်အရှင်မြတ်နဲ့ တုဖက်ပြီး မုရှ်ရိက်တွေ ကိုးကွယ်ခဲ့ကြတဲ့အရာတွေဟာ သူတို့နဲ့ဆန့်ကျင်ပြီး သက်သေခံကြမှာဖြစ်တယ်။ ဘာမဆို တတ်စွမ်းနိုင်တဲ့အရှင်က သူတို့ ကိုးကွယ်ခဲ့ကြတဲ့ သက်မဲ့တွေကိုလည်း စကားပြောနိုင်အောင် လုပ်ပေးမှာဖြစ်တယ်။ (အလင်းပြကျမ်း)

فَكَفَىٰ بِاللَّهِ شَهِيدًا بَيْنَنَا وَبَيْنَكُمْ إِن كُنَّا عَنْ عِبَادَتِكُمْ لَغَافِلِينَ ﴿٢٩﴾

(၂၉) သို့ဖြစ်ရာ အသင်တို့၏ကိုးကွယ်မှုအား အမှန်ပင် ငါတို့ မသိခဲ့သည်ကို အလ္လာဟ်အရှင်မြတ်သည် ငါတို့နှင့် အသင်တို့၏ကြား၌ မျက်မှောက်အသိသက်သေဖြစ်နေတော်မူသောအရှင်အဖြစ် လုံလောက်တော်မူသည်။

هُنَالِكَ تَبْلُو كُلُّ نَفْسٍ مَّا أَسْلَفَتْ ۚ وَرُدُّوا إِلَى اللَّهِ مَوْلَاهُمُ الْحَقِّ ۖ وَضَلَّ عَنْهُم مَّا كَانُوا يَفْتَرُونَ ﴿٣٠﴾

(၃၀) ထိုနေရာတွင် လူတိုင်းသည် သူတို့ ကြိုတင်ပို့နှင့်ခဲ့သောလုပ်ရပ်များအား စမ်းသပ်(စိစစ်)တွေ့ရှိကြမည်ဖြစ်သည်။ ထို့ပြင် သူတို့သည် သူတို့၏ အမြဲထာဝရအမှန်တရားဖြစ်တော်မူသော❸ အရှင်သခင်ဖြစ်သည့် အလ္လာဟ်အရှင်

မြတ်ထံတော်သို့ ပြန်ပို့ခံကြရမည်ဖြစ်သည်။၅ ထို့ပြင် သူတို့လုပ်ကြံခဲ့သည်များ သည် သူတို့မှ ပျောက်ကွယ်သွားပေမည်။

၄ သူတို့ကိုးကွယ်ခဲ့တဲ့အရာတွေက သူတို့ကို ဆန့်ကျင်လိုက်တဲ့အခါ မုန်ရှိရိက်တွေဟာ အရှင်သခင် အစစ်အမှန်ဟာ ဘယ်သူလဲဆိုတာ မျက်ဝါးထင်ထင် မြင်တွေ့သွားရမှာဖြစ်တယ်။(အလင်းပြကျမ်း)

၅ အဲဒီတုဖက်ကိုးကွယ်တဲ့အရာတွေဟာ အရှင်သခင်မဟုတ်ဘူးဆိုတာ သိသွားပြီးတဲ့နောက် သူတို့ရဲ့အရှင်သခင် အစစ်အမှန်ဖြစ်တော်မူတဲ့ အလ္လာဟ်အရှင်မြတ်ထံတော်ကို ပြန်ပို့ခံကြရမှာ ဖြစ်တယ်။ အလ္လာဟ်အရှင်မြတ်ကပဲ ၎င်းကို အကောင်းအဆိုး ဆောင်ရွက် စီမံတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ مَنْ يَّرْزُقُكُمْ مِّنَ السَّمَآءِ وَالْاَرْضِ اَمَّنْ يَّمْلِكُ السَّمْعَ وَالْاَبْصَارَ وَمَنْ يُّخْرِجُ الْحَيَّ مِنَ
الْمَيِّتِ وَيُخْرِجُ الْمَيِّتَ مِنَ الْحَيِّ وَمَنْ يُّدَبِّرُ الْاَمْرَ ۗ فَسَيَقُوْلُوْنَ اللّٰهُ ۚ فَقُلْ اَفَلَا تَتَّقُوْنَ (٣١)

(၃၁) (အို-တမန်တော်) အသင်ပြောလိုက်ပါ- "အသင်တို့ကို မိုးကောင်း ကင်နှင့်မြေပထဝီမှ စားနပ်ရိက္ခာကို မည်သူထောက်ပံ့သနည်း။ သို့မဟုတ် ကြား ခြင်းနှင့် မြင်ခြင်းများကို မည်သူစိုးပိုင်သနည်း။ ၎င်းနောက် မည်သူက သက်ရှိ ကို သက်မဲ့ထဲမှ ထွက်စေပြီး သက်မဲ့ကို သက်ရှိထဲမှ ထွက်စေသနည်း။ ထို့ပြင် မည်သူသည် ကိစ္စဟူသမျှကို စီမံခန့်ခွဲသနည်း"။ သူတို့က "အလ္လာဟ်အရှင်မြတ်" ဟူ၍ ပြောကြလိမ့်မည်။ ထို့အတွက် အသင်ပြောလိုက်ပါ- "သို့ဖြစ်ပါလျက် အသင်တို့သည် (တွဲဖက်ကိုးကွယ်ခြင်းမှ)မရှောင်ကြလေသလော။၆

၆ မေးခွန်းတွေ မေးတိုင်း အလ္လာဟ်အရှင်မြတ်လို့ အဖြေပေးခဲ့ပါလျက်နဲ့ အတုတွေကို မစွန့်လွှတ် နိုင်တာဟာ ဘိုးစဉ်ဘောင်ဆက်ရဲ့ အစွဲအလန်းဟာ အရိုးထဲထိ ရောက်နေတယ်ဆိုတာ ထင်ရှား နေတယ်။ အဲဒီအစွဲဟာ ကိယာမသ်နေ့ မျက်ဝါးထင်ထင်မြင်တော့မှပဲ ကျွတ်တော့မှာဖြစ်တယ်။ (အိဗ်နုကဆီးရ် ၏လိုရင်းချုပ်)

فَذٰلِكُمُ اللّٰهُ رَبُّكُمُ الْحَقُّ ۚ فَمَاذَا بَعْدَ الْحَقِّ اِلَّا الضَّلٰلُ ۚۖ فَاَنّٰى تُصْرَفُوْنَ (٣٢)

(၃၂) သို့ဖြစ်ရာ ထို(အရာများကို အလွန်ပြုလုပ်နိုင်သော)အရှင်သည် ထာဝရအမှန်တရားဖြစ်တော်မူသည့်အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်။ သို့ဖြစ်ရာ အမှန်တရား၏နောက်တွင် အမှားမှလွဲ၍ အခြားမည်သည့်အရာရှိတော့သနည်း။ ထိုသို့ဖြစ်ပါလျက် အသင် တို့သည် အဘယ်သို့ ပြန်လှည့်သွားကြသနည်း။၇

၇ မှန်ကန်ပါတယ်လို့ ဝန်ခံပြီးတဲ့နောက် အမှန်ရဲ့နောက်မှာ အမှားပဲရှိတော့တာတောင် အမှား ဘက်ကို ပြန်လှည့်သွားတာဟာ ဘယ်လောက်တောင် လမ်းလွဲသလဲဆိုတာကို ညွှန်ပြနေတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

كَذٰلِكَ حَقَّتْ كَلِمَتُ رَبِّكَ عَلَى الَّذِيْنَ فَسَقُوْٓا اَنَّهُمْ لَا يُؤْمِنُوْنَ (٣٣)

(၃၃) ထိုသို့ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ စကားတော်သည် အမိန့်ဖီဆန်သူများနှင့် ပတ်သက်၍ အတည်ဖြစ်သွားခဲ့ပြီဖြစ်သည်။ (အဘယ်ကြောင့်ဆိုသော်) အမှန်ပင် သူတို့သည် အီမာန်ယုံကြည်ကြမည် မဟုတ်သည့်အတွက်ပင်ဖြစ်သည်။❶

❶ အဲဒီလောက်လမ်းလွဲတဲ့နောက်တော့ အဲဒီသူတွေဟာ ဘယ်တော့မှ အီမာန်ယုံကြည်မှာမဟုတ်တော့တာကို အရှင်မြတ်က သိရှိတော်မူတဲ့အတွက် အပြစ်ဒဏ်ကို အသင့်ပြင်ထားပြီးဖြစ်တယ်ဆိုတဲ့ အရှင်မြတ်ရဲ့စကားတော်ဟာလည်း အမှန်ပဲဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ هَلْ مِنْ شُرَكَآئِكُمْ مَّنْ يَّبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ ۭ قُلِ اللّٰهُ يَبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ فَاَنّٰى تُؤْفَكُوْنَ ﴿٣٤﴾

(၃၄) (အို-တမန်တော်) အသင်ပြောဆို(မေးမြန်း)ပါ- "အသင်တို့၏ တွဲဖက်ကိုးကွယ်ရာများထဲ၌ အဖန်ဆင်းခံများကို စတင်ဖန်ဆင်းပြီး (သူတို့အား သေစေပြီး) နောက်ထပ် တစ်ကြိမ်ပြန်ရှင်ပြန်ထအောင် ဖန်ဆင်းမည့်သူ ရှိပါသလော။" အသင်ကပင် (ပြန်)ပြောလိုက်ပါ- "အလ္လာဟ်အရှင်မြတ်ပင် အဖန်ဆင်းခံများကို စတင် ဖန်ဆင်းတော်မူသည်။ (သူတို့အား သေစေပြီး) နောက်ထပ်တစ်ကြိမ်လည်း အရှင်မြတ်ပင် ပြန်လည်ဖန်ဆင်းတော်မူမည် ဖြစ်သည်။" ထို့နောက် အသင်တို့သည် အဘယ်သို့ ပြန်လှည့်သွားကြသနည်း။❶

❶ အဲဒီလောက် မှန်ကန်မှု ထင်ရှားတဲ့ အလ္လာဟ်အရှင်မြတ်ဘက်ကို မလှည့်ဘဲ ဘယ်မမှန်ကန်တဲ့ဘက်ကို လှည့်သွားနေကြတာလဲလို့ဆိုလိုတယ်။ (အွဆ်မာနီ)

قُلْ هَلْ مِنْ شُرَكَآئِكُمْ مَّنْ يَّهْدِيْٓ اِلَى الْحَقِّ ۭ قُلِ اللّٰهُ يَهْدِيْ لِلْحَقِّ ۭ اَفَمَنْ يَّهْدِيْٓ اِلَى الْحَقِّ اَحَقُّ اَنْ يُّتَّبَعَ اَمَّنْ لَّا يَهِدِّيْٓ اِلَّآ اَنْ يُّهْدٰى ۚ فَمَا لَكُمْ ۣ كَيْفَ تَحْكُمُوْنَ ﴿٣٥﴾

(၃၅) (အို-တမန်တော်) အသင်ပြောဆို(မေးမြန်း)လိုက်ပါ- "အသင်တို့၏တွဲဖက်ကိုးကွယ်ရာများထဲ၌ အမှန်တရားဘက်ကို လမ်းမှန်ညွှန်ကြားပြသမည့်သူ မည်သူရှိသနည်း။"အသင်(ကပင် ပြန်)ပြောလိုက်ပါ- "အလ္လာဟ်အရှင်မြတ်ပင် အမှန်တရားအတွက် လမ်းမှန်ကို ညွှန်ကြားပြသတော်မူသည်။ သို့ဖြစ်ရာ လမ်းမှန်ကို ညွှန်ကြားပြသတော်မူသော အရှင်မြတ်သည် အမိန့်နာခံခြင်းကို ပိုခံထိုက်တော်မူပါသလော၊ သို့မဟုတ် လမ်းမှန်ကို ညွှန်ကြားပြသမခံရလျှင် မှန်ကန်သောလမ်းကို မရရှိနိုင်သောသူက အမိန့်နာခံခြင်းကို ပိုခံထိုက်ပါသလော။ သို့ဖြစ်ရာ (ဤအရာများကို အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ရန်) အသင်တို့မှာ မည်သည့်အကြောင်း ရှိသနည်း။ အသင်တို့သည် မည်သို့ဆုံးဖြတ်ကြသနည်း။"

وَمَا يَتَّبِعُ اَكۡثَرُهُمۡ اِلَّا ظَنًّا ؕ اِنَّ الظَّنَّ لَا يُغۡنِىۡ مِنَ الۡحَـقِّ شَيۡـًٔا ؕ اِنَّ اللّٰهَ عَلِيۡمٌۢ بِمَا يَفۡعَلُوۡنَ ﴿٣٦﴾

(၃၆) ထို့ပြင် သူတို့ထဲမှ အများစုသည် (အခြေအမြစ်မရှိသော) ထင်မြင်ယူဆချက်ကိုသာ လိုက်နာကြသည်။ အမှန်စင်စစ် ထင်မြင်ချက်သည် အမှန်နှင့်ဆန့်ကျင်ပြီး မည်သည့်အကျိုးမျှ မပေးပေ။❷ အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် သူတို့ပြုလုပ်နေကြသည့်အရာများကို အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်တော်မူသည်။

❷ အထောက်အထားအပြည့်အစုံရှိတဲ့ သောင်ဟီဒ်တစ်ပါးတည်း တည်ရှိတော်မူတဲ့အရှင်ရဲ့ ကိုးကွယ်မှုကိုစွန့်ပြီး ထင်မြင်ချက်နဲ့ ရှိရက်တုဖက်နှိုင်းယှဉ်ကိုးကွယ်မှုနောက်ကို လိုက်ခြင်းဟာ ဘာအကျိုးမှရမှာ မဟုတ်တဲ့အပြင် ဆုံးရှုံးမှုပဲရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا كَانَ هٰذَا الۡقُرۡاٰنُ اَنۡ يُّفۡتَـرٰى مِنۡ دُوۡنِ اللّٰهِ وَلٰـكِنۡ تَصۡدِيۡقَ الَّذِىۡ بَيۡنَ يَدَيۡهِ
وَتَفۡصِيۡلَ الۡكِتٰبِ لَا رَيۡبَ فِيۡهِ مِنۡ رَّبِّ الۡعٰلَمِيۡنَ ﴿٣٧﴾

(၃၇) ထို့ပြင် ဤကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏အပြင် (အခြားတစ်စုံတစ်ဦးက) လုပ်ကြံဖန်တီးထားသောကျမ်းဂန် မဟုတ်ပေ။ သို့ရာတွင် ၎င်း၏မတိုင်မီက ကျမ်းများကို ထောက်ခံသောကျမ်းဖြစ်ပြီး (လောင်းဟေ့မဟ်ဖူးဇ်တွင် ရေးမှတ်ထားသောအရာ အမိန့်ပညတ်ချက်များကို) အသေးစိတ် ရှင်းလင်းဖွင့်ဆိုပြသသော ကျမ်းလည်းဖြစ်သည်။ ထိုကျမ်းထဲ၌ သံသယ(ဖြစ်ရန်မှာ)လည်း လုံးဝမရှိ(သည့်ပြင် ထိုကျမ်းသည်) စကြဝဠာအားလုံးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှကျမ်းဖြစ်သည်။

اَمۡ يَقُوۡلُوۡنَ افۡتَـرٰٮهُ ؕ قُلۡ فَاۡتُوۡا بِسُوۡرَةٍ مِّثۡلِهٖ وَادۡعُوۡا مَنِ اسۡتَطَعۡتُمۡ مِّنۡ دُوۡنِ اللّٰهِ اِنۡ كُنۡتُمۡ
صٰدِقِيۡنَ ﴿٣٨﴾

(၃၈) သူတို့က "၎င်း(တမန်တော်)သည် ထိုကုရ်အာန်ကို လုပ်ကြံဖန်တီးခဲ့သည်"ဟု ပြောဆိုကြသလော။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- "သို့ဖြစ်လျှင် အသင်တို့သည် ထိုအရာနှင့်တူသော စူရဟ်ကဏ္ဍတစ်ခုကို (ရေးပြီး)ယူဆောင်လာခဲ့ကြပါ။ ထို့ပြင် အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူများဖြစ်ကြလျှင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့ ခေါ်နိုင်ကြသော(ကူညီမည့်)သူများကိုလည်း ခေါ်ခဲ့ကြပါ။"❸

❸ အရှင်မြတ်ကလွဲလို့ ကြိုက်တဲ့သူကိုအကူအညီခေါ်ပြီး ယူလာခိုင်းထားတာဟာ အလွန်ကျယ်ကျယ်ဝန်းဝန်း စိန်ခေါ်လိုက်တာဖြစ်တယ်။ အဲဒါတောင်မှ ယူမလာနိုင်ခဲ့တာဟာ ကုရ်အာန်လို မရေးနိုင် မသီကုံးနိုင်ကြလို့ပဲ ဖြစ်တယ်။ အစ္စလာမ်သာသနာကို အံတုဖို့ စာလေးတစ်ကြောင်းပဲ

ရေးနိုင်ရင် ရတဲ့ကိစ္စကို မရေးကြဘဲ ကျန်တဲ့နည်းအကုန်လုံးကိုတော့ ပြုလုပ်ကြံစည်ကြတာဟာ ပိုပြီးတော့တောင် ကုရ်အာန်လိုစာသားမျိုး မရေးနိုင်တာကို ထင်ရှားမှုဖြစ်စေတယ်။ အဲဒါဟာ ကုရ်အာန်ရဲ့တန်ခိုးပဲ ဖြစ်တယ်။ (အွဆ်မာနီ လိုရင်းချုပ်)

بَلْ كَذَّبُوْا بِمَا لَمْ يُحِيطُوْا بِعِلْمِهٖ وَلَمَّا يَاْتِهِمْ تَاْوِيْلُهٗ ؕ كَذٰلِكَ كَذَّبَ الَّذِيْنَ مِنْ قَبْلِهِمْ فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الظّٰلِمِيْنَ ﴿٣٩﴾

(၃၉) ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် သူတို့သည် သူတို့ကိုယ်တိုင် မသိနားမလည်သောအရာကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြခြင်းဖြစ်သည်။❻ ၎င်းနောက် သူတို့ထံသို့ ထို(ငြင်းပယ်မှု၏နောက်ဆုံး)အကျိုးဆက်သည်လည်း ရောက်လာခြင်းမရှိသေးပေ။ ထိုသို့ပင် သူတို့မတိုင်မီကသူများသည်လည်း မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ မတရားသူများသည် မည်သို့ အကျိုးခံစားခဲ့ကြရသည်ကို အသင်ကြည့်လိုက်ပါ။

❻ ငြင်းပယ်မှုမပြုခင်မှာ သူတို့ကိုယ်တိုင် သူတို့ ငြင်းနေတာက ဘာလဲဆိုတာလောက်တော့ လေ့လာကြည့်ရမှာ ဖြစ်တယ်။ ဒါပေမဲ့ မလေ့လာဘဲ ငြင်းပယ်လိုက်ခြင်းဟာ လူမိုက်တွေ၊ ပညာမဲ့တွေရဲ့ ဖွတ်တရွတ်မျက်စိမှိတ်ပြီး ရမ်းလုပ်တဲ့လုပ်ရပ်ပဲဖြစ်တဲ့အတွက် ဆိုးကျိုးပဲ ဖြစ်ဖို့ရှိတော့တယ်။ (အွဆ်မာနီ၊ အိဗ်နုကဆီးရ်)

وَمِنْهُمْ مَّنْ يُّؤْمِنُ بِهٖ وَمِنْهُمْ مَّنْ لَّا يُؤْمِنُ بِهٖ ؕ وَرَبُّكَ اَعْلَمُ بِالْمُفْسِدِيْنَ ﴿٤٠﴾

(၄၀) ထို့ပြင် သူတို့ထဲ၌ ထို(ကုရ်အာန်)ကို ယုံကြည်သောသူများလည်း ရှိကြသည်။ ၎င်းနောက် သူတို့ထဲ၌ ထို(ကုရ်အာန်)ကို မယုံကြည်သောသူများလည်းရှိကြသည်။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ဖျက်ဆီးသူများကို အသိဆုံးအရှင်ပင် ဖြစ်တော်မူသည်။

وَاِنْ كَذَّبُوْكَ فَقُلْ لِّيْ عَمَلِيْ وَلَكُمْ عَمَلُكُمْ ۚ اَنْتُمْ بَرِيْٓـُٔوْنَ مِمَّآ اَعْمَلُ وَاَنَا بَرِيْٓءٌ مِّمَّا تَعْمَلُوْنَ ﴿٤١﴾

(၄၁) ထို့ပြင် အကယ်၍ သူတို့သည် အသင်(တမန်တော်)အား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်နေသည်ဆိုလျှင် (အို-တမန်တော်)အသင်ပြောလိုက်ပါ- "ငါ့လုပ်ရပ်(၏အဆိုးအကောင်းရလဒ်)သည် ငါ၏အတွက်ပင်ဖြစ်၍ အသင်တို့ လုပ်ရပ်(၏အဆိုးအကောင်းရလဒ်)သည် အသင်တို့၏အတွက်ပင် ဖြစ်သည်။ အသင်တို့သည် ငါပြုလုပ်သမျှနှင့် လွတ်ကင်းသူများဖြစ်ကြ၍ ငါသည်လည်း အသင်တို့ပြုလုပ်သမျှများနှင့် လွတ်ကင်းသူဖြစ်သည်။"

وَمِنْهُمْ مَّنْ يَّسْتَمِعُوْنَ اِلَيْكَ ؕ اَفَاَنْتَ تُسْمِعُ الصُّمَّ وَلَوْ كَانُوْا لَا يَعْقِلُوْنَ ﴿٤٢﴾

(၄၂) ထို့ပြင် သူတို့ထဲ၌ အသင့်ဘက်သို့ နားစွင့်နေကြသောသူများ လည်းရှိကြသည်။ သို့ဖြစ်ရာ အသင်သည် အသိဉာဏ်မသုံးသောနားပင်းနေ သည့် သူများအား ကြားအောင် ပြုလုပ်နိုင်ပါသလော။[၁]

[၁] သူတို့ဟာ တကယ် လိုလားစိတ်ဝင်စားလို့ နားထောင်ကြတာ၊ ကြည့်ရှုကြတာမဟုတ်ဘူး။ အမြင်အားဖြင့် အပေါ်ယံပဲ နားထောင်တာ၊ ကြည့်ရှုတာဖြစ်တယ်။ အဲဒါကြောင့် သူတို့ဟာ အမှန်တရားကို ကြားနိုင်မြင်နိုင်ကြမှာ မဟုတ်လို့ နားပင်းသူတွေ၊ မျက်စိကန်းသူတွေလို့ မိန့်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمِنْهُم مَّن يَنظُرُ إِلَيْكَ ۚ أَفَأَنتَ تَهْدِي الْعُمْيَ وَلَوْ كَانُوا لَا يُبْصِرُونَ ﴿٤٣﴾

(၄၃) ၎င်းနောက် သူတို့ထဲ၌ အသင့်အား ကြည့်နေသူများလည်းရှိကြ သည်။ သို့ဖြစ်ရာ အသင်သည် ဉာဏ်မျက်စိနှင့်မကြည့်သော မျက်ကန်းများကို လမ်းမှန်ညွှန်ကြားပြသနိုင်ပါသလော။

إِنَّ اللَّهَ لَا يَظْلِمُ النَّاسَ شَيْئًا وَلَٰكِنَّ النَّاسَ أَنفُسَهُمْ يَظْلِمُونَ ﴿٤٤﴾

(၄၄) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူသားများအား အနည်းငယ်မျှပင် မနှိပ်စက်ပေ။ သို့ရာတွင် လူသားများသည် သူတို့ကိုယ်ကို သူတို့ပင် နှိပ်စက်ကြခြင်းဖြစ်သည်။

وَيَوْمَ يَحْشُرُهُمْ كَأَن لَّمْ يَلْبَثُوا إِلَّا سَاعَةً مِّنَ النَّهَارِ يَتَعَارَفُونَ بَيْنَهُمْ ۚ قَدْ خَسِرَ الَّذِينَ كَذَّبُوا بِلِقَاءِ اللَّهِ وَمَا كَانُوا مُهْتَدِينَ ﴿٤٥﴾

(၄၅) ၎င်းပြင် (ထို)နေ့၌ အရှင်မြတ်သည် သူတို့အား စုရုံးတော်မူမည်။ သူတို့သည် နေ့၏တစ်ခဏ(တစ်နာရီ)မျှသာ[၂] (လောက၌)နေခဲ့ကြရသည်(ဟု ထင်မှတ်ကြမည်)။ သူတို့သည် အချင်းချင်းမှတ်မိကြမည်။[၃] အလ္လာဟ်အရှင်မြတ်နှင့် တွေ့ဆုံမှုကို မဟုတ်မမှန်ဟုငြင်းပယ်သောသူများသည် အမှန်စင်စစ် ဆုံးရှုံးခဲ့ကြပြီဖြစ်သည်။ ၎င်းနောက် သူတို့သည် လမ်းမှန်ကို ရရှိမည့်သူများ မဟုတ်ခဲ့ကြပေ။

[၂] ကိယာမသ်နေ့ရဲ့ ကြောက်စရာအဖြစ်အပျက်တွေကို တွေ့ရတဲ့အခါမှာ သူတို့ဟာ လောကမှာ တစ်ခဏ(တစ်နာရီ)လောက်ပဲ နေခဲ့ရတယ်လို့ ထင်ကြမှာဖြစ်တယ်။ (အလင်းပြကျမ်း) [၃] သူတို့ အချင်းချင်း မှတ်မိကြပေမဲ့ တစ်ဦးကိုတစ်ဦး ဘာအကူအညီမှမပေးနိုင်ဘဲ သူစိမ်းတွေလိုပဲ ဖြစ်နေကြမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِمَّا نُرِيَنَّكَ بَعْضَ الَّذِي نَعِدُهُمْ أَوْ نَتَوَفَّيَنَّكَ فَإِلَيْنَا مَرْجِعُهُمْ ثُمَّ اللَّهُ شَهِيدٌ عَلَىٰ مَا يَفْعَلُونَ ﴿٤٦﴾

(၄၆) ထို့ပြင် အကယ်၍ ငါအရှင်မြတ်သည် သူတို့အား ငါအရှင်မြတ် ကတိပေးထားသောပြစ်ဒဏ်အချို့ကို အသင့်အား ပြတော်မူသည်ပင်ဖြစ်စေ၊

သို့မဟုတ် ငါအရှင်မြတ်သည် အသင့်အား (ထိုပြစ်ဒဏ်မကျရောက်မီ၌ပင်) သေဆုံးစေတော်မူသည်ပင်ဖြစ်စေ၊ (နောက်ဆုံး၌) သူတို့၏ပြန်လည်ရာဌာနသည် ငါအရှင်မြတ်ထံတော်၌ပင်ဖြစ်သည်။❻ ၎င်းနောက် အလ္လာဟ်အရှင်မြတ်သည် သူတို့ ပြုလုပ်သည်များကိုလည်း မျက်မှောက်အသိသက်သေဖြစ်နေတော်မူသော အရှင်ဖြစ်တော်မူသည်။

❻ အရှင်မြတ်က ကတိပြုခဲ့တဲ့အရာတွေဟာ တမန်တော်မြတ် ﷺ သက်တော် ထင်ရှားစဉ်မှာပဲ ဖြစ်ဖြစ်၊ တမန်တော်မြတ် ﷺ မရှိတော့တဲ့နောက်မှာပဲဖြစ်ဖြစ် အတည်ဖြစ်လာမှာပဲ ဖြစ်တယ်။ တကယ်တော့တမန်တော်မြတ် ﷺ ရဲ့နုဗုဝသ်တမန်တော်ဖြစ်မှုသက်တမ်းကာလဟာကိယာမသ်နေ့ထိဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်ရဲ့ကတိကို မျက်ဝါးထင်ထင်မြင်လာရမဲ့ အချိန်ဟာ တမန်တော်မြတ် ﷺ ခေတ်မှာဖြစ်ဖြစ်၊ အဲဒီနောက်မှာဖြစ်ဖြစ်၊ ကိယာမသ်နေ့မှာဖြစ်ဖြစ် အတူတူပဲဖြစ်တယ်။ အရှင်မြတ်ထံတော်မှာ နောက်ဆုံးတွေ့ကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلِكُلِّ أُمَّةٍ رَّسُولٌ ۖ فَإِذَا جَاءَ رَسُولُهُمْ قُضِيَ بَيْنَهُم بِالْقِسْطِ وَهُمْ لَا يُظْلَمُونَ ﴿٤٧﴾

(၄၇) ထို့ပြင် လူမျိုးတိုင်းအတွက် တမန်တော်တစ်ပါးရှိခဲ့သည်။❼ ထို့နောက် သူတို့၏တမန်တော်ရောက်လာသောအခါ❽ သူတို့၏ကြား၌ သူတို့သည် မတရားပြုလုပ်ခြင်း မခံကြရဘဲလျက် မျှတစွာ တရားစီရင်ဆုံးဖြတ်ပြီး ဖြစ်ခဲ့သည်။

❼ အရှင်မြတ်ဟာ သက်သေခိုင်လုံဖို့ လူမျိုးတိုင်းထံကို တမန်တော်တွေစေလွှတ်တော်မူခဲ့တယ်။ အားလုံးရှင်းပြပြီး မလိုက်နာမှဘဲ အပြစ်ပေးလေ့ရှိတယ်။ (အလင်းပြကျမ်း) ❽ သူတို့ရဲ့တမန်တော်ရောက်လာတဲ့အခါဆိုတာ ကိယာမသ်နေ့မှာ ရောက်လာတာကို ဆိုလိုတယ်။ (သွဗ်ရီ) လောကမှာ စီရင်ချက်ပြီးဆုံးသွားတယ်ဆိုတာမရှိဘူး။ ကိယာမသ်နေ့ကျမှပဲ အကျိုးအပြစ်ကို မျှမျှတတ စီရင်ချက်ချလို့ ပြီးဆုံးမှာဖြစ်တယ်။ အရှင်မြတ်ဘက်က သက်သေတွေ အစုံအလင်ရောက်ရှိလာတဲ့အခါမှာ တမန်တော်ရဲ့ရှေ့မှာပဲ ၎င်းရဲ့အွမ္မသ်လူမျိုးကို မျှမျှတတစီရင်ချက်ချလိုက်မှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَقُولُونَ مَتَىٰ هَٰذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ ﴿٤٨﴾

(၄၈) ထို့ပြင် သူတို့က ပြောဆိုကြသည်- “အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူများ ဖြစ်ကြလျှင် ဤ(အပြစ်ဒဏ်ကျရောက်မည့်) ကတိသည် မည်သည့်အခါဖြစ်မည်နည်း။”

قُل لَّا أَمْلِكُ لِنَفْسِي ضَرًّا وَلَا نَفْعًا إِلَّا مَا شَاءَ اللَّهُ ۗ لِكُلِّ أُمَّةٍ أَجَلٌ ۚ إِذَا جَاءَ أَجَلُهُمْ فَلَا يَسْتَأْخِرُونَ سَاعَةً ۖ وَلَا يَسْتَقْدِمُونَ ﴿٤٩﴾

(၄၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ- “ငါသည် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသောကိစ္စမှလွဲ၍ ငါ့အတွက် မည်သည့်ဆုံးရှုံးနစ်နာစေမှုနှင့် အကျိုးဖြစ်ထွန်းစေမှုမှ ပိုင်ဆိုင်သည်မရှိပေ။ လူမျိုးတိုင်း၌ သတ်မှတ်ထား

သောအချိန်ကာလတစ်ခု ရှိသည်။ သူတို့၏သတ်မှတ်ချိန် ရောက်လာသောအခါ သူတို့သည် တစ်ခဏ(တစ်နာရီ)မျှပင် ရွှေ့ဆိုင်းနိုင်ကြသည် မဟုတ်ပေ၊ ရှေ့တိုးနိုင်ကြသည်လည်း မဟုတ်ပေ။

قُلْ أَرَءَيْتُمْ إِنْ أَتَىٰكُمْ عَذَابُهُۥ بَيَٰتًا أَوْ نَهَارًا مَّاذَا يَسْتَعْجِلُ مِنْهُ ٱلْمُجْرِمُونَ ﴿٥٠﴾

(၅၀) (အို-တမန်တော်) အသင်ပြောလိုက်ပါ- "အကယ်၍အသင်တို့ထံသို့ အရှင်မြတ်၏အပြစ်ဒဏ်သည် ညသို့မဟုတ် နေ့၌ ဆိုက်ရောက်လာခဲ့လျှင် အသင်တို့သည် မည်သို့ထင်မြင်ယူဆကြမည်နည်း။ (သို့ဖြစ်ရာ) အပြစ်ကျူးလွန်သူများသည် အဘယ်ကြောင့် ထိုပြစ်ဒဏ်ကျရောက်ရန် အလျင်စလိုဖြစ်နေကြသနည်း။"

أَثُمَّ إِذَا مَا وَقَعَ ءَامَنتُم بِهِۦٓ ءَآلْـَٰٔنَ وَقَدْ كُنتُم بِهِۦ تَسْتَعْجِلُونَ ﴿٥١﴾

(၅၁) ထိုပြစ်ဒဏ်ကျရောက်လာပြီးနောက်မှပင် အသင်တို့သည် ထိုပြစ်ဒဏ်ကို ယုံကြည်ကြမည်လော။ (ထိုအချိန်၌ အသင်တို့သည် ဤသို့ အပြောခံရမည်) ယခုမှပင် (ထိုအရာကို ယုံတော့သည်)လော၊ ထို့ပြင် အမှန်စင်စစ် အသင်တို့သည် ထိုပြစ်ဒဏ်ကို အလျင်စလိုတောင့်တနေခဲ့ကြသည်။

ثُمَّ قِيلَ لِلَّذِينَ ظَلَمُوا۟ ذُوقُوا۟ عَذَابَ ٱلْخُلْدِ هَلْ تُجْزَوْنَ إِلَّا بِمَا كُنتُمْ تَكْسِبُونَ ﴿٥٢﴾

(၅၂) ထို့နောက် မတရားကျူးလွန်သူများသည် (ဤသို့)ပြောဆိုခံကြရမည်-"အသင်တို့သည် အမြဲခံရမည့်ပြစ်ဒဏ်ကို မြည်းစမ်းကြပါ။ (အမှန်စင်စစ်) အသင်တို့သည် အသင်တို့ရှာဖွေဆည်းပူးခဲ့ကြသည်မှလွဲ၍ မည်သည့်အရာကိုမျှ အစားပေးခြင်းခံကြရသည်မဟုတ်ပေ။"

وَيَسْتَنۢبِـُٔونَكَ أَحَقٌّ هُوَ قُلْ إِى وَرَبِّىٓ إِنَّهُۥ لَحَقٌّ وَمَآ أَنتُم بِمُعْجِزِينَ ﴿٥٣﴾

(၅၃) ထို့ပြင် သူတို့သည် အသင့်အား "ထို(ပြစ်ဒဏ်ကျရောက်မည့်)ကိစ္စသည် မှန်ပါသလော"ဟု မေးမြန်းစုံစမ်းကြသည်။ အသင် ပြောလိုက်ပါ- "ဟုတ်သည်၊ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ကျိန်ဆိုပြောမည်၊ မုချ ထိုအရာသည် အမှန်ဖြစ်သည်၊ ၎င်းပြင် အသင်တို့သည် (ပြစ်ဒဏ်မကျရောက်အောင်) စွမ်းဆောင်နိုင်သောသူများ မဟုတ်ကြပေ။"

وَلَوْ أَنَّ لِكُلِّ نَفْسٍ ظَلَمَتْ مَا فِى ٱلْأَرْضِ لَٱفْتَدَتْ بِهِۦ وَأَسَرُّوا۟ ٱلنَّدَامَةَ لَمَّا رَأَوُا۟ ٱلْعَذَابَ
وَقُضِىَ بَيْنَهُم بِٱلْقِسْطِ وَهُمْ لَا يُظْلَمُونَ ﴿٥٤﴾

(၅၄) ထို့ပြင် အကယ်၍ မတရားကျူးလွန်ခဲ့ကြသူတိုင်းသည် ကမ္ဘာမြေ

တွင် ရှိသမျှကို ပိုင်ဆိုင်ကြလျှင် ထိုအရာများဖြင့် သူ၏ကိုယ်ကို (ပြစ်ဒဏ်မှလွတ်မြောက်ရန်) လျော်ကြေးပေးပြီး မုချ အလဲအလှယ်လုပ်ယူကြလိမ့်မည်။❶ ထို့ပြင် သူတို့သည် ပြစ်ဒဏ်ကို မြင်ကြရသောအခါ နောင်တရမှုကို မျိုသိပ်ထားကြမည်။❷ ၎င်းနောက် သူတို့ကြားတွင် သူတို့သည် မတရားပြုလုပ်ခြင်းမခံကြရဘဲလျက် မျှတစွာ စီရင်ဆုံးဖြတ်ခြင်းခံကြရလိမ့်မည်။

❶ သူတို့ဟာ လျော်ကြေးပေးပြီး လွတ်မြောက်ချင်တာပဲရှိတယ်။ တကယ်တော့ သူတို့ဟာ အဲဒီကမ္ဘာထဲမှာ ရှိသမျှအရာတွေကို ပိုင်ဆိုင်ကြတာလည်းမဟုတ်ဘူး။(အလင်းပြကျမ်း) ❷ အခုမှ နောင်တရလို့လည်း ဘာမှ အကျိုးမရှိတော့ဘဲ အပြစ်ခံရုံပဲ ရှိတော့တာဖြစ်တယ်။

(သိုင်စီရွှလ်ကရီမိရ်ရဟ်မာန်)

أَلَآ إِنَّ لِلَّهِ مَا فِى ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۗ أَلَآ إِنَّ وَعْدَ ٱللَّهِ حَقٌّ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٥٥﴾

(၅၅) သတိပြုကြပါ၊ အမှန်စင်စစ် မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှသည် အလ္လာဟ်အရှင်မြတ်ပင် စိုးပိုင်တော်မူသည်။ သတိပြုကြပါ၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ကတိတော်သည် အမှန်ပင်ဖြစ်သည်။ သို့ရာတွင် သူတို့ထဲမှ အမြောက်အမြားသည် အသိမရှိကြပေ။

هُوَ يُحْىِۦ وَيُمِيتُ وَإِلَيْهِ تُرْجَعُونَ ﴿٥٦﴾

(၅၆) အရှင်မြတ်ပင် အသက်ရှင်စေတော်မူသည်။ ၎င်းနောက် အရှင်မြတ်ပင် အသက်သေစေတော်မူသည်။ ၎င်းနောက် အရှင်မြတ်ထံတော်သို့ပင် အသင်တို့သည် ပြန်လှည့်စေခြင်းခံကြရမည်ဖြစ်သည်။

يَٰٓأَيُّهَا ٱلنَّاسُ قَدْ جَآءَتْكُم مَّوْعِظَةٌ مِّن رَّبِّكُمْ وَشِفَآءٌ لِّمَا فِى ٱلصُّدُورِ وَهُدًى وَرَحْمَةٌ لِّلْمُؤْمِنِينَ ﴿٥٧﴾

(၅၇) အို- လူသားအပေါင်းတို့၊ အမှန်စင်စစ် အသင်တို့ထံသို့ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ဆုံးမသြဝါဒနှင့် ရင်များထဲ၌ရှိသောရောဂါများကို ပျောက်ကင်းစေသောဆေးအပြင် မုအ်မင်န်ယုံကြည်သူများအတွက် လမ်းမှန်ညွှန်ကြားပြသချက်နှင့် သနားကရုဏာတော်သည် ရောက်ရှိလာခဲ့ပြီဖြစ်သည်။❸

❸ ဒီအာယသ်မှာ အရှင်မြတ်က အရာလေးခုကို ချပေးတော်မူခဲ့တယ် - (၁) مَوْعِظَة ဆုံးမသြဝါဒ - အဲဒါနဲ့ မကောင်းမှုတွေကို ရှောင်ကြဉ်နိုင်ဖို့ဖြစ်တယ်။ (၂) شِفَاء ဆေးဝါး - အဲဒါနဲ့ စိတ်နလုံးထဲမှာရှိတဲ့ အညစ်အကြေးတွေကို သန့်ပြန့်စင်ကြယ်အောင်လုပ်နိုင်မှာဖြစ်တယ်။ (၃) هُدًى လမ်းမှန်ညွှန်ကြားပြသချက် - အဲဒါနဲ့ မှန်ကန်တဲ့ယုံကြည်ချက်နဲ့ မှန်ကန်တဲ့လမ်းပေါ်ကို လျှောက်နိုင်မှာဖြစ်တယ်။ (၄) رَحْمَة သနားကရုဏာ အရှင်မြတ်ရဲ့ သနားကြင်နာမှုနဲ့ ပန်းတိုင်ကိုရောက်ရှိပြီး အရှင့်

ရဟ်မသ်ထဲမှာ ခိုလှုံခွင့်ရရှိမှာဖြစ်တယ်။ ဒါဟာ နောက်ဆုံးအောင်မြင်မှုကြီးဖြစ်တယ်။
(ရူဟွလ်မအာနီ)

قُلۡ بِفَضۡلِ اللّٰهِ وَبِرَحۡمَتِهٖ فَبِذٰلِكَ فَلۡيَفۡرَحُوۡا ؕ هُوَ خَيۡرٌ مِّمَّا يَجۡمَعُوۡنَ ﴿٥٨﴾

(၅၈) (အို-တမန်တော်) အသင်ပြောလိုက်ပါ- (ထိုအရာများသည်) အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်နှင့် အရှင်မြတ်၏သနားကရုဏာတော်ကြောင့် ဖြစ်သည်။ ထိုအရာများကို အကြောင်းပြု၍ သူတို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်သင့်သည်။ ထို(ကျေးဇူး၊ ကရုဏာတော်)များသည် သူတို့စုဆောင်းနေကြသောအရာ(လောကီပစ္စည်း)များထက် သာပိုကောင်းသည်။

قُلۡ اَرَءَيۡتُمۡ مَّاۤ اَنۡزَلَ اللّٰهُ لَـكُمۡ مِّنۡ رِّزۡقٍ فَجَعَلۡتُمۡ مِّنۡهُ حَرَامًا وَّحَلٰلًا ؕ قُلۡ آٰللّٰهُ اَذِنَ لَـكُمۡ اَمۡ عَلَى اللّٰهِ تَفۡتَرُوۡنَ ﴿٥٩﴾

(၅၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် အကြွင်းအရာနှင့် ပတ်သက်၍ စဉ်းစားဆင်ခြင်ကြည့်ပြီးကြပြီလော၊ (ထိုအရာသည်) အလ္လာဟ်အရှင်မြတ်က အသင်တို့အတွက် ချပေးတော်မူခဲ့သော ရိဇ္ဇက်ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုအရာထဲမှ (အချို့ကို)ဟရာမ် စားသုံးပိုင်ခွင့်မရှိ၊ (အချို့ကို) ဟလာလ်စားသုံးပိုင်ခွင့်ရှိသည်ဟု သတ်မှတ်ပြုလုပ်ခဲ့ကြသည်။❻ (အို-တမန်တော်) အသင်မေးမြန်းလိုက်ပါ- အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကို (ဤသို့ ဟလာလ်၊ ဟရာမ် သတ်မှတ်ရန်) ခွင့်ပြုခဲ့သည်လော၊ သို့မဟုတ် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် လုပ်ကြံစွပ်စွဲကြသည်လော။ (လုပ်ခွင့်မရှိသည်ကို ပြုလုပ်လျှင် အခွင့်ရှိသူဘက်မှ သတ်မှတ်သည်ဟု မယူဆနိုင်သောကြောင့် စွပ်စွဲခြင်းသာဖြစ်၏။)

❻ မုရှ်ရိက်တွေက အရာတစ်ခုကို ဟရာမ်ပြုလုပ်တိုင်း ဟရာမ်ဖြစ်သွားမှာမဟုတ်ဘူး။ ကုရ်အာန်က ဟရာမ်လို့ ညွှန်ကြားထားမှပဲ ဟရာမ်ဖြစ်မှာ ဖြစ်တယ်။ ဟလာလ်လည်း အဲဒီအတိုင်းပဲဖြစ်တယ်။ အဲဒါကြောင့် ရမ်းဆပြောဆိုခြင်းတွေဟာ အကျိုးမဲ့ရုံမက ဆိုးကျိုးဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا ظَنُّ الَّذِيۡنَ يَفۡتَرُوۡنَ عَلَى اللّٰهِ الۡكَذِبَ يَوۡمَ الۡقِيٰمَةِ ؕ اِنَّ اللّٰهَ لَذُوۡ فَضۡلٍ عَلَى النَّاسِ وَلٰـكِنَّ اَكۡثَرَهُمۡ لَا يَشۡكُرُوۡنَ ﴿٦٠﴾

(၆၀) ထို့ပြင် ကိယာမသ်ရှင်ပြန်ထမည့်နေ့နှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်အပေါ်တွင် လုပ်ကြံစွပ်စွဲကြသူများ၏ ထင်မြင်ယူဆချက်သည် မည်သို့ရှိသနည်း။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူများအပေါ်တွင် အမှန်ပင် ကျေးဇူးပြုတော်မူသောအရှင်ဖြစ်တော်မူသည်။❶ သို့ရာတွင် သူတို့ထဲမှ

အများအပြားသည် ကျေးဇူးတော်ကို မသိကြပေ။

❾ လူသားတွေဟာ အရှင်မြတ်ကို မကောင်းပြောဆို စွပ်စွဲကြတယ်။ မကောင်းမှုတွေ ကျူးလွန်ကြတယ်။ ဒါပေမဲ့ အရှင်မြတ်ဟာ အရေးမယူဘဲ အမြင်မှန်ရဖို့၊ သောင်ဗဟ်ပြုနိုင်ဖို့ အချိန်ပေးထားတာဟာ အရှင်မြတ်ရဲ့ ကျေးဇူးပဲဖြစ်တယ်။ အဲဒီနောက်လည်း ဆက်လက်ကျူးလွန်နေတဲ့သူတွေဟာ အရှင်မြတ်ရဲ့ကျေးဇူးကို မသိတတ်သူတွေပဲဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا تَكُونُ فِي شَأْنٍ وَّمَا تَتْلُوا مِنْهُ مِنْ قُرْاٰنٍ وَّلَا تَعْمَلُوْنَ مِنْ عَمَلٍ اِلَّا كُنَّا عَلَيْكُمْ شُهُوْدًا اِذْ تُفِيْضُوْنَ فِيْهِ ؕ وَمَا يَعْزُبُ عَنْ رَّبِّكَ مِنْ مِّثْقَالِ ذَرَّةٍ فِي الْاَرْضِ وَلَا فِي السَّمَآءِ وَلَآ اَصْغَرَ مِنْ ذٰلِكَ وَلَآ اَكْبَرَ اِلَّا فِيْ كِتٰبٍ مُّبِيْنٍ ﴿٦١﴾

(၆၁) ထို့ပြင် အသင်သည် မည်သည့်အခြေအနေတွင်ရှိသည် ဖြစ်စေ၊ အသင်သည် ကုရ်အာန်၏ မည်သည့်အပိုင်းကိုပင် ရွတ်ဖတ်နေသည်ဖြစ်စေ၊ ၎င်းနောက် အသင်တို့သည် မည်သည့်အလုပ်ကိုပင် လုပ်နေသည်ဖြစ်စေ၊ အသင်တို့သည် ထိုအလုပ်ထဲတွင် နစ်မွန်းနေသောအခါတွင် ငါအရှင်မြတ်သည် အသင်တို့အား မြင်နေတော်မူသည်။ ၎င်းနောက် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်(၏အသိထဲ)မှ အဏုမြူမှုန်မျှအလေးချိန်သည်ပင် ပျောက်ကွယ်နေခြင်းမရှိပေ။ (ထိုအဏုမြူမှုန်သည်) ကမ္ဘာမြေ၌ဖြစ်စေ၊ မိုးကောင်းကင်၌ဖြစ်စေ၊ ထို(အဏုမြူမှုန်)ထက်သေးသည်ပင်ဖြစ်စေ၊ ကြီးသည်ပင်ဖြစ်စေ၊ (၎င်းသည်) ထင်ရှားသော စာအုပ်ကြီး(လောင်းဟော့မဟ်ဖူးဇ်)ထဲ၌ (ရေးပြီးသား)ရှိနေသည်။

اَلَآ اِنَّ اَوْلِيَآءَ اللّٰهِ لَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ﴿٦٢﴾ ج

(၆၂) သတိပြုကြပါ၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏အဆွေတော်များအပေါ်တွင် ကြောက်ရွံ့စိုးရိမ်စရာ❶ လည်း ရှိမည်မဟုတ်သည့်အပြင် သူတို့သည် ဝမ်းနည်းပူဆွေးကြရမည်လည်းမဟုတ်ပေ။

❶ လောကီဆိုင်ရာ ကြောက်ရွံ့မှုနဲ့ ပူဆွေးမှုတွေကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

الَّذِيْنَ اٰمَنُوْا وَكَانُوْا يَتَّقُوْنَ ﴿٦٣﴾ ط

(၆၃) (သူတို့သည်) အကြင်သူတို့ပင်ဖြစ်ကြသည်။ ထိုသူများသည် အီမာန်ယုံကြည်ကြသည့်အပြင် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်နေခဲ့ကြသည်။

لَهُمُ الْبُشْرٰى فِي الْحَيٰوةِ الدُّنْيَا وَفِي الْاٰخِرَةِ ؕ لَا تَبْدِيْلَ لِكَلِمٰتِ اللّٰهِ ؕ ذٰلِكَ هُوَ الْفَوْزُ الْعَظِيْمُ ﴿٦٤﴾ ط

(၆၄) သူတို့အတွက် လောကီဘဝနှင့် တမလွန်ဘဝတွင် ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းရှိပေသည်။ အလ္လာဟ်အရှင်မြတ်၏ စကားတော်များတွင်

ပြောင်းလဲမှုမရှိပေ။❶ ၎င်းသည် အလွန်ကြီးကျယ်သောအောင်မြင်မှုဖြစ်ပေသည်။

❶ အရှင်မြတ်ရဲ့ စကားတော်တွေမှာ ပြောင်းလဲခြင်းမရှိဘူး ဆိုတာ အရှင်မြတ်ကတိပြုထားတာတွေ၊ သတင်းကောင်းပေးထားတာတွေကို ကတိပြုမိန့်ကြားထားတဲ့အတိုင်းပဲ ပြုမူဆောင်ရွက်တော်မူမှာဖြစ်တယ်လို့ဆိုလိုတာဖြစ်တယ်။ (သွဗ်ရီ) (ဒီအကြောင်း အကျယ်တဝင့်ရှင်းလင်းချက်တွေကို အထောက်အထားအခိုင်အမာတွေနဲ့ ကျွန်တော်တို့ ကာရီကျောင်းကထုတ်တဲ့ "ဗုခါရီ ဟဒီးဆ်တော်များ" စာအုပ်မှာ ဖော်ပြထားပါတယ်။ စာအုပ်မရရှိသေးသူတွေအနေနဲ့ အင်တာနက်ဝက်ဘ်ဆိုက် www.qarischool.com မှာ ကူးယူပြီး လေ့လာဖတ်ရှုနိုင်ပါတယ်။ ဘာသာပြန်သူ)

وَلَا يَحْزُنْكَ قَوْلُهُمْ ۘ إِنَّ الْعِزَّةَ لِلَّهِ جَمِيعًا ۚ هُوَ السَّمِيعُ الْعَلِيمُ ﴿٦٥﴾

(၆၅) ထို့ပြင် သူတို့၏စကားသည် အသင့်အား ဝမ်းနည်းမှု မဖြစ်ပါစေနှင့်။ အမှန်စင်စစ် ဂုဏ်သိက္ခာအားလုံးသည် အလ္လာဟ်အရှင်မြတ်အတွက်ပင် ဖြစ်သည်။ အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

أَلَا إِنَّ لِلَّهِ مَن فِي السَّمَاوَاتِ وَمَن فِي الْأَرْضِ ۗ وَمَا يَتَّبِعُ الَّذِينَ يَدْعُونَ مِن دُونِ اللَّهِ شُرَكَاءَ ۚ إِن يَتَّبِعُونَ إِلَّا الظَّنَّ وَإِنْ هُمْ إِلَّا يَخْرُصُونَ ﴿٦٦﴾

(၆၆) သတိပြုကြပါ၊ အမှန်စင်စစ် မိုးကောင်းကင်များတွင်ရှိသူများနှင့် မြေပထဝီတွင် ရှိသူများအားလုံးကို အလ္လာဟ်အရှင်မြတ်သာ စိုးပိုင်တော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြားကို နှိုင်းယှဉ်ဘက်များအဖြစ် ဟစ်ခေါ်ကိုးကွယ်ကြသောသူများသည် ထင်မြင်ယူဆချက်မှလွဲ၍ အခြားမည်သည်ကိုမျှ လိုက်နာကြသည် မဟုတ်ပေ။ ၎င်းနောက် သူတို့သည် ရမ်းဆပြုလုပ်နေကြသည်ပင်ဖြစ်သည်။

هُوَ الَّذِي جَعَلَ لَكُمُ اللَّيْلَ لِتَسْكُنُوا فِيهِ وَالنَّهَارَ مُبْصِرًا ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يَسْمَعُونَ ﴿٦٧﴾

(၆၇) အရှင်မြတ်သည် အကြင်အရှင်ပင် ဖြစ်သည်၊ ထိုအရှင်သည် အသင်တို့အတွက် ညကို အိပ်စက်အနားယူကြရန်အတွက်နှင့် နေ့ကို မြင်နိုင်စွမ်းရှိသောအရာအဖြစ်ပြုလုပ်ပေးတော်မူခဲ့သည်။ အမှန်စင်စစ် ထိုအထဲတွင် ကြားနာသောသူများအတွက် အမှန်ပင် သက်သေလက္ခဏာများရှိသည်။

قَالُوا اتَّخَذَ اللَّهُ وَلَدًا ۗ سُبْحَانَهُ ۖ هُوَ الْغَنِيُّ ۖ لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ ۚ إِنْ عِندَكُم مِّن سُلْطَانٍ بِهَٰذَا ۚ أَتَقُولُونَ عَلَى اللَّهِ مَا لَا تَعْلَمُونَ ﴿٦٨﴾

(၆၈) (မုရှ်ရိက်များသည် သက်သေလက္ခဏာများတွင် စဉ်းစားဆင်ခြင်

ခြင်းမရှိဘဲ ရှိရက်ဖြစ်စေသောစကားများကို ပြောဆိုနေကြသည်။) သူတို့က အလ္လာဟ်အရှင်မြတ်၌ သားရှိသည်ဟုပြောဆိုကြသည်။ အရှင်မြတ်သည် ကင်းရှင်း စင်ကြယ်တော်မူသည်။ အရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းပြီး ပြည့်စုံကြွယ်ဝတော်မူသောအရှင် ဖြစ်တော်မူသည်။ (အဖန်ဆင်းခံအားလုံးသည် အရှင်မြတ်ထံမှပင် လိုလားတောင့်တနေကြရသည်။) မိုးကောင်းကင်များတွင် ရှိသမျှအရာများနှင့် မြေပထဝီတွင် ရှိသမျှအရာများသည် အရှင်မြတ်ပိုင်ဆိုင်သော အရာများချည်းပင်ဖြစ်သည်။ အသင်တို့တွင် ဤပြောဆိုသောစကားနှင့်ပတ်သက်၍ မည်သည့်အထောက်အထားမျှမရှိပေ။ အသင်တို့သည် အသင်တို့ မသိနားမလည်သောစကားကို အလ္လာဟ်အရှင်မြတ်အပေါ်တွင် လုပ်ကြံပြောဆိုကြသလော။

قُلْ اِنَّ الَّذِيْنَ يَفْتَرُوْنَ عَلَى اللّٰهِ الْكَذِبَ لَا يُفْلِحُوْنَ ﴿٦٩﴾

(၆၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်အပေါ်တွင် လုပ်ကြံစွပ်စွဲသောသူများသည် (မည်သည့်အခါမျှ)အောင်မြင်မည်မဟုတ်ပေ။

مَتَاعٌ فِى الدُّنْيَا ثُمَّ اِلَيْنَا مَرْجِعُهُمْ ثُمَّ نُذِيْقُهُمُ الْعَذَابَ الشَّدِيْدَ بِمَا كَانُوْا يَكْفُرُوْنَ ﴿٧٠﴾

(၇၀) (သူတို့အတွက်) လောကီဘဝတွင် အနည်းငယ်အကျိုးခံစားခြင်းသာရှိသည်။ ထို့နောက် သူတို့၏ပြန်လှည့်ရာဌာနသည် ငါအရှင်မြတ်ထံတော်သို့ပင် ဖြစ်သည်။ ၎င်းနောက် ငါအရှင်မြတ်သည် သူတို့အား သူတို့ ငြင်းပယ်ခဲ့ကြသောကြောင့် ပြင်းထန်သော ပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူမည်ဖြစ်သည်။

وَاتْلُ عَلَيْهِمْ نَبَاَ نُوْحٍ ۘ اِذْ قَالَ لِقَوْمِهٖ يٰقَوْمِ اِنْ كَانَ كَبُرَ عَلَيْكُمْ مَّقَامِىْ وَتَذْكِيْرِىْ بِاٰيٰتِ اللّٰهِ فَعَلَى اللّٰهِ تَوَكَّلْتُ فَاَجْمِعُوْٓا اَمْرَكُمْ وَشُرَكَآءَكُمْ ثُمَّ لَا يَكُنْ اَمْرُكُمْ عَلَيْكُمْ غُمَّةً ثُمَّ اقْضُوْٓا اِلَىَّ وَلَا تُنْظِرُوْنِ ﴿٧١﴾

(၇၁) ထို့ပြင် အသင်(တမန်တော်)သည် သူတို့၏ရှေ့၌ (တမန်တော်) နူးဟ်၏အကြောင်း❶ကို ဖတ်ပြလိုက်ပါ။ တစ်ခါတွင်(တမန်တော်)နူးဟ်သည် သူ၏အမျိုးသားများအား (ဤသို့) ပြောခဲ့သည်- "အို- ငါ၏အမျိုးသားအပေါင်းတို့၊ အကယ်၍ ငါ၏ရပ်တည်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များအကြောင်းခံဖြင့် ငါ၏ဆုံးမသြဝါဒပေးခြင်းသည် အသင်တို့အပေါ်တွင် ဝန်လေးနေလျှင် ငါသည် အလ္လာဟ်အရှင်မြတ်အပေါ်တွင်သာ ယုံပုံလွှဲအပ်ပြီးဖြစ်သည့်အတွက် အသင်တို့သည် (ငါ့အားချေမှုန်းရန်) အသင်တို့၏ အကြံအစည်များကို

အသင်တို့၏ တွဲဖက်နိုင်းယှဉ်ကိုးကွယ်ရာများနှင့် ပူးပေါင်း၍ ပြဋ္ဌာန်းကြပါ။ ထို့နောက် အသင်တို့၏ထိုအကြံအစည်များကိုလည်း အသင်တို့အပေါ်တွင် ဖုံးအုပ်မှုမရှိပါစေနှင့်၊ ထို့နောက် အသင်တို့သည် ငါနှင့်ပတ်သက်၍ စီမံဆောင်ရွက်ကြပါ။ ထို့ပြင် အသင်တို့သည် ငါ့အား ရွှေ့ဆိုင်းခွင့်ပင် မပေးကြနှင့်။"

❶ တမန်တော်နူးဟ် عليه السلام ရဲ့အကြောင်းကို ပြောပြခိုင်းတာဟာ ၎င်းရဲ့အမျိုးသားတွေထဲက လက်မခံငြင်းပယ်ခဲ့သူတွေဟာ ပျက်စီးသွားရတာကို သိရှိပြီး စဉ်းစားဆင်ခြင်ကာ အမှန်ကို လက်ခံလာနိုင်အောင် ပြောခိုင်းတာဖြစ်တယ်။ လက်မခံရင် အဲဒီလိုပဲ ပျက်စီးသွားမှာကို သတိပေးဖို့လည်းဖြစ်တယ်။ လက်ခံတဲ့သူတွေဟာ ပထမမှာ ဒုက္ခခံရပေမဲ့ နောက်ဆုံးမှာ အောင်မြင်မှုနဲ့ရင်ဆိုင်ရမှာဖြစ်ကြောင်း အားပေးဖို့လည်းဖြစ်တယ်။ သမိုင်းကသင်ခန်းစာ ဖြစ်တယ်။ (အလင်းပြကျမ်း)

فَاِنۡ تَوَلَّیۡتُمۡ فَمَا سَاَلۡتُكُمۡ مِّنۡ اَجۡرٍ ؕ اِنۡ اَجۡرِیَ اِلَّا عَلَی اللّٰهِ ۙ وَاُمِرۡتُ اَنۡ اَكُوۡنَ مِنَ الۡمُسۡلِمِیۡنَ ﴿٧٢﴾

(၇၂) ထို့နောက် အကယ်၍ အသင်တို့သည် မျက်နှာလွှဲသွားခဲ့ကြလျှင် ငါသည် အသင်တို့ထံမှ အခကြေးငွေ တစ်စုံတစ်ရာ တောင်းဆိုခဲ့ဖူးသည်မရှိပေ။ ငါ့အား အစားပေးရန်တာဝန်သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင်သာရှိသည်။ ထို့ပြင် ငါသည် မွတ်စ်လင်မ် အမိန့်နာခံသူများထဲ၌ တစ်ဦးအပါအဝင်ဖြစ်ရန် အမိန့်ပေးတော်မူခြင်းခံခဲ့ရသည်။❷

❷ တမန်တော် صلى الله عليه وسلم ဟာအရှင်မြတ်ရဲ့အမိန့်တော်အတိုင်းသာ လုပ်ဆောင်နေရတာဖြစ်တဲ့အတွက် အရှင်မြတ်ရဲ့အမိန့်ကို နာခံသူတွေထဲမှာ ပါဝင်နေလျက်ပဲ ရှိနေတာဖြစ်တယ်။ လူတွေက ဘယ်လိုပဲ တုံ့ပြန်တာဖြစ်ဖြစ် တမန်တော် صلى الله عليه وسلم ဟာ အရှင်မြတ်မှာကြားတဲ့အတိုင်းသာ လုပ်ဆောင်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

فَكَذَّبُوۡهُ فَنَجَّیۡنٰهُ وَمَنۡ مَّعَهٗ فِی الۡفُلۡكِ وَجَعَلۡنٰهُمۡ خَلٰٓئِفَ وَاَغۡرَقۡنَا الَّذِیۡنَ كَذَّبُوۡا بِاٰیٰتِنَا ۚ
فَانۡظُرۡ كَیۡفَ كَانَ عَاقِبَةُ الۡمُنۡذَرِیۡنَ ﴿٧٣﴾

(၇၃) ထို့နောက် သူတို့သည် ၎င်း(တမန်တော်နူးဟ်)ကို မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည်။ ၎င်းနောက် ငါအရှင်မြတ်သည် ၎င်း(တမန်တော်နူးဟ်)နှင့်တကွ ၎င်းနှင့်အတူ သင်္ဘောပေါ်၌ လိုက်ပါခဲ့ကြသူများကို ကယ်တင်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(ကယ်တင်ခြင်းခံရသူ)တို့ကို ယင်း(ပျက်စီးသွားသူ)တို့၏အရိုက်အရာ ဆက်ခံသူများအဖြစ် ပြုလုပ်တော်မူခဲ့သည်။❸ ထို့ပြင် ငါအရှင်မြတ်၏သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသောသူများကို ငါအရှင်မြတ်သည် နစ်မြုပ်စေတော်မူခဲ့သည်။ သို့ဖြစ်ရာ သတိပေးနှိုးဆော်ခြင်းခံကြရသောသူများ၏နောက်ဆုံးအကျိုးဆက်သည် မည်သို့ဖြစ်ခဲ့သည်ကို အသင်သည် ဆင်ခြင်သုံးသပ်ပါ။

❹ တမန်တော်နူးဟ် ﷺရဲ့ သဘော်ပေါ်မှာ ကယ်တင်ခံခဲ့ရတဲ့အုပ်စုကို ကျန်တဲ့သူတွေ ပျက်စီးပြီးတော့ အဲဒီနေရာတွေမှာ ပြန်လည်နေရာချထားပေးခဲ့တာကို ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

ثُمَّ بَعَثْنَا مِنۢ بَعْدِهِۦ رُسُلًا إِلَىٰ قَوْمِهِمْ فَجَآءُوهُم بِٱلْبَيِّنَٰتِ فَمَا كَانُوا۟ لِيُؤْمِنُوا۟ بِمَا كَذَّبُوا۟ بِهِۦ مِن قَبْلُ ۚ كَذَٰلِكَ نَطْبَعُ عَلَىٰ قُلُوبِ ٱلْمُعْتَدِينَ ﴿٧٤﴾

(၇၄) ထို့နောက် ငါအရှင်မြတ်သည် ၎င်း(တမန်တော်နူးဟ်)မရှိသည့်နောက်၌ တမန်တော်များကို ၎င်း(တမန်တော်)တို့၏ အမျိုးသားများထံ စေလွှတ်တော်မူခဲ့သည်။ သို့ဖြစ်ရာ ၎င်းတို့သည် သူတို့ထံသို့ ထင်ရှားသော သက်သေလက္ခဏာများ ယူဆောင်လာခဲ့ကြသည်။ ထို့နောက် သူတို့သည် ယခင်က ယင်း(သက်သေလက္ခဏာအထောက်အထားများ)ကိုမဟုတ်မမှန်ငြင်းပယ်ခဲ့ကြသည့်အတွက် (ယခုထပ်ပြီး) ထိုအရာကို ယုံကြည်ရန်မဖြစ်တော့ပေ။❺ ငါအရှင်မြတ်သည် စည်းဖောက်သူများ၏ စိတ်နှလုံးများအပေါ်၌ ထိုသို့ပင် တံဆိပ်ခတ်နှိပ်တော်မူလေ့ရှိသည်။

❺ လူမျိုးတစ်မျိုးမှာ တမန်တော်တစ်ပါးလာပြီး ဖိတ်ခေါ်တဲ့အခါ အဲဒီလူမျိုးဟာ ငြင်းပယ်ခဲ့ကြရင် အဲဒီတမန်တော်မရှိတဲ့နောက် အခြားတမန်တော်ရောက်လာရင်လည်း သူတို့အရင်က မျက်စိမှိတ်ငြင်းခဲ့သလိုပဲ အခုလည်း မျက်စိဖွင့်မကြည့်ဘဲ ဆက်လက်ပြီးတော့ ငြင်းပယ်လေ့ရှိတာကို ဆိုလိုတယ်။ အဲဒါကြောင့် နောက်လာတဲ့ တမန်တော်တွေဖြစ်တဲ့ တမန်တော်ဟူဒ် ﷺ၊ တမန်တော်စွာလိဟ် ﷺ၊ တမန်တော်လူသွ် ﷺ၊ တမန်တော်ရှုအိုင်ဗ် ﷺစသည်တို့ဟာ ငြင်းပယ်ခြင်းကို ခံခဲ့ကြရတာဖြစ်တယ်။ (အလင်းပြကျမ်း)

ثُمَّ بَعَثْنَا مِنۢ بَعْدِهِم مُّوسَىٰ وَهَٰرُونَ إِلَىٰ فِرْعَوْنَ وَمَلَإِي۟هِۦ بِـَٔايَٰتِنَا فَٱسْتَكْبَرُوا۟ وَكَانُوا۟ قَوْمًا مُّجْرِمِينَ ﴿٧٥﴾

(၇၅) ထို့နောက် ငါအရှင်မြတ်သည် ထိုတမန်တော်များမရှိတော့သည့်နောက်၌ (တမန်တော်)မူစာနှင့် (တမန်တော်)ဟာရူန်ကို ငါအရှင်မြတ်၏ သက်သေလက္ခဏာများနှင့်တကွ ဖိရ်အောင်န်နှင့် သူ၏မှူးကြီးမတ်ရာများထံသို့ စေလွှတ်တော်မူခဲ့သည်။ ထို့နောက် သူတို့သည် မာနထောင်ခဲ့ကြသည်။ ထို့ပြင် သူတို့သည် အပြစ်ကျူးလွန်လေ့ရှိသော အမျိုးသားများ ဖြစ်ခဲ့ကြသည်။

فَلَمَّا جَآءَهُمُ ٱلْحَقُّ مِنْ عِندِنَا قَالُوٓا۟ إِنَّ هَٰذَا لَسِحْرٌ مُّبِينٌ ﴿٧٦﴾

(၇၆) ၎င်းနောက် သူတို့ထံသို့ ငါအရှင်မြတ်ထံတော်မှ အမှန်တရားရောက်လာသောအခါ သူတို့က "ဤသည် အမှန်ပင် ထင်ရှားသောစုန်းပယောဂအတတ်ဖြစ်သည်"ဟု ပြောဆိုခဲ့ကြသည်။

قَالَ مُوْسٰٓى اَتَقُوْلُوْنَ لِلْحَقِّ لَمَّا جَآءَكُمْ ۭ اَسِحْرٌ هٰذَا ۭ وَلَا يُفْلِحُ السّٰحِرُوْنَ ﴿٧٧﴾

(၇၇) (တမန်တော်)မူစာက ပြောဆိုသည်- "အသင်တို့သည် အမှန်တရားကို ၎င်းသည် အသင်တို့ထံသို့ ရောက်လာခဲ့ပြီးမှ (ဤသည် စုန်းပယောဂ ဖြစ်သည်ဟု) ပြောဆိုကြသလော။ ဤသည် စုန်းပယောဂအတတ်လော၊ ထို့ပြင် စုန်းပယောဂအတတ်ပညာရှင်များသည် (မည်သည့်အခါမျှ) အောင်မြင်ကြသည် မဟုတ်ပေ။"

قَالُوْٓا اَجِئْتَنَا لِتَلْفِتَنَا عَمَّا وَجَدْنَا عَلَيْهِ اٰبَآءَنَا وَتَكُوْنَ لَكُمَا الْكِبْرِيَآءُ فِى الْاَرْضِ ۭ وَمَا نَحْنُ لَكُمَا بِمُؤْمِنِيْنَ ﴿٧٨﴾

(၇၈) သူတို့က ပြောဆိုကြသည်-"အသင်သည် ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေးများ၏လမ်းစဉ်မှ ကျွန်ုပ်တို့အား ဖယ်ရှားရန်အတွက်နှင့် တိုင်းပြည်တွင် ခေါင်းဆောင်မှုသည် အသင်တို့နှစ်ဦးအတွက်ပင်ရှိရန် အသင်သည် ကျွန်ုပ်တို့ ထံသို့ ရောက်လာခဲ့ခြင်းလော။ ထို့ပြင် ကျွန်ုပ်တို့သည် အသင်တို့နှစ်ဦးအား (မည်သည့်အခါမျှ) ယုံကြမည့်သူများမဟုတ်ကြပေ။"

وَقَالَ فِرْعَوْنُ ائْتُوْنِىْ بِكُلِّ سٰحِرٍ عَلِيْمٍ ﴿٧٩﴾

(၇၉) ထို့နောက် ဖိရ်အောင်န်က (၎င်း၏ မှူးကြီးမတ်ရာများအား) "အသင်တို့သည် အလွန်တတ်ကျွမ်းသော မှော်ဆရာများအားလုံးကို ငါ့ထံခေါ်ခဲ့ကြပါ"လို့ ပြောဆိုမိန့်ကြားသည်။

فَلَمَّا جَآءَ السَّحَرَةُ قَالَ لَهُمْ مُّوْسٰٓى اَلْقُوْا مَآ اَنْتُمْ مُّلْقُوْنَ ﴿٨٠﴾

(၈၀) ထို့နောက် မှော်ဆရာများရောက်လာကြသောအခါ (တမန်တော်) မူစာက သူတို့ကိုပြောသည်၊"အသင်တို့သည် အသင်တို့ ပစ်ချမည့်အရာများကို ပစ်ချလိုက်ကြပါ။"

فَلَمَّآ اَلْقَوْا قَالَ مُوْسٰى مَا جِئْتُمْ بِهِ ۙ السِّحْرُ ۭ اِنَّ اللّٰهَ سَيُبْطِلُهٗ ۭ اِنَّ اللّٰهَ لَا يُصْلِحُ عَمَلَ الْمُفْسِدِيْنَ ﴿٨١﴾

(၈၁) ၎င်းနောက် သူတို့သည် ပစ်ချခဲ့ကြသောအခါ (တမန်တော်)မူစာကပြောဆိုသည်- "အသင်တို့ ယူဆောင်ခဲ့ကြသောအရာများသည် စုန်းပယောဂ အတတ်သာဖြစ်သည်။ အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် ၎င်း(စုန်းပယောဂ) ကို မကြာမီတွင် အကျိုးမဲ့ဖြစ်စေတော်မူမည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ဖျက်ဆီးရေးသမားများ၏လုပ်ရပ်များကို မှန်ကန်အဆင်ပြေအောင်

လုပ်ပေးမည်မဟုတ်ပေ။"

وَيُحِقُّ اللّٰهُ الْحَقَّ بِكَلِمٰتِهٖ وَلَوْ كَرِهَ الْمُجْرِمُوْنَ ﴿٨٢﴾

(၈၂) ၎င်းနောက် အပြစ်ကျူးလွန်သူများသည် မကျေနပ်ကြလျှင်လည်း အလ္လာဟ်အရှင်မြတ်သည် မိမိ၏အမိန့်စကားတော်များဖြင့် အမှန်ကို အမှန်ဖြစ်အောင်လုပ်(၍ပြသ)တော်မူသည်။

فَمَآ اٰمَنَ لِمُوْسٰۤى اِلَّا ذُرِّيَّةٌ مِّنْ قَوْمِهٖ عَلٰى خَوْفٍ مِّنْ فِرْعَوْنَ وَمَلَا۟ئِهِمْ اَنْ يَّفْتِنَهُمْ ۗ وَاِنَّ فِرْعَوْنَ لَعَالٍ فِى الْاَرْضِ ۚ وَاِنَّهٗ لَمِنَ الْمُسْرِفِيْنَ ﴿٨٣﴾

(၈၃) ထို့နောက်(တမန်တော်)မူစာ အပေါ်တွင် ၎င်း(ဖိရ်အောင်န်)၏ အမျိုးသားများထဲမှ လူတစ်စုသာ အီမာန်ယုံကြည်ခဲ့ကြသည်၊❶ ထိုလူတစ်စုကလည်း ဖိရ်အောင်န်နှင့် သူတို့၏အကြီးအကဲများက သူတို့အား ဒုက္ခပေးမည်ကို စိုးရိမ်ကြီးစွာဖြင့် ယုံကြည်ခဲ့ရခြင်းဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် ဖိရ်အောင်န်သည် တိုင်းပြည်တွင် မောက်မာနေသောသူဖြစ်ခဲ့ပြီး အမှန်ပင် သူသည် စည်းဘောင် ကျူးကျော်သူများထဲမှဖြစ်သည်။

❶ အစ္စရာအီလ်မျိုးနွယ်တွေဟာ ဖိရ်အောင်န်ဘုရင်နဲ့ သူရဲ့အကြီးအကဲတွေရဲ့နှိပ်စက်မှုကို ခံနေခဲ့ကြရတယ်။ အဲဒီအချိန်မှာ တမန်တော်မူစာ ﷺ ပွင့်ပေါ်လာပြီး သူတို့ကို ဖိတ်ခေါ်တဲ့အခါမှာ ဖိရ်အောင်န်နဲ့ သူရဲ့အကြီးအကဲတွေကို ကြောက်နေရတဲ့အတွက် အများစုဟာ လက်မခံရဲကြဘဲ လူငယ်တစ်စုပဲ အရဲစွန့်ပြီး လက်ခံခဲ့ကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالَ مُوْسٰى يٰقَوْمِ اِنْ كُنْتُمْ اٰمَنْتُمْ بِاللّٰهِ فَعَلَيْهِ تَوَكَّلُوْۤا اِنْ كُنْتُمْ مُّسْلِمِيْنَ ﴿٨٤﴾

(၈၄) ထို့ပြင် (တမန်တော်)မူစာက ပြောဆိုသည်- " အို- ငါ၏အမျိုးသားအပေါင်းတို့၊ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်ကြပြီး အမိန့်နာခံသူများဖြစ်ကြလျှင် အသင်တို့သည် ထိုအရှင်၏အပေါ်၌သာ အားကိုးပြီး ယုံပုံအပ်နှင်းကြပါ။"

فَقَالُوْا عَلَى اللّٰهِ تَوَكَّلْنَا ۚ رَبَّنَا لَا تَجْعَلْنَا فِتْنَةً لِّلْقَوْمِ الظّٰلِمِيْنَ ﴿٨٥﴾

(၈၅) ထို့နောက် သူတို့က ပြောဆိုကြသည်- "ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင်သာ အားကိုးပြီး ယုံပုံအပ်နှင်းကြပြီဖြစ်ပါသည်။" (၎င်းနောက် သူတို့က အရှင်မြတ်ထံတော်၌ လျှောက်ထားကြသည်) "အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အား နှိပ်စက်သူများ၏ အနှိပ်စက်ခံကြရသူများအဖြစ် ပြုတော်မမူပါနှင့်။"

وَنَجِّنَا بِرَحْمَتِكَ مِنَ الْقَوْمِ الْكٰفِرِيْنَ ﴿٨٦﴾

(၈၆) "ထို့ပြင် အရှင်မြတ်သည် အရှင်မြတ်၏သနားကရုဏာဖြင့် ကျွန်ုပ်တို့အား ကာဖိရ်များ(၏အန္တရာယ်)မှ ကယ်တင်တော်မူပါ။"

وَاَوۡحَيۡنَاۤ اِلٰى مُوۡسٰى وَاَخِيۡهِ اَنۡ تَبَوَّاٰ لِقَوۡمِكُمَا بِمِصۡرَ بُيُوۡتًا وَّاجۡعَلُوۡا بُيُوۡتَكُمۡ قِبۡلَةً وَّ
اَقِيۡمُوا الصَّلٰوةَ ؕ وَبَشِّرِ الۡمُؤۡمِنِيۡنَ ﴿٨٧﴾

(၈၇) ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)မူစာနှင့် သူ၏အစ်ကိုထံသို့ အမိန့်ချမှတ်တော်မူခဲ့သည်- "အသင်တို့နှစ်ဦးသည် အသင်တို့၏အမျိုးသားများအတွက် အီဂျစ်ပြည်၌ပင် နေအိမ်များအား သတ်မှတ်ကြပါ။ ၎င်းနောက် အသင်တို့သည် အသင်တို့၏နေအိမ်များအား စွလာသ်ဝတ်ပြုရာဌာနများအဖြစ် ပြုလုပ်ကြပါ။ ၎င်းနောက် အသင်တို့သည် စွလာသ်ဝတ်ပြုမှုကို တည်ဆောက်ကြပါ။❷ ထို့ပြင် အသင်သည် မုအ်မင်န်ယုံကြည်သူများအား (ဒုက္ခများမှ မကြာမီ လွတ်ကင်းတော့မည့်အကြောင်း) ဝမ်းမြောက်ဖွယ် သတင်းကောင်းပေးလိုက်ပါ။"

❷ နိုပ်စက်ညှဉ်းပန်းမှုကို ကြောက်နေရတဲ့အချိန်မှာ သူတို့ရဲ့အိမ်တွေမှာ စွလာသ်ဝတ်ပြုဖို့ အမိန့်ပေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالَ مُوۡسٰى رَبَّنَاۤ اِنَّكَ اٰتَيۡتَ فِرۡعَوۡنَ وَمَلَاَهٗ زِيۡنَةً وَّاَمۡوَالًا فِى الۡحَيٰوةِ الدُّنۡيَا ۙ رَبَّنَا لِيُضِلُّوۡا عَنۡ
سَبِيۡلِكَ ۚ رَبَّنَا اطۡمِسۡ عَلٰٓى اَمۡوَالِهِمۡ وَاشۡدُدۡ عَلٰى قُلُوۡبِهِمۡ فَلَا يُؤۡمِنُوۡا حَتّٰى يَرَوُا الۡعَذَابَ الۡاَلِيۡمَ ﴿٨٨﴾

(၈၈) ထို့ပြင် (တမန်တော်)မူစာက ပြောဆိုလျှောက်ထားခဲ့သည်- "အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အမှန်စင်စစ် အရှင်မြတ်သည် ဖိရ်အောင်န်နှင့် သူ၏မှူးမတ်များကို ဤဘဝတွင် တင့်တယ်ခမ်းနားမှု❸နှင့် ပစ္စည်းဥစ္စာများကို ပေးသနားတော်မူခဲ့ပါသည်။ အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ သူတို့သည် (အရှင်မြတ်ပေးထားသော ပစ္စည်းဥစ္စာများ၏ အကူအညီဖြင့် လူများအား) အရှင်မြတ်၏လမ်းတော်မှ လွဲချော်အောင်လုပ်ကြပါသည်။ အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ အရှင်မြတ်သည် သူတို့၏ပစ္စည်းဥစ္စာများကို ဖျက်ဆီးပစ်တော်မူပါ၊ ၎င်းနောက် သူတို့သည် နာကျင်စေသောပြစ်ဒဏ်ကို မမြင်သမျှ ကာလပတ်လုံး မယုံကြည်နိုင်အောင် အရှင်မြတ်သည် သူတို့၏စိတ်နှလုံးများကို ခက်ထန်မာကျောအောင် ပြုလုပ်လိုက်တော်မူပါ။"

❸ လှပတဲ့အသုံးအဆောင်ပစ္စည်းတွေကို အရှင်မြတ်က ခမ်းခမ်းနားနားပေးသနားထားတာကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

قَالَ قَدۡ اُجِيۡبَتۡ دَّعۡوَتُكُمَا فَاسۡتَقِيۡمَا وَلَا تَتَّبِعٰٓنِّ سَبِيۡلَ الَّذِيۡنَ لَا يَعۡلَمُوۡنَ ﴿٨٩﴾

(၈၉) အရှင်မြတ်က မိန့်ကြားတော်မူသည်- "အသင်တို့(တမန်တော်) နှစ်ဦး၏လျှောက်ထားပန်ကြားချက်သည် အမှန်ပင်သဘောတူခြင်းခံရပြီ ဖြစ်သည်၊ သို့ဖြစ်ရာ အသင်တို့နှစ်ဦးသည် စွဲမြဲတည်တံ့စွာ နေကြပါ၊ ၎င်းနောက် အသင်တို့နှစ်ဦးသည် မသိနားမလည်သောသူများ၏လမ်းကို လုံးဝမလိုက်ကြနှင့်။"❶

❶ မသိနားမလည်တဲ့သူတွေရဲ့ လမ်းစဉ်ဆိုတာ ဆုတောင်းထားတာကို လက်ခံတယ်လို့လည်း အမိန့်ရှိပြီးဖြစ်ပါလျက်နဲ့ အခုထိ အဲဒါဟာ မဖြစ်သေးပါလားလို့ အဆောတလျင်ဖြစ်ချင်တဲ့စိတ်နဲ့ သည်းမခံတဲ့သူတွေရဲ့လမ်းစဉ်ကို ဆိုလိုတယ်။ တကယ်ပဲဖြစ်မယ်၊ သည်းခံရမယ်လို့ ဆိုလိုတာဖြစ်တယ်။ (အွခ်မာနီ)

وَ جٰوَزۡنَا بِبَنِیۡۤ اِسۡرَآءِیۡلَ الۡبَحۡرَ فَاَتۡبَعَهُمۡ فِرۡعَوۡنُ وَ جُنُوۡدُهٗ بَغۡیًا وَّ عَدۡوًا ؕ حَتّٰۤی اِذَاۤ اَدۡرَکَهُ الۡغَرَقُ ۙ قَالَ اٰمَنۡتُ اَنَّهٗ لَاۤ اِلٰهَ اِلَّا الَّذِیۡۤ اٰمَنَتۡ بِهٖ بَنُوۡۤا اِسۡرَآءِیۡلَ وَ اَنَا مِنَ الۡمُسۡلِمِیۡنَ ﴿۹۰﴾

(၉၀) ၎င်းနောက် ငါအရှင်မြတ်သည် အစ္စရာအီလ်မျိုးနွယ်ဝင်များကို (ပင်လယ်နီ)တစ်ဖက်ကမ်းမှ နောက်တစ်ဖက်ကမ်းသို့ ရောက်စေတော်မူခဲ့သည်။ ထို့နောက် သူတို့၏နောက်သို့ ဖိရ်အောင်န်နှင့် သူ၏စစ်တပ်များသည် မတရားကျူးလွန်မှုပြုရန်နှင့် နိုင်ထက်စီးနင်းပြုလုပ်ရန် လိုက်ခဲ့ကြသည်။ နောက်ဆုံး ဖိရ်အောင်န်သည် (ပင်လယ်ထဲတွင်) နစ်မြုပ်လုနီးပါးဖြစ်သည့်အခါ၌ (ဤသို့) ပြောဆိုခဲ့သည်- "ကျွန်ုပ်သည်လည်း အစ္စရာအီလ်မျိုးနွယ်ဝင်များ ယုံကြည်ကြသောအရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ထိုက်သောအရှင် မရှိကြောင်း ယုံကြည်ပြီးဖြစ်ပါသည်။ ၎င်းနောက် ကျွန်ုပ်သည် အမိန့်နာခံသူများထဲ၌ တစ်ဦးအပါအဝင်လည်းဖြစ်ပါသည်။"

آٰلۡـٰٔنَ وَ قَدۡ عَصَیۡتَ قَبۡلُ وَ کُنۡتَ مِنَ الۡمُفۡسِدِیۡنَ ﴿۹۱﴾

(၉၁) (အရှင်မြတ်က ဤသို့ မိန့်ကြားတော်မူသည်) ယခုမှပင် (ယုံကြည်သလော)၊ အမှန်မှာ အသင်သည် ယခုမတိုင်မီအထိ အမိန့်ဖီဆန်ခဲ့သေးသည်သာမက အသင်သည် ဖျက်ဆီးသောသူများထဲ၌ အပါအဝင်ပင် ဖြစ်ခဲ့သေးသည်။❷

❷ ဖိရ်အောင်န်ရဲ့ ပင်လယ်ထဲရောက်ရတဲ့အကြောင်းရင်းဟာ အစ္စရာအီလ်မျိုးနွယ်ဝင်တွေကို လိုက်လံပြီး ဒုက္ခပေးနိုပ်စက်တဲ့အတွက်နဲ့ပဲ ရောက်ရတာဖြစ်တယ်။ အဲဒါကြောင့် ရေမနစ်ခင်ထိ ဆိုးသွမ်းသောင်းကျန်းမှုထဲမှာပဲ အမိန့်ဖီဆန်လျက်ရှိနေခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

فَالۡیَوۡمَ نُنَجِّیۡکَ بِبَدَنِکَ لِتَکُوۡنَ لِمَنۡ خَلۡفَکَ اٰیَةً ؕ وَ اِنَّ کَثِیۡرًا مِّنَ النَّاسِ عَنۡ اٰیٰتِنَا لَغٰفِلُوۡنَ ﴿۹۲﴾

(၉၂) သို့ဖြစ်ရာ ယနေ့ ငါအရှင်မြတ်သည် အသင့်အား အသင်၏ခန္ဓာကိုယ်ရုပ်ကလာပ်နှင့်တကွ အသင်၏နောင်လာနောက်သားများအတွက် (သတိ

တရားရဖွယ်ရာ)အထိမ်းအမှတ် သက်သေလက္ခဏာတစ်ခုဖြစ်ရန် ဆယ်တင်ထားတော်မူမည်။❷ ထို့ပြင် အမှန်စင်စစ် လူများထဲမှ အမြောက်အမြားသည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို အမှန်ပင် မေ့လျော့နေသူများ ဖြစ်ကြသည်။

❷ ဖိရ်အောင်န်ရဲ့ ရုပ်ကလာပ်ကို သင်ခန်းစာရယူဖို့ သက်သေလက္ခဏာတစ်ခုအဖြစ် ဆယ်တင်ထားတာဖြစ်တယ်။ ဒီလိုဆိုးတဲ့သူရဲ့နောက်ဆုံးနိဂုံးချုပ်ဟာ ဒီလိုအသေဆိုးနဲ့ သေခဲ့ရတယ်ဆိုတာ သတိတရားရဖို့ဖြစ်တယ်။ ပြီးတော့ တစ်သက်လုံးဆိုးသွမ်းနေပြီး သေခါနီး အသက်ငင်စကရားသ် ဖြစ်ချိန်ကျမှ အီမာန်ယူမယ်လို့ စိတ်ကူးတဲ့သူတွေကိုလည်း သတိပေးတာ ဖြစ်တယ်။ အဲဒီအချိန်မှ အီမာန်ယူရင် လက်ခံဖို့မရှိဘူးဆိုတာသိစေတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدْ بَوَّأْنَا بَنِيٓ إِسْرَٰٓءِيلَ مُبَوَّأَ صِدْقٍ وَرَزَقْنَٰهُم مِّنَ ٱلطَّيِّبَٰتِ فَمَا ٱخْتَلَفُوا۟ حَتَّىٰ جَآءَهُمُ ٱلْعِلْمُ ۚ إِنَّ رَبَّكَ يَقْضِى بَيْنَهُمْ يَوْمَ ٱلْقِيَٰمَةِ فِيمَا كَانُوا۟ فِيهِ يَخْتَلِفُونَ ﴿٩٣﴾

(၉၃) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည်ပင် အစ္စရာအီလ်မျိုးနွယ်ဝင်များကို ကောင်းမွန်သင့်တော်သောနေရာ၌ နေရာချပေးတော်မူခဲ့သည်။ ၎င်းနောက် ငါအရှင်မြတ်သည်ပင် သူတို့အား သန့်ပြန့်သောစားနပ်ရိက္ခာများကို ပေးသနားတော်မူခဲ့သည်။ ထို့နောက် သူတို့သည် သူတို့ထံသို့ အသိပညာရောက်ရှိလာပြီးမှပင် ကွဲလွဲခဲ့ကြသည်။ အမှန်စင်စစ် အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် သူတို့၏ကြား၌ သူတို့ကွဲလွဲနေသောကိစ္စနှင့် ပတ်သက်၍ စီရင်ဆုံးဖြတ်တော်မူမည်ဖြစ်သည်။

فَإِن كُنتَ فِى شَكٍّ مِّمَّآ أَنزَلْنَآ إِلَيْكَ فَسْـَٔلِ ٱلَّذِينَ يَقْرَءُونَ ٱلْكِتَٰبَ مِن قَبْلِكَ ۚ لَقَدْ جَآءَكَ ٱلْحَقُّ مِن رَّبِّكَ فَلَا تَكُونَنَّ مِنَ ٱلْمُمْتَرِينَ ﴿٩٤﴾

(၉၄) ၎င်းနောက် အကယ်၍ အသင်သည် အသင်၏ထံသို့ ငါအရှင်မြတ်ချပေးတော်မူသောအရာများနှင့်ပတ်သက်၍ သံသယဖြစ်ခဲ့လျှင်❸ အသင်သည် အသင်၏မတိုင်မီ ကျမ်းဂန်များကို ဖတ်နေကြသောသူများအား စုံစမ်းမေးမြန်းလိုက်ပါ။ အမှန်စင်စစ် အသင်၏ထံသို့ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အမှန်တရားသည် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ အသင်သည် သံသယရှိသူများထဲမှ လုံးဝ မဖြစ်ပါလေနှင့်။

❸ တမန်တော်မြတ် ﷺ ကတော့ သံသယဖြစ်စရာမရှိပေမဲ့ အွမ္မသ်ကို သံသယမဖြစ်အောင် ကာကွယ်ဖို့အတွက် အရှင်မြတ်က အမိန့်ရှိထားတာဖြစ်တယ်။ သံသယဟာ ငြင်းပယ်မှုရဲ့အစဖြစ်တဲ့အတွက် ငြင်းပယ်မှုအဆင့်ထိ ရောက်မလာအောင် သံသယမှာကတည်းက ဖယ်ရှားပစ်ဖို့အတွက် မိန့်ထားတာဖြစ်တယ်။ ကုရ်အာန်ထဲမှာပါတဲ့ အကြောင်းအရာတွေဟူသမျှကို သံသယ ကင်းကင်း

ရှင်းရှင်းနဲ့ ယုံကြည်ရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا تَكُوْنَنَّ مِنَ الَّذِيْنَ كَذَّبُوْا بِاٰيٰتِ اللّٰهِ فَتَكُوْنَ مِنَ الْخٰسِرِيْنَ ﴿٩٥﴾

(၉၅) ထို့ပြင် အသင်သည် အလ္လာဟ်အရှင်မြတ်၏သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု ငြင်းပယ်သူများထဲမှလည်း လုံးဝမဖြစ်ပါလေနှင့်၊ ထိုသို့ဖြစ်ခဲ့လျှင် အသင်သည်လည်း ဆုံးရှုံးပျက်စီးသူများထဲ၌ အပါအဝင်ဖြစ်သွားမည်ပင်ဖြစ်သည်။ اِنَّ الَّذِيْنَ حَقَّتْ عَلَيْهِمْ كَلِمَتُ رَبِّكَ لَا يُؤْمِنُوْنَ ﴿٩٦﴾

(၉၆) အမှန်စင်စစ် အကြင်သူများမှာ ၎င်းတို့အပေါ်တွင် အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အမိန့်တော်သည် အတည်ဖြစ်ခဲ့ပြီဖြစ်သည်၊ ထိုသူများသည် မယုံကြည်ကြပေ။

وَلَوْ جَآءَتْهُمْ كُلُّ اٰيَةٍ حَتّٰى يَرَوُا الْعَذَابَ الْاَلِيْمَ ﴿٩٧﴾

(၉၇) ထို့ပြင် အကယ်၍ သူတို့ထံသို့ သက်သေလက္ခဏာအားလုံးရောက်လာခဲ့လျှင်လည်း သူတို့သည် အလွန်နာကျင်စေသော ပြစ်ဒဏ်ကို မြင်ကြရတော့မှပင် (ယုံကြည်ကြမည် ဖြစ်သည်)။

فَلَوْلَا كَانَتْ قَرْيَةٌ اٰمَنَتْ فَنَفَعَهَآ اِيْمَانُهَآ اِلَّا قَوْمَ يُوْنُسَ ۗ لَمَّآ اٰمَنُوْا كَشَفْنَا عَنْهُمْ عَذَابَ الْخِزْيِ فِى الْحَيٰوةِ الدُّنْيَا وَمَتَّعْنٰهُمْ اِلٰى حِيْنٍ ﴿٩٨﴾

(၉၈) ထို့နောက် အကြင်ရွာကဲ့သို့ ရွာတစ်ရွာ အဘယ်ကြောင့် မရှိခဲ့သနည်း။ ထိုရွာ(သူရွာသား)များသည် (အချိန်မီ) အီမာန်ယုံကြည်ခဲ့ကြလျှင် သူတို့၏ယုံကြည်မှုသည် သူတို့အား အကျိုးဖြစ်ထွန်းစေခဲ့မည်ပင်ဖြစ်သည်။ သို့ရာတွင် (တမန်တော်)ယူနွတ်စ်၏ အမျိုးသားများ(၏ ရွာတစ်ရွာသာရှိခဲ့သည်၊ သူတို့)သည် အီမာန်ယုံကြည်ကြသောအခါ ငါအရှင်မြတ်သည် သေးသိမ်စေသောပြစ်ဒဏ်ကို ဤဘဝတွင် သူတို့မှ ကင်းဝေးစေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား (သတ်မှတ်ထားသော)အချိန်ကာလထိ အကျိုးခံစားခွင့်ပေးတော်မူခဲ့သည်။

وَلَوْ شَآءَ رَبُّكَ لَاٰمَنَ مَنْ فِى الْاَرْضِ كُلُّهُمْ جَمِيْعًا ۗ اَفَاَنْتَ تُكْرِهُ النَّاسَ حَتّٰى يَكُوْنُوْا مُؤْمِنِيْنَ ﴿٩٩﴾

(၉၉) ထို့ပြင် အကယ်၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလိုရှိတော်မူခဲ့လျှင် စင်စစ် ကမ္ဘာမြေတွင် ရှိသမျှလူအားလုံး

သည် အီမာန်ယုံကြည်ကြမည်ဖြစ်သည်။ သို့ပါလျက် အသင်သည် လူများအား ယုံကြည်သူများဖြစ်အောင် အတင်းအကျပ် ပြုလုပ်ဦးမည်လော။

وَمَا كَانَ لِنَفْسٍ اَنْ تُؤْمِنَ اِلَّا بِاِذْنِ اللّٰهِ ؕ وَيَجْعَلُ الرِّجْسَ عَلَى الَّذِيْنَ لَا يَعْقِلُوْنَ ﴿١٠٠﴾

(၁၀၀) ထို့ပြင် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်မရှိလျှင် မည်သူမျှ အီမာန်ယုံကြည်နိုင်မည်မဟုတ်ပေ။ ၎င်းနောက် အရှင်မြတ်သည် အသိဉာဏ် မရှိသောသူများအပေါ်တွင်သာ (ကုဖ်ရ်)အညစ်အကြေးကို သက်ရောက်စေ တော်မူသည်။❶

❶ အရှင်မြတ်က စဉ်းစားနိုင်ဖို့ အသိဉာဏ်ပေးထားပါလျက်နဲ့ အသိဉာဏ်ကို အသုံးမပြုကြတဲ့သူ တွေအပေါ်မှာပဲ ကုဖ်ရ်ငြင်းပယ်မှုဆိုတဲ့ အညစ်အကြေးကို ပေးစေတော်မူတာဖြစ်တယ်။ အသိဉာဏ် နဲ့ စဉ်းစားတဲ့သူတွေကို အရှင်မြတ်က တားဆီးပိတ်ဆို့ထားခြင်းမရှိဘူး။ (အလင်းပြကျမ်း)

قُلِ انْظُرُوْا مَاذَا فِى السَّمٰوٰتِ وَالْاَرْضِ ؕ وَمَا تُغْنِى الْاٰيٰتُ وَالنُّذُرُ عَنْ قَوْمٍ لَّا يُؤْمِنُوْنَ ﴿١٠١﴾

(၁၀၁) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် မိုး ကောင်းကင်များနှင့် မြေပထဝီတွင် မည်သို့သောအရာများ ရှိကြသည်ကို ကြည့်ရှု (ဆင်ခြင်)ကြပါ။ ၎င်းနောက် မယုံကြည်သူများအတွက်မူ သက်သေလက္ခဏာ များနှင့် သတိပေးနှိုးဆော်သူများ(သို့မဟုတ် သတိပေးနှိုးဆော်ချက်များ)သည် မည်သည့်အရာမျှ အကျိုးပေးအသုံးဝင်မည်မဟုတ်ပေ။❷

❷ မယုံကြည်ချင်တဲ့သူတွေနဲ့ မယုံကြည်သူတွေအတွက်ကတော့ ကမ္ဘာလောကကြီးမှာ ယုံကြည် နိုင်စရာ သက်သေလက္ခဏာအပြည့်အလျှံရှိနေပါလျက်နဲ့လည်း ဘာမှ အကျိုးမရှိ၊ အသုံးမဝင်ရ တာဟာ သူတို့ရဲ့ မျက်စိမှိတ်ပြီး မဟုတ်မမှန်ငြင်းပယ်ချင်တဲ့စိတ်ကြောင့်ပဲဖြစ်တယ်။ (သဖ်စီရ် စအ်ဒီ၊ သဖ်စီရ်ရှအ်ရာဝီ)

فَهَلْ يَنْتَظِرُوْنَ اِلَّا مِثْلَ اَيَّامِ الَّذِيْنَ خَلَوْا مِنْ قَبْلِهِمْ ؕ قُلْ فَانْتَظِرُوْٓا اِنِّىْ مَعَكُمْ مِّنَ الْمُنْتَظِرِيْنَ ﴿١٠٢﴾

(၁၀၂) သို့ဖြစ်ပါလျက် သူတို့သည် သူတို့မတိုင်မီက သူများ၏(ဘေးဒုက္ခ) နေ့ရက်များကဲ့သို့ (ဘေးဒုက္ခ)နေ့ရက်ကိုသာ မျှော်လင့်နေကြသလော။ (အို-တမန် တော်)အသင်ပြောလိုက်ပါ-"သို့ဖြစ်လျှင် အသင်တို့သည် စောင့်မျှော်ကြပါ၊ ငါ လည်း အသင်တို့နှင့်အတူ စောင့်မျှော်သူများထဲမှ တစ်ဦးအပါအဝင်ဖြစ်သည်။"

ثُمَّ نُنَجِّىْ رُسُلَنَا وَالَّذِيْنَ اٰمَنُوْا كَذٰلِكَ ۚ حَقًّا عَلَيْنَا نُنْجِ الْمُؤْمِنِيْنَ ﴿١٠٣﴾

(၁၀၃)ထို့နောက် ငါအရှင်မြတ်သည် ငါအရှင်မြတ်၏တမန်တော်များနှင့် ယုံကြည်သူများအား ကယ်ဆယ်တော်မူခဲ့သည်။ ထိုသို့ပင် ငါအရှင်မြတ်အပေါ် တွင် (ကယ်ဆယ်ရန်) တာဝန်ရှိသည်။ ငါအရှင်မြတ်သည် ယုံကြည်သူများအား

ကယ်ဆယ်တော်မူမည်ပင်ဖြစ်သည်။

قُلۡ يَٰٓأَيُّهَا ٱلنَّاسُ إِن كُنتُمۡ فِي شَكّٖ مِّن دِينِي فَلَآ أَعۡبُدُ ٱلَّذِينَ تَعۡبُدُونَ مِن دُونِ ٱللَّهِ وَلَٰكِنۡ
أَعۡبُدُ ٱللَّهَ ٱلَّذِي يَتَوَفَّىٰكُمۡۖ وَأُمِرۡتُ أَنۡ أَكُونَ مِنَ ٱلۡمُؤۡمِنِينَ ١٠٤

(၁၀၄) (အို-တမန်တော်) အသင်ပြောလိုက်ပါ- "အို-လူသားအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ငါ၏သာသနာနှင့် ပတ်သက်၍ သံသယရှိကြလျှင် အသင်တို့အနေဖြင့် အလ္လာဟ်အရှင်မြတ်ကို စွန့်လွှတ်ပြီး ကိုးကွယ်နေကြသည်များအား ငါသည် မကိုးကွယ်ပေ။ သို့ရာတွင် ငါသည် အသင်တို့၏အသက်ကို နှုတ်သိမ်းတော်မူသော အလ္လာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်သည်။ ထို့ပြင် ငါသည် မုအ်မင်န်ယုံကြည်သူများထဲ၌ တစ်ဦးအပါအဝင်ဖြစ်ရန် အမိန့်ပေးခြင်းခံခဲ့ရသည်။

وَأَنۡ أَقِمۡ وَجۡهَكَ لِلدِّينِ حَنِيفٗا وَلَا تَكُونَنَّ مِنَ ٱلۡمُشۡرِكِينَ ١٠٥

(၁၀၅) ထို့ပြင် အသင်သည် အသင်၏မျက်နှာကို သာသနာဘက်သို့ တစ်စိတ်တစ်လက်တည်း လှည့်ထားပါ။ ထို့ပြင် အသင်သည် မုရှ်ရိက်များထဲ၌ လုံးဝအပါအဝင်မဖြစ်ပါနှင့်(ဟုလည်း အမိန့်တော်ရရှိသည်)။

وَلَا تَدۡعُ مِن دُونِ ٱللَّهِ مَا لَا يَنفَعُكَ وَلَا يَضُرُّكَۖ فَإِن فَعَلۡتَ فَإِنَّكَ إِذٗا مِّنَ ٱلظَّٰلِمِينَ ١٠٦

(၁၀၆) ထို့ပြင် အသင်သည် အလ္လာဟ်အရှင်မြတ်အပြင် အသင့်အား အကျိုးမပြုနိုင်သောအရာနှင့် နစ်နာမှုမပြုနိုင်သောအရာများကို ဟစ်ခေါ်ခြင်း မပြုလေနှင့်။ ထို့နောက် အကယ်၍ အသင်သည် ပြုမိခဲ့လျှင် အမှန်စင်စစ် အသင်သည် ထိုသို့ပြုမိခြင်းကြောင့် (အသင်၏ကိုယ်ကို အသင်)နှိပ်စက်သူများထဲ၌ အပါအဝင်ဖြစ်သွားမည်(ဟုလည်း အမိန့်တော်ရရှိသည်)။

وَإِن يَمۡسَسۡكَ ٱللَّهُ بِضُرّٖ فَلَا كَاشِفَ لَهُۥٓ إِلَّا هُوَۖ وَإِن يُرِدۡكَ بِخَيۡرٖ فَلَا رَآدَّ لِفَضۡلِهِۦۚ يُصِيبُ بِهِۦ مَن
يَشَآءُ مِنۡ عِبَادِهِۦۚ وَهُوَ ٱلۡغَفُورُ ٱلرَّحِيمُ ١٠٧

(၁၀၇) ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အသင့်အား အန္တရာယ် တစ်စုံတစ်ခု သက်ရောက်စေတော်မူလျှင် ထိုအရာကို အရှင်မြတ်မှလွဲ၍ ဖယ်ရှားပေးမည့်သူ မည်သူမျှ ရှိမည်မဟုတ်ပေ။ ၎င်းနောက် အကယ်၍ အရှင်မြတ်သည် အသင့်အား အကျိုးကျေးဇူးတစ်စုံတစ်ခုပြုရန် ရည်ရွယ်တော်မူလျှင် အရှင်မြတ်၏ကျေးဇူးကို မည်သူမျှ ဖယ်ရှားနိုင်မည်မဟုတ်ပေ။ အရှင်မြတ်သည် အရှင်မြတ်၏ကျွန်များထဲမှ မိမိအလိုရှိသောသူကို ထိုအကျိုးကျေးဇူးကို

သက်ရောက်စေတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

قُلْ يَٰٓأَيُّهَا ٱلنَّاسُ قَدْ جَآءَكُمُ ٱلْحَقُّ مِن رَّبِّكُمْ ۖ فَمَنِ ٱهْتَدَىٰ فَإِنَّمَا يَهْتَدِى لِنَفْسِهِۦ ۖ وَمَن ضَلَّ فَإِنَّمَا يَضِلُّ عَلَيْهَا ۖ وَمَآ أَنَا۠ عَلَيْكُم بِوَكِيلٍ ﴿١٠٨﴾

(၁၀၈) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အို-လူသားအပေါင်းတို့၊ အမှန်စင်စစ် အသင်တို့ထံသို့ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ အမှန်တရား❶ရောက်ရှိလာပြီဖြစ်သည်။ သို့ဖြစ်ရာ မည်သူမဆို တရားလမ်းမှန်ကို ရရှိခဲ့လျှင် ထိုသူသည် သူ၏အကျိုးအတွက် လမ်းမှန်ကို ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းနောက် မည်သူမဆို လမ်းမှားခဲ့လျှင် ထိုသူသည် မိမိကိုယ်နှင့် ဆန့်ကျင်ပြီး (မိမိအကျိုးယုတ်စေရန်) လမ်းမှားခဲ့ခြင်းပင်ဖြစ်သည်။ ၎င်းနောက် ငါသည် အသင်တို့အပေါ်တွင် တာဝန်ခံမဟုတ်ပေ။

❶ အမှန်တရားဆိုတာ ကုရ်အာန် ကျမ်းတော်မြတ်နဲ့ အစ္စလာမ် ကိုဆိုလိုတယ်။ (အလင်းပြကျမ်း)

وَٱتَّبِعْ مَا يُوحَىٰٓ إِلَيْكَ وَٱصْبِرْ حَتَّىٰ يَحْكُمَ ٱللَّهُ ۚ وَهُوَ خَيْرُ ٱلْحَٰكِمِينَ ﴿١٠٩﴾

(၁၀၉) ထို့ပြင် အသင်(တမန်တော်)သည် အသင်၏ထံသို့ ထုတ်ပြန်ခြင်းခံရသော ဝဟီအမိန့်တော်ကိုသာ လိုက်နာပါ၊ ၎င်းနောက် အသင်သည် အလ္လာဟ်အရှင်မြတ် စီရင်ဆုံးဖြတ်တော်မူသည်အထိ သည်းခံ၍နေပါ။ ထို့ပြင် အရှင်မြတ်သည် အကောင်းဆုံး စီရင်ဆုံးဖြတ်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

======================================================================

ركوعاتها ١٠ ١١ سُوْرَةُ هُوْدٍ مَكِّيَّةٌ ٥٢ اٰياتها ١٢٣

## စူရဟ် ဟူဒ် (တမန်တော်ဟူဒ် ကဏ္ဍ) سُوْرَةُ هُوْدٍ

======================================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

الٓرٰ ۚ كِتٰبٌ اُحْكِمَتْ اٰيٰتُهٗ ثُمَّ فُصِّلَتْ مِنْ لَّدُنْ حَكِيْمٍ خَبِيْرٍ ۙ﴿١﴾

(၁) အလိဖ် လာမ် ရာ ။ (ဤသည် အကြင်)ကျမ်းဂန် ဖြစ်သည်၊ ထိုကျမ်းဂန်၏အာယသ်တော်များသည် ခိုင်မြဲစွာ ပြုလုပ်ထားပြီးဖြစ်သည်။❶ ထို့ပြင် ထိုအာယသ်တော်များသည် ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော အကြွင်းမဲ့ကြားသိ(သတင်းပေး)တော်မူသော အရှင်မြတ်ထံမှ အသေးစိတ်ရှင်းလင်းဖော်ပြပြီးဖြစ်သည်။

❶ ဘယ်ဘက်ကမှ ချို့ယွင်းချက်မရှိဘဲ စွယ်စုံပြည့်စုံတဲ့ကျမ်းဖြစ်ပြီး အရေးအသားတွေကိုလည်း ဘယ်သူမှ တုပမရေးနိုင်အောင် ဝိသေသဂုဏ်အရည်အသွေးတွေနဲ့ ခိုင်ခိုင်မာမာ ရေးသားထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

اَلَّا تَعْبُدُوْٓا اِلَّا اللّٰهَ ۗ اِنَّنِيْ لَكُمْ مِّنْهُ نَذِيْرٌ وَّبَشِيْرٌ ۙ﴿٢﴾

(၂) အကြောင်းမှာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ (တစ်စုံတစ်ရာကို) မကိုးကွယ်ကြရန်ဖြစ်သည်။ အမှန်စင်စစ် ငါသည် အသင်တို့အတွက် အရှင်မြတ်ထံတော်မှ သတိပေးနှိုးဆော်သူနှင့် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းပေးသူဖြစ်သည်။

وَّاَنِ اسْتَغْفِرُوْا رَبَّكُمْ ثُمَّ تُوْبُوْٓا اِلَيْهِ يُمَتِّعْكُمْ مَّتَاعًا حَسَنًا اِلٰٓى اَجَلٍ مُّسَمًّى وَّيُؤْتِ كُلَّ ذِيْ فَضْلٍ فَضْلَهٗ ۗ وَاِنْ تَوَلَّوْا فَاِنِّيْٓ اَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ كَبِيْرٍ ﴿٣﴾

(၃) ထို့ပြင် အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံကြပါ၊ ၎င်းနောက် အသင်တို့သည် အရှင်မြတ်ထံတော်၌ ဝန်ချတောင်းပန်ကြပါ။ အရှင်မြတ်သည် အသင်တို့ကို သတ်မှတ်ထားသောအချိန်ကာလအထိ ကောင်းမွန်သောစည်းစိမ်ကို စံစားစေတော်မူမည်။ ထို့ပြင် အရှင်မြတ်သည် လုပ်ရပ်ပိုကောင်းသောသူတိုင်းကို သူတို့၏ ပို(ရထိုက်)သော အကျိုးရလဒ်ကို ပေးသနားတော်မူမည်ဖြစ်သည်။ ထို့ပြင်

အကယ်၍ အသင်တို့သည် မျက်နှာလွှဲနေကြလျှင် အမှန်ပင် ငါသည် အသင်တို့နှင့် ပတ်သက်၍ ကြီးကျယ်သောနေ့၏ ပြစ်ဒဏ်ကို စိုးရိမ်သည်။

اِلَى اللّٰهِ مَرۡجِعُكُمۡ ۚ وَهُوَ عَلٰى كُلِّ شَیۡءٍ قَدِیۡرٌ ﴿٤﴾

(၄) အသင်တို့၏ပြန်လှည့်ရာဌာနသည်အလ္လာဟ်အရှင်မြတ်ထံတော်သို့ပင်ဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

اَلَاۤ اِنَّهُمۡ یَثۡنُوۡنَ صُدُوۡرَهُمۡ لِیَسۡتَخۡفُوۡا مِنۡهُ ؕ اَلَا حِیۡنَ یَسۡتَغۡشُوۡنَ ثِیَابَهُمۡ ۙ یَعۡلَمُ مَا یُسِرُّوۡنَ وَمَا یُعۡلِنُوۡنَ ۚ اِنَّهٗ عَلِیۡمٌۢ بِذَاتِ الصُّدُوۡرِ ﴿٥﴾

(၅) သတိပြုကြပါ၊ အမှန်စင်စစ် သူတို့သည် (သူတို့၏စကားများကို) အရှင်မြတ်အပေါ်တွင် ဖုံးကွယ်ထားရန် သူတို့၏ရင်များတွင်းရှိ အကြံအစည်များကို လျှို့ဝှက်ထားကြသည်။ သတိပြုကြပါ၊ သူတို့သည် သူတို့၏အဝတ်အစားများကို ဖုံးအုပ်ထားသောအခါ၌လည်း အရှင်မြတ်သည် သူတို့ဖုံးကွယ်ထားသည်များနှင့် သူတို့ဖော်ထုတ်ကြသည်များကို သိရှိတော်မူသည်။ အမှန်စင်စစ် အရှင်မြတ်သည် ရင်ဘတ်(စိတ်)များထဲ၌ ကိန်းအောင်းနေသည်များကို အကြွင်းမဲ့ သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။❸

❸ အစ္စလာမ်ကိုဆန့်ကျင်ဖို့ မကောင်းကြံစည်တဲ့သူတွေဟာ အရှင်မြတ်သိသွားမှာစိုးလို့ဆိုပြီး အကာအရံ အထပ်ထပ်ထားပြီး ဗိုက်ကိုပါ ဗိုက်ခေါက် နစ်ထပ်ဖြစ်သွားရလောက်အောင် ကျုံ့ထိုင်ကာ လျှို့ဝှက်ဆွေးနွေးလေ့ရှိကြတာတွေကို အရှင်မြတ်သိတော်မူတဲ့အကြောင်း မိန့်ကြားလိုက်တာဖြစ်တယ်။ တချို့ကောင်းမြတ်သူတွေကလည်း အရှင်မြတ်ကို အကြောက်လွန် အရှက်လွန်လို့ဆိုပြီး အပေါ့အလေးသွားတဲ့အခါမျိုး ဇနီးခင်ပွန်း အတူနေတဲ့အခါမျိုးမှာ မလွှဲမရှောင်သာ အဝတ်ချွတ်ရတာကိုတောင် အရှင်မြတ်မြင်သွားမှာစိုးရိမ်နေကြတယ်။ အရှင်မြတ်ကတော့ အသင်တို့ဟာ အဝတ်တွေ ချွတ်တာပဲဖြစ်ဖြစ်၊ မချွတ်တာပဲဖြစ်ဖြစ် မြင်နေတော်မူတဲ့အရှင်ဖြစ်တဲ့အတွက် မိမိတို့ချွတ်ဖို့လိုအပ်တဲ့အချိန်မှာ ချွတ်ရုံပဲရှိတာကို ဖော်ပြနေတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا مِنۡ دَآبَّةٍ فِی الۡاَرۡضِ اِلَّا عَلَى اللّٰهِ رِزۡقُهَا وَیَعۡلَمُ مُسۡتَقَرَّهَا وَمُسۡتَوۡدَعَهَا ؕ كُلٌّ فِیۡ كِتٰبٍ مُّبِیۡنٍ ﴿٦﴾

(၆) ထို့ပြင် ကမ္ဘာပေါ်၌ရှိသမျှ သက်ရှိသတ္တဝါအားလုံးတို့၏စားနပ်ရိက္ခာပေးတော်မူရန်အတွက် အလ္လာဟ်အရှင်မြတ်အပေါ်တွင် တာဝန်ဖြစ်သည်။❶ ထို့ပြင် အရှင်မြတ်သည် ထိုသတ္တဝါများ၏တာရှည်နေထိုင်ရာဌာနနှင့်ခေတ္တနေထိုင်သောနေရာဌာနကို သိရှိတော်မူသည်။❷ (နေထိုင်ရာဌာနတိုင်းသို့ စားနပ်ရိက္ခာရောက်အောင်ပို့တော်မူမည်။) အားလုံးသည် ထင်ရှားသော မှတ်တမ်းစာအုပ်၌

ရှိနေသည်။

❶ သက်ရှိသတ္တဝါအားလုံးရဲ့ စားနပ်ရိက္ခာကို အရှင်မြတ်က တာဝန်ယူထားတာဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်အပေါ်မှာ မှီခိုအားထားရမှာဖြစ်ပြီး ကိုယ်ရှာဖွေတဲ့အခါမှာလည်း အရှင်မြတ်အပေါ်မှာ အားကိုးပြီးတော့ပဲ ရှာဖွေရမှာဖြစ်တယ်။(အလင်းပြကျမ်း) ❷ ခဏနေရမဲ့နေရာမှာရော အမြဲနေရမဲ့နေရာမှာပါ (နေရာတိုင်းမှာ)အရှင်မြတ်က စားနပ်ရိက္ခာကို ရောက်အောင်ပို့တော်မူမှာဖြစ်တယ်လို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَهُوَ الَّذِىۡ خَلَقَ السَّمٰوٰتِ وَالۡاَرۡضَ فِىۡ سِتَّةِ اَيَّامٍ وَّكَانَ عَرۡشُهٗ عَلَى الۡمَآءِ لِيَبۡلُوَكُمۡ اَيُّكُمۡ اَحۡسَنُ عَمَلًا ‌ؕ وَلَـئِنۡ قُلۡتَ اِنَّكُمۡ مَّبۡعُوۡثُوۡنَ مِنۡۢ بَعۡدِ الۡمَوۡتِ لَيَـقُوۡلَنَّ الَّذِيۡنَ كَفَرُوۡۤا اِنۡ هٰذَاۤ اِلَّا سِحۡرٌ مُّبِيۡنٌ ﴿۷﴾

(၇) ထို့ပြင် အရှင်မြတ်သည်ပင်❸ မိုးကောင်းကင်များနှင့် မြေပထဝီကို ခြောက်ရက်(နှင့်ညီမျှသောအချိန်)ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ အရှင်မြတ်၏ အရ်ရှ်ပလ္လင်တော်သည် ရေပေါ်၌❹ ရှိခဲ့သည်။ (ဤသို့ မိုးနှင့်မြေကို ဖန်ဆင်းခဲ့ရခြင်းမှာ) အရှင်မြတ်သည် အသင်တို့ထဲမှ မည်သူသည် လုပ်ရပ်အနေဖြင့် အကောင်းဆုံးပြုမူသနည်းဆိုသည်ကို စမ်းသပ်တော်မူရန်အတွက် ဖြစ်သည်။ ထို့ပြင် အကယ်၍ အသင်သည် (ကာဖိရ်များအား) အမှန်စင်စစ် အသင်တို့သည် သေပြီးနောက် ရှင်ပြန်ထကြရမည့်သူများဖြစ်သည်ဟု ပြောခဲ့လျှင် ကာဖိရ်ငြင်းပယ်သူများက "ဤသည် ထင်ရှားသော စုန်းပယောဂ အတတ်ပင် ဖြစ်သည်"ဟု ပြောဆိုကြမည် အမှန်ပင်။

❸ အရှင်မြတ်ရဲ့တန်ခိုးတော်ကို ပြသတာဖြစ်တယ်။(အလင်းပြကျမ်း) ❹ အရှင်မြတ်ဟာ မိုးမြေကို မဖန်ဆင်းခင်အရင် နှစ်ပေါင်း ငါးသောင်းအရင်မှာ အဖန်ဆင်းခံတွေရဲ့သက္ကဒီရ်ဖြစ်မဲ့အရာတွေကို မှတ်တမ်းရေးမှတ်တော်မူတယ်။ အရှင်မြတ်ရဲ့အရ်ရှ်ပလ္လင်ဟာ ရေပေါ်မှာရှိတယ်။(မွတ်စ်လင်မ်ကျမ်း-ဟဒီးဆ်နံပါတ် ၆၉၁၉)။ ရေတွေကို ဖန်ဆင်းတော်မူပြီး အဲဒီရေတွေပေါ်မှာ အရှင်မြတ်ရဲ့အရ်ရှ်ပလ္လင်ကို ထားတော်မူတာဖြစ်တယ်။ (ကုရ်အာန်-၁၁း၇)

وَلَـئِنۡ اَخَّرۡنَا عَنۡهُمُ الۡعَذَابَ اِلٰٓى اُمَّةٍ مَّعۡدُوۡدَةٍ لَّيَـقُوۡلُنَّ مَا يَحۡبِسُهٗ ‌ؕ اَلَا يَوۡمَ يَاۡتِيۡهِمۡ لَـيۡسَ مَصۡرُوۡفًا عَنۡهُمۡ وَحَاقَ بِهِمۡ مَّا كَانُوۡا بِهٖ يَسۡتَهۡزِءُوۡنَ ﴿۸﴾

(၈) ထို့ပြင် အကယ်၍ ငါအရှင်မြတ်သည် ပြစ်ဒဏ်ကို သူတို့အပေါ်မှ ရေတွက်(သတ်မှတ်)ထားပြီးသောအချိန်ထိ❺ ရွှေ့ဆိုင်းထားတော်မူခဲ့လျှင် သူတို့သည် ထိုပြစ်ဒဏ်ကို မည်သည့်အရာက ထိန်းချုပ်ထားသနည်းဟု အမှန်ပင် ပြောဆိုကြမည်။ သတိပြုကြပါ၊ ထိုပြစ်ဒဏ်သည် သူတို့ထံသို့ ရောက်လာမည့်နေ့၌ သူတို့အပေါ်မှ လွှဲဖယ်သွားမည် မဟုတ်ပေ။ ထို့ပြင် သူတို့ပြောင်လှောင်နေ

ကြသော ပြစ်ဒဏ်သည် သူတို့အား ဝန်းရံထားလိမ့်မည်။

❶ ဘယ်အပြစ်ဒဏ်ကို ဘယ်အချိန်ကျရောက်စေတော်မူမယ်ဆိုတာ အရှင်မြတ်က သတ်မှတ်တော်မူထားပြီးဖြစ်တယ်။ နောက်ဆုံးသတ်မှတ်ထားတဲ့အချိန်မှာ ကိယာမသ်ဖြစ်လာမှာပဲ ဖြစ်တယ်။ (ဟာရှီယဟ် ဂျုမလ်၊ ကမာလိုင်န်)

وَلَئِنْ اَذَقْنَا الْاِنْسَانَ مِنَّا رَحْمَةً ثُمَّ نَزَعْنٰهَا مِنْهُ ۚ اِنَّهٗ لَيَـُٔوْسٌ كَفُوْرٌ ﴿٩﴾

(၉) ထို့ပြင် အကယ်၍ ငါအရှင်မြတ်သည် လူသားအား ငါအရှင်မြတ်ထံတော်မှ သနားကရုဏာကို မြည်းစမ်းစေတော်မူပြီးနောက် ငါအရှင်မြတ်သည် သူ၏ထံမှ ထိုကရုဏာကို ရုပ်သိမ်းတော်မူခဲ့လျှင်၊ အမှန်စင်စစ် ထိုလူသားသည် အလွန်မျှော်လင့်ချက်ကင်းမဲ့သူ၊ အလွန်ကျေးဇူးကန်းသူ ဖြစ်(သွားလေ့ရှိ)သည်။❻

❻ လူတွေရဲ့သဘောထားသေးသိမ်မှုကို ဖော်ပြထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَئِنْ اَذَقْنٰهُ نَعْمَآءَ بَعْدَ ضَرَّآءَ مَسَّتْهُ لَيَقُوْلَنَّ ذَهَبَ السَّيِّاٰتُ عَنِّيْ ؕ اِنَّهٗ لَفَرِحٌ فَخُوْرٌ ﴿١٠﴾

(၁၀) ထို့ပြင် အကယ်၍ ငါအရှင်မြတ်သည် ထိုလူသားအား သူ၏အပေါ်ကျရောက်ခဲ့သော ဒုက္ခများပြီးနောက် ကျေးဇူးတော်များ၏အရသာကို မြည်းစမ်းစေတော်မူခဲ့လျှင်၊ အမှန်စင်စစ် သူသည် "ကျွန်ုပ်ထံမှ ဒုက္ခများသည် ကင်းဝေးသွားပြီ"ဟု ပြောဆိုလေ့ရှိသည်။ အမှန်စင်စစ် ထိုလူသားသည် အလွန်မြူးကြွသူ၊ အလွန်ဂုဏ်မောက်သူပင် ဖြစ်သည်။

اِلَّا الَّذِيْنَ صَبَرُوْا وَعَمِلُوا الصّٰلِحٰتِ ؕ اُولٰٓئِكَ لَهُمْ مَّغْفِرَةٌ وَّاَجْرٌ كَبِيْرٌ ﴿١١﴾

(၁၁) သို့ရာတွင် အကြင်သူများသည် သည်းခံခဲ့ကြသည်။ ၎င်းနောက် သူတို့သည် ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည်။ ထိုသူများပင် သူတို့အတွက်လွတ်ငြိမ်းချမ်းသာခွင့်နှင့်ကြီးကျယ်သောအကျိုးဆုလာဘ်ရှိသည်။

فَلَعَلَّكَ تَارِكٌۢ بَعْضَ مَا يُوْحٰٓى اِلَيْكَ وَضَآئِقٌۢ بِهٖ صَدْرُكَ اَنْ يَّقُوْلُوْا لَوْلَآ اُنْزِلَ عَلَيْهِ كَنْزٌ اَوْ
جَآءَ مَعَهٗ مَلَكٌ ؕ اِنَّمَآ اَنْتَ نَذِيْرٌ ؕ وَاللّٰهُ عَلٰى كُلِّ شَيْءٍ وَّكِيْلٌ ﴿١٢﴾

(၁၂) ထို့နောက် ယင်း(မုရှရိက်)တို့က "၎င်း(တမန်တော်)၏အပေါ်တွင် ရွှေငွေဘဏ္ဍာ အဘယ်ကြောင့် ချပေးခြင်းမခံရသနည်း၊ သို့မဟုတ် ၎င်းနှင့်အတူ ကောင်းကင်တမန်တော်တစ်ပါးပါးသည် အဘယ်ကြောင့် လိုက်ပါမလာသနည်း"ဟု ပြောဆိုခြင်းကြောင့် အသင်သည် အသင်၏ထံသို့ ပို့ချခြင်းခံရသော အမိန့်တော်များထဲမှ အချို့ကိုစွန့်လွှတ်မည်လော၊ ထို့ပြင် အသင်၏စိတ်သည်လည်း ယင်း(သို့ပြောဆိုမှု)ကြောင့် ကျဉ်းကျပ်မှုဖြစ်နေသလော။ (အမှန်စင်စစ်) အသင်သည် သတိပေးနှိုးဆော်သူသာ ဖြစ်သည်။ ၎င်းနောက် အလ္လာဟ်

အရှင်မြတ်သည် အရာအားလုံး အပေါ်တွင် တာဝန်ခံဖြစ်တော်မူသည်။❼

❼ မုရှ်ရိက်တွေတောင်းဆိုတဲ့အရာတွေကို ဆောင်ရွက်ပေးဖို့ တမန်တော်မြတ် ﷺ မှာ တာဝန်မရှိတဲ့အတွက် သူတို့ရဲ့ တောင်းဆိုမှုတွေအပေါ်မှာ စိတ်ပြိုငြင်စရာလည်းမလို၊ သူတို့မကြိုက်တဲ့အမိန့်တွေကိုလည်း ဖယ်ရှားပေးစရာလည်းမလိုဘဲ အရှင်မြတ်ခိုင်းတဲ့အရာကို ပြုလုပ်ဆောင်ရွက်ရုံပဲရှိတယ်လို့ ဆိုလိုတာဖြစ်တယ်။ သူတို့တောင်းဆိုတာနဲ့ ပတ်သက်လို့ကတော့ အရှင်မြတ်ဟာ အရှင်သခင်ဖြစ်တဲ့အတွက် အရှင်မြတ်ရဲ့သဘောပဲဖြစ်တယ်။ တမန်တော် ﷺ ကတော့ သတိပေးနှိုးဆော်သူသာဖြစ်ကြောင်း မိန့်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

أَمْ يَقُولُونَ افْتَرَاهُ ۖ قُلْ فَأْتُوا بِعَشْرِ سُوَرٍ مِّثْلِهِ مُفْتَرَيَاتٍ وَادْعُوا مَنِ اسْتَطَعْتُم مِّن دُونِ اللَّهِ إِن كُنتُمْ صَادِقِينَ ﴿١٣﴾

(၁၃) ၎င်း(တမန်တော်)သည် ထို(ကုရ်အာန်)ကို လုပ်ကြံဖန်တီးခဲ့သည်ဟု သူတို့က ပြောဆိုကြသလော။ (အို- တမန်တော်) အသင်ပြောလိုက်ပါ၊ ထိုသို့ (မည်သည့်လူသားတစ်ဦးထံကမျှ စာပေပညာသင်ယူခြင်းမရှိခဲ့သူ တမန်တော်က လုပ်ကြံရေးသားနိုင်သည်) ဆိုလျှင် (စာပေပညာသင်ယူတတ်မြောက်ထားကြသော အသင်တို့က ပို၍ပင် လုပ်ကြံရေးသားနိုင်ရမည် ဖြစ်သည့်အတွက်) အသင်တို့သည် ထိုကုရ်အာန်ကျမ်းလာ စူရဟ်ကဏ္ဍကဲ့သို့ လုပ်ကြံဖန်တီးထားသော စူရဟ်ကဏ္ဍဆယ်ခု❶ ကို ယူဆောင်ခဲ့ကြပါ။ ၎င်းနောက် အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူများဖြစ်ကြလျှင် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့ တတ်စွမ်းနိုင်သော သူများကိုလည်း အသင်တို့ ခေါ်ခဲ့ကြပါ။❷

❶ အရှင်မြတ်က ဦးစွာပထမ ကုရ်အာန် တစ်အုပ်လုံးနဲ့တူအောင် ရေးသားယူဆောင်လာဖို့ စိန်ခေါ်တော်မူတယ်။ ဒါပေမဲ့ မစွမ်းဆောင်နိုင်ခဲ့ကြဘူး။ တစ်အုပ်လုံး မစွမ်းဆောင်နိုင်တဲ့အခါ စူရဟ်၁၀ပုဒ် ယူဆောင်လာဖို့ စိန်ခေါ် ပြန်တယ်။ ဒါလည်း မတတ်စွမ်းနိုင်တဲ့အခါ စူရဟ်တစ်ပုဒ် ယူဆောင်လာဖို့ စိန်ခေါ် ပြန်တယ်။ ဒါလည်း မတတ်စွမ်းနိုင်တဲ့အခါ စာသားတစ်ပိုဒ်လေးပဲဖြစ်စေ ယူဆောင်လာဖို့ စိန်ခေါ်လိုက်တော်မူတယ်။ ဒါလည်းမတတ်နိုင်ကြပါ။ لقد تحدَّاهم بأن يأتوا أولاً بمثل القرآن، فلم يستطيعوا، ثم تحدَّاهم بأن يأتوا بعشر سور، فلم يستطيعوا، وتحدَّاهم بأن يأتوا بسورة، ثم تحدَّى أن يأتوا ولو بحديث مثله، فلم يستطيعوا.

(ရှအ်ရာဝီ) ❷ အရှင်မြတ်ကလွဲလို့ တတ်စွမ်းနိုင်တဲ့သူတွေဆိုတာ ကာဖိရ်မုရှ်ရိက်တွေရဲ့ကိုးကွယ်ရာတွေနဲ့ တစ်ကမ္ဘာလုံးက ကူညီမဲ့သူတွေကို ဆိုလိုတယ်။ အားလုံးက ဝိုင်းပြီး စူရဟ် တစ်ပုဒ် မပြုလုပ်နိုင်ဘူးဆိုရင် အရှင်မြတ်ချပေးတဲ့ကျမ်းလို့ လက်ခံယုံကြည်လိုက်ရုံပဲကျန်တော့တာဖြစ်တယ်။ (အလင်းပြကျမ်း)

فَإِلَّمْ يَسْتَجِيبُوا لَكُمْ فَاعْلَمُوا أَنَّمَا أُنزِلَ بِعِلْمِ اللَّهِ وَأَن لَّا إِلَٰهَ إِلَّا هُوَ ۖ فَهَلْ أَنتُم مُّسْلِمُونَ ﴿١٤﴾

(၁၄) ထို့နောက် အကယ်၍ သူတို့သည် အသင်တို့အား(တုံ့ပြန်)ဖြေဆိုခြင်း မပြုခဲ့ကြလျှင် (ဤကုရ်အာန်သည်) အလ္လာဟ်အရှင်မြတ်၏အသိပညာဖြင့် ချပေးခံရခြင်းဖြစ်ကြောင်းနှင့် အရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ထိုက်သော

အရှင် မရှိကြောင်းကို အသင်တို့ (ကောင်းစွာ) သိထားလိုက်ကြပါ။ သို့ဖြစ်ရာ အသင်တို့သည် မွတ်စ်လင်မ်များ ဖြစ်ကြမည်လော။

مَنْ كَانَ يُرِيدُ الْحَيَوٰةَ الدُّنْيَا وَزِينَتَهَا نُوَفِّ إِلَيْهِمْ أَعْمَالَهُمْ فِيهَا وَهُمْ فِيهَا لَا يُبْخَسُونَ ﴿١٥﴾

(၁၅) မည်သူမဆို လောကီဘဝနှင့် လောကီဘဝ၏လှပတင့်တယ်မှုကို ရည်ရွယ်လျှင် ငါအရှင်မြတ်သည် ထိုသို့သောသူများကို သူတို့၏လုပ်ရပ်များ၏ အကျိုးအား ဤလောက၌ပင် အပြည့်အဝပေးတော်မူသည်။❷ ၎င်းနောက် သူတို့သည် ဤလောကီဘဝတွင် (အနည်းငယ်မျှ)ယုတ်လျော့စေခြင်းကို ခံကြရမည်မဟုတ်ပေ။

❷ အဲဒီလောက်ထင်ရှားနေပါလျက်နဲ့ ကုရ်အာန်ကို လက်မခံဘဲ လောကီဘဝတစ်ခုကိုပဲ ရည်ရွယ်ထားပြီးကောင်းမှုပြုလုပ်ရင်အဲဒီကောင်းမှုတွေကိုလောကမှာပဲအရှင်မြတ်ကစာရင်းရှင်းပေးလိုက်မှာဖြစ်တယ်လို့ဆိုလိုတယ်။ (အလင်းပြကျမ်း)

أُولَٰئِكَ الَّذِينَ لَيْسَ لَهُمْ فِي الْآخِرَةِ إِلَّا النَّارُ ۖ وَحَبِطَ مَا صَنَعُوا فِيهَا وَبَاطِلٌ مَّا كَانُوا يَعْمَلُونَ ﴿١٦﴾

(၁၆) ထိုသူများသည် အကြွင်းသူများပင်။ ထိုသူများအတွက် တမလွန်ဘဝတွင် ငရဲမီးမှလွဲ၍ အခြားတစ်စုံတစ်ရာမျှ (အကျိုးခံစားခွင့်) ရှိမည်မဟုတ်ပေ။ ထို့ပြင် သူတို့ ယင်း(လောကီဘဝ)တွင် ပြုလုပ်ခဲ့သမျှသည် အချည်းနှီးဖြစ်သည့်အပြင် သူတို့လုပ်သမျှအရာများသည်လည်း (တမလွန်ဘဝတွင်)အကျိုးမဲ့ဖြစ်လိမ့်မည်။

أَفَمَنْ كَانَ عَلَىٰ بَيِّنَةٍ مِّنْ رَّبِّهِ وَيَتْلُوهُ شَاهِدٌ مِّنْهُ وَمِنْ قَبْلِهِ كِتَٰبُ مُوسَىٰٓ إِمَامًا وَرَحْمَةً ۚ أُولَٰئِكَ يُؤْمِنُونَ بِهِ ۚ وَمَنْ يَكْفُرْ بِهِ مِنَ الْأَحْزَابِ فَالنَّارُ مَوْعِدُهُ ۚ فَلَا تَكُ فِي مِرْيَةٍ مِّنْهُ ۚ إِنَّهُ الْحَقُّ مِنْ رَّبِّكَ وَلَٰكِنَّ أَكْثَرَ النَّاسِ لَا يُؤْمِنُونَ ﴿١٧﴾

(၁၇) သို့ဖြစ်ရာ အကြွင်းသူသည် (လောကီဘဝကိုသာ ရည်ရွယ်သောသူများနှင့်အတူတူ ဖြစ်နိုင်ပါမည်လော၊ ထိုသူသည်) သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံမှ (ရောက်ရှိလာသော)ထင်ရှားသည့် အထောက်အထား(ကုရ်အာန်ကျမ်း)အပေါ်တွင် တည်ရှိသည်။ ထို့ပြင် ၎င်း(ကုရ်အာန်)ထံမှ သက်သေအထောက်အထားတစ်ခု(ဖြစ်သော အရှင်မြတ်မှလွဲ၍မည်သူမျှ မပြုလုပ်နိုင်ဟူသည့် ကုရ်အာန်၏မုအ်ဂျိဇဟ်တန်ခိုးတော်)သည် ၎င်း(ကုရ်အာန်)၏နောက်ကို လိုက်ပါလာသည်။❸ ထို့နောက် ၎င်း(ကုရ်အာန်)မတိုင်မီ၌ (တမန်တော်)မူစာ၏(ထံသို့ချပေးခံရသော)ကျမ်းသည်လည်း(ကုရ်အာန်၏မှန်ကန်မှု၏

အထောက်အထားဖြစ်ပြီး) ရှေ့ဆောင်ရှေ့ရပ်အဖြစ်နှင့် ကရုဏာတော်အဖြစ်ရှိခဲ့သည်။ ထိုသူများသည် ၎င်း(ကုရ်အာန်)ကို ယုံကြည်ကြသည်။ ထို့ပြင် အုပ်စုများထဲမှ❼ မည်သူမဆို ၎င်း(ကုရ်အာန်)ကို ငြင်းပယ်ခဲ့လျှင် ငရဲဘုံသည် သူ့အတွက် ကတိပြုထားရာနေရာဖြစ်သည်။ သို့ဖြစ်ရာ အသင်သည် ၎င်း(ကုရ်အာန်)နှင့်ပတ်သက်၍ သံသယမဖြစ်ပါနှင့်၊ အမှန်စင်စစ် ၎င်း(ကုရ်အာန်)သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် လူများထဲမှ အမြောက်အမြားသည် ယုံကြည်ကြမည်မဟုတ်ပေ။

❻ ကုရ်အာန်ထဲမှာ ပါလာတဲ့ သက်သေအထောက်အထားဆိုတာ ကုရ်အာန်ကို အရှင်မြတ်ကလွဲလို့ ဘယ်သူမှ မပြုလုပ်နိုင်ဘူးဆိုတဲ့ မုအ်ဂျိဇဟ်တန်ခိုးတော်ဖြစ်တယ်။ (အာစားန်သရ်ဂျူမဟ်)

❼ ကုရ်အာန်ကျမ်းတော်မြတ်ကို လက်မခံကြတဲ့ အုပ်စုတွေကိုဆိုလိုတယ်။ (အလင်းပြကျမ်း)

وَمَنْ اَظْلَمُ مِمَّنِ افْتَرٰى عَلَى اللّٰهِ كَذِبًا ؕ اُولٰٓئِكَ يُعْرَضُوْنَ عَلٰى رَبِّهِمْ وَيَقُوْلُ الْاَشْهَادُ هٰٓؤُلَآءِ
الَّذِيْنَ كَذَبُوْا عَلٰى رَبِّهِمْ ۚ اَلَا لَعْنَةُ اللّٰهِ عَلَى الظّٰلِمِيْنَ ﴿١٨﴾

(၁၈) ထို့ပြင် အလ္လာဟ်အရှင်မြတ်အပေါ်တွင် လိမ်လည်လုပ်ကြံစွပ်စွဲသူထက် မတရားသူ မည်သူရှိဦးမည်နည်း။ ထိုသို့သောသူများသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ရှေ့၌ ဝင်ရောက်စေခြင်းကို ခံကြရမည်ဖြစ်သည်။ ၎င်းနောက် သက်သေများက "ဤသူများပင် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အပေါ်၌ လိမ်လည်လုပ်ကြံစွပ်စွဲခဲ့ကြသောသူများဖြစ်ကြသည်"ဟု ပြောဆိုကြမည်။❽ သတိပြုကြပါ၊ အလ္လာဟ်အရှင်မြတ်၏ လအ်နသ်ကရုဏာမှကင်းဝေးမှုသည် မတရားသောသူများအပေါ်တွင် ရှိလိမ့်မည်။

❽ အရှင်မြတ်အပေါ်မှာ လုပ်ကြံစွပ်စွဲတယ်ဆိုတာ အရှင်တစ်ပါးတည်းတည်ရှိခြင်းကို ငြင်းပယ်တာ၊ တမန်တော်မြတ် ﷺ ကိုငြင်းပယ်တာ၊ ကုရ်အာန်ကိုငြင်းပယ်တာ၊ အရှင်မြတ်မှာ ဂုဏ်ရည်တူရှိတယ်လို့ ပြောဆိုတာ အားလုံးဟာ စွပ်စွဲတာတွေချည်းပဲဖြစ်တယ်။ အဲဒီစွပ်စွဲမှုတွေကို သက်သေလိုက်ပေးမဲ့သူတွေကတော့ လူသားတွေရဲ့အပြုအမူတွေကို ရေးမှတ်နေကြတဲ့ ကောင်းကင်တမန်တွေ၊ တမန်တော်တွေ၊ မွတ်စ်လင်မ်တွေနဲ့ လူသားတွေရဲ့ကိုယ်အင်္ဂါအစိတ်အပိုင်းတွေဖြစ်ကြတယ်။ (အလင်းပြကျမ်း)

الَّذِيْنَ يَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ وَيَبْغُوْنَهَا عِوَجًا ؕ وَهُمْ بِالْاٰخِرَةِ هُمْ كٰفِرُوْنَ ﴿١٩﴾

(၁၉) (ထိုမတရားသူများသည်) အကြင်သူများပင် ဖြစ်ကြသည်၊ ထိုသူများသည် (သူတစ်ပါးအား) အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ တားဆီးကြသည်။ ၎င်းနောက် သူတို့သည် ထိုလမ်းတွင် ကွေ့ကောက်မှုကို ရှာကြံကြသည်။ ထို့ပြင် သူတို့သည် တမလွန်ဘဝကိုလည်း ငြင်းပယ်သူများ ဖြစ်ကြသည်။

أُولَٰئِكَ لَمْ يَكُونُوا مُعْجِزِينَ فِي الْأَرْضِ وَمَا كَانَ لَهُم مِّن دُونِ اللَّهِ مِنْ أَوْلِيَاءَ ۘ يُضَاعَفُ لَهُمُ الْعَذَابُ ۚ مَا كَانُوا يَسْتَطِيعُونَ السَّمْعَ وَمَا كَانُوا يُبْصِرُونَ ﴿٢٠﴾

(၂၀) ထိုသူများသည် ကမ္ဘာမြေ၌လည်း (အရှင်မြတ်၏ပြစ်ဒဏ်မှ) လွတ်မြောက်အောင်စွမ်းဆောင်နိုင်သူများ မဟုတ်ကြပေ။ ထို့ပြင် သူတို့၌ အလ္လာဟ် အရှင်မြတ်နှင့် ဆန့်ကျင်ပြီး ကူညီမည့်သူများလည်း မည်သူမျှမရှိပေ။ (ယခုမူ) သူတို့သည် အပြစ်ဒဏ်ကို နှစ်ဆတိုးပြီး (အပြစ်ပေးခြင်း)ခံရမည်ဖြစ်သည်။ သူတို့သည် (ကုရ်အာန်ကို) ကြားနိုင်စွမ်းလည်းမရှိခဲ့ကြရုံမက (သာဓကများကို) မြင်နိုင်ခြင်းလည်း မရှိခဲ့ကြပေ။[၁]

[၁] မုန်းတီးမှုကြောင့် အမုန်ကို မကြားချင်တော့တာ၊ အဖြစ်မှန်တွေကိုလည်း မမြင်ချင်တော့တာ ဖြစ်ပြီး အမြဲပဲ ဆန့်ကျင်နေတော့တာဖြစ်တယ်။ (အလင်းပြကျမ်း)

أُولَٰئِكَ الَّذِينَ خَسِرُوا أَنفُسَهُمْ وَضَلَّ عَنْهُم مَّا كَانُوا يَفْتَرُونَ ﴿٢١﴾

(၂၁) ထိုသူများပင် သူတို့ကိုယ်ကို သူတို့နစ်နာစေခဲ့ကြသူများဖြစ်သည်။ ထို့ပြင် သူတို့ထံမှ သူတို့ လုပ်ကြံဖန်တီးခဲ့ကြသောအရာ(ကိုးကွယ်ရာများသည်) ပျောက်ကွယ်သွားကြပြီဖြစ်သည်။

لَا جَرَمَ أَنَّهُمْ فِي الْآخِرَةِ هُمُ الْأَخْسَرُونَ ﴿٢٢﴾

(၂၂) လုံးဝသံသယမရှိ အမှန်စင်စစ် သူတို့သည် တမလွန်ဘဝ၌ အမှန်ပင် အနစ်နာဆုံးသူများဖြစ်ကြလိမ့်မည်။

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَأَخْبَتُوا إِلَىٰ رَبِّهِمْ أُولَٰئِكَ أَصْحَابُ الْجَنَّةِ ۖ هُمْ فِيهَا خَالِدُونَ ﴿٢٣﴾

(၂၃) အမှန်စင်စစ် အကြင်သူတို့သည် အီမာန်ယုံကြည်ခဲ့ကြသည်။ ထို့ပြင် သူတို့သည် ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည်။ ၎င်းနောက် သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ရှေ့၌ ကျိုးနွံခဲ့ကြသည်။ သူတို့သည် ဂျန္နသ်သုခဘုံသားများဖြစ်ကြသည်။ သူတို့သည် ထိုအထဲ၌ အမြဲနေကြရမည့်သူများဖြစ်ကြသည်။

مَثَلُ الْفَرِيقَيْنِ كَالْأَعْمَىٰ وَالْأَصَمِّ وَالْبَصِيرِ وَالسَّمِيعِ ۚ هَلْ يَسْتَوِيَانِ مَثَلًا ۚ أَفَلَا تَذَكَّرُونَ ﴿٢٤﴾

(၂၄) (ကာဖိရ်နှင့် မွတ်စ်လင်မ်)အုပ်စုနှစ်စု၏သာဓကသည် မျက်စိကန်းပြီး နားပင်းသူနှင့် မျက်စိမြင်ပြီး နားကြားသူကဲ့သို့ ဖြစ်သည်။[၂] ထိုအုပ်စုနှစ်စုတို့သည် အခြေအနေ(တိုင်း၌) တူညီသလော။ သို့ဖြစ်ရာ အသင်တို့သည် အသိတရား မရကြသလော။

❶ မျက်စိကန်းတယ်လို့ ပြောရတဲ့အကြောင်းရင်းဟာ အမှန်တရားကို မမြင်တဲ့အတွက်ဖြစ်တယ်။ အရှင်မြတ်က အမိန့်ရှိတော်မူတယ် - فَإِنَّهَا لَا تَعْمَى الْأَبْصَارُ وَلَٰكِن تَعْمَى الْقُلُوبُ الَّتِي فِي الصُّدُورِ "အမှန်စင်စစ် မျက်စိတွေသည် ကန်းသည်မဟုတ်၊ သို့ရာတွင် ရင်ထဲတွင်ရှိသော စိတ်နှလုံးများသည် ကန်းနေသည်။" (ကုရ်အာန် - ၂၂း၄၆) (ရှအ်ရာဝီ)

وَلَقَدْ أَرْسَلْنَا نُوحًا إِلَىٰ قَوْمِهِ إِنِّي لَكُمْ نَذِيرٌ مُّبِينٌ ﴿٢٥﴾

(၂၅) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)နူးဟ်ကို ၎င်း၏အမျိုးသားများထံ စေလွှတ်တော်မူခဲ့သည်။ (၎င်းက ပြောသည်) အမှန်စင်စစ် ငါသည် အသင်တို့အတွက် ပွင့်လင်းထင်ရှားစွာ သတိပေးသူဖြစ်သည်။

أَن لَّا تَعْبُدُوا إِلَّا اللَّهَ ۖ إِنِّي أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ أَلِيمٍ ﴿٢٦﴾

(၂၆) အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ (အခြားတစ်စုံတစ်ရာကို) မကိုးကွယ်ကြနှင့်။❷ အမှန်စင်စစ် ငါသည် အသင်တို့အတွက် အလွန်နာကျင်စေသောနေ့၏အပြစ်ဒဏ်❸ ကို စိုးရိမ်သည်။

❷ တမန်တော်နူးဟ် ﷺ ရဲ့အမျိုးသားတွေဟာ အရှင်မြတ်ကလွဲပြီး တခြားအရာတွေကို ကိုးကွယ်နေကြတဲ့အတွက် အဲဒါတွေကို တားမြစ်ပြီး အရှင်မြတ်တစ်ပါးတည်းကိုပဲ ကိုးကွယ်ခိုင်းတာဖြစ်တယ်။ (အလင်းပြကျမ်း) ❸ နာကျင်စေတဲ့နေ့ရဲ့ ပြစ်ဒဏ်ဆိုတာ ရေလွှမ်းမိုးတဲ့နေ့ရဲ့ ပြစ်ဒဏ်နဲ့ ကိယာမသ်နေ့ရဲ့ပြစ်ဒဏ်ကိုခေါ်တယ်။ (အလင်းပြကျမ်း)

فَقَالَ الْمَلَأُ الَّذِينَ كَفَرُوا مِن قَوْمِهِ مَا نَرَاكَ إِلَّا بَشَرًا مِّثْلَنَا وَمَا نَرَاكَ اتَّبَعَكَ إِلَّا الَّذِينَ هُمْ أَرَاذِلُنَا بَادِيَ الرَّأْيِ وَمَا نَرَىٰ لَكُمْ عَلَيْنَا مِن فَضْلٍ بَلْ نَظُنُّكُمْ كَاذِبِينَ ﴿٢٧﴾

(၂၇) ထို့နောက် ၎င်း၏အမျိုးသားများထဲမှ ငြင်းပယ်ခဲ့ကြသော အကြီးအကဲများက (ဤသို့)ပြောဆိုခဲ့ကြသည်- "ကျွန်ုပ်တို့သည် အသင့်အား ကျွန်ုပ်တို့ကဲ့သို့ လူသားတစ်ဦးအဖြစ်နှင့်သာ မြင်ကြသည်။ ၎င်းနောက် ကျွန်ုပ်တို့သည် အပေါ်ယံအားဖြင့် ကျွန်ုပ်တို့ထဲမှ အသေးသိမ်ဆုံးသူများမှလွဲ၍ အခြားသူများသည် အသင်၏နောက်သို့ လိုက်သည်ကို မမြင်ကြပေ။ ၎င်းနောက် ကျွန်ုပ်တို့သည် အသင်တို့တွင် ကျွန်ုပ်တို့ထက် တစ်စုံတစ်ရာ ပိုမြင့်မြတ်သည်ကိုလည်း မမြင်ကြပေ။ အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့အား လိမ်လည်သူများဟုပင် ယူဆကြသည်။

قَالَ يَا قَوْمِ أَرَأَيْتُمْ إِن كُنتُ عَلَىٰ بَيِّنَةٍ مِّن رَّبِّي وَآتَانِي رَحْمَةً مِّنْ عِندِهِ فَعُمِّيَتْ عَلَيْكُمْ أَنُلْزِمُكُمُوهَا وَأَنتُمْ لَهَا كَارِهُونَ ﴿٢٨﴾

(၂၈) ၎င်း(တမန်တော်နူးဟ်)က ပြောဆိုသည်- "အို-ငါ၏အမျိုးသားအပေါင်းတို့၊ အကယ်၍ ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်

ထံတော်မှ ထင်ရှားသော သက်သေလက္ခဏာများရှိနေလျှင်၊ ထို့နောက် အရှင်မြတ်သည် ငါ့အား အရှင်မြတ်ထံတော်မှ ကရုဏာ(တမန်တော်အဖြစ် ရွေးချယ်ခြင်း)ကို ပေးသနားတော်မူခဲ့လျှင်၊ ထို့နောက် ၎င်း(တမန်တော်ဖြစ်ခြင်း)သည် အသင်တို့အပေါ်တွင် ဖုံးအုပ်နေလျှင် (သဲကွဲစွာမမြင်ရလျှင်) အသင်တို့သည် မည်သို့ယူဆကြမည်နည်း(ဆိုသည်ကို ငါ့အား ပြောပြကြပါ။) အသင်တို့သည် ၎င်း(တမန်တော်ဖြစ်ခြင်း)ကို မလိုလားကြပါလျက် ငါသည် အသင်တို့အား ၎င်း(တမန်တော်ဖြစ်ခြင်း)ကို (ယုံကြည်လက်ခံရန်) အတင်းအကျပ်ပြုလုပ်ရမည်လော။❶

❶ ငါ့မှာ တမန်တော်ဖြစ်ခြင်းရဲ့အရည်အချင်းတွေ အရှင်မြတ်ကပေးထားလို့ အပြည့်ရှိပေမဲ့ အသင်တို့က ငါ့ကို မလိုလားကြဘူး။ အဲဒါကြောင့် ငါ့ကို အသင်တို့ ယုံကြည်အောင် အတင်းအကျပ် လက်ခံခိုင်းရမှာလားလို့ မေးမြန်းတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَيٰقَوۡمِ لَاۤ اَسۡـَٔلُكُمۡ عَلَيۡهِ مَالًا ؕ اِنۡ اَجۡرِىَ اِلَّا عَلَى اللّٰهِ وَمَاۤ اَنَا بِطَارِدِ الَّذِيۡنَ اٰمَنُوۡا ؕ اِنَّهُمۡ مُّلٰقُوۡا رَبِّهِمۡ وَلٰـكِنِّىۡۤ اَرٰٮكُمۡ قَوۡمًا تَجۡهَلُوۡنَ ﴿٢٩﴾

(၂၉) ထို့ပြင် အို- ငါ၏အမျိုးသားအပေါင်းတို့၊ ငါသည် အသင်တို့ထံမှ ၎င်း(တရားလမ်းမှန်ပြသခြင်း)နှင့်ပတ်သက်၍ မည်သည့်ပစ္စည်းမှ တောင်းခံခြင်းမရှိပေ။ ငါ၏အကျိုးဆုလာဘ်သည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ရှိသည်။ ထို့ပြင် ငါသည် ယုံကြည်သူများအား (သူတို့၏နေရပ်မှ) မောင်းထုတ်မည့်သူလည်း မဟုတ်ပေ။❶ အမှန်စင်စစ် ထိုသူများသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် တွေ့ဆုံမည့်သူများ ဖြစ်ကြသည်။❷ သို့ရာတွင် ငါသည် အသင်တို့အား မသိမိုက်မဲသူများအဖြစ်ပင် တွေ့မြင်သည်။

❶ ငါဟာ အသင်တို့ ချမ်းသာသူတွေရဲ့မျက်နှာကိုကြည့်ပြီး ယုံကြည်သူဆင်းရဲသားတွေကို မောင်းမထုတ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုရင် သူတို့ဟာ ဆင်းရဲပေမဲ့ အရှင်မြတ်ထံမှာ ဂုဏ်ပေးခြင်းခံရတဲ့သူတွေဖြစ်တယ်။ အဲဒီလိုသူတွေကို မောင်းထုတ်ခြင်းဟာ အသိဉာဏ်ရှိတဲ့လုပ်ရပ်မဟုတ်ဘူး။ (မအာရိဖွလ်ကုရ်အာန် ) ❷ သူတို့ဟာ အရှင်မြတ်နဲ့ တွေ့ဆုံရမှာဖြစ်တဲ့အတွက် တကယ်လို့ ငါက သူတို့ကို မောင်းထုတ်ခဲ့ရင် သူတို့ဟာ အရှင်မြတ်ထံတော်မှာ တိုင်ကြားကြမှာဖြစ်တယ်။ အဲဒီလိုဆိုရင် အရှင်မြတ်ရဲ့အရေးယူခြင်းကနေ ငါ့ကိုအသင်တို့ကကာကွယ်ပေးနိုင်မှာမဟုတ်ဘူး။ (အလင်းပြကျမ်း)

وَيٰقَوۡمِ مَنۡ يَّنۡصُرُنِىۡ مِنَ اللّٰهِ اِنۡ طَرَدْتُّهُمۡ ؕ اَفَلَا تَذَكَّرُوۡنَ ﴿٣٠﴾

(၃၀) ထို့ပြင် အို-ငါ၏အမျိုးသားအပေါင်းတို့၊ အကယ်၍ ငါသည် သူတို့အား နှင်ထုတ်ခဲ့လျှင် ငါ့အား အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်မှ မည်သူကာကွယ်မည်နည်း။ သို့ဖြစ်ရာ အသင်တို့သည် သတိတရား မရကြသလော။

وَلَآ اَقُوۡلُ لَكُمۡ عِنۡدِىۡ خَزَآئِنُ اللّٰهِ وَلَآ اَعۡلَمُ الۡغَيۡبَ وَلَآ اَقُوۡلُ اِنِّىۡ مَلَكٌ وَّلَآ اَقُوۡلُ لِلَّذِيۡنَ
تَزۡدَرِىۡۤ اَعۡيُنُكُمۡ لَنۡ يُّؤۡتِيَهُمُ اللّٰهُ خَيۡرًا ؕ اَللّٰهُ اَعۡلَمُ بِمَا فِىۡۤ اَنۡفُسِهِمۡ ۖۚ اِنِّىۡۤ اِذًا لَّمِنَ الظّٰلِمِيۡنَ ﴿٣١﴾

(၃၁) ထို့ပြင် ငါသည် ငါ၏ထံ၌ အလ္လာဟ်အရှင်မြတ်၏ ဘဏ္ဍာတော်များရှိသည်၊ ၎င်းပြင် ငါသည် အကွယ်၌ရှိသည်အားလုံးကို သိသည်ဟု အသင်တို့အား ပြောဆိုခြင်းမရှိပေ။ ထို့ပြင် အမှန်စင်စစ် ငါသည် ကောင်းကင်တမန်ဖြစ်သည်ဟုလည်း မပြောဆိုပေ။ ထို့ပြင် ငါသည် အသင်တို့၏အမြင်၌ သေးသိမ်သောသူများနှင့်ပတ်သက်၍ သူတို့အား အလ္လာဟ်အရှင်မြတ်သည် ကောင်းခြင်းကို လုံး၀ပေးတော်မူမည်မဟုတ်ပေဟုလည်း မပြောဆိုပေ။ သူတို့၏စိတ်နှလုံးများထဲ၌ ရှိသည်များကို အလ္လာဟ်အရှင်မြတ်သာ အသိဆုံးဖြစ်တော်မူသည်။ အမှန်စင်စစ် ငါသည် ထိုသို့(ပြော)ဆိုလျှင် မတရားသူများထဲ၌ အမှန်ပင် အပါအ၀င်ဖြစ်လိမ့်မည်။

قَالُوۡا يٰنُوۡحُ قَدۡ جٰدَلۡتَنَا فَاَكۡثَرۡتَ جِدَالَنَا فَاۡتِنَا بِمَا تَعِدُنَاۤ اِنۡ كُنۡتَ مِنَ الصّٰدِقِيۡنَ ﴿٣٢﴾

(၃၂) သူတို့က ပြောဆိုကြသည်- အို-နူးဟ်၊ အမှန်စင်စစ် အသင်သည် ကျွန်ုပ်တို့နှင့် အငြင်းအခုံပြုခဲ့သည်။ ၎င်းနောက် အသင်သည် ကျွန်ုပ်တို့နှင့် အငြင်းအခုံကို များစွာ ပြုလုပ်ခဲ့ပြန်သည်။ သို့ဖြစ်ရာ အကယ်၍ အသင်သည် မှန်ကန်စွာ ပြောဆိုသူဖြစ်ခဲ့လျှင် အသင်သည် ကျွန်ုပ်တို့အား ခြိမ်းခြောက်နေသော ပြစ်ဒဏ်ကို ကျွန်ုပ်တို့ထံသို့ ယူဆောင်လာပါ။❸

❸ တမန်တော်နူးဟ် عليه السلام ဟာ နှစ်ပေါင်း၉၅၀တိုင်တိုင် ၎င်းရဲ့အမျိုးသားတွေကို သွန်သင်ဆုံးမခဲ့ပေမဲ့ နောက်ဆုံးမှာ သူတို့က ပြစ်ဒဏ်ကိုပဲ တောင်းဆိုခဲ့ကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ اِنَّمَا يَاۡتِيۡكُمۡ بِهِ اللّٰهُ اِنۡ شَآءَ وَمَاۤ اَنۡتُمۡ بِمُعۡجِزِيۡنَ ﴿٣٣﴾

(၃၃) ၎င်း(တမန်တော်နူးဟ်)က ပြောသည်- အကယ်၍ အရှင်မြတ်သည် အလိုရှိတော်မူခဲ့လျှင် ထိုပြစ်ဒဏ်ကို အသင်တို့ထံ အလ္လာဟ်အရှင်မြတ်ပင် ယူဆောင်လာတော်မူမည်ဖြစ်သည်။ ထို့ပြင် (အမှန်စင်စစ်) အသင်တို့သည် (အရှင်မြတ် ယူလာတော်မူမည်ကို) မစွမ်းဆောင်နိုင်အောင် ပြုနိုင်သူများမဟုတ်ကြပေ။❹

❹ အသင်တို့ဟာ အဲဒီပြစ်ဒဏ်မလာအောင် တားနိုင်တာလည်းမဟုတ်ဘူး၊ လာရင်လည်း လွတ်အောင် ရှောင်နိုင်တာလည်းမဟုတ်ဘူး၊ ကာကွယ်နိုင်တာလည်း မဟုတ်ဘူး။ (အလင်းပြကျမ်း)

وَلَا يَنۡفَعُكُمۡ نُصۡحِىۡۤ اِنۡ اَرَدْتُّ اَنۡ اَنۡصَحَ لَكُمۡ اِنۡ كَانَ اللّٰهُ يُرِيۡدُ اَنۡ يُّغۡوِيَكُمۡ ؕ هُوَ رَبُّكُمۡ ۚ وَ
اِلَيۡهِ تُرۡجَعُوۡنَ ؕ ﴿٣٤﴾

(၃၄) ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား

(အသင်တို့၏ငြင်းပယ်မှုကြောင့်) လမ်းမှားစေတော်မူရန် ရည်ရွယ်တော်မူခဲ့လျှင် ငါသည် အသင်တို့အတွက် (မည်မျှပင်) ကောင်းကျိုးဆောင်ရန် ရည်ရွယ်လျှင်လည်း ငါ၏ကောင်းကျိုးဆောင်မှုသည် အသင်တို့အား အကျိုးဖြစ်ထွန်းစေနိုင်မည်မဟုတ်ပေ။❺ အရှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်တော်မူသည်။ ၎င်းနောက် အသင်တို့သည် ထိုအရှင်မြတ်ထံတော်သို့ပင် ပြန်ကြရမည်ဖြစ်သည်။

❺ အသင်တို့ရဲ့ဆိုးသွမ်းမိုက်မဲမှုတွေကြောင့် အရှင်မြတ်က အသင်တို့ကို အဲဒီလိုပဲထားဖို့ ရည်ရွယ်လိုက်ပြီဆိုရင် ငါရဲ့ဟောပြောမှုတွေဟာ ဘာမှ အကျိုးသက်ရောက်တော့မှာမဟုတ်တော့ဘူး။ (အလင်းပြကျမ်း)

أَمْ يَقُولُونَ افْتَرَاهُ ۖ قُلْ إِنِ افْتَرَيْتُهُ فَعَلَيَّ إِجْرَامِي وَأَنَا بَرِيءٌ مِّمَّا تُجْرِمُونَ ﴿٣٥﴾

(၃၅) သူတို့က ၎င်း(တမန်တော် မုဟမ္မဒ်)သည် ထို(ကုရ်အာန်)ကို လုပ်ကြံဖန်တီးခဲ့သည်ဟု ပြောဆိုကြသလော။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- ငါသည် ယင်း(ကုရ်အာန်ကျမ်းတော်)ကို လုပ်ကြံဖန်တီးလျှင် ငါ၏အပြစ်သည် ငါ၏အပေါ်၌သာ ရှိမည်ဖြစ်သည်။ ၎င်းနောက် ငါသည် အသင်တို့ကျူးလွန်နေကြသော အပြစ်များမှ ကင်းစင်သူဖြစ်သည်။

وَأُوحِيَ إِلَىٰ نُوحٍ أَنَّهُ لَن يُؤْمِنَ مِن قَوْمِكَ إِلَّا مَن قَدْ آمَنَ فَلَا تَبْتَئِسْ بِمَا كَانُوا يَفْعَلُونَ ﴿٣٦﴾

(၃၆) ထို့ပြင် (တမန်တော်)နူးဟ်ထံသို့ အမိန့်ထုတ်ပြန်ခြင်းခံခဲ့ရသည်။ အမှန်စင်စစ် အသင်၏အမျိုးသားများထဲမှ အီမာန်ယုံကြည်ပြီးသည့်သူများမှလွဲ၍ (နောက်ထပ် မည်သူမျှ) လုံးဝအီမာန်ယုံကြည်ကြတော့မည် မဟုတ်ပေ။ သို့ဖြစ်ရာ အသင်သည် သူတို့ပြုလုပ်နေသောအရာ (ပြစ်မှု)များနှင့်ပတ်သက်၍ ဝမ်းနည်းပူဆွေးမှုမဖြစ်လေနှင့်။❻

❻ အီမာန်ယုံကြည်တော့မှာ မဟုတ်တဲ့အတွက် သူတို့ရဲ့အပြုအမူတွေနဲ့ ပတ်သက်ပြီး အသင်ဝမ်းနည်းနေစရာမလိုတော့ဘူး။ (အလင်းပြကျမ်း)

وَاصْنَعِ الْفُلْكَ بِأَعْيُنِنَا وَوَحْيِنَا وَلَا تُخَاطِبْنِي فِي الَّذِينَ ظَلَمُوا ۚ إِنَّهُم مُّغْرَقُونَ ﴿٣٧﴾

(၃၇) ထို့ပြင် အသင်သည် ငါအရှင်မြတ်၏ မျက်စိအောက်တွင် ငါအရှင်မြတ်၏အမိန့်တော်ဖြင့် သင်္ဘောကို တည်ဆောက်ပါ။ ထို့ပြင် အသင်သည် နှိပ်စက်ကျူးလွန်သောသူများနှင့်ပတ်သက်၍ ငါအရှင်မြတ်ထံတော်၌ လျှောက်ထားခြင်းမပြုလေနှင့်။ အမှန်စင်စစ် သူတို့သည် နစ်မြုပ်မည့်သူများသာ ဖြစ်ကြသည်။❼

❼ အရှင်မြတ်က ယုံကြည်သူတွေကို ကယ်တင်ပြီး ကျန်တဲ့သူတွေကို ရေနစ် ဖျက်ဆီးပစ်လိုက်မှာဖြစ်တယ်။ (ဂျလာလိုင်န်)

وَيَصۡنَعُ ٱلۡفُلۡكَ وَكُلَّمَا مَرَّ عَلَيۡهِ مَلَأٞ مِّن قَوۡمِهِۦ سَخِرُواْ مِنۡهُۚ قَالَ إِن تَسۡخَرُواْ مِنَّا فَإِنَّا
نَسۡخَرُ مِنكُمۡ كَمَا تَسۡخَرُونَ ﴿٣٨﴾

(၃၈) ထို့နောက် ၎င်း(တမန်တော်နူးဟ်)သည် သင်္ဘောကို တည်ဆောက်သည်။ ထို့ပြင် ၎င်း၏အမျိုးသားများထဲမှ ခေါင်းဆောင်တစ်စုသည် ၎င်း၏ထံသို့ ဖြတ်သန်းသွားလာကြသည့်အခါတိုင်း ၎င်းကို ပြောင်လှောင်လေ့ရှိကြသည်။ ၎င်းကပြောသည်- အကယ်၍ အသင်တို့သည် ငါတို့အား ပြောင်လှောင်ကြလျှင် အမှန်စင်စစ် ငါတို့သည်လည်း အသင်တို့အား အသင်တို့ပြောင်လှောင်သကဲ့သို့ ပြောင်လှောင်ကြမည်ဖြစ်သည်။[၁]

[၁] ရေမရှိတဲ့ကုန်းမြေပေါ်မှာ သင်္ဘောဆောက်တဲ့အတွက် ပြောင်လှောင်ခဲ့ကြတာဖြစ်တယ်။ အရှင့်ပြစ်ဒဏ်ခံရပြီး ရေနစ်တဲ့အခါကျရင် ငါတို့လည်း အသင်တို့ကို ပြောင်လှောင်မယ်ဆိုတဲ့သဘောကို ပြန်ပြောခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

فَسَوۡفَ تَعۡلَمُونَ مَن يَأۡتِيهِ عَذَابٞ يُخۡزِيهِ وَيَحِلُّ عَلَيۡهِ عَذَابٞ مُّقِيمٌ ﴿٣٩﴾

(၃၉) သို့ဖြစ်ရာ မည်သူ၏ထံသို့ သေးသိမ်စေသောပြစ်ဒဏ်[၂] ရောက်လာမည်၊ မည်သူ၏အပေါ်တွင် တည်မြဲသော ပြစ်ဒဏ်ကျရောက်မည်ဆိုသည်ကို အသင်တို့သည် မကြာမီ သိရှိကြမည်ဖြစ်သည်။

[၂] သေးသိမ်စေတဲ့ပြစ်ဒဏ်ဆိုတာ ရေလွှမ်းမိုးမှုခံရတဲ့ပြစ်ဒဏ်ကိုခေါ်ပြီး တည်မြဲတဲ့ပြစ်ဒဏ်ဆိုတာ ဂျဟန္နမ်ငရဲရဲ့ပြစ်ဒဏ်ကို ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

حَتَّىٰٓ إِذَا جَآءَ أَمۡرُنَا وَفَارَ ٱلتَّنُّورُ قُلۡنَا ٱحۡمِلۡ فِيهَا مِن كُلّٖ زَوۡجَيۡنِ ٱثۡنَيۡنِ وَأَهۡلَكَ إِلَّا مَن
سَبَقَ عَلَيۡهِ ٱلۡقَوۡلُ وَمَنۡ ءَامَنَۚ وَمَآ ءَامَنَ مَعَهُۥٓ إِلَّا قَلِيلٞ ﴿٤٠﴾

(၄၀) နောက်ဆုံး၌ ငါအရှင်မြတ်၏အမိန့်တော်သည် ရောက်ရှိလာခဲ့သောအခါ မုန့်ဖိုသည် ဆူပွက်လာခဲ့သည်။[၃] ငါအရှင်မြတ်သည် (တမန်တော်နူးဟ်ကို) မိန့်ကြားတော်မူခဲ့သည်- အသင်သည် (သတ္တဝါ)အမျိုးအစားတိုင်းမှ[၄] တစ်စုံစီကိုလည်းကောင်း၊ အသင်၏ အိမ်သူအိမ်သားများထဲမှ အမိန့်ထုတ်ပြန်ခဲ့ပြီးဖြစ်သောသူမှလွဲ၍[၅] ကျန်အိမ်သူအိမ်သားများကို လည်းကောင်း၊ အီမာန်ယုံကြည်သူများကိုလည်းကောင်း၊ ထိုသင်္ဘောပေါ်တွင်တင်ဆောင်ပါ။ ထို့ပြင် ၎င်းနှင့်အတူ အနည်းငယ်သောသူများသာ အီမာန်ယုံကြည်ခဲ့ကြခြင်းဖြစ်သည်။

[၃] ရေရဲ့ ဆန့်ကျင်ဘက် မီးရှိတဲ့နေရာဖြစ်တဲ့ မုန့်ဖိုတွေကတောင် ရေတွေ ပန်းထွက်လာတာကို ဆိုလိုတယ်။ (အလင်းပြကျမ်း) [၄] ရေလွှမ်းမိုးခါနီးမှာ အရှင်မြတ်က သင်္ဘောပေါ်ကို လူတွေအတွက် အသုံးဝင်မဲ့ ကုန်းတိရစ္ဆာန်စုံတွဲတွေကို အမျိုးအစားအလိုက် တင်ခိုင်းလိုက်တာကို ဆိုလိုတယ်။ (အဲဒီတော့မှ နောက်လူတွေဟာ အဲဒီတိရစ္ဆာန်မျိုးဆက်တွေနဲ့ အကျိုးခံစားနိုင်ကြမှာဖြစ်တယ်။)

(အလင်းပြကျမ်း) ❺ တမန်တော်နူးဟ် ﷺရဲ့ သားနဲ့ ဇနီးကြင်ရာဟာ အီမာန် ယုံကြည်ခြင်းမရှိတဲ့အတွက် သူတို့နှစ်ဦးကို သင်္ဘောပေါ်မတင်ဆောင်ဖို့ အရှင်မြတ်က အမိန့်ထုတ်ပြန်ခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالَ ارْكَبُوْا فِيْهَا بِسْمِ اللّٰهِ مَجْرٖىهَا وَمُرْسٰىهَا ۗ اِنَّ رَبِّيْ لَغَفُوْرٌ رَّحِيْمٌ ﴿٤١﴾

(၄၁) ထို့နောက် ၎င်းကပြောသည်- အသင်တို့သည် ထိုသင်္ဘောပေါ်သို့ ထိုသင်္ဘော၏ လှုပ်ရှားသွားလာသောအခါနှင့် ထိုသင်္ဘော၏ ဆိုက်ကပ်ရပ်နားသောအခါတွင် အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့်အစပြုပါသည်(ဟုပြောဆို) စီးနင်းကြပါ။❻ အမှန်စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အမှန်ပင် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

❻ သင်္ဘောဟာ အရှင်မြတ်ရဲ့နာမတော်နဲ့ပဲ ရွေ့လျားမှာ၊ ရပ်နားမှာ ဖြစ်တဲ့အတွက် ဘာမှ စိုးရိမ်စရာမလိုတဲ့အကြောင်း မိန့်ဆိုထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَهِيَ تَجْرِيْ بِهِمْ فِيْ مَوْجٍ كَالْجِبَالِ ۗ وَنَادٰى نُوْحُ ابْنَهٗ وَكَانَ فِيْ مَعْزِلٍ يّٰبُنَيَّ ارْكَبْ مَّعَنَا وَلَا تَكُنْ مَّعَ الْكٰفِرِيْنَ ﴿٤٢﴾

(၄၂) ထို့နောက် ထိုသင်္ဘောသည် သူတို့အား တင်ဆောင်ပြီး တောင်ကြီးများကဲ့သို့(ကြီးမားသော) လှိုင်းတံပိုး၏ကြား၌ မျောနေသည်။ ထို့ပြင်(တမန်တော်)နူးဟ်သည် သီးခြားတစ်နေရာ၌ ရှိနေခဲ့သော ၎င်း၏သားကို ဟစ်ခေါ်ခဲ့သည်။ အို-ချစ်သား၊ အသင်သည် ငါနှင့်အတူ စီးနင်းလိုက်ပါ။ ၎င်းနောက် အသင်သည် ငြင်းပယ်သောသူများနှင့်အတူ မနေရစ်ခဲ့နှင့်(ဟု ဟစ်အော်ပြောဆိုခဲ့သည်)။

قَالَ سَاٰوِيْۤ اِلٰى جَبَلٍ يَّعْصِمُنِيْ مِنَ الْمَآءِ ۗ قَالَ لَا عَاصِمَ الْيَوْمَ مِنْ اَمْرِ اللّٰهِ اِلَّا مَنْ رَّحِمَ ۚ وَحَالَ بَيْنَهُمَا الْمَوْجُ فَكَانَ مِنَ الْمُغْرَقِيْنَ ﴿٤٣﴾

(၄၃) ၎င်း၏သားက ပြောဆိုသည်- ကျွန်ုပ်သည် တောင်တစ်ခုထံသို့ မကြာမီ အကာအကွယ် ယူလိုက်မည်။ ထိုတောင်သည် ကျွန်ုပ်ကို ရေဘေးမှ ကာကွယ်လိမ့်မည်။ ၎င်း(တမန်တော်နူးဟ်)က ပြောဆိုသည်- ယနေ့မူ အလ္လာဟ်အရှင်မြတ် သနားတော်မူသောသူမှလွဲ၍ အရှင်မြတ်၏ အမိန့်တော်(အပြစ်ဒဏ်)မှ(လွတ်မြောက်အောင်) ကာကွယ်မည့်သူ မရှိပေ။ ထို့နောက် လှိုင်းတံပိုးသည် ၎င်းတို့ (သားအဖ)နှစ်ဦး၏ စပ်ကြား၌ ကာဆီးသွားတော့သည်။ ထို့နောက် သူသည် နစ်မြုပ်ခြင်းခံရသူများထဲ၌ အပါအဝင်ဖြစ်ခဲ့သည်။❼

❼ ဒါပေမဲ့ တက်မလာခဲ့တဲ့အတွက် ရေနစ်သေဆုံးသွားခဲ့ရတယ်။ အရှင်မြတ်ရဲ့ပြစ်ဒဏ်ကျရောက်လာပြီဆိုရင် လွတ်လမ်းမရှိတော့တဲ့အကြောင်းကိုပြသလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقِيلَ يَٰٓأَرْضُ ٱبْلَعِى مَآءَكِ وَيَٰسَمَآءُ أَقْلِعِى وَغِيضَ ٱلْمَآءُ وَقُضِىَ ٱلْأَمْرُ وَٱسْتَوَتْ عَلَى ٱلْجُودِىِّ ۖ وَقِيلَ بُعْدًا لِّلْقَوْمِ ٱلظَّٰلِمِينَ ﴿٤٤﴾

(၄၄) ထို့နောက် အမိန့်တော်ထုတ်ပြန်ခြင်းခံရသည်- အို- မြေပထဝီ၊ အသင်သည် အသင်၏ရေများအား စုပ်ယူမျိုချလိုက်ပါ။ ၎င်းနောက် အို-မိုးကောင်းကင်၊ အသင်သည် (မိုးရွာခြင်းကို)ရပ်လိုက်ပါ။ ထို့နောက် ရေသည် လျော့သွားခဲ့သည်။ ၎င်းနောက် အရေးကိစ္စသည်လည်း ပြီးမြောက်သွားခဲ့သည်။ ထို့ပြင် ထိုသင်္ဘောသည်လည်း ဂျူဒီတောင်ပေါ်၌ ရပ်သွားခဲ့သည်။ ထို့ပြင် နှိပ်စက်ညှဉ်းပန်းသောသူ(ကာဖိရ်)များသည် (ကရုဏာတော်မှ) ကင်းဝေးခဲ့ပြီဟု မိန့်ကြားတော်မူခြင်းခံရသည်။❶

❶ ကာဖိရ်ငြင်းပယ်သူတွေဟာ အရှင်မြတ်ရဲ့ကရုဏာတော်ကနေ ကင်းဝေးခြင်းခံရဖို့ အမိန့်တော်ချမှတ်ခြင်းခံရတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَنَادَىٰ نُوحٌ رَّبَّهُۥ فَقَالَ رَبِّ إِنَّ ٱبْنِى مِنْ أَهْلِى وَإِنَّ وَعْدَكَ ٱلْحَقُّ وَأَنتَ أَحْكَمُ ٱلْحَٰكِمِينَ ﴿٤٥﴾

(၄၅) ထို့ပြင် (တမန်တော်)နူးဟ်က ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကို ဟစ်ခေါ်လျှောက်ထားသည်- အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်စင်စစ် ကျွန်ုပ်၏သားသည် ကျွန်ုပ်၏အိမ်သားများထဲမှဖြစ်ပါသည်။ ထို့ပြင် အမှန်စင်စစ် အရှင်မြတ်၏ကတိတော်သည်လည်း မှန်ကန်ပါသည်။ ၎င်းနောက် အရှင်မြတ်သည် စီရင်ဆုံးဖြတ်သူများထဲ၌ အကောင်းဆုံးစီရင်ဆုံးဖြတ်တော်မူသောအရှင် ဖြစ်တော်မူပါသည်။

قَالَ يَٰنُوحُ إِنَّهُۥ لَيْسَ مِنْ أَهْلِكَ ۖ إِنَّهُۥ عَمَلٌ غَيْرُ صَٰلِحٍ ۖ فَلَا تَسْـَٔلْنِ مَا لَيْسَ لَكَ بِهِۦ عِلْمٌ ۖ إِنِّىٓ أَعِظُكَ أَن تَكُونَ مِنَ ٱلْجَٰهِلِينَ ﴿٤٦﴾

(၄၆) အရှင်မြတ်က အမိန့်ရှိတော်မူသည်- အို- (တမန်တော်)နူးဟ်၊ အမှန်စင်စစ် သူသည် အသင်၏အိမ်သားများထဲမှ မဟုတ်ပေ၊ အမှန်စင်စစ် သူသည် မကောင်းမှုများကို ကျူးလွန်သောသူပင်ဖြစ်သည်။ သို့ဖြစ်ရာ အသင်သည် အသင်မသိသောအရာအား ငါအရှင်မြတ်ထံတော်၌ လျှောက်ထားခြင်းမပြုပါနှင့်။ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား အသင်သည် မသိသောသူများထဲ၌ မပါဝင်စေရန် ဆုံးမတော်မူသည်။

قَالَ رَبِّ اِنِّیۡۤ اَعُوۡذُ بِكَ اَنۡ اَسۡـَٔلَكَ مَا لَـيۡسَ لِىۡ بِهٖ عِلۡمٌ‌ ؕ وَاِلَّا تَغۡفِرۡ لِىۡ وَتَرۡحَمۡنِىۡۤ اَكُنۡ مِّنَ الۡخٰسِرِيۡنَ ﴿۴۷﴾

(၄၇) ၎င်း(တမန်တော်နူးဟ်)က လျှောက်ထားသည်- အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အမှန်စင်စစ် (ရှေ့လာမည့်ကာလတွင်) ကျွန်ုပ်သည် ဤသို့ကျွန်ုပ်မသိသောအရာကို အရှင်မြတ်အား မေးမြန်းလျှောက်ထားခြင်းမှ (လွတ်ကင်းအောင်)အရှင်မြတ်ထံတော်၌ ခိုလှုံပါသည်။ ထို့ပြင် (ပြီးခဲ့သောမေးမြန်းလျှောက်ထားမှုကိုမူ ခွင့်လွှတ်လိုက်တော်မူပါ။) အကယ်၍ အရှင်မြတ်သည် ကျွန်ုပ်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မမူခဲ့ပါလျှင်၊ ထို့ပြင် ကျွန်ုပ်အား သနားကြင်နာတော်မမူခဲ့ပါလျှင် ကျွန်ုပ်သည် ဆုံးရှုံးသူများထဲ၌အပါအဝင်ဖြစ်သွားရပါလိမ့်မည်။

قِيۡلَ يٰـنُوۡحُ اهۡبِطۡ بِسَلٰمٍ مِّنَّا وَبَرَكٰتٍ عَلَيۡكَ وَعَلٰٓى اُمَمٍ مِّمَّنۡ مَّعَكَ‌ ؕ وَاُمَمٌ سَنُمَتِّعُهُمۡ ثُمَّ يَمَسُّهُمۡ مِّنَّا عَذَابٌ اَلِيۡمٌ ﴿۴۸﴾

(၄၈) (အရှင်မြတ်ထံတော်မှ) မိန့်ကြားတော်မူခြင်းခံရခြင်းကမူ- အို- နူးဟ်၊ အသင်သည် အသင့်အတွက်နှင့် အသင်နှင့်အတူရှိသော လူများအတွက် ငါအရှင်မြတ်ထံတော်မှ ငြိမ်းချမ်းမှုနှင့် မင်္ဂလာများကိုယူပြီး (ဂျူဒီတောင်ပေါ်မှ) ဆင်းသက်ပါ။ ထို့ပြင် အချို့လူမျိုးအုပ်စုများကမူ ငါအရှင်မြတ်သည် သူတို့အား (အချိန်အနည်းငယ်ထိ) အကျိုးခံစားခွင့် မကြာမီ ပေးတော်မူမည်။ ၎င်းနောက် သူတို့အပေါ်တွင် ငါအရှင်မြတ်ထံတော်မှ အလွန်နာကျင်စေသောပြစ်ဒဏ်သည် ဆိုက်ရောက်မည်ဖြစ်သည်။❶

❶ သင်္ဘောပေါ်မှာ ကယ်တင်ခဲ့တဲ့ အုပ်စုကနေ ပေါက်ဖွားလာမဲ့ အုပ်စုတွေထဲမှာ အရှင်မြတ်ကို ငြင်းပယ်တဲ့အုပ်စုလည်း ပေါ်ပေါက်လာဦးမှာဖြစ်တဲ့အတွက် အဲဒီအုပ်စုတွေကို လောကမှာ အချိန်အနည်းငယ်ပေးပြီး အကျိုးခံစားခွင့်ပေးမှာဖြစ်တယ်။ ပြီးတော့ တမလွန်ဘဝမှာ ပြစ်ဒဏ်ခတ်မှာ ဖြစ်တဲ့အကြောင်း ကြိုတင်အမိန့်ရှိထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

تِلۡكَ مِنۡ اَنۡۢـبَآءِ الۡغَيۡبِ نُوۡحِيۡهَاۤ اِلَيۡكَ‌ ۚ مَا كُنۡتَ تَعۡلَمُهَاۤ اَنۡتَ وَلَا قَوۡمُكَ مِنۡ قَبۡلِ هٰذَا‌ ؕ فَاصۡبِرۡ‌ ؕ اِنَّ الۡعَاقِبَةَ لِلۡمُتَّقِيۡنَ ﴿۴۹﴾

(၄၉) ထိုအရာများသည် အကွယ်၌ရှိသော သတင်းများထဲမှ ဖြစ်သည်။ ငါအရှင်မြတ်သည် ထိုသတင်းများအား အသင်၏ထံသို့ ပို့ချတော်မူသည်။ ဤသို့ မပို့ချမီ ထိုသတင်းများအား အသင်နှင့် အသင်၏အမျိုးသားများသည် သိခဲ့

ကြသည်မဟုတ်ပေ။(၂) သို့ဖြစ်ရာ အသင်သည် သည်းခံပါ။ အမှန်စင်စစ် နောက်ဆုံးအကျိုးခံစားမှုသည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ကြသောသူများအတွက်ပင် ဖြစ်သည်။(၃)

(၂) တမန်တော်မြတ် ﷺ ဟာ စာမတတ်သူဖြစ်ပါလျက်နဲ့ တမန်တော်နူးဟ် ؑ နဲ့ပတ်သက်တဲ့ သမိုင်းကြောင်းတွေကို ပြောပြနိုင်ခြင်းဟာ အရှင်မြတ်က ဝဟီချပေးတော်မူလို့ ဖြစ်တယ်။ ဒါဟာ တမန်တော်မြတ် ﷺ ဟာ တမန်တော်တစ်ပါးဖြစ်တော်မူခြင်းရဲ့ သက်သေလက္ခဏာတစ်ခုဖြစ်တယ်။ (အလင်းပြကျမ်း) (၃) တမန်တော်နူးဟ် ؑ ဟာ နှစ်ပေါင်း ၉၅၀ သည်းခံပြီးနောက် အောင်မြင်မှုကို ဆွတ်ခူးနိုင်ခဲ့တယ်ဆိုရင် အဲဒါကို သင်ခန်းစာယူပြီး တမန်တော်မြတ် ﷺ နဲ့ နောက်လိုက်တွေဟာ အောင်မြင်မှုရဖို့အတွက် အဲဒီလိုသည်းခံရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِلَىٰ عَادٍ أَخَاهُمْ هُودًا ۚ قَالَ يَٰقَوْمِ ٱعْبُدُوا۟ ٱللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُۥٓ ۖ إِنْ أَنتُمْ إِلَّا مُفْتَرُونَ ﴿٥٠﴾

(၅၀) ထို့ပြင် အာဒ်အမျိုးသားများထံသို့ သူတို့၏ညီနောင်(တမန်တော်) ဟူဒ်ကို (စေလွှတ်တော်မူခဲ့သည်)။ ၎င်းကပြောသည်- အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်ကြပါ။ အသင်တို့အတွက် ထိုအရှင်မှလွဲ၍ အခြားကိုးကွယ်ထိုက်သော အရှင်မရှိပေ။ အသင်တို့သည် လုပ်ကြံဖန်တီးသူများပင် ဖြစ်ကြသည်။

يَٰقَوْمِ لَآ أَسْـَٔلُكُمْ عَلَيْهِ أَجْرًا ۖ إِنْ أَجْرِىَ إِلَّا عَلَى ٱلَّذِى فَطَرَنِىٓ ۚ أَفَلَا تَعْقِلُونَ ﴿٥١﴾

(၅၁) အို-ငါ၏အမျိုးသားတို့၊ ငါသည် အသင်တို့ထံမှ ၎င်း(တရားဟောခြင်း)နှင့် ပတ်သက်၍ မည်သည့် အဖိုးအခမျှ မတောင်းဆိုပေ။ ငါ၏အကျိုးဆုလာဘ်သည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အပေါ်၌သာ တာဝန်ရှိသည်။(၄) သို့ဖြစ်ရာအသင်တို့သည် နားမလည်ကြသလော။

(၄) တမန်တော်တွေဟာ သာသနာပို့ချရတဲ့အတွက် လူတွေထံက ဘာအဖိုးအခမှ မတောင်းဆိုခဲ့တဲ့အတွက် ပိုမိုထိရောက်မှုလည်းရှိခဲ့သလို သူတို့ကိုလည်း ငွေကြေးနဲ့ပတ်သက်ပြီး စွပ်စွဲမှုကင်းစင်သွားခဲ့ကြရတယ်။ (အလင်းပြကျမ်း)

وَيَٰقَوْمِ ٱسْتَغْفِرُوا۟ رَبَّكُمْ ثُمَّ تُوبُوٓا۟ إِلَيْهِ يُرْسِلِ ٱلسَّمَآءَ عَلَيْكُم مِّدْرَارًا وَيَزِدْكُمْ قُوَّةً إِلَىٰ قُوَّتِكُمْ وَلَا تَتَوَلَّوْا۟ مُجْرِمِينَ ﴿٥٢﴾

(၅၂) ထို့ပြင် အို- ငါ၏အမျိုးသားတို့၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံကြပါ။(၅) ၎င်းနောက် အသင်တို့သည် ထိုအရှင်မြတ်ဘက်သို့ လှည့်ကြပါ။ (သို့ဖြစ်လျှင်) အရှင်မြတ်သည် အသင်တို့အပေါ်တွင် မိုးကို ဖြိုင်ဖြိုင်ရွာသွန်းစေတော်မူမည်။ ၎င်းနောက် အသင်တို့၏အားအင်ထဲ၌ အသစ်ထပ်လောင်းဖြည့်

တော်မူ၍ အသင်တို့ကို အားအင်တိုးတက်စေတော်မူမည်။ ထို့ပြင် အသင်တို့သည် အပြစ်ကျူးလွန်သူများအဖြစ်နှင့် မျက်နှာလွှဲမသွားကြနှင့်။

❾ တမန်တော်ဟူဒ် ﷺရဲ့လက်ထက်မှာ မိုးခေါင်ရေရှား သုံးနှစ်ဖြစ်ခဲ့တယ်။ အဲဒီအပေါ်မှာ အရှင်မြတ်ထံတော်မှာ လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံရင် လောကမှာလည်း စားနပ်ရိက္ခာချောင်လည်မယ်၊ အပြစ်တွေကလည်း ခွင့်လွှတ်ခြင်းခံရမယ်လို့ ပြောဆိုခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالُوْا يٰهُوْدُ مَا جِئْتَنَا بِبَيِّنَةٍ وَّمَا نَحْنُ بِتَارِكِيْٓ اٰلِهَتِنَا عَنْ قَوْلِكَ وَمَا نَحْنُ لَكَ بِمُؤْمِنِيْنَ ﴿٥٣﴾

(၅၃) သူတို့က ပြောဆိုခဲ့ကြသည်- အို-(တမန်တော်)ဟူဒ်၊ အသင်သည် ကျွန်ုပ်တို့ထံသို့ မည်သည့်ထင်ရှားသော သက်သေလက္ခဏာတစ်ခုကိုမျှ ယူဆောင်လာသည်မရှိပေ။ ထို့ပြင် ကျွန်ုပ်တို့သည် အသင်၏ပြောဆိုချက်ကြောင့် ကျွန်ုပ်တို့၏ကိုးကွယ်ရာများအား စွန့်လွှတ်မည့်သူများမဟုတ်ကြပေ။ ထို့ပြင် ကျွန်ုပ်တို့သည် အသင်၏အပေါ်တွင် ယုံကြည်ကြမည့်သူများလည်း မဟုတ်ကြပေ။❿

❿ သူတို့ဟာ ဖွတ်ပေပြီး ငြင်းပယ်ခြင်းပဲဖြစ်တယ်။ တကယ်တော့ တမန်တော်တိုင်းဟာ သာမန်အတွေးအခေါ်ရှိသူတွေတောင် ယုံကြည်နိုင်လောက်တဲ့ သက်သေလက္ခဏာတွေကို ယူဆောင်လာခဲ့ကြတာချည်းပဲဖြစ်တယ်။ (အလင်းပြကျမ်း)

اِنْ نَّقُوْلُ اِلَّا اعْتَرٰىكَ بَعْضُ اٰلِهَتِنَا بِسُوْٓءٍ ؕ قَالَ اِنِّيْٓ اُشْهِدُ اللّٰهَ وَاشْهَدُوْٓا اَنِّيْ بَرِيْٓءٌ مِّمَّا تُشْرِكُوْنَ ﴿٥٤﴾

(၅၄) ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာများထဲမှ ကိုးကွယ်ရာတစ်ပါးသည် အသင့်အား ပြုစားလိုက်သည်ဟုပင် ပြောဆိုကြမည်ဖြစ်သည်။❶ ၎င်း(တမန်တော်ဟူဒ်)က ပြောသည်- အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့တွဲဖက်ကိုးကွယ်နေကြသောအရာများနှင့် အမှန်စင်စစ် ငါသည် လုံးဝကင်းရှင်းသူတစ်ဦးဖြစ်ကြောင်း ငါကိုယ်တိုင် အလ္လာဟ်အရှင်ကို သက်သေထားသည်။ ၎င်းနောက် အသင်တို့လည်း သက်သေအဖြစ်ရှိကြပါ။

❶ သူတို့ရဲ့ကိုးကွယ်ရာတွေကို ငြင်းပယ်လို့ သူတို့ထဲက တစ်ဦးဦးက အသင့်ကို မကျေမနပ်ဖြစ်ပြီး စုန်းပယောဂစွဲကပ်အောင် လုပ်လိုက်တာဖြစ်တယ်။ (အရှင်မြတ်ထံမှာ ခိုလှုံပါတယ်) အဲဒါကြောင့် အသင်ဟာ သတိမရှိတော့တာဖြစ်တယ်။(မဖြစ်နိုင်တာနဲ့ ထပ်ပြီးလိမ်လည်ကြခြင်းဖြစ်တယ်။) (အာစားန်သင်္ရ်ဂျူမဟ်)

مِنْ دُوْنِهٖ فَكِيْدُوْنِيْ جَمِيْعًا ثُمَّ لَا تُنْظِرُوْنِ ﴿٥٥﴾

(၅၅) သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့အားလုံးသည် ငါ့အား ဆန့်ကျင်ပြီး လျှို့ဝှက်ကြံစည်ကြပါ။ ၎င်းနောက် အသင်တို့သည် ငါ့အား ရွှေ့ဆိုင်းခွင့်မပေးကြနှင့်။

اِنِّيْ تَوَكَّلْتُ عَلَى اللّٰهِ رَبِّيْ وَرَبِّكُمْ ؕ مَا مِنْ دَآبَّةٍ اِلَّا هُوَ اٰخِذٌۢ بِنَاصِيَتِهَا ؕ اِنَّ رَبِّيْ عَلٰى صِرَاطٍ

مُّسْتَقِيمٍ ﴿٥٦﴾

(၅၆) အမှန်စင်စစ် ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် မြတ်လည်းဖြစ်၍ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်လည်း ဖြစ်သည့် အလ္လာဟ်အရှင်မြတ်အပေါ်တွင် ယုံပုံလွှဲအပ်ခဲ့ပြီဖြစ်သည်။ ထိုအရှင် မြတ်သည် ရှိသမျှသတ္တဝါများ၏ နဖူး(သက်ဦးဆံပိုင်)ကို ဆုပ်ကိုင်ထားတော်မူ သည်။❶ အမှန်စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်၌ပင် ရှိနေတော်မူသည်။

❶ နဖူးဆံစ(သက်ဦးဆံပိုင်)ကို ဆုပ်ကိုင်တယ်ဆိုတာ အားလုံးအပေါ်မှာ ထိန်းချုပ်နိုင်တဲ့အာဏာ ကို စိုးပိုင်ထားတော်မူတယ်လို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَإِن تَوَلَّوْا فَقَدْ أَبْلَغْتُكُم مَّا أُرْسِلْتُ بِهِ إِلَيْكُمْ ۚ وَيَسْتَخْلِفُ رَبِّي قَوْمًا غَيْرَكُمْ وَلَا تَضُرُّونَهُ شَيْئًا ۚ إِنَّ رَبِّي عَلَىٰ كُلِّ شَيْءٍ حَفِيظٌ ﴿٥٧﴾

(၅၇) ထို့နောက် အကယ်၍ အသင်တို့သည် မျက်နှာလွှဲနေကြလျှင် အမှန်စင်စစ်ငါသည် အကြင်အမိန့်တော်များကို အသင်တို့ထံ ပို့ချခဲ့ပြီးဖြစ်သည်။ ထိုအမိန့်တော်များနှင့်တကွ ငါသည် အသင်တို့ထံသို့ စေလွှတ်တော်မူခြင်းခံခဲ့ရ သည်။ ထို့ပြင် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့ ၏အစား အခြားလူမျိုးတစ်မျိုးကို (အလ္လာဟ်အရှင်မြတ်အား အီမာန်ယုံကြည်စေ ပြီး ဤကမ္ဘာမြေ၏ စိုးမိုးအုပ်ချုပ်သူ ကိုယ်စားလှယ်များအဖြစ်) ခန့်အပ်တော်မူ မည်ဖြစ်သည်။ ထို့ပြင် အသင်တို့သည် အရှင်မြတ်အား အနည်းငယ်မျှ ဆုံးရှုံး အောင် လုပ်နိုင်ကြသည်မဟုတ်ပေ။ အမှန်စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူ သောအရှင်မြတ်သည် အရာအားလုံးအပေါ်တွင် အလွန်ထိန်းသိမ်းစောင့်ရှောက် တော်မူသောအရှင်ဖြစ်တော်မူသည်။

وَلَمَّا جَاءَ أَمْرُنَا نَجَّيْنَا هُودًا وَالَّذِينَ آمَنُوا مَعَهُ بِرَحْمَةٍ مِّنَّا وَنَجَّيْنَاهُم مِّنْ عَذَابٍ غَلِيظٍ ﴿٥٨﴾

(၅၈) ထို့ပြင် ငါအရှင်မြတ်၏ အမိန့်တော်ရောက်ရှိလာသောအခါ ငါအရှင် မြတ်သည် (တမန်တော်)ဟူဒ်နှင့် ၎င်းနှင့်အတူ အီမာန်ယုံကြည်သူများအား မိမိ၏ သနားကရုဏာတော်နှင့် ကယ်တင်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား ပြင်းထန်သောပြစ်ဒဏ်တစ်ခုမှလည်း ကယ်တင်တော်မူခဲ့သည်။❷

❷ အာဒ်အမျိုးသားတွေအပေါ်မှာ ခုနစ်ညနဲ့ ရှစ်ရက်တိုင်တိုင် လေမုန်တိုင်းပြစ်ဒဏ်ကို ချပေးတော် မူခဲ့တဲ့အချိန်မှာ တမန်တော်ဟူဒ် عليه السلام နဲ့ အီမာန်ယုံကြည်သူတွေကို အရှင်မြတ်က ကယ်တင်ထား တော်မူခဲ့တယ်။ (အလင်းပြကျမ်း)

وَتِلْكَ عَادٌ ۖ جَحَدُوا بِآيَاتِ رَبِّهِمْ وَعَصَوْا رُسُلَهُ وَاتَّبَعُوا أَمْرَ كُلِّ جَبَّارٍ عَنِيدٍ ﴿٥٩﴾

(၅၉) ထို့နောက် ၎င်း(အုပ်စု)သည် အာဒ်အမျိုးသားများပင်ဖြစ်သည်။ သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏သက်သေ လက္ခဏာများအား ငြင်းပယ်ခဲ့ကြသည်။ ၎င်းနောက် သူတို့သည် အရှင်မြတ်၏ တမန်တော်များအား ဖီဆန်ခဲ့ကြသည်။ ထို့ပြင် သူတို့သည် ခေါင်းမာသော နိုင်ထက်စီးနင်းပြုလုပ်သော လူများ၏အမိန့်ကို လိုက်နာခဲ့ကြသည်။❻

❻ တမန်တော်ရဲ့ စကားကိုတော့ နာခံခြင်းမရှိဘဲ ကုဖ်ရ်ဘက်ကို ဖိတ်ခေါ်တဲ့၊ ပျက်စီးမဲ့ဘက်ကို ဖိတ်ခေါ်တဲ့ ခေါင်းဆောင်တွေရဲ့စကားကိုတော့ လိုက်နာခဲ့ကြတယ်။ (အလင်းပြကျမ်း)

وَأُتْبِعُوا فِي هَٰذِهِ الدُّنْيَا لَعْنَةً وَيَوْمَ الْقِيَامَةِ ۗ أَلَا إِنَّ عَادًا كَفَرُوا رَبَّهُمْ ۗ أَلَا بُعْدًا لِّعَادٍ قَوْمِ هُودٍ ﴿٦٠﴾

(၆၀) ထို့ပြင် သူတို့သည် ဤလောကီဘဝနှင့် ကိယာမသ်ရှင်ပြန်ထမည့်နေ့၌ ကရုဏာမှ ကင်းဝေးစေခြင်းကို (သူတို့၏)နောက်မှ(ထက်ကြပ်မကွာဘဲကပ်ပါလိုက်နေအောင်) ထည့်ပေးခြင်းခံခဲ့ကြရသည်။ သတိပြုကြပါ၊ အမှန်စင်စစ် အာဒ်အမျိုးသားများသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ငြင်းပယ်ခဲ့ကြသည်။ သတိပြုကြပါ၊ (တမန်တော်)ဟူဒ်၏ လူမျိုးများဖြစ်ကြသောအာဒ်အမျိုးသားများအတွက် (နှစ်ဘဝစလုံး၌ကရုဏာတော်မှ) ကင်းဝေးခြင်း ရှိလေပြီ။

وَإِلَىٰ ثَمُودَ أَخَاهُمْ صَالِحًا ۚ قَالَ يَا قَوْمِ اعْبُدُوا اللَّهَ مَا لَكُم مِّنْ إِلَٰهٍ غَيْرُهُ ۖ هُوَ أَنشَأَكُم مِّنَ الْأَرْضِ وَاسْتَعْمَرَكُمْ فِيهَا فَاسْتَغْفِرُوهُ ثُمَّ تُوبُوا إِلَيْهِ ۚ إِنَّ رَبِّي قَرِيبٌ مُّجِيبٌ ﴿٦١﴾

(၆၁) ထို့ပြင် ဆမူဒ်အမျိုးသားများထံသို့ သူတို့၏ ညီနောင်(တမန်တော်)စွာလိဟ်ကို (စေလွှတ်တော်မူခဲ့သည်)။ သူက ပြောဆိုခဲ့သည်- အို- ငါ၏အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်ကြပါ။ ထိုအရှင်မြတ်မှလွဲ၍ အသင်တို့အတွက် ကိုးကွယ်ထိုက်သော အရှင်မရှိပေ။ ထိုအရှင်မြတ်သည်ပင် အသင်တို့အားမြေကြီးမှ စတင်ဖန်ဆင်းတော်မူခဲ့သည်။ ၎င်းနောက် အရှင်မြတ်သည်ပင် အသင်တို့အား ထိုမြေပေါ်၌ သက်တမ်းပေးပြီး နေထိုင်စေတော်မူခဲ့သည်။❼ သို့ဖြစ်ရာ အသင်တို့သည် အရှင်မြတ်ထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံကြပါ။ ထို့နောက် အသင်တို့သည် အရှင်မြတ်ဘက်သို့ လှည့်ကြပါ။ အမှန်စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည်

နီးကပ်စွာရှိနေတော်မူသောအရှင်၊ (တောင်းသည်ကို)လက်ခံတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ အသင်တို့ကို မြေကြီးကနေ ဖန်ဆင်းတော်မူတယ်ဆိုတာ ဖခင်ကြီးအာဒမ်ﷺကို မြေကြီးနဲ့ ဖန်ဆင်းခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်။ မြေပေါ်မှာပဲ နေထိုင်စေတော်မူခဲ့တယ်ဆိုတာ မြေပေါ်မှာ စည်ကားအောင်လုပ်ကာ နေထိုင်မှုနည်းလမ်းတွေကို အရှင်မြတ်က ဖန်တီးပေးတော်မူခဲ့ပြီး နေနိုင်အောင် ပြုလုပ်ပေးခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالُوْا يٰصٰلِحُ قَدْ كُنْتَ فِيْنَا مَرْجُوًّا قَبْلَ هٰذَآ اَتَنْهٰىنَآ اَنْ نَّعْبُدَ مَا يَعْبُدُ اٰبَآؤُنَا وَاِنَّنَا لَفِيْ شَكٍّ مِّمَّا تَدْعُوْنَآ اِلَيْهِ مُرِيْبٍ ﴿٦٢﴾

(၆၂) သူတို့က ပြောဆိုကြသည်- အို-စွာလိဟ်၊ ယခင်ကမူ အမှန်စင်စစ် အသင်သည် ကျွန်ုပ်တို့ထဲ၌ မျှော်လင့်ချက်ထားရှိခြင်းခံရသော သူဖြစ်ခဲ့သည်။ (ယခုမူ) အသင်သည် ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေးများ ကိုးကွယ်ကြသော အရာများကို မကိုးကွယ်ကြရန် ကျွန်ုပ်တို့အား တားမြစ်သလော။ ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင် ကျွန်ုပ်တို့အား ဖိတ်ခေါ်သောအရာနှင့် ပတ်သက်၍ ယုံမှားမှုဖြစ်စေသော သံသယထဲ၌ ရှိနေကြသည်။

قَالَ يٰقَوْمِ اَرَءَيْتُمْ اِنْ كُنْتُ عَلٰى بَيِّنَةٍ مِّنْ رَّبِّيْ وَاٰتٰىنِيْ مِنْهُ رَحْمَةً فَمَنْ يَّنْصُرُنِيْ مِنَ اللّٰهِ اِنْ عَصَيْتُهٗ فَمَا تَزِيْدُوْنَنِيْ غَيْرَ تَخْسِيْرٍ ﴿٦٣﴾

(၆၃) ၎င်း(တမန်တော်စွာလိဟ်)ကပြောသည်- အို- ငါ၏အမျိုးသားတို့၊ အကယ်၍ ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ထင်ရှားသော သက်သေလက္ခဏာတော်အပေါ်တွင် တည်ရှိနေသည့်အပြင် အရှင်မြတ်သည် ငါ့အား အရှင်မြတ်ထံတော်မှ ရဟ်မသ်(တမန်တော်)အဖြစ်ကို❶ ပေးသနားတော်မူခဲ့လျှင် အသင်တို့အနေဖြင့် မည်သို့ယူဆကြမည်နည်း(ဆိုသည်ကို ငါ့အား ပြောပြကြပါ။) ထို့နောက် အကယ်၍ ငါသည် ထိုအရှင်မြတ်၏ အမိန့်တော်ကို ဖီဆန်ခဲ့လျှင် မည်သူသည် ငါ့အား အလ္လာဟ်အရှင်မြတ်(၏ ပြစ်ဒဏ်)မှ ကာကွယ်မည်နည်း။ သို့ဖြစ်လျှင် အသင်တို့သည် ငါ့အား နစ်နာဆုံးရှုံးမှုမှလွဲ၍ အခြားမည်သည့်အရာကိုမျှ တိုးပွားစေနိုင်ကြမည်မဟုတ်ပေ။

❶ ဒီအာယသ်မှာရှိတဲ့ ရဟ်မသ်ဟာ နဗုဝသ်တမန်တော်အဖြစ်ရွေးချယ်ခံရခြင်းကို ခေါ်တယ်။ (အလင်းပြကျမ်း)

وَيٰقَوْمِ هٰذِهٖ نَاقَةُ اللّٰهِ لَكُمْ اٰيَةً فَذَرُوْهَا تَاْكُلْ فِيْٓ اَرْضِ اللّٰهِ وَلَا تَمَسُّوْهَا بِسُوْٓءٍ فَيَاْخُذَكُمْ عَذَابٌ قَرِيْبٌ ﴿٦٤﴾

(၆၄) ထို့ပြင် အို-ငါ၏အမျိုးသားတို့၊ ဤသည် အသင်တို့အတွက် သက်သေလက္ခဏာတစ်ခုအဖြစ် အလ္လာဟ်အရှင်မြတ်၏ ကုလားအုတ်မဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ၎င်း(ကုလားအုတ်မ)ကို အလ္လာဟ်အရှင်မြတ်၏ မြေပထဝီတွင် စားသောက်နေထိုင်ရန် လွှတ်ထားကြပါ။ ထို့နောက် အသင်တို့သည် ၎င်း(ကုလားအုတ်မ)ကို မကောင်းသောရည်ရွယ်ချက်ဖြင့် မထိကြနှင့်။ ထိုသို့ပြုလုပ်ခဲ့ကြလျှင် နီးကပ်သောပြစ်ဒဏ်သည် အသင်တို့အား ဖမ်းဆီးလိမ့်မည်။

فَعَقَرُوهَا فَقَالَ تَمَتَّعُوا فِي دَارِكُمْ ثَلَاثَةَ أَيَّامٍ ۖ ذَٰلِكَ وَعْدٌ غَيْرُ مَكْذُوبٍ ﴿٦٥﴾

(၆၅) ထို့နောက် သူတို့သည် ထိုကုလားအုတ်မ၏ ခြေထောက်ကို ဖြတ်တောက်ခဲ့ကြသည်။ သို့ဖြစ်ရာ ၎င်း(တမန်တော်စွာလိဟ်)က ပြောသည် အသင်တို့သည် သုံးရက် အသင်တို့၏အိမ်၌ အကျိုးခံစား နေထိုင်ကြပါ။ (ထို့နောက် ပြစ်ဒဏ်လာမည်)။ ၎င်းသည် လိမ်လည်မှု မဟုတ်သော ကတိဖြစ်သည်။

فَلَمَّا جَاءَ أَمْرُنَا نَجَّيْنَا صَالِحًا وَالَّذِينَ آمَنُوا مَعَهُ بِرَحْمَةٍ مِّنَّا وَمِنْ خِزْيِ يَوْمِئِذٍ ۗ إِنَّ رَبَّكَ هُوَ الْقَوِيُّ الْعَزِيزُ ﴿٦٦﴾

(၆၆) ထို့နောက် ငါအရှင်မြတ်၏အမိန့်တော် ရောက်ရှိလာသောအခါ ငါအရှင်မြတ်သည် (တမန်တော်)စွာလိဟ်အပြင် ၎င်းနှင့်တကွ ယုံကြည်သူများအား အရှင်မြတ်၏ကရုဏာဖြင့် ကယ်တင်ပြီးနောက် ထိုနေ့၏[J] သေးသိမ်မှုမှလည်း ကယ်တင်တော်မူခဲ့သည်။ အမှန်ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလွန်အင်အားကြီးတော်မူသောအရှင်၊ တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင် ဖြစ်တော်မူသည်။

[J] အဲဒီနေ့ဆိုတာ သူတို့လောကမှာ ပြစ်ဒဏ်ခံရတဲ့နေ့ ဒါမှမဟုတ် သူတို့ပြစ်ဒဏ်ခံရမဲ့ကိယာမသ်နေ့ကိုဆိုလိုတယ်။ (အလင်းပြကျမ်း)

وَأَخَذَ الَّذِينَ ظَلَمُوا الصَّيْحَةُ فَأَصْبَحُوا فِي دِيَارِهِمْ جَاثِمِينَ ﴿٦٧﴾

(၆၇) ၎င်းနောက် မတရားလုပ်သောသူများအား ကျယ်လောင်သော အသံသည် ဖမ်းဆီးကွပ်မျက်ခဲ့သည်။ သို့ဖြစ်ရာ သူတို့သည် သူတို့၏နေအိမ်များတွင် နံနက်အချိန်၌ မှောက်လျက်သား (သေကြေပျက်စီးသွားခဲ့ကြသည်)။

كَأَن لَّمْ يَغْنَوْا فِيهَا ۗ أَلَا إِنَّ ثَمُودَا۟ كَفَرُوا رَبَّهُمْ ۗ أَلَا بُعْدًا لِّثَمُودَ ﴿٦٨﴾

(၆၈) သူတို့သည် ထိုအိမ်များတွင် မနေခဲ့ဖူးကြသကဲ့သို့ ဖြစ်သွားခဲ့ကြသည်။ သတိပြုကြပါ၊ အမှန်စင်စစ် ဆမူဒ်အမျိုးသားများသည် သူတို့အား ဖန်

ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ငြင်းပယ်ခဲ့ကြသည်။ သတိပြုကြပါ၊ ဆမူဒ်အမျိုးသားများတွင် (ကရုဏာတော်မှ)ကင်းဝေးခြင်းခံရလေပြီ။

وَلَقَدْ جَآءَتْ رُسُلُنَآ اِبْرٰهِيْمَ بِالْبُشْرٰى قَالُوْا سَلٰمًا ۭ قَالَ سَلٰمٌ فَمَا لَبِثَ اَنْ جَآءَ بِعِجْلٍ حَنِيْذٍ ﴿٦٩﴾

(၆၉) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်၏ စေတမန်များသည် (တမန်တော်)အိဗ်ရာဟီမ်ထံသို့ ဝမ်းမြောက်ဖွယ် သတင်းကောင်း ယူဆောင်လာခဲ့ကြသည်။ သူတို့က စလာမ်ငြိမ်းချမ်းပါစေဟု ပြောဆိုခဲ့ကြသည်။ ၎င်း(တမန်တော်အိဗ်ရာဟီမ်)ကလည်း စလာမ်ငြိမ်းချမ်းပါစေဟု (ပြန်လည်)ပြောဆိုခဲ့သည်။❷ ထို့နောက် ၎င်းသည် ကင်ထားသော နွားငယ်လေးကို ချက်ချင်းယူဆောင်(ဧည့်ခံ)ခဲ့သည်။

❷ စလာမ်ဟာ ကောင်းကင်တမန်တွေနဲ့ မွတ်စ်လင်မ်တွေရဲ့ လမ်းစဉ်ဖြစ်ပြီး မွတ်စ်လင်မ်တိုင်းရဲ့ ခေတ်တိုင်းမှာ စလာမ်ဟာ ပျံ့နှံ့နေခဲ့တယ်။ (အလင်းပြကျမ်း)

فَلَمَّا رَآ اَيْدِيَهُمْ لَا تَصِلُ اِلَيْهِ نَكِرَهُمْ وَاَوْجَسَ مِنْهُمْ خِيْفَةً ۭ قَالُوْا لَا تَخَفْ اِنَّآ اُرْسِلْنَآ اِلٰى قَوْمِ لُوْطٍ ﴿٧٠﴾

(၇၀) ထို့နောက် ၎င်း(တမန်တော်အိဗ်ရာဟီမ်)သည် သူတို့၏ လက်များက ထို(အစားအစာ)ဘက်သို့ မလှမ်းသည်ကိုမြင်ရသောအခါ သူတို့အား သူစိမ်းများဟု ၎င်းက သဘောပေါက်ပြီး မိမိစိတ်ထဲ၌ (၎င်းတို့သည် ကောင်းသောကိစ္စဖြင့်လာခြင်းပင် ဟုတ်ပါမည်လောဟု) စိုးရိမ်ခဲ့သည်။ (ထိုအခါ)သူတို့ကပြောသည်- အသင်မစိုးရိမ်ပါနှင့်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် (တမန်တော်)လူသ္ဖ်၏အမျိုးသားများထံသို့ စေလွှတ်ခြင်းခံကြရခြင်းဖြစ်သည်။❻

❻ တမန်တော်အိဗ်ရာဟီမ် ﷺ ရဲ့ တည်ခင်းကျွေးမွေးမှုကို မစားမသောက်ဘဲနေတဲ့အပေါ်မှာ ရိုးရိုးသာမန်ဧည့်သည်မဟုတ်ဘူးလို့ စိတ်ထဲမှာ တွေးတောပြီး သူတို့ကို စိုးရိမ်မှု ဖြစ်ခဲ့တယ်။ အဲဒါကြောင့် သူတို့က သူတို့ဟာ ကောင်းကင်တမန်တွေဖြစ်တဲ့အကြောင်း တမန်တော်လူသ္ဖ် ﷺ ရဲ့ အမျိုးသားတွေထံကို စေလွှတ်ခံရတဲ့အကြောင်း ပြောပြတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَامْرَاَتُهٗ قَآىِٕمَةٌ فَضَحِكَتْ فَبَشَّرْنٰهَا بِاِسْحٰقَ ۙ وَمِنْ وَّرَآءِ اِسْحٰقَ يَعْقُوْبَ ﴿٧١﴾

(၇၁) ထို့ပြင် ၎င်း၏ကြင်ရာတော်သည် မတ်တတ်ရပ်လျက်❸ (ထိုသားရတနာရမည့်သတင်းကိုသိပြီး) ရယ်မောခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် သူမကို (စေတမန်များမှတစ်ဆင့် သားတော်)အစ္စဟာက် (ဖွားမြင်မည့်အကြောင်း)နှင့် ထိုအစ္စဟာက်၏နောက်၌ (မြေးတော်)ယအ်ကူဗ် (ဖွားမြင်မည့်အကြောင်း)သတင်းကောင်းကို ပြောကြားခဲ့သည်။

❾ အိမ်မှာ ဧည့်သည်တွေရောက်လာတဲ့အတွက် အတွင်းပိုင်းတစ်နေရာရာမှာ မတ်တတ်ရပ်နေခဲ့ခြင်းဖြစ်တယ်။ သားရမဲ့သတင်းကြားပြီး ဝမ်းသာကာ ရယ်မောခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَتْ يَٰوَيْلَتَىٰٓ ءَأَلِدُ وَأَنَا۠ عَجُوزٌ وَهَٰذَا بَعْلِى شَيْخًا ۖ إِنَّ هَٰذَا لَشَىْءٌ عَجِيبٌ ﴿٧٢﴾

(၇၂) (ထိုအခါ)သူမကပြောသည်- ဖြစ်မှဖြစ်ရလေခြင်းပင်၊ ကျွန်မသည် အဘွားအိုတစ်ဦးဖြစ်နေပါလျက် ကျွန်မသည် သားဖွားရဦးမည်လော။ ၎င်းနောက် ဤကျွန်မ၏ခင်ပွန်းသည်လည်း အဘိုးအိုတစ်ဦးပင် ဖြစ်သည်။ အမှန်စင်စစ် ဤသည် အလွန်အံ့သြဖွယ်ရာ စကားတစ်ခုပင်ဖြစ်သည်။❿

❿ အဲဒီအချိန်မှာ တမန်တော်အိဗ်ရာဟီမ် ﷺ ရဲ့အသက်ဟာ ၉၉ နှစ်ရှိနေပြီဖြစ်ပြီး ၎င်းရဲ့ ကြင်ရာရဲ့ အသက်ဟာ ၉၈နှစ်ရှိနေပြီဖြစ်တယ်။ ဒီလိုအိုမင်းတဲ့အချိန်မှာ ကလေးမွေးရမှာဖြစ်တဲ့အတွက် လူ့သဘာဝအလျောက် အံ့သြမှုလည်း ဖြစ်ခဲ့ရတာဖြစ်တယ်။ (သဖ်စီရ်အိဗ်နအဗ္ဗာစ်)

قَالُوٓا۟ أَتَعْجَبِينَ مِنْ أَمْرِ ٱللَّهِ ۖ رَحْمَتُ ٱللَّهِ وَبَرَكَٰتُهُۥ عَلَيْكُمْ أَهْلَ ٱلْبَيْتِ ۚ إِنَّهُۥ حَمِيدٌ مَّجِيدٌ ﴿٧٣﴾

(၇၃) ၎င်း(စေတမန်)တို့က ပြောဆိုခဲ့ကြသည်- အသင်မသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို အံ့သြနေပါသလော။❶ အို-(တမန်တော်အိဗ်ရာဟီမ်၏)အိမ်သူအိမ်သားတို့၊ အလ္လာဟ်အရှင်မြတ်၏ကရုဏာနှင့် အရှင်မြတ်၏မင်္ဂလာများသည် အသင်တို့အပေါ်တွင် ကျရောက်မြဲဖြစ်သည်။ အမှန်စင်စစ် အရှင်မြတ်သည် အလွန်ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင်၊ အလွန်ကြီးကျယ်မြင့်မြတ်တော်မူသောအရှင် ဖြစ်တော်မူသည်။

❶ တမန်တော်တစ်ဦးရဲ့ အိမ်သူအိမ်သားတွေအနေနဲ့ ဒါဟာ အံ့သြဖွယ်ရာမဟုတ်ဘူး။ ဒါမျိုးထူးဆန်းတဲ့ကိစ္စတွေဟာ တမန်တော်ထံမှာ မကြာခဏ ဖြစ်နေတဲ့အတွက် အံ့သြစရာမဟုတ်တော့ဘူးလို့ ဆိုလိုတယ်။ (အလင်းပြကျမ်း)

فَلَمَّا ذَهَبَ عَنْ إِبْرَٰهِيمَ ٱلرَّوْعُ وَجَآءَتْهُ ٱلْبُشْرَىٰ يُجَٰدِلُنَا فِى قَوْمِ لُوطٍ ﴿٧٤﴾

(၇၄) ထို့နောက် (တမန်တော်)အိဗ်ရာဟီမ်ထံမှ စိုးရိမ်မှုသည် ကင်းရှင်းသွားပြီး သူ၏ထံသို့ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်း ရောက်ရှိလာသောအခါတွင် ၎င်းသည် (တမန်တော်)လူသ်၏အမျိုးသားများနှင့်ပတ်သက်၍ ငါအရှင်မြတ်(၏စေတမန်များ)နှင့် အပြန်အလှန်ပြောဆိုမှု ပြုလုပ်တော့သည်။❷

❷ အဲဒီအရပ်ဒေသမှာ တမန်တော်လူသ် ﷺ ရှိနေတဲ့အတွက် ဘယ်လိုလုပ်ပြီး အပြစ်ဒဏ်ချမှတ်မှာလဲ စသဖြင့် တမန်တော်အိဗ်ရာဟီမ် ﷺ က အပြန်အလှန် ပြောဆိုခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ إِبْرَٰهِيمَ لَحَلِيمٌ أَوَّٰهٌ مُّنِيبٌ ﴿٧٥﴾

(၇၅) အမှန်စင်စစ် (တမန်တော်)အိဗ်ရာဟီမ်သည် အလွန်သည်းခံသောသူ၊ အလွန်စိတ်နှလုံးနူးညံ့သောသူ၊ အရှင်မြတ်ဘက်သို့ လှည့်၍ အလွန်

ဝန်ချတောင်းပန်သူဖြစ်သည်။

يَـٰٓإِبۡرَٰهِيمُ أَعۡرِضۡ عَنۡ هَٰذَآۖ إِنَّهُۥ قَدۡ جَآءَ أَمۡرُ رَبِّكَۖ وَإِنَّهُمۡ ءَاتِيهِمۡ عَذَابٌ غَيۡرُ مَرۡدُودٖ ﴿٧٦﴾

(၇၆) အို-(တမန်တော်)အိဗ်ရာဟီမ်၊ အသင်သည် ဤ(သို့အပြန်အလှန် ပြောဆိုမှုပြုလုပ်ခြင်း)မှ ရှောင်နေပါ၊ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်မြတ်၏ အမိန့်တော်သည် ရောက်ရှိခဲ့ပြီးဖြစ်သည်။ ၎င်းနောက် သူတို့ထံသို့ ပြန်လည်ရုပ်သိမ်းခြင်းမရှိသော ပြစ်ဒဏ်သည် အမှန်ပင် ကျရောက် တော့မည်ဖြစ်သည်။

وَلَمَّا جَآءَتۡ رُسُلُنَا لُوطٗا سِيٓءَ بِهِمۡ وَضَاقَ بِهِمۡ ذَرۡعٗا وَقَالَ هَٰذَا يَوۡمٌ عَصِيبٞ ﴿٧٧﴾

(၇၇) ထို့နောက် ငါအရှင်မြတ်၏ စေတမန်များသည် (တမန်တော်) လူသ်ွထံသို့ ရောက်ရှိလာခဲ့ကြသောအခါ ၎င်းသည် သူတို့အတွက် ပူပန်မှုဖြစ်ခဲ့ သည့်အပြင် သူတို့အတွက် အလွန်စိတ်ကျဉ်းကျပ်မှုလည်း ဖြစ်ခဲ့သည်။ ထို့ပြင် "ဤနေ့သည် အလွန်ခက်ခဲသောနေ့ပင်ဖြစ်သည်"ဟု သူက(ညည်းညူ) ပြော ဆိုခဲ့သည်။❷

❷ တမန်တော်လူသ်ွ عليه السلام ရဲ့အမျိုးသားတွေဟာ မကောင်းတဲ့အကျင့်ဆိုးဖြစ်တဲ့ ယောကျ်ားချင်းလိင် တူ ဆက်ဆံတာကို ပြုကျင့်နေတဲ့သူတွေဖြစ်ကြတယ်။ အခု တမန်တော်လူသ်ွ عليه السلام ထံကို ဧည့်သည် ချောချောလှလှ ယောကျ်ားတွေရောက်လာတဲ့အပေါ်မှာ စေတမန်တွေဖြစ်တာကိုလည်း မသိသေး တဲ့အတွက် တမန်တော်လူသ်ွ عليه السلام ရဲ့အမျိုးသားတွေက အဲဒီဧည့်သည်တွေကို သူတို့ရဲ့ အကျင့်ဆိုး တွေနဲ့ ဆက်ဆံလိုက်ကြရင် အရှက်ကွဲတော့မှာပဲလို့ စိုးရိမ်ပြီး ဒီနေ့ဟာ အလွန်ခက်ခဲတဲ့နေ့လို့ ညည်းညူတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَجَآءَهُۥ قَوۡمُهُۥ يُهۡرَعُونَ إِلَيۡهِ وَمِن قَبۡلُ كَانُواْ يَعۡمَلُونَ ٱلسَّيِّـَٔاتِۚ قَالَ يَٰقَوۡمِ هَٰٓؤُلَآءِ بَنَاتِي
هُنَّ أَطۡهَرُ لَكُمۡۖ فَٱتَّقُواْ ٱللَّهَ وَلَا تُخۡزُونِ فِي ضَيۡفِيٓۖ أَلَيۡسَ مِنكُمۡ رَجُلٞ رَّشِيدٞ ﴿٧٨﴾

(၇၈) ထို့နောက် ၎င်း(တမန်တော်လူသ်ွ)၏အမျိုးသားများသည် ၎င်း ၏ထံသို့ ပြေးလွှားလျက် လာခဲ့ကြသည်။ ၎င်းနောက် သူတို့သည် ယခင်ကပင် မကောင်းမှုများကို ကျင့်ကြံနေခဲ့ကြသည်။ ၎င်း(တမန်တော်လူသ်ွ)က ပြောဆို သည်- အို-ငါ၏ အမျိုးသားတို့၊ ဤသူများသည် ငါ၏သမီးများပင်၊ (အသင်တို့ သည် သူမတို့နှင့် လက်ထပ်ကြပါ) သူမတို့သည် အသင်တို့အတွက် ပို၍ပင်သန့် စင်ကြသည်။❸ သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ ကြပါ၊ ၎င်းနောက် အသင်တို့သည် ငါ့ကို ငါ၏ဧည့်သည်များရှေ့၌ အရှက်တကွဲ မပြုလုပ်ကြနှင့်၊ အသင်တို့တွင် ရိုးသားဖြောင့်မတ်သူ မည်သူမျှမရှိသလော။

❻ တမန်တော်လူသ္ ﷺ ရဲ့အမျိုးသားတွေက အဲဒီဒြေဲ့သည်တွေအပေါ်မှာ အတင်းအကျပ် ကျူး လွန်ဆက်ဆံကြမှာစိုးလို့ တမန်တော်လူသ္ ﷺ က အသင်တို့ဟာ ယောကျ်ားဧည့်သည်တွေအပေါ် မှာတော့ မကျူးလွန်ကြပါနဲ့။ အသင်တို့ဆက်ဆံချင်ရင် ငါရဲ့သမီးတွေရှိတယ်။ သူတို့ကို လက်ထပ် ပြီး အရှင်မြတ်က ခွင့်ပြုတဲ့နည်းလမ်းနဲ့ ပေါင်းသင်းဆက်ဆံကြပေ့ါ။ သူမတို့ဟာ ပိုပြီး စင်ကြယ်ကြ တာပဲလို့ ပြောဆိုပြီး ယောကျ်ားအချင်းချင်း ဆက်ဆံမှုကို တားမြစ်ခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالُوا لَقَدْ عَلِمْتَ مَا لَنَا فِي بَنَاتِكَ مِنْ حَقٍّ وَإِنَّكَ لَتَعْلَمُ مَا نُرِيدُ ﴿٧٩﴾

(၇၉) ထို(အမျိုးသား)များက ပြောဆိုကြသည်-ကျွန်ုပ်တို့သည် အသင် ၏သမီးများနှင့်ပတ်သက်၍(မည်သည့်အရာမျှ)အလိုမရှိဆိုသည်ကို အသင်သည် အမှန်ပင် သိပြီးဖြစ်သည်။ ၎င်းနောက် အမှန်စင်စစ် အသင်သည် ကျွန်ုပ်တို့၏ အလိုဆန္ဒရည်စူးချက်ကိုလည်း သိရှိနေပြီးဖြစ်သည်။

قَالَ لَوْ أَنَّ لِي بِكُمْ قُوَّةً أَوْ آوِي إِلَىٰ رُكْنٍ شَدِيدٍ ﴿٨٠﴾

(၈၀) ၎င်းက (ညည်းညူ)ပြောဆိုသည်- အကယ်၍ ငါ့တွင် အသင် တို့အားခုခံနိုင်ရန် အင်အားရှိခဲ့လျှင်၊ သို့မဟုတ် ငါသည် အားကိုးနိုင်လောက် သော အားကိုးစရာတစ်ခုကို အားကိုးရလျှင် ကောင်းလေစွပင်။❼

❼ တမန်တော်လူသ္ ﷺ ဟာ အဲဒီဒေသမှာ ဆွေမျိုးသားချင်းမရှိဘဲ သာသနာ့တာဝန်ကို လာရောက် ထမ်းဆောင်နေတာဖြစ်တယ်။ အဲဒါကြောင့် အခုလို အခက်အခဲတွေ့တဲ့အခါ မှီခိုစရာ အင်အားကြီး တဲ့ အသိုင်းအဝိုင်းရှိရင်ကောင်းမှာပဲလို့ ညည်းညူတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالُوا يَا لُوطُ إِنَّا رُسُلُ رَبِّكَ لَنْ يَصِلُوا إِلَيْكَ فَأَسْرِ بِأَهْلِكَ بِقِطْعٍ مِنَ اللَّيْلِ وَلَا يَلْتَفِتْ مِنْكُمْ
أَحَدٌ إِلَّا امْرَأَتَكَ إِنَّهُ مُصِيبُهَا مَا أَصَابَهُمْ إِنَّ مَوْعِدَهُمُ الصُّبْحُ أَلَيْسَ الصُّبْحُ بِقَرِيبٍ ﴿٨١﴾

(၈၁) ၎င်း(စေတမန်)တို့က ပြောဆိုကြသည်- အို-(တမန်တော်) လူသ္၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က စေလွှတ်တော်မူသော စေတမန်များဖြစ်သည့်အတွက် သူတို့သည် အသင်၏အနီးသို့ လုံးဝချဉ်းကပ်နိုင်ကြမည်မဟုတ်ပေ။ သို့ဖြစ်ရာ အသင်သည် အသင်၏အိမ်သူအိမ်သားများနှင့်အတူ ည၏အစိတ်အပိုင်းတစ်စုံတစ်ခု၌ ထွက် ခွာသွားလိုက်ပါ။ ၎င်းနောက် အသင်တို့ထဲမှ မည်သူမျှ နောက်သို့ လှည့်မကြည့် ရပေ။ သို့ရာတွင် အသင်၏ဇနီးကမူ အမှန်ပင် သူတို့အပေါ်တွင် ကျရောက်မည့် အပြစ်ဒဏ်သည် ၎င်း(ဇနီး)အပေါ်၌လည်း ကျရောက်မည်ဖြစ်သည်။ အမှန် စင်စစ် သူတို့အား ချိန်းဆိုထားသောအချိန်သည် နံနက်မိုးသောက်ချိန်ပင် ဖြစ် သည်။ နံနက်မိုးသောက်ချိန်သည် နီးကပ်နေပြီမဟုတ်လော။❽

❻ ချောချောလုလု ယောကျ်ားဆွဲသည်တွေရောက်နေတဲ့အကြောင်း အမျိုးသားတွေကို သွားပြီး သတင်းပေးသူဟာ တမန်တော်လူသ္ ﷺရဲ့ ဇနီးဖြစ်တဲ့အတွက် အပြစ်ဒဏ်ချခံရတဲ့အခါမှာ အဲဒီ ဇနီးပါအလိုတူအလိုပါ ဖြစ်လို့ ရောပြီးပါဝင်သွားတာဖြစ်တယ်။ (သွဗ်ရီကျမ်း၊ အလင်းပြကျမ်း)

فَلَمَّا جَآءَ اَمۡرُنَا جَعَلۡنَا عَالِيَهَا سَافِلَهَا وَاَمۡطَرۡنَا عَلَيۡهَا حِجَارَةً مِّنۡ سِجِّيۡلٍ ۙ مَّنۡضُوۡدٍ ۝٨٢

(၈၂) ထို့နောက် ငါအရှင်မြတ်၏ အမိန့်တော်ရောက်ရှိလာသောအခါ ငါအရှင်မြတ်သည် ထိုမြို့ရွာအား အထက်အောက် လှန်ပစ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် မြို့ရွာပေါ်သို့ ရွှံ့စေးအကျက်ဖြင့်ပြုလုပ်ထားသောကျောက်ခဲ မိုးကို ဆက်တိုက်ရွာသွန်းချစေတော်မူခဲ့သည်။

مُّسَوَّمَةً عِنۡدَ رَبِّكَ ؕ وَمَا هِىَ مِنَ الظّٰلِمِيۡنَ بِبَعِيۡدٍ ۝٨٣

(၈၃) (ထိုကျောက်ခဲများသည်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ တံဆိပ်ခတ်နှိပ်ပြီး❶ ဖြစ်သည်။ ထိုမြို့ရွာသည် မတရား ကျူးလွန်ကြသောသူ (မက္ကဟ်မြို့သား)များနှင့် မဝေးကွာလှပေ။❷

❶ အဲဒီခဲမိုးရွာချတဲ့ ခဲတွေဟာ အစုလိုက်အပုံလိုက်ဖြစ်တဲ့ ဂျဟန္နမ်မီးနဲ့ ကင်ထားပြီး အပြစ်တံဆိပ် ရိုက်နှိပ်ထားတာဖြစ်တယ်။(ဂျလာလိုင်န်) ❷ အဲဒီအပြစ်ဒဏ်ခံရတဲ့နေရာဟာ မက္ကဟ်နဲ့ဆီးရီးယား သွားရာလမ်းအကြားမှာရှိတဲ့အတွက် သူတို့ခရီးသွားတိုင်း တွေ့ရမဲ့နေရာဖြစ်လို့ မဝေးဘူးလို့ မိန့် ဆိုထားတာဖြစ်တယ်။ အခြားအဓိပ္ပာယ်တစ်ခုမှာ - ဒီကျောက်ခဲမိုး အပြစ်ဒဏ်ဟာ မက္ကဟ်မြို့သား အပြစ်ကျူးလွန်သူတွေအတွက် ဆိုက်ရောက်ဖို့ မဝေးကွာတော့ဘူးလို့ ဆိုလိုတာလည်း ဖြစ်တယ်။ (အသ်သဖ်စီရုလ်မုယတ်စရ်)

وَاِلٰى مَدۡيَنَ اَخَاهُمۡ شُعَيۡبًا ؕ قَالَ يٰقَوۡمِ اعۡبُدُوا اللّٰهَ مَا لَـكُمۡ مِّنۡ اِلٰهٍ غَيۡرُهٗ ؕ وَلَا تَنۡقُصُوا الۡمِكۡيَالَ وَالۡمِيۡزَانَ اِنِّىۡۤ اَرٰٮكُمۡ بِخَيۡرٍ وَّاِنِّىۡۤ اَخَافُ عَلَيۡكُمۡ عَذَابَ يَوۡمٍ مُّحِيۡطٍ ۝٨٤

(၈၄) ထို့ပြင် မဒ်ယန်မြို့သားများထံသို့ သူတို့၏ ညီအစ်ကိုဖြစ်သော (တမန်တော်)ရှုအိုင်ဗ်အား (စေလွှတ်တော်မူခဲ့သည်)။ ၎င်းကပြောသည်- အို- ငါ၏အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်ကြပါ။ အသင်တို့တွင် ထိုအရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ထိုက်သောအရှင်မရှိပေ။ ထို့ပြင် အသင်တို့သည် ပမာဏအခြင်အတွယ်နှင့် အချိန်အတွယ်ကို မလျှော့ကြနှင့်။❸ အမှန်စင်စစ် ငါသည် အသင်တို့အား ကောင်းမွန်စွာရှိနေသည်ကို တွေ့မြင်ရသည်။ ၎င်းနောက် အမှန်စင်စစ် ငါသည် အသင်တို့အပေါ်တွင် ဝန်းရံမည့်နေ့၏အပြစ်ဒဏ်ကို စိုးရိမ်သည်။

❸ အလေး၊ တင်းတောင်း ခိုးတဲ့သူတွေကို အပြစ်ဒဏ်ခတ်မဲ့အကြောင်း အရှင်မြတ်က وَيۡلٌ لِّلۡمُطَفِّفِيۡنَ ဆိုပြီး အမိန့်ရှိထားတယ်။ (အလင်းပြကျမ်း)

وَ يٰقَوْمِ اَوْفُوا الْمِكْيَالَ وَ الْمِيْزَانَ بِالْقِسْطِ وَ لَا تَبْخَسُوا النَّاسَ اَشْيَآءَهُمْ وَ لَا تَعْثَوْا فِى
الْاَرْضِ مُفْسِدِيْنَ ﴿٨٥﴾

(၈၅) ထို့ပြင် အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် ပမာဏအခြင်အတွယ်များနှင့် အလေးအချိန်များကို (ပေးရမည့်အတိုင်း)မျှတစွာဖြင့် ပြည့်ပြည့်ဝဝပေးကြပါ။ ထို့ပြင် အသင်တို့သည် လူများအား သူတို့၏ ပစ္စည်းများကို လျှော့မပေးကြနှင့်။ ထို့ပြင် အသင်တို့သည် ကမ္ဘာမြေ၌ ဖျက်ဆီးသူများအဖြစ်ဖြင့် မသောင်းကျန်းကြနှင့်။

بَقِيَّتُ اللّٰهِ خَيْرٌ لَّكُمْ اِنْ كُنْتُمْ مُّؤْمِنِيْنَ ۚ وَمَآ اَنَا عَلَيْكُمْ بِحَفِيْظٍ ﴿٨٦﴾

(၈၆) အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ကြလျှင် အလ္လာဟ်အရှင်မြတ်(ပေးသနားသည့်အထဲမှ) ကျန်ရှိသော(အမြတ်) ဟလာလ်သည် အသင်တို့အတွက် အကောင်းဆုံးပင်ဖြစ်သည်။[၆] ထို့ပြင် ငါသည် အသင်တို့အား (ပြစ်ဒဏ်ခတ်မခံရအောင်) ထိန်းသိမ်းစောင့်ရှောက်သောသူ(တာဝန်ခံ)မဟုတ်ပေ။

[၆] တရားတော်နဲ့အညီရောင်းဝယ်ပြီး အမြတ်ကျန်ရှိတဲ့ ဟလာလ်ဟာ နည်းရင်လည်း ဗရကသ်တိုးပွားမှုရှိတယ်။ မတရားနည်းနဲ့ ရှာဖွေပြီးရရှိတဲ့အမြတ်တွေဟာ များရင်လည်း တိုးပွားမှုမရှိတဲ့အပြင် အရှင်မြတ်ရဲ့အမျက်တော်စူးရှခြင်း ခံရမှာလည်းဖြစ်တယ်။ (အလင်းပြကျမ်း)

قَالُوْا يٰشُعَيْبُ اَصَلٰوتُكَ تَاْمُرُكَ اَنْ نَّتْرُكَ مَا يَعْبُدُ اٰبَآؤُنَآ اَوْ اَنْ نَّفْعَلَ فِيْٓ اَمْوَالِنَا مَا نَشٰٓؤُا ؕ
اِنَّكَ لَاَنْتَ الْحَلِيْمُ الرَّشِيْدُ ﴿٨٧﴾

(၈၇) သူတို့က ပြောဆိုခဲ့ကြသည်- အို-(တမန်တော်)ရှုအိုင်ဗ်၊ အသင်၏ စွလာသ်ဝတ်ပြုမှု(သာသနာ)သည် ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေးများ ကိုးကွယ်သောအရာများအား ကျွန်ုပ်တို့ စွန့်လွှတ်ကြရန်နှင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ပစ္စည်းဥစ္စာများတွင် ကျွန်ုပ်တို့သဘောနှင့်ပြုလုပ်ကြသည်များကို ကျွန်ုပ်တို့ စွန့်လွှတ်ရန်အတွက် အသင့်အား စေခိုင်းသလော။ အမှန်ပင် အသင်တစ်ဦးတည်းသာ အလွန်ဉာဏ်ရှိသော အိန္ဒြေနှင့်ပြည့်စုံသူဖြစ်သလော၊ ၎င်းပြင် အလွန်ရိုးသားဖြောင့်မတ်သူ ဖြစ်သလော။[၇]

[၇] ၎င်းရဲ့အမျိုးသားတွေက ပြောင်လှောင်တဲ့အနေနဲ့ ရွဲ့ပြီးပြောတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ يٰقَوْمِ اَرَءَيْتُمْ اِنْ كُنْتُ عَلٰى بَيِّنَةٍ مِّنْ رَّبِّيْ وَ رَزَقَنِيْ مِنْهُ رِزْقًا حَسَنًا ؕ وَمَآ اُرِيْدُ اَنْ
اُخَالِفَكُمْ اِلٰى مَآ اَنْهٰكُمْ عَنْهُ ؕ اِنْ اُرِيْدُ اِلَّا الْاِصْلَاحَ مَا اسْتَطَعْتُ ؕ وَمَا تَوْفِيْقِيْٓ اِلَّا بِاللّٰهِ ؕ
عَلَيْهِ تَوَكَّلْتُ وَاِلَيْهِ اُنِيْبُ ﴿٨٨﴾

(၈၈) ၎င်း(တမန်တော်)က ပြောဆိုခဲ့သည်- အို-ငါ၏အမျိုးသားတို့၊ အကယ်၍ ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ သက်သေအထောက်အထားပေါ်၌ တည်ရှိခဲ့ပြီး အရှင်မြတ်သည် ငါ့အား အရှင်မြတ်ထံတော်မှ ကောင်းမွန်သော စားနပ်ရိက္ခာကို❻ ပေးသနားတော်မူခဲ့လျှင် အသင်တို့သည် မည်သို့ ယူဆကြမည်နည်း။ ၎င်းနောက် ငါသည် ငါကိုယ်တိုင် အသင်တို့အား တားမြစ်သောကိစ္စကို အသင်တို့နှင့် ဆန့်ကျင်ပြီး ကိုယ်တိုင်ပြုလုပ်ရန် မရည်ရွယ်ပေ။❼ ငါသည် ငါတတ်စွမ်းနိုင်သမျှ ပြုပြင်ရန်သာ ရည်ရွယ်သည်။❽ ထို့ပြင် ငါ၏စွမ်းဆောင်နိုင်မှုသည် အလ္လာဟ်အရှင်မြတ်၏ကူညီမှုအပေါ်၌သာ မူတည်သည့်အတွက် ထိုအရှင်မြတ်အပေါ်၌သာ ယုံပုံအပ်နှင်းထားသည်။ ၎င်းနောက် ငါသည် ထိုအရှင်မြတ်ဘက်သို့ပင် ပြန်လှည့်မည်ဖြစ်သည်။

❻ ကောင်းမွန်တဲ့စားနပ်ရိက္ခာဆိုတာ တရားတဲ့နည်းနဲ့ ရှာဖွေထားတဲ့ ဟလာလ်ကိုလည်းဆိုနိုင်ပြီး အတွင်းရိက္ခာအဖြစ် တမန်တော်ဖြစ်ခြင်းကိုလည်း ဆိုလိုနိုင်တယ်။ အရှင်မြတ်က အဲဒီလို အပြင်ရိက္ခာနဲ့ အတွင်းရိက္ခာကို ငါ့ကို ပေးထားပါလျက်နဲ့ အသင်တို့ကို ကြောက်ပြီး တရားမဟောဘဲ နေရမှာလား။ အဲဒီလိုတော့ မဖြစ်နိုင်ဘူးလို့ ဆိုလိုတာဖြစ်တယ်။(အလင်းပြကျမ်း) ❼ အသင်တို့ကိုတော့ တားမြစ်ထားပြီး ငါကတော့ မတရားစီးပွားရှာမယ်ဆိုတဲ့ပုံစံ ငါ့မှာမရှိဘူး။(အလင်းပြကျမ်း)
❽ အသင်တို့ကို နှစ်ဘဝစလုံးမှာ အောင်မြင်မှုရဖို့ ကောင်းမွန်အောင် ပြုပြင်ပေးဖို့ပဲ ငါဟာရည်ရွယ်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَيٰقَوۡمِ لَا يَجۡرِمَنَّكُمۡ شِقَاقِىۡۤ اَنۡ يُّصِيۡبَكُمۡ مِّثۡلُ مَاۤ اَصَابَ قَوۡمَ نُوۡحٍ اَوۡ قَوۡمَ هُوۡدٍ اَوۡ قَوۡمَ صٰلِحٍ ؕ وَمَا قَوۡمُ لُوۡطٍ مِّنۡكُمۡ بِبَعِيۡدٍ ﴿٨٩﴾

(၈၉) ထို့ပြင် အို- ငါ၏အမျိုးသားတို့၊ အသင်တို့သည် ငါ့အား ကွဲလွဲဆန့်ကျင်မှုပြုလုပ်နေကြခြင်းဖြင့် (တမန်တော်)နူးဟ်၏အမျိုးသားများ၊ (တမန်တော်)ဟူဒ်၏ အမျိုးသားများနှင့် (တမန်တော်)စာလိဟ်၏ အမျိုးသားများအပေါ်တွင် ကျရောက်ခဲ့သော အပြစ်ဒဏ်မျိုး အသင်တို့အပေါ် ကျရောက်စေရန် လှုံ့ဆော်မှုမဖြစ်စေနှင့်၊❶ ၎င်းနောက် (တမန်တော်)လူသ်၏ အမျိုးသားများတွင် (အပြစ်ဒဏ်ကျရောက်ခဲ့သောအချိန်ကာလ)ကမူ အသင်တို့နှင့် မဝေးလှသေးပေ။

❶ မလိုမုန်းတီးမှုကြောင့် ဆန့်ကျင်မှုလုပ်ပြီး မကောင်းမှုတွေကို ကျူးလွန်မယ်ဆိုရင် ပြစ်ဒဏ်ခံရမှာပဲဖြစ်တဲ့အတွက် အဲဒီလို မလုပ်သင့်ဘူးလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاسۡتَغۡفِرُوۡا رَبَّكُمۡ ثُمَّ تُوۡبُوۡۤا اِلَيۡهِ ؕ اِنَّ رَبِّىۡ رَحِيۡمٌ وَّدُوۡدٌ ﴿٩٠﴾

(၉၀) ထို့ပြင် အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံကြပါ။ ထို့ပြင်

အသင်တို့သည် အရှင်မြတ်ဘက်သို့ လှည့်ပြီးဝန်ချတောင်းပန်ကြပါ။ အမှန်စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလွန်သနားကြင်နာတော်မူသောအရှင်၊ အလွန်ချစ်ခင်တော်မူသောအရှင်ဖြစ်တော်မူသည်။

قَالُوا يٰشُعَيْبُ مَا نَفْقَهُ كَثِيرًا مِّمَّا تَقُولُ وَإِنَّا لَنَرٰىكَ فِينَا ضَعِيفًا ۖ وَلَوْلَا رَهْطُكَ لَرَجَمْنٰكَ ۖ وَمَآ أَنتَ عَلَيْنَا بِعَزِيزٍ ﴿٩١﴾

(၉၁) သူတို့က ပြောဆိုကြသည်-အို-(တမန်တော်)ရှုအိုင်ဗ်၊ ကျွန်ုပ်တို့သည် အသင်ပြောဆိုသောစကားများထဲမှ အမြောက်အမြားကို နားမလည်နိုင်ကြပါ။❷ ၎င်းနောက် အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား ကျွန်ုပ်တို့အထဲ၌ ချည့်နဲ့သောသူတစ်ဦးအဖြစ်သာ မြင်နေကြသည်။❸ ၎င်းနောက် အကယ်၍ အသင်၏ဆွေမျိုးသားချင်းများသာ မရှိခဲ့ကြလျှင် ကျွန်ုပ်တို့သည် အသင့်အား ကျောက်ခဲများနှင့် ပစ်သတ်ကြမည် အမှန်ပင်။ ၎င်းနောက် အသင်သည် ကျွန်ုပ်တို့အပေါ်တွင် လွှမ်းမိုးနိုင်သောသူလည်းမဟုတ်ပေ။❹

❷ အဲဒီလောက် ရှင်းလင်းကောင်းမွန်တဲ့စကားတွေပြောတာကို နားမလည်ဘူးလို့ ပြောကြတာဟာ ရိုးရိုးသားသား နားမလည်တာမဟုတ်ဘဲ မလိုမုန်းတီးမှုကြောင့် တမင်ပြောတာဖြစ်တယ်။ (အလင်းပြကျမ်း) ❸ ချည့်နဲ့သူဆိုတာ ဘာမှ တတ်စွမ်းနိုင်တဲ့သူမဟုတ်ဘူးလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း) ❹ လူမိုက်တွေဟာ အာဏာကိုပဲ အဓိကထားကြတယ်။ အဲဒါကြောင့် တမန်တော်ရှုအိုင်ဗ် عليه السلامကို အသင့်မှာ ဘာမှ လွှမ်းမိုးနိုင်တဲ့အင်အားမရှိဘူး။ ငါတို့မှာပဲ အင်အားရှိတယ်။ ငါတို့အသင့်ကို ခဲနဲ့ ပစ်ပေါက်သတ်လိုက်လို့ရတယ်။ အသင်ရဲ့ဆွေမျိုးတွေကို ထောက်ထားနေလို့သာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ يٰقَوْمِ أَرَهْطِيٓ أَعَزُّ عَلَيْكُم مِّنَ اللّٰهِ وَاتَّخَذْتُمُوهُ وَرَآءَكُمْ ظِهْرِيًّا ۖ إِنَّ رَبِّي بِمَا تَعْمَلُونَ مُحِيطٌ ﴿٩٢﴾

(၉၂) ၎င်း(တမန်တော်)က ပြောဆိုခဲ့သည်- အို- ငါ၏အမျိုးသားတို့၊ ငါ၏ဆွေမျိုးသားချင်းများသည် အသင်တို့၏ရှေ့၌ အလ္လာဟ်အရှင်မြတ်ထက်ပိုပြီး မြင့်မြတ်နေကြသလော၊ ၎င်းပြင်(ထိုအရာကြောင့်)အသင်တို့သည် ထိုအရှင်မြတ်ကိုပင် အသင်တို့၏ ကျောနောက်၌ ပစ်ပယ်ထားခဲ့ကြသည်။ အမှန်စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့ပြုလုပ်သည်များကို ခြုံငုံ၍ သိတော်မူသောအရှင်ဖြစ်တော်မူသည်။❶

❶ အသင်တို့ မိုက်ရိုင်းသမျှ ပြောဆိုပြုမူသမျှတွေကို အရှင်မြတ်က ရေးမှတ်ထားပြီး ပြစ်ဒဏ်တွေနဲ့ ဝန်းရံထားတယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

وَيٰقَوْمِ اعْمَلُوا عَلٰى مَكَانَتِكُمْ إِنِّي عَامِلٌ ۖ سَوْفَ تَعْلَمُونَ ۙ مَن يَأْتِيهِ عَذَابٌ يُخْزِيهِ وَمَنْ

هُوَ كَاذِبٌ ۖ وَارْتَقِبُوٓا إِنِّي مَعَكُمْ رَقِيبٌ ﴿٩٣﴾

(၉၃) ထို့ပြင် အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် အသင်တို့၏(နဗီကိုဆန့်ကျင်မှုပြုလုပ်သည့်)နေရာတွင် (တတ်နိုင်သမျှ) ပြုလုပ်ကြပါ။ အမှန်စင်စစ် ငါလည်း (ငါ၏ယုံကြည်ချက်အတိုင်း)ပြုလုပ်နေသည်။ အသင်တို့သည် မည်သူ၏ထံသို့ ၎င်းကို အရှက်တကွဲဖြစ်စေမည့် ပြစ်ဒဏ်ရောက်ရှိလာသည်(ကို သိရမည့်အပြင်)၊ မည်သူသည် လိမ်လည်သောသူဖြစ်သည်ကို မကြာမီ သိရှိကြရမည်။❻ ထို့ပြင် အသင်တို့သည် စောင့်နေကြပါ၊ အမှန်စင်စစ် ငါသည်လည်း အသင်တို့နှင့်အတူ စောင့်နေမည့်သူပင်ဖြစ်သည်။

❻ ၎င်းရဲ့အမျိုးသားတွေက နောက်ဆုံးမှာ ၎င်းကိုတောင် လိမ်လည်တယ်လို့ ထင်လာခဲ့တယ်။ အဲဒါကြောင့် ဘယ်သူလိမ်လည်တယ်ဆိုတာ သိလိမ့်မယ်လို့ ပြောဆိုခဲ့တာဖြစ်တယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

وَلَمَّا جَآءَ أَمْرُنَا نَجَّيْنَا شُعَيْبًا وَّالَّذِينَ ءَامَنُوا مَعَهُۥ بِرَحْمَةٍ مِّنَّا وَأَخَذَتِ الَّذِينَ ظَلَمُوا الصَّيْحَةُ فَأَصْبَحُوا فِي دِيَارِهِمْ جَٰثِمِينَ ﴿٩٤﴾

(၉၄) ထို့နောက် ငါအရှင်မြတ်၏အမိန့်တော်ရောက်ရှိလာသောအခါ ငါအရှင်မြတ်သည် ငါအရှင်မြတ်၏ကရုဏာတော်ဖြင့် (တမန်တော်)ရှုအိုင်ဗ်နှင့်တကွ ၎င်းနှင့်အတူ ယုံကြည်ခဲ့သောသူများကို ကယ်ဆယ်တော်မူခဲ့သည်။ ၎င်းနောက် မတရားကျူးလွန်ခဲ့ကြသောသူများကိုမူ ကျယ်လောင်သောအသံသည် ဖမ်းဆီးကွပ်မျက်ခဲ့သည့်အတွက် သူတို့သည် နံနက်အချိန်တွင် သူတို့၏နေအိမ်များထဲ၌ မှောက်လျက်သားဖြစ်(ပြီး သေကြေပျက်စီး)နေခဲ့ကြသည်။

كَأَن لَّمْ يَغْنَوْا فِيهَآ ۗ أَلَا بُعْدًا لِّمَدْيَنَ كَمَا بَعِدَتْ ثَمُودُ ﴿٩٥﴾

(၉၅) သူတို့သည် ထိုအိမ်များထဲ၌ မနေခဲ့ဖူးကြသကဲ့သို့ပင် ဖြစ်သွားခဲ့သည်။ သတိပြုကြပါ၊ ဆမူဒ်အမျိုးသားများသည်(ကရုဏာမှ)ကင်းဝေးခဲ့ကြသကဲ့သို့ပင် မဒ်ယန်မြို့သားများသည်လည်း (ကရုဏာမှ)ကင်းဝေးကြလေပြီ။

وَلَقَدْ أَرْسَلْنَا مُوسَىٰ بِـَٔايَٰتِنَا وَسُلْطَٰنٍ مُّبِينٍ ﴿٩٦﴾

(၉၆) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)မူစာကို ငါအရှင်မြတ်၏သက်သေလက္ခဏာများအပြင် ထင်ရှားသောတန်ခိုးတော်များ❼ နှင့်တကွ စေလွှတ်တော်မူခဲ့သည်။

❼ آیَات ကို တချို့က သောင်ရာသ်ကျမ်း၊ တချို့က အာယသ်တော်၉ ခုကိုဆိုလိုကြတယ်။ سُلْطَان مُّبِين ကို တချို့က မုအ်ဂျိဇဟ် တန်ခိုးတော်တွေ၊ တချို့က عَصَا တောင်ဝှေးလို့ ဖွင့်ဆိုကြတယ်။ ( သဖ်စီရ်

အခွဲမာနီ စာ-၃၀၈၊ အောက်ခြေ-၂၊ ကုရ်သွတ္ဗီ)။ တချို့ကလည်း တမန်တော် မူစာ عليه السلام ဟာ အကြိမ်ကြိမ်အောင်နိုင်ခဲ့တဲ့အတွက် سُلْطَانٍ مُّبِينٍ ရဲ့ မူရင်းအဓိပ္ပာယ်အတိုင်း "ထင်ရှားတဲ့ လွှမ်းမိုး အောင်နိုင်မှု" လို့ ဖွင့်ဆိုကြတယ်။ (အလင်းပြကျမ်း)

إِلَىٰ فِرْعَوْنَ وَمَلَإِيْهِۦ فَٱتَّبَعُوٓا۟ أَمْرَ فِرْعَوْنَ ۖ وَمَآ أَمْرُ فِرْعَوْنَ بِرَشِيدٍ ﴿٩٧﴾

(၉၇) ဖိရ်အောင်န်နှင့် သူ၏အကြီးအကဲများထံသို့၊ သို့ဖြစ်ရာ သူတို့သည် ဖိရ်အောင်န်၏အမိန့်ကို လိုက်နာနေခဲ့ကြသည်။ ထို့ပြင် ဖိရ်အောင်န်၏အမိန့်သည် သင့်တော်မှန်ကန်သောအမိန့်မဟုတ်ပေ။

يَقْدُمُ قَوْمَهُۥ يَوْمَ ٱلْقِيَٰمَةِ فَأَوْرَدَهُمُ ٱلنَّارَ ۖ وَبِئْسَ ٱلْوِرْدُ ٱلْمَوْرُودُ ﴿٩٨﴾

(၉၈) ၎င်း(ဖိရ်အောင်န်)သည် ကိယာမသ်ရှင်ပြန်ထမည့်နေ့၌ သူ၏ အမျိုးသားများအား ဦးဆောင်မည်ဖြစ်သည်။❶ ထို့နောက် သူသည် ထိုအမျိုးသား များအား ငရဲဘုံထဲ ဦးဆောင်သွားမည်ဖြစ်သည်။ ၎င်းနောက် နေရာချပေးခြင်း ခံရမည့်နေရာသည် အဘယ်မျှပင် ဆိုးဝါးလိုက်လေသနည်း။

❶ ဒီဘဝမှာ ဖိရ်အောင်န်ဟာ အရှင်မြတ်ကို ငြင်းပယ်တဲ့နေရာမှာ ခေါင်းဆောင်ဖြစ်သလို တမလွန် ဘဝမှာလည်း ငရဲဘုံကိုသွားဖို့ ခေါင်းဆောင်ဖြစ်မယ်။ သူရဲ့နောက်လိုက်သားတွေဟာ ဒီဘဝမှာ ငြင်းပယ်မှုရဲ့နောက်လိုက်ခဲ့ကြသလို တမလွန်ဘဝမှာလည်း ငရဲဘုံထဲသွားဖို့နောက်လိုက်အဖြစ်နဲ့ ခံစားကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَأُتْبِعُوا۟ فِى هَٰذِهِۦ لَعْنَةً وَيَوْمَ ٱلْقِيَٰمَةِ ۚ بِئْسَ ٱلرِّفْدُ ٱلْمَرْفُودُ ﴿٩٩﴾

(၉၉) ထို့ပြင် သူတို့သည် ဤဘဝနှင့် ကိယာမသ်နေ့၌ ကရုဏာတော်မှ ကင်းဝေးစေခြင်းကို (သူတို့၏)နောက်မှ လိုက်စေခြင်းခံခဲ့ကြရသည်။ (သူတို့ အား) ပေးခြင်းခံရမည့် လက်ဆောင်သည် အဘယ်မျှပင် ဆိုးဝါးလိုက်သည့် လက်ဆောင်နည်း။❷

❷ ကမ္ဘာသူကမ္ဘာသားတွေဟာ ဖိရ်အောင်န်နဲ့သူရဲ့နောက်လိုက်သားတွေကို အမြဲကျိန်ဆဲနေကြ မယ်။ ပြီးတော့ ကိယာမသ်နေ့မှာ စုရုံးရောက်ရှိကြမဲ့လူတွေရော ကောင်းကင်တမန်တွေကပါ သူ တို့ကို ကျိန်ဆဲကြဦးမှာဖြစ်တယ်။ အဲဒါဟာ အလွန်ဆိုးဝါးလှတဲ့ လက်ဆောင်ပဲဖြစ်တယ်။ (အလင်းပြကျမ်း)

ذَٰلِكَ مِنْ أَنۢبَآءِ ٱلْقُرَىٰ نَقُصُّهُۥ عَلَيْكَ ۖ مِنْهَا قَآئِمٌ وَحَصِيدٌ ﴿١٠٠﴾

(၁၀၀) ယင်း(အကြောင်းအရာ)သည် အကြင်မြို့ရွာများ၏အချို့သတင်း စကားဖြစ်သည်။ ငါအရှင်မြတ်သည် ထိုသတင်းစကားကို အသင်၏ရှေ့၌ ပြော ကြားတော်မူသည်။ ထိုမြို့ရွာများထဲမှ အချို့သည် တည်ရှိနေ၍ အချို့သည် ပျက် စီးသွားခဲ့ပြီဖြစ်သည်။❸

❸ တချို့မြို့ရွာတွေဟာ ပြစ်ဒဏ်ချခံရမှုကြောင့် လူတွေပျောက်သွားကြတယ်။ ဥပမာ - ဖိရ်အောင်န်

လက်ထက်က လူတွေပျောက်သွားပြီး အီဂျစ်ပြည်ကျန်ရှိခဲ့တယ်။ တချို့မြို့ရွာတွေဟာ လူရောမြို့ပါ ပျောက်သွားခဲ့တယ်။ ဥပမာ - တမန်တော်လူသ်ﷺ ရဲ့အမျိုးသားတွေနေထိုင်ခဲ့တဲ့ မြို့ရွာ။ အဲဒီမြို့ ရွာကို အထက်ကောင်းကင်ကို မယူပြီး လှန်ချလိုက်ခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا ظَلَمْنٰهُمْ وَلٰكِنْ ظَلَمُوْٓا اَنْفُسَهُمْ فَمَآ اَغْنَتْ عَنْهُمْ اٰلِهَتُهُمُ الَّتِيْ يَدْعُوْنَ مِنْ دُوْنِ اللّٰهِ مِنْ شَيْءٍ لَّمَّا جَآءَ اَمْرُ رَبِّكَ ؕ وَمَا زَادُوْهُمْ غَيْرَ تَتْبِيْبٍ ﴿١٠١﴾

(၁၀၁) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား နှိပ်စက်တော်မူခဲ့သည် မဟုတ်ပေ။ သို့ရာတွင် သူတို့သည် သူတို့ကိုယ်သူတို့ နှိပ်စက်ခဲ့ကြခြင်းသာဖြစ်သည်။ သို့ဖြစ်ရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်တော်ရောက်ရှိလာသောအခါ သူတို့သည် အလ္လာဟ်အရှင်မြတ်အားစွန့်ပြီး သူတို့ ဟစ်ခေါ်ခဲ့ကြသော သူတို့၏ကိုးကွယ်ရာများသည် တစ်စုံတစ်ရာမျှ အသုံးမဝင် အကျိုးမပေးနိုင်ခဲ့ကြတော့ပေ။❻ ထို့ပြင် ၎င်း(ကိုးကွယ်ရာ)တို့သည် သူတို့အား ပျက်စီးဆုံးရှုံးစေသည်မှလွဲ၍ တစ်စုံတစ်ရာမျှ မတိုးပွားစေခဲ့ပေ။

❻ သူတို့ကိုးကွယ်ကြတဲ့ရည်ရွယ်ချက်ဟာ သူတို့ဒုက္ခရောက်တဲ့အခါ အကူအညီရမလားလို့ ကိုးကွယ်ကြတာဖြစ်တယ်။ ဒါပေမဲ့ တကယ်ဒုက္ခကြီးကျရောက်လာတဲ့အခါ ဘာမှ အသုံးမဝင်အကျိုး မပေးဘဲဖြစ်ခဲ့တယ်။ (အလင်းပြကျမ်း)

وَكَذٰلِكَ اَخْذُ رَبِّكَ اِذَآ اَخَذَ الْقُرٰى وَهِيَ ظَالِمَةٌ ؕ اِنَّ اَخْذَهٗٓ اَلِيْمٌ شَدِيْدٌ ﴿١٠٢﴾

(၁၀၂) ထို့ပြင် မြို့သူရွာသားများအား သူတို့သည် နှိပ်စက်ကျူးလွန်နေကြစဉ် ဖမ်းဆီးအရေးယူတော်မူသောအခါ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အရေးယူမှုသည် ထိုကဲ့သို့ပင်ဖြစ်သည်။ အမှန်စင်စစ် အရှင်မြတ်၏ ဖမ်းဆီးအရေးယူခြင်းသည် အလွန်နာကျင် ပြင်းထန်လှသည်။

اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّمَنْ خَافَ عَذَابَ الْاٰخِرَةِ ؕ ذٰلِكَ يَوْمٌ مَّجْمُوْعٌ ۙ لَّهُ النَّاسُ وَذٰلِكَ يَوْمٌ مَّشْهُوْدٌ ﴿١٠٣﴾

(၁၀၃) အမှန်စင်စစ် ယင်း(အကြောင်း)အရာများ၌ တမလွန်ဘဝ၏ ပြစ်ဒဏ်ကို ကြောက်သည့်သူများအတွက် အမှန်ပင် သက်သေလက္ခဏာရှိသည်။ ၎င်းနောက် ထိုနေ့သည် လူများအားလုံးကို စုရုံးခြင်းခံရမည့်နေ့ဖြစ်သည်။ ထိုနေ့သည် (အရှင်မြတ်၏ထံ၌)အသင့် ကြုံတွေ့ကြရမည့်နေ့ပင်ဖြစ်သည်။❼

❼ အဲဒီနေ့ကြီးကို ကြောက်တဲ့သူတွေဟာ သတိသံဝေဂရပြီး အပြစ်ရှောင်ကြဉ်နိုင်မှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا نُؤَخِّرُهٗٓ اِلَّا لِاَجَلٍ مَّعْدُوْدٍ ﴿١٠٤﴾

(၁၀၄) ထို့ပြင် ငါအရှင်မြတ်သည် ထိုနေ့ရက်အား ရေတွက်သတ်မှတ်ထားသောအချိန်အထိသာ ရွှေ့ဆိုင်းထားတော်မူသည်။❽

❻ အစကတည်းက အရှင်မြတ်အနေနဲ့ အချိန်သတ်မှတ်ထားတဲ့အတွက် အဲဒီနေ့ အဲဒီအချိန် ရောက်တဲ့အထိ စောင့်ဆိုင်းနေရခြင်းသာဖြစ်တယ်။ (ကမာလိုင်န်)

يَوْمَ يَأْتِ لَا تَكَلَّمُ نَفْسٌ إِلَّا بِإِذْنِهِ ۚ فَمِنْهُمْ شَقِيٌّ وَسَعِيدٌ ﴿١٠٥﴾

(၁၀၅) ထိုနေ့ ဆိုက်ရောက်လာသောအခါ အရှင်မြတ်၏ခွင့်ပြုချက်မရှိဘဲ မည်သူမျှ စကားပြောဆိုနိုင်မည်မဟုတ်ပေ။❼ ၎င်းနောက် သူတို့ထဲ၌ (အချို့) သည် နဖူးစာဆိုးသူများဖြစ်ကြမည်။ (အချို့သည်) နဖူးစာကောင်းသူများဖြစ်ကြမည်။

❼ ကိယာမသ်နေ့ဟာ အလွန်ရှည်လျားတဲ့နေ့ဖြစ်တဲ့အတွက် တချို့နေရာမှာ စကားပြောလို့တောင် ရမှာမဟုတ်ဘူး။ တချို့နေရာမှာ အရှင်မြတ် ခွင့်ပြုချက်နဲ့ စကားပြောခွင့်ရမယ်။ တချို့နေရာမှာ နှုတ်လျှာ အပိတ်ခံရပြီး ကိုယ်လက်အင်္ဂါတွေက ပြောကြမယ်။ (အလင်းပြကျမ်း)

فَأَمَّا الَّذِينَ شَقُوا فَفِي النَّارِ لَهُمْ فِيهَا زَفِيرٌ وَشَهِيقٌ ﴿١٠٦﴾

(၁၀၆) သို့ဖြစ်ရာ နဖူးစာဆိုးသောသူများသည် ဂျဟန္နမ်ငရဲဘုံ၌ ရှိကြလိမ့်မည်။ သူတို့အတွက် ၎င်း(ငရဲဘုံ)၌ ဟစ်အော်ခြင်းနှင့် ညည်းညူခြင်းများ ရှိလိမ့်မည်။

خَالِدِينَ فِيهَا مَا دَامَتِ السَّمَاوَاتُ وَالْأَرْضُ إِلَّا مَا شَاءَ رَبُّكَ ۚ إِنَّ رَبَّكَ فَعَّالٌ لِّمَا يُرِيدُ ﴿١٠٧﴾

(၁၀၇) မိုးကောင်းကင်များနှင့် မြေပထဝီတည်ရှိနေသမျှ ၎င်း(ငရဲဘုံ)၌ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် အလိုရှိတော်မူသည်မှလွဲ၍ (သူတို့သည်) အမြဲနေထိုင်သူများအဖြစ်ရှိကြလိမ့်မည်။❶ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အရှင်မြတ် ရည်ရွယ်တော်မူသောကိစ္စကို (ပြီးစီးအောင်) အလွန်ပြုလုပ်တော်မူသောအရှင်ဖြစ်တော်မူသည်။

❶ မိုးမြေတည်ရှိသရွေ့ဆိုတာ အာရပ်တွေရဲ့အသုံးအနှုန်းမှာ အမြဲထာဝရကို ဆိုလိုတာဖြစ်တယ်။ လက်ရှိမိုးမြေကို ကိယာမသ်နေ့မှာ အမြဲတည်ရှိမဲ့ အခြားမိုးမြေနဲ့ အစားထိုးခံရမှာဖြစ်တဲ့အတွက် မိုးမြေဆိုတာ အဲဒီမိုးမြေကို ဆိုလိုတာဖြစ်ပြီး ဒီလောကရဲ့မိုးမြေကို ဆိုလိုတာမဟုတ်ဘူး။
يَوْمَ تُبَدَّلُ الْأَرْضُ غَيْرَ الْأَرْضِ وَالسَّمَاوَاتُ (ကုရ်အာန် - ၁၄း၄၈) (အိဗ်နကသီးရ်)

وَأَمَّا الَّذِينَ سُعِدُوا فَفِي الْجَنَّةِ خَالِدِينَ فِيهَا مَا دَامَتِ السَّمَاوَاتُ وَالْأَرْضُ إِلَّا مَا شَاءَ رَبُّكَ ۖ عَطَاءً غَيْرَ مَجْذُوذٍ ﴿١٠٨﴾

(၁၀၈) ထို့ပြင် နဖူးစာကောင်းသောသူများကမူ ဂျန္နသ်သုခဘုံ၌ ရှိကြမည်။ မိုးကောင်းကင်များနှင့် မြေပထဝီ တည်ရှိနေသမျှ ၎င်း(သုခဘုံ)၌ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် အလိုရှိတော်မူသည်မှလွဲ၍ အမြဲနေထိုင်သူများအဖြစ် ရှိကြလိမ့်မည်။ (ဤသည်)အဆက်မပြတ်သော ပေးကမ်းချီးမြှင့်မှုပင်ဖြစ်သည်။

فَلَا تَكُ فِي مِرْيَةٍ مِّمَّا يَعْبُدُ هٰٓؤُلَآءِ ۚ مَا يَعْبُدُوْنَ اِلَّا كَمَا يَعْبُدُ اٰبَآؤُهُمْ مِّنْ قَبْلُ ؕ وَاِنَّا لَمُوَفُّوْهُمْ نَصِيْبَهُمْ غَيْرَ مَنْقُوْصٍ ﴿١٠٩﴾

(၁၀၉) သို့ဖြစ်ရာ အသင်သည် ဤသူများ ကိုးကွယ်သောအရာများနှင့် ပတ်သက်၍ သံသယမဖြစ်လေနှင့်၊ သူတို့သည် ယခင်က သူတို့၏အဘ၊ ဘိုး၊ ဘေးများ ကိုးကွယ်ခဲ့ကြသကဲ့သို့ပင် ကိုးကွယ်နေကြခြင်းဖြစ်သည်။ ၎င်းနောက် အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အား သူတို့၏ဝေစုကို မလျော့နည်းစေဘဲ အပြည့်အဝပေးတော်မူမည်ဖြစ်သည်။❶

❶ ကာဖိရ်မုရှ်ရိက်တွေဟာ လောကမှာ စားနပ်ရိက္ခာတွေကို အပြည့်အဝရရှိကြမယ်။ ပြီးတော့ တမလွန်ဘဝမှာ ပြစ်ဒဏ်တွေကို အပြည့်အဝ ခံစားကြရမယ်လို့ ဆိုလိုတယ်။ (အလင်းပြကျမ်း)

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ فَاخْتُلِفَ فِيْهِ ؕ وَلَوْلَا كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ لَقُضِيَ بَيْنَهُمْ ؕ وَاِنَّهُمْ لَفِيْ شَكٍّ مِّنْهُ مُرِيْبٍ ﴿١١٠﴾

(၁၁၀) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည်(တမန်တော်)မူစာအား ကျမ်းဂန်ပေးသနားတော်မူခဲ့သည်။ ထို့နောက် ၎င်း(ကျမ်းဂန်)နှင့်ပတ်သက်၍ အကွဲအလွဲဖြစ်ခဲ့ရသည်။ ထို့ပြင် အကယ်၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အမိန့်တော်တစ်ခုသည် ယခင်ကတည်းက မရှိခဲ့လျှင် သူတို့၏ကြား၌ ဆုံးဖြတ်ပြီးဖြစ်ခဲ့မည် အမှန်ပင်။ ၎င်းနောက် အမှန်စင်စစ် သူတို့သည် ထိုကိစ္စနှင့်ပတ်သက်၍ ယုံမှားမှုဖြစ်စေသောသံသယထဲ၌ ရှိနေကြသည်။❷

❷ လူသားကို အရှင်မြတ်က အမှားနဲ့အမှန်ကြိုက်တာရွေးချယ်ခွင့်ပေးထားပြီး အချိန်လည်း သတ်မှတ်ပေးထားတယ်။ အဲဒီအချိန်မတိုင်ခင်မှာ အလျင်စလို ဆုံးဖြတ်တော်မမူဘူး။ အဲဒါကြောင့် အကွဲအလွဲတွေဖြစ်နေတဲ့ကိစ္စရပ်နဲ့ပတ်သက်ပြီး အရှင်မြတ်က ဆုံးဖြတ်တော်မူပါဦးမလားလို့ သံသယတွေဖြစ်နေကြတာကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

وَاِنَّ كُلًّا لَّمَّا لَيُوَفِّيَنَّهُمْ رَبُّكَ اَعْمَالَهُمْ ؕ اِنَّهٗ بِمَا يَعْمَلُوْنَ خَبِيْرٌ ﴿١١١﴾

(၁၁၁) ထို့ပြင် အမှန်စင်စစ် ထိုသူတိုင်းအား (ကိယာမသ်အချိန် ရောက်သောအခါ၌) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် သူတို့၏ လုပ်ရပ်များ(၏အစား)ကို အမှန်ပင်အပြည့်အဝ ပေးတော်မူမည်။❸ အမှန်စင်စစ် အရှင်မြတ်သည် သူတို့၏လုပ်ရပ်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။

❸ ကိယာမသ်နေ့ကျရင် အမှန်လိုက်ခဲ့တဲ့သူကို အမှန်၊ အမှားလိုက်ခဲ့တဲ့သူကို အမှား ဆုံးဖြတ်ပြီး အပြည့်အဝအစားပေးတော်မူမှာဖြစ်တယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

فَاسْتَقِمْ كَمَآ اُمِرْتَ وَمَنْ تَابَ مَعَكَ وَلَا تَطْغَوْا ؕ اِنَّهٗ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿١١٢﴾

(၁၁၂) သို့ဖြစ်ရာ အသင်သည် အသင့်အား အမိန့်ပေးထားသည့်အတိုင်း (သာသနာအပေါ်တွင်)ကြံ့ခိုင်စွာရပ်တည်နေပါ၊ ၎င်းနောက် အသင်နှင့်အတူရှိပြီး ဝန်ချတောင်းပန်(အီမာန်ယုံကြည်)သူများသည်လည်း (တည့်တည့်တံ့နေပါ)။❹ ထို့ပြင် အသင်တို့သည် ကျူးလွန်မှုမပြုကြနှင့်။❺ အမှန်စင်စစ် အရှင်မြတ်သည် အသင်တို့ပြုမူသမျှကို အလွန်မြင်တော်မူသောအရှင်ဖြစ်တော်မူသည်။

❹ တည်တည်တံ့တံ့ နေခိုင်းတယ်ဆိုတာ အရှင်မြတ်ရဲ့အမိန့်တွေကို အမြဲလိုက်နာနေဖို့ကို ဆိုလိုတယ်။(အလင်းပြကျမ်း) ❺ မကျူးလွန်ရဘူးဆိုတာ ကိုယ်နဲ့ ကွဲလွဲတဲ့သူတွေအပေါ်မှာလည်း ကျူးကျော်မှုမပြုရဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း ကိစ္စရပ်တိုင်းမှာ အလယ်အလတ်လိုက်ဖို့ဖြစ်ပြီး လွန်ကဲသွားတာမျိုးမဖြစ်စေရဘူး။ (အိဗ်နုကဆီးရ်၊ အဿသဖ်စီရွလ်မုယဿရ်)

وَلَا تَرْكَنُوْٓا اِلَى الَّذِيْنَ ظَلَمُوْا فَتَمَسَّكُمُ النَّارُ ۙ وَمَا لَكُمْ مِّنْ دُوْنِ اللّٰهِ مِنْ اَوْلِيَآءَ ثُمَّ لَا تُنْصَرُوْنَ ﴿١١٣﴾

(၁၁၃) ထို့ပြင် အသင်တို့သည် မတရားကျူးလွန်ကြသောသူများအပေါ်တွင် ယုံကြည်စိတ်ချအားထားခြင်း မပြုကြနှင့်၊❻ သို့ဖြစ်လျှင် အသင်တို့ကိုလည်း ငရဲမီးထိရောက်လိမ့်မည်။ ထို့ပြင် အသင်တို့အတွက် အလ္လာဟ်အရှင်မြတ်မှလွဲ၍ မိတ်ဆွေတစ်ဦးမျှလည်းရှိမည်မဟုတ်ပေ။ ၎င်းနောက် အသင်တို့သည် ကူညီခြင်းခံရမည်လည်း မဟုတ်ပေ။

❻ အဲဒီလို ကျူးကျော်သူ၊ လွန်ကဲသူတွေအပေါ်မှာလည်း ယုံကြည်စိတ်ချမှု၊ အားထားမှု မပြုရဘူး။ အဲဒီလိုလုပ်ရင် ကူးစက်လာမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاَقِمِ الصَّلٰوةَ طَرَفَيِ النَّهَارِ وَزُلَفًا مِّنَ الَّيْلِ ؕ اِنَّ الْحَسَنٰتِ يُذْهِبْنَ السَّيِّاٰتِ ؕ ذٰلِكَ ذِكْرٰى لِلذّٰكِرِيْنَ ﴿١١٤﴾

(၁၁၄) ထို့ပြင် အသင်သည် ဆွလာသ်ဝတ်ပြုမှုကို နေ့၏အစွန်းနှစ်ဖက်သာမက ည၏အစိတ်အပိုင်းများ၌လည်း ဆောက်တည်ပါ။❼ အမှန်စင်စစ် ကောင်းမှုများသည် မကောင်းမှုများကို ပပျောက်စေသည်။ ၎င်းသည် တရားရယူသောသူများအတွက် ဆုံးမသြဝါဒ ဖြစ်သည်။

❼ ကျူးကျော်သူတွေဘက်ကို မယိမ်းယိုင်ဘဲ ဆွလာသ်ဝတ်ပြုပြီး အရှင်မြတ်ဘက်ကို ယိမ်းဖို့ မှာကြားခြင်း ဖြစ်တယ်။ အရှင်မြတ်အမိန့်ရှိထားတဲ့ ဆွလာသ်ဝတ်ပြုရမဲ့အချိန်တွေကို ကြည့်ရင် ဆွလာသ် ငါးကြိမ်စလုံး ပါဝင်သွားပြီဖြစ်တယ်။ (အလင်းပြကျမ်း)

وَاصْبِرْ فَاِنَّ اللّٰهَ لَا يُضِيْعُ اَجْرَ الْمُحْسِنِيْنَ ﴿١١٥﴾

(၁၁၅) ထို့ပြင် အသင်သည် သည်းခံပါ။ သို့ဖြစ်ရာ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကောင်းကျိုးဆောင်ရွက်သူများ၏အကျိုးကို အကျိုးမဲ့ပြုလုပ်

တော်မူမည် မဟုတ်ပေ။

فَلَوْلَا كَانَ مِنَ الْقُرُوْنِ مِنْ قَبْلِكُمْ اُولُوْا بَقِيَّةٍ يَّنْهَوْنَ عَنِ الْفَسَادِ فِى الْاَرْضِ اِلَّا قَلِيْلًا
مِّمَّنْ اَنْجَيْنَا مِنْهُمْ ۚ وَاتَّبَعَ الَّذِيْنَ ظَلَمُوْا مَآ اُتْرِفُوْا فِيْهِ وَكَانُوْا مُجْرِمِيْنَ ﴿١١٦﴾

(၁၁၆) သို့ဖြစ်ရာ အသင်တို့၏မတိုင်မီ ရှိခဲ့ကြဖူးသောလူမျိုးအုပ်စုများထဲ၌ ကောင်းသောလူများ အဘယ်ကြောင့် မရှိခဲ့သနည်း၊ ထိုလူများသည် ကမ္ဘာမြေ၌ သောင်းကျန်းဖျက်ဆီးမှုကို တားမြစ်ကြသည်။ သို့ရာတွင် အုပ်စုအနည်းငယ်သာရှိခဲ့သည်၊[၁] ထိုအုပ်စုကို ငါအရှင်မြတ်က သူတို့ထဲမှ ကယ်တင်တော်မူခဲ့သည်။ ထို့ပြင် မတရားကျူးလွန်ကြသောသူများကမူ သူတို့ကို ပျော်မွေ့စေခြင်းခံကြရသောအရာ(စည်းစိမ်)များနောက်သို့ လိုက်ခဲ့ကြသည်။ ၎င်းနောက် သူတို့သည် အပြစ်ကျူးလွန်လေ့ရှိသူများပင်ဖြစ်ကြသည်။

[၁] အတိတ်ခေတ်မှာကောင်းရာညွှန်ကြား၊ မကောင်းရာမြစ်တားတဲ့အုပ်စုဟာအလွန်ပဲနည်းပါးလုတဲ့အတွက် ကမ္ဘာပေါ်မှာ ဖျက်ဆီးမှုဟာ ပိုများခဲ့ရတယ်။ အဲဒါကြောင့် တမန်တော်မြတ် ﷺ ရဲ့အွမ္မသ်နောက်လိုက်တွေကို အဲဒီလို ကောင်းရာညွှန်ကြား၊ မကောင်းရာမြစ်တားတဲ့အုပ်စု အမြောက်အမြားပေါ်ထွန်းဖို့ တိုက်တွန်းထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا كَانَ رَبُّكَ لِيُهْلِكَ الْقُرٰى بِظُلْمٍ وَّاَهْلُهَا مُصْلِحُوْنَ ﴿١١٧﴾

(၁၁၇) ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မြို့ရွာများကို ထိုမြို့သူရွာသားများသည် ကောင်းမွန်အောင်ပြုပြင်သူများဖြစ်နေကြပါလျက်နှင့် အတင်းအဓမ္မဖျက်ဆီးပစ်တော်မမူပေ။[၂]

[၂] အဲဒီလိုပြုပြင်ရေးသမားတွေရှိနေတဲ့မြို့ရွာကို အရှင်မြတ်က ဖျက်ဆီးပစ်လေ့မရှိဘူး။ (အလင်းပြကျမ်း)

وَلَوْ شَآءَ رَبُّكَ لَجَعَلَ النَّاسَ اُمَّةً وَّاحِدَةً وَّلَا يَزَالُوْنَ مُخْتَلِفِيْنَ ﴿١١٨﴾

(၁၁၈) ထို့ပြင် အကယ်၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလိုရှိတော်မူခဲ့လျှင် လူအားလုံးကို သာသနာဝင်အုပ်စုတစ်ခုတည်း ပြုလုပ်တော်မူခဲ့မည်အမှန်ပင်။ ထို့နောက် (အရှင်မြတ်သည် ထိုကဲ့သို့ ပြုလုပ်တော်မမူခဲ့သည့်အတွက်) သူတို့သည် သဘောထားကွဲလွဲသူများအဖြစ် အမြဲရှိနေကြမည်ဖြစ်သည်။

اِلَّا مَنْ رَّحِمَ رَبُّكَ ۗ وَلِذٰلِكَ خَلَقَهُمْ ۗ وَتَمَّتْ كَلِمَةُ رَبِّكَ لَاَمْلَئَنَّ جَهَنَّمَ مِنَ الْجِنَّةِ وَالنَّاسِ
اَجْمَعِيْنَ ﴿١١٩﴾

(၁၁၉) သို့ရာတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က ကရုဏာပြုတော်မူထားသောသူကမူ (ထိုကွဲလွဲသူများထဲ၌)မပါဝင်ပေ။ ၎င်းနောက် အရှင်မြတ်သည် ထိုအတွက်ပင် သူတို့အား ဖန်ဆင်းတော်မူခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ဂျဟန္နမ်ငရဲဘုံကို ဂျင်န်များနှင့် လူများအားလုံးဖြင့် ပြည့်နှက်စေတော်မူမည်❶ဟု အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ စကားတော်သည်လည်း ပြည့်စုံခဲ့ပြီးဖြစ်သည်။

❶ အဲဒါကြောင့် အများလိုက်တဲ့သူတွေနဲ့ပဲ ဂျဟန္နမ်ကို ဖြည့်မှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَكُلًّا نَّقُصُّ عَلَيْكَ مِنْ اَنْۢبَآءِ الرُّسُلِ مَا نُثَبِّتُ بِهٖ فُؤَادَكَ ۚ وَجَآءَكَ فِىْ هٰذِهِ الْحَقُّ وَمَوْعِظَةٌ وَّذِكْرٰى لِلْمُؤْمِنِيْنَ ﴿١٢٠﴾

(၁၂၀) ထို့ပြင် ငါအရှင်မြတ်သည် တမန်တော်များ၏အကြောင်းများထဲမှ အကြင်အကြောင်းများအားလုံးကို အသင့်အား ပြောပြတော်မူသည်။ ငါအရှင်မြတ်သည် ယင်း(အကြောင်းများ)နှင့် အသင်၏စိတ်နှလုံးကို ကြံ့ခိုင်စေတော်မူသည်။ ထို့ပြင် ဤကဏ္ဍာတွင် အမှန်တရားသည်လည်း အသင်၏ထံသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ၎င်းနောက် မုအ်မင်န်ယုံကြည်သူများအတွက် ဆုံးမဩဝါဒနှင့် သတိပေးနှိုးဆော်ချက်ရှိသည်။

وَقُلْ لِّلَّذِيْنَ لَا يُؤْمِنُوْنَ اعْمَلُوْا عَلٰى مَكَانَتِكُمْ ؕ اِنَّا عٰمِلُوْنَ ﴿١٢١﴾

(၁၂၁) ထို့ပြင် (အို-တမန်တော်)အသင်သည် မယုံကြည်သောသူများကိုပြောလိုက်ပါ- အသင်တို့သည် အသင်တို့၏(နဗီကို ဆန့်ကျင်မှုပြုလုပ်သည့်) နေရာတွင် အသင်တို့ ပြုလုပ်နေကြပါ။ အမှန်စင်စစ် ငါတို့သည်လည်း(ငါတို့၏ နည်းလမ်းဖြင့်)ပြုလုပ်နေသောသူများပင် ဖြစ်ကြသည်။

وَانْتَظِرُوْا ۚ اِنَّا مُنْتَظِرُوْنَ ﴿١٢٢﴾

(၁၂၂) ၎င်းနောက် အသင်တို့သည် စောင့်နေကြပါ၊ အမှန်စင်စစ် ငါတို့သည်လည်း စောင့်နေကြသည်။

وَلِلّٰهِ غَيْبُ السَّمٰوٰتِ وَالْاَرْضِ وَاِلَيْهِ يُرْجَعُ الْاَمْرُ كُلُّهٗ فَاعْبُدْهُ وَتَوَكَّلْ عَلَيْهِ ؕ وَمَا رَبُّكَ بِغَافِلٍ عَمَّا تَعْمَلُوْنَ ﴿١٢٣﴾

(၁၂၃) ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီတွင် မမြင်နိုင်သောအကွယ်မှအရာများ(ကို စိုးပိုင်ခြင်းနှင့် သိစွမ်းနိုင်ခြင်း)သည် အလ္လာဟ်အရှင်

မြတ်၌ပင် ရှိသည်။ ထို့ပြင် အရေးကိစ္စအားလုံးသည် အရှင်မြတ်ထံသို့ပင် ပြန်လည်ရောက်ရှိစေခြင်းကို ခံကြရမည်။ သို့ဖြစ်ရာ အသင်သည် အရှင်မြတ်ကိုသာ ကိုးကွယ်ပါ။ ၎င်းနောက် အသင်သည် အရှင်မြတ်အပေါ်၌သာ ယုံပုံလွှဲအပ်ပါ။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့ ပြုလုပ်နေသည်များကို မေ့လျော့တော်မူမည့်အရှင် မဟုတ်ပေ။❷

❷ အများလိုက်သူတွေရဲ့ နှောင့်ယှက် ဒုက္ခပေးတာကြောင့် စိတ်ပျက်စရာမလိုဘူး။ ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင်လုပ်ဖို့ပဲလိုတယ်။ သူတို့မကောင်းလုပ်နေတာတွေကိုလည်း အရှင်မြတ်ဟာ မေ့နေတာမဟုတ်ဘူး။ အပြည့်အဝအစားပေးတော်မူမှာဖြစ်တယ်။

(ဟာရှီယဟ်စွာဝီ၊ အိဗ်နုကဆီးရ်)

رکوعاتها ١٢ ١٢ سُوۡرَةُ يُوۡسُفَ مَكِّيَّةٌ ٥٣ اٰيَاتها ١١١

## စူရဟ် ယူစွဖ် (တမန်တော်ယူစွဖ်ကဏ္ဍ) سُوۡرَةُ يُوۡسُفَ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော
အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

الٓرٰ تِلۡكَ اٰيٰتُ الۡكِتٰبِ الۡمُبِيۡنِ ﴿١﴾

(၁) အလိဖ် လာမ် ရာ ။❷ ဤအရာများသည် အလွန်ထင်ရှားသော
ကျမ်းဂန်၏ အာယသ်တော်စာပိုဒ်များပင် ဖြစ်သည်။

❷ အဲဒီအဓိပ္ပာယ်ကို အရှင်မြတ်ပဲသိတော်မူတယ်။ (အာစားန်သရ်ရျူမဟ်)

اِنَّاۤ اَنۡزَلۡنٰهُ قُرۡءٰنًا عَرَبِيًّا لَّعَلَّكُمۡ تَعۡقِلُوۡنَ ﴿٢﴾

(၂)အမှန်စင်စစ် ငါအရှင်မြတ်သည်အသင်တို့ နားလည်ကြရန်အတွက်
(စကားအဖွဲ့အနွဲ့ အလွန်ကြွယ်ဝသော) ကုရ်အာန်ကျမ်းတော်မြတ်အဖြစ် အရဗီ
ဘာသာစာပေဖြင့် ထိုကျမ်းဂန်ကို ချပေးသနားတော်မူခဲ့သည်။❻

❻ အမြင့်မြတ်ဆုံးကျမ်းဟာအမြင့်မြတ်ဆုံးဘာသာစာပေနဲ့အမြင့်မြတ်ဆုံးတမန်တော် ﷺ အပေါ်
မှာ အမြင့်မြတ်ဆုံးကောင်းကင်တမန်ကတစ်ဆင့် အမြင့်မြတ်ဆုံးဒေသမှာ အမြင့်မြတ်ဆုံးလမြတ်
ရမသွာန်မှာ စတင်ကျရောက်ခဲ့တဲ့ အတွက် အဘက်ဘက်ကနေ ပြည့်စုံတယ်။
(အိဗ်နကဆီးရ်၊ အလင်းပြကျမ်း)

نَحۡنُ نَقُصُّ عَلَيۡكَ اَحۡسَنَ الۡقَصَصِ بِمَاۤ اَوۡحَيۡنَاۤ اِلَيۡكَ هٰذَا الۡقُرۡاٰنَ ۖ وَاِنۡ كُنۡتَ مِنۡ قَبۡلِهٖ لَمِنَ
الۡغٰفِلِيۡنَ ﴿٣﴾

(၃) ငါအရှင်မြတ်သည် အသင်၏ထံ ဤကုရ်အာန်ကျမ်းတော်မြတ်ကို
ထုတ်ပြန်ပို့ချမှုဖြင့် ငါအရှင်မြတ်သည် အသင်၏ရှေ့၌ အကောင်းဆုံးအကြောင်း
အရာတစ်ခု❾ ကို ပြန်ပြောပြတော်မူသည်။ ၎င်းနောက် အသင်သည် ထိုကုရ်အာန်
မကျရောက်မီအလျင်က အမှန်ပင် မသိသောသူတစ်ဦးသာ ဖြစ်သည်။

❾ တမန်တော်ယူစွဖ် عليه السلام ရဲ့ အကြောင်းကို အလွန်ကောင်းမွန်တဲ့ အစီအစဉ်နဲ့ အရှင်မြတ်က မိန့်
ကြားထားတော်မူတယ်။ အလ္လာဟ်အရှင်မြတ် မြှောက်စားလိုသူတစ်ဦးကို ကမ္ဘာတစ်ဝန်းမှာ ရှိသမျှ
လူတွေဟာ ရှိသမျှအစွမ်းတွေနဲ့ ဖျက်ဆီးဖို့ ကြိုးစားမယ်ဆိုရင်လည်း မဖျက်ဆီးနိုင်ကြောင်း၊ မနာ
လိုမှုဟာ မိမိကိုယ်ကိုသာ ပျက်စီးစေကြောင်း၊ အသိဉာဏ်အမြော်အမြင်ဟာ အလွန်အဖိုးတန်တဲ့
အရည်အချင်းတစ်ခုဖြစ်ကြောင်း၊ အဲဒီစွမ်းရည်နဲ့ အခက်အခဲအမြောက်အမြားကို ကျော်ဖြတ်နိုင်
ကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်းဟာ မိတ်ဆွေတင်မက ရန်သူကိုတောင် ချစ်ခင်လေးစား

ဖွယ်ရာဖြစ်စေကြောင်း စတဲ့အချက်တွေကို ထင်ရှားပေါ်လွင်အောင် ပြသထားပါတယ်။ အဲဒါကြောင့် "အကောင်းမွန်ဆုံး အကြောင်းအတ္ထုပ္ပတ္တိ" လို့ နာမည်တပ်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

إِذْ قَالَ يُوسُفُ لِأَبِيهِ يَٰٓأَبَتِ إِنِّى رَأَيْتُ أَحَدَ عَشَرَ كَوْكَبًا وَٱلشَّمْسَ وَٱلْقَمَرَ رَأَيْتُهُمْ لِى سَٰجِدِينَ ﴿٤﴾

(၄) တစ်ခါတွင် (တမန်တော်)ယူစွဖ်သည် ၎င်း၏ဖခင်(တမန်တော်ယအ်ကူဗ်)အား ပြောဆိုခဲ့သည်- အို-ကျွန်ုပ်၏ဖခင်၊ အမှန်စင်စစ် ကျွန်ုပ်သည် (အိပ်မက်ထဲ၌) ကြယ်ဆယ့်တစ်လုံး❶ သာမက နေနှင့်လကိုပါ❷ ကျွန်ုပ်အား စဂျ်ဒဟ်ဦးချနေသည်ကို တွေ့မြင်ခဲ့ရပါသည်။❸

❶ ကြယ်၁၁လုံးဆိုတာ ညီနောင်၁၁ဦးကိုဆိုလိုတယ်။(အလင်းပြကျမ်း) ❷ နေနဲ့လဆိုတာ မိဘနှစ်ပါးကိုဆိုလိုတယ်။(အလင်းပြကျမ်း) ❸ စဂျ်ဒဟ်ဦးချတယ်ဆိုတာ အရိုအသေပေးကြတာကိုဆိုလိုတယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

قَالَ يَٰبُنَىَّ لَا تَقْصُصْ رُءْيَاكَ عَلَىٰٓ إِخْوَتِكَ فَيَكِيدُوا۟ لَكَ كَيْدًا ۖ إِنَّ ٱلشَّيْطَٰنَ لِلْإِنسَٰنِ عَدُوٌّ مُّبِينٌ ﴿٥﴾

(၅) ၎င်း(ဖခင်)ကပြောသည်- အို-ချစ်သား၊ အသင်သည် အသင်၏အိပ်မက်ကို အသင်၏နောင်တော်များရှေ့၌ ပြောမပြလေနှင့်။ ထိုသို့ပြောလိုက်လျှင် သူတို့သည် အသင်နှင့်ဆန့်ကျင်ပြီး အကြံအစည်တစ်စုံတစ်ခုကို လျှို့ဝှက်ကြံစည်ကြလိမ့်မည်။❶ အမှန်စင်စစ် ရှိုင်သွာန်သည် လူများအတွက် အလွန်ထင်ရှားသောရန်သူဖြစ်သည်။

❶ သူတို့ ဖအေတူ မအေကွဲ ညီအစ်ကိုတွေအချင်းချင်း မပြေလည်ကြတဲ့အတွက် တစ်ခုခုကြံစည်မှာကို စိုးရိမ်ခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَكَذَٰلِكَ يَجْتَبِيكَ رَبُّكَ وَيُعَلِّمُكَ مِن تَأْوِيلِ ٱلْأَحَادِيثِ وَيُتِمُّ نِعْمَتَهُۥ عَلَيْكَ وَعَلَىٰٓ ءَالِ يَعْقُوبَ
كَمَآ أَتَمَّهَا عَلَىٰٓ أَبَوَيْكَ مِن قَبْلُ إِبْرَٰهِيمَ وَإِسْحَٰقَ ۚ إِنَّ رَبَّكَ عَلِيمٌ حَكِيمٌ ﴿٦﴾

(၆) ၎င်းနောက် ထိုသို့ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်က အသင့်အား (တမန်တော်အဖြစ်) ရွေးချယ်တော်မူမည်။ ၎င်းနောက် အရှင်မြတ်က အသင့်အား စကားများ၏အနက်အဓိပ္ပာယ် (အိပ်မက်၏အနက်သဘောကောက်သောပညာရပ်)ကို❹ သင်ကြားပို့ချပေးတော်မူမည်။ ထို့ပြင် အရှင်မြတ်သည် အရှင်၏ကျေးဇူးတော်ကိုယခင်က အသင်၏ဘေးတော်ဖြစ်သော(တမန်တော်) အိဗ်ရာဟီမ်❺ နှင့် အသင်၏ဘိုးတော်ဖြစ်သော(တမန်တော်) အစ္စဟာက်အား ပြည့်ဝစွာ ပေးသနားတော်မူခဲ့သကဲ့သို့ အသင်နှင့် (အသင်၏ဖခင်ဖြစ်သော တမန်တော်)ယအ်ကူဗ်၏သားသမီးများအားလည်း❻ ထိုကျေးဇူးတော်ကို ပြည့်ဝစွာ ပေးသနားတော်မူလိမ့်မည်။❼ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်

မူသောအရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

❷ တကယ်တော့ အိပ်မက်ရဲ့အတိတ်တစ်ခုတည်းပဲ သိတဲ့အတတ်ပညာမဟုတ်ဘူး။ နောက်ထပ်ကိစ္စတွေအများကြီးကို ကြိုတင်ခန့်မှန်းသိနိုင်တဲ့ပညာရပ်တွေနဲ့ စကားတွေရဲ့အတိမ်အနက်တွေကို သိတဲ့အတတ်ပညာတွေလည်းပါရှိတယ်။(အလင်းပြကျမ်း) ❸ တမန်တော်ယူစွဖ် ﷺရဲ့ ဖခင်ဟာ တမန်တော်ယအ်ကူဗ် ﷺဖြစ်ပြီး ဘိုးတော်ဟာ တမန်တော် အစ္စဟာက် ﷺဖြစ်တယ်။ ဘေးတော်ဟာ တမန်တော်အိဗ်ရာဟီမ် ﷺဖြစ်တယ်။(အလင်းပြကျမ်း) ❹ တမန်တော်ယအ်ကူဗ် ﷺရဲ့သားသမီးတွေဆိုတာ တမန်တော်ယူစွဖ် ﷺရဲ့ညီအစ်ကို၊ မောင်နှမတွေကို ဆိုလိုတယ်။ အစ္စရာအီလ်ဆိုတာ တမန်တော်ယအ်ကူဗ် ﷺရဲ့ဘွဲ့နာမည်ဖြစ်တယ်။ အဲဒါကြောင့် ၎င်းရဲ့သားစဉ်မြေးဆက်တွေကို ဗနီအစ္စရာအီလ်လို့ခေါ်တာဖြစ်တယ်။ ပွင့်လေသမျှ တမန်တော်တွေဟာ ၎င်းရဲ့မျိုးဆက်ထဲကပဲ အများဆုံးဖြစ်တယ်။(အလင်းပြကျမ်း) ❺ အရှင်မြတ်က သူတို့ကို ဒီဘဝမှာရော တမလွန်ဘဝမှာပါ ကျေးဇူးတော်အပြည့်အဝပေးတော်မူထားတယ်။ (အလင်းပြကျမ်း)

لَقَدْ كَانَ فِي يُوسُفَ وَإِخْوَتِهِ آيَاتٌ لِّلسَّائِلِينَ ﴿٧﴾

(၇) အမှန်စင်စစ် ယူစွဖ်နှင့် ၎င်း၏ညီအစ်ကိုများ(၏အကြောင်း)၌ မေးမြန်းစုံစမ်းသူများအတွက် သက်သေလက္ခဏာများရှိသည်။❻

❻ ယဟူဒီတွေဟာ တမန်တော်မြတ် ﷺကို တမန်တော်ဟုတ်မဟုတ် စမ်းသပ်လိုတဲ့အတွက် အစ္စရာအီလ် မျိုးနွယ်တွေဟာ ဆီးရီးယားကနေ ဘယ်လိုလုပ်ပြီး အီဂျစ်ကို ရောက်သွားတာလဲလို့ မေးမြန်းခဲ့ကြတယ်။ တမန်တော်မြတ် ﷺဟာ လုံးဝမသိခဲ့တာအမှန်ပဲ။ အရှင်မြတ်က ဝဟီပို့ချပြီး တမန်တော်ယူစွဖ် ﷺရဲ့ အကြောင်းကိုအစအဆုံးပြောပြတော်မူခဲ့တယ်။ ဒါဟာ တမန်တော်မှန်ကန်ကြောင်း ထင်ရှားတဲ့ သက်သေလက္ခဏာ တစ်ခုဖြစ်သွားခဲ့တယ်။ (အလင်းပြကျမ်း)

إِذْ قَالُوا لَيُوسُفُ وَأَخُوهُ أَحَبُّ إِلَىٰ أَبِينَا مِنَّا وَنَحْنُ عُصْبَةٌ إِنَّ أَبَانَا لَفِي ضَلَالٍ مُّبِينٍ ﴿٨﴾

(၈) တစ်ခါတွင် ထိုနောင်တော်များက ငါတို့သည်(အင်အားတောင့်သော) အုပ်စုကြီးတစ်ခု ဖြစ်ပါလျက်နှင့် ယူစွဖ်နှင့် ၎င်း၏ညီသည် ငါတို့၏ ဖခင်ကြီးထံ၌ ငါတို့ထက်ပင် ပိုပြီး ချစ်ခင်မှုကို ခံနေကြရသည်။❼ အမှန်စင်စစ် ငါတို့၏ဖခင်ကြီးသည် ထင်ရှားသောလမ်းမှားထဲ၌ ရောက်နေပြီဖြစ်သည်ဟု❽(အချင်းချင်း) ပြောဆိုကြသည်။

❼ မိခင်သေဆုံးသွားပြီဖြစ်လို့ သားအငယ်ကို ပိုချစ်ခဲ့တာဖြစ်တယ်။(အလင်းပြကျမ်း) ❽ မှားယွင်းတဲ့ဦးစားပေးမှုဖြစ်နေတယ်လို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

اقْتُلُوا يُوسُفَ أَوِ اطْرَحُوهُ أَرْضًا يَخْلُ لَكُمْ وَجْهُ أَبِيكُمْ وَتَكُونُوا مِن بَعْدِهِ قَوْمًا صَالِحِينَ ﴿٩﴾

(၉) (သူတို့ထဲမှ တစ်ဦးကပြောသည်)- အသင်တို့သည် ယူစွဖ်အား သတ်ပစ်ကြပါ၊ သို့မဟုတ် ၎င်းအား ခေါင်သောနယ်မြေသို့ စွန့်ပစ်လိုက်ကြပါ၊ သို့မှသာ အသင်တို့၏ဖခင်သည် အသင်တို့ဘက်သို့ ပြန်လှည့်ပြီး မျက်နှာသာ ပေးလိမ့်

မည်။[၉] ထို့ပြင် အသင်တို့သည် ထို(သို့ပြုလုပ်ပြီးသည့်)နောက်(အရှင်မြတ်ထံတော်တွင် သောင်ဖဟ်ပြုလုပ်လျက်) ကောင်းမြတ်သောအုပ်စုအဖြစ်နှင့်နေကြပါ။

[၉] သားငယ်မရှိတော့ရင် သားကြီးတွေကို ဦးစားပေးလိမ့်မယ်လို့ ထင်မြင်ယူဆခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ قَآئِلٌ مِّنْهُمْ لَا تَقْتُلُوا يُوسُفَ وَأَلْقُوهُ فِي غَيٰبَتِ الْجُبِّ يَلْتَقِطْهُ بَعْضُ السَّيَّارَةِ إِن كُنتُمْ فَٰعِلِينَ ﴿١٠﴾

(၁၀) သူတို့ထဲမှပင် ပြောဆိုသူတစ်ဦးက ပြောဆိုသည်- အသင်တို့သည် ယူစွဖ်ကို မသတ်ကြပါနှင့်၊ ၎င်းနောက် အသင်တို့သည် တစ်စုံတစ်ခုကို အမှန်မုချပင် ပြုလုပ်ကြတော့မည့်သူများဖြစ်ကြလျှင် အသင်တို့သည် ၎င်းအား ရေတွင်း၏စောက်နက်ထဲသို့ ပစ်ချလိုက်ကြပါ၊ ၎င်းကို ခရီးသည်အုပ်စုထဲမှ တစ်ဦးဦးသည် ဆယ်ယူသွားလိမ့်မည်။[၁၀]

[၁၀] ရေလိုတဲ့အခါ ရေတွင်းထဲက ရေငင်ရင် တွေ့သွားမှာဖြစ်ပြီး ယူသွားကြမှာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالُوا يَٰٓأَبَانَا مَا لَكَ لَا تَأْمَ۫نَّا عَلَىٰ يُوسُفَ وَإِنَّا لَهُۥ لَنَٰصِحُونَ ﴿١١﴾

(၁၁) သူတို့က ပြောဆိုကြသည်- အို-ကျွန်ုပ်တို့၏ဖခင်၊ ဖခင်သည် ယူစွဖ်နှင့်ပတ်သက်၍ကျွန်ုပ်တို့အပေါ်တွင် အဘယ်ကြောင့်စိတ်မချရသနည်း။[၁၁] ၎င်းနောက် အမှန်စင်စစ် ကျွန်ုပ်တို့သည် ၎င်းနှင့်ပတ်သက်၍ ကောင်းကျိုးကိုသာ လိုလားသူများဖြစ်ကြပါသည်။

[၁၁] အရင်ကလည်း သူတို့ကို စိတ်မချလို့ဘယ်မှ မထည့်ခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

أَرْسِلْهُ مَعَنَا غَدًا يَرْتَعْ وَيَلْعَبْ وَإِنَّا لَهُۥ لَحَٰفِظُونَ ﴿١٢﴾

(၁၂) (ဖခင်သည်) ယူစွဖ်ကို နက်ဖြန်(နံနက်) ကျွန်ုပ်တို့နှင့်အတူ စားသောက် ကစားနိုင်ရန်အတွက် လွှတ်ပေးပါ။ ကျွန်ုပ်တို့သည် အမှန်ပင် ၎င်းအား စောင့်ရှောက်မည့်သူများဖြစ်ကြပါသည်။

قَالَ إِنِّي لَيَحْزُنُنِيٓ أَن تَذْهَبُوا بِهِۦ وَأَخَافُ أَن يَأْكُلَهُ الذِّئْبُ وَأَنتُمْ عَنْهُ غَٰفِلُونَ ﴿١٣﴾

(၁၃) ၎င်း(ဖခင်)ကပြောဆိုသည်- အမှန်စင်စစ် ငါသည် အသင်တို့ ယူစွဖ်ကိုခေါ်သွားသည့်အတွက် ဝမ်းနည်းပူဆွေးရမည် အမှန်ပင် ဖြစ်သည်။ ၎င်းနောက် အသင်တို့သည် ၎င်းကို သတိမမူ မေ့လျော့နေလျက်ရှိစဉ် သူ့အား ဝံပုလွေကိုက်စားမည်ကိုလည်း ငါစိုးရိမ်မိသည်။

قَالُوا لَئِنْ أَكَلَهُ الذِّئْبُ وَنَحْنُ عُصْبَةٌ إِنَّآ إِذًا لَّخَٰسِرُونَ ﴿١٤﴾

(၁၄) သူတို့က ပြောဆိုကြသည်- အမှန်ပင် ကျွန်ုပ်တို့သည် အင်အား တောင့်တင်းသော အုပ်စုတစ်စုပင် ဖြစ်ကြပါလျက် အကယ်၍ ၎င်းအား ဝံပုလွေ ကိုက်စားခဲ့လျှင် ကျွန်ုပ်တို့သည် အမှန်ပင် ပျက်စီးဆုံးရှုံးသူများသာ ဖြစ်ကြပါလိမ့် မည်။

فَلَمَّا ذَهَبُوْا بِهٖ وَ اَجْمَعُوْٓا اَنْ يَّجْعَلُوْهُ فِيْ غَيٰبَتِ الْجُبِّ ۚ وَ اَوْحَيْنَآ اِلَيْهِ لَتُنَبِّئَنَّهُمْ بِاَمْرِهِمْ هٰذَا وَهُمْ لَا يَشْعُرُوْنَ ﴿١٥﴾

(၁၅) ထို့နောက် သူတို့သည် ၎င်း(ယူစွဖ်)ကို ခေါ်ဆောင်သွားပြီး ၎င်းကို ရေတွင်း၏ စောက်နက်ထဲ၌ ပစ်ချရန် တညီတညွတ်တည်း(ဆုံးဖြတ်) ပြဋ္ဌာန်းခဲ့ကြသောအခါ ငါအရှင်မြတ်သည် ၎င်း(ယူစွဖ်)ထံသို့ ဝဟီအမိန့်တော် ထုတ်ပြန်ပို့ချပေးတော်မူခဲ့သည်-"သူတို့အနေဖြင့် အသင့်အား မမှတ်မိဘဲရှိနေ စဉ် အသင်သည် သူတို့အား သူတို့၏လုပ်ရပ်နှင့်ပတ်သက်၍ အမှန်ပင် ထုတ် ဖော်ပြောကြားရလိမ့်မည်။"

وَجَآءُوْٓ اَبَاهُمْ عِشَآءً يَّبْكُوْنَ ﴿١٦﴾

(၁၆) ထို့နောက် သူတို့သည် သူတို့၏ဖခင်ထံသို့ ညမှောင်ခါစအချိန်၌ ငိုကြွေးလျက် လာခဲ့ကြသည်။❶

❶ သူတို့ရဲ့ဟန်ဆောင်မှုတွေကြောင့် ဖခင်ရှေ့မှာ မျက်နှာပြဖို့ မလွယ်ကူလို့ ညမှောင်တော့မှ ငိုကြွေး လျက် ပြန်လာခဲ့ကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالُوْا يٰٓاَبَانَآ اِنَّا ذَهَبْنَا نَسْتَبِقُ وَ تَرَكْنَا يُوْسُفَ عِنْدَ مَتَاعِنَا فَاَكَلَهُ الذِّئْبُ ۚ وَ مَآ اَنْتَ بِمُؤْمِنٍ لَّنَا وَلَوْ كُنَّا صٰدِقِيْنَ ﴿١٧﴾

(၁၇) သူတို့က ပြောဆိုကြသည်- အို-ကျွန်ုပ်တို့၏ဖခင်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် ယူစွဖ်ကို ကျွန်ုပ်တို့၏ပစ္စည်းများအနီးတွင် ထားခဲ့ပြီး အပြေးပြိုင် ရန် သွားခဲ့ကြပါသည်။ သို့ဖြစ်ရာ ၎င်းအား ဝံပုလွေသည် ကိုက်စားပစ်လိုက်ပါ သည်။ ထို့နောက် ကျွန်ုပ်တို့သည် မှန်ကန်စွာ ပြောဆိုကြသောသူများဖြစ်လျှင် လည်း ဖခင်သည် ကျွန်ုပ်တို့အား ယုံကြည်မည့်သူ မဟုတ်ပါ။

وَجَآءُوْ عَلٰى قَمِيْصِهٖ بِدَمٍ كَذِبٍ ؕ قَالَ بَلْ سَوَّلَتْ لَكُمْ اَنْفُسُكُمْ اَمْرًا ؕ فَصَبْرٌ جَمِيْلٌ ؕ وَاللّٰهُ الْمُسْتَعَانُ عَلٰى مَا تَصِفُوْنَ ﴿١٨﴾

(၁၈) ထို့ပြင် သူတို့သည် ၎င်း၏အင်္ကျီပေါ် မဟုတ်မမှန်လိမ်လည်လုပ်ကြံ ထားသော သွေးများဖြင့် (သုတ်လိမ်းပြီး)ယူလာခဲ့ကြသည်။ ၎င်း(ဖခင်)ကပြော ဆိုသည်-ဤသို့လုံးဝမဟုတ်ပေ၊ အမှန်စင်စစ် အသင်တို့၏ စိတ်နှလုံးများသည်

အသင်တို့အတွက် အကြောင်းတစ်ခုကို လှည့်စားရန်ပြုလုပ်ခဲ့ခြင်းသာ❶ ဖြစ်သည်။ သို့ဖြစ်ရာ (ငါ့အတွက်မူ) သည်းခံခြင်းသည်ပင် ကောင်းပေသည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်ထံတော်၌ပင် အသင်တို့၏လုပ်ကြံမှုနှင့် ပတ်သက်၍ အကူအညီတောင်းခံပါသည်။

❶ နောင်တော်တွေဟာ ဆိတ် ဒါမှမဟုတ် သမင် စတဲ့ တိရစ္ဆာန်ကို သတ်ဖြတ်ပြီး အဲဒီသွေးနဲ့ ညီတော်ရဲ့အင်္ကျီကို သုတ်လိမ်းကာ ယူလာကြတယ်။ ဝံပုလွေကိုက်သွားကြောင်း သွေးပေနေတဲ့အင်္ကျီကို အထောက်အထားအဖြစ်ပြသဖို့ ဖြစ်တယ်။ ဒါပေမဲ့ ဖခင်ကတော့ ဒါဟာ လုပ်ကြံထားတာပဲ ဖြစ်တယ်ဆိုပြီး ငြင်းဆိုခဲ့တယ်။ (အလင်းပြကျမ်း)

وَجَآءَتۡ سَيَّارَةٞ فَأَرۡسَلُواْ وَارِدَهُمۡ فَأَدۡلَىٰ دَلۡوَهُۥۖ قَالَ يَٰبُشۡرَىٰ هَٰذَا غُلَٰمٞۚ وَأَسَرُّوهُ بِضَٰعَةٗۚ وَ
ٱللَّهُ عَلِيمُۢ بِمَا يَعۡمَلُونَ ١٩

(၁၉) ထို့နောက် ခရီးသည်တစ်စုသည် ရောက်ရှိလာခဲ့သည်။ ၎င်းနောက် ယင်း(ခရီးသည်အုပ်စု)သည် သူတို့၏ ရေခပ်သူကို (ထိုရေတွင်းထံသို့)စေလွှတ်ခဲ့ကြသည်။ သို့ဖြစ်ရာ ၎င်း(ရေခပ်သူ)က သူ၏ရေပုံးကို (ရေတွင်းထဲ) ချခဲ့သည်။ (ထို့နောက် ယူစွဖ်ကို မြင်လိုက်သောအခါ) ၎င်း(ရေခပ်သူ)က (ခရီးသည်အုပ်စုကို ဤသို့ဝမ်းမြောက်စွာ ဟစ်အော်ပြီး) "အို- ဤသည်- လူငယ်တစ်ဦးပင်၊ ဝမ်းသာလိုက်ခြင်း"ဟု ပြောဆိုခဲ့သည်။ ထို့နောက် သူတို့သည် ယူစွဖ်ကို အရောင်းအဝယ်ကုန်ပစ္စည်းအဖြစ် လျှို့ဝှက်ထားခဲ့ကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့ပြုမူသည်များကို အကြွင်းမဲ့သိရှိတော်မူသောအရှင်ဖြစ်တော်မူသည်။

وَشَرَوۡهُ بِثَمَنِۢ بَخۡسٖ دَرَٰهِمَ مَعۡدُودَةٖ وَكَانُواْ فِيهِ مِنَ ٱلزَّٰهِدِينَ ٢٠

(၂၀) ထို့နောက် ယင်း(နောင်တော်များ)သည် ၎င်း(ယူစွဖ်)အား တန်ဖိုးဒိရ်ဟမ်ငွေဒင်္ဂါးအနည်းငယ်ဖြင့်ပင် ရောင်းချခဲ့ကြသည်။ ထို့ပြင် သူတို့သည် ၎င်း(ယူစွဖ်)ကို မလိုလားသောသူများပင် ဖြစ်ခဲ့ကြသည်။

وَقَالَ ٱلَّذِي ٱشۡتَرَىٰهُ مِن مِّصۡرَ لِٱمۡرَأَتِهِۦٓ أَكۡرِمِي مَثۡوَىٰهُ عَسَىٰٓ أَن يَنفَعَنَآ أَوۡ نَتَّخِذَهُۥ وَلَدٗاۚ وَ
كَذَٰلِكَ مَكَّنَّا لِيُوسُفَ فِي ٱلۡأَرۡضِ وَلِنُعَلِّمَهُۥ مِن تَأۡوِيلِ ٱلۡأَحَادِيثِۚ وَٱللَّهُ غَالِبٌ عَلَىٰٓ أَمۡرِهِۦ وَ
لَٰكِنَّ أَكۡثَرَ ٱلنَّاسِ لَا يَعۡلَمُونَ ٢١

(၂၁) အီဂျစ်ပြည်မှ ၎င်း(ယူစွဖ်)ကို ဝယ်ယူသူက❷ သူ၏ဇနီးကို "အသင်မသည် ၎င်းအား ၎င်း၏နေရာအဆင့်အတန်းကို ဂုဏ်ရှိရှိထားပါ၊ ၎င်းသည် ငါတို့ကို အကျိုးပေးကောင်း ပေးလိမ့်မည်။ သို့မဟုတ် ငါတို့သည် ၎င်းအား သားအဖြစ်မွေးစားလိုက်ကြမည်"ဟု ပြောဆိုသည်။ ထို့ပြင် ငါအရှင်မြတ်သည် ယူစွဖ်ကို

ထိုသို့ပင် တိုင်းပြည်တွင် နေရာပေးတော်မူခဲ့သည်။❸ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအား စကားများ၏အနက်အဓိပ္ပာယ်(အိပ်မက်၏အတိတ်ကောက်သောပညာရပ်)ကို သင်ကြားပြသတော်မူရန်အတွက် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အရေးကိစ္စကို နိုင်နင်းတော်မူသောအရှင်မြတ် ဖြစ်တော်မူသည်။ သို့ရာတွင် လူသားများထဲမှ အမြောက်အမြားသည် မသိကြပေ။❹

❸ ယူစွဖ် عليه السلام ကို ဝယ်ယူသူဟာ အီဂျစ်ပြည်အစိုးရ အရာရှိတစ်ဦးဖြစ်ပြီး ကုရ်အာန်က အဲဒီပုဂ္ဂိုလ်ရဲ့ဘွဲ့ကို အဇီးဇ်လို့ ဖော်ပြခဲ့တယ်။(အိပ်နုကဆီးရ်) ❻ အရှင်မြတ်က ယူစွဖ် عليه السلام ကို ရေတွင်းထဲက ကယ်တင်ခဲ့သလို အခုလည်း အီဂျစ်ပြည်အမတ်ကြီး အဇီးဇ်ရဲ့ အိမ်မှာ ဂုဏ်ရှိရှိ နေရာပေးထားတော်မူတယ်။ (အလင်းပြကျမ်း) ❹ ဘယ်သူက ဖိနှိပ်ပြီး ချောက်ချတာပဲဖြစ်ဖြစ် အရှင်မြတ်က ထိပ်ခေါင်ကို တင်မယ်ဆိုရင် အရှင်မြတ်ရဲ့အမိန့်ကသာ လွှမ်းမိုးသွားမယ်ဆိုတာကို လူအများဟာ မသိကြတဲ့အတွက် ဖိနှိပ်မှုတွေပြုလုပ်ကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَمَّا بَلَغَ اَشُدَّهٗۤ اٰتَيْنٰهُ حُكْمًا وَّعِلْمًا ؕ وَكَذٰلِكَ نَجْزِى الْمُحْسِنِيْنَ ﴿٢٢﴾

(၂၂) ထို့နောက် ၎င်းသည် ၎င်း၏လူလားမြောက်သောအရွယ်သို့ရောက်သောအခါငါအရှင်မြတ်သည်၎င်းအားဉာဏ်အမြော်အမြင်နှင့်အသိပညာကိုပေးသနားတော်မူခဲ့သည်။❺ ထို့ပြင် ငါအရှင်မြတ်သည် ကောင်းကျိုးဆောင်ရွက်သောသူများကို ထိုသို့ပင် အကျိုးကျေးဇူးပေးသနားတော်မူသည်။

❺ ယူစွဖ် عليه السلام ဟာ ကြီးပြင်းလာတဲ့အခါမှာ အရှင်မြတ်က ဉာဏ်အမြော်အမြင်နဲ့ ပညာအရည်အချင်းတွေကို ပေးသနားတော်မူခဲ့တယ်။ အဲဒီအရည်အချင်းတွေနဲ့ သူဟာ ပြဿနာအမြောက်အမြားကို ဖြေရှင်းပေးခဲ့တယ်။ ၎င်းရဲ့သတင်းဟာ အလွန်မွှေးကြိုင်ပြီး ပျံ့နှံ့ကျော်ကြားလာခဲ့တယ်။ (အလင်းပြကျမ်း)

وَرَاوَدَتْهُ الَّتِىْ هُوَ فِىْ بَيْتِهَا عَنْ نَّفْسِهٖ وَغَلَّقَتِ الْاَبْوَابَ وَقَالَتْ هَيْتَ لَكَ ؕ قَالَ مَعَاذَ اللّٰهِ اِنَّهٗ رَبِّىْۤ اَحْسَنَ مَثْوَاىَ ؕ اِنَّهٗ لَا يُفْلِحُ الظّٰلِمُوْنَ ﴿٢٣﴾

(၂၃) ထို့နောက် အကြင်မိန်းမသည် ၎င်း(ယူစွဖ်)ကို ၎င်း၏ အလိုမတူဘဲ ဆွဲဆောင်ခဲ့သည်။❻ ထိုသူမ၏အိမ်၌ ၎င်းသည် (နေထိုင်လျက်)ရှိခဲ့သည်။ ထို့နောက် သူမသည် တံခါးများကိုပိတ်ပြီး ၎င်းအား "လာပါ၊ အသင့်အတွက် (အဆင်သင့်)ပါ"ဟု ပြောဆို (ဖိတ်ခေါ်)ခဲ့သည်။ ၎င်းကပြောဆိုသည်- (ဤအပြစ်မှ လွတ်ကင်းရန်) အလ္လာဟ်အရှင်မြတ်ထံတော်၌ ကျွန်ုပ်ခိုလှုံပါသည်။ အမှန်စင်စစ် အရှင်မြတ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် ကျွန်ုပ်၏ နေရာထိုင်ခင်းကို ကောင်းမွန်စွာပြုလုပ်ပေးသနားတော်မူခဲ့သည်။ အမှန်စင်စစ် မတရားကျူးလွန်

သူများသည် အောင်မြင်ကြမည်မဟုတ်ပေ။

❶ တမန်တော်ယူစွဖ် ﷺ ဟာ အမတ်ကြီးအဇီးဇ်ရဲ့အိမ်ကိုရောက်တဲ့အခါမှာ ကလေးအရွယ်ပဲရှိခဲ့သေးတဲ့အတွက် သူတို့က သားအဖြစ်မွေးစားကြမယ်လို့ ပြောဆိုခဲ့ကြတာဖြစ်တယ်။ အဲဒီအိမ်မှာ ၎င်းကို သားပမာ ကောင်းကောင်းဂရုစိုက်ပြီး မွေးမြူရင်းနဲ့ကြီးပြင်းလာတဲ့အခါမှာ အလွန်ချောမောလှပလာတာကို အဇီးဇ်ရဲ့မိန်းမက သတိထားမိသွားပြီး သဘောကျခဲ့တယ်။ အဲဒီနောက် သူမဟာ ၎င်းရဲ့ချောမောလှပမှုထဲမှာ မျောပြီး သူမရဲ့ ရင်ထဲကချစ်စိတ်ကို မထိန်းနိုင်ဘဲ နောက်ဆုံး ၎င်းကို တရားမဝင်ဆက်ဆံဖို့ ဆွဲဆောင်မြူဆွယ်တဲ့အဆင့်ထိ ရောက်သွားခဲ့ရတယ်။ (အလင်းပြကျမ်း)

وَلَقَدۡ هَمَّتۡ بِهِۦۖ وَهَمَّ بِهَا لَوۡلَآ أَن رَّءَا بُرۡهَٰنَ رَبِّهِۦۚ كَذَٰلِكَ لِنَصۡرِفَ عَنۡهُ ٱلسُّوٓءَ وَٱلۡفَحۡشَآءَۚ إِنَّهُۥ مِنۡ عِبَادِنَا ٱلۡمُخۡلَصِينَ ﴿٢٤﴾

(၂၄) ထို့ပြင် အမှန်စင်စစ် သူမသည် ၎င်းနှင့်ဆက်ဆံရန် စိတ်ဆုံးဖြတ်ခဲ့သည်။ အမှန်မှာ အကယ်၍သာ ၎င်း(ယူစွဖ်)သည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ သက်သေလက္ခဏာကို မမြင်တွေ့ခဲ့ရလျှင်❷ ၎င်း(ယူစွဖ်)သည်လည်း သူမနှင့် ဆက်ဆံရန် ကြံရွယ်ခဲ့မည်ဖြစ်သည်။ ငါအရှင်မြတ်သည် မကောင်းမှုများနှင့်စက်ဆုပ်ဖွယ်ရာ အမှုကိစ္စများကို ၎င်း(ယူစွဖ်)နှင့် ကင်းဝေးစေတော်မူရန်အတွက် ထိုသို့ပင် ပြုလုပ်တော်မူခဲ့သည်။ အမှန်စင်စစ် ၎င်းသည် ငါအရှင်မြတ် ရွေးချယ်ထားတော်မူသော ကျွန်များထဲ၌ အပါအဝင်ဖြစ်သည်။

❷ သက်သေလက္ခဏာဆိုတာ အရှင်မြတ်က ၎င်းကို အသိပညာပေးထားတဲ့ အမိန့်ပညတ်တော် " တရားမဝင် ကာမကျူးလွန်ခြင်းဟာ အလွန်စက်ဆုပ်ဖွယ်ရာဖြစ်တဲ့အပြင် အလွန်အပြစ်ကြီးတဲ့ မကောင်းမှုဖြစ်ပြီး ဟရာမ်တားမြစ်ထားတဲ့အရာဖြစ်တယ် " ဆိုတဲ့ တရားတော်ပဲဖြစ်တယ်။ အဲဒါကို စိတ်ထဲမှာ သတိရပြီး တိမ်းရှောင်ခဲ့တာဖြစ်တယ်။ နောက်ဖွင့်ဆိုချက်တစ်ခုက သက်သေလက္ခဏာဆိုတာ - အရှင်မြတ်က ပေးသနားတော်မူတဲ့ ဒီလိုအသိစိတ် "အမှန်စင်စစ် အရှင်မြတ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် ကျွန်ုပ်၏ နေရာထိုင်ခင်းကို ကောင်းမွန်စွာပြုလုပ်ပေးသနားတော်မူခဲ့သည်။ အမှန်စင်စစ် မတရားကျူးလွန်သူများသည် အောင်မြင်ကြမည်မဟုတ်ပေ။ " إِنَّهُۥ رَبِّيٓ أَحۡسَنَ مَثۡوَايَۖ إِنَّهُۥ لَا يُفۡلِحُ ٱلظَّٰلِمُونَ ဆိုတဲ့ အထက်က အာယသ်တော်ပဲဖြစ်တယ်။ (အလင်းပြကျမ်း)

وَٱسۡتَبَقَا ٱلۡبَابَ وَقَدَّتۡ قَمِيصَهُۥ مِن دُبُرٖ وَأَلۡفَيَا سَيِّدَهَا لَدَا ٱلۡبَابِۚ قَالَتۡ مَا جَزَآءُ مَنۡ أَرَادَ بِأَهۡلِكَ سُوٓءًا إِلَّآ أَن يُسۡجَنَ أَوۡ عَذَابٌ أَلِيمٞ ﴿٢٥﴾

(၂၅) ထို့နောက် သူတို့နှစ်ဦးသည် တံခါးပေါက်ရှိရာသို့ (ရှေ့နောက်) ပြေးခဲ့ကြသည်။ ထို့နောက် သူမသည် ၎င်း၏အင်္ကျီကို နောက်မှ (လှမ်းပြီး ဆွဲ) ဆုတ်ပစ်လိုက်သည်။ ထို့နောက် သူတို့နှစ်ဦးသည် တံခါးဝ၌ သူမ၏ ခင်ပွန်းကို

တွေ့ရှိခဲ့ကြသည်။ (ထိုအခါ) သူမက ပြောဆိုခဲ့သည်- "အသင်၏အိမ်သူအား မကောင်းကြံသူ၏အစားပေးခြင်းမှာ အကျဉ်းချထားခံရခြင်း သို့မဟုတ် နာကျင်စေသော ပြစ်ဒဏ်မှလွဲ၍ မည်သည့်ပြစ်ဒဏ်ရှိဦးမည်နည်း။"

قَالَ هِيَ رَاوَدَتْنِي عَن نَّفْسِي ۚ وَشَهِدَ شَاهِدٌ مِّنْ أَهْلِهَا إِن كَانَ قَمِيصُهُ قُدَّ مِن قُبُلٍ فَصَدَقَتْ وَهُوَ مِنَ الْكَاذِبِينَ ﴿٢٦﴾

(၂၆) (ထိုအခါ) ၎င်း(ယူစွဖ်)က ပြောဆိုခဲ့သည်- "သူမသည်ပင် ကျွန်ုပ်အား ကျွန်ုပ်၏အလိုမတူဘဲနှင့် ဆွဲဆောင်ခဲ့ခြင်းဖြစ်သည်။" ထို့နောက် သူမ၏ဆွေမျိုးများထဲမှ သက်သေတစ်ဦးက သက်သေခံခဲ့သည်- "အကယ်၍ ၎င်း၏အင်္ကျီသည် ရှေ့မှစုတ်ပြဲနေခဲ့သည်ဆိုလျှင် သူမသည် မှန်ကန်သောသူဖြစ်ပြီး ၎င်းသည် လိမ်လည်သောသူဖြစ်သည်။"

وَإِن كَانَ قَمِيصُهُ قُدَّ مِن دُبُرٍ فَكَذَبَتْ وَهُوَ مِنَ الصَّادِقِينَ ﴿٢٧﴾

(၂၇) "ထို့ပြင် အကယ်၍ ၎င်း၏အင်္ကျီသည် နောက်မှ စုတ်ပြဲနေခဲ့သည်ဆိုလျှင် သူမသည် လိမ်လည်သောသူဖြစ်ပြီး ၎င်းသည် မှန်ကန်သောသူဖြစ်သည်။"

فَلَمَّا رَأَىٰ قَمِيصَهُ قُدَّ مِن دُبُرٍ قَالَ إِنَّهُ مِن كَيْدِكُنَّ ۖ إِنَّ كَيْدَكُنَّ عَظِيمٌ ﴿٢٨﴾

(၂၈) ထို့နောက် (သူမ၏ခင်ပွန်းသည်) ၎င်း(ယူစွဖ်)၏အင်္ကျီသည် နောက်မှ စုတ်ပြဲနေသည်ကို တွေ့မြင်သောအခါ သူက ပြောဆိုခဲ့သည်- "စင်စစ် (အသင်၏အိမ်သူအား မကောင်းကြံသူဟု အသင်မ ပြောလိုက်သော) ၎င်း(စကား)သည် အသင်မတို့၏ ကောက်ကျစ်စဉ်းလဲသော ဉာဏ်ပင်ဖြစ်သည်။ အမှန်ပင် အသင်မတို့၏ ကောက်ကျစ်စဉ်းလဲသော ဉာဏ်သည် ကြီးမားလှသည်။"

يُوسُفُ أَعْرِضْ عَنْ هَٰذَا ۚ وَاسْتَغْفِرِي لِذَنبِكِ ۖ إِنَّكِ كُنتِ مِنَ الْخَاطِئِينَ ﴿٢٩﴾

(၂၉) (၎င်းနောက် သူက ဆက်လက်ပြောဆိုခဲ့သည်) "(အို-)ယူစွဖ်၊ အသင်သည် ဤသည်ကို ဂရုမစိုက်ဘဲ ရှောင်သွားလိုက်ပါ။ ၎င်းနောက် အသင်မသည် အသင်မ၏အပြစ်ကို လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံပါ။ အမှန်စင်စစ် အသင်မသည် အပြစ်ကျူးလွန်သူတစ်ဦးဖြစ်သည်။"

وَقَالَ نِسْوَةٌ فِي الْمَدِينَةِ امْرَأَتُ الْعَزِيزِ تُرَاوِدُ فَتَاهَا عَن نَّفْسِهِ ۖ قَدْ شَغَفَهَا حُبًّا ۖ إِنَّا لَنَرَاهَا فِي ضَلَالٍ مُّبِينٍ ﴿٣٠﴾

(၃၀) ထို့ပြင် မြို့တွင်း၌ ရှိကြသော အချို့မိန်းမများသည် (ဤသို့)ပြော

ဆိုကြသည်-"အဇီးဇ်၏ကြင်ရာသည် သူမ၏ကျွန်ကို ၎င်း၏စိတ်နှင့်ဆန့်ကျင်ပြီး (၎င်း၏ဆန္ဒမပါဘဲ) ဆွဲဆောင်နေသည်။ အမှန်စင်စစ် ထိုကျွန်သည် သူမ၏ စိတ်နှလုံးကို အချစ်ဖြင့် ဖုံးလွှမ်းလိုက်ပြီဖြစ်သည်။ အမှန်စင်စစ် ကျွန်မတို့သည် ထိုသူမကို ထင်ရှားသော မှားယွင်းမှုထဲ၌ တွေ့မြင်ကြရသည်။

فَلَمَّا سَمِعَتْ بِمَكْرِهِنَّ أَرْسَلَتْ إِلَيْهِنَّ وَأَعْتَدَتْ لَهُنَّ مُتَّكَأً وَآتَتْ كُلَّ وَاحِدَةٍ مِّنْهُنَّ سِكِّينًا وَقَالَتِ اخْرُجْ عَلَيْهِنَّ ۖ فَلَمَّا رَأَيْنَهُ أَكْبَرْنَهُ وَقَطَّعْنَ أَيْدِيَهُنَّ وَقُلْنَ حَاشَ لِلَّهِ مَا هَٰذَا بَشَرًا إِنْ هَٰذَا إِلَّا مَلَكٌ كَرِيمٌ ﴿٣١﴾

(၃၁) ထို့နောက် ယင်း(အဇီးဇ်၏ကြင်ရာ)သည် ထို(မြို့ထဲမှ)မိန်းမများ၏ ပရိယာယ်ဉာဏ်ဆင်မှုကို[၁] ကြားသိရသောအခါ သူမတို့အား (မိမိ၏အိမ်၌ ညှေ့ခံကျွေးမွေးရန်)ဖိတ်ခေါ်ခဲ့သည်။ ၎င်းနောက် သူမတို့အတွက် (စည်းစိမ်ဖြင့် ထိုင်နိုင်ရန်)မှီအုံးများကို အဆင်သင့် ပြင်ဆင်ထားခဲ့သည်။ ၎င်းနောက် ထိုမိန်းမတိုင်းကို (သစ်သီးဝလံများအား လှီးပြီးစားရန်) ဓားတစ်ချောင်းစီပေးပြီးနောက် (ယူစွဖ်အား)အသင်သည် သူမတို့၏ ရှေ့သို့ထွက်ခဲ့ဟု ပြောဆိုခဲ့သည်။ ထို့နောက် သူမတို့သည် ၎င်းကို တွေ့မြင်ကြသောအခါ၊ ၎င်းနှင့်ပတ်သက်၍ အံ့သြသွားခဲ့ကြသည်။ ထို့နောက် သူမတို့သည် (သစ်သီးဝလံများကို လှီးမည့်အစား) သူမတို့၏ လက်များကို အကြိမ်ကြိမ် လှီးမိကုန်ကြသည်။ ထို့နောက် သူမတို့က အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံပါသည်၊ ဤသည် လူသားတစ်ဦးမဖြစ်နိုင်ပေ၊ ဤသည် မြင့်မြတ်သော ကောင်းကင်တမန်တစ်ပါးသာ ဖြစ်သည်ဟု ပြောဆိုကြသည်။[၂]

[၁] မိန်းမတွေရဲ့ပရိယာယ်ဉာဏ်ဆင်မှုလို့ သုံးထားတာဟာ သူတို့ဟာ သမားရိုးကျ အတင်းပြောရုံသက်သက်မဟုတ်ဘဲ၊ တမန်တော်ယူစွဖ် ﷺရဲ့ အလှအပကို ကြားပြီးဖြစ်တဲ့အတွက် မြင်ချင်ကြလို့ အဇီးဇ်ရဲ့မိန်းမက မခံချင်စိတ်နဲ့ တမန်တော်ယူစွဖ် ﷺကို သူမတို့ကို ထုတ်ပြရအောင် ပရိယာယ်သုံးလိုက်ကြတာဖြစ်တယ်။ အဲဒီလောက် ချောတဲ့သူကို အချိန်ပြည့်မြင်နေရလို့ စိတ်ဝင်စားတာဘာဆန်းလဲ၊ အသင်မတို့ ခဏလေးမြင်ရင်တောင် ဘယ်လိုနေမလဲ ကြည့်ပေါ့ဆိုပြီး ထုတ်ပြဖို့စီစဉ်တာဖြစ်တယ်။ (အိဗ်နုကဆီးရ်) [၂] အဲဒီလောက်ချောမောလှပတာကို မမြင်ဖူးတဲ့အတွက် ကောင်းကင်တမန်လို့တောင် ထင်မှတ်သွားရတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَتْ فَذَٰلِكُنَّ الَّذِي لُمْتُنَّنِي فِيهِ ۖ وَلَقَدْ رَاوَدتُّهُ عَن نَّفْسِهِ فَاسْتَعْصَمَ ۖ وَلَئِن لَّمْ يَفْعَلْ مَا آمُرُهُ لَيُسْجَنَنَّ وَلَيَكُونًا مِّنَ الصَّاغِرِينَ ﴿٣٢﴾

(၃၂) ယင်း(အဇီးဇ်၏မိန်းမ)ကပြောသည်- ၎င်းသည်ထိုသူပင်၊ အသင်မတို့သည် ကျွန်မကို ထိုသူနှင့်ပတ်သက်၍ ကဲ့ရဲ့ပြစ်တင်ခဲ့ကြသည်။ ၎င်းနောက်

အမှန်မှာ ကျွန်မကပင် ၎င်းအား ၎င်း၏အလိုမတူဘဲ ဆွဲဆောင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်လည်း ၎င်းသည် လုံး၀ အပြစ်ကင်းရှင်းစွာပင် နေခဲ့သည်။ ထို့နောက် အကယ်၍ ၎င်းသည်(အနာဂတ်တွင်) ကျွန်မအမိန့်ပေးသည်ကို မပြုလုပ်ခဲ့လျှင် အမှန်စင်စစ် ၎င်းသည် အကျဉ်းချခံရမည့်အပြင် သေးသိမ်သူတစ်ဦးလည်း ဖြစ်ရလိမ့်မည်။

قَالَ رَبِّ السِّجْنُ اَحَبُّ اِلَيَّ مِمَّا يَدْعُوْنَنِيْٓ اِلَيْهِ ۚ وَاِلَّا تَصْرِفْ عَنِّيْ كَيْدَهُنَّ اَصْبُ اِلَيْهِنَّ وَ اَكُنْ مِّنَ الْجٰهِلِيْنَ ﴿٣٣﴾

(၃၃) (ထိုအခါ) ၎င်း(ယူစွဖ်)က (အရှင်မြတ်ထံတော်၌ ဤသို့)ပြောဆိုလျှောက်ထားသည်-(အို-)ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ထိုသူမတို့သည် ကျွန်ုပ်အား ဖိတ်ခေါ်နေသောကိစ္စ(ကို လိုက်နာခြင်း)ထက် ကျွန်ုပ်အတွက် အကျဉ်းထောင်သည် ပိုပြီး နှစ်သက်ဖွယ်ရာဖြစ်ပါသည်။ ထို့ပြင် အကယ်၍ အရှင်မြတ်သည် ထိုသူမတို့၏ ပရိယာယ်ကို ကျွန်ုပ်ထံမှ ဖယ်ရှားပေးတော်မမူခဲ့ပါလျှင် (ကျွန်ုပ်ကို ကာကွယ်မှုပြုပေးတော်မမူခဲ့ပါလျှင်) ကျွန်ုပ်သည် သူတို့ဘက်သို့ ယိမ်းယိုင်သွားမိပါလိမ့်မည်။ ထို့နောက် ကျွန်ုပ်သည် မသိမိုက်မဲသူများထဲ၌ တစ်ဦးအပါအဝင် ဖြစ်သွားရပါလိမ့်မည်။❷

❷ အရှင်မြတ်က တမန်တော်တွေကို အပြစ်ကင်းတဲ့သူတွေဖြစ်အောင် အမြဲထိန်းသိမ်းစောင့်ရှောက် ကာကွယ်ပေးလျက်ရှိတယ်ဆိုတဲ့ အထောက်အထားဖြစ်တယ်။ (အလင်းပြကျမ်း)

فَاسْتَجَابَ لَهٗ رَبُّهٗ فَصَرَفَ عَنْهُ كَيْدَهُنَّ ۗ اِنَّهٗ هُوَ السَّمِيْعُ الْعَلِيْمُ ﴿٣٤﴾

(၃၄) ထို့နောက် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က ၎င်း၏ လျှောက်ထားချက်ကို လက်ခံပြီး ထိုသူမတို့၏ပရိယာယ်ကို ၎င်း၏ထံမှ ဖယ်ရှားပေးတော်မူခဲ့သည်။ အမှန်စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူသည်။

ثُمَّ بَدَا لَهُمْ مِّنْۢ بَعْدِ مَا رَاَوُا الْاٰيٰتِ لَيَسْجُنُنَّهٗ حَتّٰى حِيْنٍ ﴿٣٥﴾

(၃၅) ထို့နောက် သူတို့သည် (အပြစ်မရှိကြောင်း)သက်သေအထောက်အထားများကို တွေ့မြင်ကြပြီးနောက် သူတို့သည် ၎င်း(ယူစွဖ်)အား အချိန်အနည်းငယ် အကျဉ်းချထားရန် သင့်တော်မည်ဟု အတွေးပေါ်လာခဲ့ကြသည်။❻

❻ အဇီးဇ်မင်းကြီးနဲ့ အပေါင်းအပါတို့ဟာ တမန်တော်ယူစွဖ် عليه السلام မှာ အပြစ်မရှိကြောင်း အထောက်အထား တွေ့ပြီးတဲ့နောက် တိုင်းသူပြည်သားတွေက တမန်တော်ယူစွဖ် عليه السلام မှာပဲ အပြစ်ရှိတယ်၊ ဇုလိုင်ခါဟာ အကြောင်းမဲ့ နာမည်ပျက်ရတာဖြစ်တယ်လို့ ထင်မြင်ကြစေဖို့ တမန်တော်ယူစွဖ် عليه السلام

ကို အချိန်ကာလတစ်ခုထိ အကျဉ်းချထားသင့်တယ်လို့ ယူဆခဲ့ကြတယ်။ အဲဒါကြောင့် အကျဉ်းချခဲ့ကြတယ်။ အဇီးဇ်မင်းကြီးက ဒီလိုအကျဉ်းချလိုက်ရင် ဇုလိုင်ခါရဲ့အမည်းစက် လည်းပျောက်သွားမယ်၊ တမန်တော်ယူစွဖ် ﷺ လည်းဇုလိုင်ခါရဲ့ရှေ့ကနေ ပျောက်သွားမယ်လို့ယူဆခဲ့လိမ့်မယ်။ ဇုလိုင်ခါကလည်း တမန်တော် ယူစွဖ် ﷺ ဟာ အကျဉ်းထောင်ထဲမှာ ဒုက္ခခံစားရတဲ့အခါ သူမဘက်ကို ယိမ်းလာလိမ့်မယ်လို့ ယူဆခဲ့လိမ့်မယ်။ ဒါပေမဲ့ သူတို့ရည်ရွယ်တာမအောင်မြင်တဲ့အပြင် တမန်တော်ယူစွဖ် ﷺ ဟာ ထောင်ထဲကနေ ဘုရင်ခံထိဖြစ်သွားရလောက်အောင် အရှင်မြတ်က မြှင့်တင်ပေးတော်မူခဲ့တယ်။ (အလင်းပြကျမ်း)

وَدَخَلَ مَعَهُ السِّجْنَ فَتَيٰنِ ۗ قَالَ اَحَدُهُمَآ اِنِّيْٓ اَرٰىنِيْٓ اَعْصِرُ خَمْرًا ۚ وَقَالَ الْاٰخَرُ اِنِّيْٓ اَرٰىنِيْٓ اَحْمِلُ فَوْقَ رَاْسِيْ خُبْزًا تَاْكُلُ الطَّيْرُ مِنْهُ ۗ نَبِّئْنَا بِتَاْوِيْلِهٖ ۚ اِنَّا نَرٰىكَ مِنَ الْمُحْسِنِيْنَ ﴿٣٦﴾

(၃၆) ထို့ပြင် ၎င်းနှင့်အတူ လူငယ်နှစ်ဦးသည်လည်း အကျဉ်းထောင်ထဲသို့ ဝင်ရောက်ခဲ့ကြသည်။ သူတို့ထဲမှ တစ်ဦးက ပြောပြသည်- "အမှန်စင်စစ် ကျွန်ုပ်သည် (အိပ်မက်ထဲ၌) ကျွန်ုပ်ကိုယ်ကျွန်ုပ် အရက်ပြုလုပ်ရန် စပျစ်ရည်ညှစ်နေသည်ကို တွေ့မြင်ရသည်။" ၎င်းနောက် အခြားတစ်ဦးကပြောသည်- "ကျွန်ုပ်သည် ကျွန်ုပ်၏ဦးခေါင်းပေါ်၌ မုန့်(ဗန်း)အား ရွက်ထားသောအခါ ငှက်များသည် ထိုမုန့်များထဲမှ (နှုတ်သီးဖြင့်ထိုးပြီး) စားနေကြသည်ကို အမှန်စင်စစ် ကျွန်ုပ်သည် (အိပ်မက်ထဲ၌) ကျွန်ုပ်ကိုယ်ကို တွေ့မြင်ရပါသည်။ ထိုအိပ်မက်၏အတိတ်ကို ကျွန်ုပ်တို့အား ပြောပြပါ။ အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား ကောင်းကျိုးဆောင်ရွက်သောသူများထဲမှဖြစ်သည်ဟု မြင်ကြပါသည်။"❶

❶ အကျဉ်းဖော်နှစ်ဦးဟာ တမန်တော်ယူစွဖ် ﷺ ရဲ့အနေအထိုင် အပြောအဆိုတွေကို မြင်ပြီး သူ့ကို အလွန်ပဲ ကြည်ညိုလေးစားတဲ့အတွက် ကောင်းကျိုးဆောင်ရွက်တဲ့သူလို့ ပြောဆိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ لَا يَاْتِيْكُمَا طَعَامٌ تُرْزَقٰنِهٖٓ اِلَّا نَبَّاْتُكُمَا بِتَاْوِيْلِهٖ قَبْلَ اَنْ يَّاْتِيَكُمَا ۗ ذٰلِكُمَا مِمَّا عَلَّمَنِيْ رَبِّيْ ۗ اِنِّيْ تَرَكْتُ مِلَّةَ قَوْمٍ لَّا يُؤْمِنُوْنَ بِاللّٰهِ وَهُمْ بِالْاٰخِرَةِ هُمْ كٰفِرُوْنَ ﴿٣٧﴾

(၃၇) ၎င်း(ယူစွဖ်)ကပြောသည်- အသင်တို့နှစ်ဦး ကျွေးမွေးခြင်းခံကြရသော အစားအစာသည် အသင်တို့နှစ်ဦးထံသို့ ရောက်မလာမီပင် ကျွန်ုပ်သည် အသင်တို့အား ထိုအိပ်မက်၏အတိတ်ကို ပြောပြမည်။ ၎င်းသည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က ကျွန်ုပ်ကို သင်ကြားပေးတော်မူခဲ့သော ပညာများထဲမှဖြစ်သည်။ အမှန်စင်စစ် ကျွန်ုပ်သည်(ယခင်ကတည်းက) အလ္လာဟ် အရှင်မြတ်ကို မယုံကြည်ကြသောသူများ၏သာသနာကို စွန့်ပစ်ထားခဲ့သည်။ ထို့ပြင် သူတို့သည် တမလွန်ဘဝကိုလည်း ငြင်းပယ်သူများပင် ဖြစ်ကြသည်။

وَاتَّبَعۡتُ مِلَّةَ اٰبَآءِیۡۤ اِبۡرٰهِیۡمَ وَاِسۡحٰقَ وَیَعۡقُوۡبَ ؕ مَا كَانَ لَنَاۤ اَنۡ نُّشۡرِكَ بِاللّٰهِ مِنۡ شَیۡءٍ ؕ ذٰلِكَ مِنۡ
فَضۡلِ اللّٰهِ عَلَیۡنَا وَعَلَی النَّاسِ وَلٰكِنَّ اَكۡثَرَ النَّاسِ لَا یَشۡكُرُوۡنَ ﴿۳۸﴾

(၃၈) ထို့ပြင် ကျွန်ုပ်သည် ကျွန်ုပ်၏ဘေးတော်၊ ဘိုးတော်နှင့် အဘများဖြစ်ကြသော(တမန်တော်)အိဗ်ရာဟီမ်၊ (တမန်တော်)အစ္စဟာက်၊ (တမန်တော်) ယအ်ကူဗ်တို့၏သာသနာကိုပင် လိုက်နာခဲ့သည်။ ကျွန်ုပ်တို့အတွက် မည်သည့်အရာကိုမျှ အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်(ကိုးကွယ်)ရန် မထိုက်ပေ။ ၎င်း(သာသနာ)သည် ကျွန်ုပ်တို့အပေါ်နှင့် လူအားလုံးအပေါ်တွင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်တစ်ခု ဖြစ်သည်။ သို့ရာတွင် လူများထဲမှ အများစုသည် ကျေးဇူးတော်ကို မသိတတ်ကြပေ။

یٰصَاحِبَیِ السِّجۡنِ ءَاَرۡبَابٌ مُّتَفَرِّقُوۡنَ خَیۡرٌ اَمِ اللّٰهُ الۡوَاحِدُ الۡقَهَّارُ ﴿۳۹﴾

(၃၉) အို-ထောင်ကျဖော်ကျဖက်မိတ်ဆွေနှစ်ဦး၊ အကွဲကွဲအပြားပြားကိုးကွယ်ရာများသည် ပို၍ကောင်းပါသလော၊ သို့မဟုတ် အဖန်ဆင်းခံအားလုံးအပေါ် လွှမ်းမိုးထားတော်မူသော တစ်ပါးတည်းအရှင်ဖြစ်သော အလ္လာဟ်အရှင်မြတ်သည် ပိုကောင်းတော်မူပါသလော။

مَا تَعۡبُدُوۡنَ مِنۡ دُوۡنِهٖۤ اِلَّاۤ اَسۡمَآءً سَمَّیۡتُمُوۡهَاۤ اَنۡتُمۡ وَاٰبَآؤُكُمۡ مَّاۤ اَنۡزَلَ اللّٰهُ بِهَا مِنۡ سُلۡطٰنٍ ؕ اِنِ
الۡحُكۡمُ اِلَّا لِلّٰهِ ؕ اَمَرَ اَلَّا تَعۡبُدُوۡۤا اِلَّاۤ اِیَّاهُ ؕ ذٰلِكَ الدِّیۡنُ الۡقَیِّمُ وَلٰكِنَّ اَكۡثَرَ النَّاسِ لَا یَعۡلَمُوۡنَ ﴿۴۰﴾

(၄၀) အသင်တို့သည် အရှင်မြတ်အား စွန့်၍ အသင်တို့၏ အဘ၊ ဘိုး၊ ဘေးများနှင့် အသင်တို့ကိုယ်တိုင် အမည်မှည့်ထားသောအရာများကိုသာ ကိုးကွယ်နေကြသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုအရာများနှင့်ပတ်သက်၍ မည်သည့်သက်သေအထောက်အထားမျှ ချပေးတော်မမူခဲ့ပေ။ အမိန့်အာဏာကို အရှင်မြတ်သာ စိုးပိုင်သည်။ အရှင်မြတ်က အသင်တို့သည် အရှင်မြတ်တစ်ပါးတည်းကိုသာ ကိုးကွယ်မှုပြုခြင်းမှလွဲ၍ အခြားမည်သည့်အရာကိုမျှ ကိုးကွယ်ခြင်း မပြုရန် အမိန့်ထုတ်ပြန်ချမှတ်တော်မူသည်။ ၎င်း(သာသနာ)သည် ဖြောင့်မတ်မှန်ကန်သောသာသနာတော်ပင်ဖြစ်သည်။ သို့ရာတွင် လူအမြောက်အမြားသည် မသိနားမလည်ကြပေ။[၁]

[၁] သောင်ဟီဒ်အပေါ်မှာ ရပ်တည်နိုင်ခြင်းဟာ အရှင်မြတ်ရဲ့ကျေးဇူးတော်ကြောင့်ဖြစ်တယ်ဆိုတာ အများစုမသိကြဘူးလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

یٰصَاحِبَیِ السِّجۡنِ اَمَّاۤ اَحَدُكُمَا فَیَسۡقِیۡ رَبَّهٗ خَمۡرًا ۚ وَاَمَّا الۡاٰخَرُ فَیُصۡلَبُ فَتَاۡكُلُ الطَّیۡرُ مِنۡ

رَّأْسِهِ ۚ قُضِيَ الْأَمْرُ الَّذِي فِيهِ تَسْتَفْتِيَانِ ﴿٤١﴾

(၄၁) အို- ထောင်ကျဖော်ကျဖက် မိတ်ဆွေနှစ်ဦး၊ မည်သို့ပင်ဖြစ်စေ၊ အသင်တို့နှစ်ဦးထဲမှ တစ်ဦးကမူ သူ၏သခင်အား (ယခင်ကကဲ့သို့ပင်) အရက်တိုက်ကျွေးရမည်။ ထို့ပြင် နောက်တစ်ဦးကမူ ကားစင်တင်ခံရ၍ ငှက်များသည် ဦးခေါင်းကို (နှုတ်သီးနှင့်ထိုး၍) စားကြလိမ့်မည်။ အသင်တို့နှစ်ဦး မေးမြန်းကြသောကိစ္စသည် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သည်။❶

❶ အဲဒီအတိုင်း အမှန်တကယ်ဖြစ်မယ်ဆိုတာ အရှင်မြတ်က သတ်မှတ်ပြီးသားဖြစ်တဲ့အတွက် အပြောင်းအလဲရှိမှာ မဟုတ်တော့ဘူး။ (အလင်းပြကျမ်း)

وَقَالَ لِلَّذِي ظَنَّ أَنَّهُ نَاجٍ مِّنْهُمَا اذْكُرْنِي عِندَ رَبِّكَ فَأَنسَاهُ الشَّيْطَانُ ذِكْرَ رَبِّهِ فَلَبِثَ فِي السِّجْنِ بِضْعَ سِنِينَ ﴿٤٢﴾

(၄၂) ထို့ပြင် ၎င်း(ယူစွဖ်)သည် ထိုနှစ်ဦးထဲမှ လွတ်မြောက်မည့်သူအဖြစ် ယုံကြည်သောသူကို "အသင်သည် အသင်၏သခင်(ဖြစ်သော ဘုရင်၏)ထံ၌ ကျွန်ုပ်၏အကြောင်းကို ပြောပြလိုက်ပါ"ဟု ပြောဆိုခဲ့သည်။ ထို့နောက် ရှိုင်သွာန်သည် ထိုသူအား သူ၏သခင်ရှေ့၌ ၎င်း(ယူစွဖ်)၏အကြောင်းကို ပြောပြရန် မေ့လျော့စေခဲ့သည့်အတွက် ၎င်း(ယူစွဖ်)သည် အကျဉ်းထောင်ထဲ၌ နှစ်အတန်ကြာသည်ထိ နေထိုင်ခဲ့ရသည်။❷

❷ ထောင်ထွက်သူဟာ တမန်တော်ယူစွဖ် عليه السلام အကြောင်းပြောပြဖို့ မေ့လျော့နေတာကြောင့် ထောင်ထဲမှာ နှစ်တော်တော်ကြာနေခဲ့ရပြီးနောက် ဘုရင်က အိပ်မက်မက်တဲ့အခါကျတော့မှ အဲဒီထောင်ထွက်ဟာ တမန်တော်ယူစွဖ် عليه السلام ကို သတိရသွားတော့တယ်။ (အလင်းပြကျမ်း)

وَقَالَ الْمَلِكُ إِنِّي أَرَىٰ سَبْعَ بَقَرَاتٍ سِمَانٍ يَأْكُلُهُنَّ سَبْعٌ عِجَافٌ وَسَبْعَ سُنبُلَاتٍ خُضْرٍ وَأُخَرَ يَابِسَاتٍ ۖ يَا أَيُّهَا الْمَلَأُ أَفْتُونِي فِي رُؤْيَايَ إِن كُنتُمْ لِلرُّؤْيَا تَعْبُرُونَ ﴿٤٣﴾

(၄၃) ထို့နောက် ဘုရင်က အမှန်စင်စစ် ငါသည် အိပ်မက်တွင် ဝဖြိုးသော နွားမခုနစ်ကောင်ကို ပိန်လှီသော နွားမခုနစ်ကောင်တို့က စားနေကြသည်ကို မြင်မက်ခဲ့သည်၊ ၎င်းပြင် စိမ်းစိုသော စပါးနှံခုနစ်နှံနှင့် အခြားခြောက်သွေ့သောစပါးနှံခုနစ်နှံကိုလည်းမြင်မက်ခဲ့သည်။ အို-မှူးကြီးမတ်ရာတို့၊ အကယ်၍ အသင်တို့သည် အိပ်မက်၏အတိတ်ကို ပြောပြတတ်ကြလျှင် ငါ့အိပ်မက်၏ အတိတ်ကို ငါ့အား ပြောပြကြပါဟု ပြောဆိုခဲ့သည်။❸

❸ ဘုရင်ရဲ့အဲဒီလို ထူးဆန်းတဲ့ အိပ်မက် မက်ခြင်းဟာ တမန်တော်ယူစွဖ် عليه السلام အတွက် ထောင်ကထွက်ရဖို့ အကြောင်းခံတစ်ခု ဖြစ်လာခဲ့တယ်။ (အလင်းပြကျမ်း)

قَالُوا أَضْغَاثُ أَحْلَامٍ ۖ وَمَا نَحْنُ بِتَأْوِيلِ الْأَحْلَامِ بِعَالِمِينَ ﴿٤٤﴾

(၄၄) ၎င်း(မှူးကြီးမတ်ရာ)တို့က လျှောက်ထားကြသည်- (ဤသည်) အတိတ်ကောက်၍မရသော ကယောက်ကယက် မြင်မက်သည့် အိပ်မက်သာဖြစ်ပါသည်။ ထို့ပြင် ကျွန်ုပ်တို့သည် အတိတ်ကောက်၍မရသော ကယောက်ကယက် မြင်မက်သည့်အိပ်မက်များ၏အတိတ်ကို သိနားလည်သူများ မဟုတ်ကြပါ။

وَقَالَ الَّذِي نَجَا مِنْهُمَا وَادَّكَرَ بَعْدَ أُمَّةٍ أَنَا أُنَبِّئُكُم بِتَأْوِيلِهِ فَأَرْسِلُونِ ﴿٤٥﴾

(၄၅) ၎င်းနောက် ထို(ထောင်ထဲကျခဲ့သောလူငယ်)နှစ်ဦးထဲမှ ပြန်လည်လွတ်မြောက်လာခဲ့သောလူငယ်သည် ကာလအတန်ကြာပြီးနောက်မှ(အိပ်မက်၏အတိတ်ကို နားလည်သော ထောင်ထဲမှယူစွဖ်ကို) သတိရလာပြီး(ဘုရင်အား) လျှောက်ထားသည်- ကျွန်ုပ်သည် ထိုအိပ်မက်၏အတိတ်ကို ပြောပြပါမည်။ သို့ဖြစ်ရာ (ဘုရင်ကြီးသည်) ကျွန်ုပ်အား စေလွှတ်လိုက်ပါ။❶

❶ အဲဒီလူငယ်ဟာ တမန်တော်ယူစွဖ် ﷺ ရှိတဲ့ အကျဉ်းထောင်ထဲကို သွားပြီးမေးမြန်းခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

يُوسُفُ أَيُّهَا الصِّدِّيقُ أَفْتِنَا فِي سَبْعِ بَقَرَاتٍ سِمَانٍ يَأْكُلُهُنَّ سَبْعٌ عِجَافٌ وَسَبْعِ سُنبُلَاتٍ خُضْرٍ وَأُخَرَ يَابِسَاتٍ لَّعَلِّي أَرْجِعُ إِلَى النَّاسِ لَعَلَّهُمْ يَعْلَمُونَ ﴿٤٦﴾

(၄၆) (ထောင်သို့ရောက်သောအခါ တမန်တော်ယူစွဖ်ကို ဤသို့ပြောဆိုသည်) အို-ယူစွဖ်၊ အို-အလွန်မှန်ကန်သောသူ၊ အသင်သည် ကျွန်ုပ်တို့အား (ဤအိပ်မက်၏အတိတ်ကို) ပြောပြပါ-(ထိုအိပ်မက်မှာ ဤသို့ဖြစ်သည်) "ဝဖြိုးသော နွားမခုနစ်ကောင်အား ပိန်လှီသော နွားမခုနစ်ကောင်က စားနေသည်။ ၎င်းပြင် စိမ်းစိုသော စပါးနှံခုနစ်နှံနှင့် အခြားခြောက်သွေ့သော စပါးနှံခုနစ်နှံဖြစ်သည်။" ၎င်း(၏အတိတ်ကို အသင်ပြောပြ)မှသာ ကျွန်ုပ်သည် လူများထံသို့ ပြန်(ပြောပြ)နိုင်၍ လူများလည်း သိနားလည်နိုင်ကြမည်ဖြစ်သည်။

قَالَ تَزْرَعُونَ سَبْعَ سِنِينَ دَأَبًا فَمَا حَصَدتُّمْ فَذَرُوهُ فِي سُنبُلِهِ إِلَّا قَلِيلًا مِّمَّا تَأْكُلُونَ ﴿٤٧﴾

(၄၇) ၎င်းက (အိပ်မက်၏အတိတ်ကို ဤသို့) ပြောပြသည်။ "အသင်တို့သည် (အသင်တို့၏ လယ်ယာများကို စိုက်ပျိုးနေကျအတိုင်း)ခုနစ်နှစ် ဆက်တိုက် စိုက်ပျိုးကြပါ။ ထို့နောက် အသင်တို့သည် အသင်တို့ ရိတ်သိမ်းသော ကောက်လှိုင်းများထဲမှ အသင်တို့စားသုံးမည့် အနည်းငယ်မှလွဲ၍ ကျန်ရှိသော ကောက်လှိုင်းများကို ကောက်လှိုင်း အတိုင်းပင် ထားရှိကြပါ။ (စပါးနှံများကို မချွေဘဲ စပါးပင်များ၌ပင် တွဲလျက်ထားလိုက်ကြပါ)။

ثُمَّ يَأْتِي مِنْ بَعْدِ ذَٰلِكَ سَبْعٌ شِدَادٌ يَأْكُلْنَ مَا قَدَّمْتُمْ لَهُنَّ إِلَّا قَلِيلًا مِّمَّا تُحْصِنُونَ ﴿٤٨﴾

(၄၈) ထိုခုနစ်နှစ်ပြီးနောက် (ကပ်ဆိုက်မည့်)ပြင်းထန်သော ခုနစ်နှစ်သည် ဆိုက်ရောက်လာလိမ့်မည်။ ထိုခုနစ်နှစ်ကာလသည် အသင်တို့ (ပြန်လည်စိုက်ပျိုးရန် မျိုးစေ့အတွက်) သိမ်းထားကြသော အနည်းငယ်မှလွဲ၍ အသင်တို့ ကြိုတင်စုဆောင်းထားသည်များကို စားသုံးကြရလိမ့်မည်။

ثُمَّ يَأْتِي مِنْ بَعْدِ ذَٰلِكَ عَامٌ فِيهِ يُغَاثُ النَّاسُ وَفِيهِ يَعْصِرُونَ ﴿٤٩﴾

(၄၉) ထိုကပ်ဆိုက်မည့် ခုနစ်နှစ်ပြီးနောက် နှစ်တစ်နှစ် ရောက်လာပြီး ထိုနှစ်တွင် လူများသည် မိုးရွာသွန်းစေခြင်းကို ခံကြရမည့်အပြင် ထိုနှစ်၌ လူများသည် (စပျစ်ရည်များကိုလည်း) ညှစ်ကြမည်ဖြစ်သည်။❶

❶ လာရောက်မေးမြန်းသူဟာ စပျစ်ရည် ညှစ်ပြီး ဘုရင်ကို ဆက်ကပ်ရတဲ့သူဖြစ်တဲ့အတွက် စပျစ်ရည်တွေညှစ်လို့ရတဲ့ မိုးကောင်းတဲ့နှစ်၊ သစ်သီးဝလံတွေပေါများတဲ့နှစ်နဲ့ သတင်းကောင်း ပေးလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالَ الْمَلِكُ ائْتُونِي بِهِ ۖ فَلَمَّا جَاءَهُ الرَّسُولُ قَالَ ارْجِعْ إِلَىٰ رَبِّكَ فَاسْأَلْهُ مَا بَالُ النِّسْوَةِ اللَّاتِي قَطَّعْنَ أَيْدِيَهُنَّ ۚ إِنَّ رَبِّي بِكَيْدِهِنَّ عَلِيمٌ ﴿٥٠﴾

(၅၀) ထို့နောက် ဘုရင်က ပြောဆိုမိန့်ကြားသည်- "အသင်တို့သည် ၎င်း(ယူစွဖ်)ကို ငါ့ထံသို့ ခေါ်လာခဲ့ကြပါ။" ထို့နောက် စေတမန်သည် ၎င်း(ယူစွဖ်)ထံသို့ ရောက်သောအခါ ၎င်းက ယင်း(စေတမန်)အား အသင်သည် အသင်၏သခင်ထံသို့ ပြန်သွားပါ။ ထို့နောက် အသင်သည် ၎င်း(ဘုရင်)ကို "သူမတို့ လက်များအား အကြိမ်ကြိမ်လှီးဖြတ်ခဲ့ကြသော အမျိုးသမီးများ၏အခြေအနေသည် မည်သို့ပါနည်း"ဟု လျှောက်ထားမေးမြန်းပါ။❷ အမှန်စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ထိုသူမတို့၏ပရိယာယ်ကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူသည်။

❷ ထောင်ထဲကနေထွက်ပြီး ဘုရင့်အပါးတော်မှာ ခစားဖို့ ဘုရင်က ဖိတ်ခေါ်တဲ့အခါ တမန်တော်ယူစွဖ် عليه السلام ဟာ လိုက်ပါမသွားဘဲ မိမိကို အပြစ်မရှိဘဲ ထောင်ချတဲ့ကိစ္စကို ပေါ်အောင် ဖော်ထုတ်ဖို့ ပန်ကြားခိုင်းလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ مَا خَطْبُكُنَّ إِذْ رَاوَدتُّنَّ يُوسُفَ عَن نَّفْسِهِ ۚ قُلْنَ حَاشَ لِلَّهِ مَا عَلِمْنَا عَلَيْهِ مِن سُوءٍ ۚ قَالَتِ امْرَأَتُ الْعَزِيزِ الْآنَ حَصْحَصَ الْحَقُّ أَنَا رَاوَدتُّهُ عَن نَّفْسِهِ وَإِنَّهُ لَمِنَ الصَّادِقِينَ ﴿٥١﴾

(၅၁) ယင်း(ဘုရင်)သည် (ထိုမိန်းမများအား) အသင်မတို့သည် ယူစွဖ်အား ၎င်း၏ စိတ်အလိုဆန္ဒမပါဘဲ ဆွဲဆောင်သောအခါက အသင်မတို့၏ အဖြစ်

မုန်သည် မည်သို့ရှိခဲ့ကြသနည်းဟု မေးမြန်းသည်။ သူမတို့ကဖြေကြားကြသည်- “အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံပါသည်။ ကျွန်မတို့သည် ၎င်း(ယူစွဖ်) အပေါ်၌ မည်သည့်မကောင်းမှုမျှ မသိရှိခဲ့ကြပါ။” အဇီးဇ်၏ဇနီးကလည်း လျှောက်ထားခဲ့သည်-“ယခုမူ အမှန်သည် ထင်ရှားသွားခဲ့ပြီဖြစ်သည်။ ကျွန်မကပင် ၎င်း (ယူစွဖ်)အား ၎င်း၏စိတ်အလိုဆန္ဒမပါဘဲ ဆွဲဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် အမှန်စင်စစ် ၎င်းသည် မှန်ကန်သောသူများထဲမှ တစ်ဦးဖြစ်ပါသည်။”❻

❻ နောက်ဆုံးမှာ ဆွဲဆောင်ခဲ့တဲ့ ကာယကံရှင်တွေကိုယ်တိုင်က တမန်တော်ယူစွဖ် عليه السلام မှာ ဘာအပြစ်မှ မရှိကြောင်း ဝန်ခံတဲ့အခါမှာ ဘုရင်ရဲ့ဖိတ်ကြားချက်ကို လက်ခံပြီး ဘုရင်ခံ ဖြစ်သွားခဲ့တယ်။ (အိဗ်နုကဆီးရ်)

ذَٰلِكَ لِيَعْلَمَ أَنِّي لَمْ أَخُنْهُ بِالْغَيْبِ وَأَنَّ اللَّهَ لَا يَهْدِي كَيْدَ الْخَائِنِينَ ﴿٥٢﴾

(၅၂) ၎င်း(ကဲ့သို့အပြစ်ကင်းကြောင်း ထင်ရှားအောင်လုပ်ရခြင်း)မှာမူ ယင်း(အဇီးဇ်)သည် သူ၏နောက်ကွယ်ရာ၌ သူ့အား ကျွန်ုပ်သည် အမှန်ပင် သစ္စာမဖောက်ခဲ့ကြောင်း၊ ထို့နောက် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သစ္စာဖောက်သောသူများ၏အကြံအစည်ကို (အောင်မြင်ရန်)လမ်းမှန်ညွှန်ကြားပြသတော်မမူကြောင်းကို သိရှိဖော်ထုတ်ပေါ်လွင်စေရန်အတွက်ဖြစ်သည်။❼

❼ သစ္စာမဖောက်တဲ့သူ၊ မှန်ကန်တဲ့သူဟာ လိမ်လည်လှည့်ဖြားပြီး ချောက်တွန်းခံရရင်လည်း ခေတ္တခဏပဲ ဒုက္ခထဲမှာ စမ်းသပ်ခံရမှာဖြစ်ပြီး နောက်ဆုံးမှာ အောင်မြင်မှုကြီး ဆွတ်ခူးသွားမှာပဲ ဖြစ်တယ်။ ဒါကြောင့်လည်း အမျိုးသမီးတွေရဲ့လှည့်ဖြားမှုဟာ မအောင်မြင်ခဲ့ဘူး။ နမူနာအနေနဲ့ တမန်တော်ယူစွဖ် عليه السلام ဟာ သစ္စာရှိမှုကြောင့် ချောက်တွန်းခံရပြီး ထောင်ထဲမှာ နှစ်အတော်ကြာနေခဲ့ရပေမဲ့ တစ်ချိန်မှာ ထောင်ကလွတ်ပြီး ဘုရင်ခံထိဖြစ်သွားခဲ့ရတယ်။ (သဖ်စီရ်အွဆ်မာနီ စာ-၃၂၀၊ အောက်ခြေ-၇၊ မအာရိဖွလ်ကုရ်အာန် တွဲ-၅၊ စာ-၇၉မှ၈၂ထိ အကျယ်)

وَمَا أُبَرِّئُ نَفْسِي ۚ إِنَّ النَّفْسَ لَأَمَّارَةٌ بِالسُّوءِ إِلَّا مَا رَحِمَ رَبِّي ۚ إِنَّ رَبِّي غَفُورٌ رَّحِيمٌ ﴿٥٣﴾

(၅၃) ထို့ပြင် ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ကျွန်ုပ် အပြစ်ကင်းပါသည်ဟု မဆိုလိုပေ။ အမှန်စင်စစ် စိတ်နှလုံးများသည် မကောင်းမှုကို လွန်စွာအမိန့်ပေးတိုက်တွန်းလေ့ရှိကြသည်။ သို့ရာတွင် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က သနားကရုဏာပြုတော်မူသောအရာ (စိတ်နှလုံးများသာ အပြစ်ကင်းနိုင်သည်)။ အမှန်စင်စစ် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။❶

❶ လူသားရဲ့စိတ်ဟာ ပထမတော့ မကောင်းတဲ့ဘက်ကို တိုက်တွန်းမယ်။ မကောင်းတာလုပ်မိရင် နောင်တရပြီး ဝန်ချတောင်းပန်ရင် အရှင်မြတ်ဟာ လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူတဲ့

အရှင်ဖြစ်တယ်။ အဲဒီလို အကြိမ်ကြိမ်ဖြစ်လာပြီးတဲ့နောက်မှာ အရှင်မြတ်က အရှင်မြတ်ရဲ့ သနားကရုဏာနဲ့ သူ့စိတ်ကို ကောင်းမှုတွေအပေါ်မှာပဲ တည်ငြိမ်အောင်လုပ်ပေးတော်မူလိုက်မှာဖြစ်တယ်။ (ကမာလိုင်န်၊ ရူဟုလ်မအာနီ)

وَقَالَ الْمَلِكُ ائْتُونِي بِهِ أَسْتَخْلِصْهُ لِنَفْسِي ۖ فَلَمَّا كَلَّمَهُ قَالَ إِنَّكَ الْيَوْمَ لَدَيْنَا مَكِينٌ أَمِينٌ ﴿٥٤﴾

(၅၄) ထို့ပြင် ဘုရင်ကပြောသည်- အသင်တို့သည် ၎င်း(ယူစွဖ်)ကို ငါ့ထံ ခေါ်ဆောင်ခဲ့ကြပါ၊ ငါသည် ၎င်းအား ငါ့အတွက် ရွေးချယ်လိုက်မည်။ ထို့နောက် ၎င်းသည် ဘုရင်နှင့် စကားပြောဆိုသောအခါ၊ ထိုဘုရင်က ၎င်းအား အသင်သည် ယနေ့မှစပြီး ကျွန်ုပ်ထံ၌ အဆင့်အတန်းကြီးကျယ်မြင့်မြတ်သောသူ၊ ယုံကြည်စိတ်ချရသူဖြစ်သည်ဟု ပြောဆိုခဲ့သည်။❷

❷ ဘုရင်က သူ့ကို လူယုံတော်အဖြစ်ခန့်အပ်လိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ اجْعَلْنِي عَلَىٰ خَزَائِنِ الْأَرْضِ ۖ إِنِّي حَفِيظٌ عَلِيمٌ ﴿٥٥﴾

(၅၅) ၎င်း(ယူစွဖ်)က ပြောဆိုသည်- အသင်သည် ကျွန်ုပ်ကို တိုင်းပြည်၏ဘဏ္ဍာရေးမှူးအဖြစ် ခန့်အပ်လိုက်ပါ။ အမှန်စင်စစ် ကျွန်ုပ်သည် ထိန်းသိမ်းနိုင်သူ၊ အသိပညာနှင့် ပြည့်စုံသူပင်ဖြစ်သည်။❸

❸ မိုးခေါင်ရေရှားကပ်တွေ ဆိုက်ရောက်မှာဖြစ်တဲ့အတွက် ဘုရင်က စားနပ်ရိက္ခာတွေ စီစဉ်ဖို့ ဘယ်သူ့ကို တာဝန်ပေးရင်ကောင်းမလဲလို့ အကြံတောင်းတဲ့အခါမှာ တမန်တော်ယူစွဖ် عليه السلام က ၎င်းကို တာဝန်ပေးဖို့ အကြံပေးခဲ့တဲ့အပေါ် ၎င်းကို ဘဏ္ဍာရေးမှူးတာဝန်အပ်နှင်းလိုက်တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَكَذَٰلِكَ مَكَّنَّا لِيُوسُفَ فِي الْأَرْضِ يَتَبَوَّأُ مِنْهَا حَيْثُ يَشَاءُ ۚ نُصِيبُ بِرَحْمَتِنَا مَنْ نَشَاءُ ۖ وَلَا نُضِيعُ أَجْرَ الْمُحْسِنِينَ ﴿٥٦﴾

(၅၆) ထို့ပြင် ငါအရှင်မြတ်သည် ထိုသို့ပင် ယူစွဖ်အား ထိုတိုင်းပြည်တွင် ၎င်းနေလိုသောနေရာ၌ နေထိုင်ရန် အာဏာကို ပေးသနားတော်မူခဲ့သည်။❻ ငါအရှင်မြတ်သည် ငါအရှင်မြတ် အလိုရှိတော်မူသောသူအပေါ်တွင် ငါအရှင်မြတ်၏ ကရုဏာအား သက်ရောက်စေတော်မူသည်။ ထို့ပြင် ငါအရှင်မြတ်သည် ကောင်းကျိုးဆောင်ရွက်သူများ၏အကျိုးကို အကျိုးမဲ့ ဖြစ်စေတော်မမူပေ။

❻ အီဂျစ်ဘုရင်က နာမည်ခံအနေနဲ့ပဲ ရပ်တည်ခဲ့ပြီး တမန်တော်ယူစွဖ် عليه السلام က လက်တွေ့စီမံခန့်ခွဲဆောင်ရွက်ရတဲ့ ဘုရင်အဖြစ် အရှင်မြတ်က အာဏာကို အပ်နှင်းတော်မူလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَأَجْرُ الْآخِرَةِ خَيْرٌ لِلَّذِينَ آمَنُوا وَكَانُوا يَتَّقُونَ ﴿٥٧﴾

(၅၇) ထို့ပြင် အီမာန်ယုံကြည်ခဲ့ကြပြီး ကြောက်ရွံ့အပြစ်ရှောင် ကောင်း

ကျိုးဆောင်နေခဲ့ကြသောသူများအတွက် တမလွန်ဘဝ၏ အကျိုးရလဒ်သည် အမှန်စင်စစ် အကောင်းဆုံးဖြစ်သည်။❺

❺ ကောင်းတဲ့လမ်းစဉ်ကို လိုက်တဲ့သူတွေကို အရှင်မြတ်က လောကီမှာလည်း ပစ္စည်းဥစ္စာနဲ့ အာဏာကို ပေးသနားတော်မူမှာဖြစ်ပြီး တမလွန်ဘဝမှာလည်း ပိုကောင်းတဲ့ရလဒ်ကို ပေးသနားတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَجَآءَ اِخۡوَةُ يُوۡسُفَ فَدَخَلُوۡا عَلَيۡهِ فَعَرَفَهُمۡ وَهُمۡ لَهٗ مُنۡكِرُوۡنَ ﴿۵۸﴾

(၅၈) ထို့နောက် ယူစွဖ်၏အစ်ကိုများသည် (အီဂျစ်သို့) လာခဲ့ကြပြီး ၎င်း၏ထံသို့ ဝင်ရောက်ခဲ့ကြသည်။ သူတို့သည် ၎င်းအား မမှတ်မိကြဘဲလျက်❻ ၎င်းကမူ သူတို့အား မှတ်မိခဲ့သည်။

❻ အစ်ကိုတွေဟာ စားနပ်ရိက္ခာခေါင်းပါးတဲ့အတွက် အီဂျစ်ကိုလာပြီး ဝယ်ယူရတာဖြစ်တယ်။ တမန်တော်ယူစွဖ် عليه السلام က သူတို့ရဲ့ကိုယ်ရေးရာဇဝင်တွေ မေးမြန်းတဲ့အခါမှာ သူ့တို့မှာ ညီငယ်တစ်ဦးကျန်ခဲ့သေးတယ်ဆိုတာကအစ အားလုံးအကြောင်းအရာတွေကို ပြောပြလိုက်ကြတယ်။

(မအာရိဖွလ်ကုရ်အာန် တွဲ-၅၊ စာ -၉၅၊ ၉၇၊ ၉၈-မုဖ်သီရှဖီးအ်)

(မအာရိဖွလ်ကုရ်အာန် တွဲ-၄၊ စာ -၁၄၅-မော်လာနာအိဒ်ရီးစ်)

وَلَمَّا جَهَّزَهُمۡ بِجَهَازِهِمۡ قَالَ ائۡتُوۡنِىۡ بِاَخٍ لَّكُمۡ مِّنۡ اَبِيۡكُمۡ‌ ۚ اَلَا تَرَوۡنَ اَنِّىۡۤ اُوۡفِى الۡكَيۡلَ وَاَنَا خَيۡرُ الۡمُنۡزِلِيۡنَ ﴿۵۹﴾

(၅၉) ထို့နောက် ၎င်းသည် သူတို့၏(ရိက္ခာများ)ကို အဆင်သင့်ဖြစ်အောင် စီစဉ်ပေးပြီးသွားသောအခါ၌ ပြောဆိုသည်- အသင်တို့သည် အသင်တို့၏ဖခင်ဘက်မှ တော်စပ်သော အသင်တို့၏ညီအား ကျွန်ုပ်ထံသို့ခေါ်ခဲ့ပါ။ အသင်တို့ မမြင်သလော၊ အမှန်ပင် ကျွန်ုပ်သည် (စားနပ်ရိက္ခာများကို) ပြည့်ဝစွာ ခြင်တွယ်ပြီးပေးခဲ့သည်။ ၎င်းနောက် ကျွန်ုပ်သည် အကောင်းဆုံး ဧည့်ခံသူတစ်ဦးဖြစ်သည်။

فَاِنۡ لَّمۡ تَاۡتُوۡنِىۡ بِهٖ فَلَا كَيۡلَ لَـكُمۡ عِنۡدِىۡ وَلَا تَقۡرَبُوۡنِ ﴿۶۰﴾

(၆၀) သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် ထိုညီကို ကျွန်ုပ်ထံသို့ ခေါ်ဆောင်မလာလျှင် အသင်တို့အတွက် ကျွန်ုပ်ထံ၌ ခြင်တွယ်ပေးခြင်းသည်လည်း ရှိမည်မဟုတ်တော့ပေ။ ၎င်းနောက် အသင်တို့သည် ကျွန်ုပ်ထံသို့လည်း မချဉ်းကပ်ကြတော့နှင့်။❼

❼ ကျန်ရစ်ခဲ့တဲ့ ညီငယ်တစ်ဦးအတွက်ပါ ဝေစုတောင်းခံခဲ့တဲ့အတွက် ခေါ်လာမှ ပေးမယ်လို့ ပြောလိုက်တာဖြစ်တယ်။ ခေါ်မလာရင် လိမ်တဲ့အတွက် ငါ့နားကို မကပ်နဲ့တော့လို့ ပြောလိုက်တာဖြစ်တယ်။ (အာစားန်သင်ရ်ဂျမဟ်)

قَالُوۡا سَنُرَاوِدُ عَنۡهُ اَبَاهُ وَاِنَّا لَفٰعِلُوۡنَ ﴿۶۱﴾

(၆၁) သူတို့က ပြောဆိုကြသည်- ကျွန်ုပ်တို့သည် ထိုညီကို သူ၏ဖခင်ထံ၌ မကြာမီ (အတတ်နိုင်ဆုံး ကြိုးစား) တောင်းခံကြပါမည်။ ကျွန်ုပ်တို့သည် အမှန်မုချ (ထိုအတိုင်းပင်) ပြုလုပ်မည့်သူများ ဖြစ်ကြပါသည်။❶

❶ ညီငယ်ကို ခေါ်လာခဲ့ပါ့မယ်လို့ ကတိပြုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالَ لِفِتْيٰنِهِ اجْعَلُوْا بِضَاعَتَهُمْ فِيْ رِحَالِهِمْ لَعَلَّهُمْ يَعْرِفُوْنَهَآ اِذَا انْقَلَبُوْٓا اِلٰٓى اَهْلِهِمْ لَعَلَّهُمْ يَرْجِعُوْنَ ﴿٦٢﴾

(၆၂) ထို့ပြင် ၎င်း(ယူစွဖ်)က ၎င်း၏အစေခံများအား ပြောဆိုခဲ့သည်- အသင်တို့သည် သူတို့(အရင်းအနှီးပြုလုပ်သော)ပစ္စည်းကို သူတို့၏ ခရီးဆောင်ပစ္စည်းများထဲ၌ (လျှို့ဝှက်စွာ)ထားလိုက်ကြပါ။ သို့မှသာ သူတို့သည် ထို(အရင်းအနှီးပြုလုပ်သော) သူတို့ပစ္စည်းအား အိမ်သူအိမ်သားများထံ ပြန်ရောက်သောအခါ မှတ်မိကြမည်ဖြစ်သည်။ သို့မှသာ သူတို့သည် ပြန်လာနိုင်ကြလိမ့်မည်။❷

❷ ငွေရင်း ပြန်ထည့်ပေးလိုက်တာဟာ သားချင်းဖြစ်တာကို ထောက်ထားခြင်း၊ အရင်းအနှီးမရှိလို့ ပြန်မလာမှာကို စိုးရိမ်ရခြင်း၊ သူတို့ကို ဂရုစိုက်တာ သိပြီး ပြန်လာချင်တဲ့စိတ်ဖြစ်ပေါ်စေခြင်း စတာတွေအတွက် ငွေရင်းကို ပြန်ထည့်ပေးလိုက်တာဖြစ်နိုင်တယ်။ (အလင်းပြကျမ်း)

فَلَمَّا رَجَعُوْٓا اِلٰٓى اَبِيْهِمْ قَالُوْا يٰٓاَبَانَا مُنِعَ مِنَّا الْكَيْلُ فَاَرْسِلْ مَعَنَآ اَخَانَا نَكْتَلْ وَاِنَّا لَهٗ لَحٰفِظُوْنَ ﴿٦٣﴾

(၆၃) ထို့နောက် သူတို့သည် သူတို့၏ဖခင်ထံသို့ ပြန်ရောက်ကြသောအခါ ပြောဆိုကြသည်-အို-ကျွန်ုပ်တို့၏ဖခင်၊ ရိက္ခာသည် ကျွန်ုပ်တို့မှ ပိတ်ခြင်းခံလိုက်ရပြီဖြစ်ပါသည်။ သို့ဖြစ်ရာ ဖခင်သည် ကျွန်ုပ်တို့နှင့်အတူ ကျွန်ုပ်တို့၏ညီကို စေလွှတ်ပေးပါ။ ကျွန်ုပ်တို့သည် (ရိက္ခာကို ထပ်မံ)ခြင်တွယ်ပြီးယူခဲ့ကြပါမည်။ ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည် ထိုညီငယ်ကိုလည်း ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်မည့်သူများ ဖြစ်ကြပါသည်။

قَالَ هَلْ اٰمَنُكُمْ عَلَيْهِ اِلَّا كَمَآ اَمِنْتُكُمْ عَلٰٓى اَخِيْهِ مِنْ قَبْلُ ۗ فَاللّٰهُ خَيْرٌ حٰفِظًا ۠ وَّهُوَ اَرْحَمُ الرّٰحِمِيْنَ ﴿٦٤﴾

(၆၄) ၎င်း(ဖခင်)ကပြောဆိုသည်- ငါသည် အသင်တို့အပေါ်တွင် ၎င်းနှင့်ပတ်သက်၍ ယခင်က သူ၏အစ်ကို(ယူစွဖ်)ကို ယုံကြည်စိတ်ချရသကဲ့သို့ ယုံကြည်စိတ်ချရမည်လော။ (ကောင်းပြီ)၊ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံးထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်၊ ၎င်းနောက် သနားကြင်နာသူများထဲတွင် အသနားအကြင်နာဆုံးသောအရှင်ဖြစ်တော်မူသည်။❶

(၁) အသင်တို့ကိုတော့ မယုံဘူး။ အရှင်မြတ်ကိုပဲ ယုံပြီးထည့်လိုက်မယ်လို့ ဆိုလိုတယ်။
(အလင်းပြကျမ်း)

وَلَمَّا فَتَحُوا مَتَاعَهُمْ وَجَدُوا بِضَاعَتَهُمْ رُدَّتْ إِلَيْهِمْ ۖ قَالُوا يَا أَبَانَا مَا نَبْغِي ۖ هَٰذِهِ بِضَاعَتُنَا رُدَّتْ إِلَيْنَا ۚ وَنَمِيرُ أَهْلَنَا وَنَحْفَظُ أَخَانَا وَنَزْدَادُ كَيْلَ بَعِيرٍ ۖ ذَٰلِكَ كَيْلٌ يَسِيرٌ ﴿٦٥﴾

(၆၅) ထို့နောက် သူတို့သည် သူတို့၏ပစ္စည်းများအား ဖွင့်လိုက်ကြသောအခါ သူတို့၏အရင်းပစ္စည်းအား သူတို့ထံ ပြန်ထည့်ပေးလိုက်သည်ကို တွေ့ရှိခဲ့ကြသည်။ သူတို့က ပြောဆိုကြသည်- အို-ကျွန်ုပ်တို့၏ဖခင်၊ ကျွန်ုပ်တို့သည် မည်သည့်အရာကို အလိုရှိပါသေးသနည်း၊ ဤသည် ကျွန်ုပ်တို့၏ အရင်းပစ္စည်းပင် ဖြစ်ပါသည်။ ထိုအရင်းကိုလည်း ကျွန်ုပ်တို့အား ပြန်ပေးထားပြီးဖြစ်သည်။ ၎င်းနောက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အိမ်သားများအတွက် (ထပ်ပြီး)စားနပ်ရိက္ခာများကို ယူဆောင်လာကြပါမည်။ ၎င်းနောက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ညီငယ်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြပါမည်။ ထို့ပြင် ကျွန်ုပ်တို့သည် ကုလားအုတ်တစ်စီးစာ(ရိက္ခာ)ပမာဏကိုလည်း ပိုယူလာကြပါမည်။ ဤသည် အလွယ်တကူရရှိမည့် (ရိက္ခာ)ပမာဏပင် ဖြစ်ပါသည်။(၂)

(၂) အခုကျွန်တော်တို့ ယူလာခဲ့တဲ့ ရိက္ခာဟာ အနည်းငယ်လေးပဲဖြစ်တဲ့အတွက် မကြာခင်ကုန်သွားမှာဖြစ်တယ်။ အဲဒါကြောင့် အခု ညီငယ်ကို ခေါ်သွားပြီး သူ့အတွက်ပါ နောက်ထပ်သွားယူရမှာဖြစ်တယ်။
(အလင်းပြကျမ်း)

قَالَ لَنْ أُرْسِلَهُ مَعَكُمْ حَتَّىٰ تُؤْتُونِ مَوْثِقًا مِنَ اللَّهِ لَتَأْتُنَّنِي بِهِ إِلَّا أَنْ يُحَاطَ بِكُمْ ۖ فَلَمَّا آتَوْهُ مَوْثِقَهُمْ قَالَ اللَّهُ عَلَىٰ مَا نَقُولُ وَكِيلٌ ﴿٦٦﴾

(၆၆) ၎င်း(ဖခင်)က ပြောဆိုသည်- အသင်တို့သည် ငါ့ကို အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ အသင်တို့ကိုယ်တိုင် (ဒုက္ခရောက်)ဝိုင်းဝန်းခြင်းကို ခံကြရသည်မှလွဲပြီး သူ့ကို ငါ့ထံ(ပြန်ခေါ်)ယူခဲ့ကြပါမည်ဟု အာမခံမှု မပြုသမျှ ငါသည် သူ့ကို အသင်တို့နှင့်အတူ လုံးဝစေလွှတ်မည်မဟုတ်ပေ။ ထို့နောက် သူတို့သည် ဖခင်အား သူတို့၏အာမခံချက်များကို ပေးခဲ့ကြသောအခါ ဖခင်က ပြောဆိုသည်- အလ္လာဟ်အရှင်မြတ်သည် ငါတို့ ပြောဆိုသည်များနှင့်ပတ်သက်၍ အလွန်ယုံပုံလွှဲအပ်ခြင်းခံထိုက်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။(၃)

(၃) အခု အာမခံချက်တွေ ဘယ်လောက်ပဲ ပေးပေး၊ အဲဒါတွေကို ပြည့်ဝအောင်ဆောင်ရွက်ပေးမှာက အရှင်မြတ်ပဲဖြစ်တဲ့အတွက် အရှင်မြတ်အပေါ်မှာပဲ ယုံပုံလွှဲအပ်ထားရမှာဖြစ်တယ်။
(အလင်းပြကျမ်း)

وَقَالَ يَا بَنِيَّ لَا تَدْخُلُوا مِنْ بَابٍ وَاحِدٍ وَادْخُلُوا مِنْ أَبْوَابٍ مُتَفَرِّقَةٍ ۖ وَمَا أُغْنِي عَنْكُمْ

مِّنَ اللّٰهِ مِنۡ شَىۡءٍ ؕ اِنِ الۡحُكۡمُ اِلَّا لِلّٰهِ ؕ عَلَيۡهِ تَوَكَّلۡتُ ۚ وَعَلَيۡهِ فَلۡيَتَوَكَّلِ الۡمُتَوَكِّلُوۡنَ ﴿٦٧﴾

(၆၇) ထို့ပြင် ၎င်း(ဖခင်)ကပြောဆိုသည်- အို- ငါ့သားတို့၊ အသင်တို့သည် (အီဂျစ်၏မြို့တော်သို့ ဝင်ကြသောအခါ) တံခါးပေါက် တစ်ပေါက်ထဲမှ မဝင်ကြနှင့်။ ၎င်းနောက် အသင်တို့သည် တံခါးပေါက် သီးခြားစီမှ ဝင်ကြပါ။❻ ထို့ပြင် ငါ(၏အကြံ)သည် အသင်တို့အတွက် အလ္လာဟ်အရှင်မြတ်(၏ အလိုတော်)နှင့် ဆန့်ကျင်ပြီး အနည်းငယ်မျှ အသုံးဝင်မည် မဟုတ်ပေ။ အမိန့်အာဏာသည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ မည်သူ၏ထံ၌မျှ မရှိပေ။ ငါသည် ထိုအရှင်မြတ်အပေါ်၌သာ ယုံပုံလွှဲအပ်လိုက်ပြီ ဖြစ်သည်။ ထို့ပြင် ယုံပုံလွှဲအပ်သူများသည် ထိုအရှင်မြတ်အပေါ်၌သာ ယုံပုံလွှဲအပ်ထိုက်သည်။

❻ ဒုက္ခတစ်ခုခု မသက်ရောက်အောင် စီမံပြီး တံခါးပေါက်သတ်သတ်စီကနေ သားတွေကို ဝင်ခိုင်းခဲ့ပေမဲ့ ဒုက္ခကျရောက်တာ မကျရောက်တာဟာ အရှင်မြတ်အပေါ်မှာပဲ မူတည်တယ်ဆိုတာကိုပါ သားတွေကို တစ်ဆက်တည်း ယုံကြည်ချက်ထည့်ပေးလိုက်တာဖြစ်တယ်။ (အသ်သဖ်စီရွလ်မုယတ်စရ်)

وَلَمَّا دَخَلُوۡا مِنۡ حَيۡثُ اَمَرَهُمۡ اَبُوۡهُمۡ ؕ مَا كَانَ يُغۡنِىۡ عَنۡهُمۡ مِّنَ اللّٰهِ مِنۡ شَىۡءٍ اِلَّا حَاجَةً فِىۡ نَفۡسِ يَعۡقُوۡبَ قَضٰٮهَا ؕ وَاِنَّهٗ لَذُوۡ عِلۡمٍ لِّمَا عَلَّمۡنٰهُ وَلٰـكِنَّ اَكۡثَرَ النَّاسِ لَا يَعۡلَمُوۡنَ ﴿٦٨﴾

(၆၈) ထို့နောက် သူတို့သည် (အီဂျစ်၏မြို့တော်သို့) သူတို့၏ ဖခင်က သူတို့အား မှာကြားခဲ့သည့်နည်းလမ်းအတိုင်း ဝင်ရောက်ခဲ့ကြသောအခါ အလ္လာဟ်အရှင်မြတ်နှင့်ဆန့်ကျင်၍ မည်သည့်အရာမျှ အသုံးမဝင်ခဲ့ပေ။ သို့ရာတွင် ၎င်း(ဖခင်)၏အကြံပေးချက်သည် ၎င်း၏စိတ်ထဲ၌ အလိုဆန္ဒတစ်ခုရှိခဲ့သည်ကို ၎င်းက ပြီးမြောက်အောင်ဆောင်ရွက်ခဲ့ခြင်းသာဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် ၎င်းသည် ငါအရှင်မြတ်က ၎င်းအား ပညာသင်ပေးတော်မူခဲ့သည့်အတွက် ပညာရှင်တစ်ဦး❼ အမှန်ပင် ဖြစ်ခဲ့သည်။ သို့ရာတွင် လူများထဲမှ အများစုသည် မသိနားမလည်ကြပေ။

❼ ပညာရှင်ဟာ စီစဉ်ကြံဆမှုတွေတော့ လုပ်ရမယ်၊ ဒါပေမဲ့ ရလဒ်ဟာ အဲဒီကြံဆမှုအပေါ်မူမတည်ဘူး၊ အရှင်မြတ်ရဲ့အပေါ်မှာပဲ မူတည်တယ်ဆိုတဲ့ ယုံကြည်မှုနဲ့ အသိပညာကို လူတိုင်းမသိရှိကြဘူးလို့ဆိုလိုတာဖြစ်တယ်။ လူအများစုဟာ သူတို့ရဲ့ ကြံဆမှု အပေါ်မှာပဲ ရလဒ်ဖြစ်ပေါ်လာတယ်လို့ ထင်မြင်ယူဆကြတာဖြစ်တယ်။ ကြံဆမှုကို အဓိကအကြောင်းတရားလို့ပဲ အောက်မေ့ကြတယ်။ တကယ်တော့ အမိန့်အာဏာဟာ အရှင်မြတ်အပေါ်မှာပဲ မူတည်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَمَّا دَخَلُوۡا عَلٰى يُوۡسُفَ اٰوٰٓى اِلَيۡهِ اَخَاهُ قَالَ اِنِّىۡۤ اَنَا اَخُوۡكَ فَلَا تَبۡتَـئِسۡ بِمَا كَانُوۡا يَعۡمَلُوۡنَ ﴿٦٩﴾

(၆၉) ထို့နောက် သူတို့သည် ၎င်း(ယူစွဖ်)ထံသို့ ဝင်ရောက်ခဲ့ကြသောအခါ ၎င်းသည် ၎င်း၏ညီငယ်အား ၎င်း၏ထံ၌ နေရာထိုင်ခင်းပေးခဲ့သည်။ (ထို့

နောက်) ၎င်းက အမှန်စင်စစ် ငါသည် အသင်၏အစ်ကို(ယူစွဖ်)ပင် ဖြစ်သည်။ သို့ဖြစ်ရာ အသင်သည် သူတို့ပြုလုပ်ခဲ့ကြသော ကိစ္စရပ်များနှင့် ပတ်သက်၍ စိတ်ဒုက္ခ မဖြစ်ပါနှင့်ဟု ပြောဆိုခဲ့သည်။❻

❻ ခံခဲ့ရတဲ့ ဒုက္ခတွေအပေါ်မှာ စိတ်မပျက်ဖို့နဲ့ အခုကစပြီး အစ်ကိုတွေရဲ့ နိုပ်စက်မှုတွေကနေ ကင်းဝေးတော့မှာဖြစ်တဲ့အကြောင်း၊ ငါဟာ မင်းရဲ့ မိတူဖတူအစ်ကိုရင်းဖြစ်တဲ့အကြောင်းပြောဆိုပြီး ၎င်း၏ညီငယ်ကို နှစ်သိမ့်ခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

فَلَمَّا جَهَّزَهُم بِجَهَازِهِمْ جَعَلَ السِّقَايَةَ فِي رَحْلِ أَخِيهِ ثُمَّ أَذَّنَ مُؤَذِّنٌ أَيَّتُهَا الْعِيرُ إِنَّكُمْ لَسَارِقُونَ ﴿٧٠﴾

(၇၀) ထို့နောက် ၎င်း(ယူစွဖ်)သည် သူတို့အတွက် အစီအစဉ်များကို အဆင်သင့်ဖြစ်အောင် စီမံပေးခဲ့ပြီးသောအခါ (ရွှေ/ငွေဖြင့် ပြုလုပ်ထားသော ခြင်တွယ်၍လည်းရသော)သောက်ရေခွက်ကို ၎င်း၏ညီ၏ ခရီးဆောင်ပစ္စည်းထဲ၌ ထည့်လိုက်သည်။ ၎င်းနောက် ကြေညာသူတစ်ဦးက "အို- ခရီးသည်အုပ်စု၊ အမှန်စင်စစ် အသင်တို့သည် သူခိုးများပင် ဖြစ်ကြသည်" ဟု ကြေညာခဲ့သည်။

قَالُوا وَأَقْبَلُوا عَلَيْهِم مَّاذَا تَفْقِدُونَ ﴿٧١﴾

(၇၁) ၎င်း(အစ်ကို)တို့သည် ကြေညာသူများဘက်သို့ မျက်နှာလှည့်၍ "အသင်တို့သည် မည်သည့်အရာပျောက်ဆုံးနေသနည်း"ဟု ပြောဆိုမေးမြန်းခဲ့ကြသည်။

قَالُوا نَفْقِدُ صُوَاعَ الْمَلِكِ وَلِمَن جَاءَ بِهِ حِمْلُ بَعِيرٍ وَأَنَا بِهِ زَعِيمٌ ﴿٧٢﴾

(၇၂) ထို(ကြေညာ)သူများကပြောဆိုကြသည်- ကျွန်ုပ်တို့၏ဘုရင်၏ ခြင်တွယ်ခွက်(သောက်ရေခွက်) ပျောက်နေပါသည်။ ၎င်းနောက် မည်သူမဆို ထိုခြင်ခွက်ကို (ရှာဖွေ)ယူဆောင်ခဲ့လျှင် ထိုသူအတွက် ကုလားအုတ်တစ်စီးစာ (ရိက္ခာ)ရမည်။ ၎င်းနောက် ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်သည် အာမခံသူ ဖြစ်သည်။

قَالُوا تَاللَّهِ لَقَدْ عَلِمْتُم مَّا جِئْنَا لِنُفْسِدَ فِي الْأَرْضِ وَمَا كُنَّا سَارِقِينَ ﴿٧٣﴾

(၇၃) သူတို့က ပြောဆိုကြသည်- အလ္လာဟ်အရှင်မြတ်အား တိုင်တည်ပြီး ပြောမည်၊ ကျွန်ုပ်တို့သည် တိုင်းပြည်တွင် ဖျက်လိုဖျက်ဆီးပြုလုပ်ရန် လာခဲ့ခြင်းမဟုတ်ကြောင်းနှင့် ကျွန်ုပ်တို့သည် သူခိုးများလည်း မဟုတ်ကြောင်းကို အသင်တို့ အမှန်စင်စစ် သိရှိပြီးဖြစ်သည်။

قَالُوا فَمَا جَزَاؤُهُ إِن كُنتُمْ كَاذِبِينَ ﴿٧٤﴾

(၇၄) ထို(ကြေညာ)သူက အကယ်၍ အသင်တို့သည် လိမ်လည်သူ

များဖြစ်ကြလျှင် ထို(ခိုး)သူ၏အပြစ်ဒဏ်သည် မည်သို့နည်းဟု မေးမြန်းခဲ့သည်။

قَالُوْا جَزَآؤُهٗ مَنْ وُّجِدَ فِيْ رَحْلِهٖ فَهُوَ جَزَآؤُهٗ ؕ كَذٰلِكَ نَجْزِى الظّٰلِمِيْنَ ﴿٧٥﴾

(၇၅) သူတို့က ပြောဆိုကြသည်- အကြင်သူ၏ခရီးဆောင်ပစ္စည်းထဲ၌ ထို(ခိုးရာပါ)ပစ္စည်းတွေ့ရှိခဲ့လျှင် ထိုသူကိုယ်တိုင်ကိုပင် ယင်း(ခိုးသောပစ္စည်း)၏ အစားအဖြစ် ယူလိုက်ရမည်ဖြစ်သည်။[1] ကျွန်ုပ်တို့သည် ထိုနည်းဖြင့်ပင် အပြစ်ကျူးလွန်သူများကို အစားပေးလေ့ရှိကြသည်။

[1] အမှုထမ်းတွေက ခိုးရာပါပစ္စည်းတွေ့ရရင် ဘယ်လိုအပြစ်ပေးရမလဲလို့ မေးတဲ့အခါ အစ်ကိုတွေက တမန်တော်အိဗ်ရာဟီမ် ﷺ ရဲ့တရားတော်မှာ လာရှိတဲ့အတိုင်း "အကြင်သူ့ထံမှာ ခိုးရာပါပစ္စည်းမိရင် အဲဒီသူဟာ အဲဒီခိုးရာပါပစ္စည်းရဲ့အစား သူကိုယ်တိုင် ကျွန်ခံရမယ်" လို့ဖြေကြားခဲ့တယ်။ အဲဒီလိုဖြေကြားရဲရတဲ့အကြောင်းကတော့ သူတို့ဟာ တကယ်ပဲ မခိုးကြဘူးဆိုတာ ယုံကြည်တဲ့အတွက်ကြောင့်ဖြစ်တယ်။ အဲဒီအတွက် သူတို့စကားနဲ့ သူတို့ မိပြီး ညီငယ်ကို ထားခဲ့ရတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَبَدَاَ بِاَوْعِيَتِهِمْ قَبْلَ وِعَآءِ اَخِيْهِ ثُمَّ اسْتَخْرَجَهَا مِنْ وِّعَآءِ اَخِيْهِ ؕ كَذٰلِكَ كِدْنَا لِيُوْسُفَ ؕ
مَا كَانَ لِيَاْخُذَ اَخَاهُ فِيْ دِيْنِ الْمَلِكِ اِلَّآ اَنْ يَّشَآءَ اللّٰهُ ؕ نَرْفَعُ دَرَجٰتٍ مَّنْ نَّشَآءُ ؕ وَفَوْقَ كُلِّ
ذِيْ عِلْمٍ عَلِيْمٌ ﴿٧٦﴾

(၇၆) ထို့နောက် ၎င်း(ယူစွဖ်)သည် ၎င်း၏ညီငယ်၏အိတ်ကို (ရှာဖွေခြင်း)မပြုလုပ်မီတွင် ၎င်း၏အစ်ကိုများ၏အိတ်များကို စတင်(ရှာဖွေ)ခဲ့သည်။ ထို့နောက် ၎င်းသည် ထိုပစ္စည်း (ခြင်ခွက်/သောက်ရေခွက်)ကို ၎င်း၏ညီ၏ အိတ်ထဲမှထုတ်ယူခဲ့သည်။ ထိုနည်းအတိုင်းပင် ငါအရှင်မြတ်သည် ယူစွဖ်အတွက် စီမံပေးတော်မူခဲ့သည်။ ၎င်းသည် ၎င်း၏ညီငယ်ကို (အီဂျစ်)ဘုရင်၏ စည်းမျဉ်းဥပဒေအရ ခေါ်ယူထားနိုင်သည်မဟုတ်ပေ။[2] သို့ရာတွင် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူ၍သာ (ခေါ်ထားနိုင်ခြင်းဖြစ်သည်)။ ငါအရှင်မြတ်သည် ငါအရှင် အလိုရှိတော်မူသောသူများကို အဆင့်အတန်းများစွာ မြှင့်တင်ပေးတော်မူသည်။ ၎င်းနောက် ပညာရှင်တိုင်း၏အထက်၌ (သူ့ထက်သာသော) အလွန်တတ်ကျွမ်းသည့် ပညာရှင်တစ်ပါးရှိသည်။

[2] တမန်တော်ယူစွဖ် ﷺ ဟာ ဘုရင်ရဲ့ ဥပဒေနဲ့ ၎င်း၏ညီငယ်ကို သိမ်းပိုက်နိုင်ခဲ့တာမဟုတ်ဘဲ တမန်တော်အိဗ်ရာဟီမ် ﷺ ရဲ့ ရှရီအသ်တရားဥပဒေနဲ့ သိမ်းပိုက်နိုင်ခဲ့တာဖြစ်တယ်။ တကယ်တော့ ဒါဟာ အရှင်မြတ်က တမန်တော်ယူစွဖ် ﷺ ကို သနားတော်မူတဲ့အတွက် ညီငယ်ကို သိမ်းပိုက်နိုင်တဲ့နည်းလမ်းကို စီမံပေးတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالُوْٓا اِنْ يَّسْرِقْ فَقَدْ سَرَقَ اَخٌ لَّهٗ مِنْ قَبْلُ ۚ فَاَسَرَّهَا يُوْسُفُ فِيْ نَفْسِهٖ وَلَمْ يُبْدِهَا لَهُمْ ۚ قَالَ اَنْتُمْ

ثُمَّ مَّكَانًا ۖ وَاللَّهُ أَعْلَمُ بِمَا تَصِفُونَ ﴿٧٧﴾

(၇၇) သူတို့က ပြောဆိုကြသည်- ထိုညီငယ်သည် ခိုးသည်ဆိုလျှင် သူ၏ အစ်ကို(ယူစွဖ်)သည်လည်း ယခင်က ခိုးခဲ့ဖူးသည်။❷ ထို(သို့ပြောလိုက်သည့်) အတွက် ၎င်း(ယူစွဖ်)သည် ယင်းကို ၎င်း၏စိတ်ထဲ၌ပင် မျိုသိပ်ထားခဲ့သည်။ ၎င်းနောက် ယင်း(စကား)ကို သူတို့ရှေ့တွင် ထုတ်ဖော်ခြင်းမပြုခဲ့ပေ။ (သို့ရာတွင် ၎င်း၏စိတ်ထဲ၌မူ ဤသို့)၎င်းက ပြောဆိုသည်- အသင်တို့သည် အဆင့်အတန်း အားဖြင့် ဆိုးရွားလွန်းလှသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ ပြောဆိုချက်များအား အသိဆုံးပင် ဖြစ်တော်မူသည်။

❷ တမန်တော်ယူစွဖ် ﷺက ၎င်း၏ရှေ့မှာပဲ ၎င်းကို အစ်ကိုတွေက သူခိုးလို့ စွပ်စွဲပြောဆိုတဲ့အတွက် စိတ်မကောင်းဖြစ်ကာ အရင်ကလည်း ငါ့အပေါ်မှာ မလိုမုန်းတီးမှုထားပြီး ဆိုးသွမ်းခဲ့ကြတယ်၊ အခု လဲ ဆိုးနေကြတုန်းပါလားလို့ ရင်လေးသွားခဲ့တာဖြစ်တယ်။ (ဂျလာလိုင်န်၊ ဟာရှီယဟ် ဂျုမလ်) တမန်တော်ယူစွဖ် ﷺကို နောင်တော်တွေက သူခိုးလို့ စွပ်စွဲပြောဆိုကြတဲ့အကြောင်းရင်းမှာ တမန် တော်ယူစွဖ် ﷺငယ်စဉ်က မိခင်ဆုံးသွားမှုအပေါ်မှာ အဒေါ်က ပြုစုစောင့်ရှောက်ခဲ့ရတယ်။ အဒေါ် က တမန်တော်ယူစွဖ် ﷺကို အလွန်ချစ်ခင်မြတ်နိုးလျက်ရှိခဲ့တယ်။ ပြေးနိုင်လွှားနိုင်တဲ့အရွယ် ရောက်တဲ့အခါ တမန်တော်ယအ်ကူးဗ် ﷺက ပြန်တောင်းခဲ့တယ်။ အဒေါ်က တမန်တော်ယူစွဖ် ﷺ ကို ပြန်လည်အပ်နှံပြီး ပြန်ယူထားချင်လို့ အကြောင်းရှာခဲ့တယ်။ အဲဒီနောက် ခေတ္တအလယ်ခေါ်ယူ ပြီး သူတို့ အမြတ်တနိုးထားတဲ့ တမန်တော်အစ္စဟာက် ﷺရဲ့ခါးပတ်ကို တမန်တော်ယူစွဖ် ﷺရဲ့ အင်္ကျီရဲ့အောက်က ခါးမှာ ပတ်ပေးပြီး ဖခင်ထံပြန်လွှတ်လိုက်တယ်။ အဲဒီနောက် ခါးပတ်ပျောက် သွားကြောင်း ကြေညာခဲ့ပြီး အိမ်သားတွေထဲ ရှာဖွေတဲ့အခါမှာ တမန်တော်ယူစွဖ် ﷺရဲ့ ခါးကနေ တွေ့ခဲ့တယ်။ အဲဒီအတွက် အဒေါ်က တမန်တော်ယအ်ကူးဗ် ﷺရဲ့ရှရီအသ်တရားတော်နဲ့အညီ သူခိုးဆိုပြီး တမန်တော်ယူစွဖ် ﷺကိုပြန်လည်သိမ်းပိုက်ခွင့်ရသွားခဲ့တယ်။ အဲဒီအဒေါ်ရဲ့အကြံအစည် ကို တမန်တော်ယူစွဖ် ﷺရဲ့ နောင်တော်တွေအားလုံးဟာ သိရှိခဲ့ပြီးဖြစ်ပါလျက်နဲ့ အခုထပ်မံပြီး မလိုမုန်းတီးမှုနဲ့ သူခိုးလို့ စွပ်စွဲခဲ့ကြတာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

قَالُوا يَا أَيُّهَا الْعَزِيزُ إِنَّ لَهُ أَبًا شَيْخًا كَبِيرًا فَخُذْ أَحَدَنَا مَكَانَهُ ۖ إِنَّا نَرَاكَ مِنَ الْمُحْسِنِينَ ﴿٧٨﴾

(၇၈) သူတို့က ပြောဆိုကြပြန်သည်- အို-အဇီးဇ်၊ အမှန်စင်စစ် ၎င်း (ညီငယ်)၌ အလွန်အိုမင်းသော ဖခင်ကြီးတစ်ပါးရှိနေပါသည်။ သို့ဖြစ်ရာ အသင် သည် သူ၏အစားကို ကျွန်ုပ်တို့ထဲမှ တစ်ဦးဦးအား ခေါ်ထားလိုက်ပါ။ အမှန် စင်စစ် ကျွန်ုပ်တို့သည် အသင့်အား ကျေးဇူးပြုတတ်သူတစ်ဦးအဖြစ် မြင်ကြပါ သည်။❻

❻ သူတို့ဟာ သူတို့ရဲ့ဖခင်နဲ့ကတိကဝတ်တွေပေးပြီး အာမခံကာ ညီငယ်ကို ခေါ်လာခဲ့ရတယ်ဆို တာ သတိရပြီး သူ့ကို အစားမယူဘဲ အစ်ကိုတွေထဲက ကြိုက်တဲ့သူကို အစားယူလိုက်ဖို့ မေတ္တာရပ် ခံခဲ့ကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ مَعَاذَ اللّٰهِ اَنۡ نَّاۡخُذَ اِلَّا مَنۡ وَّجَدۡنَا مَتَاعَنَا عِنۡدَهٗۤ ۙ اِنَّاۤ اِذًا لَّظٰلِمُوۡنَ ﴿٧٩﴾

(၇၉) ၎င်းကပြောဆိုသည်- ငါတို့သည် ငါတို့ပစ္စည်းကို တွေ့ရှိသောသူမှလွဲ၍ (အခြားသူကို) ဖမ်းဆီးခြင်းမပြုမိကြရန် အလ္လာဟ်အရှင်မြတ်၏ကာကွယ်စောင့်ရှောက်မှုကို ရယူကြပါသည်။ အမှန်စင်စစ် ငါတို့သည် ထိုကဲ့သို့ဖြစ်လျှင် မတရားသူများ အမှန်ဖြစ်ကြပါတော့မည်။

فَلَمَّا اسۡتَيۡـَٔسُوۡا مِنۡهُ خَلَصُوۡا نَجِيًّا ؕ قَالَ كَبِيۡرُهُمۡ اَلَمۡ تَعۡلَمُوۡۤا اَنَّ اَبَاكُمۡ قَدۡ اَخَذَ عَلَيۡكُمۡ مَّوۡثِقًا مِّنَ اللّٰهِ وَمِنۡ قَبۡلُ مَا فَرَّطۡتُّمۡ فِىۡ يُوۡسُفَ ۚ فَلَنۡ اَبۡرَحَ الۡاَرۡضَ حَتّٰى يَاۡذَنَ لِىۡۤ اَبِىۡۤ اَوۡ يَحۡكُمَ اللّٰهُ لِىۡ ۚ وَهُوَ خَيۡرُ الۡحٰكِمِيۡنَ ﴿٨٠﴾

(၈၀) ထို့နောက် သူတို့သည် ၎င်း(ယူစွဖ်)ထံမှ မျှော်လင့်ချက်ကင်းမဲ့သွားကြသောအခါ သီးသန့်ထိုင်ပြီး လျှို့ဝှက်တိုင်ပင်ကြသည်။ သူတို့ထဲမှ အကြီးဆုံးကပြောဆိုသည်-အသင်တို့သည် အသင်တို့၏ဖခင်က အသင်တို့ထံမှ အလ္လာဟ်အရှင်မြတ်အား တိုင်တည်စေပြီး ကတိယူခဲ့သည့်အပြင် အသင်တို့သည် ယခင်က ယူစွဖ်နှင့်ပတ်သက်၍ လစ်ဟင်းပျက်ကွက်ခဲ့ကြသည်ကိုလည်း မသိခဲ့ကြသလော။ သို့ဖြစ်ရာ ငါ၏ဖခင်သည် ငါ့ကို ခွင့်မပြုသမျှ သို့မဟုတ် အလ္လာဟ်အရှင်မြတ်သည် ငါ့အတွက် စီရင်ဆုံးဖြတ်မှုမပြုသမျှ ငါသည် ဤ(အီဂျစ်)တိုင်းပြည်မှ လုံးဝစွန့်ခွာမည် မဟုတ်ပေ။ ထို့ပြင်အရှင်မြတ်သည် အကောင်းဆုံး စီရင်ဆုံးဖြတ်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။❶

❶ အစ်ကိုအကြီးဆုံးဖြစ်သူက သူ့ဖခင်ကြီးကို မျက်နှာမပြရဲတဲ့အတွက်ရော အလွန်ရှက်တဲ့အတွက်ပါ သူတို့ရဲ့ရပ်ရွာက အိမ်ကို မပြန်တော့ဘူးလို့ ပြောဆိုတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

اِرۡجِعُوۡۤا اِلٰٓى اَبِيۡكُمۡ فَقُوۡلُوۡا يٰۤاَبَانَاۤ اِنَّ ابۡنَكَ سَرَقَ ۚ وَمَا شَهِدۡنَاۤ اِلَّا بِمَا عَلِمۡنَا وَمَا كُنَّا لِلۡغَيۡبِ حٰفِظِيۡنَ ﴿٨١﴾

(၈၁) အသင်တို့သည် အသင်တို့၏ဖခင်ထံသို့ ပြန်သွားပြီးနောက် (ဤသို့)ပြောဆိုလျှောက်ထားကြပါ၊ အို- ကျွန်ုပ်တို့၏ဖခင်၊ အမှန်စင်စစ် ဖခင်၏သားသည် ခိုးဝှက်ခဲ့ပါသည်။ ၎င်းနောက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ သိသည်မှလွဲ၍ အခြားမည်သည့်အရာမျှ သက်သေခံကြသည် မဟုတ်ပါ။ ၎င်းနောက် ကျွန်ုပ်တို့သည် အကွယ်ကို သိရှိသူများလည်းမဟုတ်ကြပါ။

وَسۡـَٔلِ الۡقَرۡيَةَ الَّتِىۡ كُنَّا فِيۡهَا وَالۡعِيۡرَ الَّتِىۡۤ اَقۡبَلۡنَا فِيۡهَا ؕ وَاِنَّا لَصٰدِقُوۡنَ ﴿٨٢﴾

(၈၂) ၎င်းနောက် ဖခင်သည် ကျွန်ုပ်တို့ နေထိုင်ခဲ့ကြသော(အီဂျစ်ပြည်

မှ) မြို့သူမြို့သားများအပြင် ကျွန်ုပ်တို့နှင့်အတူ လာခဲ့ကြသည့် ခရီးသည် အုပ်စု များအား မေးမြန်းကြည့်ပါ။ ထို့ပြင် အမှန်ပင် ကျွန်ုပ်တို့သည် အမှန်ပြောသော သူများ ဖြစ်ကြပါသည်။

قَالَ بَلْ سَوَّلَتْ لَكُمْ اَنْفُسُكُمْ اَمْرًا ۖ فَصَبْرٌ جَمِيْلٌ ۖ عَسَى اللّٰهُ اَنْ يَّاْتِيَنِيْ بِهِمْ جَمِيْعًا ۖ اِنَّهٗ هُوَ الْعَلِيْمُ الْحَكِيْمُ ﴿٨٣﴾

(၈၃) ၎င်း(ဖခင်)ကပြောသည်- ထိုသို့ မဟုတ်ပေ၊ အမှန်စင်စစ် အသင် တို့၏စိတ်နှလုံးများသည် အသင်တို့အတွက် ကိစ္စတစ်ခုအား လုပ်ကြံဖန်တီးခဲ့ ခြင်းသာဖြစ်သည်။ သို့ဖြစ်ရာ (ငါ့အတွက်မှာမူ) သည်းခံခြင်းသည်ပင် အကောင်း ဆုံးဖြစ်သည်။❶ အလ္လာဟ်အရှင်မြတ်သည် သူတို့အားလုံးကို ငါ့ထံသို့ ပြန်လည် ရောက်စေတော်မူလိမ့်မည်ဟု မျှော်လင့်ရမည်ပင်ဖြစ်သည်။ အမှန်စင်စစ် အရှင် မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့်အလွန် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ ဖခင်ကြီးဟာ သားတွေရဲ့ပြောပြချက်ကို ကြားရတဲ့အခါမှာ မယုံကြည်ခဲ့ဘူး။ ပထမတစ်ခါတုန်း က ပြောခဲ့သလိုပဲ ပြောခဲ့တာဖြစ်တယ်။ တကယ်တော့ ယူစွဖ် عليه السلام ကိုလည်း ဝံပုလွေမစား၊ ၎င်းရဲ့ညီ ကလည်းခိုးတာမဟုတ်၊ ငါ့အတွက်ကတော့ သည်းခံတာပဲကောင်းတယ်ဆိုပြီး မျိုသိပ်နေခဲ့တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَتَوَلّٰى عَنْهُمْ وَقَالَ يٰۤاَسَفٰى عَلٰى يُوْسُفَ وَابْيَضَّتْ عَيْنٰهُ مِنَ الْحُزْنِ فَهُوَ كَظِيْمٌ ﴿٨٤﴾

(၈၄) ထို့နောက် ၎င်းသည် သူတို့ဘက်မှ မျက်နှာလွှဲပြီး "ဩော်- ယူစွဖ်၊ ဖြစ်မှ ဖြစ်ရလေခြင်း"❷ ဟု ပြောဆို(ညည်းညူ)ခဲ့သည်။ ထို့နောက် ၎င်း၏မျက်စိ နှစ်လုံးသည်လည်း ပူဆွေးဝမ်းနည်းမှုကြောင့် ဖြူ(၍ကွယ်)သွားခဲ့သည်။ သို့ဖြစ် ရာ ၎င်းသည် မျိုသိပ်၍သာနေခဲ့သည်။

❷ ဖခင်ကြီးဟာ အခုတစ်ခါ ဒီသားငယ်နဲ့ ကွဲရပြန်တဲ့အခါ ပထမကွဲခဲ့တဲ့ သားကို ပြန်သတိရပြီး ဝမ်းနည်းပက်လက်ဖြစ်ရပြန်တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

قَالُوْا تَاللّٰهِ تَفْتَؤُا تَذْكُرُ يُوْسُفَ حَتّٰى تَكُوْنَ حَرَضًا اَوْ تَكُوْنَ مِنَ الْهٰلِكِيْنَ ﴿٨٥﴾

(၈၅) သူတို့က ပြောဆိုကြသည်- အလ္လာဟ်အရှင်မြတ်အား တိုင်တည် ပြောဆိုပါသည်၊ ဖခင်သည် ယူစွဖ်ကို အမြဲသတိရလျက်ပင်ရှိနေခဲ့သည့်အတွက် နောက်ဆုံး၌ ဖခင်သည် ကျန်းမာရေး ချွတ်ယွင်းသူ သို့မဟုတ် အသက်ဆုံးရှုံး သူ ဖြစ်ရပါတော့မည်။❸

❸ ဖခင်ကြီးရဲ့ဝမ်းနည်းပူဆွေးမှုကို သားတွေက မြင်ရပြီး ကျန်းမာရေးထိခိုက်မှာ အသက်ဆုံးရှုံးမှာ ကို စိုးရိမ်ပြီး ပြောဆိုခဲ့တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ إِنَّمَآ أَشْكُوا۟ بَثِّى وَحُزْنِىٓ إِلَى ٱللَّهِ وَأَعْلَمُ مِنَ ٱللَّهِ مَا لَا تَعْلَمُونَ ﴿٨٦﴾

(၈၆) ၎င်းက ပြောဆိုသည်- ငါသည် အလ္လာဟ်အရှင်မြတ်ထံတော်၌သာ ငါ၏စိတ်သောကဖြစ်ခြင်းနှင့် ငါ၏ပူဆွေးခြင်းကို လျှောက်ထားခြင်းဖြစ်သည်။ ထို့ပြင် ငါသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ အသင်တို့ မသိကြသောအရာကို သိရှိရသည်။[၅]

[၅] သားတွေက အဲဒီလိုပြောတဲ့အပေါ် ဖခင်ဖြစ်သူက ငါဟာ မင်းတို့ကို တင်ပြနေတာမဟုတ်ဘူး။ ငါရဲ့ပူဆွေးမှုကို ငါ့ကို ဖန်ဆင်းမွေးမြူတော်မူတဲ့ အရှင်ထံမှာပဲ တင်ပြနေခြင်းသာဖြစ်တယ်။ ငါဟာ အဲဒီအရှင်ထံက မင်းတို့မသိတဲ့အရာတွေသိထားတယ်။ ယူစွဖ် عليه السلام မသေဘူး၊ ၎င်းရဲ့ အိပ်မက်ကို အကောင်အထည်ဖော်ဖို့ ကျန်သေးတယ်။ ဒါဟာ စမ်းသပ်မှုပဲဖြစ်တယ်။ တစ်ချိန်မှာ အားလုံးပြန်တွေ့ရလိမ့်မယ်လို့ ပြောဆိုခဲ့တယ်။ (အိဗ်နုကဆီးရ်)

يَٰبَنِىَّ ٱذْهَبُوا۟ فَتَحَسَّسُوا۟ مِن يُوسُفَ وَأَخِيهِ وَلَا تَا۟يْـَٔسُوا۟ مِن رَّوْحِ ٱللَّهِ ۖ إِنَّهُۥ لَا يَا۟يْـَٔسُ مِن رَّوْحِ ٱللَّهِ إِلَّا ٱلْقَوْمُ ٱلْكَٰفِرُونَ ﴿٨٧﴾

(၈၇) အို- ငါ၏ချစ်သားတို့၊ အသင်တို့သည် ယူစွဖ်ကိုရော ၎င်း၏ညီငယ်ကိုပါ သွားပြီး စုံစမ်းရှာဖွေကြပါ။ ၎င်းနောက် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်မှ မျှော်လင့်ချက်မကင်းမဲ့ကြနှင့်။ အမှန်စင်စစ် ကာဖိရ်များမှလွဲ၍ အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်မှ မည်သူမျှ မျှော်လင့်ချက်မကင်းမဲ့ကြပေ။[၁]

[၁] အရှင်မြတ်ရဲ့ကရုဏာကို မျှော်လင့်ချက်ကင်းတာဟာ မွတ်စ်လင်မ်ရဲ့အလုပ်မဟုတ်ဘူး။ ဘယ်လောက်ကျပ်တည်းတဲ့အခြေအနေမျိုးမှာပဲ ဖြစ်ဖြစ် မျှော်လင့်ချက်မကင်းရဘူး။ မကြာခင် အရှင်မြတ်ဟာ အရှင်မြတ်ရဲ့ကရုဏာတော်ကို ပေးသနားတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

فَلَمَّا دَخَلُوا۟ عَلَيْهِ قَالُوا۟ يَٰٓأَيُّهَا ٱلْعَزِيزُ مَسَّنَا وَأَهْلَنَا ٱلضُّرُّ وَجِئْنَا بِبِضَٰعَةٍ مُّزْجَىٰةٍ فَأَوْفِ لَنَا ٱلْكَيْلَ وَتَصَدَّقْ عَلَيْنَآ ۖ إِنَّ ٱللَّهَ يَجْزِى ٱلْمُتَصَدِّقِينَ ﴿٨٨﴾

(၈၈) ထို့နောက် သူတို့သည် ၎င်း(ယူစွဖ်)ထံသို့ ဝင်ရောက်ကြသောအခါ (၎င်းတို့)ပြောဆိုကြသည်- အို-အဇီးဇ်၊ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ အိမ်သူအိမ်သားများတွင် (ငတ်မွတ်ခြင်း)ဘေးဒုက္ခ ဆိုက်ရောက်နေပါသည်။ ၎င်းနောက် ကျွန်ုပ်တို့သည် ညံ့ဖျင်းသော အရင်းအနှီးအနည်းငယ်သာ ယူဆောင်လာခဲ့ရပါသည်။ သို့ဖြစ်ရာ အသင် အဇီးဇ်သည် ကျွန်ုပ်တို့အား(ရိက္ခာ)အပြည့် ခြင်ပြီးပေးပါ။ ၎င်းနောက် ကျွန်ုပ်တို့အပေါ်တွင်လည်း ကောင်းချီးမင်္ဂလာစွန့်ကြဲပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကောင်းချီးမင်္ဂလာစွန့်ကြဲသောသူများအား အကျိုးကျေးဇူးပေးသနားတော်မူပါသည်။[၂]

❼ သူတို့ရဲ့အခက်အခဲအကျပ်အတည်းကို တင်ပြပြီး စားနပ်ရိက္ခာကို လှူဒါန်းဖို့ မေတ္တာရပ်ခံခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ هَلْ عَلِمْتُم مَّا فَعَلْتُم بِيُوسُفَ وَأَخِيهِ إِذْ أَنتُمْ جَاهِلُونَ ﴿٨٩﴾

(၈၉) ၎င်း(ယူစွဖ်)က ပြောဆိုမေးမြန်းခဲ့သည်- အသင်တို့သည် အသင်တို့ မသိမိုက်မဲသူများ ဖြစ်ခဲ့ကြစဉ်က အသင်တို့သည် ယူစွဖ်နှင့်၎င်း၏ညီငယ်အား မည်သို့သောအပြုအမူကို ပြုမူခဲ့ကြသည်ဆိုသည်ကို အသင်တို့ မှတ်မိကြ၏လော။

قَالُوٓا۟ أَءِنَّكَ لَأَنتَ يُوسُفُ ۖ قَالَ أَنَا۠ يُوسُفُ وَهَـٰذَآ أَخِى ۖ قَدْ مَنَّ ٱللَّهُ عَلَيْنَآ ۖ إِنَّهُۥ مَن يَتَّقِ وَيَصْبِرْ فَإِنَّ ٱللَّهَ لَا يُضِيعُ أَجْرَ ٱلْمُحْسِنِينَ ﴿٩٠﴾

(၉၀) သူတို့က "အမှန်စင်စစ် အသင်သည် ယူစွဖ်ပင် ဖြစ်ပါသလော" ဟု ပြောဆိုခဲ့ကြသည်။ ၎င်းက "ကျွန်ုပ်သည် ယူစွဖ်ပင် ဖြစ်သည်။ ထို့နောက် ဤသည် ကျွန်ုပ်၏ညီငယ်ပင် ဖြစ်သည်။ အမှန်မုချ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အပေါ်တွင် ကျေးဇူးပြုတော်မူခဲ့သည်။ အမှန်စင်စစ် မည်သူမဆို အပြစ်ရှောင်ကြဉ်ပြီး သည်းခံလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကောင်းမြတ်သောလုပ်ရပ်များကို ဆောက်တည်သောသူများ၏ အကျိုးကျေးဇူးအားအကျိုးမဲ့ ဖြစ်စေတော်မူမည်မဟုတ်ပေ"ဟု ပြောဆိုခဲ့သည်။

قَالُوا۟ تَٱللَّهِ لَقَدْ ءَاثَرَكَ ٱللَّهُ عَلَيْنَا وَإِن كُنَّا لَخَـٰطِـِٔينَ ﴿٩١﴾

(၉၁) သူတို့က အလ္လာဟ်အရှင်မြတ်အား တိုင်တည်ပြောဆိုကြသည်၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင့်အား ကျွန်ုပ်တို့ထက်ဦးစားပေး မြှင့်မြတ်စေတော်မူခဲ့သည်။ ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သာ မှားယွင်းသူများ ဖြစ်ကြပါသည်ဟု ပြောဆိုခဲ့ကြသည်။❽

❽ ကျွန်ုပ်တို့ဟာ အသင်ရဲ့အိပ်မက်ကို တန်ဖိုးမထားခဲ့ဘဲ အသင့်ကို မကောင်းကြံစည်ခဲ့ကြတာဟာ ကျွန်ုပ်တို့ရဲ့အမှားဖြစ်ပါတယ်လို့ ဝန်ခံလိုက်ကြတာဖြစ်တယ်။ (အိဗ်နုကဆီးရ်)

قَالَ لَا تَثْرِيبَ عَلَيْكُمُ ٱلْيَوْمَ ۖ يَغْفِرُ ٱللَّهُ لَكُمْ ۖ وَهُوَ أَرْحَمُ ٱلرَّٰحِمِينَ ﴿٩٢﴾

(၉၂) ၎င်းက ယနေ့ အသင်တို့အပေါ်တွင် လုံးဝအပြစ်တင်မှုမရှိပေ။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အပြစ်မှ ချမ်းသာပေးသနားတော်မူပါစေ။❾ ၎င်းနောက် အရှင်မြတ်သည် သနားကြင်နာသူများအားလုံးထက် အသနားအကြင်နာဆုံးဖြစ်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပါသည်။

❾ တမန်တော်ယူစွဖ် عليه السلام ဟာ ၎င်းရဲ့အစ်ကိုတွေကို ခွင့်လွှတ်ရုံတင်မက အရှင်မြတ်ထံတော်မှာတောင် ခွင့်လွှတ်ဖို့တောင်းခံပေးလိုက်သေးတယ်။ ဒါဟာ အဆင့်မြင့်သူတွေရဲ့ လုပ်ရပ်ဖြစ်တယ်

ဆိုတာကို ထင်ရှားစေတယ်။ (အလင်းပြကျမ်း)

اِذْهَبُوْا بِقَمِيْصِيْ هٰذَا فَاَلْقُوْهُ عَلٰى وَجْهِ اَبِيْ يَاْتِ بَصِيْرًا ۚ وَاْتُوْنِيْ بِاَهْلِكُمْ اَجْمَعِيْنَ ﴿٩٣﴾

(၉၃) အသင်တို့သည် ကျွန်ုပ်၏ ဤအင်္ကျီကို ယူသွားကြပါ။ ၎င်းနောက် အသင်တို့သည် ၎င်းကို ကျွန်ုပ်၏ဖခင်၏မျက်နှာပေါ်သို့ တင်လိုက်ပါ။ ဖခင်၏ မျက်စိသည် အလင်းပြန်လည်ရလာပါလိမ့်မည်။ ထို့နောက် အသင်တို့သည် အသင်တို့၏အိမ်သူအိမ်သားများအားလုံးကိုလည်း ကျွန်ုပ်ထံသို့ ခေါ်ဆောင်လာခဲ့ကြပါ။❼

❼ တမန်တော်ယူစွဖ် عليه السلام ဟာ အီဂျစ်ကနေ လောလောဆယ်ရွှေ့ပြောင်းဖို့မလွယ်ကူတဲ့အကြောင်း ၎င်း၏အစ်ကိုတွေကိုပဲ မှာကြားပြီး အိမ်သူအိမ်သားတွေကို ရွှေ့ပြောင်းလာကြဖို့ ခိုင်းလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَمَّا فَصَلَتِ الْعِيْرُ قَالَ اَبُوْهُمْ اِنِّيْ لَاَجِدُ رِيْحَ يُوْسُفَ لَوْلَآ اَنْ تُفَنِّدُوْنِ ﴿٩٤﴾

(၉၄) ထို့နောက် ၎င်းခရီးသည်အုပ်စုသည် (အီဂျစ်မှ) ထွက်ခွာလာသောအခါ သူတို့၏ဖခင်က အကယ်၍ အသင်တို့သည် ငါ့ကို သူငယ်ပြန်သည်ဟု မယူဆကြလျှင် အမှန်စင်စစ် ငါသည် ယူစွဖ်၏အနံ့ကို ရနေသည်❽ဟု ပြောဆိုခဲ့သည်။

❽ အရှင်မြတ်က တမန်တော် သားအဖနှစ်ဦး عليهما السلام ကို စမ်းသပ်တော်မူဖို့အတွက် နှစ်ပေါင်းအမြောက်အမြား ခွဲခွာထားခဲ့တာဖြစ်တယ်။ စမ်းသပ်မှုပြီးဆုံးတဲ့အခါ အီဂျစ်ပြည်မှာရှိတဲ့ သားရဲ့ အင်္ကျီယူလာပြီး အီဂျစ်က ထွက်လာနေတုန်းပဲရှိသေးတယ်၊ ဆီးရီးယားနိုင်ငံမှာရှိတဲ့ ဖခင်ဖြစ်သူက အနံ့ရသွားခဲ့တာဟာ အရှင်မြတ်ရဲ့တန်ခိုးတော်ပဲဖြစ်တယ်။ (အလင်းပြကျမ်း)

الربع

قَالُوْا تَاللّٰهِ اِنَّكَ لَفِيْ ضَلٰلِكَ الْقَدِيْمِ ﴿٩٥﴾

(၉၅) သူတို့က ပြောဆိုကြသည်- အလ္လာဟ်အရှင်မြတ်အား တိုင်တည်ပြောဆိုပါသည်၊ အမှန်စင်စစ် ဖခင်သည် ဖခင်၏ရှေးဟောင်းလွဲမှားမှုထဲ၌ပင် (ယခုအချိန်ထိ)ရှိနေသည် အမှန်ဖြစ်၏။

فَلَمَّآ اَنْ جَآءَ الْبَشِيْرُ اَلْقٰىهُ عَلٰى وَجْهِهٖ فَارْتَدَّ بَصِيْرًا ۚ قَالَ اَلَمْ اَقُلْ لَّكُمْ ۚ اِنِّيْٓ اَعْلَمُ مِنَ اللّٰهِ مَا لَا تَعْلَمُوْنَ ﴿٩٦﴾

(၉၆) ထို့နောက် ဝမ်းမြောက်ဖွယ်သတင်းကို ယူဆောင်လာသောသူသည် (ဖခင်ထံသို့) ရောက်သောအခါ၊ သူက ၎င်း(အင်္ကျီ)ကို ဖခင်၏မျက်နှာပေါ်သို့ တင်လိုက်သည်နှင့် ဖခင်သည် မျက်စိအလင်းပြန်ရရှိလာခဲ့တော့သည်။ ဖခင်ကပြောဆိုခဲ့သည်- ငါသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ အသင်တို့ မသိနားမလည်သောပညာကို အမှန်ပင် သိနားလည်သည်ဟု အသင်တို့အား ပြော

ဆိုခဲ့သည် မဟုတ်လော။

قَالُوْا يٰٓاَبَانَا اسْتَغْفِرْ لَنَا ذُنُوْبَنَآ اِنَّا كُنَّا خٰطِـِٕيْنَ ﴿٩٧﴾

(၉၇) အို- ကျွန်ုပ်တို့၏ဖခင်၊ ဖခင်သည် ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့၏အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန်အတွက် အသနားခံပေးတော်မူပါ၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် အပြစ်ရှိသောသူများဖြစ်ကြပါသည်ဟု (သားများက) ပြောဆိုလျှောက်ထားခဲ့ကြသည်။

قَالَ سَوْفَ اَسْتَغْفِرُ لَكُمْ رَبِّيْ ۗ اِنَّهٗ هُوَ الْغَفُوْرُ الرَّحِيْمُ ﴿٩٨﴾

(၉၈) ဖခင်က ပြောဆိုသည်- ငါသည် အသင်တို့အတွက် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ကို မကြာမီ အသနားခံပေးမည်၊ အမှန်စင်စစ် အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

فَلَمَّا دَخَلُوْا عَلٰى يُوْسُفَ اٰوٰٓى اِلَيْهِ اَبَوَيْهِ وَقَالَ ادْخُلُوْا مِصْرَ اِنْ شَاۤءَ اللّٰهُ اٰمِنِيْنَ ۗ ﴿٩٩﴾

(၉၉) ထို့နောက် သူတို့ (အစ္စရာအီလ်မျိုးနွယ်တစ်ခုလုံး၏မိသားစုများ)သည် ယူစွဖ်ထံသို့ ဝင်ရောက်ခဲ့ကြသောအခါ ၎င်းသည် ၎င်း၏မိဘနှစ်ပါးအား ၎င်း၏ထံ၌ နေရာချပေးခဲ့သည်။ ထို့နောက် ၎င်းက (ဤသို့)လျှောက်ထားခဲ့သည်။ (အို-ကျွန်ုပ်၏မိသားစုအပေါင်းတို့၊) အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူလျှင် ဘေးရန်ကင်းရှင်းစွာဖြင့် အီဂျစ်မြို့ထဲသို့ ဝင်ရောက်ကြပါ။

وَرَفَعَ اَبَوَيْهِ عَلَى الْعَرْشِ وَخَرُّوْا لَهٗ سُجَّدًا ۚ وَقَالَ يٰٓاَبَتِ هٰذَا تَأْوِيْلُ رُءْيَايَ مِنْ قَبْلُ ۖ قَدْ جَعَلَهَا رَبِّيْ حَقًّا ۗ وَقَدْ اَحْسَنَ بِيْٓ اِذْ اَخْرَجَنِيْ مِنَ السِّجْنِ وَجَاۤءَ بِكُمْ مِّنَ الْبَدْوِ مِنْۢ بَعْدِ اَنْ نَّزَغَ الشَّيْطٰنُ بَيْنِيْ وَبَيْنَ اِخْوَتِيْ ۗ اِنَّ رَبِّيْ لَطِيْفٌ لِّمَا يَشَاۤءُ ۗ اِنَّهٗ هُوَ الْعَلِيْمُ الْحَكِيْمُ ﴿١٠٠﴾

(၁၀၀) ထို့နောက် ၎င်းသည် ၎င်း၏မိဘနှစ်ပါးအား ပလ္လင်ပေါ်၌ထိုင်စေခဲ့သည်။ ထို့နောက် သူတို့အားလုံးသည် ၎င်း(ယူစွဖ်)၏ရှေ့၌ ဦးချခဲ့ကြသည်။ ۞ ထို့နောက် ၎င်းကပြောသည်- အို-ကျွန်ုပ်၏ဖခင်၊ ဤသည် ကျွန်ုပ် ယခင်က မြင်မက်ခဲ့သော အိပ်မက်၏အတိတ်ဖြစ်ပါသည်။ အမှန်စင်စစ် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ထိုအိပ်မက်ကို အမှန်ဖြစ်အောင် ပြုလုပ်ပေးတော်မူခဲ့ပါသည်။ ထို့ပြင် အမှန်ပင် အရှင်မြတ်သည် ကျွန်ုပ်၏အပေါ်တွင် ကျွန်ုပ်အား အကျဉ်းထောင်မှ ထုတ်တော်မူခဲ့သောအချိန်တွင် ကျေးဇူးပြုတော်မူခဲ့သည်။ ထို့ပြင် ရှိုင်သွာန်သည် ကျွန်ုပ်နှင့် ကျွန်ုပ်အစ်ကိုများ၏ကြားတွင်

နှောင့်ယှက်ဖျက်ဆီးခဲ့သည့်နောက်၌ အရှင်မြတ်သည် အသင်(ဖခင်နှင့်မိသားစု) တို့အား ကျေးလက်တောရွာမှ(ထုတ်ပြီး ဤမြို့တော်သို့)ယူဆောင်တော်မူခဲ့သည်။ အမှန်စင်စစ် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အရှင်မြတ် အလိုရှိတော်မူသည်ကို အလွန်သိမ်မွေ့စွာ စီမံပေးတော်မူသောအရှင် ဖြစ်တော်မူသည်။ အမှန်စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့ သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ မိဘနှစ်ပါးနဲ့ ညီနောင်၁၁ဦးဟာ တမန်တော်ယူစွဖ် ﷺကို အရိုအသေပေးတဲ့အနေနဲ့ ဦးချခဲ့ကြတာဖြစ်တယ်။ ဒါဟာ သူငယ်ငယ်က မြင်မက်ခဲ့တဲ့ အိပ်မက်ရဲ့ အတိတ်လည်းဖြစ်ခဲ့တယ်။ အရှင်မြတ်ကလွဲပြီး အခြားသူတွေကို ဦးချခြင်းကို အာဒမ် ﷺလက်ထက်ကတည်းက တမန်တော်အီစာ ﷺလက်ထက်ထိ တရားတော်က ခွင့်ပြုခဲ့တယ်။ တမန်တော်မြတ်မုဟမ္မဒ် ﷺလက်ထက်တော်ကစပြီး ဦးချခြင်းဟာ အလ္လာဟ်အရှင်မြတ်အတွက် သီးသန့်သတ်မှတ်ထားတဲ့အတွက် အခြားသူကိုဦးချခြင်းဟာ လုံးဝဟရာမ်တားမြစ်ထားတဲ့အရာဖြစ်တယ်။ (အလင်းပြကျမ်း)

رَبِّ قَدْ اٰتَيْتَنِيْ مِنَ الْمُلْكِ وَعَلَّمْتَنِيْ مِنْ تَاْوِيْلِ الْاَحَادِيْثِ ۚ فَاطِرَ السَّمٰوٰتِ وَالْاَرْضِ ۟ اَنْتَ وَلِيّٖ فِي الدُّنْيَا وَالْاٰخِرَةِ ۚ تَوَفَّنِيْ مُسْلِمًا وَّاَلْحِقْنِيْ بِالصّٰلِحِيْنَ ﴿١٠١﴾

(၁၀၁) အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်စင်စစ် အရှင်မြတ်သည် ကျွန်ုပ်ကို စိုးမိုးအုပ်ချုပ်မှု ပေးသနားတော်မူခဲ့ပါသည်။ ၎င်းနောက် အရှင်မြတ်သည် ကျွန်ုပ်အား အိပ်မက်များ၏အတိတ်ကိုလည်း သင်ကြားပေးတော်မူခဲ့ပါသည်။ အို-မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူသောအရှင်၊ အရှင်မြတ်သည် လောကီဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ကျွန်ုပ်၏ ကိစ္စဟူသမျှအား စီမံပေးတော်မူသောအရှင် ဖြစ်တော်မူပါသည်။ အရှင်မြတ်သည် ကျွန်ုပ်အား အမိန့်နာခံသူအဖြစ်နှင့် ကျွန်ုပ်၏ အသက်ကို နှုတ်သိမ်းတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်အား ကောင်းမြတ်သောသူများနှင့်အတူ တွဲဖက်ပေးတော်မူပါ။❷

❷ တမန်တော်ယူစွဖ် ﷺဟာ လောကမှာ ပြည့်ပြည့်ဝဝရရှိပြီးဖြစ်တဲ့အတွက် တမလွန်ဘဝမှာလည်း အဲဒီထက်ပိုမြင့်မားလှတဲ့အဆင့်တွေရရှိအောင် အရှင်မြတ်ထံတော်မှာ ဆုပန်ကြားခဲ့တာဖြစ်တယ်။ (အိဗ်နုကဆီးရ်)

ذٰلِكَ مِنْ اَنْۢبَآءِ الْغَيْبِ نُوْحِيْهِ اِلَيْكَ ۚ وَمَا كُنْتَ لَدَيْهِمْ اِذْ اَجْمَعُوْٓا اَمْرَهُمْ وَهُمْ يَمْكُرُوْنَ ﴿١٠٢﴾

(၁၀၂) ၎င်း(အဖြစ်အပျက်)သည် အကွယ်၌ရှိသော သတင်းများထဲမှပင် ဖြစ်သည်။ ငါအရှင်မြတ်သည် ထိုအကြောင်းကို အသင်(တမန်တော်မုဟမ္မဒ်) ထံသို့ ဝဟီနှင့် ပေးပို့တော်မူသည်။ ထို့ပြင် သူတို့သည် ကြံစည်ကြလျက် သူတို့၏

အရေးကိစ္စကို တညီတညွတ်တည်း ဆုံးဖြတ်သောအခါတွင် အသင်(တမန်တော် မုဟမ္မဒ်)သည် သူတို့ထံ၌ ရှိခဲ့သည်မဟုတ်ပေ။❸

❸ အဲဒီအချိန်က တမန်တော်မြတ် ﷺ ဟာ ရှိခဲ့တာမဟုတ်ဘဲနဲ့ ဒီအကြောင်းတွေ သိရတာဟာ အရှင်မြတ်က ဝဟီနဲ့ အသိပေးတော်မူတဲ့အတွက် ဖြစ်တယ်။ တမန်တော်မြတ် ﷺ ဟာ တမန်တော် မဖြစ်ခင်က ဒီလိုအကြောင်းမျိုးတွေ ပြောဆိုလေ့ရှိသူလည်း မဟုတ်ခဲ့ဘူး။ အခုလို အကွယ်က အကြောင်းမျိုးတွေကို တိတိကျကျပြောနိုင်တာဟာ တမန်တော်ဖြစ်ကြောင်း လုံလောက်တဲ့ သာဓက တစ်ခု ဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَآ أَكۡثَرُ ٱلنَّاسِ وَلَوۡ حَرَصۡتَ بِمُؤۡمِنِينَ ١٠٣

(၁၀၃) ထို့ပြင် အကယ်၍ အသင်(တမန်တော်)သည် (ဤသို့ပင် သူတို့ ယုံကြည်ရန်)လိုလားခဲ့လျှင်လည်း (သူတို့ထဲမှ)အမြောက်အမြားကမူ အီမာန် ယုံကြည်ကြမည် မဟုတ်ပေ။❶

❶ တမန်တော်မြတ် ﷺ က လူသားတွေကို ယုံကြည်ဖို့အတွက် ဘယ်လောက်ပဲအထောက်အထား ပြပြ၊ ဘယ်လောက်ပဲ လိုလားလိုလား၊ အများစုကတော့ အီမာန်ယုံကြည်ကြမှာမဟုတ်ဘူးလို့ဆိုလို တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا تَسۡـَٔلُهُمۡ عَلَيۡهِ مِنۡ أَجۡرٍۚ إِنۡ هُوَ إِلَّا ذِكۡرٌ لِّلۡعَٰلَمِينَ ١٠٤

(၁၀၄) ၎င်းပြင် အသင်သည် သူတို့ထံမှ ထိုတရားဟောခြင်းနှင့်ပတ် သက်၍ မည်သည့်အခကြေးငွေမျှ တောင်းသည်မဟုတ်ပေ။ ၎င်းသည် စကြဝဠာ အားလုံးအတွက် ဆုံးမသြဝါဒပင်ဖြစ်သည်။❷

❷ လူသားတွေအတွက် လမ်းမှန်ညွှန်ကြားပြသချက်ဟာ ကုရ်အာန်ဖြစ်တယ်။ တမန်တော်မြတ် ﷺ က မိမိတာဝန်ကျေပွန်အောင် ပို့ချပြီးသွားပြီဖြစ်တယ်။ လိုက်နာဖို့ရာကတော့ လူသားတွေရဲ့ တာဝန်ပဲ ဖြစ်တယ်။ လိုက်နာရင် အကျိုးရှိမှာ ဖြစ်ပြီး မလိုက်နာရင် ဆုံးရှုံးမှုနဲ့ရင်ဆိုင်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَكَأَيِّن مِّنۡ ءَايَةٖ فِي ٱلسَّمَٰوَٰتِ وَٱلۡأَرۡضِ يَمُرُّونَ عَلَيۡهَا وَهُمۡ عَنۡهَا مُعۡرِضُونَ ١٠٥

(၁၀၅) ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီတွင် သက်သေလက္ခဏာ အမြောက်အမြားရှိသည်။ သူတို့သည် ထိုသက်သေလက္ခဏာများအား မျက်နှာ လွှဲကြလျက် ထိုလက္ခဏာများအနီးမှ သူတို့သည် ဖြတ်ကျော်၍သွားကြသည်။❸

❸ ကုရ်အာန်ဟာ အရှင်မြတ်ရဲ့သက်သေလက္ခဏာဖြစ်သလို မိုးမြေမှာလည်း အရှင်မြတ်ရဲ့သက် သေလက္ခဏာတွေ အမြောက်အမြားရှိနေတယ်။ အဲဒီအပေါ်ကနေ နေ့စဉ်ဖြတ်ကျော်သွားနေရ ပေမဲ့ အများစုဟာ မစဉ်းစားတဲ့အတွက် မမြင်ကြဘူးဖြစ်နေတယ်။ (အလင်းပြကျမ်း)

وَمَا يُؤۡمِنُ أَكۡثَرُهُم بِٱللَّهِ إِلَّا وَهُم مُّشۡرِكُونَ ١٠٦

(၁၀၆) ထို့ပြင် သူတို့ထဲမှ အမြောက်အမြားသည် အလ္လာဟ်အရှင်မြတ် နှင့် အခြားအရာကို တွဲဖက်ကိုးကွယ်သူများဖြစ်လျက် အရှင်မြတ်အား ယုံကြည်

ကြခြင်း ဖြစ်သည်။

اَفَاَمِنُوْٓا اَنْ تَاْتِيَهُمْ غَاشِيَةٌ مِّنْ عَذَابِ اللّٰهِ اَوْ تَاْتِيَهُمُ السَّاعَةُ بَغْتَةً وَّهُمْ لَا يَشْعُرُوْنَ ﴿١٠٧﴾

(၁၀၇) သူတို့သည် သူတို့အပေါ်တွင် အလ္လာဟ်အရှင်မြတ်ထံတော်မှ (တစ်မျိုးသားလုံးကို) ဖုံးလွှမ်းမည့်ပြစ်ဒဏ်သက်ရောက်မည်ကို၊ သို့မဟုတ် သူတို့သည် မသိလိုက်ဘဲလျက် ကိယာမသ်သည် ရုတ်တရက် ဆိုက်ရောက်လာမည်ကို (မစိုးရိမ်ဘဲ) စိတ်ချနေကြသလော။❻

❻ ကာဖိရ်မုရှ်ရိက်တွေအတွက်ဟာ ပြစ်ဒဏ်ပဲရှိတဲ့အတွက် အဲဒီပြစ်ဒဏ်ဟာ အခုရောက်လာရင်လည်းရောက်လာမယ်၊ ကိယာမသ်ကျမှ လာချင်လည်းလာမယ်။ အဲဒီအတွက် ကြောက်ရွံ့ပြီး အီမာန်ယူရမဲ့အစား စိတ်ချလက်ချဖြစ်နေကြတာလားလို့ ဆိုလိုတယ်။ (အလင်းပြကျမ်း)

قُلْ هٰذِهٖ سَبِيْلِيْٓ اَدْعُوْٓا اِلَى اللّٰهِ ۟ؔ عَلٰى بَصِيْرَةٍ اَنَا وَمَنِ اتَّبَعَنِيْ ؕ وَسُبْحٰنَ اللّٰهِ وَمَآ اَنَا مِنَ الْمُشْرِكِيْنَ ﴿١٠٨﴾

(၁၀၈) (အို-တမန်တော်) အသင်ပြောလိုက်ပါ-ဤသည် ငါ၏လမ်းစဉ်ဖြစ်သည်။ ငါသည် (လူများအား) အလ္လာဟ်အရှင်မြတ်ဘက်သို့ ဖိတ်ခေါ်သည်။ ငါနှင့်အတူ ငါ၏နောက်လိုက်များသည်လည်း ထင်ရှားခိုင်လုံသော သက်သေသာဓကအပေါ်တွင် တည်ရှိနေကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူသော အရှင်ဖြစ်တော်မူသည်။ ထို့ပြင် ငါသည် အလ္လာဟ်အရှင်မြတ်နှင့် အခြားအရာကို တွဲဖက်ကိုးကွယ်သူများအနက်မှ မဟုတ်ပေ။❼

❼ အရှင်မြတ်က ကမ္ဘာတစ်ဝန်းလုံးကို တမန်တော်မြတ် ﷺ ကို ကြေညာခိုင်းတာဖြစ်တယ်။ တမန်တော်မြတ် ﷺ နဲ့ နောက်လိုက်တွေဟာ အလ္လာဟ်အရှင်မြတ်ဘက်ကို ဖိတ်ခေါ်နေသူတွေဖြစ်တဲ့အကြောင်းနဲ့ သူတို့ဟာ ခိုင်မာတဲ့အထောက်အထားအပေါ်မှာ ရပ်တည်လျက်ရှိနေတယ်ဆိုတဲ့အကြောင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَآ اَرْسَلْنَا مِنْ قَبْلِكَ اِلَّا رِجَالًا نُّوْحِيْٓ اِلَيْهِمْ مِّنْ اَهْلِ الْقُرٰى ؕ اَفَلَمْ يَسِيْرُوْا فِى الْاَرْضِ فَيَنْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ مِنْ قَبْلِهِمْ ؕ وَلَدَارُ الْاٰخِرَةِ خَيْرٌ لِّلَّذِيْنَ اتَّقَوْا ؕ اَفَلَا تَعْقِلُوْنَ ﴿١٠٩﴾

(၁၀၉) ထို့ပြင် ငါအရှင်မြတ်သည် အသင်၏မတိုင်မီ မြို့ရွာသားများထဲမှ လူသားယောကျာ်းများကိုသာ❽ (တမန်တော်များအဖြစ်) စေလွှတ်တော်မူပြီး သူတို့ထံသို့ ဝဟီပို့ချတော်မူခဲ့သည်။ သို့ဖြစ်ရာ ထို(ငြင်းပယ်)သူများသည် ကမ္ဘာမြေပေါ်၌ လှည့်လည်သွားလာခြင်းကို မပြုကြသလော။ ထိုကဲ့သို့သွားလာကြလျှင် သူတို့သည် သူတို့မတိုင်မီ ရှိခဲ့ဖူးကြသောသူများ၏နောက်ဆုံးအကျိုးဆက်သည် မည်သို့ရှိခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ထို့ပြင် တမလွန်ဘဝ၏နေရာ

ထိုင်ခင်းသည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများအတွက် အမှန်ပင်အကောင်းဆုံးဖြစ်သည်။ ဤမျှပင် အသင်တို့ နားမလည်ကြသလော။

❻ အရှင်မြတ်ဟာ တမန်တော်တွေကို ဘယ်တော့ပဲ စေလွှတ် စေလွှတ်၊ အဲဒီတမန်တော်တွေကို ယောကျ်ားတွေထဲကပဲ ရွေးချယ်ပြီးစေလွှတ်တော်မူတာဖြစ်တယ်။ ကောင်းကင်တမန်တွေထဲက တမန်တော်အဖြစ်ရွေးချယ်စေလွှတ်ခြင်းမရှိခဲ့သလို မိန်းမတွေထဲကလည်း တမန်တော်အဖြစ်ရွေးချယ်စေလွှတ်ခြင်းမရှိခဲ့ဘူး။ (အလင်းပြကျမ်း)

حَتّٰىٓ اِذَا اسْتَيْـَٔسَ الرُّسُلُ وَظَنُّوْٓا اَنَّهُمْ قَدْ كُذِبُوْا جَآءَهُمْ نَصْرُنَا ۙ فَنُجِّيَ مَنْ نَّشَآءُ ۗ وَلَا يُرَدُّ بَاْسُنَا عَنِ الْقَوْمِ الْمُجْرِمِيْنَ ﴿١١٠﴾

(၁၁၀) နောက်ဆုံး၌ တမန်တော်များသည် (မိမိတို့၏အမျိုးသားများ အီမာန်ယုံကြည်ခြင်းမှ)မျှော်လင့်ချက်ကင်းပြီး အမျိုးသားများကလည်း (သူတို့မယုံကြည်လျှင် ပြစ်ဒဏ်ကျရောက်မည်ဟု ပြောဆိုခံထားရလေရာ ယခုထိ ပြစ်ဒဏ်ကျရောက်မလာသဖြင့်) သူတို့သည် အလိမ်ခံခဲ့ကြရပြီဟု ထင်မှတ်ခဲ့ကြသောအခါ ငါအရှင်မြတ်၏အကူအညီသည် ထိုတမန်တော်များထံ ရောက်ရှိလာခဲ့သည်။❼ ထို့နောက် ငါအရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို ကယ်တင်တော်မူခဲ့သည်။ ၎င်းနောက် ငါအရှင်မြတ်၏ပြစ်ဒဏ်သည် အပြစ်ကျူးလွန်သူများအပေါ်မှ ဖယ်ရှားမခံရပေ။

❼ တမန်တော်တွေဟာ လူသားတွေကို အရှင်မြတ်ဘက်ကို ဖိတ်ခေါ်ရင်းနဲ့ ငြင်းပယ်တဲ့သူတွေအပေါ်မှာ ပြစ်ဒဏ်ကျရောက်မဲ့အကြောင်းပြောပြလေ့ရှိခဲ့ကြတယ်။ ငြင်းပယ်တဲ့သူတွေဟာ ပိုဆိုးလာပြီး အီမာန်ယုံကြည်ဖို့ မျှော်လင့်ချက်တောင်မရှိတော့တဲ့အခါ ပြစ်ဒဏ်လည်း ကျရောက်မလာတဲ့အတွက် အဲဒါဟာ လိမ်တာပဲလို့ ထင်ကြတော့တယ်။ အဲဒီအခါမှာ အရှင့်အကူအညီရုတ်တရက်ရောက်ရှိလာပြီး ယုံကြည်သူတွေကို ကယ်တင်ကာ ငြင်းပယ်သူတွေကို ဖျက်ဆီးပစ်တော်မူလိုက်တယ်။ (အလင်းပြကျမ်း)

لَقَدْ كَانَ فِيْ قَصَصِهِمْ عِبْرَةٌ لِّاُولِي الْاَلْبَابِ ۗ مَا كَانَ حَدِيْثًا يُّفْتَرٰى وَلٰكِنْ تَصْدِيْقَ الَّذِيْ بَيْنَ يَدَيْهِ وَتَفْصِيْلَ كُلِّ شَيْءٍ وَّهُدًى وَّرَحْمَةً لِّقَوْمٍ يُّؤْمِنُوْنَ ﴿١١١﴾

(၁၁၁) အမှန်စင်စစ် သူတို့၏အကြောင်းများတွင် စဉ်းစားသိမြင်နားလည်သူများအတွက် သင်ခန်းစာရှိသည်။ ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)သည် လုပ်ကြံဖန်တီးထားသော ကျမ်းမဟုတ်ပေ၊ သို့ရာတွင် (ထိုကျမ်းသည်) ၎င်း၏ မတိုင်မီရှိနေသောကျမ်းများကို အတည်ပြုထောက်ခံသောကျမ်း၊ အရာရာ၏ အသေးစိတ် ရှင်းလင်းချက်၊ အီမာန်ယုံကြည်သူများအတွက် လမ်းမှန်ညွှန်ကြားပြသချက်နှင့် ကရုဏာဖြစ်သည်။

===

ركوعاتها ٦ ١٣ سُوْرَةُ الرَّعْدِ مَدَنِيَّةٌ ٩٦ اٰيَاتُهَا ٤٣

## စူရဟ် ရအဒ် (မိုးခြိမ်းသံ ကဏ္ဍ) سُوْرَةُ الرَّعْدِ

===

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

الٓمّٓرٰ ۚ تِلْكَ اٰيٰتُ الْكِتٰبِ ؕ وَالَّذِيْٓ اُنْزِلَ اِلَيْكَ مِنْ رَّبِّكَ الْحَقُّ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يُؤْمِنُوْنَ ۝١

(၁) အလိဖ် လာမ် မီမ် ရာ ။ ❶ ဤအရာများသည် ကျမ်းတော်မြတ်၏အာယသ်တော်များဖြစ်သည်။ ထို့ပြင် အသင်(တမန်တော်)ထံသို့ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ချပေးခြင်းခံရသော တရားတော်များသည် အမှန်ပင်ဖြစ်သည်။ ❷ သို့ရာတွင် လူသားများထဲမှ အမြောက်အမြားကမူ အီမာန်ယုံကြည်ကြမည်မဟုတ်ပေ။

❶ ဒီအက္ခရာစုရဲ့အဓိပ္ပာယ်ကို အရှင်မြတ်ပဲ သိတော်မူတယ်။ (အာစားန်သရ်ဂျူမဟ်)

❷ ဒီကုရ်အာန်ဟာ အစကနေအဆုံး အမှန်တွေချည်းဖြစ်ပြီး အရှင်မြတ်ထံတော်ကပဲ ကျရောက်ခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

اَللّٰهُ الَّذِيْ رَفَعَ السَّمٰوٰتِ بِغَيْرِ عَمَدٍ تَرَوْنَهَا ثُمَّ اسْتَوٰى عَلَى الْعَرْشِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ ؕ كُلٌّ يَّجْرِيْ لِاَجَلٍ مُّسَمًّى ؕ يُدَبِّرُ الْاَمْرَ يُفَصِّلُ الْاٰيٰتِ لَعَلَّكُمْ بِلِقَآءِ رَبِّكُمْ تُوْقِنُوْنَ ۝٢

(၂) အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များကို အသင်တို့ မြင်နိုင်သောတိုင်များမပါဘဲနှင့် မြှင့်ထားတော်မူခဲ့သောအရှင် ❸ ဖြစ်တော်မူသည်။ ထို့နောက် အရှင်မြတ်သည် အရ်ရှ်ပလ္လင်တော်အပေါ်တွင် တည်(ရှိလျက် အရှင်မြတ်နှင့် ထိုက်တန်တော်မူသည့်အတိုင်း စံမြန်းနေ)တော်မူသည်။ ❹ ထို့ပြင် အရှင်မြတ်သည် နေနှင့် လကို နာခံစေတော်မူခဲ့သည်။ (ထိုနေနှင့်လသည်) သတ်မှတ်ထားသော အချိန်ကာလအတွက် အသီးသီး သွားလာနေကြသည်။ အရှင်မြတ်သည် အရေးကိစ္စများကို စီမံခန့်ခွဲတော်မူသည်။ ❺ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့်တွေ့ဆုံခြင်းကို ယုံကြည်ကြရန်အတွက် အရှင်မြတ်သည် သက်သေလက္ခဏာများကို အသေးစိတ် ရှင်းလင်းတော်မူသည်။ ❻

❷ အဲဒီကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးတော်မူတဲ့အရှင်ဟာ မိုးကောင်းကင်ကို တိုင်တွေမပါဘဲနဲ့ အမြင့်ကြီး ပြုလုပ်ထားတော်မူတဲ့အရှင်ပဲ ဖြစ်တော်မူတယ်။(အလင်းပြကျမ်း) ❸ အရှင်မြတ်ဟာ အရ်ရှ်ပလ္လင်ပေါ်မှာ စံမြန်းတယ်ဆိုတာ အရှင်မြတ်အမိန့်ရှိတော်မူတဲ့အတိုင်း ယုံကြည်လိုက်ရုံပဲရှိတယ်။ အရှင်မြတ်ဟာ အဖန်ဆင်းခံတွေနဲ့ မတူတဲ့အတွက် အရ်ရှ်ပလ္လင်ပေါ်မှာ ဘယ်လိုပုံစံနဲ့ စံမြန်းနေတာလဲလို့ စူးစမ်းအဖြေထုတ်နေစရာ အငြင်းပွားနေစရာ မလိုအပ်ဘူး။ အမှန်တကယ် စံမြန်းတဲ့ပုံစံကို အရှင်မြတ်ကလွဲလို့ ဘယ်သူမှမသိဘူး။ ကျွန်တော်တို့အတွက် အလ္လာဟ်အရှင်မြတ်ဟာ အရ်ရှ်တော်အပေါ်မှာ အရှင်မြတ်နဲ့ထိုက်တန်သလို စံမြန်းတော်မူတယ်လို့ အီမာန်ယုံထားလိုက်ရင် လုံလောက်သွားပြီဖြစ်တယ်။ အဲဒီထက်ပိုပြီး ဆွေးနွေးစရာလည်းမလိုအပ်ဘူး။ ကျွန်တော်တို့ရဲ့ကန့်သတ်ခံထားရတဲ့ အသိဉာဏ်ဟာလည်း အဲဒီကိစ္စအပေါ်မှာ မသိနိုင်ဘူး။ ( မုဖ်သီသကီးဆပ်၏ အာစာနုဲ်သရ်ဂျုမဟ်) ❹ နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်တာရာတွေကို သူတို့ရဲ့ ပတ်လမ်းကြောင်းတွေနဲ့တကွ စနစ်တကျသွားလာနိုင်အောင် အရှင်မြတ်က စီမံခန့်ခွဲထားတော်မူတာဖြစ်တယ်။(အလင်းပြကျမ်း) ❺ အရှင်မြတ်နဲ့တွေ့ဆုံမှုကို ယုံကြည်နိုင်အောင် အရှင်မြတ်က အရှင်မြတ်ရဲ့ အာယသ်တော်တွေကို အသေးစိတ်ရှင်းပြတာဖြစ်တယ်။ (ကုရ်အာန် - ၁၃း၁၂)

وَهُوَ الَّذِىۡ مَدَّ الۡاَرۡضَ وَجَعَلَ فِيۡهَا رَوَاسِىَ وَاَنۡهٰرًا ؕ وَمِنۡ كُلِّ الثَّمَرٰتِ جَعَلَ فِيۡهَا زَوۡجَيۡنِ اثۡنَيۡنِ يُغۡشِى الَّيۡلَ النَّهَارَ ؕ اِنَّ فِىۡ ذٰلِكَ لَاٰيٰتٍ لِّقَوۡمٍ يَّتَفَكَّرُوۡنَ ﴿۳﴾

(၃) ထို့ပြင် အရှင်မြတ်သည် မြေပထဝီကို ဖြန့်ခင်းတော်မူသောအရှင်❶ ဖြစ်တော်မူသည်။ ထို့နောက် အရှင်မြတ်သည် မြေပထဝီတွင် တောင်များနှင့် မြစ်ချောင်းများကို ပြုလုပ်ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် ထိုမြေပထဝီတွင် သစ်သီးဝလံများကို စုံလိုက်ဖန်ဆင်းတော်မူခဲ့သည်။❷ အရှင်မြတ်သည် ညကို နေ့ဖြင့်(လည်းကောင်း၊ နေ့ကို ညဖြင့်လည်းကောင်း) ဖုံးအုပ်တော်မူခဲ့သည်။ အမှန်စင်စစ် ထိုအထဲတွင် စဉ်းစားဆင်ခြင်သူများအတွက် အမှန်ပင် သက်သေလက္ခဏာများ ရှိသည်။

❶ မြေပထဝီဟာ မြေကြီးပေါ်ကနေ မျက်စိတဆုံး လှမ်းကြည့်မယ်ဆိုရင် ဖြန့်လျက်ပဲ တွေ့ရမှာဖြစ်လို့ ဖြန့်ခင်းတော်မူတဲ့အရှင်လို့ မိန့်ထားတာဖြစ်တယ်။(အလင်းပြကျမ်း) ❷ وَمِنۡ كُلِّ شَىۡءٍ خَلَقۡنَا زَوۡجَيۡنِ (ကုရ်အာန် - ၅၁း၄၉)အရာရာတိုင်းကို အရှင်မြတ်ဟာ အဖိုအမစုံတွဲ ဖန်ဆင်းထားတော်မူတယ်။ (အလင်းပြကျမ်း)

وَفِى الۡاَرۡضِ قِطَعٌ مُّتَجٰوِرٰتٌ وَّجَنّٰتٌ مِّنۡ اَعۡنَابٍ وَّزَرۡعٌ وَّنَخِيۡلٌ صِنۡوَانٌ وَّغَيۡرُ صِنۡوَانٍ يُّسۡقٰى بِمَآءٍ وَّاحِدٍ وَنُفَضِّلُ بَعۡضَهَا عَلٰى بَعۡضٍ فِى الۡاُكُلِ ؕ اِنَّ فِىۡ ذٰلِكَ لَاٰيٰتٍ لِّقَوۡمٍ يَّعۡقِلُوۡنَ ﴿۴﴾

(၄) ထို့ပြင် မြေပထဝီတွင် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသောမြေကြီး အပိုင်းအမျိုးမျိုး(မြေလွှာအမျိုးမျိုး)ရှိသည်။ ထို့ပြင် (ထိုအထဲ၌ အချို့သည် မြေကောင်း၍ အကျိုးရှိသောအပင်များ ပေါက်သည်၊ အချို့သည် မြေမကောင်း၍ မည်သည့်အရာမျှ မပေါက်ပေ။ ထိုကောင်းသောမြေထဲ၌) စပျစ်ခြံများ၊ လယ်ယာ

များ၊ တစ်နေရာတည်း၌ စုပြီးပေါက်သော စွန်ပလွံရုံများလည်း ရှိသည်၊ အကွဲကွဲ အပြားပြားပေါက်သော စွန်ပလွံပင်များလည်းရှိသည်။ ထိုအရာများအားလုံးသည် ရေတစ်ခုတည်းပေးသွင်းခံရသည်။ ၎င်းနောက် ငါအရှင်မြတ်သည် အချို့ကို အချို့ထက် အရသာထူးကဲစေတော်မူသည်။ အမှန်စင်စစ် ၎င်းအထဲ၌ နားလည်သူများအတွက် သက်သေလက္ခဏာများ အမှန်ပင်ရှိသည်။

وَإِن تَعْجَبْ فَعَجَبٌ قَوْلُهُمْ أَءِذَا كُنَّا تُرَٰبًا أَءِنَّا لَفِى خَلْقٍ جَدِيدٍ ۗ أُو۟لَٰٓئِكَ ٱلَّذِينَ كَفَرُوا۟ بِرَبِّهِمْ ۖ
وَأُو۟لَٰٓئِكَ ٱلْأَغْلَٰلُ فِىٓ أَعْنَاقِهِمْ ۖ وَأُو۟لَٰٓئِكَ أَصْحَٰبُ ٱلنَّارِ ۖ هُمْ فِيهَا خَٰلِدُونَ ﴿٥﴾

(၅) ထို့ပြင် အကယ်၍ အသင်သည် အံ့ဩသည်ဆိုလျှင် "ကျွန်ုပ်တို့သည် (သေပြီးနောက်) မြေကြီးဖြစ်သွားသောအခါ ကျွန်ုပ်တို့သည် အသစ်ပြန်ပြီး ဖန်ဆင်းခြင်းခံကြရဦးမည်လော"ဟု သူတို့၏ ပြောဆိုချက်သည် (ပို၍)အံ့ဩစရာဖြစ်သည်။❶ ထိုသူများပင် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ငြင်းပယ်သောသူများဖြစ်ကြသည်။ ၎င်းနောက် ထိုသူများပင် သူတို့၏လည်ပင်းများတွင် လည်ထိတ်များရှိလိမ့်မည်။ ၎င်းနောက် ထိုသူများပင် ငရဲသားများဖြစ်ကြသည်။ သူတို့သည် ထိုငရဲမီးတွင် အမြဲနေကြရမည့်သူများ ဖြစ်ကြသည်။

❶ အရှင်မြတ်ဟာ လူသားကို ဘာမှမရှိတဲ့ဘဝကနေ ရှိအောင်ဖန်ဆင်းခဲ့တာဖြစ်ပါလျက်နဲ့ သေပြီးတော့ ပြန်ပြီး မဖန်ဆင်းနိုင်ဘူးဆိုတာ အံ့ဩစရာပဲဖြစ်တယ်။ အဟောင်းကို ပြန်ဖန်ဆင်းရတာဟာအသစ်ကိုစတင်ဖန်ဆင်းရတာထက်ပိုမခက်ဘူးလို့ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَسْتَعْجِلُونَكَ بِٱلسَّيِّئَةِ قَبْلَ ٱلْحَسَنَةِ وَقَدْ خَلَتْ مِن قَبْلِهِمُ ٱلْمَثُلَٰتُ ۗ وَإِنَّ رَبَّكَ لَذُو
مَغْفِرَةٍ لِّلنَّاسِ عَلَىٰ ظُلْمِهِمْ ۖ وَإِنَّ رَبَّكَ لَشَدِيدُ ٱلْعِقَابِ ﴿٦﴾

(၆) ထို့ပြင် သူတို့သည် ကောင်းခြင်းထက် မကောင်းခြင်းကို အသင့်ထံမှ အလျင်စလို ရလိုကြသည်။ ထို့ပြင် အမှန်စင်စစ် သူတို့မတိုင်မီ၌ လူများအား သေးသိမ်စေသောအပြစ်ဒဏ်များကျရောက်ခဲ့သည့်အဖြစ်အပျက်များသည်❷ ကုန်လွန်ခဲ့ပြီဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် လူများနှင့်ပတ်သက်၍ သူတို့သည် မတရားကျူးလွန်သူများ ဖြစ်ကြပါလျက် (ချက်ချင်းအရေးမယူဘဲ၊ သူတို့ဝန်ချတောင်းပန်လျှင်)လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသောအရှင်မြတ် ဖြစ်တော်မူသည်။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် (သွေဖည်မှုထဲ၌ပင် ဖွတ်ပေနေသူများအား) ပြင်းထန်စွာ အပြစ်ပေးတော်မူသော အရှင်မြတ်လည်း အမှန်ပင် ဖြစ်

တော်မူသည်။

❶ اَلْمَثُلٰتُ ဆိုတာ နမူနာအပြစ်ဒဏ်တွေ၊ ဥပမာ - လူက မျောက်ရုပ်ဖြစ်သွားတာ၊ ဝက်ရုပ်ဖြစ်သွားတာ စတာတွေကို ဆိုလိုတယ်။ (သွဗ်ရီ) (الطبری) وقد خلت من قبلهم المثلات، قال: القردة والخنازير هى المثلات.

وَيَقُوْلُ الَّذِيْنَ كَفَرُوْا لَوْلَآ اُنْزِلَ عَلَيْهِ اٰيَةٌ مِّنْ رَّبِّهٖ ؕ اِنَّمَآ اَنْتَ مُنْذِرٌ وَّلِكُلِّ قَوْمٍ هَادٍ ﴿٧﴾

(၇)ထို့ပြင် ငြင်းပယ်သူများက "၎င်း(တမန်တော်မုဟမ္မဒ်)၏အပေါ် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ တန်ခိုးတစ်စုံတစ်ခု အဘယ်ကြောင့် ကျရောက်မလာသနည်း"ဟုပြောဆိုကြသေးသည်။ အသင်သည် သတိပေးနှိုးဆော်သူတစ်ဦးသာဖြစ်သည်။ ၎င်းနောက် လူမျိုးတိုင်းအတွက် လမ်းမှန်ညွှန်ကြားပြသသူတစ်ဦး ရှိသည်။❶

❶ ခေတ်အဆက်ဆက်မှာ တမန်တော်တွေပွင့်ခဲ့ပြီး လမ်းမှန်ကို ညွှန်ကြားပြသခဲ့ကြပြီးဖြစ်တယ်။ သူတို့ဟာ ကာဖိရ် မုရှ်ရိက်တွေတောင်းဆိုတဲ့တန်ခိုးတိုင်းကို ပြသခဲ့တာမရှိခဲ့ဘူး။ တမန်တော်မြတ် ﷺ ဟာ ကိယာမသ်အထိ လူသားအားလုံးအတွက် ပွင့်ပေါ်လာခဲ့တာဖြစ်ပြီး ကိယာမသ်အထိ လုံလောက်တဲ့ တန်ခိုးတော်အဖြစ် ကုရ်အာန်ကျမ်းတော်မြတ်ကို ထားသွားခဲ့ပြီဖြစ်တယ်။ အဲဒါကြောင့် ကာဖိရ် မုရှ်ရိက်တွေ တောင်းဆိုတိုင်း တန်ခိုးပြစရာမလိုတော့ဘူး။ တမန်တော်မြတ် ﷺ ဟာ သတိပေးနှိုးဆော်သူသာ ဖြစ်ပြီး ဒဏ်ခတ်ဖို့ တတ်စွမ်းနိုင်တာမဟုတ်ဘူး။ အရှင်မြတ်ပဲ တတ်စွမ်းနိုင်သူဖြစ်တယ်။ (အလင်းပြကျမ်း)

اَللّٰهُ يَعْلَمُ مَا تَحْمِلُ كُلُّ اُنْثٰى وَمَا تَغِيْضُ الْاَرْحَامُ وَمَا تَزْدَادُ ؕ وَكُلُّ شَيْءٍ عِنْدَهٗ بِمِقْدَارٍ ﴿٨﴾

(၈) အလ္လာဟ်အရှင်မြတ်သည် မိခင်တိုင်းက မည်သည်ကို ကိုယ်ဝန်ဆောင်နေသည်ကိုလည်းကောင်း၊ သားအိမ်များသည် မည်သည့်အရာကို လျော့နည်းစေသည်ကိုလည်းကောင်း၊ မည်သည့်အရာကို ပိုမိုစေသည်ကိုလည်းကောင်း သိရှိတော်မူသည်။ ထို့ပြင် အရာအားလုံးသည် အရှင်မြတ်ထံတော်၌ ချင့်ချိန်တိုင်းတာသတ်မှတ်ပြီးဖြစ်သည်။❷

❷ အရာရာတိုင်းအတွက် အရှင်မြတ်ထံတော်မှာ အတိုင်းအတာတွေဟာ ခန့်မှန်းသတ်မှတ်ထားပြီးဖြစ်တယ်။ အရှင်မြတ်ဟာ အရာရာတိုင်းရဲ့အစအဆုံးကို သိရှိထားပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

عٰلِمُ الْغَيْبِ وَالشَّهَادَةِ الْكَبِيْرُ الْمُتَعَالِ ﴿٩﴾

(၉) (အရှင်မြတ်သည်) အကွယ်မှအရာကိုသာမက ရှေ့တွင်ရှိသောအရာကိုလည်း အလွန်သိတော်မူသောအရှင်၊ အလွန်ကြီးကျယ်ထူးကဲမြင့်မြတ်တော်မူသောအရှင်၊ အလွန်မြင့်မားထွတ်မြတ်လှတော်မူသောအရှင် ဖြစ်တော်မူသည်။

سَوَآءٌ مِّنْكُمْ مَّنْ اَسَرَّ الْقَوْلَ وَمَنْ جَهَرَ بِهٖ وَمَنْ هُوَ مُسْتَخْفٍۢ بِالَّيْلِ وَسَارِبٌۢ بِالنَّهَارِ ﴿١٠﴾

(၁၀) အသင်တို့ထဲ၌ စကားကို လျှို့ဝှက်သောသူသည်လည်းကောင်း၊

ယင်း(စကား)ကို ထုတ်ဖော်ပြောဆိုသောသူသည်လည်းကောင်း၊ ညဥ့် ပုန်းကွယ်နေသူသည်လည်းကောင်း၊ နေ့တွင် သွားလာနေသူသည်လည်းကောင်း (အရှင်မြတ်၏အသိတွင်) အတူတူပင် ဖြစ်သည်။

لَهٗ مُعَقِّبٰتٌ مِّنۢ بَيۡنِ يَدَيۡهِ وَمِنۡ خَلۡفِهٖ يَحۡفَظُوۡنَهٗ مِنۡ اَمۡرِ اللّٰهِ ؕ اِنَّ اللّٰهَ لَا يُغَيِّرُ مَا بِقَوۡمٍ حَتّٰى
يُغَيِّرُوۡا مَا بِاَنۡفُسِهِمۡ ؕ وَاِذَاۤ اَرَادَ اللّٰهُ بِقَوۡمٍ سُوۡٓءًا فَلَا مَرَدَّ لَهٗ ۚ وَمَا لَهُمۡ مِّنۡ دُوۡنِهٖ مِنۡ وَّالٍ ﴿١١﴾

(၁၁) လူတိုင်း၏ရှေ့နှင့်နောက်၌ အကြင်စောင့်ရှောက်သူ(ကောင်းကင်တမန်)များအား သတ်မှတ်ထားသည်။ ၎င်း(ကောင်းကင်တမန်)တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်ဖြင့် အလှည့်ကျ (၎င်းလူကို) စောင့်ရှောက်နေကြသည်။[၅] အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူမျိုးတစ်မျိုး၏ (ကောင်းမွန်သော)အခြေအနေအား သူတို့ကိုယ်တိုင် သူတို့၏အခြေအနေကို မပြောင်းလဲသမျှ ပြောင်းလဲတော်မမူပေ။[၆] ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လူမျိုးတစ်မျိုးအပေါ်တွင် ဒုက္ခရောက်စေရန် ရည်ရွယ်တော်မူလျှင် (မည်သူမျှ) ထိုဒုက္ခကို တွန်းလှန်နိုင်ခြင်း မရှိပေ။[၇] ထို့ပြင် သူတို့ကို အရှင်မြတ်အပြင် မည်သူမျှကာကွယ်စောင့်ရှောက်မည့်သူ မရှိပေ။

[၅] လူတိုင်းမှာ အရှင်မြတ်ရဲ့ကောင်းကင်တမန်တွေ ရှိနေကြတယ်။ တချို့ဟာ လူသားရဲ့အပြုအမူတွေကိုရေးမှတ်ဖို့ဖြစ်ပြီး တချို့ဟာ လူသားတွေကို အရှင်မြတ်အလိုတော်အတိုင်း ကာကွယ်စောင့်ရှောက်ဖို့ဖြစ်တယ်။ အဲဒါတွေကို အလှည့်ကျနဲ့ တာဝန်ပေးထားတာဖြစ်တယ်။(အလင်းပြကျမ်း)
[၆] လူမျိုးတိုင်းဟာ သူတို့ရဲ့လက်ရှိအခြေအနေဟာ ကောင်းနေရင် သူတို့ကိုယ်တိုင် ဖျက်လိုဖျက်ဆီးတွေလုပ်ပြီး ဆိုးအောင်မလုပ်သရွေ့ အရှင်မြတ်ကလည်း ဆိုးအောင်လုပ်မှာမဟုတ်ဘူး။ အဲဒီလိုပဲ သူတို့ရဲ့လက်ရှိအခြေအနေဟာ ဆိုးနေရင် သူတို့ကိုယ်တိုင် ကောင်းအောင် ပြုပြင်ပြောင်းလဲမှုတွေ မလုပ်သရွေ့ အရှင်မြတ်ကလည်း ကောင်းအောင် လုပ်ပေးမှာမဟုတ်ဘူးလို့ ဆိုလိုတာဖြစ်တယ်။(အလင်းပြကျမ်း) [၇] လူသားတွေဟာ အလွန်ဆိုးသွားတဲ့အခါ အရှင်မြတ်က အပြစ်ဒဏ်ချလိုက်ပြီဆိုရင် ဖယ်ရှားနိုင်တဲ့သူမရှိတော့ဘူး။ (အလင်းပြကျမ်း)

هُوَ الَّذِىۡ يُرِيۡكُمُ الۡبَرۡقَ خَوۡفًا وَّطَمَعًا وَّيُنۡشِئُ السَّحَابَ الثِّقَالَ ۚ﴿١٢﴾

(၁၂) အရှင်မြတ်ပင် အသင်တို့အား လျှပ်စီးလက်ခြင်းကို ကြောက်စရာနှင့် မျှော်လင့်စရာအဖြစ် ပြတော်မူသောအရှင် ဖြစ်တော်မူသည်။[၈] ထို့ပြင် အရှင်မြတ်ပင် လေးလံသောမိုးတိမ်များကို ဖန်ဆင်းတော်မူသောအရှင်ဖြစ်တော်မူသည်။

[၈] အရှင်မြတ်ရဲ့ကရုဏာကိုမျှော်လင့်ပြီး အရှင်မြတ်ရဲ့ပြစ်ဒဏ်ကို ကြောက်နေရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَيُسَبِّحُ الرَّعۡدُ بِحَمۡدِهٖ وَالۡمَلٰۤـئِكَةُ مِنۡ خِيۡفَتِهٖ ۚ وَيُرۡسِلُ الصَّوَاعِقَ فَيُصِيۡبُ بِهَا مَنۡ يَّشَآءُ
وَهُمۡ يُجَادِلُوۡنَ فِى اللّٰهِ ۚ وَهُوَ شَدِيۡدُ الۡمِحَالِ ؕ﴿١٣﴾

(၁၃) ထို့ပြင် ရအဒ်မိုးခြိမ်းသံသည်[၇] အရှင်မြတ်၏ ချီးမွမ်းမှုပြုခြင်းနှင့် သန့်ရှင်းစင်ကြယ်တော်မူကြောင်း ရွတ်ဆိုသည်။ ထို့ပြင် ကောင်းကင်တမန်များသည်လည်း အရှင်မြတ်အား ကြောက်ရွံ့မှုကြောင့် (ချီးမွမ်းမှုနှင့် သန့်ရှင်းတော်မူကြောင်း ရွတ်ဆိုကြသည်)။ ထို့ပြင် အရှင်မြတ်သည် မိုးကြိုးသွားများကို စေလွှတ်(မိုးကြိုးပစ်)တော်မူပြီးနောက် သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ငြင်းခုံနေကြလျက်ရှိစဉ် အရှင်မြတ်အလိုရှိသောသူအပေါ်တွင် ၎င်း(မိုးကြိုးပစ်ခတ်မှု)တို့ကို ကျရောက်စေတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် ပြင်းပြင်းထန်ထန် ဖမ်းဆီးအရေးယူတော်မူသောအရှင် ဖြစ်တော်မူသည်။

[၇] ကုရ်အာန် (၁၇း၄၄)မှာ وَاِنۡ مِّنۡ شَیۡءٍ اِلَّا یُسَبِّحُ بِحَمۡدِهٖ وَلٰکِنۡ لَّا تَفۡقَهُوۡنَ تَسۡبِیۡحَهُمۡ လို့ဆိုထားတဲ့အတွက် မိုးခြိမ်းသံကပဲ ရွတ်ဆိုတာဖြစ်ပြီး သူရွတ်ဆိုတဲ့သတ်စ်ဗီဟ်ကို လူတွေဟာ နားမလည်ခြင်းသာဖြစ်တယ်။ ဒါပေမဲ့ အရှင်မြတ်က သိရှိတော်မူတယ်။ (အာစားန်သရ်ဂျူမဟ်၊ မအာရိဖွလ်ကုရ်အာန်)

لَهٗ دَعۡوَةُ الۡحَقِّ ؕ وَالَّذِیۡنَ یَدۡعُوۡنَ مِنۡ دُوۡنِهٖ لَا یَسۡتَجِیۡبُوۡنَ لَهُمۡ بِشَیۡءٍ اِلَّا کَبَاسِطِ کَفَّیۡهِ اِلَی
الۡمَآءِ لِیَبۡلُغَ فَاهُ وَمَا هُوَ بِبَالِغِهٖ ؕ وَمَا دُعَآءُ الۡکٰفِرِیۡنَ اِلَّا فِیۡ ضَلٰلٍ ﴿١٤﴾

(၁၄) မှန်ကန်သော ဟစ်ခေါ်ဆုတောင်းမှု(ကိုးကွယ်မှု)သည် အရှင်မြတ်တစ်ပါးတည်းအတွက်သာ ထိုက်တန်မှန်ကန်သည်။ ၎င်းနောက် အရှင်မြတ်မှလွဲ၍ သူတို့ဟစ်ခေါ်ဆုတောင်းနေကြသော အရာများသည် သူတို့အတွက် သူတို့၏ဆုတောင်းမှုကို အဖြေမပေးနိုင်ကြပေ။ သို့ရာတွင် (ထိုအလ္လာဟ်ကို စွန့်ပြီး အခြားအရာကို ဟစ်ခေါ်ဆုတောင်းသောသူသည်) မိမိ၏လက်ဖဝါးနှစ်ဖက်အား ရေရှိရာဘက်သို့(ဦးတည်၍)ဖြန့်ထားသူနှင့်တူသည်။ ထိုရေသည် သူ၏ပါးစပ်ထဲသို့ (အလိုအလျောက်)ရောက်လာရန်အတွက် (အမှန်မှာ)ထိုရေသည် သူ၏ပါးစပ်ထဲသို့ (မည်သည့်အခါမျှ အလိုအလျောက်)ရောက်လာမည်မဟုတ်ပါဘဲလျက်[၁] (လက်ဖြန့်နေခြင်းသာဖြစ်သည်)။ ထို့ပြင် ကာဖိရ်များ၏ဟစ်ခေါ်ဆုတောင်းမှုသည် လွဲမှားမှု၌ပင်ရှိသည်။[၂]

[၁] အရှင်မြတ်ကလွဲပြီး တခြားသူထံမှာ လက်ဖြန့်တောင်းခံရင် ရေထံကို လက်ဖြန့်ထားတဲ့သူလိုပဲ သူ့ထံကို ရေအလိုအလျောက်ရောက်မလာသလို သူရဲ့ဆုတောင်းမှုလည်း ပြည့်ဖို့မရှိဘူး။ (အလင်းပြကျမ်း) [၂] ကာဖိရ်တွေတောင်းတဲ့ ဆုတွေဟာ တမလွန်ဘဝမှာ ဘာမှ ရမှာမဟုတ်ဘူး။ (အလင်းပြကျမ်း)

وَلِلّٰهِ یَسۡجُدُ مَنۡ فِی السَّمٰوٰتِ وَالۡاَرۡضِ طَوۡعًا وَّکَرۡهًا وَّظِلٰلُهُمۡ بِالۡغُدُوِّ وَالۡاٰصَالِ ﴿١٥﴾ السجدة

(၁၅) ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီ၌ရှိသမျှသူများသည် စေတနာပါလျက်ဖြစ်စေ၊ စေတနာမပါဘဲလျက်ဖြစ်စေ၊ အရှင်မြတ်ကိုပင် ဦးချကြ

သည်။ ထို့ပြင် သူတို့၏အရိပ်များသည်လည်း နံနက်နှင့် ညနေများတွင် (ထိုသို့ပင် ဦးချကြသည်)။❷

❷ အားလုံးဟာ အရှင်မြတ်ရဲ့အမိန့်တော်ကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် လိုက်နာနေကြတာကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

قُلْ مَنْ رَّبُّ السَّمٰوٰتِ وَالْاَرْضِ ؕ قُلِ اللّٰهُ ؕ قُلْ اَفَاتَّخَذْتُمْ مِّنْ دُوْنِهٖۤ اَوْلِيَآءَ لَا يَمْلِكُوْنَ لِاَنْفُسِهِمْ نَفْعًا وَّلَا ضَرًّا ؕ قُلْ هَلْ يَسْتَوِى الْاَعْمٰى وَالْبَصِيْرُ ۙ۬ اَمْ هَلْ تَسْتَوِى الظُّلُمٰتُ وَالنُّوْرُ ۚ۬ اَمْ جَعَلُوْا لِلّٰهِ شُرَكَآءَ خَلَقُوْا كَخَلْقِهٖ فَتَشَابَهَ الْخَلْقُ عَلَيْهِمْ ؕ قُلِ اللّٰهُ خَالِقُ كُلِّ شَىْءٍ وَّهُوَ الْوَاحِدُ الْقَهَّارُ ﴿١٦﴾

(၁၆) (အို-တမန်တော်) အသင်ပြောလိုက်ပါ- မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူသောအရှင်သည် မည်သူနည်း။ အသင်ကပင် ပြောလိုက်ပါ- အလ္လာဟ်အရှင်မြတ်ပင်ဖြစ်သည်။ အသင်သည် (ဆက်)ပြောလိုက်ပါ- သို့ဖြစ်ရာ အသင်တို့သည် အရှင်မြတ်အားစွန့်ပြီး သူတို့ကိုယ်သူတို့ပင် ကောင်းကျိုး၊ ဆိုးကျိုးပေးရန် မပိုင်ဆိုင်သောအရာများအား အရာရာကို စီမံခန့်ခွဲပေးသောသူများ❸ အဖြစ် ပြုလုပ်ခဲ့ကြသလော။ အသင်ပြောလိုက်ပါ- မျက်စိကန်းသူနှင့် မျက်စိမြင်သူသည် တူပါမည်လော။❹ သို့မဟုတ် အမှောင်များနှင့် အလင်းသည် တူပါမည်လော။ သို့မဟုတ် သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အကြင်တွဲဖက်များကို ပြုလုပ်ထားခဲ့ကြသည်လော။ ထိုတွဲဖက်များသည် အရှင်မြတ်ဖန်ဆင်းတော်မူသကဲ့သို့ ဖန်ဆင်းခဲ့ကြပြီး ဖန်ဆင်းခံရသော အရာများသည် သူတို့အပေါ်တွင် ဆင်တူယိုးမှား ဖြစ်ခဲ့ကြပြီလော။❺ အသင်ပြောလိုက်ပါ- အလ္လာဟ်အရှင်မြတ်ပင် အရာအားလုံးကို ဖန်ဆင်းတော်မူသောအရှင်ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်ပင် တစ်ပါးတည်းတည်ရှိတော်မူသောအရှင်၊ အဖန်ဆင်းခံအားလုံးအပေါ် လွှမ်းမိုးထားတော်မူသောအရှင် ဖြစ်တော်မူသည်။

❸ အရာအားလုံးကို အရှင်မြတ်ပဲ ဖန်ဆင်းတော်မူတယ်ဆိုတာသိပြီးတဲ့နောက်လည်း မုရှ်ရိက်တွေဟာ အခြားအရာတွေကို အရာရာကို စီမံခန့်ခွဲတဲ့သူတွေလို့ ယုံကြည်ကိုးကွယ်ကြတာဟာ သူတို့ရဲ့ မသိမိုက်မဲမှုတွေပဲဖြစ်တယ်။(အလင်းပြကျမ်း) ❹ အရှင်မြတ် တစ်ပါးတည်းကိုပဲ ကိုးကွယ်တဲ့သူဟာ မျက်မြင်နဲ့တူပြီး အရှင်မြတ်ကလွဲလို့ အခြားအရာတွေကို ကိုးကွယ်တဲ့သူဟာ မျက်ကန်းနဲ့တူတဲ့အတွက် သူတို့နှစ်ဦးဟာ ဘယ်တော့မှ တူဖို့မရှိတာ ဖြစ်တယ်။(အလင်းပြကျမ်း) ❺ မုရှ်ရိက်တွေ ကိုးကွယ်ကြတဲ့ရုပ်တုတွေဟာ ဘာကိုမှ ဖန်ဆင်းခဲ့တာမဟုတ်တဲ့အတွက် ဖန်ဆင်းထားတဲ့အရာတွေ ဆင်တူယိုးမှားဖြစ်စရာလည်း လုံးဝမရှိပါဘဲလျက်နဲ့ အဲဒီဘာမှ မတတ်စွမ်းနိုင်တဲ့အရာတွေကို သူတို့ကိုးကွယ်နေခြင်းဟာ သူတို့ရဲ့မိုက်မဲမှုပဲဖြစ်တယ်။ (အလင်းပြကျမ်း)

أَنْزَلَ مِنَ السَّمَآءِ مَآءً فَسَالَتْ أَوْدِيَةٌۢ بِقَدَرِهَا فَاحْتَمَلَ السَّيْلُ زَبَدًا رَّابِيًا ۚ وَمِمَّا يُوقِدُونَ
عَلَيْهِ فِى النَّارِ ابْتِغَآءَ حِلْيَةٍ اَوْ مَتَاعٍ زَبَدٌ مِّثْلُهٗ ۚ كَذٰلِكَ يَضْرِبُ اللّٰهُ الْحَقَّ وَالْبَاطِلَ ۚ فَاَمَّا الزَّبَدُ
فَيَذْهَبُ جُفَآءً ۚ وَاَمَّا مَا يَنْفَعُ النَّاسَ فَيَمْكُثُ فِى الْاَرْضِ ۚ كَذٰلِكَ يَضْرِبُ اللّٰهُ الْاَمْثَالَ ﴿١٧﴾

(၁၇) အရှင်မြတ်သည် မိုးကောင်းကင်မှ ရေကို ရွာသွန်းစေတော်မူခဲ့သည်။ သို့ဖြစ်ရာ ချောင်းမြောင်းများသည် သူတို့ထဲ၌ ရေဝင်ဆံ့သည်ခန့်နှင့် စီးတွေလာခဲ့ကြသည်။ ၎င်းနောက် ပြင်းထန်သောရေစီးကြောင်းသည် အပေါ်တက်နေသော ရေမြှုပ်ကို သယ်ဆောင်လာခဲ့သည်။ ထို့ပြင် လူများသည် လက်ဝတ်လက်စား သို့မဟုတ် အသုံးအဆောင်ပစ္စည်း ပြုလုပ်ရန် မီးအပူပေးပြီး(အရည်ပျော်အောင်လုပ်ထားသော ရွှေငွေသတ္တုရည်ကဲ့သို့)အရာများတွင်လည်း ထိုကဲ့သို့ ချေးအမြှုပ်ရှိသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသို့ပင် အမှန်နှင့်အမှားကို ပုံပမာဆောင်ပြတော်မူသည်။ ထို့နောက် ချေးအမြှုပ် အညစ်အကြေးသည် အသုံးမကျသောအရာအဖြစ် အကျိုးမဲ့ဖြစ်သွားသည်။ ၎င်းနောက် လူများအတွက် အသုံးဝင်သောအရာကမူ ကမ္ဘာမြေ၌ ကျန်နေခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသို့ပင် ပမာများကို ခိုင်းနှိုင်းတော်မူသည်။❼

❼ အမှားဟာ ရေမြှုပ်တွေလို သတ္တုချေးအမြှုပ်တွေလို အပေါ်ကို ခဏတော့ တက်လာတယ်။ ဒါပေမဲ့ ကြာရှည်မခံဘူး။ မကြာခင်မှာပဲ အမြှုပ်ဟာ သေသွားလေ့ရှိတာ အားလုံးအသိပဲဖြစ်ကြတယ်။ အောက်မှာကျန်ခဲ့တဲ့အရာတွေကတော့ အမြဲကျန်နေပြီး လူတွေကို အကျိုးပြုတဲ့အရာတွေဖြစ်တယ်။ အဲဒီလိုပဲ အမှန်တရားဟာလည်း ပထမတော့ အမှားရဲ့အောက်မှာ လွှမ်းမိုးခံရတယ်။ အမြှုပ်သေပြီးရင် အမှန်ဟာ အမြဲအတွက် အကျိုးပေးသူအဖြစ်နဲ့ ကျန်ရစ်ခဲ့တာပဲဖြစ်တာကို သာဓကပြထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

لِلَّذِيْنَ اسْتَجَابُوْا لِرَبِّهِمُ الْحُسْنٰى ۚ وَالَّذِيْنَ لَمْ يَسْتَجِيْبُوْا لَهٗ لَوْ اَنَّ لَهُمْ مَّا فِى الْاَرْضِ جَمِيْعًا وَّ
مِثْلَهٗ مَعَهٗ لَافْتَدَوْا بِهٖ ۚ اُولٰٓئِكَ لَهُمْ سُوْٓءُ الْحِسَابِ ۙ وَمَاْوٰىهُمْ جَهَنَّمُ ۚ وَبِئْسَ الْمِهَادُ ﴿١٨﴾

(၁၈) သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်တော်ကို လက်ခံလိုက်နာသောသူများအတွက် အကောင်းဆုံးအကျိုးရှိသည်။ ၎င်းနောက် အရှင်မြတ်၏အမိန့်တော်ကို လက်ခံလိုက်နာခြင်းမရှိသောသူများကမူ အကယ်၍ သူတို့၌ ကမ္ဘာမြေတွင် ရှိသမျှအရာအားလုံးနှင့် ထိုအရာများနှင့်အတူ (နောက်ထပ်)ထိုမျှခန့်ရှိသေးလျှင်လည်း သူတို့သည် ထိုအရာများကို (ကိယာမသ်နေ့၏ အပြစ်ဒဏ်မှ လွတ်ကင်းရန် ပေးရမည်ဆိုလျှင်လည်း) အမှန်ပင် လျော်ကြေးအဖြစ်ပေးကြမည်ဖြစ်သည်။ ထိုသူများပင် သူတို့အတွက် ပြင်းထန်ဆိုးဝါးသော

စစ်ဆေးမှုရှိမည်။ ထို့ပြင် သူတို့၏နေရာထိုင်ခင်းသည် ဂျဟန္နမ်ငရဲဘုံပင် ဖြစ်မည်။ ထို့ပြင် ထိုနေရာထိုင်ခင်းသည် အဘယ်မျှ ဆိုးရွားလိုက်သနည်း။

أَفَمَن يَعْلَمُ أَنَّمَا أُنزِلَ إِلَيْكَ مِن رَّبِّكَ الْحَقُّ كَمَنْ هُوَ أَعْمَىٰ ۚ إِنَّمَا يَتَذَكَّرُ أُولُو الْأَلْبَابِ ﴿١٩﴾

(၁၉) အကြင်သူသည် အသင်၏ထံသို့ အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံမှ ချပေးခြင်းခံရသောအရာသည် အမှန်တရားဖြစ်သည်ဟုသိရှိယုံကြည်သည်။ ထိုသူသည် မျက်ကန်းနှင့် တူနိုင်ပါမည်လော။ (အမှန်စင်စစ်) အသိဉာဏ်ရှိသောသူများသည်သာ တရားရကြသည်။[၁]

[၁] မျက်မြင်ဆိုတာ မွတ်စ်လင်မ်၊ မျက်ကန်းဆိုတာ ကာဖိရ်၊ အရှင်မြတ်ထံတော်က ကျရောက်လာတဲ့အရာဆိုတာ ကုရ်အာန်ကိုဆိုလိုတယ်။ အသိဉာဏ်နဲ့ စဉ်းစားတတ်တဲ့သူတွေပဲ တရားရကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

الَّذِينَ يُوفُونَ بِعَهْدِ اللَّهِ وَلَا يَنقُضُونَ الْمِيثَاقَ ﴿٢٠﴾

(၂၀) အကြင်(တရားရသော)သူများသည် အလ္လာဟ်အရှင်မြတ်နှင့် ပြုထားသော ကတိကဝတ်ကို ကျေပွန်စွာ ဆောင်ရွက်ကြသည်။ ၎င်းနောက် သူတို့သည် ထိုကတိကို မဖောက်ဖျက်ကြပေ။[၂]

[၂] ဝိညာဉ်လောကတုန်းက လူသားတွေဟာ အရှင်မြတ်ကို အရှင်သခင်ဖြစ်ကြောင်း ပြောဆိုဝန်ခံခဲ့ကြတဲ့ ကတိကိုဆိုလိုတယ်။ အဲဒီကတိအတိုင်း အရှင်မြတ်ရဲ့ ဝတ္တရားတွေကို လိုက်နာရမှာဖြစ်တယ်။ အသိဉာဏ်ရှင်တွေဟာ အဲဒီကတိကို ဖောက်ဖျက်လေ့မရှိကြဘူး။ ဒါဟာ ဉာဏ်ရှင်တွေရဲ့ ဂုဏ်အရည်အချင်းတွေဖြစ်တယ်။ (စွဟီးဟ်မွတ်စ်လင်မ်၊ ဖသ်ဟွလ်ကဒီးရ်၊ မအာရိဖွလ်ကုရ်အာန်)

وَالَّذِينَ يَصِلُونَ مَا أَمَرَ اللَّهُ بِهِ أَن يُوصَلَ وَيَخْشَوْنَ رَبَّهُمْ وَيَخَافُونَ سُوءَ الْحِسَابِ ﴿٢١﴾

(၂၁) ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်က ဆက်ရန် အမိန့်ပေးထားသော အဆက်အသွယ်များကို ဆက်ထားကြသည်။ ၎င်းနောက် သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကြောက်ရွံ့ကြသည်။ ၎င်းနောက် သူတို့သည် အလွန်ဆိုးဝါးသော စစ်ဆေးမှုကိုလည်း စိုးရိမ်ကြောက်ရွံ့ကြသည်။[၃]

[၃] သူတို့ရဲ့အရည်အချင်းကောင်းတွေကတော့ သူတို့တစ်တွေဟာ ဆွေမျိုးဆက်ခြင်းတွေ ပြုလုပ်ကြတယ်၊ အရှင်မြတ်ကို ကြောက်ကြတယ်၊ စာရင်းစစ်ဆေးမှာကိုလည်း ကြောက်ကြတယ်။ (မအာရိဖွလ်ကုရ်အာန် အကျဉ်းချုပ်)

وَالَّذِينَ صَبَرُوا ابْتِغَاءَ وَجْهِ رَبِّهِمْ وَأَقَامُوا الصَّلَاةَ وَأَنفَقُوا مِمَّا رَزَقْنَاهُمْ سِرًّا وَعَلَانِيَةً وَيَدْرَءُونَ بِالْحَسَنَةِ السَّيِّئَةَ أُولَٰئِكَ لَهُمْ عُقْبَى الدَّارِ ﴿٢٢﴾

(၂၂) ထို့ပြင် သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်

မြတ်၏နှစ်သက်မှုကို ရှာဖွေဆည်းပူးရာတွင် တည်တံ့ကြံ့ခိုင်ကြသည်။❻ ထို့ပြင် သူတို့သည် စွလာသ်ဝတ်ပြုမှုကို ဆောက်တည်ကြသည်။❼ ၎င်းနောက် သူတို့သည် ငါအရှင်မြတ်က သူတို့အား ပေးသနားထားသောပစ္စည်းများထဲမှ လျှို့ဝှက်၍လည်းကောင်း၊ ထင်ပေါ်အောင်ပြုလုပ်၍လည်းကောင်း လှူဒါန်းသုံးစွဲကြသည်။❽ ထို့ပြင် သူတို့သည် မကောင်းမှုကိုကောင်းမှုဖြင့် တုံ့ပြန်ကြသည်။❾ ထိုသူများအတွက် တမလွန်ဘဝ၏ အကောင်းဆုံးနိဂုံးချုပ်ရလဒ်ရှိသည်။

❻ အရှင်မြတ်ရဲ့နှစ်သက်မှုကို စွဲစွဲမြဲမြဲ ရှာဖွေကြတယ်။ (မအာရိဖွလ်ကုရ်အာန် အကျဉ်းချုပ်) ❼ စွလာသ်ဝတ်ပြုမှုကိုလည်းဆောက်တည်ကြတယ်။(အလင်းပြကျမ်း) ❽ သူတို့ပစ္စည်းတွေထဲက လှူဒါန်းမှုတွေပြုလုပ်ကြတယ်။ (အလင်းပြကျမ်း) ❾ မကောင်းတာကို ကောင်းတာနဲ့ တုံ့ပြန်ကြတယ်။ (အလင်းပြကျမ်း)

جَنّٰتُ عَدۡنٍ يَّدۡخُلُوۡنَهَا وَمَنۡ صَلَحَ مِنۡ اٰبَآئِهِمۡ وَاَزۡوَاجِهِمۡ وَذُرِّيّٰتِهِمۡ وَالۡمَلٰٓئِكَةُ يَدۡخُلُوۡنَ عَلَيۡهِمۡ مِّنۡ كُلِّ بَابٍ ﴿٢٣﴾

(၂၃) အမြဲတည်ရှိမည့်ဥယျာဉ်များရှိမည်၊ သူတို့သည် ၎င်း(ဥယျာဉ်များ) ထဲသို့ဝင်ရောက်ကြမည်။ ထို့ပြင် သူတို့၏အဘ၊ ဘိုး၊ ဘေးများထဲမှလည်းကောင်း၊ သူတို့၏ကြင်ရာများထဲမှလည်းကောင်း၊ သူတို့၏သား၊ မြေး၊ မြစ်များထဲမှလည်းကောင်း၊ ကောင်းမြတ်သောသူများသည်❶(ဝင်ရောက်ကြရမည်)။ ၎င်းနောက် ကောင်းကင်တမန်များသည် သူတို့ထံသို့ တံခါးပေါက်တိုင်းမှ ဝင်ရောက်ကြမည်။

❶ အဲဒီအရည်အချင်းတွေရှိတဲ့ ညာဏ်ရှင်တွေပဲ ဂျန္နသ်ကို ဝင်ရရုံမကဘူး၊ သူတို့ရဲ့ အပေါ်ဆက်အောက်ဆက်တွေနဲ့ သူတို့ရဲ့ဇနီးကြင်ရာတွေထဲက ဂျန္နသ်နဲ့ထိုက်တန်တဲ့ ကောင်းမြတ်တဲ့သူတွေဟာလည်းဂျန္နသ်ထဲကိုဝင်ရောက်ရပြီးသူတို့နဲ့အတူတကွနေထိုင်ကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

سَلٰمٌ عَلَيۡكُمۡ بِمَا صَبَرۡتُمۡ فَنِعۡمَ عُقۡبَى الدَّارِ ﴿٢٤﴾

(၂၄) (ကောင်းကင်တမန်များသည် ဤသို့နှုတ်ဆက်ကြမည်) အသင်တို့သည် သည်းခံကြံ့ခိုင်ခဲ့ကြသည့်အတွက် ငြိမ်းချမ်းသာယာမှုသည် အသင်တို့အပေါ်တွင် ကျရောက်ပါစေ။ တမလွန်ဘဝ၏ကောင်းကျိုးသည် အဘယ်မျှကောင်းလိုက်သနည်း။

وَالَّذِيۡنَ يَنۡقُضُوۡنَ عَهۡدَ اللّٰهِ مِنۡۢ بَعۡدِ مِيۡثَاقِهٖ وَيَقۡطَعُوۡنَ مَاۤ اَمَرَ اللّٰهُ بِهٖۤ اَنۡ يُّوۡصَلَ وَيُفۡسِدُوۡنَ فِى الۡاَرۡضِ‌ ۙ اُولٰٓئِكَ لَهُمُ اللَّعۡنَةُ وَلَهُمۡ سُوۡٓءُ الدَّارِ ﴿٢٥﴾

(၂၅) ထို့ပြင် အကြင်သူများသည် အလ္လာဟ်အရှင်မြတ်နှင့်ထားရှိသော ကတိဝန်ခံချက်အား ထိုကတိဝန်ခံချက်ကို ခိုင်မာစွာပြုလုပ်ပြီးနောက်မှ ဖောက်ဖျက်ကြသည်။ ၎င်းနောက် သူတို့သည် အလ္လာဟ်အရှင်မြတ်က (ဆွေမျိုးသား

ချင်းနှင့်)ဆက်ရန် အမိန့်ပေးထားသည်များကို ဖြတ်တောက်ကြသည်။ ထို့ပြင် သူတို့သည် ကမ္ဘာမြေ၌ ဖျက်ဆီးမှုများပြုလုပ်နေကြသည်။ သူတို့အပေါ်တွင် ကရုဏာတော်မှ ကင်းဝေးမှုရှိမည်။ ထို့ပြင် သူတို့အတွက် အလွန်ဆိုးဝါးသော အိမ်(နေရာထိုင်ခင်း)ရှိမည်။၉

၉ ကတိဖောက်ဖျက်တဲ့သူတွေအတွက်ကတော့ ငရဲဘုံမှာ ဆိုးဝါးတဲ့နေရာထိုင်ခင်းရှိမယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

اَللّٰهُ يَبۡسُطُ الرِّزۡقَ لِمَنۡ يَّشَآءُ وَ يَقۡدِرُ ؕ وَ فَرِحُوۡا بِالۡحَيٰوةِ الدُّنۡيَا ؕ وَ مَا الۡحَيٰوةُ الدُّنۡيَا فِى الۡاٰخِرَةِ اِلَّا مَتَاعٌ ﴿۲۶﴾

(၂၆) အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ် အလိုရှိတော်မူသောသူကို စားနပ်ရိက္ခာကျယ်ဝန်းစေတော်မူသည်။၁၀ ၎င်းနောက် အရှင်မြတ်အလိုရှိတော်မူသောသူကို ကျပ်တည်းကျဉ်းမြောင်းစေတော်မူသည်။ ထို့ပြင် ၎င်း(ကာဖိရ်များ)သည် ဤဘဝ၏အသက်ရှင်မှုနှင့်သာ ဝမ်းမြောက်ပျော်ရွှင်(နေ)ခဲ့ကြသည်။ ထို့ပြင် ဤဘဝ၏ အသက်ရှင်မှုသည် တမလွန်ဘဝနှင့်နှိုင်းယှဉ်လျှင် အနည်းငယ်ခေတ္တ အကျိုးခံစားခြင်းသာဖြစ်သည်။၁၁

၁၀ အရှင်မြတ်ဟာ အရှင်မြတ်အလိုရှိသူကို ရိက္ခာကျယ်ဝန်းစေပြီး အလိုရှိသူကို ကျဉ်းကျပ်စေတဲ့အတွက် ဒါဟာ စမ်းသပ်မှုတစ်ခုပဲဖြစ်တာကြောင့် ချောင်လည်ခြင်း၊ ကျပ်တည်းခြင်းကိုကြည့်ပြီး အရှင်မြတ်နှစ်သက်တယ်၊ မနှစ်သက်ဘူးဆိုတာကို မဆုံးဖြတ်နိုင်ဘူး။ (အလင်းပြကျမ်း) ၁၁ ဒီဘဝဟာ ခဏတာပဲဖြစ်တဲ့အတွက် ဘာပဲရရ အနည်းငယ်သာဖြစ်တယ်။

(ကုရ်အာန် - ၄း၇၇၊ မွတ်စ်နဒ်အဟ်မဒ်၊ မအာရိဖွလ်ကုရ်အာန်)

وَ يَقُوۡلُ الَّذِيۡنَ كَفَرُوۡا لَوۡلَاۤ اُنۡزِلَ عَلَيۡهِ اٰيَةٌ مِّنۡ رَّبِّهٖ ؕ قُلۡ اِنَّ اللّٰهَ يُضِلُّ مَنۡ يَّشَآءُ وَيَهۡدِىۡۤ اِلَيۡهِ مَنۡ اَنَابَ ﴿۲۷﴾

(၂၇) ထို့ပြင် ငြင်းပယ်သူများက ၎င်း(တမန်တော်)အပေါ်တွင် ၎င်း(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ တန်ခိုးတော်တစ်စုံတစ်ခု အဘယ်ကြောင့် ချပေးခြင်းမခံရသနည်းဟု ပြောဆိုကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိသောသူကို လမ်းမှား၌ပင် ထားတော်မူသည်။ ၎င်းနောက် အရှင်မြတ်သည် အရှင်မြတ်ဘက်သို့ ပြန်လှည့်သူများကို တရားလမ်းမှန် ပြသပေးတော်မူသည်။၁

၁ အမှန်ကို မလိုလားတဲ့သူကို လမ်းမှန်မပြဘူး၊ လိုလားတဲ့သူကို လမ်းမှန်ပြမှာဖြစ်တယ်။

(အလင်းပြကျမ်း)

اَلَّذِيْنَ اٰمَنُوْا وَتَطْمَىِٕنُّ قُلُوْبُهُمْ بِذِكْرِ اللّٰهِ ۗ اَلَا بِذِكْرِ اللّٰهِ تَطْمَىِٕنُّ الْقُلُوْبُ ﴿٢٨﴾

(၂၈) အကြင်သူများသည် အီမာန်ယုံကြည်ခဲ့ကြသည်။ ၎င်းနောက် သူတို့၏စိတ်နှလုံးများသည် အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းဖြင့် တည်ငြိမ်အေးချမ်းသွားကြသည်။ သတိပြုကြပါ၊ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသခြင်းဖြင့် စိတ်နှလုံးများသည် တည်ငြိမ်အေးချမ်းသွားသည်သာ ဖြစ်သည်။

اَلَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ طُوْبٰى لَهُمْ وَحُسْنُ مَاٰبٍ ﴿٢٩﴾

(၂၉) အကြင်သူများသည် အီမာန်ယုံကြည်ခဲ့ကြသည်။ ၎င်းနောက် သူတို့သည် ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည်။ ထိုသူများအတွက် ပျော်ရွှင်ဖွယ်ရာအခြေအနေဖြင့် ကောင်းမြတ်သော ပြန်လှည့်ရာဌာနရှိသည်။

كَذٰلِكَ اَرْسَلْنٰكَ فِيْٓ اُمَّةٍ قَدْ خَلَتْ مِنْ قَبْلِهَآ اُمَمٌ لِّتَتْلُوَاۡ عَلَيْهِمُ الَّذِيْٓ اَوْحَيْنَآ اِلَيْكَ وَهُمْ يَكْفُرُوْنَ بِالرَّحْمٰنِ ۗ قُلْ هُوَ رَبِّيْ لَآ اِلٰهَ اِلَّا هُوَ ۚ عَلَيْهِ تَوَكَّلْتُ وَاِلَيْهِ مَتَابِ ﴿٣٠﴾

(၃၀) ထိုသို့ပင် ငါအရှင်မြတ်သည် အသင်(တမန်တော်)ကို အနန္တကရုဏာတော်ရှင်အား❶ ငြင်းပယ်လျက်ရှိနေကြသော လူမျိုးတစ်မျိုးထံသို့ ငါအရှင်မြတ်အနေဖြင့် အသင့်ထံ ပို့ချတော်မူသောကျမ်းဂန်ကို သူတို့ရှေ့၌ ဖတ်ကြားရန်အတွက် စေလွှတ်တော်မူခဲ့သည်။❷ ထိုလူမျိုး၏ မတိုင်မီ၌လည်း (ထိုသို့သော)လူမျိုးများသည် ကုန်လွန်ခဲ့ကြပြီးဖြစ်သည်။ (အို-တမန်တော်)အသင် ပြောလိုက်ပါ- အရှင်မြတ်ပင် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သောအရှင်မရှိပေ။ အရှင်မြတ်အပေါ်၌သာ ငါသည် ယုံပုံလွှဲအပ်ခဲ့ပြီဖြစ်သည်။ ထို့ပြင် အရှင်မြတ်ထံတော်သို့ပင် ငါသည် ပြန်သွားရမည် ဖြစ်သည်။

❶ အရ်ရဟ်မာန် အနန္တကရုဏာတော်ရှင်ဟာ အလ္လာဟ်အရှင်မြတ်ပဲ ဖြစ်တော်မူတယ်။(အလင်းပြကျမ်း) ❷ အရပ်အမျိုးသားတွေထံကို စေလွှတ်တာ ဖြစ်တယ်။(အလင်းပြကျမ်း)

وَلَوْ اَنَّ قُرْاٰنًا سُيِّرَتْ بِهِ الْجِبَالُ اَوْ قُطِّعَتْ بِهِ الْاَرْضُ اَوْ كُلِّمَ بِهِ الْمَوْتٰى ۗ بَلْ لِّلّٰهِ الْاَمْرُ جَمِيْعًا ۗ اَفَلَمْ يَايْـَٔسِ الَّذِيْنَ اٰمَنُوْٓا اَنْ لَّوْ يَشَآءُ اللّٰهُ لَهَدَى النَّاسَ جَمِيْعًا ۗ وَلَا يَزَالُ الَّذِيْنَ كَفَرُوْا تُصِيْبُهُمْ بِمَا صَنَعُوْا قَارِعَةٌ اَوْ تَحُلُّ قَرِيْبًا مِّنْ دَارِهِمْ حَتّٰى يَاْتِيَ وَعْدُ اللّٰهِ ۗ اِنَّ اللّٰهَ لَا يُخْلِفُ الْمِيْعَادَ ﴿٣١﴾

(၃၁) ထို့ပြင် အကယ်၍ ကုရ်အာန်ကျမ်းတစ်စောင်သည် ရှိခဲ့မည်။❸ ထို့နောက် ၎င်း(ကုရ်အာန်)ဖြင့် တောင်များသည် ရွှေ့ပြောင်းခြင်းကို ခံကြရသည်

ဖြစ်စေ၊ သို့မဟုတ် ၎င်း(ကုရ်အာန်)ဖြင့် မြေပထဝီသည် အက်ကွဲစေခြင်းကိုခံရသည်
ဖြစ်စေ၊ သို့မဟုတ် ၎င်း(ကုရ်အာန်)ဖြင့် သေသူများအား စကားပြောဆိုစေခြင်းကို
ခံကြရသည်ဖြစ်စေ၊ (ထိုသို့ပြုလုပ်ပေးသော ကုရ်အာန်သည် ဤကုရ်အာန် ဖြစ်
လျှင်လည်း သူတို့သည် ဤကုရ်အာန်ကို အီမာန်ယုံကြည်ကြမည်မဟုတ်ပေ)။
ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် အမိန့်အာဏာအားလုံးသည် အလ္လာဟ်အရှင်မြတ်
ထံတော်၌ပင် ရှိသည်။ သို့ဖြစ်ပါလျက် ယုံကြည်သူများသည် "အကယ်၍ အလ္လာဟ်
အရှင်မြတ်အလိုရှိတော်မူလျှင် အမှန်စင်စစ် အရှင်မြတ်သည် လူအားလုံးကို
လမ်းမှန်ညွှန်ကြားပြသတော်မူခဲ့ပြီး ဖြစ်မည်ကို အဘယ်ကြောင့် မျှော်လင့်ချက်
ကင်းမဲ့မှု မဖြစ်ခဲ့ကြသနည်း။[၅] ထို့ပြင် ငြင်းပယ်သူများတွင် သူတို့၏အပြုအမူများ
ကြောင့် ဒုက္ခတစ်စုံတစ်ခုသည် ကျရောက်မြဲ ကျရောက်လျက်ပင် ရှိသည်၊ သို့
မဟုတ် သူတို့၏မြို့ရွာအနီး၌ အမြဲမပြတ်သက်ရောက်နေသည်။ နောက်ဆုံးတွင်
အလ္လာဟ်အရှင်မြတ် ချိန်းဆိုထားသောအပြစ်ဒဏ်သည် ရောက်ရှိလာမည်ဖြစ်
သည်။[၆] အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ကတိကို ဖောက်
ဖျက်တော်မူသောအရှင် မဟုတ်ပေ။

(၄) တကယ်လို့ ကုရ်အာန်ကျမ်းတစ်စောင်ကို အရှင်မြတ်က ချပေးခဲ့ပြီး အဲဒီကျမ်းက ကာဖိရ်တွေ တောင်းဆိုတဲ့ တန်ခိုးတွေကို လုပ်ဆောင်ပေးခဲ့တယ်ဆိုရင် အဲဒီကျမ်းဟာ ဒီကုရ်အာန်ကျမ်းတော်မြတ်အပြင် တခြားဘယ်ဟာ ဖြစ်နိုင်သေးသလဲလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း) (၅) အရှင်မြတ်က လူသားတွေဟာ သူတို့ရဲ့ စိတ်စေတနာနဲ့ ကိုးကွယ်တာပဲအလိုရှိလို့ အတင်းအကျပ်မပြုလုပ်ခဲ့တာဖြစ်တယ်။ စိတ်မပါဘဲနဲ့လည်း ကိုးကွယ်ရင်ပြီးရောဆိုပြီး အတင်းအကျပ်လုပ်ရမယ်သာဆိုရင် အရှင်မြတ်က အားလုံးကို လုပ်နိုင်တယ်ဆိုတာမသိကြဘူးလား။(ကမာလိုင်န်၊ ဟာရှီယဟ်ဂျလာလိုင်န် ) (၆) နောက်ဆုံးမှာ အရှင်မြတ်ရဲ့ကတိတော်ဖြစ်တဲ့ "မွတ်စ်လင်မ်တွေဟာ မက္ကာဟ်ကို အောင်နိုင်ကြမယ်" ဆိုတာ အတည်ဖြစ်လာလိမ့်မယ်။ (အလင်းပြကျမ်း)

وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّنْ قَبْلِكَ فَأَمْلَيْتُ لِلَّذِينَ كَفَرُوا ثُمَّ أَخَذْتُهُمْ ۖ فَكَيْفَ كَانَ عِقَابِ ﴿٣٢﴾

(၃၂) ထို့ပြင် အမှန်စင်စစ် အသင်၏မတိုင်မီ၌လည်း တမန်တော်များ
သည် ပြောင်လှောင်ခြင်းကို ခံခဲ့ကြရသည်။ သို့ဖြစ်ပါလျက် ငါအရှင်မြတ်သည်
ကာဖိရ်ငြင်းပယ်သောသူများအား ရွှေ့ဆိုင်းခွင့်ပေးတော်မူခဲ့သည်။ ထို့နောက်
ငါအရှင်မြတ်သည် သူတို့အား ဖမ်းဆီးကွပ်မျက်တော်မူခဲ့သည်။ သို့ဖြစ်ရာ ငါ
အရှင်မြတ်၏ပြစ်ဒဏ်သည် မည်သို့ရှိခဲ့သနည်း။

أَفَمَنْ هُوَ قَائِمٌ عَلَىٰ كُلِّ نَفْسٍ بِمَا كَسَبَتْ ۗ وَجَعَلُوا لِلَّهِ شُرَكَاءَ قُلْ سَمُّوهُمْ ۚ أَمْ تُنَبِّئُونَهُ بِمَا
لَا يَعْلَمُ فِي الْأَرْضِ أَمْ بِظَاهِرٍ مِّنَ الْقَوْلِ ۗ بَلْ زُيِّنَ لِلَّذِينَ كَفَرُوا مَكْرُهُمْ وَصُدُّوا عَنِ السَّبِيلِ ۚ

وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ هَادٍ ﴿٣٣﴾

(၃၃) ၎င်းနောက် လူတိုင်းသည် မည်သည့်အရာအား ပြုလုပ်နေသည်ကို သိရှိတော်မူသော အရှင်မြတ်သည် (ကိုးကွယ်ရာအတုများနှင့် တူနိုင်ပါမည်လော)။ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် တုဖက်ကိုးကွယ်ရာများကို ပြုလုပ်ခဲ့ကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် သူတို့၏အမည်များကို ပြောပြကြပါ။ (မည်သူများနည်း၊ ကိုးကွယ်ခြင်းခံထိုက်သော အရည်အချင်းများရှိ၏၊ မရှိ၏ ဆိုသည်ကို ကြည့်ပါရစေ။)[၇] သို့မဟုတ် အသင်တို့သည် အရှင်မြတ်အား ကမ္ဘာမြေတွင် အရှင်မြတ်မသိရှိသော အကြင်(တွဲဖက်ကိုးကွယ်သော)အရာ၏ရှိနေခြင်းကို အသိပေးနေကြသလော၊ (ထိုတွဲဖက်ကိုးကွယ်ရာသည် အမှန်ရှိနေပြီး အရှင်မြတ် မသိဘူးဆိုသည်မှာ မဖြစ်နိုင်ပေ။ ထိုအရာမရှိကြောင်းသာ အရှင်မြတ်၏အသိ၌ရှိနေခြင်းဖြစ်သည်။)[၈] သို့မဟုတ် အပေါ်ယံအားဖြင့်သာ (ကျောက်တုံးများကို နာမည်တပ်ပြီး) ပြောဆိုကြသည်လော၊ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် ငြင်းပယ်သူများ၏အမြင်၌ သူတို့၏လှျို့ဝှက်ကြံစည်မှုသည် လှပတင့်တယ်အောင် ပြုလုပ်ခံရပြီးဖြစ်သည်။ ထို့ပြင် (ထိုအရာကြောင့်လည်း) သူတို့သည် (မှန်ကန်သော)လမ်းမှတားဆီးခြင်းခံခဲ့ကြရသည်။ ထို့ပြင် အကြင်သူ့ကို အလ္လာဟ်အရှင်မြတ်က လမ်းမှားစေတော်မူလျှင် ထိုသူ့ကို လမ်းမှန်ညွှန်ကြားပြသမည့်သူ တစ်ဦးမျှ မရှိပေ။[၉]

[၇] ဘာမှ အရည်အချင်းမရှိလို့ ပြောမပြနိုင်ကြဘူး။(အလင်းပြကျမ်း) [၈] အရှင်မြတ် မသိတဲ့အရာဆိုလို့မရှိဘူး။ မှန်ရိုက်တွေဟာ ဘာမှ တတ်စွမ်းနိုင်ခြင်းမရှိတဲ့အရာတွေကိုပဲ ကိုးကွယ်နေကြတာဖြစ်တယ်။ (အလင်းပြကျမ်း) [၉] သူတို့ကိုယ်တိုင် လမ်းမှန်ကို မလိုလားတာကြောင့် ဘယ်သူပဲလမ်းမှန်ပြပြ လမ်းမှန်မရနိုင်တော့တဲ့အတွက် လမ်းပြမဲ့သူလည်း မရှိတော့ဘူးလို့ မိန့်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

لَهُمْ عَذَابٌ فِى الْحَيٰوةِ الدُّنْيَا وَلَعَذَابُ الْاٰخِرَةِ اَشَقُّ ۚ وَمَا لَهُمْ مِّنَ اللّٰهِ مِنْ وَّاقٍ ﴿٣٤﴾

(၃၄) သူတို့အတွက် ဤဘဝတွင်လည်း ပြစ်ဒဏ်ရှိသည်။ ထို့ပြင် အမှန်စင်စစ် တမလွန်ဘဝ၏ပြစ်ဒဏ်ကမူ ပိုပြင်းထန်လှသည်။ ထို့ပြင် သူတို့အား အလ္လာဟ်အရှင်မြတ်၏အပြစ်ဒဏ်မှ ကယ်တင်မည့်သူလည်း မည်သူမျှရှိမည်မဟုတ်ပေ။

مَثَلُ الْجَنَّةِ الَّتِىْ وُعِدَ الْمُتَّقُوْنَ ۗ تَجْرِىْ مِنْ تَحْتِهَا الْاَنْهٰرُ ۗ اُكُلُهَا دَآئِمٌ وَّظِلُّهَا ۗ تِلْكَ عُقْبَى الَّذِيْنَ اتَّقَوْا ۖ وَّعُقْبَى الْكٰفِرِيْنَ النَّارُ ﴿٣٥﴾

(၃၅) ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများကို ကတိပေးခြင်းခံရသော ဂျန္နသ်သုခဘုံ၏ဂုဏ်ထူးသည် ၎င်း(သုခဘုံ)၏အောက်၌ စမ်းရေချောင်းများ စီးဆင်းနေမည်။ ၎င်း(သုခဘုံ)၏ သစ်သီးဝလံများနှင့်၊ ၎င်း(သုခဘုံ)၏အရိပ်အာဝါသများသည် တည်မြဲသော သစ်သီးဝလံများနှင့် အရိပ်အာဝါသများဖြစ်ကြမည်။၎င်း(သုခဘုံ)သည်ကြောက်ရွံ့အပြစ်ရှောင်ကောင်းကျိုးဆောင်သောသူများအတွက် အကျိုးဖြစ်သည်။ ထို့ပြင် ငြင်းပယ်သူများ၏အကျိုးကမူ ငရဲမီးပင်ဖြစ်မည်။

وَالَّذِينَ آتَيْنَاهُمُ الْكِتَابَ يَفْرَحُونَ بِمَا أُنزِلَ إِلَيْكَ ۖ وَمِنَ الْأَحْزَابِ مَن يُنكِرُ بَعْضَهُ ۚ قُلْ إِنَّمَا
أُمِرْتُ أَنْ أَعْبُدَ اللَّهَ وَلَا أُشْرِكَ بِهِ ۚ إِلَيْهِ أَدْعُو وَإِلَيْهِ مَآبِ ﴿٣٦﴾

(၃၆) ထို့ပြင် ငါအရှင်မြတ်က ကျမ်းဂန်ပေးသနားထားတော်မူသောသူများသည် အသင်(တမန်တော်)၏အပေါ်တွင် ချပေးခြင်းခံရသောအရာ(ကုရ်အာန်)ကြောင့် ပျော်ရွှင်နေကြသည်။ ထို့ပြင် အုပ်စုများထဲတွင် ထိုကျမ်းတော်၏အချို့အစိတ်အပိုင်းကို ငြင်းပယ်သောသူများလည်း ရှိကြသည်။❶ (အို-တမန်တော်)အသင်ပြောလိုက်ပါ- ငါသည် အလ္လာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်ရန်နှင့် အရှင်မြတ်နှင့် မည်သူ့ကိုမျှ တွဲဖက်မကိုးကွယ်ရန် အမိန့်ပေးတော်မူခြင်းကိုသာ ခံခဲ့ရသည်။ ငါသည် အရှင်မြတ်ဘက်သို့သာ ဖိတ်ခေါ်နေခြင်းဖြစ်သည်။ ထို့ပြင် ငါသည် အရှင်မြတ်ထံတော်သို့ပင် ပြန်လည်သွားရမည်ဖြစ်သည်။

❶ တချို့အစိတ်အပိုင်းကို ငြင်းပယ်တယ်ဆိုတာ ယဟူဒီ၊ နတ်စ်ရာနီတွေက ဒီကျမ်းကို ကပြောင်းကပြန်လုပ်လို့မရလို့ လက်မခံငြင်းပယ်ကြတယ်။ အရပ်မုရှ်ရိက်တွေက သူတို့ရဲ့ရုပ်တုတွေဟာ ဘာမှမစွမ်းနိုင်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်ထဲမှာ အမိန့်ရှိထားတဲ့အတွက် အဲဒီအစိတ်အပိုင်းတွေကို လက်မခံငြင်းပယ်ကြတယ်။ (အလင်းပြကျမ်း)

وَكَذَٰلِكَ أَنزَلْنَاهُ حُكْمًا عَرَبِيًّا ۚ وَلَئِنِ اتَّبَعْتَ أَهْوَاءَهُم بَعْدَمَا جَاءَكَ مِنَ الْعِلْمِ ۙ مَا لَكَ مِنَ
اللَّهِ مِن وَلِيٍّ وَلَا وَاقٍ ﴿٣٧﴾

(၃၇) ၎င်းပြင် ထိုသို့ပင် ငါအရှင်မြတ်သည် ထိုကျမ်းတော်ကို (ထင်ရှားပြတ်သားသော)အရဗီဘာသာဖြင့် အမိန့်တော်တစ်ရပ်အဖြစ် ထုတ်ပြန်ချပေးတော်မူခဲ့သည်။ ထို့ပြင် အကယ်၍ အသင်သည် အသင်၏ထံသို့ အသိပညာရောက်ရှိလာခဲ့ပြီးမှ သူတို့၏အလိုဆန္ဒများကို လိုက်ခဲ့လျှင် အသင့်အား အလ္လာဟ်အရှင်မြတ်နှင့်ဆန့်ကျင်ပြီး ကူညီမည့်မိတ်ဆွေနှင့် ကာကွယ်စောင့်ရှောက်မည့်သူမည်သူမျှ ရှိမည်မဟုတ်ပေ။❷

❷ ကုရ်အာန်ကျပြီးနောက် အဲဒီကုရ်အာန်နဲ့ဆန့်ကျင်ပြီး သူများအလိုကို လိုက်ခဲ့ရင် တမန်တော်မြတ် ﷺ ကိုလည်း ချမ်းသာပေးမှာမဟုတ်ဘူး၊ အရေးယူမှာပဲဖြစ်ကြောင်း မိန့်ထားတာဖြစ်တယ်။ (တကယ်တော့ တမန်တော်မြတ် ﷺ ဟာ အဲဒီလို မလိုက်ဘူးဆိုတာ အရှင်မြတ်သိပြီးဖြစ်တယ်။ အရှင်မြတ်ဟာ တိကျတဲ့မူ ချမှတ်ထားတဲ့အကြောင်းသိစေဖို့ အမိန့်ရှိခြင်းဖြစ်တယ်။) (အလင်းပြကျမ်း)

وَلَقَدْ أَرْسَلْنَا رُسُلًا مِّن قَبْلِكَ وَجَعَلْنَا لَهُمْ أَزْوَاجًا وَذُرِّيَّةً ۚ وَمَا كَانَ لِرَسُولٍ أَن يَأْتِيَ بِآيَةٍ إِلَّا بِإِذْنِ اللَّهِ ۗ لِكُلِّ أَجَلٍ كِتَابٌ ﴿٣٨﴾

(၃၈) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်၏မတိုင်မီ တမန်တော်များအား စေလွှတ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ထိုတမန်တော်များအတွက် ဇနီးကြင်ရာများနှင့် သားသမီးများကို ပြုလုပ်ဖန်တီးပေးတော်မူခဲ့သည်။❷ ထို့ပြင် မည်သည့်တမန်တော်မျှ အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲ အာယသ်တော်(သက်သေလက္ခဏာတန်ခိုးတော်)တစ်စုံတစ်ရာကို ယူဆောင်လာရန် အခွင့်အာဏာမရှိပေ။❸ ခေတ်ကာလတိုင်းအတွက် ကျမ်းတစ်ကျမ်းရှိသည်။❹

❷ هذه الآية تدل على الترغيب فى النكاح والحض عليه وتنهى عن التبتل، وهو ترك النكاح - القرطبى ဒီအာယသ်က အချက်နှစ်ချက်ကို ညွှန်ပြနေတယ် - (၁) နိကာဟ်ပြုဖို့ တိုက်တွန်းခြင်း၊ (၂) အိမ်ထောင်မပြုဘဲနေခြင်းမှတားမြစ်ခြင်း။(ကုရ်သွူဗီ ) အိမ်ထောင်ပြုဖို့ ဒီအာယသ်ကတိုက်တွန်းထားပြီး အိမ်ထောင်မပြုဘဲနေခြင်းကို တားမြစ်ထားတယ်။ (ကုရ်သွူဗီ)။ ❸ တမန်တော်တွေဟာ အရှင်မြတ်ရဲ့ညွှန်ကြားချက်မရှိဘဲ ဘာမှမလုပ်နိုင်ဘူး။(အလင်းပြကျမ်း) ❹ အတိတ်က ခေတ်ကာလတိုင်းမှာ အရှင်မြတ်က တမန်တော်တွေကို ကျမ်းစာနဲ့တကွ စေလွှတ်တော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

يَمْحُو اللَّهُ مَا يَشَاءُ وَيُثْبِتُ ۖ وَعِندَهُ أُمُّ الْكِتَابِ ﴿٣٩﴾

(၃၉) အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောအရာကို ဖျက်သိမ်းတော်မူသည်။ ၎င်းနောက် အရှင်မြတ်အလိုရှိသောအရာကို တည်တံ့စေတော်မူသည်။ ၎င်းနောက် မှတ်တမ်းစာအုပ် (လောင်ဟေ့မဟ်ဖူးဇ္ဇ်)သည် အရှင်မြတ်ထံတော်၌ပင် ရှိသည်။❺

❺ လူတွေထံကို ချပေးခဲ့တဲ့ ကျမ်းစာတွေဟာ ဘယ်လောက်ပဲပြောင်းပြောင်း အဲဒါတွေအားလုံးဟာ မူရင်းကျမ်းဖြစ်တဲ့ လောင်ဟေ့မဟ်ဖူဇ္ဇ်ကျမ်းကြီးကနေ ဖော်ပြခဲ့တာပဲ ဖြစ်တယ်။ အဲဒီမူရင်းကျမ်းကတော့ ဘယ်တော့မှ အပြောင်းအလဲမရှိဘူး။ ဖြစ်ပြီးခဲ့သမျှ၊ ဖြစ်နေသမျှနဲ့ ဖြစ်မဲ့ကိစ္စဟူသမျှကို ရေးမှတ်ထားပြီး ဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِن مَّا نُرِيَنَّكَ بَعْضَ الَّذِي نَعِدُهُمْ أَوْ نَتَوَفَّيَنَّكَ فَإِنَّمَا عَلَيْكَ الْبَلَاغُ وَعَلَيْنَا الْحِسَابُ ﴿٤٠﴾

(၄၀) ထို့ပြင် အကယ်၍ ငါအရှင်မြတ်က သူတို့အား ကတိပြုထားသောအရာအချို့ကို ငါအရှင်မြတ်အနေဖြင့် အသင့်အား ပြသသည်ပင်ဖြစ်စေ၊ သို့

မဟုတ် ငါအရှင်မြတ်အနေဖြင့် အသင့်အား ကွယ်လွန်စေတော်မူသည်ပင်ဖြစ်စေ၊ အသင်၏အပေါ်၌ (အမိန့်တော်များကို) ပို့ဆောင်ရန်သာ တာဝန်ရှိသည်။ ထို့ပြင် စစ်ဆေးရန်မှာ ငါအရှင်မြတ်အပေါ်၌သာ တာဝန်ရှိသည်။❼

❼ တမန်တော်မြတ် ﷺ မှာ လူသားတွေရဲ့လုပ်ရပ်တွေကို စစ်ဆေးဖို့တာဝန် သတ်မှတ်ထားတာ မရှိဘူး။ အရှင်မြတ်မှာပဲ တာဝန်ရှိတယ်။ (အာစားန်သရ်ဂျမဟ်)

أَوَلَمْ يَرَوْا أَنَّا نَأْتِي الْأَرْضَ نَنْقُصُهَا مِنْ أَطْرَافِهَا ۚ وَاللَّهُ يَحْكُمُ لَا مُعَقِّبَ لِحُكْمِهِ ۚ وَهُوَ سَرِيعُ الْحِسَابِ ﴿٤١﴾

(၄၁) ထို့ပြင် ငါအရှင်မြတ်သည် မြေကို ဘေးပတ်ဝန်းကျင်များက လျော့နည်းအောင်လုပ်ပြီးယူလာတော်မူသည်ကို သူတို့သည် မတွေ့မြင်ကြသလော။❶ ၎င်းနောက် အလ္လာဟ်အရှင်မြတ်သည် (အရှင်မြတ်အလိုရှိသည်ကို) အမိန့်ချမှတ်တော်မူသည်။ အရှင်မြတ်၏အမိန့်ကို ရွှေ့ဆိုင်းနိုင်သူ မည်သူမျှမရှိပေ။ ထို့ပြင် အရှင်မြတ်သည် အလွန်လျင်မြန်စွာ စစ်ဆေးတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။❷

❶ အစ္စလာမ်သာသနာရဲ့နယ်နိမိတ်ဟာ ကျယ်ဝန်းလာတာနဲ့အမျှ ကုဖ်ရ်ရဲ့နယ်နိမိတ်ဟာ ကျဉ်းမြောင်းလာခဲ့တာဖြစ်တယ်။(အလင်းပြကျမ်း) ❷ အရှင်မြတ်မှာ စစ်ဆေးဖို့ တာဝန်ရှိတဲ့အတိုင်း အရှင်မြတ်ဟာ အလွန်မြန်မြန် စစ်ဆေးတော်မူမဲ့အရှင်လည်း ဖြစ်တော်မူတဲ့အတွက် အရှင်မြတ်ကို အချိန်တိုင်း ကြောက်နေရမယ်လို့ ဆိုလိုတယ်။ (အလင်းပြကျမ်း)

وَقَدْ مَكَرَ الَّذِينَ مِنْ قَبْلِهِمْ فَلِلَّهِ الْمَكْرُ جَمِيعًا ۖ يَعْلَمُ مَا تَكْسِبُ كُلُّ نَفْسٍ ۗ وَسَيَعْلَمُ الْكُفَّارُ لِمَنْ عُقْبَى الدَّارِ ﴿٤٢﴾

(၄၂) ထို့ပြင် သူတို့မတိုင်မီရှိခဲ့ကြသူများသည် တိတ်ဆိတ်စွာ ကြံစည်ခဲ့ကြသည်။ ၎င်းနောက် အကြံအစည်အားလုံးကို အလ္လာဟ်အရှင်မြတ်ပင် စိုးပိုင်တော်မူသည်။ အရှင်မြတ်သည် လူတိုင်းပြုလုပ်သမျှကို သိတော်မူသည်။ ထို့ပြင် တမလွန်ဘဝ၏အကျိုးဆက်သည် မည်သူ၏အတွက်နည်းဆိုသည်ကို ကာဖိရ်များသည် မကြာမီ သိသွားကြမည်ဖြစ်သည်။

وَيَقُولُ الَّذِينَ كَفَرُوا لَسْتَ مُرْسَلًا ۚ قُلْ كَفَىٰ بِاللَّهِ شَهِيدًا بَيْنِي وَبَيْنَكُمْ وَمَنْ عِنْدَهُ عِلْمُ الْكِتَابِ ﴿٤٣﴾

(၄၃) ထို့ပြင် ကာဖိရ်ငြင်းပယ်သူများက အသင်သည် တမန်တော်မဟုတ်ပေဟု ပြောဆိုကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ-ငါနှင့် အသင်တို့ကြား၌ အလ္လာဟ်အရှင်မြတ်နှင့် ကျမ်းဂန်၏အသိပညာရှိသောသူများသည် မျက်မြောက်အသိသက်သေအဖြစ် လုံလောက်သည်။

==========

رکوعاتها ٧ ١٤سُوْرَةُ اِبْرٰهِيْمَ مَكِّيَّةٌ ٧٢ اٰياتها ٥٢

## စူရဟ် အိဗ်ရာဟီမ် (တမန်တော်အိဗ်ရာဟီမ်ကဏ္ဍ) سُوْرَةُ اِبْرٰهِيْمَ

==========

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော
အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

الٓرٰ ۟ كِتٰبٌ اَنْزَلْنٰهُ اِلَيْكَ لِتُخْرِجَ النَّاسَ مِنَ الظُّلُمٰتِ اِلَى النُّوْرِ ۙ بِاِذْنِ رَبِّهِمْ اِلٰى صِرَاطِ الْعَزِيْزِ الْحَمِيْدِ ۙ﴿١﴾

(၁)အလိဖ် လာမ် ရာ။ (ဤသည်) ငါအရှင်မြတ်က အသင်(တမန်တော်) ထံ ချပေးတော်မူခဲ့သောကျမ်းဂန်ဖြစ်သည်၊ အသင်သည် လူများကို သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်ဖြင့် အမှောင်များမှ လင်းရောင်ခြည်သို့ (ဆိုလိုသည်မှာ) တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသော၊ အလွန်ချီးမွမ်းခြင်းခံထိုက်တော်မူသော အရှင်မြတ်၏လမ်းတော်သို့ ခေါ်ထုတ်သွားရန်အတွက် (ဤကျမ်းတော်ကို ချပေးခဲ့ခြင်းဖြစ်သည်)။❶

❶ လူသားအားလုံးကို ဘာမှမခွဲခြားဘဲ အမှောင်ထဲကနေ အလင်းဘက်ကို ထုတ်ပေးဖို့ အရှင်မြတ်က ဒီကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

اللّٰهِ الَّذِيْ لَهٗ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ ؕ وَوَيْلٌ لِّلْكٰفِرِيْنَ مِنْ عَذَابٍ شَدِيْدِ ۙ﴿٢﴾

(၂) အကြင်အလ္လာဟ်အရှင်မြတ်(၏လမ်းသို့၊) ထိုအရှင်မြတ်သည် မိုးကောင်းကင်များတွင်ရှိသမျှနှင့် မြေပထဝီတွင်ရှိသမျှကို စိုးပိုင်တော်မူသော အရှင် ဖြစ်တော်မူသည်။ ထို့ပြင် ကာဖိရ်ငြင်းပယ်သောသူများအတွက် ပြင်းထန်သော ပြစ်ဒဏ်အထဲမှ ပျက်စီးမှုရှိသည်။

الَّذِيْنَ يَسْتَحِبُّوْنَ الْحَيٰوةَ الدُّنْيَا عَلَى الْاٰخِرَةِ وَيَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ وَيَبْغُوْنَهَا عِوَجًا ؕ اُولٰٓئِكَ فِيْ ضَلٰلٍۭ بَعِيْدٍ ﴿٣﴾

(၃) အကြင်သူတို့သည် ဤဘဝ၏အသက်ရှင်ခြင်းကို တမလွန်ဘဝထက်ပိုပြီး ဦးစားပေးနှစ်သက်ကြသည်။ ထို့ပြင် သူတို့သည် (လူများအား) အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ တားဆီးကြသည်။ ထို့ပြင် သူတို့သည် ထိုလမ်းတော်၌ ကွေ့ကောက်မှုကို ရှာဖွေနေကြသည်။ ထိုသူများသည် အလွန်ဝေး

လံသော လမ်းများတွင် ရှိနေကြသည်။❶

❶ ကာဖိရ် မုရှိရိက်တွေဟာ အမှန်ကို မလိုလားတဲ့အတွက် မျက်စိမှိတ်ပြီး အမှောင်ထဲမှာပဲနေကာ ဒီဘဝကို နှစ်သက်ကြတဲ့အတွက် အလွန်ဝေးလံတဲ့လမ်းများထဲကို ကျရောက်နေတာဖြစ်တယ်။ အဲဒါကြောင့် သူတို့အတွက်ဟာ အပြစ်ဒဏ်ပဲ ရှိတော့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَآ اَرۡسَلۡنَا مِنۡ رَّسُوۡلٍ اِلَّا بِلِسَانِ قَوۡمِهٖ لِيُبَيِّنَ لَهُمۡ ؕ فَيُضِلُّ اللّٰهُ مَنۡ يَّشَآءُ وَيَهۡدِىۡ مَنۡ يَّشَآءُ ؕ وَهُوَ الۡعَزِيۡزُ الۡحَكِيۡمُ ﴿۴﴾

(၄) ထို့ပြင် ငါအရှင်မြတ်သည် တမန်တော်တိုင်းကို ထိုတမန်တော်၏ လူမျိုးများ၏ ဘာသာစကားဖြင့်သာ❷ စေလွှတ်တော်မူခဲ့သည်၊ အကြောင်းမှာ ထိုတမန်တော်သည် သူတို့အား ထင်ရှားစွာ ထုတ်ဖော်ရှင်းလင်းပြသနိုင်ရန် အတွက် ဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိသောသူကို လမ်းမှား၌ပင် ထားရှိတော်မူသည်။ ထို့ပြင် အရှင်မြတ်အလိုရှိတော်မူသောသူကို လမ်းမှန်ညွှန်ကြားပြသတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

❷ လူမျိုးတိုင်းထံကို သူ့ဘာသာစကားနဲ့ တမန်တော်တွေ စေလွှတ်တော်မူခဲ့တယ်။ အဲဒီအတိုင်းပဲ တမန်တော်မြတ် ﷺ ဟာ အရပ်လူမျိုးဖြစ်တဲ့အတွက် အရပ်လူမျိုးတွေနားလည်တဲ့ အရဗီစကားနဲ့ စေလွှတ်တော်မူခဲ့တာဖြစ်တယ်။ ကျမ်းစာကိုလည်း သူတို့နားလည်တဲ့ စကားဖြစ်တဲ့ အရဗီဘာသာစကားနဲ့ ချပေးတော်မူခဲ့တယ်။ အရပ်လူမျိုးတွေ ကုရ်အာန်ကို ကောင်းကောင်းနားလည်ပြီးတဲ့နောက် သူတို့ကတစ်ဆင့် ကျန်လူမျိုးတွေထံကို ပို့ချကြတဲ့အပေါ်မှာ ကျန်တဲ့လူမျိုးတွေကလည်း အရဗီဘာသာစကားကို သင်ယူကြပြီး ကုရ်အာန်ကို နားလည်အောင်လုပ်ကြတဲ့အတွက် လူမျိုးတိုင်းထံကို ပျံ့နှံ့သွားခဲ့တယ်။ အဲဒါကြောင့် ကုရ်အာန်ကို လူသားအားလုံးအတွက် ပို့ချလိုက်တာဆိုတဲ့အမိန့်တော်အတိုင်း တကယ်ပဲ လူအားလုံးထံကိုရောက်သွားခဲ့တယ်။ လက်ခံပြီး လိုက်နာကျင့်သုံးတဲ့သူဟာ အောင်မြင်သွားခဲ့တယ်။ လက်မခံတဲ့သူဟာ ဆုံးရှုံးမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدۡ اَرۡسَلۡنَا مُوۡسٰى بِاٰيٰتِنَاۤ اَنۡ اَخۡرِجۡ قَوۡمَكَ مِنَ الظُّلُمٰتِ اِلَى النُّوۡرِ ۙ وَذَكِّرۡهُمۡ بِاَيّٰٮمِ اللّٰهِ ؕ اِنَّ فِىۡ ذٰلِكَ لَاٰيٰتٍ لِّـكُلِّ صَبَّارٍ شَكُوۡرٍ ﴿۵﴾

(၅) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)မူစာကို ငါအရှင်မြတ်၏သက်သေလက္ခဏာတော်များနှင့်တကွ❸ စေလွှတ်တော်မူခဲ့သည်။ (၎င်းနောက် ဤသို့အမိန့်ရှိတော်မူသည်) အသင်သည် အသင်၏အမျိုးသားများအား အမှောင်များမှ လင်းရောင်ခြည်သို့ ထုတ်ဆောင်ပါ။ ထို့ပြင် အသင်သည် ထိုအမျိုးသားများအား အလ္လာဟ်အရှင်မြတ်၏ (ကျေးဇူးပြုတော်မူသော)ရက်များကို သတိရအောင်ပြုလုပ်ပါ။ အမှန်စင်စစ် ထို(ကျေးဇူးတော်များ)ထဲ၌ အလွန်သည်းခံ

သူများနှင့် အလွန်ကျေးဇူးသိတတ်သူများအတွက် သက်သေလက္ခဏာများရှိသည်။❶

❻ တမန်တော်မူစာ ﷺကို အရှင်မြတ်က တန်ခိုးတော်ကိုးပါးနဲ့ သောင်ရာသ်ကျမ်းကို ချီးမြှင့်တော်မူခဲ့တယ်။(အလင်းပြကျမ်း) ❼ အလ္လာဟ်အရှင်မြတ်ရဲ့နေ့ရက်တွေဆိုတာ အစ္စရာအီလ်မျိုးနွယ်တွေ အကြီးအကျယ် ဒုက္ခရောက်ခဲ့တဲ့အခါမှာ အရှင်မြတ်က ကျေးဇူးပြုပြီး ကယ်တင်တော်မူခဲ့တဲ့နေ့တွေကို ဆိုလိုတယ်။ ဒုက္ခရောက်တဲ့အခါ သည်းခံပြီး သုခရတဲ့အခါ ကျေးဇူးတင်ကြစေဖို့အတွက် သတိပေးခြင်းဖြစ်တယ်။ အဲဒီတော့မှပဲ အောင်မြင်မှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِذْ قَالَ مُوسَىٰ لِقَوْمِهِ اذْكُرُوا نِعْمَةَ اللَّهِ عَلَيْكُمْ إِذْ أَنجَاكُم مِّنْ آلِ فِرْعَوْنَ يَسُومُونَكُمْ سُوءَ الْعَذَابِ وَيُذَبِّحُونَ أَبْنَاءَكُمْ وَيَسْتَحْيُونَ نِسَاءَكُمْ ۚ وَفِي ذَٰلِكُم بَلَاءٌ مِّن رَّبِّكُمْ عَظِيمٌ ﴿٦﴾

(၆) ထို့ပြင် တစ်ခါတွင်(တမန်တော်)မူစာသည် သူ၏အမျိုးသားများကို ပြောခဲ့သည်- အသင်တို့သည် အသင်တို့အပေါ်၌ရှိသော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို သတိရကြပါ။ တစ်ခါတွင် အရှင်မြတ်သည် အသင်တို့အား ဖိရ်အောင်န်၏မျိုးနွယ်များထံမှ ကယ်တင်တော်မူခဲ့သည်။ သူတို့သည် အသင်တို့အား မကောင်းသော ဘေးဒုက္ခများ သက်ရောက်စေခဲ့သည်။ ၎င်းနောက် သူတို့သည် အသင်တို့၏ သားယောကျ်ားလေးများအား သတ်ဖြတ်ကြပြီး အသင်တို့၏ (သမီး)မိန်းမများကိုမူ မသတ်ဘဲ အရှင်ထားကြသည်။ ၎င်းနောက် ထိုကိစ္စတွင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ ကြီးကျယ်သော စမ်းသပ်မှုရှိသည်။

وَإِذْ تَأَذَّنَ رَبُّكُمْ لَئِن شَكَرْتُمْ لَأَزِيدَنَّكُمْ ۖ وَلَئِن كَفَرْتُمْ إِنَّ عَذَابِي لَشَدِيدٌ ﴿٧﴾

(၇) ထို့ပြင် တစ်ခါတွင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အသိပေးတော်မူခဲ့သည်- အကယ်၍ အသင်တို့သည် အမှန်ပင် ကျေးဇူးတော်ကို သိတတ်ခဲ့ကြလျှင်၊ အမှန်ပင် ငါအရှင်မြတ်သည် အသင်တို့အား ပိုတိုးပြီး ပေးသနားတော်မူမည်၊ ၎င်းနောက် အကယ်၍ အသင်တို့သည် အမှန်ပင် ကျေးဇူးကန်းကြလျှင်၊ အမှန်စင်စစ် ငါအရှင်မြတ်၏ပြစ်ဒဏ်သည် အမှန်ပင် ပြင်းထန်လှသည်။

وَقَالَ مُوسَىٰ إِن تَكْفُرُوا أَنتُمْ وَمَن فِي الْأَرْضِ جَمِيعًا فَإِنَّ اللَّهَ لَغَنِيٌّ حَمِيدٌ ﴿٨﴾

(၈) ထို့ပြင် (တမန်တော်)မူစာကပြောသည်- အကယ်၍ အသင်တို့နှင့်တကွ တစ်ကမ္ဘာလုံး၌ ရှိသူများအားလုံးသည် ကျေးဇူးကန်းကြလျှင်လည်း (အရှင်မြတ်တွင် မည်သည့်အရာမျှ မဆုံးရှုံးပေ၊ အဘယ်ကြောင့်ဆိုသော်)အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်းကင်း၍ ပြည့်စုံကြွယ်ဝ

တော်မူသောအရှင်၊ အလွန်ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူသည်။❶

❶ ဘယ်သူမှ အရှင်မြတ်ကို ကျေးဇူးမတင်ရင်လည်း အရှင်မြတ်ဟာ ကျေးဇူးတင်ခြင်းကို လိုလားတောင့်တနေတဲ့အရှင်မဟုတ်ဘူး။ အရှင်မြတ်ဟာ ဘာမှ မလိုဘူး။ ကျေးဇူးတင်ခြင်းဟာ ကျေးဇူးတင်သူအတွက် အကျိုးပဲဖြစ်တယ်။ (အလင်းပြကျမ်း)

أَلَمْ يَأْتِكُمْ نَبَؤُا الَّذِينَ مِن قَبْلِكُمْ قَوْمِ نُوحٍ وَعَادٍ وَثَمُودَ ۛ وَالَّذِينَ مِن بَعْدِهِمْ ۛ لَا يَعْلَمُهُمْ إِلَّا اللَّهُ ۚ جَاءَتْهُمْ رُسُلُهُم بِالْبَيِّنَاتِ فَرَدُّوا أَيْدِيَهُمْ فِي أَفْوَاهِهِمْ وَقَالُوا إِنَّا كَفَرْنَا بِمَا أُرْسِلْتُم بِهِ وَإِنَّا لَفِي شَكٍّ مِّمَّا تَدْعُونَنَا إِلَيْهِ مُرِيبٍ ﴿٩﴾

(၉) အသင်တို့ထံသို့ အသင်တို့မတိုင်မီကသူများဖြစ်ကြသော (တမန်တော်)နူးဟ်၏အမျိုးသားများ၊ အာဒ်အမျိုးသားများ၊ ဆမူဒ်အမျိုးသားများနှင့် ၎င်းတို့နောက်၌ ရှိခဲ့သောအမျိုးသားများ၏အကြောင်း မရောက်ရှိခဲ့လေသလော။ ထိုသူများ(၏အရေအတွက်)ကို အရှင်မြတ်မှလွဲ၍ မည်သူမျှ မသိရှိကြပေ။ သူတို့ထံသို့ သူတို့၏တမန်တော်များသည် ထင်ရှားသောအထောက်အထားများနှင့် လာခဲ့ကြသည်။ ထို့နောက် သူတို့သည် သူတို့၏လက်များကို (ဒေါသဖြစ်၍) သူတို့၏ပါးစပ်များထဲသို့ ထိုးထည့်ခဲ့ကြသည်။❷ ထို့ပြင် သူတို့က ပြောဆိုခဲ့ကြသည်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့စေလွှတ်ခြင်းခံရသောအရာများကို ငြင်းပယ်ကြသည်။ ၎င်းနောက် အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့က ကျွန်ုပ်တို့အားဖိတ်ခေါ်လျက်ရှိသောအရာနှင့်စပ်လျဉ်း၍ ယုံမှားမှုဖြစ်စေသည့် သံသယထဲ၌ပင် ရှိနေကြသည်။

❷ ဒေါသဖြစ်ပြီး လက်တွေကို ကိုက်လိုက်ကြတာကို ဆိုလိုတယ်။ အခြားအဓိပ္ပာယ်တစ်ခုကတော့ ဒေါသဖြစ်လို့ သူတို့ရဲ့လက်တွေနဲ့ တမန်တော်တွေရဲ့ပါးစပ်တွေကို ပိတ်ပြီး အသင်တို့ ဒီအကြောင်းတွေ ဆက်မပြောကြနဲ့တော့လို့ ဆိုလိုတာဖြစ်တယ်။
(သဖ်စီရ်အွှဆ်မာနီ စာ - ၃၃၉၊ မအာရိဖွလ်ကုရ်အာန် - တွဲ - ၄၊ စာ - ၂၄၃ - မော်လာနာအိဒ်ရီးစ်)

قَالَتْ رُسُلُهُمْ أَفِي اللَّهِ شَكٌّ فَاطِرِ السَّمَاوَاتِ وَالْأَرْضِ ۖ يَدْعُوكُمْ لِيَغْفِرَ لَكُم مِّن ذُنُوبِكُمْ وَيُؤَخِّرَكُمْ إِلَىٰ أَجَلٍ مُّسَمًّى ۚ قَالُوا إِنْ أَنتُمْ إِلَّا بَشَرٌ مِّثْلُنَا تُرِيدُونَ أَن تَصُدُّونَا عَمَّا كَانَ يَعْبُدُ آبَاؤُنَا فَأْتُونَا بِسُلْطَانٍ مُّبِينٍ ﴿١٠﴾

(၁၀) သူတို့၏တမန်တော်များက ပြောဆိုကြသည် - (အသင်တို့သည်) အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ သံသယရှိနေကြသလော။ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို စတင်ဖန်ဆင်းတော်မူသောအရှင်ဖြစ်တော်မူသည်။ အရှင်မြတ်သည် အသင်တို့၏အပြစ်များထဲမှ အသင်တို့ကို လွှတ်ငြိမ်း

ချမ်းသာခွင့်ပေးတော်မူရန်နှင့် သတ်မှတ်ထားသောအချိန်ကာလအထိ စောင့်ဆိုင်းပေးတော်မူရန် အတွက် အသင်တို့အား ဖိတ်ခေါ်တော်မူသည်။ သူတို့က ပြောဆိုကြသည်- အသင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ လူသားများပင် ဖြစ်ကြသည်။ အသင်တို့သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးများ ကိုးကွယ်နေခဲ့သည်များမှ တားဆီးရန် ကြံရွယ်ကြသည်။ သို့ဖြစ်ရာ အသင်တို့သည် ကျွန်ုပ်တို့ထံသို့ ထင်ရှားသော တန်ခိုးတော်ကို ယူဆောင်လာခဲ့ကြပါ။

قَالَتْ لَهُمْ رُسُلُهُمْ إِن نَّحْنُ إِلَّا بَشَرٌ مِّثْلُكُمْ وَلَٰكِنَّ اللَّهَ يَمُنُّ عَلَىٰ مَن يَشَاءُ مِنْ عِبَادِهِ ۖ وَمَا
كَانَ لَنَا أَن نَّأْتِيَكُم بِسُلْطَانٍ إِلَّا بِإِذْنِ اللَّهِ ۚ وَعَلَى اللَّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ ﴿١١﴾

(၁၁) သူတို့ကို သူတို့၏တမန်တော်များက ပြောဆိုခဲ့ကြသည်- ငါတို့သည် အသင်တို့ကဲ့သို့ လူသားများသာ ဖြစ်ကြသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ကျွန်များထဲမှ အရှင်မြတ်အလိုရှိတော်မူသောသူအပေါ် ကျေးဇူးပြုတော်မူလေ့ရှိသည်။ ထို့ပြင် ငါတို့အတွက် အလ္လာဟ်အရှင်မြတ်၏ခွင့်ပြုချက်မရှိဘဲ အသင်တို့ထံသို့ တန်ခိုးတော်တစ်စုံတစ်ခုယူဆောင်မလာနိုင်ကြပေ။ ၎င်းနောက် မုအ်မင်န်ယုံကြည်သူများသည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ယုံပုံလွှဲအပ်ကြရမည်ဖြစ်သည်။

وَمَا لَنَا أَلَّا نَتَوَكَّلَ عَلَى اللَّهِ وَقَدْ هَدَانَا سُبُلَنَا ۚ وَلَنَصْبِرَنَّ عَلَىٰ مَا آذَيْتُمُونَا ۚ وَعَلَى اللَّهِ
فَلْيَتَوَكَّلِ الْمُتَوَكِّلُونَ ﴿١٢﴾

(၁၂) ထို့ပြင် အရှင်မြတ်သည် ငါတို့အား ငါတို့၏ (မှန်ကန်သော)လမ်းများကို အမှန်ပင် ညွှန်ကြားပြသတော်မူခဲ့ပါလျက် ငါတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ ယုံပုံလွှဲအပ်ခြင်းမပြုရန် ငါတို့တွင် မည်သည့်အကြောင်းရှိသနည်း။ ထို့ပြင် အသင်တို့က ငါတို့အား ဒုက္ခပေးခဲ့သည်များနှင့်ပတ်သက်၍ ငါတို့သည် အမှန်ပင် သည်းခံကြရတော့မည်ဖြစ်သည်။ ၎င်းနောက် သို့ဖြစ်ရာ ယုံပုံလွှဲအပ်သောသူများသည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ယုံပုံလွှဲအပ်ကြရပေမည်။

وَقَالَ الَّذِينَ كَفَرُوا لِرُسُلِهِمْ لَنُخْرِجَنَّكُم مِّنْ أَرْضِنَا أَوْ لَتَعُودُنَّ فِي مِلَّتِنَا ۚ فَأَوْحَىٰ إِلَيْهِمْ
رَبُّهُمْ لَنُهْلِكَنَّ الظَّالِمِينَ ﴿١٣﴾

(၁၃) ထို့ပြင် ကာဖိရ်များက သူတို့၏ တမန်တော်များအား ပြောဆိုကြသည်- ကျွန်ုပ်တို့သည် အသင်တို့အား ကျွန်ုပ်တို့၏မြို့ရွာဒေသမှ အမှန်စင်စစ်နှင်ထုတ်ကြမည်၊ သို့မဟုတ် အသင်တို့သည် ကျွန်ုပ်တို့၏သာသနာထဲသို့ အမှန်

ပင် ပြန်ဝင်ကြရလိမ့်မည်။❶ သို့ဖြစ်ရာ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က သူတို့ထံသို့ အမိန့်တော်ထုတ်ပြန်တော်မူခဲ့သည်- အမှန်စင်စစ် မတရားသူများအား ငါအရှင်မြတ်သည် ဖျက်ဆီးပစ်တော်မူမည်။

❶ ကာဖိရ်တွေက မွတ်စ်လင်မ်တွေကို နေရပ်ဌာနေကနေ နှင်ထုတ်မယ်၊ ဒါမှမဟုတ် သူတို့ဘာသာထဲကို ပြန်ဝင်ကြရမယ်လို့ ခြိမ်းခြောက်ခဲ့ကြပြီး နှင်ထုတ်ခဲ့ကြတယ်။ ဒါပေမဲ့ နောက်ဆုံးရလဒ်က မက္ကဟ်မြို့ကနေ နှင်ထုတ်ကြတဲ့ ကာဖိရ် မုရှ်ရိက်တွေဟာ မက္ကဟ်မြို့မှာ ကိုယာမသ်ကမ္ဘာပျက်မဲ့နေ့တိုင် ဝင်လို့မရတဲ့ဘဝအထိရောက်သွားခဲ့ရုံမက သူတို့ဘာသာထဲကို ပြန်ဝင်ရမယ်လို့ ခြိမ်းခြောက်မှုဟာ ပြောင်းပြန်ဖြစ်သွားပြီး သူတို့ထဲကအများစုဟာ သူတို့ရဲ့ဘာသာကိုစွန့်လွှတ်ပြီး အစ္စလာမ်ဘာသာထဲကို ဝင်သွားခဲ့ကြတာဟာ သမိုင်းက သက်သေဖြစ်သွားခဲ့ပြီဖြစ်တယ်။ မက္ကဟ်မြို့ဟာ အမြဲအတွက် အစ္စလာမ်နယ်မြေဖြစ်သွားခဲ့ရတော့တယ်။ (အိဗ်နုကဆီးရ်)

وَلَنُسْكِنَنَّكُمُ الْأَرْضَ مِنْ بَعْدِهِمْ ۚ ذَٰلِكَ لِمَنْ خَافَ مَقَامِي وَخَافَ وَعِيدِ ﴿١٤﴾

(၁၄) ထို့ပြင် အမှန်ပင် ငါအရှင်မြတ်သည် သူတို့မရှိကြသည့်နောက်တွင် အသင်တို့အား မြို့ရွာနယ်မြေ၌ နေရာချပေးတော်မူမည်။ ၎င်း(ကဲ့သို့ နေရာချပေးတော်မူခြင်း)သည် (တရားစီရင်မည့်နေ့တွင်) ငါအရှင်မြတ်၏ရှေ့၌ မတ်တတ်ရပ်ရမည်ကို စိုးရိမ်သောသူအတွက်နှင့် ငါအရှင်ချိန်းဆိုထားသောအပြစ်ဒဏ်ကို ကြောက်ရွံ့သူအတွက်ဖြစ်သည်။

وَاسْتَفْتَحُوا وَخَابَ كُلُّ جَبَّارٍ عَنِيدٍ ﴿١٥﴾

(၁၅) ထို့ပြင် ၎င်း(တမန်တော်)များက အကူအညီတောင်းခဲ့ကြသည်၊ (သို့မဟုတ်)ထို(ကာဖိရ်)များက အဆုံးအဖြတ်တောင်းခဲ့ကြသည်။❷ ထို့နောက် ခေါင်းမာသော မောက်မာသောသူတိုင်းသည် ရည်ရွယ်ချက် (မအောင်မြင်ဘဲ) ပျက်စီးသွားခဲ့သည်။

❷ ကာဖိရ်တွေက အဆုံးအဖြတ်တောင်းတယ်ဆိုတာ ကုရ်အာန် ၈း၃၂ မှာလို - اللَّهُمَّ إِن كَانَ هَٰذَا هُوَ الْحَقَّ مِنْ عِندِكَ فَأَمْطِرْ عَلَيْنَا حِجَارَةً مِّنَ السَّمَاءِ أَوِ ائْتِنَا بِعَذَابٍ أَلِيمٍ ဒါမှန်ကန်ရင် ကျွန်တော်တို့ကို အရေးယူလိုက်ပါလို့ အရှင်မြတ်ထံတော်မှာ အဆုံးအဖြတ်တောင်းတဲ့ပုံစံမျိုးကို ဆိုလိုတယ်။ (အဲဒီဆုံးဖြတ်ချက်ကို အရှင်မြတ်မပေးခဲ့တဲ့အကြောင်းကို အဲဒီအာယသ် နောက်မှာ ဆက်ပြီး အဖြေပေးထားခဲ့ပြီဖြစ်တယ်။) ဗဒ်ရ်စစ်ပွဲနေ့မှာ ကာဖိရ်တွေဘက်ကလည်း အကူအညီတောင်းခဲ့ပြီး တမန်တော်မြတ် ﷺ ဘက်ကလည်း အကူအညီတောင်းခဲ့တာမျိုးကိုလည်းဆိုလိုတယ်။ တမန်တော်မြတ် ﷺ ဘက်မှာ အကူအညီရခဲ့တယ်။ إِن تَسْتَفْتِحُوا فَقَدْ جَاءَكُمُ الْفَتْحُ وَإِن تَنتَهُوا فَهُوَ خَيْرٌ لَّكُمْ
(အိဗ်နုကဆီးရ် - တွဲ - ၂၊ စာ - ၁၅၁၅)

مِّن وَرَائِهِ جَهَنَّمُ وَيُسْقَىٰ مِن مَّاءٍ صَدِيدٍ ﴿١٦﴾

(၁၆) ထို(မောက်မာ)သူတိုင်း၏နောက်၌ ဂျဟန္နမ်ငရဲဘုံရှိနေသည်။

ထို့ပြင် သူသည် ပြည်ပုပ်ရည်တိုက်ကျွေးခြင်းကို ခံရမည်။

يَّتَجَرَّعُهٗ وَلَا يَكَادُ يُسِيْغُهٗ وَيَاْتِيْهِ الْمَوْتُ مِنْ كُلِّ مَكَانٍ وَّمَا هُوَ بِمَيِّتٍ ۗ وَمِنْ وَّرَآئِهٖ عَذَابٌ غَلِيْظٌ ﴿١٧﴾

(၁၇) သူသည် ၎င်း(ပြည်ပုပ်ရည်)ကို တစ်ကျိုက်စီ မျိုချလိမ့်မည်၊ သို့ရာတွင် သူသည် ၎င်း(ပြည်ပုပ်ရည်)ကို လည်ချောင်းအောက် (တစ်ဆို့လျက်) ခဲယဉ်းစွာ မျိုချရလိမ့်မည်။ ၎င်းနောက် သူသည် သေဆုံးသူမဖြစ်ဘဲလျက် သေခြင်းသည် သူ့ထံသို့ အဘက်ဘက်မှ ရောက်လာ(နေ)လိမ့်မည်။ ထို့ပြင် ၎င်း(ပြည်ပုပ်ရည် သောက်ရသောအပြစ်ဒဏ်)၏နောက်၌ ပြင်းထန်သော ပြစ်ဒဏ်တစ်မျိုးလည်း ရှိဦးမည်။❷

❷ သွေးပုပ်ပြည်ပုပ်တွေကို သောက်နေရတဲ့အတွက် ငရဲသားတွေဟာ သေချင်ကြတယ်။ ဒါပေမဲ့ သေလို့မရဘူး။ အဲဒီလို သေချင်ပါလျက် သေလို့မရခြင်းဟာပဲ နောက်ထပ် မခံချင်ဘဲခံနေရတဲ့ ပြစ်ဒဏ်တစ်ခုဖြစ်နေတယ်။ အဲဒီလို အမြဲခံနေရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

مَثَلُ الَّذِيْنَ كَفَرُوْا بِرَبِّهِمْ اَعْمَالُهُمْ كَرَمَادِ ۨ اشْتَدَّتْ بِهِ الرِّيْحُ فِيْ يَوْمٍ عَاصِفٍ ۗ لَا يَقْدِرُوْنَ مِمَّا كَسَبُوْا عَلٰى شَيْءٍ ۗ ذٰلِكَ هُوَ الضَّلٰلُ الْبَعِيْدُ ﴿١٨﴾

(၁၈) သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ငြင်းပယ်ခဲ့ကြသောသူတို့၏လုပ်ရပ်များ၏ပမာသည် လေမုန်တိုင်းကျသောနေ့တွင် လေက ပြင်းထန်စွာ တိုက်ခတ်ခဲ့သောပြာနှင့်တူသည်။❻ သူတို့သည် သူတို့ရှာဖွေစုဆောင်းခဲ့ကြသောအရာများထဲမှ မည်သည့်အရာမျှ မတတ်စွမ်းနိုင်ကြပေ။ ထိုအရာသည် အလွန်ဝေးလံသောလမ်းလွဲမှုပင် ဖြစ်သည်။

❻ သူတို့ ရှာဖွေခဲ့တဲ့ ကောင်းတဲ့လုပ်ရပ်တွေဟာလည်း ကိယာမသ်နေ့မှာ ပြာလိုပဲ လွင့်စင်ပျောက်ပျက်သွားမှာဖြစ်တဲ့အတွက် သူတို့အတွက် ဘာမှရှိတော့မှာ မဟုတ်ဘူး။ (အလင်းပြကျမ်း)

اَلَمْ تَرَ اَنَّ اللّٰهَ خَلَقَ السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ ۗ اِنْ يَّشَاْ يُذْهِبْكُمْ وَيَاْتِ بِخَلْقٍ جَدِيْدٍ ﴿١٩﴾

(၁၉) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို မှန်ကန်စွာဖန်ဆင်းတော်မူခဲ့သည်ကို အသင် မမြင်သလော။ အကယ်၍ အရှင်မြတ် အလိုရှိတော်မူလျှင် အရှင်မြတ်အနေဖြင့် အသင်တို့ကို ဖယ်ရှားပြီး အဖန်ဆင်းခံအသစ် ယူဆောင်လာတော်မူမည် ဖြစ်သည်။❼

❼ မိုးတွေနဲ့မြေကို စတင်ဖန်ဆင်းနိုင်တဲ့သူဟာ အခြားဖန်ဆင်းခံအသစ်တွေကိုလည်း ဖန်ဆင်းနိုင်တော်မူတဲ့အရှင်ဖြစ်ပြီး ဖန်ဆင်းခံအသစ်ဖန်ဆင်းနိုင်တော်မူတဲ့အရှင်ဟာ ဖန်ဆင်းခံအဟောင်းကိုလည်း ပြန်လည်ဖန်ဆင်းနိုင်တော်မူကြောင်း ထင်ထင်ရှားရှား သိရှိနိုင်တယ်။ (အလင်းပြကျမ်း)

وَّمَا ذٰلِكَ عَلَى اللّٰهِ بِعَزِيْزٍ ﴿٢٠﴾

(၂၀) ထို့ပြင် ၎င်းသည် အလ္လာဟ်အရှင်မြတ်အပေါ်၌ ခဲယဉ်းသည့်ကိစ္စ မဟုတ်ပေ။

وَبَرَزُوا لِلَّهِ جَمِيعًا فَقَالَ الضُّعَفٰٓؤُا لِلَّذِينَ اسْتَكْبَرُوٓا إِنَّا كُنَّا لَكُمْ تَبَعًا فَهَلْ أَنْتُمْ مُّغْنُونَ عَنَّا مِنْ عَذَابِ اللَّهِ مِنْ شَيْءٍ ۚ قَالُوا لَوْ هَدٰىنَا اللَّهُ لَهَدَيْنٰكُمْ ۖ سَوَآءٌ عَلَيْنَآ أَجَزِعْنَآ أَمْ صَبَرْنَا مَا لَنَا مِنْ مَّحِيصٍ ﴿٢١﴾

(၂၁) ထို့ပြင် သူတို့အားလုံးသည် အလ္လာဟ်အရှင်မြတ်၏ရှေ့၌ထင်ရှားစွာ ရောက်ရှိလာမည်ဖြစ်သည်။ ထို့နောက် ချည့်နဲ့သောသူ(နောက်လိုက်)များက မာနထောင်ကြသောသူ(ရှေ့ဆောင်အကြီးအကဲ)များကို ပြောဆိုကြမည်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့၏နောက်လိုက်များပင် ဖြစ်ခဲ့ကြသည့်အတွက် (ယနေ့) အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အပြစ်ဒဏ်ထဲမှ အနည်းငယ် ကျွန်ုပ်တို့ထံမှ ဖယ်ရှားပေးနိုင်ကြပါသလော[၁]ဟု ပြောဆိုကြမည်။ သူတို့က ပြောဆိုကြမည်- အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား လမ်းမှန်ညွှန်ကြားပြသတော်မူခဲ့ပါလျှင် ကျွန်ုပ်တို့သည်လည်း အသင်တို့အား အမှန်ပင် လမ်းမှန်ညွှန်ကြားပြသကြမည်ဖြစ်သည်။ (ယခုမူ) အသင်တို့နှင့် ကျွန်ုပ်တို့သည် ငိုကြွေးသည်ဖြစ်စေ၊ သည်းခံသည်ဖြစ်စေ ကျွန်ုပ်တို့အတွက် အကြောင်းမထူးတော့ပေ။ ကျွန်ုပ်တို့အတွက် ထွက်ပြေးလွတ်မြောက်ရန် မည်သည့်နေရာမျှ မရှိတော့ပေ။

[၁] ငရဲထဲမှာ အပြစ်ဒဏ်ခံနေရတဲ့အချိန်မှာ နောက်လိုက်တွေက ခေါင်းဆောင်တွေကို ပြောဆိုမဲ့စကားတွေဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالَ الشَّيْطٰنُ لَمَّا قُضِيَ الْأَمْرُ إِنَّ اللَّهَ وَعَدَكُمْ وَعْدَ الْحَقِّ وَوَعَدْتُّكُمْ فَأَخْلَفْتُكُمْ ۖ وَمَا كَانَ لِيَ عَلَيْكُمْ مِّنْ سُلْطٰنٍ إِلَّآ أَنْ دَعَوْتُكُمْ فَاسْتَجَبْتُمْ لِي ۖ فَلَا تَلُومُونِي وَلُومُوٓا أَنْفُسَكُمْ ۖ مَآ أَنَا بِمُصْرِخِكُمْ وَمَآ أَنْتُمْ بِمُصْرِخِيَّ ۖ إِنِّي كَفَرْتُ بِمَآ أَشْرَكْتُمُونِ مِنْ قَبْلُ ۗ إِنَّ الظّٰلِمِينَ لَهُمْ عَذَابٌ أَلِيمٌ ﴿٢٢﴾

(၂၂) ထို့ပြင် (အားလုံး) စီရင်ဆုံးဖြတ်ပြီးသောအခါ ရှိုင်သွာန်က ပြောဆိုမည်- အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား မှန်ကန်သောကတိကို ပေးတော်မူခဲ့သည်။ ၎င်းနောက် ကျွန်ုပ်သည်လည်း အသင်တို့အားကတိပေးခဲ့သည်ပင်။ ထို့နောက် ကျွန်ုပ်ကမူ အသင်တို့အား ကတိဖောက်ဖျက်ခဲ့သည်။ ထို့ပြင် (အမှန်စင်စစ်) ကျွန်ုပ်သည် အသင်တို့အပေါ် မည်သည့်အရာမျှ လွှမ်းမိုး

နိုင်ခြင်းမရှိခဲ့ပေ၊ သို့ရာတွင် ကျွန်ုပ်သည် အသင်တို့အား ဖိတ်ခေါ်ရုံသာ ဖိတ်ခေါ်ခဲ့သည်၊ ထို့နောက် အသင်တို့က ကျွန်ုပ်အား လက်ခံခဲ့ကြသည်။ သို့ဖြစ်ရာ အသင်တို့သည် ကျွန်ုပ်အား အပြစ်မတင်ကြနှင့်၊ အသင်တို့သည် အသင်တို့ကိုယ်ကို အသင်တို့သာ အပြစ်တင်ကြပါ။ ကျွန်ုပ်လည်း အသင်တို့အား ကယ်မည့်သူ မဟုတ်ပေ။ အသင်တို့သည်လည်း ကျွန်ုပ်အား ကယ်မည့်သူများ မဟုတ်ကြပေ။ အသင်တို့သည် ယခင်က ကျွန်ုပ်အား (အလ္လာဟ်အရှင်မြတ်နှင့်) တွဲဖက်ကိုးကွယ်ခဲ့ကြသည်ကို ကျွန်ုပ် အမှန်ပင် ငြင်းပယ်သည်။ အမှန်စင်စစ် မတရားကျူးလွန်သူများအတွက် နာကျင်စေသောပြစ်ဒဏ်ရှိသည်။[၂]

[၂] ခေါင်းဆောင်တွေရဲ့နောက်ကို လိုက်တဲ့နေရာမှာ အမှားနောက်ကို မလိုက်မိကြဖို့အတွက် သင်ခန်းစာယူဖို့ပဲဖြစ်တယ်။ လမ်းမှားလိုက်မိလို့ အပြစ်ဒဏ်ခံရတဲ့အခါကျရင် ဘယ်သူက ဘယ်သူ့ကိုမှ မကယ်နိုင်တဲ့အကြောင်းပြဆိုထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَأُدْخِلَ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ جَنّٰتٍ تَجْرِىْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا بِاِذْنِ رَبِّهِمْ ؕ تَحِيَّتُهُمْ فِيْهَا سَلٰمٌ ﴿٢٣﴾

(၂၃) ထို့ပြင် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့ကြသောသူများသည် ဥယျာဉ်များထဲသို့ ဝင်ရောက်စေခြင်းခံကြရမည်။ ၎င်း(ဥယျာဉ်များ)၏အောက်၌ စမ်းရေချောင်းများ စီးတွေနေလိမ့်မည်။ သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်တော်ဖြင့် ၎င်း(ဥယျာဉ်များ)တွင် အမြဲနေရမည့်သူများဖြစ်ကြမည်။ ထိုဥယျာဉ်များတွင် သူတို့၏နှုတ်ခွန်းဆက်သမှုသည် စလာမ်ငြိမ်းချမ်းသာယာပါစေဟု ဖြစ်လိမ့်မည်။[၃]

[၃] စလာမ်ဟာ လောကမှာလည်း ပေးကြရသလို တမလွန်ဘဝမှာလည်း ပေးကြရတယ်ဆိုတဲ့ အထောက်အထားတစ်ခုဖြစ်တယ်။ (ကုရ်အာန် - ၁၄း၂၃)

اَلَمْ تَرَ كَيْفَ ضَرَبَ اللّٰهُ مَثَلًا كَلِمَةً طَيِّبَةً كَشَجَرَةٍ طَيِّبَةٍ اَصْلُهَا ثَابِتٌ وَّفَرْعُهَا فِى السَّمَآءِ ﴿٢٤﴾

(၂၄) အလ္လာဟ်အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းသောစကား[၄]ကို မည်သို့ ပမာခိုင်းတော်မူသည်ကို အသင်မသိသလော။ (ထိုစကားသည်) အကြင်သန့်စင်သော သစ်ပင်နှင့်တူသည်။ ၎င်း(သစ်ပင်)၏ အမြစ်သည် မြဲမြံခိုင်ခံ့ပြီး ၎င်း၏ အကိုင်းအလက်သည် ကောင်းကင်၌ ရှိနေသည်။

[၄] စင်ကြယ်သန့်ရှင်းတဲ့စကားဆိုတာ သောင်ဟီဒ် အရှင်မြတ်တစ်ပါးတည်းကို ကိုးကွယ်ခြင်းကို ခေါ်တယ်။ (အလင်းပြကျမ်း)

تُؤْتِىٓ اُكُلَهَا كُلَّ حِيْنٍۭ بِاِذْنِ رَبِّهَا ؕ وَيَضْرِبُ اللّٰهُ الْاَمْثَالَ لِلنَّاسِ لَعَلَّهُمْ يَتَذَكَّرُوْنَ ﴿٢٥﴾

(၂၅) ၎င်း(သစ်ပင်)သည် သူ့အား ဖန်ဆင်းမွေးမြူပြုစုပျိုးထောင်တော်

မူသောအရှင်မြတ်၏အမိန့်တော်ဖြင့် သူ၏အသီးများကို (ရာသီဥတုမရွေး)အချိန်တိုင်း အမြဲပေးလျက်ရှိသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လူများအတွက် သူတို့ သတိတရားရကြရန် ပမာခိုင်းနှိုင်းပြသတော်မူသည်။

وَمَثَلُ كَلِمَةٍ خَبِيْثَةٍ كَشَجَرَةٍ خَبِيْثَةِ ِۨاجْتُثَّتْ مِنْ فَوْقِ الْاَرْضِ مَا لَهَا مِنْ قَرَارٍ ﴿٢٦﴾

(၂၆) ထို့နောက် ညစ်ညမ်းသည့်စကား[၁] ၏ပမာကမူ အကြင်ညစ်ညမ်းသော သစ်ပင်တစ်ပင်ကဲ့သို့ ဖြစ်သည်။ ၎င်း(သစ်ပင်)သည် မြေ၏အပေါ်ယံမှပင် နှုတ်ပစ်ခြင်းခံရသည်။ သူ့တွင် မြဲမြံခိုင်ခံ့မှု လုံးဝမရှိပေ။

[၁] ညစ်ညမ်းတဲ့စကားဆိုတာ ကုဖ်ရ်ငြင်းပယ်ခြင်းကို ခေါ်တယ်။ (အလင်းပြကျမ်း)

يُثَبِّتُ اللّٰهُ الَّذِيْنَ اٰمَنُوْا بِالْقَوْلِ الثَّابِتِ فِى الْحَيٰوةِ الدُّنْيَا وَ فِى الْاٰخِرَةِ ۚ وَ يُضِلُّ اللّٰهُ الظّٰلِمِيْنَ ۙۗ وَيَفْعَلُ اللّٰهُ مَا يَشَآءُ ﴿٢٧﴾

(၂၇) အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်သူများအား တည်တံ့ခိုင်မြဲသောစကား(ကလိမဟ်ရှဟာဒသ်)နှင့် ဤဘဝတွင်သာမက နောင်ဘဝတွင်ပါ တည်မြဲစေတော်မူသည်။[၁] ၎င်းနောက် မတရားသောသူများကိုမူ အလ္လာဟ်အရှင်မြတ်သည် လမ်းလွဲစေတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ် အလိုရှိတော်မူသည်ကို ပြုလုပ်တော်မူသည်။

[၁] မွတ်စ်လင်မ်တွေဟာ ဒီလောကမှာရော၊ သင်္ချိုင်းလောက(ကြားကာလ)အပါအဝင် ကိယာမသ်နေ့မှာပါ(ကလိမဟ်ရှဟာဒသ်)သောင်ဟီဒ်နဲ့ အခက်အခဲမရှိ ရပ်တည်နိုင်မှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

اَلَمْ تَرَ اِلَى الَّذِيْنَ بَدَّلُوْا نِعْمَتَ اللّٰهِ كُفْرًا وَّ اَحَلُّوْا قَوْمَهُمْ دَارَ الْبَوَارِ ﴿٢٨﴾

(၂၈) အသင်သည် အကြင်သူများအား မမြင်ခဲ့လေသလော။ ထိုသူများသည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ကို ငြင်းပယ်မှုနှင့် လဲလှယ်ခဲ့သည်။ ထို့ပြင် သူတို့သည် သူတို့၏အမျိုးသားများအား ပျက်စီးရာဌာနတွင် ကျရောက်စေခဲ့သည်။[၂]

[၂] မက္ကဟ်မြို့က ကုရိုင်းရှ်မျိုးနွယ် အကြီးအကဲတွေကို ရည်ညွှန်းထားတာဖြစ်တယ်။ သူတို့ဟာ အရှင်မြတ်က သူတို့ကို ကျေးဇူးပြုပြီး အကြီးအကဲတွေဖြစ်အောင်ပြုပေးထားတာတောင် မထောက်ထားဘဲ ကျေးဇူးကန်းပြီး အရှင်မြတ်ကို ငြင်းပယ်ဆန့်ကျင်မှုတွေ ပြုလုပ်ခဲ့ကြတဲ့အပေါ်မှာ သူတို့ရော၊ သူတို့ရဲ့နောက်လိုက်တွေပါ ငရဲဘုံထဲကို ကျဆင်းသွားကြရတယ်။ (အလင်းပြကျမ်း)

جَهَنَّمَ ۚ يَصْلَوْنَهَا ؕ وَبِئْسَ الْقَرَارُ ﴿٢٩﴾

(၂၉) ဂျဟန္နမ်ငရဲဘုံ(ထဲသို့ ကျရောက်စေခဲ့ခြင်းဖြစ်သည်)၊ ၎င်းထဲသို့ သူတို့ဝင်ကြရမည်။ ထို့နောက် (၎င်းသည်) အဘယ်မျှဆိုးဝါးလှသော ရပ်တည်ရာ

ဖြစ်လိုက်သနည်း။

وَجَعَلُوا لِلّٰهِ اَنْدَادًا لِّيُضِلُّوْا عَنْ سَبِيْلِهٖ ؕ قُلْ تَمَتَّعُوْا فَاِنَّ مَصِيْرَكُمْ اِلَى النَّارِ ﴿٣٠﴾

(၃၀) ထို့ပြင် သူတို့သည် (သူတို့ကိုယ်ကိုသာမက လူများကိုပါ)အရှင်မြတ်၏လမ်းမှ လွဲစေကြရန် အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ပြီး ဂုဏ်ရည်တူများ ပြုလုပ်ခဲ့ကြသည်။❶ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် အကျိုးခံစားကြပါ၊ အဘယ်ကြောင့်ဆိုသော် အမှန်စင်စစ် အသင်တို့၏ပြန်လည်ရာစခန်းသည် ငရဲမီးပင် ဖြစ်သည်။❷

❶ သူတစ်ပါးတွေကို လှည့်စားပြီး သူ့ခေါင်းဆောင်မှု တည်တံ့အောင်ပြုလုပ်ခဲ့ကြတာဖြစ်တယ်။ (အလင်းပြကျမ်း) ❷ အရှင်မြတ်က လူဆိုးလူမိုက်တွေနဲ့ ပြောဆိုဆုံးမလို့ မရတော့တဲ့သူတွေကို ဒီဘဝမှာ အသင်တို့ကြိုက်သလိုနေတော့၊ အသင်တို့ရဲ့ မကြာခင်ရောက်ရမဲ့စခန်းဟာ ငရဲဘုံပဲဖြစ်တယ်လို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ لِّعِبَادِيَ الَّذِيْنَ اٰمَنُوْا يُقِيْمُوا الصَّلٰوةَ وَيُنْفِقُوْا مِمَّا رَزَقْنٰهُمْ سِرًّا وَّعَلَانِيَةً مِّنْ قَبْلِ اَنْ يَّاْتِيَ يَوْمٌ لَّا بَيْعٌ فِيْهِ وَلَا خِلٰلٌ ﴿٣١﴾

(၃၁) (အို-တမန်တော်)အသင်သည် အီမာန်ယုံကြည်ကြသော ငါအရှင်မြတ်၏ကျွန်များကို ပြောလိုက်ပါ၊ သူတို့သည် စွလာသ်ဝတ်ပြုမှုကို ဆောက်တည်ကြရမည်၊ ၎င်းနောက် ရောင်းဝယ်ဖောက်ကားမှုလည်းရှိမည်မဟုတ်၊ မိတ်ဆွေဖြစ်မှုလည်း ရှိမည်မဟုတ်သောနေ့ မဆိုက်ရောက်မီ ငါအရှင်မြတ်က သူတို့အား ပေးသနားတော်မူခဲ့သော ပစ္စည်းဥစ္စာများထဲမှ လျှို့ဝှက်စွာနှင့် ထင်ရှားစွာ ပေးကမ်းစွန့်ကြဲကြရမည်(ဟု ပြောလိုက်ပါ)။

اَللّٰهُ الَّذِيْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ وَاَنْزَلَ مِنَ السَّمَآءِ مَآءً فَاَخْرَجَ بِهٖ مِنَ الثَّمَرٰتِ رِزْقًا لَّكُمْ ۚ وَسَخَّرَ لَكُمُ الْفُلْكَ لِتَجْرِيَ فِي الْبَحْرِ بِاَمْرِهٖ ۚ وَسَخَّرَ لَكُمُ الْاَنْهٰرَ ﴿٣٢﴾

(၃၂) အလ္လာဟ်အရှင်မြတ်သည် အကြင်အရှင်မြတ်ပင်ဖြစ်သည်၊ ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို ချပေးတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်သည် ၎င်း(ရေ)ဖြင့် အသင်တို့အတွက် သစ်သီးဝလံများကို ရိဇ်ကာအဖြစ် ထွက်စေတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်၏အမိန့်တော်ဖြင့် ရွက်သင်္ဘောများသည် ပင်လယ်ထဲ၌ သွားလာရန်အတွက် အရှင်မြတ်သည် ထို(ရွက်သင်္ဘော)များအား အသင်တို့၏ညွှန်ကြားချက်ကို လိုက်နာအောင်လုပ်ပေးတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အကျိုးအတွက် မြစ်ချောင်းများကိုလည်းနာခံ

စေတော်မူခဲ့သည်။

وَسَخَّرَ لَكُمُ الشَّمْسَ وَالْقَمَرَ دَآئِبَيْنِ ۖ وَسَخَّرَ لَكُمُ الَّيْلَ وَالنَّهَارَ ﴿٣٣﴾

(၃၃) ထို့ပြင် အရှင်မြတ်သည် အမြဲသွားလာလျက်ရှိသော နေနှင့်လကို အသင်တို့(၏အကျိုး)အတွက် လိုက်နာစေတော်မူခဲ့သည်။ ၎င်းနောက် အရှင်မြတ်သည် ညနှင့်နေ့ကို အသင်တို့(အကျိုး)အတွက် အမိန့်နာခံစေတော်မူခဲ့သည်။

وَاٰتٰىكُمْ مِّنْ كُلِّ مَا سَاَلْتُمُوْهُ ؕ وَاِنْ تَعُدُّوْا نِعْمَتَ اللّٰهِ لَا تُحْصُوْهَا ؕ اِنَّ الْاِنْسَانَ لَظَلُوْمٌ كَفَّارٌ ﴿٣٤﴾

(၃၄) ထို့ပြင် အရှင်မြတ်သည် အရှင်မြတ်ထံတော်၌ အသင်တို့ တောင်းခံခဲ့သောအရာအားလုံးထဲမှ အသင်တို့အား ပေးသနားတော်မူခဲ့သည်။ ထို့ပြင် အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်များကို ရေတွက်ကြမည်ဆိုလျှင် အသင်တို့သည် ထိုကျေးဇူးတော်များကို ရေတွက်နိုင်ကြမည် မဟုတ်ပေ။ အမှန်စင်စစ် လူသားသည် အမှန်ပင် အလွန်မတရားသူ၊ အလွန်ကျေးဇူးကန်းသူပင် ဖြစ်သည်။❺

❺ လူသားတွေ တောင်းဆိုတဲ့အရာတွေထဲက လူသားတွေအတွက် အရေးတကြီးလိုအပ်မဲ့အရာတွေအားလုံးကို အရှင်မြတ်က ပေးသနားထားတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِذْ قَالَ اِبْرٰهِيْمُ رَبِّ اجْعَلْ هٰذَا الْبَلَدَ اٰمِنًا وَّاجْنُبْنِيْ وَبَنِيَّ اَنْ نَّعْبُدَ الْاَصْنَامَ ﴿٣٥﴾

(၃၅) ထို့ပြင် တစ်ခါတွင် (တမန်တော်)အိဗ်ရာဟီမ်သည် ပြောဆိုလျှောက်ထားခဲ့သည်- အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ဤမြို့အား ငြိမ်းချမ်းသာယာသောမြို့အဖြစ် ပြုလုပ်ပေးသနားတော်မူပါ။❻ ၎င်းနောက် အရှင်မြတ်သည် ကျွန်ုပ်နှင့် ကျွန်ုပ်၏သား(မြေး)များကို ကျွန်ုပ်တို့သည် ရုပ်တုများအား မကိုးကွယ်မိကြရန် ဝေးစွာဖယ်ရှားထားပေးတော်မူပါ။❼

❻ ဒီမြို့ဟာ မက္ကာဟ်မြို့ကို ဆိုလိုတယ်။ တမန်တော်အိဗ်ရာဟီမ် ﵇ရဲ့တောင်းဆိုမှုကြောင့် မက္ကာဟ်မြို့ဟာ ငြိမ်းချမ်းသာယာတဲ့မြို့တော်အဖြစ်ပြုလုပ်တော်မူထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

❼ သူရဲ့သားတွေအတွက် တောင်းခဲ့တဲ့ တောင်းဆုဟာ ပြည့်ခဲ့တယ်။ သားတွေထဲက ဘယ်သူမှ ရုပ်တုကိုးကွယ်တာမရှိခဲ့ဘူး။ (သွဗ်ရီ)

رَبِّ اِنَّهُنَّ اَضْلَلْنَ كَثِيْرًا مِّنَ النَّاسِ ۚ فَمَنْ تَبِعَنِيْ فَاِنَّهٗ مِنِّيْ ۚ وَمَنْ عَصَانِيْ فَاِنَّكَ غَفُوْرٌ رَّحِيْمٌ ﴿٣٦﴾

(၃၆) အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်စင်စစ် ထိုရုပ်တုများသည် လူအများအား လမ်းလွဲစေခဲ့ကြပါသည်။❽ သို့ဖြစ်ရာ မည်သူ

မဆို ကျွန်ုပ်၏နောက်သို့လိုက်ပြီး (စကားကို နာခံခဲ့လျှင်) အမှန်စင်စစ် ထိုသူသည် ကျွန်ုပ်၏အုပ်စုထဲမှပင် ဖြစ်ပါသည်။ ၎င်းနောက် မည်သူမဆို ကျွန်ုပ်၏စကားကို ဖီဆန်ခဲ့လျှင် အမှန်စင်စစ် အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူပါသည်။❷

❶ လမ်းလွဲစေခဲ့တယ်ဆိုတာ လမ်းလွဲမှားဖို့ အကြောင်းခံဖြစ်ခဲ့တယ်လို့ဆိုလိုတယ်။(အလင်းပြကျမ်း) ❷ ကျွန်တော့်စကားကို နားမထောင်ရင် အရှင်မြတ်ဟာ သူ့ကို ဝန်ချတောင်းပန်ခွင့်ပေးပြီး အရှင်မြတ်ခွင့်လွှတ်သနားတော်မူပါလို့ ဆိုလိုတယ်။ (အလင်းပြကျမ်း)

رَبَّنَآ اِنِّيۡۤ اَسۡكَنۡتُ مِنۡ ذُرِّيَّتِيۡ بِوَادٍ غَيۡرِ ذِيۡ زَرۡعٍ عِنۡدَ بَيۡتِكَ الۡمُحَرَّمِ ۙ رَبَّنَا لِيُقِيۡمُوا الصَّلٰوةَ فَاجۡعَلۡ اَفۡـِٕدَةً مِّنَ النَّاسِ تَهۡوِىۡۤ اِلَيۡهِمۡ وَارۡزُقۡهُمۡ مِّنَ الثَّمَرٰتِ لَعَلَّهُمۡ يَشۡكُرُوۡنَ ﴿٣٧﴾

(၃၇) အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်စင်စစ် ကျွန်ုပ်သည် ကျွန်ုပ်၏သားသမီး အချို့အား❸ အရှင်မြတ်၏ မြင့်မြတ်သောအိမ်တော်အနီးတွင် လယ်ယာကိုင်းကျွန်းမရှိသော တောင်ကြားဒေသတစ်ခု၌ နေရာချထားခဲ့ပါသည်။ အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ သူတို့သည် စွလာသ်ဝတ်ပြုမှုကို ဆောက်တည်ကြရန်အတွက် (နေရာချပေးထားခဲ့ခြင်းဖြစ်ပါသည်)။ သို့ဖြစ်ရာ အရှင်မြတ်သည် လူများ၏စိတ်နှလုံးများကို သူတို့ဘက်သို့ ယိမ်းညွှတ်စေရန်ပြုလုပ်ပေးတော်မူပါ။ ထို့ပြင် သူတို့သည် ကျေးဇူးတော်ကို သိကြရန်အတွက် အရှင်မြတ်သည် သူတို့အား သစ်သီးဝလံများကို စားနပ်ရိက္ခာအဖြစ်ပေးသနားတော်မူပါ။❹

❸ သားသမီးတချို့ဆိုတာ တမန်တော်အစ္စမာအီလ် عليه السلام ကို ဆိုလိုတယ်။ အဲဒီအချိန်မှာ အခု ကအ်ဗဟ်ကျောင်းတော်တည်ရှိရာမှာ တမန်တော်အိဗ်ရာဟီမ် عليه السلام ဟာ ကြင်ရာတော် ဟာဂျိရဟ်နဲ့ သားတော်အစ္စမာအီလ် عليه السلام ကို ထားခဲ့တာဖြစ်တယ်။ ကြင်ရာတော်စာရဟ်နဲ့ သားတော်အစ္စဟာက် عليه السلام ဟာ အဲဒီအချိန် ဆီးရီးယားမှာ ရှိနေခဲ့တာ ဖြစ်တယ်။(အလင်းပြကျမ်း) ❹ တမန်တော်အိဗ်ရာဟီမ် عليه السلام ရဲ့ တောင်းဆုကြောင့် မက္ကဟ်မြို့မှာ သစ်သီးဝလံသီးတဲ့အပင်တွေမရှိပါဘဲလျက်နဲ့ နှစ်စဉ်လာနေတဲ့ ဟဂ်ျပြုလုပ်သူတွေ သိန်းသုံးဆယ်ကျော်ဟာ သစ်သီးဝလံတွေကို ဖောဖောသီသီ အလျှံပယ် ဈေးနှုန်းချိုချိုသာသာနဲ့ စားသုံးနေကြရတာဟာ လက်တွေ့သာဓက ဖြစ်တယ်။ (အလင်းပြကျမ်း)

رَبَّنَآ اِنَّكَ تَعۡلَمُ مَا نُخۡفِيۡ وَمَا نُعۡلِنُ ؕ وَمَا يَخۡفٰى عَلَى اللّٰهِ مِنۡ شَيۡءٍ فِي الۡاَرۡضِ وَلَا فِي السَّمَآءِ ﴿٣٨﴾

(၃၈) အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်စင်စစ် အရှင်မြတ်သည် ကျွန်ုပ်တို့ လျှို့ဝှက်ကြသောအရာနှင့် ထင်ပေါ်စေကြသောအရာကို သိရှိတော်မူပါသည်။ ထို့ပြင် မြေပထဝီနှင့် မိုးကောင်းကင်တွင် မည်သည့်တစ်စုံတစ်ရာမျှ အလ္လာဟ်အရှင်မြတ်အပေါ်တွင် ဖုံးကွယ်နေသည် မရှိပါ။

ٱلْحَمْدُ لِلَّهِ ٱلَّذِى وَهَبَ لِى عَلَى ٱلْكِبَرِ إِسْمَٰعِيلَ وَإِسْحَٰقَ ۚ إِنَّ رَبِّى لَسَمِيعُ ٱلدُّعَآءِ ﴿٣٩﴾

(၃၉) ချီးမွမ်းခြင်းဟူသမျှသည် အကြင်အလ္လာဟ်အရှင်မြတ်အတွက်ပင်ဖြစ်သည်။ ထိုအရှင်မြတ်သည် ကျွန်ုပ်အား အိုမင်းရင့်ရော်သောအရွယ်တွင် (တမန်တော်)အစ္စမာအီလ်နှင့် (တမန်တော်)အစ္စဟာက်ကို ပေးသနားတော်မူခဲ့သည်။ အမှန်စင်စစ် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် တောင်းဆုကို မုချအကြွင်းမဲ့ ကြားတော်မူသောအရှင်ဖြစ်တော်မူသည်။❶

❶ တမန်တော်အိဗ်ရာဟီမ် عليه السلام ဟာ အသက်၁၀၀လောက်အရွယ်ကျမှ သားတော်နှစ်ဦး ရရှိလိုက်တာဟာလည်း သူရဲ့ဆုတောင်းမှုကို အကြောင်းပြုပြီး အရှင်မြတ်က ကျေးဇူးပြုလိုက်တာဖြစ်တယ်။ (သိုင်စီရွလ်ကရီမိရ် ရဟ်မာန်)

رَبِّ ٱجْعَلْنِى مُقِيمَ ٱلصَّلَوٰةِ وَمِن ذُرِّيَّتِى ۚ رَبَّنَا وَتَقَبَّلْ دُعَآءِ ﴿٤٠﴾

(၄၀) အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်ကို စွလာသ်အမြဲဝတ်ပြုသူအဖြစ် ပြုလုပ်တော်မူပါ။ ၎င်းနောက် ကျွန်ုပ်၏သားစဉ်မြေးဆက်များထဲမှလည်း (စွလာသ်ဝတ်ပြုသူများ ပြုလုပ်တော်မူပါ)။ အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်၏တောင်းဆုကို လက်ခံသဘောတူတော်မူပါ။❻

❻ သားသမီးတွေအတွက် စွလာသ်ဝတ်ပြုသူတွေဖြစ်ဖို့ ဆုတောင်းပေးတာကို ကြည့်ပြီး စွလာသ်ဟာ ဘယ်လောက်အရေးကြီးလဲဆိုတာ သိရတယ်။ ၎င်းရဲ့သားစဉ်မြေးဆက်ထဲက တချို့အတွက်တောင်းပေးတာဟာ သားစဉ်မြေးဆက်တချို့ဟာ မွတ်စ်လင်မ် မဟုတ်ဘူးဆိုတာ အရှင်မြတ်က အသိပေးထားလို့ဖြစ်တယ်။ (အလင်းပြကျမ်း)

رَبَّنَا ٱغْفِرْ لِى وَلِوَٰلِدَىَّ وَلِلْمُؤْمِنِينَ يَوْمَ يَقُومُ ٱلْحِسَابُ ﴿٤١﴾

(၄၁) အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် စစ်ဆေးမှုဖြစ်ပေါ်မည့်နေ့တွင် ကျွန်ုပ်နှင့် ကျွန်ုပ်၏မိဘနှစ်ပါးသာမက မုအ်မင်န်ယုံကြည်သူများအားလည်း❼ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူပါ။

❼ တမန်တော်အိဗ်ရာဟီမ် عليه السلام ဟာ အရှင်မြတ်က မတားမြစ်ခင်က ကတိအရ ၎င်းရဲ့ မိဘနှစ်ပါးအတွက် လွတ်ငြိမ်းချမ်းသာခွင့်ရဖို့ တောင်းပေးခဲ့တာဖြစ်ပေမဲ့ အရှင်မြတ်အနေနဲ့ သူတို့ဟာ မုရှ်ရိက်တွေဖြစ်လို့ တားမြစ်တဲ့အချိန်ကစပြီး ၎င်းတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံခြင်းကို စွန့်လွှတ်ခဲ့တယ်။ (အလင်းပြကျမ်း)

وَلَا تَحْسَبَنَّ ٱللَّهَ غَٰفِلًا عَمَّا يَعْمَلُ ٱلظَّٰلِمُونَ ۚ إِنَّمَا يُؤَخِّرُهُمْ لِيَوْمٍ تَشْخَصُ فِيهِ ٱلْأَبْصَٰرُ ﴿٤٢﴾

(၄၂) ထို့ပြင် အမှန်ပင် အသင်သည် အလ္လာဟ်အရှင်မြတ်အား မတရားသူများ ပြုလုပ်ကြသော လုပ်ရပ်များမှ မေ့လျော့နေသောအရှင်ဟု လုံးဝမထင်

မှတ်လေနှင့်။ အရှင်မြတ်သည် သူတို့အား နေ့တစ်နေ့ထိ ဆိုင်းငံ့ပေးထားခြင်း သာဖြစ်သည်။❶ ထိုနေ့တွင် မျက်စိများသည် ပြူး(ကျယ်ပြီး လန့်ဖြန့်ငေးမော) နေကြလိမ့်မည်။❷

❶ အရှင်မြတ်ဟာ လူဆိုးလူမိုက်တွေကို ချက်ချင်းအရေးယူတော်မူလေ့မရှိဘဲ သူတို့ကို သတိသံဝေဂတရားရအောင် အချိန်စောင့်ဆိုင်းပေးလေ့ရှိတယ်။ အဲဒီလို စောင့်ဆိုင်းပေးထားတာကြောင့် သူတို့လုပ်ရပ်တွေကို မေ့နေတယ်လို့မထင်ကြနဲ့လို့ ဆိုလိုတာဖြစ်တယ်။(အလင်းပြကျမ်း) ❷ အကြောက်လွန်လို့ မျက်စိတွေ ပြူးပြီး ဘာလုပ်ရမှန်းမသိဖြစ်နေကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

مُهْطِعِينَ مُقْنِعِي رُءُوسِهِمْ لَا يَرْتَدُّ إِلَيْهِمْ طَرْفُهُمْ ۖ وَأَفْئِدَتُهُمْ هَوَاءٌ ﴿٤٣﴾

(၄၃) (ထိုနေ့တွင် သူတို့သည်) သူတို့၏ ဦးခေါင်းများကို မော့ပြီး အမြန်ပြေးနေလိမ့်မည်။ သူတို့၏မျက်စိများသည် မျက်တောင်မခတ်ဘဲ (စူးစိုက်)ကြည့်နေကြလိမ့်မည်။ ထို့ပြင် သူတို့၏စိတ်နှလုံးများသည်လည်း လွင့်ပျံနေကြလိမ့်မည်။ (ကြောက်ရွံ့မှုကြောင့် နှလုံးသည်းခြေပျက်ပြားလျက် သတိလစ်နေကြလိမ့်မည်)။

وَأَنذِرِ النَّاسَ يَوْمَ يَأْتِيهِمُ الْعَذَابُ فَيَقُولُ الَّذِينَ ظَلَمُوا رَبَّنَا أَخِّرْنَا إِلَىٰ أَجَلٍ قَرِيبٍ نُّجِبْ دَعْوَتَكَ وَنَتَّبِعِ الرُّسُلَ ۗ أَوَلَمْ تَكُونُوا أَقْسَمْتُم مِّن قَبْلُ مَا لَكُم مِّن زَوَالٍ ﴿٤٤﴾

(၄၄) ထို့ပြင် အသင်သည် လူများအား သူတို့ထံ ပြစ်ဒဏ်ရောက်လာမည့်နေ့နှင့်ပတ်သက်၍ သတိပေးနှိုးဆော်ပါ၊ (ထိုနေ့တွင်)မကောင်းမှုကျူးလွန်ခဲ့ကြသူများက "အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အား အချိန်အနည်းငယ် ဆိုင်းငံ့ပေးတော်မူပါ။❶ ကျွန်ုပ်တို့သည် အရှင်မြတ်၏ဖိတ်ခေါ်မှုကို လက်ခံကြပါမည်။ ၎င်းနောက် ကျွန်ုပ်တို့သည် တမန်တော်များ၏အမိန့်ကိုလည်း လိုက်နာကြပါမည်"ဟု ပြောဆိုကြမည်။ (ထိုအခါ အရှင်မြတ်က အမိန့်ရှိတော်မူမည်) အသင်တို့သည် ယခင်က အသင်တို့အပေါ်တွင် မည်သို့မျှ ပျက်စီးယိုယွင်းမှုရှိမည်မဟုတ်ပေဟု ကျိန်ဆို(ပြော)ခဲ့ကြသည်မဟုတ်လော။

❶ ပြစ်ဒဏ်ရောက်တဲ့နေ့ကို ဆိုင်းငံ့ခိုင်းတာနဲ့ပတ်သက်ပြီး အဲဒီနေ့ဟာ သုံးမျိုးဖြစ်နိုင်တယ်။ (၁)လောကမှာ၊ (၂) သေတဲ့အချိန်နဲ့ (၃) ကိယာမသ်နေ့တို့ဖြစ်တယ်။ လောကမှာပြစ်ဒဏ်ရောက်လာရင် အပြစ်ဒဏ်ကို မခတ်သေးဘဲ ခဏစောင့်ပေးဖို့ကို ဆိုလိုတယ်။ သေအံ့ဆဲဆဲအချိန် ဝေဒနာတွေခံစားရတဲ့ပြစ်ဒဏ်တွေရောက်လာရင် မသေသေးဘဲ အသက်ရှင်ခွင့်ပေးဖို့ ဆိုင်းငံ့ခိုင်းတာဖြစ်တယ်။ ကိယာမသ်နေ့ရဲ့ပြစ်ဒဏ်ရောက်လာရင် လောကကို ပြန်သွားခွင့်ပေးဖို့ တောင်းဆိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَّسَكَنْتُمْ فِىْ مَسٰكِنِ الَّذِيْنَ ظَلَمُوْٓا اَنْفُسَهُمْ وَتَبَيَّنَ لَكُمْ كَيْفَ فَعَلْنَا بِهِمْ وَضَرَبْنَا لَكُمُ الْاَمْثَالَ ﴿٤٥﴾

(၄၅) ထို့ပြင် အသင်တို့သည် သူတို့ကိုယ်သူတို့ နှိပ်စက်ခဲ့သောသူများ (တမန်တော်ဟူဒ်နှင့် တမန်တော်စွာလိဟ်၏ မျိုးနွယ်များ)၏နေရပ်များတွင်ပင် နေထိုင်ခဲ့ကြသည်။ ၎င်းနောက် ငါအရှင်မြတ်သည် သူတို့အား မည်သို့ ပြုလုပ်တော်မူခဲ့ကြောင်း အသင်တို့ရှေ့တွင် ထင်ရှားခဲ့ပြီးဖြစ်သည်။ ထို့ပြင် ငါ အရှင်မြတ်သည် အသင်တို့အတွက် ပမာများကိုလည်း ခိုင်းနှိုင်းပြတော်မူခဲ့ပေသည်။ (သို့ပါလျက် သံဝေဂတရား မရကြသလော)။

وَقَدْ مَكَرُوْا مَكْرَهُمْ وَعِنْدَ اللّٰهِ مَكْرُهُمْ ؕ وَاِنْ كَانَ مَكْرُهُمْ لِتَزُوْلَ مِنْهُ الْجِبَالُ ﴿٤٦﴾

(၄၆) ထို့ပြင် သူတို့သည် သူတို့၏လျှို့ဝှက်ကြံစည်မှုကို အမှန်ပင် ကြံစည်ခဲ့ကြသည်။ ထို့ပြင် (အမှန်စင်စစ်) သူတို့၏လျှို့ဝှက်ကြံစည်မှုသည် အလ္လာဟ်အရှင်မြတ်၏ရှေ့တော်၌ပင် ရှိခဲ့သည်။[၁] ထို့ပြင် သူတို့၏ကြံစည်မှုသည် ၎င်း(ကြံစည်မှု)ကြောင့် တောင်များသည်ပင် ရွေ့သွားလုနီးပါးဖြစ်သည်။[၂]

[၁] သူတို့က လျှို့ဝှက်နေပေမဲ့ အရှင်မြတ်ကတော့ မြင်နေတယ်။(အလင်းပြကျမ်း) [၂] သူတို့ရဲ့ ကြံစည်မှုဟာ အလွန်ကြီးမားတယ်။ (ဟာရှီယဟ် ဂျလာလိုင်န်)

فَلَا تَحْسَبَنَّ اللّٰهَ مُخْلِفَ وَعْدِهٖ رُسُلَهٗ ؕ اِنَّ اللّٰهَ عَزِيْزٌ ذُو انْتِقَامٍ ﴿٤٧﴾

(၄၇) သို့ဖြစ်ရာ အသင်သည် အလ္လာဟ်အရှင်မြတ်အား အရှင်မြတ်၏ တမန်တော်များနှင့် ချိန်းဆိုထားသောကတိကို ဖောက်ဖျက်တော်မူမည့်အရှင်ဟု လုံးဝမထင်လိုက်လေနှင့်။ အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ တန်ပြန်အရေးယူတော်မူသောအရှင်ဖြစ်တော်မူသည်။[၃]

[၃] တုံ့ပြန်တော်မူတဲ့အရှင်ကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

يَوْمَ تُبَدَّلُ الْاَرْضُ غَيْرَ الْاَرْضِ وَالسَّمٰوٰتُ وَبَرَزُوْا لِلّٰهِ الْوَاحِدِ الْقَهَّارِ ﴿٤٨﴾

(၄၈) (ဤအရာများသည် အကြင်နေ့တွင်ဖြစ်မည်)၊ ထိုနေ့တွင် (ဤ) မြေပထဝီသည် အခြားမြေပထဝီဖြင့် ပြောင်းလဲသွားမည်။ ၎င်းနောက် (ဤ)မိုးကောင်းကင်များသည်လည်း (အခြားမိုးကောင်းကင်များဖြင့် ပြောင်းလဲသွားလိမ့်မည်)။[၄] ထို့ပြင် (လူသတ္တဝါအားလုံးသည်) တစ်ပါးတည်းအရှင်၊ အဖန်ဆင်းခံအားလုံးအပေါ်လွှမ်းမိုးထားတော်မူသော အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်သို့

ထွက်ပေါ်လာခဲ့ကြလိမ့်မည်။❻

❺ လက်ရှိမိုးနဲ့မြေကို ပုံစံပြောင်းပြီး ကိယာမသ်နေ့မှာ ပြုလုပ်တော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

❻ လူသတ္တဝါတွေကိုလည်း လက်ရှိရုပ်နဲ့နာမ်အတိုင်း အရှင့်ရှေ့တော်မှောက်မှာ ရှင်ပြန်ထစေမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَتَرَى الْمُجْرِمِينَ يَوْمَئِذٍ مُّقَرَّنِينَ فِى الْأَصْفَادِ ﴿٤٩﴾

(၄၉) ၎င်းနောက် အသင်သည် ထိုနေ့တွင် အပြစ်ကျူးလွန်သူများကို သံကြိုးများနှင့် ပူးတွဲချုပ်နှောင်ထားသည်ကို တွေ့မြင်ရလိမ့်မည်။❼

❼ အပြစ်သားတွေကို အုပ်စုလိုက် သံကြိုးတွေနဲ့တွဲပြီး ခေါ်ဆောင်လာမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

سَرَابِيلُهُم مِّن قَطِرَانٍ وَتَغْشَىٰ وُجُوهَهُمُ النَّارُ ﴿٥٠﴾

(၅၀) သူတို့၏အဝတ်အစားများသည် ကတ္တရာစေးဖြင့်ပြုလုပ်ထားသော အဝတ်အစားများဖြစ်မည်။ ၎င်းနောက် ငရဲမီးသည် သူတို့၏ မျက်နှာများကို ဖုံးအုပ်နေမည်။

لِيَجْزِيَ اللَّهُ كُلَّ نَفْسٍ مَّا كَسَبَتْ ۚ إِنَّ اللَّهَ سَرِيعُ الْحِسَابِ ﴿٥١﴾

(၅၁) အလ္လာဟ်အရှင်မြတ်သည် လူတိုင်းအား သူတို့ရှာဖွေဆည်းပူးခဲ့ကြသည်များနှင့်ပတ်သက်၍ အစားပေးတော်မူရန်(ဤသို့ ပြုလုပ်ခြင်း)ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်လျင်မြန်စွာ စစ်ဆေးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

هَٰذَا بَلَاغٌ لِّلنَّاسِ وَلِيُنذَرُوا بِهِ وَلِيَعْلَمُوا أَنَّمَا هُوَ إِلَٰهٌ وَاحِدٌ وَلِيَذَّكَّرَ أُولُو الْأَلْبَابِ ﴿٥٢﴾

(၅၂) ဤ(ကုရ်အာန်)သည် လူများအတွက် အကြောင်းကြားချက်ဖြစ်သည်၊ ထို့ပြင် သူတို့သည် ၎င်းအရာနှင့် သတိပေးနှိုးဆော်ခြင်းခံရရန်အတွက်လည်းဖြစ်သည်၊ ထို့ပြင် အရှင်မြတ်သည် တစ်ပါးတည်းရှိသော ကိုးကွယ်ထိုက်သောအရှင်ဖြစ်တော်မူကြောင်း သူတို့သိရှိယုံကြည်ကြရန်အတွက်လည်းဖြစ်သည်၊ ထို့ပြင် အသိဉာဏ်ရှိသောသူများ သတိတရားရရန်အတွက်လည်းဖြစ်သည်။❶

❶ ဦးနှောက်အသိဉာဏ်ကို အသုံးပြုတဲ့သူတွေအတွက်ဖြစ်တယ်။ (အလင်းပြကျမ်း)

================================================================

ركوعاتها ٦ ١٥ سُوۡرَةُ الۡحِجۡرِ مَكِّيَّةٌ ٥٤ اٰياتها ٩٩

## စူရဟ် ဟိဂျ်ရ် (ကျောက်ဆောင်ကလွှာ) سُوۡرَةُ الۡحِجۡرِ

================================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

الٓرٰ ۚ تِلۡكَ اٰيٰتُ الۡكِتٰبِ وَقُرۡاٰنٍ مُّبِيۡنٍ ۝١

(၁) အလိဖ် လာမ် ရာ ။ ဤသည် ကျမ်းဂန်၏ အာယသ်တော်များဖြစ်ပြီး ထင်ရှားသော ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များလည်းဖြစ်သည်။❶

❶ ဒီအာယသ်တော်တွေကို လူသားတွေ လေ့လာကြဖို့ အရှင်မြတ်က ဘယ်သူမှ ပြုလုပ်ဖန်တီးလို့ မရနိုင်တဲ့ အရည်အချင်း အပြည့်အဝနဲ့ အရှင်မြတ်မိန့်တယ်ဆိုတာ သိအောင် အမိန့်ရှိထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

رُبَمَا يَوَدُّ الَّذِيۡنَ كَفَرُوۡا لَوۡ كَانُوۡا مُسۡلِمِيۡنَ ۝٢

(၂) ကာဖိရ်ငြင်းပယ်သူများက (ကိယာမသ်နေ့တွင်) အကယ်၍ သူတို့သည် မွတ်စ်လင်မ်များဖြစ်ခဲ့ကြလျှင် ကောင်းလေစွဟု အကြိမ်ကြိမ် တောင့်တကြလိမ့်မည်။❶

❶ လောကမှာ မွတ်စ်လင်မ်တွေအရေးသာတဲ့အခါ ကာဖိရ်တွေက မွတ်စ်လင်မ် ဖြစ်ရင် ကောင်းလေစွလို့ တောင့်တကြမယ်။ အဲဒီလိုပဲ သေအံ့ဆဲဆဲအချိန်မှာ ကောင်းကင်တမန်တွေကို တွေ့ရတဲ့အခါမှာလည်းတောင့်တကြမယ်။ အဲဒီလိုပဲ ကိယာမသ်နေ့ရဲ့ အပြစ်ဒဏ်တွေမြင်တဲ့အခါမှာလည်း တောင့်တကြမယ်။ နောက်ဆုံး ငရဲဘုံထဲက မွတ်စ်လင်မ်တစ်ယောက်မကျန် ထုတ်ခြင်းခံရတဲ့အခါမှာလည်း တောင့်တကြမှာဖြစ်တယ်။ (အလင်းပြကျမ်း)

ذَرۡهُمۡ يَاۡكُلُوۡا وَيَتَمَتَّعُوۡا وَيُلۡهِهِمُ الۡاَمَلُ فَسَوۡفَ يَعۡلَمُوۡنَ ۝٣

(၃) အသင်သည် သူတို့အား လွှတ်ထားလိုက်ပါ၊ သူတို့သည် စားပါစေ၊ အကျိုးခံစားပါစေ၊ (သူတို့၏) မျှော်လင့်ချက်များက သူတို့အား နစ်မွန်းနေအောင် လုပ်ပါစေ။ သူတို့သည် မကြာမီပင် သိကြရလိမ့်မည်။❷

❷ ပြောဆိုဆုံးမလို့ မရတဲ့သူတွေကိုတော့ လွှတ်ထားလိုက်ဖို့ အမိန့်ရှိထားတာဖြစ်တယ်။ သူတို့ကိုယ်တိုင်တွေ့ကြုံခံစားရတဲ့ အခါသိသွားလိမ့်မယ်။ (အလင်းပြကျမ်း)

وَمَاۤ اَهۡلَكۡنَا مِنۡ قَرۡيَةٍ اِلَّا وَلَهَا كِتَابٌ مَّعۡلُوۡمٌ ۝٤

(၄) ထို့ပြင် ငါအရှင်မြတ်သည် မည်သည့်မြို့ရွာကိုမျှ ၎င်း(မြို့ရွာ)နှင့်

ပတ်သက်၍ သတ်မှတ်ထားသောအချိန်(ဆိုက်ရောက်ခြင်း)မရှိဘဲ ဖျက်ဆီးတော်မမူခဲ့ပေ။❸

❸ အမှန်ကို မြင်ပြီး လက်ခံနိုင်အောင် အချိန်သတ်မှတ်ဆိုင်းငံ့ပေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

مَا تَسْبِقُ مِنْ أُمَّةٍ أَجَلَهَا وَمَا يَسْتَأْخِرُونَ ۝٥

(၅) မည်သည့်လူမျိုးမျှ သူတို့၏အချိန်ထက်စောပြီး သွားနိုင်ကြမည် မဟုတ်ပေ၊ ထို့ပြင် သူတို့သည် နောက်ဆိုင်း၍လည်း နေနိုင်ကြမည်မဟုတ်ပေ။❹

❹ သတ်မှတ်ချိန်ရောက်လာရင် ရှေ့လည်း မတိုးနိုင်၊ နောက်လည်း မဆုတ်နိုင်တော့ဘူး။ (အလင်းပြကျမ်း)

وَقَالُوا يَا أَيُّهَا الَّذِي نُزِّلَ عَلَيْهِ الذِّكْرُ إِنَّكَ لَمَجْنُونٌ ۝٦

(၆) ထို့ပြင် သူတို့က (အသင့်အား)-"အို- ကျမ်းစာချပေးခြင်းခံရသူ၊ စင်စစ် အသင်သည် အရူးပင်ဖြစ်သည်"ဟု ပြောဆိုကြသည်။❺

❺ ပြောင်လှောင်တဲ့အနေနဲ့ အရူးလို့ ဆိုခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

لَوْ مَا تَأْتِينَا بِالْمَلَائِكَةِ إِنْ كُنْتَ مِنَ الصَّادِقِينَ ۝٧

(၇) "အကယ်၍ အသင်သည် မှန်ကန်စွာ ပြောဆိုသူဖြစ်လျှင် အဘယ် အတွက်ကြောင့် အသင်သည် ကောင်းကင်တမန်များကို ကျွန်ုပ်တို့ထံ ခေါ်မလာ သနည်း။"

مَا نُنَزِّلُ الْمَلَائِكَةَ إِلَّا بِالْحَقِّ وَمَا كَانُوا إِذًا مُنْظَرِينَ ۝٨

(၈) ငါအရှင်မြတ်သည် မှန်ကန်သော(ဆုံးဖြတ်ချက်)မရှိဘဲ ကောင်း ကင်တမန်များအား ချပေးတော်မမူပေ။ ထို့ပြင် သူတို့သည် ထို(ကောင်းကင် တမန်များ ရောက်လာသော)အခါ ဆိုင်းငံ့ခွင့် ပေးခံရမည်မဟုတ်တော့ပေ။❻

❻ ကောင်းကင်တမန်တော်တွေ ရောက်လာရင် အကွယ်မဟုတ်တော့ဘဲ အမြင်ဖြစ်သွားတဲ့အတွက် ဆိုင်းငံ့ခွင့်မရတော့တာဖြစ်တယ်။ အီမာန်ဆိုတာ အကွယ်ကအရာတွေ ယုံတာကိုခေါ်တယ်။ လက်တွေ့ မျက်မြင်ဖြစ်နေရင်တော့ ဘယ်သူမဆိုယုံကြမှာပဲ ဖြစ်တယ်။ ဝိညာဉ်လောက တုန်းက အရှင့်ရှေ့မှာ မြင်နေရတော့ အရှင်မြတ်ကို အားလုံးက လက်ခံခဲ့ကြတာပဲဖြစ်တယ်။ (ရူဟုလ်မအာနီ၊ သဖ်စီရ် ဗဂ်ဝီ)

إِنَّا نَحْنُ نَزَّلْنَا الذِّكْرَ وَإِنَّا لَهُ لَحَافِظُونَ ۝٩

(၉) အမှန်စင်စစ် ငါအရှင်မြတ်သည်ပင် ၎င်းဆုံးမသြဝါဒ(ကုရ်အာန် ကျမ်းတော်မြတ်)ကို ချပေးတော်မူခဲ့သည်။ ထို့နောက် အမှန်စင်စစ် ငါအရှင်မြတ် သည်ပင် ၎င်း(ဆုံးမသြဝါဒ)ကို ထိန်းသိမ်းစောင့်ရှောက်တော်မူမည့်အရှင် အမှန် ပင် ဖြစ်တော်မူသည်။❼

❼ ကုရ်အာန်ကျမ်းတော်မြတ်ကို အရှင်မြတ်ကိုယ်တော်တိုင်က တာဝန်ယူထိန်းသိမ်းထားတဲ့အတွက် ကိယာမသ်နေ့ထိ မပြောင်းမလဲ မပျောက်မပျက် ပကတိအတိုင်း တည်ရှိနေမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدْ اَرْسَلْنَا مِنْ قَبْلِكَ فِيْ شِيَعِ الْاَوَّلِيْنَ ﴿١٠﴾

(၁၀) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်၏မတိုင်မီက ရှေးလူအုပ်စုများတွင်လည်း (တမန်တော်များကို) စေလွှတ်တော်မူခဲ့သည်။

وَمَا يَاْتِيْهِمْ مِّنْ رَّسُوْلٍ اِلَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ﴿١١﴾

(၁၁) ထို့ပြင် သူတို့ထံသို့ တမန်တော်တစ်ပါးပါး ရောက်လာတိုင်း သူတို့သည် ထိုတမန်တော်ကို ပြောင်လှောင်လှေ့ရှိခဲ့ကြသည်။❶

❶ တမန်တော်တစ်ပါးလာတိုင်း ပြောင်လှောင်ကြတာဟာ အစဉ်အလာ ဖြစ်နေခဲ့ပြီဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်က အပြစ်သားတွေရဲ့ စိတ်နှလုံးထဲမှာ အဲဒီအစဉ်အလာအတိုင်းပဲ အပြစ်ဒဏ်ခတ်ဖို့အတွက် ထားလိုက်တော့တယ်။ (အလင်းပြကျမ်း)

كَذٰلِكَ نَسْلُكُهٗ فِيْ قُلُوْبِ الْمُجْرِمِيْنَ ﴿١٢﴾

(၁၂) ထိုသို့ပင် ငါအရှင်မြတ်သည် အပြစ်ကျူးလွန်သူများ၏စိတ်နှလုံးများထဲ၌ ၎င်း(ပြောင်လှောင်မှု)ကို ထည့်ပေးတော်မူသည်။

لَا يُؤْمِنُوْنَ بِهٖ وَقَدْ خَلَتْ سُنَّةُ الْاَوَّلِيْنَ ﴿١٣﴾

(၁၃) (သို့ဖြစ်ရာ) သူတို့သည် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို မယုံကြည်ကြပေ။ ထို့နောက် ရှေးဟောင်းလူများ၏ အစဉ်အလာသည်လည်း အမှန်စင်စစ်(ဤအတိုင်းပင်)ကုန်လွန်ခဲ့ပြီးဖြစ်သည်။

وَلَوْ فَتَحْنَا عَلَيْهِمْ بَابًا مِّنَ السَّمَآءِ فَظَلُّوْا فِيْهِ يَعْرُجُوْنَ ﴿١٤﴾

(၁၄) ထို့ပြင် အကယ်၍ ငါအရှင်မြတ်သည် သူတို့အပေါ်တွင် မိုးကောင်းကင်၏တံခါးပေါက်တစ်စုံတစ်ခုကို ဖွင့်ပေးတော်မူခဲ့လျှင် ထို့နောက် သူတို့သည် နေ့ခင်းကြောင်တောင်၌ ၎င်း(တံခါးပေါက်)မှ တက်သွားခဲ့ကြမည်ဆိုလျှင်လည်း။

لَقَالُوْٓا اِنَّمَا سُكِّرَتْ اَبْصَارُنَا بَلْ نَحْنُ قَوْمٌ مَّسْحُوْرُوْنَ ﴿١٥﴾

(၁၅) "ကျွန်ုပ်တို့၏မျက်စိများသည် (လှည့်စား)ပိတ်ဆို့ထားခြင်းကို ခံလိုက်ကြရပြီဖြစ်သည်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် စုန်းပြုစားခြင်းကို ခံခဲ့ကြရသော လူများပင်ဖြစ်ကြသည်"❷ ဟု သူတို့က ပြောဆိုကြမည်အမှန်ပင်။

❷ မုန်းတီးမှုကြောင့် တကယ်အမှန်တွေ့ရင်တောင် လက်ခံမှာမဟုတ်ဘဲ စုန်းပြုစားခံရတယ်လို့ ပြောဦးမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدْ جَعَلْنَا فِى السَّمَآءِ بُرُوْجًا وَّزَيَّنّٰهَا لِلنّٰظِرِيْنَ ﴿١٦﴾

(၁၆) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် မိုးကောင်းကင်တွင် ကြယ်များကို ပြုလုပ်တော်မူပြီး ထိုမိုးကို ကြည့်ရှုသူများအတွက် မျက်စိကြည်နူး မှုဖြစ်စေတော်မူခဲ့သည်။

وَحَفِظْنٰهَا مِنْ كُلِّ شَيْطٰنٍ رَّجِيْمٍ ﴿١٧﴾

(၁၇) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(မိုးကောင်းကင်)ကို နှင်ထုတ်ခြင်း ခံရသော ရှိုင်သွာန်တိုင်းမှ ထိန်းသိမ်းစောင့်ရှောက်တော်မူသည်။

اِلَّا مَنِ اسْتَرَقَ السَّمْعَ فَاَتْبَعَهٗ شِهَابٌ مُّبِيْنٌ ﴿١٨﴾

(၁၈) သို့ရာတွင် မည်သည့်ရှိုင်သွာန်မဆို လျှို့ဝှက်(စကားကိုခိုး)နား ထောင်ခဲ့လျှင် ထို(သို့နားထောင်သည့်)အတွက် လင်းဝင်းသော မီးတောက် မီးလျှံသည် သူ၏နောက်သို့ လိုက်တော့သည်။ ၁၀

၁၀ အရှင်မြတ်ဟာ မိုးကောင်းကင်ကို ရှိုင်သွာန်တွေရဲ့ခိုးနားထောင်မှုကနေ ကာကွယ်ထားတော်မူ တယ်။ သူတို့ဟာ အနားကပ်လာရင်မီးတောက်မီးလျှံတွေနဲ့ ပစ်ပေါက်တော်မူတယ်။ (အလင်းပြကျမ်း)

وَالْاَرْضَ مَدَدْنٰهَا وَاَلْقَيْنَا فِيْهَا رَوَاسِيَ وَاَنْۢبَتْنَا فِيْهَا مِنْ كُلِّ شَيْءٍ مَّوْزُوْنٍ ﴿١٩﴾

(၁၉) ထို့ပြင် ငါအရှင်မြတ်သည် မြေပထဝီကို ဖြန့်ခင်းတော်မူပြီး ထို အပေါ်တွင် (လေးလံသော)တောင်ကြီးများကို စိုက်ထူထားတော်မူသည်။ ထို့ပြင် ငါအရှင်မြတ်သည် ထိုမြေပထဝီတွင် သတ်မှတ်ထားသည့်အရာတိုင်းကို ပေါက် ရောက်ဖြစ်ထွန်းစေတော်မူသည်။ ၁

၁ အရှင်မြတ်တစ်ပါးတည်းကပဲ မြေကြီးမှာ စားသောက်စရာ အပင်တွေကိုလည်း ပေါက်ရောက် စေတော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَجَعَلْنَا لَكُمْ فِيْهَا مَعَايِشَ وَمَنْ لَّسْتُمْ لَهٗ بِرٰزِقِيْنَ ﴿٢٠﴾

(၂၀) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(မြေပထဝီ)တွင် အသင်တို့အတွက် နှင့် အသင်တို့ စရိတ်မထောက်ပံ့သောသူများ(ကျေးကျွန်များနှင့်တိရစ္ဆာန်များ) အတွက် အသက်မွေးဝမ်းကျောင်းမှုများကို ပြုလုပ်ထားတော်မူသည်။ ၂

၂ အရှင်မြတ်ဟာ ဖန်ဆင်းရှင်ဖြစ်တဲ့အတွက် အရှင်မြတ်ရဲ့ဖန်ဆင်းခံအားလုံးကို ကျွေးမွေးဖို့ အစစ အရာရာ စီမံခန့်ခွဲပေးဖို့ကိုလည်း တာဝန်ယူထားတော်မူတဲ့အရှင် ဖြစ်တော်မူတယ်။ (အလင်းပြကျမ်း)

وَاِنْ مِّنْ شَيْءٍ اِلَّا عِنْدَنَا خَزَآئِنُهٗ ۫ وَمَا نُنَزِّلُهٗۤ اِلَّا بِقَدَرٍ مَّعْلُوْمٍ ﴿٢١﴾

(၂၁) ထို့ပြင် မည်သည့်အရာမဆို ငါအရှင်မြတ်ထံတော်၌ ၎င်းတို့၏ စုပုံထားမှု ဘဏ္ဍာများသည်(ပြည့်လျှံလျက်)ရှိသည်။ ထို့နောက် ငါအရှင်မြတ် သည် ၎င်းတို့ကို သတ်မှတ်ထားသည့်အတိုင်းအတာနှင့် ချိန်ဆပြီးနောက် ချပေး ခြင်းဖြစ်သည်။ ၃

❷ အရှင်မြတ်ထံတော်မှာ အရာရာဟာ ပမာဏ အကန့်အသတ်မရှိပြည့်လျှံလျက်ရှိနေပေမဲ့ သတ္တဝါတွေအတွက်ကိုတော့ လိုအပ်သလောက် သတ်မှတ်ပြဋ္ဌာန်းထားသလောက်ပဲ ချပေးတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاَرْسَلْنَا الرِّيٰحَ لَوَاقِحَ فَاَنْزَلْنَا مِنَ السَّمَآءِ مَآءً فَاَسْقَيْنٰكُمُوْهُ ۚ وَمَآ اَنْتُمْ لَهٗ بِخٰزِنِيْنَ ﴿٢٢﴾

(၂၂) ထို့ပြင် ငါအရှင်မြတ်သည် ရေများသယ်ဆောင်သောလေများကို စေလွှတ်တော်မူခဲ့သည်။ ၎င်းနောက် ငါအရှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူခဲ့သည်။ ၎င်းနောက် အသင်တို့သည် ၎င်း(ရေ)ကိုစုဆောင်းထားသူများမဟုတ်ကြပါဘဲလျက်❸ ငါအရှင်မြတ်သည် အသင်တို့အား ၎င်း(ရေ)ကို တိုက်ကျွေးတော်မူခဲ့သည်။

❸ အရှင်မြတ်ရွာသွန်းချပေးတော်မူတဲ့ မိုးရေတွေကို လူသားတွေဟာ စုဆောင်းထားနိုင်တဲ့အင်အားမရှိတဲ့အတွက် အရှင်မြတ်ကပဲ မြစ်ချောင်း အင်းအိုင်တွေကို ဖန်တီးပေးပြီး စုဆောင်းပေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِنَّا لَنَحْنُ نُحْيٖ وَنُمِيْتُ وَنَحْنُ الْوٰرِثُوْنَ ﴿٢٣﴾

(၂၃) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ရှင်စေတော်မူသည်၊ ၎င်းနောက် ငါအရှင်မြတ်သည်ပင် သေစေတော်မူသည်။ ၎င်းနောက် ငါအရှင်မြတ်သည်ပင်(အမြဲကျန်နေမည့်)အမွေစားအမွေခံဖြစ်တော်မူသည်။❹

❹ အားလုံးသေသွားရင်လည်း အရှင်မြတ်တစ်ပါးတည်း ကျန်ရှိနေမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدْ عَلِمْنَا الْمُسْتَقْدِمِيْنَ مِنْكُمْ وَلَقَدْ عَلِمْنَا الْمُسْتَاْخِرِيْنَ ﴿٢٤﴾

(၂၄) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့ထဲမှ ယခင်က လူများကိုလည်း သိတော်မူသည်၊ ၎င်းနောက် (အသင်တို့ထဲမှ) နောင်လာမည့်သူများကိုလည်း အမှန်ပင် သိတော်မူသည်။❺

❺ အရှင်မြတ်ဟာ အတိတ်ရော အနာဂတ်ကိုပါ သိတော်မူတဲ့အရှင်ဖြစ်တော်မူတယ်။ (အလင်းပြကျမ်း)

وَاِنَّ رَبَّكَ هُوَ يَحْشُرُهُمْ ۗ اِنَّهٗ حَكِيْمٌ عَلِيْمٌ ﴿٢٥﴾

(၂၅) ထို့ပြင် အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် သူတို့အား (ကိယာမသ်နေ့တွင်)စုရုံးတော်မူမည်။ ❻ အမှန်စင်စစ် အရှင်မြတ်သည် ပညာဉာဏ်အမြော်အမြင်နှင့်အလွန် ပြည့်စုံတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

❻ အရှင်မြတ်ဟာ လွန်ခဲ့တဲ့အတိတ်မှာ ဖန်ဆင်းခဲ့တဲ့လူမျိုးတွေကိုရော လာမဲ့အနာဂတ်မှာ ဖန်ဆင်းတော်မူမဲ့ လူမျိုးတွေကိုပါ ကိယာမသ်နေ့ကျရင် စုရုံးတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدْ خَلَقْنَا الْاِنْسَانَ مِنْ صَلْصَالٍ مِّنْ حَمَاٍ مَّسْنُوْنٍ ﴿٢٦﴾

(၂၆) ထို့ပြင် အမှန်ပင် ငါအရှင်မြတ်သည် လူသားအား ပုံသွင်းထား

သော အသံမြည်သည့် ရွှံ့ခြောက်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။❶

❶ ရွှံ့မြေကို ရုပ်လုံးဖော်လိုက်တဲ့အခါမှာ ရွှံ့ရုပ်ဖြစ်သွားခဲ့ပြီး အခြောက်ခံထားလိုက်တဲ့အခါ တီး ခေါက်ရင် မြေအိုးလို အသံမြည်တယ်။ အဲဒီထဲကို အရှင်မြတ်က အသက်ဝိညာဉ် မှုတ်သွင်းတော်မူ တဲ့အခါ လူသားတစ်ဦး အာဒမ် عليه السلام ဖြစ်သွားခဲ့တယ်။ (အလင်းပြကျမ်း)

وَالْجَآنَّ خَلَقْنٰهُ مِنْ قَبْلُ مِنْ نَّارِ السَّمُوْمِ ﴿٢٧﴾

(၂၇) ထို့ပြင် ဂျင်န်သတ္တဝါကို (လူသား မဖန်ဆင်းမီ)ယခင်က အလွန် ပူပြင်းသော မီးဖြင့် ဖန်ဆင်းတော်မူခဲ့သည်။❷

❷ ဂျင်န်ကို အရှင်မြတ်က အခိုးအငွေ့မပါတဲ့ အလွန်ပူပြင်းတဲ့မီးနဲ့ ဖန်ဆင်းတော်မူခဲ့တာဖြစ်တယ်။ အိဗ်လီစ်ဟာ ဂျင်န်မျိုးထဲက ဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِذْ قَالَ رَبُّكَ لِلْمَلٰٓئِكَةِ اِنِّیْ خَالِقٌۢ بَشَرًا مِّنْ صَلْصَالٍ مِّنْ حَمَاٍ مَّسْنُوْنٍ ﴿٢٨﴾

(၂၈) ထို့ပြင် တစ်ခါတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ကောင်းကင်တမန်များကို မိန့်ကြားတော်မူခဲ့သည်။ အမှန်စင်စစ် ငါအရှင်မြတ်သည် လူသားကို ပုံသွင်းထားသောအသံမြည်သော ရွှံ့ခြောက်ဖြင့် ဖန်ဆင်းတော်မူမည်။

فَاِذَا سَوَّیْتُهٗ وَنَفَخْتُ فِیْهِ مِنْ رُّوْحِیْ فَقَعُوْا لَهٗ سٰجِدِیْنَ ﴿٢٩﴾

(၂၉) ထို့နောက် ငါအရှင်မြတ်သည် ၎င်း(မြေရုပ်)ကိုပြီးစီးအောင်ပြုလုပ်၍ ၎င်းထဲသို့ ငါအရှင်မြတ်ထံတော်မှ ဝိညာဉ်ကို မှုတ်ထည့်တော်မူသောအခါ အသင်တို့သည် ထိုလူသားရှေ့၌ ပျပ်ဝပ်ဦးချကြလော့။

فَسَجَدَ الْمَلٰٓئِكَةُ كُلُّهُمْ اَجْمَعُوْنَ ﴿٣٠﴾

(၃၀) သို့ဖြစ်ရာ ကောင်းကင်တမန်အားလုံးတို့သည် စဂျ်ဒဟ်ဦးချခဲ့ကြ သည်။

اِلَّآ اِبْلِیْسَ ؕ اَبٰٓی اَنْ یَّكُوْنَ مَعَ السّٰجِدِیْنَ ﴿٣١﴾

(၃၁) အိဗ်လီစ်မှလွဲ၍၊ သူကမူ စဂျ်ဒဟ်ဦးချသူများထဲ၌ အပါအဝင်ဖြစ် ရန် ငြင်းပယ်ခဲ့သည်။

قَالَ یٰۤاِبْلِیْسُ مَا لَكَ اَلَّا تَكُوْنَ مَعَ السّٰجِدِیْنَ ﴿٣٢﴾

(၃၂) အရှင်မြတ်က အမိန့်ရှိတော်မူသည်၊ အို– အိဗ်လီစ်၊ အသင်သည် ဦးချသောသူများထဲ၌ အပါအဝင်မဖြစ်ရန် အသင့်တွင် မည်သည့်အကြောင်းရှိ သနည်း။

قَالَ لَمْ اَكُنْ لِّاَسْجُدَ لِبَشَرٍ خَلَقْتَهٗ مِنْ صَلْصَالٍ مِّنْ حَمَاٍ مَّسْنُوْنٍ ﴿٣٣﴾

(၃၃) ၎င်း(အိဗ်လီစ်)ကလျှောက်ထားသည်– "ကျွန်ုပ်သည် အရှင်မြတ်

က ပုံသွင်းထားသော အသံမြည်သည့် ရွှံ့ဖြင့် ဖန်ဆင်းတော်မူခဲ့သော လူသားကို ဦးချမည်မဟုတ်ပေ။”

قَالَ فَاخْرُجْ مِنْهَا فَإِنَّكَ رَجِيمٌ ﴿٣٤﴾

(၃၄) အရှင်မြတ်က မိန့်ကြားတော်မူသည်- သို့ဖြစ်လျှင် အသင်သည် ယင်း(ကောင်းကင်ဘုံ)မှ ထွက်သွားလိုက်ပါ။ အမှန်စင်စစ် အသင်သည် နှင်ထုတ်ခံရသောသူပင်ဖြစ်သည်။

وَإِنَّ عَلَيْكَ اللَّعْنَةَ إِلَىٰ يَوْمِ الدِّينِ ﴿٣٥﴾

(၃၅) ထို့ပြင် အမှန်စင်စစ် ကရုဏာတော်မှ ကင်းဝေးခြင်းသည် အစားပေးမည့်နေ့ထိ အသင့်အပေါ်တွင် ရှိလိမ့်မည်။❶

❶ ကိယာမသ်နေ့ထိဆိုတာ အမြဲလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ رَبِّ فَأَنظِرْنِي إِلَىٰ يَوْمِ يُبْعَثُونَ ﴿٣٦﴾

(၃၆) အိဗ်လီစ်ကပြောသည်- အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ သို့ဖြစ်လျှင် အရှင်မြတ်သည် ကျွန်ုပ်ကို ရှင်ပြန်ထမည့်နေ့ထိ (သေခြင်းနှင့် ပြစ်ဒဏ်ခတ်ခြင်းမှ) ဆိုင်းငံ့ထားပေးတော်မူပါ။

قَالَ فَإِنَّكَ مِنَ الْمُنظَرِينَ ﴿٣٧﴾

(၃၇) အရှင်မြတ်က မိန့်ကြားတော်မူသည်-သို့ဖြစ်ရာ အမှန်ပင် အသင်သည် ဆိုင်းငံ့ခြင်းခံရသူများထဲမှ တစ်ဦးဖြစ်သည်။

إِلَىٰ يَوْمِ الْوَقْتِ الْمَعْلُومِ ﴿٣٨﴾

(၃၈) သတ်မှတ်ထားပြီးဖြစ်သော အချိန်ကာလနေ့အထိဖြစ်သည်။

قَالَ رَبِّ بِمَا أَغْوَيْتَنِي لَأُزَيِّنَنَّ لَهُمْ فِي الْأَرْضِ وَلَأُغْوِيَنَّهُمْ أَجْمَعِينَ ﴿٣٩﴾

(၃၉) အိဗ်လီစ်ကပြောသည်- အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်ကို (ကျွန်ုပ်၏မာနကြောင့်)လမ်းလွဲစေတော်မူခဲ့ပြီဖြစ်သည့်အတွက် အမှန်ပင် ကျွန်ုပ်သည် လောကတွင် လူသားများ၏အမြင်၌(မကောင်းမှုများကို)လှပတင့်တယ်အောင် တန်ဆာဆင်လိုက်ပါမည်။ ထို့နောက် အမှန်ပင် ကျွန်ုပ်သည် သူတို့အားလုံးကို လမ်းလွဲအောင် ပြုလုပ်ပါမည်။

إِلَّا عِبَادَكَ مِنْهُمُ الْمُخْلَصِينَ ﴿٤٠﴾

(၄၀) သို့ရာတွင် သူတို့ထဲမှ အရှင်မြတ်၏ ရွေးချယ်မှုခံရသောကျွန်များကိုမူ(လမ်းလွဲအောင်မလုပ်နိုင်ပါ)။

قَالَ هَٰذَا صِرَاطٌ عَلَيَّ مُسْتَقِيمٌ ﴿٤١﴾

(၄၁) အရှင်မြတ်က အမိန့်ရှိတော်မူသည်- ဤသည် ငါအရှင်မြတ်ထံတော်သို့ (ရောက်စေမည့်)ဖြောင့်မတ်သောလမ်းပင်ဖြစ်သည်။

إِنَّ عِبَادِي لَيْسَ لَكَ عَلَيْهِمْ سُلْطَانٌ إِلَّا مَنِ اتَّبَعَكَ مِنَ الْغَاوِينَ ﴿٤٢﴾

(၄၂) အမှန်စင်စစ် ငါအရှင်မြတ်၏ကျွန်များအပေါ်တွင် အသင့်အတွက် လွှမ်းမိုးမှု ရရှိမည်မဟုတ်ပေ။ သို့ရာတွင် လမ်းလွဲသောသူများထဲမှ အသင့်နောက်ကို လိုက်သောသူများအပေါ်တွင်သာ (အသင်၏အာဏာ တည်ရှိမည်)။

وَإِنَّ جَهَنَّمَ لَمَوْعِدُهُمْ أَجْمَعِينَ ﴿٤٣﴾

(၄၃) ၎င်းနောက် အမှန်စင်စစ် ဂျဟန္နမ်ငရဲဘုံသည် သူတို့အားလုံး၏ သတ်မှတ်ပြီးဖြစ်သော ဌာနပင်ဖြစ်သည်။

لَهَا سَبْعَةُ أَبْوَابٍ لِّكُلِّ بَابٍ مِّنْهُمْ جُزْءٌ مَّقْسُومٌ ﴿٤٤﴾

(၄၄) ယင်း(ငရဲဘုံ)တွင် တံခါးပေါက် ခုနစ်ပေါက်ရှိပြီး[၂] တံခါးပေါက်တိုင်းအတွက် ၎င်း(အိဗ်လီစ်၏ နောက်လိုက်သား)တို့ထဲမှ (လူများအတွက်) ခွဲဝေထားသော ဝေစုရှိသည်။

[၂] ငရဲဘုံရဲ့ တံခါးပေါက် ခုနစ်ပေါက်ဆိုတာ ငရဲထဲကျမဲ့သူတွေ ဝင်ရောက်ရမဲ့အပေါက်လို့ ဆိုလိုသလိုပဲ သူတို့နေရမဲ့အထပ်ခုနစ်ထပ်လို့လည်း ဆိုလိုတယ်။ (အလင်းပြကျမ်း)

إِنَّ الْمُتَّقِينَ فِي جَنَّاتٍ وَعُيُونٍ ﴿٤٥﴾

(၄၅) အမှန်စင်စစ် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများကမူ[၃] ဉယျာဉ်များနှင့် စမ်းချောင်းများတွင် ရှိနေကြမည်။

[၃] မုသ်သကီကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူတွေဆိုတာ ကုဖ်ရ်၊ ရှိရ်က်တွေကနေ ရှောင်ကြဉ်တဲ့ အီမာန်ယုံကြည်သူအားလုံးကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

ادْخُلُوهَا بِسَلَامٍ آمِنِينَ ﴿٤٦﴾

(၄၆) (ကိယာမသ်နေ့တွင် သူတို့သည် ဤသို့ မိန့်ကြားခံကြရမည်) အသင်တို့သည် ထို(ဉယျာဉ်များ)ထဲသို့ ငြိမ်းချမ်းမှုဖြင့် ဘေးကင်းစွာ ဝင်ရောက်ကြပါ။

وَنَزَعْنَا مَا فِي صُدُورِهِم مِّنْ غِلٍّ إِخْوَانًا عَلَىٰ سُرُرٍ مُّتَقَابِلِينَ ﴿٤٧﴾

(၄၇) ထို့ပြင် ငါအရှင်မြတ်သည် သူတို့၏စိတ်နှလုံးများထဲ၌ (ကျန်)ရှိနေသေးသော ရန်ငြိုးကို ထုတ်ပစ်တော်မူမည်။ (သူတို့သည်) မြင့်မားသော ထိုင်ခုံများပေါ်၌ မျက်နှာချင်းဆိုင်(ထိုင်ပြီး)ညီရင်းအစ်ကိုများ ဖြစ်နေကြမည်။[၆]

[၆] လောကမှာရှိတုန်းက ကောင်းမြတ်သူတွေအချင်းချင်း မနာလိုစိတ်တွေ၊ ရန်ငြိုးတွေရှိနေခဲ့တာတွေကို အရှင်မြတ်က ဂျန္နသ်ရောက်တဲ့အခါ စိတ်နှလုံးထဲကနေ ထုတ်ပစ်လိုက်တော်မူမှာဖြစ်တယ်။

သူတို့ဟာ ညီအစ်ကို အရင်းတွေလို ဖြစ်သွားကြလိမ့်မယ်။ ပျော်ပျော်ရွှင်ရွှင် စည်းစိမ်ထဲမှာ စံစားနေ ရှံ့ပဲရှိတော့မယ်။ (အလင်းပြကျမ်း)

لَا يَمَسُّهُمْ فِيهَا نَصَبٌ وَّمَا هُمْ مِّنْهَا بِمُخْرَجِيْنَ ﴿٤٨﴾

(၄၈) ၎င်း(သုခဘုံသား)တို့အပေါ်တွင် ထို(သုခဘုံ)ထဲ၌ မည်သည့် ဒုက္ခပင်ပန်းမှုမျှ သက်ရောက်မည်မဟုတ်ပေ။ ထို့နောက် သူတို့သည် ထိုအထဲမှ နှင်ထုတ်ခံရမည်လည်း မဟုတ်ပေ။

نَبِّئْ عِبَادِيْٓ اَنِّيْٓ اَنَا الْغَفُوْرُ الرَّحِيْمُ ﴿٤٩﴾

(၄၉) အသင်(တမန်တော်)သည် ငါအရှင်မြတ်၏ကျွန်များအား သတင်း ပေးလိုက်ပါ- အမှန်စင်စစ် ငါအရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေး တော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

وَاَنَّ عَذَابِيْ هُوَ الْعَذَابُ الْاَلِيْمُ ﴿٥٠﴾

(၅၀) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်၏အပြစ်ဒဏ်သည်လည်း အလွန်ပြင်းထန်သောအပြစ်ဒဏ် ဖြစ်သည်။[❺]

❺ အရှင်မြတ်က အလွန်သနားကြင်နာတဲ့အရှင်ဖြစ်သလို အလွန်ပြင်းပြင်းထန်ထန်ပြစ်ဒဏ်ပေး တော်မူတဲ့အရှင်လည်း ဖြစ်တဲ့အတွက် အရှင်မြတ်ရဲ့ကရုဏာကို မျှော်ကိုးပြီး အရှင်မြတ်ရဲ့ပြစ်ဒဏ် ကနေ ကြောက်နေရမှာဖြစ်တယ်။ အဲဒါမှ မုအ်မင်န်ရဲ့အရည်အချင်း ဖြစ်တယ်။ (အလင်းပြကျမ်း)

وَنَبِّئْهُمْ عَنْ ضَيْفِ اِبْرٰهِيْمَ ﴿٥١﴾

(၅၁) ထို့ပြင် အသင်(တမန်တော်)သည် သူတို့အား (တမန်တော်) အိဗ်ရာဟီမ်၏ ဧည့်သည်များအကြောင်းကိုလည်း သတင်းပေးလိုက်ပါ။[❻]

❻ တမန်တော်လူသ္ဌ عليه السلام ရဲ့ အမျိုးသားတွေထဲက ဆိုးသွမ်းတဲ့သူတွေအပေါ်မှာ အပြစ်ဒဏ်ချဖို့ ရောက်ရှိလာတဲ့ ကောင်းကင်တမန်တွေဟာ တမန်တော် အိဗ်ရာဟီမ် عليه السلام ရဲ့အိမ်ကို ဧည့်သည်အဖြစ် ခဏဝင်ပြီး သားရတနာရရှိမဲ့ သတင်းကောင်းပေးသွားတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

اِذْ دَخَلُوْا عَلَيْهِ فَقَالُوْا سَلٰمًا ۗ قَالَ اِنَّا مِنْكُمْ وَجِلُوْنَ ﴿٥٢﴾

(၅၂) တစ်ခါတွင် ထိုဧည့်သည်များသည် ၎င်း(တမန်တော်အိဗ်ရာဟီမ်) ထံသို့ ဝင်ရောက်ခဲ့ကြသည်။ ထို့နောက် သူတို့က စလာမ်ငြိမ်းချမ်းသာယာမှု သက် ရောက်ပါစေဟု ပြောဆိုခဲ့ကြသည်။ ၎င်း(တမန်တော်အိဗ်ရာဟီမ်)က အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့အား စိုးရိမ်ကြပါသည်ဟု ပြောဆိုခဲ့သည်။

قَالُوْا لَا تَوْجَلْ اِنَّا نُبَشِّرُكَ بِغُلٰمٍ عَلِيْمٍ ﴿٥٣﴾

(၅၃) ထိုဧည့်သည်များက ပြောခဲ့ကြသည်- အသင်မကြောက်ပါနှင့်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား အလွန်အသိဉာဏ်ပညာနှင့်ပြည့်စုံ

သောသားတော်တစ်ပါးရရှိမည့်အကြောင်း သတင်းကောင်းပေးကြပါသည်။

قَالَ اَبَشَّرۡتُمُوۡنِیۡ عَلٰۤی اَنۡ مَّسَّنِیَ الۡكِبَرُ فَبِمَ تُبَشِّرُوۡنَ ﴿۵۴﴾

(၅၄) ၎င်း(တမန်တော်အိဗ်ရာဟီမ်)က ကျွန်ုပ်တွင် အိုမင်းရင့်ရော်မှု ဆိုက်ရောက်နေပါလျက် အသင်တို့သည် ကျွန်ုပ်အား သတင်းကောင်းပေးကြသလော၊ သို့ဖြစ်ရာ အသင်တို့သည် မည်သည့်အရာနှင့် သတင်းကောင်း ပေးနေကြသနည်းဟု ပြောဆိုမေးမြန်းခဲ့သည်။❶

❶ အိုမင်းရင့်ရော်တဲ့အရွယ်ရောက်မှ သားသမီးရမဲ့သတင်းကြားရလို့ လူ့သဘာဝအလျောက် အံ့သြတာဖြစ်တယ်။ အဲဒီနောက် အလ္လာဟ်အရှင်မြတ်ရဲ့ရဟ်မသ်ကရုဏာတော်ကို မျှော်လင့်အားကိုးတယ်ဆိုတဲ့အကြောင်း ပြောဆိုခဲ့တယ်။ (အလင်းပြကျမ်း)

قَالُوۡا بَشَّرۡنٰكَ بِالۡحَقِّ فَلَا تَكُنۡ مِّنَ الۡقٰنِطِیۡنَ ﴿۵۵﴾

(၅၅) သူတို့က ပြောဆိုခဲ့ကြသည်-ကျွန်ုပ်တို့သည် အသင့်အား အမှန်(ဖြစ်မည့်အရာ)နှင့်ပတ်သက်၍ သတင်းကောင်းပေးကြခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အသင်သည် မျှော်လင့်ချက်ကင်းမဲ့သည့်သူများထဲမှ မဖြစ်လေနှင့်။

قَالَ وَمَنۡ یَّقۡنَطُ مِنۡ رَّحۡمَةِ رَبِّهٖۤ اِلَّا الضَّآلُّوۡنَ ﴿۵۶﴾

(၅၆) ၎င်းကပြောဆိုခဲ့သည်-ထို့နောက် လမ်းလွဲသူများမှလွဲ၍ မည်သူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက်ကင်းပါမည်နည်း။ (လမ်းလွဲသူများသာ မျှော်လင့်ချက်ကင်းမဲ့ကြသည်)။

قَالَ فَمَا خَطۡبُكُمۡ اَیُّهَا الۡمُرۡسَلُوۡنَ ﴿۵۷﴾

(၅၇) ၎င်းက ဆက်လက်ပြောဆိုခဲ့သည်- အို-စေလွှတ်ခြင်းခံရသောသူများ၊ ထို့နောက် အသင်တို့သည် မည်သည့်ကိစ္စရှိပါသေးသနည်း။

قَالُوۡۤا اِنَّاۤ اُرۡسِلۡنَاۤ اِلٰی قَوۡمٍ مُّجۡرِمِیۡنَ ﴿۵۸﴾

(၅၈) သူတို့က ပြောဆိုခဲ့ကြသည်- အမှန်စင်စစ် ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်ကြသောအမျိုးသားများထံသို့ စေလွှတ်ခံကြရခြင်းဖြစ်ပါသည်။

اِلَّاۤ اٰلَ لُوۡطٍ ؕ اِنَّا لَمُنَجُّوۡهُمۡ اَجۡمَعِیۡنَ ﴿۵۹﴾

(၅၉) သို့ရာတွင် (တမန်တော်)လူသ္၏ မိသားစုမှာမူ မပါဝင်ပေ။ အမှန်စင်စစ် ကျွန်ုပ်တို့သည် သူတို့အားလုံးကို ကယ်တင်မည့်သူများဖြစ်ကြပါသည်။

اِلَّا امۡرَاَتَهٗ قَدَّرۡنَاۤ ۙ اِنَّهَا لَمِنَ الۡغٰبِرِیۡنَ ﴿۶۰﴾

(၆၀) သို့ရာတွင် (တမန်တော်)လူသ္၏ကြင်ရာမှလွဲ၍၊ ထိုကြင်ရာနှင့်ပတ်သက်၍ (အရှင်မြတ်က မိန့်တော်မူသည်) အမှန်စင်စစ် ထိုသူမသည် နောက်

ကျန်ရစ်နေကြမည့်သူများထဲ၌ တစ်ဦးအပါအဝင်ဖြစ်မည်ဟု ငါအရှင်မြတ်သတ်မှတ်တော်မူပြီးဖြစ်သည်။

فَلَمَّا جَآءَ اٰلَ لُوۡطِ ۨالۡمُرۡسَلُوۡنَ ﴿٦١﴾

(၆၁) ထို့နောက် စေလွှတ်ခြင်းခံကြရသူတို့သည် (တမန်တော်)လူသ်၏ အိမ်ထောင်စုထံသို့ ရောက်ရှိကြသောအခါ။

قَالَ اِنَّكُمۡ قَوۡمٌ مُّنۡكَرُوۡنَ ﴿٦٢﴾

(၆၂) ၎င်းက ပြောဆိုသည်- အမှန်စင်စစ် အသင်တို့သည် သူစိမ်းများပင် ဖြစ်ကြသည်။[၂]

[၂] ကျွန်ုပ်အသင်တို့ကို မမှတ်မိပါ။ အသင်တို့ ဘယ်သူတွေလဲဆိုတာ မသိရှိပါ။ (ဂျလာလိုင်န်၊ သဖ်စီရွလ်မဒါရိက်)

قَالُوۡا بَلۡ جِئۡنٰكَ بِمَا كَانُوۡا فِيۡهِ يَمۡتَرُوۡنَ ﴿٦٣﴾

(၆၃) သူတို့က ပြောဆိုခဲ့ကြသည်- ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်၏ထံသို့ သူတို့ သံသယဖြစ်နေကြသောကိစ္စကို ယူဆောင်လာခဲ့ကြခြင်းဖြစ်ပါသည်။

وَاَتَيۡنٰكَ بِالۡحَـقِّ وَاِنَّا لَصٰدِقُوۡنَ ﴿٦٤﴾

(၆၄) ထို့ပြင် ကျွန်ုပ်တို့သည် အသင်၏ထံသို့ အမှန်ဖြစ်မည့်ကိစ္စကို ယူဆောင်လာခဲ့ကြပါသည်။ ထို့ပြင် အမှန်ပင် ကျွန်ုပ်တို့သည် အမှန်ပြောဆိုသူများဖြစ်ကြပါသည်။

فَاَسۡرِ بِاَهۡلِكَ بِقِطۡعٍ مِّنَ الَّيۡلِ وَاتَّبِعۡ اَدۡبَارَهُمۡ وَلَا يَلۡتَفِتۡ مِنۡكُمۡ اَحَدٌ وَّامۡضُوۡا حَيۡثُ تُؤۡمَرُوۡنَ ﴿٦٥﴾

(၆၅) သို့ဖြစ်ရာ အသင်သည် အသင်၏အိမ်သူအိမ်သားများအား ည၏ အစိတ်အပိုင်းတစ်စုံတစ်ခု (အချိန်တစ်ချိန်)တွင် ခေါ်ဆောင်ပြီး ထွက်ခွာသွားပါ။[၃] ထို့နောက် အသင်သည် သူတို့၏နောက်မှလိုက်သွားပါ။ ၎င်းနောက် အသင်တို့ထဲမှ မည်သူမျှ နောက်ပြန်လှည့်မကြည့်ရပေ။ ၎င်းနောက် အသင်တို့သည် အသင်တို့အမိန့်ပေးခြင်းခံရသောနေရာထံသို့သာ သွားကြပါ။

[၃] အိပ်စက်အနားယူခိုင်းတဲ့အချိန်ထွက်ခိုင်းခြင်းဟာ သူတို့သွားရာလမ်းကြောင်းကို ဘယ်သူမှ မသိစေဖို့ဖြစ်တယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

وَقَضَيۡنَاۤ اِلَيۡهِ ذٰلِكَ الۡاَمۡرَ اَنَّ دَابِرَ هٰٓؤُلَاۤءِ مَقۡطُوۡعٌ مُّصۡبِحِيۡنَ ﴿٦٦﴾

(၆၆) ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)လူသ်ထံသို့ ယင်းအမိန့်ဆုံးဖြတ်ချက်ကို (ဤသို့) ပေးပို့တော်မူခဲ့သည်- "အမှန်စင်စစ် ဤမြို့သားများ၏ အခြေအမြစ်သည် နံနက်မိုးလင်းချိန်တွင် ဖြတ်တောက်ပြီးဖြစ်လိမ့်မည်။"

وَجَآءَ اَهۡلُ الۡمَدِيۡنَةِ يَسۡتَبۡشِرُوۡنَ ﴿٦٧﴾

(၆၇) ထို့နောက် မြို့သားများသည် ဝမ်းမြောက်ဝမ်းသာစွာ လာခဲ့ကြသည်။

قَالَ اِنَّ هٰٓؤُلَاۤءِ ضَيۡفِىۡ فَلَا تَفۡضَحُوۡنِۙ ﴿٦٨﴾

(၆၈) ၎င်း(တမန်တော်လူသ်)က ပြောဆိုခဲ့သည်- အမှန်စင်စစ် ဤသူများသည် ငါ၏ဧည့်သည်များပင် ဖြစ်ကြသည့်အတွက် အသင်တို့သည် ငါ့အား အရှက်မခွဲကြနှင့်။

وَاتَّقُوا اللّٰهَ وَلَا تُخۡزُوۡنِ ﴿٦٩﴾

(၆၉) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထို့ပြင် အသင်တို့သည် ငါ့အား သေးသိမ်အောင်မပြုကြနှင့်။

قَالُوۡۤا اَوَلَمۡ نَنۡهَكَ عَنِ الۡعٰلَمِيۡنَ ﴿٧٠﴾

(၇၀) ၎င်း(မြို့သား)တို့က ပြောဆိုခဲ့ကြသည်- ကျွန်ုပ်တို့သည် အသင့်အား စကြဝဠာအပေါင်းမှ (လူအများတည်းမခိုကြရန်) တားမြစ်ထားခဲ့ကြသည် မဟုတ်လော။

قَالَ هٰٓؤُلَاۤءِ بَنٰتِىۡۤ اِنۡ كُنۡتُمۡ فٰعِلِيۡنَؕ ﴿٧١﴾

(၇၁) ၎င်းက ပြောဆိုခဲ့သည်- အကယ်၍ အသင်တို့သည် အမှန်ပင် ပြုလုပ်ကြတော့မည့်သူများဖြစ်ကြလျှင် ဤသည် ငါ၏သမီးများပင်၊ (အသင်တို့သည် သူမတို့နှင့် ထိမ်းမြားနိုင်ကြသည်)။

لَعَمۡرُكَ اِنَّهُمۡ لَفِىۡ سَكۡرَتِهِمۡ يَعۡمَهُوۡنَ ﴿٧٢﴾

(၇၂) (အို- တမန်တော်မုဟမ္မဒ်) အသင်၏ အသက်ဝိညာဉ်ကို တိုင်တည်ပြောဆိုသည်၊❻ အမှန်စင်စစ် သူတို့သည် သူတို့၏မူးယစ်မှု(မာန်တက်မှု) ထဲ၌ပင် တွေဝေနေကြသည်။

❻ ဖန်ဆင်းရှင်ဟာ အရှင်မြတ်အလိုရှိတော်မူတဲ့သူနဲ့ရော၊ အလိုရှိတော်မူတဲ့အရာနဲ့ပါ ကျိန်ဆိုနိုင်တယ်။ ဖန်ဆင်းခံအတွက်ကျတော့ အလ္လာဟ်အရှင်မြတ်ကလွဲပြီး ဘယ်အရာနဲ့မှ ကျိန်ဆိုပိုင်ခွင့်မရှိဘူး။ အရှင်မြတ်ဟာ တမန်တော်မြတ် ﷺ ကို ဂုဏ်ပြုတဲ့အနေနဲ့ တမန်တော်မြတ် ﷺ ရဲ့သက်တမ်းရှင်သန်မှုကို ကျိန်ဆိုလိုက်တာဖြစ်တယ်။ (အိဗ်နုကဆီးရ်) အရှင်မြတ်ဟာ တချို့အဓိကကျ အရေးကြီးတဲ့အရာတွေနဲ့လည်း ကျိန်ဆိုတော်မူလေ့ရှိတယ်။ ဥပမာ - အစ္စရ်၊ ကုရ်အာန်ကျမ်းတော်မြတ်၊ ကလောင် စတာတွေဖြစ်တယ်။ အဲဒီအရာတွေအပေါ်မှာ စိတ်ထားဖြူစင်တဲ့လူသားဟာ စဉ်းစားမယ်ဆိုရင် သောင်ဟီဒ်ရဲ့မှန်ကန်မှုကို ထင်ထင်ရှားရှားတွေ့ရမှာ ဖြစ်တယ်။

(အသ်သိဗ်ယာန ဖီအုလူးမိလ်ကုရ်အာန်၊ အဟ်ကာမွလ်ကုရ်အာန် - အိမာမ်ရာဖိအီ)

فَاَخَذَتۡهُمُ الصَّيۡحَةُ مُشۡرِقِيۡنَۙ ﴿٧٣﴾

(၇၃) သို့ဖြစ်ရာ ကျယ်လောင်သောအသံသည် သူတို့အား နေထွက်ချိန်

၌ ဖမ်းဆီးကွပ်မျက်ခဲ့သည်။

فَجَعَلْنَا عَالِيَهَا سَافِلَهَا وَأَمْطَرْنَا عَلَيْهِمْ حِجَارَةً مِّن سِجِّيلٍ ﴿٧٤﴾

(၇၄) ထို့နောက် ငါအရှင်မြတ်သည် ထိုမြို့၏ မြေမျက်နှာပြင်အပေါ်ပိုင်းကို အောက်ပိုင်းပြုလုပ်တော်မူခဲ့သည်။ (အထက်အောက်လှန်လိုက်တော်မူသည်)။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အပေါ်တွင် ရွှံ့စေးဖြင့် ပြုလုပ်ထားသော ကျောက်ခဲများကို ရွာသွန်းစေတော်မူခဲ့သည်။

إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّلْمُتَوَسِّمِينَ ﴿٧٥﴾

(၇၅) အမှန်စင်စစ် ထိုအထဲတွင် စဉ်းစားဆင်ခြင်တတ်သူများအတွက် သက်သေလက္ခဏာများ အမှန်စင်စစ်ရှိသည်။

وَإِنَّهَا لَبِسَبِيلٍ مُّقِيمٍ ﴿٧٦﴾

(၇၆) ထို့ပြင် အမှန်စင်စစ် ထို(မြို့ရွာ)သည် စည်ကားနေသောလမ်းတွင် အမှန်ပင် တည်ရှိသည်။

إِنَّ فِي ذَٰلِكَ لَآيَةً لِّلْمُؤْمِنِينَ ﴿٧٧﴾

(၇၇) အမှန်စင်စစ် ထိုအထဲတွင် မုအ်မင်န်ယုံကြည်သူများအတွက် သက်သေလက္ခဏာ အမှန်ပင်ရှိသည်။

وَإِن كَانَ أَصْحَابُ الْأَيْكَةِ لَظَالِمِينَ ﴿٧٨﴾

(၇၈) ထို့ပြင် အမှန်စင်စစ် တောအုပ်တွင် နေထိုင်သောသူများသည်လည်း❶ မတရားကျူးလွန်သူများဖြစ်ကြသည်။

❶ တောအုပ်မှာ နေထိုင်သူတွေဆိုတာ တမန်တော်ရှုအိုင်ဗ်ﷺရဲ့အမျိုးသားတွေကို ဆိုလိုတယ်။ အဲဒီထဲက တချို့ဟာ မဒ်ယန်မြို့မှာ နေထိုင်ခဲ့ကြပြီး တချို့ဟာ အဲဒီမြို့နားက တောအုပ်မှာ နေထိုင်ခဲ့ကြတယ်။ အုပ်စုနှစ်ခုလုံးအတွက် စေလွှတ်ခံရတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَانتَقَمْنَا مِنْهُمْ وَإِنَّهُمَا لَبِإِمَامٍ مُّبِينٍ ﴿٧٩﴾

(၇၉) သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့ကို တန်ပြန်အရေးယူတော်မူခဲ့သည်။ ထို့ပြင် အမှန်စင်စစ် ထိုမြို့ရွာနှစ်ခုစလုံးသည် ထင်ရှားသောလမ်းမပေါ်၌ အမှန်ပင်ရှိနေကြသည်။

وَلَقَدْ كَذَّبَ أَصْحَابُ الْحِجْرِ الْمُرْسَلِينَ ﴿٨٠﴾

(၈၀) ထို့ပြင် အမှန်စင်စစ် ဟိဂ်ျရ်တွင် နေထိုင်သောသူများသည်လည်း❷ စေလွှတ်ခြင်းခံရသော တမန်တော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည်။

J ဟိဂ်ျရ်မှာ နေထိုင်တဲ့သူတွေဆိုတာ ဆမူဒ်လူမျိုးတွေကို ခေါ်တယ်။ သူတို့ထံကို တမန်တော် စွာလိဟ် ﷺ ဟာ စေလွှတ်ခြင်းခံခဲ့ရတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاٰتَيۡنٰهُمۡ اٰيٰتِنَا فَكَانُوۡا عَنۡهَا مُعۡرِضِيۡنَ ﴿٨١﴾

(၈၁) ထို့ပြင် ငါအရှင်မြတ်သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို သူတို့အား ပေးသနားတော်မူခဲ့သည်။ ထို့နောက် သူတို့သည် ထိုသက်သေလက္ခဏာတော်များမှ မျက်နှာလွှဲဖယ်သူများပင်ဖြစ်ခဲ့ကြသည်။

وَكَانُوۡا يَنۡحِتُوۡنَ مِنَ الۡجِبَالِ بُيُوۡتًا اٰمِنِيۡنَ ﴿٨٢﴾

(၈၂) ထို့ပြင် သူတို့သည် တောင်များကို အိမ်များအဖြစ် ဖောက်ထွင်း၍ ငြိမ်းချမ်းစွာ နေထိုင်နေခဲ့ကြသည်။

فَاَخَذَتۡهُمُ الصَّيۡحَةُ مُصۡبِحِيۡنَ ﴿٨٣﴾

(၈၃) ထို့နောက် သူတို့အား နံနက်မိုးလင်းချိန်တွင် ကျယ်လောင်သော အသံက ဖမ်းဆီးကွပ်မျက်ခဲ့သည်။

فَمَاۤ اَغۡنٰى عَنۡهُمۡ مَّا كَانُوۡا يَكۡسِبُوۡنَ ﴿٨٤﴾

(၈၄) သို့ဖြစ်ရာ သူတို့ရှာဖွေဆည်းပူးခဲ့သမျှသည် သူတို့အတွက် အသုံးမဝင်ခဲ့ပေ။

وَمَا خَلَقۡنَا السَّمٰوٰتِ وَالۡاَرۡضَ وَمَا بَيۡنَهُمَاۤ اِلَّا بِالۡحَـقِّ ؕ وَاِنَّ السَّاعَةَ لَاٰتِيَةٌ فَاصۡفَحِ الصَّفۡحَ الۡجَمِيۡلَ ﴿٨٥﴾

(၈၅) ထို့ပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီသာမက ထိုမိုးနှင့်မြေစပ်ကြားတွင်ရှိသမျှအရာများကိုလည်း မှန်ကန်သောရည်ရွယ်ချက်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အမှန်စင်စစ် ကိယာမသ်သည် အမှန်ပင် ဆိုက်ရောက်လာမည်ဖြစ်သည်။ သို့ဖြစ်ရာ အသင်(တမန်တော်)သည် (သူတို့၏နှောင့်ယှက်မှုများအား) ကောင်းသောခွင့်လွှတ်နည်းဖြင့် ခွင့်လွှတ်လိုက်ပါ။

اِنَّ رَبَّكَ هُوَ الۡخَلّٰقُ الۡعَلِيۡمُ ﴿٨٦﴾

(၈၆) အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည်ပင် (အရာအားလုံးကို) အကြိမ်ကြိမ်ဖန်ဆင်းတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

وَلَقَدۡ اٰتَيۡنٰكَ سَبۡعًا مِّنَ الۡمَثَانِىۡ وَالۡقُرۡاٰنَ الۡعَظِيۡمَ ﴿٨٧﴾

(၈၇) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား အကြိမ်ကြိမ်

အဖန်ဖန်ရွတ်ဖတ်ရသော (အာယသ်တော်)ခုနစ်ပိုဒ်နှင့်❸ အလွန်ကြီးကျယ်မြင့်မြတ်လှသော ကုရ်အာန်ကျမ်းတော်မြတ်ကို ပေးသနားတော်မူခဲ့သည်။

❸ အကြိမ်ကြိမ်ရွတ်ဖတ်ရတဲ့ ခုနစ်ပါးဆိုတာ စူရဟ်ဖာသိဟဟ်ကို ဆိုလိုတယ်။ အဲဒီထဲမှာ အာယသ်တော်ခုနစ်ခုပါဝင်တယ်။ မြင့်မြတ်တဲ့ ကုရ်အာန်ကျမ်းတော်မြတ်ဆိုတာလည်း ဒီနေရာမှာ စူရဟ်ဖာသိဟဟ်ကိုပဲ ဆိုလိုတယ်။ (အွတ်ဆ်မာနီ၊ အလင်းပြကျမ်း)

لَا تَمُدَّنَّ عَيۡنَيۡكَ اِلٰى مَا مَتَّعۡنَا بِهٖۤ اَزۡوَاجًا مِّنۡهُمۡ وَ لَا تَحۡزَنۡ عَلَيۡهِمۡ وَ اخۡفِضۡ جَنَاحَكَ لِلۡمُؤۡمِنِيۡنَ ﴿۸۸﴾

(၈၈) အသင်(တမန်တော်)သည် အကြင်အရာများဘက်သို့ လုံးဝမော်မကြည့်လေနှင့်၊❹ ထိုအရာများအား ငါအရှင်မြတ်သည် ယင်း(ကာဖိရ်)တို့ထဲမှ လူအမျိုးမျိုးကို စည်းစိမ်ခံရန် ပေးထားတော်မူခဲ့သည်။ ၎င်းနောက် အသင်(တမန်တော်)သည် သူတို့အပေါ်တွင် ဝမ်းနည်းပူဆွေးမှုမဖြစ်လေနှင့်၊❺ ၎င်းနောက် အသင်သည် အသင်၏ပုခုံးအား ယုံကြည်သူများအတွက် နှိမ့်ချ(သနားကြင်နာ)ပါ။

❹ မွတ်စ်လင်မ်မဟုတ်တဲ့သူတွေကို ခဏတာအတွက် စည်းစိမ်တွေ ပေးထားတော်မူတာကို မော်ကြည့်တာကနေ၊ စိတ်ဝင်စားတာကနေ တားမြစ်ထားတာဖြစ်တယ်။ အရှင်မြတ်က မွတ်စ်လင်မ်တွေကို အကောင်းဆုံး၊ အမွန်မြတ်ဆုံး၊ အကျိုးအများဆုံးဖြစ်တဲ့ ကုရ်အာန်ကျမ်းတော်မြတ်ကို ဆုအဖြစ်ပေးထားတာဖြစ်တယ်။ အဲဒီကုရ်အာန်ရဲ့ရှေ့မှာ တခြားအရာတွေဟာ ဖုန်၊ ဖွဲလိုပဲဖြစ်တယ်။ တမန်တော်မြတ် ﷺ က အမိန့်ရှိတော်မူတယ် - "အကြင်သူတစ်ဦးဟာ ကုရ်အာန်ကျမ်းတော်မြတ်ပေးသနားခြင်းခံရပါလျက်နဲ့ အခြားလောကီစည်းစိမ်တစ်ခုခုကို မက်မောလိုလားနေသေးရင် အဲဒီသူဟာ အကြီးကို အငယ်၊ အငယ်ကို အကြီးလုပ်သူဖြစ်တယ်"။(အလင်းပြကျမ်း) ❺ အဲဒီလို စည်းစိမ်ပေးခြင်းခံရတဲ့ ကာဖိရ် မုရှ်ရိက်တွေကို ဘာဖြစ်လို့ အီမာန်ပေးခြင်းမခံရတာပါလဲလို့ တွေးပြီး ပူဆွေးနေတာကနေ အရှင်မြတ်က တားထားတာဖြစ်တယ်။ တကယ်သနားရမှာက စည်းစိမ်ပေးခြင်းမခံရတဲ့ မွတ်စ်လင်မ်တွေကိုပဲဖြစ်တယ်။ (အလင်းပြကျမ်း)

وَقُلۡ اِنِّىۡۤ اَنَا النَّذِيۡرُ الۡمُبِيۡنُ ﴿۸۹﴾

(၈၉) ထို့ပြင် (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်စင်စစ် ငါသည် ထင်ရှားစွာ သတိပေးနှိုးဆော်သူပင်❻ ဖြစ်သည်။

❻ ဘယ်သူလက်ခံခံ၊ လက်မခံခံ အသင့်ရဲ့တာဝန်ဟာ သတိပေးနှိုးဆော်ဖို့ပဲဖြစ်တယ်။ (အလင်းပြကျမ်း)

كَمَاۤ اَنۡزَلۡنَا عَلَى الۡمُقۡتَسِمِيۡنَ ﴿۹۰﴾

(၉၀) ငါအရှင်မြတ်သည် (ချပေးတော်မူထားသော ကျမ်းဂန်အချို့ကို လက်ခံပြီး အချို့ကို ငြင်းပယ်) ခွဲဝေသူများအပေါ်တွင် (ပြစ်ဒဏ်)ချပေးတော်မူခဲ့သကဲ့သို့ (သူတို့အပေါ်တွင်လည်း အပြစ်ဒဏ်ချပေးတော်မူမည်)။❼

❼ ကုရ်အာန်ကို အစိတ်စိတ်ဖြစ်အောင် အမျိုးမျိုးပြောပြီး ခွဲစိတ်တဲ့သူတွေကို ဆိုလိုတယ်။ (အိဗ်နုကသီးရ်)

الَّذِيْنَ جَعَلُوا الْقُرْاٰنَ عِضِيْنَ ﴿٩١﴾

(၉၁) အကြင်သူများသည် ကုရ်အာန်ကျမ်းတော်မြတ်ကို အစိတ်စိတ် အပိုင်းပိုင်း ပြုလုပ်ခဲ့ကြသည်။❶

❶ အတိတ်ခေတ်က ကျမ်းဂန်ရတဲ့သူတွေ(ယဟူဒီ၊ နတ်စ္စရာနီတွေ)ဟာ သူတို့စိတ်နဲ့ တိုက်ဆိုင်တာကို လက်ခံပြီး သူတို့မကြိုက်တာကို လက်မခံဘဲ ပစ်ပယ်ထားလေ့ရှိခဲ့ကြတယ်။ အဲဒါကြောင့် သူတို့ရဲ့ကျမ်းဂန်ကို သူတို့လိုသလို အစိတ်စိတ်အပိုင်းပိုင်းပြုလုပ်ကြတယ်လို့ ဆိုလိုတာဖြစ်တယ်။ (အာစားန် သရ်ဂျူမဟ်၊ အလင်းပြကျမ်း)

فَوَرَبِّكَ لَنَسْـَٔلَنَّهُمْ اَجْمَعِيْنَ ﴿٩٢﴾

(၉၂) သို့ဖြစ်ရာ အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား တိုင်တည်ပြောဆိုသည်၊ အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အားလုံးကို အမှန်ပင် စစ်ဆေးမေးမြန်းတော်မူမည်။

عَمَّا كَانُوْا يَعْمَلُوْنَ ﴿٩٣﴾

(၉၃) သူတို့ ပြုမူခဲ့သောကိစ္စများနှင့်ပတ်သက်၍။

فَاصْدَعْ بِمَا تُؤْمَرُ وَاَعْرِضْ عَنِ الْمُشْرِكِيْنَ ﴿٩٤﴾

(၉၄) သို့ဖြစ်ရာ အသင်(တမန်တော်)သည် အသင်အမိန့်ပေးခြင်းခံရသောအကြောင်းအရာကို အတိအလင်း ကြေညာလိုက်ပါ။❷ ထို့ပြင် အသင်သည် မုရှ်ရိက်များအား လျစ်လျူရှုထားလိုက်ပါ။

❷ ပွင့်ပွင့်လင်းလင်း ဒအ်ဝသ်လုပ် ဟောကြားခိုင်းတဲ့အမိန့် ဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّا كَفَيْنٰكَ الْمُسْتَهْزِءِيْنَ ﴿٩٥﴾

(၉၅) အမှန်စင်စစ် ငါအရှင်မြတ်သည် ပြောင်လှောင်သောသူများအား (ဆန့်ကျင်ရန်)အသင့်အတွက် လုံလောက်တော်မူသည်။

الَّذِيْنَ يَجْعَلُوْنَ مَعَ اللّٰهِ اِلٰهًا اٰخَرَ ۚ فَسَوْفَ يَعْلَمُوْنَ ﴿٩٦﴾

(၉၆) အကြင်သူများသည် အလ္လာဟ်အရှင်မြတ်နှင့်အတူ အခြား ကိုးကွယ်ရာများအား (တွဲဖက်ကိုးကွယ်မှု)ပြုလုပ်ကြသည်။ သို့ဖြစ်ရာ ထိုသူများသည် (သူတို့လုပ်ရပ်၏အကျိုးကို) မကြာမီ သိရှိကြလိမ့်မည်။

وَلَقَدْ نَعْلَمُ اَنَّكَ يَضِيْقُ صَدْرُكَ بِمَا يَقُوْلُوْنَ ﴿٩٧﴾

(၉၇) ထို့ပြင် အမှန်စင်စစ် သူတို့၏ပြောဆိုမှုကြောင့် အသင်၏စိတ်နှလုံးကျဉ်းကျပ်သည်ကို အမှန်ပင် ငါအရှင်မြတ် သိရှိတော်မူသည်။

فَسَبِّحْ بِحَمْدِ رَبِّكَ وَكُنْ مِّنَ السّٰجِدِيْنَ ﴿٩٨﴾

(၉၈) သို့ဖြစ်ရာ အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ချီးမွမ်းမှုနှင့်အတူ သန့်ရှင်းစင်ကြယ်ကြောင်း ပြောဆိုပါ။ ထို့ပြင် အသင်သည် စဂ်ျဒဟ်ဦးချသူများထဲ၌ အပါအဝင်ဖြစ်လိုက်ပါ။❷

❷ သူတို့ရဲ့ နှောင့်ယှက်ပြောဆိုမှုတွေကြောင့် စိတ်ကျဉ်းကျပ်မှု ပြေပျောက်ဖို့ အရှင်မြတ်ရဲ့ ဂုဏ်တော်တွေကို ချီးမွမ်းနေခိုင်းတာဖြစ်တယ်။ အဲဒါကြောင့် တမန်တော်မြတ် ﷺ ဟာ စိတ်ဒုက္ခရောက်တိုင်း စွလာသ်ဝတ်ပြုလေ့ရှိတယ်။ (အလင်းပြကျမ်း)

وَاعْبُدْ رَبَّكَ حَتّٰى يَأْتِيَكَ الْيَقِيْنُ ﴿٩٩﴾

(၉၉) ထို့ပြင် အသင်သည် အသင့်ထံသို့ အမှန်ဖြစ်မည့်ကိစ္စ (သေခြင်းတရား)ရောက်လာသည်အထိ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို (အမြဲ)ကိုးကွယ်နေပါ။❻

❻ အရှင်မြတ်ကလည်း သေတဲ့အထိ ကိုးကွယ်မှုပြုခိုင်းထားတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

ركوعاتها ١٦ ١٦ سُوْرَةُ النَّحْلِ مَكِّيَّةٌ ٧٠ اٰياتها ١٢٨

## စူရဟ် နဟ်လ် (ပျားကောင်ကဏ္ဍ) سُوْرَةُ النَّحْلِ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اَتٰۤى اَمْرُ اللّٰهِ فَلَا تَسْتَعْجِلُوْهُ ؕ سُبْحٰنَهٗ وَتَعٰلٰى عَمَّا يُشْرِكُوْنَ ﴿١﴾

(၁) အလ္လာဟ်အရှင်မြတ်၏အမိန့်တော်သည် ရောက်လာခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုအမိန့်တော်ကို အလျင်စလို မတောင်းကြနှင့်။[၅] အရှင်မြတ်သည် ၎င်း(မုရှ်ရိက်)တို့ တွဲဖက်ကိုးကွယ်သောအရာများမှ သန့်ရှင်းစင်ကြယ်ပြီး အလွန်မြင့်မားထွတ်မြတ်လှတော်မူသည်။

[၅] အရှင်မြတ်အမိန့်ရှိထားတာတွေဟာ ရောက်ရှိလာမှာပဲဖြစ်တဲ့အတွက် အလျင်စလို တောင်းဆိုကြတာကနေ တားမြစ်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

يُنَزِّلُ الْمَلٰۤئِكَةَ بِالرُّوْحِ مِنْ اَمْرِهٖ عَلٰى مَنْ يَّشَآءُ مِنْ عِبَادِهٖۤ اَنْ اَنْذِرُوْۤا اَنَّهٗ لَاۤ اِلٰهَ اِلَّاۤ اَنَا فَاتَّقُوْنِ ﴿٢﴾

(၂) အရှင်မြတ်သည် အရှင်မြတ်၏အမိန့်တော်ဖြင့် အရှင်မြတ်၏ကျွန်များထဲမှ အလိုရှိသောသူများထံသို့ ကောင်းကင်တမန်များကို[၆] ဝဟီအမိန့်တော်နှင့်တကွ[၇] ဆင်းသက်စေတော်မူသည်။ (ထိုအမိန့်တော်မှာ) "အသင်တို့သည် အမှန်စင်စစ် ငါအရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ထိုက်သည့်အရှင် လုံးဝမရှိပေ၊ ငါအရှင်မြတ်ကိုပင် ကြောက်ရွံ့ကြရမည်ဟု သတိပေးနှိုးဆော်ကြပါ" (ဟူ၍ဖြစ်သည်။)

[၆] ကောင်းကင်တမန်တော် ဂျိဗ်ရီလ် عليه السلام နဲ့ ဝဟီကို ပို့ဆောင်တဲ့ စေတမန်တွေကို ဆိုလိုတယ်။ (အွတ်ဆ်မာနီ၊ အလင်းပြကျမ်း)။ [၇] ဒီအာယသ်မှာပါဝင်တဲ့ ရူဟ်ဝိညာဉ်ဆိုတာ ဝဟီအမိန့်တော်ပို့ချမှုကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

خَلَقَ السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ ؕ تَعٰلٰى عَمَّا يُشْرِكُوْنَ ﴿٣﴾

(၃) အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို မှန်ကန်သော ရည်ရွယ်ချက်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။[၈] အရှင်မြတ်သည် သူတို့တွဲဖက်ကိုးကွယ်နေသောအရာများထက် အလွန်မြင့်မားထွတ်မြတ်လှတော်မူသည်။

[၈] စကြဝဠာကြီးကို အရှင်မြတ် ဖန်ဆင်းတော်မူကြောင်း သိရှိနိုင်ဖို့ ရည်ရွယ်ချက်ရှိရှိ ဖန်ဆင်းထားတာဖြစ်တယ်။ အဲဒါကြောင့် စကြဝဠာကို ကြည့်ပြီး စဉ်းစားလိုက်တာနဲ့ စီမံခန့်ခွဲနေတဲ့အရှင်ဟာ တစ်ပါးတည်းပဲရှိတယ်၊ စစ်မှန်တဲ့ ကိုးကွယ်ခံထိုက်သူဖြစ်တယ်ဆိုတာ ထင်ထင်ရှားရှား ပေါ်လွင်

လျက်ရှိတယ်။ (အလင်းပြကျမ်း)

خَلَقَ الْاِنْسَانَ مِنْ نُّطْفَةٍ فَاِذَا هُوَ خَصِيْمٌ مُّبِيْنٌ ﴿٤﴾

(၄) အရှင်မြတ်သည် လူသားကို သုက်ရည်တစ်စက်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ သို့ဖြစ်ပါလျက် သူသည် ရတ်တရက် ထင်ရှားသောပြိုင်ဘက်ဖြစ်လာသည်။

وَالْاَنْعَامَ خَلَقَهَا ۚ لَكُمْ فِيْهَا دِفْءٌ وَّمَنَافِعُ وَمِنْهَا تَاْكُلُوْنَ ﴿٥﴾

(၅) ထို့ပြင် အရှင်မြတ်သည် ခြေလေးချောင်းတိရစ္ဆာန်များကိုလည်း ဖန်ဆင်းတော်မူခဲ့သည်။ အသင်တို့အတွက် ၎င်း(ခြေလေးချောင်းတိရစ္ဆာန်များ) တွင် အနွေးထည်နှင့် အခြားအကျိုးများလည်းရှိသည်။ ထို့ပြင် အသင်တို့သည် ၎င်း(ခြေလေးချောင်းတိရစ္ဆာန်များ)ထဲမှပင် စားသုံးကြသည်။

وَلَكُمْ فِيْهَا جَمَالٌ حِيْنَ تُرِيْحُوْنَ وَحِيْنَ تَسْرَحُوْنَ ﴿٦﴾

(၆) ထို့ပြင် ၎င်း(ခြေလေးချောင်းတိရစ္ဆာန်များ)ထဲ၌ အသင်တို့သည် (၎င်းတို့အား) ညနေတွင် စားကျက်မှ (ခြံသို့) ပြန်သွင်းလာကြသောအချိန်နှင့် အသင်တို့သည် နံနက် စားကျက်သို့ လွှတ်ကြသောအချိန်တွင် အသင်တို့အတွက် နှစ်သက်ကြည်နူးစရာအလှအပလည်းရှိသည်။

وَتَحْمِلُ اَثْقَالَكُمْ اِلٰى بَلَدٍ لَّمْ تَكُوْنُوْا بٰلِغِيْهِ اِلَّا بِشِقِّ الْاَنْفُسِ ۗ اِنَّ رَبَّكُمْ لَرَءُوْفٌ رَّحِيْمٌ ﴿٧﴾

(၇) ထို့ပြင် ၎င်း(ခြေလေးချောင်းတိရစ္ဆာန်များ)သည် အသင်တို့၏ဝန်စည်များကိုလည်း အသင်တို့ အလွန်ခဲယဉ်းစွာဖြင့် ရောက်ရှိနိုင်ကြသော မြို့ရွာများဆီသို့သယ်ပိုးပေးမှုကိုလည်း ပြုလုပ်ကြသည်။ အမှန်စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလွန်နူးညံ့သိမ်မွေ့တော်မူသော အရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

وَّالْخَيْلَ وَالْبِغَالَ وَالْحَمِيْرَ لِتَرْكَبُوْهَا وَزِيْنَةً ۗ وَيَخْلُقُ مَا لَا تَعْلَمُوْنَ ﴿٨﴾

(၈) ထို့ပြင် မြင်း၊ လားနှင့် မြည်းတိရစ္ဆာန်များကိုလည်း အသင်တို့သည် သူတို့အား စီးနင်းကြရန်အတွက်နှင့် လှပတင့်တယ်မှုရှိစေရန်အတွက် ❶(ဖန်ဆင်းတော်မူခဲ့သည်)။ ထို့ပြင် အရှင်မြတ်သည် အသင်တို့ မသိကြသောအရာများကိုလည်း ဖန်ဆင်းတော်မူသည်။❷

❶ အတိတ်ခေတ်က မြင်းတွေ၊ မြည်းတွေကို အရှင်သခင်တွေအဖြစ် တချို့ အရေပ်(မုရှ်ရိက်)တွေဟာ ကိုးကွယ်ခဲ့ကြတယ်။ တကယ်တော့ အရှင်မြတ်က အဲဒီတိရစ္ဆာန်တွေကို ကိုးကွယ်ဖို့ ဖန်ဆင်းတော်မူတာမဟုတ်ဘဲ စီးနင်းအသုံးပြုဖို့နဲ့ အလှအပအတွက် ဖန်ဆင်းတော်မူထားတာဖြစ်တယ်။ (အလင်းပြကျမ်း) ❷ လူသားတွေမသိသေးတဲ့ အစီးအနင်းတွေကို အရှင်မြတ်က ဖန်ဆင်းတော်မူ

တယ်လို့ ဆိုထားတဲ့အတွက် ကမ္ဘာပျက်မဲ့နေ့ထိ အစီးအနင်းအသစ်အဆန်းတွေဟာ ပေါ်ပေါက်လာနေဦးမှာဖြစ်ကြောင်း အရှင်မြတ်က ကြိုတင်သတင်းပေးလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَعَلَى اللَّهِ قَصْدُ السَّبِيلِ وَمِنْهَا جَائِرٌ ۚ وَلَوْ شَاءَ لَهَدَاكُمْ أَجْمَعِينَ ﴿٩﴾

(၉) ထို့ပြင် ဖြောင့်မတ်သောလမ်းကို ပြသရန်မှာ အလ္လာဟ်အရှင်မြတ် အပေါ်၌သာ မူတည်သည်။ ၎င်းနောက် ထိုလမ်းများထဲ၌ ကွေ့ကောက်သောလမ်းလည်းရှိသည်။ ထို့ပြင် အရှင်မြတ်အလိုရှိတော်မူလျှင် အသင်တို့အားလုံးကို အမှန်ပင် လမ်းမှန်ပေါ်ရောက်အောင် ပို့ဆောင်ညွှန်ကြားပြသတော်မူခဲ့လိုက်ပြီးဖြစ်သည်။❷

❷ အရှင်မြတ်ဟာ အလိုရှိတော်မူရင် လူသားအားလုံးကို လမ်းမှန်ရောက်အောင်ပို့ဆောင်ညွှန်ကြားပြသတော်မူခဲ့မှာဖြစ်တယ်။ ဒါပေမဲ့ အရှင်မြတ်ဟာ အတင်းအကျပ် ပြုလုပ်လိုတဲ့ ရည်ရွယ်ချက်မရှိတဲ့အတွက် လူသားတွေထဲက လိုလားတဲ့သူကိုပဲ လမ်းမှန်ရောက်အောင်ပို့ဆောင်ညွှန်ကြားပြသတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

هُوَ الَّذِي أَنزَلَ مِنَ السَّمَاءِ مَاءً ۖ لَّكُم مِّنْهُ شَرَابٌ وَمِنْهُ شَجَرٌ فِيهِ تُسِيمُونَ ﴿١٠﴾

(၁၀) အရှင်မြတ်ပင် အသင်တို့အတွက် မိုးကောင်းကင်မှ မိုးရေကို ချပေးတော်မူသည်။ ၎င်း(ရေ)မှပင် အသင်တို့သည် သောက်သုံးကြသည်။ ထို့နောက် ၎င်း(ရေ)ကြောင့်ပင် အပင်များ ပေါက်ရောက်သည်။ အသင်တို့သည် ထိုအပင်များ၌ပင် (တိရစ္ဆာန်များကို)ထိန်းကျောင်းကြသည်။

يُنبِتُ لَكُم بِهِ الزَّرْعَ وَالزَّيْتُونَ وَالنَّخِيلَ وَالْأَعْنَابَ وَمِن كُلِّ الثَّمَرَاتِ ۗ إِنَّ فِي ذَٰلِكَ لَآيَةً لِّقَوْمٍ يَتَفَكَّرُونَ ﴿١١﴾

(၁၁) အရှင်မြတ်သည် အသင်တို့(အကျိုး)အတွက် ၎င်း(ရေ)ဖြင့် ကောက်ပဲသီးနှံများ၊ သံလွင်ပင်များ၊ စွန်ပလွံပင်များ၊ စပျစ်ပင်များနှင့် သီးနှံမျိုးစုံတို့အား ပေါက်ရောက်စေတော်မူသည်။ အမှန်စင်စစ် ထိုအထဲ၌ စဉ်းစားဆင်ခြင်သူများအတွက် အမှန်ပင် သက်သေလက္ခဏာရှိသည်။

وَسَخَّرَ لَكُمُ اللَّيْلَ وَالنَّهَارَ وَالشَّمْسَ وَالْقَمَرَ ۖ وَالنُّجُومُ مُسَخَّرَاتٌ بِأَمْرِهِ ۗ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يَعْقِلُونَ ﴿١٢﴾

(၁၂) ထို့ပြင် အရှင်မြတ်ပင် အသင်တို့၏အကျိုးအတွက် ညနှင့် နေ့ သာမက နေနှင့်လအားလည်း အမိန့်ကို လိုက်နာစေတော်မူခဲ့သည်။ ထို့ပြင် ကြယ်များသည်လည်း အရှင်မြတ်၏အမိန့်တော်နှင့် လိုက်နာစေခြင်းကို ခံခဲ့ကြရပြီဖြစ်သည်။ အမှန်စင်စစ် ထိုအထဲ၌ နားလည်အသိဉာဏ်ရှိသူများအတွက်

အမှန်ပင် သက်သေသာဓကများရှိသည်။

وَمَا ذَرَاَ لَكُمۡ فِى الۡاَرۡضِ مُخۡتَلِفًا اَلۡوَانُهٗ ؕ اِنَّ فِىۡ ذٰ لِكَ لَاٰيَةً لِّقَوۡمٍ يَّذَّكَّرُوۡنَ ﴿١٣﴾

(၁၃) ထို့ပြင် အရှင်မြတ်သည် အသင်တို့၏အကျိုးအတွက် မြေပထဝီတွင် ဖန်ဆင်းထားတော်မူသောအရာများအားလည်း(အမိန့်ကို လိုက်နာစေတော်မူခဲ့သည်)။ ထိုအရာများ၏အသွေးအရောင်များသည် ကွဲပြားခြားနားနေကြသည်။ စင်စစ် ထိုအထဲ၌ တရားရသူများအတွက် အမှန်ပင် သက်သေလက္ခဏာရှိသည်။

وَهُوَ الَّذِىۡ سَخَّرَ الۡبَحۡرَ لِتَاۡكُلُوۡا مِنۡهُ لَحۡمًا طَرِيًّا وَّتَسۡتَخۡرِجُوۡا مِنۡهُ حِلۡيَةً تَلۡبَسُوۡنَهَا ۚ وَتَرَى الۡفُلۡكَ مَوَاخِرَ فِيۡهِ وَلِتَبۡتَغُوۡا مِنۡ فَضۡلِهٖ وَلَعَلَّكُمۡ تَشۡكُرُوۡنَ ﴿١٤﴾

(၁၄) ထို့ပြင် အရှင်မြတ်သည် အကြင်အရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် ပင်လယ်အား အမိန့်နာခံစေတော်မူခဲ့သည်။ အကြောင်းမှာ အသင်တို့သည် ထိုပင်လယ်ထဲမှ လတ်ဆတ်သောအသားကို စားသုံးကြရန်အတွက်နှင့် အသင်တို့သည် ထိုပင်လယ်ထဲမှ မိမိတို့ ဆင်ယင်ကြသော လက်ဝတ်တန်ဆာများကို ထုတ်ယူကြရန်အတွက်ဖြစ်သည်။ ထို့ပြင် အသင်သည် သင်္ဘောများအား ပင်လယ်ထဲ၌ ရေကို ခွဲပြီး သွားလာနေကြသည်ကို တွေ့မြင်ရသည်။ ထို့ပြင် အသင်တို့သည် (ရေကြောင်းဖြင့် သွားလာခြင်းအားဖြင့်) အရှင်မြတ်၏ ကျေးဇူးတော်(ပစ္စည်းဥစ္စာ)ကို ရှာဖွေကြရန်အတွက်နှင့် အသင်တို့သည် ကျေးဇူးတော်များကို သိတတ်ကြရန်အတွက် (အရှင်မြတ်သည် ပင်လယ်အား အမိန့်နာခံစေတော်မူခဲ့ခြင်းဖြစ်သည်)။

وَاَلۡقٰى فِى الۡاَرۡضِ رَوَاسِىَ اَنۡ تَمِيۡدَ بِكُمۡ وَاَنۡهٰرًا وَّسُبُلًا لَّعَلَّكُمۡ تَهۡتَدُوۡنَ ۙ﴿١٥﴾

(၁၅) ထို့ပြင် အရှင်မြတ်သည် မြေပထဝီတွင် ၎င်း(မြေပထဝီ)သည် အသင်တို့နှင့်တကွ လှုပ်ရှား(ယိမ်းယိုင်)မှု မပြုရန်အတွက် တောင်များကို (ကျောက်ဆူးများအဖြစ်) ချထားတော်မူခဲ့သည်။ ထို့ပြင် အသင်တို့(သောက်သုံးနိုင်ကြရန်) မြစ်ချောင်းများနှင့် (ခရီးပန်းတိုင်ကို) လမ်းတည့်တည့်မတ်မတ် ရောက်နိုင်အောင် လမ်းများကိုလည်း (ပြုလုပ်တော်မူခဲ့သည်)။

وَعَلٰمٰتٍ ؕ وَبِالنَّجۡمِ هُمۡ يَهۡتَدُوۡنَ ﴿١٦﴾

(၁၆) ထို့ပြင် မှတ်တမ်းမှတ်တိုင်များကိုလည်း (ပြုလုပ်တော်မူခဲ့သည်)။ ထို့ပြင် သူတို့သည် ကြယ်များ၏အကြောင်းခံဖြင့်လည်း လမ်းများကို ရှာတွေ့ကြသည်။

أَفَمَنْ يَخْلُقُ كَمَنْ لَّا يَخْلُقُ ۗ أَفَلَا تَذَكَّرُونَ ﴿١٧﴾

(၁၇) သို့ဖြစ်ရာ ဖန်ဆင်းတော်မူသောအရှင်မြတ်သည် မည်သည့်အရာမျှ မဖန်ဆင်းနိုင်သောသူကဲ့သို့ ဖြစ်တော်မူပါမည်လော။ သို့ပါလျက် အသင်တို့သည် အသိတရား မရကြသလော။❶

❶ အလ္လာဟ်အရှင်မြတ်ဟာ လူသားတွေအတွက် လိုလေသေးမရှိအောင် အပြည့်အဝအစုံအလင် ဖန်ဆင်းပေးထားပါလျက်နဲ့ ဘာမှ မဖန်ဆင်းနိုင်တဲ့အရာကို ကိုးကွယ်ခြင်းဟာ အရှင်မြတ်ကို ကျေးဇူးကန်းခြင်းပဲဖြစ်တယ်။ အဲဒါဟာ အသိတရားမရခြင်းပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِنْ تَعُدُّوا نِعْمَةَ اللَّهِ لَا تُحْصُوهَا ۗ إِنَّ اللَّهَ لَغَفُورٌ رَّحِيمٌ ﴿١٨﴾

(၁၈) ထို့ပြင် အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို ရေတွက်ကြမည်ဆိုလျှင် အသင်တို့သည် ထိုကျေးဇူးတော်များကို ရေတွက်နိုင်ကြမည် မဟုတ်ပေ။❷ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

❷ အရှင်မြတ်ရဲ့ကျေးဇူးတွေဟာ အလွန်ပဲ များပြားလွန်းအားကြီးတဲ့အတွက် ရေတွက်နိုင်မှာ မဟုတ်ဘူး။ (အလင်းပြကျမ်း)

وَاللَّهُ يَعْلَمُ مَا تُسِرُّونَ وَمَا تُعْلِنُونَ ﴿١٩﴾

(၁၉) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ လျှို့ဝှက်ထားကြသောအရာများနှင့် အသင်တို့ ထင်ရှားစေကြသော အရာများကို သိရှိတော်မူသည်။

وَالَّذِينَ يَدْعُونَ مِنْ دُونِ اللَّهِ لَا يَخْلُقُونَ شَيْئًا وَّهُمْ يُخْلَقُونَ ﴿٢٠﴾

(၂၀) ထို့ပြင် အလ္လာဟ်အရှင်မြတ်မှလွဲ၍ သူတို့ ဟစ်ခေါ်ကြသောသူများသည် မည်သည့်အရာကိုမျှ ဖန်ဆင်းနိုင်ကြသည်မဟုတ်ပေ။ ထို့ပြင် သူတို့သည်လည်း ဖန်ဆင်းခြင်းကို ခံကြရသည်။❸

❸ အရှင်မြတ်ကလွဲလို့ သူတို့ဟစ်ခေါ်နေတဲ့အရာတွေဟာ အမှုန်အမွှားလေးပဲဖြစ်ဖြစ် ဘာတစ်ခုကိုမှ မဖန်ဆင်းနိုင်တဲ့အပြင် သူတို့ကိုယ်တိုင်တောင်မှအဖန်ဆင်းခံတွေဖြစ်နေတယ်။(အလင်းပြကျမ်း)

أَمْوَاتٌ غَيْرُ أَحْيَاءٍ ۖ وَمَا يَشْعُرُونَ أَيَّانَ يُبْعَثُونَ ﴿٢١﴾

(၂၁) (သူတို့သည်) သူသေများ(သက်မဲ့များပင်) ဖြစ်ကြသည်။ ရှင်သူများမဟုတ်ကြပေ။❹ ထို့ပြင် သူတို့အနေဖြင့် သူတို့သည် မည်သည့်အချိန်တွင် ရှင်ပြန်ထစေခြင်းခံကြရမည်ဆိုသည်ကိုလည်း မသိကြပေ။

❹ အဲဒီရုပ်တုတွေဟာ သက်မဲ့တွေပဲဖြစ်တယ်။ သက်ရှိတွေမဟုတ်ဘူး။ (အလင်းပြကျမ်း)

إِلَٰهُكُمْ إِلَٰهٌ وَّاحِدٌ ۚ فَالَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ قُلُوبُهُمْ مُّنْكِرَةٌ وَّهُمْ مُّسْتَكْبِرُونَ ﴿٢٢﴾

(၂၂) အသင်တို့၏ ကိုးကွယ်ထိုက်သောအရှင်သည် တစ်ပါးတည်းဖြစ်သော ကိုးကွယ်ထိုက်သည့်အရှင်မြတ်ပင်ဖြစ်သည်။ ၎င်းနောက် တမလွန်ဘဝအား မယုံကြည်ကြသောသူများ၏ စိတ်နှလုံးများသည် ငြင်းဆိုလျက်ရှိနေကြ၍ သူတို့သည် မာန်မာနထောင်လျက်ပင်ရှိကြသည်။

لَا جَرَمَ اَنَّ اللّٰهَ يَعۡلَمُ مَا يُسِرُّوۡنَ وَمَا يُعۡلِنُوۡنَ ؕ اِنَّهٗ لَا يُحِبُّ الۡمُسۡتَكۡبِرِيۡنَ ﴿٢٣﴾

(၂၃) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သူတို့ လျှို့ဝှက်ကြသောအရာများနှင့် သူတို့ ထင်ပေါ်စေကြသောအရာများကို သိရှိတော်မူသည်။ အမှန်ပင် အရှင်မြတ်သည် မာနထောင်သောသူများအား မနှစ်သက်ပေ။

وَاِذَا قِيۡلَ لَهُمۡ مَّاذَاۤ اَنۡزَلَ رَبُّكُمۡ ۙ قَالُوۡۤا اَسَاطِيۡرُ الۡاَوَّلِيۡنَ ۙ ﴿٢٤﴾

(၂၄) ထို့ပြင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က မည်သည့်အရာကို ချပေးတော်မူပါသနည်းဟု သူတို့အား မေးမြန်းသောအခါ သူတို့က ရှေးလူဟောင်းများ၏ လုပ်ကြံထားသော ပုံပြင်များပင်ဟု ပြောဆိုကြသည်။❼

❼ အဲဒီမုရှ်ရိက်တွေကို အရှင်မြတ်ထံတော်ကနေ တမန်တော်မြတ် ﷺ ထံကို ဘယ်အရာချပေးတော်မူပါသလဲလို့ မေးမြန်းတဲ့အခါ လိမ်လည်မှုသားသုံးပြီး ရှေးဟောင်းပုံပြင်တွေလို့ ပြောဆိုတာဖြစ်တယ်။ (အလင်းပြကျမ်း၊ အဿသဖ်စီရှလ်မုယတ်စရ်)

لِيَحۡمِلُوۡۤا اَوۡزَارَهُمۡ كَامِلَةً يَّوۡمَ الۡقِيٰمَةِ ۙ وَمِنۡ اَوۡزَارِ الَّذِيۡنَ يُضِلُّوۡنَهُمۡ بِغَيۡرِ عِلۡمٍ ؕ اَلَا سَآءَ مَا يَزِرُوۡنَ ﴿٢٥﴾

(၂၅) သူတို့သည် ကိယာမသ်ရှင်ပြန်ထမြောက်မည့်နေ့တွင် သူတို့၏ဝန်ထုပ်များကိုလည်း အပြည့်အဝထမ်းကြရမည့်အပြင် သူတို့က အသိပညာမရှိဘဲ လမ်းလွဲစေခဲ့ကြသောသူများ၏ဝန်ထုပ်များကိုလည်း ထမ်းကြရမည်ဖြစ်သည်။❽ သတိပြုကြပါ။ သူတို့ သယ်ပိုးထမ်းရွက်ကြသော ဝန်ထုပ်များသည် ဆိုးရွားလှသည်။

❽ ကိုယ့်ဝန်ကိုယ်တောင် ထမ်းဖို့ခက်ခဲတဲ့အချိန်မှာ နောက်လိုက်သားတွေရဲ့ဝန်ကိုပါထမ်းရမယ်ဆိုရင် ဘယ်လောက်တောင် လေးလံလိုက်မလဲဆိုတာ စဉ်းစားကြည့်နိုင်တယ်။ (အလင်းပြကျမ်း)

قَدۡ مَكَرَ الَّذِيۡنَ مِنۡ قَبۡلِهِمۡ فَاَتَى اللّٰهُ بُنۡيَانَهُمۡ مِّنَ الۡقَوَاعِدِ فَخَرَّ عَلَيۡهِمُ السَّقۡفُ مِنۡ فَوۡقِهِمۡ وَاَتٰٮهُمُ الۡعَذَابُ مِنۡ حَيۡثُ لَا يَشۡعُرُوۡنَ ﴿٢٦﴾

(၂၆) အမှန်စင်စစ် သူတို့မတိုင်မီရှိခဲ့ကြသောသူများသည် လျှို့ဝှက်ကြံစည်ခဲ့ကြသည်။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် သူတို့၏အဆောက်အအုံကို အုတ်မြစ်မှ ဖြိုဖျက်တော်မူလိုက်သည့်အတွက် သူတို့အထက်က အမိုးခေါင်မိုးသည် သူတို့အပေါ်တွင် ပြိုကျလာခဲ့သည်။ ထို့ပြင် သူတို့ထံသို့ ပြစ်ဒဏ်

သည် သူတို့မထင်မှတ်သောနေရာမှ ဆိုက်ရောက်လာခဲ့သည်။

ثُمَّ يَوْمَ الْقِيٰمَةِ يُخْزِيْهِمْ وَيَقُوْلُ اَيْنَ شُرَكَآءِيَ الَّذِيْنَ كُنْتُمْ تُشَآقُّوْنَ فِيْهِمْ ۗ قَالَ الَّذِيْنَ اُوْتُوا
الْعِلْمَ اِنَّ الْخِزْيَ الْيَوْمَ وَالسُّوْٓءَ عَلَى الْكٰفِرِيْنَ ﴿٢٧﴾

(၂၇) ထို့နောက် အရှင်မြတ်သည် သူတို့အား ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် အရှက်တကွဲဖြစ်စေတော်မူမည်။ ၎င်းနောက် အရှင်မြတ်က မိန့်ကြားတော်မူမည်- ငါအရှင်မြတ်၏ အကြင်တွဲဖက်များသည် အဘယ်မှာနည်း။ ထိုအရာများနှင့် ပတ်သက်၍ အသင်တို့သည် (အမှန်လက်ခံသူများနှင့်) ကွဲလွဲမှုပြုခဲ့ကြသည်။ (ထိုအခါ) အသိဉာဏ်ပညာပေးခြင်းခံရသောသူများက - စင်စစ်ယနေ့ အရှက်ကွဲမှုနှင့် ပြစ်ဒဏ်သည် ကာဖိရ်ငြင်းပယ်သူများအပေါ်တွင်သာ ရှိလိမ့်မည်ဟု ပြောဆိုကြမည်။

الَّذِيْنَ تَتَوَفّٰىهُمُ الْمَلٰٓئِكَةُ ظَالِمِيْٓ اَنْفُسِهِمْ ۖ فَاَلْقَوُا السَّلَمَ مَا كُنَّا نَعْمَلُ مِنْ سُوْٓءٍ ۗ بَلٰٓى اِنَّ
اللّٰهَ عَلِيْمٌۢ بِمَا كُنْتُمْ تَعْمَلُوْنَ ﴿٢٨﴾

(၂၈) အကြင်ကာဖိရ်များသည် သူတို့ကိုယ်ကိုသူတို့ နှိပ်စက်နေစဉ်မှာပင် ကောင်းကင်တမန်များသည် သူတို့၏အသက်များအား နှုတ်ခဲ့ကြသည်။ (ထိုအချိန်တွင်) သူတို့သည် အလွန်ကျိုးငဲ့ပြီးပြောဆိုကြမည်- "ကျွန်ုပ်တို့သည် မည်သည့်မကောင်းမှုမျှ မပြုလုပ်ခဲ့ကြပါ။" ထိုသို့လုံးဝမဟုတ်ပေ၊ (အမှန်စင်စစ် အသင်တို့သည် မကောင်းမှုများကို လုပ်နေခဲ့သည်ပင်ဖြစ်သည်။) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်နေကြသည်များကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

فَادْخُلُوْٓا اَبْوَابَ جَهَنَّمَ خٰلِدِيْنَ فِيْهَا ۗ فَلَبِئْسَ مَثْوَى الْمُتَكَبِّرِيْنَ ﴿٢٩﴾

(၂၉) သို့ဖြစ်ရာ (ယခုမူ)အသင်တို့သည် ဂျဟန္နမ်ငရဲဘုံ၏တံခါးပေါက်များသို့ ၎င်းထဲ၌ အမြဲနေထိုင်သူများအဖြစ် ဝင်လိုက်ကြပါ။ ထို့နောက် မာနထောင်သောသူများ၏ ပြန်လည်ရာဌာနသည် အမှန်ပင် အဘယ်မျှဆိုးရွားလိုက်သနည်း။

وَقِيْلَ لِلَّذِيْنَ اتَّقَوْا مَاذَآ اَنْزَلَ رَبُّكُمْ ۗ قَالُوْا خَيْرًا ۗ لِلَّذِيْنَ اَحْسَنُوْا فِيْ هٰذِهِ الدُّنْيَا حَسَنَةٌ ۗ
وَلَدَارُ الْاٰخِرَةِ خَيْرٌ ۗ وَلَنِعْمَ دَارُ الْمُتَّقِيْنَ ﴿٣٠﴾

(၃၀) ထို့နောက် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သောသူများကို "အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က မည်သည့်

အရာချပေးသနည်း”ဟု ပြောဆိုမေးမြန်းခံရသည်။ (ထိုအခါ) သူတို့က(ပြန်လည်) ပြောဆိုကြသည်- “ကောင်းသည်ကို ချပေးသည်”။❶ ကောင်းမှုပြုလုပ်သောသူများအတွက် ဤဘဝတွင်လည်း ကောင်းခြင်းရှိမည်။ ၎င်းနောက် နောင်ဘဝ၏ နေရာထိုင်ခင်းသည် အမှန်ပင် အကောင်းဆုံးဖြစ်သည်။ ထို့ပြင် စင်စစ် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူ မုသ်သကီများ၏အိမ်သည် အဘယ်မျှကောင်းလိုက်သနည်း။

❶ ကုရ်အာန်ကျမ်းတော်မြတ်နဲ့ ပတ်သက်ပြီး မုရှ်ရိက်တွေကို မေးမြန်းတဲ့အခါ ရှေးလူတွေရဲ့ပုံပြင်ကို ချပေးခဲ့တယ်လို့ ပြောဆိုကြတယ်။ မုသ်သကီတွေကို မေးတဲ့အခါ ကောင်းတာကို အရှင်မြတ်က ချပေးတော်မူတာဖြစ်တဲ့အကြောင်း ပြောဆိုကြတယ်။ (အလင်းပြကျမ်း)

جَنّٰتُ عَدۡنٍ يَّدۡخُلُوۡنَهَا تَجۡرِىۡ مِنۡ تَحۡتِهَا الۡاَنۡهٰرُ لَهُمۡ فِيۡهَا مَا يَشَآءُوۡنَ‌ ؕ كَذٰلِكَ يَجۡزِى اللّٰهُ الۡمُتَّقِيۡنَۙ ۝٣١

(၃၁) (ထိုအိမ်များသည်) အမြဲနေထိုင်ကြရမည့် ဥယျာဉ်များပင်ဖြစ်သည်။ သူတို့သည် ၎င်း(ဥယျာဉ်များ)ထဲ၌ ဝင်ရောက်ကြမည်။ ၎င်း(ဥယျာဉ်များ)၏အောက်တွင် စမ်းရေချောင်းများ စီးဆင်းနေမည်။ သူတို့အတွက် ၎င်းထဲတွင် သူတို့အလိုရှိသည့်အရာဟူသမျှ ရှိမည်။ အလ္လာဟ်အရှင်မြတ်သည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူ မုသ်သကီများကို ထိုသို့ပင် အစားပေးတော်မူသည်။

الَّذِيۡنَ تَتَوَفّٰٮهُمُ الۡمَلٰۤـئِكَةُ طَيِّبِيۡنَ‌ ۙ يَقُوۡلُوۡنَ سَلٰمٌ عَلَيۡكُمُ ۙ ادۡخُلُوا الۡجَـنَّةَ بِمَا كُنۡتُمۡ تَعۡمَلُوۡنَ ۝٣٢

(၃၂) အကြင်သူတို့အား ကောင်းကင်တမန်များသည် သူတို့သန့်ပြန့်စွာရှိနေစဉ် သူတို့၏အသက်များအား နှုတ်ယူကြသောအခါ❷ ပြောဆိုကြမည်- ငြိမ်းချမ်းသာယာမှုသည် အသင်တို့အပေါ်တွင် ကျရောက်ပါစေ၊ အသင်တို့သည် အသင်တို့ ပြုလုပ်ခဲ့ကြသောအရာများကြောင့်ပင် ဂျန္နသ်သုခဘုံထဲသို့ဝင်ရောက်ကြပါ။❸

❷ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်တဲ့သူ မုသ်သကီတွေကို အသက်နှုတ်တဲ့အခါ သူတို့ဟာ ကုဖ်ရ်တွေ၊ ရှိရ်က်တွေကနေ သန့်ပြန့်နေတဲ့အချိန်အခါဖြစ်လိမ့်မယ်။ (အလင်းပြကျမ်း)

❸ အခုတော့ အသင်တို့ရဲ့အသက်ဝိညာဉ်တွေဟာ သုခဘုံထဲကို ဝင်ကြပါ။ ကိယာမသ်နေ့ရောက်တဲ့အခါ အသင်တို့ရဲ့ဝိညာဉ်ရော ခန္ဓာကိုယ်ပါ သုခဘုံထဲကို ဝင်ကြရမှာဖြစ်ကြောင်း သတင်းကောင်းရယူလိုက်ကြပါ။ (အလင်းပြကျမ်း)

هَلۡ يَنۡظُرُوۡنَ اِلَّاۤ اَنۡ تَاۡتِيَهُمُ الۡمَلٰۤـئِكَةُ اَوۡ يَاۡتِىَ اَمۡرُ رَبِّكَ‌ ؕ كَذٰلِكَ فَعَلَ الَّذِيۡنَ مِنۡ قَبۡلِهِمۡ‌ ؕ وَمَا ظَلَمَهُمُ اللّٰهُ وَلٰـكِنۡ كَانُوۡۤا اَنۡفُسَهُمۡ يَظۡلِمُوۡنَ ۝٣٣

(၃၃) ထို(ငြင်းပယ်သော)သူများသည် သူတို့ထံသို့ ကောင်းကင်တမန်များ ရောက်လာခြင်း သို့မဟုတ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အမိန့်တော်ရောက်ရှိလာခြင်းမှလွဲ၍ အခြားမည်သည်ကိုမျှ စောင့်မျှော်နေကြသည်မဟုတ်ပေ။❻ သူတို့မတိုင်မီကသူများလည်း ထိုသို့ပင် ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့အား နှိပ်စက်တော်မူခဲ့သည်မဟုတ်ပေ။ သို့ရာတွင် သူတို့သည် သူတို့ကိုယ်ကိုသူတို့ နှိပ်စက်ခဲ့ကြသည်ပင် ဖြစ်သည်။

❻ ငြင်းပယ်သူတွေဟာ သူတို့ထံကို အသက်နှုတ်တဲ့သူရောက်လာတာ ဒါမှမဟုတ် အရှင်မြတ်ရဲ့ ပြစ်ဒဏ်ရောက်လာတာ ဒါမှမဟုတ် ကိယာမသ်ရောက်လာတာကိုပဲ စောင့်မျှော်နေကြတာဖြစ်တယ်။ ကြိုတင်ပြီး သတိသံဝေဂရတာ မရှိကြတဲ့အတွက် သူတို့မျှော်လင့်တဲ့အတိုင်းပဲ သူတို့အပေါ်မှာ ကိယာမသ်ရဲ့ပြစ်ဒဏ်တွေ ရောက်လာမှာပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

فَاَصَابَهُمْ سَيِّاٰتُ مَا عَمِلُوْا وَحَاقَ بِهِمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ﴿٣٤﴾

(၃၄) သို့ဖြစ်ရာ သူတို့တွင် သူတို့ပြုလုပ်ခဲ့ကြသော မကောင်းမှု၏ အန္တရာယ်များသည် ကျရောက်ခဲ့သည်။ ထို့ပြင် သူတို့ ပြောင်လှောင်ခဲ့ကြသော အရာ (ပြစ်ဒဏ်)သည် သူတို့အား ဝန်းရံခဲ့တော့သည်။

وَقَالَ الَّذِيْنَ اَشْرَكُوْا لَوْ شَآءَ اللّٰهُ مَا عَبَدْنَا مِنْ دُوْنِهٖ مِنْ شَيْءٍ نَّحْنُ وَلَآ اٰبَآؤُنَا وَلَا حَرَّمْنَا مِنْ دُوْنِهٖ مِنْ شَيْءٍ ۭ كَذٰلِكَ فَعَلَ الَّذِيْنَ مِنْ قَبْلِهِمْ ۚ فَهَلْ عَلَى الرُّسُلِ اِلَّا الْبَلٰغُ الْمُبِيْنُ ﴿٣٥﴾

(၃၅) ထို့ပြင် ရှိရ်က်တုဖက်ကိုးကွယ်သူများက ပြောဆိုကြသည်၊ အကယ်၍ အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူပါလျှင် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေးများသည် အရှင်မြတ်မှလွဲ၍ အခြားမည်သည့်အရာကိုမျှ ကိုးကွယ်ကြမည်မဟုတ်ပေ။ ထို့ပြင် အရှင်မြတ်၏အမိန့်မရဘဲ မည်သည့်အရာကိုမျှ ဟရာမ်ဟု တားမြစ်ခဲ့ကြမည်မဟုတ်ပေ။❶ သူတို့၏ မတိုင်မီကသူများလည်း ထိုသို့ပင် ပြုလုပ်ခဲ့ကြသည်။ သို့ဖြစ်ရာ တမန်တော်များအပေါ်တွင်မူ ပွင့်လင်းထင်ရှားစွာ ပို့ချဟောပြောရန်သာ တာဝန်ရှိသည်။

❶ အရှင်မြတ်ရဲ့အလိုရှိမှုနဲ့ပတ်သက်ပြီး (၆း၁၄၈)အောက်ခြေ ၁ မှာရှင်းလင်းခဲ့ပြီးဖြစ်တယ်။

وَلَقَدْ بَعَثْنَا فِيْ كُلِّ اُمَّةٍ رَّسُوْلًا اَنِ اعْبُدُوا اللّٰهَ وَاجْتَنِبُوا الطَّاغُوْتَ ۚ فَمِنْهُمْ مَّنْ هَدَى اللّٰهُ وَمِنْهُمْ مَّنْ حَقَّتْ عَلَيْهِ الضَّلٰلَةُ ۭ فَسِيْرُوْا فِي الْاَرْضِ فَانْظُرُوْا كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِيْنَ ﴿٣٦﴾

(၃၆) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် လူမျိုးတိုင်းတွင် တမန်တော်တစ်ပါးကို စေလွှတ်တော်မူ၍ အသင်တို့သည် အခြားကိုးကွယ်ရာများအား

စွန့်လွှတ်ဖယ်ရှားပြီးနောက် အလ္လာဟ်အရှင်မြတ်(တစ်ပါးတည်း)ကိုသာ ကိုးကွယ်ကြပါဟု (ဟောကြားစေတော်မူခဲ့သည်)။ ထို့နောက် သူတို့ထဲ၌ အလ္လာဟ်အရှင်မြတ်က လမ်းမှန်ညွှန်ကြားပြသတော်မူလိုက်သောသူများလည်း ရှိခဲ့ကြသည်။ ၎င်းနောက် သူတို့ထဲ၌ အကြင်သူလည်းရှိသည်၊ ထိုသူ၏အပေါ်တွင် လမ်းလွဲမှုသည် အတည်ဖြစ်ခဲ့သည်။ J သို့ဖြစ်ရာ အသင်တို့သည် ကမ္ဘာမြေတွင် လှည့်လည်ပြီး ငြင်းပယ်သူများ၏နောက်ဆုံးအခြေအနေသည် မည်သို့ဖြစ်ခဲ့သည်ကို ကြည့်ရှုလေ့လာကြပါ။

J သက္ကဒီရ်ဆိုတာ အကြောင်းခံတွေကို ရွေးချယ်ခွင့်ပေးထားပြီး မှန်ကန်မှုကို ရွေးချယ်သလား၊ မှားယွင်းမှုကို ရွေးချယ်သလား ဆိုတဲ့အချက်ကို မူတည်ကာ အရှင်မြတ်ရဲ့ကြိုတင်သိထားချက်ကို ရေးမှတ်ထားခြင်းဖြစ်တယ်။ အရှင်မြတ်က လူသားကို အမှားအမှန်ခွဲခြားရှင်းလင်းပြသပြီးတော့ ကြိုက်ရာလိုက်နိုင်တယ်လို့ လူ့အခွင့်အရေးအပြည့်အဝပေးပြီးတဲ့အခါမှာ လူသားဟာ သူ့သဘောနဲ့ မျက်စိမှိတ်ပြီး အမှားကိုပဲ လိုက်နေတော့မယ်ဆိုရင် အရှင်မြတ်ကလည်း အဲဒီလို ခေါင်းမာတဲ့သူအပေါ်မှာ လမ်းမှားကိုပဲ အတည်ပြုထားပေးလိုက်တော့တယ်။ ပြီးတော့ ကြိုးရှည်ရှည်နဲ့ လှန်ထားလိုက်တော့တယ်။ လမ်းမှန်ဘက်ကို အတင်းဆွဲခေါ်တာမျိုး လုပ်တော်မမူတော့ဘူး။ အဲဒါဟာ အရှင်မြတ်ရဲ့ လုပ်ထုံးလုပ်နည်းပဲဖြစ်တယ်။ သူတို့ရဲ့ ခေါင်းမာမှုကြောင့် အရှင်မြတ်က လမ်းမှားအောင် လုပ်လိုက်ပြီးပြီဆိုရင် လမ်းမှန်မညွှန်ကြားမပြသတော့ဘူးလို့ မိန့်ဆိုတာဖြစ်တယ်။ အရှင်မြတ်က သူတို့အပေါ်မှာ မတရားလုပ်တာမဟုတ်ဘူး။ သူတို့ဟာ ခေါင်းမာပြီး သူတို့ကိုယ်ကိုသူတို့ မတရားလုပ်ကြတာပဲဖြစ်တယ်။ (သဖ်စီရ်ရှအ်ရာဝီ)

(မေး၁၄၈)ခြေ ၁ မှာ သက္ကဒီရ်နဲ့ပတ်သက်ပြီးရှင်းပြခဲ့ပြီးဖြစ်တယ်)။

إِن تَحْرِصْ عَلَىٰ هُدَىٰهُمْ فَإِنَّ ٱللَّهَ لَا يَهْدِى مَن يُضِلُّ وَمَا لَهُم مِّن نَّٰصِرِينَ ﴿٣٧﴾

(၃၇) အကယ်၍ အသင်သည် သူတို့ လမ်းမှန်ရရန် မည်မျှပင် လိုလားသည်ဖြစ်ပါစေ၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ဆိုးသွမ်းခေါင်းမာနေမှုကြောင့်) လမ်းမှားထဲ၌ပင် ထားတော်မူလိုက်သောသူကို လမ်းမှန်ညွှန်ကြားပြသတော့မည် မဟုတ်ပေ။ ထို့ပြင် သူတို့အတွက် ကူညီမည့်သူလည်း ရှိတော့မည် မဟုတ်ပေ။

وَأَقْسَمُوا۟ بِٱللَّهِ جَهْدَ أَيْمَٰنِهِمْ ۙ لَا يَبْعَثُ ٱللَّهُ مَن يَمُوتُ ۚ بَلَىٰ وَعْدًا عَلَيْهِ حَقًّا وَلَٰكِنَّ أَكْثَرَ ٱلنَّاسِ لَا يَعْلَمُونَ ﴿٣٨﴾

(၃၈) ထို့ပြင် သူတို့က အလ္လာဟ်အရှင်မြတ်အား တိုင်တည်ကာ အစွမ်းကုန်ကျိန်တွယ်(၍ ဤသို့ပြောဆို)ခဲ့ကြသည်- "အလ္လာဟ်အရှင်မြတ်သည် သေသူများကို ရှင်ပြန်ထစေတော်မူမည်မဟုတ်ပေ။" အဘယ်ကြောင့် မထစေရမည်နည်း၊ အမှန်ပင် (ရှင်ပြန်ထစေတော်မူမည်ဖြစ်သည်၊) အရှင်မြတ်သည် ကတိ

အဖြစ်နှင့် အရှင်မြတ်အပေါ်တွင် အတည်ပြုတော်မူခဲ့သည်။ သို့ရာတွင် လူအမြောက်အများသည် မသိနားမလည်ကြပေ။

لِيُبَيِّنَ لَهُمُ الَّذِي يَخْتَلِفُونَ فِيهِ وَلِيَعْلَمَ الَّذِينَ كَفَرُوا أَنَّهُمْ كَانُوا كَاذِبِينَ ﴿٣٩﴾

(၃၉) (ထိုသို့ ရှင်ပြန်ထစေတော်မူရခြင်းမှာ)သူတို့ရှေ့၌ သူတို့ကွဲလွဲခဲ့ကြသောအကြောင်းကို ထုတ်ဖော်ရှင်းပြတော်မူရန်အတွက်နှင့် ကာဖိရ်များသည် အမှန်ပင် သူတို့အနေဖြင့် လိမ်လည်သောသူများဖြစ်ခဲ့ကြသည်ကို သိကြရန်အတွက်ဖြစ်သည်။

إِنَّمَا قَوْلُنَا لِشَيْءٍ إِذَا أَرَدْنَاهُ أَنْ نَقُولَ لَهُ كُنْ فَيَكُونُ ﴿٤٠﴾

(၄၀) ငါအရှင်မြတ်၏စကားကမူ ငါအရှင်မြတ်သည် တစ်စုံတစ်ခုကို ရည်ရွယ်တော်မူသောအခါ ၎င်းအား ငါအရှင်မြတ်က "ဖြစ်စေ"ဟုမိန့်တော်မူလိုက်သည်နှင့် ၎င်းသည် ဖြစ်လာတော့သည်။

وَالَّذِينَ هَاجَرُوا فِي اللَّهِ مِنْ بَعْدِ مَا ظُلِمُوا لَنُبَوِّئَنَّهُمْ فِي الدُّنْيَا حَسَنَةً ۖ وَلَأَجْرُ الْآخِرَةِ أَكْبَرُ ۚ لَوْ كَانُوا يَعْلَمُونَ ﴿٤١﴾

(၄၁) ထို့ပြင် နှိပ်စက်မှုကိုခံကြရပြီးနောက် အလ္လာဟ်အရှင်မြတ်(၏ သာသနာတော်ထွန်းကားမှု)ကို ရည်ရွယ်ပြီး ရွှေ့ပြောင်းနေထိုင်သူတို့အား အမှန်ပင် ငါအရှင်မြတ်သည် လောကထဲတွင် ကောင်းသောနေရာများ၌ နေရာချထားပေးတော်မူမည်ဖြစ်သည်။❷ ထို့ပြင် အမှန်စင်စစ် တမလွန်ဘဝ၏ အကျိုးဆုလာဘ်သည် အကြီးဆုံးပင်ဖြစ်သည်ကို အကယ်၍ သူတို့သိကြမည်ဆိုလျှင် (ကောင်းလေစွပင်)။

❷ အရှင်မြတ်အတွက် အိုးအိမ်စွန့်ခွာခဲ့ရတဲ့သူတွေဟာ အရင်ကထက် ပိုကောင်းတဲ့နေရာ၊ ပိုကောင်းတဲ့အိမ်၊ ပိုကောင်းတဲ့အိမ်နီးချင်း၊ ပိုကောင်းတဲ့အသိုင်းအဝိုင်း စတာတွေကို လောကမှာလည်း ရရှိကြမှာဖြစ်ရုံမက တမလွန်ဘဝမှာလည်း အကန့်အသတ်မရှိ ရရှိကြဦးမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

الَّذِينَ صَبَرُوا وَعَلَىٰ رَبِّهِمْ يَتَوَكَّلُونَ ﴿٤٢﴾

(၄၂) အကြင်(ဖော်ပြထားသော)သူများသည် သည်းခံခဲ့ကြသူများပင်ဖြစ်ကြသည်။ ထို့ပြင် သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အပေါ်၌သာ ယုံပုံလွှဲအပ်ကြသည်။❻

❻ သူတို့ဟာ အရှင်မြတ်အပေါ်မှာပဲ ယုံပုံလွှဲအပ်ထားလိုက်ကြတော့တယ်။ အဲဒါဟာ သူတို့ရဲ့ဂုဏ်ထူးဝိသေသဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا أَرْسَلْنَا مِنْ قَبْلِكَ إِلَّا رِجَالًا نُوحِي إِلَيْهِمْ ۚ فَاسْأَلُوا أَهْلَ الذِّكْرِ إِنْ كُنْتُمْ لَا تَعْلَمُونَ ﴿٤٣﴾

(၄၃) ထို့ပြင် ငါအရှင်မြတ်သည် အသင်(တမန်တော်)၏မတိုင်မီ လူသားယောကျ်ားများမှလွဲ၍ (တမန်တော်များအဖြစ်) စေလွှတ်တော်မမူခဲ့ပေ။ ငါအရှင်မြတ်သည် ၎င်း(တမန်တော်)တို့ထံသို့ ဝဟီအမိန့်တော်ပို့ချတော်မူခဲ့သည်။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် မသိကြလျှင် ကျမ်းဂန်ရရှိသောပညာရှင်များအား မေးမြန်းကြည့်ကြပါ။❶

❶ မက္ကာဟ်မြို့သားတွေက လူသားဟာ တမန်တော်မဖြစ်နိုင်ဘူးလို့ စောဒကတက်တဲ့အတွက် အရှင်မြတ်က အမြဲတမ်း လူသားယောကျ်ားတွေကိုပဲ တမန်တော်အဖြစ် စေလွှတ်တော်မူခဲ့တဲ့အကြောင်း အသင်တို့မသိရင် ကျမ်းဂန်ရတဲ့သူတွေကို မေးကြည့်ကြပါလို့ အမိန့်ရှိတာဖြစ်တယ်။ (အလင်းပြကျမ်း)

بِالْبَيِّنٰتِ وَالزُّبُرِ ؕ وَاَنْزَلْنَآ اِلَيْكَ الذِّكْرَ لِتُبَيِّنَ لِلنَّاسِ مَا نُزِّلَ اِلَيْهِمْ وَلَعَلَّهُمْ يَتَفَكَّرُوْنَ ﴿٤٤﴾

(၄၄) (ငါအရှင်မြတ်သည် တမန်တော်များကို) ထင်ရှားသော သက်သေသာဓကများ၊ ကျမ်းဂန်များနှင့်တကွ❷ (စေလွှတ်တော်မူခဲ့သည်)။ ထို့ပြင် ငါအရှင်မြတ်သည် အသင်၏ထံသို့လည်း ကျမ်းဂန်(ကုရ်အာန်)ကို အသင်သည် လူသားများအား သူတို့ထံ ချပေးခံရသောအမိန့်တော်များကို ထင်ရှားရှင်းလင်းပြသစေရန်အတွက်နှင့် သူတို့ စဉ်းစားဆင်ခြင်ကြရန်အတွက် ချပေးတော်မူခဲ့သည်။❸

❷ လူသားတွေလက်ခံနိုင်အောင် အထောက်အထားတွေနဲ့ပြသတယ်။ အဲဒီနောက် လက်ခံပြီးပြီဆိုရင် လိုက်နာဖို့ အမိန့်တော်တွေကို ကျမ်းဂန်ထဲမှာ ညွှန်ကြားထားတဲ့အတိုင်းပဲ လိုက်နာရမှာဖြစ်တယ်။ အဲဒါကြောင့် တမန်တော် عليهم السلام တွေကို အဲဒီနှစ်ခုစလုံးပေးပြီး စေလွှတ်တော်မူတာဖြစ်တယ်။ တမန်တော် عليهم السلام တွေဟာ ကျမ်းဂန်ထဲက အမိန့်တော်တွေကို ရှင်းလင်းပြသပြီး သူတို့ကိုယ်တိုင် စံနမူနာလုပ်ပြကြကာ အဲဒီပုံစံအတိုင်း လိုက်နာတဲ့အုပ်စု တည်ဆောက်ကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း) ❸ အဲဒီပုံစံအတိုင်း တမန်တော်မြတ် ﷺ ထံကိုလည်း ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးတော်မူခဲ့တာဖြစ်တယ်။ ကျမ်းထဲမှာ ပါရှိတာတွေကို ရှင်းလင်းပြသဖို့နဲ့ လူသားတွေဟာ စဉ်းစားဆင်ခြင်ကြဖို့ ချပေးလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

اَفَاَمِنَ الَّذِيْنَ مَكَرُوا السَّيِّاٰتِ اَنْ يَّخْسِفَ اللّٰهُ بِهِمُ الْاَرْضَ اَوْ يَاْتِيَهُمُ الْعَذَابُ مِنْ حَيْثُ لَا يَشْعُرُوْنَ ﴿٤٥﴾

(၄၅) အကြင်သူများသည် စိတ်အေးနေကြသလော၊ ထိုသူများသည် မကောင်းသောအကြံအစည်များအား လျှို့ဝှက်ကြံစည်ခဲ့ကြသည်။ ထိုသူများအား အလ္လာဟ်အရှင်မြတ်သည် မြေမျိုစေတော်မူမည်ကို၊ သို့မဟုတ် သူတို့ထံသို့ သူတို့မထင်မှတ်သောနေရာမှ ပြစ်ဒဏ်ရောက်လာမည်ကို (စိုးရိမ်မှုကင်းပြီး စိတ်အေးနေကြသလော)။

اَوْ يَاْخُذَهُمْ فِيْ تَقَلُّبِهِمْ فَمَا هُمْ بِمُعْجِزِيْنَ ﴿٤٦﴾

(၄၆) သို့မဟုတ် အရှင်မြတ်သည် သူတို့အား သူတို့သွားလာနေစဉ်

ဖမ်းဆီးကွပ်မျက်တော်မူမည်ကို (မစိုးရိမ်ကြသလော)။ ထိုသို့(ဖမ်းဆီးတော်မူမည်)ဆိုလျှင် သူတို့သည် (အရှင်မြတ်ကို) မစွမ်းနိုင်အောင် တားဆီးနိုင်ကြသူများမဟုတ်ပေ။

أَوْ يَأْخُذَهُمْ عَلَىٰ تَخَوُّفٍ فَإِنَّ رَبَّكُمْ لَرَءُوفٌ رَّحِيمٌ ﴿٤٧﴾

(၄၇) သို့မဟုတ် အရှင်မြတ်သည် သူတို့အား တဖြည်းဖြည်း အရေးယူတော်မူမည်ကို (မစိုးရိမ်ကြသလော)။ ၎င်းနောက် အမှန်စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလွန်ကြင်နာတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

أَوَلَمْ يَرَوْا إِلَىٰ مَا خَلَقَ اللَّهُ مِن شَيْءٍ يَتَفَيَّأُ ظِلَالُهُ عَنِ الْيَمِينِ وَالشَّمَائِلِ سُجَّدًا لِّلَّهِ وَهُمْ دَاخِرُونَ ﴿٤٨﴾

(၄၈) အရှင်မြတ် ဖန်ဆင်းတော်မူသောအရာထဲမှ အကြင်အရာများကို သူတို့ မမြင်ကြသလော။ ၎င်းတို့၏အရိပ်များသည် လက်ယာဘက်နှင့် လက်ဝဲဘက်မှ ယိမ်းပြီး သူတို့သည် ကျိုးနွံသူများဖြစ်ကြလျက် အလ္လာဟ်အရှင်မြတ်၏ ရှေ့၌ စဂျ်ဒဟ်ဦးချနေကြသည်။[6]

[6] စဂျ်ဒဟ်ဦးချတယ်ဆိုတာ အမိန့်နာခံတယ်လို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلِلَّهِ يَسْجُدُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ مِن دَابَّةٍ وَالْمَلَائِكَةُ وَهُمْ لَا يَسْتَكْبِرُونَ ﴿٤٩﴾

(၄၉) ထို့ပြင် မိုးကောင်းကင်များတွင် ရှိသမျှသည်လည်းကောင်း၊ မြေပထဝီတွင်ရှိသမျှ သွားလာလှုပ်ရှားနေသော သက်ရှိသတ္တဝါများသည်လည်းကောင်း၊ ကောင်းကင်တမန်များသည်လည်းကောင်း၊ သူတို့သည် မာနမထောင်ကြဘဲလျက် အလ္လာဟ်အရှင်မြတ်အတွက် (ထိုအရှင်၏အမိန့်တော်ကို လိုက်နာ) စဂျ်ဒဟ်ဦးချနေကြသည်။

السجدة ۩

يَخَافُونَ رَبَّهُم مِّن فَوْقِهِمْ وَيَفْعَلُونَ مَا يُؤْمَرُونَ ﴿٥٠﴾

(၅၀) သူတို့သည် သူတို့အထက်တွင် ရှိနေတော်မူသော၊ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ကြောက်ရွံ့ကြသည်။ ထို့ပြင် သူတို့သည် သူတို့အား အမိန့်တော်ပေးခြင်းခံရသောအရာ (အမိန့်တော်များ)ကို လိုက်နာဆောင်ရွက်ကြသည်။

وَقَالَ اللَّهُ لَا تَتَّخِذُوا إِلَٰهَيْنِ اثْنَيْنِ ۖ إِنَّمَا هُوَ إِلَٰهٌ وَاحِدٌ ۖ فَإِيَّايَ فَارْهَبُونِ ﴿٥١﴾

(၅၁) ထို့ပြင် အလ္လာဟ်အရှင်မြတ်က မိန့်ကြားတော်မူသည်- "အသင်

တို့သည် ကိုးကွယ်ထိုက်သောအရှင်နှစ်ပါး(ရှိသည်ဟု ယူဆကိုးကွယ်မှု)မပြုလုပ်ကြနှင့်။ ၎င်း(ကိုးကွယ်ထိုက်သောအရှင်)သည် တစ်ပါးတည်းပင် ဖြစ်တော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် ငါအရှင်မြတ်ကိုသာ ကြောက်ရွံ့ကြပါ။”

وَلَهُۥ مَا فِى ٱلسَّمَٰوَٰتِ وَٱلْأَرْضِ وَلَهُ ٱلدِّينُ وَاصِبًا ۚ أَفَغَيْرَ ٱللَّهِ تَتَّقُونَ ﴿٥٢﴾

(၅၂) ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသောအရာအားလုံးကို အရှင်မြတ်ပင် ပိုင်ဆိုင်တော်မူသည်။ ထို့ပြင် အမြဲမပြတ်ဖြစ်နေလျက်ရှိသော အမိန့်နာခံမှုသည် အရှင်မြတ်အတွက်သာဖြစ်သည်။[❶] သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပြင် အခြားအရာများအား ကြောက်ရွံ့ကြသလော။

❶ အရာအားလုံးဟာ အရှင်မြတ်ရဲ့ ခဝပ်မှုကို အမြဲမပြတ်ပြုလုပ်ရမှာဖြစ်တယ်ဆိုတာ အရှင်မြတ်ရဲ့အမိန့်ကို နာခံဖို့ တာဝန်ရှိတယ်လို့ဆိုလိုတာဖြစ်တယ်။ အရာရာတိုင်းဟာ လိုလားတာဖြစ်ဖြစ်၊ မလိုလားတာဘဲဖြစ်ဖြစ် အရှင့်အမိန့်ကို လိုက်နာနေရတာပဲဖြစ်တယ်။ ပြီးတော့ ကောင်းကျိုးဆိုးကျိုးကို အရှင်မြတ်ကပဲ ပေးတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا بِكُم مِّن نِّعْمَةٍ فَمِنَ ٱللَّهِ ۖ ثُمَّ إِذَا مَسَّكُمُ ٱلضُّرُّ فَإِلَيْهِ تَجْـَٔرُونَ ﴿٥٣﴾

(၅၃) ထို့ပြင် အသင်တို့ထံတွင် မည်သည့်ကျေးဇူးတော်ပင် ရှိသည်ဖြစ်စေ အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျေးဇူးပင်ဖြစ်သည်။ ထို့နောက် အသင်တို့တွင် ဒုက္ခရောက်သောအခါ အသင်တို့သည် အရှင်မြတ်ထံတော်သို့ပင် ဟစ်ခေါ်ပန်ကြားကြသည်။

ثُمَّ إِذَا كَشَفَ ٱلضُّرَّ عَنكُمْ إِذَا فَرِيقٌ مِّنكُم بِرَبِّهِمْ يُشْرِكُونَ ﴿٥٤﴾

(၅၄) ထို့နောက်တစ်ခါ အရှင်မြတ်သည် ဘေးဒုက္ခကို အသင်တို့ထံမှ ဖယ်ရှားတော်မူလိုက်သောအခါ အသင်တို့ထဲမှ လူတစ်စုသည် ချက်ချင်းပင် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ကြသည်။

لِيَكْفُرُوا۟ بِمَآ ءَاتَيْنَٰهُمْ ۚ فَتَمَتَّعُوا۟ ۖ فَسَوْفَ تَعْلَمُونَ ﴿٥٥﴾

(၅၅) (အရှင်မြတ်နှင့်တွဲဖက်ကိုးကွယ်ကြခြင်းသည်) ငါအရှင်မြတ်က ၎င်းတို့အားပေးကမ်းထားသော ကျေးဇူးတော်များနှင့်ပတ်သက်၍ သူတို့သည် ကျေးဇူးကန်းကြရန်အတွက်ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် (ခေတ္တ)စည်းစိမ်ခံစားကြပါ။ ၎င်းနောက် အသင်တို့သည် မကြာမီပင် သိရှိကြမည်ဖြစ်သည်။

وَيَجْعَلُونَ لِمَا لَا يَعْلَمُونَ نَصِيبًا مِّمَّا رَزَقْنَٰهُمْ ۗ تَٱللَّهِ لَتُسْـَٔلُنَّ عَمَّا كُنتُمْ تَفْتَرُونَ ﴿٥٦﴾

(၅၆) ထို့ပြင် သူတို့သည် ငါအရှင်မြတ်က သူတို့အား ပေးတော်မူသော အရာများထဲမှ သူတို့ မသိနားမလည်သောအရာများအတွက် ဝေစုဝေပုံကို ပြု

လုပ်ကြသည်။ အလ္လာဟ်အရှင်မြတ်အား တိုင်တည်ပြောဆိုသည်၊ အသင်တို့သည် အသင်တို့ လုပ်ကြံဖန်တီးသောအရာများနှင့်ပတ်သက်၍ အမှန်ပင် စစ်ဆေးမေးမြန်းခြင်းကို ခံကြရမည် ဖြစ်သည်။

وَيَجْعَلُوْنَ لِلّٰهِ الْبَنٰتِ سُبْحٰنَهٗ ۙ وَلَهُمْ مَّا يَشْتَهُوْنَ ﴿٥٧﴾

(၅၇) ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်တွင် သမီးများရှိသည်ဟု စွပ်စွဲကြသည်။❶ အရှင်မြတ်သည် (သူတို့စွပ်စွဲမှုဟူသမျှမှ) သန့်ရှင်းစင်ကြယ်တော်မူသည်။ ၎င်းနောက် သူတို့အတွက်ကမူ သူတို့လိုလားသည့်အရာပင်ရှိသည်။❷

❶ အရစ်မုရှိရိက်တချို့က ကောင်းကင်တမန်တွေဟာ အရှင်မြတ်ရဲ့ သမီးတွေဖြစ်တယ်ဆိုပြီး ကိုးကွယ်ကြတယ်။ အရှင်မြတ်မှာ ဘာသားသမီးမှ မရှိဘူး။(အလင်းပြကျမ်း) ❷ အရစ်မုရှိရိက်တွေဟာ သမီးတွေကို အလွန်စက်ဆုပ်ရွံရှာကြတယ်။ သားတွေကိုတော့ ချစ်ကြတယ်။ အဲဒါကြောင့် အရှင်မြတ်က အသင်တို့မလိုချင်တဲ့သမီးတွေကျတော့ အရှင်မြတ်အတွက် ပြုလုပ်ထားကြပြီး အသင်တို့အတွက်ကျတော့ အသင်တို့လိုချင်တာပဲထားကြတယ်။ ဘယ်လောက်တရားမမျှတလိုက်သလဲလို့ မိန့်ထားတာဖြစ်တယ်။ اَلَكُمُ الذَّكَرُ وَلَهُ الْاُنْثٰى . تِلْكَ اِذًا قِسْمَةٌ ضِيْزٰى
(ကုရ်အာန် -၅၃း၂၁-၂၂) (မအာရိဖွလ်ကုရ်အာန်)

وَاِذَا بُشِّرَ اَحَدُهُمْ بِالْاُنْثٰى ظَلَّ وَجْهُهٗ مُسْوَدًّا وَّهُوَ كَظِيْمٌ ﴿٥٨﴾

(၅၈) ထို့ပြင် သူတို့ထဲမှ တစ်ဦးဦးတွင် သမီးမိန်းကလေး(မွေးဖွားခြင်း)နှင့် သတင်းကောင်းပေးခြင်းခံရသောအခါ သူသည် ကျိတ်ပြီး ပူဆွေးနေလျက် သူ၏မျက်နှာသည် ညိုမည်းသွားတော့သည်။

يَتَوَارٰى مِنَ الْقَوْمِ مِنْ سُوْٓءِ مَا بُشِّرَ بِهٖ ؕ اَيُمْسِكُهٗ عَلٰى هُوْنٍ اَمْ يَدُسُّهٗ فِى التُّرَابِ ؕ اَلَا سَآءَ مَا يَحْكُمُوْنَ ﴿٥٩﴾

(၅၉) သူသည် သူ့အား မကောင်းသတင်းပေးခြင်းကို ခံရခြင်းကြောင့် လူများမမြင်ရအောင် ပုန်းအောင်းနေသည်။ သူသည် ယင်း(မိန်းကလေး)ကို သေးသိမ်သောအခြေအနေဖြင့် (ဆက်လက်)ထိန်းသိမ်းထားရမည်လော။ သို့မဟုတ် သူ့အား မြေကြီးထဲ (အရှင်လတ်လတ်) မြှုပ်ပစ်လိုက်ရမည်လော(ဟု ဆုံးဖြတ်၍ မရနိုင်အောင်ဖြစ်နေသည်)။ သတိပြုကြပါ၊ သူတို့၏ ဆုံးဖြတ်ချက်သည် အလွန်ယုတ်ညံ့သိမ်ဖျင်းလှသည်။

لِلَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ مَثَلُ السَّوْءِ ۚ وَلِلّٰهِ الْمَثَلُ الْاَعْلٰى ؕ وَهُوَ الْعَزِيْزُ الْحَكِيْمُ ﴿٦٠﴾

(၆၀) တမလွန်ဘဝကို မယုံကြည်ကြသောသူများတွင် မကောင်းသောအရည်အချင်းရှိသည်။ ထို့ပြင်အလ္လာဟ်အရှင်မြတ်၌မူ အလွန်မြင့်မားထွတ်မြတ်လှတော်မူသောအရည်အချင်းရှိသည်။❸ ထို့ပြင် အရှင်မြတ်သည် တန်ခိုးတော်နှင့်

အလွန် လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

❷ အရှင်မြတ်ဟာ အနန္တတန်ခိုးတော်ရှင်ဖြစ်ပြီး ဂုဏ်တော်အမြောက်အမြားရှိတော်မူတဲ့အရှင်ဖြစ်တော်မူတဲ့အတွက် သူတို့စွပ်စွဲပြောဆိုတာတွေကနေ သန့်စင်တော်မူတယ်။ (မအာရိဖွလ်ကုရ်အာန်)

وَلَوْ يُؤَاخِذُ اللّٰهُ النَّاسَ بِظُلْمِهِمْ مَّا تَرَكَ عَلَيْهَا مِنْ دَآبَّةٍ وَّلٰكِنْ يُّؤَخِّرُهُمْ اِلٰٓى اَجَلٍ مُّسَمًّى ۚ فَاِذَا جَآءَ اَجَلُهُمْ لَا يَسْتَاْخِرُوْنَ سَاعَةً وَّلَا يَسْتَقْدِمُوْنَ ﴿٦١﴾

(၆၁) ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် လူများအား သူတို့၏မတရားမှုကြောင့် (ချက်ချင်း)ဖမ်းဆီး အရေးယူတော်မူမည်သာဆိုလျှင် ထို (မြေ)ပေါ်၌ သွားလာလှုပ်ရှားသောသတ္တဝါတစ်ကောင်ကိုမျှ ချန်ထားတော့မည် မဟုတ်ပေ။ သို့ရာတွင် အရှင်မြတ်သည် သူတို့အား သတ်မှတ်ထားသောအချိန်ထိ ဆိုင်းငံ့ထားတော်မူသည်။ ထို့နောက် သူတို့၏အချိန်ကာလ ဆိုက်ရောက်လာသောအခါ၊ သူတို့သည် (ခဏတ္တခဏ)တစ်နာရီမျှပင် နောက်ဆုတ်နိုင်ကြမည် မဟုတ်ပေ၊ ၎င်းနောက် ရှေ့လည်း တိုးနိုင်ကြမည် မဟုတ်ပေ။❻

❻ ရှေ့လည်းမတိုးနိုင်၊ နောက်လည်းမဆုတ်နိုင်တဲ့အချိန်မရောက်ခင်မှာ လွတ်လပ်ခွင့်အပြည့်အဝရှိတဲ့အတွက် အဲဒီဆိုင်းငံ့ပေးထားတဲ့အချိန်တွေကို တန်ဖိုးထားပြီး ကိုယ့်ကိုယ်ကိုယ် ကောင်းတဲ့ဘက် ပြုပြင်ပြောင်းလဲရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَجْعَلُوْنَ لِلّٰهِ مَا يَكْرَهُوْنَ وَتَصِفُ اَلْسِنَتُهُمُ الْكَذِبَ اَنَّ لَهُمُ الْحُسْنٰى ۗ لَا جَرَمَ اَنَّ لَهُمُ النَّارَ وَاَنَّهُمْ مُّفْرَطُوْنَ ﴿٦٢﴾

(၆၂) ထို့ပြင် သူတို့သည် သူတို့ရွံရှာသောအရာများကို အလ္လာဟ်အရှင်မြတ်၌ ရှိသည်ဟု စွပ်စွဲကြသည်။❼ သို့ပါလျက် သူတို့၏နှုတ်များက အမှန်ပင် သူတို့အတွက် ကောင်းကျိုးချမ်းသာရှိသည်ဟု လိမ်ပြောကြသေးသည်။ အမှန်မှာ သူတို့အတွက် ငရဲမီးသာရှိသည်။ ထို့ပြင် အမှန်စင်စစ် သူတို့သည် (ထိုငရဲမီးထဲ၌) မေ့လျော့စွန့်ပစ်ခံထားရမည့်သူများဖြစ်သည်။

❼ သူတို့မလိုချင်တဲ့ သမီးတွေကို အရှင်မြတ်မှာရှိတယ်လို့ စွပ်စွဲကြတာဖြစ်တယ်။ ကောင်းကင်တမန်တွေဟာ မိန်းကလေးတွေလို့ သူတို့က ယူဆကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

تَاللّٰهِ لَقَدْ اَرْسَلْنَآ اِلٰٓى اُمَمٍ مِّنْ قَبْلِكَ فَزَيَّنَ لَهُمُ الشَّيْطٰنُ اَعْمَالَهُمْ فَهُوَ وَلِيُّهُمُ الْيَوْمَ وَلَهُمْ عَذَابٌ اَلِيْمٌ ﴿٦٣﴾

(၆၃) အလ္လာဟ်အရှင်မြတ်အား တိုင်တည်ပြောဆိုသည်၊ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင့်မတိုင်မီ အုပ်စုတိုင်းထံသို့(တမန်တော်များကို)စေလွှတ်

တော်မူခဲ့သည်။ ထို့နောက် ရှိုင်သွာန်သည် သူတို့၏လုပ်ရပ်များကို သူတို့၏အမြင်၌ လှပတင့်တယ်အောင် ပြုလုပ်ခြယ်လှယ်ခဲ့သည်။ သို့ဖြစ်ရာ ၎င်း(ရှိုင်သွာန်) သည် ယနေ့လည်း သူတို့၏မိတ်ဆွေပင်ဖြစ်သည်။ ထို့ပြင် သူတို့အတွက် အလွန်နာကျင်စေသော ပြစ်ဒဏ်ရှိသည်။❻

❻ အတိတ်ကလူတွေပျက်စီးခဲ့ကြသလိုပဲ သူတို့လည်း ပျက်စီးသွားကြမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَآ أَنزَلْنَا عَلَيْكَ ٱلْكِتَٰبَ إِلَّا لِتُبَيِّنَ لَهُمُ ٱلَّذِى ٱخْتَلَفُوا۟ فِيهِ ۙ وَهُدًى وَرَحْمَةً لِّقَوْمٍ يُؤْمِنُونَ ﴿٦٤﴾

(၆၄) ထို့ပြင် ငါအရှင်မြတ်သည် အသင်၏အပေါ်တွင် ကျမ်းတော်မြတ်ကို ချပေးတော်မူခြင်းသည် အသင့်အနေဖြင့် သူတို့အား သူတို့ကွဲလွဲသည့်အရာကိုရှင်းလင်းပြသရန်အတွက်သာမက ယုံကြည်သူများအတွက် လမ်းမှန်ညွှန်ကြားပြသချက်နှင့် ကရုဏာအဖြစ် ချပေးတော်ခဲ့ခြင်းပင်ဖြစ်သည်။❼

❼ ကုရ်အာန်ကျမ်းတော်မြတ်ဟာ တချို့လူသားတွေ အငြင်းအခုံဖြစ်နေတဲ့သောင်ဟီဒ်၊ အာခိရသ်၊ ဟလာလ်၊ ဟရာမ်နဲ့ပတ်သက်တဲ့ အမိန့်ပညတ်ချက်တွေကို ရှင်းလင်းပြသဖို့နဲ့ ပြဿနာတွေ ဖြေရှင်းပေးဖို့ အရှင်မြတ်ထံတော်က ကျရောက်လာခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَٱللَّهُ أَنزَلَ مِنَ ٱلسَّمَآءِ مَآءً فَأَحْيَا بِهِ ٱلْأَرْضَ بَعْدَ مَوْتِهَآ ۚ إِنَّ فِى ذَٰلِكَ لَءَايَةً لِّقَوْمٍ يَسْمَعُونَ ﴿٦٥﴾

(၆၅) ထို့ပြင် အလ္လာဟ်အရှင်မြတ်ပင် မိုးကောင်းကင်မှ ရေကို ချပေးတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်သည် ၎င်း(ရေ)ဖြင့် သေပြီးဖြစ်သော မြေကို ရှင်စေတော်မူခဲ့သည်။ အမှန်စင်စစ် ထိုအထဲ၌ ကြားနာကြသောသူများအတွက် အမှန်ပင် သက်သေသာဓကရှိသည်။❽

❽ သေနေတဲ့မြေကြီးကို ရှင်သန်စိုပြည်အောင် လုပ်နိုင်တဲ့အရှင်ဟာ လူတွေသေပြီးနောက် ပြန်လည်ရှင်ပြန်ထအောင် လုပ်နိုင်တဲ့အရှင်ဖြစ်တယ်ဆိုတာ စဉ်းစားကြည့်ရုံနဲ့ သိရှိနိုင်တယ်။ (အလင်းပြကျမ်း)

وَإِنَّ لَكُمْ فِى ٱلْأَنْعَٰمِ لَعِبْرَةً ۖ نُّسْقِيكُم مِّمَّا فِى بُطُونِهِۦ مِنۢ بَيْنِ فَرْثٍ وَدَمٍ لَّبَنًا خَالِصًا سَآئِغًا لِّلشَّٰرِبِينَ ﴿٦٦﴾

(၆၆) ထို့ပြင် အမှန်စင်စစ် အသင်တို့အတွက် ခြေလေးချောင်းသတ္တဝါများတွင် အမှန်ပင် သင်ခန်းစာရှိသည်။ ငါအရှင်မြတ်သည် အသင်တို့အား သူ၏ဝမ်းဗိုက်ထဲမှ အစာဟောင်းနှင့် သွေး၏ကြားမှ သောက်သုံးသူများအတွက် အဝင်ကောင်းပြီး အရသာရှိသော သန့်စင်ပြီးနို့ရည်ကို တိုက်ကျွေးတော်မူသည်။❾

❾ ကျွဲနွားတိရစ္ဆာန်တွေက သူတို့ရဲ့ သားသမီးတွေကိုရော လူတွေကိုပါ တိုက်ကျွေးဖို့ မြက်တွေ သစ်ရွက်တွေကို စားပြီး သန့်စင်တဲ့နို့ရည်ကို ချက်လုပ်ပေးတဲ့အထဲမှာ အရှင်မြတ်ရဲ့ သက်သေ

လက္ခဏာ ရှိနေတယ်။ (မအာရိဖွလ်ကုရ်အာန်)

وَمِنْ ثَمَرٰتِ النَّخِيْلِ وَالْاَعْنَابِ تَتَّخِذُوْنَ مِنْهُ سَكَرًا وَّ رِزْقًا حَسَنًا ؕ اِنَّ فِیْ ذٰلِكَ لَاٰیَةً لِّقَوْمٍ يَّعْقِلُوْنَ ﴿٦٧﴾

(၆၇) ထို့ပြင် စွန်ပလွံပင်များ၏ အသီးများနှင့် စပျစ်သီးများမှ အသင်တို့သည် ထိုအရာများဖြင့် မူးယစ်စေသောအရာနှင့် ကောင်းမွန်သောစားသောက်ဖွယ်ရာများကို ပြုလုပ်ကြသည်။ အမှန်စင်စစ် ထိုအထဲ၌ သိနားလည်သူများအတွက် အမှန်ပင် သက်သေသာဓကရှိသည်။

وَاَوْحٰى رَبُّكَ اِلَى النَّحْلِ اَنِ اتَّخِذِیْ مِنَ الْجِبَالِ بُیُوْتًا وَّمِنَ الشَّجَرِ وَمِمَّا یَعْرِشُوْنَ ﴿٦٨﴾

(၆၈) ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ပျားကောင်ထံသို့ (ဤသို့) အမိန့်ပေးတော်မူသည်၊(၃) "အသင်မသည် တောင်များနှင့် သစ်ပင်များသာမက လူများတည်ဆောက်ကြသောအဆောက်အအုံများတွင်လည်း နေအိမ်များ ပြုလုပ်ပါ။"(၄)

(၃) ဒီနေရာမှာ ဝဟီဆိုတာ တမန်တော် عليهم السلام တွေအပေါ်မှာ ချပေးတဲ့ ဝဟီမျိုးမဟုတ်ဘဲ မူရင်းအဓိပ္ပာယ်ဖြစ်တဲ့ "တိုးတိုးတိတ်တိတ် စကားတစ်ခုထည့်ပေးခြင်း" ဖြစ်တယ်။ (အလင်းပြကျမ်း)

(၄) အချို့အဆောက်အအုံတွေမှာ ပျားအုံပြုလုပ်ကြဖို့ကို ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

ثُمَّ كُلِیْ مِنْ كُلِّ الثَّمَرٰتِ فَاسْلُكِیْ سُبُلَ رَبِّكِ ذُلُلًا ؕ یَخْرُجُ مِنْۢ بُطُوْنِهَا شَرَابٌ مُّخْتَلِفٌ اَلْوَانُهٗ فِیْهِ شِفَآءٌ لِّلنَّاسِ ؕ اِنَّ فِیْ ذٰلِكَ لَاٰیَةً لِّقَوْمٍ یَّتَفَكَّرُوْنَ ﴿٦٩﴾

(၆၉) "ထို့နောက် အသင်မသည် အသီးအနှံတိုင်းမှ စုပ်ယူစားသုံးပါ။ ၎င်းနောက် အသင်မသည် အသင်မအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏လွယ်ကူသောလမ်းများကို လျှောက်ပါ။" ထိုပျားကောင်၏ဝမ်းဗိုက်မှ အရောင်မျိုးစုံရှိသော သောက်သုံးဖွယ်ရာ (ပျားရည်)ထွက်သည်။ ၎င်း(ပျားရည်)တွင် လူများအတွက် ရောဂါပျောက်ကင်းမှုရှိသည်။(၅) အမှန်စင်စစ် ထိုအထဲ၌ စဉ်းစားဆင်ခြင်သောသူများအတွက် အမှန်ပင် သက်သေသာဓကရှိသည်။

(၅) ပျားရည်ထဲမှာ ရောဂါပျောက်ကင်းစေတဲ့အရာ ထည့်ထားကြောင်း အရှင်မြတ်က ကြေညာထားပြီးဖြစ်တယ်။ တမန်တော်မြတ် ﷺ ကလည်း အမိန့်ရှိတော်မူတယ် - "အသင်တို့ဟာ ရောဂါပျောက်ကင်းစေတဲ့အရာနှစ်ခုကို ဆုပ်ကိုင်ထားကြရမယ်။ အဲဒီအရာတွေကတော့ ကုရ်အာန်ကျမ်းတော်မြတ်နဲ့ ပျားရည်ဖြစ်တယ်။" (အိဗ်နုမာဂျဟ် - ဟဒီးဆ် နံပါတ် ၃၄၅၂) (အလင်းပြကျမ်း)

وَاللّٰهُ خَلَقَكُمْ ثُمَّ یَتَوَفّٰىكُمْ ۙ وَمِنْكُمْ مَّنْ یُّرَدُّ اِلٰۤى اَرْذَلِ الْعُمُرِ لِكَیْ لَا یَعْلَمَ بَعْدَ عِلْمٍ شَیْـًٔا ؕ اِنَّ اللّٰهَ عَلِیْمٌ قَدِیْرٌ ﴿٧٠﴾

(၇၀) ထို့ပြင် အလ္လာဟ်အရှင်မြတ်ကပင် အသင်တို့အား ဖန်ဆင်းတော်

မူခဲ့သည်။ ၎င်းနောက် အရှင်မြတ်ကပင် အသင်တို့အား (အသက်နှုတ်သိမ်းပြီး) သေစေတော်မူသည်။ ထို့ပြင် အသင်တို့ထဲ၌ အညံ့ဆုံး အသက်အရွယ်(သူငယ်ပြန်သောအရွယ်)သို့ ပြန်ရောက်စေခြင်းကို ခံရသူများလည်းရှိသည်။ နောက်ဆုံး၌ ထိုသူများသည် သိရှိပြီးနောက် မည်သည့်အရာတစ်ခုမျှ မသိဖြစ်ရသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ (အရာအားလုံးအပေါ်တွင်) အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

وَاللّٰهُ فَضَّلَ بَعْضَكُمْ عَلٰى بَعْضٍ فِى الرِّزْقِ ۚ فَمَا الَّذِيْنَ فُضِّلُوْا بِرَآدِّىْ رِزْقِهِمْ عَلٰى مَا مَلَكَتْ اَيْمَانُهُمْ فَهُمْ فِيْهِ سَوَآءٌ ؕ اَفَبِنِعْمَةِ اللّٰهِ يَجْحَدُوْنَ ﴿٧١﴾

(၇၁) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ထဲမှ အချို့ကို အချို့ထက် စားနပ်ရိက္ခာ ပိုပေးတော်မူခဲ့သည်။[၆] ထို့နောက် ပိုပေးခြင်းခံရသောသူများသည် သူတို့၏ပစ္စည်းများကို သူတို့ပိုင်ဆိုင်ကြသော ကျေးကျွန်များအပေါ်တွင် (ကျွန်နှင့်သခင်)အညီအမျှ ခွဲဝေပေးမည့်သူများမဟုတ်ကြပေ။ သို့ဖြစ်ပါလျက် သူတို့သည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ကို ငြင်းပယ်ကြသလော။

[၆] ကျွန်နဲ့သခင်ဟာ ဘယ်အခြေအနေမျိုးမှာမှ တန်းတူအခွင့်အရေးမရှိတာဟာ အားလုံးအသိပဲဖြစ်တယ်။ အဲဒါဟာ အရှင်မြတ်က ပိုပေးထားခြင်း လျော့ပေးထားခြင်းအပေါ်မှာ မူတည်တဲ့အတွက်ကြောင့်ဖြစ်တယ်။ အဓိက အဲဒီအခွင့်အရေးပိုရရှိခြင်းဟာ အရှင်မြတ်ရဲ့ကျေးဇူးတော်ကြောင့်ဖြစ်ပါလျက်နဲ့ အရှင်မြတ်ကို ငြင်းပယ်နေဦးမလားလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاللّٰهُ جَعَلَ لَكُمْ مِّنْ اَنْفُسِكُمْ اَزْوَاجًا وَّجَعَلَ لَكُمْ مِّنْ اَزْوَاجِكُمْ بَنِيْنَ وَحَفَدَةً وَّرَزَقَكُمْ مِّنَ الطَّيِّبٰتِ ؕ اَفَبِالْبَاطِلِ يُؤْمِنُوْنَ وَبِنِعْمَتِ اللّٰهِ هُمْ يَكْفُرُوْنَ ﴿٧٢﴾

(၇၂) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတွက် အသင်တို့ထဲမှပင် ဇနီးကြင်ရာများကို ပြုလုပ်တော်မူခဲ့သည်။[၇] ထို့ပြင် အရှင်မြတ်သည် အသင်တို့အတွက် အသင်တို့၏ဇနီးကြင်ရာများမှ သားများနှင့်၊ မြေးများကို ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အား (စားသုံးကြရန်အတွက်) ကောင်းမွန်သောအရာများကို ပေးသနားတော်မူခဲ့သည်။ သို့ပါလျက် သူတို့သည် မှားယွင်းသောအရာကို ယုံကြည်၍ အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်များကို ငြင်းပယ်နေကြမည်လော။

[၇] လူသားအချင်းချင်း ရင်းနှီးမှုဖြစ်နေအောင် အရှင်မြတ်က ဇနီးဖြစ်တဲ့မိန်းမကို လူသားယောကျ်ားကနေတစ်ဆင့် ဖန်ဆင်းခဲ့တာဖြစ်တယ်။ အဲဒီအတွက် မိန်းမဟာ ယောကျ်ားထဲက တစ်စိတ်တစ်ပိုင်းဖြစ်နေတဲ့အတွက် အစစအရာရာ ခင်မင်မှု၊ မှီခိုမှု၊ တွယ်တာမှု၊ ချင်ခင်မှုနဲ့ သံယောဇဉ်ရှိမှုတွေဟာ နီးနီးကပ်ကပ်ဖြစ်ပေါ်လာတယ်။ အဲဒီကနေ ဆက်ပြီး သားတွေ၊ မြေးတွေကိုလည်းပြုလုပ်ပေးလိုက်

တဲ့အခါမှာ နီးနီးကပ်ကပ် ဆက်နွှယ်နေတဲ့ အသိုက်အအုံ မိသားစုတွေဖြစ်သွားခဲ့ရတယ်။ ဒါဟာ အရှင်မြတ်ရဲ့စီမံကိန်းနဲ့ ပြုလုပ်ပေးထားတဲ့ ကျေးဇူးတော်အမှန်ပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَعۡبُدُونَ مِن دُونِ ٱللَّهِ مَا لَا يَمۡلِكُ لَهُمۡ رِزۡقٗا مِّنَ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضِ شَيۡـٔٗا وَلَا يَسۡتَطِيعُونَ ﴿٧٣﴾

(၇၃) ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အကြင်အရာများကို ဆည်းကပ်ကိုးကွယ်ကြသည်။ ၎င်းတို့သည် သူတို့အတွက် မိုးကောင်းကင်များနှင့် မြေပထဝီမှ မည်သည့်ရိက္ခာမျှ ပေးနိုင်ကြသည်မဟုတ်ပေ။ ၎င်းနောက် မည်သည့်အရာမျှလည်း မတတ်စွမ်းနိုင်ကြပေ။

فَلَا تَضۡرِبُواْ لِلَّهِ ٱلۡأَمۡثَالَۚ إِنَّ ٱللَّهَ يَعۡلَمُ وَأَنتُمۡ لَا تَعۡلَمُونَ ﴿٧٤﴾

(၇၄) သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ပုံပမာများ မခိုင်းနှိုင်းကြနှင့်။ အမှန်မှာ အလ္လာဟ်အရှင်မြတ်ပင် သိရှိတော်မူသည်။ ထို့ပြင် အသင်တို့မှာမူ မသိရှိကြပေ။[၁]

[၁] မုရှိရိက်တွေဟာ အရှင်မြတ်ကို လောကရဲ့ဘုရင်တွေနဲ့ ခိုင်းနှိုင်းပြီး ကိုးကွယ်မှုမှာ ရောစပ်မှုပြုလုပ်ကြတယ်။ သူတို့ဟာ အရှင်မြတ်ထံတော်ကို တိုက်ရိုက်ဝင်လို့မရနိုင်တဲ့အတွက် အခြားအရာတွေကို အမှီသဟဲပြုပြီး ဝင်ရမှာဖြစ်တာကြောင့် အခြားအရာတွေကိုလည်း အရှင်မြတ်နဲ့ နီးစပ်မှုရရှိဖို့အတွက်ပဲ ကိုးကွယ်တာဖြစ်တယ်လို့ ဆိုကြတယ်။ အဲဒါကြောင့် အရှင်မြတ်က အဲဒီလောကက ဥပမာတွေနဲ့ လုံးဝမတူတဲ့အတွက် မခိုင်းနှိုင်းကြနဲ့လို့ ပိတ်ပင်တားမြစ်ထားတာဖြစ်တယ်။ အရှင်မြတ်ဟာ လောကက ဘုရင်တွေလို မဟုတ်ဘူး။ အရှင်မြတ်ထံတော်ကို တိုက်ရိုက်ဝင်လို့ရတယ်။ နီးကပ်အောင်လုပ်ပေးမဲ့သူ ကြားခံ(ပွဲစား)လည်း ထားစရာမလိုဘူး၊ လက်ထောက်လည်း ထားစရာမလိုဘူး။ အရှင်မြတ်ဟာ ကိုယ်တော်တိုင် တစ်ပါးတည်း အစစအရာရာကို အရှင်မြတ်ရဲ့အမိန့်နဲ့ ဆောင်ရွက်တော်မူတာဖြစ်တဲ့အတွက် လူသားတွေဟာ သူတို့လိုချင်တာအားလုံး တိုက်ရိုက်တောင်းခံနိုင်တယ်။ တစ်ဆင့်ပြောခိုင်းမှ အရှင်မြတ်ကြားတာမဟုတ်ဘူး။ ဘယ်သူပြောပြော၊ ဘယ်သူခေါ်ခေါ် အရှင်မြတ်ဟာ တိုက်ရိုက်ကြားတော်မူတဲ့အရှင်ဖြစ်ပြီး ဖြစ်စေချင်တဲ့အရာကို တိုက်ရိုက်အမိန့်ပေးပြီး ဖြစ်စေလို့ပြောနိုင်တော်မူတဲ့အရှင်ဖြစ်တော်မူတယ်။ စကြဝဠာအားလုံးကို အရှင်မြတ်က ကိုယ်စားလှယ်ထားပြီး လည်ပတ်ခိုင်းထားတာမဟုတ်ဘူး။ ဘယ်သူ့ကိုမှ အမိန့်အာဏာလွှဲအပ်ထားတာမရှိဘူး။ အမိန့်အာဏာ လုပ်ပိုင်ခွင့်ဟူသမျှဟာ အရှင်မြတ်တစ်ပါးတည်းပဲ ပိုင်ဆိုင်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်ထဲမှာ အကြိမ်ကြိမ် အမိန့်ရှိထားတော်မူတယ်။ အရှင်မြတ်အလိုရှိတဲ့အရာပဲ ဖြစ်မယ်လို့ မိန့်ထားပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

ضَرَبَ ٱللَّهُ مَثَلًا عَبۡدٗا مَّمۡلُوكٗا لَّا يَقۡدِرُ عَلَىٰ شَيۡءٖ وَمَن رَّزَقۡنَٰهُ مِنَّا رِزۡقًا حَسَنٗا فَهُوَ يُنفِقُ
مِنۡهُ سِرّٗا وَجَهۡرًاۖ هَلۡ يَسۡتَوُۥنَۚ ٱلۡحَمۡدُ لِلَّهِۚ بَلۡ أَكۡثَرُهُمۡ لَا يَعۡلَمُونَ ﴿٧٥﴾

(၇၅) အလ္လာဟ်အရှင်မြတ်သည် ပမာတစ်ခုကို ခိုင်းနှိုင်းပြတော်မူသည်- "သူတစ်ပါးပိုင်ကျွန်တစ်ဦးရှိသည်။ ထိုကျွန်သည် မည်သည့်အရာကိုမျှ မစွမ်းဆောင်နိုင်ပေ။ ထို့ပြင် ငါအရှင်မြတ်ထံတော်မှ ငါအရှင်မြတ် ရိက္ခာဖောဖော

သီသီ ပေးတော်မူထားသော သူတစ်ဦးရှိသည်။ ထိုသူသည် ထိုရိက္ခာများထဲမှ လျှို့ဝှက်စွာနှင့် ထင်ရှားစွာ လှူဒါန်းသုံးစွဲသည်။ သူတို့(နှစ်ဦး)သည် တူညီနိုင်ကြမည်လော။” ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်ပင် ဖြစ်တော်မူသည်။ သို့ရာတွင် သူတို့ထဲမှ အများစုသည် မသိနားမလည်ကြပေ။

وَضَرَبَ اللّٰهُ مَثَلًا رَّجُلَيْنِ اَحَدُهُمَآ اَبْكَمُ لَا يَقْدِرُ عَلٰى شَيْءٍ وَّهُوَ كَلٌّ عَلٰى مَوْلٰىهُ ۙ اَيْنَمَا يُوَجِّهْهُّ لَا يَاْتِ بِخَيْرٍ ۗ هَلْ يَسْتَوِيْ هُوَ ۙ وَمَنْ يَّاْمُرُ بِالْعَدْلِ ۙ وَهُوَ عَلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٧٦﴾

(၇၆) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ပမာတစ်ခုကို (ထပ်မံ)ခိုင်းနှိုင်းပြတော်မူသည်- “လူနှစ်ဦးရှိကြသည်။ ထိုနှစ်ဦးထဲမှတစ်ဦးသည် ဆွံ့အသူဖြစ်၍ မည်သည့်အရာမျှ မတတ်စွမ်းနိုင်ပေ။ ထို့ပြင် သူသည် သူ၏သခင်အပေါ်တွင် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေသည်။ ထိုသခင်သည် သူ့အား အဘယ်သို့မဆို လွှတ်ခဲ့လျှင် သူသည် မည်သည့်ကောင်းကျိုးမျှ ယူဆောင်လာသည်မရှိပေ။ ထိုသူသည် မျှတမှုနှင့် ညွှန်ကြားနေပြီး ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်၌ တည်ရှိနေသူနှင့် တူညီနိုင်ပါမည်လော။ (လုံးဝမတူနိုင်ပေ)။

وَلِلّٰهِ غَيْبُ السَّمٰوٰتِ وَالْاَرْضِ ۗ وَمَآ اَمْرُ السَّاعَةِ اِلَّا كَلَمْحِ الْبَصَرِ اَوْ هُوَ اَقْرَبُ ۗ اِنَّ اللّٰهَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿٧٧﴾

(၇၇) ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသော ကွယ်နေသည့်အရာများသည် အလ္လာဟ်အရှင်မြတ်သာ ပိုင်ဆိုင်တော်မူသည်။ (အရှင်မြတ်သာ သိတော်မူသည်)။ ထို့ပြင် ရှင်ပြန်ထမည့်ကိစ္စသည် မျက်စိတစ်မှိတ်မျှဖြင့် အမြန်ဖြစ်မည်။ သို့မဟုတ် ထို့ထက်ပင် ပိုနီးကပ်စွာ အမြန်ဖြစ်ဦးမည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ်တွင် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

وَاللّٰهُ اَخْرَجَكُمْ مِّنْۢ بُطُوْنِ اُمَّهٰتِكُمْ لَا تَعْلَمُوْنَ شَيْـًٔا ۙ وَّجَعَلَ لَكُمُ السَّمْعَ وَالْاَبْصَارَ وَالْاَفْـِٕدَةَ ۙ لَعَلَّكُمْ تَشْكُرُوْنَ ﴿٧٨﴾

(၇၈) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အသင်တို့၏မိခင်များ၏ဝမ်းများထဲမှ ထွက်စေတော်မူခဲ့သည်။ ထိုအချိန်က အသင်တို့သည် မည်သည့်အရာကိုမျှ မသိကြသေးပေ။ ထို့ပြင် အရှင်မြတ်သည် အသင်တို့ကျေးဇူးသိတတ်ကြရန် အသင်တို့အတွက် ကြားနိုင်စွမ်း၊ မြင်နိုင်စွမ်းများနှင့် စိတ်နှလုံးများကို ထည့်သွင်းပေးတော်မူခဲ့သည်။

J အရှင်မြတ်ကပဲ နား၊ မျက်စိ၊ စိတ်နလုံးတွေကို အမိဝမ်းတွင်းမှာကတည်းက ထည့်ပေးလိုက်တော်မူတာဟာ အရှင်မြတ်ရဲ့ကျေးဇူးဖြစ်တယ်ဆိုတာ သိတတ်ကြဖို့ဖြစ်တယ်။ မွေးရာပါ နားကန်းခဲ့ရင် ဘယ်လောက် ဒုက္ခရောက်လိုက်မလဲ၊ အဲဒီလိုပဲ မျက်စိကန်းခဲ့ရင်၊ အဲဒီလိုပဲ စိတ်နလုံးရူးသွပ်ခဲ့ရင် ဘယ်လိုဖြစ်နေမလဲလို့ စဉ်းစားလိုက်တာနဲ့ အရှင်မြတ်ရဲ့ကျေးဇူးကြီးမားပုံကို ထင်ထင်ရှားရှားမြင်လာရလိမ့်မယ်။ အဲဒီကြီးမားလှတဲ့ ကျေးဇူးတွေရှိနေပါလျက်နဲ့ အရှင်မြတ်ကို ကျေးဇူးကန်းပြီး မလိုက်နာခြင်းဟာ သူတို့ရဲ့နဖူးစာဆိုးခြင်းပဲ ဖြစ်တယ်ဆိုတာ သိဖို့လိုအပ်ပါတယ်။ (အလင်းပြကျမ်း)

اَلَمْ يَرَوْا اِلَى الطَّيْرِ مُسَخَّرٰتٍ فِيْ جَوِّ السَّمَآءِ ؕ مَا يُمْسِكُهُنَّ اِلَّا اللّٰهُ ؕ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يُّؤْمِنُوْنَ ﴿٧٩﴾

(၇၉) ကောင်းကင်၏လေထုထဲ၌ ငှက်များသည် အမိန့်နာခံလျက်ရှိနေသည်ကို သူတို့ မမြင်ကြသလော။ ၎င်းတို့အား အလ္လာဟ်အရှင်မြတ်မှလွဲ၍အခြားမည်သူကမျှထိန်းမထားပေ။ အမှန်စင်စစ် ထို(ငှက်များပျံဝဲနေခြင်း)ထဲ၌ ယုံကြည်သူများအတွက် အမှန်ပင် သက်သေလက္ခဏာများရှိကြသည်။

وَ اللّٰهُ جَعَلَ لَكُمْ مِّنْۢ بُيُوْتِكُمْ سَكَنًا وَّ جَعَلَ لَكُمْ مِّنْ جُلُوْدِ الْاَنْعَامِ بُيُوْتًا تَسْتَخِفُّوْنَهَا يَوْمَ ظَعْنِكُمْ وَ يَوْمَ اِقَامَتِكُمْ ۙ وَ مِنْ اَصْوَافِهَا وَ اَوْبَارِهَا وَ اَشْعَارِهَاۤ اَثَاثًا وَّ مَتَاعًا اِلٰى حِيْنٍ ﴿٨٠﴾

(၈၀) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတွက် အသင်တို့၏ အိမ်များကို နေထိုင်ရာဌာနအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အတွက် ခြေလေးချောင်းတိရစ္ဆာန်များ၏ သားရေများနှင့် (မိုးကာတဲကဲ့သို့)အိမ်များ ပြုလုပ်တော်မူခဲ့သည်။ အသင်တို့သည် ထိုအိမ်များကို အသင်တို့ခရီးသွားသောနေ့နှင့် အသင်တို့စခန်းချသောနေ့တွင် ပေါ့ပါးစွာ တွေ့ရှိကြသည်။ ၎င်းနောက် ထိုတိရစ္ဆာန်များ၏သိုးမွေးများ၊ သားမွေးများ၊ အမွေးအမင်များဖြင့် အိမ်သုံးပစ္စည်းများနှင့် အချိန်တစ်ချိန်ထိ အကျိုးခံစားဖွယ်ရာပစ္စည်းများကို ပြုလုပ်တော်မူခဲ့သည်။

وَاللّٰهُ جَعَلَ لَكُمْ مِّمَّا خَلَقَ ظِلٰلًا وَّ جَعَلَ لَكُمْ مِّنَ الْجِبَالِ اَكْنَانًا وَّ جَعَلَ لَكُمْ سَرَابِيْلَ تَقِيْكُمُ الْحَرَّ وَ سَرَابِيْلَ تَقِيْكُمْ بَاْسَكُمْ ؕ كَذٰلِكَ يُتِمُّ نِعْمَتَهٗ عَلَيْكُمْ لَعَلَّكُمْ تُسْلِمُوْنَ ﴿٨١﴾

(၈၁) ထို့ပြင် အလ္လာဟ်အရှင်မြတ်ကပင် အသင်တို့အတွက် အရှင်မြတ်ဖန်ဆင်းတော်မူသော အချို့အရာများထဲမှ အရိပ်များပြုလုပ်ပေးတော်မူခဲ့သည်။ ၎င်းနောက် အရှင်မြတ်သည် အသင်တို့အတွက် တောင်များမှ ခိုလှုံရာနေရာများအဖြစ် ပြုလုပ်ဖန်ဆင်းပေးတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့

အတွက် အသင်တို့ကို အပူရှိန်မှကာကွယ်ပေးသော အဝတ်အစားများနှင့် အသင်တို့အား စစ်လက်နက်များ၏အန္တရာယ်မှ ကာကွယ်ပေးသော အဝတ်အစားများကို ဖန်ဆင်းပြုလုပ်ပေးတော်မူခဲ့သည်။ ထိုအတိုင်းပင် အရှင်မြတ်သည် အသင်တို့ အမိန့်တော်ကို လိုက်နာကြရန်အတွက် အရှင်မြတ်၏ကျေးဇူးတော်ကိုအသင်တို့အပေါ်တွင် အပြည့်အစုံ ချပေးသနားတော်မူခဲ့သည်။❶

❶ အရှင်မြတ်က အဲဒီလိုကျေးဇူးတွေကို အပြည့်အစုံချပေးထားပြီးတဲ့နောက်တော့ လူသားရဲ့တုံ့ပြန်မှုဟာ အရှင်မြတ်ကို လက်ခံပြီး လိုက်နာရုံကလွဲလို့ တခြားဘာမှမရှိသင့်တော့ဘူး ဖြစ်တယ်။ အရှင်မြတ်ရဲ့ကျေးဇူးတော်တွေကို သိတတ်ရတော့မှာဖြစ်တယ်။ (အလင်းပြကျမ်း)

فَإِن تَوَلَّوْا فَإِنَّمَا عَلَيْكَ الْبَلَاغُ الْمُبِينُ ﴿٨٢﴾

(၈၂) ထို့နောက် အကယ်၍ သူတို့သည် မျက်နှာလွှဲဖယ်ခဲ့ကြလျှင် အသင် (တမန်တော်)၏အပေါ်တွင် (အရှင်မြတ်၏အမိန့်တော်များကို) အတိအလင်း ပို့ချရန်သာ တာဝန်ရှိသည်။❷

❷ အဲဒီလောက် ကျေးဇူးတွေပြုပြီးတဲ့နောက်လည်း လက်မခံဘဲ ကျေးဇူးကန်းနေကြမယ်ဆိုရင် တမန်တော် ﷺ ရဲ့တာဝန်ကတော့ အရှင့်အမိန့်တွေအားလုံး ပို့ချဖို့ပဲ ဖြစ်တယ်။ သူတို့ လက်မခံတဲ့ကိစ္စကတော့ အရှင်မြတ်ထံတော်မှာပဲ ပုံအပ်ထားလိုက်ရုံပဲ ရှိတော့တယ်။ (အလင်းပြကျမ်း)

يَعْرِفُونَ نِعْمَتَ اللَّهِ ثُمَّ يُنكِرُونَهَا وَأَكْثَرُهُمُ الْكَافِرُونَ ﴿٨٣﴾

(၈၃) (အမှန်စင်စစ်) သူတို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို သိရှိဝန်ခံကြသည်။ ၎င်းနောက် သူတို့သည် ထိုကျေးဇူးတော်များကို ငြင်းပယ်ကြသည်။❸ ထို့ပြင် သူတို့ထဲမှ အမြောက်အမြားသည် ကာဖိရ်ငြင်းပယ်သူများပင် ဖြစ်ကြသည်။

❸ အရှင်မြတ်ရဲ့ကျေးဇူးတွေကို မသိလို့ ငြင်းပယ်ကြတာ မဟုတ်ဘဲ သိပါလျက်နဲ့ ငြင်းပယ်နေကြတာဖြစ်တယ်။ အဆိုတစ်ရပ်ကတော့ တမန်တော်မြတ် ﷺ ရဲ့တန်ခိုးတွေကို မြင်ပြီး သိကြပါလျက်နဲ့ မုန်းတီးမှုကြောင့် လက်မခံကြတာဖြစ်တယ်လို့လည်း ဖွင့်ဆိုထားတယ်။

(အလင်းပြကျမ်း၊အဗ္ဗုစအူဒ်)

وَيَوْمَ نَبْعَثُ مِن كُلِّ أُمَّةٍ شَهِيدًا ثُمَّ لَا يُؤْذَنُ لِلَّذِينَ كَفَرُوا وَلَا هُمْ يُسْتَعْتَبُونَ ﴿٨٤﴾

(၈၄) ထို့ပြင် ထိုနေ့တွင် ငါအရှင်မြတ်သည် (သာသနာဝင်) အုပ်စုတိုင်းမှ သက်သေတစ်ဦးစီကို ခေါ်ယူတော်မူမည်။ ထို့နောက် ငြင်းပယ်သူများအတွက် (အကြောင်းပြရန်) ခွင့်ပြုခြင်းခံရမည်မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် ပြေလည်မှုပြုလုပ်ရန် တောင်းဆိုခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။❹

❹ ကာဖိရ် မုရှ်ရိက်တွေဟာ သူတို့ကိုယ်တိုင် မှားယွင်းကြောင်း ဝန်ခံပြီးဖြစ်ကြတဲ့အတွက် သူတို့ဟာ စကားတစ်ခွန်းမှ ပြောခွင့်ပေးခံရမှာလည်းမဟုတ်သလို ပြေလည်ရာ ပြေလည်ကြောင်းလုပ်ဖို့

အခွင့်အရေးလည်းပေးခံရမှာ မဟုတ်တော့ဘူး။ အဲဒီနေရာဟာ အစားပေးတဲ့နေရာဖြစ်တဲ့အတွက် သူတို့ရဲ့လုပ်ရပ်တွေရဲ့အကျိုးဆက်ကို ခံရုံကလွဲလို့ အခြားမရှိတော့ဘူးလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِذَا رَاَ الَّذِيْنَ ظَلَمُوا الْعَذَابَ فَلَا يُخَفَّفُ عَنْهُمْ وَلَا هُمْ يُنْظَرُوْنَ ﴿٨٥﴾

(၈၅) ထို့ပြင် မတရားပြုလုပ်ခဲ့ကြသောသူများသည် ပြစ်ဒဏ်ကို မြင်ကြရသောအခါ သူတို့အပေါ်မှ (ပြစ်ဒဏ်)လျှော့ပေါ့ခံရမည်မဟုတ်ပေ။ ၎င်းနောက် သူတို့သည် (ပြစ်ဒဏ်ကို)ဆိုင်းငံ့ခံကြရမည်လည်း မဟုတ်ပေ။

وَاِذَا رَاَ الَّذِيْنَ اَشْرَكُوْا شُرَكَآءَهُمْ قَالُوْا رَبَّنَا هٰٓؤُلَآءِ شُرَكَآؤُنَا الَّذِيْنَ كُنَّا نَدْعُوْا مِنْ دُوْنِكَ ۚ فَاَلْقَوْا اِلَيْهِمُ الْقَوْلَ اِنَّكُمْ لَكٰذِبُوْنَ ﴿٨٦﴾

(၈၆) ထို့ပြင် တွဲဖက်ကိုးကွယ်ခဲ့ကြသောသူများသည် သူတို့၏ တွဲဖက်ကိုးကွယ်ရာများကို တွေ့မြင်ကြရသောအခါ သူတို့က ပြောဆိုကြမည်- "အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ဤအရာများသည် အရှင်မြတ်မှလွဲ၍ ကျွန်ုပ်တို့ ဟစ်ခေါ်ခဲ့ကြသော တွဲဖက်ကိုးကွယ်ရာများပင်ဖြစ်ကြပါသည်။" ထို့နောက် ၎င်း(တွဲဖက်ကိုးကွယ်ရာ)တို့သည် သူတို့ဘက်သို့ စကားလွှဲပစ်ပြီး ပြောဆိုကြမည်- "အမှန်စင်စစ် အသင်တို့သည် အမှန်ပင် လိမ်သောသူများသာ ဖြစ်ကြသည်။"

وَاَلْقَوْا اِلَى اللّٰهِ يَوْمَئِذِ السَّلَمَ وَضَلَّ عَنْهُمْ مَّا كَانُوْا يَفْتَرُوْنَ ﴿٨٧﴾

(၈၇) ထို့ပြင် သူတို့သည် ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်ထံတော်သို့ အမိန့်နာခံရန် ကမ်းလှမ်းကြမည်။ ထို့ပြင် သူတို့ထံမှ သူတို့လုပ်ကြံဖန်တီးခဲ့ကြသောအရာများသည် ပျောက်ပျက်သွားကြမည်။

اَلَّذِيْنَ كَفَرُوْا وَصَدُّوْا عَنْ سَبِيْلِ اللّٰهِ زِدْنٰهُمْ عَذَابًا فَوْقَ الْعَذَابِ بِمَا كَانُوْا يُفْسِدُوْنَ ﴿٨٨﴾

(၈၈) အကြင်သူများသည် ငြင်းပယ်ခဲ့ကြသည်။ ၎င်းနောက် (လူများအား)အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ တားဆီးခဲ့ကြသည်။ သူတို့သည် ဖျက်ဆီးလေ့ရှိခဲ့ကြသည့်အတွက် ငါအရှင်မြတ်သည် သူတို့အား ပြစ်ဒဏ်တစ်ခုပေါ်၌ တစ်ခု ထပ်တိုးပြီး ပေးတော်မူမည်။

وَيَوْمَ نَبْعَثُ فِيْ كُلِّ اُمَّةٍ شَهِيْدًا عَلَيْهِمْ مِّنْ اَنْفُسِهِمْ وَجِئْنَا بِكَ شَهِيْدًا عَلٰى هٰٓؤُلَآءِ ۗ وَنَزَّلْنَا عَلَيْكَ الْكِتٰبَ تِبْيَانًا لِّكُلِّ شَيْءٍ وَّهُدًى وَّرَحْمَةً وَّبُشْرٰى لِلْمُسْلِمِيْنَ ﴿٨٩﴾

(၈၉) ထို့ပြင် ထိုနေ့တွင် ငါအရှင်မြတ်သည် (သာသနာဝင်)အုပ်စုတိုင်းမှ သူတို့နှင့်ဆန့်ကျင်ပြီး သူတို့ထဲမှပင် သက်သေတစ်ဦးစီကို ခေါ်ယူတော်မူမည်။

၎င်းနောက် ငါအရှင်မြတ်သည် အသင်(တမန်တော်)အား ဤသူများနှင့် ဆန့်ကျင်၍ သက်သေအဖြစ်ခေါ်ယူတော်မူမည်။❶ ထို့ပြင် ငါအရှင်မြတ်သည် (ထိုသို့ သက်သေထွက်ဆိုနိုင်ရန်အတွက်) အသင်၏အပေါ်တွင် (ကုရ်အာန်)ကျမ်းတော်မြတ်ကို အရာအားလုံး၏ ရှင်းလင်းချက်အဖြစ်လည်းကောင်း၊ မွတ်စ်လင်မ်များအတွက် လမ်းမှန်ညွှန်ကြားပြသချက်အဖြစ်လည်းကောင်း၊ ကရုဏာတော်အဖြစ်လည်းကောင်း၊ သတင်းကောင်းအဖြစ်လည်းကောင်း ချပေးတော်မူခဲ့သည်။❷

❶ ကိယာမသ်နေ့မှာ တမန်တော်တိုင်းဟာ မိမိတို့ရဲ့အုပ်စုတွေနဲ့ပတ်သက်ပြီး သက်သေထွက်ဆိုကြမှာဖြစ်တယ်။ တမန်တော်မြတ် ﷺ လည်း မိမိရဲ့အုပ်စုနဲ့ပတ်သက်ပြီး သက်သေထွက်ဆိုမှာဖြစ်တယ်။ ပြီးတော့ တမန်တော်တွေအားလုံးဟာ သူတို့ရဲ့ တာဝန်တွေကျေပွန်ခဲ့ကြပါတယ်ဆိုတဲ့အကြောင်းကိုပါတမန်တော်မြတ် ﷺ ကသက်သေထွက်ဆိုတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

❷ အဲဒီလောက်ကောင်းမွန်တဲ့ အရည်အချင်းတွေရှိတဲ့ ကျမ်းဖြစ်တဲ့ ကုရ်အာန်ကျမ်းတော်မြတ်ကို ရရှိတဲ့ မွတ်စ်လင်မ်တွေဟာ လိုက်နာမယ်ဆိုရင် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းတွေချည်းပဲဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ ٱللَّهَ يَأۡمُرُ بِٱلۡعَدۡلِ وَٱلۡإِحۡسَٰنِ وَإِيتَآيِٕ ذِي ٱلۡقُرۡبَىٰ وَيَنۡهَىٰ عَنِ ٱلۡفَحۡشَآءِ وَٱلۡمُنكَرِ وَٱلۡبَغۡيِۚ يَعِظُكُمۡ لَعَلَّكُمۡ تَذَكَّرُونَ ﴿٩٠﴾

(၉၀) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မျှတရန်၊ ကောင်းမွန်စွာဆက်ဆံရန်နှင့် ဆွေမျိုးသားချင်းများကို ပေးကမ်းထောက်ပံ့ရန် အမိန့်ပေးတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် စက်ဆုပ်ရွံရှာဖွယ်ရာများ၊ မကောင်းမှုများနှင့် ကျူးကျော်မှုများမှ တားမြစ်တော်မူသည်။ အရှင်မြတ်သည် အသင်တို့အား အသင်တို့ သတိတရားရကြရန်အတွက် ဆုံးမတော်မူသည်။❸

❸ ဒီအာယသ်တော်ထဲမှာ ကျင့်သုံးဖို့ အမိန့်သုံးခုနဲ့ ရှောင်ကြဉ်ဖို့ တားမြစ်မှုသုံးခုကို ဖော်ပြထားပါတယ်။ ကျင့်သုံးဖို့ အမိန့်သုံးခုက (၁)တရားမျှတမှု (၂)ကောင်းကျိုးပြုမှု (၃) ဆွေမျိုးသားချင်းတွေကို ပေးကမ်းထောက်ပံ့မှုတို့ဖြစ်တယ်။ ရှောင်ကြဉ်ဖို့ တားမြစ်ထားတဲ့သုံးခုက (၁)စက်ဆုပ်ဖွယ်ရာအမှု (၂) မကောင်းမှု (၃) မတရားကျူးကျော်မှုတို့ဖြစ်တယ်။ (အလင်းပြကျမ်း)

وَأَوۡفُواْ بِعَهۡدِ ٱللَّهِ إِذَا عَٰهَدتُّمۡ وَلَا تَنقُضُواْ ٱلۡأَيۡمَٰنَ بَعۡدَ تَوۡكِيدِهَا وَقَدۡ جَعَلۡتُمُ ٱللَّهَ عَلَيۡكُمۡ كَفِيلًاۚ إِنَّ ٱللَّهَ يَعۡلَمُ مَا تَفۡعَلُونَ ﴿٩١﴾

(၉၁) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ကတိပြုထားသောအခါ ထိုကတိကို ပြည့်ဝအောင် ဆောင်ရွက်ကြပါ။❹ ၎င်းနောက် အသင်တို့သည် ကျိန်ဆိုမှုများကို အခိုင်အမာပြုလုပ်ပြီးနောက် မဖောက်ဖျက်ကြနှင့်။ အမှန်စင်စစ် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား အသင်တို့အပေါ်တွင်

အာမခံသူအဖြစ် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သည်များကို သိရှိတော်မူသည်။

❻ အရှင်မြတ်ရဲ့နာမတော်နဲ့ကျိန်ဆိုပြီး ကတိပြုခြင်းဟာ အရှင်မြတ်ကို သက်သေထားလိုက်ခြင်းဖြစ်တဲ့အတွက် ကိုယ့်ကတိကို ပြည့်ဝအောင် ဆောင်ရွက်ဖို့ အရေးကြီးတယ်။ ကတိဖောက်ဖျက်ပါက အလွန်ကြီးလေးတဲ့အပြစ်ခံရမှာဖြစ်တယ်။ အရှင်မြတ်ကို ခုတုံးလုပ်သလိုဖြစ်သွားလိမ့်မယ်။ (အလင်းပြကျမ်း)

وَلَا تَكُونُوا كَالَّتِي نَقَضَتْ غَزْلَهَا مِنْ بَعْدِ قُوَّةٍ أَنْكَاثًا ۭ تَتَّخِذُونَ أَيْمَانَكُمْ دَخَلًا بَيْنَكُمْ
أَنْ تَكُونَ أُمَّةٌ هِيَ أَرْبَىٰ مِنْ أُمَّةٍ ۭ إِنَّمَا يَبْلُوكُمُ اللَّهُ بِهِ ۭ وَلَيُبَيِّنَنَّ لَكُمْ يَوْمَ الْقِيَامَةِ مَا
كُنْتُمْ فِيهِ تَخْتَلِفُونَ ﴿٩٢﴾

(၉၂) ထို့ပြင် အသင်တို့သည် အကြင်မိန်းမကဲ့သို့ မဖြစ်ကြနှင့်၊ သူမသည် သူမ၏ချည်ခင်ကို ကောင်းကောင်းငင်ပြီးနောက် အပိုင်းပိုင်းဖျက်ဆီးပစ်ခဲ့သည်။ (ထိုကဲ့သို့) အသင်တို့သည် အသင်တို့၏ကျိန်ဆိုချက်များအား အသင်တို့အချင်းချင်း ပရိယာယ်ကြံစည်မှု၏ အကြောင်းခံအဖြစ် ပြုလုပ်ကြသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် အုပ်စုတစ်စုသည် အုပ်စုတစ်စုအပေါ် ပို၍တိုးတက်ကြီးပွားလာရန်ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ထိုကတိနှင့် အသင်တို့ကို စမ်းသပ်တော်မူခြင်းသာ ဖြစ်သည်။ ၎င်းနောက် အရှင်မြတ်သည် အသင်တို့ကွဲလွဲနေသည်များကို ကိယာမသ်ရှင်ပြန်ထမြည့်နေ့တွင် အသင်တို့၏ ရှေ့၌ အမှန်စင်စစ် ရှင်းလင်းထင်ရှားစွာ ပြသတော်မူမည် ဖြစ်သည်။

وَلَوْ شَاءَ اللَّهُ لَجَعَلَكُمْ أُمَّةً وَاحِدَةً وَلَٰكِنْ يُضِلُّ مَنْ يَشَاءُ وَيَهْدِي مَنْ يَشَاءُ ۭ وَلَتُسْأَلُنَّ
عَمَّا كُنْتُمْ تَعْمَلُونَ ﴿٩٣﴾

(၉၃) ထို့ပြင် အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် အလိုရှိတော်မူခဲ့လျှင် အမှန်ပင် အသင်တို့အား (သာသနာဝင်)အုပ်စုတစ်စုတည်း ပြုလုပ်တော်မူခဲ့မည်ဖြစ်သည်။ သို့ရာတွင် အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို (ထိုသူ၏ဆန့်ကျင်မှုကြောင့်)လမ်းမှားတွင် ထားရှိတော်မူ၍ အရှင်မြတ်အလိုရှိတော်မူသောသူကို လမ်းမှန်ရောက်အောင် ပို့ဆောင်ညွှန်ကြားပြသတော်မူသည်။ ထို့ပြင် အသင်တို့သည် အသင်တို့ပြုလုပ်သည်များနှင့်ပတ်သက်၍ အမှန်စင်စစ် စစ်ဆေးမေးမြန်းခြင်းကို ခံကြရမည်။

وَلَا تَتَّخِذُوا أَيْمَانَكُمْ دَخَلًا بَيْنَكُمْ فَتَزِلَّ قَدَمٌ بَعْدَ ثُبُوتِهَا وَتَذُوقُوا السُّوءَ بِمَا صَدَدْتُمْ

عَنۡ سَبِيۡلِ اللّٰهِ ۚ وَلَكُمۡ عَذَابٌ عَظِيۡمٌ ﴿٩٤﴾

(၉၄) ထို့ပြင် အသင်တို့သည် အသင်တို့၏ကျိန်ဆိုချက်များကို အသင်တို့အချင်းချင်းကြားတွင် ပရိယာယ်ကြံစည်မှု မပြုလုပ်ကြနှင့်။ သို့ဖြစ်လျှင် (အသင်တို့၏)ခြေသည် တည်မြဲပြီးနောက်မှ တိမ်းချော်သွားလိမ့်မည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ တားဆီးခဲ့ကြသည့်အတွက် ဒုက္ခခံကြရမည်။ ၎င်းနောက် (တမလွန်ဘဝတွင်) အသင်တို့အတွက် ကြီးကျယ်သောပြစ်ဒဏ်ရှိသည်။

وَلَا تَشۡتَرُوۡا بِعَهۡدِ اللّٰهِ ثَمَنًا قَلِيۡلًا ؕ اِنَّمَا عِنۡدَ اللّٰهِ هُوَ خَيۡرٌ لَّكُمۡ اِنۡ كُنۡتُمۡ تَعۡلَمُوۡنَ ﴿٩٥﴾

(၉၅) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထားရှိသော ကတိဖြင့် အနည်းငယ်မျှရှိသော အဖိုးငွေကို လဲလှယ်ဝယ်ယူခြင်းမပြုကြနှင့်။ အကယ်၍ အသင်တို့သည် သိခဲ့ကြလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ထံတော်၌ရှိသောအရာ(ဆုလာဘ်)သည် အသင်တို့အတွက် အကောင်းဆုံးပင်ဖြစ်သည်။

مَا عِنۡدَكُمۡ يَنۡفَدُ وَمَا عِنۡدَ اللّٰهِ بَاقٍ ؕ وَلَنَجۡزِيَنَّ الَّذِيۡنَ صَبَرُوۡۤا اَجۡرَهُمۡ بِاَحۡسَنِ مَا كَانُوۡا يَعۡمَلُوۡنَ ﴿٩٦﴾

(၉၆) အသင်တို့ထံ၌ ရှိသောအရာများသည် ကုန်ခန်းသွားမည်ဖြစ်သည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်ထံတော်၌ ရှိသောအရာများသည် အမြဲကျန်ရှိမည့်အရာများဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် သည်းခံခဲ့သောသူများအား သူတို့ပြုမူခဲ့ကြသည်များထက် ပိုကောင်းသော ကုသိုလ်အကျိုးကို ပေးသနားတော်မူမည်ဖြစ်သည်။❶

❶ အကြင်သူဟာ အရှင်မြတ်နဲ့ ပြုလုပ်ထားတဲ့ ကတိကိုရော လူသားတွေနဲ့ ပြုလုပ်ထားတဲ့ကတိကိုပါ ကျေပွန်အောင်ထမ်းဆောင်ပြီး အရှင်မြတ်ရဲ့လမ်းမှာ ကြုံတွေ့ရတဲ့ ဒုက္ခတွေကိုလည်း သည်းခံမယ်ဆိုရင် အဲဒီသူကို ပိုကောင်းတဲ့အကျိုးတွေ ပေးသနားတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

مَنۡ عَمِلَ صَالِحًا مِّنۡ ذَكَرٍ اَوۡ اُنۡثٰى وَهُوَ مُؤۡمِنٌ فَلَنُحۡيِيَنَّهٗ حَيٰوةً طَيِّبَةً ۚ وَلَنَجۡزِيَنَّهُمۡ اَجۡرَهُمۡ بِاَحۡسَنِ مَا كَانُوۡا يَعۡمَلُوۡنَ ﴿٩٧﴾

(၉၇) မည်သူမဆို ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ သူသည် ယုံကြည်သူဖြစ်လျက်❷ ကောင်းမြတ်သော လုပ်ရပ်များကို ပြုလုပ်ခဲ့လျှင်၊ အမှန်စင်စစ် ငါအရှင်မြတ်သည် ထိုသူကို သန့်ရှင်းစင်ကြယ်သောအသက်ရှင်ခြင်းမျိုးနှင့်

အသက်ရှင်စေတော်မူမည်။ ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ထိုသူများအား သူတို့ပြုလုပ်ခဲ့သောလုပ်ရပ်များထက် ကောင်းမွန်သော ကုသိုလ်အကျိုးကို ပေးသနားတော်မူမည် ဖြစ်သည်။

(၂) ကောင်းတဲ့လုပ်ငန်းဟူသမျှဟာ အီမာန်ရှိမှပဲ အကျိုးကုသိုလ်ရရှိမှာဖြစ်တယ်။ အီမာန်မရှိရင် အကျိုးမဲ့ပဲဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

فَاِذَا قَرَاْتَ الْقُرْاٰنَ فَاسْتَعِذْ بِاللّٰهِ مِنَ الشَّيْطٰنِ الرَّجِيْمِ ﴿٩٨﴾

(၉၈) သို့ဖြစ်ရာ အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်သောအခါ နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်(၏အနှောင့်အယှက်)မှ အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံပါ။(၃)

(၃) ရှိုင်သွာန်ဟာ ကုရ်အာန်ကျမ်းတော်မြတ်ကို လေ့လာမဲ့သူ၊ ဖတ်ရွတ်မဲ့သူကို ပိုမိုနှောင့်ယှက်မှုပြုတဲ့အတွက် အရှင်မြတ်ထံတော်မှာ ခိုလှုံခိုင်းထားတာဖြစ်တယ်။ (ဘာဖြစ်လို့လဲဆိုရင် ကုရ်အာန်ကျမ်းတော်မြတ်ဟာ အမြန်ဆုံးနဲ့ အမှန်ဆုံး လမ်းပြနိုင်တဲ့အရည်အချင်းရှိတယ်ဆိုတာ ရှိုင်သွာန်က သိတဲ့အတွက် ပိုပြီး နှောက်ယှက်လေ့ရှိတယ်။) ဇဝေဇဝါဖြစ်အောင် သံသယဖြစ်အောင် လှုံ့ဆော်လေ့ရှိတယ်။ အရှင်မြတ်ထံတော်မှာ ခိုလှုံပြီး လေ့လာရင် လမ်းမှန်ကို အမြန်ဆုံးရနိုင်မှာဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّهٗ لَيْسَ لَهٗ سُلْطٰنٌ عَلَى الَّذِيْنَ اٰمَنُوْا وَعَلٰى رَبِّهِمْ يَتَوَكَّلُوْنَ ﴿٩٩﴾

(၉၉) အမှန်စင်စစ် ထိုရှိုင်သွာန်သည် အကြင်သူများအပေါ် လုံးဝအာဏာမရှိပေ။ (၄) ထိုသူများသည် အီမာန်ယုံကြည်၍ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အပေါ် ယုံပုံလွှဲအပ်ထားကြသည်။

(၄) အရှင်မြတ်အပေါ်ယုံပြီး ပုံအပ်ထားတဲ့သူတွေအပေါ်မှာ ရှိုင်သွာန်ဟာ မလွှမ်းမိုးနိုင်ဘူး။ (အလင်းပြကျမ်း)

اِنَّمَا سُلْطٰنُهٗ عَلَى الَّذِيْنَ يَتَوَلَّوْنَهٗ وَالَّذِيْنَ هُمْ بِهٖ مُشْرِكُوْنَ ﴿١٠٠﴾

(၁၀၀) သူ၏အာဏာသည် သူ့ကို မိတ်ဆွေဖွဲ့သောသူများအပေါ်နှင့် သူ(၏လှုံ့ဆော်မှု)ကြောင့် (အလ္လာဟ်အရှင်မြတ်နှင့်) တွဲဖက်ကိုးကွယ်သောသူများအပေါ်တွင်သာရှိသည်။

وَاِذَا بَدَّلْنَآ اٰيَةً مَّكَانَ اٰيَةٍ ۙ وَّاللّٰهُ اَعْلَمُ بِمَا يُنَزِّلُ قَالُوْٓا اِنَّمَآ اَنْتَ مُفْتَرٍ ۭ بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ﴿١٠١﴾

(၁၀၁) ထို့ပြင် ငါအရှင်မြတ်သည် အာယသ်တော်တစ်ပိုဒ်ကို အခြားအာယသ်တော်တစ်ပိုဒ်၏နေရာတွင် ပြောင်းလဲတော်မူသောအခါ (၅) အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ချပေးတော်မူသောအမိန့်များကို အသိဆုံးဖြစ်တော်မူသည်။ သူတို့က အသင်သည် လုပ်ကြံဖန်တီးသူပင်ဖြစ်သည်ဟု ပြောဆိုကြ

သည်။ ထိုသို့မဟုတ်ပေ၊ အမှန်မှာ သူတို့ထဲမှ အမြောက်အမြားသည် မသိနားမလည်ကြပေ။

❶ အာယသ်တစ်ခုကို အခြားအာယသ်တစ်ခုနဲ့ ပြောင်းလဲအမိန့်ရှိတာဟာ လူသားတွေအတွက် လိုအပ်တဲ့အချိန်မှာ လိုအပ်လို့ ထုတ်ပြန်ခဲ့တဲ့အမိန့်ဟာ အဲဒီ လိုအပ်တဲ့အချိန် ကုန်ဆုံးသွားတဲ့အခါမှာ ပြန်လည်ရုပ်သိမ်းလိုက်ပြီး နောင်တစ်ချိန်မှာ လိုအပ်မဲ့ အမိန့်အသစ်ကိုချပေးတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ نَزَّلَهُ رُوحُ الْقُدُسِ مِن رَّبِّكَ بِالْحَقِّ لِيُثَبِّتَ الَّذِينَ آمَنُوا وَهُدًى وَبُشْرَىٰ لِلْمُسْلِمِينَ ﴿١٠٢﴾

(၁၀၂) (အို - တမန်တော်) အသင်ပြောလိုက်ပါ- ထိုအာယသ်တော်ကို ရူဟွလ်ကုဒုစ်(ကောင်းကင်တမန် ဂျိဗ်ရီလ်)က အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အီမာန်ယုံကြည်သူများအား တည်တံ့ခိုင်မြဲစေရန်၊ မွတ်စ်လင်မ်များအတွက် လမ်းမှန်ညွှန်ကြားပြသချက်အဖြစ်နှင့် သတင်းကောင်းအဖြစ် မှန်ကန်စွာ ချပေးတော်မူခဲ့သည်။

وَلَقَدْ نَعْلَمُ أَنَّهُمْ يَقُولُونَ إِنَّمَا يُعَلِّمُهُ بَشَرٌ ۗ لِّسَانُ الَّذِي يُلْحِدُونَ إِلَيْهِ أَعْجَمِيٌّ وَهَٰذَا لِسَانٌ عَرَبِيٌّ مُّبِينٌ ﴿١٠٣﴾

(၁၀၃) ထို့ပြင် အမှန်စင်စစ် သူတို့က ၎င်း(တမန်တော်)ကို လူတစ်ဦးက သင်ကြားပို့ချပေးသည်ဟု ပြောဆို(စွပ်စွဲ)ကြသည်ကို အမှန်စင်စစ် ငါအရှင်မြတ်သည် သိတော်မူသည်။❶ သူတို့ရည်ညွှန်းပြောဆိုကြသောသူ၏ ဘာသာစကားသည် အရဗီမဟုတ်သော ဘာသာစကားပင် ဖြစ်သည်။ ထို့ပြင် ဤကုရ်အာန်ကျမ်းကမူ ရှင်းလင်းထင်ရှားသော အရဗီဘာသာစကားပင်ဖြစ်သည်။

❶ တမန်တော်မြတ် ﷺ ကို သင်ပေးတယ်လို့ပြောခံရတဲ့သူဟာ အရဗ်မဟုတ်သူဖြစ်တယ်။ အရဗ်မဟုတ်သူတစ်ဦးက အလွန်ကြွယ်ဝတဲ့ အရဗီဘာသာစကားကို ဘယ်လိုလုပ်ပြီး အရဗ်တစ်ဦးကို သင်ကြားနိုင်မလဲ။ ပြီးတော့ ကျမ်းစာကလည်း တစ်ကမ္ဘာလုံးကို စိန်ခေါ်ထားတဲ့ကျမ်းစာဖြစ်နေတယ်။ အရဗ်မဟုတ်သူ မပြောနဲ့၊ ဒီကုရ်အာန်ကျမ်းစာချပေးခြင်းခံရတဲ့ တမန်တော်မြတ် ﷺ ကိုယ်တိုင်လည်း ကုရ်အာန်လိုမျိုး မရေးသားနိုင်ဘူး။ တမန်တော်မြတ် ﷺ ရဲ့ဩဝါဒတော်တွေဟာ ကျမ်းစာအုပ်ကြီးတွေ အမြောက်အမြားနဲ့ ရေးသားဖော်ပြပြီးဖြစ်တယ်။ အဲဒီအရေးအသားတွေဟာ တခြားအရဗီစာစဉ်အရေးအသားတွေထက် ပြည့်ဝကောင်းမွန်လှပသေသပ်ပေမဲ့ ကုရ်အာန်ရဲ့ အရေးအသားနဲ့ အလွန်ပဲ ကွာခြားတာကို အရဗီဘာသာစကား ကျွမ်းကျွမ်းကျင်ကျင်တတ်တဲ့သူဟာ အလွယ်တကူ မြင်တွေ့သိရှိနိုင်တာဖြစ်တယ်။ ဒါဟာ အရှင်မြတ်ရဲ့မဟာကျေးဇူးတော်ပဲဖြစ်တယ်။ အလ္လာဟ်အရှင်မြတ်ရဲ့ကုရ်အာန်ကို ထင်းကနဲ မြင်နိုင်အောင် မိန့်ဆိုချက်တွေကို ဖော်ပြပေးထားတော်မူတာဖြစ်တယ်။ (အိဗ်နုကသီးရ်)

إِنَّ الَّذِينَ لَا يُؤْمِنُونَ بِآيَاتِ اللَّهِ لَا يَهْدِيهِمُ اللَّهُ وَلَهُمْ عَذَابٌ أَلِيمٌ ﴿١٠٤﴾

(၁၀၄) အမှန်စင်စစ် အကြင်သူများသည် အလ္လာဟ်အရှင်မြတ်၏

အာယသ်တော်များကို မယုံကြည်ကြပေ။ သူတို့အား အလ္လာဟ်အရှင်မြတ်သည် လမ်းမှန်ညွှန်ကြားပြသတော်မူမည်မဟုတ်ပေ။ ၎င်းနောက် သူတို့အတွက် နာကျင်စေသော ပြစ်ဒဏ်ရှိမည်။

إِنَّمَا يَفْتَرِي الْكَذِبَ الَّذِينَ لَا يُؤْمِنُونَ بِآيَاتِ اللَّهِ ۖ وَأُولَٰئِكَ هُمُ الْكَاذِبُونَ ﴿١٠٥﴾

(၁၀၅) အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များကို မယုံကြည်သူများပင် လုပ်ကြံလိမ်လည်ပြောဆိုကြသည်။ ၎င်းနောက် သူတို့ပင် လိမ်လည်သူများဖြစ်ကြသည်။

مَن كَفَرَ بِاللَّهِ مِن بَعْدِ إِيمَانِهِ إِلَّا مَنْ أُكْرِهَ وَقَلْبُهُ مُطْمَئِنٌّ بِالْإِيمَانِ وَلَٰكِن مَّن شَرَحَ بِالْكُفْرِ صَدْرًا فَعَلَيْهِمْ غَضَبٌ مِّنَ اللَّهِ وَلَهُمْ عَذَابٌ عَظِيمٌ ﴿١٠٦﴾

(၁၀၆) မည်သူမဆို သူအီမာန်ယုံကြည်ပြီးနောက် အလ္လာဟ်အရှင်မြတ်အား ငြင်းပယ်ခဲ့လျှင်၊ ထို(ငြင်းပယ်မှု)ထဲ၌ အကြင်သူမပါပေ၊ ထိုသူ၏ စိတ်နှလုံးသည် အီမာန်ယုံကြည်မှုနှင့်ပင် နှစ်သိမ့်ကျေနပ်နေစဉ် အတင်းအကျပ်ပြုခြင်းခံရသည် (ဖြစ်လျှင် သူ့တွင် အပြစ်မရှိပေ)။ သို့ရာတွင် အကြင်သူ၏ စိတ်နှလုံးသည် ငြင်းပယ်မှုတွင် မွေ့လျော်ခဲ့လျှင် ထိုသူများ၏အပေါ်တွင်မူ အလ္လာဟ်အရှင်မြတ်ထံတော်မှ အမျက်တော်သည် ကျရောက်မည်ဖြစ်သည်။ ၎င်းနောက် သူတို့အတွက် ကြီးကျယ်သောပြစ်ဒဏ်လည်း ရှိမည်ဖြစ်သည်။ J

J အီမာန်ယုံကြည်ပြီး ကုဖ်ရ်ငြင်းပယ်မှု ပြုလုပ်တဲ့သူကို မုရ်သဒ်လို့ခေါ်တယ်။ အဲဒီသူရဲ့အပြစ်ဟာ အလွန်ကြီးလေးပြီး အစ္စလာမ်နိုင်ငံမှာဆိုရင် ဒီသူကို သတ်ပစ်ရမှာဖြစ်တယ်။ ဒါပေမဲ့ အီမာန်ရှင်တစ်ဦးကို အတင်းအဓမ္မ ကုဖ်ရ်ငြင်းပယ်ခိုင်းရင် အဲဒီသူရဲ့စိတ်နှလုံးထဲမှာ အီမာန်အပေါ်တည်ငြိမ်မှု ရှိနေသမျှ နှုတ်ကငြင်းပယ်လိုက်ရုံနဲ့ ကာဖိရ်ဖြစ်မသွားဘဲ မွတ်စ်လင်မ်အဖြစ်နဲ့သာ ရှိနေမှာဖြစ်တယ်။ အဲဒီသူဟာ ကောင်းမြတ်တဲ့သူထဲမှာ ပါဝင်တယ်။ အမ္မာရ်ပင် ယာစိရ် ﷵ ဟာ ဒီလိုအဖြစ်မျိုးကို ကြုံကြိုက်ခဲ့ရတယ်။ ဒီအာယသ်ဟာ သူနဲ့ပတ်သက်ပြီး ကျရောက်ခဲ့တာလည်းဖြစ်တယ်။ ဒါပေမဲ့ သူ့ထက်ပိုကောင်းမြတ်တဲ့သူကတော့ အတင်းအဓမ္မ ငြင်းပယ်ခိုင်းရင်လည်း မငြင်းပယ်ဘဲနဲ့ ပေးချင်တဲ့ဒုက္ခပေးပါစေ ခံလိုက်မယ်ဆိုတဲ့သူဖြစ်တယ်။ အဲဒီလို ခံသွားခဲ့တဲ့ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေထဲမှာ သာဝကကြီး ဗိလာလ် ﵁၊ သာဝကကြီးခဗ်ဗာဗ် ﵁ စတဲ့သူတွေ ပါဝင်ခဲ့တယ်။ (အိဗ်နုကဆီးရ်)

ذَٰلِكَ بِأَنَّهُمُ اسْتَحَبُّوا الْحَيَاةَ الدُّنْيَا عَلَى الْآخِرَةِ وَأَنَّ اللَّهَ لَا يَهْدِي الْقَوْمَ الْكَافِرِينَ ﴿١٠٧﴾

(၁၀၇) ၎င်း(အပြစ်ဒဏ်ခံရခြင်း)မှာမူ သူတို့သည် ဤဘဝအား တမလွန်ဘဝထက် ပိုနှစ်သက်ခဲ့ကြသည့်အတွက်ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ငြင်းပယ်သောသူများအား လမ်းမှန်ညွှန်ကြားပြသတော်မမူပေ။

أُولَٰئِكَ الَّذِينَ طَبَعَ اللَّهُ عَلَىٰ قُلُوبِهِمْ وَسَمْعِهِمْ وَأَبْصَارِهِمْ ۖ وَأُولَٰئِكَ هُمُ الْغَافِلُونَ ﴿١٠٨﴾

(၁၀၈) ထိုသူများသည် အကြင်သူများပင်ဖြစ်ကြသည်။ ထိုသူများ၏ စိတ်နှလုံးများ၊ သူတို့၏နားများနှင့် သူတို့၏မျက်စိများအပေါ်တွင် အလ္လာဟ်အရှင်မြတ်က တံဆိပ်ခတ်နှိပ်တော်မူခဲ့သည်။ ၎င်းနောက် ထိုသူများပင် (တမလွန်ဘဝကို) မေ့လျော့နေသောသူများ ဖြစ်ကြသည်။

لَا جَرَمَ اَنَّهُمْ فِی الْاٰخِرَةِ هُمُ الْخٰسِرُوْنَ ﴿١٠٩﴾

(၁၀၉) အမှန်စင်စစ် ထိုသူများသည် တမလွန်ဘဝတွင် ဆုံးရှုံးသူများ အမှန်ပင် ဖြစ်ကြရမည်မှာ မလွဲမရှောင်သာ (သေချာကိစ္စပင်) ဖြစ်သည်။

ثُمَّ اِنَّ رَبَّكَ لِلَّذِیْنَ هَاجَرُوْا مِنْۢ بَعْدِ مَا فُتِنُوْا ثُمَّ جٰهَدُوْا وَ صَبَرُوْۤا ۙ اِنَّ رَبَّكَ مِنْۢ بَعْدِهَا لَغَفُوْرٌ رَّحِیْمٌ ﴿١١٠﴾

(၁၁၀) ထို့နောက် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အကြင်သူများအတွက် ထိုသူများသည် စမ်းသပ်ခြင်းကို ခံကြရပြီးနောက် ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ၎င်းနောက် သူတို့သည် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် သူတို့သည် သည်းခံခဲ့ကြသည်။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ၎င်း(ကိစ္စများ)၏နောက်တွင် (ထိုသူများအား)အမှန်ပင် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

یَوْمَ تَاْتِیْ كُلُّ نَفْسٍ تُجَادِلُ عَنْ نَّفْسِهَا وَ تُوَفّٰی كُلُّ نَفْسٍ مَّا عَمِلَتْ وَ هُمْ لَا یُظْلَمُوْنَ ﴿١١١﴾

(၁၁၁) ထိုနေ့တွင် လူတိုင်းသည် မိမိကိုယ်မိမိ ကာကွယ်၍ပင် ငြင်းခုံပြောဆိုနေကြမည်။ ထို့ပြင် လူတိုင်းသည် သူပြုလုပ်ခဲ့သောလုပ်ရပ်များ (၏ အကျိုးအပြစ်)ကို မတရားပြုလုပ်ခြင်းမခံကြရဘဲလျက် သူတို့သည် အပြည့်အဝ ပေးခြင်းခံကြရမည်ဖြစ်သည်။

وَ ضَرَبَ اللّٰهُ مَثَلًا قَرْیَةً كَانَتْ اٰمِنَةً مُّطْمَىِٕنَّةً یَّاْتِیْهَا رِزْقُهَا رَغَدًا مِّنْ كُلِّ مَكَانٍ فَكَفَرَتْ بِاَنْعُمِ اللّٰهِ فَاَذَاقَهَا اللّٰهُ لِبَاسَ الْجُوْعِ وَ الْخَوْفِ بِمَا كَانُوْا یَصْنَعُوْنَ ﴿١١٢﴾

(၁၁၂) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ရွာတစ်ရွာအား ပုံပမာ ခိုင်းနှိုင်းပြတော်မူသည်။ ထိုရွာသည် ဘေးရန်ကင်းပြီး ငြိမ်းချမ်းစွာ ရှိနေခဲ့သည်။ ထိုရွာသို့ သူ၏စားနပ်ရိက္ခာများသည် နေရာတိုင်းမှ ဖောသီစွာ ရောက်ရှိနေခဲ့သည်။ ထို့နောက် ထိုရွာ(သူရွာသားများ)သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို ငြင်းပယ်ခဲ့(ကြ)သည်။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် ထိုရွာ

(သူရှာသားများ)အား သူတို့၏လုပ်ရပ်များကြောင့် ဆာလောင်မှုနှင့် ကြောက်ရွံ့ထိတ်လန့်မှုကို မြည်းစမ်းစေတော်မူခဲ့သည်။

وَلَقَدْ جَآءَهُمْ رَسُولٌ مِّنْهُمْ فَكَذَّبُوهُ فَأَخَذَهُمُ الْعَذَابُ وَهُمْ ظَٰلِمُونَ ﴿١١٣﴾

(၁၁၃) ထို့ပြင် အမှန်စင်စစ် သူတို့ထံသို့ သူတို့ထဲမှပင် တမန်တော်တစ်ပါးသည် ရောက်လာခဲ့သည်။ ထို့နောက် သူတို့သည် ထိုတမန်တော်ကို မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာပြစ်ဒဏ်သည် သူတို့ကို သူတို့ မတရားသူများဖြစ်လျက်ရှိစဉ် ဖမ်းဆီးကွပ်မျက်ခဲ့သည်။

فَكُلُوا مِمَّا رَزَقَكُمُ اللَّهُ حَلَٰلًا طَيِّبًا وَاشْكُرُوا نِعْمَتَ اللَّهِ إِن كُنتُمْ إِيَّاهُ تَعْبُدُونَ ﴿١١٤﴾

(၁၁၄) သို့ဖြစ်ရာ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က ပေးသနားတော်မူသောအရာများထဲမှ သန့်ပြန့်သော စားပိုင်ခွင့်ပြုတော်မူသည့်အရာများကို စားသုံးကြပါ။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်ကြလျှင် အရှင်မြတ်၏ကျေးဇူးတော်များနှင့်ပတ်သက်၍ ကျေးဇူးတင်ကြပါ။

إِنَّمَا حَرَّمَ عَلَيْكُمُ الْمَيْتَةَ وَالدَّمَ وَلَحْمَ الْخِنزِيرِ وَمَآ أُهِلَّ لِغَيْرِ اللَّهِ بِهِۦ ۖ فَمَنِ اضْطُرَّ غَيْرَ بَاغٍ وَلَا عَادٍ فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿١١٥﴾

(၁၁၅) အမှန်စင်စစ် အရှင်မြတ်သည် အသေကောင်၊ သွေး၊ ဝက်သားနှင့် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြားကို ရည်ရွယ်(လိုးဖြတ်)ထားသောအရာများကိုသာ❶ အသင်တို့အပေါ် ဟရာမ်ဟု တားမြစ်တော်မူခဲ့သည်။ ထို့နောက် အကြင်သူသည် အကျပ်အတည်းဖြစ်ခဲ့သည်၊ သူသည် (အစားကို) မက်မောသူလည်းမဟုတ်ပေ၊ (အစား)ကျူးသူလည်း မဟုတ်ပေ။ (ထိုသူသည် မလွှဲမရှောင်သာ မသေရုံတမည် ဟရာမ်ကို စားသုံးခဲ့လျှင်) ထို့နောက် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ ဒီနေရာမှာ ယတိပြတ် ဟလာလ်၊ ဟရာမ်အားလုံးနဲ့ပတ်သက်ပြီး မိန့်ဆိုခြင်းမဟုတ်ဘူး။ သီးသန့်တိရစ္ဆာန်တချို့နဲ့ ပတ်သက်ပြီး ဟလာလ်၊ ဟရာမ်ကို ရှင်းပြခြင်းဖြစ်တယ်။ အဲဒီတိရစ္ဆာန်တချို့နဲ့ပတ်သက်ပြီး မက္ကာဟ်က မုရှ်ရိက်တွေဟာ သူတို့ရဲ့ လွဲမှားတဲ့ထင်မြင်ယူဆချက်တွေနဲ့ သတ်မှတ်ပြီး ဟလာလ်ကို ဟရာမ်၊ ဟရာမ်ကို ဟလာလ် ပြုလုပ်ထားကြတာဖြစ်တယ်။ ဒါမှမဟုတ် သူတို့ကိုယ်သူတို့အပေါ်မှာ ပြဌာန်းထားကြတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး အရှင်မြတ်က ဆန့်ကျင်မိန့်ဆိုလိုက်တာဖြစ်တယ်။ ပြီးတော့ အရှင်မြတ်က ဒီနေရာမှာ ပြသတော်မူတာက အရှင်မြတ်ထံမှာ ဘယ်

တိရစ္ဆာန်ကတော့ ဟရာမ် ဖြစ်နေတယ်၊ ဒါပေမဲ့ အသင်တို့ဟာ ရှောင်ကြဉ်ခြင်းမရှိကြဘူး။ ပြီးတော့ ဘယ်တိရစ္ဆာန်ကတော့ ဟလာလ် ဖြစ်နေတယ်၊ ဒါပေမဲ့ အသင်တို့က ရှောင်ကြဉ်နေတယ်။ အဲဒါကြောင့် ဒီနေရာမှာ အရှင်မြတ်အမိန့်ရှိတာပဲ ဟလာလ်၊ ဟရာမ် ဖြစ်တယ်လို့ ကန့်သတ်မိန့်ကြားလိုက်တာမဟုတ်ဘဲ မုရှိရိက်တွေရဲ့ဟလာလ်၊ ဟရာမ် လုပ်ထားတာတွေကို ဆန့်ကျင်ကာ ထပ်မံပိုမိုထည့်သွင်းမိန့်ကြားခြင်းဖြစ်တယ်။

(မအာရိဖွလ်ကုရ်အာန် - (၂း၁၇၃) ရဲ့ရှင်းလင်းချက်မှာ အကျယ်တဝင့်ပါရှိပါတယ်။)

وَ لَا تَقُوْلُوْا لِمَا تَصِفُ اَلْسِنَتُكُمُ الْكَذِبَ هٰذَا حَلٰلٌ وَّ هٰذَا حَرَامٌ لِّتَفْتَرُوْا عَلَى اللّٰهِ الْكَذِبَ ؕ اِنَّ الَّذِيْنَ يَفْتَرُوْنَ عَلَى اللّٰهِ الْكَذِبَ لَا يُفْلِحُوْنَ ﴿١١٦﴾

(၁၁၆) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် လုပ်ကြံစွပ်စွဲကြရန်အတွက် အသင်တို့၏ နှုတ်လျှာများက မုသားလုပ်ကြံဖန်တီးခဲ့သော "ဤသည် ဟလာလ်ခွင့်ပြုထားသောအရာဖြစ်သည်၊ ၎င်းနောက် ဤသည်ဟရာမ်တားမြစ်ထားသောအရာဖြစ်သည်" ဟူသည့် (စကားများကို) မပြောဆိုကြနှင့်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်အပေါ်တွင် လုပ်ကြံစွပ်စွဲကြသောသူများသည် အောင်မြင်မည်မဟုတ်ပေ။

مَتَاعٌ قَلِيْلٌ ۪ وَّ لَهُمْ عَذَابٌ اَلِيْمٌ ﴿١١٧﴾

(၁၁၇) အကျိုးခံစားမှုအနည်းငယ်ပင် ဖြစ်သည်။ ၎င်းနောက် သူတို့အတွက် အလွန်နာကျင်စေသောပြစ်ဒဏ်ရှိမည်။

وَ عَلَى الَّذِيْنَ هَادُوْا حَرَّمْنَا مَا قَصَصْنَا عَلَيْكَ مِنْ قَبْلُ ۚ وَ مَا ظَلَمْنٰهُمْ وَ لٰكِنْ كَانُوْٓا اَنْفُسَهُمْ يَظْلِمُوْنَ ﴿١١٨﴾

(၁၁၈) ထို့ပြင် ငါအရှင်မြတ်သည် ယဟူဒီများအပေါ်တွင် အသင်(တမန်တော်)အား ငါအရှင်မြတ် (ယခင်က) မိန့်ကြားခဲ့သောအရာများကို ဟရာမ်ဟုတားမြစ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား နှိပ်စက်တော်မမူခဲ့ပေ။ သို့ရာတွင် သူတို့သည် သူတို့ကိုယ်သူတို့ပင် နှိပ်စက်နေခဲ့ကြခြင်းဖြစ်သည်။

ثُمَّ اِنَّ رَبَّكَ لِلَّذِيْنَ عَمِلُوا السُّوْٓءَ بِجَهَالَةٍ ثُمَّ تَابُوْا مِنْۢ بَعْدِ ذٰلِكَ وَ اَصْلَحُوْٓا ۙ اِنَّ رَبَّكَ مِنْۢ بَعْدِهَا لَغَفُوْرٌ رَّحِيْمٌ ﴿١١٩﴾

(၁၁၉) ထို့နောက် အမှန်စင်စစ် အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အကြင်သူများအတွက်၊ ထိုသူများသည် မသိမိုက်မဲသည့်အဖြစ်နှင့် မကောင်းမှု ကျူးလွန်ခဲ့ကြသည်။ ၎င်းနောက် ထိုအပြစ်ကျူးလွန်ပြီးနောက်၌ သောင်ဗဟ်အများဝန်ချတောင်းပန်ပြီး ပြုပြင်နေခဲ့ကြသည်။

အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အများဝန်ခံ ပြုပြင်ပြီးနောက်၌ အမှန်ပင် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသော အရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

إِنَّ إِبْرَٰهِيمَ كَانَ أُمَّةً قَانِتًا لِّلَّهِ حَنِيفًا وَلَمْ يَكُ مِنَ الْمُشْرِكِينَ ﴿١٢٠﴾

(၁၂၀) အမှန်စင်စစ် (တမန်တော်)အိဗ်ရာဟီမ်သည် အလွန်အတုယူ ထိုက်သောရှေ့ဆောင်၊ အလ္လာဟ်အရှင်မြတ်(၏အမိန့်တော်များ)ကို လိုက်နာသူ၊ တစ်စိတ်တစ်လက်တည်း ဖြောင့်မတ်တည်ကြည်သူ ဖြစ်ခဲ့သည်။ ထို့ပြင် ၎င်း သည် မုရှ်ရိက်များထဲမှ မဟုတ်ခဲ့ပေ။

شَاكِرًا لِّأَنْعُمِهِ ۚ اجْتَبَاهُ وَهَدَاهُ إِلَىٰ صِرَاطٍ مُّسْتَقِيمٍ ﴿١٢١﴾

(၁၂၁) (၎င်းသည်) အရှင်မြတ်၏ကျေးဇူးတော်များကို အလွန်သိတတ် ပြီး ကျေးဇူးတင်သူ (ဖြစ်ခဲ့သည်)။ အရှင်မြတ်သည် ၎င်းအား ရွေးချယ်တော်မူ ပြီး ၎င်းအား ဖြောင့်မတ်မှန်ကန်သောလမ်းကို ပြသတော်မူခဲ့သည်။

وَآتَيْنَاهُ فِي الدُّنْيَا حَسَنَةً ۖ وَإِنَّهُ فِي الْآخِرَةِ لَمِنَ الصَّالِحِينَ ﴿١٢٢﴾

(၁၂၂) ၎င်းနောက် ငါအရှင်မြတ်သည် ၎င်းအား ဤဘဝတွင်လည်း ကောင်းမြတ်သည်များကို ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ၎င်းသည် တမလွန် ဘဝတွင်လည်း အမှန်ပင် ကောင်းမြတ်သောသူများထဲမှ ဖြစ်လိမ့်မည်။

ثُمَّ أَوْحَيْنَا إِلَيْكَ أَنِ اتَّبِعْ مِلَّةَ إِبْرَٰهِيمَ حَنِيفًا ۖ وَمَا كَانَ مِنَ الْمُشْرِكِينَ ﴿١٢٣﴾

(၁၂၃) ထို့နောက် ငါအရှင်မြတ်သည် အသင့်ထံသို့ ဖြောင့်မတ်တည် ကြည်လျက်ရှိသော (တမန်တော်)အိဗ်ရာဟီမ်၏လမ်းစဉ်ကို လိုက်နာပါဟု အမိန့် ချမှတ်တော်မူခဲ့သည်။ ထို့နောက် ၎င်းသည် မုရှ်ရိက်များထဲမှ မဖြစ်ခဲ့ပေ။[၁]

[၁] တမန်တော်အိဗ်ရာဟီမ် عليه السلام ဟာ မုရှ်ရိက်တွေထဲက မဖြစ်ခဲ့ရုံသာမက အရှင်မြတ်ရဲ့ အမိန့် ကို လုံးလုံးလျားလျားလိုက်နာတဲ့သူဖြစ်ခဲ့တယ်။ ၎င်းဟာ အရှင်မြတ်အတွက်သက်သက် ၎င်းရဲ့ မိဘ၊ ဆွေမျိုး၊ အိုးအိမ်နဲ့ တိုင်းပြည်ကို စွန့်လွှတ်ခဲ့သူဖြစ်ခဲ့တယ်။ إِنِّي مُهَاجِرٌ إِلَىٰ رَبِّي မုရှ်ရိက်ဖြစ်ဖို့ဝေးစွ၊ သူတို့နေထိုင်တဲ့ နေရာမှာတောင် မနေထိုင်ခဲ့ဘူး။ ၎င်းဟာ အရှင်မြတ်ရဲ့ကျေးဇူးတော်ကို အလွန် သိတတ်သူလည်းဖြစ်တယ်။ ဧည့်သည်တစ်ဦးမဟုတ် တစ်ဦးကိုခေါ်ပြီး အတူထမင်းစားလေ့ရှိတယ်။ အရှင်မြတ်နဲ့ ပတ်သက်လာရင် အရာရာကို စွန့်လွှတ်နိုင်တဲ့သူဖြစ်တယ်။ အဲဒီလို အရည်အချင်းတွေ ရှိတဲ့အတွက် အရှင်မြတ်က ရွေးချယ်ပြီး စံနမူနာလုပ်ခဲ့တာ ဖြစ်တယ်။ ပြီးတော့ တမန်တော်မြတ် صلى الله عليه وسلم ကိုတောင် ၎င်းနောက်ကို လိုက်ခိုင်းခဲ့တယ်။ (အလင်းပြကျမ်း)

إِنَّمَا جُعِلَ السَّبْتُ عَلَى الَّذِينَ اخْتَلَفُوا فِيهِ ۚ وَإِنَّ رَبَّكَ لَيَحْكُمُ بَيْنَهُمْ يَوْمَ الْقِيَامَةِ فِيمَا كَانُوا فِيهِ يَخْتَلِفُونَ ﴿١٢٤﴾

(၁၂၄) စဗ်သ်စနေနေ့ (ဥပုသ်နေ့)သည် ထိုနေ့(၏အမိန့်ပညတ်ချက်များ)နှင့်ပတ်သက်၍ ကွဲလွဲကြသောသူများအပေါ်၌သာ (အတည်)ပြုလုပ်ခံခဲ့ရခြင်းဖြစ်သည်။ ၎င်းနောက် အမှန်စင်စစ် အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ကိယာမသ်ရှင်ပြန်ထမြောက်မည့်နေ့တွင် သူတို့ကွဲလွဲနေခဲ့သောအရာများနှင့်ပတ်သက်၍ အမှန်ပင် စီရင်ဆုံးဖြတ်တော်မူမည်ဖြစ်သည်။

ادْعُ إِلَىٰ سَبِيلِ رَبِّكَ بِالْحِكْمَةِ وَالْمَوْعِظَةِ الْحَسَنَةِ ۖ وَجَادِلْهُم بِالَّتِي هِيَ أَحْسَنُ ۚ إِنَّ رَبَّكَ هُوَ أَعْلَمُ بِمَن ضَلَّ عَن سَبِيلِهِ ۖ وَهُوَ أَعْلَمُ بِالْمُهْتَدِينَ ﴿١٢٥﴾

(၁၂၅) အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏လမ်းကို ပညာဉာဏ်အမြော်အမြင်နှင့် ကောင်းမြတ်သောဆုံးမသြဝါဒဖြင့် ဖိတ်ခေါ်ပါ။ ထို့ပြင် အသင်သည် သူတို့အား အကောင်းဆုံးနည်းဖြင့် အချေအတင်ပြောဆိုပါ။❶ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ပင် အရှင်မြတ်၏လမ်းတော်မှ လွဲချော်သွားသောသူများကို အသိဆုံးဖြစ်တော်မူသည်။ ❷၎င်းနောက် အရှင်မြတ်သည်ပင် တရားလမ်းမှန်ရရှိကြသောသူများကိုလည်း အသိဆုံး ဖြစ်တော်မူသည်။

❶ အရှင်မြတ်က ဟောပြောတဲ့နည်းပညာကို ချပေးတော်မူခဲ့တယ်။ ဟောပြောမယ်ဆိုရင် အချက်သုံးချက်နဲ့ ဟောပြောရမှာဖြစ်တယ်။ (၁) ဟိက်မသ် - ဉာဏ်ပညာနဲ့ပြည့်ဝနေတဲ့၊ ပညာသားပါတဲ့၊ အထောက်အထားခိုင်လုံတဲ့စကားတွေနဲ့ ပညာသားပါပါပြောဆိုခြင်းကိုဆိုလိုတယ်။ အဲဒီလိုစကားမျိုးကို သိရက်နဲ့ မိုက်တဲ့သူမဟုတ်ရင် လက်ခံကြတယ်။ (ဒါ့အပြင် တမန်တော်မြတ် ﷺ ရဲ့မိန့်ကြားချက်တွေကိုလည်း ဟိက်မသ်လို့ခေါ်တယ်။ကျွန်တော်တို့ရဲ့ ဗုခါရီကျမ်းမှဟဒီးဆ်တော်များစာအုပ်မှာ အထောက်အထားတွေဖော်ပြပြီးဖြစ်ပါတယ်)။ (၂) မောင်အိဇှဟ် ဟစနဟ် - စိတ်နှလုံးကို ဆွဲဆောင်စေတဲ့၊ ယိမ်းညွတ်စေတဲ့၊ နူးညံ့သိမ်မွေ့တဲ့ စကားမျိုးနဲ့ ပြောဆိုခြင်းကို ဆိုလိုတယ်။ အဲဒီလိုစကားမျိုးဟာ ကျောက်ခဲလို စိတ်နှလုံးတွေကိုပါ အရည်ပျော်စေလေ့ရှိတယ်။ (၃) ဂျိဒါလ် ဗစ်လ္လသီဟိယ အဟ်စန် - ကျိုးကြောင်းပြပြီး ပြေပြေပြစ်ပြစ် ချေပပြောဆိုခြင်းကို ဆိုလိုတယ်။ အဲဒီလို စကားမျိုးနဲ့ နူးညံ့သိမ်မွေ့စွာ ချေပမယ်ဆိုရင် ပြဿနာဟာ ပြေလည်သွားနိုင်တယ်။ အဲဒီလိုစကားမျိုးနဲ့ မပြောနိုင်ရင် မပြောဘဲနေရမယ်။ တစ်ဖက်သားကို နစ်နာစေမဲ့စကားမျိုးဆိုရင်တော့ ပြဿနာဟာ မပြေလည်ဘဲ ပိုဆိုးသွားမှာဖြစ်တယ်။ (အလင်းပြကျမ်း) ❷ တရားဟောပြီးသွားရင် အရှင်မြတ်အပေါ်မှာ ယုံပုံလွှဲအပ်ထားလိုက်ရုံပဲရှိတော့တယ်။ ဘယ်သူတရားရတယ်၊ မရဘူးဆိုတာ အရှင်မြတ်ပဲ သိတော်မူတဲ့အတွက် အရှင်မြတ်ပဲ ဆက်လက်ဆောင်ရွက်မှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِنْ عَاقَبْتُمْ فَعَاقِبُوا بِمِثْلِ مَا عُوقِبْتُم بِهِ ۖ وَلَئِن صَبَرْتُمْ لَهُوَ خَيْرٌ لِّلصَّابِرِينَ ﴿١٢٦﴾

(၁၂၆) ထို့ပြင် အကယ်၍ အသင်တို့သည် တုံ့ပြန်လက်စားချေမည်ဆိုလျှင် အသင်တို့ ဒုက္ခပေးခြင်းခံကြရသည်နှင့်အမျှသာ တုံ့ပြန်လက်စားချေကြ

ပါ။❻ ၎င်းနောက် အကယ်၍ အသင်တို့သည် သည်းခံခဲ့ကြလျှင် အမှန်စင်စစ် ထိုသည်းခံမှုသည် သည်းခံသူများအတွက် အကောင်းဆုံးဖြစ်သည်။

❻ နိုပ်စက်လို့ လက်စားချေတာလွန်သွားရင် သူဟာ နှိပ်စက်သူဖြစ်သွားပြီး လက်စားချေခံရတဲ့ သူဟာ နှိပ်စက်ခံရသူဖြစ်သွားလိမ့်မယ်။ အဲဒါကြောင့် သည်းခံတာဟာ အကောင်းဆုံးဖြစ်တယ်လို့ မိန့်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاصْبِرْ وَمَا صَبْرُكَ إِلَّا بِاللَّهِ وَلَا تَحْزَنْ عَلَيْهِمْ وَلَا تَكُ فِي ضَيْقٍ مِّمَّا يَمْكُرُونَ ﴿١٢٧﴾

(၁၂၇) ထို့ပြင် အသင်(တမန်တော်)သည် သည်းခံပါ၊ အသင်၏ သည်းခံမှုသည် အလ္လာဟ်အရှင်မြတ်၏ စွမ်းအားပေးမှုကြောင့်ပင် ဖြစ်သည်။ ထို့ပြင် အသင်သည် သူတို့အတွက် ပူဆွေးမနေပါနှင့်။ ထို့ပြင် အသင်သည် သူတို့၏ကြံစည်မှုများကြောင့် စိတ်ဆင်းရဲမှုလည်း မဖြစ်ပါနှင့်။

إِنَّ اللَّهَ مَعَ الَّذِينَ اتَّقَوا وَّالَّذِينَ هُم مُّحْسِنُونَ ﴿١٢٨﴾

(၁၂၈) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ကြသောသူများနှင့်အတူ၊ ၎င်းနောက် ကောင်းမြတ်သော လုပ်ရပ်များကို ပြုလုပ်ကြသောသူများနှင့်အတူ ရှိတော်မူသည်။

==========

رکوعاتها ١٢ ١٧ سُوْرَةُ بَنِیٓ اِسْرَآءِیْلَ مَکِّیَّةٌ ٥٠ اٰیاتها ١١١

# စူရဟ် ဗနီအစ္စရာအီလ် (အစ္စရာအီလ်မျိုးနွယ်ကဏ္ဍ) سُوْرَةُ بَنِیٓ اِسْرَآءِیْلَ

==========

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِیۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

سُبۡحٰنَ الَّذِیۡۤ اَسۡرٰی بِعَبۡدِهٖ لَیۡلًا مِّنَ الۡمَسۡجِدِ الۡحَرَامِ اِلَی الۡمَسۡجِدِ الۡاَقۡصَا الَّذِیۡ بٰرَکۡنَا حَوۡلَهٗ لِنُرِیَهٗ مِنۡ اٰیٰتِنَا ؕ اِنَّهٗ هُوَ السَّمِیۡعُ الۡبَصِیۡرُ ﴿۱﴾

(၁) အကြင်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူသည်။ ထိုအရှင်မြတ်သည် ညတစ်ည၌ အရှင်မြတ်၏ကျွန်(ဖြစ်သူ တမန်တော်မုဟမ္မဒ်)အား မတ်စ်ဂျစ်ဒ်ဟရာမ် ထွတ်မြတ်သောဗလီမှ ထိုကျွန်အား ငါအရှင်မြတ်၏ အချို့သက်သေလက္ခဏာများကို ပြသရန်အတွက် အကြင်ဝေးလံသောဗလီ မတ်စ်ဂျစ်ဒ်အက္ကစ္စာသို့ ခေါ်ဆောင်သွားတော်မူခဲ့သည်။❶ ငါအရှင်မြတ်သည် ထိုဗလီဝတ်ကျောင်းတော်၏ ပတ်ဝန်းကျင်ကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေတော်မူခဲ့သည်။ အမှန်စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့မြင်တော်မူသောအရှင်ဖြစ်တော်မူသည်။

❶ မတ်စ်ဂျစ်ဒ်အက္ကစ္စာဟာ ဆီးရီးယားပြည် ပိုင်သွလ်မုကဒ်ဒတ်စ်မှာရှိတယ်။ အရှင်မြတ်က အဲဒီဆီးရီးယားပြည်ကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံအောင်ပြုလုပ်ထားတော်မူတယ်။ အဲဒီမှာ အစ္စရာအီလ်မျိုးနွယ်ထဲက တမန်တော်အမြောက်အမြား ပွင့်ပေါ်ခဲ့တာဖြစ်တယ်။ အဲဒီအတွက် အရှင်မြတ်က မတ်စ်ဂျစ်ဒ်အက္ကစ္စာနဲ့ ကအ်ဗဟ်ကျောင်းတော်ကို ဆက်နွယ်ပြီး တမန်တော်မြတ် ﷺ ရဲ့နောက်လိုက်တွေပါ ဗရကာသ်မင်္ဂလာရရှိဖို့အတွက် တမန်တော်မြတ် ﷺ ကို အဲဒီကို အရှင်ဆုံးခေါ်ဆောင်သွားတော်မူခဲ့တယ်။ ယဟူဒီတွေရဲ့ ခေတ်ဆက် အတော်များများမှာ ကိဗ်လဟ်ကို အဲဒီဘက်ပဲလှည့်ပြီးထားခဲ့တာဖြစ်တယ်။ အဲဒီနောက် တမန်တော်မြတ် ﷺ ရဲ့ခေတ် ပထမပိုင်းမှာ (ဦးစားပေးခြင်းခံရတဲ့ အိဗ်နအဗ္ဗာစ် ؓ ရဲ့အဆိုအရ) ကိဗ်လဟ်ဟာ ကအ်ဗဟ်ဘက်ပဲဖြစ်ခဲ့တယ်။ မဒီနဟ်ကို ရွှေ့ပြောင်းပြီး တစ်နှစ်ခွဲခန့် ကိဗ်လဟ်ဟာ ပိုင်သုလ်မုကဒ်ဒတ်စ်ဘက်ကို ထားရှိပြီး ၎င်းနောက် ကိဗ်လဟ်ကို မူလကအ်ဗဟ်ကျောင်းတော်ဘက် အမြဲအတွက် အရှင်မြတ်က လှည့်ပြောင်းပေးတော်မူခဲ့တာဖြစ်တယ်။ အရှင်မြတ်က တမန်တော်မြတ် ﷺ ကို မက္ကဟ်ကနေ အဲဒီကို ခေါ်သွားတာကို အစ္စရာအ်လို့ခေါ်ပြီး အဲဒီကနေ အထက်ကောင်းကင်ကို ခေါ်သွားတာကို မိအ်ရာဂျ်လို့ခေါ်တယ်။ မတ်စ်ဂျစ်ဒ်အက္ကစ္စာကနေ တမန်တော်မြတ် ﷺ ရဲ့ရုပ်ရော၊ နာမ်ရောကို အရှင်မြတ်ထံတော်ရောက်အောင် ခေါ်ဆောင်သွားခဲ့တာဖြစ်တယ်။ အရှင်မြတ်ရဲ့အံ့ဖွယ်ရာ သက်သေလက္ခဏာတွေကို ပြသဖို့ ခေါ်ဆောင်သွားတာဖြစ်တယ်။ တကယ်လို့ မိအ်ရာဂျ်ကောင်းကင်ခရီးကို အိပ်မက်လို့ ယူဆကြ

မယ်ဆိုရင် ကာဖိရ်တွေဟာ ဘယ်လောက်ထူးဆန်းတဲ့အိပ်မက်ပဲဖြစ်ပါစေ၊ ဆန့်ကျင်စရာ ငြင်းပယ်စရာအကြောင်းမရှိတော့ဘူး။ အဟ်လေ့စွန္နသ်ရဲ့ယုံကြည်ချက်ကလည်း တမန်တော်မြတ် ﷺ ဟာ ရုပ်နာမ်နှစ်ခုစလုံးနဲ့ ကောင်းကင်ကို တက်သွားခဲ့တာဖြစ်တယ်။ (အကီဒဟ် သွဟာဝီယဟ်)

وَاٰتَيْنَا مُوْسَى الْكِتٰبَ وَجَعَلْنٰهُ هُدًى لِّبَنِيْٓ اِسْرَآءِيْلَ اَلَّا تَتَّخِذُوْا مِنْ دُوْنِيْ وَكِيْلًا ۝٢

(၂) ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)မူစာကို ကျမ်းဂန်ပေးသနားတော်မူခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် ထိုကျမ်းဂန်ကို အစ္စရာအီလ်မျိုးနွယ်များအတွက် "အသင်တို့သည် ငါအရှင်မြတ်မှလွဲ၍ အခြားမည်သူ့ကိုမျှ အားကိုးအားထားရာ မပြုလုပ်ကြနှင့်" ဟု လမ်းမှန်ညွှန်ကြားချက်အဖြစ် ပြုလုပ်တော်မူခဲ့သည်။

ذُرِّيَّةَ مَنْ حَمَلْنَا مَعَ نُوْحٍ ؕ اِنَّهٗ كَانَ عَبْدًا شَكُوْرًا ۝٣

(၃) အို-(သင်္ဘောပေါ်၌) ငါအရှင်မြတ်က(တမန်တော်)နူးဟ်နှင့်အတူ တင်ဆောင်တော်မူခဲ့သောသူများ၏ သားမြေးအပေါင်းတို့၊ (အသင်တို့သည် အရှင်မြတ်တစ်ပါးတည်းအပေါ်တွင် ယုံကြည်ကြပါ။) အမှန်စင်စစ် ၎င်း(တမန်တော်နူးဟ်)သည် အလွန်ကျေးဇူးသိတတ်သော ကျွန်တစ်ဦးဖြစ်သည်။❶

❶ တမန်တော်နူးဟ် عليه السلام ဟာ ကျေးဇူးသိတတ်သူတစ်ဦးဖြစ်သလို အသင်တို့ဟာ ၎င်းရဲ့ သင်္ဘောပေါ်မှာ ကယ်တင်ခြင်းခံခဲ့ရတဲ့သူတွေရဲ့ သားစဉ်မြေးဆက်တွေဖြစ်တဲ့အတွက် အသင်တို့လည်း ကျေးဇူးသိတတ်သူတွေဖြစ်ကြပါလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَضَيْنَآ اِلٰى بَنِيْٓ اِسْرَآءِيْلَ فِى الْكِتٰبِ لَتُفْسِدُنَّ فِى الْاَرْضِ مَرَّتَيْنِ وَلَتَعْلُنَّ عُلُوًّا كَبِيْرًا ۝٤

(၄) ထို့ပြင် ငါအရှင်သည် အစ္စရာအီလ်မျိုးနွယ်များထံသို့(သောင်ရာသ်)ကျမ်းတော်တွင် စီရင်ပြဋ္ဌာန်းတော်မူခဲ့သည်။ အမှန်စင်စစ် အသင်တို့သည် တိုင်းပြည်တွင် နှစ်ကြိမ် ဖျက်လိုဖျက်ဆီးပြုလုပ်ကြလိမ့်မည်။ ၎င်းနောက် အမှန်စင်စစ် အသင်တို့သည် မာနထောင်လွှားလျက် ကြီးကျယ်စွာ ဆိုးသွမ်းသောင်းကျန်းကြမည် (ဖျက်ဆီးမှုများပြုလုပ်ကြမည်)။

فَاِذَا جَآءَ وَعْدُ اُوْلٰىهُمَا بَعَثْنَا عَلَيْكُمْ عِبَادًا لَّنَآ اُولِيْ بَاْسٍ شَدِيْدٍ فَجَاسُوْا خِلٰلَ الدِّيَارِ ؕ وَكَانَ وَعْدًا مَّفْعُوْلًا ۝٥

(၅) ၎င်းနောက် ထိုနှစ်ကြိမ်ထဲမှ ပထမအကြိမ်(ဖျက်ဆီးမှုကို အသင်တို့ပြုလုပ်ခဲ့ကြသည့်အတွက်) ချိန်းဆိုထားသော ပြစ်ဒဏ်ကျရောက်လာသောအခါ ငါအရှင်မြတ်သည် ပြင်းထန်စွာတိုက်ခိုက်နိုင်သော ငါအရှင်မြတ်၏ကျွန်များကို အသင်တို့အပေါ်တွင် စေလွှတ်တော်မူမည်။ သို့ဖြစ်ရာ သူတို့သည် (အသင်

တို့ကို သတ်ဖြတ်ဖျက်ဆီးရန်) နေအိမ်များထဲသို့ ချင်းနင်းဝင်ရောက်ကြမည်။ ထို့ပြင် (ငါအရှင်မြတ်၏ ဤချိန်းဆိုမှုသည်)ပြီးမြောက်အောင် ပြုလုပ်ခြင်းခံရမည့် ချိန်းဆိုမှုပင်ဖြစ်သည်။

ثُمَّ رَدَدْنَا لَكُمُ الْكَرَّةَ عَلَيْهِمْ وَأَمْدَدْنٰكُمْ بِأَمْوَالٍ وَّبَنِيْنَ وَجَعَلْنٰكُمْ أَكْثَرَ نَفِيْرًا ﴿٦﴾

(၆) ထို့နောက် ငါအရှင်မြတ်သည် အသင်တို့အား သူတို့အပေါ်တွင် (လွှမ်းမိုးရန်)အလှည့်ပြန်ပေးတော်မူမည်။ ၎င်းနောက် ငါအရှင်မြတ်သည် အသင်တို့အား ပစ္စည်းဥစ္စာများ၊ သား(သမီး)များဖြင့် ကူညီစောင်မတော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့ကို များပြားသော အုပ်စုအဖြစ်လည်း ပြုလုပ်တော်မူမည်။

إِنْ أَحْسَنْتُمْ أَحْسَنْتُمْ لِأَنْفُسِكُمْ ۖ وَإِنْ أَسَأْتُمْ فَلَهَا ۚ فَإِذَا جَآءَ وَعْدُ الْاٰخِرَةِ لِيَسُوْٓءٗا وُجُوْهَكُمْ وَلِيَدْخُلُوا الْمَسْجِدَ كَمَا دَخَلُوْهُ أَوَّلَ مَرَّةٍ وَّلِيُتَبِّرُوْا مَا عَلَوْا تَتْبِيْرًا ﴿٧﴾

(၇) အကယ်၍ အသင်တို့သည် အကောင်းပြုလုပ်ခဲ့ကြလျှင် အသင်တို့အတွက် အကောင်းပြုခြင်းသာ ဖြစ်သည်။ ၎င်းနောက် အကယ်၍ အသင်တို့သည် အဆိုးပြုလုပ်ခဲ့ကြလျှင်လည်း အသင်တို့အတွက် အဆိုးပြုခြင်းသာဖြစ်သည်။ ထို့နောက် ဒုတိယအကြိမ်(ဖျက်လိုဖျက်ဆီးမှုကို အသင်တို့ပြုလုပ်ခဲ့ကြသည့်)အတွက် ချိန်းဆိုထားသောပြစ်ဒဏ် ရောက်လာသောအခါ (ငါအရှင်မြတ်သည် အရှင်မြတ်၏ အခြားကျွန်များကို) သူတို့သည် အသင်တို့၏မျက်နှာများအား ပျက်စီးစေရန်၊ သူတို့သည် ဗလီဝတ်ကျောင်းတော်ကို ပထမအကြိမ် ဝင်ရောက်ခဲ့ကြသကဲ့သို့ ဝင်ရောက်ကြရန်နှင့် သူတို့ နိုင်နင်းသမျှအရာများကို ဖျက်ဆီးကြရန် (အသင်တို့အပေါ်တွင် လွှမ်းမိုးစေတော်မူမည်)ဖြစ်သည်။

عَسٰى رَبُّكُمْ أَنْ يَّرْحَمَكُمْ ۚ وَإِنْ عُدْتُّمْ عُدْنَا ۘ وَجَعَلْنَا جَهَنَّمَ لِلْكٰفِرِيْنَ حَصِيْرًا ﴿٨﴾

(၈) (အို- အစ္စရာအီလ်မျိုးနွယ်တို့) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အသင်တို့အား သနားတော်မူရန်သေချာစွာ ကတိပြုတော်မူသည်။❶ ထို့နောက် အကယ်၍ အသင်တို့သည် ထပ်မံ၍ ထိုသို့ပြုလုပ်ခဲ့ကြလျှင် ငါအရှင်မြတ်သည်လည်း ထပ်မံ၍ပင် ထိုကဲ့သို့ တုံ့ပြန်ပြုလုပ်တော်မူမည်ဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ်သည် ငြင်းပယ်သူများအတွက် ဂျဟန္နမ်ငရဲဘုံကို အကျဉ်းထောင်အဖြစ် ပြုလုပ်ထားတော်မူသည်။

❶ عَسٰى ရဲ့အဓိပ္ပာယ်ဟာ အရှင်မြတ်ဘက်က မိန့်တော်မူရင် မရေရာတဲ့စကားမဟုတ်ဘဲ သေချာ

တဲ့ ကတိဖြစ်တယ်။ (ကုရ်သွူဗီ)

قوله تعالى: عَسَىٰ رَبُّكُمْ أَن يَرْحَمَكُمْ: عَسَى وعد من الله أن يكشف عنهم. وعَسَى من الله واجبة.
أَن يَرْحَمَكُمْ: بعد انتقامه منكم، ( تفسير القرطبى)

إِنَّ هَٰذَا الْقُرْآنَ يَهْدِي لِلَّتِي هِيَ أَقْوَمُ وَيُبَشِّرُ الْمُؤْمِنِينَ الَّذِينَ يَعْمَلُونَ الصَّالِحَاتِ أَنَّ لَهُمْ أَجْرًا كَبِيرًا ﴿٩﴾

(၉) အမှန်စင်စစ် ဤကုရ်အာန်ကျမ်းတော်မြတ်သည် အဖြောင့်မတ်ဆုံးတရားလမ်းကို ညွှန်ကြားပြသသည်။ ၎င်းနောက် ထိုကုရ်အာန်ကျမ်းတော်မြတ်သည် ကောင်းမြတ်သော လုပ်ရပ်များကို ပြုလုပ်ကြသော မုအ်မင်န်ယုံကြည်သူများအား အမှန်ပင် သူတို့အတွက် ကြီးကျယ်သောဆုလာဘ်ရှိသည်ဟု သတင်းကောင်းပေးသည်။

وَأَنَّ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ أَعْتَدْنَا لَهُمْ عَذَابًا أَلِيمًا ﴿١٠﴾

(၁၀) ထို့ပြင် အမှန်စင်စစ် တမလွန်ဘဝကို မယုံကြည်သူများအတွက် ငါအရှင်မြတ်သည် နာကျင်စေသောပြစ်ဒဏ်ကို အသင့်ပြုလုပ်ထားတော်မူသည် (ကိုလည်း ဤကုရ်အာန်ကျမ်းတော်မြတ်က သတင်းပေးသည်)။❶

❶ ကုရ်အာန်ကျမ်းတော်မြတ်က ကောင်းမြတ်တဲ့သူတွေကို ကောင်းတဲ့အကျိုးရှိမဲ့အကြောင်း သတင်းကောင်းပေးသလို မကောင်းတဲ့သူတွေကို မကောင်းတဲ့ ဆိုးကျိုးရှိမဲ့အကြောင်း သတင်းပေးတယ်။ (အလင်းပြကျမ်း)

وَيَدْعُ الْإِنسَانُ بِالشَّرِّ دُعَاءَهُ بِالْخَيْرِ ۖ وَكَانَ الْإِنسَانُ عَجُولًا ﴿١١﴾

(၁၁) ထို့ပြင် လူသားသည် အကောင်းနှင့်ပတ်သက်၍ ဆုတောင်းကြသကဲ့သို့ အဆိုးနှင့်ပတ်သက်၍လည်း ဆုတောင်းကြသည်။ ၎င်းနောက် လူသားသည် အလွန်အလျင်စလိုလုပ်သူ ဖြစ်သည်။❷

❷ လူသားဟာ ကိစ္စရပ်တွေအမြောက်အမြားကို စဉ်းစားဆင်ခြင်မှုမရှိဘဲ အလျင်စလို လုပ်လေ့ရှိတယ်။ ဒေါသထွက်တဲ့အခါဆိုရင် ကိုယ့်ကိုယ်ပေါ် ဖြစ်စေ၊ ကိုယ့်သားသမီးပေါ် ဖြစ်စေ မကောင်းကျိန်ဆဲလေ့ရှိကြတယ်။ ဒါဟာ အလျင်စလို မကောင်းတာကို တောင်းဆိုလိုက်ခြင်းပဲဖြစ်တယ်။ အဲဒီလိုပဲ တမလွန်ဘဝမှာ ဆုံးရှုံးစေမဲ့အရာတွေကို ဒီဘဝမှာ သည်းမခံဘဲ ပြုလုပ်လေ့ရှိခြင်းဟာလည်း အလျင်လိုတာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

وَجَعَلْنَا اللَّيْلَ وَالنَّهَارَ آيَتَيْنِ ۖ فَمَحَوْنَا آيَةَ اللَّيْلِ وَجَعَلْنَا آيَةَ النَّهَارِ مُبْصِرَةً لِّتَبْتَغُوا فَضْلًا مِّن رَّبِّكُمْ وَلِتَعْلَمُوا عَدَدَ السِّنِينَ وَالْحِسَابَ ۚ وَكُلَّ شَيْءٍ فَصَّلْنَاهُ تَفْصِيلًا ﴿١٢﴾

(၁၂) ထို့ပြင် ငါအရှင်မြတ်သည် ညနှင့်နေ့ကို သက်သေနှစ်ခုအဖြစ် ပြုလုပ်ထားတော်မူသည်။ ၎င်းနောက် ငါအရှင်မြတ်သည် ည၏သက်သေလက္ခဏာ

(အလင်းရောင်)ကို ဖျောက်ဖျက်(၍ အမှောင်ပြုလုပ်)တော်မူပြီး နေ့၏သက်သေ လက္ခဏာကို အလင်းပြုလုပ်တော်မူသည်။ ထိုသို့ ပြုလုပ်ရသည့်အကြောင်းက မူ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ကျေးဇူးတော်(စားနပ်ရိက္ခာ)ကို ရှာဖွေကြရန်၊ အသင်တို့သည် နှစ်များ၏ အရေ အတွက်ကို သိကြရန်နှင့် စာရင်းတွက်ချက်မှုများကို သိကြရန်အတွက်ပင်ဖြစ် သည်။ ထို့ပြင် ငါအရှင်မြတ်သည် အရာအားလုံးကို အသေးစိတ် ရှင်းလင်းဖော် ပြတော်မူသည်။

وَكُلَّ اِنۡسَانٍ اَلۡزَمۡنٰهُ طٰٓئِرَهٗ فِىۡ عُنُقِهٖ‌ ؕ وَنُخۡرِجُ لَهٗ يَوۡمَ الۡقِيٰمَةِ كِتٰبًا يَّلۡقٰهُ مَنۡشُوۡرًا ﴿۱۳﴾

(၁၃) ထို့ပြင် ငါအရှင်မြတ်သည် လူတိုင်း၏လုပ်ရပ်ကို သူ၏လည်ကုပ် တွင် ခိုင်မြဲစွာ ချည်နှောင်ထားတော်မူသည်။ ၎င်းနောက် ငါအရှင်မြတ်သည် ကိယာမသ်နေ့တွင် သူ့အား မှတ်တမ်းတစ်ခုကို ထုတ်ပေးတော်မူမည်။ သူသည် ထိုမှတ်တမ်းကို ပွင့်နေသည့်အဖြစ်နှင့်တွေ့ရလိမ့်မည်။❻

❻ အရှင်မြတ်က လူသားလုပ်သမျှအရာတွေကို ကောင်းကင်တမန်တွေနဲ့ ရေးမှတ်ခိုင်းထားတဲ့ မှတ်တမ်းစာအုပ်ကို ဖွင့်ပြမှာဖြစ်တယ်။ အဲဒီအခါ ကိုယ်လုပ်ခဲ့တာတွေအားလုံး ကိုယ်ကိုယ်တိုင် မြင်တွေ့ရမှာဖြစ်တယ်။ ဘာမှ ငြင်းနိုင်မှာ မဟုတ်တော့ဘူး။ (အလင်းပြကျမ်း)

اِقۡرَاۡ كِتٰبَكَ ؕ كَفٰى بِنَفۡسِكَ الۡيَوۡمَ عَلَيۡكَ حَسِيۡبًا ﴿۱۴﴾

(၁၄) (ထို့နောက် သူ့အားပြောမည်)- အသင်သည် အသင်၏မှတ်တမ်း ကို ဖတ်လိုက်ပါ၊ ယနေ့မူ အသင်ကိုယ်တိုင်ပင် အသင်၏အပေါ် စာရင်းစစ်ဆေး သူအဖြစ် လုံလောက်ပေသည်။

مَنِ اهۡتَدٰى فَاِنَّمَا يَهۡتَدِىۡ لِنَفۡسِهٖ‌ ۚ وَمَنۡ ضَلَّ فَاِنَّمَا يَضِلُّ عَلَيۡهَا‌ ؕ وَلَا تَزِرُ وَازِرَةٌ وِّزۡرَ اُخۡرٰى‌ ؕ وَمَا كُنَّا مُعَذِّبِيۡنَ حَتّٰى نَبۡعَثَ رَسُوۡلًا ﴿۱۵﴾

(၁၅) မည်သူမဆို တရားလမ်းမှန်ကို ရရှိခဲ့လျှင် ထိုသူသည် သူ၏အကျိုး အတွက် ရရှိခဲ့ခြင်းသာဖြစ်သည်။ ၎င်းနောက် မည်သူမဆို လမ်းလွဲခဲ့လျှင် ထိုသူ သည် သူ့ကိုယ်သူနှင့်ဆန့်ကျင်ပြီး(အကျိုးယုတ်ရန်)လမ်းလွဲခဲ့ခြင်းသာဖြစ်သည်။ ထို့ပြင် မည်သည့်သယ်ပိုးသူကမျှ သူတစ်ပါး၏ ဝန်ထုပ်ကို သယ်ပိုးမည်မဟုတ် ပေ။ ၎င်းနောက် ငါအရှင်မြတ်သည် တမန်တော်တစ်ပါးပါးအား မစေလွှတ်သမျှ ပြစ်ဒဏ်ပေးတော်မမူပေ။❼

❼ အရှင်မြတ်ဟာ ဘယ်မြို့ရွာကိုပဲဖြစ်ဖြစ် အရှင်မြတ်ရဲ့တမန်တော်တွေ စေလွှတ်ပြီး အမှားအမှန် ခွဲခြားပြသပြီးနောက် မလိုက်နာဘဲ ဆိုးသွမ်းနေကြမှပဲ အပြစ်ဒဏ်ခတ် အရေးယူတော်မူလေ့ရှိ

တယ်။ တမန်တော်မလွှတ်ဘဲ အရေးယူတဲ့အရှင် မဟုတ်ဘူး။ (အလင်းပြကျမ်း)

وَإِذَآ أَرَدۡنَآ أَن نُّهۡلِكَ قَرۡيَةً أَمَرۡنَا مُتۡرَفِيهَا فَفَسَقُواْ فِيهَا فَحَقَّ عَلَيۡهَا ٱلۡقَوۡلُ فَدَمَّرۡنَٰهَا تَدۡمِيرٗا ١٦

(၁၆) ထို့ပြင် ငါအရှင်မြတ်သည် ရွာတစ်ရွာအား ဖျက်ဆီးရန် ရည်ရွယ်တော်မူလျှင် ထိုရွာမှ စည်းစိမ်ရှင်များအား (အီမာန်ယုံကြည်ရန်နှင့်အမိန့်နာခံရန်) အမိန့်ပေးတော်မူသည်။ ထို့နောက် သူတို့သည် (အမိန့်မနာခံဘဲ) ထိုရွာတွင် ဆိုးသွမ်းကြသည်။ သို့ဖြစ်ရာ (ချိန်းဆိုထားသော ပြစ်ဒဏ်၏)မိန့်ခွန်းချက်သည် ထိုရွာတွင် ကျရောက်တော့သည်။ ထို့နောက် ငါအရှင်မြတ်သည် ထိုရွာကို အပြည့်အ၀ ဖျက်ဆီးပစ်တော်မူသည်။

وَكَمۡ أَهۡلَكۡنَا مِنَ ٱلۡقُرُونِ مِنۢ بَعۡدِ نُوحٖۗ وَكَفَىٰ بِرَبِّكَ بِذُنُوبِ عِبَادِهِۦ خَبِيرَۢا بَصِيرٗا ١٧

(၁၇) ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)နူးဟ်၏နောက်၌ လူမျိုးသားဆက် အမြောက်အများကို ဖျက်ဆီးတော်မူခဲ့သည်။❻ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အရှင်မြတ်၏ကျွန်များ၏ ပြစ်မှုများကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်၊ အကြွင်းမဲ့မြင်တော်မူသောအရှင်အဖြစ် လုံလောက်တော်မူသည်။

❻ အဲဒီလို တမန်တော်တွေစေလွှတ်ပြီး လမ်းမှန်ပြစေပြီးတဲ့နောက် အချိန်အများကြီးဆိုင်းငံ့ပေးပြီးတော့လည်း လက်မခံဘဲ ဆက်လက်သောင်းကျန်းနေကြတော့မှပဲ အရှင်မြတ်ဟာ အဲဒီလူမျိုးတွေကို ဖျက်ဆီးတော်မူတယ်။ အဲဒီနည်းနဲ့ပဲ တမန်တော်နူးဟ် عليه السلام ရဲ့နောက်မှာ လူမျိုးဆက်အများအပြားကို ဖျက်ဆီးတော်မူခဲ့ပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

مَّن كَانَ يُرِيدُ ٱلۡعَاجِلَةَ عَجَّلۡنَا لَهُۥ فِيهَا مَا نَشَآءُ لِمَن نُّرِيدُ ثُمَّ جَعَلۡنَا لَهُۥ جَهَنَّمَ يَصۡلَىٰهَا
مَذۡمُومٗا مَّدۡحُورٗا ١٨

(၁၈) မည်သူမဆို ဣဘ၀၏စည်းစိမ်ကို ရည်ရွယ်ခဲ့လျှင် ငါအရှင်မြတ်သည် ထိုသူ့အား ဣဘ၀၌ပင် ငါအရှင်မြတ်အလိုရှိတော်မူသောအရာကို ငါအရှင်မြတ်အလိုရှိတော်မူသောသူအား မြန်ဆန်စွာပေးလိုက်တော်မူမည်။ ထို့နောက် ငါအရှင်မြတ်သည် ထိုသူ့အတွက် ငရဲဘုံကို ပြုလုပ်ထားတော်မူသည်။ ထိုသူသည် ငရဲဘုံထဲသို့ ပြစ်တင်ကဲ့ရဲ့ခံရ၍ (သနားကရုဏာတော်မှ)နှင်ထုတ်ခြင်းခံရလျက် ၀င်ရောက်ရမည် ဖြစ်သည်။

وَمَنۡ أَرَادَ ٱلۡأٓخِرَةَ وَسَعَىٰ لَهَا سَعۡيَهَا وَهُوَ مُؤۡمِنٞ فَأُوْلَٰٓئِكَ كَانَ سَعۡيُهُم مَّشۡكُورٗا ١٩

(၁၉) ထို့ပြင် မည်သူမဆို အီမာန်ယုံကြည်သူလည်းဖြစ်လျက် သူသည် တမလွန်ဘ၀ကို ရည်ရွယ်၍ တမလွန်ဘ၀နှင့် ကိုက်ညီသောကြိုးပမ်းအားထုတ်

မှုကို ကြိုးပမ်းခဲ့လျှင်၊ ထိုသူများပင် သူတို့၏ကြိုးပမ်းအားထုတ်မှုသည် အကျိုး ကျေးဇူးပေးခံရမည်ဖြစ်သည်။❶

❶ အရှင်မြတ်လက်ခံတဲ့ လုပ်ရပ်ဖြစ်ဖို့ အချက်သုံးချက်လိုအပ်တယ် (၁) ရှိရိက် ကင်းစင်တဲ့စိတ် စေတနာဖြူစင်မှု (၂) စွန္နသ်နဲ့ ကိုက်ညီတဲ့နည်းလမ်း မှန်ကန်မှုနဲ့(၃) အလ္လာဟ်အရှင်မြတ်အပေါ် မှာ ထားရှိတဲ့ ယုံကြည်ချက်မှန်ကန်မှုတို့ဖြစ်တယ်။ (အလင်းပြကျမ်း)

كُلًّا نُّمِدُّ هٰٓؤُلَآءِ وَهٰٓؤُلَآءِ مِنْ عَطَآءِ رَبِّكَ ۚ وَمَا كَانَ عَطَآءُ رَبِّكَ مَحْظُورًا ﴿٢٠﴾

(၂၀) ငါအရှင်မြတ်သည် ဤသူများနှင့် ထိုသူများအသီးသီးတို့ကို အသင် (တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ဆုလာဘ်ကျေးဇူး တော်ထဲမှ ပံ့ပိုးခြင်းဖြစ်သည်။ ၎င်းနောက် အသင့်အား ဖန်ဆင်းမွေးမြူတော်မူ သောအရှင်မြတ်၏(လောကီဆိုင်ရာ)ကျေးဇူးတော်(ကို ပေးကမ်းချီးမြှင့်မှု)သည် (မည်သူ့အပေါ်တွင်မျှ) ပိတ်ပင်ထားခြင်းမရှိပေ။

اُنْظُرْ كَيْفَ فَضَّلْنَا بَعْضَهُمْ عَلٰى بَعْضٍ ۚ وَلَلْاٰخِرَةُ اَكْبَرُ دَرَجٰتٍ وَّاَكْبَرُ تَفْضِيْلًا ﴿٢١﴾

(၂၁) ငါအရှင်မြတ်သည် သူတို့ထဲမှ အချို့ကို အချို့ထက် မည်ကဲ့သို့ မြင့်မြတ်စေတော်မူခဲ့သနည်းဆိုသည်ကို အသင်ကြည့်ပါ။ ထို့ပြင် အမှန်စင်စစ် တမလွန်ဘဝသည် အဆင့်အတန်းအားဖြင့်သာမက မြင့်မြတ်မှုအားဖြင့်လည်း အလွန်ကြီးကျယ်လှသည်။

لَا تَجْعَلْ مَعَ اللّٰهِ اِلٰهًا اٰخَرَ فَتَقْعُدَ مَذْمُوْمًا مَّخْذُوْلًا ﴿٢٢﴾

(၂၂) အသင်သည် အလ္လာဟ်အရှင်မြတ်နှင့်အတူ နောက်ထပ် မည်သည့် ကိုးကွယ်ရာကိုမျှ (တွဲဖက်ကိုးကွယ်မှု) မပြုလုပ်နှင့်။ ထိုသို့ပြုလုပ်ခဲ့လျှင် အသင် သည် ပြစ်တင်ရှုတ်ချခြင်းခံရလျက်၊ အကူအညီပေးခြင်းမှ စွန့်ပစ်ခံထားရလျက် ထိုင်နေရမည်ဖြစ်သည်။

وَقَضٰى رَبُّكَ اَلَّا تَعْبُدُوْٓا اِلَّآ اِيَّاهُ وَبِالْوَالِدَيْنِ اِحْسَانًا ۚ اِمَّا يَبْلُغَنَّ عِنْدَكَ الْكِبَرَ اَحَدُهُمَآ

اَوْ كِلٰهُمَا فَلَا تَقُلْ لَّهُمَآ اُفٍّ وَّلَا تَنْهَرْهُمَا وَقُلْ لَّهُمَا قَوْلًا كَرِيْمًا ﴿٢٣﴾

(၂၃) ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က အမိန့်ပြဋ္ဌာန်းတော်မူသည်။ အသင်တို့သည် အရှင်မြတ်တစ်ပါးတည်းကိုသာ ကိုးကွယ်မှုပြုခြင်းမှလွဲ၍ အခြားကို ကိုးကွယ်မှု မပြုရပေ။ ၎င်းနောက် မိဘနှစ်ပါး ကို ကောင်းမွန်စွာ ပြုစုကြရမည်။ အကယ်၍ ထိုမိဘနှစ်ပါးထဲမှ တစ်ပါးဖြစ်စေ၊ နှစ်ပါးစလုံးဖြစ်စေ အသင့်ရှေ့၌ အိုမင်းရင့်ရော်သောအရွယ်သို့ ရောက်ခဲ့လျှင်

အသင်သည် ထိုမိဘနှစ်ပါးအား "အို" ဟုပင် မပြောနှင့်။ ၎င်းနောက် အသင်သည် မိဘနှစ်ပါးအား ငေါက်ငမ်းခြင်းလည်းမပြုနှင့်။ အသင်သည် ထိုမိဘနှစ်ပါးနှင့် ယဉ်ကျေးသိမ်မွေ့ချိုသာသောစကားကိုသာ ပြောဆိုပါ။

وَاخْفِضْ لَهُمَا جَنَاحَ الذُّلِّ مِنَ الرَّحْمَةِ وَقُلْ رَّبِّ ارْحَمْهُمَا كَمَا رَبَّيٰنِيْ صَغِيْرًا ﴿٢٤﴾

(၂၄) ထို့ပြင် အသင်သည် ထိုမိဘနှစ်ပါး၏ရှေ့၌ သူတို့အပေါ်တွင် ကြင်နာသောသဘောဖြင့် ကျိုးနွံပါ။ ၎င်းနောက် အသင်သည် (အရှင်မြတ်ထံတော်၌ ဤသို့)တောင်းဆိုပါ- "အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ထိုမိဘနှစ်ပါးသည် ကျွန်ုပ်ကို ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ခဲ့ကြသကဲ့သို့ အရှင်မြတ်ကလည်း သူတို့နှစ်ပါးအပေါ်တွင် သနားကြင်နာတော်မူပါ။"

رَبُّكُمْ اَعْلَمُ بِمَا فِيْ نُفُوْسِكُمْ ۭ اِنْ تَكُوْنُوْا صٰلِحِيْنَ فَاِنَّهٗ كَانَ لِلْاَوَّابِيْنَ غَفُوْرًا ﴿٢٥﴾

(၂၅) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့၏ စိတ်နှလုံးများထဲ၌ ရှိသည်များကို အသိဆုံးအရှင်ဖြစ်တော်မူသည်။ အကယ်၍ အသင်တို့သည် အမိန့်တော်ကို လိုက်နာသူများဖြစ်ကြလျှင် အမှန်စင်စစ် အရှင်မြတ်ကလည်း ဝန်ချတောင်းပန်သူများအတွက် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

وَاٰتِ ذَا الْقُرْبٰى حَقَّهٗ وَالْمِسْكِيْنَ وَابْنَ السَّبِيْلِ وَلَا تُبَذِّرْ تَبْذِيْرًا ﴿٢٦﴾

(၂၆) ထို့ပြင် အသင်သည် ဆွေမျိုးသားချင်းအား သူတို့၏ရသင့်ရထိုက်သောအခွင့်အရေးကိုပေးလိုက်ပါ။ ၎င်းနောက် ဆင်းရဲသားနှင့် ခရီးသည်ကိုလည်း (သူတို့ရသင့်သော အခွင့်အရေးများကို ပေးလိုက်ပါ)။ ၎င်းနောက် အသင်သည် အလဟဿ မဖြုန်းတီးလေနှင့်။[၂]

[၂] ပစ္စည်းဥစ္စာတွေကို ဖြုန်းတီးခြင်းဟာ အရှင်မြတ်ကို ကျေးဇူးကန်းခြင်းဖြစ်တယ်။ အရှင်မြတ်ကို ကျေးဇူးကန်းခြင်းဟာ ရှိုင်သွာန်ရဲ့လုပ်ရပ်ဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်က အလဟဿဖြုန်းတီးသူတွေကို ရှိုင်သွာန်ရဲ့ညီအစ်ကိုတွေလို့ မိန့်ထားတာဖြစ်တယ်။ ရှိုင်သွာန်ဟာ ပျက်စီးသလို သူရဲ့ ညီနောင်တွေဟာလည်း ပျက်စီးမှာပဲ ဖြစ်တဲ့အတွက် အရှင်မြတ်က အလဟဿမဖြုန်းတီးနဲ့လို့ မိန့်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّ الْمُبَذِّرِيْنَ كَانُوْٓا اِخْوَانَ الشَّيٰطِيْنِ ۭ وَكَانَ الشَّيْطٰنُ لِرَبِّهٖ كَفُوْرًا ﴿٢٧﴾

(၂၇) အမှန်စင်စစ် အလဟဿဖြုန်းတီးသူများသည် ရှိုင်သွာန်၏ညီအစ်ကိုများပင် ဖြစ်ကြသည်။ ထို့ပြင် ရှိုင်သွာန်သည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို အလွန်ကျေးဇူးကန်းသူပင် ဖြစ်သည်။

وَإِمَّا تُعۡرِضَنَّ عَنۡهُمُ ٱبۡتِغَآءَ رَحۡمَةٖ مِّن رَّبِّكَ تَرۡجُوهَا فَقُل لَّهُمۡ قَوۡلٗا مَّيۡسُورٗا ﴿٢٨﴾

(၂၈) ၎င်းနောက် အကယ်၍ အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်ထံတော်မှ အသင်မျှော်လင့်နေသော ကရုဏာ(စီးပွား) ကို ရှာဖွေနေစဉ် ၎င်း(မိဘနှင့်ဆွေမျိုးများ၊ ဆင်းရဲသားများ)တို့အား လျစ်လျူရှုရ လျှင် အသင်သည် သူတို့အား ချိုသာသောစကားကို ပြောဆိုပါ။❷

❷ မိဘနစ်ပါးကို ပြုစုဖို့နဲ့ ဆွေမျိုးတွေ၊ ဆင်းရဲသားတွေကို ထောက်ပံ့ဖို့ အခွင့်အခါမရသေးရင်၊ အချိန်မပေးနိုင်သေးရင် ချိုသာတဲ့စကားနဲ့ နှစ်သိမ့်ပေးရမှာဖြစ်တယ်။ ကိုယ့်စိတ်ထဲမှာလည်း အရှင်မြတ်ပေးတော်မူတဲ့အခါ သူတို့ကို ကူညီထောက်ပံ့မယ်လို့ ရည်ရွယ်ထားရမယ်။ (အာစားန်သရ်ဂျမဟ်)

وَلَا تَجۡعَلۡ يَدَكَ مَغۡلُولَةً إِلَىٰ عُنُقِكَ وَلَا تَبۡسُطۡهَا كُلَّ ٱلۡبَسۡطِ فَتَقۡعُدَ مَلُومٗا مَّحۡسُورًا ﴿٢٩﴾

(၂၉) ထို့ပြင် အသင်သည် အသင်၏လက်ကို အသင်၏လည်ကုပ်တွင် ချည်နှောင်မထားနှင့်၊ ၎င်းနောက် အသင်သည် ထိုလက်ကို လုံးဝဖွင့်၍လည်း မထားနှင့်။❸ ထိုသို့ပြုလုပ်ခဲ့လျှင် အသင်သည် ပြစ်တင်ရှုတ်ချခြင်းခံရပြီး (ပစ္စည်း ဥစ္စာနွမ်းပါးသည့်အဖြစ်နှင့် ကြုံတွေ့ရကာ) ဝမ်းနည်းကြေကွဲလျက် ထိုင်နေရမည်။

❸ အရှင်မြတ်က ပစ္စည်းသုံးစွဲပုံသုံးစွဲနည်းကို ညွှန်ကြားပြသတာဖြစ်တယ်။ ဘာမှ မရှိတော့လို့ ဘာမှလည်း လုပ်လို့မရနိုင်တော့လို့ ထိုင်ငိုင်နေရလောက်အောင်လည်း လက်ကို မဖြန့်ဖို့၊ လုံးဝ မပေး မကမ်းမသုံးမစွဲဘဲ လက်ကိုဆုပ်ထားခြင်းမျိုးလည်း မပြုလုပ်ဘဲ အလယ်အလတ်လမ်းကို လိုက်ဖို့ ညွှန်ကြားထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ رَبَّكَ يَبۡسُطُ ٱلرِّزۡقَ لِمَن يَشَآءُ وَيَقۡدِرُۚ إِنَّهُۥ كَانَ بِعِبَادِهِۦ خَبِيرَۢا بَصِيرٗا ﴿٣٠﴾

(၃၀) အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် သည် အရှင်မြတ်အလိုရှိတော်မူသောသူကို ရိဇ္ဂ်ာတိုးချဲ့ပေးသနားတော်မူသည်။ ၎င်းနောက် (အရှင်မြတ်အလိုရှိတော်မူသောသူကို) အရှင်မြတ်ကပင် ကျဉ်းကျပ် စေတော်မူသည်။ အမှန်စင်စစ် အရှင်မြတ်သည် အရှင်မြတ်၏ကျွန်များ(၏အခြေ အနေ)ကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်၊ အကြွင်းမဲ့မြင်တော်မူသော အရှင်ဖြစ်တော်မူသည်။

وَلَا تَقۡتُلُوٓاْ أَوۡلَٰدَكُمۡ خَشۡيَةَ إِمۡلَٰقٖۖ نَّحۡنُ نَرۡزُقُهُمۡ وَإِيَّاكُمۡۚ إِنَّ قَتۡلَهُمۡ كَانَ خِطۡـٔٗا كَبِيرٗا ﴿٣١﴾

(၃၁) ထို့ပြင် အသင်တို့သည် ဆင်းရဲမှုကို စိုးရိမ်သည့်အတွက် အသင် တို့၏သားသမီးများအား မသတ်ဖြတ်ကြနှင့်။ ငါအရှင်မြတ်သည်ပင် သူတို့နှင့် တကွ အသင်တို့အား စားနပ်ရိဇ္ဂ်ာ ပေးသနားတော်မူသည်။ အမှန်စင်စစ် သူ

တို့အား သတ်ဖြတ်ခြင်းသည် အလွန်ကြီးလေးသောအပြစ် ဖြစ်သည်။

وَلَا تَقْرَبُوا الزِّنٰٓى إِنَّهٗ كَانَ فَاحِشَةً ۗ وَسَآءَ سَبِيْلًا ﴿٣٢﴾

(၃၂) ထို့ပြင် အသင်တို့သည် တရားမဝင်သော ကာမလိုက်စားပြုကျင့်မှု အနားကိုပင် မကပ်ကြနှင့်။❶ ထို့ပြင် ထိုအရာသည် အလွန်စက်ဆုပ် ရွံရှာဖွယ်ရာဖြစ်သည့်အပြင် အလွန်ဆိုးဝါးသောလမ်းစဉ်လည်း ဖြစ်သည်။

❶ တရားမဝင်ကာမ ပြုကျင့်မှုကို တားမြစ်တာဟာ အမျိုးသမီးတွေရဲ့အခွင့်အရေးကို ကာကွယ်ပေးလိုက်တာဖြစ်တယ်။ အဲဒီလိုကာကွယ်ပေးမထားရင် တိရစ္ဆာန်တွေထက်တောင် ဆိုးဝါးသွားမှာဖြစ်တယ်။ အဲဒီလို တိရစ္ဆာန်စိတ်တွေ မဖြစ်ပေါ်ရအောင် အမျိုးသမီးတွေကိုလည်း လုံလုံခြုံခြုံဝတ်စား ဆင်ယင်ခိုင်းထားတာဖြစ်တယ်။ အမျိုးသမီးတွေက ဒါဟာ လွတ်လပ်ခွင့်ပဲလို့ ယူဆပြီး သူမတို့ခန္ဓာကိုယ်ရဲ့အလှအပကို ဖော်ပြထားရင် သူမတို့ပဲ နစ်နာမှာ ဖြစ်တယ်။ ကိုယ့်ကိုယ်ကိုယ်နစ်နာအောင် ပြုလုပ်တာကို လွတ်လပ်ခွင့်လို့မခေါ်ဘူး။ ဆုံးရှုံးမှုဖြစ်မှာစိုးလို့ အရှင်မြတ်က အဲဒီအနားကိုတောင် မကပ်နဲ့လို့ တားမြစ်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း၊ သဖ်စီရ်ရှအ်ရာဝီ)

وَلَا تَقْتُلُوا النَّفْسَ الَّتِيْ حَرَّمَ اللّٰهُ إِلَّا بِالْحَقِّ ۗ وَمَنْ قُتِلَ مَظْلُوْمًا فَقَدْ جَعَلْنَا لِوَلِيِّهٖ سُلْطٰنًا فَلَا يُسْرِفْ فِّي الْقَتْلِ ۗ إِنَّهٗ كَانَ مَنْصُوْرًا ﴿٣٣﴾

(၃၃) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်က တားမြစ်ထားသော အသက်ကို မှန်ကန်သည့်အကြောင်းမရှိဘဲ (မတရားသဖြင့်) သတ်ဖြတ်မှု မပြုကြနှင့်။❷ ထို့ပြင် အကြင်သူသည် မတရားသတ်ဖြတ်ခံရလျှင် သို့ဖြစ်ရာ မတရားသတ်ဖြတ်ခံရသောသူ၏ အမွေစားအမွေခံကို အမှန်စင်စစ် ငါအရှင်မြတ်သည် အခွင့်အာဏာပေးထားတော်မူသည်။ ထို့နောက် ထိုအမွေစားအမွေခံသည် သတ်ဖြတ်မှုနှင့် ပတ်သက်၍ ဘောင်မကျော်ရပေ။❸ အမှန်စင်စစ် ထိုသူသည် ကူညီထောက်ခံမှု ရရှိပြီးဖြစ်သည်။

❷ မတရားသတ်ဖြတ်ခြင်းဟာ (လူညွှန့်တုန်းစေတဲ့အတွက်)အရှင်မြတ်က တားမြစ်တာဖြစ်တယ်။ မှန်ကန်ခိုင်လုံတဲ့အကြောင်းဆိုတာ အိမ်ထောင်ရှင်က တရားမဝင်ကာမ ကျူးလွန်ခြင်း၊ သူတစ်ပါးကို မတရားသတ်ဖြတ်ခြင်း၊ အစ္စလာမ်သာသနာကနေ ဖောက်ပြန်သွားခြင်းတို့ဖြစ်တယ်။(အလင်းပြကျမ်း) ❸ အသတ်ခံရသူရဲ့အမွေစားအမွေခံက သတ်စားသတ်ခွင့်ရတဲ့အခါမှာ ဘောင်မကျော်ရဘူး။ သာဓကမှာ လူသတ်မှုကျူးလွန်သူတင်မက အပြစ်မရှိတဲ့ အခြားသူတွေကိုပါသတ်ခြင်း၊ ရုပ်ပျက်ဆင်းပျက် လုပ်ခြင်း စတာတွေမပြုလုပ်ရဘူး။ (အလင်းပြကျမ်း)

وَلَا تَقْرَبُوْا مَالَ الْيَتِيْمِ إِلَّا بِالَّتِيْ هِيَ أَحْسَنُ حَتّٰى يَبْلُغَ أَشُدَّهٗ ۖ وَأَوْفُوْا بِالْعَهْدِ ۖ إِنَّ الْعَهْدَ كَانَ مَسْـُٔوْلًا ﴿٣٤﴾

(၃၄) ထို့ပြင် အသင်တို့သည် ကောင်းသောနည်းမှလွဲ၍ အဘမဲ့ကလေးများ၏ပစ္စည်းအနီးသို့ သူတို့ အရွယ်ရောက်သည်အထိ❹ မချဉ်းကပ်ကြနှင့်။

ၡင်းနောက် အသင်တို့သည် ကတိသစ္စာကို❺ ကျေပွန်အောင်ဆောင်ရွက်ကြပါ။ အမှန်စင်စစ် ကတိသစ္စာသည် စစ်ဆေးမေးမြန်းခံရမည့် ကိစ္စဖြစ်သည်။

❹ အရွယ်ရောက်တဲ့အချိန်ဟာ တစ်ယောက်နဲ့တစ်ယောက် မတူညီတဲ့အတွက် အတိအကျမဖော်ပြထားတာဖြစ်တယ်။ (အလင်းပြကျမ်း) ❺ အလ္လာဟ်အရှင်မြတ်နဲ့ ထားတဲ့ကတိရော လူသားအချင်းချင်းထားတဲ့ကတိပါ အကျုံးဝင်တယ်။ (အလင်းပြကျမ်း)

وَأَوْفُوا الْكَيْلَ إِذَا كِلْتُمْ وَزِنُوا بِالْقِسْطَاسِ الْمُسْتَقِيمِ ۚ ذَٰلِكَ خَيْرٌ وَأَحْسَنُ تَأْوِيلًا ﴿٣٥﴾

(၃၅) ထို့ပြင် အသင်တို့သည် ခြင်တွယ်သောအခါ ပြည့်ဝစွာ ခြင်တွယ်ပေးကြပါ။ ၎င်းနောက် ချိန်တွယ်သောအခါ၌လည်း မှန်ကန်သော ချိန်ခွင်ဖြင့် ချိန်တွယ်ပေးကြပါ။ ❻ ၎င်းသည် (ဤဘဝတွင်လည်း) အကောင်းဆုံးဖြစ်သည်။ (တမလွန်ဘဝတွင်လည်း)အကျိုးဆက်အားဖြင့် အကောင်းဆုံးပင် ဖြစ်သည်။

❻ သစ္စာသမာဓိရှိဖို့ဟာ အလွန်အရေးကြီးတဲ့အတွက် အလေးတင်းတောင်းကအစ မှန်ကန်ပြည့်ဝဖို့ ညွှန်ကြားထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا تَقْفُ مَا لَيْسَ لَكَ بِهِ عِلْمٌ ۚ إِنَّ السَّمْعَ وَالْبَصَرَ وَالْفُؤَادَ كُلُّ أُولَٰئِكَ كَانَ عَنْهُ مَسْئُولًا ﴿٣٦﴾

(၃၆) ထို့ပြင် အသင်သည် အသင်မသိသောအကြောင်းအရာ၏နောက်သို့ (သိသယောင်)မလိုက်နှင့်၊❼ အမှန်စင်စစ် နား၊ မျက်စိ၊ စိတ်နှလုံး အားလုံး တစ်ခုချင်းစီသည် ၎င်း(မသိသောအရာနောက်ကို သိသယောင်လိုက်ခြင်း)နှင့် ပတ်သက်၍ မေးမြန်းခြင်းခံရမည်ဖြစ်သည်။

❼ အထောက်အထားအခိုင်အမာမသိတဲ့နောက်ကို လိုက်ခြင်း၊ ကောလာဟလတွေနောက်ကို လိုက်ခြင်းနဲ့ မသေချာတာတွေနောက်ကို လိုက်ခြင်းတို့ကနေ တားမြစ်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا تَمْشِ فِي الْأَرْضِ مَرَحًا ۖ إِنَّكَ لَن تَخْرِقَ الْأَرْضَ وَلَن تَبْلُغَ الْجِبَالَ طُولًا ﴿٣٧﴾

(၃၇) ထို့ပြင် အသင်သည် မြေပထဝီတွင် ကြွားဝါ၍ မလျှောက်နှင့်။❽ အမှန်စင်စစ် အသင်သည် မြေပထဝီကိုလည်း လုံးဝဖောက်ထွင်းနိုင်သည်မဟုတ်ပေ။ ၎င်းနောက် အသင်သည် အရပ်ရှည်လျားမှုအားဖြင့်လည်း တောင်ကို လုံးဝမီသည်မဟုတ်ပေ။

❽ ကြွားဝါတာကနေ တားမြစ်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

كُلُّ ذَٰلِكَ كَانَ سَيِّئُهُ عِندَ رَبِّكَ مَكْرُوهًا ﴿٣٨﴾

(၃၈) ထိုအရာအားလုံး၏ မကောင်းမှုများသည်❾ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်၌ စက်ဆုပ်ရွံရှာဖွယ်ရာများပင် ဖြစ်ကြသည်။

❾ ဒါတွေဟာ အရေးကြီးလို့ အရှင်မြတ်က စုပြီးဖော်ပြထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

ذٰلِكَ مِمَّآ اَوۡحٰۤى اِلَيۡكَ رَبُّكَ مِنَ الۡحِكۡمَةِ ؕ وَلَا تَجۡعَلۡ مَعَ اللّٰهِ اِلٰهًا اٰخَرَ فَتُلۡقٰى فِىۡ جَهَنَّمَ مَلُوۡمًا مَّدۡحُوۡرًا ﴿٣٩﴾

(၃၉) ထိုအရာများမှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ပညာဉာဏ်အမြော်အမြင်များထဲမှ အသင့်ထံသို့ ထုတ်ပြန်ပို့ချလိုက်သော အမိန့်ပညတ်ချက်များပင် ဖြစ်သည်။ ထို့ပြင် အသင်သည် အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်၍ အခြားမည်သည့်အရာကိုမျှ လုံးဝကိုးကွယ်မှုမပြုနှင့်။ ထိုသို့ပြုလုပ်ခဲ့လျှင် အသင်သည် ဂျဟန္နမ်ငရဲဘုံတွင် ပြစ်တင်ရှုတ်ချခြင်းခံရ၍ ကရုဏာတော်မှ ကင်းဝေးစေခြင်းခံရလျက် ပစ်ချခံရလိမ့်မည်။

اَفَاَصۡفٰٮكُمۡ رَبُّكُمۡ بِالۡبَنِيۡنَ وَاتَّخَذَ مِنَ الۡمَلٰۤـئِكَةِ اِنَاثًا ؕ اِنَّكُمۡ لَتَقُوۡلُوۡنَ قَوۡلًا عَظِيۡمًا ﴿٤٠﴾

(၄၀) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့အား ထူးခြားစွာ သားယောက်ျားလေးများချည်းသာ ပေးတော်မူပြီး အရှင်မြတ်ကိုယ်တိုင်မှာမူ ကောင်းကင်တမန်များအား သမီးမိန်းကလေးများအဖြစ် မွေးစားထားတော်မူပါသလော။ အမှန်စင်စစ် အသင်တို့သည် အလွန်ကြီးကျယ်သောစကားကို ပြောဆိုကြသည်မှာအမှန်ပင်။

وَلَقَدۡ صَرَّفۡنَا فِىۡ هٰذَا الۡقُرۡاٰنِ لِيَذَّكَّرُوۡا ؕ وَمَا يَزِيۡدُهُمۡ اِلَّا نُفُوۡرًا ﴿٤١﴾

(၄၁) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ၎င်းတို့ တရားရရန်အတွက် (ကိုးကွယ်ထိုက်သောအရှင်တစ်ပါးတည်းဖြစ်ကြောင်းကို နည်းအမျိုးမျိုးဖြင့်) ပြောင်းလဲမိန့်ကြားတော်မူခဲ့သည်။ ထို့နောက် ထိုပြောင်းလဲမိန့်ကြားမှုသည် ၎င်းတို့အား စက်ဆုပ်မှုကိုသာ တိုးပွားစေခဲ့သည်။

قُلۡ لَّوۡ كَانَ مَعَهٗۤ اٰلِهَةٌ كَمَا يَقُوۡلُوۡنَ اِذًا لَّابۡتَغَوۡا اِلٰى ذِى الۡعَرۡشِ سَبِيۡلًا ﴿٤٢﴾

(၄၂) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အကယ်၍သာ ၎င်း(မုရှ်ရိက်)တို့ပြောဆိုသည့်အတိုင်း အရှင်မြတ်နှင့်အတူ အခြားကိုးကွယ်ရာများလည်းရှိကြမည်ဆိုလျှင်❶ အမှန်စင်စစ် သူတို့သည် အရ်ရှ်ပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်၏ထံသို့ (သွားရောက်တိုက်ခိုက်ရန်)နည်းလမ်းရှာဖွေခဲ့ကြပြီးဖြစ်လိမ့်မည်။

❶ တကယ်လို့ မုရှ်ရိက်တွေပြောသလို အရှင်မြတ်တစ်ပါးတည်းမဟုတ်ဘဲ ကိုးကွယ်ထိုက်တဲ့အရှင်တွေအများကြီးဖြစ်နေရင် အချင်းချင်း တိုက်ခိုက်ကြတော့မှာဖြစ်တယ်။ အဲဒီလို တိုက်ခိုက်မှုဖြစ်ရင်

အားလုံးထဲမှာ တန်ခိုးအကြီးဆုံးအရှင်တစ်ပါးက အားလုံးကို ချေမှုန်းပစ်လိုက်မှာ ဖြစ်တဲ့အတွက် အဲဒီတန်ခိုးအကြီးဆုံးတစ်ပါးတည်းပဲ ကျန်ရှိတော့မှာဖြစ်တယ်။ အဲဒါဟာ အလ္လာဟ်အရှင်မြတ်ပဲ ဖြစ်တယ်။ တကယ်တော့ အရှင်သခင်တွေ အများကြီးလည်းမရှိတဲ့အတွက် ချေမှုန်းစရာလည်း မလိုဘဲ အရှင်မြတ်တစ်ပါးတည်းပဲ အစကတည်းက တည်ရှိနေခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

سُبۡحٰنَهٗ وَتَعٰلٰى عَمَّا يَقُوۡلُوۡنَ عُلُوًّا كَبِيۡرًا ﴿٤٣﴾

(၄၃) အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူသည်။ ၎င်းနောက် အရှင်မြတ်သည် သူတို့ပြောဆို(စွပ်စွဲ)ကြသည်ထက် အလွန်ကြီးကဲမြင့်မား ထွတ်မြတ်လှတော်မူသည်။

تُسَبِّحُ لَهُ السَّمٰوٰتُ السَّبۡعُ وَالۡاَرۡضُ وَمَنۡ فِيۡهِنَّ ؕ وَاِنۡ مِّنۡ شَىۡءٍ اِلَّا يُسَبِّحُ بِحَمۡدِهٖ

وَلٰكِنۡ لَّا تَفۡقَهُوۡنَ تَسۡبِيۡحَهُمۡ ؕ اِنَّهٗ كَانَ حَلِيۡمًا غَفُوۡرًا ﴿٤٤﴾

(၄၄) မိုးခုနစ်ထပ်နှင့် မြေပထဝီသာမက ထိုမိုးများနှင့် မြေပထဝီတွင် ရှိသူများသည် အရှင်မြတ်စင်ကြယ်တော်မူကြောင်း ရွတ်ဆိုနေကြသည်။ ထို့ပြင် အရာအားလုံးသည် အရှင်မြတ်အား ချီးမွမ်းမှုနှင့်တကွ စင်ကြယ်တော်မူကြောင်း ရွတ်ဆိုလျက်ပင် ရှိကြသည်။ သို့ရာတွင် အသင်တို့သည် သူတို့၏ရွတ်ဆိုမှုကို နားမလည်ကြပေ။❶ အမှန်စင်စစ် အရှင်မြတ်သည် အလွန်ထောက်ထားညှာတာ သည်းခံဆိုင်းငံ့တော်မူသောအရှင်၊ လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသော အရှင် ဖြစ်တော်မူသည်။

❶ အရာရာတိုင်းဟာ အရှင်မြတ်ရဲ့သတ်စ်ဗီဟ်ရွတ်ဆိုအောင် အရှင်မြတ်က တစ်နည်းတစ်နည်းစီ နည်းလမ်းပြ ညွှန်ကြားထားတာဖြစ်တယ်။ ဒါပေမဲ့ လူသားတွေဟာ မသိနိုင်ဘူး။ အရှင်မြတ်ပဲ သိ တော်မူတယ်။ (အလင်းပြကျမ်း)

وَاِذَا قَرَاۡتَ الۡقُرۡاٰنَ جَعَلۡنَا بَيۡنَكَ وَبَيۡنَ الَّذِيۡنَ لَا يُؤۡمِنُوۡنَ بِالۡاٰخِرَةِ حِجَابًا مَّسۡتُوۡرًا ﴿٤٥﴾

(၄၅) ထို့ပြင် အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်သော အခါ ငါအရှင်မြတ်သည် အသင်နှင့် တမလွန်ဘဝကို မယုံကြည်သူများ၏အကြား တွင် လျှို့ဝှက်ထားသော အကာအဆီးကို ချထားတော်မူသည်။❷

❷ ကာဖိရ်တွေဟာ တမလွန်ဘဝကို မယုံတဲ့နောက်တော့ ကုရ်အာန်ကို နားထောင်လို့ ဘာမှ အကျိုးမရှိတော့တဲ့အတွက် အရှင်မြတ်က အကာအဆီးချထားလိုက်တော့တာဖြစ်တယ်။ ကိုယ် မယုံလို့ အကာအဆီး ချခံရတာဟာ ကိုယ့်ဘာသာကိုယ် ပြုလုပ်တာပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَّجَعَلۡنَا عَلٰى قُلُوۡبِهِمۡ اَكِنَّةً اَنۡ يَّفۡقَهُوۡهُ وَفِىۡۤ اٰذَانِهِمۡ وَقۡرًا ؕ وَاِذَا ذَكَرۡتَ رَبَّكَ فِى الۡقُرۡاٰنِ

وَحۡدَهٗ وَلَّوۡا عَلٰۤى اَدۡبَارِهِمۡ نُفُوۡرًا ﴿٤٦﴾

(၄၆) ထို့ပြင် ငါအရှင်မြတ်သည် သူတို့၏စိတ်နှလုံးများအပေါ်၌ သူတို့

သည် ထိုကုရ်အာန်ကျမ်းတော်မြတ်ကို နားမလည်ကြရန် အဖုံးအအုပ် ဖုံးပေးတော်မူသည်။ ၎င်းနောက် သူတို့၏နားများကိုလည်း ပင်းစေတော်မူသည်။ ၎င်းနောက် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် တစ်ပါးတည်းကိုသာ ကုရ်အာန်ကျမ်းတော်မြတ်တွင် သတိရသောအခါ သူတို့သည် စက်ဆုပ်သည့်အတွက် သူတို့၏နောက်ကျောဘက်သို့ ပြန်လှည့်ထွက်ခွာသွားကြသည်။

نَحۡنُ اَعۡلَمُ بِمَا يَسۡتَمِعُوۡنَ بِهٖۤ اِذۡ يَسۡتَمِعُوۡنَ اِلَيۡكَ وَاِذۡ هُمۡ نَجۡوٰۤى اِذۡ يَقُوۡلُ الظّٰلِمُوۡنَ اِنۡ تَتَّبِعُوۡنَ اِلَّا رَجُلًا مَّسۡحُوۡرًا ﴿٤٧﴾

(၄၇) သူတို့သည် အသင်၏ဘက်သို့ နားစွင့်ကြပြီး အဘယ်အတွက် (ကုရ်အာန်ကို)နားထောင်ကြသည်ဆိုသည်ကို ငါအရှင်မြတ် အသိဆုံးဖြစ်တော်မူသည်။ ၎င်းနောက် သူတို့(အချင်းချင်း)တီးတိုးပြောဆိုတိုင်ပင်ကြသောအခါ "အသင်တို့သည် စုန်းပြုစားခြင်းခံရသူ၏နောက်ကို လိုက်နေကြသည်"ဟု မတရားလုပ်သူများကပြောဆိုကြသည်ကိုလည်း (ငါအရှင်မြတ် သိရှိတော်မူသည်)။

اُنۡظُرۡ كَيۡفَ ضَرَبُوۡا لَكَ الۡاَمۡثَالَ فَضَلُّوۡا فَلَا يَسۡتَطِيۡعُوۡنَ سَبِيۡلًا ﴿٤٨﴾

(၄၈) သူတို့သည် အသင်(တမန်တော်)နှင့်ပတ်သက်၍ မည်သည့် ပုံပမာများခိုင်းနှိုင်းခဲ့ကြသည်ကို အသင်ကြည့်လိုက်ပါ။ သို့ဖြစ်ရာ သူတို့သည် လမ်းလွဲခဲ့ကြပြီဖြစ်သည်။ သို့ဖြစ်ရာ သူတို့သည် မည်သည့်(ထွက်)လမ်းကိုမျှ တွေ့ရှိနိုင်ကြတော့မည်မဟုတ်ပေ။❻

❻ တမန်တော်မြတ် ﷺ ကို ကာဖိရ် မုရှ်ရိက်တွေက အမျိုးစုံစွပ်စွဲပြီး နာမည်တပ်ခဲ့ကြတယ်။ မှော်ဆရာ၊ ကဗျာဆရာ၊ ဗေဒင်ဆရာ၊ အရူး စသဖြင့် သားပုပ်လေလွင့် ပြောဆိုခဲ့ကြတယ်။ ဒါပေမဲ့ သူတို့ဟာ ဘယ်အောင်မြင်တဲ့နည်းလမ်း ထွက်ပေါက်မှ မရရှိခဲ့ကြဘူး။ (အလင်းပြကျမ်း)

وَقَالُوۡۤا ءَاِذَا كُنَّا عِظَامًا وَّرُفَاتًا ءَاِنَّا لَمَبۡعُوۡثُوۡنَ خَلۡقًا جَدِيۡدًا ﴿٤٩﴾

(၄၉) ထို့ပြင် သူတို့ကပြောဆိုကြသည်- ကျွန်ုပ်တို့သည် အရိုးများသာကျန်၍ ကြေမွနေသောအခါ အသစ်ဖန်ဆင်းပြီး ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လော။"

قُلۡ كُوۡنُوۡا حِجَارَةً اَوۡ حَدِيۡدًا ﴿٥٠﴾

(၅၀) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် ကျောက်ခဲ သို့မဟုတ် သံခဲ ဖြစ်လိုက်ကြပါ။❼

❼ အရှင်မြတ်ဟာ သူတို့ရဲ့ ရှင်ပြန်ထခြင်းနဲ့ပတ်သက်တဲ့ စောဒကတွေကို အပြီးငြိမ်းပေးလိုက်

တယ်။ ဘာမှမရှိခင်ကတောင် ဖန်ဆင်းခဲ့သေးတဲ့အရှင်ဟာ နမူနာရှိပြီးတဲ့နောက်မှာ ဘာဖြစ်လို့ ပြန် မဖန်ဆင်းနိုင်ရမှာလဲ။ (အလင်းပြကျမ်း)

اَوْ خَلْقًا مِّمَّا يَكْبُرُ فِيْ صُدُوْرِكُمْ ۚ فَسَيَقُوْلُوْنَ مَنْ يُّعِيْدُنَا ؕ قُلِ الَّذِيْ فَطَرَكُمْ اَوَّلَ مَرَّةٍ ۚ
فَسَيُنْغِضُوْنَ اِلَيْكَ رُءُوْسَهُمْ وَيَقُوْلُوْنَ مَتٰى هُوَ ؕ قُلْ عَسٰٓى اَنْ يَّكُوْنَ قَرِيْبًا ﴿٥١﴾

(၅၁) သို့မဟုတ် အသင်တို့၏ စိတ်နှလုံးများထဲ၌ အဖန်ဆင်းခံများထဲမှ အလွန်ကြီးကျယ်(ခက်ခဲ)လှသည်ဟုထင်ရသော အရာတစ်စုံတစ်ခု ဖြစ်လိုက်ကြပါ။ ထိုသို့ဖြစ်လျှင်လည်း (အရှင်မြတ်သည် ရှင်စေနိုင်တော်မူသည်။) ထို့နောက် သူတို့က ကျွန်ုပ်တို့အား မည်သူက ရှင်ပြန်ထစေမည်နည်းဟု ပြောဆိုကြဦးမည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့ကို ပထမအကြိမ် ဖန်ဆင်းတော်မူခဲ့သောအရှင်မြတ်ပင် (ရှင်ပြန်ထစေမည်ဖြစ်သည်)။ ထို့နောက် သူတို့သည် အသင့်ရှေ့၌ သူတို့၏ဦးခေါင်းများကို (ပြောင်လှောင်သည့်အနေဖြင့်) လှုပ်ရမ်းပြီး ထိုရှင်ပြန်ထစေခြင်းသည် မည်သည့်အခါ ဖြစ်မည်နည်းဟု ပြောဆိုကြဦးမည်ဖြစ်သည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- ထိုအချိန်သည် နီးကပ်နေပြီဖြစ်သည်။

يَوْمَ يَدْعُوْكُمْ فَتَسْتَجِيْبُوْنَ بِحَمْدِهٖ وَتَظُنُّوْنَ اِنْ لَّبِثْتُمْ اِلَّا قَلِيْلًا ﴿٥٢﴾

(၅၂) ထိုနေ့တွင် အရှင်မြတ်သည် အသင်တို့အား ခေါ်တော်မူမည်။ သို့ဖြစ်ရာ အသင်တို့သည် အရှင်မြတ်အား ချီးမွမ်းလျက်ထူးကြမည်။❶ ၎င်းနောက် အသင်တို့သည်(လောကတွင်) အသင်တို့ အနည်းငယ်သာ နေခဲ့ကြသည်ဟု ထင်မြင်ယူဆကြမည်။

❶ ကိယာမသ်နေ့မှာ အရှင်မြတ်က အသံပြုလိုက်တဲ့အခါ လူသားအားလုံးဟာ ရှင်ထလာပြီး အရှင်မြတ်ကို ချီးမွမ်းကြမှာဖြစ်တယ်။ အဲဒီအချိန်မှာ ကာဖိရ်တွေရဲ့ချီးမွမ်းမှုဟာ မလွဲမရှောင်သာ အမိန့်နာခံပြီး ပြုလုပ်ရတာကြောင့် ၎င်းတို့အတွက် ဘာအကျိုးမှ ရရှိမှာမဟုတ်ဘူး။ မွတ်စ်လင်မ်တွေကတော့ اَلْحَمْدُ لِلّٰهِ الَّذِيْٓ اَذْهَبَ عَنَّا الْحَزَنَ လို့ ချီးမွမ်းပြောဆိုကြမယ်။ (အလင်းပြကျမ်း)

وَقُلْ لِّعِبَادِيْ يَقُوْلُوا الَّتِيْ هِيَ اَحْسَنُ ؕ اِنَّ الشَّيْطٰنَ يَنْزَغُ بَيْنَهُمْ ؕ اِنَّ الشَّيْطٰنَ كَانَ لِلْاِنْسَانِ
عَدُوًّا مُّبِيْنًا ﴿٥٣﴾

(၅၃) ထို့ပြင် ငါအရှင်မြတ်၏ကျွန်များအား သူတို့သည် အကောင်းဆုံးစကားကိုသာ ပြောဆိုကြရန်❷ (အို-တမန်တော်) အသင်ပြောလိုက်ပါ။ အမှန်စင်စစ် ရှိုင်သွာန်သည် သူတို့၏အကြားတွင် နှောင့်ယှက်ဖျက်ဆီးလေ့ရှိသည်။ အမှန်စင်စစ် ရှိုင်သွာန်သည် လူသားများ၏ အလွန်ထင်ရှားသောရန်သူဖြစ်သည်။

(၁) ယဉ်ကျေးသိမ်မွေ့ပြီး ကောင်းမွန်ချိုသာတဲ့ စကားကိုပဲ ပြောဆိုကြဖို့ အမိန့်ထုတ်ထားတာဖြစ်တယ်။ သာသနာရေးမှာ အရှင်မြတ်ကလွဲလို့ ဘယ်သူမှ တာဝန်ခံမဟုတ်တဲ့အတွက် ရိုင်းပျတဲ့စကားပြောပြီး တရားမပြရဘူး၊ မဟောပြောရဘူး။ အစ္စလာမ်က လိုအပ်ရင် လက်နက်ကိုင်ပြီး စစ်တိုက်ခွင့်တောင်ပေးထားပေမဲ့ ရိုင်းပျတဲ့စကားကို ဘယ်အချိန်မှာမှ ခွင့်ပြုထားခြင်းမရှိတာဟာ အစ္စလာမ်သာသနာဟာ ယဉ်ကျေးသိမ်မွေ့တဲ့ ဘာသာသာသနာတစ်ရပ်ဖြစ်တယ်ဆိုတာ သိသာထင်ရှားနေပါတယ်။ (အလင်းပြကျမ်း)

رَبُّكُمْ أَعْلَمُ بِكُمْ ۖ إِن يَشَأْ يَرْحَمْكُمْ أَوْ إِن يَشَأْ يُعَذِّبْكُمْ ۚ وَمَا أَرْسَلْنَاكَ عَلَيْهِمْ وَكِيلًا ﴿٥٤﴾

(၅၄) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့ကို အသိဆုံး အရှင်မြတ်ပင် ဖြစ်တော်မူသည်။ အကယ်၍ အရှင်မြတ် အလိုရှိတော်မူလျှင် အသင်တို့အား သနားကြင်နာတော်မူမည်။ သို့မဟုတ် အကယ်၍ အရှင်မြတ်အလိုရှိတော်မူလျှင် အသင်တို့အား အပြစ်ဒဏ်ခတ်တော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင့်အား သူတို့အပေါ် ကြီးကြပ်အုပ်ထိန်းသူ (တာဝန်ခံ)အဖြစ် စေလွှတ်တော်မူသည်မဟုတ်ပေ။

وَرَبُّكَ أَعْلَمُ بِمَن فِي السَّمَاوَاتِ وَالْأَرْضِ ۗ وَلَقَدْ فَضَّلْنَا بَعْضَ النَّبِيِّينَ عَلَىٰ بَعْضٍ ۖ وَآتَيْنَا دَاوُودَ زَبُورًا ﴿٥٥﴾

(၅၅) ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသောသူများကို အသိဆုံးအရှင် ဖြစ်တော်မူသည်။ ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အချို့တမန်တော်များကို အချို့(တမန်တော်များ)ထက် သာလွန်စေတော်မူခဲ့သည်။(၂) ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)ဒါဝူဒ်အား ဇဗူရ်ကျမ်းတော်ကို ပေးသနားတော်မူခဲ့သည်။

(၂) တမန်တော်အချို့ကို အချို့ထက်မြင့်မြတ်အောင် အရှင်မြတ်က ပြုလုပ်ပေးထားတဲ့အတွက် တမန်တော်မြတ် ﷺ ဟာ အားလုံး တမန်တော်တွေထက် အမြင့်မြတ်ဆုံးအဆင့်ကို ပေးအပ်ထားခြင်းခံရတာဖြစ်တယ်။ (အလင်းပြကျမ်း) တမန်တော်တစ်ပါးဟာ အခြားတစ်ပါးထက် မြင့်မြတ်မှုနဲ့ပတ်သက်ပြီး ကုရ်အာန်နဲ့ စွန္နသ်ရဲ့အထောက်အထားမရှိဘဲ မိမိရဲ့ထင်မြင်ယူဆချက်နဲ့ ပြောပိုင်ခွင့်မရှိဘူး။ တမန်တော်မြတ် ﷺ ရဲ့မြင့်မြတ်မှုဟာလည်း ဟဒီးဆ်မှာအထောက်အထားရှိတဲ့အတွက် အဲဒီလိုအားလုံးထက်မြင့်မြတ်ကြောင်း ယုံကြည်ချက်ထားရှိရမှာ ဖြစ်တယ်။
(မအာရိဖွလ် ကုရ်အာန် - ၂း၂၅၃ ရှင်းလင်းချက်မှ)

قُلِ ادْعُوا الَّذِينَ زَعَمْتُم مِّن دُونِهِ فَلَا يَمْلِكُونَ كَشْفَ الضُّرِّ عَنكُمْ وَلَا تَحْوِيلًا ﴿٥٦﴾

(၅၆) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် အရှင်မြတ်မှလွဲ၍ အသင်တို့ (ကိုးကွယ်ရာဟု)ထင်မှတ်ခဲ့ကြသောသူများကို ဟစ်ခေါ် တမ်းတကြပါ။ ထိုသို့ဟစ်ခေါ်လျှင်လည်း သူတို့သည် အသင်တို့အပေါ်မှဒုက္ခကို

ဖယ်ရှားပေးနိုင်ကြသည် မဟုတ်ပေ။ (ထိုဒုက္ခကို အခြားသူထံ) ပြောင်းပေးနိုင်သည်လည်း မဟုတ်ပေ။❻

❻ ထင်မြင်ချက်နဲ့ ကိုးကွယ်တဲ့ ကိုးကွယ်ရာတွေဟာ ဘယ်ဒုက္ခကိုမှ ကင်းဝေးအောင်လုပ်နိုင်တာ မဟုတ်ဘူးဆိုတာ ထင်ရှားစေဖို့ ဟစ်ခေါ်နိုင်းလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

أُولَٰٓئِكَ الَّذِينَ يَدْعُونَ يَبْتَغُونَ إِلَىٰ رَبِّهِمُ الْوَسِيلَةَ أَيُّهُمْ أَقْرَبُ وَيَرْجُونَ رَحْمَتَهُۥ وَيَخَافُونَ عَذَابَهُۥٓ ۚ إِنَّ عَذَابَ رَبِّكَ كَانَ مَحْذُورًا ﴿٥٧﴾

(၅၇) ထိုသူများသည် ထိုကာဖိရ်များ ဟစ်ခေါ်နေကြသောသူများပင်ဖြစ်ကြသည်။ သူတို့သည် သူတို့ထဲမှ မည်သူသည် (အရှင်မြတ်နှင့်)အနီးကပ်ဆုံးဖြစ်လိမ့်မည်နည်းဟု သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်၌ နီးကပ်မှုကို ရှာဖွေဆည်းပူးနေကြသည်။ ထို့ပြင် သူတို့သည် အရှင်မြတ်၏ကရုဏာကိုလည်း မျှော်လင့်လျက်ရှိကြသည်။ ထို့ပြင် သူတို့သည် အရှင်မြတ်၏ပြစ်ဒဏ်ကိုလည်း ကြောက်ရွံ့စိုးရိမ်လျက်ရှိကြသည်။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ပြစ်ဒဏ်သည် အလွန်ကြောက်စရာကောင်းသည်။

وَإِن مِّن قَرْيَةٍ إِلَّا نَحْنُ مُهْلِكُوهَا قَبْلَ يَوْمِ الْقِيَٰمَةِ أَوْ مُعَذِّبُوهَا عَذَابًا شَدِيدًا ۚ كَانَ ذَٰلِكَ فِى الْكِتَٰبِ مَسْطُورًا ﴿٥٨﴾

(၅၈) ထို့ပြင် မည်သည့် မြို့ရွာမဆို ငါအရှင်မြတ်သည် ထိုမြို့ရွာအား ကိယာမသ်မဖြစ်မီအလျင် ဖျက်ဆီးတော်မူမည့်အရှင်၊ သို့မဟုတ် ထိုမြို့(သူ) ရွာ(သား)များအား ပြင်းထန်စွာ ပြစ်ဒဏ်ခတ်တော်မူမည့်အရှင်မြတ်ပင် ဖြစ်တော်မူသည်။ ၎င်းသည် (လောင်းဟေ့မဟ်ဖူဇ်) ထိန်းသိမ်းထားသောသင်ပုန်း၌ ရေးသားပြီး ဖြစ်သည်။

وَمَا مَنَعَنَآ أَن نُّرْسِلَ بِالْءَايَٰتِ إِلَّآ أَن كَذَّبَ بِهَا الْأَوَّلُونَ ۚ وَءَاتَيْنَا ثَمُودَ النَّاقَةَ مُبْصِرَةً فَظَلَمُوا۟ بِهَا ۚ وَمَا نُرْسِلُ بِالْءَايَٰتِ إِلَّا تَخْوِيفًا ﴿٥٩﴾

(၅၉) ထို့ပြင် ငါအရှင်မြတ်အား တန်ခိုးတော်များချပေးတော်မူရန် ပိတ်ပင်ခဲ့ရခြင်းသည် ယခင်လူများက ထိုတန်ခိုးတော်များအား ငြင်းပယ်မှုကြောင့်ပင်ဖြစ်သည်။ ၎င်းနောက် ငါအရှင်မြတ်သည် ဆမူဒ်လူမျိုးများကို ထင်ရှားစွာ မြင်နိုင်သော တန်ခိုးတော်အဖြစ် ကုလားအုတ်မကို ပေးတော်မူခဲ့သည်။ ၎င်းနောက် သူတို့သည် ထိုကုလားအုတ်မကို မတရားကျူးလွန်မှု ပြုလုပ်ခဲ့ကြသည်။ ထို့ပြင်

ငါအရှင်မြတ်သည် တန်ခိုးတော်များကို သတိပေးနှိုးဆော်ချက်အဖြစ်သာ ချပေးတော်မူခဲ့ခြင်းဖြစ်သည်။

وَاِذْ قُلْنَا لَكَ اِنَّ رَبَّكَ اَحَاطَ بِالنَّاسِ ؕ وَمَا جَعَلْنَا الرُّءْيَا الَّتِیْۤ اَرَيْنٰكَ اِلَّا فِتْنَةً لِّلنَّاسِ وَ
الشَّجَرَةَ الْمَلْعُوْنَةَ فِی الْقُرْاٰنِ ؕ وَنُخَوِّفُهُمْ ۙ فَمَا يَزِيْدُهُمْ اِلَّا طُغْيَانًا كَبِيْرًا ﴿٦٠﴾

(၆၀) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် "အမှန်စင်စစ် အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် လူများအားလုံးကို ဝန်းရံထားတော်မူလိုက်ပြီ"ဟု မိန့်ကြားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင့်အားပြသတော်မူခဲ့သော မြင်ကွင်းနှင့်[၅] ကုရ်အာန်ကျမ်းတော်မြတ်တွင် ရှုတ်ချခြင်းခံရသောသစ်ပင်ကို[၆] လူများအတွက် စမ်းသပ်မှုတစ်ခုအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ၎င်းနောက် ငါအရှင်မြတ်သည် လူများကို သတိပေးနှိုးဆော်တော်မူသည်။ ထို့နောက် ထိုသတိပေးနှိုးဆော်ချက်သည် သူတို့အား ကြီးကျယ်သော ဆိုးသွမ်းမှုကိုသာ တိုးပွားစေခဲ့သည်။

[၅] رُؤْيَا ဆိုတာ ဒီနေရာမှာ အိပ်မက်မဟုတ်၊ မြင်ကွင်းကိုခေါ်တယ်။ တမန်တော်မြတ် ﷺ ရဲ့ကောင်းကင်ခရီး မိအ်ရာဂ်ျ နဲ့ပတ်သက်တဲ့ စမ်းသပ်မှုဖြစ်တယ်။ (အလင်းပြကျမ်း) [၆] ငရဲဘုံထဲမှာ ပေါက်တဲ့ ဇက္ကူးမ်အပင်ကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

وَاِذْ قُلْنَا لِلْمَلٰٓئِكَةِ اسْجُدُوْا لِاٰدَمَ فَسَجَدُوْۤا اِلَّاۤ اِبْلِيْسَ ؕ قَالَ ءَاَسْجُدُ لِمَنْ خَلَقْتَ طِيْنًا ﴿٦١﴾

(၆၁) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် ကောင်းကင်တမန်များအား"အသင်တို့သည် အာဒမ်ကို ဦးချကြပါ"ဟု မိန့်ကြားတော်မူခဲ့သောအခါ အိဗ်လီစ်မှလွဲ၍ ထိုကောင်းကင်တမန်များအားလုံးသည် ဦးချခဲ့ကြသည်။ ထိုအိဗ်လီစ်က "အရှင်မြတ်က ရွှံ့စေးဖြင့်ဖန်ဆင်းတော်မူခဲ့သောသူကို ကျွန်ုပ် ဦးချရပါမည်လော"[၁] ဟု ပြောဆိုခဲ့သည်။

[၁] အရှင်မြတ်ရဲ့အမိန့်ကို စောဒကတက်ခြင်း၊ အမိန့်မနာခံခြင်း၊ သံသယဖြစ်ခြင်းတို့ဟာ ရှိုင်သွာန်ရဲ့လုပ်ရပ်တွေဖြစ်တယ်။ အရှင်မြတ်ရဲ့အမိန့်တော်တွေကို စောဒကမတက်ဘဲ နာခံလိုက်ခြင်းဟာ ကောင်းကင်တမန်တွေရဲ့ လုပ်ရပ်ဖြစ်တယ်။ ကာဖိရ်တွေဟာ ရှိုင်သွာန်ရဲ့လုပ်ရပ်တွေကို ပြုလုပ်ကြတယ်။ မွတ်စ်လင်မ်တွေဟာ ကောင်းကင်တမန်တွေရဲ့လုပ်ရပ်တွေကို ပြုလုပ်ကြတယ်။ သူတို့အတုယူပြီးပြုလုပ်ကြတဲ့ လမ်းကြောင်းအတိုင်း အရှင်မြတ်က အကျိုးရလဒ် ပေးတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ اَرَءَيْتَكَ هٰذَا الَّذِیْ كَرَّمْتَ عَلَیَّ ۫ لَئِنْ اَخَّرْتَنِ اِلٰی يَوْمِ الْقِيٰمَةِ لَاَحْتَنِكَنَّ ذُرِّيَّتَهٗۤ اِلَّا قَلِيْلًا ﴿٦٢﴾

(၆၂) သူက(ဆက်)ပြောသည်-"အရှင်မြတ်သည် ကျွန်ုပ်ထက် မြင့်မြတ်စေတော်မူခဲ့သော ဤသူကို ကြည့်ရှုတော်မူပါ၊ အကယ်၍ အရှင်မြတ်သည်

ကျွန်ုပ်အား ကိယာမသ်နေ့ထိ ဆိုင်းငံ့တော်မူခဲ့လျှင် အမှန်စင်စစ် ကျွန်ုပ်သည် သူ၏သားမြေးများထဲမှ အနည်းငယ်မှလွဲ၍ အားလုံးကို လှည့်မိုးဖျက်ဆီးပစ်လိုက်ပါမည်။"

قَالَ اذْهَبْ فَمَنْ تَبِعَكَ مِنْهُمْ فَإِنَّ جَهَنَّمَ جَزَآؤُكُمْ جَزَآءً مَّوْفُورًا ﴿٦٣﴾

(၆၃)အရှင်မြတ်က အမိန့်ရှိတော်မူသည်-"အသင်သွားလော့၊ (ကြိုက်ရာလုပ်လော့)၊ ၎င်းနောက် မည်သူမဆို သူတို့ထဲမှ အသင်၏နောက်ကို လိုက်ပါခဲ့လျှင် စင်စစ် ဂျဟန္နမ်ငရဲဘုံသည် ပြည့်ဝလုံလောက်သည့်အစားအဖြစ် အသင်တို့၏အစား(ပေးခြင်းခံရမည့်အရာ အပြစ်ဒဏ်)ပင်ဖြစ်သည်။"

وَاسْتَفْزِزْ مَنِ اسْتَطَعْتَ مِنْهُمْ بِصَوْتِكَ وَأَجْلِبْ عَلَيْهِمْ بِخَيْلِكَ وَرَجِلِكَ وَشَارِكْهُمْ فِى الْأَمْوَالِ وَالْأَوْلَادِ وَعِدْهُمْ ؕ وَمَا يَعِدُهُمُ الشَّيْطٰنُ إِلَّا غُرُورًا ﴿٦٤﴾

(၆၄) ၎င်းနောက် အသင်သည် သူတို့ထဲမှ အသင် လက်လှမ်းမီသောသူများအား အသင်၏အသံနှင့် စိတ်ထကြွအောင်လုပ်ပါ၊ မြင်းခြေကလှည့်ဖြားပါ။ ၎င်းနောက် အသင်သည် အသင်၏မြင်းစီးသူရဲကောင်းများသာမက ခြေလျင်သူရဲကောင်းများဖြင့်လည်း သူတို့အား ဝန်းရံလိုက်ပါ။ ၎င်းနောက် အသင်သည် ဥစ္စာပစ္စည်းများနှင့် သားသမီးများတွင် သူတို့နှင့်အတူ ဖက်စပ်ပါဝင်လိုက်ပါ။ ၎င်းနောက် အသင်သည် သူတို့အား ကတိပြုလိုက်ပါ။ ထို့ပြင် ရှိုင်သွာန်သည် သူတို့အား လှည့်စား၍သာ ကတိပြုသည်။

إِنَّ عِبَادِى لَيْسَ لَكَ عَلَيْهِمْ سُلْطٰنٌ ؕ وَكَفٰى بِرَبِّكَ وَكِيلًا ﴿٦٥﴾

(၆၅) အမှန်စင်စစ် ငါအရှင်မြတ်၏(မှန်ကန်သော) ကျွန်များအပေါ် အသင်သည် အာဏာရှိမည်မဟုတ်ပေ။ ၎င်းနောက် အသင်(တမန်တော်မုဟမ္မဒ်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည်ပင် အလွန်ယုံပုံလွှဲအပ်ခြင်းခံထိုက်တော်မူသောအရှင်မြတ်အဖြစ် လုံလောက်တော်မူသည်။

رَبُّكُمُ الَّذِى يُزْجِى لَكُمُ الْفُلْكَ فِى الْبَحْرِ لِتَبْتَغُوا مِنْ فَضْلِهِ ؕ إِنَّهُ كَانَ بِكُمْ رَحِيمًا ﴿٦٦﴾

(၆၆) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အကြင်အရှင်မြတ်ပင်၊ အသင်တို့အနေဖြင့် ထိုအရှင်မြတ်၏ ကျေးဇူး(ရိဇ္ဇ)တော်ကို ရှာဖွေကြရန် အသင်တို့အတွက် ရွက်သင်္ဘောများကို ပင်လယ်တွင် သွားလာလှုပ်ရှားစေတော်မူသောအရှင်ဖြစ်တော်မူသည်။ အမှန်စင်စစ် အရှင်မြတ်သည် အသင်တို့ကို အလွန်သနားကြင်နာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

وَاِذَا مَسَّكُمُ الضُّرُّ فِى الْبَحْرِ ضَلَّ مَنْ تَدْعُوْنَ اِلَّآ اِيَّاهُ ۚ فَلَمَّا نَجّٰىكُمْ اِلَى الْبَرِّ اَعْرَضْتُمْ ؕ وَكَانَ
الْاِنْسَانُ كَفُوْرًا ﴿٦٧﴾

(၆၇) ထို့ပြင် အသင်တို့သည် ပင်လယ်ထဲ၌ ဒုက္ခရောက်ခဲ့သောအခါ
အရှင်မြတ်မှလွဲ၍ အသင်တို့ ဟစ်ခေါ်နေကြသောအရာများသည် ပျောက်ကွယ်
သွားကြသည်။ ထို့နောက် အရှင်မြတ်သည် အသင်တို့အား ကုန်းပေါ်သို့လွတ်
မြောက်စေတော်မူခဲ့သောအခါ အသင်တို့သည် မျက်နှာလွှဲသွားခဲ့ကြပြန်သည်။
ထို့ပြင် လူသားသည် အလွန်ကျေးဇူးကန်းသူပင်ဖြစ်သည်။

اَفَاَمِنْتُمْ اَنْ يَّخْسِفَ بِكُمْ جَانِبَ الْبَرِّ اَوْ يُرْسِلَ عَلَيْكُمْ حَاصِبًا ثُمَّ لَا تَجِدُوْا لَكُمْ وَكِيْلًا ﴿٦٨﴾

(၆၈) အရှင်မြတ်သည် အသင်တို့အား ကုန်းပေါ်၌ပင် မြေမျိုစေတော်
မူခြင်း သို့မဟုတ် အသင်တို့အပေါ် သဲမုန်တိုင်း စေလွှတ်တော်မူခြင်းကို စိုးရိမ်
ခြင်း ကင်းနေကြသလော။ ထို့နောက် အသင်တို့သည် အသင်တို့အတွက် ကာ
ကွယ်စောင့်ရှောက်မည့်သူ မည်သူမျှ တွေ့မည်မဟုတ်တော့ပေ။

اَمْ اَمِنْتُمْ اَنْ يُّعِيْدَكُمْ فِيْهِ تَارَةً اُخْرٰى فَيُرْسِلَ عَلَيْكُمْ قَاصِفًا مِّنَ الرِّيْحِ فَيُغْرِقَكُمْ بِمَا
كَفَرْتُمْ ۙ ثُمَّ لَا تَجِدُوْا لَكُمْ عَلَيْنَا بِهٖ تَبِيْعًا ﴿٦٩﴾

(၆၉) သို့မဟုတ် အရှင်မြတ်သည် အသင်တို့အား ထိုပင်လယ်ထဲသို့
နောက်တစ်ကြိမ်ထပ်မံ၍ ရောက်စေတော်မူကာ အသင်တို့အပေါ်တွင် အသင်
တို့၏သွေဖည်မှုကြောင့် လေပြင်းမုန်တိုင်းကို စေလွှတ်ခြင်းအားဖြင့် အသင်တို့
အား နစ်မြုပ်စေတော်မူမည်ကို စိုးရိမ်ခြင်းမရှိဘဲ စိတ်ချ၍နေသလော။ ထို့နောက်
အသင်တို့သည် အသင်တို့အတွက် ငါအရှင်မြတ်နှင့် ဆန့်ကျင်၍ ကူညီမည့်သူ
မည်သူမျှ တွေ့မည်မဟုတ်တော့ပေ။

وَلَقَدْ كَرَّمْنَا بَنِيْٓ اٰدَمَ وَحَمَلْنٰهُمْ فِى الْبَرِّ وَالْبَحْرِ وَرَزَقْنٰهُمْ مِّنَ الطَّيِّبٰتِ وَفَضَّلْنٰهُمْ عَلٰى
كَثِيْرٍ مِّمَّنْ خَلَقْنَا تَفْضِيْلًا ﴿٧٠﴾ ع

(၇၀) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အာဒမ်၏သားသမီးများ
အား ဂုဏ်မြင့်မြတ်စေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား
ကုန်းပေါ်နှင့် ပင်လယ်ပေါ်တွင် စီးနင်းစေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်
သည် သူတို့အား(စားသုံးရန်) စင်ကြယ်ကောင်းမွန်သောအရာများကို ပေးသနား
တော်မူခဲ့သည်။ ၎င်းနောက် ငါအရှင်မြတ်သည် သူတို့အား ငါအရှင်မြတ် ဖန်ဆင်း
ထားတော်မူသောအရာများထဲမှ (သက်ရှိ၊ သက်မဲ့)အမြောက်အမြားထက် မြင့်

မြတ်စေတော်မူခဲ့သည်။❶

❶ လူသားကို အဖန်ဆင်းခံတွေထဲမှာ အမြတ်ဆုံးအဖြစ် အရှင်မြတ်က ပြုလုပ်ပေးတော်မူတဲ့ အတွက် အရှင်မြတ်ကို အတိုင်းအဆမရှိ ကျေးဇူးတင်ဖို့ လိုအပ်တယ်။ အဲဒီအတွက် အရှင်မြတ်ရဲ့ အမိန့်တွေကို လိုက်နာရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

يَوْمَ نَدْعُوا كُلَّ أُنَاسٍۭ بِإِمَامِهِمْ ۖ فَمَنْ أُوتِيَ كِتَٰبَهُۥ بِيَمِينِهِۦ فَأُو۟لَٰٓئِكَ يَقْرَءُونَ كِتَٰبَهُمْ وَلَا يُظْلَمُونَ فَتِيلًا ﴿٧١﴾

(၇၁) ထိုနေ့တွင် ငါအရှင်မြတ်သည် လူသားအားလုံးအား သူတို့၏ ရှေ့ဆောင်များနှင့်တကွ ခေါ်ယူတော်မူမည်။ ထိုအခါ သူတို့၏မှတ်တမ်းများကို သူတို့၏လက်ယာလက်၌ ပေးခြင်းခံရသောသူတို့ကမူ❷ သူတို့၏မှတ်တမ်းကို (ဝမ်းမြောက်စွာ)ဖတ်ကြမည်။ ထို့ပြင် သူတို့သည် ဆံခြည်မျှင်ခန့်ပင် မတရားပြုခြင်းကို ခံကြရမည်မဟုတ်ပေ။

❷ လက်ယာဘက်မှာ မှတ်တမ်းပေးခြင်းခံရသူတွေဟာ အောင်လက်မှတ်ရတဲ့သူတွေဖြစ်တာကို အများရှေ့မှာ ကြေညာပြီး ဂုဏ်ပြုလိုက်တဲ့သဘောပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَن كَانَ فِى هَٰذِهِۦٓ أَعْمَىٰ فَهُوَ فِى ٱلْءَاخِرَةِ أَعْمَىٰ وَأَضَلُّ سَبِيلًا ﴿٧٢﴾

(၇၂) ထို့ပြင် မည်သူမဆို ဤဘဝတွင် (အမှန်တရားကို မမြင်ဘဲ) မျက်စိကန်းသူဖြစ်ခဲ့လျှင်၊ ထိုသူသည် တမလွန်ဘဝတွင်လည်း မျက်စိကန်းသူပင် ဖြစ်လိမ့်မည်။ ၎င်းပြင် (မှန်ကန်သောလမ်းမှ)ပို၍ လွဲချော်သူလည်းဖြစ်လိမ့်မည်။❸

❸ ဒီဘဝမှာ အမှန်တရားကို မမြင်ဘဲ စိတ်နှလုံးကန်းပြီး အမှန်ပေါ်မရောက်ရှိဘဲ လက်မဲ့ဖြစ်နေခဲ့ရင် တမလွန်ဘဝမှာလည်း အရှင်မြတ်ရဲ့စည်းစိမ်ကျေးဇူးတွေကနေ လက်မဲ့ဖြစ်နေမှာဖြစ်တယ်။ (သိုင်စီရှလ် ကရီမိရ်ရဟ်မာန် စာ - ၅၃၉)

وَإِن كَادُوا۟ لَيَفْتِنُونَكَ عَنِ ٱلَّذِىٓ أَوْحَيْنَآ إِلَيْكَ لِتَفْتَرِىَ عَلَيْنَا غَيْرَهُۥ ۖ وَإِذًا لَّٱتَّخَذُوكَ خَلِيلًا ﴿٧٣﴾

(၇၃) ထို့ပြင် ငါအရှင်မြတ်သည် အသင်(တမန်တော်)၏ထံသို့ ပို့တော်မူခဲ့သော အမိန့်တော်မှလွဲ၍ အခြားအရာကို ငါအရှင်မြတ်အပေါ်တွင် အသင် လုပ်ကြံပြောဆိုရန်အတွက် သူတို့သည် အသင့်အား ထိုအမိန့်တော်မှ ချွတ်ချော်တိမ်းပါးအောင် ပြုလုပ်လုနီးပါးဖြစ်ခဲ့ကြသည်။❹ ၎င်းနောက် ထိုသို့(အသင်) ပြုလုပ်လျှင် သူတို့သည် အသင့်အား ရင်းနှီးသည့်အနေဖြင့် မိတ်ဆွေပြုလုပ်ခဲ့ကြမည်မှာ အမှန်ပင်ဖြစ်သည်။

❹ ကာဖိရ်တွေဟာ တမန်တော်မြတ် ﷺ ကို နည်းမျိုးပေါင်းစုံနဲ့ မြူဆွယ်ခဲ့ကြတယ်။ ကုရ်အာန်အာယသ်တချို့ကို ပြောင်းလဲပေးဖို့ စွဲမက်ဖွယ်ရာတွေနဲ့ ဆွဲဆောင်ခဲ့ကြတယ်။ (ကုရ်သွုဗီ)

وَلَوْلَآ أَن ثَبَّتْنَٰكَ لَقَدْ كِدتَّ تَرْكَنُ إِلَيْهِمْ شَيْـًٔا قَلِيلًا ﴿٧٤﴾

(၇၄) ထို့ပြင် အကယ်၍သာ ငါအရှင်မြတ်သည် အသင့်အား တည်တံ့အောင် မလုပ်ထားခဲ့လျှင် အမှန်စင်စစ် အသင်သည် သူတို့ဘက်သို့ အနည်းငယ် ယိမ်းလုနီးပါးဖြစ်သွားခဲ့လိမ့်မည်။❺

❺ အရှင်မြတ်က ထိန်းမထားခဲ့ရင် တမန်တော်မြတ် ﷺ ဟာ မပြောပလောက်တဲ့ အနည်းငယ် ယိမ်းယိုင်လုနီးပါးဖြစ်သွားခဲ့မှာဖြစ်တယ်။ ဒါပေမဲ့ တမန်တော်မြတ် ﷺ ဟာ မအ်စူမ် အပြစ်ကင်းသူ ဟူသမျှကနေ ထိန်းသိမ်းကာကွယ်ပေးတော်မူခြင်းခံရတဲ့ ပုဂ္ဂိုလ်မြတ်ဖြစ်တဲ့အတွက် အဲဒီမပြောပလောက်တဲ့ ယိမ်းယိုင်မှုတောင် မပေါ်ပေါက်ခဲ့တော့ဘူး။ (အလင်းပြကျမ်း)

إِذًا لَّأَذَقْنَٰكَ ضِعْفَ ٱلْحَيَوٰةِ وَضِعْفَ ٱلْمَمَاتِ ثُمَّ لَا تَجِدُ لَكَ عَلَيْنَا نَصِيرًا ﴿٧٥﴾

(၇၅) ထိုသို့ဖြစ်လျှင် ငါအရှင်မြတ်သည် အမှန်ပင် အသင့်အား ဤဘဝနှင့် တမလွန်ဘဝတွင် အပြစ်ဒဏ်ကို နှစ်ဆ အမှန်ပင် မြည်းစမ်းစေတော်မူမည်ဖြစ်သည်။ ထို့နောက် အသင်သည် ငါအရှင်မြတ်နှင့် ဆန့်ကျင်ပြီး အသင့်အား ကူညီမည့်သူ မည်သူမျှ တွေ့မည် မဟုတ်တော့ပေ။

وَإِن كَادُوا۟ لَيَسْتَفِزُّونَكَ مِنَ ٱلْأَرْضِ لِيُخْرِجُوكَ مِنْهَا ۖ وَإِذًا لَّا يَلْبَثُونَ خِلَٰفَكَ إِلَّا قَلِيلًا ﴿٧٦﴾

(၇၆) ထို့ပြင် သူတို့သည် အသင့်အား ဤ(မက္ကဟ်)မြေမှ နှင်ထုတ်ကြရန် ခြောက်လှန့်လုနီးပါးဖြစ်ခဲ့ကြသည်။ ၎င်းနောက် သို့ဖြစ်လျှင် သူတို့သည်လည်း အသင်၏နောက်တွင် (အချိန်)အနည်းငယ်မှလွဲ၍ နေနိုင်ကြမည်မဟုတ်ပေ။❻

❻ တမန်တော်မြတ် ﷺ ကို မက္ကဟ်ကနေ နှင်ထုတ်ပြီးနောက် သူတို့ဟာ အချိန်အနည်းငယ်ပဲ နေနိုင်ခဲ့ကြပြီး နောက်ဆုံးမှာ မက္ကဟ်မြို့တစ်မြို့လုံး အီမာန်လက်ခံသွားခဲ့ကြတယ်။ ဒါဟာ အရှင်မြတ်မိန့်တဲ့အတိုင်းပဲ အမှန်ဖြစ်ခဲ့တဲ့ဖြစ်ရပ်ဆိုတာ ထင်ရှားသွားခဲ့တယ်။ (အလင်းပြကျမ်း)

سُنَّةَ مَن قَدْ أَرْسَلْنَا قَبْلَكَ مِن رُّسُلِنَا ۖ وَلَا تَجِدُ لِسُنَّتِنَا تَحْوِيلًا ﴿٧٧﴾

(၇၇) ငါအရှင်မြတ်သည် အသင်၏မတိုင်မီ ငါအရှင်မြတ်၏တမန်တော်များထဲမှ စေလွှတ်တော်မူခဲ့သော တမန်တော်များနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းအတိုင်းဖြစ်သည်။❼ ထို့ပြင် ငါအရှင်မြတ်၏ စွန္နသ်လုပ်ထုံးလုပ်နည်းကို ပြောင်းလဲသည့်အဖြစ် အသင်တွေ့ရမည် မဟုတ်ပေ။

❼ အရှင်မြတ်ရဲ့လုပ်ထုံးလုပ်နည်းဆိုတာ တမန်တော်ကို နှင်ထုတ်လိုက်ရင် မကြာခင် အဲဒီမြို့ရွာအပေါ်မှာ အရှင်မြတ်ရဲ့ ပြစ်ဒဏ်လာမယ်၊ ဒါမှမဟုတ် ရန်သူတွေကို လွှမ်းမိုးစေတော်မူမယ်၊ ဒါမှမဟုတ် တမန်တော်ရဲ့နောက်လိုက်သားတွေကို အောင်နိုင်မှုပေးမယ်၊ ဒါမှမဟုတ် တစ်မြို့လုံး အီမာန်ကို လက်ခံကြမှာဖြစ်တယ်။ (အလင်းပြကျမ်း)

أَقِمِ ٱلصَّلَوٰةَ لِدُلُوكِ ٱلشَّمْسِ إِلَىٰ غَسَقِ ٱلَّيْلِ وَقُرْءَانَ ٱلْفَجْرِ ۖ إِنَّ قُرْءَانَ ٱلْفَجْرِ كَانَ مَشْهُودًا ﴿٧٨﴾

(၇၈) အသင်သည် နေမွန်းလွဲချိန်ကစပြီး ညမှောင်ချိန်အထိ စွလာသ်

ဝတ်ပြုမှုကို ဆောက်တည်ပါ။ ၎င်းနောက် မိုးသောက်ချိန် စွလာသ်ဝတ်ပြုမှုကို ဆောက်တည်ပါ။❶ အမှန်စင်စစ် မိုးသောက်ချိန် ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်မှု (ဖဂျ်ရ်စွလာသ်ဝတ်ပြုမှု)သည် (ကောင်းကင်တမန်များ) လာရောက်ချိန်ပင်ဖြစ်သည်။❷

❶ မိုးသောက်ချိန်စွလာသ်ဟာ ဖဂျ်ရ်ဖြစ်တယ်။ (အလင်းပြကျမ်း)

❷ ကောင်းကင်တမန်တွေရဲ့နေ့တာဝန်နဲ့ ညတာဝန်လဲတဲ့အချိန်ဖြစ်တယ်။ (အလင်းပြကျမ်း)

وَمِنَ الَّيْلِ فَتَهَجَّدْ بِهٖ نَافِلَةً لَّكَ ۖ عَسٰٓى اَنْ يَّبْعَثَكَ رَبُّكَ مَقَامًا مَّحْمُوْدًا ﴿٧٩﴾

(၇၉) ထို့ပြင် အသင်သည် ညဥ့်သဟဂျ်ဂျုဒ်စွလာသ်ကိုလည်း အသင့်အတွက် အပိုအဖြစ် ဆောက်တည်ပါ။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင့်အားမကားမေ့မဟ်မူဒ်သို့ ပို့ပေးတော်မူမည်ဖြစ်သည်။

وَقُلْ رَّبِّ اَدْخِلْنِىْ مُدْخَلَ صِدْقٍ وَّاَخْرِجْنِىْ مُخْرَجَ صِدْقٍ وَّاجْعَلْ لِّىْ مِنْ لَّدُنْكَ سُلْطٰنًا نَّصِيْرًا ﴿٨٠﴾

(၈၀) ထို့ပြင် (အို-တမန်တော်) အသင်သည် (ဤသို့)လျှောက်ထားပါ- "အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်အား (မဒီနဟ်မြို့တော်သို့) နစ်သက်ကောင်းမွန်သော ဝင်ရောက်စေခြင်းမျိုးဖြင့် ဝင်ရောက်စေတော်မူပါ။ ၎င်းနောက် အရှင်မြတ်သည် ကျွန်ုပ်အား(မက္ကဟ်မြို့တော်မှ) နစ်သက်ကောင်းမွန်သော ထွက်စေခြင်းမျိုးဖြင့် ထွက်စေတော်မူပါ။❿ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်အား အရှင့်ထံမှ ကူညီပံ့ပိုးမည့် အားအင်စိုးမိုးမှုကို ပေးသနားတော်မူပါ။"⓫

❿ ဟိဂျ်ရသ်လုပ်တဲ့အချိန်မှာ အထွက်နေရာနဲ့ အဝင်နေရာအတွက် ဆုတောင်းတာဖြစ်တယ်။ (အလင်းပြကျမ်း) ⓫ အရှင် ကူညီတဲ့ အာဏာမျိုးဖြစ်တယ်။ (အလင်းပြကျမ်း)

وَقُلْ جَآءَ الْحَقُّ وَزَهَقَ الْبَاطِلُ ۚ اِنَّ الْبَاطِلَ كَانَ زَهُوْقًا ﴿٨١﴾

(၈၁) ထို့ပြင် (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်သည် ရောက်ရှိလာခဲ့ပြီဖြစ်သည်၊ ၎င်းနောက် အမှားသည်လည်း ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။ အမှန်စင်စစ် အမှားသည် ကွယ်ပျောက်မည့်အရာပင် ဖြစ်ခဲ့သည်။❶

❶ ဒီအာယသ် ကျရောက်တဲ့အချိန်ဟာ မွတ်စ်လင်မ်တွေ အလွန်နှိပ်စက်ခံနေရတဲ့အချိန်ဖြစ်တယ်။ အမှားဟာ အလွန်လွှမ်းမိုးနေတဲ့အချိန်ဖြစ်တယ်။ အမှန်ရောက်လာတော့ သိပ်မကြာခင်မှာပဲ အမှားဟာ ပျောက်သွားခဲ့ရတယ်။ ဟိဂျ်ရီ(၈)ခုနှစ်မှာ တမန်တော်မြတ် ﷺ ဟာ ကအ်ဗဟ်ကျောင်းတော်ထဲက ရုပ်တုပေါင်း (၃၆၀)ကို ရှင်းလင်းပစ်တော်မူခဲ့တယ်။ အရှင်မြတ်ရဲ့ အာယသ်တော်မှန်ကန်ကြောင်း သက်သေပြနိုင်ခဲ့တယ်။ အမှားဟာ ပြန်လာဖို့တောင် အခွင့်မရှိတော့ဘူး။ (အလင်းပြကျမ်း)

وَنُنَزِّلُ مِنَ الْقُرْاٰنِ مَا هُوَ شِفَآءٌ وَّرَحْمَةٌ لِّلْمُؤْمِنِيْنَ ۙ وَلَا يَزِيْدُ الظّٰلِمِيْنَ اِلَّا خَسَارًا ﴿٨٢﴾

(၈၂) ထို့ပြင် ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်တွင် ယုံကြည်သူများအတွက် ရောဂါပျောက်စေသောအရာနှင့် ကရုဏာတော်ကို ချပေးတော်မူသည်။ ၎င်းနောက် ထိုအရာသည် မတရားကျူးလွန်သူများတွင် ဆုံးရှုံးမှုမှလွဲ၍ မည်သည့်အရာမျှ တိုးပွားစေသည်မဟုတ်ပေ။[၂]

[၂] ကုရ်အာန်ထဲမှာ ရောဂါပျောက်တဲ့ဆေးလည်း ပါရှိတဲ့အတွက် မွတ်စ်လင်မ်တွေဟာ အတွင်းရောဂါရော၊ အပြင်ရောဂါပါ ပျောက်ကင်းလျက် လန်းဆန်းပျော်ရွှင်နေခဲ့ကြရတယ်။ (အလင်းပြကျမ်း)

وَاِذَآ اَنْعَمْنَا عَلَى الْاِنْسَانِ اَعْرَضَ وَنَاٰ بِجَانِبِهٖ ۚ وَاِذَا مَسَّهُ الشَّرُّ كَانَ يَـُٔوْسًا ﴿٨٣﴾

(၈၃) ထို့ပြင် ငါအရှင်မြတ်သည် လူသား၏အပေါ်တွင် ကျေးဇူးပြုတော်မူသောအခါ သူသည် မျက်နှာလွှဲပြီး ရှောင်ဖယ်သွားလေ့ရှိသည်၊ ၎င်းနောက် သူ့တွင် ဒုက္ခရောက်သောအခါ သူသည် မျှော်လင့်ချက်ကင်းသူဖြစ်သွားတော့သည်။[၃]

[၃] လူသားဟာ စည်းစိမ်ရှိနေတဲ့အခါမှာတော့ အရှင်မြတ်ကို မေ့နေခဲ့တယ်။ ဒုက္ခရောက်လာရင်တော့ မျှော်လင့်ချက်မရှိ ပုံလဲသွားခဲ့တယ်။ ဒါဟာ သုခရတဲ့အခါမှာရော ဒုက္ခရတဲ့အခါမှာပါ အရှင်မြတ်နဲ့ အဆက်ပြတ်နေတာကို ဖော်ပြထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ كُلٌّ يَّعْمَلُ عَلٰى شَاكِلَتِهٖ ۗ فَرَبُّكُمْ اَعْلَمُ بِمَنْ هُوَ اَهْدٰى سَبِيْلًا ﴿٨٤﴾

(၈၄) (အို-တမန်တော်) အသင်ပြောလိုက်ပါ- လူတိုင်းသည် သူ၏နည်းလမ်းအတိုင်း ပြုလုပ်နေကြသည်။ ထို့နောက် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မည်သူက လမ်းအမှန်ဆုံးဖြစ်သည်ကို အသိဆုံးဖြစ်တော်မူသည်။

وَيَسْـَٔلُوْنَكَ عَنِ الرُّوْحِ ۗ قُلِ الرُّوْحُ مِنْ اَمْرِ رَبِّيْ وَمَآ اُوْتِيْتُمْ مِّنَ الْعِلْمِ اِلَّا قَلِيْلًا ﴿٨٥﴾

(၈၅) ထို့ပြင် သူတို့သည် အသင်(တမန်တော်)အား ရူဟ်[၆] အသက်ဝိညာဉ်နှင့်ပတ်သက်၍ မေးမြန်းကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသက်ဝိညာဉ်သည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော်မှ ဖြစ်သည်။ ထို့ပြင် အသင်တို့သည် ပညာအနည်းငယ်သာ ပေးသနားတော်မူခြင်းခံခဲ့ကြရသည်။

[၆] ရူဟ်အသက်ဝိညာဉ်ဟာ အရှင်မြတ်ရဲ့အမိန့်တစ်ခု ဖြစ်တယ်လို့ အဲဒီလောက်ပဲ သိထားလိုက်ရင် လုံလောက်တဲ့အတွက် အရှင်မြတ်ဟာ ရှင်းပြတော်မမူခဲ့ဘူး။ (အလင်းပြကျမ်း)

وَلَئِنْ شِئْنَا لَنَذْهَبَنَّ بِالَّذِيْٓ اَوْحَيْنَآ اِلَيْكَ ثُمَّ لَا تَجِدُ لَكَ بِهٖ عَلَيْنَا وَكِيْلًا ﴿٨٦﴾

(၈၆) ထို့ပြင် အကယ်၍ ငါအရှင်မြတ်သည် အလိုရှိတော်မူလျှင် အသင့်

ထံသို့ ငါအရှင်မြတ် ထုတ်ပြန်ပို့ချတော်မူခဲ့သော(ကုရ်အာန်ကျမ်းတော်မြတ်)ကို အမှန်စင်စစ် ပြန်လည်ရုပ်သိမ်းတော်မူမည်။ ထို့နောက် ထိုအရာနှင့်ပတ်သက်၍ ငါအရှင်မြတ်နှင့် ဆန့်ကျင်ပြီး ကူညီမည့်သူ မည်သူမျှ အသင်တွေ့ရှိမည်မဟုတ်ပေ။

اِلَّا رَحۡمَةً مِّنۡ رَّبِّكَ ؕ اِنَّ فَضۡلَهٗ كَانَ عَلَيۡكَ كَبِيۡرًا ﴿٨٧﴾

(၈၇) သို့ရာတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် ထံတော်မှ ကရုဏာတော်ဖြင့် (ရုပ်သိမ်းတော်မမူခဲ့ပေ)။ အမှန်စင်စစ် အရှင်မြတ်၏ကျေးဇူးတော်သည် အသင်၏အပေါ်တွင် ကြီးမားလှပေသည်။

قُلْ لَّئِنِ اجۡتَمَعَتِ الۡاِنۡسُ وَالۡجِنُّ عَلٰٓى اَنۡ يَّاۡتُوۡا بِمِثۡلِ هٰذَا الۡقُرۡاٰنِ لَا يَاۡتُوۡنَ بِمِثۡلِهٖ وَلَوۡ كَانَ بَعۡضُهُمۡ لِبَعۡضٍ ظَهِيۡرًا ﴿٨٨﴾

(၈၈) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်ပင် အကယ်၍ လူသားများနှင့် ဂျင်န်များသည် ဤကုရ်အာန်ကျမ်းတော်မြတ်နှင့်တူသော ကျမ်းကို (စီကုံးရေးသားပြီး)ယူလာရန် စုရုံးကြပြီး အချင်းချင်းရိုင်းပင်းကူညီခဲ့ကြလျှင်လည်း သူတို့သည် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)နှင့်တူသောကျမ်းကို လုံးဝ ယူဆောင်လာနိုင်ကြမည်မဟုတ်ပေ။❶

❶ အရှင်မြတ်ဟာ လူတွေရော ဂျင်န်တွေပါ စုပေါင်းပြီး ကုရ်အာန်လိုကျမ်းတစ်စောင်ပြုလုပ်ဖို့ စိန်ခေါ်ထားခဲ့ပေမဲ့ အခုထိလည်း မလုပ်နိုင်ခဲ့သလို ဘယ်တော့မှလည်း လုပ်နိုင်မှာမဟုတ်တာ ထင်ရှားပြီးဖြစ်တယ်။ ဒါဟာ ကုရ်အာန်မှန်ကန်ကြောင်း အလွယ်တကူသိနိုင်တဲ့အထောက်အထားဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدۡ صَرَّفۡنَا لِلنَّاسِ فِىۡ هٰذَا الۡقُرۡاٰنِ مِنۡ كُلِّ مَثَلٍ فَاَبٰٓى اَكۡثَرُ النَّاسِ اِلَّا كُفُوۡرًا ﴿٨٩﴾

(၈၉) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် လူများအတွက် ဤကုရ်အာန်ကျမ်းတော်မြတ်တွင် သာဓက(ဥပမာပုံဆောင်ချက်)ကို နည်းအမျိုးမျိုးဖြင့် မိန့်ကြားတော်မူသည်။ သို့ရာတွင်လည်း အများစုသည် ငြင်းပယ်မှုမှလွဲ၍ မည်သည့်အရာကိုမျှ မနှစ်သက်ခဲ့ကြပေ။❻

❻ အရှင်မြတ်ဟာ ဒီကုရ်အာန်ထဲမှာ လူသားတွေ အမှန်တရားကို ရယူနိုင်ဖို့အတွက် သာဓကပေါင်းအမြောက်အမြားကို ပြသပြီး အမိန့်ရှိထားတော်မူတယ်။ ဒါပေမဲ့လည်း လူသားအများစုဟာ အမှန်ကို မလိုလားတဲ့အတွက် ငြင်းပယ်လျက်ပဲ ရှိနေခဲ့ကြတယ်။ (အလင်းပြကျမ်း)

وَقَالُوۡا لَنۡ نُّؤۡمِنَ لَكَ حَتّٰى تَفۡجُرَ لَنَا مِنَ الۡاَرۡضِ يَنۡۢبُوۡعًا ﴿٩٠﴾

(၉၀) ထို့ပြင် သူတို့က အသင်သည် ကျွန်ုပ်တို့အတွက် မြေပထဝီမှ စမ်းရေချောင်းတစ်ခု စီးထွက်လာအောင် ပြုလုပ်မပေးသမျှ ကျွန်ုပ်တို့သည် အသင့်

အပေါ်တွင် လုံးဝအီမာန်ယုံကြည်လက်ခံကြမည်မဟုတ်ပေဟု ပြောဆိုခဲ့ကြသည်။

أَوْ تَكُونَ لَكَ جَنَّةٌ مِّن نَّخِيلٍ وَعِنَبٍ فَتُفَجِّرَ الْأَنْهَارَ خِلَالَهَا تَفْجِيرًا ﴿٩١﴾

(၉၁) သို့မဟုတ် အသင့်တွင် စွန်ပလွံပင်များနှင့် စပျစ်ပင်များရှိသော ခြံတစ်ခုရှိရမည်။ ၎င်းနောက် အသင်သည် ထိုခြံ၏အလယ်မှ စမ်းရေချောင်းများ စီးထွက်လာအောင် ပြုလုပ်ရမည်။

أَوْ تُسْقِطَ السَّمَاءَ كَمَا زَعَمْتَ عَلَيْنَا كِسَفًا أَوْ تَأْتِيَ بِاللَّهِ وَالْمَلَائِكَةِ قَبِيلًا ﴿٩٢﴾

(၉၂) သို့မဟုတ် အသင်သည် အသင်ထင်မြင်ယူဆသည့်အတိုင်း ကျွန်ုပ်တို့အပေါ်တွင် မိုးကို အပိုင်းပိုင်းအစစဖြစ်ပြီး ပြိုကျလာအောင် ပြုလုပ်ရမည်။ သို့မဟုတ် အသင်သည် အလ္လာဟ်အရှင်မြတ်နှင့် ကောင်းကင်တမန်များကို ကျွန်ုပ်တို့၏ရှေ့၌ ခေါ်ယူလာရမည်။

أَوْ يَكُونَ لَكَ بَيْتٌ مِّن زُخْرُفٍ أَوْ تَرْقَىٰ فِي السَّمَاءِ ۚ وَلَن نُّؤْمِنَ لِرُقِيِّكَ حَتَّىٰ تُنَزِّلَ عَلَيْنَا
كِتَابًا نَّقْرَؤُهُ ۗ قُلْ سُبْحَانَ رَبِّي هَلْ كُنتُ إِلَّا بَشَرًا رَّسُولًا ﴿٩٣﴾

(၉၃) သို့မဟုတ် အသင့်၌ ရွှေနှင့်ပြုလုပ်ထားသော အဆောင်တစ်ခုရှိရမည်။ သို့မဟုတ် အသင်သည် မိုးကောင်းကင်သို့တက်သွားရမည်။ ၎င်းနောက် ကျွန်ုပ်တို့ကမူ အသင်သည်(ထိုမိုးကောင်းကင်မှ)ကျွန်ုပ်တို့ ရွတ်ဖတ်နိုင်သော ကျမ်းတစ်စောင်ကို ကျွန်ုပ်တို့အတွက် ချမပေးသမျှ အသင် (မိုးကောင်းကင်) တက်သွားသည်ကို လုံးဝလက်ခံကြမည်မဟုတ်ပေ။ (အို- တမန်တော်) အသင် ပြောလိုက်ပါ- ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် သန့်ပြန့်စင်ကြယ်တော်မူပါသည်။ ငါသည် လူသားတမန်တော်တစ်ပါးမှလွဲ၍ အခြားမည်သည့်အရာမျှ မဟုတ်ပေ။၁

၁ ကာဖိရ်တွေဟာ ကုရ်အာန်ကို မယုံနိုင်တဲ့အခါကျတော့ မလိုမုန်းတီးမှုနဲ့ တမန်တော်မြတ် ﷺ ထံမှာ အဓိပ္ပာယ်မရှိတဲ့ တောင်းဆိုချက်တွေကို အထက်က အာယသ်တော်တွေမှာ ဖော်ပြပါရှိတဲ့အတိုင်း တောင်းဆိုကြတော့တယ်။ သူတို့ရဲ့ တောင်းဆိုချက်တွေအများကြီးကို အရှင်မြတ်က စကားတစ်ခွန်းတည်းနဲ့ဖြေရှင်းပေးလိုက်တယ်။ "တမန်တော်ဟာ လူသားတမန်တော်တစ်ဦးပဲဖြစ်တယ်"။ ဆိုလိုတာက တမန်တော်ဟာ ဘာမဆို တတ်စွမ်းနိုင်တဲ့အရှင်မြတ် မဟုတ်ဘူး။ အသင်တို့တောင်းတာတွေအားလုံး အရှင်မြတ်လုပ်ပေးတော်မူနိုင်တယ်။ တမန်တော်လုပ်မပေးနိုင်ဘူး။ ဒါပေမဲ့ အရှင်မြတ်ဟာ အကျိုးမရှိတဲ့အလုပ်ကို လုပ်တော်မမူဘူး။ အဲဒီအရာတွေလုပ်ဆောင်ပေးမယ်ဆိုရင်လည်း အသင်တို့ ယုံကြည်ကြမှာမဟုတ်တဲ့အပြင် အသင်တို့အပေါ်မှာ အပြစ်ဒဏ်ပဲ ချက်ချင်းရောက်လာမှာစိုးလို့ ပြုလုပ်မပေးတာဖြစ်တယ်လို့ ဆိုလိုတာဖြစ်တယ်။(အလင်းပြကျမ်း)

وَمَا مَنَعَ النَّاسَ اَنۡ يُّؤۡمِنُوۡۤا اِذۡ جَآءَهُمُ الۡهُدٰٓى اِلَّاۤ اَنۡ قَالُوۡۤا اَبَعَثَ اللّٰهُ بَشَرًا رَّسُوۡلًا ﴿٩٤﴾

(၉၄) ထို့ပြင် လူများထံသို့ လမ်းမှန်ညွှန်ကြားပြသချက်ရောက်လာသော အခါ သူတို့က အလ္လာဟ်အရှင်မြတ်သည် တမန်တော်အဖြစ် လူသားတစ်ဦးကို စေလွှတ်တော်မူပါသလောဟု ပြောဆိုခဲ့ကြသည်မှလွဲ၍ မည်သည့်အရာကမျှ သူတို့၏အီမာန်ယုံကြည်ခြင်းကို ပိတ်ပင်တားဆီးခဲ့သည်မဟုတ်ပေ။

قُلۡ لَّوۡ كَانَ فِى الۡاَرۡضِ مَلٰٓـئِكَةٌ يَّمۡشُوۡنَ مُطۡمَٮِٕنِّيۡنَ لَنَزَّلۡنَا عَلَيۡهِمۡ مِّنَ السَّمَآءِ مَلَـكًا رَّسُوۡلًا ﴿٩٥﴾

(၉၅) (အို - တမန်တော်) အသင်ပြောလိုက်ပါ- အကယ်၍ မြေပထဝီတွင် ကောင်းကင်တမန်များသည် အတည်တကျ နေထိုင်သွားလာနေကြလျှင် အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အပေါ် မိုးကောင်းကင်မှ ကောင်းကင်တမန်တစ်ပါးကို တမန်တော်အဖြစ် (စေလွှတ်) ချပေးတော်မူခဲ့မည်ဖြစ်သည်။ ❶

❶ မြေပထဝီပေါ်မှာ ကောင်းကင်တမန်တွေ နေထိုင်နေကြတာမဟုတ်ဘဲ လူတွေပဲ နေထိုင်နေကြတာဖြစ်တဲ့အတွက် လူသားတမန်တော်ပဲ စေလွှတ်ရတာဖြစ်တယ်။ (အလင်းပြကျမ်း)

قُلۡ كَفٰى بِاللّٰهِ شَهِيۡدًۢا بَيۡنِىۡ وَبَيۡنَكُمۡ‌ ؕ اِنَّهٗ كَانَ بِعِبَادِهٖ خَبِيۡرًۢا بَصِيۡرًا ﴿٩٦﴾

(၉၆) (အို - တမန်တော်) အသင်ပြောလိုက်ပါ- အလ္လာဟ်အရှင်မြတ်ပင် ငါနှင့် အသင်တို့၏ကြားတွင် မျက်မှောက်အသိသက်သေဖြစ်နေတော်မူသော အရှင်အဖြစ် လုံလောက်တော်မူသည်။ အမှန်စင်စစ် ထိုအရှင်မြတ်သည် အရှင်မြတ်၏ကျွန်များနှင့်ပတ်သက်၍ အကြွင်းမဲ့ကြားသိတော်မူသောအရှင်မြတ်၊ အကြွင်းမဲ့မြင်တော်မူသောအရှင်မြတ်ဖြစ်တော်မူသည်။ ❷

❷ အထောက်အထားခိုင်လုံပြီးဖြစ်ပါလျက်နဲ့ အသင်တို့လက်မခံတာဖြစ်တဲ့အတွက် ငါ့တာဝန်ကျေပွန်သွားပြီ။ ငါနဲ့အသင်တို့ရဲ့ ကြားမှာ အရှင်မြတ်ဟာ သိမြင်တဲ့သူအဖြစ်လုံလောက်တော်မူတယ်။ (အလင်းပြကျမ်း)

وَمَنۡ يَّهۡدِ اللّٰهُ فَهُوَ الۡمُهۡتَدِ‌ ۚ وَمَنۡ يُّضۡلِلۡ فَلَنۡ تَجِدَ لَهُمۡ اَوۡلِيَآءَ مِنۡ دُوۡنِهٖ‌ ؕ وَنَحۡشُرُهُمۡ يَوۡمَ الۡقِيٰمَةِ عَلٰى وُجُوۡهِهِمۡ عُمۡيًا وَّبُكۡمًا وَّصُمًّا‌ ؕ مَاۡوٰٮهُمۡ جَهَـنَّمُ‌ ؕ كُلَّمَا خَبَتۡ زِدۡنٰهُمۡ سَعِيۡرًا ﴿٩٧﴾

(၉၇) ထို့ပြင် အလ္လာဟ်အရှင်မြတ်က လမ်းမှန်ညွှန်ကြားပြသတော်မူသောသူသာ လမ်းမှန်ရရှိသူဖြစ်၍ အရှင်မြတ်က လမ်းမှားတွင် ထားရှိသောသူကမူ အသင်သည် အရှင်မြတ်မှလွဲ၍ သူတို့အား ကူညီမည့်သူများ လုံးဝတွေ့မည်မဟုတ်ပေ။ ❸ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား ကိယာမသ်နေ့တွင် မျက်နှာမှောက်ပြီး၊ မျက်စိကန်းသူများ၊ ဆွံ့အသူများ၊ နားပင်းသူများအဖြစ် စုရုံးစေတော်မူမည်။ သူတို့၏နေရာထိုင်ခင်းသည် ဂျဟန္နမ်ငရဲဘုံပင် ဖြစ်မည်။ ထိုငရဲဘုံ၏မီး

သည် အပူရှိန်လျော့လာတိုင်း ငါအရှင်မြတ်သည် သူတို့အတွက် မီးတောက်မီးလျှံကို ပိုမိုများပြားစေတော်မူမည်ဖြစ်သည်။

❻ အရှင်မြတ်က လမ်းမှားမှာ ပစ်ထားလိုက်ပြီဆိုရင် လမ်းမှန်ပြမဲ့သူ ဘယ်သူမှမရှိတော့ဘူး။ (အလင်းပြကျမ်း)

ذٰلِكَ جَزَآؤُهُمْ بِاَنَّهُمْ كَفَرُوْا بِاٰيٰتِنَا وَقَالُوْٓا ءَاِذَا كُنَّا عِظَامًا وَّرُفَاتًا ءَاِنَّا لَمَبْعُوْثُوْنَ خَلْقًا جَدِيْدًا ﴿٩٨﴾

(၉၈) ၎င်းသည် သူတို့၏အကျိုးရလဒ်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမှန်မှာ သူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာများကို မယုံကြည် ငြင်းပယ်ခဲ့ကြသည်။ ၎င်းနောက် "ကျွန်ုပ်တို့သည် အရိုးများသာကျန်ရှိ၍ အပိုင်းပိုင်းအစစ ဖြစ်သွားကြသောအခါ အသစ်ဖန်ဆင်း၍ ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လော" ဟု ပြောဆိုခဲ့ကြခြင်းကြောင့် ဖြစ်သည်။

اَوَلَمْ يَرَوْا اَنَّ اللّٰهَ الَّذِيْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ قَادِرٌ عَلٰٓى اَنْ يَّخْلُقَ مِثْلَهُمْ وَجَعَلَ لَهُمْ اَجَلًا لَّا رَيْبَ فِيْهِ ۗ فَاَبَى الظّٰلِمُوْنَ اِلَّا كُفُوْرًا ﴿٩٩﴾

(၉၉) ထို့ပြင် မိုးကောင်းကင်များနှင့်မြေပထဝီကို ဖန်ဆင်းတော်မူသော အရှင်မြတ်သည် သူတို့ကဲ့သို့ လူများကို(အသစ်ပြန်)ဖန်ဆင်းရန် စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်ကို သူတို့သည် မသိမမြင်ကြလေသလော။ ၎င်းနောက် အရှင်မြတ်သည် (သေဆုံးရန်နှင့် ရှင်ပြန်ထရန်) သံသယမရှိသော ကာလတစ်ခုကို သူတို့အတွက် သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့သည်။ သို့ရာတွင်လည်း မတရားကျူးလွန်သူများကမူ ငြင်းပယ်ခြင်းမှလွဲ၍ အခြားမည်သည်ကိုမျှ မနှစ်သက်ခဲ့ကြပေ။

قُلْ لَّوْ اَنْتُمْ تَمْلِكُوْنَ خَزَآئِنَ رَحْمَةِ رَبِّيْٓ اِذًا لَّاَمْسَكْتُمْ خَشْيَةَ الْاِنْفَاقِ ۗ وَكَانَ الْاِنْسَانُ قَتُوْرًا ﴿١٠٠﴾

(၁၀၀) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အကယ်၍ အသင်တို့သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ကရုဏာတော်၏ ဘဏ္ဍာတော်များကို ပိုင်ဆိုင်ကြမည်ဆိုလျှင်၊ အမှန်ပင် ထိုအရာများကို သုံးစွဲပြီး ကုန်ခန်းသွားမည်စိုး၍ အသင်တို့သည် စေးနဲတွန့်တိုနေကြမည်ဖြစ်သည်။ ထို့ပြင် လူသားသည် အလွန်စေးနဲတွန့်တိုသူပင် ဖြစ်သည်။❼

❼ အရှင်မြတ်ဟာ ဘဏ္ဍာတော်တွေကို စိုးပိုင်တော်မူတဲ့အတိုင်း အကန့်အသတ်မရှိ ရက်ရက်ရောရော ပေးဝေသုံးစွဲလျက်ရှိတော်မူတယ်။ ဒါပေမဲ့ အဲဒီဘဏ္ဍာတော်တွေကို လူသားတွေပိုင်ဆိုင်ကြမယ်ဆိုရင် ကုန်သွားမှာစိုးလို့ ဒါမှမဟုတ် သူထက်သူများက သာသွားမှာစိုးလို့၊ ဒါမှမဟုတ် သူ့အပေါ်

မှာ သူများက လွှမ်းမိုးသွားမှာစိုးလို့၊ ဒါမှမဟုတ် လက်မဲ့ဖြစ်ပြီးထိုင်နေရမှာစိုးလို့ စတဲ့စိုးရိမ်မှုတွေနဲ့ မလှူနိုင်မတမ်းနိုင် မပေးနိုင်မကမ်းနိုင်ဖြစ်နေကြလိမ့်မယ်။ အရှင်မြတ်မှာကတော့ အဲဒီစိုးရိမ်စရာတွေတစ်ခုမှ မရှိတဲ့အတွက် ပေးကမ်းစွန့်ကြဲလျက်ပဲ ရှိနေတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدْ اٰتَيْنَا مُوْسٰى تِسْعَ اٰيٰتٍۢ بَيِّنٰتٍ فَسْـَٔلْ بَنِىْٓ اِسْرَآءِيْلَ اِذْ جَآءَهُمْ فَقَالَ لَهٗ فِرْعَوْنُ اِنِّىْ لَاَظُنُّكَ يٰمُوْسٰى مَسْحُوْرًا ﴿١٠١﴾

(၁၀၁) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)မူစာကို ပေါ်လွင်ထင်ရှားသော တန်ခိုးတော်ကိုးပါး❶ ပေးသနားတော်မူခဲ့သည်။ သို့ဖြစ်ရာ အသင်သည် အစ္စရာအီလ်မျိုးနွယ်များကို စုံစမ်းမေးမြန်းကြည့်ပါ။ (တမန်တော်)မူစာသည် သူတို့ထံသို့ ရောက်လာသောအခါ ဖိရ်အောင်န်က သူ့ကိုပြောသည်- အမှန်ပင် ကျွန်ုပ်သည် အသင့်အား စုန်းပြုစားခြင်းခံရသူဟု ထင်မှတ်သည်။

❶ ရန်သူတွေအတွက် တန်ခိုးတော်ကိုးပါးမှာ (၁)မိုးခေါင်ခြင်း(၂)ကောက်ပဲသီးနှံယုတ်လျော့ခြင်း (၃)မိုးသက်မုန်တိုင်းကျခြင်း(၄)ကျိုင်းကောင် (၅)ပိုးမွှား (၆)ဖား (၇)သွေး (၈)တောင်ဝှေး (၉)ဖြူဖွေးတဲ့လက်တို့ဖြစ်တယ်။ ဒီအကြောင်းတွေနဲ့ပတ်သက်ပြီး ရှင်းလင်းချက်ဖော်ပြပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ لَقَدْ عَلِمْتَ مَآ اَنْزَلَ هٰٓؤُلَآءِ اِلَّا رَبُّ السَّمٰوٰتِ وَالْاَرْضِ بَصَآئِرَ ۚ وَاِنِّىْ لَاَظُنُّكَ يٰفِرْعَوْنُ مَثْبُوْرًا ﴿١٠٢﴾

(၁၀၂) ၎င်း(မူစာ)က ပြောသည်- ဤ(တန်ခိုး)များကို သိမြင်နိုင်စေသော သက်သေသာဓကများအဖြစ် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူသောအရှင်မြတ်ကပင်ချပေးတော်မူခဲ့ခြင်း ဖြစ်သည်ကို အမှန်စင်စစ် အသင်သိပြီး ဖြစ်သည်။❷ ထို့ပြင်၊ အို- ဖိရ်အောင်န်၊ အမှန်စင်စစ် ကျွန်ုပ်သည် အသင့်အား ဖျက်ဆီးခံရမည့်သူ ဖြစ်သည်ဟု ထင်မြင်ယူဆသည်။

❷ ဒီတန်ခိုးတွေဟာ အရှင်မြတ်ထံတော်က ဖြစ်တယ်ဆိုတာ သူတို့သိပြီးဖြစ်တယ်။ မာနက လက်မခံအောင်တားဆီးထားတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

فَاَرَادَ اَنْ يَّسْتَفِزَّهُمْ مِّنَ الْاَرْضِ فَاَغْرَقْنٰهُ وَمَنْ مَّعَهٗ جَمِيْعًا ﴿١٠٣﴾

(၁၀၃) ထို့နောက် ၎င်း(ဖိရ်အောင်န်)သည် ထို(အစ္စရာအီလ်မျိုးနွယ်)တို့အား(အီဂျစ်)နိုင်ငံမှ တိမ်းချော်အောင်(နယ်နှင်ရန်)ကြံရွယ်ခဲ့သည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူ့ကိုသာမက သူနှင့်အတူရှိနေသူအားလုံးကို (ပင်လယ်နီတွင်) နစ်မြုပ်တော်မူခဲ့သည်။

وَّقُلْنَا مِنْۢ بَعْدِهٖ لِبَنِىْٓ اِسْرَآءِيْلَ اسْكُنُوا الْاَرْضَ فَاِذَا جَآءَ وَعْدُ الْاٰخِرَةِ جِئْنَا بِكُمْ لَفِيْفًا ﴿١٠٤﴾

(၁၀၄) ထို့ပြင် ငါအရှင်မြတ်သည် ထို(ဖိရ်အောင်နှင့်သူ၏စစ်တပ်ပျက်စီးပြီး)နောက်တွင် အစ္စရာအီလ်မျိုးနွယ်များကို အသင်တို့သည် ကမ္ဘာမြေတွင် နေထိုင်ကြပါ။ ၎င်းပြင် နောက်ဆုံးနေ့နှင့်ပတ်သက်၍ ချိန်းဆိုထားသောအချိန်

ရောက်လာသောအခါ၊ ငါအရှင်မြတ်သည် အသင်တို့အားစုပေါင်းပြီး ယူဆောင်လာမည်ဟု မိန့်ကြားတော်မူခဲ့သည်။

وَبِالْحَقِّ اَنْزَلْنٰهُ وَبِالْحَقِّ نَزَلَ ؕ وَمَاۤ اَرْسَلْنٰكَ اِلَّا مُبَشِّرًا وَّنَذِيْرًا ﴿١٠٥﴾

(၁၀၅) ထို့ပြင် ငါအရှင်မြတ်သည် ထိုကုရ်အာန်ကျမ်းတော်မြတ်ကို မှန်ကန်မှုနှင့်တကွ ချပေးတော်မူခဲ့သည်။ ၎င်းနောက် ထိုကုရ်အာန်ကျမ်းတော်မြတ်သည် မှန်ကန်မှုနှင့်တကွပင် ကျရောက်လာခဲ့သည်။❷ ထို့ပြင် ငါအရှင်မြတ်သည် အသင့်အား သတင်းကောင်းပြောကြားသူအဖြစ်နှင့် သတိပေးနှိုးဆော်သူအဖြစ် စေလွှတ်တော်မူခဲ့သည်။❻

❷ တမန်တော်မူစာ ﷺအကြောင်းမိန့်ဆိုနေရင်းနဲ့ ကုရ်အာန်အကြောင်းပါလာခဲ့တာဟာ ကုရ်အာန်ဟာ အကြီးမားဆုံးတန်ခိုးတော်ဖြစ်ကြောင်း သတိရစေဖို့အတွက် တန်ခိုးတွေကြားထဲမှာ ထည့်ပြီး အမိန့်ရှိလိုက်တာဖြစ်တယ်။(အလင်းပြကျမ်း) ❻ ဆိုလိုတာက လူသားတွေ တရားရတာ မရတာဟာ တမန်တော်နဲ့ မသက်ဆိုင်ကြောင်း တမန်တော်ရဲ့တာဝန်ကို ဖော်ပြပေးလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقُرْاٰنًا فَرَقْنٰهُ لِتَقْرَاَهٗ عَلَى النَّاسِ عَلٰى مُكْثٍ وَّنَزَّلْنٰهُ تَنْزِيْلًا ﴿١٠٦﴾

(၁၀၆) ထို့ပြင် ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အသင်သည် လူများရှေ့၌ ဆိုင်းဆိုင်းပြီးပြေပြစ်စွာ ဖတ်ကြားနိုင်ရန်အတွက် ခြားခြားပြီး ချပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ထိုကုရ်အာန်ကျမ်းတော်မြတ်ကို တဖြည်းဖြည်းချင်း ချပေးတော်မူခဲ့သည်။

قُلْ اٰمِنُوْا بِهٖۤ اَوْ لَا تُؤْمِنُوْا ؕ اِنَّ الَّذِيْنَ اُوْتُوا الْعِلْمَ مِنْ قَبْلِهٖۤ اِذَا يُتْلٰى عَلَيْهِمْ يَخِرُّوْنَ لِلْاَذْقَانِ سُجَّدًا ۙ﴿١٠٧﴾

(၁၀၇) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် ထိုကုရ်အာန်ကျမ်းတော်မြတ်ကို ယုံကြည်ကြသည်ပင်ဖြစ်စေ၊ မယုံကြည်ကြသည်ပင်ဖြစ်စေ (ကိစ္စမရှိပေ)။ အမှန်စင်စစ် ထိုကုရ်အာန် မကျရောက်မီ ယခင်က အသိပညာပေးခြင်းခံကြရသောသူများသည် သူတို့ရှေ့၌ ၎င်း(ကုရ်အာန်)ကို ဖတ်ကြားခံရသောအခါ သူတို့သည် မျက်နှာအောက်ချပြီး စဂျ်ဒဟ်ဦးချကြသည်။

وَّيَقُوْلُوْنَ سُبْحٰنَ رَبِّنَاۤ اِنْ كَانَ وَعْدُ رَبِّنَا لَمَفْعُوْلًا ﴿١٠٨﴾

(၁၀၈) ထို့ပြင် သူတို့က ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် သန့်ပြန့်စင်ကြယ်ပါသည်။ အမှန်စင်စစ် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ကတိသည် အမှန်ပင် ဖြစ်ရမည့်ကိစ္စဖြစ်သည်ဟု ပြောဆိုလျှောက်ထားကြသည်။

وَيَخِرُّوْنَ لِلْاَذْقَانِ يَبْكُوْنَ وَيَزِيْدُهُمْ خُشُوْعًا ۩ ﴿١٠٩﴾

(၁၀၉) ထို့ပြင် သူတို့သည် ငိုကြွေးလျက် မျက်နှာအောက်ချပြီး စဂျ်ဒဟ် ပြုကြသည်။ ၎င်းနောက် ထိုကုရ်အာန်ကျမ်းတော်မြတ်သည် သူတို့အား ချစ်ကြောက်ရိုသေမှုကို ပိုမိုတိုးပွားစေသည်။

قُلِ ادْعُوا اللّٰهَ اَوِ ادْعُوا الرَّحْمٰنَ ؕ اَيًّا مَّا تَدْعُوْا فَلَهُ الْاَسْمَآءُ الْحُسْنٰى ۚ وَلَا تَجْهَرْ بِصَلَاتِكَ وَلَا تُخَافِتْ بِهَا وَابْتَغِ بَيْنَ ذٰلِكَ سَبِيْلًا ﴿١١٠﴾

(၁၁၀) (အို-တမန်တော်)အသင်ပြောလိုက်ပါ- အသင်တို့သည် “အလ္လာဟ် ”ဟု ဟစ်ခေါ်တသကြပါ၊ သို့မဟုတ် “ရဟ်မာန် ”ဟု ဟစ်ခေါ်တသကြပါ။❶ အသင်တို့သည် မည်သို့ ဟစ်ခေါ်တသသည်ပင်ဖြစ်စေ အရှင်မြတ်တွင် အထူးကောင်းမြတ်သောနာမတော်များရှိနေပေသည်။ ထို့ပြင် အသင်သည် အသင်၏စွလာသ်ဝတ်ပြုမှုတွင် အသံကျယ်လွန်းစေမှုနှင့် အသံတိုးလွန်းစေမှုကို မပြုလေနှင့်။ ၎င်းနောက် အသင်သည် ထိုနှစ်ခုကြားမှ နည်းလမ်းကို ရှာဖွေပါ။

❶ အရပ်မုရှ်ရိက်တွေက အရှင်မြတ်ကို အလ္လာဟ်လို့ပဲ ဟစ်ခေါ်တသလေ့ရှိကြတယ်။ ယဟူဒီတွေက အရှင်မြတ်ကို ရဟ်မာန်လို့ ဟစ်ခေါ်တသကြတယ်။ တမန်တော်မြတ် ﷺ ဟာ ရဟ်မာန်ရော အလ္လာဟ်ပါ ဟစ်ခေါ်တသတဲ့အခါ မုရှ်ရိက်တွေက တို့ကိုတော့ အရှင်တစ်ပါးတည်းကိုးကွယ်ဖို့ ပြောပြီး သူကိုယ်တိုင်ကျတော့ နှစ်ပါးကို ကိုးကွယ်နေတယ်လို့ ပြောဆိုကြတယ်။ အဲဒါကြောင့် အရှင်မြတ်က အသင်တို့ဟာ အလ္လာဟ်ပဲခေါ်ခေါ်၊ ရဟ်မာန်ပဲခေါ်ခေါ် တစ်ပါးတည်းပဲဖြစ်ကြောင်း မိန့်ဆိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقُلِ الْحَمْدُ لِلّٰهِ الَّذِىْ لَمْ يَتَّخِذْ وَلَدًا وَّلَمْ يَكُنْ لَّهٗ شَرِيْكٌ فِى الْمُلْكِ وَلَمْ يَكُنْ لَّهٗ وَلِىٌّ مِّنَ الذُّلِّ وَكَبِّرْهُ تَكْبِيْرًا ﴿١١١﴾

(၁၁၁) ထို့ပြင် (အို-တမန်တော်) အသင်ပြောဆိုပါ- ချီးမွမ်းခြင်းဟူသမျှသည် အကြင်အလ္လာဟ်အရှင်မြတ်နှင့်ပင် ထိုက်တန်တော်မူသည်။ ထိုအရှင်မြတ်သည် မိမိအတွက် သားသမီးတစ်ဦးမျှလည်း ပြုလုပ်တော်မမူခဲ့ပေ။ ၎င်းနောက် အရှင်မြတ်တွင် စိုးမိုးအုပ်ချုပ်မှုနှင့်ပတ်သက်၍ ဖက်စပ်ပါဝင်သောသူလည်း တစ်ဦးမျှမရှိပေ။ ၎င်းပြင် သေးသိမ်နိမ့်ကျမှုကြောင့် အရှင်မြတ်အား ကာကွယ်စောင့်ရှောက်မည့်မိတ်ဆွေလည်း တစ်ဦးမျှ မရှိပေ။ (ကာကွယ်စောင့်ရှောက်မည့်သူတစ်ဦး လိုရလောက်အောင် အရှင်မြတ်သည် ချည့်နဲ့နိမ့်ကျနေသည်မဟုတ်ပေ။) ထို့ပြင် အသင်သည် အရှင်မြတ်ကြီးကျယ်မြင့်မြတ်ကြောင်း ပြောဆိုရန်ထိုက်တန်တော်မူသည့်အတိုင်း အရှင်မြတ်၏ ကြီးကဲမြင့်မြတ်တော်မူကြောင်းကို ပြောဆိုပါ။

ركوعاتها ١٢ ١٨ سُوْرَةُ الْكَهْفِ مَكِّيَّةٌ ٦٩ اٰياتها ١١٠

# စူရဟ် ကဟ်ဖ် (လိုဏ်ဂူကဏ္ဍ) سُوْرَةُ الْكَهْفِ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اَلْحَمْدُ لِلّٰهِ الَّذِيْٓ اَنْزَلَ عَلٰى عَبْدِهِ الْكِتٰبَ وَلَمْ يَجْعَلْ لَّهٗ عِوَجًا ۜ ﴿١﴾

(၁) ချီးမွမ်းခြင်းဟူသမျှသည် အကြင်အလ္လာဟ်အရှင်မြတ်အတွက်ဖြစ်သည်။ ထိုအရှင်မြတ်သည် အရှင်မြတ်၏ကျွန်(တမန်တော်မုဟမ္မဒ်)အပေါ်တွင် ကျမ်းတော်မြတ်ကုရ်အာန်ကို ချပေးသနားတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် ထိုကျမ်းတော်ထဲ၌ မည်သည့်ကွေ့ကောက်မှုမျှ ပြုလုပ်ထားတော်မမူခဲ့ပေ။❶

❶ အရှင်မြတ်ဟာ ဒီကျမ်းကို ထုတ်ပြန်တော်မူရာမှာ ကွေ့ကောက်ခက်ခဲမှု လုံးဝလုပ်မထားဘဲ ဖြောင့်စင်းနေအောင် စီစဉ်ပြီး အဘက်ဘက်က ချို့ယွင်းမှုတွေနဲ့ကင်းစင်အောင် ပြုလုပ်ပေးထားတာဖြစ်တယ်။ ခေတ်တိုင်းနဲ့လည်း အံဝင်ဂွင်ကျဖြစ်အောင် စီမံထားတာလည်းဖြစ်တယ်။ စာပေအရေးအသားအားဖြင့်လည်း ဘယ်သူမှ လိုက်လို့မမီနိုင်တဲ့ ချောမွတ်ပြေပြစ် ကြွယ်ဝတဲ့ စကားမျိုးနဲ့ အမိန့်ရှိထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَيِّمًا لِّيُنْذِرَ بَاْسًا شَدِيْدًا مِّنْ لَّدُنْهُ وَيُبَشِّرَ الْمُؤْمِنِيْنَ الَّذِيْنَ يَعْمَلُوْنَ الصّٰلِحٰتِ اَنَّ لَهُمْ اَجْرًا حَسَنًا ۙ ﴿٢﴾

(၂) ဖြောင့်မတ်စွာ(ရှိသောကျမ်းဖြစ်သည်)၊ ၎င်း(တမန်တော်မုဟမ္မဒ်)သည် အရှင်မြတ်ထံတော်မှ ပြင်းထန်သောအပြစ်ဒဏ်ကို သတိပေးရန်အတွက်၊ ထို့နောက် ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ကြသောယုံကြည်သူများအား အမှန်ပင် သူတို့အတွက် ကောင်းမြတ်သော အကျိုးဆုလာဘ်ရှိသည်ဟု သတင်းကောင်းပေးရန်အတွက်ဖြစ်သည်။

مَّاكِثِيْنَ فِيْهِ اَبَدًا ۙ ﴿٣﴾

(၃) ထိုဆု(အဖြစ်ပေးထားသောနေရာ)တွင် အမြဲနေကြရမည်။

وَّيُنْذِرَ الَّذِيْنَ قَالُوا اتَّخَذَ اللّٰهُ وَلَدًا ۗ ﴿٤﴾

(၄) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သားတော်တစ်ပါးမွေးစားတော်မူခဲ့သည်ဟု ပြောဆိုကြသောသူများအား သတိပေးနှိုးဆော်ရန်အတွက်လည်း

ဖြစ်သည်။

مَا لَهُمْ بِهٖ مِنْ عِلْمٍ وَّلَا لِاٰبَآئِهِمْ ۭ كَبُرَتْ كَلِمَةً تَخْرُجُ مِنْ اَفْوَاهِهِمْ ۭ اِنْ يَّقُوْلُوْنَ اِلَّا كَذِبًا ۝٥

(၅) သူတို့တွင် ၎င်း(သားရှိခြင်း)နှင့်ပတ်သက်၍ မည်သည့်အသိပညာ အထောက်အထားမျှ မရှိပေ။ ၎င်းနောက် သူတို့၏အဘ၊ ဘိုး၊ ဘေးများတွင်လည်း (မည်သည့်အသိပညာ အထောက်အထားမျှမရှိကြပေ)။ သူတို့၏နှုတ်များမှ ထွက်သောစကားသည် အလွန်ကြီးကျယ်လှသည်။ အမှန်စင်စစ် သူတို့သည် မုသားလိမ်လည်ပြောဆိုခြင်းပင်ဖြစ်သည်။

فَلَعَلَّكَ بَاخِعٌ نَّفْسَكَ عَلٰٓى اٰثَارِهِمْ اِنْ لَّمْ يُؤْمِنُوْا بِهٰذَا الْحَدِيْثِ اَسَفًا ۝٦

(၆) သို့ဖြစ်ရာ အကယ်၍ သူတို့သည် ဤကျမ်းတော်ကို မယုံကြည်ခဲ့ကြလျှင် အသင်သည် သူတို့ (မယုံခဲ့ကြသည့်)နောက်၌ အသင့်ကိုယ်အသင် ဝမ်းနည်းပူဆွေးပြီး (သေကြေ)ပျက်စီးအောင်လုပ်တော့မည်နှင့်တူသည်။

اِنَّا جَعَلْنَا مَا عَلَى الْاَرْضِ زِيْنَةً لَّهَا لِنَبْلُوَهُمْ اَيُّهُمْ اَحْسَنُ عَمَلًا ۝٧

(၇) အမှန်စင်စစ် ငါအရှင်မြတ်သည် လူများအား သူတို့ထဲမှ မည်သူသည် လုပ်ရပ်အနေဖြင့် အကောင်းဆုံးဖြစ်သည်ကို စမ်းသပ်တော်မူရန်အတွက် ငါအရှင်မြတ်သည် ကမ္ဘာမြေပေါ်၌ရှိသည်များကို ကမ္ဘာမြေ၏လှပမှု၏အကြောင်းခံအဖြစ်ပြုလုပ်တော်မူခဲ့သည်။❶

❶ လူသားတွေကို ဘယ်လောက် ကောင်းကောင်းလုပ်ကြမလဲဆိုတာ စမ်းသပ်ဖို့ လောကမှာ လှလှပပ တန်ဆာဆင်မြန်းထားတာဖြစ်တယ်။ အဲဒီလှပမှုတွေထဲမှာ နစ်မွန်းနေမလား၊ ဒါမှမဟုတ် ကိုယ့်ရဲ့လုပ်ရပ်တွေကို လှပအောင်လုပ်ကြမလားဆိုတာ စမ်းသပ်နေတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِنَّا لَجٰعِلُوْنَ مَا عَلَيْهَا صَعِيْدًا جُرُزًا ۝٨

(၈) ထို့နောက် အမှန်စင်စစ် ငါအရှင်မြတ်သည် ထိုမြေပေါ်ရှိသမျှကို အမှန်ပင် သွေ့ခြောက်သောမြေပြင်အဖြစ် ပြုလုပ်တော်မူမည့်အရှင်ဖြစ်တော်မူသည်။❷

❷ ကိယာမသ်ရောက်ရင် ဒီကမ္ဘာမြေကြီးကို ခြောက်သွေ့ကျယ်ပြန့်တဲ့ ကွင်းပြင်ကြီးဖြစ်အောင် အရှင်မြတ်က ပြုလုပ်တော်မူမယ်။(အလင်းပြကျမ်း)၊ အဲဒီအပေါ်မှာ လူတွေကို စာရင်းစစ်ဆေးတော်မူမယ်။ (ကုရ်အာန် - ၁၈း၄၇ - ၄၉)

اَمْ حَسِبْتَ اَنَّ اَصْحٰبَ الْكَهْفِ وَالرَّقِيْمِ ۙ كَانُوْا مِنْ اٰيٰتِنَا عَجَبًا ۝٩

(၉) အမှန်စင်စစ် လိုဏ်ဂူထဲ၌ ခိုအောင်းသူများနှင့် သူတို့၏အမည်များကို ရေးထားသော သင်ပုန်း(ကျောက်စာ)တို့သည် ငါအရှင်မြတ်၏သက်သေလက္ခဏာများထဲမှ ထူးဆန်းအံ့ဩဖွယ်ရာဖြစ်သည်ဟု အသင်ထင်မှတ်ခဲ့လေ

သလော။❻

❻ ကုရိုင်းရှ်မျိုးနွယ်ဝင်တွေဟာ တချို့ယဟူဒီတွေရဲ့ ညွှန်ကြားချက်နဲ့ တမန်တော်မြတ် ﷺ ထံမှာ တချို့မေးခွန်းတွေကို မေးမြန်းခဲ့ကြတယ်။ အဲဒီအကြောင်းတွေကို တမန်တော်စစ်မှန်မှုပဲ သိလိမ့်မယ်လို့လည်း ပြောဆိုခဲ့ကြတယ်။ အဲဒီအကြောင်းတွေထဲမှာ လိုဏ်ဂူရှင်အကြောင်းလည်းတစ်ခု ပါဝင်ခဲ့တဲ့အတွက် အရှင်မြတ်က အဲဒီအကြောင်းကို ဖော်ပြပေးခဲ့တယ်။ အတ်စ်ဟာဗုလ်ကဟ်ဖ် ဆိုတာ လိုဏ်ဂူထဲမှာ ခိုအောင်းသူတွေလို့ခေါ်တယ်။ အရ်ရကီမ်ဆိုတာ လိုဏ်ဂူအဝမှာ ခိုအောင်းခဲ့တဲ့ သူတွေရဲ့ နာမည်တွေ၊ မျိုးနွယ်တွေနဲ့ သူတို့အကြောင်းအကျဉ်းချုပ်ကို ရေးသားထားတဲ့ ကျောက်စာကိုခေါ်တယ်။ အဲဒီအရာတွေကို အလွန်အံ့သြစရာလို့ ထင်မြင်မယ်ဆိုရင် အရှင်မြတ်ရဲ့ သက်သေလက္ခဏာတွေထဲမှာ အဲဒီထက် အံ့သြဖွယ်ရာကောင်းတဲ့အရာတွေဟာ အမြောက်အမြား ရှိသေးတယ်ဆိုတာ သိထားဖို့ အသင်ဟာ ဒါကို အံ့သြစရာလို့ ထင်သလားလို့ မေးထားတာဖြစ်တယ်။ နေတွေ၊ လတွေ၊ ကြယ်တွေ၊ ကောင်းကင်တွေ၊ ကမ္ဘာတွေ၊ လူတွေ၊ တိရစ္ဆာန်တွေ ၊ တောင်တွေ၊ ပင်လယ်တွေ စတာတွေနဲ့ စကြဝဠာအားလုံးကို ဖန်ဆင်းတော်မူထားတာဟာ ပိုပြီး ကြီးကျယ်တဲ့ ကိစ္စတွေဖြစ်ပြီး ပိုပြီး အံ့သြဖွယ်ရာ သက်သေလက္ခဏာတွေဖြစ်တယ်ဆိုတာ သိထားဖို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

إِذْ أَوَى الْفِتْيَةُ إِلَى الْكَهْفِ فَقَالُوا رَبَّنَا آتِنَا مِن لَّدُنكَ رَحْمَةً وَهَيِّئْ لَنَا مِنْ أَمْرِنَا رَشَدًا ﴿١٠﴾

(၁၀) တစ်ခါတွင် ထိုလူငယ်များသည် လိုဏ်ဂူထဲသို့ ခိုအောင်းခဲ့ကြသည်။ ၎င်းနောက် သူတို့သည် (အရှင်မြတ်ထံ၌) ပြောဆိုလျှောက်ထားခဲ့ကြသည်– "အို–ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အား အရှင်မြတ်ထံတော်မှ ကရုဏာကို ပေးသနားတော်မူပါ။ ၎င်းနောက် အရှင်မြတ်သည် ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့၏အရေးကိစ္စတွင် ဖြောင့်မတ်အောင် စီစဉ်ပေးတော်မူပါ။"

فَضَرَبْنَا عَلَىٰ آذَانِهِمْ فِي الْكَهْفِ سِنِينَ عَدَدًا ﴿١١﴾

(၁၁) သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့၏နားများပေါ်တွင် လိုဏ်ဂူထဲ၌ ရေတွက်ထားသောနှစ်များအထိ အကာအကွယ်ပြုလုပ်(အိပ်ပျော်စေ)တော်မူခဲ့သည်။

ثُمَّ بَعَثْنَاهُمْ لِنَعْلَمَ أَيُّ الْحِزْبَيْنِ أَحْصَىٰ لِمَا لَبِثُوا أَمَدًا ﴿١٢﴾

(၁၂) ထို့နောက် ငါအရှင်မြတ်သည် သူတို့အား ထိုအုပ်စုနှစ်ခုထဲမှ မည်သည့်အုပ်စုသည် သူတို့နေထိုင်ခဲ့ကြသော (ကြာရှည်ကာလ) အဆုံးအစွန်အား ရေတွက်ထားသည်ကို ငါအရှင်မြတ်က သိရှိဖော်ထုတ်ပေါ်လွင်စေရန်အတွက် ပြန်နိုးစေတော်မူခဲ့သည်။

نَّحْنُ نَقُصُّ عَلَيْكَ نَبَأَهُم بِالْحَقِّ ۚ إِنَّهُمْ فِتْيَةٌ آمَنُوا بِرَبِّهِمْ وَزِدْنَاهُمْ هُدًى ﴿١٣﴾

(၁၃) ငါအရှင်မြတ်သည် အသင်(တမန်တော်)အား သူတို့၏အကြောင်းကို မှန်ကန်စွာ ပြောပြတော်မူမည်။ အမှန်စင်စစ် သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ယုံကြည်ခဲ့ကြသော လူငယ်တစ်စုဖြစ်ခဲ့သည်။ ထို့နောက် ငါအရှင်သည် သူတို့အား လမ်းမှန်ညွှန်ကြားပြသမှုကို တိုးပေးတော်မူခဲ့သည်။

وَّرَبَطْنَا عَلٰى قُلُوْبِهِمْ اِذْ قَامُوْا فَقَالُوْا رَبُّنَا رَبُّ السَّمٰوٰتِ وَالْاَرْضِ لَنْ نَّدْعُوَاْ مِنْ دُوْنِهٖٓ اِلٰهًا لَّقَدْ قُلْنَآ اِذًا شَطَطًا ﴿١٤﴾

(၁၄) ထို့ပြင် သူတို့သည် (သူတို့၏ဘုရင်ရှေ့၌) ရပ်(ပြော)ကြသောအခါ ငါအရှင်မြတ်သည် သူတို့၏စိတ်နှလုံးများကို ကြံ့ခိုင်စေတော်မူခဲ့သည်။ သို့ဖြစ်ရာ သူတို့သည်(ဤသို့)ပြောဆိုကြသည်- "ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။ ကျွန်ုပ်တို့သည် ထိုအရှင်မြတ်မှလွဲ၍ မည်သူ့ကိုမျှ လုံးဝဟစ်ခေါ်ကိုးကွယ်ကြမည်မဟုတ်ပေ။ ထိုသို့ (ဟစ်ခေါ်ခဲ့မည်)ဆိုလျှင် အမှန်စင်စစ် ကျွန်ုပ်တို့သည် အမှန်တရားမှ အလွန်ဝေးသောအမှားစကားအား ပြောဆိုသူများပင် ဖြစ်ကြလိမ့်မည်။"

هٰٓؤُلَآءِ قَوْمُنَا اتَّخَذُوْا مِنْ دُوْنِهٖٓ اٰلِهَةً ؕ لَوْلَا يَاْتُوْنَ عَلَيْهِمْ بِسُلْطٰنٍۢ بَيِّنٍ ؕ فَمَنْ اَظْلَمُ مِمَّنِ افْتَرٰى عَلَى اللّٰهِ كَذِبًا ﴿١٥﴾ؕ

(၁၅) "ကျွန်ုပ်တို့၏ ဤအမျိုးသားများသည် အရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ရာများကို ပြုလုပ်(ကိုးကွယ်)ခဲ့ကြသည်။ သူတို့သည် ၎င်း(တို့၏ကိုးကွယ်ရာများ)နှင့်ပတ်သက်၍ ထင်ရှားသော သက်သေသာဓကတစ်စုံတစ်ရာ အဘယ်ကြောင့် ယူဆောင်လာခြင်း မပြုကြသနည်း။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်အပေါ်တွင် လုပ်ကြံစွပ်စွဲသူထက်ပို၍ မတရားသူသည် မည်သူရှိဦးမည်နည်း။"

وَاِذِ اعْتَزَلْتُمُوْهُمْ وَمَا يَعْبُدُوْنَ اِلَّا اللّٰهَ فَاْوٗٓا اِلَى الْكَهْفِ يَنْشُرْ لَكُمْ رَبُّكُمْ مِّنْ رَّحْمَتِهٖ وَيُهَيِّئْ لَكُمْ مِّنْ اَمْرِكُمْ مِّرْفَقًا ﴿١٦﴾

(၁၆) ထို့နောက် အသင်တို့သည် ထို(အမျိုးသား)များထံမှလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်မှလွဲ၍ သူတို့ကိုးကွယ်သောအရာများမှလည်းကောင်း သီးသန့်ခွဲခွာနေခဲ့ကြပြီးသောအခါ အသင်တို့သည် လိုဏ်ဂူထဲသို့ ခိုလှုံလိုက်ကြပါ။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အရှင်မြတ်၏ကရုဏာ

တော်အား အသင်တို့အပေါ်တွင် ပျံ့နှံ့အောင်ပြုလုပ်ပေးသနားတော်မူလိမ့်မည်။ ၎င်းနောက် အရှင်မြတ်သည် အသင်တို့အတွက် အသင်တို့၏အရေးကိစ္စ၌ လွယ်ကူသောအကြောင်းခံများကို စီမံဖန်တီးပေးတော်မူမည်ဖြစ်သည်။

❶ လိုဏ်ဂူထဲမှာ ဝင်အောင်းနေတဲ့ လူငယ်တစ်စုအတွက် အရှင်မြတ်က လွယ်ကူတဲ့လမ်းတွေ ဖွင့်ပေးတော်မူမယ်လို့ ဆိုလိုတာဖြစ်တယ်။ (သွဗ်ရီ)

وَتَرَى الشَّمْسَ إِذَا طَلَعَتْ تَّزَاوَرُ عَنْ كَهْفِهِمْ ذَاتَ الْيَمِينِ وَإِذَا غَرَبَتْ تَّقْرِضُهُمْ ذَاتَ الشِّمَالِ وَهُمْ فِي فَجْوَةٍ مِّنْهُ ۚ ذَٰلِكَ مِنْ آيَاتِ اللَّهِ ۗ مَنْ يَهْدِ اللَّهُ فَهُوَ الْمُهْتَدِ ۖ وَمَنْ يُضْلِلْ فَلَنْ تَجِدَ لَهُ وَلِيًّا مُّرْشِدًا ﴿١٧﴾

(၁၇) ထို့ပြင် (ထိုလိုဏ်ဂူသည် ဤသို့အနေအထားဖြစ်သည်) အသင်(တမန်တော်)သည် နေထွက်သည့်အခါ(ကြည့်လျှင်) ထိုနေသည် သူတို့၏လိုဏ်ဂူမှ လက်ယာဘက်သို့ ယိမ်းနေသည်ကိုလည်းကောင်း၊ ထို့နောက် ထိုနေသည် (ပြန်)ဝင်သည့်အခါ (ကြည့်လျှင်)လက်ဝဲဘက်သို့ (ကျော်ပြီး)သူတို့အား ရှောင်တိမ်းသွားသည်ကိုလည်းကောင်း တွေ့မြင်ရမည်ဖြစ်သည်။❷ ၎င်းပြင် သူတို့သည် ထိုလိုဏ်ဂူ၏ကျယ်ဝန်းသော နေရာ၌ပင် ရှိနေခဲ့ကြသည်။ ၎င်းသည် အလ္လာဟ်အရှင်မြတ်၏လက္ခဏာများထဲမှဖြစ်သည်။ အလ္လာဟ်အရှင်မြတ်က လမ်းမှန်ညွှန်ကြားပြသသောသူသာ လမ်းမှန်ရရှိသူ ဖြစ်သည်။ ၎င်းနောက် အရှင်မြတ်က လမ်းမှားစေသောသူကမူ သူ့အား ကူညီမည့်၊ လမ်းမှန်ညွှန်ကြားပြသမည့် မိတ်ဆွေဟူ၍ အသင် မည်သူ့ကိုမျှ လုံးဝတွေ့ရမည်မဟုတ်ပေ။

❷ လိုဏ်ဂူထဲကို နေရောင်တည့်တည့်မထိုးဘဲ အလင်းရောင်ရတာကို ဆိုလိုတယ်။ နေရောင်ဟာ လိုဏ်ဂူကို စောင်းပြီး ဖြတ်ကျော်သွားတဲ့အတွက် အထဲကို နေရောင်မကျတော့တာဖြစ်တယ်။ လိုဏ်ဂူဟာ အထဲမှာ ခိုအောင်းနေသူတွေအတွက် နေရောင်ရဲ့အနှောင့်အယှက်ဒဏ်ကို မခံရအောင် လိုဏ်ဂူရဲ့အနေအထားဖြစ်နေခဲ့တယ်။ (အလင်းပြကျမ်း)

وَتَحْسَبُهُمْ أَيْقَاظًا وَّهُمْ رُقُودٌ ۖ وَّنُقَلِّبُهُمْ ذَاتَ الْيَمِينِ وَذَاتَ الشِّمَالِ ۖ وَكَلْبُهُمْ بَاسِطٌ ذِرَاعَيْهِ بِالْوَصِيدِ ۚ لَوِ اطَّلَعْتَ عَلَيْهِمْ لَوَلَّيْتَ مِنْهُمْ فِرَارًا وَّلَمُلِئْتَ مِنْهُمْ رُعْبًا ﴿١٨﴾

(၁၈) ထို့ပြင် အသင်(တမန်တော်)သည် သူတို့ကို (တွေ့ရလျှင်) သူတို့သည် အိပ်ပျော်နေကြသူများ ဖြစ်ပါလျက် နိုးနေကြသူများဟုပင် ထင်မှတ်လိမ့်မည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား လက်ယာဘက်နှင့်လက်ဝဲဘက်သို့ လှည့်ပြောင်းပေးတော်မူသည်။ ထို့ပြင် သူတို့၏ခွေးသည် တံခါးဝတွင် သူ၏လက်နှစ်ဖက်အား ဖြန့်(ခင်း)လျက်ရှိခဲ့သည်။ အကယ်၍ အသင်သည် သူတို့အား

ချောင်းမြောင်းကြည့်ခဲ့လျှင် အမှန်ပင် အသင်သည် သူတို့ဘက်မှ ကျောခိုင်းပြေးမည့်အပြင် သူတို့အား ကြောက်ရွံ့မှုသည်လည်း အမှန်ပင် အသင့်တွင် ပြည့်လျှံသွားခဲ့လိမ့်မည်။

وَكَذٰلِكَ بَعَثْنٰهُمْ لِيَتَسَآءَلُوْا بَيْنَهُمْ ؕ قَالَ قَآئِلٌ مِّنْهُمْ كَمْ لَبِثْتُمْ ؕ قَالُوْا لَبِثْنَا يَوْمًا اَوْ بَعْضَ
يَوْمٍ ؕ قَالُوْا رَبُّكُمْ اَعْلَمُ بِمَا لَبِثْتُمْ ؕ فَابْعَثُوْٓا اَحَدَكُمْ بِوَرِقِكُمْ هٰذِهٖٓ اِلَى الْمَدِيْنَةِ فَلْيَنْظُرْ
اَيُّهَآ اَزْكٰى طَعَامًا فَلْيَاْتِكُمْ بِرِزْقٍ مِّنْهُ وَلْيَتَلَطَّفْ وَلَا يُشْعِرَنَّ بِكُمْ اَحَدًا ﴿١٩﴾

(၁၉) ၎င်းပြင် ထိုသို့ပင် ငါအရှင်မြတ်သည် သူတို့အား သူတို့အချင်းချင်း မေးမြန်းကြရန်အတွက် နိုးထစေတော်မူခဲ့သည်။❶ သူတို့ထဲမှ ပြောဆိုသူတစ်ဦးက အသင်တို့သည် မည်မျှ(ကြာကြာအိပ်ပျော်)နေခဲ့ကြသနည်းဟု ပြောဆို(မေးမြန်း)သည်။ သူတို့ကပြောဆိုကြသည်- ကျွန်ုပ်တို့သည် တစ်နေ့ သို့မဟုတ် နေ့၏တစ်စိတ်တစ်ဒေသမျှ (အိပ်)နေခဲ့ကြသည်။ သူတို့(ထဲမှ အချို့)က ပြောဆိုကြသည်- အသင်တို့(အိပ်ပျော်)နေခဲ့ကြသော အချိန်ကာလကို အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သာ အသိဆုံးဖြစ်တော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် အသင်တို့ထဲမှ တစ်ဦးဦးအား အသင်တို့၏ ဤငွေဒင်္ဂါးကို ပေးပြီး မြို့ထဲသို့ စေလွှတ်ကြပါ။ ထို့နောက် မည်သည့်အစားအစာသည် အစင်ကြယ်ဆုံးဖြစ်သည်ကို ကြည့်၍ ထိုသူသည် ထို(အစင်ကြယ်ဆုံးစားစရာ)ထဲမှ စားစရာအချို့ကို အသင်တို့ထံ ယူဆောင်လာခဲ့ရမည်။ ၎င်းနောက် သူသည် (ဝယ်ယူမှုတွင်) နူးညံ့စွာဆက်ဆံရမည်။ ၎င်းနောက် သူသည် အသင်တို့နှင့် ပတ်သက်၍ မည်သူ့ကိုမျှ လုံးဝမသိစေရပေ။

❶ အရှင်မြတ်ဟာ လိုဏ်ဂူထဲမှာ ခိုအောင်းနေတဲ့သူ(လိုဏ်ဂူရှင်)တွေကို အရှင်မြတ်ရဲ့တန်ခိုးတော်နဲ့ ကာလတော်တော်ကြာအောင် အိပ်ပျော်စေခဲ့ပြီး ခေတ်တွေပြောင်းသွားတဲ့အခါမှာ နိုးစေတော်မူခဲ့တယ်။ နိုးလာတဲ့အခါ သူတို့အိပ်ခဲ့တဲ့အချိန်ဟာ ခဏလေးလို့ ထင်ခဲ့ကြတယ်။ သူတို့ဟာ သူတို့ထဲကသူတစ်ဦးကို ငွေဒင်္ဂါးပေးပြီး မြို့ထဲမှာ အစားအစာဝယ်ခိုင်းလိုက်ကြတယ်။ ဆိုင်ရှင်က အဲဒီငွေကို ကြည့်ပြီး ရှေးတုန်းကငွေဖြစ်နေတာ တစ်ကြောင်း၊ အဲဒီသူရဲ့ပုံစံကလည်း အလွန်ရှေးကျတဲ့ခေတ်ဟောင်းကပုံစံဖြစ်နေတာတွေ့ရတဲ့အပေါ်မှာ ဘုရင်ထံကို ပို့ပေးလိုက်တယ်။ ဘုရင်က လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးရာကျော်ခေတ်က လူငယ်တစ်စုပျောက်သွားတာကို သမိုင်းကျောက်စာမှာ ဖတ်ခဲ့ရတာကြောင့် အဲဒီသူကို စုံစမ်းမေးမြန်းလိုက်တဲ့အခါ တကယ်မှန်နေတာတွေ့လိုက်ရတယ်။ အဲဒီလူငယ်တစ်စုထံမှာ ရှိနေတဲ့ငွေဒင်္ဂါးတွေဟာလည်း လွန်ခဲ့တဲ့နှစ်ပေါင်းသုံးရာကျော်ခေတ်က ဒီနိုင်ငံမှာ အသုံးပြုခဲ့ကြတဲ့ ငွေတွေဖြစ်နေခဲ့တာ တွေ့ခဲ့ရတယ်။ အဲဒီဘုရင်ဟာ မွတ်စ်လင်မ်ဘုရင်ဖြစ်ပြီး သူ့ခေတ်မှာ သေပြီးနောက် ရှင်ပြန်ထတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အငြင်းပွားနေတဲ့ခေတ်ဖြစ်နေခဲ့တယ်။ တချို့က ရှင်ပြန်မထတော့ဘူး။ တချို့က ရုပ်မပါဘဲ နာမ်ချည်းပဲ ရှင်ပြန်ထရမယ်။ တချို့က ရုပ်ရော

နာမ်ပါ ရှင်ပြန်ထရမယ်။ အဲဒီလိုတွေ အငြင်းပွားနေကြတာဖြစ်တယ်။ အဲဒါတွေကို ဖြေရှင်းဖို့ ဘုရင်က လက်တွေ့အထောက်အထားတစ်ခုရှာဖွေနေတုန်းမှာ လိုဏ်ဂူရှင်တွေကို တွေ့သွားခဲ့တာဖြစ်တယ်။ အဲဒီလူငယ်တစ်စုကို အရှင်မြတ်က နှစ်ပေါင်းသုံးရာကျော် အိပ်စက်စေတော်မူပြီး အကောင်းပကတိ အတိုင်းပြန်ရှင်စေခဲ့တာကို လက်တွေ့မြင်တွေ့တဲ့အခါမှာ အရှင်မြတ်ဟာ လူတွေကို သေပြီးနောက် အသက်ရော ခန္ဓာကိုယ်ပါ ပြန်လည်ရှင်ပြန်ထစေနိုင်တဲ့အရှင်ဖြစ်တော်မူတယ်ဆိုတာကို အငြင်းပွားတဲ့သူတွေရဲ့ ရှေ့မှာ လက်တွေ့ အထောက်အထားပြနိုင်သွားတဲ့အပေါ်မှာ ပြဿနာဟာ ပြီးဆုံးသွားခဲ့ပြီး အဲဒီဘုရင်လက်ထက်မှာ မှန်ကန်တဲ့ယုံကြည်ချက်တွေဖြစ်သွားခဲ့ကြတယ်။ အရှင်မြတ်က အဓိကဖြစ်တဲ့ ရှင်ပြန်ထမှုဟာ မှန်ကန်ကြောင်းသိရအောင်လို့ ဆိုထားတဲ့အတွက် အဲဒါထင်ရှားပြီးနောက် အဲဒီလူတစ်စုရဲ့ နောက်ထပ်ဘယ်လောက်ကြာကြာ အသက်ရှင်နေတာ၊ ဘယ်တော့သေသွားတာ၊ ဘယ်လိုသေသွားတာ စတဲ့အကြောင်းအရာတွေကို ဖော်ပြခြင်းမရှိတော့ပါ။ အရှင်မြတ်ကလွဲပြီး ဘယ်သူမှ အတိအကျမသိပါ။ (အလင်းပြကျမ်း)

إِنَّهُمْ إِن يَظْهَرُوا عَلَيْكُمْ يَرْجُمُوكُمْ أَوْ يُعِيدُوكُمْ فِي مِلَّتِهِمْ وَلَن تُفْلِحُوا إِذًا أَبَدًا ﴿٢٠﴾

(၂၀) အဘယ်ကြောင့်ဆိုသော် အကယ်၍ သူတို့သည် အသင်တို့နှင့်ပတ်သက်၍ အမှန်စင်စစ် သိသွားခဲ့ကြလျှင် သူတို့သည် အသင်တို့အား ခဲဖြင့်ပစ်ပေါက်သတ်ခြင်း သို့မဟုတ် သူတို့၏ဘာသာထဲသို့ ပြန်သွတ်သွင်းခြင်းကို ပြုလုပ်ကြမည်ဖြစ်သောကြောင့်ပင်။ ၎င်းနောက် အသင်တို့သည် သို့ဖြစ်လျှင် မည်သည့်အခါမျှ အောင်မြင်မည် မဟုတ်တော့ပေ။

وَكَذَٰلِكَ أَعْثَرْنَا عَلَيْهِمْ لِيَعْلَمُوا أَنَّ وَعْدَ اللَّهِ حَقٌّ وَأَنَّ السَّاعَةَ لَا رَيْبَ فِيهَا إِذْ يَتَنَازَعُونَ بَيْنَهُمْ أَمْرَهُمْ فَقَالُوا ابْنُوا عَلَيْهِم بُنْيَانًا رَّبُّهُمْ أَعْلَمُ بِهِمْ قَالَ الَّذِينَ غَلَبُوا عَلَىٰ أَمْرِهِمْ لَنَتَّخِذَنَّ عَلَيْهِم مَّسْجِدًا ﴿٢١﴾

(၂၁) ထို့ပြင် (ထိုခေတ်မှ)လူများသည် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ကတိတော်သည် မှန်ကန်ကြောင်းနှင့် အမှန်စင်စစ် ကိယာမသ်သည် ထိုနေ့နှင့်ပတ်သက်၍ သံသယဖြစ်စရာမရှိပေဆိုသည်ကို သိရှိကြရန်အတွက် ထိုသို့ပင် ငါအရှင်မြတ်သည် သူတို့နှင့်ပတ်သက်၍ (ထိုခေတ်မှလူများအား) အသိပေးတော်မူခဲ့သည်။ တစ်ခါတွင် ထို(ခေတ်မှ)လူများသည် ၎င်းတို့ကြားတွင် ထို (လူငယ်တစ်စု)၏အရေးကိစ္စနှင့်ပတ်သက်၍ ငြင်းခုံနေကြသည်။ သို့ဖြစ်ရာ ယင်း(ကာဖိရ်)တို့က ၎င်း(လူငယ်တစ်စု)၏အနီး၌ အဆောက်အအုံတစ်ခုကို တည်ဆောက်ကြပါဟု ပြောဆိုကြသည်။ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ပင် သူတို့နှင့်ပတ်သက်၍ အသိဆုံးဖြစ်တော်မူသည်။ သူတို့၏အရေးကိစ္စတွင် လွှမ်းမိုးအောင်နိုင်ခဲ့ကြသော (အာဏာပိုင်)များကမူ ကျွန်ုပ်တို့သည်

ဂူ၏(လူငယ်တစ်စု)၏အနီး၌ ဝတ်ကျောင်းတော်တစ်ခု အမှန်ပင် တည်ဆောက်ကြမည်ဟု ပြောဆိုခဲ့ကြသည်။

سَيَقُوْلُوْنَ ثَلٰثَةٌ رَّابِعُهُمْ كَلْبُهُمْ ۚ وَيَقُوْلُوْنَ خَمْسَةٌ سَادِسُهُمْ كَلْبُهُمْ رَجْمًا بِالْغَيْبِ ۚ وَيَقُوْلُوْنَ سَبْعَةٌ وَّثَامِنُهُمْ كَلْبُهُمْ ؕ قُلْ رَّبِّيْٓ اَعْلَمُ بِعِدَّتِهِمْ مَّا يَعْلَمُهُمْ اِلَّا قَلِيْلٌ ۬ فَلَا تُمَارِ فِيْهِمْ اِلَّا مِرَآءً ظَاهِرًا ۖ وَّلَا تَسْتَفْتِ فِيْهِمْ مِّنْهُمْ اَحَدًا ﴿٢٢﴾

(၂၂) လူများက မကြာမီပြောဆိုကြလိမ့်မည်- (ထိုလူငယ်တစ်စုသည်) သုံးဦးဖြစ်သည်၊ သူတို့ထဲမှ စတုတ္ထသည် သူတို့၏ခွေးဖြစ်သည်။ ထို့ပြင် (အချို့ကလည်း ထိုသူများသည်) ငါးဦးဖြစ်သည်၊ သူတို့ထဲမှ ဆဋ္ဌမသည် သူတို့၏ခွေးဖြစ်သည်ဟု အကွယ်မှ(စကားဖြင့်) လှမ်းပစ်လျက် (ရမ်းဆပြောဆိုကြမည်)။ (အချို့ကလည်း) ခုနစ်ဦးဖြစ်သည်၊ အဋ္ဌမသည် သူတို့၏ခွေးဖြစ်သည်ဟု ပြောဆိုကြမည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ပင် သူတို့၏အရေအတွက်ကို အသိဆုံးဖြစ်တော်မူသည်။ သူတို့နှင့်ပတ်သက်၍ အနည်းငယ်မှလွဲ၍ မည်သူမျှ မသိကြပေ။ သို့ဖြစ်ရာ အသင်သည် သူတို့နှင့်ပတ်သက်၍အပေါ်ယံမျှသာ ဆွေးနွေးခြင်းမှလွဲပြီး (အကြီးအကျယ်) ငြင်းခုံမှုမပြုလုပ်လေနှင့်။ ထို့ပြင် အသင်သည် သူတို့နှင့် ပတ်သက်၍ ထို(ကျမ်းဂန်ရရှိ)သူများထဲတွင် မည်သူ့ကိုမျှ မေးမြန်းခြင်းမပြုလေနှင့်။

وَلَا تَقُوْلَنَّ لِشَايْءٍ اِنِّيْ فَاعِلٌ ذٰلِكَ غَدًا ﴿٢٣﴾

(၂၃) ထို့ပြင် အသင်(တမန်တော်)သည် မည်သည့်ကိစ္စနှင့်ပတ်သက်၍ပင်ဖြစ်စေ အမှန်စင်စစ် ငါသည် ထိုကိစ္စကို မနက်ဖြန်တွင် ပြုလုပ်မည်ဟု လုံးဝမပြောဆိုလေနှင့်။

اِلَّآ اَنْ يَّشَآءَ اللّٰهُ ۫ وَاذْكُرْ رَّبَّكَ اِذَا نَسِيْتَ وَقُلْ عَسٰٓى اَنْ يَّهْدِيَنِ رَبِّيْ لِاَقْرَبَ مِنْ هٰذَا رَشَدًا ﴿٢٤﴾

(၂၄) "သို့ရာတွင် အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူပါလျှင်" (ပြုလုပ်မည်ဟု ပြောဆိုပါ)။ ထို့ပြင် အသင်(တမန်တော်)သည် မေ့လျော့သွားခဲ့လျှင် (သတိရလျှင်ရချင်း) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို သတိရတသပါ။ ထို့ပြင် (အို-တမန်တော်) အသင်ပြောလိုက်ပါ-ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် တရားလမ်းညွှန်ရာတွင် ဤထက်ပိုနီးစပ်သောအရာကို ညွှန်ကြားပြသတော်မူလိမ့်မည်ဟုမျှော်လင့်သည်။❶

❶ တစ်ခါမှာ အရဟ်မုရှ်ရိက်တွေက ယဟူဒီတွေရဲ့ အကြံပေးညွှန်ကြားချက်အရ တမန်တော်မြတ်

ﷺထံမှာ လာပြီး စမ်းသပ်လိုတဲ့ သဘောမျိုးနဲ့ မေးခွန်းသုံးခွန်း မေးမြန်းကြတယ်။ (၁) ရူဟ်ဝိညာဉ်ရဲ့ဇာစ်မြစ်က ဘာလဲ။ (၂) လိုဏ်ဂူရှင်တွေအကြောင်း။ (၃) ဇွလ်ကရ်နိုင်န်။ တမန်တော်မြတ်ﷺက မနက်ဖြန် ဂျိဗ်ရီလ်ﷺလာရင် မေးမြန်းပြီး အဖြေပေးလို့ရတယ်ဆိုတဲ့ အထင်နဲ့ "မနက်ဖြန် အဖြေပေးမယ်" လို့ ကတိပေးလိုက်တော်မူတယ်။ ဂျိဗ်ရီလ်ﷺဟာ ၁၅ရက်ကြာ မရောက်လာခဲ့ဘူး။ မုရှ်ရိက်တွေကလည်း အဖြေတောင်းနေတဲ့အတွက် ကတိပျက်ခဲ့ရတယ်။ စိတ်သောကလည်း ရောက်ခဲ့ရတယ်။ အဲဒီအတွက် ၁၅ရက် နောက်ပိုင်းမှာ ဂျိဗ်ရီလ်ﷺရောက်လာခဲ့ပြီး အဖြေပေးသွားခဲ့တယ်။ ပြီးတော့ အင်န်ရှာအလ္လာဟ်မခံဘဲ ဘာမဆို ကြိုတင်ပြောဆိုတာကနေ အရှင်မြတ်က တားမြစ်တော်မူလိုက်တယ်။ ပြီးတော့ "အလ္လာဟ်အရှင်မြတ်ဟာ ကျွန်ုပ်တမန်တော်ဖြစ်ကြောင်းကို လိုဏ်ဂူရှင်တွေထက်ပိုပြီး ထင်ရှားတဲ့အထောက်အထားတွေကို ကျွန်ုပ်ကို ပြသတော်မူလိမ့်မယ်" လို့ ပြောခိုင်းတော်မူလိုက်တယ်။ (ကုရ်သွူဗီ)

وَلَبِثُوا فِي كَهْفِهِمْ ثَلَاثَ مِائَةٍ سِنِينَ وَازْدَادُوا تِسْعًا ﴿٢٥﴾

(၂၅) ထို့ပြင် ထိုသူတို့(လူငယ်တစ်စု)သည် သူတို့၏လိုဏ်ဂူထဲ၌ နှစ်ပေါင်းသုံးရာအပြင် ကိုးနှစ်ပါ ပိုနေခဲ့ကြသည်။

قُلِ اللَّهُ أَعْلَمُ بِمَا لَبِثُوا ۖ لَهُ غَيْبُ السَّمَاوَاتِ وَالْأَرْضِ ۖ أَبْصِرْ بِهِ وَأَسْمِعْ ۚ مَا لَهُم مِّن دُونِهِ مِن وَلِيٍّ وَلَا يُشْرِكُ فِي حُكْمِهِ أَحَدًا ﴿٢٦﴾

(၂၆) (အို-တမန်တော်) အသင်ပြောလိုက်ပါ- သူတို့နေခဲ့ကြသော ကာလကို အလ္လာဟ်အရှင်မြတ်သာ အသိဆုံးဖြစ်တော်မူသည်။ မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသော ဖုံးကွယ်နေသည့်အရာများ၏အသိသည် အလ္လာဟ်အရှင်မြတ်၌သာရှိသည်။ အရှင်မြတ်သည် အဘယ်မျှ ကောင်းစွာ မြင်တော်မူသောအရှင်၊ ကြားတော်မူသောအရှင် ဖြစ်တော်မူလိုက်သနည်း။ သူတို့အတွက် အရှင်မြတ်မှလွဲ၍ အစစအရာရာ ပြီးစီးအောင်ဆောင်ရွက်ပေးမည့်သူ မည်သူမျှ မရှိပေ။ ၎င်းနောက် အရှင်မြတ်သည် အရှင်မြတ်၏အမိန့်ပြဋ္ဌာန်းမှုတွင် မည်သူ့ကိုမျှ ဖက်စပ်ပါဝင်စေတော်မမူပေ။

وَاتْلُ مَا أُوحِيَ إِلَيْكَ مِن كِتَابِ رَبِّكَ ۖ لَا مُبَدِّلَ لِكَلِمَاتِهِ وَلَن تَجِدَ مِن دُونِهِ مُلْتَحَدًا ﴿٢٧﴾

(၂၇) ထို့ပြင် အသင်(တမန်တော်)သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ကျမ်းဂန်မှ အသင့်ထံသို့ ထုတ်ပြန်တော်မူခြင်းခံရသော အမိန့်တော်များကို (သူတို့၏ရှေ့၌) ဖတ်ကြားပါ။ အရှင်မြတ်၏အာယသ်တော်များကို ပြောင်းလဲမည့်သူ မည်သူမျှမရှိပေ။ ၎င်းနောက် အသင်သည် အရှင်မြတ်မှလွဲ၍ ခိုကိုးရာ လုံးဝတွေ့ရှိမည်မဟုတ်ပေ။ J

J ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ အာယသ်တော်တွေကို အလွဲသုံးစားလုပ်တဲ့သူတွေအတွက် ခိုကိုးရာမရှိတော့ဘူး။ (အလင်းပြကျမ်း)

وَاصْبِرْ نَفْسَكَ مَعَ الَّذِيْنَ يَدْعُوْنَ رَبَّهُمْ بِالْغَدٰوةِ وَالْعَشِيِّ يُرِيْدُوْنَ وَجْهَهٗ وَلَا تَعْدُ عَيْنٰكَ عَنْهُمْ ۚ تُرِيْدُ زِيْنَةَ الْحَيٰوةِ الدُّنْيَا ۚ وَلَا تُطِعْ مَنْ اَغْفَلْنَا قَلْبَهٗ عَنْ ذِكْرِنَا وَاتَّبَعَ هَوٰىهُ وَكَانَ اَمْرُهٗ فُرُطًا ﴿٢٨﴾

(၂၈) ထို့ပြင် အသင်(တမန်တော်)သည် အသင့်ကိုယ်ကို အကြင်သူတို့နှင့်အတူ သည်းခံပြီးနေပါ။ ထိုသူများသည် သူတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား အရှင်မြတ်ကိုသာ ရည်ရွယ်ပြီး နံနက်ပိုင်းနှင့် ညနေပိုင်းတွင် ဟာစ်ခေါ်တသကြသည်။ ထို့ပြင် အသင်သည် ဤဘဝ၏ လှပတင့်တယ်မှုကို ရည်ရွယ်၍ အသင်၏မျက်စိနှစ်လုံးကို ထိုသူများထံမှ ပြန်မလှည့်ပါနှင့်။ (သူတို့အား ပစ်မထားနှင့်)။ ထို့ပြင် အသင်သည် အကြင်သူ၏စကားကို မလိုက်နာပါနှင့်။ ငါအရှင်မြတ်သည် ထိုသူ၏စိတ်နှလုံးအား ငါအရှင်မြတ်ကို သတိရတသခြင်းမှ မေ့လျော့စေတော်မူခဲ့သည်။❷ ထို့ပြင် ထိုသူသည် သူ၏စိတ်အလိုနောက်ကိုသာ လိုက်နေသည်။ ၎င်းနောက် သူ၏အရေးကိစ္စသည် အလွန်အကျွံဖြစ်နေပြီးဖြစ်သည်။

❷ အရှင်မြတ်ကို မေ့လျော့နေတဲ့သူတွေရဲ့ စကားတွေကို နားထောင်တာကနေ အရှင်မြတ်ကတားမြစ်တော်မူလိုက်တာဖြစ်တယ်။ (ကုရ်အာန် - ၁၈း၂၈)

وَقُلِ الْحَقُّ مِنْ رَّبِّكُمْ ۖ فَمَنْ شَآءَ فَلْيُؤْمِنْ وَّمَنْ شَآءَ فَلْيَكْفُرْ ۙ اِنَّآ اَعْتَدْنَا لِلظّٰلِمِيْنَ نَارًا ۙ اَحَاطَ بِهِمْ سُرَادِقُهَا ۗ وَاِنْ يَّسْتَغِيْثُوْا يُغَاثُوْا بِمَآءٍ كَالْمُهْلِ يَشْوِى الْوُجُوْهَ ۗ بِئْسَ الشَّرَابُ ۗ وَسَآءَتْ مُرْتَفَقًا ﴿٢٩﴾

(၂၉) ထို့ပြင် (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်တရားသည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ မည်သူမဆို ယုံကြည်လိုလျှင် ယုံကြည်နိုင်သည်။ ၎င်းနောက် ငြင်းပယ်လိုလျှင် ငြင်းပယ်နိုင်သည်။ အမှန်စင်စစ် ငါအရှင်မြတ်သည် မတရားကျူးလွန်သူများအတွက် (ငရဲ)မီးကို အသင့်ပြုလုပ်ထားတော်မူသည်။ ထိုမီး၏တံတိုင်းများသည် သူတို့အား ဝန်းရံထားလိမ့်မည်။ ထို့ပြင် အကယ်၍ သူတို့သည် ရေတောင်းကြလျှင် မျက်နှာများကို လောင်ကျွမ်းမည့်ခဲရည်ပူကဲ့သို့ ရေကို ပေးခြင်းခံရမည်။ ထိုရေသည် အဘယ်မျှ ဆိုးရွားသောသောက်စရာဖြစ်လိုက်သနည်း။ ထို့ပြင်ထိုငရဲဘုံသည်လည်းအလွန်ဆိုးဝါးလှသောခိုနားရာနေရာဖြစ်သည်။

اِنَّ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ اِنَّا لَا نُضِيْعُ اَجْرَ مَنْ اَحْسَنَ عَمَلًا ﴿٣٠﴾

(၃၀) အမှန်စင်စစ် အကြင်သူများသည် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည်။ အမှန်စင်စစ် ငါအရှင်မြတ်သည် ကောင်းကျိုးပြုလုပ်သောသူများ၏ အစားကို အလဟဿပြုလုပ်တော်မမူပေ။

أُولَٰٓئِكَ لَهُمْ جَنَّٰتُ عَدْنٍ تَجْرِى مِن تَحْتِهِمُ ٱلْأَنْهَٰرُ يُحَلَّوْنَ فِيهَا مِنْ أَسَاوِرَ مِن ذَهَبٍ وَيَلْبَسُونَ ثِيَابًا خُضْرًا مِّن سُندُسٍ وَإِسْتَبْرَقٍ مُّتَّكِـِٔينَ فِيهَا عَلَى ٱلْأَرَآئِكِ ۚ نِعْمَ ٱلثَّوَابُ وَحَسُنَتْ مُرْتَفَقًا ﴿٣١﴾

(၃၁) ထိုသူများပင် ဖြစ်သည်၊ ၎င်းတို့အတွက် တည်မြဲသော ဥယျာဉ်များရှိမည်။ ၎င်းတို့အောက်မှ စမ်းရေချောင်းများ စီးဆင်းနေမည်။ သူတို့သည် ၎င်း(ဥယျာဉ်များ)တွင် ရွှေလက်ကောက်များဖြင့် တန်ဆာဆင်ယင်ပေးခြင်းခံကြရမည်။ ၎င်းနောက် သူတို့သည် ပါးလွှာသောပိုးထည်နှင့် ထူထဲသောပိုးထည်မှ အစိမ်းရောင်(အဝတ်အစား)များကို ဝတ်ဆင်ကြမည်။ ၎င်း(ဥယျာဉ်များ)တွင် မြင့်မားသော ထိုင်ခုံများပေါ်၌ မှီနေကြမည်။ အကျိုးသည် အဘယ်မျှကောင်းသော ကုသိုလ်အကျိုးဖြစ်လိုက်သနည်း။ ထို့ပြင် ၎င်း(ဥယျာဉ်များ)သည်လည်း အလွန်ကောင်းလှသော အပန်းဖြေ ခိုနားရာ နေရာဖြစ်သည်။

وَٱضْرِبْ لَهُم مَّثَلًا رَّجُلَيْنِ جَعَلْنَا لِأَحَدِهِمَا جَنَّتَيْنِ مِنْ أَعْنَٰبٍ وَحَفَفْنَٰهُمَا بِنَخْلٍ وَجَعَلْنَا بَيْنَهُمَا زَرْعًا ﴿٣٢﴾

(၃၂) ထို့ပြင် အသင်သည် သူတို့အား လူနှစ်ယောက်❶၏ ပမာကို ခိုင်းနှိုင်းပြလိုက်ပါ။ ငါအရှင်မြတ်သည် သူတို့နှစ်ဦးထဲမှ တစ်ဦးကို စပျစ်ခြံနှစ်ခြံ ပေးသနားတော်မူခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် ၎င်း(ခြံနှစ်ခြံ)အား စွန်ပလွံပင်များဖြင့် ခြံရံပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(ခြံနှစ်ခြံ)၏ကြားတွင် လယ်ယာတစ်ခုကိုလည်း ပေးသနားတော်မူခဲ့သည်။

❶ ဒီလူနှစ်ယောက်ဟာ ဘယ်သူတွေလဲဆိုတာနဲ့ ပတ်သက်ပြီး ပညာရှင်တွေကြားမှာ ကွဲလွဲမှုရှိတယ်။ အရှင်မြတ်ဟာ လူတွေ နားလည်နိုင်စေဖို့အတွက် သာဓကအနေနဲ့ သူတို့အကြောင်းကို ဖော်ပြထားတာလား။ ဒါမှမဟုတ် အဲဒီလူနှစ်ယောက်က တကယ်ပဲ ရှိခဲ့တာလား။ တကယ်လို့ ရှိခဲ့တယ်ဆိုရင်လည်း အစ္စရာအီလ်မျိုးနွယ်တွေထဲကဖြစ်ခဲ့မယ်။ ဒါမှမဟုတ် မက္ကာဟ်မြို့သားတွေ ထဲကဖြစ်ခဲ့မယ်။ သူတို့နှစ်ဦးထဲကတစ်ဦးကတော့ မုအ်မင်န် ဖြစ်ပြီး နောက်တစ်ဦးကတော့ ကာဖိရ် ဖြစ်တယ်။ (ကုရ်သွူဗီ)

كِلْتَا ٱلْجَنَّتَيْنِ ءَاتَتْ أُكُلَهَا وَلَمْ تَظْلِم مِّنْهُ شَيْـًٔا ۚ وَفَجَّرْنَا خِلَٰلَهُمَا نَهَرًا ﴿٣٣﴾

(၃၃) ၎င်း(ခြံနှစ်ခြံ)သည် သူတို့၏အသီးအနှံများကို အနည်းငယ်မျှလျော့

နည်းခြင်းမရှိဘဲ သီးပွင့်ပေးလျက်ရှိခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(ခြံ နှစ်ခြံ)၏အကြားတွင် ချောင်းတစ်ခုကိုလည်း စီးဆင်းစေတော်မူခဲ့သည်။

وَّكَانَ لَهٗ ثَمَرٌ ۚ فَقَالَ لِصَاحِبِهٖ وَهُوَ يُحَاوِرُهٗۤ اَنَا اَكۡثَرُ مِنۡكَ مَالًا وَّاَعَزُّ نَفَرًا ﴿٣٤﴾

(၃၄) ထို့ပြင် ထိုသူတွင် ပစ္စည်းဥစ္စာများလည်းရှိသေးသည်။ သို့ဖြစ်ရာ သူက သူ၏အဖော်ကို ၎င်း(အဖော်)နှင့် စကားလက်ဆုံကျလျက် "ကျွန်ုပ်သည် အသင့်ထက် ဥစ္စာပစ္စည်းအနေဖြင့် ပိုမိုများပြားသူဖြစ်သည့်အပြင် ခြွေရံသင်းပင်း❶ အနေဖြင့်လည်း ပိုများသူပင်ဖြစ်ကြောင်း" ပြောဆိုခဲ့သည်။

❶ نَفَر နဖရ်ရဲ့အလိုသဘောက သားသမီးတွေနဲ့ အခိုင်းအစေတွေဖြစ်တယ်။ (ကုရ်သွုဗီ)

وَدَخَلَ جَنَّتَهٗ وَهُوَ ظَالِمٌ لِّنَفۡسِهٖ ۚ قَالَ مَاۤ اَظُنُّ اَنۡ تَبِيۡدَ هٰذِهٖۤ اَبَدًا ﴿٣٥﴾

(၃၅) ထို့နောက် သူသည် သူ၏ဥယျာဉ်ထဲသို့ သူ့ကိုယ်သူနှိပ်စက်လျက် ဝင်ရောက်ပြီး (ဤသို့)ပြောဆိုခဲ့သည်- "ကျွန်ုပ်သည် ဤဥယျာဉ်ကို မည်သည့် အခါမျှ ပျက်စီးလိမ့်မည်ဟု မထင်ခဲ့ပေ။"

وَّمَاۤ اَظُنُّ السَّاعَةَ قَآٮِٕمَةً ۙ وَّلَٮِٕنۡ رُّدِدۡتُّ اِلٰى رَبِّىۡ لَاَجِدَنَّ خَيۡرًا مِّنۡهَا مُنۡقَلَبًا ﴿٣٦﴾

(၃၆) "၎င်းနောက် ကျွန်ုပ်သည် ကိယာမသ်ဖြစ်လိမ့်မည် ဟုလည်း မထင်ပေ၊ ၎င်းနောက် အကယ်၍ ကျွန်ုပ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော် မူသောအရှင်မြတ်ထံတော်သို့ ပြန်ပို့ခံခဲ့ရလျှင်လည်း အမှန်စင်စစ် ကျွန်ုပ်သည် ထို(ဥယျာဉ်)ထက် ပိုကောင်းသောနေရာကိုပင် ရရှိဦးမည်ဖြစ်သည်။"

قَالَ لَهٗ صَاحِبُهٗ وَهُوَ يُحَاوِرُهٗۤ اَكَفَرۡتَ بِالَّذِىۡ خَلَقَكَ مِنۡ تُرَابٍ ثُمَّ مِنۡ نُّطۡفَةٍ ثُمَّ سَوّٰٮكَ رَجُلًا ﴿٣٧﴾

(၃၇) သူ၏အဖော်က သူနှင့်စကားလက်ဆုံကျလျက် သူ့အား ပြောဆို ခဲ့သည်- "အသင်သည် အကြင်အရှင်မြတ်အား ငြင်းပယ်ခဲ့သည်လော။ ထိုအရှင် မြတ်သည် အသင့်အား မြေကြီးနှင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် သုက်ရည် တစ်စက်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အသင့်အား ယောကျ်ားအဖြစ် ပြီးမြောက်စုံလင်အောင် စီမံဆောင်ရွက်တော်မူခဲ့သည်။"

لٰـكِنَّا۠ هُوَ اللّٰهُ رَبِّىۡ وَلَاۤ اُشۡرِكُ بِرَبِّىۡۤ اَحَدًا ﴿٣٨﴾

(၃၈) "သို့ရာတွင် ထိုအရှင်မြတ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော် မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထို့ပြင် ကျွန်ုပ်သည် ကျွန်ုပ်အား ဖန်ဆင်း မွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်နှင့် မည်သူ့ကိုမျှ တွဲဖက်မကိုးကွယ်ပေ။"

وَلَوۡلَاۤ اِذۡ دَخَلۡتَ جَنَّتَكَ قُلۡتَ مَا شَآءَ اللّٰهُ ۙ لَا قُوَّةَ اِلَّا بِاللّٰهِ ۚ اِنۡ تَرَنِ اَنَا اَقَلَّ مِنۡكَ مَالًا وَّوَلَدًا ﴿٣٩﴾

(၃၉) "ထို့ပြင် အသင်သည် အသင်၏ဥယျာဉ်သို့ ဝင်ရောက်ခဲ့စဉ်က ၎င်းသည် အလ္လာဟ်အရှင်မြတ်အလိုရှိသောအရာပင်ဖြစ်သည်၊ အလ္လာဟ်အရှင်မြတ်အကူအညီမရှိလျှင် မည်သည့်အရာမျှ မစွမ်းဆောင်နိုင်ပါဟု အဘယ်ကြောင့် မဆိုခဲ့သနည်း။ အကယ်၍ အသင်သည် ကျွန်ုပ်အား အသင့်ထက် ပစ္စည်းနှင့် သားသမီးအခြွေအရံအားဖြင့် နည်းပါးသူဖြစ်သည်ဟု မြင်နေလျှင်။"

فَعَسٰى رَبِّيْٓ اَنْ يُّؤْتِيَنِ خَيْرًا مِّنْ جَنَّتِكَ وَيُرْسِلَ عَلَيْهَا حُسْبَانًا مِّنَ السَّمَآءِ فَتُصْبِحَ صَعِيْدًا زَلَقًا ۟ۙ﴿٤٠﴾

(၄၀) "သို့ဖြစ်ရာ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က အသင်၏ဥယျာဉ်ထက် ပိုကောင်းသည်ကို ကျွန်ုပ်အား ပေးသနားတော်မူ၍ (အသင်၏)ထို(ဥယျာဉ်)အပေါ်တွင် မိုးကောင်းကင်မှ မိုးကြိုးလောင်မီးတစ်စုံတစ်ခု ချပေးကောင်းချပေးလိမ့်မည်။ ထိုသို့ဆိုလျှင် ၎င်း(ဥယျာဉ်)သည် ပြောင်ချော(ပြီး သစ်ပင်မပေါက်သောမီးလောင်ပြင်ကဲ့သို့) မြေပြင်တစ်ခုပင် ဖြစ်သွားလိမ့်မည်။"

اَوْ يُصْبِحَ مَآؤُهَا غَوْرًا فَلَنْ تَسْتَطِيْعَ لَهٗ طَلَبًا ﴿٤١﴾

(၄၁) "သို့မဟုတ် ၎င်း(ဥယျာဉ်)၏ ချောင်းရေသည် (မြေကြီးထဲသို့) နစ်ဝင်သွားကောင်းသွားလိမ့်မည်။ သို့ဖြစ်လျှင် အသင်သည် ၎င်း(ရေ)ကို လုံးဝ ရှာဖွေနိုင်မည် မဟုတ်တော့ပေ။"

وَاُحِيْطَ بِثَمَرِهٖ فَاَصْبَحَ يُقَلِّبُ كَفَّيْهِ عَلٰى مَآ اَنْفَقَ فِيْهَا وَهِيَ خَاوِيَةٌ عَلٰى عُرُوْشِهَا وَيَقُوْلُ يٰلَيْتَنِيْ لَمْ اُشْرِكْ بِرَبِّيْٓ اَحَدًا ﴿٤٢﴾

(၄၂) ထို့နောက် ထိုသူ၏ ပစ္စည်းဥစ္စာ(ခြံ၊ ဥယျာဉ်)များသည် (ဘေးအန္တရာယ်)ဝန်းရံခြင်းကို ခံခဲ့ရသည်။ ထို့ကြောင့် သူသည် ၎င်း(ဥယျာဉ်)၌ သုံးစွဲခဲ့သည်များ ပျက်စီးရသည့်အတွက် (ဝမ်းနည်းပက်လက်ဖြင့်) သူ၏လက်ဝါး နှစ်ဖက်ကို ပွတ်သပ်လျက်ရှိတော့သည်။ ထို့ပြင် ၎င်း(ဥယျာဉ်)သည်လည်း ပုံလျက်သား ပြိုလဲပျက်စီးကျနေတော့သည်။ ၎င်းနောက် သူက သြော်-ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် မည်သူ့ကိုမျှ တွဲဖက်မကိုးကွယ်ခဲ့လျှင် ကောင်းလေစွဟု ပြောဆိုခဲ့သည်။

وَلَمْ تَكُنْ لَّهٗ فِئَةٌ يَّنْصُرُوْنَهٗ مِنْ دُوْنِ اللّٰهِ وَمَا كَانَ مُنْتَصِرًا ﴿٤٣﴾

(၄၃) ထို့ပြင် သူ့တွင် အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်ပြိုင်ပြီး ကူညီနိုင်သောအုပ်စုလည်း လုံးဝမရှိခဲ့ပေ။ ၎င်းနောက် သူကိုယ်တိုင်လည်း (ထိုပြစ်ဒဏ်

မှ လွတ်မြောက်အောင်) တတ်စွမ်းနိုင်ခြင်းမရှိခဲ့ပေ။

هُنَالِكَ الْوَلَايَةُ لِلّٰهِ الْحَقِّ ۗ هُوَ خَيْرٌ ثَوَابًا وَّخَيْرٌ عُقْبًا ﴿٤٤﴾

(၄၄) ထိုသို့သောနေရာအချိန်အခါတွင် ကူညီနိုင်စွမ်းသည် အစစ်အမှန် ဖြစ်သော အလ္လာဟ်အရှင်မြတ်၌သာရှိသည်။ ထိုအရှင်မြတ်သည် အကျိုးကုသိုလ်ကို အကောင်းဆုံးပေးတော်မူသောအရှင်လည်းဖြစ်ပြီး နောက်ဆုံးအစားပေးရာတွင်လည်း အကောင်းဆုံးပေးတော်မူသောအရှင် ဖြစ်တော်မူသည်။

وَاضْرِبْ لَهُمْ مَّثَلَ الْحَيٰوةِ الدُّنْيَا كَمَآءٍ اَنْزَلْنٰهُ مِنَ السَّمَآءِ فَاخْتَلَطَ بِهٖ نَبَاتُ الْاَرْضِ
فَاَصْبَحَ هَشِيْمًا تَذْرُوْهُ الرِّيٰحُ ۗ وَكَانَ اللّٰهُ عَلٰى كُلِّ شَيْءٍ مُّقْتَدِرًا ﴿٤٥﴾

(၄၅) ထို့ပြင် အသင့်အနေဖြင့် ဤဘဝသည် အကြင်ရေနှင့်တူကြောင်းသာဓကခိုင်းနှိုင်းပြလိုက်ပါ။ ငါအရှင်မြတ်သည် ၎င်း(ရေ)ကို မိုးကောင်းကင်မှ ရွာသွန်းစေတော်မူခဲ့သည်။ ထို့နောက်၎င်း(ရေ)ဖြင့် မြေမှသစ်ပင်ငယ်များသည်ရောယှက်ပေါက်ရောက်ကြသည်။ ထို့နောက် ၎င်း(သစ်ပင်ငယ်များ)သည် သွေ့ခြောက်ကြေမွသွားခဲ့သည့်အတွက် လေများသည် ၎င်း(သစ်ပင်ခြောက်၊သစ်ရွက်ခြောက်များ)ကို လွင့်စေသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ်တွင် ပြည့်ပြည့်ဝဝစွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

اَلْمَالُ وَالْبَنُوْنَ زِيْنَةُ الْحَيٰوةِ الدُّنْيَا ۚ وَالْبٰقِيٰتُ الصّٰلِحٰتُ خَيْرٌ عِنْدَ رَبِّكَ ثَوَابًا وَّخَيْرٌ اَمَلًا ﴿٤٦﴾

(၄၆) ပစ္စည်းဥစ္စာနှင့် သားသမီးများသည် လောကီဘဝ၏လှပတင့်တယ်မှုများပင်ဖြစ်သည်။ ၎င်းနောက် အမြဲတည်တံ့သောကောင်းမြတ်သည့်လုပ်ရပ်များ[1] ကမူ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်၌ အကျိုးအနေဖြင့်လည်း အကောင်းဆုံးဖြစ်ပြီး မျှော်လင့်ချက်အနေဖြင့်လည်း အကောင်းဆုံးပင်ဖြစ်သည်။[2]

[1] အမြဲတည်တံ့တဲ့ ကောင်းမြတ်တဲ့လုပ်ရပ်တွေဆိုတာ ကောင်းကျိုးဆောင်ရွက်တာဟူသမျှ အကျိုးဝင်ပြီး မကောင်းတာတွေကနေ ရှောင်ကြဉ်တာလည်း အကျိုးဝင်တယ်။ အဲဒါတွေဟာ အမြဲကျန်ရှိနေမဲ့ကောင်းမှုတွေဖြစ်တယ်။ အဲဒါကြောင့် اَلْبَاقِيَاتُ الصَّالِحَاتُ ကောင်းမြတ်တဲ့ ကျန်ရှိမဲ့အရာတွေလို့ ခေါ်တာဖြစ်တယ်။(အလင်းပြကျမ်း) [2] ပစ္စည်းဥစ္စာတွေဟာ လောကမှာ အသုံးဝင်ပေမဲ့ တမလွန်ဘဝမှာ အသုံးမဝင်ဘူး။ ကောင်းတဲ့လုပ်ရပ်တွေပဲ တမလွန်ဘဝမှာ အသုံးဝင်မှာဖြစ်တယ်။ ကောင်းတဲ့လုပ်ရပ်တွေဆိုတာ စွန္နသ်တော်နဲ့ကိုက်ညီတဲ့ နည်းလမ်းမှန်မှန်ကန်ကန်နဲ့ အရှင်မြတ်ရဲ့ နှစ်သက်မှုကိုပဲ ရည်ရွယ်ပြီး ပြုလုပ်တဲ့လုပ်ရပ်ဟူသမျှကို ခေါ်တယ်။ (အလင်းပြကျမ်း)

وَيَوْمَ نُسَيِّرُ الْجِبَالَ وَتَرَى الْاَرْضَ بَارِزَةً ۙ وَّحَشَرْنٰهُمْ فَلَمْ نُغَادِرْ مِنْهُمْ اَحَدًا ﴿٤٧﴾

(၄၇) ၎င်းပြင်(ထို)နေ့တွင် ငါအရှင်မြတ်သည် တောင်များအားရွေ့လျား စေတော်မူမည်။ ၎င်းနောက် အသင်သည် ကမ္ဘာမြေကို လွင်တီးခေါင်ပြင်အဖြစ် တွေ့ မြင်ရမည်။ ၎င်းနောက် ငါအရှင်မြတ်သည် ထို(လူသား)အားလုံးကို သူတို့ ထဲတွင် မည်သူ့ကိုမျှ ချန်မထားဘဲ စုရုံးစေတော်မူမည်။

وَعُرِضُوْا عَلٰى رَبِّكَ صَفًّا ؕ لَقَدْ جِئْتُمُوْنَا كَمَا خَلَقْنٰكُمْ اَوَّلَ مَرَّةٍۢ ؗ بَلْ زَعَمْتُمْ اَلَّنْ نَّجْعَلَ لَكُمْ مَّوْعِدًا ﴿٤٨﴾

(၄၈) ထို့ပြင် သူတို့သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ရှေ့တော်၌ စီတန်းပြီး တက်ရောက်ပြသစေခြင်းခံကြရမည်ဖြစ်သည်။ (အရှင်မြတ်က မိန့်ကြားတော်မူမည်) အမှန်စင်စစ် အသင်တို့သည် ငါအရှင်မြတ် က အသင်တို့အား ပထမအကြိမ် ဖန်ဆင်းတော်မူခဲ့သကဲ့သို့ ငါအရှင်မြတ်ထံတော် သို့ ရောက်လာခဲ့ကြပြီဖြစ်သည်။ အမှန်စင်စစ် အသင်တို့သည် အသင်တို့အတွက် ငါအရှင်မြတ်က မည်သည့်ချိန်းဆိုမှုကိုမျှ လုံးဝ ပြုလုပ်တော်မူမည် မဟုတ်ပေဟု ထင်မြင်ယူဆခဲ့ကြသည်။

وَوُضِعَ الْكِتٰبُ فَتَرَى الْمُجْرِمِيْنَ مُشْفِقِيْنَ مِمَّا فِيْهِ وَيَقُوْلُوْنَ يٰوَيْلَتَنَا مَالِ هٰذَا الْكِتٰبِ لَا يُغَادِرُ صَغِيْرَةً وَّلَا كَبِيْرَةً اِلَّاۤ اَحْصٰهَا ۚ وَوَجَدُوْا مَا عَمِلُوْا حَاضِرًا ؕ وَلَا يَظْلِمُ رَبُّكَ اَحَدًا ﴿٤٩﴾

(၄၉) ထို့ပြင် (မှတ်တမ်း)စာအုပ်များသည် (သူတို့၏ရှေ့၌)ချထားလျက် ရှိနေမည်။ ၎င်းနောက် အသင်သည် အပြစ်ရှိသူများအား ထိုစာအုပ်များထဲမှ အကြောင်းအရာများကြောင့် ထိတ်လန့်နေကြသည်ကို တွေ့မြင်ရမည်။ ၎င်း နောက် သူတို့က ပြောဆိုကြမည် "သြော်-ကျွန်ုပ်တို့ ပျက်စီးရလေခြင်း၊ ဤ စာအုပ်သည် မည်သို့စာအုပ်ပါလိမ့်၊ ဤစာအုပ်သည် မည်သည့်သေးသောအရာ နှင့် ကြီးသောအရာကိုမျှ မချန်ဘဲ ရေးမှတ်ထားခဲ့သည်။" ထို့ပြင် သူတို့သည် သူ တို့ ပြုလုပ်ခဲ့သမျှသည်လည်း ရှေ့၌ အသင့်ရောက်နေသည်ကို တွေ့ကြရမည်။ ၎င်းနောက် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မည်သူ့ ကိုမျှ မတရားပြုလုပ်တော်မူမည်မဟုတ်ပေ။❶

❶ အရှင်မြတ်ဟာ တရားမျှမျှတတဆုံးဖြတ်တော်မူမယ်။ ကောင်းတဲ့သူတွေဟာ သုခဘုံထဲကို ဝင်ရောက်စံမြန်းကြရမှာဖြစ်တယ်။ မကောင်းတဲ့သူတွေဟာ ငရဲဘုံထဲမှာ ဝင်ရောက်ခံစားကြရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِذْ قُلْنَا لِلْمَلٰٓئِكَةِ اسْجُدُوْا لِاٰدَمَ فَسَجَدُوْۤا اِلَّاۤ اِبْلِيْسَ ؕ كَانَ مِنَ الْجِنِّ فَفَسَقَ عَنْ اَمْرِ رَبِّهٖ ؕ اَفَتَتَّخِذُوْنَهٗ وَذُرِّيَّتَهٗۤ اَوْلِيَآءَ مِنْ دُوْنِيْ وَهُمْ لَكُمْ عَدُوٌّ ؕ بِئْسَ لِلظّٰلِمِيْنَ بَدَلًا ﴿٥٠﴾

(၅၀) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် ကောင်းကင်တမန်များအား "အသင်တို့သည် အာဒမ်၏ရှေ့၌ ဦးချကြပါ"ဟု မိန့်ကြားတော်မူခဲ့သောအခါ အိဗ်လီစ်မှလွဲ၍ ကောင်းကင်တမန်များအားလုံး ဦးချခဲ့ကြသည်။ ယင်း(အိဗ်လီစ်) သည် ဂျင်န်သတ္တဝါများထဲမှဖြစ်ခဲ့ပြီး သူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော်ကို သွေဖည်ခဲ့သည်။❶ သို့ဖြစ်ရာ အသင်တို့သည် ငါအရှင်မြတ်အားစွန့်ပြီး ယင်း(အိဗ်လီစ်)နှင့် သူ၏သားမြေးများကို သူတို့သည် အသင်တို့၏ရန်သူများ ဖြစ်ကြပါလျက် မိတ်ဆွေဖွဲ့ကြသလော။ မတရားကျူးလွန်သူများ၏အစားသည် အဘယ်မျှ ဆိုးရွားလိုက်သနည်း။

❶ စည်းစိမ်ထဲမှာ နစ်မွန်းခြင်းဟာ ရှိုင်သွာန်ရဲ့ နောင့်ယှက်ခြင်းသာ ဖြစ်တဲ့အတွက် ရှိုင်သွာန်ဟာ သူနဲ့အတူ ငရဲဘုံထဲကို အဖော်ခေါ်သွားဖို့ သွေးထိုးနောင့်ယှက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

مَآ اَشْهَدْتُّهُمْ خَلْقَ السَّمٰوٰتِ وَالْاَرْضِ وَلَا خَلْقَ اَنْفُسِهِمْ ۖ وَمَا كُنْتُ مُتَّخِذَ الْمُضِلِّيْنَ عَضُدًا ﴿٥١﴾

(၅၁) ငါအရှင်မြတ်သည် ၎င်း(ရှိုင်သွာန်)တို့အား မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းရာတွင် အသင့်ခေါ်ထားခဲ့သည် မဟုတ်ပေ။ ၎င်းနောက် သူတို့အား ဖန်ဆင်းတော်မူရာတွင်လည်း အသင့်ခေါ်ထားတော်မမူခဲ့ပေ။ ထို့ပြင် ငါအရှင်မြတ်သည် (လူများအား) လမ်းလွဲစေသောသူတို့ကို (အရှင်မြတ်၏) လက်ရုံးအဖြစ် ပြုတော်မူမည့်အရှင်မဟုတ်ပေ။❷

❷ မိုးမြေကို ဖန်ဆင်းတဲ့အချိန်မှာ ရှိုင်သွာန်လည်းမရှိခဲ့သေးဘူး။ အရှင်မြတ်ဟာ ဘယ်သူ့ကိုမှ အကူအညီတောင်းတော်မူခဲ့တဲ့အရှင်မဟုတ်သလို အကူအညီ တောင်းစရာလည်း လိုအပ်တဲ့ အရှင်မဟုတ်ဘူး။ ရှိုင်သွာန်ဟာ အရှင်မြတ်ကို ဆန့်ကျင်တဲ့သူဖြစ်ပါလျက်နဲ့ လူသားဟာ သူ့ကို ကိုးကွယ်ခြင်းခံထိုက်တဲ့သူအဖြစ် ပြုလုပ်ကြသလား။ သူတို့ကို မိတ်ဖွဲ့ကြပြီး သူခိုင်းသလို လုပ်နေကြသလား။ စဉ်းစားဆင်ခြင်ကြည့်ရင် အလွယ်တကူပဲ လွတ်မြောက်နိုင်တယ်။ (အလင်းပြကျမ်း)

وَيَوْمَ يَقُوْلُ نَادُوْا شُرَكَآءِيَ الَّذِيْنَ زَعَمْتُمْ فَدَعَوْهُمْ فَلَمْ يَسْتَجِيْبُوْا لَهُمْ وَجَعَلْنَا بَيْنَهُمْ مَّوْبِقًا ﴿٥٢﴾

(၅၂) ၎င်းပြင်(ထို)နေ့တွင် အရှင်မြတ်က(မုရှ်ရိက်များကို) အသင်တို့သည် အသင်တို့ ပြောဆိုယူဆခဲ့ကြသော တွဲဖက်ကိုးကွယ်ရာများအား ဟစ်ခေါ်ကြဟု မိန့်ကြားတော်မူသောအခါ သူတို့သည် ၎င်းတို့အား ဟစ်ခေါ်ကြလိမ့်မည်။ ထို့နောက် ၎င်းတို့ကမူ သူတို့အား ပြန်ထူးကြမည်မဟုတ်ပေ။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(မုရှ်ရိက်များနှင့် သူတို့၏ကိုးကွယ်ရာ)တို့၏ကြားတွင် (ငရဲမီးထဲမှ) ပျက်စီးရာနေရာတစ်ခုကို ပြုလုပ်ထားတော်မူမည်။

وَرَاَ الْمُجْرِمُوْنَ النَّارَ فَظَنُّوْٓا اَنَّهُمْ مُّوَاقِعُوْهَا وَلَمْ يَجِدُوْا عَنْهَا مَصْرِفًا ﴿٥٣﴾

(၅၃) ထို့ပြင် အပြစ်ရှိသူများသည် ငရဲမီးကိုတွေ့မြင်သောအခါ သူတို့သည် အမှန်ပင် ၎င်း(ငရဲမီး)ထဲသို့ကျမည့်သူများပင် ဖြစ်ကြသည်ဟု ယုံကြည်ကြမည်။ ၎င်းနောက် သူတို့သည် ၎င်း(ငရဲမီး)မှ ရှောင်တိမ်းနိုင်မည့်နေရာကို ရှာတွေ့ကြမည်မဟုတ်ပေ။

وَلَقَدْ صَرَّفْنَا فِيْ هٰذَا الْقُرْاٰنِ لِلنَّاسِ مِنْ كُلِّ مَثَلٍ ؕ وَكَانَ الْاِنْسَانُ اَكْثَرَ شَيْءٍ جَدَلًا ﴿٥٤﴾

(၅၄) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ လူများအတွက် ဥပမာပုံဆောင်ချက်များကို နည်းအမျိုးမျိုးဖြင့် မိန့်ကြားတော်မူခဲ့သည်။ ၎င်းနောက် လူသားသည် အရာအားလုံးထက် အငြင်းအသန်ဆုံးပင် ဖြစ်သည်။

وَمَا مَنَعَ النَّاسَ اَنْ يُّؤْمِنُوْٓا اِذْ جَآءَهُمُ الْهُدٰى وَيَسْتَغْفِرُوْا رَبَّهُمْ اِلَّآ اَنْ تَاْتِيَهُمْ سُنَّةُ الْاَوَّلِيْنَ اَوْ يَاْتِيَهُمُ الْعَذَابُ قُبُلًا ﴿٥٥﴾

(၅၅) ထို့ပြင် လူများအား သူတို့ထံ လမ်းမှန်ညွှန်ကြားပြသချက်ရောက်ရှိပြီးနောက် အီမာန်ယုံကြည်ရန်နှင့် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့်ပန်ကြားရန် မည်သည့်အရာကမျှ တားဆီးခဲ့သည်မဟုတ်ပေ၊ သို့ရာတွင် ယခင်ကလူများအား(အရှင်မြတ်၏) လုပ်ထုံးလုပ်နည်းသည် သူတို့ထံ ရောက်ရှိလာခြင်း၊ သို့မဟုတ် သူတို့၏ရှေ့တည့်တည့်၌ ပြစ်ဒဏ်ဆိုက်ရောက်လာခြင်း(ကသာ တားဆီးခဲ့ခြင်း ဖြစ်သည်)။

وَمَا نُرْسِلُ الْمُرْسَلِيْنَ اِلَّا مُبَشِّرِيْنَ وَمُنْذِرِيْنَ ۚ وَيُجَادِلُ الَّذِيْنَ كَفَرُوْا بِالْبَاطِلِ لِيُدْحِضُوْا بِهِ الْحَقَّ وَاتَّخَذُوْٓا اٰيٰتِيْ وَمَآ اُنْذِرُوْا هُزُوًا ﴿٥٦﴾

(၅၆) ထို့ပြင် ငါအရှင်မြတ်သည် တမန်တော်များအား သတင်းကောင်းပေးသူများ၊ သတိပေးနှိုးဆော်သူများအဖြစ်နှင့်သာ စေလွှတ်တော်မူသည်။ ထို့ပြင် ကာဖိရ်ငြင်းပယ်သူများသည် ထိုမတရားသောအရာဖြင့် အမှန်တရား (ကုရ်အာန်)ကို ပယ်ဖျက်ရန် မတရားသဖြင့် အငြင်းအခုံပြုကြသည်။ ထို့ပြင် သူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များနှင့် သူတို့ သတိပေးနှိုးဆော်ခြင်းခံရသောအရာများကို ပြောင်လှောင်မှုပြုခဲ့ကြသည်။

وَمَنْ اَظْلَمُ مِمَّنْ ذُكِّرَ بِاٰيٰتِ رَبِّهٖ فَاَعْرَضَ عَنْهَا وَنَسِيَ مَا قَدَّمَتْ يَدٰهُ ؕ اِنَّا جَعَلْنَا عَلٰى قُلُوْبِهِمْ اَكِنَّةً اَنْ يَّفْقَهُوْهُ وَفِيْٓ اٰذَانِهِمْ وَقْرًا ؕ وَاِنْ تَدْعُهُمْ اِلَى الْهُدٰى فَلَنْ يَّهْتَدُوْٓا اِذًا اَبَدًا ﴿٥٧﴾

(၅၇) ထို့ပြင် အကြင်သူထက် မတရားသောသူ မည်သူရှိမည်နည်း။ ထိုသူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏သက်သေလက္ခဏာများနှင့် ဆုံးမခြင်းခံခဲ့ရသော်လည်း ထိုသူသည် ထိုအရာများမှ မျက်နှာလွှဲခဲ့သည်။ ထို့ပြင် သူသည် သူ၏လက်နှစ်ဖက်က ကြိုတင်ပို့ထားသော အပြစ်များကိုလည်း မေ့ပျောက်ခဲ့သည်။ အမှန်စင်စစ် ငါအရှင်မြတ်သည် ထိုသူများ၏ စိတ်နှလုံးများအပေါ်တွင် သူတို့သည် ထို(အမှန်တရား)ကို နားမလည်နိုင်ကြအောင် သူတို့၏နားများကို(မကြားရအောင်)နားပင်းမှုကို အဖုံးအကာများနှင့် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် အကယ်၍ အသင်သည် သူတို့အား တရားလမ်းမှန်ဘက် ဖိတ်ခေါ်သော်လည်း သူတို့သည် ဤအခြေအနေတွင် မည်သည့်အခါမျှ လမ်းမှန်ကို ရကြမည်မဟုတ်ပေ။

وَرَبُّكَ الْغَفُورُ ذُو الرَّحْمَةِ ۖ لَوْ يُؤَاخِذُهُم بِمَا كَسَبُوا لَعَجَّلَ لَهُمُ الْعَذَابَ ۚ بَل لَّهُم مَّوْعِدٌ لَّن يَجِدُوا مِن دُونِهِ مَوْئِلًا ﴿٥٨﴾

(၅၈) ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။ အကယ်၍ အရှင်မြတ်သည် သူတို့အား သူတို့ရှာဖွေဆည်းပူးခဲ့ကြသော ပြစ်မှုများကြောင့် အရေးယူတော်မူလျှင် အမှန်ပင် အရှင်မြတ်သည် သူတို့အပေါ်သို့ ပြစ်ဒဏ်ကို ဆောလျင်စွာ ကျရောက်စေတော်မူခဲ့မည်ဖြစ်သည်။ အမှန်စင်စစ် သူတို့အတွက် ချိန်းဆိုထားသော အချိန်တစ်ချိန်ရှိနေသည့်အတွက် သူတို့သည် ထိုပြစ်ဒဏ်မှ အခြား ထွက်ပြေးလွတ်မြောက်ရန်နေရာ တစ်နေရာမျှ လုံးဝ တွေ့ရှိမည်မဟုတ်ပေ။

وَتِلْكَ الْقُرَىٰ أَهْلَكْنَاهُمْ لَمَّا ظَلَمُوا وَجَعَلْنَا لِمَهْلِكِهِم مَّوْعِدًا ﴿٥٩﴾

(၅၉) ထို့ပြင် ဤသည် အကြင်မြို့ရွာများပင်ဖြစ်သည်။ ငါအရှင်မြတ်သည် ၎င်း(မြို့သူရွာသား)တို့အား သူတို့ မတရားကျူးလွန်ကြသည့်အခါ ဖျက်ဆီးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့ပျက်စီးရန် ချိန်းဆိုထားသည့် ကာလတစ်ခု ပြုလုပ်သတ်မှတ်ထားခဲ့သည်။

وَإِذْ قَالَ مُوسَىٰ لِفَتَاهُ لَا أَبْرَحُ حَتَّىٰ أَبْلُغَ مَجْمَعَ الْبَحْرَيْنِ أَوْ أَمْضِيَ حُقُبًا ﴿٦٠﴾

(၆၀) ထို့ပြင် တစ်ခါတွင် (တမန်တော်)မူစာသည် ၎င်း၏တပည့်ကို ငါသည် မြစ်နှစ်သွယ်ဆုံသောနေရာသို့ ရောက်သည်အထိ မရပ်မနားသွားမည်၊

သို့မဟုတ် ငါသည် နှစ်ရှည်လများ သွားနေမည်ဟု ပြောဆိုခဲ့သည်။❶

❶ တစ်နေ့မှာ တမန်တော်မူစာ عليه السلام ဟာ တရားဟောနေစဉ် ၎င်းရဲ့အမျိုးသားတစ်ဦးက "လူတွေအားလုံးထဲမှာ ပညာအတတ်ဆုံးသူဟာ ဘယ်သူပါလဲ" လို့ မေးလိုက်တဲ့အခါ ၎င်း(တမန်တော်မူစာ عليه السلام) က ငါပဲလို့ ဖြေလိုက်တယ်။ အရှင်မြတ်က ၎င်းရဲ့အဖြေကို မနှစ်သက်လို့ "အသင့်ထက်တတ်တဲ့သူတစ်ဦးရှိတယ်" လို့ ဝဟီအမိန့်ချပြီး ပြောဆိုခဲ့တယ်။ တမန်တော်မူစာ عليه السلام က အဲဒီသူထံမှာ ပညာသင်ယူလိုကြောင်း၊ လိပ်စာပြောပြဖို့ တောင်းဆိုတဲ့အပေါ်မှာ အရှင်မြတ်က ငါးကြော်တစ်ကောင်ယူသွားပါ၊ မြစ်ဆုံရောက်တဲ့အခါ အဲဒီငါးကြော်ဟာ မြစ်ထဲဆင်းသွားလိမ့်မယ်လို့ လိပ်စာအသိပေးခဲ့တယ်။ အဲဒါနဲ့ ၎င်းဟာ ၎င်းရဲ့တပည့်တစ်ဦးကိုခေါ်ပြီး ငါဟာ မြစ်ဆုံထိရောက်အောင် တော်တော်ကြာကြာ ခရီးသွားမယ်လို့ ပြောဆိုခဲ့တယ်။ ပြီးတော့ ငါးကြော် တစ်ကောင်ထည့်ပြီး ယူသွားခဲ့ကြတယ်။ (အလင်းပြကျမ်း)

فَلَمَّا بَلَغَا مَجۡمَعَ بَيۡنِهِمَا نَسِيَا حُوتَهُمَا فَاتَّخَذَ سَبِيلَهُۥ فِي ٱلۡبَحۡرِ سَرَبٗا ٦١

(၆၁) ထို့နောက် ၎င်းတို့နှစ်ဦးစလုံးသည် ထိုမြစ်ဆုံနေရာသို့ ရောက်သည့်အခါ ၎င်းတို့နှစ်ဦးသည် ၎င်းတို့၏ငါးကို မေ့သွားခဲ့ကြသည်။ သို့ဖြစ်ရာ ထိုငါးသည် မြစ်ထဲတွင် သူ၏လမ်းကို လိုဏ်ပေါက်ရှည်ကြီး ပြုလုပ်လျက် လျှောဆင်းသွားခဲ့သည်။❷

❷ ကျောက်ဆောင်တစ်နေရာမှာ နားတဲ့အခါ ငါးကြော်ကို ၎င်းတို့ မေ့နေခဲ့ကြတယ်။ ငါးကြော်ဟာ အရှင်မြတ်ရဲ့အမိန့်နဲ့ အသက်ဝင်လာပြီး မြစ်ထဲကို ဆင်းပြေးတော့တယ်။ အဲဒီငါးသွားရာတစ်လျှောက်မှာ ရေပြင်ဟာ လိုဏ်ခေါင်းဖြစ်ပြီး ကျန်ခဲ့တယ်။ ၎င်းရဲ့တပည့်ဟာ အဲဒါကို မြင်ပြီး အံ့သြနေခဲ့ပေမဲ့ ၎င်းရဲ့ဆရာကိုပြောဖို့ မေ့သွားခဲ့တယ်။ နားရာကနေထပြီး ခရီးဆက်ခဲ့ကြတယ်။ အဲဒီမနက် ခရီးထွက်ရတာဟာ အလွန်မောပန်းတဲ့အတွက် ဆာလောင်မှုခံစားရတဲ့အပေါ်မှာ တမန်တော်မူစာ عليه السلام က ၎င်းရဲ့တပည့်ကို မနက်စာစားဖို့ ငါးကြော်ယူခိုင်းလိုက်တယ်။ အဲဒီတော့မှ ၎င်းရဲ့တပည့်လည်း ငါးကြော်ရဲ့အံ့သြဖွယ်ရာမြင်ကွင်းကို တွေ့ခဲ့တာ ပြောပြဖို့မေ့သွားခဲ့ကြောင်း ပြောဆိုတော့တယ်။ အဲဒီတော့မှ အဲဒီငါးကြော် ဆင်းသွားတဲ့နေရာဟာ ငါတို့တွေ့ချင်တဲ့ မြစ်ဆုံနေရာဖြစ်တယ်။ အဲဒီနေရာကို ပြန်သွားကြမယ်လို့ တမန်တော်မူစာ عليه السلام ကပြောပြီး ပြန်သွားကြတယ်။ အဲဒီနေရာရောက်တဲ့အခါမှာ အရှင်မြတ်အမိန့်ရှိတဲ့ ပညာရှင် ခိဿွ်ရ် عليه السلام ကို တွေ့ကြရတယ်။
(အလင်းပြကျမ်း)

فَلَمَّا جَاوَزَا قَالَ لِفَتَىٰهُ ءَاتِنَا غَدَآءَنَا لَقَدۡ لَقِينَا مِن سَفَرِنَا هَٰذَا نَصَبٗا ٦٢

(၆၂) ထို့နောက် ၎င်းတို့နှစ်ဦးသည် (ထိုမြစ်ဆုံနေရာမှ)ရှေ့ကို ကျော်သွားသည့်အခါ(တမန်တော်)မူစာက ၎င်း၏တပည့်ကို ငါ၏ထံသို့ ငါတို့၏နံနက်စာ ယူလာခဲ့ပါ၊ အမှန်စင်စစ် ငါတို့သည် ငါတို့၏ ဤခရီးတွင် မောပန်းမှု တွေ့ရှိ(ခံစားရ)သည်ဟု ပြောဆိုခဲ့သည်။

قَالَ أَرَءَيۡتَ إِذۡ أَوَيۡنَآ إِلَى ٱلصَّخۡرَةِ فَإِنِّي نَسِيتُ ٱلۡحُوتَ وَمَآ أَنسَىٰنِيهُ إِلَّا ٱلشَّيۡطَٰنُ أَنۡ أَذۡكُرَهُۥۚ وَ

اتَّخَذَ سَبِيلَهُ فِي الْبَحْرِ عَجَبًا ﴿٦٣﴾

(၆၃) ၎င်း(တပည့်)က ပြောသည်- ကျွန်ုပ်တို့သည် ကျောက်ဆောင်အနီး၌ နားခဲ့ကြသည်ကို ကိုယ်တော် သတိရပါသလား။ ထိုအခါ ကျွန်ုပ်သည် အမှန်စင်စစ် ငါး(၏ထူးဆန်းဖွယ်ရာအကြောင်း)ကို ကိုယ်တော့်အား ပြောပြရန် မေ့သွားခဲ့ပါသည်။ ထို့ပြင် ကျွန်ုပ်အား ၎င်းကို သတိမရနိုင်အောင် ရှိုင်သွာန်ကပင် မေ့လျော့စေခဲ့ပါသည်။ ထို့ပြင် ၎င်း(ငါး)သည် မြစ်ထဲတွင် သူ၏လမ်းကို ထူးဆန်း(အံ့သြဖွယ်) ပြုလုပ်သွားခဲ့ပါသည်။

قَالَ ذَٰلِكَ مَا كُنَّا نَبْغِ ۚ فَارْتَدَّا عَلَىٰ آثَارِهِمَا قَصَصًا ﴿٦٤﴾

(၆၄) (တမန်တော်)မူစာက ထိုအရာပင် ငါတို့ ရှာဖွေနေသည့်နေရာဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ထို့နောက် ၎င်းတို့နှစ်ဦးစလုံးသည် ၎င်းတို့၏နောက်ကြောင်းကို ပြန်လျှောက်ခဲ့ကြသည်။

فَوَجَدَا عَبْدًا مِّنْ عِبَادِنَا آتَيْنَاهُ رَحْمَةً مِّنْ عِندِنَا وَعَلَّمْنَاهُ مِن لَّدُنَّا عِلْمًا ﴿٦٥﴾

(၆၅) ထို့ပြင် ၎င်းတို့နှစ်ဦးသည် ငါအရှင်မြတ်၏ ကျွန်များထဲမှ ကျွန်တစ်ဦး(ဖြစ်သူ ခိသ္ဓ်ရ်)ကို တွေ့ရှိကြသည်။ ငါအရှင်မြတ်သည် ထိုကျွန်ကို ငါအရှင်မြတ်ထံတော်မှ ကရုဏာတော်ကို ပေးသနားထားပြီး ငါအရှင်မြတ်ထံတော်မှ ပညာကို ၎င်းအား သင်ပေးထားတော်မူသည်။

قَالَ لَهُ مُوسَىٰ هَلْ أَتَّبِعُكَ عَلَىٰ أَن تُعَلِّمَنِ مِمَّا عُلِّمْتَ رُشْدًا ﴿٦٦﴾

(၆၆) (တမန်တော်)မူစာက ၎င်းကို ပြောဆိုသည်-အသင်သည် အသင်သင်ကြားပို့ချခြင်းခံရသော ကောင်းမြတ်သည့်ပညာကို ကျွန်ုပ်အား သင်ပေးရန် ကျွန်ုပ်သည် အသင်၏နောက်သို့ လိုက်၍ရပါမည်လော။

قَالَ إِنَّكَ لَن تَسْتَطِيعَ مَعِيَ صَبْرًا ﴿٦٧﴾

(၆၇) ၎င်း(ခိသ္ဓ်ရ်)က ပြောသည်၊ အသင်သည် ကျွန်ုပ်နှင့်အတူ လုံးဝသည်းခံနေနိုင်မည်မဟုတ်ပေ။

وَكَيْفَ تَصْبِرُ عَلَىٰ مَا لَمْ تُحِطْ بِهِ خُبْرًا ﴿٦٨﴾

(၆၈) ထို့ပြင် အသင်သည် အသင် ခြုံငုံမသိနိုင်သည့်ကိစ္စနှင့်ပတ်သက်၍ မည်သို့သည်းခံနိုင်မည်နည်း။

قَالَ سَتَجِدُنِي إِن شَاءَ اللَّهُ صَابِرًا وَلَا أَعْصِي لَكَ أَمْرًا ﴿٦٩﴾

(၆၉) ၎င်း(တမန်တော်မူစာ)က ပြောဆိုသည်- အလ္လာဟ်အရှင်မြတ်

အလိုရှိတော်မူပါလျှင် အသင်သည် ကျွန်ုပ်ကို သည်းခံသူတစ်ဦးအဖြစ်ဖြင့် တွေ့ရပါလိမ့်မည်။ ထို့ပြင် ကျွန်ုပ်သည် အသင်၏မည်သည့်အမိန့်ကိုမျှ သွေဖည်မည်မဟုတ်ပါ။

قَالَ فَإِنِ اتَّبَعْتَنِي فَلَا تَسْأَلْنِي عَن شَيْءٍ حَتَّىٰ أُحْدِثَ لَكَ مِنْهُ ذِكْرًا ﴿٧٠﴾

(၇၀) ၎င်းကပြောဆိုသည်- အကယ်၍ အသင်သည် ကျွန်ုပ်နှင့်အတူ လိုက်ခဲ့လျှင် အသင့်အား ကျွန်ုပ်ကိုယ်တိုင် ထုတ်ဖော်မပြောပြသေးသမျှ မည်သည့်ကိစ္စကိုမျှ အသင်သည် ကျွန်ုပ်အား မမေးပါနှင့်။[၁]

[၁] တမန်တော်မူစာ ﷺ‎عليه السلام ဟာ ငါးကြော်အသက်ဝင်ပြီး မြစ်ထဲဆင်းသွားတဲ့နေရာမှာ ခိသ္ဍ်ရ် عليه السلام ကို တွေ့ရတယ်။ အဲဒီအခါ စလာမ်ပေးလိုက်တယ်။ ဒီနေရာမှာ စလာမ် ဘယ်မှာရှိမလဲလို့ ပြောတယ်။ (ဒီဒေသမှာ မွတ်စ်လင်မ်မရှိလို့ပြောတာဖြစ်တယ်)။ ၎င်းရဲ့နာမည်ဟာ မူစာဖြစ်ကြောင်းပြောတဲ့အခါ ၎င်းက အသင်ဟာ အစ္စရာအီလ်မျိုးနွယ်တွေထံကို စေလွှတ်ခံရတဲ့ တမန်တော်မူစာ عليه السلام လား လို့ မေးတယ်။ တမန်တော် မူစာ عليه السلام က ဟုတ်တဲ့အကြောင်းပြောပြတယ်။ အဲဒီနောက် ကုရ်အာန်ထဲကအတိုင်းပြောဆိုကြတယ်။ (အလင်းပြကျမ်း၊ သွဗ်ရီ၊ ကုရ်သွုဗီ၊ ဖသ်ဟွလ် ကဒီးရ်)

فَانطَلَقَا حَتَّىٰ إِذَا رَكِبَا فِي السَّفِينَةِ خَرَقَهَا ۖ قَالَ أَخَرَقْتَهَا لِتُغْرِقَ أَهْلَهَا لَقَدْ جِئْتَ شَيْئًا إِمْرًا ﴿٧١﴾

(၇၁) ထို့နောက် ၎င်းတို့နှစ်ဦးသည် လျှောက်သွားကြသည်။ နောက်ဆုံးတွင် ၎င်းတို့ နှစ်ဦးသည် လှေပေါ်သို့ စီးနင်းကြသည့်အခါ ၎င်း(ခိသ္ဍ်ရ်)က ထိုလှေကို ဖောက်ခဲ့သည်။ ၎င်း(တမန်တော်မူစာ)ကပြောသည်- အသင်သည် လှေပေါ်တွင်ရှိသောသူများအား နစ်မြုပ်စေရန် ဖောက်ခဲ့သလော။ အမှန်ပင် အသင်သည် အလွန်ဆိုးသောအပြုအမူတစ်ခုကို ပြုလုပ်ခဲ့ပြီဖြစ်သည်။

قَالَ أَلَمْ أَقُلْ إِنَّكَ لَن تَسْتَطِيعَ مَعِيَ صَبْرًا ﴿٧٢﴾

(၇၂) ၎င်း(ခိသ္ဍ်ရ်)က ပြောဆိုသည်- အသင်သည် ကျွန်ုပ်နှင့်အတူ လုံးဝ သည်းခံနေနိုင်မည်မဟုတ်ပေဟု ကျွန်ုပ်အသင့်အား ပြောခဲ့သည်မဟုတ်လော။

قَالَ لَا تُؤَاخِذْنِي بِمَا نَسِيتُ وَلَا تُرْهِقْنِي مِنْ أَمْرِي عُسْرًا ﴿٧٣﴾

(၇၃) ၎င်း(တမန်တော်မူစာ)က ပြောသည်- အသင်သည် ကျွန်ုပ်မေ့လျော့ခဲ့သော ကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်အား အရေးမယူပါနှင့်၊ ထို့ပြင် အသင်သည် ကျွန်ုပ်၏ကိစ္စတွင် ကျွန်ုပ်အပေါ် ကျပ်တည်းအောင်မလုပ်ပါနှင့်။

فَانطَلَقَا حَتَّىٰ إِذَا لَقِيَا غُلَامًا فَقَتَلَهُ قَالَ أَقَتَلْتَ نَفْسًا زَكِيَّةً بِغَيْرِ نَفْسٍ لَّقَدْ جِئْتَ شَيْئًا نُّكْرًا ﴿٧٤﴾

(၇၄) ထို့နောက် ၎င်းတို့နှစ်ဦးသည် (ရှေ့ဆက်)လျှောက်သွားခဲ့ကြသည်။ နောက်ဆုံးတွင် လူငယ်လေးတစ်ဦးကို တွေ့ကြသည်။ ထို့ပြင် ၎င်း(ခိဿွ်ရ်)က ထိုလူငယ်လေးကို သတ်လိုက်သည်။ ၎င်း(တမန်တော်မူစာ)ကပြောသည်- အသင်သည် စင်ကြယ်သောအသက်တစ်ချောင်းကို အသက်တစ်ချောင်း၏အစားလည်းမဟုတ်ဘဲနှင့်သတ်လိုက်သလော။ အမှန်စင်စစ် အသင်သည် အလွန်ဆိုးသော အမှုကိစ္စတစ်ခုကို ကျူးလွန်ခဲ့ပြီဖြစ်သည်။

قَالَ اَلَمْ اَقُلْ لَّكَ اِنَّكَ لَنْ تَسْتَطِيْعَ مَعِىَ صَبْرًا ﴿٧٥﴾

(၇၅) ၎င်း(ခိဿွ်ရ်)ကပြောဆိုသည်- အမှန်စင်စစ် အသင်သည် ကျွန်ုပ်နှင့်အတူ လုံးဝသည်းခံနေနိုင်မည်မဟုတ်ပေဟု ကျွန်ုပ်အသင့်အား ပြောခဲ့သည်မဟုတ်လော။

قَالَ اِنْ سَاَلْتُكَ عَنْ شَىْءٍۢ بَعْدَهَا فَلَا تُصٰحِبْنِىْ ۚ قَدْ بَلَغْتَ مِنْ لَّدُنِّىْ عُذْرًا ﴿٧٦﴾

(၇၆) ၎င်း(တမန်တော်မူစာ)က ပြောသည်- အကယ်၍ ကျွန်ုပ်သည် ထို(အကြိမ်ပြီး)နောက်တွင် အသင့်အား တစ်စုံတစ်ခုနှင့် ပတ်သက်၍ မေးမြန်းခဲ့လျှင် အသင်သည် ကျွန်ုပ်အား (အသင်နှင့်အတူ)ခရီးဖော်အဖြစ်မထားပါနှင့်တော့၊ အမှန်စင်စစ် အသင်သည် ကျွန်ုပ်ထံမှ ခွင့်လွှတ်ရန် အကြောင်းပြချက်(၏အဆုံးစွန်)ကို ရောက်ရှိခဲ့ပြီဖြစ်သည်။

فَانْطَلَقَا ۫ حَتّٰٓى اِذَآ اَتَيَآ اَهْلَ قَرْيَةِۣ اسْتَطْعَمَآ اَهْلَهَا فَاَبَوْا اَنْ يُّضَيِّفُوْهُمَا فَوَجَدَا فِيْهَا جِدَارًا يُّرِيْدُ اَنْ يَّنْقَضَّ فَاَقَامَهٗ ۖ قَالَ لَوْ شِئْتَ لَتَّخَذْتَ عَلَيْهِ اَجْرًا ﴿٧٧﴾

(၇၇) ထို့နောက် ၎င်းတို့နှစ်ဦးသည် (ရှေ့သို့ဆက်)လျှောက်သွားခဲ့ကြသည်။ နောက်ဆုံးတွင် ၎င်းတို့သည် ရွာတစ်ရွာ၏ ရွာသူရွာသားများထံသို့ရောက်သွားခဲ့ကြပြီး ၎င်းတို့နှစ်ဦးက ရွာသူရွာသားများထံတွင် ၎င်းတို့အား ဧည့်ခံကျွေးမွေးရန် မေတ္တာရပ်ခံခဲ့ကြသည့်အခါ ၎င်း(ရွာသူရွာသား)တို့က ၎င်းတို့နှစ်ဦးအား ဧည့်ခံရန် ငြင်းလိုက်ကြသည်။ ထို့နောက် ၎င်းတို့နှစ်ဦးသည် ထိုရွာတွင် ပြိုလဲကျလုနီးပါးဖြစ်နေသော တံတိုင်းတစ်ခုကို တွေ့ခဲ့ကြသည်။ သို့ဖြစ်ရာ ၎င်း(ခိဿွ်ရ်)က ထိုတံတိုင်းကို ပြန်မတ်အောင်ပြုလုပ်ပေးလိုက်သည်။ ၎င်း(တမန်တော်မူစာ)က ပြောသည်- အသင်အလိုရှိလျှင် ထို(တံတိုင်းကို ပြန်မတ်အောင်ပြုလုပ်ပေးလိုက်သည့်)အပေါ်တွင် အမှန်ပင် လုပ်အားခ ရယူနိုင်သည်။

قَالَ هٰذَا فِرَاقُ بَيۡنِىۡ وَبَيۡنِكَ‌ ۚ سَاُنَبِّئُكَ بِتَاۡوِيۡلِ مَا لَمۡ تَسۡتَطِعْ عَّلَيۡهِ صَبۡرًا ﴿۷۸﴾

(၇၈) ၎င်း(ခိဿွ်ရ်)ကပြောဆိုသည်- ဤသည် ကျွန်ုပ်နှင့် အသင်၏ ကြားတွင် ခွဲခွာမှုပင်ဖြစ်တော့သည်။ အသင် သည်းမခံနိုင်ခဲ့သော ကိစ္စနှင့်ပတ်သက်၍ အဖြစ်မှန်ကို ကျွန်ုပ် မကြာမီ အသိပေးပါတော့မည်။❶

❶ အခု အသင်ရဲ့ကတိအတိုင်း လမ်းခွဲရတော့မှာဖြစ်တဲ့အတွက် လမ်းမခွဲခင်မှာ အသင်သည်းခံ မနေနိုင်တဲ့အကြောင်းကိစ္စတွေရဲ့အဖြစ်မှန်တွေကို အသင့်ကို ပြောပြလိုက်မယ်။ ကုရ်အာန်ထဲက အတိုင်းဖြစ်တယ်။ (အလင်းပြကျမ်း)

اَمَّا السَّفِيۡنَةُ فَكَانَتۡ لِمَسٰكِيۡنَ يَعۡمَلُوۡنَ فِى الۡبَحۡرِ فَاَرَدْتُّ اَنۡ اَعِيۡبَهَا وَكَانَ وَرَآءَهُمۡ مَّلِكٌ يَّاۡخُذُ كُلَّ سَفِيۡنَةٍ غَصۡبًا ﴿۷۹﴾

(၇၉) လှေကမူ မြစ်ထဲတွင် လုပ်ကိုင်(ရှာဖွေစားသောက်နေ)ကြသော ဆင်းရဲသားများ၏လှေပင် ဖြစ်ခဲ့သည်။ ကျွန်ုပ်သည် လှေကို အပြစ်အနာအဆာ ရှိအောင် ရည်ရွယ်ခဲ့သည်။ ထို့ပြင်(အဘယ်ကြောင့်ဆိုသော်) သူတို့နောက်တွင် ဘုရင်တစ်ပါးရှိနေသည်။ ထိုဘုရင်သည် လှေ(ကောင်း)များကို အတင်းအဓမ္မ သိမ်းပိုက်ယူလေ့ရှိသည်။

وَاَمَّا الۡغُلٰمُ فَكَانَ اَبَوٰهُ مُؤۡمِنَيۡنِ فَخَشِيۡنَاۤ اَنۡ يُّرۡهِقَهُمَا طُغۡيَانًا وَّكُفۡرًا ﴿۸۰﴾

(၈၀) ထို့ပြင် ထို(ကျွန်ုပ်သတ်လိုက်သည့်)လူငယ်လေးကမူ သူ၏မိဘ နှစ်ပါးသည် မုအ်မင်န်ယုံကြည်သူနှစ်ဦးဖြစ်ခဲ့သည်။ ကျွန်ုပ်သည် ထိုလူငယ်က(သူ၏) ဆိုးသွမ်းမှု၊ သွေဖည်မှုဖြင့် မိဘနှစ်ပါးအား အနိုင်ကျင့်မောပန်းအောင်(ဖိစီး လွှမ်းမိုးအောင်)ပြုလုပ်မည်ကို စိုးရိမ်ခဲ့သည်။

فَاَرَدۡنَاۤ اَنۡ يُّبۡدِلَهُمَا رَبُّهُمَا خَيۡرًا مِّنۡهُ زَكٰوةً وَّاَقۡرَبَ رُحۡمًا ﴿۸۱﴾

(၈၁) သို့ဖြစ်ရာ သူတို့နှစ်ဦးကို သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က ထိုလူငယ်လေးထက် စင်ကြယ်မှုတွင် ပိုကောင်းပြီး (မိဘနှစ်ပါး အား)ကောင်းမွန်သောဆက်ဆံမှု၌လည်း ပိုကောင်းသော (သားသမီးမျိုးကို) အစားပေးတော်မူရန် ကျွန်ုပ်ရည်ရွယ်ခဲ့သည်။

وَاَمَّا الۡجِدَارُ فَكَانَ لِغُلٰمَيۡنِ يَتِيۡمَيۡنِ فِى الۡمَدِيۡنَةِ وَكَانَ تَحۡتَهٗ كَنۡزٌ لَّهُمَا وَكَانَ اَبُوۡهُمَا صَالِحًا ۚ فَاَرَادَ رَبُّكَ اَنۡ يَّبۡلُغَاۤ اَشُدَّهُمَا وَيَسۡتَخۡرِجَا كَنۡزَهُمَا ‌ۖ رَحۡمَةً مِّنۡ رَّبِّكَ‌ ۚ وَمَا فَعَلۡتُهٗ عَنۡ اَمۡرِىۡ‌ ؕ ذٰلِكَ تَاۡوِيۡلُ مَا لَمۡ تَسۡطِعْ عَّلَيۡهِ صَبۡرًا ﴿۸۲﴾

(၈၂) ထို့ပြင် တံတိုင်းကမူ (ဤ)ရွာရှိ အဘမဲ့ကလေးနှစ်ဦး၏တံတိုင်း

ပင်ဖြစ်ခဲ့သည်။ ထို့ပြင် ထိုတံတိုင်း၏အောက်တွင် ထိုကလေးနှစ်ဦးအတွက် စုဆောင်းထားသော ဘဏ္ဍာပစ္စည်းများရှိနေသည်။ ထို့ပြင် ထိုကလေးနှစ်ဦး၏ ဖခင်သည်လည်း ကောင်းမြတ်သည့်သူတစ်ဦးဖြစ်ခဲ့သည်။ သို့ဖြစ်ရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် သူတို့နှစ်ဦး သူတို့၏ လူလားမြောက်သောအရွယ်ရောက်သည့်အခါတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ကရုဏာတော်ဖြင့် သူတို့၏ဘဏ္ဍာပစ္စည်းများကို ဖော်ထုတ်ကြရန် ရည်ရွယ်တော်မူခဲ့သည်။ ထို့ပြင် ကျွန်ုပ်သည် ထိုကိစ္စကို ကျွန်ုပ်သဘောဖြင့် ပြုလုပ်ခဲ့သည်မဟုတ်ပေ။ ၎င်းသည် အသင်သည်းခံပြီး မနေနိုင်ခဲ့သောကိစ္စ၏ အဖြစ်မှန်ပင်။❷

❷ ၎င်း၏သဘောနဲ့ ပြုလုပ်တာမဟုတ်ဘဲ အရှင်မြတ်ရဲ့အမိန့်အရ ပြုလုပ်တာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَسْـَٔلُونَكَ عَن ذِى ٱلْقَرْنَيْنِ ۖ قُلْ سَأَتْلُوا۟ عَلَيْكُم مِّنْهُ ذِكْرًا ﴿٨٣﴾

(၈၃) ထို့ပြင် ၎င်း(ကုရိုင်းရှ်အမျိုးသား)တို့သည် ဇွလ်ကရ်နိုင်န်❸နှင့် ပတ်သက်၍ အသင့်အား မေးမြန်းကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- ကျွန်ုပ်သည် ၎င်း၏အကြောင်းအရာထဲမှ အကြောင်းအရာတစ်ခုကို အသင်တို့ရှေ့၌ မကြာမီ ပြောပြမည်။

❸ ဇွလ်ကရ်နိုင်န်ဆိုတာ ဦးချိုနှစ်ခုပိုင်ရှင်ဆိုတဲ့အဓိပ္ပာယ်ဖြစ်တယ်။ တန်ခိုးအာဏာကြီးတဲ့သူဖြစ်ခဲ့ပြီး ကမ္ဘာ့အရှေ့စွန်း၊ အနောက်စွန်းတွေကို သွားရောက်နိုင်ခဲ့တဲ့သူဖြစ်လို့ အဲဒီလိုနာမည်တွင်သွားခဲ့တာဖြစ်နိုင်တယ်။ (အလင်းပြကျမ်း)

إِنَّا مَكَّنَّا لَهُۥ فِى ٱلْأَرْضِ وَءَاتَيْنَٰهُ مِن كُلِّ شَىْءٍ سَبَبًا ﴿٨٤﴾

(၈၄) အမှန်စင်စစ် ငါအရှင်မြတ်သည် ၎င်း(ဇွလ်ကရ်နိုင်န်)ကို ကမ္ဘာမြေတွင် အုပ်ချုပ်မှုအာဏာကိုပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူ့ကို အရာရာတိုင်းမှ(အောင်နိုင်မှု၏)အကြောင်းခံကို ပေးသနားတော်မူခဲ့သည်။❶

❶ အရှင်မြတ်ဟာ ဇွလ်ကရ်နိုင်န်ကို ကမ္ဘာမှာ စိုးမိုးနိုင်စွမ်းပေးတော်မူခဲ့တယ်။ သူ့ဆန္ဒအတိုင်း စီမံအုပ်ချုပ်နိုင်ဖို့ လိုအပ်တဲ့ပညာ၊ အရည်အချင်း၊ စွမ်းရည်၊ ပစ္စည်းပစ္စယတွေကို ပေးသနားတော်မူထားတယ်။ (အလင်းပြကျမ်း)

فَأَتْبَعَ سَبَبًا ﴿٨٥﴾

(၈၅) ထို့ပြင် သူသည် (ထိုအောင်နိုင်မှု)အကြောင်းခံ(၏လမ်းကြောင်း)ကို လိုက်ခဲ့သည်။

حَتَّىٰٓ إِذَا بَلَغَ مَغْرِبَ ٱلشَّمْسِ وَجَدَهَا تَغْرُبُ فِى عَيْنٍ حَمِئَةٍ وَوَجَدَ عِندَهَا قَوْمًا ۗ قُلْنَا يَٰذَا
ٱلْقَرْنَيْنِ إِمَّآ أَن تُعَذِّبَ وَإِمَّآ أَن تَتَّخِذَ فِيهِمْ حُسْنًا ﴿٨٦﴾

(၈၆) နောက်ဆုံးတွင် သူသည် နေဝင်သည့်နေရာကို ရောက်ရှိသည့် အခါ ထိုနေကို မည်းနက်နောက်ကျိနေသောအိုင်တစ်ခုထဲတွင် ဝင်နေသကဲ့သို့ တွေ့မြင်ရသည်။❶ ထို့ပြင် ထိုအိုင်၏အနီး၌ လူမျိုးတစ်မျိုးကိုလည်း တွေ့ရှိသည်။ ငါအရှင်မြတ်က အမိန့်ရှိတော်မူသည်- "အို-ဇုလ်ကရ်နိုင်န်၊ အသင်သည် သူတို့အား အပြစ်ဒဏ်လည်းခတ်နိုင်သည်၊ သို့မဟုတ် သူတို့နှင့် ကောင်းမွန်စွာ လည်း ဆက်ဆံနိုင်သည်။"

❶ ယူဂိုစလားဗီးယား အနောက်ဘက်မှာရှိတဲ့ အလွန်ကြီးမားတဲ့ အင်းကြီးဆီကို ရောက်ခဲ့တာဖြစ်တယ်။ အဲဒီအင်းရေတွေဟာ မည်းနက်နေတယ်။ နေဝင်ချိန်မှာ သာမန်လူတစ်ယောက် အမြင်အားဖြင့် ကြည့်ရင် နေမင်းဟာ အဲဒီအင်းထဲကို ဝင်သွားတယ်လို့ထင်ရတယ်။ တကယ်တော့ မဟုတ်ပါ။ (အလင်းပြကျမ်း)

قَالَ أَمَّا مَن ظَلَمَ فَسَوْفَ نُعَذِّبُهُۥ ثُمَّ يُرَدُّ إِلَىٰ رَبِّهِۦ فَيُعَذِّبُهُۥ عَذَابًا نُّكْرًا ﴿٨٧﴾

(၈၇) သူကပြောသည်- သူတို့ထဲမှ မည်သူမဆို မတရားပြုလုပ်လျှင် ကျွန်ုပ်သည် ထိုသူအား မကြာမီ ပြစ်ဒဏ်စီရင်မည်။ ထို့ပြင် ထိုသူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ထံသို့ ပြန်လည်ရောက်ရှိစေခြင်းခံရမည်။ ထို အခါ အရှင်မြတ်သည် သူ့အား ပြင်းထန်သောပြစ်ဒဏ်ကို စီရင်တော်မူလိမ့်မည်။

وَأَمَّا مَنْ ءَامَنَ وَعَمِلَ صَٰلِحًا فَلَهُۥ جَزَآءً ٱلْحُسْنَىٰ ۖ وَسَنَقُولُ لَهُۥ مِنْ أَمْرِنَا يُسْرًا ﴿٨٨﴾

(၈၈) ထို့ပြင် မည်သူမဆို အီမာန်ယုံကြည်ပြီး ကောင်းမြတ်သည့်လုပ်ရပ်ကို ပြုလုပ်ခဲ့လျှင် ထိုသူ့အတွက် အကျိုးအနေဖြင့် အကောင်းဆုံးအရာပင် ရှိမည်။ ထို့ပြင် ကျွန်ုပ်သည်လည်း သူ့အား ကျွန်ုပ်၏အမိန့်ထုတ်ပြန်ချက်တွင် နူးညံ့သည့်စကားကို မကြာမီ ပြောဆိုမည်။

ثُمَّ أَتْبَعَ سَبَبًا ﴿٨٩﴾

(၈၉) ထို့နောက် သူသည် (အခြား)လမ်းကြောင်းတစ်ခုကို လိုက်ပြန်သည်။

حَتَّىٰٓ إِذَا بَلَغَ مَطْلِعَ ٱلشَّمْسِ وَجَدَهَا تَطْلُعُ عَلَىٰ قَوْمٍ لَّمْ نَجْعَل لَّهُم مِّن دُونِهَا سِتْرًا ﴿٩٠﴾

(၉၀) နောက်ဆုံးတွင် သူသည် နေထွက်ရာနေရာကို ရောက်ရှိသည့် အခါ ယင်း(နေ)ကို အကြင်လူမျိုးတစ်မျိုးအပေါ်တွင် ထွက်နေသည်ကို တွေ့ရှိခဲ့သည်။ ငါအရှင်မြတ်သည် ၎င်း(လူမျိုး)နှင့် ယင်း(နေ)၏ကြားတွင် မည်သည့် အကာအကွယ်မှ ပြုလုပ်ပေးတော်မမူခဲ့ပေ။❷

❷ သူဟာ ဒုတိယခရီးမှာ ကမ္ဘာ့အရှေ့ဖျားကို ရောက်ခဲ့တယ်။ အဲဒီဒေသမှာ လူမျိုးတစ်မျိုးကိုတွေ့တယ်။ အဲဒီလူမျိုးဟာ အဝတ်အစားဝတ်ခြင်းလည်းမရှိကြဘူး။ အိုးအိမ်တည်ဆောက်နေထိုင်ခြင်း

လည်းမရှိကြဘူး။ နေပူထဲမှာပဲ နေလေ့ရှိကြတယ်။ (အလင်းပြကျမ်း)

كَذٰلِكَ ۖ وَقَدْ اَحَطْنَا بِمَا لَدَيْهِ خُبْرًا ﴿٩١﴾

(၉၁) ထိုအတိုင်းပင်၊ အမှန်စင်စစ် ငါအရှင်မြတ်သည် သူ့၌ ရှိသမျှကို တစ်ခုမကျန် ခြုံငုံသိရှိတော်မူသည်။❻

❻ အဲဒီခေတ်အခါက ခရီးသွားရတာအလွန်ခက်ခဲတာတောင် သူဟာ ကမ္ဘာ့အနောက်ဖျားကနေ၊ အရှေ့ဖျားကို သွားခဲ့တာဟာ အရှင်မြတ်က သူ့ကို ဘယ်လောက်များများ လိုအပ်တဲ့ပစ္စည်းကိရိယာ အစုံအလင်ပေးထားတယ်ဆိုတာ အရှင်မြတ်ပဲ သိတော်မူတယ်။ (အလင်းပြကျမ်း)

ثُمَّ اَتْبَعَ سَبَبًا ﴿٩٢﴾

(၉၂) ထို့နောက် သူသည် (အခြား)လမ်းတစ်ခုကို လိုက်ခဲ့ပြန်သည်။

حَتّٰۤى اِذَا بَلَغَ بَيْنَ السَّدَّيْنِ وَجَدَ مِنْ دُوْنِهِمَا قَوْمًا ۙ لَّا يَكَادُوْنَ يَفْقَهُوْنَ قَوْلًا ﴿٩٣﴾

(၉၃) နောက်ဆုံးတွင် သူသည် တောင်နှစ်လုံးကြားသို့ ရောက်ရှိသည့် အခါ ၎င်း(တောင်နှစ်လုံး)၏ရှေ့၌ စကားနားလည်ရန်ခဲယဉ်းသော လူမျိုးတစ်မျိုး ကို တွေ့ရှိခဲ့သည်။❼

❼ သူဟာ တတိယခရီးစဉ်မှာ ကမ္ဘာ့မြောက်ဖျားကို ခရီးထွက်ခဲ့တယ်။ တောင်နှစ်လုံးကြားမှာ ဘာသာစကားမှ မတတ်တဲ့ လူရိုင်းတွေနဲ့တွေ့ခဲ့တယ်။ သူတို့က ရန်သူတွေကနေ လုံခြုံအောင်တံတိုင်း တည်ဆောက်ပေးဖို့ တောင်းဆိုခဲ့ကြတယ်။ သူက ဆောက်လုပ်ပေးခဲ့တယ်။ (အလင်းပြကျမ်း)

قَالُوْا يٰذَا الْقَرْنَيْنِ اِنَّ يَاْجُوْجَ وَمَاْجُوْجَ مُفْسِدُوْنَ فِى الْاَرْضِ فَهَلْ نَجْعَلُ لَكَ خَرْجًا عَلٰۤى اَنْ تَجْعَلَ بَيْنَنَا وَبَيْنَهُمْ سَدًّا ﴿٩٤﴾

(၉၄) ထိုလူမျိုးများက အို-ဇွလ်ကရ်နိုင်န်၊ အမှန်စင်စစ် ယအ်ဂျူဂျ်နှင့် မအ်ဂျူဂျ်တို့သည်❽ ဤဒေသတွင် ဆူပူသောင်းကျန်းတိုက်ခိုက်ဖျက်ဆီးသူများ ဖြစ်ကြပါသည်။ သို့ဖြစ်ရာ အသင်သည် ကျွန်ုပ်တို့နှင့် သူတို့အကြားတွင် အကာ အရံတစ်ခုကို ပြုလုပ်ပေးရန်အတွက် ကျွန်ုပ်တို့သည် အသင့်အား ကုန်ကျစရိတ် စုဆောင်းပြီး ပေးကြရမည်လောဟု ပြောဆိုကြသည်။

❽ ကိယာမသ်နီးမဲ့အချိန်မှာ အလွန်အမင်း ဖျက်ဆီးရေးတွေလုပ်မဲ့ ယအ်ဂျူဂျ်နဲ့ မအ်ဂျူဂျ်ဆိုတဲ့ လူမျိုးတွေ ပေါ်ထွက်လာလိမ့်မယ်၊ အခုတော့ သူတို့ ထွက်မလာနိုင်အောင် တံတိုင်းကြီးနဲ့ ကာထား ပေးတာဖြစ်တယ်။ အဲဒီလောက်ပဲ သိထားရင် လုံလောက်ပြီဖြစ်တယ်။ သူတို့အကြောင်းနဲ့ပတ်သက် ပြီး ကုရ်အာန်မှာ ဖော်ပြထားတာလောက်ပဲ ကွဲလွဲမှုမရှိဘူး။ ကျန်တာတွေဟာ အဆိုအမျိုးမျိုးကွဲ ပြားလျက်ရှိတယ်။ (အလင်းပြကျမ်း၊ အွခ်မာနီ)

قَالَ مَا مَكَّنِّىْ فِيْهِ رَبِّىْ خَيْرٌ فَاَعِيْنُوْنِىْ بِقُوَّةٍ اَجْعَلْ بَيْنَكُمْ وَبَيْنَهُمْ رَدْمًا ﴿٩٥﴾

(၉၅) သူကပြောဆိုသည်- ၎င်းနှင့်ပတ်သက်၍ ကျွန်ုပ်အား ဖန် ဆင်းမွေးမြူတော်မူသောအရှင်မြတ်က ကျွန်ုပ်ကို ပေးတော်မူထားသောစွမ်းရည်

သည် အလွန်များပါသည်။ သို့ဖြစ်ရာ အသင်တို့သည် ကျွန်ုပ်အား(အသင်တို့၏) လုပ်အားဖြင့်သာ ကူညီကြပါ။ ကျွန်ုပ်သည် အသင်တို့နှင့် သူတို့ကြားတွင် အလွန်ခိုင်ခံ့မြင့်မားသော တံတိုင်းကို ပြုလုပ်ပေးမည်။

اٰتُوْنِيْ زُبَرَ الْحَدِيْدِ ؕ حَتّٰۤى اِذَا سَاوٰى بَيْنَ الصَّدَفَيْنِ قَالَ انْفُخُوْا ؕ حَتّٰۤى اِذَا جَعَلَهٗ نَارًا ۙ قَالَ اٰتُوْنِيْۤ اُفْرِغْ عَلَيْهِ قِطْرًا ؕ﴿٩٦﴾

(၉၆) အသင်တို့သည် သံပြားများကို ကျွန်ုပ်ထံယူဆောင်လာခဲ့ကြပါ။ နောက်ဆုံးတွင် တောင်ထိပ်နှစ်ခုကြားတွင် (ထိုသံပြားများဖြင့်) ညီညာသွားအောင် ပြုလုပ်ပြီးသည့်အခါ သူက ပြောဆိုညွှန်ကြားသည်- အသင်တို့သည်(မီးတောက်အောင်)လေမှုတ်ကြပါ။ နောက်ဆုံးတွင် ထိုသံပြားများကို သူက မီးဖြစ်အောင် ပြုလုပ်ပြီးသည့်အခါတွင် သူကပြောဆိုသည်- အသင်တို့သည် ကျွန်ုပ်ထံသို့ ကြေးနီရည်ကိုယူခဲ့ကြပါ။ ကျွန်ုပ်သည် ထို(နီရဲနေသော သံပြားများ)ပေါ်တွင် သွန်းလောင်းမည်။

فَمَا اسْطَاعُوْۤا اَنْ يَّظْهَرُوْهُ وَمَا اسْتَطَاعُوْا لَهٗ نَقْبًا ﴿٩٧﴾

(၉၇) ထို(တံတိုင်းကြီးကိုပြုလုပ်ပြီးစီးသည့်)အခါ ၎င်း(ယအ်ဂျူဂ်ျနှင့် မအ်ဂျူဂ်ျ)တို့သည် ထိုတံတိုင်းကြီးကို ကျော်တက်ခြင်းနှင့် ဖောက်ထွင်းခြင်းကို မပြုစွမ်းနိုင်ခဲ့ကြတော့ပေ။

قَالَ هٰذَا رَحْمَةٌ مِّنْ رَّبِّيْ ۚ فَاِذَا جَآءَ وَعْدُ رَبِّيْ جَعَلَهٗ دَكَّآءَ ۚ وَكَانَ وَعْدُ رَبِّيْ حَقًّا ؕ﴿٩٨﴾

(၉၈) သူကပြောသည်- ဤသည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ထံမှ ကရုဏာပင်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ ချိန်းဆိုထားသောအချိန်ကာလ ရောက်သည့်အခါ အရှင်မြတ်သည် ထိုတံတိုင်းကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဖြိုဖျက်တော်မူလိမ့်မည်။ ထို့ပြင် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ချိန်းဆိုမှုသည် မှန်ကန်သည်။

وَتَرَكْنَا بَعْضَهُمْ يَوْمَئِذٍ يَّمُوْجُ فِيْ بَعْضٍ وَّنُفِخَ فِي الصُّوْرِ فَجَمَعْنٰهُمْ جَمْعًا ۙ﴿٩٩﴾

(၉၉) ထို့ပြင် ငါအရှင်မြတ်သည် ထို(ယအ်ဂျူဂ်ျနှင့် မအ်ဂျူဂ်ျလူမျိုးများ)ထဲမှ တစ်ဦးကို တစ်ဦးအပေါ်တွင် လှိုင်းလိပ်ကဲ့သို့ တိုးဝှေ့ထပ်ဆင့်လျက်ရှိစေတော်မူမည်။ ထို့ပြင် တံပိုးခရာမှုတ်ပြီးသည့်အခါ ငါအရှင်မြတ်သည် သူတို့အားလုံးကို စုရုံးတော်မူမည်။

وَّعَرَضْنَا جَهَنَّمَ يَوْمَئِذٍ لِّلْكٰفِرِيْنَ عَرْضًا ﴿١٠٠﴾

(၁၀၀) ထို့ပြင် ငါအရှင်မြတ်သည် ထိုနေ့တွင်ဂျဟန္နမ်ငရဲဘုံကို ကာဖိရ်ငြင်းပယ်သူများ၏ရှေ့၌ အထင်အရှားပြတော်မူမည်။

الَّذِيْنَ كَانَتْ اَعْيُنُهُمْ فِيْ غِطَآءٍ عَنْ ذِكْرِيْ وَكَانُوْا لَا يَسْتَطِيْعُوْنَ سَمْعًا ﴿١٠١﴾

(၁၀၁) အကြင်(ငြင်းပယ်)သူများသည် သူတို့၏မျက်စိများက ငါအရှင်မြတ်အား အောက်မေ့သတိရတသခြင်းမှ ဖုံးကွယ်လျက်ရှိခဲ့သည်။ ထို့ပြင် သူတို့သည် (ထိုကုရ်အာန်ကျမ်းတော်မြတ်ကို နားဝင်အောင်)နားထောင်နိုင်ခြင်းလည်း မရှိခဲ့ကြပေ။

اَفَحَسِبَ الَّذِيْنَ كَفَرُوْٓا اَنْ يَّتَّخِذُوْا عِبَادِيْ مِنْ دُوْنِيْٓ اَوْلِيَآءَ ۭ اِنَّآ اَعْتَدْنَا جَهَنَّمَ لِلْكٰفِرِيْنَ نُزُلًا ﴿١٠٢﴾

(၁၀၂) ထို့နောက်လည်း ကာဖိရ်များသည် ငါအရှင်မြတ်အား စွန့်ပြီး ငါအရှင်မြတ်၏ကျွန်များကို ကိုးကွယ်ရာများအဖြစ် ပြုလုပ်ကြသည်ကို (ငါအရှင်မြတ်က အရေးယူမည်မဟုတ်ဟု) ထင်မှတ်ကြသလော။ အမှန်စင်စစ် ငါအရှင်မြတ်သည် ဂျဟန္နမ်ငရဲဘုံကို ကာဖိရ်များအတွက် ဧည့်ခံရာနေရာအဖြစ် အသင့်ပြင်ဆင်ထားပြီးဖြစ်သည်။

قُلْ هَلْ نُنَبِّئُكُمْ بِالْاَخْسَرِيْنَ اَعْمَالًا ﴿١٠٣﴾

(၁၀၃) (အို- တမန်တော်) အသင်ပြောလိုက်ပါ- ငါသည် အသင်တို့အား လုပ်ရပ်အနေဖြင့် အလွန်ဆုံးရှုံးမည့်သူများနှင့်ပတ်သက်၍အသိပေးရမည်လော။

اَلَّذِيْنَ ضَلَّ سَعْيُهُمْ فِي الْحَيٰوةِ الدُّنْيَا وَهُمْ يَحْسَبُوْنَ اَنَّهُمْ يُحْسِنُوْنَ صُنْعًا ﴿١٠٤﴾

(၁၀၄) အကြင်သူများပင်၊ ထိုသူများ၏ကြိုးပမ်းမှုများသည် ဤဘဝ၌ပင် ပျက်စီးပျောက်ကွယ်သွားခဲ့ပြီ(ဖြစ်သော်လည်း) ထိုသူများကမူ ၎င်းတို့သည် ကောင်းကျိုးပြုလုပ်နေကြသည်ဟု ထင်မှတ်နေကြလျက်ပင်ရှိသည်။

اُولٰٓئِكَ الَّذِيْنَ كَفَرُوْا بِاٰيٰتِ رَبِّهِمْ وَلِقَآئِهٖ فَحَبِطَتْ اَعْمَالُهُمْ فَلَا نُقِيْمُ لَهُمْ يَوْمَ الْقِيٰمَةِ وَزْنًا ﴿١٠٥﴾

(၁၀၅) ထိုသူများပင်၊ သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏သက်သေလက္ခဏာများသာမက အရှင်မြတ်နှင့် တွေ့ဆုံခြင်းကိုလည်း ငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ သူတို့၏လုပ်ရပ်များသည် အကျိုးမဲ့ဖြစ်ခဲ့ကြသည်။ ထို့နောက် ငါအရှင်မြတ်သည်လည်း ကိယာမသ်နေ့တွင် သူတို့အတွက် (မည်သည့်ကောင်းမှုမျှ မရှိတော့၍ သူတို့၏လုပ်ရပ်များကို ချိန်ပေးရန်) မည်သည့်အလေးချိန်မျှ သတ်မှတ်ပေးတော်မူမည်မဟုတ်ပေ။

ذٰلِكَ جَزَآؤُهُمْ جَهَنَّمُ بِمَا كَفَرُوْا وَاتَّخَذُوْٓا اٰيٰتِيْ وَرُسُلِيْ هُزُوًا ﴿١٠٦﴾

(၁၀၆) (သူတို့၏လုပ်ရပ်များ အကျိုးမဲ့ဖြစ်သွားပြီးနောက် ကောင်းမှုများမရှိတော့သည့်အခဲဆုံး၌) ၎င်းသည် သူတို့၏အစားပေးခံရမည့်အရာ ဂျဟန္နမ်ငရဲဘုံပင်ဖြစ်တော့သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ငြင်းပယ်ခဲ့ကြသည့်အပြင် ငါအရှင်မြတ်၏ သက်သေလက္ခဏာများနှင့် ငါအရှင်မြတ်၏တမန်တော်များကို ပြောင်လှောင်ခဲ့ကြသည့်အတွက်ကြောင့် ဖြစ်သည်။

اِنَّ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ كَانَتْ لَهُمْ جَنّٰتُ الْفِرْدَوْسِ نُزُلًا ﴿١٠٧﴾

(၁၀၇) အမှန်စင်စစ် အကြင်သူတို့သည် အီမာန်ယုံကြည်ခဲ့ကြသည်။ ထို့ပြင် သူတို့သည် ကောင်းမြတ်သောလုပ်ရပ်များကို ဆောက်တည်ခဲ့ကြသည်။ သူတို့အတွက် ဖိရ်ဒေါင်စ်ဥယျာဉ်သည် ဧည့်ခံရာဌာနအဖြစ်ရှိသည်။

خٰلِدِيْنَ فِيْهَا لَا يَبْغُوْنَ عَنْهَا حِوَلًا ﴿١٠٨﴾

(၁၀၈) သူတို့သည် ထိုအထဲတွင် အမြဲနေထိုင်ရမည့်သူများဖြစ်မည်၊ သူတို့သည် ထိုဥယျာဉ်မှ လုံးဝရွှေ့ပြောင်းလိုကြမည်မဟုတ်ပေ။

قُلْ لَّوْ كَانَ الْبَحْرُ مِدَادًا لِّكَلِمٰتِ رَبِّيْ لَنَفِدَ الْبَحْرُ قَبْلَ اَنْ تَنْفَدَ كَلِمٰتُ رَبِّيْ وَلَوْ جِئْنَا بِمِثْلِهٖ
مَدَدًا ﴿١٠٩﴾

(၁၀၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အကယ်၍ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ စကားတော်များ❶ (ကို ရေးသားရန်) အတွက် ပင်လယ်သည် မင်ရည်များ ဖြစ်ခဲ့မည်ဆိုလျှင်လည်း၊ ထို့ပြင် အကယ်၍ ငါတို့သည် ထို(ပင်လယ်)ကဲ့သို့ အခြား(ပင်လယ်)ကို (ထပ်ဖြည့်ရန်) အကူအညီ ယူခဲ့ဦးမည်ဆိုလျှင်လည်း ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏စကားတော်များသည် ကုန်ဆုံးခြင်းမရှိဘဲ၊ ထိုပင်လယ်များသည် အမှန်ပင် ကုန်ခန်းသွားလိမ့်မည်။

❶ အရှင်မြတ်ရဲ့ စကားတော်တွေဟာ ရေးလို့ မကုန်နိုင်ဘူးဆိုရင် အရှင်မြတ်ရဲ့ ဉာဏ်ပညာဟာလည်း ဘယ်လောက်ကျယ်ဝန်းပြီး အကန့်အသတ်မရှိဘူးဆိုတာ အလွယ်တကူသိနိုင်တယ်။ အဲဒီ အရှင်မြတ်ရဲ့အနန္တပညာရဲ့ရှေ့မှာ လူသားရဲ့ပညာဟာ ဘာမှမရှိသလောက်ပဲ ဖြစ်တာထင်ရှားအောင် ပြသတာဖြစ်တယ်။ (အလင်းပြကျမ်း)။ كَلِمٰت စကားတော်တွေနဲ့ပတ်သက်ပြီး ဖွင့်ဆိုချက်အမျိုးမျိုးလာရှိတယ်။ အသိတရားတော်တွေလို့လည်းဖွင့်ဆိုတယ်။(ဂျလာလိုင်န်)သောင်ရာသ်၊ ကုရ်အာန်စတဲ့ ကောင်းကင်ကျမ်းစာတွေရဲ့ အိလ်မ်အသိပညာလို့လည်း ဖွင့်ဆိုကြတယ်။ (ကုရ်သွုဗီ )အိလ်မ် မုဟီးသွ် အရှင်မြတ်ရဲ့လွှမ်းခြုံတဲ့အသိပညာလို့လည်း ဖွင့်ဆိုတယ်။(သွဗ်ရီ) အရှင်မြတ်ရဲ့အသိလို့လည်း ဖွင့်ဆိုတယ်။ (ဖသ်ဟွလ်ကဒီးရ်)

قُلْ إِنَّمَآ أَنَا بَشَرٌ مِّثْلُكُمْ يُوحَىٰٓ إِلَيَّ أَنَّمَآ إِلَٰهُكُمْ إِلَٰهٌ وَٰحِدٌ ۖ فَمَن كَانَ يَرْجُوا۟ لِقَآءَ رَبِّهِۦ
فَلْيَعْمَلْ عَمَلًا صَٰلِحًا وَلَا يُشْرِكْ بِعِبَادَةِ رَبِّهِۦٓ أَحَدًۢا ﴿١١٠﴾

(၁၁၀) (အို-တမန်တော်) အသင်ပြောလိုက်ပါ- ငါသည် အသင်တို့ကဲ့သို့ လူသားတစ်ဦးပင်ဖြစ်သည်။ အသင်တို့၏ကိုးကွယ်ထိုက်သည့်အရှင်သည် တစ်ပါးတည်းရှိသော ကိုးကွယ်ထိုက်သည့်အရှင်မြတ်ပင် ဖြစ်တော်မူကြောင်း ငါ့ထံသို့ ဝဟီအမိန့်တော် ချပေးခံရ(ခြင်းပင် ငါ၏ထူးခြားချက် ဖြစ်)သည်။ သို့ဖြစ်ရာ မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့်တွေ့ဆုံရန် မျှော်လင့်နေသူသည် ကောင်းမြတ်သောလုပ်ရပ်ကို ပြုလုပ်ရမည်။ ထို့ပြင် ထိုသူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကိုးကွယ်ရာတွင် မည်သူ့ကိုမျှ တွဲဖက်ကိုးကွယ်မှုမပြုရပေ။❶

❶ ငါဟာ လူသားတစ်ဦးပဲဖြစ်တယ်။ ကိုးကွယ်ထိုက်တဲ့အရှင်မဟုတ်ဘူး။ ကိုးကွယ်ထိုက်တဲ့အရှင်ဟာ တစ်ပါးတည်းတည်ရှိတဲ့ အလ္လာဟ်အရှင်မြတ်ဖြစ်တယ်။ အဲဒီအရှင်မြတ်ထံတော်ကနေ ငါ့ထံကို အမိန့်တော်တွေချပေးတာဖြစ်တယ်။ အဲဒီအရှင်တစ်ပါးတည်းကိုပဲ ကိုးကွယ်ရမှာဖြစ်တယ်။ တွဲဖက်ကိုးကွယ်ခြင်းကို အဲဒီအရှင်မြတ်က လက်ခံတော်မမူဘူး။ အရှင်မြတ်အတွက် စေတနာသန့်သန့်နဲ့ သက်သက် ခဝပ်ကိုးကွယ်တာကိုပဲလက်ခံတော်မူတာဖြစ်တယ်။ ရှိရက်အငယ်စားးကိုရော၊ အကြီးစားကိုပါ လုံးဝလက်ခံတော်မမူဘူး။ (အလင်းပြကျမ်း)

==========================================================

ركوعاتها ٦ ١٩ سُوْرَةُ مَرْيَمَ مَكِّيَّةٌ ٤٤ اٰياتها ٩٨

## စူရဟ် မရ်ယမ် (မရ်ယမ်ကဏ္ဍ) سُوْرَةُ مَرْيَمَ

==========================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

كٓهٰيٰعٓصٓ ﴿١﴾

(၁) ကာဖ် ဟာ ယာ အိုင်န် စွာဒ် ။ ❶

❶ အဓိပ္ပာယ်ကို အရှင်မြတ်ပဲ သိတော်မူတယ်။ (အလင်းပြကျမ်း)

ذِكْرُ رَحْمَتِ رَبِّكَ عَبْدَهٗ زَكَرِيَّا ﴿٢﴾

(၂) (ဤသည်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က အရှင်မြတ်၏ကျွန် ဇကရိယာ❷ ၏အပေါ်တွင် ကရုဏာပြုတော်မူခဲ့သည်ကို ထုတ်ဖော်မိန့်တော်မူခြင်းဖြစ်သည်။

❷ ဇကရိယာ عليه السلام ဟာ အစ္စရာအီလ်မျိုးနွယ်ထဲမှာ ပွင့်ပေါ်ခဲ့တဲ့ တမန်တော်တစ်ပါးဖြစ်ပြီး တမန်တော်အီစာ عليه السلام ရဲ့မိခင်ဖြစ်တဲ့ အလွန်မှန်ကန်သူအမျိုးသမီးမရ်ယမ်ကို ငယ်စဉ်က ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့တမန်တော်ဖြစ်တယ်။ (အလင်းပြကျမ်း)

اِذْ نَادٰى رَبَّهٗ نِدَآءً خَفِيًّا ﴿٣﴾

(၃) တစ်ခါတွင် ၎င်း(တမန်တော်ဇကရိယာ)သည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို တီးတိုးစွာ လျှောက်ထားခဲ့သည်။

قَالَ رَبِّ اِنِّيْ وَهَنَ الْعَظْمُ مِنِّيْ وَاشْتَعَلَ الرَّاْسُ شَيْبًا وَّلَمْ اَكُنْۢ بِدُعَآئِكَ رَبِّ شَقِيًّا ﴿٤﴾

(၄) ၎င်း(တမန်တော်ဇကရိယာ)က ပြောဆိုလျှောက်ထားခဲ့သည်- အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အမှန်စင်စစ် ကျွန်ုပ်၏ အရိုးများသည် အားအင်ချည့်နဲ့နေပြီဖြစ်ပါသည်။ ထို့ပြင် ဦးခေါင်းမှာလည်း အိုမင်းရင့်ရော်မှု(၏ဆံဖြူများ)ကြောင့် ဖြူဖွေးတောက်ပနေပြီဖြစ်ပါသည်။ ထို့ပြင် အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်ုပ်သည် အရှင်မြတ်ကို ဟစ်ခေါ်တမ်းတလျှောက်ထားမှုကြောင့် (မည်သည့်အခါကမျှ)လက်မဲ့မဖြစ်ခဲ့ဖူးပါ။

وَاِنِّيْ خِفْتُ الْمَوَالِيَ مِنْ وَّرَآءِيْ وَكَانَتِ امْرَاَتِيْ عَاقِرًا فَهَبْ لِيْ مِنْ لَّدُنْكَ وَلِيًّا ﴿٥﴾

(၅) အမှန်စင်စစ် ကျွန်ုပ်သည် ကျွန်ုပ်၏နောက်တွင် ဆွေမျိုးသားချင်း

များနှင့်ပတ်သက်၍ စိုးရိမ်ခဲ့ပါသည်။ ထို့ပြင် ကျွန်ုပ်၏ဇနီးသည်လည်း သားသမီး မရသောအမြုံပင် ဖြစ်နေပါသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်ုပ်အား အရှင် မြတ်ထံတော်မှ သားကောင်းရတနာ အမွေစားအမွေခံ တစ်ဦးကို ပေးသနားတော် မူပါ။❻

❻ သူ့မျိုးနွယ်ထဲမှာ သာသနာ့အမွေဆက်ခံတဲ့သူမရှိရင် သာသနာပျက်စီးယိုယွင်းသွားမှာကို စိုးရိမ်လို့ အရှင်မြတ်ထံတော်မှာ အမွေစားအမွေခံတောင်းခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

يَّرِثُنِيۡ وَيَرِثُ مِنۡ اٰلِ يَعۡقُوۡبَ ۖ وَاجۡعَلۡهُ رَبِّ رَضِيًّا ﴿٦﴾

(၆) ထိုအမွေစားအမွေခံသည် ကျွန်ုပ်၏ဆက်ခံသူလည်း ဖြစ်စေတော်မူပါ။ ထို့ပြင် (တမန်တော်)ယအ်ကူဗ်၏ သားမြေးများ၏ဆက်ခံသူလည်း ဖြစ်စေ တော်မူပါ။ ထို့ပြင် အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင် မြတ်သည် ၎င်းအား (အရှင်မြတ်ထံတော်တွင်) နှစ်သက်ခံရသူလည်း ဖြစ်စေ တော်မူပါ။

يٰزَكَرِيَّاۤ اِنَّا نُبَشِّرُكَ بِغُلٰمِ ۨاسۡمُهٗ يَحۡيٰى ۙ لَمۡ نَجۡعَلۡ لَّهٗ مِنۡ قَبۡلُ سَمِيًّا ﴿٧﴾

(၇) အို- ဇကရိယာ၊ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား ယဟ်ယာအမည်❼ရှိသော သားရတနာတစ်ပါးနှင့်ပတ်သက်၍ သတင်းကောင်း ပေးတော်မူသည်။ ငါအရှင်မြတ်သည် ထိုအမည်မျိုးကို ယခင်က မည်သူ့ကိုမျှ ထားမပေးခဲ့ပေ။

❼ ယဟ်ယာအမည်ဟာ အရင်ကမရှိခဲ့သေးဘူး။ (အလင်းပြကျမ်း)

قَالَ رَبِّ اَنّٰى يَكُوۡنُ لِىۡ غُلٰمٌ وَّكَانَتِ امۡرَاَتِىۡ عَاقِرًا وَّقَدۡ بَلَغۡتُ مِنَ الۡكِبَرِ عِتِيًّا ﴿٨﴾

(၈) ၎င်း(တမန်တော်ဇကရိယာ)က ပြောဆိုလျှောက်ထားခဲ့သည်- အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်ုပ်၏ဇနီးသည် လည်း သားသမီးမရနိုင်သော အမြုံဖြစ်နေရုံမက အမှန်စင်စစ် ကျွန်ုပ်သည် လည်း အိုမင်းရင့်ရော်မှု၏အဆုံးစွန်သို့ ရောက်နေပြီဖြစ်ပါလျက် ကျွန်ုပ်တွင် မည်သို့ သားရတနာရနိုင်ပါမည်နည်း။

قَالَ كَذٰلِكَ ۚ قَالَ رَبُّكَ هُوَ عَلَىَّ هَيِّنٌ وَّقَدۡ خَلَقۡتُكَ مِنۡ قَبۡلُ وَلَمۡ تَكُ شَيۡـًٔا ﴿٩﴾

(၉) ၎င်း(ကောင်းကင်တမန်)က ပြောသည်- ထိုသို့ပင်ဖြစ်မည်။ အသင့် အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က မိန့်ကြားတော်မူသည်၊ ယင်းသည် ငါအရှင်မြတ်အပေါ်တွင် အလွန်လွယ်ကူသည်၊ ထို့ပြင် အမှန်စင်စစ် ငါအရှင် မြတ်သည် ယခင်က အသင့်အား ဖန်ဆင်းတော်မူခဲ့သည်၊ ထို့ပြင် အသင်သည်

(ထိုစဉ်က)မည်သည့်အရာမျှ မရှိခဲ့ပေ။

قَالَ رَبِّ اجْعَلْ لِّيْٓ اٰيَةً ۭ قَالَ اٰيَتُكَ اَلَّا تُكَلِّمَ النَّاسَ ثَلٰثَ لَيَالٍ سَوِيًّا ۝١٠

(၁၀) ၎င်းက ပြောဆိုလျှောက်ထားသည်- အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် (ကျွန်ုပ်၏ဇနီး ကိုယ်ဝန်ဆောင်သည်ကိုသိရှိရန်) သက်သေလက္ခဏာတစ်စုံတစ်ရာကို ကျွန်ုပ်အတွက် ပြုလုပ်ပေးတော်မူပါ။ အရှင်မြတ်က အမိန့်ရှိတော်မူသည်- အသင်သည် သုံးညတိတိ လူများနှင့် စကားမပြောနိုင်ခြင်းသည် အသင့်(ဇနီး ကိုယ်ဝန်ရှိခြင်း၏)သက်သေလက္ခဏာပင်ဖြစ်သည်။

فَخَرَجَ عَلٰي قَوْمِهٖ مِنَ الْمِحْرَابِ فَاَوْحٰٓى اِلَيْهِمْ اَنْ سَبِّحُوْا بُكْرَةً وَّعَشِيًّا ۝١١

(၁၁) ထို့နောက် ၎င်း(တမန်တော်ဇကရိယာ)သည် ဝတ်ပြုဆောင်မှ ၎င်း၏အမျိုးသားများ၏ရှေ့သို့ ထွက်ခဲ့၍ အသင်တို့သည် နံနက်နှင့် ညနေတွင် သတ်စ်ဗီဟ် ရွတ်ဆိုကြပါဟု (လက်ရိပ်ဖြင့်) ညွှန်ကြားခဲ့သည်။

يٰيَحْيٰى خُذِ الْكِتٰبَ بِقُوَّةٍ ۭ وَاٰتَيْنٰهُ الْحُكْمَ صَبِيًّا ۝١٢

(၁၂) အို-ယဟ်ယာ၊ အသင်သည် ကျမ်းဂန်[၁]ကို စွဲမြဲစွာ ကိုင်ထားပါ၊ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအား ကလေးဘဝ၌ပင် ပညာဉာဏ်အမြော်အမြင်ကို ပေးသနားတော်မူခဲ့သည်။[၂]

[၁] သောင်ရာသ်ကျမ်းကို ဆိုလိုတယ်။(အလင်းပြကျမ်း) [၂] ကလေးဘဝမှာကတည်းက ကျမ်းဂန်ထဲက ပညာရပ်တွေကို တတ်သိနားလည် ကျွမ်းကျင်အောင် အရှင်မြတ်က စွမ်းအားပေးတော်မူခဲ့တယ်။ (အလင်းပြကျမ်း)

وَّحَنَانًا مِّنْ لَّدُنَّا وَزَكٰوةً ۭ وَكَانَ تَقِيًّا ۝١٣

(၁၃) ထို့ပြင် ငါအရှင်မြတ်ထံတော်မှ အကြင်နာနှင့် စင်ကြယ်မှုကို (ပေးတော်မူခဲ့သည်)။ ထို့ပြင် ၎င်းသည် အလွန်ကြောက်ရွံ့အပြစ်ရှောင်ပြီး ကောင်းကျိုးဆောင်သူဖြစ်ခဲ့သည်။[၄]

[၃] ဇကာသ်ဆိုတာ ဒီနေရာမှာ စိတ်နလုံးသန့်ပြန့်စင်ကြယ်ခြင်းကို ဆိုလိုတယ်။(အလင်းပြကျမ်း)
[၄] အရှင်မြတ်ကို ကြောက်ရွံ့အပြစ်ရှောင်ကောင်းကျိုးဆောင်သူဖြစ်တယ်။ အရှင်မြတ်ကို ကြောက်လွန်းလို့ အမြဲငိုနေတဲ့အတွက် မျက်နှာပေါ်မှာ မျက်ရည်စီးကြောင်းအရာတောင် ထင်နေခဲ့တယ်။ (အလင်းပြကျမ်း)

وَّبَرًّۢا بِوَالِدَيْهِ وَلَمْ يَكُنْ جَبَّارًا عَصِيًّا ۝١٤

(၁၄) ထို့ပြင် ၎င်း၏မိဘနှစ်ပါးကို အလွန်ကျေးဇူးပြုတတ်သူလည်းဖြစ်ခဲ့သည်။[၅] ထို့ပြင် ၎င်းသည် မာန်မာနထောင်လွှားသူ၊ အမိန့်ဖီဆန်သူမဖြစ်ခဲ့ပေ။[၆]

❶ မိဘနှစ်ပါးကို ကောင်းကောင်းပြုစုခဲ့တယ်။ (အလင်းပြကျမ်း) ❻ စိတ်နှလုံးနူးညံ့သိမ်မွေ့သူ ဖြစ်ပြီး အရှင်မြတ်ရဲ့အမိန့်တော်တွေကို အလွန်လိုက်နာသူဖြစ်ခဲ့တယ်။ (အလင်းပြကျမ်း)

وَسَلٰمٌ عَلَيۡهِ يَوۡمَ وُلِدَ وَيَوۡمَ يَمُوۡتُ وَيَوۡمَ يُبۡعَثُ حَيًّا ﴿١٥﴾

(၁၅) ထို့ပြင် ၎င်း၏အပေါ်တွင် ၎င်းဖွားမြင်သည့်နေ့နှင့်ကွယ်လွန်မည့်နေ့အပြင် ရှင်ပြန်ထရမည့်နေ့၌လည်း ငြိမ်းချမ်းသာယာမှုကျရောက်ပါစေ။❼

❼ တမန်တော်ယဟ်ယာ ﷺ အပေါ်မှာ အရှင်မြတ်ရဲ့ငြိမ်းချမ်းသာယာမှုဟာ အမြဲကျရောက်လျက်ရှိနေခဲ့တယ်။ (အလင်းပြကျမ်း၊ မအာရိဖွလ်ကုရ်အာန်)

وَاذۡكُرۡ فِى الۡكِتٰبِ مَرۡيَمَ‌ۘ اِذِ انْتَبَذَتۡ مِنۡ اَهۡلِهَا مَكَانًا شَرۡقِيًّا ۙ‏ ﴿١٦﴾

(၁၆) ထို့ပြင် အသင်(တမန်တော်)သည် (ဤကုရ်အာန်)ကျမ်းတော်မြတ်၌ မရ်ယမ်၏အကြောင်းကိုဖတ်ပြလိုက်ပါ။ တစ်ခါတွင် သူမသည် သူမ၏အိမ်သူအိမ်သားများထံမှ ခွဲခွာပြီး အရှေ့ဘက်တွင်ရှိသော အခန်းတစ်ခန်းထံသို့ သွားနေခဲ့သည်။

فَاتَّخَذَتۡ مِنۡ دُوۡنِهِمۡ حِجَابًا فَاَرۡسَلۡنَاۤ اِلَيۡهَا رُوۡحَنَا فَتَمَثَّلَ لَهَا بَشَرًا سَوِيًّا‏ ﴿١٧﴾

(၁၇) ထို့နောက် သူမသည် အိမ်သူအိမ်သားများရှေ့မှ လိုက်ကာတစ်ခုချခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူမထံသို့ ငါအရှင်မြတ်၏ ကောင်းကင်တမန်ကို စေလွှတ်တော်မူခဲ့သည်။ ထို့နောက် ယင်း(ကောင်းကင်တမန်)သည် သူမ၏ရှေ့၌ ပကတိလူသားတစ်ဦး၏ ပုံသဏ္ဍာန်နှင့် ကိုယ်ထင်ပြခဲ့သည်။

قَالَتۡ اِنِّىۡۤ اَعُوۡذُ بِالرَّحۡمٰنِ مِنۡكَ اِنۡ كُنۡتَ تَقِيًّا‏ ﴿١٨﴾

(၁၈) သူမကပြောသည်- အကယ်၍ အသင်သည် (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့သူတစ်ဦးဖြစ်ခဲ့လျှင် အမှန်စင်စစ် ကျွန်မသည် အသင်(၏အန္တရာယ်)မှ ရဟ်မာန်အနန္တကရုဏာတော်ရှင်ထံတွင် ခိုလှုံပါသည်။

قَالَ اِنَّمَاۤ اَنَا رَسُوۡلُ رَبِّكِ ‌ۖ لِاَهَبَ لَكِ غُلٰمًا زَكِيًّا‏ ﴿١٩﴾

(၁၉) ၎င်း(ကောင်းကင်တမန်)က ပြောသည်- ကျွန်ုပ်သည် အသင်မအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏စေတမန်ပင် ဖြစ်သည်။ ကျွန်ုပ်သည် အသင်မအား စင်ကြယ်အပြစ်ကင်းသော သားရတနာတစ်ဦးပေးရန် (လာရောက်ခြင်း)ဖြစ်သည်။

قَالَتۡ اَنّٰى يَكُوۡنُ لِىۡ غُلٰمٌ وَّلَمۡ يَمۡسَسۡنِىۡ بَشَرٌ وَّلَمۡ اَكُ بَغِيًّا‏ ﴿٢٠﴾

(၂၀) သူမကပြောသည်- ကျွန်မကို မည်သည့်ယောကျ်ားတစ်ဦးတစ်ယောက်ကမျှ မထိတွေ့ဖူးဘဲနှင့်၊ ထို့ပြင် ကျွန်မသည် အကျင့်မကောင်းသူမတစ်ဦး

လည်း မဖြစ်ပါဘဲလျက်နှင့် ကျွန်မထံတွင် မည်သို့သားရတနာရရှိနိုင်မည်နည်း။

قَالَ كَذٰلِكِ ۚ قَالَ رَبُّكِ هُوَ عَلَيَّ هَيِّنٌ ۚ وَلِنَجْعَلَهُ آيَةً لِّلنَّاسِ وَرَحْمَةً مِّنَّا ۚ وَكَانَ أَمْرًا مَّقْضِيًّا ﴿٢١﴾

(၂၁) ၎င်း(ကောင်းကင်တမန်)ကပြောသည်- ထိုသို့ပင်ဖြစ်မည်။ အသင်မအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က မိန့်ကြားတော်မူသည်- "၎င်းသည် ငါအရှင်မြတ်အတွက် အလွန်လွယ်ကူတော်မူသည်။ ထို့ပြင် ငါအရှင်မြတ်သည် ထိုသားရတနာကို လူများအတွက် သက်သေလက္ခဏာတစ်ခုအဖြစ်နှင့် ငါအရှင်မြတ်ထံတော်မှ ကရုဏာတော်အဖြစ် ပြုလိုတော်မူသည်။ ထို့ပြင် ၎င်း(ဖန်ဆင်းခြင်း)သည် ဆုံးဖြတ်ပြီးဖြစ်သော ကိစ္စတစ်ခုဖြစ်သည်။"❾

❾ အလွန်မှန်ကန်သူအမျိုးသမီး မရ်ယမ်ကနေ တမန်တော်အီစာ ﷺ မွေးဖွားမယ်ဆိုတာ အရှင်မြတ်က အရင်ကတည်းက ဆုံးဖြတ်ပြီးဖြစ်တဲ့အတွက် ဒီအတိုင်းပဲ မလွဲမသွေဖြစ်လာမှာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

فَحَمَلَتْهُ فَانتَبَذَتْ بِهِ مَكَانًا قَصِيًّا ﴿٢٢﴾

(၂၂) ထို့နောက် သူမသည် ထိုသားရတနာကို ကိုယ်ဝန်ဆောင်ခဲ့သည်။ ထို့ပြင် သူမသည် ထိုကိုယ်ဝန်နှင့်အတူ ဝေးလံသည့်နေရာတစ်ခုကို ရှောင်ထွက်သွားခဲ့သည်။❿

❿ ကလေးမွေးဖွားခါနီးမှာ အလွန်ရှက်တဲ့အတွက် ဗိုင်သွလ်မုကဒ်ဒတ်စ်နဲ့ (၈)မိုင်ဝေးတဲ့နေရာကို ထွက်သွားပြီး မွေးဖွားခဲ့တယ်။ (အလင်းပြကျမ်း)

فَأَجَاءَهَا الْمَخَاضُ إِلَىٰ جِذْعِ النَّخْلَةِ قَالَتْ يَا لَيْتَنِي مِتُّ قَبْلَ هَٰذَا وَكُنتُ نَسْيًا مَّنسِيًّا ﴿٢٣﴾

(၂၃) ထို့နောက် သားဖွားမှု၏ဝေဒနာသည် သူမကို စွန်ပလွံပင်၏ပင်စည်ရှိရာသို့ ခေါ်ဆောင်သွားခဲ့သည်။ သူမကပြောသည်- ဩော်- ဖြစ်မှဖြစ်ရလေခြင်း၊ ငါသည် ဤသို့ (အဖေမရှိသည့်သားကို) မမွေးမီ သေဆုံးသွားခဲ့လျှင် ကောင်းလေစွ။ ထို့နောက် ငါသည် မေ့ပျောက်သွားစေခြင်းကိုခံရလျှင် ကောင်းလေစွ။ (လူများ ငါ့ကို မေ့သွားလျှင် ကောင်းလေစွ)။⓾

⓾ ကလေးမွေးဖွားခါနီးမှာ အလွန်နာကျင်တဲ့ဝေဒနာကို ခံစားရတာတစ်ကြောင်း၊ မွေးဖွားမဲ့ အချိန်မှာလည်း အနားမှာ အမျိုးသမီးအဖော်တစ်ဦးမှ မရှိတာကတစ်ကြောင်း၊ လိုအပ်တဲ့အရာတွေ မရှိတာကတစ်ကြောင်း၊ မွေးဖွားပြီးရင်လည်း အဖေမရှိတဲ့ အဲဒီကလေးကိုပိုက်ပြီး ဘယ်လိုဖြေရှင်းရဦးမလဲဆိုတာကတစ်ကြောင်း၊ ဘယ်လောက်အရှက်ရဦးမလဲဆိုတာကတစ်ကြောင်း အဲဒီလိုအကြောင်းတွေများလွန်းတော့ ဘယ်လိုမှ မခံမရပ်နိုင်ဖြစ်ပြီး သေချင်တဲ့စိတ်တောင်ပေါက်သွားခဲ့ရတဲ့အတွက် မမွေးခင်မှာဘဲ ငါဟာသေသွားရင်၊ သေပြီးတော့ ငါ့ကိုလည်း ဘယ်သူမှ သတိမရတော့ဘဲ မေ့မေ့ပျောက်ပျောက်ဖြစ်သွားခဲ့ရင် ကောင်းလေစွပဲလို့ ညည်းညူပြောဆိုခဲ့တာဖြစ်တယ်။ ကလေးရမယ်ဆိုတဲ့အကြောင်း လာရောက်သတင်းကောင်းပေးခဲ့တဲ့ ကောင်းကင်တမန်တော်ရဲ့

စကားကိုတောင် အမှတ်မရတော့ဘဲ စိတ်သောကများခဲ့ရပြီး ဝေဒနာခံစားခဲ့ရတယ်။ (အလင်းပြကျမ်း)

فَنَادٰىهَا مِنْ تَحْتِهَآ اَلَّا تَحْزَنِىْ قَدْ جَعَلَ رَبُّكِ تَحْتَكِ سَرِيًّا ﴿٢٤﴾

(၂၄) ထို့နောက် သူမအား သူမရှိနေသည့်နေရာအောက်နားမှ (ကောင်းကင်တမန်က) ပြောကြားခဲ့သည်။ အသင်မသည် စိတ်မပူပါနှင့်။ အမှန်စင်စစ် အသင်မကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်မ၏အောက်နား၌ပင် ချောင်းတစ်ခုကို ပြုလုပ်ပေးတော်မူခဲ့သည်။

وَهُزِّىْٓ اِلَيْكِ بِجِذْعِ النَّخْلَةِ تُسٰقِطْ عَلَيْكِ رُطَبًا جَنِيًّا ﴿٢٥﴾

(၂၅) ထို့ပြင် အသင်မသည် စွန်ပလွံပင်၏ပင်စည်ကို အသင်မဘက်သို့ လှုပ်လိုက်လျှင် စွန်ပလွံသီး လတ်လတ်ဆတ်ဆတ်သည် အသင်မ၏ရှေ့၌ ကြွေကျလာပါလိမ့်မည်။

فَكُلِىْ وَاشْرَبِىْ وَقَرِّىْ عَيْنًا ۚ فَاِمَّا تَرَيِنَّ مِنَ الْبَشَرِ اَحَدًا ۙ فَقُوْلِىْٓ اِنِّىْ نَذَرْتُ لِلرَّحْمٰنِ صَوْمًا فَلَنْ اُكَلِّمَ الْيَوْمَ اِنْسِيًّا ﴿٢٦﴾

(၂၆) ထို့ပြင် အသင်မသည် (ထိုစွန်ပလွံသီးကို)စားပြီး (ထိုချောင်းရေကို) သောက်သုံးပါ။ ထို့ပြင် (ကလေးအား ကြည့်ပြီး)မျက်စိကြည်လင်အေးမြအောင် နေပါ။ ထို့နောက် အကယ်၍ အသင်မသည် လူသားထဲမှ တစ်ဦးတစ်ယောက်ကို တွေ့ခဲ့လျှင် အမှန်စင်စစ် ကျွန်မသည် ရဟ်မာန်အနန္တကရုဏာတော်ရှင်ကို ရည်ရွယ်ပြီး ဆိတ်ဆိတ်နေရန် အဓိဋ္ဌာန်ပြုထားပြီးဖြစ်သည့်အတွက် ကျွန်မသည် ယနေ့ မည်သူနှင့်မျှ လုံးဝစကားပြောဆိုမည်မဟုတ်ပါကြောင်း ပြောလိုက်ပါ။❶

❶ လူတွေနဲ့ စကားပြောဆိုရှင်းပြနေရရင် သူမအတွက် ပိုပြီးစိတ်ညစ်စရာဖြစ်နေမှာမို့လို့ စကားမပြောဖို့ပါ တစ်ခါတည်း ပိတ်ပေးလိုက်တာဖြစ်တယ်။ (အာစားန်သရ်ဂျုမဟ်)၊ ဆိတ်ဆိတ်နေခြင်းဟာ သူတို့ရဲ့ရှရီအသ်တရားတော်မှာ အိဗာဒသ်တစ်ခုအဖြစ်ရှိခဲ့တယ်။ (သဖ်စီရ် အိဗ်နေ့အဗ္ဗားစ်)

فَاَتَتْ بِهٖ قَوْمَهَا تَحْمِلُهٗ ۗ قَالُوْا يٰمَرْيَمُ لَقَدْ جِئْتِ شَيْـًٔا فَرِيًّا ﴿٢٧﴾

(၂၇) ထို့နောက် သူမသည် ထိုသားရတနာကို ပွေ့ချီပြီး သူမ၏အမျိုးသားများထံသို့ လာခဲ့သည်။ သူတို့က ပြောဆိုကြသည်- အို- မရ်ယမ်၊ အမှန်ပင် အသင်မသည် အလွန်ဆိုးဝါးလှသော အပြစ်ကို ကျူးလွန်လာခဲ့ပြီ။

يٰٓاُخْتَ هٰرُوْنَ مَا كَانَ اَبُوْكِ امْرَاَ سَوْءٍ وَّمَا كَانَتْ اُمُّكِ بَغِيًّا ﴿٢٨﴾

(၂၈) အို- ဟာရူန်၏နှမ၊ အသင်မ၏ဖခင်သည်လည်း အကျင့်မကောင်းသူ မဟုတ်ခဲ့ပေ။ ထို့ပြင် အသင်မ၏ မိခင်သည်လည်း အကျင့်ပျက်သူ မဟုတ်ခဲ့ပေ။

فَاَشَارَتْ اِلَيْهِ ۗ قَالُوْا كَيْفَ نُكَلِّمُ مَنْ كَانَ فِى الْمَهْدِ صَبِيًّا ﴿٢٩﴾

(၂၉) သို့ဖြစ်ရာ သူမသည် သူမ၏သားရတနာကို ညွှန်ပြခဲ့သည်။ ထို အမျိုးသားများက ပြောဆိုကြသည်- ကျွန်ုပ်တို့သည် ပုခက်ထဲမှ ကလေးဘဝ၌ ပင် ရှိသည့်သူနှင့်မည်သို့ စကားပြောရမည်နည်း။❶

❶ ပုခက်ထဲက ကလေးနဲ့ ဘယ်လိုစကားပြောရမလဲလို့ ပြောကြတဲ့အချိန်မှာ အရှင်မြတ်က တမန်တော်အီစာ عليه السلام ကို ပုခက်တွင်းမှာပဲ စကားပြောနိုင်တဲ့ အင်အားပေးတော်မူလိုက်တာဖြစ်တယ်။ မွေးကတည်းက အံ့သြစရာတွေဖြစ်ခဲ့တာဟာ ၎င်းရဲ့တစ်သက်လုံးမှာလည်း အံ့သြစရာတွေ အမြောက်အများဖြစ်ခဲ့တယ်။ (ကုရ်အာန် - ၁၉း၃၀၊ ၃း၄၉)

قَالَ إِنِّي عَبْدُ اللَّهِ آتَانِيَ الْكِتَابَ وَجَعَلَنِي نَبِيًّا ﴿٣٠﴾

(၃၀) ယင်း(ကလေး)က ပြောဆိုသည်- အမှန်စင်စစ် ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်၏ကျွန် ဖြစ်သည်။❷ အရှင်မြတ်သည် ကျွန်ုပ်အား(အင်န်ဂျီလ်) ကျမ်းဂန်ကို ပေးသနားတော်မူခဲ့သည်။❸ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်အား တမန်တော်အဖြစ်လည်း ပြုလုပ်တော်မူသည်။❹

❷ ယဟူဒီတွေနဲ့ နတ်စ္စရာနီတွေရဲ့မှားယွင်းနေတဲ့ အယူအဆကို တမန်တော်အီစာ عليه السلام က ပုခက်တွင်းကတည်းက "ကျွန်ုပ်ဟာ အလ္လာဟ်အရှင်မြတ်ရဲ့ကျွန်ပဲ" လို့ပြောပြီး သူတို့ရဲ့လွန်ကျူးမှုတွေကို ဆန့်ကျင်ခဲ့တယ်။ တမန်တော်အီစာ عليه السلام ဟာ အလ္လာဟ်အရှင်မြတ်လည်းမဟုတ်၊ အလ္လာဟ်အရှင်မြတ်ရဲ့ သားလည်းမဟုတ်ဘဲ အရှင်မြတ်ရဲ့ ကျွန်နဲ့ တမန်တော်ပဲဖြစ်တယ်ဆိုတာကို ကြေညာခဲ့တယ်။ (အလင်းပြကျမ်း) ❸ အင်န်ဂျီလ်ကျမ်းဂန်ကို ပေးတော်မူမဲ့ကိစ္စဟာ အရှင်မြတ်က ဆုံးဖြတ်တော်မူပြီးဖြစ်တဲ့အတွက် ပေးပြီးသလို မိန့်ထားခြင်း ဖြစ်တယ်။(အာစားန်သရ်ဂျမဟ်) ❹ ကြီးလာရင် တမန်တော်ခန့်အပ်မဲ့ကိစ္စဟာလည်း ဆုံးဖြတ်ပြီး ဖြစ်တဲ့အတွက် တမန်တော်အဖြစ် ပြုလုပ်ပြီးသလို မိန့်ထားတာဖြစ်တယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

وَجَعَلَنِي مُبَارَكًا أَيْنَ مَا كُنتُ وَأَوْصَانِي بِالصَّلَاةِ وَالزَّكَاةِ مَا دُمْتُ حَيًّا ﴿٣١﴾

(၃၁) ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်အား မည်သည့်နေရာမှာပင် ကျွန်ုပ် ရှိသည်ဖြစ်စေ၊ ဗရကာသ်မင်္ဂလာနှင့် ပြည့်စုံသူအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်အား အသက်ရှင်နေသမျှ စွလာသ်ဝတ်ပြုရန်နှင့် ဇကာသ်ပေးဆောင်ရန် အမိန့်ပေးတော်မူခဲ့သည်။❺

❺ အရှင်မြတ်ရဲ့အမိန့်တော်တွေကို တစ်သက်လုံးနာခံရမယ်ဆိုတာ ကလေးဘဝကတည်းက သိထားပြီးဖြစ်တယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

وَبَرًّا بِوَالِدَتِي وَلَمْ يَجْعَلْنِي جَبَّارًا شَقِيًّا ﴿٣٢﴾

(၃၂) ထို့ပြင် ကျွန်ုပ်၏မိခင်ကို ကောင်းမွန်စွာ ဆက်ဆံပြုစုရန်လည်း (အမိန့်ပေးတော်မူခဲ့သည်)။❻ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်ကို မာန်မာနထောင်လွှားသူ၊ နဖူးစာဆိုးသူအဖြစ် ပြုလုပ်တော်မမူခဲ့ပေ။

❻ မိဘနှစ်ပါးမဟုတ်ဘဲ မိခင်တစ်ပါးတည်းပဲရှိလို့ မိခင်တစ်ပါးတည်းကိုပဲ ကောင်းကောင်း ဆက်

ဆံပြုစုဖို့ မိန့်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَالسَّلٰمُ عَلَيَّ يَوْمَ وُلِدْتُّ وَيَوْمَ اَمُوْتُ وَيَوْمَ اُبْعَثُ حَيًّا ﴿٣٣﴾

(၃၃) ထို့ပြင် ကျွန်ုပ်အပေါ်တွင် ကျွန်ုပ်မွေးဖွားခဲ့သည့်နေ့နှင့် ကျွန်ုပ်သေဆုံးမည့်နေ့အပြင် ကျွန်ုပ်ရှင်ပြထစေခြင်းခံရမည့်နေ့၌လည်း (အရှင်မြတ်ထံတော်မှ) ငြိမ်းချမ်းသာယာမှု ကျရောက်ပါစေ။❶

❶ အရှင်မြတ်ထံတော်က ငြိမ်းချမ်းသာယာမှုဟာ နှစ်ဘဝစလုံးမှာရရှိခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

ذٰلِكَ عِيْسَى ابْنُ مَرْيَمَ ۚ قَوْلَ الْحَقِّ الَّذِيْ فِيْهِ يَمْتَرُوْنَ ﴿٣٤﴾

(၃၄) ၎င်းသည် မရ်ယမ်၏သားတော် အီစာပင် ဖြစ်သည်။ (ဤသည်) မှန်ကန်သည့်စကား ဖြစ်သည်၊ ထိုစကားနှင့်ပတ်သက်၍ သူတို့သည် သံသယဖြစ်ပြီး အငြင်းအခုံပြုနေကြခြင်းဖြစ်သည်။

مَا كَانَ لِلّٰهِ اَنْ يَّتَّخِذَ مِنْ وَّلَدٍ ۙ سُبْحٰنَهٗ ۗ اِذَا قَضٰۤى اَمْرًا فَاِنَّمَا يَقُوْلُ لَهٗ كُنْ فَيَكُوْنُ ﴿٣٥﴾

(၃၅) အလ္လာဟ်အရှင်မြတ်အတွက် သားသမီးပြုလုပ်တော်မူခြင်းသည် လုံးဝမရှိပေ။ အရှင်မြတ်သည် (သားမယားရှိခြင်းမှ)လုံးဝ ကင်းစင်တော်မူသည်။ အရှင်မြတ်သည် ကိစ္စတစ်ခုကို ဆုံးဖြတ်တော်မူလျှင် အရှင်မြတ်သည် ၎င်းကို ဖြစ်စေဟု မိန့်ကြားလိုက်ရုံဖြင့် ၎င်းသည် ဖြစ်သွားတော့သည်။

وَاِنَّ اللّٰهَ رَبِّيْ وَرَبُّكُمْ فَاعْبُدُوْهُ ۗ هٰذَا صِرَاطٌ مُّسْتَقِيْمٌ ﴿٣٦﴾

(၃၆) ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် ၎င်း(အရှင်မြတ်)ကိုသာ ကိုးကွယ်ကြပါ။ ဤသည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းပင်ဖြစ်သည်။

فَاخْتَلَفَ الْاَحْزَابُ مِنْۢ بَيْنِهِمْ ۚ فَوَيْلٌ لِّلَّذِيْنَ كَفَرُوْا مِنْ مَّشْهَدِ يَوْمٍ عَظِيْمٍ ﴿٣٧﴾

(၃၇) ထို့နောက် ၎င်း(နတ်စ္စရာနီ)များထဲမှ အုပ်စုတိုင်းသည် အယူအဆကွဲပြားခဲ့ကြသည်။❷ သို့ဖြစ်ရာ ကြီးကျယ်သော (ကိယာမသ်)နေ့ ရောက်သည့်အခါ ကာဖိရ်များအတွက် ပျက်စီးမှုရှိလိမ့်မည်။

❷ ပွင့်လေသမျှတမန်တော်တိုင်းဟာ သောင်ဟီဒ်ကိုးကွယ်ထိုက်တဲ့အရှင် တစ်ပါးတည်းကို ယုံကြည်ခြင်းဘက်ကိုပဲ ဖိတ်ခေါ်ကိုးကွယ်ခဲ့ကြတာ ဖြစ်တယ်။ တမန်တော် အီစာ عليه السلام ဟာ ကလေးဘဝကတည်းက သောင်ဟီဒ်ကို ဖိတ်ခေါ်ခဲ့ပါလျက်နဲ့ နတ်စ္စရာနီတွေရဲ့ အီမာန်ယုံကြည်မှုဟာ အမျိုးမျိုး ကွဲခဲ့ကြတယ်။ (အလင်းပြကျမ်း)

اَسْمِعْ بِهِمْ وَاَبْصِرْ ۙ يَوْمَ يَاْتُوْنَنَا لٰكِنِ الظّٰلِمُوْنَ الْيَوْمَ فِيْ ضَلٰلٍ مُّبِيْنٍ ﴿٣٨﴾

(၃၈) ငါအရှင်မြတ်၏ထံသို့ သူတို့လာသည့်နေ့တွင် သူတို့သည် မည်မျှ ကောင်းကောင်းကြားမည့်သူများ၊ မြင်မည့်သူများဖြစ်လိုက်ကြမည်နည်း။ သို့ရာတွင် ယနေ့မူ မတရားကျူးလွန်သူများသည် အလွန်ထင်ရှားသောလမ်းမှားမှုထဲ၌ပင် ရှိနေကြသည်။

وَاَنۡذِرۡهُمۡ يَوۡمَ الۡحَسۡرَةِ اِذۡ قُضِىَ الۡاَمۡرُۘ وَهُمۡ فِىۡ غَفۡلَةٍ وَّهُمۡ لَا يُؤۡمِنُوۡنَ ﴿٣٩﴾

(၃၉) ထို့ပြင် အသင်(တမန်တော်)သည် သူတို့အား ဝမ်းနည်းကြေကွဲဖွယ်ရာနေ့နှင့်ပတ်သက်၍ သတိပေးနှိုးဆော်လိုက်ပါ။ သူတို့သည်(ထိုနေ့ကို) မေ့လျော့လျက် ရှိနေကြသည်သာမက မယုံကြည်ဘဲလျက်လည်းရှိနေကြသည်။ ထိုနေ့တွင် (လူ့လောက)အမှုကိစ္စများသည် ဆုံးဖြတ်ပြီး ဖြစ်လိမ့်မည်။

اِنَّا نَحۡنُ نَرِثُ الۡاَرۡضَ وَمَنۡ عَلَيۡهَا وَاِلَيۡنَا يُرۡجَعُوۡنَ ﴿٤٠﴾

(၄၀) အမှန်စင်စစ် ငါအရှင်မြတ်သည် ကမ္ဘာမြေနှင့် ထိုအထဲတွင် ရှိသမျှကို (နောက်ဆုံး) ပိုင်ဆိုင်တော်မူသောအရှင်မြတ်အဖြစ် ကျန်ရစ်တော်မူမည်။ ထို့ပြင် သူတို့သည် ငါအရှင်မြတ်ထံတော်သို့ပင် ပြန်ရောက်ကြရမည်ဖြစ်သည်။

وَاذۡكُرۡ فِى الۡكِتٰبِ اِبۡرٰهِيۡمَؕ اِنَّهٗ كَانَ صِدِّيۡقًا نَّبِيًّا ﴿٤١﴾

(၄၁) ထို့ပြင် အသင်သည် ဤကျမ်းထဲမှ (တမန်တော်)အိဗ်ရာဟီမ်၏အကြောင်းကို ပြောပြလိုက်ပါ။ အမှန်စင်စစ် ၎င်းသည် အလွန်မှန်ကန်သူဖြစ်ခဲ့သည်။ တမန်တော်လည်း ဖြစ်ခဲ့သည်။[၁]

[၁] တမန်တော်အိဗ်ရာဟီမ် عليه السلام ဟာ စိဒ္ဒီးက် အလွန်မှန်ကန်သူဖြစ်တယ်။ အရှင်မြတ်က အမိန့်ပေးတဲ့အရာတိုင်းကို အမြန်ဆုံး လိုက်နာလေ့ရှိတယ်။ (အလင်းပြကျမ်း) စိဒ္ဒီးက်ဆိုတာ ခံယူချက်နဲ့ လုပ်ဆောင်ချက် တစ်ထပ်တည်းကျသူကို ခေါ်တယ်။ (ရူဟွလ်မအာနီ)

اِذۡ قَالَ لِاَبِيۡهِ يٰۤاَبَتِ لِمَ تَعۡبُدُ مَا لَا يَسۡمَعُ وَلَا يُبۡصِرُ وَلَا يُغۡنِىۡ عَنۡكَ شَيۡـًٔـا ﴿٤٢﴾

(၄၂) တစ်ခါတွင် ၎င်းသည် ၎င်း၏ဖခင်ကို ပြောခဲ့သည်- အို-ကျွန်ုပ်၏ဖခင်၊ အသင်သည် ကြားလည်းမကြား၊ မြင်လည်းမမြင်သည့်အပြင် အသင့်အတွက် မည်သည့်အရာမျှလည်း အသုံးမဝင်သည့်အရာကို အဘယ်ကြောင့် ကိုးကွယ်နေရသနည်း။

يٰۤاَبَتِ اِنِّىۡ قَدۡ جَآءَنِىۡ مِنَ الۡعِلۡمِ مَا لَمۡ يَاۡتِكَ فَاتَّبِعۡنِىۡۤ اَهۡدِكَ صِرَاطًا سَوِيًّا ﴿٤٣﴾

(၄၃) အို-ကျွန်ုပ်၏ဖခင်၊ အသင့်ထံသို့ မရောက်ခဲ့သော အသိပညာ (အရှင်မြတ်၏အမိန့်တော်)သည်[၂] အမှန်စင်စစ် ကျွန်ုပ်ထံသို့ ရောက်ခဲ့သည့်အတွက် အသင်သည် ကျွန်ုပ်၏နောက်သို့ လိုက်ပါ။ ကျွန်ုပ်သည် အသင့်အား

ဖြောင့်မတ်မှန်ကန်သော တရားလမ်းမှန်ကို ပြသပါမည်။

❶ ၎င်းရရှိခဲ့တဲ့ ပညာရပ်တွေဟာ သောင်ဟီဒ် ကိုးကွယ်ထိုက်တဲ့အရှင်တစ်ပါးတည်းကို ယုံကြည်ခြင်းနဲ့ သက်ဆိုင်တဲ့ ပညာရပ်တွေ၊ အီမာန်ဆိုင်ရာ ပညာရပ်တွေနဲ့ အမိန့်တော်ပိုင်းဆိုင်ရာပညာရပ်တွေဖြစ်တယ်။ (အလင်းပြကျမ်း)

يَٰٓأَبَتِ لَا تَعْبُدِ ٱلشَّيْطَٰنَ ۖ إِنَّ ٱلشَّيْطَٰنَ كَانَ لِلرَّحْمَٰنِ عَصِيًّا ﴿٤٤﴾

(၄၄) အို- ကျွန်ုပ်၏ဖခင်၊ အသင်သည် ရှိုင်သွာန်ကို မကိုးကွယ်ပါနှင့်။❷ အမှန်စင်စစ် ရှိုင်သွာန်သည် ရဟ်မာန်အနန္တကရုဏာတော်ရှင်ကို ဖီဆန်သူဖြစ်ခဲ့သည်။

❷ လူတွေဟာ ရုပ်တုတွေကို ကိုးကွယ်ကြရင် ရှိုင်သွာန်က အလွန်ဝမ်းသာတယ်။ အဲဒါကြောင့် ရုပ်တုကိုးကွယ်ခြင်းဟာ ရှိုင်သွာန်ကို ကိုးကွယ်ခြင်းနဲ့အတူတူပဲဖြစ်တယ်။ ရှိုင်သွာန်ဟာ အလ္လာဟ်အရှင်မြတ်ကို ဖီဆန်ခဲ့တဲ့သူဖြစ်တယ်။ (အလင်းပြကျမ်း)

يَٰٓأَبَتِ إِنِّىٓ أَخَافُ أَن يَمَسَّكَ عَذَابٌ مِّنَ ٱلرَّحْمَٰنِ فَتَكُونَ لِلشَّيْطَٰنِ وَلِيًّا ﴿٤٥﴾

(၄၅) အို- ကျွန်ုပ်၏ဖခင်၊ အမှန်စင်စစ် ကျွန်ုပ်သည် ရဟ်မာန် အနန္တကရုဏာတော်ရှင်ထံတော်မှ အပြစ်ဒဏ်သည် အသင့်အား သက်ရောက်မည်ကို စိုးရိမ်ပါသည်။ သို့ဖြစ်လျှင် အသင်သည် ရှိုင်သွာန်၏အဖော်ဖြစ်သွားပါလိမ့်မည်။

قَالَ أَرَاغِبٌ أَنتَ عَنْ ءَالِهَتِى يَٰٓإِبْرَٰهِيمُ ۖ لَئِن لَّمْ تَنتَهِ لَأَرْجُمَنَّكَ ۖ وَٱهْجُرْنِى مَلِيًّا ﴿٤٦﴾

(၄၆) ၎င်း(ဖခင်)က ပြောဆိုသည်- အို- အိဗ်ရာဟီမ်၊ အသင်သည် ငါ၏ကိုးကွယ်ရာများဘက်မှ မျက်နှာလွှဲသူလော။ အကယ်၍ အသင်သည်(အသင်၏အယူဝါဒ ပြောဆိုမှုကို) မရပ်တန့်လျှင် ငါသည် အမှန်ပင် အသင့်အား ခဲဖြင့်ပစ်ပေါက်သတ်မည်။ ထို့ပြင် အသင်သည် ငါ့ကို အချိန်ကြာမြင့်စွာပင် စွန့်လွှတ်သွားလိုက်တော့။

قَالَ سَلَٰمٌ عَلَيْكَ ۖ سَأَسْتَغْفِرُ لَكَ رَبِّىٓ ۖ إِنَّهُۥ كَانَ بِى حَفِيًّا ﴿٤٧﴾

(၄၇) ၎င်းက ပြောဆိုခဲ့သည်-ငြိမ်းချမ်းသာယာမှုသည် အသင့်အပေါ်တွင် ကျရောက်ပါစေ၊ (ကျွန်ုပ်သည် လမ်းခွဲသွားပါတော့မည်)။ ကျွန်ုပ်သည် အသင်(ဖခင်)အတွက် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့် မကြာမီ တောင်းခံပါမည်။❻ အမှန်စင်စစ် အရှင်မြတ်သည် ကျွန်ုပ်အပေါ် အလွန်ကျေးဇူးပြုတော်မူသောအရှင် ဖြစ်တော်မူပါသည်။

❻ တမန်တော်အိဗ်ရာဟီမ် عليه السلام ဟာ အရှင်မြတ်က မုရှ်ရိက်တွေအတွက် လွတ်ငြိမ်းချမ်းသာခွင့် မတောင်းရဘူးလို့မတားမြစ်ခင်အထိသာမိမိကတိအတိုင်းမိမိဖခင်အတွက်လွတ်ငြိမ်းချမ်းသာခွင့်ကို အရှင်မြတ်ထံတော်မှာ တောင်းခံနေခဲ့တာ ဖြစ်တယ်။ တားမြစ်တဲ့အခါ ရပ်တန့်လိုက်တော့တယ်။ (အလင်းပြကျမ်း)

وَأَعْتَزِلُكُمْ وَمَا تَدْعُونَ مِن دُونِ اللَّهِ وَأَدْعُو رَبِّي عَسَىٰ أَلَّا أَكُونَ بِدُعَاءِ رَبِّي شَقِيًّا ﴿٤٨﴾

(၄၈) ထို့ပြင် ကျွန်ုပ်သည် အသင်နှင့်တကွ အလ္လာဟ်အရှင်မြတ်ကိုစွန့်၍ အသင်တို့ ဟစ်ခေါ်နေသောအရာများမှ သီးခြားခွဲခွာပြီးနေတော့မည်။ ထို့ပြင် ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကိုသာဟစ်ခေါ်တော့မည်။ ကျွန်ုပ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ဟစ်ခေါ်ရာတွင် အလိုမပြည့်သူ ဖြစ်မည်မဟုတ်ဟု မျှော်လင့်ပါသည်။

فَلَمَّا اعْتَزَلَهُمْ وَمَا يَعْبُدُونَ مِن دُونِ اللَّهِ وَهَبْنَا لَهُ إِسْحَاقَ وَيَعْقُوبَ ۖ وَكُلًّا جَعَلْنَا نَبِيًّا ﴿٤٩﴾

(၄၉) ထို့နောက် ၎င်း(တမန်တော်အိဗ်ရာဟီမ်)သည် ၎င်းတို့(မုရှ်ရိက်များ)နှင့် အလ္လာဟ်အရှင်မြတ်အားစွန့်ပြီး သူတို့ကိုးကွယ်ကြသည့်အရာများမှပါ သီးခြားခွဲခွာ၍ နေသည့်အခါတွင် ငါအရှင်မြတ်သည် ၎င်း(တမန်တော်အိဗ်ရာဟီမ်)အား (သားတော်)အစ္စဟာက်နှင့် (မြေးတော်)ယအ်ကူဗ်ကို ပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(အစ္စဟာက်နှင့် ယအ်ကူဗ်)နှစ်ဦးစလုံးကို တမန်တော်အဖြစ် ချီးမြှင့်တော်မူခဲ့သည်။

وَوَهَبْنَا لَهُم مِّن رَّحْمَتِنَا وَجَعَلْنَا لَهُمْ لِسَانَ صِدْقٍ عَلِيًّا ﴿٥٠﴾

(၅၀) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(နဗီတမန်တော်များ)အား ငါအရှင်မြတ်၏ကရုဏာတော်ကို ပေးသနားတော်မူခဲ့သည့်အပြင် ငါအရှင်မြတ်သည် ၎င်းတို့၏မှန်ကန်သည့် ဂုဏ်သတင်းကိုလည်း ကျော်ကြားမြင့်မားစေတော်မူခဲ့သည်။

وَاذْكُرْ فِي الْكِتَابِ مُوسَىٰ ۚ إِنَّهُ كَانَ مُخْلَصًا وَكَانَ رَسُولًا نَّبِيًّا ﴿٥١﴾

(၅၁) ထို့ပြင် အသင်(တမန်တော်)သည် ဤကျမ်းထဲမှ(တမန်တော်)မူစာ၏အကြောင်းကို ပြောပြလိုက်ပါ။ အမှန်စင်စစ် ၎င်းသည် သီးသန့်ရွေးချယ်တော်မူခြင်းခံရသူဖြစ်သည့်အပြင် ရစူလ်တမန်တော်လည်းဖြစ်ခဲ့သည်။ နဗီတမန်တော်လည်း ဖြစ်ခဲ့သည်။❶

❶ တမန်တော်မူစာ ﷵ ဟာ အစ္စရာအီလ်မျိုးနွယ်ထဲက ပွင့်ခဲ့တဲ့ တမန်တော်ဖြစ်တယ်။ ကောင်းကင်ကျသောင်ရာသ်ကျမ်းရရှိခဲ့တဲ့ ရစူလ်လည်းဖြစ်ခဲ့တယ်။ (အလင်းပြကျမ်း)

وَنَادَيْنَاهُ مِن جَانِبِ الطُّورِ الْأَيْمَنِ وَقَرَّبْنَاهُ نَجِيًّا ﴿٥٢﴾

(၅၂) ထို့ပြင် ငါအရှင်မြတ်သည် ထို(တမန်တော်)မူစာကို (၎င်း၏) လက်ယာဘက်၌ရှိသော သွေ့ရ်တောင်ဘက်မှ ဟစ်ခေါ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအား လျှို့ဝှက်စကားပြောကြားခံရသူအဖြစ် ပြုလုပ်တော်

မူပြီး နီးကပ်မှုကို ချီးမြှင့်တော်မူခဲ့သည်။ ❶

❶ တမန်တော်မူစာ ﷺကို အရှင်မြတ်က ပထမဦးဆုံး ဟစ်ခေါ်တဲ့အချိန်ဟာ ၎င်းဟာ မီးယူဖို့ သွာ့ရ်တောင်ဘက်ကို သွားနေခဲ့တုန်းက ဖြစ်ခဲ့တယ်။ အဲဒီအချိန်မှာ အရှင်မြတ်ဟာ ၎င်းကို အရှင်မြတ်ရဲ့ နီးစပ်မှုကို ပေးသနားတော်မူခဲ့တာဖြစ်တယ်။ အရှင်မြတ်ဟာ ၎င်းနဲ့ အနီးကပ်စကားပြောဆိုတော်မူခဲ့တယ်။ (အလင်းပြကျမ်း)

وَوَهَبْنَا لَهُۥ مِن رَّحْمَتِنَآ أَخَاهُ هَٰرُونَ نَبِيًّا ﴿٥٣﴾

(၅၃) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအတွက် ငါအရှင်မြတ်၏ရဟ်မသ်ကရုဏာတော်မှ ၎င်း၏အစ်ကို ဟာရူန်ကို တမန်တော်အဖြစ် ပေးသနားတော်မူခဲ့သည်။

وَٱذْكُرْ فِى ٱلْكِتَٰبِ إِسْمَٰعِيلَ ۚ إِنَّهُۥ كَانَ صَادِقَ ٱلْوَعْدِ وَكَانَ رَسُولًا نَّبِيًّا ﴿٥٤﴾

(၅၄) ထို့ပြင် အသင်သည် ယင်းကျမ်းထဲမှ (တမန်တော်) အစ္စမာအီလ်အကြောင်းကို ပြောပြလိုက်ပါ။ အမှန်စင်စစ် ၎င်းသည် ကတိတည်သူဖြစ်ခဲ့သည့်အပြင် ရစူလ်တမန်တော်လည်း ဖြစ်ခဲ့သည်။ နဗီတမန်တော်လည်း ဖြစ်ခဲ့သည်။ ❷

❷ တမန်တော်အစ္စမာအီလ် ﷺဟာ တမန်တော်အိဗ်ရာဟီမ် ﷺရဲ့ သားတော်ဖြစ်တယ်။ ၎င်းရဲ့မိခင်ဟာ အီဂျစ်ပြည်ဘုရင်ရဲ့သမီး ဟာဂျိရဟ် ﵂ဖြစ်တယ်။ ၎င်းဟာ ကုရ်ဗာနီပြုလုပ်ဖို့ လည်စင်းပေးခဲ့တဲ့သူဖြစ်တယ်။ ၎င်းဟာ အလွန်ကတိတည်သူလည်းဖြစ်တယ်။ နဗီလည်းဖြစ်ပြီး ရစူလ်လည်းဖြစ်တယ်။ (ကုရ်အာန် - ၁၉း၅၄၊ အလင်းပြကျမ်း)

وَكَانَ يَأْمُرُ أَهْلَهُۥ بِٱلصَّلَوٰةِ وَٱلزَّكَوٰةِ وَكَانَ عِندَ رَبِّهِۦ مَرْضِيًّا ﴿٥٥﴾

(၅၅) ထို့ပြင် ၎င်းသည် ၎င်း၏အိမ်သူအိမ်သားများအား စွလာသ်ဝတ်ပြုရန်နှင့် ဇကာသ်ပေးဆောင်ရန် အမိန့်ပေးညွှန်ကြားလေ့ရှိခဲ့သည်။ ထို့ပြင် ၎င်းသည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် နှစ်မြို့ဖွယ်ရာလည်း ဖြစ်ခဲ့သည်။ ❸

❸ အရှင်မြတ်ဟာ တမန်တော်အစ္စမာအီလ် ﷺကို အလွန်နှစ်သက်တော်မူခဲ့တယ်။ (ကုရ်အာန် - ၁၉း၅၅)

وَٱذْكُرْ فِى ٱلْكِتَٰبِ إِدْرِيسَ ۚ إِنَّهُۥ كَانَ صِدِّيقًا نَّبِيًّا ﴿٥٦﴾

(၅၆) ထို့ပြင် အသင်သည် ယင်းကျမ်းထဲမှ (တမန်တော်) အိဒ်ရီစ် ❹ အကြောင်းကို ပြောပြလိုက်ပါ။ အမှန်စင်စစ် ၎င်းသည် အလွန်မှန်ကန်သူလည်းဖြစ်သည်။ နဗီတမန်တော်လည်း ဖြစ်ခဲ့သည်။

❹ တမန်တော်အိဒ်ရီစ် ﷺဟာ တမန်တော်နူးဟ် ﷺရဲ့အဘိုး (အခြားဆင့်ပြန်ချက်တစ်ခုမှာ) အဘေးဖြစ်တယ်လို့ဆိုထားတယ်။ အာဒမ် ﷺရဲ့ နောက်မှာ ပထမဦးဆုံးတမန်တော်ဖြစ်ခဲ့တယ်။ အရှင်မြတ်က ၎င်းကို မြင့်မားတဲ့အဆင့်အတန်း ချီးမြှင့်တော်မူခဲ့တယ်။ (ဂျလာလိုင်န်)

وَرَفَعْنَٰهُ مَكَانًا عَلِيًّا ﴿٥٧﴾

(၅၇) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအား အလွန်မြင့်မားသည့်နေရာ သို့ခေါ်ယူတော်မူသည်။

أُولَٰئِكَ الَّذِينَ أَنْعَمَ اللَّهُ عَلَيْهِم مِّنَ النَّبِيِّينَ مِن ذُرِّيَّةِ آدَمَ وَمِمَّنْ حَمَلْنَا مَعَ نُوحٍ وَمِن ذُرِّيَّةِ إِبْرَاهِيمَ وَإِسْرَائِيلَ وَمِمَّنْ هَدَيْنَا وَاجْتَبَيْنَا ۚ إِذَا تُتْلَىٰ عَلَيْهِمْ آيَاتُ الرَّحْمَٰنِ خَرُّوا سُجَّدًا وَبُكِيًّا ۩ ﴿٥٨﴾

(၅၈) ၎င်းတို့သည် အကြင်သူများပင်ဖြစ်ကြသည်၊ ၎င်းတို့အပေါ်တွင် အလ္လာဟ်အရှင်မြတ် ကျေးဇူးပြုတော်မူခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် တမန်တော် များထဲမှပင်ဖြစ်ကြသည်။ အချို့သည် အာဒမ်၏သားသမီးများ၊ အချို့သည် ငါ အရှင်မြတ်က (တမန်တော်)နူးဟ်နှင့်အတူ (သင်္ဘောပေါ်)တင်ဆောင်တော်မူ ခဲ့သည့်သူများ၏သားသမီးများ၊ အချို့သည် (တမန်တော်)အိဗ်ရာဟီမ်၏သား သမီးများ၊ အချို့သည် (တမန်တော်)အစ္စရာအီလ်(ယအ်ကူဗ်)၏သားသမီးများ ဖြစ်ကြသည်။❶ ထို့ပြင် ၎င်းတို့အားလုံးမှာ ငါအရှင်မြတ် တရားလမ်းမှန်ညွှန်ကြား ပြသတော်မူခဲ့ပြီး ငါအရှင်မြတ် ရွေးချယ်တော်မူခဲ့သောသူများထဲမှလည်း ဖြစ်ခဲ့ ကြသည်။ မည်သည့်အခါပင်ဖြစ်စေ ၎င်းတို့ရှေ့၌ ရဟ်မာန်အနန္တကရုဏာတော် ရှင်၏အာယသ်တော်များကို ဖတ်ကြားခဲ့လျှင်၊ ၎င်းတို့သည် ဦးချ၍ ငိုကြွေးကြလျက် (မြေပေါ်)ကျလာကြသည်။❷

❶ အစ္စရာအီလ်ဟာ တမန်တော်ယအ်ကူဗ် عليه السلام ရဲ့ ဘွဲ့နာမည်ဖြစ်တယ်။ တမန်တော်ယအ်ကူဗ် عليه السلام ကနေ တမန်တော်ယူစုဖ် عليه السلام အပါအဝင် သားတော် ၁၂ပါးထွန်းကားခဲ့တယ်။ တမန်တော်ယအ်ကူဗ် عليه السلام ရဲ့သားစဉ် မြေးဆက်ထဲကပဲ တမန်တော်တွေ အမြောက်အမြားထွန်းကားခဲ့တာဖြစ်တယ်။ (ဂျလာလိုင်န်) ❷ ငိုကြွေးရင်းနဲ့ စဂျ်ဒဟ်ဦးချလိုက်ကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَخَلَفَ مِن بَعْدِهِمْ خَلْفٌ أَضَاعُوا الصَّلَاةَ وَاتَّبَعُوا الشَّهَوَاتِ ۖ فَسَوْفَ يَلْقَوْنَ غَيًّا ﴿٥٩﴾

(၅၉) ၎င်းတို့၏နောက်တွင် အကြင်ဆိုးရွားသော ဆက်ခံသူများသည် ဆက်ခံခဲ့ကြသည်။ သူတို့သည် စွလာသ်ဝတ်ပြုမှုကို ဖျက်ဆီးခဲ့ကြသည်။ ထို့ပြင် စိတ်အလိုဆန္ဒများကို လိုက်စားခဲ့ကြသည်။ သို့ဖြစ်ရာ သူတို့သည် (လမ်းမှားမှု ကြောင့်) ပျက်စီးမှုနှင့် မကြာမီ ရင်ဆိုင်ကြရမည်ဖြစ်သည်။❸

❸ စွလာသ်ဝတ်ပြုမှုမှာ ပေါ့ဆပြီး စိတ်အလိုဆန္ဒတွေ နောက်လိုက်တဲ့သူတွေဟာ ပျက်စီးမှုနဲ့တွေ့ ကြုံကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

إِلَّا مَن تَابَ وَآمَنَ وَعَمِلَ صَالِحًا فَأُولَٰئِكَ يَدْخُلُونَ الْجَنَّةَ وَلَا يُظْلَمُونَ شَيْئًا ﴿٦٠﴾

(၆၀) သို့ရာတွင် အကြင်သူသည် ဝန်ချတောင်းပန်ခဲ့သည်။ ထို့ပြင် သူ

သည် အီမာန်ယုံကြည်ခဲ့ပြီး ကောင်းမြတ်သောလုပ်ရပ်ကိုလည်း ပြုလုပ်ခဲ့သည်။ သို့ဖြစ်ရာ သူတို့သည် သုခဘုံကို ဝင်ကြရမည်။ ထို့ပြင် သူတို့သည် အနည်းငယ် စိုးစဉ်းမျှပင် မတရားပြုလုပ်ခြင်းကို ခံကြရမည်မဟုတ်ပေ။❶

❶ သူတို့ရဲ့အမှားတွေကို ဝန်ချတောင်းပန်ပြီး အီမာန်ယုံကြည်ကာ ကောင်းမြတ်တဲ့ လုပ်ရပ်တွေကို ပြုလုပ်ခဲ့တဲ့သူတွေကတော့ ဘာတစ်ခုမှ လျော့နည်းစေခြင်းခံရမှာ မဟုတ်ဘဲ သုခဘုံထဲကို ဝင်ရောက်စံမြန်းကြရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

جَنّٰتِ عَدۡنِ ِالَّتِیۡ وَعَدَ الرَّحۡمٰنُ عِبَادَہٗ بِالۡغَیۡبِ ؕ اِنَّہٗ کَانَ وَعۡدُہٗ مَاۡتِیًّا ﴿٦١﴾

(၆၁) (သူတို့သည်) အကြင်အမြဲတည်ရှိမည့် ဥယျာဉ်များတွင်(နေကြရမည်)။ ၎င်း(ဥယျာဉ်များ)ကို ရဟ်မာန်အနန္တကရုဏာတော်ရှင်က အရှင်မြတ်၏ ကျွန်များအား အကွယ်တွင် ကတိပြုထားခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ် အရှင်မြတ်၏ကတိတော်သည် ပြည့်မည့်အရာပင် ဖြစ်သည်။

لَا یَسۡمَعُوۡنَ فِیۡہَا لَغۡوًا اِلَّا سَلٰمًا ؕ وَلَہُمۡ رِزۡقُہُمۡ فِیۡہَا بُکۡرَۃً وَّعَشِیًّا ﴿٦٢﴾

(၆၂) သူတို့သည် ထိုသုခဘုံတွင် စလာမ်မေတ္တာပို့သခြင်းမှလွဲ၍ အကျိုးမဲ့စကားကို ကြားကြရမည်မဟုတ်ပေ။ ထို့ပြင် သူတို့အတွက် ထိုသုခဘုံတွင် သူတို့၏စားသောက်ဖွယ်ရာများသည် နံနက်နှင့် ညနေတွင် ရှိလိမ့်မည်။

تِلۡکَ الۡجَنَّۃُ الَّتِیۡ نُوۡرِثُ مِنۡ عِبَادِنَا مَنۡ کَانَ تَقِیًّا ﴿٦٣﴾

(၆၃) ၎င်းသည် အကြင်သုခဘုံဖြစ်သည်။ (ထိုသုခဘုံကို) ငါအရှင်မြတ်သည် ငါအရှင်မြတ်၏ကျွန်များထဲမှ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သည့်သူများအား အမွေဆက်ခံစေတော်မူမည်ဖြစ်သည်။

وَمَا نَتَنَزَّلُ اِلَّا بِاَمۡرِ رَبِّکَ ۚ لَہٗ مَا بَیۡنَ اَیۡدِیۡنَا وَمَا خَلۡفَنَا وَمَا بَیۡنَ ذٰلِکَ ۚ وَمَا کَانَ رَبُّکَ نَسِیًّا ﴿٦٤﴾

(၆၄) ထို့ပြင် ကျွန်ုပ်တို့(ကောင်းကင်တမန်များ)သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အမိန့်တော်မရှိဘဲနှင့် ဆင်းသက်ကြသည် မဟုတ်ပေ။ ကျွန်ုပ်တို့၏ရှေ့တွင်ရှိသောအရာများနှင့် နောက်တွင်ရှိသောအရာများသာမက ရှေ့နှင့်နောက်ကြားတွင် ရှိသည့်အရာဟူသမျှသည် အရှင်မြတ်ပင် ပိုင်ဆိုင်သည်။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မေ့လျော့တော်မူသောအရှင် မဟုတ်ပေ။

رَبُّ السَّمٰوٰتِ وَالۡاَرۡضِ وَمَا بَیۡنَہُمَا فَاعۡبُدۡہُ وَاصۡطَبِرۡ لِعِبَادَتِہٖ ؕ ہَلۡ تَعۡلَمُ لَہٗ سَمِیًّا ﴿٦٥﴾

(၆၅) (အရှင်မြတ်သည်) မိုးကောင်းကင်များနှင့်၊ မြေပထဝီသာမက

ထိုမိုးကောင်းကင်နှင့် မြေပထဝီနှစ်ခု၏ကြားတွင် ရှိသမျှအရာများကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် ဖြစ်တော်မူသည်။ သို့ဖြစ်ရာ အသင်သည် ထိုအရှင်မြတ်အား ကိုးကွယ်ပါ။ ထို့ပြင် အရှင်မြတ်အား ကိုးကွယ်ရာတွင် ကြံ့ကြံ့ခံပါ။❶ ထိုအရှင်မြတ်နှင့် အမည်အားဖြင့်တူညီမှု (မည်သည့်အရာတွင်မျှ ဆင်တူယိုးမှားပင်မရှိနိုင်သည်)ကို အသင်သိပါသလော။

❶ ကောင်းကင်တမန်တွေဟာ အရှင်မြတ်ရဲ့ အမိန့်မရှိဘဲ သူတို့သဘောနဲ့ ဆင်းချင်သလိုဆင်းလို့ မရဘူး။ အဲဒါကြောင့် တမန်တော်မြတ် ﷺက ဂျိဗ်ရီလ် عليه السلامကို မကြာခဏဆင်းလာဖို့ ဖိတ်ခေါ်တဲ့အခါမှာ သူက ဆင်းမလာနိုင်ကြောင်း ပြန်ဖြေခဲ့တာဖြစ်တယ်။ တမန်တော်မြတ် ﷺအတွက် အမိကအချက်မှာ အရှင်မြတ်ရဲ့ အမိန့်တော်တွေကို စွဲစွဲမြဲမြဲ လိုက်နာပြီး အရှင်မြတ်ကို ကိုးကွယ်ဖို့ပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَقُولُ الْإِنسَانُ أَإِذَا مَا مِتُّ لَسَوْفَ أُخْرَجُ حَيًّا ﴿٦٦﴾

(၆၆) ထို့ပြင် လူသားက ပြောဆိုသည်- ကျွန်ုပ်သေပြီးသည့်နောက် မကြာမီ(ပြန်)အသက်ရှင်လျက် (သင်္ချိုင်းထဲမှ)ထွက်စေခြင်းကို အမှန်ပင် ခံရဦးမည်လော။

أَوَلَا يَذْكُرُ الْإِنسَانُ أَنَّا خَلَقْنَاهُ مِن قَبْلُ وَلَمْ يَكُ شَيْئًا ﴿٦٧﴾

(၆၇) ထို့ပြင် လူသားသည် သူသည် မည်သည့်အရာမျှ မဖြစ်ခဲ့ပါဘဲလျက် ငါအရှင်မြတ်ကပင် သူ့အား ပထမအကြိမ်ဖန်ဆင်းတော်မူခဲ့သည်ကို သတိမရသလော။

فَوَرَبِّكَ لَنَحْشُرَنَّهُمْ وَالشَّيَاطِينَ ثُمَّ لَنُحْضِرَنَّهُمْ حَوْلَ جَهَنَّمَ جِثِيًّا ﴿٦٨﴾

(၆၈) ထို့နောက် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို တိုင်တည်ပြောမည်၊ အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့နှင့် ရှိုင်သွာန်များကို စုရုံးတော်မူပြီးလျှင် အမှန်ပင် ငါအရှင်မြတ်သည် သူတို့အား ငရဲဘုံ၏ပတ်ဝန်းကျင်တွင် ဒူးတုပ်လျက် အသင့်ရောက်စေတော်မူမည်။❷

❷ သေပြီးနောက် ရှင်ပြန်ထဖို့ ငြင်းဆန်တဲ့သူတွေကို ကိယာမသ်နေ့မှာ ရှင်ပြန်ထစေပြီး သူတို့ရဲ့အဖော်တွေအားလုံးကိုပါစုပေါင်းပြီး ငရဲဘုံနားမှာ ဒူးတုပ်ကာ ထိုင်ထားစေမှာဖြစ်တယ်။ (အလင်းပြကျမ်း)

ثُمَّ لَنَنزِعَنَّ مِن كُلِّ شِيعَةٍ أَيُّهُمْ أَشَدُّ عَلَى الرَّحْمَٰنِ عِتِيًّا ﴿٦٩﴾

(၆၉) ထို့နောက် အနန္တကရုဏာတော်ရှင်အား အဆိုးဆုံး ပုန်ကန်ဆန့်ကျင်သူများကို ငါအရှင်မြတ်သည် အုပ်စုတိုင်းမှ အမှန်ပင် ရွေးထုတ်တော်မူမည်။

ثُمَّ لَنَحْنُ أَعْلَمُ بِالَّذِينَ هُمْ أَوْلَىٰ بِهَا صِلِيًّا ﴿٧٠﴾

(၇၀) ထို့နောက် အမှန်စင်စစ် ထိုငရဲဘုံတွင် မီးလောင်စေရန်အတွက်

ဝင်ရောက်ရန် အထိုက်တန်ဆုံးသူများကို ငါအရှင်မြတ်သည် အသိဆုံး ဖြစ်တော်မူသည်။

وَإِنْ مِّنْكُمْ إِلَّا وَارِدُهَا ۚ كَانَ عَلٰى رَبِّكَ حَتْمًا مَّقْضِيًّا ﴿٧١﴾

(၇၁) ထို့ပြင် အသင်တို့ထဲမှ မည်သူမဆို ထိုဂျဟန္နမ်ငရဲဘုံပေါ်တွင် ဖြတ်သန်းသွားရမည့်သူများချည်းသာဖြစ်သည်။❷ (၎င်းသည်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အပေါ်တွင် ဆုံးဖြတ်ထားသော တာဝန်တစ်ခုပင် ဖြစ်သည်။

❷ လူတိုင်းဟာ ငရဲဘုံပေါ်က ဖြတ်သန်းသွားကြရမှာဖြစ်တယ်။ သုခဘုံကို သွားရာလမ်းမှာ အဲဒီတံတားကို ဖောက်လုပ်ထားတာဖြစ်တယ်။ အဲဒီတံတားကို စွိရာသွ်လို့ခေါ်တာဖြစ်တယ်။ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်တဲ့သူတွေဟာ တံတားပေါ်ကနေ မြန်မြန်ဆန်ဆန် ဖြတ်သန်းလွတ်မြောက်သွားကြမှာဖြစ်တယ်။ အပြစ်ရှိသူတွေဟာ သူတို့ရဲ့ အပြစ်အလျောက် တံတားပေါ်ဖြတ်သွားရင်းနဲ့ ငရဲဘုံထဲကို ကျသွားမှာဖြစ်ပြီး သူတို့အပြစ်တွေရဲ့ အစားကို ခံပြီးတာနဲ့ ပြန်လွတ်မြောက်သွားမှာဖြစ်တယ်။ ကာဖိရ်တွေကတော့ အဲဒီတံတားကနေ ချော်ကျပြီးနောက် ငရဲဘုံထဲမှာပဲ အမြဲနေရတော့မှာဖြစ်တယ်။ (အလင်းပြကျမ်း)

ثُمَّ نُنَجِّي الَّذِيْنَ اتَّقَوْا وَّنَذَرُ الظّٰلِمِيْنَ فِيْهَا جِثِيًّا ﴿٧٢﴾

(၇၂) ထို့နောက် ငါအရှင်မြတ်သည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများအား လွတ်မြောက်စေတော်မူမည်။ ထို့ပြင် မတရားကျူးလွန်သူများကို ငါအရှင်မြတ်သည် ထိုငရဲဘုံ၌ပင် ဒူးတုပ်ထားလျက် စွန့်ပစ်ထားတော်မူမည်။

وَإِذَا تُتْلٰى عَلَيْهِمْ اٰيٰتُنَا بَيِّنٰتٍ قَالَ الَّذِيْنَ كَفَرُوْا لِلَّذِيْنَ اٰمَنُوْٓا ۙ اَيُّ الْفَرِيْقَيْنِ خَيْرٌ مَّقَامًا وَّاَحْسَنُ نَدِيًّا ﴿٧٣﴾

(၇၃) ထို့ပြင် သူတို့၏ရှေ့၌ ငါအရှင်မြတ်၏အာယသ်တော်များကို ရှင်းလင်းထင်ရှားစွာ ဖတ်ကြားသည့်အခါ ကာဖိရ်များက အီမာန်ယုံကြည်သူများကို ပြောဆိုကြသည်- "(ကျွန်ုပ်တို့နှင့် အသင်တို့) အုပ်စုနှစ်စုထဲမှ မည်သည့်အုပ်စုသည် နေရာထိုင်ခင်းအခြေအနေပိုကောင်းပြီး အပေါင်းအဖော်အသိုင်းအဝိုင်းလည်း ပိုကောင်းသနည်း။"

وَكَمْ اَهْلَكْنَا قَبْلَهُمْ مِّنْ قَرْنٍ هُمْ اَحْسَنُ اَثَاثًا وَّرِءْيًا ﴿٧٤﴾

(၇၄) ထို့ပြင် ငါအရှင်မြတ်သည် သူတို့မတိုင်မီ အုပ်စုများစွာကို ဖျက်ဆီးတော်မူခဲ့ပြီးဖြစ်သည်။ ထို(ဖျက်ဆီးခြင်းခံရသည့်)အုပ်စုများသည် ပစ္စည်းဥစ္စာသာမက၊ အမြင်အနေဖြင့်ပါ (သူတို့ထက်) ပိုကောင်းသူများဖြစ်ခဲ့ကြသည်။❸

❸ ဒီလောကမှာ ပစ္စည်းဥစ္စာနဲ့ ခြွေရံသင်းပင်းတွေများပြားတိုင်း ကောင်းတယ်လို့ သတ်မှတ်လို့

မရဘူး။ အီမာန်က အဓိကကျတယ်။ အရှင်မြတ်ဟာ အီမာန်မရှိတဲ့သူတွေကို ဘယ်လောက်ချမ်းသာနေတာပဲဖြစ်ဖြစ် အရင်တုန်းက ဖျက်ဆီးခဲ့ပြီးပဲဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ مَنْ كَانَ فِى الضَّلٰلَةِ فَلْيَمْدُدْ لَهُ الرَّحْمٰنُ مَدًّا ۚ حَتّٰٓى اِذَا رَاَوْا مَا يُوْعَدُوْنَ اِمَّا الْعَذَابَ وَ
اِمَّا السَّاعَةَ ۗ فَسَيَعْلَمُوْنَ مَنْ هُوَ شَرٌّ مَّكَانًا وَّ اَضْعَفُ جُنْدًا ﴿٧٥﴾

(၇၅) (အို-တမန်တော်) အသင်ပြောလိုက်ပါ- မည်သူမဆို လမ်းမှားတွင်ရှိခဲ့လျှင် ရဟ်မာန်အနန္တကရုဏာတော်ရှင်သည် ထိုသူ့အား အချိန်ကြာကြာ ရွှေ့ဆိုင်းထားတော်မူသည်။ နောက်ဆုံးတွင် ထိုသူများသည် သူတို့ ချိန်းဆိုထားခြင်းခံရသော ပြစ်ဒဏ်ကိုဖြစ်စေ၊ ကိယာမသ်ကိုဖြစ်စေ တွေ့မြင်ကြသည့်အခါ မည်သူသည် နေရာထိုင်ခင်းအနေဖြင့် အခြေအနေပိုဆိုးသူဖြစ်ကြောင်းနှင့် မည်သူသည် အုပ်စုအနေဖြင့် ပိုအားနည်းသူ ဖြစ်ကြောင်းကို သူတို့ မကြာမီ သိရှိကြလိမ့်မည်။❶

❶ တမလွန်ဘဝရောက်တဲ့အခါကျမှပဲ ဘယ်သူဟာ အဲဒါတွေ ပေါ်များပြီး အကျိုးရှိခဲ့သလဲဆိုတာ သိရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَزِيْدُ اللّٰهُ الَّذِيْنَ اهْتَدَوْا هُدًى ۗ وَالْبٰقِيٰتُ الصّٰلِحٰتُ خَيْرٌ عِنْدَ رَبِّكَ ثَوَابًا وَّ خَيْرٌ مَّرَدًّا ﴿٧٦﴾

(၇၆) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် တရားလမ်းမှန်ရရှိသူများကို ပိုပြီးတရားလမ်းမှန်တိုးပွားစေတော်မူသည်။ ထို့ပြင် အမြဲတည်ရှိနေမည့် ကောင်းမြတ်သော လုပ်ရပ်များသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် ကုသိုလ်အကျိုးအနေဖြင့်လည်း အကောင်းဆုံးဖြစ်သည်။ နောက်ဆုံးအကျိုးဆက်အနေဖြင့်လည်း အကောင်းဆုံးပင် ဖြစ်သည်။

اَفَرَءَيْتَ الَّذِىْ كَفَرَ بِاٰيٰتِنَا وَقَالَ لَاُوْتَيَنَّ مَالًا وَّ وَلَدًا ﴿٧٧﴾

(၇၇) အသင်(တမန်တော်)သည် အကြင်သူ့ကို မြင်ခဲ့သလော။ ထိုသူသည် ငါအရှင်မြတ်၏အာယသ်တော်များကို ငြင်းပယ်ခဲ့သည်။ ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်သည် (တမလွန်ဘဝတွင်) ပစ္စည်းဥစ္စာနှင့် သားသမီးကို ပေးသနားခံရဦးမည်ဟု ပြောဆိုခဲ့သည်။

اَطَّلَعَ الْغَيْبَ اَمِ اتَّخَذَ عِنْدَ الرَّحْمٰنِ عَهْدًا ﴿٧٨﴾

(၇၈) သူသည် အကွယ်၌ရှိသည်ကို သိခဲ့သလော။ သို့မဟုတ် သူသည် ရဟ်မာန်အနန္တကရုဏာတော်ရှင်ထံတွင် ကတိတစ်စုံတစ်ခု ပြုလုပ်ခဲ့သလော။

كَلَّا ۗ سَنَكْتُبُ مَا يَقُوْلُ وَنَمُدُّ لَهُ مِنَ الْعَذَابِ مَدًّا ﴿٧٩﴾

(၇၉) လုံးဝမဟုတ်ပေ။ ငါအရှင်မြတ်သည် သူပြောသည်ကို ရေးမှတ်

တော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် သူ့ကို ပြစ်ဒဏ်တိုးပေးတော်မူမည်။

وَّنَرِثُهٗ مَا يَقُوْلُ وَيَاْتِيْنَا فَرْدًا ﴿٨٠﴾

(၈၀) ထို့ပြင် သူပြောသည့်အရာများကို ငါအရှင်မြတ်ပင် ပိုင်ဆိုင်တော်မူမည်။ ထို့နောက် သူသည် ငါအရှင်မြတ်ထံတော်သို့ တစ်ကိုယ်တည်းပင် ရောက်ရှိလာလိမ့်မည်။

وَاتَّخَذُوْا مِنْ دُوْنِ اللّٰهِ اٰلِهَةً لِّيَكُوْنُوْا لَهُمْ عِزًّا ﴿٨١﴾

(၈၁) ထို့ပြင် သူတို့သည် သူတို့အတွက် ကူညီသူများအဖြစ် အလ္လာဟ်အရှင်မြတ်အားစွန့်ပြီး ကိုးကွယ်ရာများ ပြုလုပ်ထားကြသည်။

كَلَّا ؕ سَيَكْفُرُوْنَ بِعِبَادَتِهِمْ وَيَكُوْنُوْنَ عَلَيْهِمْ ضِدًّا ﴿٨٢﴾

(၈၂) လုံးဝ(ကူညီမည်)မဟုတ်ပေ။ ၎င်း(ကိုးကွယ်ရာများ)သည် (ကိုးကွယ်သူများ၏)ကိုးကွယ်မှုကို မကြာမီ ငြင်းပယ်ပြီး ၎င်းတို့သည် ကိုးကွယ်သူများ၏ ဆန့်ကျင်ဘက်ရန်သူများပင် ဖြစ်သွားကြလိမ့်မည်။

اَلَمْ تَرَ اَنَّاۤ اَرْسَلْنَا الشَّيٰطِيْنَ عَلَى الْكٰفِرِيْنَ تَؤُزُّهُمْ اَزًّا ﴿٨٣﴾

(၈၃) အသင်(တမန်တော်)မသိမြင်ခဲ့သလော။ အမှန်စင်စစ် ငါအရှင်မြတ်သည် ကာဖိရ်များအပေါ်တွင် ရှိုင်သွာန်များကို စေလွှတ်ထားတော်မူခဲ့သည်။ သူတို့သည် ကာဖိရ်များကို အလွန်လှုံ့ဆော်လျက်ရှိကြသည်။

فَلَا تَعْجَلْ عَلَيْهِمْ ؕ اِنَّمَا نَعُدُّ لَهُمْ عَدًّا ﴿٨٤﴾

(၈၄) သို့ဖြစ်ရာ အသင်သည် သူတို့နှင့်ပတ်သက်၍ အလျင်စလိုမပြုပါနှင့်။ ငါအရှင်မြတ်ကိုယ်တိုင်ပင် သူတို့(၏အပြုအမူများ)ကို ရေတွက်(မှတ်သား)နေတော်မူသည်။

يَوْمَ نَحْشُرُ الْمُتَّقِيْنَ اِلَى الرَّحْمٰنِ وَفْدًا ﴿٨٥﴾

(၈၅) (ထိုပြစ်ဒဏ်သည် အကြင်နေ့တွင် ကျရောက်မည်ဖြစ်သည်။) (ထို)နေ့တွင် ငါအရှင်မြတ်သည် မုသ်သကီ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများကို ရဟ်မာန်အနန္တကရုဏာတော်ရှင်ထံသို့ (ဂုဏ်သရေရှိ) ဧည့်သည်တော်များအဖြစ် စုရုံးစေတော်မူမည်။

وَّنَسُوْقُ الْمُجْرِمِيْنَ اِلٰى جَهَنَّمَ وِرْدًا ﴿٨٦﴾

(၈၆) ထို့ပြင် ငါအရှင်မြတ်သည် အပြစ်ကျူးလွန်သူများကို (ထိုနေ့တွင်) ငရဲဘုံသို့ ရေဆာလောင်ငတ်မွတ်စေလျက် (တိရစ္ဆာန်များကဲ့သို့)မောင်းနှင်တော်မူမည်။

لَا يَمْلِكُوْنَ الشَّفَاعَةَ اِلَّا مَنِ اتَّخَذَ عِنْدَ الرَّحْمٰنِ عَهْدًا ﴿٨٧﴾

(၈၇) (ထိုနေ့တွင်)ရဟ်မာန်အနန္တကရုဏာတော်ရှင်ထံမှ ကတိတစ်စုံတစ်ခုရရှိပြီးဖြစ်သူမှလွဲ၍ အခြားသူများသည် ကြားဝင်အသနားခံပိုင်ခွင့် ရှိကြမည်မဟုတ်ပေ။❶

❶ အီမာန်ဟာ ကြောက်ရွံ့မှုနဲ့ မျှော်လင့်မှုကြားမှာရှိတယ်။ ရဟ်မသ်ကို မျှော်ကိုးတာမှာ အပိုင်း ၂ပိုင်းရှိတယ်။ (၁)လုပ်သင့်တာကို လုပ်ပြီးနောက် မျှော်ကိုးခြင်းဟာ မလုပ်မနေရ ဖရသ္ဓ် အဆင့်ဖြစ်တယ်။ မိမိအမလ်ကောင်းမှုကိုပဲ အားကိုးမယ်ဆိုရင်လည်း လမ်းလွဲသွားနိုင်တယ်။ (၂) မိမိလုပ်သင့်တာကိုဘာမှမလုပ်ဘဲ ရဟ်မသ်ကို မျှော်ကိုးခြင်းဟာ သဘာဝမကျတဲ့ မျှော်ကိုးခြင်းဖြစ်တယ်။ ရှဖာအသ်ကြားဝင်အသနားခံပေးခြင်းဟာ ကိယာမသ်နေ့မှာ အရှင်မြတ်က ခွင့်ပြုတဲ့သူပဲ ပြုလုပ်နိုင်မှာဖြစ်တယ်။ အဲဒီလို ခွင့်ပြုခံရရင်လည်း အရှင်မြတ်က ကယ်တင်ပေးမယ်လို့ သဘောတူ ကျေနပ်နှစ်သက်တဲ့သူအတွက်ပဲ ရှဖာအသ်ပြုလုပ်ပေးနိုင်မှာဖြစ်တယ်။ ကာဖိရ်တွေအတွက် ရှဖာအသ်မရှိဘူး။ ဘယ်သူမဆို ကိုယ့်ကိုယ်ကိုယ် ဘယ်ဝလီက၊ ဘယ်နဗီက ကျိန်းသေ ရှဖာအသ် လုပ်ပေးမှာကြောင့် ဂျန္နသ်ကို တိုက်ရိုက်ရမယ်လို့ မပြောနိုင်ဘူး။ အရှင်မြတ်ရဲ့ခွင့်ပြုချက်မပါဘဲနဲ့ ဘယ်သူကမှ ဘယ်သူ့ကို ဘာမှ လုပ်ပေးနိုင်မှာမဟုတ်ဘူး။ အဲဒီအတွက် ကိုယ်က အီမာန်နဲ့ အမလ် မှန်ကန်အောင်မလုပ်ဘဲ ရှဖာအသ်ကို အားကိုးပြီး ထိုင်နေရမှာ မဟုတ်ဘူး။ ကိုယ့်အတွက် ရှဖာအသ်ရမယ် မရဘူးဆိုတာ သေချာပေါက် မပြောနိုင်တဲ့ကိစ္စပဲ ဖြစ်တယ်။ သေချာတာကတော့ အီမာန်နဲ့ ကောင်းမြတ်တဲ့လုပ်ရပ်တွေကို မှန်မှန်ကန်ကန် ပြုလုပ်သွားခြင်းပဲ ဖြစ်တယ်။ (အကီဒဟ် သွဟာဝီယဟ်)

وَقَالُوا اتَّخَذَ الرَّحْمٰنُ وَلَدًا ﴿٨٨﴾

(၈၈) ထို့ပြင် သူတို့က ရဟ်မာန်အနန္တကရုဏာတော်ရှင်သည် သားသမီး ပြုလုပ်(မွေးစား)တော်မူခဲ့သည်ဟု (စွပ်စွဲ)ပြောဆိုခဲ့ကြသည်။❷

❷ အရှင်မြတ်ကို သားသမီးရှိတယ်လို့ စွပ်စွဲပြောဆိုခြင်းဟာ အလွန်ဆိုးဝါးတဲ့ စွပ်စွဲမှုဖြစ်တယ်။ အရှင်မြတ်ကအရှင်မြတ်နဲ့တူတာ ဘာမှမရှိဘူးလို့ကုရ်အာန် - ၄၂း၁၁ မှာကြေညာထားပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

لَقَدْ جِئْتُمْ شَيْـًٔا اِدًّا ﴿٨٩﴾

(၈၉) အမှန်စင်စစ် အသင်တို့သည် အလွန်ဆိုးရွားသည့်အရာကို ကျူးလွန်(ပြောဆို)ခဲ့ကြသည်။

تَكَادُ السَّمٰوٰتُ يَتَفَطَّرْنَ مِنْهُ وَتَنْشَقُّ الْاَرْضُ وَتَخِرُّ الْجِبَالُ هَدًّا ﴿٩٠﴾

(၉၀) ယင်း(ပြောဆိုမှု)ကြောင့် မိုးကောင်းကင်များသည် ပြိုလုနီးပါး နှင့် မြေပထဝီသည် အက်ကွဲလုနီးပါးဖြစ်သည့်အပြင် တောင်များသည်လည်း တုန်လှုပ်ပြီး ပြိုလဲကျလုနီးပါးဖြစ်ကြသည်။

اَنْ دَعَوْا لِلرَّحْمٰنِ وَلَدًا ﴿٩١﴾

(၉၁) သူတို့သည် ရဟ်မာန်အနန္တကရုဏာတော်ရှင်၌ သားသမီး (ရှိ

သည်ဟု)စွပ်စွဲခဲ့ကြသည့်အတွက်ကြောင့်ဖြစ်သည်။

وَمَا يَنۢبَغِى لِلرَّحۡمٰنِ اَنۡ يَّتَّخِذَ وَلَدًا ؕ﴿۹۲﴾

(၉၂) ထို့ပြင် သားသမီးတစ်ဦးဦး ပြုလုပ်ခြင်းသည် ရဟ်မာန် အနန္တကရုဏာတော်ရှင်နှင့် လုံးဝမအပ်စပ်ပေ။

اِنۡ كُلُّ مَنۡ فِى السَّمٰوٰتِ وَالۡاَرۡضِ اِلَّاۤ اٰتِى الرَّحۡمٰنِ عَبۡدًا ؕ﴿۹۳﴾

(၉၃) မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှသူများသည် ရဟ်မာန် အနန္တကရုဏာတော်ရှင်၏ရှေ့၌ ကျွန်အဖြစ်နှင့် လာရောက်ရမည့်သူချည်းသာ ဖြစ်သည်။

لَقَدۡ اَحۡصٰىهُمۡ وَعَدَّهُمۡ عَدًّا ؕ﴿۹۴﴾

(၉၄) အမှန်စင်စစ် အရှင်မြတ်သည် သူတို့အား လွှမ်းခြုံသိတော်မူသည့်အပြင် သူတို့အား ရေတွက်၍လည်းထားတော်မူသည်။

وَكُلُّهُمۡ اٰتِيۡهِ يَوۡمَ الۡقِيٰمَةِ فَرۡدًا ﴿۹۵﴾

(၉၅) ထို့ပြင် သူတို့ထဲမှ လူတိုင်းသည် အရှင်မြတ်ထံတော်သို့ ကိယာမသ်နေ့တွင် တစ်ဦးချင်း လာရောက်ရမည့်သူများပင် ဖြစ်ကြသည်။

اِنَّ الَّذِيۡنَ اٰمَنُوۡا وَعَمِلُوا الصّٰلِحٰتِ سَيَجۡعَلُ لَهُمُ الرَّحۡمٰنُ وُدًّا ﴿۹۶﴾

(၉၆) အမှန်စင်စစ် အကြင်သူများသည် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည်။ ရဟ်မာန်အနန္တကရုဏာတော်ရှင်သည် ထိုသူများအတွက် (အဖန်ဆင်းခံများ၏စိတ်နှလုံးများထဲတွင်) ချစ်ခင်မှုကို မကြာမီ ပေါက်ဖွားစေတော်မူမည်ဖြစ်သည်။ ❶

❶ အီမာန်နဲ့ ကောင်းမြတ်တဲ့လုပ်ရပ်တွေလုပ်တဲ့သူတွေကို အရှင်မြတ်က ချစ်ခင်မှုဖန်တီးပေးရာမှာ (၁)အရှင်မြတ်ကိုယ်တိုင် သူတို့ကို ချစ်ခင်တော်မူမယ်။(၂) သူတို့ အချင်းချင်း ချစ်ခင်ကြမယ်။ (၃) ဘာသာခြားတွေကပါ သူတို့ကို ချစ်ခင်ကြမယ်။ လက်တွေ့သာဓကအနေနဲ့ သမိုင်းတွင်ရစ်ခဲ့ပြီဖြစ်တယ်။ (အလင်းပြကျမ်း)

فَاِنَّمَا يَسَّرۡنٰهُ بِلِسَانِكَ لِتُبَشِّرَ بِهِ الۡمُتَّقِيۡنَ وَتُنۡذِرَ بِهٖ قَوۡمًا لُّدًّا ﴿۹۷﴾

(၉၇) ထို့ပြင် ငါအရှင်မြတ်ကပင် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို အသင်၏ဘာသာစကားဖြင့် လွယ်ကူအောင်ပြုလုပ်တော်မူခဲ့သည်။ (မည်သည့်အတွက်ကြောင့်ဆိုလျှင်) အသင်သည် ထိုအရာဖြင့် မုသ်သကီကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများကို သတင်းကောင်းပေးရန်နှင့် စောဒကအတက်သန်သည့်အမျိုးသားများကို ထိုအရာဖြင့် သတိပေးနှိုးဆော်မှုပြုလုပ်နိုင်ရန်အတွက်

ဖြစ်သည်။❶

❶ လူမျိုးတိုင်းမှာ စိတ်ထားဖြောင့်မတ်တဲ့သူတွေဟာ အမှန်တရားကို လွယ်လွယ်ကူကူပဲ လက်ခံလေ့ရှိခဲ့ကြပေမဲ့ စိတ်ထားကောက်တဲ့သူတွေဟာ အမှန်တရားကို လက်ခံလေ့မရှိကြတဲ့အပြင် စောဒကတက် အငြင်းအခုံလုပ်လေ့လည်း ရှိကြတယ်။ အဲဒါကြောင့် အရှင်မြတ်က ဒီကျမ်းကို လက်ခံတဲ့သူတွေအတွက် သုခဘုံမှာ စံမြန်းရမဲ့အကြောင်း သတင်းကောင်းပေးဖို့နဲ့ လက်မခံဘဲ စောဒကတက် အငြင်းအခုံလုပ်တဲ့သူတွေကို ငရဲဘုံမှာ ခံစားစေမှာဖြစ်ကြောင်း သတိပေးနှိုးဆော်ဖို့ ချပေးတော်မူတာဖြစ်တယ်။ (သွပ်ဖ်ရီ၊ စအ်ဒီ)

وَكَمْ اَهْلَكْنَا قَبْلَهُمْ مِّنْ قَرْنٍ ؕ هَلْ تُحِسُّ مِنْهُمْ مِّنْ اَحَدٍ اَوْ تَسْمَعُ لَهُمْ رِكْزًا ﴿٩٨﴾

(၉၈) ထို့ပြင် ငါအရှင်မြတ်သည် သူတို့ မတိုင်မီ အုပ်စုများစွာကို ဖျက်ဆီးတော်မူခဲ့သည်။ အသင်သည် သူတို့ထဲမှ မည်သူ့အား မြင်ပါသေးသနည်း။ သို့မဟုတ် အသင်သည် သူတို့၏အသံသဲ့သဲ့ကိုပင် ကြားပါသေး၏လော။

=====

رکوعاتها ٨ ٢٠ سُوْرَةُ طٰهٰ مَكِّيَّةٌ ٤٥ اٰياتها ١٣٥

**စူရဟ် သွာဟာ (သွာဟာ ကဏ္ဍ)** سُوْرَةُ طٰهٰ

=====

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

طٰهٰ ﴿١﴾

(၁) သွာ ဟာ ။❷

❷ အဲဒီစကားစုရဲ့အဓိပ္ပာယ်ကို အရှင်မြတ်ပဲ သိတော်မူတယ်။ (အလင်းပြကျမ်း)

مَاۤ اَنۡزَلۡنَا عَلَیۡکَ الۡقُرۡاٰنَ لِتَشۡقٰۤی ﴿٢﴾

(၂) ငါအရှင်မြတ်သည် အသင်ဒုက္ခခံစားရရန်အတွက် အသင့်အပေါ် ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးခဲ့သည်မဟုတ်ပေ။

اِلَّا تَذۡکِرَۃً لِّمَنۡ یَّخۡشٰی ﴿٣﴾

(၃) သို့ရာတွင် ကြောက်ရွံ့သူ (အကြောက်တရားထားသူ)အတွက် ဆုံးမသြဝါဒအဖြစ်နှင့်ပင် (ချပေးခဲ့ခြင်းဖြစ်သည်)။❻

❻ ဒီကုရ်အာန်ကျမ်းတော်မြတ်ကို ဒုက္ခခံစားရဖို့အတွက် ချပေးတော်မူတာမဟုတ်ဘဲ စိတ်သဘောထားနူးညံ့သိမ်မွေ့တဲ့သူတွေဟာ သတိတရားရယူဖို့အတွက် ဆုံးမသြဝါဒအဖြစ် ချပေးတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

تَنۡزِیۡلًا مِّمَّنۡ خَلَقَ الۡاَرۡضَ وَ السَّمٰوٰتِ الۡعُلٰی ﴿٤﴾

(၄) မြေပထဝီနှင့် မြင့်မားသောကောင်းကင်များကို ဖန်ဆင်းတော်မူသောအရှင်မြတ်ထံတော်မှ ချပေးသနားတော်မူခြင်းဖြစ်သည်။

اَلرَّحۡمٰنُ عَلَی الۡعَرۡشِ اسۡتَوٰی ﴿٥﴾

(၅) "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည် အရ်ရှ်ပလ္လင်တော်အပေါ်တွင် တည်(ရှိလျက် အရှင်မြတ်နှင့် ထိုက်တန်တော်မူသည့်အတိုင်း စံမြန်းနေ)တော်မူသည်။

لَہٗ مَا فِی السَّمٰوٰتِ وَ مَا فِی الۡاَرۡضِ وَ مَا بَیۡنَہُمَا وَ مَا تَحۡتَ الثَّرٰی ﴿٦﴾

(၆) မိုးကောင်းကင်များတွင်ရှိသမျှအရာ၊ မြေပထဝီတွင်ရှိသမျှအရာ၊ မိုးကောင်းကင်များနှင့် မြေပထဝီကြားတွင် ရှိသမျှအရာနှင့် မြေအောက်တွင်ရှိ

သမျှအရာတို့သည် အရှင်မြတ်ပင် ပိုင်ဆိုင်တော်မူသည်။

وَاِنۡ تَجۡهَرۡ بِالۡقَوۡلِ فَاِنَّهٗ يَعۡلَمُ السِّرَّ وَاَخۡفٰى ﴿۷﴾

(၇) ထို့ပြင် အကယ်၍ အသင်သည် အသံကျယ်ကျယ် စကားပြောလျှင်လည်း (အရှင်မြတ်သည် သိတော်မူသည်ပင်ဖြစ်သည်)။ အမှန်စင်စစ် အရှင်မြတ်သည် (စိတ်ထဲမှယခုလျှို့ဝှက်ပြောနေသည့်)အတွေးစိတ်ကူးသာမက (စိတ်ထဲမှနောင်တစ်ချိန်တွင်လျှို့ဝှက်ပြောမည့်)အတွေးစိတ်ကူးကိုပင် သိရှိတော်မူသည်။

اَللّٰهُ لَاۤ اِلٰهَ اِلَّا هُوَ ؕ لَهُ الۡاَسۡمَآءُ الۡحُسۡنٰى ﴿۸﴾

(၈) (ထိုအရှင်သည်) အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ အရှင်မြတ်တွင် အမွန်မြတ်ဆုံးနာမတော်များ ရှိသည်။

وَهَلۡ اَتٰٮكَ حَدِيۡثُ مُوۡسٰى ﴿۹﴾

(၉) ထို့ပြင် (တမန်တော်)မူစာ၏အကြောင်း အသင့်ထံသို့ ရောက်လာခဲ့ပြီလော။

اِذۡ رَاٰ نَارًا فَقَالَ لِاَهۡلِهِ امۡكُثُوۡۤا اِنِّىۡۤ اٰنَسۡتُ نَارًا لَّعَلِّىۡۤ اٰتِيۡكُمۡ مِّنۡهَا بِقَبَسٍ اَوۡ اَجِدُ عَلَى النَّارِ هُدًى ﴿۱۰﴾

(၁၀) တစ်ခါတွင် ၎င်းသည် မီးတစ်ခုကို မြင်သည့်အခါ ၎င်း၏အိမ်သူအိမ်သားများအား "အသင်တို့ စောင့်နေခဲ့ကြပါ၊ အမှန်ပင် ကျွန်ုပ်သည် မီးတစ်ခုကို မြင်ရသည်၊ ကျွန်ုပ်သည် ထိုမီးမှ မီးတောက်ကို (သစ်သားစသည်တို့ဖြင့် မီးကူးယူပြီး) အသင်တို့ထံ (ချမ်းအေးခြင်းကို ကာကွယ်ရန်) ယူဆောင်လာနိုင်လိမ့်မည်၊ သို့မဟုတ် ကျွန်ုပ်သည် မီး၏အနားတွင် လမ်းညွှန်တစ်စုံတစ်ခု တွေ့ရှိကောင်း တွေ့ရှိနိုင်သည်"ဟု ပြောဆိုသည်။

فَلَمَّاۤ اَتٰٮهَا نُوۡدِىَ يٰمُوۡسٰى ؕ ﴿۱۱﴾

(၁၁) ထို့နောက် ၎င်းသည် ထိုမီး၏အနီးသို့ ရောက်သည့်အခါ(ဤသို့) အသံပြုခြင်းကိုခံခဲ့ရသည်- အို-မူစာ၊❶

❶ တမန်တော်မူစာ ﷺ ဟာ ညလမ်းခရီး မှောင်မိုက်နေတဲ့အချိန်မှာ ၎င်းရဲ့ဇနီးသည် မီးဖွားဖို့ မီးအလင်းရောင်လိုအပ်တဲ့အတွက် မီးမြင်တဲ့နေရာကို သွားခဲ့တဲ့အခါမှာ အို-မူစာလို့ ခေါ်သံကြားခဲ့ရတယ်။ အဲဒီအပေါ်မှာ ၎င်းက လဗ်ဗိုင်က်လို့ ပြန်ထူးခဲ့တယ်။ (အလင်းပြကျမ်း)

اِنِّىۡۤ اَنَا رَبُّكَ فَاخۡلَعۡ نَعۡلَيۡكَ ۚ اِنَّكَ بِالۡوَادِ الۡمُقَدَّسِ طُوًى ؕ ﴿۱۲﴾

(၁၂) အမှန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား ဖန်ဆင်းမွေးမြူ

တော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူသည်။ သို့ဖြစ်ရာ အသင်သည် အသင်၏ ဖိနပ်နှစ်ဖက်ကို ချွတ်ပါ။[၆] အမှန်စင်စစ် အသင်သည် ထွတ်မြတ်သော သွူဝါ[၇] တောင်ကြားအရပ်တွင် ရှိနေခြင်းဖြစ်သည်။

[၆] မြင့်မြတ်တဲ့နေရာကို လေးစားတဲ့အနေနဲ့ ဖိနပ်ချွတ်ခိုင်းတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

[၇] အဲဒီသွူဝါဆိုတဲ့နေရာဟာ သွူရ်တောင်ခြေမှာရှိခဲ့တယ်။ (အလင်းပြကျမ်း)

وَاَنَا اخْتَرْتُكَ فَاسْتَمِعْ لِمَا يُوْحٰى ۝١٣

(၁၃) ထို့ပြင် ငါအရှင်မြတ်သည် အသင့်အား(တမန်တော်အဖြစ်)ရွေးချယ်တော်မူပြီးဖြစ်သည့်အတွက် အသင်သည် (အသင်၏ထံသို့ ငါအရှင်မြတ်ထံမှ)ထုတ်ပြန်ခြင်းခံရသော အမိန့်တော်များကို (သေချာစွာ)နားထောင်ပါ။

اِنَّنِيْٓ اَنَا اللّٰهُ لَآ اِلٰهَ اِلَّآ اَنَا فَاعْبُدْنِيْ ۙ وَاَقِمِ الصَّلٰوةَ لِذِكْرِيْ ۝١٤

(၁၄) အမှန်စင်စစ် ငါအရှင်မြတ်ပင် အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူသည်။ ငါအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ သို့ဖြစ်ရာ အသင်သည် ငါအရှင်မြတ်ကိုသာ ကိုးကွယ်ပါ။ ထို့ပြင် အသင်သည် ငါအရှင်မြတ်ကို သတိရရန် စွလာသ်ဝတ်ပြုပါ။[၁]

[၁] ခဝပ်ကိုးကွယ်မှုမှာ စွလာသ်ဝတ်ပြုမှုဟာ အဓိကဖြစ်တဲ့အတွက် အဲဒါကိုပဲဖော်ပြတာဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّ السَّاعَةَ اٰتِيَةٌ اَكَادُ اُخْفِيْهَا لِتُجْزٰى كُلُّ نَفْسٍۭ بِمَا تَسْعٰى ۝١٥

(၁၅) အမှန်စင်စစ် ကိယာမသ်သည် ရောက်လာမည်ဖြစ်သည်။[၂] လူတိုင်းသည် မိမိကြိုးပမ်းမှု၏အကျိုးကိုခံစားနိုင်ရန်အတွက် ငါအရှင်မြတ်သည် ထိုကိယာမသ်နေ့ကို (မည်သူ့ကိုမျှ အသိမပေးဘဲ) လျှို့ဝှက်ထားလိုတော်မူခြင်းဖြစ်သည်။

[၂] လူသားတွေရဲ့ကောင်းကျိုး၊ ဆိုးကျိုးကို စီရင်ဆုံးဖြတ်ဖို့အတွက် ကိယာမသ်ဟာ ရောက်လာရမှာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

فَلَا يَصُدَّنَّكَ عَنْهَا مَنْ لَّا يُؤْمِنُ بِهَا وَاتَّبَعَ هَوٰىهُ فَتَرْدٰى ۝١٦

(၁၆) ထို့နောက် ထိုနေ့ကို မယုံကြည်ဘဲ မိမိစိတ်အလိုကို လိုက်စားသူသည် အသင့်အား ထိုနေ့(ကို ယုံကြည်ခြင်း)မှ အမှန်စင်စစ် တားဆီးမှုမပြုစေနှင့်။ သို့မဟုတ်လျှင် အသင်လည်း ပျက်စီးသွားလိမ့်မည်။

وَمَا تِلْكَ بِيَمِيْنِكَ يٰمُوْسٰى ۝١٧

(၁၇) ထို့ပြင် အို-မူစာ ၊ အသင်၏လက်ယာလက်၌ ရှိသည့်ထိုအရာသည် မည်သည့်အရာနည်း။[၃]

❷ အသင့်လက်ထဲမှာ ဘာလဲလို့ မေးခြင်းဟာ မသိလို့မေးခြင်းမဟုတ်၊ တမန်တော်မူစာ ﷺ ကို သတိရစေဖို့ဖြစ်တယ်။ အသင်ကိုင်ထားတာဟာ တခြားမဟုတ်ဘူး၊ အသင်အမြဲကိုင်နေကျ တောင်ဝှေးပဲဖြစ်တယ်။ အခု အရှင်မြတ်ရဲ့အမိန့်နဲ့ အဲဒါဟာ မြွေဖြစ်သွားလိမ့်မယ်၊ ကြည့်နေလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ هِيَ عَصَايَ أَتَوَكَّؤُا عَلَيْهَا وَأَهُشُّ بِهَا عَلَىٰ غَنَمِي وَلِيَ فِيهَا مَآرِبُ أُخْرَىٰ ﴿١٨﴾

(၁၈) ၎င်းကပြောသည်- ထိုအရာသည် ကျွန်ုပ်၏တောင်ဝှေးဖြစ်ပါသည်။ ကျွန်ုပ်သည် ၎င်းကို အမှီသဟဲပြုပါသည်။ ထို့ပြင် ကျွန်ုပ်သည် ၎င်းဖြင့် ကျွန်ုပ်၏သိုးဆိတ်များအတွက် သစ်ခက်သစ်ရွက်များကို ခြွေပါသည်။ ထို့ပြင် ကျွန်ုပ်အတွက် ၎င်းတွင် အခြားလုပ်ဆောင်ရခြင်းများလည်း ရှိပါသေးသည်။

قَالَ أَلْقِهَا يَٰمُوسَىٰ ﴿١٩﴾

(၁၉) အရှင်မြတ်က အမိန့်ရှိတော်မူသည်- အို-မူစာ၊ အသင်သည် ၎င်း(တောင်ဝှေး)ကို ပစ်ချလိုက်ပါ။

فَأَلْقَىٰهَا فَإِذَا هِيَ حَيَّةٌ تَسْعَىٰ ﴿٢٠﴾

(၂၀) ထို့နောက် သူသည် ၎င်း(တောင်ဝှေး)ကို ပစ်ချလိုက်သည့်အခါ ၎င်း(တောင်ဝှေး)သည် ရုတ်တရက် တွားသွားနေသော မြွေတစ်ကောင် ဖြစ်နေတော့သည်။

قَالَ خُذْهَا وَلَا تَخَفْ ۖ سَنُعِيدُهَا سِيرَتَهَا ٱلْأُولَىٰ ﴿٢١﴾

(၂၁) အရှင်မြတ်က မိန့်တော်မူသည်- အသင်သည် ၎င်း(မြွေ)ကို ဖမ်းကိုင်လိုက်ပါ၊ ထို့ပြင် အသင်မကြောက်ပါနှင့်၊ ငါအရှင်မြတ်သည် ၎င်း(မြွေ)ကို သူ၏မူလအခြေအနေအတိုင်း ယခုပင် ပြန်ဖြစ်စေတော်မူမည်။❻

❻ နဂိုအတိုင်းပဲ တောင်ဝှေးပဲ ပြန်ဖြစ်သွားမယ်လို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَٱضْمُمْ يَدَكَ إِلَىٰ جَنَاحِكَ تَخْرُجْ بَيْضَآءَ مِنْ غَيْرِ سُوٓءٍ ءَايَةً أُخْرَىٰ ﴿٢٢﴾

(၂၂) ထို့ပြင် အသင်သည် အသင်၏လက်ကို အသင်၏အင်္ကျီကွဲကြောင်း (မှချိုင်းကြား)ထဲကို ထည့်သွင်းလိုက်ပါ။ ထိုလက်သည် သက်သေလက္ခဏာ နောက်တစ်ခုအဖြစ် အနာအဆာမရှိဘဲ လင်းဝင်းတောက်ပလျက် ထွက်ပေါ်လာမည်။❼

❼ လက်ကို ချိုင်းကြားကနေ ထုတ်လိုက်တာနဲ့ ဝင်းကနဲလက်ကနဲ တောက်ပသွားခဲ့တယ်။ ဒါဟာ တန်ခိုးတော် နောက်တစ်ခုဖြစ်တယ်။ (အလင်းပြကျမ်း)

لِنُرِيَكَ مِنْ ءَايَٰتِنَا ٱلْكُبْرَى ﴿٢٣﴾

(၂၃) (ဤသို့ပြုလုပ်ခြင်းမှာ) ငါအရှင်မြတ်သည် ငါအရှင်မြတ်၏ကြီး

ကျယ်သော သက်သေလက္ခဏာများထဲမှ အသင့်အား ပြသတော်မူရန်အတွက် ဖြစ်သည်။

اِذۡهَبۡ اِلٰی فِرۡعَوۡنَ اِنَّهٗ طَغٰی ﴿٢٤﴾

(၂၄) အသင်သည် ဖိရ်အောင်န်ထံသို့ သွားလိုက်ပါ။❻ အမှန်စင်စစ် သူသည် လွန်ကျူးစွာ သွေဖည်နေပြီဖြစ်သည်။

❻ အရှင်မြတ်ဟာ ၎င်းကို တန်ခိုးနှစ်ခုပေးပြီး ဖိရ်အောင်န်ထံကို သွားစေကာ အရှင်မြတ်ဘက်ကို ဖိတ်ခေါ်ဖို့ စေလွှတ်တော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ رَبِّ اشۡرَحۡ لِیۡ صَدۡرِیۡ ﴿٢٥﴾

(၂၅) ၎င်း(တမန်တော်မူစာ)က လျှောက်ထားသည်- အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်ုပ်အတွက် ကျွန်ုပ်၏ရင်ကို ကျယ်ဝန်းစေတော်မူပါ။❼

❼ ရင်ကိုကျယ်ခိုင်းတာဟာ စိတ်နှလုံးကို ဉာဏ်ရည်တွေနဲ့ဖြည့်ခိုင်းတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَیَسِّرۡ لِیۡۤ اَمۡرِیۡ ﴿٢٦﴾

(၂၆) ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်၏အရေးကိစ္စကို လွယ်ကူစေတော်မူပါ။

وَاحۡلُلۡ عُقۡدَۃً مِّنۡ لِّسَانِیۡ ﴿٢٧﴾

(၂၇) ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်၏လျှာမှ အထုံးကို ဖြေပေးတော်မူပါ။

یَفۡقَهُوۡا قَوۡلِیۡ ﴿٢٨﴾

(၂၈) ကျွန်ုပ်၏စကားအား ၎င်းတို့နားလည်နိုင်ကြရန်အတွက်၊

وَاجۡعَلۡ لِّیۡ وَزِیۡرًا مِّنۡ اَهۡلِیۡ ﴿٢٩﴾

(၂၉) ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်၏အိမ်သားများထဲမှ ကျွန်ုပ်အတွက် ကူညီသူအဖြစ် ပြုလုပ်ပေးသနားတော်မူပါ။

هٰرُوۡنَ اَخِی ﴿٣٠﴾

(၃၀) ကျွန်ုပ်၏အစ်ကို ဟာရူန်ကို၊

اشۡدُدۡ بِهٖۤ اَزۡرِیۡ ﴿٣١﴾

(၃၁) အရှင်မြတ်သည် ထိုဟာရူန်ဖြင့် ကျွန်ုပ်၏အင်အားကို ဖြည့်တင်းပေးတော်မူပါ။❶

❶ ၎င်းရဲ့အစ်ကို ဟာရူန် عليه السلام ကိုပါ တွဲဖက်တမန်တော်အဖြစ် အကူအညီထည့်ပေးဖို့ တောင်းခံတာဖြစ်တယ်။ တမန်တော်မူစာ عليه السلام မှာ အနည်းငယ် စကားထစ်တာကျန်ရှိနေသေးတဲ့အတွက် စကားပြောကောင်းတဲ့ ၎င်းရဲ့အစ်ကိုကိုပါ တွဲထည့်ပေးဖို့ အကူအညီတောင်းတာဖြစ်တယ်။

(မအာရိဖွလ်ကုရ်အာန်)

وَ اَشۡرِكۡهُ فِیۡۤ اَمۡرِیۡ ﴿۳۲﴾

(၃၂) ထို့ပြင် အရှင်မြတ်သည် ၎င်းအား ကျွန်ုပ်၏အရေးကိစ္စတွင်လည်း တွဲဖက်ပေးတော်မူပါ။

كَیۡ نُسَبِّحَكَ كَثِیۡرًا ﴿۳۳﴾

(၃၃) ကျွန်ုပ်တို့သည် အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို များစွာပြောဆိုနိုင်ကြရန်အတွက်၊

وَّ نَذۡكُرَكَ كَثِیۡرًا ﴿۳۴﴾

(၃၄) ထို့ပြင် ကျွန်ုပ်တို့သည် အရှင်မြတ်ကို များစွာ သတိရ တသနိုင်ကြရန်အတွက်ဖြစ်ပါသည်။

اِنَّكَ كُنۡتَ بِنَا بَصِیۡرًا ﴿۳۵﴾

(၃၅) အမှန်စင်စစ် အရှင်မြတ်သည် ကျွန်ုပ်တို့အား အကြွင်းမဲ့မြင်တော်မူသောအရှင်မြတ် ဖြစ်တော်မူပါသည်။

قَالَ قَدۡ اُوۡتِیۡتَ سُؤۡلَكَ یٰمُوۡسٰی ﴿۳۶﴾

(၃၆) အရှင်မြတ်က မိန့်ကြားတော်မူသည်- အို-မူစာ၊ အမှန်စင်စစ် အသင်သည် အသင်၏တောင်းခံချက်ကို ပေးသနားတော်မူခြင်းခံရပြီဖြစ်သည်။[၉]

[၉] ၎င်းရဲ့တောင်းဆိုချက်ကို အရှင်မြတ်ကလက်ခံတော်မူပြီး ၎င်းရဲ့အစ်ကို ဟာရူန် عليه السلام ကို တမန်တော်အဖြစ် အတူတကွစေလွှတ်တော်မူလိုက်တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَ لَقَدۡ مَنَنَّا عَلَیۡكَ مَرَّةً اُخۡرٰۤی ﴿۳۷﴾

(၃၇) အမှန်မှာ ငါအရှင်မြတ်သည် အသင်၏အပေါ်တွင် (ဤကျေးဇူးတော်မတိုင်မီ) အခြားတစ်ကြိမ်လည်း ကျေးဇူးပြုတော်မူခဲ့ဖူးသည်။[၁၀]

[၁၀] အစ္စရာအီလ်မျိုးနွယ်ထဲက မွေးလာသမျှ ကလေးတွေ အသတ်ခံနေရတဲ့အချိန်မှာ အရှင်မြတ်က တမန်တော်မူစာ عليه السلام ကို အသတ်မခံရအောင် ကယ်တင်ခဲ့တဲ့ ကျေးဇူးကို ပြန်ပြောပြနေခြင်း ဖြစ်တယ်။ (အလင်းပြကျမ်း)

اِذۡ اَوۡحَیۡنَاۤ اِلٰۤی اُمِّكَ مَا یُوۡحٰۤی ﴿۳۸﴾

(၃၈) တစ်ခါတွင် ငါအရှင်မြတ်သည် အသင်၏မိခင်ထံသို့ (ယခုဖော်ပြမည့်) အကြောင်းအရာကို ထုတ်ပြန်တော်မူခဲ့သည်။

اَنِ اقۡذِفِیۡهِ فِی التَّابُوۡتِ فَاقۡذِفِیۡهِ فِی الۡیَمِّ فَلۡیُلۡقِهِ الۡیَمُّ بِالسَّاحِلِ یَاۡخُذۡهُ عَدُوٌّ لِّیۡ وَ عَدُوٌّ لَّهٗ ؕ وَ اَلۡقَیۡتُ عَلَیۡكَ مَحَبَّةً مِّنِّیۡ ۬ۚ وَ لِتُصۡنَعَ عَلٰی عَیۡنِیۡ ﴿۳۹﴾

(၃၉) အသင်မသည် ၎င်း(မူစာ)ကို သေတ္တာထဲထည့်ပါ။ ထို့ပြင် အသင်မသည် ၎င်း(မူစာ)အား (သေတ္တာနှင့်တကွ) မြစ်ထဲသို့(မျှော)ချလိုက်ပါ။ ထို့နောက်

မြစ်(ရေ)သည် ၎င်း(မူစာ)အား ကမ်းခြေသို့ ဆိုက်ရောက်စေလိမ့်မည်။ ထိုအခါ ငါအရှင်မြတ်၏ရန်သူလည်းဖြစ်ပြီး ၎င်း(မူစာ)၏ရန်သူလည်းဖြစ်သူက ၎င်း(မူစာ) အား ဆယ်ယူလိမ့်မည်ဟု (အမိန့်ထုတ်ပြန်ခဲ့သည်)။ ထို့ပြင် ငါအရှင်မြတ်သည် (အသင့်အား မြင်သူတိုင်းချစ်ရန်) အသင်၏အပေါ်တွင် အရှင်မြတ်ထံတော်မှ ချစ်မြတ်နိုးမှုကို သက်ရောက်စေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်၏ရှေ့၌ မွေးမြူစောင့်ရှောက်ခံရရန်အတွက် (ထိုသို့ပြုလုပ်ခြင်း)ဖြစ်သည်။

إِذْ تَمْشِيٓ أُخْتُكَ فَتَقُولُ هَلْ أَدُلُّكُمْ عَلَىٰ مَن يَكْفُلُهُۥ ۖ فَرَجَعْنَٰكَ إِلَىٰٓ أُمِّكَ كَىْ تَقَرَّ عَيْنُهَا وَلَا تَحْزَنَ ۚ وَقَتَلْتَ نَفْسًا فَنَجَّيْنَٰكَ مِنَ ٱلْغَمِّ وَفَتَنَّٰكَ فُتُونًا ۚ فَلَبِثْتَ سِنِينَ فِىٓ أَهْلِ مَدْيَنَ ثُمَّ جِئْتَ عَلَىٰ قَدَرٍ يَٰمُوسَىٰ ﴿٤٠﴾

(၄၀) တစ်ခါတွင် အသင်၏အစ်မသည် လမ်းလျှောက်လာသည်။ ထို့နောက် သူမက ကျွန်မသည် အသင်တို့အား ၎င်း(ကလေး)ကို မွေးမြူပြုစုနိုင်သည့်သူကို ညွှန်ပြရပါမည်လောဟု ပြောဆိုသည်။ ထို့နောက် ငါအရှင်မြတ်သည် အသင့်အား အသင်၏မိခင်ထံသို့ သူမ၏မျက်စိအေးမြရန်အတွက်နှင့် သူမသည် ဝမ်းနည်းပူဆွေးမှု မဖြစ်ရန်အတွက် ပြန်လည်ရောက်ရှိစေတော်မူခဲ့သည်။ ထို့ပြင် အသင်သည် လူတစ်ယောက်ကို (မတော်တဆ)သတ်ဖြတ်မိခဲ့သည့်အတွက်❶ ငါအရှင်မြတ်သည် အသင့်အား စိတ်ဒုက္ခရောက်ခြင်းမှ ကယ်တင်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင့်အား အကြီးအကျယ် စမ်းသပ်တော်မူခဲ့သည်။ ထို့နောက် အသင်သည် မဒ်ယန်မြို့သားများထံတွင် နှစ်များစွာ နေထိုင်ခဲ့သည်။❷ ထို့နောက် အို-မူစာ၊ အသင်သည် သတ်မှတ်ထားသည့်အချိန်တွင် (ဤနေရာသို့) ပြန်ရောက်လာခဲ့သည်။❸

❶ တမန်တော်မူစာ عليه السلام အရွယ်ရောက်တဲ့အခါ အနိုင်ကျင့်ခံရတဲ့ ၎င်းရဲ့လူမျိုးတစ်ဦးကို ကယ်ဆယ်ရင်း အီဂျစ်တိုင်းရင်းသားတစ်ဦးကို လက်သီးနဲ့ ထိုးလိုက်တာနဲ့ အဲဒီသူဟာ မတော်တဆသေသွားခဲ့တယ်။ အဲဒါကြောင့် ၎င်းဟာ အရှင်မြတ်ထံတော်မှာ ဝန်ချတောင်းပန်ပြီး ဒီနိုင်ငံကနေ မဒ်ယန်မြို့ကို တိမ်းရှောင်သွားခဲ့တယ်။(အလင်းပြကျမ်း) ❷ အဲဒီမြို့မှာ နှစ်အကြာကြီးနေထိုင်ခဲ့ပြီး အိမ်ထောင်ပါ ကျခဲ့တယ်။(အလင်းပြကျမ်း) ❸ အဲဒီနောက် မိသားစုကို ခေါ်ပြီး ၎င်းရဲ့နိုင်ငံ အီဂျစ်ကို ပြန်လာခဲ့တယ်။ (အလင်းပြကျမ်း)

وَٱصْطَنَعْتُكَ لِنَفْسِى ﴿٤١﴾

(၄၁) ထို့ပြင် ငါအရှင်မြတ်သည် အသင့်အား ငါအရှင်မြတ်အတွက် (တမန်တော်အဖြစ်) ရွေးချယ်တော်မူခဲ့သည်။❹

❹ လမ်းခရီးမှာပဲ အရှင်မြတ်က ၎င်းကို တမန်တော်အဖြစ်ရွေးချယ်တော်မူခဲ့တယ်။

(အလင်းပြကျမ်း)

اِذۡهَبۡ اَنۡتَ وَاَخُوۡكَ بِاٰيٰتِىۡ وَلَا تَنِيَا فِىۡ ذِكۡرِىۡ ۚ ﴿٤٢﴾

(၄၂) အသင်နှင့် အသင်၏အစ်ကိုသည် ငါအရှင်မြတ်၏သက်သေလက္ခဏာများကို ယူဆောင်သွားကြပါ။ ထို့ပြင် အသင်တို့နှစ်ဦးသည် ငါအရှင်မြတ်၏သတိရတသခြင်းတွင် မပေါ့ဆကြနှင့်။

اِذۡهَبَاۤ اِلٰى فِرۡعَوۡنَ اِنَّهٗ طَغٰى ۚۖ ﴿٤٣﴾

(၄၃) အသင်တို့နှစ်ဦးသည် ဖိရ်အောင်န်ထံသို့ သွားကြပါ။ အမှန်စင်စစ် ထိုဖိရ်အောင်န်သည် အလွန်မာနထောင်သွေဖည်နေပြီဖြစ်သည်။

فَقُوۡلَا لَهٗ قَوۡلًا لَّيِّنًا لَّعَلَّهٗ يَتَذَكَّرُ اَوۡ يَخۡشٰى ﴿٤٤﴾

(၄၄) ထို့နောက် အသင်တို့နှစ်ဦးသည် သူ့ကို နူးညံ့သိမ်မွေ့သောစကားကို ပြောဆိုကြပါ။ သူသည် တရားရကောင်းရလိမ့်မည်၊ သို့မဟုတ် ကြောက်ရွံ့ကောင်း ကြောက်ရွံ့လိမ့်မည်။

قَالَا رَبَّنَاۤ اِنَّنَا نَخَافُ اَنۡ يَّفۡرُطَ عَلَيۡنَاۤ اَوۡ اَنۡ يَّطۡغٰى ﴿٤٥﴾

(၄၅) ၎င်းတို့နှစ်ဦးက လျှောက်ထားကြသည်- အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား သူက လွန်ကျူးဒုက္ခပေးမည်ကို၊ ၎င်းပြင် သူသည် ပိုဆိုးသွမ်းလာမည်ကို စိုးရိမ်မိပါသည်။

قَالَ لَا تَخَافَاۤ اِنَّنِىۡ مَعَكُمَاۤ اَسۡمَعُ وَاَرٰى ﴿٤٦﴾

(၄၆) အရှင်မြတ်က မိန့်တော်မူသည်- အသင်တို့နှစ်ဦးသည် မစိုးရိမ်ကြနှင့်။ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့နှစ်ဦးနှင့်အတူ ရှိတော်မူသည်။ ငါအရှင်မြတ်သည် (အားလုံးကို) ကြားနေတော်မူသည်။ ထို့ပြင် ငါအရှင်မြတ်သည် (ဖြစ်ပျက်သမျှကို) မြင်နေတော်မူသည်။❶

❶ ဖိရ်အောင်န်က အန္တရာယ်ပြုမှာကို စိုးရိမ်တဲ့အတွက် အရှင်မြတ်ထံတော်မှာ လျှောက်ထားခဲ့တာကြောင့် အရှင်မြတ်က အားပေးတော်မူခဲ့တယ်။ အဖြစ်အပျက်ဟူသမျှဟာ အရှင်မြတ်ရဲ့ ရှေ့မှောက်မှာပဲ ဖြစ်ပျက်မှာဖြစ်တဲ့အတွက် အရှင်မြတ်အစအဆုံး ကြားနေမြင်နေတော်မူမှာကြောင့် စိုးရိမ်စရာမလိုကြောင်း နှစ်သိမ့်တော်မူခဲ့တယ်။ (အလင်းပြကျမ်း)

فَاۡتِيٰهُ فَقُوۡلَاۤ اِنَّا رَسُوۡلَا رَبِّكَ فَاَرۡسِلۡ مَعَنَا بَنِىۡۤ اِسۡرَآءِيۡلَ ۙ وَلَا تُعَذِّبۡهُمۡ ؕ قَدۡ جِئۡنٰكَ بِاٰيَةٍ مِّنۡ رَّبِّكَ ؕ وَالسَّلٰمُ عَلٰى مَنِ اتَّبَعَ الۡهُدٰى ﴿٤٧﴾

(၄၇) သို့ဖြစ်ရာ အသင်တို့နှစ်ဦးသည် သူ၏ထံသို့ သွားကြပြီး (ဤသို့)

ပြောကြားကြပါ။ အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ တမန်တော်နှစ်ပါးဖြစ်ကြသည်။ သို့ဖြစ်ရာ အသင်သည် အစ္စရာအီလ်မျိုးနွယ်များအား ကျွန်ုပ်တို့နှင့်အတူ ထည့်လိုက်ပါ။ ထို့ပြင် အသင်သည် သူတို့အား ဒုက္ခမပေးပါနှင့်။ အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ သက်သေလက္ခဏာတော်ကို အသင့်ထံ ယူဆောင်လာခဲ့ကြပါသည်။ ထို့ပြင် ငြိမ်းချမ်းမှုသည် တရားလမ်းမှန်ကို လိုက်နာသူအပေါ်၌ ဖြစ်သည်။

إِنَّا قَدْ أُوحِيَ إِلَيْنَآ أَنَّ ٱلْعَذَابَ عَلَىٰ مَن كَذَّبَ وَتَوَلَّىٰ ﴿٤٨﴾

(၄၈) အမှန်စင်စစ် ပြစ်ဒဏ်သည် မဟုတ်မမှန်ငြင်းပယ်ပြီး မျက်နှာလွှဲဖယ်ကျော်ခိုင်းသွားသူအပေါ်တွင် ကျရောက်မည်ဆိုသည့်အကြောင်း အမှန်ပင်ကျွန်ုပ်တို့ထံသို့ အမိန့်တော်ရောက်ရှိလာပြီးဖြစ်သည်။

قَالَ فَمَن رَّبُّكُمَا يَٰمُوسَىٰ ﴿٤٩﴾

(၄၉) ၎င်း(ဖိရ်အောင်န်)က ပြောသည်- သို့ဖြစ်လျှင် အို-မူစာ၊ အသင်တို့နှစ်ဦးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဆိုသည်မှာ မည်သူနည်း။

قَالَ رَبُّنَا ٱلَّذِىٓ أَعْطَىٰ كُلَّ شَىْءٍ خَلْقَهُۥ ثُمَّ هَدَىٰ ﴿٥٠﴾

(၅၀) ၎င်း(တမန်တော်မူစာ)က ပြန်ပြောသည်- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အရာတိုင်းအား ထိုအရာနှင့် သင့်တော်သောရုပ်ဆင်းသဏ္ဍာန်ကို ပေးတော်မူ၍ နည်းလမ်းညွှန်ကြားပြသတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။❻

❻ အရှင်မြတ်ဟာ အရာရာကို ဖန်ဆင်းတော်မူပြီး စွန့်ပစ်ထားတာ မဟုတ်ဘဲ အမြဲလမ်းညွှန်နေတဲ့ အရှင်ဖြစ်ကြောင်း တိုတိုတုတ်တုတ် ဖြေကြားခဲ့တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ فَمَا بَالُ ٱلْقُرُونِ ٱلْأُولَىٰ ﴿٥١﴾

(၅၁) ၎င်း(ဖိရ်အောင်န်)ကပြောသည်- သို့ဖြစ်လျှင် ယခင်ကလူမျိုးများ၏အခြေအနေသည် မည်သို့ရှိသနည်း။❼

❼ သွေဖည်ငြင်းဆန်တဲ့သူတွေအပေါ်မှာ ပြစ်ဒဏ်ကျရောက်မယ်လို့ပြောတဲ့အတွက် ဖိရ်အောင်န်က အရင်ကလူတွေအကြောင်းကို သူတို့ဟာ ပျက်စီးသွားကြပြီလား၊ ဒါမှမဟုတ် ဘယ်လိုလဲလို့ ပြန်မေးတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ عِلْمُهَا عِندَ رَبِّى فِى كِتَٰبٍ ۖ لَّا يَضِلُّ رَبِّى وَلَا يَنسَى ﴿٥٢﴾

(၅၂) ၎င်း(တမန်တော်မူစာ)က ပြောသည်- သူတို့နှင့်ပတ်သက်သည့်

အသိကမူ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင်ရှိသောမှတ်တမ်းစာအုပ်၌ ရှိသည်။ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မှားသည် လည်းမရှိပေ၊ မေ့သည်လည်းမရှိပေ။

الَّذِىْ جَعَلَ لَكُمُ الْاَرْضَ مَهْدًا وَّسَلَكَ لَكُمْ فِيْهَا سُبُلًا وَّاَنْزَلَ مِنَ السَّمَآءِ مَآءً ۚ فَاَخْرَجْنَا بِهٖۤ اَزْوَاجًا مِّنْ نَّبَاتٍ شَتّٰى ﴿٥٣﴾

(၅၃) ထိုအရှင်မြတ်သည် အသင်တို့အတွက် မြေပထဝီကို အခင်းပြုလုပ်တော်မူခဲ့၍ ၎င်းထဲတွင် အသင်တို့အတွက် လမ်းများဖောက်လုပ်ပေးတော်မူခဲ့သည်။ ထို့ပြင် မိုးကောင်းကင်မှ မိုးရေကို သွန်းလောင်းချပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(ရေ)ဖြင့် (အနံ့အရသာ) အမျိုးမျိုးကွဲပြားသော ဟင်းသီးဟင်းရွက်အမျိုးမျိုးကို ပေါက်ရောက်စေတော်မူခဲ့သည်။

كُلُوْا وَارْعَوْا اَنْعَامَكُمْ ۗ اِنَّ فِىْ ذٰلِكَ لَاٰيٰتٍ لِّاُولِى النُّهٰى ﴿٥٤﴾

(၅၄) အသင်တို့သည် (အသင်တို့လည်း)စားသုံးကြပါ။ ထို့ပြင် အသင်တို့၏တိရစ္ဆာန်များကိုလည်း စားကျက်ချကြပါ။ အမှန်စင်စစ် ထိုအထဲတွင် ဉာဏ်ရှင်များအတွက် သက်သေသာဓကများရှိသည်။

مِنْهَا خَلَقْنٰكُمْ وَفِيْهَا نُعِيْدُكُمْ وَمِنْهَا نُخْرِجُكُمْ تَارَةً اُخْرٰى ﴿٥٥﴾

(၅၅) ၎င်း(မြေကြီး)ကပင် ငါအရှင်မြတ်သည် အသင်တို့အားဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် ၎င်း(မြေကြီး)ထဲသို့ပင် ငါအရှင်မြတ်သည် အသင်တို့အား ပြန်လည်ရောက်စေတော်မူမည်။ ထို့ပြင် ၎င်း(မြေကြီး)မှပင် ငါအရှင်မြတ်သည် အသင်တို့အား နောက်တစ်ကြိမ်ထွက်စေတော်မူမည်ဖြစ်သည်။

وَلَقَدْ اَرَيْنٰهُ اٰيٰتِنَا كُلَّهَا فَكَذَّبَ وَاَبٰى ﴿٥٦﴾

(၅၆) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ၎င်း(ဖိရ်အောင်န်)အား ငါအရှင်မြတ်၏သက်သေသာဓက အားလုံးကို ပြသတော်မူခဲ့သည်။ ထို့နောက် သူသည် မဟုတ်မမှန်ဟု ပြောဆိုငြင်းပယ်ခဲ့သည့်အပြင် (အရှင်မြတ်ကိုလည်း ယုံကြည်ရန်) ငြင်းဆိုခဲ့သည်။❶

❶ တမန်တော်မူစာ عليه السلام ဟာ ၎င်းကို အရှင်မြတ်ပေးတော်မူခဲ့တဲ့ သက်သေလက္ခဏာတွေအားလုံးကိုပြသခဲ့ပြီးတဲ့နောက်မှာလည်း ဖိရ်အောင်န်ဟာ မာနထောင်ပြီး သွေဖည်ငြင်းဆန်ခဲ့တယ်။
(အလင်းပြကျမ်း)

قَالَ اَجِئْتَنَا لِتُخْرِجَنَا مِنْ اَرْضِنَا بِسِحْرِكَ يٰمُوْسٰى ﴿٥٧﴾

(၅၇) ၎င်း(ဖိရ်အောင်န်)က ပြောဆိုသည်- အို-မူစာ၊ အသင်သည်

အသင်၏စုန်းပယောဂအတတ်နှင့် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏တိုင်းပြည်မှ နှင်ထုတ်ရန် လာခဲ့သလော။

فَلَنَاْتِيَنَّكَ بِسِحْرٍ مِّثْلِهٖ فَاجْعَلْ بَيْنَنَا وَبَيْنَكَ مَوْعِدًا لَّا نُخْلِفُهٗ نَحْنُ وَلَآ اَنْتَ مَكَانًا سُوًى ﴿٥٨﴾

(၅၈) သို့ဖြစ်လျှင် ကျွန်ုပ်တို့လည်း (အသင်နှင့်ယှဉ်ပြိုင်ရန်) ထိုကဲ့သို့ စုန်းပယောဂအတတ်ကိုပင် အသင်၏ထံ အမှန်ပင် ယူဆောင်လာကြမည်။ သို့ဖြစ်ရာ အသင်သည် ညီညာသည့်ကွင်းပြင်တစ်ခုတွင် (ပြိုင်ဆိုင်ရန်) ကျွန်ုပ်တို့နှင့် အသင်ကြား၌ အချိန်တစ်ချိန်ကို ချိန်းဆိုသတ်မှတ်လိုက်ပါ။ ၎င်း(ချိန်းဆိုသည့်အချိန်)ကို ကျွန်ုပ်တို့လည်း ပျက်ကွက်ကြမည်မဟုတ်ပေ၊ ထို့ပြင် အသင်လည်း မပျက်ကွက်ပါလေနှင့်။

قَالَ مَوْعِدُكُمْ يَوْمُ الزِّيْنَةِ وَاَنْ يُّحْشَرَ النَّاسُ ضُحًى ﴿٥٩﴾

(၅၉) ၎င်း(တမန်တော်မူစာ) ကပြောဆိုသည် - အသင်တို့နှင့် ချိန်းဆိုသည့်နေ့သည် လှပသည့်ပွဲတော်နေ့ပင် ဖြစ်သည်။ ထို့ပြင် လူများသည်လည်း နေတက်ချိန်တွင် စုရုံးရောက်ရှိကြရမည်။ ❶

❶ အီဂျစ်နိုင်ငံရဲ့ အမျိုးသားတွေရဲ့နှစ်ပတ်လည် ပွဲလမ်းသဘင်နေ့ကိုပဲ ရွေးချယ်ပေးခဲ့ပြီး မနက်ပိုင်းမှာ ပြိုင်ပွဲလုပ်ဖို့နဲ့ တိုင်းသူပြည်သားတွေ ပါဝင်ဆင်နွှဲနိုင်အောင် ကွင်းပြင်ကြီးမှာ ပြုလုပ်ကြဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ (အလင်းပြကျမ်း)

فَتَوَلّٰى فِرْعَوْنُ فَجَمَعَ كَيْدَهٗ ثُمَّ اَتٰى ﴿٦٠﴾

(၆၀) ထို့နောက် ဖိရ်အောင်န်သည် ပြန်သွားခဲ့သည်။ ထို့ပြင် သူသည် သူ၏အကြံအစည်များကို စုဆောင်းပြီးနောက်တွင် (ချိန်းဆိုသည့်နေရာသို့) လာခဲ့သည်။

قَالَ لَهُمْ مُّوْسٰى وَيْلَكُمْ لَا تَفْتَرُوْا عَلَى اللّٰهِ كَذِبًا فَيُسْحِتَكُمْ بِعَذَابٍ ۚ وَقَدْ خَابَ مَنِ افْتَرٰى ﴿٦١﴾

(၆၁) (တမန်တော်)မူစာက ထိုမှော်ဆရာများကို ပြောဆိုသည် - အသင်တို့ အကျိုးယုတ်ပါစေ။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် မုသားလုပ်ကြံ မစွပ်စွဲကြနှင့်။ သို့ဖြစ်လျှင် အရှင်မြတ်သည် အသင်တို့အား ပြစ်ဒဏ်နှင့် ဖျက်ဆီးတော်မူလိမ့်မည်။ ထို့ပြင် အမှန်စင်စစ် လုပ်ကြံစွပ်စွဲသူသည် အမှန်ပင် ဆုံးရှုံးသွားခဲ့ပြီဖြစ်သည်။

فَتَنَازَعُوْٓا اَمْرَهُمْ بَيْنَهُمْ وَاَسَرُّوا النَّجْوٰى ﴿٦٢﴾

(၆၂) ထို့နောက် မှော်ဆရာများသည် သူတို့အရေးကိစ္စနှင့် ပတ်သက်၍ သူတို့ကြားတွင် အချင်းချင်း ငြင်းခုံကွဲလွဲခဲ့ကြသည်။ ထို့ပြင် သူတို့သည် တိုးတိုး

စွာ ဆွေးနွေးခဲ့ကြသည်။

قَالُوْٓا اِنْ هٰذٰنِ لَسٰحِرٰنِ يُرِيْدٰنِ اَنْ يُّخْرِجٰكُمْ مِّنْ اَرْضِكُمْ بِسِحْرِهِمَا وَيَذْهَبَا بِطَرِيْقَتِكُمُ الْمُثْلٰى ﴿٦٣﴾

(၆၃) သူတို့က ပြောဆိုခဲ့ကြသည်- အမှန်စင်စစ် ဤနှစ်ဦးသည် မှော်ဆရာနှစ်ဦးပင် ဖြစ်ကြသည်။ ၎င်းတို့နှစ်ဦးသည် ၎င်းတို့၏ မှော်အတတ်နှင့် အသင်တို့အား အသင်တို့၏တိုင်းပြည်မှ နှင်ထုတ်ကြရန်အတွက်နှင့် အသင်တို့၏ကောင်းမွန်သည့်ယဉ်ကျေးမှု (အယူဝါဒ)ကို ဖျက်ဆီးပစ်ရန်အတွက် ကြံရွယ်ကြခြင်းဖြစ်သည်။

فَاَجْمِعُوْا كَيْدَكُمْ ثُمَّ ائْتُوْا صَفًّا ۚ وَقَدْ اَفْلَحَ الْيَوْمَ مَنِ اسْتَعْلٰى ﴿٦٤﴾

(၆၄) သို့ဖြစ်ရာ အသင်တို့သည် အသင်တို့၏အကြံအစည်များကို စုဆောင်းပြီး တန်းစီလာကြပါ။ ထို့ပြင် အမှန်စင်စစ် ယနေ့မူ အနိုင်ရမည့်သူသာ အောင်မြင်မည်ဖြစ်သည်။

قَالُوْا يٰمُوْسٰٓى اِمَّآ اَنْ تُلْقِيَ وَاِمَّآ اَنْ نَّكُوْنَ اَوَّلَ مَنْ اَلْقٰى ﴿٦٥﴾

(၆၅) ၎င်း(မှော်ဆရာ)တို့က ပြောဆိုကြသည်- အို-မူစာ၊ အသင်သည် (အသင်၏တောင်ဝှေးကို ဦးစွာ)ပစ်ချမည်လော၊❷ သို့မဟုတ် ကျွန်ုပ်တို့သည် (ကျွန်ုပ်တို့၏ကြိုးများ၊ တုတ်များကို) ပထမဦးစွာ ပစ်ချရမည်လော။

❷ တမန်တော်မူစာ ﷺ ရဲ့ ရုပ်အသွင်ပြင်လက္ခဏာကို ကြည့်ပြီး မှော်ဆရာတွေက အသင်ရဲ့တောင်ဝှေးကို အရင်ပစ်ချမလားလို့ ဦးစားပေးကာ မေးမြန်းခဲ့ကြတာဖြစ်တယ်။ အဲဒီလို ဦးစားပေးမေးမြန်းတဲ့ မပြောပလောက်တဲ့ ကောင်းမှုလေးကို အကြောင်းခံပြီး အရှင်မြတ်က မှော်ဆရာတွေကို အီမာန်ချီးမြှင့်တော်မူလိုက်တယ်။ အဲဒါကြောင့် ဘယ်သေးမွှားတဲ့ ကောင်းမှုကိုမှ အထင်သေးလို့မရဘူး။ (သဖ်စီရ် အိဗ်နု အရဗီ)

قَالَ بَلْ اَلْقُوْا ۚ فَاِذَا حِبَالُهُمْ وَعِصِيُّهُمْ يُخَيَّلُ اِلَيْهِ مِنْ سِحْرِهِمْ اَنَّهَا تَسْعٰى ﴿٦٦﴾

(၆၆) ၎င်း(တမန်တော်မူစာ)က ပြောဆိုသည်- ထိုသို့မဟုတ်ပေ၊ အသင်တို့ပင် ဦးစွာ ပစ်ချကြပါ။ (သူတို့ ပစ်ချလိုက်သည့်အခါတွင်) ရုတ်တရက် သူတို့၏ကြိုးများနှင့် သူတို့၏တုတ်ချောင်းများသည် သူတို့၏မှော်အတတ်ကြောင့် ၎င်း(တမန်တော်မူစာ)၏ အမြင်တွင် အမှန်စင်စစ် လှုပ်ရှားပြေးလွှားနေသည်ဟု ထင်ရသည်။

فَاَوْجَسَ فِيْ نَفْسِهٖ خِيْفَةً مُّوْسٰى ﴿٦٧﴾

(၆၇) ထို့နောက် (တမန်တော်)မူစာသည် ၎င်း၏စိတ်ထဲတွင် အနည်းငယ် စိုးရိမ်စိတ်ဝင်လာသည်။

قُلْنَا لَا تَخَفْ إِنَّكَ أَنْتَ الْأَعْلَىٰ ﴿٦٨﴾

(၆၈) ငါအရှင်မြတ်က (တမန်တော်မူစာကို) မိန့်ကြားတော်မူသည်- အသင် မကြောက်နှင့်၊ အမှန်စင်စစ် အသင်သာလျှင် အောင်နိုင်သူဖြစ်သည်။

وَأَلْقِ مَا فِي يَمِينِكَ تَلْقَفْ مَا صَنَعُوا ۖ إِنَّمَا صَنَعُوا كَيْدُ سَاحِرٍ ۖ وَلَا يُفْلِحُ السَّاحِرُ حَيْثُ أَتَىٰ ﴿٦٩﴾

(၆၉) ထို့ပြင် အသင်သည် အသင်၏လက်ယာလက်ထဲမှအရာ(တောင်ဝှေး)ကို ပစ်ချလိုက်ပါ။ ၎င်းက မှော်ဆရာများ ကြံစည်ပြုလုပ်ထားသည့်အရာများအား ဝါးမျိုလိမ့်မည်။ အမှန်စင်စစ် သူတို့ ကြံစည်ပြုလုပ်ခြင်းဟူသမျှသည် မှော်ဆရာ၏လှည့်ကွက်ပင်ဖြစ်သည်။ ထို့ပြင် မှော်ဆရာသည် အဘယ်မှပင် လာသည်ဖြစ်စေ အောင်မြင်မည်မဟုတ်ပေ။

فَأُلْقِيَ السَّحَرَةُ سُجَّدًا قَالُوا آمَنَّا بِرَبِّ هَارُونَ وَمُوسَىٰ ﴿٧٠﴾

(၇၀) ထို့နောက် မှော်ဆရာများသည် စဂျ်ဒဟ်ပြုလုပ်ဦးချသူများဖြစ်လျက် ပြောဆိုကြသည်- ကျွန်ုပ်တို့သည် (တမန်တော်)ဟာရူန်နှင့် (တမန်တော်)မူစာတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို အီမာန်ယုံကြည်ကြပါပြီ။[၁]

[၁] မှော်ဆရာတွေဟာ မှော်အတတ်ပညာရဲ့ သဘောသဘာဝကို သိရှိထားပြီးဖြစ်တဲ့အတွက် တမန်တော်မူစာ ﷺ ရဲ့ တုတ်က မြွေဖြစ်လာတာဟာ မှော်အတတ်နဲ့ဖြစ်လာတာမဟုတ်ဘဲ အရှင်မြတ်ရဲ့မုအ်ဂျိဇဟ်တန်ခိုးမှန်း သိသွားကြတဲ့အပေါ် ချက်ချင်းပဲ စဂျ်ဒဟ် ဦးချလိုက်ကြတာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

قَالَ آمَنْتُمْ لَهُ قَبْلَ أَنْ آذَنَ لَكُمْ ۖ إِنَّهُ لَكَبِيرُكُمُ الَّذِي عَلَّمَكُمُ السِّحْرَ ۖ فَلَأُقَطِّعَنَّ أَيْدِيَكُمْ وَأَرْجُلَكُمْ مِنْ خِلَافٍ وَلَأُصَلِّبَنَّكُمْ فِي جُذُوعِ النَّخْلِ وَلَتَعْلَمُنَّ أَيُّنَا أَشَدُّ عَذَابًا وَأَبْقَىٰ ﴿٧١﴾

(၇၁) ၎င်း(ဖိရ်အောင်န်)က ပြောဆိုသည်- အသင်တို့သည် ငါက အသင်တို့အား ခွင့်မပြုရသေးမီပင် ၎င်းကို အီမာန်ယုံကြည်ခဲ့ကြသည်။ အမှန်စင်စစ် ၎င်းသည် အသင်တို့အား မှော်အတတ်ပညာ သင်ကြားပေးခဲ့သော အသင်တို့၏အကြီးအကဲပင် ဖြစ်သည်။[၂] သို့ဖြစ်ရာ အမှန်ပင် ငါသည် အသင်တို့၏လက်များနှင့် အသင်တို့၏ ခြေများကို ဘက်လွှဲပြီး (ဆန့်ကျင်ဘက်)ဖြတ်တောက်မည်ဖြစ်သည်။ ထို့ပြင် အမှန်ပင် ငါသည် အသင်တို့အား စွန်ပလွံပင်၏ပင်စည်များတွင် လက်ဝါးကပ်တိုင် တင်မည်။ ထို့ပြင် အသင်တို့သည် ငါတို့ထဲမှ မည်သူ၏ပြစ်ဒဏ်သည် ပိုပြင်းထန်သည် ဆိုသည်နှင့် ပိုကြာရှည်တည်မြဲသည်ဆိုသည်ကို အမှန်ပင် သိရှိကြမည်ဖြစ်သည်။

[၂] ဖိရ်အောင်န်ဘုရင်က မှော်ဆရာတွေဟာ သူ့အမိန့်ကိုတောင် မစောင့်ဘဲ အီမာန်ယုံကြည်လိုက်

ကြတဲ့အပေါ် ဒါဟာ သူ့ကို ဆန့်ကျင်ဖို့အတွက် မှော်ဆရာအချင်းချင်း ညီညွတ်မှုပြုလုပ်ကြပြီး မှော်ဆရာကြီးရဲ့လက်အောက်မှာ အရှုံးပေးလိုက်ကြတာဖြစ်တယ်လို့ ပြောဆိုတယ်။

(မအာရိဖွလ်ကုရ်အာန်)

قَالُوا لَنْ نُّؤْثِرَكَ عَلٰى مَا جَآءَنَا مِنَ الْبَيِّنٰتِ وَالَّذِىْ فَطَرَنَا فَاقْضِ مَآ اَنْتَ قَاضٍ ۗ اِنَّمَا تَقْضِىْ هٰذِهِ الْحَيٰوةَ الدُّنْيَا ۝٧٢

(၇၂) ၎င်း(မှော်ဆရာ)တို့က ပြောဆိုကြသည်- ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာသော သက်သေသာဓကများနှင့် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထက် အသင့်အား လုံးဝဦးစားပေးနစ်သက်မည်မဟုတ်ပေ။ သို့ဖြစ်ရာ အသင်သည် အသင် စီရင်ချက်ချလိုသည့်အတိုင်း ချလိုက်ပါ။ (အမှန်စင်စစ်) အသင်သည် ဤဘဝတွင်သာ စီရင်ချက်ချနိုင်မည်ဖြစ်သည်။

اِنَّآ اٰمَنَّا بِرَبِّنَا لِيَغْفِرَ لَنَا خَطٰيٰنَا وَمَآ اَكْرَهْتَنَا عَلَيْهِ مِنَ السِّحْرِ ۗ وَاللّٰهُ خَيْرٌ وَّاَبْقٰى ۝٧٣

(၇၃) အမှန်ပင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို အရှင်မြတ်သည် ကျွန်ုပ်တို့၏အပြစ်များကိုလည်းကောင်း၊ ကျွန်ုပ်တို့အား မှော်အတတ်နှင့်ပတ်သက်၍ အတင်းအဓမ္မ အသင်က စေခိုင်းခဲ့ခြင်းအပေါ် (ကျွန်ုပ်တို့ ပြုလုပ်ခဲ့ရသည့်အပြစ်များကို)လည်းကောင်း ခွင့်လွှတ်ချမ်းသာပေးတော်မူရန်အတွက် အီမာန်ယုံကြည်ခဲ့ကြပြီဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ပင် အကောင်းဆုံးနှင့် အတည်မြဲဆုံးဖြစ်တော်မူသည်။

اِنَّهٗ مَنْ يَّاْتِ رَبَّهٗ مُجْرِمًا فَاِنَّ لَهٗ جَهَنَّمَ ۗ لَا يَمُوْتُ فِيْهَا وَلَا يَحْيٰى ۝٧٤

(၇၄) အမှန်စင်စစ် မည်သူမဆို သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်သို့ အပြစ်ရှိသူအဖြစ်နှင့် ရောက်လာလျှင် အမှန်စင်စစ် ထိုသူ့အတွက် ဂျဟန္နမ်ငရဲဘုံပင်ရှိမည်။ သူသည် ၎င်း(ငရဲဘုံ)တွင် (ဒုက္ခမှ လွတ်မြောက်ရန်) သေမည်လည်းမဟုတ်ပေ၊ ထို့ပြင် (စည်းစိမ်စံစားရန်) ရှင်မည်လည်းမဟုတ်ပေ။❷

❷ သေလည်းမသေဘူး၊ ရှင်လည်းမရှင်ဘူးဆိုတာ ဂျဟန္နမ်ငရဲဘုံထဲမှာ နေရတဲ့သူတွေဟာ အပြစ်ဒဏ်တွေအမျိုးမျိုး ပြင်းပြင်းထန်ထန် ခံရလွန်းလို့ လွတ်သွားအောင် သေသွားလိုက်ချင်ကြတယ်။ ဒါပေမဲ့ သေခြင်းဆိုတာ မရှိတော့တဲ့အတွက် မသေဘူး။ ဒါဆိုရင်လည်း ကောင်းကောင်းလေးနဲ့ ရှင်နေချင်ကြတယ်။ ဘယ်မှာ ကောင်းတာရှိမလဲ။ စားစရာမှာ ဂျဟန္နမ်ထဲက ဇက္ကူးမ် ရှားစောင်းဆူးပင်၊ သောက်စရာက ပြည်ပုပ် သွေးပုပ် အနာဆေးကြောရေနဲ့ ပွက်ပွက်ဆူတဲ့ရေနွေး။ ဘယ်လိုလုပ်ပြီး ရှင်နေရမလဲ။ အဲဒါကြောင့် သေလည်းမသေ၊ ရှင်လည်းမရှင် လို့မိန့်ထားတာဖြစ်တယ်။

(အဿွဝါအွလ်ဗယာန်၊ ဖီဇွိလားလိလ်ကုရ်အာန်)

وَمَنْ يَّأْتِهٖ مُؤْمِنًا قَدْ عَمِلَ الصّٰلِحٰتِ فَاُولٰٓئِكَ لَهُمُ الدَّرَجٰتُ الْعُلٰى ﴿٧٥﴾

(၇၅) ထို့ပြင် အကြင်သူသည် အရှင်မြတ်ထံတော်သို့ မုအ်မင်န်ယုံကြည်သူအဖြစ်နှင့် ရောက်လာမည်၊ သူသည် အမှန်ပင် ကောင်းမြတ်သော လုပ်ရပ်များကိုလည်း လုပ်ခဲ့မည်ဆိုလျှင်၊ ထိုသူများပင် သူတို့အတွက် မြင့်မားသည့် အဆင့်အတန်းများရှိလိမ့်မည်။

جَنّٰتُ عَدْنٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ؕ وَذٰلِكَ جَزٰٓؤُا مَنْ تَزَكّٰى ﴿٧٦﴾

(၇၆) အမြဲနေထိုင်ရမည့် ဥယျာဉ်များရှိမည်၊ ၎င်း(ဥယျာဉ်များ)၏အောက်တွင် စမ်းရေချောင်းများ စီးဆင်းနေလိမ့်မည်။ သူတို့သည် ၎င်းထဲတွင် အမြဲနေထိုင်ရမည်ဖြစ်သည်။ ထို့ပြင် ၎င်းသည် အပြစ်ကင်းစင်ခဲ့သူများ၏အကျိုးရလဒ်ဖြစ်သည်။

وَلَقَدْ اَوْحَيْنَآ اِلٰى مُوْسٰٓى ۙ اَنْ اَسْرِ بِعِبَادِيْ فَاضْرِبْ لَهُمْ طَرِيْقًا فِي الْبَحْرِ يَبَسًا ۙ لَّا تَخٰفُ دَرَكًا وَّلَا تَخْشٰى ﴿٧٧﴾

(၇၇) ထို့ပြင် အမှန်ပင် ငါအရှင်မြတ်သည် (တမန်တော်)မူစာထံသို့ (ဤသို့) အမိန့်တော် ချပေးတော်မူခဲ့သည်။ အသင်သည် ငါအရှင်မြတ်၏ကျွန်များကို ညအချိန်တွင် ခေါ်ဆောင်သွားပါ။ ထို့ပြင် အသင်သည် သူတို့အတွက် ပင်လယ်တွင် ခြောက်သွေ့သောလမ်းကို ပြုလုပ်ပေးပါ။ အသင်သည် (အသင်တို့အား ရန်သူများ)မီလာကြမည်ကိုလည်း စိုးရိမ်ရမည်မဟုတ်ပေ၊ (အသင်တို့သည် ပင်လယ်ထဲတွင် နစ်မြုပ်သွားမည်ကိုလည်း)ကြောက်ရွံ့ရမည်မဟုတ်ပေ။

فَاَتْبَعَهُمْ فِرْعَوْنُ بِجُنُوْدِهٖ فَغَشِيَهُمْ مِّنَ الْيَمِّ مَا غَشِيَهُمْ ؕ ﴿٧٨﴾

(၇၈) ထို့နောက် ဖိရ်အောင်န်သည် သူ၏စစ်သည်များနှင့်တကွ သူတို့၏နောက်မှ လိုက်ခဲ့သည်။ သို့ဖြစ်ရာ သူတို့ကို လွှမ်းမိုး(နစ်မြုပ်စေ)သည့်ပင်လယ်ရေသည် သူတို့ကို လွှမ်းမိုး (နစ်မြုပ်)ခဲ့သည်။

وَاَضَلَّ فِرْعَوْنُ قَوْمَهٗ وَمَا هَدٰى ﴿٧٩﴾

(၇၉) ထို့ပြင် ဖိရ်အောင်န်သည် မိမိအမျိုးသားများအား တရားလမ်းမှန်ကို မပြဘဲ လမ်းမှားစေခဲ့သည်။

يٰبَنِيْٓ اِسْرَآءِيْلَ قَدْ اَنْجَيْنٰكُمْ مِّنْ عَدُوِّكُمْ وَوٰعَدْنٰكُمْ جَانِبَ الطُّوْرِ الْاَيْمَنَ وَنَزَّلْنَا عَلَيْكُمُ الْمَنَّ وَالسَّلْوٰى ﴿٨٠﴾

(၈၀) အို-အစ္စရာအီလ်မျိုးနွယ်အပေါင်းတို့၊ အမှန်စင်စစ် ငါအရှင်မြတ်

သည် အသင်တို့ကို အသင်တို့၏ရန်သူမှ ကယ်တင်တော်မူခဲ့ပြီဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့ကို လက်ယာဘက်၌ရှိသော သွူရ်တောင်၏နံဘေးသို့(လာရန်)ချိန်းဆိုတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့အပေါ်တွင် မန်း(နှင်းမုန့်)ကိုရော၊ စလ်ဝါ(ငုံးကောင်တစ်မျိုး)ကိုပါ ချပေးတော်မူခဲ့သည်။

كُلُوا مِن طَيِّبَاتِ مَا رَزَقْنَاكُمْ وَلَا تَطْغَوْا فِيهِ فَيَحِلَّ عَلَيْكُمْ غَضَبِي ۖ وَمَن يَحْلِلْ عَلَيْهِ غَضَبِي فَقَدْ هَوَىٰ ﴿٨١﴾

(၈၁) အသင်တို့သည် ငါအရှင်မြတ်က အသင်တို့အား ပေးတော်မူခဲ့သော စင်ကြယ်သည့်စားစရာများကို စားသုံးကြပါ။ ထို့ပြင် အသင်တို့သည် ၎င်းနှင့်ပတ်သက်၍ စည်းကမ်းမကျူးလွန်ကြနှင့်။ ထိုသို့ ကျူးလွန်ခဲ့လျှင် ငါအရှင်မြတ်၏အမျက်တော်သည် အသင်တို့အပေါ်တွင် သက်ရောက်လိမ့်မည်။ ထို့ပြင် မည်သူမဆို ငါအရှင်မြတ်၏အမျက်တော်သည် ထိုသူ၏အပေါ်တွင် သက်ရောက်ခဲ့လျှင် အမှန်ပင် ထိုသူသည် (ငရဲဘုံထဲသို့)ကျသွားမည်။

وَإِنِّي لَغَفَّارٌ لِّمَن تَابَ وَآمَنَ وَعَمِلَ صَالِحًا ثُمَّ اهْتَدَىٰ ﴿٨٢﴾

(၈၂) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အကြင်သူကို အမှန်ပင် အလွန်ခွင့်လွှတ်တော်မူသောအရှင်ဖြစ်တော်မူသည်။ ထိုသူသည် နောင်တရ အများဝန်ခံတောင်းပန်ပြီး အီမာန်ယုံကြည်ခဲ့သည်။ ၎င်းပြင် ထိုသူသည် ကောင်းမြတ်သောလုပ်ရပ်ကိုလည်း ပြုလုပ်ခဲ့သည်။ ၎င်းပြင် ထိုသူသည် တရားလမ်းမှန်ပေါ်၌သာ တည်ရှိခဲ့သည်။

وَمَا أَعْجَلَكَ عَن قَوْمِكَ يَا مُوسَىٰ ﴿٨٣﴾

(၈၃) ထို့ပြင် အို-(တမန်တော်)မူစာ၊ မည်သည့်အရာက အသင့်အား အသင်၏အမျိုးသားများထက်စောပြီး လာရောက်စေခဲ့သနည်း။

قَالَ هُمْ أُولَاءِ عَلَىٰ أَثَرِي وَعَجِلْتُ إِلَيْكَ رَبِّ لِتَرْضَىٰ ﴿٨٤﴾

(၈၄) ၎င်းက ပြောဆိုလျှောက်ထားသည်- သူတို့သည် ထိုနေရာတွင် ကျွန်ုပ်နောက်မှပင် လိုက်လာခဲ့ကြပါသည်။ ထို့ပြင် အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်ုပ်သည် အရှင်မြတ်ထံတော်သို့ အရှင်မြတ်ကျေနပ်တော်မူရန် ဆောလျင်စွာ လာခဲ့ခြင်းသာ ဖြစ်ပါသည်။❶

❶ အရှင်မြတ်က တမန်တော်မူစာ ﷺကို ၎င်းရဲ့အမျိုးသားတွေထဲက အကြီးအကဲ (၇၀)ကို ခေါ်ဆောင်လာပြီး သွူရ်တောင်မှာ အရှင်မြတ်နဲ့လာတွေ့ဖို့ ပြီးရင် သောင်ရာသ်ကျမ်းကို ပေးသနားတော်မူမယ်ဆိုတဲ့ အကြောင်းကို မိန့်ကြားတော်မူတယ်။ ၎င်းဟာ အရှင်မြတ်နဲ့ တွေ့ချင်ဇောကြီးပြီး

အမြန်လျှောက်သွားတဲ့အပေါ်မှာ အရှင်မြတ်ထံတော်ကို ၎င်းရဲ့အမျိုးသားတွေထက်စောပြီး ရောက်သွားခဲ့တယ်။ အဲဒါကြောင့် အရှင်မြတ်က ၎င်းကို မေးခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ فَإِنَّا قَدْ فَتَنَّا قَوْمَكَ مِنْ بَعْدِكَ وَأَضَلَّهُمُ السَّامِرِيُّ ﴿٨٥﴾

(၈၅) အရှင်မြတ်က မိန့်ကြားတော်မူသည်- (အို-တမန်တော်မူစာ) အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်၏နောက်တွင် အသင်၏အမျိုးသားများအား စမ်းသပ်တော်မူခဲ့သည်။ ထို့ပြင် စာမိရီ[J]သည် သူတို့ကို လမ်းမှားစေခဲ့ပြီဖြစ်သည်။

[J] စာမိရီဟာ အစ္စရာအီလ်မျိုးနွယ်ဝင်တွေကို လမ်းလွဲအောင် အမျိုးမျိုး လှုပ်ရှားဖန်တီးနေတဲ့ မုနာဖိက်အယောင်ဆောင်တစ်ဦးဖြစ်တယ်။ စာမိရီရဲ့နာမည်ဟာ မူစာဗင်န်ဇွဖ်ရ်ဖြစ်တယ်။ ဖိရ်အောင်န်စစ်တပ်က အစ္စရာအီလ်မျိုးနွယ်ထဲက မွေးလာတဲ့ သားယောကျ်ားလေးတွေကို သတ်ဖြတ်နေတာကို ကြားပြီး မူစာ စာမိရီရဲ့ မိခင်က မိမိရဲ့ရှေ့မှာ သားကို အသတ်ခံရမှာ မကြည့်ရက်နိုင်တာနဲ့ တောထဲကိုသွားပြီး လိုဏ်ဂူတစ်ခုထဲမှာ မိမိသားလေးကို ထည့်ထားပြီး ပိတ်ထားခဲ့တယ်။ တစ်ခါတစ်ခါ သွားပြီး ကြည့်တယ်။ အရှင်မြတ်က ကောင်းကင်တမန် ဂျိဗ်ရီးလ် عليه السلام ကို စေလွှတ်ပြီး အဲဒီကလေးကို ကျွေးမွေးဖို့ အစာရေစာ ပေးဖို့ခိုင်းတော်မူတယ်။ အဲဒီကလေးဟာ လိုဏ်ဂူထဲမှာပဲ ကြီးပြင်းလာခဲ့တယ်။ အဲဒီနောက် မူစာ စာမိရီဟာ အစ္စရာအီလ်မျိုးနွယ်ဝင်တွေကို လမ်းလွဲအောင်လုပ်တဲ့ကာဖိရ်ဖြစ်သွားခဲ့တယ်။ အဲဒီအပေါ်မှာ စာဆိုတွေဖြစ်လာခဲ့တယ်။ "ဖိရ်အောင် မွေးမြူခဲ့တဲ့ မူစာ عليه السلام က နဗီဖြစ်သွားခဲ့ပြီး ဂျိဗ်ရီးလ် عليه السلام မွေးမြူတဲ့ မူစာက ကာဖိရ်ဖြစ်သွားခဲ့တယ်။" (မအာရိဖွလ်ကုရ်အာန်)

فَرَجَعَ مُوسَىٰ إِلَىٰ قَوْمِهِ غَضْبَانَ أَسِفًا ۚ قَالَ يَا قَوْمِ أَلَمْ يَعِدْكُمْ رَبُّكُمْ وَعْدًا حَسَنًا ۚ أَفَطَالَ عَلَيْكُمُ الْعَهْدُ أَمْ أَرَدْتُمْ أَنْ يَحِلَّ عَلَيْكُمْ غَضَبٌ مِنْ رَبِّكُمْ فَأَخْلَفْتُمْ مَوْعِدِي ﴿٨٦﴾

(၈၆) ထို့နောက် (တမန်တော်)မူစာသည် ၎င်း၏အမျိုးသားများထံသို့ ဒေါသထွက်ကာ ဝမ်းနည်းပူဆွေးလျက် ပြန်လာခဲ့ပြီးပြောသည်- အို-ကျွန်ုပ်၏အမျိုးသားတို့၊ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အသင်တို့အား ကောင်းမြတ်သည့်ကတိကို ပေးခဲ့သည်မဟုတ်လော။ ထို့ပြင် (ကျွန်ုပ်နှင့်ခွဲခွာနေခဲ့ရသော)ထိုအချိန်ကာလသည် အသင်တို့အပေါ်တွင် ရှည်လျားသွားခဲ့ပြီလော။ သို့မဟုတ် အသင်တို့သည် အသင်တို့အပေါ်တွင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမျက်တော် သက်ရောက်သည်ကို အလိုရှိသည့်အတွက် ကျွန်ုပ်နှင့် ပြုထားသည့်ကတိကို ဖောက်ဖျက်ခဲ့ကြသလော။

قَالُوا مَا أَخْلَفْنَا مَوْعِدَكَ بِمَلْكِنَا وَلَٰكِنَّا حُمِّلْنَا أَوْزَارًا مِنْ زِينَةِ الْقَوْمِ فَقَذَفْنَاهَا فَكَذَٰلِكَ أَلْقَى السَّامِرِيُّ ﴿٨٧﴾

(၈၇) ထိုအမျိုးသားများက ပြောဆိုကြသည်- ကျွန်ုပ်တို့သည် အသင်နှင့်ပြုလုပ်ခဲ့သောကတိကို ကျွန်ုပ်တို့သဘောဖြင့် ဖောက်ဖျက်ခဲ့ကြသည် မဟုတ်ပါ။ သို့ရာတွင် ကျွန်ုပ်တို့သည် (ဖိရ်အောင်န်၏)အမျိုးသားများထံမှ (ငှားရမ်းခဲ့သော) လက်ဝတ်လက်စားများကို သယ်ပိုးယူဆောင်လာခဲ့ကြရသည်။ ထိုအရာများ(သည် ကျွန်ုပ်တို့အတွက် ပိုင်ဆိုင်ခွင့်မရှိသည့်အတွက်၊ ထိုအရာများ)ကို (မီးဖိုထဲ)ပစ်ချခဲ့ကြသည်။ ထို့ပြင် စာမိရီကလည်း ထိုသို့ပင် ပစ်ချခဲ့သည်။

فَاَخۡرَجَ لَهُمۡ عِجۡلًا جَسَدًا لَّهٗ خُوَارٌ فَقَالُوۡا هٰذَاۤ اِلٰـهُكُمۡ وَاِلٰهُ مُوۡسٰى ۙ فَنَسِىَ ﴿٨٨﴾

(၈၈) ထို့နောက် စာမိရီသည် သူတို့အတွက် (အော်သံမြည်သံ)အသံထွက်သော နွားငယ်လေးတစ်ကောင်၏ခန္ဓာကိုယ်သဏ္ဍာန်တစ်ခုကို (ပုံလောင်း၍)ထုတ်ယူလာခဲ့သည်။ ၎င်းနောက် ထိုအမျိုးသားများက "ဤသည် အသင်တို့၏ ကိုးကွယ်ထိုက်သည့်အရှင်နှင့် (တမန်တော်)မူစာ၏ ကိုးကွယ်ထိုက်သည့်အရှင်ဖြစ်သည်။ သို့ဖြစ်ရာ (တမန်တော်)မူစာသည် (၎င်း၏အရှင်ကို) မေ့ထားခဲ့ပြီဖြစ်သည်" ဟုပြောဆိုကြသည်။

اَفَلَا يَرَوۡنَ اَلَّا يَرۡجِعُ اِلَيۡهِمۡ قَوۡلًا ۙ وَّلَا يَمۡلِكُ لَهُمۡ ضَرًّا وَّلَا نَفۡعًا ﴿٨٩﴾

(၈၉) သူတို့မမြင်ကြလေသလော။ ထိုနွားငယ်လေးသည် သူတို့၏ မည်သည့်စကားကိုမျှ ပြန်ကြားနိုင်သည်လည်း မရှိပေ။ ထို့ပြင် သူတို့အတွက် မည်သည့်အကျိုးယုတ်စေခြင်းနှင့်အကျိုးဖြစ်ထွန်းစေခြင်းကိုမျှ ပြုစွမ်းနိုင်ခြင်းလည်းမရှိပေ။

وَلَقَدۡ قَالَ لَهُمۡ هٰرُوۡنُ مِنۡ قَبۡلُ يٰقَوۡمِ اِنَّمَا فُتِنۡتُمۡ بِهٖ ۚ وَاِنَّ رَبَّكُمُ الرَّحۡمٰنُ فَاتَّبِعُوۡنِىۡ وَاَطِيۡعُوۡۤا اَمۡرِىۡ ﴿٩٠﴾

(၉၀) ထို့ပြင် အမှန်မှာ (တမန်တော်)ဟာရူန်က (တမန်တော်မူစာ) ပြန်မရောက်ခင်ကတည်းက ထိုအမျိုးသားများအား (ဤသို့)ပြောဆို သတိပေးခဲ့သည်။ "အို- ကျွန်ုပ်၏အမျိုးသားတို့၊ အမှန်စင်စစ် အသင်တို့သည် ထိုနွားရုပ်ဖြင့် စမ်းသပ်ခံခဲ့ကြရပြီဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ရဟ်မာန်အနန္တကရုဏာတော်ရှင်ပင် ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ကျွန်ုပ်၏နောက်သို့ လိုက်ကြပါ။ ထို့ပြင် အသင်တို့သည် ကျွန်ုပ်၏အမိန့်ကို လိုက်နာကြပါ။"

قَالُوۡا لَنۡ نَّبۡرَحَ عَلَيۡهِ عٰكِفِيۡنَ حَتّٰى يَرۡجِعَ اِلَيۡنَا مُوۡسٰى ﴿٩١﴾

(၉၁) သူတို့က ပြောဆိုကြသည်- ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထံသို့ (တမန်တော်)မူစာ ပြန်မလာမချင်း ထိုနွားရုပ်အပေါ်တွင်သာ အမြဲစွဲကပ်(ကိုးကွယ်)နေမည်။❶

❶ တမန်တော်မူစာ ﷺပြန်မလာခင်မှာ တမန်တော်ဟာရူန် ﷺဟာ ၎င်းရဲ့အမျိုးသားတွေကို နွားရုပ်ကို မကိုးကွယ်ကြဖို့ တားမြစ်ခဲ့တယ်။ ဒါပေမဲ့ အစ္စရာအီလ်လူမျိုးတွေဟာ ခေါင်းမာတဲ့အလျောက် နားမထောင်ခဲ့ဘဲ တမန်တော်မူစာ ﷺပြန်လာတဲ့အထိ နွားရုပ်ကိုပဲ ဆက်ပြီး ကိုးကွယ်နေမှာပဲလို့ ပြောခဲ့ကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ يٰهٰرُوْنُ مَا مَنَعَكَ اِذْ رَاَيْتَهُمْ ضَلُّوْٓا ﴿٩٢﴾

(၉၂) (ထို့နောက်) ၎င်း(တမန်တော်မူစာပြန်လာ၍) ပြောဆိုသည်- အို-ဟာရူန်၊ အသင်သည် သူတို့ လမ်းမှားခဲ့ကြသည်ကို တွေ့မြင်သည့်အခါ အသင့်အား မည်သည့်အရာက တားဆီးထားခဲ့သနည်း၊

اَلَّا تَتَّبِعَنِ ؕ اَفَعَصَيْتَ اَمْرِىْ ﴿٩٣﴾

(၉၃) ကျွန်ုပ်ထံသို့ လိုက်လာခြင်းမှ။ အသင်သည် ကျွန်ုပ်၏အမိန့်ကို ဖီဆန်ခဲ့သလော။

قَالَ يَبْنَؤُمَّ لَا تَاْخُذْ بِلِحْيَتِىْ وَلَا بِرَاْسِىْ ۚ اِنِّىْ خَشِيْتُ اَنْ تَقُوْلَ فَرَّقْتَ بَيْنَ بَنِىْٓ اِسْرَآءِيْلَ وَلَمْ تَرْقُبْ قَوْلِىْ ﴿٩٤﴾

(၉၄) ၎င်း(တမန်တော်ဟာရူန်)က ပြောဆိုသည်- အို-ကျွန်ုပ်အမေ၏သား၊ အသင်သည် ကျွန်ုပ်၏ မုတ်ဆိတ်နှင့် ကျွန်ုပ်၏ဦးခေါင်းကို ကိုင်ဆွဲခြင်း မပြုပါနှင့်။ အမှန်စင်စစ် ကျွန်ုပ်သည် အသင် ကျွန်ုပ်အား (ဤသို့) ပြောမည်ကို စိုးရိမ်ခဲ့သည်- "အသင်သည် ကျွန်ုပ်၏စကားကိုပင် မစောင့်ဘဲ အစ္စရာအီလ်မျိုးနွယ်ဝင်များကြားတွင် သွေးကွဲအောင် အသင် ပြုလုပ်လိုက်သည်။"

قَالَ فَمَا خَطْبُكَ يٰسَامِرِىُّ ﴿٩٥﴾

(၉၅) ၎င်း (တမန်တော်မူစာ)ကပြောသည်- အို- စာမိရီ၊ အသင်၏ ရည်ရွယ်ချက်သည် မည်သို့နည်း။

قَالَ بَصُرْتُ بِمَا لَمْ يَبْصُرُوْا بِهٖ فَقَبَضْتُ قَبْضَةً مِّنْ اَثَرِ الرَّسُوْلِ فَنَبَذْتُهَا وَكَذٰلِكَ سَوَّلَتْ لِىْ نَفْسِىْ ﴿٩٦﴾

(၉၆) သူကပြောသည်- ကျွန်ုပ်သည် အခြားသူများ မမြင်ခဲ့ကြသည့် အရာကို တွေ့မြင်ခဲ့ပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် ကောင်းကင်တမန်၏(မြင်း) ခြေရာမှ (မြေကြီး)လက်တစ်ဆုပ်ကို ယူခဲ့ပါသည်။ ထို့ပြင် ကျွန်ုပ်သည် ထိုအရာ

ကို (ဤနွားငယ်လေး၏ ခန္ဓာကိုယ်ထဲတွင်)ထည့်ခဲ့ပါသည်။ ထို့ပြင် ထိုသို့ပင် ကျွန်ုပ်၏စိတ်နှလုံးသည် ကျွန်ုပ်ကို ဖြားယောင်းခဲ့ပါသည်။❶

❶ တမန်တော်မူစာ ﷺ ဟာ အစ္စရာအီလ်မျိုးနွယ်ဝင်တွေကိုခေါ်ပြီး ဖိရ်အောင်န်ဘုရင်ရဲ့ရန်ကနေ လွတ်ကင်းအောင် ပင်လယ်ကို ဖြတ်ကူးသွားတဲ့အချိန်မှာ ကောင်းကင်တမန်ဂျိဗ်ရီလ် ﷺ ဟာ လမ်းပြအဖြစ်နဲ့ ရှေ့ကနေ မြင်းစီးပြီး သွားခဲ့တယ်။ အဲဒီအခါ စာမိရီက ပင်လယ်ထဲ ဖြတ်ကူးနေတုန်းမှာ ကောင်းကင်တမန်ဂျိဗ်ရီလ် ﷺ စီးလာတဲ့ မြင်းခြေရာအောက်က မြေကြီးမှာ ထူးခြားချက်တွေ့ခဲ့ရလို့ အဲဒီမြေကြီး လက်တစ်ဆုပ်ကို ကောက်ယူထားလိုက်တယ်။ အစ္စရာအီလ်မျိုးနွယ်ဝင်တွေဟာ ဖိရ်အောင်န်ဘုရင်ရဲ့ မျိုးနွယ်ဝင်တွေထံက ငှားရမ်းယူထားတဲ့ လက်ဝတ်လက်စားတွေ ပါလာခဲ့တဲ့အပေါ်မှာ အဲဒါတွေဟာ သူတို့အတွက် မပိုင်တဲ့အတွက် တွင်းတစ်ခုတူးပြီး မီးဖိုကာ အဲဒီထဲကို အားလုံး ပစ်ချခဲ့ကြတယ်။ စာမိရီကလည်း သူယူလာခဲ့တဲ့ မြေကြီးလက်တစ်ဆုပ်ကို အဲဒီထဲပစ်ချခဲ့တယ်။ အဲဒီရွှေငွေတွေနဲ့ နွားရုပ်လုပ်လိုက်တဲ့အခါ နွားရုပ်ဟာ အသက်ရှင်သလိုဖြစ်သွားပြီး အော်သံထွက်လာခဲ့တယ်။ ပြီးတော့ အဲဒီနွားငယ်လေးကို စာမိရီက အသင်တို့ရဲ့ကိုးကွယ်ထိုက်တဲ့အရှင်လို့ ပြောဆိုခဲ့တာဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်က အသင်တို့ဟာ အဲဒီနွားရုပ်က ဘာမှ လုပ်မပေးနိုင်တာကို မမြင်ကြဘူးလားလို့ မေးထားတာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန် - တွဲ - ၅၊ စာ - ၁၅၀၊၁၅၁ - မော်လာနာ အိဒ်ရီးစ်၊ ကွရ်သွုဗီ၊ သွဗ်ရီ၊ ကဘီးရ်၊ ရူဟွလ်မအာနီ)

قَالَ فَاذْهَبْ فَإِنَّ لَكَ فِي الْحَيٰوةِ أَنْ تَقُولَ لَا مِسَاسَ ۖ وَإِنَّ لَكَ مَوْعِدًا لَّنْ تُخْلَفَهُ ۚ وَانْظُرْ إِلَىٰ إِلٰهِكَ الَّذِي ظَلْتَ عَلَيْهِ عَاكِفًا ۖ لَنُحَرِّقَنَّهُ ثُمَّ لَنَنْسِفَنَّهُ فِي الْيَمِّ نَسْفًا ﴿٩٧﴾

(၉၇) ၎င်း(တမန်တော်မူစာ)က (စာမိရီကို)ပြောဆိုခဲ့သည်- သို့ဖြစ်လျှင် အသင်ထွက်သွားတော့။ အမှန်စင်စစ် အသင့်တွင် ဤဘဝ တစ်လျှောက်လုံး(ခံစားရမည့် ပြစ်ဒဏ်ကမူ) အသင်သည် (အသင်၏အနီးသို့ ကပ်လာသည့် သူများအား ကျွန်ုပ်ကို)မထိနှင့် (မထိနှင့်)ဟူ၍ ပြောဆိုနေရမည် ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် အသင့်အတွက် (တမလွန်ဘဝ၏ ပြစ်ဒဏ်သည်လည်း) သတ်မှတ်ထားမှုတစ်ခုရှိသေးသည်။ အသင်သည် ထိုသတ်မှတ်ချက်မှ လွဲစေခြင်း လုံးဝခံရမည်မဟုတ်ပေ။ ထို့ပြင် အသင်သည် အမြဲစွဲနေခဲ့သော အသင်၏ ကိုးကွယ်ရာကို ကြည့်ပါ။ အမှန်ပင် ငါတို့သည် ထိုအရာကို မီးရှို့ပြီး အမှန်ပင် ၎င်း(၏ပြာ)ကို မြစ်ထဲတွင် ကြဲချကြမည်။

إِنَّمَا إِلٰهُكُمُ اللّٰهُ الَّذِي لَا إِلٰهَ إِلَّا هُوَ ۖ وَسِعَ كُلَّ شَيْءٍ عِلْمًا ﴿٩٨﴾

(၉၈) (အမှန်စင်စစ်) အသင်တို့၏ကိုးကွယ်ထိုက်သည့်အရှင်သည် အကြင်အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ အရှင်မြတ်သည် (အရှင်မြတ်၏)အသိဉာဏ်တော်နှင့် အရာအားလုံးကို လွှမ်းခြုံထားတော်မူသည်။

كَذٰلِكَ نَقُصُّ عَلَيْكَ مِنْ اَنْۢبَآءِ مَا قَدْ سَبَقَ ۚ وَقَدْ اٰتَيْنٰكَ مِنْ لَّدُنَّا ذِكْرًا ﴿٩٩﴾

(၉၉) ထိုသို့ပင် ငါအရှင်မြတ်သည် အသင်(တမန်တော်)မတိုင်မီက လွန်ခဲ့သောသူများ၏အကြောင်းကို အသင်၏အပေါ်တွင် အမှန်စင်စစ် ပြောပြတော်မူသည်။❶ ထို့ပြင် ငါအရှင်မြတ်သည် အသင့်အား ငါအရှင်မြတ်ထံတော်မှ သတိပေးနှိုးဆော်သည့်ကျမ်းဂန်တစ်စောင် (ကုရ်အာန်)ကို ပေးသနားတော်မူခဲ့သည်။

❶ အတိတ်က ဖြစ်ပျက်ခဲ့တာတွေကို ကြားသိရပြီး သင်ခန်းစာရယူကြဖို့အတွက်ဖြစ်တယ်။ မသိသေးတဲ့ သမိုင်းရာဇဝင်အထောက်အထားတွေကို သိဖို့အတွက်လည်းဖြစ်တယ်။ (အလင်းပြကျမ်း)

مَنْ اَعْرَضَ عَنْهُ فَاِنَّهٗ يَحْمِلُ يَوْمَ الْقِيٰمَةِ وِزْرًا ﴿١٠٠﴾

(၁၀၀) မည်သူမဆို ထို(ကျမ်းတော်)မှ မျက်နှာလွှဲခဲ့လျှင် အမှန်စင်စစ် ထိုသူသည် ကိယာမသ်နေ့တွင် (လေးလံသည့်အကုသိုလ်) ဝန်ထုပ်ဝန်ပိုးကို သယ်ပိုးထမ်းဆောင်ရမည်ဖြစ်သည်။

خٰلِدِيْنَ فِيْهِ ؕ وَسَآءَ لَهُمْ يَوْمَ الْقِيٰمَةِ حِمْلًا ﴿١٠١﴾

(၁၀၁) ထိုသူများသည် ထို(ဝန်ထုပ်ကို ထမ်းဆောင်နေရသည့်)အဖြစ်တွင် အမြဲခံစားနေကြရမည်ဖြစ်သည်။ ထို့ပြင် ထိုဝန်ထုပ်သည် သူတို့အတွက် ကိယာမသ်နေ့တွင် အလွန်ဆိုးဝါးသော ဝန်ထုပ်ပင် ဖြစ်လိမ့်မည်။

يَّوْمَ يُنْفَخُ فِى الصُّوْرِ وَنَحْشُرُ الْمُجْرِمِيْنَ يَوْمَئِذٍ زُرْقًا ﴿١٠٢﴾

(၁၀၂) (ထို)နေ့တွင် တံပိုးခရာမှုတ်ခြင်းခံရလိမ့်မည်။ ထို့ပြင် ငါအရှင်မြတ်သည် ထိုနေ့တွင် အပြစ်ရှိသူများကို မျက်ကန်း(များ)အဖြစ်ဖြင့် စုရုံးစေတော်မူမည်။

يَّتَخَافَتُوْنَ بَيْنَهُمْ اِنْ لَّبِثْتُمْ اِلَّا عَشْرًا ﴿١٠٣﴾

(၁၀၃) (ထိုနေ့တွင်) သူတို့သည် သူတို့အချင်းချင်း "အသင်တို့သည် (သင်္ချိုင်းများထဲတွင်) ဆယ်ရက်မျှသာ နေခဲ့ကြခြင်းဖြစ်သည်"ဟု တီးတိုးပြောဆိုကြမည်။

نَحْنُ اَعْلَمُ بِمَا يَقُوْلُوْنَ اِذْ يَقُوْلُ اَمْثَلُهُمْ طَرِيْقَةً اِنْ لَّبِثْتُمْ اِلَّا يَوْمًا ﴿١٠٤﴾

(၁၀၄) ငါအရှင်မြတ်သည် သူတို့ပြောဆိုကြသည်ကို အသိဆုံးအရှင်ဖြစ်တော်မူသည်။ တစ်ခါ၌ သူတို့ထဲမှ အကြံဉာဏ်အနေဖြင့် အတော်ဆုံးသူက "အသင်တို့သည် (သင်္ချိုင်းများထဲတွင်) တစ်ရက်သာ နေခဲ့ကြခြင်းဖြစ်သည်"ဟု ပြောဆိုလိမ့်မည်။

وَيَسْـَٔلُوْنَكَ عَنِ الْجِبَالِ فَقُلْ يَنْسِفُهَا رَبِّىْ نَسْفًا ﴿١٠٥﴾

(၁၀၅) ထို့ပြင် ၎င်း(မက္ကာဟ်မြို့သား ကာဖိရ်)တို့သည် အသင်(တမန်တော်)အား တောင်များနှင့် ပတ်သက်၍ မေးမြန်းကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် (ကိယာမသ်နေ့တွင်) ထိုတောင်များကို (အစိတ်စိတ်အပိုင်းပိုင်း ဖြစ်စေပြီး) လွင့်ပါးစေတော်မူမည်။

فَيَذَرُهَا قَاعًا صَفْصَفًا ﴿١٠٦﴾

(၁၀၆) ထို့နောက် အရှင်မြတ်သည် ထို(မြေ)ကို ညီညာသည့်လွင်ပြင်အဖြစ် ကျန်ရစ်စေတော်မူမည်။

لَّا تَرَىٰ فِيهَا عِوَجًا وَلَا أَمْتًا ﴿١٠٧﴾

(၁၀၇) အသင်သည် ထို(မြေ)တွင် မည်သည့်ချိုင့်ဝှမ်း၊ မည်သည့်ကုန်းမြင့်ကိုမျှ တွေ့မြင်ရမည်မဟုတ်ပေ။

يَوْمَئِذٍ يَتَّبِعُونَ الدَّاعِيَ لَا عِوَجَ لَهُ ۖ وَخَشَعَتِ الْأَصْوَاتُ لِلرَّحْمَٰنِ فَلَا تَسْمَعُ إِلَّا هَمْسًا ﴿١٠٨﴾

(၁၀၈) ထိုနေ့တွင် လူများသည် ဆင့်ခေါ်သူ၏နောက်သို့ ကွေ့ကောက်ခြင်းမရှိဘဲ (ဖြောင့်ဖြောင့်)လိုက်ကြမည်။ ထို့ပြင် ရဟ်မာန်အနန္တကရုဏာတော်ရှင်၏ရှေ့တော်မှောက်တွင် အသံများသည် ငြိမ်သက်သွားကြမည်။ သို့ဖြစ်ရာ အသင်သည် ခြေသံသဲ့သဲ့မှလွဲ၍ မည်သည့်အသံမျှ ကြားရမည်မဟုတ်ပေ။

يَوْمَئِذٍ لَّا تَنفَعُ الشَّفَاعَةُ إِلَّا مَنْ أَذِنَ لَهُ الرَّحْمَٰنُ وَرَضِيَ لَهُ قَوْلًا ﴿١٠٩﴾

(၁၀၉) ထိုနေ့တွင် ကြားဝင်အသနားခံခြင်းသည် ရဟ်မာန်အနန္တကရုဏာတော်ရှင် ခွင့်ပြုတော်မူသောသူမှလွဲ၍ ထို့ပြင် အရှင်မြတ်အနေဖြင့် ထို(ကြားဝင်အသနားခံပေး)သူ၏စကား တစ်စုံတစ်ရာကို နှစ်သက်တော်မူသောသူမှလွဲ၍ (မည်သည့်အရာမျှ) အကျိုးပေးမည်မဟုတ်ပေ။[J]

[J] အရှင်မြတ်ဟာ သူ့ရဲ့စကားတစ်စုံတစ်ရာကို နှစ်သက်တော်မူခဲ့တယ်ဆိုတာ အဲဒီသူ ယုံယုံကြည်ကြည်နဲ့ ဖတ်ခဲ့တဲ့ ကာလိမဟ်ကို ဆိုလိုတယ်။ (ကုရ်သွူဗီ)

يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَلَا يُحِيطُونَ بِهِ عِلْمًا ﴿١١٠﴾

(၁၁၀) အရှင်မြတ်သည် သူတို့၏ရှေ့မှအဖြစ်အပျက်နှင့် သူတို့၏နောက်မှအဖြစ်အပျက်အားလုံးကို သိရှိတော်မူသည်။ သို့ရာတွင် သူတို့ကမူ အရှင်မြတ်(သိတော်မူသည့်အကြောင်း)ကို (သူတို့၏)အသိပညာဖြင့် ဝန်းခြုံ(၍ သိရှိ)နိုင်ကြခြင်း မရှိပေ။

وَعَنَتِ الْوُجُوهُ لِلْحَيِّ الْقَيُّومِ ۖ وَقَدْ خَابَ مَنْ حَمَلَ ظُلْمًا ﴿١١١﴾

(၁၁၁) ထို့ပြင် (ထိုနေ့တွင် လူများ၏)မျက်နှာများသည် အမြဲရှင်နေတော်မူသော၊ အမြဲတည်ရှိနေတော်မူသော အရှင်မြတ်၏ရှေ့တော်မှောက်တွင် အောက်ကျို့ကြမည်။ ထို့ပြင် အမှန်စင်စစ် မတရားမှုကို ထမ်းဆောင်ခဲ့သည့်သူကမူ အလိုမပြည့်တော့ပေ။

وَمَنۡ يَّعۡمَلۡ مِنَ الصّٰلِحٰتِ وَهُوَ مُؤۡمِنٌ فَلَا يَخٰفُ ظُلۡمًا وَّلَا هَضۡمًا ﴿١١٢﴾

(၁၁၂) ထို့ပြင် မည်သူမဆို မုအ်မင်နယုံကြည်သူဖြစ်လျက်နှင့် ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်သည်ဆိုလျှင် သူသည် မတရားပြုလုပ်မှုကိုသော်လည်းကောင်း၊ လျှော့နည်းစေခြင်းကိုသော်လည်းကောင်း စိုးရိမ်ရမည်မဟုတ်ပေ။

وَكَذٰلِكَ اَنۡزَلۡنٰهُ قُرۡاٰنًا عَرَبِيًّا وَّصَرَّفۡنَا فِيۡهِ مِنَ الۡوَعِيۡدِ لَعَلَّهُمۡ يَتَّقُوۡنَ اَوۡ يُحۡدِثُ لَهُمۡ ذِكۡرًا ﴿١١٣﴾

(၁၁၃) ၎င်းပြင် ထိုသို့ပင် ငါအရှင်မြတ်သည် ထို(ကျမ်းဂန်)ကို (စကားပြေပြစ်ကောင်းမွန်သည့်)အရဗီ ကုရ်အာန်ကျမ်းတော်မြတ်အဖြစ် ချပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ထိုကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ခြိမ်းခြောက်မှုများကို သူတို့ကြောက်ရွံ့ကြရန်အတွက်၊ သို့မဟုတ် ထိုကုရ်အာန်ကျမ်းတော်မြတ်သည် သူတို့အတွက် သတိတရားဖြစ်ပေါ်စေရန် နည်းအမျိုးမျိုးဖြင့် မိန့်ကြားတော်မူခဲ့သည်။❷

❷ အစ္စလာမ်ရဲ့အမှန်တရားတွေ စိတ်ထဲမှာ တဖွားဖွားပေါ်ထွန်းလာစေဖို့ဖြစ်တယ်။ (အလင်းပြကျမ်း)

فَتَعٰلَى اللّٰهُ الۡمَلِكُ الۡحَـقُّ‌ ۚ وَلَا تَعۡجَلۡ بِالۡقُرۡاٰنِ مِنۡ قَبۡلِ اَنۡ يُّقۡضٰۤى اِلَيۡكَ وَحۡيُهٗ‌ ۖ وَقُلْ رَّبِّ زِدۡنِىۡ عِلۡمًا ﴿١١٤﴾

(၁၁၄) ထို့နောက် စိုးမိုးအုပ်ချုပ်တော်မူသော(ဘုရင်) အစစ်အမှန်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် အလွန်မြင့်မားထွတ်မြတ်လှတော်မူသည်။ ထို့ပြင် အသင်(တမန်တော်)သည် အသင့်ထံသို့ အရှင်မြတ်၏ ဝဟီအမိန့်တော် ပြီးဆုံးသည်အထိ မကျရောက်သေးမီ ကုရ်အာန်ကျမ်းတော်မြတ်(ကို ဖတ်ရွတ်ရာ)တွင် အလျင်စလိုမပြုပါနှင့်။ ၎င်းပြင် အသင်သည် "အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်အား အသိပညာ တိုးပွားစေတော်မူပါ"ဟု ပြောဆိုလျှောက်ထားပါ။❶

❶ တမန်တော်မြတ် ﷺ ဟာ ကုရ်အာန်အာယသ်တော်တွေကျရောက်လာတဲ့အခါမှာ မေ့ပျောက်သွားမှာစိုးလို့ ကျရောက်တာနဲ့အတူ အလျင်အမြန် လိုက်ကျက်တော်မူတယ်။ အဲဒီလို လိုက်မကျက်ဖို့ အရှင်မြတ်က တားမြစ်တော်မူတယ်။ အဲဒီအာယသ်တော်တွေကို ရရှိမှတ်မိဖို့ရာဟာ ငါအရှင်

မြတ်ရဲ့တာဝန်ပဲ ဖြစ်တယ်။ အသင့်စိတ်နှလုံးထဲမှာ ပညာတွေပိုတိုးရဖို့အတွက် ငါအရှင်မြတ်ထံ တော်မှာ ဆုတောင်းပါလို့ပဲ အမိန့်ရှိလိုက်တာ ဖြစ်တယ်။ (ကုရ်အာန် - ၇၅း၁၆၊ ၁၇၊ ၁၈၊ ၁၉)

وَلَقَدْ عَهِدْنَآ اِلٰٓى اٰدَمَ مِنْ قَبْلُ فَنَسِيَ وَلَمْ نَجِدْ لَهٗ عَزْمًا ﴿١١٥﴾

(၁၁၅) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)အာဒမ် ထံသို့ (ဂျန္နသ်ရှိ သစ်ပင်မှ အသီးကိုမစားမီ)ယခင်က အမိန့်တော်ထုတ်ပြန်ချ မှတ်တော်မူခဲ့သည်။ ထို့နောက် ၎င်းသည် (ထိုအမိန့်တော်ကို)မေ့လျော့ခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတွင် စွဲမြဲကြံ့ခိုင်မှုကို တွေ့တော်မမူခဲ့ပေ။

وَاِذْ قُلْنَا لِلْمَلٰٓئِكَةِ اسْجُدُوْا لِاٰدَمَ فَسَجَدُوْٓا اِلَّآ اِبْلِيْسَ ؕ اَبٰى ﴿١١٦﴾

(၁၁၆) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် ကောင်းကင်တမန်များ အား အသင်တို့သည် (တမန်တော်)အာဒမ်၏ ရှေ့၌ဒစဂ်ျဒဟ်ဦးချကြပါဟု မိန့် ကြားတော်မူခဲ့သည့်အခါ အိဗ်လီစ်မှလွဲ၍ အားလုံးသည် ဦးချခဲ့ကြသည်။ သူက မူ ဖီဆန်ငြင်းဆိုခဲ့သည်။

فَقُلْنَا يٰٓاٰدَمُ اِنَّ هٰذَا عَدُوٌّ لَّكَ وَلِزَوْجِكَ فَلَا يُخْرِجَنَّكُمَا مِنَ الْجَنَّةِ فَتَشْقٰى ﴿١١٧﴾

(၁၁၇) ထို့ကြောင့် ငါအရှင်မြတ်သည် မိန့်ကြားတော်မူသည်- အို- အာဒမ်၊ အမှန်စင်စစ် ဤသူ(ရှိုင်သွာန်)သည် အသင်နှင့် အသင့်ကြင်ရာ၏ရန်သူ ပင် ဖြစ်သည်။ သို့ဖြစ်ရာ သူသည် အသင်တို့နှစ်ဦးအား ဂျန္နသ်သုခဘုံမှ လုံးဝ မထုတ်စေနှင့်။ သို့ဖြစ်လျှင် အသင်သည် အကြောင်းမလှသူဖြစ်လိမ့်မည်။

اِنَّ لَكَ اَلَّا تَجُوْعَ فِيْهَا وَلَا تَعْرٰى ﴿١١٨﴾

(၁၁၈) အမှန်စင်စစ် အသင့်အတွက် ထိုဂျန္နသ်တွင် ဆာလောင်မှုလည်း ရှိမည်မဟုတ်ပေ၊ ထို့ပြင် အသင်သည် အဝတ်ကင်းမဲ့မှုလည်း ဖြစ်မည်မဟုတ်ပေ။

وَاَنَّكَ لَا تَظْمَؤُا فِيْهَا وَلَا تَضْحٰى ﴿١١٩﴾

(၁၁၉) ထို့ပြင် အမှန်ပင် အသင်သည် ၎င်းထဲတွင် ရေဆာလောင် သည်လည်းမရှိပေ။ ထို့ပြင် အသင်သည် နေပူဒဏ်လည်းမခံရပေ။

فَوَسْوَسَ اِلَيْهِ الشَّيْطٰنُ قَالَ يٰٓاٰدَمُ هَلْ اَدُلُّكَ عَلٰى شَجَرَةِ الْخُلْدِ وَمُلْكٍ لَّا يَبْلٰى ﴿١٢٠﴾

(၁၂၀) ထို့နောက် ရှိုင်သွာန်သည် ထိုအာဒမ်၏ စိတ်ထဲတွင် သွေးဆောင် ဖြားယောင်းခဲ့သည်။ သူက အို-အာဒမ်၊ ကျွန်ုပ်သည် အသင့်အား အမြဲရှင်စေ မည့် သစ်ပင်နှင့် ပျက်စီးခြင်းမရှိသော အုပ်ချုပ်မှုအာဏာကို ညွှန်ပြရမည်လော ဟု ပြောဆိုခဲ့သည်။

فَأَكَلَا مِنۡهَا فَبَدَتۡ لَهُمَا سَوۡءٰتُهُمَا وَطَفِقَا يَخۡصِفَانِ عَلَيۡهِمَا مِن وَرَقِ ٱلۡجَنَّةِۚ وَعَصَىٰٓ ءَادَمُ
رَبَّهُۥ فَغَوَىٰ ﴿١٢١﴾

(၁၂၁) သို့ဖြစ်ရာ ၎င်းတို့(ဇနီးမောင်နှံ)နှစ်ဦးသည် ထိုသစ်ပင်မှ (အသီးကို)စားသုံးခဲ့ကြသည်။ သို့ဖြစ်ရာ ၎င်းတို့နှစ်ဦး၏ (ဖုံးအုပ်နေသည့်)အရှက်များသည် ၎င်းတို့ရှေ့၌ပေါ်သွားခဲ့သည်။ ထို့ပြင် ၎င်းတို့နှစ်ဦးသည် ၎င်းတို့ကိုယ်ကို သုခဘုံမှ သစ်ရွက်များဖြင့် စတင်ဖုံးအုပ်မှု ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် (တမန်တော်)အာဒမ်သည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်(၏အမိန့်တော်)ကို (ချွတ်ချော်မှားယွင်းပြီး) မလိုက်နာမိခဲ့သည့်အတွက် လမ်းမှန်မှ လွဲခဲ့ရသည်။

ثُمَّ ٱجۡتَبَٰهُ رَبُّهُۥ فَتَابَ عَلَيۡهِ وَهَدَىٰ ﴿١٢٢﴾

(၁၂၂) ထို့နောက် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က ၎င်းကိုရွေးချယ်တော်မူပြီး ၎င်း၏ ဝန်ချတောင်းပန်မှုကို လက်ခံခွင့်လွှတ်တော်မူခဲ့သည်။ ထို့ပြင် တရားလမ်းမှန်ကိုလည်း ညွှန်ကြားပြသတော်မူခဲ့သည်။

قَالَ ٱهۡبِطَا مِنۡهَا جَمِيعَۢاۖ بَعۡضُكُمۡ لِبَعۡضٍ عَدُوّٞۖ فَإِمَّا يَأۡتِيَنَّكُم مِّنِّي هُدٗى فَمَنِ ٱتَّبَعَ
هُدَايَ فَلَا يَضِلُّ وَلَا يَشۡقَىٰ ﴿١٢٣﴾

(၁၂၃) အရှင်မြတ်က မိန့်ကြားတော်မူခဲ့သည်- အသင်တို့နှစ်ဦးလုံးသည် ထိုဂျန္နသ်သုခဘုံမှ ဆင်းသွားကြပါ။ အသင်တို့(၏သားသမီးများ)ထဲမှ တစ်ဦးနှင့်တစ်ဦးသည် ရန်သူများဖြစ်ကြလိမ့်မည်။ ထို့နောက် အကယ်၍အသင်တို့ထံသို့ ငါအရှင်မြတ်ထံတော်မှ တရားလမ်းညွှန်ချက်တစ်စုံတစ်ခု အမှန်ပင်ရောက်လာသည့်အခါ မည်သူမဆို ငါအရှင်မြတ်၏ လမ်းမှန်ညွှန်ကြားပြသချက်အတိုင်း လိုက်နာခဲ့လျှင် ထိုသူသည် လမ်းမှားမည်လည်း မဟုတ်ပေ။ ထို့ပြင် နဖူးစာဆိုးဒုက္ခရောက်မည်လည်း မဟုတ်ပေ။

وَمَنۡ أَعۡرَضَ عَن ذِكۡرِي فَإِنَّ لَهُۥ مَعِيشَةٗ ضَنكٗا وَنَحۡشُرُهُۥ يَوۡمَ ٱلۡقِيَٰمَةِ أَعۡمَىٰ ﴿١٢٤﴾

(၁၂၄) ထို့ပြင် မည်သူမဆို ငါအရှင်မြတ်၏တရားတော်မှ မျက်နှာလွှဲခဲ့လျှင် အမှန်စင်စစ် ထိုသူတွင် ကျပ်တည်းသော အသက်မွေးဝမ်းကျောင်းမှုရှိလိမ့်မည်။[J] ထို့ပြင် ငါအရှင်မြတ်သည် သူ့ကို ကိယာမသ်နေ့တွင် မျက်ကန်းအဖြစ်ဖြင့် ရှင်ပြန်ထစေတော်မူမည်ဖြစ်သည်။

[J] ကျပ်တည်းတဲ့ အသက်မွေးဝမ်းကျောင်းမှုဆိုတာ အမြဲတမ်းလိုအပ်နေခြင်း၊ စိတ်ချမ်းသာမှုမရှိခြင်း၊ သောကတက်စိုးရိမ်ပူပန်နေရခြင်း၊ ပစ္စည်းဉစ္စာတိုးပွားဖို့ပဲ လောဘတက် နစ်မွန်းနေရခြင်း၊ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ တင်းတိမ်မှုမရှိခြင်း၊ အိပ်စက်လို့မရခြင်း၊ ကောင်းမှုကုသိုလ်တွေ မပြုလုပ်နိုင်ခြင်း၊ သေပြီးနောက် သင်္ချိုင်းထဲမှာ ပြစ်ဒဏ်ခံရခြင်း စတာတွေ အားလုံးဟာ ကျပ်တည်း

တဲ့ အသက်မွေးဝမ်းကျောင်းမှုထဲမှာ အကျုံးဝင်တာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ رَبِّ لِمَ حَشَرْتَنِيٓ اَعْمٰى وَقَدْ كُنْتُ بَصِيْرًا ﴿١٢٥﴾

(၁၂၅) သူက ပြောဆိုလျှောက်ထားမည်-“အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အမှန်စင်စစ် ကျွန်ုပ်သည် မျက်စိမြင်သူ ဖြစ်ခဲ့ပါလျက် အရှင်မြတ်သည် အဘယ်ကြောင့် ကျွန်ုပ်အား မျက်ကန်းအဖြစ်ဖြင့် ရှင်ပြန်ထစေတော်မူပါသနည်း။”

قَالَ كَذٰلِكَ اَتَتْكَ اٰيٰتُنَا فَنَسِيْتَهَا ۚ وَكَذٰلِكَ الْيَوْمَ تُنْسٰى ﴿١٢٦﴾

(၁၂၆) အရှင်မြတ်က မိန့်ကြားတော်မူမည်-ထိုသို့ပင်၊ ငါအရှင်မြတ်၏ အာယသ်တော်များသည် အသင့်ထံသို့ ရောက်လာခဲ့သောအခါ အသင်သည် ထိုအရာများကို (လက်ခံယုံကြည်မှုမရှိဘဲ) စွန့်ပစ်မေ့လျော့ထားခဲ့သည်။ ထို့ပြင် ထိုသို့ပင် ယနေ့ အသင်လည်း စွန့်ပစ်မေ့လျော့ထားခြင်းခံရမည်ဖြစ်သည်။

وَكَذٰلِكَ نَجْزِيْ مَنْ اَسْرَفَ وَلَمْ يُؤْمِنْ بِاٰيٰتِ رَبِّهٖ ۗ وَلَعَذَابُ الْاٰخِرَةِ اَشَدُّ وَاَبْقٰى ﴿١٢٧﴾

(၁၂၇) ၎င်းပြင် ထိုသို့ပင် ငါအရှင်မြတ်သည် အကြင်သူကို အစားပေးတော်မူမည်။ ထိုသူသည် စည်းကမ်းကျူးကျော်ခဲ့သည်။ ထို့ပြင် သူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အာယသ်တော်များကိုလည်း မယုံကြည်ခဲ့ပေ။ ထို့ပြင် အမှန်ပင် တမလွန်ဘဝ၏ပြစ်ဒဏ်သည် ပိုပြင်းထန်၍ ပိုလည်း တည်မြဲသည်။

اَفَلَمْ يَهْدِ لَهُمْ كَمْ اَهْلَكْنَا قَبْلَهُمْ مِّنَ الْقُرُوْنِ يَمْشُوْنَ فِيْ مَسٰكِنِهِمْ ۗ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّاُولِي النُّهٰى ﴿١٢٨﴾

(၁၂၈) ငါအရှင်မြတ်သည် သူတို့မတိုင်မီက လူအမြောက်အမြားကို ဖျက်ဆီးတော်မူခဲ့ခြင်းသည် သူတို့အတွက် တရားလမ်းမှန်ကို မရရှိစေခဲ့သလော။ သူတို့သည် ယခင်ကလူများ၏ နေထိုင်ရာဒေသများတွင် သွားလာနေကြသည်။ အမှန်စင်စစ် ထိုအထဲတွင် စဉ်းစားဆင်ခြင်သူများအတွက် အမှန်ပင် သက်သေလက္ခဏာများရှိသည်။❶

❶ အရင်ကလူတွေ အရှင်မြတ်ကို ငြင်းပယ်ကြတဲ့အတွက် ဖျက်ဆီးခံခဲ့ရတဲ့မြို့ ရွာတွေကို သူတို့ဟာ ဖြတ်သန်းသွားလာနေကြရတဲ့အတွက် သူတို့ဟာ အဲဒီအကြောင်းအရာတွေကို သိပြီးဖြစ်ကြတယ်။ အဲဒီထဲမှာ သင်ခန်းစာယူစရာ သက်သေသာဓကတွေရှိတာကို စဉ်းစားမကြည့်ကြဘူးလား။ (အလင်းပြကျမ်း)

وَلَوْلَا كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ لَكَانَ لِزَامًا وَّاَجَلٌ مُّسَمًّى ﴿١٢٩﴾

(၁၂၉) ထို့ပြင် အကယ်၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ အမိန့်တော်တစ်ခုနှင့် သတ်မှတ်ထားသောအချိန်ကာလ

တစ်ခုသော ယခင်ကတည်းက မရှိခဲ့လျှင် အမှန်ပင် (ပြစ်ဒဏ်သည် သူတို့အပေါ်တွင်) မလွှဲမရှောင်သာ ဆိုက်ရောက်ခဲ့မည်ဖြစ်သည်။❷

❷ အရှင်မြတ်က ပြစ်မှုကျူးလွန်တဲ့သူတွေကို နောင်တရအောင်၊ အမှားဝန်ခံနိုင်အောင် လုံလောက်တဲ့အချိန်ကာလဆိုင်းငံ့ထားပေးတော်မူမယ်၊ ချက်ချင်းပြစ်ဒဏ်ခတ်တော်မမူဘူးလို့ ပြဋ္ဌာန်းထားတဲ့အတွက် အပြစ်လုပ်ပြီးပြီးခြင်း အရေးမယူတာဖြစ်တယ်။ နောက်ဆုံးတော့ ကိယာမသ်နေ့မှာ မလွှဲမရှောင်သာ အရေးယူရတော့မှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

فَاصْبِرْ عَلٰى مَا يَقُوْلُوْنَ وَسَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوْعِ الشَّمْسِ وَقَبْلَ غُرُوْبِهَا ۚ وَمِنْ اٰنَآئِ الَّيْلِ فَسَبِّحْ وَاَطْرَافَ النَّهَارِ لَعَلَّكَ تَرْضٰى ﴿١٣٠﴾

(၁၃၀) သို့ဖြစ်ရာ အသင်(တမန်တော်)သည် သူတို့ပြောဆိုကြသောကိစ္စနှင့်ပတ်သက်၍ သည်းခံပါ။ ထို့ပြင် အသင်သည် ကျေနပ်မှုရရန်အတွက် နေမထွက်မီနှင့် နေမဝင်မီတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ချီးမွမ်းမှုနှင့်တကွ စင်ကြယ်ကြောင်း ပြောဆိုပါ။ ထို့ပြင် အသင်သည် ညအချိန်နှင့် နေ့၏အစွန်းများတွင် (အရှင်မြတ်)စင်ကြယ်တော်မူကြောင်း ရွတ်ဆိုပါ။

وَلَا تَمُدَّنَّ عَيْنَيْكَ اِلٰى مَا مَتَّعْنَا بِهٖۤ اَزْوَاجًا مِّنْهُمْ زَهْرَةَ الْحَيٰوةِ الدُّنْيَا ۙ۬ لِنَفْتِنَهُمْ فِيْهِ ؕ وَرِزْقُ رَبِّكَ خَيْرٌ وَّاَبْقٰى ﴿١٣١﴾

(၁၃၁) ထို့ပြင် အသင်(တမန်တော်)သည် ငါအရှင်မြတ်က ၎င်း(ကာဖိရ်)တို့ထဲမှ လူအမျိုးမျိုးကို လောကီဘဝ၏ခမ်းနားထည်ဝါမှုအဖြစ် အကျိုးခံစားစေတော်မူခဲ့သော ပစ္စည်းဥစ္စာများဘက်သို့ အသင်၏မျက်စိနှစ်လုံးဖြင့် လုံးဝမော်၍ပင် မကြည့်ပါနှင့်။ ငါအရှင်မြတ်သည် ထိုအရာများနှင့် သူတို့အား စမ်းသပ်တော်မူရန်အတွက်ပင် ဖြစ်သည်။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏စားနပ်ရိက္ခာသည် အကောင်းဆုံးနှင့် အတည်မြဲဆုံးဖြစ်သည်။

وَأْمُرْ اَهْلَكَ بِالصَّلٰوةِ وَاصْطَبِرْ عَلَيْهَا ؕ لَا نَسْئَلُكَ رِزْقًا ؕ نَحْنُ نَرْزُقُكَ ؕ وَالْعَاقِبَةُ لِلتَّقْوٰى ﴿١٣٢﴾

(၁၃၂) ထို့ပြင် အသင်(တမန်တော်)သည် အသင်၏အိမ်သူအိမ်သားများအား စွလာသ်ဝတ်ပြုရန် အမိန့်ပေးနေပါ။❸ ထို့ပြင် အသင်ကိုယ်တိုင်လည်း ထို စွလာသ်ဝတ်ပြုမှုအပေါ်တွင် စွဲမြဲစွာရပ်တည်ပါ။ ငါအရှင်မြတ်သည် အသင်၏ထံ စားနပ်ရိက္ခာတောင်းခံတော်မူမည်မဟုတ်ပေ။ ငါအရှင်မြတ်ကပင် အသင့်အား ရိက္ခာပေးသနားတော်မူသည်။ ထို့ပြင် နောက်ဆုံးအကျိုးဆက်သည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများအတွက်ပင် ဖြစ်သည်။❹

❸ ကိုယ့်အိမ်သားတွေ၊ နောက်လိုက်တွေကို စွလာသ်ဝတ်ပြုဖို့ အမိန့်ပေးနေပြီး ကိုယ်ကိုယ်တိုင်လည်း စွဲစွဲမြဲမြဲ စွလာသ်ဝတ်ပြုမယ်ဆိုရင် စိတ်ချမ်းသာပြီး ကျေနပ်မှုလည်း ရှိနေမှာဖြစ်တယ်။ သူ

တို့အတွက် နောင်ဘဝမှာ ကုသိုလ်တွေလည်း ရရှိအောင် လုပ်ပေးတာဖြစ်ပြီး အရှင်မြတ်ထံတော်မှာ ရှဖာအသ်လည်းတောင်းခံပေးနိုင်မှာဖြစ်တယ်။(အလင်းပြကျမ်း) ❻ အရှင်မြတ်ဟာ လူသားတွေကို ရိက္ခာပေးပြီး သူတို့အကျိုးအတွက်ပဲ ခဝပ်ကိုးကွယ်ခိုင်းတာဖြစ်တယ်။ အရှင်မြတ်ဟာ ဘာကိုမှ လိုအပ်နေတာ မရှိဘူး။ လုံးဝတူတာမရှိတဲ့ ကျွေးမွေးရှင်ဖြစ်တော်မူတယ်။ အရှင်မြတ်ဟာ လူသားတွေကို ကျွေးမွေးပြုပြီး အရှင်မြတ်အတွက် ဘာမှ ပြန်လိုချင်တာ၊ တောင့်တတာ မရှိဘူး။ ဒါနဲ့တင် အရှင်မြတ်ဟာ ကိုးကွယ်ခြင်းခံထိုက်တဲ့အရှင်မြတ်ဖြစ်တယ်ဆိုတာ ထင်ရှားနေတယ်။ အဲဒီလိုထင်ရှားနေတဲ့အတွက် လူသားဟာ မဖြစ်မနေ သူ့ကျွေးမွေးရှင်ကို ကိုးကွယ်ရတော့မှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالُوْا لَوْلَا يَاْتِيْنَا بِاٰيَةٍ مِّنْ رَّبِّهٖ ؕ اَوَلَمْ تَاْتِهِمْ بَيِّنَةُ مَا فِى الصُّحُفِ الْاُوْلٰى ﴿١٣٣﴾

(၁၃၃) ထို့ပြင် သူတို့က ၎င်း(တမန်တော်မုဟမ္မဒ်)သည် အဘယ်ကြောင့် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ သက်သေလက္ခဏာ တစ်စုံတစ်ရာကို ကျွန်ုပ်တို့ထံ ယူဆောင်မလာသနည်းဟု ပြောဆိုကြသည်။ သူတို့ထံသို့ ပထမကျမ်းဂန်များတွင် ပါရှိသော ရှင်းလင်းချက်(ကုရ်အာန်)သည် ရောက်ရှိမလာခဲ့လေသလော။

وَلَوْ اَنَّاۤ اَهْلَكْنٰهُمْ بِعَذَابٍ مِّنْ قَبْلِهٖ لَقَالُوْا رَبَّنَا لَوْلَاۤ اَرْسَلْتَ اِلَيْنَا رَسُوْلًا فَنَتَّبِعَ اٰيٰتِكَ مِنْ قَبْلِ اَنْ نَّذِلَّ وَنَخْزٰى ﴿١٣٤﴾

(၁၃၄) ထို့ပြင် အကယ်၍သာ ငါအရှင်မြတ်က သူတို့အား ထို(ကုရ်အာန်မကျရောက်မီ)အလျှင် ပြစ်ဒဏ်တစ်စုံတစ်ရာဖြင့် ဖျက်ဆီးတော်မူခဲ့လျှင် အမှန်ပင် သူတို့က "အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် အဘယ်ကြောင့် ကျွန်ုပ်တို့ထံသို့ တမန်တော်တစ်ပါးပါး စေလွှတ်တော်မမူခဲ့ပါသနည်း။ ထိုသို့စေလွှတ်တော်မူခဲ့လျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာမကျမီအလျှင်နှင့် အရှက်မရမီအလျှင် အရှင်မြတ်၏အမိန့်တော်များကို လိုက်နာကြမည်ပင် ဖြစ်ပါသည်"ဟု အမှန်ပင် ပြောဆိုကြမည်ဖြစ်သည်။

قُلْ كُلٌّ مُّتَرَبِّصٌ فَتَرَبَّصُوْا ۚ فَسَتَعْلَمُوْنَ مَنْ اَصْحٰبُ الصِّرَاطِ السَّوِيِّ وَمَنِ اهْتَدٰى ﴿١٣٥﴾

(၁၃၅) (အို- တမန်တော်) အသင်ပြောလိုက်ပါ- အားလုံးသည် စောင့်မျှော်နေကြသည့်သူများဖြစ်သည့်အတွက် အသင်တို့လည်း စောင့်မျှော်နေကြပါ။ ထို့နောက် မည်သူတို့သည် ဖြောင့်မတ်မှန်ကန်သည့်လမ်းပေါ်တွင် ရှိခဲ့သူများဖြစ်ကြသည်ကို လည်းကောင်း၊ မည်သူတို့သည် တရားလမ်းမှန်ရရှိခဲ့သူများ ဖြစ်ကြသည်ကိုလည်းကောင်း အသင်တို့သည် မကြာမီ သိရှိကြလိမ့်မည်။❼

❼ အရှင်မြတ်ဘက်က လုံလောက်အောင် သက်သေသာဓကတွေ ချပေးပြီးဖြစ်တဲ့အတွက် ဘယ်သူမှန်လဲဆိုတာ စောင့်ကြည့်ရင်သိရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

===========================================================

ركوعاتها ٧ ٢١ سُوْرَةُ الْاَنْۢبِيَآءِ مَكِّيَّةٌ ٧٣ اٰياتها ١١٢

## စူရဟ် အန်ဗိယာအ် (တမန်တော်များကဏ္ဍ) سُوْرَةُ الْاَنْۢبِيَآءِ

===========================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اِقۡتَرَبَ لِلنَّاسِ حِسَابُهُمۡ وَهُمۡ فِىۡ غَفۡلَةٍ مُّعۡرِضُوۡنَ ۚ‏ ﴿۱﴾

(၁) လူသားတို့အား စစ်ဆေးရန်အချိန်ကာလသည် သူတို့ ပေ့ါဆစွာ မျက်နှာလွှဲလျက်ရှိနေစဉ်၌ပင် သူတို့နှင့် နီးကပ်လာပြီဖြစ်သည်။❶

❶ လူသားတွေကို စစ်ဆေးမဲ့ အချိန်ကာလဟာ ကိယာမသ်နေ့ဖြစ်တယ်။ လူသားတွေဟာ မေ့လျော့နေပေမဲ့ ကိယာမသ်ကတော့ သူ့အချိန်ကျရင် ရောက်လာမှာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

مَا يَاۡتِيۡهِمۡ مِّنۡ ذِكۡرٍ مِّنۡ رَّبِّهِمۡ مُّحۡدَثٍ اِلَّا اسۡتَمَعُوۡهُ وَهُمۡ يَلۡعَبُوۡنَ ۙ‏ ﴿۲﴾

(၂) သူတို့ထံသို့ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ မည်သည့်သတိပေးနှိုးဆော်ချက်အသစ် ရောက်လာသည်ဖြစ်စေ သူတို့သည် ထိုသတိပေးနှိုးဆော်ချက်ကို ပြောင်လှောင်လျက် နားထောင်ကြသည်။

لَاهِيَةً قُلُوۡبُهُمۡ ؕ وَاَسَرُّوا النَّجۡوَى ۖ الَّذِيۡنَ ظَلَمُوۡا ۖ هَلۡ هٰذَاۤ اِلَّا بَشَرٌ مِّثۡلُكُمۡ ۚ اَفَتَاۡتُوۡنَ السِّحۡرَ وَاَنۡتُمۡ تُبۡصِرُوۡنَ‏ ﴿۳﴾

(၃) သူတို့၏စိတ်နှလုံးများသည် ဂရုမစိုက်ဘဲလျက် ရှိနေကြသည်။ ထို့ပြင် (ထို)ကျူးလွန်သူများက ဤသည် အသင်တို့ကဲ့သို့ လူသားတစ်ဦးပင် ဖြစ်သည်။ ထို့နောက် အသင်တို့ သိမြင်နေပါလျက်နှင့် အသင်တို့သည် မှော် (ဆရာ၏စကား)ကို (နားထောင်ရန်) လာကြဦးမည်လောဟု လျှို့ဝှက်စွာဆွေးနွေးကြသည်။❷

❷ မှော်ဆရာရဲ့စကားဖြစ်မှန်းသိပါလျက်နဲ့ ဘာဖြစ်လို့ ၎င်းထံသွားပြီး နားထောင်ရတာလဲ။ ၎င်းထံကို သွားစရာမလိုဘူးလို့ တိတ်တဆိတ်ဝါဒဖြန့်ကြတယ်။ (အလင်းပြကျမ်း)

قٰلَ رَبِّىۡ يَعۡلَمُ الۡقَوۡلَ فِى السَّمَآءِ وَالۡاَرۡضِ وَهُوَ السَّمِيۡعُ الۡعَلِيۡمُ‏ ﴿۴﴾

(၄) ၎င်း(တမန်တော်မုဟမ္မဒ်)က ပြောသည်- ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပထဝီတွင်(ပြောသမျှ)စကားများကိုသိတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသော

အရှင်၊ အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။❹

❹ အသင်တို့ရဲ့ ကိုးကွယ်ရာရုပ်တုတွေဟာ ဘာမှကြားကြတာမဟုတ်ဘူး။ အရှင်မြတ်ကတော့ မိုးမှာရော မြေမှာပါ ရှိသမျှသူတွေရဲ့ စကားပြောတာတွေကို ကြားပြီး ဖြေရှင်းပေးနိုင်တော်မူတဲ့ အရှင်ဖြစ်တော်မူတယ်။ (အလင်းပြကျမ်း)

بَلْ قَالُوٓا۟ أَضْغَٰثُ أَحْلَٰمٍۭ بَلِ ٱفْتَرَىٰهُ بَلْ هُوَ شَاعِرٌ فَلْيَأْتِنَا بِـَٔايَةٍ كَمَآ أُرْسِلَ ٱلْأَوَّلُونَ ﴿٥﴾

(၅) ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ်မှာမူ သူတို့က ပြောဆိုကြသည်။ (ဤကုရ်အာန်ကျမ်းတော်မြတ်သည်) ကယောင်ချောက်ချား မြင်မက်သော အိပ်မက်များပင် ဖြစ်သည်။❺ ၎င်း(တမန်တော်မုဟမ္မဒ်)သည် ထို(ကုရ်အာန်ကျမ်းတော်မြတ်)ကို လုပ်ကြံ(သီကုံး)ခဲ့သည်။ သို့မဟုတ် အမှန်မှာ ၎င်းသည် ကဗျာဆရာတစ်ဦးပင် ဖြစ်သည်။ ထိုသို့မဟုတ်လျှင် ယခင်ကလူများ စေလွှတ်ခြင်းခံခဲ့ရသကဲ့သို့ ၎င်းလည်း ကျွန်ုပ်တို့ထံသို့ တန်ခိုးတော်တစ်စုံတစ်ခု ယူလာသင့်သည်။

❺ ကာဖိရ်တွေဟာ ပြန်ပြီး မချေပနိုင်ကြတော့တဲ့အခါ လက်ခံမှုလည်းမပြုချင်တဲ့အဆုံး မဟုတ်တာတွေကိုပဲ ပြောဆိုကြတော့တယ်။ ကယောက်ကယက်အိပ်မက်တွေလို့လည်း ပြောဆိုကြတယ်။ ကဗျာဆရာလို့လည်း ပြောဆိုကြတယ်။ ၎င်းကိုယ်တိုင် လုပ်ကြံရေးသားတာလို့လည်း ပြောဆိုကြတယ်။ နောက်ဆုံး ဘာမှပြောစရာမရှိတော့တဲ့အဆုံး တန်ခိုးတော်တွေယူလာခဲ့လို့ပြောတော့တယ်။ ကုရ်အာန်တစ်အုပ်လုံးဟာ တန်ခိုးတော်တွေပဲ ဖြစ်နေတာကို သူတို့ မသိကြဘူး။ တန်ခိုးမဟုတ်ဘူးဆိုရင် ကိုယ်တိုင်ရေးပြီး သက်သေပြလိုက်ရုံပဲ ရှိတော့တယ်။ (အလင်းပြကျမ်း)

مَآ ءَامَنَتْ قَبْلَهُم مِّن قَرْيَةٍ أَهْلَكْنَٰهَآ ۖ أَفَهُمْ يُؤْمِنُونَ ﴿٦﴾

(၆) သူတို့မတိုင်မီ ငါအရှင်မြတ် ဖျက်ဆီးတော်မူခဲ့သော မည်သည့်မြို့ရွာမှ (နေထိုင်သောသူများသည် တန်ခိုးတော်များ တွေ့မြင်ကြပါလျက်) အီမာန်ယုံကြည်ခဲ့ကြသည်မရှိပေ။ သို့ဖြစ်ရာ ထိုသူများသည် ယုံကြည်ကြဦးမည်လော။❻

❻ အရင်ကလူတွေလည်း တန်ခိုးတွေတောင်းဆိုခဲ့ကြတာပဲဖြစ်တယ်။ တန်ခိုးပြပြီးနောက်လည်း မယုံခဲ့ကြဘူး။ အဲဒါကြောင့် ဖျက်ဆီးခြင်းခံခဲ့ကြရတယ်။ အခု သူတို့လည်း တန်ခိုးတော်တွေပြတော့ရော ယုံကြမှာလား။ (အလင်းပြကျမ်း)

وَمَآ أَرْسَلْنَا قَبْلَكَ إِلَّا رِجَالًا نُّوحِىٓ إِلَيْهِمْ ۖ فَسْـَٔلُوٓا۟ أَهْلَ ٱلذِّكْرِ إِن كُنتُمْ لَا تَعْلَمُونَ ﴿٧﴾

(၇) ထို့ပြင် ငါအရှင်မြတ်သည် အသင်၏မတိုင်မီကလည်း(ကောင်းကင်တမန်များမဟုတ်သည့်)လူယောကျ်ားများကိုပင် သူတို့ထံသို့ ငါအရှင်မြတ်သည် ဝဟီအမိန့်တော်ပို့တော်မူ၍ စေလွှတ်တော်မူခဲ့သည်။ သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် (အသင်တို့ကိုယ်တိုင်)မသိကြလျှင် ကျမ်းဂန်ရရှိသောပညာရှင်များကို မေးမြန်းကြည့်ကြပါ။❼

❼ အရင်က တမန်တော်တွေကို လူယောကျ်ားတွေကိုပဲ ခန့်အပ်စေလွှတ်တော်မူခဲ့တာဖြစ်တယ်။ ကျမ်းဂန်ရရှိခဲ့တဲ့သူတွေဟာ သိပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا جَعَلْنٰهُمْ جَسَدًا لَّا يَأْكُلُوْنَ الطَّعَامَ وَمَا كَانُوْا خٰلِدِيْنَ ﴿٨﴾

(၈) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(တမန်တော်များ)ကို အစားအစာ မစားသောက်သော ခန္ဓာကိုယ်များအဖြစ် ပြုလုပ်တော်မူခဲ့သည်လည်း မဟုတ်ပေ။ ထို့ပြင် သူတို့သည် (အသက်မသေဘဲ) အမြဲ အသက်ရှင်နေသူများလည်း မဟုတ်ခဲ့ပေ။

ثُمَّ صَدَقْنٰهُمُ الْوَعْدَ فَاَنْجَيْنٰهُمْ وَمَنْ نَّشَآءُ وَاَهْلَكْنَا الْمُسْرِفِيْنَ ﴿٩﴾

(၉) ထို့နောက် ငါအရှင်မြတ်သည် ထို(တမန်တော်များ)အတွက် ကတိကို တည်စေတော်မူခဲ့သည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့နှင့် ငါအရှင်မြတ်အလိုရှိတော်မူသောသူများကို ကယ်ဆယ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် စည်းဘောင်ကျော်သူများကို ဖျက်ဆီးပစ်တော်မူခဲ့သည်။❼

❼ အရှင်မြတ်ဟာ တမန်တော် عليهم السلام တွေကို ကူညီဖို့ ကယ်တင်ဖို့ ကတိပြုခဲ့တယ်။ အဲဒီကတိအတိုင်းပဲ ကူညီခဲ့တာတွေဟာ သမိုင်းမှာ တွင်ကျန်ခဲ့ပြီဖြစ်တယ်။ (အလင်းပြကျမ်း)

لَقَدْ اَنْزَلْنَاۤ اِلَيْكُمْ كِتٰبًا فِيْهِ ذِكْرُكُمْ ۖ اَفَلَا تَعْقِلُوْنَ ﴿١٠﴾

(၁၀) အမှန်ပင် ငါအရှင်မြတ်သည် အသင်တို့ထံသို့ အကြင်ကျမ်းဂန်တစ်စောင်ကို ချပေးတော်မူခဲ့ပြီး ဖြစ်သည်။ ထိုကျမ်းဂန်၌ အသင်တို့အား သတိပေးနှိုးဆော်ချက်(များ)ပါရှိသည်။ သို့ပင်ဖြစ်ငြားလည်း အသင်တို့သည် မသိနားမလည်ကြလေသလော။

وَكَمْ قَصَمْنَا مِنْ قَرْيَةٍ كَانَتْ ظَالِمَةً وَّاَنْشَاْنَا بَعْدَهَا قَوْمًا اٰخَرِيْنَ ﴿١١﴾

(၁၁) ထို့ပြင် ငါအရှင်မြတ်သည် ကျူးလွန်နေသော မြို့ရွာ အမြောက်အမြားကို ဖျက်ဆီးတော်မူခဲ့သည်။ ထို့ပြင် ထိုမြို့ရွာများ၏နောက်တွင် ငါအရှင်မြတ်သည် အခြားလူမျိုးများကို ပေါ်ထွန်းစေတော်မူခဲ့သည်။

فَلَمَّاۤ اَحَسُّوْا بَاْسَنَاۤ اِذَا هُمْ مِّنْهَا يَرْكُضُوْنَ ﴿١٢﴾

(၁၂) ထို့နောက် ထို(မတရားအပြစ်ကျူးလွန်သည့်) မြို့ရွာသားများသည် ငါအရှင်မြတ်၏ပြစ်ဒဏ်ကို ခံစား(သိမြင်)ကြရသောအခါ သူတို့သည် ထိုမြို့ရွာများမှ ချက်ချင်းထွက်ပြေးကြသည်။

لَا تَرْكُضُوْا وَارْجِعُوْۤا اِلٰى مَاۤ اُتْرِفْتُمْ فِيْهِ وَمَسٰكِنِكُمْ لَعَلَّكُمْ تُسْـَٔلُوْنَ ﴿١٣﴾

(၁၃) (ကောင်းကင်တမန်များက သူတို့ကို ပြောင်လှောင်သည့်အနေဖြင့် ပြောဆိုကြသည်)- “အသင်တို့ မပြေးကြနှင့်။ ထို့ပြင် အသင်တို့သည် မေးမြန်း

ခံကြရန်အတွက် အသင်တို့ကို စည်းစိမ်အဖြစ် ပေးထားသော ပစ္စည်းဥစ္စာများနှင့် အသင်တို့၏နေအိမ်များထံသို့ပြန်ခဲ့ကြပါ။”❶

❶ ပြစ်ဒဏ်ပိုမိုပြင်းထန်စွာခံစားရအောင် သူတို့ရဲ့မြို့ရွာကိုပြန်နိုင်းနေခြင်းသာဖြစ်တယ်။ တကယ်တော့ အဲဒီမြို့ရွာမှာ ဘာမှ မရှိတော့ဘူး။ ပြာပုံလိုဖြစ်သွားခဲ့ပြီဖြစ်တယ်။ (အလင်းပြကျမ်း)

قَالُوْا يٰوَيْلَنَآ اِنَّا كُنَّا ظٰلِمِيْنَ ﴿١٤﴾

(၁၄) သူတို့က ပြောဆိုကြသည်-“ သြော်-ဖြစ်မှဖြစ်ရလေခြင်း၊ အမှန်စင်စစ် ကျွန်ုပ်တို့ပင် မတရားကျူးလွန်သူများဖြစ်ခဲ့ကြသည်ပင်။”

فَمَا زَالَتْ تِّلْكَ دَعْوٰىهُمْ حَتّٰى جَعَلْنٰهُمْ حَصِيْدًا خٰمِدِيْنَ ﴿١٥﴾

(၁၅) ငါအရှင်မြတ်သည် သူတို့အား ရိတ်သိမ်းပြီးဖြစ်သော လယ်ယာအဖြစ်၊ ငြိမ်းသွားသည့်မီးအဖြစ်(ပြာပုံကဲ့သို့ ငြိမ်ဝပ်သွားအောင်)ပြုလုပ်တော်မူခဲ့သည်အထိ သူတို့၏ကြွေးကြော်မှုသည် အမြဲမပြတ် ထိုအရာ(“သြော်-ဖြစ်မှဖြစ်ရလေခြင်း၊ အမှန်စင်စစ် ကျွန်ုပ်တို့ပင် မတရားကျူးလွန်သူများဖြစ်ခဲ့ကြသည်ပင်”) ဟူ၍ဖြစ်ခဲ့သည်။

وَمَا خَلَقْنَا السَّمَآءَ وَالْاَرْضَ وَمَا بَيْنَهُمَا لٰعِبِيْنَ ﴿١٦﴾

(၁၆) ထို့ပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်၊ မြေပထဝီနှင့် ထိုနှစ်ခုအကြားရှိသည်များကို ကစားစရာအဖြစ် ဖန်ဆင်းခဲ့သည်မဟုတ်ပေ။❷

❷ ဒီစကြဝဠာကြီးကို အရှင်မြတ်က အကျိုးမဲ့ ဖန်ဆင်းထားတာမဟုတ်ဘူး။ ဒီဘဝမှာ ပြုလုပ်သမျှတွေကို တမလွန်ဘဝမှာ အကျိုးအမြတ် ဂျန္နသ် ဒါမှမဟုတ် ပြစ်ဒဏ် ဂျဟန္နမ်မှာ အစားပေးဖို့ ဖန်ဆင်းထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

لَوْ اَرَدْنَآ اَنْ نَّتَّخِذَ لَهْوًا لَّاتَّخَذْنٰهُ مِنْ لَّدُنَّآ ۖ اِنْ كُنَّا فٰعِلِيْنَ ﴿١٧﴾

(၁၇) အကယ်၍ ငါအရှင်မြတ်သည် အပျင်းပြေ အနားယူကစားရန် ရည်ရွယ်တော်မူခဲ့လျှင်၊ အကယ်၍ ငါအရှင်မြတ်သည် (ကစားစရာ)ပြုလုပ်တော်မူမည့်အရှင် ဖြစ်တော်မူခဲ့လျှင်၊ ငါအရှင်မြတ်သည် ထိုအနားယူကစားစရာကို အမှန်စင်စစ် ငါအရှင်မြတ်ထံတော်၌သာ ပြုလုပ်ထားတော်မူမည်ဖြစ်သည်။

بَلْ نَقْذِفُ بِالْحَقِّ عَلَى الْبَاطِلِ فَيَدْمَغُهٗ فَاِذَا هُوَ زَاهِقٌ ۚ وَلَكُمُ الْوَيْلُ مِمَّا تَصِفُوْنَ ﴿١٨﴾

(၁၈) ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် ငါအရှင်မြတ်သည် အမှန်ကို အမှားပေါ်တွင် ပစ်ပေါက်တော်မူသည်။ ထို့ပြင် ထိုအမှန်က ၎င်းအမှား၏(တည်မြဲနေသည့်အင်အား)ဦးနှောက်ကို ထုတ်ပစ်လိုက်သည်။ သို့ဖြစ်ရာ ထိုအမှားသည် ချက်ချင်း ပျောက်ပျက်သွားတော့သည်။ ထို့ပြင် အသင်တို့တွင် အသင်တို့၏

လုပ်ကြံစွပ်စွဲပြောဆိုချက်များကြောင့် ပျက်စီးခြင်းရှိသည်။

وَلَهُۥ مَن فِى ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۚ وَمَنْ عِندَهُۥ لَا يَسْتَكْبِرُونَ عَنْ عِبَادَتِهِۦ وَلَا يَسْتَحْسِرُونَ ﴿١٩﴾

(၁၉) ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသူအားလုံးသည် အရှင်မြတ်ပိုင်ဆိုင်တော်မူသောသူများပင် ဖြစ်ကြသည်။ ထို့ပြင် အရှင်မြတ်၏ အပါးတော်တွင်ရှိနေသည့်သူများသည် အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းမှ မာနမထောင်လွှားကြသည့်အပြင် မမောပန်းကြပေ။

يُسَبِّحُونَ ٱلَّيْلَ وَٱلنَّهَارَ لَا يَفْتُرُونَ ﴿٢٠﴾

(၂၀) သူတို့သည် (အရှင်မြတ်) စင်ကြယ်တော်မူကြောင်းကို နေ့ညမပြတ် အမြဲရွတ်ဆိုနေကြသည်။ မရပ်တန့်ကြပေ။❸

❸ အပြစ်မရှိတဲ့ ကောင်းကင်တမန်တွေဟာ အမြဲမပြတ် အရှင်မြတ်ကို သတိရတာသနေကြတယ်ဆိုရင် အပြစ်ရှိတဲ့လူသားဟာ ပိုပြီးတော့တောင် အရှင်မြတ်ကို သတိရသင့်တာဖြစ်တယ်။ အဲဒီလို သတိမရနိုင်ရင် ကိုယ့်ရဲ့အားနည်းချက်ကို အရှင်မြတ်ထံတော်မှာ တောင်းပန်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

أَمِ ٱتَّخَذُوٓا۟ ءَالِهَةً مِّنَ ٱلْأَرْضِ هُمْ يُنشِرُونَ ﴿٢١﴾

(၂၁) ၎င်း(မုရှ်ရိက်)တို့သည် မြေကြီးမှ (ပြုလုပ်ထားသည့်အရာများကို) ကိုးကွယ်ရာများအဖြစ် ပြုလုပ်ထားကြသလော၊ ထိုအရာများသည် ရှင်ပြန်ထစေနိုင်ကြသလော။

لَوْ كَانَ فِيهِمَآ ءَالِهَةٌ إِلَّا ٱللَّهُ لَفَسَدَتَا ۚ فَسُبْحَٰنَ ٱللَّهِ رَبِّ ٱلْعَرْشِ عَمَّا يَصِفُونَ ﴿٢٢﴾

(၂၂) အကယ်၍ ထို(မိုးနှင့်မြေ)နှစ်ခုတွင် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ထိုက်သည့်အရှင်များ ရှိခဲ့ကြလျှင် (မိုးနှင့်မြေ)နှစ်ခုစလုံးသည် အမှန်ပင် ပျက်စီးခဲ့ပြီး ဖြစ်ကြလိမ့်မည်။❹ သို့ဖြစ်ရာ အရ်ရှ်ပလ္လင်တော်ကို စိုးပိုင်တော်မူသော အလ္လာဟ်အရှင်မြတ်သည် သူတို့ လုပ်ကြံစွပ်စွဲပြောဆိုသည်များမှ စင်ကြယ်တော်မူသည်။

❹ မိုးနဲ့မြေမှာ အရှင်တစ်ပါးတည်းမဟုတ်ဘဲ အများဖြစ်ခဲ့ရင် ပျက်စီးသွားမှာဖြစ်တဲ့အကြောင်း အရှင်မြတ်က အမိန့်ရှိထားတာဟာ စဉ်းစားဉာဏ်ရှိတဲ့သူဟာ အလွယ်တကူပဲ အရှင်တစ်ပါးတည်းပဲ ရှိကြောင်း သိရှိနိုင်အောင် ပြထားတာဖြစ်တယ်။ မြေပြင်ပေါ်မှာ ဘုရင်အများရှိတဲ့အပေါ်မှာ နေရာလုနေကြတဲ့အတွက် တိုင်းပြည်မြို့ရွာတွေဟာ ဖရိုဖရဲပျက်စီးလျက်ရှိကြတာဟာ အားလုံးအသိပဲဖြစ်ကြတယ်။ ကောင်းကင်ကို စိုးပိုင်တဲ့ အရှင်သခင်ဟာ အများကြီးဖြစ်ခဲ့မယ်ဆိုရင် ကောင်းကင်ကြီးဟာ အခုလို တည်ငြိမ်နေစရာအကြောင်းမရှိဘူး။ အင်အားကြီးတွေသုံးပြီး အရှင်သခင်တွေဟာ တိုက်ခိုက်ကြမှာဖြစ်တဲ့အတွက် ပျက်စီးမှုလည်း ပိုများမှာဖြစ်တာ သေချာပြီးသားဖြစ်တယ်။ အခု အစီအစဉ်တွေဟာ တည်တည်ငြိမ်ငြိမ် လည်ပတ်နေတာကို ကြည့်ရင်ပဲ စေခိုင်းနေတဲ့အရှင်ဟာ

တစ်ပါးတည်းဆိုတာ ထင်ရှားတယ်။ (အလင်းပြကျမ်း) ဥပမာ- အရှင်သခင်နှစ်ပါးရှိမယ်ဆိုရင် တစ်ပါးက အခုအချိန် နေ့ဖြစ်ချင်တယ်၊ နောက်တစ်ပါးက ညဖြစ်ချင်တယ်။ တစ်ပါးက မိုးရွာစေချင်တယ်၊ နောက်တစ်ပါးက မရွာစေချင်ဘူးဆိုရင် အဲဒီလို အရှင်သခင်နှစ်ပါးရဲ့ဆန့်ကျင်ဘက်အမိန့်တွေဟာ ဘယ်လို လည်ပတ်တော့မလဲ။ ညှိနှိုင်းပြီး အမိန့်ပေးမယ်ဆိုရင်လည်း မပြည့်စုံသူတွေဖြစ်သွားလို့ အရှင်သခင်မဟုတ်တော့ဘူး။ (မအာရိဖွလ်ကုရ်အာန် - မုဖ်သီရှဖီးအ်)

لَا يُسْـَٔلُ عَمَّا يَفْعَلُ وَهُمْ يُسْـَٔلُوْنَ ﴿٢٣﴾

(၂၃) အရှင်မြတ်သည် အရှင်မြတ်ပြုလုပ်တော်မူသောကိစ္စများနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခြင်း ခံရမည်မဟုတ်ပေ။ ထို့ပြင် သူတို့ကမူ (သူတို့ ပြုလုပ်ကြသောအမှုကိစ္စများနှင့်ပတ်သက်၍) စစ်ဆေးမေးမြန်းခြင်းကို ခံကြရမည်ဖြစ်သည်။

اَمِ اتَّخَذُوْا مِنْ دُوْنِهٖۤ اٰلِهَةً ؕ قُلْ هَاتُوْا بُرْهَانَكُمْ ۚ هٰذَا ذِكْرُ مَنْ مَّعِیَ وَذِكْرُ مَنْ قَبْلِیْ ؕ بَلْ اَكْثَرُهُمْ لَا یَعْلَمُوْنَ ۙ الْحَقَّ فَهُمْ مُّعْرِضُوْنَ ﴿٢٤﴾

(၂၄) သို့မဟုတ် ၎င်း(မုရှ်ရိက်)တို့သည် အရှင်မြတ်မှလွဲ၍ကိုးကွယ်ရာများ ပြုလုပ်ထားကြသလော။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် အသင်တို့၏သက်သေသာဓက အထောက်အထားကို ယူဆောင်ခဲ့ကြပါ။ ဤ(ကုရ်အာန်)သည် ငါနှင့်အတူ ရှိကြသည့်သူများ၏ဆုံးမဩဝါဒဖြစ်သည်သာမက၊ ငါ၏မတိုင်မီကရှိခဲ့ကြသည့်သူများ၏ဆုံးမဩဝါဒလည်းဖြစ်သည်။ (ထိုအထဲတွင် ငါတို့အတွက်သာမက သူတို့အတွက်လည်း ယခင်ကျမ်းစာများ သောင်ရာသ်၊ အင်န်ဂျီလ်စသည်တို့တွင် ပါဝင်ခဲ့သည့်အတိုင်း ကိုးကွယ်ထိုက်သည့်အရှင်သည် တစ်ပါးတည်းပင်ဖြစ်သည်ဆိုသည့် အကြောင်းပင် ပါရှိသည်)။ သို့ပင်ဖြစ်ငြားလည်း သူတို့ထဲမှ အမြောက်အမြားသည် အမှန်ကို မသိကြပေ။ သို့ဖြစ်ရာ သူတို့သည် မျက်နှာလွှဲနေကြသည်။

وَمَاۤ اَرْسَلْنَا مِنْ قَبْلِكَ مِنْ رَّسُوْلٍ اِلَّا نُوْحِیْۤ اِلَیْهِ اَنَّهٗ لَاۤ اِلٰهَ اِلَّاۤ اَنَا فَاعْبُدُوْنِ ﴿٢٥﴾

(၂၅) ထို့ပြင် ငါအရှင်မြတ်သည် အသင်၏မတိုင်မီ စေလွှတ်တော်မူခဲ့သော မည်သည့်တမန်တော်ထံပင်ဖြစ်စေ "စင်စစ် ငါအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ၊ သို့ဖြစ်ရာ အသင်တို့သည် ငါအရှင်မြတ်ကိုသာ ကိုးကွယ်ကြပါ"ဟု အမိန့်တော် ထုတ်ပြန်တော်မူခဲ့သည်ချည်းပင်ဖြစ်သည်။[၁]

[၁] ပွင့်လေသမျှ တမန်တော်တွေဟာ သောင်ဟီဒ်ကို အခြေခံပြီး တညီတညွတ်တည်း ဟောကြားခဲ့ကြတယ်။ ပဌမတမန်တော် عليهم السلام တွေရဲ့ အမျိုးသားတွေရော တမန်တော်မြတ် ﷺ ရဲ့နောက်လိုက်တွေပါ သောင်ဟီဒ်ကို လက်ခံနာယူကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالُوا اتَّخَذَ الرَّحْمَٰنُ وَلَدًا ۗ سُبْحَانَهُ ۚ بَلْ عِبَادٌ مُّكْرَمُونَ ﴿٢٦﴾

(၂၆) ထို့ပြင် သူတို့က ရဟ်မာန်အနန္တကရုဏာတော်ရှင်သည်(ကောင်းကင်တမန်များကို)သားသမီးအဖြစ် ပြုလုပ်တော်မူခဲ့သည်ဟု (စွပ်စွဲ)ပြောဆိုကြသည်။ အရှင်မြတ်သည် သန့်ပြန့်စင်ကြယ်တော်မူသည်။ အမှန်စင်စစ် သူတို့သည် အရှင်မြတ်၏မြင့်မြတ်သော ကျွန်များပင် ဖြစ်ကြသည်။

لَا يَسْبِقُونَهُ بِالْقَوْلِ وَهُم بِأَمْرِهِ يَعْمَلُونَ ﴿٢٧﴾

(၂၇) သူတို့သည် အရှင်မြတ်၏ရှေ့ကိုကျူးပြီး စကားပြောဆိုနိုင်ခြင်းမရှိပေ။ ထို့ပြင် သူတို့သည် အရှင်မြတ်၏အမိန့်တော်ကိုပင် လိုက်နာဆောင်ရွက်ကြသည်။

يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَلَا يَشْفَعُونَ إِلَّا لِمَنِ ارْتَضَىٰ وَهُم مِّنْ خَشْيَتِهِ مُشْفِقُونَ ﴿٢٨﴾

(၂၈) အရှင်မြတ်သည် သူတို့၏ရှေ့၌ရှိသောကိစ္စများနှင့် သူတို့၏နောက်၌ရှိသောကိစ္စများကို သိတော်မူသည်။ ထို့ပြင် သူတို့သည် အရှင်မြတ် ကျေနပ်နှစ်သက်သည့်သူမှလွဲ၍ မည်သူ၏အတွက်မျှ (ရှဖာအသ်)ကြားဝင်အသနားခံနိုင်ကြမည် မဟုတ်ပေ။ ထို့ပြင် သူတို့သည် အရှင်မြတ်အား ကြောက်ရွံ့မှုကြောင့် အမြဲစိုးရိမ်လျက်ပင် ရှိကြသည်။

وَمَن يَقُلْ مِنْهُمْ إِنِّي إِلَٰهٌ مِّن دُونِهِ فَذَٰلِكَ نَجْزِيهِ جَهَنَّمَ ۚ كَذَٰلِكَ نَجْزِي الظَّالِمِينَ ﴿٢٩﴾

(၂၉) ထို့ပြင် သူတို့ထဲမှ မည်သူမဆို အမှန်ပင် ငါသည် အရှင်မြတ်အပြင် ကိုးကွယ်ထိုက်သည့်အရှင်(တစ်ပါး)ဖြစ်သည်ဟု ပြောဆိုလျှင် သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူ့အား ငရဲဘုံ၏ပြစ်ဒဏ်ကို ပေးတော်မူမည်။ ငါအရှင်မြတ်သည် ကျူးလွန်သူများကို ထိုသို့ပင် ပြစ်ဒဏ်ပေးတော်မူမည်ဖြစ်သည်။

أَوَلَمْ يَرَ الَّذِينَ كَفَرُوا أَنَّ السَّمَاوَاتِ وَالْأَرْضَ كَانَتَا رَتْقًا فَفَتَقْنَاهُمَا ۖ وَجَعَلْنَا مِنَ الْمَاءِ كُلَّ
شَيْءٍ حَيٍّ ۖ أَفَلَا يُؤْمِنُونَ ﴿٣٠﴾

(၃၀) ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီသည် ပူးတွဲပေါင်းစပ်လျက်ရှိခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် ထိုနှစ်ခုကို ခွဲခြားပေးတော်မူခဲ့သည်။[၂] (ထိုအရာကို) ကာဖိရ်များသည် မသိမမြင်ခဲ့ကြသလော။ ထို့ပြင် ငါအရှင်မြတ်သည် ရှင်သန်နေသည့် အရာ(သတ္တဝါ)အားလုံးကို ရေဖြင့် ဖန်ဆင်းတော်မူခဲ့သည်။[၃] ထို့နောက်လည်း သူတို့သည် အီမာန်ယုံကြည်ခြင်းမရှိကြသလော။

[၂] တချို့သိပ္ပံပညာရှင်တွေက မိုးနဲ့မြေ နှစ်ခုပေါင်းစပ်ပူးတွဲနေခဲ့တယ်လို့ ဖွင့်ဆိုကြတယ်။ တချို့

ပညာရှင်တွေကတော့ မိုးကနေမိုးရွာခြင်းမရှိ၊ မြေကနေ သစ်ပင်တွေ ပေါက်ရောက်ခြင်းမရှိတဲ့ အတွက် မိုးနဲ့မြေဟာ ပိတ်ဆို့ခံထားရတယ်လို့ ဖွင့်ဆိုတယ်။ အရှင်မြတ်က အဲဒီပိတ်ဆို့မှုကို ဖွင့်ပေး လိုက်တဲ့အခါ မိုးကနေ မိုးရွာတယ်။ မြေကနေ သစ်ပင်တွေ ပေါက်ရောက်လာတယ်လို့ ဖွင့်ဆိုကြ တယ်။(အာစားန်သရ်ဂျူမဟ်) ❸ ရေဆိုတာ မိုးရေကိုရော၊ သုက်ရည်ကိုပါ ဆိုလိုတယ်။ အရာရာ တိုင်းကို မိုးရေနဲ့ ဖန်ဆင်းပြီး လူသားကို သုက်ရည်နဲ့ ဖန်ဆင်းတော်မူတယ်။ (အလင်းပြကျမ်း)

وَجَعَلْنَا فِي الْأَرْضِ رَوَاسِيَ أَنْ تَمِيدَ بِهِمْ وَجَعَلْنَا فِيهَا فِجَاجًا سُبُلًا لَعَلَّهُمْ يَهْتَدُونَ ﴿٣١﴾

(၃၁) ထို့ပြင် ငါအရှင်မြတ်သည် မြေပထဝီတွင် ထိုမြေကြီးသည် သူ တို့နှင့်တကွ လှုပ်ရှား(ယိမ်းယိုင်သွား)ခြင်းမရှိနိုင်ရန်အတွက် တောင်များကို (ကျောက်ဆူးများအဖြစ်) ချထားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့လိုရာသို့ ရောက်ရှိနိုင်ကြရန်အတွက် ထိုတောင်များတွင် တောင်ကြား များကို လမ်းများအဖြစ် ပြုလုပ်ထားတော်မူခဲ့သည်။

وَجَعَلْنَا السَّمَاءَ سَقْفًا مَحْفُوظًا ۖ وَهُمْ عَنْ آيَاتِهَا مُعْرِضُونَ ﴿٣٢﴾

(၃၂) ထို့ပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်ကို (အန္တရာယ်မဖြစ် အောင်)ထိန်းသိမ်းပြီးဖြစ်သော အမိုးအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ထို့နောက် သူတို့သည် ထိုမိုးကောင်းကင်ရှိ သက်သေလက္ခဏာများမှ မျက်နှာလွှဲလျက်ရှိ ကြသည်။

وَهُوَ الَّذِي خَلَقَ اللَّيْلَ وَالنَّهَارَ وَالشَّمْسَ وَالْقَمَرَ ۖ كُلٌّ فِي فَلَكٍ يَسْبَحُونَ ﴿٣٣﴾

(၃၃) ထို့ပြင် အရှင်မြတ်ကပင် ညနှင့်နေ့သာမက နေနှင့်လကိုလည်း ဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူသည်။ အရာတိုင်းသည် သွားရာလမ်း ကြောင်းများတွင် လှည့်ပတ်သွားလာလှုပ်ရှားနေကြသည်။❻

❻ ကောင်းကင်မှာ ရှိသမျှအရာတွေအတွက် တိုက်ခိုက်မှုမဖြစ်စေဖို့ ပတ်လမ်းကြောင်းတွေပြုလုပ် ပေးထားတော်မူတယ်။ (ဂျလာလိုင်န်)

وَمَا جَعَلْنَا لِبَشَرٍ مِنْ قَبْلِكَ الْخُلْدَ ۖ أَفَإِنْ مِتَّ فَهُمُ الْخَالِدُونَ ﴿٣٤﴾

(၃၄) ထို့ပြင် ငါအရှင်မြတ်သည် အသင်၏မတိုင်မီ မည်သည့်လူသား ကိုမျှ အမြဲနေရမည့်သူ(မသေသည့်သူ) အနေဖြင့် ပြုလုပ်တော်မမူခဲ့ပေ။ သို့ဖြစ် ရာ အကယ်၍ အသင်သည် သေဆုံးခဲ့လျှင် သူတို့သည် အမြဲနေကြရမည့်သူများ ဖြစ်ပါသလော။❼

❼ အသင်ပဲ သေပြီး သူတို့ကရော မသေကြတော့ဘူးလား။ သက်ရှိအားလုံးဟာ သေခြင်းတရား ကို ရင်ဆိုင်ပြီးနောက် တစ်နေ့မှာ အားလုံးဟာ အရှင်မြတ်ရဲ့ ရှေ့မှောက်မှာ ပြန်ဆုံကြရဦးမှာဖြစ် တယ်။ (ဂျလာလိုင်န်)

كُلُّ نَفْسٍ ذَآئِقَةُ الْمَوْتِ ۗ وَنَبْلُوكُم بِالشَّرِّ وَالْخَيْرِ فِتْنَةً ۖ وَإِلَيْنَا تُرْجَعُونَ ﴿٣٥﴾

(၃၅) သက်ရှိသတ္တဝါတိုင်းသည် သေခြင်း(၏အရသာ)ကို မြည်းစမ်းရမည့်သူများပင် ဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့ကို ဆိုးသည့်အခြေအနေဖြင့်ရော၊ ကောင်းသည့်အခြေအနေဖြင့်ပါ စမ်းသပ်တော်မူမည်ဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ်ထံတော်သို့ အသင်တို့သည် ပြန်လည်ရောက်ရှိစေခြင်းကို ခံကြရမည်ဖြစ်သည်။

وَإِذَا رَآكَ الَّذِينَ كَفَرُوا إِن يَتَّخِذُونَكَ إِلَّا هُزُوًا أَهَٰذَا الَّذِي يَذْكُرُ آلِهَتَكُمْ وَهُم بِذِكْرِ الرَّحْمَٰنِ هُمْ كَافِرُونَ ﴿٣٦﴾

(၃၆) ထို့ပြင် ကာဖိရ်ငြင်းပယ်သူများသည် အသင့်အား မြင်ကြသည့်အခါ သူတို့သည် အသင့်အား ပြောင်လှောင်မှုပြုကြသည်။ "အသင်တို့၏ကိုးကွယ်ရာ အရှင်သခင်များကို (ကဲ့ရဲ့)ပြောဆိုသူသည် ဤသူလော"(ဟု အချင်းချင်း ပြောဆိုကြသည်)။ ထို့ပြင် သူတို့သည် ရဟ်မာန်အနန္တကရုဏာတော်ရှင်နှင့် ပတ်သက်၍ ပြောဆိုသည်ကိုပင် ငြင်းပယ်သူများ ဖြစ်ကြသည်။

خُلِقَ الْإِنسَانُ مِنْ عَجَلٍ ۚ سَأُورِيكُمْ آيَاتِي فَلَا تَسْتَعْجِلُونِ ﴿٣٧﴾

(၃၇) လူသားသည် အလျင်လိုမှုနှင့် ဖန်ဆင်းခြင်းခံခဲ့ရသည်။ ငါအရှင်မြတ်သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာများကို အသင်တို့အား မကြာမီပြသတော်မူမည်ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ငါအရှင်မြတ်ထံတော်တွင် အလျင်မလိုကြနှင့်။

وَيَقُولُونَ مَتَىٰ هَٰذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ ﴿٣٨﴾

(၃၈) ထို့ပြင် သူတို့က ပြောဆိုကြသည်- "အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူများဖြစ်ကြလျှင် ဤချိန်းဆိုချက်သည် မည်သည့်အခါရောက်မည်နည်း။"

لَوْ يَعْلَمُ الَّذِينَ كَفَرُوا حِينَ لَا يَكُفُّونَ عَن وُجُوهِهِمُ النَّارَ وَلَا عَن ظُهُورِهِمْ وَلَا هُمْ يُنصَرُونَ ﴿٣٩﴾

(၃၉) အကယ်၍ ကာဖိရ်များသည် သူတို့၏ မျက်နှာများနှင့် သူတို့၏ ကျောများမှမီးကို တားဆီးနိုင်ကြမည်မဟုတ်သည့်အပြင် သူတို့သည် မည်သည့်အကူအညီမျှလည်း ရကြမည်မဟုတ်သည့်အချိန်ကို သိကြလျှင် (ထိုသို့ ပြောကြမည်မဟုတ်ပေ)။

بَلْ تَأْتِيهِم بَغْتَةً فَتَبْهَتُهُمْ فَلَا يَسْتَطِيعُونَ رَدَّهَا وَلَا هُمْ يُنظَرُونَ ﴿٤٠﴾

(၄၀) အမှန်စင်စစ် ၎င်း(မီး)သည် သူတို့ထံသို့ ရုတ်တရက် ရောက်လာပြီးလျှင် သူတို့အား တွေဝေသွားစေမည် ဖြစ်သည်။ ထို့နောက် သူတို့သည် ၎င်း(မီး)ကို တွန်းလှန်နိုင်ကြမည်လည်း မဟုတ်ပေ။ ထို့ပြင် သူတို့သည် ဆိုင်းငံ့ခွင့်လည်း ရရှိကြမည်မဟုတ်ပေ။

وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّن قَبْلِكَ فَحَاقَ بِالَّذِينَ سَخِرُوا مِنْهُم مَّا كَانُوا بِهِ يَسْتَهْزِئُونَ ﴿٤١﴾

(၄၁) ထို့ပြင် အမှန်ပင် အသင်၏မတိုင်မီက တမန်တော်များသည်လည်း ပြောင်လှောင်မှုကို ခံခဲ့ကြရသည်။ သို့ဖြစ်ရာ ထိုတမန်တော်များအား ပြောင်လှောင်သူများကို ထိုပြောင်လှောင်မှု၏ပြစ်ဒဏ်က ဝန်းရံခဲ့သည်။

قُلْ مَن يَكْلَؤُكُم بِاللَّيْلِ وَالنَّهَارِ مِنَ الرَّحْمَٰنِ ۗ بَلْ هُمْ عَن ذِكْرِ رَبِّهِم مُّعْرِضُونَ ﴿٤٢﴾

(၄၂) (အို - တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့အား ညနှင့်နေ့တွင် ရဟ်မာန်အနန္တကရုဏာတော်ရှင်(၏ပြစ်ဒဏ်)မှ မည်သူ ကာကွယ်စောင့်ရှောက်ထားသနည်း။ အမှန်စင်စစ် သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို သတိရတသခြင်းမှ မျက်နှာလွှဲနေသူများပင် ဖြစ်ကြသည်။

أَمْ لَهُمْ آلِهَةٌ تَمْنَعُهُم مِّن دُونِنَا ۚ لَا يَسْتَطِيعُونَ نَصْرَ أَنفُسِهِمْ وَلَا هُم مِّنَّا يُصْحَبُونَ ﴿٤٣﴾

(၄၃) သို့မဟုတ် သူတို့တွင် ငါအရှင်မြတ်မှလွဲ၍ သူတို့ကို ကာကွယ်မည့် ကိုးကွယ်ရာများ ရှိကြသလော။ အမှန်စင်စစ် ထိုကိုးကွယ်ရာများသည် သူတို့ကိုယ်သူတို့ပင် ကူညီရန် တတ်စွမ်းနိုင်သည်မဟုတ်ကြပေ။ ထို့ပြင် သူတို့သည် ငါအရှင်မြတ်(၏ပြစ်ဒဏ်)မှ ကာကွယ်စောင့်ရှောက်ခြင်းကိုလည်း ခံကြရမည် မဟုတ်ပေ။

بَلْ مَتَّعْنَا هَٰؤُلَاءِ وَآبَاءَهُمْ حَتَّىٰ طَالَ عَلَيْهِمُ الْعُمُرُ ۗ أَفَلَا يَرَوْنَ أَنَّا نَأْتِي الْأَرْضَ نَنقُصُهَا مِنْ
أَطْرَافِهَا ۚ أَفَهُمُ الْغَالِبُونَ ﴿٤٤﴾

(၄၄) အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့နှင့် သူတို့၏အဘ၊ ဘိုး၊ ဘေးများကို သူတို့အပေါ်တွင် အသက်များ ရှည်လျားသွားသည်အထိ အကျိုးခံစားခွင့်ပေးသနားတော်မူခဲ့သည်။ ငါအရှင်မြတ်သည် (မက္ကဟ်မြို့၏)မြေကို ဘေးပတ်ဝန်းကျင်များမှ (တဖြည်းဖြည်း)လျှော့နည်း(ကျဉ်းမြောင်း)အောင် ပြုလုပ်လာတော်မူသည်ကို သူတို့သည် မမြင်ကြသလော။ သို့ဖြစ်ရာ သူတို့သည် အောင်မြင်သူများ ဖြစ်ကြဦးမည်လော။❶

❶ အစ္စလာမ်ရဲ့အရှိန်အဝါဟာ ပိုပိုပြီး တောက်ပလာခဲ့ပြီး မက္ကဟ်မြို့ရဲ့ပတ်ဝန်းကျင် မြို့ရွာတွေဟာ

တဖြည်းဖြည်းချင်း အစွလာမ်ထဲကို ဝင်လာခဲ့ကြပြီဖြစ်တဲ့အတွက် ကာဖိရ်တွေရဲ့ နယ်ပယ်ဟာ တဖြည်းဖြည်း ကျဉ်းကျဉ်းသွားခဲ့ပြီဖြစ်တယ်။ အဲဒီလိုတွေ မြင်နေကြရပါလျက်နဲ့ ကာဖိရ်တွေဟာ သူတို့ရဲ့ နောင်ရေးကို မစဉ်းစားကြဘူးလား။ သူတို့ဟာ တမန်တော်မြတ် ﷺ နဲ့ မွတ်စ်လင်မ်တွေ အပေါ်မှာ လွှမ်းမိုးအောင်မြင်ကြလိမ့်ဦးမယ်လို့များ ထင်မြင်ယူဆနေကြတုန်းပဲလားလို့ ဆိုလိုတယ်။ (အလင်းပြကျမ်း)

قُلْ إِنَّمَآ أُنذِرُكُم بِٱلْوَحْىِ ۚ وَلَا يَسْمَعُ ٱلصُّمُّ ٱلدُّعَآءَ إِذَا مَا يُنذَرُونَ ﴿٤٥﴾

(၄၅) (အို-တမန်တော်) အသင်ပြောလိုက်ပါ- ငါသည် အသင်တို့ကို ဝဟီအမိန့်တော်ဖြင့် သတိပေးနှိုးဆော်ခြင်းပင် ဖြစ်သည်။ ထို့ပြင် နားပင်းသူများကမူ သတိပေးနှိုးဆော်ခြင်းခံကြရသည့်အခါ ဟစ်အော်သည်ကိုပင် မကြားကြပေ။

وَلَئِن مَّسَّتْهُمْ نَفْحَةٌ مِّنْ عَذَابِ رَبِّكَ لَيَقُولُنَّ يَٰوَيْلَنَآ إِنَّا كُنَّا ظَٰلِمِينَ ﴿٤٦﴾

(၄၆) ထို့ပြင် အမှန်ပင် အကယ်၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ပြစ်ဒဏ်မှ အငွေ့မျှပင် သူတို့၏အပေါ်သို့ သက်ရောက်ခဲ့လျှင် မုချ သူတို့က ပြောဆိုကြမည်- "သြော်-ကျွန်ုပ်တို့သည် ဖြစ်မှုဖြစ်ရလေခြင်း၊ အမှန်စင်စစ် ကျွန်ုပ်တို့ပင် မတရားကျူးလွန်သူများဖြစ်ကြသည်။"

وَنَضَعُ ٱلْمَوَٰزِينَ ٱلْقِسْطَ لِيَوْمِ ٱلْقِيَٰمَةِ فَلَا تُظْلَمُ نَفْسٌ شَيْـًٔا ۖ وَإِن كَانَ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ أَتَيْنَا بِهَا ۗ وَكَفَىٰ بِنَا حَٰسِبِينَ ﴿٤٧﴾

(၄၇) ထို့ပြင် ငါအရှင်မြတ်သည် ကိယာမသ်နေ့တွင် မျှတသောချိန်ခွင်များ❶ကို ထားတော်မူမည်။ သို့ဖြစ်ရာ မည်သူမျှ အနည်းငယ်မျှပင် မတရား နှိပ်စက်ခြင်းကို ခံရမည်မဟုတ်ပေ။ ထို့ပြင် အကယ်၍ (တစ်စုံတစ်ဦးတွင်)မုန်ညင်းစေ့ခန့် အလေးချိန်ရှိ(သော ကောင်းမှုရှိ)လျှင်လည်း ငါအရှင်မြတ်သည် ၎င်း (မုန်ညင်းစေ့ခန့်ကောင်းမှု)ကိုလည်း (ရှေ့သို့)ယူဆောင်လာမည် ဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ်ပင် စစ်ဆေးသည့်သူအဖြစ် လုံလောက်တော်မူသည်။

❶ မျှတတဲ့ချိန်ခွင်တွေဆိုတာ ချိန်ခွင်အမြောက်အမြားကိုယ်စား ချိန်တွယ်ပေးနိုင်လို့ အများကိန်းအသုံးပြုထားတာဖြစ်တယ်။ ကိယာမသ်နေ့ထိ ပေါက်ပွားထားတဲ့ လူသားအားလုံးရဲ့ ကောင်းမှု၊ မကောင်းမှုကို အဲဒီချိန်ခွင်နဲ့ပဲ ချိန်တွယ်မှာဖြစ်တယ်။ လူသားတွေရဲ့ကောင်းမှု၊ မကောင်းမှုလုပ်ရပ်တွေကို သီးသန့်ပစ္စည်းတစ်ခုခုရဲ့ ပုံစံနဲ့စီမံပြုလုပ်ပြီး မျှမျှတတ တိတိကျကျ ချိန်တွယ်စေမှာဖြစ်တယ်။ အဲဒီကထွက်လာတဲ့ရလဒ်အတိုင်း ဆုံးဖြတ်တော်မူမှာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

وَلَقَدْ ءَاتَيْنَا مُوسَىٰ وَهَٰرُونَ ٱلْفُرْقَانَ وَضِيَآءً وَذِكْرًا لِّلْمُتَّقِينَ ﴿٤٨﴾

(၄၈) ထို့ပြင် အမှန်ပင် ငါအရှင်မြတ်သည် (တမန်တော်)မူစာနှင့် (တမန်တော်)ဟာရူန်ကို အမှားနှင့် အမှန် ခွဲခြားစေသည့်အရာ၊ အလင်းရောင်

တစ်ခုလည်းဖြစ်ပြီး ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သည့်သူများ အတွက် ဆုံးမသြဝါဒလည်းဖြစ်သော(သောင်ရာသ်)ကျမ်းကို ပေးသနားတော်မူခဲ့သည်။

ٱلَّذِينَ يَخْشَوْنَ رَبَّهُم بِٱلْغَيْبِ وَهُم مِّنَ ٱلسَّاعَةِ مُشْفِقُونَ ﴿٤٩﴾

(၄၉) ထို(ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်)သူများသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား မမြင်ကြပါဘဲလျက် ကြောက်ရွံ့ကြသည်။ ထို့ပြင် သူတို့သည် ကိယာမသ်နေ့ကိုလည်း ကြောက်ရွံ့ စိုးရိမ်သူများဖြစ်ကြသည်။

وَهَٰذَا ذِكْرٌ مُّبَارَكٌ أَنزَلْنَٰهُ ۚ أَفَأَنتُمْ لَهُۥ مُنكِرُونَ ﴿٥٠﴾

(၅၀) ထို့ပြင် ဤသည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ဆုံးမသြဝါဒ ကျမ်းစာ တစ်စောင်ဖြစ်သည်။ ငါအရှင်မြတ်သည် ထိုဆုံးမသြဝါဒကျမ်းစာကို ချပေးတော်မူခဲ့သည်။ ထို့ပြင် အသင်တို့သည် ထိုဆုံးမသြဝါဒကျမ်းစာကိုပင် ငြင်းပယ်သည့်သူများ ဖြစ်ကြသလော။

وَلَقَدْ ءَاتَيْنَآ إِبْرَٰهِيمَ رُشْدَهُۥ مِن قَبْلُ وَكُنَّا بِهِۦ عَٰلِمِينَ ﴿٥١﴾

(၅၁) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)အိဗ်ရာဟီမ် ကို ယခင်ကတည်းကပင် [J] ၎င်းကို အမှန်ကိုသိတတ်သည့်ပညာဉာဏ်အမြော်အမြင်ကို ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းကို ကောင်းစွာသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

[J] အရင်ကတည်းကဆိုတာ တမန်တော်အိဗ်ရာဟီမ် عليه السلام ငယ်စဉ်ကလေးဘဝကတည်းကပဲ အကောင်းအဆိုးခွဲခြားတတ်တဲ့၊ ဖြောင့်မတ်မှန်ကန်မှုကို သိတတ်တဲ့ ပညာဉာဏ်အမြော်အမြင် ကို ပေးသနားတော်မူခဲ့တယ်လို့ ဆိုလိုတာဖြစ်တယ်။ နောက်အဓိပ္ပာယ်တစ်ခုက တမန်တော်မူစာ عليه السلام နဲ့ တမန်တော်ဟာရူန် عليه السلام မတိုင်ခင်ခေတ်ကပေးခဲ့တာကိုလည်းဆိုလိုတယ်။ (အလင်းပြကျမ်း)

إِذْ قَالَ لِأَبِيهِ وَقَوْمِهِۦ مَا هَٰذِهِ ٱلتَّمَاثِيلُ ٱلَّتِىٓ أَنتُمْ لَهَا عَٰكِفُونَ ﴿٥٢﴾

(၅၂) တစ်ခါတွင် ၎င်းသည် ၎င်း၏ဖခင်နှင့် ၎င်း၏အမျိုးသားများအား ပြောဆိုခဲ့သည်- "အသင်တို့ ကိုးကွယ်နေကြသော ဤရုပ်တုများသည် မည်သို့ သောအရာများနည်း။"

قَالُوا۟ وَجَدْنَآ ءَابَآءَنَا لَهَا عَٰبِدِينَ ﴿٥٣﴾

(၅၃) ၎င်း(အမျိုးသား)တို့က ပြောဆိုကြသည်- "ကျွန်ုပ်တို့သည် ကျွန်ုပ် တို့၏အဘ၊ ဘိုး၊ ဘေးများကို ထိုရုပ်တုများအား ကိုးကွယ်သူများအဖြစ် တွေ့ရှိခဲ့

ကြသည်”။

قَالَ لَقَدْ كُنتُمْ أَنتُمْ وَءَابَآؤُكُمْ فِى ضَلَٰلٍ مُّبِينٍ ﴿٥٤﴾

(၅၄) ၎င်းကပြောသည်၊ “အမှန်စင်စစ် အသင်တို့သာမက အသင်တို့၏ အဘ၊ ဘိုး၊ ဘေးတို့သည်လည်း ထင်ရှားသော လမ်းမှားမှုထဲတွင် ရှိခဲ့ကြသည်။”

قَالُوٓا۟ أَجِئْتَنَا بِٱلْحَقِّ أَمْ أَنتَ مِنَ ٱللَّٰعِبِينَ ﴿٥٥﴾

(၅၅) သူတို့က ပြောဆိုကြသည်-“အသင်သည် ကျွန်ုပ်တို့ထံသို့ အမှန်ယူဆောင်လာခဲ့သလော၊ သို့မဟုတ် အသင်သည် ပြောင်လှောင်သူတစ်ဦးလော။”

قَالَ بَل رَّبُّكُمْ رَبُّ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ٱلَّذِى فَطَرَهُنَّ وَأَنَا۠ عَلَىٰ ذَٰلِكُم مِّنَ ٱلشَّٰهِدِينَ ﴿٥٦﴾

(၅၆) ၎င်းကပြောသည်-“ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းမွေးမြူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် ထိုမိုးကောင်းကင်များနှင့် မြေပထဝီကို စတင်ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် ငါသည် ထိုအရာနှင့်ပတ်သက်၍ သက်သေများထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်။”

وَتَٱللَّهِ لَأَكِيدَنَّ أَصْنَٰمَكُم بَعْدَ أَن تُوَلُّوا۟ مُدْبِرِينَ ﴿٥٧﴾

(၅၇) ထို့ပြင် အလ္လာဟ်အရှင်မြတ်အား တိုင်တည်ပြောမည်၊ ငါသည် အသင်တို့၏ (ကိုးကွယ်ရာများဖြစ်သည့်) ရုပ်တုများနှင့်ပတ်သက်၍ အသင်တို့ ပြန်သွားကြပြီးနောက် လျှို့ဝှက်အကြံအစည်ပြုလုပ်မည်ဖြစ်သည်။

فَجَعَلَهُمْ جُذَٰذًا إِلَّا كَبِيرًا لَّهُمْ لَعَلَّهُمْ إِلَيْهِ يَرْجِعُونَ ﴿٥٨﴾

(၅၈) ထို့နောက် ၎င်း(အိဗ်ရာဟီမ်)သည် ၎င်း(ရုပ်တု)တို့ကို အစိတ်စိတ်အပိုင်းပိုင်းဖြစ်အောင် ပြုလုပ်ခဲ့သည်။ သို့ရာတွင် သူတို့ထဲမှ အကြီးဆုံးကိုမူ ချန်ထားခဲ့သည်။[၁] သို့မှသာ သူတို့သည် ၎င်း(ရုပ်တုကြီး)၏ထံသို့ (စုံစမ်းရန်) ပြန်လာကောင်း ပြန်လာကြမည်။

[၁] ရုပ်တုအကြီးဆုံးရဲ့ လည်ကုပ်အပေါ်မှာ သူရိုက်ချိုးဖို့အသုံးပြုခဲ့တဲ့ ပုဆိန်ကို ချိတ်ထားခဲ့တယ်။ (သဖ်စီရ်အွန်ဆ်မာနီ စာ-၄၃၅) ရုပ်တုငယ်လေးတွေကို ရုပ်တုကြီးက ဖျက်ဆီးလိုက်တယ်ဆိုတဲ့ သဘောနဲ့ သူတို့ကို အသိတရားရစေဖို့ ပြုလုပ်ခဲ့တာဖြစ်တယ်။ အရှင်မြတ်ဟာ အကြီးဆုံးကိုးကွယ်ထိုက်တဲ့အရှင်ဖြစ်ပါလျက်နဲ့ ဘယ်ကိုးကွယ်ရာတွဲဖက်တွေကို ဒီအတိုင်းထားပါ့မလဲ။ တကယ်လို့ရှိရင်တောင် ဖျက်ဆီးပစ်လိုက်မှာ ဖြစ်တယ်။ ဒါပေမဲ့ ရှိကိုမရှိတဲ့အတွက် ဖျက်ဆီးစရာတောင်မလိုတော့ဘူး။ (ဇဂ်ဝီ၊ မဟာစိန္တသ်သအ်ဝီးလ်၊ သဖ်စီရ် ကာစိမီ)

قَالُوا۟ مَن فَعَلَ هَٰذَا بِـَٔالِهَتِنَآ إِنَّهُۥ لَمِنَ ٱلظَّٰلِمِينَ ﴿٥٩﴾

(၅၉) သူတို့က ပြောဆိုခဲ့ကြသည်- ကျွန်ုပ်တို့၏ကိုးကွယ်ရာများအား မည်သူသည် ဤသို့ ပြုလုပ်ခဲ့သနည်း။ အမှန်ပင် ထိုသူသည် ကျူးကျော်စော်ကားသူတစ်ဦးပင် ဖြစ်သည်။

قَالُوا سَمِعْنَا فَتًى يَذْكُرُهُمْ يُقَالُ لَهُ إِبْرَاهِيمُ ﴿٦٠﴾

(၆၀) ယင်း(အမျိုးသား)တို့က ပြောဆိုကြသည်- ကျွန်ုပ်တို့သည် အိဗ်ရာဟီမ်ဟုခေါ်သော လူငယ်တစ်ဦးကို ၎င်း(ကျွန်ုပ်တို့၏ကိုးကွယ်ရာ)တို့အား (ပြစ်တင်)ပြောဆိုသည်ကို ကြားဖူးခဲ့ကြသည်။

قَالُوا فَأْتُوا بِهِ عَلَىٰ أَعْيُنِ النَّاسِ لَعَلَّهُمْ يَشْهَدُونَ ﴿٦١﴾

(၆၁) သူတို့က သို့ဖြစ်လျှင် အသင်တို့သည် ၎င်းကို လူများ၏ရှေ့မှောက်၌ သူတို့မြင်နိုင်ကြရန် ခေါ်ဆောင်လာခဲ့ကြပါဟု ပြောဆိုကြသည်။

قَالُوا أَأَنتَ فَعَلْتَ هَٰذَا بِآلِهَتِنَا يَا إِبْرَاهِيمُ ﴿٦٢﴾

(၆၂) သူတို့က ပြောဆို(မေးမြန်း)ခဲ့ကြသည်- "အို- အိဗ်ရာဟီမ်၊ အသင်သည်ပင် ကျွန်ုပ်တို့၏ကိုးကွယ်ရာများအား ဤသို့ ပြုလုပ်ခဲ့သလော။"

قَالَ بَلْ فَعَلَهُ كَبِيرُهُمْ هَٰذَا فَاسْأَلُوهُمْ إِن كَانُوا يَنطِقُونَ ﴿٦٣﴾

(၆၃) ၎င်း(တမန်တော်အိဗ်ရာဟီမ်)က ပြောသည်- ထိုသို့မဟုတ်၊ အမှန်စင်စစ် သူတို့၏အကြီးအကဲဖြစ်သော ဤ(ရုပ်တုကြီး)ကပင် ထိုသို့ ပြုလုပ်(သည်နှင့်တူ)သည်။ သို့ဖြစ်ရာ အသင်တို့သည် ၎င်း(ရုပ်တုကြီးတွင် ပြုလုပ်နိုင်သော အင်အားရှိလျှင် ရုပ်တုလေးများ၌ စကားပြောနိုင်သည့် အင်အားလည်း ရှိနိုင်လိမ့်မည်၊ သို့ဖြစ်ရာ အသင်တို့သည် သူ)တို့ကိုပင် အကယ်၍ သူတို့သည် စကားပြောဆိုနိုင်ကြလျှင် မေးမြန်းလိုက်ကြပါ။

فَرَجَعُوا إِلَىٰ أَنفُسِهِمْ فَقَالُوا إِنَّكُمْ أَنتُمُ الظَّالِمُونَ ﴿٦٤﴾

(၆၄) သူတို့သည် သူတို့၏ စိတ်များထဲတွင် ပြောဆို (စဉ်းစား)ကြသည်။ ထို့ပြင် သူတို့သည် (သူတို့အချင်းချင်း)ပြောဆိုခဲ့ကြသည်- "အမှန်စင်စစ် အသင်တို့ပင် အများကို ကျူးလွန်သူများဖြစ်ကြသည်။"

ثُمَّ نُكِسُوا عَلَىٰ رُءُوسِهِمْ لَقَدْ عَلِمْتَ مَا هَٰؤُلَاءِ يَنطِقُونَ ﴿٦٥﴾

(၆၅) ထို့နောက် သူတို့သည် သူတို့၏ဦးခေါင်းများကို အောက်စိုက်လျက် ပြောဆိုခဲ့ကြသည်- "ဤရုပ်တုများသည် စကားမပြောနိုင်ကြသည်ကို အသင် အသိပင်ဖြစ်သည်။"

قَالَ أَفَتَعْبُدُونَ مِن دُونِ اللَّهِ مَا لَا يَنفَعُكُمْ شَيْئًا وَلَا يَضُرُّكُمْ ﴿٦٦﴾

(၆၆) ၎င်း(တမန်တော်အိဗ်ရာဟီမ်)က ပြောသည်-“သို့ဖြစ်ပါလျက် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို စွန့်လွှတ်ပြီး အကြင်အရာကို ကိုးကွယ်ကြသလော။ ထိုအရာသည် အသင်တို့အား မည်သည့်အရာကိုမျှ အကျိုးလည်း မဖြစ်ထွန်းစေနိုင်ပေ၊ ထို့ပြင် အကျိုးလည်း မယုတ်စေနိုင်ပေ။”

أُفٍّ لَّكُمْ وَلِمَا تَعْبُدُونَ مِن دُونِ اللَّهِ ۖ أَفَلَا تَعْقِلُونَ ﴿٦٧﴾

(၆၇) “အသင်တို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့ ကိုးကွယ်ရာများသည်လည်းကောင်း စက်ဆုပ်ဖွယ်ရာပင်။ (ဤမျှပင်) အသင်တို့သည် မသိနားမလည်ကြသလော။”

قَالُوا حَرِّقُوهُ وَانصُرُوا آلِهَتَكُمْ إِن كُنتُمْ فَاعِلِينَ ﴿٦٨﴾

(၆၈) သူတို့က ပြောကြသည်-အကယ်၍ အသင်တို့သည် (တစ်စုံတစ်ရာ) ပြုလုပ်မည့်သူများပင် ဖြစ်ကြလျှင် ၎င်း(အိဗ်ရာဟီမ်)ကို မီးတင်ရှို့ပြီး အသင်တို့၏ ကိုးကွယ်ရာရုပ်တုများအား ဖေးမကူညီကြပါ။

قُلْنَا يَا نَارُ كُونِي بَرْدًا وَسَلَامًا عَلَىٰ إِبْرَاهِيمَ ﴿٦٩﴾

(၆၉) ငါအရှင်မြတ်က မိန့်ကြားတော်မူသည်- “အို-မီး၊ အသင်သည် အိဗ်ရာဟီမ်အပေါ်တွင် အေးချမ်းသာယာစွာ ရှိလိုက်ပါ။”

وَأَرَادُوا بِهِ كَيْدًا فَجَعَلْنَاهُمُ الْأَخْسَرِينَ ﴿٧٠﴾

(၇၀) ထို့ပြင် သူတို့သည် ၎င်းနှင့်ပတ်သက်၍ မကောင်းကြံစည်ရန် ကြံရွယ်ခဲ့ကြသည်။ ထို့နောက် ငါအရှင်မြတ်ကပင် သူတို့အား မအောင်မြင်သူ (ဆုံးရှုံးသူ)များဖြစ်အောင် ပြုလုပ်တော်မူခဲ့သည်။

وَنَجَّيْنَاهُ وَلُوطًا إِلَى الْأَرْضِ الَّتِي بَارَكْنَا فِيهَا لِلْعَالَمِينَ ﴿٧١﴾

(၇၁) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(တမန်တော်အိဗ်ရာဟီမ်)နှင့် (တမန်တော်)လူသွ်ကို အကြင်ဒေသသို့ (စေလွှတ်ပြီး)ကယ်တင်တော်မူခဲ့သည်။ ထိုဒေသတွင် ငါအရှင်မြတ်သည် ကမ္ဘာသူကမ္ဘာသားများအတွက် မင်္ဂလာရှိစေတော်မူခဲ့သည်။

وَوَهَبْنَا لَهُ إِسْحَاقَ وَيَعْقُوبَ نَافِلَةً ۖ وَكُلًّا جَعَلْنَا صَالِحِينَ ﴿٧٢﴾

(၇၂) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းကို (သားအဖြစ်)အစ္စဟာက်နှင့် အပိုဆုအနေဖြင့် (မြေးအဖြစ်)ယအ်ကူဗ်ကို ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် တစ်ဦးစီကို ကောင်းမြတ်သောသူများအဖြစ် ပြုလုပ်တော်မူခဲ့သည်။

وَجَعَلْنٰهُمْ اَئِمَّةً يَّهْدُوْنَ بِاَمْرِنَا وَاَوْحَيْنَاۤ اِلَيْهِمْ فِعْلَ الْخَيْرٰتِ وَاِقَامَ الصَّلٰوةِ وَاِيْتَآءَ الزَّكٰوةِ ۚ
وَكَانُوْا لَنَا عٰبِدِيْنَ ﴿٧٣﴾

(၇၃) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(တမန်တော်အားလုံး)တို့ကို ငါအရှင်မြတ်၏အမိန့်တော်နှင့် လမ်းမှန်ညွှန်ကြားပြသကြသော ရှေ့ဆောင်များအဖြစ်ကို ချီးမြှင့်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့ထံသို့ ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်ကြရန်၊ စွလာသ်ဝတ်ပြုကြရန်နှင့် ဇကာသ်ပေးဆောင်ကြရန် ဝဟီအမိန့်တော်ကို ထုတ်ပြန်တော်မူခဲ့သည်။ ထို့ပြင် ၎င်း(တမန်တော်အားလုံး)တို့သည် ငါအရှင်မြတ်အား ကိုးကွယ်သူများပင် ဖြစ်ခဲ့ကြသည်။

وَلُوْطًا اٰتَيْنٰهُ حُكْمًا وَّعِلْمًا وَّنَجَّيْنٰهُ مِنَ الْقَرْيَةِ الَّتِىْ كَانَتْ تَّعْمَلُ الْخَبٰٓئِثَ ؕ اِنَّهُمْ كَانُوْا قَوْمَ
سَوْءٍ فٰسِقِيْنَ ﴿٧٤﴾

(၇၄) ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)လူသွ်ကို [၁] ပညာဉာဏ်အမြော်အမြင်နှင့် အသိပညာကို ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းကို အကြင်မြို့ရွာမှ ကယ်တင်တော်မူခဲ့သည်။ ထိုမြို့ရွာ(သား)များသည် စက်ဆုပ်ရွံရှာဖွယ်ရာများကို ကျူးလွန်လျက်ရှိခဲ့ကြသည်။ အမှန်စင်စစ် သူတို့သည် အလွန်ယုတ်မာသည့်အမျိုးသားများ၊ ကာမဂုဏ်လိုက်စားကျူးလွန်သည့်သူများပင် ဖြစ်ခဲ့ကြသည်။

[၁] ယောက်ျားအချင်းချင်းဆက်ဆံကြတဲ့မြို့ကို စေလွှတ်ခြင်းခံရတဲ့ တမန်တော်ဖြစ်တယ်။
(ခါဇင်န်၊ ဖီဇွိလာလိလ်ကုရ်အာန်)

وَاَدْخَلْنٰهُ فِىْ رَحْمَتِنَا ؕ اِنَّهٗ مِنَ الصّٰلِحِيْنَ ﴿٧٥﴾

(၇၅) ထို့ပြင် ၎င်းကို ငါအရှင်မြတ်သည် ငါအရှင်မြတ်၏ကရုဏာတော်အတွင်း ဝင်ရောက်စေတော်မူခဲ့သည်။ အမှန်ပင် ၎င်းသည် ကောင်းမြတ်သည့်သူများထဲတွင် ပါဝင်ခဲ့သည်။

وَنُوْحًا اِذْ نَادٰى مِنْ قَبْلُ فَاسْتَجَبْنَا لَهٗ فَنَجَّيْنٰهُ وَاَهْلَهٗ مِنَ الْكَرْبِ الْعَظِيْمِ ﴿٧٦﴾

(၇၆) ထို့ပြင် (တမန်တော်)နူးဟ်ကိုလည်း [၂] (ပညာဉာဏ်အမြော်အမြင်နှင့် အသိပညာကို ပေးသနားတော်မူခဲ့သည်)၊ ၎င်းသည် တစ်ခါတွင် (တမန်တော်အိဗ်ရာဟီမ်နှင့် တမန်တော်လူသွ်တို့)မတိုင်မီ (ငါအရှင်မြတ်ကို) ဟစ်ခေါ်ပန်ကြားခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် ၎င်း၏ဟစ်ခေါ်ပန်ကြားချက်ကို သဘောတူလက်ခံတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းနှင့် ၎င်း၏အိမ်သူအိမ်သားများကို ကြီးကျယ်သော ပူပင်သောကဖြစ်ခြင်းမှကယ်တင်တော်

မူခဲ့သည်။

❶ ရေလွှမ်းမိုးခြင်းခံရတဲ့ အမျိုးသားတွေထံကို နှစ်ပေါင်း၉၅၀ ကြာအောင် ဖိတ်ခေါ်ခဲ့တဲ့ တမန်တော်ဖြစ်တယ်။ အရှင်မြတ်က ၎င်းနဲ့ အီမာန်ယုံကြည်သူ ၈၀ဦးကို သင်္ဘောနဲ့ ကယ်တင်တော်မူခဲ့တယ်။ (သဖ်စီရ်စမ်အာနီ)

وَنَصَرْنٰهُ مِنَ الْقَوْمِ الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا ۭ اِنَّهُمْ كَانُوْا قَوْمَ سَوْءٍ فَاَغْرَقْنٰهُمْ اَجْمَعِيْنَ ﴿٧٧﴾

(၇၇) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအား ငါအရှင်မြတ်၏ သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသော အမျိုးသားများမှကာကွယ်စောင့်ရှောက်တော်မူခဲ့သည်။ အမှန်စင်စစ် သူတို့သည် အလွန်ဆိုးဝါးသော အမျိုးသားများပင် ဖြစ်ခဲ့ကြသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့အားလုံးကို နှစ်မြှုပ်စေတော်မူခဲ့သည်။

وَدَاوٗدَ وَسُلَيْمٰنَ اِذْ يَحْكُمٰنِ فِى الْحَرْثِ اِذْ نَفَشَتْ فِيْهِ غَنَمُ الْقَوْمِ ۚ وَكُنَّا لِحُكْمِهِمْ شٰهِدِيْنَ ﴿٧٨﴾

(၇၈) ထို့ပြင်(တမန်တော်)ဒါဝူဒ်နှင့် (တမန်တော်)စုလိုင်မာန်ကိုလည်း (ပညာဉာဏ်အမြော်အမြင်နှင့်အသိပညာကို ပေးသနားတော်မူခဲ့သည်)။ တစ်ခါတွင် ၎င်းတို့နှစ်ပါးသည် လယ်ယာနှင့်ပတ်သက်၍ စီရင်ဆုံးဖြတ်ကြသည်။ တစ်ခါတွင် အမျိုးသားများ၏သိုးဆိတ်များသည် ထိုလယ်ယာတွင် ညအချိန် ဝင်ရောက်(ဖျက်ဆီး)ခဲ့ကြသည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့၏ စီရင်ဆုံးဖြတ်မှုကို ရှုမြင်နေတော်မူခဲ့သည်။❷

❷ ဆိတ်တွေဟာ လယ်ယာကို ဖျက်ဆီးခဲ့တဲ့အတွက် အဲဒီပျက်စီးတဲ့တန်ဖိုးဟာ ဆိတ်တွေရဲ့တန်ဖိုး နဲ့ညီနေတာကြောင့် အဲဒီဆိတ်တွေကိုပဲ လျော်ကြေးအဖြစ် လယ်ရှင်ကို ပေးအပ်လိုက်ဖို့ တမန်တော်ဒါဝူဒ် عليه السلامက စီရင်ဆုံးဖြတ်ခဲ့တယ်။ “ဆိတ်ရှင်ဟာ လုံးဝလက်မဲ့ဖြစ်တော့မှာကို တမန်တော်ဒါဝူဒ် عليه السلامရဲ့သားဖြစ်တဲ့ တမန်တော်စုလိုင်မာန် عليه السلامက ကြည့်ပြီး ပိုကောင်းတဲ့အကြံကို အခုလိုပေးခဲ့တယ်။ ဆိတ်ရှင်က သူ့ရဲ့ဆိတ်တွေကို လယ်ရှင်ဆီမှာ အချိန်တစ်ခုထိ ပေးထားရမယ်။ ဆိတ်နို့နဲ့ ဆိတ်ရဲ့အမွေးအမှင် စတာတွေကို လယ်ရှင်က အကျိုးခံစားရမယ်။ဆိတ်ရှင်က လယ်ယာကို အချိန်တစ်ခုထိ ယူထားပြီး နဂိုအတိုင်းဖြစ်အောင် ပြန်လည် စိုက်ပျိုးပေးရမယ်။ နဂိုအတိုင်းဖြစ်သွားတဲ့အခါမှာ လယ်ရှင်ကို သူ့လယ်ယာပြန်အပ်ပြီး ကိုယ့်ဆိတ်တွေကို ပြန်ယူလိုက်ရမယ်။ အဲဒီအကြံကို ဖခင်ဖြစ်သူ တမန်တော်ဒါဝူဒ် عليه السلامက ကျေနပ်ပြီး လက်ခံခဲ့တယ်။ အဲဒီဆုံးဖြတ်ချက်မှာ တစ်ဦးတည်းက လုံးလုံးလျားလျား နစ်နာဆုံးရှုံးသွားတာမျိုးမဖြစ်တော့တဲ့အတွက် ပိုကောင်းတဲ့ ဆုံးဖြတ်ချက်ဖြစ်ခဲ့တယ်။ အဲဒါကြောင့် အရှင်မြတ်က တမန်တော်စုလိုင်မာန် عليه السلامကို သိနားလည်စေတော်မူခဲ့တယ်လို့ အမိန့်ရှိခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

فَفَهَّمْنٰهَا سُلَيْمٰنَ ۚ وَكُلًّا اٰتَيْنَا حُكْمًا وَّعِلْمًا ۡ وَّسَخَّرْنَا مَعَ دَاوٗدَ الْجِبَالَ يُسَبِّحْنَ وَالطَّيْرَ ۭ
وَكُنَّا فٰعِلِيْنَ ﴿٧٩﴾

(၇၉) ထို့နောက် ငါအရှင်မြတ်သည် (တမန်တော်)စုလိုင်မာန်အား

ထိုအမှု(၏အဆုံးအဖြတ်)ကို သိနားလည်စေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် (၎င်းတို့) တစ်ဦးစီကို ပညာဉာဏ်အမြော်အမြင်နှင့် အသိပညာကို ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)ဒါဝူဒ်နှင့်အတူ တောင်များကို လိုက်နာစေတော်မူခဲ့သည့်အတွက် ထိုတောင်များသည် ငါအရှင်မြတ်၏သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ရွတ်ဆိုလျက်ရှိကြသည်။ ထို့ပြင် ငှက်များကိုလည်း(လိုက်နာစေခဲ့သည်)။ ထို့ပြင် ငါအရှင်မြတ်သည် (ထိုကဲ့သို့) ပြုလုပ်တော်မူသောအရှင် ဖြစ်တော်မူသည်။

وَعَلَّمۡنَٰهُ صَنۡعَةَ لَبُوسٖ لَّكُمۡ لِتُحۡصِنَكُم مِّنۢ بَأۡسِكُمۡۖ فَهَلۡ أَنتُمۡ شَٰكِرُونَ ٨٠

(၈၀) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအား အသင်တို့အကျိုးအတွက် သံချပ်အင်္ကျီပြုလုပ်သော အတတ်ပညာကို သင်ပေးတော်မူခဲ့သည်။ ထိုသံချပ်အင်္ကျီသည် အသင်တို့အား အသင်တို့စစ်တိုက်ရာတွင် ကာကွယ်နိုင်ရန်အတွက် ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ကျေးဇူးသိတတ်သူများ ဖြစ်ကြသလော။

وَلِسُلَيۡمَٰنَ ٱلرِّيحَ عَاصِفَةٗ تَجۡرِي بِأَمۡرِهِۦٓ إِلَى ٱلۡأَرۡضِ ٱلَّتِي بَٰرَكۡنَا فِيهَاۚ وَكُنَّا بِكُلِّ شَيۡءٍ عَٰلِمِينَ ٨١

(၈၁) ထို့ပြင် (ငါအရှင်မြတ်သည် တမန်တော်)စုလိုင်မာန်ကို တိုက်ခတ်သည့်လေပြင်းကို နိုင်နင်းစေတော်မူခဲ့သည်။❻ ထိုလေသည် ၎င်း၏အမိန့်ဖြင့် ငါအရှင်မြတ်က မင်္ဂလာနှင့်ပြည့်စုံအောင် ပြုလုပ်ပေးထားသည့်နယ်မြေကို တိုက်ခတ်သွားသည်။ ထို့ပြင် ငါအရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ဖြစ်တော်မူသည်။

❻ တမန်တော်စုလိုင်မာန် ﷷ ဟာ ပလ္လင်တစ်ခုပြုလုပ်ထားခဲ့တယ်။ ၎င်းဟာ အဲဒီအပေါ်မှာထိုင်ပြီး မှူးမတ်တွေ အပါအဝင် လိုအပ်တဲ့ပစ္စည်းတွေပါသယ်ကာ လေကို အမိန့်ပေးလိုက်တဲ့အခါ လေက သယ်သွားပေးခဲ့တယ်။ ယီမင်ပြည်ကနေ ဆီးရီးယား၊ ဆီးရီးယားကနေ ယီမင်ပြည် တစ်လသွားရတဲ့ခရီးကို နေ့တစ်ဝက်တည်းနဲ့ သွားလာလေ့ရှိခဲ့တယ်။ (အလင်းပြကျမ်း)

وَمِنَ ٱلشَّيَٰطِينِ مَن يَغُوصُونَ لَهُۥ وَيَعۡمَلُونَ عَمَلٗا دُونَ ذَٰلِكَۖ وَكُنَّا لَهُمۡ حَٰفِظِينَ ٨٢

(၈၂) ထို့ပြင် ရှိုင်သွာန်များထဲတွင် အကြင်ရှိုင်သွာန်များလည်း ရှိခဲ့ကြသည်။ ထိုသူများသည် ၎င်း(တမန်တော်စုလိုင်မာန်)၏အကျိုးအတွက် (ပင်လယ်ထဲတွင်) ရေငုပ်ခြင်းနှင့် အခြားကိစ္စဆောင်ရွက်ခြင်းကို ပြုလုပ်ကြသည်။❶ ထို့ပြင် ငါအရှင်မြတ်ပင် သူတို့ကို ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်မြတ် ဖြစ်တော်မူသည်။

❶ ဂျင်န်ရှိုင်သွာန်တွေဟာ တမန်တော်စုလိုင်မာန် ﷷ ရဲ့အလုပ်သမားတွေအဖြစ်နဲ့ ခိုင်းရာကို လုပ်ပေးကြရတယ်။ ပင်လယ်ထဲမှာ ရေငုပ်ပြီး ပုလဲတွေကို ကောက်ယူပေးရတယ်။ ဝတ်ကျောင်းတွေ၊ တိုက်တာဂေဟာ စတာတွေ ဆောက်လုပ်ပေးရတယ်။ (အလင်းပြကျမ်း)

وَاَيُّوْبَ اِذْ نَادٰى رَبَّهٗۤ اَنِّىْ مَسَّنِىَ الضُّرُّ وَاَنْتَ اَرْحَمُ الرّٰحِمِيْنَ ﴿٨٣﴾

(၈၃) ထို့ပြင်(တမန်တော်) အိုင်ယူဗ်(အကြောင်းကိုလည်း ထုတ်ဖော်ပြောကြားပါ)။ တစ်ခါတွင် ၎င်းသည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား "အမှန်စင်စစ် ကျွန်ုပ်တွင် ဒုက္ခခံစား(နေ)ရပါသည်။ ၎င်းပြင် အရှင်မြတ်သည် သနားသည့်သူများထဲတွင် အသနားဆုံးအရှင် ဖြစ်တော်မူပါသည်" ဟုဟစ်ခေါ်ပန်ကြားခဲ့သည်။

فَاسْتَجَبْنَا لَهٗ فَكَشَفْنَا مَا بِهٖ مِنْ ضُرٍّ وَّاٰتَيْنٰهُ اَهْلَهٗ وَمِثْلَهُمْ مَّعَهُمْ رَحْمَةً مِّنْ عِنْدِنَا وَذِكْرٰى لِلْعٰبِدِيْنَ ﴿٨٤﴾

(၈၄) သို့ဖြစ်ရာ ငါအရှင်မြတ်သည် ၎င်း၏အသနားခံပန်ကြားချက်ကို လက်ခံသဘောတူတော်မူခဲ့သည်။ ၎င်းနောက် ငါအရှင်မြတ်သည် ၎င်းတွင် သက်ရောက်ခဲ့သော ဒုက္ခကို ပျောက်ကင်းစေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအား ၎င်း၏(ပျောက်ဆုံးနေသည့်) အိမ်ထောင်စု သားမယားများကို ပေးတော်မူခဲ့သည့်အပြင် ထိုသူများနှင့်အတူ ထိုသူများကဲ့သို့ အလားတူကိုလည်း အရှင်မြတ်ထံတော်မှ ကရုဏာတော်အဖြစ်ဖြင့် ဝတ်ပြုကိုးကွယ်သူများအတွက် သတိရစေသော အထိမ်းအမှတ်အဖြစ် ပေးသနားတော်မူခဲ့သည်။

وَاِسْمٰعِيْلَ وَاِدْرِيْسَ وَذَا الْكِفْلِ ؕ كُلٌّ مِّنَ الصّٰبِرِيْنَ ﴿٨٥﴾

(၈၅) ထို့ပြင် (တမန်တော်)အစ္စမာအီလ်၊ အိဒ်ရီစ်၊ ဇွလ်ကိဖ်လ်(တို့၏အကြောင်း)ကိုလည်း (ထုတ်ဖော်ပြောကြားလိုက်ပါ။ ၎င်းတို့)တစ်ဦးစီသည် သည်းခံသူများထဲတွင် ပါဝင်ခဲ့ကြသည်။

وَاَدْخَلْنٰهُمْ فِىْ رَحْمَتِنَا ؕ اِنَّهُمْ مِّنَ الصّٰلِحِيْنَ ﴿٨٦﴾

(၈၆) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား အရှင်မြတ်၏ကရုဏာတော်အတွင်းတွင် ပါဝင်စေတော်မူခဲ့သည်။ အမှန်စင်စစ် ၎င်းတို့သည် ကောင်းမြတ်သောသူများထဲတွင် ပါဝင်ခဲ့ကြသည်။

وَذَا النُّوْنِ اِذْ ذَّهَبَ مُغَاضِبًا فَظَنَّ اَنْ لَّنْ نَّقْدِرَ عَلَيْهِ فَنَادٰى فِى الظُّلُمٰتِ اَنْ لَّاۤ اِلٰهَ اِلَّاۤ اَنْتَ سُبْحٰنَكَ ۖۗ اِنِّىْ كُنْتُ مِنَ الظّٰلِمِيْنَ ﴿٨٧﴾

(၈၇) ထို့ပြင် ဇွန်နူန်ငါးရှင်[1] (၏အကြောင်း)ကိုလည်း (ပြောကြားပါ)။ တစ်ခါတွင် ထိုငါးရှင်(တမန်တော်ယူနွတ်စ်)သည် (၎င်း၏အမျိုးသားများများအပေါ်တွင်)စိတ်ဆိုးပြီး (၎င်း၏မြို့ရွာမှ ထွက်ခွာ)သွားခဲ့သည်။[2] ထို့နောက် ၎င်းသည် ငါအရှင်မြတ်က ၎င်း၏အပေါ်တွင် လုံးဝကျဉ်းကျပ်စေတော်မူမည် (အရေးယူတော်မူမည်)မဟုတ်ပေဟု ထင်မြင်ခဲ့သည်။ ထို့နောက် ၎င်းသည်

အမှောင်များထဲတွင်❻ (ဤသို့)ဟစ်ခေါ်တသ အသနားခံခဲ့သည်- "အရှင်မြတ် မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပါ။ အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါသည်။ အမှန်စင်စစ် ကျွန်ုပ်သည်ပင် အပြစ်ကျူးလွန်သူများထဲမှဖြစ်ပါသည်။"❼

❶ ပင်လယ်ထဲမှာ ငါးမျိုခြင်းကို ခံလိုက်ရတဲ့ တမန်တော်ယူနွတ်စ် عليه السلام ကို ငါးရှင်လို့ ခေါ်တာဖြစ်တယ်။ (ဂျလာလိုင်န်) ❷ ၎င်းဟာ ၎င်းရဲ့အမျိုးသားတွေရဲ့စကား နားမထောင်မှုတွေကြောင့် ဒေါသထွက်ပြီး အရှင်မြတ်ထံတော်က အမိန့်ကိုတောင် မစောင့်တော့ဘဲ မြို့ကနေ ထွက်သွားခဲ့တယ်။ ရေလမ်းခရီးမှာ သင်္ဘောနဲ့ သွားခဲ့တယ်။ အရှင်မြတ်က ၎င်းကို အရေးမယူဘူးလို့ထင်ခဲ့တယ်။ ဒါပေမဲ့ တမန်တော်ဖြစ်လို့ အရေးယူခဲ့တယ်။ သင်္ဘောပေါ်မှာ ရှိနေတုန်း လေမုန်တိုင်းကျလာခဲ့တယ်။ သခင့်ထံက တိမ်းရှောင်လာတဲ့ ကျွန်တစ်ဦး ဒီသင်္ဘောပေါ်မှာ ပါလိမ့်မယ်ဆိုပြီး ခရီးသည်အားလုံး မဲနှိုက်ကြတယ်။ အဲဒီအခါ တမန်တော်ယူနွတ်စ် عليه السلام ဟာ မဲပေါက်သွားခဲ့တယ်။ ၎င်းကို သင်္ဘောပေါ်ကနေ ပစ်ချလိုက်တယ်။ ပင်လယ်ထဲက ဝေလငါးကြီးက ၎င်းကို မျိုသွားလိုက်တယ်။ငါးဗိုက်ထဲမှာ ရက်လေးဆယ်ကြာသွားခဲ့တယ်။(ဂျလာလိုင်န်၊ ကမာလိုင်န်) အရှင်မြတ်က ဝေလငါးကို အမိန့်ပေးညွှန်ကြားတော်မူတယ်- အသင်ဟာ ၎င်းတမန်တော်ယူနွတ်စ်ကို မစားလိုက်လေနဲ့၊ အသင့်အတွက်အစားအစာမဟုတ်ဘူး၊ အသင့်ဝမ်းဗိုက်ဟာ ၎င်းအတွက် အကျဉ်းစခန်းမျှသာဖြစ်တယ်။(အိဗ်နုကဆီးရ်) ❻ အမှောင်တွေဆိုတာ ငါးဗိုက်ထဲက အမှောင်၊ ရေထုထဲက အမှောင်နဲ့ ညရဲ့ အမှောင်တို့ကိုဆိုလိုတယ်။ အဲဒီအမှောင်တွေထဲကနေ ၎င်းရဲ့အမှားကိုဝန်ချတောင်းပန်ပြီး အရှင်မြတ်ထံတော်မှာ အသနားခံခဲ့တယ်။(အလင်းပြကျမ်း) ❼ အဲဒီနောက် ငါးကြီးဟာ ကမ်းကပ်ပြီး ၎င်းကို အန်ထုတ်ခဲ့တယ်။ အဲဒီနောက် အရှင်မြတ်က ၎င်းကို ခွင့်လွှတ်တော်မူပြီး ၎င်းရဲ့မြို့ကို ပြန်သွားခိုင်းခဲ့တယ်။၎င်းရဲ့မြို့ကို ပြန်ရောက်တဲ့အခါမှာ မြို့သူမြို့သားတစ်သိန်းကျော်အားလုံးဟာ အီမာန်ယူလိုက်ကြတယ်။ အရှင်မြတ်ဟာ သူတို့ကို လောကမှာလည်း အကျိုးခံစားခွင့်ပေးတော်မူခဲ့တယ်။

(ကုရ်အာန် - ၃၇း၁၄၆၊ ၁၄၇၊ ၁၄၈)

فَاسْتَجَبْنَا لَهُ وَنَجَّيْنَٰهُ مِنَ الْغَمِّ ۚ وَكَذَٰلِكَ نُـۨجِي الْمُؤْمِنِينَ ﴿٨٨﴾

(၈၈) သို့ဖြစ်ရာ ငါအရှင်မြတ်သည် ၎င်း(၏ပန်ကြားချက်)ကို လက်ခံသဘောတူတော်မူပြီး ၎င်းကို ပူပင်သောကရောက်ခြင်းမှ ကယ်တင်တော်မူခဲ့သည်။ ၎င်းပြင် ထိုသို့ပင် ငါအရှင်မြတ်သည် ယုံကြည်သူများကို ကယ်တင်လေ့ရှိတော်မူသည်။

وَزَكَرِيَّآ إِذْ نَادَىٰ رَبَّهُۥ رَبِّ لَا تَذَرْنِى فَرْدًا وَأَنتَ خَيْرُ الْوَٰرِثِينَ ﴿٨٩﴾

(၈၉) ထို့ပြင် (တမန်တော်)ဇကရိယာ(၏အကြောင်း)ကိုလည်း (ပြောကြားလိုက်ပါ)။ တစ်ခါတွင် ၎င်းသည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား (ဤသို့)ဟစ်ခေါ်တသ ပန်ကြားခဲ့သည်- "အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်ုပ်ကို (သားသမီးမရှိဘဲ)တစ်ဦးတည်း စွန့်ထားတော်မမူပါနှင့်။ ထို့ပြင် အရှင်မြတ်သည် အကောင်းဆုံး (အမွေတမ်းကျန်

ရှိနေမည့်)အမွေစားအမွေခံ ဖြစ်တော်မူပါသည်။"

فَاسْتَجَبْنَا لَهٗ ۟ وَوَهَبْنَا لَهٗ يَحْيٰى وَاَصْلَحْنَا لَهٗ زَوْجَهٗ ؕ اِنَّهُمْ كَانُوْا يُسٰرِعُوْنَ فِى الْخَيْرٰتِ وَ

يَدْعُوْنَنَا رَغَبًا وَّرَهَبًا ؕ وَكَانُوْا لَنَا خٰشِعِيْنَ ﴿٩٠﴾

(၉၀) သို့ဖြစ်ရာ ငါအရှင်မြတ်သည် ၎င်း(၏ပန်ကြားချက်)ကို လက်ခံ သဘောတူတော်မူပြီး ၎င်းအား (သားတော်)ယဟ်ယာကို ပေးသနားတော်မူခဲ့ သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း၏ဇနီးကြင်ရာ(၏ ကိုယ်ဝန်မဆောင်နိုင် ခြင်း)ကို နေသားတကျဖြစ်အောင် ပြုပြင်ပေးတော်မူခဲ့သည်။ အမှန်စင်စစ် ၎င်း တို့သည် ကောင်းမှုများကို ဆောလျင်စွာ ပြုလုပ်တတ်သူများဖြစ်ခဲ့ကြပြီး ၎င်းတို့ သည် ငါအရှင်မြတ်အား လိုလားစွာနှင့် ကြောက်ရွံ့စွာ ဟစ်ခေါ်တသလေ့ရှိခဲ့ကြ သည်။ ထို့ပြင် ၎င်းတို့(၏စိတ်နှလုံးများ)သည် ငါအရှင်မြတ်၏ရှေ့တော်မှောက် တွင် ရိုကျိုးကိုင်းညွတ်လျက်ရှိခဲ့ကြသည်။

وَالَّتِىْٓ اَحْصَنَتْ فَرْجَهَا فَنَفَخْنَا فِيْهَا مِنْ رُّوْحِنَا وَجَعَلْنٰهَا وَابْنَهَآ اٰيَةً لِّلْعٰلَمِيْنَ ﴿٩١﴾

(၉၁) ထို့ပြင်(အကြင်အမျိုးသမီးအကြောင်းကိုလည်း ပြောပြလိုက်ပါ)။ ၎င်း(အမျိုးသမီး)သည် သူမ၏ဂုဏ်အသရေကို ထိန်းသိမ်းခဲ့သည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူမတွင် ငါအရှင်မြတ်ထံတော်မှ အသက်ဝိညာဉ်ကို မှုတ် သွင်းတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူမနှင့် သူမ၏သားတော်ကို ကမ္ဘာသူကမ္ဘာသားများအတွက် သက်သေလက္ခဏာတစ်ခုအဖြစ် ပြုလုပ်တော်မူ ခဲ့သည်။

اِنَّ هٰذِهٖٓ اُمَّتُكُمْ اُمَّةً وَّاحِدَةً ۖ وَّاَنَا رَبُّكُمْ فَاعْبُدُوْنِ ﴿٩٢﴾

(၉၂) အမှန်စင်စစ် ဤသည် အသင်တို့၏တစ်ခုတည်းသော သာသနာ အုပ်စုဖြစ်သည်။❶ ထို့ပြင် ငါအရှင်မြတ်ပင် အသင်တို့အား ဖန်ဆင်းမွေးမြူတော် မူသောအရှင်ဖြစ်တော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် ငါအရှင်မြတ်ကိုသာ ကိုးကွယ်ကြပါ။

❶ အခုဖော်ပြခဲ့တဲ့ တမန်တော် عليهم السلام တွေအားလုံးဟာ လူမျိုးအသီးသီးထံကို သွားရောက်ခဲ့ ကြပြီး သာသနာတစ်ခုတည်းကိုပဲ ပို့ချခဲ့တာဖြစ်တယ်။ အဲဒီသာသနာဟာ အစ္စလာမ်သာသနာဖြစ် ပြီး အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုပဲ ကိုးကွယ်တဲ့သာသနာပဲ ဖြစ်တယ်။ ခေတ်တွေ၊ နေရာ ဒေသတွေ ကွဲနေပေမဲ့ အခြေခံအယူဝါဒဟာ တစ်ခုတည်းပဲဖြစ်ခဲ့တယ်။ (အလင်းပြကျမ်း)

وَتَقَطَّعُوْٓا اَمْرَهُمْ بَيْنَهُمْ ؕ كُلٌّ اِلَيْنَا رٰجِعُوْنَ ﴿٩٣﴾

(၉၃) ထို့ပြင် လူများသည် သူတို့အချင်းချင်းပင် သူတို့၏ (သာသနာ့) အရေးကိစ္စကို အပိုင်းပိုင်းပြုလုပ်ခဲ့ကြသည်။ (စင်စစ်) အားလုံးသည် ငါအရှင်

မြတ်ထံတော်သို့ပင် ပြန်လာကြရမည့်သူများ ဖြစ်ကြသည်။

فَمَن يَعْمَلْ مِنَ الصَّٰلِحَٰتِ وَهُوَ مُؤْمِنٌ فَلَا كُفْرَانَ لِسَعْيِهِۦ وَإِنَّا لَهُۥ كَٰتِبُونَ ﴿٩٤﴾

(၉၄) သို့ဖြစ်ရာ မည်သူမဆို မုအ်မင်န်ယုံကြည်သူဖြစ်လျက် ကောင်းမြတ်သည့်လုပ်ရပ်ကို ပြုလုပ်သူ ဖြစ်မည်ဆိုလျှင် ထိုသူ၏ ကြိုးပမ်းအားထုတ်မှုသည် ဖယ်ရှားခံရမည် မဟုတ်ပေ။ ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ထိုအားထုတ်မှုကို ရေးသားတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။[၂]

[၂] အီမာန်ယုံကြည်ပြီး ကောင်းမြတ်တဲ့လုပ်ရပ်တွေကို ပြုလုပ်မယ်ဆိုရင် လွတ်မြောက်အောင်မြင်မှာဖြစ်ပြီး အရှင်မြတ်ကလည်း အဲဒီသူတွေရဲ့ကောင်းမှုတွေကိုလည်း ရေးမှတ်ထားတော်မူထားပြီးဖြစ်တာကို ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَحَرَٰمٌ عَلَىٰ قَرْيَةٍ أَهْلَكْنَٰهَآ أَنَّهُمْ لَا يَرْجِعُونَ ﴿٩٥﴾

(၉၅) ထို့ပြင် မည်သည့်မြို့ရွာမဆို ငါအရှင်မြတ်သည် ဖျက်ဆီးတော်မူခဲ့လျှင် အမှန်စင်စစ် ထိုမြို့သူမြို့သားများသည် (ဤလောကကို) သူတို့ပြန်လာရန် တားမြစ်ခံရပြီးဖြစ်သည်။[၃]

[၃] ကာဖိရ်တွေက ပြောဆိုကြတယ် - သေပြီးတဲ့နောက် ရှင်ပြန်ထပြီး စာရင်းစစ်ခံရမယ်ဆိုရင် ပထမ သေထားတဲ့သူတွေဟာ ဘာဖြစ်လို့ ပြန်မထကြရတာလဲ။ အဲဒီမေးခွန်းရဲ့အဖြေအဖြစ် ဒီအာယသ် ပေးလိုက်တာဖြစ်တယ်။ အရှင်မြတ်က သေအောင်လုပ်ထားပြီးတဲ့သူတွေကို သတ်မှတ်ထားတဲ့အချိန်(ကိယာမသ်)မရောက်သေးခင်မှာ လောကကို ပြန်ထလာဖို့ အစီအစဉ်ပြုလုပ်ထားခြင်းမရှိဘူး။ (အာစာနိသရ်ဂျမဟ်)

حَتَّىٰٓ إِذَا فُتِحَتْ يَأْجُوجُ وَمَأْجُوجُ وَهُم مِّن كُلِّ حَدَبٍ يَنسِلُونَ ﴿٩٦﴾

(၉၆) နောက်ဆုံးတွင် ယအ်ဂျူဂျ်နှင့် မအ်ဂျူဂျ်[၄] လူမျိုးများသည် ဖွင့်ပေးခြင်းခံရသည့်အခါ ကုန်းမြင့်တိုင်းမှ သူတို့သည် အမြန်(ဆင်း)လာလျက်ရှိကြမည်။

[၄] ယအ်ဂျူဂျ်နဲ့ မအ်ဂျူဂျ်လူမျိုးတွေရဲ့သောင်းကျန်းဖျက်ဆီးမှုဒဏ်ကနေလွတ်အောင် ဇွလ်ကရ်နိုင်န်က သံတံတိုင်းကြီးနဲ့ တောင်နှစ်လုံးကြားမှာ ကာရံပေးထားခဲ့ပေမဲ့ ကိယာမသ်နီးလာတဲ့အခါမှာ အဲဒီတံတိုင်းဟာ ဖွင့်ခြင်းခံရမှာဖြစ်ပြီး သူတို့ဟာ နေရာအနှံ့ဆင်းသက်လာကြကာ သောင်းကျန်းဖျက်ဆီးကြမှာဖြစ်တယ်။ ဒီအကြောင်း (စူရဟ်ကဟ်ဖ် အာယသ် ၉၄ ) မှာ ဖော်ပြခဲ့ပြီးဖြစ်တယ်။

وَاقْتَرَبَ الْوَعْدُ الْحَقُّ فَإِذَا هِيَ شَٰخِصَةٌ أَبْصَٰرُ الَّذِينَ كَفَرُوا۟ يَٰوَيْلَنَا قَدْ كُنَّا فِى غَفْلَةٍ مِّنْ هَٰذَا بَلْ كُنَّا ظَٰلِمِينَ ﴿٩٧﴾

(၉၇) ထို့ပြင် မှန်ကန်စွာ ချိန်းဆိုထားသည့်အချိန်(ကိယာမသ်နေ့)သည် နီးကပ်လာခဲ့ပေပြီ။ ထိုအခါ ချက်ချင်းပင် ကာဖိရ်များ၏မျက်လုံးများသည် ပြူးကျယ်နေကြလိမ့်မည်။ "သြော်-ဖြစ်မှ ဖြစ်ရလေခြင်း၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် ဤနေ့ကို မေ့ပြီးနေခဲ့ကြသည်။ အမှန်စင်စစ် ကျွန်ုပ်တို့ပင် အပြစ်ကျူးလွန်

သူများ ဖြစ်ကြသည်”(ဟု ညည်းညူပြောဆိုကြမည်)။

إِنَّكُمْ وَمَا تَعْبُدُونَ مِن دُونِ ٱللَّهِ حَصَبُ جَهَنَّمَ أَنتُمْ لَهَا وَٰرِدُونَ ﴿٩٨﴾

(၉၈) အမှန်စင်စစ် အသင်တို့နှင့် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့ ကိုးကွယ်ကြသည့်အရာများသည် ဂျဟန္နမ်ငရဲဘုံ၏လောင်စာများပင် ဖြစ်ကြသည်။ အသင်တို့အားလုံးသည် ထိုငရဲဘုံထဲသို့ ဆိုက်ရောက်ရမည့်သူများပင် ဖြစ်ကြသည်။

لَوْ كَانَ هَٰٓؤُلَآءِ ءَالِهَةً مَّا وَرَدُوهَا ۖ وَكُلٌّ فِيهَا خَٰلِدُونَ ﴿٩٩﴾

(၉၉) အကယ်၍ ဤ(ကိုးကွယ်ရာများ)သည် ကိုးကွယ်ထိုက်သည့် အရှင်များဖြစ်ကြလျှင် ထိုငရဲဘုံထဲသို့ ဆိုက်ရောက်ကြမည်မဟုတ်ပေ။ ထို့ပြင် (ယခုမူ) သူတို့အားလုံးသည် ထိုငရဲဘုံထဲတွင် အမြဲနေထိုင်ကြရမည့်သူများ ဖြစ် ကြပြီဖြစ်သည်။

لَهُمْ فِيهَا زَفِيرٌ وَهُمْ فِيهَا لَا يَسْمَعُونَ ﴿١٠٠﴾

(၁၀၀) သူတို့အတွက် ထိုငရဲဘုံထဲတွင် ဆူညံညည်းညူခြင်းပင်ရှိမည်။ ထို့ပြင် သူတို့သည် ထိုငရဲဘုံထဲတွင် (မည်သည့်စကားမျှ)ကြားကြမည်မဟုတ်ပေ။

إِنَّ ٱلَّذِينَ سَبَقَتْ لَهُم مِّنَّا ٱلْحُسْنَىٰٓ أُو۟لَٰٓئِكَ عَنْهَا مُبْعَدُونَ ﴿١٠١﴾

(၁၀၁) အမှန်စင်စစ် အကြင်သူများသည် ယခင်ကတည်းက ငါအရှင် မြတ်ထံတော်မှ သူတို့အတွက် ကောင်းကျိုး သတ်မှတ်ပြီးဖြစ်သည်။ ထိုသူများ သည် ၎င်း(ငရဲဘုံ)မှ ဝေးစေခြင်းကို ခံကြရမည့်သူများဖြစ်ကြသည်။

لَا يَسْمَعُونَ حَسِيسَهَا ۖ وَهُمْ فِى مَا ٱشْتَهَتْ أَنفُسُهُمْ خَٰلِدُونَ ﴿١٠٢﴾

(၁၀၂) သူတို့သည် ၎င်း(ငရဲဘုံ)၏(မီးမြိုက်သည့်)အသံသဲ့သဲ့ပင် ကြား ရမည်မဟုတ်ပေ။ ထို့ပြင် သူတို့သည် သူတို့ကြိုက်နှစ်သက်သော စည်းစိမ်များ ထဲတွင် အမြဲစံစားနေကြရမည့်သူများဖြစ်သည်။

لَا يَحْزُنُهُمُ ٱلْفَزَعُ ٱلْأَكْبَرُ وَتَتَلَقَّىٰهُمُ ٱلْمَلَٰٓئِكَةُ هَٰذَا يَوْمُكُمُ ٱلَّذِى كُنتُمْ تُوعَدُونَ ﴿١٠٣﴾

(၁၀၃) (ကောင်းမြတ်သော)သူတို့အား အကြီးဆုံး ထိတ်လန့်ဖွယ် (ဖြစ်သော ကိယာမသ်နေ့)သည် စိတ်ဒုက္ခရောက်စေမည်မဟုတ်ပေ။ ထို့ပြင် ကောင်းကင်တမန်များက သူတို့အား “ဤနေ့သည် အသင်တို့နှင့် ချိန်းဆိုထား သည့်နေ့ပင် ဖြစ်သည်”ဟု ပြောပြီး ကြိုဆိုဧည့်ခံကြရမည်ဖြစ်သည်။

يَوْمَ نَطْوِى ٱلسَّمَآءَ كَطَىِّ ٱلسِّجِلِّ لِلْكُتُبِ ۚ كَمَا بَدَأْنَآ أَوَّلَ خَلْقٍ نُّعِيدُهُۥ ۚ وَعْدًا عَلَيْنَآ ۚ إِنَّا كُنَّا فَٰعِلِينَ ﴿١٠٤﴾

(၁၀၄) ထိုနေ့တွင် ငါအရှင်မြတ်သည် မိုးကောင်းကင်အား ရေးသား

ထားသော မှတ်တမ်းစာရွက်ကို လိပ်သကဲ့သို့ ခေါက်လိပ်တော်မူမည်။❶ ငါအရှင်မြတ်သည် အရာအားလုံးတို့အား ပထမအကြိမ် စတင်ဖန်ဆင်းတော်မူသကဲ့သို့ ထိုအရာကိုပင် ထပ်မံ၍ ပြုလုပ်ဖန်ဆင်းတော်မူမည်ဖြစ်သည်။ (ဤသည်) ငါအရှင်မြတ်အပေါ်တွင် ကတိပြုထားမှုဖြစ်သည့်အတွက် အမှန်စင်စစ် ငါအရှင်မြတ်သည် (ငါအရှင်မြတ်ကတိပြုတော်မူထားသည့်အတိုင်း) ပြုလုပ်တော်မူမည့်အရှင်မြတ်ပင် ဖြစ်တော်မူသည်။

❶ မိုကောင်းကင်ကို စက္ကူလို ခေါက်လိပ်ပြီး စက္ကူလို ဆုတ်ဖြဲဖျက်ဆီးပစ်လိုက်မှာဖြစ်တယ်။ အဲဒီနောက် كَمَا بَدَأْنَآ أَوَّلَ خَلْقٍ نُّعِيدُهُۥ နဂိုအတိုင်းပြန်လည်ဖန်ဆင်းတော်မူမှာ ဖြစ်တယ်။ အဲဒါကြောင့် ခေါက်လိပ်မှုနဲ့ စုတ်ပြဲမှု တစ်နေရာစီမှာ လာရှိထားခြင်းဖြစ်တယ်။ (ကုရ်သွူဗီ)

وَلَقَدْ كَتَبْنَا فِى ٱلزَّبُورِ مِنۢ بَعْدِ ٱلذِّكْرِ أَنَّ ٱلْأَرْضَ يَرِثُهَا عِبَادِىَ ٱلصَّٰلِحُونَ ﴿١٠٥﴾

(၁၀၅) ထို့ပြင် အမှန်ပင် ငါအရှင်မြတ်သည် လောင်ဟ်မဟ်ဖူဇ္ဖွ်သင်ပုန်း (တွင် ရေးသားတော်မူပြီး)နောက်တွင် ကောင်းကင်ကျမ်းများတွင်လည်း အမှန်စင်စစ် မြေပထဝီကို ငါအရှင်မြတ်၏ကောင်းမြတ်သောကျွန်များပင် အမွေဆက်ခံကြမည်ဟု ရေးသားတော်မူခဲ့ပြီးဖြစ်သည်။❷

❷ ကောင်းမြတ်တဲ့သူတွေဟာ ဒီဘဝမှာရော တမလွန်ဘဝမှာပါ အမွေဆက်ခံကြမယ်လို့ အရှင်မြတ်က ကတိပြုထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ فِى هَٰذَا لَبَلَٰغًا لِّقَوْمٍ عَٰبِدِينَ ﴿١٠٦﴾

(၁၀၆) အမှန်စင်စစ် ဤ(ကုရ်အာန်ကျမ်းတော်)တွင် ခဝပ်ကိုးကွယ်သူများအတွက် မုချ ပို့ချချက် ရှိသည်။❸

❸ ယုံကြည်သူတွေအတွက် အောင်မြင်မှုရရှိမယ်ဆိုတဲ့ အကြောင်းကြားချက်ပေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَآ أَرْسَلْنَٰكَ إِلَّا رَحْمَةً لِّلْعَٰلَمِينَ ﴿١٠٧﴾

(၁၀၇) ထို့ပြင် ငါအရှင်မြတ်သည် အသင့်အား စကြဝဠာအားလုံးအတွက် ကရုဏာတော်အဖြစ်နှင့်သာ စေလွှတ်တော်မူခဲ့ခြင်းဖြစ်သည်။❹

❹ တမန်တော်မြတ် ﷺ ကို ယုံကြည်သူတွေအတွက်ကတော့ ဒီလောကမှာရော တမလွန်ဘဝမှာပါ ကရုဏာဟာ ပြည့်စုံသွားတယ်။ တမန်တော်မြတ် ﷺ ကို မယုံကြည်တဲ့သူတွေဟာလည်း ဒီဘဝမှာ အတိတ်ခေတ်က ကျခဲ့တဲ့အပြစ်ဒဏ်မျိုးမခံရဘဲ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသွားတာဖြစ်တယ်။ ဒါဟာ ကရုဏာရဲ့တစ်စိတ်တစ်ဒေသ ဖြစ်တယ်။ (သွဗ်ရီကျမ်း)

قُلْ إِنَّمَا يُوحَىٰٓ إِلَىَّ أَنَّمَآ إِلَٰهُكُمْ إِلَٰهٌ وَٰحِدٌ ۖ فَهَلْ أَنتُم مُّسْلِمُونَ ﴿١٠٨﴾

(၁၀၈) (အို-တမန်တော်) အသင်ပြောကြားလိုက်ပါ- "အသင်တို့၏ ကိုးကွယ်ထိုက်သည့်အရှင်သည် တစ်ပါးတည်းသော ကိုးကွယ်ထိုက်သည့်အရှင်

ပင်ဖြစ်တော်မူကြောင်း ငါ၏ထံသို့ ဝဟီအမိန့်တော် ပေးပို့ခြင်းခံရသည်။ သို့ဖြစ်ရာ အသင်တို့သည် (အမိန့်နာခံသူ) မွတ်စ်လင်မ်များ ဖြစ်ကြပြီလော။”❺

❺ သောင်ဟီဒ်ကိုလက်ခံကြမလားလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَإِن تَوَلَّوْا فَقُلْ ءَاذَنتُكُمْ عَلَىٰ سَوَآءٍ ۖ وَإِنْ أَدْرِىٓ أَقَرِيبٌ أَم بَعِيدٌ مَّا تُوعَدُونَ ﴿١٠٩﴾

(၁၀၉) ထို့နောက် အကယ်၍ သူတို့သည် မျက်နှာလွှဲခဲ့ကြလျှင် (အို-တမန်တော်) အသင်ပြောလိုက်ပါ- “ငါသည် အသင်တို့အား ရှင်းလင်းစွာ အသိပေးခဲ့ပြီးဖြစ်သည်။ ထို့ပြင် အသင်တို့ ချိန်းဆိုခြင်းခံကြရသောကိစ္စသည် နီးသည် ဝေးသည်ကို ငါမသိပေ။”❻

❻ ပြစ်ဒဏ်ခတ် အရေးယူတာဟာ အရှင်မြတ်ရဲ့အလုပ်ဖြစ်တဲ့အတွက် အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်ုပ်မသိဘူး။ ကျွန်ုပ်တာဝန်ဟာ ကောင်းတာကို တိုက်တွန်းဖို့နဲ့ မကောင်းတာကနေ တားမြစ်ဖို့ပဲ ဖြစ်တယ်။ လိုက်နာတာ မလိုက်နာတာလည်း ကျွန်ုပ်နဲ့ မဆိုင်ဘူး။ အဲဒီရဲ့အရှုံးအမြတ်ထွက်ပေါ်မဲ့နေ့ဟာလည်း ဘယ်နေ့ဖြစ်မယ်ဆိုတာ အရှင်မြတ်ပဲ အတိအကျ သိတော်မူတယ်။ (အဿသဖ်စီရွလ်မုယဿစ်ရ်)

إِنَّهُۥ يَعْلَمُ ٱلْجَهْرَ مِنَ ٱلْقَوْلِ وَيَعْلَمُ مَا تَكْتُمُونَ ﴿١١٠﴾

(၁၁၀) အမှန်စင်စစ် အရှင်မြတ်သည် (အသင်တို့၏) ထင်ရှားစွာပြောသည်ကိုလည်း သိတော်မူသည်။ ထို့ပြင် အသင်တို့လျှို့ဝှက်ထားကြသည်ကိုလည်း သိတော်မူသည်။

وَإِنْ أَدْرِى لَعَلَّهُۥ فِتْنَةٌ لَّكُمْ وَمَتَٰعٌ إِلَىٰ حِينٍ ﴿١١١﴾

(၁၁၁) ထို့ပြင် ထိုချိန်းဆိုမှု(ကို ဆိုင်းငံ့ထားခြင်း)သည် အသင်တို့အား စမ်းသပ်ရန်အတွက်နှင့် သတ်မှတ်ထားသည့်အချိန်ကာလအထိ အကျိုးခံစားခွင့်ပေးထားခြင်း ဖြစ်ကောင်းဖြစ်လိမ့်မည်။ ငါသည် အတိအကျမသိပေ။

قَٰلَ رَبِّ ٱحْكُم بِٱلْحَقِّ ۗ وَرَبُّنَا ٱلرَّحْمَٰنُ ٱلْمُسْتَعَانُ عَلَىٰ مَا تَصِفُونَ ﴿١١٢﴾

(၁၁၂) ၎င်း(တမန်တော်မြတ်)က ပြောဆိုလျှောက်ထားသည်- အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် မှန်ကန်စွာ စီရင်ဆုံးဖြတ်ပေးတော်မူပါ။❼ ထို့ပြင် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ရဟ်မာန်အနန္တကရုဏာတော်ရှင်၊ အသင်တို့ ထုတ်ဖော်ပြောဆိုကြသောအကြောင်းအရာများနှင့်ပတ်သက်၍ အကူအညီတောင်းသည်ကို ခံရတော်မူသောအရှင်ဖြစ်တော်မူသည်။

❼ တမန်တော်မြတ် ﷺ နဲ့ နောက်လိုက်တွေကို ငြင်းပယ်သူတွေက ခြိမ်းခြောက်မှုပြုတဲ့အတွက် တမန်တော်မြတ် ﷺ က နောက်ဆုံးမှာ အရှင်မြတ်ထံတော်ကို အဆုံးအဖြတ်တောင်းပြီး အကူအညီတောင်းတာဖြစ်တယ်။ (အလင်းပြကျမ်း)

====================================================================

ركوعاتها ١٠ ٢٢ سُوْرَةُ الْحَجِّ مَدَنِيَّةٌ ١٠٣ اٰياتها ٧٨

## စူရဟ် ဟဂ္ဂျ် (ဟဂ္ဂျ် ကဏ္ဍ) سُوْرَةُ الْحَجِّ

====================================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

يٰٓاَيُّهَا النَّاسُ اتَّقُوْا رَبَّكُمْ ۚ اِنَّ زَلْزَلَةَ السَّاعَةِ شَيْءٌ عَظِيْمٌ ﴿١﴾

(၁) အို-လူသားအပေါင်းတို့၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ကြောက်ရွံ့ကြပါ။ အမှန်စင်စစ် ကိယာမသ်၏ မြေငလျင်လှုပ်ခြင်းသည် အကြီးအကျယ် ကြောက်မက်ဖွယ်ရာကိစ္စတစ်ခုဖြစ်သည်။

يَوْمَ تَرَوْنَهَا تَذْهَلُ كُلُّ مُرْضِعَةٍ عَمَّآ اَرْضَعَتْ وَ تَضَعُ كُلُّ ذَاتِ حَمْلٍ حَمْلَهَا وَ تَرَى النَّاسَ سُكٰرٰى وَمَا هُمْ بِسُكٰرٰى وَلٰكِنَّ عَذَابَ اللّٰهِ شَدِيْدٌ ﴿٢﴾

(၂) ထိုမြေငလျင်လှုပ်သည်ကို အသင်တို့တွေ့မြင်ကြသည့်နေ့တွင် နို့တိုက်သောမိခင်တိုင်းသည် မိမိနို့တိုက်နေသောကလေးအား မေ့လျော့သွားမည်။ ထို့ပြင် ကိုယ်ဝန်သည်တိုင်းတွင်ရှိသော သန္ဓေသားသည် လျှောကျသွားမည်။ ထို့ပြင် အသင်သည် လူများအား သူတို့သည် မူးယစ်တွေဝေနေသူများ မဟုတ်ဘဲလျက် ေးဝိုင်တွေဝေနေသည့်သူများအဖြစ် တွေ့မြင်ရမည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်သည် ပြင်းထန်လှ(သည့်အတွက်ကြောင့် ဖြစ်)သည်။

وَمِنَ النَّاسِ مَنْ يُّجَادِلُ فِى اللّٰهِ بِغَيْرِ عِلْمٍ وَّ يَتَّبِعُ كُلَّ شَيْطٰنٍ مَّرِيْدٍ ﴿٣﴾

(၃) ထို့ပြင် လူများထဲတွင် အသိပညာမရှိဘဲလျက် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ အငြင်းအခုံပြုသည့်သူများလည်း ရှိသည်။❶ ထို့ပြင် ထိုသူသည် ဆိုးသွမ်းသော ရှိုင်သွာန်တိုင်း၏နောက်လိုက်ပြုလုပ်သည်။

❶ လူတွေဟာ သေပြီး အရိုးဆွေးကာ မြေကြီးဖြစ်ပြီးတဲ့နောက် ဘယ်လိုလုပ်ပြီး ရှင်ပြန်ထရဦးမှာလဲလို့ စောဒကတက် အငြင်းအခုံပြုကြတယ်။ အရှင်မြတ်ဟာ ပထမအကြိမ် ဘာမှမရှိဘဲနဲ့ သူတို့ကို ဖန်ဆင်းတော်မူခဲ့တာကို မေ့သွားပြီး စဉ်းစားဆင်ခြင်မှု ကင်းမဲ့ပြီး ဒီလိုအငြင်းအခုံပြုတာပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

كُتِبَ عَلَيْهِ اَنَّهٗ مَنْ تَوَلَّاهُ فَاَنَّهٗ يُضِلُّهٗ وَيَهْدِيْهِ اِلٰى عَذَابِ السَّعِيْرِ ﴿٤﴾

(၄) ထိုရှိုင်သွာန်နှင့်ပတ်သက်၍ ဆုံးဖြတ်ထားသည်ကမူ မည်သူမဆို

သူ့အား မိတ်ဆွေပြုလုပ်ခဲ့လျှင် အမှန်စင်စစ် သူသည် ထို(မိတ်ဆွေပြုလုပ်)သူအား လမ်းမှားစေမည်၊ ထို့ပြင် ထိုသူအား မီးတောက်မီးလျှံ၏ ပြစ်ဒဏ်သို့ လမ်းညွှန်ပို့ဆောင်မည်(ဟု ရှိုင်သွာန်ကိုယ်တိုင်ကလည်း ကြွေးကြော်ထားသည်)။

يَٰٓأَيُّهَا ٱلنَّاسُ إِن كُنتُمۡ فِي رَيۡبٖ مِّنَ ٱلۡبَعۡثِ فَإِنَّا خَلَقۡنَٰكُم مِّن تُرَابٖ ثُمَّ مِن نُّطۡفَةٖ ثُمَّ مِنۡ عَلَقَةٖ ثُمَّ مِن مُّضۡغَةٖ مُّخَلَّقَةٖ وَغَيۡرِ مُخَلَّقَةٖ لِّنُبَيِّنَ لَكُمۡۚ وَنُقِرُّ فِي ٱلۡأَرۡحَامِ مَا نَشَآءُ إِلَىٰٓ أَجَلٖ مُّسَمّٗى ثُمَّ نُخۡرِجُكُمۡ طِفۡلٗا ثُمَّ لِتَبۡلُغُوٓاْ أَشُدَّكُمۡۖ وَمِنكُم مَّن يُتَوَفَّىٰ وَمِنكُم مَّن يُرَدُّ إِلَىٰٓ أَرۡذَلِ ٱلۡعُمُرِ لِكَيۡلَا يَعۡلَمَ مِنۢ بَعۡدِ عِلۡمٖ شَيۡـٔٗاۚ وَتَرَى ٱلۡأَرۡضَ هَامِدَةٗ فَإِذَآ أَنزَلۡنَا عَلَيۡهَا ٱلۡمَآءَ ٱهۡتَزَّتۡ وَرَبَتۡ وَأَنۢبَتَتۡ مِن كُلِّ زَوۡجِۭ بَهِيجٖ ۝٥

(၅) အို- လူသားအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ရှင်ပြန်ထခြင်းနှင့်ပတ်သက်၍ သံသယဖြစ်နေကြလျှင်၊ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား ရှင်းလင်းထင်ရှားစွာ ပြသရန်အတွက် အသင်တို့အား မြေကြီးမှဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် သုက်ရည်ဖြင့်၊ ထို့နောက် သွေးခဲဖြင့်၊ ထို့နောက် (လူ၏)ပုံစံပေါ်ပြီးသည့်ဝါးဖတ်ကဲ့သို့ အသားတုံးဖြင့်၊ (လူ၏)ပုံစံ မပေါ်သေးသောဝါးဖတ်ကဲ့သို့ အသားတုံးမှ (အဆင့်ဆင့်)ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သားအိမ်များတွင် ငါအရှင်မြတ်အလိုရှိတော်မူသောအရာ(သန္ဓေသား)ကို သတ်မှတ်ထားသည့်အချိန်ထိ တည်စေတော်မူပြီးနောက် အသင်တို့ကို ကလေးငယ်အဖြစ် ထွက်စေတော်မူခဲ့သည်။ ထို့နောက် အသင်တို့သည် အသင်တို့၏ လူလားမြောက်သည့်အရွယ်သို့ ရောက်ရှိရန်အတွက် ဖြစ်သည်။ ထို့ပြင် အသင်တို့ထဲတွင် (အရွယ်မရောက်မီ) သေသွားသူလည်းရှိသည်။ ထို့ပြင် အသင်တို့ထဲတွင် ဆုတ်ယုတ်ညံ့ဖျင်းဆုံး (သူငယ်ပြန်သည့်)အရွယ်သို့ သူသည် သိပြီးနောက် မည်သည့်အရာကိုမျှမသိဖြစ်ရန်အလို့ငှာ ပြန်ရောက်ရသူလည်း ရှိသည်။ ထို့ပြင် အသင်သည် မြေပထဝီကို ခြောက်သွေ့နေလျက် တွေ့မြင်ရသည်။ ထို့နောက် ငါအရှင်မြတ်သည် ထိုမြေပထဝီပေါ်တွင် (မိုး)ရေကို ကျရောက်စေသည့်အခါ ထိုမြေမှ(အပင်များ)ပေါက်ရောက်လှုပ်ရှားလာသည်။ ထို့ပြင် တိုးတက်မြင့်မားလာသည်။ ထို့ပြင် နှစ်သက်ဖွယ်ရာ(အပင်)အမျိုးမျိုးကို ပေါက်ရောက်စေသည်။ ❶

❶ လူသားရဲ့အစဖြစ်တဲ့ အာဒမ် عليه السلام ကို မြေကြီးကနေ ဖန်ဆင်းတော်မူခဲ့တာဖြစ်တယ်။ အဲဒီနောက် လူသားဟာ မြေထွက်သီးနှံတွေကို စားသုံးပြီး သွေးဖြစ်လာခဲ့တယ်။ သွေးကနေ သုက်ရည်ဖြစ်လာခဲ့တယ်။ သုက်ရည်ကနေ မိခင်ဝမ်းဗိုက်ထဲမှာ အဆင့်ဆင့် တိုးတက်ပြောင်းလဲမှုတွေဖြစ်ပေါ်လာ

ပြီး နောက်ဆုံးမှာ မမြင်မတွေ့နိုင် မခံစားနိုင်တဲ့ မိခင်ဝမ်းဗိုက်လောကထဲကနေ မြင်တွေ့ခံစားနိုင်တဲ့ ဒီလောကထဲကို လူသားကလေးအဖြစ် ဖွားမြင်ရောက်ရှိလာတော့တယ်။ အဲဒီအတိုင်းပဲ လူသားတွေရဲ့ ကောင်းကျိုးဆိုးကျိုးတွေဟာ အဲဒါတွေကို မမြင်ရဘဲ ဖုံးကွယ်နေတဲ့ဒီလောကထဲမှာ တိုးတက်လျက်၊ ဆုတ်ယုတ်လျက်ရှိကြတယ်။ အဲဒါတွေကို မြင်ရတဲ့ တမလွန်ဘဝမှာ ဘွားကနဲ ပေါ်ထွက်လာမှာဖြစ်တယ်။ ကောင်းမှုမကောင်းမှုပြုလုပ်နိုင်တဲ့ ဒီလောကထဲကို လူသားတစ်ဦး မွေးဖွားရောက်ရှိလာတဲ့နေ့ကို မွေးနေ့လို့ခေါ် ပြီး သူလုပ်ခဲ့တဲ့ ကောင်းကျိုး၊ ဆိုးကျိုးရလဒ်တွေ ထွက်ပေါ်သိရှိရမဲ့နေ့ကို يَوْمُ الدِّيْنِ အစားပေးမဲ့နေ့လို့လည်းခေါ်တယ်။ ကိယာမသ် ရှင်ပြန်ထမဲ့နေ့လို့လည်းခေါ်တယ်။ အဲဒီနေ့ ဖြစ်နိုင်တာကို စဉ်းစားပြီး သိနိုင်ဖို့ အရှင်မြတ်က ဘာမှမရှိတဲ့ဘဝကနေ အစပျိုးပြီး လူသားကို လူလားမြောက်တဲ့အထိ ဖန်ဆင်းလာပုံအဆင့်ဆင့်ကို ဖော်ပြထားသလို ဘာမှ မရှိတဲ့ မြေကြီးပေါ်မှာ မိုးရေလောင်းချလိုက်တာနဲ့ သစ်ပင်တွေ စိမ်းလန်းစိုပြည်အောင် ပေါ်ထွက်လာတာကိုပါ နမူနာပြသထားတာဖြစ်တယ်။ လူတွေကို မွေးဖွားနေတာတွေရော၊ သစ်ပင်တွေ ပေါက်လာနေတာတွေပါ နေ့စဉ်နဲ့အမျှ တွေ့မြင်နေရတဲ့ကိစ္စတွေဖြစ်ပါလျက်နဲ့ ဘာမဆို တတ်စွမ်းနိုင်တဲ့ အရှင်မြတ်ရဲ့ ဖန်ဆင်းနိုင်ခြင်းအပေါ်မှာ သံသယဖြစ်နေကြသေးသလားလို့ ဆိုလိုတာဖြစ်တယ်။

(အလင်းပြကျမ်း)

ذٰلِكَ بِاَنَّ اللّٰهَ هُوَ الْحَقُّ وَاَنَّهٗ يُحْيِ الْمَوْتٰى وَاَنَّهٗ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ﴿٦﴾

(၆) ထိုအရာသည် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အစစ်အမှန်တည်ရှိတော်မူသောအရှင်ဖြစ်တော်မူသည့်အတွက်၊ ထို့ပြင် အမှန်ပင် အရှင်မြတ်သည် သေသူများကို ရှင်စေတော်မူမည့်အရှင် ဖြစ်တော်မူသည့်အတွက်နှင့် အမှန်ပင် အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည့်အတွက်ကြောင့် ဖြစ်သည်။

وَّاَنَّ السَّاعَةَ اٰتِيَةٌ لَّا رَيْبَ فِيْهَا ۙ وَاَنَّ اللّٰهَ يَبْعَثُ مَنْ فِى الْقُبُوْرِ ﴿٧﴾

(၇) ထို့ပြင် အမှန်စင်စစ် ကိယာမသ်သည်လည်း (မုချ)ဆိုက်ရောက်မည်ဖြစ်သည်။ ထိုအရာနှင့် ပတ်သက်၍ သံသယဖြစ်စရာလုံးဝမရှိပေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သင်္ချိုင်းထဲတွင် ရှိသည့်သူများကို အမှန်ပင် ရှင်ပြန်ထစေမည် ဖြစ်သည်။

وَمِنَ النَّاسِ مَنْ يُّجَادِلُ فِى اللّٰهِ بِغَيْرِ عِلْمٍ وَّلَا هُدًى وَّلَا كِتٰبٍ مُّنِيْرٍ ﴿٨﴾

(၈) ထို့ပြင် လူများထဲတွင် အသိပညာလည်းမရှိသည်သာမက လမ်းညွှန်လည်းမရှိသည့်အပြင် အလင်းပြသည့်ကျမ်းဂန်လည်းမရှိဘဲလျက် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ အငြင်းအခုံပြုတတ်သည့်သူလည်းရှိသည်။[၁]

[၁] ဘာမှ သက်သေအထောက်အထားမရှိဘဲ မျက်စိမှိတ်ပြီး ဇွတ်ငြင်းသူတွေကို ဆိုလိုတယ်။

(အလင်းပြကျမ်း)

ثَانِىَ عِطْفِهٖ لِيُضِلَّ عَنْ سَبِيْلِ اللّٰهِ ؕ لَهٗ فِى الدُّنْيَا خِزْىٌ وَّ نُذِيْقُهٗ يَوْمَ الْقِيٰمَةِ عَذَابَ

الْحَرِيْقِ ﴿٩﴾

(၉) (မာနထောင်ပြီး) မိမိလည်ပင်းကို မိမိလိမ်ပြီး (သူများကိုလည်း) အလ္လာဟ်အရှင်မြတ်၏လမ်းမှ လွဲမှားစေရန်ပြုလုပ်သူသည် ဤဘဝတွင်လည်း အကျိုးယုတ်အရှက်ရစေမည်ဖြစ်သည်။ ထို့ပြင် ကိယာမသ်နေ့တွင်လည်း ငါ အရှင်မြတ်သည် ထိုသူ့အား တောက်လောင်နေသော (ငရဲ)မီး၏ပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူမည် ဖြစ်သည်။

ذٰلِكَ بِمَا قَدَّمَتْ يَدٰكَ وَاَنَّ اللّٰهَ لَيْسَ بِظَلَّامٍ لِّلْعَبِيْدِ ﴿١٠﴾

(၁၀) ထိုအရာသည် အသင်၏လက်နှစ်ဖက်က တင်ပို့ခဲ့သည့် (အသင် ကျူးလွန်ခဲ့သောအပြစ်များ)ကြောင့်ပင် ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် (အရှင်မြတ်၏)ကျွန်များကို နှိပ်စက်တော်မူသောအရှင် မဟုတ်ပေ။

وَمِنَ النَّاسِ مَنْ يَّعْبُدُ اللّٰهَ عَلٰى حَرْفٍ ۚ فَاِنْ اَصَابَهٗ خَيْرُ ۨ اطْمَاَنَّ بِهٖ ۚ وَاِنْ اَصَابَتْهُ فِتْنَةُ ۨ انْقَلَبَ عَلٰى وَجْهِهٖ ۚ۫ خَسِرَ الدُّنْيَا وَالْاٰخِرَةَ ؕ ذٰلِكَ هُوَ الْخُسْرَانُ الْمُبِيْنُ ﴿١١﴾

(၁၁) ထို့ပြင် လူများထဲတွင် အစွန်အဖျား၌(ရပ်ပြီး) အလ္လာဟ်အရှင် မြတ်အား ကိုးကွယ်သူလည်းရှိသည်။ ထို့ပြင် အကယ်၍ သူ့တွင် အကျိုးတစ်စုံ တစ်ခု သက်ရောက်ခဲ့လျှင် သူသည် ထိုအခြေအနေကို ကျေနပ်ခဲ့သည်။ ထို့ပြင် အကယ်၍ ထိုသူတွင် စမ်းသပ်မှု တစ်စုံတစ်ခု သက်ရောက်ခဲ့လျှင် သူသည် သူ၏ မျက်နှာကို လှည့်ပြီးပြန်သွားခဲ့သည်။ သူသည် ဤဘဝတွင်သာမက တမလွန်ဘဝ တွင်လည်း လက်လွတ်ဆုံးရှုံးခဲ့သည်။ ထိုအရာသည် ထင်ရှားသည့်ပျက်စီးဆုံးရှုံး မှုပင် ဖြစ်သည်။❷

❷ လောကီအကျိုးအတွက် အစ္စလာမ်ကို လက်ခံထားတဲ့သူတွေကို ဆိုလိုတယ်။ သူတို့ကိုယ်ကျိုး ရှိရင် အစ္စလာမ်ထဲမှာနေတယ်။ မရှိရင် ပြန်ထွက်သွားတယ်။ခေတ်အခေါ် သာကူးတွေလို့ခေါ်တယ်။ (အလင်းပြကျမ်း)

يَدْعُوْا مِنْ دُوْنِ اللّٰهِ مَا لَا يَضُرُّهٗ وَمَا لَا يَنْفَعُهٗ ؕ ذٰلِكَ هُوَ الضَّلٰلُ الْبَعِيْدُ ﴿١٢﴾

(၁၂) ထိုသူသည် အလ္လာဟ်အရှင်မြတ်အား စွန့်ပြီး သူ့အား ဆိုးကျိုး လည်းမပြုနိုင်သည့်အရာ၊ ကောင်းကျိုးလည်းမပြုနိုင်သည့်အရာကို ဟစ်ခေါ်နေ သည်။ ၎င်းသည် အလွန်ဝေးလံသော လမ်းမှားခြင်းပင်ဖြစ်သည်။

يَدْعُوْا لَمَنْ ضَرُّهٗۤ اَقْرَبُ مِنْ نَّفْعِهٖ ؕ لَبِئْسَ الْمَوْلٰى وَلَبِئْسَ الْعَشِيْرُ ﴿١٣﴾

(၁၃) ထိုသူသည် အကြင်အရာကို အမှန်ပင် ဟစ်ခေါ် ကိုးကွယ်နေသည်။ ထိုအရာ၏ဆိုးကျိုးသည် ကောင်းကျိုးထက် ပိုနီးနေသည်။ ထို့ပြင် (သူဟစ်ခေါ်

ကိုးကွယ်သည့်အရာများသည်) အမှန်ပင် အဘယ်မျှ ဆိုးဝါးလှသော ကြည့်ရှုစောင့်ရှောက်သူနှင့် အမှန်ပင်အဘယ်မျှ ဆိုးဝါးလှသော မိတ်ဆွေ ဖြစ်လိုက်သနည်း။

إِنَّ اللَّهَ يُدْخِلُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ ۚ إِنَّ اللَّهَ يَفْعَلُ مَا يُرِيدُ ﴿١٤﴾

(၁၄) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်၍ ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည့်သူများအား အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူမည်။ ၎င်း(ဥယျာဉ်များ)၏အောက်တွင် စမ်းရေချောင်းများ စီးဆင်းနေကြမည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ရည်ရွယ်တော်မူသောကိစ္စကို ပြုလုပ်တော်မူသည်။❷

❷ ယုံကြည်ချက်ခိုင်မာပြီး ဘာဒုက္ခပဲရောက်ရောက် အစ္စလာမ်အပေါ်မှာပဲ ကြံ့ကြံ့ခံ ရပ်တည်နေတဲ့ စစ်မှန်တဲ့ မွတ်စ်လင်မ်တွေကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

مَن كَانَ يَظُنُّ أَن لَّن يَنصُرَهُ اللَّهُ فِي الدُّنْيَا وَالْآخِرَةِ فَلْيَمْدُدْ بِسَبَبٍ إِلَى السَّمَاءِ ثُمَّ لْيَقْطَعْ فَلْيَنظُرْ هَلْ يُذْهِبَنَّ كَيْدُهُ مَا يَغِيظُ ﴿١٥﴾

(၁၅) မည်သူမဆို အလ္လာဟ်အရှင်မြတ်သည် ၎င်း(တမန်တော်မုဟမ္မဒ်)ကို ဤဘဝနှင့်တမလွန်ဘဝတွင် ကူညီမည်မဟုတ်ဟူ၍ ထင်မြင်ယူဆလျှင် ထိုသူသည် ကြိုးတစ်ချောင်းဖြင့် မိမိလည်ပင်းအားချည်ပြီး (အိမ်)ခေါင်မိုးအထိ ဆွဲငင်ဆန့်တန်းကာ (မိမိလည်မျိုကို) ညှစ်သတ်ရမည်။ (ကြိုးဆွဲချ သေလိုက်ရမည်)။ ထို့နောက် မိမိအကြံအစည်သည် မိမိဒေါသထွက်သည့်ကိစ္စကို ပျောက်သွားစေသလောဟု စဉ်းစားကြည့်ရမည်။❻

❻ နောက်ဆိုလိုရင်းတစ်ခုမှာ တမန်တော်မြတ် ﷺ ကို အရှင်မြတ်က ကူညီနေတာကို မကျေနပ်တဲ့ ကာဖိရ်တွေဟာ ကြိုးတစ်ချောင်း ဆန့်တန်းပြီး မိုးကောင်းကင်တက်သွားကာ တမန်တော်မြတ် ﷺ အပေါ်ကို လာနေတဲ့ ဝဟီကို ဖြတ်တောက်ပစ်လိုက်ပေါ့လို့ ဆိုလိုတယ်။ ဒါဟာ မဖြစ်နိုင်တဲ့အတွက် အသင်မကျေနပ်ရင် ကြိုးဆွဲချသေလိုက်ရုံပဲရှိတယ်လို့ ဆိုလိုတယ်။
(အလင်းပြကျမ်း၊ အာစာန် သဖ်ဂျူမဟ်)

وَكَذَٰلِكَ أَنزَلْنَاهُ آيَاتٍ بَيِّنَاتٍ وَأَنَّ اللَّهَ يَهْدِي مَن يُرِيدُ ﴿١٦﴾

(၁၆) ၎င်းပြင် ထိုသို့ပင် ငါရှင်မြတ်သည် ထိုကုရ်အာန်ကျမ်းတော်မြတ်အား ထင်ရှားသော သက်သေလက္ခဏာ အာယသ်တော်များအဖြစ် ချပေးတော်မူခဲ့သည်။ ထို့ပြင် အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိသည့်သူကို လမ်းမှန်ညွှန်ကြားပြသတော်မူသည်။

إِنَّ الَّذِينَ آمَنُوا وَالَّذِينَ هَادُوا وَالصَّابِئِينَ وَالنَّصَارَىٰ وَالْمَجُوسَ وَالَّذِينَ أَشْرَكُوا إِنَّ اللَّهَ
يَفْصِلُ بَيْنَهُمْ يَوْمَ الْقِيَامَةِ ۚ إِنَّ اللَّهَ عَلَىٰ كُلِّ شَيْءٍ شَهِيدٌ ﴿١٧﴾

(၁၇) အမှန်စင်စစ် အီမာန်ယုံကြည်သူများ၊ ယဟူဒီများ၊ စာဗိအီများ၊ နတ်စွဲရာနီများ၊ မဂျူစီ(မီးကိုးကွယ်သူ)များနှင့် မုရှိရိက်များ၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကိယာမသ်နေ့တွင် သူတို့၏ကြား၌ စီရင်ဆုံးဖြတ်တော်မူမည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာရာကို ရှုမြင်နေတော်မူသောအသိသက်သေပင် ဖြစ်တော်မူသည်။

أَلَمْ تَرَ أَنَّ اللَّهَ يَسْجُدُ لَهُ مَن فِي السَّمَاوَاتِ وَمَن فِي الْأَرْضِ وَالشَّمْسُ وَالْقَمَرُ وَالنُّجُومُ وَالْجِبَالُ
وَالشَّجَرُ وَالدَّوَابُّ وَكَثِيرٌ مِّنَ النَّاسِ ۖ وَكَثِيرٌ حَقَّ عَلَيْهِ الْعَذَابُ ۗ وَمَن يُهِنِ اللَّهُ فَمَا لَهُ مِن
مُّكْرِمٍ ۚ إِنَّ اللَّهَ يَفْعَلُ مَا يَشَاءُ ۩ ﴿١٨﴾

(၁၈) အမှန်စင်စစ် မိုးကောင်းကင်များတွင် ရှိသူဟူသမျှ၊ မြေပထဝီတွင် ရှိသူဟူသမျှ၊ နေ၊ လ၊ နက္ခတ်တာရာများ၊ တောင်များ၊ သစ်ပင်များ၊ တိရစ္ဆာန်များနှင့် လူအမြောက်အမြားသည် အလ္လာဟ်အရှင်မြတ်ကိုသာ စဂ်ျဒဟ်ဦးချကြသည်ကို အသင် မသိမြင်လေသလော။ ထို့ပြင်(လူများထဲမှ) အမြောက်အမြားသည် သူတို့အပေါ်တွင် ပြစ်ဒဏ်သည် အတည်ဖြစ်ခဲ့ပြီဖြစ်သည်။ ထို့ပြင် မည်သူ့ကိုမဆို အလ္လာဟ်အရှင်မြတ်က သေးသိမ်အောင်လုပ်တော်မူလျှင် ထိုသူ့အား ဂုဏ်ပေးမည့်သူ မည်သူမျှ ရှိမည်မဟုတ်တော့ပေ။ (ဂုဏ်ပေးလျှင်လည်း ဂုဏ်တက်မည်မဟုတ်တော့ပေ။) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသည်ကို ပြုလုပ်တော်မူသည်။[၁]

[၁] အဖန်ဆင်းခံတိုင်းဟာ အရှင်မြတ်ရဲ့အမိန့်တွေကို နာခံလျက်ရှိကြတယ်။ အရှင်မြတ်က လူသားကို အဖန်ဆင်းခံအားလုံးထဲမှာ အသိဉာဏ်ကိုလည်း အားလုံးထက်ပိုပေးပြီး အမြတ်ဆုံးအဖြစ်ဂုဏ်ပြုထားတော်မူတယ်။ အဲဒါကြောင့် လူသားဟာ အသိဉာဏ်ကိုသုံးပြီး အရှင်မြတ်ရဲ့အမိန့်ကိုပိုပြီး လိုက်နာသင့်တာဖြစ်တယ်။ အဲဒီလို အသိဉာဏ်မသုံးတဲ့သူတွေ၊ မလိုက်နာတဲ့သူတွေအတွက် အရှင်မြတ်က အပြစ်ဒဏ်သတ်မှတ်တော်မူထားပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

هَٰذَانِ خَصْمَانِ اخْتَصَمُوا فِي رَبِّهِمْ ۖ فَالَّذِينَ كَفَرُوا قُطِّعَتْ لَهُمْ ثِيَابٌ مِّن نَّارٍ يُصَبُّ مِن فَوْقِ
رُءُوسِهِمُ الْحَمِيمُ ﴿١٩﴾

(၁၉) ဤအုပ်စုနှစ်စုသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့်ပတ်သက်၍ အငြင်းပွားခဲ့ကြသော အုပ်စုနှစ်စုပင်ဖြစ်သည်။[၂] ထို့နောက် ငြင်းပယ်သူများအတွက် မီးအဝတ်အထည်များသည် ကိုက်ညှပ်(၍ချုပ်)

ခံရမည် ဖြစ်သည်။ သူတို့၏ဦးခေါင်းများအပေါ်မှ ဆူပွက်နေသည့် ရေနွေးကို သွန်းလောင်းခြင်းခံကြရမည်။

❷ ကမ္ဘာပေါ်မှာ အုပ်စုတွေအများကြီးလို့ ထင်ရပေမဲ့ တကယ်တော့ အုပ်စုဟာ နှစ်စုပဲဖြစ်တယ်။ အုပ်စုတစ်စုဟာ အလ္လာဟ်အရှင်မြတ်ကို လက်ခံယုံကြည်တဲ့အုပ်စုဖြစ်ပြီး ကျန်အုပ်စုတစ်စုဟာ အလ္လာဟ်အရှင်မြတ်ကို လက်မခံ၊ မယုံကြည်တဲ့အုပ်စု ဖြစ်တယ်။ အရှင်မြတ်ကို လက်ခံယုံကြည်တဲ့အုပ်စုတွေကို သုခပေးမှာဖြစ်ပြီး အရှင်မြတ်ကို လက်မခံမယုံကြည်တဲ့အုပ်စုတွေကို အပြစ်ပေးမှာ ဖြစ်တယ်။(အလင်းပြကျမ်း) الكفر ملة واحدة (မုအသ္သွာ အိမာမ်မာလိက်)

يُصْهَرُ بِهِ مَا فِي بُطُونِهِمْ وَالْجُلُودُ ۝٢٠

(၂၀) ၎င်း(ဆူပွက်နေသောရေနွေး)ကြောင့် သူတို့၏ဝမ်းဗိုက်ထဲမှအရာ (အူ၊ အသည်း၊ နှလုံး) စသည်များနှင့် အသားအရေများသည် အရည်ပျော်သွားကြလိမ့်မည်။

وَلَهُمْ مَقَامِعُ مِنْ حَدِيدٍ ۝٢١

(၂၁) ထို့ပြင် သူတို့အတွက် သံတုတ်များလည်းရှိလိမ့်မည်။

كُلَّمَا أَرَادُوا أَنْ يَخْرُجُوا مِنْهَا مِنْ غَمٍّ أُعِيدُوا فِيهَا وَذُوقُوا عَذَابَ الْحَرِيقِ ۝٢٢

(၂၂) သူတို့သည် ဒုက္ခဆင်းရဲမှုကြောင့် ထို(ငရဲဘုံ)ထဲမှ ထွက်ရန် ကြံရွယ်ကြသည့်အခါတိုင်း၊ ၎င်းထဲသို့ပင် ပြန်တွန်းပို့ခြင်းကို ခံကြရမည်ဖြစ်သည်။ ထို့ပြင် (ကောင်းကင်တမန်များက သူတို့အား ပြောဆိုကြမည်)– (ယခုမူ) အသင်တို့သည် လောင်ကျွမ်းသည့် မီး၏အပြစ်ဒဏ်ကို မြည်းစမ်းနေကြပါ။

إِنَّ اللَّهَ يُدْخِلُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ جَنَّاتٍ تَجْرِي مِنْ تَحْتِهَا الْأَنْهَارُ يُحَلَّوْنَ فِيهَا
مِنْ أَسَاوِرَ مِنْ ذَهَبٍ وَلُؤْلُؤًا ۖ وَلِبَاسُهُمْ فِيهَا حَرِيرٌ ۝٢٣

(၂၃) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်၍ ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည့်သူများအား အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူမည်။ ၎င်း(ဥယျာဉ်များ)၏အောက်မှ စမ်းရေချောင်းများ စီးဆင်းနေမည်။ ထိုသူများသည် ၎င်း(ဥယျာဉ်များ)တွင် ရွှေလက်ကောက်(လက်ပတ်)များနှင့်၊ ပုလဲများဖြင့် တန်ဆာဆင်ယင်ပေးခြင်းကို ခံကြရမည်။ ထို့ပြင် ၎င်း(ဥယျာဉ်များ)တွင် သူတို့၏အဝတ်အစားများသည် ပိုးထည်များဖြစ်မည်။

وَهُدُوا إِلَى الطَّيِّبِ مِنَ الْقَوْلِ وَهُدُوا إِلَىٰ صِرَاطِ الْحَمِيدِ ۝٢٤

(၂၄) ထို့ပြင် သူတို့သည် စင်ကြယ်သန့်ရှင်းသည့်စကား(ကလိမဟ်သွိုင်ယိဗဟ်)ဘက်သို့လည်း ညွှန်ကြားပြသခြင်း ခံခဲ့ကြရသည်။ ထို့ပြင် ချီးမွမ်းခြင်းခံထိုက်တော်မူသော အရှင်မြတ်၏လမ်းတော်ကိုလည်း ညွှန်ကြားပြသခြင်း

ခံခဲ့ကြရသည်။[၁]

[၁] ဖြောင့်မတ်မှန်ကန်တဲ့ တရားလမ်းကို ဆိုလိုတယ်။ (အိဗ်နုကဆီးရ်)

إِنَّ الَّذِينَ كَفَرُوا وَيَصُدُّونَ عَن سَبِيلِ اللَّهِ وَالْمَسْجِدِ الْحَرَامِ الَّذِي جَعَلْنَاهُ لِلنَّاسِ سَوَاءً الْعَاكِفُ فِيهِ وَالْبَادِ ۚ وَمَن يُرِدْ فِيهِ بِإِلْحَادٍ بِظُلْمٍ نُّذِقْهُ مِنْ عَذَابٍ أَلِيمٍ ﴿٢٥﴾

(၂၅) အမှန်စင်စစ် အကြင်သူတို့သည် ငြင်းပယ်ခဲ့ကြသည့်အပြင် (သူများကိုလည်း) အလ္လာဟ်အရှင်မြတ်၏လမ်းတော်နှင့် အကြင်ထွတ်မြတ်သော ဗလီဝတ်ကျောင်းတော်မှ[၂] ပိတ်ပင်တားဆီးခဲ့ကြသည်။ ငါအရှင်မြတ်သည် ၎င်း (ဗလီဝတ်ကျောင်းတော်)အား ၎င်းတွင် အမြဲနေထိုင်သူနှင့်၊ အပြင်မှ (ခေတ္တ)လာရောက်သူဟု(မခွဲခြားဘဲ) လူသားများအတွက် အညီအမျှ(အခွင့်အရေးရရှိသောနေရာ)အဖြစ် သတ်မှတ်တော်မူခဲ့သည်။[၃] ထို့ပြင် မည်သူမဆို ထိုဗလီဝတ်ကျောင်းတော်တွင် ကောက်ကွေ့သောလမ်း(သာသနာမဲ့လုပ်ရပ်)ကို မတရားမှုနှင့်တကွ ကြံရွယ်လျှင် ငါအရှင်မြတ်သည် ထိုသူ့အား နာကျင်စေသည့်ပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူမည်ဖြစ်သည်။

[၂] မတ်စ်ဂျေ့ဒ်ဟရာမ်ဆိုတာ ဟရာမ်လို့ နယ်နိမိတ်သတ်မှတ်ထားတဲ့ နေရာကို ခေါ်တယ်။ (အလင်းပြကျမ်း) [၃] ဟရာမ်နယ်နိမိတ်အတွင်းမှာ အရှင်မြတ်က မွတ်စ်လင်မ်တိုင်းကို လူ့အခွင့်အရေးအပြည့်အဝပေးထားတော်မူတယ်။ (အလင်းပြကျမ်း)

وَإِذْ بَوَّأْنَا لِإِبْرَاهِيمَ مَكَانَ الْبَيْتِ أَن لَّا تُشْرِكْ بِي شَيْئًا وَطَهِّرْ بَيْتِيَ لِلطَّائِفِينَ وَالْقَائِمِينَ وَالرُّكَّعِ السُّجُودِ ﴿٢٦﴾

(၂၆) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် (တမန်တော်)အိဗ်ရာဟီမ်အား (ထွတ်မြတ်သည့်)အိမ်တော်၏နေရာကို ညွှန်ပြနေရာချပေးတော်မူခဲ့သည်။ (ထို့ပြင် အရှင်မြတ်က ၎င်းအား အမိန့်ရှိတော်မူခဲ့သည်) အသင်သည် ငါအရှင်မြတ်နှင့် မည်သည့်အရာကိုမျှ တွဲဖက်ခြင်း မပြုလုပ်နှင့်။ ထို့ပြင် အသင်သည် ငါအရှင်မြတ်၏ အိမ်တော်အား သွဝါဖ်ပြုလုပ်သူများ၊ ကိယာမ်ရပ်သူများ၊ ရုကူအ်ကိုင်းညွတ်သူများနှင့် စဂျ်ဒဟ်ဦးချသူများအတွက် သန့်ရှင်းစင်ကြယ်အောင်ပြုလုပ်ထားပါ။[၄]

[၄] အိမ်တော်မှာ ရုပ်ပိုင်းဆိုင်ရာ သန့်ပြန့်စင်ကြယ်မှုနဲ့ နာမ်ပိုင်းဆိုင်ရာ သန့်ပြန့်စင်ကြယ်မှု နှစ်ခုစလုံးကို အထူးဂရုပြုဖို့ မိန့်ထားတာဖြစ်တယ်။ အိမ်တော်ဟာ ကိုးကွယ်ရာမဟုတ်ဘဲ ကိုးကွယ်မှုပြုလုပ်ရမဲ့နေရာသာဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်ကို တွဲဖက်ခြင်းမရှိဘဲ ကိုးကွယ်ကြဖို့ မိန့်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَأَذِّن فِي النَّاسِ بِالْحَجِّ يَأْتُوكَ رِجَالًا وَعَلَىٰ كُلِّ ضَامِرٍ يَأْتِينَ مِن كُلِّ فَجٍّ عَمِيقٍ ﴿٢٧﴾

(၂၇) ထို့ပြင် အသင်သည် လူများအား (ထိုအိမ်တော်သို့ လာရောက်ဖူးမြော်)ဟာဂျ်ပြုလုပ်ကြရန် ကြေညာ(ဖိတ်ခေါ်)လိုက်ပါ။ (ထိုအခါ)လူများသည် အလွန်ဝေးလံသော လမ်းခရီးတိုင်းမှ ခြေလျင်နှင့် ပိန်လှီသည့်ကုလားအုတ်များကို စီးနင်းပြီး အသင့်ထံသို့ လာရောက်ကြလိမ့်မည်။❺

❺ အရှင်မြတ်ရဲ့အိမ်တော်ဆောက်လုပ်ပြီးတဲ့အခါမှာ လူတွေကို ဟာဂျ်ပြုလုပ်ကြဖို့ ဖိတ်ခေါ် ခိုင်းတော်မူပြီး အရှင်မြတ်ကပဲ ဟာဂျ်လုပ်မဲ့သူတွေထံကို အသံရောက်အောင် ပို့ပေးတော်မူခဲ့တယ်။ ဝိညာဉ်လောကမှာ လဗ်ဗိုင်းက်လို့ ထူးခဲ့တဲ့သူတွေဟာ ဟာဂျ်ပြုလုပ်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

لِّيَشْهَدُوْا مَنَافِعَ لَهُمْ وَيَذْكُرُوا اسْمَ اللّٰهِ فِيْٓ اَيَّامٍ مَّعْلُوْمٰتٍ عَلٰى مَا رَزَقَهُمْ مِّنْۢ بَهِيْمَةِ الْاَنْعَامِ ۚ فَكُلُوْا مِنْهَا وَاَطْعِمُوا الْبَآئِسَ الْفَقِيْرَ ﴿٢٨﴾

(၂၈) သူတို့အတွက် အကျိုးကျေးဇူးဖြစ်ထွန်းမည့်နေရာများကို ကြည့်ရှု(ရှာဖွေ)ကြရန်အတွက်၊❻ ထို့ပြင် အရှင်မြတ်က သူတို့အား ပေးထားသော ခြေလေးချောင်းတိရစ္ဆာန်များအပေါ်❼ သတ်မှတ်ထားသည့်နေ့ရက်များတွင်❽ အလ္လာဟ်အရှင်မြတ်၏နာမတော်ကို တသ(၍ ဇဗဟ်ပြုလုပ်)ကြရန်အတွက်ဖြစ်သည်။ ထို့နောက် ထိုတိရစ္ဆာန်များထဲမှ အသင်တို့ကိုယ်တိုင်လည်း စားသုံးကြပါ၊ ထို့ပြင် ဆင်းရဲသား ဒုက္ခရောက်သူများကိုလည်း ကျွေးမွေးကြပါ။❾

❻ ဒီဘဝရဲ့အကျိုးတွေဖြစ်တဲ့ စားနပ်ရိက္ခာ စတဲ့အကျိုးတွေကို ကြည့်ရှုရှာဖွေဖို့နဲ့ တမလွန်ဘဝရဲ့အကျိုးတွေဖြစ်တဲ့ ဗွလာသ် ၊ သွဝါးဖ် စတာတွေရဲ့အကျိုးတွေကို ကြည့်ရှုရှာဖွေဖို့ ဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန် တွဲ-၆၊ စာ ၂၅၅-၂၅၇- မုဖ်သီရှဖီးအ်) ❼ ကုရ်ဗာနီပြုလုပ်ဖို့ ကုလားအုတ်၊ နွား၊ သိုး၊ ဆိတ်တွေကို ဆိုလိုတယ်(အလင်းပြကျမ်း)။ ❽ (ဟနဖီမဇ်ဟဗ်အရ)ဖွလ်ဟဂျ်လ (၁၀၊ ၁၁၊ ၁၂)ရက်ကို ဆိုလိုတယ်။(အလင်းပြကျမ်း) ❾ ကုရ်ဗာနီအသားကို ကိုယ်ကိုယ်တိုင်လည်း စားပိုင်ပြီး မိတ်ဆွေတွေ၊ ဆင်းရဲသားတွေကိုလည်း ခွဲဝေပေးဖို့ ညွှန်ကြားထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

ثُمَّ لْيَقْضُوْا تَفَثَهُمْ وَلْيُوْفُوْا نُذُوْرَهُمْ وَلْيَطَّوَّفُوْا بِالْبَيْتِ الْعَتِيْقِ ﴿٢٩﴾

(၂၉) ထို့နောက် သူတို့သည် သူတို့၏အညစ်အကြေးများကို (သုတ်သင်)ဖယ်ရှားကြရမည်။❿ ထို့ပြင် သူတို့၏အဓိဋ္ဌာန်(တာဝန်)များကို ပြီးဆုံးအောင် ဆောင်ရွက်ကြရမည်။ ထို့ပြင် ရှေးဟောင်းအိမ်တော်⓫(ကအ်ဗဟ်ကျောင်းတော်)အား သွဝါးဖ်လှည့်ကြရမည် ဖြစ်သည်။

❿ ဖွလ်ဟဂျ်လ၁၀ရက်မှာ ကုရ်ဗာနီပြုလုပ်ပြီးတဲ့အခါ ဆံသတာတွေ၊ လက်သည်းခြေသည်းလှီးဖြတ်တာတွေ ပြုလုပ်ခွင့်ပေးလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း) ⓫ အဲဒီနောက် ၎င်း ၁၀ရက်နေ့မှာ သွဝါးဖေ့ဇိယာရတ်ပြုလုပ်ခြင်းဟာ စွန္နသ်တော်ဖြစ်တယ်။ (အလင်းပြကျမ်း)

ذٰلِكَ ۗ وَمَنْ يُّعَظِّمْ حُرُمٰتِ اللّٰهِ فَهُوَ خَيْرٌ لَّهٗ عِنْدَ رَبِّهٖ ۗ وَاُحِلَّتْ لَكُمُ الْاَنْعَامُ اِلَّا مَا يُتْلٰى

عَلَيْكُمْ فَاجْتَنِبُوا الرِّجْسَ مِنَ الْأَوْثَانِ وَاجْتَنِبُوا قَوْلَ الزُّورِ ﴿٣٠﴾

(၃၀) ထိုအချက်များအား(သတိထားကြပါ)၊ ထို့ပြင် မည်သူမဆို အလ္လာဟ် အရှင်မြတ်၏ လေးစားရမည့် အမိန့်ပညတ်တော်များကို ⓬ လေးစားလျှင် ထိုသူ့ အတွက် သူ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် အကောင်း ဆုံးပင်ဖြစ်သည်။ ထို့ပြင် အသင်တို့အပေါ်တွင် ဖတ်ကြားပြသပြီးသော တိရစ္ဆာန် များမှလွဲ၍ ⓭ ကျန်ခြေလေးချောင်းတိရစ္ဆာန်များကို အသင်တို့အတွက် ဟလာလ် ခွင့်ပြုပြီးဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် အညစ်အကြေးဖြစ်သော ရုပ်တု များ(ကို တုဖက်ကိုးကွယ်ခြင်း)မှ ရှောင်ကြဉ်ကြပါ။ ထို့ပြင် အသင်တို့သည် မုသားလိမ်လည်ပြောဆိုခြင်းမှလည်း ရှောင်ကြဉ်ကြပါ။ ⓮

⓬ အရှင်မြတ်ရဲ့အမိန့်တော်အားလုံးကို လေးစားရမှာကို ဆိုလိုတယ်။ (အလင်းပြကျမ်း)
⓭ ကုရ်အာန်ထဲမှာ စားခွင့်မပြုထားတဲ့ တိရစ္ဆာန်တွေကို ဖော်ပြပြီးဖြစ်တယ်။ (အလင်းပြကျမ်း)
⓮ ရုပ်တုနဲ့ မုသားကိုတွဲပြီး ရှောင်ကြဉ်ခိုင်းထားတာဟာ မုသားရဲ့ဆိုးဝါးမှု ဘယ်လောက်ကြီးမား လဲဆိုရင် ရုပ်တုကိုးကွယ်မှုအနားကိုတောင် ကပ်နေလောက်အောင် ကြီးမားတဲ့အတွက် အထူး ရှောင်ကြဉ်ခိုင်းထားတာဖြစ်တယ်။ (အလ်ကဖာအိရ်၊ အိဗ်နုကဆီးရ်)

حُنَفَآءَ لِلّٰهِ غَيْرَ مُشْرِكِيْنَ بِهٖ ۚ وَمَنْ يُّشْرِكْ بِاللّٰهِ فَكَاَنَّمَا خَرَّ مِنَ السَّمَآءِ فَتَخْطَفُهُ الطَّيْرُ اَوْ تَهْوِيْ بِهِ الرِّيْحُ فِيْ مَكَانٍ سَحِيْقٍ ﴿٣١﴾

(၃၁) အလ္လာဟ်အရှင်မြတ်ဘက်သို့ တစ်စိတ်တစ်လက်တည်း လှည့် ကြလျက် အရှင်မြတ်နှင့် မည်သည့်အရာကိုမျှ တွဲဖက်ကိုးကွယ်သူများမဖြစ်ကြ ဘဲ(ရှိရမည်)။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်လျှင် ထိုသူသည် မိုးကောင်းကင်မှ ကျလာသကဲ့သို့ဖြစ်ပြီး သူ့အား (အသေသားစား သည့်)ငှက်များက သုတ်ယူလိုက်မည် ဖြစ်သည်။ သို့မဟုတ် လေက သူ့အား ဝေးလံသည့်နေရာတွင် ပစ်ချလိုက်မည်ပင် ဖြစ်သည်။

ذٰلِكَ ۗ وَمَنْ يُّعَظِّمْ شَعَآئِرَ اللّٰهِ فَاِنَّهَا مِنْ تَقْوَى الْقُلُوْبِ ﴿٣٢﴾

(၃၂) ၎င်းသည်(အမိန့်တော်ပင်ဖြစ်သည်)၊ ထို့ပြင် မည်သူမဆို အလ္လာဟ် အရှင်မြတ်၏အထိမ်းအမှတ်များကို ⓵ လေးစားလျှင် အမှန်စင်စစ် ထိုလေးစားမှု သည် စိတ်နှလုံးများက လေးစားလိုက်နာမှုပင် ဖြစ်သည်။

⓵ အရှင်မြတ်ရဲ့အထိမ်းအမှတ်တွေဆိုတာ ဒီနေရာမှာ ကုရ်ဗာနီသားကောင်ကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

لَكُمْ فِيْهَا مَنَافِعُ اِلٰٓى اَجَلٍ مُّسَمًّى ثُمَّ مَحِلُّهَآ اِلَى الْبَيْتِ الْعَتِيْقِ ﴿٣٣﴾

(၃၃) အသင်တို့အတွက် သတ်မှတ်ထားသော အချိန်အထိ ထိုအထိမ်း

အမှတ်(သားကောင်များ)ကို အကျိုးခံစားခွင့်ရှိသည်။ ထို့နောက် ထိုသားကောင်များ(ကို လှီးဖြတ်ရာ)နေရာသည် ရှေးဟောင်းအိမ်တော်(ကအ်ဗဟ်ကျောင်းတော်)၏အနီး၌ပင် ဖြစ်သည်။❶

❶ သားကောင်တွေကို ကုရ်ဗာနီသားကောင်အဖြစ် မသတ်မှတ်ခင်မှာ စီးနင်းမှု၊ နို့စားမှုစတဲ့အကျိုးခံစားမှုတွေပြုနိုင်တယ်။ ကုရ်ဗာနီသားကောင်အဖြစ် သတ်မှတ်လိုက်တာနဲ့ အဲဒါတွေကို အကျိုးခံစားခွင့်မရှိတော့ဘဲ ဟရာမ်နယ်နိမိတ်အတွင်း ယူဆောင်သွားပြီး သတ်မှတ်ထားတဲ့ရက်မှာ ကုရ်ဗာနီပြုလုပ်ရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَلِكُلِّ أُمَّةٍ جَعَلْنَا مَنسَكًا لِّيَذْكُرُوا اسْمَ اللَّهِ عَلَىٰ مَا رَزَقَهُم مِّن بَهِيمَةِ الْأَنْعَامِ ۗ فَإِلَٰهُكُمْ إِلَٰهٌ وَاحِدٌ فَلَهُ أَسْلِمُوا ۗ وَبَشِّرِ الْمُخْبِتِينَ ﴿٣٤﴾

(၃၄) ထို့ပြင် ငါအရှင်မြတ်သည် သာသနာဝင်အုပ်စုတိုင်းအတွက် အရှင်မြတ်က သူတို့အား ပေးတော်မူခဲ့သည့် ခြေလေးချောင်းတိရစ္ဆာန်များအပေါ်တွင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏နာမတော်ကို တသကြရန်အတွက် ကုရ်ဗာနီပြုလုပ်ရာနေရာကို သတ်မှတ်တော်မူခဲ့သည်။❷ ထို့ပြင် အသင်တို့၏ ကိုးကွယ်ထိုက်သောအရှင်သည် တစ်ပါးတည်းဖြစ်သော ကိုးကွယ်ထိုက်သည့် အရှင်မြတ်ပင် ဖြစ်တော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုအရှင်မြတ်၏ အမိန့်တော်ကိုပင် လိုက်နာကြပါ။ ထို့ပြင် အသင်သည် ကျိုးနွံသည့်သူများကို ဝမ်းသာဖွယ်ရာ သတင်းကောင်းပြောလိုက်ပါ။

❷ အတိတ်ခေတ်က ကောင်းကင်ကျမ်းတွေမှာလည်း အုပ်စုတိုင်းအတွက် ကုရ်ဗာနီပြုလုပ်ဖို့ သတ်မှတ်ပေးထားတော်မူခဲ့တယ်။ အစ္စရာအီလ်မျိုးနွယ်တွေအတွက်ကတော့ ကုရ်ဗာနီဟာ အစ္စလာမ်ရဲ့မင်္ဂလာတစ်ခုတောင် ဖြစ်ခဲ့တယ်။ (အလင်းပြကျမ်း)

الَّذِينَ إِذَا ذُكِرَ اللَّهُ وَجِلَتْ قُلُوبُهُمْ وَالصَّابِرِينَ عَلَىٰ مَا أَصَابَهُمْ وَالْمُقِيمِي الصَّلَاةِ وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ ﴿٣٥﴾

(၃၅) ထို(ကျိုးနွံသည့်)သူများသည် (သူတို့၏ရှေ့၌) အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ ပြောဆိုခြင်းခံခဲ့ရလျှင် သူတို့၏စိတ်နှလုံးများသည် ထိတ်လန့်တုန်လှုပ်သွားကြသည်။ ထို့ပြင် (အသင်သည်) သူတို့အပေါ်တွင် ကျရောက်သမျှဒုက္ခကို သည်းခံသူများနှင့် စွလာသ်စွဲမြဲစွာ တည်ဆောက်သူများအပြင် ငါအရှင်မြတ်က သူတို့အားပေးထားသော ပစ္စည်းများထဲမှ လှူဒါန်းသုံးစွဲသူများအား (သတင်းကောင်းပြောလိုက်ပါ)။

وَالْبُدْنَ جَعَلْنَاهَا لَكُم مِّن شَعَائِرِ اللَّهِ لَكُمْ فِيهَا خَيْرٌ ۖ فَاذْكُرُوا اسْمَ اللَّهِ عَلَيْهَا

صَوَآفَّ ۚ فَاِذَا وَجَبَتۡ جُنُوۡبُهَا فَكُلُوۡا مِنۡهَا وَ اَطۡعِمُوا الۡقَانِعَ وَ الۡمُعۡتَرَّ ؕ كَذٰلِكَ سَخَّرۡنٰهَا لَـكُمۡ لَعَلَّـكُمۡ تَشۡكُرُوۡنَ ﴿۳۶﴾

(၃၆) ထို့ပြင် ငါအရှင်မြတ်သည် ကုရ်ဗာနီကုလားအုတ်များကို အသင်တို့အတွက် အလ္လာဟ်အရှင်မြတ်၏အထိမ်းအမှတ်များထဲမှ အထိမ်းအမှတ်တစ်ခု ပြုလုပ်တော်မူခဲ့သည်။ အသင်တို့အတွက် ၎င်း(ကုရ်ဗာနီကုလားအုတ်များ)တွင် ကောင်းကျိုးရှိသည်။ သို့ဖြစ်ရာ အသင်တို့သည် ၎င်း(ကုရ်ဗာနီကုလားအုတ်များ) ကို စီတန်းရပ်စေကြလျက် အလ္လာဟ်အရှင်မြတ်၏နာမတော်ကို တသပြီး(ကုရ်ဗာနီ) ပြုလုပ်ကြပါ။❻ ထို့နောက် ၎င်း(ကုလားအုတ်များ)သည် ဘေးစောင်းလဲကျသွားသည့်အခါ အသင်တို့သည် ၎င်းထဲမှ အသင်တို့ကိုယ်တိုင်လည်း စားကြပါ။ ထို့ပြင် (သိက္ခာစောင့်ပြီး) ရောင့်ရဲတင်းတိမ်သူများကိုသာမက (သိက္ခာမစောင့်ဘဲ ဖွင့်ဟ) တောင်းခံသူများကိုလည်း ကျွေးမွေးကြပါ။ ထိုသို့ပင် ငါအရှင်မြတ်သည် အသင်တို့ ကျေးဇူးသိတတ်ကြရန်အတွက် ၎င်း(ကုရ်ဗာနီကုလားအုတ်များ)ကို အသင်တို့၏လက်အောက်ခံ ဖြစ်စေတော်မူခဲ့သည်။

❻ အလ္လာဟ်အရှင်မြတ်ရဲ့ နာမတော်ကို တသပြီး ကုရ်ဗာနီပြုလုပ်ကြဖို့ အမိန့်ပေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

لَنۡ يَّنَالَ اللّٰهَ لُحُوۡمُهَا وَلَا دِمَآؤُهَا وَلٰـكِنۡ يَّنَالُهُ التَّقۡوٰى مِنۡكُمۡ ؕ كَذٰلِكَ سَخَّرَهَا لَـكُمۡ لِتُكَبِّرُوا اللّٰهَ عَلٰى مَا هَدٰٮكُمۡ ؕ وَبَشِّرِ الۡمُحۡسِنِيۡنَ ﴿۳۷﴾

(၃၇) အလ္လာဟ်အရှင်မြတ်ထံတော်သို့ ထိုသားကောင်များ၏အသားများနှင့် သွေးများသည် လုံးဝရောက်သည်မဟုတ်ပေ။ သို့ရာတွင် အသင်တို့၏ သက္ကဝါကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်မှုစေတနာသာ အရှင်မြတ်ထံတော်သို့ ရောက်သည်။❼ ထိုသို့ပင် အသင်တို့သည် အသင်တို့အား လမ်းမှန်ညွှန်ကြားပြသတော်မူသည့်အပေါ် အလ္လာဟ်အရှင်မြတ် ကြီးကျယ်မြင့်မြတ်တော်မူကြောင်း ရွတ်ဆိုချီးကျူးကြရန်အတွက် အရှင်မြတ်သည် ၎င်း(သားကောင်များ) ကို အသင်တို့၏လက်အောက်ခံများအဖြစ် ပြုလုပ်ထားတော်မူသည်။ ထို့ပြင် အသင်(တမန်တော်)သည် (စေတနာဖြူစင်စွာဖြင့်) ကောင်းကျိုးပြုလုပ်သည့်သူများကို သတင်းကောင်းပြောလိုက်ပါ။

❼ ကုရ်ဗာနီရဲ့အနှစ်သာရကို ဖော်ပြထားတာဖြစ်တယ်။ အရှင်မြတ်ထံတော်ကို ရောက်မဲ့အရာဟာ သွေးတွေ၊ အသားတွေမဟုတ်ဘဲ သက္ကဝါပဲရောက်မှာ ဖြစ်တယ်။ အဲဒီသက္ကဝါကိုပဲ အရှင်မြတ်က လက်ခံတော်မူမှာဖြစ်တယ်။ ဒီနေရာမှာ သက္ကဝါဆိုတာ ဘာလဲ။ အရှင်မြတ် နှစ်သက်မှုတစ်ခု

တည်းကို ရည်ရွယ်ပြီး ကိုယ်ချစ်ခင်နှစ်သက်တဲ့ ပစ္စည်းဥစ္စာကို အသုံးပြုကာ အရှင့်အမိန့်ကို နာခံလျက် အရှင့်အိမ်တော်ကိုသွားပြီး အရှင့်နာမတော်ကို တသကာ ကိုယ့်ရဲ့စေတနာအရင်းခံပြီး သားကောင်ကို စတေးလိုက်တာဖြစ်တယ်။ အဲဒီလိုပုံစံမျိုးနဲ့ ကိုယ်ကိုယ်တိုင်လည်း အရှင်မြတ်ရဲ့လမ်းမှာ အသက်စတေးဖို့ အသင့်ရှိကြပါတယ်လို့ အရှင်မြတ်ရှေ့မှောက်မှာ သက်သေပြတဲ့ သဘောလည်း ဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ اللَّهَ يُدَٰفِعُ عَنِ الَّذِينَ ءَامَنُوٓا۟ ۗ إِنَّ اللَّهَ لَا يُحِبُّ كُلَّ خَوَّانٍ كَفُورٍ ﴿٣٨﴾

(၃၈) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်သူများဘက်မှ(အန္တရာယ်များကို) တွန်းလှန်ကာကွယ်ပေးတော်မူမည်ဖြစ်သည်။❶ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သစ္စာမဲ့သူ၊ ငြင်းပယ်သူတိုင်းကို နှစ်သက်တော်မမူပေ။

❶ မကြာခင် ကာဖိရ်တွေရဲ့ဘေးရန်ကနေ ကာကွယ်ပေးမှာဖြစ်ကြောင်း အရှင်မြတ်ရဲ့အိမ်တော်ကို ဘေးရန်ကင်းရှင်းစွာနဲ့ပဲ သွားရောက်နိုင်မှာဖြစ်ကြောင်း အရှင်မြတ်က ကတိပြုတော်မူတဲ့အတိုင်း နှစ်၁၄၀၀ကျော်ရှိခဲ့ပြီ၊ ဘေးရန်မရှိဘဲ မွတ်စ်လင်မ်တွေဟာ ဟဂ်ျပြုလုပ်နိုင်ခဲ့ကြတယ်။ ကမ္ဘာပျက်မဲ့နေ့ထိ ဒီလိုပဲ ဘေးရန်ကင်းငြိမ်းနေမှာဖြစ်တယ်။ (အလင်းပြကျမ်း)

أُذِنَ لِلَّذِينَ يُقَٰتَلُونَ بِأَنَّهُمْ ظُلِمُوا۟ ۚ وَإِنَّ اللَّهَ عَلَىٰ نَصْرِهِمْ لَقَدِيرٌ ﴿٣٩﴾

(၃၉) (ယခုမူ) တိုက်ခိုက်မှုခံနေကြရသည့်သူ (မွတ်စ်လင်မ်)များသည် (ခုခံတိုက်ခိုက်)ခွင့် ရရှိပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် နှိပ်စက်မှုကို ခံခဲ့ကြရသည်။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သူတို့အား အကူအညီပေးမှုအပေါ် အမှန်ပင် တတ်စွမ်းနိုင်တော်မူသောအရှင်ပင် ဖြစ်တော်မူသည်။

الَّذِينَ أُخْرِجُوا۟ مِن دِيَٰرِهِم بِغَيْرِ حَقٍّ إِلَّآ أَن يَقُولُوا۟ رَبُّنَا اللَّهُ ۗ وَلَوْلَا دَفْعُ اللَّهِ النَّاسَ بَعْضَهُم بِبَعْضٍ لَّهُدِّمَتْ صَوَٰمِعُ وَبِيَعٌ وَصَلَوَٰتٌ وَمَسَٰجِدُ يُذْكَرُ فِيهَا اسْمُ اللَّهِ كَثِيرًا ۗ وَلَيَنصُرَنَّ اللَّهُ مَن يَنصُرُهُۥٓ ۗ إِنَّ اللَّهَ لَقَوِىٌّ عَزِيزٌ ﴿٤٠﴾

(၄၀) ထိုသူများသည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလ္လာဟ်အရှင်မြတ်ပင် ဖြစ်သည်ဟု ပြောဆိုသည်မှလွဲ၍ (အခြားမည်သည့်အကြောင်းမှမရှိဘဲ) သူတို့၏နေအိမ်များမှ မတရားနှင်ထုတ်ခြင်းကို ခံခဲ့ကြရသည်။ ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် လူများအား တစ်ဦးကို တစ်ဦးနှင့် ခုခံကာကွယ်တော်မူခြင်းမရှိခဲ့လျှင်၊ နတ်စွဲရာနီဘုန်းကြီးကျောင်းများ၊ နတ်စွဲရာနီဝတ်ကျောင်းတော်များ၊ ယဟူဒီဝတ်ကျောင်းတော်များနှင့် အလ္လာဟ်အရှင်မြတ်၏နာမတော်ကို များစွာ ရွတ်ဆိုနေကြသော မွတ်စ်လင်မ်များ၏ ဗလီ

ဝတ်ကျောင်းတော်များသည် ဖြိုဖျက်ခြင်းခံကြရမည် အမှန်ပင်ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အား ကူညီသည့်သူကို အမှန်ပင်ကူညီတော်မူမည်ဖြစ်သည်။ အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် မုချအလွန်အင်အားကြီးတော်မူသောအရှင်၊ တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသော အရှင် ဖြစ်တော်မူသည်။❷

❷ မွတ်စ်လင်မ်တွေဟာ အရှင်မြတ်တစ်ပါးတည်းကို ကိုးကွယ်တာတစ်ခုကြောင့် နှိပ်စက်မှုအမျိုးမျိုးခံခဲ့ရတာဟာ လွန်သွားပြီဖြစ်တဲ့အတွက် အရှင်မြတ်က ပထမဆုံးအကြိမ် ပြန်လှန်ခုခံတိုက်ခိုက်ဖို့ ခွင့်ပြုလိုက်တာဖြစ်တယ်။ အဲဒီလို ခွင့်ပြုချက်သာမရှိဘဲ အမြဲတမ်းနှိပ်စက်ခံနေရမယ်ဆိုရင် ကောင်းတဲ့သူတွေပျောက်သွားကာ မကောင်းတဲ့သူတွေချည်းပဲ ကမ္ဘာမှာ စိုးမိုးချယ်လှယ်နေတော့မှာဖြစ်ပြီး ပျက်စီးမှုတွေချည်း ဖြစ်နေတော့မှာဖြစ်တဲ့အတွက် အရှင်မြတ်က လူတစ်စုကို လူတစ်စုနဲ့ ပြန်ပြီး ခုခံကာကွယ်ပေးခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

ٱلَّذِينَ إِن مَّكَّنَّٰهُمْ فِى ٱلْأَرْضِ أَقَامُوا۟ ٱلصَّلَوٰةَ وَءَاتَوُا۟ ٱلزَّكَوٰةَ وَأَمَرُوا۟ بِٱلْمَعْرُوفِ وَنَهَوْا۟ عَنِ ٱلْمُنكَرِ ۗ وَلِلَّهِ عَٰقِبَةُ ٱلْأُمُورِ ﴿٤١﴾

(၄၁) အကြင်သူများသည် အကယ်၍ ငါအရှင်မြတ်သည် ထိုသူများအား ကမ္ဘာတွင် လွှမ်းမိုးအုပ်ချုပ်မှု ပေးတော်မူခဲ့လျှင် သူတို့သည် စွလာသ်ဝတ်ပြုမှုကို ဆောက်တည်ကြမည်။ ထို့ပြင် ဇကာသ်ကိုလည်း ပေးဆောင်ကြမည်။ ထို့ပြင် ကောင်းမြတ်သည့်ကိစ္စများကိုလည်း အမိန့်ပေးကြမည်။ ထို့ပြင် မကောင်းမှုများမှလည်း တားမြစ်ကြမည်။ ထို့ပြင် အရေးကိစ္စဟူသမျှ၏ နောက်ဆုံးရလဒ်သည် အလ္လာဟ်အရှင်မြတ်ပင် စိုးပိုင်တော်မူသည်။❸

❸ တကယ်မှန်ကန်တဲ့ မွတ်စ်လင်မ်တွေကို အရှင်မြတ်က အုပ်ချုပ်မှုအာဏာကို ပေးတော်မူလိုက်ရင် အဲဒီသူတွေဟာ အာဏာရူးနေမှာမဟုတ်ဘဲ အရှင်မြတ်ရဲ့အမိန့်တော်တွေကို သူတို့ကိုယ်တိုင်လည်း နာခံပြီး တိုင်းသူပြည်သားတွေလည်း နာခံဖို့အတွက်ပဲ ကြိုးစားကြမှာဖြစ်တဲ့ အကြောင်းကို အရှင်မြတ်က မိန့်တော်မူပြီး "အုပ်ချုပ်တဲ့သူတွေဟာ ဒီလိုပြုမူပြီး အုပ်ချုပ်ရတယ်" ဆိုတဲ့ အစ္စလာမ်သာသနာရဲ့မူဝါဒကို ချပြလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِن يُكَذِّبُوكَ فَقَدْ كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَعَادٌ وَثَمُودُ ﴿٤٢﴾

(၄၂) ထို့ပြင် အကယ်၍ သူတို့သည် အသင့်အား မဟုတ်မမှန်ဟု ငြင်းပယ်ကြလျှင်၊ အမှန်စင်စစ် သူတို့မတိုင်မီ (တမန်တော်)နူးဟ်၏အမျိုးသားများ၊ အာဒ်(၏အမျိုးသားများ)နှင့် ဆမူဒ်(၏အမျိုးသားများ)သည်လည်း မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြပြီး ဖြစ်သည်။

وَقَوْمُ إِبْرَٰهِيمَ وَقَوْمُ لُوطٍ ﴿٤٣﴾

(၄၃) ထို့ပြင် (တမန်တော်)အိဗ်ရာဟီမ်၏အမျိုးသားများနှင့် (တမန်တော်)လူသွ်၏အမျိုးသားများ၊

وَّاَصۡحٰبُ مَدۡيَنَ ۚ وَكُذِّبَ مُوۡسٰى فَاَمۡلَيۡتُ لِلۡكٰفِرِيۡنَ ثُمَّ اَخَذۡتُهُمۡ ۚ فَكَيۡفَ كَانَ نَكِيۡرِ ﴿۴۴﴾

(၄၄) ထို့ပြင် မဒ်ယန်မြို့သားများသည်လည်း (ငြင်းပယ်ခဲ့ကြသည်)။ ထို့ပြင် (တမန်တော်)မူစာသည်လည်း မဟုတ်မမှန်ဟု ငြင်းပယ်ခံခဲ့ရသည်။ ထို့နောက် ငါအရှင်မြတ်သည် ငြင်းပယ်သူများအား (ပြစ်ဒဏ်ခတ်ခြင်းမှ ခေတ္တ)ဆိုင်းငံ့ထားတော်မူခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် သူတို့အား ဖမ်းဆီးအရေးယူတော်မူခဲ့သည်။ သို့ဖြစ်ရာ ငါအရှင်မြတ်၏အပြစ်ဒဏ်သည် မည်သို့ရှိခဲ့သနည်း။

فَكَاَيِّنۡ مِّنۡ قَرۡيَةٍ اَهۡلَكۡنٰهَا وَهِىَ ظَالِمَةٌ فَهِىَ خَاوِيَةٌ عَلٰى عُرُوۡشِهَا وَبِئۡرٍ مُّعَطَّلَةٍ وَّقَصۡرٍ مَّشِيۡدٍ ﴿۴۵﴾

(၄၅) ထို့နောက် မြို့ရွာအမြောက်အမြားအား ထိုမြို့ရွာသားများသည် မတရားကျူးလွန်(သူများဖြစ်)နေလျက် ငါအရှင်မြတ်သည် ဖျက်ဆီးပစ်တော်မူခဲ့သည်။ သို့ဖြစ်ရာ ထိုမြို့ရွာများ(တွင်ရှိသည့်အဆောက်အအုံများသည် ပြိုကျ၍ နံရံများ)သည် ထိုအဆောက်အအုံများ၏ ခေါင်မိုးများပေါ်သို့ ပြိုကျလျက်ရှိနေခဲ့သည်။ ထို့ပြင် ပျက်စီးနေသော ရေတွင်းများစွာနှင့် မြင့်မားသော အဆောက်အအုံများသည် (ယခုထိ)ကျန်ရှိနေသေးသည်။

اَفَلَمۡ يَسِيۡرُوۡا فِى الۡاَرۡضِ فَتَكُوۡنَ لَهُمۡ قُلُوۡبٌ يَّعۡقِلُوۡنَ بِهَاۤ اَوۡ اٰذَانٌ يَّسۡمَعُوۡنَ بِهَا ۚ فَاِنَّهَا لَا تَعۡمَى الۡاَبۡصَارُ وَلٰـكِنۡ تَعۡمَى الۡقُلُوۡبُ الَّتِىۡ فِى الصُّدُوۡرِ ﴿۴۶﴾

(၄၆) သို့ပါလျက် သူတို့သည် မြေပထဝီတွင် လှည့်လည်သွားလာမှုကို မပြုခဲ့ကြသလော။ ထိုသို့ပြုခဲ့ကြလျှင် သူတို့တွင် နားလည်နိုင်သော စိတ်နှလုံးများ၊ ကြားနိုင်သည့်နားများ ရှိလာကြလိမ့်မည်။ ထို့ပြင် အမှန်စင်စစ် မျက်စိများသည် ကန်းသွားကြသည်မဟုတ်ပေ။ သို့ရာတွင် ရင်များထဲတွင်ရှိသော စိတ်နှလုံးများပင် ကန်းသွားကြခြင်းဖြစ်သည်။❻

❻ စိတ်နှလုံးတွေကန်းနေကြတဲ့အတွက် အတိတ်ကဖြစ်ရပ်တွေအပေါ်မှာ တရားသံဝေဂ သင်ခန်းစာမယူကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَسۡتَعۡجِلُوۡنَكَ بِالۡعَذَابِ وَلَنۡ يُّخۡلِفَ اللّٰهُ وَعۡدَهٗ ؕ وَاِنَّ يَوۡمًا عِنۡدَ رَبِّكَ كَاَلۡفِ سَنَةٍ مِّمَّا تَعُدُّوۡنَ ﴿۴۷﴾

(၄၇) ထို့ပြင် သူတို့သည် အသင်(တမန်တော်၏)ထံတွင် ပြစ်ဒဏ်ကို

ဆောလျှင်စွာ တောင်းဆိုကြသည်။❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ကတိကို လုံးဝဖျက်တော်မူမည်မဟုတ်ပေ။ ထို့ပြင် အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် နေ့တစ်နေ့သည် အသင်တို့ ရေတွက်ကြသော နှစ်ပေါင်း တစ်ထောင်ကဲ့သို့ဖြစ်သည်။

❶ အရှင်မြတ်က မိုက်မဲတဲ့လူသားတွေအပေါ်မှာတောင် သနားကြင်နာမှုရှိတဲ့အတွက် နောင်တတရားရအောင် အချိန်ပေးပြီး စောင့်ပေးနေတာ ဖြစ်တယ်။ ဒါပေမဲ့ သူတို့ကတော့ အဲဒီကြင်နာသနားမှုကိုတောင် မလိုချင်ဘူး၊ အပြစ်ဒဏ်ပဲလိုချင်တယ်ဆိုပြီး အမြန်တောင်းဆိုနေကြတာဖြစ်တယ်။ အရှင်မြတ်က သူတို့မိုက်တိုင်း မိုက်ခွင့်ပေးတဲ့အရှင်မဟုတ်ဘူး။ သတ်မှတ်ထားတဲ့အချိန်ကျမှပဲ နောင်တမရတဲ့သူတွေကို ပြစ်ဒဏ်ခတ်မှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَكَاَيِّنْ مِّنْ قَرْيَةٍ اَمْلَيْتُ لَهَا وَهِيَ ظَالِمَةٌ ثُمَّ اَخَذْتُهَا ۚ وَاِلَيَّ الْمَصِيْرُ ﴿٤٨﴾

(၄၈) ထို့ပြင် မြို့ရွာ အမြောက်အမြားရှိသည်။ ငါအရှင်မြတ်သည် ၎င်း(မြို့ရွာသား)တို့အား (သူတို့သည်) အပြစ်ကျူးလွန်(သူများ ဖြစ်)နေ(ကြ)ပါလျက် (ပြစ်ဒဏ်ခတ်ခြင်းကို)ဆိုင်းငံ့ထားတော်မူခဲ့သည်။ ထို့နောက် (သူတို့သည် ကျူးလွန်မှုထဲတွင်သာဖွတ်ပေပြီးဆက်တိုးနေတော့သည့်အခါတွင်)ငါအရှင်မြတ်သည် ထိုမြို့ရွာ(သား)များကို ဖမ်းဆီးအရေးယူတော်မူခဲ့သည်။ ထို့ပြင် (သူတို့အားလုံးသည်)ငါအရှင်မြတ်ထံတော်သို့ပင် ပြန်လည်ရောက်ရှိကြမည်ဖြစ်သည်။

قُلْ يٰۤاَيُّهَا النَّاسُ اِنَّمَاۤ اَنَا لَكُمْ نَذِيْرٌ مُّبِيْنٌ ﴿٤٩﴾

(၄၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အို-လူသားအပေါင်းတို့၊ ငါသည် အသင်တို့အတွက် ထင်ရှားသော သတိပေးနှိုးဆော်သူ တစ်ဦးသာဖြစ်သည်။❷

❷ တမန်တော်မြတ် ﷺ ထံမှာ ကာဖိရ်တွေက ပြစ်ဒဏ်ချည်းပဲ အဆက်မပြတ်တောင်းဆိုလို့ အရှင်မြတ်က သူတို့ကို တမန်တော် ﷺ ရဲ့လက်ထဲမှာ ပြစ်ဒဏ်မရှိဘူး။ ၎င်းပြစ်ဒဏ်ပေးချင်တိုင်းပေးလို့မရဘူး။ ၎င်းဟာ သတိပေးနှိုးဆော်သူပဲ ဖြစ်တယ်လို့ သတိပေးတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَهُمْ مَّغْفِرَةٌ وَّرِزْقٌ كَرِيْمٌ ﴿٥٠﴾

(၅၀) ထို့နောက် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်ခဲ့ကြသူများအတွက် လွတ်ငြိမ်းချမ်းသာခွင့်နှင့် မြင့်မြတ်သောစားနပ်ရိက္ခာ ရှိလိမ့်မည်။

وَالَّذِيْنَ سَعَوْا فِيْۤ اٰيٰتِنَا مُعٰجِزِيْنَ اُولٰٓئِكَ اَصْحٰبُ الْجَحِيْمِ ﴿٥١﴾

(၅၁) ထို့ပြင် ငါအရှင်မြတ်၏ အာယသ်တော်များနှင့်ပတ်သက်၍ နိမ့်ကျအောင် (မဟုတ်မမှန်ပြောဆိုငြင်းပယ်ခြင်းဖြင့်) ကြိုးစားသည့်သူများကမူ ထိုသူ

များပင် ဝေးရဲသားများဖြစ်ကြသည်။

وَمَآ اَرۡسَلۡنَا مِنۡ قَبۡلِكَ مِنۡ رَّسُوۡلٍ وَّلَا نَبِىٍّ اِلَّاۤ اِذَا تَمَنّٰٓى اَلۡقَى الشَّيۡطٰنُ فِىۡۤ اُمۡنِيَّتِهٖ‌ۚ فَيَنۡسَخُ
اللّٰهُ مَا يُلۡقِى الشَّيۡطٰنُ ثُمَّ يُحۡكِمُ اللّٰهُ اٰيٰتِهٖ‌ ؕ وَاللّٰهُ عَلِيۡمٌ حَكِيۡمٌ ۙ﴿۵۲﴾

(၅၂) ထို့ပြင် ငါအရှင်မြတ်သည် အသင်၏မတိုင်မီ ရစူလ်များနှင့် နဗီများကို စေလွှတ်တော်မူခဲ့သည်။ ထိုတမန်တော်များသည် (တစ်စုံတစ်ခု)ရွတ်ဖတ်သည့်အခါ ရှိုင်သွာန်သည် ထိုတမန်တော်၏ရွတ်ဖတ်မှုနှင့် ပတ်သက်၍ (ရောဂါရှိသူများ၏စိတ်နှလုံးများထဲတွင် သံသယကို) ထည့်သွင်းလေ့ရှိခဲ့သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ရှိုင်သွာန်ထည့်သွင်းသမျှ (သံသယများ)ကို ပပျောက်စေတော်မူခဲ့သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏အာယသ်တော်များကို တည်တံ့ခိုင်မြဲစေတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

لِّيَجۡعَلَ مَا يُلۡقِى الشَّيۡطٰنُ فِتۡنَةً لِّلَّذِيۡنَ فِىۡ قُلُوۡبِهِمۡ مَّرَضٌ وَّالۡقَاسِيَةِ قُلُوۡبُهُمۡ‌ ؕ وَاِنَّ الظّٰلِمِيۡنَ
لَفِىۡ شِقَاقٍۢ بَعِيۡدٍ ۙ﴿۵۳﴾

(၅၃) (ဤသို့ဖြစ်ရခြင်းမှာ) အရှင်မြတ်သည် ရှိုင်သွာန် ထည့်သွင်းသောအရာ(သံသယများ)ကို စိတ်နှလုံးများတွင် ရောဂါရှိသည့်သူများနှင့် စိတ်နှလုံးများ ခက်ထန်မာကျောသူများအတွက် စမ်းသပ်မှုပြုတော်မူရန် ဖြစ်သည်။ ထို့ပြင် အမှန်ပင် မတရားကျူးလွန်သူများသည် ဝေးလံသော ကွဲပြားမှု၌ပင် (ငြင်းခုံလျက်) ရှိနေကြသည်။

وَّلِيَـعۡلَمَ الَّذِيۡنَ اُوۡتُوا الۡعِلۡمَ اَنَّهُ الۡحَـقُّ مِنۡ رَّبِّكَ فَيُؤۡمِنُوۡا بِهٖ فَتُخۡبِتَ لَهٗ قُلُوۡبُهُمۡ‌ ؕ وَاِنَّ اللّٰهَ
لَهَادِ الَّذِيۡنَ اٰمَنُوۡۤا اِلٰى صِرَاطٍ مُّسۡتَقِيۡمٍ ﴿۵۴﴾

(၅၄) ထို့ပြင် (ဤသို့ဖြစ်ရခြင်းမှာ)အသိပညာပေးတော်မူခြင်းခံရသည့်သူများက ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ အမှန်ဖြစ်ကြောင်း သိရှိကြရန်လည်း ဖြစ်သည်။ ထိုသို့သိရှိကြလျှင် သူတို့သည် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို (ပို၍) ယုံကြည်လာကြမည် ဖြစ်သည်။ ထို့ပြင် သူတို့၏စိတ်နှလုံးများသည်လည်း ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)၏ရှေ့၌ (ပိုပြီး) ပျော့ပျောင်း ယိမ်းညွတ်လာကြ

မည်ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်သူများအား ဖြောင့်မတ်သည့်လမ်းကို ညွှန်ကြားပြသတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူသည်။

وَلَا يَزَالُ الَّذِينَ كَفَرُوا فِي مِرْيَةٍ مِّنْهُ حَتَّىٰ تَأْتِيَهُمُ السَّاعَةُ بَغْتَةً أَوْ يَأْتِيَهُمْ عَذَابُ يَوْمٍ عَقِيمٍ ﴿٥٥﴾

(၅၅) ထို့ပြင် ငြင်းပယ်သူများသည် သူတို့အပေါ်တွင် ကိယာမသ်ရတ်တရက်ရောက်လာသည်အထိ သို့မဟုတ် သူတို့ထံသို့ မင်္ဂလာမရှိသည့်နေ့၏ ပြစ်ဒဏ်ရောက်လာသည်အထိ ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)နှင့်ပတ်သက်၍ သံသယ၌ပင် အမြဲရှိနေကြဦးမည်ဖြစ်သည်။

الْمُلْكُ يَوْمَئِذٍ لِّلَّهِ يَحْكُمُ بَيْنَهُمْ ۚ فَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فِي جَنَّاتِ النَّعِيمِ ﴿٥٦﴾

(၅၆) ထိုနေ့တွင် အုပ်ချုပ်မှုအာဏာသည် အလ္လာဟ်အရှင်မြတ်၌ပင် ရှိမည်။ အရှင်မြတ်သည် သူတို့ကြားတွင် စီရင်ဆုံးဖြတ်တော်မူမည်။ ထို့နောက် အကြင်သူများသည် အီမာန်ယုံကြည်ခဲ့ကြပြီး ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည်။ (ထိုသူများသည်) သုခချမ်းသာနှင့်ပြည့်စုံသော ဥယျာဉ်များတွင် ရှိကြလိမ့်မည်။

وَالَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا فَأُولَٰئِكَ لَهُمْ عَذَابٌ مُّهِينٌ ﴿٥٧﴾

(၅၇) ထို့ပြင် အကြင်သူများသည် ငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် ငါအရှင်မြတ်၏အာယသ်တော်များကိုလည်း မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြသည်။ ထိုသူများသည် သူတို့အတွက် သေးသိမ်စေသော ပြစ်ဒဏ်ရှိမည်။

وَالَّذِينَ هَاجَرُوا فِي سَبِيلِ اللَّهِ ثُمَّ قُتِلُوا أَوْ مَاتُوا لَيَرْزُقَنَّهُمُ اللَّهُ رِزْقًا حَسَنًا ۚ وَإِنَّ اللَّهَ لَهُوَ خَيْرُ الرَّازِقِينَ ﴿٥٨﴾

(၅၈) ထို့ပြင် အကြင်သူများသည် အလ္လာဟ်အရှင်မြတ်၏လမ်းတွင် (သူတို့၏အိုးအိမ်များကို စွန့်၍) ရွှေ့ပြောင်းခဲ့ကြရသည်။ ထို့ပြင် သူတို့သည် သတ်ဖြတ်ခြင်း ခံရသည်ပင်ဖြစ်စေ၊ သေဆုံးခဲ့သည်ပင်ဖြစ်စေ၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သူတို့အား အလွန်ကောင်းမြတ်သော စားနပ်ရိက္ခာကို အမှန်ပင် ပေးသနားတော်မူမည်။ ထို့ပြင် အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံးစားနပ်ရိက္ခာ ပေးသနားတော်မူသောအရှင်အမှန်ဖြစ်တော်မူသည်။❶

❶ အလ္လာဟ်အရှင်မြတ်ရဲ့လမ်းမှာ အသတ်ခံရလို့ ဒါမှမဟုတ် သေသွားလို့ စိတ်အားငယ်စရာမလို

ဘူး။ အရှင်မြတ်က အဲဒီသူတွေကို သူတို့လိုချင်တာအားလုံး ပေးသနားတော်မူမဲ့အကြောင်း သတင်းကောင်း ပေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

لَيُدۡخِلَنَّهُم مُّدۡخَلٗا يَرۡضَوۡنَهُۥۚ وَإِنَّ ٱللَّهَ لَعَلِيمٌ حَلِيمٞ ٥٩

(၅၉) အမှန်စင်စစ် အရှင်မြတ်သည် သူတို့နှစ်သက်သည့် နေရာကို အမှန်ပင် ဝင်ရောက်စေတော်မူမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အမှန်စင်စစ် အကြွင်းမဲ့သိတော်မူသောအရှင်၊ အလွန်ထောက်ထားညှာတာသည်းခံဆိုင်းငံ့တော်မူသောအရှင်ဖြစ်တော်မူသည်။

۞ذَٰلِكَۖ وَمَنۡ عَاقَبَ بِمِثۡلِ مَا عُوقِبَ بِهِۦ ثُمَّ بُغِيَ عَلَيۡهِ لَيَنصُرَنَّهُ ٱللَّهُۚ إِنَّ ٱللَّهَ لَعَفُوٌّ غَفُورٞ ٦٠

(၆၀) ၎င်းသည် (ဤအရှင်မြတ်အမိန့်ရှိတော်မူသောအရာများပင် ဖြစ်သည်)။ ထို့ပြင် အကြင်သူသည် သူဒုက္ခပေးခြင်း ခံခဲ့ရသည်နှင့်အမျှ ပြန်လှန်ဒုက္ခပေး(၍လက်စားချေ)ခဲ့သည်။ ထို့နောက် ထပ်မံ၍ ကျူးကျော်စော်ကားဒုက္ခပေးခံရပြန်သည်ဆိုလျှင် အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အားကူညီတော်မူမည်ဖြစ်သည်။❶ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်ခွင့်လွှတ်တော်မူသောအရှင်၊ လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ ဒုက္ခပေးနှိပ်စက်ခံရသူက သူခံရသလောက် ပြန်ပြီး လက်စားချေဒုက္ခပေးလိုက်တဲ့အခါ နစ်ယောက်စလုံးဟာ တန်းတူဖြစ်သွားပြီဖြစ်တယ်။ အဲဒီနောက်တစ်ခါ ထပ်ပြီး ဒုက္ခပေးနှိပ်စက်ခံရပြန်ရင် သူဟာ ပထမတစ်ခါ နှိပ်စက်ခံရတုန်းက လက်စားပြန်ချေထားလို့ဆိုပြီး အရှင်မြတ်က သူ့ကို မကူညီဘဲနေမှာမဟုတ်ဘူး။ ကူညီမှာပဲဖြစ်တယ်။ ပထမလက်စားချေခြင်းဟာ အရှင်မြတ်က ခွင့်ပြုထားတဲ့အတွက် အပြစ်မရှိဘူး။ အပြစ်မရှိတဲ့သူကို အရှင်မြတ်က ဆက်လက်ကူညီသွားမှာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

ذَٰلِكَ بِأَنَّ ٱللَّهَ يُولِجُ ٱلَّيۡلَ فِي ٱلنَّهَارِ وَيُولِجُ ٱلنَّهَارَ فِي ٱلَّيۡلِ وَأَنَّ ٱللَّهَ سَمِيعُۢ بَصِيرٞ ٦١

(၆၁) ၎င်း(ကဲ့သို့ ကူညီတော်မူခြင်း)မှာမူ အမှန်မှာ အလ္လာဟ်အရှင်မြတ်သည် ညကို နေ့ထဲတွင် ဝင်စေတော်မူ၍ နေ့ကို ညထဲတွင် ဝင်စေတော်မူသည့်အတွက်၊ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့မြင်တော်မူသောအရှင် ဖြစ်သည့်အတွက်ကြောင့်ပင်ဖြစ်သည်။❷

❷ အရှင်မြတ်ဟာ အနှိပ်စက်ခံလူတန်းစားရဲ့ဘဝကို မြှင့်တင်ပြောင်းလဲပေးလေ့ရှိတယ်။ မွတ်စ်လင်မ်တွေဟာ မက္ကဟ်မှာ အလွန်နှိပ်စက်ခံခဲ့ရတယ်။ သတ်မှတ်ထားသလောက်ခံရပြီးတဲ့အခါမှာ အရှင်မြတ်က အနှိပ်စက်ခံရတဲ့ မွတ်စ်လင်မ်တွေကို အုပ်ချုပ်မှုအာဏာကို ပြန်လည်ပေးသနားတော်မူခဲ့တယ်။ ကာဖိရ်တွေအပေါ်မှာ အုပ်ချုပ်ရတဲ့ဘဝအခြေအနေဖြစ်လာခဲ့တယ်။ ဒါဟာ အရှင်မြတ်ရဲ့

တတ်စွမ်းနိုင်တဲ့အင်အားကြောင့် ဖြစ်တယ်။ အလ္လာဟ်အရှင်မြတ်ဘက်ကို လှည့်ပြီး သာသနာ အပေါ်မှာ ကြိုးပမ်းရင် အရှင်မြတ်ဟာ အဲဒီလိုပဲ ဆက်ဆံတော်မူလေ့ရှိတယ်။ (အလင်းပြကျမ်း)

ذٰلِكَ بِاَنَّ اللّٰهَ هُوَ الْحَقُّ وَاَنَّ مَا يَدْعُوْنَ مِنْ دُوْنِهٖ هُوَ الْبَاطِلُ وَاَنَّ اللّٰهَ هُوَ الْعَلِيُّ الْكَبِيْرُ ﴿٦٢﴾

(၆၂) ၎င်း(ကဲ့သို့ ကူညီတော်မူခြင်း)မှာမူ အလ္လာဟ်အရှင်မြတ်သည်ပင် မှန်ကန်သည့်အရှင်ဖြစ်တော်မူပြီး အရှင်မြတ်မှလွဲ၍ သူတို့ဟစ်ခေါ်ကြသည့် အရာများသည် မုချမှားသည့်အတွက်ကြောင့်နှင့် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ပင် အလွန်မြင့်မားထွတ်မြတ်လှတော်မူသောအရှင်၊ အလွန်ကြီးကျယ် ထူးကဲမြင့်မြတ်တော်မူသောအရှင် ဖြစ်တော်မူသည့်အတွက်ကြောင့် ဖြစ်သည်။

اَلَمْ تَرَ اَنَّ اللّٰهَ اَنْزَلَ مِنَ السَّمَآءِ مَآءً فَتُصْبِحُ الْاَرْضُ مُخْضَرَّةً ؕ اِنَّ اللّٰهَ لَطِيْفٌ خَبِيْرٌ ﴿٦٣﴾

(၆၃) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်မှ ရေကို ရွာသွန်းစေတော်မူခဲ့သည့်အတွက် မြေပထဝီတွင် စိမ်းလန်းစိုပြည်မှုဖြစ်လာသည် ကို အသင်သည် မသိမမြင်ပါသလော။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်နူးညံ့သိမ်မွေ့တော်မူသောအရှင်၊ အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။

لَهٗ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ؕ وَاِنَّ اللّٰهَ لَهُوَ الْغَنِيُّ الْحَمِيْدُ ﴿٦٤﴾

(၆၄) မိုးကောင်းကင်များတွင် ရှိသမျှနှင့် မြေပထဝီတွင် ရှိသမျှကို အရှင် မြတ်ပင် ပိုင်ဆိုင်တော်မူခြင်းဖြစ်သည်။ ထို့ပြင် အမှန်ပင် အလ္လာဟ်အရှင်မြတ် သည် လိုလားတောင့်တခြင်းကင်း၍ ပြည့်စုံကြွယ်ဝတော်မူသောအရှင်၊ အလွန် ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် အမှန်ပင်ဖြစ်တော်မူသည်။

اَلَمْ تَرَ اَنَّ اللّٰهَ سَخَّرَ لَكُمْ مَّا فِى الْاَرْضِ وَالْفُلْكَ تَجْرِىْ فِى الْبَحْرِ بِاَمْرِهٖ ؕ وَيُمْسِكُ السَّمَآءَ اَنْ
تَقَعَ عَلَى الْاَرْضِ اِلَّا بِاِذْنِهٖ ؕ اِنَّ اللّٰهَ بِالنَّاسِ لَرَءُوْفٌ رَّحِيْمٌ ﴿٦٥﴾

(၆၅) အသင်မသိမမြင်သလော။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ် သည် အသင်တို့အတွက် မြေပထဝီတွင် ရှိသည်များကို နိုင်နင်းစေတော်မူခဲ့ သည်။ ထို့ပြင် သင်္ဘော(စသည်များ)ကိုလည်း (နိုင်နင်းစေတော်မူခဲ့သည်)။ ထိုသင်္ဘောသည် အရှင်မြတ်၏အမိန့်တော်ဖြင့် ပင်လယ်တွင် သွားလာလှုပ်ရှား နေသည်။ ထို့ပြင် အရှင်မြတ်သည် မိုးကောင်းကင်အား မြေပထဝီပေါ် ပြိုကျ မသွားစေရန်အတွက် တားဆီးထားတော်မူသည်။ သို့ရာတွင် အရှင်မြတ်၏အမိန့် တော်ကျရောက်သည့်အခါ (ပြိုကျသွားမည်)။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်

သည် လူသားများအပေါ်တွင် အလွန်ကြင်နာတော်မူသော၊ အလွန်သနား ကြင်နာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

وَهُوَ الَّذِیٓ اَحۡیَاكُمۡ ثُمَّ يُمِيۡتُكُمۡ ثُمَّ يُحۡيِيۡكُمۡ ؕ اِنَّ الۡاِنۡسَانَ لَـكَفُوۡرٌ ﴿٦٦﴾

(၆၆) ထို့ပြင် အရှင်မြတ်ပင် အသင်တို့အား အသက်ရှင်စေတော်မူသော အရှင် ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အား သေစေတော်မူမည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အား ရှင်စေတော်မူဦးမည်ဖြစ်သည်။ အမှန်စင်စစ် လူသားသည် အလွန်ကျေးဇူးကန်းသူ အမှန်ပင် ဖြစ်သည်။

لِكُلِّ اُمَّةٍ جَعَلۡنَا مَنۡسَكًا هُمۡ نَاسِكُوۡهُ فَلَا يُنَازِعُنَّكَ فِى الۡاَمۡرِ وَادۡعُ اِلٰى رَبِّكَ ؕ اِنَّكَ لَعَلٰى هُدًى مُّسۡتَقِيۡمٍ ﴿٦٧﴾

(၆၇) ငါအရှင်မြတ်သည် သာသနာဝင်အုပ်စုတိုင်းအတွက် (ကိုးကွယ်ရန်)နည်းလမ်းတစ်ခုကို သတ်မှတ်ပေးတော်မူခဲ့သည့်အတွက်❶ သူတို့သည် ထိုနည်းလမ်းအတိုင်း ကိုးကွယ်လိုက်နာသူများဖြစ်ခဲ့ကြသည်။ သို့ဖြစ်ရာ (သူတို့သည်) ထိုအရေးကိစ္စတွင် အသင်နှင့် ငြင်းခုံမှု မပြုရပေ။ ထို့ပြင် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဘက်သို့ ဖိတ်ခေါ်နေပါ။ အမှန်စင်စစ် အသင်သည် ဖြောင့်မတ်မှန်ကန်သောလမ်းပေါ်တွင်ပင် အမှန်တည်ရှိသည်။

❶ ပွင့်လေသမျှတမန်တော်တွေရဲ့ သာသနာဟာ တစ်ခုတည်းသာသနာဖြစ်တဲ့ အစ္စလာမ်ပဲ ဖြစ်တယ်။ အားလုံးရဲ့မူဝါဒဟာ ကိုးကွယ်ထိုက်တဲ့ အရှင်တစ်ပါးတည်းကို ယုံကြည်ခြင်းဆိုတဲ့ သောင်ဟီဒ်ပဲဖြစ်တယ်။ ဒါပေမဲ့ ခေတ်အချိန်အခါ၊ နေရာဒေသကိုလိုက်ပြီး အရှင်မြတ်တစ်ပါးတည်းရဲ့ အမိန့်တွေကို နာခံတဲ့နည်းစနစ် ရှရီအသ်တရားတော်ဟာ အမြဲပြောင်းလဲလျက်ရှိတယ်။ အဲဒါကြောင့် ရှရီအသ်တိုင်းမှာ တညီတညွတ်တည်း သတ်မှတ်ပြဋ္ဌာန်းထားတဲ့ သောင်ဟီဒ်နဲ့ အခြားအရေးကြီးတဲ့ကိစ္စတွေမှာ ဘယ်သူမှ အငြင်းအခုံ ပြုစရာမလိုဘူးလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِنۡ جَادَلُوۡكَ فَقُلِ اللّٰهُ اَعۡلَمُ بِمَا تَعۡمَلُوۡنَ ﴿٦٨﴾

(၆၈) ထို့ပြင် အကယ်၍ သူတို့သည် အသင်နှင့် အငြင်းအခုံပြုခဲ့လျှင် (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုမူသည်များကို အသိဆုံးအရှင် ဖြစ်တော်မူသည်။

اَللّٰهُ يَحۡكُمُ بَيۡنَكُمۡ يَوۡمَ الۡقِيٰمَةِ فِيۡمَا كُنۡتُمۡ فِيۡهِ تَخۡتَلِفُوۡنَ ﴿٦٩﴾

(၆၉) အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကြားတွင် ကိယာမသ်နေ့၌ အသင်တို့ကွဲလွဲနေခဲ့ကြသောကိစ္စများနှင့်ပတ်သက်၍ စီရင်ဆုံးဖြတ်တော်မူမည်။

اَلَمۡ تَعۡلَمۡ اَنَّ اللّٰهَ يَعۡلَمُ مَا فِى السَّمَآءِ وَالۡاَرۡضِ ؕ اِنَّ ذٰلِكَ فِىۡ كِتٰبٍ ؕ اِنَّ ذٰلِكَ عَلَى اللّٰهِ يَسِيۡرٌ ﴿٧٠﴾

(၇၀) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်တွင် ရှိသမျှနှင့် မြေပထဝီတွင် ရှိသမျှအား သိတော်မူသည်ကို အသင်မသိသလော။ အမှန်စင်စစ် ထိုအရာများသည် မှတ်တမ်းတွင် ရှိသည်။ အမှန်စင်စစ် ထိုအရာသည် အလ္လာဟ်အရှင်မြတ်အတွက် လွယ်ကူသည်။❷

❷ အားလုံးကိစ္စဟူသမျှကို မှတ်တမ်းမှာ ရေးမှတ်ထားတာဖြစ်တဲ့အတွက် အရှင်မြတ်မှာ အဆုံးအဖြတ်ပေးဖို့ ဘာမှ အခက်အခဲမရှိဘူး။ (အလင်းပြကျမ်း)

وَيَعْبُدُونَ مِن دُونِ ٱللَّهِ مَا لَمْ يُنَزِّلْ بِهِۦ سُلْطَٰنًا وَمَا لَيْسَ لَهُم بِهِۦ عِلْمٌ ۗ وَمَا لِلظَّٰلِمِينَ مِن نَّصِيرٍ ﴿٧١﴾

(၇၁) ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်အားစွန့်၍ အကြင်အရာများကို ကိုးကွယ်ကြသည်။ ထိုအရာများ(အား ကိုးကွယ်ရန်)နှင့်ပတ်သက်၍ အရှင်မြတ်က မည်သည့်သက်သေခံမှု ချပေးတော်မူခဲ့သည်မရှိပေ။ ထိုအရာများနှင့်ပတ်သက်၍ (ကိုးကွယ်ရန်) သူတို့တွင် မည်သည့် အသိပညာအထောက်အထားမျှလည်း မရှိပေ။❸ ထို့ပြင် မတရားသူများအား ကူညီမည့်သူလည်း တစ်ဦးမျှရှိမည် မဟုတ်ပေ။❹

❸ ကာဖိရ်တွေဟာ မိရိုးဖလာ ထုံးစံအတိုင်းလိုက်ပြီး ကိုးကွယ်နေကြတာပဲဖြစ်တယ်။ အဲဒီကိုးကွယ်မှုအတွက် အရှင်မြတ်က ဘာအထောက်အထားမှ ချပေးထားတာမရှိသလို သူတို့မှာလည်း ဘာအထောက်အထားအသိပညာမှ မရှိကြဘူး။(အလင်းပြကျမ်း) ❹ ကာဖိရ်တွေရဲ့ ကိုးကွယ်ရာတွေဟာ ဘာမှမတတ်စွမ်းနိုင်တဲ့ ရုပ်တုတွေဖြစ်ကြတဲ့အတွက် သူတို့ထံကလည်း အကူအညီမရ၊ အရှင်မြတ်ကို ကိုးကွယ်တာမဟုတ်လို့ အရှင်မြတ်ထံတော်ကလည်း အကူအညီမရတဲ့အတွက် သူတို့ဟာ ခိုကိုးရာမဲ့ဘဝနဲ့ ရင်ဆိုင်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِذَا تُتْلَىٰ عَلَيْهِمْ ءَايَٰتُنَا بَيِّنَٰتٍ تَعْرِفُ فِى وُجُوهِ ٱلَّذِينَ كَفَرُوا۟ ٱلْمُنكَرَ ۖ يَكَادُونَ يَسْطُونَ بِٱلَّذِينَ يَتْلُونَ عَلَيْهِمْ ءَايَٰتِنَا ۗ قُلْ أَفَأُنَبِّئُكُم بِشَرٍّ مِّن ذَٰلِكُمُ ۗ ٱلنَّارُ وَعَدَهَا ٱللَّهُ ٱلَّذِينَ كَفَرُوا۟ ۖ وَبِئْسَ ٱلْمَصِيرُ ﴿٧٢﴾

(၇၂) ထို့ပြင် သူတို့ရှေ့၌ ငါအရှင်မြတ်၏ အာယသ်တော်များသည် ထင်ထင်ရှားရှား ဖတ်ကြားခြင်းခံရသည့်အခါ အသင်(တမန်တော်)သည် ကာဖိရ်များ၏ မျက်နှာများတွင် မနှစ်မြို့မှု၊ ငြင်းဆန်မှုကို တွေ့မြင်ရမည်။ သူတို့သည် သူတို့ရှေ့၌ ငါအရှင်မြတ်၏အာယသ်တော်များဖတ်ကြားသူများကို တိုက်ခိုက်လုနီးပါးဖြစ်ကြသည်။❺ (အို-တမန်တော်) အသင်ပြောလိုက်ပါ- သို့ဖြစ်လျှင် ငါသည် အသင်တို့အား ထို့ထက်ပိုဆိုးသည်ကို အသိပေးရမည်လော။ (ထိုအရာသည်) မီးပင်။ အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်များကို ထို(မီး)ထဲတွင် ချိန်းဆို

ထားတော်မူသည်။ ထို့ပြင် (ထိုငရဲမီးသည်) အဘယ်မျှ ဆိုးဝါးလှသော ပြန်လည်ရာဌာန ဖြစ်လိုက်ပါသနည်း။❻

❺ အမှန်တရားကို မကြိုက်တဲ့သူရဲ့ရှေ့မှာ အမှန်ပြောရင် အလွန်ပဲ နားခါးတယ်။ အဲဒီအတွက် ကာဖိရ်တွေရှေ့မှာ အမှန်တရားဖြစ်တဲ့ အရှင်မြတ်ရဲ့အာယသ်တော်တွေဖတ်ပြရင် သူတို့ရဲ့မျက်နှာ မသာယာတဲ့အပြင် ဖတ်ပြတဲ့သူကိုပါ တိုက်ခိုက်သတ်ဖြတ်လိုက်တော့မလားလို့ အောက်မေ့ရတယ်။ တစ်ခါတစ်ရံ တကယ်ပဲ တိုက်ခိုက်ခဲ့တာတွေလည်း ဖြစ်သွားခဲ့တယ်။ (အလင်းပြကျမ်း)

❻ သူတို့ရဲ့အမှားတွေကို ထောက်ပြတဲ့ အာယသ်တော်တွေကို မကျေမနပ်ဖြစ်ကြတယ်။ မကျေမနပ်ဖြစ်ရုံနဲ့ ပြီးဆုံးသွားမှာ မဟုတ်ဘဲ သူတို့အတွက် အဆိုးဝါးဆုံးနေရာ မကျေမနပ်အဖြစ်ဆုံးနေရာဟာ ငရဲမီးပဲဖြစ်တယ်။ အဲဒီထဲမှာ မနေချင်ရင် အခုလည်း အမှားကိုသိပြီး ပြုပြင်ဖို့ အချိန်ရှိနေသေးတယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلنَّاسُ ضُرِبَ مَثَلٌ فَٱسْتَمِعُوا۟ لَهُۥٓ ۚ إِنَّ ٱلَّذِينَ تَدْعُونَ مِن دُونِ ٱللَّهِ لَن يَخْلُقُوا۟ ذُبَابًا وَلَوِ ٱجْتَمَعُوا۟ لَهُۥ ۖ وَإِن يَسْلُبْهُمُ ٱلذُّبَابُ شَيْـًٔا لَّا يَسْتَنقِذُوهُ مِنْهُ ۚ ضَعُفَ ٱلطَّالِبُ وَٱلْمَطْلُوبُ ﴿٧٣﴾

(၇၃) အိုလူသားအပေါင်းတို့၊ ပမာတစ်ခုခိုင်းနှိုင်းပြမည်ဖြစ်သည့်အတွက် အသင်တို့သည် ထိုအရာကို သေချာစွာနားထောင်ကြပါ။ အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်အားစွန့်၍ အသင်တို့ ဟစ်ခေါ်(ကိုးကွယ်)ကြသည့်အရာများသည် သူတို့အားလုံး စုပေါင်း၍ (ကြိုးပမ်း)ကြလျှင်လည်း ယင်ကောင်တစ်ကောင်ကိုပင် လုံးဝဖန်ဆင်းနိုင်ကြမည်မဟုတ်ပေ။ ထို့ပြင် အကယ်၍ ထိုယင်ကောင်သည် ၎င်းတို့ထံမှ တစ်စုံတစ်ခု လုယူ(သုတ်ချီသွား)လျှင် ၎င်းတို့သည် ထိုအရာကိုပင် ထိုယင်ကောင်ထံမှ ပြန်လုယူနိုင်ကြမည်မဟုတ်ပေ။ လိုလားဟစ်ခေါ်(ကိုးကွယ်)သူရော၊ လိုလားဟစ်ခေါ်(ကိုးကွယ်) ခံရသူပါ အားအင်ချည့်နဲ့ကြသည်။

مَا قَدَرُوا۟ ٱللَّهَ حَقَّ قَدْرِهِۦٓ ۗ إِنَّ ٱللَّهَ لَقَوِىٌّ عَزِيزٌ ﴿٧٤﴾

(၇၄) သူတို့သည် အလ္လာဟ်အရှင်မြတ်အား ရိုသေလေးစားထိုက်သည်နှင့်အမျှ ရိုသေလေးစားခြင်းမရှိကြပေ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်အင်အားပြည့်စုံတော်မူသောအရှင်၊ တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်ဖြစ်တော်မူသည်။

ٱللَّهُ يَصْطَفِى مِنَ ٱلْمَلَٰٓئِكَةِ رُسُلًا وَمِنَ ٱلنَّاسِ ۚ إِنَّ ٱللَّهَ سَمِيعٌۢ بَصِيرٌ ﴿٧٥﴾

(၇၅) အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်တမန်များနှင့် လူများထဲမှ တမန်တော်များကို ရွေးချယ်တော်မူသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင် အကြွင်းမဲ့မြင်တော်မူသောအရှင် ဖြစ်

တော်မူသည်။❶

❶ လူသားတွေထဲကလူသားတမန်တော်ရွေးချယ်တာရော၊ ကောင်းကင်တမန်တွေထဲက လူသားတမန်တော်ထံကို စေလွှတ်ဖို့ စေတမန်ရွေးချယ်တာပါ အရှင်မြတ်တစ်ပါးတည်းကပဲ ပြုလုပ်တော်မူတာဖြစ်တယ်။ တမန်တော်ရွေးချယ်စေလွှတ်တဲ့ကဏ္ဍဟာ အရှင်မြတ်ရဲ့ကဏ္ဍပဲဖြစ်တယ်။ ဘယ်သူ့ကိုတော့ မလွှတ်ဖူး၊ ဘယ်သူ့ကိုမှ လွှတ်ရသလား စတဲ့ စောဒကတွေ အရှင်မြတ်ကို တက်စရာမရှိဘူး။ ဘယ်သူ့ကို လွှတ်ရင် သင့်တော်တယ်၊ မသင့်တော်ဘူးဆိုတာ အရှင်မြတ်ဟာ သိတော်မူတယ်။ (အလင်းပြကျမ်း၊ အာစားန်သလ်ရဂ်ျမဟ်)

يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ ۗ وَإِلَى اللَّهِ تُرْجَعُ الْأُمُورُ ﴿٧٦﴾

(၇၆) အရှင်မြတ်သည် သူတို့၏ရှေ့တွင်ရှိသောအရာကိုရော၊ သူတို့၏နောက်တွင်ရှိသောအရာကိုပါ (အဖြစ်အပျက်အားလုံးကို) သိတော်မူသည်။ ထို့ပြင် အရေးကိစ္စဟူသမျှသည် အလ္လာဟ်အရှင်မြတ်ထံတော် သို့ပင် ပြန်ရောက်ကြမည်ဖြစ်သည်။

يَا أَيُّهَا الَّذِينَ آمَنُوا ارْكَعُوا وَاسْجُدُوا وَاعْبُدُوا رَبَّكُمْ وَافْعَلُوا الْخَيْرَ لَعَلَّكُمْ تُفْلِحُونَ ۩ ﴿٧٧﴾

(၇၇) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့အောင်မြင်ကြရန်အတွက် ရုကူအ်ဦးညွှတ်ကြပါ။ ထို့ပြင် စဂ်ျဒဟ်ဦးချကြပါ။ ထို့ပြင် အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ကိုးကွယ်ကြပါ။ ထို့ပြင် အသင်တို့သည် ကောင်းမြတ်သော လုပ်ရပ်များကိုလည်း ပြုလုပ်ကြပါ။❷

❷ နှစ်ဘဝစလုံးမှာ အောင်မြင်ဖို့အတွက် အရှင်မြတ်တစ်ပါးတည်းကိုပဲ ရည်ရွယ်ပြီး ကောင်းမှုတွေ ပြုလုပ်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَجَاهِدُوا فِي اللَّهِ حَقَّ جِهَادِهِ ۚ هُوَ اجْتَبَاكُمْ وَمَا جَعَلَ عَلَيْكُمْ فِي الدِّينِ مِنْ حَرَجٍ ۚ مِلَّةَ أَبِيكُمْ إِبْرَاهِيمَ ۚ هُوَ سَمَّاكُمُ الْمُسْلِمِينَ مِنْ قَبْلُ وَفِي هَٰذَا لِيَكُونَ الرَّسُولُ شَهِيدًا عَلَيْكُمْ وَتَكُونُوا شُهَدَاءَ عَلَى النَّاسِ ۚ فَأَقِيمُوا الصَّلَاةَ وَآتُوا الزَّكَاةَ وَاعْتَصِمُوا بِاللَّهِ هُوَ مَوْلَاكُمْ ۖ فَنِعْمَ الْمَوْلَىٰ وَنِعْمَ النَّصِيرُ ﴿٧٨﴾

(၇၈) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ သက်စွန့်ကြိုးပမ်းဆောင်ရွက်ထိုက်သည်နှင့်အမျှ ကြိုးပမ်းဆောင်ရွက်ကြပါ။❸ အရှင်မြတ်သည် အသင်တို့အား (အရှင်မြတ်၏သာသနာအတွက်) ရွေးချယ်တော်မူခဲ့ခြင်းဖြစ်သည်။❹ ထို့ပြင် အရှင်မြတ်သည် အသင်တို့အပေါ်တွင် ဒီန်သာသနာတော်၌ မည်သည့်ကျပ်တည်းခဲယဉ်းမှုကိုမျှ ပြုလုပ်တော်မမူခဲ့ပေ။ အသင်တို့၏ (သာသနာရေး)ဖခင် (တမန်တော်)အိဗ်ရာဟီမ်၏သာသနာကို ခိုင်မြဲစွာ စွဲကိုင်

လိုက်နာကြပါ။ ထိုအရှင်မြတ်သည် အသင်တို့အား ယခင်(ကျမ်းဂန်များထဲ)တွင်လည်း မွတ်စ်လင်မ်များဟု အမည်တပ်ခဲ့သည်။ ထို့ပြင်(ယခု)ဤ(ကုရ်အာန်ကျမ်းတော်မြတ်)ထဲတွင်လည်း မွတ်စ်လင်မ်များဟုပင် အမည်တပ်ထားတော်မူသည်။❺ အကြောင်းမှာမူ တမန်တော်(မုဟမ္မဒ်)သည် အသင်တို့နှင့်ပတ်သက်၍ အသိသက်သေဖြစ်ရန်အတွက်၊ ထို့ပြင် အသင်တို့လည်း လူများအားလုံးနှင့်ပတ်သက်၍ အသိသက်သေများ ဖြစ်ကြရန်အတွက် ❻ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် စွလာသ်ဝတ်ပြုမှုကို ဆောက်တည်ကြပါ။ ထို့ပြင် ဇကာသ်ကိုလည်း ပေးဆောင်ကြပါ။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို စွဲမြဲစွာ ဆုပ်ကိုင်ထားကြပါ။ အရှင်မြတ်ကပင် အသင်တို့၏ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသောသခင် အစစ်အမှန် ဖြစ်တော်မူသည်။ သို့ဖြစ်ရာ (အရှင်မြတ်သည်) ကိစ္စများကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အဘယ်မျှကောင်းသည့်သခင် အစစ်အမှန်ဖြစ်တော်မူလိုက်သနည်း။ ထို့ပြင် အဘယ်မျှကောင်းသော အလွန်ကူညီတော်မူသောအရှင် ဖြစ်တော်မူလိုက်သနည်း။

❹ မွတ်စ်လင်မ်တွေဟာ သူတို့ကိုယ်ကို ပြုပြင်ဖို့အတွက်ရော ကမ္ဘာသူကမ္ဘာသားတွေကို ပြုပြင်ဖို့အတွက်ပါ ဂျိဟာဒ်သက်စွန့်ဆံဖျားကြိုးပမ်းဆောင်ရွက်မှု ပြုရမှာဖြစ်တယ်။ (အလင်းပြကျမ်း) ❻ အစ္စလာမ်ကိုတစ်ကမ္ဘာလုံးမှာပြန့်ပွားသွားစေဖို့အတွက်တမန်တော်မြတ် ﷺ လက်ထက်တော်က သာဝကကြီး ﷺ တွေကိုအရှင်မြတ်က ရွေးချယ်တော်မူခဲ့တာဖြစ်တယ်။ အဲဒါကြောင့်ပဲ စွဟာဗဟ်သာဝကကြီး ﷺ တွေရဲ့ ခေတ်မှာပဲ အစ္စလာမ်သာသနာဟာ ကမ္ဘာတစ်ဝက်ကို လွှမ်းမိုးထားနိုင်ခဲ့ပြီဖြစ်တယ်။ (အလင်းပြကျမ်း) ❺ အရှင်မြတ်က မွတ်စ်လင်မ်ဆိုတဲ့နာမည်ကို အရင်က ကျမ်းဂန်တွေထဲမှာလည်းတမန်တော်မြတ် ﷺ ရဲ့နောက်လိုက်တွေကိုမှည့်ခေါ်ခဲ့တာဖြစ်တယ်။ ဒီကုရ်အာန်ကျမ်းတော်မြတ်ထဲမှာလည်း မွတ်စ်လင်မ်လို့ပဲ ခေါ်တွင်ထားတာဖြစ်တယ်။ တမန်တော်အိဗ်ရာဟီမ် ﷺ ကလည်း ၎င်းရဲ့သားစဉ်မြေးဆက်ထဲကနေ မွတ်စ်လင်မ် အုပ်စုတစ်စု ပေါ်ထွန်းလာဖို့ ဆုတောင်းခဲ့တာလည်းဖြစ်တယ်။ အဲဒါကြောင့် တမန်တော်အိဗ်ရာဟီမ် ﷺ က မွတ်စ်လင်မ်ဆိုတဲ့ နာမည်ကို စတင်ခေါ်ဝေါ်ခဲ့တာလို့လည်း ဖွင့်ဆိုကြတယ်။ မွတ်စ်လင်မ်တွေဟာ မွတ်စ်လင်မ်ဆိုတဲ့အမည်နဲ့ ကိုက်ညီအောင်နေဖို့ အရေးကြီးပါတယ်။ (အလင်းပြကျမ်း) ❻ ကိယာမသ်နေ့မှာ မွတ်စ်လင်မ်တွေဟာ လူတွေအားလုံးအတွက် သက်သေဖြစ်လိမ့်မယ်။ (အာစာနိသရ်ဂျမဟ်)

==========================================

ركوعاتها ٦ ٢٣ سُوْرَةُ الْمُؤْمِنُوْنَ مَكِّيَّةٌ ٧٤ اٰياتها ١١٨

## စူရဟ် မုအ်မိနူးန် (ယုံကြည်သူများကဏ္ဍ) سُوْرَةُ الْمُؤْمِنُوْنَ

==========================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

قَدْ اَفْلَحَ الْمُؤْمِنُوْنَ ۝١

(၁) အမှန်စင်စစ် မုအ်မင်န်ယုံကြည်သူများသည် မလွဲမသွေအောင်မြင်ခဲ့ကြပြီဖြစ်သည်။

الَّذِيْنَ هُمْ فِيْ صَلَاتِهِمْ خٰشِعُوْنَ ۝٢

(၂) ထိုသူများသည် သူတို့ စွလာသ်ဝတ်ပြုရာတွင် ကျိုးနွံသူများဖြစ်ကြသည်။❶

❶ ကြောက်ရွံ့ရိုကျိုး ငြိမ်သက်စွာနဲ့ စိတ်ပါလက်ပါ စွလာသ်ဝတ်ပြုကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَالَّذِيْنَ هُمْ عَنِ اللَّغْوِ مُعْرِضُوْنَ ۝٣

(၃) ထို့ပြင် သူတို့သည် အကျိုးမဲ့ကိစ္စရပ်များမှရှောင်ကြဉ်သူများလည်း ဖြစ်ကြသည်။❷

❷ အကျိုးမရှိတဲ့အလုပ်တွေထဲမှာ နစ်မွန်းနေရင် အကျိုးရှိတဲ့အလုပ်တွေကို လုပ်နိုင်တော့မှာ မဟုတ်ဘူး။ အကျိုးရှိတဲ့အလုပ်ကို မလုပ်နိုင်ခြင်းဟာ ဆုံးရှုံးခြင်းပဲ ဖြစ်တယ်။ ဆုံးရှုံးမှုကို ဖြစ်စေတဲ့ အလုပ်လုပ်ခြင်းဟာ အီမာန်ယုံကြည်သူတွေရဲ့အလုပ်မဟုတ်ဘူး။ (အလင်းပြကျမ်း)

وَالَّذِيْنَ هُمْ لِلزَّكٰوةِ فٰعِلُوْنَ ۝٤

(၄) ထို့ပြင် သူတို့သည် စင်ကြယ်သန့်ရှင်းရန် (ကောင်းမှု)ပြုလုပ်သူများလည်း ဖြစ်ကြသည်။❸

❸ သန့်ရှင်းစင်ကြယ်မှုပြုလုပ်ရာမှာ စိတ်ရဲ့သန့်ရှင်းစင်ကြယ်မှု (ရှိရ်က် စတာတွေကနေ စင်ကြယ်အောင်လုပ်ခြင်း၊ မကောင်းတဲ့အကျင့်စရိုက်တွေကနေ သန့်ရှင်းစင်ကြယ်အောင်လုပ်ခြင်း)၊ ခန္ဓာကိုယ်ရဲ့သန့်ရှင်းစင်ကြယ်မှု(အညစ်အကြေး စတာတွေကနေ သန့်ရှင်းအောင် ပြုလုပ်ခြင်း)၊ ပစ္စည်းဥစ္စာရဲ့သန့်ရှင်းစင်ကြယ်မှု(ဟရာမ်တွေကနေ ရှောင်ကြဉ်ခြင်း၊ ဇကာသ် "ဆင်းရဲသားနဲ့ လိုအပ်သူတွေရဲ့ဝေစု"ကို ခွဲဝေပေးလိုက်ခြင်း စတဲ့ သန့်ရှင်းမှုတွေကို ပြုလုပ်ခြင်း)တို့ကို ပြုလုပ်ကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَالَّذِيْنَ هُمْ لِفُرُوْجِهِمْ حٰفِظُوْنَ ۝٥

(၅) ထို့ပြင် သူတို့သည် (တရားမဝင်ကာမ ကျူးလွန်ခြင်းမှ) သူတို့၏

အရှက်အင်္ဂါများကို ထိန်းသိမ်းသူများ ဖြစ်ကြသည်။❻

❻ ကာမဂုဏ်စိတ်အာရုံဟာ လူသားတိုင်းမှာ ပါရှိပြီးသားဖြစ်တဲ့အတွက် အစ္စလာမ်သာသနာက အဲဒါကို ပိတ်ဆို့ပစ်ဖို့ မညွှန်ကြားဘဲ အတိုင်းအတာနဲ့ ဖွင့်ထားပေးတယ်။ အတိုင်းအတာဟာ ကိုယ့်ရဲ့တရားဝင်ဇနီးကြင်ရာတွေနဲ့ တရားဝင်ကျွန်မတွေအပေါ်မှာ ကိုယ့်ရဲ့ကာမဂုဏ် (ရာဂ)စိတ်ကို အသုံးပြုရမှာဖြစ်တယ်။ အဲဒီထက်ပိုပြီး အလွဲသုံးစားပြုလုပ်ခြင်းကို တားမြစ်ထားတာဖြစ်တယ်။ အဲဒါကို တရားမဝင်ကာမကျူးလွန်ခြင်း ဇိနာလို့ ခေါ်တယ်။ (အလင်းပြကျမ်း)

إِلَّا عَلَىٰٓ أَزْوَاجِهِمْ أَوْ مَا مَلَكَتْ أَيْمَانُهُمْ فَإِنَّهُمْ غَيْرُ مَلُومِينَ ﴿٦﴾

(၆) သူတို့၏ဇနီးကြင်ရာများ၊ သို့မဟုတ် သူတို့လက်ယာလက်များက ပိုင်ဆိုင်သော (တရားဝင်)ကျွန်မများမှလွဲ၍ (သူတို့၏အရှက်အင်္ဂါများကို ထိန်းသိမ်းကြသည်)။ အမှန်စင်စစ် (ထိုသူမများနှင့် ကာမဆက်ဆံသည့်အတွက်)သူတို့သည် ပြစ်တင်ခြင်းခံထိုက်သူများမဟုတ်ကြပေ။

فَمَنِ ابْتَغَىٰ وَرَآءَ ذَٰلِكَ فَأُولَٰٓئِكَ هُمُ الْعَادُونَ ﴿٧﴾

(၇) ၎င်းပြင် မည်သူမဆို ထို(ခွင့်ပြုချက်ထက် ကျော်လွန်ပြီး)နောက် (နိကာဟ်မပြုဘဲ အခြား အမျိုးသမီးများကို) တောင့်တရှာဖွေခဲ့လျှင် ထိုသူများသည်ပင် စည်းကမ်းကျူးလွန်သူများ ဖြစ်ကြသည်။

وَالَّذِينَ هُمْ لِأَمَٰنَٰتِهِمْ وَعَهْدِهِمْ رَٰعُونَ ﴿٨﴾

(၈) ထို့ပြင် ထို(အီမာန်ယုံကြည်)သူများသည် သူတို့ ယုံကြည်လွှဲအပ်ခြင်းခံရသော တာဝန်များနှင့် သူတို့၏ကတိဝန်ခံချက်များကို စောင့်ထိန်းသူများ ဖြစ်ကြသည်။❼

❼ လူသားအချင်းချင်း အပ်နှံထားတဲ့ အပ်နှံမှုတွေ၊ ပြုလုပ်ထားတဲ့ ကတိတွေ၊ ပြီးတော့ အရှင်မြတ်နဲ့ ပြုထားတဲ့ ကတိဝန်ခံချက်တွေကို ကျေပွန်အောင်ထမ်းဆောင်ရမှာဖြစ်တယ်။ အလွဲသုံးစားမှု မပြုရဘူး။ (အလင်းပြကျမ်း)

وَالَّذِينَ هُمْ عَلَىٰ صَلَوَٰتِهِمْ يُحَافِظُونَ ﴿٩﴾

(၉) ထို့ပြင် သူတို့သည် သူတို့၏စွလာသ်ဝတ်ပြုမှုများကို ထိန်းသိမ်းသူများလည်း ဖြစ်ကြသည်။❽

❽ အရှင်မြတ်ကို ဝတ်ပြုကိုးကွယ်မှုထဲမှာ စွလာသ်ဝတ်ပြုမှုဟာ အရေးကြီးဆုံးဖြစ်တဲ့အတွက် အကြိမ်ကြိမ် ဦးစားပေးဖော်ပြထားတာဖြစ်တယ်။ အချိန်မှန်မှန် လေးလေးစားစား ဝတ်ပြုရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

أُولَٰٓئِكَ هُمُ الْوَٰرِثُونَ ﴿١٠﴾

(၁၀) သူတို့ပင် အမွေဆက်ခံမည့်သူများ ဖြစ်ကြသည်။

الَّذِينَ يَرِثُونَ الْفِرْدَوْسَ هُمْ فِيهَا خَٰلِدُونَ ﴿١١﴾

(၁၁) သူတို့သည် ဖိရ်ဒေါင်စ်ဥယျာဉ်ကို အမွေဆက်ခံကြမည်။ သူတို့သည် ၎င်းထဲတွင် အမြဲနေထိုင်ရမည့်သူများ ဖြစ်ကြသည်။

وَلَقَدْ خَلَقْنَا الْإِنسَانَ مِن سُلَالَةٍ مِّن طِينٍ ﴿١٢﴾

(၁၂) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် လူသားအား ရွှံ့မြေ၏ အဆီအနှစ်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။❼

❼ လူသားကို ရွှံ့မြေကနေဖန်ဆင်းပြီး ရှင်အောင်လုပ်ခဲ့တယ်။ အကောင်းအဆိုးပြုလုပ်ခွင့်ပေးခဲ့တယ်။ ပြီးတော့ သေစေမယ်၊ ပြီးတော့ ရှင်စေမယ်၊ ပြီးတော့ အကျိုးအပြစ်စံစား၊ ခံစားစေတော်မူမှာဖြစ်တယ်။ အဲဒီအတွက် ပြုလုပ်ရမဲ့ကိစ္စအလုံးစုံကို အရှင်မြတ်က လမ်းညွှန်ချက်ပေးတော်မူထားပြီးဖြစ်တယ်။ (အလင်းပြကျမ်း၊ အာစားန်သရ်ဂျမဟ်)

ثُمَّ جَعَلْنَاهُ نُطْفَةً فِي قَرَارٍ مَّكِينٍ ﴿١٣﴾

(၁၃) ထို့နောက် ငါအရှင်မြတ်သည် ထိုလူသား(ဖြစ်မည့်အရာ)ကို လုံခြုံသည့်နေရာတစ်ခု(ဖြစ်သည့် သားအိမ်ထဲ)တွင် သုက်ရည် (မှမျိုးအောင်ပြီး သားဥအဖြစ်ဖြင့် စတင်)ပြုလုပ်ထားတော်မူခဲ့သည်။

ثُمَّ خَلَقْنَا النُّطْفَةَ عَلَقَةً فَخَلَقْنَا الْعَلَقَةَ مُضْغَةً فَخَلَقْنَا الْمُضْغَةَ عِظَامًا فَكَسَوْنَا الْعِظَامَ لَحْمًا ثُمَّ أَنشَأْنَاهُ خَلْقًا آخَرَ ۚ فَتَبَارَكَ اللَّهُ أَحْسَنُ الْخَالِقِينَ ﴿١٤﴾

(၁၄) ထို့နောက် ငါအရှင်မြတ်သည် ထိုသုက်ရည်မှ (မျိုးအောင်ပြီးနောက် သားဥသန္ဓေသားအဖြစ်မှ) သွေးခဲအဖြစ် ဖန်ဆင်းတော်မူသည်။ ထို့ပြင် သွေးခဲကို ဝါးဖတ်ကဲ့သို့ အသားတုံးအဖြစ်ဖန်ဆင်းတော်မူသည်။ ထို့ပြင် ဝါးဖတ်ကဲ့သို့ အသားတုံးကို အရိုးများ(ထည့်ပြီး) ဖန်ဆင်းတော်မူသည်။ ထို့ပြင် အရိုးများကို အသားနှင့် ဆင်မြန်းတော်မူသည်။ ထို့နောက် ငါအရှင်မြတ်သည် ၎င်း (အသားဖြည့်ထားသည့်အရိုး)ကို အခြားဖန်ဆင်းခံတစ်ခု(လူသား)အဖြစ် ဖြစ်ထွန်းလာအောင် ပြုလုပ်တော်မူခဲ့သည်။ သို့ဖြစ်ရာ အားလုံးသော ပြုလုပ်ဖန်ဆင်းသူများထက် အကောင်းဆုံးဖန်ဆင်းပြုလုပ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် အဘယ်မျှမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူလိုက်လေသနည်း။

ثُمَّ إِنَّكُم بَعْدَ ذَٰلِكَ لَمَيِّتُونَ ﴿١٥﴾

(၁၅) ထို့ပြင် အမှန်စင်စစ် အသင်တို့သည် ထို့နောက်တွင် အမှန်ပင် သေဆုံးကြရမည့်သူများဖြစ်သည်။

ثُمَّ إِنَّكُمْ يَوْمَ الْقِيَامَةِ تُبْعَثُونَ ﴿١٦﴾

(၁၆) ထို့နောက် အမှန်စင်စစ် အသင်တို့သည် ကိယာမသ်နေ့တွင် ရှင်

ပြန်ထကြရဦးမည်ဖြစ်သည်။

وَلَقَدْ خَلَقْنَا فَوْقَكُمْ سَبْعَ طَرَآئِقَ ۖ وَمَا كُنَّا عَنِ الْخَلْقِ غٰفِلِيْنَ ﴿١٧﴾

(၁၇) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့၏ အထက်တွင် (မိုး)ခုနစ်ထပ်ကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် အဖန်ဆင်းခံများကို မေ့လျော့နေတော်မူသော အရှင်မဟုတ်ပေ။

وَاَنْزَلْنَا مِنَ السَّمَآءِ مَآءًۢ بِقَدَرٍ فَاَسْكَنّٰهُ فِى الْاَرْضِ ۖ وَاِنَّا عَلٰى ذَهَابٍۢ بِهٖ لَقٰدِرُوْنَ ﴿١٨﴾

(၁၈) ထို့ပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်မှ (မိုး)ရေကို အတိုင်းအတာ အချိန်အဆနှင့်တကွ ရွာသွန်းစေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ထို(မိုး)ရေကိုမြေပထဝီတွင် ရပ်တည်(ကိန်းအောင်း)စေတော်မူခဲ့သည်။ ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ထို(မိုး)ရေကို ပပျောက်အောင် လုပ်နိုင်တော်မူသောအရှင်လည်း ဖြစ်တော်မူသည်။

فَاَنْشَاْنَا لَكُمْ بِهٖ جَنّٰتٍ مِّنْ نَّخِيْلٍ وَّاَعْنَابٍ ۘ لَكُمْ فِيْهَا فَوَاكِهُ كَثِيْرَةٌ وَّمِنْهَا تَاْكُلُوْنَ ﴿١٩﴾

(၁၉) ထို့နောက် ငါအရှင်မြတ်သည် ထို(မိုး)ရေဖြင့် အသင်တို့အတွက် စွန်ပလွံခြံများနှင့် စပျစ်ခြံများကို ပေါက်ရောက်စေတော်မူခဲ့သည်။ အသင်တို့အတွက် ၎င်း(ခြံများ)တွင် သစ်သီးဝလံအမြောက်အမြားရှိသည်။ ထို့ပြင် အသင်တို့သည် ၎င်း(ခြံများ)မှ စားသုံးကြသည်။

وَشَجَرَةً تَخْرُجُ مِنْ طُوْرِ سَيْنَآءَ تَنْۢبُتُ بِالدُّهْنِ وَصِبْغٍ لِّلْاٰكِلِيْنَ ﴿٢٠﴾

(၂၀) ထို့ပြင် (သံလွင်ပင်ခေါ်)သစ်ပင်တစ်မျိုးကိုလည်း (ပေါက်ရောက်စေတော်မူခဲ့သည်)။ ၎င်း(သစ်ပင်)သည် သွူရ်တောင်တန်းတွင် ပေါက်ရောက်လေ့ရှိသည်။ ၎င်း(သစ်ပင်)သည် စားသုံးသူများအတွက် ဆီနှင့်ဟင်းလျာကို ထွက်စေသည်။

وَاِنَّ لَكُمْ فِى الْاَنْعَامِ لَعِبْرَةً ۖ نُسْقِيْكُمْ مِّمَّا فِىْ بُطُوْنِهَا وَلَكُمْ فِيْهَا مَنَافِعُ كَثِيْرَةٌ وَّمِنْهَا تَاْكُلُوْنَ ﴿٢١﴾

(၂၁) ထို့ပြင် အမှန်စင်စစ် အသင်တို့အတွက် ခြေလေးချောင်းတိရစ္ဆာန် (ကုလားအုတ်၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်)များတွင် စဉ်းစားဆင်ခြင်ရန်အချက် အမှန်ပင်ရှိသည်။ ငါအရှင်မြတ်သည် အသင်တို့အား ၎င်း(ခြေလေးချောင်းတိရစ္ဆာန်)တို့၏ဗိုက်ထဲမှအရာ(နို့)ကို တိုက်ကျွေးတော်မူသည်။ ထို့ပြင် အသင်တို့အတွက်

ၚင်းတို့တွင် အကျိုးကျေးဇူးအမြောက်အမြားလည်း ရှိသည်။ ထို့ပြင် အသင်တို့သည် ၚင်းတို့ထဲမှ စားသုံးကြသည်။

وَعَلَيْهَا وَعَلَى الْفُلْكِ تُحْمَلُوْنَ ﴿٢٢﴾

(၂၂) ထို့ပြင် အသင်တို့သည် ၚင်း(တိရစ္ဆာန်များ)နှင့် သင်္ဘောများပေါ်တွင် စီးနင်းကြသည်။

وَلَقَدْ اَرْسَلْنَا نُوْحًا اِلٰى قَوْمِهٖ فَقَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ اَفَلَا تَتَّقُوْنَ ﴿٢٣﴾

(၂၃) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)နူးဟ်ကို ၚင်း၏အမျိုးသားများထံသို့ စေလွှတ်တော်မူခဲ့သည်။ ၚင်းကပြောသည်- အို- ငါ၏အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်ကြပါ။ အသင်တို့အတွက် အရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့် အရှင်မရှိပေ။ ထို့ပြင် အသင်တို့သည် (အရှင်မြတ်နှင့်တွဲဖက်ကိုးကွယ်ခြင်းမှ) မကြောက်ရွံ့ကြသလော။

فَقَالَ الْمَلَؤُا الَّذِيْنَ كَفَرُوْا مِنْ قَوْمِهٖ مَا هٰذَآ اِلَّا بَشَرٌ مِّثْلُكُمْ ۙ يُرِيْدُ اَنْ يَّتَفَضَّلَ عَلَيْكُمْ ؕ وَلَوْ شَآءَ اللّٰهُ لَاَنْزَلَ مَلٰٓئِكَةً ۖۚ مَّا سَمِعْنَا بِهٰذَا فِيْٓ اٰبَآئِنَا الْاَوَّلِيْنَ ﴿٢٤﴾

(၂၄) သို့ဖြစ်ရာ ၚင်း၏အမျိုးသားများထဲမှ ငြင်းပယ်သူ အကြီးအကဲများက ပြောဆိုကြသည်- ဤသူသည် အသင်တို့ကဲ့သို့ လူသားတစ်ဦးသာဖြစ်သည်။ ၚင်းသည် အသင်တို့ထက် မြင့်မြတ်ရန် ကြံရွယ်နေခြင်းဖြစ်သည်။ ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် (ကျွန်ုပ်တို့ကို လမ်းမှန်ရစေရန်) အလိုရှိတော်မူခဲ့လျှင် အမှန်စင်စစ် ကောင်းကင်တမန်များကို စေလွှတ်တော်မူမည် အမှန်ပင်။ ကျွန်ုပ်တို့သည် ဤစကားကို ကျွန်ုပ်တို့၏ ရှေးဟောင်းများဖြစ်သော ဘိုးဘေးများထံမှ မကြားခဲ့ဖူးပေ။

اِنْ هُوَ اِلَّا رَجُلٌ ۢ بِهٖ جِنَّةٌ فَتَرَبَّصُوْا بِهٖ حَتّٰى حِيْنٍ ﴿٢٥﴾

(၂၅) ၚင်းသည် ရူးသွပ်ခြင်း(ဝေဒနာ)စွဲနေသော သူတစ်ဦးသာ ဖြစ်သည့်အတွက် အသင်တို့သည် ၚင်းနှင့်ပတ်သက်၍ အချိန်ကြာကြာအထိ စောင့်ကြည့်ကြပါ။

قَالَ رَبِّ انْصُرْنِيْ بِمَا كَذَّبُوْنِ ﴿٢٦﴾

(၂၆) ၚင်း(တမန်တော်နူးဟ်)က ပြောဆိုလျှောက်ထားသည်၊ အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ သူတို့သည် ကျွန်ုပ်ကို မဟုတ်

မမှန်ဟု ငြင်းပယ်ခဲ့သည့်အတွက် အရှင်မြတ်သည် ကျွန်ုပ်ကို ကူညီတော်မူပါ။

فَاَوْحَيْنَآ اِلَيْهِ اَنِ اصْنَعِ الْفُلْكَ بِاَعْيُنِنَا وَوَحْيِنَا فَاِذَا جَآءَ اَمْرُنَا وَفَارَ التَّنُّوْرُ ۙ فَاسْلُكْ فِيْهَا مِنْ كُلٍّ زَوْجَيْنِ اثْنَيْنِ وَاَهْلَكَ اِلَّا مَنْ سَبَقَ عَلَيْهِ الْقَوْلُ مِنْهُمْ ۚ وَلَا تُخَاطِبْنِىْ فِى الَّذِيْنَ ظَلَمُوْا ۚ اِنَّهُمْ مُّغْرَقُوْنَ ﴿٢٧﴾

(၂၇) သို့ဖြစ်ရာ ငါအရှင်မြတ်က ၎င်းထံသို့ ဝဟီအမိန့်တော် ထုတ်ပြန်တော်မူခဲ့သည်။ အသင်သည် ငါအရှင်မြတ်၏အမိန့်တော်ဖြင့် ငါအရှင်မြတ်၏ မျက်စိအောက်တွင် သင်္ဘောတည်ဆောက်လိုက်ပါ။ ထို့နောက် ငါအရှင်မြတ်၏ အမိန့်တော်ရောက်ရှိလာပြီး မုန့်ဖိုသည် ဆူပွက်လာသည့်အခါ❶ အသင်သည် (တိရစ္ဆာန်)အမျိုးအစားတိုင်းမှ တစ်စုံစီနှင့် အသင်၏အိမ်ထောင်စုထဲမှ အမိန့်ထုတ်ပြန်ပြီးဖြစ်သူမှလွဲ၍ ကျန်အားလုံးကို ထိုသင်္ဘောပေါ်တွင် တင်ဆောင်ပါ။ ထို့ပြင် သူတို့ကိုယ်ကို သူတို့နှိပ်စက်မှုပြုသူများနှင့်ပတ်သက်၍ အသင်သည် ငါအရှင်မြတ်ထံတော်တွင် လျှောက်ထားပန်ကြားမှု မပြုလေနှင့်။ အမှန်စင်စစ် သူတို့သည် နစ်မြုပ်စေခြင်း ခံကြရမည့်သူများပင် ဖြစ်ကြသည်။

❶ မုန့်ဖိုဟာ ဆူပွက်လာတဲ့အခါဆိုတာ မြေကြီးထဲက ရေတွေ ဆူပွက်ပန်းထွက်လာတဲ့အခါကို ဆိုလိုတယ်။ ဒါမှမဟုတ် မုန့်ဖုတ်တဲ့ အိုးကင်းကိုလည်း ခေါ်ဆိုတယ်။ အဲဒီကနေပဲ ရေတွေဟာ ပန်းထွက်လာခဲ့တယ်။ (သဖ်စီရ်အွဆ်မာနီ စာ – ၂၉၈၊ အိဗ်နကဆီးရ်)

فَاِذَا اسْتَوَيْتَ اَنْتَ وَمَنْ مَّعَكَ عَلَى الْفُلْكِ فَقُلِ الْحَمْدُ لِلّٰهِ الَّذِىْ نَجّٰنَا مِنَ الْقَوْمِ الظّٰلِمِيْنَ ﴿٢٨﴾

(၂၈) ထို့နောက် အသင်နှင့်တကွ အသင့်အဖော်များသည် သင်္ဘောပေါ်တွင် နေသားတကျ ထိုင်ပြီးကြသည့်အခါ အသင်သည် (ဤသို့) ပြောဆိုပါ– "ချီးမွမ်းခြင်းအပေါင်းသည် ကျွန်ုပ်တို့အား မတရားနှိပ်စက်ကြသော အမျိုးသားများမှ ကယ်တင်တော်မူသော အလ္လာဟ်အရှင်မြတ်အတွက်ပင် ဖြစ်ပါသည်" (အရှင်မြတ်အား ကျေးဇူးတင်ပါသည်)။

وَقُلْ رَّبِّ اَنْزِلْنِىْ مُنْزَلًا مُّبٰرَكًا وَّاَنْتَ خَيْرُ الْمُنْزِلِيْنَ ﴿٢٩﴾

(၂၉) ထို့ပြင် အသင်သည် (သင်္ဘောပေါ်မှဆင်းသည့်အခါ) ပြောဆိုပါ– "အို – ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်ုပ်အား မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေရာကို ဆင်းသက်စေတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် အကောင်းဆုံး ဆင်းသက်စေတော်မူသောအရှင်မြတ် ဖြစ်တော်မူပါသည်။"

اِنَّ فِىْ ذٰلِكَ لَاٰيٰتٍ وَّاِنْ كُنَّا لَمُبْتَلِيْنَ ﴿٣٠﴾

(၃၀) အမှန်စင်စစ် ထိုအထဲတွင် သက်သေလက္ခဏာများရှိသည်။ ထို့ပြင် အမှန်ပင် ငါအရှင်မြတ်သည် စမ်းသပ်တော်မူမည့်အရှင်ဖြစ်တော်မူသည်။

ثُمَّ اَنْشَاْنَا مِنْۢ بَعْدِهِمْ قَرْنًا اٰخَرِيْنَ ﴿٣١﴾

(၃၁) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့၏နောက်တွင် အခြားမျိုးနွယ်ကို ဖန်ဆင်းတော်မူခဲ့သည်။

فَاَرْسَلْنَا فِيْهِمْ رَسُوْلًا مِّنْهُمْ اَنِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ اَفَلَا تَتَّقُوْنَ ﴿٣٢﴾

(၃၂) ထို့နောက် ငါအရှင်မြတ်သည် ထိုမျိုးနွယ်တွင် သူတို့ထဲမှပင် တမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့၍ (ဤသို့ပြောခိုင်းခဲ့သည်) အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်ကြပါ။ အရှင်မြတ်မှလွဲ၍ အသင်တို့အတွက် ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ သို့ဖြစ်ပါလျက် အသင်တို့သည် မကြောက်ရွံ့ကြလေသလော။

وَقَالَ الْمَلَاُ مِنْ قَوْمِهِ الَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِلِقَآءِ الْاٰخِرَةِ وَاَتْرَفْنٰهُمْ فِى الْحَيٰوةِ الدُّنْيَا ۙ مَا هٰذَآ اِلَّا بَشَرٌ مِّثْلُكُمْ ۙ يَاْكُلُ مِمَّا تَاْكُلُوْنَ مِنْهُ وَيَشْرَبُ مِمَّا تَشْرَبُوْنَ ﴿٣٣﴾

(၃၃) ထို့ပြင် ထိုတမန်တော်၏ အမျိုးသားများထဲမှ အကြင်အကြီးအကဲများသည် ငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် တမလွန်ဘဝနှင့် တွေ့ကြုံရမည်ကိုလည်း မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြသည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား ဤဘဝတွင် စည်းစိမ်ချမ်းသာမှု ပေးတော်မူခဲ့သည်။ ထိုသူများက (သူတို့ အချင်းချင်း) ပြောဆိုခဲ့ကြသည်- ဤသူသည် အသင်တို့ကဲ့သို့ လူသားတစ်ဦးပင်ဖြစ်သည်။ ၎င်းသည် အသင်တို့ စားသည့်အရာများပင် စားသည်။ ထို့ပြင် အသင်တို့သောက်သည့်အရာများကိုပင် သောက်သည်။

وَلَئِنْ اَطَعْتُمْ بَشَرًا مِّثْلَكُمْ اِنَّكُمْ اِذًا لَّخٰسِرُوْنَ ﴿٣٤﴾

(၃၄) ထို့ပြင် အကယ်၍ အသင်တို့သည် အသင်တို့ကဲ့သို့ လူသားတစ်ဦး (၏အမိန့်)ကို လိုက်နာခဲ့လျှင် အမှန်စင်စစ် အသင်တို့သည် ထိုသို့လိုက်နာလျှင် ဆုံးရှုံးသူများ ဖြစ်ကြမည်။

اَيَعِدُكُمْ اَنَّكُمْ اِذَا مِتُّمْ وَكُنْتُمْ تُرَابًا وَّعِظَامًا اَنَّكُمْ مُّخْرَجُوْنَ ﴿٣٥﴾

(၃၅) အသင်တို့ သေဆုံးကြပြီးနောက် မြေကြီးဖြစ်ပြီး အရိုးသာ ကျန်သည့်အခါ အမှန်စင်စစ် အသင်တို့သည် (သင်္ချိုင်းထဲမှ) ပြန်ထွက်ကြရမည့်သူ

များဖြစ်ကြသည်ဟု အသင်တို့ကို ၎င်းက ပြောဆိုကတိပေးသည်မဟုတ်လော။

هَيۡهَاتَ هَيۡهَاتَ لِمَا تُوعَدُونَ ﴿٣٦﴾

(၃၆) အသင်တို့ ပြောဆိုကတိပေးခြင်းခံကြရသည့်ကိစ္စအတွက် ဝေး လေစွ၊ ဝေးလေစွ၊ ❶(လုံးဝမဖြစ်နိုင်ပေ)။

❶ ဝေးလေစွ၊ ဝေးလေစွလို့ နှစ်ခါထပ်ပြီးပြောထားတာဟာ မဖြစ်နိုင်ကြောင်းကို ပိုပြီးလေးနက်စေဖို့ဖြစ်တယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

إِنۡ هِيَ إِلَّا حَيَاتُنَا ٱلدُّنۡيَا نَمُوتُ وَنَحۡيَا وَمَا نَحۡنُ بِمَبۡعُوثِينَ ﴿٣٧﴾

(၃၇) ကျွန်ုပ်တို့၏အသက်ရှင်ခြင်းသည် ဤဘဝတွင် အသက်ရှင်ခြင်း မှလွဲ၍ အခြားမရှိတော့ပေ။ ကျွန်ုပ်တို့(ထဲမှသူများ)သည် သေဆုံးကြသည်။ ထို့ပြင် ကျွန်ုပ်တို့(ထဲမှသူများ)သည် အသက်ရှင်နေကြသည်။ ကျွန်ုပ်တို့သည် ရှင်ပြန်ထရမည့်သူများ မဟုတ်ကြပေ။

إِنۡ هُوَ إِلَّا رَجُلٌ ٱفۡتَرَىٰ عَلَى ٱللَّهِ كَذِبٗا وَمَا نَحۡنُ لَهُۥ بِمُؤۡمِنِينَ ﴿٣٨﴾

(၃၈) ၎င်း(တမန်တော်)သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် မုသားလုပ်ကြံပြောဆိုသူတစ်ဦးသာ ဖြစ်သည့်အတွက် ကျွန်ုပ်တို့သည် ၎င်း(တမန်တော်)အား ယုံကြည်မည့်သူများမဟုတ်ကြပေ။

قَالَ رَبِّ ٱنصُرۡنِي بِمَا كَذَّبُونِ ﴿٣٩﴾

(၃၉) ၎င်း(တမန်တော်)က ပြောဆိုပန်ကြားခဲ့သည်- အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ သူတို့သည် ကျွန်ုပ်အား မဟုတ်မမှန် ငြင်းပယ်ကြသည့်အတွက် အရှင်မြတ်သည် ကျွန်ုပ်အား ကူညီတော်မူပါ။

قَالَ عَمَّا قَلِيلٖ لَّيُصۡبِحُنَّ نَٰدِمِينَ ﴿٤٠﴾

(၄၀) အရှင်မြတ်က မိန့်ကြားတော်မူသည်- သူတို့သည် အမှန်ပင် မကြာမီ နောင်တရမည့်သူများဖြစ်ကြသည်။

فَأَخَذَتۡهُمُ ٱلصَّيۡحَةُ بِٱلۡحَقِّ فَجَعَلۡنَٰهُمۡ غُثَآءٗۚ فَبُعۡدٗا لِّلۡقَوۡمِ ٱلظَّٰلِمِينَ ﴿٤١﴾

(၄၁) ထို့နောက် အလွန်ပြင်းထန်ကျယ်လောင်သည့် အသံသည် မှန်ကန်သော ချိန်းဆိုချက်အတိုင်း သူတို့အား ဖမ်းဆီးကွပ်မျက်ခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် သူတို့အား အမှိုက်သရိုက်များကဲ့သို့ ချေမှုန်းတော်မူခဲ့သည်။ သို့ဖြစ်ရာ မတရားကျူးလွန်သော (ကာဖိရ်)အမျိုးသားများသည် (ကရုဏာမှ) ကင်းဝေးခဲ့ကြရသည်။

ثُمَّ اَنۡشَاۡنَا مِنۡۢ بَعۡدِهِمۡ قُرُوۡنًا اٰخَرِيۡنَ ﴿٤٢﴾

(၄၂) ထို့နောက် ငါအရှင်မြတ်သည် သူတို့၏နောက်တွင် အခြားမျိုးနွယ်များကို ဖန်ဆင်းတော်မူခဲ့သည်။

مَا تَسۡبِقُ مِنۡ اُمَّةٍ اَجَلَهَا وَمَا يَسۡتَاۡخِرُوۡنَ ﴿٤٣﴾

(၄၃) မည်သည့်အုပ်စုမှ သူတို့၏သတ်မှတ်အချိန်ကာလထက် စောလည်းမစောနိုင်ပေ၊ နောက်လည်းမကျနိုင်ပေ။

ثُمَّ اَرۡسَلۡنَا رُسُلَنَا تَتۡرَا ؕ كُلَّمَا جَآءَ اُمَّةً رَّسُوۡلُهَا كَذَّبُوۡهُ فَاَتۡبَعۡنَا بَعۡضَهُمۡ بَعۡضًا وَّجَعَلۡنٰهُمۡ اَحَادِيۡثَ ۚ فَبُعۡدًا لِّقَوۡمٍ لَّا يُؤۡمِنُوۡنَ ﴿٤٤﴾

(၄၄) ထို့နောက် ငါအရှင်မြတ်သည် ငါအရှင်မြတ်၏ တမန်တော်များကို တစ်ပါးပြီးတစ်ပါး စေလွှတ်တော်မူခဲ့သည်။ မည်သည့်အခါဖြစ်စေ အုပ်စုတစ်စုထံသို့ သူ၏တမန်တော်ရောက်လာခဲ့လျှင် ထိုအုပ်စုသည် ထိုတမန်တော်အား မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည်ချည်းပင် ဖြစ်သည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့အား တစ်ဦး၏နောက်ကိုတစ်ဦး လိုက်စေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား (သင်ခန်းစာယူဖွယ်ရာ)အကြောင်းများ ပြုလုပ်တော်မူခဲ့သည်။ သို့ဖြစ်ရာ မယုံကြည်သည့်သူများသည် (ကရုဏာမှ)ကင်းဝေးခဲ့ကြရသည်။

ثُمَّ اَرۡسَلۡنَا مُوۡسٰى وَاَخَاهُ هٰرُوۡنَ ۙ بِاٰيٰتِنَا وَسُلۡطٰنٍ مُّبِيۡنٍ ﴿٤٥﴾

(၄၅) ထို့နောက် ငါအရှင်မြတ်သည် (တမန်တော်)မူစာနှင့် ၎င်း၏အစ်ကို (တမန်တော်)ဟာရူန်ကို အရှင်မြတ်၏အာယသ်တော်များသာမက ထင်ရှားသောသက်သေအထောက်အထား(လွှမ်းမိုးအောင်နိုင်မှု)နှင့်တကွ စေလွှတ်တော်မူခဲ့သည်။

اِلٰى فِرۡعَوۡنَ وَمَلَا۟ئِهٖ فَاسۡتَكۡبَرُوۡا وَكَانُوۡا قَوۡمًا عَالِيۡنَ ﴿٤٦﴾

(၄၆) ဖိရ်အောင်န်နှင့် သူ၏မှူးမတ်များထံသို့ (စေလွှတ်တော်မူခဲ့သည်)၊ ထို့ပြင် ၎င်းတို့(ဖိရ်အောင်နှင့် မှူးမတ်များ)သည် မောက်မာခဲ့ကြသည်။ ထို့ပြင် သူတို့သည် (ယခင်ကတည်းက) မောက်မာသူများပင် ဖြစ်ခဲ့ကြသည်။

فَقَالُوۡۤا اَنُؤۡمِنُ لِبَشَرَيۡنِ مِثۡلِنَا وَقَوۡمُهُمَا لَنَا عٰبِدُوۡنَ ﴿٤٧﴾

(၄၇) သို့ဖြစ်ရာ သူတို့သည် (ဤသို့)ပြောဆိုခဲ့ကြသည်- ၎င်းတို့နှစ်ဦး၏အမျိုးသားများသည် ကျွန်ုပ်တို့၏လက်အောက်ခံ ကျေးကျွန်များပင် ဖြစ်နေကြ

ပါလျက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကဲ့သို့ လူသားနှစ်ဦးကို ယုံကြည်ရမည်လော။

فَكَذَّبُوهُمَا فَكَانُوا مِنَ الْمُهْلَكِينَ ﴿٤٨﴾

(၄၈) ထို့နောက် ၎င်းတို့သည် ၎င်းတို့နှစ်ဦးကို မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ ထိုသူများသည် ပျက်စီးသူများတွင် အပါအဝင်ဖြစ်ခဲ့ကြရသည်။

وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ لَعَلَّهُمْ يَهْتَدُونَ ﴿٤٩﴾

(၄၉) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ၎င်း(အစ္စရာအီလ်မျိုးနွယ်ဝင်များ) တရားလမ်းမှန်ရရှိကြရန်အတွက် (တမန်တော်)မူစာကို (သောင်ရာသ်)ကျမ်းပေးသနားတော်မူခဲ့သည်။❶

❶ အရှင်မြတ်က ဖိရ်အောင်န်နဲ့ သူရဲ့အပေါင်းအပါတွေကို ငြင်းပယ်မှုကြောင့် ပင်လယ်ထဲမှာ ရေနစ်သေဆုံးစေပြီးတဲ့နောက် အစ္စရာအီလ်မျိုးနွယ်တွေ အမှန်တရားကိုလိုက်နာနိုင်အောင် တမန်တော်မူစာ عليه السلام အပေါ်မှာ သောင်ရာသ်ကျမ်းကို ချပေးတော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَجَعَلْنَا ابْنَ مَرْيَمَ وَأُمَّهُ آيَةً وَآوَيْنَاهُمَا إِلَى رَبْوَةٍ ذَاتِ قَرَارٍ وَمَعِينٍ ﴿٥٠﴾

(၅၀) ထို့ပြင် ငါအရှင်မြတ်သည် မရ်ယမ်၏သား(အီစာ)နှင့် ၎င်း၏မိခင်ကို သက်သေလက္ခဏာတော်တစ်ပါး ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ထို(သားအမိ)နှစ်ဦးစလုံးကို တည်းခိုရန်သင့်တော်၍ စိုပြည်ပြီး စီးတွေသည့်ရေရှိသော တောင်ကုန်းတွင် ခိုလှုံစေတော်မူခဲ့သည်။❷

❷ တမန်တော်အီစာ عليه السلام နဲ့ ၎င်းရဲ့မိခင်ကို ခိုလှုံခွင့်ပေးခဲ့တဲ့နေရာဟာ ကုရ်အာန်ထဲမှာ ပြထားတဲ့ တမန်တော် အီစာ عليه السلام ကို မွေးဖွားခဲ့တဲ့နေရာဖြစ်တဲ့ အရှင်မြတ်က စွန်ပလွံပင်နဲ့ စမ်းရေချောင်းဖြစ်ပေါ်စေခဲ့တဲ့နေရာဖြစ်မယ်လို့ ဖွင့်ဆိုကြတယ်။ (အိဗ်နုကဆီးရ်)

يَا أَيُّهَا الرُّسُلُ كُلُوا مِنَ الطَّيِّبَاتِ وَاعْمَلُوا صَالِحًا إِنِّي بِمَا تَعْمَلُونَ عَلِيمٌ ﴿٥١﴾

(၅၁) အို-တမန်တော်အပေါင်းတို့၊ အသင်တို့သည် စင်ကြယ်သန့်ရှင်းသော အရာများကို စားသုံးကြပါ။ ထို့ပြင် အသင်တို့သည် ကောင်းမြတ်သည့်လုပ်ရပ်ကို ပြုလုပ်ကြပါ။❸ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့ပြုလုပ်ကြသည်များကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

❸ အရှင်မြတ်က တမန်တော်တိုင်းကို တူညီတဲ့ အမိန့်တွေပေးခဲ့တဲ့အထဲမှာ ဒီအမိန့်သုံးခုလည်း ပါဝင်ခဲ့တယ်။ ဒီအမိန့်ကို တမန်တော်တွေကိုယ်တိုင်လည်း လိုက်နာရပြီး သူတို့ရဲ့နောက်လိုက်တွေလည်း လိုက်နာဖို့ အမိန့်ပေးခြင်းခံရတယ်။ (၁) ဟလာလ်သန့်ပြန့်စင်ကြယ်တဲ့ အစားအစာကို စားသောက်ခြင်း၊ (၂) ဟရာမ်မသန့်ပြန့်တဲ့အရာတွေကို ရှောင်ကြဉ်ခြင်း၊ (၃) ကောင်းမြတ်တဲ့လုပ်ရပ်တွေကို ပြုလုပ်ခြင်းတို့ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِنَّ هَذِهِ أُمَّتُكُمْ أُمَّةً وَاحِدَةً وَأَنَا رَبُّكُمْ فَاتَّقُونِ ﴿٥٢﴾

(၅၂) ထို့ပြင် အမှန်စင်စစ် ဤသည် အသင်တို့၏တစ်ခုတည်းရှိသော သာသနာအုပ်စုပင် ဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်ပင် ဖြစ်သည့်အတွက် အသင်တို့သည် ငါအရှင် မြတ်ကိုသာ ကြောက်ရွံ့ကြပါ။

فَتَقَطَّعُوٓا۟ أَمْرَهُم بَيْنَهُمْ زُبُرًا ۖ كُلُّ حِزْبٍۭ بِمَا لَدَيْهِمْ فَرِحُونَ ﴿٥٣﴾

(၅၃) ထို့ပြင် ၎င်း(နောက်လိုက်သား)တို့သည် သူတို့အချင်းချင်းတွင် သူ တို့၏သာသနာကို အပိုင်းပိုင်းဖြတ်(၍ အုပ်စုကိုယ်စီ ဖြစ်သွား)ခဲ့ကြသည်။ အုပ်စု တိုင်းသည် သူတို့တွင်ရှိသောအရာ (သာသနာ)နှင့် ပျော်ပိုက်နေကြတော့သည်။❻

❻ တမန်တော်တွေဟာ တစ်ခုတည်းဖြစ်တဲ့ သာသနာကိုပဲ ယူဆောင်လာခဲ့ကြတာဖြစ်တယ်။ တမန်တော်တွေမရှိတဲ့နောက်မှာ လူတွေဟာ အယူအဆတွေကွဲလွဲပြီး သူတို့အယူအဆပဲ မှန်တယ် ဆိုပြီး ဖွတ်ပေနေခဲ့ကြတဲ့အပေါ်မှာ အုပ်စုအမြောက်အမြားဖြစ်ခဲ့ရပြီး နောက်ဆုံးတော့ ကိုယ့်အုပ်စု နဲ့ ကိုယ်ပျော်မွေ့လျက်ပဲ ရှိနေကြတော့တယ်။ ဘယ်သူ့စကားကိုမှ နားမထောင်ကြတော့ဘူး။ ဘယ်သူမှန်လဲလို့ သိမဲ့နေ့ဟာ နောက်ကျသွားပြီဆိုတဲ့နေ့ပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

فَذَرْهُمْ فِى غَمْرَتِهِمْ حَتَّىٰ حِينٍ ﴿٥٤﴾

(၅၄) သို့ဖြစ်ရာ အသင်သည် သူတို့အား သူတို့၏လမ်းမှားမှု၌ပင် သတ် မှတ်ထားသောအချိန်ကာလအထိ စွန့်ထားလိုက်ပါ။

أَيَحْسَبُونَ أَنَّمَا نُمِدُّهُم بِهِۦ مِن مَّالٍ وَبَنِينَ ﴿٥٥﴾

(၅၅) သူတို့သည် (ဤသို့)ထင်မှတ်နေကြသလော။ ငါအရှင်မြတ်သည် သူတို့အား ပစ္စည်းဥစ္စာများနှင့် သားရတနာများကို ပေးသနားတော်မူခြင်းသည်၊

نُسَارِعُ لَهُمْ فِى ٱلْخَيْرَٰتِ ۚ بَل لَّا يَشْعُرُونَ ﴿٥٦﴾

(၅၆) သူတို့အား ငါအရှင်မြတ်က ကောင်းကျိုးများကို ဆောလျင်စွာ ပေးနေတော်မူခြင်းဖြစ်သည်ဟု (ထင်မှတ်ကြသလော)၊ ထိုသို့မဟုတ်ပေ၊ အမှန် စင်စစ် သူတို့သည် မသိနားမလည်ကြခြင်းသာဖြစ်သည်။

إِنَّ ٱلَّذِينَ هُم مِّنْ خَشْيَةِ رَبِّهِم مُّشْفِقُونَ ﴿٥٧﴾

(၅၇) အမှန်စင်စစ် အကြင်သူများသည် သူတို့အား ဖန်ဆင်းမွေးမြူတော် မူသောအရှင်မြတ်အား ကြောက်ရွံ့မှုကြောင့် စိုးရိမ်နေကြသည့်သူများဖြစ်သည်။

وَٱلَّذِينَ هُم بِـَٔايَٰتِ رَبِّهِمْ يُؤْمِنُونَ ﴿٥٨﴾

(၅၈) ထို့ပြင် ထိုသူများသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏သက်သေလက္ခဏာတော်များကို ယုံကြည်ကြသည့်သူများဖြစ်ကြ

သည်။

وَالَّذِينَ هُم بِرَبِّهِمْ لَا يُشْرِكُونَ ﴿٥٩﴾

(၅၉) ထို့ပြင် ထိုသူများသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့် (မည်သူ့ကိုမျှ) တွဲဖက်ကိုးကွယ်ခြင်းလည်း မပြုကြသည့်သူများ ဖြစ်ကြသည်။

وَالَّذِينَ يُؤْتُونَ مَا آتَوا وَّقُلُوبُهُمْ وَجِلَةٌ أَنَّهُمْ إِلَىٰ رَبِّهِمْ رَاجِعُونَ ﴿٦٠﴾

(၆၀) ထို့ပြင် ထိုသူများသည် သူတို့ ပေးကမ်းစွန့်ကြဲမည့်အရာများကို ပေးကမ်းနေသည့်ကြားမှ သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်သို့ အမှန်ပင်ပြန်သွားကြရမည်ဖြစ်သည့်အတွက် သူတို့၏ စိတ်နှလုံးများသည် ထိတ်လန့်စိုးရိမ်လျက် ရှိကြသည်။❶

❶ ယုံကြည်သူအစစ်အမှန်တွေဟာ ကောင်းတဲ့လုပ်ရပ်တွေလုပ်ပြီးတဲ့နောက် အရှင်မြတ် လက်မှ ခံပါ့မလား၊ ငါ့ကောင်းမှုတွေမှာ ဘယ်လောက်တောင် ချို့ယွင်းချက်တွေ ပါနေမလဲမသိဘူး စတာ တွေကိုတွေးပြီး ကြောက်နေလေ့ရှိတာကို ဆိုလိုတယ်။ မုနာဖိက်အယောင်ဆောင်ဟာ မကောင်း တာကို လုပ်ပြီးတော့ ပူပင်မှုမရှိဘဲ စိတ်အေးနေလေ့ရှိတယ်။ (အလင်းပြကျမ်း)

أُولَٰئِكَ يُسَارِعُونَ فِي الْخَيْرَاتِ وَهُمْ لَهَا سَابِقُونَ ﴿٦١﴾

(၆၁) ထိုသူများသည် ကောင်းမှုများကို လျင်မြန်စွာကြိုးပမ်းဆောင်ရွက် ကြသည့်အတွက် သူတို့ပင် ထိုကောင်းကျိုးများကို ဦးစွာ ရရှိကြမည့်သူများဖြစ် ကြသည်။

وَلَا نُكَلِّفُ نَفْسًا إِلَّا وُسْعَهَا وَلَدَيْنَا كِتَابٌ يَنطِقُ بِالْحَقِّ وَهُمْ لَا يُظْلَمُونَ ﴿٦٢﴾

(၆၂) ထို့ပြင် ငါအရှင်မြတ်သည် မည်သူ့ကိုမျှ သူ၏တတ်စွမ်းနိုင်မှုထက် ပိုပြီး တာဝန်ထမ်းဆောင်ခိုင်းတော်မမူပေ။❷ ထို့ပြင် ငါအရှင်မြတ်ထံတော်တွင် မှတ်တမ်းစာအုပ်တစ်အုပ် ရှိနေသည့်အတွက် ထိုမှတ်တမ်းစာအုပ်က တိကျမှန် ကန်စွာ ထုတ်ဖော်ပြောဆိုမည်ဖြစ်သည်။ ထို့ပြင် သူတို့သည် (အနည်းငယ်မျှ) မတရားနှိပ်စက်ခြင်းကို ခံကြရမည်မဟုတ်ပေ။❸

❷ အရှင်မြတ်ပြဌာန်းထားတဲ့ အမိန့်ပညတ်ချက်တွေဟာ လူသားတွေ မလုပ်နိုင်တဲ့ကိစ္စတွေ မဟုတ်ဘူး။ လိုက်နာချင်တဲ့ စိတ်ရှိရင် အလွယ်တကူပဲ လိုက်နာနိုင်တယ်။ အဲဒီထက် များပြားခက်ခဲ တဲ့လုပ်ရပ်တွေကို လောကီရေးရာကိစ္စတွေမှာ လူသားတွေဟာ စိတ်ပါတဲ့အတွက် မညည်းမညူ လုပ်နိုင်နေကြတာ အားလုံးအမြင်ပဲ ဖြစ်တယ်။ တကယ်တော့ တမလွန်ဘဝကို ယုံကြည်မှုအား နည်းတဲ့အပေါ်မှာ ဝန်လေးသလို ဖြစ်နေတာပဲ ဖြစ်တယ်။(ဟာရီယဟ် ဂျလာလိုင်န်၊ အွဆ်မာနီ)

❸ တိတိကျကျ မှတ်ထားတာတွေရှိတဲ့အတွက် ဘယ်သူမှ မတရားပြုလုပ်ခြင်းခံကြရမှာမဟုတ် ဘူး။ (အလင်းပြကျမ်း)

بَلْ قُلُوبُهُمْ فِي غَمْرَةٍ مِّنْ هَٰذَا وَلَهُمْ أَعْمَالٌ مِّن دُونِ ذَٰلِكَ هُمْ لَهَا عَامِلُونَ ﴿٦٣﴾

(၆၃) ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် သူတို့၏စိတ်နှလုံးများသည် ဤ (ကုရ်အာန်ကျမ်းတော်မြတ်ထဲရှိ လမ်းမှန်ညွှန်ကြားပြသချက်များ)မှ အသိမရှိဘဲ မိုက်မဲမှု(ရှိရ်က်)ထဲတွင်ပင် နစ်မွန်းနေကြခြင်းဖြစ်သည်။ ထို့ပြင် သူတို့တွင် ထို(ရှိရ်က်)မှလွဲ၍ သူတို့ပြုလုပ်နေကြသည့် အခြားလုပ်ရပ်(မကောင်းမှု)များ လည်း ရှိကြသေးသည်။

حَتَّىٰ إِذَا أَخَذْنَا مُتْرَفِيهِم بِالْعَذَابِ إِذَا هُمْ يَجْأَرُونَ ﴿٦٤﴾

(၆၄) နောက်ဆုံးတွင် ငါအရှင်မြတ်သည် သူတို့ထဲမှ စည်းစိမ်ရှင်များကို ပြစ်ဒဏ်နှင့် ဖမ်းဆီးကွပ်မျက်တော်မူသောအခါ သူတို့သည် ရုတ်တရက် အော်ဟစ် ငိုကြွေးကြသည်။

لَا تَجْأَرُوا الْيَوْمَ ۖ إِنَّكُم مِّنَّا لَا تُنصَرُونَ ﴿٦٥﴾

(၆၅) (အရှင်မြတ်ဘက်မှ အမိန့်ရှိသည်) အသင်တို့သည် ယနေ့တွင် အော်ဟစ်ငိုကြွေးပြီး အသနားခံမှုကို မပြုလုပ်ကြနှင့်၊ (ယနေ့မူ အသင်တို့သည် မည်မျှပင် အော်သည်ဖြစ်စေ) အမှန်ပင် အသင်တို့သည် ငါအရှင်မြတ်ထံတော်မှ မည်သည့်အကူအညီမျှ ရမည်မဟုတ်တော့ပေ။[၆]

[၆] အကျိုးအပြစ်ပေးရာဌာနဖြစ်တဲ့ တမလွန်ဘဝရောက်မှ ငိုကြွေးခြင်း၊ နောင်တရခြင်းဟာ ဘာမှ အကျိုးရှိတော့မှာ မဟုတ်တော့ဘူး။ (အလင်းပြကျမ်း)

قَدْ كَانَتْ آيَاتِي تُتْلَىٰ عَلَيْكُمْ فَكُنتُمْ عَلَىٰ أَعْقَابِكُمْ تَنكِصُونَ ﴿٦٦﴾

(၆၆) အမှန်စင်စစ် ငါအရှင်မြတ်၏အာယသ်တော်များသည် အသင်တို့၏ရှေ့တွင် ဖတ်ကြားခြင်းခံခဲ့ကြရသည်။ ထိုအခါ အသင်တို့သည် အသင်တို့၏ ခြေဖနောင့်များဘက်သို့ ပြန်လှည့်ဆုတ်ခွာသွားခဲ့ကြသည်။

مُسْتَكْبِرِينَ بِهِ سَامِرًا تَهْجُرُونَ ﴿٦٧﴾

(၆၇) မာနထောင်မောက်မာကြလျက်၊ ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်) နှင့်ပတ်သက်၍ ညအချိန်များတွင် (လူစု၍)အကျိုးမဲ့စကားများ ပြောဆိုကြသည်။

أَفَلَمْ يَدَّبَّرُوا الْقَوْلَ أَمْ جَاءَهُم مَّا لَمْ يَأْتِ آبَاءَهُمُ الْأَوَّلِينَ ﴿٦٨﴾

(၆၈) သို့ဖြစ်ပါလျက် သူတို့သည် (အလ္လာဟ်အရှင်မြတ်၏) ကလာမ် စကားတော်ကို စဉ်းစားဆင်ခြင်ခြင်းမပြုခဲ့ကြသလော။ သို့မဟုတ် သူတို့၏ပထမ ဦးဆုံးသူများဖြစ်သော အဘ၊ ဘိုး၊ ဘေးများထံသို့ မရောက်လာဖူးသည့်အရာ

သည် (ယခု)သူတို့ထံသို့ ရောက်လာခဲ့သလော။

اَمۡ لَمۡ یَعۡرِفُوۡا رَسُوۡلَهُمۡ فَهُمۡ لَهٗ مُنۡکِرُوۡنَ ﴿٦٩﴾

(၆၉) သို့မဟုတ် သူတို့သည် သူတို့(ထံသို့ ရောက်လာသော) တမန်တော်ကို မသိခဲ့ကြသည့်အတွက် ငြင်းပယ်ခဲ့ကြသလော။

اَمۡ یَقُوۡلُوۡنَ بِهٖ جِنَّةٌ ؕ بَلۡ جَآءَهُمۡ بِالۡحَقِّ وَ اَکۡثَرُهُمۡ لِلۡحَقِّ کٰرِهُوۡنَ ﴿٧٠﴾

(၇၀) သို့မဟုတ် သူတို့သည် ထိုတမန်တော်၌ ရူးသွပ်ခြင်းဝေဒနာရှိသည်ဟု ပြောဆိုကြသလော။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် ထိုတမန်တော်သည် သူတို့ထံသို့ အမှန်တရား ယူဆောင်လာခြင်းဖြစ်သည်။ သို့ရာတွင် သူတို့ထဲမှ အများစုသည် အမှန်တရားကို မလိုလားသည့်သူများပင် ဖြစ်ကြသည်။

وَ لَوِ اتَّبَعَ الۡحَقُّ اَهۡوَآءَهُمۡ لَفَسَدَتِ السَّمٰوٰتُ وَ الۡاَرۡضُ وَ مَنۡ فِیۡهِنَّ ؕ بَلۡ اَتَیۡنٰهُمۡ بِذِکۡرِهِمۡ فَهُمۡ عَنۡ ذِکۡرِهِمۡ مُّعۡرِضُوۡنَ ﴿٧١﴾

(၇၁) ထို့ပြင် အကယ်၍ အမှန်တရား(အလ္လာဟ်အရှင်မြတ်)သည် သူတို့၏အလိုဆန္ဒများကို လိုက်နာခဲ့လျှင်၊ မိုးကောင်းကင်များနှင့်၊ မြေပထဝီအပြင်၊ ထိုမိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသည့်သူများသည်လည်း အမှန်ပင် ပျက်စီးသွားခဲ့ကြလိမ့်မည်။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့ထံသို့ သူတို့အတွက် ဆုံးမသြဝါဒကို ပို့ဆောင်တော်မူခဲ့ခြင်းသာ ဖြစ်သည်။ ထို့နောက် သူတို့သည် သူတို့အတွက်ဖြစ်သော ဆုံးမသြဝါဒကိုပင် မျက်နှာလွှဲခဲ့ကြသည်။

اَمۡ تَسۡـَٔلُهُمۡ خَرۡجًا فَخَرَاجُ رَبِّکَ خَیۡرٌ ٭ۖ وَّ هُوَ خَیۡرُ الرّٰزِقِیۡنَ ﴿٧٢﴾

(၇၂) သို့မဟုတ် (သူတို့ ငြင်းပယ်ကြခြင်းသည်)အသင်က သူတို့ထံတွင် အဖိုးအခတစ်စုံတစ်ရာ တောင်းဆိုသည့်အတွက်ကြောင့်လော။ (ဤသည်လည်းမဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က အသင့်အား ပေးထားသော အဖိုးအခသည် များစွာပိုကောင်းသည်။ ထို့ပြင် အရှင်မြတ်သည် ရိဇ္ဇက်ပေးသူများထဲတွင် အကောင်းဆုံး အရှင်မြတ်ပင် ဖြစ်သည်။

وَ اِنَّکَ لَتَدۡعُوۡهُمۡ اِلٰی صِرَاطٍ مُّسۡتَقِیۡمٍ ﴿٧٣﴾

(၇၃) ထို့ပြင် အမှန်စင်စစ် အသင်သည် သူတို့အား ဖြောင့်မတ်မှန်ကန်သောလမ်းဘက်သို့ အမှန်ပင် ဖိတ်ခေါ်လျက်ရှိသည်။

وَ اِنَّ الَّذِیۡنَ لَا یُؤۡمِنُوۡنَ بِالۡاٰخِرَۃِ عَنِ الصِّرَاطِ لَنٰکِبُوۡنَ ﴿٧٤﴾

(၇၄) ထို့ပြင် အမှန်စင်စစ် တမလွန်ဘဝကို မယုံကြည်သူများသည် ထို(ဖြောင့်မတ်သည့်)လမ်းမှ လွဲဖယ်သူများပင် ဖြစ်ကြသည်။

وَلَوْ رَحِمْنٰهُمْ وَكَشَفْنَا مَا بِهِمْ مِّنْ ضُرٍّ لَّلَجُّوْا فِيْ طُغْيَانِهِمْ يَعْمَهُوْنَ ﴿٧٥﴾

(၇၅) ထို့ပြင် အကယ်၍ ငါအရှင်မြတ်သည် သူတို့အပေါ်တွင် သနားကြင်နာခဲ့ပြီး ငါအရှင်မြတ်သည် သူတို့အပေါ်တွင် ကျရောက်နေသော ဒုက္ခကို ဖယ်ရှားတော်မူခဲ့လျှင်၊ သူတို့သည် သူတို့၏လမ်းမှားမှု၌ပင် တဝဲလည်လည်ဖြစ်ပြီး ခေါင်းမာမြဲ ခေါင်းမာနေကြဦးမည်မှာ အမှန်ပင် ဖြစ်သည်။

وَلَقَدْ اَخَذْنٰهُمْ بِالْعَذَابِ فَمَا اسْتَكَانُوْا لِرَبِّهِمْ وَمَا يَتَضَرَّعُوْنَ ﴿٧٦﴾

(၇၆) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အား ပြစ်ဒဏ်နှင့် ဖမ်းဆီးအရေးယူတော်မူခဲ့သည်။ ထို့နောက်လည်း သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ရှေ့၌ ကျိုးနွံလာခဲ့ကြခြင်းမရှိပေ။ ထို့ပြင် တောင်းပန်အသနားခံခဲ့ကြခြင်းလည်း မရှိပေ။

حَتّٰٓى اِذَا فَتَحْنَا عَلَيْهِمْ بَابًا ذَا عَذَابٍ شَدِيْدٍ اِذَا هُمْ فِيْهِ مُبْلِسُوْنَ ﴿٧٧﴾

(၇၇) နောက်ဆုံးတွင် ငါအရှင်မြတ်က သူတို့အပေါ်တွင် ပြင်းထန်သော အပြစ်ဒဏ်၏တံခါးကို ဖွင့်လိုက်သည့်အခါတွင်မူ သူတို့သည် ၎င်း(အပြစ်ဒဏ်) ထဲတွင် ချက်ချင်း မျှော်လင့်ချက်ကင်းသွားကြမည်ဖြစ်သည်။❶

❶ အဲဒီအပြစ်ဒဏ်ဟာ လောကမှာ သူတို့ကို နှိမ်ချပ်အနေနဲ့ ခတ်လိုက်တဲ့ အပြစ်ဒဏ်လည်းဖြစ်နိုင်တယ်။ ဒါမှမဟုတ် ကိယာမသ်နေ့ရဲ့အပြစ်ဒဏ်လည်း ဖြစ်နိုင်တယ်။ (အလင်းပြကျမ်း)

وَهُوَ الَّذِيْٓ اَنْشَاَ لَكُمُ السَّمْعَ وَالْاَبْصَارَ وَالْاَفْـِٕدَةَ ۭ قَلِيْلًا مَّا تَشْكُرُوْنَ ﴿٧٨﴾

(၇၈) ထို့ပြင် အရှင်မြတ်ကပင် အသင်တို့အတွက် နား၊ မျက်စိများနှင့် စိတ်နှလုံးများကို ဖန်ဆင်းတော်မူခဲ့သည်။ (သို့ရာတွင်) အသင်တို့သည် အနည်းငယ်သာ ကျေးဇူးသိတတ်ကြသည်။

وَهُوَ الَّذِيْ ذَرَاَكُمْ فِي الْاَرْضِ وَاِلَيْهِ تُحْشَرُوْنَ ﴿٧٩﴾

(၇၉) ထို့ပြင် အရှင်မြတ်ကပင် အသင်တို့ကို မြေပထဝီတွင် ဖန်ဆင်း(ပြီး ပျံ့နှံ့စေ)တော်မူခဲ့သည်။ ထို့ပြင် အသင်တို့သည် အရှင်မြတ်ထံတော်သို့ပင် စုရုံးကြရမည်ဖြစ်သည်။

وَهُوَ الَّذِيْ يُحْيٖ وَيُمِيْتُ وَلَهُ اخْتِلَافُ الَّيْلِ وَالنَّهَارِ ۭ اَفَلَا تَعْقِلُوْنَ ﴿٨٠﴾

(၈၀) ထို့ပြင် အရှင်မြတ်ကပင် ရှင်စေတော်မူသည်၊ ထို့ပြင် သေစေတော်

မှုသည်၊ ထို့ပြင် ညနှင့်နေ့၏ အပြောင်းအလဲသည်လည်း အရှင်မြတ်(၏ပိုင်ဆိုင်မှုထဲ)၌ပင် ရှိသည်။ သို့ဖြစ်ပါလျက် အသင်တို့သည် အသိဉာဏ်နှင့် စဉ်းစားဆင်ခြင်မှု မပြုကြလေသလော။

بَلْ قَالُوْا مِثْلَ مَا قَالَ الْاَوَّلُوْنَ ﴿٨١﴾

(၈၁) ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် သူတို့သည် ယခင်ကသူများ ပြောဆိုခဲ့ကြသကဲ့သို့ ပြောဆိုကြခြင်း ဖြစ်သည်။

قَالُوْٓا ءَاِذَا مِتْنَا وَكُنَّا تُرَابًا وَّعِظَامًا ءَاِنَّا لَمَبْعُوْثُوْنَ ﴿٨٢﴾

(၈၂) ထိုသူများက ပြောဆိုခဲ့ကြသည်-ကျွန်ုပ်တို့သည် သေပြီးနောက် မြေကြီးဖြစ်ပြီး အရိုးများပင် ကျန်သည့်အခါ ကျွန်ုပ်တို့သည် အမှန်ပင်ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လော။

لَقَدْ وُعِدْنَا نَحْنُ وَاٰبَآؤُنَا هٰذَا مِنْ قَبْلُ اِنْ هٰذَآ اِلَّآ اَسَاطِيْرُ الْاَوَّلِيْنَ ﴿٨٣﴾

(၈၃) စင်စစ် ဤသည်ကို ကျွန်ုပ်တို့နှင့်၊ ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေးတို့သည်လည်း ယခင်ကတည်းက ကတိပေးချိန်းဆိုခြင်းကို ခံခဲ့ကြရပြီးဖြစ်သည်။ ဤသည် ရှေးလူများ၏ပုံပြင်ပင် ဖြစ်သည်။

قُلْ لِّمَنِ الْاَرْضُ وَمَنْ فِيْهَآ اِنْ كُنْتُمْ تَعْلَمُوْنَ ﴿٨٤﴾

(၈၄) (အို-တမန်တော်) အသင်ပြောလိုက်ပါ- မြေပထဝီနှင့် ၎င်းထဲတွင်ရှိသည့်သူများကို မည်သူစိုးပိုင်သနည်းဆိုသည်ကို အသင်တို့သိကြလျှင် (ငါ့အား ပြောပြကြပါ)။

سَيَقُوْلُوْنَ لِلّٰهِ ۗ قُلْ اَفَلَا تَذَكَّرُوْنَ ﴿٨٥﴾

(၈၅) သူတို့က ပြောဆိုကြလိမ့်မည်- အလ္လာဟ်အရှင်မြတ်ပင် စိုးပိုင်တော်မူသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- သို့ဖြစ်လျှင် အဘယ်ကြောင့် အသင်တို့ သတိတရားမရကြသနည်း။

قُلْ مَنْ رَّبُّ السَّمٰوٰتِ السَّبْعِ وَرَبُّ الْعَرْشِ الْعَظِيْمِ ﴿٨٦﴾

(၈၆) (အို-တမန်တော်) အသင်ပြောလိုက်ပါ- မိုးခုနစ်ထပ်ကို စိုးပိုင်တော်မူသောအရှင်နှင့် အလွန်ကြီးကျယ်မြင့်မြတ်သော အရ်ရှ်ပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်သည် မည်သူနည်း။

سَيَقُوْلُوْنَ لِلّٰهِ ۗ قُلْ اَفَلَا تَتَّقُوْنَ ﴿٨٧﴾

(၈၇) သူတို့က ပြောကြလိမ့်မည်- (ဤအရာများကိုလည်း) အလ္လာဟ်

အရှင်မြတ်ပင် စိုးပိုင်တော်မူသည်။ အသင်(တမန်တော်) ပြောလိုက်ပါ- သို့ဖြစ်လျှင် အဘယ်ကြောင့် အသင်တို့သည် (ထိုအရှင်ကို ) မကြောက်ကြသနည်း။

قُلْ مَنْۢ بِيَدِهٖ مَلَكُوْتُ كُلِّ شَيْءٍ وَّهُوَ يُجِيْرُ وَلَا يُجَارُ عَلَيْهِ اِنْ كُنْتُمْ تَعْلَمُوْنَ ﴿٨٨﴾

(၈၈) (အို-တမန်တော်) အသင်ပြောလိုက်ပါ- ထိုအရှင်သည် မည်သူနည်း၊ အရာအားလုံး၏စိုးပိုင်ခွင့်သည် ထိုအရှင်၏လက်ထဲ၌ပင် ရှိသည်။ ထို့ပြင် ထိုအရှင်သည် ကာကွယ်စောင့်ရှောက်တော်မူသည်။ ထို့ပြင် ထိုအရှင်နှင့် ဆန့်ကျင်ပြီး မည်သူမျှ ကာကွယ်စောင့်ရှောက်နိုင်ခြင်းမရှိပေ။ အကယ်၍ အသင်တို့သိကြလျှင်(ထိုအရှင်သည် မည်သူနည်းဆိုသည်ကို ငါ့အား ပြောပြကြပါ)။

سَيَقُوْلُوْنَ لِلّٰهِ ۗ قُلْ فَاَنّٰى تُسْحَرُوْنَ ﴿٨٩﴾

(၈၉) သူတို့က ပြောကြလိမ့်မည်- (ထိုအရာများသည်လည်း) အလ္လာဟ် အရှင်မြတ်၌ပင် ရှိသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- သို့ဖြစ်လျှင် အသင်တို့သည် မည်သို့ စုန်းပြုစားခြင်း(လှည့်စားမှု)ကို ခံလိုက်ရသနည်း။❶

❶ အရှင်မြတ်အနေနဲ့ မက္ကဟ်မြို့က မုရှ်ရိက်တွေကို တမန်တော်မြတ် ﷺ နဲ့တစ်ဆင့် မေးမြန်းခိုင်းထားခြင်းဖြစ်တယ်။ အဲဒီမုရှ်ရိက်တွေဟာ အလ္လာဟ်အရှင်မြတ်ပဲ အရာအားလုံးကို ဖန်ဆင်းတော်မူကြောင်း၊ မိုးမြေစကြဝဠာကို အရှင်မြတ်ပဲ စိုးပိုင်ကြောင်း၊ ဒုက္ခဟူသမျှကို အရှင်မြတ်ပဲ ဖယ်ရှားပေးနိုင်တဲ့အရှင်ဖြစ်ကြောင်း၊ စားနပ်ရိက္ခာအားလုံးကို အရှင်မြတ်ကပဲ ပေးနေတော်မူတဲ့အရှင်ဖြစ်ကြောင်း၊ အစစအရာရာ စီမံခန့်ခွဲ ပြုလုပ်ဆောင်ရွက်နေသူဟာ အလ္လာဟ်အရှင်မြတ်ပဲ ဖြစ်ကြောင်းကိုသိရှိယုံကြည်ထားကြတဲ့အတိုင်းတမန်တော်မြတ် ﷺ မေးတဲ့အခါမှာလည်းအဲဒီအတိုင်းပဲအဖြေပေးမဲ့အကြောင်း အရှင်မြတ်က မိန့်ထားပြီးဖြစ်တယ်။ အဲဒီအချက်တွေ အားလုံးမှာ မုရှ်ရိက် တွေရဲ့ ယုံကြည်ချက်နဲ့ မွတ်စ်လင်မ်တွေရဲ့ ယုံကြည်ချက်ဟာ အတူတူပဲဖြစ်တယ်။ အဲဒီနောက် ဘယ်မှာကွာခြားသွားလဲဆိုရင် စစ်မှန်တဲ့ မွတ်စ်လင်မ်ဟာ အရှင်မြတ်တစ်ပါးတည်းကပဲ ကိစ္စရပ်ဟူသမျှကို စီမံခန့်ခွဲပြုလုပ်ဆောင်ရွက်နေတာ ဖြစ်တယ်လို့ယုံကြည်ပြီးတဲ့နောက် အဲဒီအရှင်မြတ်တစ်ပါးတည်းကိုပဲ ကိုးကွယ်တယ်။ မုရှ်ရိက်ကတော့ အရှင်မြတ်တစ်ပါးတည်းကပဲ ကိစ္စရပ်ဟူသမျှကို စီမံခန့်ခွဲပြုလုပ်ဆောင်ရွက်နေတာ ဖြစ်တယ်လို့ ယုံကြည်ပြီးတဲ့နောက် အရှင်မြတ်တစ်ပါးတည်းကိုသာ ကိုးကွယ်တာမဟုတ်ဘဲ သူတို့ရဲ့ထင်မြင်ယူဆချက်နဲ့ အခြားအရာတွေက အရှင်မြတ်နဲ့နီးကပ်အောင်လုပ်ပေးမှာ ဖြစ်တယ်လို့ဆိုပြီး အဲဒီအရာတွေကိုပါ တွဲဖက်ကိုးကွယ်ကြတယ်။ သူတို့ကိုးကွယ်တဲ့အထဲမှာ သေဆုံးပြီးသွားတဲ့ နဗီတွေ၊ ဝလီတွေ၊ ကောင်းမြတ်တဲ့သူတွေ ပါဝင်ခဲ့တယ်။ သူတို့ကို ရုပ်တုတွေလုပ်ပြီးတွဲဖက်ကိုးကွယ်ခဲ့ကြတယ်။ အဲဒီသူတွေကို ရုပ်တုလုပ်ကိုးကွယ်ပေမဲ့ အဲဒီသူတွေက ထမင်းကျွေးမယ်လို့ မယုံခဲ့ကြဘူး။ ထမင်းကိုတော့ အလ္လာဟ်အရှင်မြတ်ကပဲ ကျွေးတာလို့ ယုံကြည်ကြတယ်။ အဲဒီမုရှ်ရိက်တွေရဲ့ နောက်မှာ မုရှ်ရိက်အသစ်တစ်မျိုး ပေါ်ထွက်လာခဲ့တယ်။ အဲဒီမုရှ်ရိက်အသစ်တွေဟာ သေဆုံးပြီးတဲ့ နဗီတွေ ဝလီတွေကို ရုပ်တု လုပ်ပြီးတော့ မကိုးကွယ်ကြဘူး။ ဒါပေမဲ့ သေဆုံးပြီးတဲ့ နဗီတွေ၊ ဝလီတွေထံမှာ ကိစ္စဟူသမျှကို ဖြေရှင်းပေးဖို့တောင်းခံရင် ရမယ်လို့ ယုံကြည်ချက်ထားကြတယ်။ အရှင်မြတ် လမ်းမှန်ပြပါစေ၊ အာမီးန် ။

(အန္နဝါအွသ်သောင်ဟီးဒိဆ်ဆလာဆဟ်၊ ရိစာလသွသ်သောင်ဟီဒ်၊ သက္ကဝီယသွလ်အီမာန်)

بَلْ أَتَيْنَٰهُم بِٱلْحَقِّ وَإِنَّهُمْ لَكَٰذِبُونَ ﴿٩٠﴾

(၉၀) ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့ထံသို့ အမှန်တရားကို ပို့ဆောင်တော်မူခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အမှန်ပင် သူတို့သည် မုသားလိမ်လည်ပြောသည့်သူများပင် ဖြစ်ကြသည်။❶

❶ မုရှ်ရိက်တွေဟာ အရှင်မြတ်ကို မသိလို့မဟုတ်ဘဲ သက်သက်လိမ်ပြောခြင်းသာဖြစ်တယ်။ သူတို့ရဲ့စိတ်အလိုဆန္ဒတွေအတိုင်း မလိုက်ရလို့ လက်မခံခြင်းသာဖြစ်တယ်။

(အိဗ်နုကဆီး၊ အသ်သဖ်စီရွလ်မုယတ်စရ်)

مَا ٱتَّخَذَ ٱللَّهُ مِن وَلَدٍ وَمَا كَانَ مَعَهُۥ مِنْ إِلَٰهٍ ۚ إِذًا لَّذَهَبَ كُلُّ إِلَٰهٍۭ بِمَا خَلَقَ وَلَعَلَا بَعْضُهُمْ عَلَىٰ بَعْضٍ ۚ سُبْحَٰنَ ٱللَّهِ عَمَّا يَصِفُونَ ﴿٩١﴾

(၉၁) အလ္လာဟ်အရှင်မြတ်သည် သားတော်ဟူ၍ မည်သူ့ကိုမျှရွေးချယ်ပြုလုပ်တော်မမူပေ။ ထို့ပြင် အရှင်မြတ်နှင့်အတူ ကိုးကွယ်ထိုက်သူဟူ၍လည်း မည်သူမျှမရှိပေ။❷ ထိုသို့ရှိခဲ့လျှင် ကိုးကွယ်ရာတိုင်းသည် သူဖန်ဆင်းထားသည့် အရာများကို အမှန်ပင် ခေါ်ဆောင်ထွက်ခွာသွားခဲ့မည်သာမက ထိုကိုးကွယ်ရာများထဲမှ တစ်ဦးသည် တစ်ဦးအပေါ်တွင် အမှန်ပင် (တိုက်ခိုက်)လွှမ်းမိုးခဲ့မည် ဖြစ်သည်။ (ထိုသို့ကိုးကွယ်ထိုက်သူ အခြားတစ်ဦးမျှ မရှိခဲ့သည့်အတွက် အရှင်မြတ်တစ်ပါးတည်းပင် အမြဲတည်ရှိနေခြင်းဖြစ်သည်။) အလ္လာဟ်အရှင်မြတ်သည် သူတို့ လုပ်ကြံစွပ်စွဲပြောဆိုကြသည့်အရာများမှ လုံးဝစင်ကြယ်တော်မူသည်။

❷ အရှင်မြတ်ကလွဲလို့ စစ်မှန်တဲ့ အခြားကိုးကွယ်ထိုက်တဲ့အရှင်လုံးဝမရှိဘူး။ တကယ်လို့ ရှိခဲ့ရင် ကိုးကွယ်ရာအချင်းချင်း တိုက်ခိုက်နေကြရင်းနဲ့ စကြဝဠာကြီးဟာ စစ်မြေပြင်ကြီးလိုဖြစ်သွားပြီး ပျက်စီးသွားမှာဖြစ်တယ်။ (အလင်းပြကျမ်း)

عَٰلِمِ ٱلْغَيْبِ وَٱلشَّهَٰدَةِ فَتَعَٰلَىٰ عَمَّا يُشْرِكُونَ ﴿٩٢﴾

(၉၂) မျက်ကွယ်တွင်ရှိသည်များနှင့် မျက်မှောက်တွင်ရှိသည်များကို အလွန်သိတော်မူသော အရှင်ဖြစ်သည့်အတွက် အရှင်မြတ်သည် သူတို့တွဲဖက်ကိုးကွယ်ကြသည်များထက် အလွန်မြင့်မားထွတ်မြတ်လှတော်မူသည်။

قُل رَّبِّ إِمَّا تُرِيَنِّى مَا يُوعَدُونَ ﴿٩٣﴾

(၉၃) (အို-တမန်တော်)အသင်သည် (ဤသို့)ပြောဆိုလျှောက်ထားပါ- အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အကယ်၍ အရှင်မြတ်သည် ထိုသူများ ခြိမ်းခြောက်ခံထားရသော(ပြစ်ဒဏ်)ကို ကျွန်ုပ်အား ပြသ

တော်မူပါလျှင်၊

رَبِّ فَلَا تَجۡعَلۡنِىۡ فِى الۡقَوۡمِ الظّٰلِمِيۡنَ ﴿٩٤﴾

(၉၄) အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်ုပ်အား မတရားကျူးလွန်သောအမျိုးသားများထဲတွင် ပါဝင်စေတော်မမူပါနှင့်။❷

❷ အပြစ်ကျူးလွန်နေတဲ့ ပတ်ဝန်းကျင်မှာ နေထိုင်သူတွေအနေနဲ့ အပြစ်ကျူးလွန်သူတွေအပေါ်မှာ ပြစ်ဒဏ်ကျရောက်ရင် သူတို့အပေါ်မှာ မထိမိအောင် ရှောင်လွှဲပေးဖို့ ဆုတောင်းခိုင်းတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِنَّا عَلٰٓى اَنۡ نُّرِيَكَ مَا نَعِدُهُمۡ لَقٰدِرُوۡنَ ﴿٩٥﴾

(၉၅) ထို့ပြင် စင်စစ် ငါအရှင်မြတ်သည် သူတို့အား ချိန်းဆိုထားသောအရာ(ပြစ်ဒဏ်)ကို အသင့်အား ပြသတော်မူရန် တတ်စွမ်းနိုင်တော်မူသောအရှင်အမှန်ပင်ဖြစ်တော်မူသည်။

اِدۡفَعۡ بِالَّتِىۡ هِىَ اَحۡسَنُ السَّيِّئَةَ ؕ نَحۡنُ اَعۡلَمُ بِمَا يَصِفُوۡنَ ﴿٩٦﴾

(၉၆) အသင်သည် မကောင်းမှုကို အကောင်းဆုံး(နည်း)ဖြင့် တွန်းလှန်ပါ။❻ ငါအရှင်မြတ်သည် သူတို့ လုပ်ကြံစွပ်စွဲပြောဆိုသည်များကို အသိဆုံးအရှင်ဖြစ်တော်မူသည်။

❻ ဆိုးသွမ်းသူတွေရဲ့ စိတ်နလုံးကို ညွတ်ပျောင်းစေဖို့အတွက် အလွယ်ကူဆုံး နည်းလမ်းကို အလ္လာဟ်အရှင်မြတ်က ညွှန်ကြားပြသလိုက်တာဖြစ်တယ်။ အဲဒါကတော့ အဆိုးကို အကောင်းနဲ့ တုံ့ပြန်ဖို့ဖြစ်တယ်။ (အလင်းပြကျမ်း)

وَقُلۡ رَّبِّ اَعُوۡذُ بِكَ مِنۡ هَمَزٰتِ الشَّيٰطِيۡنِ ۙ﴿٩٧﴾

(၉၇) ထို့ပြင် (အို-တမန်တော်) အသင်သည် (ဤသို့)ပြောဆိုလျှောက်ထားပါ- အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်ုပ်သည် ရှိုင်သွာန်များ၏ တိုက်တွန်းနှိုးဆော်ချက်များမှ (လွတ်ကင်းရန်) အရှင်မြတ်ထံတော်တွင် ခိုလှုံပါသည်။

وَاَعُوۡذُ بِكَ رَبِّ اَنۡ يَّحۡضُرُوۡنِ ﴿٩٨﴾

(၉၈) ထို့ပြင် အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်ုပ်သည် ကျွန်ုပ်ထံသို့ သူတို့ ရောက်ရှိမလာနိုင်ကြအောင်လည်း အရှင်မြတ်ထံတော်တွင် ခိုလှုံပါသည်။❼

❼ လူတွေနဲ့ ဆက်ဆံနည်းကို ပြပြီးတော့ ဂျင်န်ရှိုင်သွာန်တွေနဲ့ ဆက်ဆံနည်းကို ပြသလိုက်တာဖြစ်တယ်။ သူတို့ရဲ့အန္တရာယ်က လွတ်အောင်ကတော့ အရှင်မြတ်ထံတော်မှာပဲ ခိုလှုံရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

حَتّٰٓى اِذَا جَآءَ اَحَدَهُمُ الۡمَوۡتُ قَالَ رَبِّ ارۡجِعُوۡنِ ۙ﴿٩٩﴾

(၉၉) နောက်ဆုံးတွင် ၎င်း(ကာဖိရ်)များထဲမှ တစ်ဦးဦးထံသို့ သေခြင်း ရောက်လာသည့်အခါ ထိုသူသည် (ဤသို့)ပြောဆိုသည်- အို- ကျွန်ုပ်အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်ုပ်ကို ပြန်လွှတ်တော်မူပါ။[၆]

[၆] သေပြီးခါမှ မျက်မြင်ကိုယ်တွေ့ဖြစ်တော့မှပဲ လောကကို ပြန်လွှတ်ဖို့ တောင်းခံတာဟာ ဘာမှ အကျိုးမရှိဘူး။ ပြန်လွှတ်ရင်လည်း အရင်ကလိုပဲ ပြန်ကျူးလွန်ကြမှာပဲလို့ အခြားတစ်နေရာမှာ အရှင်မြတ်အမိန့်ရှိထားတယ်။ (အလင်းပြကျမ်း)

لَعَلِّيٓ أَعۡمَلُ صَٰلِحٗا فِيمَا تَرَكۡتُۚ كَلَّآۚ إِنَّهَا كَلِمَةٌ هُوَ قَآئِلُهَاۖ وَمِن وَرَآئِهِم بَرۡزَخٌ إِلَىٰ يَوۡمِ يُبۡعَثُونَ ١٠٠

(၁၀၀) ကျွန်ုပ်သည် ကျွန်ုပ်စွန့်လွှတ်ထားခဲ့သော (လောကကို ပြန်သွား၍) ကောင်းမြတ်သော လုပ်ရပ်ကို ပြုလုပ်ရန်အတွက် (ဖြစ်ပါသည်)၊ လုံးဝ မဖြစ်နိုင်ပေ။ အမှန်စင်စစ် ၎င်းသည် သူပြောလိုက်သော စကားတစ်ခွန်းသာဖြစ်သည်။ ထို့ပြင် သူတို့နောက်တွင် သူတို့ ရှင်ပြန်ထရမည့်နေ့အထိ အကာအဆီးတစ်ခု ရှိနေပြီဖြစ်သည်။[၇]

[၇] သေပြီးနောက် ကိယာမသ်နေ့မရောက်ခင်ထိ ကြားကာလကို အကာအကွယ် ဗရ်ဇခ်ကာလလို့ ခေါ်တယ်။ (အလင်းပြကျမ်း)

فَإِذَا نُفِخَ فِي ٱلصُّورِ فَلَآ أَنسَابَ بَيۡنَهُمۡ يَوۡمَئِذٖ وَلَا يَتَسَآءَلُونَ ١٠١

(၁၀၁) ထို့နောက် တံပိုးမှုတ်သည့်အခါ ထိုနေ့တွင် သူတို့အချင်းချင်း သွေးသားတော်စပ်မှုများလည်း ရှိမည်မဟုတ်တော့ပေ။ ထို့ပြင် အချင်းချင်း တစ်ဦးကိုတစ်ဦး မေးမြန်းကြမည်လည်း မဟုတ်တော့ပေ။[၈]

[၈] ကိယာမသ်နေ့မှာ အလွန်ကြောက်မက်ဖွယ်ရာတွေနဲ့ ရင်ဆိုင်နေရတဲ့အခါ ဘယ်သူမှ ဆွေမျိုးတော်လို့ဆိုပြီး ဂရုစိုက်ကြည့်မှာ မဟုတ်တော့ဘူး။ အားလုံးဟာ သူစိမ်းတွေလိုပဲ ဆက်ဆံကြမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

فَمَن ثَقُلَتۡ مَوَٰزِينُهُۥ فَأُوْلَٰٓئِكَ هُمُ ٱلۡمُفۡلِحُونَ ١٠٢

(၁၀၂) ထို့နောက် အကြင်သူ၏(ကောင်းမှုသည်) အလေးချိန်များစီးခဲ့လျှင် ထိုသူများပင် အောင်မြင်မှုရရှိသူများဖြစ်ကြမည်။

وَمَنۡ خَفَّتۡ مَوَٰزِينُهُۥ فَأُوْلَٰٓئِكَ ٱلَّذِينَ خَسِرُوٓاْ أَنفُسَهُمۡ فِي جَهَنَّمَ خَٰلِدُونَ ١٠٣

(၁၀၃) ထို့ပြင် အကြင်သူ၏ (ကောင်းမှု၏)အလေးချိန်များသည် ပေါ့နေခဲ့လျှင် ထိုသူများပင် သူတို့ကိုယ်ကိုသူတို့ ဆုံးရှုံးအောင် ပြုလုပ်သူများဖြစ်ကြသည်။ (သူတို့သည်) ဂျဟန္နမ်ငရဲဘုံတွင် အမြဲနေကြရမည်။

تَلۡفَحُ وُجُوهَهُمُ ٱلنَّارُ وَهُمۡ فِيهَا كَٰلِحُونَ ١٠٤

(၁၀၄) ငရဲမီးသည် သူတို့၏မျက်နှာများကို လောင်ကျွမ်းနေလိမ့်မည်။ ထို့ပြင် သူတို့သည် ထိုငရဲဘုံတွင် ရုပ်ဆင်းသဏ္ဍာန်များ ပျက်နေကြမည်ဖြစ်သည်။

أَلَمْ تَكُنْ ءَايَٰتِى تُتْلَىٰ عَلَيْكُمْ فَكُنتُم بِهَا تُكَذِّبُونَ ﴿١٠٥﴾

(၁၀၅) (အရှင်မြတ်က မိန့်ကြားတော်မူမည်)။ ငါအရှင်မြတ်၏အာယသ်တော်များသည် အသင်တို့၏ရှေ့မှောက်တွင် ဖတ်ကြားခြင်းခံခဲ့ရသည့်အခါ၊ အသင်တို့သည် ထိုအာယသ်တော်များကို မဟုတ်မမှန်ဟု ငြင်းပယ်လေ့ရှိခဲ့ကြသည် မဟုတ်လော။

قَالُوا۟ رَبَّنَا غَلَبَتْ عَلَيْنَا شِقْوَتُنَا وَكُنَّا قَوْمًا ضَآلِّينَ ﴿١٠٦﴾

(၁၀၆) သူတို့က ပြောဆိုလျှောက်ထားကြမည်- အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်ုပ်တို့၏နဖူးစာဆိုးမှုသည် ကျွန်ုပ်တို့အပေါ်တွင် လွှမ်းမိုးဖိစီးခဲ့ပါသည်။ ထို့ပြင် ကျွန်ုပ်တို့သည် လမ်းမှားသူများလည်း ဖြစ်ခဲ့ကြပါသည်။

رَبَّنَآ أَخْرِجْنَا مِنْهَا فَإِنْ عُدْنَا فَإِنَّا ظَٰلِمُونَ ﴿١٠٧﴾

(၁၀၇) အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အား ၎င်း(ငရဲဘုံ)မှ ထုတ်ယူတော်မူပါ။ ထို့နောက် အကယ်၍ ကျွန်ုပ်တို့သည် (ဤသို့ပင်)ထပ်၍ ပြုလုပ်ခဲ့ကြပါလျှင်၊ ကျွန်ုပ်တို့သည် အမှန်ပင် ပြစ်မှုကျူးလွန်သူများ ဖြစ်ကြပါလိမ့်မည်။[၁]

[၁] အပြစ်ဒဏ်ခတ်အရေးယူတော့မှ အမှားဝန်ခံလို့ အကျိုးမရှိတော့ဘူး။ အမှားဝန်ခံရမဲ့အချိန်တွေ ကုန်ခဲ့ပြီဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ ٱخْسَـُٔوا۟ فِيهَا وَلَا تُكَلِّمُونِ ﴿١٠٨﴾

(၁၀၈) အရှင်မြတ်က မိန့်ကြားတော်မူမည်- အသင်တို့သည် ထိုငရဲဘုံတွင် သေးသိမ်မှုနှင့် မောင်းထုတ်ခံရသူများအဖြစ် ရှိနေကြပေတော့။ ထို့ပြင် အသင်တို့သည် ငါအရှင်မြတ်နှင့် စကားမပြောကြနှင့်တော့။

إِنَّهُۥ كَانَ فَرِيقٌ مِّنْ عِبَادِى يَقُولُونَ رَبَّنَآ ءَامَنَّا فَٱغْفِرْ لَنَا وَٱرْحَمْنَا وَأَنتَ خَيْرُ ٱلرَّٰحِمِينَ ﴿١٠٩﴾

(၁၀၉) အမှန်စင်စစ် ငါအရှင်မြတ်၏ကျွန်များထဲတွင် လူတစ်စုရှိခဲ့သည်။ သူတို့သည် (ဤသို့)ပြောဆိုလျှောက်ထားနေခဲ့ကြသည်။ အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်ုပ်တို့သည် အီမာန်ယုံကြည်ကြပါသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်ုပ်တို့ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား သနားကြင်နာတော်မူပါ။

ထို့ပြင် အရှင်မြတ်သည် သနားကြင်နာသူအားလုံးထက် အကောင်းဆုံး သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူပါသည်။

فَاتَّخَذْتُمُوهُمْ سِخْرِيًّا حَتَّىٰ أَنسَوْكُمْ ذِكْرِي وَكُنتُم مِّنْهُمْ تَضْحَكُونَ ﴿١١٠﴾

(၁၁၀) သို့ဖြစ်ရာ အသင်တို့သည် သူတို့အား ပြောင်လှောင်ဖွယ်ရာများအဖြစ် ပြုလုပ်ခဲ့ကြသည်။ နောက်ဆုံးတွင် သူတို့(အား အသင်တို့၏ပြောင်လှောင်မှု)သည် အသင်တို့အား ငါအရှင်မြတ်၏သတိရခြင်းမှ မေ့ပျောက်စေခဲ့သည်။ ထို့ပြင် အသင်တို့သည် သူတို့အပေါ်တွင် ရယ်မောနေခဲ့ကြသည်။❶

❶ သူတို့ ရဲ့ကြိုးစားရမဲ့အချိန်တွေဟာ ကောင်းမြတ်တဲ့သူတွေကို ပြောင်လှောင်ရင်းနဲ့ ကုန်ခဲ့ပြီဖြစ်တဲ့အတွက် အခုတော့ ငရဲဘုံမှာပဲ အချိန်ရှိတော့တာဖြစ်တယ်။ (ဂျလာလိုင်န်၊ အွဆ်မာနီ)

إِنِّي جَزَيْتُهُمُ الْيَوْمَ بِمَا صَبَرُوا أَنَّهُمْ هُمُ الْفَائِزُونَ ﴿١١١﴾

(၁၁၁) ယနေ့မူ အမှန်ပင် ငါအရှင်မြတ်သည် သူတို့အား သူတို့၏ သည်းခံမှုကြောင့် ကောင်းကျိုးကို ပေးသနားတော်မူလိုက်ပြီဖြစ်သည်။ အမှန်စင်စစ် သူတို့ပင် အောင်မြင်သည့်သူများ ဖြစ်ကြသည်။

قَالَ كَمْ لَبِثْتُمْ فِي الْأَرْضِ عَدَدَ سِنِينَ ﴿١١٢﴾

(၁၁၂) အရှင်မြတ်သည် (သူတို့အား) မိန့်ကြားတော်မူမည်- အသင်တို့သည် ကမ္ဘာမြေတွင် ရေတွက်ရသည့်နှစ်ကာလအနေဖြင့် မည်မျှ(ကြာရှည်စွာ) နေခဲ့ကြသနည်း။

قَالُوا لَبِثْنَا يَوْمًا أَوْ بَعْضَ يَوْمٍ فَاسْأَلِ الْعَادِّينَ ﴿١١٣﴾

(၁၁၃) သူတို့က ပြောဆိုလျှောက်ထားကြမည်-ကျွန်ုပ်တို့သည် တစ်နေ့သို့မဟုတ် တစ်နေ့လျော့လျော့ နေခဲ့ကြပါသည်။❷ သို့ဖြစ်ရာ အရှင်မြတ်သည် ရေတွက်သူ(များဖြစ်ကြသော ကောင်းကင်တမန်)များအား မေးမြန်းကြည့်တော်မူပါ။

❷ တမလွန်ဘဝနဲ့စာရင် လောကီဘဝဟာ တစ်နေ့ ဒါမှမဟုတ် နေ့တစ်ဝက်လောက်ပဲ ရှိတယ်ဆိုတာကို တမလွန်ဘဝရောက်မှပဲ သိကြမှာဖြစ်တယ်။ အဲဒီသိတဲ့အချိန်ဟာ ဘာမှ အသုံးဝင်တော့မှာမဟုတ်ဘူး။ အဲဒါတွေကို အရှင်မြတ်က ကြိုတင်အသိပေးထားပြီးဖြစ်တဲ့အတွက် အခုအချိန်မှာ သိပြီး တမလွန်ဘဝအတွက် ကြိုးစားရင် အချိန်ရဦးမှာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ إِن لَّبِثْتُمْ إِلَّا قَلِيلًا لَّوْ أَنَّكُمْ كُنتُمْ تَعْلَمُونَ ﴿١١٤﴾

(၁၁၄) အရှင်မြတ်က မိန့်ကြားတော်မူမည်- အသင်တို့သည် (ကမ္ဘာမြေတွင်) အနည်းငယ်သာ နေထိုင်(ကြာညောင်း)ခဲ့ကြသည်။ အကယ်၍အသင်တို့သည် (ဤသည်ကို ယခင်က)သိရှိခဲ့ကြလျှင် အဘယ်မျှကောင်းလိုက်မည်နည်း။

أَفَحَسِبْتُمْ أَنَّمَا خَلَقْنَاكُمْ عَبَثًا وَأَنَّكُمْ إِلَيْنَا لَا تُرْجَعُونَ ﴿١١٥﴾

(၁၁၅) အသင်တို့သည် အသင်တို့အား ငါအရှင်မြတ်က အကျိုးမဲ့ ဖန်ဆင်းတော်မူခဲ့သည်ဟု၊ ထို့ပြင် အသင်တို့သည် ငါအရှင်မြတ်ထံတော်သို့ ပြန်လည်ရောက်ရှိကြရမည်မဟုတ်ပေဟု ထင်မှတ်ခဲ့ကြသလော။❻

❻ လူသားကို အကျိုးမဲ့ ဖန်ဆင်းတာ မဟုတ်ဘူး။ လူသားတွေဟာ အရှင်မြတ်ကို ကိုးကွယ်ရင်းနဲ့ သူတို့ကိုယ်ကို အကျိုးအမြတ်ရအောင် ကြိုးပမ်းကြဖို့ ဖန်ဆင်းထားတာဖြစ်တယ်။
(ဂျလာလိုင်န်၊ ဟာရှီယဟ်ဂျမလ်)

فَتَعَٰلَى ٱللَّهُ ٱلْمَلِكُ ٱلْحَقُّ ۖ لَآ إِلَٰهَ إِلَّا هُوَ رَبُّ ٱلْعَرْشِ ٱلْكَرِيمِ ﴿١١٦﴾

(၁၁၆) ထို့ပြင် ဘုရင်မင်းမြတ်အစစ်အမှန်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် (ထိုသို့ အကျိုးမဲ့ ပြုလုပ်တော်မူသည်များထက်) အလွန်မြင့်မား ထွတ်မြတ်လှတော်မူသည်။ အရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ထိုက်သည့်အရှင် မရှိပေ။ (အရှင်မြတ်သည်) မြင့်မြတ်လှသော အရ်ရှ်ပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

وَمَن يَدْعُ مَعَ ٱللَّهِ إِلَٰهًا ءَاخَرَ لَا بُرْهَٰنَ لَهُۥ بِهِۦ فَإِنَّمَا حِسَابُهُۥ عِندَ رَبِّهِۦٓ ۚ إِنَّهُۥ لَا يُفْلِحُ ٱلْكَٰفِرُونَ ﴿١١٧﴾

(၁၁၇) ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်၍ မည်သည့်အထောက်အထားမျှမရှိဘဲ အခြားကိုးကွယ်ရာတစ်စုံတစ်ခုကို ဟစ်ခေါ် ကိုးကွယ်လျှင်၊ ထိုသူ့ကိုစစ်ဆေးခြင်းသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်၌သာ(တာဝန်) ရှိသည်။ အမှန်စင်စစ် ငြင်းပယ်သူများသည် အောင်မြင်မည်မဟုတ်ပေ။❼

❼ ဒီစူရတ်ကလျှာအစမှာ မုအ်မင်န်တွေဟာ အောင်မြင်မဲ့ အကြောင်းအမိန့်ရှိထားပြီး ဒီ စူရတ်ကလျှာ အဆုံးမှာ ကာဖိရ်တွေဟာ အောင်မြင်မှာ မဟုတ်တဲ့အကြောင်း အမိန့်ရှိထားတာဖြစ်တယ်။
(အလင်းပြကျမ်း)

وَقُل رَّبِّ ٱغْفِرْ وَٱرْحَمْ وَأَنتَ خَيْرُ ٱلرَّٰحِمِينَ ﴿١١٨﴾

(၁၁၈) ထို့ပြင် (အို- တမန်တော်) အသင်သည် (ဤသို့) ပြောဆိုလျှောက်ထားပါ- အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် (ကျွန်ုပ်၏အပြစ်များကို) ခွင့်လွှတ်တော်မူပါ။ ထို့ပြင် သနားကြင်နာတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် သနားကြင်နာသူအားလုံးထက် ပိုမိုသနားကြင်နာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပါသည်။❽

❽ တမန်တော်မြတ် ﷺ ကိုတောင် အရှင်မြတ်ထံတော်မှာ ခွင့်လွှတ်ဖို့ သနားဖို့ တောင်းခံခိုင်းတယ် ဆိုရင် ကျန်တဲ့သူတွေ ဘယ်လောက်တောင်းဖို့လိုမလဲ။ (အလင်းပြကျမ်း)

ركوعاتها ٩ ٢٤ سُوْرَةُ النُّوْرِ مَدَنِيَّةٌ ١٠٢ اٰياتها ٦٤

## စူရဟ် နူးရ် (ရောင်ခြည်တော်ကဏ္ဍ) سُوْرَةُ النُّوْرِ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော

အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

سُوْرَةٌ اَنْزَلْنٰهَا وَفَرَضْنٰهَا وَاَنْزَلْنَا فِيْهَآ اٰيٰتٍۢ بَيِّنٰتٍ لَّعَلَّكُمْ تَذَكَّرُوْنَ ﴿١﴾

(၁) (ဤသည်) ကဏ္ဍတစ်ခုပင် ဖြစ်သည်။ ငါအရှင်မြတ်သည်ပင် ထိုကဏ္ဍကို ချပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည်ပင် ထိုကဏ္ဍကို ပြဋ္ဌာန်းတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့ တရားရကြရန်အတွက် ထိုကဏ္ဍတွင် ထင်ရှားသော အာယသ်တော်များကို ချပေးတော်မူခဲ့သည်။❶

❶ ဒီကဏ္ဍဟာ အရေးကြီးတဲ့ အမိန့်ပညတ်ချက်တွေပါဝင်တဲ့အတွက် လေ့လာမှတ်သားလိုက်နာနိုင်အောင် အရှင်မြတ်က အလေးအနက်အမိန့်ရှိထားတာဖြစ်တယ်။ တကယ်တော့ ကုရ်အာန်ကျမ်းတစ်အုပ်လုံးဟာ အရှင်မြတ်ရဲ့အာယသ်တော်တွေချည်းပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

اَلزَّانِيَةُ وَالزَّانِيْ فَاجْلِدُوْا كُلَّ وَاحِدٍ مِّنْهُمَا مِائَةَ جَلْدَةٍ ۖ وَّلَا تَاْخُذْكُمْ بِهِمَا رَاْفَةٌ فِيْ دِيْنِ اللّٰهِ اِنْ كُنْتُمْ تُؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ۚ وَلْيَشْهَدْ عَذَابَهُمَا طَآئِفَةٌ مِّنَ الْمُؤْمِنِيْنَ ﴿٢﴾

(၂) တရားမဝင်ကာမ ကျူးလွန်သောမိန်းမနှင့် တရားမဝင် ကာမကျူးလွန်သောယောကျ်ားကို အသင်တို့သည် သူတို့နှစ်ဦးထဲမှ တစ်ဦးစီအား ကြိမ်ဒဏ်အချက်ပေါင်းတစ်ရာစီ ရိုက်ကြပါ။❷ ထို့ပြင် အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကိုယုံကြည်ကြလျှင် သူတို့နှစ်ဦးအပေါ်တွင် သနားခြင်းသည် အသင်တို့အား အလ္လာဟ်အရှင်မြတ်၏အမိန့်ပညတ်ကို လိုက်နာရာတွင် လျှော့နည်းခြင်းမရှိစေရပေ။❸ ထို့ပြင် သူတို့နှစ်ဦးအား ပြစ်ဒဏ်ပေးခြင်းကို အီမာန်ယုံကြည်သည့်အုပ်စုတစ်စုသည် လာရောက်ကြည့်ရှုကြရမည်ဖြစ်သည်။❹

❷ တရားမဝင်ကာမကျူးလွန်သူယောကျ်ားနှင့် မိန်းမကို ကြိမ်ဒဏ်တစ်ရာရိုက်ဖို့ ဒီအချက်တွေ ပြည့်စုံရမယ် - (၁) လွတ်လပ်သူ(ကျွန်မဟုတ်သူ)၊ (၂)အသိဉာဏ်ရှိသူ(အရူးမဟုတ်သူ)၊ (၃) အရွယ်ရောက်သူ၊ (၄) အပျိုလူပျို (မထိမ်းမြားရသေးသူ၊ ထိမ်းမြားပြီးရင်လည်း ပေါင်းသင်းဆက်ဆံမှု မပြုရသေးသူ)။ အဲဒီအချက်တွေနဲ့ကိုက်ညီတဲ့ တရားမဝင်ကာမ ကျူးလွန်သူကို ကြိမ်ဒဏ်တစ်ရာရိုက်ရမှာဖြစ်တယ်။ တကယ်လို့ နံပါတ်(၄)အချက်မှာ အပျိုလူပျို မဟုတ်ဘဲ၊ ထိမ်းမြားပြီးပေါင်းသင်းဆက်ဆံမှုပြုပြီးသူဖြစ်ရင် အဲဒီသူကို ရဂျမ်လို့ခေါ်တဲ့ ခဲပစ်ပေါက်သတ်တဲ့ အပြစ်ဒဏ်ကို

ပေးရမှာဖြစ်တယ်။ အဲဒီအပြစ်ဒဏ်တွေခတ်ဖို့အတွက် သက်သေနဲ့ပတ်သက်တဲ့အချက်အလက်တွေ ပြည့်စုံရမှာဖြစ်တယ်။ သက်သေပညတ်ချက်မှာ (၁) မွတ်စ်လင်မ် (၂) အသိဉာဏ်ကောင်းသူ (၃)တရားမျှတသူ (၄)ကိုယ်ကိုယ်တိုင်တိတိကျကျ မြင်တွေ့သူ။ အဲဒီအချက်လေးချက်ပြည့်စုံတဲ့ သက်သေလေးဦးဟာ သူတို့ကိုယ်တိုင် သက်သေထွက်ဆိုရမှာဖြစ်တယ်။ ဒါမှမဟုတ် တရားမဝင်ကာမကျူးလွန်တဲ့ ကာယကံရှင်ကိုယ်တိုင် ပြစ်မှုကျူးလွန်ကြောင်း အကြိမ်ကြိမ် ဝန်ခံခဲ့ရင်လည်း ပြစ်ဒဏ်ခတ်ရမှာဖြစ်တယ်။ ဖော်ပြပြီးခဲ့တဲ့အချက်တွေထဲက တစ်ခုခုသံသယဖြစ်ဖွယ်၊ အငြင်းပွားဖွယ်၊ မပြည့်စုံမှု ဖြစ်လာရင် ပြစ်ဒဏ်ပလပ်ခံရမှာဖြစ်တယ်။(လောကရဲ့ဟဒ္ဒ် ပြစ်ဒဏ်ပလပ်ခံရပေမဲ့ တကယ်ကျူးလွန်ထားသူဖြစ်နေရင် တမလွန်ဘဝရဲ့ ပြစ်ဒဏ်ကတော့ ပြင်းထန်စွာခံရမှာဖြစ်တယ်။)(အလင်းပြကျမ်း) [၃] မျက်နှာမလိုက်ဘဲ ပြတ်ပြတ်သားသားပြစ်ဒဏ်ခတ်ရမှာဖြစ်တယ်။ လောကမှာ ပြစ်ဒဏ်ခံပြီးသွားရင် တမလွန်ဘဝမှာ ပြစ်ဒဏ်ခံရတော့မှာ မဟုတ်တော့တဲ့အတွက် အပြစ်ကင်းစင်သူဘဝနဲ့ ရှင်ပြန်ထရမှာဖြစ်တယ်။(အလင်းပြကျမ်း) [၆] လူတွေရှေ့မှာ ပြစ်ဒဏ်ခတ်ရခြင်းမှာ ဒီလိုကြီးတဲ့ အပြစ်မျိုးကို မလုပ်ဘဲ ရှောင်နိုင်အောင် ကျန်တဲ့သူတွေကို သတိပေးတဲ့ သဘောဖြစ်တယ်။ (အလင်းပြကျမ်း)

اَلزَّانِيْ لَا يَنْكِحُ اِلَّا زَانِيَةً اَوْ مُشْرِكَةً ۖ وَّالزَّانِيَةُ لَا يَنْكِحُهَآ اِلَّا زَانٍ اَوْ مُشْرِكٌ ۚ وَحُرِّمَ ذٰلِكَ عَلَى
الْمُؤْمِنِيْنَ ﴿٣﴾

(၃) တရားမဝင်ကာမကျူးလွန်သောယောက်ျားသည် တရားမဝင်ကာမကျူးလွန်သောမိန်းမ၊ သို့မဟုတ် ရှိရ်က်ပြုလုပ်သောမိန်းမမှလွဲ၍ အခြားမိန်းမများနှင့် ထိမ်းမြားခြင်းမရှိပေ။ ထို့ပြင် တရားမဝင်ကာမ ကျူးလွန်သည့်မိန်းမနှင့်လည်း တရားမဝင်ကာမကျူးလွန်သည့်ယောက်ျား၊ သို့မဟုတ် ရှိရ်က်ပြုလုပ်သောယောက်ျားသာ ထိမ်းမြားသည်။[၇] ထို့ပြင် ထို(သို့ တရားမဝင်ကာမကျူးလွန်သည့်ယောက်ျား၊ မိန်းမများနှင့်ထိမ်းမြားမှု)သည် အီမာန်ယုံကြည်သူ(ယောက်ျား၊ မိန်းမ)များအပေါ်တွင် ဟရာမ်ဟု တားမြစ်ထားပြီးဖြစ်သည်။

[၇] အသွင်တူတဲ့ သူအချင်းချင်းပဲ ထိမ်းမြားတဲ့ဓလေ့ရှိတာကို ဆိုလိုတယ်။ လက်ရှိ ကျူးလွန်ဆဲသူ အမျိုးသားနဲ့အမျိုးသမီးတွေကိုဆိုလိုတယ်။ ပြုပြင်နေထိုင်ပြီးသူတွေမပါဝင်ဘူး။ (အလင်းပြကျမ်း)

وَ الَّذِيْنَ يَرْمُوْنَ الْمُحْصَنٰتِ ثُمَّ لَمْ يَاْتُوْا بِاَرْبَعَةِ شُهَدَآءَ فَاجْلِدُوْهُمْ ثَمٰنِيْنَ جَلْدَةً وَّ لَا
تَقْبَلُوْا لَهُمْ شَهَادَةً اَبَدًا ۚ وَاُولٰٓئِكَ هُمُ الْفٰسِقُوْنَ ۙ﴿٤﴾

(၄) ထို့ပြင် အပြစ်ကင်းသည့်အမျိုးသမီးများအား (တရားမဝင်ကာမကျူးလွန်သည်ဟု) စွပ်စွဲပြီးနောက် သက်သေလေးယောက်မတင်ပြနိုင်ခဲ့ကြသည့် သူများကို အသင်တို့သည် ကြိမ်ဒဏ်အချက်ပေါင်းရှစ်ဆယ် ရိုက်ကြပါ။ ထို့ပြင် အသင်တို့သည် မည်သည့်အခါမျှ သူတို့၏မည်သည့်သက်သေခံချက်ကိုမျှ လက်မခံကြနှင့်။ ထို့ပြင် သူတို့သည် စည်းကမ်းဖောက်ဖျက်သည့်သူများ ဖြစ်ကြ

သည်။

إِلَّا الَّذِينَ تَابُوا مِنۢ بَعۡدِ ذَٰلِكَ وَأَصۡلَحُوا۟ فَإِنَّ اللَّهَ غَفُورٞ رَّحِيمٞ ﴿٥﴾

(၅) သို့ရာတွင် အကြင်သူများသည် ထို(သို့စွပ်စွဲပြီး)နောက် ဝန်ချတောင်းပန်ကြပြီး ပြုပြင်နေခဲ့ကြသည်ဆိုလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန် ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ပင်ဖြစ်တော်မူသည်။❻

❻ ဝန်ချပြီးတဲ့နောက်လည်း သူတို့ရဲ့ သက်သေခံမှုတွေကိုတော့ ရောင်းဝယ်ရေး၊ ဆက်ဆံရေး၊ စတဲ့အမှုအခင်းတွေမှာ ဘယ်တော့မှ လက်မခံတော့ဘူး။ ဘာဖြစ်လို့လဲဆိုရင် ပထမတစ်ကြိမ်မှာ သူတစ်ပါးကို အရှက်ခွဲဖို့ လိမ်လည်ပြီး သက်သေထွက်ဆိုခဲ့လို့ဖြစ်တယ်။ (အလင်းပြကျမ်း)

وَالَّذِينَ يَرۡمُونَ أَزۡوَٰجَهُمۡ وَلَمۡ يَكُن لَّهُمۡ شُهَدَآءُ إِلَّآ أَنفُسُهُمۡ فَشَهَٰدَةُ أَحَدِهِمۡ أَرۡبَعُ شَهَٰدَٰتِۭ بِاللَّهِ إِنَّهُۥ لَمِنَ الصَّٰدِقِينَ ﴿٦﴾

(၆) ထို့ပြင် မိမိတို့၏ဇနီးကြင်ရာများကို (တရားမဝင်ကာမ ကျူးလွန်သည်ဟု)စွပ်စွဲသူများသည် သူတို့တွင် သူတို့အပြင် အခြားသက်သေများမရှိကြလျှင် ထိုစွပ်စွဲသူထဲမှ တစ်ဦးသည် အလ္လာဟ်အရှင်မြတ်အား တိုင်တည်(ကျိန်ဆို)၍ အမှန်စင်စစ် သူသည် မှန်ကန်သူဖြစ်ကြောင်း လေးကြိမ် သက်သေထွက်ဆိုရမည်။

وَالۡخَٰمِسَةُ أَنَّ لَعۡنَتَ اللَّهِ عَلَيۡهِ إِن كَانَ مِنَ الۡكَٰذِبِينَ ﴿٧﴾

(၇) ထို့ပြင် ပဉ္စမအကြိမ်တွင် အကယ်၍ သူသည် လိမ်လည်သူ ဖြစ်ခဲ့လျှင် သူ့အပေါ်တွင် အလ္လာဟ်အရှင်မြတ်၏လအ်နသ်(ကျိန်စာ) ကရုဏာတော်မှ ကင်းဝေးစေမှုသည် အမှန်ကျရောက်ပါစေ(ဟု ဆိုရမည်။)❼

❼ သာသနာမှာ ဒါကို လိအာန်လို့ ခေါ်တွင်တယ်။ ကိုယ့်ရဲ့ သိက္ခာကို ငြိစွန်းလာတဲ့အပေါ် အကာအကွယ်ယူနိုင်ဖို့ အရှင့်ဘက်က သတ်မှတ်ပြဋ္ဌာန်းပေးတော်မူထားခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَدۡرَؤُا۟ عَنۡهَا الۡعَذَابَ أَن تَشۡهَدَ أَرۡبَعَ شَهَٰدَٰتِۭ بِاللَّهِ إِنَّهُۥ لَمِنَ الۡكَٰذِبِينَ ﴿٨﴾

(၈) ထို့ပြင် ဇနီးကြင်ရာသည် အလ္လာဟ်အရှင်မြတ်အား တိုင်တည်(ကျိန်ဆို)၍ အမှန်စင်စစ် ထိုယောကျ်ားသည် လိမ်လည်သူဖြစ်ကြောင်း လေးကြိမ် သက်သေထွက်ဆိုခြင်းသည် ထိုဇနီးကြင်ရာမှပြစ်ဒဏ်ကို ဖယ်ရှားမည်ဖြစ်သည်။

وَالۡخَٰمِسَةَ أَنَّ غَضَبَ اللَّهِ عَلَيۡهَآ إِن كَانَ مِنَ الصَّٰدِقِينَ ﴿٩﴾

(၉) ထို့ပြင် ပဉ္စမအကြိမ်တွင် အကယ်၍ ထိုယောကျ်ားသည် မှန်ကန်သူဖြစ်ခဲ့လျှင် သူမအပေါ်တွင် အလ္လာဟ်အရှင်မြတ်၏အမျက်တော် အမှန်ပင်ကျရောက်ပါစေဟု ထွက်ဆိုရမည်ဖြစ်သည်။

وَلَوْلَا فَضْلُ اللّٰهِ عَلَيْكُمْ وَرَحْمَتُهٗ وَاَنَّ اللّٰهَ تَوَّابٌ حَكِيْمٌ ﴿١٠﴾

(၁၀) ထို့ပြင် အကယ်၍သာ အသင်တို့အပေါ်တွင် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်နှင့် အရှင်မြတ်၏အသနားတော်သည် မရှိခဲ့လျှင် (အမှန်ကို ဖော်ထုတ်ပေးလိုက်မည်ဖြစ်သည်)။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အမှားဝန်ခံမှုကို အကြိမ်ကြိမ်လက်ခံခွင့်လွှတ်တော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည့်အတွက် (အသင်တို့အား ဝန်ချတောင်းပန်နိုင်အောင် အခွင့်အရေးပေးတော်မူခြင်းဖြစ်သည်)။

اِنَّ الَّذِيْنَ جَآءُوْ بِالْاِفْكِ عُصْبَةٌ مِّنْكُمْ ؕ لَا تَحْسَبُوْهُ شَرًّا لَّكُمْ ؕ بَلْ هُوَ خَيْرٌ لَّكُمْ ؕ لِكُلِّ امْرِئٍ مِّنْهُمْ مَّا اكْتَسَبَ مِنَ الْاِثْمِ ۚ وَالَّذِىْ تَوَلّٰى كِبْرَهٗ مِنْهُمْ لَهٗ عَذَابٌ عَظِيْمٌ ﴿١١﴾

(၁၁) အမှန်စင်စစ် မုသားစွပ်စွဲချက်ကို ဖြန့်ချိခဲ့သည့်သူများသည် အသင်တို့ထဲမှ အုပ်စုတစ်စုပင်ဖြစ်သည်။❶ အသင်တို့သည် အသင်တို့နှင့် ပတ်သက်၍ ထိုလိမ်လည်စွပ်စွဲချက်ကို ဆိုးရွားသည်ဟု မယူဆကြနှင့်။ အမှန်စင်စစ် ထိုလိမ်လည်စွပ်စွဲချက်သည် အသင်တို့နှင့်ပတ်သက်၍ ကောင်းသည်။ ထိုအုပ်စုထဲမှ လူတိုင်းအတွက် သူရှာဖွေဆည်းပူးခဲ့သော ပြစ်မှုရှိသည်။ ထို့ပြင် သူတို့ထဲမှ ၎င်း(လိမ်လည်စွပ်စွဲမှု)၏ ကြီးကျယ်မှုကို ဦးဆောင်(ဖြန့်ချိ)ခဲ့သည့်သူမှာ သူ့အတွက် အလွန်ကြီးလေးသောပြစ်ဒဏ်ရှိသည်။

❶ တမန်တော်မြတ် ﷺ ရဲ့ ကြင်ရာတော် အာအိရှဟ် ؓ နဲ့ပတ်သက်ပြီး မတရားစွပ်စွဲမှု ပြုလုပ်ဖြန့်ချိခဲ့တဲ့အုပ်စုကို ဆိုလိုတယ်။ အဖြစ်အပျက် အကျဉ်းချုပ်မှာ – ဟိဂျ်ရီ၆ခုနှစ်မှာ တမန်တော်မြတ် ﷺ ဟာ ဗနီမုစ္စ်ဒွလိက် စစ်ပွဲက အပြန် တစ်နေရာမှာ စခန်းချရပ်နားတော်မူခဲ့တယ်။ ညအချိန်မှာ ကြင်ရာတော်ဟာ အပေါ့အပါးကို ကွယ်ရာမှာ ထသွားရင်းနဲ့ သူမရဲ့ဆွဲကြိုး ကျပျောက်သွားတာကို ရှာနေရင်း အချိန်ကြာသွားခဲ့တယ်။ အဲဒီအချိန်မှာ စစ်တပ်ဟာ ရှေ့ခရီးဆက်ဖို့ ထွက်ခွာဖို့ အသင့်ပြင်ဆင်ကြတယ်။ ကြင်ရာတော်စီးနင်းတဲ့ ကုလားအုတ်ပေါ်ကို ကုလားအုတ်ခြင်းပေါင်းမိုးကို မတင်လိုက်ကြတယ်။ ကုလားအုတ်ခြင်းပေါင်းမိုးမှာ လိုက်ကာချထားတာကြောင့် အထဲမှာ ကြင်ရာတော်ရှိနေတယ်လို့ ထင်ခဲ့ကြတယ်။ အဲဒီအချိန်က ကြင်ရာတော်ရဲ့ ငယ်ရွယ်မှုကြောင့် ကိုယ်အလေးချိန်လည်းပေါ့နေတဲ့အတွက် ခြင်းပေါင်းမိုးကို မပြီးတင်တဲ့အချိန်မှာလည်း အထဲမှာ ကြင်ရာတော်မရှိမှန်းသတိမထားမိကြဘူး။ အဲဒါကြောင့် အထဲမှာပဲ ရှိနေတယ်ထင်ပြီး စစ်တပ်ထွက်တဲ့အခါလိုက်ပါထွက်သွားကြတော့တယ်။ ကြင်ရာတော်ဟာ သူမနေရာကိုပြန်လာတဲ့အခါစစ်တပ်ဟာမရှိတော့တာကို တွေ့ပြီး အဲဒီနေရာမှာပဲ စောင့်ဆိုင်းလဲလျောင်းနေခဲ့လိုက်တယ်။ အဲဒီအချိန်မှာ ကျန်ရစ်ပစ္စည်းတွေကိုသိမ်းလာဖို့ တာဝန်ပေးခံထားရတဲ့ သာဝကကြီးစွဖ်ဝါန် ؓ ဟာ ကြင်ရာတော်ကို တွေ့ပြီးအံ့သြသွားခဲ့တယ်။ အဲဒီအချိန် အမျိုးသမီးတွေအတွက် ဟိဂျာဗ် ဖုံးအုပ် အမိန့်ကျရောက်ခဲ့ပြီးဖြစ်တယ်။ ဒါ့ကြောင့် အာအိရှဟ် ؓ ဟာ သူမရဲ့မျက်နှာကို ဖုံးအုပ်ပစ်လိုက်ခဲ့တယ်။ ပြီးတော့

သာဝကကြီးစွဖ်ဝါန် ﷺ ဟာသူရဲ့ ကုလားအုတ်ပေါ်တင်ပြီး သူက အောက်ကနေ ကုလားအုတ်ကို အမြန်ဆွဲသွားခဲ့တယ်။ မကြာခင်မှာပဲ စစ်တပ်ကို မီသွားခဲ့ပြီး တမန်တော်မြတ် ﷺ ထံကို အပ်နှင်းခဲ့တယ်။ အဖြစ်အပျက်က ဒါပဲဖြစ်တယ်။ အဲဒါကို မုနာဖိက်ခေါင်းဆောင် အဗ်ဒွလ္လာဟ်ဗင် အုဗိုင်ယ်က ကြင်ရာတော်ကို မဟုတ်မဟတ် လိမ်လည်စွပ်စွဲပြီး တမန်တော့်သိက္ခာချဖို့ ဝါဒဖြန့်ခဲ့တာဖြစ်တယ်။ တချို့မွတ်စ်လင်မ်တွေဟာ ယောင်မှားပြီး သူ့နောက်လိုက်ကာ ဝါဒဖြန့်တဲ့အထဲမှာ ပါဝင်ခဲ့လို့ အုပ်စုတစ်စုလို့ သုံးခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

لَوْلَآ اِذْ سَمِعْتُمُوْهُ ظَنَّ الْمُؤْمِنُوْنَ وَالْمُؤْمِنٰتُ بِاَنْفُسِهِمْ خَيْرًا ۙ وَّقَالُوْا هٰذَآ اِفْكٌ مُّبِيْنٌ ﴿١٢﴾

(၁၂) ထိုလိမ်လည်စွပ်စွဲမှုကို အသင်တို့ကြားစဉ်က မုအ်မင်န်ယုံကြည်သူယောက်ျား၊ မုအ်မိနဟ်ယုံကြည်သူ မိန်းမများသည် သူတို့အချင်းချင်းနှင့် ပတ်သက်၍ အဘယ်ကြောင့် ကောင်းမွန်သော ထင်မြင်ချက်ကို မထင်မြင်ခဲ့ကြသနည်း။ ထို့ပြင် ၎င်းတို့က ဤသည် ထင်ရှားသော လိမ်လည်စွပ်စွဲမှုပင် ဖြစ်သည်ဟု အဘယ်ကြောင့် မပြောဆိုခဲ့ကြသနည်း။

لَوْلَا جَآءُوْ عَلَيْهِ بِاَرْبَعَةِ شُهَدَآءَ ۚ فَاِذْ لَمْ يَاْتُوْا بِالشُّهَدَآءِ فَاُولٰٓئِكَ عِنْدَ اللّٰهِ هُمُ الْكٰذِبُوْنَ ﴿١٣﴾

(၁၃) ထိုလူတစ်စုသည် အဘယ်ကြောင့် ထိုစွပ်စွဲမှုနှင့် ပတ်သက်၍ သက်သေလေးယောက်ကို မတင်ပြခဲ့ကြသနည်း။ ထို့ပြင် သူတို့သည် သက်သေ မတင်ပြခဲ့ကြသည့်အတွက် သူတို့ပင် အလ္လာဟ်အရှင်မြတ်ထံတော်တွင် လိမ်လည်သူများဖြစ်ကြသည်။

وَلَوْلَا فَضْلُ اللّٰهِ عَلَيْكُمْ وَرَحْمَتُهٗ فِى الدُّنْيَا وَالْاٰخِرَةِ لَمَسَّكُمْ فِىْ مَآ اَفَضْتُمْ فِيْهِ عَذَابٌ عَظِيْمٌ ﴿١٤﴾

(၁၄) ထို့ပြင် အကယ်၍သာ အသင်တို့အပေါ်တွင် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်နှင့် အရှင်မြတ်၏အသနားတော်သည် ဤဘဝနှင့် တမလွန်ဘဝတွင် မရှိခဲ့လျှင် အသင်တို့ နစ်မွန်းနေခဲ့ကြသောကိစ္စနှင့်ပတ်သက်၍ အသင်တို့တွင် အလွန်ကြီးလေးသည့်အပြစ်ဒဏ်သည် အမှန်ပင် ကျရောက်ခဲ့ပြီးဖြစ်သည်။

اِذْ تَلَقَّوْنَهٗ بِاَلْسِنَتِكُمْ وَتَقُوْلُوْنَ بِاَفْوَاهِكُمْ مَّا لَيْسَ لَكُمْ بِهٖ عِلْمٌ وَّتَحْسَبُوْنَهٗ هَيِّنًا ۖ وَّهُوَ عِنْدَ اللّٰهِ عَظِيْمٌ ﴿١٥﴾

(၁၅) တစ်ခါတွင် အသင်တို့သည် ထိုကိစ္စကို အသင်တို့၏နှုတ်လျှာများနှင့် လက်ခံပြောဆိုနေခဲ့ကြသည်။ ထို့ပြင် အသင်တို့ မသိသည့်အကြောင်းကို အသင်တို့၏နှုတ်များနှင့် ပြောဆိုနေခဲ့ကြသည်။ ထို့ပြင် အသင်တို့သည် ထိုကိစ္စကို ပေါ့ဆစွာ သာမန်ကိစ္စဟု ထင်မှတ်နေကြသည်။ ၎င်းပြင် (အမှန်စင်စစ်) ထို

ကိစ္စသည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် အလွန်ကြီးလေးသောကိစ္စဖြစ်သည်။

وَلَوْلَآ اِذْ سَمِعْتُمُوْهُ قُلْتُمْ مَّا يَكُوْنُ لَنَآ اَنْ نَّتَكَلَّمَ بِهٰذَا ۖ سُبْحٰنَكَ هٰذَا بُهْتَانٌ عَظِيْمٌ ﴿١٦﴾

(၁၆) ထို့ပြင် အသင်တို့သည် ထိုလိမ်လည်စွပ်စွဲမှုကို ကြားခဲ့ကြသည့် အခါ "အရှင်မြတ်သည် သန့်ပြန့်စင်ကြယ်တော်မူပါသည်။ ကျွန်ုပ်တို့သည် ဤသည်ကို ပြောဆိုကြရန် မသင့်ပါ။ ဤသည် ကြီးကျယ်သော စွပ်စွဲပြောဆိုချက်ပင် ဖြစ်ပါသည်" ဟု အဘယ်ကြောင့် မပြောဆိုခဲ့ကြသနည်း။

يَعِظُكُمُ اللّٰهُ اَنْ تَعُوْدُوْا لِمِثْلِهٖۤ اَبَدًا اِنْ كُنْتُمْ مُّؤْمِنِيْنَ ﴿١٧﴾

(၁၇) အကယ်၍ အသင်တို့သည် မုအ်မင်နယုံကြည်သူများ ဖြစ်ကြလျှင် အသင်တို့သည် ထိုသို့အပြစ်မျိုးကို နောက်ထပ်မည်သည့်အခါမှ မပြုကြရန် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ဆုံးမတော်မူသည်။

وَيُبَيِّنُ اللّٰهُ لَكُمُ الْاٰيٰتِ ۗ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ﴿١٨﴾

(၁၈) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတွက် အမိန့်ပညတ်တော်များကို ရှင်းလင်းစွာ မိန့်ကြားတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့်အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

اِنَّ الَّذِيْنَ يُحِبُّوْنَ اَنْ تَشِيْعَ الْفَاحِشَةُ فِى الَّذِيْنَ اٰمَنُوْا لَهُمْ عَذَابٌ اَلِيْمٌ ۙ فِى الدُّنْيَا وَالْاٰخِرَةِ ۗ
وَاللّٰهُ يَعْلَمُ وَاَنْتُمْ لَا تَعْلَمُوْنَ ﴿١٩﴾

(၁၉) အမှန်စင်စစ် အီမာန်ယုံကြည်သူများထဲတွင် ညစ်ညမ်းသည့်စကား ပျံ့ပွားသည်ကို နှစ်သက်သည့်သူများအတွက် ဤဘဝနှင့် တမလွန်ဘဝတွင် သူတို့အတွက် နာကျင်ဖွယ်ပြစ်ဒဏ်ရှိမည်။❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သိရှိတော်မူသည်၊ အသင်တို့ကမူ မသိနားမလည်ကြပေ။

❶ ပြဿနာပြီးဆုံးသွားတဲ့နောက် မကောင်းသတင်းပျံ့တာကို အလိုရှိသူတွေဟာ ကာဖိရ်တွေပဲဖြစ်တဲ့အတွက် မွတ်စ်လင်မ်တွေဟာ သူတို့ နောက်ယောင်မလိုက်ကြဖို့ အရှင်မြတ်အမိန့်ရှိထားတော်မူတာဖြစ်တယ်။ သူတို့ဟာ ပြင်းထန်တဲ့ အပြစ်ခံကြရမဲ့သူတွေဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَوْلَا فَضْلُ اللّٰهِ عَلَيْكُمْ وَرَحْمَتُهٗ وَاَنَّ اللّٰهَ رَءُوْفٌ رَّحِيْمٌ ﴿٢٠﴾

(၂၀) ထို့ပြင် အကယ်၍သာ အသင်တို့အပေါ်တွင် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်နှင့် အသနားတော် မရှိခဲ့လျှင် (အမှန်ပင် အသင်တို့အပေါ်တွင် ပြစ်ဒဏ်ကို ဆောလျင်စွာ ကျရောက်စေတော်မူခဲ့မည်ဖြစ်သည်)။ ထို့ပြင် အမှန်

စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်ကြင်နာတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။ (သို့ဖြစ်ရာ အသင်တို့ကို ဝန်ချတောင်းပန်နိုင်ရန် အခြေအနေကို ဖန်တီးပေးတော်မူခဲ့ခြင်းဖြစ်သည်။)❶

❶ အရှင်မြတ်က ဝန်ချတောင်းပန်ဖို့ လမ်းဖွင့်ပေးလို့သာ မွတ်စ်လင်မ်တွေအတွက် ချမ်းသာရာရတာဖြစ်တယ်။ အဲဒါဟာ အရှင်မြတ်ရဲ့ကျေးဇူးတော်ပဲဖြစ်တယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَتَّبِعُوا۟ خُطُوَٰتِ ٱلشَّيْطَٰنِ ۚ وَمَن يَتَّبِعْ خُطُوَٰتِ ٱلشَّيْطَٰنِ فَإِنَّهُۥ يَأْمُرُ بِٱلْفَحْشَآءِ وَٱلْمُنكَرِ ۚ وَلَوْلَا فَضْلُ ٱللَّهِ عَلَيْكُمْ وَرَحْمَتُهُۥ مَا زَكَىٰ مِنكُم مِّنْ أَحَدٍ أَبَدًا وَلَٰكِنَّ ٱللَّهَ يُزَكِّى مَن يَشَآءُ ۗ وَٱللَّهُ سَمِيعٌ عَلِيمٌ ﴿٢١﴾

(၂၁) အို - အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ရှိုင်သွာန်၏ခြေရာများနောက်ကို မလိုက်ကြနှင့်။ ထို့ပြင် မည်သူမဆို ရှိုင်သွာန်၏ခြေရာများနောက်ကိုလိုက်ပါလျှင် အမှန်စင်စစ် ထိုရှိုင်သွာန်သည် ရက်စရာကိစ္စနှင့် မကောင်းမှုကိုသာ လုပ်ရန် ညွှန်ကြားလိမ့်မည်။ ထို့ပြင် အကယ်၍သာ အသင်တို့အပေါ်တွင် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်နှင့် အရှင်မြတ်၏အသနားတော်မရှိခဲ့လျှင် အသင်တို့ထဲတွင် မည်သူမျှ မည်သည့်အခါမျှ (ဝန်ချတောင်းပန်ပြီး) စင်ကြယ်ခဲ့ကြမည် မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို (ဝန်ချတောင်းပန်ခွင့်ပြုတော်မူပြီး) စင်ကြယ်စေတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

وَلَا يَأْتَلِ أُو۟لُوا۟ ٱلْفَضْلِ مِنكُمْ وَٱلسَّعَةِ أَن يُؤْتُوٓا۟ أُو۟لِى ٱلْقُرْبَىٰ وَٱلْمَسَٰكِينَ وَٱلْمُهَٰجِرِينَ فِى سَبِيلِ ٱللَّهِ ۖ وَلْيَعْفُوا۟ وَلْيَصْفَحُوٓا۟ ۗ أَلَا تُحِبُّونَ أَن يَغْفِرَ ٱللَّهُ لَكُمْ ۗ وَٱللَّهُ غَفُورٌ رَّحِيمٌ ﴿٢٢﴾

(၂၂) ထို့ပြင် အသင်တို့ထဲမှ ဂုဏ်သရေနှင့် ကြွယ်ဝချမ်းသာသည့်သူများသည် ဆွေမျိုးသားချင်းများနှင့်၊ ဆင်းရဲသားများအပြင် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် (အိုးအိမ်စွန့်လွှတ်)ပြောင်းရွှေ့လာခဲ့ကြသော မုဟာဂျိရ်များအား ပေးကမ်းတော့မည်မဟုတ်ဟူ၍ ကျိန်ဆိုခြင်းမပြုကြရပေ။ ထို့ပြင် သူတို့သည် (ထိုသူများအား) ခွင့်လွှတ်သင့်သည်။ ထို့ပြင် (သူတို့၏ချွတ်ချော်မှားယွင်းမှုကို)လျစ်လျူရှုသင့်သည်။ အသင်တို့သည် အသင်တို့အား အလ္လာဟ်အရှင်မြတ်သည် အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသည်ကို မနှစ်သက်ကြသလော။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေး

တော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

إِنَّ الَّذِينَ يَرْمُونَ الْمُحْصَنَاتِ الْغَافِلَاتِ الْمُؤْمِنَاتِ لُعِنُوا فِي الدُّنْيَا وَالْآخِرَةِ وَلَهُمْ عَذَابٌ عَظِيمٌ ﴿٢٣﴾

(၂၃) အမှန်စင်စစ် ကာမဂုဏ်ကို ချုပ်တည်းသော၊ ရိုးသားဖြောင့်မတ်၍ သတိမမူဘဲ မေ့မေ့လျော့လျော့နေတတ်သော မုအ်မိနဟ်အမျိုးသမီးများကို စွပ်စွဲသူများသည် ဤဘဝတွင်သာမက တမလွန်ဘဝတွင်လည်း ကရုဏာတော်မှ ကင်းဝေးစေခြင်း ခံကြရမည်ဖြစ်သည်။ ထို့ပြင် သူတို့အတွက် ကြီးလေးသော ပြစ်ဒဏ်လည်း ရှိမည်။

يَوْمَ تَشْهَدُ عَلَيْهِمْ أَلْسِنَتُهُمْ وَأَيْدِيهِمْ وَأَرْجُلُهُمْ بِمَا كَانُوا يَعْمَلُونَ ﴿٢٤﴾

(၂၄) ထိုနေ့တွင် သူတို့၏နှုတ်လျှာများ၊ သူတို့၏လက်များနှင့် သူတို့၏ ခြေထောက်များသည် သူတို့နှင့် ဆန့်ကျင်ပြီး သူတို့ပြုကျင့်ခဲ့သည်များကို သက်သေခံကြမည်။

يَوْمَئِذٍ يُوَفِّيهِمُ اللَّهُ دِينَهُمُ الْحَقَّ وَيَعْلَمُونَ أَنَّ اللَّهَ هُوَ الْحَقُّ الْمُبِينُ ﴿٢٥﴾

(၂၅) ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ၎င်းတို့နှင့် ထိုက်တန်သောအစားကို ပြည့်ဝစွာ ပေးတော်မူမည်ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တိကျမှန်ကန်စွာ စီရင်ဆုံးဖြတ်တော်မူသောအရှင်၊ ထင်ရှားစေတော်မူသောအရှင် ဖြစ်တော်မူသည်ကို သူတို့ သိရှိကြလိမ့်မည်။❷

❷ ကြင်ရာတော်နဲ့ပတ်သက်ပြီး စင်ကြယ်သန့်ရှင်း အပြစ်ကင်းကြောင်း အရှင်မြတ်က အာယသ်တွေချပေးပြီးတဲ့နောက် ဘယ်သူမဆို ဆက်လက်စွပ်စွဲပြောဆိုနေကြဦးမယ်ဆိုရင် အဲဒီသူတွေကို ကိယာမသ်နေ့မှာ ထိုက်ထိုက်တန်တန် ပြည့်ပြည့်ဝဝ အပြစ်ပေးတော်မူမဲ့အကြောင်း မိန့်ဆိုထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

الْخَبِيثَاتُ لِلْخَبِيثِينَ وَالْخَبِيثُونَ لِلْخَبِيثَاتِ ۖ وَالطَّيِّبَاتُ لِلطَّيِّبِينَ وَالطَّيِّبُونَ لِلطَّيِّبَاتِ ۚ أُولَٰئِكَ مُبَرَّءُونَ مِمَّا يَقُولُونَ ۖ لَهُمْ مَغْفِرَةٌ وَرِزْقٌ كَرِيمٌ ﴿٢٦﴾

(၂၆) မကောင်းသည့်မိန်းမများသည် မကောင်းသည့်ယောကျ်ားများနှင့်သာ ထိုက်တန်ကြသည်။ ထို့ပြင် မကောင်းသည့်ယောကျ်ားများသည်လည်း မကောင်းသည့်မိန်းမများနှင့်သာ ထိုက်တန်ကြသည်။ ထို့ပြင် ကောင်းသည့်မိန်းမများသည် ကောင်းသည့်ယောကျ်ားများနှင့် ထိုက်တန်ကြသည်။ ထို့ပြင် ကောင်းသည့်ယောကျ်ားများသည် ကောင်းသည့်မိန်းမများနှင့် ထိုက်တန်ကြသည်။❻ ၎င်း(ကောင်းသောယောကျ်ားနှင့် မိန်းမ)တို့သည် (မတရားစွပ်စွဲ)သူတို့၏ပြောဆို

(စွပ်စွဲ)မှုများမှ ကင်းရှင်းသူများပင် ဖြစ်ကြသည်။ ထိုသူများအတွက် လွတ်ငြိမ်းချမ်းသာခွင့်နှင့် မွန်မြတ်သောစားနပ်ရိက္ခာ ရှိပေသည်။

❻ အရှင်မြတ်ဟာ ကောင်းတဲ့သူအချင်းချင်း၊ မကောင်းတဲ့သူအချင်းချင်း ပေါင်းဖက်ပေးထားတဲ့အတွက် ကောင်းတဲ့သူတွေကို မစွပ်စွဲသင့်ဘူး။ တမန်တော်တွေဟာ ကောင်းမြတ်တဲ့သူတွေဖြစ်ကြတဲ့အလျောက် သူတို့ရဲ့ ဇနီးကြင်ရာတွေဟာလည်း ကောင်းမြတ်တဲ့သူတွေပဲ ဖြစ်ကြတယ်။ အဲဒါကြောင့် ကြင်ရာတွေကို စွပ်စွဲခြင်းကနေ ရှောင်ကြဉ်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

يَاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَدْخُلُوْا بُيُوْتًا غَيْرَ بُيُوْتِكُمْ حَتّٰى تَسْتَاْنِسُوْا وَتُسَلِّمُوْا عَلٰٓى اَهْلِهَا ؕ ذٰلِكُمْ خَيْرٌ لَّكُمْ لَعَلَّكُمْ تَذَكَّرُوْنَ ﴿٢٧﴾

(၂၇) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့အိမ်မှလွဲ၍ အခြားအိမ်များထဲသို့ (ထိုအိမ်များ၏)အိမ်သူအိမ်သားများထံမှ ခွင့်ပြုချက်ရယူပြီး အိမ်သူအိမ်သားများအပေါ် စလာမ်မေတ္တာပို့သခြင်း မပြုသမျှဝင်ရောက်ခြင်း မပြုကြနှင့်။❶ ၎င်းသည် အသင်တို့အတွက် သတိပြုကြရန်အကောင်းဆုံးပင်ဖြစ်သည်။

❶ စလာမ်မေတ္တာပို့သပြီး ဝင်ခွင့်တောင်းရမှာဖြစ်တယ်။ သိရ်မိဇီ ကျမ်း-၂၆၉၁ဟဒီးဆ်တော်မှာ စလာမ်သုံးကြိမ်ပေးလို့မှ ဘာမှ မတုံ့ပြန်ရင် ပြန်သွားရမယ်လို့ မိန့်ကြားထားတယ်။ ဝင်ခွင့်မရှိဘဲ အတင်းဝင်တာမျိုးလို မပြုလုပ်ရဘူး။ လူမရှိရင်လည်း မဝင်ရဘူး။ ပြန်ခိုင်းရင် ပြန်ရမှာဖြစ်တယ်။ အများဝင်ထွက်တဲ့ နေရာတွေ ဥပမာ- ဗလီတွေ၊ ဈေးတွေ၊ ဧည့်ဂေဟာတွေမှာ ဝင်ခွင့်တောင်းစရာမလိုဘူး။ (အလင်းပြကျမ်း)

فَاِنْ لَّمْ تَجِدُوْا فِيْهَآ اَحَدًا فَلَا تَدْخُلُوْهَا حَتّٰى يُؤْذَنَ لَكُمْ ۚ وَ اِنْ قِيْلَ لَكُمُ ارْجِعُوْا فَارْجِعُوْا هُوَ اَزْكٰى لَكُمْ ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ عَلِيْمٌ ﴿٢٨﴾

(၂၈) ထို့နောက် အကယ်၍ အသင်တို့သည် ထိုအိမ်များတွင် တစ်ဦးမျှမတွေ့ခဲ့ကြလျှင်၊ အသင်တို့သည် အသင်တို့အတွက် အခွင့်မရရှိသမျှ ထိုအိမ်များထဲသို့ မဝင်ကြနှင့်။ ထို့ပြင် အကယ်၍ အသင်တို့ကို ပြန်ကြရန် ပြောဆိုခဲ့လျှင် အသင်တို့သည် ပြန်ခဲ့ကြပါ။ ထိုအရာသည် အသင်တို့အတွက် အစင်ကြယ်ဆုံးဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်သမျှကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

لَيْسَ عَلَيْكُمْ جُنَاحٌ اَنْ تَدْخُلُوْا بُيُوْتًا غَيْرَ مَسْكُوْنَةٍ فِيْهَا مَتَاعٌ لَّكُمْ ؕ وَاللّٰهُ يَعْلَمُ مَا تُبْدُوْنَ وَمَا تَكْتُمُوْنَ ﴿٢٩﴾

(၂၉) အသင်တို့သည် လူမနေသည့်အကြင်အိမ်များတွင် ဝင်ရောက်ခဲ့လျှင် အသင်တို့တွင် မည်သည့်အပြစ်မျှမရှိပေ။ ထိုအိမ်များတွင် အသင်တို့

အတွက် အကျိုးခံစား၍ရ(သောပစ္စည်းတစ်စုံတစ်ရာရှိ)သည်။ ထို့ပြင် အလ္လာဟ် အရှင်မြတ်သည် အသင်တို့ ထင်ရှားစေသည့်ကိစ္စများနှင့် အသင်တို့ လျှို့ဝှက်ကြသော ကိစ္စများကို သိရှိတော်မူသည်။

قُلْ لِّلْمُؤْمِنِيْنَ يَغُضُّوْا مِنْ اَبْصَارِهِمْ وَيَحْفَظُوْا فُرُوْجَهُمْ ۗ ذٰلِكَ اَزْكٰى لَهُمْ ۗ اِنَّ اللّٰهَ خَبِيْرٌۢ بِمَا يَصْنَعُوْنَ ﴿٣٠﴾

(၃၀) (အို - တမန်တော်)အသင်သည် မုအ်မင်န်ယုံကြည်သူများကို သူတို့၏မျက်စိများကို နှိမ့်ချထားရန်နှင့် သူတို့၏ အရှက်အင်္ဂါများကို ထိန်းသိမ်းကြရန် ပြောကြားပါ။ ၎င်းသည် သူတို့အတွက် အစင်ကြယ်ဆုံးပင် ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သူတို့ ပြုလုပ်သမျှကို အကြွင်းမဲ့ကြားသိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

وَقُلْ لِّلْمُؤْمِنٰتِ يَغْضُضْنَ مِنْ اَبْصَارِهِنَّ وَيَحْفَظْنَ فُرُوْجَهُنَّ وَلَا يُبْدِيْنَ زِيْنَتَهُنَّ اِلَّا مَا ظَهَرَ مِنْهَا وَلْيَضْرِبْنَ بِخُمُرِهِنَّ عَلٰى جُيُوْبِهِنَّ ۖ وَلَا يُبْدِيْنَ زِيْنَتَهُنَّ اِلَّا لِبُعُوْلَتِهِنَّ اَوْ اٰبَآئِهِنَّ اَوْ اٰبَآءِ بُعُوْلَتِهِنَّ اَوْ اَبْنَآئِهِنَّ اَوْ اَبْنَآءِ بُعُوْلَتِهِنَّ اَوْ اِخْوَانِهِنَّ اَوْ بَنِيْٓ اِخْوَانِهِنَّ اَوْ بَنِيْٓ اَخَوٰتِهِنَّ اَوْ نِسَآئِهِنَّ اَوْ مَا مَلَكَتْ اَيْمَانُهُنَّ اَوِ التّٰبِعِيْنَ غَيْرِ اُولِى الْاِرْبَةِ مِنَ الرِّجَالِ اَوِ الطِّفْلِ الَّذِيْنَ لَمْ يَظْهَرُوْا عَلٰى عَوْرٰتِ النِّسَآءِ ۖ وَلَا يَضْرِبْنَ بِاَرْجُلِهِنَّ لِيُعْلَمَ مَا يُخْفِيْنَ مِنْ زِيْنَتِهِنَّ ۗ وَتُوْبُوْٓا اِلَى اللّٰهِ جَمِيْعًا اَيُّهَ الْمُؤْمِنُوْنَ لَعَلَّكُمْ تُفْلِحُوْنَ ﴿٣١﴾

(၃၁) ထို့ပြင် (အို - တမန်တော်) အသင်သည် မုအ်မိနဟ်ယုံကြည်သူ အမျိုးသမီးများအား ပြောလိုက်ပါ။ သူမတို့သည် သူမတို့၏ မျက်စိများကို အောက်ကို နှိမ့်ချထားကြရမည်။ ထို့ပြင် သူမတို့သည် သူမတို့၏အရှက်အင်္ဂါများကို (တရားမဝင်ကာမ ကျူးလွန်ခြင်းမှ)ထိန်းသိမ်းကြရမည်။ ထို့ပြင် သူမတို့သည် (မလွှဲမရှောင်သာ)ပေါ်သော သူမတို့၏အလှအပမှလွဲ၍[၂] ကျန်အလှအပများကို မဖော်ကြရပေ။ ထို့ပြင် သူမတို့သည် သူမတို့၏အပေါ်ရုံ(ပဝါ)များကို သူမတို့၏ရင်ဘတ်များအပေါ်သို့ ချထားကြရမည်။ ထို့ပြင် သူမတို့သည် သူမတို့၏ အလှအပကို သူမတို့၏လင်ယောကျ်ားများ သို့မဟုတ် သူမတို့၏ဖခင်များ သို့မဟုတ် သူမတို့၏လင်ယောကျ်ားများ၏ဖခင်များ သို့မဟုတ် သူမတို့၏သားများ သို့မဟုတ် သူမတို့၏လင်ပါသားများ သို့မဟုတ် သူမတို့၏အစ်ကိုများ သို့မဟုတ် သူမတို့၏အစ်ကို၊ မောင်များ၏သားများ သို့မဟုတ် သူမတို့၏အစ်မ၊ ညီမများ၏ သားများ သို့မဟုတ် သူမတို့၏မိန်းမအချင်းချင်းများ သို့မဟုတ် သူမတို့၏လက်ယာ

လက်များက ပိုင်ဆိုင်သည့်ကျွန်များ သို့မဟုတ် ယောကျ်ားများထဲမှ (မိန်းမများကို) အလိုမရှိသော (သူမတို့၏)လက်အောက်ခံ နောက်လိုက်များ သို့မဟုတ် မိန်းမများ၏အတွင်းရေး လျှို့ဝှက်ချက်များကို မသိနားမလည်ကြသေးသောကလေးသူငယ်များ (ထိုသူများ)၏ ရှေ့မှလွဲ၍ အခြားမည်သူ၏ရှေ့၌မျှ မဖော်ကြရပေ။❷ ထို့ပြင် သူမတို့သည် သူမတို့လျှို့ဝှက်ထားကြသော သူမတို့၏လက်ဝတ်တန်ဆာများကို (အခြားသူများ)သိရှိရန် သူမတို့၏ခြေများကို ဆောင့်မနင်းကြရပေ။ ထို့ပြင် အို-မုအ်မင်န်ယုံကြည်သူအပေါင်းတို့၊ အသင်တို့ အောင်မြင်မှုရရှိရန်အတွက် အသင်တို့အားလုံးသည် အလ္လာဟ်အရှင်မြတ်၏ရှေ့တော်တွင် ဝန်ချတောင်းပန်ကြပါ။

❶ အမျိုးသမီးတွေရဲ့ခန္ဓာကိုယ်တစ်ခုလုံးဟာ အလှအပပဲ ဖြစ်တဲ့အတွက် တစ်ကိုယ်လုံး လုံလုံခြုံခြုံနေရမှာကတော့ သူမတို့အပေါ်မှာ တာဝန်ဖြစ်တယ်။ ဒါပေမဲ့ ထပ်ပြန်တလဲလဲ ကြုံတွေ့နေရတဲ့ အခက်အခဲကို ဖြေရှင်းဖို့ ကုရ်အာန်က ခြွင်းချက်ပေးထားတယ်။ အဲဒါကတော့ ‟إِلَّا مَا ظَهَرَ مِنْهَا”(မလွှဲမရှောင်သာ)ပေါ်တဲ့ သူမတို့ရဲ့အလှအပကလွဲလို့ ” ဖြစ်တယ်။ ❷ သတ်မှတ်ထားတဲ့သူတွေရှေ့မှာ ဖော်ခွင့်ပေးထားတယ်။ (အလင်းပြကျမ်း)

وَأَنكِحُوا الْأَيَامَىٰ مِنكُمْ وَالصَّالِحِينَ مِنْ عِبَادِكُمْ وَإِمَائِكُمْ ۚ إِن يَكُونُوا فُقَرَاءَ يُغْنِهِمُ اللَّهُ مِن فَضْلِهِ ۗ وَاللَّهُ وَاسِعٌ عَلِيمٌ ﴿٣٢﴾

(၃၂) ထို့ပြင် အသင်တို့သည် အသင်တို့ထဲမှ ဇနီးခင်ပွန်းမရှိသော ယောကျ်ား၊ မိန်းမများကိုလည်းကောင်း❶ အသင်တို့၏ကျွန်၊ ကျွန်မများထဲမှ(ထိမ်းမြားရန်) အရည်အချင်းရှိသောကျွန်၊ ကျွန်မများ❷ကိုလည်းကောင်း ထိမ်းမြားပေးကြပါ။ အကယ်၍ သူတို့သည် ဆင်းရဲသားများဖြစ်ကြလျှင် အလ္လာဟ်အရှင်မြတ်သည် သူတို့ကို အရှင်မြတ်၏ကျေးဇူးတော်နှင့် ချမ်းသာစေတော်မူမည်။❸ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်ကျယ်ဝန်းစွာ ပေးသနားတော်မူသော အရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ ဇနီးခင်ပွန်းမရှိတဲ့ ယောကျ်ား၊ မိန်းမဆိုတာ လက်ရှိအခြေအနေမှာ အိမ်ထောင်ဘက်ရှိမနေတဲ့ သူအားလုံးကို ခေါ်တယ်။ အဲဒီထဲမှာ အပျိုလူပျို၊ တစ်ခုလပ်၊ မုဆိုးဖို၊ မုဆိုးမ တို့ကို ဆိုလိုတယ်။ ( မအာရိဖွလ်ကုရ်အာန် တွဲ-၆၊ စာ -၄၀၇- မုဖ်သီရှဖီးအ်)။ ❷ ကျွန်တွေ ကျွန်မတွေမှာလည်း လူသားဖြစ်တဲ့အတွက် ကာမစိတ်ရှိကြတာပဲ ဖြစ်လို့ သခင်ဖြစ်သူက ကိုယ်ချင်းစာစိတ်ထားပြီး သင့်တော်တဲ့အခါ အိမ်ထောင်ပြုပေးရမှာဖြစ်တယ်။(အလင်းပြကျမ်း) ❸ လာတောင်းတဲ့သူဟာ ဆင်းရဲလို့ဆိုပြီး ထိမ်းမြားမှုကို မတားဆီးရဘူး။ အရှင်မြတ်အလိုရှိရင် ထိမ်းမြားပြီးနောက် ချမ်းသာအောင်လုပ်ပေးတော်မူမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَلْيَسْتَعْفِفِ الَّذِينَ لَا يَجِدُونَ نِكَاحًا حَتَّىٰ يُغْنِيَهُمُ اللَّهُ مِن فَضْلِهِ ۗ وَالَّذِينَ يَبْتَغُونَ
الْكِتَابَ مِمَّا مَلَكَتْ أَيْمَانُكُمْ فَكَاتِبُوهُمْ إِنْ عَلِمْتُمْ فِيهِمْ خَيْرًا ۖ وَآتُوهُم مِّن مَّالِ اللَّهِ
الَّذِي آتَاكُمْ ۚ وَلَا تُكْرِهُوا فَتَيَاتِكُمْ عَلَى الْبِغَاءِ إِنْ أَرَدْنَ تَحَصُّنًا لِّتَبْتَغُوا عَرَضَ الْحَيَاةِ
الدُّنْيَا ۚ وَمَن يُكْرِههُّنَّ فَإِنَّ اللَّهَ مِن بَعْدِ إِكْرَاهِهِنَّ غَفُورٌ رَّحِيمٌ ﴿٣٣﴾

(၃၃) ထို့ပြင် ထိမ်းမြားရန် (စရိတ်)မရှိကြသည့်သူများကမူ အလ္လာဟ် အရှင်မြတ်သည် အရှင်မြတ်၏ကျေးဇူးတော်နှင့် ချမ်းသာစေတော်မူသည်အထိ (သူတို့၏)သိက္ခာကို စောင့်ထိန်းနေကြရမည်။❻ ထို့ပြင် အသင်တို့၏ကျွန်များထဲမှ အကြင်သူများသည် (ကျွန်ဘဝမှ လွတ်မြောက်ရန်) ကတိစာချုပ်ချုပ်ဆိုလိုကြသည်။ အကယ်၍ အသင်တို့သည် သူတို့တွင် အကောင်းတစ်စုံတစ်ရာတွေ့ရှိခဲ့ကြလျှင် သူတို့နှင့် ကတိစာချုပ်ချုပ်ဆိုကြပါ။ ထို့ပြင် အသင်တို့သည် သူတို့အား အလ္လာဟ်အရှင်မြတ်က အသင်တို့ကို ချီးမြှင့်ထားတော်မူသောပစ္စည်းများထဲမှ ပေးကမ်းကြပါ။ ထို့ပြင် အသင်တို့သည် အသင်တို့၏ကျွန်မများကို သူမတို့သည် သူမတို့၏အရှက်သိက္ခာကို ထိန်းသိမ်းရန် လိုလားကြလျှင် အသင်တို့သည် ဤဘဝ၏ ပစ္စည်းဥစ္စာရရှိရန်အတွက် (ထိုကျွန်မများကို) ပြည့်တန်ဆာလုပ်ငန်း ပြုလုပ်ကြရန် အတင်းအကျပ် မခိုင်းကြနှင့်။ ထို့ပြင် မည်သူမဆို သူမတို့အား အတင်းအကျပ် စေခိုင်းခဲ့လျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ထိုကျွန်မများ အတင်းအကျပ် စေခိုင်းခံကြရပြီးသည့်နောက် (ထိုကျွန်မများအား) လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။❼

❻ ထိမ်းမြားဖို့ မဟာရ် စတာတွေပေးဖို့ စရိတ်မရှိသူဟာ အရှင်မြတ်ဖန်တီးပေးတဲ့အထိ သည်းခံပြီး အရှက်သိက္ခာကိုစောင့်ထိန်းရမှာ ဖြစ်တယ်။(အလင်းပြကျမ်း) ❼ ဇေနာပြုလုပ်ဖို့ အတင်းအကျပ် စေခိုင်းတဲ့ သခင်အပေါ်မှာ ကျွန်မရဲ့အပြစ်တွေတင်ရှိမှာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

وَلَقَدْ أَنزَلْنَا إِلَيْكُمْ آيَاتٍ مُّبَيِّنَاتٍ وَمَثَلًا مِّنَ الَّذِينَ خَلَوْا مِن قَبْلِكُمْ وَمَوْعِظَةً
لِّلْمُتَّقِينَ ﴿٣٤﴾

(၃၄) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့ထံသို့ထင်ရှားသောအမိန့်တော်များနှင့် အသင်တို့မတိုင်မီက ကျော်လွန်ခဲ့သည့်သူများ၏အလားတူအကြောင်းများအပြင် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သည့်သူများအတွက် ဆုံးမသြဝါဒကို ချပေးသနားတော်မူခဲ့သည်။

ٱللَّهُ نُورُ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۚ مَثَلُ نُورِهِۦ كَمِشْكَوٰةٍ فِيهَا مِصْبَاحٌ ۖ ٱلْمِصْبَاحُ فِى زُجَاجَةٍ ۖ
ٱلزُّجَاجَةُ كَأَنَّهَا كَوْكَبٌ دُرِّىٌّ يُوقَدُ مِن شَجَرَةٍ مُّبَٰرَكَةٍ زَيْتُونَةٍ لَّا شَرْقِيَّةٍ وَلَا غَرْبِيَّةٍ يَكَادُ
زَيْتُهَا يُضِىٓءُ وَلَوْ لَمْ تَمْسَسْهُ نَارٌ ۚ نُّورٌ عَلَىٰ نُورٍ ۗ يَهْدِى ٱللَّهُ لِنُورِهِۦ مَن يَشَآءُ ۚ وَيَضْرِبُ ٱللَّهُ
ٱلْأَمْثَٰلَ لِلنَّاسِ ۗ وَٱللَّهُ بِكُلِّ شَىْءٍ عَلِيمٌ ﴿٣٥﴾

(၃၅) အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီ၏ ရောင်ခြည်တော် ဖြစ်တော်မူသည်။ (အားလုံးကို လမ်းမှန်ရောင်ခြည်ညွှန်ကြားပြသတော်မူသောအရှင်❻ ဖြစ်တော်မူသည်)။ အရှင်မြတ်၏ရောင်ခြည်၏သာဓကသည် မီးအိမ်ထားသောနံရံပေါက်နှင့်တူသည်။ ထိုနံရံပေါက်ထဲတွင် ဆီမီးတစ်ခုရှိသည်။ ထိုဆီမီးသည် မှန်အိမ်တစ်ခုအတွင်းတွင် ရှိသည်။ ထိုမှန်အိမ်သည် လင်းဝင်းတောက်ပသော ကြယ်တစ်လုံးကဲ့သို့ဖြစ်၍ ထိုဆီမီးကို မင်္ဂလာရှိသော သစ်ပင်က သံလွင်ဆီနှင့် ထွန်းထားသည်။ ထိုသစ်ပင်သည် အရှေ့ဘက်လည်း မကျ၊ အနောက်ဘက်လည်းမကျဘဲ (နေရောင်ခြည် အမြဲရသည့်နေရာဖြစ်၍) ထိုသစ်ပင်၏အဆီသည် မီးနှင့် လုံးဝမထိသေးဘဲနှင့်ပင် ထတောက်လုနီးပါး (ကြည်လင်တောက်ပမှု)ဖြစ်နေသည်။ ရောင်ခြည်ပေါ်တွင် ရောင်ခြည်ရှိနေသည်။ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို အရှင်မြတ်၏ ရောင်ခြည်တော်(အမှန်တရား)ထံသို့ လမ်းညွှန်တော်မူသည်။ ထို့ပြင် အလ္လာဟ် အရှင်မြတ်သည် လူများအတွက် ပုံပမာများကို ခိုင်းနှိုင်းပြတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်းကို အကြွင်းမဲ့သိတော်မူသော အရှင် ဖြစ်တော်မူသည်။

❻ "အလ္လာဟ်အရှင်မြတ်ဟာ မိုးကောင်းကင်တွေနဲ့ မြေပထဝီရဲ့ နူရ်ရောင်ခြည်တော်ဖြစ်တယ်။ အဲဒီထဲမှာ စီမံခန့်ခွဲပြီးရှိသမျှကို လမ်းမှန်ညွှန်ကြားပြသတော်မူတယ်။ အရှင်မြတ်ဟာ နူရ်ဖြစ်တယ်၊ အရှင်မြတ်ရဲ့အကာအကွယ်(ဝတ်ရုံတော်)ဟာလည်း နူရ်ပဲဖြစ်တယ်။ အဲဒီနူရ်ရောင်ခြည်နဲ့ မိုးကောင်းကင်တွေ၊ မြေပထဝီနဲ့ အဲဒီထဲမှာရှိသမျှတွေဟာ အလင်းရရှိနေတာဖြစ်တယ်။ အရှင်မြတ်ရဲ့ကျမ်းဂန်နဲ့ အရှင်မြတ်ရဲ့လမ်းမှန်ညွှန်ကြားပြသချက်ဟာလည်း အရှင်မြတ်ထံတော်က နူရ်ရောင်ခြည်ပဲဖြစ်တယ်။ တကယ်လို့ အရှင်မြတ်ရဲ့ နူရ်ရောင်ခြည်တော်သာမရှိဘူးဆိုရင် အမှောင်တွေအပေါ်မှာ အမှောင်တွေပဲ အထပ်ထပ်ဖြစ်သွားမှာဖြစ်တယ်။" (အသ်သဖ်စီရှလ် မုယဿတ်စရ်)

فِى بُيُوتٍ أَذِنَ ٱللَّهُ أَن تُرْفَعَ وَيُذْكَرَ فِيهَا ٱسْمُهُۥ يُسَبِّحُ لَهُۥ فِيهَا بِٱلْغُدُوِّ وَٱلْءَاصَالِ ﴿٣٦﴾

(၃၆) (ထိုမှန်အိမ်သည်) အကြင်အိမ်တော်များတွင်ရှိသည်။ အလ္လာဟ် အရှင်မြတ်သည် ထိုအိမ်တော်များကို လေးစားမှုမြှင့်တင်ရန်နှင့် ထိုအိမ်တော်များ

တွင် အလ္လာဟ်အရှင်မြတ်၏နာမတော်ကို သတိရတသရန် အမိန့်ပေးထားတော်မူသည်။ ထိုအိမ်တော်များတွင် (အီမာန်ရှင်များသည်) နံနက်နှင့် ညနေများတွင် အရှင်မြတ်သန့်ရှင်းတော်မူကြောင်း ပြောဆိုလျက်ရှိကြသည်။

رِجَالٌ لَّا تُلْهِيهِمْ تِجَارَةٌ وَلَا بَيْعٌ عَن ذِكْرِ اللَّهِ وَإِقَامِ الصَّلَاةِ وَإِيتَاءِ الزَّكَاةِ ۙ يَخَافُونَ يَوْمًا تَتَقَلَّبُ فِيهِ الْقُلُوبُ وَالْأَبْصَارُ ﴿٣٧﴾

(၃၇) (အကြင်)ယောကျ်ားများ၊ ထိုသူတို့အား မည်သည့်ကုန်သွယ်မှုနှင့် မည်သည့်ရောင်းဝယ်ဖောက်ကားမှုကမျှ အလ္လာဟ်အရှင်မြတ်ကို သတိရတသခြင်း၊ စွလာသ်ဝတ်ပြုမှုတည်ဆောက်ခြင်းနှင့် ဇကာသ်ပေးဆောင်ခြင်းများမှ အာရုံပြောင်းစေခြင်းမရှိပေ။ ၎င်းတို့သည် စိတ်နှလုံးများနှင့် မျက်စိများ ဖြောင်းဆန်နေမည့်နေ့ကို ကြောက်ရွံ့စိုးရိမ်လျက်ရှိကြသည်။❶

❶ ကောင်းတဲ့လုပ်ရပ်တွေကို ပြုလုပ်တဲ့သူတွေနဲ့ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူတွေဟာ အဲဒီကိယာမသ်နေ့ကို ပိုပြီး ကြောက်ရွံ့စိုးရိမ်လျက်ရှိကြတယ်။ (အလင်းပြကျမ်း)

لِيَجْزِيَهُمُ اللَّهُ أَحْسَنَ مَا عَمِلُوا وَيَزِيدَهُم مِّن فَضْلِهِ ۗ وَاللَّهُ يَرْزُقُ مَن يَشَاءُ بِغَيْرِ حِسَابٍ ﴿٣٨﴾

(၃၈) (ထိုနေ့ ပြုလုပ်ရခြင်းမှာ) အလ္လာဟ်အရှင်မြတ်က သူတို့ပြုလုပ်ခဲ့ကြသော ကောင်းသည့်လုပ်ရပ်များနှင့် ပတ်သက်၍ အကောင်းဆုံးအကျိုးကို ပေးသနားတော်မူရန်အတွက်သာမက အရှင်မြတ်၏ကျေးဇူးတော်နှင့် သူတို့အား ပိုပေးသနားတော်မူရန်အတွက် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို အကန့်အသတ်မရှိ ပေးသနားတော်မူသည်။

وَالَّذِينَ كَفَرُوا أَعْمَالُهُمْ كَسَرَابٍ بِقِيعَةٍ يَحْسَبُهُ الظَّمْآنُ مَاءً حَتَّىٰ إِذَا جَاءَهُ لَمْ يَجِدْهُ شَيْئًا وَوَجَدَ اللَّهَ عِندَهُ فَوَفَّاهُ حِسَابَهُ ۗ وَاللَّهُ سَرِيعُ الْحِسَابِ ﴿٣٩﴾

(၃၉) ထို့ပြင် ကာဖိရ်ငြင်းပယ်သူများကမူ သူတို့၏လုပ်ရပ်များသည် လွင်တီးခေါင်ပြင်တွင် ရှိနေသော တံလျှပ်(နေအပူရှိန်ကြောင့် မြေပေါ်တွင် ရေပြင်ကဲ့သို့ တလှုပ်လှုပ်ပေါ်နေသော အရိပ်အယောင်)ကဲ့သို့ဖြစ်သည့်အတွက် ရေဆာသည့်သူသည် ၎င်း(တံလျှပ်)ကိုပင် ရေဟု ထင်မှတ်တော့သည်။ ထိုသူသည် နောက်ဆုံးတွင် ၎င်း(တံလျှပ်)အနီးသို့ ရောက်သည့်အခါ ၎င်းကို မည်သည့်အရာမျှ မဟုတ်သည့်အဖြစ်နှင့် တွေ့ခဲ့ရသည့်အပြင် ၎င်းအနီးတွင် အလ္လာဟ်အရှင်မြတ်ကိုသာ တွေ့လိုက်ရတော့သည်။ ထို့နောက် အရှင်မြတ်သည် သူ၏စာရင်းကို သူ့အား အပြည့်အဝ ရှင်းတော်မူခဲ့လိုက်သည်။ (သူ၏သက်တမ်းကို

ကုန်ဆုံး စေတော်မူခဲ့သည်)။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်လျင်မြန်စွာ စစ်ဆေးတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

أَوْ كَظُلُمَٰتٍ فِى بَحْرٍ لُّجِّىٍّ يَغْشَىٰهُ مَوْجٌ مِّن فَوْقِهِۦ مَوْجٌ مِّن فَوْقِهِۦ سَحَابٌ ۚ ظُلُمَٰتٌۢ بَعْضُهَا فَوْقَ بَعْضٍ إِذَآ أَخْرَجَ يَدَهُۥ لَمْ يَكَدْ يَرَىٰهَا ۗ وَمَن لَّمْ يَجْعَلِ ٱللَّهُ لَهُۥ نُورًا فَمَا لَهُۥ مِن نُّورٍ ﴿٤٠﴾

(၄၀) သို့မဟုတ် (ထိုကာဖိရ်များ၏မကောင်းမှုများသည်) အကြင်နက်ရှိုင်းသော ပင်လယ်ထဲမှ အမှောင်ထုများနှင့် တူသည်။ ထိုပင်လယ်အား လှိုင်းက မိုးနေသည်။ ထိုလှိုင်းပေါ်တွင် အခြားလှိုင်းက ထပ်၍လွှမ်းမိုးထားပြန်သည်။ ထိုလှိုင်းအထက်တွင် မိုးတိမ်များက ရှိပြန်သည်။ အမှောင်များအပေါ်တွင် အမှောင်ထပ်နေသည့်အတွက် တစ်ဦးတစ်ယောက်သည် သူ၏လက်ကို ထုတ်(ကြည့်)လျှင် မြင်ရန်ပင် မနီးစပ်ပေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်က အကြင်သူအတွက် အလင်းရောင် ပြုလုပ်ပေးတော်မမူဟုဆိုလျှင် ထိုသူသည် အနည်းငယ်မျှပင် အလင်းရောင် ရမည်မဟုတ်တော့ပေ။❷

❷ ကာဖိရ်တွေဟာ လင်းရောင်ခြည်ဝင်းတဲ့ အီမာန်ရဲ့တံခါးကို ပိတ်ထားတဲ့အတွက် အမှောင်ထဲမှာဖြစ်နေတော့တယ်။ အဲဒါကြောင့် အလင်းရောင်ရှိမှ မြင်နိုင်တဲ့ တမလွန်ဘဝရဲ့အကျိုးအပြစ်တွေကို ဘယ်လိုမှ မမြင်တော့တာဖြစ်တယ်။ (အလင်းပြကျမ်း)

أَلَمْ تَرَ أَنَّ ٱللَّهَ يُسَبِّحُ لَهُۥ مَن فِى ٱلسَّمَٰوَٰتِ وَٱلْأَرْضِ وَٱلطَّيْرُ صَٰٓفَّٰتٍ ۖ كُلٌّ قَدْ عَلِمَ صَلَاتَهُۥ وَتَسْبِيحَهُۥ ۗ وَٱللَّهُ عَلِيمٌۢ بِمَا يَفْعَلُونَ ﴿٤١﴾

(၄၁) အမှန်စင်စစ် မိုးကောင်းကင်များအပြင် မြေပထဝီတွင် ရှိနေသည့်သူများနှင့် အတောင်ပံများ ဖြန့်(၍ ပျံဝဲ)နေကြသည့်ငှက်များသည်လည်း အလ္လာဟ်အရှင်မြတ် သန့်ပြန့်စင်ကြယ်တော်မူကြောင်း ပြောဆိုနေကြသည်ကို အသင်မသိမြင်ခဲ့သလော။ သူတို့ကိုယ်စီသည် မိမိတို့၏ဆုတောင်းနည်းကိုသာမက သူတို့၏သတ်စ်ဗီဟ် (သန့်ပြန့်စင်ကြယ်ကြောင်း ရွတ်ဆိုမှု) ပြုလုပ်နည်းကိုလည်း အမှန်စင်စစ် သိရှိပြီး ဖြစ်ကြသည်။❸ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့ပြုလုပ်နေကြသည်များကို အကြွင်းမဲ့သိတော်မူသောအရှင်မြတ် ဖြစ်တော်မူသည်။

❸ အရှင်မြတ်က အရာရာတိုင်းကို အရှင်မြတ်ကို ချီးမွမ်းတဲ့နည်းတွေ ပေးတော်မူထားတာဖြစ်တယ်။ အဲဒါကို အရှင်မြတ်ပဲ သိတော်မူတယ်။ (အလင်းပြကျမ်း)

وَلِلَّهِ مُلْكُ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۖ وَإِلَى ٱللَّهِ ٱلْمَصِيرُ ﴿٤٢﴾

(၄၂) ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီ၏ စိုးမိုးအုပ်ချုပ်မှုကို အလ္လာဟ်အရှင်မြတ်ပင် စိုးပိုင်တော်မူသည်။ ထို့ပြင် ပြန်လည်ရာစခန်းသည်

လည်း အလ္လာဟ်အရှင်မြတ်ထံတော်၌သာ ဖြစ်သည်။❻

❻ အရှင်မြတ်ရဲ့ အုပ်ချုပ်မှုအာဏာရဲ့ အောက်ကနေ လွတ်နေတဲ့သူဟာ ဘယ်သူမှ မရှိဘူး။ အားလုံးကို အရှင်မြတ်ပဲ စီမံခန့်ခွဲ အုပ်ချုပ်နေတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

اَلَمْ تَرَ اَنَّ اللّٰهَ يُزْجِيْ سَحَابًا ثُمَّ يُؤَلِّفُ بَيْنَهٗ ثُمَّ يَجْعَلُهٗ رُكَامًا فَتَرَى الْوَدْقَ يَخْرُجُ مِنْ خِلٰلِهٖ ۚ وَ
يُنَزِّلُ مِنَ السَّمَآءِ مِنْ جِبَالٍ فِيْهَا مِنْ بَرَدٍ فَيُصِيْبُ بِهٖ مَنْ يَّشَآءُ وَيَصْرِفُهٗ عَنْ مَّنْ يَّشَآءُ ۗ
يَكَادُ سَنَا بَرْقِهٖ يَذْهَبُ بِالْاَبْصَارِ ﴿٤٣﴾

(၄၃) အသင်သည် မသိမမြင်ခဲ့လေသလော။ အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် မိုးတိမ်များကို တဖြည်းဖြည်းမောင်းနှင်တော်မူသည်။ ထို့နောက် ၎င်း(မိုးတိမ်)တို့ကို အချင်းချင်း ပေါင်းစပ်စေတော်မူသည်။ ထို့နောက် သူတို့အား အထပ်ထပ်ဖြစ်စေတော်မူသည်။ ထိုအခါ အသင်သည် ၎င်း(မိုးတိမ်)တို့ကြားမှ မိုးပေါက်များ ထွက်ကျလာသည်ကို တွေ့မြင်ရသည်။❼ ထို့ပြင် အရှင်မြတ်သည် (ကြီးကျယ်မှုတွင် တောင်ကြီးများကဲ့သို့) ၎င်း(မိုးတိမ်) ၏ အစိုင်အခဲကြီးများမှမိုးသီးများကို ကျစေတော်မူသည်။❽ ထို့ပြင် အရှင်မြတ်သည် ၎င်း(မိုးသီးများ)နှင့် အရှင်မြတ်အလိုရှိသည့်သူများကို ထိခိုက်စေတော်မူပြီး အရှင်မြတ် အလိုရှိသည့် သူများမှ ၎င်း(မိုးသီးများ)ကို ဖယ်ရှားတော်မူသည်။ ၎င်း(မိုးတိမ်)၏လျှပ်စီးလက်ခြင်းသည် မျက်စိအလင်းကို သိမ်းယူသွားလုနီးပါးဖြစ်သည်။

❼ နေရောင်ခြည်အလင်းရောင်နဲ့ ပင်လယ်ရေတွေဟာ အခိုးအငွေ့ပုံပြီး ကောင်းကင်မှာ ရေငွေ့တွေပါတဲ့ တိမ်တိုက်တွေဖြစ်လာခဲ့တယ်။ အဲဒီတိမ်တိုက်တွေ တစ်ခုနဲ့တစ်ခုပေါင်းစပ်ပြီး ရေငွေ့သိပ်သည်းမှုများပြီး အေးတဲ့အခါ ရေဖြစ်လာခဲ့တယ်။ အဲဒီရေတွေကို အရှင်မြတ်အလိုရှိတဲ့နေရာတွေမှာ မိုးရေအဖြစ်နဲ့ ရွာချပေးတော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း) ❽ တချို့တိမ်တိုက်တွေဟာ ပိုမိုအားကောင်းသိပ်သည်းပြီး ကောင်းကင်အလွန်အေးတဲ့အချိန်မှာ တိမ်တိုက်တွေထဲမှာရှိတဲ့ ရေငွေ့တွေဟာ ရေဖြစ်ရုံမကဘဲ ရေခဲတွေဖြစ်လာကာ မိုးသီးတွေအဖြစ် ကျလာခဲ့တယ်။ အရှင်မြတ်အလိုရှိတဲ့နေရာကို ချပေးခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

يُقَلِّبُ اللّٰهُ الَّيْلَ وَالنَّهَارَ ۗ اِنَّ فِيْ ذٰلِكَ لَعِبْرَةً لِّاُولِي الْاَبْصَارِ ﴿٤٤﴾

(၄၄) အလ္လာဟ်အရှင်မြတ်သည် ညနှင့်နေ့ကို (တစ်လှည့်စီ)ပြောင်းလဲစေတော်မူသည်။ အမှန်စင်စစ် ထိုအထဲတွင် (မြင်တတ်သည့်) မျက်စိရှိသည့် သူများအတွက် သင်ခန်းစာ အမှန်ပင်ရှိသည်။

وَاللّٰهُ خَلَقَ كُلَّ دَآبَّةٍ مِّنْ مَّآءٍ ۚ فَمِنْهُمْ مَّنْ يَّمْشِيْ عَلٰى بَطْنِهٖ ۚ وَمِنْهُمْ مَّنْ يَّمْشِيْ عَلٰى رِجْلَيْنِ ۚ
وَمِنْهُمْ مَّنْ يَّمْشِيْ عَلٰٓى اَرْبَعٍ ۗ يَخْلُقُ اللّٰهُ مَا يَشَآءُ ۗ اِنَّ اللّٰهَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿٤٥﴾

(၄၅) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (မြေပေါ်တွင်) သွားလာလှုပ်

ရှားနေသော သတ္တဝါတိုင်းကို ရေဖြင့်ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် ထို(သတ္တဝါများ)ထဲတွင် သူ၏ဝမ်းဗိုက်နှင့်သူ တွားသွားသော သတ္တဝါမျိုးလည်း ရှိသည်။ ထို့ပြင် ထိုအထဲတွင် ခြေနှစ်ချောင်းဖြင့် သွားသောသတ္တဝါမျိုးလည်း ရှိသည်။ ထို့ပြင် ထိုအထဲတွင် ခြေလေးချောင်းဖြင့် သွားသည့်သတ္တဝါမျိုးလည်း ရှိသည်။ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောအရာကို ဖန်ဆင်းတော်မူသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူသည်။

لَقَدْ اَنْزَلْنَآ اٰيٰتٍ مُّبَيِّنٰتٍ ۗ وَاللّٰهُ يَهْدِىْ مَنْ يَّشَآءُ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٤٦﴾

(၄၆) အမှန်စင်စစ် ငါအရှင်မြတ်သည် ထင်ရှားသောသက်သေသာဓကများကို ချပေးတော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ် အလိုရှိတော်မူသောသူကို ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို ညွှန်ကြားပြသတော်မူသည်။

وَيَقُوْلُوْنَ اٰمَنَّا بِاللّٰهِ وَبِالرَّسُوْلِ وَاَطَعْنَا ثُمَّ يَتَوَلّٰى فَرِيْقٌ مِّنْهُمْ مِّنْۢ بَعْدِ ذٰلِكَ ۗ وَمَآ اُولٰٓئِكَ بِالْمُؤْمِنِيْنَ ﴿٤٧﴾

(၄၇) ထို့ပြင် ၎င်း(အယောင်ဆောင်)တို့က ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်ကို ယုံကြည်ကြပြီဖြစ်ပါသည်။ ထို့ပြင် ကျွန်ုပ်တို့သည် (အမိန့်တော်များကိုလည်း) နာခံကြပြီဖြစ်ပါသည်ဟု ပြောဆိုကြသည်။ ထို့ပြင် သူတို့ထဲမှ လူတစ်စုသည် ထို(ကဲ့သို့ပြောဆိုပြီး)နောက် သူတို့သည် မုအ်မင်န်ယုံကြည်သူများ မဖြစ်ကြဘဲလျက်❶ သွေဖည်ကြသည်။

❶ အဲဒီမုနာဖိက်အယောင်ဆောင်တွေဟာ တကယ်အီမာန်ယုံကြည်ကြတာမဟုတ်ဘဲ မွတ်စ်လင်မ်တွေကို လှည့်စားဖို့အတွက် နှုတ်ကပဲ အမြဲလိမ်ပြောနေကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِذَا دُعُوْٓا اِلَى اللّٰهِ وَرَسُوْلِهٖ لِيَحْكُمَ بَيْنَهُمْ اِذَا فَرِيْقٌ مِّنْهُمْ مُّعْرِضُوْنَ ﴿٤٨﴾

(၄၈) ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ထံသို့ တမန်တော်က သူတို့ကြားတွင် စီရင်ဆုံးဖြတ်ပေးရန် အခေါ်ခံကြရသည့်အခါ သူတို့ထဲမှ လူတစ်စုသည် ချက်ချင်းပင် ရှောင်တိမ်းသွားကြသည်။

وَاِنْ يَّكُنْ لَّهُمُ الْحَقُّ يَاْتُوْٓا اِلَيْهِ مُذْعِنِيْنَ ﴿٤٩﴾

(၄၉) ထို့ပြင် အကယ်၍ သူတို့တွင် အခွင့်အရေးရှိလျှင် သူတို့သည် တမန်တော်ထံသို့ ကျိုးနွံစွာဖြင့် ရောက်လာကြသည်။

أَفِي قُلُوبِهِم مَّرَضٌ أَمِ ارْتَابُوا أَمْ يَخَافُونَ أَن يَحِيفَ اللَّهُ عَلَيْهِمْ وَرَسُولُهُ ۚ بَلْ أُولَٰئِكَ هُمُ الظَّالِمُونَ ﴿٥٠﴾

(၅၀) သူတို့၏စိတ်နှလုံးများထဲတွင် ရောဂါရှိနေသလော၊ သို့မဟုတ် သူတို့သည် သံသယဖြစ်နေကြသလော၊ သို့မဟုတ် အလ္လာဟ်အရှင်မြတ်နှင့် အရှင့်တမန်တော်သည် သူတို့အပေါ်တွင် မတရားပြုလုပ်တော်မူမည်ကို စိုးရိမ်နေကြသလော။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် သူတို့ကိုယ်တိုင်ကပင် မတရားပြုလုပ်သည့်သူများ ဖြစ်ကြသည်။

إِنَّمَا كَانَ قَوْلَ الْمُؤْمِنِينَ إِذَا دُعُوا إِلَى اللَّهِ وَرَسُولِهِ لِيَحْكُمَ بَيْنَهُمْ أَن يَقُولُوا سَمِعْنَا وَأَطَعْنَا ۚ وَأُولَٰئِكَ هُمُ الْمُفْلِحُونَ ﴿٥١﴾

(၅၁) မုအ်မင်န်ယုံကြည်သည့်သူများ၏စကားကမူ သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင့်တမန်တော်ထံသို့ တမန်တော်မြတ်သည် သူတို့အကြားတွင် စီရင်ဆုံးဖြတ်ပေးရန် အခေါ်ခံကြရသည့်အခါ သူတို့က ကျွန်ုပ်တို့သည် ကြားနာကြ၍ လိုက်နာကြပြီဖြစ်ပါသည်ဟု ပြောဆိုကြသည်။ ထို့ပြင် ထိုသူများပင် အောင်မြင်မှုရရှိသူများ ဖြစ်ကြသည်။(၂)

(၂) အီမာန် တကယ်ယုံကြည်သူတွေကတော့ အရှင်မြတ်နဲ့ တမန်တော်ဆုံးဖြတ်သမျှကို နာခံလိုက်နာကြတဲ့အတွက် သူတို့ပဲ အောင်မြင်မဲ့သူတွေဖြစ်ကြတယ်။ (အလင်းပြကျမ်း)

وَمَن يُطِعِ اللَّهَ وَرَسُولَهُ وَيَخْشَ اللَّهَ وَيَتَّقْهِ فَأُولَٰئِكَ هُمُ الْفَائِزُونَ ﴿٥٢﴾

(၅၂) ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် အရှင့်တမန်တော်ကို အမိန့်နာခံလျှင်၊ ထို့ပြင် ထိုသူသည် အလ္လာဟ်အရှင်မြတ်ကိုလည်း ကြောက်ရွံ့ပြီး အရှင်မြတ်(၏အမိန့်ဖီဆန်ခြင်း)မှရှောင်ကြဉ်လျှင် ထိုသူများပင် အောင်မြင်သည့်သူများ ဖြစ်ကြသည်။

وَأَقْسَمُوا بِاللَّهِ جَهْدَ أَيْمَانِهِمْ لَئِنْ أَمَرْتَهُمْ لَيَخْرُجُنَّ ۖ قُل لَّا تُقْسِمُوا ۖ طَاعَةٌ مَّعْرُوفَةٌ ۚ إِنَّ اللَّهَ خَبِيرٌ بِمَا تَعْمَلُونَ ﴿٥٣﴾

(၅၃) ထို့ပြင် သူတို့သည် (အလ္လာဟ်အရှင်မြတ်အား) သူတို့၏အစွမ်းကုန်တိုင်တည်မှုဖြင့် အကယ်၍ အသင်သည် သူတို့အား အမိန့်ပေးခဲ့လျှင် အမှန်စင်စစ် သူတို့သည် (အိုးအိမ်များစွန့်ပြီး စစ်တိုက်)ထွက်ကြပါမည်ဟု ကျိန်တွယ်ပြောဆိုကြသည်။ (အို - တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် မကျိန်တွယ်ကြနှင့်။ (အသင်တို့၏)အမိန့်နာခံမှုသည် ထင်ရှားပြီး ဖြစ်သည်။

အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်နေသည်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။❷

❷ တမန်တော်မြတ် ﷺ အမိန့်မပေးသေးခင်ကတော့နာခံပါ့မယ်လို့ပြောဆိုကြပေမဲ့အမိန့်တကယ်ပေးတဲ့အခါကျတော့ ရှောင်ရှောင်ပြီးထွက်သွားကြတဲ့ အကြိမ်ပေါင်း မနည်းတော့တဲ့အတွက် ကျိန်စရာမလိုတော့ဘူး။ အသင်တို့ရဲ့လိုက်နာမှုဟာ ပေါ်လွင်ခဲ့ပြီးသားဖြစ်တာပဲလို့ ဆိုလိုတာဖြစ်တယ်။ နောက်အဓိပ္ပာယ်တစ်ခုကတော့ ကျိန်တွယ်ပြောနေစရာမလိုဘူး။ စစ်မှန်တဲ့ မွတ်စ်လင်မ်တွေဟာ မကျိန်ဘဲ လိုက်နာနေသလို အသင်တို့ရဲ့တာဝန်ဟာလည်း ကောင်းကောင်းမွန်မွန် လိုက်နာလိုက်ရုံပဲ ဖြစ်တယ်လို့လည်းဆိုလိုတယ်။ (အိဗ်နုကဆီးရ်)

قُلۡ اَطِيۡعُوا اللّٰهَ وَاَطِيۡعُوا الرَّسُوۡلَ‌ۚ فَاِنۡ تَوَلَّوۡا فَاِنَّمَا عَلَيۡهِ مَا حُمِّلَ وَعَلَيۡكُمۡ مَّا حُمِّلۡتُمۡ‌ؕ وَاِنۡ تُطِيۡعُوۡهُ تَهۡتَدُوۡا‌ؕ وَمَا عَلَى الرَّسُوۡلِ اِلَّا الۡبَلٰغُ الۡمُبِيۡنُ ﴿٥٤﴾

(၅၄) (အို- တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို လိုက်နာကြပါ။ ထို့ပြင် အသင်တို့သည် တမန်တော်၏အမိန့်တော်များကိုလည်း လိုက်နာကြပါ။ ထို့နောက် အကယ်၍ အသင်တို့သည် ရှောင်တိမ်းသွားခဲ့ကြလျှင် ၎င်း(တမန်တော်)၏အပေါ်တွင် ၎င်းတာဝန်ပေးခြင်းခံခဲ့ရသည့်မှု (ပို့ချရမည့်တာဝန်)သာရှိသည်။ ထို့ပြင် အသင်တို့အပေါ်တွင်လည်း အသင်တို့ တာဝန်ပေးခြင်းခံခဲ့ကြရသည့်မှု(လိုက်နာရန်)သာ ရှိသည်။❶ ထို့ပြင် အကယ်၍ အသင်တို့သည် ၎င်း(တမန်တော်၏အမိန့်တော်များ)ကို လိုက်နာကြလျှင် အသင်တို့သည် တရားလမ်းမှန်ကို ရရှိကြမည်ဖြစ်သည်။ ထို့ပြင် တမန်တော်အပေါ်တွင် ထင်ရှားပြတ်သားစွာ ပို့ချပေးခြင်းမှလွဲ၍ အခြားမည်သည့်တာဝန်မျှမရှိပေ။

❶ တမန်တော်မြတ် ﷺ ရဲ့တာဝန်ဟာ အရှင်မြတ်ရဲ့အမိန့်တော်တွေကို အသင်တို့ထံပို့ချပေးဖို့ဖြစ်တယ်။ ကိုယ်တော့်တာဝန်ဟာ ကျေပွန်သွားပြီ ဖြစ်တယ်။ အဲဒီအမိန့်တော်တွေကို လိုက်နာဖို့ရာဟာ အသင်တို့ရဲ့ တာဝန်ဖြစ်တယ်။ အသင်တို့တာဝန်ပျက်ကွက်ပြီး မလိုက်နာရင် တမန်တော့်မှာ ဘာမှ ဆုံးရှုံးစရာမရှိဘူး။ အသင်တို့ပဲ အသင်တို့ကိုယ်ကို ဆုံးရှုံးအောင်လုပ်တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَعَدَ اللّٰهُ الَّذِيۡنَ اٰمَنُوۡا مِنۡكُمۡ وَعَمِلُوا الصّٰلِحٰتِ لَيَسۡتَخۡلِفَنَّهُمۡ فِى الۡاَرۡضِ كَمَا اسۡتَخۡلَفَ الَّذِيۡنَ مِنۡ قَبۡلِهِمۡ ۖ وَلَيُمَكِّنَنَّ لَهُمۡ دِيۡنَهُمُ الَّذِى ارۡتَضٰى لَهُمۡ وَلَيُبَدِّلَنَّهُمۡ مِّنۡۢ بَعۡدِ خَوۡفِهِمۡ اَمۡنًا‌ؕ يَعۡبُدُوۡنَنِىۡ لَا يُشۡرِكُوۡنَ بِىۡ شَيۡـًٔا‌ؕ وَمَنۡ كَفَرَ بَعۡدَ ذٰ لِكَ فَاُولٰٓـئِكَ هُمُ الۡفٰسِقُوۡنَ ﴿٥٥﴾

(၅၅) အလ္လာဟ်အရှင်မြတ်သည် အသင်တို့ထဲမှ အီမာန်ယုံကြည်၍ ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ကြသည့်သူများအား ကတိပေးတော်မူ

သည်- အရှင်မြတ်သည် သူတို့မတိုင်မီက ရှိခဲ့သည့်သူများအား (ကမ္ဘာမြေတွင်) အုပ်ချုပ်စေတော်မူသကဲ့သို့ပင် သူတို့အားလည်း ကမ္ဘာမြေတွင်အမှန်စင်စစ် အုပ်ချုပ်စေတော်မူမည်။ ထို့ပြင် သူတို့အတွက် အရှင်မြတ်နှစ်သက်တော်မူသော (အစ္စလာမ်)သာသနာတော်ကို သူတို့အကျိုးအတွက် အမှန်ပင် မြဲမြံခိုင်ခံ့စေတော်မူမည်။ ထို့ပြင် အရှင်မြတ်သည် သူတို့အား သူတို့၏ကြောက်ရွံ့စိုးရိမ်မှုနောက်တွင် ငြိမ်းချမ်းမှုကို အမှန်စင်စစ် ပြောင်းလဲပေးတော်မူမည်။❶ (အကယ်၍) သူတို့သည် ငါအရှင်မြတ်နှင့် မည်သူ့ကိုမျှ လုံးဝတွဲဖက်ကိုးကွယ်ခြင်း မပြုဘဲ ငါအရှင်မြတ်ကိုသာ ကိုးကွယ်နေကြလျှင်၊ ထို့ပြင် မည်သူမဆို ထို့နောက်တွင် ကျေးဇူးကန်းခဲ့လျှင် ထိုသူများပင် အမိန့်တော်ကို ဖီဆန်သည့်သူများဖြစ်ကြသည်။❷

❶ မွတ်စ်လင်မ်တွေကို အုပ်ချုပ်မှုအာဏာရဖို့ အရှင်မြတ်က ကတိပြုထားတော်မူတယ်။ အဲဒီကတိအတိုင်းပဲ စွဟာဗဟ်သာဝကကြီး ﷺ တွေရဲ့လက်ထက်မှာ ကတိဟာ အကောင် အထည်ပေါ်ခဲ့ပြီးဖြစ်တယ်။ အဲဒီခေတ်က သူတွေအတိုင်း ဘယ်ခေတ်မှာမဆို အီမာန်ယုံကြည်မှုနဲ့ အအ်မာလ် လုပ်ရပ်တွေ မှန်ကန်မယ်ဆိုရင် အဲဒီသူတွေဟာ အုပ်ချုပ်မှု အာဏာရရှိနေဦးမှာပဲဖြစ်တယ်။ အဲဒါဟာ အရှင်မြတ်ကပေးတဲ့ တရားသဖြင့် အုပ်ချုပ်မှုအာဏာဖြစ်တယ်။ ကိယာမသ်နီးတဲ့အခါမှာ အိမာမ်မဟ်ဒီ ﷺ ရဲ့လက်ထက်မှာလည်း အဲဒီလို တရားမျှမျှတတ အုပ်ချုပ်မဲ့ အုပ်ချုပ်မှုကို အရှင်မြတ်က ပြန်ပေးဦးမဲ့အကြောင်း သတင်းကောင်းတွေ ပေးထားပြီးဖြစ်တယ်။ (အလင်းပြကျမ်း) ❷ အဲဒီလို အရှင်မြတ်ရဲ့ကတိတော်၊ ကျေးဇူးတော်တွေကို မြင်တွေ့ပြီးနောက်မှ ကျေးဇူးကန်းကြမယ်ဆိုရင် အဲဒီသူဟာ အလွန်မိုက်မဲသွေဖည်သူပဲဖြစ်တော့တယ်။ (အလင်းပြကျမ်း)

وَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ وَاَطِيْعُوا الرَّسُوْلَ لَعَلَّكُمْ تُرْحَمُوْنَ ﴿٥٦﴾

(၅၆) ထို့ပြင် အသင်တို့သည် ကရုဏာပြုခြင်းကို ခံကြရရန်အတွက် စွလာသ်ဝတ်ပြုမှုကို တည်ဆောက်ကြပါ။ ထို့ပြင် အသင်တို့သည် ဇကာသ်ပေးဆောင်ကြပါ။ ထို့ပြင် အသင်တို့သည် တမန်တော်၏အမိန့်ကို လိုက်နာကြပါ။❸

❸ အရှင်မြတ်ရဲ့ သနားကြင်နာမှု ခံချင်ရင် စွလာသ်ဝတ်ပြုမှုနဲ့ ဇကာသ်ပေးဆောင်မှုတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ပြီးတမန်တော် ﷺ ရဲ့အမိန့်ကိုနာခံခြင်းဟာအရှင်မြတ်ရဲ့အသနားခံရမဲ့အချက်တွေထဲက ဖြစ်တယ်။ (အလင်းပြကျမ်း)

لَا تَحْسَبَنَّ الَّذِيْنَ كَفَرُوْا مُعْجِزِيْنَ فِى الْاَرْضِ ۚ وَمَاْوٰىهُمُ النَّارُ ؕ وَلَبِئْسَ الْمَصِيْرُ ﴿٥٧﴾

(၅၇) ကာဖိရ်များသည် (ငါအရှင်မြတ်အား) ကမ္ဘာမြေတွင် မစွမ်းဆောင်နိုင်အောင် ပြုလုပ်နိုင်ကြလိမ့်မည်ဟု လုံးဝ အသင်မထင်မှတ်လိုက်လေနှင့်။ ထို့ပြင် သူတို့၏ခိုလှုံရာနေရာသည် ငရဲမီးပင် ဖြစ်သည်။ ထို့ပြင် ၎င်း(ငရဲမီး)သည် အဘယ်မျှဆိုးဝါးလိုက်သောစခန်း အမှန် ဖြစ်လိုက်သနည်း။

يَا أَيُّهَا الَّذِينَ آمَنُوا لِيَسْتَأْذِنكُمُ الَّذِينَ مَلَكَتْ أَيْمَانُكُمْ وَالَّذِينَ لَمْ يَبْلُغُوا الْحُلُمَ
مِنكُمْ ثَلَاثَ مَرَّاتٍ ۚ مِّن قَبْلِ صَلَاةِ الْفَجْرِ وَحِينَ تَضَعُونَ ثِيَابَكُم مِّنَ الظَّهِيرَةِ وَمِن بَعْدِ
صَلَاةِ الْعِشَاءِ ۚ ثَلَاثُ عَوْرَاتٍ لَّكُمْ ۚ لَيْسَ عَلَيْكُمْ وَلَا عَلَيْهِمْ جُنَاحٌ بَعْدَهُنَّ ۚ طَوَّافُونَ
عَلَيْكُم بَعْضُكُمْ عَلَىٰ بَعْضٍ ۚ كَذَٰلِكَ يُبَيِّنُ اللَّهُ لَكُمُ الْآيَاتِ ۗ وَاللَّهُ عَلِيمٌ حَكِيمٌ ﴿٥٨﴾

(၅၈) အို - အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ ကျွန်၊ ကျွန်မများနှင့် အသင်တို့ထဲမှ အရွယ်မရောက်ကြသေးသော ယောက်ျားလေးများသည် (အသင်တို့ အိမ်ထဲတွင် ဝင်ထွက်သွားလာရန်) အသင်တို့ကို အချိန်သုံးချိန်တွင် ဝင်ခွင့်တောင်းကြရမည်ဖြစ်သည်။ ဖဂျ်ရ်စွလာသ်မတိုင်မီ(တစ်ချိန်)၊ အသင်တို့သည် အသင်တို့၏အဝတ်အစားများကို ချွတ်၍ထားလေ့ရှိကြသော နေ့လယ်အချိန်တွင်(တစ်ချိန်)နှင့် အိရှာစွလာသ်အပြီးတွင်(တစ်ချိန်၊ ဤ)သုံးချိန်သည် အသင်တို့၏ဖုံးအုပ်ရမည့်အစိတ်အပိုင်းများ လစ်လပ်(ကောင်းလစ်လပ်)နေမည့်အချိန်များဖြစ်သည်။❶ ထိုအချိန်များမှလွဲလျှင် (ခွင့်မတောင်းဘဲ ဝင်ထွက်သွားလာခြင်းသည်) အသင်တို့ အပေါ်နှင့် သူတို့အပေါ်တွင် မည်သည့်အပြစ်မျှ မရှိပေ။ သူတို့သည် အသင်တို့ထံသို့ မကြာခဏ ဝင်ထွက်သွားလာသူများပင် ဖြစ်ကြသည်။ အသင်တို့ထဲမှတစ်ဦးသည် တစ်ဦးထံသို့(မကြာခဏသွားလာနေရခြင်းပင်ဖြစ်သည်)။ ထိုသို့ပင် အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်များကို အသင်တို့အတွက် ရှင်းလင်းပြသတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ အဲဒီအချိန်သုံးချိန်တွေဆိုတာ များသောအားဖြင့် ဇနီးမောင်နှံတွေဟာ လွတ်လွတ်လပ်လပ်နေတဲ့အချိန်တွေဖြစ်တာကတစ်ကြောင်း၊ အဝတ်အစားတွေလည်း အပြင်မှာဝတ်တဲ့ အဝတ်အစားမျိုး ဝတ်ထားတာ မဟုတ်တာကတစ်ကြောင်း၊ နားနေတဲ့အချိန်ဖြစ်တာကတစ်ကြောင်း စတဲ့အကြောင်းတွေကြောင့် ဝင်ခွင့်တောင်းခိုင်းထားတာဖြစ်တယ်။ သူတို့အနေနဲ့ အဲဒီအချိန်တွေမဟုတ်ဘဲ တခြားအချိန်တွေကို သတ်မှတ်ထားရင်လည်း အဲဒီသတ်မှတ်ထားတဲ့အချိန်တွေမှာ ဝင်ခွင့်တောင်းရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِذَا بَلَغَ الْأَطْفَالُ مِنكُمُ الْحُلُمَ فَلْيَسْتَأْذِنُوا كَمَا اسْتَأْذَنَ الَّذِينَ مِن قَبْلِهِمْ ۚ كَذَٰلِكَ
يُبَيِّنُ اللَّهُ لَكُمْ آيَاتِهِ ۗ وَاللَّهُ عَلِيمٌ حَكِيمٌ ﴿٥٩﴾

(၅၉) ထို့ပြင် အသင်တို့ထဲမှ ယောက်ျားလေးများသည် အရွယ်ရောက်လာခဲ့လျှင်၊ သူတို့သည်လည်း သူတို့မတိုင်မီ ခွင့်တောင်းခဲ့ကြသည့်သူများကဲ့သို့

ခွင့်တောင်းကြရမည်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသို့ပင် အရှင်မြတ်၏အမိန့်ပညတ်များကို အသင်တို့အတွက် ရှင်းလင်းပြသတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

وَالْقَوَاعِدُ مِنَ النِّسَآءِ الّٰتِيْ لَا يَرْجُوْنَ نِكَاحًا فَلَيْسَ عَلَيْهِنَّ جُنَاحٌ اَنْ يَّضَعْنَ ثِيَابَهُنَّ غَيْرَ مُتَبَرِّجٰتٍۢ بِزِيْنَةٍ ؕ وَاَنْ يَّسْتَعْفِفْنَ خَيْرٌ لَّهُنَّ ؕ وَاللّٰهُ سَمِيْعٌ عَلِيْمٌ ﴿٦٠﴾

(၆၀) ထို့ပြင် ထိမ်းမြားရန် မျှော်လင့်ဖွယ်ရာမရှိသော အဘွားအိုများသည် လှုပမှုကို ဖော်ပြခြင်းမဟုတ်ဘဲ သူမတို့၏ (အပို)အဝတ်များကို ချွတ်ထားသည့်အတွက် သူမတို့အပေါ်တွင် မည်သည့်အပြစ်မျှ မရှိပေ။ သို့ရာတွင် သူမတို့သည်လည်း (ထိုသို့ အပိုအဝတ်များ ချွတ်ခြင်းမှ) ရှောင်ကြဉ်ကြလျှင် သူမတို့အတွက် အကောင်းဆုံးပင်ဖြစ်သည်။❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ အသက်အရွယ်ကြီးရင့်တဲ့ အဘွားအို၊ အမယ်အိုတွေအတွက် အိမ်နေရင်းဝတ်တဲ့ အဝတ်အစားတွေနဲ့ အပြင်ကိုလည်း သွားလာနိုင်တယ်။ ဒါပေမဲ့ အသက်ကြီးတဲ့သူတိုင်းကို ခွင့်ပေးထားတာမဟုတ်ဘဲ ပညတ်ချက်တစ်ခုထည့်ထားပေးတယ်။ အဲဒါက ထိမ်းမြားဖို့ စိတ်ကုန်ခန်းပြီး အိုရွဲ့နေတဲ့သူမတွေအတွက်ကိုပဲ ဖြစ်တယ်။ အခုခေတ်မှာ ပလပ်စတစ်ဆာဂျရီပြုလုပ်ပြီး အသက်(၈၀)အရွယ် အဘွားအိုဟာ အသက်(၄၀)အရွယ် လူလတ်ပိုင်းလို ဖြစ်သွားတဲ့အနေအထားမျိုးဆိုရင် အဲဒီခွင့်ပြုချက်မရှိပါ။ အဓိကအချက်မှာ အဘွားအိုကိုယ်တိုင်ကလည်း ကာမစိတ်ကုန်ခန်းနေတဲ့သူဖြစ်ပြီး သူ့ကို မြင်တဲ့သူစိမ်းယောကျ်ားကလည်း ကာမစိတ်ဖြစ်ပေါ်မလာနိုင်လောက်အောင် အိုမင်းရွတ်တွနေတဲ့ အဘွားအိုမျိုးအတွက်သာ ခွင့်ပြုထားတာဖြစ်တယ်။ အဲဒါတောင်မှ အလှအပမပေါ်အောင် လုံလုံခြုံခြုံ ဝတ်သွားရင် အကောင်းဆုံးဖြစ်တယ်လို့ မိန့်ထားသေးတယ်။

(ကုရ်သွူဗီ၊ စွဖ်ဝသုသ်သဖာစီရ်၊ အဟ်ကာမွလ်ကုရ်အာန်)

لَيْسَ عَلَى الْاَعْمٰى حَرَجٌ وَّلَا عَلَى الْاَعْرَجِ حَرَجٌ وَّلَا عَلَى الْمَرِيْضِ حَرَجٌ وَّلَا عَلٰٓى اَنْفُسِكُمْ اَنْ تَاْكُلُوْا مِنْۢ بُيُوْتِكُمْ اَوْ بُيُوْتِ اٰبَآئِكُمْ اَوْ بُيُوْتِ اُمَّهٰتِكُمْ اَوْ بُيُوْتِ اِخْوَانِكُمْ اَوْ بُيُوْتِ اَخَوٰتِكُمْ اَوْ بُيُوْتِ اَعْمَامِكُمْ اَوْ بُيُوْتِ عَمّٰتِكُمْ اَوْ بُيُوْتِ اَخْوَالِكُمْ اَوْ بُيُوْتِ خٰلٰتِكُمْ اَوْ مَا مَلَكْتُمْ مَّفَاتِحَهٗٓ اَوْ صَدِيْقِكُمْ ؕ لَيْسَ عَلَيْكُمْ جُنَاحٌ اَنْ تَاْكُلُوْا جَمِيْعًا اَوْ اَشْتَاتًا ؕ فَاِذَا دَخَلْتُمْ بُيُوْتًا فَسَلِّمُوْا عَلٰٓى اَنْفُسِكُمْ تَحِيَّةً مِّنْ عِنْدِ اللّٰهِ مُبٰرَكَةً طَيِّبَةً ؕ كَذٰلِكَ يُبَيِّنُ اللّٰهُ لَكُمُ الْاٰيٰتِ لَعَلَّكُمْ تَعْقِلُوْنَ ﴿٦١﴾ ع

(၆၁) (ဤအာယသ်တော်ထဲရှိ အောက်၌ဖော်ပြထားသော အိမ်များတွင် စားသုံးခြင်းမှ) မျက်ကန်း၏အပေါ်တွင် မည်သည့်အရာမျှ တားမြစ်ထားခြင်းမရှိ

ပေ။ ထို့ပြင် ခြေမသန်သူအပေါ်တွင်လည်း မည်သည့်အရာမျှ တားမြစ်ထားခြင်း မရှိပေ။ ထို့ပြင် မကျန်းမာသူအပေါ်တွင်လည်း မည်သည့်အရာမျှ တားမြစ်ထားခြင်းမရှိပေ။ ထို့ပြင် အသင်တို့ကိုယ်တိုင်အပေါ်တွင်လည်း မည်သည့်အရာမျှ တားမြစ်မထားပေ။❶ အသင်တို့သည် အသင်တို့၏အိမ်များ၊ အသင်တို့၏ ဖခင်များ၏အိမ်များ၊ အသင်တို့၏မိခင်များ၏အိမ်များ၊ အသင်တို့၏ညီ၊ အစ်ကိုများ၏ အိမ်များ၊ အသင်တို့၏အစ်မ၊ နှမများ၏အိမ်များ၊ အသင်တို့၏ဘကြီး၊ ဘထွေးများ၏အိမ်များ၊ အသင်တို့၏အရီးကြီး၊ အရီးလေးများ၏အိမ်များ၊ အသင်တို့၏ ဦးကြီး၊ ဦးလေးများ၏ အိမ်များ၊ အသင်တို့၏ အဒေါ်ကြီး၊ အဒေါ်လေးများ၏ အိမ်များ၊ အသင်တို့ သော့ထိန်းကြရသည့်အိမ်များ၊ အသင်တို့၏မိတ်ဆွေများ၏ အိမ်များ (ထိုအိမ်များ)မှ အသင်တို့၏ စားသုံးခြင်းကို မည်သည့်အရာမျှ တားမြစ်ထားခြင်းမရှိပေ။ အသင်တို့သည် ရောနှောစုပေါင်းပြီး စားသုံးသည်ဖြစ်စေ၊ တခြားစီ သီးသန့်စားသုံးသည်ဖြစ်စေ အသင်တို့အပေါ်တွင် မည်သည့်အရာမျှ အပြစ်မရှိပေ။ ထို့ပြင် အသင်တို့သည် အိမ်များသို့ ဝင်ရောက်သည့်အခါ အသင်တို့ကိုယ်များ(အချင်းချင်း)အပေါ်တွင် စလာမ်မေတ္တာ ပို့သကြပါ။❷(ထိုစလာမ်သည်) ကောင်းမြတ်သောဒုအာအဖြစ် အလ္လာဟ်အရှင်မြတ်ထံတော်မှ သတ်မှတ်ထားသည်။ (အကျိုးဆဝါဗ်ရရှိမည်ဖြစ်သည့်အတွက်) ဗရကသ်မင်္ဂလာလည်းရှိသည်။ (ရှေ့၌ရှိသူ၏စိတ်ကို ပျော်ရွှင်မှုဖြစ်စေသည့်အတွက်) ကောင်းမွန်သည့်အရာလည်း ဖြစ်သည်။ ထိုသို့ပင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ နားလည်ကြရန်အတွက် အမိန့်ပညတ်ချက်များကို ရှင်းလင်းပြသ မိန့်ကြားတော်မူသည်။

❶ ခွင့်တောင်းဖို့မလိုဘဲ စားသောက်ခွင့်ပြုထားတဲ့သူတွေနဲ့ ခွင့်ပြုထားတဲ့အိမ်တွေကို ဖော်ပြထားတာဖြစ်တယ်။ အသင်တို့နဲ့ ရင်းနှီးပတ်သက်ခြင်းမရှိတဲ့အိမ်တွေမှာ မဖိတ်ခေါ်ဘဲ ဝင်ထွက် စားသောက်တာမျိုးကို အဲဒီအိမ်တွေမှာ အခက်အခဲအကျပ်အတည်းမဖြစ်စေဖို့အတွက် တားမြစ်လိုက်တာဖြစ်တယ်။ ဒါဟာ အစ္စလာမ်သာသနာက ရှုဒေါင့်ဘက်ပေါင်းစုံကနေ ကြည့်ပြီး အမိန့်ပညတ်ချက်တော်တွေ သတ်မှတ်ပေးထားတယ်ဆိုတဲ့ အထောက်အထားတစ်ခုဖြစ်ကြောင်း ထင်ထင်ရှားရှားတွေ့မြင်နိုင်တယ်။(ဗင်္ဂဝီ၊ အသ်သဖီစီရွလ်ဟဒီးဆ် ) ❷ စလာမ်မေတ္တာကို အသင်တို့အချင်းချင်းတွေရဲ့အိမ်တွေကို ဝင်တဲ့အခါမှာရော၊ အသင်တို့အိမ်တွေမှာ ဝင်တဲ့အခါမှာပါ ပေးကြဖို့ ညွှန်ကြားထားတာဖြစ်တယ်။ သူများအိမ်ကိုဝင်ရင် သူများအိမ်ကလူတွေကို စလာမ်ပေးရသလို အသင့်အိမ်ကို ဝင်ရင်လည်း အသင်ရဲ့အိမ်သူအိမ်သားတွေကို စလာမ်ပေးရမှာဖြစ်တယ်။ လူရှိတဲ့အိမ်ဝင်တဲ့အခါရော၊ လူမရှိတဲ့အိမ်ကို ဝင်တဲ့အခါမှာပါ စလာမ်ပေးရမှာဖြစ်တယ်။ လူရှိတဲ့အိမ်ကို ဝင်ရင် اَلسَّلَامُ عَلَيْكُمْ وَرَحْمَةُ اللهِ وَبَرَكَاتُه လို့ စလာမ်မေတ္တာပို့သရမှာဖြစ်ပြီး လူမရှိတဲ့အိမ်ကို အသင်တို့ဝင်တဲ့

အခါမှာတော့ - اَلسَّلَامُ عَلَيْنَا وَعَلٰى عِبَادِ اللّٰهِ الصَّالِحِيْنَ လို့ ဆိုပြီး စလာမ်မေတ္တာကို ကိုယ့်အပေါ်မှာနဲ့ အရှင်မြတ်ရဲ့ကောင်းမြတ်တဲ့ ကျွန်တွေအပေါ်မှာ ပို့သရမှာဖြစ်တယ်။ (အသ်သဖ်စီရုလ်မုယတ်စရ်)

إِنَّمَا الْمُؤْمِنُونَ الَّذِينَ آمَنُوا بِاللَّهِ وَرَسُولِهِ وَإِذَا كَانُوا مَعَهُ عَلَىٰ أَمْرٍ جَامِعٍ لَّمْ يَذْهَبُوا حَتَّىٰ يَسْتَأْذِنُوهُ ۚ إِنَّ الَّذِينَ يَسْتَأْذِنُونَكَ أُولَٰئِكَ الَّذِينَ يُؤْمِنُونَ بِاللَّهِ وَرَسُولِهِ ۚ فَإِذَا اسْتَأْذَنُوكَ لِبَعْضِ شَأْنِهِمْ فَأْذَن لِّمَن شِئْتَ مِنْهُمْ وَاسْتَغْفِرْ لَهُمُ اللَّهَ ۚ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿٦٢﴾

(၆၂) အကြင်သူတို့ပင် မုအ်မင်န်ယုံကြည်သူများဖြစ်ကြသည်။ ထိုသူများသည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို ယုံကြည်ခဲ့ကြသည့်အပြင် စုပေါင်းပြုလုပ်သောကိစ္စတွင် ၎င်း(တမန်တော်မြတ်)နှင့်အတူရှိကြသည့်အခါ၊ ၎င်း(တမန်တော်မြတ်)၏ထံတွင် ခွင့်မတောင်းသမျှ ထွက်မသွားကြပေ။[၁] အမှန်စင်စစ် အသင်၏ထံတွင် ခွင့်တောင်းသည့်သူများပင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို ယုံကြည်ကြသည်။ သို့ဖြစ်ရာ သူတို့သည် အသင်၏ထံတွင် သူတို့၏ကိစ္စတစ်စုံတစ်ခုအတွက် ခွင့်တောင်းခဲ့လျှင် အသင်သည် သူတို့ထဲမှ အသင် အလိုရှိသူကို ခွင့်ပြုလိုက်ပါ။ ထို့ပြင် အသင်သည် သူတို့အတွက် အလ္လာဟ်အရှင်မြတ်ထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့်ပန်ကြားပါ။ အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးသနားတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

[၁] အဟ်ဇာဗ်စစ်ပွဲအတွက် မဒီနဟ်မြို့ကို ကာကွယ်ဖို့ ပတ်ပတ်လည်မှာ တမန်တော်မြတ် ﷺ က ကျုံးတူးဖို့ အစီအစဉ်လုပ်တဲ့အခါ မွတ်စ်လင်မ်တိုင်း ပါဝင်ပြီး ကျုံးတူးခဲ့ကြတယ်။ အဲဒီထဲမှာ မုနာဖိက် အယောင်ဆောင်တွေလည်း မပါဝင်ချင်ဘဲနဲ့ ပါဝင်လာခဲ့ရတယ်။ မွတ်စ်လင်မ်တွေထဲက တစ်ဦးတစ်ယောက်ဟာ အရေးကိစ္စရှိလို့ မြို့ထဲကို ပြန်ဖို့လိုအပ်ရင် တမန်တော်မြတ် ﷺ ထံမှာ ခွင့်တောင်းပြီး ပြန်တယ်။ အဲဒီအချိန်မှာ မုနာဖိက်တွေဟာ တမန်တော်မြတ် ﷺ ထံမှာ ခွင့်မတောင်းဘဲ တိတ်တဆိတ် ပြန်လေ့ရှိတယ်။ အဲဒီကိစ္စကို အရှင်မြတ်က ရှုတ်ချထားတာဖြစ်တယ်။ (အာစာန်သရ်ဂျမဟ်)

لَّا تَجْعَلُوا دُعَاءَ الرَّسُولِ بَيْنَكُمْ كَدُعَاءِ بَعْضِكُم بَعْضًا ۚ قَدْ يَعْلَمُ اللَّهُ الَّذِينَ يَتَسَلَّلُونَ مِنكُمْ لِوَاذًا ۚ فَلْيَحْذَرِ الَّذِينَ يُخَالِفُونَ عَنْ أَمْرِهِ أَن تُصِيبَهُمْ فِتْنَةٌ أَوْ يُصِيبَهُمْ عَذَابٌ أَلِيمٌ ﴿٦٣﴾

(၆၃) အသင်တို့သည် တမန်တော်မြတ်၏ခေါ်ခြင်းကို အသင်တို့အချင်းချင်း တစ်ဦးက တစ်ဦးကို ခေါ်သကဲ့သို့ မပြုလုပ်ကြနှင့်။[၂] အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ထဲမှ ကွယ်ဝှက်ပြီး တိတ်ဆိတ်စွာ ခိုးထွက်သွားကြသူများကို သိရှိတော်မူသည်။ သို့ဖြစ်ရာ ၎င်း(တမန်တော်)၏အမိန့်ကို ရှောင်တိမ်းသူများသည် သူတို့အပေါ် ဒုက္ခတစ်စုံတစ်ခု ကျရောက်မည် သို့မဟုတ် သူတို့

အပေါ် နာကျင်စေသော ပြစ်ဒဏ်တစ်စုံတစ်ခု ကျရောက်မည်ကို စိုးရိမ်နေကြရမည်ဖြစ်သည်။

❶ တမန်တော်မြတ် ﷺ ကခေါ်ရင် တလေးတစားနဲ့ အမြန်ဆုံးသွားရောက်ဖို့ ဝါဂိုဗ်တာဝန်ဖြစ်တယ်။ စကားပြောရင်လည်း ရိုသေလေးစားစွာနဲ့ ပြောဆိုရမှာဖြစ်တယ်။ ထပြန်ဖို့ လိုအပ်ရင်လည်း ခွင့်ပြုချက်တောင်းပြီးမှ ပြန်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

أَلَآ إِنَّ لِلَّهِ مَا فِى ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ۖ قَدْ يَعْلَمُ مَآ أَنتُمْ عَلَيْهِ وَيَوْمَ يُرْجَعُونَ إِلَيْهِ فَيُنَبِّئُهُم بِمَا عَمِلُوا۟ ۗ وَٱللَّهُ بِكُلِّ شَىْءٍ عَلِيمٌۢ ﴿٦٤﴾

(၆၄) သတိပြုကြပါ၊ အမှန်စင်စစ် မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှအရာများသည် အလ္လာဟ်အရှင်မြတ် ပိုင်ဆိုင်သည့်အရာများပင်ဖြစ်သည်။ အမှန်စင်စစ် အရှင်မြတ်သည် အသင်တို့၏လက်ရှိအခြေအနေကို သိတော်မူသည်။ ထို့ပြင် အရှင်မြတ်ထံတော်သို့ သူတို့ပြန်ရောက်ကြရမည့်နေ့ကိုလည်း သိတော်မူသည်။ (ထိုနေ့တွင်) အရှင်မြတ်သည် သူတို့အား သူတို့ပြုလုပ်ခဲ့သမျှကို ထုတ်ဖော်အသိပေးတော်မူမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာရာကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။❷

❷ အရာအားလုံးကို အရှင်မြတ်ကပဲ ဖန်ဆင်းထားတော်မူပြီး အရှင်မြတ်ဟာ အရာတိုင်းရဲ့ အကြောင်းကို အစအဆုံး သိနေတော်မူတဲ့အရှင်ဖြစ်တော်မူတယ်။ အဲဒါကြောင့် အရှင်မြတ်မသိအောင် ဘာမှ ပြုလုပ်လို့မရဘူး။ လုပ်သမျှအရာအားလုံးကို အရှင်မြတ်က ကိယာမသ်နေ့မှာ ပြန်ပြောပြမှာဖြစ်တယ်။ (အလင်းပြကျမ်း)

رکوعاتها٦ ٢٥سُوۡرَةُ الۡفُرۡقَانِ مَکِّیَّةٌ ٤٢ اٰیاتها٧٧

# စူရဟ် ဖုရ်ကာန် (အမှားအမှန်ခွဲခြားပေးသည့်ကဏ္ဍ) سُوۡرَةُ الۡفُرۡقَانِ

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

تَبٰرَکَ الَّذِیۡ نَزَّلَ الۡفُرۡقَانَ عَلٰی عَبۡدِہٖ لِیَکُوۡنَ لِلۡعٰلَمِیۡنَ نَذِیۡرَا ۙ ﴿۱﴾

(၁) အကြင်အရှင်မြတ်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူပါသည်။ ထိုအရှင်မြတ်သည် အရှင်မြတ်၏ကျွန်❻ အပေါ်တွင် ထိုကျွန်အနေဖြင့် စကြဝဠာအပေါင်းတို့အား သတိပေးနှိုးဆော်သူဖြစ်ရန်အတွက် အမှားအမှန်ခွဲခြားပေးသောအရာ❼ (ကျမ်းဂန်ကုရ်အာန်)ကို ချပေးတော်မူခဲ့သည်။

❻ အဗ်ဒ် عَبۡد ကျွန်လေးမျိုးရှိတယ်။ (၁)ကျေးကျွန် (၂)အဖန်ဆင်းခံကျွန် (၃) အလ္လာဟ်အရှင်မြတ်ရဲ့ကျွန်(မိမိစိတ်ဆန္ဒအလျောက်အရှင်မြတ် ရဲ့ အမိန့်နာခံမှုထဲမှာ မွေ့လျော်နစ်မွန်းနေတဲ့ကျွန်) (၄) ရွှေရဲ့ကျွန်၊ ငွေရဲ့ကျွန် (သူရဲ့စိတ်ဆန္ဒအလျောက် ရွှေ ငွေ ရှာဖွေမှုထဲမှာပဲ မွေ့လျော် နစ်မွန်းနေတဲ့ကျွန်)။ (အလင်းပြကျမ်း) ❼ ကုရ်အာန်ကို နည်းနည်းစီ ခွဲခွဲပြီး ချပေးတဲ့အတွက်ကြောင့်နဲ့ အမှားနဲ့ အမှန်ကွဲပြားသွားအောင် ခွဲခြားပြသတဲ့အတွက်ကြောင့် ဖုရ်ကာန်လို့ ခေါ်ထားတာဖြစ်တယ်။ (သွဗ်ရီ)

الَّذِیۡ لَہٗ مُلۡکُ السَّمٰوٰتِ وَ الۡاَرۡضِ وَ لَمۡ یَتَّخِذۡ وَلَدًا وَّ لَمۡ یَکُنۡ لَّہٗ شَرِیۡکٌ فِی الۡمُلۡکِ وَ خَلَقَ کُلَّ شَیۡءٍ فَقَدَّرَہٗ تَقۡدِیۡرًا ﴿۲﴾

(၂) ထိုအရှင်မြတ်သည် အရှင်မြတ်၏ပိုင်ဆိုင်မှုထဲတွင် မိုးကောင်းကင်များနှင့် မြေပထဝီ၏ စိုးမိုးအုပ်ချုပ်မှု ရှိသည်။ ထို့ပြင် အရှင်မြတ်သည် မည်သူ့ကိုမျှ သားအဖြစ်ပြုလုပ်တော်မူခဲ့သည်မဟုတ်ပေ။ ထို့ပြင် အရှင်မြတ်အတွက် စိုးမိုးအုပ်ချုပ်မှုတွင် တွဲဖက်လည်း မည်သူမျှမရှိပေ။ ထို့ပြင် အရှင်မြတ်သည် အရာအားလုံးကို ဖန်ဆင်းတော်မူ၍ ထိုအရာများကို တိုင်းဆထားခဲ့သည်။

وَ اتَّخَذُوۡا مِنۡ دُوۡنِہٖۤ اٰلِـہَۃً لَّا یَخۡلُقُوۡنَ شَیۡئًا وَّ ہُمۡ یُخۡلَقُوۡنَ وَ لَا یَمۡلِکُوۡنَ لِاَنۡفُسِہِمۡ ضَرًّا وَّ لَا نَفۡعًا وَّ لَا یَمۡلِکُوۡنَ مَوۡتًا وَّ لَا حَیٰوۃً وَّ لَا نُشُوۡرًا ﴿۳﴾

(၃) ထို့ပြင် ၎င်း(မုရှ်ရိက်)တို့သည် အရှင်မြတ်အပြင် အခြားကိုးကွယ်ရာများကို ပြုလုပ်ကိုးကွယ်ခဲ့ကြသည်။ ထိုကိုးကွယ်ရာများသည် မည်သည့်အရာကိုမျှ မဖန်ဆင်းနိုင်ကြသည့်အပြင် သူတို့ကိုယ်တိုင်ပင် ပြုလုပ်ဖန်ဆင်းခံထား

ကြရသည်။ ထို့ပြင် သူတို့သည် သူတို့ကိုယ်တိုင်နှင့်ပတ်သက်၍ပင် မည်သည့် ဆိုးကျိုးကောင်းကျိုးမျှ ပိုင်ဆိုင်ကြသည်မဟုတ်ပေ။ ထို့ပြင် သူတို့သည် (မည်သူ့ ကိုမျှ) အသက်သေစေခြင်း၊ ရှင်စေခြင်း၊ ပြန်ရှင်ထစေခြင်းတို့အား ပိုင်ဆိုင်ကြ သည်လည်း မဟုတ်ပေ။

وَقَالَ الَّذِيْنَ كَفَرُوْٓا اِنْ هٰذَآ اِلَّآ اِفْكُ ۨافْتَرٰىهُ وَاَعَانَهٗ عَلَيْهِ قَوْمٌ اٰخَرُوْنَ ۛ فَقَدْ جَآءُوْ ظُلْمًا وَّ زُوْرًا ﴿٤﴾

(၄) ထို့ပြင် ကာဖိရ်ငြင်းပယ်သူများက ဤ(ကုရ်အာန်ကျမ်းတော်မြတ်) သည် ၎င်း(တမန်တော်)လုပ်ကြံဖန်တီးထားသော မုသားပင် ဖြစ်သည်။ ထို့ပြင် ယင်း(ကိစ္စ)အပေါ်တွင် ၎င်းအား အခြားလူမျိုးများကလည်း ကူညီခဲ့ကြသည်ဟု ပြောဆိုကြသည်။❶ ထို(ပြောဆိုမှု)ကြောင့် အမှန်ပင် ၎င်း(ကာဖိရ်)တို့သည် မတရားမှုနှင့် မုသားလိမ်လည်မှုကို ယူဆောင်လာခဲ့ကြခြင်းဖြစ်သည်။

❶ ယဟူဒီတွေက ကူညီတယ်လို့ စွပ်စွဲတာဖြစ်တယ်။ သူတို့က ကူညီဖို့ နေနေသာသာ မက္ကဟ်မြို့မှာ သူတို့လည်း တစ်ဦးမှ မရှိခဲ့ကြဘူး။ တမန်တော်မြတ် ﷺ ဟာ မက္ကဟ်မှာ (၁၃)နှစ်ကြာနေပြီး နောက် မဒီနဟ်ကို ရွှေ့ပြောင်းသွားတဲ့အခါမှာလည်း မဒီနဟ်မှာ ယဟူဒီအများအပြားရှိခဲ့ကြပေမဲ့ သူတို့ပဲ အစ္စလာမ်ရဲ့အကြီးဆုံးရန်သူတွေဖြစ်ခဲ့တဲ့အတွက် ဘယ်လိုလုပ်ပြီး တမန်တော်မြတ် ﷺ ကို ကုရ်အာန်ရေးဖို့ ကူညီကြတာဖြစ်နိုင်မလဲ။ တကယ်တော့ သူတို့ဟာ လိမ်လည်မုသားပြောဆို ခြင်းပဲ ဖြစ်တယ်။ တကယ်လို့ ကာဖိရ်တွေစွပ်စွဲတဲ့အတိုင်း ယဟူဒီတွေက ကူညီခဲ့တာ မှန်တယ် ဆိုရင် တမန်တော် ﷺ ကို ကူညီနိုင်တဲ့နောက်တော့ သူတို့ကိုယ်တိုင်ပဲ တစ်အာယသ်လောက် နမူနာ ရေးပြပြီး ကုရ်အာန်ရဲ့စိန်ခေါ်ချက်ကို တုံ့ပြန်ပေးလိုက်ခြင်းအားဖြင့် သူတို့ရဲ့ရန်သူ အစ္စလာမ်ကို အလဲထိုးချနိုင်လိုက်မှာဖြစ်တယ်။ ဘာဖြစ်လို့ အဲဒီလိုမလုပ်နိုင်ခဲ့လဲ။ တခြား မဟုတ်တဲ့နည်းလမ်း မျိုးစုံကို သုံးပြီး အစ္စလာမ်ကိုချေမှုန်းဖို့ ကြိုးစားခဲ့တဲ့ ယဟူဒီတွေဟာ ဒီတစ်အာယသ်လေးရေးသား ခိုင်းတဲ့အခါကျမှ မရနိုင်မှန်းသိလို့ နောက်ဆုတ်နေခဲ့ကြတာကိုကြည့်ရင်ပဲ ဦးနောက်ရှိတဲ့သူဟာ အလွယ်တကူပဲ သိမြင်နိုင်ပါတယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်၊ မအာရိဖွလ်ကုရ်အာန်)

وَقَالُوْٓا اَسَاطِيْرُ الْاَوَّلِيْنَ اكْتَتَبَهَا فَهِيَ تُمْلٰى عَلَيْهِ بُكْرَةً وَّاَصِيْلًا ﴿٥﴾

(၅) ထို့ပြင် ၎င်း(ကာဖိရ်)တို့က "(ဤကုရ်အာန်ကျမ်းတော်မြတ်သည်) ၎င်း(တမန်တော်မုဟမ္မဒ်)ရေးခိုင်းထားသော ရှေးယခင်ကလူများ၏အခြေအမြစ် မရှိသည့်ပုံပြင်များပင် ဖြစ်သည်။ ထို့ပြင် ယင်း(အခြေအမြစ်မရှိသည့်ပုံပြင်များ) ကို ၎င်း၏ရှေ့၌ နံနက်နှင့်ညနေတွင် ဖတ်ကြားခံရသည် "ဟု ပြောဆိုကြသည်။

قُلْ اَنْزَلَهُ الَّذِيْ يَعْلَمُ السِّرَّ فِي السَّمٰوٰتِ وَالْاَرْضِ ۭ اِنَّهٗ كَانَ غَفُوْرًا رَّحِيْمًا ﴿٦﴾

(၆) (အို-တမန်တော်) အသင်ပြောလိုက်ပါ- "၎င်း(ကုရ်အာန်ကျမ်းတော်

မြတ်)အား မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသော လျှို့ဝှက်ချက်ကို သိတော်မူသောအရှင်မြတ်က ချပေးတော်မူခဲ့ခြင်းဖြစ်သည်။❶ အမှန်စင်စစ် အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။”

❶ စကြဝဠာနဲ့ လူသားဖန်ဆင်းပုံ လျှို့ဝှက်ချက်အမြောက်အမြားကို ဖော်ပြထားတဲ့ ကုရ်အာန်ကပဲ အဲဒီကုရ်အာန်ဟာ အရာရာကို ဖန်ဆင်းတဲ့အရှင်က ချပေးတော်မူတာဖြစ်ကြောင်း အထောက်အထားအဖြစ်လုံလောက်နေပါတယ်။ (မအာရိဖွလ်ကုရ်အာန်)

وَقَالُوْا مَالِ هٰذَا الرَّسُوْلِ يَاْكُلُ الطَّعَامَ وَيَمْشِيْ فِى الْاَسْوَاقِ ۗ لَوْلَآ اُنْزِلَ اِلَيْهِ مَلَكٌ فَيَكُوْنَ مَعَهٗ نَذِيْرًا ﴿٧﴾

(၇) ထို့ပြင် ၎င်း(ကာဖိရ်)တို့က ပြောဆိုကြသည်- ဤတမန်တော်သည် မည်သို့ တမန်တော်နည်း။ ၎င်းသည် အစားအစာကို စားသည်။ ထို့ပြင် ဈေးများတွင် သွားလာသည်။ ၎င်း၏ထံသို့ ကောင်းကင်တမန်တစ်ပါးပါး အဘယ်ကြောင့် စေလွှတ်ခြင်း မခံရသနည်း။ သို့ဖြစ်လျှင် ယင်း(ကောင်းကင်တမန်)သည်လည်း ၎င်းနှင့်အတူ ကူညီသတိပေးနှိုးဆော်သူ ဖြစ်မည်။

اَوْ يُلْقٰٓى اِلَيْهِ كَنْزٌ اَوْ تَكُوْنُ لَهٗ جَنَّةٌ يَّاْكُلُ مِنْهَا ۗ وَقَالَ الظّٰلِمُوْنَ اِنْ تَتَّبِعُوْنَ اِلَّا رَجُلًا مَّسْحُوْرًا ﴿٨﴾

(၈) သို့မဟုတ် ၎င်း၏ထံသို့ ဘဏ္ဍာတိုက်တစ်ခု အဘယ်ကြောင့်ချပေးခြင်းမခံရသနည်း။ သို့မဟုတ် ၎င်းတွင် ဥယျာဉ်တစ်ခု အဘယ်ကြောင့် မရှိရသနည်း။ (ထိုသို့ရှိခဲ့လျှင်) ၎င်းသည် ယင်း(ဥယျာဉ်)မှ (သစ်သီးဝလံများကို)စားသုံးနိုင်မည်။ ထို့ပြင် ထိုမတရားသည့်သူများက “အသင်တို့သည် စုန်းပြုစားခြင်းခံရသောယောကျ်ား တစ်ဦး၏နောက်ကို လိုက်နေကြခြင်းပင် ဖြစ်သည်” ဟု ပြောဆိုကြသည်။❷

❷ သူတို့ရဲ့ စောဒကတွေကို ရှေ့မှာလာမဲ့ ကုရ်အာန်အာယသ် ၉၊ ၁၀၊ ၁၁ မှာ အရှင်မြတ်က ချေပထားတယ်။ (မအာရိဖွလ်ကုရ်အာန်)

اُنْظُرْ كَيْفَ ضَرَبُوْا لَكَ الْاَمْثَالَ فَضَلُّوْا فَلَا يَسْتَطِيْعُوْنَ سَبِيْلًا ﴿٩﴾

(၉) သူတို့သည် အသင်(တမန်တော်)နှင့်ပတ်သက်၍ မည်သို့ ပုံပမာများခိုင်းနှိုင်းခဲ့ကြသည်ကို အသင်ကြည့်လိုက်ပါ။ သို့ဖြစ်ရာ သူတို့သည် လမ်းလွဲခဲ့ကြပြီဖြစ်သည်။ ထို့နောက် သူတို့သည် မည်သည့်(ထွက်)လမ်းကိုမျှ တွေ့ရှိနိုင်တော့မည် မဟုတ်ပေ။

تَبٰرَكَ الَّذِيْٓ اِنْ شَآءَ جَعَلَ لَكَ خَيْرًا مِّنْ ذٰلِكَ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ ۙ وَ يَجْعَلْ لَّكَ قُصُوْرًا ﴿١٠﴾

(၁၀) အကြင်အရှင်မြတ်သည် မင်္ဂလာနှင့် ပြည့်စုံတော်မူသည်။ အကယ်၍ ထိုအရှင်မြတ်အလိုရှိတော်မူလျှင် အသင့်အား ထို့ထက်ပင် ပိုကောင်းသော အကြင်ဥယျာဉ်များကို ပေးသနားတော်မူမည်။ ယင်း(ဥယျာဉ်များ)၏အောက်မှ ချောင်းများ စီးဆင်းနေမည်။ ထို့ပြင် အရှင်မြတ်သည် အသင့်အား ခမ်းနားသော အဆောက်အအုံများကိုလည်း ပြုလုပ်ဖန်ဆင်းပေးသနားတော်မူမည်။

بَلْ كَذَّبُوْا بِالسَّاعَةِ ۫ وَاَعْتَدْنَا لِمَنْ كَذَّبَ بِالسَّاعَةِ سَعِيْرًا ﴿١١﴾

(၁၁) ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် သူတို့သည် ကိယာမသ်ရှင်ပြန်ထမည့်နေ့ကို မဟုတ်မမှန်ဟု ငြင်းပယ်ကြခြင်းသာ ဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ်သည် ကိယာမသ်နေ့ကို မဟုတ်မမှန်ဟု ငြင်းပယ်သူများအတွက် မီးတောက်မီးလျှံကို အဆင်သင့် ပြုလုပ်ထားတော်မူပြီးဖြစ်သည်။

اِذَا رَاَتْهُمْ مِّنْ مَّكَانٍۢ بَعِيْدٍ سَمِعُوْا لَهَا تَغَيُّظًا وَّزَفِيْرًا ﴿١٢﴾

(၁၂) ယင်း(မီးတောက်မီးလျှံ)သည် သူတို့ကို အဝေးမှမြင်သည့်အခါ ၎င်း(ကာဖိရ်)တို့သည် ယင်း(မီးတောက်မီးလျှံ)၏ ဆူညံမှုနှင့်အမျက်ဒေါသထွက်သံ၊ မြည်ဟိန်းသံ(တောက်လောင်သံ)ကို ကြားကြရမည်ဖြစ်သည်။

وَاِذَآ اُلْقُوْا مِنْهَا مَكَانًا ضَيِّقًا مُّقَرَّنِيْنَ دَعَوْا هُنَالِكَ ثُبُوْرًا ﴿١٣﴾

(၁၃) ထို့ပြင် သူတို့သည် ယင်း(ငရဲ)ထဲတွင် ကျဉ်းမြောင်းသည့်နေရာတစ်နေရာတွင် ခြေလက်များတုပ်နှောင်လျက် ပစ်ချခြင်းခံကြရသည့်အခါ သူတို့သည် ထိုနေရာတွင် သေခြင်းကို ဟစ်ခေါ်(တောင့်တ)ကြမည်။

لَا تَدْعُوا الْيَوْمَ ثُبُوْرًا وَّاحِدًا وَّادْعُوْا ثُبُوْرًا كَثِيْرًا ﴿١٤﴾

(၁၄) "အသင်တို့သည် ယနေ့ တစ်ခုတည်းသောသေခြင်းတရားကို မဟစ်ခေါ်ကြနှင့်၊ မြောက်မြားစွာသောသေခြင်းတရားကို ဟစ်ခေါ်ကြလော့။" (ဟု သူတို့သည် ပြောဆိုခံကြရမည်)။

قُلْ اَذٰلِكَ خَيْرٌ اَمْ جَنَّةُ الْخُلْدِ الَّتِيْ وُعِدَ الْمُتَّقُوْنَ ؕ كَانَتْ لَهُمْ جَزَآءً وَّمَصِيْرًا ﴿١٥﴾

(၁၅) (အို-တမန်တော်) အသင်ပြောလိုက်ပါ- ၎င်းက ကောင်းသလော၊ သို့မဟုတ် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သော မုသ်သကီများကို ကတိပေးခြင်းခံကြရသော အမြဲနေရမည့် ဂျန္နသ်သုခဘုံက ကောင်း

သလော။[၁] ယင်း(သုခဘုံ)သည် သူတို့အတွက် အကျိုးရလဒ်လည်း ဖြစ်သည်။ ထို့ပြင် နောက်ဆုံးပြန်လည်ရာဌာနလည်း ဖြစ်သည်။

[၁] ငရဲဘုံနဲ့ သုခဘုံကို ဘယ်ဟာကောင်းလဲလို့ မေးထားတာဟာ မသိကြလို့မဟုတ်ဘူး။ ဒါပေမဲ့ သုခဘုံကောင်းတယ်လို့ဖြေရင် ဖြေရုံနဲ့ မပြီးဘူး၊ အဲဒီသုခဘုံရမဲ့သူတွေရဲ့လမ်းကို လိုက်လုပ်ရမှာ ပါလားဆိုတဲ့ အသိတရားရယူဖို့ဖြစ်တယ်။ အဲဒီလိုပဲ ငရဲဘုံကောင်းတယ်ဆိုရင် ငရဲဘုံကျမဲ့သူတွေ ရဲ့လမ်းအတိုင်း ငြင်းပယ်ဖီဆန်နေရင် သေချာပေါက်ငရဲဘုံရောက်မယ်ဆိုတာ သိထားဖို့ဖြစ်တယ်။ (အလင်းပြကျမ်း)

لَهُمْ فِيهَا مَا يَشَآءُونَ خَٰلِدِينَ ۚ كَانَ عَلَىٰ رَبِّكَ وَعْدًا مَّسْـُٔولًا ﴿١٦﴾

(၁၆) သူတို့သည်ယင်း(သုခဘုံ)တွင် အမြဲနေကြရမည့်သူများဖြစ်လျက် သူတို့အလိုရှိသည်များကို ရရှိကြလိမ့်မည်။ (ဤစည်းစိမ်များကို ချီးမြှင့်ပေးသနား တော်မူရန်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အပေါ်တွင် တာဝန်ယူထားသည့် ကတိပင်ဖြစ်သည်။

وَيَوْمَ يَحْشُرُهُمْ وَمَا يَعْبُدُونَ مِن دُونِ ٱللَّهِ فَيَقُولُ ءَأَنتُمْ أَضْلَلْتُمْ عِبَادِى هَٰٓؤُلَآءِ أَمْ هُمْ ضَلُّوا۟ ٱلسَّبِيلَ ﴿١٧﴾

(၁၇) ထို့ပြင် (ထို)နေ့တွင် အရှင်မြတ်သည် သူတို့နှင့်၊ အရှင်မြတ်မှလွဲ၍ သူတို့ ကိုးကွယ်ခဲ့သည့်သူများကို စုရုံးတော်မူပြီး "အသင်တို့ကပင် ငါအရှင်မြတ် ၏ဤကျွန်များကို လမ်းလွဲစေခဲ့ကြသလော၊ သို့မဟုတ် သူတို့ကိုယ်တိုင် လမ်းလွဲ ခဲ့ကြသလော"ဟု မေးမြန်းတော်မူမည်။

قَالُوا۟ سُبْحَٰنَكَ مَا كَانَ يَنۢبَغِى لَنَآ أَن نَّتَّخِذَ مِن دُونِكَ مِنْ أَوْلِيَآءَ وَلَٰكِن مَّتَّعْتَهُمْ وَءَابَآءَهُمْ حَتَّىٰ نَسُوا۟ ٱلذِّكْرَ وَكَانُوا۟ قَوْمًۢا بُورًا ﴿١٨﴾

(၁၈) သူတို့က ပြောဆိုကြမည်- အရှင်မြတ်သည် စင်ကြယ်တော်မူပါ သည်။ ကျွန်ုပ်တို့အတွက် အရှင်မြတ်မှလွဲ၍ အခြားကာကွယ်စောင့်ရှောက်မည့် သူများ ပြုလုပ်ရန် မအပ်စပ်ကြပေ။ သို့ရာတွင် အရှင်မြတ်သည် သူတို့နှင့် သူတို့ ၏အဘ၊ ဘိုး၊ ဘေးများကို စည်းစိမ်ချမ်းသာ ချီးမြှင့်တော်မူခဲ့ပါသည်။ နောက်ဆုံး တွင် သူတို့သည် (အရှင်မြတ်အား) သတိရမှုကိုပင် မေ့လျော့ကြသည့်အပြင် သူတို့ကိုယ်တိုင် ပျက်စီးသွားခဲ့ကြခြင်း ဖြစ်ပါသည်။[၂]

[၂] သူတို့အားကိုးအားထားပြုနေကြတဲ့ ကိုးကွယ်ရာတွေကပါ သူတို့နဲ့ဆန့်ကျင်ပြီး သက်သေထွက် ဆိုကြတဲ့အတွက် သူတို့အဖို့ သူတို့ရဲ့ ကိုးကွယ်ရာတွေဘက်က အကူအညီမရသလို အရှင်မြတ် ဘက်ကလည်း သူတို့ရဲ့တွဲဖက်ကိုးကွယ်မှုတွေကြောင့် ဘာအကူအညီမှ မရတော့တာဖြစ်တယ်။ (အလင်းပြကျမ်း)

فَقَدْ كَذَّبُوْكُمْ بِمَا تَقُوْلُوْنَ ۙ فَمَا تَسْتَطِيْعُوْنَ صَرْفًا وَّلَا نَصْرًا ۚ وَمَنْ يَّظْلِمْ مِّنْكُمْ نُذِقْهُ عَذَابًا كَبِيْرًا ﴿١٩﴾

(၁၉) ထို့နောက် အမှန်စင်စစ် သူတို့သည် အသင်တို့ကို အသင်တို့ ပြောဆိုသည်များနှင့် ပတ်သက်၍ မဟုတ်ကြောင်းငြင်းပယ်ခဲ့ကြပြီ ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် မည်သို့မျှ ရှောင်လွှဲနိုင်ကြမည်လည်း မဟုတ်ပေ။ ထို့ပြင် မည်သည့်အကူအညီမျှလည်း ရနိုင်ကြမည် မဟုတ်ပေ။ ထို့ပြင် အသင်တို့ထဲမှ မည်သူမဆို မတရားကျူးလွန်ခဲ့လျှင် ငါအရှင်မြတ်သည် ထိုသူ့အား ကြီးလေးသည့်ပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူမည် ဖြစ်သည်။

وَمَآ اَرْسَلْنَا قَبْلَكَ مِنَ الْمُرْسَلِيْنَ اِلَّآ اِنَّهُمْ لَيَاْكُلُوْنَ الطَّعَامَ وَيَمْشُوْنَ فِى الْاَسْوَاقِ ۗ وَجَعَلْنَا بَعْضَكُمْ لِبَعْضٍ فِتْنَةً ۗ اَتَصْبِرُوْنَ ۚ وَكَانَ رَبُّكَ بَصِيْرًا ﴿٢٠﴾

(၂၀) ထို့ပြင် ငါအရှင်မြတ်က အသင်၏မတိုင်မီ စေလွှတ်တော်မူခဲ့သော တမန်တော်များသည်လည်း အမှန်စင်စစ် အစားအစာကို စားသုံးခဲ့ကြသည်ပင် ဖြစ်သည်။ ထို့ပြင် သူတို့သည် ဈေးများတွင်လည်း သွားလာခဲ့ကြသည်ပင် ဖြစ်သည်။❷ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့ထဲမှ တစ်ဦးကို တစ်ဦးအတွက် စမ်းသပ်မှု ပြုလုပ်တော်မူခဲ့သည်။ (သို့ဖြစ်ရာ) အသင်တို့သည် သည်းခံကြမည်လော။❻ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အကြွင်းမဲ့မြင်တော်မူသောအရှင် ဖြစ်တော်မူသည်။

❷ ပွင့်လေသမျှ တမန်တော်တွေဟာ လူသားတွေချည်းပဲ ဖြစ်တဲ့အတွက် စားဝတ်နေရေးအတွက် ဈေးတွေကို သွားလာဖို့ လိုအပ်ကြတာဖြစ်တယ်။(အလင်းပြကျမ်း) ❻ တမန်တော်တွေနဲ့ မွတ်စ်လင်မ်တွေဟာ ကာဖိရ် မုရှ်ရိက်တွေရဲ့အမျိုးမျိုး ဆန့်ကျင်ပြောဆိုမှုတွေကြောင့် စိတ်ပျက်စရာမဟုတ်တဲ့အကြောင်း၊ ဒါဟာ စမ်းသပ်နေခြင်းသာဖြစ်ကြောင်း၊ အဲဒါကြောင့် သည်းခံဖို့လိုအပ်ကြောင်း မိန့်ဆိုထားတာဖြစ်တယ်။ အရှင်မြတ်က တမန်တော်တွေကို လူသားရဲ့ဂုဏ်သတ္တိနဲ့ တမန်တော်ရဲ့ဂုဏ်သတ္တိနှစ်မျိုးကို ပေးထားပြီး လူသားတွေကို စမ်းသပ်နေတာဖြစ်တယ်။ လူသားတွေထဲမှာ တမန်တော်မှာရှိတဲ့ လူသားဂုဏ်သတ္တိကိုပဲ ကြည့်ပြီး ၎င်းလည်း ငါတို့လိုလူသားပါပဲဆိုပြီး မယုံကြည်ဘဲ သွေဖည်သွားတဲ့သူတွေလည်းရှိမှာဖြစ်တယ်။ ပြီးတော့ လူသားတွေထဲမှာ တမန်တော်မှာရှိတဲ့ တမန်တော် ဂုဏ်သတ္တိကို မြင်ပြီး ဒါဟာ အရှင်မြတ်ထံတော်က စေလွှတ်လိုက်တဲ့တမန်တော်ဖြစ်လို့ ဒီလိုအရည်အချင်းတွေရှိတာပဲလို့ ယုံကြည်သွားတဲ့သူလည်း ရှိမှာဖြစ်တယ်။ အဲဒီလို စမ်းသပ်တော်မူတဲ့အတွက် အုပ်စုနှစ်စု ဖြစ်သွားရတယ်။ အဲဒီနောက် တစ်အုပ်စုကို တစ်အုပ်စုနဲ့ စမ်းသပ်နေတာဖြစ်တယ်။ အဲဒါကြောင့် ယုံကြည်တဲ့အုပ်စုဟာ မယုံကြည်တဲ့အုပ်စုရဲ့ဆန့်ကျင်ပြောဆိုကဲ့ရဲ့သံတွေကို သည်းခံရတော့မှာဖြစ်တယ်။ အဲဒီအတွက် အရှင်မြတ်က "အသင်တို့ဟာ သည်းခံကြမလား" လို့ မေးထားတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالَ الَّذِيْنَ لَا يَرْجُوْنَ لِقَآءَنَا لَوْلَآ اُنْزِلَ عَلَيْنَا الْمَلٰٓئِكَةُ اَوْ نَرٰى رَبَّنَا ؕ لَقَدِ اسْتَكْبَرُوْا فِيْٓ اَنْفُسِهِمْ وَعَتَوْ عُتُوًّا كَبِيْرًا ﴿٢١﴾

(၂၁) ထို့ပြင် ငါအရှင်မြတ်နှင့် တွေ့ဆုံမှုကို မမျှော်လင့်ကြသောသူများက ကောင်းကင်တမန်များသည် ကျွန်ုပ်တို့ထံသို့ အဘယ်ကြောင့် ဆင်းသက်မလာကြသနည်း။ သို့မဟုတ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို အဘယ်ကြောင့် မဖူးမြော်ကြရပါသနည်းဟု ပြောဆိုကြသည်။ အမှန်စင်စစ် သူတို့သည် သူတို့စိတ်ထဲတွင် သူတို့ကိုယ်ကို အထင်ကြီးခဲ့ကြသည်။ ထို့ပြင် သူတို့သည် အကြီးအကျယ်ဆိုးသွမ်းမှုနှင့် စည်းဖောက်ကျူးလွန်ခဲ့ကြသည်။

يَوْمَ يَرَوْنَ الْمَلٰٓئِكَةَ لَا بُشْرٰى يَوْمَئِذٍ لِّلْمُجْرِمِيْنَ وَيَقُوْلُوْنَ حِجْرًا مَّحْجُوْرًا ﴿٢٢﴾

(၂၂) (ထို)နေ့တွင် သူတို့သည် ကောင်းကင်တမန်များကို တွေ့မြင်ကြမည်။ ထိုနေ့တွင် အပြစ်ရှိသူများအတွက် မည်သည့်ဝမ်းသာဖွယ်ရာမျှ မရှိသည့်အပြင်၊ ၎င်း(ကောင်းကင်တမန်များ)က ပြောကြဦးမည်- (အရှင်မြတ်သည် အသင်တို့အပေါ် ဂျန္နသ်ကို) တားမြစ်တော်မူပါစေ၊ (အသင်တို့သည်) တားမြစ်ခြင်းခံရပါစေ။[၁]

[၁] ကိယာမသ်နေ့မှာ ကောင်းကင်တမန်တွေက အခုလိုပြောဆိုကြမယ် -

وَيَقُوْلُوْنَ حِجْرًا مَّحْجُوْرًا أي يريد تقول الملائكة حراما محرما أن يدخل الجنة إلا من قال لا إله إلا الله، وأقام شرائعها (تفسير الطبرى)

" လာအိလာဟ အိလ္လလ္လာဟု ဖတ်ပြီး တရားတော်အတိုင်း ဆောက်တည်လိုက်နာတဲ့သူတွေကလွဲလို့ ဂျန္နသ်သုခဘုံကို ဝင်ရောက်ခြင်းကနေ တားမြစ်ခံထားရတာဖြစ်တယ်" လို့ ကောင်းကင်တမန်တွေက ပြောဆိုကြမယ်။ (သွဗ်ရီ)

وَقَدِمْنَآ اِلٰى مَا عَمِلُوْا مِنْ عَمَلٍ فَجَعَلْنٰهُ هَبَآءً مَّنْثُوْرًا ﴿٢٣﴾

(၂၃) ထို့ပြင် ငါအရှင်မြတ်သည် (ထိုနေ့တွင်) သူတို့ပြုလုပ်ခဲ့ကြသော လုပ်ရပ်ဘက်သို့ လှည့်တော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် ထိုလုပ်ရပ်ကို ဖြန့်ကြဲထားသော မြူမှုန်များ ဖြစ်စေတော်မူမည်။[၂]

[၂] သူတို့လုပ်ရပ်တွေဟာ အရှင်မြတ်ကို မယုံကြည်ဘဲနဲ့ ပြုလုပ်ခဲ့တဲ့လုပ်ရပ်တွေဖြစ်တာကြောင့် အရှင်မြတ်က အဲဒါတွေကို ဘာမှ တန်ဖိုးမထားဘဲ မြူမှုန်တွေလို လွင့်စေတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း၊ မအာရိဖွလ်ကုရ်အာန်)

اَصْحٰبُ الْجَنَّةِ يَوْمَئِذٍ خَيْرٌ مُّسْتَقَرًّا وَّاَحْسَنُ مَقِيْلًا ﴿٢٤﴾

(၂၄) ဂျန္နသ်သုခဘုံသားများကမူ ထိုနေ့တွင် နေရာဌာနအနေဖြင့် အကောင်းဆုံးဖြစ်ကြမည်။ ထို့ပြင် နေ့လယ်အချိန်အပန်းဖြေသည့်နေရာအဖြစ်

လည်း အကောင်းဆုံးပင် ဖြစ်ကြလိမ့်မည်။

وَيَوْمَ تَشَقَّقُ السَّمَآءُ بِالْغَمَامِ وَنُزِّلَ الْمَلٰٓئِكَةُ تَنْزِيْلًا ﴿٢٥﴾

(၂၅) ၎င်းပြင် (ထို)နေ့တွင် မိုးကောင်းကင်သည် မိုးတိမ်နှင့်တကွ အက်ကွဲသွားမည်။ ထို့ပြင် ကောင်းကင်တမန်များသည်လည်း ဆင်းသက်လာကြမည်။

اَلْمُلْكُ يَوْمَئِذِ ٍالْحَقُّ لِلرَّحْمٰنِ ؕ وَكَانَ يَوْمًا عَلَى الْكٰفِرِيْنَ عَسِيْرًا ﴿٢٦﴾

(၂၆) ထိုနေ့တွင် စိုးမိုးအုပ်ချုပ်မှု အစစ်အမှန်သည် ရဟ်မာန်အနန္တကရုဏာတော်ရှင်သာ ပိုင်ဆိုင်တော်မူမည်။ ထို့ပြင် ထိုနေ့သည် ကာဖိရ်များအတွက် အလွန်ခက်ခဲသည့်နေ့ပင် ဖြစ်လိမ့်မည်။

وَيَوْمَ يَعَضُّ الظَّالِمُ عَلٰى يَدَيْهِ يَقُوْلُ يٰلَيْتَنِى اتَّخَذْتُ مَعَ الرَّسُوْلِ سَبِيْلًا ﴿٢٧﴾

(၂၇) ထို့ပြင် ထိုနေ့တွင် မတရားပြုလုပ်သည့်သူသည် သူ၏လက်နှစ်ဖက်ကို ကိုက်ပြီး ပြောဆိုလိမ့်မည်- "သြော်- ကျွန်ုပ်သည် တမန်တော်မြတ်နှင့်အတူ တရားလမ်းမှန်ကိုလိုက်ခဲ့လျှင် ကောင်းလေစွပင်။"

يٰوَيْلَتٰى لَيْتَنِىْ لَمْ اَتَّخِذْ فُلَانًا خَلِيْلًا ﴿٢٨﴾

(၂၈) "သြော်- ကျွန်ုပ်ပျက်စီးရလေခြင်း၊ ကျွန်ုပ်သည် မည်သူမည်ဝါကို အဆွေခင်ပွန်း မပြုခဲ့လျှင် ကောင်းလေစွ။"

لَقَدْ اَضَلَّنِىْ عَنِ الذِّكْرِ بَعْدَ اِذْ جَآءَنِىْ ؕ وَكَانَ الشَّيْطٰنُ لِلْاِنْسَانِ خَذُوْلًا ﴿٢٩﴾

(၂၉) "အမှန်စင်စစ် ထိုသူ(မည်သူမည်ဝါ)သည် ကျွန်ုပ်ထံသို့ ဆုံးမသြဝါဒရောက်လာပြီးနောက်မှပင် ကျွန်ုပ်ကို ထိုဆုံးမသြဝါဒမှ လွဲချော်စေခဲ့သည်။" (အရှင်မြတ်က မိန့်တော်မူမည်) ထို့ပြင် ရှိုင်သွာန်သည် လူသားများကို မကူညီဘဲ စွန့်ပစ်တတ်သူဖြစ်သည်။

وَقَالَ الرَّسُوْلُ يٰرَبِّ اِنَّ قَوْمِى اتَّخَذُوْا هٰذَا الْقُرْاٰنَ مَهْجُوْرًا ﴿٣٠﴾

(၃၀) ထို့ပြင် တမန်တော်မြတ်က ပြောဆိုလျှောက်ထားမည်- "အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အမှန်စင်စစ် ကျွန်ုပ်၏အမျိုးသားများသည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို စွန့်ပစ်ပြီးထားခဲ့ကြပါသည်။" ❷

❷ ကုရ်အာန်ကို လျစ်လျူရှုပစ်ထားတဲ့သူတွေနဲ့ ပတ်သက်ပြီး အရှင်မြတ်ထံတော်မှာ တမန်တော်မြတ် ﷺ က ကိယာမသ်နေ့မှာ တိုင်ကြားတော်မူမှာဖြစ်တယ်။

ကုရ်အာန်ကို လျစ်လျူရှု စွန့်ပစ်ထားတဲ့ စာရင်းထဲ ပါဝင်တဲ့ ကိစ္စရပ်များမှာ-

ကုရ်အာန် ဖတ်ရွတ်နေတာကြားတဲ့အချိန်မှာ ဆူညံခြင်း၊ နားထောင်လို့မရအောင် တခြားစကားတွေပြောဆိုနေခြင်း၊ ကုရ်အာန်ရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိအောင်မလုပ်ဘဲစွန့်ထားခြင်း၊

ကျက်မှတ်မှုကို စွန့်ထားခြင်း၊ ယုံကြည်ထောက်ခံမှုကို စွန့်ထားခြင်း၊ စဉ်းစားဆင်ခြင်မှုကို စွန့်ထားခြင်း၊ သိနားလည်မှုကို စွန့်ထားခြင်း၊ အမိန့်ပေးတဲ့အတိုင်းကျင့်သုံးမှုနဲ့ တားမြစ်တာကနေရှောင်ကြဉ်မှုတို့ကို စွန့်လွှတ်ထားခြင်း၊ ကုရ်အာန်ဘက်ကနေ တခြားအရာတွေဘက်ကို ယိမ်းယိုင်သွားခြင်း။ ဥပမာ - (လိမ်လည်စပ်ဆိုသော)ကဗျာလင်္ကာ၊ (လုပ်ကြံ)စကားပြော၊ (ကာမလှုံ့ဆော်)သီချင်း၊ အလဟဿကစားခြင်း၊ အလဟဿစကားပြောဆိုခြင်းစတဲ့ အရာတစ်ခုခုဘက်ကို ယိမ်းယိုင်ပြုလုပ်ခြင်းဟာ ကုရ်အာန်ကို လျစ်လျူရှုစွန့်လွှတ်ထားတဲ့အထဲမှာ ပါဝင်တယ်။ (အိဗ်နုကဆီးရ်)

وَكَذٰلِكَ جَعَلۡنَا لِكُلِّ نَبِيٍّ عَدُوًّا مِّنَ الۡمُجۡرِمِيۡنَ ؕ وَكَفٰى بِرَبِّكَ هَادِيًا وَّنَصِيۡرًا ﴿٣١﴾

(၃၁) ၎င်းပြင် (ထို)သို့ပင် ငါအရှင်မြတ်သည် တမန်တော်တိုင်းအတွက် အပြစ်ရှိသူများထဲမှရန်သူ ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် လမ်းမှန်ညွှန်ကြားပြသတော်မူသောအရှင်အဖြစ်နှင့် ကူညီစောင်မတော်မူသောအရှင်အဖြစ် လုံလောက်တော်မူသည်။

وَقَالَ الَّذِيۡنَ كَفَرُوۡا لَوۡلَا نُزِّلَ عَلَيۡهِ الۡقُرۡاٰنُ جُمۡلَةً وَّاحِدَةً ۛۚ كَذٰلِكَ ۛۚ لِنُثَبِّتَ بِهٖ فُؤَادَكَ وَرَتَّلۡنٰهُ تَرۡتِيۡلًا ﴿٣٢﴾

(၃၂) ထို့ပြင် ကာဖိရ်များက "အဘယ်ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်းအပေါ်တွင် တစ်ကြိမ်တည်းအားလုံး ချပေးခြင်းမခံခဲ့ရပါသနည်း"ဟု ပြောဆိုကြသည်။ ယင်း(သို့ အနည်းငယ်စီ ချပေးတော်မူခြင်း)သည် ငါအရှင်မြတ်က ၎င်း(ကုရ်အာန်)ဖြင့် အသင်၏စိတ်နှလုံးကို ကြံ့ခိုင်စေတော်မူရန်အတွက် ဖြစ်သည်။ ထို့ပြင် (၎င်းအတွက်ပင်) ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို တဖြည်းဖြည်းချင်း ဆိုင်းငံ့ချပေးတော်မူခဲ့သည်။

وَلَا يَاۡتُوۡنَكَ بِمَثَلٍ اِلَّا جِئۡنٰكَ بِالۡحَـقِّ وَاَحۡسَنَ تَفۡسِيۡرًا ؕ ﴿٣٣﴾

(၃၃) ထို့ပြင် (အနည်းငယ်စီ ဆိုင်းငံ့ချပေးရသည့်အကြောင်းရင်းများထဲမှတစ်ခုမှာ) သူတို့သည် အသင့်ထံသို့ (စောဒကတက်ရန်) စကားပုံပမာတစ်စုံတစ်ခု ယူဆောင်လာကြသည့်အခါ ငါအရှင်မြတ်သည် တိကျမှန်ကန်သော ရှင်းလင်းဖော်ပြချက်နှင့် ပိုမိုကောင်းမွန်သောဖြေကြားချက်ကို အသင့်ထံပို့ဆောင်တော်မူ(ရန်အတွက်ဖြစ်)သည်။

اَلَّذِيۡنَ يُحۡشَرُوۡنَ عَلٰى وُجُوۡهِهِمۡ اِلٰى جَهَنَّمَ ۙ اُولٰۤٮِٕكَ شَرٌّ مَّكَانًا وَّاَضَلُّ سَبِيۡلًا ﴿٣٤﴾

(၃၄) အကြင်သူများသည် ငရဲဘုံသို့ မျက်နှာမှောက်ပြီး (တရွတ်တိုက်ဆွဲ)ပို့ခြင်းကို ခံကြရမည်။ ထိုသူများသည် နေရာဌာနအနေဖြင့် အဆိုးဆုံးသူများနှင့် လမ်းအနေဖြင့်လည်း အမှားဆုံးသူများ ဖြစ်ကြသည်။

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ وَجَعَلْنَا مَعَهٗٓ اَخَاهُ هٰرُوْنَ وَزِيْرًا ۚ﴿٣٥﴾

(၃၅) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)မူစာကို (သောင်ရာသ်)ကျမ်းဂန် ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(တမန်တော်မူစာ)နှင့်အတူ ၎င်း၏အစ်ကို(တမန်တော်)ဟာရူန်ကို ကူညီသူ အဖြစ် ပြုလုပ်ပေးတော်မူခဲ့သည်။

فَقُلْنَا اذْهَبَآ اِلَى الْقَوْمِ الَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا ؕ فَدَمَّرْنٰهُمْ تَدْمِيْرًا ؕ﴿٣٦﴾

(၃၆) ထို့နောက် ငါအရှင်မြတ်က မိန့်ကြားတော်မူခဲ့သည်- "အသင်တို့ နှစ်ဦးသည် ငါအရှင်မြတ်၏သက်သေသာဓကေများကို မဟုတ်မမှန်ငြင်းပယ်ခဲ့ကြ သော အမျိုးသားများထံသို့ သွားကြပါ။" (သူတို့သည် လက်မခံကြသည့်အပေါ်) ငါအရှင်မြတ်သည် ထိုအမျိုးသားများကို ဖျက်ဆီးတော်မူခဲ့သည်။

وَقَوْمَ نُوْحٍ لَّمَّا كَذَّبُوا الرُّسُلَ اَغْرَقْنٰهُمْ وَجَعَلْنٰهُمْ لِلنَّاسِ اٰيَةً ؕ وَاَعْتَدْنَا لِلظّٰلِمِيْنَ عَذَابًا اَلِيْمًا ۚ﴿٣٧﴾

(၃၇) ထို့ပြင် (တမန်တော်)နူးဟ်၏ အမျိုးသားများကို သူတို့သည် တမန်တော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည့်အခါ ငါအရှင်မြတ်သည် သူတို့ကိုလည်း နှစ်မြုပ်စေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား လူများအတွက် သက်သေသာဓကေတစ်ခုအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် မတရားပြုလုပ်သူများအတွက် နာကျင်စေသော ပြစ်ဒဏ်ကို အသင့်ပြင်ဆင်ထားတော်မူသည်။

وَّعَادًا وَّثَمُوْدَاۡ وَاَصْحٰبَ الرَّسِّ وَقُرُوْنًا بَيْنَ ذٰلِكَ كَثِيْرًا ﴿٣٨﴾

(၃၈) ထို့ပြင် အာဒ်အမျိုးသားများ၊ ဆမူဒ်အမျိုးသားများ၊ ရတ်စ်မြို့သား များနှင့် သူတို့အကြားတွင် မျိုးနွယ်အမြောက်အမြားကို (ငါအရှင်မြတ်သည် ဖျက် ဆီးတော်မူခဲ့သည်)။

وَكُلًّا ضَرَبْنَا لَهُ الْاَمْثَالَ ۫ وَكُلًّا تَبَّرْنَا تَتْبِيْرًا ﴿٣٩﴾

(၃၉) ထို့ပြင် ငါအရှင်မြတ်သည် သူတို့ကိုယ်စီအတွက် သာဓကေများ ခိုင်းနှိုင်းပြတော်မူခဲ့သည်။ (ထို့နောက်လည်း သူတို့သည် မဟုတ်မမှန်ဟုပင် ငြင်း ပယ်ခဲ့ကြသည်၊) ထို့နောက် ငါအရှင်မြတ်သည် (ထိုငြင်းပယ်)သူတိုင်းအား လုံးဝဖျက်ဆီးတော်မူခဲ့သည်။

وَلَقَدْ اَتَوْا عَلَى الْقَرْيَةِ الَّتِيْٓ اُمْطِرَتْ مَطَرَ السَّوْءِ ؕ اَفَلَمْ يَكُوْنُوْا يَرَوْنَهَا ۚ بَلْ كَانُوْا لَا يَرْجُوْنَ

نُشُوْرًا ﴿٤٠﴾

(၄၀) ထို့ပြင် အမှန်စင်စစ် သူတို့သည် အလွန်ဆိုးရွားသော မိုးရွာသွန်းစေခြင်းခံခဲ့ရသော မြို့ရွာကို အမှန်ရောက်ရှိခဲ့ကြပါလျက် သူတို့သည် ထို(ပြစ်ဒဏ်၏သင်္ကေတများ)ကို မမြင်ခဲ့ကြသလော။ ထိုသို့မဟုတ်၊ အမှန်စင်စစ် သူတို့သည် ရှင်ပြန်ထခြင်းကိုပင် မျှော်လင့်မထားကြပေ။❶

❶ မက္ကဟ်မြို့သားကာဖိရ်တွေဟာ ဆီးရီးယားပြည်ကို ကူးသန်းရောင်းဝယ်ဖို့ ခရီးသွားတဲ့အခါ လမ်းမှာ တမန်တော်လူသ္ ﷺ ရဲ့အမျိုးသားတွေ ပြစ်ဒဏ်ခတ်ခံရလို့ ပျက်စီးယိုယွင်းနေတဲ့ မြို့ပျက်တွေကို တွေ့မြင်နေရပေမဲ့ သတိမထားတဲ့အတွက် အသိမရှိကြဘူး။ တကယ်တော့ သူတို့ဟာ တမလွန်ဘဝရှိတယ်ဆိုတာကိုတောင် မယုံကြတဲ့အတွက် ဘာမှ မမြင်ကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِذَا رَاَوْكَ اِنْ يَّتَّخِذُوْنَكَ اِلَّا هُزُوًا ؕ اَهٰذَا الَّذِىْ بَعَثَ اللّٰهُ رَسُوْلًا ﴿٤١﴾

(၄၁) ထို့ပြင် သူတို့သည် အသင့်အား တွေ့မြင်သည့်အခါ "အလ္လာဟ်အရှင်မြတ်က တမန်တော်အဖြစ် စေလွှတ်တော်မူလိုက်သည့်သူသည် ဤသူပင်လော"ဟု အသင့်အား ပြောင်လှောင်(ပြောဆို)ကြသည်။

اِنْ كَادَ لَيُضِلُّنَا عَنْ اٰلِهَتِنَا لَوْلَاۤ اَنْ صَبَرْنَا عَلَيْهَا ؕ وَسَوْفَ يَعْلَمُوْنَ حِيْنَ يَرَوْنَ الْعَذَابَ مَنْ اَضَلُّ سَبِيْلًا ﴿٤٢﴾

(၄၂) "အကယ်၍သာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာအရှင်သခင်များအပေါ်တွင် ကြံ့ခိုင်ရပ်တည်မနေခဲ့လျှင် အမှန်စင်စစ် ၎င်းသည် ကျွန်ုပ်တို့ကို ထိုအရှင်သခင်များမှ ဝေးအောင်လုပ်ခဲ့လုနီးပါးဖြစ်သည်"(ဟု သူတို့က ပြောဆိုကြသည်)။ ထို့ပြင် သူတို့သည် ပြစ်ဒဏ်ကို မြင်ကြသည့်အခါ မည်သူသည် လမ်းလွဲသူဖြစ်သည်ကို မကြာမီ သိရှိသွားကြမည်ဖြစ်သည်။

اَرَءَيْتَ مَنِ اتَّخَذَ اِلٰهَهٗ هَوٰىهُ ؕ اَفَاَنْتَ تَكُوْنُ عَلَيْهِ وَكِيْلًا ﴿٤٣﴾

(၄၃) မိမိ၏စိတ်အလိုဆန္ဒကို မိမိ၏ကိုးကွယ်ရာအဖြစ် ပြုလုပ်ခဲ့သည့်သူ၏အကြောင်းကို အသင်သိမြင်ခဲ့ပါ၏လော။ ထို့နောက် အသင်သည် သူ၏အပေါ်တွင် အုပ်ထိန်းသူအဖြစ် တာဝန်ယူနိုင်ပါသလော။

اَمْ تَحْسَبُ اَنَّ اَكْثَرَهُمْ يَسْمَعُوْنَ اَوْ يَعْقِلُوْنَ ؕ اِنْ هُمْ اِلَّا كَالْاَنْعَامِ بَلْ هُمْ اَضَلُّ سَبِيْلًا ﴿٤٤﴾

(၄၄) သို့မဟုတ် သူတို့ထဲမှ အများအပြားသည် ကြားကြသည်၊ သို့မဟုတ် နားလည်ကြသည်ဟု အသင်ထင်သလော။ သူတို့သည် (ကုလားအုတ်၊ ကျွဲ၊ နွား)တိရစ္ဆာန်များကဲ့သို့ဖြစ်သည်။ အမှန်စင်စစ် သူတို့သည် ထို့ထက်ပင်

ပိုပြီးလမ်းလွဲကြသည်။❷

❷ တိရစ္ဆာန်တွေဟာ သူတို့ကို ကျွေးမွေးတဲ့သခင်ကို နည်းများမဆို သိကြသေးတယ်။ ဒီကာဖိရ်တွေဟာ သူတို့ကို ကျွေးမွေးနေတဲ့အရှင်သခင်ကို အသိမရှိကြဘူး။ အဲဒါကြောင့် သူတို့ဟာ တိရစ္ဆာန်ထက် ဆိုးရွားကြတာဖြစ်တယ်။ တိရစ္ဆာန်တွေဟာ အသိဉာဏ်မရှိဘဲနဲ့တောင် သူတို့ကို သူတို့လျှောက်ရမဲ့လမ်းမှန်တစ်ခုကို ပြထားရင် အဲဒီအတိုင်းလိုက်နာပြီး လျှောက်လေ့ရှိကြတယ်။ ကာဖိရ်တွေဟာ လမ်းမှန်အပေါ်မှာ လျှောက်ဖို့ ပြရင် မလျှောက်တဲ့အပြင် ပြတဲ့သူကိုတောင် ပြောင်လှောင်ကြသေးတယ်။ အဲဒါကြောင့် တိရစ္ဆာန်တွေထက်တောင် လမ်းလွဲကြသေးတယ်လို့ ဆိုထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

أَلَمْ تَرَ إِلَىٰ رَبِّكَ كَيْفَ مَدَّ الظِّلَّ وَلَوْ شَاءَ لَجَعَلَهُ سَاكِنًا ثُمَّ جَعَلْنَا الشَّمْسَ عَلَيْهِ دَلِيلًا ﴿٤٥﴾

(၄၅) အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က အရိပ်ကို မည်သို့ပြန့်စေတော်မူခဲ့သည်ကို သုံးသပ်မကြည့်ခဲ့သလော။ ထို့ပြင် အရှင်မြတ်သည် အလိုရှိတော်မူခဲ့လျှင် ထိုအရိပ်ကို (မလှုပ်ရှားနိုင်အောင်) တည်ငြိမ်အောင် ပြုလုပ်တော်မူခဲ့မည်ဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ်သည် နေကို ထိုအရိပ်နှင့်ပတ်သက်၍ သက်သေသာဓကတစ်ခုအဖြစ် ပြုလုပ်တော်မူခဲ့သည်။❶

❶ အရှင်မြတ်က အရှင်မြတ်ရဲ့ကျေးဇူးတော်နဲ့ နေကို ထွက်စေပြီး အရာဝတ္ထုတွေရဲ့အရိပ်ကို ဖန်တီးပြုလုပ်ပေးထားတော်မူတယ်။ အရှင်မြတ်အလိုရှိရင် အရိပ်ကို တစ်နေရာတည်းမှာပဲ တည်မြဲနေအောင်လည်း လုပ်နိုင်တယ်၊ ဒါမှမဟုတ် အရိပ်ကို လုံးဝမထွက်နိုင်အောင်လည်း လုပ်နိုင်တော်မူတယ်။ အရိပ်ရှိတဲ့အပေါ်မှာ နားခိုလို့ရတာဟာ အရှင်မြတ်ရဲ့ကျေးဇူးပဲဖြစ်တယ်။(အလင်းပြကျမ်း)

ثُمَّ قَبَضْنَاهُ إِلَيْنَا قَبْضًا يَسِيرًا ﴿٤٦﴾

(၄၆) ထို့ပြင် ငါအရှင်မြတ်သည် ထိုအရိပ်ကို ငါအရှင်မြတ်ထံတော်သို့ တဖြည်းဖြည်း ဆွဲယူရုပ်သိမ်းတော်မူခဲ့သည်။

وَهُوَ الَّذِي جَعَلَ لَكُمُ اللَّيْلَ لِبَاسًا وَالنَّوْمَ سُبَاتًا وَجَعَلَ النَّهَارَ نُشُورًا ﴿٤٧﴾

(၄၇) ထို့ပြင် အရှင်မြတ်ကပင် ညကို အသင်တို့အတွက် အကာအကွယ်အဝတ်အစားအဖြစ် ပြုလုပ်တော်မူခဲ့ပြီး အိပ်ခြင်းကို အပန်းဖြေရာအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်ကပင် နေ့ကို ပြန်ရှင်ထရာအဖြစ် ပြုလုပ်တော်မူခဲ့သည်။

وَهُوَ الَّذِي أَرْسَلَ الرِّيَاحَ بُشْرًا بَيْنَ يَدَيْ رَحْمَتِهِ وَأَنزَلْنَا مِنَ السَّمَاءِ مَاءً طَهُورًا ﴿٤٨﴾

(၄၈) ထို့ပြင် အရှင်မြတ်ကပင် လေများကို အရှင်မြတ်၏ကရုဏာ(မိုး) မရွာခင် ရှေ့ပြေးသတင်းကောင်းအဖြစ် စေလွှတ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်မှ စင်ကြယ်သန့်ရှင်းအောင်ပြုလုပ်သော(မိုး)ရေကို

ချပေးတော်မူခဲ့သည်။

لِّنُحۡـِۧيَ بِهِۦ بَلۡدَةٗ مَّيۡتٗا وَنُسۡقِيَهُۥ مِمَّا خَلَقۡنَآ أَنۡعَٰمٗا وَأَنَاسِيَّ كَثِيرٗا ﴿٤٩﴾

(၄၉) (ထိုရေချပေးတော်မူခြင်းသည်) ငါအရှင်မြတ်သည် အသက်မရှိသည့်(ခြောက်သွေ့သည့်)မြို့ရွာကို ထိုရေဖြင့် ရှင်စေတော်မူရန်(စိမ်းလန်းစိုပြည်စေတော်မူရန်)အတွက်သာမက ငါအရှင်မြတ် ဖန်ဆင်းတော်မူခဲ့သော တိရစ္ဆာန်များနှင့်လူအမြောက်အမြားအား ထိုရေကို တိုက်ကျွေးတော်မူရန်အတွက်ဖြစ်သည်။

وَلَقَدۡ صَرَّفۡنَٰهُ بَيۡنَهُمۡ لِيَذَّكَّرُواْ فَأَبَىٰٓ أَكۡثَرُ ٱلنَّاسِ إِلَّا كُفُورٗا ﴿٥٠﴾

(၅၀) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့ သတိတရားရရှိကြရန်အတွက် ထိုရေကို သူတို့အကြားတွင် ပေးကမ်းဝေငှတော်မူသည်။ ထို့နောက်လည်း သူတို့ထဲမှ အမြောက်အမြားသည် ကျေးဇူးကန်းခဲ့ကြသည်မှလွဲ၍ (မည်သည်ကိုမျှ) လက်ခံခြင်းမရှိခဲ့ကြပေ။[၂]

[၂] မိုးရေကို ရေပိုက်နဲ့လောင်းချသလို တစ်နေရာတည်းမှာ လောင်းချပေးတော်မမူဘဲ၊ အများအကျိုးခံစားရအောင် ဖြန့်ပြီး မိုးရွာချပေးကာ ပေးကမ်းဝေငှတော်မူခြင်းဟာ အရှင်မြတ်ရဲ့ကျေးဇူးတော်တွေကို အများရရှိဖို့အတွက် စီမံခန့်ခွဲထားတဲ့ အရှင်မြတ်ရဲ့တန်ခိုးတော်ပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَوۡ شِئۡنَا لَبَعَثۡنَا فِي كُلِّ قَرۡيَةٖ نَّذِيرٗا ﴿٥١﴾

(၅၁) ထို့ပြင် အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူခဲ့လျှင် ရွာတိုင်းကို သတိပေးနှိုးဆော်သူတစ်ဦးစီ အမှန်ပင် စေလွှတ်တော်မူခဲ့မည် ဖြစ်သည်။

فَلَا تُطِعِ ٱلۡكَٰفِرِينَ وَجَٰهِدۡهُم بِهِۦ جِهَادٗا كَبِيرٗا ﴿٥٢﴾

(၅၂) သို့ဖြစ်ရာ အသင်သည် ကာဖိရ်များ၏စကားကို မလိုက်နာဘဲ၊ ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)ဖြင့် သူတို့ကို အကြီးအကျယ် ကြိုးစားမှုပြု(၍ ငါအရှင်မြတ်၏အမိန့်တော်များကို ပို့ချ)ပါ။[၃]

[၃] ဒီအာယသ်တော်ဟာ မက္ကဟ်မြို့မှာ ကျရောက်ခဲ့တဲ့ အာယသ်တော်ဖြစ်တဲ့အတွက် အဲဒီအချိန်က စစ်တိုက်ဖို့ ခွင့်ပြုထားခြင်းမရှိသေးတဲ့အတွက် ဒီထဲမှာပါတဲ့ ဂျိဟာဒ်ဟာ စစ်တိုက်တဲ့ ဂျိဟာဒ်မဟုတ်ဘဲ၊ ကုရ်အာန်နဲ့ စကားစစ်ထိုးခြင်းသာ ဖြစ်တယ်။ ဆိုလိုတာက အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်နဲ့ မိန့်ကြားထားတဲ့ အမိန့်တော်တွေကို လူတိုင်းထံကို ရောက်အောင် ပို့ချတဲ့နေရာမှာ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပါလို့ ဆိုလိုတာဖြစ်တယ်။ သူတို့ရဲ့စောဒကတွေကိုလည်း ကုရ်အာန်နဲ့ပဲ ပြန်လည်ချေပဖို့ ခိုင်းထားတာလည်းဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

وَهُوَ ٱلَّذِي مَرَجَ ٱلۡبَحۡرَيۡنِ هَٰذَا عَذۡبٞ فُرَاتٞ وَهَٰذَا مِلۡحٌ أُجَاجٞ وَجَعَلَ بَيۡنَهُمَا بَرۡزَخٗا وَحِجۡرٗا مَّحۡجُورٗا ﴿٥٣﴾

(၅၃) ထို့ပြင် အရှင်မြတ်သည်ပင် ပင်လယ်နှစ်ခုကို ပေါင်းစပ်ပေးတော်မူသောအရှင် ဖြစ်တော်မူသည်။ (ထိုပင်လယ်နှစ်ခုထဲတွင်) ဤသည်ကမူ အရသာချိုပြီး ရေငတ်ပြေစေသည်၊ ထို့ပြင် ဤသည်ကမူ ငန်ပြီး ခါးသည်။ ထို့နောက် အရှင်မြတ်သည် ယင်း(ပင်လယ်)နှစ်ခုကြားတွင် (သေးသွယ်သော) အကာအဆီး(အဆက်)တစ်ခုကို ထားတော်မူခဲ့သည်။ ထို့ပြင် (ရေငန်နှင့်ရေချိုတစ်ဖက်နှင့် တစ်ဖက်ရောမသွားအောင်) တားဆီးမှုပြုတော်မူခဲ့သည်။❻

❻ ရေပြင်ချင်း ပေါင်းစပ်နေပေမဲ့ ရေချိုနဲ့ ရေငန် ရောမသွားအောင် ပြုလုပ်ပေးထားတာဟာ အရှင်မြတ်ရဲ့တန်ခိုးတော်ပဲဖြစ်တယ်။ (အလင်းပြကျမ်း)

وَهُوَ الَّذِي خَلَقَ مِنَ الْمَاءِ بَشَرًا فَجَعَلَهُ نَسَبًا وَصِهْرًا ۗ وَكَانَ رَبُّكَ قَدِيرًا ﴿٥٤﴾

(၅၄) ထို့ပြင် အရှင်မြတ်သည်ပင် ရေ(သုက်ရည်)ဖြင့် လူကို ဖန်ဆင်းတော်မူခဲ့သည့်အရှင်ဖြစ်တော်မူသည်။❼ ထို့ပြင် အရှင်မြတ်သည် ထိုလူကို (သွေးဖြင့်)ဆွေမျိုးတော်စပ်သူများနှင့်၊ ထိမ်းမြားမှုဖြင့် ဆွေမျိုးတော်စပ်သူများ ဖြစ်စေတော်မူခဲ့သည်။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

❼ လူသားကို ရေတစ်စက်နဲ့ ဖန်ဆင်းတော်မူတာဟာလည်း အရှင်မြတ်ရဲ့တန်ခိုးတော် ကျေးဇူးတော်ပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَعْبُدُونَ مِن دُونِ اللَّهِ مَا لَا يَنفَعُهُمْ وَلَا يَضُرُّهُمْ ۗ وَكَانَ الْكَافِرُ عَلَىٰ رَبِّهِ ظَهِيرًا ﴿٥٥﴾

(၅၅) ထို့ပြင် ၎င်း(မုရှ်ရိက်)များသည် အကြင်အရာများကို အလ္လာဟ်အရှင်မြတ်မှလွဲ၍ ကိုးကွယ်ကြသည်။ ထိုအရာများသည် သူတို့အား ကောင်းကျိုးကိုသော်လည်းကောင်း၊ ဆိုးကျိုးကိုသော်လည်းကောင်း ပြုလုပ်ပေးနိုင်ကြသည် မဟုတ်ပေ။ ထို့ပြင် ကာဖိရ်သည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ဘက်မှ ကျောခိုင်းသူ(အမိန့်ဖီဆန်သူ)ပင် ဖြစ်သည်။

وَمَا أَرْسَلْنَاكَ إِلَّا مُبَشِّرًا وَنَذِيرًا ﴿٥٦﴾

(၅၆) ထို့ပြင် ငါအရှင်မြတ်သည် အသင့်အား သတင်းကောင်းပြောကြားသူနှင့် သတိပေးနှိုးဆော်သူအဖြစ်သာ စေလွှတ်တော်မူခဲ့ခြင်း ဖြစ်သည်။

قُلْ مَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِلَّا مَن شَاءَ أَن يَتَّخِذَ إِلَىٰ رَبِّهِ سَبِيلًا ﴿٥٧﴾

(၅၇) (အို - တမန်တော်) အသင်ပြောလိုက်ပါ - ငါသည် ၎င်း(ကုရ်အာန်) ပို့ချသည်နှင့်ပတ်သက်၍ အသင်တို့ထံမှ မည်သည့်အဖိုးအခမျှ မတောင်းဆိုပေ။ သို့ရာတွင် အကြင်သူသည် အလိုရှိခဲ့လျှင် သူ့အား ဖန်ဆင်းမွေးမြူတော်မူသော

အရှင်မြတ်ထံသို့ သွားသည့်လမ်းကို ရွေးချယ်လိုက်သည်(ဆိုလျှင် ထိုအရာပင် ငါ၏အဖိုးအခဖြစ်သည်)။

وَتَوَكَّلْ عَلَى الْحَيِّ الَّذِي لَا يَمُوتُ وَسَبِّحْ بِحَمْدِهِ ۚ وَكَفَىٰ بِهِ بِذُنُوبِ عِبَادِهِ خَبِيرًا ﴿٥٨﴾

(၅၈) ထို့ပြင် အသင်(တမန်တော်)သည် မည်သည့်အခါမျှ မသေဆုံးဘဲ အမြဲရှင်နေတော်မူသော အရှင်မြတ်အပေါ်တွင် ယုံပုံလွှဲအပ်ပါ။ ထို့ပြင် အသင်သည် အရှင်မြတ်ကို ချီးမွမ်းမှုနှင့်တကွ သန့်ပြန့်စင်ကြယ်ကြောင်း ရွတ်ဆိုပါ။ ထို့ပြင် အရှင်မြတ်သည် မိမိကျွန်များ၏အပြစ်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်အဖြစ် လုံလောက်တော်မူသည်။

الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَىٰ عَلَى الْعَرْشِ ۚ الرَّحْمَٰنُ فَاسْأَلْ بِهِ خَبِيرًا ﴿٥٩﴾

(၅၉) ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီအပြင် ထိုနှစ်ခုကြားတွင် ရှိသမျှအရာများကို ခြောက်ရက်(နှင့်ညီမျှသောအချိန်)ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်သည် အရ်ရှ်ပလ္လင်တော်အပေါ်တွင် တည်(ရှိလျက် အရှင်မြတ်နှင့်ထိုက်တန်တော်မူသည့်အတိုင်း စံမြန်းနေ)တော်မူသည်။ ထိုအရှင်မြတ်သည် ရဟ်မာန်အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသည်။ သို့ဖြစ်ရာ အသင်သည် ထိုအရှင်နှင့်ပတ်သက်၍ အလွန်သိကျွမ်းသူတစ်ဦးတစ်ယောက်ကို မေးမြန်းစုံစမ်းကြည့်ပါ။

وَإِذَا قِيلَ لَهُمُ اسْجُدُوا لِلرَّحْمَٰنِ قَالُوا وَمَا الرَّحْمَٰنُ أَنَسْجُدُ لِمَا تَأْمُرُنَا وَزَادَهُمْ نُفُورًا ﴿٦٠﴾ السجدة

(၆၀) ထို့ပြင် သူတို့ကို “အသင်တို့သည် ရဟ်မာန်အနန္တကရုဏာတော်ရှင်ကို စဂျ်ဒဟ်ဦးချကြပါ”ဟု ပြောကြားသည့်အခါ သူတို့က “ရဟ်မာန်ဆိုသည်မှာ မည်သူနည်း၊ ကျွန်ုပ်တို့သည် အသင်ကျွန်ုပ်တို့အား အမိန့်ပေးသောအရာကို စဂျ်ဒဟ်ဦးချကြရမည်လော”ဟု ပြောဆိုကြသည်။ ထို့ပြင် (အရှင်မြတ်အား) ဦးချခိုင်းခြင်းက သူတို့ကို စက်ဆုပ်မှုပိုတိုးစေခဲ့သည်။

تَبَارَكَ الَّذِي جَعَلَ فِي السَّمَاءِ بُرُوجًا وَجَعَلَ فِيهَا سِرَاجًا وَقَمَرًا مُنِيرًا ﴿٦١﴾

(၆၁) အကြင်အရှင်မြတ်သည် ဗရကသ်မင်္ဂလာနှင့် အလွန်ပြည့်စုံတော်မူသည်။ ထိုအရှင်မြတ်သည် မိုးကောင်းကင်တွင် ကြီးမားသော ကြယ်တာရာများကို (သူတို့၏ရပ်နားစခန်းများနှင့်တကွ) ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် ထိုမိုးကောင်းကင်တွင် ထွန်းလင်းတောက်ပသောနေနှင့် လင်းဝင်း

သောလကို ပြုလုပ်ဖန်ဆင်းတော်မူခဲ့သည်။❶

❶ အရှင်မြတ်က နေနဲ့လကို အဖန်ဆင်းခံတွေအတွက် အကျိုးရှိအောင်ပြုလုပ်ပေးထားတာဟာ အရှင်မြတ်ရဲ့ ကြီးမားတဲ့ကျေးဇူးတော်ဖြစ်တဲ့အတွက် ကျေးဇူးတော်ရှင်ဖြစ်တဲ့ အရှင်မြတ်ကိုပဲ ကိုးကွယ်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَهُوَ الَّذِي جَعَلَ الَّيْلَ وَالنَّهَارَ خِلْفَةً لِّمَنْ أَرَادَ أَن يَذَّكَّرَ أَوْ أَرَادَ شُكُورًا ﴿٦٢﴾

(၆၂) ထို့ပြင် အရှင်မြတ်သည် သိနားလည်ရန် သတိတရားရရန် ရည်ရွယ်ခဲ့သူအတွက် သို့မဟုတ် ကျေးဇူးသိတတ်ရန် ရည်ရွယ်ခဲ့သူအတွက် ညကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း တစ်ခု၏နောက်ကို တစ်ခုက အလှည့်ကျလိုက်သည့်အရာအဖြစ် ပြုလုပ်တော်မူခဲ့သည်။❷

❷ ညနောက်မှာ နေ့လာတယ်၊ နေ့နောက်မှာ ညလာတယ်။ အရှင်မြတ်က အဲဒီလို အလှည့်ကျပြုလုပ်ပေးထားတာလည်း အရှင့်ကျေးဇူးနဲ့ တန်ခိုးတော်ပဲဖြစ်တယ်။ တကယ်လို့ နေ့ချည်းပဲ ဒါမှမဟုတ် ညချည်းပဲ ပြုလုပ်တော်မူခဲ့ရင် အားလုံးဒုက္ခရောက်မှာ အမှန်ပဲဖြစ်တယ်။ (အလင်းပြကျမ်း)

وَعِبَادُ الرَّحْمَٰنِ الَّذِينَ يَمْشُونَ عَلَى الْأَرْضِ هَوْنًا وَإِذَا خَاطَبَهُمُ الْجَاهِلُونَ قَالُوا سَلَامًا ﴿٦٣﴾

(၆၃) ထို့ပြင် ရဟ်မာန်အနန္တကရုဏာတော်ရှင်၏ကျွန်များသည် အကြင်သူများပင်။ ထိုသူတို့သည် မြေပထဝီတွင် ညင်သာစွာ သိက္ခာရှိရှိဖြင့် လမ်းလျှောက်ကြသည်။❸ ထို့ပြင် ပညာမဲ့များသည် သူတို့ကို စကားပြောဆိုကြသည့်အခါ သူတို့သည် ငြိမ်းချမ်းသည့်စကား(စလာမ်မေတ္တာကို)ဆိုကြသည်။❹

❸ မာနထောင်ပြီးလည်း မလျှောက်ကြဘူး။ လူမမာလို ချည့်နဲ့စွာနဲ့လည်း မလျှောက်ကြဘူး။ သိက္ခာရှိရှိ ပုံမှန်လေးပဲ လျှောက်ကြတယ်။(အလင်းပြကျမ်း) ❹ လူမိုက်တွေ၊ ပညာမဲ့တွေက ရန်စပြီး စကားပြောကြရင် သူတို့ကစလာမ်ပေးပြီး ဝေးဝေးကရှောင်သွားကြတယ်။ (အလင်းပြကျမ်း)

وَالَّذِينَ يَبِيتُونَ لِرَبِّهِمْ سُجَّدًا وَقِيَامًا ﴿٦٤﴾

(၆၄) ထို့ပြင် ထိုသူများသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ရှေ့မှောက်တွင် စဂျ်ဒဟ်ဦးချလျက်နှင့် ကိယာမ်မတ်တတ်ရပ်လျက် ညကို ကုန်လွန်စေကြသည်။❺

❺ အနားယူအိပ်ရမဲ့အချိန်တွေမှာတောင် အရှင်မြတ်အတွက် အချိန်ထုတ်ပြီး ဝတ်ပြုမှုတွေ ပြုလုပ်ကြသေးတယ်။ (အလင်းပြကျမ်း)

وَالَّذِينَ يَقُولُونَ رَبَّنَا اصْرِفْ عَنَّا عَذَابَ جَهَنَّمَ ۖ إِنَّ عَذَابَهَا كَانَ غَرَامًا ﴿٦٥﴾

(၆၅) ထို့ပြင် ထိုသူများသည် (ဤသို့)ပြောဆိုလျှောက်ထားကြသည်- အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ဂျဟန္နမ်ငရဲမီး၏အပြစ်ဒဏ်ကို ကျွန်ုပ်တို့ထံမှ ဖယ်ရှားတော်မူပါ။ အမှန်စင်စစ် ထိုငရဲမီး

၏အပြစ်ဒဏ်သည် ပျက်စီးမှု၊ ပြင်းထန်သည့်ဒုက္ခ၊ အဆက်မပြတ်ကျရောက်မည့်အပြစ်ဒဏ်ပင် ဖြစ်ပါသည်။[၆]

[၆] အရှင်မြတ်ထံတော်မှာ ငရဲမီးကိုကြောက်ရွံ့ပြီး ကင်းဝေးဖို့ ဆုပန်ကြတယ်။ (အလင်းပြကျမ်း)

اِنَّهَا سَآءَتۡ مُسۡتَقَرًّا وَّ مُقَامًا ﴿٦٦﴾

(၆၆) အမှန်စင်စစ် ယင်း(ဂျဟန္နမ်)သည် စခန်းချရာနေရာအဖြစ်သာမက နေထိုင်ရာနေရာအဖြစ်လည်း အလွန်ဆိုးဝါးလှပါသည်။

وَالَّذِيۡنَ اِذَاۤ اَنۡفَقُوۡا لَمۡ يُسۡرِفُوۡا وَلَمۡ يَقۡتُرُوۡا وَكَانَ بَيۡنَ ذٰلِكَ قَوَامًا ﴿٦٧﴾

(၆၇) ထို့ပြင် ထိုသူများသည် သုံးစွဲကြသည့်အခါ မဖြုန်းတီးကြပေ၊ ထို့ပြင် မတွန့်တိုကြပေ။ ထို့ပြင် ထို(ဖြုန်းတီးမှုနှင့်တွန့်တိုမှု)ကြားတွင် အလယ်အလတ်ပင် သုံးစွဲကြသည်။[၇]

[၇] မတရားလည်း မဖြုန်းသလို မတရားလည်း စေးနဲပြီးမနေကြဘူး။ လိုအပ်သလို သုံးစွဲလှူဒါန်းမှုပြုကြတယ်။ (အလင်းပြကျမ်း)

وَالَّذِيۡنَ لَا يَدۡعُوۡنَ مَعَ اللّٰهِ اِلٰهًا اٰخَرَ وَلَا يَقۡتُلُوۡنَ النَّفۡسَ الَّتِىۡ حَرَّمَ اللّٰهُ اِلَّا بِالۡحَـقِّ وَلَا يَزۡنُوۡنَ ۚ وَمَنۡ يَّفۡعَلۡ ذٰلِكَ يَلۡقَ اَثَامًا ﴿٦٨﴾

(၆၈) ထို့ပြင် ထိုသူများသည် အလ္လာဟ်အရှင်မြတ်နှင့်တွဲဖက်ပြီး အခြားကိုးကွယ်ရာများကို (လုံးဝ)ဟစ်ခေါ်ကိုးကွယ်မှုမပြုကြပေ။[၈] ထို့ပြင် ထိုသူများသည် အလ္လာဟ်အရှင်မြတ်က ဟရာမ်ဟု တားမြစ်ထားသော အသက်ကိုလည်း တရားသဖြင့်မှလွဲ၍ (မတရားသဖြင့်) မသတ်ဖြတ်ကြပေ။[၉] ထို့ပြင် သူတို့သည် တရားမဝင်ကာမလည်း မကျူးလွန်ကြပေ။ ထို့ပြင် မည်သူမဆို ထိုအပြစ်များကို ကျူးလွန်လျှင် ထိုသူသည် ပြစ်ဒဏ်နှင့် တွေ့ရမည်ဖြစ်သည်။

[၈] အရှင်မြတ်တစ်ပါးတည်းကိုပဲ သီးသန့်ကိုးကွယ်ကြတယ်။ ရှိရ်က်တွဲဖက်ကိုးကွယ်မှုမပြုလုပ်ကြဘူး။(အလင်းပြကျမ်း) [၉] သူတစ်ပါးအသက်ကို မတရားမသတ်ဖြတ်ကြဘူး။ တရားသဖြင့်သတ်တယ်ဆိုတာ အပြစ်ဒဏ်အနေနဲ့ သေစားသေစေအဖြစ်သတ်တာမျိုး၊ အိမ်ထောင်ပြုထားပြီးသူက သူတစ်ပါးသားမယားကို တရားမဝင်ကာမကျူးလွန်တဲ့အတွက် (အစ္စလာမ်အစိုးရက) သေဒဏ်ချမှတ်တာမျိုးကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

يُّضٰعَفۡ لَهُ الۡعَذَابُ يَوۡمَ الۡقِيٰمَةِ وَيَخۡلُدۡ فِيۡهٖ مُهَانًا ۖ ﴿٦٩﴾

(၆၉) ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် ထို(အပြစ်များကျူးလွန်သည့်)သူအတွက် ပြစ်ဒဏ်သည် တိုးခံရမည့်အပြင် ထိုသူသည် ထိုပြစ်ဒဏ်ထဲ၌ပင် သေးသိမ်စွာနှင့် အမြဲခံစားနေရမည်ဖြစ်သည်။

اِلَّا مَنۡ تَابَ وَاٰمَنَ وَعَمِلَ عَمَلًا صَالِحًا فَاُولٰٓـئِكَ يُبَدِّلُ اللّٰهُ سَيِّاٰتِهِمۡ حَسَنٰتٍ ؕ وَكَانَ اللّٰهُ

غَفُوۡرًا رَّحِيۡمًا ﴿٧٠﴾

(၇၀) သို့ရာတွင် အကြင်သူသည် (ကုဖ်ရ် ရှိရ်က်မှ) ဝန်ချတောင်းပန်ကာ အီမာန်ယုံကြည်၍ ကောင်းမြတ်သောလုပ်ရပ်ကို ပြုလုပ်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် သူတို့၏မကောင်းမှုများအစား ကောင်းမှုနှင့် လဲလှယ်ပေးတော်မူမည်ဖြစ်သည်။❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူသည်။

❶ ဘယ်လောက်ကြီးမားတဲ့ အပြစ်ပဲဖြစ်ဖြစ်၊ အရှင်မြတ်ထံတော်မှာ မှန်မှန်ကန်ကန် ဝန်ချတောင်းပန်ခဲ့ရင် အရှင်မြတ်ဟာ လက်ခံခွင့်လွှတ်တော်မူမှာ ဖြစ်ရုံမက သူပြုလုပ်ခဲ့တဲ့ မကောင်းမှုတွေကို ကောင်းမှုတွေအဖြစ်ပြောင်းလဲပြီး အကျိုးကုသိုလ်ပေးသနားတော်မူလိုက်မှာဖြစ်တယ်။ နောက်ဆုံး ကုဖ်ရ်ရှိရ်က်ပြုလုပ်ခဲ့ရင်တောင်မှလည်း ဒီလိုပဲ လဲပေးတော်မူမှာ ဖြစ်တယ်။ ဒါပေမဲ့ သောင်ဗဟ်လုပ်ရမဲ့အချိန်မီဖို့ပဲ အရေးကြီးတယ်။ (အလင်းပြကျမ်း)

وَمَنۡ تَابَ وَعَمِلَ صَالِحًا فَاِنَّهٗ يَتُوۡبُ اِلَى اللّٰهِ مَتَابًا ﴿٧١﴾

(၇၁) ထို့ပြင် မည်သူမဆို (အပြစ်မှ)ဝန်ချတောင်းပန်ပြီး ကောင်းမြတ်သောလုပ်ရပ်ကို ပြုလုပ်ခဲ့လျှင် အမှန်စင်စစ် ထိုသူသည် အလ္လာဟ်အရှင်မြတ်ဘက်သို့ အမှန်စင်စစ် လှည့်သည့်သူပင် ဖြစ်သည်။

وَالَّذِيۡنَ لَا يَشۡهَدُوۡنَ الزُّوۡرَ ۙ وَاِذَا مَرُّوۡا بِاللَّغۡوِ مَرُّوۡا كِرَامًا ﴿٧٢﴾

(၇၂) ထို့ပြင် ၎င်း(ရဟ်မာန်၏ကျွန်)တို့သည် မုသားလိမ်လည်ပြီး သက်သေ မထွက်ဆိုကြပေ။❷ (မုသားလိမ်ပြီး သက်သေမခံကြပေ)။ ထို့ပြင် သူတို့သည် အကျိုးမဲ့လုပ်ရပ်၏အနီးမှ ဖြတ်သန်းသွားကြသည့်အခါ၊ (မျက်လွှာချပြီး)သိက္ခာရှိရှိ ဖြတ်သန်းသွားကြသည်။

❷ အရှင်မြတ်ရဲ့ ကောင်းမြတ်တဲ့ကျွန်တွေဟာ လိမ်လည်တဲ့ မမှန်ကန်တဲ့လုပ်ရပ်တွေလုပ်နေတဲ့ အသိုင်းအဝိုင်းတွေ၊တရားတော်နဲ့ဆန့်ကျင်တဲ့အသိုင်းအဝိုင်းတွေမှာမပါဝင်ကြဘူး။(အလင်းပြကျမ်း)

وَالَّذِيۡنَ اِذَا ذُكِّرُوۡا بِاٰيٰتِ رَبِّهِمۡ لَمۡ يَخِرُّوۡا عَلَيۡهَا صُمًّا وَّعُمۡيَانًا ﴿٧٣﴾

(၇၃) ထို့ပြင် ထိုသူများသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အာယသ်တော်များနှင့် ဆုံးမခြင်းခံကြရသည့်အခါ သူတို့သည် ၎င်း(အာယသ်များ)အပေါ်တွင် နားပင်းသူများ၊ မျက်စိကန်းသူများကဲ့သို့ (ကြားခြင်း၊ မြင်ခြင်းမရှိဘဲ ဟန်ဆောင်)ကျလာကြသည်မဟုတ်ပေ။❸

❸ ဆိုလိုတာက ဂရုတစိုက် နားစွင့် ကြည့်ရှုကြတယ်။ (အလင်းပြကျမ်း)

وَالَّذِيۡنَ يَقُوۡلُوۡنَ رَبَّنَا هَبۡ لَنَا مِنۡ اَزۡوَاجِنَا وَذُرِّيّٰتِنَا قُرَّةَ اَعۡيُنٍ وَّاجۡعَلۡنَا لِلۡمُتَّقِيۡنَ اِمَامًا ﴿٧٤﴾

(၇၄) ထို့ပြင် ထိုသူများသည် (အရှင်မြတ်ထံတော်တွင်) ပြောဆိုလျှောက်ထားကြသည်– "အို– ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ဇနီးကြင်ရာများနှင့် ကျွန်ုပ်တို့၏သားမြေးများထံမှ မျက်စိအေးမြကြည်လင်မှုကို ပေးသနားတော်မူပါ။[❻] ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား မုသ်သကီကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများ၏ အိမာမ်ရှေ့ဆောင်အဖြစ် ပြုလုပ်တော်မူပါ။"[❼]

❻ ကိုယ့်ရဲ့ဇနီးသားသမီးတွေဟာ အရှင်မြတ်ရဲ့ အမိန့်နာခံသူတွေဖြစ်ရင် စိတ်ချမ်းသာမှာပဲဖြစ်တယ်။ အဲဒီအတွက် ဆုတောင်းတာဖြစ်တယ်။(အလင်းပြကျမ်း) ❼ ကိုယ်ကိုယ်တိုင်လိုက်နာရုံတင်မက သူတစ်ပါးကိုပါ လမ်းပြနိုင်တဲ့သူဖြစ်အောင် ဆုတောင်းတာဖြစ်တယ်။ (အလင်းပြကျမ်း)

أُولَٰٓئِكَ يُجۡزَوۡنَ ٱلۡغُرۡفَةَ بِمَا صَبَرُواْ وَيُلَقَّوۡنَ فِيهَا تَحِيَّةٗ وَسَلَٰمًا ﴿٧٥﴾

(၇၅) ထိုသူများသည် သူတို့၏သည်းခံကြံ့ခိုင်မှုကြောင့် (ဂျန္နသ်သုခဘုံ၏ မြင့်မြတ်သည့်)အဆောင်ကို အစားပေးခြင်းခံကြရမည်ဖြစ်သည်။ ထို့ပြင် သူတို့သည် ယင်း(အဆောင်များ)တွင် (ကောင်းကင်တမန်များ၏)လှိုက်လှဲစွာကြိုဆိုမှုနှင့် စလာမ်မေတ္တာပို့သ နှုတ်ခွန်းဆက်သမှုတို့ကို ခံကြရမည်ဖြစ်သည်။

خَٰلِدِينَ فِيهَاۚ حَسُنَتۡ مُسۡتَقَرّٗا وَمُقَامٗا ﴿٧٦﴾

(၇၆) သူတို့သည် ၎င်းထဲတွင်ပင် အမြဲနေကြရမည်ဖြစ်သည်။ ၎င်း(ဂျန္နသ်)သည် အဘယ်မျှ ကောင်းမြတ်သောနားနေရာစခန်းနှင့် နေထိုင်ရာဌာနဖြစ်လိုက်သနည်း။[❽]

❽ ဒါဟာ ကျွန်ပီသမှုရဲ့အကျိုးဖြစ်တယ်။ (အလင်းပြကျမ်း)

قُلۡ مَا يَعۡبَؤُاْ بِكُمۡ رَبِّي لَوۡلَا دُعَآؤُكُمۡۖ فَقَدۡ كَذَّبۡتُمۡ فَسَوۡفَ يَكُونُ لِزَامَۢا ﴿٧٧﴾

(၇၇) (အို– တမန်တော်) အသင်ပြောလိုက်ပါ– အကယ်၍ အသင်တို့သည် အသင်တို့၏ဆုတောင်း(ခဝပ်ကိုးကွယ်မှု)မရှိကြလျှင် (ဆုမတောင်းကြလျှင်) ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့ကို လုံးဝဂရုစိုက်တော်မူမည်မဟုတ်ပေ။ ထို့နောက် (ယခုမူ) အမှန်စင်စစ် အသင်တို့သည် မဟုတ်မမှန်ဟု စွပ်စွဲပြောဆိုခဲ့ကြပြီးဖြစ်သည့်အတွက် ၎င်း(စွပ်စွဲပြောဆိုမှု)သည် (အသင်တို့အပေါ်တွင်) မကြာမီ အန္တရာယ်ဖြစ်နေလိမ့်မည်။[❾]

❾ အရှင်မြတ်ဟာ လိုလားတောင့်တမှု ကင်းမဲ့တော်မူတဲ့အတွက် လူသားက ဆန့်ကျင်မှုလုပ်ရင် လူသားပဲ ပြန်ခံရမှာဖြစ်တယ်။ အရှင်မြတ်မှာ ဘာမှ မထိခိုက်ဘူး။ လူသားဟာ အရှင့်အမိန့်နာခံရင်လည်း သူ့အကျိုးပဲ၊ မနာခံရင်လည်း သူ့ဆိုးကျိုးပဲဖြစ်တယ်။ (အလင်းပြကျမ်း)

ركوعاتها١١  ٢٦سُوْرَةُ الشُّعَرَآءِ مَكِّيَّةٌ ٤٧  اٰياتها ٢٢٧

## စူရတ် ရှုအရာအ် (ကဗျာဆရာများကဏ္ဍ) سُوْرَةُ الشُّعَرَآءِ

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

طٰسٓمّٓ ﴿١﴾

(၁)သွာ စီမ် မီမ် ။

تِلۡکَ اٰیٰتُ الۡکِتٰبِ الۡمُبِیۡنِ ﴿٢﴾

(၂) ဤသည် ထင်ရှားသောကျမ်းဂန်၏အာယသ်တော်များပင်ဖြစ်သည်။

لَعَلَّکَ بَاخِعٌ نَّفۡسَکَ اَلَّا یَکُوۡنُوۡا مُؤۡمِنِیۡنَ ﴿٣﴾

(၃) သူတို့ မုအ်မင်န်ယုံကြည်သူများ မဖြစ်သည်နှင့် အသင်သည် မိမိကိုယ်ကို သတ်သေလုနီးပါးဖြစ်နေသည်နှင့်တူသည်။

اِنۡ نَّشَاۡ نُنَزِّلۡ عَلَیۡہِمۡ مِّنَ السَّمَآءِ اٰیَۃً فَظَلَّتۡ اَعۡنَاقُہُمۡ لَہَا خٰضِعِیۡنَ ﴿٤﴾

(၄) အကယ်၍ ငါအရှင်မြတ် အလိုရှိတော်မူလျှင် မိုးကောင်းကင်မှ သက်သေသာဓကတစ်ခုကို သူတို့အပေါ်တွင် ချပေးလိုက်တော်မူမည်ဖြစ်သည်။ သို့ဖြစ်ရာ သူတို့၏လည်တိုင်များသည် ထိုသက်သေသာဓက၏ရှေ့၌ ယိမ်းညွှတ်လာကြမည် ဖြစ်သည်။

وَمَا یَاۡتِیۡہِمۡ مِّنۡ ذِکۡرٍ مِّنَ الرَّحۡمٰنِ مُحۡدَثٍ اِلَّا کَانُوۡا عَنۡہُ مُعۡرِضِیۡنَ ﴿٥﴾

(၅) ထို့ပြင် ရဟ်မာန်အနန္တကရုဏာတော်ရှင်၏ထံမှ သူတို့ထံသို့ မည်သည့်ဆုံးမသြဝါဒအသစ်သည် ရောက်လာသည်ပင်ဖြစ်စေ၊ သူတို့သည် ယင်း(ဆုံးမသြဝါဒ)မှ မျက်နှာလွှဲနေခဲ့ကြသည်ချည်းပင်ဖြစ်သည်။

فَقَدۡ کَذَّبُوۡا فَسَیَاۡتِیۡہِمۡ اَنۡۢبٰٓؤُا مَا کَانُوۡا بِہٖ یَسۡتَہۡزِءُوۡنَ ﴿٦﴾

(၆) ထို့နောက် အမှန်ပင် သူတို့သည် မဟုတ်မမှန်ငြင်းပယ်ခဲ့ကြပြီဖြစ်သည့်အတွက်ကြောင့် သူတို့ပြောင်လှောင်နေခဲ့သည်များ၏ အဖြစ်မှန်သည် သူတို့ထံသို့ မကြာမီ ရောက်လာမည် ဖြစ်သည်။

اَوَلَمۡ یَرَوۡا اِلَی الۡاَرۡضِ کَمۡ اَنۡۢبَتۡنَا فِیۡہَا مِنۡ کُلِّ زَوۡجٍ کَرِیۡمٍ ﴿٧﴾

(၇) သူတို့သည် မြေပထဝီကို မမြင်ခဲ့ကြသလော။ ငါအရှင်မြတ်သည် ယင်း(မြေပထဝီ)တွင် ကောင်းမြတ်သော အမျိုးအစားတိုင်းမှ အဘယ်မျှများစွာ (အပင်များ) ပေါက်ရောက်စေတော်မူခဲ့သနည်း။

اِنَّ فِيْ ذٰلِكَ لَاٰيَةً ؕ وَمَا كَانَ اَكْثَرُهُمْ مُّؤْمِنِيْنَ ﴿٨﴾

(၈) အမှန်စင်စစ် ထိုအထဲတွင် ကြီးကျယ်သောသက်သေလက္ခဏာတစ်ခု ရှိသည်။ ထို့ပြင် သူတို့ထဲမှအများစုသည် ယုံကြည်မည့်သူများမဟုတ်ကြပေ။

وَاِنَّ رَبَّكَ لَهُوَ الْعَزِيْزُ الرَّحِيْمُ ﴿٩﴾

(၉) ထို့ပြင် အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူသည်။

وَاِذْ نَادٰى رَبُّكَ مُوْسٰۤى اَنِ ائْتِ الْقَوْمَ الظّٰلِمِيْنَ ﴿١٠﴾

(၁၀) ထို့ပြင် တစ်ခါတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် (တမန်တော်)မူစာကို အသင်သည် ညှဉ်းပန်းနှိပ်စက်သည့်သူများထံသို့သွားပါဟု မိန့်ကြားတော်မူခဲ့သည်။

قَوْمَ فِرْعَوْنَ ؕ اَلَا يَتَّقُوْنَ ﴿١١﴾

(၁၁) ဖိရ်အောင်န်၏အမျိုးသားများပင်၊ သူတို့သည် မကြောက်ရွံ့ကြသလော။

قَالَ رَبِّ اِنِّيْۤ اَخَافُ اَنْ يُّكَذِّبُوْنِ ؕ ﴿١٢﴾

(၁၂) ၎င်း(တမန်တော်မူစာ)က လျှောက်ထားခဲ့သည်- အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ သူတို့က ကျွန်ုပ်ကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြမည်ကို အမှန်စင်စစ် ကျွန်ုပ်စိုးရိမ်ပါသည်။

وَيَضِيْقُ صَدْرِيْ وَلَا يَنْطَلِقُ لِسَانِيْ فَاَرْسِلْ اِلٰى هٰرُوْنَ ﴿١٣﴾

(၁၃) ထို့ပြင် ကျွန်ုပ်သည် စိတ်ကျဉ်းကျပ်သည့်အပြင် ကျွန်ုပ်၏လျှာသည်လည်း သွက်လက်မှုမရှိပါ။ သို့ဖြစ်ရာ အရှင်မြတ်သည် (ကျွန်ုပ်၏အစ်ကို) ဟာရူန်၏ထံသို့လည်း (နဗီဖြစ်ခြင်း၏အမိန့်တော်)ပို့တော်မူပါ။

وَلَهُمْ عَلَيَّ ذَنْۢبٌ فَاَخَافُ اَنْ يَّقْتُلُوْنِ ۚ ﴿١٤﴾

(၁၄) ထို့ပြင် သူတို့နှင့်ပတ်သက်၍ ကျွန်ုပ်အပေါ်တွင် အပြစ်တစ်ခုလည်း ရှိနေသည့်အတွက် သူတို့က ကျွန်ုပ်ကို သတ်ဖြတ်လိုက်ကြမည်ကိုလည်း

ကျွန်ုပ်စိုးရိမ်ပါသည်။

قَالَ كَلَّا ۚ فَاذْهَبَا بِاٰيٰتِنَآ اِنَّا مَعَكُمْ مُّسْتَمِعُوْنَ ﴿١٥﴾

(၁၅) အရှင်မြတ်က မိန့်ကြားတော်မူသည်- လုံးဝမဟုတ်ပေ။ သို့ဖြစ်ရာ အသင်တို့နှစ်ဦးသည် ငါအရှင်မြတ်၏သက်သေသာဓကများနှင့်အတူ သွားကြပါ။ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့နှင့်အတူ နားထောင်လျက်ရှိနေတော်မူသည်။

فَاْتِيَا فِرْعَوْنَ فَقُوْلَآ اِنَّا رَسُوْلُ رَبِّ الْعٰلَمِيْنَ ﴿١٦﴾

(၁၆) သို့ဖြစ်ရာ အသင်တို့နှစ်ဦးသည် ဖိရ်အောင်န်ထံသို့သွား၍ (ဤသို့)ပြောဆိုကြပါ- အမှန်စင်စစ် ကျွန်ုပ်တို့သည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က စေလွှတ်တော်မူသော တမန်တော်ဖြစ်ကြသည်။

اَنْ اَرْسِلْ مَعَنَا بَنِيْٓ اِسْرَآءِيْلَ ﴿١٧﴾

(၁၇) အသင်သည် အစ္စရာအီလ်မျိုးနွယ်ဝင်များကို (သူတို့၏အမိနိုင်ငံဖြစ်သော ဆီးရီးယားသို့ပြန်ရန်) ကျွန်ုပ်တို့နှင့်အတူ လွှတ်လိုက်ပါ။❶

❶ အစ္စရာအီလ်မျိုးနွယ်ဝင်တွေဟာ တမန်တော်အိဗ်ရာဟီမ် ﷺလက်ထက်ကစပြီး ဆီးရီးယားပြည်မှာ နေထိုင်ခဲ့ကြတယ်။ အဲဒီနောက် သူတို့ဟာ တမန်တော်ယူစွဖ် ﷺကို အကြောင်းပြုပြီး အီဂျစ်ကို ရောက်ရှိလာခဲ့ကြတယ်။ သူတို့ဟာ အဲဒီမှာ နှစ်ပေါင်းအမြောက်အမြားနေထိုင်ခဲ့ကြပြီးနောက် ဖိရ်အောင်န်ဘုရင်ရဲ့လက်ထက်မှာ သူတို့ဟာ နှိပ်စက်ခံရတဲ့အတွက် သူတို့ရဲ့မူရင်းတိုင်းပြည်ဖြစ်တဲ့ ဆီးရီးယားပြည်ကို ပြန်သွားဖို့ ခွင့်တောင်းတဲ့အခါ ခွင့်မပြုခဲ့ရုံမက အမျိုးမျိုး ချုပ်ချယ်ထားကာ နှိပ်စက်မှုတွေ ပြုလုပ်ခဲ့တယ်။ အဲဒီအချိန်မှာ တမန်တော်မူစာ ﷺပွင့်ပေါ်လာပြီး ဖိရ်အောင်န်ဘုရင်ထံကနေ သူ့အမျိုးသားတွေ လွတ်မြောက်ရေးအတွက် တောင်းဆိုခဲ့တာဖြစ်တယ်။

(အလင်းပြကျမ်း)

قَالَ اَلَمْ نُرَبِّكَ فِيْنَا وَلِيْدًا وَّلَبِثْتَ فِيْنَا مِنْ عُمُرِكَ سِنِيْنَ ﴿١٨﴾

(၁၈) ၎င်း(ဖိရ်အောင်န်)က ပြောဆိုခဲ့သည်- ကျွန်ုပ်သည် အသင့်အား ကလေးဘဝတွင် ကျွန်ုပ်တို့ထံ၌သာ ကျွေးမွေးစောင့်ရှောက်ခဲ့သည်မဟုတ်လော။ ထို့ပြင် အသင်သည် အသင်၏သက်တမ်းထဲမှ နှစ်ပေါင်းအမြောက်အမြား ကျွန်ုပ်တို့ထံတွင် နေထိုင်ခဲ့သည်မဟုတ်လော။

وَفَعَلْتَ فَعْلَتَكَ الَّتِيْ فَعَلْتَ وَاَنْتَ مِنَ الْكٰفِرِيْنَ ﴿١٩﴾

(၁၉) ထို့ပြင် အသင်သည် အသင်ပြုခဲ့သော ပြစ်မှုကိုလည်း အသင်သည် ကျေးဇူးမသိတတ်သည့်သူများထဲမှဖြစ်လျက် ကျူးလွန်ခဲ့သည်မဟုတ်လော။

قَالَ فَعَلْتُهَآ اِذًا وَّاَنَا مِنَ الضَّآلِّيْنَ ﴿٢٠﴾

(၂၀) ၎င်း(တမန်တော်မူစာ)က ပြောဆိုသည်- ကျွန်ုပ်သည် ထိုလုပ်

ရပ်ကို ထိုစဉ်က မတော်တဆ မှားယွင်းပြီး ပြုမိခဲ့ခြင်းသာ ဖြစ်သည်။

فَفَرَرْتُ مِنْكُمْ لَمَّا خِفْتُكُمْ فَوَهَبَ لِي رَبِّي حُكْمًا وَّجَعَلَنِي مِنَ الْمُرْسَلِيْنَ ﴿٢١﴾

(၂၁) ထို့နောက် ကျွန်ုပ်သည် အသင်တို့အား ကြောက်ရွံ့သည့်အခါ အသင်တို့ထံမှ တိမ်းရှောင်နေခဲ့သည်။ ထို့နောက် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က ကျွန်ုပ်ကို ပညာဉာဏ်အမြော်အမြင်ပေးသနားတော်မူ၍ ကျွန်ုပ်ကို တမန်တော်များထဲတွင် အပါအဝင် ဖြစ်စေတော်မူခဲ့သည်။

وَتِلْكَ نِعْمَةٌ تَمُنُّهَا عَلَيَّ اَنْ عَبَّدْتَّ بَنِيْٓ اِسْرَآءِيْلَ ﴿٢٢﴾

(၂၂) ထို့ပြင် ယင်းသည် ကျေးဇူးတော်တစ်ခုပင်ဖြစ်သည်။ ထိုကျေးဇူးဖြင့် အသင်သည် ကျွန်ုပ်အပေါ်တွင် ဂုဏ်ဖော်ပြီး အစ္စရာအီလ်မျိုးနွယ်ဝင်များကို ကျွန်ပြုလုပ်ထားခြင်းပင်ဖြစ်သည်။

قَالَ فِرْعَوْنُ وَمَا رَبُّ الْعٰلَمِيْنَ ﴿٢٣﴾

(၂၃) ဖိရ်အောင်န်က ပြောသည်- စကြဝဠာအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဆိုသည်မှာ မည်သည့်အရာနည်း။

قَالَ رَبُّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا ۭ اِنْ كُنْتُمْ مُّوْقِنِيْنَ ﴿٢٤﴾

(၂၄) ၎င်း(တမန်တော်မူစာ)က ပြောသည်- အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ကြမည်ဆိုလျှင် (ထိုအရှင်သည်) မိုးကောင်းကင်များ၊ မြေပထဝီနှင့် ထိုမိုးနှင့် မြေကြားရှိသမျှအရာများအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ပင် ဖြစ်သည်။

قَالَ لِمَنْ حَوْلَهٗٓ اَلَا تَسْتَمِعُوْنَ ﴿٢٥﴾

(၂၅) ၎င်း(ဖိရ်အောင်န်)က သူ၏အနီးတွင်ရှိကြသည့်သူများကို ပြောသည်- အသင်တို့ သေချာစွာ မကြားကြသလော။

قَالَ رَبُّكُمْ وَرَبُّ اٰبَآئِكُمُ الْاَوَّلِيْنَ ﴿٢٦﴾

(၂၆) ၎င်း(တမန်တော်မူစာ)က ပြောသည်- (ထိုအရှင်မြတ်သည်) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်သည်သာမက အသင်တို့၏မတိုင်မီရှိခဲ့သောအဘ၊ ဘိုး၊ ဘေးများအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်လည်း ဖြစ်တော်မူသည်။

قَالَ اِنَّ رَسُوْلَكُمُ الَّذِيْٓ اُرْسِلَ اِلَيْكُمْ لَمَجْنُوْنٌ ﴿٢٧﴾

(၂၇) ၎င်း(ဖိရ်အောင်န်)က ပြောသည်- အမှန်ပင် အသင်တို့ထံသို့

စေလွှတ်ခြင်းခံရသော တမန်တော်သည် မုချ ရူးသွပ်သူပင်ဖြစ်သည်။

قَالَ رَبُّ الْمَشْرِقِ وَالْمَغْرِبِ وَمَا بَيْنَهُمَا ۖ إِن كُنتُمْ تَعْقِلُونَ ﴿٢٨﴾

(၂၈) ၎င်း(တမန်တော်မူစာ)က ပြောသည်- အကယ်၍ အသင်တို့သိ
နားလည်ကြမည်ဆိုလျှင် (အရှင်မြတ်သည်) အရှေ့နေထွက်ရာအရပ်၊ အနောက်
နေဝင်ရာအရပ်နှင့် ထိုအရပ်နှစ်ခု၏ကြားတွင် ရှိသမျှအရာများအား ဖန်ဆင်းမွေး
မြူတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

قَالَ لَئِنِ اتَّخَذْتَ إِلَٰهًا غَيْرِي لَأَجْعَلَنَّكَ مِنَ الْمَسْجُونِينَ ﴿٢٩﴾

(၂၉) ၎င်း(ဖိရ်အောင်န်)က ပြောသည်-အကယ်၍ အသင်သည် ကျွန်ုပ်
မှလွဲ၍ အခြားကိုးကွယ်ရာတစ်ပါးကို အမှန်ပင် ရွေးချယ်ခဲ့လျှင် ကျွန်ုပ်သည်
အသင့်အား မုချ အကျဉ်းထောင်၌ချထားမည်။

قَالَ أَوَلَوْ جِئْتُكَ بِشَيْءٍ مُّبِينٍ ﴿٣٠﴾

(၃၀) ၎င်း(တမန်တော်မူစာ)က ပြောသည်- ကျွန်ုပ်သည် အသင်၏ထံ
သို့ ထင်ရှားသော တန်ခိုးတော်တစ်စုံတစ်ခု ယူဆောင်လာခဲ့လျှင်လည်း (ကျွန်ုပ်ကို
အကျဉ်းချထားဦးမည်လော)။

قَالَ فَأْتِ بِهِ إِن كُنتَ مِنَ الصَّادِقِينَ ﴿٣١﴾

(၃၁) ၎င်း(ဖိရ်အောင်န်)က ပြောသည်-သို့ဖြစ်လျှင် အကယ်၍ အသင်
သည် အမှန်ပြောဆိုသူတစ်ဦးဖြစ်ခဲ့လျှင် ယင်း(တန်ခိုးတော်)ကို ယူလာပါ။

فَأَلْقَىٰ عَصَاهُ فَإِذَا هِيَ ثُعْبَانٌ مُّبِينٌ ﴿٣٢﴾

(၃၂) ထို့နောက် ၎င်း(တမန်တော်မူစာ)သည် ၎င်း၏တောင်ဝှေးကို
ပစ်ချလိုက်သည့်အခါ ယင်း(တောင်ဝှေး)သည် ချက်ချင်းပင် ထင်ရှားသောမြွေ
တစ်ကောင် ဖြစ်သွားခဲ့သည်။

وَنَزَعَ يَدَهُ فَإِذَا هِيَ بَيْضَاءُ لِلنَّاظِرِينَ ﴿٣٣﴾

(၃၃) ထို့ပြင် ၎င်း(တမန်တော်မူစာ)သည် ၎င်း၏လက်ကို ဆွဲထုတ်လိုက်
သည့်အခါ ချက်ချင်းပင် ထိုလက်သည် ကြည့်ရှုသူများရှေ့၌ ဖြူဖွေးတောက်ပ
လျက်ရှိနေခဲ့သည်။

قَالَ لِلْمَلَإِ حَوْلَهُ إِنَّ هَٰذَا لَسَاحِرٌ عَلِيمٌ ﴿٣٤﴾

(၃၄) ယင်း(ဖိရ်အောင်န်)က ယင်း၏အနီးတွင်ရှိသော မှူးကြီးမတ်ရာများ
အား ပြောခဲ့သည်- အမှန်စင်စစ် ဤသူသည် ကျွမ်းကျင်သောမှော်ဆရာတစ်ဦး
ဖြစ်သည်။

يُّرِيْدُ اَنْ يُّخْرِجَكُمْ مِّنْ اَرْضِكُمْ بِسِحْرِهٖ ۖ فَمَاذَا تَاْمُرُوْنَ ﴿٣٥﴾

(၃၅) ၎င်းသည် ၎င်း၏မှော်အတတ်ဖြင့် အသင်တို့အား အသင်တို့၏ တိုင်းပြည်မှ နှင်ထုတ်ရန် ကြံရွယ်နေသည်။ သို့ဖြစ်ရာ အသင်တို့သည် မည်သည့် အမိန့်(အကြံ)ပေးကြမည်နည်း။

قَالُوْٓا اَرْجِهْ وَاَخَاهُ وَابْعَثْ فِى الْمَدَآئِنِ حٰشِرِيْنَ ﴿٣٦﴾

(၃၆) ယင်း(မှူးကြီးမတ်ရာ)တို့က ပြောဆိုကြသည်- ဘုရင်မင်းမြတ်သည် ၎င်း(တမန်တော်မူစာ)နှင့် ၎င်း၏အစ်ကိုအား ဆိုင်းငံ့ထားပြီး မင်းစေများအား အမြို့မြို့အရွာရွာသို့ စေလွှတ်တော်မူပါ။

يَاْتُوْكَ بِكُلِّ سَحَّارٍ عَلِيْمٍ ﴿٣٧﴾

(၃၇) ၎င်း(မင်းစေ)တို့သည် အလွန်ကျွမ်းကျင်သော မှော်ဆရာများအား လုံးကို အသင်(ဘုရင်မင်းမြတ်)ထံတော်သို့ ခေါ်ဆောင်လာကြမည်။

فَجُمِعَ السَّحَرَةُ لِمِيْقَاتِ يَوْمٍ مَّعْلُوْمٍ ﴿٣٨﴾

(၃၈) ထို့နောက် မှော်ဆရာများသည် သတ်မှတ်ထားသောနေ့၏ချိန်း ဆိုထားသည့်အချိန်တွင် စုဝေးခဲ့ကြရမည်။❶

❶ တစ်တိုင်းပြည်လုံးက စုရုံးရောက်ရှိလာတဲ့ မှော်ဆရာအရေအတွက်ကို တချို့က (၁၀၀၀)၊ တချို့က (၁၂၀၀၀)၊ တချို့က (၈၀၀၀၀)လို့ ဖော်ပြကြတယ်။ နောက်ထပ်အဆိုတွေလည်း ရှိနေသေးတယ်။ အရေအတွက် အတိအကျကတော့ အရှင်မြတ်ပဲ သိတော်မူတယ်။ (အိဗ်နုကဆီးရ်)

وَّقِيْلَ لِلنَّاسِ هَلْ اَنْتُمْ مُّجْتَمِعُوْنَ ﴿٣٩﴾

(၃၉) ထို့ပြင် လူများကိုလည်း ပြောထားခဲ့သည်- အသင်တို့သည် စုရုံးကြမည့်သူများလော(စုရုံးကြမည်မဟုတ်လော)။

لَعَلَّنَا نَتَّبِعُ السَّحَرَةَ اِنْ كَانُوْا هُمُ الْغٰلِبِيْنَ ﴿٤٠﴾

(၄၀) သို့မှသာ ကျွန်ုပ်တို့သည် မှော်ဆရာများ(၏လမ်းစဉ်)ကိုပင် အကယ်၍ သူတို့ အောင်နိုင်ကြမည်ဆိုလျှင် လိုက်နာနိုင်ကြမည်ဖြစ်သည်။

فَلَمَّا جَآءَ السَّحَرَةُ قَالُوْا لِفِرْعَوْنَ اَئِنَّ لَنَا لَاَجْرًا اِنْ كُنَّا نَحْنُ الْغٰلِبِيْنَ ﴿٤١﴾

(၄၁) ထို့နောက် မှော်ဆရာများ ရောက်ရှိလာကြသည့်အခါ သူတို့က ဖိရ်အောင်န်ကို အကယ်၍ ကျွန်ုပ်တို့သည် အောင်နိုင်သူများဖြစ်ခဲ့ကြလျှင် အမှန်ပင် ကျွန်ုပ်တို့သည် ဆုလာဘ်ကို မုချရရှိကြမည်လောဟု ပြောဆိုကြသည်။

قَالَ نَعَمْ وَاِنَّكُمْ اِذًا لَّمِنَ الْمُقَرَّبِيْنَ ﴿٤٢﴾

(၄၂) ၎င်း(ဖိရ်အောင်န်)က ပြောသည်- ဟုတ်သည်။ ထို့ထက်သာမက

ထိုသို့ဖြစ်ခဲ့လျှင် အမှန်ပင် အသင်တို့သည် အနီးကပ်(မင်းမှုထမ်း)သည့်သူများ ထဲတွင် အပါအဝင်ဖြစ်လိမ့်မည်။

قَالَ لَهُمْ مُّوْسٰٓى اَلْقُوْا مَآ اَنْتُمْ مُّلْقُوْنَ ﴿٤٣﴾

(၄၃) (တမန်တော်)မူစာက ၎င်း(မှော်ဆရာ)တို့ကိုပြောသည်- အသင်တို့သည် အသင်တို့ပစ်ချမည့်အရာများကို ပစ်ချကြပါ။

فَاَلْقَوْا حِبَالَهُمْ وَعِصِيَّهُمْ وَقَالُوْا بِعِزَّةِ فِرْعَوْنَ اِنَّا لَنَحْنُ الْغٰلِبُوْنَ ﴿٤٤﴾

(၄၄) ထို့နောက် ၎င်း(မှော်ဆရာ)တို့သည် သူတို့၏ကြိုးများနှင့် သူတို့၏ တုတ်များကို ပစ်ချခဲ့ကြသည်။ ထို့ပြင် သူတို့က ပြောဆိုခဲ့ကြသည်-ဖိရ်အောင်န် ဘုရင်၏ဘုန်းတန်ခိုးတော်အား တိုင်တည်ကျိန်ဆိုပါသည်၊ အမှန်စင်စစ် ကျွန်ုပ် တို့ပင် အောင်နိုင်သူများ ဖြစ်ကြမည်။

فَاَلْقٰى مُوْسٰى عَصَاهُ فَاِذَا هِىَ تَلْقَفُ مَا يَاْفِكُوْنَ ﴿٤٥﴾

(၄၅) ထို့နောက် (တမန်တော်)မူစာသည် ၎င်း၏တောင်ဝှေးကို ပစ်ချ လိုက်သည်နှင့် ယင်း(တောင်ဝှေး)သည် ချက်ချင်းပင် (မြွေနဂါးဖြစ်သွား၍) ၎င်း (မှော်ဆရာ)တို့က လှည့်စားထားသောအရာများကို မျိုချလိုက်တော့သည်။

فَاُلْقِىَ السَّحَرَةُ سٰجِدِيْنَ ﴿٤٦﴾

(၄၆) ထို့နောက် မှော်ဆရာများသည် ဝပ်တွားပြီး ဦးချကြတော့သည်။

قَالُوْٓا اٰمَنَّا بِرَبِّ الْعٰلَمِيْنَ ﴿٤٧﴾

(၄၇) သူတို့က ပြောဆိုကြသည်- ကျွန်ုပ်တို့သည် စကြဝဠာအပေါင်း အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ယုံကြည်ကြပြီဖြစ်ပါသည်။

رَبِّ مُوْسٰى وَهٰرُوْنَ ﴿٤٨﴾

(၄၈) (ထိုအရှင်သည်)မူစာနှင့် ဟာရူန်တို့အား ဖန်ဆင်းမွေးမြူတော်မူ သောအရှင်မြတ် ဖြစ်တော်မူပါသည်။

قَالَ اٰمَنْتُمْ لَهٗ قَبْلَ اَنْ اٰذَنَ لَكُمْ ۚ اِنَّهٗ لَكَبِيْرُكُمُ الَّذِىْ عَلَّمَكُمُ السِّحْرَ ۚ فَلَسَوْفَ تَعْلَمُوْنَ ۬ لَاُقَطِّعَنَّ اَيْدِيَكُمْ وَاَرْجُلَكُمْ مِّنْ خِلَافٍ وَّلَاُوصَلِّبَنَّكُمْ اَجْمَعِيْنَ ﴿٤٩﴾

(၄၉) ၎င်း(ဖိရ်အောင်န်)က ပြောသည်- အသင်တို့အား ကျွန်ုပ်ခွင့်မပြု မီ အသင်တို့သည် ၎င်း(မူစာ)ကို ယုံခဲ့ကြသည်။ အမှန်ပင် ၎င်းသည် အသင်တို့ အား မှော်အတတ်ပညာ သင်ကြားပေးခဲ့သော အသင်တို့၏အကြီးအကဲဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့ မကြာမီ သိကြရမည်။ ငါ(ဖိရ်အောင်န်ဘုရင်)သည် အသင်

တို့၏လက်များနှင့် ခြေများကို ဘက်လွဲပြီး အမှန်ပင် ဖြတ်ပစ်မည်။ ထို့ပြင် အမှန်ပင် ငါသည် အသင်တို့အားလုံးကို လက်ဝါးကပ်တိုင်တင်မည်။

قَالُوْا لَا ضَيْرَ ۖ اِنَّاۤ اِلٰى رَبِّنَا مُنْقَلِبُوْنَ ﴿٥٠﴾

(၅၀) သူတို့က ပြောကြသည်- (ကျွန်ုပ်တို့မှာ)လုံးဝအကျိုးယုတ်ပျက်စီးမှု ရှိမည်မဟုတ်ပေ။ အမှန်စင်စစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်သို့ ပြန်သွားကြရမည့်သူများပင် ဖြစ်သည်။

اِنَّا نَطْمَعُ اَنْ يَّغْفِرَ لَنَا رَبُّنَا خَطٰيٰنَاۤ اَنْ كُنَّاۤ اَوَّلَ الْمُؤْمِنِيْنَ ﴿٥١﴾

(၅၁) အမှန်စင်စစ် ကျွန်ုပ်တို့သည် ပထမဦးဆုံး အီမာန်ယုံကြည်သူများဖြစ်သည့်အတွက် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ချမ်းသာပေးတော်မူလိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ကြပါသည်။

وَاَوْحَيْنَاۤ اِلٰى مُوْسٰۤى اَنْ اَسْرِ بِعِبَادِيْۤ اِنَّكُمْ مُّتَّبَعُوْنَ ﴿٥٢﴾

(၅၂) ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)မူစာထံသို့ ဝဟီအမိန့်တော် ထုတ်ပြန်တော်မူခဲ့သည်။ အသင်သည် ငါအရှင်မြတ်၏ကျွန်များကို ညအချိန်တွင် ခေါ်ဆောင်သွားပါ။ အမှန်ပင် အသင်တို့သည် နောက်မှ လိုက်လံခြင်းကို ခံကြရမည့်သူများဖြစ်ကြသည်။

فَاَرْسَلَ فِرْعَوْنُ فِى الْمَدَآئِنِ حٰشِرِيْنَ ﴿٥٣﴾

(၅၃) ထို့နောက် ဖိရ်အောင်န်သည် မင်းစေများကို အမြို့မြို့အရွာရွာတွင် စေလွှတ်ခဲ့သည်။

اِنَّ هٰۤؤُلَآءِ لَشِرْذِمَةٌ قَلِيْلُوْنَ ﴿٥٤﴾

(၅၄) အမှန်စင်စစ် ဤသူများသည် အနည်းငယ်မျှသာရှိသော အုပ်စုကလေးပင်ဖြစ်သည်။

وَاِنَّهُمْ لَنَا لَغَآئِظُوْنَ ﴿٥٥﴾

(၅၅) ထို့ပြင် အမှန်ပင် သူတို့သည် ကျွန်ုပ်တို့အား ဒေါသဖြစ်အောင်လုပ်သူများဖြစ်ကြသည်။

وَاِنَّا لَجَمِيْعٌ حٰذِرُوْنَ ﴿٥٦﴾

(၅၆) ထို့ပြင် အမှန်ပင် ကျွန်ုပ်တို့သည် လက်နက်ကိရိယာ တန်ဆာပလာများနှင့် အဆင်သင့်ဖြစ်နေသောအုပ်စု ဖြစ်သည်။ (ကျွန်ုပ်တို့သည် စိုးရိမ်နေကြသည့်အုပ်စုဖြစ်သည်)။

فَاَخْرَجْنٰهُمْ مِّنْ جَنّٰتٍ وَّعُيُوْنٍ ﴿٥٧﴾

(၅၇) ထို့နောက် ငါအရှင်မြတ်သည် သူတို့ကို ဥယျာဉ်များနှင့် စမ်းချောင်းများမှ ထုတ်ပစ်တော်မူခဲ့သည်။

وَّكُنُوۡزٍ وَّمَقَامٍ كَرِيۡمٍ ۝٥٨

(၅၈) ထို့ပြင် စုဆောင်းထားသည့်ရွှေငွေဥစ္စာများနှင့်၊ ခမ်းနားသည့်နေအိမ်များကပါ (ထုတ်ပစ်တော်မူခဲ့သည်)။

كَذٰلِكَ ؕ وَاَوۡرَثۡنٰهَا بَنِىۡۤ اِسۡرَآءِيۡلَ ۝٥٩

(၅၉) ထိုသို့ပင်၊ ၎င်းနောက် ငါအရှင်မြတ်သည် ထိုပစ္စည်းများကို အစ္စရာအီလ်မျိုးနွယ်ဝင်များအား အမွေအဖြစ် ပိုင်ဆိုင်စေတော်မူခဲ့သည်။❶

❶ တမန်တော်စုလိုင်မာန် عليه السلام ရဲ့လက်ထက်တော်မှာ အီဂျစ်နိုင်ငံဟာ တမန်တော်စုလိုင်မာန် عليه السلام ရဲ့လက်အောက်မှာ ကျရောက်သွားခဲ့တဲ့အတွက် အစ္စရာအီလ်မျိုးနွယ်တွေဟာ အီဂျစ်နိုင်ငံကို စိုးမိုးအုပ်ချုပ်ခွင့်ရရှိခဲ့ကြတယ်။ အဲဒါကြောင့် အရှင်မြတ်က ဖိရ်အောင်န်ရဲ့အမွေပစ္စည်းတွေကို သူတို့ကို ပိုင်ဆိုင်စေတော်မူခဲ့တယ်လို့ မိန့်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَاَتۡبَعُوۡهُمۡ مُّشۡرِقِيۡنَ ۝٦٠

(၆၀) ထို့နောက် ၎င်း(ဖိရ်အောင်န်နှင့် အခြွေအရံ)တို့သည် အစ္စရာအီလ်မျိုးနွယ်ဝင်များကို နေထွက်ချိန်၌ နောက်မှလိုက်၍ မီသွားခဲ့ကြသည်။

فَلَمَّا تَرَآءَ الۡجَمۡعٰنِ قَالَ اَصۡحٰبُ مُوۡسٰٓى اِنَّا لَمُدۡرَكُوۡنَ ۝٦١

(၆၁) ၎င်းပြင် အုပ်စုနှစ်ခုလုံးသည် တစ်ဖက်နှင့်တစ်ဖက်တွေ့မြင်ကြသည့်အခါ (တမန်တော်)မူစာ၏အပေါင်းအပါများက စင်စစ် ကျွန်ုပ်တို့သည် အမုန်ပင် အဖမ်းခံကြရပြီဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။

قَالَ كَلَّا ۚ اِنَّ مَعِىَ رَبِّىۡ سَيَهۡدِيۡنِ ۝٦٢

(၆၂) ၎င်း(တမန်တော်မူစာ)က ပြောသည်- လုံးဝမဟုတ်ပေ။ အမုန်စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ငါနှင့်အတူရှိတော်မူသည်။ အရှင်မြတ်သည် ငါ့အား မကြာမီ လမ်းညွှန်ပြသတော်မူလိမ့်မည်။

فَاَوۡحَيۡنَاۤ اِلٰى مُوۡسٰٓى اَنِ اضۡرِبْ بِّعَصَاكَ الۡبَحۡرَ ؕ فَانْفَلَقَ فَكَانَ كُلُّ فِرۡقٍ كَالطَّوۡدِ الۡعَظِيۡمِ ۝٦٣

(၆၃) ထို့နောက် ငါအရှင်မြတ်သည် (တမန်တော်)မူစာထံသို့ အသင်သည် အသင်၏တောင်ဝှေးဖြင့် ပင်လယ်ကို ရိုက်ခတ်လိုက်ပါဟုအမိန့်ပေးတော်မူခဲ့သည်။ ထိုအခါ ပင်လယ်သည် ကွဲသွားပြီး ရေပြင်ကြီးများသည် ကြီးမားသည့်တောင်ကြီးများကဲ့သို့ ဖြစ်သွားခဲ့ကြသည်။

وَاَزۡلَفۡنَا ثَمَّ الۡاٰخَرِيۡنَ ۝٦٤

(၆၄) ထို့ပြင် ငါအရှင်မြတ်သည် အခြားအုပ်စု(ဖြစ်သော ဖိရ်အောင်န်နှင့် သူ၏အခြွေအရံများ)ကိုလည်း ထိုနေရာသို့ နီးကပ်စေတော်မူခဲ့သည်။

وَاَنۡجَيۡنَا مُوۡسٰى وَمَنۡ مَّعَهٗۤ اَجۡمَعِيۡنَ ﴿۶۵﴾

(၆၅) ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)မူစာနှင့် ၎င်း၏အပေါင်းအပါများအားလုံးကို ကယ်တင်တော်မူခဲ့သည်။

ثُمَّ اَغۡرَقۡنَا الۡاٰخَرِيۡنَ ﴿۶۶﴾

(၆၆) ထို့ပြင်ငါအရှင်မြတ်သည်အခြားအုပ်စုကိုနစ်မြှုပ်ပစ်တော်မူခဲ့သည်။

اِنَّ فِىۡ ذٰلِكَ لَاٰيَةً ‌ؕ وَمَا كَانَ اَكۡثَرُهُمۡ مُّؤۡمِنِيۡنَ ﴿۶۷﴾

(၆၇) အမှန်စင်စစ် ထိုအထဲတွင် ကြီးကျယ်သောသက်သေလက္ခဏာ တစ်ခုရှိသည်။ထို့ပြင်သူတို့ထဲမှအများစုသည်ယုံကြည်မည့်သူများမဟုတ်ကြပေ။

وَاِنَّ رَبَّكَ لَهُوَ الۡعَزِيۡزُ الرَّحِيۡمُ ﴿۶۸﴾

(၆၈) ထို့ပြင် အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူသည်။

وَاتۡلُ عَلَيۡهِمۡ نَبَاَ اِبۡرٰهِيۡمَ‌ۘ ﴿۶۹﴾

(၆၉) ထို့ပြင် အသင်သည် သူတို့၏ရှေ့၌ (တမန်တော်)အိဗ်ရာဟီမ်၏ အကြောင်းကို ပြောပြလိုက်ပါ။

اِذۡ قَالَ لِاَبِيۡهِ وَقَوۡمِهٖ مَا تَعۡبُدُوۡنَ ﴿۷۰﴾

(၇၀) တစ်ခါတွင် ၎င်း(တမန်တော်အိဗ်ရာဟီမ်)သည် ၎င်း၏ဖခင်နှင့် ၎င်း၏အမျိုးသားများအား ပြောဆိုမေးမြန်းခဲ့သည်- အသင်တို့သည် မည်သည့်အရာကို ကိုးကွယ်နေကြသနည်း။

قَالُوۡا نَعۡبُدُ اَصۡنَامًا فَنَظَلُّ لَهَا عٰكِفِيۡنَ ﴿۷۱﴾

(၇၁) သူတို့က ပြောကြသည်- ကျွန်ုပ်တို့သည် ရုပ်တုများကို ကိုးကွယ်ကြသည့်အပြင် ထိုရုပ်တုများအပါး၌ပင် အမြဲစွဲလမ်းတွယ်ကပ်လျက်ရှိကြသည်။

قَالَ هَلۡ يَسۡمَعُوۡنَكُمۡ اِذۡ تَدۡعُوۡنَ ۙ ﴿۷۲﴾

(၇၂) ၎င်း(တမန်တော်အိဗ်ရာဟီမ်)က ပြောသည်- အသင်တို့ ဟစ်ခေါ်ကြသည့်အခါ ထိုရုပ်တုများသည် အသင်တို့(၏ဟစ်ခေါ်သံ)ကို ကြားကြသလော။

اَوۡ يَنۡفَعُوۡنَكُمۡ اَوۡ يَضُرُّوۡنَ ﴿۷۳﴾

(၇၃) သို့မဟုတ် သူတို့သည် အသင်တို့အား ကောင်းကျိုးပြုကြသလော၊ သို့မဟုတ် ဆိုးကျိုးပြုကြသလော။

قَالُوْا بَلْ وَجَدْنَآ اٰبَآءَنَا كَذٰلِكَ يَفْعَلُوْنَ ﴿۷۴﴾

(၇၄) သူတို့က ပြောကြသည်- ထိုသို့မဟုတ်ပေ။ စင်စစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေးများအား ထိုသို့ပြုမူနေကြသည်ကို တွေ့ရှိခဲ့ကြခြင်းဖြစ်ပါသည်။

قَالَ اَفَرَءَيْتُمْ مَّا كُنْتُمْ تَعْبُدُوْنَ ﴿۷۵﴾

(၇၅) ၎င်း(တမန်တော်အိဗ်ရာဟီမ်)က ပြောသည်- အသင်တို့သည် အသင်တို့ ကိုးကွယ်နေခဲ့သည့်အရာများကို စဉ်းစားကြည့်ကြသလော။❶

❶ တမန်တော်အိဗ်ရာဟီမ် عليه السلام က ၎င်းရဲ့အမျိုးသားတွေကို သူတို့ကိုးကွယ်နေကြတဲ့ ရုပ်တုတွေနဲ့ပတ်သက်ပြီး စဉ်းစားကြည့်ဖို့၊ သူတို့ဟာ အသင်တို့အတွက် ဘယ်နေရာမှာ အသုံးဝင်လဲဆိုတာ စဉ်းစားကြည့်ဖို့ ပြောထားတာဖြစ်တယ်။ ဘာမှ အသုံးမဝင်တဲ့ ရုပ်တုဘက်ကနေ ကောင်းကျိုး ဆိုးကျိုး အစစအရာရာ စီမံခန့်ခွဲလုပ်ဆောင်ပေးနေတဲ့ အရှင်မြတ်ဘက်ကို ဖိတ်ခေါ်နေတာဖြစ်တယ်။ (အလင်းပြကျမ်း)

اَنْتُمْ وَاٰبَآؤُكُمُ الْاَقْدَمُوْنَ ﴿۷۶﴾

(၇၆) အသင်တို့နှင့် အသင်တို့၏ရှေးဟောင်း အဘ၊ ဘိုး၊ ဘေးများ။

فَاِنَّهُمْ عَدُوٌّ لِّيْٓ اِلَّا رَبَّ الْعٰلَمِيْنَ ﴿۷۷﴾

(၇၇) အဘယ်ကြောင့်ဆိုသော် အမှန်စင်စစ် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်မှလွဲ၍ သူတို့သည် ကျွန်ုပ်၏ရန်သူများပင် ဖြစ်ကြသည်။

الَّذِيْ خَلَقَنِيْ فَهُوَ يَهْدِيْنِ ﴿۷۸﴾

(၇၈) ထိုအရှင်မြတ်သည် ကျွန်ုပ်အား ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည်ပင် ကျွန်ုပ်အား လမ်းမှန်ညွှန်ကြားပြသတော်မူသည်။

وَالَّذِيْ هُوَ يُطْعِمُنِيْ وَيَسْقِيْنِ ﴿۷۹﴾

(၇၉) ထို့ပြင် အရှင်မြတ်သည်ပင် ကျွန်ုပ်အား ကျွေးမွေးတော်မူသည်။ ထို့ပြင် အရှင်မြတ်သည်ပင် ကျွန်ုပ်အား တိုက်ကျွေးတော်မူသည်။

وَاِذَا مَرِضْتُ فَهُوَ يَشْفِيْنِ ﴿۸۰﴾

(၈၀) ထို့ပြင် ကျွန်ုပ်သည် ရောဂါဖြစ်သည့်အခါ အရှင်မြတ်သည်ပင် ကျွန်ုပ်ကို ပျောက်ကင်းစေတော်မူသည်။

وَالَّذِيْ يُمِيْتُنِيْ ثُمَّ يُحْيِيْنِ ﴿۸۱﴾

(၈၁) ထို့နောက် အရှင်မြတ်သည် ကျွန်ုပ်အား သေစေတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်အား ရှင်စေတော်မူမည်ဖြစ်သည်။

وَالَّذِيٓ أَطۡمَعُ أَن يَغۡفِرَ لِي خَطِيٓـَٔتِي يَوۡمَ ٱلدِّينِ ﴿٨٢﴾

(၈၂) ထို့ပြင် အရှင်မြတ်သည် တရားစီရင်မည့်နေ့တွင် ကျွန်ုပ်၏ချွတ်ချော်မှားယွင်းမှုများကို ခွင့်လွှတ်တော်မူလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်သည်။

رَبِّ هَبۡ لِي حُكۡمٗا وَأَلۡحِقۡنِي بِٱلصَّٰلِحِينَ ﴿٨٣﴾

(၈၃) အို - ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်ုပ်အား ဉာဏ်ပညာကို ပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်အား ကောင်းမြတ်သည့်သူများနှင့်အတူ ပေါင်းဖက်ပါဝင်စေတော်မူပါ။

وَٱجۡعَل لِّي لِسَانَ صِدۡقٖ فِي ٱلۡأٓخِرِينَ ﴿٨٤﴾

(၈၄) ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်အတွက် နောင်လာနောက်သားများတွင် အမည်ကောင်းခြင်း(ဖြင့် ကျော်ကြားခြင်း)ကို❶ ပြုလုပ်ပေးသနားတော်မူပါ။

❶ တမန်တော်အိဗ်ရာဟီမ် عليه السلام ဟာ ၎င်းကို နောင်လာနောက်သားတွေက အကောင်းနဲ့ အမှတ်ရဖို့ အရှင်မြတ်ထံတော်မှာ ဆုတောင်းခံခဲ့တဲ့အပေါ်မှာ အရှင်မြတ်က လက်ခံတော်မူခဲ့တဲ့အတွက် မွတ်စ်လင်မ်အုပ်စုကို အမှတ်ရစေတော်မူခဲ့တယ်။ နေ့စဉ် စွလာသ်ဝတ်ပြုတဲ့အခါ တမန်တော်အိဗ်ရာဟီမ် عليه السلام အပေါ်မှာ မေတ္တာပို့ဖို့အတွက် ဒရူးဒ်အိဗ်ရာဟီမ်ကို ဖတ်ရွတ်ပြီး မေတ္တာပို့ကြတယ်။ ဒါဟာ တမန်တော်အိဗ်ရာဟီမ် عليه السلام ရဲ့ တောင်းဆု အောင်မြင်ခဲ့တယ်ဆိုတာရဲ့ သက်သေသာဓကတစ်ခုဖြစ်တယ်။ (အလင်းပြကျမ်း)

وَٱجۡعَلۡنِي مِن وَرَثَةِ جَنَّةِ ٱلنَّعِيمِ ﴿٨٥﴾

(၈၅) ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်အား ကျေးဇူးတော်(စည်းစိမ်များ)ဖြင့် ပြည့်စုံသောဂျန္နသ်သုခဘုံ၏အမွေစားအမွေခံများထဲမှ ပြုလုပ်တော်မူပါ။

وَٱغۡفِرۡ لِأَبِيٓ إِنَّهُۥ كَانَ مِنَ ٱلضَّآلِّينَ ﴿٨٦﴾

(၈၆) ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်၏ဖခင်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူပါ။❷ အမှန်စင်စစ် သူသည် လမ်းလွဲသူများထဲတွင် အပါအဝင်ဖြစ်ပါသည်။

❷ အရှင်မြတ်ရဲ့တားမြစ်တဲ့ ပညတ်ချက် မကျရောက်သေးခင်မှာ ကတိအတိုင်း ဖခင်အတွက် လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံပေးခဲ့တာဖြစ်တယ်။ အဲဒီနောက် အရှင်မြတ်ရဲ့ရန်သူအတွက် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခွင့်မရှိကြောင်းသိသွားတဲ့အခါမှာ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံတာကို စွန့်လွှတ်ခဲ့တယ်။ (အလင်းပြကျမ်း)

وَلَا تُخۡزِنِي يَوۡمَ يُبۡعَثُونَ ﴿٨٧﴾

(၈၇) ထို့ပြင် အရှင်မြတ်သည် ရှင်ပြန်ထရမည့်နေ့တွင် ကျွန်ုပ်အား အရှက်တကွဲ ဖြစ်စေတော်မမူပါနှင့်။

يَوْمَ لَا يَنفَعُ مَالٌ وَلَا بَنُونَ ۝٨٨

(၈၈) ထိုနေ့တွင် ပစ္စည်းဥစ္စာနှင့် သား(သမီး)များသည် အသုံးဝင်မည် မဟုတ်ပေ။

إِلَّا مَنْ أَتَى اللَّهَ بِقَلْبٍ سَلِيمٍ ۝٨٩

(၈၉) သို့ရာတွင် အရှင်မြတ်ထံတော်သို့ စင်ကြယ်သန့်ရှင်းသော စိတ်နှလုံးနှင့်တကွ ရောက်လာခဲ့သည့်သူသာ (လွတ်မြောက်မည်)။[၆]

[၆] ကိယာမသ်နေ့မှာ အရှင်မြတ်နဲ့ ဘယ်သူ့ကိုမှ တွဲဖက်ကိုးကွယ်ခြင်းမရှိဘဲ စိတ်နှလုံးဖြူဖြူစင်စင်နဲ့ ရောက်လာသူတွေပဲ သူတို့ရဲ့လောကမှာ ပြုလုပ်ခဲ့တဲ့ကောင်းမှုတွေဟာ အကျိုးရှိမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَأُزْلِفَتِ الْجَنَّةُ لِلْمُتَّقِينَ ۝٩٠

(၉၀) ထို့ပြင် ဂျန္နသ်သုခဘုံသည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများနှင့် နီးကပ်စွာ ထားမည်ဖြစ်သည်။

وَبُرِّزَتِ الْجَحِيمُ لِلْغَاوِينَ ۝٩١

(၉၁) ထို့ပြင် ဂျဟန္နမ်ငရဲသည် လမ်းလွဲသည့်သူများ၏ရှေ့၌ ထင်ရှားစေခြင်းခံရမည်။

وَقِيلَ لَهُمْ أَيْنَ مَا كُنتُمْ تَعْبُدُونَ ۝٩٢

(၉၂) ထို့ပြင် သူတို့သည် ပြောဆိုခြင်းခံကြရမည်- အသင်တို့ ကိုးကွယ်လျက်ရှိခဲ့ကြသော ကိုးကွယ်ရာများသည် မည်သည့်နေရာတွင် ရှိကြသနည်း။

مِن دُونِ اللَّهِ هَلْ يَنصُرُونَكُمْ أَوْ يَنتَصِرُونَ ۝٩٣

(၉၃) အလ္လာဟ်အရှင်မြတ်အားစွန့်ပြီး (အသင်တို့ ကိုးကွယ်ခဲ့ကြသည့်) ကိုးကွယ်ရာများသည် အသင်တို့ကို ကူညီနိုင်ကြသလော။ သို့မဟုတ် သူတို့သည် သူတို့ကိုယ်တိုင်ကိုရော ကယ်တင်နိုင်ကြသလော။

فَكُبْكِبُوا فِيهَا هُمْ وَالْغَاوُونَ ۝٩٤

(၉၄) ထို့ပြင် သူတို့နှင့် လမ်းလွဲသည့်သူများကို ဂျဟန္နမ်ငရဲထဲတွင် စောက်ထိုးပစ်ချခြင်းခံကြရမည်။

وَجُنُودُ إِبْلِيسَ أَجْمَعُونَ ۝٩٥

(၉၅) ထို့ပြင် အိဗ်လီစ်၏စစ်တပ်အားလုံးလည်း (ပစ်ချခံကြရမည်)။

قَالُوا وَهُمْ فِيهَا يَخْتَصِمُونَ ۝٩٦

(၉၆) သူတို့သည် ထို(ငရဲဘုံ)ထဲတွင် ငြင်းခုံလျက် (သူတို့၏ကိုးကွယ်ရာများအား)ပြောဆိုကြမည်။

تَاللّٰهِ اِنْ كُنَّا لَفِيْ ضَلٰلٍ مُّبِيْنٍ ﴿٩٧﴾

(၉၇) အလ္လာဟ်အရှင်မြတ်အား တိုင်တည်ကျိန်ဆိုပါသည်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် အလွန်ထင်ရှားလှသော လမ်းလွဲမှု၌ပင် ရှိခဲ့ကြသည်။

اِذْ نُسَوِّيْكُمْ بِرَبِّ الْعٰلَمِيْنَ ﴿٩٨﴾

(၉၈) တစ်ချိန်ကမူ ကျွန်ုပ်တို့သည် (ကိုးကွယ်ရာရုပ်တုများဖြစ်သည့်) အသင်တို့ကို စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် အတူ ဂုဏ်ရည်တူများ ပြုလုပ်လျက်ရှိခဲ့ကြသည်။

وَمَآ اَضَلَّنَآ اِلَّا الْمُجْرِمُوْنَ ﴿٩٩﴾

(၉၉) ထို့ပြင် ကျွန်ုပ်တို့အား ပြစ်မှုကျူးလွန်သည့်သူများကပင် လမ်းလွဲစေခဲ့ကြသည်။

فَمَا لَنَا مِنْ شَافِعِيْنَ ﴿١٠٠﴾

(၁၀၀) သို့ဖြစ်ရာ ကျွန်ုပ်တို့အတွက် ကြားဝင်အသနားခံပေးမည့်သူ မည်သူမျှ မရှိတော့ပေ။

وَلَا صَدِيْقٍ حَمِيْمٍ ﴿١٠١﴾

(၁၀၁) ထို့ပြင် ရင်းနှီးသော မိတ်ဆွေလည်း မည်သူမျှ မရှိတော့ပေ။

فَلَوْ اَنَّ لَنَا كَرَّةً فَنَكُوْنَ مِنَ الْمُؤْمِنِيْنَ ﴿١٠٢﴾

(၁၀၂) သို့ဖြစ်ရာ အကယ်၍ ကျွန်ုပ်တို့အတွက် (လောကကို)နောက်တစ်ကြိမ် ပြန်သွားခွင့်ရရှိကြမည်ဆိုလျှင် ကောင်းလေစွ။ သို့ဖြစ်လျှင် ကျွန်ုပ်တို့သည် မုအ်မင်န်ယုံကြည်သူများထဲတွင် ဖြစ်ကြမည်။

اِنَّ فِيْ ذٰلِكَ لَاٰيَةً ۗ وَمَا كَانَ اَكْثَرُهُمْ مُّؤْمِنِيْنَ ﴿١٠٣﴾

(၁၀၃) အမှန်စင်စစ် ထိုအထဲတွင် ကြီးကျယ်သောသက်သေလက္ခဏာ တစ်ခုရှိသည်။ထို့ပြင်သူတို့ထဲမှအများစုသည်ယုံကြည်မည့်သူများမဟုတ်ကြပေ။

وَاِنَّ رَبَّكَ لَهُوَ الْعَزِيْزُ الرَّحِيْمُ ﴿١٠٤﴾

(၁၀၄) ထို့ပြင် အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသောအရှင်၊ အလွန်သနား ကြင်နာတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူသည်။

كَذَّبَتْ قَوْمُ نُوْحِ ِۨ الْمُرْسَلِيْنَ ﴿١٠٥﴾

(၁၀၅) (တမန်တော်)နူးဟ်၏အမျိုးသားများသည် တမန်တော်များအား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။❶

❶ တမန်တော်နူးဟ် ﷺရဲ့ အမျိုးသားတွေဟာ တကယ်တော့ တမန်တော်နူးဟ် ﷺတစ်ပါးတည်းကိုပဲ ငြင်းပယ်ခဲ့ကြတာဖြစ်တယ်။ ဒါပေမဲ့ တမန်တော်တစ်ပါးကို ငြင်းပယ်ခြင်းဟာ တမန်တော်တွေအားလုံးကို ငြင်းပယ်တာနဲ့ အတူတူပဲ ဖြစ်တဲ့အတွက် အရှင်မြတ်က သူတို့ဟာ တမန်တော်တွေကို ငြင်းပယ်ခဲ့တယ်လို့ မိန့်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

إِذْ قَالَ لَهُمْ أَخُوهُمْ نُوحٌ أَلَا تَتَّقُونَ ﴿١٠٦﴾

(၁၀၆) တစ်ခါတွင် သူတို့အား သူတို့၏နောင်တော်(တမန်တော်)နူးဟ်က ပြောကြားခဲ့သည်။ အသင်တို့သည် (အလ္လာဟ်အရှင်မြတ်အား) မကြောက်ရွံ့ကြသလော။

إِنِّي لَكُمْ رَسُولٌ أَمِينٌ ﴿١٠٧﴾

(၁၀၇) အမှန်စင်စစ် ကျွန်ုပ်သည် အသင်တို့အတွက် ယုံကြည်စိတ်ချရသော တမန်တော်တစ်ပါးဖြစ်သည်။

فَاتَّقُوا اللَّهَ وَأَطِيعُونِ ﴿١٠٨﴾

(၁၀၈) သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထို့ပြင် အသင်တို့သည် ကျွန်ုပ်၏အမိန့်ကို လိုက်နာကြပါ။

وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ ۖ إِنْ أَجْرِيَ إِلَّا عَلَىٰ رَبِّ الْعَالَمِينَ ﴿١٠٩﴾

(၁၀၉) ထို့ပြင် ကျွန်ုပ်သည် ထိုအလုပ်အပေါ်တွင် အသင်တို့ထံမှမည်သည့်အကျိုးတစ်ခုမျှ တောင်းဆိုခြင်းမရှိပေ။ ကျွန်ုပ်ကို အကျိုးပေးရန် တာဝန်သည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အပေါ်တွင်သာရှိသည်။

فَاتَّقُوا اللَّهَ وَأَطِيعُونِ ﴿١١٠﴾

(၁၁၀) သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထို့ပြင် အသင်တို့သည် ကျွန်ုပ်၏အမိန့်ကို လိုက်နာကြပါ။

قَالُوا أَنُؤْمِنُ لَكَ وَاتَّبَعَكَ الْأَرْذَلُونَ ﴿١١١﴾

(၁၁၁) သူတို့က ပြောဆိုကြသည်- ကျွန်ုပ်တို့သည် အသင့်အား ယုံကြည်ရမည်လော။ ထို့ပြင်လည်း ဂုဏ်အသရေ အသေးသိမ်ဆုံးသူများသာ အသင်၏ နောက်လိုက်များ ဖြစ်နေကြပြန်သည်။

قَالَ وَمَا عِلْمِي بِمَا كَانُوا يَعْمَلُونَ ﴿١١٢﴾

(၁၁၂) ၎င်း(တမန်တော်နူးဟ်)က ပြောသည်- ထို့ပြင် ကျွန်ုပ်သည်

သူတို့၏အလုပ်အကိုင်နှင့်ပတ်သက်၍ မည်သို့သိမည်နည်း။

إِنْ حِسَابُهُمْ إِلَّا عَلَىٰ رَبِّي ۖ لَوْ تَشْعُرُونَ ﴿١١٣﴾

(၁၁၃) သူတို့အား စစ်ဆေးရန်တာဝန်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အပေါ်တွင်သာ ရှိသည်ကို အသင်တို့သိကြလျှင် ကောင်းလေစွ။

وَمَا أَنَا بِطَارِدِ الْمُؤْمِنِينَ ﴿١١٤﴾

(၁၁၄) ထို့ပြင် ကျွန်ုပ်သည် မုအ်မင်န်ယုံကြည်သူများကို နှင်ထုတ်မည့်သူ မဟုတ်ပေ။❶

❶ တမန်တော်နူးဟ် عليه السلام ကို အီမာန်ယုံကြည်သူ အများစုဟာ ဆင်းရဲနွမ်းပါးသူတွေဖြစ်ကြတဲ့အတွက် ချမ်းသာတဲ့သူတွေက သူတို့ကို ယုံကြည်ဖို့ ဖိတ်ခေါ်တယ်ဆိုရင် အဲဒီဆင်းရဲသားတွေကို တမန်တော့်အနားကနေ နှင်ထုတ်ပေးဖို့ တောင်းဆိုခဲ့ကြတယ်။ အဲဒီအပေါ်မှာ တမန်တော်က နှင်ထုတ်မပေးနိုင်ဘူးလို့ ပြောခဲ့တာဖြစ်တယ်။ ဒါဟာ တမန်တော်တွေရဲ့မျက်နှာမလိုက်မှုကို ထင်ရှားစေခဲ့တယ်။ (အလင်းပြကျမ်း)

إِنْ أَنَا إِلَّا نَذِيرٌ مُّبِينٌ ﴿١١٥﴾

(၁၁၅) ကျွန်ုပ်သည် ရှင်းလင်းစွာ သတိပေးနှိုးဆော်သူတစ်ဦးသာဖြစ်သည်။

قَالُوا لَئِن لَّمْ تَنتَهِ يَا نُوحُ لَتَكُونَنَّ مِنَ الْمَرْجُومِينَ ﴿١١٦﴾

(၁၁၆) သူတို့က ပြောဆိုကြသည်- အို-နူးဟ်၊ အကယ်၍ အသင်သည် မရပ်တန့်ခဲ့လျှင် အမှန်ပင် အသင်သည် ခဲပစ်ပေါက်(၍ သတ်ဖြတ်)ခြင်းခံရမည့်သူများထဲတွင် အပါအဝင် ဖြစ်သွားမည်။

قَالَ رَبِّ إِنَّ قَوْمِي كَذَّبُونِ ﴿١١٧﴾

(၁၁၇) ၎င်း(တမန်တော်နူးဟ်)က ပြောဆိုလျှောက်ထားသည်- အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အမှန်စင်စစ် ကျွန်ုပ်၏အမျိုးသားများသည် ကျွန်ုပ်အား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြပြီဖြစ်ပါသည်။

فَافْتَحْ بَيْنِي وَبَيْنَهُمْ فَتْحًا وَنَجِّنِي وَمَن مَّعِيَ مِنَ الْمُؤْمِنِينَ ﴿١١٨﴾

(၁၁၈) သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်ုပ်နှင့် သူတို့ကြားတွင် ထင်ရှားသော အဆုံးအဖြတ်ကို စီရင်ဆုံးဖြတ်ပေးတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်ကိုသာမက ကျွန်ုပ်နှင့်အတူရှိသော မုအ်မင်န်ယုံကြည်သူများကိုလည်း ကယ်တင်တော်မူပါ။

فَأَنجَيْنَاهُ وَمَن مَّعَهُ فِي الْفُلْكِ الْمَشْحُونِ ﴿١١٩﴾

(၁၁၉) သို့ဖြစ်ရာ ငါအရှင်မြတ်သည် (တမန်တော်)နူးဟ်ကိုသာမက ၎င်းနှင့်အတူ ဝန်အပြည့်တင်ထားသော သင်္ဘောပေါ်တွင် ပါလာကြသော အီမာန်ယုံကြည်သူများကိုလည်း ကယ်တင်တော်မူခဲ့သည်။

ثُمَّ اَغۡرَقۡنَا بَعۡدُ الۡبٰقِيۡنَ ﴿١٢٠﴾

(၁၂၀) ထို့နောက် ငါအရှင်မြတ်သည် ကျန်ရှိသူများကို နစ်မြုပ်တော်မူခဲ့သည်။

اِنَّ فِىۡ ذٰلِكَ لَاٰيَةً ‌ؕ وَمَا كَانَ اَكۡثَرُهُمۡ مُّؤۡمِنِيۡنَ ﴿١٢١﴾

(၁၂၁) အမှန်စင်စစ် ထိုအထဲတွင် ကြီးကျယ်သောသက်သေလက္ခဏာ တစ်ခုရှိသည်။ထို့ပြင်သူတို့ထဲမှအများစုသည်ယုံကြည်မည့်သူများမဟုတ်ကြပေ။

وَاِنَّ رَبَّكَ لَهُوَ الۡعَزِيۡزُ الرَّحِيۡمُ ﴿١٢٢﴾

(၁၂၂) ထို့ပြင် အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူသည်။

كَذَّبَتۡ عَادُ ۨالۡمُرۡسَلِيۡنَ ﴿١٢٣﴾

(၁၂၃) အာဒ်အမျိုးသားများလည်း တမန်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။

اِذۡ قَالَ لَهُمۡ اَخُوۡهُمۡ هُوۡدٌ اَلَا تَتَّقُوۡنَ ﴿١٢٤﴾

(၁၂၄) တစ်ခါတွင် သူတို့၏နောင်တော်(တမန်တော်)ဟူဒ်က သူတို့ကို ပြောကြားခဲ့သည်- အသင်တို့သည် (အလ္လာဟ်အရှင်မြတ်အား) မကြောက်ကြလေသလော။

اِنِّىۡ لَـكُمۡ رَسُوۡلٌ اَمِيۡنٌ ﴿١٢٥﴾

(၁၂၅) အမှန်စင်စစ် ကျွန်ုပ်သည် အသင်တို့အတွက် ယုံကြည်စိတ်ချရသော တမန်တော်တစ်ပါးဖြစ်သည်။

فَاتَّقُوا اللّٰهَ وَاَطِيۡعُوۡنِ ﴿١٢٦﴾

(၁၂၆) သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြပါ။ ထို့ပြင် အသင်တို့သည် ကျွန်ုပ်၏အမိန့်ကို လိုက်နာကြပါ။

وَمَاۤ اَسۡـئَلُكُمۡ عَلَيۡهِ مِنۡ اَجۡرٍ‌ ۚ اِنۡ اَجۡرِىَ اِلَّا عَلٰى رَبِّ الۡعٰلَمِيۡنَ ﴿١٢٧﴾

(၁၂၇) ထို့ပြင် ကျွန်ုပ်သည် ထိုအလုပ်အပေါ်တွင် အသင်တို့ထံမှမည်သည့်အကျိုးတစ်ခုမျှ တောင်းဆိုခြင်းမရှိပေ။ ကျွန်ုပ်အား အကျိုးပေးရန် တာဝန်

သည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အပေါ်
တွင်သာရှိသည်။

اَتَبۡنُوۡنَ بِكُلِّ رِيۡعٍ اٰيَةً تَعۡبَثُوۡنَ ﴿١٢٨﴾

(၁၂၈) အသင်တို့သည် ကုန်းမြင့်တိုင်းတွင် အထိမ်းအမှတ်တစ်ခု
အကျိုးမဲ့တည်ဆောက်ကြသလော။❶

❶ ဘာရည်ရွယ်ချက်မှ မရှိဘဲ၊ အကျိုးလည်းမရှိတဲ့ အထိမ်းအမှတ်အဆောက်အအုံတွေကို တောင်ကုန်းတွေပေါ်မှာ တည်ဆောက်ကြတာကို ဆိုလိုတယ်။ (အာစာနုိသရ်ဂျမဟ်)

وَتَتَّخِذُوۡنَ مَصَانِعَ لَعَلَّكُمۡ تَخۡلُدُوۡنَ ﴿١٢٩﴾

(၁၂၉) ထို့ပြင် အသင်တို့သည် ကြီးကျယ်ခမ်းနားသောတိုက်တာဂေဟာ
များကို အသင်တို့ အမြဲနေထိုင်ကြရမည့်ကဲ့သို့ တည်ဆောက်ကြသည်။

وَاِذَا بَطَشۡتُمۡ بَطَشۡتُمۡ جَبَّارِيۡنَ ﴿١٣٠﴾

(၁၃၀)ထို့ပြင် အသင်တို့သည် ဖမ်းဆီးအရေးယူကြသည့်အခါ ရက်စက်
ကြမ်းကြုတ်သူများအဖြစ် ဖမ်းဆီးအရေးယူကြသည်။

فَاتَّقُوا اللّٰهَ وَاَطِيۡعُوۡنِ ﴿١٣١﴾

(၁၃၁) သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်
ရွံ့ကြပါ။ ထို့ပြင် အသင်တို့သည် ကျွန်ုပ်၏အမိန့်ကို လိုက်နာကြပါ။

وَاتَّقُوا الَّذِىۡۤ اَمَدَّكُمۡ بِمَا تَعۡلَمُوۡنَ ﴿١٣٢﴾

(၁၃၂) ထို့ပြင် အသင်တို့သည် အသင်တို့ သိရှိသည့်အရာများနှင့်
ကူညီစောင်မတော်မူခဲ့သော အကြင်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။

اَمَدَّكُمۡ بِاَنۡعَامٍ وَّبَنِيۡنَ ﴿١٣٣﴾

(၁၃၃) ထိုအရှင်မြတ်သည် အသင်တို့အား ကျွဲ၊ နွား တိရစ္ဆာန်များနှင့်
သား(သမီး)များဖြင့် ကူညီစောင်မတော်မူခဲ့သည်။

وَجَنّٰتٍ وَّعُيُوۡنٍ ﴿١٣٤﴾

(၁၃၄) ထို့ပြင် ဥယျာဉ်များနှင့် စမ်းချောင်းများဖြင့်လည်း (ကူညီတော်
မူခဲ့သည်)။

اِنِّىۡۤ اَخَافُ عَلَيۡكُمۡ عَذَابَ يَوۡمٍ عَظِيۡمٍ ﴿١٣٥﴾

(၁၃၅) အမှန်စင်စစ် ကျွန်ုပ်သည် အသင်တို့နှင့်ပတ်သက်၍ ကြီးကျယ်
လှသည့်နေ့၏ပြစ်ဒဏ်ကို စိုးရိမ်မိသည်။

قَالُوۡا سَوَآءٌ عَلَيۡنَاۤ اَوَعَظۡتَ اَمۡ لَمۡ تَكُنۡ مِّنَ الۡوٰعِظِيۡنَ ﴿١٣٦﴾

(၁၃၆) သူတို့က ပြောဆိုခဲ့ကြသည်- အသင်သည် ဆုံးမသည်ဖြစ်စေ၊ မဆုံးမဘဲနေသည်ဖြစ်စေ၊ ကျွန်ုပ်တို့အတွက် အတူတူပင်ဖြစ်သည်။ (မည်သည့် အကြောင်းမှ ထူးမည်မဟုတ်ပေ)။

اِنۡ هٰذَاۤ اِلَّا خُلُقُ الۡاَوَّلِيۡنَ ﴿١٣٧﴾

(၁၃၇) ဤသည် ရှေးယခင်ကလူများ၏ ဓလေ့ထုံးစံမျှသာ ဖြစ်သည်။

وَمَا نَحۡنُ بِمُعَذَّبِيۡنَ ﴿١٣٨﴾

(၁၃၈) ထို့ပြင် ကျွန်ုပ်တို့သည် ပြစ်ဒဏ်ပေးခြင်းခံရမည့်သူများမဟုတ်ပေ။

فَكَذَّبُوۡهُ فَاَهۡلَكۡنٰهُمۡ‌ ؕ اِنَّ فِىۡ ذٰ لِكَ لَاٰيَةً‌  ؕ وَمَا كَانَ اَكۡثَرُهُمۡ مُّؤۡمِنِيۡنَ ﴿١٣٩﴾

(၁၃၉) ထို့နောက် သူတို့သည် (တမန်တော်)ဟူဒ်အား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည့်အတွက် ငါအရှင်မြတ်သည် သူတို့အား (ပြင်းထန်လှစွာသော လေပြင်းမုန်တိုင်းဖြင့်) ဖျက်ဆီးတော်မူခဲ့သည်။ အမှန်စင်စစ် ထိုအထဲတွင် ကြီးကျယ်သောသက်သေလက္ခဏာတစ်ခု ရှိသည်။ ထို့ပြင် သူတို့ထဲမှအများစုသည် ယုံကြည်မည့်သူများမဟုတ်ကြပေ။

وَاِنَّ رَبَّكَ لَهُوَ الۡعَزِيۡزُ الرَّحِيۡمُ ﴿١٤٠﴾

(၁၄၀) ထို့ပြင် အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

كَذَّبَتۡ ثَمُوۡدُ الۡمُرۡسَلِيۡنَ ﴿١٤١﴾

(၁၄၁) ဆမူဒ်အမျိုးသားများသည်လည်း တမန်တော်များအား မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည်။

اِذۡ قَالَ لَهُمۡ اَخُوۡهُمۡ صٰلِحٌ اَلَا تَتَّقُوۡنَ‌ ﴿١٤٢﴾

(၁၄၂) တစ်ခါတွင် သူတို့အား သူတို့၏နောင်တော် (တမန်တော်) စွာလိဟ်က ပြောဆိုခဲ့သည်- အသင်တို့သည် (အလ္လာဟ်အရှင်မြတ်အား) မကြောက်ကြလေသလော။

اِنِّىۡ لَـكُمۡ رَسُوۡلٌ اَمِيۡنٌ ۙ‏ ﴿١٤٣﴾

(၁၄၃) အမှန်စင်စစ် ကျွန်ုပ်သည် အသင်တို့အတွက် ယုံကြည်စိတ်ချရသောတမန်တော်တစ်ပါး ဖြစ်သည်။

فَاتَّقُوا اللّٰهَ وَاَطِيۡعُوۡنِ‌ ﴿١٤٤﴾

(၁၄၄) သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထို့ပြင် အသင်တို့သည် ကျွန်ုပ်၏အမိန့်ကို လိုက်နာကြပါ။

وَمَآ اَسۡـَٔلُكُمۡ عَلَيۡهِ مِنۡ اَجۡرٍ‌ ۚ اِنۡ اَجۡرِىَ اِلَّا عَلٰى رَبِّ الۡعٰلَمِيۡنَ ؕ‏ ﴿١٤٥﴾

(၁၄၅) ထို့ပြင် ကျွန်ုပ်သည် ထိုအလုပ်အပေါ်တွင် အသင်တို့ထံမှ မည်သည့်အကျိုးတစ်ခုမျှ တောင်းဆိုခြင်းမရှိပေ။ ကျွန်ုပ်ကို အကျိုးပေးရန်တာဝန်မှာ စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အပေါ်တွင်သာ ရှိသည်။

اَتُتۡرَكُوۡنَ فِىۡ مَا هٰهُنَاۤ اٰمِنِيۡنَۙ‏ ﴿١٤٦﴾

(၁၄၆) အသင်တို့သည် ဤဘဝ၌ ရှိသည့်အရာများထဲတွင် အေးချမ်းစွာ(နှင့် အမြဲနေထိုင်ရန်) စွန့်လွှတ်ထားခြင်းကို ခံကြရမည်လော။❶

❶ အရှင်မြတ်က ဒီစည်းစိမ်တွေကို အသင်တို့ကိုပေးပြီး အမြဲထားလိမ့်မယ်လို့ ထင်မှတ်နေသလား။ အရှင်မြတ်ကို ကျေးဇူးကန်းရင် ဖျက်ဆီးပစ်တော်မူမှာတင်မက အသင်တို့ရဲ့သတ်မှတ်ကာလ ကုန်ဆုံးရင်လည်း ပြန်လည်ရုပ်သိမ်းလိုက်မှာဖြစ်တယ်ဆိုတာ သတိပြုထားဖို့ ဆိုလိုတယ်။
(ဟာရှီယဟ် ဂျလာလိုင်န်၊ သိုင်စီရ္ဒလ်ကရီမိရ်ရဟ်မာန်)

فِىۡ جَنّٰتٍ وَّعُيُوۡنٍۙ‏ ﴿١٤٧﴾

(၁၄၇) ဥယျာဉ်များနှင့် စမ်းချောင်းများတွင်။

وَّزُرُوۡعٍ وَّنَخۡلٍ طَلۡعُهَا هَضِيۡمٌ‌ۚ‏ ﴿١٤٨﴾

(၁၄၈) ထို့ပြင် လယ်ယာများနှင့် စွန်ပလွံသီးအခိုင်များ ပွတ်နေသော စွန်ပလွံခြံများတွင်။

وَتَنۡحِتُوۡنَ مِنَ الۡجِبَالِ بُيُوۡتًا فٰرِهِيۡنَ‌ۚ‏ ﴿١٤٩﴾

(၁၄၉) ထို့ပြင် အသင်တို့သည် တောင်များကို အိမ်များဖြစ်အောင် ကျွမ်းကျင်စွာ ထွင်းကြသည်။

فَاتَّقُوا اللّٰهَ وَاَطِيۡعُوۡنِ‌ۚ‏ ﴿١٥٠﴾

(၁၅၀) သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထို့ပြင် အသင်တို့သည် ကျွန်ုပ်၏အမိန့်ကို လိုက်နာကြပါ။

وَلَا تُطِيۡعُوۡۤا اَمۡرَ الۡمُسۡرِفِيۡنَۙ‏ ﴿١٥١﴾

(၁၅၁) ထို့ပြင် အသင်တို့သည် စည်းကမ်းကျူးလွန်သည့်သူများ၏ အမိန့်ကို မလိုက်နာကြနှင့်။

الَّذِيۡنَ يُفۡسِدُوۡنَ فِى الۡاَرۡضِ وَلَا يُصۡلِحُوۡنَ‏ ﴿١٥٢﴾

(၁၅၂) ထိုသူများသည် တိုင်းပြည်တွင် ဖျက်လိုဖျက်ဆီး ပြုလုပ်ကြ

သည်။ ထို့ပြင် (တိုင်းပြည်ကို) ကောင်းမွန်အောင် မပြုပြင်ကြပေ။

قَالُوْۤا اِنَّمَاۤ اَنْتَ مِنَ الْمُسَحَّرِيْنَ ﴿١٥٣﴾

(၁၅၃) သူတို့က ပြောဆိုခဲ့ကြသည်- အသင်သည် ပြင်းထန်စွာ စုန်းပြုစားခြင်း ခံရသူတစ်ဦးသာ ဖြစ်သည်။

مَاۤ اَنْتَ اِلَّا بَشَرٌ مِّثْلُنَا ۖۚ فَاْتِ بِاٰيَةٍ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ﴿١٥٤﴾

(၁၅၄) အသင်သည် ကျွန်ုပ်တို့ကဲ့သို့ လူသားတစ်ဦးသာ ဖြစ်သည်။ သို့ဖြစ်ရာ အသင်သည် မှန်ကန်သူဖြစ်ခဲ့လျှင် သက်သေသာဓကတစ်ခု ယူဆောင်လာခဲ့ပါ။

قَالَ هٰذِهٖ نَاقَةٌ لَّهَا شِرْبٌ وَّلَكُمْ شِرْبُ يَوْمٍ مَّعْلُوْمٍ ﴿١٥٥﴾

(၁၅၅) ၎င်း(တမန်တော်စွာလိဟ်)က ပြောဆိုခဲ့သည်- ဤသည် ကုလားအုတ်မတစ်ကောင်ဖြစ်သည်။ သူ့အတွက် ရေသောက်ရန် အလှည့်တစ်လှည့်ရှိပြီး အသင်တို့အတွက်လည်း သတ်မှတ်ထားသော နေ့တစ်နေ့တွင် ရေသောက်ရန် အလှည့်တစ်လှည့်ရှိသည်။

وَلَا تَمَسُّوْهَا بِسُوْٓءٍ فَيَاْخُذَكُمْ عَذَابُ يَوْمٍ عَظِيْمٍ ﴿١٥٦﴾

(၁၅၆) ထို့ပြင် အသင်တို့သည် ထိုကုလားအုတ်မကို မကောင်း(သောရည်ရွယ်ချက်)ဖြင့် မထိပါးကြနှင့်။ ထိုသို့ထိပါးခဲ့လျှင် ကြီးကျယ်သည့်နေ့၏ ပြစ်ဒဏ်သည် အသင်တို့ကို ဖမ်းဆီးကွပ်မျက်လိမ့်မည်။

فَعَقَرُوْهَا فَاَصْبَحُوْا نٰدِمِيْنَ ﴿١٥٧﴾

(၁၅၇) ထို့နောက် သူတို့သည် ကုလားအုတ်မ၏ခြေများကို ဖြတ်တောက်ခဲ့ကြသည်။ သို့ဖြစ်ရာ သူတို့သည် အရှက်တကွဲ နောင်တရသည့်သူများဖြစ်သွားခဲ့ကြသည်။

فَاَخَذَهُمُ الْعَذَابُ ؕ اِنَّ فِيْ ذٰلِكَ لَاٰيَةً ؕ وَمَا كَانَ اَكْثَرُهُمْ مُّؤْمِنِيْنَ ﴿١٥٨﴾

(၁၅၈) သို့ဖြစ်ရာ ပြစ်ဒဏ်သည် သူတို့ကို ဖမ်းဆီးကွပ်မျက်ခဲ့သည်။ အမှန်စင်စစ် ထိုအထဲတွင် ကြီးကျယ်သော သက်သေလက္ခဏာတစ်ခု ရှိသည်။ ထို့ပြင် သူတို့ထဲမှအများစုသည် ယုံကြည်မည့်သူများမဟုတ်ကြပေ။

وَاِنَّ رَبَّكَ لَهُوَ الْعَزِيْزُ الرَّحِيْمُ ﴿١٥٩﴾

(၁၅၉) ထို့ပြင် အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူသည်။

كَذَّبَتْ قَوْمُ لُوطٍ الْمُرْسَلِينَ ﴿١٦٠﴾

(၁၆၀) (တမန်တော်)လူသွ်၏အမျိုးသားများသည် တမန်တော်များအား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။

اِذْ قَالَ لَهُمْ اَخُوهُمْ لُوطٌ اَلَا تَتَّقُوْنَ ﴿١٦١﴾

(၁၆၁) တစ်ခါတွင် သူတို့အား သူတို့၏နောင်တော်(တမန်တော်)လူသွ်က ပြောကြားခဲ့သည်- အသင်တို့သည် (အလ္လာဟ်အရှင်မြတ်အား) မကြောက်ကြလေသလော။

اِنِّيْ لَكُمْ رَسُوْلٌ اَمِيْنٌ ﴿١٦٢﴾

(၁၆၂) အမှန်စင်စစ် ကျွန်ုပ်သည် အသင်တို့အတွက် ယုံကြည်စိတ်ချရသော တမန်တော်တစ်ပါးဖြစ်သည်။

فَاتَّقُوا اللّٰهَ وَاَطِيْعُوْنِ ﴿١٦٣﴾

(၁၆၃) သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထို့ပြင် အသင်တို့သည် ကျွန်ုပ်၏အမိန့်ကို လိုက်နာကြပါ။

وَمَآ اَسْـَٔلُكُمْ عَلَيْهِ مِنْ اَجْرٍ ۚ اِنْ اَجْرِيَ اِلَّا عَلٰى رَبِّ الْعٰلَمِيْنَ ﴿١٦٤﴾

(၁၆၄) ထို့ပြင် ကျွန်ုပ်သည် ထိုအလုပ်အပေါ်တွင် အသင်တို့ထံမှ မည်သည့်အကျိုးတစ်ခုမျှ တောင်းဆိုခြင်း မရှိပေ။ ကျွန်ုပ်ကို အကျိုးပေးရန်တာဝန်မှာ စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အပေါ်တွင်သာ ရှိသည်။

اَتَاْتُوْنَ الذُّكْرَانَ مِنَ الْعٰلَمِيْنَ ﴿١٦٥﴾

(၁၆၅) အသင်တို့သည် ကမ္ဘာသူကမ္ဘာသားများထဲမှ ယောကျ်ားများထံသို့ လာ(၍ ကာမလိုက်စား)ကြသလော။

وَتَذَرُوْنَ مَا خَلَقَ لَكُمْ رَبُّكُمْ مِّنْ اَزْوَاجِكُمْ ۭ بَلْ اَنْتُمْ قَوْمٌ عٰدُوْنَ ﴿١٦٦﴾

(၁၆၆) ထို့ပြင် အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က အသင်တို့အတွက် ဖန်ဆင်းတော်မူထားသောအသင်တို့၏ ဇနီးမိန်းမများကိုမူ စွန့်ထားကြသလော။ အမှန်စင်စစ် အသင်တို့သည် စည်းကမ်းကျူးကျော်သော ယောကျ်ားများပင် ဖြစ်ကြသည်။

قَالُوْا لَىِٕنْ لَّمْ تَنْتَهِ يٰلُوْطُ لَتَكُوْنَنَّ مِنَ الْمُخْرَجِيْنَ ﴿١٦٧﴾

(၁၆၇) သူတို့က ပြောဆိုခဲ့ကြသည်- အို-လူသွ်၊ အကယ်၍ အသင်သည် မရပ်တန့်ခဲ့လျှင် အမှန်ပင် အသင်သည် (တိုင်းပြည်က)နှင်ထုတ်ခံရမည့်

သူတစ်ဦး ဖြစ်သွားမည်။

قَالَ اِنِّیۡ لِعَمَلِکُمۡ مِّنَ الۡقَالِیۡنَ ﴿١٦٨﴾

(၁၆၈) ၎င်းကပြောကြားခဲ့သည်- အမှန်စင်စစ် ကျွန်ုပ်သည် အသင်တို့၏လုပ်ရပ်ကို အလွန်စက်ဆုပ်သူတစ်ဦးပင် ဖြစ်သည်။

رَبِّ نَجِّنِیۡ وَ اَهۡلِیۡ مِمَّا یَعۡمَلُوۡنَ ﴿١٦٩﴾

(၁၆၉) အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်ုပ်နှင့် ကျွန်ုပ်၏အိမ်သူအိမ်သား (နောက်လိုက်ငယ်သား)များကို သူတို့ပြုကျင့်နေကြသောအရာများမှ လွတ်ကင်းစေတော်မူပါ။

فَنَجَّیۡنٰهُ وَ اَهۡلَهٗۤ اَجۡمَعِیۡنَ ﴿١٧٠﴾

(၁၇၀) သို့ဖြစ်ရာ ငါအရှင်မြတ်သည် ၎င်းနှင့် ၎င်း၏အိမ်သူအိမ်သား (တပည့်သား)အားလုံးကို ကယ်တင်တော်မူခဲ့သည်။

اِلَّا عَجُوۡزًا فِی الۡغٰبِرِیۡنَ ﴿١٧١﴾

(၁၇၁) သို့ရာတွင် အဘွားအိုတစ်ဦးမှာမူ နောက်တွင် ကျန်ရစ်ခဲ့သူများထဲ၌ ကျန်ရစ်ခဲ့သည်။

ثُمَّ دَمَّرۡنَا الۡاٰخَرِیۡنَ ﴿١٧٢﴾

(၁၇၂) ထို့နောက် ငါအရှင်မြတ်သည် ကျန်သူအားလုံးကို ဖျက်ဆီးတော်မူခဲ့သည်။

وَ اَمۡطَرۡنَا عَلَیۡهِمۡ مَّطَرًا ۚ فَسَآءَ مَطَرُ الۡمُنۡذَرِیۡنَ ﴿١٧٣﴾

(၁၇၃) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အပေါ်တွင် မိုးတစ်မျိုး(ခဲမိုး)ကို ရွာသွန်းစေတော်မူခဲ့သည်။ ထို့နောက် သတိပေးနှိုးဆော်ခြင်းခံကြရသူများ၏ (အပေါ်တွင် ရွာသွန်းချခဲ့သည့်)မိုးသည် အလွန်ဆိုးရွားလှသည်။

اِنَّ فِیۡ ذٰلِکَ لَاٰیَۃً ؕ وَ مَا کَانَ اَکۡثَرُهُمۡ مُّؤۡمِنِیۡنَ ﴿١٧٤﴾

(၁၇၄) အမှန်စင်စစ် ထိုအထဲတွင် ကြီးကျယ်သောသက်သေလက္ခဏာတစ်ခုရှိသည်။ ထို့ပြင်သူတို့ထဲမှအများစုသည်ယုံကြည်မည့်သူများမဟုတ်ကြပေ။

وَ اِنَّ رَبَّکَ لَهُوَ الۡعَزِیۡزُ الرَّحِیۡمُ ﴿١٧٥﴾

(၁၇၅) ထို့ပြင် အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူသည်။

کَذَّبَ اَصۡحٰبُ لۡـَٔیۡکَۃِ الۡمُرۡسَلِیۡنَ ﴿١٧٦﴾

(၁၇၆) တောအုပ်တွင် နေထိုင်ကြသော အမျိုးသားများသည်လည်း တမန်တော်များအား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။

إِذْ قَالَ لَهُمْ شُعَيْبٌ أَلَا تَتَّقُونَ ﴿١٧٧﴾

(၁၇၇) တစ်ခါတွင် သူတို့အား(တမန်တော်)ရှုအိုင်ဗ်က ပြောကြားခဲ့သည်၊ အသင်တို့သည် (အလ္လာဟ်အရှင်မြတ်အား) မကြောက်ကြသလော။

إِنِّي لَكُمْ رَسُولٌ أَمِينٌ ﴿١٧٨﴾

(၁၇၈) အမှန်စင်စစ် ကျွန်ုပ်သည် အသင်တို့အတွက် ယုံကြည်စိတ်ချရသော တမန်တော်တစ်ပါးဖြစ်သည်။

فَاتَّقُوا اللَّهَ وَأَطِيعُونِ ﴿١٧٩﴾

(၁၇၉) သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထို့ပြင် အသင်တို့သည် ကျွန်ုပ်၏အမိန့်ကို လိုက်နာကြပါ။

وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ ۖ إِنْ أَجْرِيَ إِلَّا عَلَىٰ رَبِّ الْعَالَمِينَ ﴿١٨٠﴾

(၁၈၀) ထို့ပြင် ကျွန်ုပ်သည် ထိုအလုပ်အပေါ်တွင် အသင်တို့ထံမှမည်သည့်အကျိုးတစ်ခုမျှ တောင်းဆိုခြင်းမရှိပေ။ ကျွန်ုပ်အား အကျိုးပေးရန်တာဝန်မှာ စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အပေါ်တွင်သာ ရှိသည်။

أَوْفُوا الْكَيْلَ وَلَا تَكُونُوا مِنَ الْمُخْسِرِينَ ﴿١٨١﴾

(၁၈၁) အသင်တို့သည် အခြင်အတွယ်ကို အပြည့်(ခြင်ပြီး)ပေးကြပါ။ ထို့ပြင် အသင်တို့သည် (သူတစ်ပါးအား)လျှော့နည်းဆုံးရှုံးအောင် လုပ်သည့်သူများ မဖြစ်ကြနှင့်။

وَزِنُوا بِالْقِسْطَاسِ الْمُسْتَقِيمِ ﴿١٨٢﴾

(၁၈၂) ထို့ပြင် အသင်တို့သည် မှန်ကန်သောချိန်ခွင်ဖြင့် ချိန်တွယ်ကြပါ။

وَلَا تَبْخَسُوا النَّاسَ أَشْيَاءَهُمْ وَلَا تَعْثَوْا فِي الْأَرْضِ مُفْسِدِينَ ﴿١٨٣﴾

(၁၈၃) ထို့ပြင် အသင်တို့သည် လူများအား သူတို့၏ပစ္စည်းများကို လျှော့၍မပေးကြနှင့်။ ထို့ပြင် အသင်တို့သည် တိုင်းပြည်တွင် ဖျက်ဆီးသူများအဖြစ် သွားလာလှုပ်ရှားသောင်းကျန်းမှု မပြုကြနှင့်။

وَاتَّقُوا الَّذِي خَلَقَكُمْ وَالْجِبِلَّةَ الْأَوَّلِينَ ﴿١٨٤﴾

(၁၈၄) ထို့ပြင် အသင်တို့သည် အသင်တို့နှင့် အသင်တို့၏မတိုင်မီ အဖန်ဆင်းခံများကို ဖန်ဆင်းတော်မူသောအရှင်အား ကြောက်ရွံ့ကြပါ။

قَالُوْٓا اِنَّمَآ اَنْتَ مِنَ الْمُسَحَّرِيْنَ ﴿١٨٥﴾

(၁၈၅) သူတို့က ပြောဆိုခဲ့ကြသည်- အသင်သည် ပြင်းထန်စွာ စုန်းပြုစားခြင်းခံရသူတစ်ဦးပင် ဖြစ်သည်။

وَمَآ اَنْتَ اِلَّا بَشَرٌ مِّثْلُنَا وَاِنْ نَّظُنُّكَ لَمِنَ الْكٰذِبِيْنَ ﴿١٨٦﴾

(၁၈၆) ထို့ပြင် အသင်သည် ကျွန်ုပ်တို့ကဲ့သို့ပင် လူသားတစ်ဦးသာဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား လိမ်လည်သူတစ်ဦးဖြစ်သည်ဟုပင် ထင်မှတ်ကြသည်။

فَاَسْقِطْ عَلَيْنَا كِسَفًا مِّنَ السَّمَآءِ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ﴿١٨٧﴾

(၁၈၇) သို့ဖြစ်ရာ အသင်သည် မှန်ကန်သူများထဲမှဖြစ်လျှင် ကျွန်ုပ်တို့အပေါ်တွင် မိုးကောင်းကင်မှ အစိတ်အပိုင်းတစ်စုံတစ်ခု ကျလာအောင် အသင်ပြုလုပ်ပါ။

قَالَ رَبِّيْٓ اَعْلَمُ بِمَا تَعْمَلُوْنَ ﴿١٨٨﴾

(၁၈၈) ၎င်းက ပြောကြားခဲ့သည်- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့ပြုလုပ်ကြသည်များကို အသိဆုံးအရှင်မြတ်ဖြစ်တော်မူသည်။

فَكَذَّبُوْهُ فَاَخَذَهُمْ عَذَابُ يَوْمِ الظُّلَّةِ ۗ اِنَّهٗ كَانَ عَذَابَ يَوْمٍ عَظِيْمٍ ﴿١٨٩﴾

(၁၈၉) ထို့နောက် သူတို့သည် ၎င်းအား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည့်အတွက် တိမ်အရိပ်များကျလာသည့်နေ့၏ပြစ်ဒဏ်သည် သူတို့အား ဖမ်းဆီးကွပ်မျက်ခဲ့သည်။ အမှန်စင်စစ် ထိုပြစ်ဒဏ်သည် ကြီးကျယ်သည့်နေ့၏ ပြစ်ဒဏ်ပင် ဖြစ်ခဲ့သည်။❶

❶ အရှင်မြတ်ဟာ အဲဒီအမျိုးသားတွေကို ပြစ်ဒဏ်ခတ်တော်မူတဲ့ပုံမှာ ပထမတော့ အပူရှိန်ပြင်းလာခဲ့တယ်။ အဲဒီနောက် မိုးတိမ်တွေ တက်လာခဲ့တယ်။ အဲဒီအမျိုးသားတွေဟာ အအေးဓာတ်ရချင်ကြတဲ့အတွက် မိုးတိမ်အောက်မှာ ခိုလှုံကြတယ်။ အဲဒီအခါ မိုးတိမ်က ရေမိုးမရွာဘဲ မီးမိုးရွာချခဲ့တာဖြစ်တယ်။ အောက်ကလည်း မြေလျှင်လှုပ်ခဲ့တယ်။ အလွန်ကြောက်စရာ အသံကြီးလည်း ထွက်ပေါ်လာခဲ့တယ်။ အဲဒီလိုနဲ့ သူတို့ဟာ လောင်ကျွမ်းပြီး သေကျေပျက်စီးသွားခဲ့ကြရတယ်။
(မအာရိဖွလ်ကုရ်အာန်)

اِنَّ فِيْ ذٰلِكَ لَاٰيَةً ۗ وَمَا كَانَ اَكْثَرُهُمْ مُّؤْمِنِيْنَ ﴿١٩٠﴾

(၁၉၀) အမှန်စင်စစ် ထိုအထဲတွင် ကြီးကျယ်သောသက်သေလက္ခဏာတစ်ခုရှိသည်။ ထို့ပြင် သူတို့ထဲမှအများစုသည် ယုံကြည်မည့်သူများမဟုတ်ကြပေ။

وَاِنَّ رَبَّكَ لَهُوَ الْعَزِيْزُ الرَّحِيْمُ ﴿١٩١﴾

(၁၉၁) ထို့ပြင် အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသောအရှင်၊ အလွန်သနား ကြင်နာတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူသည်။

وَاِنَّهٗ لَتَنۡزِيۡلُ رَبِّ الۡعٰلَمِيۡنَ ﴿١٩٢﴾

(၁၉၂) ထို့ပြင် အမှန်စင်စစ် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)သည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က ချပေးတော်မူသောအရာ(ကျမ်းဂန်)ဖြစ်သည်။

نَزَلَ بِهِ الرُّوۡحُ الۡاَمِيۡنُ ﴿١٩٣﴾

(၁၉၃) ယုံကြည်စိတ်ချရသော ဝိညာဉ်တော်(ကောင်းကင်တမန်တော် ဂျိဗ်ရီလ်)သည် ၎င်း(ကုရ်အာန်)ကို ယူဆောင်ချပေးခဲ့ခြင်း ဖြစ်သည်။

عَلٰى قَلۡبِكَ لِتَكُوۡنَ مِنَ الۡمُنۡذِرِيۡنَ ﴿١٩٤﴾

(၁၉၄) အသင်၏စိတ်နှလုံးပေါ်တွင် အသင်သည် သတိပေးနှိုးဆော်သူများထဲမှ ဖြစ်ရန်အတွက်(ချပေးခဲ့ခြင်းဖြစ်သည်)။

بِلِسَانٍ عَرَبِىٍّ مُّبِيۡنٍ ﴿١٩٥﴾

(၁၉၅) ရှင်းလင်းထင်ရှားသော အရဗီစကားဖြင့်။

وَاِنَّهٗ لَفِىۡ زُبُرِ الۡاَوَّلِيۡنَ ﴿١٩٦﴾

(၁၉၆) ထို့ပြင် အမှန်စင်စစ် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်၏ အကြောင်း)မှာ ရှေးဟောင်းလူများ၏ ကျမ်းများထဲတွင်လည်းပါရှိသည်။❶

❶ ပထမကျရောက်ခဲ့တဲ့ ကျမ်းတွေထဲမှာ နောက်ဆုံးတမန်တော်ပွင့်မဲ့အကြောင်းနဲ့ အဲဒီတမန်တော်အပေါ်မှာ ချပေးမဲ့ကျမ်းတော်အကြောင်းကို အရှင်မြတ်က ကြိုတင်အသိပေးထားတော်မူခဲ့တယ်။ ဒါတင်မက ကုရ်အာန်ကျမ်းတော်မြတ်ထဲမှာ ပါဝင်နေတဲ့ အဓိကအကြောင်းအရာ အမြောက်အများဟာ ပထမကျမ်းတွေမှာလည်း ပါရှိပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

اَوَلَمۡ يَكُنۡ لَّهُمۡ اٰيَةً اَنۡ يَّعۡلَمَهٗ عُلَمٰٓؤُا بَنِىۡۤ اِسۡرَآءِيۡلَ ﴿١٩٧﴾

(၁၉၇) အစ္စရာအီလ်မျိုးနွယ်ဝင်များထဲမှ ပညာရှင်များက ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို သိရှိကြခြင်းသည် ယင်း(ကုရိုင်းရှ်မျိုးနွယ်ဝင်)တို့အတွက် သက်သေသာဓက မဖြစ်ခဲ့သလော။

وَلَوۡ نَزَّلۡنٰهُ عَلٰى بَعۡضِ الۡاَعۡجَمِيۡنَ ﴿١٩٨﴾

(၁၉၈) ထို့ပြင် အကယ်၍ ငါအရှင်မြတ်သည် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို အရဗ်အမျိုးသားမဟုတ်သူ တစ်ဦးတစ်ယောက်၏အပေါ်တွင် ချပေး

တော်မူခဲ့လျှင်။

فَقَرَاَهٗ عَلَيۡهِمۡ مَّا كَانُوۡا بِهٖ مُؤۡمِنِيۡنَ ١٩٩

(၁၉၉) ထို့ပြင် ထိုသူက ယင်း(ကုရိုင်းရှ်မျိုးနွယ်ဝင်)တို့၏ရှေ့၌ ထို အရာကို ဖတ်ကြားခဲ့လျှင်လည်း သူတို့သည် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်) ကို ယုံကြည်ကြမည့်သူများ မဟုတ်ပေ။❶

❶ ကုရ်အာန်ကျမ်းတော်မြတ်ကို အရဗ်လူမျိုးဖြစ်တဲ့ တမန်တော်အပေါ် မှာ ချပေးလို့ သူကိုယ်တိုင် လုပ်ကြံတဲ့ကျမ်းဖြစ်နိုင်တယ်ဆိုပြီး ငြင်းပယ်ကြတဲ့ အရဗ်ကာဖိရ်တွေရှေ့မှာ အရဗ်လူမျိုးမဟုတ် တဲ့ တမန်တော်တစ်ဦးကို ရွေးချယ်စေလွှတ်မယ်။ ပြီးတော့ ဒီကုရ်အာန်ကိုပဲ အရဗီဘာသာနဲ့ ဖို့ချ ခိုင်းမယ်ဆိုရင်လည်း သူတို့ဟာ စောဒကအမျိုးမျိုးတက်ပြီး ယုံကြည်လက်ခံမှာ မဟုတ်ဘူးလို့ အရှင်မြတ်က သူတို့ရဲ့စိတ်ဓာတ်ကို သိလို့ အမိန့်ရှိထားတာဖြစ်တယ်။ အမှန်ကို မလိုချင်တဲ့သူကို ဘာတွေပဲယူပြပြ လက်ခံဖို့မရှိဘူး။ ဒါပေမဲ့ အမှန်ကို လိုချင်တဲ့သူကတော့ ဘာမှ စောဒကမတက် ဘဲ လက်ခံသွားမှာဖြစ်တယ်။ (အလင်းပြကျမ်း)

كَذٰلِكَ سَلَكۡنٰهُ فِىۡ قُلُوۡبِ الۡمُجۡرِمِيۡنَ ٢٠٠

(၂၀၀) ထိုသို့ပင် ငါအရှင်မြတ်သည် အပြစ်ကျူးလွန်သူများ၏ စိတ် နှလုံးများထဲတွင် ထိုငြင်းပယ်မှုကို ထည့်သွင်းတော်မူခဲ့သည်။❷

❷ အမှန်ကို မလိုချင်လို့ နည်းမျိုးပေါင်းစုံနဲ့ မျက်စိမှိတ် စောဒကတက်ပြီး ဆန့်ကျင်နေတဲ့သူတွေ ကို အရှင်မြတ်က အတင်းအကျပ် လက်ခံအောင် ဖိအားပေးလေ့မရှိဘူး။ သူတို့စိတ်ထဲမှာ ငြင်း ပယ်ချင်နေတဲ့စိတ်ကိုပဲ မွေးထားတဲ့နောက်တော့ အရှင်မြတ်ကလည်း အဲဒီစိတ်အတိုင်းပဲ ဆက် ထားတော်မူလိုက်တော့တာကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

لَا يُؤۡمِنُوۡنَ بِهٖ حَتّٰى يَرَوُا الۡعَذَابَ الۡاَلِيۡمَ ٢٠١

(၂၀၁) သူတို့သည် နာကျင်စေသော ပြစ်ဒဏ်ကို မမြင်မချင်း ၎င်း (ကုရ်အာန်ကျမ်းတော်မြတ်)ကို ယုံကြည်ကြမည်မဟုတ်ပေ။

فَيَاۡتِيَهُمۡ بَغۡتَةً وَّهُمۡ لَا يَشۡعُرُوۡنَ ٢٠٢

(၂၀၂) ထို့ပြင် ထိုပြစ်ဒဏ်သည် သူတို့ထံသို့ သူတို့ မသိလိုက်ဘဲဖြစ် နေစဉ်တွင် ရုတ်တရက် ရောက်လာလိမ့်မည်။

فَيَقُوۡلُوۡا هَلۡ نَحۡنُ مُنۡظَرُوۡنَ ٢٠٣

(၂၀၃) သို့ဖြစ်ရာ သူတို့က ကျွန်ုပ်တို့သည် ဆိုင်းငံ့ခွင့်ရရှိနိုင်ကြဦးမည် လောဟု ပြောဆိုကြမည်။

اَفَبِعَذَابِنَا يَسۡتَعۡجِلُوۡنَ ٢٠٤

(၂၀၄) သို့ဖြစ်ပါလျက် သူတို့က ငါအရှင်မြတ်၏ပြစ်ဒဏ်ကို အလျင်စလို တောင်းဆိုနေကြသလော။

اَفَرَءَيۡتَ اِنۡ مَّتَّعۡنٰهُمۡ سِنِيۡنَ ٢٠٥

(၂၀၅) အသင် မည်ကဲ့သို့ယူဆမည်နည်း၊ အကယ်၍ ငါအရှင်မြတ်သည် သူတို့အား နှစ်ကာလ ရှည်လျားစွာ အကျိုးခံစားခွင့်ပေးတော်မူခဲ့လျှင်။

ثُمَّ جَآءَهُم مَّا كَانُوا۟ يُوعَدُونَ ﴿٢٠٦﴾

(၂၀၆) ထို့နောက် သူတို့ချိန်းဆိုခံကြရသည့်အရာ(ပြစ်ဒဏ်)သည် သူတို့ထံသို့ ရောက်လာခဲ့လျှင်။

مَآ أَغْنَىٰ عَنْهُم مَّا كَانُوا۟ يُمَتَّعُونَ ﴿٢٠٧﴾

(၂၀၇) (ထိုအခါ) သူတို့အတွက် သူတို့ အကျိုးခံစားခွင့်ရရှိခဲ့ကြသည့် အရာများသည် မည်သည့်အရာမျှ အသုံးဝင်မည်မဟုတ်ပေ။

وَمَآ أَهْلَكْنَا مِن قَرْيَةٍ إِلَّا لَهَا مُنذِرُونَ ﴿٢٠٨﴾

(၂၀၈) ထို့ပြင် ငါအရှင်မြတ် ဖျက်ဆီးတော်မူခဲ့သော မြို့ရွာတိုင်းတွင် သတိပေးနှိုးဆော်သူများ ရောက်ရှိခဲ့ကြသည်ချည်းသာဖြစ်သည်။

ذِكْرَىٰ وَمَا كُنَّا ظَٰلِمِينَ ﴿٢٠٩﴾

(၂၀၉) သတိပေးဆုံးမသြဝါဒ(ပေးရန်ဖြစ်သည်)။ ထို့ပြင် ငါအရှင်မြတ်သည် မတရားနှိပ်စက်ညှဉ်းပန်းတော်မူသောအရှင်မဟုတ်ပေ။

وَمَا تَنَزَّلَتْ بِهِ ٱلشَّيَٰطِينُ ﴿٢١٠﴾

(၂၁၀) ထို့ပြင် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို ရှိုင်သွာန်များက ယူဆောင်လာသည်မဟုတ်ပေ။

وَمَا يَنۢبَغِى لَهُمْ وَمَا يَسْتَطِيعُونَ ﴿٢١١﴾

(၂၁၁) ထို့ပြင် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်ကို ယူဆောင်လာခြင်း) ကိစ္စသည် သူတို့နှင့် သင့်တော်အပ်စပ်ခြင်းလည်း မရှိပေ။ ထို့ပြင် သူတို့သည် (ယူဆောင်လာရန်) တတ်စွမ်းနိုင်သည်လည်း မဟုတ်ပေ။

إِنَّهُمْ عَنِ ٱلسَّمْعِ لَمَعْزُولُونَ ﴿٢١٢﴾

(၂၁၂) အမှန်စင်စစ် ၎င်း(ရှိုင်သွာန်)တို့သည် (ဝဟီအမိန့်တော်ကို) ကြားနာမှုမှ အမှန်ပင် ဖယ်ရှားခြင်းခံခဲ့ကြရပြီးဖြစ်သည်။

فَلَا تَدْعُ مَعَ ٱللَّهِ إِلَٰهًا ءَاخَرَ فَتَكُونَ مِنَ ٱلْمُعَذَّبِينَ ﴿٢١٣﴾

(၂၁၃) သို့ဖြစ်ရာ အသင်သည် အလ္လာဟ်အရှင်မြတ်နှင့်အတူ မည်သည့် ကိုးကွယ်ရာကိုမျှ ဟစ်ခေါ်တသခြင်းမပြုနှင့်။ ထိုသို့ပြုခဲ့လျှင် အသင်လည်း ပြစ်ဒဏ်ပေးခြင်းခံရသည့်သူများထဲတွင် အပါအဝင်ဖြစ်သွားမည်။

وَأَنذِرْ عَشِيرَتَكَ ٱلْأَقْرَبِينَ ﴿٢١٤﴾

(၂၁၄) ထို့ပြင် အသင်သည် အသင်၏နီးစပ်သော ဆွေမျိုးသားချင်းများကို သတိပေးနှိုးဆော်ပါ။

وَاخْفِضْ جَنَاحَكَ لِمَنِ اتَّبَعَكَ مِنَ الْمُؤْمِنِيْنَ ﴿٢١٥﴾

(၂၁၅) ထို့ပြင် အသင်သည် အသင်၏နောက်သို့လိုက်ကြသော မုအ်မင်နှ်ယုံကြည်သူများ၏ရှေ့၌ (ကရုဏာသက်သည့်အနေဖြင့်) ကျိုးနွံပါ။

فَاِنْ عَصَوْكَ فَقُلْ اِنِّيْ بَرِيْٓءٌ مِّمَّا تَعْمَلُوْنَ ﴿٢١٦﴾

(၂၁၆) ထို့နောက် အကယ်၍ သူတို့သည် အသင်(တမန်တော်)၏ အမိန့်ကို ဖီဆန်ခဲ့ကြလျှင် (အို- တမန်တော်)အသင်သည် (သူတို့အား) ငါသည် အသင်တို့၏လုပ်ရပ်များမှ အမှန်စင်စစ် ကင်းလွတ်သည်ဟု ပြောလိုက်ပါ။

وَتَوَكَّلْ عَلَى الْعَزِيْزِ الرَّحِيْمِ ﴿٢١٧﴾

(၂၁၇) ထို့ပြင် အသင်(တမန်တော်)သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသော အလွန်ကြင်နာသနားတော်မူသော အရှင်မြတ်အပေါ်တွင် ယုံပုံလွှဲအပ်ထားပါ။

الَّذِيْ يَرٰىكَ حِيْنَ تَقُوْمُ ﴿٢١٨﴾

(၂၁၈) ထိုအရှင်မြတ်သည် အသင်(အိဗာဒသ်အတွက်) မတ်တတ်ရပ်သည့်အခါ အသင့်အား မြင်တော်မူသည်။

وَتَقَلُّبَكَ فِي السّٰجِدِيْنَ ﴿٢١٩﴾

(၂၁၉) ထို့ပြင် (အရှင်မြတ်သည်) စွဇ္ဇာသ်ဝတ်ပြုသူများထဲတွင် အသင်၏ပါဝင်နေထိုင်သွားလာမှုကိုလည်း (မြင်တော်မူသည်)။

اِنَّهٗ هُوَ السَّمِيْعُ الْعَلِيْمُ ﴿٢٢٠﴾

(၂၂၀) အမှန်စင်စစ် အရှင်မြတ်ပင် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

هَلْ اُنَبِّئُكُمْ عَلٰى مَنْ تَنَزَّلُ الشَّيٰطِيْنُ ﴿٢٢١﴾

(၂၂၁) ငါသည် မည်သူ၏အပေါ်တွင် ရှိုင်သွာန်များ ဆင်းသက်ကြသည်ကို အသင်တို့အား ပြောပြရမည်လော။

تَنَزَّلُ عَلٰى كُلِّ اَفَّاكٍ اَثِيْمٍ ﴿٢٢٢﴾

(၂၂၂) ထိုရှိုင်သွာန်များသည် အလွန်အပြစ်ကျူးလွန်သည့်သူ၊ အလွန်လိမ်လည်သည့်သူတိုင်းအပေါ်တွင် ဆင်းသက်ကြသည်။

يُّلْقُوْنَ السَّمْعَ وَاَكْثَرُهُمْ كٰذِبُوْنَ ﴿٢٢٣﴾

(၂၂၃) အကြွင်သူများသည် (ရှိုင်သွာန်ဘက်သို့) နားစွင့်ပြီးနေကြသည်၊ ထို့ပြင် ထိုအထဲမှ အများစုသည် လိမ်လည်သူများပင် ဖြစ်ကြသည်။

وَالشُّعَرَآءُ يَتَّبِعُهُمُ الْغَاوٗنَ ﴿٢٢٤﴾

(၂၂၄) ထို့ပြင် ကဗျာဆရာများမှာမူ သူတို့နောက်သို့ လမ်းလွဲသူများသာ လိုက်ကြသည်။❶

❶ ကဗျာဆရာတွေဟာ မဟုတ်မမှန်တဲ့ကိစ္စရပ်တွေကို အလွန်အကျူး ဖွဲ့နွဲ့သီကုံးကြတဲ့အတွက် အဲဒီလို မဟုတ်တာပြောတာကိုမှ ကြိုက်တဲ့သူတွေဟာလည်း သူတို့လိုပဲ လမ်းလွဲတဲ့သူတွေပဲဖြစ်တယ်။ (အာစားန်သရ်ဂျူမဟ်)

اَلَمْ تَرَ اَنَّهُمْ فِیْ كُلِّ وَادٍ یَّهِیْمُوْنَ ﴿٢٢٥﴾

(၂၂၅) အမှန်စင်စစ် သူတို့သည် (တွေးတောကြံဆရေးသားမှု) လျှို မြောင်ချောင်းရိုးတိုင်း၌ ခြေဦးလှည့်ရာ(စိတ်ကူးတည့်ရာ) သွားလာနေကြသည် ကို အသင်မမြင်လေသလော။

وَ اَنَّهُمْ یَقُوْلُوْنَ مَا لَا یَفْعَلُوْنَ ﴿٢٢٦﴾

(၂၂၆) ထို့ပြင် သူတို့သည် သူတို့ မပြုလုပ်သည့်ကိစ္စကို (ပြုလုပ်ကြ သည်ဟု) ပြောဆိုလေ့ရှိကြသည်။

اِلَّا الَّذِیْنَ اٰمَنُوْا وَ عَمِلُوا الصّٰلِحٰتِ وَ ذَكَرُوا اللّٰهَ كَثِیْرًا وَّ انْتَصَرُوْا مِنْۢ بَعْدِ مَا ظُلِمُوْا
وَ سَیَعْلَمُ الَّذِیْنَ ظَلَمُوْۤا اَیَّ مُنْقَلَبٍ یَّنْقَلِبُوْنَ ﴿٢٢٧﴾

(၂၂၇) သို့ရာတွင် (ကဗျာဆရာများထဲမှ) အကြွင်သူများသည် ခြွင်းချက် ဖြစ်သည်၊ ထိုသူများသည် အီမာန်ယုံကြည်ခဲ့ကြပြီး ကောင်းမြတ်သော အကျင့် သီလများကိုလည်း ဆောက်တည်ခဲ့ကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်အား လည်း များစွာသတိရခဲ့ကြသည်။ ထို့ပြင် သူတို့သည် သူတို့ မတရားနှိပ်စက်မှု ခံခဲ့ကြရပြီးနောက် လက်စားချေခဲ့ကြသည်။❷ ထို့ပြင် မတရားနှိပ်စက်ကြသည့် သူများသည် သူတို့ မည်သည့်နေရာ ပြန်လှည့်ကြမည်ကို မကြာမီ သိရှိကြလိမ့် မည်။❸

❷ ဒါပေမဲ့ တချို့ကဗျာဆရာတွေကတော့ အစ္စလာမ်ကို စော်ကားနေတဲ့ ကဗျာတွေ၊ အပြောအဆို တွေကို ပြန်လည်ချေပပြီး အမှန်တွေနဲ့ရေးစပ်ဖော်ပြခဲ့ကြတယ်။ အဲဒီလို အမှန်တရားဘက်ကနေ လက်စားချေပေးတဲ့ကဗျာဆရာတွေကတော့လမ်းလွဲသူတွေမဟုတ်ကြဘူးလို့ဆိုလိုတာဖြစ်တယ်။ (အာစားန်သရ်ဂျူမဟ်) ❸ မတရားနှိပ်စက်သူတွေရဲ့ပြန်လည်ရာဟာ ငရဲဘုံပဲဖြစ်တာကို မကြာခင် သိကြရမှာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

رکوعاتها٧ ٢٧سُوْرَةُ النَّمْلِ مَكِّيَّةٌ ٤٨ اٰیَاتُها٩٣

## စူရတ် နမ်လ် (ပုရွက်ဆိတ်ကဏ္ဍ) سُوْرَةُ النَّمْلِ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

طٰسٓ ۚ تِلْكَ اٰيٰتُ الْقُرْاٰنِ وَكِتَابٍ مُّبِيْنٍ ۙ﴿١﴾

(၁) သွာ စီန် ။ ဤသည် ထင်ရှားသော ကျမ်းဂန်နှင့် ကုရ်အာန်၏ အာယသ်တော်များပင်ဖြစ်သည်။

هُدًى وَّبُشْرٰى لِلْمُؤْمِنِيْنَ ۙ﴿٢﴾

(၂) မုအ်မင်န်ယုံကြည်သူများအတွက် လမ်းမှန်ညွှန်ကြားပြသချက်နှင့် သတင်းကောင်းဖြစ်သည်။

الَّذِيْنَ يُقِيْمُوْنَ الصَّلٰوةَ وَيُؤْتُوْنَ الزَّكٰوةَ وَهُمْ بِالْاٰخِرَةِ هُمْ يُوْقِنُوْنَ ﴿٣﴾

(၃) ထိုယုံကြည်သူများသည် စွလာသ်ဝတ်ပြုမှုကို တည်ဆောက်ကြပြီး ဇကာသ်လည်း ပေးဆောင်ကြသည့်အပြင် အာခိရသ်တမလွန်ဘဝကိုလည်း ယုံကြည်ကြသည်။

اِنَّ الَّذِيْنَ لَا يُؤْمِنُوْنَ بِالْاٰخِرَةِ زَيَّنَّا لَهُمْ اَعْمَالَهُمْ فَهُمْ يَعْمَهُوْنَ ۗ﴿٤﴾

(၄) အမှန်စင်စစ် တမလွန်ဘဝကို မယုံကြည်သူများ၏အမြင်တွင် ငါအရှင်မြတ်သည် သူတို့၏လုပ်ရပ်များကို လှပတင့်တယ်စေတော်မူခဲ့သည်။ သို့ဖြစ်ရာ သူတို့သည် တဝဲလည်လည် ဖြစ်နေကြသည်။

اُولٰٓئِكَ الَّذِيْنَ لَهُمْ سُوْٓءُ الْعَذَابِ وَهُمْ فِى الْاٰخِرَةِ هُمُ الْاَخْسَرُوْنَ ﴿٥﴾

(၅) ထိုလူများပင်အကြင်သူများဖြစ်ကြသည်၊ ထိုသူများအတွက် (ဤဘဝတွင်လည်း) အလွန်ဆိုးရွားသော ပြစ်ဒဏ်ရှိသည်။ တမလွန်ဘဝတွင်လည်း သူတို့သည် အလွန်ဆုံးရှုံးသူများပင် ဖြစ်ကြမည်။

وَاِنَّكَ لَتُلَقَّى الْقُرْاٰنَ مِنْ لَّدُنْ حَكِيْمٍ عَلِيْمٍ ﴿٦﴾

(၆) ထို့ပြင် အမှန်စင်စစ် အသင်(တမန်တော်)သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံသော၊ အကြွင်းမဲ့သိ

တော်မူသော အရှင်မြတ်ထံတော်မှ ရရှိခြင်းဖြစ်သည်။

إِذْ قَالَ مُوسَىٰ لِأَهْلِهِۦٓ إِنِّىٓ ءَانَسْتُ نَارًا سَـَٔاتِيكُم مِّنْهَا بِخَبَرٍ أَوْ ءَاتِيكُم بِشِهَابٍ قَبَسٍ لَّعَلَّكُمْ تَصْطَلُونَ ۝٧

(၇) တစ်ခါတွင် (တမန်တော်)မူစာသည် ၎င်း၏အိမ်သူအိမ်သားများအား ပြောခဲ့သည်။ အမှန်စင်စစ် ငါသည် မီးတစ်ခုကို မြင်ရသည်။ ငါသည် အသင်တို့ထံသို့ ထိုမီးရှိရာမှ သတင်းတစ်စုံတစ်ခု မကြာမီ ယူလာမည်။ သို့မဟုတ် ငါသည် အသင်တို့ထံသို့ အနွေးဓာတ်ရအောင် မီးလှုံနိုင်ကြရန်အတွက် မီးတောက်တစ်ခုကိုကူးပြီး အသင်တို့ထံသို့ ယူဆောင်လာခဲ့မည်။

فَلَمَّا جَآءَهَا نُودِىَ أَنۢ بُورِكَ مَن فِى ٱلنَّارِ وَمَنْ حَوْلَهَا وَسُبْحَـٰنَ ٱللَّهِ رَبِّ ٱلْعَـٰلَمِينَ ۝٨

(၈) ထို့နောက် ၎င်းသည် ယင်း(မီးရှိရာ)သို့ ရောက်ရှိသောအခါ (ဤသို့) အသံပေးခြင်းခံခဲ့ရသည်၊ "မီးတွင်ရှိသည့်သူနှင့် မီးပတ်ဝန်းကျင်တွင်ရှိသော သူများသည်❶ ဗရကသ်မင်္ဂလာကို ရရှိကြပါစေ"၊ "ထို့ပြင် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသောအလ္လာဟ်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည်။"

❶ မီးမှာရှိသူဆိုတာ ကောင်းကင်တမန်တွေကို ဆိုလိုပြီး မီးပတ်ဝန်းကျင်မှာရှိသူဆိုတာ တမန်တော်မူစာ عليه السلام ကို ဆိုလိုတယ်။ တချို့ကလည်း ဆီးရီးယားပြည်ကို ဆိုလိုတယ်လို့လည်း ဖွင့်ဆိုကြတယ်။ (အလင်းပြကျမ်း)

يَـٰمُوسَىٰٓ إِنَّهُۥٓ أَنَا ٱللَّهُ ٱلْعَزِيزُ ٱلْحَكِيمُ ۝٩

(၉) အို-မူစာ၊ ၎င်းသည် တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသော အရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော ငါအလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်။

وَأَلْقِ عَصَاكَ ۚ فَلَمَّا رَءَاهَا تَهْتَزُّ كَأَنَّهَا جَآنٌّ وَلَّىٰ مُدْبِرًا وَلَمْ يُعَقِّبْ ۚ يَـٰمُوسَىٰ لَا تَخَفْ إِنِّى لَا يَخَافُ لَدَىَّ ٱلْمُرْسَلُونَ ۝١٠

(၁၀) ထို့ပြင် အသင်သည် အသင်၏တောင်ဝှေးကို ပစ်ချလိုက်ပါ။ ထို့နောက် ၎င်း(တမန်တော်မူစာ)သည် (ပစ်ချလိုက်သောအခါ) ယင်း(တောင်ဝှေး)အား မြွေကဲ့သို့ တွန့်လိမ်လှုပ်ရှားသည်ကို မြင်သည်နှင့် နောက်သို့ လှည့်မကြည့်တော့ဘဲ ကျောခိုင်းထွက်သွားခဲ့သည်။(အရှင်မြတ်ကမိန့်ကြားတော်မူသည်) အို-မူစာ၊ အသင်သည် မကြောက်လေနှင့်။ အမှန်စင်စစ် ငါ့အရှင်မြတ်ထံတော်တွင် တမန်တော်များသည် ကြောက်ရွံ့လေ့မရှိကြပေ။

إِلَّا مَنْ ظَلَمَ ثُمَّ بَدَّلَ حُسْنًا بَعْدَ سُوٓءٍ فَإِنِّي غَفُورٌ رَّحِيمٌ ﴿١١﴾

(၁၁) သို့ရာတွင် မည်သူမဆို မတရားကျူးလွန်ခဲ့လျှင် ထို့ပြင် သူသည် မကောင်းမှု၏နောက်တွင် ကောင်းမှုကို ပြောင်းလဲပြီး ပြုလုပ်ခဲ့လျှင် အမှန်စင်စစ် ငါအရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူသည်။❷

❷ တမန်တော်မူစာ عليه السلام ရဲ့လက်ချက်နဲ့ တစ်ချိန်က မတော်တဆ သေဆုံးသွားခဲ့ရတာကို အရှင်မြတ်က ခွင့်လွှတ်တော်မူကြောင်း ရည်ညွှန်းမိန့်ဆိုထားတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَأَدْخِلْ يَدَكَ فِي جَيْبِكَ تَخْرُجْ بَيْضَآءَ مِنْ غَيْرِ سُوٓءٍ ۖ فِي تِسْعِ ءَايَٰتٍ إِلَىٰ فِرْعَوْنَ وَقَوْمِهِۦٓ ۚ إِنَّهُمْ كَانُوا۟ قَوْمًا فَٰسِقِينَ ﴿١٢﴾

(၁၂) ထို့ပြင် အသင်သည် အသင်၏လက်ကို အသင်၏ချိုင်းကြားတွင် သွင်းလိုက်ပါ။ (ထို့ပြင် ပြန်ထုတ်လိုက်လျှင်) ထိုလက်သည် မည်သည့်အပြစ်အနာအဆာမျှမရှိဘဲ လင်းဝင်းတောက်ပလျက် ထွက်ပေါ်လာမည်ဖြစ်သည်။ (ဤသည်) ဖိရ်အောင်န်နှင့်တကွ သူ၏အမျိုးသားများနှင့် ယှဉ်ပြိုင်ရန်အတွက် တန်ခိုးတော်ကိုးပါးတွင် အပါအဝင်ဖြစ်သည်။ အမှန်စင်စစ် သူတို့သည် စည်းကမ်းဖောက်ဖျက်ကျူးလွန်ကြသော အမျိုးသားများပင် ဖြစ်ကြသည်။

فَلَمَّا جَآءَتْهُمْ ءَايَٰتُنَا مُبْصِرَةً قَالُوا۟ هَٰذَا سِحْرٌ مُّبِينٌ ﴿١٣﴾

(၁၃) ထို့နောက် သူတို့ထံသို့ ငါအရှင်မြတ်၏ထင်ထင်ရှားရှားမြင်သာသော တန်ခိုးတော်များ ရောက်ရှိလာခဲ့သည့်အခါ သူတို့က ဤသည် ထင်ရှားသော မှော်အတတ်ပညာပင် ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။

وَجَحَدُوا۟ بِهَا وَٱسْتَيْقَنَتْهَآ أَنفُسُهُمْ ظُلْمًا وَعُلُوًّا ۚ فَٱنظُرْ كَيْفَ كَانَ عَٰقِبَةُ ٱلْمُفْسِدِينَ ﴿١٤﴾

(၁၄) ထို့ပြင် သူတို့၏စိတ်နှလုံးများသည် ထိုတန်ခိုးများအား ယုံကြည်သော်လည်း သူတို့ကမူ မတရားသဖြင့် မောက်မာပလွှားပြီး ထိုတန်ခိုးတော်များအား ငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ ပျက်စီးရာပျက်စီးကြောင်းကို ပြုလုပ်ကြသောသူများ၏ နောက်ဆုံးအကျိုးဆက်သည် မည်သို့ဖြစ်ခဲ့သည်ကို အသင်ကြည့်လိုက်ပါ။❸

❸ ပင်လယ်ထဲမှာ အုပ်စုကြီးတစ်ခုလုံးဟာ နစ်မြုပ်အသတ်ခံလိုက်ရတယ်။ (အလင်းပြကျမ်း)

وَلَقَدْ ءَاتَيْنَا دَاوُۥدَ وَسُلَيْمَٰنَ عِلْمًا ۖ وَقَالَا ٱلْحَمْدُ لِلَّهِ ٱلَّذِى فَضَّلَنَا عَلَىٰ كَثِيرٍ مِّنْ عِبَادِهِ ٱلْمُؤْمِنِينَ ﴿١٥﴾

(၁၅) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်) ဒါဝူဒ်နှင့်

(တမန်တော်)စုလိုင်မာန်အား အသိပညာတစ်ရပ်ကို ပေးသနားတော်မူခဲ့သည်။❻ ထို့ပြင် သူတို့နှစ်ဦးက ပြောဆိုလျှောက်ထားခဲ့သည်- ကျွန်ုပ်တို့အား အရှင်မြတ်၏ယုံကြည်သူကျွန်များမှ အများစုထက် မြင့်မြတ်စေတော်မူခဲ့သော အလ္လာဟ်အရှင်မြတ်သည်ပင် ချီးမွမ်းခြင်းအပေါင်းတို့ကို ခံယူထိုက်တော်မူသည်။❼

❻ သာသနာရေးဆိုင်ရာ အသိပညာရပ်တွေနဲ့ အုပ်ချုပ်မှုဆိုင်ရာ အသိပညာရပ်တွေအားလုံးပါဝင်တယ်။ (အလင်းပြကျမ်း) ❼ တမန်တော်ဒါဝူဒ် عليه السلام နဲ့ ၎င်းရဲ့သား တမန်တော်စုလိုင်မာန် عليه السلام တို့ကို အရှင်မြတ်က အီမာန်ရှင် အမြောက်အမြားထက် အသာပေးခဲ့တယ်ဆိုပေမဲ့ အားလုံးထက်သာတာတော့မဟုတ်ဘူး။ အားလုံးထက်သာတာကတော့ တမန်တော်ချုပ်မုဟမ္မဒ် صلى الله عليه وسلم ပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَوَرِثَ سُلَيۡمٰنُ دَاوٗدَ وَقَالَ يٰۤاَيُّهَا النَّاسُ عُلِّمۡنَا مَنۡطِقَ الطَّيۡرِ وَاُوۡتِيۡنَا مِنۡ كُلِّ شَىۡءٍ ؕ اِنَّ هٰذَا لَهُوَ الۡفَضۡلُ الۡمُبِيۡنُ ﴿١٦﴾

(၁၆) ထို့ပြင် (တမန်တော်)စုလိုင်မာန်သည် (တမန်တော်)ဒါဝူဒ်၏ အမွေကို ဆက်ခံခဲ့သည်။ ထို့ပြင် (တမန်တော်)စုလိုင်မာန်က ပြောဆိုသည်- အို-လူသားအပေါင်းတို့၊ ငါတို့သည် ငှက်များ၏စကားကို သင်ကြားပို့ချပေးခြင်း ခံခဲ့ကြရသည်။ ထို့ပြင် ငါတို့သည် (အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သမျှ)အရာအားလုံးကို ပေးသနားတော်မူခြင်း ခံခဲ့ကြရသည်။ အမှန်စင်စစ် ဤသည် ထင်ရှားလှသော ကျေးဇူးတော်ပင် ဖြစ်သည်။

وَحُشِرَ لِسُلَيۡمٰنَ جُنُوۡدُهٗ مِنَ الۡجِنِّ وَالۡاِنۡسِ وَالطَّيۡرِ فَهُمۡ يُوۡزَعُوۡنَ ﴿١٧﴾

(၁၇) ထို့ပြင် (တမန်တော်)စုလိုင်မာန် ရှေ့မှောက်တွင် ဂျင်န်များ၊ လူများနှင့် ငှက်များထဲမှ ၎င်း၏စစ်တပ်များသည် စုရုံးစေခြင်းခံခဲ့ကြရသည်။ ထို့ပြင် ထိုစစ်တပ်များသည် (ပြန့်ကျဲမသွားအောင် တန်းစီချီတက်နိုင်ရန်) တားဆီးခံကြရသည်။ (ဝါ) ထိုစစ်တပ်များအား သူ့အဆင့်နှင့်သူ ခွဲဝေနေရာချထားပေးခြင်း ခံကြရသည်။

حَتّٰۤى اِذَاۤ اَتَوۡا عَلٰى وَادِ النَّمۡلِ ۙ قَالَتۡ نَمۡلَةٌ يّٰۤاَيُّهَا النَّمۡلُ ادۡخُلُوۡا مَسٰكِنَكُمۡ ۚ لَا يَحۡطِمَنَّكُمۡ سُلَيۡمٰنُ وَجُنُوۡدُهٗ ۙ وَهُمۡ لَا يَشۡعُرُوۡنَ ﴿١٨﴾

(၁၈) နောက်ဆုံးတွင် ထိုစစ်တပ်ကြီးသည် ပုရွက်ဆိတ်များရှိသော လျှိုမြောင်ချောင်းရိုးကို ရောက်သောအခါ ပုရွက်ဆိတ်တစ်ကောင်က အို-ပုရွက်ဆိတ်အပေါင်းတို့၊ (တမန်တော်)စုလိုင်မာန်နှင့်တကွ ၎င်း၏စစ်တပ်များသည် အသင်တို့ကို မသိမမြင်ကြဘဲလျက် (မတော်တဆ)တက်နင်းချေမှုန်း မပစ်မိကြ

ရန်အတွက် အသင်တို့သည် အသင်တို့၏တွင်းများထဲသို့ ဝင်ရောက်ကြပါဟု ပြောဆိုခဲ့သည်။

فَتَبَسَّمَ ضَاحِكًا مِّنۡ قَوۡلِهَا وَقَالَ رَبِّ اَوۡزِعۡنِیۡۤ اَنۡ اَشۡكُرَ نِعۡمَتَكَ الَّتِیۡۤ اَنۡعَمۡتَ عَلَیَّ وَعَلٰی
وَالِدَیَّ وَاَنۡ اَعۡمَلَ صَالِحًا تَرۡضٰىهُ وَاَدۡخِلۡنِیۡ بِرَحۡمَتِكَ فِیۡ عِبَادِكَ الصّٰلِحِیۡنَ ﴿١٩﴾

(၁၉) သို့ဖြစ်ရာ (တမန်တော်)စုလိုင်မာန်သည် ယင်း(ပုရွက်ဆိတ်)၏ စကားကြောင့် ပြုံးရယ်ခဲ့သည်။❶ ထို့ပြင် ၎င်းသည် (အရှင်မြတ်ထံတော်တွင်) ပြောဆိုပန်ကြားခဲ့သည်။ အို - ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည်ကျွန်ုပ်အပေါ်တွင်လည်းကောင်း၊ ကျွန်ုပ်၏မိဘနှစ်ပါးအပေါ်တွင် လည်းကောင်း အရှင်မြတ်ပြုတော်မူသောကျေးဇူးတော်နှင့် ပတ်သက်၍ ကျွန်ုပ်အား ကျေးဇူးအမြဲသိတတ်စေသည့်အသိကို ထည့်ပေးတော်မူပါ။ ထို့ပြင် ကျွန်ုပ်အား အရှင်မြတ်နှစ်သက်တော်မူသော ကောင်းမြတ်သည့်လုပ်ရပ်ကိုလည်း အမြဲပြုလုပ်ဆောက်တည်နိုင်စွမ်းပေးတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်အား အရှင်မြတ်၏ကရုဏာတော်နှင့် အရှင်မြတ်၏ကောင်းမြတ်သောကျွန်များ ထဲတွင် ဝင်ရောက်ပါဝင်စေတော်မူပါ။

❶ ဒီလောက်သေးငယ်တဲ့ ပုရွက်ဆိတ်ရဲ့စကားကိုတောင် ကြားသိရအောင် အရှင်မြတ်က သူ့ကို ကျေးဇူးပြုပေးသနားထားတာပါလားဆိုတာကို သဘောကျပြီး ၎င်းဟာ ပြုံးရယ်ခဲ့တာဖြစ်တယ်။ အဲဒီလိုပဲ တစ်ခါမှာ မိုးခေါင်တဲ့အတွက် မိုးဆုတောင်းဖို့ လူထုကြီးနဲ့ ကွင်းပြင်ကို ထွက်လိုက်တဲ့အခါမှာ ကွင်းပြင်ထဲမှာ ပုရွက်ဆိတ်ကလေးတစ်ကောင်က ပက်လက်လှန်ပြီး လက်နှစ်ချောင်း မိုးပေါ် မြှောက်လျက် အရှင်မြတ်ထံတော်မှာ မိုးဆုတောင်းနေတာကို တွေ့လိုက်ရတယ် -

اللهم، إنا خلق من خلقك، ولا غنى بنا عن سقياك، وإلا تسقنا تهلكنا. فقال سليمان عليه السلام: ارجعوا فقد سقيتم بدعوة غيركم

"အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်တို့ဟာ အရှင်မြတ်ရဲ့ အဖန်ဆင်းခံတွေထဲက အဖန်ဆင်းခံတစ်ခုပဲ ဖြစ်ကြပါတယ်။ ကျွန်တော်တို့ဟာ အရှင်မြတ်ရဲ့ တိုက်ကျွေးမှုမရှိဘဲ နေလို့ မရပါဘူး။ ကျွန်တော်တို့ကို အရှင်မြတ်မတိုက်ကျွေးရင် ပျက်စီးဖို့ပဲ ရှိပါတော့တယ်။" ဒါနဲ့တမန်တော်စုလိုင်မာန် عليه السلام က ပြောတယ် - "အသင်တို့ပြန်ကြတော့၊ အခြားသူရဲ့ ဆုတောင်းမှုနဲ့ အသင်တို့ကို စိုပြည်ဝပြောစေလိုက်ပြီဖြစ်တယ်။" (အိဗ်နုကဆီးရ်)

وَتَفَقَّدَ الطَّيۡرَ فَقَالَ مَا لِیَ لَاۤ اَرَی الۡهُدۡهُدَ ۖ اَمۡ كَانَ مِنَ الۡغَآئِبِیۡنَ ﴿٢٠﴾

(၂၀) ထို့ပြင် ၎င်းသည် ငှက်များအား စစ်ဆေးခဲ့ပြီး ပြောဆိုသည်- ငါသည် အဘယ်ကြောင့် ဘီးတောင်ပိုငှက်ကို မမြင်ရသနည်း။ သို့မဟုတ် သူသည် ပျက်ကွက်ပျောက်ကွယ်နေသလော။

لَاُعَذِّبَنَّهٗ عَذَابًا شَدِیۡدًا اَوۡ لَاَاذۡبَحَنَّهٗۤ اَوۡ لَیَاۡتِیَنِّیۡ بِسُلۡطٰنٍ مُّبِیۡنٍ ﴿٢١﴾

(၂၁) အမှန်ပင် ငါသည် သူ့အား မုချ ပြင်းထန်စွာ ပြစ်ဒဏ်ပေးမည်။ သို့မဟုတ် အမှန်ပင် ငါသည် သူ့အား လှီးဖြတ်မည်။ သို့မဟုတ် သူသည် ငါ့ထံသို့ ထင်ရှားသောသက်သေအထောက်အထားကို အမှန်ပင် ယူဆောင်လာရမည်။❶

❶ တမန်တော်စုလိုင်မာန် ﷺ ဟာ ၎င်းရဲ့ တပ်သားတွေကို အမြဲစစ်ဆေးလေ့ရှိတယ်။ ၎င်းရဲ့တပ်သားတွေထဲမှာက လူတွေရော၊ ဂျင်န်တွေရော ၊ ငှက်တွေရော ပါဝင်တယ်။ ဘီးတောင်ပိုငှက်ကို မတွေ့တဲ့အတွက် ပျက်ကွက်ရတဲ့အကြောင်းရင်းကို သက်သေအထောက်အထားနဲ့ တင်ပြနိုင်းခြင်းဖြစ်တယ်။ (အလင်းပြကျမ်း)

فَمَكَثَ غَيْرَ بَعِيدٍ فَقَالَ أَحَطتُ بِمَا لَمْ تُحِطْ بِهِۦ وَجِئْتُكَ مِن سَبَإٍۭ بِنَبَإٍ يَقِينٍ ﴿٢٢﴾

(၂၂) ထို့နောက် မကြာမီ ထိုဘီးတောင်ပိုငှက်သည် လာရောက်ပြောဆိုလျှောက်ထားသည်။ ကျွန်ုပ်သည် ကိုယ်တော်မသိသည့်အကြောင်းကို သိခဲ့ပါသည်။ ထို့ပြင် ကျွန်ုပ်သည် ကိုယ်တော်၏ထံသို့ (ရှီဗာ)စဗအ်နိုင်ငံမှ မှန်ကန်သည့် သတင်းတစ်ခုကို ယူလာခဲ့ပါသည်။

إِنِّى وَجَدتُّ ٱمْرَأَةً تَمْلِكُهُمْ وَأُوتِيَتْ مِن كُلِّ شَىْءٍ وَلَهَا عَرْشٌ عَظِيمٌ ﴿٢٣﴾

(၂၃) အမှန်စင်စစ် ကျွန်ုပ်သည် ထိုရှီဗာသားများကို အုပ်ချုပ်နေသော အမျိုးသမီးတစ်ဦးကို တွေ့ခဲ့ပါသည်။ ထို့ပြင် ထိုအမျိုးသမီးသည် အရာအားလုံးကို ပေးသနားခံရသည့်အပြင် သူမတွင် ကြီးကျယ်သောပလ္လင်တစ်ခုလည်း ရှိပါသည်။

وَجَدتُّهَا وَقَوْمَهَا يَسْجُدُونَ لِلشَّمْسِ مِن دُونِ ٱللَّهِ وَزَيَّنَ لَهُمُ ٱلشَّيْطَٰنُ أَعْمَٰلَهُمْ فَصَدَّهُمْ عَنِ ٱلسَّبِيلِ فَهُمْ لَا يَهْتَدُونَ ﴿٢٤﴾

(၂၄) ကျွန်ုပ်သည် ထိုအမျိုးသမီးနှင့် သူမ၏အမျိုးသားများအား အလ္လာဟ်အရှင်မြတ်ကိုစွန့်ပြီး နေကို ဦးချ(ကိုးကွယ်)နေကြသည်ကို တွေ့ခဲ့ပါသည်။ ထို့ပြင် ရှိုင်သွာန်သည် သူတို့၏လုပ်ရပ်များကို သူတို့အမြင်တွင် လှပတင့်တယ်အောင် ပြုလုပ်ထားပါသည်။ ထို့ပြင် ထိုရှိုင်သွာန်သည် သူတို့အား လမ်း(မှန်)မှ ပိတ်ဆို့ထားသည့်အတွက် သူတို့သည် လမ်းမှန်မရကြတော့ပေ။

أَلَّا يَسْجُدُوا۟ لِلَّهِ ٱلَّذِى يُخْرِجُ ٱلْخَبْءَ فِى ٱلسَّمَٰوَٰتِ وَٱلْأَرْضِ وَيَعْلَمُ مَا تُخْفُونَ وَمَا تُعْلِنُونَ ﴿٢٥﴾

(၂၅) (သို့ဖြစ်ရာ သူတို့သည်) အကြင်အလ္လာဟ်အရှင်မြတ်ကိုပင် ဦးမချ(မကိုးကွယ်)တော့ပေ၊ ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့်မြေပထဝီတွင် ဖုံးကွယ်နေသည့်အရာများအား အပြင်သို့ ထွက်စေတော်မူသည်။❸ ထို့ပြင် အရှင်မြတ်သည် အသင်တို့လျှို့ဝှက်ကြသည့်အရာများနှင့် အသင်တို့ထုတ်ဖော်ကြသည့်အရာများကို သိရှိတော်မူသည်။

❸ အရှင်မြတ်ဟာ ဖုံးကွယ်နေတဲ့အရာတွေကို ထုတ်ဖော်တယ်ဆိုတာ ဥပမာ- မြေကြီးထဲက ဖုံးကွယ်နေတဲ့မျိုးစေ့တွေကို မိုးရွာချပေးပြီး အပင်တွေအဖြစ် ထုတ်ဖော်တော်မူတယ်။
(သိုင်စီရ္ဗလ်ကရီမိရ်ရဟ်မာန်)

اَللّٰهُ لَاۤ اِلٰهَ اِلَّا هُوَ رَبُّ الْعَرْشِ الْعَظِيْمِ ﴿٢٦﴾ السجدة

(၂၆) အလ္လာဟ်အရှင်မြတ်သည် အကြင်အရှင်မြတ်ပင်ဖြစ်သည်၊ ထို အရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ ကြီးကျယ်သော အရ်ရှ်ပလ္လင် တော်ကို စိုးပိုင်တော်မူသော အရှင်မြတ်လည်း ဖြစ်တော်မူသည်။❻

❻ ကြီးကျယ်တဲ့အရ်ရှ်ပလ္လင်ဟာ ဘယ်လောက်ကြီးလဲဆိုရင် အဖန်ဆင်းခံတွေထဲမှာ အကြီးဆုံးပဲ ဖြစ်တယ်။
(အဒ်သဖ်စီရုလ်မုယတ်စရ်)

قَالَ سَنَنْظُرُ اَصَدَقْتَ اَمْ كُنْتَ مِنَ الْكٰذِبِيْنَ ﴿٢٧﴾

(၂၇) ၎င်း(တမန်တော်စုလိုင်မာန်)က ပြောသည်- အသင်သည် အမှန် ပြောခဲ့သလော၊ သို့မဟုတ် လိမ်ပြောသူများထဲမှ ဖြစ်သလောဆိုသည်ကို ငါ ကြည့်မည်။

اِذْهَبْ بِّكِتٰبِيْ هٰذَا فَاَلْقِهْ اِلَيْهِمْ ثُمَّ تَوَلَّ عَنْهُمْ فَانْظُرْ مَاذَا يَرْجِعُوْنَ ﴿٢٨﴾

(၂၈) အသင်သည် ငါ၏ ဤစာကို ယူသွားပါ၊ ၎င်းပြင် အသင်သည် ထိုစာကို သူတို့ထံသို့ ချပေးပြီးလျှင် သူတို့အနီးမှ ဘေးဖယ်၍နေပါ။ ထို့နောက် အသင်သည် သူတို့ မည်သို့အကြောင်းပြန်ကြသနည်းဆိုသည်ကို ကြည့်ပါ။

قَالَتْ يٰۤاَيُّهَا الْمَلَؤُا اِنِّيْۤ اُلْقِيَ اِلَيَّ كِتٰبٌ كَرِيْمٌ ﴿٢٩﴾

(၂၉) ၎င်း(ရှီဗာဘုရင်မ)က ပြောခဲ့သည်- အို-မှူးမတ်အပေါင်းတို့၊ အမှန်စင်စစ် မြင့်မြတ်သည့်စာတစ်စောင်သည် ကျွန်မထံသို့ ပေးပို့ခံခဲ့ရသည်။

اِنَّهٗ مِنْ سُلَيْمٰنَ وَاِنَّهٗ بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ﴿٣٠﴾

(၃၀) အမှန်စင်စစ် ထိုစာသည် (တမန်တော်)စုလိုင်မာန်ထံမှဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် ၎င်းသည် ဤသို့ ဖြစ်သည်- အနန္တကရုဏာတော်ရှင်ဖြစ် တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမ တော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اَلَّا تَعْلُوْا عَلَيَّ وَاْتُوْنِيْ مُسْلِمِيْنَ ﴿٣١﴾

(၃၁) အသင်တို့သည် ငါနှင့် ယှဉ်ပြိုင်ပြီး ဘဝင်မြင့်မာနတက်မနေကြ နှင့်။ ထို့ပြင် အသင်တို့သည် ငါ၏ထံသို့ မွတ်စ်လင်မ်အမိန့်နာခံသူများအဖြစ်ဖြင့် လာရောက်ကြပါ။

قَالَتْ يٰۤاَيُّهَا الْمَلَؤُا اَفْتُوْنِيْ فِيْۤ اَمْرِيْ ۚ مَا كُنْتُ قَاطِعَةً اَمْرًا حَتّٰى تَشْهَدُوْنِ ﴿٣٢﴾

(၃၂) သူမက အို- မှူးမတ်အပေါင်းတို့၊ အသင်တို့သည် ကျွန်မ၏အရေး ကိစ္စနှင့်စပ်လျဉ်း၍ ကျွန်မကို အကြံပေးကြပါ။ အသင်တို့သည် ကျွန်မ၏အနား တွင် မရှိသမျှ ကျွန်မသည် မည်သည့်ကိစ္စကိုမျှ စီရင်ဆုံးဖြတ်လေ့မရှိပေဟု ပြောကြားခဲ့သည်။

قَالُوا نَحْنُ أُولُوا قُوَّةٍ وَأُولُوا بَأْسٍ شَدِيدٍ وَالْأَمْرُ إِلَيْكِ فَانظُرِي مَاذَا تَأْمُرِينَ ﴿٣٣﴾

(၃၃) ထိုမှူးမတ်များက ကျွန်ုပ်တို့သည် အင်အားရှိသူများနှင့် ပြင်းထန် စွာ တိုက်ခိုက်ကြသည့်သူများ ဖြစ်ကြပါသည်။ ထို့ပြင် အမိန့်အာဏာကမူ အသင် ဘုရင်မ၏လက်ထဲတွင်ပင် ရှိသည့်အတွက် အသင်ဘုရင်မသည် မည်သို့အမိန့် ပေးမည်ကိုသာ စဉ်းစားကြည့်ပါဟု ပြောဆိုလျှောက်ထားခဲ့ကြသည်။

قَالَتْ إِنَّ الْمُلُوكَ إِذَا دَخَلُوا قَرْيَةً أَفْسَدُوهَا وَجَعَلُوا أَعِزَّةَ أَهْلِهَا أَذِلَّةً ۖ وَكَذَٰلِكَ يَفْعَلُونَ ﴿٣٤﴾

(၃၄) သူမက ပြောခဲ့သည်- အမှန်စင်စစ် ဘုရင်မင်းများဆိုသည်မှာ မြို့ရွာတစ်ခုကို ဝင်ရောက်ကြသည့်အခါ ထိုမြို့ရွာအား ဖျက်ဆီးလေ့ရှိကြသည်။ ထို့ပြင် သူတို့သည် ထိုမြို့ရွာမှဂုဏ်သိက္ခာရှိသည့်သူများကို ဂုဏ်သိက္ခာမဲ့သူများ ဖြစ်စေကြသည်။ ထို့ပြင် သူတို့သည်လည်း ထိုသို့ပင် ပြုမူကြမည်ဖြစ်သည်။

وَإِنِّي مُرْسِلَةٌ إِلَيْهِم بِهَدِيَّةٍ فَنَاظِرَةٌ بِمَ يَرْجِعُ الْمُرْسَلُونَ ﴿٣٥﴾

(၃၅) ထို့ပြင် အမှန်ပင် ကျွန်မကမူ လက်ဆောင်တစ်စုံတစ်ရာဖြင့် (သံတမန်များကို) ၎င်းတို့ထံသို့ စေလွှတ်မည့်သူဖြစ်သည်။ ထို့နောက် သံတမန် များသည် မည်သည်ကို ပြန်ယူလာကြသနည်း ဆိုသည်ကို ကျွန်မသည် စောင့် ကြည့်ဦးမည့်သူဖြစ်သည်။

فَلَمَّا جَاءَ سُلَيْمَانَ قَالَ أَتُمِدُّونَنِ بِمَالٍ فَمَا آتَانِيَ اللَّهُ خَيْرٌ مِّمَّا آتَاكُم بَلْ أَنتُم بِهَدِيَّتِكُمْ تَفْرَحُونَ ﴿٣٦﴾

(၃၆) ထို့နောက် ယင်း(သံတမန်)တို့သည် (တမန်တော်)စုလိုင်မာန်ထံ သို့ ရောက်သည့်အခါ ၎င်းကပြောဆိုသည်- အသင်တို့သည် ငါ့အား ပစ္စည်းဥစ္စာ ဖြင့် ကူညီချင်ကြသလော။ (အမှန်စင်စစ်) ငါ့အား အလ္လာဟ်အရှင်မြတ်က ပေး သနားထားတော်မူသည်များမှာ အရှင်မြတ်က အသင်တို့အား ပေးသနားထား တော်မူသည်များထက် ပိုကောင်းသည်။ ထို့နောက် အမှန်စင်စစ်မှာ အသင်တို့ သာ အသင်တို့၏လက်ဆောင်များနှင့် ပျော်မြူးနေကြခြင်း ဖြစ်သည်။

ارْجِعْ إِلَيْهِمْ فَلَنَأْتِيَنَّهُم بِجُنُودٍ لَّا قِبَلَ لَهُم بِهَا وَلَنُخْرِجَنَّهُم مِّنْهَا أَذِلَّةً وَهُمْ صَاغِرُونَ ﴿٣٧﴾

(၃၇) အသင်သည် သူတို့ထံသို့ ပြန်သွားပါ။ ထို့ပြင် အမှန်စင်စစ် ငါတို့သည် သူတို့ထံသို့ သူတို့ မယှဉ်ပြိုင်နိုင်သော စစ်တပ်နှင့် ရောက်ရှိလာကြမည်။ ထို့ပြင် အမှန်စင်စစ် ငါတို့သည် သူတို့ကို ယင်း(တိုင်းပြည်)မှ သေးသိမ်သူများအဖြစ်ဖြင့် သူတို့သည် အရှက်တကွဲ အကျိုးနည်းသူများ ဖြစ်ကြလျက်❶ နှင်ထုတ်ကြမည်။

❶ တမန်တော်စုလိုင်မာန် ﷺက လက်ဆောင်တွေနဲ့ ရောက်လာတဲ့ သံတမန်အဖွဲ့ကို သတိပေးလိုက်တယ်။ ငါလိုချင်တာဟာ အဲဒီလက်ဆောင်ပစ္စည်းတွေမဟုတ်ဘူး။ ငါ့မှာ အသင်တို့ထက် အဆပေါင်းအမြောက်အမြားကို အရှင်မြတ်က ပေးထားပြီးဖြစ်တယ်။ ဒါပေမဲ့ ငါလိုချင်တာက အသင်တို့ဟာ အလ္လာဟ်အရှင်မြတ်ရဲ့ အမိန့်နာခံတဲ့သူ မွတ်စ်လင်မ်တွေအဖြစ်ပဲ လိုချင်တာဖြစ်တယ်။ အဲဒါကြောင့် အသင်တို့ပျော်ပိုက်နေတဲ့ လက်ဆောင်တွေကို အသင်တို့ပဲ ပြန်ယူသွားတော့။ အသင်တို့ မယှဉ်နိုင်တဲ့ စစ်တပ်ကို ယူဆောင်လာပြီး အသင်တို့ကို နှင်ထုတ်မယ်လို့ သတိပေးခြိမ်းခြောက်လိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَ يٰۤاَيُّهَا الْمَلَؤُا اَيُّكُمْ يَاْتِيْنِيْ بِعَرْشِهَا قَبْلَ اَنْ يَّاْتُوْنِيْ مُسْلِمِيْنَ ﴿٣٨﴾

(၃၈) ၎င်း(တမန်တော်စုလိုင်မာန်)က ပြောသည်- အို-မှူးမတ်အပေါင်းတို့၊ သူတို့သည် ငါ့ထံသို့ မွတ်စ်လင်မ်အဖြစ် ရောက်မလာမီ၊ အသင်တို့ထဲမှ မည်သူသည် ထိုဘုရင်မ၏ပလ္လင်ကို ငါ့ထံ ယူလာနိုင်သနည်း။

قَالَ عِفْرِيْتٌ مِّنَ الْجِنِّ اَنَا اٰتِيْكَ بِهٖ قَبْلَ اَنْ تَقُوْمَ مِنْ مَّقَامِكَ ۚ وَاِنِّيْ عَلَيْهِ لَقَوِيٌّ اَمِيْنٌ ﴿٣٩﴾

(၃၉) ဂျင်န်သတ္တဝါများထဲမှ အလွန်အင်အားကြီးသော ဂျင်န်တစ်ဦးက ပြောဆိုလျှောက်ထားသည်- ကိုယ်တော်သည် ကိုယ်တော်(စီရင်ဆုံးဖြတ်သည့်တရားခွင်)နေရာမှ မထမီ(တရားစီရင်မှုအစီအစဉ်မပြီးမီ) ကျွန်ုပ်သည် ထိုပလ္လင်ကို ကိုယ်တော်၏ထံသို့ ယူလာပါမည်။ ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်သည် အမှန်ပင် ထိုကိစ္စနှင့်ပတ်သက်၍ ပြုလုပ်ရန်အင်အားရှိသူ၊ ယုံကြည်စိတ်ချရသူတစ်ဦးပင် ဖြစ်ပါသည်။

قَالَ الَّذِيْ عِنْدَهٗ عِلْمٌ مِّنَ الْكِتٰبِ اَنَا اٰتِيْكَ بِهٖ قَبْلَ اَنْ يَّرْتَدَّ اِلَيْكَ طَرْفُكَ ؕ فَلَمَّا رَاٰهُ مُسْتَقِرًّا عِنْدَهٗ قَالَ هٰذَا مِنْ فَضْلِ رَبِّيْ ۖ لِيَبْلُوَنِيْۤ ءَاَشْكُرُ اَمْ اَكْفُرُ ؕ وَمَنْ شَكَرَ فَاِنَّمَا يَشْكُرُ لِنَفْسِهٖ ۚ وَمَنْ كَفَرَ فَاِنَّ رَبِّيْ غَنِيٌّ كَرِيْمٌ ﴿٤٠﴾

(၄၀) ကျမ်းဂန်၏အသိပညာရှိသူတစ်ဦးက ကျွန်ုပ်သည် ယင်း(ပလ္လင်)ကို ကိုယ်တော်၏မျက်စိတစ်မှိတ်အတွင်း ကိုယ်တော်၏ထံသို့ ယူခဲ့ပါမည်ဟုပြောဆိုခဲ့သည်။ ထို့နောက် ၎င်းသည် ယင်း(ပလ္လင်)ကို၎င်း၏အနီး၌ တည်ငြိမ်ရောက်ရှိနေသည်ကို တွေ့မြင်သည့်အခါ ၎င်းကပြောဆိုသည်- ဤသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ကျေးဇူးတော်ထဲမှ တစ်ခုဖြစ်သည်။ ငါသည်

ကျေးဇူးတင်သလော၊ သို့မဟုတ် ငါသည် ကျေးဇူးကန်းသလောဆိုသည်ကို အရှင်မြတ်က ငါ့အား စမ်းသပ်တော်မူရန်အတွက် ဖြစ်သည်။ ထို့ပြင် မည်သူမဆို ကျေးဇူးတင်ခဲ့လျှင် သူ၏အကျိုးအတွက် ကျေးဇူးတင်ခဲ့ခြင်းသာဖြစ်သည်။ ထို့ပြင် မည်သူမဆို ကျေးဇူးကန်းခဲ့လျှင် အမှန်စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းပြီး ပြည့်စုံကြွယ်ဝတော်မူသော အရှင်၊ အလွန်ရက်ရောတော်မူသောအရှင်ဖြစ်တော်မူသည်။❶

❶ တမန်တော်စုလိုင်မာန် ﷺ ထံက သံတမန်အဖွဲ့ဟာ ဘုရင်မကြီးထံကို ပြန်ရောက်တဲ့အခါ စုလိုင်မာန် ﷺ ဟာ သာမန်ဘုရင် မဟုတ်ဘူး၊ တမန်တော်လည်းဖြစ်တဲ့ ဘုရင်ဖြစ်တယ်ဆိုတာကို သူမက သဘောပေါက်သွားခဲ့တယ်။ ၎င်းနဲ့ယှဉ်ပြိုင်ဖို့ မဖြစ်နိုင်ဘူးဆိုတာလည်း သိသွားခဲ့တယ်။ နောက်ဆုံးနည်းလမ်းမှာ မွတ်စ်လင်မ်အဖြစ်နဲ့ ၎င်းထံကို သွားတာအကောင်းဆုံးပဲဆိုပြီး သူမရဲ့ အခြွေအရံတွေကိုပါခေါ် ပြီး တမန်တော် ﷺ ထံကို သွားခဲ့တော့တယ်။ သူတို့ဟာ ဆီးရီးယားနိုင်ငံ နားရောက်တော့မဲ့အချိန်မှာ တမန်တော်စုလိုင်မာန် ﷺ က သူမရဲ့ပလ္လင်ကို အမြန်ဆုံးယူပေးဖို့ ခိုင်းလိုက်တဲ့အခါမှာ ၎င်းရဲ့ မှူးကြီးမတ်ရာတွေထဲက ကျမ်းတတ်ပညာရှင်တစ်ဦးက မျက်စိတစ်မှိတ် အတွင်းမှာ ယူပေးခဲ့လိုက်တယ်။ ဒါဟာ တမန်တော် ﷺ ရဲ့ တန်ခိုးတစ်ခုဖြစ်ခဲ့တယ်။ အဲဒီနောက် ဒါဟာ အရှင်မြတ်ရဲ့ကျေးဇူးမှန်းသိရှိပြီး ကျေးဇူးတင်ခဲ့တယ်။ (အလင်းပြကျမ်း)

قَالَ نَكِّرُوا لَهَا عَرْشَهَا نَنظُرْ أَتَهْتَدِي أَمْ تَكُونُ مِنَ الَّذِينَ لَا يَهْتَدُونَ ﴿٤١﴾

(၄၁) ၎င်း(တမန်တော်စုလိုင်မာန်)က ပြောဆိုခဲ့သည်- အသင်တို့သည် သူမ၏ပလ္လင်ကို သူမအတွက် အသွင်ပြောင်းထားလိုက်ကြပါ။ သူမသည် (သူမ၏ပလ္လင်မှန်း မှတ်မိပြီး ဤသည်မှာ တန်ခိုးတော်နှင့် ယူထားခြင်းဖြစ်သည်ကို သိပြီး) လမ်းမှန်ရသည့်သူလော၊ သို့မဟုတ် (ထိုအရာများမသိဘဲ) လမ်းမှန်မရသေးသည့်သူများထဲမှဖြစ်သလောဆိုသည်ကို ကျွန်ုပ်တို့သည် ကြည့်ရှုကြမည်။

فَلَمَّا جَاءَتْ قِيلَ أَهَٰكَذَا عَرْشُكِ ۖ قَالَتْ كَأَنَّهُ هُوَ ۚ وَأُوتِينَا الْعِلْمَ مِن قَبْلِهَا وَكُنَّا مُسْلِمِينَ ﴿٤٢﴾

(၄၂) ထို့နောက် ၎င်း(ဘုရင်မ)ရောက်ရှိလာသည့်အခါ သူမသည် (ဤသို့)မေးမြန်းခြင်းခံရသည်- “အသင်မ၏ပလ္လင်သည် ဤသို့ပင်လော။” သူမကပြောသည်-“ယင်းသည် (ကျွန်ုပ်မ၏) ၎င်း(ပလ္လင်)ပင် ဖြစ်ဟန်တူသည်။”❷ ထို့ပြင် ကျွန်ုပ်တို့သည် ဤသည့်အလျင်ကတည်းက အသိပညာကို ပေးသနားခံခဲ့ကြရပြီဖြစ်သည်သာမက ကျွန်ုပ်တို့သည် မွတ်စ်လင်မ် အမိန့်နာခံသူများပင် ဖြစ်ခဲ့ကြပါပြီ။

❷ သူမရဲ့ပလ္လင်ကို ဇဝေဇဝါဖြစ်အောင် ပြောင်းလဲထားပြီး မေးတဲ့အခါ သူမဟာ ဇဝေဇဝါမဖြစ်ဘဲ တန်းပြီး ပြောခဲ့တယ်။ သူမရဲ့ပလ္လင်ပဲ ဖြစ်လိမ့်မယ်နဲ့တူတယ်လို့ လေးစားတဲ့အနေနဲ့ ပြောခဲ့တာ ဖြစ်တယ်။ ဆိုလိုတာက ဒီပလ္လင်နဲ့ စမ်းသပ်ကြည့်စရာမလိုခင်ကတည်းက အသိပညာပေးခြင်းခံခဲ့

ရပြီးဖြစ်လို့ပဲ မွတ်စ်လင်မ်အဖြစ်နဲ့ လာခဲ့တာပါလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَصَدَّهَا مَا كَانَت تَّعْبُدُ مِن دُونِ اللَّهِ ۖ إِنَّهَا كَانَتْ مِن قَوْمٍ كَافِرِينَ ﴿٤٣﴾

(၄၃) ထို့ပြင် အလ္လာဟ်အရှင်မြတ်အား စွန့်ပြီး ၎င်း(ဘုရင်မ) ကိုးကွယ်နေခဲ့သောအရာများက သူမကို တားဆီးထားခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ် သူမသည် ကာဖိရ်အုပ်စုများထဲတွင်ပင် ဖြစ်ခဲ့သည်။

قِيلَ لَهَا ادْخُلِي الصَّرْحَ ۖ فَلَمَّا رَأَتْهُ حَسِبَتْهُ لُجَّةً وَكَشَفَتْ عَن سَاقَيْهَا ۚ قَالَ إِنَّهُ صَرْحٌ مُّمَرَّدٌ مِّن قَوَارِيرَ ۗ قَالَتْ رَبِّ إِنِّي ظَلَمْتُ نَفْسِي وَأَسْلَمْتُ مَعَ سُلَيْمَانَ لِلَّهِ رَبِّ الْعَالَمِينَ ﴿٤٤﴾

(၄၄) သူမအား အသင်မသည် နန်းတော်ဧည့်ခန်းထဲသို့ဝင်ပါဟု ပြောကြားခံရသည်။ သို့ဖြစ်ရာ သူမသည် ယင်း(နန်းတော်ဧည့်ခန်း)ကို မြင်သည့်အခါ ယင်း(နန်းတော်ဧည့်ခန်း)ကို ရေလှိုင်း(ရှိသောကန်ထဲတွင် ဆောက်လုပ်ထားသည်)ဟု ထင်မှတ်ပြီး (ထိုရေများထဲမှ ဖြတ်သွားရန်) သူမ၏ခြေသလုံးနှစ်ဖက်(ပေါ်တွင်ရှိသော ဝတ်ရုံကို ပင့်မပြီး)ဖော်ခဲ့သည်။ (ထိုအခါ) ၎င်း(တမန်တော်စုလိုင်မာန်)က ပြောလိုက်သည်- ယင်းသည် (ရေကန်ပေါ်တွင်)ဖန်များဖြင့် ချောမွတ်အောင် ပြုလုပ်(ခင်းကျင်း)ထားသော ဧည့်ခန်းပင် ဖြစ်သည်။ သူမက ပြောဆိုသည်- အို-ကျွန်မအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အမှန်စင်စစ် ကျွန်မသည် မိမိကိုယ်မိမိနှိပ်စက်မိပြီဖြစ်ပါသည်။ ထို့နောက် ကျွန်မသည် (တမန်တော်)စုလိုင်မာန်နှင့်အတူ စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်(၏အမိန့်တော်)ကို လိုက်နာပြီဖြစ်ပါသည်။❷

❷ ဘုရင်မကြီးဟာ အီမာန်ယုံကြည်ပြီးဖြစ်ကြောင်းနဲ့ တမန်တော်စုလိုင်မာန် عليه السلام ရှေ့မှာ ကြေညာပြီး အစ္စလာမ်ကိုလက်ခံလိုက်တာဖြစ်ကြောင်း ပြောဆိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدْ أَرْسَلْنَا إِلَىٰ ثَمُودَ أَخَاهُمْ صَالِحًا أَنِ اعْبُدُوا اللَّهَ فَإِذَا هُمْ فَرِيقَانِ يَخْتَصِمُونَ ﴿٤٥﴾

(၄၅) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ဆမူဒ်အမျိုးသားများထံသို့ သူတို့၏နောင်တော် (တမန်တော်)စွာလိဟ်ကို အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကိုးကွယ်ကြရမည်ဟု (အမိန့်တော်နှင့်တကွ)စေလွှတ်တော်မူခဲ့သည်။ ထိုအခါ (မုအ်မင်န်နှင့် ကာဖိရ်)အုပ်စုနှစ်စုသည် (သူမှန်သည်၊ ငါမှန်သည်နှင့်) အငြင်းအခုံပြုကြတော့သည်။

قَالَ يَا قَوْمِ لِمَ تَسْتَعْجِلُونَ بِالسَّيِّئَةِ قَبْلَ الْحَسَنَةِ ۖ لَوْلَا تَسْتَغْفِرُونَ اللَّهَ لَعَلَّكُمْ تُرْحَمُونَ ﴿٤٦﴾

(၄၆) ၎င်း(တမန်တော်စွာလိဟ်)က ပြောခဲ့သည်- အို- ငါ၏အမျိုးသား

တို့၊ အသင်တို့သည် အဘယ်ကြောင့် ကရုဏာထက်အလျင် အပြစ်ဒဏ်ကို ဆောလျင်စွာ လိုလားကြသနည်း။ အသင်တို့သည် သနားခြင်းခံရရန် အဘယ်ကြောင့် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ချမ်းသာခွင့်ကို တောင်းခံမှု မပြုကြသနည်း။

قَالُوا اطَّيَّرْنَا بِكَ وَبِمَنْ مَّعَكَ ۚ قَالَ طٰٓئِرُكُمْ عِنْدَ اللّٰهِ بَلْ اَنْتُمْ قَوْمٌ تُفْتَنُوْنَ ﴿٤٧﴾

(၄၇) ၎င်း(အမျိုးသား)တို့က ကျွန်ုပ်တို့သည် အသင်နှင့်အသင်၏အပေါင်းအပါများကြောင့် (နိမိတ်ဆိုးဖြစ်ပြီး) လာဘ်ပိတ်နေခဲ့သည်ဟု ပြောဆိုခဲ့ကြသည်။ ၎င်း(တမန်တော်စွာလိဟ်)က ပြောဆိုသည်- အသင်တို့၏နိမိတ်ဆိုးသည် အလ္လာဟ်အရှင်မြတ်ထံတော်၌သာ ရှိသည်။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် အသင်တို့သည် စမ်းသပ်ခြင်းကို ခံကြရမည့် အမျိုးသားများပင် ဖြစ်သည်။

وَكَانَ فِى الْمَدِيْنَةِ تِسْعَةُ رَهْطٍ يُّفْسِدُوْنَ فِى الْاَرْضِ وَلَا يُصْلِحُوْنَ ﴿٤٨﴾

(၄၈) ထို့ပြင် မြို့တွင်း၌ယောကျ်ားကိုးဦးရှိခဲ့သည်။ သူတို့သည် တိုင်းပြည်ကို ပြုပြင်ကြခြင်းမရှိဘဲ၊ ဖျက်ဆီးမှုကိုသာ ပြုလုပ်လျက်ရှိကြသည်။❶

❶ အဲဒီမြို့ဟာ အာရေဗျကျွန်းဆွယ်ရဲ့အနောက်မြောက်မှာရှိတဲ့ ဟိဂျ်ရ်မြို့ကို ဆိုလိုတယ်။ အဲဒီမြို့မှာ အဆိုးဆုံးသူ ကိုးယောက်ရှိခဲ့တာဖြစ်တယ်။ သူတို့ဟာ တမန်တော်နဲ့ အပေါင်းအပါတွေကို သတ်ဖြတ်ဖို့ ကြံစည်ခဲ့ကြတဲ့သူတွေဖြစ်တယ်။ အရှင်မြတ်က အရှင့်တန်ခိုးတော်အဖြစ်ချပေးခဲ့တဲ့ ကုလားအုတ်မကို သတ်ဖြတ်ခဲ့တာလည်း အဲဒီကသူတွေပဲ ဖြစ်ခဲ့တယ်။

(အလင်းပြကျမ်း၊ အသ်သဖ်စီရုလ် မုယတ်စရ်)

قَالُوْا تَقَاسَمُوْا بِاللّٰهِ لَنُبَيِّتَنَّهٗ وَاَهْلَهٗ ثُمَّ لَنَقُوْلَنَّ لِوَلِيِّهٖ مَا شَهِدْنَا مَهْلِكَ اَهْلِهٖ وَاِنَّا لَصٰدِقُوْنَ ﴿٤٩﴾

(၄၉) သူတို့သည် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ အမှန်ပင် ကျွန်ုပ်တို့သည် (တမန်တော်)စွာလိဟ်နှင့် ၎င်းနှင့်ပတ်သက်သောလူများအား ညအချိန်တွင် သွားရောက်သတ်ဖြတ်ကြမည်၊ ထို့ပြင် ၎င်း၏အမွေစားအမွေခံများအား ၎င်းနှင့်ပတ်သက်သည့်သူများ အသတ်ခံကြရသည့်အချိန်တွင် ကျွန်ုပ်တို့ အသင့်(ရောက်ရှိ)တွေ့မြင်ခဲ့ကြသည် မဟုတ်ပေ၊ ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည် မှန်ကန်သည့်သူများဖြစ်ကြသည်ဟု ပြောဆိုကြမည့်အကြောင်းအချင်းချင်း ပြောဆိုခဲ့ကြသည်။

وَمَكَرُوْا مَكْرًا وَّمَكَرْنَا مَكْرًا وَّهُمْ لَا يَشْعُرُوْنَ ﴿٥٠﴾

(၅၀) ထို့ပြင် သူတို့သည် အကြံအစည်တစ်ခုကို လျှို့ဝှက်ကြံစည်ခဲ့ကြသည်။ ထို့ပြင် ငါအရှင်မြတ်ကလည်း စီမံခန့်ခွဲမှုတစ်ခုကို သူတို့မသိလိုက်ကြဘဲလျက် စီမံခန့်ခွဲတော်မူခဲ့သည်။

فَانْظُرْ كَيْفَ كَانَ عَاقِبَةُ مَكْرِهِمْ ۙ اَنَّا دَمَّرْنٰهُمْ وَقَوْمَهُمْ اَجْمَعِيْنَ ﴿۵۱﴾

(၅၁) သို့ဖြစ်ရာ အသင်သည် သူတို့၏အကြံအစည်၏နောက်ဆုံးအကျိုး ဆက်သည် မည်သို့ဖြစ်ခဲ့သည်ကို ကြည့်လိုက်ပါ။ အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့နှင့် သူတို့၏အမျိုးသားများအားလုံးကို ဖျက်ဆီးတော်မူခဲ့သည်။

فَتِلْكَ بُيُوْتُهُمْ خَاوِيَةًۢ بِمَا ظَلَمُوْا ؕ اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّقَوْمٍ يَّعْلَمُوْنَ ﴿۵۲﴾

(၅၂) သို့ဖြစ်ရာ ၎င်းသည် သူတို့၏သွေဖည်မှုကြောင့် ပျက်စီးနေသော သူတို့၏ နေအိမ်များဖြစ်သည်။ အမှန်စင်စစ် ထိုအထဲတွင် သိနားလည်ကြသည့် သူများအတွက် အမှန်ပင် သက်သေသာဓကရှိသည်။

وَاَنْجَيْنَا الَّذِيْنَ اٰمَنُوْا وَكَانُوْا يَتَّقُوْنَ ﴿۵۳﴾

(၅၃) ထို့ပြင် ငါအရှင်မြတ်သည် အီမာန်ယုံကြည်ပြီး ကြောက်ရွံ့အပြစ် ရှောင် ကောင်းကျိုးဆောင်ကြသည့်သူများကို ကယ်ဆယ်တော်မူခဲ့သည်။

وَلُوْطًا اِذْ قَالَ لِقَوْمِهٖۤ اَتَاْتُوْنَ الْفَاحِشَةَ وَاَنْتُمْ تُبْصِرُوْنَ ﴿۵۴﴾

(၅၄) ထို့ပြင် ငါအရှင်မြတ်သည် လူသ်ွကို(လည်း တမန်တော်အဖြစ် စေလွှတ်တော်မူခဲ့သည်)၊ တစ်ခါတွင် ၎င်းသည် ၎င်း၏အမျိုးသားများကို ပြောဆို ခဲ့သည်။ အသင်တို့သည် (တစ်ယောက်ကို တစ်ယောက်ကြည့်)မြင်နေလျက် စက်ဆုပ်ဖွယ်ရာအမှုကို ကျူးလွန်ကြသလော။

اَئِنَّكُمْ لَتَاْتُوْنَ الرِّجَالَ شَهْوَةً مِّنْ دُوْنِ النِّسَآءِ ؕ بَلْ اَنْتُمْ قَوْمٌ تَجْهَلُوْنَ ﴿۵۵﴾

(၅၅) အသင်တို့သည် မိန်းမများအား စွန့်ပြီး ယောကျာ်းများထံတွင် ကာမဂုဏ်ခံစားရန် လာကြသလော။ အမှန်စင်စစ် အသင်တို့သည် ကျူးကျော် မိုက်မဲသော အမျိုးသားများပင် ဖြစ်ကြသည်။

فَمَا كَانَ جَوَابَ قَوْمِهٖۤ اِلَّاۤ اَنْ قَالُوْۤا اَخْرِجُوْۤا اٰلَ لُوْطٍ مِّنْ قَرْيَتِكُمْ ۚ اِنَّهُمْ اُنَاسٌ يَّتَطَهَّرُوْنَ ﴿۵۶﴾

(၅၆) ၎င်း(အမျိုးသား)တို့က သူတို့ အချင်းချင်း အသင်တို့သည် (တမန် တော်)လူသ်ွနှင့်ပတ်သက်သည့်သူများအား အသင်တို့မြို့ရွာမှ နှင်ထုတ်ကြပါ။ အမှန်စင်စစ် ၎င်းတို့သည် (လိင်တူဆက်ဆံခြင်းမှ) သန့်ရှင်းစင်ကြယ်သူများပင် ဖြစ်ကြသည်ဟု (ပြောင်လှောင်)ပြောဆိုခဲ့ကြသည်မှလွဲ၍ သူတို့တွင် အခြားအဖြေ မရှိခဲ့ကြပေ။

فَاَنْجَيْنٰهُ وَاَهْلَهٗۤ اِلَّا امْرَاَتَهٗ ۫ قَدَّرْنٰهَا مِنَ الْغٰبِرِيْنَ ﴿۵۷﴾

(၅၇) သို့ဖြစ်ရာ ငါအရှင်မြတ်သည် (တမန်တော်)လူသ်ွနှင့် ၎င်း၏အိမ်

သူ့အိမ်သားများကို ကယ်ဆယ်တော်မူခဲ့သည်။ သို့ရာတွင် ၎င်း၏ဇနီးကိုမူ ငါ အရှင်မြတ်သည် သူမအား ကျန်ရစ်သူများထဲတွင် သတ်မှတ်တော်မူခဲ့သည်။

وَاَمۡطَرۡنَا عَلَيۡهِمۡ مَّطَرًا ۚ فَسَآءَ مَطَرُ الۡمُنۡذَرِيۡنَ ﴿٥٨﴾

(၅၈) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အပေါ်တွင် မိုးတစ်မျိုးကို ရွာသွန်းစေတော်မူခဲ့သည်။ ထို့ပြင် သတိပေးနှိုးဆော်ခြင်းခံခဲ့ကြရသောသူများ၏ မိုးသည် အလွန်ဆိုးရွားလှသည်။

قُلِ الۡحَمۡدُ لِلّٰهِ وَسَلٰمٌ عَلٰى عِبَادِهِ الَّذِيۡنَ اصۡطَفٰى ؕ ءٰٓاللّٰهُ خَيۡرٌ اَمَّا يُشۡرِكُوۡنَ ﴿٥٩﴾

(၅၉) (အို-တမန်တော်) အသင်ပြောဆိုပါ- ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်ပင် ဖြစ်ပါသည်။ ထို့ပြင် ငြိမ်းချမ်းသာယာမှုသည် အရှင်မြတ်ရွေးချယ်တော်မူခဲ့သောကျွန်များအပေါ်တွင် ကျရောက်ပါစေ။ အလ္လာဟ် အရှင်မြတ်သည် ပိုပြီး မြင့်မြတ်သလော၊ သို့မဟုတ် သူတို့ တွဲဖက်ကိုးကွယ်ကြ သောအရာများသည် (ပိုပြီး မြင့်မြတ်ကြသလော)။

اَمَّنۡ خَلَقَ السَّمٰوٰتِ وَالۡاَرۡضَ وَاَنۡزَلَ لَكُمۡ مِّنَ السَّمَآءِ مَآءً ۚ فَاَنۡۢبَتۡنَا بِهٖ حَدَآئِقَ ذَاتَ بَهۡجَةٍ ۚ مَا كَانَ لَكُمۡ اَنۡ تُنۡۢبِتُوۡا شَجَرَهَا ؕ ءَاِلٰهٌ مَّعَ اللّٰهِ ؕ بَلۡ هُمۡ قَوۡمٌ يَّعۡدِلُوۡنَ ﴿٦٠﴾

(၆၀) (ထိုရုပ်တုများက မြင့်မြတ်သလော)။ သို့မဟုတ် အကြင်အရှင် မြတ်ကပင် (မြင့်မြတ်တော်မူပါသလော)။ ထိုအရှင်မြတ်သည် မိုးကောင်းကင် များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အသင် တို့အတွက် မိုးကောင်းကင်မှ (မိုး)ရေကို ချပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင် မြတ်သည် ယင်း(မိုးရေ)ဖြင့် စိမ်းလန်းစိုပြည်သော ခြံဥယျာဉ်များကို ပေါက်ရောက် စေတော်မူခဲ့သည်။ အသင်တို့သည် ယင်း(ခြံဥယျာဉ်)တို့၏ သစ်ပင်များကို ပေါက် ရောက် စေနိုင်သည်မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်နှင့်အတူ ကိုးကွယ်ခံထိုက် သော အခြားအရှင်တစ်ပါးပါး ရှိပါသေးသလော။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် (သူတို့သည် အမှန်စင်စစ် သွေဖည်သွားကြပြီဖြစ်သည့်အတွက်) သူတို့သည် အလ္လာဟ် အရှင်မြတ်နှင့် အခြားအရာများကို ဂုဏ်ရည်တူပြုလုပ်ကြသည့်သူများ ဖြစ်ကြတော့သည်။

اَمَّنۡ جَعَلَ الۡاَرۡضَ قَرَارًا وَّجَعَلَ خِلٰلَهَاۤ اَنۡهٰرًا وَّجَعَلَ لَهَا رَوَاسِىَ وَجَعَلَ بَيۡنَ الۡبَحۡرَيۡنِ حَاجِزًا ؕ ءَاِلٰهٌ مَّعَ اللّٰهِ ؕ بَلۡ اَكۡثَرُهُمۡ لَا يَعۡلَمُوۡنَ ﴿٦١﴾

(၆၁) (ထိုရုပ်တုများက မြင့်မြတ်သလော)။ သို့မဟုတ် အကြင်အရှင်မြတ်ကပင် (မြင့်မြတ်တော်မူပါသလော)။ ထိုအရှင်မြတ်သည် မြေပထဝီကို တည်တံ့နေထိုင်ရာ အဖြစ်ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် ထိုမြေပထဝီ၏အကြားတွင် စမ်းရေချောင်းများကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် မြေပထဝီကို (တည်ငြိမ်စေရန်)အတွက် တောင်များကို (ကျောက်ဆူးများအဖြစ်)ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် ပင်လယ်နှစ်ခုအကြား၌ အတားအဆီးကို ပြုလုပ်တော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်နှင့်အတူ ကိုးကွယ်ခံထိုက်သော အခြားအရှင်တစ်ပါးပါးရှိပါသေးသလော။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် သူတို့ထဲမှ အများအပြားသည် မသိနားမလည်ကြပေ။

أَمَّن يُجِيبُ الْمُضْطَرَّ إِذَا دَعَاهُ وَيَكْشِفُ السُّوءَ وَيَجْعَلُكُمْ خُلَفَاءَ الْأَرْضِ ۗ أَإِلَٰهٌ مَّعَ اللَّهِ ۚ
قَلِيلًا مَّا تَذَكَّرُونَ ٦٢

(၆၂) (ထိုရုပ်တုများက မြင့်မြတ်သလော)။ သို့မဟုတ် အကြင်အရှင်မြတ်ကပင် (မြင့်မြတ်တော်မူပါသလော)။ ထိုအရှင်မြတ်သည် အကျဉ်းအကျပ်ဖြစ်နေသည့်သူ(ဒုက္ခသည်)က အရှင်မြတ်ကို ဟစ်ခေါ်သည့်အခါ သူ့အား ပြန်ဖြေတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် ဆိုးရွားမှု(ဒုက္ခ)ကို ဖယ်ရှားတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် ကမ္ဘာမြေတွင် အသင်တို့အား ကိုယ်စားလှယ်များပြုလုပ်တော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်နှင့်အတူ ကိုးကွယ်ခံထိုက်သော အခြားအရှင်တစ်ပါးပါးရှိပါသေးသလော။ အသင်တို့သည် အနည်းငယ်သာ စဉ်းစားကြသည်။

أَمَّن يَهْدِيكُمْ فِي ظُلُمَاتِ الْبَرِّ وَالْبَحْرِ وَمَن يُرْسِلُ الرِّيَاحَ بُشْرًا بَيْنَ يَدَيْ رَحْمَتِهِ ۗ أَإِلَٰهٌ مَّعَ
اللَّهِ ۚ تَعَالَى اللَّهُ عَمَّا يُشْرِكُونَ ٦٣

(၆၃) (ထိုရုပ်တုများက မြင့်မြတ်သလော)။ သို့မဟုတ် အကြင်အရှင်မြတ်ကပင် (မြင့်မြတ်တော်မူပါသလော)။ အရှင်မြတ်သည် အသင်တို့အား ကုန်းမြေနှင့် ပင်လယ်၏အမှောင်ထုများတွင် လမ်းညွှန်ကြားပြသတော်မူသည်။ ထို့ပြင် ထိုအရှင်မြတ်သည် အရှင်မြတ်၏ကရုဏာမိုး မရွာမီ လေများကို ရှေ့ပြေးသတင်းကောင်းအဖြစ် စေလွှတ်တော်မူသည်။ အလ္လာဟ်အရှင်မြတ်နှင့်အတူ ကိုးကွယ်ခံထိုက်သော အခြားအရှင်တစ်ပါးပါးရှိပါသေးသလော။ အလ္လာဟ်အရှင်မြတ်သည် သူတို့နှိုင်းယှဉ်ကိုးကွယ်ကြသည့်အရာများထက် အလွန်မြင့်မားထွတ်

မြတ်လှတော်မူသည်။

أَمَّنْ يَّبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ وَمَنْ يَّرْزُقُكُمْ مِّنَ السَّمَآءِ وَالْاَرْضِ ؕ ءَاِلٰهٌ مَّعَ اللّٰهِ ؕ قُلْ هَاتُوْا بُرْهَانَكُمْ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٦٤﴾

(၆၄) (ထိုရုပ်တုများက မြင့်မြတ်သလော)။ သို့မဟုတ် အကြင်အရှင်မြတ်ကပင် (မြင့်မြတ်တော်မူပါသလော)။ ထိုအရှင်မြတ်သည် အဖန်ဆင်းခံများအား(ပထမအကြိမ်)စတင်ဖန်ဆင်းတော်မူသည်။ ထို့ပြင် အရှင်မြတ်ပင် ထိုအဖန်ဆင်းခံများအား နောက်တစ်ကြိမ် ထပ်မံပြီး ဖန်ဆင်းတော်မူမည်ဖြစ်သည်။❶ ထို့ပြင် အရှင်မြတ်သည် အသင်တို့အား မိုးကောင်းကင်နှင့် မြေပထဝီမှ စားနပ်ရိက္ခာပေးသနားတော်မူသည်။ အလ္လာဟ်အရှင်မြတ်နှင့်အတူ ကိုးကွယ်ခံထိုက်သော အခြားအရှင်တစ်ပါးပါးရှိပါသေးသလော။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အကယ်၍ အသင်တို့သည် မှန်ကန်သည့်သူများဖြစ်ကြလျှင် (ထိုအရာများနှင့်ပတ်သက်၍) အသင်တို့၏သက်သေသာဓကကို ယူဆောင်လာခဲ့ကြပါ။

❶ စကြဝဠာကြီးကို ဖန်ဆင်းခြင်း၊ သက်ရှိသတ္တဝါတွေကို ဖန်ဆင်းခြင်း၊ အားလုံးရဲ့ရိက္ခာတွေကို ဖြန့်ဝေပေးခြင်း၊ အားလုံးကို သေစေခြင်း၊ ရှင်စေခြင်း၊ စတာတွေကို အလ္လာဟ်အရှင်မြတ်ကလွဲပြီး အခြားကိုးကွယ်ရာတွေက ပြုလုပ်ဖန်ဆင်းခဲ့ကြပါတယ်လို့ ကာဖိရ်မုရှ်ရိက်တွေကတောင် ပြောဆိုခြင်းမရှိကြဘူး။ အစဖန်ဆင်းတော်မူခဲ့တာလည်း အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းပဲ ဖြစ်ခဲ့သလို နောက်တစ်ကြိမ် ပြန်လည်ဖန်ဆင်းတော်မူမှာလည်း အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းပဲ ဖြစ်တော်မူတယ်။ (အလင်းပြကျမ်း)

قُلْ لَّا يَعْلَمُ مَنْ فِى السَّمٰوٰتِ وَالْاَرْضِ الْغَيْبَ اِلَّا اللّٰهُ ؕ وَمَا يَشْعُرُوْنَ اَيَّانَ يُبْعَثُوْنَ ﴿٦٥﴾

(၆၅) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အကွယ်တွင်ရှိသည့်အရာများအား အလ္လာဟ်အရှင်မြတ်မှလွဲ၍ မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသည့်သူများ မည်သူမျှ မသိပေ။ ထို့ပြင် သူတို့သည် မည်သည့်အချိန်တွင် ရှင်ပြန်ထစေခြင်းခံကြရမည်နည်း ဆိုသည်ကိုလည်း သူတို့မသိကြပေ။❷

❷ အကွယ်က အရာဟူသမျှကို သိရှိတော်မူတဲ့အရှင်ဟာ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းပဲဖြစ်တယ်။ တခြားဘယ်သူမှ အကွယ်ကို မသိဘူး။ တချို့သူတွေဟာ အနည်းငယ် တစ်စိတ်တစ်ဒေသ သိရှိကြခြင်းဟာ အလ္လာဟ်အရှင်မြတ်ရဲ့အသိပေးမှုကြောင့်ပဲ ဖြစ်တယ်။ (အလင်းပြကျမ်း) ဥပမာ-တမန်တော်တွေဟာ အကွယ်က အကြောင်းအရာတချို့ကို ပြောပြသွားခဲ့ကြတယ်။ ဘယ်တမန်တော်ကမှ သူဟာ အကွယ်ကအရာအားလုံးကို သိရှိပါတယ်လို့ ကြွေးကြော်သွားခဲ့ခြင်းမရှိဘူး။ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်လည်း တကယ်လို့ ငါဟာ အကွယ်ကိုသာ သိမယ်ဆိုရင် ကောင်းတာတွေချည်းပဲ ယူတော့မှာပေါ့၊ ငါ့မှာ ဒုက္ခရောက်စရာမရှိတော့ဘူးလို့ မိန့်ကြားသွားခဲ့တာပဲဖြစ်တယ်။ (ကုရ်အာန်-၇း၁၈၈) အကွယ်ကအရာအားလုံးကိုသိခြင်းဟာ အရှင်မြတ်တစ်ပါး

တည်းပိုင်ဆိုင်တဲ့ သီးသန့်ဂုဏ်တော်ဖြစ်တယ်။ (ကုရ်အာန် - ၄၉း၁၈၊ ၁၆း၇၇)

بَلِ ادّٰرَكَ عِلْمُهُمْ فِي الْاٰخِرَةِ ۚ بَلْ هُمْ فِيْ شَكٍّ مِّنْهَا ۚ بَلْ هُمْ مِّنْهَا عَمُوْنَ ﴿٦٦﴾

(၆၆) အမှန်စင်စစ် တမလွန်ဘဝနှင့် ပတ်သက်၍ သူတို့၏အသိသည် ပျောက်ပျက်သွားပြီဖြစ်သည်။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် သူတို့သည် တမလွန် ဘဝနှင့်ပတ်သက်၍ သံသယ၌ပင် ရှိနေကြသည်။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် သူတို့သည် ထိုတမလွန်ဘဝနှင့်ပတ်သက်၍ မျက်စိကန်းနေကြသည့်သူများပင် ဖြစ်ကြသည်။

وَقَالَ الَّذِيْنَ كَفَرُوْٓا ءَاِذَا كُنَّا تُرٰبًا وَّاٰبَاۤؤُنَآ اَئِنَّا لَمُخْرَجُوْنَ ﴿٦٧﴾

(၆၇) ထို့ပြင် ကာဖိရ်များက ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေး များသည် မြေကြီးဖြစ်သွားပြီးသည့်အခါ ကျွန်ုပ်တို့သည် (သင်္ချိုင်းထဲမှ) အမှန်ပင် ထွက်စေခြင်းကို ခံကြရဦးမည်လောဟု ပြောဆိုကြသည်။

لَقَدْ وُعِدْنَا هٰذَا نَحْنُ وَاٰبَاۤؤُنَا مِنْ قَبْلُ ۙ اِنْ هٰذَآ اِلَّآ اَسَاطِيْرُ الْاَوَّلِيْنَ ﴿٦٨﴾

(၆၈) အမှန်စင်စစ် ဤသည်ကို ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးတို့ကို ယခင်ကတည်းက ကတိပေးခြင်းကို ခံခဲ့ကြရသည်။ ဤသည် ယခင် ကသူများ၏အခြေအမြစ်မရှိသော ပုံပြင်များပင် ဖြစ်သည်။

قُلْ سِيْرُوْا فِي الْاَرْضِ فَانْظُرُوْا كَيْفَ كَانَ عَاقِبَةُ الْمُجْرِمِيْنَ ﴿٦٩﴾

(၆၉) (အို-တမန်တော်)အသင် ပြောလိုက်ပါ- အသင်တို့သည် ကမ္ဘာ မြေတွင် လှည့်လည်သွားလာကြပြီးလျှင် အပြစ်ကျူးလွန်သည့်သူများ၏နောက် ဆုံးအကျိုးဆက်သည် မည်သို့ဖြစ်ခဲ့သနည်းဆိုသည်ကို ကြည့်ကြပါ။

وَلَا تَحْزَنْ عَلَيْهِمْ وَلَا تَكُنْ فِيْ ضَيْقٍ مِّمَّا يَمْكُرُوْنَ ﴿٧٠﴾

(၇၀) ထို့ပြင် အသင်(တမန်တော်)သည် သူတို့နှင့်ပတ်သက်၍ မပူဆွေး နှင့်။ ထို့ပြင် အသင်သည် သူတို့၏လျှို့ဝှက်ကြံစည်မှုကြောင့် စိတ်ဆင်းရဲမှုလည်း မဖြစ်နှင့်။

وَيَقُوْلُوْنَ مَتٰى هٰذَا الْوَعْدُ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٧١﴾

(၇၁) ထို့ပြင် သူတို့က အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ် ကြလျှင် ဤချိန်းဆိုချက်သည် မည်သည့်အခါဖြစ်မည်နည်းဟု ပြောဆိုကြသည်။

قُلْ عَسٰٓى اَنْ يَّكُوْنَ رَدِفَ لَكُمْ بَعْضُ الَّذِيْ تَسْتَعْجِلُوْنَ ﴿٧٢﴾

(၇၂) (အို-တမန်တော်)အသင် ပြောလိုက်ပါ- အသင်တို့ အလျင်စလို

တောင့်တနေကြသော ပြစ်ဒဏ်တချို့တစ်ဝက်သည် အသင်တို့၏နောက်မှ လိုက်လာနေပြီဖြစ်သည်။

وَاِنَّ رَبَّكَ لَذُوْ فَضْلٍ عَلَى النَّاسِ وَلٰكِنَّ اَكْثَرَهُمْ لَا يَشْكُرُوْنَ ﴿٧٣﴾

(၇၃) ထို့ပြင် အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် လူများအပေါ်တွင် အလွန်ကျေးဇူးပြုတော်မူသောအရှင် အမှန်ပင် ဖြစ်တော်မူသည်။ သို့ရာတွင် လူများထဲမှ အများစုသည် ကျေးဇူးမသိတတ်ကြပေ။

وَاِنَّ رَبَّكَ لَيَعْلَمُ مَا تُكِنُّ صُدُوْرُهُمْ وَمَا يُعْلِنُوْنَ ﴿٧٤﴾

(၇၄) ထို့ပြင် အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် သူတို့၏ရင်များက လျှို့ဝှက်ထားကြသည်များနှင့် သူတို့က ထုတ်ဖော်ပြောကြားကြသည်များကို အမှန်ပင်သိရှိတော်မူသည်။

وَمَا مِنْ غَآئِبَةٍ فِى السَّمَآءِ وَالْاَرْضِ اِلَّا فِىْ كِتٰبٍ مُّبِيْنٍ ﴿٧٥﴾

(၇၅) ထို့ပြင် မိုးကောင်းကင်နှင့် မြေပထဝီတွင် လျှို့ဝှက်သည့်အရာ ဟူသည်မရှိပေ။ သို့ရာတွင် (ထိုအရာများသည်) ထင်ရှားသော(မှတ်တမ်း) စာအုပ်၌ မှတ်သားထားပြီးဖြစ်သည်။

اِنَّ هٰذَا الْقُرْاٰنَ يَقُصُّ عَلٰى بَنِىْٓ اِسْرَآءِيْلَ اَكْثَرَ الَّذِىْ هُمْ فِيْهِ يَخْتَلِفُوْنَ ﴿٧٦﴾

(၇၆) အမှန်စင်စစ် ဤကုရ်အာန်ကျမ်းတော်မြတ်သည် အစ္စရာအီလ်မျိုးနွယ်ဝင်များ၏ရှေ့၌ သူတို့ကွဲလွဲနေကြသော အကြောင်းအရာများထဲမှ အကြောင်းအရာများစွာကို ဖော်ပြသည်။❶

❶ အစ္စရာအီလ်မျိုးနွယ်ဝင်တွေထဲမှာရှိတဲ့ ပညာရှင်တွေကြားမှာ အကွဲအလွဲတွေ အမြောက်အမြားရှိခဲ့တယ်။ သူတို့ရဲ့ စိတ်ဆန္ဒအတိုင်း ကျမ်းထဲမှာရှိတဲ့ အမိန့်ပညတ်ချက်တွေကို အပြောင်းအလဲလုပ်ကြတဲ့အတွက် ပိုမိုကွဲလွဲသွားခဲ့ကြရတာဖြစ်တယ်။ အဲဒါတွေကို ကုရ်အာန်ကျမ်းတော်မြတ်က အရှင်မြတ်ရဲ့ အမိန့်ပညတ်ချက် အမှန်က ဘယ်ဟာဖြစ်တယ်ဆိုတာ အတိအကျ ပြန်လည်ဖော်ထုတ်ပြသပေးတယ်။ ဒါဟာ အရှင်မြတ်ရဲ့ ကျေးဇူးဖြစ်တယ်။ အတိတ်ကအရာတွေကို အမှန်ဖော်ထုတ်ပြသသလို အနာဂတ်မှာဖြစ်မဲ့ ကိယာမသ် နေ့ကိုလည်း အမှန်ပဲ ဖော်ထုတ်ပြသမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِنَّهٗ لَهُدًى وَّرَحْمَةٌ لِّلْمُؤْمِنِيْنَ ﴿٧٧﴾

(၇၇) ထို့ပြင် အမှန်စင်စစ် ထိုကုရ်အာန်ကျမ်းတော်မြတ်သည် မုအ်မင်န် ယုံကြည်သူများအတွက် အမှန်ပင် လမ်းမှန်ညွှန်ကြားပြသချက်နှင့် ကရုဏာဖြစ်သည်။

اِنَّ رَبَّكَ يَقْضِىْ بَيْنَهُمْ بِحُكْمِهٖ ۚ وَهُوَ الْعَزِيْزُ الْعَلِيْمُ ﴿٧٨﴾

(၇၈) အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် သူတို့အကြားတွင် အရှင်မြတ်၏အမိန့်တော်ဖြင့် စီရင်ဆုံးဖြတ်တော်မူမည်။ ထို့ပြင် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

فَتَوَكَّلْ عَلَى اللّٰهِ ۖ اِنَّكَ عَلَى الْحَقِّ الْمُبِيْنِ ﴿٧٩﴾

(၇၉) သို့ဖြစ်ရာ အသင်သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် ယုံပုံလွှဲအပ်လိုက်ပါ။ အမှန်စင်စစ် အသင်သည် ထင်ရှားသော အမှန်အပေါ်တွင် တည်ရှိနေသည်။

اِنَّكَ لَا تُسْمِعُ الْمَوْتٰى وَلَا تُسْمِعُ الصُّمَّ الدُّعَآءَ اِذَا وَلَّوْا مُدْبِرِيْنَ ﴿٨٠﴾

(၈၀) အမှန်စင်စစ် အသင်(တမန်တော်)သည် သေသူများကို ကြားစေနိုင်သည်လည်း မဟုတ်ပေ။ ထို့ပြင် နားပင်းသူများကိုလည်း သူတို့သည် ကျောခိုင်းလှည့်ထွက်သွားသည့်အခါ အသင်၏ခေါ်သံကို ကြားအောင်မပြုလုပ်နိုင်ပေ။

وَمَآ اَنْتَ بِهٰدِى الْعُمْىِ عَنْ ضَلٰلَتِهِمْ ۖ اِنْ تُسْمِعُ اِلَّا مَنْ يُّؤْمِنُ بِاٰيٰتِنَا فَهُمْ مُّسْلِمُوْنَ ﴿٨١﴾

(၈၁) ထို့ပြင် အသင်သည် မျက်စိကန်းသူများအားလည်း သူတို့၏လမ်းလွဲမှုမှ (လမ်းမှန်အောင်) ညွှန်ကြားပြသပေးနိုင်သူ မဟုတ်ပေ။ သို့ရာတွင် ငါ အရှင်မြတ်၏အာယသ်တော်များကို ယုံကြည်ပြီးနောက် အမိန့်တော်ကို လိုက်နာသူများကိုသာ အသင်သည် ကြားစေနိုင်ခြင်း ဖြစ်သည်။

وَاِذَا وَقَعَ الْقَوْلُ عَلَيْهِمْ اَخْرَجْنَا لَهُمْ دَآبَّةً مِّنَ الْاَرْضِ تُكَلِّمُهُمْ ۙ اَنَّ النَّاسَ كَانُوْا بِاٰيٰتِنَا لَا يُوْقِنُوْنَ ﴿٨٢﴾

(၈၂) ထို့ပြင် ချိန်းဆိုချက်သည် သူတို့အပေါ်တွင် ဆိုက်ရောက်လာသည့်အခါ ငါအရှင်မြတ်သည် သူတို့အတွက် မြေကြီးမှ အကြင်သတ္တဝါကို ထွက်စေတော်မူမည်။❶ ယင်း(သတ္တဝါ)သည် သူတို့အား (ဤသို့)စကားပြောဆိုမည်ဖြစ်သည်- "လူများသည် အရှင်မြတ်၏ အာယသ်တော်များကို ယုံကြည်ခြင်း မရှိခဲ့ကြပေ။"

❶ အဲဒီသတ္တဝါဟာ နောက်ဆုံးနေ့ ကမ္ဘာပျက်တော့မဲ့ဆဲဆဲမှာ မြေကြီးထဲကနေ ထွက်ပေါ်လာပြီး မွတ်စ်လင်မ်တွေနဲ့ ကာဖိရ်တွေကို ခွဲခြား အမှတ်သင်္ကေတ ပြုလုပ်ပေးသွားမှာဖြစ်တယ်။ အဲဒီနောက် သောင်ဗဟ်အမှားဝန်ခံခြင်း၊ အီမာန်ယုံကြည်ခြင်းတို့ကို လက်ခံတော်မူမှာမဟုတ်တော့ဘူး။ အဲဒီ တိရစ္ဆာန်က လူတွေဟာ အရှင်မြတ်ရဲ့ အာယသ်တော်တွေကို မယုံကြတဲ့အကြောင်း လူတွေကို စကားပြောကြားမှာဖြစ်တယ်။ (အသင်တို့ မယုံတဲ့အရာတွေဟာ အခုဖြစ်တော့မယ် ကြည့်နေဆိုတဲ့သဘောမျိုးနဲ့ အံ့သြဖွယ်ရာ အာယသ်တစ်ခုအဖြစ် သတ္တဝါက စကားပြောမှာဖြစ်တယ်)။ အဲဒီ

နောက် အနောက်ဘက်က နေထွက်လာပြီး စွာရှုဲ့တံပိုးမှုတ်တော့မှာ ဖြစ်တယ်။
(အလင်းပြကျမ်း၊ အာစာနိသင်ရဲ့ဂျုမ်ဟ်)

وَيَوْمَ نَحْشُرُ مِن كُلِّ أُمَّةٍ فَوْجًا مِّمَّن يُكَذِّبُ بِآيَاتِنَا فَهُمْ يُوزَعُونَ ﴿٨٣﴾

(၈၃) ထို့ပြင် ထိုနေ့တွင် ငါအရှင်မြတ်သည် အုပ်စုအသီးသီးထဲမှ ငါအရှင်မြတ်၏အာယသ်တော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြသည့်သူများအား တစ်အုပ်စုစီ စုရုံးစေတော်မူမည်။ ထို့ပြင် သူတို့သည် တန်းစီရပ်စေခြင်းကို ခံကြရမည်။

حَتَّىٰ إِذَا جَاءُوا قَالَ أَكَذَّبْتُم بِآيَاتِي وَلَمْ تُحِيطُوا بِهَا عِلْمًا أَمَّاذَا كُنتُمْ تَعْمَلُونَ ﴿٨٤﴾

(၈၄) နောက်ဆုံးတွင် သူတို့သည် (အရှင်မြတ်ထံတော်)ရောက်ရှိလာခဲ့ကြသည့်အခါ အရှင်မြတ်က အသင်တို့သည် ငါအရှင်မြတ်၏ အာယသ်တော်များကို အသင်တို့ အသိပညာဖြင့် ဝန်းခြုံသိရှိခြင်းမရှိသေးမီဦးပင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသလော။ သို့မဟုတ် အသင်တို့သည် မည်သည့်အရာများကို ပြုလုပ်နေခဲ့ကြသနည်းဟု မိန့်ကြားတော်မူမည်။

وَوَقَعَ الْقَوْلُ عَلَيْهِم بِمَا ظَلَمُوا فَهُمْ لَا يَنطِقُونَ ﴿٨٥﴾

(၈၅) ထို့နောက် သူတို့၏ကျူးလွန်မှုများကြောင့် ကတိချိန်းဆိုချက်သည် သူတို့အပေါ်တွင် အတည်ဖြစ်ခဲ့သည့်အတွက် သူတို့သည် စကားပြောဆိုနိုင်ကြတော့မည်မဟုတ်ပေ။

أَلَمْ يَرَوْا أَنَّا جَعَلْنَا اللَّيْلَ لِيَسْكُنُوا فِيهِ وَالنَّهَارَ مُبْصِرًا ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يُؤْمِنُونَ ﴿٨٦﴾

(၈၆) အမှန်စင်စစ် ငါအရှင်မြတ်သည် ညကို သူတို့ ငြိမ်း(ည)တွင် အနားယူရန်အတွက်နှင့် နေ့ကို မြင်စေနိုင်သည့်အရာအဖြစ် ပြုလုပ်တော်မူခဲ့သည်ကို သူတို့သည် မမြင်ခဲ့ကြသလော။ အမှန်စင်စစ် ထိုအထဲတွင် အီမာန်ယုံကြည်သူများအတွက် သက်သေသာဓကများ အမှန်ပင်ရှိသည်။ J

J လူတွေဟာ နေ့စဉ် ညမှာ အိပ်စက်ကြတယ်။ နေ့မှာ ထပြီး အလုပ်လုပ်ကြတယ်။ ဒီအတိုင်းနေ့စဉ် အဆက်မပြတ် ညနဲ့ နေ့မှာ အိပ်လိုက်ထလိုက်ပြုလုပ်နေကြရတယ်။ တကယ်တော့ အိပ်ခြင်းဟာ သေခြင်းတစ်မျိုးဖြစ်တယ်။ ဘာမှ အသိမရှိဘဲ လောကကြီးနဲ့ တစ်ညတာ အဆက်ပြတ်သွားခဲ့တာ ဖြစ်တယ်။ အဲဒီနောက် ပြန်ရှင်လာခဲ့ပြီး လောကကြီးနဲ့ ပြန်တွေ့ရပြန်တယ်။ ဒါကို စဉ်းစားကြည့်ရင်ပဲ ကဗရ်သင်္ချိုင်းထဲမှာ တစ်ညတာလောက် အိပ်စက်ပြီးရင် နောက်နေ့ ကိယာမသ်မှာ ပြန်ထလိုက်ရမှာကို မယုံနိုင်စရာအကြောင်းမရှိတော့ဘူး။ အဲဒါကြောင့် အရှင်မြတ်က ယုံကြည်သူတွေအတွက် ဒီထဲမှာ သက်သေသာဓက ရှိတယ်လို့ မိန့်ကြားထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَوْمَ يُنفَخُ فِي الصُّورِ فَفَزِعَ مَن فِي السَّمَاوَاتِ وَمَن فِي الْأَرْضِ إِلَّا مَن شَاءَ اللَّهُ ۚ وَكُلٌّ أَتَوْهُ
دَاخِرِينَ ﴿٨٧﴾

(၈၇) ထို့ပြင် တံပိုးခရာမှုတ်မည့်နေ့တွင် အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူသောသူမှလွဲ၍ မိုးကောင်းကင်များတွင်ရှိသူများနှင့် မြေပထဝီတွင် ရှိသူများသည် ထိတ်လန့်သွားကြလိမ့်မည်။❷ ထို့ပြင် အားလုံးသည် သေးသိမ်စွာနှင့် အရှင်မြတ်ထံတော်သို့ ရောက်ရှိလာကြမည်။

❷ အရှင်မြတ်အလိုရှိတဲ့သူတွေပဲ မထိတ်လန့်ဘဲ ကျန်ခဲ့မယ်ဆိုတာ ဘယ်သူတွေလဲဆိုရင် လာမဲ့အာယသ်တော်(၈၉)မှာပဲ ဖော်ပြထားတာကတော့ အီမာန်ယုံကြည်ပြီး ကောင်းတဲ့လုပ်ရပ်တွေလုပ်ခဲ့သူတွေဖြစ်တယ်။ (အာစားန်သလ်ဂျူမဟ်)

وَتَرَى الْجِبَالَ تَحْسَبُهَا جَامِدَةً وَهِيَ تَمُرُّ مَرَّ السَّحَابِ ۚ صُنْعَ اللَّهِ الَّذِي أَتْقَنَ كُلَّ شَيْءٍ ۚ إِنَّهُ خَبِيرٌ
بِمَا تَفْعَلُونَ ﴿٨٨﴾

(၈၈) ထို့ပြင် အသင်သည် တောင်များကို မြင်သည်။ အသင်သည် ထိုတောင်များကို အစိုင်အခဲများပင်ဟု ထင်မှတ်ထားသည်။ သို့ရာတွင် (ထိုနေ့တွင်) ထိုတောင်များသည် မိုးတိမ်များ လွင့်မျောနေသကဲ့သို့ လွင့်မျောနေမည်။ (ဤသည်) အရာအားလုံးတို့ကို ခိုင်ခံ့အောင်ပြုလုပ်တော်မူသော အလ္လာဟ်အရှင်မြတ်၏အစွမ်းအစပင် ဖြစ်တော်မူသည်။ အမှန်စင်စစ် အရှင်မြတ်သည် အသင်တို့ ပြုလုပ်သမျှကို အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။

مَن جَاءَ بِالْحَسَنَةِ فَلَهُ خَيْرٌ مِّنْهَا وَهُم مِّن فَزَعٍ يَوْمَئِذٍ آمِنُونَ ﴿٨٩﴾

(၈၉) မည်သူမဆို (အီမာန်ယုံကြည်၍) ကောင်းမှုနှင့်တကွ လာခဲ့လျှင် ထိုသူ့အတွက် ထို့ထက်ကောင်းသော အကျိုးရှိမည့်အပြင် သူတို့သည် ထိုနေ့တွင် ထိတ်လန့်ခြင်းမှလည်း ကင်းလွတ်သူများပင် ဖြစ်ကြမည်။

وَمَن جَاءَ بِالسَّيِّئَةِ فَكُبَّتْ وُجُوهُهُمْ فِي النَّارِ هَلْ تُجْزَوْنَ إِلَّا مَا كُنتُمْ تَعْمَلُونَ ﴿٩٠﴾

(၉၀) ထို့ပြင် မည်သူမဆို (ကုဖ်ရ်ငြင်းပယ်၍) မကောင်းမှုနှင့်တကွ ရောက်ရှိလာခဲ့လျှင် ထိုသူများသည် မျက်နှာမှောက်စေပြီး မီးထဲသို့ ပစ်ချခံကြရမည်ဖြစ်သည်။ (ထို့ပြင်) အသင်တို့သည် အသင်တို့ပြုလုပ်ခဲ့သော လုပ်ရပ်များ၏ အစားပေးခြင်းကို ခံကြရခြင်းသာ ဖြစ်သည်(ဟု ပြောဆိုခံကြရမည်)။

إِنَّمَا أُمِرْتُ أَنْ أَعْبُدَ رَبَّ هَٰذِهِ الْبَلْدَةِ الَّذِي حَرَّمَهَا وَلَهُ كُلُّ شَيْءٍ ۖ وَأُمِرْتُ أَنْ أَكُونَ مِنَ
الْمُسْلِمِينَ ﴿٩١﴾

(၉၁) (အိုး-တမန်တော်၊ အသင်ပြောလိုက်ပါ)-ငါသည် ဤ(မက္ကဟ်) မြို့၏အရှင်သခင်အား ကိုးကွယ်ရန် အမိန့်ပေးတော်မူခြင်းကို ခံရသည်။ ထိုအရှင်မြတ်သည့် ၎င်း(မြို့တော်)ကို ထွတ်မြတ်စေတော်မူခဲ့သည်။ ထို့ပြင် အရာအားလုံးသည် အရှင်မြတ်ပိုင်ဆိုင်တော်မူသောအရာများပင် ဖြစ်ကြသည်။ ထို့ပြင် ငါသည် မွတ်စ်လင်မ် အမိန့်နာခံသူထဲတွင် ပါဝင်ဖို့ အမိန့်ပေးတော်မူခြင်းကို ခံရသည်။

وَاَنۡ اَتۡلُوَا الۡقُرۡاٰنَ ۚ فَمَنِ اهۡتَدٰى فَاِنَّمَا يَهۡتَدِىۡ لِنَفۡسِهٖ ۚ وَمَنۡ ضَلَّ فَقُلۡ اِنَّمَاۤ اَنَا مِنَ الۡمُنۡذِرِيۡنَ ﴿٩٢﴾

(၉၂) ထို့ပြင် ငါသည် ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ကြားရန် (အမိန့်ပေးတော်မူခြင်းခံရသည်)။ သို့ဖြစ်ရာ မည်သူမဆို လမ်းမှန်ကို ရရှိခဲ့လျှင် ထိုသူသည် သူ၏အတွက်ပင် လမ်းမှန်ကို ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မည်သူမဆို လမ်းလွဲနေခဲ့လျှင် ငါသည် သတိပေးနှိုးဆော်သူတစ်ဦးသာ ဖြစ်သည်ဟု (အိုး-တမန်တော်) အသင်ပြောလိုက်ပါ။

وَقُلِ الۡحَمۡدُ لِلّٰهِ سَيُرِيۡكُمۡ اٰيٰتِهٖ فَتَعۡرِفُوۡنَهَا ؕ وَمَا رَبُّكَ بِغَافِلٍ عَمَّا تَعۡمَلُوۡنَ ﴿٩٣﴾

(၉၃) ထို့ပြင် (အိုး-တမန်တော်)အသင်ပြောဆိုပါ- ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်ပင် ဖြစ်သည်။ အရှင်မြတ်သည် အသင်တို့အား အရှင်မြတ်၏သက်သေလက္ခဏာများအား မကြာမီ ပြသတော်မူမည် ဖြစ်သည်။ ထို့နောက် အသင်တို့သည် ယင်း(သက်သေလက္ခဏာများ)ကို သိရှိကြလိမ့်မည်။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်တို့ပြုလုပ်နေကြသောလုပ်ရပ်များကို သတိမမူ မေ့လျော့နေတော်မူသော အရှင်မဟုတ်ပေ။❶

❶ အသင်တို့ဟာ ကိယာမသ်ကို တွေ့လိုက်ရရုံနဲ့ ပြီးဆုံးသွားမှာမဟုတ်ဘူး။ အသင်တို့ ပြုလုပ်ခဲ့တဲ့ လုပ်ရပ်ဟူသမျှကို အရှင်မြတ်က သိထားတော်မူတဲ့အတွက် အသင်တို့ဟာ အသင်တို့ရဲ့ အကျိုးအပြစ်ကို ခံစားကြရဦးမှာဖြစ်တယ်။ (အလင်းပြကျမ်း)

================================================================

ركوعاتها ٩ ٢٨ سُوْرَةُ الْقَصَصِ مَكِّيَّةٌ ٤٩ اٰياتها ٨٨

## စူရဟ် ကစ္စစ်အဖြစ်အပျက်အကြောင်းအရာများကဏ္ဍ سُوْرَةُ الْقَصَصِ

================================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

طٰسٓمّٓ ﴿١﴾

(၁) သွာ စီန် မီမ် ။

تِلْكَ اٰيٰتُ الْكِتٰبِ الْمُبِيْنِ ﴿٢﴾

(၂) ဤအရာများသည် ထင်ရှားသော ကျမ်းဂန်၏အာယသ်တော်များ ဖြစ်သည်။

نَتْلُوْا عَلَيْكَ مِنْ نَّبَاِ مُوْسٰى وَفِرْعَوْنَ بِالْحَقِّ لِقَوْمٍ يُّؤْمِنُوْنَ ﴿٣﴾

(၃) ငါအရှင်မြတ်သည် အီမာန်ယုံကြည်သူအမျိုးသားများအတွက် (တမန်တော်)မူစာနှင့် ဖိရ်အောင်န်၏အဖြစ်အပျက်အကြောင်းအရာအချို့ကို အသင်၏ရှေ့၌ တိကျမှန်ကန်စွာ ဖတ်ကြား(ပြ)တော်မူသည်။

اِنَّ فِرْعَوْنَ عَلَا فِى الْاَرْضِ وَ جَعَلَ اَهْلَهَا شِيَعًا يَّسْتَضْعِفُ طَآئِفَةً مِّنْهُمْ يُذَبِّحُ اَبْنَآءَهُمْ وَ يَسْتَحْيٖ نِسَآءَهُمْ ؕ اِنَّهٗ كَانَ مِنَ الْمُفْسِدِيْنَ ﴿٤﴾

(၄) အမှန်စင်စစ် ဖိရ်အောင်န်သည် တိုင်းပြည်တွင် အလွန်မောက်မာလာပြီး သူသည် ထိုတိုင်းသူပြည်သားများအား အုပ်စုများခွဲ၍ ပြုလုပ်ထားသည်။ သူသည် ထိုအုပ်စုများထဲမှ အုပ်စုတစ်ခုကို အင်အားလျော့နည်းအောင်ပြုလုပ်ထားသည်။ သူတို့၏သားယောကျ်ားကလေးများအား သတ်ဖြတ်၍ သူတို့၏ (သမီး)မိန်းမများကိုမူ မသတ်ဘဲ အရှင်ထားသည်။ အမှန်စင်စစ် ၎င်း(ဖိရ်အောင်န်)သည် ဖျက်ဆီးသူတစ်ဦး ဖြစ်သည်။

وَنُرِيْدُ اَنْ نَّمُنَّ عَلَى الَّذِيْنَ اسْتُضْعِفُوْا فِى الْاَرْضِ وَنَجْعَلَهُمْ اَئِمَّةً وَّنَجْعَلَهُمُ الْوٰرِثِيْنَ ﴿٥﴾

(၅) ထို့ပြင် ငါအရှင်မြတ်သည် တိုင်းပြည်တွင် အင်အားလျော့နည်းအောင် ပြုလုပ်ခြင်းခံခဲ့ကြရသူများအား ကျေးဇူးပြုတော်မူရန်၊ ထို့ပြင် သူတို့အား ရှေ့ဆောင်ရှေ့ရပ်များ ပြုလုပ်တော်မူရန်နှင့် သူတို့အား အမွေစားအမွေခံများ ပြုလုပ်တော်မူရန်အတွက် အလိုရှိတော်မူသည်။

وَنُمَكِّنَ لَهُمْ فِى الْاَرْضِ وَنُرِىَ فِرْعَوْنَ وَهَامٰنَ وَجُنُوْدَهُمَا مِنْهُمْ مَّا كَانُوْا يَحْذَرُوْنَ ﴿٦﴾

(၆) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား ကမ္ဘာမြေတွင် အုပ်ချုပ်သူများအဖြစ်ပြုလုပ်တော်မူရန်အပြင် ဖိရ်အောင်န်၊ ဟာမာန်❶နှင့် ထိုနှစ်ဦးတို့၏ စစ်တပ်များအား ၎င်း(အစ္စရာအီလ်မျိုးနွယ်ဝင်)တို့မှ သူတို့စိုးရိမ်နေကြသည့်အရာများကို ငါအရှင်ပြသရန် (ရည်ရွယ်တော်မူသည်)။❷

❶ ဟာမာန်ဟာ ဖိရ်အောင်န်ရဲ့ဝန်ကြီးတစ်ဦးဖြစ်တယ်။ အစ္စရာအီလ်မျိုးနွယ်ဝင်တွေကို နှိပ်စက်တဲ့နေရာမှာ ဖိရ်အောင်န်ကို ကူညီခဲ့သူဖြစ်တယ်။ (အလင်းပြကျမ်း) ❷ ဖိရ်အောင်န်ဟာ အိပ်မက်တစ်ခုမြင်မက်ခဲ့တယ်။ အဲဒီရဲ့အတိတ်နိမိတ်ကို နက္ခတ်ဗေဒင်ဆရာက ဟောခဲ့တယ်။ သူ့ရဲ့အုပ်ချုပ်မှုအာဏာဟာ မွေးလာမဲ့ အစ္စရာအီလ်မျိုးနွယ်ဝင်တစ်ဦးရဲ့လက်ချက်နဲ့ ကျဆုံးလိမ့်မယ်။ ဖိရ်အောင်န်နဲ့ ဟာမာန်တို့ဟာ အဲဒါကို စိုးရိမ်ခဲ့တာ ဖြစ်တယ်။ အဲဒါကြောင့် အစ္စရာအီလ်မျိုးနွယ်ဝင်တွေထဲက မွေးလာတဲ့ ယောကျ်ားကလေးဟူသမျှကို သတ်ဖြတ်ဖို့ အမိန့်ထုတ်ခဲ့တာဖြစ်တယ်။ ဒါပေမဲ့ အရှင်မြတ်ကတော့ နှိပ်စက်ခံရတဲ့ အစ္စရာအီလ်မျိုးနွယ်တွေကို အုပ်ချုပ်မှုပေးပြီးမြှင့်တင်ပေးဖို့ ရည်ရွယ်တော်မူခဲ့တာဖြစ်တယ်။ အဲဒါကို သူတို့ အခု မြင်အောင် ပြသတော့မှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَاَوْحَيْنَآ اِلٰٓى اُمِّ مُوْسٰٓى اَنْ اَرْضِعِيْهِ ۚ فَاِذَا خِفْتِ عَلَيْهِ فَاَلْقِيْهِ فِى الْيَمِّ وَلَا تَخَافِىْ وَلَا تَحْزَنِىْ ۚ اِنَّا رَآدُّوْهُ اِلَيْكِ وَجَاعِلُوْهُ مِنَ الْمُرْسَلِيْنَ ﴿٧﴾

(၇)ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)မူစာ၏မိခင်ထံသို့ အသိပေးတော်မူခဲ့သည်- အသင်မသည် ၎င်းအား နို့တိုက်ပါ။ ထို့ပြင် အသင်မသည် ၎င်းနှင့်ပတ်သက်၍ စိုးရိမ်သည့်အခါ ၎င်းကို မြစ်ထဲ(မျှော)ပစ်လိုက်ပါ။ ထို့ပြင် အသင်မသည် မစိုးရိမ်လေနှင့်၊ ထို့ပြင် မပူဆွေးလေနှင့်။ အမှန်စင်စစ် ငါအရှင်မြတ်သည် ၎င်းကို အသင်မထံသို့ ပြန်ပို့ပေးတော်မူမည့်အရှင်၊ ထို့ပြင် ၎င်းကို တမန်တော်များထဲတွင် တစ်ပါးအပါအဝင် ပြုလုပ်တော်မူမည့်အရှင် ဖြစ်တော်မူသည်။❸

❸ တမန်တော်မူစာ عليه السلام ရဲ့မိခင်ထံ သားငယ်ကို ပြန်ပို့ပေးမဲ့အကြောင်းကတိပေးတော်မူခဲ့ပြီး တမန်တော်အဖြစ်ပါ ပြုလုပ်တော်မူမဲ့အကြောင်း ကြိုတင်သတင်းကောင်းပါပေးခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

فَالْتَقَطَهٗٓ اٰلُ فِرْعَوْنَ لِيَكُوْنَ لَهُمْ عَدُوًّا وَّحَزَنًا ۗ اِنَّ فِرْعَوْنَ وَهَامٰنَ وَجُنُوْدَهُمَا كَانُوْا خٰطِـِٕيْنَ ﴿٨﴾

(၈) ထို့နောက် ဖိရ်အောင်န်၏အိမ်သူအိမ်သားများသည် ထိုမူစာအား (နောက်ဆုံးတွင်) ၎င်း(မူစာ)သည် သူတို့၏ ရန်သူဖြစ်ရန်နှင့် (သူတို့ကို)ပူဆွေးစေမည့်သူဖြစ်ရန် ကောက်ယူခဲ့ကြသည်။ အမှန်စင်စစ် ဖိရ်အောင်န်နှင့်ဟာမာန်

အပြင် သူတို့နှစ်ဦး၏တပ်သားများသည် လွဲမှားသူများ (ဝါ) ပြစ်မှုကျူးလွန်သူများ ပင် ဖြစ်ခဲ့ကြသည်။

وَقَالَتِ امْرَاَتُ فِرْعَوْنَ قُرَّتُ عَيْنٍ لِّيْ وَلَكَ ۖ لَا تَقْتُلُوْهُ ۖ عَسٰٓى اَنْ يَّنْفَعَنَآ اَوْ نَتَّخِذَهٗ وَلَدًا وَّهُمْ لَا يَشْعُرُوْنَ ﴿٩﴾

(၉) ထို့ပြင် ဖိရ်အောင်န်၏မိန်းမက "ကျွန်မနှင့် ရှင်၏အတွက် မျက်စိ အေးမြဖွယ်ရာဖြစ်သည်။ (သို့ဖြစ်ရာ)အသင်တို့သည် ၎င်း(မူစာ)အား မသတ် ကြလေနှင့်။ ၎င်းသည် ကျွန်မတို့ကို အကျိုးပေးကောင်းပေးလိမ့်မည်။ သို့မဟုတ် ကျွန်မတို့သည် ၎င်းအား သားအဖြစ် မွေးစားထားကြမည်"ဟု သူတို့သည် (၎င်း ကြောင့် သူတို့ ပျက်စီးမည်ကို)မသိကြဘဲလျက်❾ ပြောဆိုခဲ့သည်။

❾ အရှင်မြတ်ရဲ့စီမံကိန်းကို သူတို့မသိကြတဲ့အတွက် သူတို့ကို ဖျက်ဆီးပစ်ဖို့ အကြောင်းခံဖြစ်မဲ့ သူကိုပါ မွေးစားကြဖို့ စီစဉ်ကြတာဖြစ်တယ်။ ဒါဟာ အကွယ်ကို သိတဲ့သူရဲ့စီမံခန့်ခွဲမှုနဲ့ အကွယ်ကို မသိတဲ့သူရဲ့ စီမံခန့်ခွဲမှု ကွာခြားချက်ကို မျက်ဝါးထင်ထင် ပြသထားတာဖြစ်တယ်။ နောက်ဆုံးမှာ အကွယ်ကို သိတော်မူတဲ့ အရှင်မြတ်ရဲ့စီမံခန့်ခွဲမှုကပဲ လွှမ်းမိုးအောင်နိုင်ခဲ့ပြီး ဖိရ်အောင်န်နဲ့ အပေါင်း အပါတွေဟာ ရေနစ်မြုပ်ပျက်စီးသွားခဲ့ကြရတယ်။ အရှင်မြတ်ရည်ရွယ်တဲ့အတိုင်း နှိပ်စက်ခံကြရ တဲ့ အစ္စရာအီလ်မျိုးနွယ်ဝင်တွေပဲ အုပ်ချုပ်မှုအာဏာရရှိခဲ့ကြပြီး မြင့်မားတဲ့အဆင့်တွေကို ရောက် ရှိခဲ့ကြတာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်၊ အိဗ်နုကဆီးရ်၊ အွဆ်မာနီ)

وَاَصْبَحَ فُؤَادُ اُمِّ مُوْسٰى فٰرِغًا ۖ اِنْ كَادَتْ لَتُبْدِيْ بِهٖ لَوْلَآ اَنْ رَّبَطْنَا عَلٰى قَلْبِهَا لِتَكُوْنَ مِنَ الْمُؤْمِنِيْنَ ﴿١٠﴾

(၁၀) ထို့ပြင် မူစာ၏မိခင်၏စိတ်နှလုံးသည် ဟာသွားခဲ့သည်။ အကယ် ၍သာ ငါအရှင်မြတ်က သူမကို ယုံကြည်သူများထဲတွင် အပါအဝင်ဖြစ်စေရန် အတွက် သူမ၏စိတ်နှလုံးကို ခိုင်မြဲစေတော်မမူခဲ့လျှင် အမှန်စင်စစ် သူမသည် မူစာ၏အကြောင်းကို ထုတ်ဖော်ပြောဆိုလုနီးပါးဖြစ်သွားခဲ့သည်။

وَقَالَتْ لِاُخْتِهٖ قُصِّيْهِ ۖ فَبَصُرَتْ بِهٖ عَنْ جُنُبٍ وَّهُمْ لَا يَشْعُرُوْنَ ﴿١١﴾

(၁၁) ထို့ပြင် ၎င်း(မူစာ၏မိခင်)သည် ၎င်း(မူစာ)၏အစ်မကို ပြောဆို ခဲ့သည်- အသင်မသည် ၎င်း(မူစာ)၏နောက်ကို လိုက်သွားပါ။ သို့ဖြစ်ရာ ၎င်း၏ အစ်မသည် ၎င်းကို (စောင့်ကြည့်နေမှန်း) သူတို့မသိသည့် အနေအထားဖြင့် အဝေးမှ (စောင့်)ကြည့်နေခဲ့သည်။

وَحَرَّمْنَا عَلَيْهِ الْمَرَاضِعَ مِنْ قَبْلُ فَقَالَتْ هَلْ اَدُلُّكُمْ عَلٰٓى اَهْلِ بَيْتٍ يَّكْفُلُوْنَهٗ لَكُمْ وَهُمْ لَهٗ نٰصِحُوْنَ ﴿١٢﴾

(၁၂) ထို့ပြင် ငါအရှင်မြတ်သည် ယခင်ကတည်းက ကြိုတင်ပြီး နို့ထိန်းသည်များ၏နို့ရည်ကို(မစို့ရန်) ၎င်း၏အပေါ်တွင် တားမြစ်ထားတော်မူခဲ့သည်။ သို့ဖြစ်ရာ ၎င်း၏အစ်မက ကျွန်မသည် အသင်တို့အား အသင်တို့အတွက် ၎င်း(ကလေးငယ်)ကို ၎င်း၏ကောင်းကျိုးလိုလားသူများဖြစ်ကြလျက် မွေးမြူစောင့်ရှောက်ပေးကြမည့် အိမ်ထောင်စုများကို ညွှန်ပြရမည်လောဟု ပြောဆိုခဲ့သည်။

فَرَدَدْنٰهُ اِلٰٓى اُمِّهٖ كَیْ تَقَرَّ عَيْنُهَا وَلَا تَحْزَنَ وَلِتَعْلَمَ اَنَّ وَعْدَ اللّٰهِ حَقٌّ وَّلٰكِنَّ اَكْثَرَهُمْ لَا يَعْلَمُوْنَ ﴿١٣﴾

(၁၃) ထို့နောက် သူမ၏မျက်စိ အေးမြစေရန်အတွက်နှင့်၊ သူမ ပူဆွေးမနေရန်အတွက်သာမက၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ကတိတော်သည် မှန်ကန်သည်ကို သူမ သိရှိရန်အတွက် ငါအရှင်မြတ်သည် (ကတိအတိုင်း) ၎င်း(ကလေးငယ်)ကို ၎င်း၏မိခင်ထံ ပြန်ပို့ပေးတော်မူခဲ့သည်။ သို့ရာတွင် သူတို့ထဲမှ အများစုသည် မသိကြပေ။

وَلَمَّا بَلَغَ اَشُدَّهٗ وَاسْتَوٰٓى اٰتَيْنٰهُ حُكْمًا وَّعِلْمًا ؕ وَكَذٰلِكَ نَجْزِى الْمُحْسِنِيْنَ ﴿١٤﴾

(၁၄) ထို့ပြင် ၎င်း(မူစာ)သည် ၎င်း၏လူလားမြောက်သည့်အရွယ်သို့ ရောက်ပြီး ရင့်ကျက်လာသည့်အခါ ငါအရှင်မြတ်သည် ၎င်းကို ပညာဉာဏ် အမြော်အမြင်နှင့် အသိပညာကို ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ထိုသို့ပင် ကောင်းကျိုးပြုလုပ်သည့်သူများကို အစားပေးတော်မူသည်။

وَدَخَلَ الْمَدِيْنَةَ عَلٰى حِيْنِ غَفْلَةٍ مِّنْ اَهْلِهَا فَوَجَدَ فِيْهَا رَجُلَيْنِ يَقْتَتِلٰنِ ۗ هٰذَا مِنْ شِيْعَتِهٖ وَهٰذَا مِنْ عَدُوِّهٖ ۚ فَاسْتَغَاثَهُ الَّذِىْ مِنْ شِيْعَتِهٖ عَلَى الَّذِىْ مِنْ عَدُوِّهٖ ۙ فَوَكَزَهٗ مُوْسٰى فَقَضٰى عَلَيْهِ ۗ قَالَ هٰذَا مِنْ عَمَلِ الشَّيْطٰنِ ؕ اِنَّهٗ عَدُوٌّ مُّضِلٌّ مُّبِيْنٌ ﴿١٥﴾

(၁၅) ထို့ပြင် ၎င်းသည် မြို့ထဲသို့ သူတို့ အမှတ်မထင် ဖြစ်နေသည့်အချိန်[၁] ဝင်ရောက်ခဲ့သည့်အခါ ထို(မြို့)ထဲတွင် စကားများရန်ဖြစ်နေကြသော လူနှစ်ဦးကို တွေ့ခဲ့ရသည်။ (ယင်းအထဲမှ)ဤတစ်ယောက်သည် ၎င်း၏အုပ်စုထဲမှဖြစ်ပြီး အခြားတစ်ယောက်ကမူ ၎င်း၏ရန်သူများထဲမှ ဖြစ်ခဲ့သည်။ ထို့ပြင် ၎င်း၏အုပ်စုထဲမှသူက ၎င်း၏ရန်သူအုပ်စုထဲမှသူနှင့် ဆန့်ကျင်ပြီး အကူအညီ အတင်းအကျပ်တောင်းခံခဲ့သည်။ သို့ဖြစ်ရာ မူစာသည် (၎င်း၏ရန်သူအုပ်စုထဲမှဖြစ်သည့်) သူကို လက်သီးနှင့်ထိုးလိုက်သည်။ သို့ဖြစ်ရာ ထိုသူသည် သေဆုံးသွားခဲ့သည်။ ၎င်း(မူစာ)က ဤသည် ရှိုင်သွာန်၏လုပ်ရပ်[၂]ပင် ဖြစ်သည်။ အမှန်စင်စစ် ထို

ရှိုင်သွာန်သည် ထင်ရှားစွာ လမ်းလွဲစေသော ရန်သူပင် ဖြစ်သည်ဟု ပြောဆိုခဲ့သည်။

❶ မင်္ဂရိုဗ်နဲ့ အိရှာ ဒါမှမဟုတ် နေ့လည် အနားယူချိန်လို့ ဖွင့်ဆိုကြတယ်။ (အာစားန်သရ်ရိဂျမဟ်)

❷ အလွန်ကြီးလေးတဲ့ပြစ်မှုဖြစ်လို့ ရှိုင်သွာန်ရဲ့ လုပ်ရပ်လို့ သတ်မှတ်လိုက်တာဖြစ်တယ်။ တမန်တော်မူစာ ﷺ ဟာ သတ်ဖြတ်ဖို့ ရည်ရွယ်ချက်မရှိခဲ့ဘူး။ (မဟာစိန္တသ်သဒ်ဝီးလ်၊ ဇဂ်ဝီ)

قَالَ رَبِّ إِنِّي ظَلَمْتُ نَفْسِي فَاغْفِرْ لِي فَغَفَرَ لَهُ ۚ إِنَّهُ هُوَ الْغَفُورُ الرَّحِيمُ ﴿١٦﴾

(၁၆) ၎င်းက (အရှင်မြတ်ထံတော်တွင်) အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အမှန်စင်စစ် ကျွန်ုပ်သည် မိမိကိုယ်မိမိနှိပ်စက်မိပြီ ဖြစ်ပါသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်ုပ်အားခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါဟုပြောဆိုလျှောက်ထားခဲ့သည့်အတွက် အရှင်မြတ်က ၎င်းအား ခွင့်လွှတ်ချမ်းသာပေးသနားတော်မူခဲ့သည်။ အမှန်စင်စစ် အရှင်မြတ်သည် လွှတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

قَالَ رَبِّ بِمَا أَنْعَمْتَ عَلَيَّ فَلَنْ أَكُونَ ظَهِيرًا لِّلْمُجْرِمِينَ ﴿١٧﴾

(၁၇) ၎င်းက ပြောဆိုလျှောက်ထားသည်- အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်၏အပေါ်တွင် ကျေးဇူးပြုတော်မူခဲ့သည့်အတွက် ကျွန်ုပ်သည်လည်း အပြစ်ရှိသည့်သူများကို မည်သည့်အခါမျှ အကူအညီပေးသူ ဖြစ်တော့မည်မဟုတ်ပါ။

فَأَصْبَحَ فِي الْمَدِينَةِ خَائِفًا يَتَرَقَّبُ فَإِذَا الَّذِي اسْتَنْصَرَهُ بِالْأَمْسِ يَسْتَصْرِخُهُ ۚ قَالَ لَهُ مُوسَىٰ إِنَّكَ لَغَوِيٌّ مُّبِينٌ ﴿١٨﴾

(၁၈) ထို့နောက် ၎င်းသည် မြို့ထဲသို့ နံနက်အချိန်တွင် ကြောက်ရွံ့စွာသတင်းထောက်လှမ်းနေစဉ် ရုတ်တရက် မနေ့က ၎င်းထံသို့ အကူအညီတောင်းခဲ့သည့်သူသည် ၎င်းကို ဟစ်ခေါ်နေပြန်သည်။ ၎င်း(မူစာ)က သူ့ကို အမှန်စင်စစ် အသင်သည် ထင်ရှားသောဆိုးသွမ်းသူတစ်ဦးပင် ဖြစ်သည်ဟုပြောကြားခဲ့သည်။

فَلَمَّا أَنْ أَرَادَ أَن يَبْطِشَ بِالَّذِي هُوَ عَدُوٌّ لَّهُمَا قَالَ يَا مُوسَىٰ أَتُرِيدُ أَن تَقْتُلَنِي كَمَا قَتَلْتَ نَفْسًا بِالْأَمْسِ ۖ إِن تُرِيدُ إِلَّا أَن تَكُونَ جَبَّارًا فِي الْأَرْضِ وَمَا تُرِيدُ أَن تَكُونَ مِنَ الْمُصْلِحِينَ ﴿١٩﴾

(၁၉) ထို့နောက် ၎င်းသည် ၎င်းတို့နှစ်ဦးလုံး၏ရန်သူဖြစ်သူကို (ရန်မဖြစ်အောင်တားဆီး)ချုပ်ကိုင်ရန် ကြံရွယ်သည့်အခါ (၎င်း၏အုပ်စုထဲမှသူက သူ့ကို ထင်ရှားသော ဆိုးသွမ်းသူဟု ပြောထားသည့်အတွက် သူ့ကို သတ်တော့မည်ဟု ပင်ထင်ပြီး)သူက ပြောတော့သည်- အို-မူစာ၊ အသင်သည် လူတစ်ဦးအား မနေ့

က သတ်ဖြတ်ခဲ့သကဲ့သို့ ကျွန်ုပ်ကို သတ်ဖြတ်လိုသလော။ အသင်သည် တိုင်းပြည်တွင် ရက်စက်စွာ စိုးမိုးအုပ်ချုပ်သည့်သူဖြစ်ရန်သာ အလိုရှိသည်။ ထို့ပြင် အသင်သည် ဖျန်ဖြေစေ့စပ်ပေးသူအဖြစ် အလိုမရှိပေ(ဟု ပြောဆိုခဲ့သည်။ သူ၏ထိုစကားကြောင့် ရန်သူဖြစ်သူသည် လူတစ်ယောက်ကို မနေ့က သတ်ဖြတ်သူသည် မူစာပင်ဖြစ်သည်ကို သိသွားပြီး ဖိရ်အောင်န်ထံသို့ သတင်းသွားပေးလိုက်သည်)။

وَجَآءَ رَجُلٌ مِّنْ اَقْصَا الْمَدِيْنَةِ يَسْعٰى ۡ قَالَ يٰمُوْسٰٓى اِنَّ الْمَلَاَ يَاْتَمِرُوْنَ بِكَ لِيَقْتُلُوْكَ فَاخْرُجْ اِنِّىْ لَكَ مِنَ النّٰصِحِيْنَ ﴿٢٠﴾

(၂၀) ထို့နောက် မြို့၏အစွန်မှ လူတစ်ယောက်[၃]သည် ပြေးလာ၍ အို-မူစာ၊ အမှန်ပင် မှူးကြီးမတ်ရာများသည် အသင်နှင့် ပတ်သက်၍ အသင့်အား သတ်ပစ်ရန် ဆွေးနွေးတိုင်ပင်နေကြသည်။ သို့ဖြစ်ရာ အသင်ထွက်သွားလိုက်ပါ။ အမှန်စင်စစ် ကျွန်ုပ်သည် အသင်၏ကောင်းကျိုးကို လိုလားသူတစ်ဦးဖြစ်သည်ဟု ပြောခဲ့သည်။

[၃] ဖိရ်အောင်န်ရဲ့အုပ်စုထဲက သတင်းရရှိခဲ့တာကြောင့် ၎င်းအုပ်စုထဲကပဲ တမန်တော်မူစာ عليه السلام ကို အကောင်းလိုလားတဲ့သူတစ်ယောက်လို့ တချို့က ဖွင့်ဆိုကြတယ်။ တချို့ကလည်း အစ္စရာအီလ်မျိုးနွယ်ထဲက တစ်ဦးလို့ ဖွင့်ဆိုကြတယ်။ (ဂျလာလိုင်န်၊ ဟာရှိယဟ် ဂျမလ်၊ မဒါရိက်၊ မဇ္ဖ်ဟာရီ)

فَخَرَجَ مِنْهَا خَآئِفًا يَّتَرَقَّبُ ۡ قَالَ رَبِّ نَجِّنِىْ مِنَ الْقَوْمِ الظّٰلِمِيْنَ ﴿٢١﴾ ع

(၂၁) သို့ဖြစ်ရာ ၎င်း(မူစာ)သည် ကြောက်ရွံ့စိုးရိမ်လျက်၊ အခြေအနေအကဲခတ်စောင့်ကြည့်လျက် ထိုမြို့မှ ထွက်ခွာသွားခဲ့သည်။ ၎င်းက ပြောဆိုလျှောက်ထားသည်- အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်အား မတရားသူများမှ လွတ်မြောက်စေတော်မူပါ။

وَلَمَّا تَوَجَّهَ تِلْقَآءَ مَدْيَنَ قَالَ عَسٰى رَبِّىْٓ اَنْ يَّهْدِيَنِىْ سَوَآءَ السَّبِيْلِ ﴿٢٢﴾

(၂၂) ထို့ပြင် ၎င်းသည် မဒ်ယန်မြို့ဘက်သို့ မျက်နှာမူသည့်အခါ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် ငါ့အား အလယ်အလတ်လမ်းသို့ ညွှန်ကြားပြသတော်မူမည်ကို မျှော်လင့်သည်ဟု ပြောဆိုသည်။[၁]

[၁] တမန်တော်မူစာ عليه السلام ဟာ အီဂျစ်ကနေ တိမ်းရှောင်ပြီး ဘယ်ကို သွားရမှန်းမသိခင်မှာ အရှင်မြတ်ထံတော်လမ်းညွှန်ပေးဖို့ တောင်းခံတဲ့အပေါ်မှာ အရှင်မြတ်က မဒ်ယန်မြို့ဘက်ကို ညွှန်ကြားပြသတော်မူလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَمَّا وَرَدَ مَآءَ مَدْيَنَ وَجَدَ عَلَيْهِ اُمَّةً مِّنَ النَّاسِ يَسْقُوْنَ ۡ وَوَجَدَ مِنْ دُوْنِهِمُ امْرَاَتَيْنِ تَذُوْدٰنِ ۚ قَالَ مَا خَطْبُكُمَا ۗ قَالَتَا لَا نَسْقِىْ حَتّٰى يُصْدِرَ الرِّعَآءُ ٚ وَاَبُوْنَا شَيْخٌ كَبِيْرٌ ﴿٢٣﴾

(၂၃) ထို့ပြင် ၎င်းသည် မဒ်ယန်မြို့၏ရေတွင်းသို့ ရောက်သည့်အခါ ထိုရေတွင်းအနီးတွင် လူတစ်စုသည် (သူတို့၏တိရစ္ဆာန်များအား) ရေတိုက်နေကြသည်ကို တွေ့ရသည်။ ထို့ပြင် အမျိုးသမီးနှစ်ဦးကိုလည်းတွေ့ရသည်၊ သူမတို့နှစ်ဦးသည် (သူမတို့၏တိရစ္ဆာန်များအား အခြားတိရစ္ဆာန်များနှင့် ရောနှောမသွားအောင်) တားဆီးထိန်းသိမ်းနေကြသည်ကိုလည်း တွေ့ရှိခဲ့သည်။ ၎င်းက အသင်မတို့နှစ်ဦးသည် မည်သို့နည်းဟု မေးသည့်အခါ သူမတို့နှစ်ဦးက ပြောဆိုခဲ့ကြသည်- ထိုထိန်းကျောင်းသူများသည် (သူတို့၏တိရစ္ဆာန်များကို) ပြန်ထုတ်မသွားသမျှ ကျွန်မတို့သည် (ကျွန်မတို့၏တိရစ္ဆာန်များကို) ရေတိုက်ကျွေးခြင်းမပြုလုပ်နိုင်ပေ။ ထို့ပြင် ကျွန်မတို့၏ဖခင်သည်လည်း အသက်အရွယ် အိုမင်းရင့်ရော်နေသူဖြစ်သည်။

فَسَقٰى لَهُمَا ثُمَّ تَوَلّٰۤى اِلَى الظِّلِّ فَقَالَ رَبِّ اِنِّىۡ لِمَاۤ اَنۡزَلۡتَ اِلَىَّ مِنۡ خَيۡرٍ فَقِيۡرٌ ۝٢٤

(၂၄) သို့ဖြစ်ရာ ၎င်းသည် သူမတို့နှစ်ဦးအား သက်ညှာပြီး (သူမတို့၏တိရစ္ဆာန်များကို) ရေ(ငင်ပြီး) တိုက်လိုက်သည်။ ထို့နောက် အရိပ်ရှိရာသို့သွား(ရောက်ထိုင်)ပြီး ၎င်းကပြောဆိုသည်- "အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အမှန်စင်စစ် ကျွန်ုပ်သည် အရှင်မြတ် ကျွန်ုပ်အား ချပေးသနားတော်မူမည့် မည်သည့်ကောင်းမြတ်သည့်အရာကိုမဆို လိုလားတောင့်တသူဖြစ်ပါသည်။"

فَجَآءَتۡهُ اِحۡدٰٮهُمَا تَمۡشِىۡ عَلَى اسۡتِحۡيَآءٍ قَالَتۡ اِنَّ اَبِىۡ يَدۡعُوۡكَ لِيَجۡزِيَكَ اَجۡرَ مَا سَقَيۡتَ لَنَا ؕ
فَلَمَّا جَآءَهٗ وَقَصَّ عَلَيۡهِ الۡقَصَصَ ۙ قَالَ لَا تَخَفۡ ۚ نَجَوۡتَ مِنَ الۡقَوۡمِ الظّٰلِمِيۡنَ ۝٢٥

(၂၅) ထို့နောက် သူမတို့နှစ်ယောက်ထဲမှ တစ်ယောက်က ၎င်း၏ထံသို့ ရှက်ရှက်ဖြင့် လျှောက်လာပြီး "အသင်သည် ကျွန်မတို့အား သက်ညှာပြီး ရေတိုက်ပေးခဲ့သည့်အကျိုးကျေးဇူးကို အသင့်အား ပြန်ဆပ်ရန် ကျွန်မတို့ဖခင်က အသင့်အား အမှန်ပင် ခေါ်နေပါသည်"ဟု ပြောဆိုသည်။ သို့ဖြစ်ရာ ၎င်း(မူစာ)သည် ၎င်း(သူမတို့၏ဖခင်)၏ထံသို့ ရောက်လာပြီး အဖြစ်အပျက်အကြောင်းအရာများကို ၎င်း၏ရှေ့၌ ပြောပြသည့်အခါ ၎င်းက "အသင်မစိုးရိမ်ပါနှင့်၊ အသင်သည် မတရားသူများမှ လွတ်မြောက်ခဲ့ပြီဖြစ်သည်"ဟု ပြောဆိုသည်။ ❶

❶ မဒ်ယန်မြို့ဟာ အီဂျစ်နိုင်ငံရဲ့လက်အောက် မဟုတ်တဲ့အတွက် အသင်လွတ်မြောက်သွားပြီလို့ ပြောဆိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَالَتْ إِحْدَىٰهُمَا يَٰٓأَبَتِ ٱسْتَـْٔجِرْهُ ۖ إِنَّ خَيْرَ مَنِ ٱسْتَـْٔجَرْتَ ٱلْقَوِىُّ ٱلْأَمِينُ ﴿٢٦﴾

(၂၆) သူမတို့နှစ်ဦးထဲမှ တစ်ဦးက "အို- ဖခင်၊ ဖခင်သည် ၎င်းကို (အလုပ်လုပ်မည့်သူအဖြစ်) ငှားလိုက်ပါ။ အမှန်စင်စစ် ဖခင်ငှားမည့်သူများထဲတွင် သူသည် အင်အားတောင့်တင်းသူ၊ ယုံကြည်စိတ်ချရသူဖြစ်ပါသည်"❷ဟု ပြောဆိုသည်။

❷ ဒီထဲမှာ အမျိုးသားရဲ့နှစ်သက်ဖွယ်ရာအရည်အချင်းဖြစ်တဲ့ အင်အားတောင့်တင်းမှုနဲ့ ယုံကြည်စိတ်ချရမှုကိုပဲ ဖော်ပြထားတယ်လို့ အပေါ်ယံအနေနဲ့တွေ့မြင်ရမယ်။ တကယ်တော့ ဒီထဲမှာ အမျိုးသမီးရဲ့နှစ်သက်ဖွယ်ရာ အရည်အချင်းလည်း ပါဝင်နေတယ်။ အဲဒါကဘာလဲဆိုရင် "ဖိရာစဟ်"လို့ ခေါ်တဲ့ ဉာဏ်ပြေးခြင်းပါပဲ။ အဲဒီအမျိုးသမီးက ဉာဏ်ပြေးလို့ပဲ သူမရဲ့ဖခင်ဖြစ်သူကို အမျိုးသားတွေရဲ့အကောင်းဆုံးအရည်အချင်းနှစ်ခုနဲ့အကြံပေးခဲ့တာဖြစ်တယ်။ အဲဒီအမျိုးသမီးပဲ တမန်တော်မူစာ عليه السلامရဲ့အိမ်ထောင်ဖက်ဖြစ်သွားခဲ့တယ်။ လူတွေထဲမှာ သုံးဦးဟာ ဉာဏ်အပြေးဆုံး သူတွေဖြစ်တယ်။ တစ်ဦးကတော့ သူမရဲ့ဖခင်ကို အမျိုးသားတွေရဲ့အရည်အချင်းကောင်းကို ဖော်ပြပေးခဲ့တဲ့ အထက်ကသမီးပျိုလေး ဖြစ်တယ်။ နောက်တစ်ဦးက ယူစွဖ် عليه السلامကို ဝယ်ယူခဲ့တဲ့ အီဂျစ်နိုင်ငံက အဇီဇ်ဆိုတဲ့ဝန်ကြီးဖြစ်တယ်။ သူ့ရဲ့ဉာဏ်ပြေးမှုနဲ့ပဲ ကလေးငယ်ယူစွဖ် عليه السلامကို ကောင်းကောင်းမွန်မွန် ဆက်ဆံဖို့၊ အဆင့်မြင့်မြင့်ထားရှိဖို့ သူ့ဇနီးကို မှာကြားခဲ့တာဖြစ်တယ်။ နောက်ဆုံးမှာ ယူစွဖ် عليه السلامဟာ ဘုရင်ဖြစ်သွားခဲ့တယ်။ နောက်တစ်ဦးကတော့ အဗူဗကရ်စစ္စဒ္ဒီးက် رضي الله عنهဖြစ်တယ်။ မိမိရဲ့ဉာဏ်ပြေးမှုနဲ့ပဲ အုမရ်ဖင်နခတ္တာဗ် رضي الله عنهကို ခလီဖဟ်ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားခဲ့တယ်။ ၎င်းဟာ တရားမျှတတဲ့ သမ္မတအဖြစ် ကျော်ကြားခဲ့ပြီး အစ္စလာမ်ဟာ ကမ္ဘာတစ်ဝန်း အလွန်ကျယ်ပြန့်သွားခဲ့တယ်။ (သဖ်စီရ် အဿွဿဗ်ရီ)

قَالَ إِنِّىٓ أُرِيدُ أَنْ أُنكِحَكَ إِحْدَى ٱبْنَتَىَّ هَٰتَيْنِ عَلَىٰٓ أَن تَأْجُرَنِى ثَمَٰنِىَ حِجَجٍ ۖ فَإِنْ أَتْمَمْتَ عَشْرًا
فَمِنْ عِندِكَ ۖ وَمَآ أُرِيدُ أَنْ أَشُقَّ عَلَيْكَ ۚ سَتَجِدُنِىٓ إِن شَآءَ ٱللَّهُ مِنَ ٱلصَّٰلِحِينَ ﴿٢٧﴾

(၂၇) ၎င်း(ဖခင်)က ပြောဆိုသည်- အမှန်စင်စစ် ကျွန်ုပ်သည် အသင့်အား ကျွန်ုပ်၏သမီးနှစ်ယောက်ထဲမှ တစ်ယောက်နှင့် အသင်သည် ကျွန်ုပ်ထံတွင် ရှစ်နှစ် အလုပ်လုပ်ပေးရန် စည်းကမ်းချက်ဖြင့် ထိမ်းမြားပေးရန် ရည်ရွယ်သည်။ ထို့ပြင် အကယ်၍ အသင်သည် ဆယ်နှစ်ပြည့်အောင်လုပ်ခဲ့လျှင် အသင့်ဘက်မှ (ကျေးဇူး)ပင်ဖြစ်မည်။ ထို့ပြင် ကျွန်ုပ်သည် အသင်၏အပေါ်တွင် ကျပ်တည်းစေရန် မလိုလားပေ။ အကယ်၍ အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူလျှင် အသင်သည် ကျွန်ုပ်ကို ကောင်းမြတ်သူတစ်ဦးအဖြစ် မကြာမီ တွေ့ရှိရပါလိမ့်မည်။

قَالَ ذَٰلِكَ بَيْنِى وَبَيْنَكَ ۖ أَيَّمَا ٱلْأَجَلَيْنِ قَضَيْتُ فَلَا عُدْوَٰنَ عَلَىَّ ۖ وَٱللَّهُ عَلَىٰ مَا نَقُولُ وَكِيلٌ ﴿٢٨﴾

(၂၈) ၎င်း(မူစာ)က ပြောဆိုသည်- "ထိုစည်းကမ်းချက်သည် အသင်နှင့် ကျွန်ုပ်အကြားတွင် ရှိခဲ့ပြီဖြစ်သည်။ ကန့်သတ်ထားသော ကာလနှစ်ခုထဲမှ

မည်သည့်ကာလကိုမဆို ကျွန်ုပ်သည် ပြည့်အောင် ပြုလုပ်ခဲ့လျှင် ကျွန်ုပ်အပေါ်တွင် အတင်းအကျပ်ပြုရန် အကြောင်းမရှိတော့ပေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့ ပြောဆိုကြသော ကိစ္စနှင့် ပတ်သက်၍ (သက်သေအဖြစ်)အလွန်ယုံပုံလွှဲအပ်ခြင်းခံထိုက်တော်မူသောအရှင်ဖြစ်တော်မူပါသည်။”

فَلَمَّا قَضٰى مُوْسَى الْاَجَلَ وَسَارَ بِاَهْلِهٖٓ اٰنَسَ مِنْ جَانِبِ الطُّوْرِ نَارًا ۚ قَالَ لِاَهْلِهِ امْكُثُوْٓا اِنِّيْٓ اٰنَسْتُ نَارًا لَّعَلِّيْٓ اٰتِيْكُمْ مِّنْهَا بِخَبَرٍ اَوْ جَذْوَةٍ مِّنَ النَّارِ لَعَلَّكُمْ تَصْطَلُوْنَ ﴿٢٩﴾

(၂၉) ထို့နောက် (တမန်တော်)မူစာသည် ကန့်သတ်ထားသောကာလပြီးမြောက်အောင်ပြုလုပ်ခဲ့ပြီး ၎င်း၏အိမ်သူအိမ်သားတို့နှင့်အတူ (ခရီး)သွားခဲ့သည့်အခါ ၎င်းသည် သွေ့ရ်တောင်ဘက်တွင် မီးရောင်တစ်ခုကို တွေ့မြင်ခဲ့သည်။ ၎င်းက ၎င်း၏အိမ်သူအိမ်သားများကို ပြောသည်- အသင်တို့သည် စောင့်နေခဲ့ကြပါ။ အမှန်ပင် ကျွန်ုပ်သည် မီးရောင်တစ်ခုကို မြင်ရပြီဖြစ်သည်။ ကျွန်ုပ်သည် ထိုမီးရှိရာမှ သတင်းတစ်စုံတစ်ခု သို့မဟုတ် မီးစတစ်စုံတစ်ခုကို အသင်တို့ အနွေးဓာတ်ရအောင်မီးလှုံနိုင်ကြရန် ယူဆောင်လာနိုင်မည်ဖြစ်သည်။

فَلَمَّآ اَتٰىهَا نُوْدِيَ مِنْ شَاطِئِ الْوَادِ الْاَيْمَنِ فِي الْبُقْعَةِ الْمُبٰرَكَةِ مِنَ الشَّجَرَةِ اَنْ يّٰمُوْسٰٓى اِنِّيْٓ اَنَا اللّٰهُ رَبُّ الْعٰلَمِيْنَ ﴿٣٠﴾

(၃၀) ထို့နောက် ၎င်းသည် ယင်း(မီးရှိရာ)သို့ရောက်သည့်အခါ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေရာတွင် (မူစာ၏)လက်ယာဘက်ဖြစ်သော တောင်ကြားအရပ်၏အစွန်း၌ရှိသည့် သစ်ပင်မှ အသံကြားလိုက်ရသည်။ “အို- မူစာ၊ အမှန်စင်စစ် ငါအရှင်မြတ်သည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်။”

وَاَنْ اَلْقِ عَصَاكَ ۗ فَلَمَّا رَاٰهَا تَهْتَزُّ كَاَنَّهَا جَآنٌّ وَّلّٰى مُدْبِرًا وَّلَمْ يُعَقِّبْ ۗ يٰمُوْسٰٓى اَقْبِلْ وَلَا تَخَفْ ۗ اِنَّكَ مِنَ الْاٰمِنِيْنَ ﴿٣١﴾

(၃၁) ထို့ပြင် အသင်သည် အသင်၏တောင်ဝှေးကို ပစ်ချလိုက်ပါ။ ထို့နောက် ၎င်းသည် ယင်း(တောင်ဝှေး)အားမြွေကဲ့သို့ တွန့်လိမ်လှုပ်ရှားနေသည်ကို တွေ့မြင်သည့်အခါ ပြန်လှည့်၍ပင်မကြည့်တော့ဘဲ နောက်သို့လှည့်ထွက်သွားတော့သည်။ (အရှင်မြတ်က အမိန့်ရှိတော်မူသည်)။ အို-မူစာ၊ အသင်သည် ရှေ့သို့လာခဲ့ပါ။ ထို့ပြင် အသင်သည် မကြောက်ပါနှင့်။ အမှန်စင်စစ် အသင်သည် ဘေးကင်းသူတစ်ဦးဖြစ်သည်။

اُسْلُكْ يَدَكَ فِيْ جَيْبِكَ تَخْرُجْ بَيْضَآءَ مِنْ غَيْرِ سُوْٓءٍ ۫ وَّ اضْمُمْ اِلَيْكَ جَنَاحَكَ مِنَ الرَّهْبِ
فَذٰنِكَ بُرْهَانٰنِ مِنْ رَّبِّكَ اِلٰى فِرْعَوْنَ وَمَلَاۡئِهٖ ؕ اِنَّهُمْ كَانُوْا قَوْمًا فٰسِقِيْنَ ﴿٣٢﴾

(၃၂) အသင်သည် အသင်၏လက်ကို အသင်၏ အင်္ကျီကွဲကြောင်း(မှ ချိုင်းကြား)ထဲကို ထည့်သွင်းလိုက်ပါ။ ယင်း(လက်)သည် အပြစ်အနာအဆာမရှိဘဲ လင်းဝင်းတောက်ပလျက်ထွက်လာမည်။ ထို့ပြင် အသင်သည် ကြောက်ရွံ့မှုကင်းရန်အတွက် အသင်၏လက်ကို အသင်၏ကိုယ်နှင့် ပူးကပ်ထားလိုက်ပါ။ ထိုနှစ်ခုသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ဖိရ်အောင်န်နှင့် သူ၏မှူးမတ်များထံသို့ (ယူသွားရန်)ထင်ရှားသော သက်သေသာဓကနှစ်ခုပင် ဖြစ်သည်။ အမှန်စင်စစ် သူတို့သည် အမိန့်တော်ကို သွေဖည်ကြသောအမျိုးသားများပင် ဖြစ်ကြသည်။

قَالَ رَبِّ اِنِّيْ قَتَلْتُ مِنْهُمْ نَفْسًا فَاَخَافُ اَنْ يَّقْتُلُوْنِ ﴿٣٣﴾

(၃၃) ၎င်းက ပြောဆိုလျှောက်ထားသည်။ အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အမှန်စင်စစ် ကျွန်ုပ်သည် သူတို့ထဲမှ လူတစ်ဦးကို သတ်ဖြတ်မိခဲ့သည့်အတွက် သူတို့သည် ကျွန်ုပ်အား သတ်ဖြတ်မည်ကို ကျွန်ုပ်စိုးရိမ်မိပါသည်။

وَاَخِيْ هٰرُوْنُ هُوَ اَفْصَحُ مِنِّيْ لِسَانًا فَاَرْسِلْهُ مَعِيَ رِدْاً يُّصَدِّقُنِيْٓ ؗ اِنِّيْٓ اَخَافُ اَنْ يُّكَذِّبُوْنِ ﴿٣٤﴾

(၃၄) ထို့ပြင် ကျွန်ုပ်၏အစ်ကို ဟာရူန်ကမူ စကားပြောဆိုရာတွင် ကျွန်ုပ်ထက်ပို၍ စကားကြွယ်သည့်သူဖြစ်ပါသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် ကျွန်ုပ်၏အစ်ကိုကိုလည်း ကျွန်ုပ်နှင့်အတူ ကျွန်ုပ်ကို ထောက်ခံ(ပြောဆိုနိုင်ရန်) ကူညီရိုင်းပင်းသူအဖြစ် စေလွှတ်တော်မူပါ။ အမှန်စင်စစ် ကျွန်ုပ်သည် ကျွန်ုပ်အား သူတို့က မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြမည်ကို စိုးရိမ်မိပါသည်။

قَالَ سَنَشُدُّ عَضُدَكَ بِاَخِيْكَ وَنَجْعَلُ لَكُمَا سُلْطٰنًا فَلَا يَصِلُوْنَ اِلَيْكُمَا ۚ بِاٰيٰتِنَآ ۚ
اَنْتُمَا وَمَنِ اتَّبَعَكُمَا الْغٰلِبُوْنَ ﴿٣٥﴾

(၃၅) အရှင်မြတ်က အမိန့်ရှိတော်မူသည်- ငါအရှင်မြတ်သည် အသင်၏အစ်ကိုနှင့် အသင်၏လက်ရုံးရည်ကို အားပိုရှိစေတော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့နှစ်ဦးအား အရှိန်အဝါတစ်မျိုးကို ပေးသနားတော်မူမည်ဖြစ်သည့်အတွက် သူတို့သည် အသင်တို့အပေါ်တွင် မည်သို့မျှ ထိပါးနိုင်ကြမည် မဟုတ်ပေ။ (အသင်တို့နှစ်ဦးသည်) ငါအရှင်မြတ်၏ သက်သေလက္ခဏာများနှင့်

တကွ (သွားကြပါ)။ အသင်တို့နှစ်ဦးနှင့် အသင်တို့နှစ်ဦးနောက်သို့ လိုက်ကြသည့် သူများသည် အောင်နိုင်သူများဖြစ်ကြလိမ့်မည်။❶

❶ သာသနာဖြန့်ချိဖို့ အရှင်မြတ်ထံတော်မှာ အကူအညီတောင်းရင် အလွန်မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့ကိစ္စတွေကိုတောင် အရှင်မြတ်က ကူညီလုပ်ဆောင်ပေးလေ့ရှိတယ်။ တမန်တော်မူစာ عليه السلام က အကူအညီအထောက်အပံ့အဖြစ် မိမိအစ်ကိုကိုပါ တမန်တော်အဖြစ် စေလွှတ်ပေးဖို့ တောင်းခံတာကိုတောင်မှ အရှင်မြတ်က လက်ခံပြီး စေလွှတ်ပေးတော်မူခဲ့တယ်။ သမိုင်းတစ်လျှောက်မှာ ကိုယ့်ဆွေမျိုးရင်းချာကို ကျေးဇူးပြုမှုတွေအထဲမှာ ဒီလိုကျေးဇူးပြုမှုထက် သာပိုတာမရှိခဲ့ဘူး။ အရှင်မြတ်ဟာ ဘာမဆိုတတ်စွမ်းနိုင်တော်မူတဲ့အရှင်ဖြစ်တဲ့အတွက် အရှင်မြတ်နဲ့ အဆက်အသွယ်အမြဲရှိနေရင် အမြဲအကူအညီတောင်းပြီး ဖြေရှင်းနေလို့ရနိုင်မှာဖြစ်တယ်။ သာသနာဖြန့်ချိတဲ့သူတွေကို အလွယ်တကူ အနိုင်ကျင့် လွှမ်းမိုးလို့ မရနိုင်အောင် အရှင်မြတ်က အထူးအရှိန်အဝါအင်အားတစ်မျိုးပေးထားလေ့ရှိတယ်။ အဲဒီအင်အားကြောင့် ဖိရ်အောင်န်ဟာ တမန်တော်မူစာ عليه السلام ကို သတ်မိန့်ထုတ်ထားပြီးဖြစ်ပါလျက်နဲ့ မသတ်နိုင်ဘဲ ဖြစ်ခဲ့ရတယ်။

(နဖ္ဖမုဒ်ဒုရရ်၊ ဂရာအိဗုလ်ကုရ်အာန် ဝဂရာအိဗုလ်ဖွရ်ကာန်)

فَلَمَّا جَآءَهُم مُّوسَىٰ بِـَٔايَٰتِنَا بَيِّنَٰتٍ قَالُواْ مَا هَٰذَآ إِلَّا سِحْرٌ مُّفْتَرًى وَمَا سَمِعْنَا بِهَٰذَا فِيٓ ءَابَآئِنَا ٱلْأَوَّلِينَ ﴿٣٦﴾

(၃၆) ထို့နောက် (တမန်တော်)မူစာသည် သူတို့ထံသို့ ငါအရှင်မြတ်၏ ထင်ရှားသည့်သက်သေလက္ခဏာတော်များကို ယူဆောင်လာခဲ့သည့်အခါ သူတို့က ဤသည် လုပ်ကြံဖန်တီးထားသောမှော်အတတ်ပင် ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ရှေးက အဘ၊ ဘိုး၊ ဘေးများ(လက်ထက်)တွင် ဤသို့သော စကားမျိုး မကြားခဲ့ကြဖူးပါဟု ပြောဆိုကြသည်။

وَقَالَ مُوسَىٰ رَبِّيٓ أَعْلَمُ بِمَن جَآءَ بِٱلْهُدَىٰ مِنْ عِندِهِۦ وَمَن تَكُونُ لَهُۥ عَٰقِبَةُ ٱلدَّارِ ۖ إِنَّهُۥ لَا يُفْلِحُ ٱلظَّٰلِمُونَ ﴿٣٧﴾

(၃၇) ထို့ပြင်(တမန်တော်)မူစာက ပြောခဲ့သည်- ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အရှင်မြတ်ထံတော်မှ မည်သူသည် လမ်းမှန်ညွှန်ကြားပြသချက်ကို ယူဆောင်ခဲ့သည်ကိုသာမက (တမလွန်ဘဝတွင်ရရှိမည့်) ဤဘဝ၏ နောက်ဆုံးအကျိုးရလဒ်သည် မည်သူ့အတွက် ဖြစ်မည်ဆိုသည်ကို အသိဆုံးအရှင်ဖြစ်တော်မူသည်။ အမှန်စင်စစ် မတရားကျူးလွန်သည့်သူများသည် အောင်မြင်မှုကို ရရှိကြမည် မဟုတ်ပေ။

وَقَالَ فِرْعَوْنُ يَٰٓأَيُّهَا ٱلْمَلَأُ مَا عَلِمْتُ لَكُم مِّنْ إِلَٰهٍ غَيْرِى فَأَوْقِدْ لِى يَٰهَٰمَٰنُ عَلَى ٱلطِّينِ فَٱجْعَل لِّى صَرْحًا لَّعَلِّىٓ أَطَّلِعُ إِلَىٰٓ إِلَٰهِ مُوسَىٰ وَإِنِّى لَأَظُنُّهُۥ مِنَ ٱلْكَٰذِبِينَ ﴿٣٨﴾

(၃၈) ထို့ပြင် ဖိရ်အောင်န်ကပြောဆိုသည်။ အို - မှူးမတ်တို့၊ ကျွန်ုပ်

သည် ကျွန်ုပ်မှလွဲ၍ အသင်တို့တွင် အခြားကိုးကွယ်ရာရှိသည်ဟု မသိပေ။ သို့ဖြစ်ရာ အို-ဟာမာန်၊ ကျွန်ုပ်သည် မူစာ၏ကိုးကွယ်ထိုက်သည့်အရှင်ကိုကြည့်ရန် အသင်သည် ကျွန်ုပ်အတွက် ရွှံ့မြေကို မီးဖုတ်ပြီး မြင့်သည့်အဆောက်အအုံ (မျှော်စင်)တစ်ခု ပြုလုပ်ပါ။ ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်သည် သူ့ကို လိမ်လည်သူဖြစ်သည်ဟု ထင်သည်။①

① တမန်တော်မူစာ عليه السلام ရောက်လာပြီး ဖိရ်အောင်န်ဘုရင်ကို အသင့်မှာ အရှင်သခင်ရှိသေးတယ်လို့ ပြောတဲ့အတွက် မခံမရပ်နိုင်ဖြစ်သွားခဲ့ရတာ ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုရင် ဖိရ်အောင်န်ဟာ သူ့ကိုယ်သူ အကြီးဆုံးအရှင်သခင်လို့ ကြေညာထားတာဖြစ်တဲ့အတွက် အခု ဘယ်လိုလုပ်ပြီး သူ့ထက်ကြီးတဲ့ အရှင်သခင်ပေါ်လာရတာလဲဆိုပြီး ပြောင်လှောင်တဲ့အနေနဲ့ အဲဒီအရှင်သခင်ကို ကြည့်ဖို့ဆိုပြီး ရွှံ့မြေနဲ့ မျှော်စင်ဆောက်ခိုင်းတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاسْتَكْبَرَ هُوَ وَجُنُودُهُ فِي الْأَرْضِ بِغَيْرِ الْحَقِّ وَظَنُّوا أَنَّهُمْ إِلَيْنَا لَا يُرْجَعُونَ ﴿٣٩﴾

(၃၉) ထို့ပြင် ထိုဖိရ်အောင်န်နှင့် သူ၏တပ်သားများသည် တိုင်းပြည်တွင် မတရားမာနထောင်ကြရုံသာမက အမှန်စင်စစ် သူတို့သည် ငါအရှင်မြတ်ထံသို့ ပြန်လည်ရောက်ရှိစေခြင်းခံကြရမည်မဟုတ်ပေဟု ထင်မှတ်နေခဲ့ကြခြင်းဖြစ်သည်။

فَأَخَذْنَٰهُ وَجُنُودَهُ فَنَبَذْنَٰهُمْ فِي الْيَمِّ ۖ فَانظُرْ كَيْفَ كَانَ عَاقِبَةُ الظَّٰلِمِينَ ﴿٤٠﴾

(၄၀) သို့ဖြစ်ရာ ငါအရှင်မြတ်သည် ၎င်း(ဖိရ်အောင်န်)နှင့် သူ၏တပ်သားများကို ဖမ်းဆီးပြီး ပင်လယ်ထဲသို့ ပစ်ချတော်မူခဲ့သည်။ သို့ဖြစ်ရာ မတရားသူများ၏နောက်ဆုံးအကျိုးသည် မည်သို့ရှိခဲ့သနည်းဆိုသည်ကို အသင်ကြည့်လိုက်ပါ။

وَجَعَلْنَٰهُمْ أَئِمَّةً يَدْعُونَ إِلَى النَّارِ ۖ وَيَوْمَ الْقِيَٰمَةِ لَا يُنصَرُونَ ﴿٤١﴾

(၄၁) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား ငရဲဘက် ဖိတ်ခေါ်ကြသော ရှေ့ဆောင်ရှေ့ရပ်များအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် သူတို့သည် ကူညီမှုခံရမည်မဟုတ်ပေ။

وَأَتْبَعْنَٰهُمْ فِي هَٰذِهِ الدُّنْيَا لَعْنَةً ۖ وَيَوْمَ الْقِيَٰمَةِ هُم مِّنَ الْمَقْبُوحِينَ ﴿٤٢﴾

(၄၂) ထို့ပြင် ငါအရှင်မြတ်သည် ဤဘဝတွင်လည်း ကရုဏာတော်မှ ကင်းဝေးမှုကို သူတို့၏နောက်မှ လိုက်ပါစေတော်မူခဲ့သည်။ ထို့ပြင် ကိယာမသ်နေ့တွင်လည်း သူတို့သည် အခြေအနေ အလွန်ဆိုးရွားသူများထဲမှပင် ဖြစ်ကြလိမ့်မည်။

وَلَقَدْ آتَيْنَا مُوسَى الْكِتَٰبَ مِن بَعْدِ مَا أَهْلَكْنَا الْقُرُونَ الْأُولَىٰ بَصَائِرَ لِلنَّاسِ وَهُدًى وَ

رَحۡمَةً لَّعَلَّهُمۡ يَتَذَكَّرُوۡنَ ﴿٤٣﴾

(၄၃) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ယခင်ကမျိုးဆက်များကို ဖျက်ဆီးတော်မူခဲ့ပြီးနောက် လူများ တရားရကြရန်အတွက် ထင်ရှားသော သက်သေခံများအဖြစ်၊ လမ်းမှန်ညွှန်ကြားပြသချက်အဖြစ်နှင့် ကရုဏာတော်အဖြစ် ငါအရှင်မြတ်သည် (တမန်တော်)မူစာအား ကျမ်းဂန်ကို ပေးသနားတော်မူခဲ့သည်။❶

❶ အရှင်မြတ်ဟာ လူသားတွေကို လမ်းမှန်ညွှန်ကြားပြသတော်မူဖို့ တမန်တော်တွေကို ကျမ်းဂန်တွေပေးသနားတော်မူပြီး စေလွှတ်တော်မူခဲ့တယ်။ အဲဒီတမန်တော်တွေ ဆုံးသွားတဲ့အခါ နောက်လိုက်သားတွေဟာ သိပ်မကြာခင်မှာပဲ ကျမ်းကို ကပြောင်းကပြန် ပြုလုပ်လေ့ရှိတဲ့အတွက် တရားစစ်တရားမှန်တွေ ပျောက်ဆုံးသွားလေ့ရှိခဲ့တယ်။ အဲဒီအခါ နောက်ထပ်တမန်တော်တစ်ပါးကို ကျမ်းဂန်နဲ့တကွ စေလွှတ်ပြီး အမှန်တရားကို ပို့ချခဲ့ပြန်တယ်။ အဲဒီလိုနဲ့ နောက်ဆုံးတမန်တော်မြတ် ﷺ ဟာ နောက်ဆုံးကျမ်းဖြစ်တဲ့ ကုရ်အာန်ကျမ်းမြတ်ကို ယူဆောင်လာခဲ့တာဖြစ်ပြီး ကိယာမသ်နေ့ထိ ကျမ်းကို ပြုပြင်ပြောင်းလဲမှုမရှိအောင် အရှင်မြတ်ကပဲ တာဝန်ယူထိန်းသိမ်းထားတော်မူလိုက်တာဖြစ်တယ်။ ဒါဟာ ကိယာမသ်နေ့ထိ ကျန်ရှိနေမဲ့ သက်သေခံ၊ လမ်းမှန်ညွှန်ကြားပြသချက်ဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا كُنۡتَ بِجَانِبِ الۡغَرۡبِىِّ اِذۡ قَضَيۡنَاۤ اِلٰى مُوۡسَى الۡاَمۡرَ وَمَا كُنۡتَ مِنَ الشّٰهِدِيۡنَ ﴿٤٤﴾

(၄၄) ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)မူစာထံသို့ အမိန့်တော်ပို့ချတော်မူခဲ့စဉ်က အသင်(တမန်တော်မုဟမ္မဒ်)သည် အနောက်ဘက်အရပ်တွင် ရှိခဲ့သည်လည်းမဟုတ်ပေ။ ထို့ပြင် အသင်(တမန်တော်)သည် ကြည့်ရှုသူများထဲတွင် ပါဝင်ခဲ့သည်လည်း မဟုတ်ပေ။❶

❶ တမန်တော်မြတ် ﷺ ဟာ တမန်တော်အစစ်အမှန်ဖြစ်ကြောင်းအထောက်အထားတစ်ခုမှာ နှစ်ပေါင်းထောင်ချီကွာခြားခဲ့ပြီဖြစ်တဲ့ အရင်ခေတ်က ပွင့်ပေါ်ခဲ့တဲ့ တမန်တော်မူစာ عليه السلام ရဲ့ အကြောင်းကို တိတိကျကျ ပြောပြနိုင်ခဲ့တာဖြစ်တယ်။ အဲဒီအကြောင်းတွေဟာ သောင်ရာသ်ကျမ်းထဲမှာလည်း ပါရှိခဲ့ပြီးဖြစ်ပေမဲ့ သောင်ရာသ်ကျမ်းဟာလည်း အမှန်မကျန်တော့လုနီးပါး ပြုပြင်ပြောင်းလဲထားခဲ့ကြပြီးဖြစ်တယ်။ ပြီးတော့ တမန်တော်မြတ် ﷺ ဟာ ဘယ်လူသားတစ်ဦးတစ်ယောက်ထံကမှ စာပေပညာရပ်တွေကို သင်ယူမထားတဲ့အတွက်လည်း တခြားကျမ်းထဲမှာ ပါတာတွေကို မသိရှိခဲ့ဘူး။ အရှင်မြတ်က အသိပေးတဲ့အတွက် အဲဒီအကြောင်းအရာတွေ အစုံအလင် သိရှိပြီး ပြောပြနိုင်ခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلٰـكِنَّاۤ اَنۡشَاۡنَا قُرُوۡنًا فَتَطَاوَلَ عَلَيۡهِمُ الۡعُمُرُ‌ۚ وَمَا كُنۡتَ ثَاوِيًا فِىۡۤ اَهۡلِ مَدۡيَنَ تَتۡلُوۡا عَلَيۡهِمۡ اٰيٰتِنَا ۙ وَلٰـكِنَّا كُنَّا مُرۡسِلِيۡنَ ﴿٤٥﴾

(၄၅) သို့ရာတွင် ငါအရှင်မြတ်သည် မျိုးဆက်အမြောက်အများကို ပေါက်ဖွားစေတော်မူခဲ့သည်။ သူတို့အပေါ်တွင်လည်း သက်တမ်းနှစ်များ(များစွာ)

ကြာညောင်း(နေထိုင်စေ)ခဲ့သည်။ ထို့ပြင် အသင်(တမန်တော်)သည် မဒ်ယန်မြို့သားများထဲတွင် နေထိုင်ပြီး သူတို့ရှေ့၌ ငါအရှင်မြတ်၏အာယသ်တော်များကို ဖတ်ကြားနေခဲ့ဖူးသည်လည်း မဟုတ်ပေ။ သို့ရာတွင် ငါအရှင်မြတ်သည် (အသင့်အား တမန်တော်အဖြစ်)စေလွှတ်တော်မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူသည်။

وَمَا كُنْتَ بِجَانِبِ الطُّوْرِ اِذْ نَادَيْنَا وَلٰكِنْ رَّحْمَةً مِّنْ رَّبِّكَ لِتُنْذِرَ قَوْمًا مَّآ اَتٰىهُمْ مِّنْ نَّذِيْرٍ مِّنْ قَبْلِكَ لَعَلَّهُمْ يَتَذَكَّرُوْنَ ﴿٤٦﴾

(၄၆) ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်မူစာကို) ဟစ်ခေါ်တော်မူခဲ့သည့်အခါတွင် အသင်သည် သွာရ်တောင်၏နံဘေးတွင် ရှိခဲ့သည်လည်း မဟုတ်ပေ။ သို့ရာတွင် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ကရုဏာတော်ဖြင့် အကြင်အမျိုးသားများအား တရားရကြအောင် သတိပေးနှိုးဆော်ရန်အတွက် (တမန်တော်အဖြစ် ချီးမြှင့်တော်မူခြင်းကိုခံခဲ့ရသည်)။ ထိုအမျိုးသားများထံသို့ အသင်၏မတိုင်မီ သတိပေးနှိုးဆော်သူ တစ်ဦးမျှ ရောက်ရှိလာခဲ့သည်မရှိပေ။

وَلَوْلَآ اَنْ تُصِيْبَهُمْ مُّصِيْبَةٌۢ بِمَا قَدَّمَتْ اَيْدِيْهِمْ فَيَقُوْلُوْا رَبَّنَا لَوْلَآ اَرْسَلْتَ اِلَيْنَا رَسُوْلًا فَنَتَّبِعَ اٰيٰتِكَ وَنَكُوْنَ مِنَ الْمُؤْمِنِيْنَ ﴿٤٧﴾

(၄၇) ထို့ပြင် အကယ်၍သာ သူတို့အပေါ်တွင် သူတို့လက်များကကြို တင်ပို့ထားခဲ့သည့်အရာ(အပြစ်)များကြောင့် ဒုက္ခတစ်စုံတစ်ခု ကျရောက်လာလျှင် သူတို့က အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် အဘယ်ကြောင့် ကျွန်ုပ်တို့ထံသို့ တမန်တော်တစ်ပါးပါး စေလွှတ်တော်မမူခဲ့ပါသနည်း။ ထိုသို့ စေလွှတ်တော်မူခဲ့လျှင် ကျွန်ုပ်တို့သည် အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာကြမည် ဖြစ်ပါသည်။ ထို့ပြင် ကျွန်ုပ်တို့သည် မုအ်မင်န် ယုံကြည်သူများထဲတွင် အပါအဝင်ဖြစ်ကြမည်ဟု မပြောဆိုနိုင်ကြရန်အတွက် (တမန်တော်ကို စေလွှတ်လိုက်ခြင်း) ဖြစ်သည်။

فَلَمَّا جَآءَهُمُ الْحَقُّ مِنْ عِنْدِنَا قَالُوْا لَوْلَآ اُوْتِيَ مِثْلَ مَآ اُوْتِيَ مُوْسٰى ۭ اَوَلَمْ يَكْفُرُوْا بِمَآ اُوْتِيَ مُوْسٰى مِنْ قَبْلُ ۚ قَالُوْا سِحْرٰنِ تَظٰهَرَا ۣ وَقَالُوْٓا اِنَّا بِكُلٍّ كٰفِرُوْنَ ﴿٤٨﴾

(၄၈) ထို့နောက် သူတို့ထံသို့ ငါအရှင်မြတ်ထံတော်မှ အမှန်တရားရောက်ရှိလာသည့်အခါ သူတို့က အဘယ်ကြောင့် (ဤတမန်တော်သည် တမန်တော်)မူစာ ချီးမြှင့်ခြင်းခံရသည့်အရာမျိုး❶ ချီးမြှင့်ခြင်းမခံခဲ့ရပါသနည်းဟု ပြောဆိုခဲ့

ကြသည်။ သူတို့သည် ယခင်က (တမန်တော်)မူစာ ချီးမြှင့်ခံရသည့်အရာကို ငြင်းပယ်ခဲ့ကြသည်မဟုတ်လော။ သူတို့က (သောင်ရာသ်ကျမ်းနှင့် ကုရ်အာန်ကျမ်းမြတ်)နှစ်ခုလုံးသည် အချင်းချင်းတစ်ခုကိုတစ်ခု ထောက်ခံသော မှော်အတတ်ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ ထို့ပြင် သူတို့က အမှန်စင်စစ် ကျွန်ုပ်တို့သည် အားလုံးကို ငြင်းပယ်သူများပင် ဖြစ်ကြသည်ဟု ပြောဆိုခဲ့ကြသည်။

❶ တမန်တော်မူစာ عليه السلام ချီးမြှင့်ခံခဲ့ရတဲ့အရာမျိုးဆိုတာ တောင်ဝှေးကနေ မြွေဖြစ်တာမျိုးကို ဆိုလိုတာဖြစ်တယ်။ အဲဒါကိုလည်း ဖိရ်အောင်န်နဲ့ သူ့တပ်သားတွေက မှော်အတတ်ပညာလို့ ပြောခဲ့ကြတာပဲ မဟုတ်လား။ (အလင်းပြကျမ်း)

قُلْ فَأْتُوا بِكِتَٰبٍ مِّنْ عِندِ ٱللَّهِ هُوَ أَهْدَىٰ مِنْهُمَآ أَتَّبِعْهُ إِن كُنتُمْ صَٰدِقِينَ ﴿٤٩﴾

(၄၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အကယ်၍ အသင်တို့သည် အမှန်ပြောဆိုသူများဖြစ်ကြလျှင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ဤ(ကျမ်း)နှစ်စောင်လုံးထက် ပို၍ တရားလမ်းညွှန်ဖြစ်သော ကျမ်းတစ်စောင်ကို ယူဆောင်လာကြပါ။ ငါသည် ထိုကျမ်းနှင့်အညီ လိုက်နာပါမည်။❷

❷ သောင်ရာသ်ကျမ်းကိုရော၊ ကုရ်အာန်ကျမ်းတော်မြတ်ကိုပါ တစ်ခုကိုတစ်ခု ထောက်ခံနေတဲ့ မှော်အတတ်လို့ဆိုရင် မှော်အတတ်တွေဟာ သူ့ထက်ငါ ပြိုင်ပြီးကျော်တက်နေကြတာဖြစ်တဲ့အတွက် မှော်လို့ပြောထားတဲ့ ဒီကျမ်းနှစ်စောင်ထက်သာတဲ့ မှော်ကျမ်းတစ်စောင်ရေးပြီးယူလာခဲ့ကြပေ့ါ။ တစ်ကမ္ဘာလုံးမှာရှိတဲ့ မှော်ဆရာတွေအားလုံးပေါင်းလိုက်ရင် ဘယ်လူသားတစ်ဦးထံကမှ စာပေပညာသင်ယူခြင်းမရှိခဲ့သူရေးထားတဲ့ကျမ်းထက်တော့ သာရမှာပေ့ါ။ အဲဒီလို ယူလာနိုင်ခဲ့ရင် အသင်တို့ရေးယူလာခဲ့တဲ့ အဲဒီအကောင်းဆုံး ကျမ်းအတိုင်း ငါလိုက်နာမယ်လို့ ပြောထားတာဟာ တရားနည်းလမ်းကျတဲ့စကားဖြစ်နေတာထင်ရှားတယ်။ အဲဒီလိုကောင်းတဲ့ကျမ်းမျိုး စီစဉ်ရေးသားပြီး ယူမလာနိုင်ခဲ့တာဟာ တကယ်တော့ ဒီကျမ်းဟာ လူသားရေးတဲ့ကျမ်းမဟုတ်ဘူး၊ မှော်အတတ်ပညာလည်းမဟုတ်ဘူးဆိုတာ ပိုမိုထင်ရှားစေတယ်။ တကယ်တော့ သူတို့တစ်တွေ မလိုက်နာချင်လို့ မဟုတ်တာတွေကို စောဒကတက် ပြောဆိုနေကြတာပဲဖြစ်တယ်။ သူတို့လိုက်နာတာက သူတို့ရဲ့စိတ်အလိုဆန္ဒပဲဖြစ်တယ်။ အဲဒါဟာ လမ်းအလွဲဆုံးပဲဖြစ်တယ်။ (အလင်းပြကျမ်း)

فَإِن لَّمْ يَسْتَجِيبُوا لَكَ فَٱعْلَمْ أَنَّمَا يَتَّبِعُونَ أَهْوَآءَهُمْ ۚ وَمَنْ أَضَلُّ مِمَّنِ ٱتَّبَعَ هَوَىٰهُ بِغَيْرِ هُدًى مِّنَ ٱللَّهِ ۚ إِنَّ ٱللَّهَ لَا يَهْدِى ٱلْقَوْمَ ٱلظَّٰلِمِينَ ﴿٥٠﴾

(၅၀) ထို့နောက် အကယ်၍ သူတို့သည် အသင်၏ပြောကြားချက်ကို သဘောမတူခဲ့ကြလျှင် သူတို့သည် သူတို့၏စိတ်အလိုဆန္ဒများကိုသာ လိုက်စားသူများ ဖြစ်ကြသည်ဟုပင် အသင်မှတ်ယူလိုက်ပါ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ထံတော်မှ တရားလမ်းညွှန်မှု တစ်စုံတစ်ရာမရှိဘဲ မိမိ၏စိတ်အလိုဆန္ဒကိုသာ လိုက်စားသူထက် ပိုမိုလမ်းလွဲသူ မည်သူရှိဦးမည်နည်း။ အမှန်စင်စစ် အလ္လာဟ်

အရှင်မြတ်သည် မတရားကျူးကျော်စော်ကားသော အမျိုးသားများအား လမ်းမှန် ညွှန်ကြားပြသတော်မမူပေ။

وَلَقَدْ وَصَّلْنَا لَهُمُ الْقَوْلَ لَعَلَّهُمْ يَتَذَكَّرُونَ ﴿٥١﴾

(၅၁) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အတွက် သူတို့ တရားရကြရန် စကားတော်(ကုရ်အာန်ကျမ်းတော်မြတ်)ကို အဆက်မပြတ် (တဖြည်းဖြည်း) ပို့ဆောင်သည်။

الَّذِينَ آتَيْنَاهُمُ الْكِتَابَ مِن قَبْلِهِ هُم بِهِ يُؤْمِنُونَ ﴿٥٢﴾

(၅၂) ၎င်း(ကုရ်အာန်၏)မတိုင်မီ ငါအရှင်က ကျမ်းဂန်ပေးသနားတော် မူခဲ့သည့်သူများသည် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို ယုံကြည်ကြသည်။

وَإِذَا يُتْلَىٰ عَلَيْهِمْ قَالُوا آمَنَّا بِهِ إِنَّهُ الْحَقُّ مِن رَّبِّنَا إِنَّا كُنَّا مِن قَبْلِهِ مُسْلِمِينَ ﴿٥٣﴾

(၅၃) ထို့ပြင် ၎င်း(ကျမ်း)ကို သူတို့ရှေ့၌ ဖတ်ကြားသည့်အခါ သူတို့က ကျွန်ုပ်တို့သည် ၎င်း(ကျမ်း)ကို ယုံကြည်ကြပြီဖြစ်ပါသည်။ အမှန်စင်စစ် ၎င်း (ကျမ်း)သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အမှန်တရားပင် ဖြစ်ပါသည်။ အမှန်စင်စစ် ကျွန်ုပ်တို့သည် ၎င်း(ကျမ်း)မကျမီ ယခင်ကတည်းက အမိန့်တော်ကို လိုက်နာသည့်သူမွတ်စ်လင်မ်များ ဖြစ်ခဲ့ကြပါ သည်ဟု ပြောဆိုခဲ့ကြသည်။

أُولَٰئِكَ يُؤْتَوْنَ أَجْرَهُم مَّرَّتَيْنِ بِمَا صَبَرُوا وَيَدْرَءُونَ بِالْحَسَنَةِ السَّيِّئَةَ وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ ﴿٥٤﴾

(၅၄) ၎င်းတို့သည် သည်းခံခဲ့ကြသည့်အတွက်နှင့် ၎င်းတို့သည် အဆိုး ကို အကောင်းဖြင့်တွန်းလှန်ကြသည့်အတွက်သာမက ၎င်းတို့ကို ငါအရှင်မြတ်က ပေးသနားတော်မူခဲ့သည့် ပစ္စည်းဥစ္စာများထဲမှ ၎င်းတို့သုံးစွဲလှူဒါန်းကြသည့်အ တွက်ကြောင့် ၎င်းတို့၏အကျိုးကို နှစ်ဆပေးတော်မူခြင်းခံကြရမည်ဖြစ်သည်။❶

❶ အရင်က ကျမ်းဂန်ရတဲ့သူတွေဟာ သူတို့အပေါ်မှာ ချပေးခြင်းခံရတဲ့ ကျမ်းဂန်နဲ့ သူတို့ထံကို စေလွှတ်ခြင်းခံရတဲ့ တမန်တော်ကို ယုံကြည်ခဲ့ကြပြီးဖြစ်တယ်။ အခုတစ်ခါ နောက်ဆုံးပွင့်တဲ့တမန် တော်မြတ် ﷺ နဲ့ ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်း သူတို့ဟာ ယုံကြည်ကြပြန်တယ်။ သူတို့ဟာ အဲဒီလို နှစ်ကြိမ်နှစ်ခါ ယုံကြည်ခဲ့ကြတဲ့အတွက် သူတို့ရဲ့အကျိုးကုသိုလ်တွေကိုလည်း အရှင်မြတ် က နှစ်ဆပေးတော်မူမယ်လို့ မိန့်ကြားလိုက်တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِذَا سَمِعُوا اللَّغْوَ أَعْرَضُوا عَنْهُ وَقَالُوا لَنَا أَعْمَالُنَا وَلَكُمْ أَعْمَالُكُمْ سَلَامٌ عَلَيْكُمْ لَا نَبْتَغِي الْجَاهِلِينَ ﴿٥٥﴾

(၅၅) ထို့ပြင် သူတို့သည် အကျိုးမဲ့စကားကို ကြားကြသည့်အခါ ယင်း

(အကျိုးမဲ့စကား)မှ မျက်နှာလွှဲသွားကြသည့်အပြင် ကျွန်ုပ်တို့၏လုပ်ရပ်များသည် ကျွန်ုပ်တို့အတွက်ဖြစ်ပြီး အသင်တို့၏လုပ်ရပ်များသည် အသင်တို့အတွက်ဖြစ်သည်။ အသင်တို့အပေါ် ငြိမ်းချမ်းသာယာမှု သက်ရောက်ပါစေ။ ကျွန်ုပ်တို့သည် အသိပညာကင်းမဲ့သူများ(နှင့် စကားများရန်)ကို အလိုမရှိကြပါဟု ပြောဆိုခဲ့ကြသည်။

إِنَّكَ لَا تَهْدِي مَنْ أَحْبَبْتَ وَلَٰكِنَّ اللَّهَ يَهْدِي مَن يَشَاءُ ۚ وَهُوَ أَعْلَمُ بِالْمُهْتَدِينَ ﴿٥٦﴾

(၅၆) အမှန်ပင် အသင်သည် အသင်နှစ်သက်သည့်သူကို တရားလမ်းမှန်သို့ ပို့ဆောင်မပေးနိုင်ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိသည့်သူကို တရားလမ်းမှန်သို့ ပို့ဆောင်ပေးတော်မူသည်။❶ ထို့ပြင် အရှင်မြတ်သည် တရားလမ်းမှန်ရရှိမည့်သူများကို အသိဆုံးအရှင်ဖြစ်တော်မူသည်။

❶ အရှင်မြတ်ဟာ အရှင်မြတ်နှစ်သက်တဲ့သူကို လမ်းမှန်ရောက်တဲ့အထိ ပို့ဆောင်တော်မူတဲ့အရှင်ဖြစ်တော်မူတယ်။ ဒါပေမဲ့ တမန်တော်တွေအနေနဲ့ သူတို့နှစ်သက်တဲ့သူကို လမ်းမှန်ရောက်အောင် မပို့နိုင်ကြဘူး။ သူတို့ဟာ လမ်းမှန်ကို ညွှန်ကြားပြသရုံပဲ ညွှန်ကြားပြသနိုင်ကြတာဖြစ်တယ်။ သူတို့ကို လမ်းမှန်ရောက်အောင်ပို့ဖို့လည်း တာဝန်ပေးထားခြင်းမရှိဘူး။ အဲဒီလမ်းမှန်ပို့ဆောင်မှုလုပ်ရပ်ဟာ အရှင်မြတ်တစ်ပါးတည်းပဲ မူပိုင်ဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالُوا إِن نَّتَّبِعِ الْهُدَىٰ مَعَكَ نُتَخَطَّفْ مِنْ أَرْضِنَا ۚ أَوَلَمْ نُمَكِّن لَّهُمْ حَرَمًا آمِنًا يُجْبَىٰ إِلَيْهِ ثَمَرَاتُ كُلِّ شَيْءٍ رِّزْقًا مِّن لَّدُنَّا وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٥٧﴾

(၅၇) ထို့ပြင် သူတို့က အကယ်၍ ကျွန်ုပ်တို့သည် အသင်နှင့်အတူ တရားလမ်းမှန်ကို လိုက်ကြလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏တိုင်းပြည်မှ နှင်ထုတ်ခြင်းကို ခံကြရမည်ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ (သူတို့ ကုဖ်ရ်၊ ရှိရ်က် ပြုလုပ်၍ ကျေးဇူးကန်းနေကြပါလျက်နှင့်ပင်) ငါအရှင်မြတ်သည် သူတို့အား ဘေးရန်ကင်းငြိမ်းသော ဟရမ်ထဲတွင် အတည်တကျ နေရာချပေးတော်မူခဲ့ပြီး ယင်း(ဟရမ်)ထံသို့ အသီးအနှံအမျိုးမျိုးသည် ငါအရှင်မြတ်ထံတော်မှစားနပ်ရိက္ခာအဖြစ် သယ်ယူရောက်ရှိနေခဲ့သည်မဟုတ်လော။ (သူတို့ တရားလမ်းမှန်ကိုလိုက်ကြပြီး ကျေးဇူးသိတတ်ကြသည့်အခါမှ သူတို့ကို အရှင်မြတ်က နှင်ထုတ်တော်မူပါမည်လော။) သို့ရာတွင် သူတို့ထဲမှ အများစုသည် (ဤမျှပင်)မသိနားမလည်ကြပေ။❷

❷ အရပ်ကာဖိရ် မုရှ်ရိက်တွေဟာ အီမာန်ကို လက်ခံလိုက်ရင် မက္ကဟ်ကနေ နှင်ထုတ်ခံရမှာစိုးလို့ လက်မခံကြတာဖြစ်ကြောင်းပြောဆိုကြတယ်။ အဲဒါကို အရှင်မြတ်က ပြန်လည်ချေပထားတာဖြစ်တယ်။ အသင်တို့ဟာ အရှင်မြတ်ရဲ့ ကျေးဇူးတော်ကြောင့်ပဲ အဲဒီငြိမ်းချမ်းတဲ့နယ်မြေမှာ ခိုလှုံခွင့်

ရရှိထားကြတာမဟုတ်ဘူးလား။ အဲဒီအရှင်မြတ်ကပဲ အသင်တို့ဟာ ကုဖ်ရ် ရှိရ်က် ပြုလုပ်နေကြပါလျက်နဲ့တောင်မှ အစာရေစာခေါင်းပါးတဲ့ လွင်တီးခေါင်ပြင်အရပ်ဒေသမှာ အသီးအနှံမျိုးစုံကို ပို့ပေးပြီး ကျွေးမွေးထားတာမဟုတ်ဘူးလား။ အဲဒီအရှင်မြတ်ကို ငြင်းပယ်ဖီဆန်ပြီး ကျေးဇူးကန်းနေတဲ့အခါကျတော့ အဲဒီအရှင်က အသင်တို့ကို ကျွေးမွေးထားပြီး အဲဒီအရှင်မြတ်ကို လက်ခံပြီး ကျေးဇူးတင်တဲ့အခါကျတော့ အရှင်မြတ်က မကျွေးမွေးဘဲ အသင်တို့ကို နှင်ထုတ်မယ်ဟုတ်လား၊ အသင်တို့ ဒီလောက်တောင် အသိမရှိဘဲ ပြောဆိုနေကြသလား။ ပိုတောင်စောင့်ရှောက်ပြီး ပိုတောင်ကျွေးဦးမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَكَمۡ اَهۡلَكۡنَا مِنۡ قَرۡيَةٍۭ بَطِرَتۡ مَعِيۡشَتَهَا ۚ فَتِلۡكَ مَسٰكِنُهُمۡ لَمۡ تُسۡكَنۡ مِّنۡۢ بَعۡدِهِمۡ اِلَّا قَلِيۡلًا ؕ وَكُنَّا نَحۡنُ الۡوٰرِثِيۡنَ ﴿۵۸﴾

(၅၈) ထို့ပြင် ငါအရှင်မြတ်သည် သူတို့၏ပစ္စည်းဥစ္စာချမ်းသာမှုကြောင့် မော်ကြွားရွှင်မြူးခဲ့ကြသော မြို့ရွာအများအပြားအား ဖျက်ဆီးတော်မူခဲ့သည်။ ၎င်းပြင် ထိုအရာများသည် သူတို့၏အိမ်များပင် ဖြစ်ကြသည်။ ယင်း(အိမ်များ)တွင် သူတို့မရှိကြသည့်နောက် အနည်းငယ်(လူများ)မှလွဲ၍ (စည်ကား)နေထိုင်ခဲ့ခြင်းမရှိတော့ပေ။ ထို့ပြင် ငါအရှင်မြတ်ပင် (သူတို့၏ပစ္စည်းများကို) ပိုင်ဆိုင်တော်မူသောအရှင် ဖြစ်တော်မူခဲ့သည်။

وَمَا كَانَ رَبُّكَ مُهۡلِكَ الۡقُرٰى حَتّٰى يَبۡعَثَ فِىۡۤ اُمِّهَا رَسُوۡلًا يَّتۡلُوۡا عَلَيۡهِمۡ اٰيٰتِنَا ۚ وَمَا كُنَّا مُهۡلِكِى الۡقُرٰٓى اِلَّا وَاَهۡلُهَا ظٰلِمُوۡنَ ﴿۵۹﴾

(၅၉) ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မြို့ရွာများကို ယင်း(မြို့ရွာများ)၏ဌာနချုပ်တွင် ငါအရှင်မြတ်၏အာယသ်တော်များကို သူတို့၏ရှေ့၌ ဖတ်ကြားမည့် တမန်တော်တစ်ပါးပါးအား ပွင့်ပေါ်စေတော်မူခြင်း မရှိသမျှ ဖျက်ဆီးတော်မူသည့်အရှင် မဟုတ်ပေ။ ထို့ပြင် ငါအရှင်မြတ်သည် မြို့ရွာများကို ယင်း(မြို့သူရွာသား)တို့သည် မတရားသည့်သူများ မဖြစ်သမျှ ဖျက်ဆီးတော်မူသည့်အရှင် မဟုတ်ပေ။[6]

[6] အရှင်မြတ်ဟာ လူသားတွေကို အကြောင်းမဲ့ ဖျက်ဆီးလေ့မရှိဘူး။ လွန်လွန်ကျူးကျူးဆိုးသွမ်းရင်တောင် ဆုံးမပြီး အချိန်စောင့်ဆိုင်းပေးသေးတယ်။ တမန်တော်တွေ အကြိမ်ကြိမ် စေလွှတ်ပြီး ဆိုဆုံးမသတိပေးသေးတယ်။ နောက်ဆုံးဘယ်လိုမှ ပြုပြင်လို့မရတော့မှပဲ ပျက်နေတဲ့ပစ္စည်းကို ပြင်လို့မရတဲ့အဆုံး ပစ်လိုက်ရသလို ပြင်လို့မရတဲ့လူတွေကို အရှင်မြတ်က ဖျက်ဆီးလိုက်ရတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَاۤ اُوۡتِيۡتُمۡ مِّنۡ شَىۡءٍ فَمَتَاعُ الۡحَيٰوةِ الدُّنۡيَا وَزِيۡنَتُهَا ۚ وَمَا عِنۡدَ اللّٰهِ خَيۡرٌ وَّاَبۡقٰى ؕ اَفَلَا تَعۡقِلُوۡنَ ﴿۶۰﴾

(၆၀) ထို့ပြင် အသင်တို့ပေးသနားခံခဲ့ကြရသည့်အရာများသည် လောကီဘဝ၏အသုံးအဆောင်နှင့် ၎င်း၏တင့်တယ်မှုသာ ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ရှိသည့်အရာများကမူ အကောင်းဆုံးဖြစ်သည့်အပြင် အတည်မြဲဆုံးလည်း ဖြစ်သည်။ သို့ပါလျက် အသင်တို့သည် မသိနားမလည်ကြသလော။❶

❶ ဒီဘဝဟာ မကြာခင်ပျက်စီးမယ်။ သေကျေမယ်။ မတည်မြဲဘူး။ တမလွန်ဘဝကို သွားကြရမယ်။ တမလွန်ဘဝဟာ တည်မြဲတယ်။ ဘယ်တော့မှ မပျက်စီးဘူး။ ဘယ်တော့မှ သေရမှာ မဟုတ်တော့ဘူး။ အဲဒါကို ယုံကြည်တယ်ဆိုရင် အဲဒီတမလွန်ဘဝအတွက်ကိုပဲ ဦးစားပေးပြင်ဆင်ရမှာဖြစ်တယ်။ အဲဒီလောက်တောင် အသိမရှိကြရင် ဘယ်လိုနည်းနဲ့ တမလွန်ဘဝမှာ ကောင်းကောင်းမွန်မွန်နေထိုင်ကြမလဲ။ (အလင်းပြကျမ်း)

أَفَمَن وَعَدْنَٰهُ وَعْدًا حَسَنًا فَهُوَ لَٰقِيهِ كَمَن مَّتَّعْنَٰهُ مَتَٰعَ ٱلْحَيَوٰةِ ٱلدُّنْيَا ثُمَّ هُوَ يَوْمَ ٱلْقِيَٰمَةِ مِنَ ٱلْمُحْضَرِينَ ﴿٦١﴾

(၆၁) သို့ဖြစ်ရာ အကြင်သူအား ငါအရှင်မြတ်သည် ကောင်းမြတ်သည့်ကတိပေးတော်မူခဲ့သည်၊ ထို(သို့ပေးခဲ့သည့်)အတွက် ထိုသူသည် ထိုကတိအတိုင်း ဆုံတွေ့ရမည့်သူလည်း ဖြစ်သည်။ ထိုသူသည် အကြင်သူနှင့် တူနိုင်မည်လော။ ငါအရှင်မြတ်သည် ထိုသူကို ဤဘဝတွင် အကျိုးခံစားခွင့်ပေးတော်မူခဲ့သည်။ ထို့ပြင် ကိယာမသ်နေ့တွင် သူသည် (ဖမ်းဆီးခံရပြီး) ရှေ့သို့ ပို့ခံကြရသည့်သူများထဲမှဖြစ်မည်။

وَيَوْمَ يُنَادِيهِمْ فَيَقُولُ أَيْنَ شُرَكَآءِىَ ٱلَّذِينَ كُنتُمْ تَزْعُمُونَ ﴿٦٢﴾

(၆၂) ထို့ပြင် ထိုနေ့တွင် အရှင်မြတ်သည် သူတို့အား ခေါ်ဆိုမိန့်ကြားတော်မူမည်- "အသင်တို့က ထင်မှတ်(ကိုးကွယ်ခဲ့ကြသည့်) ငါအရှင်နှင့် တွဲဖက်ကိုးကွယ်ရာများသည် အဘယ်မှာနည်း။"

قَالَ ٱلَّذِينَ حَقَّ عَلَيْهِمُ ٱلْقَوْلُ رَبَّنَا هَٰٓؤُلَآءِ ٱلَّذِينَ أَغْوَيْنَآ أَغْوَيْنَٰهُمْ كَمَا غَوَيْنَا ۖ تَبَرَّأْنَآ إِلَيْكَ ۖ مَا كَانُوٓا۟ إِيَّانَا يَعْبُدُونَ ﴿٦٣﴾

(၆၃) အကြင်သူတို့၏အပေါ်တွင် ငါအရှင်မြတ်၏အမိန့်တော်(ပြစ်ဒဏ်) အတည်ဖြစ်သွားသည့်သူ (ခေါင်းဆောင်)များက ပြောဆိုကြမည်-"အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ဤသူများကိုပင် ကျွန်ုပ်တို့သည် လမ်းလွဲစေခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင် လမ်းမှားခဲ့ကြသကဲ့သို့ သူတို့ကိုလည်း လမ်းမှားစေခဲ့ကြသည်ပင် ဖြစ်ပါသည်။ (ယခုမူ) အရှင်

မြတ်၏ရှေ့၌ (သူတို့နှင့် ကျွန်ုပ်တို့သည် မည်သို့မျှ)မသက်ဆိုင်ကြောင်း တင်ပြပါသည်။ (အမှန်စင်စစ်) သူတို့သည် ကျွန်ုပ်တို့အား ကိုးကွယ်ခဲ့ကြသည် မဟုတ်ပါ။ (သူတို့သည် ရှိုင်သွာန်များကို ကိုးကွယ်နေကြခြင်းသာဖြစ်ပါသည်။)

وَقِيلَ ادْعُوا شُرَكَاءَكُمْ فَدَعَوْهُمْ فَلَمْ يَسْتَجِيبُوا لَهُمْ وَرَأَوُا الْعَذَابَ ۚ لَوْ أَنَّهُمْ كَانُوا يَهْتَدُونَ ﴿٦٤﴾

(၆၄) ထို့ပြင် (ထိုကာဖိရ် မုရှ်ရိက်များသည် ဤသို့)အမိန့်ပေးတော်မူခြင်းခံကြရမည်- “အသင်တို့သည် အသင်တို့ (ကိုးကွယ်ခဲ့ကြသည့်)ယှဉ်တွဲကိုးကွယ်ရာ တွဲဖက်များကို ခေါ်ကြလော့”။ ထို့နောက် သူတို့သည် သူတို့၏ တွဲဖက်များအား ဟစ်ခေါ်ကြသော်လည်း ထိုတွဲဖက်များက သူတို့အား ပြန်ဖြေကြားတော့မည် မဟုတ်တော့ပေ။ ထို့ပြင် သူတို့သည် ပြစ်ဒဏ်ကို တွေ့မြင်ကြမည်။ (ထိုအခါ သူတို့သည် တောင့်တကြမည်) အကယ်၍ သူတို့သည် (လောကတွင် ရှိနေခဲ့ကြစဉ်က) လမ်းမှန်လိုက်ခဲ့ကြလျှင် အဘယ်မျှကောင်းလိုက်မည်နည်း။

وَيَوْمَ يُنَادِيهِمْ فَيَقُولُ مَاذَا أَجَبْتُمُ الْمُرْسَلِينَ ﴿٦٥﴾

(၆၅) ထို့ပြင် ထိုနေ့တွင် အရှင်မြတ်သည် သူတို့အား ဟစ်ခေါ်ပြီး မေးမြန်းတော်မူမည်-“အမှန်စင်စစ် အသင်တို့သည် တမန်တော်များအား မည်သို့လက်ခံဖြေကြားခဲ့ကြသနည်း။”

فَعَمِيَتْ عَلَيْهِمُ الْأَنْبَاءُ يَوْمَئِذٍ فَهُمْ لَا يَتَسَاءَلُونَ ﴿٦٦﴾

(၆၆) ထို့နောက် သူတို့အပေါ်တွင် ထိုနေ့၌သတင်းစကားအားလုံးသည် ဖုံးအုပ်ပျောက်ကွယ်သွားမည်။ သူတို့သည် အချင်းချင်း တစ်ဦးကိုတစ်ဦး မေးမြန်းခြင်းလည်း ပြုနိုင်ကြမည်မဟုတ်ပေ။

فَأَمَّا مَنْ تَابَ وَآمَنَ وَعَمِلَ صَالِحًا فَعَسَىٰ أَنْ يَكُونَ مِنَ الْمُفْلِحِينَ ﴿٦٧﴾

(၆၇) သို့ရာတွင် မည်သူမဆို ဝန်ချတောင်းပန်ပြီး အီမာန်ယုံကြည်ခဲ့သည့်အပြင် ကောင်းမြတ်သည့်လုပ်ရပ်ကိုလည်း ပြုလုပ်ခဲ့လျှင် ထိုသူသည် အောင်မြင်မှုရရှိကြသည့်သူများထဲတွင် အပါအဝင်ဖြစ်လိမ့်မည်။[J]

[J] عَسٰى ရဲ့အဓိပ္ပာယ်ဟာ မျှော်လင့်မှုကို ဖော်ပြတယ်။ ဒါပေမဲ့ ကုရ်အာန်ထဲမှာ အရှင်မြတ်ဘက်က မိန့်ကြားမှုတွေမှာတော့ သေချာပေါက်ဖြစ်ခြင်းကို ဖော်ပြတယ်။(وعسى من الله واجب) “အစာ عَسٰى ဟာ အရှင်မြတ်ဘက်က(မိန့်ဆိုတော်မူရင်) ဝါဂျိပ်ဖြစ်တယ်။” အောင်မြင်ဖို့ မျှော်လင့်ရုံလောက်သာ မဟုတ်ဘဲ အောင်မြင်ဖို့သေချာတယ်လို့ အရှင်မြတ်က အမိန့်ရှိကြောင်း ဆိုလိုတာဖြစ်တယ်။(သွပ်ရီ)

وَرَبُّكَ يَخْلُقُ مَا يَشَاءُ وَيَخْتَارُ ۗ مَا كَانَ لَهُمُ الْخِيَرَةُ ۚ سُبْحَانَ اللَّهِ وَتَعَالَىٰ عَمَّا يُشْرِكُونَ ﴿٦٨﴾

(၆၈) ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည်

အရှင်မြတ်အလိုရှိတော်မူသောအရာကို ဖန်ဆင်းတော်မူပြီး ရွေးချယ်တော်မူသည်။ ၎င်း(မုရှ်ရိကျ်)တို့တွင် ရွေးချယ်ခွင့် မရှိပေ။ အလ္လာဟ်အရှင်မြတ်သည် သူတို့တွဲဖက်ကိုးကွယ်ကြသည်များမှ စင်ကြယ်သန့်ရှင်းတော်မူသည့်အပြင် (ထိုအရာများထက် အနိူင်းမရှိ) အလွန်မြင့်မားထွတ်မြတ်လှတော်မူသည်။❶

❶ ဖန်ဆင်းတော်မူခြင်း၊ ရွေးချယ်တော်မူခြင်း၊ စီမံခန့်ခွဲတော်မူခြင်း စတာတွေဟာ အရှင်မြတ်တစ်ပါးတည်းမှာပဲ အမိန့်အာဏာရှိတယ်။ တခြားဘယ်သူတစ်ဦးတစ်ယောက်မှာမှ အဲဒီအခွင့်အရေး မရှိဘူး။ အရှင်မြတ်စီမံခန့်ခွဲတာကိုပဲ အရာအားလုံးက နာခံကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَرَبُّكَ يَعْلَمُ مَا تُكِنُّ صُدُوْرُهُمْ وَمَا يُعْلِنُوْنَ ﴿٦٩﴾

(၆၉) ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် သူတို့၏စိတ်နှလုံးများတွင် ကိန်းအောင်းနေသည်များနှင့် သူတို့ထုတ်ဖော်ပြောကြားသည်များကို သိရှိတော်မူသည်။

وَهُوَ اللّٰهُ لَآ اِلٰهَ اِلَّا هُوَ ۭ لَهُ الْحَمْدُ فِى الْاُوْلٰى وَالْاٰخِرَةِ ۡ وَلَهُ الْحُكْمُ وَاِلَيْهِ تُرْجَعُوْنَ ﴿٧٠﴾

(၇၀) ထို့ပြင် အရှင်မြတ်ပင် (ကိုးကွယ်ခြင်းခံထိုက်သည့်) အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူသည်။ ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင် မရှိပေ။ ဤဘဝနှင့် တမလွန်ဘဝတွင် အရှင်မြတ်သည်သာ ချီးမွမ်းခြင်းကို ခံထိုက်တော်မူသည်။ ထို့ပြင် စိုးမိုးအုပ်ချုပ်မှုအာဏာသည်လည်း အရှင်မြတ်၌ပင် ရှိသည်။ ထို့ပြင် အသင်တို့သည် ထိုအရှင်မြတ်ထံတော်သို့ပင် ပြန်ပို့ခြင်းခံကြရမည် ဖြစ်သည်။

قُلْ اَرَءَيْتُمْ اِنْ جَعَلَ اللّٰهُ عَلَيْكُمُ الَّيْلَ سَرْمَدًا اِلٰى يَوْمِ الْقِيٰمَةِ مَنْ اِلٰهٌ غَيْرُ اللّٰهِ يَاْتِيْكُمْ بِضِيَآءٍ ۭ اَفَلَا تَسْمَعُوْنَ ﴿٧١﴾

(၇၁) (အို-တမန်တော်) အသင်ပြောလိုက်ပါ- "အသင်တို့ပြောပြကြစမ်းပါ- အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ကိယာမသ်ရှင်ပြန်ထမည့်နေ့ထိ ညကို အသင်တို့အပေါ်တွင် အမြဲတစ်ဆက်တည်း ပြုလုပ်ထားခဲ့လျှင် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့ထံသို့ အလင်းရောင် ယူဆောင်လာမည့် အခြားကိုးကွယ်ရာ မည်သူရှိသေးသနည်း။ ထို့နောက်လည်း အသင်တို့သည် မကြားကြသလော။"

قُلْ اَرَءَيْتُمْ اِنْ جَعَلَ اللّٰهُ عَلَيْكُمُ النَّهَارَ سَرْمَدًا اِلٰى يَوْمِ الْقِيٰمَةِ مَنْ اِلٰهٌ غَيْرُ اللّٰهِ يَاْتِيْكُمْ بِلَيْلٍ تَسْكُنُوْنَ فِيْهِ ۭ اَفَلَا تُبْصِرُوْنَ ﴿٧٢﴾

(၇၂) (အို-တမန်တော်) အသင်ပြောလိုက်ပါ- "အသင်တို့ ပြောပြကြ
စမ်းပါ- အကယ်၍ အလ္လာဟ်အရှင်မြတ်က ကိယာမသ်ရှင်ပြန်ထမည့်နေ့ထိ နေ့
ကို အသင်တို့အပေါ်တွင် အမြဲတစ်ဆက်တည်း ပြုလုပ်ထားခဲ့လျှင် အလ္လာဟ်
အရှင်မှလွဲ၍ အသင်တို့အနားယူရန် ညကို အသင်တို့ထံ ယူဆောင်လာမည့်
အခြားကိုးကွယ်ရာ မည်သူရှိသေးသနည်း။ ထို့နောက်လည်း အသင်တို့သည်
မမြင်ကြသလော။"

وَمِنۡ رَّحۡمَتِهٖ جَعَلَ لَكُمُ الَّيۡلَ وَالنَّهَارَ لِتَسۡكُنُوۡا فِيۡهِ وَلِتَبۡتَغُوۡا مِنۡ فَضۡلِهٖ وَلَعَلَّكُمۡ
تَشۡكُرُوۡنَ ﴿٧٣﴾

(၇၃) ထို့ပြင် အရှင်မြတ်သည် အရှင်မြတ်၏ကရုဏာတော်နှင့် အသင်
တို့အတွက် ညနှင့်နေ့ကို အသင်တို့သည် ည၌ အနားယူကြရန်နှင့် အသင်တို့
သည် (နေ့တွင်) အရှင်မြတ်၏ကျေးဇူးတော်စားနပ်ရိက္ခာကို ရှာဖွေကြရန်အပြင်
အသင်တို့ ကျေးဇူးသိတတ်ကြရန် ပြုလုပ်ဖန်ဆင်းထားတော်မူခဲ့သည်။

وَيَوۡمَ يُنَادِيۡهِمۡ فَيَقُوۡلُ اَيۡنَ شُرَكَآءِىَ الَّذِيۡنَ كُنۡتُمۡ تَزۡعُمُوۡنَ ﴿٧٤﴾

(၇၄) ထို့ပြင် ထိုနေ့တွင် အရှင်မြတ်သည် သူတို့အား ဟစ်ခေါ်မိန့်ကြား
တော်မူမည်- "အသင်တို့သည် ငါအရှင်မြတ်၏ တွဲဖက်များဖြစ်ကြသည်ဟု ထင်
မှတ်(ကိုးကွယ်)နေခဲ့ကြသော တွဲဖက်များသည် အဘယ်မှာနည်း။"

وَنَزَعۡنَا مِنۡ كُلِّ اُمَّةٍ شَهِيۡدًا فَقُلۡنَا هَاتُوۡا بُرۡهَانَكُمۡ فَعَلِمُوۡۤا اَنَّ الۡحَقَّ لِلّٰهِ وَضَلَّ عَنۡهُمۡ مَّا
كَانُوۡا يَفۡتَرُوۡنَ ﴿٧٥﴾

(၇၅) ထို့ပြင် ငါအရှင်မြတ်သည် သာသနာဝင် အုပ်စုတိုင်းမှသက်သေ
တစ်ဦးစီကို ထုတ်ပြတော်မူပြီး (ကာဖိရ်များအား) အမိန့်ရှိတော်မူမည်- "အသင်
တို့သည် (အသင်တို့၏ တွဲဖက်ကိုးကွယ်မှု မှန်ကန်ကြောင်းနှင့် ပတ်သက်၍)
အသင်တို့၏သက်သေသာဓက အထောက်အထားကို တင်ပြကြပါ"။ ထို့နောက်
သူတို့သည် အလ္လာဟ်အရှင်မြတ်၌ပင် မှန်ကန်မှုရှိကြောင်း သိရှိသွားကြမည်။
ထို့ပြင် သူတို့လုပ်ကြံဖန်တီးခဲ့ကြသည့်အရာများသည် သူတို့ထံမှ ပျောက်ကွယ်
သွားကြလိမ့်မည်။❶

❶ သူတို့တွဲဖက်ကိုးကွယ်တာနဲ့ပတ်သက်ပြီး အထောက်အထားတောင်းဆိုတဲ့အခါမှာ သူတို့မှာ ဘာအထောက်အထားမှ မရှိတာလည်း သိသွားကြရုံမက တမန်တော်တွေပြောခဲ့ကြတာတွေဟာ မှန်ကန်ကြောင်း အခု လက်တွေ့သိမြင်ကြရတော့တာဖြစ်တယ်။ အခုမှသိရတာဟာ အချိန်နှောင်းသွားပြီဖြစ်တဲ့အတွက် သူတို့ရဲ့သိခြင်းဟာ ဘာမှ အသုံးမဝင်ဘဲ ဖြစ်ရတော့တယ်။ (အလင်းပြကျမ်း)

إِنَّ قَارُونَ كَانَ مِن قَوْمِ مُوسَىٰ فَبَغَىٰ عَلَيْهِمْ ۖ وَآتَيْنَاهُ مِنَ الْكُنُوزِ مَا إِنَّ مَفَاتِحَهُ لَتَنُوأُ
بِالْعُصْبَةِ أُولِي الْقُوَّةِ إِذْ قَالَ لَهُ قَوْمُهُ لَا تَفْرَحْ ۖ إِنَّ اللَّهَ لَا يُحِبُّ الْفَرِحِينَ ﴿٧٦﴾

(၇၆) အမှန်စင်စစ် ကာရူန်သည် (တမန်တော်)မူစာ၏အမျိုးသားများ အထဲမှပင် ဖြစ်ခဲ့သည်။ ထို့ပြင် ထိုကာရူန်သည် ထိုအမျိုးသားများအပေါ်တွင် မာနထောင်ခဲ့သည်။ J ထို့ပြင် ငါအရှင်မြတ်သည် သူ့အား အဘယ်မျှ(ရွှေငွေ) ဘဏ္ဍာများကို ပေးသနားထားသနည်းဆိုလျှင်၊ ထို(ရွှေငွေ)ဘဏ္ဍာများ(ကို သို လှောင်ထားသော ဘဏ်တိုက်များ)၏သော့တံများသည် ခွန်အားဗလနှင့်ပြည့်စုံ သော လူတစ်စုကိုပင် အမှန်ပင် မနိုင့်တနိုင်ဖြစ်စေသည်။ တစ်ခါတွင် သူ၏ အမျိုးသားများက သူ့ကို ပြောဆိုကြသည်- "အသင်သည် ဂုဏ်မမောက်နှင့်၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ဂုဏ်မောက်သည့်သူများကို နှစ်သက် တော်မမူပေ။"

J ကာရူန်ဟာ အလွန်ချမ်းသာတဲ့အတွက် ဂုဏ်မောက်ပြီး မာနထောင်ခဲ့တယ်။ ဆင်းရဲသားနဲ့လို အပ်သူတွေရဲ့ ဝေစုဖြစ်တဲ့ ဇကာသ်ကို ပေးဆောင်ဖို့ပြောတဲ့အခါမှာလည်း ငါ့ပိုက်ဆံနဲ့ ငါရှာထား တာ ဘယ်သူ့ကို ပေးစရာလိုလဲလို့ ပြောဆိုခဲ့တယ်။ အဲဒီလို ဇကာသ်ပေးခိုင်းတဲ့ အမိန့်ပညတ်ကို ပြောပြပေးတဲ့ တမန်တော်မူစာ ﷵကို အလွန် မုန်းတီးမှုဖြစ်ပြီး မကောင်းကြံစည်ခဲ့တယ်။ အမျိုးသမီး တစ်ဦးကို နားလည်မှုလုပ်ပြီး တမန်တော်မူစာ ﷵဟာ သူမကို ဇိနာ တရားမဝင်ကာမကျူးလွန်ပါ တယ်လို့ လူပုံအလယ် တရားဟောနေတုန်းမှာ ထွက်ဆိုခိုင်းပြီး အရှက်ခွဲဖို့ ကြံစည်ခဲ့တယ်။ တမန် တော်မူစာ ﷵဟာ ဇိနာကျူးလွန်ခြင်းရဲ့အပြစ်ဟာ ဘယ်လောက်ကြီးမားတဲ့အကြောင်း တရား ဟောနေတဲ့အချိန်မှာ အဲဒီအမျိုးသမီးက ထပြီး တမန်တော်ဟာ သူမကို ဇိနာပြုလုပ်ပါတယ်လို့ သင်ပေးထားတဲ့အတိုင်း ပြောဆိုစွပ်စွဲခဲ့တယ်။ စွပ်စွဲတဲ့အပြစ်ဟာ အလွန်ပဲကြီးတဲ့အတွက် အမှန် အတိုင်းပြောပြခိုင်းတဲ့အခါမှာ အဲဒီအမျိုးသမီးက သူမကို ကာရူန်က အဲဒီလို ပြောခိုင်းပါတယ်ဆိုတဲ့ အကြောင်း အမှန်အတိုင်း ဖွင့်ဟဝန်ခံလိုက်တယ်။ အဲဒီအပေါ်မှာ တမန်တော်မူစာ ﷵက စိတ်ဆိုး ပြီး ကာရူန်ကို ကျိန်ဆဲလိုက်တယ်။ အဲဒီကျိန်ဆဲမှုကြောင့် ကာရူန်ဟာ သူရဲ့ ဘဏ္ဍာတွေနဲ့တကွ မြေမျိုခြင်းခံလိုက်ရတော့တယ်။ (အလင်းပြကျမ်း၊သွပ်ဖ်ရီ)

وَابْتَغِ فِيمَا آتَاكَ اللَّهُ الدَّارَ الْآخِرَةَ ۖ وَلَا تَنسَ نَصِيبَكَ مِنَ الدُّنْيَا ۖ وَأَحْسِن كَمَا أَحْسَنَ اللَّهُ
إِلَيْكَ ۖ وَلَا تَبْغِ الْفَسَادَ فِي الْأَرْضِ ۖ إِنَّ اللَّهَ لَا يُحِبُّ الْمُفْسِدِينَ ﴿٧٧﴾

(၇၇) ထို့ပြင် အသင်သည် အသင့်အား အလ္လာဟ်အရှင်မြတ်က ပေး သနားတော်မူခဲ့သော (ရွှေငွေများ)အထဲမှ တမလွန်ဘဝကို ရှာဖွေပါ။ ထို့ပြင် အသင်သည် ဤဘဝမှ အသင်၏ဝေစုကို (တမလွန်ဘဝသို့ ယူဆောင်သွားရန်) မမေ့နှင့်။ ထို့ပြင် အသင့်အား အလ္လာဟ်အရှင်မြတ်ကကျေးဇူးပြုသကဲ့သို့ အသင် လည်း (သူများအား)ကျေးဇူးပြုပါ။ ထို့ပြင် အသင်သည် တိုင်းပြည်တွင် ဖျက်ဆီး

မှုကို မလိုလားနှင့်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ဖျက်ဆီးသည့်သူ များကို နှစ်သက်တော်မမူပေ။

قَالَ اِنَّمَآ اُوۡتِيۡتُهٗ عَلٰى عِلۡمٍ عِنۡدِىۡ ؕ اَوَلَمۡ يَعۡلَمۡ اَنَّ اللّٰهَ قَدۡ اَهۡلَكَ مِنۡ قَبۡلِهٖ مِنَ الۡقُرُوۡنِ مَنۡ هُوَ اَشَدُّ مِنۡهُ قُوَّةً وَّاَكۡثَرُ جَمۡعًا ؕ وَلَا يُسۡـَٔلُ عَنۡ ذُنُوۡبِهِمُ الۡمُجۡرِمُوۡنَ ﴿٧٨﴾

(၇၈) ၎င်း(ကာရူန်)က ပြောဆိုသည်- "ငါသည် ထိုအရာများကို ငါ၏ထံ တွင်ရှိသည့်အတတ်ပညာတစ်ခုကြောင့် ရရှိခဲ့ခြင်းသာဖြစ်သည်။" အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သူ၏မတိုင်မီ သူ့ထက်ပိုပြီး အင်အားကြီးသည့်၊ သူ့ ထက်ပိုပြီး အခြွေအရံများသည့် မျိုးဆက်များကို ဖျက်ဆီးတော်မူခဲ့ကြောင်း သူ မသိခဲ့သလော။ ထို့ပြင် အပြစ်ရှိသည့်သူများကို သူတို့၏အပြစ်များနှင့် ပတ်သက် ၍ မေးမြန်းစရာပင်လိုမည်မဟုတ်ပေ။❶

❶ အပြစ်ကျူးလွန်မှုတွေ အလွန်များသွားပြီး ပေါ်ပေါ်တင်တင်ဖြစ်သွားတဲ့အခါ အရှင်မြတ်က မေးမြန်းနေတော့မှာ မဟုတ်တော့ဘဲ ရုတ်တရက် ဖမ်းဆီးအရေးယူပစ်လိုက်တော့မှာဖြစ်တယ်။ (သိုင်စီရွလ် ကရီမိရ်ရဟ်မာန်)

فَخَرَجَ عَلٰى قَوۡمِهٖ فِىۡ زِيۡنَتِهٖ ؕ قَالَ الَّذِيۡنَ يُرِيۡدُوۡنَ الۡحَيٰوةَ الدُّنۡيَا يٰلَيۡتَ لَنَا مِثۡلَ مَاۤ اُوۡتِىَ قَارُوۡنُ ۙ اِنَّهٗ لَذُوۡ حَظٍّ عَظِيۡمٍ ﴿٧٩﴾

(၇၉) ထို့နောက် သူသည် သူ၏အမျိုးသားများ၏ရှေ့၌ သူ၏အခမ်း အနားနှင့်တကွ ထွက်ခဲ့သည်။ ဤဘဝကို အလိုရှိသည့်သူများက (ဤသို့)ပြော ဆိုခဲ့ကြသည်- "သြော်-ကာရူန်ရရှိခဲ့သော ပစ္စည်းဉစ္စာမျိုးသည် ကျွန်ုပ်တို့တွင် လည်း ရှိခဲ့လျှင် ကောင်းလေစွ၊ အမှန်စင်စစ် သူသည် ကြီးကျယ်သောနဖူးစာ ဝေစုကို ပိုင်ဆိုင်သူဖြစ်သည်။"

وَقَالَ الَّذِيۡنَ اُوۡتُوا الۡعِلۡمَ وَيۡلَكُمۡ ثَوَابُ اللّٰهِ خَيۡرٌ لِّمَنۡ اٰمَنَ وَعَمِلَ صَالِحًا ۚ وَلَا يُلَقّٰٮهَاۤ اِلَّا الصّٰبِرُوۡنَ ﴿٨٠﴾

(၈၀) ထို့ပြင် အသိပညာကို ပေးသနားတော်မူခြင်းခံကြရသည့်သူများ ကမူ (ဤသို့)ပြောဆိုခဲ့ကြသည်- အသင်တို့ ပျက်စီးပါစေ၊ အီမာန်ယုံကြည်ပြီး ကောင်းမြတ်သော လုပ်ရပ်ကို ပြုလုပ်ကြသည့်သူများအတွက် အလ္လာဟ်အရှင် မြတ်ထံတော်မှ (ပေးသနားတော်မူမည့်)အကျိုးကုသိုလ်သည် အကောင်းဆုံး ဖြစ်သည်။ ထို့ပြင် ထိုအကျိုးကုသိုလ်ကို သည်းခံသူများမှလွဲ၍ (မည်သူမျှ) ရမည် မဟုတ်ပေ။"

فَخَسَفۡنَا بِهٖ وَبِدَارِهِ الۡاَرۡضَ ۚ فَمَا كَانَ لَهٗ مِنۡ فِئَةٍ يَّنۡصُرُوۡنَهٗ مِنۡ دُوۡنِ اللّٰهِ ۖ وَمَا كَانَ مِنَ

الْمُنْتَصِرِيْنَ ﴿٨١﴾

(၈၁) ထို့နောက် ငါအရှင်မြတ်သည် သူ့အား သူ၏အိမ်နှင့်တကွ မြေမျို စေတော်မူခဲ့သည်။ ထို့ပြင် သူ့အတွက် အလ္လာဟ်အရှင်မြတ်နှင့်ဆန့်ကျင်ပြီး သူ့ကို ကူညီမည့်အုပ်စုလည်းမရှိခဲ့ပေ။ ထို့ပြင် သူသည် သူ့ကိုယ်သူ ကယ်တင်နိုင်သည့် သူများထဲတွင်လည်း အပါအဝင်မဖြစ်ခဲ့ပေ။

وَ اَصْبَحَ الَّذِيْنَ تَمَنَّوْا مَكَانَهٗ بِالْاَمْسِ يَقُوْلُوْنَ وَيْكَاَنَّ اللّٰهَ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ مِنْ عِبَادِهٖ وَيَقْدِرُ ۚ لَوْلَآ اَنْ مَّنَّ اللّٰهُ عَلَيْنَا لَخَسَفَ بِنَا ؕ وَيْكَاَنَّهٗ لَا يُفْلِحُ الْكٰفِرُوْنَ ﴿٨٢﴾

(၈၂) ထို့ပြင် မနေ့က သူကဲ့သို့ဖြစ်ရန် တောင့်တခဲ့ကြသည့်သူများက (ယခု ဤသို့)ပြောဆိုကြတော့သည်- “အို-ဆုံးရှုံးရလေခြင်း၊ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ကျွန်များထဲမှ အရှင်မြတ်အလိုရှိသည့်သူကို စားနပ်ရိက္ခာ ကျယ်ဝန်းစွာ ပေးသနားတော်မူပြီး (အရှင်မြတ်အလိုရှိသည့်သူကို) ကျပ်တည်း စေတော်မူသည်။ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အပေါ်တွင် ကျေးဇူးပြုတော်မမူခဲ့လျှင် ကျွန်ုပ်တို့အားလည်း အမှန်ပင် မြေမျိုစေတော်မူခဲ့မည်ဖြစ်သည်။ အို-ဆုံးရှုံးရလေခြင်း၊ (အသင်တို့ မသိမမြင်ကြလေသလော၊) ကျေးဇူးကန်းသည့်သူများသည် မည်သည့်အခါမျှ မအောင်မြင်ကြပေ။”

تِلْكَ الدَّارُ الْاٰخِرَةُ نَجْعَلُهَا لِلَّذِيْنَ لَا يُرِيْدُوْنَ عُلُوًّا فِى الْاَرْضِ وَلَا فَسَادًا ؕ وَالْعَاقِبَةُ لِلْمُتَّقِيْنَ ﴿٨٣﴾

(၈၃) ၎င်းသည် တမလွန်ဘဝ၏အဆောင်ဖြစ်သည်။ ငါအရှင်မြတ်သည် ၎င်း(အဆောင်)ကို တိုင်းပြည်တွင် မာနထောင်လွှားမှုနှင့် ဖျက်လိုဖျက်ဆီးမှုကို မလိုလားကြသောသူများအတွက် သတ်မှတ်ထားတော်မူသည်။ ထို့ပြင် (ကောင်းမြတ်သည့်)နောက်ဆုံးအကျိုးဆက်သည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ကြသည့်သူများအတွက်ပင် ဖြစ်သည်။

مَنْ جَآءَ بِالْحَسَنَةِ فَلَهٗ خَيْرٌ مِّنْهَا ۚ وَمَنْ جَآءَ بِالسَّيِّئَةِ فَلَا يُجْزَى الَّذِيْنَ عَمِلُوا السَّيِّاٰتِ اِلَّا مَا كَانُوْا يَعْمَلُوْنَ ﴿٨٤﴾

(၈၄) မည်သူမဆို ကောင်းမှုကို ယူဆောင်လာလျှင် ထိုသူ့အတွက် ထိုကောင်းမှုထက် ပိုကောင်းသောအရာ(အကျိုး)ရှိသည်။ ထို့ပြင် မည်သူမဆို မကောင်းမှုကို ယူဆောင်လာလျှင် သူတို့ကျူးလွန်ခဲ့ကြသော မကောင်းမှုများမှ လွဲ၍ (အခြားအရာကို) အစားပေးခြင်းခံကြရမည် မဟုတ်ပေ။

اِنَّ الَّذِىْ فَرَضَ عَلَيْكَ الْقُرْاٰنَ لَرَآدُّكَ اِلٰى مَعَادٍ ؕ قُلْ رَّبِّىْۤ اَعْلَمُ مَنْ جَآءَ بِالْهُدٰى وَمَنْ هُوَ فِىْ

ضَلٰلٍ مُّبِيۡنٍ ﴿٨٥﴾

(၈၅) အမှန်စင်စစ် အသင်(တမန်တော်)၏အပေါ်တွင် ကုရ်အာန်ကျမ်းတော်မြတ်ကို ပြဋ္ဌာန်းပေးတော်မူခဲ့သော အရှင်မြတ်သည် အသင့်အား (အသင်၏)ဇာတိနေရပ်သို့ အမှန်ပင် ပြန်ပို့ပေးတော်မူမည့် အရှင်ဖြစ်တော်မူသည်။❶ (အို-တမန်တော်) အသင်ပြောလိုက်ပါ- ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် တရားလမ်းမှန်ကို ယူဆောင်လာသောသူနှင့် ထင်ရှားသော လမ်းမှားတွင်ရှိနေသည့်သူကို အသိဆုံးဖြစ်တော်မူသည်။

❶ အရှင်မြတ်က တမန်တော်မြတ် ﷺ ကို ဟိဂျ်ရသ်လုပ်တဲ့အချိန်အခါမှာ အားပေးပြီး ကတိပေးခဲ့တာဖြစ်တယ်။ အခု မက္ကဟ်ကနေ မဒီနဟ်ကို ခဏပဲ ရှောင်ပေးလိုက်ရတာဖြစ်တယ်။ မကြာခင် မက္ကဟ်ကို ပြန်ပို့ပေးမယ်လို့ အရှင်မြတ်က ကြိုတင်အမိန့်ရှိခဲ့တဲ့အတိုင်းပဲ ရှစ်နှစ်ကြာတဲ့အခါမှာ မက္ကဟ်ကို ပြန်ဝင်လို့ ရသွားခဲ့တာဟာ သမိုင်းမှာအထင်အရှားဖြစ်ခဲ့တယ်။ အရှင်မြတ်ရဲ့အာယသ်တော်တွေရဲ့လက်တွေ့မှန်ကန်မှုဟာ သမိုင်းမှာ အမြောက်အမြားသက်သေပြခဲ့ပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا كُنْتَ تَرْجُوْٓا اَنْ يُّلْقٰٓى اِلَيْكَ الْكِتٰبُ اِلَّا رَحْمَةً مِّنْ رَّبِّكَ فَلَا تَكُوْنَنَّ ظَهِيْرًا لِّلْكٰفِرِيْنَ ﴿٨٦﴾

(၈၆) ထို့ပြင် အသင်(တမန်တော်)သည် အသင်၏ထံသို့ ကျမ်းဂန်ချပေးတော်မူခြင်းခံရမည်ဟု မမျှော်လင့်ခဲ့ပေ။ သို့ရာတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ကရုဏာတော်ဖြင့် (ကျရောက်လာခဲ့ပြီဖြစ်သည်)။ သို့ဖြစ်ရာ အသင်သည် ကာဖိရ်ငြင်းပယ်သူများကို ကူညီသူ လုံးဝမဖြစ်လေနှင့်။❷

❷ အသင်မမျှော်လင့်ဘဲ အရှင်မြတ်က ကျေးဇူးကရုဏာပြုလို့ တမန်တော်ဖြစ်လာတာ၊ ကျမ်းဂန်ရရှိလာတာဖြစ်တဲ့နောက်တော့ အသင်ဟာ အရှင်မြတ်ကလွဲပြီး ဘယ်သူ့ကိုမှ အားထားစရာ မလိုတော့ဘူးဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا يَصُدُّنَّكَ عَنْ اٰيٰتِ اللّٰهِ بَعْدَ اِذْ اُنْزِلَتْ اِلَيْكَ وَادْعُ اِلٰى رَبِّكَ وَلَا تَكُوْنَنَّ مِنَ الْمُشْرِكِيْنَ ﴿٨٧﴾

(၈၇) ထို့ပြင် အသင်(တမန်တော်)၏ထံသို့ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များ ချပေးခြင်းခံရခဲ့ပြီးနောက်၊ သူတို့သည် အသင့်အား ထိုအမိန့်တော်များမှ လုံးဝတားဆီးခြင်း မပြုကြစေနှင့်။ ထို့ပြင် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ဘက်သို့ ဖိတ်ခေါ်နေပါ။ ထို့ပြင် အသင်သည် မုရှ်ရိက်များထဲတွင် အပါအဝင် လုံးဝမဖြစ်လေနှင့်။

وَلَا تَدْعُ مَعَ اللّٰهِ اِلٰهًا اٰخَرَ ۘ لَاۤ اِلٰهَ اِلَّا هُوَ ۚ كُلُّ شَىْءٍ هَالِكٌ اِلَّا وَجْهَهٗ ؕ لَهُ الْحُكْمُ وَاِلَيْهِ تُرْجَعُوْنَ ﴿٨٨﴾

(၈၈) ထို့ပြင် အသင်သည် အလ္လာဟ်အရှင်မြတ်နှင့်အတူ မည်သည့် ကိုးကွယ်ရာကိုမှ ဟစ်ခေါ် (အကူအညီတောင်းခံခြင်း) မပြုပါနှင့်။ ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ အရှင်မြတ်၏မျက်နှာတော်မှလွဲ၍ အခြားအရာအားလုံးသည် ပျက်စီးမည့်အရာများသာလျှင် ဖြစ်သည်။❷ အမိန့်အာဏာအားလုံးသည် အရှင်မြတ်၌ပင် ရှိသည်။ ထို့ပြင် အသင်တို့သည် ထိုအရှင်မြတ်ထံတော်သို့ပင် ပြန်ပို့ခြင်းခံကြရမည် ဖြစ်သည်။❸

❷ အရာအားလုံးဟာ ပျက်စီးမှာဖြစ်ပြီး အရှင်မြတ်ရဲ့မျက်နှာတော်(ဇားသ်တော်)ပဲ ကျန်ရှိမှာဖြစ်တယ်။ အရှင်မြတ်ရဲ့မျက်နှာတော်ဆိုတာ အရှင်မြတ်ကိုပဲ ပြောတာဖြစ်တယ်။ အရှင်မြတ်ရဲ့ ذَاتْ ဇားသ်တော်ကို ဆိုလိုတယ်။(အလင်းပြကျမ်း) ❸ အားလုံးဟာ အရှင်မြတ်ထံတော်ကို ပြန်သွားကြရမှာဖြစ်ပြီး အရှင်မြတ်ရဲ့ရှေ့မှာ စာရင်းရှင်းကြရမှာဖြစ်တယ်။ အဲဒီအတွက် သူတို့ရဲ့လုပ်ရပ်တွေကို ကြိုတင်ပြင်ဆင်ထားကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

==================================================

ركوعاتها ٧ ٢٩ سُوْرَةُ الْعَنْكَبُوْتِ مَكِّيَّةٌ ٨٥ اٰياتها ٦٩

# စူရဟ် အန်ကဗူးသ်(ပင့်ကူကောင်ကဏ္ဍ) سُوْرَةُ الْعَنْكَبُوْتِ

==================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

الٓمّٓ ﴿١﴾

(၁) အလိဖ် လာမ် မီမ် ။

اَحَسِبَ النَّاسُ اَنۡ يُّتۡرَكُوۡۤا اَنۡ يَّقُوۡلُوۡۤا اٰمَنَّا وَهُمۡ لَا يُفۡتَنُوۡنَ ﴿٢﴾

(၂) လူများသည် သူတို့က "ကျွန်ုပ်တို့သည် အီမာန်ယုံကြည်ခဲ့ကြပြီ ဖြစ်ပါသည်"ဟု ပြောကြသည့်အတွက် သူတို့သည် စမ်းသပ်ခြင်းမခံကြရဘဲလျက် လွှတ်ထားခြင်း ခံကြရမည်ဟု ထင်မှတ်ကြသလော။❺

❺ အီမာန်လက်ခံရုံနဲ့ ပြီးမြောက်လုံလောက်သွားမဲ့ကိစ္စမဟုတ်ဘူး။ အဲဒီအီမာန်ဟာ တကယ်ပဲ ဖြူဖြူစင်စင်နဲ့ ယုံတာဟုတ်မဟုတ် အရှင်မြတ်က စမ်းသပ်ဦးမှာဖြစ်တယ်။ စမ်းသပ်ချက်ကို ဖွဲ့သတ္တိနဲ့ခံတဲ့သူတွေပဲ လွတ်မြောက်မှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدۡ فَتَنَّا الَّذِيۡنَ مِنۡ قَبۡلِهِمۡ فَلَيَعۡلَمَنَّ اللّٰهُ الَّذِيۡنَ صَدَقُوۡا وَلَيَعۡلَمَنَّ الۡكٰذِبِيۡنَ ﴿٣﴾

(၃) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့မတိုင်မီကသူများကို လည်း စမ်းသပ်တော်မူခဲ့သည်။❻ သို့ဖြစ်ရာ အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် မှန်ကန်စွာ ပြောဆိုကြသောသူများကို ပေါ်လွင်ထင်ရှား သိသာစေနိုင်အောင် ပြုလုပ်တော်မူမည်ဖြစ်သည်။ ထို့ပြင် အမှန်ပင် ထိုအရှင်မြတ်သည် မုသားလိမ် လည်သူများကိုလည်း ပေါ်လွင်ထင်ရှား သိသာစေနိုင်အောင် ပြုလုပ်တော်မူမည် ဖြစ်သည်။❼

❻ အရင်ခေတ်ကလူတွေကိုလည်း အရှင်မြတ်က စမ်းသပ်တော်မူခဲ့တာဖြစ်တယ်။(အလင်းပြကျမ်း)

❼ ယုံကြည်ပါပြီလို့ ပါးစပ်ကပြောလိုက်တဲ့စကားလေးဟာ တကယ်မှန်မမှန် စစ်ဆေးဖို့ စမ်းသပ်မှုတွေကို ချပေးတော်မူတာဖြစ်တယ်။ တကယ်မှန်တဲ့သူနဲ့ မမှန်တဲ့သူ မရောထွေးနေအောင် ခွဲခြားပေးတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

اَمۡ حَسِبَ الَّذِيۡنَ يَعۡمَلُوۡنَ السَّيِّاٰتِ اَنۡ يَّسۡبِقُوۡنَا ؕ سَآءَ مَا يَحۡكُمُوۡنَ ﴿٤﴾

(၄) သို့မဟုတ် မကောင်းမှုများကို ကျူးလွန်သူများသည် သူတို့အနေ ဖြင့် ငါအရှင်မြတ်(၏ဖမ်းဆီးခြင်း)မှ ထွက်ပြေးလွတ်မြောက်သွားကြမည်ဟုထင်

မှတ်ကြသလော။ သူတို့၏အဆုံးအဖြတ်သည် အလွန်ဆိုးရွားလှသည်။❶

❶ အပြစ်ကျူးလွန်တဲ့သူတွေဟာ အခုလောလောဆယ် ဘာမှ ဒုက္ခမတွေ့ရလို့ သူတို့ဟာ လွတ်မြောက်နေတယ်လို့ ထင်မှတ်ခြင်းဟာ အလွန်ဆိုးရွားလှတဲ့ထင်မြင်ချက်ဖြစ်တယ်။ တကယ်တော့ ပြစ်ဒဏ်ကြီးပေးဖို့ ဆိုင်းငံ့ထားတာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

مَنْ كَانَ يَرْجُوْا لِقَآءَ اللّٰهِ فَاِنَّ اَجَلَ اللّٰهِ لَاٰتٍ ؕ وَهُوَ السَّمِيْعُ الْعَلِيْمُ ۝٥

(၅) မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် တွေ့ဆုံရန် မျှော်လင့်လျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သတ်မှတ်ထားသော အချိန်ကာလသည် အမှန်ပင် ဆိုက်ရောက်လာမည် ဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

وَمَنْ جَاهَدَ فَاِنَّمَا يُجَاهِدُ لِنَفْسِهٖ ؕ اِنَّ اللّٰهَ لَغَنِيٌّ عَنِ الْعٰلَمِيْنَ ۝٦

(၆) ထို့ပြင် မည်သူမဆို ကြိုးစားအားထုတ်ခဲ့လျှင် ထိုသူသည် သူ့အတွက် ကြိုးစားအားထုတ်နေခြင်းသာဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် စကြဝဠာအားလုံးမှ မုချ လိုလားတောင့်တခြင်းကင်း၍ ပြည့်စုံကြွယ်ဝတော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူသည်။

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَنُكَفِّرَنَّ عَنْهُمْ سَيِّاٰتِهِمْ وَلَنَجْزِيَنَّهُمْ اَحْسَنَ الَّذِيْ كَانُوْا يَعْمَلُوْنَ ۝٧

(၇) ထို့ပြင် အကြင်သူများသည် အီမာန်ယုံကြည်၍ ကောင်းမြတ်သော လုပ်ရပ်များကို ပြုလုပ်ကြလျှင် အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့၏မကောင်းမှုများကို သူတို့ထံမှ ပပျောက်စေတော်မူမည်။ ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့ကို သူတို့ပြုလုပ်ခဲ့ကြသည်များထက် အကောင်းဆုံးအစားကို ပေးသနားတော်မူမည်။

وَوَصَّيْنَا الْاِنْسَانَ بِوَالِدَيْهِ حُسْنًا ؕ وَاِنْ جَاهَدٰكَ لِتُشْرِكَ بِيْ مَا لَيْسَ لَكَ بِهٖ عِلْمٌ فَلَا تُطِعْهُمَا ؕ اِلَيَّ مَرْجِعُكُمْ فَاُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ۝٨

(၈) ထို့ပြင် ငါအရှင်မြတ်သည် လူသားအား (ညွှန်ကြားတော်မူသည်၊) အသင်သည် အသင်၏မိဘနှစ်ပါးအား ကောင်းမွန်စွာပြုစုရမည်။ ထို့ပြင် အကယ်၍ အသင် မသိသည့်အရာနှင့်ပတ်သက်၍ အသင့်အား ငါအရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ရန် ထိုမိဘနှစ်ပါးက ကြိုးစားအားထုတ်ခဲ့ကြလျှင် အသင်သည် သူတို့၏(ထို)စကားကို မလိုက်နာနှင့်။❶ အသင်တို့(အားလုံး)၏ ပြန်လည်ရာသည် ငါအရှင်မြတ်ထံတော်သို့ပင် ဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့ကို

အသင်တို့ ပြုလုပ်ခဲ့ကြသော လုပ်ရပ်များနှင့် ပတ်သက်၍ အသိပေးတော်မူမည်။

❶ မိဘနှစ်ပါးက အစ္စလာမ်နဲ့ဆန့်ကျင်တဲ့ကိစ္စရပ်ကို အမိန့်ပေးရင် မနာခံဖို့ အရှင်မြတ်ရဲ့အမိန့်ဖြစ်တယ်။ သာဝကကြီးစအဒ် ﷺရဲ့ မိခင်ဟာ သူ့သား အစ္စလာမ်ကိုလက်ခံသွားလို့ဆိုပြီး သူ့သားဟာ အစ္စလာမ်ကို မစွန့်လွှတ်သရွေ့အစာမစားဘူးဆိုပြီး အစာအငတ်ခံ ဆန္ဒပြခဲ့တယ်။ အဲဒီလို မိဘဖြစ်သူက အကျပ်ကိုင်ပေမဲ့ သားဖြစ်သူက ယိမ်းယိုင်သွားခြင်းမရှိခဲ့ဘူး။ အစ္စလာမ်အပေါ်မှာပဲ ရပ်တည်နေခဲ့တယ်။ အဲဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး ဒီအာယသ်ကျရောက်လာခဲ့တာဖြစ်တယ်။(အလင်းပြကျမ်း)

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَنُدْخِلَنَّهُمْ فِى الصّٰلِحِيْنَ ﴿٩﴾

(၉) ထို့ပြင် အီမာန်ယုံကြည်၍ ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်ခဲ့ကြသောသူများကို အမှန်စင်စစ် ငါအရှင်မြတ်သည် ကောင်းမြတ်သည့်သူများထဲတွင် ပါဝင်စေတော်မူမည်။

وَمِنَ النَّاسِ مَنْ يَّقُوْلُ اٰمَنَّا بِاللّٰهِ فَاِذَآ اُوْذِىَ فِى اللّٰهِ جَعَلَ فِتْنَةَ النَّاسِ كَعَذَابِ اللّٰهِ ؕ وَلَئِنْ جَآءَ نَصْرٌ مِّنْ رَّبِّكَ لَيَقُوْلُنَّ اِنَّا كُنَّا مَعَكُمْ ؕ اَوَلَيْسَ اللّٰهُ بِاَعْلَمَ بِمَا فِىْ صُدُوْرِ الْعٰلَمِيْنَ ﴿١٠﴾

(၁၀) ထို့ပြင် လူများထဲတွင် "ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခဲ့ကြပါပြီ"ဟု ပြောဆိုသူများလည်း ရှိကြသည်။ ထို့နောက် သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ဒုက္ခပေးခြင်းကို ခံခဲ့ကြရသည့်အခါ သူတို့က လူများ၏ ဒုက္ခပေးခြင်းကို အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ကဲ့သို့ မှတ်ယူကြသည်။ ထို့ပြင် အကယ်၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အကူအညီတစ်စုံတစ်ခု ရောက်လာခဲ့လျှင် သူတို့က "ကျွန်ုပ်တို့သည်လည်း အမှန်ပင် အသင်တို့နှင့်အတူ ရှိခဲ့ကြသည်"ဟုအမှန်ပင် ပြောဆိုကြသည်။ အလ္လာဟ်အရှင်မြတ်သည် စကြဝဠာအားလုံး(တွင်ရှိသည့်လူများ)၏ စိတ်နှလုံးများထဲတွင်ရှိသည်များကို အသိဆုံးအရှင်ပင် မဟုတ်လော။❷

❷ လူတွေကို အဲဒီလို အမျိုးမျိုးလှည့်စားပြီး သူတို့အီမာန်ယုံကြည်ထားကြောင်း ပြောဆိုနေပေမဲ့ အရှင်မြတ်ကိုတော့ လှည့်စားလို့မရဘူး။ အရှင်မြတ်ဟာ သူတို့လိမ်လည်ပြောဆိုနေကြတာတွေကို အမှန်ပဲ သိတော်မူတဲ့အရှင် ဖြစ်တော်မူတယ်။ (အလင်းပြကျမ်း)

وَلَيَعْلَمَنَّ اللّٰهُ الَّذِيْنَ اٰمَنُوْا وَلَيَعْلَمَنَّ الْمُنٰفِقِيْنَ ﴿١١﴾

(၁၁) ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်သူများကို သိသာထင်ရှားအောင် ပြုလုပ်တော်မူမည်။ ထို့ပြင် အမှန်စင်စစ် အရှင်မြတ်သည် မုနာဖိက်အယောင်ဆောင်များကိုလည်း သိသာထင်ရှားအောင် ပြုလုပ်တော်မူမည်ဖြစ်သည်။

وَقَالَ الَّذِيْنَ كَفَرُوْا لِلَّذِيْنَ اٰمَنُوا اتَّبِعُوْا سَبِيْلَنَا وَلْنَحْمِلْ خَطٰيٰكُمْ ؕ وَمَا هُمْ بِحٰمِلِيْنَ مِنْ

خَطٰيٰهُم مِّن شَيۡءٍ ۖ اِنَّهُمۡ لَكٰذِبُوۡنَ ﴿١٢﴾

(၁၂) ထို့ပြင် ကာဖိရ်များက အီမာန်ယုံကြည်သူများအား "အသင်တို့သည် ကျွန်ုပ်တို့၏လမ်းစဉ်ကို လိုက်နာကြပါ၊ ထို့ပြင် ကျွန်ုပ်တို့သည် အသင်တို့၏အပြစ်များကို ထမ်းရွက်ကြမည်"❷ ဟု ပြောဆိုကြသည်။ ထို့ပြင် သူတို့သည် ၎င်း(ယုံကြည်သူ)တို့၏အပြစ်များထဲမှ အနည်းငယ်မျှပင် ထမ်းရွက်နိုင်ကြမည့်သူများ မဟုတ်ပေ။ အမှန်စင်စစ် သူတို့သည် လိမ်ပြောသူများပင် ဖြစ်ကြသည်။

❷ ကာဖိရ်တွေက မွတ်စ်လင်မ်တွေကို အီမာန်စွန့်လွှတ်အောင် ဖြားယောင်းပြောဆိုကြခြင်းသာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَيَحۡمِلُنَّ اَثۡقَالَهُمۡ وَاَثۡقَالًا مَّعَ اَثۡقَالِهِمۡ ۫ وَلَيُسۡـَٔلُنَّ يَوۡمَ الۡقِيٰمَةِ عَمَّا كَانُوۡا يَفۡتَرُوۡنَ ﴿١٣﴾

(၁၃) ထို့ပြင် အမှန်စင်စစ် သူတို့သည် သူတို့၏(အကုသိုလ်)ဝန်ထုပ်များအပြင် သူတို့၏ (အကုသိုလ်)ဝန်ထုပ်များနှင့်အတူ အခြား(အကုသိုလ်)ဝန်ထုပ်များကိုလည်း❻ ထမ်းပိုးကြရမည်ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် သူတို့သည် ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် သူတို့ လုပ်ကြံဖန်တီးထားသည့်အရာများနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခြင်းကိုလည်း ခံကြရဦးမည်ဖြစ်သည်။

❻ အမှန်မှာ လူတိုင်းဟာ ကိုယ့်ဝန်ထုပ်ကိုပဲ ကိုယ်ထမ်းရွက်ရမှာဖြစ်တယ်။ ဒါပေမဲ့ ကိုယ်က သူတစ်ပါးကို လမ်းလွဲအောင်ချောက်တွန်းခဲ့ရင် အဲဒီသူရဲ့လမ်းလွဲမှုရဲ့အပြစ်ဝန်ထုပ်ကိုလည်း ကိုယ့်ရဲ့ဝန်ထုပ်နဲ့အတူ ထမ်းပိုးရမှာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒါဟာ ကိုယ့်ရဲ့ မကောင်းတဲ့လုပ်ရပ်ကြောင့်ဖြစ်တယ်။ အဲဒီလိုပဲ သူတစ်ပါးကို လမ်းမှန်ညွှန်ကြားပြသခဲ့ရင် အဲဒီသူရဲ့လမ်းမှန်အပေါ် လျှောက်လှမ်းတဲ့ ကုသိုလ်တွေဟာ ကိုယ့်ကုသိုလ်တွေနဲ့အတူ ရရှိမှာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒါဟာလည်း ကိုယ့်ရဲ့ကောင်းတဲ့လုပ်ရပ်ကြောင့်ဖြစ်တယ်။ ဒါပေမဲ့ အဲဒီလမ်းလွဲ သွားတဲ့သူရဲ့ပြစ်မှုဝန်ထုပ်လည်း သူတစ်ပါးလှုံ့ဆော်မှုကြောင့် ကျူးလွန်တာဖြစ်စေ လျော့သွားမှာ မဟုတ်သလို အဲဒီလမ်းမှန်လျှောက်တဲ့သူတွေရဲ့ကုသိုလ်ဟာလည်း လျော့နည်းသွားမှာမဟုတ်ဘူး။
(အန်ရှရဖွသ်သဖာစီရ်၊ အွဆ်မာနီ၊ မူသဲ့ဟွလ်ကုရ်အာန်)

وَلَقَدۡ اَرۡسَلۡنَا نُوۡحًا اِلٰى قَوۡمِهٖ فَلَبِثَ فِيۡهِمۡ اَلۡفَ سَنَةٍ اِلَّا خَمۡسِيۡنَ عَامًا ؕ فَاَخَذَهُمُ الطُّوۡفَانُ وَهُمۡ ظٰلِمُوۡنَ ﴿١٤﴾

(၁၄) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)နူးဟ်ကို ၎င်း၏အမျိုးသားများထံသို့ စေလွှတ်တော်မူခဲ့သည့်အတွက် ၎င်းသည် သူတို့ထဲတွင် နှစ်ပေါင်းကိုးရာငါးဆယ်နေထိုင်ခဲ့သည်။ ထို့နောက် ရေလွှမ်းမိုးမှု(ပြစ်ဒဏ်)သည် ၎င်း(အမျိုးသား)တို့အား သူတို့သည် မတရားကျူးလွန်သူများ ဖြစ်ကြလျက်ရှိနေစဉ် ဖမ်းဆီးကွပ်မျက်ခဲ့သည်။

فَاَنۡجَيۡنٰهُ وَاَصۡحٰبَ السَّفِيۡنَةِ وَجَعَلۡنٰهَاۤ اٰيَةً لِّلۡعٰلَمِيۡنَ ﴿١٥﴾

(၁၅) ထို့နောက် ငါအရှင်မြတ်သည် ၎င်း(တမန်တော်နူးဟ်)နှင့်၊ သင်္ဘော ပေါ်တွင် ပါရှိသူများကိုကယ်တင်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ထို သင်္ဘောကို စကြဝဠာအားလုံး(ဥုရှိသမျှသူများ)အတွက် သက်သေသာဓကတစ်ခု အဖြစ် ပြုလုပ်တော်မူခဲ့သည်။

وَإِبْرَٰهِيمَ إِذْ قَالَ لِقَوْمِهِ ٱعْبُدُوا۟ ٱللَّهَ وَٱتَّقُوهُ ۖ ذَٰلِكُمْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ ﴿١٦﴾

(၁၆) ထို့ပြင် (တမန်တော်)အိဗ်ရာဟီမ်ကို(လည်း စေလွှတ်တော်မူခဲ့ သည်)။ တစ်ခါတွင် ၎င်းသည် ၎င်း၏အမျိုးသားများကို (ဤသို့)ပြောဆိုခဲ့သည်- "အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကိုးကွယ်ကြပါ။ ထို့ပြင် အသင်တို့ သည် အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ အကယ်၍ အသင်တို့သည် သိရှိနားလည် ကြမည်ဆိုလျှင် ၎င်း(အီမာန်ယုံကြည်ခြင်း)သည် အသင်တို့အတွက် အကောင်း ဆုံးပင် ဖြစ်သည်။"

إِنَّمَا تَعْبُدُونَ مِن دُونِ ٱللَّهِ أَوْثَٰنًا وَتَخْلُقُونَ إِفْكًا ۚ إِنَّ ٱلَّذِينَ تَعْبُدُونَ مِن دُونِ ٱللَّهِ لَا
يَمْلِكُونَ لَكُمْ رِزْقًا فَٱبْتَغُوا۟ عِندَ ٱللَّهِ ٱلرِّزْقَ وَٱعْبُدُوهُ وَٱشْكُرُوا۟ لَهُۥٓ ۖ إِلَيْهِ تُرْجَعُونَ ﴿١٧﴾

(၁၇) အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား အံ့တုပြီး ရုပ်တုများကို ကိုးကွယ်ကြသည်။ ထို့ပြင် အသင်တို့သည် မုသားကို လုပ်ကြံဖန်တီးကြသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်အား အံ့တုပြီး အသင်တို့ ကိုးကွယ်ကြသည့် အရာများသည် အသင်တို့၏စားနပ်ရိက္ခာကို လုံး၀ ပိုင်ဆိုင်ကြသည်မဟုတ်ပေ။ သို့ဖြစ်ရာ အသင်တို့သည် စားနပ်ရိက္ခာကို အလ္လာဟ်အရှင်မြတ်ထံတော်တွင် ရှာဖွေ(တောင်းခံ)ကြပါ။ ထို့ပြင် အသင်တို့သည် အရှင်မြတ်ကိုသာကိုးကွယ်ကြ ပါ။ ထို့ပြင် အသင်တို့သည် အရှင်မြတ်၏ကျေးဇူးတော်ကို သိတတ်ကြပါ။ အသင် တို့အားလုံးသည် ထိုအရှင်မြတ်ထံတော်သို့ပင် ပြန်သွားကြရမည်ဖြစ်သည်။

وَإِن تُكَذِّبُوا۟ فَقَدْ كَذَّبَ أُمَمٌ مِّن قَبْلِكُمْ ۖ وَمَا عَلَى ٱلرَّسُولِ إِلَّا ٱلْبَلَٰغُ ٱلْمُبِينُ ﴿١٨﴾

(၁၈) ထို့ပြင် အကယ်၍ အသင်တို့သည် (တမန်တော်ကို) မဟုတ်မမှန် ဟု စွပ်စွဲငြင်းပယ်ကြလျှင် (အသင်တို့ငြင်းပယ်သောကြောင့် တမန်တော်တွင် မည်သည့်လျော့နည်းမှုမှ မဖြစ်ပေ။) အမှန်စင်စစ် အသင်တို့မတိုင်မီက အုပ်စု များသည်လည်း မဟုတ်မမှန်ဟူ၍ပင် စွပ်စွဲငြင်းပယ်ခဲ့ကြသည်သာ ဖြစ်သည်။ ထို့ပြင် တမန်တော်အပေါ်တွင် (အရှင်မြတ်၏အမိန့်တော်များကို လူသားများထံ)

ရှင်းလင်းထင်ရှားစွာ ပို့ချပေးရန်သာ တာဝန်ရှိသည်။❶

❶ တမန်တော်တွေအပေါ်မှာ တာဝန်က အရှင်မြတ်ရဲ့အမိန့်တော်တွေကို လူသားထံရောက်အောင် ပို့ချဖို့ပဲဖြစ်တယ်။ လူသားကို အရှင်မြတ်ရဲ့ အမိန့်တော် နာခံအောင်လုပ်ဖို့ တမန်တော်တွေဟာ တာဝန် ပေးခြင်းမခံရဘူး။ (အွဆ်မာနီ၊ မအာရိဖွလ်ကုရ်အာန်)

أَوَلَمْ يَرَوْا كَيْفَ يُبْدِئُ اللَّهُ الْخَلْقَ ثُمَّ يُعِيدُهُ ۚ إِنَّ ذَٰلِكَ عَلَى اللَّهِ يَسِيرٌ ﴿١٩﴾

(၁၉) အလ္လာဟ်အရှင်မြတ်သည် အဖန်ဆင်းခံများအား မည်သို့ စတင် ဖန်ဆင်းတော်မူခဲ့သည်ကို သူတို့သည် စဉ်းစား မကြည့်ကြသလော။ ထို့နောက် အရှင်မြတ်သည်ပင် ယင်း(အဖန်ဆင်းခံ)တို့အား ပြန်လည်ဖန်ဆင်းတော်မူမည် ဖြစ်သည်။ အမှန်စင်စစ် ၎င်းသည် အလ္လာဟ်အရှင်မြတ်အတွက် လွယ်ကူလှသည်။

قُلْ سِيرُوا فِي الْأَرْضِ فَانظُرُوا كَيْفَ بَدَأَ الْخَلْقَ ۚ ثُمَّ اللَّهُ يُنشِئُ النَّشْأَةَ الْآخِرَةَ ۚ إِنَّ اللَّهَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿٢٠﴾

(၂၀) (အို - တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် ကမ္ဘာ မြေတွင် လှည့်လည်သွားလာ၍ အရှင်မြတ်သည် အဖန်ဆင်းခံများအား မည်သို့ စတင် ဖန်ဆင်းတော်မူခဲ့သနည်းဆိုသည်ကို ကြည့်ရှုလေ့လာကြပါ။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် နောက်တစ်ကြိမ်ထပ်မံ၍ ဖန်ဆင်းတော်မူမည်။ အမှန် စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင် တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

يُعَذِّبُ مَن يَشَاءُ وَيَرْحَمُ مَن يَشَاءُ ۖ وَإِلَيْهِ تُقْلَبُونَ ﴿٢١﴾

(၂၁) အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို ပြစ်ဒဏ် ပေးတော်မူမည်။ ထို့ပြင် အရှင်မြတ်အလိုရှိတော်မူသောသူကို သနားကြင်နာ တော်မူမည်။❷ ထို့ပြင် အသင်တို့အားလုံးသည် ထိုအရှင်မြတ်ထံတော်သို့ပင် ပြန်လှည့်ခြင်းခံကြရမည်ဖြစ်သည်။

❷ အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသူကို ပြစ်ဒဏ်ပေးမယ်ဆိုတာ ပြစ်ဒဏ်ခတ်ဖို့ ထိုက်သက် တဲ့သူကို ဆိုလိုတယ်။ ပြီးတော့ အရှင်မြတ်အလိုရှိသူကို သနားကြင်နာမယ်ဆိုတာ သနားဖို့ ထိုက် တန်တဲ့သူကို ဆိုလိုတယ်။ အဲဒီပြစ်ဒဏ်ခတ်တော်မူခြင်းနဲ့ သနားတော်မူခြင်းထဲမှာ ဘယ်သူတစ်ဦး တစ်ယောက်ရဲ့ဝင်ရောက်စွက်ဖက်မှုမှ ရှိမှာမဟုတ်ဘူး။ (ဗယာနွလ်ကုရ်အာန်)

جس کو چاہے گا عذاب دیگا (یعنی جو اس کا مستحق ہو گا) اور جس پر چاہے رحمت فرماویگا (یعنی جو اس کا اہل ہو گا)

اور (اس تعذیب ورحمت میں اور کسی کا دخل نہ ہو گا) بیان القرآن

အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူရင် ဘာမဆို အရှင်မြတ်က လုပ်နိုင်တော်မူတယ်။ အဲဒါဟာ အရှင်မြတ်ရဲ့အခွင့်အရေးဖြစ်တယ်။ အလ္လာဟ်အရှင်မြတ်က အမိန့်ရှိတော်မူတယ် - لَا يُسْـَٔلُ عَمَّا يَفْعَلُ وَهُمْ يُسْـَٔلُونَ "အရှင်မြတ်သည် အရှင်မြတ်ပြုလုပ်တော်မူသောကိစ္စများနှင့်ပတ်သက်

၍ စစ်ဆေးမေးမြန်းခြင်း ခံရမည်မဟုတ်ပေ။ ထို့ပြင် သူတို့ကမူ (သူတို့ပြုလုပ်ကြသော အမှုကိစ္စများနှင့် ပတ်သက်၍)စစ်ဆေးမေးမြန်းခြင်းကို ခံကြရမည်ဖြစ်သည်။" (ကုရ်အာန် - ၂၁း၂၃)
ဒါဟာ အရှင်မြတ်ရဲ့ အချုပ်အခြာအာဏာပိုင်မှုဖြစ်တဲ့အတွက် အဲဒါကို စောဒကတက်လို့ မရဘူး။ အရှင်မြတ်အလိုရှိသူကို လမ်းမှန်ရောက်အောင်ပို့မယ်ဆိုရင်လည်း အရှင်မြတ်ရဲ့ ကျေးဇူးပဲဖြစ်တယ်။ လမ်းမှန်ရောက်အောင်မပို့ဘဲထားလိုက်မယ်ဆိုရင်လည်း အရှင်မြတ်ကျေးဇူးမပြုလိုသူကို မပြုခြင်းသာဖြစ်တယ်။ အဲဒါဟာ အရှင်မြတ်ရဲ့လွတ်လပ်တဲ့အခွင့်အရေးဖြစ်တယ်။ ကျေးဇူးပြုလိုကပြုမယ်၊ မပြုလိုကမပြုဘူး။ ဒါပေမဲ့ အရှင်မြတ်ဟာ မိမိအလိုရှိသလို ပြုလုပ်နိုင်တိုင်း မတရားပြုလုပ်တော်မူတဲ့အရှင်မဟုတ်ဘူး။ အရှင်မြတ်မှာ ဘာမဆိုစွမ်းဆောင်နိုင်တော်မူတဲ့ဂုဏ်တော်ရှိသလို အခြားဂုဏ်တော်တွေလည်းရှိသေးတယ်။ အရှင်မြတ်ရဲ့ ဂုဏ်တော်တွေအားလုံးကို အဖန်ဆင်းခံတွေအပေါ်မှာ ပေါ်လွင်ထင်ရှားအောင် ပြုလုပ်တော်မူဖို့ ဖန်ဆင်းထားတာဖြစ်တယ်။ အဲဒီအတွက် ဥပဒေတွေချမှတ်ထားပြီး တရားသဖြင့်သာ ပြုလုပ်တော်မူလေ့ရှိတယ်။ အဲဒီလိုပဲ အရှင်မြတ်အလိုရှိတဲ့သူကို လမ်းမှန်စေတော်မူတယ်၊ အရှင်မြတ်အလိုရှိတဲ့သူကို လမ်းမှားစေတော်မူတယ်ဆိုတာ အရှင်မြတ်က အတင်းအကျပ် လမ်းမှန်အောင်လုပ်တာမဟုတ်သလို အတင်းအကျပ် လမ်းမှားအောင်လုပ်တာလည်းမဟုတ်ဘူး။ ဒါပေမဲ့ လမ်းမှန်နဲ့ လမ်းမှားဘက်ညွှန်ကြားပြသဖိတ်ခေါ်မှုကို စီမံဖန်ဆင်းသူဟာ အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူတယ်။ အရှင်မြတ်က လူသားထဲမှာ လမ်းမှန်လိုက်နိုင်တဲ့ အင်အားနဲ့ လမ်းမှားလိုက်နိုင်တဲ့အင်အားနှစ်မျိုးစလုံးကို ဖန်ဆင်းထည့်ပေးထားတော်မူတယ်။ لوသားဟာ အဲဒီအင်အားနဲ့ အမှန်ကိုဖြစ်စေ၊ အမှားကိုဖြစ်စေ တစ်ခုကို ဦးစားပေးရွေးချယ်ပြုလုပ်မှာဖြစ်တယ်။ فَأَلْهَمَهَا فُجُورَهَا وَتَقْوَاهَا ဒီနေရာမှာ လမ်းမှန်ညွှန်ကြားပြသမှုနဲ့ လမ်းမှားညွှန်ကြားပြသမှုဟာ အလ္လာဟ်အရှင်မြတ်ထံမှဖြစ်တယ်။(သဖ်စီရ် အရ်ရာဇီ ) အရှင်မြတ်ထံမှ ဆိုလိုတာဟာ စီမံဖန်ဆင်းမှုသာဖြစ်ပြီး ရရှိအောင်ဆည်းပူးရှာဖွေပြုလုပ်မှုမပါဝင်ဘူး။ ပထမအချက်ဟာ အလ္လာဟ်အရှင်မြတ်ရဲ့လုပ်ပိုင်ခွင့်ဖြစ်တယ်။ ဒုတိယအချက်ဟာ လူသားရဲ့လုပ်ရပ်ဖြစ်တယ်။ လမ်းမှားအောင်လုပ်ခြင်းနဲ့ လမ်းမှန်အောင်လုပ်ခြင်းဆိုတဲ့ အဓိပ္ပာယ်ဟာ လူသားကို အတင်းအကျပ် လမ်းမှားအောင်နဲ့ လမ်းမှန်အောင်လုပ်ခြင်းမဟုတ်ဘူး။ (သဖ်စီရွလ်မုနီးရ်)

ولا شك أن خالق الداعية إلى الإيمان والكفر إنما هو الله تعالى، والعبد بقدرته الصالحة للإيمان والكفر يرجح أحد الجانبين على الآخر لما خلق الله فيه، وحينئذ تكون الهداية من الله تعالى، والإضلال من الله تعالى (تفسير الرازى)، أى بالخلق والإيجاد، لا بالكسب والتحصيل، فالأول فعل الله والثانى فعل الإنسان. وليس معنى الإضلال والهداية أنه تعالى يجبر كل فريق على الضلالة والهدى.(تفسير المنير) فالله تعالى خلق الإنسان وأفعاله، وجعل له إرادة، وقدرة، واختياراً، ومشيئة، وهبها الله له لتكون أفعاله منه حقيقة لا مجازا، ثم جعل له عقلاً يميز به بين الخير والشر، ولم يحاسبه إلا على أعماله التى هى بإرادته واختياره؛ فالإنسان غير مجبر بل له مشيئة واختيار؛ فهو يختار أفعاله وعقائده؛ إلا أنه تابع فى مشيئته لمشيئة الله، وكل ما شاء الله كان وما لم يشأ لم يكن، فالله تعالى هو الخالق لأفعال العباد، وهم الفاعلون لها؛ فهى من الله خلقاً وإيجاداً وتقديراً، ومن العبد فعلاً وكسبًا، قال تعالى:-
لِمَنْ شَآءَ مِنْكُمْ أَنْ يَّسْتَقِيْمَ . وَمَا تَشَآؤُوْنَ إِلَّآ أَنْ يَّشَآءَ اللّٰهُ رَبُّ الْعَالَمِيْنَ. (الوجيز فى عقيدة أهل السنة والجماعة)

(ကုရ်အာန် - ၆း၁၄၈၊ အောက်ခြေ ၁ မှာ တချို့ကိုရှင်းခဲ့ပြီးဖြစ်တယ်။ အကွဲအလွဲအမြောက်အများရှိတဲ့အတွက် အကျယ်ကို မူရင်းကျမ်းတွေမှာ ကြည့်နိုင်ပါတယ်။)

وَمَآ اَنْتُمْ بِمُعْجِزِيْنَ فِى الْاَرْضِ وَلَا فِى السَّمَآءِ ۫ وَمَا لَكُمْ مِّنْ دُوْنِ اللّٰهِ مِنْ وَّلِيٍّ وَّلَا نَصِيْرٍ ﴿٢٢﴾

(၂၂) ထို့ပြင် အသင်တို့သည် ကမ္ဘာမြေတွင်လည်းကောင်း၊ မိုးကောင်း

ကင်တွင်လည်းကောင်း (အရှင်မြတ်၏အပြစ်ဒဏ်ပေးခြင်းမှ) လွတ်ကင်းအောင် စွမ်းဆောင်နိုင်ကြသည်မဟုတ်ပေ။ ထို့ပြင် အသင်တို့အတွက် အလ္လာဟ်အရှင်မြတ်မှလွဲ၍ ကိစ္စဟူသမျှကို ပြီးစီးအောင် (ပွဲကိုင်)ပြုလုပ်ပေးမည့်သူနှင့် ကူညီမည့်သူ မည်သူမျှ မရှိပေ။

وَالَّذِينَ كَفَرُوا بِآيَاتِ اللَّهِ وَلِقَائِهِ أُولَٰئِكَ يَئِسُوا مِن رَّحْمَتِي وَأُولَٰئِكَ لَهُمْ عَذَابٌ أَلِيمٌ ﴿٢٣﴾

(၂၃) ထို့ပြင် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များနှင့် အရှင်မြတ်၏တွေ့ဆုံမှုကို ငြင်းပယ်ခဲ့ကြသည့်သူများသာ ငါအရှင်မြတ်၏ကရုဏာတော်မှ မျှော်လင့်ချက်ကင်းမဲ့ကြသည်။ ထို့ပြင် ထိုသူများအတွက်ပင် အလွန်နာကျင်စေသည့်ပြစ်ဒဏ်ရှိသည်။

فَمَا كَانَ جَوَابَ قَوْمِهِ إِلَّا أَن قَالُوا اقْتُلُوهُ أَوْ حَرِّقُوهُ فَأَنجَاهُ اللَّهُ مِنَ النَّارِ ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يُؤْمِنُونَ ﴿٢٤﴾

(၂၄) ထို့နောက် ၎င်း(တမန်တော်အိဗ်ရာဟီမ်)၏ အမျိုးသားများတွင် "အသင်တို့သည် ၎င်းအား သတ်ပစ်ကြပါ၊ သို့မဟုတ် အသင်တို့သည် ၎င်းအား မီးတင်ရှို့ကြပါ"ဟု (လှုံ့ဆော်)ပြောဆိုဖြေကြားသည်မှလွဲ၍ အခြား မည်သည့်အရာမျှ အဖြေမပေးနိုင်ခဲ့ကြပေ။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် ၎င်းအား မီးဘေးမှကယ်တင်တော်မူခဲ့သည်။❶ အမှန်စင်စစ် ထို(ဖြစ်ရပ်)အထဲတွင် ယုံကြည်သည့် အမျိုးသားများအတွက် သက်သေသာဓကများရှိသည်။❷

❶ တမန်တော်အိဗ်ရာဟီမ် عليه السلام တင်ပြတဲ့အထောက်အထားသာဓကတွေကိုတမန်တော်အိဗ်ရာဟီမ် عليه السلام ရဲ့အမျိုးသားတွေက ဘယ်လိုမှ ချေပနိုင်ခြင်းမရှိတဲ့အခါမှာ မနိုင် နိုင်ရာ မီးတင်ရှို့ဖို့ ကြိုးစားခဲ့ကြတယ်။ အရှင်မြတ်က အဲဒီမီးပုံထဲကနေ တမန်တော်အိဗ်ရာဟီမ် عليه السلام ကို ငြိမ်းချမ်းသာယာမှုနဲ့ တကွ လွတ်မြောက်စေတော်မူခဲ့တယ်။(အလင်းပြကျမ်း) ❷ အရှင်မြတ်အပေါ်မှာ ယုံကြည်သူတွေဟာ နောက်ဆုံးမှာ အောင်မြင်တဲ့အကြောင်း၊ အရှင်မြတ်အပေါ် ယုံကြည်တဲ့သူတွေကို အရှင်မြတ်က ကူညီတော်မူကြောင်း၊ အရှင်မြတ်အလိုမရှိရင် မီးဟာလည်း လောင်ကျွမ်းနိုင်ခြင်းမရှိကြောင်း စတဲ့ သက်သေသာဓကတွေကို မြင်တွေ့ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالَ إِنَّمَا اتَّخَذْتُم مِّن دُونِ اللَّهِ أَوْثَانًا مَّوَدَّةَ بَيْنِكُمْ فِي الْحَيَاةِ الدُّنْيَا ۖ ثُمَّ يَوْمَ الْقِيَامَةِ يَكْفُرُ بَعْضُكُم بِبَعْضٍ وَيَلْعَنُ بَعْضُكُم بَعْضًا وَمَأْوَاكُمُ النَّارُ وَمَا لَكُم مِّن نَّاصِرِينَ ﴿٢٥﴾

(၂၅) ထို့ပြင် ၎င်း(တမန်တော်အိဗ်ရာဟီမ်)က ပြောကြားခဲ့သည်။ အသင်တို့သည် လောကီဘဝတွင် အသင်တို့အချင်းချင်း ချစ်ခင်ကြသည့်အတွက် အလ္လာဟ်အရှင်မြတ်ကိုစွန့်ပြီး ရုပ်တုများအား ရွေးချယ်ပြုလုပ်ကြခြင်းဖြစ်သည်။

ထို့နောက် ကိယာမသ်နေ့တွင်မူ အသင်တို့အချင်းချင်း အချို့က အချို့ကို ငြင်းပယ်ကြမည်။ ထို့ပြင် အချင်းချင်း အချို့က အချို့ကို ကျိန်ဆဲကြမည်။ ထို့ပြင် ငရဲသည် အသင်တို့၏ခိုလှုံရာနေရာဌာနဖြစ်မည်။ ထို့ပြင် အသင်တို့အတွက် ကူညီမည့်သူလည်း မည်သူမျှ ရှိမည်မဟုတ်ပေ။

فَاٰمَنَ لَهٗ لُوْطٌ ۘ وَقَالَ اِنِّيْ مُهَاجِرٌ اِلٰى رَبِّيْ ؕ اِنَّهٗ هُوَ الْعَزِيْزُ الْحَكِيْمُ ﴿٢٦﴾

(၂၆) ထို့နောက် (တမန်တော်)လူသ္ဂ်သည် ၎င်း(တမန်တော်အိဗ်ရာဟီမ်)ကို ယုံကြည်ထောက်ခံခဲ့သည်။[၃] ထို့ပြင် ၎င်း(တမန်တော်အိဗ်ရာဟီမ်)က "အမှန်စင်စစ် ငါသည် မူလနေရင်း အရပ်ဒေသကို စွန့်ခွာ၍ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်(ညွှန်ကြားပြသတော်မူသည့်ဘက်)သို့ ထွက်ခွာသွားမည်။ အမှန်စင်စစ် အရှင်မြတ်သည် တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ဉာဏ်ပညာအမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်" ဟု ပြောဆိုခဲ့သည်။

[၃] တမန်တော်လူသ္ဂ် عليه السلام ဟာ တမန်တော်အိဗ်ရာဟီမ် عليه السلام ရဲ့တူဖြစ်တယ်။ တမန်တော်အိဗ်ရာဟီမ် عليه السلام ရဲ့ အမျိုးသားယောကျ်ားတွေထဲက တမန်တော်လူသ္ဂ် عليه السلام တစ်ဦးတည်းပဲ အီမာန်ကို လက်ခံခဲ့တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَوَهَبْنَا لَهٗۤ اِسْحٰقَ وَيَعْقُوْبَ وَجَعَلْنَا فِيْ ذُرِّيَّتِهِ النُّبُوَّةَ وَالْكِتٰبَ وَاٰتَيْنٰهُ اَجْرَهٗ فِي الدُّنْيَا ۚ
وَاِنَّهٗ فِي الْاٰخِرَةِ لَمِنَ الصّٰلِحِيْنَ ﴿٢٧﴾

(၂၇) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအား (သားတော်)အစ္စဟာက်နှင့် (မြေးတော်)ယအ်ကူဗ်ကို ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် တမန်တော်ဖြစ်ခြင်းနှင့် ကျမ်းဂန်ကို ၎င်း၏သားမြေးများထဲတွင် တည်တံ့စေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(တမန်တော်အိဗ်ရာဟီမ်)အား ၎င်း၏ အကျိုးကို လောကတွင်လည်း ပေးသနားတော်မူခဲ့သည်။ ထို့ပြင် အမှန်ပင် ၎င်းသည် တမလွန်ဘဝတွင်လည်း ကောင်းမြတ်သည့်သူများထဲမှ ဖြစ်လိမ့်မည်။[၆]

[၆] တမန်တော်အိဗ်ရာဟီမ် عليه السلام ကို အရှင်မြတ်က ဒီဘဝမှာလည်း ပစ္စည်းဥစ္စာသားသမီးရတနာစတဲ့ ကျေးဇူးတော် အမြောက်အမြားကို ချီးမြှင့်ပေးသနားတော်မူခဲ့တဲ့အပြင် တမလွန်ဘဝမှာလည်း မွန်မြတ်သူတွေထဲမှာ အပါအဝင် ဖြစ်စေတော်မူမယ်။ ဒါဟာ အရှင်မြတ်က နှစ်ဘဝစလုံးမှာ ကောင်းချီးမင်္ဂလာ ချီးမြှင့်တော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلُوْطًا اِذْ قَالَ لِقَوْمِهٖۤ اِنَّكُمْ لَتَاْتُوْنَ الْفَاحِشَةَ ۫ مَا سَبَقَكُمْ بِهَا مِنْ اَحَدٍ مِّنَ الْعٰلَمِيْنَ ﴿٢٨﴾

(၂၈) ထို့ပြင် (တမန်တော်)လူသ္ဂ်ကို(လည်း စေလွှတ်တော်မူခဲ့သည်)။

တစ်ခါတွင် ၎င်း(တမန်တော်လူသွ်)သည် မိမိ၏အမျိုးသားများကို (ဤသို့)ပြော ကြားခဲ့သည်- အမှန်စင်စစ် အသင်တို့သည် စကြဝဠာအားလုံးထဲတွင် အသင် တို့၏မတိုင်မီ မည်သူမျှ ကျူးလွန်ခဲ့ခြင်းမရှိသော အလွန်စက်ဆုပ်ရွံရှာဖွယ်ရာ အမှုကို ကျူးလွန်ကြခြင်းဖြစ်သည်။

اَئِنَّكُمۡ لَتَاۡتُوۡنَ الرِّجَالَ وَتَقۡطَعُوۡنَ السَّبِيۡلَ ۙ وَتَاۡتُوۡنَ فِىۡ نَادِيۡكُمُ الۡمُنۡكَرَ ؕ فَمَا كَانَ جَوَابَ قَوۡمِهٖۤ اِلَّاۤ اَنۡ قَالُوا ائۡتِنَا بِعَذَابِ اللّٰهِ اِنۡ كُنۡتَ مِنَ الصّٰدِقِيۡنَ ﴿٢٩﴾

(၂၉) အမှန်စင်စစ် အသင်တို့သည် ယောကျ်ားများထံသို့ (ကာမဂုဏ် ခံစားရန်)လာကြသလော။❶ ထို့ပြင် အသင်တို့သည် လမ်းတွင် လုယက်တိုက် ခိုက်ကြသလော။ ထို့ပြင် အသင်တို့သည် အသင်တို့အသိုင်းအဝိုင်းတွင် စက်ဆုပ် ရွံရှာဖွယ်ကိစ္စများကို ကျူးလွန်ကြသလော(ဟု မေးမြန်းပြောဆိုသည်)။❷ ထို့ နောက် ၎င်း၏အမျိုးသားများက "အကယ်၍ အသင်သည် မှန်ကန်သည့်သူတစ်ဦး ဖြစ်လျှင် ကျွန်ုပ်တို့ထံသို့ အလ္လာဟ်အရှင်မြတ်၏အပြစ်ဒဏ်ကို ယူဆောင်လာခဲ့ ပါ"ဟု ပြောဆိုသည်မှလွဲ၍ အခြားအဖြေမရှိခဲ့ပေ။

❶ လိင်တူချင်းဆက်ဆံတဲ့ ပြစ်မှုကို သူတို့မတိုင်ခင်က ဘယ်သူမှ မကျူးလွန်ခဲ့ကြဘူး။ တော တိရစ္ဆာန်တောင်မှ အဲဒီအပြုအမူကနေ ရှောင်ကြဉ်ကြတယ်။ အွမ္မသ်ရဲ့တညီတညွတ်တည်းဆုံးဖြတ် ချက်အရ အဲဒီလိင်တူဆက်ဆံတဲ့ ပြစ်မှုဟာ ဇိနာထက်ပိုအပြစ်ကြီးတယ်။(မအာရိဖွလ်ကုရ်အာန်)

❷ စဒ်ဒူးမ်မြို့သားတွေဟာ အလွန်ရှက်ဖွယ်ကောင်းတဲ့ လိင်တူချင်းဆက်ဆံတဲ့ပြစ်မှုကို လူ့အဖွဲ့ အစည်း အသိုင်းအဝိုင်းတွေမှာ ထင်ထင်ရှားရှား ကျူးလွန်ခဲ့ကြတယ်။ အဲဒီအတွက် တမန်တော် လူသွ် عليه السلام ကို စေလွှတ်ပြီး တရားဟောခိုင်းခဲ့တာဖြစ်တယ်။ သူတို့ဟာ မနာခံဘဲ ဆက်လက်ပြီးတော့ ကျူးလွန်နေကြတဲ့အပေါ်မှာ အရှင်မြတ်က သူတို့အပေါ် ခဲမိုးရွာချပြီး ဖျက်ဆီးပစ်တော်မူခဲ့တယ်။ (အာစာန်သရ်ဂျူမဟ်)

قَالَ رَبِّ انۡصُرۡنِىۡ عَلَى الۡقَوۡمِ الۡمُفۡسِدِيۡنَ ﴿٣٠﴾

(၃၀) ၎င်းက "အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ဖျက်ဆီးမှုပြုသည့်အမျိုးသားများအပေါ်တွင် ကျွန်ုပ်ကို အောင် နိုင်မှုပေးသနားတော်မူပါ"ဟု ပြောဆိုလျှောက်ထားပန်ကြားခဲ့သည်။

وَلَمَّا جَآءَتۡ رُسُلُنَاۤ اِبۡرٰهِيۡمَ بِالۡبُشۡرٰى ۙ قَالُوۡۤا اِنَّا مُهۡلِكُوۡۤا اَهۡلِ هٰذِهِ الۡقَرۡيَةِ ۚ اِنَّ اَهۡلَهَا كَانُوۡا ظٰلِمِيۡنَ ﴿٣١﴾

(၃၁) ထို့ပြင် ငါအရှင်မြတ်၏ (ကောင်းကင်)စေတမန်များသည် ဝမ်း မြောက်ဖွယ်သတင်းကို (တမန်တော်)အိဗ်ရာဟီမ်ထံသို့ ယူဆောင်လာကြသည့် အခါ၊ သူတို့က "အမှန်ပင် ကျွန်ုပ်တို့သည် ဤမြို့ရွာသားများအား ဖျက်ဆီးပစ်

မည့်သူများဖြစ်သည်။ အမှန်စင်စစ် ထိုမြို့ရွာ၌ နေထိုင်သူများသည် ပြစ်မှုကျူးလွန်သူများဖြစ်ကြသည်”ဟု ပြောဆိုခဲ့ကြသည်။

قَالَ اِنَّ فِيْهَا لُوْطًا ؕ قَالُوْا نَحْنُ اَعْلَمُ بِمَنْ فِيْهَا ۫ لَنُنَجِّيَنَّهٗ وَاَهْلَهٗۤ اِلَّا امْرَاَتَهٗ ۗ كَانَتْ مِنَ الْغٰبِرِيْنَ ﴿٣٢﴾

(၃၂) ၎င်းက ပြောဆိုသည်- အမှန်စင်စစ် ထိုအထဲတွင် (တမန်တော်) လူသွ်ရှိနေသည်။ ယင်း(ကောင်းကင်စေတမန်)တို့က ပြောဆိုကြသည်- ထိုအထဲတွင် မည်သူရှိနေသည်ကို ကျွန်ုပ်တို့ ပိုသိကြသည်။ အမှန်ပင် ကျွန်ုပ်တို့သည် (ပြစ်ဒဏ်ခံရန်) ကျန်ရစ်သူများထဲတွင် အပါအဝင်ဖြစ်မည့်(တမန်တော်)လူသွ်၏ဇနီးမှလွဲ၍ ၎င်းနှင့် ၎င်း၏အိမ်သူအိမ်သား(သက်ဆိုင်သူ)များကို ကယ်ဆယ်ကြမည်ဖြစ်သည်။

وَلَمَّاۤ اَنْ جَآءَتْ رُسُلُنَا لُوْطًا سِیْٓءَ بِهِمْ وَضَاقَ بِهِمْ ذَرْعًا وَّقَالُوْا لَا تَخَفْ وَلَا تَحْزَنْ ۫ اِنَّا مُنَجُّوْكَ وَاَهْلَكَ اِلَّا امْرَاَتَكَ كَانَتْ مِنَ الْغٰبِرِيْنَ ﴿٣٣﴾

(၃၃) ထို့ပြင် ငါအရှင်မြတ်၏စေတမန်များသည် (တမန်တော်)လူသွ်ထံသို့ ရောက်လာသည့်အခါ ၎င်းသည် သူတို့ကြောင့် စိတ်ဒုက္ခရောက်ခဲ့ရသည့်အပြင် သူတို့နှင့် ပတ်သက်၍ စိတ်ကျဉ်းကျပ်မှုလည်း ဖြစ်ခဲ့သည်။❷ ထို့ပြင် ၎င်း(ကောင်းကင်တမန်)တို့က ပြောကြသည်၊ အသင် ကြောက်ရွံ့စိုးရိမ်မှုမဖြစ်ပါနှင့်၊ ပူဆွေးမှုလည်း မဖြစ်ပါနှင့်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် (ပြစ်ဒဏ်ခံစားရန်) ကျန်ရစ်ခဲ့ကြသူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သော အသင်၏ဇနီးမှလွဲ၍ အသင်နှင့် အသင်၏အိမ်သူအိမ်သားများကို ကယ်ဆယ်မည့်သူများဖြစ်ကြပါသည်။

❷ ကောင်းကင်တမန်တွေဟာ အလွန်ချောမောလှပတဲ့ လူသားပုံသဏ္ဍာန်နဲ့ လာကြတဲ့အပေါ်မှာ တမန်တော်လူသွ် عليه السلامက မိမိရဲ့အမျိုးသားတွေရဲ့မကောင်းပြုကျင့်မှုပြုလုပ်မှာကို စိုးရိမ်ပြီး စိတ်ကျဉ်းကျပ်မှုဖြစ်ခဲ့တာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

اِنَّا مُنْزِلُوْنَ عَلٰۤى اَهْلِ هٰذِهِ الْقَرْيَةِ رِجْزًا مِّنَ السَّمَآءِ بِمَا كَانُوْا يَفْسُقُوْنَ ﴿٣٤﴾

(၃၄) အမှန်စင်စစ် ကျွန်ုပ်တို့သည် ဤမြို့ရွာသားများအပေါ်တွင် သူတို့သည် (မကောင်းသောအကျင့်များကျူးလွန်၍) အမိန့်ဖီဆန်နေခဲ့သည့်အတွက်ကြောင့် မိုးကောင်းကင်မှပြစ်ဒဏ်တစ်မျိုးကို ချပေးမည့်သူများပင် ဖြစ်ကြသည်။

وَلَقَدْ تَّرَكْنَا مِنْهَاۤ اٰيَةًۢ بَيِّنَةً لِّقَوْمٍ يَّعْقِلُوْنَ ﴿٣٥﴾

(၃၅) ထို့နောက် အမှန်စင်စစ် ငါအရှင်မြတ်သည် သိနားလည်သူများအတွက် ထိုမြို့ရွာမှ ထင်ရှားသော သက်သေလက္ခဏာတစ်ခုကို ချန်လှပ်ထား

ရှိတော်မူခဲ့သည်။

وَإِلَىٰ مَدْيَنَ أَخَاهُمْ شُعَيْبًا فَقَالَ يَٰقَوْمِ اعْبُدُوا اللَّهَ وَارْجُوا الْيَوْمَ الْآخِرَ وَلَا تَعْثَوْا فِي الْأَرْضِ مُفْسِدِينَ ﴿٣٦﴾

(၃၆) ထို့ပြင် မဒ်ယန်မြို့သားများထံသို့ သူတို့၏နောင်တော်(တမန်တော်) ရှုအိုင်ဗ်ကို (စေလွှတ်တော်မူခဲ့သည်)။ သို့ဖြစ်ရာ ၎င်းကပြောခဲ့သည်- အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကိုးကွယ်ကြပါ။ ထို့ပြင် အသင်တို့သည် နောက်ဆုံးနေ့ကို စိုးရိမ်ကြောက်ရွံ့ကြပါ။ ထို့ပြင် အသင်တို့သည် ဖျက်ဆီးသူများအဖြစ် တိုင်းပြည်တွင် (လှည့်လည်)သောင်းကျန်းမှု မပြုလုပ်ကြနှင့်။

فَكَذَّبُوهُ فَأَخَذَتْهُمُ الرَّجْفَةُ فَأَصْبَحُوا فِي دَارِهِمْ جَاثِمِينَ ﴿٣٧﴾

(၃၇) ထို့နောက် သူတို့သည် ၎င်း(တမန်တော်)ရှုအိုင်ဗ်အား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ ပြင်းထန်သော မြေလျှင်သည် သူတို့အား ဖမ်းဆီး ကွပ်မျက်ခဲ့သည့်အတွက် သူတို့သည် သူတို့၏နေအိမ်များတွင် မှောက်လျက်သား (သေကြေပျက်စီး)လဲကျနေသူများ ဖြစ်ခဲ့ကြသည်။

وَعَادًا وَثَمُودَا۟ وَقَد تَّبَيَّنَ لَكُم مِّن مَّسَٰكِنِهِمْ وَزَيَّنَ لَهُمُ الشَّيْطَٰنُ أَعْمَٰلَهُمْ فَصَدَّهُمْ عَنِ السَّبِيلِ وَكَانُوا مُسْتَبْصِرِينَ ﴿٣٨﴾

(၃၈) ထို့ပြင် အာဒ်အမျိုးသားများနှင့် ဆမူဒ်အမျိုးသားများကိုလည်း (ဖမ်းဆီးကွပ်မျက်တော်မူခဲ့သည်)။ ထို့ပြင် အမှန်စင်စစ် အသင်တို့အတွက် သူတို့၏နေအိမ်များ(ကို ကြည့်ရှုလေ့လာခြင်းဖြင့် သူတို့ အပြစ်ဒဏ်ပေးခြင်းခံခဲ့ရကြောင်း) ထင်ရှားခဲ့ပြီဖြစ်သည်။ ထို့ပြင် ရှိုင်သွာန်သည် သူတို့၏(ကုဖ်ရ်)လုပ်ရပ်များကို သူတို့၏ အမြင်တွင် လှပတင့်တယ်အောင်ပြုလုပ်ပြီး သူတို့အား (အီမာန်တည်းဟူသော မှန်ကန်သည့်)လမ်းမှ တားဆီးပိတ်ပင်ခဲ့သည်။ ထို့ပြင် (အမှန်စင်စစ်) သူတို့သည် အသိအမြင်ရှိသူများပင် ဖြစ်ခဲ့ကြသည်။

وَقَٰرُونَ وَفِرْعَوْنَ وَهَٰمَٰنَ وَلَقَدْ جَآءَهُم مُّوسَىٰ بِالْبَيِّنَٰتِ فَاسْتَكْبَرُوا فِي الْأَرْضِ وَمَا كَانُوا سَٰبِقِينَ ﴿٣٩﴾

(၃၉) ထို့ပြင် ကာရူန်၊ ဖိရ်အောင်န်နှင့် ဟာမာန်တို့ကိုလည်း (ဖျက်ဆီးတော်မူခဲ့သည်)။ ထို့ပြင် အမှန်စင်စစ် (တမန်တော်)မူစာသည် သူတို့ထံသို့ ထင်ရှားသည့်သက်သေသာဓကများနှင့်တကွ ရောက်ရှိလာခဲ့သည်။ ထို့နောက်လည်း သူတို့သည် တိုင်းပြည်တွင် မာနထောင် ဆိုးသွမ်းခဲ့ကြသည်။ ထို့ပြင် သူတို့သည်

(ငါအရှင်မြတ်၏ ပြစ်ဒဏ်မှ)လွတ်မြောက်သွားနိုင်ကြသူများ မဖြစ်ခဲ့ကြပေ။

فَكُلًّا اَخَذۡنَا بِذَنۡۢبِهٖ‌ ۚ فَمِنۡهُمۡ مَّنۡ اَرۡسَلۡنَا عَلَيۡهِ حَاصِبًا‌ ۚ وَمِنۡهُمۡ مَّنۡ اَخَذَتۡهُ الصَّيۡحَةُ‌ ۚ وَمِنۡهُمۡ مَّنۡ خَسَفۡنَا بِهِ الۡاَرۡضَ‌ ۚ وَمِنۡهُمۡ مَّنۡ اَغۡرَقۡنَا‌ ۚ وَمَا كَانَ اللّٰهُ لِيَظۡلِمَهُمۡ وَلٰـكِنۡ كَانُوۡۤا اَنۡفُسَهُمۡ يَظۡلِمُوۡنَ ﴿۴۰﴾

(၄၀) သို့ဖြစ်ရာ ငါအရှင်မြတ်သည် တစ်ဦးချင်းစီအား သူတို့၏အပြစ်ကြောင့် ဖမ်းဆီးကွပ်မျက်တော်မူခဲ့သည်။ ငါအရှင်မြတ်သည် သူတို့ထဲမှ အချို့၏အပေါ်တွင် ကျောက်ခဲမုန်တိုင်းကို စေလွှတ်တော်မူခဲ့သည်။ ထို့ပြင် အချို့အား ကျယ်လောင်ပြင်းထန်သည့်အသံက ဖမ်းဆီးကွပ်မျက်ခဲ့သည်။ ထို့ပြင် အချို့အား ငါအရှင်မြတ်သည် မြေမျိုစေတော်မူခဲ့သည်။ ထို့ပြင် အချို့အား ရေနစ်စေတော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့အား နှိပ်စက်တော်မမူခဲ့ပေ။ (အပြစ်ရှိသူအား အပြစ်ပေးခြင်းသည် အပြစ်မရှိသူအား ဆုလာဘ်ပေးခြင်းပင်ဖြစ်သည်။) သို့ရာတွင် သူတို့သည် သူတို့ကိုယ် သူတို့နှိပ်စက်နေခဲ့ကြခြင်းဖြစ်သည်။

مَثَلُ الَّذِيۡنَ اتَّخَذُوۡا مِنۡ دُوۡنِ اللّٰهِ اَوۡلِيَآءَ كَمَثَلِ الۡعَنۡكَبُوۡتِ ۖۚ اِتَّخَذَتۡ بَيۡتًا ‌ؕ وَاِنَّ اَوۡهَنَ الۡبُيُوۡتِ لَبَيۡتُ الۡعَنۡكَبُوۡتِ‌ ۘ لَوۡ كَانُوۡا يَعۡلَمُوۡنَ ﴿۴۱﴾

(၄၁) အလ္လာဟ်အရှင်မြတ်အားစွန့်ပြီး အခြားအရာကို အစစအရာရာ ပြုလုပ်ဆောင်ရွက်ပေးသော အုပ်ထိန်းသူအဖြစ် ပြုလုပ်ကြသည့်သူများ၏ဥပမာသည် အိမ်တစ်လုံးကိုပြုလုပ်ဆောက်တည်ခဲ့သော ပင့်ကူကောင်နှင့် တူသည်။ ထို့ပြင် အမှန်စင်စစ် အချည့်နဲ့ဆုံးအိမ်သည် ပင့်ကူအိမ်ပင်ဖြစ်ကြောင်း သူတို့ သိရှိကြလျှင် ကောင်းလေစွ။❶

❶ ပင့်ကူအိမ်ဟာ ဘေးရန်ကနေ လွတ်ကင်းအောင် လုံခြုံမှုပေးနိုင်တဲ့ ခိုကိုးရာအိမ်မဟုတ်ဘူး။ အဲဒီအတိုင်းပဲ အလ္လာဟ်အရှင်မြတ်ကလွဲလို့ အခြားအရာတွေကို ကိုးကွယ်ရာ အဖြစ်ပြုလုပ်ကြတဲ့ သူတွေဟာလည်း သူတို့ကို ကာကွယ်မှုရဖို့ ပင့်ကူအိမ်ထဲမှာ ခိုလှုံလိုက်သလိုပဲ ဖြစ်တယ်။ ဒါကိုသိတဲ့ သူတွေဟာ အလ္လာဟ်အရှင်မြတ်ကိုပဲ အားကိုးအားထားပြု ကိုးကွယ်ကြမှာဖြစ်တယ်။

(အာစားန်သရ်ဂျမဟ်)

اِنَّ اللّٰهَ يَعۡلَمُ مَا يَدۡعُوۡنَ مِنۡ دُوۡنِهٖ مِنۡ شَىۡءٍ‌ ؕ وَهُوَ الۡعَزِيۡزُ الۡحَكِيۡمُ ﴿۴۲﴾

(၄၂) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ကိုစွန့်ပြီး သူတို့ ဟစ်ခေါ်ကြသော မည်သည့်အရာကိုမဆို သိရှိတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

وَتِلْكَ الْاَمْثَالُ نَضْرِبُهَا لِلنَّاسِ ۚ وَمَا يَعْقِلُهَآ اِلَّا الْعٰلِمُوْنَ ﴿٤٣﴾

(၄၃) ငါအရှင်မြတ်သည် ထိုဥပမာများအား လူများအတွက် ခိုင်းနှိုင်းပြခြင်းဖြစ်သည်။ ထို့ပြင် အာလင်မ်ပညာရှင်များသာ ထိုဥပမာများအား သိနားလည်ကြသည်။❶

❶ ပမာပုံဆောင်ပြတဲ့နေရာမှာ လိုက်ဖက်ညီတဲ့အရာတွေအချင်းချင်း၊ တူညီတာအချင်းချင်းကိုပဲ နှိုင်းယှဉ်ပမာပေးရတယ်ဆိုတာ ပညာရှင်တိုင်းသိကြတယ်။ ပင့်ကူအိမ်နဲ့ ပမာပေးလို့ အရှင်မြတ်ရဲ့ ဂုဏ်သိက္ခာနဲ့လိုက်ဖက်မညီတာကို ခိုင်းနှိုင်းပြတယ်လို့ ပြောလို့မရဘူး။ ပင့်ကူအိမ်နဲ့ ကိုးကွယ်ရာ ရုပ်တုတွေဟာ ကာကွယ်ပေးနိုင်ခြင်းမရှိတာ တူညီလို့ပဲ ပမာပေးထားတာဖြစ်တယ်။ အဲဒီလိုပဲ (ကုရ်အာန် - ၂း၂၆) မှာလည်းခြင်ကောင်နဲ့အစရှိ နှိုင်းပြထားတော်မူတယ် - (အလင်းပြကျမ်း)

"အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ခြင်ကောင်နှင့်ပင်ဖြစ်စေ၊ ခြင်ကောင်ထက်သေးငယ်သော သို့မဟုတ် ကြီးမားသောအရာနှင့်ပင်ဖြစ်စေ ပုံပမာခိုင်းနှိုင်းပြခြင်းကို ရှက်တော်မမူပေ။ မုအ်မင်န်ယုံကြည်သူများသည် ထိုပုံဆောင်ချက်ကို သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သခင်ထံတော်မှ အမှန်ပင်ဖြစ်သည်ဟုသာ သိနားလည်ကြသည်။ ကာဖိရ်ငြင်းပယ်သူများမှာမူ အလ္လာဟ်အရှင်မြတ်သည် ဤပုံပမာဖြင့် မည်သည့်အရာကို ရည်ရွယ်တော်မူခဲ့ပါသနည်းဟု ပြောဆိုကြသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုပုံပမာဖြင့် အမြောက်အမြားကို လမ်းမှားပို့ဆောင်တော်မူပြီး အမြောက်အမြားကို လမ်းမှန်ညွှန်ကြားပြသတော်မူသည်။ ထို့ပြင် (စင်စစ်) အလ္လာဟ်အရှင်မြတ်သည် ထိုပုံပမာဖြင့် အရှင်မြတ်၏အမိန့်တော်ကို ဖီဆန်သူများကလွဲ၍ မည်သူ့ကိုမျှ လမ်းလွဲစေတော်မမူပေ။" (ကုရ်အာန် - ၂း၂၆)

خَلَقَ اللّٰهُ السَّمٰوٰتِ وَالْاَرْضَ بِالْحَقِّ ؕ اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّلْمُؤْمِنِيْنَ ﴿٤٤﴾

(၄၄) အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို တိကျမှန်ကန်မှုဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ အမှန်စင်စစ် ထိုအထဲတွင် မုအ်မင်န်ယုံကြည်သူများအတွက် သက်သေလက္ခဏာ အမှန်ပင်ရှိသည်။

اُتْلُ مَآ اُوْحِيَ اِلَيْكَ مِنَ الْكِتٰبِ وَاَقِمِ الصَّلٰوةَ ؕ اِنَّ الصَّلٰوةَ تَنْهٰى عَنِ الْفَحْشَآءِ وَالْمُنْكَرِ ؕ وَلَذِكْرُ اللّٰهِ اَكْبَرُ ؕ وَاللّٰهُ يَعْلَمُ مَا تَصْنَعُوْنَ ﴿٤٥﴾

(၄၅) အသင်(တမန်တော်)သည် အသင်၏ထံ ပို့ချခြင်းခံရသောကျမ်းတော်မြတ်(ကုရ်အာန်)ကို ရွတ်ဖတ်ပါ။❶ ထို့ပြင် အသင်သည် စွလာသ်ဝတ်ပြုမှုကို ဆောက်တည်ပါ။ အမှန်စင်စစ် စွလာသ်ဝတ်ပြုမှုသည် အလွန်စက်ဆုပ်ဖွယ်ရာ အမှုကိစ္စများနှင့် မဖွယ်မရာ ညစ်ညမ်းသောကိစ္စများမှ တားဆီးပိတ်ပင်မှုပြုပေးသည်။❷ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းသည် အကြီးကျယ်ဆုံး(အမြင့်မြတ်ဆုံး)ဖြစ်သည်။❸ ထို့ပြင် အလ္လာဟ်အရှင်သည် အသင်တို့ ပြုလုပ်သမျှအား သိရှိတော်မူသည်။

❶ တရားဟောတဲ့သူဟာ ကုရ်အာန်ကျမ်းတော်မြတ်ကို လက်ကိုင်ထားပြီး ဟောရမှာဖြစ်သလို သူကိုယ်တိုင်လည်း ကုရ်အာန်ကို အမြဲဖတ်ရွတ်နေရမှာဖြစ်တယ်။ အဲဒီတော့မှ စိတ်ဓာတ်အင်အား ပိုမိုခိုင်မာလာမှာဖြစ်ပြီး အမိပ္ပာယ်တွေကိုလည်း ပိုမိုနားလည်လာမှာဖြစ်တယ်။ အဲဒီတော့မှ သူရဲ့ အသိုင်းအဝိုင်းဟာ ဒီကုရ်အာန်နဲ့ပိုပြီး အကျိုးခံစားကြရမှာဖြစ်တယ်။(အလင်းပြကျမ်း) ❷ စွလာသ် ဝတ်ပြုမှုက မကောင်းတဲ့လုပ်ရပ်တွေကို တားမြစ်တယ်ဆိုတာ အဲဒီထဲမှာ အပိုင်းနှစ်ပိုင်းရှိတယ်။ တစ်ပိုင်းမှာ အရှင်မြတ်ကပဲ စွလာသ်ထဲမှာ ဆေးစွမ်းတဲ့ အရည်အချင်းတစ်မျိုးထည့်ပေးထားတာ ဖြစ်တယ်။ အဲဒါကြောင့် ဆေးညွှန်းအတိုင်း မှန်မှန်သောက်ရင် ရောဂါပျောက်နိုင်သလိုပဲ ပညတ်ချက်တွေနဲ့အညီ စွလာသ်မှန်မှန်ဆောက်တည်သူရဲ့မကောင်းမှုတွေဟာ အမှန်ပဲ ပျောက်သွားနိုင်မှာဖြစ်တယ်။ နောက်တစ်ပိုင်းကတော့ စွလာသ်ဝတ်ပြုတယ်ဆိုတာ အရှင်မြတ်ရဲ့ရှေ့မှာ အမိန့်နာခံပါ့မယ်လို့ ကတိပြုပြီး လက်တွေ့နာခံပြနေတာဖြစ်တယ်။ အဲဒီစွလာသ်ဝတ်ပြုတဲ့အချိန်မှာ နာခံသလို အခြားအချိန်မှာလည်း နာခံမယ်လို့ ကတိပြုထားတဲ့ အတိုင်းနာခံလိုက်ရင် မကောင်းမှုတွေ အားလုံးပျောက်သွားမှာဖြစ်တယ်။ တမန်တော်မြတ် ﷺ က မိန့်ကြားခဲ့တယ် - "အကြင်သူရဲ့စွလာသ် ဟာ သူရဲ့မကောင်းမှုတွေကို မတားဆီးခဲ့ရင် အဲဒီသူဟာ ဒီစွလာသ်ကြောင့် အလ္လာဟ်အရှင်မြတ်နဲ့ ပိုဝေးသွားတယ်။" (အလင်းပြကျမ်း၊အိဗ်နကဆီးရ်)

((مَنْ لم تنهه صلاته عن الفحشاء والمنكر، لم تزده من الله إلا بُعدًا )) تفسير ابن كثير

❸ အရှင်မြတ်ကို သတိရတာသခြင်းဟာ အမြင့်မြတ်ဆုံးဖြစ်တဲ့အတွက် အဲဒီလို သတိရတာသနိုင်ဖို့ စွလာသ်နဲ့ အခြားအိဗာဒသ်တွေကို သတိရဖို့နည်းလမ်းအဖြစ် အရှင်မြတ်က သတ်မှတ်ပြဋ္ဌာန်း ထားတာဖြစ်တယ်။ အရှင်မြတ်ထက် ဘယ်သူမှ နည်းလမ်းပိုကောင်းအောင် မပြဋ္ဌာန်းနိုင်ဘူး။ (သွဒ်ရီ၊ ဗဂ်ဝီ)

وَلَا تُجَادِلُوٓا اَهۡلَ الۡكِتٰبِ اِلَّا بِالَّتِىۡ هِىَ اَحۡسَنُ ۖ اِلَّا الَّذِيۡنَ ظَلَمُوۡا مِنۡهُمۡ وَقُوۡلُوۡۤا اٰمَنَّا بِالَّذِىۡۤ اُنۡزِلَ اِلَيۡنَا وَاُنۡزِلَ اِلَيۡكُمۡ وَاِلٰهُنَا وَاِلٰهُكُمۡ وَاحِدٌ وَّنَحۡنُ لَهٗ مُسۡلِمُوۡنَ ﴿۴۶﴾

(၄၆) ထို့ပြင် အသင်တို့သည် ကျမ်းဂန်ရရှိခဲ့ကြသည့်သူများကို (သောင်ဟီဒ်နှင့် ရိစာလသ်နှင့်ပတ်သက်သောကွဲလွဲမှုကိစ္စများတွင်) ကောင်းမွန်(သိမ်မွေ့) သည့်နည်းဖြင့်သာ အပြန်အလှန် ပြောဆိုကြပါ။ သို့ရာတွင် သူတို့ထဲမှ မတရား သူများကိုမူ(ပြတ်သားစွာ ပြောဆိုနိုင်သည်)။ ထို့ပြင် အသင်တို့သည် (ဤသို့) ပြောဆိုကြပါ- "ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထံသို့ ကျရောက်ခဲ့သောကျမ်းနှင့် အသင် တို့ထံသို့ ကျရောက်ခဲ့သည့်ကျမ်းများကို ယုံကြည်ကြသည်။ ထို့ပြင် ကျွန်ုပ်တို့၏ ကိုးကွယ်ထိုက်သည့်အရှင်နှင့် အသင်တို့၏ ကိုးကွယ်ထိုက်သည့်အရှင်သည် တစ်ပါးတည်းပင် ဖြစ်တော်မူသည်။ ထို့ပြင် ကျွန်ုပ်တို့သည် ထိုအရှင်မြတ်၏ အမိန့်တော်ကိုသာ လိုက်နာသူများဖြစ်ကြသည်။"

وَكَذٰلِكَ اَنۡزَلۡنَاۤ اِلَيۡكَ الۡكِتٰبَ ؕ فَالَّذِيۡنَ اٰتَيۡنٰهُمُ الۡكِتٰبَ يُؤۡمِنُوۡنَ بِهٖ ۚ وَمِنۡ هٰٓؤُلَاۤءِ مَنۡ يُّؤۡمِنُ بِهٖ ؕ وَمَا يَجۡحَدُ بِاٰيٰتِنَاۤ اِلَّا الۡكٰفِرُوۡنَ ﴿۴۷﴾

(၄၇) ထို့ပြင် ထိုသို့ပင် ငါအရှင်မြတ်သည် အသင့်ထံသို့ ကျမ်းဂန်ချပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်က ကျမ်းဂန်ချပေးတော်မူခဲ့သည့်သူများသည် ထိုကျမ်းကိုလည်း ယုံကြည်ကြသည်။ ထို့ပြင် ဤသူ(မက္ကာဟ်သား)များထဲမှလည်း ထိုကျမ်းကို ယုံကြည်သူများရှိကြသည်။ ထို့ပြင် ငါအရှင်မြတ်၏အာယသ်တော်များအား ကာဖိရ်များသာ ငြင်းပယ်ကြသည်။

وَمَا كُنْتَ تَتْلُوْا مِنْ قَبْلِهٖ مِنْ كِتٰبٍ وَّلَا تَخُطُّهٗ بِيَمِيْنِكَ اِذًا لَّارْتَابَ الْمُبْطِلُوْنَ ﴿٤٨﴾

(၄၈) (လူတိုင်း၏အသိဉာဏ်ဖြင့် စဉ်းစားပြီး သိရှိယုံကြည်နိုင်အောင် အရှင်မြတ်က ထင်ရှားသောအထောက်အထားတစ်ခုကို ဖော်ပြလိုက်သည်။) ထို့ပြင် အသင်သည် ထိုကျမ်းတော်မတိုင်မီက မည်သည့်ကျမ်းတော်ကိုမျှ ဖတ်ရွတ်ခဲ့သည်လည်းမရှိပေ။ မည်သည့်ကျမ်းကိုမျှ အသင်၏လက်ယာလက်ဖြင့် ရေးသားခဲ့သည်လည်းမရှိပေ။❻ ထိုသို့ဖြစ်လျှင် အမှားကိုလိုက်စားကြသည့်သူများသည် အမှန်ပင် သံသယဖြစ်ကြလိမ့်မည်။

❻ တမန်တော်မြတ် ﷺ ဟာ ဘယ်လူသားတစ်ဦးထံကမှ စာပေပညာသင်ယူခြင်းမရှိခဲ့သူဖြစ်တဲ့အတွက် ဘာစာအုပ်ကိုမှ ရေးမှတ်ခဲ့ခြင်းမရှိဘူး။ အဲဒါကြောင့် ဒီကုရ်အာန်ကို တမန်တော်မြတ် ﷺ ရေးတယ်လို့ သံသယဖြစ်စရာတောင် မကျန်တော့ဘူး။ (အလင်းပြကျမ်း)

بَلْ هُوَ اٰيٰتٌۢ بَيِّنٰتٌ فِيْ صُدُوْرِ الَّذِيْنَ اُوْتُوا الْعِلْمَ ؕ وَمَا يَجْحَدُ بِاٰيٰتِنَآ اِلَّا الظّٰلِمُوْنَ ﴿٤٩﴾

(၄၉) ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် ထိုကျမ်းသည် အသိပညာကိုပေးခြင်းခံရသည့်သူများ၏ စိတ်နှလုံးများတွင် အလွန်ထင်ရှားသော သက်သေလက္ခဏာတန်ခိုးတော်များပင်ဖြစ်သည်။ ထို့ပြင် မတရားကျူးလွန်သူများသာ ငါအရှင်မြတ်၏အာယသ်တော်များကို ငြင်းပယ်ကြသည်။

وَقَالُوْا لَوْلَآ اُنْزِلَ عَلَيْهِ اٰيٰتٌ مِّنْ رَّبِّهٖ ؕ قُلْ اِنَّمَا الْاٰيٰتُ عِنْدَ اللّٰهِ ؕ وَاِنَّمَآ اَنَا نَذِيْرٌ مُّبِيْنٌ ﴿٥٠﴾

(၅၀) ထို့ပြင် သူတို့က "အဘယ်ကြောင့် ၎င်း(တမန်တော်)၏အပေါ်တွင် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံမှ သက်သေလက္ခဏာများ ကျရောက်မလာသနည်း"ဟု ပြောဆိုကြသည်။ (အို-တမန်တော်)အသင်ပြောလိုက်ပါ- သက်သေလက္ခဏာများသည် အလ္လာဟ်အရှင်မြတ်၏လက်တော်ထဲ၌ပင်ရှိသည်။ ထို့ပြင် ငါသည် ထင်ရှားစွာ သတိပေးနှိုးဆော်သူတစ်ဦးသာဖြစ်သည်။

اَوَلَمْ يَكْفِهِمْ اَنَّآ اَنْزَلْنَا عَلَيْكَ الْكِتٰبَ يُتْلٰى عَلَيْهِمْ ؕ اِنَّ فِيْ ذٰلِكَ لَرَحْمَةً وَّذِكْرٰى لِقَوْمٍ

يُّؤْمِنُوْنَ ﴿٥١﴾

(၅၁) သူတို့၏ရှေ့၌ ဖတ်ကြားခြင်းခံနေရသော(ကုရ်အာန်)ကျမ်းတော်မြတ်ကို ငါအရှင်မြတ်သည် အသင်၏အပေါ်တွင် အမှန်စင်စစ် ချပေးတော်မူခဲ့ခြင်းသည် သူတို့အတွက်(သက်သေလက္ခဏာတန်ခိုးတော်အဖြစ်)မလုံလောက်လေသလော။ ထိုအထဲတွင် ယုံကြည်သူများအတွက် ကရုဏာနှင့် ဆုံးမသြဝါဒ အမှန်ပင်ရှိသည်။❶

❶ ဒီကုရ်အာန်ကျမ်းတော်မြတ်ဟာ တန်ခိုးလက္ခဏာတွေအဖြစ်နဲ့လည်း လုံလောက်တယ်။ (အလင်းပြကျမ်း)

قُلْ كَفٰى بِاللّٰهِ بَيْنِىْ وَبَيْنَكُمْ شَهِيْدًا ۚ يَعْلَمُ مَا فِى السَّمٰوٰتِ وَالْاَرْضِ ۗ وَالَّذِيْنَ اٰمَنُوْا بِالْبَاطِلِ وَكَفَرُوْا بِاللّٰهِ ۙ اُولٰٓئِكَ هُمُ الْخٰسِرُوْنَ ﴿٥٢﴾

(၅၂) (အို-တမန်တော်) အသင်ပြောလိုက်ပါ- “အလ္လာဟ်အရှင်မြတ်သည် ငါနှင့် အသင်တို့၏ကြားတွင် သက်သေအဖြစ် လုံလောက်တော်မူသည်။ အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသမျှကို သိရှိတော်မူသည်။ ထို့ပြင် အမှားကို ယုံကြည်လက်ခံပြီး အလ္လာဟ်အရှင်မြတ်အား ငြင်းပယ်ကြသောသူများမှာမူ သူတို့ပင် ဆုံးရှုံးပျက်စီးသည့်သူများ ဖြစ်ကြသည်။

وَيَسْتَعْجِلُوْنَكَ بِالْعَذَابِ ۗ وَلَوْلَآ اَجَلٌ مُّسَمًّى لَّجَآءَهُمُ الْعَذَابُ ۗ وَلَيَاْتِيَنَّهُمْ بَغْتَةً وَّهُمْ لَا يَشْعُرُوْنَ ﴿٥٣﴾

(၅၃) ထို့ပြင် သူတို့သည် ပြစ်ဒဏ်နှင့်ပတ်သက်၍ အသင့်ထံတွင် အလျင်စလိုတောင်းဆိုကြသည်။ ထို့ပြင် အကယ်၍ အချိန်ကာလတစ်ခုသာ ပြဋ္ဌာန်းပြီးမဟုတ်ခဲ့လျှင် ပြစ်ဒဏ်သည် သူတို့ထံသို့ အမှန်ပင် ဆိုက်ရောက်ခဲ့ပြီးဖြစ်မည်။ ထို့ပြင် ၎င်း(ပြစ်ဒဏ်)သည် အမှန်ပင် သူတို့ထံသို့ သူတို့သည် သိပင်မသိလိုက်ကြဘဲလျက်❷ ရုတ်တရက် ရောက်လာမည်ဖြစ်သည်။

❷ သူတို့မျှော်လင့်ထားတဲ့အချိန်မဟုတ်ဘဲနဲ့ ပြစ်ဒဏ်ဟာ ရုတ်တရက် ရောက်လာခဲ့မှာဖြစ်တဲ့အတွက် သူတို့ပြင်ဆင်ဖို့ ဘာမှတောင် သိလိုက်ရမှာ မဟုတ်ဘူး။ (မအာရိဖွလ်ကုရ်အာန်၊ သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

يَسْتَعْجِلُوْنَكَ بِالْعَذَابِ ۗ وَاِنَّ جَهَنَّمَ لَمُحِيْطَةٌۢ بِالْكٰفِرِيْنَ ۙ﴿٥٤﴾

(၅၄) သူတို့သည် အသင့်ထံတွင် ပြစ်ဒဏ်ကို အလျင်စလို တောင်းဆိုကြသည်။ ထို့ပြင် အမှန်စင်စစ် ဂျဟန္နမ်ငရဲဘုံသည် ကာဖိရ်များအား ဝန်းရံလျက်

ပင် ရှိသည်။

يَوْمَ يَغْشٰهُمُ الْعَذَابُ مِنْ فَوْقِهِمْ وَمِنْ تَحْتِ اَرْجُلِهِمْ وَيَقُوْلُ ذُوْقُوْا مَا كُنْتُمْ تَعْمَلُوْنَ ﴿٥٥﴾

(၅၅) ထိုနေ့တွင် ပြစ်ဒဏ်သည် သူတို့အား သူတို့၏အထက်နှင့် သူတို့၏ခြေများအောက်မှ ဝန်းရံနေမည်။ ထို့ပြင် အရှင်မြတ်က "အသင်တို့သည် အသင်တို့ ပြုလုပ်နေခဲ့ကြသည့်အရာများ၏အရသာကို မြည်းစမ်းကြပါ"ဟု မိန့်ကြားတော်မူမည်။

يٰعِبَادِيَ الَّذِيْنَ اٰمَنُوْٓا اِنَّ اَرْضِيْ وَاسِعَةٌ فَاِيَّايَ فَاعْبُدُوْنِ ﴿٥٦﴾

(၅၆) အို-အီမာန်ယုံကြည်သော ငါအရှင်မြတ်၏ကျေးကျွန်အပေါင်းတို့၊ အမှန်စင်စစ် ငါအရှင်မြတ်၏ကမ္ဘာမြေသည် အလွန်ကျယ်ဝန်းလှသည်။ သို့ဖြစ်ရာ အသင်တို့သည် ငါအရှင်မြတ်ကိုသာ ကိုးကွယ်ကြပါ။

كُلُّ نَفْسٍ ذَآئِقَةُ الْمَوْتِ ثُمَّ اِلَيْنَا تُرْجَعُوْنَ ﴿٥٧﴾

(၅၇) သက်ရှိသတ္တဝါတိုင်းသည် သေခြင်း၏ အရသာကို မြည်းစမ်းကြရမည်ပင်ဖြစ်သည်။ ထို့နောက် အသင်တို့သည် ငါအရှင်မြတ်ထံတော်သို့ပင် ပြန်လည်ပို့ဆောင်ခြင်းကို ခံကြရမည်ပင်ဖြစ်သည်။ J

J အစ္စလာမ်အပေါ်မှာ လွတ်လွတ်လပ်လပ် ကျင့်သုံးလို့မရတော့ရင် အဲဒီနေရာကနေ စွန့်ခွာပြောင်းရွှေ့သွားရမှာဖြစ်တယ်။ အဲဒီလို ကိုယ့်ရဲ့နေရပ်ဌာနေကို စွန့်ခွာရတဲ့အတွက် စိတ်ထဲမှာ မခံမရပ်နိုင်ဖြစ်စရာမလိုဘူး။ လူတိုင်းဟာ မကြာခင်မှာပဲ သူတို့ရဲ့နေရပ်ဌာနေ အိုးအိမ်ပစ္စည်းတွေကို စွန့်ခွာပြီး အရှင်မြတ်ထံတော်ကို သွားကြရမှာဖြစ်တယ်။ ဒါဟာ သက်ရှိသတ္တဝါတိုင်း ရှောင်လွှဲလို့မရတဲ့အရာဖြစ်တယ်။ (အလင်းပြကျမ်း)

وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَنُبَوِّئَنَّهُمْ مِّنَ الْجَنَّةِ غُرَفًا تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ۗ نِعْمَ اَجْرُ الْعٰمِلِيْنَ ﴿٥٨﴾

(၅၈) ထို့ပြင် အီမာန်ယုံကြည်၍ ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ကြသည့်သူများကမူ အမှန်ပင် ငါအရှင်မြတ်သည် သူတို့အား ဂျန္နသ်သုခဘုံမှ (မြင့်မားသည့်)အဆောင်များတွင် နေရာချပေးတော်မူမည်ဖြစ်သည်။ ယင်း(အဆောင်များ)အောက်တွင် စမ်းရေချောင်းများ စီးဆင်းနေလိမ့်မည်။ သူတို့သည် ထိုအထဲတွင် အမြဲနေကြရမည်။ (ကောင်းမြတ်သော)အလုပ် ပြုလုပ်ခဲ့သည့်သူများ၏အကျိုးသည် အဘယ်မျှ ကောင်းမြတ်လိုက်သနည်း။

الَّذِيْنَ صَبَرُوْا وَعَلٰى رَبِّهِمْ يَتَوَكَّلُوْنَ ﴿٥٩﴾

(၅၉) ထိုသူများသည် (အမျိုးမျိုးနိပ်စက်မှုဒဏ်များကိုလည်း) သည်းခံ

ခဲ့ကြရသည်။ ထို့ပြင် သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အပေါ်တွင် (ကိစ္စဟူသမျှကို) ယုံပုံလွှဲအပ်ကြသည်။

وَكَأَيِّن مِّن دَآبَّةٍ لَّا تَحْمِلُ رِزْقَهَا ٱللَّهُ يَرْزُقُهَا وَإِيَّاكُمْ ۚ وَهُوَ ٱلسَّمِيعُ ٱلْعَلِيمُ ﴿٦٠﴾

(၆၀) ထို့ပြင် တိရစ္ဆာန်အမြောက်အမြားသည် သူတို့၏စားနပ်ရိက္ခာကို သယ်ပိုးထားကြသည် မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်သည်ပင် ယင်း(တိရစ္ဆာန်)တို့နှင့် အသင်တို့အား စားနပ်ရိက္ခာပေးသနားတော်မူခြင်းဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

وَلَئِن سَأَلْتَهُم مَّنْ خَلَقَ ٱلسَّمَٰوَٰتِ وَٱلْأَرْضَ وَسَخَّرَ ٱلشَّمْسَ وَٱلْقَمَرَ لَيَقُولُنَّ ٱللَّهُ ۖ فَأَنَّىٰ يُؤْفَكُونَ ﴿٦١﴾

(၆၁) ထို့ပြင် အကယ်၍ အသင်သည် သူတို့အား "မည်သူသည် ကောင်းကင်များနှင့် မြေပထဝီကိုဖန်ဆင်းတော်မူခဲ့သနည်း၊ ထို့ပြင် မည်သူသည် နေနှင့်လကို အမိန့်နာခံခိုင်းခဲ့သနည်း"ဟုမေးလျှင် သူတို့က"အလ္လာဟ်အရှင်မြတ်"ပင် ဟု အမှန်စင်စစ် ပြောဆိုကြမည်။ ထို့နောက် (ထိုသို့ အဖြေပေးပြီးနောက် ဆက်လက်ယုံကြည်လက်ခံသင့်သည့် အချက်အလက်များကို မယုံကြည်ဘဲ) သူတို့သည် မည်သည့်နေရာမှ အလှည့်စားခံလိုက်ရသနည်း။ (အဘယ်သို့လှည့်သွားကြသနည်း)။

ٱللَّهُ يَبْسُطُ ٱلرِّزْقَ لِمَن يَشَآءُ مِنْ عِبَادِهِۦ وَيَقْدِرُ لَهُۥٓ ۚ إِنَّ ٱللَّهَ بِكُلِّ شَىْءٍ عَلِيمٌ ﴿٦٢﴾

(၆၂) အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ကျေးကျွန်များထဲမှ အရှင်မြတ် အလိုရှိတော်မူသောသူကို စားနပ်ရိက္ခာ ကျယ်ဝန်းစွာ ပေးသနားတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို ကျပ်တည်းစွာ ပေးတော်မူသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်တော်မူသည်။

وَلَئِن سَأَلْتَهُم مَّن نَّزَّلَ مِنَ ٱلسَّمَآءِ مَآءً فَأَحْيَا بِهِ ٱلْأَرْضَ مِنۢ بَعْدِ مَوْتِهَا لَيَقُولُنَّ ٱللَّهُ ۚ قُلِ ٱلْحَمْدُ لِلَّهِ ۚ بَلْ أَكْثَرُهُمْ لَا يَعْقِلُونَ ﴿٦٣﴾

(၆၃) ထို့ပြင် အကယ်၍ အသင်သည် သူတို့အား "မည်သူသည် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေသနည်း၊ ထို့ပြင် သေပြီးသော (ခြောက်သွေ့နေသော)မြေပထဝီကိုၚင်း(မိုးရေ)နှင့်မည်သူကရှင်စေခဲ့သနည်း၊(စိမ်းလန်းစိုပြည်အောင် မည်သူလုပ်ခဲ့သနည်း)"ဟု မေးလျှင် သူတို့က "အလ္လာဟ်အရှင်မြတ်"

ဟုပင် အမှန်စင်စစ် ပြောဆိုကြလိမ့်မည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်ပင် ဖြစ်သည်။ အမှန်စင်စစ် သူတို့ထဲမှ အများစုသည် (မိမိတို့၏ဝန်ခံချက်မှ နောက်ဆက်တွဲ သက်ရောက်မှုများကို လက်မခံကြသည့်အတွက်) အသိဉာဏ်မရှိကြပေ။

وَمَا هٰذِهِ الْحَيٰوةُ الدُّنْيَآ اِلَّا لَهْوٌ وَّلَعِبٌ ۭ وَاِنَّ الدَّارَ الْاٰخِرَةَ لَهِىَ الْحَيَوَانُ ۘ لَوْ كَانُوْا يَعْلَمُوْنَ ﴿٦٤﴾

(၆၄) ထို့ပြင် ဤလောကီဘဝသည် ပျော်မြူးဖွယ်ရာနှင့် ကစားစရာမှလွဲ၍ အခြားမည်သည့်အရာမျှ မဟုတ်ပေ။ ထို့ပြင် အမှန်စင်စစ် တမလွန်ဘဝသာ စစ်မှန်သည့် အသက်ရှင်ခြင်းဖြစ်သည်ကို သူတို့သိကြမည်ဆိုလျှင် အဘယ်မျှကောင်းလိုက်မည်နည်း။[၁]

[၁] ဒီဘဝဟာ ခဏတာမျှပဲဖြစ်ပြီး တမလွန်ဘဝဟာ အမြဲနေရမဲ့နေရာဖြစ်တယ်ဆိုတာ တကယ်ယုံကြည်တဲ့သူဟာ ဒီဘဝထဲက အကျိုးမဲ့လုပ်ရပ်တွေထဲမှာ အချိန်ဖြုန်းနေမှာမဟုတ်ဘူး။ အချိန်ရှိသရွေ့ အမြဲနေရမဲ့ တမလွန်ဘဝအတွက်ပဲ ပြင်ဆင်နေမှာဖြစ်တယ်။ အဲဒီတော့မှ ကိုယ်ယုံကြည်တာနဲ့ ကိုယ့်လုပ်ဆောင်ချက်ဟာ ကိုက်ညီပြီး အကျိုးရှိမှာဖြစ်တယ်။ တကယ်လို့ ယုံကြည်တာက တမလွန်ဘဝ၊ ကြိုးပမ်းတာက ဒီဘဝအတွက်ဆိုရင် မကိုက်ညီတဲ့အတွက် နှစ်ဘဝစလုံး ဘယ်မှာမှ ရဖို့မလွယ်ဘူးဖြစ်သွားမယ်။ အဲဒါကြောင့် ယုံကြည်ချက်နဲ့ လုပ်ဆောင်ချက်ကိုက်ညီအောင်လုပ်ဖို့ လိုအပ်တယ်။ (အလင်းပြကျမ်း)

فَاِذَا رَكِبُوْا فِى الْفُلْكِ دَعَوُا اللّٰهَ مُخْلِصِيْنَ لَهُ الدِّيْنَ ۚ فَلَمَّا نَجّٰىهُمْ اِلَى الْبَرِّ اِذَا هُمْ يُشْرِكُوْنَ ﴿٦٥﴾

(၆၅) ထို့ပြင် သူတို့သည် သင်္ဘောပေါ် စီးနင်းလိုက်ပါကြသည့်အခါ အလ္လာဟ်အရှင်မြတ်ကိုသာ စိတ်စေတနာဖြူစင်စွာဖြင့် ဟစ်ခေါ်တသကြသည်။ ထို့နောက် အရှင်မြတ်သည် သူတို့အား ကယ်တင်ပြီး ကုန်းပေါ် ပို့လိုက်သည့်အခါ သူတို့သည် ချက်ချင်းပင် အရှင်မြတ်နှင့်တွဲဖက် ကိုးကွယ်ကြတော့သည်။[၂]

[၂] လူသားဟာ ချက်ချင်းပဲ ကျေးဇူးကန်းလေ့ရှိတာကို ပြသနေတာဖြစ်တယ်။ အခုပဲ သင်္ဘောပေါ်မှာ လေမုန်တိုင်းကျလို့ ဟစ်ခေါ်တဲ့အပေါ်မှာ အရှင်မြတ်တစ်ပါးတည်းက လက်ခံပြီး ကယ်ဆယ်ကာ ကုန်းပေါ်တင်ပေးလိုက်တယ်။ လွတ်မြောက်လည်းသွားရော၊ အရှင်မြတ်တစ်ပါးတည်းကို မကိုးကွယ်ဘဲနဲ့ အခြားအရာတွေနဲ့ တွဲဖက်ကိုးကွယ်လိုက်ကြတယ်။ ဒါဟာ အလွန်မိုက်မဲဆိုးသွမ်းတဲ့ ကျေးဇူးကန်းမှုပဲဖြစ်တယ်။ ကျေးဇူးပြုတော့ အလ္လာဟ်အရှင်မြတ်၊ ကျေးဇူးတင်ခံရတော့ တခြားကိုးကွယ်ရာတွေ။ ဘယ်လောက် မတရားလိုက်သလဲ။ (အလင်းပြကျမ်း)

لِيَكْفُرُوْا بِمَآ اٰتَيْنٰهُمْ ۙۚ وَلِيَتَمَتَّعُوْا ۫ فَسَوْفَ يَعْلَمُوْنَ ﴿٦٦﴾

(၆၆) သူတို့သည် ငါအရှင်မြတ်က သူတို့အား ပေးသနားတော်မူခဲ့သော ကျေးဇူးတော်များအား ငြင်းပယ်ကျေးဇူးကန်းရန်အတွက် (တွဲဖက်ကိုးကွယ်ကြခြင်းဖြစ်သည်)။ သို့ဖြစ်ရာ သူတို့သည် ခေတ္တအကျိုးခံစားကြရမည်၊ ထို့နောက်

(၎င်း၏အကျိုးဆက်ကို) သူတို့သည် မကြာမီပင် သိရှိကြလိမ့်မည်။

أَوَلَمْ يَرَوْا أَنَّا جَعَلْنَا حَرَمًا آمِنًا وَيُتَخَطَّفُ النَّاسُ مِنْ حَوْلِهِمْ ۚ أَفَبِالْبَاطِلِ يُؤْمِنُونَ وَبِنِعْمَةِ اللَّهِ يَكْفُرُونَ ﴿٦٧﴾

(၆၇) အမှန်စင်စစ် ငါအရှင်မြတ်သည် (သူတို့နေထိုင်နေသောမက္ကဟ်မြို့တော်ကို) ဘေးရန်ကင်းငြိမ်းသော မြင့်မြတ်သည့်နေရာအဖြစ် ပြုလုပ်တော်မူခဲ့သည်ကို သူတို့သည် မတွေ့မမြင်ခဲ့ကြသလော။ ထို့ပြင် သူတို့၏ပတ်ဝန်းကျင်တွင် လူများသည် လုယက်တိုက်ခိုက်ခြင်း ခံနေကြရသည်။ သို့ပါလျက် သူတို့သည် အမှားကို ယုံကြည်လက်ခံပြီး အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်များအား ငြင်းပယ်ကြသလော။❷

❷ အရှင်မြတ်က မက္ကဟ်မြို့သားတွေကို ငြိမ်းချမ်းမှုပေးထားတယ်။ တကယ်တော့ မက္ကဟ်ရဲ့ပတ်ဝန်းကျင်နေရာတွေမှာ ခိုးဆိုး တိုက်ခိုက်မှုတွေ အများအပြားရှိနေတာ သူတို့သိပါလျက်နဲ့ အရှင်မြတ်ရဲ့ကျေးဇူးတော်ကို မသိတတ်ကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَنْ أَظْلَمُ مِمَّنِ افْتَرَىٰ عَلَى اللَّهِ كَذِبًا أَوْ كَذَّبَ بِالْحَقِّ لَمَّا جَاءَهُ ۚ أَلَيْسَ فِي جَهَنَّمَ مَثْوًى لِلْكَافِرِينَ ﴿٦٨﴾

(၆၈) ထို့ပြင် အလ္လာဟ်အရှင်မြတ်အပေါ်တွင် မုသားကို လုပ်ကြံစွပ်စွဲသူ၊ သို့မဟုတ် မိမိထံသို့ အမှန်တရား ရောက်ရှိလာပြီးနောက် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သူထက် ပို၍မတရားသည့်သူ မည်သူရှိသေးသနည်း။ ကာဖိရ်များ၏ နေထိုင်ရာဌာနသည် ဂျဟန္နမ်ငရဲဘုံ၌ပင် ရှိမည်မဟုတ်လော။

وَالَّذِينَ جَاهَدُوا فِينَا لَنَهْدِيَنَّهُمْ سُبُلَنَا ۚ وَإِنَّ اللَّهَ لَمَعَ الْمُحْسِنِينَ ﴿٦٩﴾

(၆၉) ထို့ပြင် ငါအရှင်မြတ်၏လမ်းတော်တွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသောသူများကမူ❻ ငါအရှင်မြတ်သည် ၎င်းတို့အား မိမိ၏လမ်းများကို အမှန်စင်စစ် ပြသတော်မူမည်။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကောင်းကျိုးဆောင်ရွက်သောသူများနှင့် မုချအတူတကွ ရှိတော်မူသည်။❼

❻ အရှင်မြတ်နဲ့ သက်ဆိုင်တဲ့ကိစ္စရပ်တွေမှာ ကြိုးစားအားထုတ်တဲ့သူတွေကို အရှင်မြတ်က လမ်းတွေဖွင့်ပေးတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း) ❼ တမန်တော်အီစာ عليه السلام က အမိန့်ရှိခဲ့တယ် – "ကိုယ့်အပေါ် မကောင်းပြုတဲ့သူအပေါ် အကောင်းပြုတာကို အိဟ်စာန်ကောင်းကျိုးပြုလုပ်ခြင်းလို့ ခေါ်တယ်။ ကိုယ့်အပေါ် အကောင်းပြုသူကို အကောင်းပြန်ပြုတာကို အိဟ်စာန်လို့မခေါ်ဘူး အစားပြန်ပေးတာလို့ပဲခေါ်တယ်။" (အလင်းပြကျမ်း၊ အိဗ်နကဆီးရ်)

==========================================================================

ركوعاتها٦ ٣٠ سُوْرَةُ الرُّوْمِ مَكِّيَّةٌ ٨٤ اٰياتها٦٠

## စူရဟ် ရူးမ် (ရောမနိုင်ငံ ကဏ္ဍ) سُوْرَةُ الرُّوْمِ

==========================================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

الٓمّٓ ﴿١﴾

(၁) အလိဖ် လာမ် မီမ် ။

غُلِبَتِ الرُّوْمُ ﴿٢﴾

(၂) ရောမနိုင်ငံသားများသည် (စစ်)ရှုံးကြပြီဖြစ်သည်။

فِيْٓ اَدْنَى الْاَرْضِ وَهُمْ مِّنْۢ بَعْدِ غَلَبِهِمْ سَيَغْلِبُوْنَ ﴿٣﴾

(၃) (ဆော်ဒီအရပ်နှင့်) နီးကပ်ဆက်စပ်နေသော (ဆီးရီးယား)တိုင်းပြည်တွင်၊ ထို့ပြင် သူတို့သည် သူတို့(စစ်)ရှုံးကြပြီးနောက် သူတို့သည် မကြာမီ အောင်နိုင်ကြလိမ့်မည်။

فِيْ بِضْعِ سِنِيْنَ ۬ؕ لِلّٰهِ الْاَمْرُ مِنْ قَبْلُ وَمِنْۢ بَعْدُ ؕ وَيَوْمَئِذٍ يَّفْرَحُ الْمُؤْمِنُوْنَ ﴿٤﴾

(၄) အနည်းငယ်နှစ်ကာလ၌ပင်ဖြစ်သည်။ အမိန့်အာဏာသည် ယခင်ကလည်း အလ္လာဟ်အရှင်မြတ်၌ပင် ရှိခဲ့သည်။ နောင်တွင်လည်း (အရှင်မြတ်ထံတော်၌သာ ရှိနေမည်ဖြစ်သည်)။ ထိုနေ့တွင် မုအ်မင်နယုံကြည်သူများသည် ဝမ်းမြောက်ကြလိမ့်မည်။

بِنَصْرِ اللّٰهِ ؕ يَنْصُرُ مَنْ يَّشَآءُ ؕ وَهُوَ الْعَزِيْزُ الرَّحِيْمُ ﴿٥﴾

(၅) အလ္လာဟ်အရှင်မြတ်၏ ကူညီမှုကြောင့်ပင်ဖြစ်သည်။ အရှင်မြတ်သည် အရှင်မြတ် အလိုရှိတော်မူသောသူကို ကူညီတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသော၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

وَعْدَ اللّٰهِ ؕ لَا يُخْلِفُ اللّٰهُ وَعْدَهٗ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ﴿٦﴾

(၆) (ဤသည်) အလ္လာဟ်အရှင်မြတ်၏ကတိပင် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ပြုထားတော်မူသည့်ကတိကို ဖောက်ဖျက်တော်မမူ

ပေ။ သို့ရာတွင် လူအများစုသည် မသိကြပေ။

يَعْلَمُوْنَ ظَاهِرًا مِّنَ الْحَيٰوةِ الدُّنْيَا ۚ وَهُمْ عَنِ الْاٰخِرَةِ هُمْ غٰفِلُوْنَ ﴿٧﴾

(၇) သူတို့သည် လောကီဘဝ၏အပေါ်ယံကိုသာ သိရှိကြပြီး သူတို့သည် တမလွန်ဘဝကို လျစ်လျူရှုသည့်သူများဖြစ်ကြသည်။

اَوَلَمْ يَتَفَكَّرُوْا فِيْٓ اَنْفُسِهِمْ ۗ مَا خَلَقَ اللّٰهُ السَّمٰوٰتِ وَالْاَرْضَ وَمَا بَيْنَهُمَآ اِلَّا بِالْحَقِّ وَاَجَلٍ مُّسَمًّى ۗ وَاِنَّ كَثِيْرًا مِّنَ النَّاسِ بِلِقَآئِ رَبِّهِمْ لَكٰفِرُوْنَ ﴿٨﴾

(၈) သူတို့သည် သူတို့၏စိတ်နှလုံးများထဲတွင် မစဉ်းစားခဲ့ကြသလော။ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့်၊ မြေပထဝီအပြင် ထိုနှစ်ခုကြားတွင် ရှိသမျှများကို တိကျမှန်ကန်မှုဖြင့် ကန့်သတ်အချိန်ကာလအတွက်သာ ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အမှန်စင်စစ် လူအများစုသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် တွေ့ဆုံမှုကို ငြင်းပယ်သူများ အမှန်ပင် ဖြစ်ကြသည်။❶

❶ သူတို့ဟာ ဒီဘဝကိုတောင် အပေါ်ယံပဲ သိရှိထားကြပြီး တမလွန်ဘဝနဲ့ ပတ်သက်တာကိုတော့ လုံးဝမသိကြတဲ့အပေါ်မှာ အရှင်မြတ်နဲ့ တွေ့ဆုံခြင်းကိုပါ ငြင်းပယ်ကြတာဖြစ်တယ်။ အရှင်မြတ် ပြသထားတဲ့ပုံစံအတိုင်း စဉ်းစားဆင်ခြင်ကြည့်ရင် ဒီဘဝရဲ့ မတည်မြဲမှုတွေကို တွေ့ရှိရမှာဖြစ်ပြီး တမလွန်ဘဝရဲ့ အရေးပါပုံတွေကို မြင်လာကြမှာဖြစ်တယ်။ အဲဒီနောက် တမလွန်ဘဝရဲ့ ယုံကြည်ချက်တွေဝင်လာတော့မှသာ အရှင်မြတ်နဲ့ တွေ့ဆုံမှုကိုလည်း ယုံကြည်လက်ခံလာကြမှာဖြစ်တယ်။
(သိုင်စီရွလ်ကရီမိရ်ရဟ်မာန်၊ အွဆ်မာနီ)

اَوَلَمْ يَسِيْرُوْا فِى الْاَرْضِ فَيَنْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ مِنْ قَبْلِهِمْ ۗ كَانُوْٓا اَشَدَّ مِنْهُمْ قُوَّةً وَّاَثَارُوا الْاَرْضَ وَعَمَرُوْهَآ اَكْثَرَ مِمَّا عَمَرُوْهَا وَجَآءَتْهُمْ رُسُلُهُمْ بِالْبَيِّنٰتِ ۗ فَمَا كَانَ اللّٰهُ لِيَظْلِمَهُمْ وَلٰكِنْ كَانُوْٓا اَنْفُسَهُمْ يَظْلِمُوْنَ ﴿٩﴾

(၉) သူတို့သည် ကမ္ဘာမြေတွင် လှည့်လည်သွားလာမှုမပြုခဲ့ကြလေသလော၊ ထိုသို့သွားလာခဲ့လျှင် သူတို့အနေဖြင့် သူတို့မတိုင်မီကလူများ၏ နောက်ဆုံး အကျိုးဆက်သည် မည်သို့ဖြစ်ခဲ့သည်ကို တွေ့မြင်ကြမည်ဖြစ်သည်။ ၎င်း(ယခင်ကလူ)တို့သည် သူတို့ထက် အင်အားတောင့်တင်းသူများဖြစ်ခဲ့ကြသည်သာမက ၎င်းတို့သည် ကမ္ဘာမြေပြင်ကို (ဤ)သူတို့ စည်ကားအောင် ပြုလုပ်ကြသည်ထက် အလွန်များပြားစွာ ပိုမိုထွန်ယက်စိုက်ပျိုးပြီး စည်ကားအောင်ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ၎င်းတို့ထံသို့လည်း ၎င်းတို့၏တမန်တော်များသည် ထင်ရှားသောသက်သေသာဓကများနှင့်တကွ ရောက်ရှိလာခဲ့ကြသည်။ ထို့ပြင် အလ္လာဟ်

အရှင်မြတ်သည် ၎င်းတို့အား မတရားနှိပ်စက်တော်မူသည်မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့ကိုယ်ကို ၎င်းတို့ပင် မတရားနှိပ်စက်ခဲ့ကြခြင်းဖြစ်သည်။

ثُمَّ كَانَ عَاقِبَةَ الَّذِينَ أَسَاءُوا السُّوأَىٰ أَن كَذَّبُوا بِآيَاتِ اللَّهِ وَكَانُوا بِهَا يَسْتَهْزِئُونَ ﴿١٠﴾

(၁၀) ထို့နောက် ဆိုးယုတ်သည့်အမှုကိစ္စကို ပြုလုပ်ခဲ့ကြသည့်သူများ၏နောက်ဆုံးအကျိုးဆက်သည် အဆိုးပင်ဖြစ်ခဲ့သည်။ အကြောင်းကမူ သူတို့သည် အလ္လာဟ်အရှင်မြတ်၏သက်သေသာဓကများအား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်သာမက ထိုသက်သေသာဓကများအား ပြောင်လှောင်မှုလည်း ပြုခဲ့ကြသေးသည်။

اللَّهُ يَبْدَأُ الْخَلْقَ ثُمَّ يُعِيدُهُ ثُمَّ إِلَيْهِ تُرْجَعُونَ ﴿١١﴾

(၁၁) အလ္လာဟ်အရှင်မြတ်ပင် အဖန်ဆင်းခံများအား စတင်ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်ပင် ထိုအဖန်ဆင်းခံများအား နောက်တစ်ဖန် ဖန်ဆင်းတော်မူမည် ဖြစ်သည်။ ထို့ပြင် အသင်တို့သည် အရှင်မြတ်ထံတော်သို့ပင် ပြန်လည် ပို့ဆောင်ခြင်းခံကြရမည်ဖြစ်သည်။

وَيَوْمَ تَقُومُ السَّاعَةُ يُبْلِسُ الْمُجْرِمُونَ ﴿١٢﴾

(၁၂) ထို့ပြင် ကိယာမသ် ဆိုက်ရောက်မည့်နေ့တွင် အပြစ်ရှိသူများသည် မျှော်လင့်ချက်ကင်းမဲ့ပြီး စိတ်ပျက်သွားကြမည်။

وَلَمْ يَكُن لَّهُم مِّن شُرَكَائِهِمْ شُفَعَاءُ وَكَانُوا بِشُرَكَائِهِمْ كَافِرِينَ ﴿١٣﴾

(၁၃) ထို့ပြင် သူတို့၏တွဲဖက်များထဲမှ သူတို့အား ကြားဝင်အသနားခံပေးမည့်သူလည်း ရှိမည်မဟုတ်ပေ။ ထို့ပြင် သူတို့တွဲဖက်ကိုးကွယ်ခဲ့ကြသည့်ကိုးကွယ်ရာများ ကိုယ်တိုင်ကပင် (မိမိတို့အား လူများသည် တွဲဖက်ကိုးကွယ်ခဲ့ကြသည်မဟုတ်ပါဟု) ငြင်းဆိုကြလိမ့်မည်။

وَيَوْمَ تَقُومُ السَّاعَةُ يَوْمَئِذٍ يَتَفَرَّقُونَ ﴿١٤﴾

(၁၄) ထို့ပြင် ကိယာမသ်ဆိုက်ရောက်မည့်နေ့တွင် လူအားလုံးသည် (သီးခြားစီဖြစ်သွားကြပြီး အတန်းအစားအမျိုးမျိုး) ကွဲပြားသွားကြမည်။

فَأَمَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَهُمْ فِي رَوْضَةٍ يُحْبَرُونَ ﴿١٥﴾

(၁၅) ထို့နောက် အီမာန်ယုံကြည်၍ ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည့်သူများသည် ဥယျာဉ်တော်တွင် ပျော်ရွှင်အောင်(ဂုဏ်ပြုညှော့ခံမှု) ပြုလုပ်ခံကြရမည်ဖြစ်သည်။

وَاَمَّا الَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِاٰيٰتِنَا وَلِقَآئِ الْاٰخِرَةِ فَاُولٰٓئِكَ فِى الْعَذَابِ مُحْضَرُوْنَ ﴿١٦﴾

(၁၆) ထို့ပြင် ကုဖ်ရ်ငြင်းပယ်ပြီး ငါအရှင်မြတ်၏ သက်သေသာဓကတော်များကို မဟုတ်မမှန်ဟု စွပ်စွဲခဲ့ကြသည့်သူများနှင့် တမလွန်ဘဝ၏တွေ့ဆုံမှုကို ငြင်းပယ်ကြသောသူများကမူ သူတို့သည်ပင် ပြစ်ဒဏ်တွင် အဆင်သင့်ရောက်ရှိစေခြင်းကို ခံကြရမည်ဖြစ်သည်။

فَسُبْحٰنَ اللّٰهِ حِيْنَ تُمْسُوْنَ وَحِيْنَ تُصْبِحُوْنَ ﴿١٧﴾

(၁၇) သို့ဖြစ်ရာ အသင်တို့သည် ညနေအချိန်ရောက်သည့်အခါနှင့် နံနက်အချိန်ရောက်သည့်အခါတွင် အလ္လာဟ်အရှင်မြတ်စင်ကြယ်တော်မူကြောင်း ရွတ်ဆိုကြပါ။

وَلَهُ الْحَمْدُ فِى السَّمٰوٰتِ وَالْاَرْضِ وَعَشِيًّا وَّحِيْنَ تُظْهِرُوْنَ ﴿١٨﴾

(၁၈) ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီတွင် ချီးမွမ်းခြင်းအပေါင်းသည် အရှင်မြတ်အတွက်ပင် ဖြစ်သည်။ ထို့ပြင် အသင်တို့သည် ညနေအချိန်နှင့် နေ့လယ်အချိန်ဝင်သည့်အခါတွင် (အရှင်မြတ်စင်ကြယ်တော်မူကြောင်း ရွတ်ဆိုကြပါ) ❶

❶ စွဟာဗဟ်သာဝကကြီး အိဗ်နအဗ္ဗာစ် ﷛ က တစ်ဆင့်ပြောကြားခဲ့တယ် - ဒီအာယသ်တော်နှစ်ခုထဲမှာ စွလာသ်ရဲ့အချိန်တွေ စုပေါင်းထားတယ်။ فَسُبْحَانَ اللّٰهِ حِيْنَ تُمْسُوْنَ ဒါဟာ မဂ်ရိဗ်နဲ့ အိရှာဖြစ်တယ်။ وَحِيْنَ تُصْبِحُوْنَ ဒါဟာ ဖဂျ်ရ်ဖြစ်တယ်။ وَعَشِيًّا ဒါဟာ အစွရ်ဖြစ်တယ်။ وَحِيْنَ تُظْهِرُوْنَ ဒါဟာ ဇုဟ်ရ်ဖြစ်တယ်။ (သွဗ်ရီ) (အချိန်သတ်မှတ်ချက်အတိအကျကတော့ ဟဒီးဆ်တော်တွေထဲမှာ ဖော်ပြထားတယ်။)

جمعت هاتان الآيتان مواقيت الصلاة (فَسُبْحَانَ اللّٰهِ حِيْنَ تُمْسُوْنَ) قال: المغرب والعشاء (وَحِيْنَ تُصْبِحُوْنَ) الفجر (وَعَشِيًّا) العصر (وَحِيْنَ تُظْهِرُوْنَ) الظهر.

يُخْرِجُ الْحَىَّ مِنَ الْمَيِّتِ وَيُخْرِجُ الْمَيِّتَ مِنَ الْحَىِّ وَيُحْىِ الْاَرْضَ بَعْدَ مَوْتِهَا ۗ وَكَذٰلِكَ تُخْرَجُوْنَ ﴿١٩﴾

(၁၉) အရှင်မြတ်သည် သက်ရှိကို သက်မဲ့မှ ထုတ်ယူတော်မူသည်။ ထို့ပြင် သက်မဲ့ကို သက်ရှိမှ ထုတ်ယူတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် မြေပထဝီကို ထိုမြေသည် သေပြီးနောက် ပြန်ရှင်စေတော်မူသည်။ (သွေ့ခြောက်ပြီးနောက် ပြန်လည်စိုပြည်စေတော်မူသည်)။ ထို့ပြင် အသင်တို့လည်း ထိုသို့ပင် ထုတ်ခြင်းခံကြရမည် ဖြစ်သည်။❷

❷ အရှင်မြတ်ဟာ သက်မဲ့ဖြစ်တဲ့ သုက်ရည်ကနေ သက်ရှိဖြစ်တဲ့လူသားကို ဖန်ဆင်းတော်မူခဲ့တယ်။ ပြီးတော့ သက်ရှိဖြစ်တဲ့ လူသားကနေ သက်မဲ့ဖြစ်တဲ့ သုက်ရည်ကို ဖန်ဆင်းတော်မူခဲ့တယ်။ အဲဒီလိုပဲ သေနေတဲ့ မြေကြီးထဲကနေ ရှင်တဲ့သစ်ပင်တွေထုတ်ခဲ့သလို လူသားတွေကိုလည်း မြေကြီးထဲကနေ ရှင်တဲ့လူသားအဖြစ် ထုတ်တော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمِنْ اٰيٰتِهٖٓ اَنْ خَلَقَكُمْ مِّنْ تُرَابٍ ثُمَّ اِذَآ اَنْتُمْ بَشَرٌ تَنْتَشِرُوْنَ ﴿٢٠﴾

(၂၀) ထို့ပြင် အရှင်မြတ်၏သက်သေလက္ခဏာများထဲတွင် (ဤသည်လည်း ပါဝင်သည်)- အရှင်မြတ်သည် အသင်တို့အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အသင်တို့သည် လူသားများ ရုတ်တရက်ဖြစ်လာပြီး (ကမ္ဘာတွင်) ပျံ့နှံ့နေကြသည်။❸

❸ အရှင်မြတ်ဟာ အာဒမ် عليه السلام ကို မြေကြီးကနေ ဖန်ဆင်းတော်မူခဲ့တယ်။ ၎င်းကနေတစ်ဆင့် ကြင်ရာကို ဖန်ဆင်းပြီး သားသမီးတွေပေါက်ဖွားစေတော်မူခဲ့ပြီး ကမ္ဘာပေါ်မှာ ပျံ့နှံ့စေတော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمِنْ اٰيٰتِهٖٓ اَنْ خَلَقَ لَكُمْ مِّنْ اَنْفُسِكُمْ اَزْوَاجًا لِّتَسْكُنُوْٓا اِلَيْهَا وَجَعَلَ بَيْنَكُمْ مَّوَدَّةً وَّرَحْمَةً ؕ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّتَفَكَّرُوْنَ ﴿٢١﴾

(၂၁) ထို့ပြင် အရှင်မြတ်၏ သက်သေလက္ခဏာများထဲတွင် (ဤသည်လည်း ပါဝင်သည်)- အရှင်မြတ်သည် အသင်တို့အတွက် အသင်တို့၏ အမျိုးအစားထဲမှပင် ဇနီးကြင်ရာများအား သူတို့ထံတွင် အသင်တို့ (စိတ်ချမ်းသာမှုဖြင့်) အနားယူကြရန်အတွက် ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့ကြားတွင် ချစ်ခင်မှုနှင့် ကြင်နာမှုကို ပြုလုပ်ပေးတော်မူခဲ့သည်။ အမှန်စင်စစ် ထိုအထဲတွင် စဉ်းစားဆင်ခြင်သူများအတွက် အမှန်ပင် သက်သေလက္ခဏာများ ရှိသည်။❹

❹ အရှင်မြတ်ဟာ ဇနီးခင်ပွန်းကြားမှာ အပြန်ပြန်အလှန်လှန် သံယောဇဉ် တွယ်တာမှုရှိပြီး စိတ်ချမ်းသာမှုရရှိအောင် အချစ်နဲ့ကြင်နာမှုကို ထည့်ပေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمِنْ اٰيٰتِهٖ خَلْقُ السَّمٰوٰتِ وَالْاَرْضِ وَاخْتِلَافُ اَلْسِنَتِكُمْ وَاَلْوَانِكُمْ ؕ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّلْعٰلِمِيْنَ ﴿٢٢﴾

(၂၂) ထို့ပြင် အရှင်မြတ်၏သက်သေလက္ခဏာများထဲတွင် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းခြင်း၊❺ ထို့ပြင် အသင်တို့၏ဘာသာစကားများနှင့် အသွေးအရောင်များ ကွဲပြားခြားနားနေခြင်း❻ (လည်းပါဝင်သည်)။ အမှန်စင်စစ် ထိုအထဲတွင် ပညာရှင်များအတွက် သက်သေလက္ခဏာများ အမှန်ပင်ရှိသည်။

❺ အလွန်ပဲ ကြီးကျယ်ခမ်းနားတဲ့ မိုးနဲ့မြေကို အံ့သြမဆုံးနိုင်အောင် ဖန်ဆင်းထားတော်မူတယ်။ (အလင်းပြကျမ်း) ❻ လူသားနှစ်ဦးကနေ ပေါက်ဖွားခဲ့တဲ့ သားစဉ်မြေးဆက်တွေဟာ ဘာသာစကားတွေမတူအောင်၊ အသွေးအရောင်တွေမတူအောင် အရှင်မြတ်ဟာ ဘယ်လောက်တောင် ဖန်ဆင်းတော်မူလိုက်နိုင်သလဲဆိုတာ စဉ်းစားကြည့်ရင် အရှင်မြတ်ရဲ့သက်သေလက္ခဏာတွေကို အတိုင်းသား မြင်နိုင်တယ်။ (အလင်းပြကျမ်း)

وَمِنْ اٰيٰتِهٖ مَنَامُكُمْ بِالَّيْلِ وَالنَّهَارِ وَابْتِغَآؤُكُمْ مِّنْ فَضْلِهٖ ۗ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّسْمَعُوْنَ ﴿٢٣﴾

(၂၃) ထို့ပြင် အရှင်မြတ်၏သက်သေလက္ခဏာများထဲတွင် ညနှင့်နေ့၌ အသင်တို့ အိပ်စက်မှုနှင့် အရှင်မြတ်၏ကျေးဇူးတော် စားနပ်ရိက္ခာကို အသင်တို့ ရှာဖွေမှု(လည်းပါဝင်သည်)။ အမှန်စင်စစ် ထိုအထဲတွင် ကြားနာသူများအတွက် အမှန်ပင် သက်သေလက္ခဏာများရှိသည်။❼

❼ နေ့ကို အစားအစာရှာဖွေဖို့ အလင်းရောင်ပေးထားပြီး ညမှာ အေးအေးချမ်းချမ်းအနားယူအိပ်စက်နိုင်ဖို့ အလင်းရောင်ကို မှိတ်ပေးထားကာ အလုပ်တွေရပ်အောင်စီစဉ်ပေးထားတာဟာလည်း အရှင်မြတ်ရဲ့သက်သေလက္ခဏာထဲကပဲဖြစ်တယ်။ (အလင်းပြကျမ်း)

وَمِنْ اٰيٰتِهٖ يُرِيْكُمُ الْبَرْقَ خَوْفًا وَّطَمَعًا وَّيُنَزِّلُ مِنَ السَّمَآءِ مَآءً فَيُحْيٖ بِهِ الْاَرْضَ بَعْدَ مَوْتِهَا ۗ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّعْقِلُوْنَ ﴿٢٤﴾

(၂၄) ထို့ပြင် အရှင်မြတ်၏ သက်သေလက္ခဏာများထဲတွင် (ဤသည်လည်း ပါဝင်သည်)-အရှင်မြတ်သည် အသင်တို့အား လျှပ်စီးလက်ခြင်းကို ကြောက်ရွံ့စေရန်နှင့် မျှော်လင့်စေရန် ပြသတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူသည်။❶ သို့ဖြစ်ရာ အရှင်မြတ်သည် ယင်း(မိုးရေ)ဖြင့် မြေပထဝီကို ၎င်းသည် သေပြီးနောက် (ခြောက်သွေ့ပြီးနောက်) ရှင်ပြန်(စိုပြည်)စေတော်မူသည်။ အမှန်စင်စစ် ထိုအထဲတွင် သိနားလည်ကြသူများအတွက် အမှန်ပင် သက်သေလက္ခဏာများ ရှိသည်။

❶ လူသားတွေဟာ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်းတွေကနေ ကြောက်ရွံ့ကြသလို အဲဒီနောက်မှာ ရွာချမဲ့မိုးကိုလည်း မျှော်လင့်လျက်ရှိကြတာဟာ အရှင်မြတ်ရဲ့သက်သေလက္ခဏာတွေထဲကပဲ ဖြစ်တယ်။ (သွပ်ဖ်ဝီရ်၊ သဖ်စီရ် ရှိုင်းခ် မရာဂီ)

وَمِنْ اٰيٰتِهٖٓ اَنْ تَقُوْمَ السَّمَآءُ وَالْاَرْضُ بِاَمْرِهٖ ۗ ثُمَّ اِذَا دَعَاكُمْ دَعْوَةً ۖ مِّنَ الْاَرْضِ ۖ اِذَآ اَنْتُمْ تَخْرُجُوْنَ ﴿٢٥﴾

(၂၅) ထို့ပြင် အရှင်မြတ်၏သက်သေလက္ခဏာများထဲတွင် အရှင်မြတ်၏အမိန့်တော်ဖြင့် မိုးကောင်းကင်နှင့် မြေပထဝီ၏ ရပ်တည်နေခြင်းလည်း ပါဝင်သည်။❶ ထို့နောက် အရှင်မြတ်သည် အသင်တို့အား မြေကြီးထဲမှ (ထုတ်တော်မူရန်) ဟစ်ခေါ်မှုတစ်ကြိမ် ဟစ်ခေါ်လိုက်သည်နှင့် အသင်တို့သည် ချက်ချင်းထွက်လာကြလိမ့်မည်။❷

❶ ဖြစ်ပေါ်ခြင်း၊ တည်တံ့ခြင်း၊ ပျက်စီးခြင်းအားလုံးဟာ အရှင်မြတ်ရဲ့လက်ထဲမှာပဲ ရှိတော်မူတယ်။ (အလင်းပြကျမ်း) ❷ အရှင်မြတ်ရဲ့တည်တံ့စေမှုကြောင့် မိုးတွေ မြေတွေတည်တံ့မှု ပြီးဆုံးသွားတဲ့အခါမှာအရှင်မြတ်က တစ်ကြိမ်ခေါ်လိုက်တာနဲ့ပြန်ရှင်ပြန်ထကြရတော့မှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَهٗ مَنۡ فِى السَّمٰوٰتِ وَالۡاَرۡضِ ؕ كُلٌّ لَّهٗ قٰنِتُوۡنَ ﴿٢٦﴾

(၂၆) ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှသူများသည် အရှင်မြတ်ပင် ပိုင်ဆိုင်တော်မူသည်။ အားလုံးကိုယ်စီသည် အရှင်မြတ်၏အမိန့်တော်ကို လိုက်နာနေကြခြင်းဖြစ်သည်။

وَهُوَ الَّذِىۡ يَبۡدَؤُا الۡخَلۡقَ ثُمَّ يُعِيۡدُهٗ وَهُوَ اَهۡوَنُ عَلَيۡهِ ؕ وَلَهُ الۡمَثَلُ الۡاَعۡلٰى فِى السَّمٰوٰتِ وَالۡاَرۡضِ ۚ وَهُوَ الۡعَزِيۡزُ الۡحَكِيۡمُ ﴿٢٧﴾

(၂၇) ထို့ပြင် အရှင်မြတ်ပင် အဖန်ဆင်းခံများအား စတင်ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်ပင် ထိုအဖန်ဆင်းခံများအား ထပ်မံ၍ ဖန်ဆင်းတော်မူမည်။ ထို့ပြင် ၎င်းသည် အရှင်မြတ်အတွက် ပို၍ပင်လွယ်ကူသည်။❷ ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီတွင် အရှင်မြတ်၌သာ အလွန်ထူးကဲမြင့်မားထွတ်မြတ်လှသော ဂုဏ်ထူးဝိသေသ ရှိတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

❷ အရပ်မှရှိရိက်တွေဟာ အလ္လာဟ်အရှင်မြတ်ကို ပထမအကြိမ်ဖန်ဆင်းတော်မူတဲ့အရှင်အဖြစ် လက်ခံခဲ့ကြတယ်။ ဒုတိယအကြိမ်ပြန်ဖန်ဆင်းမှာကိုပဲ ငြင်းဆိုကြတာဖြစ်တဲ့အတွက် အရှင်မြတ်က လူ့ရဲ့ဦးနှောက်ဉာဏ်နဲ့ မီနိုင်တဲ့ ဥပမာတစ်ခုကို ပေးတော်မူလိုက်တာကတော့ အရာတစ်ခုကို မရှိရာကနေ ရှိအောင် တီထွင်ဖန်ဆင်းတာဟာ ပိုခက်ခဲတဲ့ကိစ္စဖြစ်ပြီး အဲဒီရှိပြီးသားအရာပျက်သွားလို့ပြန်ပြီး အဲဒါမျိုးအသစ်ဖန်တီးတာဟာ ပိုလွယ်ကူတဲ့ကိစ္စဖြစ်တယ်။ လူတွေအမြင်မှာ ခက်တဲ့ဖန်ဆင်းမှုကိုတော့ အရှင်မြတ်တတ်စွမ်းနိုင်တယ်လို့ လက်ခံကြပြီး လွယ်တဲ့ ဖန်ဆင်းမှုကိုတော့ ဘာဖြစ်လို့ လက်မခံကြတာလဲ။ ဒါဟာ အသိဉာဏ်ရဲ့ အားနည်းချက်ပဲဖြစ်တယ်။ ဘယ်အရာကိုမဆိုဖြစ်စေလို့ အလ္လာဟ်က ပြောလိုက်ရင် ဖြစ်လာတာပဲ။ (အလင်းပြကျမ်း)

ضَرَبَ لَـكُمۡ مَّثَلًا مِّنۡ اَنۡفُسِكُمۡ ؕ هَلۡ لَّـكُمۡ مِّنۡ مَّا مَلَـكَتۡ اَيۡمَانُكُمۡ مِّنۡ شُرَكَآءَ فِىۡ مَا رَزَقۡنٰكُمۡ فَاَنۡتُمۡ فِيۡهِ سَوَآءٌ تَخَافُوۡنَهُمۡ كَخِيۡفَتِكُمۡ اَنۡفُسَكُمۡ ؕ كَذٰلِكَ نُفَصِّلُ الۡاٰيٰتِ لِقَوۡمٍ يَّعۡقِلُوۡنَ ﴿٢٨﴾

(၂၈) အရှင်မြတ်သည် အသင်တို့ထဲမှပင် အသင်တို့အတွက် ပမာခိုင်းနှိုင်းပြသတော်မူသည်။ အသင်တို့ ပိုင်ဆိုင်ကြသော လက်အောက်ခံကျွန်များထဲတွင် (ဤသို့သော) ကျွန်မျိုးရှိကြသလော။ ထိုကျွန်များသည် ငါအရှင်မြတ်က အသင်တို့ကို ပေးသနားထားတော်မူသော ပစ္စည်းဥစ္စာများ၌ အတူတူ ဖက်စပ်ပိုင်ဆိုင်သည်။ ထို့ပြင် အသင်တို့သည် အသင်တို့(လွတ်လပ်သူ)အချင်းချင်းကို ကြောက်ရွံ့စိုးရိမ်ကြသကဲ့သို့ ထိုကျွန်များအားလည်း အသင်တို့ ကြောက်ရွံ့စိုးရိမ်ကြသည်။

(ဤသို့သော ကျွန်မျိုးရှိကြသလော။)❻ ငါအရှင်မြတ်သည် အသိဉာဏ်ရှိသူများ အတွက် သက်သေသာဓကများအား ထိုသို့ပင် ရှင်းလင်းထင်ရှားစွာ အသေးစိတ် မိန့်ကြားတော်မူသည်။

❻ မုရှ်ရိက်တွေဟာ သူတို့ကိုယ်တိုင် သူတို့ရဲ့ကျွန်တွေနဲ့ ဖက်စပ်ပိုင်ဆိုင်မှုကို အလိုမရှိပါဘဲလျက်နဲ့ အရှင်မြတ်ကို အရှင်မြတ်ရဲ့ကျွန်တွေနဲ့ ဖက်စပ်ပိုင်ဆိုင်ခိုင်းနေတာဟာ လုံးဝမှားယွင်းတဲ့ ကိုးကွယ်မှုကြီးဖြစ်တယ်ဆိုတာ နည်းနည်းပဲ စဉ်းစားရင်တောင်မှ အဖြေထွက်တယ်။ ဒါဟာ အရှင်မြတ်ရဲ့ သက်သေသာဓကပဲဖြစ်တယ်။ (အလင်းပြကျမ်း)

بَلِ اتَّبَعَ الَّذِيْنَ ظَلَمُوْٓا اَهْوَآءَهُمْ بِغَيْرِ عِلْمٍ ۚ فَمَنْ يَّهْدِيْ مَنْ اَضَلَّ اللّٰهُ ۭ وَمَا لَهُمْ مِّنْ نّٰصِرِيْنَ ﴿٢٩﴾

(၂၉) သို့ရာတွင် အမှန်စင်စစ် မတရားသူများသည် ပညာအထောက် အထားမရှိဘဲနှင့် သူတို့၏စိတ်အလိုဆန္ဒနောက်ကိုသာ လိုက်ကြခြင်းဖြစ်သည်။ သို့ဖြစ်ရာ အရှင်မြတ်က လမ်းမှား၌ပင် ထားလိုက်ပြီဖြစ်သည့်သူကို လမ်းမှန် မည်သူပြပေးနိုင်ဦးမည်နည်း။ ထို့ပြင် သူတို့တွင် ကူညီမည့်သူများလည်း ရှိကြ မည် မဟုတ်တော့ပေ။

فَاَقِمْ وَجْهَكَ لِلدِّيْنِ حَنِيْفًا ۭ فِطْرَتَ اللّٰهِ الَّتِيْ فَطَرَ النَّاسَ عَلَيْهَا ۭ لَا تَبْدِيْلَ لِخَلْقِ اللّٰهِ ۭ
ذٰلِكَ الدِّيْنُ الْقَيِّمُ ڎ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ﴿٣٠﴾

(၃၀) သို့ဖြစ်ရာ အသင်သည် အလ္လာဟ်အရှင်မြတ်က လူသားများကို ဖန်ဆင်းတော်မူခဲ့သော သဘာဝအရည်အချင်းအတိုင်း❼ အသင်၏မျက်နှာကို (မှန်ကန်သည့်)သာသနာပေါ်တွင် တစ်စိတ်တစ်လက်တည်း အာရုံစူးစိုက်ပြီး ခိုင်မြဲစွာထားပါ။ အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းမှုတွင် မည်သည့်ပြောင်းလဲမှု မျှမရှိပေ။ ၎င်းသည် ဖြောင့်မတ်မှန်ကန်သောသာသနာ ဖြစ်သည်။ သို့ရာတွင် လူအများစုသည် မသိနားမလည်ကြပေ။

❼ လူသားကို အရှင်မြတ်က ဖန်ဆင်းတော်မူလိုက်ကတည်းက အမှားအမှန် စဉ်းစားဆုံးဖြတ်နိုင်တဲ့ အရည်အချင်းတွေ ထည့်ပေးပြီးဖြစ်တယ်။ လူသားဟာ ဘက်မလိုက်ဘဲ မျှမျှတတစဉ်းစားမယ် ဆိုရင် အမှန်ကိုပဲ အမြန်ဆုံးမြင်မှာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုရင် အမှန်က အလင်းဖြစ်ပြီး မြန်မြန် မြင်လွယ်လို့ဖြစ်တယ်။ ပြီးတော့ အရှင်မြတ်ကလည်း အလင်းကို မြင်အောင်ပြပြီးခေါ်နေတာဖြစ် တယ်။ အမှားဟာ အမှောင်ဖြစ်ပြီး ရှိုင်သွာန်ကပဲ မျက်စိမှိတ်ခိုင်းထားပြီး အမှားဘက်ကို ဆွဲခေါ်နေ တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

مُنِيْبِيْنَ اِلَيْهِ وَاتَّقُوْهُ وَاَقِيْمُوا الصَّلٰوةَ وَلَا تَكُوْنُوْا مِنَ الْمُشْرِكِيْنَ ﴿٣١﴾

(၃၁) အရှင်မြတ်ဘက်သို့ပင် လှည့်နေသူများအဖြစ်နှင့် (အရှင်မြတ်၏ အမိန့်များကို လိုက်နာကြပါ)။ ထို့ပြင် အသင်တို့သည် အရှင်မြတ်အား ကြောက်

ရှိကြပါ။ ထို့ပြင် စွလာသ်ဝတ်ပြုမှုကိုလည်း တည်ဆောက်ကြပါ။ ထို့ပြင် အသင်တို့သည် မုရှ်ရိက်များထဲမှ မဖြစ်ကြနှင့်။

مِنَ الَّذِينَ فَرَّقُوا دِينَهُمْ وَكَانُوا شِيَعًا ۖ كُلُّ حِزْبٍ بِمَا لَدَيْهِمْ فَرِحُونَ ﴿٣٢﴾

(၃၂) အကြင်(မုရှ်ရိက်)များထဲမှ (မဖြစ်ကြနှင့်) ထိုသူများသည် သူတို့၏သာသနာကို အစိတ်စိတ် အပိုင်းပိုင်း ပြုလုပ်ခဲ့ကြသည့်အပြင် ဂိုဏ်းဂဏအမျိုးမျိုး ဖြစ်သွားခဲ့ကြသည်။ ဂိုဏ်းအဖွဲ့ကိုယ်စီသည် သူတို့တွင်ရှိသည့်အရာ(လမ်းစဉ်)နှင့်သာ ပျော်မွေ့နေကြတော့သည်။

وَإِذَا مَسَّ النَّاسَ ضُرٌّ دَعَوْا رَبَّهُمْ مُنِيبِينَ إِلَيْهِ ثُمَّ إِذَا أَذَاقَهُمْ مِنْهُ رَحْمَةً إِذَا فَرِيقٌ مِنْهُمْ بِرَبِّهِمْ يُشْرِكُونَ ﴿٣٣﴾

(၃၃) ထို့ပြင် လူများတွင် ဘေးဒုက္ခတစ်စုံတစ်ခု ကျရောက်ခဲ့လျှင် သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ဘက်သို့လှည့်လျက် အရှင်မြတ်အား ဟစ်ခေါ်ကြသည်။ ထို့နောက် အရှင်မြတ်သည် သူတို့အား အရှင်မြတ်ထံတော်မှ ကြင်နာသနားမှု(ကျေးဇူးတော်)အနည်းငယ် မြည်းစမ်းစေတော်မူသည့်အခါ သူတို့ထဲမှ လူတစ်စုသည် ချက်ချင်းပင်(အခြားအရာများကို) သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ကြတော့သည်။

لِيَكْفُرُوا بِمَا آتَيْنَاهُمْ ۚ فَتَمَتَّعُوا فَسَوْفَ تَعْلَمُونَ ﴿٣٤﴾

(၃၄) သူတို့သည် ငါအရှင်မြတ်က သူတို့အား ပေးသနားတော်မူခဲ့သော ကျေးဇူးတော်များအား ငြင်းပယ်ကြရန်အတွက် (တွဲဖက်ကိုးကွယ်ကြသည်)။ သို့ဖြစ်ရာ အသင်တို့သည် (ခေတ္တ)အကျိုးကျေးဇူးခံစားကြပါ။ ထို့ပြင် အသင်တို့သည် မကြာမီပင် သိရှိကြရမည်ဖြစ်သည်။

أَمْ أَنْزَلْنَا عَلَيْهِمْ سُلْطَانًا فَهُوَ يَتَكَلَّمُ بِمَا كَانُوا بِهِ يُشْرِكُونَ ﴿٣٥﴾

(၃၅) ငါအရှင်မြတ်က သူတို့အပေါ်တွင် အထောက်အထား တစ်စုံတစ်ခု ချပေးခဲ့၍ ယင်း(အထောက်အထား)က ပြောသည့်အတွက် သူတို့သည် တွဲဖက်ကိုးကွယ်ကြသလော။

وَإِذَا أَذَقْنَا النَّاسَ رَحْمَةً فَرِحُوا بِهَا ۖ وَإِنْ تُصِبْهُمْ سَيِّئَةٌ بِمَا قَدَّمَتْ أَيْدِيهِمْ إِذَا هُمْ يَقْنَطُونَ ﴿٣٦﴾

(၃၆) ထို့ပြင် ငါအရှင်မြတ်သည် လူသားများအား ကျေးဇူးတော် အနည်းငယ်၏အရသာကို မြည်းစမ်းစေတော်မူသောအခါ သူတို့သည် ယင်း(ကျေးဇူး

တော်)နှင့်ပတ်သက်၍ ရွှင်မြူးလျက်ရှိကြသည်။ ထို့ပြင် အကယ်၍ သူတို့၏လက်များက ကြိုတင်ပို့နှင့်ခဲ့ကြသည့်အရာ (သူတို့ကိုယ်တိုင်ပြုကျင့်ခဲ့သောအပြစ်)များကြောင့် သူတို့တွင် ဒုက္ခတစ်စုံတစ်ခု ကျရောက်ခဲ့လျှင် သူတို့သည် ချက်ချင်းပင် မျှော်လင့်ချက် ကင်းမဲ့သွားတော့သည်။

أَوَلَمْ يَرَوْا أَنَّ اللَّهَ يَبْسُطُ الرِّزْقَ لِمَن يَشَاءُ وَيَقْدِرُ ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يُؤْمِنُونَ ﴿٣٧﴾

(၃၇) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသူအား စားနပ်ရိက္ခာကို ကျယ်ဝန်းစွာ ပေးသနားတော်မူပြီး အရှင်မြတ် အလိုရှိတော်မူသူအား ကျပ်တည်းစေတော်မူသည်ကို သူတို့သည် မမြင်ခဲ့ကြသလော။❶ အမှန်စင်စစ် ထိုအထဲတွင် ယုံကြည်သူများအတွက် သက်သေသာဓကများရှိသည်။

❶ အစစအရာရာ တူညီတဲ့ အရည်အချင်းရှိတဲ့ လူနှစ်ဦးဟာ တစ်နေရာတည်းမှာ အရင်းအနှီးအတူတူထည့်ကာ ဆိုင်တစ်ဆိုင်စီဖွင့်ပြီး စီးပွားရှာကြရင် အမြတ်အတူတူ ဘာဖြစ်လို့မရပါသလဲ။ တစ်ယောက်က များများရမယ်၊ တစ်ယောက်က နည်းနည်းရမယ်။ တကယ်တော့ စားနပ်ရိက္ခာဟာ သူတို့ ပိုင်ဆိုင်တာမဟုတ်တဲ့အတွက် ရှာတိုင်းမရတာဖြစ်တယ်။ စားနပ်ရိက္ခာဟာ အရှင်မြတ်ပဲ ပိုင်ဆိုင်တော်မူတဲ့အတွက်အရှင်မြတ်က များများပေးချင်တဲ့သူကို များများပေးမယ်၊ အရှင်မြတ်က နည်းနည်းပေးချင်တဲ့သူကို နည်းနည်းပေးမယ်။ ဒီအချင်းအရာကို ကြည့်ပြီးတော့တောင် အရှင်မြတ်က ကျွေးမွေးနေတာပဲဆိုတာကို လွယ်လွယ်ကူကူနဲ့ပဲ ယုံကြည်နိုင်တယ်။ အဲဒါကြောင့် အရှင်မြတ်က အသင်တို့ မမြင်ခဲ့ကြဘူးလားလို့ မေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَآتِ ذَا الْقُرْبَىٰ حَقَّهُ وَالْمِسْكِينَ وَابْنَ السَّبِيلِ ۚ ذَٰلِكَ خَيْرٌ لِّلَّذِينَ يُرِيدُونَ وَجْهَ اللَّهِ ۖ وَأُولَٰئِكَ هُمُ الْمُفْلِحُونَ ﴿٣٨﴾

(၃၈) သို့ဖြစ်ရာ အသင်သည် ဆွေမျိုးသားချင်းများ၏ အခွင့်အရေးကို ပေးဆောင်ပါ။ ထို့ပြင် ဆင်းရဲသားနှင့် ခရီးသည်ကိုလည်း(ပေးပါ)။ ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကို လိုလားသူများအတွက် အကောင်းဆုံးပင် ဖြစ်သည်။ ထို့ပြင် ထိုသူများပင် အောင်မြင်မည့်သူများ ဖြစ်ကြသည်။❷

❷ အရှင်မြတ်က လူသားချင်းစာနာထောက်ထားကြဖို့ တာဝန်အဖြစ်နဲ့ အမိန့်ပေးထားတော်မူတယ်။ သူတို့ရဲ့အခွင့်အရေးကို ပေးလိုက်ပါလို့ လေးလေးနက်နက် အမိန့်ရှိထားပုံကိုကြည့်ရင်ပဲ အစ္စလာမ်ဟာ လူ့အခွင့်အရေးကို ဦးစားပေးထားတယ်ဆိုတာ ထင်ထင်ရှားရှားမြင်ရမှာဖြစ်တယ်။ ဒါဟာ ဇကာသ်မဟုတ်ပါ။ ဇကာသ်ပေးဆောင်ဖို့ တာဝန်မရှိရင်လည်း လူသားချင်းစာနာမှုအတွက် ဒုက္ခသည်ကို ဒုက္ခသည်မဟုတ်သူက ပံ့ပိုးရမယ်ဆိုတဲ့အမိန့်ဖြစ်တယ်။(လူ့အခွင့်အရေးဆိုတာလည်း အရှင်မြတ်က သတ်မှတ်ပေးပြီးဖြစ်တယ်။) (သဖ်စီရွလ်လုဗားဗ်)

لأن المقصود هنا الشفقة العامة وهؤلاء الثلاثة يجب الإحسان إليهم وإن لم يكن للإنسان مال زائد أما القريب فتجب نفقته عليه إذا كان له مالٌ وإن لم يحُلْ عليه الحَوْلُ والمسكين كذلك, فإن من لا شيء له إذا وقع في الحاجة حتى بلغ الشدة يجب على

القادر دفع حاجته وإن لم يكن عليه زكاة (تفسير اللباب)

وَمَآ ءَاتَيۡتُم مِّن رِّبٗا لِّيَرۡبُوَاْ فِيٓ أَمۡوَٰلِ ٱلنَّاسِ فَلَا يَرۡبُواْ عِندَ ٱللَّهِۖ وَمَآ ءَاتَيۡتُم مِّن زَكَوٰةٖ تُرِيدُونَ
وَجۡهَ ٱللَّهِ فَأُوْلَٰٓئِكَ هُمُ ٱلۡمُضۡعِفُونَ ٣٩

(၃၉) ထို့ပြင် အသင်တို့သည် လူများ၏ပစ္စည်းဥစ္စာများထဲတွင် ပေါင်းစပ်ပြီး အတိုးရရန်အတွက် ပေးခဲ့သောပစ္စည်း(အတိုးချေးစားခြင်း)သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် မတိုးပွားပေ။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏နှစ်သက်မှုကို လိုလား၍ တစ်စုံတစ်ခုပေးကမ်းလှူဒါန်းကြလျှင် ထိုသူများပင် (သူတို့ပေးကမ်းကြသည်များအား အရှင်မြတ်ထံတော်တွင်) တိုးပွားစေကြသူများဖြစ်ကြသည်။

ٱللَّهُ ٱلَّذِي خَلَقَكُمۡ ثُمَّ رَزَقَكُمۡ ثُمَّ يُمِيتُكُمۡ ثُمَّ يُحۡيِيكُمۡۖ هَلۡ مِن شُرَكَآئِكُم مَّن يَفۡعَلُ مِن
ذَٰلِكُم مِّن شَيۡءٖۚ سُبۡحَٰنَهُۥ وَتَعَٰلَىٰ عَمَّا يُشۡرِكُونَ ٤٠

(၄၀) အလ္လာဟ်အရှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းတော်မူသောအရှင်မြတ်ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည်ပင် အသင်တို့အား စားနပ်ရိက္ခာ ပေးသနားတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည်ပင် အသင်တို့အား သေစေတော်မူသည်။ ထို့ပြင် အရှင်မြတ်သည်ပင် အသင်တို့အား ရှင်စေတော်မူမည်။ အသင်တို့၏ တွဲဖက်ကိုးကွယ်ရာများတွင် ထိုအရာများထဲမှ မည်သည့်အရာတစ်ခုမျှကိုပင်ဖြစ်စေ ပြုလုပ်နိုင်သူဟူ၍ ရှိပါသလော။ အရှင်မြတ်သည် သူတို့တွဲဖက် ကိုးကွယ်ကြသည်များ(၏ ချို့တဲ့ချို့ယွင်းမှုအပေါင်း)မှ သန့်ရှင်းစင်ကြယ်တော်မူပြီး (ဂုဏ်ဒြပ်)အလွန်မြင့်မားထွတ်မြတ်လှတော်မူသည်။

ظَهَرَ ٱلۡفَسَادُ فِي ٱلۡبَرِّ وَٱلۡبَحۡرِ بِمَا كَسَبَتۡ أَيۡدِي ٱلنَّاسِ لِيُذِيقَهُم بَعۡضَ ٱلَّذِي عَمِلُواْ لَعَلَّهُمۡ
يَرۡجِعُونَ ٤١

(၄၁) လူများ၏လက်များက ရှာဖွေ(ကျူးလွန်)ခဲ့ကြသည့်အရာ(မကောင်းမှု)များကြောင့် ကုန်းမြေနှင့် ပင်လယ်တွင် ပျက်စီးမှု(ဒုက္ခ)များသည် ဖြစ်ပေါ်နေရသည်။ (ထိုသို့ဖြစ်ရခြင်းမှာ) သူတို့သည် (မကောင်းမှုများမှ) ပြန်လှည့်လာကြရန် သူတို့ပြုလုပ်ခဲ့သော လုပ်ရပ်အချို့၏အရသာကို အရှင်မြတ်က သူတို့အား မြည်းစမ်းစေတော်မူရန်ဖြစ်သည်။❷

❷ လူသားကျူးလွန်တဲ့အပြစ်ရဲ့ အစားကို ဒီဘဝမှာ အနည်းငယ်ပြစ်ဒဏ်ပေးတာဟာ နောင်တရပြီး ပြုပြင်နိုင်ဖို့ လမ်းဖွင့်ပေးတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ سِيرُوا فِي الْأَرْضِ فَانْظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ مِنْ قَبْلُ ۚ كَانَ أَكْثَرُهُمْ مُشْرِكِينَ ﴿٤٢﴾

(၄၂) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် ကမ္ဘာမြေတွင် လှည့်လည်သွားလာကြပြီးနောက် ယခင်ကလူများ၏နောက်ဆုံးအကျိုးဆက်သည် မည်သို့ရှိခဲ့သည်ဆိုသည်ကို ကြည့်ရှု(လေ့လာ)ကြပါ။ သူတို့ထဲမှ အများစုသည် မုရှ်ရိက်များပင် ဖြစ်ခဲ့ကြသည်။

فَأَقِمْ وَجْهَكَ لِلدِّينِ الْقَيِّمِ مِنْ قَبْلِ أَنْ يَأْتِيَ يَوْمٌ لَا مَرَدَّ لَهُ مِنَ اللَّهِ ۖ يَوْمَئِذٍ يَصَّدَّعُونَ ﴿٤٣﴾

(၄၃) ထို့နောက် အလ္လာဟ်အရှင်မြတ်ထံတော်မှ ပြောင်းရွှေ့ပေးမှု လုံးဝမရှိမည့်နေ့၊ လူများသည် တကွဲတပြားစီဖြစ်ကြမည့် ထိုနေ့ မတိုင်မီတွင် အသင်သည် အသင်၏မျက်နှာ(ဦးတည်ရာ)ကို ဖြောင့်မတ်သော သာသနာပေါ်တွင် တည်တံ့ခိုင်မြဲစွာထားပါ။❶

❶ ဒုက္ခအန္တရာယ်တွေ ကျရောက်တဲ့အခါ လွတ်မြောက်မဲ့နည်းလမ်းဟာ အစ္စလာမ်အပေါ်မှာ တိတိကျကျ စွဲစွဲမြဲမြဲ ရပ်တည်လိုက်နာနေခြင်းပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

مَنْ كَفَرَ فَعَلَيْهِ كُفْرُهُ ۖ وَمَنْ عَمِلَ صَالِحًا فَلِأَنْفُسِهِمْ يَمْهَدُونَ ﴿٤٤﴾

(၄၄) မည်သူမဆို ငြင်းပယ်ခဲ့လျှင် သူ၏ငြင်းပယ်မှု(၏ ဆိုးကျိုးများ)သည် သူ၏အပေါ်၌ပင် ကျရောက်မည်ဖြစ်သည်။ ထို့ပြင် မည်သူမဆို ကောင်းမြတ်သည့်လုပ်ရပ်ကို ပြုလုပ်ခဲ့လျှင် သူတို့သည် သူတို့အကျိုးအတွက်ပင် စီမံပြုလုပ်နေကြခြင်းဖြစ်သည်။

لِيَجْزِيَ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ مِنْ فَضْلِهِ ۚ إِنَّهُ لَا يُحِبُّ الْكَافِرِينَ ﴿٤٥﴾

(၄၅) (နောက်ဆုံးရလဒ်ကမူ) အရှင်မြတ်သည် အီမာန်ယုံကြည်၍ ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်ခဲ့ကြသူများအား အရှင်မြတ်၏ကျေးဇူးတော်ဖြင့် (ကောင်းမြတ်သည့်)အစားပေးတော်မူရန်ဖြစ်သည်။ အမှန်စင်စစ် အရှင်မြတ်သည် ကာဖိရ်များအား နှစ်သက်တော်မမူပေ။

وَمِنْ آيَاتِهِ أَنْ يُرْسِلَ الرِّيَاحَ مُبَشِّرَاتٍ وَلِيُذِيقَكُمْ مِنْ رَحْمَتِهِ وَلِتَجْرِيَ الْفُلْكُ بِأَمْرِهِ
وَلِتَبْتَغُوا مِنْ فَضْلِهِ وَلَعَلَّكُمْ تَشْكُرُونَ ﴿٤٦﴾

(၄၆) ထို့ပြင် အရှင်မြတ်၏ကရုဏာတော်၏အရသာကို အသင်တို့အား မြည်းစမ်းစေတော်မူရန်အတွက်လည်းကောင်း၊ အရှင်မြတ်၏ အမိန့်တော်နှင့် ရွက်သင်္ဘောများ သွားလာနိုင်ရန်အတွက်လည်းကောင်း၊ အသင်တို့သည် အရှင်မြတ်၏ကျေးဇူးတော်(စားနပ်ရိက္ခာ)ကို ရှာဖွေနိုင်ကြရန်အတွက်လည်းကောင်း၊

အသင်တို့သည် ကျေးဇူးတော်ကို သိတတ်ကြရန်အတွက်လည်းကောင်း အရှင်မြတ်က ရှေ့ပြေးသတင်းကောင်းအဖြစ်ဖြင့် (မိုးမရွာမီ) လေများအား စေလွှတ်တော်မူခြင်းသည် အရှင်မြတ်၏သက်သေလက္ခဏာများထဲမှပင်ဖြစ်သည်။

وَلَقَدْ أَرْسَلْنَا مِنْ قَبْلِكَ رُسُلًا إِلَىٰ قَوْمِهِمْ فَجَاءُوهُمْ بِالْبَيِّنَاتِ فَانْتَقَمْنَا مِنَ الَّذِينَ أَجْرَمُوا ۖ وَكَانَ حَقًّا عَلَيْنَا نَصْرُ الْمُؤْمِنِينَ ﴿٤٧﴾

(၄၇) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်၏မတိုင်မီ တမန်တော်များအား ၎င်းတို့၏အမျိုးသားများထံ စေလွှတ်တော်မူခဲ့သည့်အတွက် ၎င်း(တမန်တော်)တို့သည် သူတို့ထံသို့ ထင်ရှားသော သက်သေသာဓကများနှင့်တကွ ရောက်ရှိလာခဲ့ကြသည်။ ထို့နောက် ငါအရှင်မြတ်သည် အပြစ်ကျူးလွန်ကြသူများအား တန်ပြန်အရေးယူတော်မူခဲ့သည်။ ထို့ပြင် မုအ်မင်န်ယုံကြည်သူများအား ကူညီတော်မူခြင်းသည် ငါအရှင်မြတ်၏တာဝန်ပင် ဖြစ်တော်မူသည်။ J

J အလ္လာဟ်အရှင်မြတ်ရဲ့တာဝန်မှာ အပြစ်ကျူးလွန်တဲ့သူတွေကို ထိုက်တန်သလောက် အရေးယူပြီး အီမာန်ယုံကြည်သူတွေကို ကာကွယ်စောင့်ရှောက် ကူညီတော်မူဖို့ ဖြစ်တယ်။ အရှင်မြတ်ဟာ အရှင်မြတ်ရဲ့ စွန္နသ်လုပ်ထုံးလုပ်နည်းအတိုင်း အမြဲပြုလုပ်လေ့ရှိတော်မူတယ်။(အလင်းပြကျမ်း) မိမိကိုယ်ကို မွတ်စ်လင်မ်နာမည်ထားပြီး အရှင်မြတ်ရဲ့ အမိန့်တော်တွေကို လျစ်လျူရှုတဲ့ အကျင့်ဖြစ်နေတဲ့သူတွေဟာ ကာဖိရ်တွေရဲ့ လွှမ်းမိုးမှုအောက်ရောက်တဲ့အခါမှာတောင် မိမိတို့ရဲ့ အပြစ်တွေကို သောင်ဗဟ်လုပ်ခြင်းမရှိရင် အဲဒီသူတွေဟာ အရှင်မြတ်ရဲ့ အကူအညီတာဝန်ယူမှုကတိထဲမှာ မပါဝင်ဘူး။ ဒါပေမဲ့ အရှင်မြတ်ရဲ့ ရဟ်မသ်ကတော့ မထိုက်တန်တဲ့သူတွေအပေါ်မှာတောင်မှ အကူအညီတွေပေးနေသေးတယ်ဆိုတော့ အရှင်မြတ်ရဲ့ရဟ်မသ်ကို မျှော်လင့်ပြီး အကူအညီတောင်းခြင်းဖြင့် အခြေအနေတိုင်းမှာအကျိုးရှိမှာပဲဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

اللَّهُ الَّذِي يُرْسِلُ الرِّيَاحَ فَتُثِيرُ سَحَابًا فَيَبْسُطُهُ فِي السَّمَاءِ كَيْفَ يَشَاءُ وَيَجْعَلُهُ كِسَفًا فَتَرَى الْوَدْقَ يَخْرُجُ مِنْ خِلَالِهِ ۖ فَإِذَا أَصَابَ بِهِ مَنْ يَشَاءُ مِنْ عِبَادِهِ إِذَا هُمْ يَسْتَبْشِرُونَ ﴿٤٨﴾

(၄၈) အလ္လာဟ်အရှင်မြတ်သည် အကြင်အရှင်မြတ်ပင် ဖြစ်တော်မူသည်၊ ထိုအရှင်မြတ်သည် လေများအား စေလွှတ်တော်မူသည်။ ထို့နောက် ၎င်းတို့သည် မိုးတိမ်များအား သယ်ဆောင်သွားကြသည်။ ထို့ပြင် အရှင်မြတ်သည် ယင်း(မိုးတိမ်)တို့အား အရှင်မြတ်အလိုရှိတော်မူသည့်အတိုင်း မိုးကောင်းကင်တွင် ဖြန့်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် ယင်း(မိုးတိမ်)တို့ကို အပိုင်းများပြုလုပ်တော်မူသည်။ ထို့နောက် အသင်သည် ယင်း(မိုးတိမ်)တို့ကြားမှ မိုးရေ(ကျလာသည်)ကို မြင်ရသည်။ ထို့နောက် အရှင်မြတ်သည် ၎င်း(မိုးရေ)ကို အရှင်မြတ်၏ကျွန်များထဲမှ အရှင်မြတ်အလိုရှိတော်မူသူထံ ကျရောက်စေတော်မူသည့်အခါ

သူတို့သည် ချက်ချင်းပင် ဝမ်းမြောက်ပျော်ရွှင်သွားကြသည်။

وَإِنْ كَانُوا مِنْ قَبْلِ أَنْ يُنَزَّلَ عَلَيْهِمْ مِّنْ قَبْلِهِ لَمُبْلِسِينَ ﴿٤٩﴾

(၄၉) ထို့ပြင် သူတို့သည် ထိုသို့ ဝမ်းမြောက်ပျော်ရွှင်မှုမဖြစ်ရသေးမီ ထိုမိုးမရွာမီက အမှန်ပင် မျှော်လင့်ချက်ကင်းမဲ့လျက်ရှိခဲ့ကြသည်။

فَانْظُرْ إِلَىٰ آثَارِ رَحْمَتِ اللَّهِ كَيْفَ يُحْيِ الْأَرْضَ بَعْدَ مَوْتِهَا ۚ إِنَّ ذَٰلِكَ لَمُحْيِ الْمَوْتَىٰ ۖ وَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿٥٠﴾

(၅၀) သို့ဖြစ်ရာ အသင်(တမန်တော်)သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်(မိုး)၏ သင်္ကေတများအား ကြည့်ပါ။ အရှင်မြတ်သည် မြေပထဝီကို ၎င်း(မြေခြောက်သွေ့)သေပြီးနောက် မည်သို့ ရှင်စေတော်မူခဲ့သနည်းဆိုသည်ကို ကြည့်ပါ။ အမှန်စင်စစ် ထို(မြေပထဝီကို ရှင်သန်စေသည့်)အရှင်သည် သေသူများအား ရှင်စေတော်မူမည့်အရှင် ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အရာအားလုံးကို အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။

وَلَئِنْ أَرْسَلْنَا رِيحًا فَرَأَوْهُ مُصْفَرًّا لَّظَلُّوا مِنْ بَعْدِهِ يَكْفُرُونَ ﴿٥١﴾

(၅၁) ထို့နောက် အမှန်ပင် အကယ်၍ ငါအရှင်မြတ်က (အခြား)လေ(ပူကြမ်း)တစ်မျိုးကို စေလွှတ်တော်မူ၍ သူတို့သည် ၎င်း(လယ်ယာ)အား (ခြောက်သွေ့၍)ဝါနေသည်ကို တွေ့မြင်ခဲ့ကြလျှင် သူတို့သည် ထို(ကဲ့သို့ ဝါသွားပြီးသည့်)နောက်တွင် အမှန်ပင် ကျေးဇူးကန်းကြလိမ့်ဦးမည်။❶

❶ လူသားကို ပထမမှာ ဘယ်လောက်ကြိမ်ဖန်များများ ကျေးဇူးပြုထားထား နောက်ဆုံးတစ်ကြိမ် ကျေးဇူးမပြုတာနဲ့ ကျေးဇူးကန်းသွားတဲ့ဓလေ့ကို ပြသထားတာ ဖြစ်တယ်။ ကောင်းမွန်တဲ့အခြေအနေမှာဆိုရင် ပျော်မြူးနေလေ့ရှိကြတယ်။ မကောင်းမွန်တဲ့အခြေအနေရောက်လာရင် ကျေးဇူးကန်းသွားကြတယ်။ အခြေအနေဟာ တစ်ခုတည်းမှာ တည်မြဲနေလေ့မရှိဘူး။ ကိုယ့်ရဲ့ စိတ်နေသဘောထားကိုပဲ အရှင်မြတ်အပေါ်မှာ တည်မြဲအောင် ကြိုးစားရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

فَإِنَّكَ لَا تُسْمِعُ الْمَوْتَىٰ وَلَا تُسْمِعُ الصُّمَّ الدُّعَاءَ إِذَا وَلَّوْا مُدْبِرِينَ ﴿٥٢﴾

(၅၂) ထို့နောက် အမှန်ပင် အသင်(တမန်တော်)သည် (မိမိ၏စကားကို) သေသူများအား ကြားစေနိုင်သည်မဟုတ်ပေ။❷ ထို့ပြင် အသင်သည် နားပင်းသူများအားလည်း သူတို့ကျောခိုင်းလှည့်ထွက်သွားသည့်အခါ (မိမိ၏)ဟစ်ခေါ်သံကို ကြားစေနိုင်သည်မဟုတ်ပေ။

❷ သေသူတွေဟာ ကြားနိုင်ခြင်းရှိ မရှိနဲ့ပတ်သက်ပြီး အကွဲအလွဲဖွင့်ဆိုချက်များကို မုဖ်သီရ်ဖီးအ်ဆပ် ﷺ ရဲ့အဟ်ကာမွလ်ကုရ်အာန်မှာ လေ့လာနိုင်ပါတယ်။

وَمَآ اَنۡتَ بِهٰدِ الۡعُمۡىِ عَنۡ ضَلٰلَتِهِمۡ ؕ اِنۡ تُسۡمِعُ اِلَّا مَنۡ يُّؤۡمِنُ بِاٰيٰتِنَا فَهُمۡ مُّسۡلِمُوۡنَ ﴿۵۳﴾

(၅၃) ထို့ပြင် အသင်သည် မျက်စိကန်းသူများအားလည်း သူတို့၏ လမ်းလွဲခြင်းမှ (ကယ်တင်ရန်) လမ်းမှန်ကို ညွှန်ကြားပြသနိုင်မည်မဟုတ်ပေ။ အသင်သည် ငါအရှင်မြတ်၏အာယသ်တော်များကို ယုံကြည်၍နာခံသည့်သူများ ကိုသာ ကြားစေနိုင်မည်ဖြစ်သည်။❷

❷ မနာခံတဲ့သူကို နာခံအောင် အရှင်မြတ်က အတင်းအကျပ်လုပ်လိုတဲ့ရည်ရွယ်ချက်မရှိတဲ့အတွက် အသင်တမန်တော်ဟာ သူတို့မနာခံတာကို နာခံအောင်ပြုလုပ်လို့ရမှာမဟုတ်ဘူး။ ပြီးတော့ သူတို့ မနာခံလို့ အသင်စိတ်ပျက်စရာလည်း မလိုဘူး။ အသင့်တာဝန်လည်း မဟုတ်ဘူး။ အသင့်တာဝန် ဟာ အရှင်မြတ်ကို ယုံကြည်လက်ခံတဲ့သူတွေကိုပဲ တရားတော်ကို ပြသပေးဖို့ဖြစ်တယ်လို့ ဆိုလို တာဖြစ်တယ်။ (အလင်းပြကျမ်း)

اَللّٰهُ الَّذِىۡ خَلَقَكُمۡ مِّنۡ ضُعۡفٍ ثُمَّ جَعَلَ مِنۡۢ بَعۡدِ ضُعۡفٍ قُوَّةً ثُمَّ جَعَلَ مِنۡۢ بَعۡدِ قُوَّةٍ ضُعۡفًا وَّ شَيۡبَةً ؕ يَخۡلُقُ مَا يَشَآءُ ۚ وَهُوَ الۡعَلِيۡمُ الۡقَدِيۡرُ ﴿۵۴﴾

(၅၄) အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ချည့်နဲ့ရာမှ ဖန်ဆင်း တော်မူသည့်အရှင်မြတ်ပင်ဖြစ်တော်မူသည်။ ထို့နောက် အရှင်မြတ်သည် ချည့်နဲ့ မှု၏နောက်တွင် အင်အားကို ပြုလုပ်ပေးတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ် သည် အင်အား၏နောက်တွင် ချည့်နဲ့မှုနှင့် အိုမင်းရင့်ရော်မှုကို ပြုလုပ်တော်မူခဲ့ သည်။❻ အရှင်မြတ်သည် အရှင်မြတ် အလိုရှိတော်မူသည့်အရာအား ဖန်ဆင်း တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ အလွန် တတ်စွမ်းနိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

❻ လူသားဟာ မွေးလာတဲ့အချိန်မှာ အင်အားချည့်နဲ့တဲ့အနေအထားမှာပဲ ရှိခဲ့တယ်။ အဲဒီနောက် ကြီးပြင်းလာပြီး အင်အားပြည့်လာခဲ့တယ်။ အဲဒီနောက်တစ်ခါ အိုမင်းတဲ့အရွယ်မှာ အင်အားပြန် ချည့်နဲ့သွားပြန်တယ်။ ဒါတွေဟာ အရှင်မြတ်က အခြေအနေတိုင်းမှာ လူသားကို စမ်းသပ်ဖို့ ပြောင်း လဲမှုတွေ ပြုလုပ်ပေးနေတာဖြစ်တယ်။ အခြေအနေကို စိုးပိုင်တာဟာ အရှင်မြတ်ပဲ ဖြစ်တဲ့အတွက် အရှင်မြတ်အပေါ်မှာပဲ အားကိုးယုံကြည်ပြီး အခြေအနေတိုင်းမှာ အမိန့်နာခံရုံပဲရှိတယ်။ (အလင်းပြကျမ်း)

وَيَوۡمَ تَقُوۡمُ السَّاعَةُ يُقۡسِمُ الۡمُجۡرِمُوۡنَ ۙ مَا لَبِثُوۡا غَيۡرَ سَاعَةٍ ؕ كَذٰلِكَ كَانُوۡا يُؤۡفَكُوۡنَ ﴿۵۵﴾

(၅၅) ထို့ပြင် ကိယာမသ် ဆိုက်ရောက်မည့်နေ့တွင် အပြစ်ကျူးလွန်ခဲ့ ကြသည့်သူများက သူတို့သည် အချိန်အနည်းငယ် ထက်ပိုမနေခဲ့ကြရပေဟု ကျိန်ပြောကြမည်။ သူတို့သည် ထိုသို့ပင် (လောကီတွင် လိမ်လည်ကျိန်ဆိုပြီး) လှည့်စားခံခဲ့ကြရသည်။❼

❼ သူတို့ဟာ လောကမှာ အချိန်အနည်းငယ်ထက် ပိုမနေခဲ့ကြရပါဘူးလို့ ကျိန်ပြောတာဟာ သူတို့

အနေနဲ့ အချိန်လုံလောက်အောင် မပေးတဲ့အတွက် အဲဒီအချိန်အနည်းငယ်လေးနဲ့ ဘာကောင်းမှုတွေလုပ်ဖို့မှ အချိန်မရခဲ့လိုက်ရပါဘူးလို့ စောဒကတက်တာဖြစ်တယ်။ လောကမှာတုန်းကလည်း သူတို့ဟာ ဒီလိုပဲ ကျိန်ကျိန်ပြီး မဟုတ်တာတွေ ပြောဆိုခဲ့ကြတာပဲဖြစ်လို့ အခုတော့ အဲဒီလိမ်လည်ကျိန်ဆိုမှုတွေက သူတို့ကို ဘာမှ အကျိုးမပေးတော့ဘူးဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالَ الَّذِيْنَ اُوْتُوا الْعِلْمَ وَالْاِيْمَانَ لَقَدْ لَبِثْتُمْ فِيْ كِتٰبِ اللّٰهِ اِلٰى يَوْمِ الْبَعْثِ فَهٰذَا يَوْمُ الْبَعْثِ وَلٰكِنَّكُمْ كُنْتُمْ لَا تَعْلَمُوْنَ ﴿٥٦﴾

(၅၆) ထို့ပြင် အသိပညာနှင့် အီမာန်ပေးသနားခံခဲ့ကြရသည့်သူများကမူ "အမှန်စင်စစ် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏မှတ်တမ်းတွင် ပါရှိသည့်အတိုင်း ရှင်ပြန်ထသည့်နေ့အထိနေခဲ့ကြခြင်းဖြစ်သည်။ ထို့နောက် ဤသည် ရှင်ပြန်ထသည့်နေ့ပင် ဖြစ်သည်။ သို့ရာတွင် အသင်တို့သည် မယုံကြည်ခဲ့ကြပေ"❻ ဟု ပြောဆိုကြမည်။

❻ အသင်တို့ကျိန်ပြောသလိုမဟုတ်ဘူး၊ အရှင်မြတ်က အသင်တို့ကို အချိန်လုံလောက်အောင် ပေးခဲ့ပြီးဖြစ်တယ်။ မှတ်တမ်းစာအုပ်ကြီးမှာ သတ်မှတ်ထားတဲ့အချိန်နေ့ရက်ရောက်မှပဲ ကိယာမသ် ဖြစ်ခဲ့တာဖြစ်တယ်လို့ အသိရှိသူတွေက ပြန်လည်ချေပပြောဆိုကြလိမ့်မယ်။ (အလင်းပြကျမ်း)

فَيَوْمَئِذٍ لَّا يَنْفَعُ الَّذِيْنَ ظَلَمُوْا مَعْذِرَتُهُمْ وَلَا هُمْ يُسْتَعْتَبُوْنَ ﴿٥٧﴾

(၅၇) ထို့ပြင် ထိုနေ့တွင် မတရားပြုလုပ်ခဲ့ကြသည့်သူများကို သူတို့၏ အကြောင်းပြချက်သည် အကျိုးပေးမည်မဟုတ်ပေ။ ထို့ပြင် သူတို့သည် အရှင်မြတ်အား ကျေနပ်အောင် နှစ်သိမ့်ခိုင်းခြင်းခံရမည်လည်းမဟုတ်ပေ။

وَلَقَدْ ضَرَبْنَا لِلنَّاسِ فِيْ هٰذَا الْقُرْاٰنِ مِنْ كُلِّ مَثَلٍ وَلَئِنْ جِئْتَهُمْ بِاٰيَةٍ لَّيَقُوْلَنَّ الَّذِيْنَ كَفَرُوْٓا اِنْ اَنْتُمْ اِلَّا مُبْطِلُوْنَ ﴿٥٨﴾

(၅၈) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် လူများအတွက် ဤကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ပမာမျိုးစုံကို ခိုင်းနှိုင်းပြထားတော်မူသည်။ ထို့နောက် အကယ်၍ အသင်သည် သူတို့ထံသို့ (အဘယ်မျှကြီးသည့်)သက်သေသာဓကတစ်ခုကိုဖြစ်စေ ယူဆောင်လာခဲ့လျှင်လည်း အမှန်စင်စစ် ငြင်းပယ်သူများက "အသင်တို့သည် (မှော်အတတ်နှင့်) အမှားပြုလုပ်(လိမ်လည်ကြံရွယ်)သူများပင် ဖြစ်ကြသည်"ဟု ပြောဆိုကြမည်ပင် ဖြစ်သည်။

كَذٰلِكَ يَطْبَعُ اللّٰهُ عَلٰى قُلُوْبِ الَّذِيْنَ لَا يَعْلَمُوْنَ ﴿٥٩﴾

(၅၉) အလ္လာဟ်အရှင်မြတ်သည် မသိနားမလည်သည့်(အပြင် နားလည်ရန်ပင် မလိုလားသော)သူများ၏ စိတ်နှလုံးများအပေါ်တွင် ထိုသို့ပင် တံဆိပ်

ခတ်နှိပ်တော်မူသည်။

فَاصۡبِرۡ اِنَّ وَعۡدَ اللّٰهِ حَقٌّ وَّلَا يَسۡتَخِفَّنَّكَ الَّذِيۡنَ لَا يُوۡقِنُوۡنَ ﴿٦٠﴾

(၆၀) သို့ဖြစ်ရာ အသင်(တမန်တော်)သည် သည်းခံပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ကတိတော်သည် မှန်ကန်သောကတိတော်ပင် ဖြစ်သည်။ ထို့ပြင် (ပွင့်လင်းမြင်သာသော သက်သေလက္ခဏာအထောက်အထားများအား) မယုံကြည်သူများက အသင့်ကို (သည်းမခံနိုင်သည်အထိ စိတ်)ကျဉ်းကျပ်ချည့်နဲ့မှုမျိုးဖြစ်အောင် မပြုလုပ်စေနှင့်။❶

❶ အမှန်တရားကို ပို့ချတဲ့နေရာမှာ အမှန်ကိုလက်မခံတဲ့သူတွေက အမျိုးမျိုးစောဒကတက်ကြမှာပဲဖြစ်တယ်။အမျိုးမျိုးမကောင်းပြောကြမှာပဲဖြစ်တယ်။အဲဒီအတွက် သူတို့တစ်တွေရဲ့စကားတွေကို နားထောင်ပြီး စိတ်ပျက်အားလျော့တာမျိုးဖြစ်ဖြစ်၊ ဒေါသထွက်ပြီး တရားမဟောချင်တော့တာမျိုး ဖြစ်ဖြစ်၊ ဘာဖြစ်လို့ လက်မခံရမလဲလို့ စိတ်ကျဉ်းကျပ်နေတာမျိုးဖြစ်ဖြစ် တမန်တော် ﷺ ဟာ ဖြစ်စရာမလိုဘူးလို့ ဆိုလိုတာဖြစ်တယ်။ သူတို့ကို ဘယ်လိုနည်းနဲ့ပဲ အမှန်ကိုပြပြ သူတို့ဟာ လက်မခံတော့ဘူးဆိုတာ သိလို့ သူတို့ရဲ့စိတ်နလုံးတွေပေါ်မှာ တံဆိပ်ခတ်နှိပ်ထားလိုက်ပြီဖြစ်တယ်။ အဲဒါကြောင့် အသင်ဟာ သူတို့အတွက်နဲ့ ဝမ်းနည်းစရာ၊ စိတ်ပျက်စရာ၊ မခံနိုင်စရာဖြစ်ဖို့ မလိုတော့ဘူး ဖြစ်တယ်။ (အလင်းပြကျမ်း)

=====================================================================

ركوعاتها ٤ ٣١ سُوْرَةُ لُقْمٰنَ مَكِّيَّةٌ ٥٧ اٰياتها ٣٤

# စူရဟ် လွတ်ကမာန် (လွတ်ကမာန်ကဏ္ဍ) سُوْرَةُ لُقْمٰنَ

=====================================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

الٓمّٓ ۚ ﴿١﴾

(၁) အလိဖ် လာမ် မီမ် ။

تِلۡكَ اٰيٰتُ الۡكِتٰبِ الۡحَكِيۡمِ ۙ ﴿٢﴾

(၂) ဤသည် ဉာဏ်ပညာနှင့်ပြည့်စုံသော ကျမ်းဂန်၏အာယသ်တော်များဖြစ်သည်။

هُدًى وَّ رَحۡمَةً لِّلۡمُحۡسِنِيۡنَ ۙ ﴿٣﴾

(၃) (ထိုအာယသ်တော်များသည်) ကောင်းကျိုးဆောင်သည့်သူများအတွက် လမ်းမှန်ညွှန်ကြားပြသချက်နှင့် ကရုဏာတော်ဖြစ်သည်။

الَّذِيۡنَ يُقِيۡمُوۡنَ الصَّلٰوةَ وَيُؤۡتُوۡنَ الزَّكٰوةَ وَهُمۡ بِالۡاٰخِرَةِ هُمۡ يُوۡقِنُوۡنَ ؕ ﴿٤﴾

(၄) ထိုသူများသည် စွလာသ်ဝတ်ပြုမှုကို တည်ဆောက်ကြသည်။ ထို့ပြင် ဇကာသ်(ဆင်းရဲသားနှင့် လိုအပ်သူများ၏ဝေစု)ကိုလည်း ပေးဆောင်ကြသည်။ ထို့ပြင် သူတို့သည် တမလွန်ဘဝကိုလည်း ယုံကြည်ကြသည်။

اُولٰٓئِكَ عَلٰى هُدًى مِّنۡ رَّبِّهِمۡ وَاُولٰٓئِكَ هُمُ الۡمُفۡلِحُوۡنَ ﴿٥﴾

(၅) သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ တရားလမ်းမှန်ပေါ်တွင် ရှိကြသည်။ သူတို့ပင် အောင်မြင်မှုရရှိသူများဖြစ်ကြသည်။

وَمِنَ النَّاسِ مَنۡ يَّشۡتَرِىۡ لَهۡوَ الۡحَدِيۡثِ لِيُضِلَّ عَنۡ سَبِيۡلِ اللّٰهِ بِغَيۡرِ عِلۡمٍ ۖ وَّيَتَّخِذَهَا هُزُوًا ؕ اُولٰٓئِكَ لَهُمۡ عَذَابٌ مُّهِيۡنٌ ﴿٦﴾

(၆) ထို့ပြင် လူများထဲတွင် အသိပညာအထောက်အထားမရှိဘဲ (သူတစ်ပါးအား) အလ္လာဟ်အရှင်မြတ်၏လမ်းမှ လွဲချော်အောင်အတွက်နှင့် ထိုလမ်းကို ပြောင်လှောင်မှုပြုလုပ်ရန်အတွက် အကျိုးမဲ့စကား[၂] ကို ဝယ်ယူသူလည်းရှိ

သည်။ ထိုသူများအတွက် သေးသိမ်စေသော ပြစ်ဒဏ်ရှိသည်။

**J** لَهْوَ الْحَدِيْثِ အကျိုးမဲ့စကားဆိုတာ အလ္လာဟ်အရှင်မြတ်အတွက်ဝတ်ပြုခြင်း၊ အလ္လာဟ်အရှင်မြတ်ကို သတိရခြင်း၊ ကုရ်အာန်လေ့လာခြင်း စတဲ့ အရှင်မြတ်နဲ့သက်ဆိုင်တဲ့ ကိစ္စရပ်တွေကနေ အသင့်ကို အတားအဆီးဖြစ်စေတဲ့အရာအားလုံးကို ဆိုလိုတယ်။ ဥပမာ-အကျိုးမရှိတဲ့ ပုံပြင်၊ ဟာသပြောခြင်း၊ အကျိုးမဲ့လုပ်ရပ်တွေမှာ နစ်မွန်းခြင်း၊ သီချင်း၊ အတီးအမှုတ်၊ ရုပ်ရှင် စတာတွေထဲမှာ နစ်မွန်းနေခြင်း။ အဲဒါတွေကို ဝယ်ယူတယ်လို့ဆိုတာဟာ ကုရ်အာန်အပေါ်မှာ ပညာသင်နဲ့ ပညာရှင်အဆင့်လိုက် ကြိုးပမ်းရမဲ့အစား အဲဒီအရာတွေကို ရွေးချယ်လိုက်တဲ့အတွက် အလဲအလှယ်ဖြစ်နေလို့ ဝယ်ယူတဲ့ စကားလုံးကို သုံးထားတာဖြစ်တယ်။ (ရူးဟွလ် မအာနီ)

عن ابن عباس أنه قال: لَهْوَ الْحَدِيْثِ هو الغناء، وأشباهه،

وعلى جميع ذلك يكون الاشتراء استعارة لاختياره على القرآن واستبداله به (روح المعاني)

وَاِذَا تُتْلٰى عَلَيْهِ اٰيٰتُنَا وَلّٰى مُسْتَكْبِرًا كَاَنْ لَّمْ يَسْمَعْهَا كَاَنَّ فِيْٓ اُذُنَيْهِ وَقْرًا ۚ فَبَشِّرْهُ بِعَذَابٍ اَلِيْمٍ ﴿٧﴾

(၇) ထို့ပြင် သူ၏ရှေ့၌ ငါအရှင်မြတ်၏ အာယသ်တော်များဖတ်ကြားသည့်အခါ သူသည် ၎င်း(အာယသ်တော်များ)အား မကြားသည့်ပမာနှင့် သူ၏နားနှစ်ဖက်သည် ပင်းနေသကဲ့သို့ မာနထောင်လျက် မျက်နှာလွှဲသွားသည်။ သို့ဖြစ်ရာ အသင်(တမန်တော်)သည် သူ့အားနာကျင်စေသည့်ပြစ်ဒဏ်နှင့် ပတ်သက်သော သတင်းကို ပြောလိုက်ပါ။

اِنَّ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَهُمْ جَنّٰتُ النَّعِيْمِ ﴿٨﴾

(၈) အမှန်စင်စစ် အီမာန်ယုံကြည်၍ ကောင်းမြတ်သည့်လုပ်ရပ်များအား ပြုလုပ်ကြသူများအတွက် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော ဥယျာဉ်များရှိသည်။

خٰلِدِيْنَ فِيْهَا ۭ وَعْدَ اللّٰهِ حَقًّا ۭ وَهُوَ الْعَزِيْزُ الْحَكِيْمُ ﴿٩﴾

(၉) (သူတို့သည်) ထိုဥယျာဉ်များတွင် အမြဲနေကြရမည်။ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ကတိတော်ကို မှန်ကန်စွာ ပြုတော်မူထားသည်။ ထို့ပြင် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့်အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

خَلَقَ السَّمٰوٰتِ بِغَيْرِ عَمَدٍ تَرَوْنَهَا وَاَلْقٰى فِى الْاَرْضِ رَوَاسِيَ اَنْ تَمِيْدَ بِكُمْ وَبَثَّ فِيْهَا مِنْ كُلِّ دَآبَّةٍ ۭ وَاَنْزَلْنَا مِنَ السَّمَاۗءِ مَاۗءً فَاَنْۢبَتْنَا فِيْهَا مِنْ كُلِّ زَوْجٍ كَرِيْمٍ ﴿١٠﴾

(၁၀) အရှင်မြတ်သည် မိုးကောင်းကင်များအား အသင်တို့ တွေ့မြင်နိုင်သည့်တိုင်များမပါဘဲ ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် မြေပထဝီတွင် ၎င်းသည် အသင်တို့နှင့် ယိုင်မသွားစေရန် တောင်များအား (ကျောက်ဆူးကဲ့သို့) ချထားတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် ၎င်း(မြေ)ပေါ်တွင် သတ္တဝါ

အမျိုးမျိုးအား ပြန့်ပွားစေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို ချပေးတော်မူပြီးနောက် ၎င်း(မြေ)တွင် ကောင်းမြတ်သော (အပင်)အမျိုးမျိုးကို ပေါက်ရောက်စေတော်မူခဲ့သည်။

هٰذَا خَلْقُ اللّٰهِ فَاَرُوْنِىْ مَاذَا خَلَقَ الَّذِيْنَ مِنْ دُوْنِهٖ ۗ بَلِ الظّٰلِمُوْنَ فِىْ ضَلٰلٍ مُّبِيْنٍ ﴿١١﴾

(၁၁) ဤအရာများသည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုများပင်ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြားသူများက မည်သည့်အရာများအား ဖန်ဆင်းခဲ့ကြသနည်းဆိုသည်ကို ငါ့အားပြကြပါ။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် မတရားသူများသည် ထင်ရှားသော လမ်းလွဲမှုထဲတွင် ရှိနေကြခြင်းဖြစ်သည်။❶

❶ ဒီအာယသ်တော်မှာ မတရားသူတွေဆိုတာ မုရှ်ရိက်တွေကို ဆိုလိုတယ်။ သူတို့ဖက်စပ်ကိုးကွယ်တဲ့အရာတွေဟာ ဘာတစ်ခုကိုမှ ဖန်ဆင်းထားတာမရှိပါဘဲလျက်နဲ့ အရှင်မြတ်နဲ့ တွဲဖက်ပြုလုပ်တာဟာ အလွန်ပဲ မတရားမှုကြီးဖြစ်တယ်။ သူတို့ဟာ လုံး၀ လမ်းလွဲနေကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدْ اٰتَيْنَا لُقْمٰنَ الْحِكْمَةَ اَنِ اشْكُرْ لِلّٰهِ ۗ وَمَنْ يَّشْكُرْ فَاِنَّمَا يَشْكُرُ لِنَفْسِهٖ ۚ وَمَنْ كَفَرَ فَاِنَّ اللّٰهَ غَنِىٌّ حَمِيْدٌ ﴿١٢﴾

(၁၂) ထို့ပြင် အမှန်ပင် ငါအရှင်မြတ်သည် လွတ်က်မာန်ကို ဉာဏ်ပညာအမြော်အမြင် ပေးသနားတော်မူခဲ့သည်။❷ (သို့ဖြစ်ရာ) အသင်သည် အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ပါ။❸ ထို့ပြင် မည်သူမဆို ကျေးဇူးတင်လျှင် မိမိအတွက် ကျေးဇူးတင်ခြင်းသာဖြစ်သည်။ ထို့ပြင် မည်သူမဆို ကျေးဇူးကန်းခဲ့လျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းပြီး ပြည့်စုံကြွယ်၀တော်မူသောအရှင်၊ ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင်ဖြစ်တော်မူသည်။ (ထိုကျေးဇူးကန်းခြင်းသည် အလ္လာဟ်အရှင်မြတ်အား မည်သို့မျှ ထိခိုက်နစ်နာစေမည်မဟုတ်ပေ။)

❷ သူ့ကို အရှင်မြတ်က ဉာဏ်ပညာတွေ ပေးတော်မူခဲ့တဲ့အတွက် သူဟာ တမန်တော်မဖြစ်ဘဲနဲ့ တမန်တော်တွေရဲ့အချို့စကားတွေနဲ့တူအောင် ပြောနိုင်ခဲ့တာ ဖြစ်တယ်။ ဉာဏ်ပညာရှိတဲ့သူဟာ တမန်တော်တွေရဲ့စကားကို မကြားဖူးရင်တောင်မှ သူ့ရဲ့အသိပညာနဲ့ အရှင်မြတ်တစ်ပါးတည်းကိုပဲ ကိုးကွယ်ရမယ်ဆိုတာကို သိရှိနိုင်တဲ့အကြောင်း အရှင်မြတ်က ဥပမာတင်ပြတဲ့သဘောလည်းဖြစ်တယ်။(သိတဲ့အတိုင်းလိုက်နာခြင်းဟာ ဉာဏ်ပညာထဲကပဲဖြစ်တယ်။) (အလင်းပြကျမ်း)

❸ ပညာအစစ်အမှန်ကို အရှင်မြတ်ကပဲ ပေးနိုင်တာဖြစ်တဲ့အတွက် အရှင်မြတ်ကိုပဲ ကျေးဇူးတင်ခိုင်းထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِذْ قَالَ لُقْمٰنُ لِابْنِهٖ وَهُوَ يَعِظُهٗ يٰبُنَىَّ لَا تُشْرِكْ بِاللّٰهِ ؕ اِنَّ الشِّرْكَ لَظُلْمٌ عَظِيْمٌ ﴿١٣﴾

(၁၃) ထို့ပြင် တစ်ခါတွင် လွတ်က်မာန်သည် သူ၏သားကို (ဤသို့) ဆုံးမလျက် သူက ပြောဆိုခဲ့သည်၊ "အို- ချစ်သား၊ အသင်သည် အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်မှု မပြုနှင့်။ အမှန်စင်စစ် တွဲဖက်ကိုးကွယ်ခြင်းသည် အမှန်ပင် ကြီးလေးသော မတရားမှု ဖြစ်သည်။"၆

၆ အရှင်မြတ်ဟာ ဖန်ဆင်းတဲ့အရှင်သခင် ဖြစ်တယ်။ ကျန်တဲ့သူအားလုံးဟာ ဖန်ဆင်းခံကျွန်တွေဖြစ်တယ်။ အရှင်မြတ်ကလွဲပြီး ဘယ်သူ့ကိုပဲ တွဲဖက်တာဖြစ်ဖြစ် ကျွန်နဲ့သခင်ကို တွဲဖက်တာပဲဖြစ်နေတယ်။ ကျွန်နဲ့သခင်ဟာ ဘာမှ အတူတူမဖြစ်နိုင်တာမှန်းသိသိကြီးနဲ့ တွဲဖက်တာဟာ ဘယ်သူမှ လက်မခံနိုင်တဲ့ မတရားမှုကြီး ဖြစ်နေတယ်။

(မအာရိဖွလ်ကုရ်အာန်၊ သိုင်စီရွလ်ကရီမိရ်ရဟ်မာန်၊ အွဆ်မာနီ)

وَوَصَّيْنَا الْاِنْسَانَ بِوَالِدَيْهِ ۚ حَمَلَتْهُ اُمُّهٗ وَهْنًا عَلٰى وَهْنٍ وَّفِصٰلُهٗ فِيْ عَامَيْنِ اَنِ اشْكُرْ لِيْ وَ
لِوَالِدَيْكَ ؕ اِلَيَّ الْمَصِيْرُ ﴿١٤﴾

(၁၄) ထို့ပြင် ငါအရှင်မြတ်သည် လူသားအား သူ၏မိဘနှစ်ပါးနှင့် ပတ်သက်၍ အမိန့်ပေးတော်မူခဲ့သည်။ သူ၏မိခင်သည် ချည့်နဲ့မှုအပေါ်တွင် ချည့်နဲ့မှုဖြင့် သူ့အား လွယ်ပိုက်ထားခဲ့သည်။ ထို့ပြင် ၂နှစ်ရောက်သည့်အခါ(မှသာလျှင်) နို့ဖြတ်သည်။ (သို့ဖြစ်ရာ) အသင်သည် ငါအရှင်မြတ်နှင့် အသင်၏မိဘနှစ်ပါးအား ကျေးဇူးတင်ပါ။ (အသင်၏)ပြန်လှည့်ရာဌာနသည် ငါအရှင်မြတ်ထံတော်၌သာဖြစ်သည်။၇

၇ ဒီနေရာမှာ မိဘဝတ္တရားကို ကျေပွန်ဖို့နဲ့ အရှင်မြတ်ရဲ့ ဝတ္တရားကို ကျေပွန်ဖို့ မိန့်ထားတာဖြစ်တယ်။

(အလင်းပြကျမ်း)

وَاِنْ جَاهَدٰكَ عَلٰٓى اَنْ تُشْرِكَ بِيْ مَا لَيْسَ لَكَ بِهٖ عِلْمٌ ۙ فَلَا تُطِعْهُمَا وَصَاحِبْهُمَا فِي الدُّنْيَا
مَعْرُوْفًا ۖ وَّاتَّبِعْ سَبِيْلَ مَنْ اَنَابَ اِلَيَّ ۚ ثُمَّ اِلَيَّ مَرْجِعُكُمْ فَاُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ﴿١٥﴾

(၁၅) ထို့ပြင် အကယ်၍ ထိုမိဘနှစ်ပါးက အသင့်တွင် အထောက်အထား မရှိသည့်အရာတစ်စုံတစ်ခုကို ငါအရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ရန် အသင့်အား အကျပ်ကိုင်ကြိုးစားခဲ့လျှင် အသင်သည် ထိုမိဘနှစ်ပါး(၏ ထိုအမိန့်)ကို မနာခံနှင့်။၈ ထို့ပြင် အသင်သည် လောကတွင် ထိုမိဘနှစ်ပါးနှင့် ကောင်းမွန်စွာဆက်ဆံပါ။ ထို့ပြင် အသင်သည် ငါအရှင်မြတ်ဘက်သို့ တစ်စိတ်တစ်လက်ဖြင့် ပြန်လှည့်သူ၏လမ်းစဉ်ကို လိုက်နာပါ။ ထို့နောက် အသင်တို့၏ပြန်လှည့်ရာသည် ငါအရှင်မြတ်ထံတော်သို့ပင် ဖြစ်သည်။ ထို့နောက် ငါအရှင်မြတ်သည် အသင်တို့ ပြုလုပ်ခဲ့ကြသည်များကို အသင်တို့အား အသိပေးတော်မူမည်ဖြစ်သည်။

၈ ဒီနှစ်ခုယှဉ်လာရင် အရှင်မြတ်ရဲ့ဝတ္တရားနဲ့ဆန့်ကျင်ပြီး မိဘရဲ့ဝတ္တရားကို မလိုက်နာဖို့ ဥပဒေ

ပြဋ္ဌာန်းလိုက်တာဖြစ်တယ်။ အရှင်မြတ်ထံတော်ကို ပြန်လာရမှာဖြစ်တဲ့အတွက် အရှင်မြတ်ရဲ့အမိန့်ကို ဦးစားပေးဖို့မိန့်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

يٰبُنَيَّ اِنَّهَآ اِنْ تَكُ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ فَتَكُنْ فِيْ صَخْرَةٍ اَوْ فِي السَّمٰوٰتِ اَوْ فِي الْاَرْضِ يَاْتِ بِهَا اللّٰهُ ۭ اِنَّ اللّٰهَ لَطِيْفٌ خَبِيْرٌ ﴿١٦﴾

(၁၆) (လွတ်ကမာန်က မိမိသားကို ဆုံးမသည်မှာ)အို- ချစ်သား၊ အမှန်စင်စစ် (အကောင်း သို့မဟုတ် အဆိုး)လုပ်ရပ်တစ်စုံတစ်ခုသည် မုန်ညင်းစေ့အလေးချိန်ခန့်မျှသာဖြစ်ပြီး၊ ကျောက်ဆောင်တစ်စုံတစ်ခုတွင် ရှိနေသည်ပင်ဖြစ်စေ၊ မိုးကောင်းကင်များတွင် ရှိနေသည်ပင်ဖြစ်စေ၊ မြေကြီးအတွင်း၌ ရှိနေသည်ပင်ဖြစ်စေ အလ္လာဟ်အရှင်မြတ်သည် ထိုလုပ်ရပ်ကို (အရှင်မြတ်ရှေ့၌) အသင့်ရောက်စေတော်မူမည်ပင် ဖြစ်သည်။❶ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်သိမ်မွေ့တော်မူသောအရှင်၊ အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ လုပ်ရပ်ဟူသမျှဟာ သေးသေး ကြီးကြီး ဘယ်နေရာမှာပဲလုပ်လုပ် အရှင်မြတ်ဟာ သိမြင်နေတဲ့အတွက် မကောင်းတာမလုပ်မိဖို့ သူ့သားကို ဆုံးမတာဖြစ်တယ်။ (အလင်းပြကျမ်း)

يٰبُنَيَّ اَقِمِ الصَّلٰوةَ وَاْمُرْ بِالْمَعْرُوْفِ وَانْهَ عَنِ الْمُنْكَرِ وَاصْبِرْ عَلٰي مَآ اَصَابَكَ ۭ اِنَّ ذٰلِكَ مِنْ عَزْمِ الْاُمُوْرِ ﴿١٧﴾

(၁၇) အို- ချစ်သား၊ အသင်သည် စွလာသ်ဝတ်ပြုမှုကို တည်ဆောက်ပါ။ ထို့ပြင် အသင်သည် ကောင်းမှုနှင့်ပတ်သက်၍ ညွှန်ကြားပါ။ ထို့ပြင် အသင်သည် မကောင်းမှုမှတားမြစ်ပါ။ ထို့ပြင် အသင်သည် အသင့်တွင် ကျရောက်သည့်ဒုက္ခအပေါ်တွင် ကြံ့ကြံ့ခံပါ။ အမှန်စင်စစ် ထိုအရာသည် ဖွဲ့သတ္တိနှင့်ဆိုင်သော အမှုကိစ္စများထဲမှပင် ဖြစ်သည်။

وَلَا تُصَعِّرْ خَدَّكَ لِلنَّاسِ وَلَا تَمْشِ فِي الْاَرْضِ مَرَحًا ۭ اِنَّ اللّٰهَ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُوْرٍ ﴿١٨﴾

(၁၈) ထို့ပြင် အသင်သည် လူများရှေ့၌ အသင်၏မျက်နှာကို (မျက်နှာချင်းမဆိုင်လိုသည့်ပုံစံမျိုးနှင့်) လှည့်မထားနှင့်။ ထို့ပြင်အသင်သည် မြေပေါ်တွင် မော်ကြွားပြီး လမ်းမလျှောက်နှင့်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မည်သည့်အထင်ကြီးသူ၊ ဂုဏ်မောက်သူကိုမျှ နှစ်သက်တော်မမူပေ။

وَاقْصِدْ فِيْ مَشْيِكَ وَاغْضُضْ مِنْ صَوْتِكَ ۭ اِنَّ اَنْكَرَ الْاَصْوَاتِ لَصَوْتُ الْحَمِيْرِ ﴿١٩﴾

(၁၉) ထို့ပြင် အသင်သည် အသင်၏လမ်းလျှောက်မှုတွင် အလယ်

အလတ်ပြုလုပ်ပါ။ (သိက္ခာစောင့်စည်းပါ)။ ထို့ပြင် အသင်သည် အသင်၏အသံကို နှိမ့်ချပါ။ အမှန်စင်စစ် စက်ဆုပ်ဖွယ်အဖြစ်ဆုံးအသံကမူ မြည်း၏အသံပင်ဖြစ်သည်။[၁]

[၁] အသံကို နှိမ့်ချပြောပါ၊ အော်ကြီးဟစ်ကျယ်ပြောတာဟာ နှစ်မြို့ဖွယ်ရာမဟုတ်ဘူး။ မြည်းရဲ့အသံဟာ အဆိုးဆုံးပဲဖြစ်တယ်။ (အလင်းပြကျမ်း)

اَلَمْ تَرَوْا اَنَّ اللّٰهَ سَخَّرَ لَكُمْ مَّا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ وَاَسْبَغَ عَلَيْكُمْ نِعَمَهٗ ظَاهِرَةً وَّ
بَاطِنَةً ؕ وَمِنَ النَّاسِ مَنْ يُّجَادِلُ فِى اللّٰهِ بِغَيْرِ عِلْمٍ وَّلَا هُدًى وَّلَا كِتٰبٍ مُّنِيْرٍ ﴿٢٠﴾

(၂၀) အသင်တို့သည် မမြင်ခဲ့ကြသလော၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့(အကျိုး)အတွက် မိုးကောင်းကင်များတွင်ရှိသောအရာများနှင့် မြေပထဝီတွင် ရှိသောအရာများကို အသုံးချထားတော်မူခဲ့သည်။[၂] ထို့ပြင် ထိုအရှင်မြတ်သည် အရှင်မြတ်၏ မြင်သာသော ကျေးဇူးတော်များနှင့် မမြင်သာသော ကျေးဇူးတော်များအား[၃] အသင်တို့အပေါ်တွင် ပြည့်စုံစွာ ချပေးတော်မူခဲ့သည်။ ထို့ပြင် လူများထဲမှ အချို့သည် မည်သည့်ပညာမျှမရှိ၊ မည်သည့်လမ်းညွှန်မှုမျှမရှိ၊ မည်သည့်အလင်းပြကျမ်းမျှ မရှိဘဲလျက် အလ္လာဟ်အရှင်မြတ် (တစ်ပါးတည်းသာ ကိုးကွယ်ခြင်းခံထိုက်မှု)နှင့်ပတ်သက်၍ အငြင်းအခုံ ပြုလုပ်လေ့ရှိကြသည်။[၄]

[၂] မိုးမြေမှာရှိသမျှအရာတွေဟာ လူသားတွေ အသုံးပြုလို့ရအောင် အသုံးခံတွေအဖြစ် အရှင်မြတ်က ပြုလုပ်ပေးထားတာဖြစ်တယ်။ အဲဒီအရှင်မြတ်ရဲ့ ကျေးဇူးတော်ကိုသိပြီး သူဟာ အရှင်မြတ်ရဲ့ အမိန့်နာခံဖို့လိုတယ်ဆိုတဲ့အသိတရားရှိရမှာဖြစ်တယ်။ (အလင်းပြကျမ်း) [၃] ထင်ရှားတဲ့ ကျေးဇူးဆိုတာ အာရုံငါးပါးနဲ့ခံစားလို့ရတဲ့ကျေးဇူး ဒါမှမဟုတ် ရုပ်လောကဆိုင်ရာကျေးဇူးကို ဆိုလိုတယ်။ မထင်ရှားတဲ့ကျေးဇူးဆိုတာ အသိဉာဏ်နဲ့ပဲ စဉ်းစားလို့ရတဲ့ကျေးဇူး ဒါမှမဟုတ် နာမ်လောကဆိုင်ရာကျေးဇူးကို ဆိုလိုတယ်။ (အလင်းပြကျမ်း) [၄] တချို့သူတွေဟာ မိရိုးဖလာထုံးတမ်းစဉ်လာနောက်ကိုလိုက်ပြီး သူတို့မှာ ဘာမှအထောက်အထားမရှိဘဲနဲ့ အငြင်းအခုံပြုလုပ်လေ့ရှိကြတယ်။ (အလင်းပြကျမ်း)

وَاِذَا قِيْلَ لَهُمُ اتَّبِعُوْا مَاۤ اَنْزَلَ اللّٰهُ قَالُوْا بَلْ نَتَّبِعُ مَا وَجَدْنَا عَلَيْهِ اٰبَآءَنَا ؕ اَوَلَوْ كَانَ الشَّيْطٰنُ
يَدْعُوْهُمْ اِلٰى عَذَابِ السَّعِيْرِ ﴿٢١﴾

(၂၁) ထို့ပြင် သူတို့အား အသင်တို့သည် အလ္လာဟ်အရှင်မြတ် ချပေးသနားတော်မူခဲ့သည်ကို လိုက်နာကြပါဟု ပြောခဲ့လျှင်၊ သူတို့က ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးများ လိုက်နာခဲ့ကြသည်ကို တွေ့ရှိကြရသည့်လမ်းစဉ်ကိုပင် ကျွန်ုပ်တို့ လိုက်နာကြမည်ဟု ဖြေ

ကြားခဲ့ကြသည်။ ထိုအဘ၊ ဘိုး၊ ဘေးများကို ရှိုင်သွာန်သည် ငရဲဘုံ၏ ပြစ်ဒဏ်ဘက်သို့ ဖိတ်ခေါ်နေသည်ဆိုလျှင်လည်း (သူတို့သည် ထိုသူများ၏လမ်းစဉ်ကို လိုက်နာကြဦးမည်လော)။

وَمَنْ يُّسْلِمْ وَجْهَهٗٓ اِلَى اللّٰهِ وَهُوَ مُحْسِنٌ فَقَدِ اسْتَمْسَكَ بِالْعُرْوَةِ الْوُثْقٰى ۗ وَاِلَى اللّٰهِ عَاقِبَةُ الْاُمُوْرِ ﴿٢٢﴾

(၂၂) ထို့ပြင် မည်သူမဆို (အမှန်နောက်လိုက်ပြီး) မိမိ၏ဦးတည်ချက်ကို အလ္လာဟ်အရှင်မြတ်ဘက်သို့လှည့်၍ (လိုက်နာမှုပြုလျှင်) ထိုသူသည် (စိတ်ထားကောင်းမွန်စွာဖြင့်) ကောင်းကျိုးဆောင်ရွက်သူလည်းဖြစ်လျှင် အမှန်စင်စစ် ထိုသူသည် ခိုင်မြဲသော ကြိုးကွင်းကို ဆွဲကိုင်ထားလိုက်ပြီဖြစ်သည်။ ထို့ပြင် ကိစ္စဟူသမျှ၏အဆုံးရလဒ်သည် အလ္လာဟ်အရှင်မြတ်ထံတော်၌သာ ဖြစ်သည်။❶

❶ အစ္စလာမ်ရဲ့ကြိုးကွင်းကို ခိုင်ခိုင်မြဲမြဲဆုပ်ကိုင်ထားရင် လမ်းလွဲစရာ ပြုတ်ကျစရာမရှိတော့ဘဲ နောက်ဆုံး အရှင်မြတ်ထံတော်ကို ရောက်ရှိသွားမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَنْ كَفَرَ فَلَا يَحْزُنْكَ كُفْرُهٗ ۗ اِلَيْنَا مَرْجِعُهُمْ فَنُنَبِّئُهُمْ بِمَا عَمِلُوْا ۗ اِنَّ اللّٰهَ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ﴿٢٣﴾

(၂၃) ထို့ပြင် မည်သူမဆို ငြင်းပယ်ခဲ့လျှင်၊ သူ၏ငြင်းပယ်မှုကြောင့် အသင်(တမန်တော်)မပူဆွေးပါနှင့်။ သူတို့၏ပြန်လည်ရာသည် ငါအရှင်မြတ်ထံတော်သို့သာဖြစ်သည်။ ထို့နောက် ငါအရှင်မြတ်သည် သူတို့ပြုလုပ်ခဲ့သည်များကို အသိပေးတော်မူမည်ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် စိတ်နှလုံးများထဲတွင် (လျှို့ဝှက်ထား)ရှိသည်များကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

نُمَتِّعُهُمْ قَلِيْلًا ثُمَّ نَضْطَرُّهُمْ اِلٰى عَذَابٍ غَلِيْظٍ ﴿٢٤﴾

(၂၄) ငါအရှင်မြတ်သည် သူတို့အား အချိန်အနည်းငယ်ပင် အကျိုးခံစားခွင့်ပေးတော်မူသည်။ ထို့နောက် ငါအရှင်မြတ်သည် သူတို့အား ပြင်းထန်သော ပြစ်ဒဏ်သို့ မလွှဲမသွေ မောင်းနှင်ပို့ဆောင်တော်မူမည် ဖြစ်သည်။

وَلَئِنْ سَاَلْتَهُمْ مَّنْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ لَيَقُوْلُنَّ اللّٰهُ ۗ قُلِ الْحَمْدُ لِلّٰهِ ۗ بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ﴿٢٥﴾

(၂၅) ထို့ပြင် အကယ်၍ အသင်သည် သူတို့အား မိုးကောင်းကင်များနှင့် မြေပထဝီကို မည်သူဖန်ဆင်းခဲ့သနည်းဟု မေးလျှင် အမှန်စင်စစ် သူတို့က အလ္လာဟ်အရှင်မြတ်ပင်ဟု ပြောဆိုကြလိမ့်မည်။ (အို-တမန်တော်)အသင်ပြောလိုက်ပါ- ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်ပင်ဖြစ်သည်။ သို့ရာတွင် သူတို့ထဲမှ အများစုသည် အသိမရှိကြပေ။

لِلّٰهِ مَا فِی السَّمٰوٰتِ وَالْاَرْضِ ؕ اِنَّ اللّٰهَ هُوَ الْغَنِیُّ الْحَمِیْدُ ﴿۲۶﴾

(၂၆) မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသမျှသည် အလ္လာဟ် အရှင်မြတ် ပိုင်ဆိုင်သည့်အရာများဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းပြီး ပြည့်စုံကြွယ်ဝတော်မူသောအရှင်၊ ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင်ဖြစ်တော်မူသည်။

وَلَوْ اَنَّ مَا فِی الْاَرْضِ مِنْ شَجَرَةٍ اَقْلَامٌ وَّالْبَحْرُ یَمُدُّهٗ مِنْۢ بَعْدِهٖ سَبْعَةُ اَبْحُرٍ مَّا نَفِدَتْ كَلِمٰتُ اللّٰهِ ؕ اِنَّ اللّٰهَ عَزِیْزٌ حَكِیْمٌ ﴿۲۷﴾

(၂၇) ထို့ပြင် အကယ်၍ မြေပထဝီတွင်ရှိသမျှသစ်ပင်များသည် ကလောင်များဖြစ်၍ ပင်လယ်သည် (မင်ဖြစ်ကာ ထိုပင်လယ် ကုန်ခန်းသွားပြီးနောက်) ပင်လယ်ခုနစ်ခုသည် ထို(ခန်းခြောက်သွားသည့်)ပင်လယ်အား ထပ်ဖြည့်လျှင်လည်း အလ္လာဟ်အရှင်မြတ်၏စကားတော်များသည် ကုန်ဆုံးမည်မဟုတ်ပေ။[၆] အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

[၆] အလ္လာဟ်အရှင်မြတ်ရဲ့ဂုဏ်တော်တွေကို ဘယ်လောက်ပဲရေးရေး ရေးလို့ ကုန်မှာမဟုတ်လောက်အောင် အကန့်အသတ်မရှိ များပြားလှတဲ့အကြောင်းကို ဖော်ပြထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

مَا خَلْقُكُمْ وَلَا بَعْثُكُمْ اِلَّا كَنَفْسٍ وَّاحِدَةٍ ؕ اِنَّ اللّٰهَ سَمِیْعٌۢ بَصِیْرٌ ﴿۲۸﴾

(၂၈) အသင်တို့အား ဖန်ဆင်းတော်မူခြင်းနှင့် အသင်တို့အား ရှင်ပြန်ထစေတော်မူခြင်းသည် လူတစ်ယောက်(ကို ဖန်ဆင်းတော်မူပြီး ရှင်ပြန်ထအောင်ပြုလုပ်သ)ကဲ့သို့ဖြစ်သည်။ (အရှင်မြတ်အတွက် မည်သို့မျှ ခက်ခဲမှုမရှိပေ။) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့မြင်တော်မူသောအရှင်ဖြစ်တော်မူသည်။

اَلَمْ تَرَ اَنَّ اللّٰهَ یُوْلِجُ الَّیْلَ فِی النَّهَارِ وَیُوْلِجُ النَّهَارَ فِی الَّیْلِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ ؗ كُلٌّ یَّجْرِیْۤ اِلٰۤى اَجَلٍ مُّسَمًّى وَّاَنَّ اللّٰهَ بِمَا تَعْمَلُوْنَ خَبِیْرٌ ﴿۲۹﴾

(၂၉) အသင် မသိမြင်ခဲ့သလော၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ည(၏အစိတ်အပိုင်းများ)ကို နေ့ထဲတွင် ဝင်စေတော်မူပြီး၊ နေ့(၏အစိတ်အပိုင်းများ)ကို ညထဲတွင် ဝင်စေတော်မူသည်။ (သို့ဖြစ်ရာ ညတာတိုခြင်း ရှည်

ခြင်း၊ နေ့တာတိုခြင်း ရှည်ခြင်းဖြစ်ပေါ်လာရသည်)။ ထို့ပြင် အရှင်မြတ်သည် နေနှင့်လကို နိုင်နင်းစေတော်မူသည်။ သူတို့တစ်ခုစီသည် သတ်မှတ်ပြဋ္ဌာန်းထားသော အချိန်ထိ သွားလာလှုပ်ရှားနေကြမည် ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်သမျှကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်မြတ် ဖြစ်တော်မူသည်။

ذٰلِكَ بِاَنَّ اللّٰهَ هُوَ الْحَقُّ وَاَنَّ مَا يَدْعُوْنَ مِنْ دُوْنِهِ الْبَاطِلُ ۙ وَاَنَّ اللّٰهَ هُوَ الْعَلِيُّ الْكَبِيْرُ ﴿٣٠﴾

(၃၀) ၎င်း(အစီအစဉ်များဖြစ်နေသည့်အကြောင်းရင်း)ကမူ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ် (တည်ရှိနေသည်မှာ) မှန်ကန်သည့်အတွက်ကြောင့် ဖြစ်သည်။ ထို့ပြင် အရှင်မြတ်မှလွဲ၍ သူတို့ ဟစ်ခေါ်နေသည့်အရာများသည် မုချမှားသည့်အတွက်ကြောင့်ဖြစ်သည်။ ထို့ပြင် အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် အလွန်မြင့်မားထွတ်မြတ်လှတော်မူသောအရှင်၊ အလွန်ကြီးကျယ်ထူးကဲမြင့်မြတ်တော်မူသောအရှင်ဖြစ်တော်မူသည့်အတွက်ကြောင့်ပင်ဖြစ်သည်။

اَلَمْ تَرَ اَنَّ الْفُلْكَ تَجْرِيْ فِي الْبَحْرِ بِنِعْمَتِ اللّٰهِ لِيُرِيَكُمْ مِّنْ اٰيٰتِهٖ ۗ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّكُلِّ صَبَّارٍ
شَكُوْرٍ ﴿٣١﴾

(၃၁) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ပင်လယ်ထဲတွင် ရွက်သင်္ဘောများ သွားလာလှုပ်ရှားနေကြခြင်းသည် အရှင်မြတ်က အသင်တို့အား အရှင်မြတ်၏အချို့သက်သေသာဓကများကို ပြသတော်မူရန်အတွက် ဖြစ်ကြောင်း အသင်မမြင်ခဲ့လေသလော။ အမှန်စင်စစ် ထိုအထဲတွင် အလွန်သည်းခံသော အလွန်ကျေးဇူးသိတတ်သော သူတိုင်းအတွက် အမှန်ပင် သက်သေသာဓကများ ရှိသည်။

وَاِذَا غَشِيَهُمْ مَّوْجٌ كَالظُّلَلِ دَعَوُا اللّٰهَ مُخْلِصِيْنَ لَهُ الدِّيْنَ ۚ فَلَمَّا نَجّٰىهُمْ اِلَى الْبَرِّ فَمِنْهُمْ مُّقْتَصِدٌ ۗ
وَمَا يَجْحَدُ بِاٰيٰتِنَآ اِلَّا كُلُّ خَتَّارٍ كَفُوْرٍ ﴿٣٢﴾

(၃၂) ထို့ပြင် သူတို့အား လှိုင်းများသည် အရိပ်များ(အမိုးများ)ကဲ့သို့ လွှမ်းမိုးသည့်အခါ သူတို့သည် ယုံကြည်ချက်ကို အရှင်မြတ်တစ်ပါးတည်းအတွက်သာ သီးသန့်ပြုလုပ်ကြသည့်သူများအဖြစ်ဖြင့် အလ္လာဟ်အရှင်မြတ်အား ဟစ်ခေါ်တသကြသည်။ ထို့နောက် အရှင်မြတ်က သူတို့အား ကယ်တင်ပြီး ကုန်းပေါ်သို့ ပို့လိုက်သည့်အခါ သူတို့ထဲမှ အချို့ကမူ အလယ်အလတ်လမ်းစဉ်ကို လိုက်ကြသည်။ ထို့ပြင် ငါအရှင်မြတ်၏အာယသ်တော် (ထင်ရှားသောကျေးဇူးတော်)

များကို ကျေးဇူးကန်းကတိဖောက်ဖျက်သည့်သူများသာငြင်းပယ်လေ့ရှိကြသည်။

يَاَيُّهَا النَّاسُ اتَّقُوْا رَبَّكُمْ وَاخْشَوْا يَوْمًا لَّا يَجْزِىْ وَالِدٌ عَنْ وَّلَدِهٖ ۖ وَلَا مَوْلُوْدٌ هُوَ جَازٍ عَنْ وَّالِدِهٖ شَيْـًٔا ؕ اِنَّ وَعْدَ اللّٰهِ حَقٌّ فَلَا تَغُرَّنَّكُمُ الْحَيٰوةُ الدُّنْيَا ۟ وَلَا يَغُرَّنَّكُمْ بِاللّٰهِ الْغَرُوْرُ ﴿٣٣﴾

(၃၃) အို-လူသားအပေါင်းတို့၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထို့ပြင် အသင်တို့သည် မည်သည့်ဖခင်တစ်ဦးကမျှ သူ၏သားအတွက် အထောက်အကူမပြုနိုင်သည့်အပြင်၊ မည်သည့်သားတစ်ဦးကမျှလည်း သူ၏ဖခင်အတွက် မည်သည့်အရာမျှ အထောက်အကူ ပြုနိုင်မည်မဟုတ်သည့်နေ့အား စိုးရိမ်ကြပါ။❶ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ကတိတော်သည် မှန်ကန်သည်။ သို့ဖြစ်ရာ လောကီဘဝတွင် အသက်ရှင်ခြင်းက အသင်တို့အား လုံးဝမလှည့်ဖြားစေနှင့်။ ထို့ပြင် ထိုလှည့်စားသူ(ရှိုင်သွာန်)သည်လည်း အသင်တို့အား အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ မလှည့်ဖြားစေနှင့်။

❶ မိဘနဲ့ သားသမီးဟာ သံယောဇဉ် အများဆုံးရှိတဲ့သူတွေဖြစ်တယ်။ ဘယ်လိုအခြေအနေမျိုးမှာပဲရောက်ရောက် လောကမှာတော့ သံယောဇဉ် အနည်းနဲ့အများဆိုတာ ကျန်ရှိနေကြသေးတာဖြစ်တယ်။ ဒုက္ခရောက်ရင် ကယ်တင်လေ့ရှိနေသေးတာပဲဖြစ်တယ်။ ဒါပေမဲ့ အဲဒီသံယောဇဉ်ဟာ ကိယာမသ်နေ့မှာ လုံးဝပြတ်တောက်သွားမှာဖြစ်တယ်။ တစ်ယောက်ကို တစ်ယောက်ကယ်မှာ မဟုတ်တော့ဘူး။ ကိုယ်လွတ်မြောက်ရေးအတွက်ပဲ ပူပင်သောကရောက်နေကြမှာဖြစ်တယ်။ အဲဒီနေ့အတွက်ကို စိုးရိမ်ပြီး ပြင်ဆင်ထားကြဖို့ အမိန့်ပေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّ اللّٰهَ عِنْدَهٗ عِلْمُ السَّاعَةِ ۚ وَيُنَزِّلُ الْغَيْثَ ۚ وَيَعْلَمُ مَا فِى الْاَرْحَامِ ؕ وَمَا تَدْرِىْ نَفْسٌ مَّاذَا تَكْسِبُ غَدًا ؕ وَمَا تَدْرِىْ نَفْسٌۢ بِاَىِّ اَرْضٍ تَمُوْتُ ؕ اِنَّ اللّٰهَ عَلِيْمٌ خَبِيْرٌ ﴿٣٤﴾

(၃၄) အမှန်စင်စစ် ရှင်ပြန်ထမည့်နေ့၏ အသိသည် အလ္လာဟ်အရှင်မြတ်၌ပင် ရှိသည်။ ထို့ပြင် အရှင်မြတ်ပင် မိုးရေကို ရွာချပေးတော်မူသည်။ ထို့ပြင် (မိခင်များ၏) သားအိမ်များတွင် ရှိသည့်အရာများကိုလည်း အရှင်မြတ်ပင် သိတော်မူသည်။ ထို့ပြင် မည်သူမျှ နက်ဖြန်တွင် သူမည်သည့် အရာပြုလုပ်မည်ကို မသိပေ။ ထို့ပြင် မည်သူမျှ မည်သည့်နေရာတွင် သူသေဆုံးမည်ကို မသိပေ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ပင် အကြွင်းမဲ့သိတော်မူသောအရှင်၊ အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။❷

❷ အကွယ်ကသော့တွေလို့ခေါ်တဲ့ ဒီအချက်ငါးချက်ကို အရှင်မြတ်ကလွဲလို့ ဘယ်သူမှ အတိအကျ မသိဘူး။ အဲဒါတွေဟာ-(၁) ကိယာမသ်ရှင်ပြန်ထမဲ့နေ့၊ (၂) မိုးရွာခြင်း၊ (၃) မိခင်ရဲ့သားအိမ်ထဲမှာရှိတဲ့ကလေး၊ (၄) မနက်ဖြန်ပြုလုပ်ရမဲ့ကိစ္စ၊ (၅) သေဆုံးရမဲ့နေရာ ဖြစ်တယ်။ အဲဒါတွေနဲ့ ပတ်

သက်ပြီး ပစ္စည်းကိရိယာတွေကို အသုံးပြုပြီး မြင်ရတာ၊ သိရတာ၊ ခန့်မှန်းနိုင်တာဟာ အကွယ်သိခြင်းဆိုတဲ့ အထဲမှာ ပါဝင်ခြင်းမရှိဘူး။ ဘာဖြစ်လို့လဲဆိုရင် မျက်စိဟာ မျက်နှာမှာရှိတယ်။ သူ့ရှေ့မှာရှိတဲ့အရာပဲ မြင်ရမယ်။ သူ့နောက်မှာရှိတဲ့အရာတွေကို မမြင်နိုင်တဲ့အတွက် အဲဒီမမြင်နိုင်တဲ့အရာတွေကို အကွယ်လို့ခေါ်တယ်။ သူရဲ့နောက်စေ့ဟာလည်း ရှေ့ကနေကြည့်ရင် မမြင်နိုင်တဲ့အတွက် အကွယ်ပဲဖြစ်တယ်။ ဒါပေမဲ့ ဆံပင်ညှပ်ဆိုင်မှာ နောက်စေ့က ဆံပင်တွေဟာ ရှေ့ကမှန်ထဲမှာ မြင်နေရလို့ အကွယ်သိမြင်သူဖြစ်သွားပြီလို့ ဘယ်သူမှ မပြောကြဘူး။ အဲဒီအတိုင်းပဲ မိခင်ရဲ့သားအိမ်ထဲက ကလေးဟာ အလ်ထရာဆောင်းဒ်ထဲမှာ ယောကျ်ားလေး ဒါမှမဟုတ် မိန်းကလေး မြင်ရလို့ လူသားဟာ အကွယ်ကို သိသူလို့ မခေါ်ဘူး။ (အလ်ထရာဆောင်းဒ် နဲ့သိရတဲ့အသိကလည်း တစ်ခါတစ်ရံ လွဲချော်လေ့ရှိတယ်)။ အကွယ်ကို သိသူဆိုတာ ဘာအကူပစ္စည်းမှမပါဘဲ ဒီအတိုင်း (မလွဲမချော် အတိအကျ) သိမြင်သူကိုပဲ ခေါ်တယ်။ အဲဒီသူကတော့ အရှင်မြတ်တစ်ပါးတည်းပဲဖြစ်တယ်။

(အွဆ်မာနီ၊ မအာရိဖွလ်ကုရ်အာန်၊ သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

မိခင်ဝမ်းဗိုက်ထဲမှာရှိတဲ့အရာကို အရှင်မြတ်ပဲသိတယ်ဆိုတာကလည်း အဲဒီကလေးရဲ့ဖို၊ မ ဖြစ်ခြင်းတစ်ခုတည်းပဲမဟုတ်ဘူး။ အဲဒီကလေးရဲ့ရှင်ခြင်း၊ သေခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်းစတဲ့ ဖြစ်မဲ့အရာတွေဟူသမျှကို အရှင်မြတ်ပဲ သိတယ်လို့ ဆိုလိုတာဖြစ်တယ်။ အဲဒီသိခြင်းဟာလည်းကလေးဟာမိခင်ဝမ်းဗိုက်ထဲမှာရောက်မှသိတာမဟုတ်ဘဲလူသားတစ်ဦးယောက်မှတောင်မဖန်ဆင်းသေးခင်အရင်ကတည်းက သိထားတဲ့အတွက် မှတ်တမ်းစာအုပ်ကြီးထဲမှာတောင် ရေးမှတ်ထားပြီးဖြစ်တယ်။ မိခင်ဝမ်းဗိုက်ထဲကကလေးကို အလ်ထရာဆောင်းဒ်နဲ့ကြည့်တဲ့အခါ အဲဒါတွေအားလုံးကို သိမြင်ကြရပြီလား။ ဘယ်တော့မှ သိဖို့မရှိပါ။ အရှင်မြတ်ရဲ့အသိပညာနဲ့တူတာမရှိပါ။ အရှင်မြတ်ရဲ့အသိဟာ အနှိုင်းမဲ့အသိပါ။ အကန့်အသတ်မရှိတဲ့ အသိပါ။ ဒါကြောင့် အကွယ်ကအရာဟူသမျှကို သိသူဟာ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းပဲဖြစ်ပါတယ်။ (ဘာသာပြန်သူ)

ركوعاتها٣ ٣٢ سُوۡرَةُ السَّجۡدَةِ مَكِّيَّةٌ ٧٥ اٰياتها٣٠

## စူရဟ် စဂျ်ဒဟ် (ဦးချခြင်းကဏ္ဍ) سُوۡرَةُ السَّجۡدَةِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

الٓمّٓ ﴿١﴾

(၁) အလိဖ် လာမ် မီမ် ။

تَنۡزِيۡلُ الۡكِتٰبِ لَا رَيۡبَ فِيۡهِ مِنۡ رَّبِّ الۡعٰلَمِيۡنَ ﴿٢﴾

(၂) (ဤ)ကျမ်းဂန်ကို ချပေးခြင်းသည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ဖြစ်သည်။ ထိုအထဲတွင် သံသယဖြစ်ဖွယ်ရာမရှိပေ။

اَمۡ يَقُوۡلُوۡنَ افۡتَرٰٮهُ ۚ بَلۡ هُوَ الۡحَـقُّ مِنۡ رَّبِّكَ لِتُنۡذِرَ قَوۡمًا مَّاۤ اَتٰٮهُمۡ مِّنۡ نَّذِيۡرٍ مِّنۡ قَبۡلِكَ لَعَلَّهُمۡ يَهۡتَدُوۡنَ ﴿٣﴾

(၃) သူတို့က ၎င်း(တမန်တော်)သည် ထိုကျမ်းကို လုပ်ကြံဖန်တီးထားသည်ဟု ဆိုကြသလော။ ထိုသို့မဟုတ်၊ အမှန်စင်စစ် ထိုကျမ်းသည် အသင်၏ မတိုင်မီက သတိပေးနှိုးဆော်သူ တစ်ဦးမျှ လာရောက်ခြင်းမရှိသေးသော အမျိုးသားများအား သူတို့ တရားလမ်းမှန်ရကြရန်အတွက် အသင် သတိပေးနှိုးဆော်ရန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ (ချပေးတော်မူသောကျမ်း)အမှန်ပင် ဖြစ်သည်။❶

❶ တမန်တော်မြတ် ﷺ မတိုင်ခင်မှာ တမန်တော်မပွင့်ဖူးသေးတဲ့ လူမျိုးဟာ မက္ကာဟ်မြို့မှာရှိတဲ့ အရပ်လူမျိုးတွေဖြစ်ကြတယ်။ (အလင်းပြကျမ်း)

اَللّٰهُ الَّذِىۡ خَلَقَ السَّمٰوٰتِ وَالۡاَرۡضَ وَمَا بَيۡنَهُمَا فِىۡ سِتَّةِ اَيَّامٍ ثُمَّ اسۡتَوٰى عَلَى الۡعَرۡشِ ؕ مَا لَـكُمۡ مِّنۡ دُوۡنِهٖ مِنۡ وَّلِىٍّ وَّلَا شَفِيۡعٍ ؕ اَفَلَا تَتَذَكَّرُوۡنَ ﴿٤﴾

(၄) အလ္လာဟ်အရှင်မြတ်သည်ပင် မိုးကောင်းကင်များနှင့်၊ မြေပထဝီအပြင် ထိုနှစ်ခုကြားတွင် ရှိသမျှအရာများကို ခြောက်ရက်(နှင့်ညီမျှသောအချိန်)ဖြင့် ဖန်ဆင်းပြီးနောက် အရှင်မြတ်သည် အရ်ရှ်ပလ္လင်တော်အပေါ်တွင် တည်(ရှိလျက် အရှင်မြတ်နှင့်ထိုက်တန်တော်မူသည့်အတိုင်း စံမြန်းနေ)တော်မူသည်။

အသင်တို့အတွက် ထိုအရှင်မြတ်အပြင် ကူညီမည့်သူနှင့် ကြားဝင်အသနားခံပေးမည့်သူဟူ၍ မည်သူမျှမရှိပေ။ ထို့နောက်လည်း အသင်တို့သည် သတိတရားမရကြလေသလော။

يُدَبِّرُ الْأَمْرَ مِنَ السَّمَاءِ إِلَى الْأَرْضِ ثُمَّ يَعْرُجُ إِلَيْهِ فِي يَوْمٍ كَانَ مِقْدَارُهُ أَلْفَ سَنَةٍ مِمَّا تَعُدُّونَ ﴿٥﴾

(၅) အရှင်မြတ်သည် မိုးကောင်းကင်မှ မြေပထဝီအထိ ကိစ္စဟူသမျှကို စီမံခန့်ခွဲတော်မူသည်။❷ ထို့ပြင် ထိုကိစ္စများသည် အသင်တို့ရေတွက်ကြသော အရေအတွက်နှင့် နှစ်ပေါင်းတစ်ထောင်အတိုင်းအတာ ရှိသည့်နေ့တစ်နေ့တွင်❸ အရှင်မြတ်ထံတော်သို့ တက်သွားမည်ဖြစ်သည်။❹

❷ အရှင်မြတ်ဟာ အရာရာကို ဖန်ဆင်းပြီးနောက် စွန့်ပစ်ထားတော်မမူဘူး။ အဲဒီအရာအားလုံးရဲ့ အရေးကိစ္စဟူသမျှကို စီမံခန့်ခွဲ ပြုလုပ်ဆောင်ရွက်ပေးနေတာ ဖြစ်တယ်။(အလင်းပြကျမ်း) ❸ အဲဒီနေ့ဟာ ကိယာမသ်နေ့ကို ဆိုလိုတယ်။ အဲဒီနေ့ဟာ ပြစ်မှုအကြီးအသေးအပေါ်မူတည်ပြီး အချိန်ကြာရှည်တယ်လို့ ခံစားကြရမှာဖြစ်တယ်။ အရှင်မြတ်အနစ်သက်ဆုံးသူတွေအတွက် ဖုဟ်ရ်စွလာသ် ဝတ်ပြုသလောက်ပဲ ကြာပြီး ဂျန္နသ်ကို ဝင်သွားကြရမယ်။ တချို့အပြစ်ကျူးလွန်သူတွေအတွက် နှစ်တစ်ထောင်၊ တချို့သူတွေအတွက် နှစ်ငါးသောင်း ကြာရှည်မှာဖြစ်တယ်။ (အလင်းပြကျမ်း)
❹ စီမံခန့်ခွဲမှုဟူသမျှဟာ အရှင်မြတ်ထံတော်မှာပဲ ပြန်ရောက်ရှိသွားမယ်။ (အလင်းပြကျမ်း)

ذَٰلِكَ عَالِمُ الْغَيْبِ وَالشَّهَادَةِ الْعَزِيزُ الرَّحِيمُ ﴿٦﴾

(၆) အရှင်မြတ်သည် ဖုံးကွယ်နေသည်များနှင့် ထင်ရှားနေသည်များကို သိတော်မူသော တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသော၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

الَّذِي أَحْسَنَ كُلَّ شَيْءٍ خَلَقَهُ ۖ وَبَدَأَ خَلْقَ الْإِنْسَانِ مِنْ طِينٍ ﴿٧﴾

(၇) အရှင်မြတ်သည် အရှင်မြတ်ဖန်ဆင်းတော်မူသောအရာတိုင်းအား အကောင်းဆုံးပြုလုပ်ဖန်ဆင်းတော်မူခဲ့သည်။❺ ထို့ပြင် အရှင်မြတ်သည် လူသားဖန်ဆင်းခြင်းကို ရွှံ့ညွန်ဖြင့် အစပြုတော်မူခဲ့သည်။

❺ အရှင်မြတ်ဖန်ဆင်းထားတော်မူတဲ့အရာဟူသမျှဟာ ဘက်စုံ အကောင်းဆုံးဖြစ်အောင် စီမံခန့်ခွဲပြီး ဖန်ဆင်းတော်မူထားတာဖြစ်တဲ့အတွက် အတုမလုပ်နိုင်ဘူး။ လူသားတွေလုပ်တဲ့အတုတွေဟာ အရှင်မြတ်ဖန်ဆင်းထားတဲ့ပစ္စည်းတွေနဲ့ တကယ်တခြားစီပဲ ဖြစ်တယ်။ ဥပမာ - နို့ရည်ကို အရှင်မြတ်က နို့တိုက်သတ္တဝါတွေကနေ ထွက်စေခဲ့တယ်။ အဲဒီနို့ကို လူသားက အတုလုပ်ပြီး နို့မှုန့်ထုတ်လုပ်ကြတယ်။ ဘယ်လောက်ကွာခြားလဲဆိုရင် ဒီကနေ့ သိပ္ပံပညာရှင်တွေက သုတေသနလုပ်ပြီး အဖြေထုတ်ပေးထားကြတယ်။ မိခင်ရဲ့နို့ရည်မှာ ရောဂါပျောက်ကင်းစေတဲ့ ဆေးပါ တစ်ခါတည်းတွဲပါလာတယ်တဲ့။ နို့မှုန့်မှာ ရောဂါဖြစ်စေတဲ့ ပိုးမွှားတွေပါ တစ်ခါတည်းတွဲပါလာတယ်တဲ့။

အဲဒါကြောင့် မိခင်နို့ကိုပဲ တိုက်ကြပါလို့ နှိုးဆော်ထားတယ်။ (သိပ္ပံသုတေသနတွေရှိချက်စာတမ်း)

ثُمَّ جَعَلَ نَسْلَهُۥ مِن سُلَٰلَةٍ مِّن مَّآءٍ مَّهِينٍ ﴿٨﴾

(၈) ထို့နောက် အရှင်မြတ်သည် လူသား၏အဆက်အနွယ်များကို ညှစ် ထုတ်ထားသော (ပန်းထွက်သည့်)အဖိုးမတန်သည့် (သုက်)ရည်ဖြင့် ပြုလုပ် ဖန်ဆင်းတော်မူခဲ့သည်။

ثُمَّ سَوَّىٰهُ وَنَفَخَ فِيهِ مِن رُّوحِهِۦ ۖ وَجَعَلَ لَكُمُ ٱلسَّمْعَ وَٱلْأَبْصَٰرَ وَٱلْأَفْـِٔدَةَ ۚ قَلِيلًا مَّا تَشْكُرُونَ ﴿٩﴾

(၉) ထို့နောက် အရှင်မြတ်သည် သူ့ကို နေသားတကျ ပြုလုပ်တော်မူ ပြီး သူ(၏ခန္ဓာကိုယ်)ထဲတွင် အရှင်မြတ်ထံတော်မှ အသက်ဝိညာဉ်ကို မှုတ်သွင်း တော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အတွက် နားနှင့် မျက်စိများ၊ စိတ်နှလုံးများကို ပြုလုပ်ပေးသနားတော်မူခဲ့သည်။ (သို့ပါလျက်နှင့်) အသင်တို့ သည် အနည်းငယ်သာ ကျေးဇူးတင်ကြသည်။❻

❻ နား၊ မျက်စိနဲ့ စိတ်နှလုံးတွေကို အသုံးပြုပြီး အရှင်မြတ်ကို သိတတ်ဖို့ဖြစ်တယ်။ ပြီးတော့ အရှင် မြတ်ရဲ့အမိန့်ကို လိုက်နာဖို့ ဖြစ်တယ်။ ဒါပေမဲ့ သိပြီး လိုက်နာတဲ့သူ အများကြီးဘယ်မှာရှိမလဲ။ (အွဆ်မာနီ)

وَقَالُوٓا۟ أَءِذَا ضَلَلْنَا فِى ٱلْأَرْضِ أَءِنَّا لَفِى خَلْقٍ جَدِيدٍۭ ۚ بَلْ هُم بِلِقَآءِ رَبِّهِمْ كَٰفِرُونَ ﴿١٠﴾

(၁၀) ထို့ပြင် သူတို့က ပြောဆိုကြသည်- "ကျွန်ုပ်တို့သည် မြေကြီးထဲ တွင် ဆွေးမြည့် ပျောက်ပျက်သွားကြသည့်အခါ အမှန်စင်စစ် ကျွန်ုပ်တို့သည် အသစ်ပြန်ဖန်ဆင်းခြင်းခံကြရဦးမည်လော။" အမှန်စင်စစ် သူတို့သည် သူတို့ အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့် တွေ့ဆုံမှုကိုပင် ငြင်းပယ်သည့် သူများဖြစ်ကြသည်။

قُلْ يَتَوَفَّىٰكُم مَّلَكُ ٱلْمَوْتِ ٱلَّذِى وُكِّلَ بِكُمْ ثُمَّ إِلَىٰ رَبِّكُمْ تُرْجَعُونَ ﴿١١﴾

(၁၁) (အို- တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့နှင့်ပတ်သက် ၍ ခန့်အပ်ခြင်းခံရသော သေမင်းတမန်သည် အသင်တို့၏အသက်ကို နှုတ်သိမ်း မည်။ ထို့ပြင် အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် မြတ်ထံတော်သို့ပင် ပြန်ရောက်စေခြင်းကို ခံကြရမည်။

وَلَوْ تَرَىٰٓ إِذِ ٱلْمُجْرِمُونَ نَاكِسُوا۟ رُءُوسِهِمْ عِندَ رَبِّهِمْ رَبَّنَآ أَبْصَرْنَا وَسَمِعْنَا فَٱرْجِعْنَا نَعْمَلْ صَٰلِحًا إِنَّا مُوقِنُونَ ﴿١٢﴾

(၁၂) အကယ်၍ (ထိုနေ့၏မြင်ကွင်းကို) အသင်တွေ့မြင်လျှင် (အဘယ်မျှ

အံ့သြလိုက်မည်နည်း)။ ထိုနေ့တွင် အပြစ်ရှိသူများသည် သူတို့အား ဖန်ဆင်းမွေး မြူတော်မူသောအရှင်မြတ်၏ရှေ့၌ သူတို့၏ဦးခေါင်းများကို ငိုက်စိုက်ချ၍ "အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ (ယခုမူ)ကျွန်ုပ်တို့သည် မြင်လည်းမြင်ကြပြီဖြစ်ပါသည်၊ ကြားလည်းကြားကြပြီဖြစ်ပါသည်။ သို့ဖြစ်ရာ အရှင် မြတ်သည် ကျွန်ုပ်တို့အား (လောကသို့) ပြန်ပို့ပေးတော်မူပါ။ (ဤတစ်ခါမူ)ကျွန်ုပ် တို့သည် ကောင်းမြတ်သော လုပ်ရပ်များကိုသာ ပြုလုပ်ကြပါတော့မည်။ (ယခု) ကျွန်ုပ်တို့သည် အမှန်ပင် ယုံကြည်သူများ ဖြစ်ကြပါပြီ"ဟု ပြောဆိုကြလိမ့်မည်။

وَلَوْ شِئْنَا لَاٰتَيْنَا كُلَّ نَفْسٍ هُدٰىهَا وَلٰكِنْ حَقَّ الْقَوْلُ مِنِّيْ لَاَمْلَئَنَّ جَهَنَّمَ مِنَ الْجِنَّةِ وَ النَّاسِ اَجْمَعِيْنَ ﴿١٣﴾

(၁၃) ထို့ပြင် အကယ်၍ ငါအရှင်မြတ်အလိုရှိတော်မူခဲ့လျှင် လူတိုင်းကို သူတို့၏လမ်းမှန်ညွှန်ကြားပြသချက်ကို အမှန်ပင် ပေးတော်မူခဲ့မည်ဖြစ်သည်။ သို့ရာတွင် အမှန်စင်စစ် ငါအရှင်မြတ်သည် ဂျဟန္နမ်ငရဲဘုံကို ဂျင်န်များ၊ လူများ ဖြင့် စုပေါင်းပြီး ဖြည့်တော်မူမည်ဟု ငါအရှင်မြတ်ထံမှ အမိန့်တော်သည် စင်စစ် အတည်ဖြစ်သွားခဲ့ပြီဖြစ်သည်။

فَذُوْقُوْا بِمَا نَسِيْتُمْ لِقَآءَ يَوْمِكُمْ هٰذَا ۚ اِنَّا نَسِيْنٰكُمْ وَذُوْقُوْا عَذَابَ الْخُلْدِ بِمَا كُنْتُمْ تَعْمَلُوْنَ ﴿١٤﴾

(၁၄) "ယခုမူ အသင်တို့သည် အသင်တို့၏ ဤနေ့၌ရက်တွင် တွေ့ဆုံ ကြရမည်ကို မေ့နေခဲ့ခြင်း၏အရသာကို မြည်းစမ်းကြပါ။ ငါအရှင်မြတ်လည်း အသင်တို့အား မေ့ထားတော်မူလိုက်ပြီဖြစ်သည်။ ထို့ပြင် အသင်တို့သည် အသင် တို့ ပြုလုပ်ခဲ့ကြသော လုပ်ရပ်များကြောင့် ထာဝရပြစ်ဒဏ်၏အရသာကို မြည်း စမ်းလိုက်ကြပါ။"

اِنَّمَا يُؤْمِنُ بِاٰيٰتِنَا الَّذِيْنَ اِذَا ذُكِّرُوْا بِهَا خَرُّوْا سُجَّدًا وَّسَبَّحُوْا بِحَمْدِ رَبِّهِمْ وَهُمْ لَا يَسْتَكْبِرُوْنَ ﴿١٥﴾ السجدة

(၁၅) ငါအရှင်မြတ်၏အာယသ်တော်များကို အကြင်သူများပင် ယုံကြည် ကြသည်။ ထိုသူများသည် ထိုအာယသ်တော်များနှင့် သတိပေးခြင်းခံခဲ့ကြရသည့် အခါ သူတို့သည် မာနထောင်လွှားခြင်းမရှိကြဘဲလျက် စဂ်ျဒဟ်ဦးချကာ ဝပ်တွား ကျလာခဲ့ကြသည်။ ထို့ပြင် သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ချီးမွမ်းမှုနှင့်တကွ သန့်ပြန့်စင်ကြယ်တော်မူကြောင်းကို ရွတ်ဆိုခဲ့ ကြသည်။

تَتَجَافٰى جُنُوْبُهُمْ عَنِ الْمَضَاجِعِ يَدْعُوْنَ رَبَّهُمْ خَوْفًا وَّطَمَعًا ۡ وَّمِمَّا رَزَقْنٰهُمْ يُنْفِقُوْنَ ﴿١٦﴾

(၁၆) သူတို့၏နံဘေးများသည် အိပ်ရာများမှ ခွဲခွာလျက်ရှိကြသည်။ သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကြောက်ရွံ့လျက်၊ မျှော်လင့်လျက်နှင့် ဟစ်ခေါ်တသကြသည့်အပြင် သူတို့အား ငါအရှင်မြတ်က ပေးတော်မူထားသည့်အရာများထဲမှ သုံးစွဲလှူဒါန်းမှုကိုလည်း ပြုလုပ်ကြသည်။

فَلَا تَعْلَمُ نَفْسٌ مَّآ اُخْفِیَ لَهُمْ مِّنْ قُرَّةِ اَعْيُنٍ ۚ جَزَآءًۢ بِمَا كَانُوْا يَعْمَلُوْنَ ﴿١٧﴾

(၁၇) ထို့ပြင် သူတို့အတွက် သူတို့ပြုလုပ်ခဲ့ကြသည့် လုပ်ရပ်များ၏ အကျိုးကျေးဇူးအဖြစ် လျှို့ဝှက်ထားသော မျက်စိအေးမြကြည်လင်မှုကို မည်သူမျှ မသိပေ။❶

❶ ဘယ်သူမှ မမြင်ဖူး၊ မကြားဖူး၊ စိတ်တောင်မကူးဖူးတဲ့အရာတွေကို အရှင်မြတ်က သုခဘုံမှာ အဲဒီယုံကြည်သူတွေအတွက် စီစဉ်ထားတာဖြစ်တယ်။(အလင်းပြကျမ်း) ဒီအတိုင်း ဗုခါရီကျမ်း ဟဒီးဆ်နံပါတ် - ၃၂၄၄ မှာ ဖော်ပြထားပါတယ်။

اَفَمَنْ كَانَ مُؤْمِنًا كَمَنْ كَانَ فَاسِقًا ۭ لَا يَسْتَوٗنَ ﴿١٨﴾

(၁၈) သို့ဖြစ်ရာ မုအ်မင်န်ယုံကြည်သူသည် အမိန့်ဖီဆန်သည့်သူနှင့်တူသလော။ သူတို့သည် မတူကြပေ။

اَمَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فَلَهُمْ جَنّٰتُ الْمَاْوٰى ۡ نُزُلًۢا بِمَا كَانُوْا يَعْمَلُوْنَ ﴿١٩﴾

(၁၉) မည်သို့ပင်ဖြစ်စေ၊ အီမာန်ယုံကြည်ပြီး ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည့်သူများအတွက် သူတို့ပြုလုပ်ခဲ့ကြသည်များကို ဧည့်ခံသည့်အနေဖြင့် ခိုလှုံနေထိုင်ရာဥယျာဉ်များရှိလိမ့်မည်။

وَاَمَّا الَّذِيْنَ فَسَقُوْا فَمَاْوٰىهُمُ النَّارُ ۭ كُلَّمَآ اَرَادُوْٓا اَنْ يَّخْرُجُوْا مِنْهَآ اُعِيْدُوْا فِيْهَا
وَقِيْلَ لَهُمْ ذُوْقُوْا عَذَابَ النَّارِ الَّذِيْ كُنْتُمْ بِهٖ تُكَذِّبُوْنَ ﴿٢٠﴾

(၂၀) ထို့ပြင် မည်သို့ပင်ဖြစ်စေ၊ အမိန့်တော်ကို ဖီဆန်ခဲ့ကြသည့်သူများ၏နေထိုင်ရာဌာနကမူ ငရဲပင် ဖြစ်သည်။ သူတို့သည် မည်သည့်အခါပင်ဖြစ်စေ ထို(ငရဲ)ထဲမှ ထွက်ရန် ကြံရွယ်ခဲ့လျှင် ထို(ငရဲ)ထဲသို့ပင် ပြန်(တွန်း)ပို့ခြင်းခံကြရမည်။ ထို့ပြင် သူတို့အား "အသင်တို့သည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသော အကြင်ငရဲမီး၏ပြစ်ဒဏ်ကို မြည်းစမ်းလိုက်ကြပါ"ဟု ပြောဆိုခြင်းကိုလည်း ခံကြရဦးမည်ဖြစ်သည်။

وَلَنُذِيْقَنَّهُمْ مِّنَ الْعَذَابِ الْاَدْنٰى دُوْنَ الْعَذَابِ الْاَكْبَرِ لَعَلَّهُمْ يَرْجِعُوْنَ ﴿٢١﴾

(၂၁) ထို့ပြင် သူတို့သည် (သူတို့၏ တွဲဖက်ကိုးကွယ်ရာများမှစွန့်ပြီး)

ပြန်လှည့်လာကြရန်အတွက် အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အား ထိုပြစ်ဒဏ်ကြီး မပေးသေးမီ (ဤဘဝတွင်) ပြစ်ဒဏ်ငယ်လေးနှင့် (သတိပေး)မြည်းစမ်းစေဦးမည်။❶

❶ ဒီဘဝမှာ ပေးတော်မူမဲ့ ပြစ်ဒဏ်ငယ်လေးတွေဆိုတာ ဒုက္ခရောက်ခြင်း၊ ရောဂါရခြင်း၊ အဖမ်းခံရခြင်း၊ အသတ်ခံရခြင်း၊ သားသမီးဆုံးရှုံးခြင်း၊ ပစ္စည်းဥစ္စာဆုံးရှုံးခြင်း စတာတွေဖြစ်တယ်။ အဲဒါတွေဟာ သတိပေးနှိုးဆော်ချက်တွေပဲဖြစ်တဲ့အတွက် အရှင်မြတ်ရဲ့ကရုဏာတော်တွေပဲ ဖြစ်တယ်။ အဲဒါတွေခံစားရတဲ့အခါ သတိတရားရပြီး ကိုယ့်ရဲ့အခြေအနေကို ပြုပြင်ပြောင်းလဲကာ အရှင်မြတ်ရဲ့အမိန့်တော်ကို နာခံလိုက်ရင် တမလွန်ဘဝမှာ ခံရမဲ့ ပြစ်ဒဏ်ကြီးကနေ လွတ်မြောက်သွားမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَنْ أَظْلَمُ مِمَّن ذُكِّرَ بِآيَاتِ رَبِّهِ ثُمَّ أَعْرَضَ عَنْهَا ۚ إِنَّا مِنَ الْمُجْرِمِينَ مُنتَقِمُونَ ﴿٢٢﴾

(၂၂) အကြင်သူထက် ပို၍ မတရားသူ မည်သူရှိဦးမည်နည်း။ ထိုသူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အာယသ်တော်များနှင့် သတိပေးခြင်းခံခဲ့ရသည်။ ထို့နောက် သူသည် ယင်း(အာယသ်တော်များ)မှ မျက်နှာလွှဲခဲ့သည်။ အမှန်စင်စစ် ငါအရှင်မြတ်သည် အပြစ်ရှိသူများကို တန်ပြန်အရေးယူတော်မူမည့်အရှင်မြတ်ပင် ဖြစ်တော်မူသည်။

وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ فَلَا تَكُن فِي مِرْيَةٍ مِّن لِّقَائِهِ ۖ وَجَعَلْنَاهُ هُدًى لِّبَنِي إِسْرَائِيلَ ﴿٢٣﴾

(၂၃) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)မူစာကိုလည်း (အသင်တမန်တော်ကို ပေးသကဲ့သို့) ကျမ်းဂန်ပေးသနားတော်မူခဲ့သည်။ သို့ဖြစ်ရာ အသင်(တမန်တော်)သည် ၎င်း(ကျမ်းဂန်)ကိုတွေ့ဆုံမှု❷နှင့် ပတ်သက်၍ မည်သည့်သံသယမျှမရှိလေနှင့်။ ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်မူစာကို ပေးတော်မူခဲ့သည့်)ကျမ်းဂန်ကို အစ္စရာအီလ်မျိုးနွယ်ဝင်များအတွက် လမ်းမှန်ညွှန်ကြားပြသချက်အဖြစ် ပြုလုပ်တော်မူခဲ့သည်။

❷ ၎င်းကျမ်းဂန်ကိုတွေ့ဆုံမှုနဲ့ပတ်သက်ပြီး တမန်တော်မူစာ ﷺနဲ့ မိအ်ရာဂျ်မှာ တွေ့ဆုံမှုလို့လည်း ဖွင့်ဆိုမှုရှိတယ်။ (မအာရိဖွလ်ကုရ်အာန်၊ အဘ်သဖ်စီရွလ်မုယတ်စရ်)

وَجَعَلْنَا مِنْهُمْ أَئِمَّةً يَهْدُونَ بِأَمْرِنَا لَمَّا صَبَرُوا ۖ وَكَانُوا بِآيَاتِنَا يُوقِنُونَ ﴿٢٤﴾

(၂၄) ထို့ပြင် ငါအရှင်မြတ်သည် ထိုအစ္စရာအီလ်မျိုးနွယ်ဝင်များထဲမှ သူများအား သူတို့သည်းခံခဲ့ကြသည့်အခါ ရှေ့ဆောင်အိမာမ်များ ပြုလုပ်ပေးတော်မူခဲ့သည်။ ထိုသူများသည် ငါအရှင်မြတ်၏အမိန့်တော်ဖြင့် လမ်းမှန်ညွှန်ကြားပြသကြသည်။ ထို့ပြင် သူတို့သည် ငါအရှင်မြတ်၏အာယသ်တော်များကို ယုံကြည်သူများလည်းဖြစ်ခဲ့ကြသည်။

إِنَّ رَبَّكَ هُوَ يَفْصِلُ بَيْنَهُمْ يَوْمَ الْقِيَٰمَةِ فِيمَا كَانُوا۟ فِيهِ يَخْتَلِفُونَ ﴿٢٥﴾

(၂၅) အမှန်စင်စစ် အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ကိယာမသ်နေ့တွင် ၎င်း(မုအ်မင်န်များနှင့် မုရှ်ရိက်များ)တို့၏အကြားတွင် ၎င်းတို့ကွဲလွဲနေခဲ့ကြသည့်ကိစ္စများနှင့် ပတ်သက်၍ (အမှားအမှန်ကို ယတိပြတ်)စီရင်ဆုံးဖြတ်တော်မူမည်ဖြစ်သည်။❷

❷ ကိယာမသ်နေ့မှာ အလ္လာဟ်အရှင်မြတ်က မုအ်မင်န်နဲ့ မုရှ်ရိက်ကြားမှာ စီရင်ဆုံးဖြတ်တော်မူမယ်ဆိုတာ မုအ်မင်န်တွေကို ဂျန္နသ်ထဲကို ဝင်ခွင့်ပေးပြီး မုရှ်ရိက်တွေကို ဂျဟန္နမ်ထဲကို သွတ်သွင်းတော်မူမှာဖြစ်တယ်။ (အသ်သဖ်စီရ်ရွလ်မုယတ်စရ်)

أَوَلَمْ يَهْدِ لَهُمْ كَمْ أَهْلَكْنَا مِن قَبْلِهِم مِّنَ الْقُرُونِ يَمْشُونَ فِى مَسَٰكِنِهِمْ ۚ إِنَّ فِى ذَٰلِكَ لَءَايَٰتٍ ۖ
أَفَلَا يَسْمَعُونَ ﴿٢٦﴾

(၂၆) ငါအရှင်မြတ်သည် သူတို့မတိုင်မီ မျိုးနွယ်အမြောက်အမြားကို (သူတို့၏ ပြစ်မှုများကြောင့်) ဖျက်ဆီးတော်မူခဲ့ခြင်းသည် သူတို့အတွက် (ထင်ထင်ရှားရှား) လမ်းမှန်ညွှန်ပြမှု မဖြစ်ခဲ့လေသလော။ သူတို့သည် ထိုနေရာဒေသများတွင် သွားလာနေကြလျက်ရှိသည်။ အမှန်စင်စစ် ထိုအထဲတွင် သက်သေသာဓကများ မုချရှိသည်။ ထို့နောက်လည်း သူတို့သည် မကြားကြလေသလော။❻

❻ တမလွန်ဘဝမှာ ခံရမဲ့ ပြစ်ဒဏ်ကို မမြင်နိုင်သေးရင် ဒီဘဝမှာ ခံသွားခဲ့ကြရတဲ့ လူမျိုးတွေရဲ့ပျက်စီးနေတဲ့ မြို့ရွာတွေကို ကြည့်ပြီးတော့ရော သတိသံဝေဂရယူဖို့ မမြင်ကြဘူးလား။ (အလင်းပြကျမ်း)

أَوَلَمْ يَرَوْا۟ أَنَّا نَسُوقُ الْمَآءَ إِلَى الْأَرْضِ الْجُرُزِ فَنُخْرِجُ بِهِۦ زَرْعًا تَأْكُلُ مِنْهُ أَنْعَٰمُهُمْ وَأَنفُسُهُمْ ۖ
أَفَلَا يُبْصِرُونَ ﴿٢٧﴾ الثلاثة

(၂၇) ထို့ပြင် သူတို့သည် မမြင်ကြလေသလော၊ အမှန်စင်စစ် ငါအရှင်မြတ်သည် မိုးရေကို ခြောက်သွေ့သော မြေယာသို့ မောင်းနှင်ပို့ပေးတော်မူသည်။ ထို့ပြင် ငါအရှင်မြတ်သည် ယင်း(မိုးရေ)ဖြင့် ကောက်ပဲသီးနှံများအား ထွက်စေတော်မူသည်။ ထိုအပင်များထဲမှ သူတို့၏ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များလည်း စားကြသည်။ သူတို့ကိုယ်တိုင်လည်း စားကြသည်။ ထို့နောက်လည်း သူတို့သည် မမြင်ကြသလော။

وَيَقُولُونَ مَتَىٰ هَٰذَا الْفَتْحُ إِن كُنتُمْ صَٰدِقِينَ ﴿٢٨﴾

(၂၈) ထို့ပြင် သူတို့က ပြောဆိုကြသည်- “အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူများဖြစ်ကြလျှင် ဤ(ကိယာမသ်)စီရင်ဆုံးဖြတ်ချက်သည် မည်သည့်အခါ ဖြစ်မည်နည်း။”

قُلْ يَوْمَ الْفَتْحِ لَا يَنفَعُ الَّذِينَ كَفَرُوا إِيمَانُهُمْ وَلَا هُمْ يُنظَرُونَ ﴿٢٩﴾

(၂၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ- ထိုစီရင်ဆုံးဖြတ်မည့်နေ့တွင် ကာဖိရ်များ၏ယုံကြည်မှုသည် သူတို့အား အကျိုးပေးမည်မဟုတ်ပေ။ ထို့ပြင် သူတို့သည် ဆိုင်းငံ့ခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။

فَأَعْرِضْ عَنْهُمْ وَانتَظِرْ إِنَّهُم مُّنتَظِرُونَ ﴿٣٠﴾

(၃၀) သို့ဖြစ်ရာ အသင်(တမန်တော်)သည် သူတို့(၏ပြောဆိုမှုများ)အား လျစ်လျူရှုပြီး(အရှင်မြတ်၏အဆုံးအဖြတ်ကိုသာ) စောင့်ဆိုင်းနေပါ။ အမှန်စင်စစ် သူတို့လည်း (သူတို့အထင်အမြင်အရ အသင်၏အပေါ် ဒုက္ခကျရောက်ရန်) စောင့်ဆိုင်းနေကြသူများပင် ဖြစ်ကြသည်။❶

❶ ကာဖိရ်မုရ်ရိက်တွေဟာ ကိယာမသ် ဘယ်တော့ရောက်မှာလဲ ဆိုပြီး တောင့်တခေါ်ယူနေတဲ့နောက်တော့ တမန်တော် ﷺ အနေနဲ့ သူတို့ကို လျစ်လျူရှုပြီး စောင့်ဆိုင်းနေရုံပဲ ကျန်တော့တယ်။ သူတို့ကလည်း တမန်တော် ﷺ ဟာ အရှင်မြတ်အပေါ်မှာ လုပ်ကြံပြောဆိုတယ်လို့ စွပ်စွဲထားတာကြောင့် အရှင်မြတ်ဘက်ကနေ တမန်တော် ﷺ ကို ဖျက်ဆီးမှုပြုလိမ့်မယ်ထင်ပြီး စောင့်မျှော်နေကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

ركوعاتها٩ ٣٣سُوْرَةُ الْاَحْزَابِ مَدَنِيَّةٌ٩٠ اٰياتها٧٣

## စူရဟ် အဟ်ဇာဗ် (မဟာမိတ်များကဏ္ဍ) سُوْرَةُ الْاَحْزَابِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

يٰۤاَيُّهَا النَّبِىُّ اتَّقِ اللّٰهَ وَلَا تُطِعِ الۡكٰفِرِيۡنَ وَالۡمُنٰفِقِيۡنَ ؕ اِنَّ اللّٰهَ كَانَ عَلِيۡمًا حَكِيۡمًا ۙ‏ ﴿۱﴾

(၁) အို-တမန်တော်၊ အသင်သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ပြီးနေပါ၊ ထို့ပြင် အသင်သည် ကာဖိရ်များ၏ပြောဆိုချက်နှင့် မုနာဖိက်အယောင်ဆောင်များ၏ ပြောဆိုချက်ကို မလိုက်နာပါနှင့်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူသည်။

وَّاتَّبِعۡ مَا يُوۡحٰۤى اِلَيۡكَ مِنۡ رَّبِّكَ ؕ اِنَّ اللّٰهَ كَانَ بِمَا تَعۡمَلُوۡنَ خَبِيۡرًا ۙ‏ ﴿۲﴾

(၂) ထို့ပြင် အသင်သည် အသင်၏ထံသို့ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ပို့ချခြင်းခံရသော အမိန့်တော်များကိုပင် လိုက်နာပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်ကြသည်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်မြတ် ဖြစ်တော်မူသည်။

وَّتَوَكَّلۡ عَلَى اللّٰهِ ؕ وَكَفٰى بِاللّٰهِ وَكِيۡلًا‏ ﴿۳﴾

(၃) ထို့ပြင် အသင်သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် ယုံပုံလွှဲအပ်ထားပါ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ကိစ္စဟူသမျှကို ပြီးစီးအောင်ဆောင်ရွက်ပေးမည့်သူအဖြစ် လုံလောက်တော်မူသည်။❶

❶ ကာဖိရ်တွေက ခြိမ်းခြောက်လို့ သူတို့ကို ကြောက်စရာမလိုဘူး။ သူတို့ဘာကြံစည်တာပဲဖြစ်ဖြစ် စိုးရိမ်စရာမလိုဘူး။ အစစအရာရာ စီမံခန့်ခွဲပြီး ဆောင်ရွက်ပေးမဲ့ အုပ်ထိန်းသူဟာ အရှင်မြတ်ဖြစ်တဲ့အတွက် အရှင်မြတ်အပေါ်မှာပဲ ယုံပုံလွှဲအပ်ပြီး အရှင်မြတ်ကိုပဲ ကြောက်ရွံ့နေဖို့ မိန့်ကြားတာဖြစ်တယ်။ (အလင်းပြကျမ်း)

مَا جَعَلَ اللّٰهُ لِرَجُلٍ مِّنۡ قَلۡبَيۡنِ فِىۡ جَوۡفِهٖ ۚ وَمَا جَعَلَ اَزۡوَاجَكُمُ الّٰٓـىِٔۡ تُظٰهِرُوۡنَ مِنۡهُنَّ اُمَّهٰتِكُمۡ ۚ وَمَا جَعَلَ اَدۡعِيَآءَكُمۡ اَبۡنَآءَكُمۡ ؕ ذٰلِكُمۡ قَوۡلُـكُمۡ بِاَفۡوَاهِكُمۡ ؕ وَاللّٰهُ يَقُوۡلُ الۡحَـقَّ

وَهُوَ يَهۡدِي ٱلسَّبِيلَ ۝٤

(၄) အလ္လာဟ်အရှင်မြတ်သည် မည်သည့်လူသားကိုမျှ သူ၏ခန္ဓာကိုယ်တွင် စိတ်နှလုံးနှစ်ခု ပြုလုပ်တော်မမူခဲ့ပေ။ ထို့ပြင် အရှင်မြတ်သည် အသင်တို့၏အကြင်ဇနီးကြင်ရာများအား (“အသင်မသည် ကျွန်ုပ်အပေါ်တွင် မိခင်ကဲ့သို့ ဟာရာမ်ဖြစ်သည်”ဟု ပြောဆိုပြီး)၎င်းတို့မှ ဖွဟာရ်ပြုလုပ်ကြသောကြောင့် အသင်တို့၏မိခင်များအဖြစ် ပြုလုပ်တော်မမူခဲ့ပေ။ ထို့ပြင် အရှင်မြတ်သည် အသင်တို့၏မွေးစားသားများကိုလည်း အသင်တို့၏သား(အရင်း)များအဖြစ် ပြုလုပ်တော်မမူခဲ့ပေ။❶ ထိုအရာများသည် အသင်တို့က အသင်တို့နှုတ်များဖြင့် ပြောဆိုကြသောအသင်တို့၏(ဘောင်မဝင်သည့်)ပြောဆိုချက်ပင် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ကမူ အမှန်ကို မိန့်ကြားတော်မူသည်။ ထို့ပြင် အရှင်မြတ်ကပင် (မှန်ကန်သည့်)လမ်းကို ညွှန်ကြားပြသတော်မူသည်။

❶ ကိုယ့်ရဲ့ဇနီးကြင်ရာကို မိခင်လိုပဲဖြစ်တယ်ပြောလို့ ဇနီးဟာ မွေးတဲ့အမေ ဖြစ်မသွားကြောင်း၊ တစ်ဦးဦးကို သားလို့ ပြောလိုက်တာနဲ့ သူမွေးတဲ့သား ဖြစ်မသွားကြောင်း၊ ဘယ်လူသားမှ စိတ်နှလုံးနှစ်ခုမရှိကြောင်း အရှင်မြတ်က အမိုက်ခေတ်ရဲ့ အယူအဆအစွဲအလမ်းတွေကို ဖျက်သိမ်းလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

ٱدۡعُوهُمۡ لِأٓبَآئِهِمۡ هُوَ أَقۡسَطُ عِندَ ٱللَّهِۚ فَإِن لَّمۡ تَعۡلَمُوٓاْ ءَابَآءَهُمۡ فَإِخۡوَٰنُكُمۡ فِي ٱلدِّينِ وَمَوَٰلِيكُمۡۚ وَلَيۡسَ عَلَيۡكُمۡ جُنَاحٞ فِيمَآ أَخۡطَأۡتُم بِهِۦ وَلَٰكِن مَّا تَعَمَّدَتۡ قُلُوبُكُمۡۚ وَكَانَ ٱللَّهُ غَفُورٗا رَّحِيمًا ۝٥

(၅) အသင်တို့သည် သူတို့အား သူတို့၏ဖခင်(အရင်း)များနှင့် ဆက်စပ်ပြီး (မည်သူမည်ဝါ၏သားဖြစ်သည်ဟု)ခေါ်ဝေါ်ကြပါ။ ထိုအရာပင် အလ္လာဟ်အရှင်မြတ်ထံတော်တွင် တရားအမျှတဆုံးဖြစ်သည်။❷ ထို့ပြင် အကယ်၍ အသင်တို့သည် သူတို့၏ဖခင်များကို မသိခဲ့ကြလျှင် သူတို့သည် အသင်တို့၏သာသနာဝင် ညီအစ်ကိုများဖြစ်ကြသည့်အပြင်၊ အသင်တို့၏မိတ်ဆွေများလည်း ဖြစ်ကြသည်။ ထို့ပြင် အသင်တို့အပေါ်တွင် အသင်တို့ မေ့မှားပြီး ပြုလုပ်ခဲ့ကြသည့်ကိစ္စနှင့်ပတ်သက်၍ မည်သည့်အပြစ်မျှ မရှိပေ။ သို့ရာတွင် အသင်တို့၏စိတ်နှလုံးများက ကြံရွယ်ပြုလုပ်ခဲ့ကြသော ကိစ္စမှာမူ (အပြစ်)ရှိသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

❷ မွေးစားသားတွေကို သူတို့ရဲ့ဖခင်နဲ့ ဆက်နွှယ်ပြီး ခေါ်ရမှာဖြစ်တယ်။ တမန်တော်မြတ် ﷺ မှာ ဇိုင်ဒ်ဆိုတဲ့ မွေးစားသားတစ်ဦး ရှိခဲ့တယ်။ ဒီအာယသ်တော်မကျခင်အထိ ဇိုင်ဒ်ဗင် မုဟမ္မဒ်လို့

အရပ်တွေက ခေါ်ခဲ့ကြတယ်။ ဒီအာယသ်ကျပြီးတဲ့နောက် သူရဲ့ဖခင်ဖြစ်သူ ဟာရိဆဟ်ဘက်ကို ဆက်နွှယ်ပြီး ဇိုင်ဒ်ဗင် ဟာရိဆဟ်လို့ ခေါ်ဝေါ်ကြတော့တယ်။ (အလင်းပြကျမ်း)

اَلنَّبِيُّ اَوْلٰى بِالْمُؤْمِنِيْنَ مِنْ اَنْفُسِهِمْ وَ اَزْوَاجُهٗۤ اُمَّهٰتُهُمْ ؕ وَ اُولُوا الْاَرْحَامِ بَعْضُهُمْ اَوْلٰى بِبَعْضٍ فِيْ كِتٰبِ اللّٰهِ مِنَ الْمُؤْمِنِيْنَ وَ الْمُهٰجِرِيْنَ اِلَّاۤ اَنْ تَفْعَلُوْۤا اِلٰۤى اَوْلِيٰٓئِكُمْ مَّعْرُوْفًا ؕ كَانَ ذٰلِكَ فِي الْكِتٰبِ مَسْطُوْرًا ﴿٦﴾

(၆) တမန်တော်မြတ်သည် မုအ်မင်န်ယုံကြည်သူများနှင့် သူတို့ကိုယ်တိုင် ထက်ပင် ပို၍နီးစပ်သည်။❻ ထို့ပြင် ၎င်း(တမန်တော်မြတ်)၏ကြင်ရာတော်များ သည် ၎င်း(မုအ်မင်န်)တို့၏မိခင်များပင် ဖြစ်ကြသည်။❼ ထို့ပြင် အလ္လာဟ်အရှင် မြတ်၏ကျမ်းဂန်တွင် သွေးတော်စပ်သူများသည် အချင်းချင်း တစ်ဦးနှင့်တစ်ဦး အခြားမုအ်မင်န်ယုံကြည်သူများနှင့် မုဟာဂျိရ်စွန့်ခွာပြောင်းရွှေ့သူများထက် ပိုမို၍ နီးစပ်သူများဖြစ်ကြသည်။❽ သို့ရာတွင် အသင်တို့သည် အသင်တို့၏မိတ် ဆွေများအား တစ်စုံတစ်ရာ ကျေးဇူးပြုလိုပါက (ပြုပိုင်ခွင့်ရှိသည်)။ ထိုအရာ သည် အလ္လာဟ်အရှင်မြတ်၏ မှတ်တမ်းတော်တွင် ရေးသားပြီးဖြစ်သည်။

❻ အီမာန်ယုံကြည်သူတွေရဲ့ အီမာန်ရရှိမှုရဲ့ အကြောင်းခံဟာ တမန်တော်မြတ် ﷺ ပဲ ဖြစ်တယ်။ မုအ်မင်န်တွေရဲ့အီမာန်ဟာ တမန်တော်မြတ် ﷺ ကနေတစ်ဆင့် ဆင်းသက်လာခဲ့တာဖြစ်တဲ့အတွက် တမန်တော်မြတ် ﷺ ဟာ ဝိညာဉ်ပိုင်းဆိုင်ရာ နာမ်ပိုင်းဆိုင်ရာ ဖခင်ဖြစ်တယ်။ လူမှာ အီမာန်မရှိရင် ဘာမှအကျိုးမရှိတော့တဲ့အတွက် အီမာန်ဟာ အသက်ထက်တောင် ပိုအရေးကြီးပြီး ပိုအဓိကကျ တယ်။ အဲဒါကြောင့် အဲဒီအရေးကြီးအဓိကကျတဲ့ အီမာန်ကို စိတ်နှလုံးထဲ မွေးပေးတဲ့ အကြောင်းခံ ဖြစ်တဲ့ တမန်တော်မြတ် ﷺ ဟာ မုအ်မင်န်တွေရဲ့ကိုယ်တိုင်ထက်တောင် ပိုနီးတယ်လို့ ဆိုထားတာ ဖြစ်တယ်။ (အလင်းပြကျမ်း) ❼ တမန်တော်မြတ် ﷺ ဟာ နာမ်ပိုင်းဆိုင်ရာ ဖခင်ဖြစ်နေတဲ့အတွက် တမန်တော်မြတ် ﷺ ရဲ့ကြင်ရာတော်တွေဟာလည်း နာမ်ပိုင်းဆိုင်ရာမိခင်တွေဖြစ်ကြတယ်။ အဲဒါ ကြောင့် တမန်တော်မရှိတဲ့နောက်မှာ သူမတို့နဲ့ လက်ထပ်ခွင့်ပေးမထားတာဖြစ်တယ်။ (အလင်းပြ ကျမ်း) ❽ မွတ်စ်လင်မ်ဖြစ်ခြင်းကြောင့် ညီနောင်ဖွဲ့ပေးထားတဲ့ အမွေဆက်ခံခွင့်ကို ရုပ်သိမ်းပြီး သွေးရင်းတွေကိုပဲအမွေဆက်ခံခွင့်ပြန်ပေးလိုက်တာဖြစ်တယ်။ (တမန်တော်မြတ် ﷺ ကမုဟာဂျိရီးန် တွေကို အန်စွာရ်တွေနဲ့ ညီနောင်ဖွဲ့ပေးလိုက်တဲ့အပေါ်မှာ အန်စွာရ်တွေက သွေးရင်းသားရင်းညီ နောင်တွေလို အမွေပါ ခွဲဝေပေးခဲ့ကြတယ်။ နောက်ပိုင်းမှာ အဲဒီအမိန့်ကို ရုပ်သိမ်းခဲ့တာဖြစ်တယ်။) (အသ်သဖ်စီရွလ်မုယတ်စရ်၊ အွဆ်မာနီ)

وَ اِذْ اَخَذْنَا مِنَ النَّبِيّٖنَ مِيْثَاقَهُمْ وَ مِنْكَ وَ مِنْ نُّوْحٍ وَّ اِبْرٰهِيْمَ وَ مُوْسٰى وَ عِيْسَى ابْنِ مَرْيَمَ ۪ وَ اَخَذْنَا مِنْهُمْ مِّيْثَاقًا غَلِيْظًا ۙ﴿٧﴾

(၇) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် တမန်တော်များထံမှ ကတိ ဝန်ခံချက်ကို ယူတော်မူခဲ့သည်။ (ထိုတမန်တော်များထဲတွင်) အသင်၏ထံမှသာ

မက၊ (တမန်တော်များဖြစ်ကြသည့်)နူးဟ်၊ အိဗ်ရာဟီမ်၊ မူစာ၊ မရ်ယမ်၏သား အီစာတို့ထံမှလည်း (ကတိဝန်ခံချက် ယူတော်မူခဲ့ခြင်းဖြစ်သည်)။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့ထံမှ ခိုင်မာသောကတိဝန်ခံချက်ကို ယူတော်မူခဲ့သည်။

لِّيَسْـَٔلَ ٱلصَّـٰدِقِينَ عَن صِدْقِهِمْ ۚ وَأَعَدَّ لِلْكَـٰفِرِينَ عَذَابًا أَلِيمًا ﴿٨﴾

(၈) (ထိုသို့ ဝန်ခံချက်ယူတော်မူခဲ့ခြင်းမှာ)အရှင်မြတ်သည် မှန်ကန်သူများအား (ကိယာမသ်နေ့တွင်) သူတို့၏ မှန်ကန်မှုနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းတော်မူရန်အတွက်ဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် ကာဖိရ်များအတွက် နာကျင်စေသည့်ပြစ်ဒဏ်ကို အဆင်သင့်ပြုလုပ်ထားတော်မူသည်။

يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ ٱذْكُرُوا۟ نِعْمَةَ ٱللَّهِ عَلَيْكُمْ إِذْ جَآءَتْكُمْ جُنُودٌ فَأَرْسَلْنَا عَلَيْهِمْ رِيحًا وَجُنُودًا لَّمْ تَرَوْهَا ۚ وَكَانَ ٱللَّهُ بِمَا تَعْمَلُونَ بَصِيرًا ﴿٩﴾

(၉) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့အပေါ်တွင် (ပြုတော်မူခဲ့သည့်)အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ကို ပြန်လည်သတိရကြပါ။ တစ်ခါတွင် အသင်တို့ထံသို့ စစ်တပ်အမြောက်အမြားသည် (တိုက်ခိုက်ရန်)ချီတက်လာခဲ့ကြသည်။ ထို့နောက် ငါအရှင်မြတ်သည် ထိုစစ်တပ်များအပေါ်တွင် လေပြင်းတစ်ခုနှင့် အသင်တို့မမြင်ရသောစစ်တပ်များကို❶ စေလွှတ်(၍ ၎င်းတို့ကို ခြောက်လှန့်ထုတ်ပြီး အသင်တို့ကို ကူညီ)တော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်နေသည်များကို အလွန်မြင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

❶ ကာဖိရ်မုရှ်ရိက်တွေအချင်းချင်း မဟာမိတ်ဖွဲ့ပြီး စုပေါင်းကာ မွတ်စ်လင်မ်တွေကို တိုက်ခိုက်ကြတဲ့အတွက် အဟ်ဇာဗ်စစ်ပွဲ၊ မဟာမိတ်စစ်ပွဲလို့ခေါ်တာဖြစ်တယ်။ ပြီးတော့ မွတ်စ်လင်မ်တွေက ရန်သူတွေမဝင်နိုင်အောင် ကျုံးတူးပြီး ခုခံတဲ့အတွက် ခန်ဒက်စစ်ပွဲလို့လည်း ခေါ်တာဖြစ်တယ်။ အဲဒီစစ်ပွဲဟာ ရက်ပေါင်းနှစ်ဆယ်ကျော် ဒုက္ခခံပြီး တိုက်ခိုက်ခဲ့ရတာဖြစ်တယ်။ အခြေအနေဆိုးဝါးလာတဲ့အခါမှာ နောက်ဆုံးမှာ အရှင်မြတ်ကပဲ လေမုန်တိုင်းတွေချပေးခဲ့တယ်၊ ကောင်းကင်တမန်စစ်တပ်တွေနဲ့ ခြိမ်းခြောက်ပြီး ကာဖိရ်တွေ ကြောက်လန့်ထွက်ပြေးအောင်လုပ်ပေးတော်မူခဲ့တာဖြစ်တယ်။ ကာဖိရ်တွေဟာ နောက်ပြန်ဆုတ်သွားခဲ့ကြတယ်။ မွတ်စ်လင်မ်တွေဟာ ကာဖိရ်တွေစုပေါင်းတိုက်ခိုက်ခြင်းကနေ လွတ်ကင်းသွားတော့တယ်။ (အလင်းပြကျမ်း)

إِذْ جَآءُوكُم مِّن فَوْقِكُمْ وَمِنْ أَسْفَلَ مِنكُمْ وَإِذْ زَاغَتِ ٱلْأَبْصَـٰرُ وَبَلَغَتِ ٱلْقُلُوبُ ٱلْحَنَاجِرَ وَتَظُنُّونَ بِٱللَّهِ ٱلظُّنُونَا۠ ﴿١٠﴾

(၁၀) ထိုစဉ်က ထိုစစ်တပ်များသည် အသင်တို့၏ အထက်ဘက်မှသာမက အသင်တို့၏အောက်ဘက်မှလည်း ချီတက်လာခဲ့ကြသည်။ ထို့ပြင် ထိုစဉ်က

(ကြောက်လန့်ပြီး)မျက်စိများသည် ပြူးကျယ်သွားခဲ့ကြသည်။ ထို့ပြင် နှလုံးများသည်လည်း လည်မျိုများသို့ ရောက်ရှိသွားခဲ့ကြသည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် အမျိုးမျိုးထင်မြင်ယူဆချက်များကို ထင်မြင်ယူဆခဲ့ကြသည်။

هُنَالِكَ ابْتُلِيَ الْمُؤْمِنُونَ وَزُلْزِلُوا زِلْزَالًا شَدِيدًا ﴿١١﴾

(၁၁) ထိုအခါတွင် မုအ်မင်နှ်ယုံကြည်သူများသည် စမ်းသပ်မှုခံခဲ့ရသည့်အပြင် ပြင်းထန်စွာ တုန်လှုပ်ချောက်ချားစေခြင်းကိုလည်း ခံခဲ့ကြရသည်။

وَإِذْ يَقُولُ الْمُنَافِقُونَ وَالَّذِينَ فِي قُلُوبِهِم مَّرَضٌ مَّا وَعَدَنَا اللَّهُ وَرَسُولُهُ إِلَّا غُرُورًا ﴿١٢﴾

(၁၂) ထို့ပြင် ထိုစဉ်က မုနာဖိက်အယောင်ဆောင်များနှင့် စိတ်နှလုံးများတွင် ရောဂါရှိသူများက (ဤသို့)ပြောဆိုနေခဲ့ကြသည်- "အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်သည် ကျွန်ုပ်တို့အား ဖြားယောင်းသည်မှလွဲ၍ မည်သည့်မှန်ကန်သည့်ကတိကိုမျှ ပေးခဲ့ကြသည်မဟုတ်ပေ"။

وَإِذْ قَالَت طَّائِفَةٌ مِّنْهُمْ يَا أَهْلَ يَثْرِبَ لَا مُقَامَ لَكُمْ فَارْجِعُوا ۚ وَيَسْتَأْذِنُ فَرِيقٌ مِّنْهُمُ النَّبِيَّ يَقُولُونَ إِنَّ بُيُوتَنَا عَوْرَةٌ ۛ وَمَا هِيَ بِعَوْرَةٍ ۛ إِن يُرِيدُونَ إِلَّا فِرَارًا ﴿١٣﴾

(၁၃) ထို့ပြင် ထိုစဉ်က ထိုသူများထဲမှ လူတစ်စုသည် ပြောဆိုကြသည်- "အို- ယဆ်ရိဗ်မြို့သားတို့၊(J) အသင်တို့အတွက် ရပ်တည်ရာမရှိတော့သည့်အတွက် အသင်တို့သည် ပြန်သွားကြပါတော့"။ ထို့ပြင် သူတို့ထဲမှ လူတစ်စုက "အမှန်စင်စစ် ကျွန်ုပ်တို့၏အိမ်များသည် လုံခြုံမှုမရှိပါ"ဟု ပြောဆိုပြီး တမန်တော်၏ထံတွင် ခွင့်ပန်နေကြသည်။ ထိုအိမ်များသည် မလုံခြုံသည့်အိမ်များမဟုတ်ပေ။ သူတို့က ထွက်ပြေးရန်ပင် ကြံရွယ်နေကြခြင်း ဖြစ်သည်။

(J) ယဆ်ရိဗ်ဆိုတာ မဒီနဟ်မြို့ရဲ့နာမည်ဟောင်းဖြစ်တယ်။ အဲဒီမြို့မှာ တမန်တော်မြတ် ﷺ နေထိုင်တော်မူတဲ့အတွက် မဒီနသွန္နဗီလို့ ခေါ်ခဲ့ကြတာဖြစ်ပြီး အတိုကောက်အနေနဲ့ မဒီနဟ်လို့ ခေါ်ကြတာဖြစ်တယ်။ တမန်တော်ရဲ့မြို့လို့ အဓိပ္ပာယ်ရတယ်။ (အလင်းပြကျမ်း)

وَلَوْ دُخِلَتْ عَلَيْهِم مِّنْ أَقْطَارِهَا ثُمَّ سُئِلُوا الْفِتْنَةَ لَآتَوْهَا وَمَا تَلَبَّثُوا بِهَا إِلَّا يَسِيرًا ﴿١٤﴾

(၁၄) ထို့ပြင် သူတို့ထံသို့ ၎င်း(ယဆ်ရိဗ်မြို့)၏ဘေးပတ်ဝန်းကျင်များမှ (ကာဖိရ်စစ်သည်များသည်)ဝင်ရောက်ခဲ့ကြလျှင် ထို့နောက် သူတို့သည် ဖျက်ဆီးမှုပြုရန် (မွတ်စ်လင်မ်များနှင့် တိုက်ခိုက်ရန် သို့မဟုတ် အစ္စလာမ်ကိုစွန့်ပြီးကုဖ်ရ်ရှိရ်က်ပြုလုပ်ရန်) တောင်းဆိုခြင်းကို ခံခဲ့ကြရလျှင် သူတို့သည် ထိုအိမ်များတွင် ခေတ္တသာနေ၍ ချက်ချင်းပင် ထိုဖျက်ဆီး(တိုက်ခိုက်မှု သို့မဟုတ် ကုဖ်ရ်ရှိရ်က်

ပြုလုပ်)မှုကို အမှန်ပင် လက်ခံပြုလုပ်ကြမည် ဖြစ်သည်။❷

❷ မုနာဖိက်အယောင်ဆောင်တွေဟာ မွတ်စ်လင်မ်တွေကို ဖြိုဖျက်ဖို့ ဖျက်ဆီးရေးလုပ်ဖို့အတွက် ဆိုရင် ဝိုင်းကူညီပြီး ဖျက်ဆီးပေးမှာဖြစ်တာကို ပြသထားတာဖြစ်တယ်။ တကယ်တော့ သူတို့ဟာ သစ္စာဖောက်တဲ့သူတွေပဲ ဖြစ်ကြတယ်။ (အလင်းပြကျမ်း)

وَلَقَدْ كَانُوْا عَاهَدُوا اللّٰهَ مِنْ قَبْلُ لَا يُوَلُّوْنَ الْاَدْبَارَ ۭ وَكَانَ عَهْدُ اللّٰهِ مَسْـُٔوْلًا ﴿١٥﴾

(၁၅) ထို့ပြင် အမှန်စင်စစ် သူတို့သည် ယခင်ကတည်းက "ကျောခိုင်း ထွက်မပြေးပါ"ဟု အလ္လာဟ်အရှင်မြတ်နှင့် ကတိပြုခဲ့ပြီးဖြစ်ကြသည်။❻ ထို့ပြင် အလ္လာဟ်အရှင်မြတ်နှင့် ပြုခဲ့သော ကတိဝန်ခံချက်သည် စစ်ဆေးမေးမြန်းခြင်းခံ ရမည့် ကတိဝန်ခံချက်ပင်ဖြစ်သည်။

❻ အုဟုဒ်စစ်ပွဲပြီးဆုံးတဲ့အခါမှာ မုနာဖိက်အယောင်ဆောင်တွေဟာ "ကျွန်တော်တို့ဟာ နောက် နောင်မှာ စစ်ပွဲကနေ ထွက်မပြေးကြတော့ပါဘူး"လို့ ကတိသစ္စာဆိုခဲ့ကြပေမဲ့ တကယ်တမ်းကျ တော့ သူတို့ဟာ သစ္စာဖောက်မြဲ ဖောက်ကြတာပဲ ဖြစ်တယ်။ ဒီခန်ဒက်စစ်ပွဲကနေ ထွက်ပြေးကြ တာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ لَّنْ يَّنْفَعَكُمُ الْفِرَارُ اِنْ فَرَرْتُمْ مِّنَ الْمَوْتِ اَوِ الْقَتْلِ وَاِذًا لَّا تُمَتَّعُوْنَ اِلَّا قَلِيْلًا ﴿١٦﴾

(၁၆) (အို-တမန်တော်) အသင်ပြောလိုက်ပါ-"အကယ်၍ အသင်တို့ သည် သေဘေးနှင့် အသတ်ခံရမည့်ဘေးမှ ထွက်ပြေးခဲ့ကြလျှင် အသင်တို့အား ထွက်ပြေးခြင်းက မည်သည့်အရာမျှ အကျိုးရှိစေမည်မဟုတ်ပေ။ ထို့ပြင် သို့ ဖြစ်လျှင် အသင်တို့သည် (ထွက်ပြေးပြီး) အချိန်အနည်းငယ်မှလွဲ၍ အကျိုးခံစား ရမည်လည်းမဟုတ်ပေ။"

قُلْ مَنْ ذَا الَّذِيْ يَعْصِمُكُمْ مِّنَ اللّٰهِ اِنْ اَرَادَ بِكُمْ سُوْۗءًا اَوْ اَرَادَ بِكُمْ رَحْمَةً ۭ وَلَا يَجِدُوْنَ لَهُمْ مِّنْ دُوْنِ اللّٰهِ وَلِيًّا وَّلَا نَصِيْرًا ﴿١٧﴾

(၁၇) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အကယ်၍ အလ္လာဟ် အရှင်မြတ်သည် အသင်တို့နှင့်ပတ်သက်၍ ဘေးဒုက္ခတစ်စုံတစ်ခုကို ရည်ရွယ် တော်မူခဲ့လျှင် အသင်တို့အား ထိုအရှင်မြတ်၏(ပြစ်ဒဏ်)မှ မည်သူသည် ကာ ကွယ်စောင့်ရှောက်မည်နည်း။ သို့မဟုတ် အရှင်မြတ်သည် အသင်တို့နှင့် ပတ် သက်၍ ကျေးဇူးတစ်စုံတစ်ခုကို ရည်ရွယ်တော်မူလျှင် (မည်သူသည် ပိတ်ပင်နိုင် သနည်း)။ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်အပြင် သူတို့အတွက် ကူညီ မည့်သူ မည်သူမျှ တွေ့ရမည်မဟုတ်ပေ။ ကာကွယ်မည့်သူလည်း မည်သူမျှ တွေ့ရမည်မဟုတ်ပေ။

قَدْ يَعْلَمُ اللَّهُ الْمُعَوِّقِينَ مِنكُمْ وَالْقَائِلِينَ لِإِخْوَانِهِمْ هَلُمَّ إِلَيْنَا ۖ وَلَا يَأْتُونَ الْبَأْسَ إِلَّا قَلِيلًا ﴿١٨﴾

(၁၈) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ထဲမှ တားဆီးနှောင့်ယှက်သူများနှင့် သူတို့၏ညီအစ်ကိုများအား "အသင်တို့သည် ကျွန်ုပ်တို့ထံသို့ လာခဲ့ကြပါ"ဟု ပြောဆိုကြသည့်သူများကို သိရှိတော်မူသည်။ ထို့ပြင် သူတို့ကိုယ်တိုင်မှာမူ စစ်တိုက်ရာသို့ လာကြသည်မရှိပေ၊ သို့ရာတွင် အနည်းငယ်မျှသာ လာကြသည်ဖြစ်၏။

أَشِحَّةً عَلَيْكُمْ ۖ فَإِذَا جَاءَ الْخَوْفُ رَأَيْتَهُمْ يَنظُرُونَ إِلَيْكَ تَدُورُ أَعْيُنُهُمْ كَالَّذِي يُغْشَىٰ عَلَيْهِ
مِنَ الْمَوْتِ ۖ فَإِذَا ذَهَبَ الْخَوْفُ سَلَقُوكُم بِأَلْسِنَةٍ حِدَادٍ أَشِحَّةً عَلَى الْخَيْرِ ۚ أُولَٰئِكَ لَمْ يُؤْمِنُوا
فَأَحْبَطَ اللَّهُ أَعْمَالَهُمْ ۚ وَكَانَ ذَٰلِكَ عَلَى اللَّهِ يَسِيرًا ﴿١٩﴾

(၁၉) အသင်တို့အပေါ်တွင် တွန့်တိုကြလျက်၊ ထို့ပြင် စိုးရိမ်ဖွယ်ရာတစ်စုံတစ်ခု ပေါ်ပေါက်လာလျှင် သူတို့သည် သေခြင်းဆိုက်ရောက်လာ၍ မေ့မြောနေသူကဲ့သို့ မျက်စိများ မူးဝေလျက် အသင်၏ဘက်သို့ စိုက်ကြည့်နေကြသည်ကို အသင်တွေ့မြင်ရသည်။ ထို့နောက် စိုးရိမ်မှုပပျောက်သွားသည့်အခါ သူတို့သည် (သုံ့ပန်း)ပစ္စည်းများအပေါ်တွင် လောဘတက်လျက် ထက်မြက်သည့်နှုတ်သီးများနှင့် အသင်တို့အား နာကြည်းစေရန် စောင်းမြောင်းပြောဆိုကြသည်။ ထိုသူများသည် အီမာန်ယုံကြည်ခဲ့ကြသည် မဟုတ်ပေ။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် သူတို့၏လုပ်ရပ်များအား အကျိုးမဲ့ဖြစ်စေတော်မူခဲ့သည်။ ထို့ပြင် ၎င်း(ကဲ့သို့ အကျိုးမဲ့ဖြစ်စေခြင်း)သည် အလ္လာဟ်အရှင်မြတ်အတွက် လွယ်ကူသည်။

يَحْسَبُونَ الْأَحْزَابَ لَمْ يَذْهَبُوا ۖ وَإِن يَأْتِ الْأَحْزَابُ يَوَدُّوا لَوْ أَنَّهُم بَادُونَ فِي الْأَعْرَابِ يَسْأَلُونَ
عَنْ أَنبَائِكُمْ ۖ وَلَوْ كَانُوا فِيكُم مَّا قَاتَلُوا إِلَّا قَلِيلًا ﴿٢٠﴾

(၂၀) သူတို့သည် "ပေါင်းစည်းထားသည့် (ကာဖိရ်မဟာမိတ်)အုပ်စုများသည် (ယခုထိ)မသွားကြသေးပေ"ဟု ထင်မှတ်နေကြသည်။ ထို့နောက် ထိုစုပေါင်းထားသည့်အုပ်စုများရောက်လာကြလျှင်၊ အမှန်စင်စစ် သူတို့သည် "အကယ်၍ ကျွန်ုပ်တို့သည် ကျေးလက်တောရွာများတွင် နေထိုင်ခဲ့ကြပြီး အသင်တို့၏သတင်းများကို စုံစမ်းမေးမြန်းနေခဲ့လျှင် ကောင်းလေစွ"ဟု တောင့်တကြမည်။ ထို့ပြင် အကယ်၍ သူတို့သည် အသင်တို့နှင့်အတူ ရှိနေခဲ့ကြလျှင်လည်း အနည်းငယ်သာ တိုက်ခိုက်ကြမည်ဖြစ်သည်။၀

❶ မုနာဖိက်အယောင်ဆောင်တွေဟာ သူတို့ရဲ့အယောင်ဆောင်မှုတွေကို ဖုံးကွယ်နေဖို့ စစ်တိုက်ရင်လည်း ဟန်ပြလောက်ပဲ နည်းနည်းတိုက်ပြကြမှာ ဖြစ်ပြီး စစ်ရေးသာတဲ့ဘက်ကို ကူးပြောင်းသွားဖို့ သတင်းယူထောက်လှမ်းနေကြတာဖြစ်တယ်။ တကယ်တော့ သူတို့ဟာ ကာဖိရ်တွေက မွတ်စ်လင်မ်တွေကို တိုက်ခိုက်ပြီး မွတ်စ်လင်မ်တွေရှုံးသွားတာကိုပဲ လိုလားကြတဲ့သူတွေဖြစ်ကြတယ်။ (အလင်းပြကျမ်း)

لَقَدْ كَانَ لَكُمْ فِي رَسُولِ اللَّهِ أُسْوَةٌ حَسَنَةٌ لِّمَن كَانَ يَرْجُوا اللَّهَ وَالْيَوْمَ الْآخِرَ وَذَكَرَ اللَّهَ كَثِيرًا ﴿٢١﴾

(၂၁) အမှန်စင်စစ် အသင်တို့အတွက် အလ္လာဟ်အရှင်မြတ်၏တမန်တော်တွင် ကောင်းမြတ်သောစံနမူနာရှိသည်။❷ အကြင်သူများအတွက်လည်း ဖြစ်သည်၊ ထိုသူများသည် အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့အား ကြောက်ရွံ့ကြသည့်အပြင် အလ္လာဟ်အရှင်မြတ်အား များစွာသတိရတသလျက် ရှိကြသည်။

❷ တမန်တော်မြတ် ﷺ မှာ စံနမူနာတွေ အမြောက်အမြားရှိတယ်။ အထူးသဖြင့် တမန်တော်မြတ် ﷺ ဟာ အလုပ်တစ်ခုကို လုပ်ပြီဆိုရင် စွဲမြဲကြံ့ခိုင်မှုနဲ့ လုပ်လေ့ရှိတယ်။ စားရေးသောက်ရေး နေရေးထိုင်ရေးကိစ္စတွေလုပ်တာဖြစ်ဖြစ်၊ ဝတ်ပြုမှုဆိုင်ရာအလုပ်တွေကို လုပ်တာပဲဖြစ်ဖြစ်၊ စစ်တိုက်တာပဲဖြစ်ဖြစ် ကြံ့ခိုင်မှုကို အဓိကထားပြီး ဆောင်ရွက်လေ့ရှိတယ်။ စစ်ပွဲမှာဆိုရင်လည်း စစ်အင်အားမမျှလို့ ဘယ်သူထွက်ပြေးပြေး ကိုယ်တစ်ဦးတည်းပဲကျန်ကျန် ဖွဲ့နဲ့တိုက်ခိုက်ဖို့ပဲ ကြိုးစားခဲ့တယ်။ ဟုနိုင်န်စစ်ပွဲမှာ မွတ်စ်လင်မ်တွေ အများစု ထွက်ပြေးခဲ့ကြပေမဲ့ တမန်တော်မြတ် ﷺ နဲ့ စွဟာဗဟ် رضي الله عنهم တစ်စုဟာ ကြံ့ကြံ့ခံရပ်တည်လျက် စစ်ပွဲမှာကျန်ရှိခဲ့တယ်။ အဲဒီအပေါ်မှာ အရှင်မြတ်ဘက်က အကူအညီပေးတော်မူခဲ့တာဖြစ်တယ်။ တမန်တော်မြတ် ﷺ ရဲ့နမူနာတွေဟာ နေရာတိုင်း၊ ကိစ္စတိုင်းမှာ ရှိနေတဲ့အတွက် မွတ်စ်လင်မ်တွေဟာ လေ့လာပြီး အတုယူလိုက်စားကြရင် နှစ်ဘဝစလုံးမှာ အောင်မြင်မှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَمَّا رَأَى الْمُؤْمِنُونَ الْأَحْزَابَ قَالُوا هَٰذَا مَا وَعَدَنَا اللَّهُ وَرَسُولُهُ وَصَدَقَ اللَّهُ وَرَسُولُهُ ۚ وَمَا زَادَهُمْ إِلَّا إِيمَانًا وَتَسْلِيمًا ﴿٢٢﴾

(၂၂) ထို့ပြင် အီမာန်ယုံကြည်သူများသည် စုပေါင်းထားသည့်(ကာဖိရ် မဟာမိတ်)အုပ်စုများကိုတွေ့မြင်ကြသည့်အခါ "ဤသည်ကျွန်ုပ်တို့အား အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်က ချိန်းဆိုတော်မူခဲ့သည့်ကိစ္စပင် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်သည် မှန်ကန်စွာ မိန့်တော်မူခဲ့ခြင်းဖြစ်သည်"ဟု ပြောဆိုကြသည်။ ထို့ပြင် ထိုကိစ္စသည် သူတို့တွင် အီမာန်ယုံကြည်မှုနှင့် လိုက်နာမှုကိုပင် တိုးပွားစေခဲ့သည်။❸

❸ အဲဒီတမန်တော်မြတ် ﷺ ရဲ့ စံနမူနာအတိုင်းလိုက်နာတဲ့ မွတ်စ်လင်မ်တွေဟာ ကာဖိရ် မဟာမိတ်စစ်တပ်တွေကို မြင်တဲ့အခါ ကြောက်ရွံ့တုန်လှုပ်သွားခြင်းမရှိဘဲ၊ ဒါဟာ အရှင်မြတ်နဲ့ တမန်တော်က ကတိပြုခဲ့တဲ့အရာပဲဆိုပြီး စစ်မြေပြင်ကနေ ထွက်မပြေးဘဲ ရှပ်ရှပ်ချွံချွံ တိုက်ခိုက်ခဲ့ကြတဲ့

အတွက် သူတို့ရဲ့အီမာန်နဲ့ လိုက်နာမှုတွေ ပိုတိုးပွားသွားခဲ့ကြတယ်။ အဲဒီနောက် စစ်ပွဲမှာ အစာ ရေစာ ပြတ်တောက်လျက် အငတ်ခံပြီး ကြံ့ကြံ့ခံရပ်တည်ခဲ့ကြတယ်။ အဲဒီအပေါ် အရှင်မြတ်က အကူအညီတွေပေးတော်မူခဲ့တယ်။ (အလင်းပြကျမ်း)

مِنَ الْمُؤْمِنِينَ رِجَالٌ صَدَقُوا مَا عَاهَدُوا اللَّهَ عَلَيْهِ ۖ فَمِنْهُم مَّن قَضَىٰ نَحْبَهُ وَمِنْهُم مَّن يَنتَظِرُ ۖ وَمَا بَدَّلُوا تَبْدِيلًا ﴿٢٣﴾

(၂၃) အီမာန်ယုံကြည်သူများထဲတွင် အလ္လာဟ်အရှင်မြတ်နှင့် သူတို့ပြု လုပ်ထားသောကတိဝန်ခံချက်အတိုင်း မှန်ကန်စွာ ပြုလုပ်ခဲ့ကြသည့်သူများလည်း ရှိကြသည်။ ထို့ပြင် သူတို့ထဲတွင် သူတို့၏အဓိဋ္ဌာန်ကို ပြီးစီးအောင် ဆောင်ရွက်ခဲ့ သူများလည်း ရှိကြသည်။ ထို့ပြင် သူတို့ထဲတွင် (သူတို့၏အဓိဋ္ဌာန်ကို ပြီးစီးအောင် ဆောင်ရွက်ရန်) စောင့်စားနေသူများလည်း ရှိကြသည်။ သူတို့သည် အနည်းငယ် မျှပင် မပြောင်းလဲခဲ့ကြပေ။❶

❶ အဓိဋ္ဌာန်ပြုထားတယ်ဆိုတာ အလ္လာဟ်အရှင်မြတ်ရဲ့ လမ်းမှာ အသက်စတေးဖို့ ရည်ရွယ်ထား တာကို ဆိုလိုတယ်။ တချို့ဟာ အဲဒီအဓိဋ္ဌာန်အတိုင်း ဗဒရ်စစ်ပွဲ၊ အုဟုဒ်စစ်ပွဲတွေမှာ အသက်ပေးပြီး ရှဟီဒ်ဖြစ်သွားခဲ့ကြပြီ ဖြစ်တယ်။ တချို့လည်း အဲဒီလို အသက်စတေးဖို့ စောင့်ဆိုင်းနေကြတာဖြစ် တယ်။ အသက်ပေးပြီးခဲ့တဲ့အုပ်စုရော၊ အသက်ပေးဖို့ စောင့်နေတဲ့အုပ်စုတွေပါ သူတို့ပြုလုပ်ထား တဲ့ကတိအတိုင်းပဲ ရပ်တည်နေခဲ့ကြတယ်။ ဘာမှ အပြောင်းအလဲ မရှိခဲ့ကြဘူး။ (အလင်းပြကျမ်း)

لِّيَجْزِيَ اللَّهُ الصَّادِقِينَ بِصِدْقِهِمْ وَيُعَذِّبَ الْمُنَافِقِينَ إِن شَاءَ أَوْ يَتُوبَ عَلَيْهِمْ ۚ إِنَّ اللَّهَ كَانَ غَفُورًا رَّحِيمًا ﴿٢٤﴾

(၂၄) (ထိုသို့ဖြစ်ရခြင်းကမူ) အလ္လာဟ်အရှင်မြတ်သည် မှန်ကန်သူများ အား သူတို့၏မှန်ကန်မှုကြောင့် အစားပေးတော်မူရန်အတွက်နှင့် အကယ်၍ အလိုရှိတော်မူလျှင် မုနာဖိက်အယောင်ဆောင်များကို ပြစ်ဒဏ်ပေးတော်မူရန် သို့မဟုတ် သူတို့၏ ဝန်ချတောင်းပန်မှုကို လက်ခံတော်မူရန်အတွက်ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးသနား တော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

وَرَدَّ اللَّهُ الَّذِينَ كَفَرُوا بِغَيْظِهِمْ لَمْ يَنَالُوا خَيْرًا ۚ وَكَفَى اللَّهُ الْمُؤْمِنِينَ الْقِتَالَ ۚ وَكَانَ اللَّهُ قَوِيًّا عَزِيزًا ﴿٢٥﴾

(၂၅) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်များအား သူတို့သည် မည်သည့်အကျိုးမျှ မရရှိကြဘဲလျက် သူတို့၏ အမျက်ဒေါသများနှင့်တကွ ပြန် သွားစေတော်မူခဲ့သည်။❷ ထို့ပြင် စစ်တိုက်ရာတွင် အလ္လာဟ်အရှင်မြတ်သည်

ပင် အီမာန်ယုံကြည်သူများအတွက် လုံလောက်တော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ် အရှင်မြတ်သည် အလွန်အင်အားရှိတော်မူသော၊ တန်ခိုးတော်နှင့်အလွန်လွှမ်းမိုး တော်မူသောအရှင်မြတ် ဖြစ်တော်မူသည်။

❶ ကာဖိရ်မဟာမိတ်စစ်တပ်တွေဟာ မဒီနဟ်မြို့မှာရှိတဲ့ မွတ်စ်လင်မ်တွေကို ရက်ပေါင်း အမြောက် အမြား ဝိုင်းထားခဲ့ကြပေမဲ့ ဘာမှ အောင်မြင်မှုမရခဲ့ကြဘူး။ မွတ်စ်လင်မ်တွေတူးထားတဲ့ ကျုံးကို လည်း ဖြတ်ကျော်နိုင်ခြင်းမရှိခဲ့ကြဘူး။ အဲဒီထဲမှာ စစ်သူရဲကောင်းတစ်ထောင်နဲ့ ညီမျှတယ်လို့ အာရေဗျကျွန်းဆွယ်မှာ နာမည်ကြီးနေတဲ့ စစ်ဗိုလ်ကြီး အမ်ရ်ဗင်န်ဝုဒ်ဟာ သူရဲ့မြင်းနဲ့ ကျုံးကို ဖြတ် ကူးနိုင်ခဲ့တယ်။ ဒီဘက်ရောက်လာတဲ့အခါမှာ သာဝကကြီးအလီ ﵁ ရဲ့ လက်ချက်နဲ့ ကျဆုံးသွားခဲ့ ရတယ်။ ဒါဟာ ကာဖိရ်မဟာမိတ်တွေရဲ့ ကြီးမားတဲ့ဆုံးရှုံးမှုတစ်ခုလည်း ဖြစ်ခဲ့တယ်။ သူ့အလောင်း ကို ပြန်တောင်းတဲ့အခါ တမန်တော်မြတ် ﷺ က ပြန်ပေးတော်မူခဲ့တယ်။ အဲဒီနောက် သူတို့ဟာ ဒုက္ခတွေအကြီးအကျယ်ခံပြီး ဘာတစ်ခုမှ အကျိုးမရှိဘဲ သူတို့ရဲ့ နာမည်ကြီး စစ်သူကြီး သူရဲကောင်း ကြီးတောင် ဆုံးရှုံးသွားခဲ့ရပြီး ဒေါသထွက်ကြလျက် တပ်ခေါက်သွားခဲ့ကြရတယ်။ စစ်ပွဲမှာ အလ္လာဟ် အရှင်မြတ် တစ်ပါးတည်းနဲ့ လုံလောက်တော်မူတယ်ဆိုတာကို အရှင်မြတ်က ပြသတော်မူခဲ့တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَاَنْزَلَ الَّذِيْنَ ظَاهَرُوْهُمْ مِّنْ اَهْلِ الْكِتٰبِ مِنْ صَيَاصِيْهِمْ وَقَذَفَ فِيْ قُلُوْبِهِمُ الرُّعْبَ فَرِيْقًا تَقْتُلُوْنَ وَتَاْسِرُوْنَ فَرِيْقًا ﴿٢٦﴾

(၂၆) ထို့ပြင် အရှင်မြတ်သည် ၎င်း(ကာဖိရ်မဟာမိတ်)တို့ကို ကူညီခဲ့ ကြသော ကျမ်းဂန်ရရှိသူများအား သူတို့၏ခံတပ်များမှ ထွက်စေတော်မူခဲ့သည့် အပြင် သူတို့၏စိတ်နှလုံးများထဲတွင် ကြောက်ရွံ့ထိတ်လန့်မှုကို ထည့်သွင်းတော် မူခဲ့သည့်အတွက် အသင်တို့သည် သူတို့ထဲမှ လူတစ်စုအား သတ်ဖြတ်လျက်ရှိ ကြပြီး၊ လူတစ်စုကိုမူ (သုံ့ပန်းများအဖြစ်)ဖမ်းဆီးချုပ်နှောင်ကြသည်။

وَاَوْرَثَكُمْ اَرْضَهُمْ وَدِيَارَهُمْ وَاَمْوَالَهُمْ وَاَرْضًا لَّمْ تَطَئُوْهَا ۚ وَكَانَ اللّٰهُ عَلٰى كُلِّ شَيْءٍ قَدِيْرًا ﴿٢٧﴾

(၂၇) ထို့ပြင် အရှင်မြတ်သည် သူတို့၏မြေများ၊ သူတို့၏နေအိမ်များ၊ သူတို့၏ဥစ္စာပစ္စည်းများနှင့် အသင်တို့ ခြေပင်မချရသေးသောမြေများကို❷ အသင် တို့အား အမွေဆက်ခံစေတော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာ အားလုံးအပေါ် အလွန်တတ်စွမ်းနိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

❷ ကုရိုင်ဇွာဟ်မျိုးနွယ်ဟာ မွတ်စ်လင်မ်တွေနဲ့ စာချုပ်ချုပ်ထားပါလျက်နဲ့ သစ္စာဖောက်ပြီး ကာဖိရ် မဟာမိတ်တွေနဲ့ ပူးပေါင်းခဲ့တဲ့အတွက် ခန်ဒက်စစ်ပွဲပြီးတဲ့အခါမှာ သူတို့ကို သွားရောက်တိုက်ခိုက် ခဲ့ကြတာဖြစ်တယ်။ နောက်ဆုံးမှာ သူတို့ဟာ အသတ်ခံ၊ အဖမ်းခံ၊ အသိမ်းခံရတဲ့ဘဝကို သူတို့ရဲ့ သစ္စာဖောက်မှုက တွန်းပို့ခဲ့လိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

يٰۤاَيُّهَا النَّبِيُّ قُلْ لِّاَزْوَاجِكَ اِنْ كُنْتُنَّ تُرِدْنَ الْحَيٰوةَ الدُّنْيَا وَزِيْنَتَهَا فَتَعَالَيْنَ اُمَتِّعْكُنَّ

وَأُسَرِّحْكُنَّ سَرَاحًا جَمِيلًا ﴿٢٨﴾

(၂၈) အို-တမန်တော်၊ အသင်သည် အသင်၏ကြင်ရာများကို ပြောလိုက်ပါ- အကယ်၍ အသင်မတို့သည် လောကီဘဝနှင့် ၎င်း၏လှပတင့်တယ်မှုကိုအလိုရှိကြလျှင် အသင်မတို့ လာကြပါ၊ ငါသည် အသင်မတို့အား (ကျေနပ်အောင်) အကျိုးခံစားခွင့်ပေးပြီး ကောင်းမွန်စွာ စွန့်လွှတ်လိုက်မည်။❻

❻ ကြင်ရာတော်တွေဟာ ကျပ်တည်းစွာနဲ့နေခဲ့ကြရပြီး ချောင်လည်လာတဲ့အခါ တမန်တော်မြတ် ﷺ ထံက အသုံးစရိတ်ပိုတောင်းခဲ့ကြတဲ့အတွက်ကြောင့် ရွေးချယ်နိုင်းခြင်းကို ခံခဲ့ရတာ ဖြစ်တယ်။ နောက်ဆုံးတော့ အရှင်မြတ်နဲ့ တမန်တော်ကိုပဲ သူမတို့ဟာ ရွေးချယ်ခဲ့လိုက်ကြတယ်။ အဲဒီအပေါ်မှာ အကျိုးနှစ်ဆရရှိမှာ ဖြစ်သလို မကောင်းမှု လုပ်ရင်လည်း ပြစ်ဒဏ်နှစ်ဆခံကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِن كُنتُنَّ تُرِدْنَ ٱللَّهَ وَرَسُولَهُۥ وَٱلدَّارَ ٱلْـَٔاخِرَةَ فَإِنَّ ٱللَّهَ أَعَدَّ لِلْمُحْسِنَٰتِ مِنكُنَّ أَجْرًا عَظِيمًا ﴿٢٩﴾

(၂၉) ထို့ပြင် အကယ်၍ အသင်မတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်အပြင် တမလွန်ဘဝကို ရည်ရွယ်ကြလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်မတို့ထဲမှ ကောင်းမြတ်သည့်လုပ်ရပ်များ ပြုလုပ်ကြသည့် သူမတို့အတွက် ကြီးကျယ်သည့်အကျိုးကို အဆင်သင့်ပြုလုပ်ထားတော်မူသည်။

يَٰنِسَآءَ ٱلنَّبِيِّ مَن يَأْتِ مِنكُنَّ بِفَٰحِشَةٍ مُّبَيِّنَةٍ يُضَٰعَفْ لَهَا ٱلْعَذَابُ ضِعْفَيْنِ ۚ وَكَانَ ذَٰلِكَ عَلَى ٱللَّهِ يَسِيرًا ﴿٣٠﴾

(၃၀) အို-တမန်တော်၏ကြင်ရာအပေါင်းတို့၊ အသင်မတို့ထဲမှ မည်သူမဆို ထင်ရှားသော စက်ဆုပ်ဖွယ်ရာအမှုကို ပြုလုပ်လျှင် ထိုသူမသည် ပြစ်ဒဏ်နှစ်ဆတိုးပေးခြင်းခံရမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်အပေါ်တွင် ထိုသို့ပြုလုပ်ရန် လွယ်ကူလှသည်။

وَمَن يَقْنُتْ مِنكُنَّ لِلَّهِ وَرَسُولِهِۦ وَتَعْمَلْ صَٰلِحًا نُّؤْتِهَآ أَجْرَهَا مَرَّتَيْنِ وَأَعْتَدْنَا لَهَا رِزْقًا كَرِيمًا ﴿٣١﴾

(၃၁) ထို့ပြင် အသင်မတို့(ကြင်ရာတော်များ)ထဲမှ မည်သူမဆို အလ္လာဟ်အရှင်မြတ်၏အမိန့်တော်နှင့် အရှင်မြတ်၏တမန်တော့်အမိန့်တော်ကို လိုက်နာသည့်အပြင် ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်လျှင် ငါအရှင်မြတ်သည် ၎င်း(တမန်တော်၏ကြင်ရာ)အား သူမ၏ အကျိုးနှစ်ဆ ပေးသနားတော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် သူမတို့အတွက် မြင့်မြတ်သည့်ချီးမြှင့်မှုကိုလည်း

အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်သည်။❶

❶ တမန်တော် ﷺ ရဲ့ကြင်ရာတော်တွေအတွက် သုခဘုံမှာ သီးသန့်စီမံပြုလုပ်ထားတဲ့ မြင့်မြတ်တဲ့ ချီးမြှင့်မှုဖြစ်တယ်။ (အလင်းပြကျမ်း)

يٰنِسَآءَ النَّبِيِّ لَسْتُنَّ كَاَحَدٍ مِّنَ النِّسَآءِ اِنِ اتَّقَيْتُنَّ فَلَا تَخْضَعْنَ بِالْقَوْلِ فَيَطْمَعَ الَّذِىْ فِىْ قَلْبِهٖ مَرَضٌ وَّ قُلْنَ قَوْلًا مَّعْرُوْفًا ﴿٣٢﴾

(၃၂) အို-တမန်တော်၏ကြင်ရာအပေါင်းတို့၊ အသင်မတို့သည် အခြား အမျိုးသမီးများကဲ့သို့ မဟုတ်ကြပေ။❷ သို့ဖြစ်ရာ အကယ်၍ အသင်မတို့သည် အပြစ်မှ ရှောင်ကြဉ်ကြလျှင် အသင်မတို့သည် စကားပြောဆိုရာ၌ ကနွဲ့ကလျ မရှိကြနှင့်။ ထိုသို့(ပြောဆိုမည်)ဆိုလျှင် စိတ်တွင်း၌ ရောဂါရှိသည့်သူသည် အလို ရမ္မက် ထားရှိကြလိမ့်မည်။ ထို့ပြင် အသင်မတို့သည် ကောင်းမွန်သောစကားကို သာ ပြောဆိုကြပါ။❸

❷ ကြင်ရာတော်တွေဟာ အကောင်းပြုပြု အဆိုးပြုပြု တခြားအမျိုးသမီးတွေနဲ့မတူဘဲ ကောင်းရင် နှစ်ဆအကျိုးရှိသလို မကောင်းရင်လည်း နှစ်ဆအပြစ်ရှိတယ်။ အဲဒါကြောင့် သတိထားရှောင်ကြဉ် ကြဖို့ အမိန့်ရှိထားတာဖြစ်တယ်။(အလင်းပြကျမ်း) ❸ ကြင်ရာတော်တွေဟာ သူစိမ်းယောကျ်ား တွေနဲ့ စကားပြောဖို့လိုအပ်လာတဲ့အခါမှာ ကနွဲ့ကလျမပြောဆိုဘဲ မိခင်တွေက သားတွေကို ပြော သလို တည်တည်ကြည်ကြည် ပြောဆိုကြဖို့ အမိန့်ပေးထားတာဖြစ်တယ်။(အဲဒီလိုပြုမှုလို့ တားထား ခြင်းမဟုတ်ဘဲ လမ်းစပိတ်တဲ့အနေနဲ့ ညွှန်ကြားလိုက်ခြင်းဖြစ်တယ်။ တမန်တော်မြတ် ﷺ ဟာ လူသားတွေအတွက် စံပြဖြစ်သလို ၎င်းရဲ့ကြင်ရာတွေဟာလည်း စံပြဖြစ်တဲ့အတွက် အခြားအမျိုး သမီးတွေဟာလည်း ဒီအမိန့်မှာပါဝင်တယ်။) (အလင်းပြကျမ်း)

وَقَرْنَ فِىْ بُيُوْتِكُنَّ وَلَا تَبَرَّجْنَ تَبَرُّجَ الْجَاهِلِيَّةِ الْاُوْلٰى وَاَقِمْنَ الصَّلٰوةَ وَاٰتِيْنَ الزَّكٰوةَ وَاَطِعْنَ اللّٰهَ وَرَسُوْلَهٗ ؕ اِنَّمَا يُرِيْدُ اللّٰهُ لِيُذْهِبَ عَنْكُمُ الرِّجْسَ اَهْلَ الْبَيْتِ وَيُطَهِّرَكُمْ تَطْهِيْرًا ﴿٣٣﴾

(၃၃) ထို့ပြင် အသင်မတို့သည် အသင်မတို့၏နေအိမ်များ၌ပင် တည် ငြိမ်စွာ နေထိုင်ကြပါ။❹ ထို့ပြင် ယခင်အမိုက်ခေတ်တွင် အလှအပကို (အခြား အမျိုးသမီးများ) ထုတ်ဖော်ပြသကြသကဲ့သို့ အသင်မတို့သည် အသင်မတို့၏ အလှအပကို ထုတ်ဖော်မပြသကြနှင့်။ ထို့ပြင် အသင်မတို့သည် စွလာသ်ဝတ်ပြု မှုကို ဆောက်တည်ကြပါ။ ထို့ပြင် အသင်မတို့သည် ဇကာသ်ပေးဆောင်ကြပါ။ ထို့ပြင် အသင်မတို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်နှင့် အရှင်မြတ်၏ တမန်တော့်အမိန့်တော်ကို လိုက်နာကြပါ။ အို-တမန်တော်၏အိမ်သူအိမ်သား အပေါင်းတို့၊ အလ္လာဟ်အရှင်မြတ်သည် အသင်မတို့မှ အညစ်အကြေးကို ပပျောက် စေတော်မူရန်နှင့် စင်ကြယ်သန့်ရှင်းစေတော်မူရန်ကိုပင် ရည်ရွယ်တော်မူခြင်း

ဖြစ်သည်။❼

❻ သူမတို့ရဲ့လုံခြုံမှုအတွက် သူမတို့ရဲ့အိမ်ထဲမှာ နေခိုင်းထားတာဖြစ်တယ်။ အပြင်သွားခြင်းအားဖြင့် သူမတို့က သူစိမ်းယောကျ်ားတွေကို မြင်ရတာပဲဖြစ်ဖြစ်၊ သူမတို့ကို သူစိမ်းယောကျ်ားတွေက မြင်ရတာပဲဖြစ်ဖြစ် အပြစ်နဲ့ကင်းအောင်နေဖို့ခက်ခဲတဲ့အတွက် မလိုအပ်ဘဲအပြင်မထွက်ဖို့ အိမ်ထဲမှာ နေခိုင်းထားတာဖြစ်တယ်။ (အလင်းပြကျမ်း) ❼ တမန်တော်မြတ် ﷺ ရဲ့အိမ်သူအိမ်သားတွေထဲမှာ ကြင်ရာတော်တွေနဲ့ သားသမီး၊ သမက်နဲ့မြေးတွေပါဝင်တယ်။ သူတို့ကို သန့်ပြန့်စင်ကြယ်ဖို့ အရှင်မြတ်က ရည်ရွယ်တော်မူတယ်ဆိုတာ စိတ်နှလုံးဖြူစင်သန့်ပြန့်စင်ကြယ်တာကို ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاذْكُرْنَ مَا يُتْلَىٰ فِي بُيُوتِكُنَّ مِنْ آيَاتِ اللَّهِ وَالْحِكْمَةِ ۚ إِنَّ اللَّهَ كَانَ لَطِيفًا خَبِيرًا ﴿٣٤﴾

(၃၄) ထို့ပြင် အသင်မတို့သည် အသင်မတို့၏အိမ်များတွင် ဖတ်ကြားခြင်းခံရသော အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များနှင့် (တမန်တော် မိန့်ကြားသည့်)တွေးခေါ်မြော်မြင်မှုပညာရပ်များကို ကျက်မှတ်ကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်သိမ်မွေ့တော်မူသောအရှင်၊ အကြွင်းမဲ့ကြားသိတော်မူသောအရှင်ဖြစ်တော်မူသည်။

إِنَّ الْمُسْلِمِينَ وَالْمُسْلِمَاتِ وَالْمُؤْمِنِينَ وَالْمُؤْمِنَاتِ وَالْقَانِتِينَ وَالْقَانِتَاتِ وَالصَّادِقِينَ وَالصَّادِقَاتِ وَالصَّابِرِينَ وَالصَّابِرَاتِ وَالْخَاشِعِينَ وَالْخَاشِعَاتِ وَالْمُتَصَدِّقِينَ وَالْمُتَصَدِّقَاتِ وَالصَّائِمِينَ وَالصَّائِمَاتِ وَالْحَافِظِينَ فُرُوجَهُمْ وَالْحَافِظَاتِ وَالذَّاكِرِينَ اللَّهَ كَثِيرًا وَالذَّاكِرَاتِ أَعَدَّ اللَّهُ لَهُم مَّغْفِرَةً وَأَجْرًا عَظِيمًا ﴿٣٥﴾

(၃၅) အမှန်စင်စစ် မွတ်စ်လင်မ်ယောကျ်ားများနှင့် မွတ်စ်လင်မ်မိန်းမများ၊ မုအ်မင်န်ယောကျ်ားများနှင့် မုအ်မင်န်မိန်းမများ၊ အမိန့်နာခံသောယောကျ်ားများနှင့် အမိန့်နာခံသောမိန်းမများ၊ မှန်ကန်သောယောကျ်ားများနှင့် မှန်ကန်သောမိန်းမများ၊ သည်းခံသောယောကျ်ားများနှင့် သည်းခံသောမိန်းမများ၊ ကြောက်ရွံ့ရိုကျိုးသောယောကျ်ားများနှင့် ကြောက်ရွံ့ရိုကျိုးသောမိန်းမများ၊ အလှူဒါနပြုသောယောကျ်ားများနှင့် အလှူဒါနပြုသောမိန်းမများ၊ စွဲယာမ်ဥပုသ်စောင့်ထိန်းသောယောကျ်ားများနှင့် စွဲယာမ်ဥပုသ်စောင့်ထိန်းသောမိန်းမများ၊ မိမိအရှက်အင်္ဂါကို ထိန်းသိမ်းကြသောယောကျ်ားများနှင့် မိမိအရှက်အင်္ဂါကို ထိန်းသိမ်းကြသောမိန်းမများ၊ အလ္လာဟ်အရှင်မြတ်အား များစွာသတိရတသသောယောကျ်ားများနှင့် အလ္လာဟ်အရှင်မြတ်အား များစွာသတိရတသသောမိန်းမများ၊ ထိုသူများ(အားလုံး)အတွက် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီး

ကျယ်သည့်အကျိုးကို အဆင်သင့် ပြုလုပ်ထားတော်မူသည်။❻

❻ တမန်တော်မြတ် ﷺ ရဲ့ကြင်ရာတော်အွမ္မေ့စလမဟ် ﵂ ကတစ်ဆင့်ပြောပြခဲ့တယ်။ သူမက တမန်တော်မြတ် ﷺ ထံမှာ လျှောက်ထားခဲ့တယ် - အို - အလ္လာဟ်အရှင်မြတ်ရဲ့တမန်တော်၊ ဘယ်လိုလဲ၊ ကျွန်မဟာ ကုရ်အာန်ကျမ်းတော်မြတ်ထဲမှာ ယောကျ်ားတွေပဲ ဖော်ပြတာ ကြားနေရပါတယ်။ အမျိုးသမီးတွေကို ဖော်ပြတာ မကြားရပါဘူး။" အဲဒီအပေါ်မှာ အလ္လာဟ်အရှင်မြတ်က ဒီအာယသ်ကို ချပေးတော်မူခဲ့တာဖြစ်တယ်။ (အိဗ်နုကဆီးရ်)

وَمَا كَانَ لِمُؤْمِنٍ وَّلَا مُؤْمِنَةٍ اِذَا قَضَى اللّٰهُ وَرَسُوْلُهٗٓ اَمْرًا اَنْ يَّكُوْنَ لَهُمُ الْخِيَرَةُ مِنْ اَمْرِهِمْ ؕ وَ
مَنْ يَّعْصِ اللّٰهَ وَرَسُوْلَهٗ فَقَدْ ضَلَّ ضَلٰلًا مُّبِيْنًا ﴿٣٦﴾

(၃၆) အီမာန်ယုံကြည်သူ မည်သည့်ယောကျ်ားဖြစ်စေ၊ အီမာန်ယုံကြည်သူ မည်သည့်မိန်းမဖြစ်စေ အရေးကိစ္စတစ်စုံတစ်ခုကို အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်က အမိန့်ချမှတ်တော်မူလိုက်လျှင် သူတို့၏ထိုအရေးကိစ္စနှင့်ပတ်သက်၍ သူတို့မှာ ရွေးချယ်ပိုင်ခွင့် မရှိတော့ပေ။❶ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် အရှင့်တမန်တော်၏အမိန့်တော်ကို ဖီဆန်လျှင် အမှန်စင်စစ် ထိုသူသည် ထင်ရှားသည့်လမ်းလွဲခြင်းကို ရောက်ရှိခဲ့ပြီဖြစ်သည်။

❶ အရှင်မြတ်နဲ့တမန်တော်က ဆုံးဖြတ်တဲ့ကိစ္စမှာ လိုက်နာရုံကလွဲပြီး တခြားရွေးချယ်စရာမရှိဘူး။ တမန်တော်မြတ် ﷺ မှာဇိုင်ဒ် ﵁ ဆိုတဲ့မွေးစားသားတစ်ဦးရှိခဲ့တယ်။ တမန်တော်မြတ် ﷺ ကလည်း သူ့ကို အလွန်ချစ်တဲ့အတွက် တမန်တော်မြတ် ﷺ ရဲ့ညီမတစ်ဝမ်းကွဲတော်သူ ဇိုင်နဗ် ﵂ နဲ့ထိမ်းမြားပေးဖို့ စီစဉ်တဲ့အခါ သူမကရော သူမရဲ့မောင်ကပါ မနှစ်သက်ခဲ့ဘူး။ အကြောင်းကတော့ ဇိုင်ဒ် ﵁ ဟာ အရင်က ကျွန်ဘဝရောက်ခဲ့ရသေးတဲ့အတွက် ဂုဏ်အနိမ့်အမြင့်ကွာခြားတယ်လို့ အကြောင်းပြကြတယ်။ (ဒီအကြောင်းပြချက်ဟာ အစ္စလာမ့်ဥပဒေမှာ မဖြစ်သင့်မဖြစ်ထိုက်တဲ့ သွေးစွဲ၊ မျိုးနွယ်စွဲဖြစ်တဲ့အတွက် အဲဒီအစွဲကို ချေဖျက်ဖို့ တမန်တော် ﷺ ဟာ မိမိမျိုးနွယ်ကနေ အစပြု လက်တွေ့တိုက်ဖျက်ချင်လို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်တယ်။) အဲဒီအပေါ်အရှင်မြတ်က ဒီအာယသ်ကိုချပေးခဲ့တာဖြစ်တယ်။ (အကြောင်းစုံကိုသိပြီးနောက်) ဇိုင်နဗ် ﵂ ဟာတမန်တော်မြတ် ﷺ ရဲ့ဆုံးဖြတ်ချက်ကလွဲလို့ တခြားရွေးချယ်စရာမရှိတော့ဘဲ ဇိုင်ဒ် ﵁ နဲ့ ထိမ်းမြားဖို့ သဘောတူလက်ခံလိုက်တော့တယ်။ (အလင်းပြကျမ်း)

وَاِذْ تَقُوْلُ لِلَّذِيْٓ اَنْعَمَ اللّٰهُ عَلَيْهِ وَاَنْعَمْتَ عَلَيْهِ اَمْسِكْ عَلَيْكَ زَوْجَكَ وَاتَّقِ اللّٰهَ وَتُخْفِيْ فِيْ
نَفْسِكَ مَا اللّٰهُ مُبْدِيْهِ وَتَخْشَى النَّاسَ ۚ وَاللّٰهُ اَحَقُّ اَنْ تَخْشٰىهُ ؕ فَلَمَّا قَضٰى زَيْدٌ مِّنْهَا وَطَرًا
زَوَّجْنٰكَهَا لِكَيْ لَا يَكُوْنَ عَلَى الْمُؤْمِنِيْنَ حَرَجٌ فِيْٓ اَزْوَاجِ اَدْعِيَآئِهِمْ اِذَا قَضَوْا مِنْهُنَّ
وَطَرًا ؕ وَكَانَ اَمْرُ اللّٰهِ مَفْعُوْلًا ﴿٣٧﴾

(၃၇) ထို့ပြင် တစ်ခါတွင် အလ္လာဟ်အရှင်မြတ်သာမက အသင်(တမန်တော်)ကိုယ်တိုင်လည်း ကျေးဇူးပြုခဲ့သည့်သူကို အသင်က "အသင်သည် အသင်

၏ဇနီးကို (မကွာရှင်းဘဲ) အသင်၏ထံ၌သာ (တရားဝင်ဇနီးအဖြစ်နှင့်) ထားပါ။ ထို့ပြင် အသင်သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ပါ”ဟု ပြောဆိုဆုံးမနေခဲ့သည်။ ထို့ပြင် အသင်(တမန်တော်)သည် အသင်၏စိတ်ထဲတွင် အကြောင်းကိစ္စကို လျှို့ဝှက်ဖုံးအုပ်ပြီးထားသည်။ ထိုကိစ္စအား အလ္လာဟ်အရှင်မြတ်သည် (နောက်ဆုံးတွင်) ထင်ရှားစေတော်မူမည်ပင်ဖြစ်သည်။ ထို့ပြင် အသင်သည် အလ္လာဟ်အရှင်မြတ်ကိုသာ ပိုပြီးစိုးရိမ်ကြောက်ရွံ့ထိုက်ပါလျက်နှင့် အသင်သည် လူများအား စိုးရိမ်ကြောက်ရွံ့နေခဲ့သည်။ ထို့နောက် အီမာန်ယုံကြည်သူများအပေါ်တွင် သူတို့၏မွေးစားသားများ၏ ဇနီးမိန်းမများနှင့်ပတ်သက်၍ ထိုမွေးစားသားများက သူမတို့အား အလိုမရှိကြတော့သည့်အခါ (သူမတို့အား လက်ထပ်ယူခြင်းဖြင့်) မည်သည့်ကျဉ်းကျပ်မှုမျှမဖြစ်ကြစေရန်အတွက် ဇိုင်ဒ်သည် ထိုမိန်းမကို အလိုမရှိတော့သည့်အခါ ငါအရှင်မြတ်သည် အသင့်အား ထိုမိန်းမနှင့် ထိမ်းမြားပေးတော်မူလိုက်သည်။ ထို့ပြင် (အမှန်စင်စစ်) အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်သည် ပြီးမြောက်မည်ပင် ဖြစ်သည်။ ❶

❶ သူတို့နှစ်ဦးဟာ ထိမ်းမြားပြီးနောက် အိမ်ထောင်ရေး အဆင်မပြေခဲ့ကြဘူး။ ဇိုင်ဒ် ﵁ ဟာ တမန်တော်မြတ် ﷺ ထံကိုလာလာပြီး တင်ပြတယ်။ နောက်ဆုံး ကွာရှင်းဖို့ပါ ပြောလာတဲ့အထိ အဆင်မပြေဖြစ်ခဲ့ရတယ်။ သူနဲ့ ကွာရှင်းပြီးရင် သူမကို တမန်တော်မြတ် ﷺ နဲ့ လက်ထပ်ပေးမဲ့အကြောင်း အရှင်မြတ်က တမန်တော်မြတ် ﷺ ကိုအသိပေးထားမှုအပေါ်မှာ တမန်တော်မြတ် ﷺ ဟာ လူတွေက ချွေးမနဲ့ လက်ထပ်တယ်လို့ ပြောခံရမှာစိုးရိမ်တဲ့အတွက် ဇိုင်ဒ် ﵁ ကို မကွာရှင်းရအောင် ထိန်းထားခိုင်းတာဖြစ်တယ်။ ဘယ်လိုမှ အဆင်မပြေတဲ့ နောက်ဆုံးတော့ ကွာရှင်းလိုက်ရတာပဲ ဖြစ်တယ်။ အိဒ္ဒသ်ကုန်ပြီးတော့ သူမကို တမန်တော်မြတ် ﷺ နဲ့ အရှင်မြတ်က ထိမ်းမြားပေးတော်မူလိုက်တယ်။ မွေးစားသားရဲ့မိန်းမဟာ ချွေးမ မဟုတ်ဘူးဆိုတာ အရှင်မြတ်က လက်တွေ့အကောင်အထည်ဖော်စေခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

مَا كَانَ عَلَى النَّبِيِّ مِنْ حَرَجٍ فِيمَا فَرَضَ اللَّهُ لَهُ ۖ سُنَّةَ اللَّهِ فِي الَّذِينَ خَلَوْا مِن قَبْلُ ۚ وَكَانَ أَمْرُ اللَّهِ قَدَرًا مَّقْدُورًا ﴿٣٨﴾

(၃၈) အလ္လာဟ်အရှင်မြတ်က တမန်တော်အတွက် သတ်မှတ် ပြဋ္ဌာန်းတော်မူခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ထိုတမန်တော်အပေါ်တွင် မည်သည့်အရာမျှ အပြစ်တင်စရာမရှိပေ။ (ဤသည်) ယခင်က ကုန်လွန်ခဲ့သော ရှေး(တမန်တော်)တို့နှင့် ပတ်သက်သော အလ္လာဟ်အရှင်မြတ်၏ လုပ်ထုံးလုပ်နည်း အတိုင်းပင်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်သည် စီမံထားသည့်အတိုင်း သတ်မှတ်ပြဋ္ဌာန်းပြီးသားဖြစ်သည်။

الَّذِيْنَ يُبَلِّغُوْنَ رِسٰلٰتِ اللّٰهِ وَيَخْشَوْنَهٗ وَلَا يَخْشَوْنَ اَحَدًا اِلَّا اللّٰهَ ؕ وَكَفٰى بِاللّٰهِ حَسِيْبًا ﴿٣٩﴾

(၃၉) ထိုသူများသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များအား ပို့ဆောင်ကြသည့်သူများပင် ဖြစ်ကြသည်။ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်ကိုသာ ကြောက်ရွံ့ကြသည်။ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ မည်သူ့ကိုမျှ လုံးဝမကြောက်ကြပေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်စစ်ဆေးတော်မူမည့် အရှင်မြတ်အဖြစ် လုံလောက်တော်မူသည်။

مَا كَانَ مُحَمَّدٌ اَبَاۤ اَحَدٍ مِّنْ رِّجَالِكُمْ وَلٰكِنْ رَّسُوْلَ اللّٰهِ وَخَاتَمَ النَّبِيّٖنَ ؕ وَكَانَ اللّٰهُ بِكُلِّ شَيْءٍ عَلِيْمًا ﴿٤٠﴾

(၄၀) (တမန်တော်)မုဟမ္မဒ်သည် အသင်တို့ ယောကျ်ားများထဲမှ မည်သူ၏ဖခင်မှ မဟုတ်ပေ။❷ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏တမန်တော်နှင့် တမန်တော်အားလုံးကို အဆုံးသတ်သူ (နောက်ဆုံး တမန်တော်)❻ ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

❷ တမန်တော်မြတ် ﷺ ရဲ့သားတစ်ဦးမှ (အရွယ်ရောက်တဲ့အချိန်ထိ) မရှိခဲ့ဘူး။ (အလင်းပြကျမ်း)

❻ တမန်တော်မြတ် ﷺ ဟာ နောက်ဆုံးတမန်တော်ဖြစ်တဲ့အတွက် (မွေးစားသားရဲ့ မိန်းမဟာ ကွာရှင်းခြင်းခံရပြီး အိဒ်ဒသ်ရက်ကုန်သွားတဲ့အခါ ၎င်းနဲ့လက်ထပ်ခွင့်ရှိတဲ့)အမိန့် ကျန်မသွားအောင် အကောင်အထည် ဖော်ခိုင်းတာဖြစ်တယ်။ နောက်ဆုံးတမန်တော်ဖြစ်ကြောင်း (တစ်လောကလုံးက မွတ်စ်လင်မ်အားလုံးနဲ့) သာသနာ့ပညာရှင်အားလုံး တညီတညွတ်တည်း အတည်ပြုထားပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوا اذْكُرُوا اللّٰهَ ذِكْرًا كَثِيْرًا ﴿٤١﴾

(၄၁) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား များစွာ သတိရတသကြပါ။

وَّسَبِّحُوْهُ بُكْرَةً وَّاَصِيْلًا ﴿٤٢﴾

(၄၂) ထို့ပြင် အသင်တို့သည် နံနက်နှင့်ညနေတွင် အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း ရွတ်ဆိုကြပါ။

هُوَ الَّذِيْ يُصَلِّيْ عَلَيْكُمْ وَمَلٰٓئِكَتُهٗ لِيُخْرِجَكُمْ مِّنَ الظُّلُمٰتِ اِلَى النُّوْرِ ؕ وَكَانَ بِالْمُؤْمِنِيْنَ رَحِيْمًا ﴿٤٣﴾

(၄၃) အရှင်မြတ်သည် ထိုအရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်နှင့် အရှင်မြတ်၏ကောင်းကင်တမန်များသည် အရှင်မြတ်က အသင်တို့အား အမှောင်များမှ အလင်းသို့ ထုတ်ယူပို့ဆောင်တော်မူရန်အတွက် အသင်တို့အပေါ်

တွင် ကောင်းချီးမင်္ဂလာပို့လျက်ရှိကြသည်။ ထို့ပြင် အရှင်မြတ်သည် အီမာန်ယုံကြည်သူများအပေါ်တွင် အလွန်သနားကြင်နာတော်မူသောအရှင်မြတ် ဖြစ်တော်မူသည်။

تَحِيَّتُهُمْ يَوْمَ يَلْقَوْنَهُۥ سَلَـٰمٌ ۚ وَأَعَدَّ لَهُمْ أَجْرًا كَرِيمًا ﴿٤٤﴾

(၄၄) သူတို့သည် အရှင်မြတ်နှင့် တွေ့ဆုံကြမည့်နေ့တွင် သူတို့အား (အရှင်မြတ်က) နှုတ်ခွန်းဆက်တော်မူမည့်စကားမှာ စလာမ်(ငြိမ်းချမ်းသာယာမှုကျရောက်ပါစေ)ဟူ၍ဖြစ်မည်။ ထို့ပြင် အရှင်မြတ်သည် သူတို့အတွက် မြင့်မြတ်သောအကျိုးကို အဆင်သင့်ပြုလုပ်ထားတော်မူသည်။

يَـٰٓأَيُّهَا ٱلنَّبِىُّ إِنَّآ أَرْسَلْنَـٰكَ شَـٰهِدًا وَمُبَشِّرًا وَنَذِيرًا ﴿٤٥﴾

(၄၅) အို-တမန်တော်၊ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား သက်သေအဖြစ်သာမက သတင်းကောင်းပြောသူအဖြစ်နှင့် သတိပေးနှိုးဆော်သူအဖြစ် စေလွှတ်တော်မူခဲ့သည်။

وَدَاعِيًا إِلَى ٱللَّهِ بِإِذْنِهِۦ وَسِرَاجًا مُّنِيرًا ﴿٤٦﴾

(၄၆) ထို့ပြင် အလ္လာဟ်အရှင်မြတ်ဘက်သို့ အရှင်မြတ်၏အမိန့်တော်ဖြင့် ဖိတ်ခေါ်သူအဖြစ်နှင့် လင်းဝင်းတောက်ပသောမီးတိုင်အဖြစ် (စေလွှတ်တော်မူခဲ့သည်)။❶

❶ တမန်တော်မြတ် ﷺ ကို လင်းဝင်းတောက်ပတဲ့ မီးတိုင်လို ပမာပေးပြီး စေလွှတ်တာက မီးတိုင်ဟာ (နေ့ဖြစ်ဖြစ်၊ ညဖြစ်ဖြစ်)အမှောင်တွေကို ဖြိုဖျက်ပေးပြီး အလင်းပြသလို တမန်တော်မြတ် ﷺ ဟာလည်း ကုဖ်ရ် ရှိရ်က်ဆိုတဲ့ အမှောင်တွေကို ဖြိုဖျက်ပြီး သောင်ဟီဒ်ဆိုတဲ့ လင်းရောင်ခြည်ဘက်ကို ပြသတဲ့အတွက်ကြောင့်ဖြစ်တယ်။ (အလင်းပြကျမ်း)

وَبَشِّرِ ٱلْمُؤْمِنِينَ بِأَنَّ لَهُم مِّنَ ٱللَّهِ فَضْلًا كَبِيرًا ﴿٤٧﴾

(၄၇) ထို့ပြင် အသင်(တမန်တော်)သည် မုအ်မင်န်ယုံကြည်သူများအား အမှန်ပင် သူတို့အပေါ်တွင် အလ္လာဟ်အရှင်မြတ်ထံမှ ကြီးကျယ်သည့်ကျေးဇူးတော်ရှိကြောင်း သတင်းကောင်းပြောလိုက်ပါ။

وَلَا تُطِعِ ٱلْكَـٰفِرِينَ وَٱلْمُنَـٰفِقِينَ وَدَعْ أَذَىٰهُمْ وَتَوَكَّلْ عَلَى ٱللَّهِ ۚ وَكَفَىٰ بِٱللَّهِ وَكِيلًا ﴿٤٨﴾

(၄၈) ထို့ပြင် အသင်(တမန်တော်)သည် ကာဖိရ်များ၏ပြောဆိုချက်နှင့် မုနာဖိက်အယောင်ဆောင်များ၏ပြောဆိုချက်ကို မလိုက်နာပါနှင့်။ ထို့ပြင် အသင်သည် သူတို့၏ပုတ်ခတ်ပြောဆိုမှုကို လျစ်လျူရှုပြီး အလ္လာဟ်အရှင်မြတ်အပေါ်၌ပင် ယုံပုံလွှဲအပ်ထားပါ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ကိစ္စဟူသမျှကို ဆောင်ရွက်ပေးတော်မူသောအရှင်မြတ်အဖြစ် လုံလောက်တော်မူသည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ إِذَا نَكَحۡتُمُ ٱلۡمُؤۡمِنَٰتِ ثُمَّ طَلَّقۡتُمُوهُنَّ مِن قَبۡلِ أَن تَمَسُّوهُنَّ فَمَا لَكُمۡ
عَلَيۡهِنَّ مِنۡ عِدَّةٖ تَعۡتَدُّونَهَاۖ فَمَتِّعُوهُنَّ وَسَرِّحُوهُنَّ سَرَاحٗا جَمِيلٗا ٣٩

(၄၉) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် မုအ်မိနဟ်ယုံကြည်သူအမျိုးသမီးများနှင့် နိကာဟ်ပြုထိမ်းမြားလက်ထပ်ခဲ့ကြပြီးနောက် သူမတို့အား ထိတွေ့ခြင်းမပြုမီ အသင်တို့သည် သွလာက်ပေး ကွာရှင်းခဲ့ကြလျှင်၊ အသင်တို့နှင့်ပတ်သက်၍ သူမတို့အပေါ်တွင် မည်သည့်အိဒ်ဒသ်ရက်မျှဆိုင်းငံ့ပြီး ရေတွက်စရာမရှိပေ။ သို့ဖြစ်ရာ အသင်တို့သည် သူမတို့အား အကျိုးကျေးဇူးခံစားခွင့်[၂] ပေးပြီး ကောင်းမွန်စွာ စွန့်လွှတ်လိုက်ကြပါ။

[၂] (ထိမ်းမြားဖို့ သဘောတူထားတဲ့)မဟရ်ပစ္စည်း သတ်မှတ်ပြီးဖြစ်ရင် ၎င်းရဲ့ တစ်ဝက်ပေးရမယ်။ မသတ်မှတ်ရသေးရင် အသင့်အတင့်အကျိုးခံစားစေခြင်း ဒါမှမဟုတ် ဝတ်စုံတစ်စုံပေးကမ်းခြင်းပြုလုပ်ပြီး စွန့်လွှတ်လိုက်ရမယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلنَّبِيُّ إِنَّآ أَحۡلَلۡنَا لَكَ أَزۡوَٰجَكَ ٱلَّٰتِيٓ ءَاتَيۡتَ أُجُورَهُنَّ وَمَا مَلَكَتۡ يَمِينُكَ مِمَّآ أَفَآءَ
ٱللَّهُ عَلَيۡكَ وَبَنَاتِ عَمِّكَ وَبَنَاتِ عَمَّٰتِكَ وَبَنَاتِ خَالِكَ وَبَنَاتِ خَٰلَٰتِكَ ٱلَّٰتِي هَاجَرۡنَ مَعَكَ وَ
ٱمۡرَأَةٗ مُّؤۡمِنَةً إِن وَهَبَتۡ نَفۡسَهَا لِلنَّبِيِّ إِنۡ أَرَادَ ٱلنَّبِيُّ أَن يَسۡتَنكِحَهَا خَالِصَةٗ لَّكَ مِن
دُونِ ٱلۡمُؤۡمِنِينَۗ قَدۡ عَلِمۡنَا مَا فَرَضۡنَا عَلَيۡهِمۡ فِيٓ أَزۡوَٰجِهِمۡ وَمَا مَلَكَتۡ أَيۡمَٰنُهُمۡ لِكَيۡلَا
يَكُونَ عَلَيۡكَ حَرَجٞۗ وَكَانَ ٱللَّهُ غَفُورٗا رَّحِيمٗا ٥٠

(၅၀) အို- တမန်တော်၊ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်(ထိမ်းမြားဖို့ သဘောတူထားသည့်) မဟရ်ပစ္စည်းပေးခဲ့သော အသင်၏ကြင်ရာများ၊ အသင့်အား အလ္လာဟ်အရှင်မြတ်က သုံ့ပန်းအဖြစ်ပေးတော်မူခဲ့သဖြင့် အသင်ပိုင်ဆိုင်ခဲ့သောကျွန်မများ၊ အသင်နှင့်အတူ ရွှေ့ပြောင်းလာခဲ့ကြသော အသင်၏ဘကြီး၊ ဘထွေးတို့၏သမီးများ၊ အသင်၏အဒေါ်ကြီး အဒေါ်လေးတို့၏သမီးများ၊ အသင်၏ဦးကြီး ဦးလေးတို့၏သမီးများ၊ အသင်၏အရီးကြီး အရီးလေးတို့၏သမီးများကို အသင့်အတွက် (လက်ထပ်လိုက လက်ထပ်ရန်)ဟလာလ် တရားဝင်ခွင့်ပြုပေးထားတော်မူသည်။ ထို့ပြင် မုအ်မိနဟ် ယုံကြည်သူအမျိုးသမီးတစ်ဦးသည် မိမိကိုယ်ကို အကယ်၍ တမန်တော်မြတ်အား (မဟရ်ပစ္စည်းမယူဘဲ) သက်သက်ပေးအပ်ခဲ့၍ တမန်တော်မြတ်ကလည်း ၎င်း(အမျိုးသမီး)နှင့် ထိမ်းမြားရန် ရည်ရွယ်ခဲ့လျှင် ၎င်း(အမျိုးသမီး)ကိုလည်း (တရားဝင် ပြုလုပ်တော်မူသည်။ ဤခွင့်ပြုချက်မှာ) အခြားမုအ်မင်န်ယုံကြည်သူများအတွက် မဟုတ်ဘဲ

အသင်(တမန်တော်)အတွက်သက်သက် အထူး(ခွင့်ပြုခြင်းသာ) ဖြစ်သည်။❷ ငါအရှင်မြတ်သည် ၎င်း(မုအ်မင်န်ယုံကြည်သူ)တို့အပေါ်တွင် သူတို့၏ဇနီးမိန်းမများ၊ သူတို့၏ကျွန်မများနှင့်ပတ်သက်၍ ချမှတ်တော်မူခဲ့သော အမိန့်တော်များအား အမှန်စင်စစ် ငါအရှင်မြတ် သိတော်မူသည်။ (အသင့်အတွက် ထိုအမိန့်ထုတ်ပြန်တော်မူခြင်းသည်) အသင်၏အပေါ်တွင် မည်သည့်အရာမျှ ကျပ်တည်းမှု မရှိရန်အတွက်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်သနားတော်မူသောအရှင်ဖြစ်တော်မူသည်။

❷ (မဟာရ်မပေးရဘဲ မိမိကိုယ်မိမိပေးအပ်တဲ့ အမျိုးသမီးနဲ့ လက်ထပ်ခွင့်)အခွင့်အရေးဟာ တမန်တော်မြတ် ﷺ အတွက်ပဲဖြစ်တယ်။တခြားမွတ်စ်လင်မ်တွေအတွက်မဟုတ်ဘူး။မွတ်စ်လင်မ်တွေအတွက် ပညတ်ချက်တွေဟာ ပြဋ္ဌာန်းပေးပြီးဖြစ်တယ်။ (တစ်ပြိုင်တည်း) မိန်းမလေးယောက်ထက်ပိုယူပိုင်ခွင့်မရှိဘူး။ (ထိမ်းမြားဖို့ သဘောတူထားတဲ့)မဟာရ်ပစ္စည်းပေးရမှာပဲဖြစ်တယ်။ မိန်းမလေးယောက်ယူမယ်ဆိုရင် အခွင့်အရေးတန်းတူပေးရမှာဖြစ်တယ်။(အထူးသဖြင့် အိမ်မှာညပိုင်းအတူနေထိုင်တဲ့ အခွင့်အရေးနဲ့ ကျန်အခွင့်အရေးတွေမှာ အားလုံးတန်းတူဖြစ်ဖို့ လူသားတတ်စွမ်းနိုင်သလောက်ကြိုးပမ်းရမယ်။) အခွင့်အရေးတန်းတူမပေးနိုင်ဘူးဆိုရင် မိန်းမတစ်ယောက်တည်းနဲ့ပဲ လက်ထပ်ထိမ်းမြားပြီး နေရမှာဖြစ်တယ်။ ကုရ်အာန် ၄း၃ မှာ မိန့်ကြားထားပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

تُرْجِي مَنْ تَشَآءُ مِنْهُنَّ وَتُـْٔوِيٓ إِلَيْكَ مَنْ تَشَآءُ ۖ وَمَنِ ابْتَغَيْتَ مِمَّنْ عَزَلْتَ فَلَا جُنَاحَ عَلَيْكَ ۚ ذٰلِكَ أَدْنٰىٓ أَنْ تَقَرَّ أَعْيُنُهُنَّ وَلَا يَحْزَنَّ وَيَرْضَيْنَ بِمَآ اٰتَيْتَهُنَّ كُلُّهُنَّ ۚ وَاللّٰهُ يَعْلَمُ مَا فِيْ قُلُوْبِكُمْ ۚ وَكَانَ اللّٰهُ عَلِيْمًا حَلِيْمًا ﴿٥١﴾

(၅၁) အသင်သည် ထို(ကြင်ရာများ)ထဲမှ အသင်အလိုရှိသူကို ခွဲထားပြီး အသင်အလိုရှိသူကို အသင်၏အပါး၌ ထားရှိနိုင်သည်။ ထို့ပြင် အသင်သည် ဘေးဖယ်ထားခဲ့သူမကိုလည်း အလိုရှိလျှင် ပြန်ထားနိုင်သည်။ အသင်၏အပေါ်တွင် မည်သည့်အရာမျှ အပြစ်မရှိပေ။❶ ယင်း(သို့ ရွေးချယ်ခွင့်ပေးခြင်း)သည် ၎င်း(ကြင်ရာ)တို့၏မျက်စိအေးရန်၊ သူမတို့သည် သောကမဖြစ်ရန်နှင့် သူမတို့အားလုံးသည် အသင်ပေးသမျှနှင့် နှစ်သိမ့်ကျေနပ်ကြရန် ပိုနီးစပ်သည်။❷ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ စိတ်နှလုံးများတွင် ရှိသမျှကို သိရှိတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ အလွန်သည်းခံတော်မူသော အရှင်ဖြစ်တော်မူသည်။

❶ အရှင်မြတ်က တမန်တော်မြတ် ﷺ ကို မိမိကြိုက်နှစ်သက်သလို ပြုလုပ်နိုင်ကြောင်း သီးသန့်ပေးခဲ့တဲ့ အခွင့်အရေးဖြစ်တယ်။ ဒါပေမဲ့ တမန်တော်မြတ် ﷺ ဟာ အဲဒီအခွင့်အရေးရရှိပြီးနောက်

မှာလည်း ကြင်ရာတော်တွေကို တန်းတူအခွင့်အရေးသာပေးခဲ့တယ်။ (မအာရိဖွလ်ကုရ်အာန်)
❷ ကြင်ရာတော်တွေဟာ အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်ရဲ့တမန်တော်နဲ့ တမလွန်ဘဝကို ရွေးချယ်ခဲ့ပြီးဖြစ်တဲ့အတွက် တမန်တော်မြတ် ﷺ ပြုလုပ်သမျှဟာ အရှင်မြတ်ဘက်က အမိန့်တော်နဲ့ပဲဖြစ်တယ်ဆိုတာသိရှိသွားကြတဲ့အပေါ်မှာ တမန်တော်မြတ် ﷺ ဘယ်လိုပဲလုပ်လုပ် သူမတို့ဟာ ကျေနပ်သွားခဲ့ကြတာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

لَا يَحِلُّ لَكَ النِّسَآءُ مِنۢ بَعْدُ وَلَآ اَنْ تَبَدَّلَ بِهِنَّ مِنْ اَزْوَاجٍ وَّلَوْ اَعْجَبَكَ حُسْنُهُنَّ اِلَّا مَا مَلَكَتْ يَمِيْنُكَ ؕ وَكَانَ اللّٰهُ عَلٰى كُلِّ شَیْءٍ رَّقِيْبًا ﴿٥٢﴾

(၅၂) ထို့နောက်တွင် အခြားအမျိုးသမီးများသည် အသင့်အတွက် (လက်ထပ်ရန်)ခွင့်မပြုတော့ပေ။ ထို့ပြင် ယင်း(လက်ရှိကြင်ရာ)တို့၏အစား အခြားအမျိုးသမီးများကို သူမတို့၏လှပမှုသည် အသင့်အား နှစ်သက်စေ(လောက်)လျှင်လည်း အသင်သည် ပြောင်းလဲ (လက်ထပ်)ပိုင်ခွင့်မရှိပေ။❸ သို့ရာတွင် အသင်ပိုင်ဆိုင်သော ကျွန်မများကိုမူ (ပြောင်းလဲပိုင်ခွင့်နှင့် ယူပိုင်ခွင့်ရှိသည်)။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ်တွင် အလွန်ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်မြတ် ဖြစ်တော်မူသည်။

❸ တမန်တော်မြတ် ﷺ ဟာ ဒီအာယသ်ကျပြီးတဲ့နောက်မှာ အရှင်မြတ်က ခွင့်ပြုထားတဲ့ အမျိုးအစားထဲက အမျိုးသမီးတွေနဲ့တောင် ထိမ်းမြားတော်မူခဲ့ခြင်းမရှိတော့ဘူး။ လက်ရှိကြင်ရာတော်တွေကိုလည်း ပြောင်းလဲခဲ့ခြင်းမရှိခဲ့ဘူး။ (အလင်းပြကျမ်း)

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَدْخُلُوْا بُيُوْتَ النَّبِىِّ اِلَّآ اَنْ يُّؤْذَنَ لَكُمْ اِلٰى طَعَامٍ غَيْرَ نٰظِرِيْنَ اِنٰىهُ ۙ وَلٰكِنْ اِذَا دُعِيْتُمْ فَادْخُلُوْا فَاِذَا طَعِمْتُمْ فَانْتَشِرُوْا وَلَا مُسْتَاْنِسِيْنَ لِحَدِيْثٍ ؕ اِنَّ ذٰلِكُمْ كَانَ يُؤْذِى النَّبِىَّ فَيَسْتَحْیٖ مِنْكُمْ ۫ وَاللّٰهُ لَا يَسْتَحْیٖ مِنَ الْحَقِّ ؕ وَاِذَا سَاَلْتُمُوْهُنَّ مَتَاعًا فَسْـَٔلُوْهُنَّ مِنْ وَّرَآءِ حِجَابٍ ؕ ذٰلِكُمْ اَطْهَرُ لِقُلُوْبِكُمْ وَقُلُوْبِهِنَّ ؕ وَمَا كَانَ لَكُمْ اَنْ تُؤْذُوْا رَسُوْلَ اللّٰهِ وَلَآ اَنْ تَنْكِحُوْٓا اَزْوَاجَهٗ مِنْۢ بَعْدِهٖٓ اَبَدًا ؕ اِنَّ ذٰلِكُمْ كَانَ عِنْدَ اللّٰهِ عَظِيْمًا ﴿٥٣﴾

(၅၃) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အစားအစာစားရန် ခွင့်ပြုခြင်းခံရသည့်အခါမှလွဲ၍ တမန်တော်၏အိမ်များသို့ မဝင်ကြလေနှင့်။ (ထိုအခါတွင်လည်း) အဆင်သင့်ဖြစ်ချိန်ကို စောင့်မျှော်နေသူများ မဖြစ်ကြဘဲလျက် ဖိတ်ခေါ်ခံကြရသောအခါမျိုးမှသာ ဝင်ရောက်ကြပါ။ ထို့နောက် စားသောက်ပြီးသည့်အခါ အသင်တို့သည် လူစုခွဲပြီး ပြန်ကြပါ။ ထို့ပြင် စကားစမြည်ပြောဆိုခြင်းတွင် စိတ်ဝင်စားပြီး ထိုင်မနေကြနှင့်။ အမှန်စင်စစ် ယင်း(သို့ထိုင်နေခြင်း)သည် တမန်တော်ကို စိတ်ဒုက္ခဖြစ်စေသည်။ ထို့နောက်လည်း တမန်တော်သည် အသင်တို့အား (အားနာ)ရှက်တော်မူသည်။ ထို့ပြင် အရှင်မြတ်ကမူ မှန်

ကန်သည့်စကား ပြောတော်မူရန် (အားနာ)ရှက်တော်မမူပေ။❹ ထို့ပြင် အသင်တို့သည် ၎င်း(တမန်တော်၏ကြင်ရာ)တို့ထံတွင် ပစ္စည်းတစ်စုံတစ်ခုတောင်းသည့်အခါ လိုက်ကာ၏နောက်မှ တောင်းကြပါ။❺ ယင်းသည် အသင်တို့၏စိတ်နှလုံးများနှင့် ၎င်း(ကြင်ရာ)တို့၏စိတ်နှလုံးများကို ပိုမိုသန့်စင်စေသည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏တမန်တော်အား စိတ်ဒုက္ခပေးပိုင်ခွင့်မရှိပေ။❻ ၎င်း(တမန်တော်)မရှိသည့်နောက်တွင် ၎င်း၏ကြင်ရာတော်များနှင့် မည်သည့်အခါမျှ ထိမ်းမြားပိုင်ခွင့်လည်း မရှိပေ။❼ အမှန်စင်စစ် ၎င်း(တမန်တော်)ကို စိတ်ဒုက္ခပေးခြင်းနှင့် ၎င်း(တမန်တော်)မရှိသည့်နောက် ကြင်ရာတော်များကို ထိမ်းမြားခြင်း)သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် အလွန်ကြီးလေးသောအပြစ် ဖြစ်သည်။

❹ တမန်တော်မြတ် ﷺ ဟာ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ မွတ်စ်လင်မ်တွေအပေါ်မှာ ပြောဆိုဖို့ အလွန်အားနာတော်မူတယ်။ အဲဒီအတွက် စိတ်ထဲမှာ ကျဉ်းကျပ်မှုဖြစ်ပေမဲ့လည်း မပြောဘဲ သည်းခံနေခဲ့တယ်။ ဒါပေမဲ့ အရှင်မြတ်ကတော့ (တမန်တော့်ကိုချစ်ခြင်းမှာ)အားနာခြင်းမရှိဘူး။ ပြောစရာရှိတာဟူသမျှကို အမှန်အတိုင်းပြောဆိုပြီး အမိန့်ပေးတော်မူတယ်။ ဒီအမိန့်တွေဟာ တမန်တော်မြတ် ﷺ တစ်ပါးတည်းနဲ့ပဲ ဆိုင်တာမဟုတ်ဘဲ ၊ ဘယ်သူ့အိမ်ကိုပဲ သွားသွား ဒီစည်းကမ်းချက်တွေနဲ့အညီ လိုက်နာကျင့်သုံးရမှာဖြစ်တယ်။ ဥပမာ – ကိုယ့်ကို ထမင်းစားဖိတ်ခေါ်ဖို့ မမျှော်ရဘူး၊ ဖိတ်ခေါ် တဲ့သူပဲ သွားရမယ်၊ ဧည့်မြှောင်တွေ မလိုက်ရဘူး၊ စားပြီးရင် အိမ်ရှင်တွေဒုက္ခမရောက်အောင် ကြာရှည်ထိုင်မနေဘဲ အမြန်ဆုံးပြန်ရမယ်၊ စကားလက်ဆုံကျပြီး အချိန်များများ အိမ်ရှင်တွေ ဒုက္ခဖြစ်နေရတာမျိုးဖြစ်အောင် မလုပ်ဆောင်ရဘူး စတဲ့အချက်အလက်တွေဟာ အားလုံးအိမ်တွေနဲ့ သက်ဆိုင်တဲ့အချက်တွေပဲဖြစ်တယ်။(အလင်းပြကျမ်း) ❺ တမန်တော် ﷺ ရဲ့ကြင်ရာတွေနဲ့ ပြောဆိုဆက်ဆံတဲ့အခါမှာ အကွယ်ကနေ ပြောဆိုဆက်ဆံကြဖို့၊ သူတို့ရဲ့စိတ်တွေကို စင်စင်ကြယ်ကြယ်ထားရှိကြဖို့ အမိန့်ရှိထားတဲ့အတိုင်းပဲ တခြားသူတွေရဲ့ ကြင်ရာတွေ၊ သမီးတွေနဲ့ပတ်သက်ရင်လည်း အကွယ်ကပဲ ဆက်ဆံရမှာပဲဖြစ်တယ်။ (အလင်းပြကျမ်း) ❻ တမန်တော် ﷺ ကို စိတ်ဒုက္ခပေးပိုင်ခွင့်မရှိသလို ဘယ်မွတ်စ်လင်မ်တစ်ဦးတစ်ယောက်ကိုမှလည်း စိတ်ဒုက္ခ ပေးပိုင်ခွင့်မရှိဘူး။ အဲဒါဟာ အလွန်အပြစ်ကြီးတဲ့ပြစ်မှုပဲဖြစ်တယ်။(အလင်းပြကျမ်း) ❼ တမန်တော်မြတ် ﷺ ဟာ နာမ်ပိုင်းဆိုင်ရာ ဖခင်ကြီးဖြစ်တဲ့အတွက် ကိုယ်တော်ရဲ့ကြင်ရာတော်တွေဟာလည်း နာမ်ပိုင်းဆိုင်ရာမိခင်တွေ ဖြစ်သွားကြပြီဖြစ်တာကြောင့် သူမတို့နဲ့ ဘယ်တော့မှ လက်ထပ်ထိမ်းမြားပိုင်ခွင့် မရှိတော့ဘူး။ ဒါဟာ အရှင်မြတ်ထံတော်မှာ ကြီးလေးတဲ့ကိစ္စဖြစ်တယ်လို့ အမိန့်ရှိထားတယ်။ (အလင်းပြကျမ်း)

إِن تُبْدُوا شَيْئًا أَوْ تُخْفُوهُ فَإِنَّ اللَّهَ كَانَ بِكُلِّ شَيْءٍ عَلِيمًا ﴿٥٤﴾

(၅၄) အကယ်၍ အသင်တို့သည် တစ်စုံတစ်ခုကို ထုတ်ဖော်ကြသည်ပင်ဖြစ်စေ၊ အသင်တို့သည် ထိုအရာကို ထိမ်ချန်လျှို့ဝှက်ထားသည်ဖြစ်စေ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့သိတော်မူသောအရှင်

ပင် ဖြစ်တော်မူသည်။

لَا جُنَاحَ عَلَيْهِنَّ فِىٓ ءَابَآئِهِنَّ وَلَآ أَبْنَآئِهِنَّ وَلَآ إِخْوَٰنِهِنَّ وَلَآ أَبْنَآءِ إِخْوَٰنِهِنَّ وَلَآ أَبْنَآءِ أَخَوَٰتِهِنَّ
وَلَا نِسَآئِهِنَّ وَلَا مَا مَلَكَتْ أَيْمَٰنُهُنَّ ۗ وَٱتَّقِينَ ٱللَّهَ ۚ إِنَّ ٱللَّهَ كَانَ عَلَىٰ كُلِّ شَىْءٍ شَهِيدًا ﴿٥٥﴾

(၅၅) ထိုအမျိုးသမီးများအပေါ်တွင် သူမတို့၏ဖခင်များ၊ သူမတို့၏သား များ၊ သူမတို့၏အစ်ကိုများနှင့်မောင်များ၊ သူမတို့၏အစ်ကိုများနှင့်မောင်များ၏ သားများ၊ သူမတို့၏အစ်မနှင့် ညီမများ၏သားများ၊ သူမတို့၏မိန်းမအချင်းချင်းများ၊ သူမတို့၏လက်ယာလက်က ပိုင်ဆိုင်ကြသောကျွန်များ(၏ ရှေ့များသို့ထွက်ခြင်း) မှာ မည်သည့်အပြစ်မျှမရှိပေ။① ထို့ပြင် အသင်မတို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ် တွင် မျက်မှောက်အသိသက်သေဖြစ်နေတော်မူသောအရှင်ဖြစ်တော်မူသည်။

① ဒီအမိန့်တော်ထဲမှာ တမန်တော်မြတ် ﷺ ရဲ့ကြင်ရာတွေတင်မဟုတ်ဘဲ မွတ်စ်လင်မ်အမျိုးသမီး အားလုံးအတွက် ပါဝင်တာဖြစ်တယ်။ ဟိဂျာဗ်မဖုံးမအုပ်ဘဲ ရှေ့ထွက်တွေနိုင်တဲ့အုပ်စုကို ဖော်ပြ ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ ٱللَّهَ وَمَلَٰٓئِكَتَهُۥ يُصَلُّونَ عَلَى ٱلنَّبِىِّ ۚ يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ صَلُّوا۟ عَلَيْهِ وَسَلِّمُوا۟ تَسْلِيمًا ﴿٥٦﴾

(၅၆) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ကောင်းကင် တမန်များသည် တမန်တော်၏အပေါ်တွင် ကောင်းချီးမင်္ဂလာ ပို့သနေကြသည်။ အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည်လည်း ထိုတမန်တော်၏ အပေါ်တွင် ကောင်းချီးမင်္ဂလာပို့သခြင်းနှင့် စလာမ်မေတ္တာပို့သခြင်းကို လွန်စွာ ပြုလုပ်ကြပါ။②

② မွတ်စ်လင်မ်တွေဘက်က မေတ္တာပို့ခိုင်းတာဟာ တမန်တော်မြတ် ﷺ ကို ချစ်ခင်လေးစားတဲ့ အတွက် ဂုဏ်ပေးခြင်းနဲ့ အရှင်မြတ်ထံတော်က ကောင်းချီးမင်္ဂလာတွေ၊ ကရုဏာတွေ ပိုမိုကျရောက် အောင် ဆုတောင်းပေးတာဖြစ်တယ်။ အဲဒီအတွက် အကောင်းဆုံးပို့သနည်းမှာ စွလာသ်ထဲမှာ ဖတ်ရွတ်ရတဲ့ ဒရူးဒ်အိဗ်ရာဟီမ် ဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ ٱلَّذِينَ يُؤْذُونَ ٱللَّهَ وَرَسُولَهُۥ لَعَنَهُمُ ٱللَّهُ فِى ٱلدُّنْيَا وَٱلْءَاخِرَةِ وَأَعَدَّ لَهُمْ عَذَابًا مُّهِينًا ﴿٥٧﴾

(၅၇) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော် ကို စိတ်ဒုက္ခပေးကြသည့်သူများအား အလ္လာဟ်အရှင်မြတ်သည် လောကီနှင့် နောင်တမလွန်တွင် ကရုဏာမှ ကင်းဝေးစေတော်မူသည့်အပြင် အရှင်မြတ် သည် သူတို့အတွက် သေးသိမ်စေသောပြစ်ဒဏ်ကိုလည်း အဆင်သင့်ပြုလုပ် ထားတော်မူသည်။③

③ အရှင်မြတ်နဲ့ တမန်တော်မြတ် ﷺ ကို စိတ်ဒုက္ခပေးခြင်းဆိုတာ အရှင်မြတ်နဲ့ တမန်တော် ﷺ နဲ့

မအပ်စပ်မလျော်ကန်တဲ့စကားတွေ ပြောဆိုပြီး ဒုက္ခပေးခြင်းကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

وَالَّذِيْنَ يُؤْذُوْنَ الْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ بِغَيْرِ مَا اكْتَسَبُوْا فَقَدِ احْتَمَلُوْا بُهْتَانًا وَّاِثْمًا مُّبِيْنًا ﴿٥٨﴾

(၅၈) ထို့ပြင် မုအ်မင်န်ယုံကြည်သူယောကျ်ားများနှင့် မုအ်မိနဟ်ယုံကြည်သူမိန်းမများကို သူတို့ မည်သည့်အရာမျှ ကျူးလွန်ခြင်းမရှိဘဲနှင့် စိတ်ဒုက္ခပေးကြသည့်သူများသည် အမှန်ပင် မတရားစွပ်စွဲမှုနှင့် ထင်ရှားသောပြစ်မှုကို ထမ်းဆောင်ခဲ့ကြသည်။❻

❻ မုနာဖိက်အယောင်ဆောင်တွေဟာ အမျိုးသမီးတွေကို မလျော်ကန်တဲ့စကားတွေပြောဆိုစွပ်စွဲပြီး စိတ်ဒုက္ခပေးကြတဲ့အတွက် မတရားစွပ်စွဲမှုရဲ့အပြစ်ဒဏ်ကို ခံကြရမှာဖြစ်တယ်။(အလင်းပြကျမ်း)

يٰۤاَيُّهَا النَّبِيُّ قُلْ لِّاَزْوَاجِكَ وَبَنٰتِكَ وَنِسَآءِ الْمُؤْمِنِيْنَ يُدْنِيْنَ عَلَيْهِنَّ مِنْ جَلَابِيْبِهِنَّ ؕ ذٰلِكَ اَدْنٰۤى اَنْ يُّعْرَفْنَ فَلَا يُؤْذَيْنَ ؕ وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ﴿٥٩﴾

(၅၉) အို-တမန်တော်၊ အသင်သည် အသင်၏ကြင်ရာတော်များနှင့် အသင်၏သမီးတော်များအပြင် မုအ်မင်န်ယုံကြည်သူများ၏ဇနီးမိန်းမများကိုလည်း "သူမတို့သည် သူမတို့၏အပေါ်ခြုံထည်(စောင် သို့မဟုတ် ပဝါ စသည်)များကို သူမတို့အပေါ်တွင် (ဖုံးကွယ်နိုင်အောင်) တွဲလောင်းဆွဲချထားကြရမည်" ဟု ပြောလိုက်ပါ။ ယင်း(သို့ပြုလုပ်ခြင်း)သည် သူမတို့ကို ခွဲခြားမှတ်မိရန် ပိုနီးစပ်သည်။ သို့ဖြစ်ရာ သူမတို့အနေဖြင့် နှောင့်ယှက်ခြင်းခံကြရမည်မဟုတ်ပေ။❼ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

❼ မုနာဖိက်အယောင်ဆောင်တွေဟာ မွတ်စ်လင်မ်အမျိုးသမီးတွေ အပြင်ထွက်တဲ့အခါမှာ အနှောင့်အယှက်ပေးခဲ့ကြတယ်။ အဲဒီအနှောင့်အယှက်ကနေ လွတ်ကင်းအောင် တစ်ကိုယ်လုံးခြုံထည်နဲ့ လွှမ်းခြုံထားရုံမက ခေါင်းပေါ်ကနေ ခြုံထည်စကို ပိုလုံခြုံအောင် ဆွဲချခိုင်းထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

لَئِنْ لَّمْ يَنْتَهِ الْمُنٰفِقُوْنَ وَالَّذِيْنَ فِيْ قُلُوْبِهِمْ مَّرَضٌ وَّالْمُرْجِفُوْنَ فِى الْمَدِيْنَةِ لَنُغْرِيَنَّكَ بِهِمْ ثُمَّ لَا يُجَاوِرُوْنَكَ فِيْهَاۤ اِلَّا قَلِيْلًا ﴿٦٠﴾

(၆၀) အကယ်၍ မုနာဖိက်အယောင်ဆောင်များနှင့် စိတ်ထဲတွင် ရောဂါရှိနေသူများအပြင် မဒီနဟ်မြို့ထဲတွင် ထိတ်လန့်ဖွယ်ရာသတင်းလွှင့်သူများပါ (သူတို့၏လုပ်ရပ်များကို)မရပ်စဲကြလျှင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား သူတို့အပေါ်တွင် လွှမ်းမိုးစေတော်မူမည်။ ထို့နောက် သူတို့သည် အသင်

၏ထံ (မဒီနဟ်မြို့၌) ကာလအနည်းငယ်မှလွဲ၍ နေကြရတော့မည်မဟုတ်ပေ။

مَّلۡعُوۡنِيۡنَ ۚ اَيۡنَمَا ثُقِفُوۡۤا اُخِذُوۡا وَقُتِّلُوۡا تَقۡتِيۡلًا ﴿٦١﴾

(၆၁) (ထိုခေတ္တနေကြရသည့်အခါတွင်လည်း သူတို့သည်)ကရုဏာတော်မှကင်းဝေးစေခြင်းခံကြရသူများအဖြစ် (နေကြရသည့်အပြင်) မည်သည့်နေရာ၌မဆို တွေ့ရှိခဲ့ကြရလျှင် သူတို့သည် ဖမ်းဆီးခြင်းခံကြရမည်ဖြစ်သည်။ ထို့ပြင် သူတို့သည် ပြင်းထန်စွာသတ်ဖြတ်ခြင်းကို ခံကြရမည်ဖြစ်သည်။

سُنَّةَ اللّٰهِ فِى الَّذِيۡنَ خَلَوۡا مِنۡ قَبۡلُ ۚ وَلَنۡ تَجِدَ لِسُنَّةِ اللّٰهِ تَبۡدِيۡلًا ﴿٦٢﴾

(၆၂) (ဤသည်) ယခင်လွန်ခဲ့သည့်သူများနှင့်ပတ်သက်သော အလ္လာဟ်အရှင်မြတ်၏လုပ်ထုံးလုပ်နည်းပင် ဖြစ်သည်။ ထို့ပြင် အသင်သည် အလ္လာဟ်အရှင်မြတ်၏လုပ်ထုံးလုပ်နည်းတော်တွင် မည်သည့်ပြောင်းလဲမှုကိုမျှ လုံးဝတွေ့ရမည်မဟုတ်ပေ။

يَسۡـَٔلُكَ النَّاسُ عَنِ السَّاعَةِ ؕ قُلۡ اِنَّمَا عِلۡمُهَا عِنۡدَ اللّٰهِ ؕ وَمَا يُدۡرِيۡكَ لَعَلَّ السَّاعَةَ تَكُوۡنُ قَرِيۡبًا ﴿٦٣﴾

(၆၃) ကိယာမသ်ကမ္ဘာပျက်မည့်နေ့ ရှင်ပြန်ထမည့်နေ့နှင့်ပတ်သက်၍ လူများက အသင့်အား မေးမြန်းကြသည်။ (အို-တမန်တော်)အသင်ပြောလိုက်ပါ- ထိုနေ့၏အသိသည် အလ္လာဟ်အရှင်မြတ်၌ပင် ရှိသည်။ အသင်မည်သို့ သိမည်နည်း၊ ထိုကိယာမသ်သည် နီးနေသည်လည်းဖြစ်နိုင်သည်။

اِنَّ اللّٰهَ لَعَنَ الۡكٰفِرِيۡنَ وَاَعَدَّ لَهُمۡ سَعِيۡرًا ۙ ﴿٦٤﴾

(၆၄) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်များအား ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် သူတို့အတွက် မီးတောက်မီးလျှံကို အဆင်သင့်ပြုလုပ်ထားတော်မူသည်။

خٰلِدِيۡنَ فِيۡهَاۤ اَبَدًا ۚ لَا يَجِدُوۡنَ وَلِيًّا وَّلَا نَصِيۡرًا ۚ ﴿٦٥﴾

(၆၅) သူတို့သည် ထိုမီးထဲတွင် အမြဲနေကြရမည်။ သူတို့သည် မည်သည့်စောင့်ရှောက်သူကိုမျှ တွေ့ရမည်မဟုတ်ပေ။ မည်သည့် ကာကွယ်သောသူကိုမျှလည်း တွေ့ရမည်မဟုတ်ပေ။

يَوۡمَ تُقَلَّبُ وُجُوۡهُهُمۡ فِى النَّارِ يَقُوۡلُوۡنَ يٰلَيۡتَنَاۤ اَطَعۡنَا اللّٰهَ وَاَطَعۡنَا الرَّسُوۡلَا ﴿٦٦﴾

(၆၆) သူတို့၏မျက်နှာများသည် မီးထဲတွင် (အနေအထားအမျိုးမျိုးဖြင့်) လှည့်ပြောင်းခံကြရသောနေ့တွင် သူတို့က ပြောဆိုကြမည်-“သြော်-ကျွန်ုပ်တို့

သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို လိုက်နာခဲ့ကြလျှင်၊ ထို့ပြင် ကျွန်ုပ်တို့သည် တမန်တော်၏အမိန့်တော်ကို လိုက်နာခဲ့ကြလျှင် အဘယ်မျှ ကောင်းလိုက်မည်နည်း။”

وَقَالُوا رَبَّنَآ إِنَّآ أَطَعْنَا سَادَتَنَا وَكُبَرَآءَنَا فَأَضَلُّونَا ٱلسَّبِيلَا ﴿٦٧﴾

(၆၇) ထို့ပြင် သူတို့က ပြောဆိုကြဦးမည်-“အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခေါင်းဆောင်များနှင့် ကျွန်ုပ်တို့၏အကြီးအကဲများ၏ စကားကို နာခံလိုက်နာမိခဲ့ကြပါသည်။ သူတို့သည် ကျွန်ုပ်တို့အား လမ်းလွဲစေခဲ့ကြပါသည်။”

رَبَّنَآ ءَاتِهِمْ ضِعْفَيْنِ مِنَ ٱلْعَذَابِ وَٱلْعَنْهُمْ لَعْنًا كَبِيرًا ﴿٦٨﴾

(၆၈) “အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် သူတို့အား ပြစ်ဒဏ်နှစ်ဆပေးတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် သူတို့အား ကရုဏာတော်မှ ကြီးကျယ်စွာ ဝေးကွာစေတော်မူပါ”

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تَكُونُوا۟ كَٱلَّذِينَ ءَاذَوْا۟ مُوسَىٰ فَبَرَّأَهُ ٱللَّهُ مِمَّا قَالُوا۟ ۚ وَكَانَ عِندَ ٱللَّهِ وَجِيهًا ﴿٦٩﴾

(၆၉) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အကြင်သူများကဲ့သို့ မဖြစ်ကြနှင့်။ ထိုသူများသည် (တမန်တော်)မူစာကို စိတ်ဒုက္ခပေးခဲ့ကြသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ၎င်း(တမန်တော်မူစာ)ကို သူတို့၏ပြောဆိုစွပ်စွဲမှုများမှ အပြစ်ကင်းကြောင်း ထင်ရှားစေတော်မူခဲ့သည်။ ထို့ပြင် ၎င်း(တမန်တော်မူစာ)သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဂုဏ်ရှိသည့်သူဖြစ်သည်။❶

❶ တမန်တော်မြတ် ﷺကို မလျော်ကန်တဲ့စကားတွေနဲ့ စွပ်စွဲပြောဆိုမှုတွေလုပ်ပြီး စိတ်ဆင်းရဲအောင်မလုပ်ကြဖို့ တမန်တော်မူစာ عليه السلامကို နမူနာပြပြီး မိန့်ဆိုထားတာဖြစ်တယ်။ တမန်တော်မူစာ عليه السلامဟာ အရှင်မြတ်ထံတော်မှာ ဂုဏ်ရှိတဲ့သူဖြစ်နေလို့ ၎င်းကို စွပ်စွဲတာတွေအားလုံး ကင်းစင်ကြောင်း အရှင်မြတ်က ထင်ရှားအောင် ပြသခဲ့သလို တမန်တော်မြတ် ﷺဟာလည်း အရှင်မြတ်ထံတော်မှာ ဂုဏ်ရှိတဲ့သူဖြစ်တဲ့အတွက် ၎င်းကိုစွပ်စွဲတာအားလုံး ကင်းစင်ကြောင်း အရှင်မြတ်က ပြသတော်မူမှာဖြစ်တယ်။ အဲဒီအခါ ဆုံးရှုံးနစ်နာသွားမှာက စွပ်စွဲပြောဆိုတဲ့သူတွေဖြစ်တဲ့အတွက် အဲဒီလို မနစ်နာရအောင် အရှင်မြတ်က ကြိုတင်တားမြစ်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ ٱتَّقُوا۟ ٱللَّهَ وَقُولُوا۟ قَوْلًا سَدِيدًا ﴿٧٠﴾

(၇၀) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထို့ပြင် အသင်တို့သည် ဖြောင့်မတ်မှန်ကန်

သောစကားကို ပြောဆိုကြပါ။[၂]

[၂] အလ္လာဟ်အရှင်မြတ်ကို ကြောက်ပြီး အပြောအဆိုတွေကို မှန်ကန်အောင် ထိန်းသိမ်းထားရင် အရှင်မြတ်က အဲဒီသူတွေရဲ့လုပ်ရပ်တွေကို ပြုပြင်ပေးမှာဖြစ်ပြီး အပြစ်တွေကို ခွင့်လွှတ်တော်မူမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

يُّصْلِحْ لَكُمْ اَعْمَالَكُمْ وَيَغْفِرْ لَكُمْ ذُنُوْبَكُمْ ؕ وَمَنْ يُّطِعِ اللّٰهَ وَرَسُوْلَهٗ فَقَدْ فَازَ فَوْزًا عَظِيْمًا ﴿٧١﴾

(၇၁) အရှင်မြတ်သည် အသင်တို့အတွက် အသင်တို့၏လုပ်ရပ်များကို ပြုပြင်ပေးသနားတော်မူမည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အတွက် အသင်တို့၏ မကောင်းမှုအပြစ်များကို ခွင့်လွှတ်တော်မူမည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်၏အမိန့်တော်နှင့် အရှင်မြတ်၏တမန်တော့်အမိန့်တော်ကို လိုက်နာလျှင် အမှန်စင်စစ် ထိုသူသည် ကြီးကျယ်စွာ အောင်မြင်သွားပြီဖြစ်သည်။[၃]

[၃] အောင်မြင်မှုရရှိဖို့အတွက်ဟာ အရှင်မြတ်နဲ့ အရှင့်တမန်တော်ရဲ့အမိန့်နာခံမှုအပေါ်မှာပဲမူတည်နေတာဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّا عَرَضْنَا الْاَمَانَةَ عَلَى السَّمٰوٰتِ وَالْاَرْضِ وَالْجِبَالِ فَاَبَيْنَ اَنْ يَّحْمِلْنَهَا وَاَشْفَقْنَ مِنْهَا وَحَمَلَهَا الْاِنْسَانُ ؕ اِنَّهٗ كَانَ ظَلُوْمًا جَهُوْلًا ۙ ﴿٧٢﴾

(၇၂) အမှန်စင်စစ် ငါအရှင်မြတ်သည် တာဝန်ပေးအပ်မှုကို မိုးကောင်းကင်များ၊ ၎င်းပြင် မြေပထဝီ၊ ၎င်းပြင် တောင်များ၏ရှေ့၌ ဖော်ပြတော်မူခဲ့သည့်အတွက် သူတို့က ၎င်း(တာဝန်)ကို (တာဝန်ယူခြင်းမှ) ငြင်းဆန်ခဲ့ကြသည်။ ထို့ပြင် ၎င်း(တာဝန်)ကို ထမ်းဆောင်ရန် ကြောက်ရွံ့စိုးရိမ်ခဲ့ကြသည်။ ထို့နောက် လူသားက ၎င်း(တာဝန်)ကို ထမ်းဆောင်ခဲ့သည်။ အမှန်ပင် လူသားသည် အလွန်ရက်စက်သူ၊ အလွန်အသိတရားခေါင်းပါးသူပင် ဖြစ်သည်။

لِّيُعَذِّبَ اللّٰهُ الْمُنٰفِقِيْنَ وَالْمُنٰفِقٰتِ وَالْمُشْرِكِيْنَ وَالْمُشْرِكٰتِ وَيَتُوْبَ اللّٰهُ عَلَى الْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ ؕ وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ﴿٧٣﴾

(၇၃) (ထိုတာဝန်ကို လူသားအား ပေးရသည့်အကြောင်းကမူ) အလ္လာဟ်အရှင်မြတ်သည် မုနာဖိက်အယောင်ဆောင်ယောကျ်ားများ၊ မုနာဖိကဟ် အယောင်ဆောင်မိန်းမများ၊ မုရှ်ရိက်ယောကျ်ားများ၊ မုရှ်ရိကဟ်မိန်းမများကို ပြစ်ဒဏ်ပေးတော်မူရန်အတွက်နှင့် အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န်ယုံကြည်သူယောကျ်ား၊ မုအ်မိနဟ်ယုံကြည်သူမိန်းမတို့၏သောင်ဗဟ်ကို လက်ခံပြီး ရဟ်မသ်ဖြင့်လှည့်ကာ ခွင့်လွှတ်တော်မူရန်အတွက် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

==========

ركوعاتها ٦ ٣٤ سُوْرَةُ سَبَاٍ مَكِّيَّةٌ ٥٨ اٰياتها ٥٤

## စူရဟ် စဗအ် (စဗအ်ကဏ္ဍ) سُوْرَةُ سَبَاٍ

==========

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اَلۡحَمۡدُ لِلّٰهِ الَّذِیۡ لَهٗ مَا فِی السَّمٰوٰتِ وَمَا فِی الۡاَرۡضِ وَلَهُ الۡحَمۡدُ فِی الۡاٰخِرَةِ ؕ وَهُوَ الۡحَكِیۡمُ الۡخَبِیۡرُ ﴿۱﴾

(၁) ချီးမွမ်းခြင်းအပေါင်းသည် အကြင်အလ္လာဟ်အရှင်မြတ်ပင် ခံထိုက်တော်မူသည်။ မိုးကောင်းကင်များတွင် ရှိသမျှအရာများနှင့် မြေပထဝီတွင်ရှိသမျှ အရာများသည် ထိုအရှင်မြတ်ပင် ပိုင်ဆိုင်တော်မူသည်။ ထို့ပြင် တမလွန်ဘဝတွင် ချီးမွမ်းမှုမှန်သမျှသည်လည်း အရှင်မြတ်ပင် ခံထိုက်တော်မူသည်။ ထို့ပြင် ထိုအရှင်မြတ်သည် ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော အရှင်၊ အကြွင်းမဲ့ကြားသိတော်မူသောအရှင်ဖြစ်တော်မူသည်။

یَعۡلَمُ مَا یَلِجُ فِی الۡاَرۡضِ وَمَا یَخۡرُجُ مِنۡهَا وَمَا یَنۡزِلُ مِنَ السَّمَآءِ وَمَا یَعۡرُجُ فِیۡهَا ؕ وَهُوَ الرَّحِیۡمُ الۡغَفُوۡرُ ﴿۲﴾

(၂) ထိုအရှင်မြတ်သည် မြေပထဝီထဲသို့ ဝင်သည့်အရာများကိုလည်းကောင်း၊ ၎င်းထဲမှ ထွက်သည့်အရာများကိုလည်းကောင်း၊ မိုးကောင်းကင်မှ ဆင်းသက်သည့်အရာများကိုလည်းကောင်း၊ ၎င်းသို့ တက်သွားသည့်အရာများကိုလည်းကောင်း သိရှိတော်မူသည်။❶ ထို့ပြင် အရှင်မြတ်သည် အလွန်သနားကြင်နာတော်မူသောအရှင်၊ လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင် ဖြစ်တော်မူသည်။❷

❶ အလ္လာဟ်အရှင်မြတ်ဟာ မြေထဲကို ဝင်တဲ့အရာတွေကိုလည်း သိတော်မူတယ်။ ဥပမာ - သက်ရှိသတ္တဝါ၊ မျိုးစေ့၊ မိုးရေ၊ လူသေ - -မြေကထွက်တဲ့အရာတွေကိုလည်း သိတော်မူတယ်။ ဥပမာ - သစ်ပင်၊ ကျောက်သံပတ္တမြား၊ စမ်းရေ- - - -မိုးကောင်းကင်ကနေကျလာတဲ့အရာတွေကိုလည်း သိတော်မူတယ်။ ဥပမာ-မိုးရေ၊ ဝဟီ အာယသ်တော်၊ သက္ကဒီရ်၊ စေတမန်- - - -မိုးကောင်းကင်ကို တက်သွားတဲ့အရာတွေကိုလည်း သိတော်မူတယ်။ ဥပမာ-အသက်ဝိညာဉ်၊ ဆုပန်ကြားမှု၊ စေတနာ၊ ကောင်းကင်တမန်- - - -(အလင်းပြကျမ်း) ❷ လူသားတွေကျူးလွန်တိုင်းသာ အရှင်မြတ်က အရေးယူမယ်ဆိုရင် ကမ္ဘာပေါ်မှာ တစ်ယောက်မှ ကျန်မှာမဟုတ်တော့ဘူး။ အရှင်မြတ်က ခွင့်လွှတ်နေလို့ဆိုတာ ထင်ရှားလျက်ရှိတယ်။ (အလင်းပြကျမ်း)

وَقَالَ الَّذِيْنَ كَفَرُوْا لَا تَأْتِيْنَا السَّاعَةُ ؕ قُلْ بَلٰى وَرَبِّيْ لَتَأْتِيَنَّكُمْ ۙ عٰلِمِ الْغَيْبِ ۚ لَا يَعْزُبُ عَنْهُ مِثْقَالُ ذَرَّةٍ فِى السَّمٰوٰتِ وَلَا فِى الْاَرْضِ وَلَآ اَصْغَرُ مِنْ ذٰلِكَ وَلَآ اَكْبَرُ اِلَّا فِيْ كِتٰبٍ مُّبِيْنٍ ﴿٣﴾

(၃) ထို့ပြင် ကာဖိရ်များက ကျွန်ုပ်တို့ထံသို့ "ကိယာမသ်နေ့သည် ဆိုက်ရောက်လာမည်မဟုတ်ပေ"ဟု ပြောဆိုကြသည်။ (အို-တမန်တော်)အသင် ပြောလိုက်ပါ- ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်သော အကွယ်၌ ရှိသည်များကို သိမြင်တော်မူသော အရှင်မြတ်ကို တိုင်တည်ပြောသည်၊ ထိုနေ့ သည် အမှန်ပင် အသင်တို့ထံသို့ ရောက်လာလိမ့်မည်။ မိုးကောင်းကင်များတွင် လည်းကောင်း၊ မြေပထဝီတွင် လည်းကောင်း အဏုမြူအလေးချိန်ခန့်ရှိသည့်အရာ သည်လည်း အရှင်မြတ်၏အသိမှ ပျောက်ကွယ်မနေပေ။ ထို့ပြင် ထိုအဏုမြူခန့် ရှိသည့်အရာထက်သေးသည့်အရာဖြစ်စေ၊ ကြီးသည့်အရာဖြစ်စေ ထင်ရှားသော မှတ်တမ်းစာအုပ်တွင်(ရေးမှတ်ထားပြီး) ဖြစ်သည်။❷

❷ ကိယာမသ်ဆိုတာ အလွန်ကြီးကျယ်တဲ့ကိစ္စဖြစ်တယ်။ အဲဒီကြီးကျယ်တဲ့ကိစ္စပဲ မှတ်တမ်းမှာ ရေးမှတ်ထားတာမဟုတ်ဘူး၊ အဏုမြူထက်သေးတဲ့အရာကိုတောင် ရေးမှတ်ထားပြီးဖြစ်တယ်။ အရှင်မြတ်ရဲ့အသိမှာ အားလုံးရှိပြီးသားဖြစ်တယ်။ (အွဆ်မာနီ)

لِّيَجْزِيَ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ ؕ اُولٰٓئِكَ لَهُمْ مَّغْفِرَةٌ وَّرِزْقٌ كَرِيْمٌ ﴿٤﴾

(၄) (ကိယာမသ်နေ့ ဆိုက်ရောက်လာစေခြင်းသည်) အရှင်မြတ်က အီမာန်ယုံကြည်ပြီး ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့သည့်သူများအား အစားပေးရန်ဖြစ်သည်။ ထိုသူများအတွက် လွတ်ငြိမ်းချမ်းသာခွင့်နှင့် မြင့်မြတ် သော စားနပ်ရိက္ခာရှိသည်။

وَالَّذِيْنَ سَعَوْ فِيْٓ اٰيٰتِنَا مُعٰجِزِيْنَ اُولٰٓئِكَ لَهُمْ عَذَابٌ مِّنْ رِّجْزٍ اَلِيْمٌ ﴿٥﴾

(၅) ထို့ပြင် ငါအရှင်မြတ်၏အာယသ်တော်များကို ပျက်ပြားအောင် ကြိုးပမ်းနေသည့်သူများကမူ သူတို့အတွက် နာကျင်စေသည့်အဆိုးဆုံးအပြစ် ဒဏ်တစ်မျိုးရှိသည်။

وَيَرَى الَّذِيْنَ اُوْتُوا الْعِلْمَ الَّذِيْٓ اُنْزِلَ اِلَيْكَ مِنْ رَّبِّكَ هُوَ الْحَقَّ ۙ وَيَهْدِيْٓ اِلٰى صِرَاطِ الْعَزِيْزِ الْحَمِيْدِ ﴿٦﴾

(၆) ထို့ပြင် အသိပညာပေးသနားခံခဲ့ကြရသည့်သူများသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ အသင့်ထံသို့ချပေးခြင်း ခံရသောအရာ (ကုရ်အာန်)သည် မှန်ကန်သည်ဟု မြင်ကြသည်။ ထို့ပြင် ထို အရာသည် တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသော ချီးမွမ်းခြင်းအလွန်ခံ ထိုက်တော်မူသောအရှင်မြတ်၏လမ်းကို ညွှန်ကြားပြသသည်ဟု(မြင်ကြသည်)။

وَقَالَ الَّذِينَ كَفَرُوا هَلْ نَدُلُّكُمْ عَلَىٰ رَجُلٍ يُنَبِّئُكُمْ إِذَا مُزِّقْتُمْ كُلَّ مُمَزَّقٍ إِنَّكُمْ لَفِي خَلْقٍ جَدِيدٍ ٧

(၇) ထို့ပြင် ကာဖိရ်များက (အချင်းချင်း)ပြောဆိုကြသည်- ကျွန်ုပ်တို့သည် အသင်တို့အား (အကြင်)ယောကျ်ားတစ်ဦးကို ညွှန်ပြရမည်လော။ ၎င်းသည် အသင်တို့အား (ဤသို့)သတင်းပေးသည်- "အသင်တို့သည် ကြေမွသွားအောင် ချေပစ်ခံခဲ့ကြရသည့်အခါ အမှန်စင်စစ် အသင်တို့သည် အသစ်တစ်ဖန်ပြန်ပြီး ဖန်ဆင်းခြင်းကို ခံကြရမည်"။

أَفْتَرَىٰ عَلَى اللَّهِ كَذِبًا أَم بِهِ جِنَّةٌ ۗ بَلِ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ فِي الْعَذَابِ وَالضَّلَالِ الْبَعِيدِ ٨

(၈) ၎င်းသည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် လုပ်ကြံစွပ်စွဲခဲ့သလော၊ သို့မဟုတ် ၎င်းတွင် ရူးသွပ်ခြင်းဝေဒနာ ရှိနေသလော။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် တမလွန်ဘဝကို မယုံကြည်သည့်သူများပင် ပြစ်ဒဏ်နှင့် ဝေးလံသော လမ်းမှားမှုတွင် ရှိနေကြခြင်းဖြစ်သည်။

أَفَلَمْ يَرَوْا إِلَىٰ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُم مِّنَ السَّمَاءِ وَالْأَرْضِ ۚ إِن نَّشَأْ نَخْسِفْ بِهِمُ الْأَرْضَ
أَوْ نُسْقِطْ عَلَيْهِمْ كِسَفًا مِّنَ السَّمَاءِ ۚ إِنَّ فِي ذَٰلِكَ لَآيَةً لِّكُلِّ عَبْدٍ مُّنِيبٍ ٩

(၉) သူတို့သည် မိုးကောင်းကင်နှင့် မြေပထဝီမှ သူတို့၏ရှေ့တွင်ရှိသော အရာများနှင့် သူတို့၏နောက်တွင်ရှိသောအရာများကို မမြင်ကြလေသလော။ အကယ်၍ ငါအရှင်မြတ် အလိုရှိတော်မူလျှင် သူတို့အား မြေမျိုစေတော်မူမည်။ သို့မဟုတ် ငါအရှင်မြတ်သည် သူတို့အပေါ်တွင် မိုးကောင်းကင်မှ အပိုင်းအစများ ကျရောက်စေတော်မူမည်။ အမှန်စင်စစ် ထိုအထဲတွင် (ငါအရှင်မြတ်ဘက်သို့) ပြန်လှည့်ကြသော ကျွန်များအတွက် သက်သေသာဓကများရှိသည်။

وَلَقَدْ آتَيْنَا دَاوُودَ مِنَّا فَضْلًا ۖ يَا جِبَالُ أَوِّبِي مَعَهُ وَالطَّيْرَ ۖ وَأَلَنَّا لَهُ الْحَدِيدَ ١٠

(၁၀) အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)ဒါဝူဒ်ကို အရှင်မြတ်ထံတော်မှ ကျေးဇူးတော်ပေးသနားတော်မူခဲ့သည်။ (ငါအရှင်မြတ်က)"အို-တောင်များ၊ အသင်တို့သည် ဒါဝူဒ်နှင့်အတူ (ငါအရှင်မြတ်)စင်ကြယ်သန့်ရှင်းတော်မူကြောင်း လိုက်ဆိုကြ"(ဟု မိန့်ကြားတော်မူခဲ့သည်)။ ထို့ပြင် ငှက်များကိုလည်း (ဤသို့ပင် အမိန့်ရှိခဲ့သည်)။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအတွက် သံကို ပျော့ပျောင်းစေတော်မူခဲ့သည်။

أَنِ اعْمَلْ سَابِغَاتٍ وَقَدِّرْ فِي السَّرْدِ ۖ وَاعْمَلُوا صَالِحًا ۖ إِنِّي بِمَا تَعْمَلُونَ بَصِيرٌ ١١

(၁၁) (အရှင်မြတ်က ၎င်းကို မိန့်ကြားတော်မူသည်) "အသင်သည်

သံချပ်အင်္ကျီရှည်များကို ပြုလုပ်ပါ။ ထို့ပြင် အသင်သည် (သံကြိုးကွင်းဆက်များကို) ဆက်ရာမှာ ချိန်ဆ ခန့်မှန်းပြုလုပ်ပါ။ ထို့ပြင် (အို- ဒါဝူဒ်၏သားမြေးတို့) အသင်တို့သည် ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ကြပါ၊ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှကို အကြွင်းမဲ့သိမြင်တော်မူသော အရှင်မြတ် ဖြစ်တော်မူသည်။"

وَلِسُلَيْمٰنَ الرِّيْحَ غُدُوُّهَا شَهْرٌ وَّرَوَاحُهَا شَهْرٌ ۚ وَاَسَلْنَا لَهٗ عَيْنَ الْقِطْرِ ۗ وَمِنَ الْجِنِّ مَنْ يَّعْمَلُ
بَيْنَ يَدَيْهِ بِاِذْنِ رَبِّهٖ ۗ وَمَنْ يَّزِغْ مِنْهُمْ عَنْ اَمْرِنَا نُذِقْهُ مِنْ عَذَابِ السَّعِيْرِ ﴿١٢﴾

(၁၂) ထို့ပြင် (ငါအရှင်မြတ်သည်) လေကို (တမန်တော်)စုလိုင်မာန်အတွက် (နာခံစေတော်မူခဲ့သည်)။ ၎င်း(လေ)၏တစ်နံနက်ခရီးသည် တစ်လခရီးဖြစ်ပြီး ၎င်း၏တစ်ညနေခရီးသည်လည်း တစ်လခရီးဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအတွက် ကြေးနီချောင်းများကို စီးဆင်းစေတော်မူခဲ့သည်။ ထို့ပြင် ဂျင်န်များထဲမှ အချို့သည် ၎င်း၏ရှေ့၌ ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်တော်ဖြင့် (၎င်းခိုင်းသမျှ) လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိခဲ့သည်။ ထို့ပြင် ထို(ဂျင်န်များ)ထဲမှ မည်သူမဆို ငါအရှင်မြတ်၏အမိန့်တော်မှ သွေဖည်လျှင် ငါအရှင်မြတ်သည် သူ့အား မီးတောက်မီးလျှံပြစ်ဒဏ်၏အရသာကို မြည်းစမ်းစေတော်မူမည်ဖြစ်သည်။

يَعْمَلُوْنَ لَهٗ مَا يَشَآءُ مِنْ مَّحَارِيْبَ وَتَمَاثِيْلَ وَجِفَانٍ كَالْجَوَابِ وَقُدُوْرٍ رّٰسِيٰتٍ ۗ اِعْمَلُوْٓا اٰلَ
دَاوٗدَ شُكْرًا ۗ وَقَلِيْلٌ مِّنْ عِبَادِيَ الشَّكُوْرُ ﴿١٣﴾

(၁၃) ယင်း(ဂျင်န်)တို့သည် ၎င်းအတွက် ၎င်းအလိုရှိသောကြီးကျယ်သည့် အဆောက်အအုံများ၊ ရုပ်တုများ၊ ရေကန်ကြီးခန့်ရှိသည့်ဇလုံများ၊ မပြောင်းမရွှေ့နိုင်သောအိုးကြီးများကို ပြုလုပ်ပေးကြသည်။ (ထို့ပြင် ငါအရှင်မြတ်သည် ဤသို့မိန့်ကြားတော်မူခဲ့သည်)။ အို- ဒါဝူဒ်၏မျိုးနွယ် အိမ်သူအိမ်သားတို့၊ အသင်တို့သည် ကျေးဇူးသိတတ်သည့်အနေဖြင့် ကောင်းမှုပြုကြပါ။ ထို့ပြင် ငါအရှင်မြတ်၏ကျွန်များထဲတွင် ကျေးဇူးသိတတ်သူများသည် အလွန်နည်းသည်။

فَلَمَّا قَضَيْنَا عَلَيْهِ الْمَوْتَ مَا دَلَّهُمْ عَلٰى مَوْتِهٖٓ اِلَّا دَآبَّةُ الْاَرْضِ تَأْكُلُ مِنْسَاَتَهٗ ۚ فَلَمَّا خَرَّ
تَبَيَّنَتِ الْجِنُّ اَنْ لَّوْ كَانُوْا يَعْلَمُوْنَ الْغَيْبَ مَا لَبِثُوْا فِى الْعَذَابِ الْمُهِيْنِ ﴿١٤﴾

(၁၄) ထို့နောက် ငါအရှင်မြတ်သည် ၎င်း(တမန်တော်စုလိုင်မာန်)၏ အပေါ်တွင် သေခြင်းကို ပြဋ္ဌာန်းတော်မူသည့်အခါ ၎င်း၏တောင်ဝှေးကို စားနေ

သော မြေပိုး(ခြကောင်)မှလွဲ၍ ၎င်းသေဆုံးပြီဖြစ်ကြောင်း(ထိုဂျင်န်များအား) မည်သူကမျှ ညွှန်ပြအသိမပေးခဲ့ကြပေ။ ထို့နောက် ၎င်းသည် လဲကျသွားခဲ့သည့် အခါ ဂျင်န်များသည် အမှန်စင်စစ် သူတို့သည် အကွယ်ကိုသာ သိကြလျှင် ဤ သေးသိမ်စေသော ဒုက္ခထဲတွင် ဆက်လက်နေခဲ့ကြမည်မဟုတ်ပေ ဆိုသည်ကို သိသွားခဲ့ကြသည်။❶

❶ တမန်တော် စုလိုင်မာန် عليه السلام ဟာ ဗိုင်သွလ် မုကဒ်ဒတ်စ် ထွတ်မြတ်တဲ့ ဗလီဝတ်ကျောင်းတော်ကို မွမ်းမံတည်ဆောက်ရာမှာ ဂျင်န်သတ္တဝါတွေကို အလုပ်သမားတွေအဖြစ် ခိုင်းပြီးတည်ဆောက်ခဲ့ တယ်။ ၎င်းသေဆုံးခါနီးအချိန်မှာ ဂျင်န်တွေကို ဆောက်လုပ်လက်စ ဗလီရဲ့ ဒီဇိုင်းပုံစံကိုပေးပြီး ဆောက်လုပ်ခိုင်းထားလိုက်တယ်။ ပြီးတော့ အပြင်ကနေ မြင်နေရတဲ့ ဝတ်ပြုမှန်အဆောင်ထဲမှာ ဝင်ပြီး ခါတိုင်းပြုလုပ်နေကျပုံစံ ဝတ်ပြုနေခဲ့တယ်။ သေမင်းတမန်ရောက်လာပြီး တောင်ဝှေးကို မှီ ထောက်ကာ မတ်တတ်ရပ်နေတဲ့အချိန်မှာ အသက်နုတ်သွားခဲ့တယ်။ အဲဒီအတိုင်း ပုံမပျက် ဆက် လက်တည်ရှိနေခဲ့တယ်။ ဂျင်န်တွေဟာ သူတို့ကို စောင့်ကြည့်ပြီး ခိုင်းနေတယ်လို့ထင်ကာ ကြိုးစား ပမ်းစားနဲ့ အပင်ပန်းခံပြီး ဆောက်လုပ်နေကြတယ်။ နောက်ဆုံးမှာ ဗလီကြီးဟာ ပြီးစီးသွားခဲ့တယ်။ အဲဒီဗလီကြီးပြီးစီးသွားတဲ့အခါကျမှ ၎င်းရဲ့တောင်ဝှေးက ခြစားသွားပြီဖြစ်တဲ့အတွက် ကျိုးကျသွား ပြီး တမန်တော်စုလိုင်မာန် عليه السلام ရဲ့ ရုပ်ကလာပ်ဟာလည်း လဲကျသွားတော့တယ်။ အဲဒီတော့မှ ဂျင်န် တွေဟာ တမန်တော် عليه السلام ကွယ်လွန်သွားခဲ့တာ ကြာပြီဖြစ်ကြောင်း သိလိုက်ရတော့တယ်။ ဒီအချင်း အရာကနေ ဂျင်န်တွေဟာ အကွယ်ကို မသိကြဘူးဆိုတာကို ထောက်ပြနေတယ်။ တကယ်လို့ သူတို့သာ အကွယ်ကို သိကြရင် အဲဒီလောက်ပင်ပန်းတဲ့အလုပ်ကို ဆက်လုပ်တော့မှာမဟုတ်ဘူး ဆိုတာထင်ရှားနေတယ်။ ဒ့ါအပြင် အရှင်မြတ်ရဲ့စီမံကိန်းဟာ ဘယ်သူသေသေ ပြီးအောင် ဆက် လုပ်မယ်လို့ သတ်မှတ်ထားရင် အကြောင်းခံတွေ ဖန်တီးပြီး ပြီးအောင် ပြုလုပ်သွားတော်မူလေ့ရှိ တယ်။ တကယ်တော့ အရာရာကို စီမံခန့်ခွဲပြီး ပြုလုပ်ဆောင်ရွက်ပေးသူဟာ အရှင်မြတ်တစ်ပါး တည်းပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

لَقَدْ كَانَ لِسَبَإٍ فِي مَسْكَنِهِمْ ءَايَةٌ ۖ جَنَّتَانِ عَن يَمِينٍ وَشِمَالٍ ۖ كُلُوا مِن رِّزْقِ رَبِّكُمْ وَاشْكُرُوا لَهُۥ ۚ بَلْدَةٌ طَيِّبَةٌ وَرَبٌّ غَفُورٌ ﴿١٥﴾

(၁၅) အမှန်စင်စစ် စဗအ်မျိုးနွယ်ဝင်များအတွက် သူတို့၏နေထိုင်ရာ ဒေသ၌ပင် (ကြီးကျယ်သော) သက်သေသာဓကရှိခဲ့သည်။ (သူတို့မြို့ရွာများ၏) လက်ယာဘက်နှင့် လက်ဝဲဘက်တွင် ဥယျာဉ်နှစ်ခုရှိခဲ့သည်။ (တမန်တော်များ ကတစ်ဆင့် ပြောခံခဲ့ရသည်)။ "အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်မြတ်က (ပေးသနားတော်မူသော) စားနပ်ရိက္ခာကို စားသုံး ကြပါ။ ထို့ပြင် အသင်တို့သည် အရှင်မြတ်အား ကျေးဇူးတင်ကြပါ။ (အသင်တို့ ၏မြို့ရွာသည်) ကောင်းမွန်သန့်ပြန့်သောမြို့ရွာဖြစ်ပြီး (အသင်တို့၏အရှင်မြတ် သည်လည်း) လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသော ဖန်ဆင်းမွေးမြူ

တော်မူသောအရှင် ဖြစ်တော်မူသည်။

فَأَعْرَضُوا فَأَرْسَلْنَا عَلَيْهِمْ سَيْلَ الْعَرِمِ وَبَدَّلْنَاهُم بِجَنَّتَيْهِمْ جَنَّتَيْنِ ذَوَاتَيْ أُكُلٍ خَمْطٍ
وَأَثْلٍ وَشَيْءٍ مِّن سِدْرٍ قَلِيلٍ ﴿١٦﴾

(၁၆) ထို့နောက် သူတို့သည် (အမိန့်တော်ကို)မျက်နှာလွှဲခဲ့သည့်အတွက် ငါအရှင်မြတ်သည် သူတို့အပေါ်တွင် အရင်မ်ရေကာတာမှ အပြင်းအထန်စီးဆင်းသည့်ရေကို လွှတ်ပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား သူတို့၏ဥယျာဉ်နှစ်ခု၏အစား (အခြား)ဥယျာဉ်နှစ်ခုကို လဲလှယ်ပေးတော်မူခဲ့သည်။ ထိုနှစ်ခုတွင် ဖန်သော၊ ခါးသော၊ အရသာမကောင်းသောသစ်သီးဝလံများ၊ တောသစ်ပင်(ချုံပုတ်)များနှင့် ဆီးပင်အနည်းငယ်ရှိသော ဥယျာဉ်နှစ်ခုဖြစ်ခဲ့သည်။

ذَٰلِكَ جَزَيْنَاهُم بِمَا كَفَرُوا ۖ وَهَلْ نُجَازِي إِلَّا الْكَفُورَ ﴿١٧﴾

(၁၇) ယင်း(သို့ အစားထိုးပြောင်းလဲပေးခြင်း)မှာ ငါအရှင်မြတ်သည် သူတို့အား သူတို့၏ကျေးဇူးကန်းမှုကြောင့် ပေးတော်မူခဲ့(သောအပြစ်ဒဏ်ပင်ဖြစ်)သည်။ ထို့ပြင် ငါအရှင်မြတ်သည် အလွန်ကျေးဇူးကန်းသည့်သူများကိုသာ အပြစ်ပေးလေ့ရှိတော်မူသည်။

وَجَعَلْنَا بَيْنَهُمْ وَبَيْنَ الْقُرَى الَّتِي بَارَكْنَا فِيهَا قُرًى ظَاهِرَةً وَقَدَّرْنَا فِيهَا السَّيْرَ ۖ سِيرُوا
فِيهَا لَيَالِيَ وَأَيَّامًا آمِنِينَ ﴿١٨﴾

(၁၈) ထို့ပြင် ငါအရှင်မြတ်သည် ထိုသူများနှင့် ငါအရှင်မြတ်က သုခချမ်းသာနှင့် ပြည့်စုံစေတော်မူခဲ့သော မြို့ရွာများ၏ကြားတွင် မြင်လွယ်သော မြို့ရွာများကို စည်ကားစေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ထိုမြို့ရွာများတွင် (ခေတ္တတစ်ထောက်နားနိုင်သည့်) ခရီးထောက်များကိုလည်း သတ်မှတ်ပေးတော်မူခဲ့သည်။ (ထို့ပြင် ငါအရှင်မြတ် မိန့်ကြားတော်မူခဲ့သည်)။ အသင်တို့သည် ထိုမြို့ရွာများတွင် အန္တရာယ်မရှိဘဲအေးချမ်းစွာ ညအခါတွင်လည်းကောင်း နေ့အခါတွင်လည်းကောင်း ခရီးသွားလာကြပါ။

فَقَالُوا رَبَّنَا بَاعِدْ بَيْنَ أَسْفَارِنَا وَظَلَمُوا أَنفُسَهُمْ فَجَعَلْنَاهُمْ أَحَادِيثَ وَمَزَّقْنَاهُمْ كُلَّ مُمَزَّقٍ ۚ إِنَّ فِي
ذَٰلِكَ لَآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ ﴿١٩﴾

(၁၉) ထို့နောက် သူတို့က "အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်ုပ်တို့၏ခရီးလမ်းများကို ဝေးကွာစေတော်မူပါ"ဟု ပြောဆိုလျှောက်ထားကြသည်။ ထို့ပြင် သူတို့သည် သူတို့ကိုယ်ကိုလည်း

နှိပ်စက်ခဲ့ကြသည့်အတွက် ငါအရှင်မြတ်သည် သူတို့(၏အကြောင်းကို)ဆိုရိုးစကားများအဖြစ် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အားလုံးဝအစိတ်စိတ်အမြွှာမြွှာကွဲအောင်လုပ်(ပြီးနယ်မြေအသီးသီးသို့ပျံ့နှံ့သွားစေ)တော်မူခဲ့သည်။ အမှန်စင်စစ် ထိုအထဲတွင် အလွန်သည်းခံသည့်၊ အလွန်ကျေးဇူးသိတတ်သည့်သူတိုင်းအတွက် သက်သေသာဓကများ အမှန်ပင်ရှိသည်။

وَلَقَدْ صَدَّقَ عَلَيْهِمْ إِبْلِيسُ ظَنَّهُۥ فَٱتَّبَعُوهُ إِلَّا فَرِيقًا مِّنَ ٱلْمُؤْمِنِينَ ﴿٢٠﴾

(၂၀) ထို့ပြင် အမှန်စင်စစ် အိဗ်လီစ်သည် ၎င်း(အာဒမ်၏သားသမီး)တို့နှင့်ပတ်သက်သော သူ၏ထင်မြင်ယူဆချက်ကို မှန်ကန်ကြောင်းတွေ့ရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မုအ်မင်န်ယုံကြည်သော လူတစ်စုမှလွဲ၍ သူတို့သည် အိဗ်လီစ်၏နောက်ကို လိုက်ခဲ့သည့်အတွက်ကြောင့်ပင် ဖြစ်သည်။

وَمَا كَانَ لَهُۥ عَلَيْهِم مِّن سُلْطَٰنٍ إِلَّا لِنَعْلَمَ مَن يُؤْمِنُ بِٱلْءَاخِرَةِ مِمَّنْ هُوَ مِنْهَا فِى شَكٍّ ۗ وَرَبُّكَ عَلَىٰ كُلِّ شَىْءٍ حَفِيظٌ ﴿٢١﴾

(၂၁) ထို့ပြင် ထိုအိဗ်လီစ်သည် သူတို့အပေါ်တွင် လွှမ်းမိုးနိုင်ခဲ့ခြင်းမှာ ငါအရှင်မြတ်က တမလွန်ဘဝကို ယုံကြည်သူများအား ထိုတမလွန်ဘဝနှင့် ပတ်သက်ပြီး သံသယရှိသူများနှင့် ခွဲခြားသိတော်မူရန်အတွက်ပင်ဖြစ်ခဲ့သည်။❶ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အရာအားလုံးကို ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

❶ အိဗ်လီစ်ဟာ အာဒမ် عليه السلام ကို စဂ်ျဒဟ်ဦးမချခဲ့တဲ့အချိန်ကတည်းက ၎င်းရဲ့သားမြေးတွေကို သွေးဆောင်ဖြားယောင်းမယ်လို့ ကြုံးဝါးခဲ့တယ်။ ၎င်းရဲ့သားမြေးတွေထဲက အနည်းငယ်ကလွဲလို့ အရှင်မြတ်ကို ကျေးဇူးတင်တဲ့သူအဖြစ် တွေ့ရမှာမဟုတ်ဘူးလို့ ပြောဆိုခဲ့တယ်။ အရှင်မြတ်က သူ့ကို သွေးဆောင်ဖြားယောင်းခွင့်ပေးတော်မူခဲ့တယ်။ တကယ်တော့ အရှင်မြတ်က သူ့ကို အဲဒီလို အခွင့်ပေးတော်မူတာဟာ အရှင်မြတ်ကို တကယ်ယုံကြည်တဲ့သူနဲ့ တမလွန်ဘဝကို သံသယရှိတဲ့သူတွေကို ခွဲခြားသိသာစေတော်မူဖို့အတွက် ဖြစ်တယ်။ အိဗ်လီစ်ဟာ သူရဲ့ထင်မြင်ယူဆချက်မှန်တာကို တွေ့လိုက်ရတယ်။ သူဟာ ဆွဲဆောင်ရုံလေးနဲ့ လူသားတွေဟာ သူဆွဲရာဘက်ကို ပါလာခဲ့ကြတယ်။ လောကစည်းစိမ်ထဲမှာ နစ်မွန်းပြီး တမလွန်ဘဝကို မေ့တဲ့သူတွေပဲ များပြားလာခဲ့တယ်။ အရှင်မြတ်ကို ကျေးဇူးကန်းသူတွေပဲ များပြားလာခဲ့တယ်။ ဒါဟာ အိဗ်လီစ်ကို အရှင်မြတ်က ဆွဲဆောင်ဖြားယောင်းနိုင်တဲ့ အင်အားတစ်ခုတည်းပဲ ပေးထားတဲ့အပေါ်မှာ အရှင်မြတ်ဟာ လူတန်းစားနှစ်မျိုးကို ထင်ရှားသိသာအောင် ဖော်ထုတ်လို့ ရသွားခဲ့တယ်။ လူတန်းစားတစ်မျိုးကတော့ အရှင်မြတ်ကို သိပြီး တမလွန်ဘဝကိုယုံကြည်ကာ ကျေးဇူးတင်သူတွေဖြစ်ပြီး နောက်လူတန်းစားတစ်မျိုးကတော့ အရှင်မြတ်ကို လက်မခံဘဲ တမလွန်ဘဝကို သံသယဖြစ်ကာ ကျေးဇူးကန်းသူတွေဖြစ်တယ်။ (အလင်းပြကျမ်း)

قُلِ ادۡعُوا الَّذِيۡنَ زَعَمۡتُمۡ مِّنۡ دُوۡنِ اللّٰهِ‌ ۚ لَا يَمۡلِكُوۡنَ مِثۡقَالَ ذَرَّةٍ فِى السَّمٰوٰتِ وَلَا فِى الۡاَرۡضِ وَمَا لَهُمۡ فِيۡهِمَا مِنۡ شِرۡكٍ وَّمَا لَهٗ مِنۡهُمۡ مِّنۡ ظَهِيۡرٍ ﴿٢٢﴾

(၂၂)(အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် အလ္လာဟ် အရှင်မြတ်မှလွဲ၍ အသင်တို့ ထင်မှတ်ကိုးကွယ်ခဲ့ကြသည့်သူများကို ဟစ်ခေါ်ကြပါ။ သူတို့သည် မိုးကောင်းကင်များတွင်လည်းကောင်း၊ မြေပထဝီတွင်လည်းကောင်း အဏုမြူအလေးချိန်မျှပင် ပိုင်ဆိုင်ကြသည်မဟုတ်ပေ။ ထို့ပြင် ထိုနှစ်ခု၌ သူတို့၏ ဖက်စပ်ပါဝင်မှုလည်း မရှိပေ။ ထို့ပြင် သူတို့ထဲမှ အရှင်မြတ်အား ရိုင်းပင်းကူညီသူလည်း မည်သူမျှ မရှိပေ။

وَلَا تَنۡفَعُ الشَّفَاعَةُ عِنۡدَهٗۤ اِلَّا لِمَنۡ اَذِنَ لَهٗ‌ ؕ حَتّٰٓى اِذَا فُزِّعَ عَنۡ قُلُوۡبِهِمۡ قَالُوۡا مَاذَا ۙ قَالَ رَبُّكُمۡ‌ ؕ قَالُوا الۡحَـقَّ‌ ۚ وَهُوَ الۡعَلِىُّ الۡكَبِيۡرُ ﴿٢٣﴾

(၂၃) ထို့ပြင် အရှင်မြတ်ထံတော်တွင် အရှင်မြတ်ခွင့်ပြုတော်မူသောသူမှလွဲ၍ အခြားမည်သူ၏ကြားဝင်အသနားခံပေးမှုမျှ အကျိုးရှိမည်မဟုတ်ပေ။ နောက်ဆုံးတွင် ကြောက်ရွံ့ထိတ်လန့်မှုသည် သူတို့၏စိတ်နှလုံးများထဲမှ ပပျောက်သွားသည့်အခါ "အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မည်သည့်အရာကို မိန့်ကြားတော်မူလိုက်ပါသနည်း"ဟု (သူတို့အချင်းချင်း)မေးမြန်းကြမည်။ သူတို့က အမှန်ကို (မိန့်ကြားတော်မူခြင်းဖြစ်သည်)ဟု ဖြေကြားကြမည်။[၁] ထို့ပြင် အရှင်မြတ်သည် အလွန်မြင့်မားထွတ်မြတ်လှတော်မူသောအရှင်၊ အလွန်ကြီးကျယ်ထူးကဲမြင့်မြတ်တော်မူသောအရှင် ဖြစ်တော်မူသည်။

[၁] အရှင်မြတ်ခွင့်မပြုဘဲ ဘယ်သူမှ ကြားဝင်အသနားခံနိုင်မှာမဟုတ်ဘူး။ (အလင်းပြကျမ်း)

قُلۡ مَنۡ يَّرۡزُقُكُمۡ مِّنَ السَّمٰوٰتِ وَالۡاَرۡضِ‌ ؕ قُلِ اللّٰهُ ۙ وَاِنَّاۤ اَوۡ اِيَّاكُمۡ لَعَلٰى هُدًى اَوۡ فِىۡ ضَلٰلٍ مُّبِيۡنٍ ﴿٢٤﴾

(၂၄) (အို-တမန်တော်) အသင်ပြောလိုက်ပါ- မိုးကောင်းကင်များနှင့် မြေပထဝီမှ အသင်တို့အား မည်သူက စားနပ်ရိက္ခာ ပေးသနည်း။ (အို-တမန်တော်) အသင်ကပင် ပြောလိုက်ပါ- အလ္လာဟ်အရှင်မြတ်သည်ပင် ပေးသနားတော်မူသည်။ ထို့ပြင် အမှန်စင်စစ် ငါတို့သည် သို့မဟုတ် အသင်တို့သည် တရားလမ်းမှန်ပေါ်တွင် သို့မဟုတ် ထင်ရှားသောလမ်းမှားမှုတွင် ရှိကြသည်။[၂]

[၂] အရှင်မြတ်ထံတော်မှာရှိတဲ့ ကောင်းကင်တမန်တွေရဲ့အခြေအနေကို ဖော်ပြထားတာဖြစ်တယ်။ အရှင်မြတ်က အမိန့်တစ်ခုခု ချမှတ်မိန့်ကြားတော်မူလိုက်ရင် ကောင်းကင်တမန်တွေဟာ အထိတ်ထိတ် အပျာပျာ ဖြစ်သွားပြီး အရှင်မြတ်ဘာအမိန့်ရှိလိုက်တာလဲဆိုတာကိုတောင် သတိမထားနိုင်

လောက်အောင် ကြောက်ရွံ့ထိတ်လန့်သွားကြတယ်။ အဲဒီနောက် အကြောက်ပြေတော့မှ ကောင်းကင်တမန်တွေအချင်းချင်း အရှင်မြတ်က ဘာအမိန့်ချလိုက်ပါသလဲလို့ မေးမြန်းပြီး လိုက်နာမှုကို ပြုလုပ်ကြတယ်။ အဲဒီအခါ သတိထားမိလိုက်တဲ့ ကောင်းကင်တမန်တော်တွေက အရှင်မြတ်ဟာ အမှန်ကို အမိန့်ရှိတာဖြစ်တယ်လို့ဖြေကြားကြတယ်။ အရှင်မြတ်ထံတော်မှာ ကောင်းကင်တမန်တွေတောင် ဒီလောက်ထိတ်လန့်နေရတဲ့အခြေအနေမှာ ဘယ်ရှိုင်သွာန်က နားထောင်ရဲမှာလဲ၊ ဘယ်ရုပ်တုတွေက ကြားဝင်အသနားခံရဲမှာလဲ၊ ဘယ်ကောင်းမြတ်တဲ့သူတွေက (အခွင့်မရှိဘဲ) ကြားဝင်လျှောက်ထားရဲမှာလဲ။ ဒါတွေဟာ ကိုယ်ဖြစ်ချင်တာ စိတ်ကူးယဉ်ပြီး ပြောနေခြင်းသာဖြစ်တယ်။ တကယ်တော့ အရှင်မြတ်ထံတော်မှာ အရှင်မြတ်ခွင့်ပြုချက်မရှိဘဲ ဘယ်သူမှကြားဝင်အသနားခံပေးလို့မရဘူးလို့ အရှင်မြတ်က ကြေညာထားပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ لَّا تُسْـَٔلُوْنَ عَمَّآ اَجْرَمْنَا وَلَا نُسْـَٔلُ عَمَّا تَعْمَلُوْنَ ﴿٢٥﴾

(၂၅) (အို-တမန်တော်)အသင် ပြောလိုက်ပါ- အသင်တို့သည် ငါတို့ကျူးလွန်ခဲ့သော ပြစ်မှုများနှင့်ပတ်သက်၍ စစ်ဆေးခြင်းခံကြရမည်မဟုတ်ပေ။ ငါတို့လည်း အသင်တို့ပြုလုပ်ခဲ့သည်များနှင့် ပတ်သက်ပြီး စစ်ဆေးခြင်းခံကြရမည်မဟုတ်ပေ။❷

❷ ယဉ်ကျေးသိမ်မွေ့တဲ့နည်းစနစ်ကို အသုံးပြုပြီး နားထောင်မဲ့သူ မခံမရပ်နိုင်မဖြစ်အောင် ထိန်းပြောထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ يَجْمَعُ بَيْنَنَا رَبُّنَا ثُمَّ يَفْتَحُ بَيْنَنَا بِالْحَقِّ ؕ وَهُوَ الْفَتَّاحُ الْعَلِيْمُ ﴿٢٦﴾

(၂၆) (အို-တမန်တော်) အသင်ပြောလိုက်ပါ- ငါတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ငါတို့အား (ကိယာမသ်နေ့တွင်)စုရုံးတော်မူမည်။ ထို့နောက် အရှင်မြတ်သည် ငါတို့၏ကြားတွင် မှန်ကန်စွာ စီရင်ဆုံးဖြတ်တော်မူမည်။ ထို့ပြင် အရှင်မြတ်သည် အလွန်မှန်ကန်စွာ စီရင်ဆုံးဖြတ်တော်မူသော၊ အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ဖြစ်တော်မူသည်။

قُلْ اَرُوْنِيَ الَّذِيْنَ اَلْحَقْتُمْ بِهٖ شُرَكَآءَ كَلَّا ؕ بَلْ هُوَ اللّٰهُ الْعَزِيْزُ الْحَكِيْمُ ﴿٢٧﴾

(၂၇) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် တွဲဖက်များအဖြစ် အရှင်မြတ်နှင့် ဖက်စပ်ကိုးကွယ်ခဲ့ကြသည့်သူများကို ငါ့အား ပြကြပါ။ ထိုသို့မဟုတ်၊ အမှန်စင်စစ် ကိုးကွယ်ရာအစစ်ဖြစ်သော အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူသည်။

وَمَآ اَرْسَلْنٰكَ اِلَّا كَآفَّةً لِّلنَّاسِ بَشِيْرًا وَّنَذِيْرًا وَّلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ﴿٢٨﴾

(၂၈) ထို့ပြင် ငါအရှင်မြတ်သည် အသင့်အား လူအားလုံးအတွက် ဝမ်းမြောက်ဖွယ်သတင်း ပြောကြားသူအဖြစ်နှင့် သတိပေးနှိုးဆော်သူအဖြစ် စေလွှတ်

တော်မူခဲ့သည်။❻ သို့ရာတွင် လူအများစုသည် မသိနားမလည်ကြပေ။

❻ တမန်တော်မြတ် ﷺ ဟာ တစ်ကမ္ဘာလုံးအတွက် ပွင့်ပေါ်လာတာဖြစ်ကြောင်း အတိအလင်း ကြေညာတာဖြစ်တယ်။ အရပ်လူမျိုးအတွက်ပဲ မဟုတ်ဘူး။ လူမျိုးတိုင်းအတွက် ဖြစ်တယ်။ကုရ်အာန်ကျမ်းတော်မြတ်ဟာလည်း အားလုံးအတွက် လမ်းမှန်ညွှန်ကြားပြသချက်ဖြစ်တယ်။(အလင်းပြကျမ်း)

وَيَقُوْلُوْنَ مَتٰى هٰذَا الْوَعْدُ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٢٩﴾

(၂၉) ထို့ပြင် သူတို့က "အကယ်၍ အသင်တို့သည် မှန်ကန်သည့်သူများဖြစ်ခဲ့လျှင် ဤချိန်းဆိုချက်သည် မည်သည့်အခါ ဖြစ်မည်နည်း"ဟု(ပြောဆို) မေးမြန်းကြသည်။

قُلْ لَّكُمْ مِّيْعَادُ يَوْمٍ لَّا تَسْتَاْخِرُوْنَ عَنْهُ سَاعَةً وَّلَا تَسْتَقْدِمُوْنَ ﴿٣٠﴾

(၃၀) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့အား ချိန်းဆိုထားသည့်နေ့သည် သတ်မှတ်ထားပြီးသည့်နေ့ပင်ဖြစ်သည်။ အသင်တို့သည် ထိုနေ့မှ အချိန်အနည်းငယ် နောက်ဆုတ်နိုင်ကြမည်လည်း မဟုတ်ပေ၊ ထို့ပြင် အသင်တို့သည် (အချိန်အနည်းငယ်)ရှေ့တိုးနိုင်ကြမည်လည်းမဟုတ်ပေ။

وَقَالَ الَّذِيْنَ كَفَرُوْا لَنْ نُّؤْمِنَ بِهٰذَا الْقُرْاٰنِ وَلَا بِالَّذِيْ بَيْنَ يَدَيْهِ ؕ وَلَوْ تَرٰۤى اِذِ الظّٰلِمُوْنَ مَوْقُوْفُوْنَ عِنْدَ رَبِّهِمْ ۖۚ يَرْجِعُ بَعْضُهُمْ اِلٰى بَعْضِ ِۨ الْقَوْلَ ۚ يَقُوْلُ الَّذِيْنَ اسْتُضْعِفُوْا لِلَّذِيْنَ اسْتَكْبَرُوْا لَوْلَاۤ اَنْتُمْ لَكُنَّا مُؤْمِنِيْنَ ﴿٣١﴾

(၃၁) ထို့ပြင် ကာဖိရ်များက "ကျွန်ုပ်တို့သည် ဤကုရ်အာန်ကျမ်းတော်မြတ်နှင့် ၎င်းမတိုင်မီက ကျမ်းများအား လုံးဝယုံကြည်ကြမည်မဟုတ်ပေ" ဟု ပြောဆိုကြသည်။ ထို့ပြင် မတရားကျူးလွန်သူများသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ရှေ့မှောက်တွင် မတ်တတ်ရပ်စေခြင်းခံရပြီး အချင်းချင်းတစ်ဦးအပေါ်တစ်ဦး အပြစ်ပုံချသည်ကို အသင်မြင်ရလျှင် အဘယ်မျှအံ့သြလိုက်မည်နည်း။ (ထိုအခါ) နောက်လိုက်များက အကြီးအကဲများအား "အကယ်၍သာ အသင်တို့မရှိခဲ့ကြလျှင် ကျွန်ုပ်တို့သည် မုအ်မင်န်ယုံကြည်သူများ အမှန်ပင် ဖြစ်ကြလိမ့်မည်" ဟုပြောဆိုကြမည်။

قَالَ الَّذِيْنَ اسْتَكْبَرُوْا لِلَّذِيْنَ اسْتُضْعِفُوْۤا اَنَحْنُ صَدَدْنٰكُمْ عَنِ الْهُدٰى بَعْدَ اِذْ جَآءَكُمْ بَلْ كُنْتُمْ مُّجْرِمِيْنَ ﴿٣٢﴾

(၃၂) (ထိုအခါ) အကြီးအကဲများက နောက်လိုက်များအား ပြောဆိုကြမည်။ "အသင်တို့ထံသို့ တရားလမ်းမှန်ရောက်လာပြီးနောက် ကျွန်ုပ်တို့သည် အသင်တို့အား ထိုတရားလမ်းမှန်မှ ပိတ်ပင်ခဲ့ကြသလော။ ထိုသို့မဟုတ်၊ အမှန်

စင်စစ် အသင်တို့ပင် အပြစ်ကျူးလွန်သူများ ဖြစ်ခဲ့ကြသည်။”

وَقَالَ الَّذِيْنَ اسْتُضْعِفُوْا لِلَّذِيْنَ اسْتَكْبَرُوْا بَلْ مَكْرُ الَّيْلِ وَالنَّهَارِ اِذْ تَاْمُرُوْنَنَآ اَنْ نَّكْفُرَ بِاللّٰهِ وَنَجْعَلَ لَهٗٓ اَنْدَادًا ۗ وَاَسَرُّوا النَّدَامَةَ لَمَّا رَاَوُا الْعَذَابَ ۗ وَجَعَلْنَا الْاَغْلٰلَ فِيْٓ اَعْنَاقِ الَّذِيْنَ كَفَرُوْا ۗ هَلْ يُجْزَوْنَ اِلَّا مَا كَانُوْا يَعْمَلُوْنَ ﴿٣٣﴾

(၃၃) ထို့ပြင် နောက်လိုက်များက အကြီးအကဲများအား ပြောဆိုကြမည်-“ထိုသို့ မဟုတ်ပေ၊ အမှန်စင်စစ် နေ့ည(အသင်တို့ ကြံစည်နေကြသည့်) အကြံအစည်များကပင် (ပိတ်ပင်ခဲ့ခြင်းဖြစ်သည်)။ ထိုစဉ်က ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အား မယုံကြရန်နှင့် ကျွန်ုပ်တို့သည် အရှင်မြတ်နှင့် ဂုဏ်ရည်တူများ ပြုလုပ်ကြရန်အတွက် အသင်တို့သည် ကျွန်ုပ်တို့အား အမိန့်ပေးလျက်ရှိခဲ့ကြသည်။” ထို့ပြင် သူတို့သည် အပြစ်ဒဏ်ကို မြင်သည့်အခါ (သူတို့၏) နောင်တရမှုကို လျှို့ဝှက်ထားကြမည်။ ထို့ပြင် ငါအရှင်မြတ်သည် ကာဖိရ်များ၏ လည်ကုပ်များတွင် လည်ထိတ်❶များကို စွပ်ပေးတော်မူမည်။ သူတို့သည် သူတို့ ပြုလုပ်ခဲ့ကြသည်များမှလွဲ၍ အစားပေးခြင်းခံကြရမည်မဟုတ်ပေ။

❶ လည်ထိတ်ဆိုတာ လက်တွေကို လည်ကုပ်မှာ စုပြီးခတ်တဲ့ လည်ပတ်သံလက်ထိတ်ကို ခေါ်တယ်။ (လိစာနုလ်အရဗ်)

وَمَآ اَرْسَلْنَا فِيْ قَرْيَةٍ مِّنْ نَّذِيْرٍ اِلَّا قَالَ مُتْرَفُوْهَآ ۙ اِنَّا بِمَآ اُرْسِلْتُمْ بِهٖ كٰفِرُوْنَ ﴿٣٤﴾

(၃၄) ထို့ပြင် ငါအရှင်မြတ်သည် မည်သည့်မြို့ရွာကိုမဆို သတိပေးနှိုးဆော်သူ တစ်ပါးပါး စေလွှတ်တော်မူသည့်အခါ ထိုမြို့ရွာမှ စည်းစိမ်ရှင်များက “အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့အား ပေးပြီးစေလွှတ်ခြင်းခံကြရသည့် အရာ(သာသနာ)ကို ငြင်းပယ်သူများပင် ဖြစ်ကြသည်”ဟု ပြောဆိုခဲ့ကြသည်ချည်းပင်ဖြစ်သည်။

وَقَالُوْا نَحْنُ اَكْثَرُ اَمْوَالًا وَّاَوْلَادًا ۙ وَّمَا نَحْنُ بِمُعَذَّبِيْنَ ﴿٣٥﴾

(၃၅) ထို့ပြင် သူတို့က “ကျွန်ုပ်တို့သည် ပစ္စည်းဥစ္စာနှင့် သားသမီးများ (အသင်တို့ထက်)ပေါများကြွယ်ဝသည်။ ၎င်းပြင် ကျွန်ုပ်တို့သည် ပြစ်ဒဏ်ပေးခြင်း ခံကြရမည့်သူများ မဟုတ်ပေ”ဟု ပြောဆိုခဲ့ကြသည်။❷

❷ ချမ်းသာတဲ့သူတွေက ငါတို့ကို အရှင်မြတ်က နှစ်သက်တဲ့အတွက် ဒီလောက်တောင် ပေးသနားထားတာဖြစ်တယ်။ ငါတို့ဟာ ဘယ်တော့မှ အပြစ်ပေးခြင်းခံကြရမှာမဟုတ်ဘူးလို့ သူတို့ ထင်မြင်ယူဆချက်နဲ့ ပြောဆိုကြတယ်။ အဲဒါကြောင့် အရှင်မြတ်က ချေပထားတာဖြစ်တယ်။ အသင်တို့ရဲ့ ပစ္စည်းသားသမီးတွေဟာ ငါအရှင်မြတ်ထံတော်မှာ ဘယ်နေရာကိုမှ ရောက်အောင်ပို့နိုင်တဲ့အရာတွေမဟုတ်ဘူးလို့ ဆိုထားတာဖြစ်တယ်။ အဲဒါကြောင့် လောကမှာ လူမိုက်လူဆိုးတွေနဲ့ အရှင်မြတ်

ကို ဆန့်ကျင်တဲ့သူတွေဟာ အများစုချမ်းသာနေတာ တွေ့ရမှာဖြစ်တယ်။ လူတော်လူကောင်းတွေ၊ ကောင်းမြတ်တဲ့သူတွေ၊ ပညာရှင်တွေနဲ့ အရှင်မြတ်ကို ချစ်တဲ့သူတွေဟာ အများစုဆင်းရဲနေတာ တွေ့ရမှာဖြစ်တယ်။ ဆင်းရဲခြင်း၊ ချမ်းသာခြင်းဟာ အရှင်မြတ်ရဲ့ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းနဲ့ ဘာမှ မပတ်သက်ဘူး။ အဲဒါဟာ အရှင်မြတ်ရဲ့စီမံကိန်းအတိုင်း ပြုလုပ်ဆောင်ရွက်ခြင်းပဲဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ إِنَّ رَبِّي يَبْسُطُ الرِّزْقَ لِمَن يَشَاءُ وَيَقْدِرُ وَلَٰكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ ﴿٣٦﴾

(၃၆) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အရှင်မြတ်အလိုရှိသည့်သူကို စားနပ်ရိက္ခာကျယ်ဝန်းစေတော်မူပြီး (အရှင်မြတ်အလိုရှိသည့်သူကို)ကျပ်တည်းစေတော်မူသည်။ သို့ရာတွင် လူအများစုသည် မသိကြပေ။

وَمَا أَمْوَالُكُمْ وَلَا أَوْلَادُكُم بِالَّتِي تُقَرِّبُكُمْ عِندَنَا زُلْفَىٰ إِلَّا مَنْ آمَنَ وَعَمِلَ صَالِحًا فَأُولَٰئِكَ لَهُمْ جَزَاءُ الضِّعْفِ بِمَا عَمِلُوا وَهُمْ فِي الْغُرُفَاتِ آمِنُونَ ﴿٣٧﴾

(၃၇) ထို့ပြင် အသင်တို့၏ ပစ္စည်းဥစ္စာများနှင့် အသင်တို့၏သားသမီးများသည် အသင်တို့အား မည်သည့်နေရာတွင်မျှ ငါအရှင်မြတ်ထံတော်သို့ နီးကပ်စေသည့်အရာများ မဟုတ်ပေ။ သို့ရာတွင် မည်သူမဆို အီမာန်ယုံကြည်ပြီး ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့လျှင် ထိုသူများအတွက် သူတို့ပြုလုပ်ခဲ့သည့်လုပ်ရပ်များကြောင့် သာပိုတိုးပွားမည့်အစား ရရှိမည့်အပြင် သူတို့သည် မြင့်မားသည့်အဆောင်များတွင် ငြိမ်းချမ်းစွာ နေထိုင်ကြရမည်ဖြစ်သည်။

وَالَّذِينَ يَسْعَوْنَ فِي آيَاتِنَا مُعَاجِزِينَ أُولَٰئِكَ فِي الْعَذَابِ مُحْضَرُونَ ﴿٣٨﴾

(၃၈) ထို့ပြင် ငါအရှင်မြတ်၏အာယသ်တော်များကို ပျောက်ပျက်အောင် ကြိုးပမ်းနေကြသည့်သူများကမူ သူတို့ပင် ပြစ်ဒဏ်တွင် အသင့်ရောက်ရှိစေခြင်း ခံကြရမည့်သူများပင် ဖြစ်ကြသည်။

قُلْ إِنَّ رَبِّي يَبْسُطُ الرِّزْقَ لِمَن يَشَاءُ مِنْ عِبَادِهِ وَيَقْدِرُ لَهُ ۚ وَمَا أَنفَقْتُم مِّن شَيْءٍ فَهُوَ يُخْلِفُهُ ۖ وَهُوَ خَيْرُ الرَّازِقِينَ ﴿٣٩﴾

(၃၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အရှင်မြတ်၏ကျွန်များထဲမှ အရှင်မြတ်အလိုရှိတော်မူသောသူကို စားနပ်ရိက္ခာ ကျယ်ဝန်းစွာ ပေးသနားတော်မူပြီး (အရှင်မြတ် အလိုရှိတော်မူသောသူကို) ကျပ်တည်းစေတော်မူသည်။ ထို့ပြင် အသင်တို့သည် မည်သည့်အရာကိုမဆို သုံးစွဲလှူဒါန်းခဲ့ကြလျှင် အရှင်မြတ်သည်

၎င်း၏အစားကို ပေးတော်မူမည်ဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် စားနပ်ရိက္ခာ
ပေးသနားသူများထဲတွင် အကောင်းဆုံးပင် ဖြစ်တော်မူသည်။

وَيَوْمَ يَحْشُرُهُمْ جَمِيعًا ثُمَّ يَقُولُ لِلْمَلَٰٓئِكَةِ أَهَٰٓؤُلَآءِ إِيَّاكُمْ كَانُوا۟ يَعْبُدُونَ ﴿٤٠﴾

(၄၀) ထို့ပြင် ထိုနေ့တွင် အရှင်မြတ်သည် သူတို့အားလုံးကို စုရုံးတော်မူ
ပြီးနောက် ကောင်းကင်တမန်များအား "ဤသူများသည် အသင်တို့အား ကိုးကွယ်
ခဲ့ကြသလော"ဟု မေးမြန်းတော်မူမည်။

قَالُوا۟ سُبْحَٰنَكَ أَنتَ وَلِيُّنَا مِن دُونِهِم ۖ بَلْ كَانُوا۟ يَعْبُدُونَ ٱلْجِنَّ ۖ أَكْثَرُهُم بِهِم مُّؤْمِنُونَ ﴿٤١﴾

(၄၁) ကောင်းကင်တမန်များက ပြောဆိုကြလိမ့်မည်- အရှင်မြတ်သည်
သန့်ပြန့်စင်ကြယ်တော်မူပါသည်။ ကျွန်ုပ်တို့သည် အရှင်မြတ်နှင့်သာ ပတ်သက်
ကြပါသည်။ သူတို့နှင့် ပတ်သက်မှုမရှိကြပါ။ အမှန်စင်စစ် သူတို့သည် ဂျင်န်များ
ကိုပင် ကိုးကွယ်ခဲ့ကြသည်ဖြစ်ပါသည်။ သူတို့ထဲမှ အများစုသည် ၎င်း(ဂျင်န်)တို့
ကိုပင် ယုံကြည်သူများဖြစ်ခဲ့ကြပါသည်။❶

❶ မုရှ်ရိက်တွေဟာ ကောင်းကင်တမန်တွေကို အရှင်မြတ်ရဲ့သမီးတော်တွေလို့ ဆိုပြီး ရုပ်တုတွေ ပြုလုပ်ကိုးကွယ်ခဲ့ကြတာဖြစ်တယ်။ ကောင်းကင်တမန်တွေက ဘာမှ မသိခဲ့ကြဘူး။ ဘာမှလည်း ညွှန်ကြားခဲ့ခြင်းလည်း မရှိခဲ့ကြဘူး။ သူတို့ဟာ အရှင်မြတ်ရဲ့အမိန့်နာခံခြင်းထဲမှာပဲ မွေ့လျော်နေတဲ့ သူတွေဖြစ်ကြတယ်။ ကိယာမသ်နေ့မှာ သူတို့ကို ခေါ်ပြီး လက်တွေ့သက်သေပြဖို့ မုရှ်ရိက်တွေ မှားယွင်းကြောင်း ထင်ရှားအောင်ပြဖို့ သူတို့ကို မေးမြန်းတာဖြစ်တယ်။ သူတို့ ကိုးကွယ်တာကို မသိပါဘူးလို့ ငြင်းလိုက်ကြတော့ ထင်ရှားသွားပြီဖြစ်တယ်။ ဒါပေမဲ့ ဂျင်န်ရှိုင်သွာန်တွေကတော့ သူတို့ကို ကိုးကွယ်ဖို့ ဆွဲဆောင်ဖြားယောင်းမှုတွေရှိခဲ့တယ်။ အဲဒါကြောင့် သူတို့ကိုရော၊ သူတို့ကို ကိုးကွယ်သူတွေကိုပါ ငရဲမီးထဲပစ်ချလိုက်မှာဖြစ်တယ်။ (အလင်းပြကျမ်း)

فَٱلْيَوْمَ لَا يَمْلِكُ بَعْضُكُمْ لِبَعْضٍ نَّفْعًا وَلَا ضَرًّا وَنَقُولُ لِلَّذِينَ ظَلَمُوا۟ ذُوقُوا۟ عَذَابَ ٱلنَّارِ
ٱلَّتِى كُنتُم بِهَا تُكَذِّبُونَ ﴿٤٢﴾

(၄၂) သို့ဖြစ်ရာ ယနေ့မူ အသင်တို့ထဲမှ အချို့သည် အချို့အား အကျိုး
ပြုရန်နှင့် အကျိုးယုတ်စေရန် ပိုင်ဆိုင်ခွင့် မရှိတော့ပေ။ ထို့ပြင် ငါအရှင်မြတ်
သည် မတရားသည့်သူများအား "အသင်တို့သည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်
ခဲ့ကြသော ငရဲမီး၏ပြစ်ဒဏ်ကို မြည်းစမ်းကြ"ဟု မိန့်ကြားတော်မူမည်ဖြစ်သည်။

وَإِذَا تُتْلَىٰ عَلَيْهِمْ ءَايَٰتُنَا بَيِّنَٰتٍ قَالُوا۟ مَا هَٰذَآ إِلَّا رَجُلٌ يُرِيدُ أَن يَصُدَّكُمْ عَمَّا كَانَ يَعْبُدُ ءَابَآؤُكُمْ
وَقَالُوا۟ مَا هَٰذَآ إِلَّآ إِفْكٌ مُّفْتَرًى ۚ وَقَالَ ٱلَّذِينَ كَفَرُوا۟ لِلْحَقِّ لَمَّا جَآءَهُمْ إِنْ هَٰذَآ إِلَّا سِحْرٌ مُّبِينٌ ﴿٤٣﴾

(၄၃) ထို့ပြင် ငါအရှင်မြတ်၏ထင်ရှားသော အာယသ်တော်များသည်
သူတို့၏ရှေ့၌ ဖတ်ကြားခြင်းခံခဲ့ကြရသည့်အခါ သူတို့က "ဤသူသည် အသင်

တို့အား အသင်တို့၏အဘ၊ ဘိုး၊ ဘေးတို့ ကိုးကွယ်နေခဲ့ကြသော ကိုးကွယ်ရာများမှ ပိတ်ပင်တားဆီးလိုသည့်သူတစ်ဦးပင် ဖြစ်သည်”ဟု ပြောဆိုခဲ့ကြသည့်အပြင် “ဤကုရ်အာန်သည် လုပ်ကြံဖန်တီးထားသော မုသားတစ်ခုပင်ဖြစ်သည်” ဟုလည်း ပြောဆိုခဲ့ကြသည်။ ထို့ပြင် ကာဖိရ်များက သူတို့ထံသို့ အမှန်တရားရောက်ရှိလာသည့်အခါ ထိုအမှန်တရားကို “ဤသည် ထင်ရှားသောမှော်အတတ်ပညာတစ်ခုပင် ဖြစ်သည်”ဟု ပြောဆိုကြသည်။

وَمَآ اٰتَيْنٰهُمْ مِّنْ كُتُبٍ يَّدْرُسُوْنَهَا وَمَآ اَرْسَلْنَآ اِلَيْهِمْ قَبْلَكَ مِنْ نَّذِيْرٍ ﴿٤٤﴾

(၄၄) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား ကျမ်းဂန်များပေးတော်မူခဲ့သည်မဟုတ်ပေ။ သူတို့သည် ထိုကျမ်းဂန်များကို ဖတ်ရွတ်သင်ကြားနေခဲ့ကြသည်လည်း မဟုတ်ပေ။ ထို့ပြင် ငါအရှင်မြတ်သည် အသင်၏မတိုင်မီ သူတို့ထံသို့ သတိပေးနှိုးဆော်သူတစ်ဦးဦး စေလွှတ်တော်မူခဲ့သည်လည်း မဟုတ်ပေ။

وَكَذَّبَ الَّذِيْنَ مِنْ قَبْلِهِمْ ۙ وَمَا بَلَغُوْا مِعْشَارَ مَآ اٰتَيْنٰهُمْ فَكَذَّبُوْا رُسُلِيْ ۖ فَكَيْفَ كَانَ نَكِيْرِ ﴿٤٥﴾

(၄၅) ထို့ပြင် သူတို့မတိုင်မီကလူများလည်း မဟုတ်မမှန်ဟုပင် စွပ်စွဲ ငြင်းပယ်ခဲ့ကြသည်ဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် ယခင်ကသူများအား ငါအရှင်မြတ်ပေးတော်မူခဲ့သည်များ၏ ဆယ်ပုံတစ်ပုံပင် ရရှိသေးသည်မဟုတ်ပေ။ ထို့ပြင် ထိုသူများသည် ငါအရှင်မြတ်၏တမန်တော်များအား မဟုတ်မမှန် စွပ်စွဲငြင်းပယ်ခဲ့ကြသည့်အတွက် ငါအရှင်မြတ်၏ပြစ်ဒဏ်သည် မည်သို့ရှိခဲ့သနည်း။

قُلْ اِنَّمَآ اَعِظُكُمْ بِوَاحِدَةٍ ۚ اَنْ تَقُوْمُوْا لِلّٰهِ مَثْنٰى وَفُرَادٰى ثُمَّ تَتَفَكَّرُوْا ۖ مَا بِصَاحِبِكُمْ مِّنْ
جِنَّةٍ ۗ اِنْ هُوَ اِلَّا نَذِيْرٌ لَّكُمْ بَيْنَ يَدَيْ عَذَابٍ شَدِيْدٍ ﴿٤٦﴾

(၄၆) (အို-တမန်တော်) အသင်ပြောလိုက်ပါ- “ငါသည် အသင်တို့အား ကိစ္စတစ်ခုကိုသာ ဆုံးမလိုသည်။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ရည်ရွယ်ပြီးတစ်ဦးစီတစ်ဦးစီ၊ နှစ်ဦးစီနှစ်ဦးစီထ၍ အသင်တို့၏အဖော်ဖြစ်သူ(ငါ့)တွင် ရူးသွပ်ခြင်းဝေဒနာ ရှိပါ၏လော”ဟု စဉ်းစားဆင်ခြင်ကြပါ။ ထိုအသင်တို့၏ အဖော်ဖြစ်သူ(ငါ)သည် အသင်တို့ကို ပြင်းထန်သည့်ပြစ်ဒဏ်မရောက်မီ (ကြိုတင်)သတိပေးနှိုးဆော်သူတစ်ဦးသာဖြစ်သည်။

قُلْ مَا سَاَلْتُكُمْ مِّنْ اَجْرٍ فَهُوَ لَكُمْ ۗ اِنْ اَجْرِيَ اِلَّا عَلَى اللّٰهِ ۚ وَهُوَ عَلٰى كُلِّ شَيْءٍ شَهِيْدٌ ﴿٤٧﴾

(၄၇) (အို-တမန်တော်) အသင်ပြောလိုက်ပါ- “ငါသည် အသင်တို့ထံတွင် (အကျိုး)တစ်စုံတစ်ရာတောင်းခဲ့လျှင် ထိုအကျိုးသည် အသင်တို့အတွက်

သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ငါ၏အကျိုးသည် အလ္လာဟ်အရှင်မြတ် အပေါ်၌သာ တာဝန်ရှိသည့်အတွက်ကြောင့် ဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် အရာအားလုံးအပေါ်တွင် မျက်မှောက်အသိသက်သေ ဖြစ်နေတော်မူသောအရှင် ဖြစ်တော်မူသည်။”

قُلۡ اِنَّ رَبِّيۡ يَقۡذِفُ بِالۡحَقِّ ۚ عَلَّامُ الۡغُيُوۡبِ ﴿٣٨﴾

(၄၈) (အို-တမန်တော်) အသင်ပြောလိုက်ပါ- “အမှန်စင်စစ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် (အမှားကို) အမှန်တရားဖြင့် နှိမ်နင်းတော်မူသည်။ အကွယ်၌ရှိသမျှကို အလွန်သိရှိတော်မူသောအရှင်မြတ်လည်း ဖြစ်တော်မူသည်။”

قُلۡ جَآءَ الۡحَقُّ وَمَا يُبۡدِئُ الۡبَاطِلُ وَمَا يُعِيۡدُ ﴿٣٩﴾

(၄၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ- “အမှန်တရားသည် ရောက်ရှိလာပြီဖြစ်သည်။ ထို့ပြင် အမှားသည် (မည်သည့်အရာတစ်ခုမျှ) ဖြစ်ပေါ်စေနိုင်သည်လည်း မဟုတ်ပေ။ ထို့ပြင် (မည်သည့်အရာတစ်ခုမျှ) ပြန်ယူလာနိုင်သည်လည်းမဟုတ်ပေ။ (အမှားသည် ချည့်နဲ့သွားသည်သာမက နောက်တစ်ကြိမ်လည်း မည်သည့်အရာမျှ ပြန်မလုပ်နိုင်တော့ပေ)။”❶

❶ အစ္စလာမ်ဆိုတဲ့ အမှန်ရောက်လာပြီဖြစ်တဲ့အတွက် အမှားတွေဖြစ်တဲ့ ကုဖ်ရ် ရှစ်ရ်က်တွေဟာ ပပျောက်သွားပြီဖြစ်တယ်။ အဲဒီနောက် ထပ်လည်း မပေါ်လာနိုင်တော့ဘူးဖြစ်တယ်။ တမန်တော်မြတ် ﷺ ဟာ မက္ကဟ်ကို အောင်နိုင်တဲ့နေ့က ဒီအာယသ်တော်ကို ဖတ်နေတော်မူခဲ့တယ်။

(အလင်းပြကျမ်း)

قُلۡ اِنۡ ضَلَلۡتُ فَاِنَّمَآ اَضِلُّ عَلٰى نَفۡسِيۡ ۚ وَاِنِ اهۡتَدَيۡتُ فَبِمَا يُوۡحِيۡۤ اِلَيَّ رَبِّيۡ ؕ اِنَّهٗ سَمِيۡعٌ قَرِيۡبٌ ﴿٥٠﴾

(၅၀) (အို-တမန်တော်) အသင်ပြောလိုက်ပါ- “အကယ်၍ ငါသည် လမ်းမှားခဲ့လျှင်၊ ငါသည် ငါ့ကိုယ်ငါ ဆန့်ကျင်၍ပင် လမ်းမှားခဲ့ခြင်း ဖြစ်မည်။ (ငါ၏အမှားကို ငါသာလျှင်ခံရမည်)။ သို့ရာတွင် အကယ်၍ ငါသည် လမ်းမှန်ခဲ့လျှင် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က ငါ၏ထံသို့ ဝဟီအမိန့်တော်ချပေးတော်မူခြင်းကြောင့်ပင် ဖြစ်သည်။ အမှန်စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့ကြားသိတော်မူသော အလွန်နီးကပ်စွာရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။”

وَلَوۡ تَرٰۤى اِذۡ فَزِعُوۡا فَلَا فَوۡتَ وَاُخِذُوۡا مِنۡ مَّكَانٍ قَرِيۡبٍ ﴿٥١﴾

(၅၁) ထို့ပြင် အကယ်၍ အသင်သည် သူတို့ ထိတ်လန့်ကြောက်ရွံ့နေသည့်အခါတွင် တွေ့မြင်ရလျှင် ကောင်းလေစွ။ ထိုအခါ သူတို့သည် ထွက်ပြေး

စရာ လမ်းမရှိတော့ဘဲ အနီးမှကပ်ပြီး အဖမ်းခံလိုက်ရတော့မည်ပင် ဖြစ်သည်။

وَّقَالُوْٓا اٰمَنَّا بِهٖ ۚ وَاَنّٰى لَهُمُ التَّنَاوُشُ مِنْ مَّكَانٍۭ بَعِيْدٍ ﴿٥٢﴾

(၅၂) ထို့နောက် သူတို့က "ကျွန်ုပ်တို့သည် ၎င်းကို ယုံကြည်ကြပါပြီ" ဟုပြောဆိုကြမည်။ ထို့ပြင် သူတို့သည် (ဤမျှ)ဝေးလံသည့်နေရာမှ (အီမာန်) မည်သို့ ရယူနိုင်ကြမည်နည်း။❷

❷ လောကနဲ့ အလွန်ဝေးတဲ့နေရာ အာခိရသ်ရောက်တော့မှ လောကမှာရှိတဲ့ အီမာန်ကို လှမ်းဆွဲယူချင်လို့ ဘယ်လိုလုပ်ပြီး မီမလဲလို့ ဆိုလိုတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَّقَدْ كَفَرُوْا بِهٖ مِنْ قَبْلُ ۚ وَيَقْذِفُوْنَ بِالْغَيْبِ مِنْ مَّكَانٍۭ بَعِيْدٍ ﴿٥٣﴾

(၅၃) ထို့ပြင် အမှန်စင်စစ် သူတို့သည် ယခင်ကတည်းက ၎င်းကို ငြင်းပယ်နေခဲ့ကြသည်သာမက မသိဘဲနှင့် အဝေးမှ ရမ်းဆပြောဆို စွပ်စွဲနေခဲ့ကြသည်ဖြစ်သည်။

وَحِيْلَ بَيْنَهُمْ وَبَيْنَ مَا يَشْتَهُوْنَ كَمَا فُعِلَ بِاَشْيَاعِهِمْ مِّنْ قَبْلُ ۗ اِنَّهُمْ كَانُوْا فِيْ شَكٍّ مُّرِيْبٍ ﴿٥٤﴾

(၅၄) ထို့ပြင် (ထိုနေ့တွင်) ယခင်က သူတို့ကဲ့သို့သူများကို ပြုလုပ်ခဲ့သည့်နည်းတူပင် သူတို့နှင့် သူတို့လိုလားသည့်အရာများ၏ကြား၌ အကာအဆီး တစ်ခု ပြုလုပ်ခြင်းခံရမည် ဖြစ်သည်။ အမှန်စင်စစ် သူတို့သည် ယုံမှားမှုဖြစ်စေသော သံသယထဲ၌ပင် ရှိနေခဲ့ကြသည်ဖြစ်သည်။

رکوعاتها ٥ ٣٥ سُوۡرَةُ فَاطِرٍ مَكِّيَّةٌ ٤٣ اٰیاتها ٤٥

## စူရဟ် ဖာသိရ် (စတင်ဖန်ဆင်းတော်မူသောအရှင်ကဏ္ဍ) سُوۡرَةُ فَاطِرٍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اَلۡحَمۡدُ لِلّٰهِ فَاطِرِ السَّمٰوٰتِ وَالۡاَرۡضِ جَاعِلِ الۡمَلٰٓئِكَةِ رُسُلًا اُولِیۡۤ اَجۡنِحَةٍ مَّثۡنٰی وَثُلٰثَ وَرُبٰعَ ؕ یَزِیۡدُ فِی الۡخَلۡقِ مَا یَشَآءُ ؕ اِنَّ اللّٰهَ عَلٰی كُلِّ شَیۡءٍ قَدِیۡرٌ ﴿۱﴾

(၁) ချီးမွမ်းခြင်းအပေါင်းသည် အကြင်အလ္လာဟ်အရှင်မြတ်နှင့်သာ ထိုက်တန်တော်မူသည်။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို စတင်တီထွင်ဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် အတောင်ပံ နှစ်ခုနှစ်ခု၊ သုံးခုသုံးခု၊ လေးခုလေးခုရှိသော ကောင်းကင်တမန်များကို စေတမန်များအဖြစ် ပြုလုပ်တော်မူသောအရှင်လည်းဖြစ်တော်မူသည်။❷ အရှင်မြတ်သည် ဖန်ဆင်းမှုတွင် အရှင်မြတ်အလိုရှိတော်မူသောအရာကို တိုးပွားစေတော်မူသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို စွမ်းဆောင်နိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

❷ အရှင်မြတ်အလိုရှိတော်မူတဲ့ အဖန်ဆင်းခံတွေကို အလိုရှိတဲ့ အရည်အချင်းတွေ ပိုမိုထည့်ပေးနိုင်တော်မူတဲ့အရှင် ဖြစ်တယ်။ အရည်အချင်းပိုင်းဆိုင်ရာမှာရော၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းတွေမှာပါ အရှင်မြတ်အလိုရှိသလို ပိုထည့်ခြင်း လျော့ထည့်ခြင်း အစစအရာရာ ပြုလုပ်နိုင်တော်မူတယ်။ (အလင်းပြကျမ်း)

مَا یَفۡتَحِ اللّٰهُ لِلنَّاسِ مِنۡ رَّحۡمَةٍ فَلَا مُمۡسِكَ لَهَا ۚ وَمَا یُمۡسِكۡ ۙ فَلَا مُرۡسِلَ لَهٗ مِنۡۢ بَعۡدِهٖ ؕ وَهُوَ الۡعَزِیۡزُ الۡحَكِیۡمُ ﴿۲﴾

(၂) လူများအတွက် အလ္လာဟ်အရှင်မြတ် ဖွင့်ပေးထားတော်မူသော ရဟ်မသ်သနားကရုဏာကို ပိတ်နိုင်သူမရှိပေ။ ထို့ပြင် အရှင်မြတ်ပိတ်ထားတော်မူသောအရာကိုလည်း အရှင်မြတ်ပိတ်ထားပြီးသည့်နောက် ထိုအရာကို (ဖွင့်) လွှတ်မည့်သူမရှိတော့ပေ။❻ ထို့ပြင် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်မြတ်ဖြစ်တော်မူသည်။

❻ အရှင်မြတ်ရဲ့ကရုဏာတော်ဆိုတာ နာမ်ပိုင်းဆိုင်ရာ ကရုဏာ ဥပမာ - လမ်းမှန်ညွှန်ကြားပြသခြင်း၊ ကျမ်းဂန်ချပေးခြင်း၊ တမန်တော်စေလွှတ်ခြင်း စတာတွေ ဖြစ်တယ်။ ရုပ်ပိုင်းဆိုင်ရာ ကရုဏာကတော့ မိုးရွာချခြင်း၊ ကျွေးမွေးစောင့်ရှောက်ခြင်း စတာတွေ ဖြစ်တယ်။ တမန်တော်မြတ် ﷺ ရဲ့နောက်မှာ တမန်တော်စေလွှတ်မှု ပိတ်ထားပြီဖြစ်တဲ့အတွက် အဲဒီနောက် ဘယ်သူ့ကိုမှ စေလွှတ်မှာမဟုတ်တော့ဘူး။ فَلَا مُرْسِلَ لَهُ مِنْ بَعْدِهِ॥ (အလင်းပြကျမ်း)

يَاأَيُّهَا النَّاسُ اذْكُرُوا نِعْمَتَ اللَّهِ عَلَيْكُمْ ۚ هَلْ مِنْ خَالِقٍ غَيْرُ اللَّهِ يَرْزُقُكُمْ مِنَ السَّمَاءِ وَالْأَرْضِ ۚ لَا إِلَٰهَ إِلَّا هُوَ ۖ فَأَنَّىٰ تُؤْفَكُونَ ﴿٣﴾

(၃) အို-လူသားအပေါင်းတို့၊ အသင်တို့သည် အသင်တို့အပေါ်တွင် အလ္လာဟ်အရှင်မြတ်က ပြုတော်မူခဲ့သော ကျေးဇူးတော်များကို သတိရကြပါ။ အလ္လာဟ်အရှင်မြတ်၏အပြင် အသင်တို့အား မိုးကောင်းကင်နှင့် မြေပထဝီမှ စားနပ်ရိက္ခာပေးမည့် ဖန်ဆင်းရှင်တစ်ဦးတစ်ယောက်ရှိသေးသလော၊ ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ ထို့နောက် အသင်တို့သည် မည်သည့်ဘက်သို့ ပြန်လှည့်သွားကြသနည်း။

وَإِنْ يُكَذِّبُوكَ فَقَدْ كُذِّبَتْ رُسُلٌ مِنْ قَبْلِكَ ۚ وَإِلَى اللَّهِ تُرْجَعُ الْأُمُورُ ﴿٤﴾

(၄) အကယ်၍ သူတို့သည် အသင်(တမန်တော်)အား လိမ်လည်သူဟု စွပ်စွဲကြလျှင်၊ (စိတ်ဆင်းရဲမှု မဖြစ်ပါနှင့်)၊ အမှန်စင်စစ် အသင်၏မတိုင်မီက တမန်တော်များသည်လည်း လိမ်လည်သူများဟု စွပ်စွဲငြင်းပယ်ခြင်းကို ခံခဲ့ကြရသည်သာဖြစ်သည်။ ထို့ပြင် အရေးကိစ္စဟူသမျှသည် အလ္လာဟ်အရှင်မြတ်ထံတော်သို့ပင် ပြန်လည်ရောက်ကြရမည်ဖြစ်သည်။

يَاأَيُّهَا النَّاسُ إِنَّ وَعْدَ اللَّهِ حَقٌّ ۖ فَلَا تَغُرَّنَّكُمُ الْحَيَاةُ الدُّنْيَا ۖ وَلَا يَغُرَّنَّكُمْ بِاللَّهِ الْغَرُورُ ﴿٥﴾

(၅) အို-လူသားအပေါင်းတို့၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ပြုထားသောကတိတော်သည် မှန်သည်။ သို့ဖြစ်ရာ လောကီဘဝ၏အသက်ရှင်မှုသည် အသင်တို့အား မလှည့်ဖြားစေနှင့်။ ထို့ပြင် လှည့်စားသူ(ရှိုင်သွာန်)သည်လည်း အသင်တို့အား အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ မလှည့်ဖြားစေနှင့်။

إِنَّ الشَّيْطَانَ لَكُمْ عَدُوٌّ فَاتَّخِذُوهُ عَدُوًّا ۚ إِنَّمَا يَدْعُو حِزْبَهُ لِيَكُونُوا مِنْ أَصْحَابِ السَّعِيرِ ﴿٦﴾

(၆) အမှန်စင်စစ် ရှိုင်သွာန်သည် အသင်တို့၏ရန်သူပင် ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် သူ့အား (အသင်တို့၏)ရန်သူဟုပင် အသိအမှတ်ပြုထားကြပါ။ သူသည် သူ၏ဘက်သားများအား မီးတောက်မီးလျှံထဲ၌ရှိသည့်သူများထဲတွင် အပါအဝင်ဖြစ်စေရန်ပင် ဖိတ်ခေါ်သည်။

ٱلَّذِينَ كَفَرُوا۟ لَهُمْ عَذَابٌ شَدِيدٌ ۖ وَٱلَّذِينَ ءَامَنُوا۟ وَعَمِلُوا۟ ٱلصَّٰلِحَٰتِ لَهُم مَّغْفِرَةٌ وَأَجْرٌ كَبِيرٌ ﴿٧﴾

(၇) ကာဖိရ်များအတွက် ပြင်းထန်သော အပြစ်ဒဏ်ရှိသည်။ ထို့ပြင် အီမာန်ယုံကြည်၍ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်ကြသည့်သူများအတွက်မူ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးကျယ်သည့်အကျိုးကျေးဇူးရှိသည်။

أَفَمَن زُيِّنَ لَهُۥ سُوٓءُ عَمَلِهِۦ فَرَءَاهُ حَسَنًا ۖ فَإِنَّ ٱللَّهَ يُضِلُّ مَن يَشَآءُ وَيَهْدِى مَن يَشَآءُ ۖ فَلَا تَذْهَبْ
نَفْسُكَ عَلَيْهِمْ حَسَرَٰتٍ ۚ إِنَّ ٱللَّهَ عَلِيمٌۢ بِمَا يَصْنَعُونَ ﴿٨﴾

(၈) ထို့ပြင် အကြင်သူ၏မကောင်းမှုများသည် သူ၏အမြင်တွင် လှပတင့်တယ်အောင် ပြုလုပ်ခြင်းခံရသည့်အတွက် ထိုအရာ (အမှား)ကို အကောင်း(အမှန်)ဟု ထင်မြင်သည့်သူသည် (အမှားကို အမှား၊ အမှန်ကို အမှန်ဟု မြင်သည့်သူနှင့် တူနိုင်ပါမည်လော)။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသူကို လမ်းမှား၌ပင် ထားတော်မူသည်။ ထို့ပြင် အရှင်မြတ်အလိုရှိတော်မူသူကို လမ်းမှန်ညွှန်ကြားပြသတော်မူသည်။ သို့ဖြစ်ရာ အသင်သည် သူတို့အတွက် ပူဆွေးသောကဖြစ်လျက် အသင်၏အသက်ကို ပျက်စီးအောင် မလုပ်လိုက်နှင့်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သူတို့ပြုလုပ်သမျှကို အကြွင်းမဲ့သိရှိတော်မူသောအရှင် ဖြစ်တော်မူသည်။❶

❶ လူတစ်ယောက်ဟာ အဆိုးကို အဆိုးမှန်းသိသေးတယ်ဆိုရင် အဲဒီသူဟာ တစ်ချိန်ချိန်မှာ လမ်းမှန်ရဖို့ နီးစပ်သေးတယ်။ ဒါပေမဲ့ လူတစ်ယောက်ဟာ အဆိုးကို အကောင်းလို့ မြင်နေပြီဆိုရင် အဲဒီသူဟာ ဘယ်တော့မှ လမ်းမှန်ရဖို့ မနီးစပ်တော့ဘူး။ အဲဒီလိုလူနဲ့ပတ်သက်ပြီး တရားမရရကောင်းလားဆိုပြီး ပူဆွေးသောကရောက်ပြီး ကိုယ့်ကိုယ်ကို ဒုက္ခမဖြစ်စေဖို့ အရှင်မြတ်က တမန်တော်မြတ် ﷺ ကို နှစ်သိမ့်ထားခြင်းဖြစ်တယ်။ အဲဒီလိုလူနဲ့ ပတ်သက်ပြီး အရှင်မြတ်အပေါ်မှာ လွှဲအပ်ထားလိုက်ရုံပဲ ကျန်တော့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَٱللَّهُ ٱلَّذِىٓ أَرْسَلَ ٱلرِّيَٰحَ فَتُثِيرُ سَحَابًا فَسُقْنَٰهُ إِلَىٰ بَلَدٍ مَّيِّتٍ فَأَحْيَيْنَا بِهِ ٱلْأَرْضَ بَعْدَ مَوْتِهَا ۚ
كَذَٰلِكَ ٱلنُّشُورُ ﴿٩﴾

(၉) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည်ပင် လေများကို စေလွှတ်တော်မူသော အရှင်ဖြစ်တော်မူသည်။ ထို့နောက် ယင်း(လေများ)သည် မိုးတိမ်များကို သယ်ဆောင်သွားကြသည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(မိုးတိမ်များ)အား (ခြောက်သွေ့ပြီး)သေနေသော မြေနေရာများထံသို့ မောင်းနှင်တော်မူသည်။ ထို့နောက် ငါအရှင်မြတ်သည် ၎င်း(မိုးတိမ်များက ရွာချသည့်မိုး)ရေနှင့် သေနေသည့်မြေကို ပြန်လည်စိုပြည်စေတော်မူခဲ့သည်။ ရှင်ပြန်ထခြင်းသည်လည်း ထို

ကဲ့သို့ပင် ဖြစ်သည်။

مَن كَانَ يُرِيدُ الْعِزَّةَ فَلِلَّهِ الْعِزَّةُ جَمِيعًا ۚ إِلَيْهِ يَصْعَدُ الْكَلِمُ الطَّيِّبُ وَالْعَمَلُ الصَّالِحُ يَرْفَعُهُ ۚ
وَالَّذِينَ يَمْكُرُونَ السَّيِّئَاتِ لَهُمْ عَذَابٌ شَدِيدٌ ۖ وَمَكْرُ أُولَٰئِكَ هُوَ يَبُورُ ﴿١٠﴾

(၁၀) မည်သူမဆို ဂုဏ်သိက္ခာကို အလိုရှိလျှင် (အရှင်မြတ်ထံတော်၌သာ တောင်းခံပါ၊ အဘယ်ကြောင့်ဆိုသော်) ဂုဏ်သိက္ခာဟူသမျှသည် အလ္လာဟ်အရှင်မြတ်၌ပင် ရှိသည်။ သန့်ပြန့်စင်ကြယ်သည့်စကားများသည် အရှင်မြတ်ထံတော်သို့ပင် တက်သွားကြသည်။ ထို့ပြင် ကောင်းမြတ်သောလုပ်ရပ်သည် ၎င်း(စင်ကြယ်သည့်စကား)ကို မြှင့်တင်ပို့ဆောင်ပေးသည်။❷ ထို့ပြင် မကောင်းသည့်အကြံအစည်များကို ကြံစည်သည့်သူများအတွက်ကမူ ပြင်းထန်သော ပြစ်ဒဏ်ရှိသည်။ ထို့ပြင် ထိုသူတို့၏အကြံအစည်များသည်လည်း ပျက်စီးသွားကြမည်ဖြစ်သည်။❸

❷ ကောင်းမြတ်တဲ့စကားဆိုတာ အရှင်မြတ်ကို သတိရတသခြင်း၊ ဆုတောင်းခြင်း၊ ကုရ်အာန်ဖတ်ရွတ်ခြင်း၊ ဆုံးမသြဝါဒပေးခြင်း စတာတွေဖြစ်တယ်။ အဲဒီအရာတွေဟာ အရှင်မြတ်ထံတော်ကို တက်သွားပြီး အရှင်မြတ်ထံတော်က ဂရုစိုက်ခံရတဲ့ဂုဏ်ကို ရရှိမှာဖြစ်တယ်။ အဲဒီကောင်းမြတ်တဲ့စကားတွေနဲ့အတူ ကောင်းမြတ်တဲ့လုပ်ရပ်တွေပါပြုလုပ်ပါက ပိုပြီး အရှင်မြတ်ရဲ့အရေးပေးခြင်းကို ခံရမှာဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်ထံတော်က ဂုဏ်လိုချင်ရင် ကောင်းမြတ်တဲ့စကားပြောပြီး ကောင်းမြတ်တဲ့လုပ်ရပ်လုပ်ရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း) ❸ မကောင်းကြံစည်သူဟာ သူ့အကြံအစည်နဲ့ သူပြန်ခံရမှာဖြစ်တယ်။ တမန်တော်မြတ် ﷺ ကို နည်းမျိုးစုံနဲ့ လုပ်ကြံဖို့ ကုရိုင်ရှ်တွေက ကြိုးစားခဲ့ကြတယ်။ နောက်ဆုံး သူတို့ပဲ ဗဒ်ရ်စစ်ပွဲမှာ ပြန်ခံခဲ့ကြရတယ်။ (အလင်းပြကျမ်း)

وَاللَّهُ خَلَقَكُم مِّن تُرَابٍ ثُمَّ مِن نُّطْفَةٍ ثُمَّ جَعَلَكُمْ أَزْوَاجًا ۚ وَمَا تَحْمِلُ مِنْ أُنثَىٰ وَلَا تَضَعُ
إِلَّا بِعِلْمِهِ ۚ وَمَا يُعَمَّرُ مِن مُّعَمَّرٍ وَلَا يُنقَصُ مِنْ عُمُرِهِ إِلَّا فِي كِتَابٍ ۚ إِنَّ ذَٰلِكَ عَلَى اللَّهِ يَسِيرٌ ﴿١١﴾

(၁၁) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် သုက်ရည်ဖြင့် (ဖန်ဆင်းတော်မူခဲ့သည်)။ ထို့နောက် အရှင်မြတ်သည် အသင်တို့အား စုံတွဲများ ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် မည်သည့်မိန်းမတစ်ဦးမျှ အရှင်မြတ် သိတော်မမူဘဲ ကိုယ်ဝန်ဆောင်သည်လည်းမရှိပေ၊ သားဖွားခြင်းလည်းမရှိပေ။ ထို့ပြင် မည်သည့် အသက်ရှည်သူတစ်ဦး၏အသက်ကိုမျှ ပိုသတ်မှတ်ပေးသည်လည်း မရှိပေ။ မည်သူ၏အသက်ကိုမျှ လျှော့ပြီး သတ်မှတ်သည်လည်း မရှိပေ။ သို့ရာတွင် ၎င်းသည် ထိုမှတ်တမ်းတော်တွင် ရေးမှတ်ပြီးသားပင်ဖြစ်သည်။ အမှန်စင်စစ် ယင်း(သို့ရေးမှတ်ခြင်း)သည် အလ္လာဟ်အရှင်မြတ်အတွက် အလွန်လွယ်ကူသည်။❹

❻ ဘယ်သူရဲ့သက်တမ်းကိုမဆို ရေးမှတ်ထားပြီးဖြစ်တဲ့အတွက် သူ့အချိန်စေ့မှပဲ သေဆုံးမှာဖြစ်တယ်။ အဖန်ဆင်းခံအားလုံးရဲ့ ဖြစ်ခဲ့သမျှ၊ ပျက်ခဲ့သမျှ၊ ဖြစ်နေသမျှ၊ ပျက်နေသမျှ၊ ဖြစ်မဲ့အရာဟူသမျှ၊ ပျက်မဲ့အရာဟူသမျှအားလုံးကို အရှင်မြတ်ဟာ သိတော်မူရုံမက ရေးမှတ်ထားပြီးပါဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا يَسْتَوِي الْبَحْرَانِ ۖ هَٰذَا عَذْبٌ فُرَاتٌ سَائِغٌ شَرَابُهُ وَهَٰذَا مِلْحٌ أُجَاجٌ ۖ وَمِن كُلٍّ تَأْكُلُونَ
لَحْمًا طَرِيًّا وَتَسْتَخْرِجُونَ حِلْيَةً تَلْبَسُونَهَا ۖ وَتَرَى الْفُلْكَ فِيهِ مَوَاخِرَ لِتَبْتَغُوا مِن فَضْلِهِ
وَلَعَلَّكُمْ تَشْكُرُونَ ﴿١٢﴾

(၁၂) ထို့ပြင် ပင်လယ်နှစ်ခုသည် မတူကြပေ။ ဤသည် ရေချိုဖြစ်သည်။ ထိုရေကိုသောက်သုံးခြင်းသည် အဝင်ကောင်းပြီး ရေငတ်ပြေစေသည်။ ဤသည်ကမူ ငန်သည်၊ ခါးသည်။ ထို့ပြင် အသင်တို့သည် (ထိုပင်လယ်)တိုင်းမှ လတ်ဆတ်သော အသားငါးများကို စားသုံးကြသည်။ ထို့ပြင် အသင်တို့သည် ၎င်းထဲမှ အသင်တို့ဝတ်ဆင်ကြသော လက်ဝတ်လက်စားတန်ဆာပလာများကို ထုတ်ယူကြသည်။ ထို့ပြင် အသင်တို့သည် အရှင်မြတ်၏ ကျေးဇူးတော်စားနပ်ရိက္ခာကို ရှာဖွေရန်အတွက် ထိုပင်လယ်ထဲတွင် ရေကိုခွဲပြီး သင်္ဘောများ သွားလာနေသည်ကို အသင်တွေ့မြင်ရမည်။ ထို့ပြင် အသင်တို့သည် အရှင်မြတ်၏ကျေးဇူးတော်ကို သိတတ်ကြရန်အတွက်(ထိုကဲ့သို့ ပြုလုပ်ပေးထားခြင်း)ဖြစ်သည်။

يُولِجُ اللَّيْلَ فِي النَّهَارِ وَيُولِجُ النَّهَارَ فِي اللَّيْلِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَجْرِي لِأَجَلٍ مُّسَمًّى ۚ
ذَٰلِكُمُ اللَّهُ رَبُّكُمْ لَهُ الْمُلْكُ ۚ وَالَّذِينَ تَدْعُونَ مِن دُونِهِ مَا يَمْلِكُونَ مِن قِطْمِيرٍ ﴿١٣﴾

(၁၃) အရှင်မြတ်သည် ညကို နေ့ထဲတွင်ဝင်စေတော်မူပြီး နေ့ကို ညထဲတွင် ဝင်စေတော်မူသည်။ (ညတာတိုခြင်းရှည်ခြင်းနှင့် နေ့တာတိုခြင်းရှည်ခြင်းတို့ ဖြစ်ပေါ်စေသည်)။ ထို့ပြင် အရှင်မြတ်သည် နေနှင့်လအား အမိန့်နာခံခိုင်းထားသည့်အတွက် သူတို့အသီးသီးသည် သတ်မှတ်ပြဋ္ဌာန်းထားသောအချိန်ကာလအထိ သွားလာလှုပ်ရှားနေကြသည်။ ယင်း(သို့ပြုလုပ်တော်မူသောအရှင်)သည် အသင်တို့အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူသည်။ စိုးမိုးအုပ်ချုပ်မှုအာဏာသည် အရှင်မြတ်၌ပင် ရှိသည်။ ထို့ပြင် အရှင်မြတ်မှလွဲ၍ အသင်တို့ ဟစ်ခေါ်တသနေကြသည့်သူများသည် စွန်ပလွံစေ့၌ကပ်နေသော အမြှေးပါးမျှပင် ပိုင်ဆိုင်ကြသည်မဟုတ်ပေ။

إِن تَدْعُوهُمْ لَا يَسْمَعُوا دُعَاءَكُمْ وَلَوْ سَمِعُوا مَا اسْتَجَابُوا لَكُمْ ۖ وَيَوْمَ الْقِيَامَةِ يَكْفُرُونَ
بِشِرْكِكُمْ ۚ وَلَا يُنَبِّئُكَ مِثْلُ خَبِيرٍ ﴿١٤﴾

(၁၄) အသင်တို့သည် အကယ်၍ သူတို့အား ဟစ်ခေါ်ကြလျှင် သူတို့သည် အသင်တို့၏ဟစ်ခေါ်မှုကို ကြားကြမည်မဟုတ်ပေ။ ထို့ပြင် အကယ်၍ သူတို့သည် ကြားခဲ့ကြလျှင်လည်း အသင်တို့အား ပြန်ထူးကြမည်မဟုတ်ပေ။ ထို့ပြင် ကိယာမသ်နေ့တွင် သူတို့သည် အသင်တို့၏တွဲဖက်ကိုးကွယ်မှုကိုပင် ငြင်းပယ်ကြဦးမည်ဖြစ်သည်။ ထို့ပြင် အရာအားလုံးကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်မြတ်ကဲ့သို့ မည်သူမျှ အသင့်အား ထုတ်ဖော်ပြောကြားမည်မဟုတ်ပေ။

يَٰٓأَيُّهَا ٱلنَّاسُ أَنتُمُ ٱلْفُقَرَآءُ إِلَى ٱللَّهِ ۖ وَٱللَّهُ هُوَ ٱلْغَنِىُّ ٱلْحَمِيدُ ﴿١٥﴾

(၁၅) အို-လူသားအပေါင်းတို့၊ အသင်တို့ပင် အလ္လာဟ်အရှင်မြတ်(၏ ကူညီမှုဘက်)သို့ လိုလားတောင့်တနေကြရသည့်သူများ ဖြစ်ကြသည်။ ထို့ပြင် အရှင်မြတ်ကမူ လိုလားတောင့်တခြင်းကင်းပြီး ပြည့်စုံကြွယ်ဝတော်မူသောအရှင်၊ ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူသည်။

إِن يَشَأْ يُذْهِبْكُمْ وَيَأْتِ بِخَلْقٍ جَدِيدٍ ﴿١٦﴾

(၁၆) အကယ်၍ အရှင်မြတ်သည် အလိုရှိတော်မူလျှင် အသင်တို့အား ဖယ်ရှားတော်မူပြီး အဖန်ဆင်းခံအသစ်အား ယူလာနိုင်တော်မူသည်။

وَمَا ذَٰلِكَ عَلَى ٱللَّهِ بِعَزِيزٍ ﴿١٧﴾

(၁၇) ထို့ပြင် ယင်း(သို့ လုပ်ဆောင်ခြင်း)သည် အလ္လာဟ်အရှင်မြတ် အပေါ်တွင် မခဲယဉ်းပေ။❶

❶ အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူရင် အခုရှိနေတဲ့လူသားတွေရဲ့အစားကို တခြားအဖန်ဆင်းခံတွေနဲ့ အစားထိုးဖန်ဆင်းနိုင်တော်မူတယ်။ အဲဒီအစားထိုးလိုက်တဲ့ အဖန်ဆင်းခံတွေဟာ အရှင်မြတ်အမိန့်ကို လုံးဝနာခံတဲ့သူတွေ၊ အရှင်မြတ်နှစ်သက်တဲ့အတိုင်းပဲ ပြုလုပ်ကြမဲ့သူတွေဖြစ်အောင် အရှင်မြတ် ဖန်ဆင်းတော်မူနိုင်တယ်။ ဒါပေမဲ့ အရှင်မြတ်မှာ ဂုဏ်တော်တွေ အမြောက်အမြားရှိနေတယ်။ အဲဒီဂုဏ်တော်တွေ ထင်ရှားအောင်လုပ်ဖို့ လူသားတွေကို ဖန်ဆင်းထားတာဖြစ်တယ်။ ဥပမာ - အရှင်မြတ်ရဲ့ဂုဏ်တော်တွေအားလုံးဟာ အဖန်ဆင်းခံတွေကို မဖန်ဆင်းရသေးခင်၊ အရှင်မြတ် တစ်ပါးတည်းပဲ ရှိနေစဉ်ကတည်းက ဂုဏ်တော်တွေအတိုင်း လျော့နည်းသွားတာမရှိဘဲ အခုလည်းရှိနေတာဖြစ်တယ်။ အရှင်မြတ်ဟာ အလွန်သနားကြင်နာတော်မူတဲ့အရှင်ဖြစ်တယ်။ အရှင်တစ်ပါးတည်းပဲ ရှိနေတဲ့အချိန်မှာ ဘယ်သူ့ကို အရှင်မြတ်က သနားရမလဲ။ အဲဒီလိုပဲ အလွန် ကျွေးမွေးတဲ့အရှင်ဖြစ်တော်မူတယ်။ စားမဲ့သူမရှိရင် ဘယ်သူ့ကို ကျွေးမွေးရမလဲ။ အလွန်ခွင့်လွှတ်တော်မူတဲ့အရှင်ဖြစ်တော်မူတယ်။ အပြစ်ကျူးလွန်ပြီးဝန်ခံတဲ့သူမရှိရင် ဘယ်သူ့ကို ခွင့်လွှတ်ရမလဲ။ အလွန်ပေးတော်မူတဲ့အရှင်ဖြစ်တော်မူတယ်။ ယူမဲ့သူမရှိရင် ဘယ်သူ့ကိုပေးရမလဲ။ အဲဒီလို အရှင်မြတ်ရဲ့ဂုဏ်တော်တွေကို အကောင်အထည်ဖော်ထင်ရှားအောင်လုပ်ဖို့အတွက် အခုလက်ရှိ အဖန်ဆင်းခံတွေကို ဖန်ဆင်းထားတာဖြစ်တယ်။ အဲဒါကြောင့် အမျိုးမျိုးအဖုံဖုံ အကောင်းတွေ အဆိုးတွေ

နဲ့ ဒွန်တွဲနေတာဖြစ်တယ်။ ဘယ်အဖန်ဆင်းခံကိုမှ အလဟဿဖန်ဆင်းထားတာမဟုတ်ဘူး။ အားလုံး အကျိုးအကြောင်းရှိတာချည်းပဲဖြစ်တယ်။ (အွဆ်မာနီ၊ သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

وَلَا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى ۚ وَاِنْ تَدْعُ مُثْقَلَةٌ اِلٰى حِمْلِهَا لَا يُحْمَلْ مِنْهُ شَیْءٌ وَّلَوْ كَانَ ذَا قُرْبٰى ۚ
اِنَّمَا تُنْذِرُ الَّذِیْنَ یَخْشَوْنَ رَبَّهُمْ بِالْغَیْبِ وَاَقَامُوا الصَّلٰوةَ ۚ وَمَنْ تَزَكّٰى فَاِنَّمَا یَتَزَكّٰى لِنَفْسِهٖ ۚ
وَاِلَى اللّٰهِ الْمَصِیْرُ ﴿١٨﴾

(၁၈) ထို့ပြင် မည်သည့်ဝန်ထုပ်ထမ်းသူ(အပြစ်ရှိသူ)တစ်ဦးကမျှ သူတစ်ပါး၏(အပြစ်)ဝန်ထုပ်ကို သယ်ပိုးထမ်းရွက်မည်မဟုတ်ပေ။ ထို့ပြင် အကယ်၍ ဝန်ထုပ်ထမ်းနေသူတစ်ဦးက သူ၏ဝန်ထုပ်ကိုထမ်းခိုင်းရန် တစ်ဦးဦးကို ဟစ်ခေါ်မည်ဆိုလျှင်လည်း ထိုဟစ်ခေါ်ခြင်းခံရသူသည် သူ၏ဆွေမျိုးသားချင်းဖြစ်ခဲ့လျှင်လည်း သူ၏ဝန်ထုပ်မှ အနည်းငယ်မျှ သယ်ပိုးထမ်းရွက်ပေးမည်မဟုတ်ပေ။ အသင်သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား မမြင်ဘဲ ကြောက်ရွံ့၍ စွလာသ်ဝတ်ပြုမှုတည်ဆောက်ကြသည့်သူများကိုသာ သတိပေးနှိုးဆော်နိုင်သည်။ ထို့ပြင် မည်သူမဆို စင်ကြယ်သန့်ရှင်းခဲ့လျှင် ထိုသူသည် သူ့အတွက် စင်ကြယ်သန့်ရှင်းခဲ့ခြင်းသာ ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ထံတော်သို့ပင် နောက်ဆုံး ပြန်ကြရမည်ဖြစ်သည်။

وَمَا یَسْتَوِی الْاَعْمٰى وَالْبَصِیْرُ ﴿١٩﴾

(၁၉) ထို့ပြင် မျက်ကန်းနှင့် မျက်မြင်သည် မတူပေ။

وَلَا الظُّلُمٰتُ وَلَا النُّوْرُ ﴿٢٠﴾

(၂၀) ထို့ပြင် အမှောင်များနှင့် အလင်းသည်လည်း မတူပေ။

وَلَا الظِّلُّ وَلَا الْحَرُوْرُ ﴿٢١﴾

(၂၁) ထို့ပြင် အရိပ်နှင့် အပူရှိန်သည်လည်းမတူပေ။

وَمَا یَسْتَوِی الْاَحْیَآءُ وَلَا الْاَمْوَاتُ ۚ اِنَّ اللّٰهَ یُسْمِعُ مَنْ یَّشَآءُ ۚ وَمَاۤ اَنْتَ بِمُسْمِعٍ مَّنْ فِی الْقُبُوْرِ ﴿٢٢﴾

(၂၂) ထို့ပြင် အသက်ရှင်သူများနှင့် သေသူများသည်လည်း မတူပေ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို ကြားစေတော်မူသည်။ ထို့ပြင် အသင်သည် သင်္ချိုင်းများထဲတွင်ရှိသူများအား ကြားအောင် ပြုနိုင်သူမဟုတ်ပေ။❶

❶ သင်္ချိုင်းထဲမှာ မြှုပ်နှံထားတဲ့သေသူတွေကို အရှင်မြတ်အလိုရှိရင် ကြားအောင်ပြုလုပ်နိုင်တော်မူတယ်။ အဲဒီစွမ်းရည်ဟာ အရှင်မြတ်မှာပဲ ရှိတော်မူတယ်။ တမန်တော်မြတ် ﷺ ဟာ သင်္ချိုင်းထဲက သေသူတွေကို ကြားအောင်မစွမ်းဆောင်နိုင်ဘူး။ အဲဒီလိုပဲ စိတ်နှလုံးသေနေတဲ့သူတွေကို စကား

နားထောင်အောင် စွမ်းဆောင်နိုင်ခြင်းမရှိဘူး။ တမန်တော် ﷺ ရဲ့ အလုပ်ဟာ အမိန့်တော်တွေကို သူတို့ထံ ပို့ဖို့ပဲဖြစ်တယ်။ သူတို့နားထောင်တာ မထောင်တာဟာ သူတို့အလုပ်ပဲဖြစ်တယ်။ တမန်တော့်အလုပ်မဟုတ်ဘူး။ (အလင်းပြကျမ်း)

إِنْ أَنتَ إِلَّا نَذِيرٌ ﴿٢٣﴾

(၂၃) အသင်(တမန်တော်)သည် သတိပေးနှိုးဆော်သူတစ်ဦးသာ ဖြစ်သည်။

إِنَّا أَرْسَلْنَاكَ بِالْحَقِّ بَشِيرًا وَنَذِيرًا ۚ وَإِن مِّنْ أُمَّةٍ إِلَّا خَلَا فِيهَا نَذِيرٌ ﴿٢٤﴾

(၂၄) အမှန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား အမှန်တရားနှင့်တကွ ဝမ်းမြောက်ဖွယ်သတင်းပေးသူအဖြစ်နှင့် သတိပေးနှိုးဆော်သူအဖြစ် စေလွှတ်တော်မူခဲ့သည်။ ထို့ပြင် အုပ်စုတိုင်းတွင် သတိပေးနှိုးဆော်သူတစ်ဦး ရောက်ခဲ့သည်ပင် ဖြစ်သည်။

وَإِن يُكَذِّبُوكَ فَقَدْ كَذَّبَ الَّذِينَ مِن قَبْلِهِمْ جَاءَتْهُمْ رُسُلُهُم بِالْبَيِّنَاتِ وَبِالزُّبُرِ وَبِالْكِتَابِ الْمُنِيرِ ﴿٢٥﴾

(၂၅) ထို့ပြင် အကယ်၍ သူတို့သည် အသင့်အား လိမ်လည်သူဟု စွပ်စွဲငြင်းပယ်ကြလျှင် စင်စစ် သူတို့မတိုင်မီကသူများသည်လည်း မဟုတ်မမှန်ဟုပင် စွပ်စွဲငြင်းပယ်ခဲ့ကြသည် ဖြစ်သည်။ ထိုသူများထံသို့ သူတို့၏တမန်တော်များသည် ထင်ရှားသော သက်သေလက္ခဏာများနှင့်၊ (အမိန့်ပညတ်ချက်များစုထားသည့်) ကျမ်းငယ်များသာမက အလင်းပြကျမ်းတော်ကိုလည်း ယူဆောင်လာခဲ့ကြသည်ဖြစ်သည်။

ثُمَّ أَخَذْتُ الَّذِينَ كَفَرُوا ۖ فَكَيْفَ كَانَ نَكِيرِ ﴿٢٦﴾

(၂၆) ထို့နောက် ငါအရှင်မြတ်သည် ငြင်းပယ်သူများအား ဖမ်းဆီးကွပ်မျက်တော်မူခဲ့သည်။ သို့ဖြစ်ရာ (ယခုအသင်ကြည့်ပါ) ငါအရှင်မြတ်၏အပြစ်ဒဏ်သည် မည်သို့ဖြစ်သွားခဲ့သနည်း။

أَلَمْ تَرَ أَنَّ اللَّهَ أَنزَلَ مِنَ السَّمَاءِ مَاءً فَأَخْرَجْنَا بِهِ ثَمَرَاتٍ مُّخْتَلِفًا أَلْوَانُهَا ۚ وَمِنَ الْجِبَالِ جُدَدٌ بِيضٌ وَحُمْرٌ مُّخْتَلِفٌ أَلْوَانُهَا وَغَرَابِيبُ سُودٌ ﴿٢٧﴾

(၂၇) အသင်မမြင်ခဲ့သလော၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို ချပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(ရေ)ဖြင့် အရောင်အသွေးအမျိုးမျိုး ကွဲပြားခြားနားသောသစ်သီးဝလံများကို ထွက်စေတော်မူခဲ့သည်။ ထို့ပြင် တောင်များတွင်လည်း အရောင်အမျိုးမျိုးရှိသော အလွှာအထပ်ထပ်အပိုင်းအပိုင်း(တောင်ကြားလမ်း)များရှိကြသည်။ အချို့သည်

အဖြူ၊ အချို့သည် အနီများဖြစ်ကြပြီး အလွန်မည်းနက်သည်များလည်းရှိသည်။

وَ مِنَ النَّاسِ وَ الدَّوَآبِّ وَ الْاَنْعَامِ مُخْتَلِفٌ اَلْوَانُهٗ كَذٰلِكَ ؕ اِنَّمَا يَخْشَى اللّٰهَ مِنْ عِبَادِهِ الْعُلَمٰٓؤُا ؕ اِنَّ اللّٰهَ عَزِيْزٌ غَفُوْرٌ ﴿٢٨﴾

(၂၈) ထို့ပြင် လူများ၊ သက်ရှိသတ္တဝါများနှင့် ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များတို့တွင် ထိုကဲ့သို့ အရောင်အဆင်းအမျိုးမျိုးရှိကြသည်။ အလ္လာဟ် အရှင်မြတ်အား အရှင်မြတ်၏ကျွန်များထဲမှ ပညာရှင်များသာ ကြောက်ရွံ့ကြ သည်။❶ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့်အလွန်လွှမ်းမိုး တော်မူသောအရှင်၊ လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင် ဖြစ် တော်မူသည်။

❶ မွတ်စ်လင်မ်တွေဟာ အရှင်မြတ်ရှိနေကြောင်း သိရှိယုံကြည်ကြပါလျက်နဲ့ ဘာ့ကြောင့် မကြောက်ကြသလဲလို့ မေးမယ်ဆိုရင် အရှင်မြတ်ကို သိရှိယုံကြည်မှုရဲ့အင်အားနည်းပါးမှုကြောင့် ကြောက်စိတ်လည်း နည်းပါးနေတာဖြစ်တယ်။ သခင်တစ်ဦးက ကျွန်တွေရဲ့အလုပ်လုပ်တာတွေကို စီစီတီဗွီနဲ့ကြည့်နေကြောင်း သိရှိယုံကြည်ရင် အဲဒီကျွန်တွေဟာ သခင့်ကို ကြောက်ပြီး အလုပ်ကောင်းကောင်းလုပ်ကြမှာပဲဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုရင် သခင့်ကို ကျွန်တွေက မမြင်ရပေမဲ့ သခင်က ကျွန်တွေကိုမြင်နေတယ်ဆိုတဲ့ အသိက လွှမ်းမိုးသွားလို့ဖြစ်တယ်။ ရှေ့မှာရှိတာနဲ့ အကွယ်မှာရှိတာ အတူတူလောက်ဖြစ်သွားတော့တာကြောင့် ဖြစ်တယ်။ အရှင်မြတ်ဟာ ကျွန်ုပ်တို့ရဲ့ရှေ့မှာ ရှိနေပြီး အကုန်လုံးသိမြင်နေတယ်လို့ သိရှိယုံကြည်မယ်ဆိုရင် ကောင်းကင်တမန်တွေအပေါ်မှာလို အရှင်မြတ်ရဲ့အရှိန်အဝါ ကြောက်စိတ်ဟာ လွှမ်းမိုးသွားမှာဖြစ်တယ်။ حَتّٰٓى اِذَا فُزِّعَ عَنْ قُلُوْبِهِمْ قَالُوْا مَاذَا ۙ قَالَ رَبُّكُمْ ؕ قَالُوا الْحَقَّ (ကုရ်အာန် - ၃၄း၂၃)အရှင်မြတ်မိန့်လိုက်တာနဲ့ ကြောက်စိတ်လွှမ်းမိုးသွားပြီး အကြောက်ပြေတော့မှ ဘေးကသူတွေကို ပြန်မေးရတဲ့ဘဝရောက်ပုံကို ပြထားတာဖြစ်တယ်။ (ဘာသာပြန်သူ)

အာလင်မ်ပညာရှင်ဟာ သုံးမျိုးသုံးစားရှိတယ်ဆိုတဲ့အကြောင်း

သဖ်စီရ် အိဗ်နကဆီးရ်ကျမ်းမှာ အခုလိုဖော်ပြထားတယ် -

(၁) အရှင်မြတ်နဲ့ အရှင်မြတ်ရဲ့အမိန့်တော်တွေကို သိကျွမ်းတဲ့ပညာရှင် = အရှင်မြတ်ကို ကြောက်တယ်၊ အမိန့်တော်တွေကို သိကျွမ်းတယ်။ (၂)အရှင်မြတ်ကိုပဲ သိကျွမ်းပြီး အရှင့်ရဲ့အမိန့်တော်တွေကို မသိကျွမ်းတဲ့ ပညာရှင် = အရှင်မြတ်ကိုကြောက်တယ်၊ အမိန့်တော်တွေကို မသိကျွမ်းဘူး။ (၃) အရှင်မြတ်ကိုမသိကျွမ်းဘဲ အရှင့်ရဲ့အမိန့်တော်တွေကို သိကျွမ်းတဲ့ပညာရှင် = အရှင်မြတ်ကို မကြောက်ဘူး၊ အမိန့်တော်တွေကို သိကျွမ်းတယ်။

العلماء ثلاثة: عالم بالله عالم بأمر الله، وعالم بالله ليس بعالم بأمر الله، وعالم بأمر الله ليس بعالم بالله. فالعالم بالله وبأمر الله: الذى يخشى الله ويعلم الحدود والفرائض. والعالم بالله ليس بعالم بأمر الله: الذى يخشى الله ولا يعلم الحدود ولا الفرائض. والعالم بأمر الله ليس بعالم بالله: الذى يعلم الحدود والفرائض، ولا يخشى الله عز وجل. (تفسير ابن كثير)

اِنَّ الَّذِيْنَ يَتْلُوْنَ كِتٰبَ اللّٰهِ وَ اَقَامُوا الصَّلٰوةَ وَ اَنْفَقُوْا مِمَّا رَزَقْنٰهُمْ سِرًّا وَّ عَلَانِيَةً يَّرْجُوْنَ تِجَارَةً لَّنْ تَبُوْرَ ۙ ﴿٢٩﴾

(၂၉) အမှန်စင်စစ် အကြင်သူများသည် အလ္လာဟ်အရှင်မြတ်၏ကျမ်းဂန်ကို ရွတ်ဖတ်ကြသည်။ ထို့ပြင် စွလာသ်ဝတ်ပြုမှုကို ဆောက်တည်ကြသည်။ ထို့ပြင် သူတို့အား ငါအရှင်မြတ် ပေးသနားတော်မူခဲ့သော အရာများထဲမှ လုံးဝမဆုံးရှုံး မပျက်စီးသော ရောင်းဝယ်ဖောက်ကားမှုမျိုး(ဖြစ်သော ဂျန္နသ်သုခဘုံ)ကို မျှော်လင့်တောင့်တနေကြလျက် တိတ်ဆိတ်စွာနှင့် ထင်ပေါ်စွာ လှူဒါန်းကြသည်။

لِيُوَفِّيَهُمْ أُجُورَهُمْ وَيَزِيدَهُم مِّن فَضْلِهِ ۚ إِنَّهُ غَفُورٌ شَكُورٌ ﴿٣٠﴾

(၃၀) (နောက်ဆုံးတွင်) အရှင်မြတ်သည် သူတို့အား သူတို့၏အကျိုးများ ပြည့်ပြည့်ဝဝ ပေးတော်မူသည့်အပြင် အရှင်မြတ်၏ကျေးဇူးတော်နှင့် သူတို့အား ပိုပေးတော်မူမည်ဖြစ်သည်။ အမှန်စင်စစ် အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ ကျေးဇူးသိတတ်သူကို အလွန်အစားပေးတော်မူသောအရှင်ဖြစ်တော်မူသည်။

وَالَّذِي أَوْحَيْنَا إِلَيْكَ مِنَ الْكِتَابِ هُوَ الْحَقُّ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ ۗ إِنَّ اللَّهَ بِعِبَادِهِ لَخَبِيرٌ بَصِيرٌ ﴿٣١﴾

(၃၁) ထို့ပြင် အသင်၏ထံသို့ ငါအရှင်မြတ် ချပေးတော်မူသောကျမ်းသည် ၎င်းမတိုင်မီက ကျမ်းများကိုလည်း မှန်သည်ဟု ထောက်ခံလျက်ရှိသော လုံးဝမှန်သည့်ကျမ်း ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ကျွန်များနှင့်ပတ်သက်၍ အလွန်သိကျွမ်းတော်မူသောအရှင်၊ အကြွင်းမဲ့မြင်တော်မူသောအရှင်ဖြစ်တော်မူသည်။

ثُمَّ أَوْرَثْنَا الْكِتَابَ الَّذِينَ اصْطَفَيْنَا مِنْ عِبَادِنَا ۖ فَمِنْهُمْ ظَالِمٌ لِّنَفْسِهِ وَمِنْهُم مُّقْتَصِدٌ وَمِنْهُمْ سَابِقٌ بِالْخَيْرَاتِ بِإِذْنِ اللَّهِ ۚ ذَٰلِكَ هُوَ الْفَضْلُ الْكَبِيرُ ﴿٣٢﴾

(၃၂) ထို့နောက် ငါအရှင်မြတ်သည် ငါအရှင်မြတ်၏ကျွန်များထဲမှ ငါအရှင်မြတ် ရွေးချယ်တော်မူသောသူများအား (ဤ)ကျမ်းကို အမွေအဖြစ် ပေးသနားတော်မူသည်။ ထို့ပြင် သူတို့ထဲမှအချို့မှာ သူ့ကိုယ်သူနှိပ်စက်သည့်သူများ ရှိသည်။ အချို့မှာ အလယ်အလတ်လိုက်သည့်သူ ရှိသည်။ အချို့ကမူ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ဖြင့် ကောင်းမှုများနှင့် ရှေ့ကသွားသူ ရှိသည်။ ယင်း(သို့ ၎င်းတို့ကို ကျမ်းဂန်အမွေပေးခြင်း)သည် ကြီးကျယ်သောကျေးဇူးတော်ပင် ဖြစ်သည်။❶

❶ မွတ်စ်လင်မ်တွေကို အရှင်မြတ်က ကျမ်းတော်မြတ်အမွေ ချီးမြှင့်ပေးသနားတော်မူထားတာ

ဖြစ်တယ်။ အဲဒီမှတ်စ်လင်မ်တွေထဲမှာ အုပ်စုသုံးစု ဖြစ်နေတယ်။ (၁) အပြစ်ကျူးလွန်တဲ့အုပ်စု၊ (၂) အလယ်အလတ်လိုက်တဲ့အုပ်စု၊ (၃) အပြစ်ရှောင်ပြီး ကောင်းမှုကို ရှေ့ဆုံးကနေ ပြေးလုပ်တဲ့ အုပ်စု။ ဒီအုပ်စုသုံးခုစလုံးကို အရှင်မြတ်က အရှင်မြတ်ရဲ့ကျမ်းတော်အမွေဆက်ခံတဲ့ မွတ်စ်လင်မ် တွေအဖြစ် အသိအမှတ်ပြု မိန့်ကြားထားတယ်။ (အလင်းပြကျမ်း)

جَنّٰتُ عَدۡنٍ يَّدۡخُلُوۡنَهَا يُحَلَّوۡنَ فِيۡهَا مِنۡ اَسَاوِرَ مِنۡ ذَهَبٍ وَّلُؤۡلُؤًا ۚ وَلِبَاسُهُمۡ فِيۡهَا حَرِيۡرٌ ﴿٣٣﴾

(၃၃) အမြဲနေထိုင်ရမည့်ဥယျာဉ်များ၊ သူတို့သည် ထိုဥယျာဉ်များတွင် ဝင်ရောက်ကြမည်။ သူတို့သည် ၎င်းထဲတွင် ရွှေလက်ကောက်များ၊ ပုလဲများနှင့် တန်ဆာဆင်ယင်ပေးခြင်းခံကြရမည် ဖြစ်သည်။ ထို့ပြင် ၎င်းထဲတွင် သူတို့၏ အဝတ်အစားမှာ ပိုးထည် ဖြစ်မည်။

وَقَالُوا الۡحَمۡدُ لِلّٰهِ الَّذِىۡۤ اَذۡهَبَ عَنَّا الۡحَزَنَ ؕ اِنَّ رَبَّنَا لَغَفُوۡرٌ شَكُوۡرُ ۙ ﴿٣٤﴾

(၃၄) ထို့ပြင် သူတို့သည် (ဤသို့)ပြောဆိုကြမည်- "ချီးမွမ်းခြင်းအပေါင်း သည် ကျွန်ုပ်တို့ထံမှ ပူပင်သောကကို ပပျောက်စေတော်မူသော အလ္လာဟ်အရှင် မြတ်အတွက်ပင် ဖြစ်သည်။ အမှန်စင်စစ် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူ သောအရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ ကျေးဇူးသိတတ်သူကို အလွန်အစားပေးတော်မူသောအရှင် အမှန်ပင် ဖြစ်တော် မူသည်။ "

الَّذِىۡۤ اَحَلَّنَا دَارَ الۡمُقَامَةِ مِنۡ فَضۡلِهٖ ۚ لَا يَمَسُّنَا فِيۡهَا نَصَبٌ وَّلَا يَمَسُّنَا فِيۡهَا لُغُوۡبٌ ﴿٣٥﴾

(၃၅) အကြင်အရှင်မြတ်သည် အရှင်မြတ်၏ကျေးဇူးတော်နှင့် ကျွန်ုပ် တို့အား အမြဲနေရမည့်ဌာနတွင် နေရာချပေးတော်မူသည်။ ၎င်းထဲတွင် ကျွန်ုပ် တို့အား မည်သည့်ပင်ပန်းမှုမျှ သက်ရောက်မည်မဟုတ်ပေ။ ထို့ပြင် ကျွန်ုပ်တို့ အား ၎င်းတွင် မည်သည့်မောပန်းငြီးငွေ့မှုမျှလည်း သက်ရောက်မည်မဟုတ်ပေ။

وَالَّذِيۡنَ كَفَرُوۡا لَهُمۡ نَارُ جَهَنَّمَ ۚ لَا يُقۡضٰى عَلَيۡهِمۡ فَيَمُوۡتُوۡا وَلَا يُخَفَّفُ عَنۡهُمۡ مِّنۡ عَذَابِهَا ؕ كَذٰلِكَ نَجۡزِىۡ كُلَّ كَفُوۡرٍ ۚ ﴿٣٦﴾

(၃၆) ထို့ပြင် ကာဖိရ်များအတွက် ဂျဟန္နမ်ငရဲဘုံ၏မီးရှိမည်။ သူတို့ အပေါ်တွင် သူတို့သေဆုံးနိုင်ကြရန် (အပြီးသတ်) အမိန့်ပေးခံရမည်လည်း မဟုတ်ပေ။ ထို့ပြင် ထိုငရဲဘုံ၏ပြစ်ဒဏ်သည် သူတို့ထံမှ ပေါ့လျော့စေခြင်းခံရ မည်လည်း မဟုတ်ပေ။ ငါအရှင်မြတ်သည် ထိုသို့ပင် အလွန်သွေဖည်သူတိုင်း ကို အစားပေးတော်မူသည်။

وَهُمۡ يَصۡطَرِخُوۡنَ فِيۡهَا ۚ رَبَّنَاۤ اَخۡرِجۡنَا نَعۡمَلۡ صَالِحًا غَيۡرَ الَّذِىۡ كُنَّا نَعۡمَلُ ؕ اَوَلَمۡ نُعَمِّرۡكُمۡ مَّا

يَتَذَكَّرُ فِيهِ مَنْ تَذَكَّرَ وَجَآءَكُمُ النَّذِيرُ ۖ فَذُوقُوا فَمَا لِلظَّٰلِمِينَ مِن نَّصِيرٍ ﴿٣٧﴾

(၃၇) ထို့ပြင် သူတို့သည် ထိုငရဲဘုံတွင်(ဤသို့) အော်ဟစ်လျှောက်ထားကြမည်- "အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အား (ဤငရဲဘုံမှ)ထုတ်တော်မူပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ပြုလုပ်နေခဲ့သောလုပ်ရပ်များမှလွဲ၍ ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်ကြပါမည်။" (သူတို့သည် ဤသို့ ပြောခံကြရမည်)- ငါအရှင်မြတ်သည် စဉ်းစားဆင်ခြင်လိုသည့်သူများ စဉ်းစားဆင်ခြင်နိုင်သည့် သက်တမ်းကို အသင်တို့အား ပေးတော်မူခဲ့သည် မဟုတ်လော။ ထို့ပြင် အသင်တို့ထံသို့ သတိပေးနှိုးဆော်သူလည်း ရောက်လာခဲ့သည် (မဟုတ်လော)။ သို့ဖြစ်ရာ အသင်တို့သည် (ယခုမူပြစ်ဒဏ်ကိုသာ)မြည်းစမ်းလိုက်ကြပါ။ ထို့ပြင် မတရားသူများအတွက် ကူညီရိုင်းပင်းမည့်သူ မည်သူမျှ မရှိပေ။

إِنَّ اللَّهَ عَٰلِمُ غَيْبِ السَّمَٰوَٰتِ وَالْأَرْضِ ۚ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ ﴿٣٨﴾

(၃၈) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီတွင် ဖုံးကွယ်နေသည်များကို သိတော်မူသောအရှင် ဖြစ်တော်မူသည်။ အမှန်စင်စစ် အရှင်မြတ်သည် စိတ်နှလုံးများတွင် ရှိသည်များကို အကြွင်းမဲ့သိရှိတော်မူသောအရှင်ဖြစ်တော်မူသည်။

هُوَ الَّذِي جَعَلَكُمْ خَلَٰٓئِفَ فِي الْأَرْضِ ۚ فَمَن كَفَرَ فَعَلَيْهِ كُفْرُهُ ۖ وَلَا يَزِيدُ الْكَٰفِرِينَ كُفْرُهُمْ
عِندَ رَبِّهِمْ إِلَّا مَقْتًا ۖ وَلَا يَزِيدُ الْكَٰفِرِينَ كُفْرُهُمْ إِلَّا خَسَارًا ﴿٣٩﴾

(၃၉) အရှင်မြတ်သည်ပင် အသင်တို့အား ကမ္ဘာမြေတွင် ကိုယ်စားလှယ်ဆက်ခံသည့်သူများအဖြစ် ပြုလုပ်တော်မူခဲ့သည့်အရှင် ဖြစ်တော်မူသည်။ သို့ဖြစ်ရာ မည်သူမဆို ကျေးဇူးကန်းခဲ့လျှင် သူ၏ကျေးဇူးကန်းမှုသည် သူ၏အပေါ်၌ပင် ကျရောက်မည်ဖြစ်သည်။ ထို့ပြင် ကာဖိရ်များကို သူတို့၏သွေဖည်မှုသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် မုန်းတီးစက်ဆုပ်မှုကိုသာ တိုးပွားစေမည်ဖြစ်သည်။ ထို့ပြင် ကာဖိရ်များကို သူတို့၏သွေဖည်မှုသည် ဆုံးရှုံးမှုကိုသာ တိုးပွားစေမည်ဖြစ်သည်။

قُلْ أَرَءَيْتُمْ شُرَكَآءَكُمُ الَّذِينَ تَدْعُونَ مِن دُونِ اللَّهِ أَرُونِي مَاذَا خَلَقُوا مِنَ الْأَرْضِ أَمْ لَهُمْ
شِرْكٌ فِي السَّمَٰوَٰتِ أَمْ ءَاتَيْنَٰهُمْ كِتَٰبًا فَهُمْ عَلَىٰ بَيِّنَتٍ مِّنْهُ ۚ بَلْ إِن يَعِدُ الظَّٰلِمُونَ بَعْضُهُم بَعْضًا
إِلَّا غُرُورًا ﴿٤٠﴾

(၄၀) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် အလ္လာဟ်
အရှင်မြတ်အားစွန့်ပြီး ဟစ်ခေါ်တသကြသော အသင်တို့၏တွဲဖက်ကိုးကွယ်ရာ
များအား မမြင်ကြသလော။ အသင်တို့သည် ငါ့အား ပြသကြပါ- ထိုသူများသည်
မြေပထဝီ၏ မည်သည့်အစိတ်အပိုင်းကို ဖန်ဆင်းခဲ့ကြသနည်း။ သို့မဟုတ်
မိုးကောင်းကင်များတွင် သူတို့၏ဖက်စပ်ပိုင်ဆိုင်မှုဟူ၍ မည်သည်ရှိသနည်း။
သို့မဟုတ် ငါအရှင်မြတ်သည် သူတို့အား ကျမ်းတစ်စောင်ပေးတော်မူခဲ့၍ သူ
တို့သည် ထိုကျမ်း၏အထောက်အထားတစ်စုံတစ်ခုအပေါ်တွင် ရပ်တည်နေကြ
သလော။ ထိုသို့လုံးဝမဟုတ်ပေ၊ အမှန်စင်စစ် မတရားသူများသည် သူတို့
အချင်းချင်း တစ်ဦးကိုတစ်ဦး လိမ်လည်လှည့်ဖြားနေကြသည်မှလွဲ၍ အခြား
မည်သည့်အရာကိုမျှ ကတိပေးသည်မရှိကြပေ။

إِنَّ ٱللَّهَ يُمْسِكُ ٱلسَّمَٰوَٰتِ وَٱلْأَرْضَ أَن تَزُولَا ۚ وَلَئِن زَالَتَآ إِنْ أَمْسَكَهُمَا مِنْ أَحَدٍ مِّنۢ بَعْدِهِۦٓ ۚ
إِنَّهُۥ كَانَ حَلِيمًا غَفُورًا ﴿٤١﴾

(၄၁) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့်
မြေပထဝီကို ရွေ့လျောတိမ်းစောင်းမသွားရန် ထိန်းထားတော်မူသည်။ ထို့နောက်
အကယ်၍ ရွေ့လျောတိမ်းစောင်းသွားခဲ့လျှင် အရှင်မြတ်မှလွဲ၍ မည်သူကမျှ
ထိုမိုးကောင်းကင်များနှင့် မြေပထဝီကို ထိန်းနိုင်မည်မဟုတ်ပေ။ အမှန်စင်စစ်
အရှင်မြတ်သည် အလွန်ထောက်ထားညှာတာသည်းခံဆိုင်းငံ့တော်မူသောအရှင်၊
လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင် ဖြစ်တော်မူသည်။

وَأَقْسَمُوا۟ بِٱللَّهِ جَهْدَ أَيْمَٰنِهِمْ لَئِن جَآءَهُمْ نَذِيرٌ لَّيَكُونُنَّ أَهْدَىٰ مِنْ إِحْدَى ٱلْأُمَمِ ۖ
فَلَمَّا جَآءَهُمْ نَذِيرٌ مَّا زَادَهُمْ إِلَّا نُفُورًا ﴿٤٢﴾

(၄၂) ထို့ပြင် သူတို့က အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ အစွမ်း
ကုန် ကျိန်ဆိုခဲ့ကြသည်- “အမှန်ပင် အကယ်၍ သတိပေးနှိုးဆော်သူတစ်ဦး
တစ်ယောက်သည် သူတို့ထံသို့ လာခဲ့လျှင် အမှန်စင်စစ် သူတို့သည် အုပ်စုတိုင်း
ထက်ပိုပြီး တရားလမ်းမှန်ကို လိုက်နာသူများဖြစ်ကြပါမည်။” ထို့နောက် သတိ
ပေးနှိုးဆော်သူသည် သူတို့ထံသို့ ရောက်လာသည့်အခါ သူတို့တွင် စက်ဆုပ်မှု
ကိုသာ ပိုတိုးပွားစေခဲ့သည်။❶

❶ ယဟူဒီ၊ နတ်စ္စရာနီအုပ်စုတွေထံမှာ တမန်တော် عليهم السلام တွေ ပွင့်ပွင့်လာခဲ့ပြီး အဲဒီအုပ်စုတွေက
တမန်တော် عليهم السلام တွေကို သွေးဖည်ငြင်းဆန်ခဲ့ကြတဲ့ အကြောင်းတွေကို အရပ်လူမျိုးတွေကြားတဲ့

အခါ သူတို့ထံကိုသာ တမန်တော်ပွင့်လာရင် အဲဒီအုပ်စုတွေထက်ပိုပြီးတရားလမ်းမှန်ကို လိုက်နာကြမှာဖြစ်တဲ့အကြောင်း ကျိန်ဆိုပြောဆိုကြတာဖြစ်တယ်။ သူတို့ထံကို တကယ်ပဲ တမန်တော်ချုပ် ﷺ ရောက်လာတဲ့အခါ သူတို့ ကျိန်ဆိုတာတွေနဲ့ ဆန့်ကျင်ပြီး တမန်တော်မြတ် ﷺ ကို သတ်ဖို့တောင် မကောင်းကြံစည်ခဲ့ကြတာဖြစ်တယ်။ တကယ်တော့ သူတို့ရဲ့မကောင်းကြံစည်မှုဟာ သူတို့အပေါ်မှာပဲ ပြန်လည်ကျရောက်ခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

اسۡتِكۡبَارًا فِى الۡاَرۡضِ وَمَكۡرَ السَّيِّئِ ؕ وَلَا يَحِيۡقُ الۡمَكۡرُ السَّيِّئُ اِلَّا بِاَهۡلِهٖ ؕ فَهَلۡ يَنۡظُرُوۡنَ اِلَّا سُنَّتَ الۡاَوَّلِيۡنَ ۚ فَلَنۡ تَجِدَ لِسُنَّتِ اللّٰهِ تَبۡدِيۡلًا ۚ وَلَنۡ تَجِدَ لِسُنَّتِ اللّٰهِ تَحۡوِيۡلًا ﴿٤٣﴾

(၄၃) (သူတို့သည် အမှန်တရားကို လိုလား၍ ထိုသို့ကျိန်ဆိုခဲ့ကြသည် မဟုတ်ပေ၊ အမှန်စင်စစ် သူတို့သည်) သူတို့ကိုယ်သူတို့ ကမ္ဘာမြေပေါ်တွင် အထင်ကြီးခဲ့သည့်အတွက်ကြောင့် (ကျိန်ဆိုခဲ့ကြခြင်းဖြစ်သည်)၊ ထို့ပြင် (သူတို့သည် ထိုကျိန်ဆိုမှုဖြင့်) မကောင်းကြံစည်မှုကို (ပြုလုပ်ကြရန် လူများအား လှည့်စားကြရန် ရည်ရွယ်ခြင်းဖြစ်သည်)။ ထို့ပြင် မကောင်းကြံစည်မှု၏အကျိုးဆက်သည် ယင်း(မကောင်းကြံစည်မှုကို ကြံစည်သည့်သူ)တို့အပေါ်၌ပင် သက်ရောက်သည်။ သို့ဖြစ်ရာ သူတို့သည် ယခင်က လူများ(အပေါ် အရှင်မြတ်၏)လုပ်ထုံးလုပ်နည်းကိုပင် စောင့်မျှော်နေကြသည် ဖြစ်သည်။ ထို့ပြင် အသင်သည် အလ္လာဟ်အရှင်မြတ်၏လုပ်ထုံးလုပ်နည်းတွင် မည်သည့်ပြောင်းလဲမှုကိုမျှ လုံးဝတွေ့ရမည် မဟုတ်ပေ။ ထို့ပြင် အသင်သည် အလ္လာဟ်အရှင်မြတ်၏လုပ်ထုံးလုပ်နည်းတွင် မည်သည့်လဲလှယ်မှုကိုမျှလည်း တွေ့ရမည်မဟုတ်ပေ။ J

J အလ္လာဟ်အရှင်မြတ်ရဲ့ ဓလေ့ကျင့်ထုံးမှာ ဘာမှပြောင်းလဲမှု မရှိဘူးဆိုတာ အရှင်မြတ်ဟာ အပြစ်ရှိတဲ့သူတွေကို အများမြင်ပြီး အမှန်ပြင်နိုင်အောင်၊ အများဝန်ခံပြီး အမိန့်နာခံသူတွေဖြစ်လာနိုင်အောင် အရင်ဆုံး မျိုးစုံတရားနည်းလမ်းပြသပြီး အချိန်ဆိုင်းငံ့စောင့်ဆိုင်းပေးတော်မူလေ့ရှိခဲ့တယ်။ သူတို့ဟာ သူတို့ကိုယ်ကို မပြုပြင်ဘဲ နောက်ဆုံးသတ်မှတ်ထားတဲ့အချိန်ရောက်သွားတဲ့ အခါမှာ အရှင်မြတ်က သူတို့ကို အရေးယူဖျက်ဆီးပစ်တော်မူခဲ့တယ်။ အဲဒါဟာ အရှင်မြတ်ရဲ့စွန္နသ် လုပ်ထုံးလုပ်နည်းဖြစ်တယ်။ အရှင်မြတ်ဟာ အဲဒီလုပ်ထုံးလုပ်နည်းကို အပြောင်းအလဲလုပ်လေ့ရှိတော်မမူဘူး။ ဆိုလိုတာက အပြစ်မရှိတဲ့သူကို ဖျက်ဆီးခြင်း၊ အချိန်မစောင့်ဆိုင်းခြင်း၊ သတ်မှတ်ချိန်ကျော်လွန်သွားခြင်း၊ သတ်မှတ်ချိန်မရောက်ခင် ဖျက်ဆီးခြင်း၊ အပြစ်ဝန်ခံပါလျက် ဖျက်ဆီးခြင်း၊ အချိန်ရောက်ပြီးဖြစ်လျက်နဲ့ အပြစ်ရှိသူတွေကို မဖျက်ဆီးခြင်း စတာတွေ ပြုလုပ်တော်မူလေ့ မရှိဘူးလို့ ဆိုလိုတာဖြစ်တယ်။ အဲဒါကြောင့် မတရားကျူးလွန်နေသူတွေဟာ အခု အရှင်မြတ်က အရေးမယူသေးတာနဲ့ အပြစ်က လွတ်မြောက်သွားပြီထင်ပြီး စိတ်အေးမနေသင့်ဘူး။ အချိန်ကျရင် အရှင်မြတ်ရဲ့လုပ်ထုံးလုပ်နည်းအတိုင်းပဲ ဆက်ဆံခံရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

اَوَلَمۡ يَسِيۡرُوۡا فِى الۡاَرۡضِ فَيَنۡظُرُوۡا كَيۡفَ كَانَ عَاقِبَةُ الَّذِيۡنَ مِنۡ قَبۡلِهِمۡ وَكَانُوۡۤا اَشَدَّ مِنۡهُمۡ

قُوَّةً ۗ وَمَا كَانَ اللّٰهُ لِيُعْجِزَهٗ مِنْ شَيْءٍ فِي السَّمٰوٰتِ وَلَا فِي الْاَرْضِ ۗ اِنَّهٗ كَانَ عَلِيْمًا قَدِيْرًا ﴿٤٤﴾

(၄၄) သူတို့သည် ကမ္ဘာမြေတွင် လှည့်လည်မသွားလာခဲ့ကြသလော။ ထိုသို့သွားလာခဲ့ကြလျှင် သူတို့သည် သူတို့မတိုင်မီကသူများ၏ နောက်ဆုံးအကျိုးဆက်သည် မည်သို့ရှိခဲ့သနည်းဆိုသည်ကို တွေ့မြင်ကြမည်ဖြစ်သည်။ ထို့ပြင် ထိုသူများသည် သူတို့ထက် အင်အားပိုကြီးမားပြင်းထန်ခဲ့သည့်သူများပင် ဖြစ်ခဲ့ကြသည်။ ထို့ပြင် မိုးကောင်းကင်များတွင်ဖြစ်စေ၊ မြေပထဝီတွင်ဖြစ်စေ၊ မည်သည့်အရာကမျှ အလ္လာဟ်အရှင်မြတ်အား မစွမ်းဆောင်နိုင်အောင် ပြုလုပ်နိုင်ကြသည်မဟုတ်ပေ။ အမှန်စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသော အရှင်၊ အလွန်တတ်စွမ်းနိုင်သည့်အရှင် ဖြစ်တော်မူသည်။

وَلَوْ يُؤَاخِذُ اللّٰهُ النَّاسَ بِمَا كَسَبُوْا مَا تَرَكَ عَلٰى ظَهْرِهَا مِنْ دَآبَّةٍ وَّلٰكِنْ يُّؤَخِّرُهُمْ اِلٰٓى اَجَلٍ مُّسَمًّى ۚ فَاِذَا جَآءَ اَجَلُهُمْ فَاِنَّ اللّٰهَ كَانَ بِعِبَادِهٖ بَصِيْرًا ﴿٤٥﴾

(၄၅) ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် လူများအား သူတို့ရှာဖွေဆည်းပူးခဲ့ကြသည့် ပြစ်မှုများကြောင့် အရေးယူမည်ဆိုလျှင် ကမ္ဘာမြေ၏ကျောကုန်းပေါ်တွင် လှုပ်ရှားသွားလာနေသော မည်သည့်သတ္တဝါကိုမျှ ချန်လှပ်ထားတော်မူမည်မဟုတ်ပေ။ သို့ရာတွင် အရှင်မြတ်သည် သူတို့အား သတ်မှတ်ထားသည့်အချိန်ထိ ဆိုင်းငံ့ထားတော်မူသည်။ ထို့နောက် သူတို့၏အချိန်ကာလရောက်လာသည့်အခါ (သူတို့၏လုပ်ရပ်များနှင့်ပတ်သက်၍ အကျိုးအပြစ်ပေးတော်မူမည်ဖြစ်သည်)။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ကျွန်များကို အကြွင်းမဲ့မြင်တော်မူသောအရှင် ဖြစ်တော်မူသည်။[၁]

[၁] အရှင်မြတ်ဟာ အပြစ်ကျူးလွန်သမျှ သတ္တဝါတိုင်းကို အရေးယူမယ်ဆိုရင် ကမ္ဘာပေါ်မှာ ဘယ်သူမှ ကျန်မှာမဟုတ်တော့ဘူး။ ဒါပေမဲ့ အရှင်မြတ်ဟာ သနားကြင်နာတဲ့အတွက် အချိန်စောင့်ဆိုင်းပေးထားတာဖြစ်တယ်။ သတ်မှတ်ချိန်ရောက်မှပဲ အကျိုးအပြစ်ကို စီရင်တော်မူမှာဖြစ်တယ်။

(အလင်းပြကျမ်း)

==============================================================

ركوعاتها٥ ٣٦ سُوْرَةُ يٰسٓ مَكِّيَّةٌ ٤١ اٰياتها٨٣

## စူရတ် ယာစီးန်(ယာစီးန်ကဏ္ဍ) سُوْرَةُ يٰسٓ

==============================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

يٰسٓ ﴿١﴾

(၁) ယာစီးန် ။

وَالۡقُرۡاٰنِ الۡحَكِيۡمِ ﴿٢﴾

(၂) (ငါအရှင်မြတ်သည်) ပညာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်ကို သက်သေထူတော်မူသည်။

اِنَّكَ لَمِنَ الۡمُرۡسَلِيۡنَ ﴿٣﴾

(၃) အမှန်စင်စစ် အသင်သည် တမန်တော်များထဲတွင် အမှန်ပင် တစ်ပါး အပါအဝင်ဖြစ်သည်။

عَلٰى صِرَاطٍ مُّسۡتَقِيۡمٍ ﴿٤﴾

(၄) ဖြောင့်မတ်သည့်လမ်းပေါ်တွင် တည်ရှိနေသည်။❶

❶ ဒီကုရ်အာန်ကျမ်းတော်မြတ်ကိုပေးပြီး စေလွှတ်ခံရတဲ့ တမန်တော် ﷺ ဟာလည်း ဖြောင့်မတ်မှန်ကန်တဲ့ တရားလမ်းပေါ်မှာ ရှိကြောင်း အရှင်မြတ်က အာမခံပေးလိုက်တာဖြစ်တယ်။ အဲဒီတမန်တော် ﷺ နောက်ကနေ စိတ်ချလက်ချလိုက်နိုင်ကြောင်း တာဝန်ယူပြီး မိန့်ကြားလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

تَنۡزِيۡلَ الۡعَزِيۡزِ الرَّحِيۡمِ ﴿٥﴾

(၅) တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသော၊ အလွန်သနားကြင်နာတော်မူသောအရှင်မြတ်ထံတော်မှ ချပေးတော်မူ(သောကျမ်းဖြစ်)သည်။

لِتُنۡذِرَ قَوۡمًا مَّاۤ اُنۡذِرَ اٰبَآؤُهُمۡ فَهُمۡ غٰفِلُوۡنَ ﴿٦﴾

(၆) (ထိုသို့ချပေးတော်မူခြင်းမှာ) အသင်(တမန်တော်)သည် အကြင်အမျိုးသားများကို သတိပေးနှိုးဆော်ရန်အတွက်ဖြစ်သည်။❷ ထိုအမျိုးသားများ၏ အဘ၊ ဘိုး၊ ဘေးများသည် သတိပေးနှိုးဆော်ခြင်းမခံခဲ့ကြရပေ။ သို့ဖြစ်ရာ သူတို့သည် (တရား)မသိသူများဖြစ်နေကြသည်။

❷ တမန်တော်မြတ် ﷺ ရဲ့တာဝန်ကို ဖော်ပြထားတာဖြစ်တယ်။ သတိပေးနှိုးဆော်ခြင်းမခံရသေး

တဲ့ အရပ်လူမျိုးတွေထံကို သတိပေးနှိုးဆော်ပြီး တရားလမ်းမှန်ပြသဖို့ဖြစ်တယ်။ သူတို့ဟာ ဘိုးစဉ်ဘောင်ဆက်တရားနဲ့ အလွန်ကင်းကွာနေခဲ့ကြရတဲ့သူတွေဖြစ်တဲ့အတွက် ဆိုးချင်တိုင်းဆိုး၊ မိုက်ချင်တိုင်းမိုက်နေကြတဲ့အုပ်စု ဖြစ်နေခဲ့ကြတယ်။ ပြီးတော့ သူတို့ထင်ရာမြင်ရာကို ကိုးကွယ်နေကြတာလည်းဖြစ်တယ်။ ကမ္ဘာပေါ်မှာ အဆိုးဆုံးအုပ်စုလို့ ဆိုမယ်ဆိုရင်တောင် မမှားနိုင်ဘူး။ အဲဒီလို ကမ္ဘာပေါ်မှာ အဆိုးဆုံးလူမျိုးတွေထံကို အကောင်းဆုံးတမန်တော်ကို စေလွှတ်ပြီး ကမ္ဘာပေါ်မှာ အကောင်းဆုံးလူမျိုးဖြစ်အောင် အရှင်မြတ်က အရှင်မြတ်ရဲ့ ကျမ်းမြတ်ကုရ်အာန်နဲ့ လမ်းမှန်ညွှန်ကြားပြသပြီး စံပြအုပ်စုပြုလုပ်တော်မူခဲ့တာဖြစ်တယ်။ အဲဒီအပေါ်မှာ အဲဒီစံပြအုပ်စုဟာ ကမ္ဘာပေါ်မှာ နှစ်ပေါင်းအမြောက်အမြား တရားမျှမျှတတနဲ့ အုပ်ချုပ်သွားနိုင်ခဲ့ကြတယ်။ သူတို့ဟာ ကုရ်အာန်ကျမ်းတော်မြတ်ကို တမန်တော်မြတ် ﷺ ညွှန်ကြားပြသတော်မူတဲ့အတိုင်း လိုက်နာခဲ့ကြတဲ့အပေါ်မှာ အစ္စလာမ်ဟာလည်း နှစ်ပေါင်းငါးဆယ်အတွင်းမှာ ကမ္ဘာတစ်ဝက်ကို လွှမ်းမိုးနိုင်ခဲ့တယ်။ အဲဒီလောက် အစွမ်းထက်တဲ့ ကုရ်အာန်ဟာ အခုလည်း ရှိနေတယ်။ ခေါင်းပါးနေတာက လိုက်နာမှုပဲဖြစ်တယ်။ ဘယ်အချိန်အခါမှာမဆို စံပြအုပ်စုအတိုင်းလိုက်နာခဲ့ရင် အဲဒီစံပြအုပ်စုလို ဖြစ်သွားမှာပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

لَقَدْ حَقَّ الْقَوْلُ عَلٰٓى اَكْثَرِهِمْ فَهُمْ لَا يُؤْمِنُوْنَ ﴿٧﴾

(၇) အမှန်စင်စစ် သူတို့ထဲမှ အမြောက်အမြားအပေါ်တွင် အမိန့်တော်သည် အတည်ဖြစ်ခဲ့သည်။ သို့ဖြစ်ပေရာ သူတို့သည် အီမာန်ယုံကြည်ကြမည် မဟုတ်ပေ။

اِنَّا جَعَلْنَا فِيْٓ اَعْنَاقِهِمْ اَغْلٰلًا فَهِىَ اِلَى الْاَذْقَانِ فَهُمْ مُّقْمَحُوْنَ ﴿٨﴾

(၈) အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့၏လည်ကုပ်များတွင် (လက်များကို စုပြီးခတ်သော)လည်ထိတ်❻ များကို စွပ်ထားတော်မူခဲ့သည်။ သို့ဖြစ်ရာ ထိုလည်ထိတ်များသည် မေးစေ့များအထိ ရောက်နေပြီဖြစ်သည်။ (မိမိတို့၏) ၎င်း(မာန)ကြောင့် သူတို့သည် (အမှန်တရားကို မမြင်နိုင်ဘဲ) ခေါင်းမော့နေကြသည်။

❻ လည်ထိတ်ဆိုတာ လက်တွေကို လည်ပင်းမှာ စုပြီးခတ်တဲ့ လည်ပတ်သံလက်ထိတ်ကို ခေါ်တယ်။ (လိစာနုလ်အရဗ်)

وَجَعَلْنَا مِنْۢ بَيْنِ اَيْدِيْهِمْ سَدًّا وَّمِنْ خَلْفِهِمْ سَدًّا فَاَغْشَيْنٰهُمْ فَهُمْ لَا يُبْصِرُوْنَ ﴿٩﴾

(၉) ထို့ပြင် ငါအရှင်မြတ်သည် သူတို့ရှေ့၌ အကာအဆီးတစ်ခု၊ ထို့ပြင် သူတို့နောက်တွင် အကာအဆီးတစ်ခု ပြုလုပ်တော်မူခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် သူတို့အား (အကာများနှင့်) ဖုံးလွှမ်းထားလိုက်သည့်အတွက် သူတို့သည် (မည်သည့်အရာကိုမျှ)မမြင်နိုင်ကြတော့ပေ။

وَسَوَآءٌ عَلَيْهِمْ ءَاَنْذَرْتَهُمْ اَمْ لَمْ تُنْذِرْهُمْ لَا يُؤْمِنُوْنَ ﴿١٠﴾

(၁၀) ထို့ပြင် ထိုသူတို့အပေါ်၌အတူတူပင်၊ အသင်(တမန်တော်)သည်

သူတို့အား သတိပေးနှိုးဆော်ခဲ့သည်ပင်ဖြစ်စေ၊ သတိပေးနှိုးဆော်မှု မပြုခဲ့သည်ပင်ဖြစ်စေ၊ သူတို့ကမူ ယုံကြည်ကြမည် မဟုတ်ပေ။❶

❶ အဲဒီကာဖိရ်တွေဟာ သူတို့ရဲ့ ဘဝင်မြင့်မှုတွေက သူတို့ရဲ့လည်ပင်းတွေမှာ ကွင်းအထပ်ထပ် စွပ်ထားသလိုဖြစ်နေလို့ ခေါင်းဟာ မော့နေတဲ့အတွက် ခေါင်းငုံ့ပြီးလိုက်နာဖို့မရှိတော့ဘူး။ ပြီးတော့ သူတို့ရဲ့ဘိုးစဉ်ဘောင်ဆက် ထုံးတမ်းစဉ်လာအယူဝါဒတွေကလည်း သူတို့ရဲ့ရှေ့မှာရော၊ နောက်မှာပါ တံတိုင်းတွေနဲ့ ကာဆီးထားသလို ပိတ်ဆို့ထားကြတဲ့အတွက် သူတို့ဟာ အမှန်ကို မမြင်နိုင်တော့တာကြောင့် အီမာန်ယုံကြည်ကြမှာ မဟုတ်တော့ဘူး။ သူတို့အတွက်ဟာ သတိပေးပေး၊ မပေးပေး ဘာမှ အကြောင်းမထူးတော့ဘူး။ ဒါပေမဲ့ တမန်တော်မြတ် ﷺ မှာတော့ အကြောင်းထူးတယ်။ တာဝန်ကျေတယ်။ စံပြုနမူနာဖြစ်တယ်။ ဘယ်အခြေအနေမျိုးမှာဖြစ်ဖြစ် ပို့ချမှုကို ဆက်လက်လုပ်ကိုင်တာဟာ အရှင်မြတ်နှစ်သက်တဲ့အရာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّمَا تُنذِرُ مَنِ اتَّبَعَ الذِّكْرَ وَخَشِيَ الرَّحْمَٰنَ بِالْغَيْبِ ۖ فَبَشِّرْهُ بِمَغْفِرَةٍ وَأَجْرٍ كَرِيمٍ ﴿١١﴾

(၁၁) အသင်(တမန်တော်)သည် ဆုံးမသြဝါဒကို လိုက်နာပြီး ရဟ်မာန် အနန္တကရုဏာတော်ရှင်အား အကွယ်မှ ကြောက်ရွံ့သည့်သူကိုပင် သတိပေးနှိုးဆော်နိုင်မည်ဖြစ်သည်။❷ သို့ဖြစ်ရာ အသင်သည် ထိုသူကို လွတ်ငြိမ်းချမ်းသာခွင့်နှင့် မြင့်မြတ်သည့်အကျိုးရှိသည့်အကြောင်း ဝမ်းမြောက်ဖွယ်ရာသတင်းကို ပြောလိုက်ပါ။

❷ သတိပေးနှိုးဆော်မှုကြောင့် အကျိုးရှိမှာကတော့ ဆုံးမသြဝါဒကို လိုက်နာပြီး အရှင်မြတ်ကို ကြောက်တဲ့သူတွေပဲဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّا نَحْنُ نُحْيِي الْمَوْتَىٰ وَنَكْتُبُ مَا قَدَّمُوا وَآثَارَهُمْ ۚ وَكُلَّ شَيْءٍ أَحْصَيْنَاهُ فِي إِمَامٍ مُّبِينٍ ﴿١٢﴾

(၁၂) အမှန်စင်စစ် ငါအရှင်မြတ်သည်ပင် သေသူများကို ရှင်စေတော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့ကြိုတင်ပို့ခဲ့ကြသည်များနှင့် သူတို့ နောက်ချန်ထားခဲ့ကြသည်များကို ရေးသားထားတော်မူသည်။ ထို့ပြင် ငါအရှင်မြတ်သည် အရာအားလုံးကို ထင်ရှားသောမှတ်တမ်းစာအုပ်တွင် ရေးမှတ်ထားပြီးဖြစ်သည်။❸

❸ လူသား မသေခင် ပြုလုပ်ခဲ့တဲ့ ကောင်းမှု၊ မကောင်းမှုအားလုံးဟာ ကြိုတင်ပို့လိုက်တဲ့အရာတွေဖြစ်ပြီး သေပြီးနောက် သူ့သားသမီး ဒါမှမဟုတ် နောက်လိုက်တွေက ပြုလုပ်ကြမဲ့ ကောင်းမှုတွေ၊ မကောင်းမှုတွေဟာ သူနောက်ချန်ခဲ့တဲ့ အရာတွေဖြစ်တယ်။ အဲဒါတွေအားလုံးဟာ မှတ်တမ်းစာအုပ်မှာ ရေးပြီးဖြစ်တယ်။ (အွဆ်မာနီ၊ သိုင်စီရ္ဂလ်ကရီမိရ်ရဟ်မာန်၊ အဲသသဖ်စီရ္ဂလ်မုယတ်စ်ရ်)

وَاضْرِبْ لَهُم مَّثَلًا أَصْحَابَ الْقَرْيَةِ إِذْ جَاءَهَا الْمُرْسَلُونَ ﴿١٣﴾

(၁၃) ထို့ပြင် အသင်(တမန်တော်)သည် သူတို့အား ထိုမြို့သူမြို့သားများ၏အကြောင်းတစ်ခုကို ပြောပြလိုက်ပါ- တစ်ခါတွင် ထိုမြို့သူမြို့သားများထံသို့ တမန်တော်များသည် ရောက်ရှိလာခဲ့ကြသည်။

اِذۡ اَرۡسَلۡنَاۤ اِلَيۡهِمُ اثۡنَيۡنِ فَكَذَّبُوۡهُمَا فَعَزَّزۡنَا بِثَالِثٍ فَقَالُوۡۤا اِنَّاۤ اِلَيۡكُمۡ مُّرۡسَلُوۡنَ ﴿١٤﴾

(၁၄) ထိုစဉ်က ငါအရှင်မြတ်သည် သူတို့ထံသို့ တမန်တော်နှစ်ပါးကို စေလွှတ်တော်မူခဲ့သည်။ ထို့နောက် သူတို့က ထိုနှစ်ပါးလုံးအား လိမ်လည်သူများဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် တတိယတမန်တော်တစ်ပါးနှင့် အင်အားဖြည့်ပေးတော်မူခဲ့သည်။ ထို့ပြင် သူတို့က အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့ထံသို့ စေလွှတ်ခြင်းခံကြရသော တမန်တော်များဖြစ်ကြသည်ဟု ပြောဆိုခဲ့ကြသည်။

قَالُوۡا مَاۤ اَنۡتُمۡ اِلَّا بَشَرٌ مِّثۡلُنَا ۙ وَمَاۤ اَنۡزَلَ الرَّحۡمٰنُ مِنۡ شَىۡءٍ ۙ اِنۡ اَنۡتُمۡ اِلَّا تَكۡذِبُوۡنَ ﴿١٥﴾

(၁၅) ထိုမြို့သားများက "အသင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ လူသားများပင်ဖြစ်ကြသည်။ ထို့ပြင် ရဟ်မာန်အနန္တကရုဏာတော်ရှင်သည် အသင်တို့အပေါ် မည်သည့်အရာမျှ ချပေးတော်မူသည်မဟုတ်ပေ၊ အသင်တို့သည် လိမ်လည်ပြောဆိုနေကြသည်သာ ဖြစ်သည်"ဟု ပြောဆိုခဲ့ကြသည်။

قَالُوۡا رَبُّنَا يَعۡلَمُ اِنَّاۤ اِلَيۡكُمۡ لَمُرۡسَلُوۡنَ ﴿١٦﴾

(၁၆) ထိုတမန်တော်များက ပြောကြားခဲ့ကြသည်- "အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့ထံသို့ စေလွှတ်ခြင်းခံကြရသည့်သူများဖြစ်ကြောင်းကို ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် သိရှိတော်မူသည်။"

وَمَا عَلَيۡنَاۤ اِلَّا الۡبَلٰغُ الۡمُبِيۡنُ ﴿١٧﴾

(၁၇)"ထို့ပြင် ကျွန်ုပ်တို့အပေါ်တွင်မှာမူ (အရှင်မြတ်၏အမိန့်တော်များကို)ထင်ရှားစွာ ပို့ဆောင်ရန်တာဝန်မှလွဲ၍ အခြားတာဝန်မရှိပေ။"

قَالُوۡۤا اِنَّا تَطَيَّرۡنَا بِكُمۡ ۚ لَٮِٕنۡ لَّمۡ تَنۡتَهُوۡا لَنَرۡجُمَنَّكُمۡ وَلَيَمَسَّنَّكُمۡ مِّنَّا عَذَابٌ اَلِيۡمٌ ﴿١٨﴾

(၁၈) ထိုမြို့သားများက ပြောဆိုခဲ့ကြသည်- "အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့အား နိမိတ်မကောင်းသည့်သူများဟု ယူဆကြသည်။ အကယ်၍ အသင်တို့သည် မရပ်စဲကြလျှင် အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့အား ခဲများဖြင့် ပစ်ပေါက်သတ်ကြမည်ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့ထံမှ အသင်တို့ထံသို့ နာကျင်စေသည့်ပြစ်ဒဏ်လည်း အမှန်စင်စစ် ကျရောက်မည်ဖြစ်သည်။"

قَالُوۡا طَاٮِٕرُكُمۡ مَّعَكُمۡ ؕ اَٮِٕنۡ ذُكِّرۡتُمۡ ؕ بَلۡ اَنۡتُمۡ قَوۡمٌ مُّسۡرِفُوۡنَ ﴿١٩﴾

(၁၉) တမန်တော်များက ပြောဆိုခဲ့ကြသည်-"အသင်တို့၏မကောင်းသည့် အတိတ်နိမိတ်သည် အသင်တို့၌ပင် ရှိနေသည်။ အသင်တို့အနေဖြင့် ဆုံးမ

ပြဿဒါးပေးခံရခြင်းသည် မကောင်းသော အတိတ်နိမိတ်လော။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် အသင်တို့ပင် စည်းဖောက်သူများဖြစ်ကြသည်။”[၆]

[၆] သူတို့ကို ဆုံးမပြဿဒါးပေးတဲ့ သူတွေကို ခဲပစ်ပေါက်သတ်ဖို့ လုပ်တာဟာ အလွန်စည်းဘောင်ကျော်သွားပြီဖြစ်တယ်။ မကောင်းနိမိတ်ဟာ အသင်တို့ မနာခံလို့ ဖြစ်ရတာပဲ။ အသင်တို့နာခံလိုက်ရင် မကောင်းဖြစ်လာစရာ ဘာမှမရှိတော့ဘူး။ (အလင်းပြကျမ်း)

وَجَآءَ مِنْ اَقْصَا الْمَدِيْنَةِ رَجُلٌ يَّسْعٰى قَالَ يٰقَوْمِ اتَّبِعُوا الْمُرْسَلِيْنَ ﴿٢٠﴾

(၂၀) ထို့နောက် မြို့စွန်မှ လူတစ်ယောက်ပြေးလာပြီး ပြောဆိုသည်- “အို- ကျွန်ုပ်၏အမျိုးသားတို့၊ အသင်တို့သည် တမန်တော်များ၏စကားကို နားထောင်ကြပါ။”[၇]

[၇] မြို့ စွန်ကပြေးလာတဲ့သူဆိုတာ ကောင်းမြတ်တဲ့လုပ်ရပ်တွေ လုပ်ကိုင်နေတဲ့သူတစ်ဦးဖြစ်ပြီး တမန်တော်عليهم السلامတွေကို လုပ်ကြံတော့မယ်လို့ သတင်းကြားလို့ သူ့အမျိုးသားတွေကို ဆုံးမဖို့ ပြေးလာတာဖြစ်တယ်။ အရှင်မြတ်ထံတော်က အပြစ်ဒဏ်တွေကျရောက်လာမှာစိုးလို့ တမန်တော်عليهم السلامတွေကို မသတ်ဖို့၊ ၎င်းတို့နောက်ကို လိုက်ကြဖို့ လာပြောတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

اتَّبِعُوْا مَنْ لَّا يَسْـَٔلُكُمْ اَجْرًا وَّهُمْ مُّهْتَدُوْنَ ﴿٢١﴾

(၂၁) “အသင်တို့ထံမှ မည်သည့်အကျိုးမျှမတောင်းဘဲ လမ်းမှန်ရရှိနေကြသည့်သူများ၏နောက်ကို အသင်တို့လိုက်ကြပါ။”

وَمَا لِيَ لَآ اَعْبُدُ الَّذِيْ فَطَرَنِيْ وَاِلَيْهِ تُرْجَعُوْنَ ﴿٢٢﴾

(၂၂) ကျွန်ုပ်မှာ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား မကိုးကွယ်ရန် မည်သည့်အကြောင်းရှိသနည်း။ ထို့ပြင် အသင်တို့သည် အရှင်မြတ်ထံတော်သို့ပင် ပြန်လည်ရောက်ရှိကြရမည်ဖြစ်သည်။

ءَاَتَّخِذُ مِنْ دُوْنِهٖٓ اٰلِهَةً اِنْ يُّرِدْنِ الرَّحْمٰنُ بِضُرٍّ لَّا تُغْنِ عَنِّيْ شَفَاعَتُهُمْ شَيْـًٔا وَّلَا يُنْقِذُوْنِ ﴿٢٣﴾

(၂၃) ကျွန်ုပ်သည် အရှင်မြတ်အားစွန့်၍ ဤသို့သော အခြားအရာများအား ကိုးကွယ်ရမည်လော၊ အကယ်၍ ရဟ်မာန်အနန္တကရုဏာတော်ရှင်သည် ကျွန်ုပ်တွင် ဒုက္ခတစ်စုံတစ်ခု သက်ရောက်စေရန် ရည်ရွယ်တော်မူလျှင်ထိုကိုးကွယ်ရာများ၏ ကြားဝင်အသနားခံပေးမှုသည်လည်း ကျွန်ုပ်အတွက် အနည်းငယ်မျှ အသုံးဝင်မည်မဟုတ်ပေ။ ထို့ပြင် သူတို့သည် ကျွန်ုပ်အား ကယ်တင်နိုင်ကြမည်လည်းမဟုတ်ပေ။

اِنِّيْٓ اِذًا لَّفِيْ ضَلٰلٍ مُّبِيْنٍ ﴿٢٤﴾

(၂၄) ထိုသို့ဖြစ်ခဲ့လျှင် အမှန်စင်စစ် ကျွန်ုပ်သည် ထင်ရှားသော လမ်းမှားမှုထဲတွင် ရှိနေပြီဖြစ်သည်။

إِنِّيٓ ءَامَنتُ بِرَبِّكُمۡ فَٱسۡمَعُونِ ﴿٢٥﴾

(၂၅) အမှန်စင်စစ် ကျွန်ုပ်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ယုံကြည်ခဲ့ပြီဖြစ်သည့်အတွက် အသင်တို့သည် ကျွန်ုပ်(၏စကား)ကို နားထောင်ကြပါ။

قِيلَ ٱدۡخُلِ ٱلۡجَنَّةَۖ قَالَ يَٰلَيۡتَ قَوۡمِي يَعۡلَمُونَ ﴿٢٦﴾

(၂၆) (ထို့နောက် ထိုမြို့သားများသည် သူ့အား သတ်လိုက်ကြသည့်အခါ အရှင်မြတ်ဘက်မှ သူ့အား)မိန့်ကြားတော်မူခြင်းခံရသည်- "အသင်သည် ဂျန္နသ်သုခဘုံထဲသို့ ဝင်ရောက်ပါ"။ ထို(အသတ်ခံရ)သူကပြောသည်-"သြော်-ကျွန်ုပ်၏အမျိုးသားများသည် သိရှိကြလျှင်အဘယ်မျှကောင်းလိုက်မည်နည်း။"

بِمَا غَفَرَ لِي رَبِّي وَجَعَلَنِي مِنَ ٱلۡمُكۡرَمِينَ ﴿٢٧﴾

(၂၇) "ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ကျွန်ုပ်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူခဲ့သည်သာမက အရှင်မြတ်သည် ကျွန်ုပ်ကို ဂုဏ်ရှိသူများထဲတွင် ပါဝင်စေတော်မူခဲ့သည်ကို (သူတို့သိရှိကြလျှင် အဘယ်မျှကောင်းလိုက်မည်နည်း)။"❶

❶ ကောင်းမြတ်တဲ့သူဟာ သူ့အမျိုးသားတွေက သူ့ကိုသတ်လိုက်တာတောင် အဲဒီအမျိုးသားတွေအတွက် သံယောဇဉ်ထားပြီး တကယ်လို့သာ သူ့ကို အရှင်မြတ်က ဒီလို ကျေးဇူးတွေပြုတာကို သိကြမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲလို့ တောင့်တခဲ့သေးတယ်။ ဒါဟာ ကောင်းမြတ်တဲ့သူတွေရဲ့သူတို့အပေါ်မကောင်းကြံစည်မှုအတွက် အငြိုးအတေးမထားတာကိုဖော်ပြနေတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَآ أَنزَلۡنَا عَلَىٰ قَوۡمِهِۦ مِنۢ بَعۡدِهِۦ مِن جُندٖ مِّنَ ٱلسَّمَآءِ وَمَا كُنَّا مُنزِلِينَ ﴿٢٨﴾

(၂၈) ထို့နောက် ငါအရှင်မြတ်သည် ထိုသူ(သေဆုံးပြီး)နောက်တွင် သူ၏အမျိုးသားများအပေါ်တွင် မိုးကောင်းကင်မှ မည်သည့်စစ်တပ်ကိုမျှ စေလွှတ်တော်မူခဲ့သည်မဟုတ်ပေ။ ထို့ပြင် ငါအရှင်မြတ်အတွက် စေလွှတ်ရန်လည်းမလိုပေ။

إِن كَانَتۡ إِلَّا صَيۡحَةٗ وَٰحِدَةٗ فَإِذَا هُمۡ خَٰمِدُونَ ﴿٢٩﴾

(၂၉) (သူတို့အတွက် ပြစ်ဒဏ်မှာ) ပြင်းထန်သော ဟစ်အော်သံတစ်ခုပင် ဖြစ်ခဲ့သည်။ ထို့နောက် သူတို့သည် ချက်ချင်းပင် အသက်ချုပ်ငြိမ်းသွားသူများဖြစ်ခဲ့ကြရသည်။❷

❷ အပြစ်ဒဏ်ခတ်ဖို့ အရှင်မြတ်ထံတော်မှာ အလွန်လွယ်ကူတယ်။ ဘယ်လိုနည်းနဲ့မဆို ချက်ချင်းအရေးယူနိုင်တယ်။ အဲဒီအမျိုးသားတွေဟာ အသံတစ်ခု တစ်ချက်အော်လိုက်တာနဲ့ ချုပ်ငြိမ်းသွားခဲ့ရတယ်။ (အလင်းပြကျမ်း)

يٰحَسۡرَةً عَلَى الۡعِبَادِ ۚ مَا يَاۡتِيۡهِمۡ مِّنۡ رَّسُوۡلٍ اِلَّا كَانُوۡا بِهٖ يَسۡتَهۡزِءُوۡنَ ﴿٣٠﴾

(၃၀) သြော် - ဤသို့သောကျွန်များအပေါ်တွင် ဝမ်းနည်းဖွယ်ရာပင်၊ ထိုသူများထံသို့ မည်သည့်တမန်တော်ပင် ရောက်လာသည်ဖြစ်စေ၊ သူတို့သည် ထိုတမန်တော်အား ပြောင်လှောင်ခဲ့ကြသည်ချည်းသာ ဖြစ်သည်။

اَلَمۡ يَرَوۡا كَمۡ اَهۡلَـكۡنَا قَبۡلَهُمۡ مِّنَ الۡقُرُوۡنِ اَنَّهُمۡ اِلَيۡهِمۡ لَا يَرۡجِعُوۡنَ ﴿٣١﴾

(၃၁) ငါအရှင်မြတ်သည် သူတို့မတိုင်မီ လူမျိုးဆက်အမြောက်အမြားကို ဖျက်ဆီးတော်မူခဲ့သည်။ ထို့နောက် ပျက်စီးသွားခဲ့သော လူမျိုးဆက်များသည် အမှန်စင်စစ် သူတို့ထံ ပြန်မလာကြသည်ကို သူတို့သည် မမြင်ခဲ့ကြသလော။

وَاِنۡ كُلٌّ لَّمَّا جَمِيۡعٌ لَّدَيۡنَا مُحۡضَرُوۡنَ ﴿٣٢﴾

(၃၂) ထို့ပြင် အားလုံးသည် ငါအရှင်မြတ်ထံတော်သို့ပင် အသင့်ရောက်ရှိစေခြင်းကို ခံကြရမည့်သူများ ဖြစ်ကြသည်။

وَاٰيَةٌ لَّهُمُ الۡاَرۡضُ الۡمَيۡتَةُ ۖۚ اَحۡيَيۡنٰهَا وَاَخۡرَجۡنَا مِنۡهَا حَبًّا فَمِنۡهُ يَاۡكُلُوۡنَ ﴿٣٣﴾

(၃၃) ထို့ပြင် သူတို့အတွက် သက်သေသာဓကတစ်ခုမှာ (ခြောက်သွေ့သည့်)မြေသေ ဖြစ်သည်။ ငါအရှင်မြတ်သည် ယင်း(မြေသေ)ကို ရှင်စေတော်မူပြီးနောက် ယင်း(မြေ)မှ ကောက်ပဲသီးနှံကို ထွက်စေတော်မူခဲ့သည့်အတွက် သူတို့သည် ၎င်း(ကောက်ပဲသီးနှံများ)ကို စားသုံးနေကြသည်။❷

❷ အရှင်မြတ်ဟာ မြေသေကို ရှင်စေသလို လူသေကိုလည်း ရှင်စေတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَجَعَلۡنَا فِيۡهَا جَنّٰتٍ مِّنۡ نَّخِيۡلٍ وَّاَعۡنَابٍ وَّفَجَّرۡنَا فِيۡهَا مِنَ الۡعُيُوۡنِ ﴿٣٤﴾

(၃၄) ထို့ပြင် ငါအရှင်မြတ်သည် ယင်း(မြေ)တွင် စွန်ပလွံခြံများနှင့် စပျစ်ခြံများကို ပြုလုပ်ပေးတော်မူခဲ့သည်သာမက ယင်း(မြေ)တွင် စမ်းရေချောင်းများကိုလည်း ပန်းထွက်စီးဆင်းစေတော်မူခဲ့သည်။

لِيَاۡكُلُوۡا مِنۡ ثَمَرِهٖ ۙ وَمَا عَمِلَتۡهُ اَيۡدِيۡهِمۡ ؕ اَفَلَا يَشۡكُرُوۡنَ ﴿٣٥﴾

(၃၅) သူတို့သည် သူတို့၏လက်များက ပြုလုပ်ခဲ့ကြသည်မဟုတ်ပါဘဲလျက် ယင်း(စွန်ပလွံပင် သို့မဟုတ် စပျစ်ပင်)၏အသီးများကို စားသုံးကြရန် ဖြစ်သည်။ သို့ပါလျက် သူတို့သည် ကျေးဇူးမတင်ကြလေသလော။

سُبۡحٰنَ الَّذِىۡ خَلَقَ الۡاَزۡوَاجَ كُلَّهَا مِمَّا تُنۡۢبِتُ الۡاَرۡضُ وَمِنۡ اَنۡفُسِهِمۡ وَمِمَّا لَا يَعۡلَمُوۡنَ ﴿٣٦﴾

(၃၆) အကြင်အရှင်မြတ်သည် သန့်ပြန့်စင်ကြယ်တော်မူသည်၊ ထိုအရှင်မြတ်သည် မြေကြီးမှ ပေါက်ရောက်သည့်အရာများနှင့် သူတို့ကိုယ်များတွင်သာ

မက သူတို့မသိသည့်အရာများတွင်လည်း ဖိုမစုံတွဲများ အမျိုးမျိုးအစားစား ဖန်ဆင်းတော်မူခဲ့သည်။

وَاٰيَةٌ لَّهُمُ الَّيۡلُ ۚۖ نَسۡلَخُ مِنۡهُ النَّهَارَ فَاِذَا هُمۡ مُّظۡلِمُوۡنَ ﴿٣٧﴾

(၃၇) ထို့ပြင် သူတို့အတွက် သက်သေသာဓကတစ်ခုမှာ ညဖြစ်သည်။ ငါအရှင်မြတ်သည် ၎င်း(ည)မှ နေ့ကို ချွတ်ခွာယူတော်မူသည်နှင့် တစ်ပြိုင်နက် သူတို့သည် အမှောင်ထဲတွင် ရှိနေကြရတော့သည်။❻

❻ သတ်မှတ်ထားတဲ့အချိန်အတိုင်း နေ့နဲ့ညဟာ ဖြစ်ပေါ်ပြောင်းလဲရောက်ရှိလာနေသလို ရှိသမျှအရာတွေအားလုံးကိုလည်း သတ်မှတ်ထားတဲ့ အချိန်တွေပေးထားတာဖြစ်တယ်။ သတ်မှတ်တဲ့အချိန်ရောက်လာရင် အဲဒီအရာဟာ ဖြစ်လာရမှာပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَالشَّمۡسُ تَجۡرِىۡ لِمُسۡتَقَرٍّ لَّهَا ؕ ذٰلِكَ تَقۡدِيۡرُ الۡعَزِيۡزِ الۡعَلِيۡمِ ﴿٣٨﴾

(၃၈) ထို့ပြင် နေသည် သူ၏လမ်းကြောင်းအတိုင်း သွားလာနေသည်။ ယင်း(သို့သွားလာခြင်း)သည် တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်မြတ်၏ တိုင်းတာသတ်မှတ်ချက် ဖြစ်သည်။❶

❶ နေဟာ သူ့လမ်းကြောင်းအတိုင်း မသွေဖည်ဘဲ သွားလာနေတယ်။ အချိန်နောက်ကျတာ၊ စောတာလည်းမရှိဘူး။ အရှင်မြတ်သတ်မှတ်ထားတော်မူတဲ့အတိုင်းပဲ ဖြစ်တယ်။ ကိယာမသ် ဖြစ်ခါနီးမှာ အခုလမ်းကြောင်းအတိုင်းမဟုတ်တော့ဘဲ ပြောင်းပြန်ပတ်မှာဖြစ်တယ်။ နေဟာလည်း အနောက်ဘက်ကနေ ထွက်မှာဖြစ်တယ်။ အဲဒီအချိန်မှာ အမှားဝန်ခံ သောင်ဗဟ်ပြုလုပ်တာကို အရှင်မြတ်က လက်ခံတော်မမူတော့ဘူး။ (အလင်းပြကျမ်း)

وَالۡقَمَرَ قَدَّرۡنٰهُ مَنَازِلَ حَتّٰى عَادَ كَالۡعُرۡجُوۡنِ الۡقَدِيۡمِ ﴿٣٩﴾

(၃၉) ထို့ပြင် လကို ငါအရှင်မြတ်က ခရီးစခန်းများ သတ်မှတ်ပေးတော်မူခဲ့သည်။ နောက်ဆုံးတွင် ထိုလသည် ကွေးနေသော စွန်ပလွံခိုင်ခြောက်ဟောင်းပမာ ပြန်ဖြစ်သွားတော့သည်။❷

❷ လဟာလည်း သူ့ပတ်လမ်းနဲ့သူပတ်နေတာဖြစ်တယ်။ လအတွက် စခန်းတွေပြုလုပ်ထားတယ်ဆိုတာ လဟာ နေရဲ့အလင်းရောင်ကိုယူပြီး ရောင်ပြန်လွှတ်ပေးနေတဲ့အတွက် သူ့အပေါ် ကမ္ဘာရဲ့အရိပ်ကျမှုတွေဟာ နေ့စဉ်ပြောင်းလဲမှုတွေဖြစ်လျက်ရှိတယ်။ အဲဒါကြောင့် လကိုတွေ့ရတဲ့ပုံစံတွေဟာ ကြီးရာက သေးသေးသွားပြီး နောက်ဆုံး စွန်ပလွံခိုင်ခြောက်ဟောင်းလို သေးသေးကွေးကွေးလေးမြင်ရတာဖြစ်တယ်။ အဲဒီလပေါ်မှာ ကမ္ဘာရဲ့အရိပ်ကျတဲ့ ပုံစံတွေဟာ (၂၈)ပုံစံရှိတယ်။ အဲဒါတွေကို စခန်းတွေလို့ ခေါ်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

لَا الشَّمۡسُ يَنۡۢبَغِىۡ لَهَاۤ اَنۡ تُدۡرِكَ الۡقَمَرَ وَلَا الَّيۡلُ سَابِقُ النَّهَارِ ؕ وَكُلٌّ فِىۡ فَلَكٍ يَّسۡبَحُوۡنَ ﴿٤٠﴾

(၄၀) နေသည် လကို မမီနိုင်သကဲ့သို့ ညသည်လည်း နေ့ကိုမကျော်လွန်နိုင်ပေ။ ထို့ပြင် အားလုံးကိုယ်စီသည် ပတ်လမ်းကြောင်းတစ်ခုစီတွင် ကူး

ခတ်သွားလာနေကြသည်ဖြစ်သည်။❸

❸ အားလုံး ဂြိုဟ်နက္ခတ်တွေဟာ သူ့လမ်းကြောင်းနဲ့ သူသွားလာဖို့ အရှင်မြတ်က သတ်မှတ်ပေး ထားတဲ့အတွက် တစ်ခုနဲ့တစ်ခု မတိုက်ကြတာဖြစ်တယ်။ တကယ်လို့ အလိုအလျောက်ပြန့်ကြဲနေ တယ်ဆိုရင် စနစ်မကျတဲ့အတွက် တစ်ချိန်မဟုတ်တစ်ချိန် တစ်ခုနဲ့တစ်ခု တိုက်မိကြပြီး စကြဝဠာ ကြီးဟာ ငြိမ်းချမ်းမနေဘဲ မကြာခဏစစ်ပွဲကြီးလို ခဏခဏမီးတောက်နေတာတွေ့ရမှာဖြစ်တယ်။ ကမ္ဘာပေါ်မှာ လူဦးရေ သန်းခြောက်ထောင်ကျော်ရှိတယ်လို့ ရေတွက်နိုင်ကြပေမဲ့ ကြယ်တွေဘယ် လောက်များလဲဆိုရင် ဒီလောက်တိုးတက်တဲ့ခေတ်မှာတောင် မရေတွက်နိုင်ကြသေးဘူး။ အဲဒီ လောက်များတဲ့ကြယ်တွေ မတိုက်ကြတာဟာ အရှင်မြတ်ရဲ့အစီအစဉ်ဖြစ်တယ်ဆိုတာထင်ရှားတဲ့ သာဓကဖြစ်တယ်။ (အွဆ်မာနီ၊ မအာရိဖွလ်ကုရ်အာန်)

وَاٰيَةٌ لَّهُمْ اَنَّا حَمَلْنَا ذُرِّيَّتَهُمْ فِى الْفُلْكِ الْمَشْحُوْنِ ﴿٤١﴾

(၄၁) ထို့ပြင် သူတို့အတွက် သက်သေသာဓကတစ်ခုမှာ အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့၏သားမြေးများကို ဝန်အပြည့်တင်ထားသော သင်္ဘော ပေါ်တွင် တင်ဆောင်စီးနင်းစေတော်မူခြင်းပင် ဖြစ်သည်။❻

❻ အရပ်တွေဟာ အထူးသဖြင့် သူတို့ရဲ့ သားယောက်ျားတွေကိုပဲ သင်္ဘောခရီးနဲ့ စီးပွားရှာထွက် နိုင်းကြတဲ့အတွက် သားတွေကို တင်ဆောင်ထားတဲ့သင်္ဘောလို့ သုံးနှုန်းထားတာဖြစ်တယ်။ (အာစာန် သရ်ဂျမဟ်)

وَخَلَقْنَا لَهُمْ مِّنْ مِّثْلِهٖ مَا يَرْكَبُوْنَ ﴿٤٢﴾

(၄၂) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အတွက် ထိုသင်္ဘောကဲ့သို့ပင် သူတို့ စီးနင်းကြသော အခြားအရာများကိုလည်း ဖန်ဆင်းတော်မူခဲ့သည်။

وَاِنْ نَّشَاْ نُغْرِقْهُمْ فَلَا صَرِيْخَ لَهُمْ وَلَا هُمْ يُنْقَذُوْنَ ﴿٤٣﴾

(၄၃) ထို့ပြင် အကယ်၍ ငါအရှင်မြတ် အလိုရှိတော်မူလျှင် သူတို့အား နစ်မြုပ်စေတော်မူမည်ဖြစ်သည်။ ထိုအခါ သူတို့အား ကူညီမည့်သူလည်း မည် သူမျှ ရှိမည်မဟုတ်ပေ။ သူတို့သည် ကယ်တင်ခြင်းခံကြရမည်လည်းမဟုတ်ပေ။

اِلَّا رَحْمَةً مِّنَّا وَمَتَاعًا اِلٰى حِيْنٍ ﴿٤٤﴾

(၄၄) သို့ရာတွင် (၎င်းသည်) ငါအရှင်မြတ်၏ကရုဏာပင် ဖြစ်သည်။ ထို့ပြင် သတ်မှတ်ပြီးသောအချိန်ကာလထိ (သူတို့အား) အကျိုးခံစားစေခြင်း လည်း ဖြစ်သည်။

وَاِذَا قِيْلَ لَهُمُ اتَّقُوْا مَا بَيْنَ اَيْدِيْكُمْ وَمَا خَلْفَكُمْ لَعَلَّكُمْ تُرْحَمُوْنَ ﴿٤٥﴾

(၄၅) ထို့ပြင် သူတို့အား အသင်တို့သည် သနားတော်မူခြင်းခံကြရရန် အတွက် အသင်တို့၏ရှေ့မှောက်၌ ရှိသည့်အရာ (ပြစ်ဒဏ်)နှင့် အသင်တို့၏ နောက်တွင် ရှိသည့်အရာ(ပြစ်ဒဏ်)ကိုပါ ကြောက်ရွံ့စိုးရိမ်ကြပါဟု ပြောခဲ့သည့်

အခါ (သူတို့သည် မျက်နှာလွှဲခဲ့ကြသည်)။

وَمَا تَأْتِيهِم مِّنْ ءَايَةٍ مِّنْ ءَايَٰتِ رَبِّهِمْ إِلَّا كَانُوا۟ عَنْهَا مُعْرِضِينَ ﴿٤٦﴾

(၄၆) ထို့ပြင် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အမိန့်တော်များထဲမှ အမိန့်တော်တစ်စုံတစ်ခုသည် သူတို့ထံသို့ ရောက်လာတိုင်း သူတို့သည် ၎င်း(အမိန့်တော်)မှ မျက်နှာလွှဲခဲ့ကြသည်ချည်းပင် ဖြစ်သည်။

وَإِذَا قِيلَ لَهُمْ أَنفِقُوا۟ مِمَّا رَزَقَكُمُ ٱللَّهُ قَالَ ٱلَّذِينَ كَفَرُوا۟ لِلَّذِينَ ءَامَنُوٓا۟ أَنُطْعِمُ مَن لَّوْ يَشَآءُ ٱللَّهُ أَطْعَمَهُۥٓ إِنْ أَنتُمْ إِلَّا فِى ضَلَٰلٍ مُّبِينٍ ﴿٤٧﴾

(၄၇) ထို့ပြင် "အသင်တို့သည် အသင်တို့အား အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူခဲ့သည့်အထဲမှ သုံးစွဲလှူဒါန်းကြပါ"ဟု သူတို့သည် ပြောကြားခြင်းခံရသောအခါ ကာဖိရ်ငြင်းပယ်သူများက အလ္လာဟ်အရှင်မြတ်သည် အလိုရှိတော်မူလျှင် အရှင်မြတ်ကိုယ်တိုင် ကျွေးမွေးတော်မူမည်ဖြစ်သည့်သူများကို ကျွန်ုပ်တို့က ကျွေးမွေးကြရမည်လော၊ အသင်တို့သည် ထင်ရှားသော လမ်းမှားတွင် ရှိနေကြသည်ဖြစ်သည်ဟု အီမာန်ယုံကြည်သူများအား ပြောဆိုကြသည်။

وَيَقُولُونَ مَتَىٰ هَٰذَا ٱلْوَعْدُ إِن كُنتُمْ صَٰدِقِينَ ﴿٤٨﴾

(၄၈) ထို့ပြင် သူတို့က အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် ဤချိန်းဆိုချက်သည် မည်သည့်အခါ ဖြစ်မည်နည်းဟု ပြောဆိုမေးမြန်းကြသည်။

مَا يَنظُرُونَ إِلَّا صَيْحَةً وَٰحِدَةً تَأْخُذُهُمْ وَهُمْ يَخِصِّمُونَ ﴿٤٩﴾

(၄၉) သူတို့သည် မိမိတို့အချင်းချင်း အငြင်းပွားနေလျက်ရှိစဉ်၌ပင် သူတို့အား ဖမ်းဆီးဖျက်ဆီးမည့် ဟစ်အော်သံတစ်ခုကိုသာ စောင့်မျှော်နေကြခြင်းဖြစ်သည်။

فَلَا يَسْتَطِيعُونَ تَوْصِيَةً وَلَآ إِلَىٰٓ أَهْلِهِمْ يَرْجِعُونَ ﴿٥٠﴾

(၅၀) သို့ဖြစ်ရာ (ထိုအသံကြားကြရသောအခါ) သူတို့သည် မည်သည့် သေတမ်းစကားကိုမျှ မှာကြားနိုင်ကြမည်မဟုတ်ပေ။ သူတို့၏အိမ်သူအိမ်သားများထံသို့ ပြန်သွားနိုင်ကြမည်လည်းမဟုတ်ပေ။

وَنُفِخَ فِى ٱلصُّورِ فَإِذَا هُم مِّنَ ٱلْأَجْدَاثِ إِلَىٰ رَبِّهِمْ يَنسِلُونَ ﴿٥١﴾

(၅၁) ထို့ပြင် တံပိုးခရာမှုတ်ခြင်းခံရသည့်အခါ သူတို့သည် ချက်ချင်း သင်္ချိုင်းများမှ ထွက်ပြီး သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်သို့ ပြေးလွှားလျက်လာကြမည်။

قَالُوْا يٰوَيْلَنَا مَنْۢ بَعَثَنَا مِنْ مَّرْقَدِنَا ۜ هٰذَا مَا وَعَدَ الرَّحْمٰنُ وَصَدَقَ الْمُرْسَلُوْنَ ﴿٥٢﴾

(၅၂) သူတို့က ပြောဆို-ငါတို့သည် ပျက်စီးရလေခြင်းပင်။ မည်သူက ငါတို့အား ငါတို့၏အိပ်ရာမှထစေသနည်းဟု ပြောဆိုညည်းညူကြမည်ဖြစ်သည်။ (ကောင်းကင်တမန်များက ဖြေကြားကြမည်) – ဤသည် ရဟ်မာန်အနန္တကရုဏာတော်ရှင်က ချိန်းဆိုထားတော်မူခဲ့သောချိန်းဆိုချက်ပင် ဖြစ်သည်။ ထို့ပြင် တမန်တော်များသည် မှန်ကန်စွာပင် ပြောဆိုခဲ့ကြသည်ဖြစ်သည်။

اِنْ كَانَتْ اِلَّا صَيْحَةً وَّاحِدَةً فَاِذَا هُمْ جَمِيْعٌ لَّدَيْنَا مُحْضَرُوْنَ ﴿٥٣﴾

(၅၃) ထိုအရာ (တံပိုးခရာမှုတ်ခြင်း)သည် ပြင်းထန်သော ဟစ်အော်သံတစ်ခုပင် ဖြစ်မည်။ ထို့နောက် သူတို့အားလုံးသည် ချက်ချင်းပင် ငါအရှင်မြတ်ထံသို့ ခေါ်ဆောင်လာခြင်းခံကြရမည်ဖြစ်သည်။

فَالْيَوْمَ لَا تُظْلَمُ نَفْسٌ شَيْـًٔا وَّلَا تُجْزَوْنَ اِلَّا مَا كُنْتُمْ تَعْمَلُوْنَ ﴿٥٤﴾

(၅၄) ယနေ့မှု မည်သူမျှ အနည်းငယ်မျှ မတရားပြုလုပ်ခြင်းခံရမည် မဟုတ်ပေ။ ထို့ပြင် အသင်တို့သည် အသင်တို့ပြုလုပ်ခဲ့ကြသော လုပ်ရပ်များကိုပင် အစားပေးခြင်းကို ခံရမည်ဖြစ်သည်။[၁]

[၁] သူတို့ပြုလုပ်ခဲ့တာပဲ ခံရမှာဖြစ်ပြီး မတရားလုပ်ခံရမှာလည်းမဟုတ်ဘူး။ (အလင်းပြကျမ်း)

اِنَّ اَصْحٰبَ الْجَنَّةِ الْيَوْمَ فِيْ شُغُلٍ فٰكِهُوْنَ ﴿٥٥﴾

(၅၅) အမှန်စင်စစ် ဂျန္နသ်သုခဘုံသားများသည် ယနေ့(သူတို့၏)အရေးကိစ္စများ၌ပင် မွေ့လျော်ပျော်ရွှင်နေကြမည်။

هُمْ وَاَزْوَاجُهُمْ فِيْ ظِلٰلٍ عَلَى الْاَرَآئِكِ مُتَّكِـُٔوْنَ ﴿٥٦﴾

(၅၆) သူတို့နှင့် သူတို့၏ဇနီးကြင်ရာများသည် အရိပ်များအောက်တွင် မြင့်မားသောထိုင်ခုံများပေါ်တွင် (မှီအုံးများအား) မှီ၍ ထိုင်နေကြမည်။

لَهُمْ فِيْهَا فَاكِهَةٌ وَّلَهُمْ مَّا يَدَّعُوْنَ ﴿٥٧﴾

(၅၇) သူတို့အတွက် ထို(သုခဘုံ)ထဲတွင် သစ်သီးဝလံ(မျိုးစုံ)လည်း ရှိမည်။ ထို့ပြင် သူတို့အတွက် သူတို့တောင်းသမျှအရာများလည်း ရှိမည်။

سَلٰمٌ ۣ قَوْلًا مِّنْ رَّبٍّ رَّحِيْمٍ ﴿٥٨﴾

(၅၈) အလွန်သနားကြင်နာတော်မူသော ဖန်ဆင်းမွေးမြူတော်မူသော အရှင်ဘက်မှ စလာမ်ငြိမ်းချမ်းပါစေဟု မိန့်ကြားတော်မူမည်။[၂]

[၂] ဂျန္နသ်မှာ ဒုက္ခလုံးဝမရှိဘူး။ သုခချည်းပဲ ရှိတယ်။ ပြီးတော့ လိုချင်တာအားလုံး မဆိုင်းမတွ ရရှိ

မှာဖြစ်တယ်။ သူတို့ကို အရှင်မြတ်က စလာမ်ပေးမယ်။ (အလင်းပြကျမ်း)

وَامْتَازُوا الْيَوْمَ اَيُّهَا الْمُجْرِمُوْنَ ﴿٥٩﴾

(၅၉) ထို့ပြင် အို- အပြစ်ရှိသူအပေါင်းတို့၊ အသင်တို့သည် ယနေ့ သီးခြားနေကြပေတော့(ဟု အရှင်မြတ်က မိန့်ကြားတော်မူလိမ့်မည်)။

اَلَمْ اَعْهَدْ اِلَيْكُمْ يٰبَنِيْٓ اٰدَمَ اَنْ لَّا تَعْبُدُوا الشَّيْطٰنَ ۚ اِنَّهٗ لَكُمْ عَدُوٌّ مُّبِيْنٌ ﴿٦٠﴾

(၆၀) အို- အာဒမ်၏သားသမီးအပေါင်းတို့၊ ငါအရှင်မြတ်သည် အသင်တို့အား အသင်တို့အနေဖြင့် ရှိုင်သွာန်ကို မကိုးကွယ်ကြနှင့်ဟု မိန့်မှာတော်မူခဲ့သည်မဟုတ်လော။ အမှန်စင်စစ် သူသည် အသင်တို့၏ ထင်ရှားသော ရန်သူပင်ဖြစ်သည်။

وَّاَنِ اعْبُدُوْنِيْ ۗ هٰذَا صِرَاطٌ مُّسْتَقِيْمٌ ﴿٦١﴾

(၆၁) ထို့ပြင် အသင်တို့သည် ငါအရှင်မြတ်ကိုပင် ကိုးကွယ်ကြပါ၊ ဤသည်ပင် ဖြောင့်မတ်မှန်ကန်သော တရားလမ်းဖြစ်သည်။

وَلَقَدْ اَضَلَّ مِنْكُمْ جِبِلًّا كَثِيْرًا ۗ اَفَلَمْ تَكُوْنُوْا تَعْقِلُوْنَ ﴿٦٢﴾

(၆၂) ထို့ပြင် အမှန်စင်စစ် ထိုရှိုင်သွာန်သည် အသင်တို့ထဲမှ အဖန်ဖန်ဆင်းခံအမြောက်အမြားအား လမ်းလွဲစေခဲ့ပြီဖြစ်သည်။ သို့ပါလျက် အသင်တို့သည် မသိနားမလည်ကြသလော။❷

❷ ရှိုင်သွာန်ဟာ ရန်သူဖြစ်တယ်လို့ သတိပေးထားတဲ့ ကြားထဲက သူ့ကို မိတ်ဖွဲ့ရုံမက သူ့နောက်လိုက်ပြီး နောက်ဆုံးမှာ သူ့ကို ကိုးကွယ်တဲ့အထိ ပြုလုပ်ခဲ့ကြတဲ့သူတွေဟာ ဒီကနေ့တော့ အဲဒီရှိုင်သွာန်တွေနဲ့ပဲအတူတူ ငရဲဘုံထဲမှာ ခံစားကြရမှာဖြစ်တယ်။ ဒါဟာ နားမထောင်ခြင်းရဲ့ရလဒ်ပဲဖြစ်တယ်။ (အလင်းပြကျမ်း)

هٰذِهٖ جَهَنَّمُ الَّتِيْ كُنْتُمْ تُوْعَدُوْنَ ﴿٦٣﴾

(၆၃) ဤသည် အသင်တို့ ကတိပေးချိန်းဆိုခြင်းခံခဲ့ကြရသောဂျဟန္နမ် ငရဲဘုံပင်ဖြစ်သည်။

اِصْلَوْهَا الْيَوْمَ بِمَا كُنْتُمْ تَكْفُرُوْنَ ﴿٦٤﴾

(၆၄) အသင်တို့သည် အသင်တို့ ငြင်းပယ်ခဲ့ကြသည့်အတွက်ကြောင့် ယနေ့ ထိုငရဲဘုံထဲသို့ ဝင်ကြပေတော့။

اَلْيَوْمَ نَخْتِمُ عَلٰٓى اَفْوَاهِهِمْ وَتُكَلِّمُنَآ اَيْدِيْهِمْ وَتَشْهَدُ اَرْجُلُهُمْ بِمَا كَانُوْا يَكْسِبُوْنَ ﴿٦٥﴾

(၆၅) ယနေ့မှု ငါအရှင်မြတ်သည် သူတို့၏နှုတ်လျှာများအပေါ်တွင် တံဆိပ်ခတ်နှိပ်တော်မူမည်။ ထို့ပြင် သူတို့၏လက်များသည် ငါအရှင်မြတ်နှင့် စကားပြောဆိုကြမည်။ ထို့ပြင် သူတို့၏ခြေများသည်လည်း သူတို့ ပြုလုပ်ခဲ့သမျှ

များကို သက်သေခံကြမည်။

وَلَوْ نَشَآءُ لَطَمَسْنَا عَلٰٓى اَعْيُنِهِمْ فَاسْتَبَقُوا الصِّرَاطَ فَاَنّٰى يُبْصِرُوْنَ ﴿٦٦﴾

(၆၆) ထို့ပြင် အကယ်၍ ငါအရှင်မြတ် အလိုရှိတော်မူလျှင် (လောက ကတည်းက)သူတို့၏မျက်စိများကို ကွယ်ပျောက်စေတော်မူခဲ့မည်။ ထို့နောက် သူတို့သည် လမ်းကို(ရှာရန်ထွက်) ပြေးကြမည်။ (ထို)သို့(မျက်စိကန်းနေပြီ)ဖြစ် ရာ သူတို့သည် အဘယ်သို့လျှင် မြင်ကြရတော့မည်နည်း။❻

❻ ကာဖိရ်တွေဟာ သူတို့ကို မျက်စိပေးထားလျက်နဲ့ အမှန်တရားတွေ၊ သက်သေလက္ခဏာတွေ ကို မကြည့်ဘဲ မျက်စိကို ဖွတ်မှိတ်ထားကြတယ်။ အဲဒီလို အမှန်ကို မကြည့်ဘဲ မှိတ်ထားတဲ့နောက် တော့ အရှင်မြတ်က သူတို့ရဲ့မျက်စိတွေကို လုံးဝကန်းသွားအောင်ပြုလုပ်နိုင်ပါလျက်နဲ့ မပြုလုပ်ဘဲ သတ်မှတ်ချိန်ရောက်အောင် စောင့်နေခဲ့တာဖြစ်တယ်။ အဲဒီလိုပဲ လမ်းမှန်အပေါ်မလျှောက်တဲ့ ခြေ ထောက်တွေကို လုံးဝကျိုးသွားအောင်၊ လျှောက်လို့ မရအောင်၊ လူညွှန့်တုံးသွားအောင် အရှင်မြတ် က ပြောင်းလဲပစ်နိုင်ပေမဲ့ မလုပ်ဘဲ အချိန်ကိုပဲ စောင့်နေခဲ့တာဖြစ်တယ်။ အခုတော့ အဲဒီအချိန် ရောက်ပြီဖြစ်တဲ့အတွက် လွတ်မြောက်စရာမရှိတော့ဘူး။ (အလင်းပြကျမ်း)

وَلَوْ نَشَآءُ لَمَسَخْنٰهُمْ عَلٰى مَكَانَتِهِمْ فَمَا اسْتَطَاعُوْا مُضِيًّا وَّلَا يَرْجِعُوْنَ ﴿٦٧﴾

(၆၇) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အလိုရှိတော်မူလျှင် သူ တို့၏နေရာ၌ပင် သူတို့အား ပုံပြောင်းပစ်လိုက်တော်မူခဲ့မည်ဖြစ်သည်။ ထို့နောက် သူတို့သည် ရှေ့သို့လည်းမသွားနိုင်၊ နောက်သို့လည်းမဆုတ်နိုင်ဖြစ်ကြလိမ့်မည်။

وَمَنْ نُّعَمِّرْهُ نُنَكِّسْهُ فِى الْخَلْقِ ؕ اَفَلَا يَعْقِلُوْنَ ﴿٦٨﴾

(၆၈) ထို့ပြင် ငါအရှင်မြတ်သည် အိုမင်းရင့်ရော်စေတော်မူသောသူကို သူ၏ဖန်ဆင်းမှုတွင် ပြောင်းပြန်ဖြစ်စေတော်မူလိုက်သည်။ (သူငယ်ပြန်စေတော် မူလိုက်သည်)။ သို့ပါလျက် သူတို့သည်မသိနားမလည်ကြသလော။❼

❼ အရှင်မြတ်ဟာ လူသားကို ငယ်ရာကနေလည်း ကြီးအောင်လုပ်နိုင်သလို ကြီးရာကလည်း ငယ်အောင် လုပ်နိုင်တယ်။ သန်စွမ်းရာကနေ မသန်စွမ်းအောင်လုပ်နိုင်တော်မူတယ်။ အိုတဲ့အချိန် မှမဟုတ်ဘဲ ပျိုတဲ့အချိန်မှာလည်း မစွမ်းအောင်လုပ်နိုင်တယ်ဆိုတာ သိဖို့လိုတယ်လို့ဆိုလိုတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا عَلَّمْنٰهُ الشِّعْرَ وَمَا يَنْۢبَغِىْ لَهٗ ؕ اِنْ هُوَ اِلَّا ذِكْرٌ وَّقُرْاٰنٌ مُّبِيْنٌ ﴿٦٩﴾

(၆၉) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(တမန်တော်မုဟမ္မဒ်)ကို ကဗျာ သင်ပေးခဲ့သည်မဟုတ်ပေ။ ထို့ပြင် ထိုကဗျာသည် ၎င်း(တမန်တော်)နှင့်လည်း မအပ်စပ်ပေ။ အမှန်စင်စစ် ယင်းသည် ဆုံးမဩဝါဒနှင့် ထင်ရှားသောကုရ်အာန် ကျမ်းတော်မြတ်ပင် ဖြစ်သည်။❽

❽ ကဗျာရဲ့အဓိကပါဝင်မှုဟာ တစ်ဖက်သားကို ဆွဲဆောင်နိုင်ဖို့၊ ခံစားနိုင်ဖို့ နည်းမျိုးစုံသုံးပြီး သီ

ကုံးထားတာဖြစ်ပြီး မှသားတွေနဲ့သီကုံးတာလည်းရှိသလို ပကတိအရှိအတိုင်း သီကုံးတာလည်း ရှိတယ်။ ကုရ်အာန်ဟာ အဲဒီလိုမှသားနဲ့ စပ်ထားတာမဟုတ်ဘဲ ဆုံးမဩဝါဒစကားပြေပဲ ဖြစ်တယ်။ မှန်ကန်မှုကြောင့် ဆွဲဆောင်မှုအပြည့်ရှိနေတာ ဖြစ်တယ်။ အရှင်မြတ်ရဲ့စကားတော်ဖြစ်တာကြောင့် ထိရောက်မှုရှိတာဖြစ်တယ်။ (အလင်းပြကျမ်း)

لِّيُنْذِرَ مَنْ كَانَ حَيًّا وَّيَحِقَّ الْقَوْلُ عَلَى الْكٰفِرِيْنَ ﴿٧٠﴾

(၇၀) (ယင်းကုရ်အာန်သည်) ၎င်း(တမန်တော်)အနေဖြင့် (စိတ်နှလုံး) ရှင်သူများကို သတိပေးနှိုးဆော်ရန်အတွက်နှင့် ကာဖိရ်များအပေါ်တွင် စွဲချက် အတည်ဖြစ်ရန်အတွက် ဖြစ်သည်။

اَوَلَمْ يَرَوْا اَنَّا خَلَقْنَا لَهُمْ مِّمَّا عَمِلَتْ اَيْدِيْنَآ اَنْعَامًا فَهُمْ لَهَا مٰلِكُوْنَ ﴿٧١﴾

(၇၁) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အတွက် ငါအရှင် မြတ်၏လက်တော်နှင့် ပြုလုပ်တော်မူခဲ့သောအရာများထဲမှ (ကုလားအုတ်၊ ကျွဲ၊ နွား)တိရစ္ဆာန်များကို ဖန်ဆင်းတော်မူခဲ့သည့်အတွက် သူတို့သည် ယင်း(တိရစ္ဆာန်) တို့ကို ပိုင်ဆိုင်သူများ ဖြစ်သွားခဲ့ကြသည်ကို သူတို့ မမြင်ခဲ့ကြသလော။

وَذَلَّلْنٰهَا لَهُمْ فَمِنْهَا رَكُوْبُهُمْ وَمِنْهَا يَاْكُلُوْنَ ﴿٧٢﴾

(၇၂) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(တိရစ္ဆာန်)တို့အား အနှံ့အတာ ခံစေတော်မူခဲ့သည့်အတွက် ၎င်းတို့ထဲမှ အချို့မှာ သူတို့၏အစီးအနင်းများ ဖြစ် နေကြသည်။ ထို့ပြင် ၎င်းတို့ထဲမှ အချို့ကို သူတို့စားသုံးကြသည်။

وَلَهُمْ فِيْهَا مَنَافِعُ وَمَشَارِبُ ؕ اَفَلَا يَشْكُرُوْنَ ﴿٧٣﴾

(၇၃) ထို့ပြင် သူတို့အတွက် ထိုအထဲတွင် အခြားကျေးဇူးများနှင့်သောက် သုံးစရာများလည်း ရှိကြသည်။ ထို့နောက်လည်း သူတို့သည် ကျေးဇူးမတင်ကြ သလော။

وَاتَّخَذُوْا مِنْ دُوْنِ اللّٰهِ اٰلِهَةً لَّعَلَّهُمْ يُنْصَرُوْنَ ﴿٧٤﴾ؕ

(၇၄) ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြားကိုးကွယ် ရာများကို သူတို့သည် ကူညီခံကြရလိမ့်မည်ထင်ပြီး ပြုလုပ်ခဲ့ကြသည်။

لَا يَسْتَطِيْعُوْنَ نَصْرَهُمْ ۙ وَهُمْ لَهُمْ جُنْدٌ مُّحْضَرُوْنَ ﴿٧٥﴾

(၇၅) ၎င်း(ကိုးကွယ်ရာ)တို့သည် သူတို့အား မကူညီနိုင်သည့်အပြင် (၎င်းတို့ကိုယ်၎င်းတို့ပင်မကူညီနိုင်၍) သူတို့သည်ပင်၎င်း(ကိုးကွယ်ရာ)တို့(အား မွှမ်းမံ ပြုပြင်ပေးရန်၊ ကာကွယ်စောင့်ရှောက်ပေးရန်၊ မကောင်းပြောခံရလျှင် ကိုယ်စား ပြန်ပြောပေးကြရန်)အတွက် ရှေ့၌အသင့်ရောက်ရှိနေကြရသော အုပ်စု

တပ်သားများဖြစ်နေကြရသည်။

فَلَا يَحْزُنْكَ قَوْلُهُمْ ۘ إِنَّا نَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ ﴿٧٦﴾

(၇၆) သို့ဖြစ်ရာ သူတို့၏ပြောဆိုမှုသည် အသင့်အား စိတ်မဆင်းရဲစေနှင့်။ အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့လျှို့ဝှက်သမျှနှင့် သူတို့ထုတ်ဖော်သမျှကို သိရှိတော်မူသည်။❶

❶ သူတို့က အသင်တမန်တော်ကို ကဗျာဆရာပြောလို့ စိတ်ဆင်းရဲမနေပါနဲ့၊ အချိန်ရောက်ရင် အရှင်မြတ်က သူတို့ကို အရေးယူမှာပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

أَوَلَمْ يَرَ الْإِنسَانُ أَنَّا خَلَقْنَاهُ مِن نُّطْفَةٍ فَإِذَا هُوَ خَصِيمٌ مُّبِينٌ ﴿٧٧﴾

(၇၇) လူသားသည် စဉ်းစားမကြည့်ခဲ့သလော။ အမှန်စင်စစ် ငါအရှင်မြတ်သည် သူ့အား သုက်ရည်တစ်စက်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ချက်ချင်းပင် သူသည် ထင်ရှားသောငြင်းခုံသူ ဖြစ်လာခဲ့သည်။

وَضَرَبَ لَنَا مَثَلًا وَنَسِيَ خَلْقَهُ ۖ قَالَ مَن يُحْيِي الْعِظَامَ وَهِيَ رَمِيمٌ ﴿٧٨﴾

(၇၈) ထို့ပြင် ယင်း(လူသား)သည် ငါအရှင်မြတ်နှင့် ပတ်သက်၍ ပမာတစ်ခု ခိုင်းနှိုင်းပြောဆိုခဲ့သည်။ ထို့ပြင် သူသည် သူဖန်ဆင်းခြင်းခံခဲ့ရသည့် အဖြစ်ကို မေ့သွားခဲ့သည်။ သူက "ဆွေးမြည့်နေသောအရိုးများကို မည်သူက ရှင်စေဦးမည်နည်း" ဟု (ခိုင်းနှိုင်း)ပြောဆိုခဲ့သည်။

قُلْ يُحْيِيهَا الَّذِي أَنشَأَهَا أَوَّلَ مَرَّةٍ ۖ وَهُوَ بِكُلِّ خَلْقٍ عَلِيمٌ ﴿٧٩﴾

(၇၉) (အို - တမန်တော်) အသင်ပြောလိုက်ပါ- ပထမအကြိမ် ၎င်း(အရိုးများ)ကို ဖန်ဆင်းတော်မူခဲ့သည့်အရှင်မြတ်ပင် ၎င်း(အရိုးများ)ကို ရှင်စေတော်မူမည်။ ထို့ပြင် အရှင်မြတ်သည် ဖန်ဆင်းနည်းမျိုးစုံကိုလည်း အလွန်သိရှိတော်မူသောအရှင်ပင် ဖြစ်တော်မူသည်။❷

❷ ဘာမှမဖန်ဆင်းနိုင်တဲ့သူတို့ရဲ့ဖက်စပ်ကိုးကွယ်ရာတွေနဲ့နှိုင်းပြီး အရှင်မြတ်ကို အထင်သေးနေသလား။ အသင်ဟာ သုက်ရည်ပဲဖြစ်ရှိခဲ့တဲ့ဘဝကနေ အသင့်ကို ပထမအကြိမ် အသက်သွင်းခဲ့တဲ့အရှင်ဟာ အသင့်ကို ဒုတိယအကြိမ် အသက်မသွင်းနိုင်တော့ဘူးလား။ (အလင်းပြ ကျမ်း)

الَّذِي جَعَلَ لَكُم مِّنَ الشَّجَرِ الْأَخْضَرِ نَارًا فَإِذَا أَنتُم مِّنْهُ تُوقِدُونَ ﴿٨٠﴾

(၈၀) အကြင်အရှင်မြတ်သည် စိမ်းစိုသောသစ်ပင်မှပင် အသင်တို့အတွက် မီးကို ဖန်ဆင်းတော်မူခဲ့သည့်အတွက် အသင်တို့သည် (ချက်ချင်းပင်) ထိုသစ်ပင်မှ မီးမွှေးနေကြသည်။

أَوَلَيْسَ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِقَادِرٍ عَلَىٰ أَن يَخْلُقَ مِثْلَهُم ۚ بَلَىٰ وَهُوَ الْخَلَّاقُ الْعَلِيمُ ﴿٨١﴾

(၈၁) ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူခဲ့သည့်အရှင်သည် သူတို့ကဲ့သို့ လူမျိုးကို (နောက်တစ်ကြိမ်)ဖန်ဆင်းရန် တတ်စွမ်းနိုင်တော်မူသောအရှင်မြတ်မဟုတ်သလော။ အဘယ်ကြောင့်မဟုတ်ရမည်နည်း၊ အမှန်ပင် အရှင်မြတ်သည် အကြိမ်ကြိမ်ဖန်ဆင်းတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

إِنَّمَآ أَمۡرُهُۥٓ إِذَآ أَرَادَ شَيۡـًٔا أَن يَقُولَ لَهُۥ كُن فَيَكُونُ ﴿٨٢﴾

(၈၂) အရှင်မြတ်၏အမိန့်ကမူ တစ်စုံတစ်ခုကို အရှင်မြတ်သည် (ဖန်ဆင်းတော်မူရန်) ရည်ရွယ်တော်မူလျှင် ထိုအရာကို "ဖြစ်စေ" ဟု မိန့်လိုက်ရုံပင်ဖြစ်သည်။ ၎င်းနောက် ထိုအရာသည် ဖြစ်လာတော့သည်။[❶]

❶ အလ္လာဟ်အရှင်မြတ်အတွက် ဘာအခက်အခဲရှိမလဲ၊ ဘယ်ကိစ္စပဲဖြစ်ဖြစ် ဖန်ဆင်းတော်မူချင်ရင် "ဖြစ်စေ" ပြောလိုက်ရုံနဲ့ ဖြစ်လာတယ်။ အဲဒါကြောင့် လူသားအားလုံးရဲ့အရိုးတွေအားလုံးဟာ ဆွေးမြေ့ပျောက်ပျက်သွားရင်လည်း "ဖြစ်စေ" တစ်ခွန်းပဲ ပြောလိုက်တာနဲ့ အားလုံးရှင်လာမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

فَسُبۡحَٰنَ ٱلَّذِي بِيَدِهِۦ مَلَكُوتُ كُلِّ شَيۡءٖ وَإِلَيۡهِ تُرۡجَعُونَ ﴿٨٣﴾

(၈၃) သို့ဖြစ်ရာ အကြင်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည်။ ထိုအရှင်၏လက်ထဲတွင် အရာအားလုံး၏ စိုးမိုးအုပ်ချုပ်မှုအာဏာ ရှိသည်။ ထို့ပြင် အသင်တို့သည် အရှင်မြတ်ထံတော်သို့ပင် ပြန်လည်ပို့ဆောင်ခြင်းခံကြရမည်ဖြစ်သည်။

ركوعاتها ٥ | ٣٧ سُوْرَةُ الصّٰفّٰتِ مَكِّيَّةٌ ٥٦ | اٰياتها ١٨٢

## စူရဟ် စွာဖ်ဖားသ် (စီတန်းနေသူများကဏ္ဍ) سُوْرَةُ الصّٰفّٰتِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَالصّٰٓفّٰتِ صَفًّا ۙ﴿۱﴾

(၁) (ငါအရှင်မြတ်သည်) ကျနစွာ တန်းစီမတ်တတ်ရပ်နေကြသူများအား သက်သေထူတော်မူသည်။

فَالزّٰجِرٰتِ زَجۡرًا ۙ﴿۲﴾

(၂) ငေါက်ငမ်းမောင်းနှင်သူများအား သက်သေထူတော်မူသည်။

فَالتّٰلِيٰتِ ذِكۡرًا ۙ﴿۳﴾

(၃) သတိရတသမှုကို ရွတ်ဖတ်နေသူများအား သက်သေထူတော်မူသည်။

اِنَّ اِلٰهَكُمۡ لَوَاحِدٌ ؕ﴿۴﴾

(၄) အမှန်စင်စစ် အသင်တို့၏ကိုးကွယ်ထိုက်သည့်အရှင်သည် တစ်ပါးတည်းသာ ဖြစ်တော်မူသည်။

رَبُّ السَّمٰوٰتِ وَالۡاَرۡضِ وَمَا بَيۡنَهُمَا وَرَبُّ الۡمَشَارِقِ ؕ﴿۵﴾

(၅) (ထိုအရှင်သည်) မိုးကောင်းကင်များနှင့် မြေပထဝီသာမက ထိုနှစ်ခုကြားထဲမှ ရှိသမျှကိုလည်း ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ထို့ပြင် နေထွက်ရာအရပ်များ❶ ကိုလည်း ဖန်ဆင်းမွေးမြူတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ နေထွက်ရာအရပ်တွေဆိုတာ နေ့စဉ်နဲ့အမျှ နေထွက်တဲ့ နေရာတွေဟာ ပြောင်းလဲလျက်ရှိတယ်။ ပမာမှာ အရှေ့တည့်တည့်ကလည်း နေထွက်တဲ့အခါ ရှိသလို အရှေ့တောင်ဘက် နည်းနည်းယိမ်းပြီးတော့လည်း နေထွက်တဲ့အခါရှိတယ်။ အရှေ့မြောက်ဘက် နည်းနည်းယိမ်းပြီးတော့လည်း နေထွက်တဲ့အခါရှိတယ်။ နေ့စဉ် အနည်းငယ်စီ ပြောင်းသွားလျက်ရှိနေတာကို လက်တွေ့လည်း ကြည့်ရှုနိုင်တယ်။ အဲဒါကြောင့် အများကိန်းကို သုံးထားတာဖြစ်တယ်။

عن السدی، قوله (رَبُّ الۡمَشَارِقِ) قال: المشارق ستون وثلاثمأة مَشْرِق، والمغارب مثلها، عدد أيام السنة (သွဗ်ရီ)

اِنَّا زَيَّنَّا السَّمَآءَ الدُّنۡيَا بِزِيۡنَةِ ۣالۡكَوَاكِبِ ۙ﴿۶﴾

(၆) အမှန်စင်စစ် ငါအရှင်မြတ်သည် အောက်ဆုံးဖြစ်သော မိုးကောင်းကင်ကို ကြယ်နက္ခတ်များဖြင့် တန်ဆာဆင်မြန်းတော်မူခဲ့သည်။

وَحِفْظًا مِّنْ كُلِّ شَيْطٰنٍ مَّارِدٍ ۝٧

(၇) ထို့ပြင် (ငါအရှင်မြတ်သည်) ဆိုးသွမ်းသော ရှိုင်သွာန်တိုင်းမှ အကာအကွယ်(အဖြစ် ဤကြယ်တာရာများကို) ပြုလုပ်တော်မူခဲ့သည်။

لَا يَسَّمَّعُوْنَ اِلَى الْمَلَاِ الْاَعْلٰى وَيُقْذَفُوْنَ مِنْ كُلِّ جَانِبٍ ۝٨

(၈) သူတို့သည် အထက်ကောင်းကင်ဘုံသို့(ကပ်ပြီး) နားစွင့်နိုင်ခြင်း မရှိကြသည့်အပြင် သူတို့သည် အဘက်ဘက်မှ(မီးတောက်မီးလျှံဖြင့်)ပစ်ပေါက်ခြင်းကို ခံကြရသည်။

دُحُوْرًا وَّلَهُمْ عَذَابٌ وَّاصِبٌ ۝٩

(၉) နှင်ထုတ်ခံကြရလျက်၊ ထို့ပြင် သူတို့အတွက် အမြဲခံစားကြရမည့် ပြစ်ဒဏ်လည်း ရှိဦးမည်။

اِلَّا مَنْ خَطِفَ الْخَطْفَةَ فَاَتْبَعَهٗ شِهَابٌ ثَاقِبٌ ۝١٠

(၁၀) သို့ရာတွင် အကြင်ရှိုင်သွာန်သည် (သတင်းတစ်စုံတစ်ခုကို) ရုတ်တရက်အမြန်ယူ(ထွက်ပြေးသွား)ခဲ့လျှင် တောက်လောင်သည့်မီးတောက်တစ်ခုသည် သူ၏နောက်သို့ လိုက်တော့သည်။

فَاسْتَفْتِهِمْ اَهُمْ اَشَدُّ خَلْقًا اَمْ مَّنْ خَلَقْنَا ؕ اِنَّا خَلَقْنٰهُمْ مِّنْ طِيْنٍ لَّازِبٍ ۝١١

(၁၁) ထို့နောက် အသင်(တမန်တော်)သည် သူတို့အား မေးမြန်းလိုက်ပါ- သူတို့အား ဖန်ဆင်းခြင်းသည် ပို၍ခက်ခဲသလော၊ သို့မဟုတ် ငါအရှင်မြတ် ဖန်ဆင်းတော်မူခဲ့သည့်အရာများ(ထိုအဖန်ဆင်းခံများအားလုံးကို ဖန်ဆင်းတော်မူခြင်းသည် ပို၍ခက်ခဲသလော)။ အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အား ရွှံ့စေးဖြင့် ဖန်ဆင်းတော်မူခဲ့သည်။

بَلْ عَجِبْتَ وَيَسْخَرُوْنَ ۝١٢

(၁၂) အမှန်စင်စစ် အသင်သည် (သူတို့၏ငြင်းပယ်မှုကြောင့်)အံ့သြနေသည်။ ထို့ပြင် သူတို့ကမူ (အသင့်အား)ပြောင်လှောင်နေကြသည်။

وَاِذَا ذُكِّرُوْا لَا يَذْكُرُوْنَ ۝١٣

(၁၃) ထို့ပြင် သတိပေးဆုံးမခြင်းခံကြရသည့်အခါတွင်လည်း သူတို့သည် တရားရကြသည် မဟုတ်ပေ။

وَاِذَا رَاَوْا اٰيَةً يَّسْتَسْخِرُوْنَ ۝١٤

(၁၄) ထို့ပြင် သူတို့သည် သက်သေသာဓကတစ်စုံတစ်ခုကို တွေ့မြင်သည့်အခါ ပြောင်လှောင်ကြသည်။

وَقَالُوٓا إِنْ هَٰذَآ إِلَّا سِحْرٌ مُّبِينٌ ﴿١٥﴾

(၁၅) ထို့ပြင် သူတို့က ဤသည် ထင်ရှားသော မှော်အတတ်ပညာပင် ဖြစ်သည်ဟု ပြောဆိုကြသည်။

أَءِذَا مِتْنَا وَكُنَّا تُرَابًا وَعِظَٰمًا أَءِنَّا لَمَبْعُوثُونَ ﴿١٦﴾

(၁၆) ကျွန်ုပ်တို့သည် သေဆုံးကြပြီး မြေကြီးဖြစ်သွား၍ အရိုးများသာ ကျန်ရှိသည့်အခါ ကျွန်ုပ်တို့သည် အမှန်စင်စစ် ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လော။

أَوَءَابَآؤُنَا ٱلْأَوَّلُونَ ﴿١٧﴾

(၁၇) ထို့ပြင် ယခင်က ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေးများလည်း (ရှင်ပြန်ထကြရဦးမည်လော)။

قُلْ نَعَمْ وَأَنتُمْ دَٰخِرُونَ ﴿١٨﴾

(၁၈) (အို-တမန်တော်) အသင်ပြောလိုက်ပါ- ဟုတ်သည်၊ (အမှန်ပင် ရှင်ပြန်ထကြရမည်)၊ ထို့ပြင် အသင်တို့သည် သေးသိမ်သူများလည်း ဖြစ်ကြရဦးမည်။

فَإِنَّمَا هِىَ زَجْرَةٌ وَٰحِدَةٌ فَإِذَا هُمْ يَنظُرُونَ ﴿١٩﴾

(၁၉) ထို့ပြင် ထိုအရာသည် တံပိုးခရာမှုတ်ခြင်း(ပြင်းထန်သည့်အသံ) တစ်ခုသာ ဖြစ်မည်။ ထိုအခါ သူတို့သည် ရုတ်တရက်(သင်္ချိုင်းထဲမှ ထပြီး ကြောက်ရွံ့စွာ)ကြည့်နေကြလိမ့်မည်။

وَقَالُوا يَٰوَيْلَنَا هَٰذَا يَوْمُ ٱلدِّينِ ﴿٢٠﴾

(၂၀) ထို့ပြင် သူတို့က သြော်-ငါတို့သည် ပျက်စီးကြရလေခြင်း၊ ဤသည် အစားပေးမည့်နေ့ပင်လောဟု ပြောဆိုကြမည်။

هَٰذَا يَوْمُ ٱلْفَصْلِ ٱلَّذِى كُنتُم بِهِۦ تُكَذِّبُونَ ﴿٢١﴾

(၂၁) ဤသည် မဟုတ်မမှန်ဟု အသင်တို့ ငြင်းပယ်နေခဲ့ကြသော စီရင်ဆုံးဖြတ်မည့်နေ့ပင် ဖြစ်သည်။

ٱحْشُرُوا ٱلَّذِينَ ظَلَمُوا وَأَزْوَٰجَهُمْ وَمَا كَانُوا يَعْبُدُونَ ﴿٢٢﴾

(၂၂) (အရှင်မြတ်က ကောင်းကင်တမန်များကို မိန့်ကြားတော်မူမည်)၊ အသင်တို့သည် မတရားနိုပ်စက်ခဲ့ကြသည့်သူများနှင့်၊ သူတို့ကဲ့သို့ အယူအဆတူသော အပေါင်းအဖော်များသာမက သူတို့ ကိုးကွယ်ခဲ့ကြသည့်အရာများကိုလည်း စုရုံးလိုက်ကြပါ။

مِن دُونِ ٱللَّهِ فَٱهْدُوهُمْ إِلَىٰ صِرَٰطِ ٱلْجَحِيمِ ﴿٢٣﴾

(၂၃) အလ္လာဟ်အရှင်မြတ်အား စွန့်ပြီး(သူတို့ကိုးကွယ်ခဲ့ကြသည့်အရာများကို စုရုံးပါ)။ ထို့ပြင် အသင်တို့သည် သူတို့အားလုံးကို ဂျဟန္နမ်ငရဲဘုံ၏လမ်း(ကိုပြသပြီး ထိုလမ်း)အတိုင်း ခေါ်ဆောင်သွားကြပါ။

وَقِفُوهُمْ إِنَّهُم مَّسْـُٔولُونَ ﴿٢٤﴾

(၂၄) ထို့ပြင် အသင်တို့သည် သူတို့အား (ခေတ္တ) ဆိုင်းငံ့ထားကြပါ။ အမှန်စင်စစ် သူတို့သည် စစ်ဆေးမေးမြန်းခြင်းခံကြရမည့်သူများပင် ဖြစ်သည်။

مَا لَكُمْ لَا تَنَاصَرُونَ ﴿٢٥﴾

(၂၅) အသင်တို့သည် အဘယ်ကြောင့် အချင်းချင်း မကူညီကြသနည်း (ဟု ငေါက်ငမ်းသည့်အနေဖြင့် ပြောဆိုခံကြရမည်)။

بَلْ هُمُ الْيَوْمَ مُسْتَسْلِمُونَ ﴿٢٦﴾

(၂၆) ထို့ပြင် သူတို့သည် ထိုနေ့တွင် ဦးခေါင်းငုံ့၍ အညံ့ခံကြမည်။

وَأَقْبَلَ بَعْضُهُمْ عَلَىٰ بَعْضٍ يَتَسَاءَلُونَ ﴿٢٧﴾

(၂၇) ထို့ပြင် သူတို့သည် သူတို့အချင်းချင်း တစ်ဦးဘက်တစ်ဦးလှည့်ပြီး အပြန်အလှန် မေးမြန်းကြမည်။

قَالُوا إِنَّكُمْ كُنتُمْ تَأْتُونَنَا عَنِ الْيَمِينِ ﴿٢٨﴾

(၂၈) သူတို့(ထဲမှ နောက်လိုက်များ)က (ခေါင်းဆောင်များကို) အမှန်စင်စစ် အသင်တို့သည် အင်အားအရှိန်အဝါဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်လေ့ရှိခဲ့ကြသည်။

قَالُوا بَل لَّمْ تَكُونُوا مُؤْمِنِينَ ﴿٢٩﴾

(၂၉) ၎င်း(ခေါင်းဆောင်)တို့က ပြောကြမည်။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် အသင်တို့ကိုယ်တိုင် မုအ်မင်န်ယုံကြည်သူများ မဖြစ်ခဲ့ကြပေ။

وَمَا كَانَ لَنَا عَلَيْكُم مِّن سُلْطَانٍ ۖ بَلْ كُنتُمْ قَوْمًا طَاغِينَ ﴿٣٠﴾

(၃၀) ထို့ပြင် ကျွန်ုပ်တို့အတွက် အသင်တို့အပေါ်တွင် မည်သည့်အာဏာလွှမ်းမိုးမှုမျှ မရှိခဲ့ပေ။ အမှန်စင်စစ် အသင်တို့ကိုယ်တိုင်ပင် ကျူးကျော်သောင်းကျန်းသည့်သူများဖြစ်ခဲ့ကြသည်။

فَحَقَّ عَلَيْنَا قَوْلُ رَبِّنَا ۖ إِنَّا لَذَائِقُونَ ﴿٣١﴾

(၃၁) သို့ဖြစ်ရာ ကျွန်ုပ်တို့သည် အမှန်စင်စစ် (ပြစ်ဒဏ်၏)အရသာကို မြည်းစမ်းမည့်သူများဖြစ်ကြသည်ဟု ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏မိန့်ကြားချက်သည် ကျွန်ုပ်တို့အပေါ်တွင် မှန်ကန်ကြောင်း ထင်ရှား

ခဲ့ပြီဖြစ်သည်။

فَاَغۡوَيۡنٰكُمۡ اِنَّا كُنَّا غٰوِيۡنَ ﴿٣٢﴾

(၃၂) သို့ဖြစ်ရာ ကျွန်ုပ်တို့သည် အသင်တို့အား လမ်းလွဲစေခဲ့ကြသည်။ အမှန်စင်စစ် ကျွန်ုပ်တို့ကိုယ်တိုင်လည်း လမ်းလွဲသူများပင် ဖြစ်ခဲ့ကြသည်။

فَاِنَّهُمۡ يَوۡمَئِذٍ فِى الۡعَذَابِ مُشۡتَرِكُوۡنَ ﴿٣٣﴾

(၃၃) သို့ဖြစ်ရာ အမှန်စင်စစ် သူတို့အားလုံးသည် ထိုနေ့၏ပြစ်ဒဏ်တွင် အတူတကွ ပါဝင်(ခံစား)သူများဖြစ်ကြမည်။

اِنَّا كَذٰلِكَ نَفۡعَلُ بِالۡمُجۡرِمِيۡنَ ﴿٣٤﴾

(၃၄) အမှန်စင်စစ် ငါအရှင်မြတ်သည် အပြစ်ရှိသူများကို ထိုသို့ပင် ပြုလုပ်တော်မူသည်။

اِنَّهُمۡ كَانُوۡۤا اِذَا قِيۡلَ لَهُمۡ لَاۤ اِلٰهَ اِلَّا اللّٰهُ ۙ يَسۡتَكۡبِرُوۡنَ ﴿٣٥﴾

(၃၅) အမှန်စင်စစ် "အလ္လာဟ်အရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့် အရှင်မရှိပေ"ဟု သူတို့ ပြောဆိုခံခဲ့ကြရသည့်အခါ သူတို့သည် မာနထောင်နေခဲ့ကြသည်။

وَيَقُوۡلُوۡنَ اَئِنَّا لَتَارِكُوۡۤا اٰلِهَتِنَا لِشَاعِرٍ مَّجۡنُوۡنٍ ﴿٣٦﴾

(၃၆) ထို့ပြင်သူတို့ကကျွန်ုပ်တို့သည်ရူးသွပ်သူကဗျာဆရာတစ်ယောက်၏အပြောနှင့် ကျွန်ုပ်တို့၏ကိုးကွယ်ရာများကို အမှန် စွန့်လွှတ်ကြရမည်လောဟု ပြောဆိုလေ့ရှိခဲ့ကြသည်။

بَلۡ جَآءَ بِالۡحَقِّ وَصَدَّقَ الۡمُرۡسَلِيۡنَ ﴿٣٧﴾

(၃၇) အမှန်စင်စစ် ၎င်း(တမန်တော်)သည် အမှန်တရားကို ယူဆောင်ခဲ့သည့်အပြင် (အခြား)တမန်တော်များအားလည်း (မှန်ကန်သည်ဟု)ယုံကြည်ထောက်ခံခဲ့သည်။

اِنَّكُمۡ لَذَآئِقُوا الۡعَذَابِ الۡاَلِيۡمِ ﴿٣٨﴾

(၃၈) အမှန်စင်စစ် အသင်တို့အားလုံးသည် နာကျင်စေသောပြစ်ဒဏ်ကို မြည်းစမ်းကြရမည့်သူများ ဖြစ်ကြသည်။

وَمَا تُجۡزَوۡنَ اِلَّا مَا كُنۡتُمۡ تَعۡمَلُوۡنَ ﴿٣٩﴾

(၃၉) ထို့ပြင် အသင်တို့သည် အသင်တို့ ပြုလုပ်ခဲ့ကြသောအရာများ၏ အစားပေးခြင်းကိုပင် ခံကြရမည်ဖြစ်သည်။

اِلَّا عِبَادَ اللّٰهِ الۡمُخۡلَصِيۡنَ ﴿٤٠﴾

(၄၀) သို့ရာတွင် ရွေးချယ်ခြင်းကို ခံခဲ့ကြရသော အလ္လာဟ်အရှင်မြတ်

၏ကျွန်များကမူ(မပါဝင်ပေ)၊

أُولَٰٓئِكَ لَهُمۡ رِزۡقٞ مَّعۡلُومٞ ﴿٤١﴾

(၄၁) ထိုသူများအတွက် သတ်မှတ်ထားသော အစားအစာရှိသည်။

فَوَٰكِهُ وَهُم مُّكۡرَمُونَ ﴿٤٢﴾

(၄၂) သူတို့သည် ဂုဏ်ပေးခံရသည့်သူများ ဖြစ်ကြလျက် (သူတို့ အတွက်)သစ်သီးဝလံများရှိမည်။

فِي جَنَّٰتِ ٱلنَّعِيمِ ﴿٤٣﴾

(၄၃) စည်းစိမ်နှင့် ပြည့်စုံသော ဥယျာဉ်များတွင်၊

عَلَىٰ سُرُرٖ مُّتَقَٰبِلِينَ ﴿٤٤﴾

(၄၄) မြင့်မားသောထိုင်ခုံများပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်လျက်ရှိ ကြမည်။

يُطَافُ عَلَيۡهِم بِكَأۡسٖ مِّن مَّعِينِۭ ﴿٤٥﴾

(၄၅) သူတို့ရှေ့၌ စီးတွေနေသည့်ချောင်းများမှ အရက်ဖြင့်ပြည့်လျှံနေ သော အရက်ခွက်❶ များသည် လှည့်ပတ်နေလိမ့်မည်။

❶ كَأۡسٌ ဆိုတာ အရက်ဖြည့်ထားတဲ့ခွက်ကိုခေါ်ပြီး قَدَحٌ ဆိုတာ ခွက်အလွတ်ကို ခေါ်တယ်။ မူးဝေ ထိုင်းမှိုင်းသတိလစ်စေခြင်း မရှိတဲ့ အရက်တွေဟာ အချိန်ပြည့်ရရှိနေမှာ ဖြစ်တယ်။

(သဖ်စီရ် လုဗားဗ်၊ ဖားဒွလ်မစီးရ် ဖီ အိလ်မိသ်သဖ်စီရ်)

بَيۡضَآءَ لَذَّةٖ لِّلشَّٰرِبِينَ ﴿٤٦﴾

(၄၆) အဖြူရောင်ဖြစ်ပြီး သောက်သည့်သူများအတွက် အရသာပြည့်စုံ သည့်(အရက်ဖြစ်မည်)။

لَا فِيهَا غَوۡلٞ وَلَا هُمۡ عَنۡهَا يُنزَفُونَ ﴿٤٧﴾

(၄၇) ထိုအရက်ထဲတွင် ဒုက္ခဖြစ်စေသည့်အရာမရှိပေ၊ ထို့ပြင် သူတို့ သည် မူးပြီးသတိလစ်သွားကြမည်လည်း မဟုတ်ပေ။

وَعِندَهُمۡ قَٰصِرَٰتُ ٱلطَّرۡفِ عِينٞ ﴿٤٨﴾

(၄၈) ထို့ပြင် သူတို့ထံတွင် မျက်လွှာချထားသော မျက်ဝန်းကျယ်ပြီးလှပ သော ကြင်ရာများလည်း ရှိကြမည်။

كَأَنَّهُنَّ بَيۡضٞ مَّكۡنُونٞ ﴿٤٩﴾

(၄၉) ထိုကြင်ရာများသည် လျှို့ဝှက်ဖုံးအုပ်ထားသော ဥများကဲ့သို့ ဖြစ် ကြလိမ့်မည်။

فَأَقۡبَلَ بَعۡضُهُمۡ عَلَىٰ بَعۡضٖ يَتَسَآءَلُونَ ﴿٥٠﴾

(၅၀) ထို့နောက် သူတို့သည် သူတို့အချင်းချင်း တစ်ဦးဘက်တစ်ဦး လှည့်ပြီး အပြန်အလှန်မေးမြန်းကြမည်။

قَالَ قَآئِلٌ مِّنۡهُمۡ اِنِّیۡ كَانَ لِیۡ قَرِیۡنٌ ﴿۵۱﴾

(၅၁) သူတို့ထဲမှ ပြောဆိုသူတစ်ဦးက ပြောဆိုမည်- အမှန်စင်စစ် ကျွန်ုပ်တွင် အဖော်တစ်ဦးရှိခဲ့ဖူးသည်။

یَّقُوۡلُ اَئِنَّكَ لَمِنَ الۡمُصَدِّقِیۡنَ ﴿۵۲﴾

(၅၂) သူက ကျွန်ုပ်ကို ပြောဆိုလေ့ရှိခဲ့သည်။ အမှန်စင်စစ် အသင်လည်း (သေပြီးနောက်ရှင်ပြန်ထခြင်းကို) ယုံကြည်(ထောက်ခံ)သူတစ်ဦးပင်လော။

ءَاِذَا مِتۡنَا وَكُنَّا تُرَابًا وَّعِظَامًا ءَاِنَّا لَمَدِیۡنُوۡنَ ﴿۵۳﴾

(၅၃) ကျွန်ုပ်တို့သည် သေဆုံးပြီး မြေကြီးဖြစ်သွားသည့်နောက် အရိုးများပင် ကျန်ရစ်သည့်အခါ အမှန်ပင် ကျွန်ုပ်တို့သည် အစားပေးခြင်းခံကြရမည့်သူများ ဖြစ်ကြရမည်လော။ قَالَ هَلۡ اَنۡتُمۡ مُّطَّلِعُوۡنَ ﴿۵۴﴾

(၅၄) (အနီးမှအဖော်၊ သို့မဟုတ် အရှင်မြတ်က)ပြောဆိုမည်- အသင်တို့သည် (ထိုအဖော်အား) လှမ်းကြည့်လိုကြသူများလော။

فَاطَّلَعَ فَرَاٰهُ فِیۡ سَوَآءِ الۡجَحِیۡمِ ﴿۵۵﴾

(၅၅) ထို့နောက် သူသည် လှမ်းကြည့်သည့်အခါ ထိုအဖော်ကို ငရဲဘုံ၏အလယ်တွင် တွေ့မည်။ قَالَ تَاللّٰهِ اِنۡ كِدۡتَّ لَتُرۡدِیۡنِ ﴿۵۶﴾

(၅၆) သူသည် ထိုအဖော်ကို ပြောမည်။ အလ္လာဟ်အရှင်မြတ်ကို တိုင်တည်ပြောသည်၊ အမှန်စင်စစ် အသင်သည် ကျွန်ုပ်ကို ဖျက်ဆီးလုနီးပါး ဖြစ်ခဲ့သည်။

وَلَوۡلَا نِعۡمَةُ رَبِّیۡ لَكُنۡتُ مِنَ الۡمُحۡضَرِیۡنَ ﴿۵۷﴾

(၅၇) ထို့ပြင် အကယ်၍ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ကျေးဇူးတော်သာမရှိခဲ့လျှင် အမှန်ပင် ကျွန်ုပ်လည်း ဖမ်းဆီးအရေးယူခံရသည့်သူများထဲတွင် အပါအဝင်ဖြစ်လိမ့်မည်။

اَفَمَا نَحۡنُ بِمَیِّتِیۡنَ ﴿۵۸﴾

(၅၈) ထို့နောက် (ယခုမူ)ကျွန်ုပ်တို့သည် မသေဆုံးတော့မည့်သူများပင်မဟုတ်လော။

اِلَّا مَوۡتَتَنَا الۡاُوۡلٰی وَمَا نَحۡنُ بِمُعَذَّبِیۡنَ ﴿۵۹﴾

(၅၉) ကျွန်ုပ်တို့သည် ပထမအကြိမ် သေဆုံးခဲ့ကြခြင်းမှလွဲ၍၊ ထို့ပြင် ကျွန်ုပ်တို့သည် ပြစ်ဒဏ်ပေးခြင်းလည်း မခံကြရတော့မည့်သူများပင် မဟုတ်လော။

اِنَّ هٰذَا لَهُوَ الۡفَوۡزُ الۡعَظِيۡمُ ﴿٦٠﴾

(၆၀) အမှန်စင်စစ် ဤသည် ကြီးကျယ်သောအောင်မြင်မှုပင် ဖြစ်သည်။

لِمِثۡلِ هٰذَا فَلۡيَعۡمَلِ الۡعٰمِلُوۡنَ ﴿٦١﴾

(၆၁) ဤသို့ (အောင်မြင်မှု)မျိုးအတွက် အလုပ်လုပ်သည့်သူများသည် လုပ်ရမည်ဖြစ်သည်။

اَذٰلِكَ خَيۡرٌ نُّزُلًا اَمۡ شَجَرَةُ الزَّقُّوۡمِ ﴿٦٢﴾

(၆၂) ၎င်း(ဖော်ပြခဲ့သောအရည်အချင်းဂုဏ်)သည် ဧည့်ခံပွဲအနေဖြင့် ပိုကောင်းသလော၊ သို့မဟုတ် ရှားစောင်းဆူးပင်က ပိုကောင်းသလော။

اِنَّا جَعَلۡنٰهَا فِتۡنَةً لِّلظّٰلِمِيۡنَ ﴿٦٣﴾

(၆၃) အမှန်စင်စစ် ငါအရှင်မြတ်သည် ထိုသစ်ပင်ကို မတရားကျူးလွန်ကြသည့်သူများအတွက် စမ်းသပ်ရန် ပြုလုပ်တော်မူခဲ့သည်။

اِنَّهَا شَجَرَةٌ تَخۡرُجُ فِىۡۤ اَصۡلِ الۡجَحِيۡمِ ﴿٦٤﴾

(၆၄) အမှန်စင်စစ် ထိုအရာသည် ငရဲဘုံ၏အောက်ခြေတွင် ပေါက်သော သစ်ပင်တစ်ပင် ဖြစ်သည်။

طَلۡعُهَا كَاَنَّهٗ رُءُوۡسُ الشَّيٰطِيۡنِ ﴿٦٥﴾

(၆၅) ထိုသစ်ပင်၏အသီးသည် ရှိုင်သွာန်များ၏ဦးခေါင်းများ(မြွေများ၏ ပါးပျဉ်းများ)ကဲ့သို့ပင် ဖြစ်သည်။

فَاِنَّهُمۡ لَاٰكِلُوۡنَ مِنۡهَا فَمٰلِـُٔوۡنَ مِنۡهَا الۡبُطُوۡنَ ﴿٦٦﴾

(၆၆) ထို့ပြင် အမှန်ပင် သူတို့သည် ထိုအပင်မှ အမှန်စားသုံးကြရမည်။ ထို့ပြင် သူတို့သည် ထိုသစ်ပင်ဖြင့် ဗိုက်များကို ဖြည့်ကြမည်။❶

❶ ငရဲဘုံထဲကျတဲ့သူတွေဟာ ဒုက္ခပေါ်မှာ ဒုက္ခအမျိုးမျိုးခံကြရမှာဖြစ်တယ်။ သူတို့စားဖို့အတွက် ဗိုက်ဆာတဲ့အခါ ဇက်ကူမ်ဆိုတဲ့ ဆူးတွေနဲ့ ပြွတ်သိပ်နေတဲ့ ရှားစောင်းပင်ကို စားကြရမှာဖြစ်တယ်။ အသီးဟာ မြွေပါးပျဉ်းနဲ့တူပြီး အလွန်ခါးတယ်။ တခြားလည်း ဘာမှ စားစရာမရှိတဲ့အဆုံး အဲဒါကို စားပြီး မရှုမလှခံစားရမှာဖြစ်တယ်။ စားပြီးတော့ ရေအလွန်ဆာမယ်။ အဲဒီအခါ ပွက်ပွက်ဆူနေတဲ့ ရေနွေးကို တိုက်ခြင်းခံကြရမယ်။ ငရဲမီးထဲမှာ ဘယ်လိုလုပ်ပြီး သစ်ပင်ပေါက်မလဲလို့ တချို့ကာဖိရ်တွေက စောဒကတက်ကြတယ်။ (စောဒကရဲ့အဖြေကတော့)အရှင်မြတ်က လောကမှာတောင် မီးထွက်တဲ့သစ်ပင်ကို ဖန်ဆင်းထားတော်မူတဲ့အကြောင်း စူရဟ်ယာစီန်ထဲမှာ ပါရှိခဲ့ပြီးဖြစ်တယ်။ သစ်ပင်အစိမ်းက မီးထွက်စေခဲ့တဲ့အရှင်ဟာ မီးကနေ သစ်ပင်အစိမ်း ထုတ်မပေးနိုင်စရာ ဘာအကြောင်းရှိမလဲ။ အရှင်မြတ်အတွက်ဟာ “ဖြစ်စေ” လို့ မိန့်လိုက်ရုံနဲ့ ဖြစ်လာတာပဲ မဟုတ်လား။

(အလင်းပြကျမ်း)

ثُمَّ اِنَّ لَهُمۡ عَلَيۡهَا لَشَوۡبًا مِّنۡ حَمِيۡمٍ ۚ﴿٦٧﴾

(၆၇) ထို့နောက် သူတို့အတွက် ထို(ရှားစောင်းဆူးပင် စားပြီးနောက် ရေတောင်းသည့်)အပေါ်တွင် ပွက်ပွက်ဆူနေသည့်ရေနွေးကိုလည်း အမှန်စင်စစ် တိုက်ခြင်းခံကြရမည်။

ثُمَّ اِنَّ مَرۡجِعَهُمۡ لَاِ۟لَى الۡجَحِيۡمِ ﴿٦٨﴾

(၆၈) ထို့ပြင် အမှန်စင်စစ် သူတို့၏ပြန်လည်ရာဌာနသည် ငရဲဘုံပင် ဖြစ်မည်။

اِنَّهُمۡ اَلۡفَوۡا اٰبَآءَهُمۡ ضَآلِّيۡنَ ۙ﴿٦٩﴾

(၆၉) အမှန်စင်စစ် သူတို့သည် သူတို့၏အဘ၊ ဘိုး၊ ဘေးများကို လမ်းမှား သူများအဖြစ် တွေ့ခဲ့ကြသည်။

فَهُمۡ عَلٰٓى اٰثٰرِهِمۡ يُهۡرَعُوۡنَ ﴿٧٠﴾

(၇၀) ထို့နောက် သူတို့သည် သူတို့(၏အဘများ)၏ခြေရာများအတိုင်း ပြေးလွှားလျက် လိုက်ခဲ့ကြသည်။

وَلَقَدۡ ضَلَّ قَبۡلَهُمۡ اَكۡثَرُ الۡاَوَّلِيۡنَ ۙ﴿٧١﴾

(၇၁) ထို့ပြင် အမှန်စင်စစ် သူတို့မတိုင်မီကလည်း ယခင်လူအမျိုးကို အများသည် လမ်းမှားခဲ့ကြသည်။

وَلَقَدۡ اَرۡسَلۡنَا فِيۡهِمۡ مُّنۡذِرِيۡنَ ﴿٧٢﴾

(၇၂) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့ထဲတွင် သတိပေး နှိုးဆော်သူများကို စေလွှတ်တော်မူခဲ့သည်။

فَانۡظُرۡ كَيۡفَ كَانَ عَاقِبَةُ الۡمُنۡذَرِيۡنَ ۙ﴿٧٣﴾

(၇၃) ထို့နောက် အသင်(တမန်တော်)သည် သတိပေးနှိုးဆော်ခြင်းခံခဲ့ ကြရသည့်သူများ၏ နောက်ဆုံးအကျိုးဆက်သည် မည်သို့ဖြစ်ခဲ့သနည်းဆိုသည် ကို ကြည့်လိုက်ပါ။

اِلَّا عِبَادَ اللّٰهِ الۡمُخۡلَصِيۡنَ ࣖ﴿٧٤﴾

(၇၄) သို့ရာတွင် ရွေးချယ်ခြင်းခံခဲ့ကြရသော အလ္လာဟ်အရှင်မြတ်၏ ကျွန်များကမူ (လွတ်မြောက်ခဲ့ကြသည်)။

وَلَقَدۡ نَادٰٮنَا نُوۡحٌ فَلَنِعۡمَ الۡمُجِيۡبُوۡنَ ۖ﴿٧٥﴾

(၇၅) ထို့ပြင် အမှန်စင်စစ် (တမန်တော်)နူးဟ်သည် ငါအရှင်မြတ်အား ဟစ်ခေါ်ခဲ့သည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် အမှန်ပင် အဘယ်မျှကောင်းမွန်

စွာလက်ခံအဖြေပေးတော်မူသောအရှင်ဖြစ်တော်မူလိုက်သနည်း။

وَنَجَّيۡنٰهُ وَاَهۡلَهٗ مِنَ الۡكَرۡبِ الۡعَظِيۡمِ ﴿٧٦﴾

(၇၆) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းနှင့် ၎င်း၏အိမ်သားများကို ကြီးကျယ်သောပူပင်သောကမှ လွတ်မြောက်စေတော်မူခဲ့သည်။

وَجَعَلۡنَا ذُرِّيَّتَهٗ هُمُ الۡبٰقِيۡنَ ﴿٧٧﴾

(၇၇) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း၏အဆက်အနွယ်ကိုပင် ကျန်ရစ်စေတော်မူခဲ့သည်။

وَتَرَكۡنَا عَلَيۡهِ فِى الۡاٰخِرِيۡنَ ﴿٧٨﴾

(၇၈) ထို့ပြင် ငါအရှင်မြတ်သည် နောင်လာနောက်သားများထဲတွင် ၎င်းအား(အမှတ်တရ အကြောင်းအရာအဖြစ်)ချန်ထားခဲ့သည်။

سَلٰمٌ عَلٰى نُوۡحٍ فِى الۡعٰلَمِيۡنَ ﴿٧٩﴾

(၇၉) စကြဝဠာအားလုံးတွင်(တမန်တော်)နူးဟ်အပေါ် စလာမ်ငြိမ်းချမ်းသာယာမှုကျရောက်ပါစေ။

اِنَّا كَذٰلِكَ نَجۡزِى الۡمُحۡسِنِيۡنَ ﴿٨٠﴾

(၈၀) အမှန်စင်စစ် ငါအရှင်မြတ်သည် ကောင်းမြတ်သည့်သူများကို ထိုသို့ပင် အစားပေးတော်မူသည်။

اِنَّهٗ مِنۡ عِبَادِنَا الۡمُؤۡمِنِيۡنَ ﴿٨١﴾

(၈၁) အမှန်စင်စစ် (တမန်တော်)နူးဟ်သည် ငါအရှင်မြတ်၏မုအ်မင်န်ကျွန်များထဲတွင် အပါအဝင်ဖြစ်သည်။

ثُمَّ اَغۡرَقۡنَا الۡاٰخَرِيۡنَ ﴿٨٢﴾

(၈၂) ထို့နောက် ငါအရှင်မြတ်သည် အခြားသူများကို နစ်မြုပ်စေတော်မူခဲ့သည်။

وَاِنَّ مِنۡ شِيۡعَتِهٖ لَاِبۡرٰهِيۡمَ ﴿٨٣﴾

(၈၃) ထို့ပြင် အမှန်မှာ ၎င်း(တမန်တော်နူးဟ်)၏လမ်းစဉ်လိုက်သည့် အုပ်စုများထဲတွင် (တမန်တော်)အိဗ်ရာဟီမ်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။

اِذۡ جَآءَ رَبَّهٗ بِقَلۡبٍ سَلِيۡمٍ ﴿٨٤﴾

(၈၄) တစ်ခါတွင် ၎င်း(တမန်တော်အိဗ်ရာဟီမ်)သည် (သံသယရောဂါ) ကင်းစင်သော စိတ်နှလုံးနှင့်တကွ ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ဘက်သို့ လှည့်ခဲ့သည်။

اِذۡ قَالَ لِاَبِيۡهِ وَقَوۡمِهٖ مَاذَا تَعۡبُدُوۡنَ ۚ﴿۸۵﴾

(၈၅) တစ်ခါတွင် ၎င်းသည် ၎င်း၏ဖခင်နှင့် ၎င်း၏အမျိုးသားများအား ပြောဆိုခဲ့သည်။ အသင်တို့သည် မည်သည့်အရာကို ကိုးကွယ်ကြသနည်း။

اَئِفۡكًا اٰلِهَةً دُوۡنَ اللّٰهِ تُرِيۡدُوۡنَ ؕ﴿۸۶﴾

(၈၆) အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား စွန့်၍ လုပ်ကြံထားသော ကိုးကွယ်ရာများအား (ကိုးကွယ်ရန်)လိုလားကြသလော။

فَمَا ظَنُّكُمۡ بِرَبِّ الۡعٰلَمِيۡنَ ﴿۸۷﴾

(၈၇) သို့ဖြစ်လျှင် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့်ပတ်သက်၍ အသင်တို့သည် မည်သို့ယူဆကြသနည်း။

فَنَظَرَ نَظۡرَةً فِى النُّجُوۡمِ ۙ﴿۸۸﴾

(၈၈) ထို့ပြင် ၎င်းသည် ကြယ်များအား တစ်ချက်ကြည့်လိုက်သည်။

فَقَالَ اِنِّىۡ سَقِيۡمٌ ﴿۸۹﴾

(၈၉) ထို့ပြင် "အမှန်စင်စစ် ငါသည် နေမကောင်းပေ"ဟု ပြောဆိုခဲ့သည်။

فَتَوَلَّوۡا عَنۡهُ مُدۡبِرِيۡنَ ﴿۹۰﴾

(၉၀) ထို့နောက် သူတို့သည် ၎င်း၏ထံမှ ကျောခိုင်းလှည့်ထွက်သွားခဲ့ကြသည်။

فَرَاغَ اِلٰٓى اٰلِهَتِهِمۡ فَقَالَ اَلَا تَاۡكُلُوۡنَ ۚ﴿۹۱﴾

(၉၁) ထို့နောက် ၎င်းသည် သူတို့၏ကိုးကွယ်ရာများထံသို့ ဝင်ရောက်ခဲ့ပြီး ပြောဆိုခဲ့သည်။ "အသင်တို့သည် အဘယ်ကြောင့် မစားကြသနည်း။"

مَا لَـكُمۡ لَا تَنۡطِقُوۡنَ ﴿۹۲﴾

(၉၂) "အသင်တို့သည် အဘယ်ကြောင့် စကားမပြောကြသနည်း။"

فَرَاغَ عَلَيۡهِمۡ ضَرۡبًاۢ بِالۡيَمِيۡنِ ﴿۹۳﴾

(၉၃) ထို့နောက် ၎င်းသည် ထိုရုပ်တုများအပေါ်တွင် တစ်ဟုန်တိုးသွားပြီး လက်ယာလက်(အင်အား)ဖြင့် ရိုက်(ချိုးပစ်)တော့သည်။

فَاَقۡبَلُوۡۤا اِلَيۡهِ يَزِفُّوۡنَ ﴿۹۴﴾

(၉၄) ထို့နောက် ၎င်း၏အမျိုးသားများသည် ၎င်း၏ထံသို့ အပြေးအလွှားလာခဲ့ကြသည်။

قَالَ اَتَعۡبُدُوۡنَ مَا تَنۡحِتُوۡنَ ۙ﴿۹۵﴾

(၉၅) ၎င်း(အိဗ်ရာဟီမ်)ကပြောသည်- "အသင်တို့သည် အသင်တို့

ကိုယ်တိုင် ထုလုပ်ထားကြသည့်အရာများကို ကိုးကွယ်ကြသလော။”

وَاللّٰهُ خَلَقَكُمْ وَمَا تَعْمَلُوْنَ ﴿٩٦﴾

(၉၆) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည်ပင် အသင်တို့နှင့် အသင်တို့ပြုလုပ်သောအရာများအား ဖန်ဆင်းတော်မူခဲ့သည်။

قَالُوا ابْنُوْا لَهٗ بُنْيَانًا فَاَلْقُوْهُ فِى الْجَحِيْمِ ﴿٩٧﴾

(၉၇) သူတို့က ပြောဆိုကြသည်- “အသင်တို့သည် ၎င်းအတွက် အဆောက်အအုံတစ်ခုဆောက်၍ ၎င်းအား မီးထဲပစ်ချကြပါ”။

فَاَرَادُوْا بِهٖ كَيْدًا فَجَعَلْنٰهُمُ الْاَسْفَلِيْنَ ﴿٩٨﴾

(၉၈) ထို့နောက် သူတို့သည် ၎င်းနှင့်ပတ်သက်၍ မကောင်းအကြံအစည်ကို ကြံရွယ်ခဲ့ကြသော်လည်း ငါအရှင်မြတ်သည် သူတို့အား (ရှုံး)နိမ့်စေတော်မူခဲ့သည်။

وَقَالَ اِنِّىْ ذَاهِبٌ اِلٰى رَبِّىْ سَيَهْدِيْنِ ﴿٩٩﴾

(၉၉) ထို့နောက် ၎င်းက ပြောခဲ့သည်-“အမှန်စင်စစ် ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်သို့ သွားတော့မည်။ အရှင်မြတ်သည် ငါ့ကို မကြာမီ လမ်းပြတော်မူလိမ့်မည်။”❶

❶ တမန်တော်အိဗ်ရာဟီမ် عليه السلام ဟာ အစ္စလာမ်အတွက် မီးပုံထဲပစ်ထည့်ခြင်းခံခဲ့ရတယ်။ ဒါပေမဲ့ အရှင်မြတ်က မီးကို မလောင်အောင် အမိန့်ပေးပြီး ၎င်းကို လွတ်မြောက်စေတော်မူခဲ့တယ်။ အဲဒီနောက် ၎င်းကို ဖခင်ကရော အမျိုးသားတွေကပါ အကျပ်ကိုင်လာတဲ့အတွက် သူတို့ထံကနေ မျှော်လင့်ချက်ကင်းကာ တိုင်းပြည်ကို စွန့်ခွာတော့မယ်ဆိုပြီး ထွက်ခဲ့တယ်။ အရှင်မြတ်က ၎င်းကို ဆီးရီးယားမှာနေဖို့ လမ်းညွှန်တော်မူခဲ့တယ်။ အဲဒီအချိန်မှာ ၎င်းဟာ အစ္စလာမ်သာသနာကို အမွေပေးခဲ့ဖို့အတွက် ကျောထောက်နောက်ခံ သားသမီးလိုအပ်လာပြီဆိုတာ ရိပ်စားမိပြီး အရှင်မြတ်ထံတော်မှာ သားဆုတောင်းခဲ့တာ ဖြစ်တယ်။ အရှင်မြတ်က အလွန်သည်းခံမျိုးသိပ်တဲ့ သားတော် အစ္စမာအီလ် عليه السلام ကို ပေးတော်မူခဲ့တယ်။ အဲဒီသားတော် ကြီးလာတဲ့အခါ ကုရ်ဗာနီပြုလုပ်ဖို့ အမိန့်ကျလာတဲ့အပေါ်မှာ ကုရ်ဗာနီပြုလုပ်ခဲ့တယ်။ အရှင်မြတ်က သားတော်ရဲ့ အစား သားကောင်နဲ့ လဲလှယ်ပေးပြီး ကုရ်ဗာနီလက်ခံတော်မူခဲ့တယ်။ အဲဒီအတွက် သားတော်ရဲ့အထိမ်းအမှတ်အဖြစ် အစ္စလာမ်မှာ သားကောင်ကို ကုရ်ဗာနီပြုလုပ်ဖို့ အရှင်မြတ်က အမိန့်ချမှတ်ပေးတော်မူခဲ့တယ်။ (အလင်းပြကျမ်း)

رَبِّ هَبْ لِىْ مِنَ الصّٰلِحِيْنَ ﴿١٠٠﴾

(၁၀၀) အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်အား ကောင်းမြတ်သည့်သူများထဲမှ (သားတစ်ယောက်)ပေးသနားတော်မူပါ။

فَبَشَّرْنٰهُ بِغُلٰمٍ حَلِيْمٍ ﴿١٠١﴾

(၁၀၁) သို့ဖြစ်ရာ ငါအရှင်မြတ်က ၎င်းအား အလွန်သည်းခံမျိုးသိပ်သော သားတော်တစ်ပါးဖြင့် ဝမ်းမြောက်ဖွယ်သတင်းပေးတော်မူခဲ့သည်။

فَلَمَّا بَلَغَ مَعَهُ السَّعْيَ قَالَ يٰبُنَيَّ اِنِّيْٓ اَرٰى فِي الْمَنَامِ اَنِّيْٓ اَذْبَحُكَ فَانْظُرْ مَاذَا تَرٰى ۭ قَالَ يٰٓاَبَتِ افْعَلْ مَا تُؤْمَرُ ۡ سَتَجِدُنِيْٓ اِنْ شَاۗءَ اللّٰهُ مِنَ الصّٰبِرِيْنَ ﴿١٠٢﴾

(၁၀၂) ထို့နောက် ထိုသားတော်သည် ၎င်းနှင့်အတူ ပြေးလွှားနိုင်သည့် အရွယ်ရောက်သည့်အခါ ၎င်းက ပြောဆိုသည်-"အို- ချစ်သား၊ ငါသည် အမှန်စင်စစ် အသင့်အား လှီးဖြတ်နေသည်ဟု အိပ်မက်တွင် အမှန်စင်စစ် မြင်မက်သည်။ သို့ဖြစ်ရာ အသင်သည် မည်သို့ ထင်မြင်ယူဆသနည်းဆိုသည်ကို စဉ်းစားပါ။" သားတော်ကပြောသည်-"အို-ကျွန်ုပ်၏ဖခင်၊ ဖခင်သည် ပေးတော်မူခြင်းခံရသောအမိန့်ကိုပင် လိုက်နာဆောင်ရွက်ပါ၊ အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူခဲ့ပါလျှင် ဖခင်သည် ကျွန်ုပ်ကို သည်းခံသူများထဲမှ တစ်ဦးအဖြစ် မကြာမီ တွေ့ရပါလိမ့်မည်။"

فَلَمَّآ اَسْلَمَا وَتَلَّهٗ لِلْجَبِيْنِ ﴿١٠٣﴾ۚ

(၁၀၃) ထို့နောက် ၎င်းတို့နှစ်ဦးစလုံးသည် အမိန့်တော်ကို လိုက်နာ၍ ၎င်းက (လှီးဖြတ်ရန်) သားတော်ကို မှောက်လှဲချခဲ့သည့်အခါ။

وَنَادَيْنٰهُ اَنْ يّٰٓاِبْرٰهِيْمُ ﴿١٠٤﴾ۙ

(၁၀၄) ငါအရှင်မြတ်သည် ၎င်းအား အသံပြုတော်မူခဲ့သည်- အို- အိဗ်ရာဟီမ်၊

قَدْ صَدَّقْتَ الرُّءْيَا ۚ اِنَّا كَذٰلِكَ نَجْزِي الْمُحْسِنِيْنَ ﴿١٠٥﴾

(၁၀၅) အမှန်စင်စစ် အသင်သည် အိပ်မက်ကို အမှန်ဆောင်ရွက်ခဲ့လိုက်ပြီဖြစ်သည်။ အမှန်စင်စစ် ငါအရှင်မြတ်သည် ကောင်းမြတ်သည့်သူများအား ဤသို့ပင် အစားပေးလေ့ရှိတော်မူသည်။

اِنَّ هٰذَا لَهُوَ الْبَلٰۗؤُا الْمُبِيْنُ ﴿١٠٦﴾

(၁၀၆) အမှန်စင်စစ် ဤသည် ထင်ရှားသော စမ်းသပ်မှုတစ်ခု အမှန်ပင်ဖြစ်သည်။

وَفَدَيْنٰهُ بِذِبْحٍ عَظِيْمٍ ﴿١٠٧﴾

(၁၀၇) ထို့ပြင် ငါအရှင်မြတ်သည် ကြီးမားမြင့်မြတ်သော သတ်ဖြတ်ရမည့် သားကောင်တစ်ကောင်ဖြင့် (အစားထိုးပြီး) ထိုသားတော်ကို ရွေးယူတော်မူခဲ့သည်။

وَتَرَكْنَا عَلَيْهِ فِي الْاٰخِرِيْنَ ﴿١٠٨﴾ۖ

(၁၀၈) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း၏အပေါ် နောင်လာနောက်သား များထဲတွင် (သတိရခြင်းကို)ချန်ထားခဲ့သည်။

سَلٰمٌ عَلٰٓى اِبْرٰهِيْمَ ﴿١٠٩﴾

(၁၀၉) (တမန်တော်)အိဗ်ရာဟီမ်၏အပေါ်တွင် စလာမ်ငြိမ်းချမ်းသာ ယာမှု ကျရောက်ပါစေ။

كَذٰلِكَ نَجْزِى الْمُحْسِنِيْنَ ﴿١١٠﴾

(၁၁၀) ငါအရှင်မြတ်သည် ကောင်းမြတ်သည့်သူများကို ထိုသို့ပင် အစားပေးလေ့ရှိတော်မူသည်။

اِنَّهٗ مِنْ عِبَادِنَا الْمُؤْمِنِيْنَ ﴿١١١﴾

(၁၁၁) အမှန်စင်စစ် ၎င်းသည် ငါအရှင်မြတ်၏မုအ်မင်န်ကျွန်များထဲမှ ဖြစ်သည်။

وَبَشَّرْنٰهُ بِاِسْحٰقَ نَبِيًّا مِّنَ الصّٰلِحِيْنَ ﴿١١٢﴾

(၁၁၂) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအား ကောင်းမြတ်သည့်သူများ ထဲမှ တမန်တော်တစ်ဦးဖြစ်သော အစ္စဟာက်နှင့် ဝမ်းမြောက်ဖွယ်သတင်းပေး တော်မူခဲ့သည်။

وَبٰرَكْنَا عَلَيْهِ وَعَلٰٓى اِسْحٰقَ ۗ وَمِنْ ذُرِّيَّتِهِمَا مُحْسِنٌ وَّظَالِمٌ لِّنَفْسِهٖ مُبِيْنٌ ﴿١١٣﴾

(၁၁၃) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(တမန်တော်အိဗ်ရာဟီမ်)နှင့် (တမန်တော်)အစ္စဟာက်အပေါ်တွင် ကောင်းချီးမင်္ဂလာကို ချပေးတော်မူခဲ့သည်။ ထို့ပြင် ၎င်းတို့နှစ်ဦး၏သားမြေးများထဲတွင် ကောင်းမြတ်သောသူနှင့် မိမိကိုယ် မိမိ အထင်အရှားနှိပ်စက်သည့်သူလည်း ရှိသည်။

وَلَقَدْ مَنَنَّا عَلٰى مُوْسٰى وَهٰرُوْنَ ﴿١١٤﴾

(၁၁၄) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)မူစာ နှင့် (တမန်တော်)ဟာရူန်အပေါ်တွင် ကျေးဇူးပြုတော်မူခဲ့သည်။

وَنَجَّيْنٰهُمَا وَقَوْمَهُمَا مِنَ الْكَرْبِ الْعَظِيْمِ ﴿١١٥﴾

(၁၁၅) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့နှစ်ဦးနှင့် ၎င်းတို့နှစ်ဦး၏ အမျိုးသားများကို ကြီးမားသော ပူပင်သောကမှ ကယ်တင်တော်မူခဲ့သည်။

وَنَصَرْنٰهُمْ فَكَانُوْا هُمُ الْغٰلِبِيْنَ ﴿١١٦﴾

(၁၁၆) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့အား ကူညီတော်မူခဲ့သည့် အတွက် ၎င်းတို့ပင် အောင်မြင်သူများ ဖြစ်ခဲ့ကြသည်။

وَاٰتَيْنٰهُمَا الْكِتٰبَ الْمُسْتَبِيْنَ ﴿١١٧﴾

(၁၁၇) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့နှစ်ဦးစလုံးကို ရှင်းလင်းပြတ်သားသော(သောင်ရာသ်)ကျမ်းတော်ကို ပေးသနားတော်မူခဲ့သည်။

وَهَدَيْنٰهُمَا الصِّرَاطَ الْمُسْتَقِيْمَ ﴿١١٨﴾

(၁၁၈) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့နှစ်ဦးစလုံးအား ဖြောင့်မတ်မှန်ကန်သောတရားလမ်းကို ညွှန်ကြားပြသတော်မူခဲ့သည်။

وَتَرَكْنَا عَلَيْهِمَا فِى الْاٰخِرِيْنَ ﴿١١٩﴾

(၁၁၉) ထို့ပြင် ငါအရှင်မြတ်သည် နောင်လာနောက်သားများထဲတွင် ၎င်းတို့နှစ်ဦးစလုံးအပေါ်တွင် (သတိရခြင်းကို)ချန်ထားတော်မူခဲ့သည်။

سَلٰمٌ عَلٰى مُوْسٰى وَهٰرُوْنَ ﴿١٢٠﴾

(၁၂၀) စလာမ်ငြိမ်းချမ်းသာယာမှုသည် (တမန်တော်)မူစာနှင့် (တမန်တော်)ဟာရူန်အပေါ်တွင် ကျရောက်ပါစေ။

اِنَّا كَذٰلِكَ نَجْزِى الْمُحْسِنِيْنَ ﴿١٢١﴾

(၁၂၁) အမှန်စင်စစ် ငါအရှင်မြတ်သည် ထိုသို့ပင် ကောင်းမြတ်သည့်သူများကို အစားပေးလေ့ရှိတော်မူသည်။

اِنَّهُمَا مِنْ عِبَادِنَا الْمُؤْمِنِيْنَ ﴿١٢٢﴾

(၁၂၂) အမှန်စင်စစ် ထိုနှစ်ဦးစလုံးသည် ငါအရှင်မြတ်၏မုအ်မင်န်ကျွန်များထဲမှ ဖြစ်ကြသည်။

وَاِنَّ اِلْيَاسَ لَمِنَ الْمُرْسَلِيْنَ ﴿١٢٣﴾

(၁၂၃) ထို့ပြင် အမှန်စင်စစ် အိလ်ယာစ်သည် တမန်တော်များထဲမှ ဖြစ်သည်။

اِذْ قَالَ لِقَوْمِهٖٓ اَلَا تَتَّقُوْنَ ﴿١٢٤﴾

(၁၂၄) တစ်ခါတွင် ၎င်းသည် ၎င်း၏အမျိုးသားများကို ပြောကြားခဲ့သည်- အသင်တို့သည် (အလ္လာဟ်အရှင်မြတ်ကို) မကြောက်ကြသလော။

اَتَدْعُوْنَ بَعْلًا وَّتَذَرُوْنَ اَحْسَنَ الْخَالِقِيْنَ ﴿١٢٥﴾

(၁၂၅) အသင်တို့သည် အကောင်းဆုံးဖန်ဆင်းတော်မူသောအရှင်မြတ်အား စွန့်ထားပြီး ဗအ်လ်(ရုပ်တု)ကို ဟစ်ခေါ်(ကိုးကွယ်)ကြသလော။

اللّٰهَ رَبَّكُمْ وَرَبَّ اٰبَآئِكُمُ الْاَوَّلِيْنَ ﴿١٢٦﴾

(၁၂၆) အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ထို့ပြင် အသင်တို့၏အဘ၊ ဘိုး၊ ဘေးများအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်

တော်မူသော အလ္လာဟ်အရှင်မြတ်အား (စွန့်ထားကြသလော)။

فَكَذَّبُوْهُ فَاِنَّهُمْ لَمُحْضَرُوْنَ ﴿١٢٧﴾

(၁၂၇) ထို့နောက် သူတို့သည် ၎င်းကို လိမ်လည်သူဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည့်အတွက် အမှန်စင်စစ် သူတို့သည် (ငါအရှင်မြတ်၏)ရှေ့၌ အသင့်ရောက်ရှိခြင်းခံကြရမည့်သူများ အမှန်ပင် ဖြစ်သည်။

اِلَّا عِبَادَ اللّٰهِ الْمُخْلَصِيْنَ ﴿١٢٨﴾

(၁၂၈) သို့ရာတွင် ရွေးချယ်ခြင်းခံခဲ့ကြရသော အလ္လာဟ်အရှင်မြတ်၏ ကျွန်များကမူ (လွတ်မြောက်စေခြင်းကို ခံကြရမည်ဖြစ်သည်)။

وَتَرَكْنَا عَلَيْهِ فِى الْاٰخِرِيْنَ ﴿١٢٩﴾

(၁၂၉) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း၏အပေါ် နောင်လာနောက်သားများထဲတွင် (သတိရခြင်းကို) ချန်ထားတော်မူခဲ့သည်။

سَلٰمٌ عَلٰٓى اِلْ يَاسِيْنَ ﴿١٣٠﴾

(၁၃၀) စလာမ်ငြိမ်းချမ်းသာယာမှုသည် (တမန်တော်)အိလ်ယာစီန်၏အပေါ်တွင် ကျရောက်ပါစေ။❶

❶ တမန်တော် အိလ်ယာစ် عليه السلام နဲ့ အိလ်ယာစီန်ဟာ အတူတူပဲဖြစ်တယ်။ ဖတ်ပုံဖတ်နည်းပဲ ကွာတာဖြစ်တယ်။ ဆီးရီးယားမှာရှိတဲ့ ဗအ်လဗက်မြို့ကို စေလွှတ်ခြင်းခံခဲ့ရတယ်။ အဲဒီမြို့သားတွေဟာ ဗအ်လ်ဆိုတဲ့ ရုပ်တုကို ကိုးကွယ်နေကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّا كَذٰلِكَ نَجْزِى الْمُحْسِنِيْنَ ﴿١٣١﴾

(၁၃၁) အမှန်စင်စစ် ငါအရှင်မြတ်သည် ကောင်းမြတ်သည့်သူများကို ထိုသို့ပင် အစားပေးလေ့ရှိတော်မူသည်။

اِنَّهٗ مِنْ عِبَادِنَا الْمُؤْمِنِيْنَ ﴿١٣٢﴾

(၁၃၂) အမှန်စင်စစ် ၎င်းသည် ငါအရှင်မြတ်၏မုအ်မင်န်ကျွန်များထဲမှ ဖြစ်သည်။

وَاِنَّ لُوْطًا لَّمِنَ الْمُرْسَلِيْنَ ﴿١٣٣﴾

(၁၃၃) ထို့ပြင် အမှန်စင်စစ် လူသွ်သည်လည်း တမန်တော်များထဲမှ ဖြစ်သည်။

اِذْ نَجَّيْنٰهُ وَاَهْلَهٗٓ اَجْمَعِيْنَ ﴿١٣٤﴾

(၁၃၄) တစ်ခါတွင် ငါအရှင်မြတ်သည် ၎င်း(တမန်တော်လူသွ်)နှင့် ၎င်း၏အိမ်သားအားလုံးတို့အား ကယ်တင်တော်မူခဲ့သည်။

اِلَّا عَجُوْزًا فِى الْغٰبِرِيْنَ ﴿١٣٥﴾

(၁၃၅) သို့ရာတွင် အမယ်အိုတစ်ဦးမှာ ကျန်ရစ်ခဲ့သူများထဲတွင် ပါဝင်ခဲ့သည်။

ثُمَّ دَمَّرۡنَا الۡاٰخَرِيۡنَ ﴿١٣٦﴾

(၁၃၆) ထို့နောက် ငါအရှင်မြတ်သည် အခြားသူများအား ဖျက်ဆီးတော်မူခဲ့သည်။

وَاِنَّكُمۡ لَتَمُرُّوۡنَ عَلَيۡهِمۡ مُّصۡبِحِيۡنَ ﴿١٣٧﴾

(၁၃၇) ထို့ပြင် အမှန်စင်စစ် အသင်တို့သည် နံနက်အချိန်အခါတွင် သူတို့၏(ပျက်စီးနေသည့်မြို့ရွာ)အနီးမှ အမှန်ပင် ဖြတ်သန်းသွားလာလျက်ရှိကြသည်။

وَبِالَّيۡلِ ؕ اَفَلَا تَعۡقِلُوۡنَ ﴿١٣٨﴾

(၁၃၈) ထို့ပြင် (အသင်တို့သည်) ညအခါတွင်လည်း (ဖြတ်သန်းသွားလာလျက်ပင် ရှိကြသည်)၊ ထို့နောက်လည်း မသိနားမလည်ကြသလော။

وَاِنَّ يُوۡنُسَ لَمِنَ الۡمُرۡسَلِيۡنَ ؕ ﴿١٣٩﴾

(၁၃၉) ထို့ပြင် အမှန်စင်စစ် ယူနွတ်စ်သည်လည်း တမန်တော်များထဲမှ တစ်ပါးဖြစ်ခဲ့သည်။

اِذۡ اَبَقَ اِلَى الۡفُلۡكِ الۡمَشۡحُوۡنِ ۙ ﴿١٤٠﴾

(၁၄၀) တစ်ခါတွင် ၎င်းသည် ကုန်အပြည့်တင်ထားသောသင်္ဘောအနီးသို့ (အရှင်မြတ်၏ညွှန်ကြားချက်အမိန့်မပါဘဲ ထွက်)ပြေးသွားခဲ့သည်။

فَسَاهَمَ فَكَانَ مِنَ الۡمُدۡحَضِيۡنَ ۚ ﴿١٤١﴾

(၁၄၁) ထို့နောက် ၎င်းသည် (သင်္ဘောပေါ်၌ရှိသူများအား) မဲနှိုက်ရာတွင် ပါဝင်နှိုက်ခိုင်းသည့်အခါ ၎င်းသည် အရေးရှုံးနိမ့်သူ ဖြစ်ခဲ့ရသည်။❶

❶ တမန်တော်ယူနွတ်စ် عليه السلام ဟာ ၎င်းရဲ့အမျိုးသားတွေကို ဆုံးမသြဝါဒပေးပြီး အီမာန်ယူခိုင်းတာကို နားမထောင်တဲ့အပေါ်ပြစ်ဒဏ်လာလိမ့်မယ်လို့ ခြိမ်းခြောက်ခဲ့ပေမဲ့ပြစ်ဒဏ်က ၎င်းပြောတဲ့အချိန်ရောက်မလာခဲ့ဘူး။ အဲဒီအပေါ်မှာ ၎င်းဟာ အဲဒီမြို့မှာ မနေတော့ဘဲ မိမိသဘောနဲ့မိမိ ပင်လယ်ဘက်ကို ထွက်ခွာလာခဲ့ပြီး သင်္ဘောတစ်စီးပေါ်တက်ခဲ့တယ်။ လမ်းခရီးမှာ မုန်တိုင်းကျတဲ့အခါ သင်္ဘောသားတွေက သင်္ဘောပေါ်မှာ သခင်ထံကတိမ်းရှောင်လာတဲ့ကျွန်တစ်ဦး ပါလာတယ်။ အဲဒီသူကို ပင်လယ်ထဲပစ်ချတော့မှ မုန်တိုင်းကလွတ်မယ်။ အဲဒီသူထွက်ခဲ့ပါဆိုတော့ ဘယ်သူမှမထွက်ခဲ့ကြဘူး။ အဲဒီအပေါ်မှာ မဲနှိုက်တဲ့အစီအစဉ် (စာရေးတံမဲချခြင်း)ပြုလုပ်ကြတဲ့အခါ တမန်တော်ယူနွတ်စ် عليه السلام ဟာ အရေးရှုံးနိမ့်သူအဖြစ် မဲပေါက်တဲ့အတွက် ၎င်းကို ပင်လယ်ထဲမှာ ပစ်ချလိုက်ကြတယ်။ ၎င်းဟာ မိမိကိုယ်မိမိအပြစ်တင်နေခဲ့တယ်။ တကယ်ပဲ ငါဟာ အရှင်မြတ်အမိန့်မရှိဘဲနဲ့ မြို့ရွာကနေ စွန့်ခွာတိမ်းရှောင်လာတဲ့အတွက် ဒါဟာ သခင်ထံက တိမ်းရှောင်လာတဲ့ကျွန်လိုပဲ ဖြစ်နေတာပါလားဆိုတာ သဘောပေါက်ပြီး ၎င်းမှာ အပြစ်ရှိကြောင်း ဝန်ခံခဲ့တယ်။ အဲဒီအချိန်မှာ ဝေလငါးကြီး

ဟာ အရှင်မြတ်ရဲ့အမိန့်နဲ့ ၎င်းကို မျိုချလိုက်တယ်။ အဲဒီငါးဗိုက်ထဲမှာ ၎င်းက အပြစ်ဝန်ခံပြီး အရှင်မြတ်စင်ကြယ်ကြောင်းရွတ်ဆိုတဲ့အတွက် ၎င်းကို သဲသောင်ပြင်ပေါ်မှာ ငါးကြီးက အရှင်မြတ်အမိန့်နဲ့ ပြန်အန်ထုတ်ပေးခဲ့တယ်။

(မအာရိဖွလ်ကုရ်အာန် - တွဲ - ၆၊ စာ - ၅၁၇၊၅၁၈ - မော်လာနာ အိဒ်ရီးစ်၊ အွဆ်မာနီ - စာ - ၄၃၈)

فَالْتَقَمَهُ الْحُوتُ وَهُوَ مُلِيمٌ ﴿١٤٢﴾

(၁၄၂) ထို့နောက် ၎င်းသည် မိမိကိုယ်မိမိ အပြစ်တင်လျက်ရှိနေစဉ်၌ပင် ငါးကြီးသည် ၎င်းအားမျိုချခဲ့သည်။

فَلَوْلَآ اَنَّهٗ كَانَ مِنَ الْمُسَبِّحِيْنَ ﴿١٤٣﴾

(၁၄၃) ထို့ပြင် အကယ်၍ ၎င်းသည် (ငါအရှင်မြတ်)စင်ကြယ်သန့်ရှင်းတော်မူကြောင်း ရွတ်ဆိုသူ အမှန်စင်စစ် မဖြစ်ခဲ့လျှင်။

لَلَبِثَ فِيْ بَطْنِهٖٓ اِلٰى يَوْمِ يُبْعَثُوْنَ ﴿١٤٤﴾

(၁၄၄) အမှန်ပင် ၎င်းသည် ကိယာမသ်ရှင်ပြန်ထမည့်နေ့ထိ ထိုငါး၏ ဝမ်းဗိုက်ထဲ၌ပင် နေခဲ့ရမည်ဖြစ်သည်။

فَنَبَذْنٰهُ بِالْعَرَآءِ وَهُوَ سَقِيْمٌ ﴿١٤٥﴾

(၁၄၅) ထို့နောက် ၎င်းသည် နွမ်းနယ်လျက်ရှိစဉ်၌ပင် ငါအရှင်မြတ်က ၎င်းအား လွင်တီးခေါင်ပြင်တွင် ချပေးတော်မူခဲ့သည်။

وَاَنْۢبَتْنَا عَلَيْهِ شَجَرَةً مِّنْ يَّقْطِيْنٍ ﴿١٤٦﴾

(၁၄၆) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း၏အပေါ်တွင် နွယ်ပင်တစ်ပင်ကို ပေါက်ရောက်စေတော်မူခဲ့သည်။

وَاَرْسَلْنٰهُ اِلٰى مِائَةِ اَلْفٍ اَوْ يَزِيْدُوْنَ ﴿١٤٧﴾

(၁၄၇) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအား (လူဦးရေ)တစ်သိန်း သို့မဟုတ် တစ်သိန်းကျော်ရှိသော အမျိုးသားများထံသို့ (တမန်တော်အဖြစ်) စေလွှတ်တော်မူခဲ့သည်။

فَاٰمَنُوْا فَمَتَّعْنٰهُمْ اِلٰى حِيْنٍ ﴿١٤٨﴾

(၁၄၈) ထို့နောက် ထိုအမျိုးသားများသည် အီမာန်ယုံကြည်ခဲ့ကြသည့်အတွက် ငါအရှင်မြတ်သည် သူတို့အား သတ်မှတ်ထားသောအချိန်ကာလအထိ အကျိုးခံစားခွင့်ပေးတော်မူခဲ့သည်။

فَاسْتَفْتِهِمْ اَلِرَبِّكَ الْبَنَاتُ وَلَهُمُ الْبَنُوْنَ ﴿١٤٩﴾

(၁၄၉) အသင်သည် သူတို့အား မေးမြန်းလိုက်ပါ၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်တွင် သမီးမိန်းကလေးများရှိ၍၊ သူတို့တွင်မူ သား

ယောက်ျားကလေးများရှိကြသလော။

أَمْ خَلَقْنَا الْمَلَٰٓئِكَةَ إِنَٰثًا وَهُمْ شَٰهِدُونَ ﴿١٥٠﴾

(၁၅၀) သို့မဟုတ် သူတို့ မျက်မြင်သက်သေများဖြစ်လျက်ရှိကြစဉ်၌ ပင်❶ ငါအရှင်မြတ်သည် ကောင်းကင်တမန်များကို မိန်းမများအဖြစ် ဖန်ဆင်းတော်မူခဲ့သလော။

❶ ကောင်းကင်တမန်တွေကို ဖန်ဆင်းတဲ့အချိန်မှာ လူသားကိုတောင် မဖန်ဆင်းရသေးဘဲနဲ့ ဘယ်လိုမျက်မြင်သက်သေတွေဖြစ်နိုင်ကြမလဲ။ သူတို့ဟာ လုပ်ကြံပြောဆိုကြတာပဲဖြစ်တယ်။ (သိုင်စီရွလ်ကရီမ်ရ်ရဟ်မာန်)

أَلَآ إِنَّهُم مِّنْ إِفْكِهِمْ لَيَقُولُونَ ﴿١٥١﴾

(၁၅၁) သတိပြုကြပါ၊ အမှန်စင်စစ် သူတို့သည် သူတို့၏လုပ်ကြံစွပ်စွဲမှုနှင့်သာ အမှန်ပင် ပြောဆိုနေကြခြင်းဖြစ်သည်။

وَلَدَ اللَّهُ وَإِنَّهُمْ لَكَٰذِبُونَ ﴿١٥٢﴾

(၁၅၂) "အလ္လာဟ်အရှင်မြတ်သည် (သားသမီး)မွေးဖွားတော်မူသည်" ဟု (ပြောဆိုကြသည်)။ ထို့ပြင် အမှန်စင်စစ် သူတို့သည် လိမ်လည် ပြောဆိုသူများအမှန်ပင် ဖြစ်ကြသည်။

أَصْطَفَى الْبَنَاتِ عَلَى الْبَنِينَ ﴿١٥٣﴾

(၁၅၃) အလ္လာဟ်အရှင်မြတ်သည် သမီးမိန်းကလေးများကို သားယောက်ျားကလေးများထက် ဦးစားပေးတော်မူခဲ့သလော။

مَا لَكُمْ كَيْفَ تَحْكُمُونَ ﴿١٥٤﴾

(၁၅၄) အသင်တို့မှာ မည်သို့အကြောင်းပြချက်ရှိသနည်း။ အသင်တို့သည် မည်သို့အဆုံးအဖြတ်ပေးကြသနည်း။

أَفَلَا تَذَكَّرُونَ ﴿١٥٥﴾

(၁၅၅) အသင်တို့သည် စဉ်းစားဆင်ခြင်မှု မရှိကြသလော။

أَمْ لَكُمْ سُلْطَٰنٌ مُّبِينٌ ﴿١٥٦﴾

(၁၅၆) သို့မဟုတ် အသင်တို့တွင် ထင်ရှားသော သက်သေအထောက်အထားတစ်စုံတစ်ခု ရှိသလော။

فَأْتُوا بِكِتَٰبِكُمْ إِن كُنتُمْ صَٰدِقِينَ ﴿١٥٧﴾

(၁၅၇) ထိုသို့ရှိခဲ့လျှင် အကယ်၍ အသင်တို့သည် မှန်ကန်စွာပြောဆိုသူများဖြစ်ကြလျှင် အသင်တို့၏ကျမ်းကို ယူပြကြပါ။

وَجَعَلُوا بَيْنَهُ وَبَيْنَ الْجِنَّةِ نَسَبًا وَلَقَدْ عَلِمَتِ الْجِنَّةُ إِنَّهُمْ لَمُحْضَرُونَ ﴿١٥٨﴾

(၁၅၈) ထို့ပြင် သူတို့သည် (သူတို့၏စိတ်ကူးဖြင့်) အရှင်မြတ်နှင့် ဂျင်န်များကြား၌ ဆွေမျိုးတော်စပ်မှုကို လုပ်ကြံဖန်တီးခဲ့ကြသည်။ အမှန်စင်စစ် ဂျင်န်များကိုယ်တိုင် သူတို့သည် (ပြစ်ဒဏ်ခံကြရဖို့) အမှန်ပင် အသင့်ရောက်ရှိစေခြင်းခံကြရမည့်သူများ ဖြစ်ကြသည်ကို သိပြီးဖြစ်သည်။

سُبْحٰنَ اللّٰهِ عَمَّا يَصِفُوْنَ ﴿١٥٩﴾

(၁၅၉) အလ္လာဟ်အရှင်မြတ်သည် သူတို့ လုပ်ကြံပြောဆိုသည်များမှ လုံး၀ ကင်းရှင်းစင်ကြယ်တော်မူသည်။

اِلَّا عِبَادَ اللّٰهِ الْمُخْلَصِيْنَ ﴿١٦٠﴾

(၁၆၀) သို့ရာတွင် ရွေးချယ်ပြီးဖြစ်သော အလ္လာဟ်အရှင်မြတ်၏ ကျွန်များကမူ (ပြစ်ဒဏ်မှ ကင်းလွတ်ကြလိမ့်မည်)။

فَاِنَّكُمْ وَمَا تَعْبُدُوْنَ ﴿١٦١﴾

(၁၆၁) သို့ဖြစ်ရာ အမှန်စင်စစ် အသင်တို့နှင့် အသင်တို့၏ကိုးကွယ်ရာများ၊

مَآ اَنْتُمْ عَلَيْهِ بِفٰتِنِيْنَ ﴿١٦٢﴾

(၁၆၂) အသင်တို့သည် အရှင်မြတ်ဘက်မှ(အသင်တို့ဘက်ရောက်သွားအောင်) သွေးဆောင်ဖြားယောင်းနိုင်ခြင်းမရှိပေ။❶

❶ ကောင်းကင်တမန်တွေနဲ့ ဂျင်န်တွေဟာ ကောင်းကျိုးဆိုးကျိုးပေးနိုင်တယ်လို့ ကာဖိရ်တွေက ယူဆခဲ့ကြတယ်။ တကယ်တော့ သူတို့မှာ ဘာအင်အားမှမရှိဘဲ သူတို့လည်း အခြားအဖန်ဆင်းခံတွေလို အဖန်ဆင်းခံတွေပဲ ဖြစ်ကြတယ်။ အဲဒါကြောင့် ငရဲဘုံကို ကျမဲ့သူကလွဲပြီး ဘယ်သူ့ကိုမှ သူတို့ဟာ ဆွဲဆောင်ဖြားယောင်းနိုင်ခြင်းမရှိဘူး။ လမ်းလွဲအောင်လည်း မလုပ်နိုင်ဘူး။ (အလင်းပြကျမ်း)

اِلَّا مَنْ هُوَ صَالِ الْجَحِيْمِ ﴿١٦٣﴾

(၁၆၃) ဂျဟန္နမ်ငရဲဘုံတွင် ကျမည့်သူမှလွဲ၍ အခြားမည်သူ့ကိုမျှ(မဆွဲဆောင်နိုင်ကြပေ)။

وَمَا مِنَّآ اِلَّا لَهٗ مَقَامٌ مَّعْلُوْمٌ ﴿١٦٤﴾

(၁၆၄) (ကောင်းကင်တမန်များက ပြောဆိုကြသည်)- ထို့ပြင် ကျွန်ုပ်တို့ထဲမှ လူတိုင်းအတွက် အဆင့်အတန်းတစ်ခုစီ သတ်မှတ်ပြီးဖြစ်သည်။

وَّاِنَّا لَنَحْنُ الصَّآفُّوْنَ ﴿١٦٥﴾

(၁၆၅) ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည် စီတန်းနေသူများဖြစ်ကြသည်။

وَاِنَّا لَنَحْنُ الْمُسَبِّحُوْنَ ﴿١٦٦﴾

(၁၆၆) ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည်(အရှင်မြတ်)စင်ကြယ်တော်

မှုကြောင်း ရွတ်ဆိုနေသူများပင် ဖြစ်ကြသည်။

وَإِنْ كَانُوا لَيَقُولُونَ ﴿١٦٧﴾

(၁၆၇) ထို့ပြင် အမှန်စင်စစ် ၎င်း(မုရှ်ရိက်)တို့သည် (ဤသို့)ပြောဆို နေခဲ့ကြသည်။

لَوْ أَنَّ عِندَنَا ذِكْرًا مِّنَ الْأَوَّلِينَ ﴿١٦٨﴾

(၁၆၈) အကယ်၍သာ ကျွန်ုပ်တို့ထံတွင် ယခင်လူများ၏ ဆုံးမသြဝါဒ တစ်စုံတစ်ခု အမှန်ပင်ရှိခဲ့လျှင်။

لَكُنَّا عِبَادَ اللَّهِ الْمُخْلَصِينَ ﴿١٦٩﴾

(၁၆၉) အမှန်ပင် ကျွန်ုပ်တို့သည် ရွေးချယ်ခြင်းခံကြရသော အလ္လာဟ် အရှင်မြတ်၏ကျွန်များပင် ဖြစ်ကြမည်။

فَكَفَرُوا بِهِ فَسَوْفَ يَعْلَمُونَ ﴿١٧٠﴾

(၁၇၀) ထို့နောက်လည်း သူတို့သည် ထိုဆုံးမသြဝါဒကို ငြင်းပယ်ခဲ့ကြ သည်ပင်ဖြစ်သည်။ သို့ဖြစ်ရာ သူတို့သည် မကြာမီသိရလိမ့်မည်။❶

❶ ဆုံးမသြဝါဒမရှိခင်ကတော့ ရှိရင်လိုက်နာမယ်ဆိုပြီး အရပ် ကာဖိရ် မုရှ်ရိက်တွေဟာ အသံ ကောင်းဟစ်ခဲ့ကြတယ်။ သူတို့တောင့်တတဲ့အတိုင်း တကယ်ပဲ ဆုံးမသြဝါဒရောက်လာခဲ့တဲ့အခါ ကျတော့ ဒါဟာ လုပ်ကြံရေးထားတာပါဆိုပြီး ငြင်းပယ်ကြတယ်။ အဲဒီအတွက် မကြာခင် သူတို့ဟာ အဲဒီဆုံးမသြဝါဒ မှန်ကန်တဲ့အကြောင်းကို သိကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدْ سَبَقَتْ كَلِمَتُنَا لِعِبَادِنَا الْمُرْسَلِينَ ﴿١٧١﴾

(၁၇၁) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်၏တမန်တော်များဖြစ်ကြ သည့်ကျွန်များနှင့်ပတ်သက်၍ ငါအရှင်မြတ်၏အမိန့်တော်သည် ယခင်ကတည်း က သတ်မှတ်ပြီးဖြစ်ခဲ့သည်။

إِنَّهُمْ لَهُمُ الْمَنصُورُونَ ﴿١٧٢﴾

(၁၇၂) အမှန်စင်စစ် သူတို့ပင် ကူညီခြင်းခံကြရမည့်သူများဖြစ်ကြောင်း။

وَإِنَّ جُندَنَا لَهُمُ الْغَالِبُونَ ﴿١٧٣﴾

(၁၇၃) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်၏တပ်သားများပင် လွှမ်းမိုးသူ များဖြစ်ကြမည်။❷

❷ အရှင်မြတ်ရဲ့တမန်တော်တွေဟာ အရှင်မြတ်ရဲ့တပ်သားတွေပဲဖြစ်တယ်။ နောက်ဆုံးမှာ အရှင် မြတ်က ကူညီလိုက်တဲ့အပေါ် သူတို့ပဲ အောင်မြင်ခဲ့ကြတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

فَتَوَلَّ عَنْهُمْ حَتَّىٰ حِينٍ ﴿١٧٤﴾

(၁၇၄) သို့ဖြစ်ရာ အသင်သည် သူတို့အား အချိန်ကာလ အနည်းငယ်

စွန့်လွှတ်ထားလိုက်ပါ။

وَّاَبۡصِرۡهُمۡ فَسَوۡفَ يُبۡصِرُوۡنَ ﴿١٧٥﴾

(၁၇၅) ထို့ပြင် အသင်သည် သူတို့အား ကြည့်နေပါ။ ထို့ပြင် သူတို့လည်း မကြာမီ မြင်ကြရမည်ဖြစ်သည်။

اَفَبِعَذَابِنَا يَسۡتَعۡجِلُوۡنَ ﴿١٧٦﴾

(၁၇၆) သူတို့သည် ငါအရှင်မြတ်၏ပြစ်ဒဏ်ကို ဆောလျင်စွာ တောင်းဆိုကြသလော။❻

❻ သူတို့ ပြစ်ဒဏ်တောင်းဆိုကြတဲ့အတိုင်း လောကမှာလည်း အချိန်ရောက်တဲ့အခါ အဲဒီသူတွေဟာ မရှုမလှ ခံခဲ့ကြရတာပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

فَاِذَا نَزَلَ بِسَاحَتِهِمۡ فَسَآءَ صَبَاحُ الۡمُنۡذَرِيۡنَ ﴿١٧٧﴾

(၁၇၇) ထို့နောက် ထိုပြစ်ဒဏ်သည် သူတို့၏အိမ်ဝင်းထဲတွင် ကျရောက်လာသည့်အခါ သတိပေးနှိုးဆော်ခြင်းခံကြရသည့်သူများ၏ နံနက်အချိန်သည် အလွန်ဆိုးရွားလှသော နံနက်အချိန်ပင် ဖြစ်လိမ့်မည်။

وَتَوَلَّ عَنۡهُمۡ حَتّٰى حِيۡنٍ ﴿١٧٨﴾

(၁၇၈) ထို့ပြင် အသင်(တမန်တော်)သည် သူတို့အား အချိန်ကာလအနည်းငယ် စွန့်လွှတ်ထားလိုက်ပါ။

وَّاَبۡصِرۡ فَسَوۡفَ يُبۡصِرُوۡنَ ﴿١٧٩﴾

(၁၇၉) ထို့ပြင် အသင်သည် ကြည့်နေပါ၊ သူတို့လည်း မကြာမီ မြင်ကြရမည်ဖြစ်သည်။

سُبۡحٰنَ رَبِّكَ رَبِّ الۡعِزَّةِ عَمَّا يَصِفُوۡنَ ﴿١٨٠﴾

(၁၈၀) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော၊ အနန္တဂုဏ်ထူးရှင်ဖြစ်တော်မူသော အရှင်မြတ်သည် သူတို့လုပ်ကြံပြောဆိုသည်များမှ ကင်းစင်သန့်ရှင်းတော်မူသည်။

وَسَلٰمٌ عَلَى الۡمُرۡسَلِيۡنَ ﴿١٨١﴾

(၁၈၁) ထို့ပြင် ငြိမ်းချမ်းသာယာမှုသည် တမန်တော်များအပေါ်တွင် ကျရောက်ပါစေ။

وَالۡحَمۡدُ لِلّٰهِ رَبِّ الۡعٰلَمِيۡنَ ﴿١٨٢﴾

(၁၈၂) ထို့ပြင် ချီးမွမ်းခြင်းအပေါင်းသည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်နှင့်သာ ထိုက်တန်သည်။

رکوعاتها٥ ٣٨ سُوۡرَةُ صٓ مَكِّيَّةٌ ٣٨ اٰياتها٨٨

## စူရဟ် စွာဒ် (စွာဒ်ကလွာ) سُوۡرَةُ صٓ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသောအလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

صٓ وَالۡقُرۡاٰنِ ذِی الذِّكۡرِ ۟ؕ﴿۱﴾

(၁) စွာဒ် ။ (ငါအရှင်မြတ်သည်) ဆုံးမသြဝါဒပြည့်နေသောကုရ်အာန်ကျမ်းတော်မြတ်ကို သက်သေထူတော်မူသည်။

بَلِ الَّذِیۡنَ كَفَرُوۡا فِیۡ عِزَّةٍ وَّ شِقَاقٍ ﴿۲﴾

(၂) အမှန်စင်စစ် ကာဖိရ်များသည် မာနထောင်လွှားအယူသည်းမှုနှင့် ဆန့်ကျင်ဖီလာပြုလုပ်မှုများတွင် ရှိနေကြသည်။

كَمۡ اَهۡلَكۡنَا مِنۡ قَبۡلِهِمۡ مِّنۡ قَرۡنٍ فَنَادَوۡا وَّ لَاتَ حِیۡنَ مَنَاصٍ ﴿۳﴾

(၃) ငါအရှင်မြတ်သည် သူတို့မတိုင်မီ လူမျိုးဆက်အမြောက်အမြားကို ဖျက်ဆီးတော်မူခဲ့သည်။ သို့ဖြစ်ရာ သူတို့သည် ဟစ်အော်မြည်တမ်းခဲ့ကြသည်။ ထို့ပြင် ထိုအချိန်သည် ထွက်ပြေးလွတ်မြောက်မည့်အချိန် မဟုတ်တော့ပေ။❶

❶ မာနထောင်လွှား အယူသီးမှုနဲ့ ဆန့်ကျင်သွေဖည်မှုတွေပြုလုပ်တာကြောင့် ပြစ်ဒဏ်လာတဲ့အခါမှ အော်ဟစ်ငိုယိုပြီး ဝန်ချတောင်းပန်ကာ အရှင်မြတ်ထံတော်မှာ အသနားခံခဲ့ကြတယ်။ ဒါပေမဲ့ အဲဒီအချိန်ဟာ သောင်ဇဟ်ပြုလုပ်လို့လည်းမရ၊ ထွက်ပြေးတိမ်းရှောင်လို့လည်းမရတဲ့အချိန်ဖြစ်သွားပြီဖြစ်တယ်။ (အလင်းပြကျမ်း)

وَعَجِبُوۡۤا اَنۡ جَآءَهُمۡ مُّنۡذِرٌ مِّنۡهُمۡ ۫ وَقَالَ الۡكٰفِرُوۡنَ هٰذَا سٰحِرٌ كَذَّابٌ ۖۚ﴿۴﴾

(၄) ထို့ပြင် သူတို့သည် သူတို့ထဲမှ သတိပေးနှိုးဆော်သူတစ်ဦးရောက်ရှိခဲ့သည်ကို အံ့သြခဲ့ကြသည်။ ထို့ပြင် ကာဖိရ်များက ဤသည် အလွန်လိမ်လည်သော မှော်ဆရာတစ်ဦးပင်ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။❷

❷ လူသားတွေကို တရားပြဖို့ လူသားတမန်တော်ပဲ ဖြစ်ရမယ်ဆိုတာ ကာဖိရ်တွေဟာ မသိဘဲ အကျိုးမဲ့စကားတွေနဲ့ စောဒကတတက်နေကြတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

اَجَعَلَ الۡاٰلِهَةَ اِلٰـهًا وَّاحِدًا ۖۚ اِنَّ هٰذَا لَشَیۡءٌ عُجَابٌ ﴿۵﴾

(၅) ၎င်းသည် ကိုးကွယ်ရာအမြောက်အမြားကို ကိုးကွယ်ရာတစ်ပါး

တည်း ပြုလုပ်လိုက်သလော။ အမှန်စင်စစ် ဤသည် အလွန်အံ့သြဖွယ်ရာတစ်ခု ဖြစ်သည်။

وَانْطَلَقَ الْمَلَأُ مِنْهُمْ اَنِ امْشُوْا وَاصْبِرُوْا عَلٰٓى اٰلِهَتِكُمْ ۖ اِنَّ هٰذَا لَشَیْءٌ یُّرَادُ ۝٦

(၆) ထို့ပြင် သူတို့ထဲမှ အကြီးအကဲများက (ဤသို့ပြောဆို၍) ထွက်သွားခဲ့ကြသည်- အသင်တို့သည် လျှောက်လှမ်းသွားပြီး အသင်တို့၏ ကိုးကွယ်ရာများပေါ်၌ပင် စွဲမြဲစွာသည်းခံနေကြပါ။ အမှန်စင်စစ် ဤသည် ရည်ရွယ်ထားသော အရာတစ်ခုဖြစ်သည်။[၂]

[၂] ရည်ရွယ်ချက်တစ်ခုရှိတယ်ဆိုတာ ငါတို့ရဲ့ကိုးကွယ်ထိုက်တဲ့အရှင်သခင်တွေအားလုံးကို ဖျက်ခိုင်းပြီး ၎င်းရဲ့ခေါင်းဆောင်မှုအောက်မှာ ငါတို့ကို ထားဖို့ရည်ရွယ်တာဖြစ်မယ်။ (အိဗ်နုကဆီးရ်)

مَا سَمِعْنَا بِهٰذَا فِی الْمِلَّةِ الْاٰخِرَةِ ۖ اِنْ هٰذَاۤ اِلَّا اخْتِلَاقٌ ۝٧

(၇) ကျွန်ုပ်တို့သည် အခြားသာသနာများတွင် ဤသို့သောစကားမျိုးကို မကြားဖူးပေ။ ဤသည် လုပ်ကြံဖန်တီးခြင်းမှလွဲ၍ အခြားမည်သည့်အရာမျှ မဟုတ်ပေ။[၃]

[၃] တစ်ပါးတည်းကို ကိုးကွယ်တယ်ဆိုတာ အခြားဘယ်ဘာသာမှာမှ မကြားဖူးဘူး၊ ပမာဆိုရရင် အီစာအီဘာသာမှာတောင် အရှင်သခင်သုံးပါးတစ်ဆူဝါဒကို ကျင့်သုံးကြသေးတာပဲ။ အဲဒါကြောင့် ငါတို့ဟာ အရှင်သခင်အများကြီး ကိုးကွယ်တာကို မစွန့်လွှတ်နိုင်ကြဘူး။ (အလင်းပြကျမ်း)

ءَاُنْزِلَ عَلَیْهِ الذِّكْرُ مِنْۢ بَیْنِنَا ؕ بَلْ هُمْ فِیْ شَكٍّ مِّنْ ذِكْرِیْ ۚ بَلْ لَّمَّا یَذُوْقُوْا عَذَابِ ۝٨

(၈) ကျွန်ုပ်တို့၏ကြားတွင် ၎င်း၏အပေါ်၌သာ ဆုံးမသြဝါဒချပေးခြင်း ခံရသလော။[၄] အမှန်စင်စစ်မှာမူ သူတို့သည် ငါအရှင်မြတ်၏ ဆုံးမသြဝါဒနှင့် ပတ်သက်၍ သံသယ၌ပင် ရှိနေကြသည်ဖြစ်သည်။ အမှန်စင်စစ် သူတို့သည် ငါအရှင်မြတ်၏ပြစ်ဒဏ်ကို ယခုထိ မမြည်းစမ်းကြရသေးပေ။

[၄] မျက်နှာကြီးချမ်းသာသူတွေအပေါ်မှာ ဘာဖြစ်လို့ ချပေးခြင်းမခံရတာလဲ။ (အလင်းပြကျမ်း)

اَمْ عِنْدَهُمْ خَزَآىِٕنُ رَحْمَةِ رَبِّكَ الْعَزِیْزِ الْوَهَّابِ ۝٩

(၉) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော၊ တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသော၊ အလွန်ပေးကမ်းရက်ရောတော်မူသော အရှင်မြတ်၏ ကရုဏာတော်၏ဘဏ္ဍာများသည် သူတို့ထံတွင် ရှိနေသည်လော။

اَمْ لَهُمْ مُّلْكُ السَّمٰوٰتِ وَالْاَرْضِ وَمَا بَیْنَهُمَا ۫ فَلْیَرْتَقُوْا فِی الْاَسْبَابِ ۝١٠

(၁၀) သို့မဟုတ် မိုးကောင်းကင်များနှင့် မြေပထဝီအပြင် ထိုနှစ်ခုကြားထဲမှ ရှိသမျှအရာများကို စိုးမိုးအုပ်ချုပ်မှုသည် သူတို့ထံတွင် ရှိသလော။ ထိုသို့

ရှိခဲ့လျှင် သူတို့သည် တက်စရာအကြောင်းခံ(ကြိုး၊ လှေခါး)များတပ်ဆင်ပြီး (မိုးကောင်းကင်သို့)တက်ကြရမည်ဖြစ်သည်။

جُندٌ مَّا هُنَالِكَ مَهۡزُومٌ مِّنَ ٱلۡأَحۡزَابِ ﴿١١﴾

(၁၁) (သူတို့သည်) ထိုနေရာတွင် ရှုံးနိမ့်ရမည့်အုပ်စုများထဲမှ အုပ်စုကလေးတစ်ခုပင် ဖြစ်သည်။

كَذَّبَتۡ قَبۡلَهُمۡ قَوۡمُ نُوحٖ وَعَادٞ وَفِرۡعَوۡنُ ذُو ٱلۡأَوۡتَادِ ﴿١٢﴾

(၁၂) သူတို့မတိုင်မီကလည်း နူးဟ်၏အမျိုးသားများ၊ အာဒ်အမျိုးသားများ၊ ငုတ်များပိုင်ရှင်❶ဖြစ်သော ဖိရ်အောင်န်တို့သည်လည်း (တမန်တော်များကို) လိမ်လည်သူများဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်ပင်ဖြစ်သည်။

❶ ဖိရ်အောင်န်ကို ငုတ်တွေပိုင်ရှင်လို့ ခေါ်တွင်ရတာဟာ သူ့အနေနဲ့ အပြစ်ပေးချင်တဲ့သူရဲ့ခြေတွေလက်တွေခေါင်းတွေမှာ သံငုတ်တွေစိုက်ပြီး အပြစ်ပေးလေ့ရှိတဲ့အတွက်ကြောင့် ဖြစ်တယ်။ နောက်တစ်ခုက တောင့်တင်းခိုင်မာအောင် စိုက်တဲ့ သံငုတ်တွေလို အင်အားကြီးမားတောင့်တင်းခိုင်မာတဲ့ စစ်တပ်တွေ ရှိလို့ဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန် - တွဲ - ၇၊ စာ - ၇၊ ၈ - မော်လာနာအိဒ်ရီးစ်)

وَثَمُودُ وَقَوۡمُ لُوطٖ وَأَصۡحَٰبُ لۡـَٔيۡكَةِۚ أُوْلَٰٓئِكَ ٱلۡأَحۡزَابُ ﴿١٣﴾

(၁၃) ထို့ပြင် ဆမူဒ်အမျိုးသားများ၊ လူသွ်၏အမျိုးသားများ၊ တောအုပ်တွင် နေကြသည့်သူများ(သည်လည်း စွပ်စွဲငြင်းပယ်ခဲ့ကြသည်)၊ ထိုသူများသည် အုပ်စုကြီးများပင်ဖြစ်သည်။

إِن كُلٌّ إِلَّا كَذَّبَ ٱلرُّسُلَ فَحَقَّ عِقَابِ ﴿١٤﴾

(၁၄) သူတို့ကိုယ်စီသည် (သူတို့၏)တမန်တော်များကို ငြင်းပယ်ခဲ့ကြသည့်အတွက် ငါအရှင်မြတ်၏ပြစ်ဒဏ်သည် (သူတို့အပေါ်တွင်) ကျရောက်ခဲ့သည်။

وَمَا يَنظُرُ هَٰٓؤُلَآءِ إِلَّا صَيۡحَةٗ وَٰحِدَةٗ مَّا لَهَا مِن فَوَاقٖ ﴿١٥﴾

(၁၅) ထို့ပြင် သူတို့သည် ပြင်းထန်စွာ အဆက်မပြတ်ပေါ်ထွက်လာမည့် (တံပိုးမှုတ်)ဟစ်အော်သံတစ်ခုကိုပင် စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။

وَقَالُواْ رَبَّنَا عَجِّل لَّنَا قِطَّنَا قَبۡلَ يَوۡمِ ٱلۡحِسَابِ ﴿١٦﴾

(၁၆) ထို့ပြင် သူတို့က ပြောဆိုကြသည်- အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အား စာရင်းအင်းစစ်ဆေးမည့်နေ့မတိုင်မီပင် ကျွန်ုပ်တို့၏ဝေစုကို အမြန်ပေးတော်မူပါ။

ٱصۡبِرۡ عَلَىٰ مَا يَقُولُونَ وَٱذۡكُرۡ عَبۡدَنَا دَاوُۥدَ ذَا ٱلۡأَيۡدِۖ إِنَّهُۥٓ أَوَّابٌ ﴿١٧﴾

(၁၇) အသင်(တမန်တော်)သည် သူတို့၏ ပြောဆိုချက်များအပေါ်တွင်

သည်းခံပါ။ ထို့ပြင် အသင်သည် ငါအရှင်မြတ်၏ကျွန်ဖြစ်ပြီး အင်အားရှင်ဖြစ်သော (တမန်တော်)ဒါဝူဒ်(၏အကြောင်း)ကို သတိရပါ။ အမှန်စင်စစ် ၎င်းသည်(အရှင်မြတ်ဘက်သို့)အလွန်လှည့်သူ ဖြစ်သည်။❻

❻ တမန်တော်ဒါဝူဒ် عليه السلام ကို ذُوالْاَيْدِ အင်အားရှင်လို့ ခေါ်ရခြင်းအကြောင်းတစ်ခုမှာ သူဟာ သူ့လက်နဲ့သူ သံတွေကို သံကြိုးကွင်းဆက်တွေလုပ်ပြီး၊ သံချပ်တွေကို သံချပ်ကာအင်္ကျီပြုလုပ်ပြီး ရှာဖွေစားသောက်တဲ့အတွက် အင်အားရှင်၊ လက်များရှင်လို့ ခေါ်ဆိုတာဖြစ်တယ်။ "အိုင်ဒ်"ဆိုတာ လက်တွေ ဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّا سَخَّرْنَا الْجِبَالَ مَعَهٗ يُسَبِّحْنَ بِالْعَشِيِّ وَالْاِشْرَاقِ ﴿١٨﴾

(၁၈) အမှန်စင်စစ် ငါအရှင်မြတ်သည် တောင်များကို ၎င်းနှင့်အတူ လိုက်နာစေတော်မူခဲ့သည့်အတွက် ထိုတောင်များသည် ညနေနှင့် နံနက်တွင် (ငါအရှင်မြတ်)စင်ကြယ်တော်မူကြောင်း ရွတ်ဆိုလျက်ရှိခဲ့ကြသည်။

وَالطَّيْرَ مَحْشُوْرَةً ؕ كُلٌّ لَّهٗۤ اَوَّابٌ ﴿١٩﴾

(၁၉) ထို့ပြင် ငှက်များကိုလည်း စုရုံးစေလျက် (လိုက်နာစေခဲ့သည့်အတွက် သူတို့သည်လည်း) ၎င်းနှင့်အတူ အားလုံးသည်(အရှင်မြတ်ဘက်သို့) အလွန်လှည့်သူများဖြစ်ခဲ့ကြသည်။

وَشَدَدْنَا مُلْكَهٗ وَاٰتَيْنٰهُ الْحِكْمَةَ وَفَصْلَ الْخِطَابِ ﴿٢٠﴾

(၂၀) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း၏နိုင်ငံကို ခိုင်ခံ့စေတော်မူခဲ့သည့်အပြင် ၎င်းအား ပညာဉာဏ်အမြော်အမြင်နှင့် စကားအဆုံးအဖြတ်ပေးနိုင်သော စွမ်းအားကို ပေးတော်မူခဲ့သည်။

وَهَلْ اَتٰىكَ نَبَؤُا الْخَصْمِ ۘ اِذْ تَسَوَّرُوا الْمِحْرَابَ ﴿٢١﴾

(၂၁) ထို့ပြင် အသင့်ထံသို့ (တရားရင်ဆိုင်မည့်)ရန်ဖြစ်သူများ၏ အကြောင်း ရောက်လာခဲ့ပြီလော။ တစ်ခါတွင် သူတို့သည် နံရံကို ကျော်တက်ပြီး ဝတ်ပြုဆောင်ထဲသို့ ခုန်ချခဲ့ကြသည်။

اِذْ دَخَلُوْا عَلٰى دَاوٗدَ فَفَزِعَ مِنْهُمْ قَالُوْا لَا تَخَفْ ۚ خَصْمٰنِ بَغٰى بَعْضُنَا عَلٰى بَعْضٍ فَاحْكُمْ بَيْنَنَا بِالْحَقِّ وَلَا تُشْطِطْ وَاهْدِنَاۤ اِلٰى سَوَآءِ الصِّرَاطِ ﴿٢٢﴾

(၂၂) သူတို့သည် (တမန်တော်)ဒါဝူဒ်ထံသို့ ဝင်ရောက်ကြသည့်အခါ ၎င်းသည် သူတို့အား ထိတ်လန့်စိုးရိမ်ခဲ့သည်။ သူတို့က ပြောဆိုကြသည်။ အသင်မကြောက်ပါနှင့်၊ နှစ်ဖက်(တရားပြိုင်) အမှုသည်များဖြစ်ကြပါသည်။ ကျွန်ုပ်တို့ထဲမှ တစ်ဦးသည် တစ်ဦးအပေါ် အနိုင်ကျင့်ခဲ့ပါသည်။ သို့ဖြစ်ရာ အသင်သည်

ကျွန်ုပ်တို့ကြားတွင် မတရားမပြုလုပ်ဘဲ မှန်ကန်စွာ ဆုံးဖြတ်ပေးပါ။ ထို့ပြင် ကျွန်ုပ်တို့အား ဖြောင့်မတ်သည့်လမ်းကို ညွှန်ကြားပြသပေးပါ။

إِنَّ هَٰذَآ أَخِى لَهُۥ تِسْعٌ وَتِسْعُونَ نَعْجَةً وَلِىَ نَعْجَةٌ وَٰحِدَةٌ فَقَالَ أَكْفِلْنِيهَا وَعَزَّنِى فِى ٱلْخِطَابِ ﴿٢٣﴾

(၂၃) အမှန်စင်စစ် ဤသူသည် ကျွန်ုပ်၏ညီနောင်ဖြစ်ပါသည်။ သူ့တွင် သိုးမ ကိုးဆယ့်ကိုးကောင်ရှိပြီး ကျွန်ုပ်တွင် သိုးမတစ်ကောင်တည်းသာရှိပါသည်။ သို့ဖြစ်ရာ သူက "ထိုသိုးမကိုလည်း ကျွန်ုပ်ကို အပ်လိုက်တော့" ဟု ပြောပါသည်။ ထို့ပြင် သူသည် စကားပြောရာ၌လည်း ကျွန်ုပ်ကို အနိုင်ကျင့်(အနိုင်ယူ)ပါသည်။

قَالَ لَقَدْ ظَلَمَكَ بِسُؤَالِ نَعْجَتِكَ إِلَىٰ نِعَاجِهِۦ ۖ وَإِنَّ كَثِيرًا مِّنَ ٱلْخُلَطَآءِ لَيَبْغِى بَعْضُهُمْ عَلَىٰ بَعْضٍ إِلَّا ٱلَّذِينَ ءَامَنُوا۟ وَعَمِلُوا۟ ٱلصَّٰلِحَٰتِ وَقَلِيلٌ مَّا هُمْ ۗ وَظَنَّ دَاوُۥدُ أَنَّمَا فَتَنَّٰهُ فَٱسْتَغْفَرَ رَبَّهُۥ وَخَرَّ رَاكِعًا وَأَنَابَ ۩ ﴿٢٤﴾ السجدة

(၂၄) ၎င်း(တမန်တော်ဒါဝူဒ်)က ပြောဆိုခဲ့သည်- ဤသူသည် အသင်၏သိုးမကို သူ၏သိုးမများနှင့်ပေါင်းရန် တောင်းဆိုခြင်းဖြင့် အသင့်အား အမှန်ပင် အနိုင်ကျင့်(အနိုင်ယူ)ခဲ့သည်။ ထို့ပြင် အီမာန်ယုံကြည်၍ကောင်းမြတ်သည့် လုပ်ရပ်များကို ပြုလုပ်သည့်သူများမှလွဲ၍ စီးပွားဖက်များ အများစုသည် တစ်ဦးပေါ်တစ်ဦး အမှန်ပင် ကျူးလွန်လေ့ရှိကြသည်။ ထို့ပြင် ထို(ကောင်းမြတ်သည့်)သူများသည်လည်း အလွန်နည်းသည်။ ထို့နောက် (တမန်တော်)ဒါဝူဒ်သည် ၎င်းအား ငါအရှင်မြတ်က စမ်းသပ်တော်မူခြင်းပင် ဖြစ်သည်ကို ရိပ်မိခဲ့သည်။ သို့ဖြစ်ရာ ၎င်းသည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံပြီး ဦးညွှတ်ကျလာခဲ့သည်။ ထို့ပြင် (အရှင်မြတ်ဘက်သို့ တစ်စိတ်တလက်တည်း) ပြန်လှည့်ခဲ့သည်။[၁]

[၁] စမ်းသပ်တဲ့ကိစ္စဟာ ဘယ်လိုစမ်းသပ်တာ၊ ဘာ့ကြောင့် စမ်းသပ်တာတွေတစ်ခုမှ ဖော်ပြထားခြင်းမရှိတဲ့အတွက် အရှင်မြတ် အမိန့်ရှိထားတော်မူသလောက်ပဲ သိရှိထားတာအကောင်းဆုံးဖြစ်တယ်။ (အွဆ်မာနီ အကျဉ်းချုပ်၊ အိဗ်နုကဆီးရ်၊ သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

فَغَفَرْنَا لَهُۥ ذَٰلِكَ ۖ وَإِنَّ لَهُۥ عِندَنَا لَزُلْفَىٰ وَحُسْنَ مَـَٔابٍ ﴿٢٥﴾

(၂၅) သို့ဖြစ်ရာ ငါအရှင်မြတ်သည် ၎င်းအား ထိုကိစ္စကို ခွင့်လွှတ်တော်မူခဲ့သည်။ ထို့ပြင် အမှန်စင်စစ် ၎င်းအတွက် ငါအရှင်မြတ်ထံတော်တွင် နီးကပ်မှုနှင့် အလွန်ကောင်းမွန်သည့်နေရာ ရှိသည်။

يٰدَاوٗدُ اِنَّا جَعَلْنٰكَ خَلِيْفَةً فِى الْاَرْضِ فَاحْكُمْ بَيْنَ النَّاسِ بِالْحَقِّ وَلَا تَتَّبِعِ الْهَوٰى فَيُضِلَّكَ عَنْ سَبِيْلِ اللّٰهِ ؕ اِنَّ الَّذِيْنَ يَضِلُّوْنَ عَنْ سَبِيْلِ اللّٰهِ لَهُمْ عَذَابٌ شَدِيْدٌۢ بِمَا نَسُوْا يَوْمَ الْحِسَابِ ﴿٢٦﴾

(၂၆) အို-ဒါဝူဒ်၊ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား ကမ္ဘာပေါ်တွင် ကိုယ်စားလှယ် ခန့်အပ်တော်မူခဲ့သည်။ သို့ဖြစ်ရာ အသင်သည် လူတို့၏ကြားတွင် မှန်ကန်စွာဆုံးဖြတ်ပါ။ ထို့ပြင် အသင်သည် စိတ်ဆန္ဒနောက်ကို မလိုက်ပါနှင့်။ ထိုသို့လိုက်လျှင် ယင်း(စိတ်ဆန္ဒ)က အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ အသင့်ကို လွဲချော်စေလိမ့်မည်။❶ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ လွဲချော်ကြသူများအတွက် သူတို့သည် စာရင်းစစ်ဆေးမည့်နေ့ကို မေ့လျော့နေကြသည့်အတွက်ကြောင့် ပြင်းထန်သော ပြစ်ဒဏ်ရှိလိမ့်မည်။❷

❶ လမ်းလွဲခြင်းရဲ့အဓိကအကြောင်းရင်းတစ်ခုမှာ ကိုယ့်ရဲ့စိတ်အလိုဆန္ဒနောက်ကို လိုက်တဲ့အတွက်ဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်က အရှင်မြတ်ရဲ့တမန်တော်ကို စိတ်ရဲ့နောက်ကိုမလိုက်ဖို့တားမြစ်တာဖြစ်တယ်။(အလင်းပြကျမ်း) ❷ စိတ်နောက်လိုက်ရတဲ့အကြောင်းရင်းတွေအထဲက တစ်ခုဟာ ကိယာမသ်နေ့မှာ စာရင်းအင်းစစ်ဆေးခံရမှာကို မေ့လျော့နေတဲ့အတွက်ဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا خَلَقْنَا السَّمَآءَ وَالْاَرْضَ وَمَا بَيْنَهُمَا بَاطِلًا ؕ ذٰلِكَ ظَنُّ الَّذِيْنَ كَفَرُوْا ۚ فَوَيْلٌ لِّلَّذِيْنَ كَفَرُوْا مِنَ النَّارِ ﴿٢٧﴾

(၂၇) ထို့ပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပထဝီအပြင် ထိုနှစ်ခုကြားတွင်ရှိသမျှကို အလဟဿ ဖန်ဆင်းတော်မူခဲ့သည်မဟုတ်ပေ။ ၎င်း(ဖော်ပြပါအရာများကို အရှင်မြတ်သည် အလဟဿဖန်ဆင်းတော်မူသည်ဟု ထင်မြင်ခြင်း)သည် ကာဖိရ်များ၏ထင်မြင်ယူဆချက်သာ ဖြစ်သည်။ သို့ဖြစ်ရာ ထိုကာဖိရ်များအတွက် ငရဲမီးထဲမှ ပျက်စီးမှုရှိသည်။

اَمْ نَجْعَلُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ كَالْمُفْسِدِيْنَ فِى الْاَرْضِ ؗ اَمْ نَجْعَلُ الْمُتَّقِيْنَ كَالْفُجَّارِ ﴿٢٨﴾

(၂၈) ငါအရှင်မြတ်သည် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်ကြသည့်သူများအား တိုင်းပြည်တွင် သောင်းကျန်းဖျက်ဆီးကြသူများကဲ့သို့ ပြုလုပ်တော်မူရပါမည်လော။ သို့မဟုတ် အပြစ်ရှောင်ကြဉ်သည့်သူများကို အမိန့်ဖီဆန်သွေဖည်သည့်သူများကဲ့သို့ ပြုလုပ်တော်မူရပါမည်လော။

كِتٰبٌ اَنْزَلْنٰهُ اِلَيْكَ مُبٰرَكٌ لِّيَدَّبَّرُوْٓا اٰيٰتِهٖ وَلِيَتَذَكَّرَ اُولُوا الْاَلْبَابِ ﴿٢٩﴾

(၂၉) (ဤသည်) အသင်၏ထံသို့ ငါအရှင်မြတ်ချပေးတော်မူခဲ့သော

ဗရကသ်မင်္ဂလာနှင့် ပြည့်စုံသည့် ကျမ်းတစ်ကျမ်းဖြစ်သည်။ (ထိုသို့ချပေးရခြင်းမှာ) ၎င်း(လူ)တို့သည် ထိုကျမ်း၏အာယသ်တော်များကို စဉ်းစားကြရန်နှင့် အသိဉာဏ်ရှိသည့်သူများသည် တရားရယူကြရန်အတွက် ဖြစ်သည်။

وَوَهَبْنَا لِدَاوٗدَ سُلَيْمٰنَ ۭ نِعْمَ الْعَبْدُ ۭ اِنَّهٗٓ اَوَّابٌ ۝٣٠

(၃၀) ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)ဒါဝူဒ်အတွက် (တမန်တော်)စုလိုင်မာန်ကို ပေးတော်မူခဲ့သည်။ (၎င်းတမန်တော်စုလိုင်မာန်သည်) အဘယ်မျှကောင်းလိုက်သည့်ကျွန်နည်း။ အမှန်စင်စစ် (တမန်တော်)စုလိုင်မာန်သည် (ငါအရှင်မြတ်ဘက်သို့)အလွန်ပြန်လှည့်သူဖြစ်သည်။

اِذْ عُرِضَ عَلَيْهِ بِالْعَشِيِّ الصّٰفِنٰتُ الْجِيَادُ ۝٣١

(၃၁) တစ်ခါတွင် လျင်မြန်သွက်လက်သော အမျိုးကောင်းမြင်းများသည် ညနေခင်း(အစွရ်အချိန်)တွင် ၎င်း၏ရှေ့၌ တင်ပြခြင်းခံရသည်။

فَقَالَ اِنِّيْٓ اَحْبَبْتُ حُبَّ الْخَيْرِ عَنْ ذِكْرِ رَبِّيْ ۚ حَتّٰى تَوَارَتْ بِالْحِجَابِ ۝٣٢

(၃၂) ထို့ပြင် ၎င်းကပြောသည်- အမှန်စင်စစ် ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ သတိရတသမှုကြောင့် (အလ္လာဟ်အရှင်မြတ်၏လမ်းတွင် ဂျိဟာဒ်တိုက်ခိုက်ကြသည့်) မြင်းများ၏ နှစ်သက်မြတ်နိုးမှုကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။❶ နောက်ဆုံး ထိုမြင်းများသည် အကွယ်တွင် ပျောက်ကွယ်သွားခဲ့သည်။

❶ တမန်တော်စုလိုင်မာန် عليه السلام ဟာ စစ်တိုက်ဖို့ ပြင်ဆင်ထားတဲ့ မြင်းတွေကို ၎င်းရှေ့မှာ ထုတ်ယူစစ်ဆေးကြည့်ရတာဟာ ၎င်းအတွက် အလွန်ပဲ နှစ်သက်ကြည်နူးဖွယ်ဖြစ်တဲ့အတွက် ဒီလိုမြင်းတွေကို နှစ်သက်တာဟာ အရှင်မြတ်ရဲ့လမ်းမှာ ဂျိဟာဒ်လုပ်တာကို နှစ်သက်တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ ပြောဆိုခဲ့တာဖြစ်တယ်။ အဲဒီနောက် မြင်းတွေဟာ တန်းစီဖြတ်ပြသွားရင်းနဲ့ အဝေးရောက်ပြီး ကွယ်ပျောက်သွားခဲ့တယ်။ (အွဆ်မာနီ)

رُدُّوْهَا عَلَيَّ ۭ فَطَفِقَ مَسْحًۢا بِالسُّوْقِ وَالْاَعْنَاقِ ۝٣٣

(၃၃) အသင်တို့သည် ထိုမြင်းများအား ငါ၏ရှေ့၌ ပြန်သွင်းခဲ့ကြပါ(ဟု ၎င်းက အမိန့်ပေးခဲ့သည်)။ ထို့နောက် ၎င်းသည် (ထိုမြင်းများ၏) ခြေသလုံးများနှင့် လည်ကုပ်များကို (ကြင်နာမှုဖြင့်)စတင် ပွတ်သပ်မှုကို ပြုလုပ်ခဲ့သည်။❷

❷ အဲဒီမြင်းတွေကိုနောက်တစ်ကြိမ်ပြန်ပြီး၎င်းရှေ့မှာတန်းစီစေတယ်။ ပြီးတော့ အရှင်မြတ်ရဲ့လမ်းမှာ တိုက်ခိုက်ပေးမဲ့မြင်းတွေဖြစ်လို့ ချစ်ခင်ယုယမှုနဲ့ ခြေသလုံးမွေးတွေ လည်ဆံမွေးတွေကို ပွတ်သပ်ခဲ့တာဖြစ်တယ်။ (သဖ်စီရ်သွဗ်ရီ)။ ဒီဖွင့်ဆိုချက်အတိုင်း သဖ်စီရ်ပညာရှင်အများစုက ဖွင့်ဆိုကြတယ်။ (မအာရိဖွလ်ကုရ်အာန်-တွဲ-၇၊စာ-၅၁၃)

وَلَقَدْ فَتَنَّا سُلَيْمَٰنَ وَأَلْقَيْنَا عَلَىٰ كُرْسِيِّهِۦ جَسَدًا ثُمَّ أَنَابَ ﴿٣٤﴾

(၃၄) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)စုလိုင်မာန် အား စမ်းသပ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း၏ပလ္လင်ပေါ်တွင် ခန္ဓာကိုယ်တစ်ခုကို ချပေးတော်မူခဲ့သည်။ ထို့နောက် ၎င်းသည် (အရှင်မြတ် ဘက်သို့)ပြန်လှည့်ခဲ့သည်။

قَالَ رَبِّ ٱغْفِرْ لِى وَهَبْ لِى مُلْكًا لَّا يَنۢبَغِى لِأَحَدٍ مِّنۢ بَعْدِىٓ ۖ إِنَّكَ أَنتَ ٱلْوَهَّابُ ﴿٣٥﴾

(၃၅) ၎င်းကလျှောက်ထားသည်- အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်ကို ခွင့်လွှတ်ချမ်းသာပေးတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်မှလွဲ၍ ကျွန်ုပ်၏နောက်တွင် မည်သူမျှမရထိုက်သော စိုးမိုးအုပ်ချုပ်မှုမျိုးကို ကျွန်ုပ်အား ပေးသနားတော်မူပါ၊ အမှန်စင်စစ် အရှင်မြတ် သည်သာ အလွန်ရက်ရောစွာ ပေးကမ်းတော်မူသော အရှင်ဖြစ်တော်မူပါသည်။❷

❷ ၎င်းရဲ့ဆုတောင်းမှုအပေါ်မှာ အရှင်မြတ်က ဂျင်န်တွေအပေါ်မှာပါ အုပ်ချုပ်နိုင်တဲ့ ဘယ်သူ့ကိုမှ မပေးခဲ့တဲ့ အင်အားတွေပေးတော်မူခဲ့တယ်။ လေတွေကို အမိန့်နာခံစေတော်မူခဲ့တယ်။ နောက်ထပ် လည်း အမြောက်အမြားပေးတော်မူခဲ့တာဖြစ်တယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

فَسَخَّرْنَا لَهُ ٱلرِّيحَ تَجْرِى بِأَمْرِهِۦ رُخَآءً حَيْثُ أَصَابَ ﴿٣٦﴾

(၃၆) သို့ဖြစ်ရာ ငါအရှင်မြတ်သည် ၎င်းအတွက် လေကို ၎င်း၏လက် အောက်ခံအဖြစ် လိုက်နာစေတော်မူခဲ့သည်။ ထိုလေသည် ၎င်းအလိုရှိရာအရပ် ကို ၎င်း၏အမိန့်ဖြင့် ညင်သာစွာ တိုက်ခတ်သွားလာသည်။

وَٱلشَّيَٰطِينَ كُلَّ بَنَّآءٍ وَغَوَّاصٍ ﴿٣٧﴾

(၃၇) ထို့ပြင် ဆောက်လုပ်ရေးဝန်ထမ်းတိုင်းနှင့် ရေငုပ်သမားတိုင်း တွင်ပါဝင်ခဲ့သော (ဆိုးသွမ်းသည့်) ဂျင်န်ရှိုင်သွာန်များကိုလည်း (၎င်း၏အမိန့် ကို နာခံစေတော်မူခဲ့သည်)။

وَءَاخَرِينَ مُقَرَّنِينَ فِى ٱلْأَصْفَادِ ﴿٣٨﴾

(၃၈) သံကြိုးများနှင့် ပူးတွဲတုပ်နှောင်ထားခြင်းခံရသော အခြားဂျင်န် ရှိုင်သွာန်များကိုလည်း(နာခံစေတော်မူခဲ့သည်)။

هَٰذَا عَطَآؤُنَا فَٱمْنُنْ أَوْ أَمْسِكْ بِغَيْرِ حِسَابٍ ﴿٣٩﴾

(၃၉) ဤသည် ငါအရှင်မြတ်၏ပေးကမ်းမှုဖြစ်သည်။ သို့ဖြစ်ရာ အသင် သည် (အခြားသူများကို) ပေးကမ်းသည်ပင်ဖြစ်စေ၊ မပေးကမ်းသည်ပင်ဖြစ်စေ စာရင်းရှင်းစရာ မရှိပေ။

وَاِنَّ لَهٗ عِنۡدَنَا لَزُلۡفٰى وَحُسۡنَ مَاٰبٍ ﴿٤٠﴾

(၄၀) ထို့ပြင် အမှန်စင်စစ် ၎င်းအတွက် ငါအရှင်မြတ်ထံတွင် နီးကပ်မှုနှင့် အလွန်ကောင်းမွန်သည့်နေရာရှိသည်။

وَاذۡكُرۡ عَبۡدَنَاۤ اَيُّوۡبَ ۘ اِذۡ نَادٰى رَبَّهٗۤ اَنِّىۡ مَسَّنِىَ الشَّيۡطٰنُ بِنُصۡبٍ وَّعَذَابٍ ﴿٤١﴾

(၄၁) ထို့ပြင် အသင်(တမန်တော်)သည် ငါအရှင်မြတ်၏ကျွန် (တမန်တော်)အိုင်ယူဗ်၏အကြောင်းကို သတိရပါ။ တစ်ခါတွင် ၎င်းသည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား "အမှန်စင်စစ် ရှိုင်သွာန်သည် ကျွန်ုပ်ကို ရောဂါဝေဒနာနှင့် ဘေးဒုက္ခကို သက်ရောက်စေခဲ့ပါသည်"ဟု ဟစ်ခေါ်လျှောက်ထားခဲ့သည်။❻

❻ ရှိုင်သွာန်က ဒုက္ခပေးနေပါတယ်လို့ လျှောက်ထားခဲ့ခြင်းဟာ အရှင်မြတ်ကို ကြောက်ရွံ့ရိုသေလေးစားတဲ့အနေနဲ့ လျှောက်ထားခဲ့တာဖြစ်နိုင်တယ်။ တကယ်တော့ ဒုက္ခရော သုခရောဟာ အရှင်မြတ်ထံတော်ကပဲ လာတာဖြစ်တယ်။ အဲဒီအတွက် အရှင်မြတ်က ကျွန်တော့်ကို ဒုက္ခပေးနေပါတယ်လို့ လျှောက်ထားရမှာဟာ ၎င်းရဲ့စိတ်ထဲမှာ မသင့်တော်ဘူးလို့ ထင်ပြီး မကောင်းတဲ့ကိစ္စကို ရှိုင်သွာန်ဘက်ကို လှည့်ချလိုက်တာ ဖြစ်နိုင်တယ်။ ဥပမာ - وَمَاۤ اَنۡسٰنِيۡهُ اِلَّا الشَّيۡطٰنُ اَنۡ اَذۡكُرَهٗ (စူရဟ်ကဟဖ် ၆၃၊ သဖ်စီရ်အွဆ်မာနီ၊ အသ္ဖဝါအွလ်ဗယားန်) قُلۡ كُلٌّ مِّنۡ عِنۡدِ اللّٰهِ مَاۤ اَصَابَكَ مِنۡ حَسَنَةٍ فَمِنَ اللّٰهِ وَمَاۤ اَصَابَكَ مِنۡ سَيِّئَةٍ فَمِنۡ نَّفۡسِكَ (ကုရ်အာန် ၄း၇၈၊ ၇၉) မှာ ဒီသဘောပဲဖြစ်တယ်။

اُرۡكُضۡ بِرِجۡلِكَ ۚ هٰذَا مُغۡتَسَلٌۢ بَارِدٌ وَّشَرَابٌ ﴿٤٢﴾

(၄၂) (အရှင်မြတ်က မိန့်တော်မူသည်) အို- အိုင်ယူဗ်၊ အသင်သည် အသင်၏ခြေထောက်ဖြင့် (မြေကြီးကို)ဆောင့်လိုက်ပါ၊ ဤသည် အေးမြသည့် ချိုးရေနှင့် သောက်ရေဖြစ်သည်။

وَوَهَبۡنَا لَهٗۤ اَهۡلَهٗ وَمِثۡلَهُمۡ مَّعَهُمۡ رَحۡمَةً مِّنَّا وَذِكۡرٰى لِاُولِى الۡاَلۡبَابِ ﴿٤٣﴾

(၄၃) ထို့ပြင် ငါအရှင်မြတ်သည် အရှင်မြတ်ထံတော်မှ ကရုဏာတော်အဖြစ်နှင့်၊ အသိဉာဏ်ရှိသည့်သူများ သတိရစေရန်အဖြစ် ၎င်းအား ၎င်း၏ အိမ်သူ အိမ်သားများကို ပေးသနားတော်မူသည့်အပြင် ထို(အရေအတွက်)နှင့် အညီကိုလည်း ၎င်းတို့နှင့်အတူ ထပ်မံပေးသနားတော်မူခဲ့သည်။

وَخُذۡ بِيَدِكَ ضِغۡثًا فَاضۡرِبْ بِّهٖ وَلَا تَحۡنَثۡ ؕ اِنَّا وَجَدۡنٰهُ صَابِرًا ؕ نِعۡمَ الۡعَبۡدُ ؕ اِنَّهٗۤ اَوَّابٌ ﴿٤٤﴾

(၄၄) ထို့ပြင် (ငါအရှင်မြတ်က မိန့်ကြားတော်မူခဲ့သည်) အသင်သည် အသင့်လက်ထဲတွင် (သေးမျှင်သည့်)အခက်အလက်တစ်ဆုပ်ကိုယူ၍ ထိုအရာဖြင့်ရိုက်ပါ။ ထို့ပြင် အသင်သည် ကျိန်ဆိုမှုကို မချိုးဖျက်နှင့်။ အမှန်စင်စစ် ငါအရှင်

မြတ်သည် ၎င်း(တမန်တော်အိုင်ယူဗ်)ကို သည်းခံသူအဖြစ် တွေ့ရှိတော်မူခဲ့သည်။ အဘယ်မျှကောင်းလိုက်သော ကျွန်တစ်ပါးဖြစ်သနည်း။ အမှန်စင်စစ် ၎င်း(တမန်တော်အိုင်ယူဗ်)သည် (ငါအရှင်မြတ်ဘက်သို့)အလွန်ပြန်လှည့်သူ ဖြစ်ခဲ့သည်။

وَاذْكُرْ عِبَادَنَا إِبْرَاهِيمَ وَإِسْحَاقَ وَيَعْقُوبَ أُولِي الْأَيْدِي وَالْأَبْصَارِ ﴿٤٥﴾

(၄၅) ထို့ပြင် အသင်(တမန်တော်)သည် ငါအရှင်မြတ်၏ ကျွန်များဖြစ်ကြသော စွမ်းရည်သတ္တိရှိသူများ၊ ဉာဏ်အမြော်အမြင်ရှိသူများ ဖြစ်ကြသော (တမန်တော်)အိဗ်ရာဟီမ်၊ (တမန်တော်)အစ္စဟာက်နှင့် (တမန်တော်)ယအ်ကူဗ်တို့ (၏အကြောင်းများ)ကို သတိရပါ။

إِنَّا أَخْلَصْنَاهُم بِخَالِصَةٍ ذِكْرَى الدَّارِ ﴿٤٦﴾

(၄၆) အမှန်စင်စစ် ငါအရှင်မြတ်သည် ၎င်းတို့အား (အာခိရသ်)အိမ်၏ သတိရမှုနှင့် သီးသန့်ရွေးချယ်တော်မူခဲ့သည်။

وَإِنَّهُمْ عِندَنَا لَمِنَ الْمُصْطَفَيْنَ الْأَخْيَارِ ﴿٤٧﴾

(၄၇) ထို့ပြင် အမှန်စင်စစ် ၎င်းတို့သည် ငါအရှင်မြတ်ထံတော်တွင် အကောင်းဆုံးရွေးချယ်ခံခဲ့ကြရသည့်သူများထဲမှပင်ဖြစ်ကြသည်။

وَاذْكُرْ إِسْمَاعِيلَ وَالْيَسَعَ وَذَا الْكِفْلِ ۖ وَكُلٌّ مِّنَ الْأَخْيَارِ ﴿٤٨﴾

(၄၈) ထို့ပြင် အသင်(တမန်တော်)သည် (တမန်တော်)အစ္စမာအီလ်၊ (တမန်တော်)အလ်ယစအ်❶နှင့် (တမန်တော်)ဇွလ်ကိဖ်လ်❷တို့(၏အကြောင်းများ)ကိုလည်း သတိရပါ။ ထို့ပြင် ၎င်းတို့ အသီးသီးသည်လည်း အကောင်းဆုံးသူများထဲမှပင် ဖြစ်ခဲ့ကြသည်။

❶ အလ်ယစအ် عليه السلام ဟာ တမန်တော် အိလ်ယာစ် عليه السلام ရဲ့နောက်မှာ ဆက်ခံတဲ့ တမန်တော်တစ်ပါး ဖြစ်တယ်။ (အွဆ်မာနီ) ❷ ဇွလ်ကိဖ်လ်ဟာ တချို့က ဝလီတစ်ဦးလို့ ဖွင့်ဆိုတယ်။ တမန်တော်တွေ အကြောင်းမိန့်နေတဲ့ကြားမှာ ဖြစ်တဲ့အတွက် တမန်တော်ပဲလို့လည်း ဖွင့်ဆိုတယ်။ (အိဗ်နုကဆီးရ်)

هَٰذَا ذِكْرٌ ۚ وَإِنَّ لِلْمُتَّقِينَ لَحُسْنَ مَآبٍ ﴿٤٩﴾

(၄၉) ဤသည် ဆုံးမသြဝါဒတစ်ခုဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် အပြစ်ရှောင်ကြဉ်သူများအတွက် အလွန်ကောင်းမွန်သည့်နေရာ အမှန်ပင်ရှိသည်။

جَنَّاتِ عَدْنٍ مُّفَتَّحَةً لَّهُمُ الْأَبْوَابُ ﴿٥٠﴾

(၅၀) သူတို့အတွက် တံခါးများဖွင့်ထားသော အမြဲနေထိုင်ရမည့်ဥယျာဉ်များ ရှိကြသည်။

مُتَّكِـِٕيۡنَ فِيۡهَا يَدۡعُوۡنَ فِيۡهَا بِفَاكِهَةٍ كَثِيۡرَةٍ وَّشَرَابٍ ﴿٥١﴾

(၅၁) ၎င်းထဲတွင် မှီအုံးများဖြင့် မှီနေကြမည်။ သူတို့သည် သစ်သီးဝလံ အများအပြားနှင့် သောက်စရာများကို ၎င်းထဲတွင် မှာယူ(သုံးဆောင်)ကြမည်။

وَعِنۡدَهُمۡ قٰصِرٰتُ الطَّرۡفِ اَتۡرَابٌ ﴿٥٢﴾

(၅၂) ထို့ပြင် သူတို့ထံတွင် မျက်လွှာချ၍နေတတ်သော သက်တူရွယ်တူ မိန်းမများလည်းရှိကြမည်။

هٰذَا مَا تُوۡعَدُوۡنَ لِيَوۡمِ الۡحِسَابِ ﴿٥٣﴾

(၅၃) ဤသည် စစ်ဆေးမည့်နေ့နှင့်ပတ်သက်၍ အသင်တို့အား ကတိပေးခြင်း ခံကြရသည့်အရာပင်ဖြစ်သည်။

اِنَّ هٰذَا لَرِزۡقُنَا مَا لَهٗ مِنۡ نَّفَادٍ ﴿٥٤﴾

(၅၄) အမှန်စင်စစ် ဤသည် ငါအရှင်မြတ်၏(ကျေးဇူးတော်)ရိက္ခာပင် ဖြစ်သည်။ ထိုအရာသည် မည်သည့်အခါမျှ မကုန်ခန်းမည့်အရာပင်ဖြစ်သည်။

هٰذَا ؕ وَاِنَّ لِلطّٰغِيۡنَ لَشَرَّ مَاٰبٍ ﴿٥٥﴾

(၅၅) ဤသည် (ကောင်းမြတ်သည့်သူများ၏အကြောင်း ပြီးသွားခြင်း ဖြစ်သည်)။ ထို့ပြင် အမှန်စင်စစ် ဆိုးသွမ်းကျူးလွန်သူများအတွက် ဆိုးရွားသော ပြန်လှည့်ရာစခန်း အမှန်ပင်ရှိသည်။

جَهَنَّمَ ۚ يَصۡلَوۡنَهَا ۚ فَبِئۡسَ الۡمِهَادُ ﴿٥٦﴾

(၅၆) (ထိုအရာသည်) ငရဲဘုံပင်ဖြစ်သည်။ သူတို့သည် ထိုအထဲသို့ ဝင်ရောက်ကြရမည်။အဘယ်မျှဆိုးရွားလိုက်သောအပန်းဖြေစခန်းဖြစ်လိုက်သနည်း။

هٰذَا ۙ فَلۡيَذُوۡقُوۡهُ حَمِيۡمٌ وَّغَسَّاقٌ ﴿٥٧﴾

(၅၇) ဤသည် ဆူပွက်နေသောရေပူနှင့် ပြည်ပုပ်ဖြစ်သည်။ ထို့ပြင် ထိုအရာအား သူတို့ မြည်းစမ်းကြပါစေ။

وَّاٰخَرُ مِنۡ شَكۡلِهٖۤ اَزۡوَاجٌ ؕ ﴿٥٨﴾

(၅၈) ထို့ပြင် ၎င်းအမျိုးအစားထဲမှပင် အခြား(မြည်းစရာပြစ်ဒဏ်) အမျိုးမျိုးလည်း ရှိလိမ့်မည်။

هٰذَا فَوۡجٌ مُّقۡتَحِمٌ مَّعَكُمۡ ۚ لَا مَرۡحَبًۢا بِهِمۡ ؕ اِنَّهُمۡ صَالُوا النَّارِ ﴿٥٩﴾

(၅၉) (လူဆိုးအကြီးအကဲများက ပြောဆိုကြသည်) ဤသည် အသင်တို့နှင့်အတူ တိုးဝင်နေကြသော အုပ်စုတစ်စုဖြစ်သည်။ သူတို့အား မကြိုဆိုပါ

စေနှင့်။ အမှန်စင်စစ် သူတို့သည် ငရဲမီးထဲသို့ ဝင်ရောက်ကြမည့်သူများဖြစ်သည်။

قَالُوْا بَلْ اَنْتُمْ لَا مَرْحَبًا بِكُمْ اَنْتُمْ قَدَّمْتُمُوْهُ لَنَا فَبِئْسَ الْقَرَارُ ﴿٦٠﴾

(၆၀) ၎င်း(နောက်လိုက်)တို့က ပြောဆိုကြမည်- ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် အသင်တို့ပင် အကြိုဆိုမခံရပါစေနှင့်။ အသင်တို့ပင် ဤဒုက္ခကို ကျွန်ုပ်တို့ရှေ့၌ ယူဆောင်လာခဲ့ကြသည်ဖြစ်သည်။ အဘယ်မျှ ဆိုးရွားလိုက်သော နေရာထိုင်ခင်းဖြစ်လိုက်သနည်း။

قَالُوْا رَبَّنَا مَنْ قَدَّمَ لَنَا هٰذَا فَزِدْهُ عَذَابًا ضِعْفًا فِى النَّارِ ﴿٦١﴾

(၆၁) သူတို့က လျှောက်ထားကြမည်- အို-ကျွန်ုပ်တို့အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်ုပ်တို့ရှေ့၌ ထိုဒုက္ခကို ယူဆောင်လာခဲ့သည့် သူကို အရှင်မြတ်သည် ငရဲဘုံတွင် ပြစ်ဒဏ် နှစ်ဆတိုးစေတော်မူပါ။

وَقَالُوْا مَا لَنَا لَا نَرٰى رِجَالًا كُنَّا نَعُدُّهُمْ مِّنَ الْاَشْرَارِ ﴿٦٢﴾

(၆၂) ထို့ပြင် သူတို့က (အချင်းချင်း)ပြောဆိုကြမည်-ဆိုးသွမ်းသူများ ထဲမှဖြစ်ကြသည်ဟု ကျွန်ုပ်တို့ ရေတွက်မှတ်သားနေခဲ့သော ပုဂ္ဂိုလ်များအား (မွတ်စ်လင်မ်များအား ငရဲဘုံထဲတွင်) အဘယ်ကြောင့်ကျွန်ုပ်တို့မတွေ့ကြရသနည်း။

اَتَّخَذْنٰهُمْ سِخْرِيًّا اَمْ زَاغَتْ عَنْهُمُ الْاَبْصَارُ ﴿٦٣﴾

(၆၃) ကျွန်ုပ်တို့ကပင် သူတို့အား ပြက်ရယ်ပြောင်လှောင်မှု လုပ်ခဲ့ကြ သည်(မှာ မှားနေသည်)လော၊ သို့မဟုတ် (ကျွန်ုပ်တို့၏)မျက်စိများကပင် သူတို့ (အား မြင်နိုင်ခြင်း)မှ လွဲချော်တိမ်းမှောက်နေကြသလော။

اِنَّ ذٰلِكَ لَحَقٌّ تَخَاصُمُ اَهْلِ النَّارِ ﴿٦٤﴾

(၆၄) အမှန်စင်စစ် ငရဲကျသည့်သူများ အချင်းချင်း ထို(သို့)စကားများ ကြခြင်းသည် လုံးဝအမှန်ပင်ဖြစ်သည်။

قُلْ اِنَّمَآ اَنَا مُنْذِرٌ وَّمَا مِنْ اِلٰهٍ اِلَّا اللّٰهُ الْوَاحِدُ الْقَهَّارُ ﴿٦٥﴾

(၆၅) (အို-တမန်တော်) အသင်ပြောလိုက်ပါ-ငါသည် သတိပေးနှိုးဆော် သူတစ်ဦးသာ ဖြစ်သည်။ ထို့ပြင် တစ်ပါးတည်းဖြစ်တော်မူသော အဖန်ဆင်းခံ အားလုံးအပေါ် လွှမ်းမိုးထားတော်မူသော အလ္လာဟ်အရှင်မြတ်မှလွဲ၍ ကိုးကွယ် ခြင်းခံထိုက်သောအရှင်မရှိပေ။

رَبُّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا الْعَزِيْزُ الْغَفَّارُ ﴿٦٦﴾

(၆၆) (ထိုအရှင်မြတ်ပင်) မိုးကောင်းကင်များနှင့် မြေပထဝီအပြင် ထို

နှစ်ခုကြားတွင် ရှိသမျှအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ လွတ်ငြိမ်းချမ်းသာခွင့် အကြိမ်ကြိမ်ပေးတော်မူသောအရှင်ဖြစ်တော်မူသည်။

قُلْ هُوَ نَبَؤٌا عَظِيْمٌ ﴿٦٧﴾

(၆၇) (အို-တမန်တော်) အသင်ပြောလိုက်ပါ- ထို(ကုရ်အာန်)သည် ကြီးကျယ်သောသတင်းပင်ဖြစ်သည်။

اَنْتُمْ عَنْهُ مُعْرِضُوْنَ ﴿٦٨﴾

(၆၈) အသင်တို့သည် ထိုသတင်းမှ မျက်နှာလွှဲနေကြသောသူများပင် ဖြစ်ကြသည်။

مَا كَانَ لِيَ مِنْ عِلْمٍ بِالْمَلَاِ الْاَعْلٰى اِذْ يَخْتَصِمُوْنَ ﴿٦٩﴾

(၆၉) ငါသည် အထက်ကောင်းကင်တွင်ရှိသော ကောင်းကင်တမန်များနှင့်ပတ်သက်၍ သူတို့အချင်းချင်း ပြောဆိုအငြင်းပွားနေခဲ့ကြစဉ်က(တမန်တော်အာဒမ်ကို ဖန်ဆင်းတော်မူမည့်)ကိစ္စကို ငါသည်မည်သည့်အရာမျှ မသိခဲ့ပေ။

اِنْ يُّوْحٰى اِلَيَّ اِلَّآ اَنَّمَآ اَنَا نَذِيْرٌ مُّبِيْنٌ ﴿٧٠﴾

(၇၀) ငါသည် ထင်ရှားစွာ သတိပေးနှိုးဆော်သူတစ်ဦး ဖြစ်သည့်အတွက် ငါ့ထံသို့ ဝဟီအမိန့်တော် ပို့ချခြင်းခံရခြင်း ဖြစ်သည်။

اِذْ قَالَ رَبُّكَ لِلْمَلٰٓئِكَةِ اِنِّيْ خَالِقٌۢ بَشَرًا مِّنْ طِيْنٍ ﴿٧١﴾

(၇၁) တစ်ခါတွင် အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ကောင်းကင်တမန်များအား မိန့်ကြားတော်မူသည်- အမှန်စင်စစ် ငါအရှင်မြတ်သည် လူသားတစ်ဦးကို ရွှံ့မြေဖြင့် ဖန်ဆင်းတော်မူမည်။

فَاِذَا سَوَّيْتُهٗ وَنَفَخْتُ فِيْهِ مِنْ رُّوْحِيْ فَقَعُوْا لَهٗ سٰجِدِيْنَ ﴿٧٢﴾

(၇၂) ထို့နောက် ငါအရှင်မြတ်သည် ထိုလူသားအား နေသားတကျ ပြုလုပ်တော်မူ၍ ၎င်းထဲသို့ ငါအရှင်မြတ်၏ဝိညာဉ်တော်မှ (ငါအရှင်ဖန်ဆင်းထားသော အသက်ဝိညာဉ်ကို) မှုတ်သွင်းတော်မူသည့်အခါ❶ အသင်တို့အားလုံး ၎င်း၏ရှေ့၌ စဂျ်ဒဟ်ဦးချကြရမည်။

❶ လူသားရဲ့မြင့်မြတ်မှုဟာ အချက်နှစ်ချက်နဲ့ပဲ ထင်ရှားလျက်ရှိတယ်။ တစ်ချက်က အရှင်မြတ်ရဲ့ ဝိညာဉ် မှုတ်ထည့်ထားခြင်း၊ နောက်တစ်ချက်က ကောင်းကင်တမန်တွေအားလုံးက လူသားကို အရိုအသေပြုစဂျ်ဒဟ်ဦးချကြခြင်းဖြစ်တယ်။ (ဂျလာလိုင်န် မအ ဟာရှိယာစွာဝီ စာ-၂၉)

فَسَجَدَ الْمَلٰٓئِكَةُ كُلُّهُمْ اَجْمَعُوْنَ ﴿٧٣﴾

(၇၃) ထို့နောက် ကောင်းကင်တမန်များအားလုံးသည် ဦးချခဲ့ကြသည်။

إِلَّآ إِبۡلِيسَ ٱسۡتَكۡبَرَ وَكَانَ مِنَ ٱلۡكَٰفِرِينَ ٧٤

(၇၄) သို့ရာတွင် အိဗ်လီစ်ကမူ(ဦးမချခဲ့ဘဲ)မာနထောင်ပြီး ငြင်းပယ်သူများထဲတွင် အပါအဝင်ဖြစ်သွားခဲ့သည်။

قَالَ يَٰٓإِبۡلِيسُ مَا مَنَعَكَ أَن تَسۡجُدَ لِمَا خَلَقۡتُ بِيَدَيَّۖ أَسۡتَكۡبَرۡتَ أَمۡ كُنتَ مِنَ ٱلۡعَالِينَ ٧٥

(၇၅) အရှင်မြတ်က မိန့်တော်မူသည်- အို- အိဗ်လီစ်၊ ငါအရှင်မြတ်က ငါအရှင်မြတ်၏လက်တော်နှစ်ဖက်ဖြင့် ဖန်ဆင်းတော်မူခဲ့သူ၏ရှေ့၌ ဦးချခြင်းမှ အသင့်အား မည်သည့်အရာက တားမြစ်ခဲ့သနည်း။ အသင်သည် မာနထောင်သလော၊ သို့မဟုတ် အသင်သည် အလွန်မြင့်မားသည့်သူတစ်ဦးဖြစ်သလော။

قَالَ أَنَا۠ خَيۡرٞ مِّنۡهُ خَلَقۡتَنِي مِن نَّارٖ وَخَلَقۡتَهُۥ مِن طِينٖ ٧٦

(၇၆) ယင်း(အိဗ်လီစ်)ကပြောသည်- ကျွန်ုပ်သည် ၎င်း(လူသား)ထက်မြင့်မြတ်ပါသည်။ အရှင်မြတ်သည် ကျွန်ုပ်အား မီးဖြင့် ဖန်ဆင်းတော်မူပြီး ၎င်းကို ရွှံ့မြေဖြင့် ဖန်ဆင်းတော်မူခဲ့ပါသည်။

قَالَ فَٱخۡرُجۡ مِنۡهَا فَإِنَّكَ رَجِيمٞ ٧٧

(၇၇) အရှင်မြတ်က မိန့်ကြားတော်မူသည်- သို့ဖြစ်လျှင် အသင်သည် ၎င်း(ဂျန္နသ်)မှ ထွက်သွားပေတော့၊ ထို့ပြင် အမှန်ပင် အသင်သည် နှင်ထုတ်ခြင်းခံရသူပင်ဖြစ်သည်။

وَإِنَّ عَلَيۡكَ لَعۡنَتِيٓ إِلَىٰ يَوۡمِ ٱلدِّينِ ٧٨

(၇၈) ထို့ပြင် အမှန်စင်စစ် အသင့်အပေါ်တွင် ငါအရှင်မြတ်၏လအ်နသ် ကရုဏာကင်းဝေးမှုသည် အစားပေးမည့်(ကိယာမသ်)နေ့ထိရှိမည်။

قَالَ رَبِّ فَأَنظِرۡنِيٓ إِلَىٰ يَوۡمِ يُبۡعَثُونَ ٧٩

(၇၉) ယင်း(အိဗ်လီစ်)ကပြောသည်- အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ သို့ဖြစ်လျှင် အရှင်မြတ်သည် ကျွန်ုပ်အား ကိယာမသ်နေ့ထိ (သေခြင်းနှင့် ပြစ်ဒဏ်ခတ်ခြင်းမှ) ဆိုင်းငံ့ထားပေးတော်မူပါ။

قَالَ فَإِنَّكَ مِنَ ٱلۡمُنظَرِينَ ٨٠

(၈၀) အရှင်မြတ်က မိန့်ကြားတော်မူသည်။ သို့ဖြစ်ရာ အသင်သည် အမှန်စင်စစ် ဆိုင်းငံ့ခြင်းခံရသူတစ်ဦးပင်ဖြစ်သည်။

إِلَىٰ يَوۡمِ ٱلۡوَقۡتِ ٱلۡمَعۡلُومِ ٨١

(၈၁) သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သောအချိန်ကာလ(ရောက်မည့်)နေ့ထိ။

قَالَ فَبِعِزَّتِكَ لَاُغْوِيَنَّهُمْ اَجْمَعِيْنَ ﴿٨٢﴾

(၈၂) ယင်း(အိဗ်လီစ်)ကပြောသည်- သို့ဖြစ်လျှင် အရှင်မြတ်၏တန်ခိုး ဂုဏ်တော်ကို တိုင်တည်ပါသည်။ အမှန်စင်စစ် ကျွန်ုပ်သည် ၎င်း(လူသား) အားလုံးကို လမ်းလွဲအောင်ပြုလုပ်မည်ဖြစ်ပါသည်။

اِلَّا عِبَادَكَ مِنْهُمُ الْمُخْلَصِيْنَ ﴿٨٣﴾

(၈၃) သို့ရာတွင် သူတို့ထဲမှ အရှင်မြတ်၏ရွေးချယ်ထားသောကျွန်များကိုမူ (ကျွန်ုပ်သည် လမ်းလွဲအောင်လုပ်နိုင်မည်မဟုတ်ပါ)။

قَالَ فَالْحَقُّ وَالْحَقَّ اَقُوْلُ ﴿٨٤﴾

(၈၄) အရှင်မြတ်က မိန့်ကြားတော်မူသည်- သို့ဖြစ်ရာ အမှန်ပင်ဖြစ်သည်၊ ထို့ပြင် ငါအရှင်မြတ်သည် အမှန်ကိုပင် မိန့်တော်မူလေ့ရှိသည်။

لَاَمْلَـَٔنَّ جَهَنَّمَ مِنْكَ وَمِمَّنْ تَبِعَكَ مِنْهُمْ اَجْمَعِيْنَ ﴿٨٥﴾

(၈၅) အမှန်စင်စစ် ငါအရှင်မြတ်သည် ဂျဟန္နမ်ငရဲဘုံကို အသင်နှင့် လူများထဲမှ အသင်၏နောက်လိုက်သူများအားလုံးဖြင့် ဖြည့်တော်မူမည်။

قُلْ مَآ اَسْـَٔلُكُمْ عَلَيْهِ مِنْ اَجْرٍ وَّمَآ اَنَا مِنَ الْمُتَكَلِّفِيْنَ ﴿٨٦﴾

(၈၆) (အို-တမန်တော်)အသင် ပြောလိုက်ပါ- ငါသည် အသင်တို့ထံတွင် ၎င်း(ကုရ်အာန်)နှင့်ပတ်သက်၍ မည်သည့်အကျိုးမျှ တောင်းခံသည်မရှိပေ။ ထို့ပြင် ငါသည် လုပ်ကြံဟန်ဆောင်ပြောဆိုသူ တစ်ဦးလည်းမဟုတ်ပေ။

اِنْ هُوَ اِلَّا ذِكْرٌ لِّلْعٰلَمِيْنَ ﴿٨٧﴾

(၈၇) ထို(ကုရ်အာန်ကျမ်းတော်မြတ်)သည် စကြဝဠာအားလုံး(တွင်ရှိသူများ)အတွက် ဆုံးမသြဝါဒတစ်ခုပင် ဖြစ်သည်။

وَلَتَعْلَمُنَّ نَبَاَهٗ بَعْدَ حِيْنٍ ﴿٨٨﴾

(၈၈) ထို့ပြင် အမှန်စင်စစ် အသင်တို့သည် အချိန်အနည်းငယ်နောက်တွင် ထို(ကုရ်အာန်ကျမ်းတော်မြတ်)၏သတင်းမှန်ကန်ကြောင်းကို သိကြလိမ့်မည်။[၁]

[၁] ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားထားတာတွေ၊ ဖြစ်မဲ့အရာတွေကို ကြိုတင်မိန့်ထားတာတွေ ဘယ်လောက်မှန်သလဲဆိုတာ အသင်တို့ကိုယ်တိုင်ပဲ မကြာခင်မှာ သိရှိရလိမ့်မယ်။ (အလင်းပြကျမ်း)

ركوعاتها ٨   ٣٩ سُوْرَةُ الزُّمَرِ مَكِّيَّةٌ ٥٩   اٰياتها ٧٥

## စူရဟ် ဇုမရ် (အုပ်စုများကဏ္ဍ)  سُوْرَةُ الزُّمَرِ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

تَنْزِيْلُ الْكِتٰبِ مِنَ اللّٰهِ الْعَزِيْزِ الْحَكِيْمِ ﴿١﴾

(၁) (ဤသည်) တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်သောအလ္လာဟ် အရှင်မြတ်ထံတော်မှ ချပေးတော်မူသည့်ကျမ်းတော်မြတ်ပင် ဖြစ်သည်။❶

❶ တန်ခိုးတော်နဲ့ အလွန်လွှမ်းမိုးတဲ့အရှင်ဖြစ်တဲ့အတွက် တစ်ကမ္ဘာလုံးကို ကုရ်အာန်ဟာ ပျံ့နှံ့ပြီး တည်မြဲသွားလိမ့်မယ်။ ပြီးတော့ ပညာဉာဏ်အမြော်အမြင်နဲ့အလွန်ပြည့်စုံတဲ့အရှင်က ချပေးထားတဲ့ကျမ်းဖြစ်တဲ့အတွက် အခြားဘယ်ကျမ်းတွေကမှ ယှဉ်နိုင်မှာမဟုတ်ဘူး။ အဲဒီအတိုင်းပဲ ဖြစ်ခဲ့တယ်။ (အလင်းပြကျမ်း)

اِنَّآ اَنْزَلْنَآ اِلَيْكَ الْكِتٰبَ بِالْحَقِّ فَاعْبُدِ اللّٰهَ مُخْلِصًا لَّهُ الدِّيْنَ ﴿٢﴾

(၂) စင်စစ် ငါအရှင်မြတ်သည် အသင်(တမန်တော်)၏ထံသို့ ဤကျမ်းမြတ်ကို တိကျမှန်ကန်စွာ ချပေးတော်မူခဲ့သည့်အတွက် အသင်သည် ကိုးကွယ်မှုကို အရှင်မြတ်အတွက် သက်သက်ဖြစ်စေလျက် အလ္လာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်ပါ။❷

❷ အရှင်မြတ်အတွက် သီးသန့်သက်သက်တစ်စိတ်တစ်လက်တည်း ဖြစ်တဲ့ကိုးကွယ်မှုကိုပဲ အရှင်မြတ်က လက်ခံတော်မူမှာဖြစ်ပြီး ရောနှောလာတဲ့ကိုးကွယ်မှုဟူသမျှကို အရှင်မြတ်က လက်ခံတော်မူမှာမဟုတ်ဘူး။ (အလင်းပြကျမ်း)

اَلَا لِلّٰهِ الدِّيْنُ الْخَالِصُ ۗ وَالَّذِيْنَ اتَّخَذُوْا مِنْ دُوْنِهٖٓ اَوْلِيَآءَ ۘ مَا نَعْبُدُهُمْ اِلَّا لِيُقَرِّبُوْنَآ اِلَى اللّٰهِ
زُلْفٰى ۗ اِنَّ اللّٰهَ يَحْكُمُ بَيْنَهُمْ فِيْ مَا هُمْ فِيْهِ يَخْتَلِفُوْنَ ۗ اِنَّ اللّٰهَ لَا يَهْدِيْ مَنْ هُوَ كٰذِبٌ كَفَّارٌ ﴿٣﴾

(၃) သတိပြုကြပါ။ သီးသန့်သက်သက်ဖြစ်သော ကိုးကွယ်မှုသည် အလ္လာဟ်အရှင်မြတ်နှင့်သာ ထိုက်တန်သည်။ ထို့ပြင် အကြင်သူများသည် အရှင်မြတ်မှလွဲ၍ အခြားကာကွယ်စောင့်ရှောက်သူများ ပြုလုပ်ခဲ့ကြပြီး ၎င်းတို့သည် (ဤသို့ပြောဆိုကြသည်–) ကျွန်ုပ်တို့အား အလ္လာဟ်အရှင်မြတ်နှင့် နီးကပ်စေရန်အတွက်သာ ကျွန်ုပ်တို့သည် ၎င်းတို့အား ကိုးကွယ်ကြပါသည်။❸ အမှန်စင်စစ်

အလ္လာဟ်အရှင်မြတ်သည် (ကိယာမသ်နေ့တွင်) သူတို့အချင်းချင်း ကွဲလွဲငြင်းခုံနေကြသည့်ကိစ္စနှင့်ပတ်သက်၍ သူတို့၏အကြားတွင် စီရင်ဆုံးဖြတ်တော်မူမည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လိမ်လည်သူ၊ အလွန်ကျေးဇူးကန်းသူကို လမ်းမှန်ညွှန်ကြားပြသတော်မူမည်မဟုတ်ပေ။

❻ မုရှ်ရိက်တွေဟာ အရှင်မြတ်ကလွဲပြီး အခြားကိုးကွယ်ရာတွေကို ကိုးကွယ်ရခြင်းရဲ့အကြောင်းရင်းကို ဖော်ပြထားတာဖြစ်တယ်။ အဲဒီသူတွေက အရှင်မြတ်နဲ့ နီးကပ်အောင် လုပ်ပေးလိမ့်မယ်လို့ ယုံကြည်ပြီး ကိုးကွယ်ကြတာလို့ ဆိုကြတယ်။ အခုခေတ် အချို့မွတ်စ်လင်မ်တွေဟာလည်း ဝလီ၊ အောင်လိယာ၊ ကောင်းမြတ်သူတွေကို အကြည်ညိုလွန်ပြီး အဲဒီကောင်းမြတ်သူတွေက စားနပ်ရိက္ခာပြေလည်မှု၊ ရောဂါပျောက်ကင်းမှု၊ အမှုအခင်းနိုင်မှု စတဲ့ သူတို့ရဲ့ကောင်းကျိုး၊ ဆိုးကျိုးကိစ္စတွေမှာ အရေးပါအရာရောက်ကြတယ်၊ စွမ်းဆောင်နိုင်ကြတယ်လို့ ထင်မှတ်ကြတယ်။ ဒါဟာ ရှိရ်က်တွဲဖက်ကိုးကွယ်မှုဖြစ်တယ်။ (အလင်းပြကျမ်း)

لَوْ أَرَادَ ٱللَّهُ أَن يَتَّخِذَ وَلَدًا لَّٱصْطَفَىٰ مِمَّا يَخْلُقُ مَا يَشَآءُ ۚ سُبْحَٰنَهُۥ ۖ هُوَ ٱللَّهُ ٱلْوَٰحِدُ ٱلْقَهَّارُ ﴿٤﴾

(၄) အကယ်၍ အလ္လာဟ်အရှင်မြတ်သည် သားတော်တစ်ပါးပါး ရွေးချယ်ပြုလုပ်ရန် ရည်ရွယ်တော်မူလျှင် အမှန်ပင် အရှင်မြတ်သည် အရှင်မြတ်ဖန်ဆင်းတော်မူထားသော အဖန်ဆင်းခံများထဲမှ အရှင်မြတ်အလိုရှိသူကို ရွေးချယ်တော်မူခဲ့မည်ပင်ဖြစ်သည်။ ထိုအရှင်မြတ်သည် (သားသမီးအလိုရှိတော်မူခြင်းမှ) စင်ကြယ်သန့်ရှင်းတော်မူသည်။ အရှင်မြတ်သည် တစ်ပါးတည်းရှိတော်မူသော အရှင်၊ အဖန်ဆင်းခံအားလုံးအပေါ် လွှမ်းမိုးထားတော်မူသော အလ္လာဟ်အရှင်ဖြစ်တော်မူသည်။

خَلَقَ ٱلسَّمَٰوَٰتِ وَٱلْأَرْضَ بِٱلْحَقِّ ۖ يُكَوِّرُ ٱلَّيْلَ عَلَى ٱلنَّهَارِ وَيُكَوِّرُ ٱلنَّهَارَ عَلَى ٱلَّيْلِ ۖ وَسَخَّرَ ٱلشَّمْسَ وَٱلْقَمَرَ ۖ كُلٌّ يَجْرِى لِأَجَلٍ مُّسَمًّى ۗ أَلَا هُوَ ٱلْعَزِيزُ ٱلْغَفَّٰرُ ﴿٥﴾

(၅) ထိုအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို တိကျမှန်ကန်စွာ ဖန်ဆင်းတော်မူခဲ့သည်။ အရှင်မြတ်သည် ညကိုနေ့၏အပေါ်တွင် ဖုံးအုပ်လွှမ်းခြုံထားတော်မူသည်။ ထို့ပြင် နေ့ကို ည၏အပေါ်တွင် ဖုံးအုပ်လွှမ်းခြုံထားတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် နေနှင့်လကို အမိန့်နာခံစေတော်မူခဲ့သည်။ အသီးသီးသည် သတ်မှတ်ထားသည့်အချိန်ထိ လှုပ်ရှားသွားလာနေကြလိမ့်မည်။ သတိပြုကြပါ၊ အရှင်မြတ်သည်သာ တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသော အရှင်၊ အကြိမ်ကြိမ်လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသောအရှင် ဖြစ်တော်မူသည်။

خَلَقَكُمْ مِّنْ نَّفْسٍ وَّاحِدَةٍ ثُمَّ جَعَلَ مِنْهَا زَوْجَهَا وَ اَنْزَلَ لَكُمْ مِّنَ الْاَنْعَامِ ثَمٰنِيَةَ اَزْوَاجٍ ؕ يَخْلُقُكُمْ فِىْ بُطُوْنِ اُمَّهٰتِكُمْ خَلْقًا مِّنْۢ بَعْدِ خَلْقٍ فِىْ ظُلُمٰتٍ ثَلٰثٍ ؕ ذٰلِكُمُ اللّٰهُ رَبُّكُمْ لَهُ الْمُلْكُ ؕ لَاۤ اِلٰهَ اِلَّا هُوَ ۚ فَاَنّٰى تُصْرَفُوْنَ ﴿٦﴾

(၆) အရှင်မြတ်သည် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အရှင်မြတ်သည် ထိုအသက်မှပင် ၎င်း၏ ကြင်ရာကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အတွက် ခြေလေးချောင်းတိရစ္ဆာန်များမှ(အထီးနှင့်အမ)ရှစ်မျိုး❶ကို (ဖန်ဆင်းပြီး)ချပေးတော်မူခဲ့သည်။ အရှင်မြတ်သည် အသင်တို့အား အသင်တို့၏ မိခင်များ၏ဝမ်းဗိုက်များထဲတွင် အမှောင်ထုသုံးထပ်အတွင်း၌❷ဖန်ဆင်းမှု တစ်မျိုးပြီးတစ်မျိုး(အဆင့်ဆင့်ပြောင်းလဲပြီး) ဖန်ဆင်းတော်မူခဲ့သည်။ ထိုအရှင်မြတ်ပင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူသည်။ စိုးမိုးအုပ်ချုပ်မှုသည် အရှင်မြတ်၌ပင်ရှိသည်။ အရှင်မြတ်မှလွဲ၍ အခြားကိုးကွယ်ထိုက်သော အရှင်မရှိပေ။ ထို့နောက် အသင်တို့သည် အဘယ်သို့ ပြန်လှည့်သွားကြသနည်း။

❶ သိုး အထီး/အမ၊ ဆိတ် အထီး/အမ၊ ကုလားအုတ် အထီး/အမ၊ နွားအထီး/အမ အားလုံးရှစ်မျိုးဖြစ်တယ်။ ဒီနေရာမှာ اَزْوَاجٌ ဆိုတာ اَنْوَاعٌ အမျိုးအစားကို ဆိုလိုတယ်။(အတ်သ်သဖ်စီရွလ်မုယတ်စတ်ရ်၊ အာစားန်သရ်ဂျူမဟ်) ❷ အမှောင်သုံးထပ်ဆိုတာ (၁) အမိဝမ်းဗိုက် (၂) သားအိမ် (၃) သားငယ်ကို ရစ်ပတ်လွှမ်းခြုံထားတဲ့အမြှေးပါး (အချင်း)တို့ ဖြစ်ကြတယ်။ (အလင်းပြကျမ်း)

اِنْ تَكْفُرُوْا فَاِنَّ اللّٰهَ غَنِىٌّ عَنْكُمْ ۫ وَلَا يَرْضٰى لِعِبَادِهِ الْكُفْرَ ۚ وَاِنْ تَشْكُرُوْا يَرْضَهُ لَكُمْ ؕ وَلَا تَزِرُ وَازِرَةٌ وِّزْرَ اُخْرٰى ؕ ثُمَّ اِلٰى رَبِّكُمْ مَّرْجِعُكُمْ فَيُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ؕ اِنَّهٗ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ﴿٧﴾

(၇) အကယ်၍ အသင်တို့သည် ကျေးဇူးကန်း ငြင်းပယ်ကြလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား လိုလားတောင့်တခြင်းကင်းပြီး ပြည့်စုံကြွယ်ဝတော်မူသောအရှင် ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အရှင်မြတ်၏ ကျွန်များနှင့် ပတ်သက်၍ ကျေးဇူးကန်း ငြင်းပယ်မှုကို နှစ်သက်တော်မမူပေ။ ထို့ပြင် အကယ်၍ အသင်တို့သည် ကျေးဇူးသိတတ်ကြလျှင် အသင်တို့နှင့်ပတ်သက်၍ ထိုကျေးဇူးသိတတ်ခြင်းကို နှစ်သက်တော်မူသည်။ ထို့ပြင် မည်သည့်ဝန်ထုပ်ထမ်းပိုးသူတစ်ဦးကမျှ သူတစ်ပါး၏ဝန်ထုပ်ကို ထမ်းပိုးမည်မဟုတ်ပေ။ ထို့နောက် အသင်တို့၏ပြန်လှည့်ရာဌာနသည် အသင်တို့အား ဖန်

ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်သို့ပင် ဖြစ်သည်။ ထို့နောက် အရှင်မြတ်သည် အသင်တို့ ပြုလုပ်ခဲ့သမျှကို အသင်တို့အား အသိပေးတော်မူလိမ့်မည်။ အမှန်စင်စစ် အရှင်မြတ်သည် စိတ်နှလုံးများထဲတွင် ရှိသမျှကို အကြွင်းမဲ့ သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

وَاِذَا مَسَّ الْاِنْسَانَ ضُرٌّ دَعَا رَبَّهٗ مُنِيْبًا اِلَيْهِ ثُمَّ اِذَا خَوَّلَهٗ نِعْمَةً مِّنْهُ نَسِيَ مَا كَانَ يَدْعُوْٓا
اِلَيْهِ مِنْ قَبْلُ وَجَعَلَ لِلّٰهِ اَنْدَادًا لِّيُضِلَّ عَنْ سَبِيْلِهٖ ۭ قُلْ تَمَتَّعْ بِكُفْرِكَ قَلِيْلًا ڰ اِنَّكَ مِنْ
اَصْحٰبِ النَّارِ ﴿٨﴾

(၈) ထို့ပြင် လူသားတွင် ဘေးဒုက္ခတစ်စုံတစ်ခု ကျရောက်သည့်အခါ သူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ဘက်သို့ တစ်စိတ်တစ်လက်တည်းလှည့်ပြီး အရှင်မြတ်အား ဟစ်ခေါ်သည်။ ထို့နောက် သူ့ကို အရှင်မြတ်ထံတော်မှ ကျေးဇူးတော်တစ်စုံတစ်ခုကို အရှင်မြတ်ကပေးသနားတော်မူသည့်အခါ သူသည် သူ့အနေဖြင့် အရှင်မြတ်အား ယခင်က သူဟစ်ခေါ်နေခဲ့သည်ကို မေ့သွားတော့သည်။ ထို့ပြင် သူသည် (သူတစ်ပါးအား)အရှင်မြတ်၏လမ်းမှ လွဲသွားစေရန်အတွက် အရှင်မြတ်တွင် ဂုဏ်ရည်တူများကို ပြုလုပ်သတ်မှတ်ခဲ့သည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်သည် အသင်၏ကျေးဇူးကန်းမှုဖြင့် (အချိန်)အနည်းငယ်အကျိုးကျေးဇူးခံစားလိုက်ပါ၊ အမှန်စင်စစ် အသင်သည် ငရဲသားများထဲမှပင် ဖြစ်သည်။

اَمَّنْ هُوَ قَانِتٌ اٰنَاۗءَ الَّيْلِ سَاجِدًا وَّقَاۗىِٕمًا يَّحْذَرُ الْاٰخِرَةَ وَيَرْجُوْا رَحْمَةَ رَبِّهٖ ۭ قُلْ هَلْ يَسْتَوِي
الَّذِيْنَ يَعْلَمُوْنَ وَالَّذِيْنَ لَا يَعْلَمُوْنَ ۭ اِنَّمَا يَتَذَكَّرُ اُولُوا الْاَلْبَابِ ﴿٩﴾

(၉) အကြင်သူသည် ညပိုင်းများတွင် စဂျ်ဒဟ်ဦးချလျက်၊ မတ်တတ်ရပ်ဝတ်ပြုလျက်အမိန့်နာခံသည်။ အာခိရဲသ်တမလွန်ဘဝကိုလည်း စိုးရိမ်သည်။ သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ရဟ်မသ်ကရုဏာကိုလည်း မျှော်လင့်သည်။ (ထိုသူသည် အထက်က မုရှ်ရိက်နှင့်တူသလော)။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- သိသောသူနှင့် မသိသောသူသည် တူကြသလော။ (အမှန်စင်စစ်) ဉာဏ်ရှင်များပင် တရားရယူကြသည်။

قُلْ يٰعِبَادِ الَّذِيْنَ اٰمَنُوا اتَّقُوْا رَبَّكُمْ ۭ لِلَّذِيْنَ اَحْسَنُوْا فِيْ هٰذِهِ الدُّنْيَا حَسَنَةٌ ۭ وَاَرْضُ اللّٰهِ
وَاسِعَةٌ ۭ اِنَّمَا يُوَفَّى الصّٰبِرُوْنَ اَجْرَهُمْ بِغَيْرِ حِسَابٍ ﴿١٠﴾

(၁၀) (အို-တမန်တော်) အသင်သည် (ငါအရှင်၏ကိုယ်စား) ပြောလိုက်ပါ- အို- ငါအရှင်မြတ်၏အီမာန်ယုံကြည်သူကျွန်အပေါင်းတို့၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ကောင်းကျိုးပြုလုပ်ခဲ့ကြသည့်သူများအတွက် ဤလောကတွင်လည်း ကောင်းကျိုးရှိသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏မြေပထဝီသည် ကျယ်ဝန်းသည်။ စွဲမြဲစွာ ကြံ့ခိုင်သည်းခံသောသူများပင် သူတို့၏အကျိုးကို မရေမတွက်နိုင်အောင် အပြည့်အဝပေးဆပ်ခြင်းခံကြရမည်ဖြစ်သည်။

قُلْ اِنِّيْٓ اُمِرْتُ اَنْ اَعْبُدَ اللّٰهَ مُخْلِصًا لَّهُ الدِّيْنَ ۙ﴿١١﴾

(၁၁) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်စင်စစ် ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်မှုကို အရှင်မြတ်အတွက်သက်သက်ဖြစ်စေလျက် ကိုးကွယ်ရန် အမိန့်ပေးတော်မူခြင်းခံရသည်။

وَاُمِرْتُ لِاَنْ اَكُوْنَ اَوَّلَ الْمُسْلِمِيْنَ ﴿١٢﴾

(၁၂) ထို့ပြင် ကျွန်ုပ်သည် ပထမဦးဆုံးမွတ်စ်လင်မ်ဖြစ်ရန်လည်း အမိန့်ပေးတော်မူခြင်းခံရသည်။

قُلْ اِنِّيْٓ اَخَافُ اِنْ عَصَيْتُ رَبِّيْ عَذَابَ يَوْمٍ عَظِيْمٍ ﴿١٣﴾

(၁၃) (အို-တမန်တော်)အသင်ပြောလိုက်ပါ- အကယ်၍ ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်တော်ကို ဖီဆန်ခဲ့လျှင် အမှန်ပင် ငါသည် ကြီးကျယ်သော (ကိယာမသ်)နေ့၏ပြစ်ဒဏ်ကို ကြောက်သည်။

قُلِ اللّٰهَ اَعْبُدُ مُخْلِصًا لَّهٗ دِيْنِيْ ۙ﴿١٤﴾

(၁၄) (အို-တမန်တော်) အသင်ပြောလိုက်ပါ- ငါသည် အလ္လာဟ်အရှင်မြတ်ကိုပင် ငါ၏ကိုးကွယ်မှုကို အရှင်မြတ်အတွက် သက်သက်ဖြစ်စေလျက် ကိုးကွယ်သည်။

فَاعْبُدُوْا مَا شِئْتُمْ مِّنْ دُوْنِهٖ ۗ قُلْ اِنَّ الْخٰسِرِيْنَ الَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ وَاَهْلِيْهِمْ يَوْمَ الْقِيٰمَةِ ۗ اَلَا ذٰلِكَ هُوَ الْخُسْرَانُ الْمُبِيْنُ ﴿١٥﴾

(၁၅) သို့ဖြစ်ရာ အသင်တို့သည် အရှင်မြတ်အား စွန့်လွှတ်ပြီး အသင်တို့အလိုရှိရာကို ကိုးကွယ်ကြပါ။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- သူတို့ကိုယ်တိုင်နှင့် သူတို့၏အိမ်သူအိမ်သားများကို ကိယာမသ်နေ့တွင် ဆုံးရှုံးအောင်လုပ်သည့်သူများပင် အမှန်စင်စစ် ဆုံးရှုံးသူများ ဖြစ်ကြသည်။ သတိပြုကြပါ၊

ယင်း(သို့ မိမိကိုယ်တိုင်နှင့် မိမိအိမ်သူအိမ်သားကို ဆုံးရှုံးအောင် ပြုလုပ်ခြင်း) သည်ပင် ထင်ရှားသော ဆုံးရှုံးမှုဖြစ်သည်။

لَهُم مِّن فَوْقِهِمْ ظُلَلٌ مِّنَ النَّارِ وَمِن تَحْتِهِمْ ظُلَلٌ ۚ ذَٰلِكَ يُخَوِّفُ اللَّهُ بِهِ عِبَادَهُ ۚ يَا عِبَادِ فَاتَّقُونِ ١٦

(၁၆) သူတို့အတွက် သူတို့၏အထက်၌လည်း မီးအမိုးများရှိပြီး သူတို့၏ အောက်၌လည်း မီးအခင်းများ ရှိမည်။ ၎င်း(ပြစ်ဒဏ်)သည် အလ္လာဟ်အရှင်မြတ်က အရှင်မြတ်၏ကျွန်များအား ကြောက်ရွံ့စေတော်မူသောအရာ(ပြစ်ဒဏ်)ပင်ဖြစ်သည်။ သို့ဖြစ်ရာ အို- ငါအရှင်မြတ်၏ကျွန်အပေါင်းတို့၊ အသင်တို့သည် ငါအရှင်မြတ်အား ကြောက်ရွံ့ကြပါ။

وَالَّذِينَ اجْتَنَبُوا الطَّاغُوتَ أَن يَعْبُدُوهَا وَأَنَابُوا إِلَى اللَّهِ لَهُمُ الْبُشْرَىٰ ۚ فَبَشِّرْ عِبَادِ ١٧

(၁၇) ထို့ပြင် မမှန်ကန်သော ကိုးကွယ်ရာများအား ကိုးကွယ်ခြင်းမှ ရှောင်ကြဉ်ပြီး အလ္လာဟ်အရှင်မြတ်ဘက်သို့ လှည့်ခဲ့ကြသည့်သူများအတွက်မှာမူ ဝမ်းမြောက်ဖွယ်ရာ သတင်းရှိသည်။ သို့ဖြစ်ရာ အသင်သည် ငါအရှင်မြတ်၏ ကျွန်များအား ဝမ်းမြောက်ဖွယ်ရာ သတင်းကို ပြောလိုက်ပါ။

الَّذِينَ يَسْتَمِعُونَ الْقَوْلَ فَيَتَّبِعُونَ أَحْسَنَهُ ۚ أُولَٰئِكَ الَّذِينَ هَدَاهُمُ اللَّهُ ۖ وَأُولَٰئِكَ هُمْ أُولُو الْأَلْبَابِ ١٨

(၁၈) ထိုကျွန်များသည် (အရှင်မြတ်၏) စကားတော်(အရှင်မြတ်၏ အာယသ်တော်)ကို အာရုံစိုက်ပြီး နားထောင်ကြသည်။ ထို့ပြင် ၎င်း၏ အကောင်းဆုံးအချက်များကို လိုက်နာကြသည်။ ထိုသူများသည် အလ္လာဟ်အရှင်မြတ်က သူတို့အား လမ်းမှန်ကို ပို့ဆောင်တော်မူခဲ့သည့်သူများပင်ဖြစ်သည်။ ထို့ပြင် ထိုသူများပင် ဉာဏ်ရှင်များဖြစ်ကြသည်။

أَفَمَنْ حَقَّ عَلَيْهِ كَلِمَةُ الْعَذَابِ أَفَأَنتَ تُنقِذُ مَن فِي النَّارِ ١٩

(၁၉) အကြင်သူသည် သူ၏အပေါ်တွင် ပြစ်ဒဏ်စီရင်မှု၏အမိန့်တော်သည် အတည်ဖြစ်သွားခဲ့ပြီး ဖြစ်သည်၊ ထို့နောက် အသင်သည် ငရဲမီးထဲတွင် ရှိသူကို ကယ်တင်နိုင်ပါသလော။

لَٰكِنِ الَّذِينَ اتَّقَوْا رَبَّهُمْ لَهُمْ غُرَفٌ مِّن فَوْقِهَا غُرَفٌ مَّبْنِيَّةٌ تَجْرِي مِن تَحْتِهَا الْأَنْهَارُ ۖ
وَعْدَ اللَّهِ ۖ لَا يُخْلِفُ اللَّهُ الْمِيعَادَ ٢٠

(၂၀) သို့ရာတွင် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကြောက်ရွံ့သည့်သူများအတွက်မှာမူ မြင့်မားသည့်အဆောင်များရှိမည်။

ထိုအပေါ်တွင် (ထပ်ပြီး)ဆောက်လုပ်ထားသော ဘုံအဆင့်ဆင့်များ❶ ရှိဦးမည်။ ယင်း(အဆောင်များ)အောက်တွင် ချောင်းရေများသည် စီးဆင်းနေကြမည်။ (ဤသည်) အလ္လာဟ်အရှင်မြတ်၏ကတိတော်ပင် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ကတိတော်ကို ဖောက်ဖျက်တော်မမူပေ။

❶ ဂျန္နသ်မှာ ဘုံအဆင့်တွေ အထပ်တွေ အများကြီးရှိတယ်။ (ကုရ်အာန် - ၃၉း၂၀) ဘယ်သူမှ စဉ်းစားလို့ ဉာဏ်မမီနိုင်တဲ့ ပုံစံတွေဖြစ်တယ်။

قَالَ رَسُولُ اللهِ صلى الله عليه وسلم: قَالَ اللهُ أَعْدَدْتُ لِعِبَادِيَ الصَّالِحِينَ مَا لَا عَيْنٌ رَأَتْ، وَلَا أُذُنٌ سَمِعَتْ، وَلَا خَطَرَ عَلَى قَلْبِ بَشَرٍ فَاقْرَؤُوا إِنْ شِئْتُمْ : فَلَا تَعْلَمُ نَفْسٌ مَا أُخْفِيَ لَهُمْ مِنْ قُرَّةِ أَعْيُنٍ. (ဗုခါရီ ဟဒီးဆ် - ၃၂၄၄)

اَلَمْ تَرَ اَنَّ اللّٰهَ اَنْزَلَ مِنَ السَّمَآءِ مَآءً فَسَلَكَهٗ يَنَابِيْعَ فِى الْاَرْضِ ثُمَّ يُخْرِجُ بِهٖ زَرْعًا مُّخْتَلِفًا اَلْوَانُهٗ ثُمَّ يَهِيْجُ فَتَرٰىهُ مُصْفَرًّا ثُمَّ يَجْعَلُهٗ حُطَامًا ؕ اِنَّ فِىْ ذٰلِكَ لَذِكْرٰى لِاُولِى الْاَلْبَابِ ﴿٢١﴾

(၂၁) အသင်မမြင်ခဲ့သလော။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို ချပေးတော်မူခဲ့သည်။ ထို့နောက် ၎င်း(ရေ)ကို မြေထဲမှ ရေကြောများထဲသို့ ဝင်သွားစေခဲ့သည်။ ထို့နောက် အရှင်မြတ်သည် ၎င်း(ရေ)နှင့် အရောင်အဆင်းအမျိုးမျိုးအစားစားဖြစ်သော ကောက်ပဲသီးနှံကို ထွက်စေတော်မူခဲ့သည်။ ထို့နောက် ယင်း(ကောက်ပဲသီးနှံ)သည် ခြောက်သွေ့သွားသည့်အခါ အသင်သည် ယင်းတို့ဝါနေသည်ကို တွေ့မြင်ရသည်။ ထို့နောက် အရှင်မြတ်သည် ယင်း(ကောက်ပဲသီးနှံ)တို့အား အစိတ်စိတ်အမွှာမွှာဖြစ်စေတော်မူသည်။ အမှန်စင်စစ် ထိုအထဲတွင် ဉာဏ်ရှင်များအတွက် ဆုံးမသြဝါဒ အမှန်ပင်ရှိသည်။

اَفَمَنْ شَرَحَ اللّٰهُ صَدْرَهٗ لِلْاِسْلَامِ فَهُوَ عَلٰى نُوْرٍ مِّنْ رَّبِّهٖ ؕ فَوَيْلٌ لِّلْقٰسِيَةِ قُلُوْبُهُمْ مِّنْ ذِكْرِ اللّٰهِ ؕ اُولٰٓئِكَ فِىْ ضَلٰلٍ مُّبِيْنٍ ﴿٢٢﴾

(၂၂) ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အကြင်သူ၏ရင်ကို အစ္စလာမ်သာသနာအတွက် ဖွင့်ပေးတော်မူခဲ့သည်။ သို့ဖြစ်ရာ သူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ရောင်ခြည်ပေါ်တွင် ရှိနေသည်။ (ထိုသူနှင့် စိတ်နှလုံးမာကျောခက်ထန်သည့်သူသည် တူညီနိုင်ပါသလော)။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ကို သတိရတသခြင်းမရှိဘဲ စိတ်နှလုံးမာကျောခက်ထန်နေသည့်သူများတွင် ပျက်စီးခြင်း ရှိသည်။ သူတို့သည် ထင်ရှားသောလမ်းမှားမှု၌ပင် ရှိနေကြသည်။

اَللّٰهُ نَزَّلَ اَحْسَنَ الْحَدِيْثِ كِتٰبًا مُّتَشَابِهًا مَّثَانِىَ ۖ تَقْشَعِرُّ مِنْهُ جُلُوْدُ الَّذِيْنَ يَخْشَوْنَ رَبَّهُمْ

ثُمَّ تَلِينُ جُلُودُهُمْ وَقُلُوبُهُمْ إِلَىٰ ذِكْرِ اللَّهِ ۚ ذَٰلِكَ هُدَى اللَّهِ يَهْدِي بِهِ مَنْ يَشَاءُ ۚ وَمَنْ يُضْلِلِ اللَّهُ فَمَا لَهُ مِنْ هَادٍ ﴿٢٣﴾

(၂၃) အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံးအာယသ်တော်၊ အချင်းချင်း တစ်ခုနှင့်တစ်ခုဆင်တူယိုးမှား ဖြစ်သည့်၊ အကြိမ်ကြိမ်မိန့်ကြားထားတော်မူသော ကျမ်းတစ်စောင်ကို ချပေးတော်မူခဲ့သည်။ ထို(အာယသ်တော်ကို ကြားနာရသည့်)အတွက် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကြောက်ရွံ့ကြသည့်သူများ၏အသားအရေများသည် ကြက်သီးမွေးညင်းထလာကြသည်။ ထို့နောက် သူတို့၏အသားအရေများနှင့် စိတ်နှလုံးများသည် အလ္လာဟ်အရှင်မြတ်အား သတိရတသရန်အတွက် နူးညံ့ပျော့ပျောင်းလာတော့သည်။ ၎င်း(ကျမ်းတော်)သည် အလ္လာဟ်အရှင်မြတ်၏တရားလမ်းညွှန်ပင် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ထိုတရားလမ်းညွှန်ဖြင့် အရှင်မြတ် အလိုရှိသည့်သူကို တရားလမ်းမှန်ကို ပို့ဆောင်တော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မည်သူ့ကိုမဆို လမ်းမှား၌ပင် ထားတော်မူလျှင် ထိုသူကို တရားလမ်းမှန်ပို့ဆောင်မည့်သူ မည်သူမျှ မရှိတော့ပေ။

أَفَمَنْ يَتَّقِي بِوَجْهِهِ سُوءَ الْعَذَابِ يَوْمَ الْقِيَامَةِ ۚ وَقِيلَ لِلظَّالِمِينَ ذُوقُوا مَا كُنْتُمْ تَكْسِبُونَ ﴿٢٤﴾

(၂၄) ထို့နောက် အကြင်သူသည် ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် ပြင်းထန်သော ပြစ်ဒဏ်ကို (ကာကွယ်ရန် ခြေလက်များသည်လည်း တုပ်ထားခြင်းခံထားရလေရာ မည်သည့်အရာမျှမရှိတော့သည့်အဆုံး အနာခံပြီး) သူ၏ မျက်နှာနှင့်သာ ကာကွယ်(ရတော့)မည်ဖြစ်သည်၊ (ပြစ်ဒဏ်သည် မျက်နှာပေါ် ကျသည့်အခါ ပိုနာပြီး ပိုခံရမည်ဖြစ်သည်)။ ထို့ပြင် မတရားပြုလုပ်သူများအား "အသင်တို့သည် အသင်တို့ ပြုလုပ်ခဲ့ကြသော အရသာကို မြည်းစမ်းကြ"ဟု ပြောဆိုခြင်း ခံရမည်ဖြစ်သည်။ (ထိုကဲ့သို့သူနှင့် ပြစ်ဒဏ်မှလွတ်ကင်းသည့်သူတို့သည် တူပါသလော)။

كَذَّبَ الَّذِينَ مِنْ قَبْلِهِمْ فَأَتَاهُمُ الْعَذَابُ مِنْ حَيْثُ لَا يَشْعُرُونَ ﴿٢٥﴾

(၂၅) သူတို့မတိုင်မီက သူများလည်း မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ ပြစ်ဒဏ်သည် သူတို့ထံသို့ သူတို့ မထင်မှတ်မသိရှိသည့်ဘက်မှ ရောက်ရှိလာခဲ့သည်။

فَأَذَاقَهُمُ اللَّهُ الْخِزْيَ فِي الْحَيَاةِ الدُّنْيَا ۖ وَلَعَذَابُ الْآخِرَةِ أَكْبَرُ ۚ لَوْ كَانُوا يَعْلَمُونَ ﴿٢٦﴾

(၂၆) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့အား (ဤ)လောကီဘဝ
တွင် သေးသိမ်မှု၏အရသာကို မြည်းစမ်းစေတော်မူခဲ့သည်။ ထို့ပြင်အမှန်စင်စစ်
တမလွန်ဘဝ၏ပြစ်ဒဏ်သည် ပို၍ကြီးသည်၊ အကယ်၍ သူတို့ သိကြလျှင်
ကောင်းလေစွ။

وَلَقَدْ ضَرَبْنَا لِلنَّاسِ فِي هَٰذَا الْقُرْآنِ مِن كُلِّ مَثَلٍ لَّعَلَّهُمْ يَتَذَكَّرُونَ ﴿٢٧﴾

(၂၇) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်
မြတ်တွင် လူများအတွက် သူတို့တရားရကြစေရန် ပမာပုံဆောင်ချက်မျိုးစုံကို
ခိုင်းနှိုင်းပြတော်မူခဲ့သည်။

قُرْآنًا عَرَبِيًّا غَيْرَ ذِي عِوَجٍ لَّعَلَّهُمْ يَتَّقُونَ ﴿٢٨﴾

(၂၈) သူတို့သည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ကြရန်
အတွက် (ငါအရှင်မြတ်သည်) စကားအသုံးအနှုန်း အဖွဲ့အနွဲ့ကောင်းမွန်ကြွယ်ဝ
သော အကွေ့အကောက်ကင်းမဲ့သော အရဗီဘာသာစကားဖြင့် ကုရ်အာန်ကျမ်း
တော်မြတ်ကို (ချပေးတော်မူခဲ့သည်)။

ضَرَبَ اللَّهُ مَثَلًا رَّجُلًا فِيهِ شُرَكَاءُ مُتَشَاكِسُونَ وَرَجُلًا سَلَمًا لِّرَجُلٍ هَلْ يَسْتَوِيَانِ مَثَلًا
الْحَمْدُ لِلَّهِ بَلْ أَكْثَرُهُمْ لَا يَعْلَمُونَ ﴿٢٩﴾

(၂၉) အလ္လာဟ်အရှင်မြတ်သည် ပမာတစ်ခုကို ခိုင်းနှိုင်းပြတော်မူသည်။
ကျွန်ယောကျ်ားတစ်ဦးရှိသည်။ သူ့တွင် အချင်းချင်းကွဲလွဲ မသင့်မြတ်ဘဲ ဖက်စပ်
ပိုင်ဆိုင်နေကြသောသူ(သခင်)များရှိကြသည်။ ထို့ပြင် အခြားကျွန်ယောကျ်ား
တစ်ဦးမှာမူ (သခင်)တစ်ဦးတည်းပိုင်ဖြစ်သည်။ ၎င်း(ကျွန်ယောကျ်ားနှစ်ဦး)သည်
(အခြေအနေအရပ်ရပ်တွင်) တူညီနိုင်ကြသလော။❶ ချီးမွမ်းခြင်းအပေါင်းသည်
အလ္လာဟ်အရှင်မြတ်နှင့်သာ ထိုက်တန်သည်။ သို့ရာတွင် သူတို့ထဲမှ အများစု
သည် မသိရှိကြပေ။

❶ သခင်အများကြီးပိုင်ဆိုင်တဲ့ ကျွန်ဟာ ဘယ်သူ့မျက်နှာကို ကြည့်ပြီး နာခံရမလဲ။ သူတို့သခင်
အချင်းချင်းကလည်း မတည့်ကြဘဲ တစ်ယောက်တစ်ပေါက်ဖြစ်နေကြတယ်။ တစ်ယောက်ကဖြူ
ရင် နောက်တစ်ယောက်က မည်းတယ်။ ဘယ်လိုနာခံရမလဲ။ အဲဒီသူတွေရဲ့ကျွန်ဖြစ်နေရတာကိုပဲ
အလွန်ကြီးမားတဲ့ ဒုက္ခနဲ့ စိတ်ဆင်းရဲစရာဖြစ်နေတယ်။ အဲဒါဟာ အရှင်သခင်အမြောက်အမြားကိုး
ကွယ်တဲ့ မုရှ်ရိက်တွေရဲ့ပမာပဲဖြစ်တယ်။ နောက်ကျွန်တစ်ဦးကတော့ သခင်တစ်ဦးတည်းပဲ ပိုင်တော့
သခင်ဘာခိုင်းလဲ လုပ်လိုက်ရုံပဲရှိတယ်။ စိတ်ညစ်စရာမရှိဘူး။ သခင်တစ်ဦးတည်းခိုင်းတာကိုပဲ
လုပ်ရမှာဆိုတော့ သခင်အများကြီးက ခိုင်းသလောက်လဲ အလုပ်မများတော့ဘူး။ အစစအရာရာ

မှာ ပိုကောင်းတဲ့အခွင့်အရေးတွေရှိနေတယ်။ အဲဒီသူဟာ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုပဲ ကိုးကွယ်တဲ့ မွတ်စ်လင်မ်ရဲ့ ပမာဖြစ်တယ်။ အဲဒီကျွန်နှစ်ဦးဟာ တူနိုင်ပ့ါမလားလို့ အရှင်မြတ်က မေးထားတာကို ကိုယ့်ဘာသာ စဉ်းစားပြီး အလွယ်တကူပဲ ဖြေနိုင်ပါလိမ့်မယ်။ (အလင်းပြကျမ်း)

إِنَّكَ مَيِّتٌ وَإِنَّهُم مَّيِّتُونَ ﴿٣٠﴾

(၃၀) အမှန်စင်စစ် အသင်(တမန်တော်)သည်လည်း သေဆုံးမည့်သူ ဖြစ်သည်။ ထို့ပြင် သူတို့သည်လည်း သေဆုံးကြမည့်သူများပင်ဖြစ်ကြသည်။ J

J အဲဒီလောက် ရှင်းလင်းထင်ရှားအောင် ပမာတွေ ပေးပေးပြီး ပြသထားပါလျက်နဲ့တောင်မှ လက်မခံကြဘူးဆိုရင် အသင်တမန်တော်ဟာ သူတို့အတွက် စိတ်ညစ်နေစရာမလိုတော့ဘူး။ အသင်လည်း သေဆုံးရမယ်၊ သူတို့လည်း သေဆုံးရမှာပဲဖြစ်ပြီး အရှင်မြတ်ရဲ့ ရှေ့တော်မှောက်မှာ အသင်တို့ အငြင်းအခုံဖြစ်ကြဦးမယ်။ အဲဒီအခါ အရှင်မြတ်က လက်တွေ့ဆုံးဖြတ်ပေးလိုက်တော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

ثُمَّ إِنَّكُمْ يَوْمَ الْقِيَامَةِ عِندَ رَبِّكُمْ تَخْتَصِمُونَ ﴿٣١﴾

(၃၁) ထို့နောက် အသင်တို့သည် ကိယာမသ်နေ့တွင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ရှေ့တော်မှောက်တွင် အမှန်ပင် အငြင်းအခုံ ပြုကြဦးမည် ဖြစ်သည်။

فَمَنْ أَظْلَمُ مِمَّن كَذَبَ عَلَى اللَّهِ وَكَذَّبَ بِالصِّدْقِ إِذْ جَاءَهُ ۚ أَلَيْسَ فِي جَهَنَّمَ مَثْوًى لِّلْكَافِرِينَ ﴿٣٢﴾

(၃၂) ထို့ပြင် အကြင်သူထက်ပိုပြီး မတရားသူသည် မည်သူရှိဦးမည်နည်း၊ ထိုသူသည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် မုသားစကားကို ပြောဆိုခဲ့သည်။ ထို့ပြင် အမှန်တရားသည် သူ့ထံသို့ ရောက်လာသည့်အခါ ၎င်းကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့သည်။ (ထို)ကာဖိရ်များအတွက် နေရာထိုင်ခင်းသည် ဂျဟန္နမ်ငရဲဘုံပင် ရှိသည်မဟုတ်လော။

وَالَّذِي جَاءَ بِالصِّدْقِ وَصَدَّقَ بِهِ ۙ أُولَٰئِكَ هُمُ الْمُتَّقُونَ ﴿٣٣﴾

(၃၃) ထို့ပြင် အကြင်သူသည် အမှန်တရားကို ယူဆောင်ခဲ့သည်။ ထို့ပြင် ယင်း(အမှန်တရား)ကို မှန်ကန်ကြောင်းထောက်ခံခဲ့သည်။ ထိုသူများပင် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သော မုသ်သကီများဖြစ်ကြသည်။

لَهُم مَّا يَشَاءُونَ عِندَ رَبِّهِمْ ۚ ذَٰلِكَ جَزَاءُ الْمُحْسِنِينَ ﴿٣٤﴾

(၃၄) သူတို့အတွက် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် ထံတော်တွင် သူတို့လိုလားသည့်အရာတိုင်း ရရှိမည်ဖြစ်သည်။ ၎င်းသည် ကောင်းကျိုးဆောင်ရွက်သူများ၏ အကျိုးပင်ဖြစ်သည်။

لِيُكَفِّرَ اللّٰهُ عَنْهُمْ اَسْوَاَ الَّذِیْ عَمِلُوْا وَيَجْزِيَهُمْ اَجْرَهُمْ بِاَحْسَنِ الَّذِیْ كَانُوْا يَعْمَلُوْنَ ﴿٣٥﴾

(၃၅) (ထိုသို့ အကျိုးပေးရသည့်အကြောင်းမှာ) အလ္လာဟ်အရှင်မြတ်သည် သူတို့ထံမှ သူတို့ ကျင့်မူခဲ့ကြသော အဆိုးကို ပပျောက်စေရန်အပြင်၊ သူတို့ ပြုလုပ်လေ့ရှိခဲ့ကြသော အကောင်း၏အစားကို သူတို့အား ပေးသနားတော်မူရန် အတွက် ဖြစ်သည်။

اَلَيْسَ اللّٰهُ بِكَافٍ عَبْدَهٗ ؕ وَيُخَوِّفُوْنَكَ بِالَّذِيْنَ مِنْ دُوْنِهٖ ؕ وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ هَادٍ ﴿٣٦﴾

(၃၆) အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ကျွန်အတွက် လုံလောက်သောအရှင် မဟုတ်သလော။ ထို့ပြင် သူတို့ကပင် အရှင်မြတ်မှလွဲ၍အခြားအရာများနှင့် အသင်(တမန်တော်)အား ခြိမ်းခြောက်နေကြသေးသည်။ ထို့ပြင် အကြင်သူ့ကို အလ္လာဟ်အရှင်မြတ်သည် လမ်းမှားတွင် ထားလိုက်ပြီဆိုလျှင် ထိုသူ့အား လမ်းမှန်ပို့ဆောင်ပေးမည့်သူ မည်သူမျှ မရှိတော့ပေ။❶

❶ မုရှ်ရိက်တွေက သူတို့ရဲ့ကိုးကွယ်ရာတွေကို မကောင်းပြောရင် မကောင်းပြောတဲ့သူကို ရူးသွပ်သွားအောင် လုပ်လိုက်လိမ့်မယ်လို့ တမန်တော်မြတ် ﷺ ကို ခြိမ်းခြောက်ခဲ့တာဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်က အရှင်မြတ်ရဲ့ကျွန်(တမန်တော်)အတွက် အရှင်မြတ်ဟာ လုံလောက်တဲ့ အရှင် မဟုတ်လား၊ ဘာကြောက်စရာလိုလဲလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَنْ يَّهْدِ اللّٰهُ فَمَا لَهٗ مِنْ مُّضِلٍّ ؕ اَلَيْسَ اللّٰهُ بِعَزِيْزٍ ذِی انْتِقَامٍ ﴿٣٧﴾

(၃၇) ထို့ပြင် အကြင်သူ့ကို အလ္လာဟ်အရှင်မြတ်သည် တရားလမ်းမှန်ကို ပို့ဆောင်တော်မူလျှင်၊ ထိုသူ့အား လမ်းမှားစေမည့်သူ မည်သူမျှ မရှိတော့ပေ။ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ တန်ပြန်အရေးယူတော်မူသောအရှင် ဖြစ်တော်မူသည်မဟုတ်လော။

وَلَئِنْ سَاَلْتَهُمْ مَّنْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ لَيَقُوْلُنَّ اللّٰهُ ؕ قُلْ اَفَرَءَيْتُمْ مَّا تَدْعُوْنَ مِنْ دُوْنِ اللّٰهِ اِنْ اَرَادَنِیَ اللّٰهُ بِضُرٍّ هَلْ هُنَّ كٰشِفٰتُ ضُرِّهٖۤ اَوْ اَرَادَنِیْ بِرَحْمَةٍ هَلْ هُنَّ مُمْسِكٰتُ رَحْمَتِهٖ ؕ قُلْ حَسْبِیَ اللّٰهُ ؕ عَلَيْهِ يَتَوَكَّلُ الْمُتَوَكِّلُوْنَ ﴿٣٨﴾

(၃၈) ထို့ပြင် အသင်သည် အကယ်၍ သူတို့အား“မိုးကောင်းကင်များနှင့် မြေပထဝီကို မည်သူ ဖန်ဆင်းခဲ့သနည်း”ဟု မေးမည်ဆိုလျှင် အလ္လာဟ် အရှင်မြတ်ပင်ဖြစ်သည်ဟု သူတို့သည် အမှန်ပင် ပြောကြလိမ့်မည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် (ငါ့အား)ပြောပြကြစမ်းပါ။ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ငါ့အား ဒုက္ခတစ်စုံတစ်ခုပေးလိုတော်မူခဲ့လျှင် အလ္လာဟ်အရှင်မြတ်အားစွန့်ပြီး အသင်တို့ဟစ်ခေါ်နေကြသည့်အရာများက

အရှင်မြတ် သက်ရောက်စေတော်မူသောဒုက္ခကို ဖယ်ရှားပေးနိုင်ကြမည်လော။ သို့မဟုတ် အရှင်မြတ်သည် ငါ့အား သနားကရုဏာတစ်စုံတစ်ခု ပြုလိုတော်မူခဲ့လျှင် သူတို့သည် အရှင်မြတ်၏ကရုဏာကို တားဆီးနိုင်ကြမည်လော။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အလ္လာဟ်အရှင်မြတ်သည် ငါ့အတွက် လုံလောက်တော်မူသည်။ ယုံပုံလွှဲအပ်သူများသည် အရှင်မြတ်အပေါ်၌ပင် ယုံပုံလွှဲအပ်ကြသည်။❷

❷ မုရှ်ရိက်တွေရဲ့ကိုးကွယ်ရာတွေဟာ ဒုက္ခကို တားဆီးနိုင်ခြင်းလည်းမရှိ၊ စည်းစိမ်ကို ယူဆောင်လာနိုင်ခြင်းလည်းမရှိဘဲနဲ့ သူတို့ရဲ့အရေးကိစ္စဟူသမျှကို သူတို့အပေါ် ယုံပုံလွှဲအပ်ရမလား။ သူတို့ဘာလုပ်ဆောင်ပေးနိုင်ကြမလဲ။ အရှင်မြတ်ဟာ ဘာမဆို လုပ်ဆောင်ပေးနိုင်တဲ့အရှင်ဖြစ်တဲ့အတွက် အဲဒီအရှင်မြတ်အပေါ်မှာပဲ ယုံပုံလွှဲအပ်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ يٰقَوْمِ اعْمَلُوْا عَلٰى مَكَانَتِكُمْ اِنِّيْ عَامِلٌ ۚ فَسَوْفَ تَعْلَمُوْنَ ﴿٣٩﴾

(၃၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ။ အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် အသင်တို့နည်းလမ်းအတိုင်းပင် အသင်တို့ (လုပ်မြဲအတိုင်း) လုပ်နေကြပေတော့၊ ငါလည်း(လုပ်မြဲအတိုင်းပင်) ပြုလုပ်နေမည်။ သို့ဖြစ်ရာ မကြာမီ အသင်တို့ သိရလိမ့်မည်။

مَنْ يَّاْتِيْهِ عَذَابٌ يُّخْزِيْهِ وَيَحِلُّ عَلَيْهِ عَذَابٌ مُّقِيْمٌ ﴿٤٠﴾

(၄၀) (ဤဘဝတွင်) မည်သူ၏ထံသို့ သေးသိမ်စေသော ပြစ်ဒဏ်ရောက်ရှိလာပြီး (တမလွန်ဘဝတွင်) မည်သူ၏အပေါ်တွင် အမြဲတည်ရှိမည့်ပြစ်ဒဏ် ကျရောက်မည်ကို (မကြာမီ အသင်တို့သိရလိမ့်မည်)။

اِنَّآ اَنْزَلْنَا عَلَيْكَ الْكِتٰبَ لِلنَّاسِ بِالْحَقِّ ۚ فَمَنِ اهْتَدٰى فَلِنَفْسِهٖ ۚ وَمَنْ ضَلَّ فَاِنَّمَا يَضِلُّ عَلَيْهَا ۚ وَمَآ اَنْتَ عَلَيْهِمْ بِوَكِيْلٍ ﴿٤١﴾

(၄၁) စင်စစ် ငါအရှင်မြတ်သည် အသင်(တမန်တော်)၏အပေါ် ကျမ်းတော်မြတ်ကို လူများအတွက် တိကျမှန်ကန်စွာ ချပေးတော်မူခဲ့သည်။ သို့ဖြစ်ရာ မည်သူမဆို တရားလမ်းမှန်ကို ရယူခဲ့လျှင် သူ၏အတွက်ပင်(အကျိုးရရှိမည်) ဖြစ်သည်။ ထို့ပြင် မည်သူမဆို လမ်းလွဲခဲ့လျှင် သူ၏အပေါ်၌ပင်(ဆုံးရှုံးမှု) ကျရောက်မည်ဖြစ်သည်။ ထို့ပြင် အသင်သည် သူတို့အပေါ်တွင် တာဝန်ခံအဖြစ် (စေလွှတ်ခံရသည်) မဟုတ်ပေ။❶

❶ တမန်တော်မြတ် ﷺ ရဲ့တာဝန်ဟာ လူသားတွေကို အတင်းအဓမ္မ လမ်းမှန်ပေါ်ရောက်အောင် ဆွဲခေါ်ဖို့မဟုတ်ဘူး။ သူတို့ကို လမ်းမှန်ပြပေးလိုက်ရုံပဲဖြစ်တယ်။ အဲဒီလမ်းမှန်ပေါ်မှာလျှောက်တာ၊

မလျှောက်တာဟာ တမန်တော်နဲ့ မဆိုင်ဘူး။ အဲဒါတွေကို ကြီးကြပ်ဖို့ တာဝန်ခံလည်းမဟုတ်ဘူး။ (အလင်းပြကျမ်း)

اَللّٰهُ يَتَوَفَّى الْاَنْفُسَ حِيْنَ مَوْتِهَا وَالَّتِيْ لَمْ تَمُتْ فِيْ مَنَامِهَا ۚ فَيُمْسِكُ الَّتِيْ قَضٰى عَلَيْهَا الْمَوْتَ وَيُرْسِلُ الْاُخْرٰۤى اِلٰۤى اَجَلٍ مُّسَمًّى ؕ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّتَفَكَّرُوْنَ ﴿٤٢﴾

(၄၂) အလ္လာဟ်အရှင်မြတ်သည်ပင် အသက်ဝိညာဉ်များကို သူတို့သေဆုံးချိန်တွင် နှုတ်သိမ်းတော်မူသည်။ ထို့ပြင် သေဆုံးချိန်မရောက်သေးသော အသက်ဝိညာဉ်များကိုလည်း သူတို့ အိပ်စက်သည့်အခါတွင် (နှုတ်သိမ်းထားတော်မူသည်)။ ထို့နောက် သေဆုံးရန် စီရင်ဆုံးဖြတ်တော်မူခဲ့သောအသက်ဝိညာဉ်များအား အရှင်မြတ်က တားဆီးထားလိုက်တော်မူသည်။ ထို့ပြင် ကျန်အသက်ဝိညာဉ်များကိုမူ သတ်မှတ်ချိန်ရောက်သည်ထိ လွှတ်ထားတော်မူသည်။ အမှန်စင်စစ် ထိုအထဲတွင် စဉ်းစားဆင်ခြင်သူများအတွက် သက်သေလက္ခဏာများ အမှန်ပင် ရှိသည်။❷

❷ အသက်ဝိညာဉ်မှာ နှစ်မျိုးရှိတယ်။ တစ်ခုက သေခြင်း၊ ရှင်ခြင်းအလုပ်ကို ဆောင်ရွက်တဲ့အသက်ဝိညာဉ်ဖြစ်တယ်။ နောက်တစ်ခုက သိခြင်း၊ မသိခြင်းကိုဆောင်ရွက်တဲ့ အသိဉာဏ်ဆိုင်ရာ အသက်ဝိညာဉ်ဖြစ်တယ်။ အိပ်စက်တဲ့အချိန်မှာ အသိဉာဏ်ဆိုင်ရာ အသက်ဝိညာဉ်ကို အရှင်မြတ်က နှုတ်သိမ်းထားတော်မူတဲ့အတွက် ဘာမှ မသိတော့တာဖြစ်တယ်။ အိပ်ရင်းနဲ့ အချိန်စေ့သွားရင် သေခြင်းရှင်ခြင်းဆိုင်ရာ အသက်ဝိညာဉ်ကိုပါ နှုတ်သိမ်းတော်မူလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

اَمِ اتَّخَذُوْا مِنْ دُوْنِ اللّٰهِ شُفَعَآءَ ؕ قُلْ اَوَلَوْ كَانُوْا لَا يَمْلِكُوْنَ شَيْـًٔا وَّلَا يَعْقِلُوْنَ ﴿٤٣﴾

(၄၃) သူတို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြားသူများအား ကြားဝင်အသနားခံပေးမည့်သူများအဖြစ် ပြုလုပ်ခဲ့ကြသလော။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- သူတို့သည် မည်သည့်အရာမျှ မပိုင်ဆိုင်ကြသည့်အပြင် မည်သည့်အရာမျှလည်း မသိနားမလည်ကြလျှင်လည်း (ကြားဝင်အသနားခံပေးနိုင်ကြမည်လောဟု မေးမြန်းလိုက်ပါ)။

قُلْ لِّلّٰهِ الشَّفَاعَةُ جَمِيْعًا ؕ لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ؕ ثُمَّ اِلَيْهِ تُرْجَعُوْنَ ﴿٤٤﴾

(၄၄) (အို-တမန်တော်) အသင်ပြောလိုက်ပါ- ကြားဝင်အသနားခံမှုအားလုံးသည် အရှင်မြတ်ပင် စိုးပိုင်တော်မူသည်။❸ မိုးကောင်းကင်များနှင့် မြေပထဝီ၏အုပ်ချုပ်မှုအာဏာသည် အရှင်မြတ်၌ပင်ရှိသည်။ ထို့ပြင် အသင်တို့သည် အရှင်မြတ်ထံတော်သို့ပင် ပြန်လည်ပို့ဆောင်ခြင်းခံကြရမည်ဖြစ်သည်။

❸ အရှင်မြတ်ထံတော်မှာ ရှဖာအသ်ကြားဝင်အသနားခံပေးဖို့အတွက် ပညတ်ချက်နှစ်ခုနဲ့ အကျုံးဝင်ဖို့လိုအပ်တယ်။ တစ်ခုက ကြားဝင်အသနားခံမဲ့သူဟာ အရှင်မြတ်ရဲ့ အမိန့်နဲ့ အရှင်မြတ်ခွင့်ပြု

ထားတဲ့သူဖြစ်ရမယ်။ နောက်တစ်ခုက ကြားဝင်အသနားခံပေးခြင်းခံရမဲ့သူဟာ အရှင်မြတ်နှစ်သက်တဲ့သူဖြစ်ရမယ်။ အရှင်မြတ်ရဲ့ရန်သူ မဖြစ်ရဘူး။ (အလင်းပြကျမ်း)

وَإِذَا ذُكِرَ ٱللَّهُ وَحْدَهُ ٱشْمَأَزَّتْ قُلُوبُ ٱلَّذِينَ لَا يُؤْمِنُونَ بِٱلْـَٔاخِرَةِ ۖ وَإِذَا ذُكِرَ ٱلَّذِينَ مِن دُونِهِۦٓ إِذَا هُمْ يَسْتَبْشِرُونَ ﴿٤٥﴾

(၄၅) ထို့ပြင် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းအား သတိရတသခြင်း ခံရတော်မူသည့်အခါ တမလွန်ဘဝကို မယုံကြည်သူများ၏ စိတ်နှလုံးများသည် စက်ဆုပ်ကြသည်။ ထို့ပြင် အရှင်မြတ်မှလွဲ၍ အခြားအရာများအား သတိရခြင်းခံရသည့်အခါတွင်မူ သူတို့သည် ရုတ်တရက်ချက်ချင်းဝမ်းမြောက်သွားကြသည်။❻

❻ မုရှ်ရိက်တွေဟာ အရှင်မြတ်တစ်ပါးတည်းအကြောင်းပြောရင် ဝမ်းသာခြင်းမရှိကြဘူး။ သူတို့ရဲ့ တွဲဖက်ကိုးကွယ်ရာတွေအကြောင်းပြောရင် ဝမ်းသာကြတယ်။ အခုခေတ်အချို့မွတ်စ်လင်မ်တွေ ဟာလည်း အရှင်မြတ်တတ်စွမ်းနိုင်တော်မူကြောင်းတွေကို ပြောရင် စိတ်မဝင်စားကြဘူး။ (အလင်းပြကျမ်း)

قُلِ ٱللَّهُمَّ فَاطِرَ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ عَٰلِمَ ٱلْغَيْبِ وَٱلشَّهَٰدَةِ أَنتَ تَحْكُمُ بَيْنَ عِبَادِكَ فِى مَا كَانُوا۟ فِيهِ يَخْتَلِفُونَ ﴿٤٦﴾

(၄၆) (အို - တမန်တော်)အသင်သည် (ဤသို့)လျှောက်ထားပါ- အို- မိုးကောင်းကင်များနှင့် မြေပထဝီအား ဖန်ဆင်းတော်မူသော၊ အကွယ်နှင့် ရှေ့တွင်ရှိသည်ကို သိတော်မူသော အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် အရှင်မြတ်၏ကျွန်များအကြားတွင် သူတို့အချင်းချင်းကွဲလွဲနေခဲ့သည့် အရာနှင့်ပတ်သက်၍ စီရင်ဆုံးဖြတ်တော်မူမည် ဖြစ်ပါသည်။

وَلَوْ أَنَّ لِلَّذِينَ ظَلَمُوا۟ مَا فِى ٱلْأَرْضِ جَمِيعًا وَمِثْلَهُۥ مَعَهُۥ لَٱفْتَدَوْا۟ بِهِۦ مِن سُوٓءِ ٱلْعَذَابِ يَوْمَ ٱلْقِيَٰمَةِ ۚ وَبَدَا لَهُم مِّنَ ٱللَّهِ مَا لَمْ يَكُونُوا۟ يَحْتَسِبُونَ ﴿٤٧﴾

(၄၇) ထို့ပြင် အကယ်၍ မတရားကျူးလွန်ခဲ့ကြသည့် သူများသည် သူတို့အတွက် မြေပထဝီထဲတွင်ရှိသမျှနှင့်အတူ နောက်ထပ် ထိုမျှရှိလျှင်လည်း ကိယာမသ်နေ့၏ပြစ်ဒဏ်များမှ လွတ်မြောက်ရန် ၎င်း(အပြစ်ကျူးလွန်သည့်သူ)တို့က အမှန်ပင် လျော်ကြေးပေးကြမည်ဖြစ်သည်။ ထို့ပြင် သူတို့၏ရှေ့၌ သူတို့ မမျှော်လင့် (မထင်မှတ်)သည့်ကိစ္စများသည် အလ္လာဟ်အရှင်မြတ်ထံတော်မှထင်ရှားပေါ်လွင်လာလိမ့်မည်။

وَبَدَا لَهُمْ سَيِّـَٔاتُ مَا كَسَبُوا۟ وَحَاقَ بِهِم مَّا كَانُوا۟ بِهِۦ يَسْتَهْزِءُونَ ﴿٤٨﴾

(၄၈) ထို့ပြင် သူတို့ဆည်းပူးခဲ့ကြသော မကောင်းမှုများ၏အန္တရာယ်များ

သည်လည်း သူတို့ရှေ့၌ ပေါ်လွင်ထင်ရှားလာခဲ့မည် ဖြစ်သည်။ ထို့ပြင် သူတို့ ပြောင်လှောင်နေခဲ့သော ပြစ်ဒဏ်သည်လည်း သူတို့အား ဝန်းရံနေလိမ့်မည်။

فَإِذَا مَسَّ الْإِنسَانَ ضُرٌّ دَعَانَا ثُمَّ إِذَا خَوَّلْنَاهُ نِعْمَةً مِّنَّا قَالَ إِنَّمَا أُوتِيتُهُ عَلَىٰ عِلْمٍ ۚ بَلْ هِيَ فِتْنَةٌ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٤٩﴾

(၄၉) ထို့ပြင် လူသားတွင် ဒုက္ခတစ်စုံတစ်ခု ကျရောက်သည့်အခါ သူသည် ငါအရှင်မြတ်အား ဟစ်ခေါ်တမ်းတသည်။ ထို့နောက် ငါအရှင်မြတ်သည် သူ့အား ငါအရှင်မြတ်ထံတော်မှ ကျေးဇူးတော်(စည်းစိမ်) တစ်စုံတစ်ခုကို ပေးတော်မူသည့်အခါ သူက "ကျွန်ုပ်သည် ၎င်း(ကျေးဇူးတော်စည်းစိမ်)ကို (ကျွန်ုပ်၏)အကြံအစည်တစ်ခုကြောင့် ရရှိခဲ့ခြင်း ဖြစ်သည်"[၁] ဟု ပြောဆိုသည်။ ထိုသို့ မဟုတ်၊ အမှန်စင်စစ် ၎င်း(ကျေးဇူးတော်စည်းစိမ်)သည် စမ်းသပ်မှုတစ်ခုပင် ဖြစ်သည်။ သို့ရာတွင် ထိုလူသားများထဲမှ အများစုသည် မသိရှိကြပေ။

[၁] အရှင်မြတ်က အရှင်မြတ်ရဲ့ကျေးဇူးကို သိတတ်တဲ့သူဖြစ်လား၊ ကျေးဇူးကန်းတဲ့သူဖြစ်လားဆိုတာ စမ်းသပ်ဖို့အတွက် ကျေးဇူးတော်ပြုထားတာဖြစ်တယ်။ မုရှိရိက်တွေကတော့ ကျေးဇူးကန်းလေ့ရှိကြတယ်။ ကောင်းတာရရှိတာအားလုံး သူကြိုးစားလို့၊ သူဉာဏ်ရှိလို့၊ သူတော်လို့ ရရှိတာလို့ပဲ ပြောဆိုလေ့ရှိကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

قَدْ قَالَهَا الَّذِينَ مِن قَبْلِهِمْ فَمَا أَغْنَىٰ عَنْهُم مَّا كَانُوا يَكْسِبُونَ ﴿٥٠﴾

(၅၀) အမှန်စင်စစ် ၎င်း(ပြောဆိုမှု)ကို သူတို့မတိုင်မီကသူများလည်း ပြောဆိုခဲ့ကြဖူးသည်။ ထို့နောက်လည်း သူတို့ဆည်းပူးခဲ့သည်များမှာ သူတို့အတွက် (ပြစ်ဒဏ်ကို ကာကွယ်ရန်) မည်သည့်အရာမျှ အသုံးမဝင်ခဲ့ပေ။

فَأَصَابَهُمْ سَيِّئَاتُ مَا كَسَبُوا ۚ وَالَّذِينَ ظَلَمُوا مِنْ هَٰؤُلَاءِ سَيُصِيبُهُمْ سَيِّئَاتُ مَا كَسَبُوا وَمَا هُم بِمُعْجِزِينَ ﴿٥١﴾

(၅၁) ထို့နောက် သူတို့ဆည်းပူးခဲ့သော မကောင်းမှုများ၏အန္တရာယ်များသည် သူတို့အပေါ်တွင် ကျရောက်ခဲ့သည်။ ထို့ပြင် ဤသူများထဲမှ မတရားကျူးလွန်ခဲ့ကြသောသူများအပေါ်တွင်လည်း သူတို့သည် (အလ္လာဟ်အရှင်မြတ်အား)မစွမ်းဆောင်နိုင်အောင် မပြုလုပ်နိုင်ဘဲလျက် မကြာမီ သူတို့ဆည်းပူးခဲ့သော မကောင်းမှုများ၏အန္တရာယ်များသည် ကျရောက်မည်ပင်ဖြစ်သည်။

أَوَلَمْ يَعْلَمُوا أَنَّ اللَّهَ يَبْسُطُ الرِّزْقَ لِمَن يَشَاءُ وَيَقْدِرُ ۚ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يُؤْمِنُونَ ﴿٥٢﴾

(၅၂) သူတို့သည် မသိရှိခဲ့ကြသလော။ အမှန်စင်စစ် အလ္လာဟ်အရှင်

မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူအား စားနပ်ရိက္ခာကို ကျယ်ဝန်းစွာ ပေးသနားတော်မူ၍ အရှင်မြတ်(အလိုရှိတော်မူသောသူကို) ကျပ်တည်းစေတော်မူသည်။ စင်စစ် ထိုအထဲတွင် ယုံကြည်သူအမျိုးသားများအတွက် သက်သေအထောက်အထားများ အမှန်ပင်ရှိသည်။

قُلْ يٰعِبَادِيَ الَّذِيْنَ اَسْرَفُوْا عَلٰٓى اَنْفُسِهِمْ لَا تَقْنَطُوْا مِنْ رَّحْمَةِ اللّٰهِ ۭ اِنَّ اللّٰهَ يَغْفِرُ الذُّنُوْبَ جَمِيْعًا ۭ اِنَّهٗ هُوَ الْغَفُوْرُ الرَّحِيْمُ ۝٥٣

(၅၃) (အို-တမန်တော်) အသင်သည် (ငါအရှင်မြတ်၏ ကိုယ်စား) ပြောလိုက်ပါ- အို-မိမိကိုယ်မိမိ အလွန်အမင်း ကျူးလွန်ခဲ့ကြသော ငါအရှင်မြတ်၏ကျွန်အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက်မကင်းမဲ့ကြနှင့်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အပြစ်များအားလုံးကို ခွင့်လွှတ်ချမ်းသာပေးသနားတော်မူမည်။ အမှန်စင်စစ် အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။ J

J ဘယ်လောက်ကြီးတဲ့ အပြစ်တွေကို ကျူးလွန်ထားထား၊ အရှင်မြတ်ရဲ့ ကရုဏာရဟ်မသ်ကို မျှော်လင့်ချက်မကင်းဖို့ အရှင်မြတ်က အားပေးထားတာဖြစ်တယ်။ အဲဒီကျူးလွန်သူဟာ အမှားဝန်ခံပြီး အရှင်မြတ်ရဲ့အမိန့်တော်တွေကို နာခံလိုက်ရင် အရှင်မြတ်က အပြစ်အားလုံးကို ခွင့်လွှတ်တော်မူမဲ့အကြောင်း မိန့်ဆိုထားတာဖြစ်တယ်။ နောက်ဆုံးမှာ အရှင်မြတ်က ခွင့်လွှတ်တော်မမူဘူးလို့ မိန့်ထားတဲ့ ရှိရ်က်ကိုတောင်မှ အမှားဝန်ခံပြီး အရှင်မြတ်တစ်ပါးတည်းကိုပဲ ယုံကြည်ကိုးကွယ်လိုက်ရင် အရှင်မြတ်က ခွင့်လွှတ်တော်မူမှာ ဖြစ်တယ်။ ခွင့်မလွှတ်ဘူးဆိုတာ ရှိရ်က်ပြုလုပ်ပြီးတော့ အမှားဝန်ခံ သောင်ဗဟ်ပြုလုပ်ခြင်းမရှိတဲ့သူကိုပဲ ခွင့်မလွှတ်မှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاَنِيْبُوْٓا اِلٰى رَبِّكُمْ وَاَسْلِمُوْا لَهٗ مِنْ قَبْلِ اَنْ يَّاْتِيَكُمُ الْعَذَابُ ثُمَّ لَا تُنْصَرُوْنَ ۝٥٤

(၅၄) ထို့ပြင် အသင်တို့သည် အသင်တို့ထံသို့ ပြစ်ဒဏ် ကျရောက်မလာမီ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ဘက်သို့ ပြန်လှည့်၍ အရှင်မြတ်၏အမိန့်တော်များကို လိုက်နာကြပါ။ ထို(ပြစ်ဒဏ်ကျရောက်လာပြီး) နောက်တွင်မူ အသင်တို့သည် မည်သည့်အရာမျှ ကူညီခံကြရမည်မဟုတ်ပေ။

وَاتَّبِعُوْٓا اَحْسَنَ مَآ اُنْزِلَ اِلَيْكُمْ مِّنْ رَّبِّكُمْ مِّنْ قَبْلِ اَنْ يَّاْتِيَكُمُ الْعَذَابُ بَغْتَةً وَّ اَنْتُمْ لَا تَشْعُرُوْنَ ۝٥٥

(၅၅) ထို့ပြင် အသင်တို့သည် အသင်တို့ထံသို့ ပြစ်ဒဏ်သည် အသင်တို့ပင် မသိလိုက်ဘဲလျက် ရုတ်တရက် ဆိုက်ရောက်မလာမီ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အသင်တို့ထံသို့ ချပေးခြင်းခံ

ရသော အကောင်းဆုံးအမိန့်တော် (ကျမ်းတော်မြတ်ကုရ်အာန်)ကို လိုက်နာ (ကျင့်သုံး)ကြပါ။

أَنْ تَقُولَ نَفْسٌ يَّحَسْرَتٰى عَلٰى مَا فَرَّطْتُّ فِيْ جَنْۢبِ اللّٰهِ وَاِنْ كُنْتُ لَمِنَ السّٰخِرِيْنَ ﴿٥٦﴾

(၅၆) (ဤသည်ကို မိန့်ရခြင်းကမူ) မည်သူမျှ "သြော်- ငါသည် အလ္လာဟ် အရှင်မြတ်၏အမိန့်တော်ကို လိုက်နာမှုနှင့် ပတ်သက်၍ ပေါ့ဆပျက်ကွက်သည့် အပေါ်တွင် ဝမ်းနည်းဖွယ်ရာပင်၊ ထို့ပြင် ငါသည် အမှန်ပင်ပြောင်လှောင်သည့် သူများထဲ၌ပင် ရှိနေခဲ့သည်"ဟု မပြောဆိုနိုင်ရန်အတွက် ဖြစ်သည်။

اَوْ تَقُوْلَ لَوْ اَنَّ اللّٰهَ هَدٰىنِيْ لَكُنْتُ مِنَ الْمُتَّقِيْنَ ﴿٥٧﴾

(၅၇) သို့မဟုတ်(မည်သူမဆို) "အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကယ်၍ ငါ့အား တရားလမ်းမှန်သို့ ပို့ပေးတော်မူခဲ့ပါလျှင် ငါသည် မုသ်သကီ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများထဲမှ အမှန်ပင် အပါအဝင် ဖြစ်ခဲ့မည်"ဟု မပြောဆိုနိုင်ရန်ဖြစ်သည်။

اَوْ تَقُوْلَ حِيْنَ تَرَى الْعَذَابَ لَوْ اَنَّ لِيْ كَرَّةً فَاَكُوْنَ مِنَ الْمُحْسِنِيْنَ ﴿٥٨﴾

(၅၈) သို့မဟုတ် ပြစ်ဒဏ်ကို တွေ့မြင်သည့်အခါတွင် "အမှန်စင်စစ် ငါသည် အကယ်၍သာ (လောကကို) ပြန်သွားနိုင်လျှင် အဘယ်မျှကောင်းမည် နည်း။ ထိုသို့ဆိုလျှင် ငါသည် ကောင်းမြတ်သည့်သူများထဲမှ အပါအဝင်ဖြစ်ခဲ့ မည်"ဟု မပြောဆိုနိုင်ရန် (ထုတ်ပြန်တော်မူခဲ့ခြင်း ဖြစ်သည်။)

بَلٰى قَدْ جَآءَتْكَ اٰيٰتِيْ فَكَذَّبْتَ بِهَا وَاسْتَكْبَرْتَ وَكُنْتَ مِنَ الْكٰفِرِيْنَ ﴿٥٩﴾

(၅၉) အဘယ်ကြောင့် မဟုတ်ရမည်နည်း။ အမှန်ပင် ငါအရှင်မြတ်၏ အာယသ်တော်များသည် အသင်၏ထံသို့ အမှန်စင်စစ်ရောက်လာခဲ့သည်။ ထို့နောက် အသင်သည် ၎င်း(အာယသ်တော်များ)ကို မဟုတ်မမှန်ဟုစွပ်စွဲ ငြင်းပယ်ခဲ့သည်။ ထို့ပြင် အသင်သည် မာနထောင်လွှားခဲ့သည်။ ထို့ပြင် အသင်သည် ကာဖိရ်ငြင်းပယ်သူများထဲတွင် အပါအဝင်ဖြစ်ခဲ့သည်။

وَيَوْمَ الْقِيٰمَةِ تَرَى الَّذِيْنَ كَذَبُوْا عَلَى اللّٰهِ وُجُوْهُهُمْ مُّسْوَدَّةٌ ۚ اَلَيْسَ فِيْ جَهَنَّمَ مَثْوًى لِّلْمُتَكَبِّرِيْنَ ﴿٦٠﴾

(၆၀) ထို့ပြင် ကိယာမသ်နေ့တွင် အလ္လာဟ်အရှင်မြတ်အပေါ်တွင် လိမ်လည်စွပ်စွဲ ပြောဆိုခဲ့ကြသည့်သူများကို သူတို့၏မျက်နှာများ မည်းနေကြသည်ကို အသင် တွေ့မြင်ရမည်။ မာနထောင်သောသူများအတွက် နေရာဌာနသည်

ဂျဟာန္နမ်ငရဲဘုံထဲ၌ပင် မဟုတ်လော။

وَيُنَجِّي اللّٰهُ الَّذِيْنَ اتَّقَوْا بِمَفَازَتِهِمْ ۖ لَا يَمَسُّهُمُ السُّوْٓءُ وَلَا هُمْ يَحْزَنُوْنَ ﴿٦١﴾

(၆၁) ထို့ပြင် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သောမုသ်သကီများကိုမူ အလ္လာဟ်အရှင်မြတ်သည် သူတို့၏အောင်မြင်မှုနှင့်တကွ လွတ်မြောက်စေတော်မူမည်။ သူတို့တွင် ဒုက္ခလည်းကျရောက်မည်မဟုတ်ပေ။ ထို့ပြင် သူတို့သည် ပူဆွေးကြရမည်လည်း မဟုတ်ပေ။

اَللّٰهُ خَالِقُ كُلِّ شَيْءٍ ۖ وَّهُوَ عَلٰى كُلِّ شَيْءٍ وَّكِيْلٌ ﴿٦٢﴾

(၆၂) အလ္လာဟ်အရှင်မြတ်သည်ပင် အရာအားလုံးကို ဖန်ဆင်းတော်မူသောအရှင်ဖြစ်သည့်အပြင် အရှင်မြတ်သည်ပင် အရာအားလုံးအပေါ်တွင် ထိန်းသိမ်းတော်မူသောအရှင်လည်းဖြစ်တော်မူသည်။

لَهٗ مَقَالِيْدُ السَّمٰوٰتِ وَالْاَرْضِ ۗ وَالَّذِيْنَ كَفَرُوْا بِاٰيٰتِ اللّٰهِ اُولٰٓئِكَ هُمُ الْخٰسِرُوْنَ ﴿٦٣﴾

(၆၃) မိုးကောင်းကင်များနှင့် မြေပထဝီ၏သော့များသည် အရှင်မြတ်ထံတော်၌သာ ရှိသည်။❶ ထို့ပြင် အကြင်သူများသည် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များကို ငြင်းပယ်ခဲ့ကြသည်။ ထိုသူများပင် ဆုံးရှုံးသည့်သူများဖြစ်ကြမည်။

❶ အရာအားလုံးဟာ အရှင်မြတ်ရဲ့ လက်ထဲမှာပဲ ရှိနေတဲ့အတွက် အရှင်မြတ်ကိုပဲ ကြောက်ပြီး အရှင်မြတ်ရဲ့အသနားတော်အရိပ်ကို ခိုရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ اَفَغَيْرَ اللّٰهِ تَاْمُرُوْٓنِّيْٓ اَعْبُدُ اَيُّهَا الْجٰهِلُوْنَ ﴿٦٤﴾

(၆၄) (အို - တမန်တော်) အသင်ပြောလိုက်ပါ- သို့ဖြစ်ရာ အို - အသိပညာမဲ့သူအပေါင်းတို့၊ ငါသည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြားကို ကိုးကွယ်ရန် အသင်တို့သည် ငါ့အား အမိန့်ပေးနေကြသလော။❷

❷ မုရှ်ရိက်တွေက တမန်တော်မြတ် ﷺ ကို သူတို့ရဲ့တွဲဖက်ကိုးကွယ်ရာတွေကို ကိုးကွယ်ဖို့ ဖိတ်ခေါ်ခဲ့တဲ့အပေါ်မှာ ဒီအာယသ်ကျရောက်လာခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدْ اُوْحِيَ اِلَيْكَ وَاِلَى الَّذِيْنَ مِنْ قَبْلِكَ ۚ لَئِنْ اَشْرَكْتَ لَيَحْبَطَنَّ عَمَلُكَ وَلَتَكُوْنَنَّ مِنَ الْخٰسِرِيْنَ ﴿٦٥﴾

(၆၅) ထို့ပြင် အမှန်စင်စစ် အသင်နှင့် အသင်၏မတိုင်မီကသူများထံသို့ အမှန်ပင် ဝဟီအမိန့် (ဤသို့)ချပေးခြင်း ခံခဲ့ရသည်။ "အကယ်၍ အသင်သည် တွဲဖက်ကိုးကွယ်မှုကို ကျူးလွန်မိခဲ့လျှင် အမှန်စင်စစ် အသင်၏လုပ်ရပ်များသည် အချည်းနှီးဖြစ်သွားမည့်အပြင် အသင်သည် ဆုံးရှုံးသူများထဲတွင် အမှန်စင်စစ် အပါအဝင်ဖြစ်လိမ့်မည်။"

بَلِ اللّٰهَ فَاعْبُدْ وَكُنْ مِّنَ الشّٰكِرِيْنَ ﴿٦٦﴾

(၆၆) ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ကိုသာ အသင်သည် ကိုးကွယ်ပါ။ ထို့ပြင် အသင်သည် (ထိုအရှင်မြတ်အား)ကျေးဇူးသိတတ်သူများထဲတွင် အပါအဝင်ဖြစ်လိုက်ပါ။

وَمَا قَدَرُوا اللّٰهَ حَقَّ قَدۡرِهٖ ۖ وَ الۡاَرۡضُ جَمِیۡعًا قَبۡضَتُهٗ یَوۡمَ الۡقِیٰمَةِ وَ السَّمٰوٰتُ مَطۡوِیّٰتٌۢ بِیَمِیۡنِهٖ ؕ سُبۡحٰنَهٗ وَتَعٰلٰی عَمَّا یُشۡرِکُوۡنَ ﴿٦٧﴾

(၆၇) ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်အား ရိုသေလေးစားသင့်သလောက် ရိုသေလေးစားခြင်းမရှိကြပေ။❷ ထို့ပြင် ကိယာမသ်နေ့တွင် ကမ္ဘာမြေသည် အရှင်မြတ်၏လက်တစ်ဆုပ်စာပင် ရှိရုံမက၊ မိုးကောင်းကင်များသည်လည်း အရှင်မြတ်၏လက်ယာလက်ထဲတွင် ခေါက်လိပ်ထားလိမ့်မည်။ အရှင်မြတ်သည် သူတို့ တွဲဖက်ကိုးကွယ်ကြသောအရာများမှ စင်ကြယ်သန့်ရှင်းတော်မူသည့်အပြင် အရှင်မြတ်သည် အလွန်မြင့်မားထွတ်မြတ်လှတော်မူသည်။

❷ အရှင်မြတ်နဲ့ ထိုက်တန်သလောက်လေးစားဖို့ဆိုတာ မဖြစ်နိုင်ပေမဲ့ အတတ်နိုင်ဆုံးလေးစားရမှာဖြစ်တယ်။ မုရှ်ရိက်တွေဟာ အရှင်မြတ်ကို လေးစားခြင်း လုံးဝမရှိခဲ့ကြဘူး။ (အလင်းပြကျမ်း)

وَنُفِخَ فِی الصُّوۡرِ فَصَعِقَ مَنۡ فِی السَّمٰوٰتِ وَمَنۡ فِی الۡاَرۡضِ اِلَّا مَنۡ شَآءَ اللّٰهُ ؕ ثُمَّ نُفِخَ فِیۡهِ اُخۡرٰی فَاِذَا هُمۡ قِیَامٌ یَّنۡظُرُوۡنَ ﴿٦٨﴾

(၆၈) ထို့ပြင် စွူရ်တံပိုးခရာမှုတ်ခြင်းခံရသည့်အခါ အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူသောသူမှလွဲ၍❶ မိုးကောင်းကင်များတွင် ရှိသမျှသူများနှင့် မြေပထဝီတွင် ရှိသမျှသူများသည် သတိမေ့သွားကြမည်။ ထို့နောက်တစ်ဖန် ဒုတိယအကြိမ် ထိုစွူရ်တံပိုးခရာမှုတ်ခြင်း ခံရပြန်သည့်အခါ သူတို့သည် ရုတ်တရက် မတ်တတ်ရပ်လျက် ကြည့်နေကြမည်ဖြစ်သည်။❷

❶ အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူသောသူမှလွဲ၍ ကျန်ရှိသူတွေဟာ ကောင်းကင်တမန်တော် ၄ပါးနဲ့ အရ်ရှ်ကို ထမ်းနေတဲ့ ကောင်းကင်တမန်တွေဖြစ်တယ်။ အဲဒီသူတွေဟာ စွူရ်တံပိုးမှုတ်ခြင်းကြောင့် အကျိုးသက်ရောက်မှုမရှိပေမဲ့ အဲဒီကောင်းကင်တမန်တော်အားလုံး အရှင်မြတ်ရဲ့ အမိန့်နဲ့ သေဆုံးသွားမှာဖြစ်တယ်။ နောက်ဆုံးမှာ အသက်နှုတ်တဲ့ ကောင်းကင်တမန်လည်း အရှင်မြတ်ရဲ့ အမိန့်နဲ့ သေဆုံးသွားမှာဖြစ်တယ်။ အားလုံးသေဆုံးသွားပြီး အရှင်မြတ်တစ်ပါးတည်းပဲ ရှင်လျက်ကျန်ရှိနေမှာဖြစ်တယ်။(မအာရိဖွုလ်ကုရ်အာန်) ❷ ကိယာမသ်နေ့မှာ ပထမအကြိမ် တံပိုးမှုတ်ခြင်းခံရတဲ့အခါ အားလုံးဟာ သတိလစ်မေ့မျောသွားကြမယ်။ ဒုတိယအကြိမ် တံပိုးမှုတ်ခြင်းခံရတဲ့အခါ ပြန်လည်သတိရလာကြမယ်။ သင်္ချိုင်းထဲကသူတွေလည်း ထလာကြမယ်။ ပြီးတော့သူတို့ဟာ အံ့သြတကြီးနဲ့ ကြည့်နေကြမယ်။ ပြီးတော့ အရှင်မြတ်ရှေ့ကို ခေါ်ဆောင်ခြင်းခံကြရမယ်။
(အလင်းပြကျမ်း)

وَاَشْرَقَتِ الْاَرْضُ بِنُوْرِ رَبِّهَا وَوُضِعَ الْكِتٰبُ وَجِایْٓءَ بِالنَّبِيّٖنَ وَالشُّهَدَآءِ وَقُضِيَ بَيْنَهُمْ بِالْحَقِّ وَهُمْ لَا يُظْلَمُوْنَ ﴿٦٩﴾

(၆၉) ထို့ပြင် မြေပထဝီသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏နူရ်ရောင်ခြည်ဖြင့် လင်းထိန်သွားမည်။ ထို့ပြင် မှတ်တမ်းစာအုပ်များလည်း (အဆင်သင့်)ထားရှိပြီး ဖြစ်မည်။ ထို့ပြင် တမန်တော်များနှင့် သက်သေများလည်း ရောက်လာကြမည်။ ထို့ပြင် သူတို့အကြားတွင် သူတို့သည် (အနည်းငယ်မျှပင်) မတရားပြုလုပ်ခြင်းမခံကြရဘဲလျက် တိကျမှန်ကန်စွာ စီရင်ဆုံးဖြတ်ပြီး ဖြစ်လိမ့်မည်။❶

❶ အဲဒီကမ္ဘာမြေကွင်းပြင်ကြီးဟာ အရှင်မြတ်ရဲ့ရောင်ခြည်တော်နဲ့ လင်းဝင်းသွားမယ်။ အရှင်မြတ်က တရားသဖြင့် စီရင်ဆုံးဖြတ်တော်မူမယ်။ (အလင်းပြကျမ်း)

وَوُفِّيَتْ كُلُّ نَفْسٍ مَّا عَمِلَتْ وَهُوَ اَعْلَمُ بِمَا يَفْعَلُوْنَ ﴿٧٠﴾

(၇၀) ထို့ပြင် လူတိုင်းသည် သူတို့ပြုလုပ်ခဲ့ကြသည့်အစားကို အပြည့်အဝပေးဆပ်ခြင်း ခံကြရမည်ဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် သူတို့ပြုလုပ်သမျှကို အသိဆုံး ဖြစ်တော်မူသည်။

وَسِيْقَ الَّذِيْنَ كَفَرُوْٓا اِلٰى جَهَنَّمَ زُمَرًا ؕ حَتّٰٓى اِذَا جَآءُوْهَا فُتِحَتْ اَبْوَابُهَا وَقَالَ لَهُمْ خَزَنَتُهَآ اَلَمْ يَاْتِكُمْ رُسُلٌ مِّنْكُمْ يَتْلُوْنَ عَلَيْكُمْ اٰيٰتِ رَبِّكُمْ وَيُنْذِرُوْنَكُمْ لِقَآءَ يَوْمِكُمْ هٰذَا ؕ قَالُوْا بَلٰى وَلٰكِنْ حَقَّتْ كَلِمَةُ الْعَذَابِ عَلَى الْكٰفِرِيْنَ ﴿٧١﴾

(၇၁) ထို့ပြင် ကာဖိရ်များသည် ဂျဟန္နမ်ငရဲဘုံသို့ အုပ်စုလိုက်မောင်းနှင်ခြင်း ခံကြရမည်။ နောက်ဆုံးတွင် သူတို့သည် ထိုငရဲဘုံသို့ ရောက်ရှိလာခဲ့ကြသည့်အခါ ၎င်း၏တံခါးများသည် ဖွင့်ပေးခြင်းခံကြရမည်။ ထို့ပြင် ထိုငရဲဘုံအား စောင့်ကြပ်သူများက သူတို့အား ပြောဆိုကြလိမ့်မည်- "အသင်တို့ထံသို့ အသင်တို့ထဲမှပင် အကြင်တမန်တော်များ ရောက်ရှိလာခဲ့ကြသည်မဟုတ်လော၊ ထိုတမန်တော်များသည် အသင်တို့ရှေ့၌ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အာယသ်တော်များကိုလည်း ဖတ်ကြားခဲ့ကြသည်။ ထို့ပြင် အသင်တို့အား ဤနေ့နှင့် အသင်တို့ တွေ့ဆုံကြရမည်ကိုလည်း သတိပေးနှိုးဆော်ခဲ့ကြသည် (မဟုတ်လော)။" သူတို့က ပြောဆိုကြမည်- " ဟုတ်ပါသည်၊ သို့ရာတွင် ကာဖိရ်များအပေါ်တွင် ပြစ်ဒဏ်၏အမိန့်တော်သည် အတည်ဖြစ်ခဲ့ပြီဖြစ်သည်။"

قِيْلَ ادْخُلُوْٓا اَبْوَابَ جَهَنَّمَ خٰلِدِيْنَ فِيْهَا ۚ فَبِئْسَ مَثْوَى الْمُتَكَبِّرِيْنَ ﴿٧٢﴾

(၇၂) သူတို့သည် (ဤသို့)ပြောဆိုခြင်းခံကြရမည်- "အသင်တို့သည် ဂျဟန္နမ်ငရဲဘုံ၏တံခါးများထဲသို့ အမြဲနေရမည့်သူများအဖြစ် ဝင်ကြပေတော့"။ မာနထောင်ကြသည့်သူများအတွက် အဘယ်မျှဆိုးရွားသော နေရာဌာနဖြစ်လိုက်သနည်း။

وَسِيْقَ الَّذِيْنَ اتَّقَوْا رَبَّهُمْ اِلَى الْجَنَّةِ زُمَرًا ؕ حَتّٰٓى اِذَا جَآءُوْهَا وَفُتِحَتْ اَبْوَابُهَا وَقَالَ لَهُمْ خَزَنَتُهَا سَلٰمٌ عَلَيْكُمْ طِبْتُمْ فَادْخُلُوْهَا خٰلِدِيْنَ ﴿٧٣﴾

(၇၃) ၎င်းနောက် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများသည် ဂျန္နသ်သုခဘုံသို့ အုပ်စုလိုက် ပို့ပေးခြင်းကို ခံကြရမည်။ နောက်ဆုံးတွင် သူတို့သည် ထိုသုခဘုံသို့ ရောက်လာကြမည်။ ထိုဂျန္နသ်၏တံခါးများသည် ပွင့်နေမည်။ ထို့ပြင် သုခဘုံကို စောင့်ကြပ်သည့်သူများက သူတို့အား "ငြိမ်းချမ်းသာယာမှုသည် အသင်တို့အပေါ် ကျရောက်ပါစေ။ အသင်တို့သည် စင်ကြယ်သန့်ရှင်းခဲ့ကြပြီးဖြစ်သည့်အတွက် ထိုသုခဘုံထဲသို့ အမြဲနေရမည့်သူများအဖြစ် ဝင်ရောက်ကြပါ"ဟု ပြောဆိုကြမည်။❻

❻ ဂျန္နသ်ထဲဝင်ရမဲ့သူတွေဟာ အုပ်စုလိုက်ပို့ပေးခြင်းခံရပြီး ကောင်းကင်တမန်တွေက ကြိုဆို နှုတ်ခွန်းဆက်ကြမယ်။ (အလင်းပြကျမ်း)

وَقَالُوا الْحَمْدُ لِلّٰهِ الَّذِيْ صَدَقَنَا وَعْدَهٗ وَاَوْرَثَنَا الْاَرْضَ نَتَبَوَّاُ مِنَ الْجَنَّةِ حَيْثُ نَشَآءُ ۚ فَنِعْمَ اَجْرُ الْعٰمِلِيْنَ ﴿٧٤﴾

(၇၄) ထို့ပြင် သူတို့က ပြောဆိုကြမည်- "ချီးမွမ်းခြင်းအပေါင်းသည် အကြင်အလ္လာဟ်အရှင်မြတ်အတွက်ပင် ဖြစ်တော်မူပါသည်။ ထိုအရှင်မြတ်သည် ကျွန်ုပ်တို့နှင့်ပတ်သက်၍ အရှင်မြတ်ပြုလုပ်တော်မူခဲ့သည့်ကတိအား မှန်ကန်စေတော်မူခဲ့သည့်အပြင် ဤ(ဂျန္နသ်)မြေကို ကျွန်ုပ်တို့အား အမွေအဖြစ် ပိုင်ဆိုင်စေတော်မူခဲ့သည့်အတွက် ကျွန်ုပ်တို့သည် ထိုအထဲတွင် ကျွန်ုပ်တို့အလိုရှိသော နေရာများ၌ နေထိုင်နိုင်ကြသည်"။❼ ထို့ပြင် (ကောင်းမြတ်သော)အလုပ် လုပ်ကိုင်သောသူများ၏အကျိုးအမြတ်သည် အဘယ်မျှ ကောင်းလိုက်သနည်း။

❼ အရှင်မြတ်ရဲ့ကတိတော် မှန်ကန်တာကို တွေ့ပြီး သုခဘုံသားတွေဟာ အလွန်ဝမ်းမြောက်ဝမ်း

သာဖြစ်ကာ အရှင်မြတ် ကို ကျေးဇူးတင်ကြမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَتَرَى الْمَلٰٓئِكَةَ حَآفِّيْنَ مِنْ حَوْلِ الْعَرْشِ يُسَبِّحُوْنَ بِحَمْدِ رَبِّهِمْ ۚ وَقُضِيَ بَيْنَهُمْ بِالْحَقِّ وَقِيْلَ الْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ ﴿٧٥﴾

(၇၅) ထို့ပြင် အသင်(တမန်တော်)သည် ကောင်းကင်တမန်များအား အရ်ရှ်ပလ္လင်တော်၏ပတ်လည်တွင် ဝန်းရံလျက် တွေ့ရမည်၊ သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ချီးမွမ်းမှုနှင့်တကွ (အရှင်မြတ်) စင်ကြယ်တော်မူကြောင်း ရွတ်ဆိုလျက်ရှိနေကြသည်(ကို အသင်မြင်တွေ့ရလိမ့်မည်)။ ထို့ပြင် ၎င်း(လူသား)တို့၏ကြားတွင် တိကျစွာ စီရင်ဆုံးဖြတ်ပြီး ဖြစ်လိမ့်မည်။ ထို့ပြင် ချီးမွမ်းခြင်းအပေါင်းသည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အတွက်ပင် ဖြစ်သည်ဟု ပြောဆိုခြင်းခံရမည်။

==========================================================

ركوعاتها٩ ٤٠سُوْرَةُ الْمُؤْمِنِ مَكِّيَّةٌ٦٠ اٰياتها٨٥

# سُوْرَةُ الْمُؤْمِنِ စူရဟ် မုအ်မင်န် (မုအ်မင်န်ယုံကြည်သူကဏ္ဍ)

==========================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

حٰمٓ ﴿١﴾

(၁) ဟာ မီမ် ။

تَنۡزِيۡلُ الۡكِتٰبِ مِنَ اللّٰهِ الۡعَزِيۡزِ الۡعَلِيۡمِ ﴿٢﴾

(၂) (ဤသည်) တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသော အကြွင်းမဲ့သိတော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်မှ ချပေးတော်မူသည့် ကျမ်းဂန်ဖြစ်သည်။

غَافِرِ الذَّنۡۢبِ وَقَابِلِ التَّوۡبِ شَدِيۡدِ الۡعِقَابِ ۙ ذِى الطَّوۡلِ ؕ لَاۤ اِلٰهَ اِلَّا هُوَ ؕ اِلَيۡهِ الۡمَصِيۡرُ ﴿٣﴾

(၃) (အရှင်မြတ်သည်) အပြစ်များကို ခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင်၊ ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူသောအရှင်၊ ပြင်းထန်စွာပြစ်ဒဏ်ခတ်တော်မူသောအရှင်နှင့် စွမ်းရည်သတ္တိနှင့်ပြည့်စုံတော်မူသော(ရက်ရောစွာ ပေးကမ်းတော်မူသော)အရှင် ဖြစ်တော်မူသည်။ အရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ နောက်ဆုံးပြန်လည်ရာစခန်းသည် အရှင်မြတ်ထံတော်၌သာဖြစ်သည်။

مَا يُجَادِلُ فِىۡۤ اٰيٰتِ اللّٰهِ اِلَّا الَّذِيۡنَ كَفَرُوۡا فَلَا يَغۡرُرۡكَ تَقَلُّبُهُمۡ فِى الۡبِلَادِ ﴿٤﴾

(၄) အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များနှင့်ပတ်သက်၍ ကာဖိရ်များပင် အငြင်းအခုံပြုကြသည်။ သို့ဖြစ်ရာ တိုင်းပြည်များထဲတွင် သူတို့၏သွားလာလှုပ်ရှားမှုများသည် အသင့်အား မလှည့်စားစေနှင့်။❶

❶ ကာဖိရ်တွေရဲ့ လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ရနေတာတွေကို ကြည့်ပြီး အသင်ဟာ အလှည့်စားမခံရစေနဲ့။ သူတို့ကို အရှင်မြတ်က သတ်မှတ်ထားတဲ့အချိန်မရောက်ခင်အထိပဲ လွှတ်ထားတာဖြစ်တယ်။ သူတို့ဟာ တကယ်ပဲ အရေးယူခံရမှာ ဖြစ်တယ်။ (အသ်သဖ်စီရွှလ်မုယတ်စရ်)

كَذَّبَتۡ قَبۡلَهُمۡ قَوۡمُ نُوۡحٍ وَّالۡاَحۡزَابُ مِنۡۢ بَعۡدِهِمۡ ۖ وَهَمَّتۡ كُلُّ اُمَّةٍۢ بِرَسُوۡلِهِمۡ لِيَاۡخُذُوۡهُ وَجٰدَلُوۡا
بِالۡبَاطِلِ لِيُدۡحِضُوۡا بِهِ الۡحَقَّ فَاَخَذۡتُهُمۡ ۖ فَكَيۡفَ كَانَ عِقَابِ ﴿٥﴾

(၅) ၎င်းတို့မတိုင်မီက (တမန်တော်)နူးဟ်၏ အမျိုးသားများနှင့် သူတို့နောက်မှ အုပ်စုများသည်လည်း မဟုတ်မမှန်စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် အုပ်စုတိုင်းသည် သူတို့၏တမန်တော်ကို ဖမ်းဆီးရန် ကြံရွယ်ခဲ့ကြသည့်အပြင် သူတို့သည် အမှားကို လက်ကိုင်ထားပြီး ထိုအမှားနှင့် အမှန်ကို ဝေခွဲရခက်စေဖို့ (တမန်တော်များနှင့်) အငြင်းအခုံပြုခဲ့ကြသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့အား ဖမ်းဆီးကွပ်မျက်တော်မူခဲ့သည်။ ထို့နောက် ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် မည်သို့ရှိခဲ့သနည်း။

وَكَذٰلِكَ حَقَّتْ كَلِمَتُ رَبِّكَ عَلَى الَّذِيْنَ كَفَرُوْٓا اَنَّهُمْ اَصْحٰبُ النَّارِ ۝٦

(၆) ၎င်းပြင် ထိုသို့ပင် ကာဖိရ်များနှင့်ပတ်သက်၍ “အမှန်စင်စစ် သူတို့သည် ငရဲသားများဖြစ်ကြသည်” ဆိုသည့် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏မိန့်ခွန်းတော်သည် အတည်ဖြစ်ခဲ့ပြီဖြစ်သည်။ J

J သူတို့နဲ့ပတ်သက်ပြီး အရှင့်အမိန့်ဟာ ပြဋ္ဌာန်းထားပြီးဖြစ်တယ်။
(သိုင်စီရွလ်ကရီမိရ်ရဟ်မာန်၊ အသ်သဖ်စီရွလ်မုယတ်စရ်)

اَلَّذِيْنَ يَحْمِلُوْنَ الْعَرْشَ وَمَنْ حَوْلَهٗ يُسَبِّحُوْنَ بِحَمْدِ رَبِّهِمْ وَيُؤْمِنُوْنَ بِهٖ وَيَسْتَغْفِرُوْنَ لِلَّذِيْنَ اٰمَنُوْا ۚ رَبَّنَا وَسِعْتَ كُلَّ شَيْءٍ رَّحْمَةً وَّعِلْمًا فَاغْفِرْ لِلَّذِيْنَ تَابُوْا وَاتَّبَعُوْا سَبِيْلَكَ وَقِهِمْ عَذَابَ الْجَحِيْمِ ۝٧

(၇) အရ်ရှ်ပလ္လင်တော်ကို ထမ်းရွက်ထားကြသောသူ (ကောင်းကင်တမန်)များနှင့် ၎င်းပတ်လည်တွင် ရှိကြသည့်သူ (ကောင်းကင်တမန်)များသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ချီးမွမ်းမှုနှင့်တကွ(အရှင်မြတ်)စင်ကြယ်တော်မူကြောင်း ရွတ်ဆိုလျက်ရှိကြသည်။ ထို့ပြင် ထိုကောင်းကင်တမန်များသည် အရှင်မြတ်အား ယုံကြည်ကြသည်။ ထို့ပြင် သူတို့သည် အီမာန်ယုံကြည်သူများအတွက် (ဤသို့) လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားလျက်ရှိကြသည်။ “အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် အရာအားလုံးကိုကရုဏာနှင့်တကွ အသိပညာဖြင့်ဝန်းခြုံလျက်ရှိတော်မူပါသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် အကြင်သူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူပါ၊ ထိုသူများသည် ဝန်ချတောင်းပန်ခဲ့ကြသည်၊ ထို့ပြင် သူတို့သည် အရှင်မြတ်၏လမ်းကိုလည်း လိုက်ကြသည်။ ထို့ပြင် အရှင်မြတ်သည် သူတို့အား ဂျဟန္နမ်ငရဲဘုံ၏ပြစ်ဒဏ်မှ လွတ်ကင်းစေတော်မူပါ။”

رَبَّنَا وَ اَدۡخِلۡهُمۡ جَنّٰتِ عَدۡنِ ۣ الَّتِیۡ وَعَدۡتَّهُمۡ وَ مَنۡ صَلَحَ مِنۡ اٰبَآئِهِمۡ وَ اَزۡوَاجِهِمۡ وَ ذُرِّیّٰتِهِمۡ ؕ اِنَّكَ اَنۡتَ الۡعَزِیۡزُ الۡحَكِیۡمُ ۙ﴿۸﴾

(၈) အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် သူတို့အား အရှင်မြတ်ကတိပြုတော်မူခဲ့သော အမြဲနေရမည့် ဥယျာဉ်များထဲသို့ သူတို့အား ဝင်ရောက်စေတော်မူပါ။ ထို့ပြင် သူတို့၏ ဖခင်(နှင့်မိခင်)များ၊ သူတို့၏ဇနီးကြင်ရာများနှင့် သူတို့၏သားမြေးများထဲမှ ကောင်းမြတ်သည့်သူများကိုလည်း (ထိုဥယျာဉ်ထဲသို့) ဝင်ရောက်စေတော်မူပါ။ အမှန်စင်စစ် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပါသည်။

وَقِهِمُ السَّیِّاٰتِ ؕ وَمَنۡ تَقِ السَّیِّاٰتِ یَوۡمَئِذٍ فَقَدۡ رَحِمۡتَهٗ ؕ وَذٰلِكَ هُوَ الۡفَوۡزُ الۡعَظِیۡمُ ﴿۹﴾

(၉) ထို့ပြင် အရှင်မြတ်သည် သူတို့အား (လောကတွင် ကျူးလွန်မိခဲ့သည့်) မကောင်းမှုများ(၏အစားခံရမည့်ဒုက္ခများ)မှလည်း လွတ်ကင်းစေတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ထိုနေ့တွင် အကြင်သူ့ကို (ထို)ဒုက္ခများမှ လွတ်ကင်းစေတော်မူခဲ့လျှင် အရှင်မြတ်သည် အမှန်စင်စစ် ထိုသူ့ကို သနားကြင်နာခဲ့သည်ပင်ဖြစ်သည်။ ထို့ပြင် ၎င်းသည် ကြီးကျယ်မြင့်မြတ်သောအောင်မြင်မှုပင် ဖြစ်သည်။

اِنَّ الَّذِیۡنَ كَفَرُوۡا یُنَادَوۡنَ لَمَقۡتُ اللّٰهِ اَكۡبَرُ مِنۡ مَّقۡتِكُمۡ اَنۡفُسَكُمۡ اِذۡ تُدۡعَوۡنَ اِلَی الۡاِیۡمَانِ فَتَكۡفُرُوۡنَ ﴿۱۰﴾

(၁၀) အမှန်စင်စစ် ကာဖိရ်များသည် (ဤသို့)ဟစ်ခေါ်ခြင်းကို ခံကြရမည်-"အသင်တို့သည် (ယခု)အသင်တို့ကိုယ်ကို စက်ဆုပ်ရွံရှာမုန်းတီးနေကြသည်ထက် အသင်တို့သည် အီမာန်ယုံကြည်မှုကို ဖိတ်ခေါ်ခံခဲ့ကြရစဉ်က အသင်တို့ငြင်းပယ်ခဲ့ကြသည့်အခါတွင် အမှန်ပင် (အသင်တို့ကို) အလ္လာဟ်အရှင်မြတ်၏စက်ဆုပ်မုန်းတီးတော်မူခြင်းသည် ပို၍ကြီးကျယ်ခဲ့သည်။"

قَالُوۡا رَبَّنَاۤ اَمَتَّنَا اثۡنَتَیۡنِ وَ اَحۡیَیۡتَنَا اثۡنَتَیۡنِ فَاعۡتَرَفۡنَا بِذُنُوۡبِنَا فَهَلۡ اِلٰی خُرُوۡجٍ مِّنۡ سَبِیۡلٍ ﴿۱۱﴾

(၁၁) သူတို့က ပြောဆိုပန်ကြားကြမည်-"အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အား သေသူများအဖြစ် နှစ်ကြိမ်ထားတော်မူခဲ့ပါသည်၊ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား

ရှင်သူများအဖြစ်လည်း နှစ်ကြိမ်ထားတော်မူခဲ့ပါသည်။❶ ယခုမူ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အပြစ်များကို ဝန်ခံကြပြီဖြစ်ပါသည်။ သို့ဖြစ်ရာ (ဤဒုက္ခမှ)လွတ်မြောက်ရန် နည်းလမ်းတစ်စုံတစ်ရာ ရှိပါသလော။

❶ သေခြင်းနှစ်ခု၊ ရှင်ခြင်းနှစ်ခုဆိုတာ - ပထမ သေနေတဲ့မြေကြီး ဒါမှမဟုတ် သုက်ရည်၊ အဲဒီနောက် မွေးဖွားလာပြီး ပထမရှင်သန်ခြင်း။ ပြီးတော့ သက်တမ်းစေ့တဲ့အခါ ဒုတိယသေဆုံးခြင်း၊ အဲဒီနောက် ကိယာမသ်နေ့မှာ ဒုတိယရှင်ခြင်းတို့ ဖြစ်တယ်။ (အလင်းပြကျမ်း)

ذٰلِكُمْ بِاَنَّهٗٓ اِذَا دُعِيَ اللّٰهُ وَحْدَهٗ كَفَرْتُمْ ۚ وَاِنْ يُّشْرَكْ بِهٖ تُؤْمِنُوْا ۗ فَالْحُكْمُ لِلّٰهِ الْعَلِيِّ الْكَبِيْرِ ﴿١٢﴾

(၁၂) ၎င်း(အပြစ်ဒဏ်ခံကြရခြင်း)သည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းအား ဟစ်ခေါ်ခံရသောအခါ အသင်တို့သည် ငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် အကယ်၍ အရှင်မြတ်နှင့် တွဲဖက်ရန် ဟစ်ခေါ်ခံရသောအခါ၌မူ အသင်တို့သည် ယုံကြည်လက်ခံခဲ့ကြသည်။ သို့ဖြစ်ရာ စီရင်ဆုံးဖြတ်မှုသည် အလွန်မြင့်မားထွတ်မြတ်လှတော်မူသော၊ အလွန်ကြီးကျယ်ထူးကဲမြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၌သာပင် ရှိသည်။

هُوَ الَّذِيْ يُرِيْكُمْ اٰيٰتِهٖ وَيُنَزِّلُ لَكُمْ مِّنَ السَّمَآءِ رِزْقًا ۗ وَمَا يَتَذَكَّرُ اِلَّا مَنْ يُّنِيْبُ ﴿١٣﴾

(၁၃) ထိုအရှင်မြတ်ပင် အသင်တို့အား အရှင်မြတ်၏သက်သေသာဓကများကို ပြသတော်မူသည်။ ထို့ပြင် အရှင်မြတ်သည်ပင် အသင်တို့အတွက် မိုးကောင်းကင်မှ စားနပ်ရိက္ခာကို ချပေးတော်မူသည်။ ထို့ပြင် (အရှင်မြတ်ဘက်သို့) ပြန်လှည့်သည့်သူမှလွဲ၍ စဉ်းစားဆင်ခြင်တရားရယူလေ့မရှိပေ။

فَادْعُوا اللّٰهَ مُخْلِصِيْنَ لَهُ الدِّيْنَ وَلَوْ كَرِهَ الْكٰفِرُوْنَ ﴿١٤﴾

(၁၄) သို့ဖြစ်ရာ ကာဖိရ်များသည် မနှစ်မြို့ကြလျှင်လည်း အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်မှုကို အရှင်မြတ်အတွက် သက်သက်ဖြစ်စေကြလျက် ကိုးကွယ်ကြပါ။

رَفِيْعُ الدَّرَجٰتِ ذُو الْعَرْشِ ۚ يُلْقِي الرُّوْحَ مِنْ اَمْرِهٖ عَلٰى مَنْ يَّشَآءُ مِنْ عِبَادِهٖ لِيُنْذِرَ يَوْمَ التَّلَاقِ ﴿١٥﴾

(၁၅) (အရှင်မြတ်သည်) အလွန်မြင့်မားသည့် အဆင့်အတန်းများကို ပိုင်ဆိုင်တော်မူသောအရှင်၊ အရ်ရှ်ပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်ပင် ဖြစ်တော်မူသည်။ အရှင်မြတ်သည် ဝိညာဉ်(ဝဟီ)ကို အရှင်မြတ်၏ကျွန်များထဲမှ အရှင်မြတ်အလိုရှိတော်မူသောသူအပေါ်တွင် အရှင်မြတ်၏အမိန့်တော်ဖြင့်ချပေးတော်မူခဲ့သည်။ (ထိုသို့ချပေးခြင်းမှာ) ထိုကျွန်သည် အပြန်အလှန်တွေ့ဆုံရမည့်

(ကိယာမသ်)နေ့နှင့်ပတ်သက်၍ (လူများအား)သတိပေးနှိုးဆော်ရန်အတွက်ဖြစ်သည်။

يَوْمَ هُم بَٰرِزُونَ ۖ لَا يَخْفَىٰ عَلَى ٱللَّهِ مِنْهُمْ شَىْءٌ ۚ لِّمَنِ ٱلْمُلْكُ ٱلْيَوْمَ ۖ لِلَّهِ ٱلْوَٰحِدِ ٱلْقَهَّارِ ﴿١٦﴾

(၁၆) ထိုနေ့တွင် သူတို့သည်(ဖန်ဆင်းရှင်၏ရှေ့၌)ပေါ်လွင်ထင်ရှားလာမည်။ သူတို့နှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်အပေါ်တွင် မည်သည့်အရာမျှ ဖုံးကွယ်နေခြင်းရှိမည်မဟုတ်ပေ။ “စိုးမိုးအုပ်ချုပ်မှုအာဏာသည် ယနေ့ မည်သူ့ထံတွင် ရှိသနည်း”(ဟု မိန့်ကြားတော်မူမည်၊ ထို့ပြင် အရှင်မြတ်ကိုယ်တိုင် မိန့်ကြားတော်မူမည်) တစ်ပါးတည်းဖြစ်တော်မူသော အဖန်ဆင်းခံအားလုံးအပေါ် လွှမ်းမိုးထားတော်မူသော အလ္လာဟ်အရှင်မြတ်၌ပင်ရှိသည်။❷

❷ လောကမှာတော့ လူတွေဟာ ငါ့အိုး၊ ငါ့အိမ်၊ ငါ့ရွှေ၊ ငါ့ငွေ၊ ငါ့ပိုင်ဆိုင်မှု၊ ငါ့မြို့၊ ငါ့ရွာ၊ ငါ့တိုင်းပြည်စသဖြင့် ကိုယ်ပိုင်တယ်လို့ယူဆပြီး ပြောဆိုလေ့ရှိကြတယ်။ တကယ်တော့ လူတွေပိုင်ကြတာမဟုတ်ဘူး။ လောကမှာလည်း အရှင်မြတ်ပဲ ပိုင်တာဖြစ်တယ်။ (အရှင်မြတ်က လူတွေကို ယာယီအပ်နှံထားတာပဲ ဖြစ်တယ်။) ဒါပေမဲ့ ကိယာမသ်နေ့ရောက်တဲ့အခါမှာတော့ အဲဒီလို ပြောမဲ့သူတောင် မရှိတော့ဘူး။ ဘာဖြစ်လို့လဲဆိုရင် ပိုင်ဆိုင်မှုဟူသမျှဟာ အရှင်မြတ်ပဲ အစစ်အမှန်ပိုင်ဆိုင်တယ်ဆိုတာ သိသွားကြလို့ဖြစ်တယ်။ (အလင်းပြကျမ်း)

ٱلْيَوْمَ تُجْزَىٰ كُلُّ نَفْسٍۭ بِمَا كَسَبَتْ ۚ لَا ظُلْمَ ٱلْيَوْمَ ۚ إِنَّ ٱللَّهَ سَرِيعُ ٱلْحِسَابِ ﴿١٧﴾

(၁၇) ယနေ့မှ လူတိုင်းသည် သူတို့ရှာဖွေပြုလုပ်ခဲ့သမျှနှင့်ပတ်သက်၍ အစားပေးခြင်းကို ခံကြရမည်ဖြစ်သည်။ ယနေ့၌ မတရားပြုလုပ်မှုဆိုသည်မှာ အလျှင်းမရှိတော့ပေ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လျင်မြန်စွာ စစ်ဆေးတော်မူသောအရှင်မြတ်❶ပင် ဖြစ်တော်မူသည်။

❶ အရှင်မြတ်ဟာ အကြွင်းမဲ့သိရှိတော်မူပြီး အလွန်စွမ်းဆောင်နိုင်တဲ့အတွက် လူသားတွေလို စဉ်းစားနေစရာမလိုဘဲ စစ်ဆေးမယ်ဆိုရင် အမြန်စစ်ဆေးလိုက်မှာဖြစ်တယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

وَأَنذِرْهُمْ يَوْمَ ٱلْـَٔازِفَةِ إِذِ ٱلْقُلُوبُ لَدَى ٱلْحَنَاجِرِ كَٰظِمِينَ ۚ مَا لِلظَّٰلِمِينَ مِنْ حَمِيمٍ وَلَا شَفِيعٍ يُطَاعُ ﴿١٨﴾

(၁၈) ထို့ပြင် အသင်သည် သူတို့အား နီးကပ်လာသော (ကိယာမသ်)နေ့နှင့်ပတ်သက်၍ သတိပေးနှိုးဆော်လိုက်ပါ။ ထိုအခါတွင် စိတ်နှလုံးများသည် (ပူပင်သောကများကို) အလွန်ချုပ်တည်းမျိုသိပ်လျက် လည်မျိုများထိပင် ဆို့တက်လာမည်။ မတရားကျူးလွန်သည့်သူများအတွက် ရင်းနှီးသောသူလည်း မည်သူမျှ ရှိမည်မဟုတ်ပေ။ ဩဇာညောင်းသော ကြားဝင်အသနားခံပေးမည့်သူလည်း

မည်သူမျှ ရှိမည်မဟုတ်ပေ။

يَعْلَمُ خَآئِنَةَ الْاَعْيُنِ وَمَا تُخْفِى الصُّدُوْرُ ﴿١٩﴾

(၁၉) အရှင်မြတ်သည် မျက်စိများ၏ သစ္စာဖောက်ခိုးဝှက်မှုကိုရော၊ စိတ်နှလုံးများက လျှို့ဝှက်ထားသည်များကိုပါ သိတော်မူသည်။

وَاللّٰهُ يَقْضِىْ بِالْحَقِّ ؕ وَالَّذِيْنَ يَدْعُوْنَ مِنْ دُوْنِهٖ لَا يَقْضُوْنَ بِشَىْءٍ ؕ اِنَّ اللّٰهَ هُوَ السَّمِيْعُ الْبَصِيْرُ ﴿٢٠﴾

(၂၀) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် တရားသဖြင့် စီရင်ဆုံးဖြတ်တော်မူမည်။ ထို့ပြင် အရှင်မြတ်အား စွန့်ပြီး ၎င်း(ကာဖိရ်)တို့ ဟစ်ခေါ်ခဲ့ကြသော ကိုးကွယ်ရာများသည် မည်သည့်အရာတစ်ခုမျှ စီရင်ဆုံးဖြတ်နိုင်ကြမည်မဟုတ်ပေ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်ပင် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့မြင်တော်မူသော အရှင်ဖြစ်တော်မူသည်။

اَوَلَمْ يَسِيْرُوْا فِى الْاَرْضِ فَيَنْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ كَانُوْا مِنْ قَبْلِهِمْ ؕ كَانُوْا هُمْ اَشَدَّ مِنْهُمْ قُوَّةً وَّاٰثَارًا فِى الْاَرْضِ فَاَخَذَهُمُ اللّٰهُ بِذُنُوْبِهِمْ ؕ وَمَا كَانَ لَهُمْ مِّنَ اللّٰهِ مِنْ وَّاقٍ ﴿٢١﴾

(၂၁) သူတို့သည် ကမ္ဘာပေါ်တွင် လှည့်လည်သွားလာခြင်းမပြုခဲ့ကြသလော၊ ထိုသို့ ပြုခဲ့ကြလျှင် သူတို့သည် သူတို့မတိုင်မီကသူများ၏ နောက်ဆုံးအကျိုးဆက်သည် မည်သို့ရှိခဲ့သည်ကို မြင်ကြရမည်ဖြစ်သည်။ ၎င်းယခင်ကသူများသည် သူတို့ထက်ပင် အင်အားကြီးသည်သာမက ကမ္ဘာမြေပေါ်တွင် သူတို့ ချန်ထားခဲ့သော ခြေရာလက်ရာများသည် ပို၍ထူးကဲခဲ့ကြသည်။ ထို့နောက်လည်း အလ္လာဟ်အရှင်မြတ်သည် သူတို့အား သူတို့၏မကောင်းမှုပြစ်မှုများကြောင့် ဖမ်းဆီးကွပ်မျက်တော်မူခဲ့သည်။ ထို့ပြင် သူတို့တွင် အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်မှ ကယ်တင်မည့်သူလည်း မည်သူမျှ မရှိခဲ့ပေ။

ذٰلِكَ بِاَنَّهُمْ كَانَتْ تَّاْتِيْهِمْ رُسُلُهُمْ بِالْبَيِّنٰتِ فَكَفَرُوْا فَاَخَذَهُمُ اللّٰهُ ؕ اِنَّهٗ قَوِىٌّ شَدِيْدُ الْعِقَابِ ﴿٢٢﴾

(၂၂) ထိုသို့ဖြစ်ရခြင်းမှာ သူတို့၏တမန်တော်များသည် သူတို့ထံသို့ ထင်ရှားသော သက်သေသာဓကများ အမှန်စင်စစ် ယူဆောင်လာခဲ့ကြပြီးသည့်နောက် သူတို့သည် ငြင်းပယ်လျက်ပင် ရှိခဲ့ကြသည့်အတွက် အလ္လာဟ်အရှင်မြတ်သည် သူတို့အား ဖမ်းဆီးကွပ်မျက်တော်မူခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ် အရှင်မြတ်သည် အလွန်အင်အားကြီးတော်မူသောအရှင်၊ ပြင်းထန်စွာ အရေးယူတော်မူသောအရှင်ဖြစ်တော်မူသည်။

وَلَقَدْ اَرْسَلْنَا مُوْسٰى بِاٰيٰتِنَا وَسُلْطٰنٍ مُّبِيْنٍ ﴿٢٣﴾

(၂၃) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)မူစာအား ငါအရှင်မြတ်၏အမိန့်တော်များအပြင် ထင်ရှားသော သက်သေသာဓကနှင့်တကွ စေလွှတ်တော်မူခဲ့သည်။

اِلٰى فِرْعَوْنَ وَهَامٰنَ وَقَارُوْنَ فَقَالُوْا سٰحِرٌ كَذَّابٌ ﴿٢٤﴾

(၂၄) ဖိရ်အောင်န်၊ ဟာမာန်နှင့် ကာရူန်တို့ထံသို့။ သို့ဖြစ်ရာ သူတို့က (တမန်တော်မူစာသည်) မှော်ဆရာတစ်ဦး၊ အလွန်လိမ်လည်သူတစ်ဦးဖြစ်သည် ဟု ပြောဆိုခဲ့ကြသည်။

فَلَمَّا جَآءَهُمْ بِالْحَقِّ مِنْ عِنْدِنَا قَالُوا اقْتُلُوْٓا اَبْنَآءَ الَّذِيْنَ اٰمَنُوْا مَعَهٗ وَاسْتَحْيُوْا نِسَآءَهُمْ ؕ وَمَا كَيْدُ الْكٰفِرِيْنَ اِلَّا فِيْ ضَلٰلٍ ﴿٢٥﴾

(၂၅) ထို့နောက် ၎င်း(တမန်တော်မူစာ)သည် ငါအရှင်မြတ်ထံတော်မှ အမှန်တရားကို ယူဆောင်၍ သူတို့ထံသို့ ရောက်ရှိလာသည့်အခါ သူတို့က "အသင်တို့သည် ထိုမူစာနှင့်အတူ ယုံကြည်သည့်သူများ၏ သားယောကျ်ားကလေးများအား သတ်ဖြတ်ကြ၍ သူတို့၏(သမီး)မိန်းမများကို အရှင်ထားလိုက်ကြပါ"ဟု ပြောဆိုခဲ့ကြသည်။ ထို့နောက်လည်း ကာဖိရ်များ၏အကြံအစည်သည် လွဲမှားခဲ့သည်သာ ဖြစ်သည်။

وَقَالَ فِرْعَوْنُ ذَرُوْنِيْٓ اَقْتُلْ مُوْسٰى وَلْيَدْعُ رَبَّهٗ ۚ اِنِّيْٓ اَخَافُ اَنْ يُّبَدِّلَ دِيْنَكُمْ اَوْ اَنْ يُّظْهِرَ فِى الْاَرْضِ الْفَسَادَ ﴿٢٦﴾

(၂၆) ထို့ပြင် ဖိရ်အောင်န်က ပြောဆိုခဲ့သည်- "အသင်တို့သည် ငါ့ကို လွှတ်ကြစမ်း၊ ငါသည် မူစာကို သတ်မည်။ ထို့ပြင် ၎င်းသည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကို ဟစ်ခေါ်ပါစေ။ ထိုမူစာသည် အသင်တို့၏သာသနာကို ပြောင်းလဲပစ်မည် သို့မဟုတ် တိုင်းပြည်တွင် ဖျက်ဆီးမှုဖြစ်ပေါ်စေမည်ကို အမှန်ပင် ငါစိုးရိမ်မိသည်။"

وَقَالَ مُوْسٰٓى اِنِّيْ عُذْتُ بِرَبِّيْ وَرَبِّكُمْ مِّنْ كُلِّ مُتَكَبِّرٍ لَّا يُؤْمِنُ بِيَوْمِ الْحِسَابِ ﴿٢٧﴾

(၂၇) ထို့အတွက်(တမန်တော်)မူစာက ပြောဆိုခဲ့သည်။ အမှန်စင်စစ် ငါသည် စစ်ဆေးမည့်နေ့ကို မယုံကြည်သော မာနထောင်သည့်သူတိုင်းမှ လွတ်ကင်းရန် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်နှင့် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် (ဖြစ်သည့်အလ္လာဟ်)ထံတွင် ခိုလှုံခဲ့ပြီဖြစ်သည်။

وَقَالَ رَجُلٌ مُّؤْمِنٌ ۖ مِّنْ اٰلِ فِرْعَوْنَ يَكْتُمُ اِيْمَانَهٗٓ اَتَقْتُلُوْنَ رَجُلًا اَنْ يَّقُوْلَ رَبِّيَ اللّٰهُ وَقَدْ

جَآءَكُم بِٱلْبَيِّنَٰتِ مِن رَّبِّكُمْ ۖ وَإِن يَكُ كَٰذِبًا فَعَلَيْهِ كَذِبُهُۥ ۖ وَإِن يَكُ صَادِقًا يُصِبْكُم بَعْضُ
ٱلَّذِى يَعِدُكُمْ ۖ إِنَّ ٱللَّهَ لَا يَهْدِى مَنْ هُوَ مُسْرِفٌ كَذَّابٌ ﴿٢٨﴾

(၂၈) ထို့ပြင် ဖိရ်အောင်န်၏ဆွေမျိုးများထဲမှ မိမိ၏အီမာန်ကို လျှို့ဝှက်ထားသော အီမာန်ရှင်တစ်ဦးက ပြောဆိုခဲ့သည်၊ အသင်တို့သည် လူတစ်ယောက်အား ထိုသူက ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်သည် အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်ဟု ပြောဆိုသည်နှင့် သတ်ဖြတ်ကြမည်လော။ ထို့ပြင် အမှန်စင်စစ် ၎င်းသည် အသင်တို့ထံသို့ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ထင်ရှားသောသက်သေ အထောက်အထားများကိုလည်း ယူဆောင်လာခဲ့သည်။ ထို့ပြင် အကယ်၍ ၎င်းသည် လိမ်လည်သူဖြစ်လျှင် ၎င်း၏လိမ်လည်မှုသည် ၎င်း၏အပေါ်၌ပင် ကျရောက်မည်ဖြစ်သည်။ ထို့ပြင် အကယ်၍ ၎င်းသည် မှန်ကန်သည့်သူဖြစ်လျှင် အသင်တို့ကို ၎င်းကြိုတင်ပြောခဲ့သော(ပြစ်ဒဏ်)အချို့သည် အသင်တို့အပေါ်တွင် သက်ရောက်မည်ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် စည်းကမ်းကျူးလွန်သည့်၊ အလွန်လိမ်လည်သည့်သူကို တရားလမ်းမှန် ညွှန်ကြားပြသတော်မမူပေ။❶

❶ ဖိရ်အောင်န်ဟာ တမန်တော်မူစာ ﷺ ယူဆောင်လာတဲ့ သာသနာကို ဖျက်ဆီးဖို့ ကြိုးစားတာ မအောင်မြင်တဲ့အဆုံး ၎င်းကို သတ်ဖို့ ပြောလိုက်တဲ့အခါမှာ ဖိရ်အောင်န်ရဲ့ အမျိုးထဲကပဲ အီမာန်တိတ်တဆိတ်ယူထားတဲ့သူက အသင်တို့ဟာ အာဏာနဲ့ အနိုင်မကျင့်သင့်ဘူးဆိုပြီး ထကန့်ကွက်ခဲ့တာဖြစ်တယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်၊ အွဆ်မာနီ)

يَٰقَوْمِ لَكُمُ ٱلْمُلْكُ ٱلْيَوْمَ ظَٰهِرِينَ فِى ٱلْأَرْضِ فَمَن يَنصُرُنَا مِنۢ بَأْسِ ٱللَّهِ إِن جَآءَنَا ۚ
قَالَ فِرْعَوْنُ مَآ أُرِيكُمْ إِلَّا مَآ أَرَىٰ وَمَآ أَهْدِيكُمْ إِلَّا سَبِيلَ ٱلرَّشَادِ ﴿٢٩﴾

(၂၉) အို-ကျွန်ုပ်၏အမျိုးသားတို့၊ ယနေ့ အသင်တို့၌ အာဏာရှိနေ၍ အသင်တို့သည် တိုင်းပြည်တွင် လွှမ်းမိုးခြယ်လှယ်လျက်ရှိနေကြသည်ဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်သည် အကယ်၍ ရောက်လာခဲ့လျှင် ထိုပြစ်ဒဏ်မှ ကျွန်ုပ်တို့အား မည်သူကယ်တင်မည်နည်း။ ဖိရ်အောင်န်ကပြောသည်- ငါသည် ငါ၏အယူအဆကိုပင် အသင်တို့အား အကြံပေးခြင်းဖြစ်သည်။ ထို့ပြင် ငါသည် အသင်တို့အား မှန်ကန်သည့်လမ်းမှလွဲ၍ အခြားမည်သည်ကိုမျှ ညွှန်ကြားပြသသည် မဟုတ်ပေ။❷

❷ ငါ့ထံမှာ အကောင်းဆုံးလမ်းစဉ်ကတော့ ၎င်းကို သတ်ပြီး အပြတ်ရှင်းလိုက်တာပဲဖြစ်တယ်လို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقَالَ الَّذِيٓ ءَامَنَ يٰقَوۡمِ اِنِّيٓ اَخَافُ عَلَيۡكُمۡ مِّثۡلَ يَوۡمِ الۡاَحۡزَابِ ٣٠

(၃၀) ထို့ပြင် ထိုအီမာန်ယုံကြည်သူက ပြောခဲ့သည်- အို-ကျွန်ုပ်၏ အမျိုးသားတို့၊ အမှန်စင်စစ် ကျွန်ုပ်သည် အသင်တို့အပေါ်တွင် (ယခင်က)အုပ်စုများ၏ (ဆိုးရွားသည့်)နေ့မျိုး(ကျရောက်လာမည်)ကို စိုးရိမ်မိသည်။

مِثۡلَ دَاۡبِ قَوۡمِ نُوۡحٍ وَّعَادٍ وَّثَمُوۡدَ وَالَّذِيۡنَ مِنۢ بَعۡدِهِمۡ ؕ وَمَا اللّٰهُ يُرِيۡدُ ظُلۡمًا لِّلۡعِبَادِ ٣١

(၃၁) (တမန်တော်)နူးဟ်၏ အမျိုးသားများ၏အခြေအနေမျိုး၊ အာဒ် အမျိုးသားများ၏အခြေအနေမျိုး၊ ဆမူဒ်အမျိုးသားများ၏အခြေအနေမျိုးနှင့် ထိုသူများ၏နောက်တွင် ရှိခဲ့သည့်သူများ၏အခြေအနေမျိုး (ဖြစ်မည်ကို စိုးရိမ်မိသည်)။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (အရှင်မြတ်၏)ကျွန်များအား မတရားပြုလုပ်ရန် ရည်ရွယ်တော်မမူပေ။

وَيٰقَوۡمِ اِنِّيۡۤ اَخَافُ عَلَيۡكُمۡ يَوۡمَ التَّنَادِ ٣٢

(၃၂) ထို့ပြင် အို-ကျွန်ုပ်၏အမျိုးသားတို့၊ အမှန်စင်စစ် ကျွန်ုပ်သည် အသင်တို့နှင့် ပတ်သက်၍ အပြန်အလှန်ဟစ်အော်မည့်နေ့(၏ ပြစ်ဒဏ်)ကို လည်း စိုးရိမ်သည်။❷

❷ ဟစ်အော်ရမဲ့နေ့ဟာ ကိယာမသ်နေ့ကို ဆိုလိုတယ်။ အဲဒီနေ့မှာ လူသားတွေရဲ့ လုပ်ရပ်တွေကြောင့် ထွက်ပေါ်လာတဲ့ ရလဒ်တွေအပေါ် မူတည်ပြီး အခုလို ဟစ်အော်ကြေညာခံကြရမယ်၊ အို-ဂျန္နသ်သုခဘုံသားအပေါင်းတို့ ဒါမှမဟုတ် အို-ဂျဟန္နမ်ငရဲဘုံသားအပေါင်းတို့။ (အိဗ်နုကဆီးရ်)

يَوۡمَ تُوَلُّوۡنَ مُدۡبِرِيۡنَ ۚ مَا لَـكُمۡ مِّنَ اللّٰهِ مِنۡ عَاصِمٍ ۚ وَمَنۡ يُّضۡلِلِ اللّٰهُ فَمَا لَهٗ مِنۡ هَادٍ ٣٣

(၃၃) ထိုနေ့တွင် အသင်တို့သည် ကျောခိုင်းထွက်ပြေးကြမည်။ အလ္လာဟ်အရှင်မြတ်နှင့်အံတုပြီး အသင်တို့အတွက် ကာကွယ်စောင့်ရှောက်ပေးမည့်သူ မည်သူမျှ ရှိမည်မဟုတ်ပေ။ ထို့ပြင် မည်သူ့ကိုမဆို အလ္လာဟ်အရှင်မြတ်သည် လမ်းမှားတွင် (ဆက်)ထားတော်မူလျှင် သူ့အတွက် လမ်းမှန်ပို့ပေးမည့်သူ မည်သူမျှ မရှိတော့ပေ။

وَلَقَدۡ جَآءَكُمۡ يُوۡسُفُ مِنۡ قَبۡلُ بِالۡبَيِّنٰتِ فَمَا زِلۡتُمۡ فِىۡ شَكٍّ مِّمَّا جَآءَكُمۡ بِهٖ ؕ حَتّٰٓى اِذَا هَلَكَ قُلۡتُمۡ
لَنۡ يَّبۡعَثَ اللّٰهُ مِنۢ بَعۡدِهٖ رَسُوۡلًا ؕ كَذٰلِكَ يُضِلُّ اللّٰهُ مَنۡ هُوَ مُسۡرِفٌ مُّرۡتَابُ ٣٤

(၃၄) ထို့ပြင် အမှန်စင်စစ် (တမန်တော်)ယူစွဖ်သည် (တမန်တော်မူစာ) မတိုင်မီက အသင်တို့ထံသို့ ထင်ရှားသည့်သက်သေလက္ခဏာများ ယူဆောင်လာခဲ့သည်။ ထို့ပြင် အသင်တို့သည် အသင်တို့ထံသို့ ၎င်းယူလာခဲ့သည့်အရာ

များနှင့် ပတ်သက်၍ သံသယဖြင့်ပင် အမြဲရှိခဲ့ကြသည်။ နောက်ဆုံးတွင် အသင်တို့သည် ၎င်းကွယ်လွန်သွားသည့်အခါ အလ္လာဟ်အရှင်မြတ်သည် ၎င်း၏နောက်တွင် မည်သည့်တမန်တော်မျှ လုံးဝစေလွှတ်တော်မူမည်မဟုတ်တော့ဟု ပြောဆိုခဲ့ကြသည်။ ထိုသို့ပင် အလ္လာဟ်အရှင်မြတ်သည် စည်းကမ်းကျူးလွန်သူ၊ သံသယရှိနေသူကို လမ်းမှား၌ပင် ရှိနေစေတော်မူသည်။

الَّذِيْنَ يُجَادِلُوْنَ فِيْٓ اٰيٰتِ اللّٰهِ بِغَيْرِ سُلْطٰنٍ اَتٰهُمْ ؕ كَبُرَ مَقْتًا عِنْدَ اللّٰهِ وَعِنْدَ الَّذِيْنَ اٰمَنُوْا ؕ كَذٰلِكَ يَطْبَعُ اللّٰهُ عَلٰى كُلِّ قَلْبِ مُتَكَبِّرٍ جَبَّارٍ ﴿٣٥﴾

(၃၅) ထိုသူများသည် သူတို့ထံသို့ရောက်လာခဲ့သောသက်သေအထောက်အထားတစ်စုံတစ်ခုမျှ မပါဘဲ အလ္လာဟ်အရှင်မြတ်၏ သက်သေသာဓကများနှင့် ပတ်သက်၍ အငြင်းအခုံ ပြုလုပ်ကြသည်။ ၎င်း(တို့၏အငြင်းအခုံပြုလုပ်ခြင်း)သည် အလ္လာဟ်အရှင်မြတ်ထံတော်နှင့် အီမာန်ယုံကြည်သူများထံတွင် စက်ဆုပ်မှုအားဖြင့် လွန်စွာကြီးကျယ်လှ၏။ အလ္လာဟ်အရှင်မြတ်သည် ထိုသို့ပင် မာနထောင်သူ၊ ဆိုးသွမ်းသူ၏ စိတ်နှလုံးပေါ်တွင် တံဆိပ်ခတ်နှိပ်တော်မူသည်။

وَقَالَ فِرْعَوْنُ يٰهَامٰنُ ابْنِ لِيْ صَرْحًا لَّعَلِّيْٓ اَبْلُغُ الْاَسْبَابَ ﴿٣٦﴾

(၃၆) ထို့ပြင် ဖိရ်အောင်န်ကပြောဆိုခဲ့သည်- အို-ဟာမာန်၊ ငါသည် (ကောင်းကင်က တံခါးပေါက်များရှိသည့်)လမ်းများကို ရောက်ရှိရန် အသင်သည် ငါ့အတွက် မြင့်မားသော အဆောက်အအုံ(မျှော်စင်)တစ်ခု ဆောက်ပါ။

اَسْبَابَ السَّمٰوٰتِ فَاَطَّلِعَ اِلٰٓى اِلٰهِ مُوْسٰى وَاِنِّيْ لَاَظُنُّهٗ كَاذِبًا ؕ وَكَذٰلِكَ زُيِّنَ لِفِرْعَوْنَ سُوْٓءُ عَمَلِهٖ وَصُدَّ عَنِ السَّبِيْلِ ؕ وَمَا كَيْدُ فِرْعَوْنَ اِلَّا فِيْ تَبَابٍ ﴿٣٧﴾

(၃၇) (ငါသည်) မိုးကောင်းကင်၏ (တံခါးပေါက်များရှိသည့်)လမ်းများကို(ရောက်ရှိရန်အတွက်)၊ ထို့နောက် ငါသည် မူစာ၏အရှင်သခင်ကို ချောင်းကြည့်မည်။ ထို့ပြင် အမှန်စင်စစ် ငါသည် ၎င်းအား လိမ်လည်သူဟု ထင်သည်။ ထို့ပြင် ထိုသို့ပင် ဖိရ်အောင်န်၏အမြင်တွင် သူ၏မကောင်းသည့်လုပ်ရပ်သည် လှပအောင်ဆင်မြန်းပြသခံရသည်။ ထို့ပြင် သူသည် လမ်း(မှန်)မှ တားဆီးခံရတော့သည်။ ထို့ပြင် ဖိရ်အောင်န်၏အကြံအစည်သည် ပျက်စီးခဲ့သည်ပင်ဖြစ်သည်။

وَقَالَ الَّذِيْٓ اٰمَنَ يٰقَوْمِ اتَّبِعُوْنِ اَهْدِكُمْ سَبِيْلَ الرَّشَادِ ﴿٣٨﴾

(၃၈) ထို့ပြင် ထိုအီမာန်ယုံကြည်သူက ပြောဆိုခဲ့သည်- အို-ကျွန်ုပ်၏အမျိုးသားတို့၊ အသင်တို့သည် ကျွန်ုပ်၏ နောက်သို့ လိုက်ခဲ့ကြပါ၊ ကျွန်ုပ်သည်

အသင်တို့အား လမ်းမှန်ညွှန်ကြားပြသမည်။❶

❶ ဖိရ်အောင်န်က အပြတ်ရှင်းတဲ့ သတ်တဲ့လမ်းပြမယ်ဆိုလို့ သူ့အမျိုးထဲက အီမာန်ယုံကြည်ထားသူက ချေပပြောဆိုတာဖြစ်တယ်။ သူပြောတဲ့လမ်းဟာ မတရားတဲ့လမ်းကြီးဖြစ်တယ်။ သူ့နောက်ကို မလိုက်ကြနဲ့ ၊ ငါ့နောက်ကိုလိုက်ခဲ့ကြ၊ ငါ့လမ်းဟာ တမန်တော် عليهم السلامတွေ ပြသခဲ့တဲ့လမ်းပဲဖြစ်တယ်လို့ အီမာန်ရှင်က ပြောဆိုခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

يٰقَوۡمِ اِنَّمَا هٰذِهِ الۡحَيٰوةُ الدُّنۡيَا مَتَاعٌ وَّاِنَّ الۡاٰخِرَةَ هِىَ دَارُ الۡقَرَارِ ﴿٣٩﴾

(၃၉) အို-ကျွန်ုပ်၏အမျိုးသားတို့၊ ဤလောကီဘဝသည် အနည်းငယ်အကျိုးခံစားမှုပင် ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် တမလွန်ဘဝသည်ပင် အမြဲနေထိုင်ရာ ဖြစ်သည်။

مَنۡ عَمِلَ سَيِّئَةً فَلَا يُجۡزٰٓى اِلَّا مِثۡلَهَا ۚ وَمَنۡ عَمِلَ صَالِحًا مِّنۡ ذَكَرٍ اَوۡ اُنۡثٰى وَهُوَ مُؤۡمِنٌ فَاُولٰٓئِكَ يَدۡخُلُوۡنَ الۡجَـنَّةَ يُرۡزَقُوۡنَ فِيۡهَا بِغَيۡرِ حِسَابٍ ﴿٤٠﴾

(၄၀) မည်သူမဆို မကောင်းမှု တစ်စုံတစ်ခုပြုကျင့်ခဲ့လျှင် ထိုအတိုင်းအညီအမျှ အစားပေးခံရမည်။ ထို့ပြင် အမှန်မှာ မည်သူမဆို ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မုအ်မင်န်ယုံကြည်သူဖြစ်လျက် ကောင်းမြတ်သော လုပ်ရပ်များကို ပြုလုပ်ခဲ့လျှင်၊ ထိုသူများသည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ကြရမည်။ သူတို့သည် ထိုအထဲတွင် အကန့်အသတ်မရှိ စားနပ်ရိက္ခာ ပေးသနားခြင်းခံကြရမည် ဖြစ်သည်။

وَيٰقَوۡمِ مَا لِىۡۤ اَدۡعُوۡكُمۡ اِلَى النَّجٰوةِ وَتَدۡعُوۡنَنِىۡۤ اِلَى النَّارِ ﴿٤١﴾

(၄၁) ထို့ပြင် အို-ကျွန်ုပ်၏အမျိုးသားတို့၊ မည်သို့နည်း၊ ကျွန်ုပ်သည် အသင်တို့အား (ပြစ်ဒဏ်မှ) လွတ်ကင်းရာဘက်သို့ ဖိတ်ခေါ်နေသည်။ အသင်တို့ကမူ ကျွန်ုပ်အား ငရဲမီးဘက်သို့ ဖိတ်ခေါ်နေကြသည်။

تَدۡعُوۡنَنِىۡ لِاَكۡفُرَ بِاللّٰهِ وَاُشۡرِكَ بِهٖ مَا لَيۡسَ لِىۡ بِهٖ عِلۡمٌ وَّاَنَا اَدۡعُوۡكُمۡ اِلَى الۡعَزِيۡزِ الۡغَفَّارِ ﴿٤٢﴾

(၄၂) ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်အား သွေဖည်ငြင်းပယ်ရန်အတွက် ကျွန်ုပ်တွင် မည်သည့်အထောက်အထားမျှ မရှိသည့် မသိသည့်အရာကို ကျွန်ုပ်က အရှင်မြတ်နှင့်တွဲဖက်ကိုးကွယ်ရန်အတွက် အသင်တို့သည် ကျွန်ုပ်အား ဖိတ်ခေါ်နေကြသည်။ ထို့ပြင် ကျွန်ုပ်ကမူ အသင်တို့အား တန်ခိုးတော်နှင့်အလွန်လွှမ်းမိုးတော်မူသောအရှင်၊ အကြိမ်ကြိမ်လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသောအရှင်ဘက်သို့ ဖိတ်ခေါ်နေသည်။

لَا جَرَمَ اَنَّمَا تَدۡعُوۡنَنِىۡۤ اِلَيۡهِ لَيۡسَ لَهٗ دَعۡوَةٌ فِى الدُّنۡيَا وَلَا فِى الۡاٰخِرَةِ وَاَنَّ مَرَدَّنَاۤ اِلَى اللّٰهِ

وَاَنَّ الْمُسْرِفِيْنَ هُمْ اَصْحٰبُ النَّارِ ﴿٤٣﴾

(၄၃) အမှန်စင်စစ် ကျွန်ုပ်အား အသင်တို့ ဖိတ်ခေါ်နေသည့်အရာသည် လောကတွင်သာမက တမလွန်ဘဝတွင်လည်း ဟစ်ခေါ်ရန် မထိုက်တန်သည့် အရာဖြစ်သည်။❶ ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ထံ တော်သို့ပင် ပြန်ကြရမည်ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် စည်းကမ်းကျူးလွန် သည့်သူများသည် ငရဲသားများပင် ဖြစ်ကြသည်။

❶ အသင်တို့ရဲ့ကိုးကွယ်ရာတွေဟာ လောကမှာလည်း ဘာမှ ကောင်းကျိုး ဆိုးကျိုး မပေးနိုင်တဲ့ အတွက် ဘယ်နေရာမှာမှ အသုံးမဝင်ဘူး။ အဲဒီလိုပဲ တမလွန်ဘဝမှာလည်း ဘယ်နေရာမှာမှ ကြား ဝင်အသနားခံနိုင်တဲ့အရည်အချင်းမရှိတဲ့အတွက် ဘာမှ အသုံးမဝင်ဘူး။ အဲဒါကြောင့် ဒီဘဝမှာ ရော နောင်ဘဝမှာပါ ကိုးကွယ်ဖို့ ထိုက်တန်တဲ့သူတွေမဟုတ်တဲ့အတွက် အဲဒီလို အလဟဿ အရာတွေဘက်ကို မဖိတ်ခေါ်သင့်ဘူးလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَسَتَذْكُرُوْنَ مَآ اَقُوْلُ لَكُمْ ؕ وَاُفَوِّضُ اَمْرِيْٓ اِلَى اللّٰهِ ؕ اِنَّ اللّٰهَ بَصِيْرٌۢ بِالْعِبَادِ ﴿٤٤﴾

(၄၄) ထို့နောက် အသင်တို့သည် ကျွန်ုပ်အသင်တို့အား ပြောသည့် စကားများကို မကြာမီ ပြန်သတိရကြလိမ့်မည်။ ထို့ပြင် ကျွန်ုပ်ကမူ ကျွန်ုပ်၏ အရေးကိစ္စကို အလ္လာဟ်အရှင်မြတ်ထံတော်သို့ လွှဲအပ်လိုက်ပြီဖြစ်သည်။ အမှန် စင်စစ် အလ္လာဟ်အရှင်မြတ်သည် (အရှင်မြတ်၏)ကျွန်များကို အကြွင်းမဲ့မြင် တော်မူသောအရှင်ဖြစ်တော်မူသည်။

فَوَقٰىهُ اللّٰهُ سَيِّاٰتِ مَا مَكَرُوْا وَحَاقَ بِاٰلِ فِرْعَوْنَ سُوْٓءُ الْعَذَابِ ﴿٤٥﴾

(၄၅) ထို့နောက် အလ္လာဟ်အရှင်မြတ်သည် သူ့ကို သူတို့၏မကောင်းကြံ စည်သည့်အန္တရာယ်များမှ ဖယ်ရှားကာကွယ်တော်မူခဲ့သည်။ ထို့ပြင် ဖိရ်အောင်န် ၏ အခြွေအရံများကိုမူ ဆိုးဝါးသော အပြစ်ဒဏ်က ဝန်းရံခဲ့သည်။

اَلنَّارُ يُعْرَضُوْنَ عَلَيْهَا غُدُوًّا وَّعَشِيًّا ۚ وَيَوْمَ تَقُوْمُ السَّاعَةُ ۗ اَدْخِلُوْٓا اٰلَ فِرْعَوْنَ اَشَدَّ الْعَذَابِ ﴿٤٦﴾

(၄၆) သူတို့သည် မီး၏ရှေ့၌ နံနက်နှင့် ညနေတွင် ထုတ်ဖော်ပြသခြင်း ခံကြရသည်။❷ ထို့ပြင် ကိယာမသ်နေ့ရောက်သည့်အခါ (အရှင်မြတ်က ကောင်း ကင်တမန်များအား မိန့်တော်မူမည်) အသင်တို့သည် ဖိရ်အောင်န်၏အခြွေအရံ များအား ပြင်းထန်သော ပြစ်ဒဏ်တွင် သွတ်သွင်းလိုက်ကြပါ။

❷ ဖိရ်အောင်န်နဲ့ သူ့ရဲ့အပေါင်းအပါတွေကို နံနက်တစ်ချိန် ညနေတစ်ချိန် ငရဲမီးကို ထုတ်ပြနေတာ ဟာ အသင်တို့ဟာ ကိယာမသ်နေ့မှာ အဲဒီငရဲမီးထဲမှာ နေကြရမဲ့အကြောင်း စိတ်ဆင်းရဲအောင် ကြိုတင်ပြသနေတာဖြစ်တယ်။ ဒါဟာ ကိယာမသ်နေ့ မရောက်ခင် ကာလဖြစ်တဲ့ သချိုင်းတွင်း

ကာလ ဗရ်ဇခ်လောကကို ဖော်ပြနေတာဖြစ်တယ်။ အဲဒီနောက်တစ်ဆက်တည်းပဲ ကိယာမသ်နေ့ ရောက်တဲ့အခါမှာ ပြင်းထန်တဲ့ အပြစ်ဒဏ်ထဲကို ဝင်ရောက်ခိုင်းတဲ့အကြောင်း အမိန့်ရှိထားတယ်။ ဒါဟာ သင်္ချိုင်းတွင်းလောကရှိကြောင်း ကဗရ်အဇာဗ်ရှိကြောင်း ကုရ်အာန်က ဖော်ပြတဲ့ အထောက် အထားဖြစ်တယ်။ (အွဆ်မာနီ၊ ဟွာဖ်ဂျိယသိ ဟဒီးဆ်၊ ဗုခါရီကျမ်းလာဟဒီးဆ်တော်များ)

وَاِذۡ يَتَحَآجُّوۡنَ فِى النَّارِ فَيَقُوۡلُ الضُّعَفٰٓؤُا لِلَّذِيۡنَ اسۡتَكۡبَرُوۡۤا اِنَّا كُنَّا لَـكُمۡ تَبَعًا فَهَلۡ اَنۡتُمۡ مُّغۡنُوۡنَ عَنَّا نَصِيۡبًا مِّنَ النَّارِ ﴿٤٧﴾

(၄၇) ထို့ပြင် တစ်ခါတွင် သူတို့သည် ငရဲမီးထဲတွင် အငြင်းအခုံပြုလုပ်သည့်အခါ လက်အောက်ငယ်သားများက အကြီးအကဲများအား "အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့၏နောက်လိုက်များပင် ဖြစ်ခဲ့သည့်အတွက် အသင်တို့သည် ကျွန်ုပ်တို့ထံမှ ငရဲမီးအချို့ ဖယ်ရှားပေးနိုင်ကြသလော" ဟု ပြောဆိုကြမည်။

قَالَ الَّذِيۡنَ اسۡتَكۡبَرُوۡۤا اِنَّا كُلٌّ فِيۡهَاۤ ۙ اِنَّ اللّٰهَ قَدۡ حَكَمَ بَيۡنَ الۡعِبَادِ ﴿٤٨﴾

(၄၈) အကြီးအကဲတို့က "အမှန်စင်စစ် ကျွန်ုပ်တို့အားလုံးသည် ၎င်း(ငရဲမီး)ထဲ၌ ရှိနေကြသည်ပင် ဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (အရှင်မြတ်၏)ကျွန်များကြားတွင် အမှန်ပင် စီရင်ဆုံးဖြတ်တော်မူလိုက်ပြီဖြစ်သည်" ဟု ပြောဆိုကြမည်။❷

❷ နောက်လိုက်တွေက အကြီးအကဲတွေကို ငရဲမီးအပြစ်ဒဏ် နည်းနည်းဝိုင်းခံပေးဖို့ပြောတဲ့အခါမှာ အကြီးအကဲတွေက ငါတို့တောင်မှ ငါတို့ထံက အပြစ်ဒဏ်ကို မဖယ်ရှားနိုင်ကြတာ အသင်တို့ထံက ပြစ်ဒဏ်ကို ဘယ်လိုလုပ်ပြီး ယူပေးရမှာလဲလို့ ပြန်ပြောကြတဲ့အပေါ်မှာ မျှော်လင့်ချက်ကင်းမဲ့သွားကြမယ်။ (အလင်းပြကျမ်း)

وَقَالَ الَّذِيۡنَ فِى النَّارِ لِخَزَنَةِ جَهَنَّمَ ادۡعُوۡا رَبَّكُمۡ يُخَفِّفۡ عَنَّا يَوۡمًا مِّنَ الۡعَذَابِ ﴿٤٩﴾

(၄၉) ထို့နောက် ငရဲမီးတွင် ရှိကြသည့်သူများက ဂျဟန္နမ်ငရဲဘုံကို စောင့်ကြပ်သည့်သူ(ကောင်းကင်တမန်)များအား "ကျွန်ုပ်တို့အပေါ်ရှိ ပြစ်ဒဏ်ထဲမှ တစ်ရက်ခန့်မျှ လျှော့ပေါ့ပေးရန် အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် တောင်းဆိုလျှောက်ထားပေးပါ" ဟုပြောဆိုကြမည်။

قَالُوۡۤا اَوَلَمۡ تَكُ تَاۡتِيۡكُمۡ رُسُلُكُمۡ بِالۡبَيِّنٰتِ ؕ قَالُوۡا بَلٰى ؕ قَالُوۡا فَادۡعُوۡا ۚ وَمَا دُعٰٓؤُا الۡكٰفِرِيۡنَ اِلَّا فِىۡ ضَلٰلٍ ﴿٥٠﴾

(၅၀) ထိုအစောင့်အကြပ်များက ပြောဆိုကြမည်- "အသင်တို့၏တမန်တော်များသည် အသင်တို့ထံသို့ ထင်ရှားသော သက်သေသာဓကများယူဆောင်

လာခဲ့ကြသည်မဟုတ်လော။" သူတို့က ပြန်ဖြေကြမည်- "အဘယ်ကြောင့်မဟုတ်ရမည်နည်း၊ အမှန်ပင် (ယူဆောင်လာခဲ့ကြပါသည်)။" အစောင့်များကပြောမည်- "သို့ဖြစ်လျှင် အသင်တို့ကိုယ်တိုင်ပင် ဆုတောင်းကြပေတော့။" ထို့ပြင် (တမလွန်ဘဝတွင်) ကာဖိရ်များ၏တောင်းဆုသည် (အကျိုးမရှိသော)လွဲမှားမှုပင်ဖြစ်သည်။

إِنَّا لَنَنصُرُ رُسُلَنَا وَالَّذِينَ آمَنُوا فِي الْحَيَاةِ الدُّنْيَا وَيَوْمَ يَقُومُ الْأَشْهَادُ ﴿٥١﴾

(၅၁) အမှန်စင်စစ် ငါအရှင်မြတ်သည် ငါအရှင်မြတ်၏တမန်တော်များနှင့်၊ အီမာန်ယုံကြည်သူများအား လောကီဘဝနှင့် သက်သေများရပ်ကြမည့် (ကိယာမသ်)နေ့တွင် ကူညီစောင်မတော်မူမည်ဖြစ်သည်။

يَوْمَ لَا يَنفَعُ الظَّالِمِينَ مَعْذِرَتُهُمْ وَلَهُمُ اللَّعْنَةُ وَلَهُمْ سُوءُ الدَّارِ ﴿٥٢﴾

(၅၂) ထိုနေ့တွင် မတရားကျူးလွန်သည့်သူများအား သူတို့၏အကြောင်းပြချက်များက အကျိုးပေးမည်မဟုတ်သည့်အပြင် သူတို့အတွက် ကရုဏာတော်မှ ဝေးစေခြင်းလည်းရှိမည်။ ထို့ပြင် သူတို့အတွက် ဆိုးရွားသောနေရာ(ဂျဟန္နမ်ငရဲဘုံ)လည်း ရှိမည်။[၁]

[၁] အလွန်ဆိုးဝါးတဲ့နေရာဆိုတာ ဂျဟန္နမ်ငရဲဘုံကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

وَلَقَدْ آتَيْنَا مُوسَى الْهُدَىٰ وَأَوْرَثْنَا بَنِي إِسْرَائِيلَ الْكِتَابَ ﴿٥٣﴾

(၅၃) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)မူစာအား လမ်းမှန်ညွှန်ကြားပြသချက်ကို ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် အစ္စရာအီလ်မျိုးနွယ်ဝင်များအား ကျမ်းဂန်ကို အမွေပေးတော်မူခဲ့သည်။

هُدًى وَذِكْرَىٰ لِأُولِي الْأَلْبَابِ ﴿٥٤﴾

(၅၄) အသိဉာဏ်ရှိသူများအတွက် တရားလမ်းညွှန်အဖြစ်နှင့်၊ ဆုံးမသြဝါဒအဖြစ် (ပေးတော်မူခဲ့ခြင်းဖြစ်သည်)။

فَاصْبِرْ إِنَّ وَعْدَ اللَّهِ حَقٌّ وَاسْتَغْفِرْ لِذَنبِكَ وَسَبِّحْ بِحَمْدِ رَبِّكَ بِالْعَشِيِّ وَالْإِبْكَارِ ﴿٥٥﴾

(၅၅) သို့ဖြစ်ရာ အသင်(တမန်တော်)သည် သည်းခံလိုက်ပါ၊ စင်စစ် အလ္လာဟ်အရှင်မြတ်၏ကတိတော်သည် အမှန်ပင်ဖြစ်သည်။ ထို့ပြင်အသင်သည် အသင်၏လျှော့နည်းမှုနှင့် ပတ်သက်၍ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြား၍ အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ချီးမွမ်းမှုနှင့်တကွ (အရှင်မြတ်)စင်ကြယ်တော်မူကြောင်းကို ညနေနှင့်နံနက်တွင် ရွတ်ဆိုပါ။

إِنَّ الَّذِينَ يُجَادِلُونَ فِي آيَاتِ اللَّهِ بِغَيْرِ سُلْطَانٍ أَتَاهُمْ ۙ إِن فِي صُدُورِهِمْ إِلَّا كِبْرٌ مَّا هُم بِبَالِغِيهِ

فَاسْتَعِذْ بِاللّٰهِ ۖ اِنَّهٗ هُوَ السَّمِيْعُ الْبَصِيْرُ ﴿٥٦﴾

(၅၆) အမှန်စင်စစ် သူတို့ထံသို့ မည်သည့်သက်သေသာဓကမျှ ရောက်မလာဘဲနှင့် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များကို အငြင်းပွားနေကြသည့်သူများ၏ စိတ်နှလုံးများထဲတွင် မာနကြီးခြင်းမှလွဲ၍ အခြားမည်သည့်အရာမျှ မရှိပေ။ သူတို့သည် မာနကြီးရမည့် အဆင့်မဟုတ်ပေ။ သို့ဖြစ်ရာ အသင်သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ခိုလှုံလိုက်ပါ။ အမှန်စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသောအရှင်၊ အကြွင်းမဲ့မြင်တော်မူသောအရှင် ဖြစ်တော်မူသည်။

لَخَلْقُ السَّمٰوٰتِ وَالْاَرْضِ اَكْبَرُ مِنْ خَلْقِ النَّاسِ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ﴿٥٧﴾

(၅၇) အမှန်စင်စစ် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းခြင်းသည် လူများအား ဖန်ဆင်းခြင်းထက် ပိုကြီးကျယ်သည်။ သို့ရာတွင် လူအများစုသည် မသိနားမလည်ကြပေ။J

J အလွန်ကြီးကျယ်ခက်ခဲတဲ့မိုးမြေစကြဝဠာတွေကို စတင် ဖန်ဆင်းနိုင်တော်မူတဲ့အရှင်မြတ်ဟာ လူသားကို ဘာဖြစ်လို့ ပြန်မဖန်ဆင်းနိုင်ရမှာလဲ။ လူသားကို ဘာမှ မရှိတဲ့ဘဝကနေပြီး ရှိအောင် ဖန်ဆင်းတော်မူနိုင်ခဲ့ပါလျက်နဲ့ ရှိပြီးသား သေနေတဲ့လူသားကို ပြန်အသက်သွင်းဖို့ အရှင်မြတ်အတွက် ဘာအခက်အခဲရှိမှာလဲ။ ဘာမှအခက်အခဲမရှိဘူး။ (အလင်းပြကျမ်း)

وَمَا يَسْتَوِى الْاَعْمٰى وَالْبَصِيْرُ ۙ وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ وَلَا الْمُسِيْٓءُ ۗ قَلِيْلًا مَّا تَتَذَكَّرُوْنَ ﴿٥٨﴾

(၅၈) ထို့ပြင် မျက်မမြင်နှင့် မျက်မြင်သည် မတူကြပေ။ ထို့ပြင် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်သည့်သူများနှင့် မကောင်းမှုကို ကျူးလွန်သည့်သူများသည်လည်း မတူကြပေ။ အသင်တို့သည် အနည်းငယ်သာ သတိတရား ရကြသည်။

اِنَّ السَّاعَةَ لَاٰتِيَةٌ لَّا رَيْبَ فِيْهَا وَلٰكِنَّ اَكْثَرَ النَّاسِ لَا يُؤْمِنُوْنَ ﴿٥٩﴾

(၅၉) အမှန်စင်စစ် ကိယာမသ်နေ့သည် အမှန်ပင် ဆိုက်ရောက်လာမည်ဖြစ်သည်။ ထိုအရာနှင့်ပတ်သက်၍ သံသယဖြစ်စရာမရှိပေ။ သို့ရာတွင် လူအများစုသည် မယုံကြည်ကြပေ။

وَقَالَ رَبُّكُمُ ادْعُوْنِيْٓ اَسْتَجِبْ لَكُمْ ۗ اِنَّ الَّذِيْنَ يَسْتَكْبِرُوْنَ عَنْ عِبَادَتِيْ سَيَدْخُلُوْنَ جَهَنَّمَ دٰخِرِيْنَ ﴿٦٠﴾

(၆၀) ထို့ပြင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်

က (ဤသို့) မိန့်ကြားတော်မူသည်- အသင်တို့သည် ငါအရှင်မြတ်ထံတော်တွင် ဆုတောင်းကြပါ။ အသင်တို့၏ ဆုတောင်းမှုကို ငါအရှင်လက်ခံတော်မူမည်။ အမှန်စင်စစ် ငါအရှင်မြတ်အား ကိုးကွယ်ခြင်း(ဆုတောင်းခြင်း)မှ မာနထောင်နေသူများသည် သေးသိမ်သူများအဖြစ်နှင့် ဂျဟန္နမ်ငရဲဘုံထဲသို့ မကြာမီတွင် ဝင်ရောက်ကြရမည်။❶

❶ အရှင်မြတ်ရဲ့လူသားတွေအပေါ်မှာ ကျေးဇူးပြုမှုဟာ အလွန်ရက်ရောကြောင်း ဒီအာယသ်တော်က ထင်ထင်ရှားရှားပြသလျက်ရှိတယ်။ ဒီထဲမှာ အချက်သုံးချက်ကို အလွယ်တကူတွေ့နိုင်တယ်။ (၁) အရှင်မြတ်ဟာ အရှင်မြတ်ရဲ့ကျွန်တွေကို ပေးချင်လွန်းလို့ အရှင်မြတ်ထံတော်ကို တောင်းခိုင်းထားခြင်း (၂) တောင်းတာတွေကို လက်ခံတော်မူမှာဖြစ်ခြင်း (၃) တောင်းစေချင်တော်မူလွန်းလို့ ခြိမ်းခြောက်ပြီးတောင်းခိုင်းထားခြင်း။ يَسْتَكْبِرُوْنَ عَنْ عِبَادَتِيْ يعني عَنْ دُعَاءِيْ - تفسير الطبري

"ငါအရှင်မြတ်ကို ကိုးကွယ်ခြင်းမှ မာနထောင်နေသူတွေ" ဆိုတာ "ငါအရှင်မြတ်ထံတော်မှာ မတောင်းခံဘဲ မာနထောင်နေသူတွေ"ဖြစ်တယ်။(သွပ်ရီ) အရှင်မြတ်ထံတော်မှာ တောင်းခံစရာ ဘာလိုလို့လဲဆိုပြီး မာနနဲ့နေမယ်ဆိုရင် ငရဲဘုံထဲမှာ သေးသိမ်တဲ့အဖြစ်နဲ့ ဝင်ရမှာဖြစ်တယ်လို့ ဆိုလိုတယ်။ ဒီထဲမှာ ဖန်ဆင်းရှင်နဲ့ ဖန်ဆင်းခံတို့ရဲ့ကွာခြားချက်ကို ပေါ်ပေါ်လွင်လွင် တွေ့ရမှာဖြစ်တယ်။ အရှင်မြတ်က ဖန်ဆင်းရှင်ဖြစ်တဲ့အတွက် အရှင်မြတ်ထံတော်ကို အရှင်မြတ်ရဲ့ကျွန်တွေက တောင်းလေကြိုက်လေဖြစ်တယ်။ ပိုနှစ်သက်တယ်။ ဒါပေမဲ့ လူသားဟာ ဖန်ဆင်းခံဖြစ်တဲ့အတွက် ဖန်ဆင်းခံထံမှာ သွားတောင်းရင် တစ်ခါကနှစ်ခါတောင်းရင် မျက်နှာရှုံ့မဲ့လာမယ်။ သုံးခါတောင်းရင် မောင်းထုတ်တော့မယ်။ လူသားက တောင်းပါများရင် မောင်းထုတ်တယ်။ အရှင်မြတ်ကတော့ မတောင်းရင် မောင်းထုတ်မှာဖြစ်တယ်။ အဲဒီလို အရှင်မျိုးရှိပါလျက်နဲ့ အဲဒီအရှင်မြတ်ထံတော်မှာ မတောင်းဘဲ ဘယ်သူ့ထံကို သွားတောင်းကြဦးမလဲဆိုတာ စဉ်းစားသင့်တယ်။ ပြီးတော့ ဒုအာကို အရှင်မြတ်ကလွဲပြီး အခြားတစ်ဦးထံမှာ တောင်းခံခြင်းဟာ ရှိရ်က်ဖြစ်တယ်။

(သွပ်ရီ၊ အကီဒသွသ်သွဟာဝီ၊ အွဆ်မာနီ)

اَللّٰهُ الَّذِيْ جَعَلَ لَكُمُ الَّيْلَ لِتَسْكُنُوْا فِيْهِ وَالنَّهَارَ مُبْصِرًا ۭ اِنَّ اللّٰهَ لَذُوْ فَضْلٍ عَلَى النَّاسِ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَشْكُرُوْنَ ﴿٦١﴾

(၆၁) အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတွက် ညကို ထိုညတွင် အနားယူကြရန်အတွက် ပြုလုပ်တော်မူခဲ့သည့်အပြင်၊ နေ့ကို မြင်နိုင်စွမ်းပေးသည့် အရာအဖြစ် ပြုလုပ်ထားတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူများအပေါ်တွင် အမှန်ပင် ကျေးဇူးတော်ရှင် ဖြစ်တော်မူသည်။ သို့ရာတွင်လည်း လူအများစုသည် ကျေးဇူးမသိတတ်ကြပေ။

ذٰلِكُمُ اللّٰهُ رَبُّكُمْ خَالِقُ كُلِّ شَيْءٍ ۘ لَآ اِلٰهَ اِلَّا هُوَ ۡ فَاَنّٰى تُؤْفَكُوْنَ ﴿٦٢﴾

(၆၂) ထိုအရှင်မြတ်ပင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ အရာအားလုံးကို ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်ဖြစ်တော်မူသည်။

ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ ထို့နောက် အသင်တို့
သည် အဘယ်သို့ ပြန်လှည့်ခြင်းခံကြရသနည်း။

كَذٰلِكَ يُؤْفَكُ الَّذِيْنَ كَانُوْا بِاٰيٰتِ اللّٰهِ يَجْحَدُوْنَ ﴿٦٣﴾

(၆၃) ထိုသို့ပင် အလ္လာဟ်အရှင်မြတ်၏သက်သေသာဓကများကို ငြင်း
ပယ်ခဲ့ကြသည့်သူများသည်လည်း ပြန်လှည့်ခြင်းခံခဲ့ကြရသည်။

اَللّٰهُ الَّذِيْ جَعَلَ لَكُمُ الْاَرْضَ قَرَارًا وَّالسَّمَآءَ بِنَآءً وَّصَوَّرَكُمْ فَاَحْسَنَ صُوَرَكُمْ وَرَزَقَكُمْ
مِّنَ الطَّيِّبٰتِ ؕ ذٰلِكُمُ اللّٰهُ رَبُّكُمْ ۚۖ فَتَبٰرَكَ اللّٰهُ رَبُّ الْعٰلَمِيْنَ ﴿٦٤﴾

(၆၄) ထိုအလ္လာဟ်အရှင်မြတ်ပင် အသင်တို့အတွက် မြေပထဝီကို မှီခို
နေထိုင်ရာအဖြစ်နှင့်၊ မိုးကောင်းကင်ကို အမိုးအဖြစ် ပြုလုပ်ပေးတော်မူခဲ့သည်။
ထို့ပြင် အရှင်မြတ်သည် အသင်တို့၏ ပုံပန်းသဏ္ဌာန်ကို ပြုလုပ်တော်မူခဲ့သည်။
ထို့နောက် အသင်တို့၏ ပုံပန်းသဏ္ဌာန်ကို ကောင်းမွန်လှပစွာ ပြုလုပ်တော်မူခဲ့
သည်။ ထို့ပြင် အသင်တို့အား စင်ကြယ်ကောင်းမွန်သောအရာများကို ကျွေးမွေး
တော်မူခဲ့သည်။❶ ထိုအရှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်
မူသောအလ္လာဟ်အရှင်မြတ် ဖြစ်တော်မူသည်။ ထို့ပြင် စကြဝဠာအားလုံးအား
ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်သည် မင်္ဂလာအပေါင်းနှင့်
ပြည့်စုံတော်မူသည်။

❶ အရှင်မြတ်က လူသားကို အလှဆုံး အကောင်းဆုံး ပုံသဏ္ဌာန်နဲ့ ဖန်ဆင်းတော်မူထားသလို စားနပ်ရိက္ခာတွေထဲမှာလည်း အကောင်းဆုံးအစားအစာတွေကို အရှင်မြတ်က ကျွေးတော်မူထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

هُوَ الْحَيُّ لَآ اِلٰهَ اِلَّا هُوَ فَادْعُوْهُ مُخْلِصِيْنَ لَهُ الدِّيْنَ ؕ اَلْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ ﴿٦٥﴾

(၆၅) အရှင်မြတ်သည်ပင် (အမြဲ) ရှင်နေတော်မူသောအရှင်ဖြစ်တော်
မူသည်။ အရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ သို့ဖြစ်ရာ အသင်
တို့သည် အရှင်မြတ်ကိုသာ ကိုးကွယ်မှုကို အရှင်မြတ်အတွက် သက်သက်ဖြူ
စင်စွာ ဖြစ်စေကြလျက် ကိုးကွယ်ကြပါ။ ချီးမွမ်းခြင်းအပေါင်းသည် စကြဝဠာ
အပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အတွက်ဖြစ်သည်။

قُلْ اِنِّيْ نُهِيْتُ اَنْ اَعْبُدَ الَّذِيْنَ تَدْعُوْنَ مِنْ دُوْنِ اللّٰهِ لَمَّا جَآءَنِيَ الْبَيِّنٰتُ مِنْ رَّبِّيْ ۫ وَاُمِرْتُ اَنْ
اُسْلِمَ لِرَبِّ الْعٰلَمِيْنَ ﴿٦٦﴾

(၆၆) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်စင်စစ် ငါ၏ထံ

သို့ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ ထင်ရှားသော သက်သေသာဓကများရောက်လာခဲ့ပြီးသည့်နောက် ငါသည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့ ဟစ်ခေါ်ကြသည့်သူများကို ကိုးကွယ်ခြင်းမပြုရန် တားမြစ်တော်မူခြင်းကို ခံရသည်။ ထို့ပြင် ငါသည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်တော်ကိုပင် လိုက်နာရန် အမိန့်ပေးခြင်းကို ခံရသည်။

هُوَ الَّذِىۡ خَلَقَكُمۡ مِّنۡ تُرَابٍ ثُمَّ مِنۡ نُّطۡفَةٍ ثُمَّ مِنۡ عَلَقَةٍ ثُمَّ يُخۡرِجُكُمۡ طِفۡلًا ثُمَّ لِتَبۡلُغُوۡۤا اَشُدَّكُمۡ ثُمَّ لِتَكُوۡنُوۡا شُيُوۡخًا ۚ وَمِنۡكُمۡ مَّنۡ يُّتَوَفّٰى مِنۡ قَبۡلُ وَلِتَبۡلُغُوۡۤا اَجَلًا مُّسَمًّى وَّلَعَلَّكُمۡ تَعۡقِلُوۡنَ ﴿٦٧﴾

(၆၇) ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင် ဖြစ်သည်။ ထိုအရှင်မြတ်သည် အသင်တို့အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် သုက်ရည်ဖြင့်၊ ထို့နောက် သွေးခဲဖြင့်၊ ထို့နောက် အရှင်မြတ်သည် အသင်တို့အား ကလေးသူငယ်များအဖြစ်ဖြင့် ထွက်စေတော်မူခဲ့သည်။ ထို့နောက် အသင်တို့သည် လူလားမြောက်အရွယ်ရောက်သည့်အချိန်ထိ ရောက်ရှိစေရန်အတွက် (အသက်ရှင်စေတော်မူခဲ့သည်)။ ထို့နောက် အသင်တို့သည် အိုမင်းရင့်ရော်သည့်အရွယ်ကိုရောက်ရှိစေရန်အတွက် (အသက်ရှင်စေတော်မူခဲ့သည်)။ ထို့ပြင် အသင်တို့ထဲမှ (ထိုအရွယ်များထိမရောက်မီ) အလျင်တွင် သေဆုံးကြသူများလည်း ရှိကြသည်။ ထို့ပြင် အသင်တို့သည် သတ်မှတ်ထားသည့်အချိန်ထိရောက်ရှိရန်အတွက်နှင့် သိနားလည်ကြရန်အတွက် (အရှင်မြတ်က အချိန်ကာလကို ဆိုင်းငံ့ပေးထားတော်မူသည်)။

هُوَ الَّذِىۡ يُحۡىٖ وَيُمِيۡتُ ۚ فَاِذَا قَضٰۤى اَمۡرًا فَاِنَّمَا يَقُوۡلُ لَهٗ كُنۡ فَيَكُوۡنُ ﴿٦٨﴾

(၆၈) ထိုအရှင်မြတ်ပင် အသက်ရှင်စေတော်မူသည်။ ထို့ပြင် ထိုအရှင်မြတ်ပင် အသက်သေစေတော်မူသည်။ ထို့နောက် အရှင်မြတ်သည် တစ်ခုခုကို ပြဌာန်းလိုတော်မူသည့်အခါ ဖြစ်စေဟု မိန့်ကြားသည်နှင့် ထိုအရာသည် ဖြစ်ပေါ်လာသည်။

اَلَمۡ تَرَ اِلَى الَّذِيۡنَ يُجَادِلُوۡنَ فِىۡۤ اٰيٰتِ اللّٰهِ ؕ اَنّٰى يُصۡرَفُوۡنَ ﴿٦٩﴾

(၆၉) အသင်(တမန်တော်)သည် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များတွင် အငြင်းပွားနေသည့်သူများကို မမြင်သလော။ ထိုသူများသည်

အဘယ်သို့ ပြန်လှည့်သွားနေကြသနည်း။

الَّذِينَ كَذَّبُوا بِالْكِتَابِ وَبِمَا أَرْسَلْنَا بِهِ رُسُلَنَا ۖ فَسَوْفَ يَعْلَمُونَ ﴿٧٠﴾

(၇၀) အကြင်သူများသည် ကျမ်းတော်နှင့် ငါအရှင်မြတ်က ငါအရှင်မြတ်၏တမန်တော်များအား ပေးပြီး စေလွှတ်တော်မူသောအရာ(အမိန့်ပညတ်ချက်)များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသည်။ သို့ဖြစ်ရာ သူတို့သည် မကြာမီ သိရှိကြရလိမ့်မည်။

إِذِ الْأَغْلَالُ فِي أَعْنَاقِهِمْ وَالسَّلَاسِلُ يُسْحَبُونَ ﴿٧١﴾

(၇၁) ထိုအခါတွင် သူတို့၏ လည်ကုပ်များတွင် (လည်ကွင်း)လည်ထိပ်(သံကြိုး)များနှင့် (ခြေထောက်များတွင်) ခြေကျင်းများ ရှိနေကြမည်။ သူတို့သည် တရွတ်တိုက် ဆွဲချခြင်းကိုလည်းခံကြရမည်။

فِي الْحَمِيمِ ثُمَّ فِي النَّارِ يُسْجَرُونَ ﴿٧٢﴾

(၇၂) ပွက်ပွက်ဆူနေသော ရေနွေးပူတွင်၊ ထို့နောက် သူတို့သည် ငရဲမီးထဲသို့ တွန်းပို့ခြင်းခံကြရမည်။

ثُمَّ قِيلَ لَهُمْ أَيْنَ مَا كُنتُمْ تُشْرِكُونَ ﴿٧٣﴾

(၇၃) ထို့နောက် သူတို့သည် (ဤသို့)ပြောဆိုခြင်းခံကြရမည်- အသင်တို့ တွဲဖက်ကိုးကွယ်ခဲ့သည့်အရာများ အဘယ်မှာနည်း။

مِن دُونِ اللَّهِ ۖ قَالُوا ضَلُّوا عَنَّا بَل لَّمْ نَكُن نَّدْعُو مِن قَبْلُ شَيْئًا ۚ كَذَٰلِكَ يُضِلُّ اللَّهُ الْكَافِرِينَ ﴿٧٤﴾

(၇၄) အလ္လာဟ်အရှင်မြတ်မှလွဲ၍ (အသင်တို့၏ကိုးကွယ်ရာများသည် အသင်တို့အား ကူညီနိုင်ကြမည်လော)။ သူတို့က လျှောက်ထားကြမည်- ယင်း(ကိုးကွယ်ရာ)တို့သည် ကျွန်ုပ်တို့ထံမှ ပျောက်သွားကြပြီဖြစ်ပါသည်။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် ယခင်က မည်သည်ကိုမျှ မကိုးကွယ်ခဲ့ကြခြင်းဖြစ်ပါသည်။❶ အလ္လာဟ်အရှင်မြတ်သည် ထိုသို့ပင် ကာဖိရ်များအား လမ်းများတွင် နေမြဲနေစေတော်မူသည်။

❶ မုရှိရိက်တွေဟာ တမလွန်ဘဝရောက်မှ သူတို့တွဲဖက်ကိုးကွယ်ခဲ့ကြတဲ့ အရာတွေဟာ ဘယ်နေရာမှ အသုံးမဝင်ပါလားဆိုတာ သိသွားကြပြီး ဝန်ခံကြတဲ့အတွက် သူတို့ဟာ ဘာကိုမှ ကိုးကွယ်ခြင်းမရှိခဲ့ကြတာဖြစ်တယ်လို့ ပြောဆိုကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

ذَٰلِكُم بِمَا كُنتُمْ تَفْرَحُونَ فِي الْأَرْضِ بِغَيْرِ الْحَقِّ وَبِمَا كُنتُمْ تَمْرَحُونَ ﴿٧٥﴾

(၇၅) ထိုအရာ(ပြစ်ဒဏ်ကို ခံစားကြရခြင်း)မှာ အသင်တို့သည် ကမ္ဘာပေါ်တွင် မတရားပျော်မြူးနေခဲ့ကြသည့်အတွက်နှင့်၊ မော်ကြွားနေခဲ့ကြသည့်

အတွက်ကြောင့် ဖြစ်သည်။

ادْخُلُوْٓا اَبْوَابَ جَهَنَّمَ خٰلِدِيْنَ فِيْهَا ۚ فَبِئْسَ مَثْوَى الْمُتَكَبِّرِيْنَ ﴿٧٦﴾

(၇၆) (ယခုမူ) အသင်တို့သည် ဂျဟန္နမ်ငရဲဘုံ၏ တံခါးပေါက်များထံသို့ ထိုငရဲဘုံထဲတွင် အမြဲနေရမည့်သူများအဖြစ် ဝင်ရောက်ကြပေတော့။ ထို့ပြင် မောက်မာပလွှားသည့်သူများ၏ နေရာထိုင်ခင်းသည် အဘယ်မျှ ဆိုးရွားလိုက်သနည်း။

فَاصْبِرْ اِنَّ وَعْدَ اللّٰهِ حَقٌّ ۚ فَاِمَّا نُرِيَنَّكَ بَعْضَ الَّذِيْ نَعِدُهُمْ اَوْ نَتَوَفَّيَنَّكَ فَاِلَيْنَا يُرْجَعُوْنَ ﴿٧٧﴾

(၇၇) သို့ဖြစ်ရာ အသင်သည် သည်းခံပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ကတိသည် မှန်ကန်သည်။ ထို့နောက် အကယ်၍ ငါအရှင်မြတ်သည် သူတို့အား ငါအရှင်မြတ်ချိန်းဆိုသည့်အထဲမှ အချို့ကို အသင့်အား ပြသတော်မူသည်ပင်ဖြစ်စေ၊ အသင့်အား သေဆုံးစေတော်မူသည်ပင်ဖြစ်စေ၊ သူတို့ကမူ ငါအရှင်မြတ်ထံတော်သို့ ပြန်လည်ပို့ဆောင်ခြင်းခံကြရမည်ပင် ဖြစ်သည်။

وَلَقَدْ اَرْسَلْنَا رُسُلًا مِّنْ قَبْلِكَ مِنْهُمْ مَّنْ قَصَصْنَا عَلَيْكَ وَمِنْهُمْ مَّنْ لَّمْ نَقْصُصْ عَلَيْكَ ۗ وَمَا كَانَ لِرَسُوْلٍ اَنْ يَّاْتِيَ بِاٰيَةٍ اِلَّا بِاِذْنِ اللّٰهِ ۚ فَاِذَا جَآءَ اَمْرُ اللّٰهِ قُضِيَ بِالْحَقِّ وَخَسِرَ هُنَالِكَ الْمُبْطِلُوْنَ ﴿٧٨﴾

(၇၈) ထို့ပြင် စင်စစ် ငါအရှင်မြတ်သည် အသင်(တမန်တော်)၏မတိုင်မီ တမန်တော်များကို စေလွှတ်တော်မူခဲ့သည်။ သူတို့ထဲမှ အချို့၏အကြောင်းကို ငါအရှင်မြတ်သည် အသင့်အား ပြောပြတော်မူခဲ့ပြီး အချို့၏အကြောင်းကို ငါအရှင်မြတ်သည် အသင့်အား ပြောပြတော်မမူခဲ့ပေ။ ထို့ပြင် မည်သည့်တမန်တော်ပင်ဖြစ်စေ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်မပါရှိဘဲ မည်သည့်တန်ခိုးမျှ မပြနိုင်ပေ။❶ ထို့နောက် အလ္လာဟ်အရှင်မြတ်၏အမိန့်တော် ရောက်ရှိလာသည့်အခါ တိကျမှန်ကန်စွာ စီရင်ဆုံးဖြတ်ပြီးသည့်အပြင် အမှားကို လိုက်စားသည့်သူများသည် ထိုနေရာ၌ပင် ပျက်စီးဆုံးရှုံးကြလိမ့်မည်။

❶ လူသားတွေထဲမှာ အမြင့်မြတ်ဆုံးအဆင့်ရှိသူတွေ၊ အရှင်မြတ်နဲ့လည်း အနီးကပ်ဆုံးသူတွေလည်းဖြစ်ပြီး အရှင်မြတ်ထံတော်က ဝဟီအမိန့်တော်တွေဟာလည်း တိုက်ရိုက်ပို့ချခြင်းခံရတဲ့သူတွေဖြစ်တဲ့ တမန်တော်တွေတောင် အရှင်မြတ်ရဲ့အမိန့်မရှိဘဲ မုအ်ဂျိဇဟ် တန်ခိုးကို ပြသနိုင်ခြင်းမရှိဘူးလို့ အရှင်မြတ်က အမိန့်ရှိထားတယ်။ ဒါ့ကြောင့် တမန်တော်တွေဟာ ၎င်းတို့ကြိုက်သလို တန်ခိုးပြနိုင်ခွင့် အင်အားပေးထားခံရခြင်းမရှိဘူးဆိုတာ သိရတယ်။ (အလင်းပြကျမ်း)

اَللّٰهُ الَّذِيْ جَعَلَ لَكُمُ الْاَنْعَامَ لِتَرْكَبُوْا مِنْهَا وَمِنْهَا تَاْكُلُوْنَ ﴿٧٩﴾

(၇၉) အလ္လာဟ်အရှင်မြတ်ပင် အသင်တို့အတွက် ခြေလေးချောင်း တိရစ္ဆာန်များကို အသင်တို့သည် ထိုအထဲမှအချို့ကို စီးနင်းကြရန်နှင့် အသင်တို့ သည် ထိုအထဲမှအချို့ကို စားသုံးကြရန် ဖန်ဆင်းတော်မူခဲ့သည်။

وَلَكُمْ فِيهَا مَنَافِعُ وَلِتَبْلُغُوا عَلَيْهَا حَاجَةً فِي صُدُورِكُمْ وَعَلَيْهَا وَعَلَى الْفُلْكِ تُحْمَلُونَ ﴿٨٠﴾

(၈၀) ထို့ပြင် အသင်တို့အတွက် ထိုတိရစ္ဆာန်များတွင် အကျိုးကျေးဇူး များစွာရှိသည်။ ထို့ပြင် အသင်တို့သည် သူတို့အပေါ်တွင် (စီးနင်းပြီး) အသင် တို့၏စိတ်များထဲမှ အလိုရှိသည့်နေရာသို့ ရောက်ရှိနိုင်ကြရန်အတွက် (ဖန်ဆင်း တော်မူခဲ့သည်)။ ထို့ပြင် အသင်တို့သည် ထိုတိရစ္ဆာန်များနှင့် သင်္ဘောများပေါ် တွင် တင်ဆောင်ခြင်းကို ခံကြရသည်။

وَيُرِيكُمْ آيَاتِهِ فَأَيَّ آيَاتِ اللَّهِ تُنكِرُونَ ﴿٨١﴾

(၈၁) ထို့ပြင် အရှင်မြတ်သည် အသင်တို့အား အရှင်မြတ်၏ သက်သေ သာဓကများကို ပြသတော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင် မြတ်၏မည်သည့် သက်သေသာဓကများကို ငြင်းပယ်ကြမည်နည်း။

أَفَلَمْ يَسِيرُوا فِي الْأَرْضِ فَيَنظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ مِن قَبْلِهِمْ ۚ كَانُوا أَكْثَرَ مِنْهُمْ وَأَشَدَّ قُوَّةً وَآثَارًا فِي الْأَرْضِ فَمَا أَغْنَىٰ عَنْهُم مَّا كَانُوا يَكْسِبُونَ ﴿٨٢﴾

(၈၂) ထို့နောက် သူတို့သည် ကမ္ဘာမြေတွင် လှည့်လည်သွားလာခြင်း ကို မပြုခဲ့ကြသလော။ ထိုသို့ပြုခဲ့ကြလျှင် သူတို့သည် သူတို့မတိုင်မီကသူများ၏ နောက်ဆုံးအကျိုးဆက်သည် မည်သို့ရှိခဲ့သည်ကို တွေ့မြင်ကြမည်ဖြစ်သည်။ ၎င်း(ယခင်ကသူ)တို့သည် သူတို့ထက်ပင် အရေအတွက်များခဲ့ကြသည့်အပြင် အင်အားတွင်သာမက မြေပထဝီ၌ချန်ခဲ့သော ခြေရာလက်ရာများတွင်လည်း ပိုမိုထူးကဲသူများဖြစ်ခဲ့ကြသည်။ ထို့နောက်လည်း သူတို့အတွက် သူတို့ဆည်းပူး ခဲ့ကြသည်များသည် အသုံးမဝင် အကျိုးမပေးပေ။

فَلَمَّا جَاءَتْهُمْ رُسُلُهُم بِالْبَيِّنَاتِ فَرِحُوا بِمَا عِندَهُم مِّنَ الْعِلْمِ وَحَاقَ بِهِم مَّا كَانُوا بِهِ يَسْتَهْزِئُونَ ﴿٨٣﴾

(၈၃) ထို့နောက် သူတို့၏တမန်တော်များသည် သူတို့ထံသို့ ထင်ရှား သော သက်သေသာဓကများ ယူဆောင်လာခဲ့ကြသည့်အခါ သူတို့သည် သူတို့ ထံတွင်ရှိနေသော (လောကီ)ပညာနှင့်ပတ်သက်၍ ပျော်မြူးလျက် မော်ကြွားခဲ့ ကြသည်။ ထို့နောက် သူတို့ ပြောင်လှောင်ခဲ့သည့်အရာ(ပြစ်ဒဏ်)သည် သူတို့

အား ဝိုင်းဝန်းခဲ့တော့သည်။

فَلَمَّا رَاَوْا بَأْسَنَا قَالُوْٓا اٰمَنَّا بِاللّٰهِ وَحْدَهٗ وَكَفَرْنَا بِمَا كُنَّا بِهٖ مُشْرِكِيْنَ ﴿٨٤﴾

(၈၄) ထို့နောက် သူတို့သည် ငါအရှင်မြတ်၏ပြစ်ဒဏ်ကို မြင်ခဲ့ကြသည့် အခါ "ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုပင် ယုံကြည်ကြပြီ ဖြစ်ပါသည်၊ ထို့ပြင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ခဲ့ သောအရာများကို ငြင်းပယ်လိုက်ကြပြီဖြစ်ပါသည်"ဟု ပြောဆိုခဲ့ကြသည်။

فَلَمْ يَكُ يَنْفَعُهُمْ اِيْمَانُهُمْ لَمَّا رَاَوْا بَأْسَنَا ؕ سُنَّتَ اللّٰهِ الَّتِيْ قَدْ خَلَتْ فِيْ عِبَادِهٖ ۚ وَخَسِرَ هُنَالِكَ الْكٰفِرُوْنَ ﴿٨٥﴾

(၈၅) ထို့နောက် သူတို့သည် ငါအရှင်မြတ်၏ ပြစ်ဒဏ်ကို မြင်တွေ့ခဲ့ ကြသောအခါ သူတို့၏အီမာန်ယုံကြည်မှုသည် သူတို့အား အကျိုးမပေးခဲ့ပေ။ (ဤသည်) အလ္လာဟ်အရှင်မြတ်၏ အကြင်လုပ်ထုံးလုပ်နည်းတော်အတိုင်းဖြစ် သည်။ ယင်း(လုပ်ထုံးလုပ်နည်းတော်)သည် အရှင်မြတ်၏ကျွန်များနှင့်ပတ်သက် ၍ (ကျင့်သုံးခဲ့သည်မှာ)လွန်ခဲ့ပြီဖြစ်သည်။ ထို့ပြင် ကာဖိရ်များသည် ထိုနေရာ၌ ပင် ပျက်စီးဆုံးရှုံးခဲ့ကြတော့သည်။

================================================

رکوعاتها ٦ ٤١ سُوْرَةُ حٰمٓ السَّجْدَةِ مَكِّيَّةٌ ٦١ اٰياتها ٥٤

# စူရဟ် ဟာမီမ်-စဂ်ဒဟ် (ဟာမီမ်-စဂ်ဒဟ်ကဏ္ဍ) سُوْرَةُ حٰمٓ السَّجْدَةِ

================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

حٰمٓ ﴿١﴾

(၁) ဟာ မီမ် ။

تَنْزِيْلٌ مِّنَ الرَّحْمٰنِ الرَّحِيْمِ ﴿٢﴾

(၂) (ဤသည်) အလွန်သနားကြင်နာတော်မူသော အနန္တကရုဏာတော်ရှင်ထံမှ ချပေးတော်မူခြင်းဖြစ်သည်။

كِتٰبٌ فُصِّلَتْ اٰيٰتُهٗ قُرْاٰنًا عَرَبِيًّا لِّقَوْمٍ يَّعْلَمُوْنَ ﴿٣﴾

(၃) (ဤသည်)အကြင်ကျမ်းဂန်ပင် ဖြစ်သည်။ ထိုကျမ်းဂန်၏အာယသ်တော်များသည် သိနားလည်ကြသော အမျိုးသားများအတွက် ရှင်းလင်းစွာ အသေးစိတ် ဖော်ပြထားတော်မူသော၊ အရဗ်စကားဖြင့် ထုတ်ပြန်သော ကုရ်အာန်ကျမ်းတော်မြတ်ပင် ဖြစ်သည်။❶

❶ ကုရ်အာန်ကျမ်းတော်မြတ်မှာ အရည်အချင်းအပြည့်အဝရှိပေမဲ့ အသိဉာဏ်ရှိပြီး အသုံးပြုတဲ့သူတွေပဲ အကျိုးခံစားနိုင်မှာဖြစ်တယ်။ အသိဉာဏ်ကို မသုံးဘဲ မျက်စိမှိတ်၊ နားပိတ်ထားတဲ့သူတွေအတွက်ကတော့ ဘာမှ အကျိုးရှိမှာမဟုတ်ဘူး။ (အလင်းပြကျမ်း)

بَشِيْرًا وَّنَذِيْرًا ۚ فَاَعْرَضَ اَكْثَرُهُمْ فَهُمْ لَا يَسْمَعُوْنَ ﴿٤﴾

(၄) သတင်းကောင်းပြောကြားသော၊ သတိပေးနှိုးဆော်သောကျမ်းဖြစ်သည်။ ထို့နောက်လည်း သူတို့ထဲမှ အများစုသည် မျက်နှာလွှဲခဲ့ကြသည်။ သို့ဖြစ်ရာ သူတို့သည် နားမထောင်ကြပေ။

وَقَالُوْا قُلُوْبُنَا فِيْٓ اَكِنَّةٍ مِّمَّا تَدْعُوْنَآ اِلَيْهِ وَفِيْٓ اٰذَانِنَا وَقْرٌ وَّمِنْۢ بَيْنِنَا وَبَيْنِكَ حِجَابٌ فَاعْمَلْ اِنَّنَا عٰمِلُوْنَ ﴿٥﴾ الثلثة

(၅) ထို့ပြင် သူတို့က ပြောဆိုခဲ့ကြသည်- ကျွန်ုပ်တို့၏စိတ်နှလုံးများသည် အသင် ကျွန်ုပ်တို့အား ဖိတ်ခေါ်နေသောတရား(နားလည်ခြင်း)မှ ဖုံးအုပ်လျက်ရှိသည်။ ထို့ပြင် ကျွန်ုပ်တို့၏နားများသည်လည်း ပင်းနေပြီဖြစ်သည်။ ထို့ပြင် ကျွန်ုပ်

တို့နှင့် အသင်၏ကြားတွင် အကာအကွယ်တစ်ခုရှိနေသည်။ သို့ဖြစ်ရာ အသင်သည် (အသင်၏အလုပ်ကို) လုပ်ကိုင်ပါ။ အမှန်စင်စစ် ကျွန်ုပ်တို့သည်လည်း (ကျွန်ုပ်တို့၏အလုပ်ကို)လုပ်နေသူများပင် ဖြစ်ကြသည်။

قُلْ إِنَّمَآ أَنَا۠ بَشَرٌ مِّثْلُكُمْ يُوحَىٰٓ إِلَيَّ أَنَّمَآ إِلَٰهُكُمْ إِلَٰهٌ وَٰحِدٌ فَٱسْتَقِيمُوٓا۟ إِلَيْهِ وَٱسْتَغْفِرُوهُ ۗ وَوَيْلٌ لِّلْمُشْرِكِينَ ﴿٦﴾

(၆) (အို-တမန်တော်) အသင်ပြောလိုက်ပါ- ငါသည် အသင်တို့ကဲ့သို့ လူသားတစ်ဦးပင် ဖြစ်သည်။ (သို့ရာတွင် ငါ့တွင် ထူးခြားခြင်းမှာ) ကိုးကွယ်ထိုက်သည့်အရှင်မြတ်သည် တစ်ပါးတည်းပင် ဖြစ်သည့်အကြောင်း ငါ့ထံသို့ ဝဟီအမိန့်တော်ချပေးခံရသည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုအရှင်မြတ်ဘက်သို့ပင် ဖြောင့်မတ်စွာ လှည့်ကြပါ။ ထို့ပြင် အသင်တို့သည် ထိုအရှင်မြတ်ထံတော်၌သာ လွတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံကြပါ။ ထို့ပြင် မုရှ်ရိက်များအတွက် ပျက်စီးခြင်းရှိသည်။[J]

[J] ငါဟာ အသင်တို့ထင်တဲ့ ကောင်းကင်တမန်လည်းမဟုတ်ဘူး။ အသင်တို့ကို အတင်းအကျပ်လမ်းမှန်ပို့ဆောင်ပေးနိုင်တဲ့သူလည်းမဟုတ်ဘူး။ ငါဟာ လူသားတစ်ဦးပဲဖြစ်တယ်။ အရှင်မြတ်ညွှန်ကြားတော်မူတဲ့အတိုင်း လုပ်ဆောင်နေခြင်းသာ ဖြစ်တယ်။ အသင်တို့ဟာ အရင်ကမှားခဲ့တာတွေကို အရှင်မြတ်ထံတော်မှာ ခွင့်လွှတ်တောင်းခံပြီး လမ်းမှန်အပေါ်မှာ နေကြရမှာဖြစ်တယ်။ အဲဒီလိုမနေတဲ့ မုရှ်ရိက်တွေအတွက်ကတော့ ပျက်စီးမှုပဲရှိတော့တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

ٱلَّذِينَ لَا يُؤْتُونَ ٱلزَّكَوٰةَ وَهُم بِٱلْءَاخِرَةِ هُمْ كَٰفِرُونَ ﴿٧﴾

(၇) အကြင်သူများသည် ဇကာသ်(ဆင်းရဲသားနှင့်လိုအပ်သူများ၏ဝေစု)ကို ပေးဆောင်ခြင်းမရှိကြပေ။ ထို့ပြင် သူတို့သည်ပင် တမလွန်ဘဝကို ငြင်းပယ်သူများဖြစ်ကြသည်။

إِنَّ ٱلَّذِينَ ءَامَنُوا۟ وَعَمِلُوا۟ ٱلصَّٰلِحَٰتِ لَهُمْ أَجْرٌ غَيْرُ مَمْنُونٍ ﴿٨﴾

(၈) အမှန်စင်စစ် အကြင်သူများသည် အီမာန်ယုံကြည်၍ ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည်။ ထိုသူများအတွက် မကုန်ခန်းသော အကျိုးရှိသည်။

قُلْ أَئِنَّكُمْ لَتَكْفُرُونَ بِٱلَّذِى خَلَقَ ٱلْأَرْضَ فِى يَوْمَيْنِ وَتَجْعَلُونَ لَهُۥٓ أَندَادًا ۚ ذَٰلِكَ رَبُّ ٱلْعَٰلَمِينَ ﴿٩﴾

(၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်စင်စစ် အသင်တို့သည် မြေပထဝီကို နှစ်ရက်ထဲတွင် ဖန်ဆင်းတော်မူသောအရှင်မြတ်အား အမှန်

ပင် ငြင်းပယ်ကြ၍ ထိုအရှင်မြတ်နှင့် ဂုဏ်ရည်တူများကို အသင်တို့ပြုလုပ်ကြ သလော။ ထိုအရှင်သည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

وَجَعَلَ فِيهَا رَوَاسِيَ مِن فَوْقِهَا وَبَٰرَكَ فِيهَا وَقَدَّرَ فِيهَآ أَقْوَٰتَهَا فِيٓ أَرْبَعَةِ أَيَّامٍ سَوَآءً لِّلسَّآئِلِينَ ﴿١٠﴾

(၁၀) ထို့ပြင် အရှင်မြတ်သည် ၎င်း(မြေပထဝီ)ထဲတွင် တည်ငြိမ်ခိုင်ခံ့သည့် တောင်များအား ၎င်း(မြေပထဝီ)ပေါ်၌ ပြုလုပ်ထားတော်မူသည်။ ထို့ပြင် ၎င်း(မြေပထဝီ)တွင် အကျိုးကျေးဇူးများ ပွားများစေတော်မူခဲ့သည်။ ထို့ပြင် ၎င်း(မြေပထဝီ)၌ပင် ၎င်းမှထွက်သောအစာအာဟာရများကို တိုင်းတာချင့်ချိန် သတ်မှတ်ထားတော်မူခဲ့သည်။ (ထိုအရာများအားလုံးသည်) လေးရက်နှင့် (ပြီးခဲ့သည်)။ (၎င်းသည်) မေးမြန်းသူများအတွက် ညီမျှ(သည့်အဖြေဖြစ်)သည်။

ثُمَّ ٱسْتَوَىٰٓ إِلَى ٱلسَّمَآءِ وَهِيَ دُخَانٌ فَقَالَ لَهَا وَلِلْأَرْضِ ٱئْتِيَا طَوْعًا أَوْ كَرْهًا قَالَتَآ أَتَيْنَا طَآئِعِينَ ﴿١١﴾

(၁၁) ထို့နောက် အရှင်မြတ်သည် မိုးကောင်းကင်ဘက်သို့ လှည့်တော်မူခဲ့သည်။ ထိုအချိန်၌ ထိုမိုးကောင်းကင်သည် မီးခိုးအခိုးအငွေ့ပင် ဖြစ်နေခဲ့သည်။ ထို့နောက် အရှင်မြတ်သည် ထိုမိုးကောင်းကင်နှင့် မြေပထဝီအား "အသင်တို့ ကျေနပ်လျက်ဖြစ်စေ၊ မကျေမနပ်ဘဲနှင့် ဖြစ်စေ၊ လာကြပါ"ဟု မိန့်ကြားတော်မူခဲ့သည်။ ၎င်း(ကောင်းကင်နှင့် မြေပထဝီ)တို့က "ကျွန်ုပ်တို့သည် ကျေနပ်စွာဖြင့်ပင် လာခဲ့ကြပြီဖြစ်ပါသည်"ဟု လျှောက်ထားခဲ့ကြသည်။

فَقَضَىٰهُنَّ سَبْعَ سَمَٰوَاتٍ فِي يَوْمَيْنِ وَأَوْحَىٰ فِي كُلِّ سَمَآءٍ أَمْرَهَا وَزَيَّنَّا ٱلسَّمَآءَ ٱلدُّنْيَا بِمَصَٰبِيحَ وَحِفْظًا ذَٰلِكَ تَقْدِيرُ ٱلْعَزِيزِ ٱلْعَلِيمِ ﴿١٢﴾

(၁၂) ထို့နောက် အရှင်မြတ်သည် ထိုမိုးကောင်းကင်ကို နှစ်ရက်(နှင့် ညီမျှသောအချိန်)ဖြင့် မိုးခုနစ်ထပ် ပြုလုပ်တော်မူခဲ့၍ မိုးကောင်းကင်တိုင်းတွင် ၎င်းနှင့်သက်ဆိုင်သော အမိန့်တော်ကို ထုတ်ပြန်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် အနီးဆုံး(အောက်ဆုံး)မိုးအထပ်ကို မီးတိုင်(ကြယ်)များဖြင့် လှပအောင် တန်ဆာဆင်တော်မူခဲ့၍ ထိန်းသိမ်းတော်မူခဲ့သည်။ ၎င်း(ဖန်ဆင်းမှု)သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသော အကြွင်းမဲ့သိတော်မူသော အရှင်မြတ်၏

စီမံခန့်ခွဲ သတ်မှတ်ပြဋ္ဌာန်းခြင်းပင် ဖြစ်သည်။

فَاِنۡ اَعۡرَضُوۡا فَقُلۡ اَنۡذَرۡتُكُمۡ صٰعِقَةً مِّثۡلَ صٰعِقَةِ عَادٍ وَّثَمُوۡدَ ﴿١٣﴾

(၁၃) ထို့နောက်လည်း အကယ်၍ သူတို့သည် မျက်နှာလွှဲသွားခဲ့ကြလျှင် (အို-တမန်တော်) အသင်ပြောလိုက်ပါ- ငါသည် အသင်တို့အား အာဒ်အမျိုးသားများ(အပေါ်တွင် ကျခဲ့သည့်)ပြစ်ဒဏ်မျိုး၊ ဆမူဒ်အမျိုးသားများ(အပေါ်တွင် ကျခဲ့သည့်)ပြစ်ဒဏ်မျိုးနှင့် ပတ်သက်၍ သတိပေးနှိုးဆော်သည်။

اِذۡ جَآءَتۡهُمُ الرُّسُلُ مِنۡۢ بَيۡنِ اَيۡدِيۡهِمۡ وَمِنۡ خَلۡفِهِمۡ اَلَّا تَعۡبُدُوۡۤا اِلَّا اللّٰهَ ؕ قَالُوۡا لَوۡ شَآءَ رَبُّنَا لَاَنۡزَلَ مَلٰٓئِكَةً فَاِنَّا بِمَاۤ اُرۡسِلۡتُمۡ بِهٖ كٰفِرُوۡنَ ﴿١٤﴾

(၁၄) ထိုစဉ်က ထိုသူများထံသို့ သူတို့၏ရှေ့နောက်မှ တမန်တော်များ ရောက်ရှိလာပြီး အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြားမည်သူ့ကိုမျှ မကိုးကွယ်ကြနှင့်(ဟု ပြောဆိုခဲ့ကြသည်။ ထိုအခါ) သူတို့က ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလိုရှိတော်မူခဲ့လျှင် အမှန်ပင် ကောင်းကင်တမန်များကို စေလွှတ်တော်မူမည်ဖြစ်သည်။ သို့ဖြစ်ရာ အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့ စေလွှတ်ခြင်းခံခဲ့ရသော အကြောင်းအရာများကို ငြင်းပယ်ကြသည်ဟု ပြောဆိုခဲ့ကြသည်။

فَاَمَّا عَادٌ فَاسۡتَكۡبَرُوۡا فِى الۡاَرۡضِ بِغَيۡرِ الۡحَقِّ وَقَالُوۡا مَنۡ اَشَدُّ مِنَّا قُوَّةً ؕ اَوَلَمۡ يَرَوۡا اَنَّ اللّٰهَ الَّذِىۡ خَلَقَهُمۡ هُوَ اَشَدُّ مِنۡهُمۡ قُوَّةً ؕ وَكَانُوۡا بِاٰيٰتِنَا يَجۡحَدُوۡنَ ﴿١٥﴾

(၁၅) မည်သို့ပင်ဖြစ်စေ အာဒ်အမျိုးသားများကမူ တိုင်းပြည်တွင် မတရားမာနထောင်ခဲ့ကြသည်။ ထို့ပြင် သူတို့က ကျွန်ုပ်တို့ထက် အင်အားကြီးသည့်သူ မည်သူရှိဦးမည်နည်းဟု ပြောဆိုခဲ့ကြသည်။ အမှန်စင်စစ် သူတို့အား ဖန်ဆင်းတော်မူခဲ့သော အလ္လာဟ်အရှင်မြတ်သည် သူတို့ထက် အင်အားကြီးတော်မူသည်ကို သူတို့သည် မစဉ်းစားမသိမြင်ခဲ့ကြသလော။ ထို့ပြင် သူတို့သည် ငါအရှင်မြတ်၏သက်သေသာဓကများကို ငြင်းပယ်နေခဲ့ကြသည်။

فَاَرۡسَلۡنَا عَلَيۡهِمۡ رِيۡحًا صَرۡصَرًا فِىۡۤ اَيَّامٍ نَّحِسَاتٍ لِّنُذِيۡقَهُمۡ عَذَابَ الۡخِزۡىِ فِى الۡحَيٰوةِ الدُّنۡيَا ؕ وَلَعَذَابُ الۡاٰخِرَةِ اَخۡزٰى وَهُمۡ لَا يُنۡصَرُوۡنَ ﴿١٦﴾

(၁၆) သို့ဖြစ်ရာ ငါအရှင်မြတ်သည် မင်္ဂလာမရှိသည့်နေ့ရက်များ❶၌ ပြင်းထန်သော လေမုန်တိုင်းကို သူတို့အပေါ်တွင် စေလွှတ်တော်မူခဲ့သည်။ ငါအရှင်မြတ်သည် သူတို့အား လောကီဘဝတွင်လည်း သေးသိမ်စေသောပြစ်ဒဏ်

ကို မြည်းစမ်းစေတော်မူရန်အတွက် (စေလွှတ်တော်မူခဲ့ခြင်း) ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် တမလွန်ဘဝ၏ပြစ်ဒဏ်သည် ပို၍သေးသိမ်စေသောပြစ်ဒဏ် ဖြစ်မည်။ ထို့ပြင် သူတို့သည် ကူညီခြင်းခံကြရမည်လည်းမဟုတ်ပေ။

❶ အဲဒီသူတွေအပေါ် ပြင်းထန်တဲ့ လေပြင်းမုန်တိုင်းကျရောက်ခဲ့တဲ့ (၇)ညနဲ့ (၈)ရက် ဆက်တိုက်ဖြစ်တဲ့ နေ့ရက်တွေဟာ သူတို့အတွက် အမင်္ဂလာ အတည်ဖြစ်သွားခဲ့တယ်လို့ ဆိုလိုတာဖြစ်တယ်။ (အွဆ်မာနီ၊ အသ်သဖ်စီရွလ်မုယဿစ်ရ်)

وَاَمَّا ثَمُوْدُ فَهَدَيْنٰهُمْ فَاسْتَحَبُّوا الْعَمٰى عَلَى الْهُدٰى فَاَخَذَتْهُمْ صٰعِقَةُ الْعَذَابِ الْهُوْنِ بِمَا كَانُوْا يَكْسِبُوْنَ ﴿١٧﴾

(၁၇) ထို့ပြင် ဆမူဒ်အမျိုးသားတို့ကမူ ငါအရှင်မြတ်သည် သူတို့အား လမ်းမှန်ညွှန်ကြားပြသတော်မူခဲ့သော်လည်း သူတို့သည် လမ်းမှန်ကို မြင်ခြင်းထက် မျက်စိကန်းခြင်း(လမ်းမှား)ကိုသာ နှစ်သက်ခဲ့ကြသည်။ သို့ဖြစ်ရာ သူတို့အား သူတို့ဆည်းပူးခဲ့ကြသည့်အရာများကြောင့် သေးသိမ်စေသည့်ပြစ်ဒဏ်၏ လောင်မီးသည် ဖမ်းဆီးကွပ်မျက်ခဲ့သည်။

وَنَجَّيْنَا الَّذِيْنَ اٰمَنُوْا وَكَانُوْا يَتَّقُوْنَ ﴿١٨﴾

(၁၈) ထို့ပြင် ငါအရှင်မြတ်သည် အီမာန်ယုံကြည်ပြီး ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်နေခဲ့ကြသည့်သူများကိုမူ ကယ်တင်(လွတ်မြောက်စေ)တော်မူခဲ့သည်။

وَيَوْمَ يُحْشَرُ اَعْدَآءُ اللّٰهِ اِلَى النَّارِ فَهُمْ يُوْزَعُوْنَ ﴿١٩﴾

(၁၉) ထို့ပြင် ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်၏ရန်သူများသည် ငရဲမီး၏အနီးသို့ စုရုံးခေါ်ဆောင်ခြင်းခံကြရမည်။ ထို့ပြင် သူတို့သည် တားဆီး(ဆိုင်းငံ့)ခြင်းကို ခံကြရမည်။

حَتّٰٓى اِذَا مَا جَآءُوْهَا شَهِدَ عَلَيْهِمْ سَمْعُهُمْ وَاَبْصَارُهُمْ وَجُلُوْدُهُمْ بِمَا كَانُوْا يَعْمَلُوْنَ ﴿٢٠﴾

(၂၀) နောက်ဆုံးတွင် သူတို့သည် ထိုငရဲမီး၏ အနီးရောက်ရှိကြသည့်အခါ သူတို့၏နားများ၊ သူတို့၏မျက်စိများနှင့် သူတို့၏သားရေ(အသားအရေ)များသည် သူတို့နှင့်ဆန့်ကျင်ပြီး သူတို့ပြုလုပ်ခဲ့သည်များကို သက်သေခံကြမည်။

وَقَالُوْا لِجُلُوْدِهِمْ لِمَ شَهِدْتُّمْ عَلَيْنَا ۭ قَالُوْٓا اَنْطَقَنَا اللّٰهُ الَّذِيْٓ اَنْطَقَ كُلَّ شَيْءٍ وَّهُوَ خَلَقَكُمْ اَوَّلَ مَرَّةٍ وَّاِلَيْهِ تُرْجَعُوْنَ ﴿٢١﴾

(၂၁) သူတို့က သူတို့၏သားရေ(အသားအရေ)များကို "အသင်တို့သည် ကျွန်ုပ်တို့နှင့် ဆန့်ကျင်၍ အဘယ်ကြောင့် သက်သေထွက်ဆိုကြသနည်း"

ဟု ပြောဆိုကြမည်။ သူတို့က ပြန်ဖြေမည်။ အရာအားလုံးအား စကားပြောစေတော်မူခဲ့သော အလ္လာဟ်အရှင်မြတ်သည်ပင် ကျွနုပ်တို့အား စကားပြောဆိုစေတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည်ပင် အသင်တို့အား ပထမအကြိမ်ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အသင်တို့သည် ထိုအရှင်မြတ်ထံတော်သို့ပင် ပြန်လည်ရောက်ရှိစေခြင်းကို ခံကြရသည်။❶

❶ လူသားဟာ သူ့ရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေရဲ့စည်းစိမ်အရသာအတွက် မကောင်းမှုတွေကို ပြုလုပ်ခဲ့ကြတာဖြစ်ပြီး ကိယာမသ်နေ့မှာကျတော့ အဲဒီခန္ဓာကိုယ်အစိတ်အပိုင်းတွေကပဲ သူတို့ရဲ့ ရန်သူပမာ သူတို့နဲ့ဆန့်ကျင်ပြီး သက်သေခံကြမှာဖြစ်တယ်။ အဲဒါကြောင့် ကိုယ့်ခန္ဓာကိုယ် အစိတ်အပိုင်းတွေကိုလည်း မကောင်းမှုလုပ်ဖို့ စိတ်ချပြီး လွှတ်မထားရဘူး။ (အလင်းပြကျမ်း)

وَمَا كُنْتُمْ تَسْتَتِرُوْنَ اَنْ يَّشْهَدَ عَلَيْكُمْ سَمْعُكُمْ وَلَآ اَبْصَارُكُمْ وَلَا جُلُوْدُكُمْ وَلٰكِنْ
ظَنَنْتُمْ اَنَّ اللّٰهَ لَا يَعْلَمُ كَثِيْرًا مِّمَّا تَعْمَلُوْنَ ﴿٢٢﴾

(၂၂) ထို့ပြင် အသင်တို့သည် အသင်တို့၏နားများ၊ အသင်တို့၏မျက်စိများနှင့် အသင်တို့၏အသားအရေများသည် အသင်တို့နှင့် ဆန့်ကျင်၍ သက်သေခံကြမည်ကို စိုးရိမ်ပြီး သက်သေမခံနိုင်အောင် ဖုံးကွယ်(တားဆီး)မထားနိုင်ကြပေ။ ထို့ထက်သာမက အသင်တို့သည် အသင်တို့ပြုလုပ်ခဲ့သည်များထဲမှ များစွာကို အလ္လာဟ်အရှင်မြတ် သိတော်မမူပေဟု ထင်မှတ်ခဲ့ကြသေးသည်။❷

❷ အလ္လာဟ်အရှင်မြတ် အမြဲကြည့်မနေပါဘူးလို့ထင်ပြီး မကောင်းမှုလုပ်ခဲ့ကြတာဖြစ်တယ်။ တကယ်လို့သာ အရှင်မြတ်ဟာ အမြဲကြည့်မြင်နေတယ်လို့သာ စိတ်ထဲမှာ ရောက်နေရင် မကောင်းမှု လုပ်ဖို့ ဝံ့ရဲမှာမဟုတ်ဘူး။ (အလင်းပြကျမ်း)

وَذٰلِكُمْ ظَنُّكُمُ الَّذِىْ ظَنَنْتُمْ بِرَبِّكُمْ اَرْدٰىكُمْ فَاَصْبَحْتُمْ مِّنَ الْخٰسِرِيْنَ ﴿٢٣﴾

(၂၃) ထို့ပြင် ၎င်းသည် အသင်တို့က အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့် ပတ်သက်၍ ထင်မြင်ခဲ့ကြသော ထိုထင်မြင်ချက်ဖြစ်ပြီး ၎င်း(ထင်မြင်ချက်)ကပင် အသင်တို့အား ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် ပျက်စီးဆုံးရှုံးသူများပင် ဖြစ်ခဲ့ကြသည်။

فَاِنْ يَّصْبِرُوْا فَالنَّارُ مَثْوًى لَّهُمْ ۚ وَاِنْ يَّسْتَعْتِبُوْا فَمَا هُمْ مِّنَ الْمُعْتَبِيْنَ ﴿٢٤﴾

(၂၄) ထို့နောက် အကယ်၍ သူတို့သည် (ဤဆုံးရှုံးမှုအပေါ်တွင်) သည်းခံနေကြလျှင်လည်း ငရဲမီးသည် သူတို့၏ နေထိုင်ရာဌာနပင် ဖြစ်သည်။ ထို့ပြင် အကယ်၍ သူတို့သည် ကျေနပ်မှုကို ရယူလိုကြလျှင်လည်း သူတို့သည် ကျေနပ်မှုကို ရရှိကြမည်မဟုတ်ပေ။❸

❷ ကဲ၊ မထူးတော့ပါဘူး၊ ငရဲမီးထဲမှာပဲ ပျော်ပျော်နေလိုက်တော့မယ်ဆိုရင်လည်း ပျော်ပျော်နေရမှာမဟုတ်ဘူး။ ဒါမှမဟုတ် ငရဲက လွတ်မြောက်ဖို့အတွက် အယူခံဝင်ပြီး လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံကြမယ်ဆိုရင်လည်း လွတ်ငြိမ်းချမ်းသာခွင့် ပေးခံရမဲ့သူတွေမဟုတ်ဘူး။ ဒါမှမဟုတ် အကြံထုတ်ပြီး ထွက်ပြေးဖို့ ကြိုးစားကြမယ်ဆိုရင်လည်း လွတ်မြောက်သွားမဲ့သူတွေမဟုတ်ဘူး။ ဒါမှမဟုတ် လောကကို ပြန်သွားဖို့ တောင့်တကြရင်လည်း လောကကို ပြန်သွားကြရမဲ့သူတွေမဟုတ်ဘူး။ (အိပ်နကဆီးရ်)

وَقَيَّضْنَا لَهُمْ قُرَنَآءَ فَزَيَّنُوا لَهُم مَّا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَحَقَّ عَلَيْهِمُ الْقَوْلُ فِىٓ أُمَمٍ قَدْ
خَلَتْ مِن قَبْلِهِم مِّنَ الْجِنِّ وَالْإِنسِ ۖ إِنَّهُمْ كَانُوا خَاسِرِينَ ﴿٢٥﴾

(၂၅) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အတွက် အဖော်များပြုလုပ်တော်မူခဲ့သည့်အတွက် ၎င်း(အဖော်)တို့သည် သူတို့၏ရှေ့နောက်လုပ်ရပ်များကို သူတို့အမြင်တွင် လှပတင့်တယ်အောင် ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် သူတို့မတိုင်မီက အမှန်ပင် ကုန်လွန်သွားခဲ့သောဂျင်န်များနှင့် လူများ၊ သူတို့(အားလုံး)အပေါ်တွင် (အရှင်မြတ်၏အပြစ်ဒဏ်) အမိန့်တော်သည် အမှန်ဖြစ်ခဲ့သည်။ အမှန်စင်စစ် သူတို့(အားလုံး)သည် ပျက်စီးဆုံးရှုံးသူများပင် ဖြစ်ခဲ့ကြသည်။❻

❻ အဖော်ဆိုတာ ရှိုင်သွာန်ကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

وَقَالَ الَّذِينَ كَفَرُوا لَا تَسْمَعُوا لِهَٰذَا الْقُرْآنِ وَالْغَوْا فِيهِ لَعَلَّكُمْ تَغْلِبُونَ ﴿٢٦﴾

(၂၆) ထို့ပြင် ကာဖိရ်များက "အသင်တို့သည် ကုရ်အာန်အား နားမထောင်ကြနှင့်၊ ထို့ပြင် အသင်တို့သည် ထိုကုရ်အာန်(ဖတ်ရွတ်နေသည့်)အထဲတွင် ဆူညံမှုပြုကြပါ။ ထိုသို့ဆိုလျှင် အသင်တို့သည် (ကုရ်အာန် ဖတ်ရွတ်သံအပေါ်တွင်)လွှမ်းမိုးနိုင်ကြလိမ့်မည်။❼

❼ အရပ်တွေဟာ တမန်တော်မြတ် ﷺ ကုရ်အာန်ဖတ်ရွတ်သံကြားရင် နားထောင်လိုက်တာနဲ့ ကုရ်အာန်ရဲ့မှန်ကန်ပုံ၊ အဓိပ္ပာယ်လေးနက်ပုံ၊ စကားကြွယ်ဝပုံ စတာတွေကို လွယ်လွယ်နဲ့ သဘောပေါက်နားလည်ပြီး ကုရ်အာန်ဘက်ကို ယိမ်းညွတ်ကာ အီမာန်ယုံကြည်မှု ဖြစ်သွားကြတယ်။ အဲဒါကြောင့်ကာဖိရ်ခေါင်းဆောင်တွေက သူတို့အချင်းချင်းကိုတမန်တော်မြတ် ﷺ ကုရ်အာန်ဖတ်ရွတ်ရင် တခြားသူတွေ မကြားရအောင် ဆူညံမှုပြုလုပ်ဖို့ ပြောဆိုအမိန့်ပေးကြတာဖြစ်တယ်။ ဒါပေမဲ့ အရှင်မြတ်က ဟိဒါယသ်လမ်းမှန်ညွှန်ကြားပြသတဲ့သူကိုဘယ်သူကမှ ဘာနဲ့မှ တားလို့မရနိုင်ဘူးဆိုတာ အရပ်ကာဖိရ်မုရှ်ရိက်တွေ အားလုံးနီးပါး နောက်ဆုံးတော့ လက်ခံသွားခဲ့ကြတာဟာ သက်သေသာဓကကြီးအဖြစ် သမိုင်းမှာ ကျန်ရစ်ခဲ့ပြီဖြစ်တယ်။ (အလင်းပြကျမ်း)

فَلَنُذِيقَنَّ الَّذِينَ كَفَرُوا عَذَابًا شَدِيدًا وَلَنَجْزِيَنَّهُمْ أَسْوَأَ الَّذِى كَانُوا يَعْمَلُونَ ﴿٢٧﴾

(၂၇) သို့ဖြစ်ရာ အမှန်စင်စစ် ငါအရှင်မြတ်သည် ကာဖိရ်များအား ပြင်းထန်သော ပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူမည်။ ထို့ပြင် အမှန်စင်စစ် ငါအရှင်

မြတ်သည် သူတို့အား သူတို့ ပြုလုပ်ခဲ့ကြသော အဆိုးဆုံးလုပ်ရပ်များ၏ မကောင်းကျိုးကို ပေးတော်မူမည်ဖြစ်သည်။

ذٰلِكَ جَزَآءُ اَعۡدَآءِ اللّٰهِ النَّارُ ۚ لَهُمۡ فِيۡهَا دَارُ الۡخُلۡدِ ؕ جَزَآءًۢ بِمَا كَانُوۡا بِاٰيٰتِنَا يَجۡحَدُوۡنَ ﴿۲۸﴾

(၂၈) ၎င်း(ပြင်းထန်သောပြစ်ဒဏ်နှင့် အဆိုးဝါးဆုံးအစားပေးခြင်း) သည် အလ္လာဟ်အရှင့်ရန်သူများ၏ အစားရလဒ်ငရဲမီးပင် ဖြစ်သည်။ သူတို့အတွက် ၎င်း(ငရဲမီး)ထဲတွင် အမြဲနေထိုင်ရာဌာနရှိသည်။ (ဤသည်) ငါအရှင်မြတ်၏ အာယသ်တော်များအား သူတို့ငြင်းပယ်နေခဲ့ကြသည့်အတွက် အစားပေးခြင်းပင် ဖြစ်သည်။

وَ قَالَ الَّذِيۡنَ كَفَرُوۡا رَبَّنَاۤ اَرِنَا الَّذَيۡنِ اَضَلّٰنَا مِنَ الۡجِنِّ وَ الۡاِنۡسِ نَجۡعَلۡهُمَا تَحۡتَ اَقۡدَامِنَا لِيَكُوۡنَا مِنَ الۡاَسۡفَلِيۡنَ ﴿۲۹﴾

(၂၉) ထို့ပြင် ကာဖိရ်များက လျှောက်ထားကြမည်။ "အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ဂျင်န်များနှင့်လူများထဲမှ ကျွန်ုပ်တို့အား လမ်းလွဲစေခဲ့ကြသည့်သူနှစ်ဦးစလုံးကို အရှင်မြတ်သည် ကျွန်ုပ်တို့အား ပြတော်မူပါ။ သူတို့သည် အသေးသိမ်ဆုံးသူများဖြစ်ကြစေရန်အတွက် သူတို့နှစ်ဦးကို ကျွန်ုပ်တို့က ကျွန်ုပ်တို့၏ခြေများအောက်တွင် ထားရှိကြပါမည်။"

اِنَّ الَّذِيۡنَ قَالُوۡا رَبُّنَا اللّٰهُ ثُمَّ اسۡتَقَامُوۡا تَتَنَزَّلُ عَلَيۡهِمُ الۡمَلٰٓئِكَةُ اَلَّا تَخَافُوۡا وَ لَا تَحۡزَنُوۡا وَ اَبۡشِرُوۡا بِالۡجَنَّةِ الَّتِىۡ كُنۡتُمۡ تُوۡعَدُوۡنَ ﴿۳۰﴾

(၃၀) အမှန်စင်စစ် အကြင်သူတို့သည် "ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူသည်"ဟုပြောဆိုခဲ့ကြ၍ (ထိုယုံကြည်ချက်ပေါ်၌ပင်) စွဲမြဲစွာ ရပ်တည်ခဲ့ကြသည်။ ကောင်းကင်တမန်များသည် ထိုသူများထံသို့ ဆင်းသက်လာပြီး ဤသို့ပြောဆိုကြမည်- "အသင်တို့သည် မစိုးရိမ်ကြပါနှင့်၊ မပူဆွေးကြပါနှင့်၊ ထို့ပြင် အသင်တို့သည် အသင်တို့ကတိပေးခြင်းခံခဲ့ကြရသော ဂျန္နသ်သုခဘုံ ရရှိသည့်အတွက် ဝမ်းမြောက်ပျော်ရွှင်ကြပါ။"

نَحۡنُ اَوۡلِيٰٓـؤُكُمۡ فِى الۡحَيٰوةِ الدُّنۡيَا وَفِى الۡاٰخِرَةِ ۚ وَلَكُمۡ فِيۡهَا مَا تَشۡتَهِىۡۤ اَنۡفُسُكُمۡ وَلَكُمۡ فِيۡهَا مَا تَدَّعُوۡنَ ﴿۳۱﴾

(၃၁) "ကျွန်ုပ်တို့သည် လောကတွင်လည်း အသင်တို့၏မိတ်ဆွေများ ဖြစ်ခဲ့ကြသည်။ ထို့ပြင် တမလွန်ဘဝတွင်လည်း မိတ်ဆွေများပင် ဖြစ်ကြမည်။

ထို့ပြင် အသင်တို့အတွက် ထိုဂျန္နသ်သုခဘုံတွင် အသင်တို့၏စိတ်ထဲမှ ဆန္ဒရှိသမျှ ရရှိကြမည့်အပြင် အသင်တို့အတွက် ထိုသုခဘုံတွင် အသင်တို့ ထုတ်ဖော်တောင်းဆိုသမျှလည်း ရရှိကြဦးမည်ဖြစ်သည်။"❶

❶ အရှင်မြတ်တစ်ပါးတည်းအပေါ်မှာ ယုံကြည်ပြီး တစ်သက်လုံး အဲဒီအပေါ်မှာပဲ စွဲစွဲမြဲမြဲ ရပ်တည်ခဲ့တဲ့သူကို သူသေဆုံးခါနီးရောက်တဲ့အခါမှာနဲ့၊ သင်္ချိုင်းထဲရောက်တဲ့အခါမှာအပြင် ကိယာမသ်ရှင်ပြန်ထမဲ့နေ့မှာပါ ကောင်းကင်တမန်တွေက အဲဒီလိုပြောဆိုနှစ်သိမ့်ပြီး အားပေးစကားပြောကာကြိုဆိုကြမှာဖြစ်တယ်။ (အလင်းပြကျမ်း)

نُزُلًا مِّنْ غَفُوْرٍ رَّحِيْمٍ ﴿٣٢﴾

(၃၂) "(ဤသည်)လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသော အရှင်မြတ်ထံတော်မှ ဧည့်ခံတော်မူခြင်းပင်ဖြစ်သည်။"

وَمَنْ اَحْسَنُ قَوْلًا مِّمَّنْ دَعَآ اِلَى اللّٰهِ وَعَمِلَ صَالِحًا وَّقَالَ اِنَّنِيْ مِنَ الْمُسْلِمِيْنَ ﴿٣٣﴾

(၃၃) ထို့ပြင် အကြင်သူထက် စကားအရာတွင် ပိုကောင်းသည့်သူ မည်သူရှိဦးမည်နည်း။ ထိုသူသည် အလ္လာဟ်အရှင်မြတ်ဘက်သို့ ဖိတ်ခေါ်သည့်အပြင် ကောင်းမြတ်သည့်လုပ်ရပ်ကို ပြုလုပ်သည်။ ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်သည် အမိန့်နာခံသူ မွတ်စ်လင်မ်တစ်ဦးဖြစ်သည်ဟု ပြောဆိုသည်။

وَلَا تَسْتَوِى الْحَسَنَةُ وَلَا السَّيِّئَةُ ؕ اِدْفَعْ بِالَّتِيْ هِيَ اَحْسَنُ فَاِذَا الَّذِيْ بَيْنَكَ وَبَيْنَهٗ عَدَاوَةٌ كَاَنَّهٗ وَلِيٌّ حَمِيْمٌ ﴿٣٤﴾

(၃၄) ထို့ပြင် ကောင်းမှုနှင့် မကောင်းမှုသည် မတူကြပေ။ အသင်သည် (မကောင်းမှုကို)အကောင်း (ဆုံးနည်းလမ်း)ဖြင့် တုံ့ပြန် တွန်းလှန်လိုက်ပါ။ သို့ဖြစ်လျှင် အကြင်သူနှင့် အသင်နှင့်ကြားတွင် ရန်ငြိုးရှိခဲ့လျှင်ပင် ထိုသူသည် မိတ်ရင်းဆွေရင်းကဲ့သို့ ဖြစ်သွားလိမ့်မည်။❷

❷ အရှင်မြတ်က အကောင်းဆုံးစကားနှစ်ခုနဲ့ အကောင်းဆုံးလုပ်ရပ်နှစ်ခုကို တိုတိုတုတ်တုတ်နဲ့ ပြသထားတာဖြစ်တယ်။ အကောင်းဆုံးစကားနှစ်ခုထဲက ပထမတစ်ခုကတော့ အလ္လာဟ်အရှင်မြတ်ဘက်ကို ဖိတ်ခေါ် ဒအ်ဝဒ်ပေးခြင်း ဖြစ်တယ်။ ဒုတိယစကားတစ်ခုကတော့ ကျွန်တော်လည်းပဲ သာမန်မွတ်စ်လင်မ်လေးတစ်ဦးမျှသာ ဖြစ်ပါတယ်လို့ ကိုယ့်ကိုယ်ကိုယ် အထင်မကြီးဘဝင်မမြင့်ဘဲ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြောဆိုတဲ့စကားဖြစ်တယ်။ လုပ်ရပ်နှစ်ခုထဲကတစ်ခုကတော့ အရှင်မြတ်ရဲ့ဝတ္တရား حُقُوْقُ اللّٰهِ နဲ့ လူသားအချင်းချင်းဝတ္တရား حُقُوْقُ الْعِبَاد ဖြစ်တယ်။ အရှင်မြတ်ရဲ့ဝတ္တရားကတော့ ကိုယ်ကိုယ်တိုင် မွတ်စ်လင်မ် အမိန့်နာခံသူတစ်ဦးဖြစ်ပါတယ်လို့ အကောင်းဆုံးစကားတစ်ခွန်းကို ပြောထားခဲ့တဲ့အတိုင်း အရှင်မြတ်ရဲ့အမိန့်ကို နာခံရာရောက်တဲ့လုပ်ရပ်တွေကို ပြုလုပ်ခြင်းဖြစ်တယ်။ ဒုတိယတစ်ခုဖြစ်တဲ့ လူသားအချင်းချင်း ဝတ္တရားကတော့ ကိုယ်ကိုယ်တိုင် အကောင်းဆုံးစကားတစ်ခုဖြစ်တဲ့ အလ္လာဟ်အရှင်မြတ်ဘက်ကို ဖိတ်ခေါ်မှုစကားဆိုတဲ့သူ ဖြစ်ခဲ့တဲ့အတွက် အဲဒီ

ဒအ်ဝသ်ဖိတ်ခေါ်မှုကို အမြန်ဆုံး လက်ခံနိုင်အောင် ပြုလုပ်ပေးမဲ့လုပ်ရပ်ကတော့ လူတွေရဲ့မကောင်းတဲ့ဆက်ဆံမှုကို အကောင်းနဲ့တုံ့ပြန်ခြင်း ဖြစ်တယ်။ ဒီအကောင်းဆုံးအပြောနစ်ခုနဲ့ အကောင်းဆုံးလုပ်ရပ်နစ်ခုကို ပြုလုပ်ရင် လောကကြီးမှာ ရန်သူမရှိဘဲ ငြိမ်းချမ်းနေရုံသာမက လူသားတွေအချင်းချင်းလည်း ချစ်ချစ်ခင်ခင်ရှိကြမယ်။ အရှင်မြတ်ကလည်း အဲဒီလူသားတွေကို နစ်သက်ကျေနပ်နေတော်မူလိမ့်မယ်။ ဒါဟာ အတိုဆုံးနဲ့ အထိရောက်ဆုံး အမိန့်ကို အရှင်မြတ်က ပေးလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا يُلَقّٰهَآ اِلَّا الَّذِيْنَ صَبَرُوْا ۚ وَمَا يُلَقّٰهَآ اِلَّا ذُوْ حَظٍّ عَظِيْمٍ ﴿٣٥﴾

(၃၅) ထို့ပြင် ထိုအကောင်းဆုံးနည်းလမ်းသည် သည်းခံသည့်သူများသာ ပေးသနားခြင်းခံကြရသည်။ ထို့ပြင် ထိုအရာကို ကြီးကျယ်သော နဖူးစာရှင်သာ ပေးသနားခြင်းခံရသည်။

وَاِمَّا يَنْزَغَنَّكَ مِنَ الشَّيْطٰنِ نَزْغٌ فَاسْتَعِذْ بِاللّٰهِ ۗ اِنَّهٗ هُوَ السَّمِيْعُ الْعَلِيْمُ ﴿٣٦﴾

(၃၆) ထို့ပြင် အကယ်၍ အသင့်အား ရှိုင်သွာန်၏ဘက်မှ နှောင့်ယှက်မှုတစ်စုံတစ်ခု အမှန်ပင် ပြုလုပ်လျှင် အသင်သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ခိုလှုံလိုက်ပါ။ အမှန်စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသော အရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

وَمِنْ اٰيٰتِهِ الَّيْلُ وَالنَّهَارُ وَالشَّمْسُ وَالْقَمَرُ ۗ لَا تَسْجُدُوْا لِلشَّمْسِ وَلَا لِلْقَمَرِ وَاسْجُدُوْا لِلّٰهِ
الَّذِيْ خَلَقَهُنَّ اِنْ كُنْتُمْ اِيَّاهُ تَعْبُدُوْنَ ﴿٣٧﴾

(၃၇) ထို့ပြင် ညနှင့်နေ့အပြင်၊ နေနှင့်လသည် အရှင်မြတ်၏သက်သေလက္ခဏာများထဲမှ ဖြစ်ကြသည်။ (သို့ဖြစ်ရာ) အသင်တို့သည် နေနှင့်လကို စဂ်ျဒဟ် ဦးချ(ကိုးကွယ်)ခြင်း မပြုကြနှင့်။ ထို့ပြင် အကယ်၍ အသင်တို့သည် အမှန်စင်စစ် အရှင်မြတ်ကိုပင် ကိုးကွယ်သူများဖြစ်ကြလျှင် အသင်တို့သည် ထိုအရာများကို ဖန်ဆင်းတော်မူသောအလ္လာဟ်အရှင်မြတ်ကိုပင် စဂ်ျဒဟ်ဦးချမှုပြုကြပါ။

فَاِنِ اسْتَكْبَرُوْا فَالَّذِيْنَ عِنْدَ رَبِّكَ يُسَبِّحُوْنَ لَهٗ بِالَّيْلِ وَالنَّهَارِ وَهُمْ لَا يَسْـَٔمُوْنَ ﴿٣٨﴾ السجدة

(၃၈) ထို့နောက် အကယ်၍ သူတို့သည် (ဤအမိန့်ကို မလိုက်နာဘဲ) မာနထောင်နေခဲ့ကြလျှင် အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် ရှိကြသော ကောင်းကင်တမန်များသည် နေ့၌လည်းကောင်း၊ ည၌လည်းကောင်း အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို သူတို့သည် ငြီးငွေ့ခြင်းမရှိကြဘဲလျက် ရွတ်ဆိုနေကြသည်။

وَمِنْ اٰيٰتِهٖٓ اَنَّكَ تَرَى الْاَرْضَ خَاشِعَةً فَاِذَآ اَنْزَلْنَا عَلَيْهَا الْمَآءَ اهْتَزَّتْ وَرَبَتْ ۗ اِنَّ الَّذِيْٓ

اَحۡيَاهَا لَمُحۡيِ الۡمَوۡتٰى ؕ اِنَّهٗ عَلٰى كُلِّ شَىۡءٍ قَدِيۡرٌ ﴿۳۹﴾

(၃၉) ထို့ပြင် (ဤသည်လည်း) အရှင်မြတ်၏ သက်သေလက္ခဏာများ ထဲမှ ဖြစ်သည်။ အသင်သည် မြေပထဝီအား ခြောက်ကပ်နေသည်ကို တွေ့မြင်ရသည်။ ထို့နောက် ငါအရှင်မြတ်သည် ထိုအပေါ်တွင် ရေကို ရွာသွန်းစေတော်မူသည့်အခါ၊ ထိုမြေသည် (အစေ့၊ အညှောက်၊ အပင်များနှင့် အသက်ဝင်)လှုပ်ရှားလာပြီး ပွတက်လာသည်။ အမှန်စင်စစ် ထိုမြေအား ရှင်သန်အောင်ပြုလုပ်တော်မူသောအရှင်သည် အမှန်ပင် သေသူများအားလည်း ရှင်အောင်လုပ်မည့်အရှင်ပင် ဖြစ်တော်မူသည်။ အမှန်စင်စစ် အရှင်မြတ်သည် အရာအားလုံးအပေါ်တွင် အလွန်စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ် ဖြစ်တော်မူသည်။

اِنَّ الَّذِيۡنَ يُلۡحِدُوۡنَ فِىۡۤ اٰيٰتِنَا لَا يَخۡفَوۡنَ عَلَيۡنَا ؕ اَفَمَنۡ يُّلۡقٰى فِى النَّارِ خَيۡرٌ اَمۡ مَّنۡ يَّاۡتِىۡۤ اٰمِنًا يَّوۡمَ الۡقِيٰمَةِ ؕ اِعۡمَلُوۡا مَا شِئۡتُمۡ ۙ اِنَّهٗ بِمَا تَعۡمَلُوۡنَ بَصِيۡرٌ ﴿۴۰﴾

(၄၀) အမှန်စင်စစ် ငါအရှင်မြတ်၏အာယသ်တော်များနှင့် စပ်လျဉ်းပြီး ကောက်ကွေ့သည့်လမ်း(မှုရင်းအဓိပ္ပာယ်မှ သွေဖည်၍ အမှားကောက်ယူသည့်လမ်း)ကို❶ ရွေးချယ်သည့်သူများသည် ငါအရှင်မြတ်အပေါ်တွင် ဖုံးကွယ်နိုင်ကြသည်မဟုတ်ပေ။ သို့ဖြစ်ရာ ငရဲမီးထဲတွင် ပစ်ချခံရမည့်သူသည် ပိုကောင်းသလော၊ သို့မဟုတ် ကိယာမသ်နေ့တွင် ငြိမ်းချမ်းစွာ ရောက်ရှိလာသူသည် ပိုကောင်းသလော။ အသင်တို့သည် အသင်တို့လုပ်လိုရာကို လုပ်ကြပေတော့။ အမှန်စင်စစ် အရှင်မြတ်သည် အသင်တို့ ပြုလုပ်သမျှကို အကြွင်းမဲ့မြင်တော်မူသော အရှင် ဖြစ်တော်မူသည်။

❶ ကောက်ကွေ့တဲ့လမ်းဆိုတာ လမ်းမှားလိုက်ခြင်း၊ သွေဖည်ငြင်းပယ်ခြင်းနဲ့ မမှန်တဲ့ အယူဝါဒတွေကို ဆွဲယူပြီးအဓိပ္ပာယ်ဖွင့်ခြင်းကို ဆိုလိုတယ်။ (အွခ်မာနီ)

اِنَّ الَّذِيۡنَ كَفَرُوۡا بِالذِّكۡرِ لَمَّا جَآءَهُمۡ ۚ وَاِنَّهٗ لَـكِتٰبٌ عَزِيۡزٌ ۙ﴿۴۱﴾

(၄၁) အမှန်စင်စစ် အကြင်သူများသည် ဤဆုံးမသြဝါဒကို သူတို့ထံ ရောက်ရှိလာသည့်အခါ ငြင်းပယ်ကြသည်။ (သူတို့သည် ပျက်စီးဆုံးရှုံးကြမည့်သူများဖြစ်ကြသည်)။ ထို့ပြင် အမှန်စင်စစ် ၎င်းသည် မြင့်မြတ်သည့်ကျမ်းဂန်ပင် ဖြစ်သည်။

لَّا يَاۡتِيۡهِ الۡبَاطِلُ مِنۡۢ بَيۡنِ يَدَيۡهِ وَلَا مِنۡ خَلۡفِهٖ ؕ تَنۡزِيۡلٌ مِّنۡ حَكِيۡمٍ حَمِيۡدٍ ﴿۴۲﴾

(၄၂) အမှားသည် ၎င်း(ကျမ်းဂန်)တွင် ၎င်း၏ရှေ့မှသာမက နောက်မှ

လည်း လာရောက်စွက်ဖက်နိုင်ခြင်းမရှိပေ။ (ဤကျမ်းသည်) ပညာဉာဏ်အမြော်
အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်၊ ချီးမွမ်းခြင်းအလွန်ခံထိုက်တော်မူ
သောအရှင်မြတ်ထံတော်မှ ချပေးတော်မူသော ကျမ်းတော်မြတ်ပင် ဖြစ်သည်။❷

❷ ခေတ်တိုင်းမှာ စာပေကျမ်းဂန်အမြောက်အမြားရှိတဲ့အထဲက ဒီကုရ်အာန်ကျမ်းတစ်ကျမ်းပဲ အမှားမပါဘူးလို့ ကြေညာပြီး စိန်ခေါ် ထားနိုင်တာဖြစ်တယ်။ ဒီကျမ်းကလွဲရင် တခြားဘယ်ကျမ်းမှ အမှားလုံးဝကင်းတယ်ဆိုတာ မရှိဘူး။ ကြေညာထားနိုင်တဲ့အင်အားလည်း မရှိဘူး။ ဒီလောက် ထင်ရှားမှန်ကန်တဲ့ကျမ်းကိုမှ ငြင်းပယ်ကြရင် ဘယ်ကျမ်းကို လက်ခံဖို့ရှိဦးမှာလဲ။ အဲဒီသူတွေ အတွက်ဟာ ငရဲပဲ ရှိတော့တာ ဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်၊ အသ်သဖ်စီရွလ်မုယတ်စ်ရ်)

مَا يُقَالُ لَكَ إِلَّا مَا قَدْ قِيلَ لِلرُّسُلِ مِن قَبْلِكَ ۚ إِنَّ رَبَّكَ لَذُو مَغْفِرَةٍ وَذُو عِقَابٍ أَلِيمٍ ﴿٤٣﴾

(၄၃) အသင်(တမန်တော်)၏မတိုင်မီက တမန်တော်များအား ပြော
ဆို(စွပ်စွဲ)ခံခဲ့ကြရသည်ကိုပင် အသင်လည်း ပြောဆို(စွပ်စွဲ)ခံရခြင်းဖြစ်သည်။
အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အမှန်
ပင် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို ပိုင်ဆိုင်တော်မူသောအရှင်၊ နာကျင်စေ
သည့်ပြစ်ဒဏ်ပေးခြင်းကို ပိုင်ဆိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

وَلَوْ جَعَلْنَاهُ قُرْآنًا أَعْجَمِيًّا لَّقَالُوا لَوْلَا فُصِّلَتْ آيَاتُهُ ۖ أَأَعْجَمِيٌّ وَعَرَبِيٌّ ۗ قُلْ هُوَ لِلَّذِينَ آمَنُوا هُدًى وَشِفَاءٌ ۖ وَالَّذِينَ لَا يُؤْمِنُونَ فِي آذَانِهِمْ وَقْرٌ وَهُوَ عَلَيْهِمْ عَمًى ۚ أُولَٰئِكَ يُنَادَوْنَ مِن مَّكَانٍ بَعِيدٍ ﴿٤٤﴾

(၄၄) ထို့ပြင် အကယ်၍ ငါအရှင်မြတ်သည် ၎င်း(ကျမ်းတော်မြတ်)ကို
အရဗီဘာသာစကားမဟုတ်သော လူမျိုးခြား ဘာသာစကားဖြင့်(ကျရောက်သည့်)
ကုရ်အာန်ကျမ်းတော်မြတ်အဖြစ် ထုတ်ပြန်တော်မူခဲ့လျှင် အမှန်ပင် သူတို့က
၎င်း(ကျမ်းတော်)၏အာယသ်တော်များသည် အဘယ်ကြောင့် ရှင်းလင်းစွာ ဖော်
ပြမထားပါသနည်း။ (ကျမ်းက) လူမျိုးခြားဘာသာစကားဖြင့် (ချပေးခြင်းခံရပြီး
တမန်တော်ကမူ) အရဗ်အမျိုးသားဖြစ်နေသလောဟု ပြောဆိုခဲ့ကြလိမ့်မည်။
(အို-တမန်တော်) အသင်ပြောလိုက်ပါ- ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)သည်
အီမာန်ယုံကြည်သူများအတွက် လမ်းမှန်ညွှန်ကြားပြသချက်နှင့် ရောဂါပျောက်
ကင်းစေသော ဆေးဝါးပင် ဖြစ်သည်။ ထို့ပြင် အီမာန်မယုံကြည်ကြသည့်သူများ၏
နားများတွင် နားပင်းသည့်ဝေဒနာရှိနေသည်။ ထို့ပြင် ၎င်း(ကုရ်အာန်)သည် သူ
တို့အတွက် (အမှောင်ထဲတွင်) မျက်စိမမြင်(ဘဲ ရှာဖွေနေသည့်ပစ္စည်းတစ်ခု)
ဖြစ်သည်။ သူတို့သည် အဝေးနေရာမှ ဟစ်ခေါ်ခံကြရသူများပင် ဖြစ်ကြသည်။❸

❸ ပစ္စည်းတစ်ခုဟာ ဘယ်လောက်ပဲ ထင်ရှားလင်းဝင်းတောက်ပနေတာဖြစ်ဖြစ် မျက်မမြင်အတွက်

ကတော့ ရှာတွေ့ဖို့ ခက်ခဲနေဦးမှာပဲ ဖြစ်တယ်။ အဲဒီလိုပဲ နားပင်းတဲ့သူတွေအတွက်ကတော့ အဝေး ကနေအော်ခေါ်နေသလိုပဲ အသံသဲ့သဲ့လေးဆိုတော့ ဘယ်သူ့ကို ခေါ်မှန်း မသိတဲ့အတွက် မျက်နှာ လွှဲနေကြဦးမှာပဲဖြစ်တယ်။ မမြင်ခြင်းနဲ့ မကြားခြင်းဟာ ကိုယ့်ရဲ့ မျက်စိနဲ့ နားကန်းလို့ ဖြစ်တယ်။ ကုရ်အာန်က မထင်ရှားလို့လည်းမဟုတ်ဘူး။ ခေါ်တဲ့အသံတိုးလို့လည်းမဟုတ်ဘူး။ (အလင်းပြကျမ်း)

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ فَاخْتُلِفَ فِيْهِ ۗ وَلَوْلَا كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ لَقُضِيَ بَيْنَهُمْ ۗ

وَاِنَّهُمْ لَفِيْ شَكٍّ مِّنْهُ مُرِيْبٍ ﴿٤٥﴾

(၄၅) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)မူစာအား ကျမ်းဂန်ကို ပေးသနားတော်မူခဲ့သည်။ ထို့နောက်လည်း ထိုကျမ်းဂန်ထဲတွင် ကွဲလွဲမှု ဖြစ်ခဲ့ကြသည်။ ထို့ပြင် အကယ်၍ အသင့်အား ဖန်ဆင်းမွေးမြူတော်မူ သောအရှင်မြတ်ထံတော်မှ အမိန့်တော်တစ်ခုသာ မရှိခဲ့လျှင် အမှန်ပင် သူတို့ အကြား၌ စီရင်ဆုံးဖြတ်ပြီး ဖြစ်ခဲ့လိမ့်မည်။ ထို့ပြင် အမှန်စင်စစ် သူတို့သည် ထို ချိန်းဆိုထားသော ပြစ်ဒဏ်နှင့် ပတ်သက်၍ ယုံမှားမှုဖြစ်စေသော သံသယထဲ၌ ပင် ရှိနေကြသည်။

مَنْ عَمِلَ صَالِحًا فَلِنَفْسِهٖ وَمَنْ اَسَآءَ فَعَلَيْهَا ۗ وَمَا رَبُّكَ بِظَلَّامٍ لِّلْعَبِيْدِ ﴿٤٦﴾

(၄၆) မည်သူမဆို ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်လျှင် သူ့ အတွက်ပင် ပြုလုပ်ခြင်းဖြစ်သည်။ ထို့ပြင် မည်သူမဆို မကောင်းမှုလုပ်ရပ်များ ကို ပြုလုပ်လျှင် (၎င်း၏ဆိုးကျိုးသည်) သူ၏အပေါ်၌ပင် ကျရောက်မည် ဖြစ်သည်။ ၎င်းပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ကျွန်များ အား မတရားပြုလုပ်တော်မူသောအရှင် မဟုတ်ပေ။❻

❻ ကောင်းမှုပြုလုပ်သူရဲ့အကျိုးကို လျှော့ပေးမှာလည်း မဟုတ်သလို မကောင်းမှုကျူးလွန်တဲ့သူရဲ့ အစားကို ပိုပေးမှာလည်းမဟုတ်ဘူး။ အရှင်မြတ်ဟာ တရားအမျှတဆုံးအရှင်ပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

اِلَيْهِ يُرَدُّ عِلْمُ السَّاعَةِ ۗ وَمَا تَخْرُجُ مِنْ ثَمَرٰتٍ مِّنْ اَكْمَامِهَا وَمَا تَحْمِلُ مِنْ اُنْثٰى وَلَا تَضَعُ

اِلَّا بِعِلْمِهٖ ۗ وَيَوْمَ يُنَادِيْهِمْ اَيْنَ شُرَكَآءِيْ ۙ قَالُوْٓا اٰذَنّٰكَ ۙ مَا مِنَّا مِنْ شَهِيْدٍ ﴿٤٧﴾

(၄၇) ကိယာမသ်ရှင်ပြန်ထမည့်အချိန်ကာလနှင့်ပတ်သက်သည့်အသိ သည် အရှင်မြတ်ဘက်သို့ပင် ပြန်ပို့ခြင်းခံရသည်။❶ ထို့ပြင် မည်သည့်သစ်သီး ဝလံမဆို သူတို့၏အဖူးအငုံများမှ (အရှင်မြတ်မသိဘဲ) ထွက်ပေါ်လာသည် မရှိ ပေ။ ထို့ပြင် မည်သည့်မိန်းမတစ်ဦးကမျှ အရှင်မြတ်မသိဘဲ ကိုယ်ဝန်ဆောင် ခြင်းလည်းမရှိပေ။ သားဖွားခြင်းလည်း မရှိပေ။ ထို့ပြင် ထိုနေ့တွင် အရှင်မြတ်

သည် သူတို့အား "ငါ့အရှင်မြတ်၏တွဲဖက်များသည် အဘယ်မှာနည်း" ဟုမေးမြန်းတော်မူမည်။ သူတို့က "(ယနေ့မူ) ကျွန်ုပ်တို့ထဲမှ သက်သေခံမည့်သူ မည်သူမျှ မရှိတော့သည့်အကြောင်း အရှင်မြတ်ထံတွင် ဝန်ခံလျှောက်ထားပါသည်"❶ ဟု ပြောဆိုကြမည်။

❶ ကိယာမသ်ဖြစ်မဲ့နေ့ရဲ့ အတိအကျအသိဟာ အရှင်မြတ်တစ်ပါးတည်းမှာပဲ ရှိတယ်။ (အလင်းပြကျမ်း) ❷ ဒီကနေ့တော့ အရှင်မြတ်မှာ တွဲဖက်တွေရှိပါတယ်လို့ ကျွန်တော်တို့ထဲက သက်သေထူပြီးပြောမဲ့သူ ဘယ်သူမှမရှိပါဘူး။ (အလင်းပြကျမ်း)

وَضَلَّ عَنْهُم مَّا كَانُوا يَدْعُونَ مِن قَبْلُ وَظَنُّوا مَا لَهُم مِّن مَّحِيصٍ ﴿٤٨﴾

(၄၈) ထို့ပြင် ယခင်က သူတို့ဟစ်ခေါ်(ကိုးကွယ်)ခဲ့ကြသည့်အရာများသည် သူတို့ထံမှ ပျောက်ကွယ်သွားကြမည်။ ထို့ပြင် သူတို့သည် သူတို့အတွက် ထွက်ပြေးလွတ်မြောက်ရာပုန်းခိုစရာ မရှိတော့ကြောင်းကိုလည်း ယုံကြည်သွားကြမည်။

لَّا يَسْأَمُ الْإِنسَانُ مِن دُعَاءِ الْخَيْرِ وَإِن مَّسَّهُ الشَّرُّ فَيَئُوسٌ قَنُوطٌ ﴿٤٩﴾

(၄၉) လူသားသည် ကောင်းကျိုး(ချမ်းသာ) တောင်းခံခြင်းမှ ငြီးငွေ့ခြင်းမရှိပေ။❸ ထို့ပြင် အကယ်၍ သူ့၌ ဒုက္ခတစ်စုံတစ်ခု ကျရောက်ခဲ့လျှင် (သူသည်) စိတ်ဓာတ်ကျသူ၊ မျှော်လင့်ချက်ကင်းသူ ဖြစ်သွားတော့သည်။

❸ သုခချမ်းသာတွေ တောင်းခံဖို့နဲ့ သုခချမ်းသာတွေရရှိဖို့ ကြိုးစားရတာဟာ လူသားအတွက် ငြီးငွေ့တယ်လို့မရှိဘူး။ အမြဲပဲ လောဘတက်လျက်ရှိနေတယ်။ (အလင်းပြကျမ်း)

وَلَئِنْ أَذَقْنَاهُ رَحْمَةً مِّنَّا مِن بَعْدِ ضَرَّاءَ مَسَّتْهُ لَيَقُولَنَّ هَٰذَا لِي وَمَا أَظُنُّ السَّاعَةَ قَائِمَةً وَلَئِن رُّجِعْتُ إِلَىٰ رَبِّي إِنَّ لِي عِندَهُ لَلْحُسْنَىٰ ۚ فَلَنُنَبِّئَنَّ الَّذِينَ كَفَرُوا بِمَا عَمِلُوا وَلَنُذِيقَنَّهُم مِّنْ عَذَابٍ غَلِيظٍ ﴿٥٠﴾

(၅၀) ထို့ပြင် အကယ်၍ သူ၏အပေါ်ကျရောက်ခဲ့သော ဒုက္ခနောက်တွင် ငါအရှင်မြတ်သည် သူ့အား ငါအရှင်မြတ်ထံတော်မှ ကရုဏာကို မြည်းစမ်းစေတော်မူခဲ့လျှင် အမှန်စင်စစ် သူသည် (ဤသို့)ပြောတော့သည်- "ဤသည် ကျွန်ုပ်အတွက်ပင် ဖြစ်သည်။ ထို့ပြင် ကိယာမသ်နေ့သည် ရောက်လာမည်ဟု ကျွန်ုပ်မယူဆပေ။ ထို့ပြင် အကယ်၍ ကျွန်ုပ်သည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်သို့ပြန်ပို့ခြင်းခံခဲ့ရလျှင်လည်း အမှန်စင်စစ် ကျွန်ုပ်အတွက် အရှင်မြတ်ထံတော်တွင် ပိုကောင်းသော အကျိုးများ အမှန်ပင် ရှိဦးမည် ဖြစ်သည်။" သို့ဖြစ်ရာ အမှန်စင်စစ် ငါအရှင်မြတ်သည် ကာဖိရ်များအား သူတို့

ပြုလုပ်ခဲ့သမျှကို အသိပေးတော်မူမည်။ ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အား ပြင်းထန်သော ပြစ်ဒဏ်၏အရသာကို မြည်းစမ်းစေတော်မူမည်။

وَإِذَآ أَنۡعَمۡنَا عَلَى ٱلۡإِنسَٰنِ أَعۡرَضَ وَنَـَٔا بِجَانِبِهِۦ وَإِذَا مَسَّهُ ٱلشَّرُّ فَذُو دُعَآءٍ عَرِيضٍ ﴿٥١﴾

(၅၁) ထို့ပြင် ငါအရှင်မြတ်သည် လူသားအပေါ်တွင် ကျေးဇူးပြုတော်မူသည့်အခါ သူသည် မျက်နှာလွှဲပြီး အဝေးသို့ ရှောင်ထွက်သွားလေ့ရှိသည်။ ထို့ပြင် သူ့တွင် ဒုက္ခရောက်လာလျှင်မူ ရှည်လျားစွာ ဆုတောင်းသူဖြစ်သွားတော့သည်။

قُلۡ أَرَءَيۡتُمۡ إِن كَانَ مِنۡ عِندِ ٱللَّهِ ثُمَّ كَفَرۡتُم بِهِۦ مَنۡ أَضَلُّ مِمَّنۡ هُوَ فِي شِقَاقِۭ بَعِيدٖ ﴿٥٢﴾

(၅၂) (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ အသင်တို့ပင် ပြောပြကြပါ၊ အကယ်၍ ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)သည် အလ္လာဟ်အရှင်မြတ်ထံတော်မှဖြစ်ခဲ့မည်၊ ထို့နောက် အသင်တို့သည် ၎င်းကို ငြင်းပယ်ခဲ့ကြမည်ဆိုလျှင် အလွန်ဝေးသောကွဲပြားမှု၌ရှိနေသူထက် ပို၍လမ်းလွဲသူ မည်သူရှိဦးမည်နည်း။❻

❻ ကုရ်အာန်ဟာ တကယ်ပဲ အရှင်မြတ်ထံတော်က ဖြစ်တာကြောင့် သူတို့သံသယဖြစ်ခြင်းက သူတို့ကို အလွန်ဝေးလံတဲ့ လမ်းမှားမှုထဲကို တွန်းပို့လိုက်ပြီ ဖြစ်တယ်။ (အလင်းပြကျမ်း)

سَنُرِيهِمۡ ءَايَٰتِنَا فِي ٱلۡأٓفَاقِ وَفِيٓ أَنفُسِهِمۡ حَتَّىٰ يَتَبَيَّنَ لَهُمۡ أَنَّهُ ٱلۡحَقُّۗ أَوَلَمۡ يَكۡفِ بِرَبِّكَ أَنَّهُۥ عَلَىٰ كُلِّ شَيۡءٖ شَهِيدٌ ﴿٥٣﴾

(၅၃) ငါအရှင်မြတ်သည် သူတို့အား မိုးကုပ်စက်ဝိုင်းများတွင် သာမက သူတို့၏ခန္ဓာကိုယ်များထဲတွင်လည်း ငါအရှင်မြတ်၏သက်သေလက္ခဏာများကို မကြာမီ ပြသတော်မူမည်ဖြစ်သည်။ နောက်ဆုံးတွင် သူတို့အတွက် အမှန်စင်စစ် ကုရ်အာန်ကျမ်းတော်မြတ်သည် မှန်ကန်ကြောင်း သိသာထင်ရှားလာလိမ့်မည်။❼ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အရာအားလုံးအပေါ်တွင် မျက်မှောက် အသိသက်သေဖြစ်နေတော်မူခြင်းသည် မလုံလောက်သလော။

❼ အလွန်မှ တိုးတက်မှုနေးကွေးခဲ့တဲ့ခေတ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၄၀၀)ကျော်ခေတ်မှာ ကုရ်အာန်က လူသားမသိနိုင်သေးတဲ့ အကွယ်ကိစ္စရပ်တွေကို ကြိုတင်ပြောပြသွားခဲ့တာတွေဟာ ဒီကနေ့ အလွန်တိုးတက်တဲ့ခေတ်မှာ ကိုယ့်ရဲ့ ခန္ဓာကိုယ်တွေထဲမှာရော စကြဝဠာမှာပါ မျက်ဝါးထင်ထင်တွေ့မြင်နေရပြီဖြစ်တဲ့အတွက် ကုရ်အာန် မှန်ကန်ကြောင်း သိလာကြပြီဖြစ်တယ်။ အဲဒါကြောင့် အရာအားလုံးကို သိနေတော်မူတဲ့အရှင်အဖြစ် မလုံလောက်ဘူးလားလို့ မေးထားပြီး ဒီစူရဟ်ကဏ္ဍကို နိဂုံးချုပ်ထားတာဖြစ်တယ်။ မှန်တာပေါ့၊ တကယ်ပဲ လုံလောက်လို့ လျှို့ဝှက်ချက်တွေကို ကြိုတင်ပြောဆိုနိုင်တော်မူခဲ့တာထင်ရှားနေပြီပဲဖြစ်တယ်။ (အွခ်မာနီ)

اَلَآ اِنَّهُمۡ فِىۡ مِرۡيَةٍ مِّنۡ لِّقَآءِ رَبِّهِمۡ‌ ؕ اَلَاۤ اِنَّهٗ بِكُلِّ شَىۡءٍ مُّحِيۡطٌ ﴿۵۴﴾

(၅၄) သတိပြုကြပါ၊ အမှန်စင်စစ် သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် တွေ့ဆုံကြရမည်(နှင့်ပတ်သက်၍) သံသယတွင် ရှိနေကြသည်။ သတိပြုကြပါ၊ အမှန်စင်စစ် အရှင်မြတ်သည် အရာအားလုံးတို့အား ဝန်းခြံလျက်ရှိတော်မူသည်။

==========

ركوعاتها٥ ٤٢سُوۡرَةُ الشُّوۡرٰى مَكِّيَّةٌ٦٢ اٰياتها٥٣

## စူရဟ် ရှူရာ (တိုင်ပင်ဆွေးနွေးခြင်းကဏ္ဍ) سُوۡرَةُ الشُّوۡرٰى

==========

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

حٰمٓ ﴿١﴾

(၁) ဟာ မီမ် ။

عٓسٓقٓ ﴿٢﴾

(၂) အိုင်န် စီန် ကာဖ် ။

كَذٰلِكَ يُوۡحِىۡۤ اِلَيۡكَ وَاِلَى الَّذِيۡنَ مِنۡ قَبۡلِكَ ۙ اللّٰهُ الۡعَزِيۡزُ الۡحَكِيۡمُ ﴿٣﴾

(၃) တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ် အမြော်အမြင်နှင့်အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်သည့် အလ္လာဟ်အရှင်မြတ်သည် အသင်(တမန်တော်)နှင့် အသင်၏မတိုင်မီက တမန်တော်များထံသို့ ထိုသို့ပင် ဝဟီထုတ်ပြန်လေ့ရှိတော်မူခဲ့သည်။❶

❶ ဝဟီအမိန့်တော်ချပေးတော်မူတဲ့ကိစ္စဟာ အခုမှ အသစ်အဆန်းမဟုတ်ဘူး။ အသင့်အရင်က တမန်တော်တွေအားလုံးပေါ်မှာလည်း ဒီလိုပဲ အမိန့်တော်ချပေးခဲ့တာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

لَهٗ مَا فِى السَّمٰوٰتِ وَمَا فِى الۡاَرۡضِ ؕ وَهُوَ الۡعَلِىُّ الۡعَظِيۡمُ ﴿٤﴾

(၄) မိုးကောင်းကင်များတွင် ရှိသမျှနှင့် မြေပထဝီတွင် ရှိသမျှကို အရှင်မြတ်ပင် ပိုင်ဆိုင်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အလွန်မြင့်မားထွတ်မြတ်တော်မူသောအရှင်၊ အလွန်ကြီးကျယ်မြင့်မြတ်တော်မူသောအရှင်ဖြစ်တော်မူသည်။

تَكَادُ السَّمٰوٰتُ يَتَفَطَّرۡنَ مِنۡ فَوۡقِهِنَّ وَالۡمَلٰۤـئِكَةُ يُسَبِّحُوۡنَ بِحَمۡدِ رَبِّهِمۡ وَيَسۡتَغۡفِرُوۡنَ لِمَنۡ فِى الۡاَرۡضِ ؕ اَلَاۤ اِنَّ اللّٰهَ هُوَ الۡغَفُوۡرُ الرَّحِيۡمُ ﴿٥﴾

(၅) မိုးကောင်းကင်များသည် သူတို့အပေါ်မှ (ရှိသောအထပ်သည် သူနှင့်နီးစပ်သည့်အထပ်ဘက်သို့) အက်ကွဲပြိုကျလုနီးပါးဖြစ်ကြသည်။❷ ထို့ပြင် ကောင်းကင်တမန်များသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ချီးမွမ်းခြင်းနှင့်တကွ (အရှင်မြတ်)စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို ရွတ်ဆိုလျက်ရှိကြသည့်အပြင် သူတို့သည် ကမ္ဘာမြေတွင်ရှိသူများအတွက် လွတ်

ငြိမ်းချမ်းသာခွင့်ကိုလည်း ပန်ကြားလျက်ရှိကြသည်။ သတိပြုကြပါ၊ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

[၂] အလ္လာဟ်အရှင်မြတ်ရဲ့ ဘုန်းတန်ခိုး အရှိန်အဝါရဲ့ ကြီးကျယ်မှုကြောင့် မိုးကောင်းကင်တွေဟာ အက်ကွဲလုနီးပါးဖြစ်တယ်။

(မအာရိဖွလ်ကုရ်အာန် - တွဲ - ၇၊စာ - ၂၃၅ - မော်လာနာ အိဒ်ရီးစ်၊ ဗုခါရီ၊ မွတ်စ်လင်မ်)

وَالَّذِيْنَ اتَّخَذُوْا مِنْ دُوْنِهٖٓ اَوْلِيَآءَ اللّٰهُ حَفِيْظٌ عَلَيْهِمْ ۖ وَمَآ اَنْتَ عَلَيْهِمْ بِوَكِيْلٍ ﴿٦﴾

(၆) ထို့ပြင် အရှင်မြတ်မှလွဲ၍ အခြားအရာများအား အစစအရာရာ စီမံဆောင်ရွက်ပေးသူများအဖြစ် ရွေးချယ်ပြုလုပ်ခဲ့ကြသူများအား အလ္လာဟ်အရှင်မြတ်အနေဖြင့် သူတို့၏ (လုပ်ရပ်)များကို စောင့်ကြည့်နေတော်မူသည်။ ထို့ပြင် အသင်သည် သူတို့အပေါ်တွင် တာဝန်ခံမဟုတ်ပေ။[၃]

[၃] အချိန်မရောက်သေးလို့ မုန်ရိုက်တွေကို ခဏလွှတ်ထားတာဖြစ်တယ်။ သူတို့ဟာ လွတ်မြောက်သွားပြီလို့ အသင်မထင်ပါနဲ့။ သူတို့ကို အရေးယူဖို့ကိစ္စဟာ အရှင်မြတ်မှာပဲ တာဝန်ရှိတယ်။ အသင်ဟာ တာဝန်ခံမဟုတ်ဘူး။ (အလင်းပြကျမ်း)

وَكَذٰلِكَ اَوْحَيْنَآ اِلَيْكَ قُرْاٰنًا عَرَبِيًّا لِّتُنْذِرَ اُمَّ الْقُرٰى وَمَنْ حَوْلَهَا وَتُنْذِرَ يَوْمَ الْجَمْعِ لَا رَيْبَ فِيْهِ ۗ فَرِيْقٌ فِى الْجَنَّةِ وَفَرِيْقٌ فِى السَّعِيْرِ ﴿٧﴾

(၇) ထို့ပြင် ထိုသို့ပင် ငါအရှင်မြတ်သည် အသင့်ထံသို့ အရဗီဘာသာစကားဖြင့်ဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်ကို ထုတ်ပြန်ပို့ချတော်မူခဲ့သည်။ အသင်သည် မက္ကာဟ်နှင့် ၎င်း၏အနီးပတ်ဝန်းကျင်(မှစ၍ အကန့်အသတ်မရှိ ဘေးပတ်ပတ်လည်)တွင် ရှိသူများအား သတိပေးနှိုးဆော်ရန်အတွက်နှင့် သံသယဖြစ်စရာမရှိသော (ကိယာမသ်)စုရုံးရမည့်နေ့ကို သတိပေးနှိုးဆော်ရန်အတွက် (ဤကျမ်းကို ထုတ်ပြန်ပို့ချတော်မူခဲ့ခြင်း ဖြစ်သည်)။ (သူတို့ထဲမှ)အုပ်စုတစ်ခုသည် ဂျန္နသ်သုခဘုံတွင် ရှိမည်ဖြစ်၍ အုပ်စုတစ်ခုသည် ဂျဟန္နမ်ငရဲဘုံတွင်ရှိလိမ့်မည်။[၄]

[၄] မက္ကာဟ်ပတ်ဝန်းကျင်ဆိုတာ သူရဲ့အနီးတစ်ဝိုက်ကနေစပြီး အကန့်အသတ်မရှိ ဘေးပတ်ပတ်လည်ကို ဆိုလိုတဲ့အတွက် တစ်ကမ္ဘာလုံးကိုပဲ ဆိုလိုတာဖြစ်တယ်။ အခြားအာယသ်တော်တွေမှာ စကြဝဠာအားလုံးအတွက်လို့ ဖော်ပြထားတယ်။ (အလင်းပြကျမ်း)

وَلَوْ شَآءَ اللّٰهُ لَجَعَلَهُمْ اُمَّةً وَّاحِدَةً وَّلٰكِنْ يُّدْخِلُ مَنْ يَّشَآءُ فِىْ رَحْمَتِهٖ ۗ وَالظّٰلِمُوْنَ مَا لَهُمْ مِّنْ وَّلِيٍّ وَّلَا نَصِيْرٍ ﴿٨﴾

(၈) ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူခဲ့လျှင် အမှန်ပင် သူတို့အား သာသနာဝင်အုပ်စုတစ်ခုတည်း ပြုလုပ်တော်မူခဲ့မည်ဖြစ်သည်။

သို့ရာတွင် အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကိုပင် အရှင်မြတ်၏ကရုဏာထဲသို့ ဝင်ရောက်စေတော်မူသည်။ ထို့ပြင် မတရားကျူးလွန်သူများကမူ သူတို့အတွက် ကာကွယ်စောင့်ရှောက်မည့်သူ၊ ကူညီမည့်သူ မည်သူမျှရှိတော့မည်မဟုတ်ပေ။

أَمِ اتَّخَذُوا مِن دُونِهِۦٓ أَوۡلِيَآءَۖ فَٱللَّهُ هُوَ ٱلۡوَلِيُّ وَهُوَ يُحۡيِ ٱلۡمَوۡتَىٰ وَهُوَ عَلَىٰ كُلِّ شَيۡءٖ قَدِيرٞ ٩

(၉) သူတို့သည် အရှင်မြတ်မှလွဲ၍ အခြားသူများအား ကာကွယ်စောင့်ရှောက်စောင်မသောအဆွေတော်များအဖြစ် ရွေးချယ်ပြုလုပ်ခဲ့ကြသလော။ (အမှန်စင်စစ်)အရှင်မြတ်ပင် ကာကွယ်စောင့်ရှောက်စောင်မတော်မူသောအဆွေတော်ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်ပင် သေသူများအား ရှင်စေတော်မူမည်။ ထို့ပြင် အရှင်မြတ်သည် အရာအားလုံးကို စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

وَمَا ٱخۡتَلَفۡتُمۡ فِيهِ مِن شَيۡءٖ فَحُكۡمُهُۥٓ إِلَى ٱللَّهِۚ ذَٰلِكُمُ ٱللَّهُ رَبِّي عَلَيۡهِ تَوَكَّلۡتُ وَإِلَيۡهِ أُنِيبُ ١٠

(၁၀) ထို့ပြင် အသင်တို့သည် အကြင်အရာနှင့် ပတ်သက်၍ ကွဲလွဲခဲ့ကြသည်။ ထိုအရာ၏အဆုံးအဖြတ်သည် အလ္လာဟ်အရှင်မြတ်ထံတော်၌သာ ရှိသည်။ ၎င်း(အရှင်မြတ်)သည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအလ္လာဟ်အရှင်မြတ် ဖြစ်တော်မူသည်။ ငါသည် အရှင်မြတ်အပေါ်တွင် ယုံပုံလွှဲအပ်ထားသည်။ ထို့ပြင် ငါသည် အရှင်မြတ်ဘက်သို့ပင် ပြန်လှည့်သည်။

فَاطِرُ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضِۚ جَعَلَ لَكُم مِّنۡ أَنفُسِكُمۡ أَزۡوَٰجٗا وَمِنَ ٱلۡأَنۡعَٰمِ أَزۡوَٰجٗاۖ يَذۡرَؤُكُمۡ فِيهِۚ لَيۡسَ كَمِثۡلِهِۦ شَيۡءٞۖ وَهُوَ ٱلسَّمِيعُ ٱلۡبَصِيرُ ١١

(၁၁) (အရှင်မြတ်သည်) မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူသောအရှင်မြတ်ဖြစ်တော်မူသည်။ အရှင်မြတ်ပင် အသင်တို့အတွက် အသင်တို့၏ အမျိုးအစားထဲမှပင် ကြင်ရာများကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် ခြေလေးချောင်းတိရစ္ဆာန်များထဲမှ စုံတွဲများကိုလည်း ဖန်ဆင်းတော်မူခဲ့၍ အသင်တို့အား ထို(စုံတွဲများ၏)အကြောင်းခံဖြင့် ပြန့်ပွားများပြားစေတော်မူခဲ့သည်။ အရှင်မြတ်နှင့် တူသည့်အရာဟူ၍ မရှိပေ။ အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့မြင်တော်မူသောအရှင်ဖြစ်တော်မူသည်။

لَهُۥ مَقَالِيدُ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضِۖ يَبۡسُطُ ٱلرِّزۡقَ لِمَن يَشَآءُ وَيَقۡدِرُۚ إِنَّهُۥ بِكُلِّ شَيۡءٍ عَلِيمٞ ١٢

(၁၂) မိုးကောင်းကင်များနှင့် မြေပထဝီ၏သော့များသည် အရှင်မြတ်

သာ ပိုင်ဆိုင်တော်မူသည်။[၁] အရှင်မြတ်သည် အရှင်မြတ် အလိုရှိတော်မူသော သူကို စားနပ်ရိက္ခာ ကျယ်ဝန်းစွာ ပေးသနားတော်မူပြီး (အရှင်မြတ်အလိုရှိတော်မူသောသူကို) ကျပ်တည်းစေတော်မူသည်။ အမှန်စင်စစ် အရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့ သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

[၁] သော့တွေဟာ အရှင်မြတ်ရဲ့လက်ထဲမှာပဲ ရှိတယ်ဆိုတာ လုပ်ပိုင်ခွင့်ဟူသမျှဟာ အရှင်မြတ်ပဲ စိုးပိုင်ထားတာကို ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

شَرَعَ لَكُمْ مِّنَ الدِّيْنِ مَا وَصّٰى بِهٖ نُوْحًا وَّ الَّذِيْٓ اَوْحَيْنَآ اِلَيْكَ وَمَا وَصَّيْنَا بِهٖٓ اِبْرٰهِيْمَ وَ مُوْسٰى وَعِيْسٰٓى اَنْ اَقِيْمُوا الدِّيْنَ وَلَا تَتَفَرَّقُوْا فِيْهِ ؕ كَبُرَ عَلَى الْمُشْرِكِيْنَ مَا تَدْعُوْهُمْ اِلَيْهِ ؕ اَللّٰهُ يَجْتَبِيْٓ اِلَيْهِ مَنْ يَّشَآءُ وَيَهْدِيْٓ اِلَيْهِ مَنْ يُّنِيْبُ ﴿١٣﴾

(၁၃) အရှင်မြတ်သည် အသင်တို့အတွက် အကြင်သာသနာတော်ကိုပင် သတ်မှတ်ပြဋ္ဌာန်းပေးတော်မူခဲ့သည်။ ၎င်း(သာသနာတော်)ကိုပင် လိုက်နာရန် အရှင်မြတ်က (တမန်တော်)နူးဟ်ကို အမိန့်ပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(သာသနာတော်)ကိုပင် အသင်၏ထံသို့ ထုတ်ပြန်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(သာသနာတော်)ကိုပင် လိုက်နာရန် (တမန်တော်) အိဗ်ရာဟီမ်၊ (တမန်တော်)မူစာ၊ (တမန်တော်)အီစာတို့အားလည်း အမိန့်ပေးတော်မူခဲ့သည်။[၂] အသင်တို့သည် သာသနာတော်ကို ခိုင်မြဲစွာတည်ဆောက်ကြပါ။ ထို့ပြင် အသင်တို့သည် ထိုသာသနာထဲတွင် အုပ်စုကွဲခြင်း၊ ကွဲပြဲခြင်းမရှိကြနှင့်(ဟု အမိန့်ပေးတော်မူခဲ့သည်)။ မုရှ်ရိက်များအပေါ်တွင် အသင်သည် သူတို့အား ဖိတ်ခေါ်နေသည့်(သောင်ဟီဒ်)တရားတော်သည် အလွန်ကြီးလေးခက်ခဲသည်။ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ် အလိုရှိတော်မူသောသူကို အရှင်မြတ်ထံတော်သို့ ရွေးချယ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အရှင်မြတ်ဘက်သို့ ပြန်လှည့်သည့်သူကိုလည်း လမ်းမှန်ညွှန်ကြားပြသတော်မူသည်။[၃]

[၂] သာသနာဟာ တစ်ခုတည်းပဲဖြစ်ခဲ့တယ်။ ပထမဦးဆုံးတမန်တော်ကတည်းက နောက်ဆုံးတမန်တော်ထိဟာ ယုံကြည်ချက်ပိုင်းဆိုင်ရာ အချက်အလက်တွေနဲ့ အရှင်မြတ်ကို ကိုးကွယ်ရမဲ့ အဓိကအချက်တွေဟာ အတူတူပဲဖြစ်ခဲ့တယ်။ ပညတ်ချက်ပိုင်းဆိုင်ရာ နည်းစနစ်အချို့ပဲ ခြားနားမှုရှိတယ်။ ခေတ်အဆက်ဆက်၊ တမန်တော်အဆက်ဆက်မှာ အဲဒီတစ်ခုတည်းဖြစ်တဲ့ သာသနာကို ဆက်လက်တည်တံ့အောင်ပြုလုပ်ကြဖို့ အရှင်မြတ်က မိန့်ကြားထားတာဖြစ်တယ်။(အလင်းပြကျမ်း)

[၃] အရှင်မြတ်က လမ်းမှန်ရစေတဲ့ လမ်းနစ်လမ်းပုံစံကို အမိန့်ရှိထားတော်မူတယ်။ တစ်လမ်းကတော့ အရှင်မြတ်ကပဲ ရွေးချယ်ပြီး လမ်းမှန်ပေါ်တင်ပေးလိုက်တဲ့သီးသန့်လမ်းဖြစ်တယ်။ ဥပမာ – တမန်တော်တွေ၊ ဝလီတွေ။ နောက်တစ်လမ်းကတော့ လူသားက အမှန်တရားကို လိုလိုလားလား

ရှိလို့ အရှင်မြတ်က လမ်းမှန်ရောက်မဲ့အကြောင်းခံတွေပေါ်ပေါက်စေပြီး လမ်းပြတော်မူတဲ့အများ အတွက်လမ်းဖြစ်တယ်။ ဥပမာ - လမ်းမှန်ရထားတဲ့ မွတ်စ်လင်မ်များ။

(မအာရိဖွလ်ကုရ်အာန် - မုဖ်သီရှဖီးအ်)

وَمَا تَفَرَّقُوٓا۟ إِلَّا مِنۢ بَعْدِ مَا جَآءَهُمُ ٱلْعِلْمُ بَغْيًۢا بَيْنَهُمْ ۚ وَلَوْلَا كَلِمَةٌ سَبَقَتْ مِن رَّبِّكَ إِلَىٰٓ أَجَلٍ مُّسَمًّى لَّقُضِىَ بَيْنَهُمْ ۚ وَإِنَّ ٱلَّذِينَ أُورِثُوا۟ ٱلْكِتَٰبَ مِنۢ بَعْدِهِمْ لَفِى شَكٍّ مِّنْهُ مُرِيبٍ ﴿١٤﴾

(၁၄) ထို့ပြင် သူတို့သည် သူတို့ထံသို့ အသိပညာရောက်လာပြီးနောက် မှပင် သူတို့အချင်းချင်း မနာလိုမှုကြောင့် အုပ်စုကွဲခဲ့ကြသည်။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ သတ်မှတ်ထားသည့် အချိန်အထိ(ဆိုင်းငံ့ထားရန်) ယခင်ကတည်းက အမိန့်တော်တစ်ခုသည် အတည် မဖြစ်ခဲ့လျှင် သူတို့အကြားတွင် အမှန်ပင် စီရင်ဆုံးဖြတ်ခဲ့ပြီး ဖြစ်မည်ပင်။ ထို့ပြင် အမှန်စင်စစ် သူတို့နောက်တွင် ကျမ်းဂန်အမွေ ရရှိလိုက်သည့်သူများသည် ယုံမှားမှုဖြစ်စေသော သံသယထဲတွင်အမှန်ပင် ရှိနေကြသည်။

فَلِذَٰلِكَ فَٱدْعُ ۖ وَٱسْتَقِمْ كَمَآ أُمِرْتَ ۖ وَلَا تَتَّبِعْ أَهْوَآءَهُمْ ۖ وَقُلْ ءَامَنتُ بِمَآ أَنزَلَ ٱللَّهُ مِن كِتَٰبٍ ۖ وَأُمِرْتُ لِأَعْدِلَ بَيْنَكُمُ ۖ ٱللَّهُ رَبُّنَا وَرَبُّكُمْ ۖ لَنَآ أَعْمَٰلُنَا وَلَكُمْ أَعْمَٰلُكُمْ ۖ لَا حُجَّةَ بَيْنَنَا وَبَيْنَكُمُ ۖ ٱللَّهُ يَجْمَعُ بَيْنَنَا ۖ وَإِلَيْهِ ٱلْمَصِيرُ ﴿١٥﴾

(၁၅) သို့ဖြစ်ရာ အသင်(တမန်တော်)သည် (ငါအရှင်မြတ် ချပေးထားသောကုရ်အာန်ဘက်ကို) ဖိတ်ခေါ်နေပါ။ ထို့ပြင် အသင်သည် အသင်အမိန့်ပေးခံရသည့်အတိုင်း ဖြောင့်မတ်စွာရှိနေပါ။ ထို့ပြင် အသင်သည် သူတို့၏အလိုဆန္ဒများကို မလိုက်နာပါနှင့်၊ ထို့ပြင် (အို-တမန်တော်) အသင်ပြောလိုက်ပါ- ငါသည် အလ္လာဟ်အရှင်မြတ်ချပေးတော်မူခဲ့သော မည်သည့်ကျမ်းကိုမဆို ယုံကြည်ပြီးဖြစ်သည်။ ထို့ပြင် ငါသည် အသင်တို့အကြားတွင် တရားမျှတရန် အမိန့်ပေးခြင်းကို ခံရသည်။ အလ္လာဟ်အရှင်မြတ်သည် ငါတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်လည်း ဖြစ်တော်မူသည်၊ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်လည်း ဖြစ်တော်မူသည်။ ငါတို့၏လုပ်ရပ်များသည် ငါတို့အတွက်ဖြစ်ပြီး အသင်တို့၏လုပ်ရပ်များသည် အသင်တို့အတွက် ဖြစ်သည်။ ငါတို့နှင့် အသင်တို့ကြားတွင် မည်သည့်အရာမျှ အငြင်းအခုံပြုလုပ်စရာ မရှိတော့ပေ။ အလ္လာဟ်အရှင်မြတ်သည် ငါတို့အားလုံးကို စုရုံးတော်မူမည်။ ထို့ပြင် အရှင်မြတ်ထံတော်သို့ပင် ပြန်လည်ရာဖြစ်သည်။

❻ အရှင်မြတ်ထံတော်ရောက်ရင် အားလုံးဟာ ထင်ရှားသွားမှာဖြစ်တဲ့အတွက် ငြင်းခုံနေစရာ မလိုတော့ဘူး။ (အလင်းပြကျမ်း)

وَالَّذِيْنَ يُحَآجُّوْنَ فِى اللّٰهِ مِنۢ بَعْدِ مَا اسْتُجِيْبَ لَهٗ حُجَّتُهُمْ دَاحِضَةٌ عِنْدَ رَبِّهِمْ وَعَلَيْهِمْ غَضَبٌ

وَّلَهُمْ عَذَابٌ شَدِيْدٌ ﴿١٦﴾

(၁၆) ထို့ပြင် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ အရှင်မြတ်အား မှန်ကန်ကြောင်း ဝန်ခံပြီးသည့်နောက်မှပင် အငြင်းအခုံ ပြုလုပ်ကြသည့်သူများ၏ ငြင်းခုံမှုသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် အခြေအမြစ် ခိုင်မာမှုမရှိပေ။ (လွဲချော်မှုဖြစ်သည်)။ ထို့ပြင် သူတို့အပေါ်တွင် ဒေါသအမျက်ကျရောက်မည့်အပြင် သူတို့အတွက် ပြင်းထန်သော အပြစ်ဒဏ်လည်းရှိမည်။

اَللّٰهُ الَّذِىْٓ اَنْزَلَ الْكِتٰبَ بِالْحَقِّ وَالْمِيْزَانَ ۗ وَمَا يُدْرِيْكَ لَعَلَّ السَّاعَةَ قَرِيْبٌ ﴿١٧﴾

(၁၇) အလ္လာဟ်အရှင်မြတ်သည်ပင် ကျမ်းဂန်နှင့်တရားမျှတမှုကို တိကျမှန်ကန်စွာ ချပေးတော်မူသောအရှင် ဖြစ်တော်မူသည်။ ထို့ပြင် အသင်(တမန်တော်)သည် မည်သို့သိမည်နည်း၊ ကိယာမသ်ရှင်ပြန်ထမည့်အချိန်ကာလသည် နီးကပ်ကောင်းနီးကပ်နိုင်သည်။

يَسْتَعْجِلُ بِهَا الَّذِيْنَ لَا يُؤْمِنُوْنَ بِهَا ۚ وَالَّذِيْنَ اٰمَنُوْا مُشْفِقُوْنَ مِنْهَا ۙ وَيَعْلَمُوْنَ اَنَّهَا

الْحَقُّ ۗ اَلَآ اِنَّ الَّذِيْنَ يُمَارُوْنَ فِى السَّاعَةِ لَفِىْ ضَلٰلٍۢ بَعِيْدٍ ﴿١٨﴾

(၁၈) ၎င်း(ကိယာမသ်နေ့)နှင့်ပတ်သက်၍ ၎င်းကို မယုံကြည်သည့်သူများပင် ဆောလျင်စွာ တောင့်တနေကြခြင်းဖြစ်သည်။ ထို့ပြင် ယုံကြည်သူများကမူ ၎င်းကို စိုးရိမ်နေကြသည်။ ထို့ပြင် သူတို့သည် ၎င်းကို မှန်ကန်သည်ဟုလည်း အမှန်ပင်ယုံကြည်ကြသည်။ သတိပြုကြပါ၊ ၎င်းကိယာမသ်နေ့နှင့်ပတ်သက်၍ အငြင်းအခုံပြုလုပ်ကြသူများသည် အလွန်ဝေးလံသော လမ်းများတွင် အမှန်ပင်ရှိနေကြသည်။

اَللّٰهُ لَطِيْفٌۢ بِعِبَادِهٖ يَرْزُقُ مَنْ يَّشَآءُ ۚ وَهُوَ الْقَوِىُّ الْعَزِيْزُ ﴿١٩﴾

(၁၉) အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ကျွန်များအပေါ်တွင် အလွန်နူးညံ့သိမ်မွေ့တော်မူသောအရှင် ဖြစ်တော်မူသည်။ အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို စားနပ်ရိက္ခာပေးသနားတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အလွန်အင်အားကြီးတော်မူသောအရှင်၊ တန်ခိုးတော်နှင့်

အလွန်လွှမ်းမိုးတော်မူသောအရှင်ဖြစ်တော်မူသည်။

مَنْ كَانَ يُرِيْدُ حَرْثَ الْاٰخِرَةِ نَزِدْ لَهٗ فِىْ حَرْثِهٖ ۚ وَمَنْ كَانَ يُرِيْدُ حَرْثَ الدُّنْيَا نُؤْتِهٖ مِنْهَا وَمَا لَهٗ فِى الْاٰخِرَةِ مِنْ نَّصِيْبٍ ﴿٢٠﴾

(၂၀) မည်သူမဆို တမလွန်ဘဝ၏လယ်ယာကို လိုလားလျှင် ငါအရှင်မြတ်သည် သူ့အား သူ၏လယ်ယာတွင် တိုးပွားစေတော်မူမည်။ ထို့ပြင် မည်သူမဆို လောက၏လယ်ယာကို လိုလားလျှင် ငါအရှင်မြတ်သည် သူ့အား ၎င်း(လောက)တွင် (အနည်းငယ်)ပေးတော်မူမည်။ ထို့ပြင် တမလွန်ဘဝတွင် သူ့အတွက် မည်သည့်ဝေစုမျှ ရှိမည်မဟုတ်တော့ပေ။❶

❶ အရှင်မြတ်က လောကအတွက် စားနပ်ရိက္ခာကို တာဝန်ယူထားတဲ့အတွက် လောကအတွက် ရှာတဲ့သူရော၊ တမလွန်ဘဝအတွက် ရှာတဲ့သူပါ လောကမှာတော့ ရိက္ခာရရှိနေမှာဖြစ်တယ်။ ဒါပေမဲ့ တမလွန်ဘဝမှာတော့ တမလွန်ဘဝအတွက် ရှာခဲ့တဲ့သူပဲ တမလွန်ဘဝမှာ ရိက္ခာရရှိမှာဖြစ်တယ်။ ဒီဘဝမှာလို ရရှိနေမှာပဲ အထင်နဲ့ တမလွန်ဘဝအတွက် မရှာဘဲ ထိုင်နေရင် ဘာမှ ရမှာမဟုတ်တော့ဘူးဆိုတာကို သိထားရမှာဖြစ်တယ်။ (မအာရိဖွလ်ကုရ်အာန်၊ အွဆ်မာနီ)

اَمْ لَهُمْ شُرَكٰٓؤُا شَرَعُوْا لَهُمْ مِّنَ الدِّيْنِ مَا لَمْ يَاْذَنْۢ بِهِ اللّٰهُ ۗ وَلَوْلَا كَلِمَةُ الْفَصْلِ لَقُضِىَ بَيْنَهُمْ ۗ وَاِنَّ الظّٰلِمِيْنَ لَهُمْ عَذَابٌ اَلِيْمٌ ﴿٢١﴾

(၂၁) သူတို့တွင် အလ္လာဟ်အရှင်မြတ်က ခွင့်မပြုသော သာသနာမျိုးကို သူတို့အတွက် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ကြသော တွဲဖက်ကိုးကွယ်ရာများရှိကြသလော။ ထို့ပြင် အကယ်၍ စီရင်ဆုံးဖြတ်ရန် အမိန့်တော်တစ်ခုသည် (ယခင်ကတည်းက) မရှိခဲ့လျှင် သူတို့အကြား၌အမှန်ပင် စီရင်ဆုံးဖြတ်ပြီး ဖြစ်မည်။ ထို့ပြင် မတရားသူများအတွက်ကမူ နာကျင်စေသောပြစ်ဒဏ် အမှန်ပင်ရှိမည်။

تَرَى الظّٰلِمِيْنَ مُشْفِقِيْنَ مِمَّا كَسَبُوْا وَهُوَ وَاقِعٌۢ بِهِمْ ۗ وَالَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فِىْ رَوْضٰتِ الْجَنّٰتِ ۚ لَهُمْ مَّا يَشَآءُوْنَ عِنْدَ رَبِّهِمْ ۗ ذٰلِكَ هُوَ الْفَضْلُ الْكَبِيْرُ ﴿٢٢﴾

(၂၂) အသင်(တမန်တော်)သည် မတရားသူများအား သူတို့၏ဆည်းပူးခဲ့သည့်လုပ်ရပ်များကြောင့် စိုးရိမ်ကြောက်ရွံ့နေသည်ကို မြင်ရမည်ဖြစ်သည်။ ထို့ပြင် ၎င်း(လုပ်ရပ်များ၏ ဆိုးကျိုး)သည် သူတို့အပေါ်တွင် ကျရောက်မည့်အရာပင်ဖြစ်သည်။ ထို့ပြင် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည့်သူများကမူ ဂျန္နသ်သုခဘုံများ၏ ဥယျာဉ်များထဲတွင် ရှိကြမည်။ သူတို့အတွက် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် သူတို့ လိုချင်သည့်အရာများ(အားလုံး)ရှိမည်။ ၎င်းသည် ကြီးကျယ်သော ကျေးဇူး

တော်ပင်ဖြစ်သည်။

ذٰلِكَ الَّذِىۡ يُبَشِّرُ اللّٰهُ عِبَادَهُ الَّذِيۡنَ اٰمَنُوۡا وَعَمِلُوا الصّٰلِحٰتِ ؕ قُلْ لَّاۤ اَسۡـَٔلُكُمۡ عَلَيۡهِ اَجۡرًا اِلَّا الۡمَوَدَّةَ فِى الۡقُرۡبٰى ؕ وَمَنۡ يَّقۡتَرِفۡ حَسَنَةً نَّزِدۡ لَهٗ فِيۡهَا حُسۡنًا ؕ اِنَّ اللّٰهَ غَفُوۡرٌ شَكُوۡرٌ ﴿٢٣﴾

(၂၃) ၎င်းသည် အလ္လာဟ်အရှင်မြတ်က အီမာန်ယုံကြည်ပြီး ကောင်းမြတ်သော လုပ်ရပ်များကို ပြုလုပ်ခဲ့ကြသော အရှင်မြတ်၏ကျွန်များအား ပြောကြားတော်မူသော ဝမ်းမြောက်ဖွယ်ရာသတင်းဖြစ်သည်။ (အို-တမန်တော်)အသင် ပြောလိုက်ပါ- ငါသည် အသင်တို့ထံမှ ၎င်း(တရားတော်ပို့ချမှု)နှင့်ပတ်သက်ပြီး ဆွေမျိုးသားချင်းတော်စပ်မှုတွင် ချစ်ခင်မှုမှလွဲ၍❶ မည်သည့်အကျိုးမျှ မတောင်းဆိုပေ။ ထို့ပြင် မည်သူမဆို ကောင်းမှုတစ်စုံတစ်ခုကို ရှာဖွေပြုလုပ်ခဲ့လျှင် ငါအရှင်မြတ်သည် သူ့အတွက် ထိုကောင်းမှုတွင် ကောင်းမြတ်မှုကို တိုးပွားစေတော်မူမည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ ကျေးဇူးသိတတ်သူကို အလွန်အစားပေးတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ တမန်တော်မြတ် ﷺနဲ့ ကုရိုင်းရှ်အမျိုးသားတွေရဲ့ကြားမှာ ဆွေမျိုးသားချင်းတော်စပ်မှုရှိနေခဲ့တယ်။ အဲဒီဆွေမျိုးတော်စပ်မှုကြောင့် အချင်းချင်း ချစ်ခင်နေရမှာ အမှန်ပဲဖြစ်တယ်။ တမန်တော်မြတ် ﷺက သောင်ဟီဒ်တရားဟောကြားလို့ သူတို့ မကြိုက်ရင် လက်မခံဘဲနေကြရုံသာရှိတယ်။ တမန်တော်မြတ် ﷺကိုသူတို့အနေနဲ့ဒုက္ခပေးတာမျိုးမလုပ်သင့်ဘူး။ဆွေမျိုးမျက်နှာထောက်သင့်တယ်လို့ ဆိုလိုတာဖြစ်တယ်။ ဆွေမျိုးတော်စပ်ခြင်းမျက်နှာထောက်ပြီး ငါရဲ့တရားဟောကြားမှုကို မပိတ်ပင်ဘဲလွှတ်ထားပေးဖို့၊ ဒုက္ခမပေးကြဖို့ ငါတောင်းဆိုတာ တစ်ခုပဲရှိတယ်။ ကျန်တဲ့အကျိုးကျေးဇူး အဖိုးအခ ဘာမှ ငါတောင်းတာမရှိဘူးလို့ ဆိုလိုတာဖြစ်တယ်။ (သွင်ဖ်ရီ၊ ဂျာမိအွလ်ဗယာန်)

اَمۡ يَقُوۡلُوۡنَ افۡتَرٰى عَلَى اللّٰهِ كَذِبًا ۚ فَاِنۡ يَّشَاِ اللّٰهُ يَخۡتِمۡ عَلٰى قَلۡبِكَ ؕ وَيَمۡحُ اللّٰهُ الۡبَاطِلَ وَيُحِقُّ الۡحَقَّ بِكَلِمٰتِهٖ ؕ اِنَّهٗ عَلِيۡمٌۢ بِذَاتِ الصُّدُوۡرِ ﴿٢٤﴾

(၂၄) သူတို့က ၎င်း(တမန်တော်)သည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် မုသားကို လုပ်ကြံစွပ်စွဲခဲ့သည်ဟု ပြောဆိုကြသလော။ သို့ဖြစ်လျှင် အကယ်၍ အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူလျှင် အသင်(တမန်တော်)၏စိတ်နှလုံးပေါ်၌ တံဆိပ်ခတ်နှိပ်တော်မူလိုက်မည် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏အာယသ်တော်များဖြင့် အမှားကို ပပျောက်စေတော်မူပြီး အမှန်ကို ခိုင်မာအောင်ပြုလုပ်တော်မူမည်။ အမှန်စင်စစ် အရှင်မြတ်သည် ရင်(စိတ်နှလုံး)များထဲတွင်ရှိသည်များကို အကြွင်းမဲ့သိတော်မူသောအရှင်မြတ် ဖြစ်

တော်မူသည်။

وَهُوَ الَّذِي يَقْبَلُ التَّوْبَةَ عَنْ عِبَادِهِ وَيَعْفُوا عَنِ السَّيِّئَاتِ وَيَعْلَمُ مَا تَفْعَلُونَ ﴿٢٥﴾

(၂၅) ထို့ပြင် ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင် ဖြစ်တော်မူသည်။ အရှင်မြတ်သည် အရှင်မြတ်၏ကျွန်များ၏ ဝန်ချတောင်းပန်ခြင်းကို လက်ခံတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အပြစ်များကို ခွင့်လွှတ်တော်မူသောအရှင် ဖြစ်တော်မူသည့်အပြင် အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှကို သိတော်မူသော အရှင်ဖြစ်တော်မူသည်။[၂]

[၂] အလ္လာဟ်အရှင်မြတ်ဟာ အရှင်မြတ်ရဲ့ကျွန်တွေရဲ့အပြစ်တွေကို သိပါလျက်နဲ့ ခွင့်လွှတ်တော်မူတာဟာ အရှင်မြတ်ရဲ့လူတွေအပေါ်မှာ သနားကြင်နာမှုပဲဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَسْتَجِيبُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَيَزِيدُهُمْ مِنْ فَضْلِهِ ۚ وَالْكَافِرُونَ لَهُمْ عَذَابٌ شَدِيدٌ ﴿٢٦﴾

(၂၆) ထို့ပြင် အရှင်မြတ်သည် အီမာန်ယုံကြည်၍ ကောင်းမြတ်သော လုပ်ရပ်များကို ပြုလုပ်ကြသောသူများ၏ ဆုတောင်းမှုကို လက်ခံတော်မူသည်။ ထို့ပြင် သူတို့အား အရှင်မြတ်၏ကျေးဇူးတော်ဖြင့် တိုးပြီးပေးသနားတော်မူသည်။ ထို့ပြင် ကာဖိရ်များကမူ သူတို့အတွက် ပြင်းထန်သော ပြစ်ဒဏ်ရှိသည်။

وَلَوْ بَسَطَ اللَّهُ الرِّزْقَ لِعِبَادِهِ لَبَغَوْا فِي الْأَرْضِ وَلَٰكِنْ يُنَزِّلُ بِقَدَرٍ مَا يَشَاءُ ۚ إِنَّهُ بِعِبَادِهِ خَبِيرٌ بَصِيرٌ ﴿٢٧﴾

(၂၇) ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ကျွန်များအား စားနပ်ရိက္ခာ ကျယ်ဝန်းစွာ ပေးသနားတော်မူခဲ့လျှင် အမှန်ပင် ၎င်းတို့သည် ကမ္ဘာမြေ၌ သောင်းကျန်းခဲ့ကြမည်ပင် ဖြစ်သည်။ သို့ရာတွင် အရှင်မြတ်သည် (စားနပ်ရိက္ခာကို) အရှင်မြတ်အလိုရှိတော်မူသော အတိုင်းအတာဖြင့် သတ်မှတ်ချပေးတော်မူသည်။ အမှန်စင်စစ် အရှင်မြတ်သည် အရှင်မြတ်၏ကျွန်များနှင့် ပတ်သက်၍ အကြွင်းမဲ့ကြားသိတော်မူသောအရှင်၊ အကြွင်းမဲ့မြင်တော်မူသောအရှင် ဖြစ်တော်မူသည်။

وَهُوَ الَّذِي يُنَزِّلُ الْغَيْثَ مِنْ بَعْدِ مَا قَنَطُوا وَيَنْشُرُ رَحْمَتَهُ ۚ وَهُوَ الْوَلِيُّ الْحَمِيدُ ﴿٢٨﴾

(၂၈) ထို့ပြင် အရှင်မြတ်ကပင် လူတို့မျှော်လင့်ချက်ကင်းမဲ့ကြပြီးသည့် နောက်ပိုင်းတွင် မိုးရေကို ရွာသွန်းစေတော်မူသည်။ ထို့ပြင် အရှင်မြတ်၏ကရုဏာတော်ကို ဖြန့်ပေးတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် ကာကွယ်စောင့်ရှောက်

စောင်မတော်မူသောအဆွေတော် ဖြစ်တော်မူသောအရှင်၊ အလွန်ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင်ဖြစ်တော်မူသည်။

وَمِنْ اٰيٰتِهٖ خَلْقُ السَّمٰوٰتِ وَالْاَرْضِ وَمَا بَثَّ فِيْهِمَا مِنْ دَآبَّةٍ ۚ وَهُوَ عَلٰى جَمْعِهِمْ اِذَا يَشَآءُ قَدِيْرٌ ﴿٢٩﴾

(၂၉) ထို့ပြင် အရှင်မြတ်၏သက်သေလက္ခဏာများထဲတွင် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူခြင်း၊ ထို့ပြင် ထိုနှစ်ခုထဲတွင် ပြန့်ပွားစေတော်မူထားသော သတ္တဝါများကို ဖန်ဆင်းတော်မူခြင်းလည်း ပါဝင်သည်။ ထို့ပြင် အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသည့်အခါ ထိုသတ္တဝါများကို စုရုံးခြင်းအပေါ်တွင် အလွန်တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။

وَمَآ اَصَابَكُمْ مِّنْ مُّصِيْبَةٍ فَبِمَا كَسَبَتْ اَيْدِيْكُمْ وَيَعْفُوْا عَنْ كَثِيْرٍ ﴿٣٠﴾

(၃၀) ထို့ပြင် အသင်တို့တွင် ကျရောက်သောဒုက္ခဟူသမျှသည် အသင်တို့၏လက်များက ဆည်းပူးခဲ့ကြသော လုပ်ရပ်များကြောင့်ပင် ကျရောက်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် ပြစ်မှုများစွာကို ခွင့်လွှတ်တော်မူသည်။❷

❷ လူတွေရှာဖွေဆည်းပူးခဲ့တဲ့ ပြစ်မှုတိုင်းကို အရေးယူနေတာ မဟုတ်ဘဲ ပြစ်မှုအမြောက်အမြားကို ခွင့်လွှတ်တော်မူပြီး ဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَآ اَنْتُمْ بِمُعْجِزِيْنَ فِى الْاَرْضِ ۚ وَمَا لَكُمْ مِّنْ دُوْنِ اللّٰهِ مِنْ وَّلِيٍّ وَّلَا نَصِيْرٍ ﴿٣١﴾

(၃၁) ထို့ပြင် အသင်တို့သည် အရှင်မြတ်အား ကမ္ဘာမြေ(၏ မည်သည့်အစိတ်အပိုင်း၊ မည်သည့်နေရာ)တွင်မျှ မတတ်စွမ်းနိုင်အောင် ပြုလုပ်နိုင်စွမ်းရှိသူများမဟုတ်ကြပေ။ ထို့ပြင် အသင်တို့တွင် အလ္လာဟ်အရှင်မြတ်အပြင် ကာကွယ်စောင့်ရှောက်မည့်သူလည်း မရှိပေ။ ကူညီစောင်မမည့်သူလည်း မရှိပေ။

وَمِنْ اٰيٰتِهِ الْجَوَارِ فِى الْبَحْرِ كَالْاَعْلَامِ ﴿٣٢﴾

(၃၂) ထို့ပြင် အရှင်မြတ်၏သက်သေလက္ခဏာများထဲတွင် ပင်လယ်ထဲ၌ တောင်ကြီးများပမာ သွားလာလှုပ်ရှားနေသောရွက်သင်္ဘောများသည်လည်း အပါအဝင်ဖြစ်ကြသည်။

اِنْ يَّشَاْ يُسْكِنِ الرِّيْحَ فَيَظْلَلْنَ رَوَاكِدَ عَلٰى ظَهْرِهٖ ۗ اِنَّ فِىْ ذٰلِكَ لَاٰيٰتٍ لِّكُلِّ صَبَّارٍ شَكُوْرٍ ﴿٣٣﴾

(၃၃) အကယ်၍ အရှင်မြတ် အလိုရှိတော်မူလျှင် လေကို ငြိမ်သက်စေတော်မူမည်ဖြစ်သည်။ ထို့နောက် ၎င်း(သင်္ဘောများ)သည် သွားလာနိုင်ခြင်းမရှိတော့ဘဲ၊ ယင်း(ပင်လယ်)၏မျက်နှာပြင်ပေါ်တွင် ရပ်တန့်နေကြမည်ဖြစ်သည်။❸ အမှန်စင်စစ် ထိုအထဲတွင် အလွန်သည်းခံသည့်သူတိုင်းနှင့် အလွန်ကျေးဇူးသိ

တတ်သောသူတိုင်းအတွက် အမှန်ပင် သက်သေလက္ခဏာများရှိသည်။

❶ အရှင်မြတ်က လေကို ငြိမ်သက်အောင်လုပ်လိုက်တာနဲ့ လက်ရှိသွားလာနေတဲ့ လေနဲ့ သက်ဆိုင်တဲ့ သင်္ဘောတွေ၊ လေယာဉ်တွေဟာ ရပ်ဆိုင်းသွားတော့မှာဖြစ်တယ်။ အရာရာရဲ့ စီမံခန့်ခွဲမှုဟာ အရှင်မြတ်ရဲ့လက်ထဲမှာပဲ အမြဲမပြတ်ရှိနေတယ်ဆိုတာကို ပြသနေတာဖြစ်တယ်။ (အလင်းပြကျမ်း)

اَوْ يُوْبِقْهُنَّ بِمَا كَسَبُوْا وَيَعْفُ عَنْ كَثِيْرٍ ﴿٣٤﴾

(၃၄) သို့မဟုတ် အရှင်မြတ်သည် (အလိုရှိတော်မူလျှင်)၎င်း(သင်္ဘောသား)တို့ကို သူတို့၏(မကောင်းမှု)ပြုလုပ်ဆည်းပူးမှုများကြောင့် ဖျက်ဆီးတော်မူမည်ဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် များစွာကို ခွင့်လွှတ်ထားတော်မူသည်။

وَّيَعْلَمَ الَّذِيْنَ يُجَادِلُوْنَ فِيْۤ اٰيٰتِنَا ؕ مَا لَهُمْ مِّنْ مَّحِيْصٍ ﴿٣٥﴾

(၃၅) ထို့ပြင် ငါအရှင်မြတ်၏အာယသ်တော်များတွင် အငြင်းပွားနေကြသည့်သူများသည် သူတို့အတွက် ထွက်ပြေးလွတ်မြောက်မည့်နေရာမရှိကြောင်း သိရှိကြရန်အတွက်ဖြစ်သည်။

فَمَاۤ اُوْتِيْتُمْ مِّنْ شَيْءٍ فَمَتَاعُ الْحَيٰوةِ الدُّنْيَا ۚ وَمَا عِنْدَ اللّٰهِ خَيْرٌ وَّاَبْقٰى لِلَّذِيْنَ اٰمَنُوْا وَعَلٰى رَبِّهِمْ يَتَوَكَّلُوْنَ ﴿٣٦﴾

(၃၆) ထို့ပြင် အသင်တို့အား ပေးသနားတော်မူခြင်းခံခဲ့ကြရသောပစ္စည်းဥစ္စာများသည် လောကီဘဝ၏အကျိုးခံစားမှုမျှသာဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ရှိသမျှကမူ အီမာန်ယုံကြည်ပြီး သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အပေါ်တွင် ယုံပုံလွှဲအပ်ကြသည့်သူများအတွက် အကောင်းဆုံးနှင့် အမြဲဆုံးပင် ဖြစ်ကြသည်။

وَالَّذِيْنَ يَجْتَنِبُوْنَ كَبٰٓئِرَ الْاِثْمِ وَالْفَوَاحِشَ وَاِذَا مَا غَضِبُوْا هُمْ يَغْفِرُوْنَ ﴿٣٧﴾

(၃၇) ထို့ပြင် အကြင်သူများအတွက်လည်း ဖြစ်သည်။ ထိုသူများသည် ကြီးလေးသောအပြစ်များနှင့် ညစ်ညမ်းသော မဖွယ်မရာကိစ္စများမှ ရှောင်ကြဉ်ကြသည်။ ထို့ပြင် သူတို့သည် ဒေါသထွက်သည့်အခါ ခွင့်လွှတ်လေ့ရှိကြသည်။

وَالَّذِيْنَ اسْتَجَابُوْا لِرَبِّهِمْ وَاَقَامُوا الصَّلٰوةَ ۪ وَاَمْرُهُمْ شُوْرٰى بَيْنَهُمْ ۪ وَمِمَّا رَزَقْنٰهُمْ يُنْفِقُوْنَ ﴿٣٨﴾

(၃၈) ထို့ပြင် အကြင်သူများအတွက်လည်းဖြစ်သည်။ ထိုသူများသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား လက်ခံနာယူခဲ့ကြသည်။ ထို့ပြင် သူတို့သည် စွလာသ်ဝတ်ပြုမှုကို တည်ဆောက်ကြသည်။ ထို့ပြင် သူတို့၏အရေးကိစ္စများတွင် သူတို့အချင်းချင်း ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြသည်။

ထို့ပြင် သူတို့သည် ငါအရှင်မြတ်က သူတို့အား ပေးသနားထားတော်မူသော ပစ္စည်းဥစ္စာများထဲမှ သုံးစွဲလှူဒါန်းကြသည်။

وَالَّذِيْنَ اِذَآ اَصَابَهُمُ الْبَغْيُ هُمْ يَنْتَصِرُوْنَ ﴿٣٩﴾

(၃၉) ထို့ပြင် အကြင်သူများအတွက်ဖြစ်သည်။ ထိုသူများသည် မတရား နှိပ်စက်ခံကြရသောအခါ သူတို့သည် (သူတို့ခံကြရသည်မျှသာ) လက်စားချေ လေ့ရှိကြသည်။❶

❶ အရှင်မြတ်ထံတော်မှာရှိတဲ့ တည်တံ့ခိုင်မြဲတဲ့စည်းစိမ်တွေကို ရရှိခံစားကြရမဲ့ ဂျန္နသ်သုခဘုံသားတွေရဲ့အချို့ဂုဏ်အရည်အချင်းတွေကို ဖော်ပြထားတာဖြစ်တယ်။(၁) အရှင်မြတ်ကို ယုံကြည်ခြင်း (၂) အရှင်မြတ်ခွင့်ပြုတော်မူထားတဲ့ အကြောင်းခံတွေကို အသုံးပြုလျက် အရှင်မြတ်အပေါ်မှာ ယုံပုံလွှဲအပ်ခြင်း (၃) အပြစ်ကြီးတွေကနေ ရှောင်ကြဉ်ခြင်း (၄) ဒေါသထွက်တဲ့အခါ ခွင့်လွှတ်ခြင်း (၅) အရှင်မြတ်ရဲ့အမိန့်တော်တွေကို နာခံခြင်း (၆) စွလာသ်ဝတ်ပြုခြင်း (၇) အချင်းချင်းတိုင်ပင်ဆွေးနွေးခြင်း (၈) သုံးစွဲလှူဒါန်းမှုတွေ ပြုလုပ်ခြင်း (၉) ခွင့်လွှတ်မှုရှေ့ထားပြီး မဖြစ်မနေ လက်စားချေသင့်သူကို တရားသဖြင့် လက်စားချေခြင်း စတာတွေဖြစ်တယ်။ (အလင်းပြကျမ်း)

وَجَزٰٓؤُا سَيِّئَةٍ سَيِّئَةٌ مِّثْلُهَا ۚ فَمَنْ عَفَا وَاَصْلَحَ فَاَجْرُهٗ عَلَى اللّٰهِ ؕ اِنَّهٗ لَا يُحِبُّ الظّٰلِمِيْنَ ﴿٤٠﴾

(၄၀) ထို့ပြင် မကောင်းပြုလုပ်ခြင်း၏အစားသည် ထိုမကောင်းမှု၏ အတိုင်းအတာခန့် မကောင်းပြန်လုပ်ခြင်း❷သာဖြစ်သည်။ ထို့နောက် မည်သူမဆို ခွင့်လွှတ်ခဲ့လျှင်၊ ထို့ပြင် (အချင်းချင်းပြေလည်)ကောင်းမွန်အောင် ပြုပြင်ခဲ့လျှင် ထိုသူ့အား အကျိုးပေးရန်တာဝန်သည် အလ္လာဟ်အရှင်မြတ်၌ပင်ရှိသည်။ အမှန်စင်စစ် အရှင်မြတ်သည် မတရားသည့်သူများကို နှစ်သက်တော်မမူပေ။

❷ မကောင်းပြုလုပ်တဲ့အစားကို အဲဒီပုံစံအတိုင်း ပြန်လက်စားချေတာကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

وَلَمَنِ انْتَصَرَ بَعْدَ ظُلْمِهٖ فَاُولٰٓئِكَ مَا عَلَيْهِمْ مِّنْ سَبِيْلٍ ﴿٤١﴾

(၄၁) ထို့ပြင် အမှန်မှာ မည်သူမဆို မတရားနှိပ်စက်ခြင်းခံခဲ့ရပြီးနောက် (အညီအမျှ)လက်စားချေခဲ့လျှင် ထိုသို့သောသူများအပေါ်တွင် အပြစ်တင်စရာ နည်းလမ်းမရှိပေ။

اِنَّمَا السَّبِيْلُ عَلَى الَّذِيْنَ يَظْلِمُوْنَ النَّاسَ وَيَبْغُوْنَ فِى الْاَرْضِ بِغَيْرِ الْحَقِّ ؕ اُولٰٓئِكَ لَهُمْ عَذَابٌ اَلِيْمٌ ﴿٤٢﴾

(၄၂) အပြစ်တင်စရာနည်းလမ်းကမူ လူများအပေါ်တွင် နှိပ်စက်ကြသော တိုင်းပြည်တွင် မတရားဆူပူသောင်းကျန်းဆိုးသွမ်းကြသောသူများအပေါ်၌ပင် ရှိသည်။ ထိုသူများအတွက် အလွန်နာကျင်စေသော ပြစ်ဒဏ်ရှိမည်။

وَلَمَنْ صَبَرَ وَغَفَرَ اِنَّ ذٰلِكَ لَمِنْ عَزْمِ الْاُمُوْرِ ﴿٤٣﴾

(၄၃) ထို့ပြင် အမှန်စင်စစ် မည်သူမဆို သည်းခံ၍ ခွင့်လွှတ်ခဲ့လျှင် အမှန်စင်စစ် ထိုသို့ပြုလုပ်ခြင်းသည် ဖွဲသတ္တိနှင့်ဆိုင်သောကိစ္စများထဲတွင် အမှန်ပင်ပါဝင်သည်။

وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ وَّلِيٍّ مِّنْۢ بَعْدِهٖ ؕ وَتَرَى الظّٰلِمِيْنَ لَمَّا رَاَوُا الْعَذَابَ يَقُوْلُوْنَ هَلْ اِلٰى مَرَدٍّ مِّنْ سَبِيْلٍ ﴿٤٤﴾

(၄၄) ထို့ပြင် အကြင်သူ့ကို အလ္လာဟ်အရှင်မြတ်သည် လမ်းမှား၌ပင်ရှိစေတော်မူလျှင် အရှင်မြတ်၏နောက် ထိုသူ့အတွက် (လမ်းမှန်ရောက်ရန်)ကူညီပေးနိုင်မည့်သူမရှိတော့ပေ။ ထို့ပြင် အသင်သည် (တမလွန်ဘဝတွင်) မတရားသူများအား သူတို့သည် ပြစ်ဒဏ်ကို မြင်ကြသည့်အခါ "(လောကသို့)ပြန်သွားရန်နည်းလမ်းတစ်စုံတစ်ရာရှိပါသလော"ဟု ပြောဆိုနေကြမည်ကို တွေ့မြင်ရမည်ဖြစ်သည်။

وَتَرٰىهُمْ يُعْرَضُوْنَ عَلَيْهَا خٰشِعِيْنَ مِنَ الذُّلِّ يَنْظُرُوْنَ مِنْ طَرْفٍ خَفِيٍّ ؕ وَقَالَ الَّذِيْنَ اٰمَنُوْٓا اِنَّ الْخٰسِرِيْنَ الَّذِيْنَ خَسِرُوْٓا اَنْفُسَهُمْ وَاَهْلِيْهِمْ يَوْمَ الْقِيٰمَةِ ؕ اَلَآ اِنَّ الظّٰلِمِيْنَ فِيْ عَذَابٍ مُّقِيْمٍ ﴿٤٥﴾

(၄၅) ထို့ပြင် အသင်သည် သူတို့အား ယင်း(ငရဲမီး)ရှေ့၌ သေးသိမ်မှုနှင့် နိမ့်ကျသူများဖြစ်လျက် ယူဆောင်လာခြင်းခံရသည်ကို တွေ့မြင်ရလိမ့်မည်။ သူတို့သည် (ပြောင်မကြည့်ရဲ၍) ခိုးဝှက်ကြည့်ကြမည်။ ထို့ပြင် အီမာန်ယုံကြည်သူများက (ဤသို့)ပြောဆိုကြမည် - အမှန်စင်စစ် ဆုံးရှုံးပျက်စီးသည့်သူများသည် အကြင်သူတို့ပင်ဖြစ်သည်။ ထိုသူတို့သည်ကိယာမသ်နေ့တွင် သူတို့သာမက သူတို့နှင့် ပတ်သက်သည့်သူများအား ဆုံးရှုံးပျက်စီးစေသည့်သူများပင် ဖြစ်ကြသည်။ သတိထားကြပါ၊ အမှန်စင်စစ် မတရားကျူးလွန်သူများသည် အမြဲခံကြရမည့် ပြစ်ဒဏ်၌ပင် ရှိကြမည်။

وَمَا كَانَ لَهُمْ مِّنْ اَوْلِيَآءَ يَنْصُرُوْنَهُمْ مِّنْ دُوْنِ اللّٰهِ ؕ وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ سَبِيْلٍ ﴿٤٦﴾

(၄၆) ထို့ပြင် အလ္လာဟ်အရှင်မြတ်နှင့်ဆန့်ကျင်ပြီး (အရှင်မြတ်မှလွဲ၍) သူတို့အား အကူအညီပေးမည့် ကာကွယ်စောင့်ရှောက်မည့်သူများထဲမှ သူတို့အတွက် မည်သူမျှ ရှိမည်မဟုတ်ပေ။ ထို့ပြင် အကြင်သူ့ကို အလ္လာဟ်အရှင်မြတ်သည် လမ်းမှား၌ပင် ရှိစေတော်မူလျှင် ထိုသူ့တွင်(လမ်းမှန်ရရန်) မည်သည့်နည်းလမ်းမျှ မရှိတော့ပေ။

اِسْتَجِيْبُوْا لِرَبِّكُمْ مِّنْ قَبْلِ اَنْ يَّاْتِيَ يَوْمٌ لَّا مَرَدَّ لَهٗ مِنَ اللّٰهِ ؕ مَا لَكُمْ مِّنْ مَّلْجَاٍ يَّوْمَئِذٍ وَّمَا
لَكُمْ مِّنْ نَّكِيْرٍ ﴿٤٧﴾

(၄၇) အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော်ကို အကြွင်းမဲ့မတိုင်မီ နာခံကြပါ။ အလ္လာဟ်အရှင်မြတ်ဘက်မှ ထိုနေ့ကို ဖယ်ရှားခြင်း၊ ရွှေ့ဆိုင်းခြင်း ရှိမည်မဟုတ်ပေ။ ထိုနေ့တွင် အသင်တို့အတွက် ခိုလှုံစရာနေရာလည်းရှိမည် မဟုတ်ပေ။ ထို့ပြင် အသင်တို့အတွက် (ထိုအပြစ်ဒဏ်ကို) ငြင်းဆိုနိုင်ခြင်းလည်း ရှိမည်မဟုတ်ပေ။ (အသင်တို့အား မမှတ်မိအောင် ရှောင်တိမ်းနေရန်လည်း မရှိပေ)။

فَاِنْ اَعْرَضُوْا فَمَاۤ اَرْسَلْنٰكَ عَلَيْهِمْ حَفِيْظًا ؕ اِنْ عَلَيْكَ اِلَّا الْبَلٰغُ ؕ وَاِنَّاۤ اِذَاۤ اَذَقْنَا الْاِنْسَانَ
مِنَّا رَحْمَةً فَرِحَ بِهَا ۚ وَاِنْ تُصِبْهُمْ سَيِّئَةٌۢ بِمَا قَدَّمَتْ اَيْدِيْهِمْ فَاِنَّ الْاِنْسَانَ كَفُوْرٌ ﴿٤٨﴾

(၄၈) ထို့နောက်လည်း သူတို့သည် မျက်နှာလွှဲခဲ့ကြလျှင် ငါအရှင်မြတ်သည် အသင့်အား သူတို့အပေါ်တွင် စောင့်ကြပ်သူအဖြစ် စေလွှတ်တော်မူခဲ့သည် မဟုတ်ပေ။ အသင်၏တာဝန်မှာ အမိန့်တော်များကို ပို့ဆောင်ခြင်းပင် ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ငါအရှင်မြတ်ထံတော်မှ လူသားကို ကျေးဇူးစည်းစိမ်တစ်စုံတစ်ခု မြည်းစမ်းစေသည့်အခါ ၎င်းသည် ထိုကျေးဇူးစည်းစိမ်ကြောင့် ဝမ်းသာပျော်ရွှင်လေ့ရှိသည်။ ထို့ပြင် အကယ်၍ သူတို့တွင် သူတို့၏လက်များက ကြိုတင်ပို့လိုက်သော လုပ်ရပ်များကြောင့် ဒုက္ခတစ်စုံတစ်ခု ကျရောက်လာလျှင် အမှန်စင်စစ် ထိုလူသားသည် အလွန်ကျေးဇူးကန်းသူဖြစ်သွားတော့သည်။

لِلّٰهِ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ؕ يَخْلُقُ مَا يَشَاۤءُ ؕ يَهَبُ لِمَنْ يَّشَاۤءُ اِنَاثًا وَّيَهَبُ لِمَنْ يَّشَاۤءُ الذُّكُوْرَ ﴿٤٩﴾

(၄၉) မိုးကောင်းကင်များနှင့် မြေပထဝီကို စိုးမိုးအုပ်ချုပ်မှုအာဏာသည် အလ္လာဟ်အရှင်မြတ်၌ပင် ရှိသည်။ အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောအရာကို ဖန်ဆင်းတော်မူသည်။ အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို သမီးမိန်းကလေးများ ပေးသနားတော်မူပြီး အရှင်မြတ်အလိုရှိတော်မူသောသူကို သားယောကျ်ားကလေးများ ပေးသနားတော်မူသည်။

اَوْ يُزَوِّجُهُمْ ذُكْرَانًا وَّاِنَاثًا ۚ وَيَجْعَلُ مَنْ يَّشَاۤءُ عَقِيْمًا ؕ اِنَّهٗ عَلِيْمٌ قَدِيْرٌ ﴿٥٠﴾

(၅၀) သို့မဟုတ် အရှင်မြတ်သည် သူတို့အား သားယောကျ်ားကလေးနှင့် သမီးမိန်းကလေးကို ရောပြီးစုံလိုက်ပေးတော်မူသည်။ ထို့ပြင် အရှင်မြတ်

အလိုရှိတော်မူသောသူကို အမြဲ့ ပြုလုပ်ထားတော်မူသည်။ အမှန်စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ အလွန်တတ်စွမ်းနိုင်တော်မူသော အရှင်ဖြစ်တော်မူသည်။❶

❶ အလ္လာဟ်အရှင်မြတ်ပဲ စီမံခန့်ခွဲပြီး ပေးသနားတော်မူနေတာ ဖြစ်တယ်။ လူသားက ယောကျ်ားလေးလိုချင်တဲ့အခါ ယောကျ်ားလေးပဲ မွေးအောင်ဆိုပြီး စီစဉ်လို့မရတာကို ကြည့်ရင်ပဲ အရှင်မြတ်ကသာ စီမံခန့်ခွဲမှုကို ပိုင်ဆိုင်နေတာဖြစ်တယ်ဆိုတာ သိရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا كَانَ لِبَشَرٍ اَنْ يُّكَلِّمَهُ اللّٰهُ اِلَّا وَحْيًا اَوْ مِنْ وَّرَآئِ حِجَابٍ اَوْ يُرْسِلَ رَسُوْلًا فَيُوْحِيَ بِاِذْنِهٖ مَا
يَشَآءُ ؕ اِنَّهٗ عَلِيٌّ حَكِيْمٌ ﴿٥١﴾

(၅၁) အလ္လာဟ်အရှင်မြတ်သည် ဝဟီအမိန့်တော် အရိပ်အခြေပြ ပို့ချတော်မူသည်မှလွဲ၍၊ သို့မဟုတ် အကွယ်နောက်မှလွဲ၍ မည်သည့်လူသားနှင့်မျှ စကားပြောတော်မမူပေ။ သို့မဟုတ် အရှင်မြတ်သည် စေတမန်တစ်ပါးပါးကို စေလွှတ်တော်မူပြီး ထိုစေတမန်က အရှင်မြတ်၏ အမိန့်တော်နှင့် အရှင်မြတ်အလိုရှိတော်မူသော ဝဟီထုတ်ပြန်ချက်ကို ပေးပို့သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်မြင့်မားထွတ်မြတ်လှတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။❷

❷ အရှင်မြတ်က လူသားကို ပုံစံသုံးမျိုးနဲ့ စကားပြောတော်မူတယ်။ (၁) အရှင်မြတ်က အကွယ်ကနေ စကားပြောတော်မူခြင်း။ ဥပမာ - သွူရ်တောင်ပေါ်မှာ တမန်တော်မူစာ عليه السلامကို အရှင်မြတ်က အကွယ်မှ စကားပြောတော်မူခြင်း။ (အရှင်မြတ်ကို မမြင်နိုင်၊ အသံပဲ ကြားနိုင်တာဖြစ်တယ်)။ (၂) ကောင်းကင် တမန်ဂျိဗ်ရီလ် عليه السلامနဲ့ တစ်ဆင့် စကားပြောကြားခြင်း။ ကောင်းကင်တမန်က အရှင်မြတ်မှာကြားလိုက်တဲ့ စကားတွေကို တမန်တော်ရဲ့စိတ်နှလုံးထဲကို ကာယကံရှင်ကလွဲပြီး ဘယ်သူမှ မသိအောင် ထည့်ပေးလိုက်တာဖြစ်တယ်။ အဲဒါကို ဝဟီပို့ချခြင်းလို့ခေါ်တယ်။ ဥပမာ - ကုရ်အာန်ကျမ်းတော်မြတ်ဟာ အဲဒီနည်းနဲ့ ကျရောက်ခဲ့တာဖြစ်တယ်။ (၃) တမန်တော် ﷺ ထံကို ကောင်းကင်တမန်ဟာ လူတစ်ယောက်ယောက်ရဲ့ပုံစံနဲ့ ရောက်ရှိလာပြီး အရှင်မြတ်ရဲ့ စကားတွေကို ပြောပြခြင်း။ ဒီနည်းမှာ တမန်တော်အပြင် တခြားသူတွေလည်း အသံကြားရပြီး မြင်လည်းမြင်ရတယ်။ ဥပမာ - တမန်တော်မြတ် ﷺ ထံကို ကောင်းကင်တမန်ဂျိဗ်ရီလ် عليه السلامဟာ သာဝကကြီးတစ်ဦးဖြစ်သူ ဒိဟ်ယဟ်ကလ်ဗီ رضي الله عنهရဲ့ ပုံစံနဲ့ လာလေ့ရှိတယ်။ ပြီးတော့ လူအတိုင်းပဲ စကားပြောခဲ့တာ ဖြစ်တယ်။ သူဟာ ကောင်းကင်တမန်တစ်ဦးဖြစ်မှန်း တမန်တော်မြတ် ﷺ ပဲ သိတော်မူတယ်။ အခြားသူတွေကတော့ သာဝကလို့ပဲ ထင်မှတ်နေကြတယ်။ (အလင်းပြကျမ်း)

وَكَذٰلِكَ اَوْحَيْنَآ اِلَيْكَ رُوْحًا مِّنْ اَمْرِنَا ؕ مَا كُنْتَ تَدْرِيْ مَا الْكِتٰبُ وَلَا الْاِيْمَانُ وَ
لٰكِنْ جَعَلْنٰهُ نُوْرًا نَّهْدِيْ بِهٖ مَنْ نَّشَآءُ مِنْ عِبَادِنَا ؕ وَاِنَّكَ لَتَهْدِيْٓ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٥٢﴾

(၅၂) ထိုအတိုင်းပင် ငါအရှင်မြတ်သည် ငါအရှင်မြတ်၏အမိန့်တော်များ

ထဲမှ ရူဟ်(ဟူသည့် ကုရ်အာန်ကျမ်းတော်မြတ်)ကို အသင့်ထံထုတ်ပြန်တော်မူခဲ့သည်။ အသင်သည် ကျမ်းဂန်ဟူသည် မည်သည်နည်း၊ ထို့ပြင် အီမာန်ဟူသည် မည်သည်နည်းဟု သိရှိခဲ့သည်မဟုတ်ပေ။ သို့ရာတွင် ငါအရှင်မြတ်သည် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို လင်းရောင်ခြည်ပြုလုပ်တော်မူပြီး ၎င်း(လင်းရောင်ခြည်)ဖြင့် ငါအရှင်မြတ်သည် ငါအရှင်မြတ်၏ကျွန်များထဲမှ ငါအရှင်မြတ် အလိုရှိတော်မူသောသူကို လမ်းမှန်ညွှန်ကြားပြသတော်မူသည်။❶ ထို့ပြင် အမှန်စင်စစ် အသင်သည် ဖြောင့်မတ်သော တရားလမ်းကို အမှန်ပင် ညွှန်ကြားပြသလျက်ရှိသည်။❷

❶ ကုရ်အာန်ကျမ်းတော်မြတ်ဟာ အရှင်မြတ်ရဲ့နူရ်ရောင်ခြည်ဖြစ်တယ်။ အဲဒီရောင်ခြည်နဲ့ အရှင်မြတ် အလိုရှိတော်မူတဲ့သူကို နှစ်ဘဝစလုံးရဲ့အောင်မြင်မှုရမဲ့လမ်းကို ညွှန်ကြားပြသတော်မူတယ်။ (အလင်းပြကျမ်း) ❷ တမန်တော်မြတ် ﷺ ဟာ လူသားအားလုံးကို အရှင်မြတ်နဲ့ နီးကပ်စေမဲ့ ဖြောင့်မတ်မှန်ကန်တဲ့လမ်းကို အမြဲညွှန်ကြားပြသလျက်ရှိတယ်။ လိုက်နာတဲ့သူဟာ အရှင်မြတ်ရဲ့အနားကို ရောက်မှာဖြစ်တယ်။ မလိုက်နာရင် တမန်တော်မြတ် ﷺ မှာ တာဝန်မရှိဘူး။ (အလင်းပြကျမ်း)

صِرَاطِ اللّٰهِ الَّذِیْ لَهٗ مَا فِی السَّمٰوٰتِ وَمَا فِی الْاَرْضِ ؕ اَلَاۤ اِلَی اللّٰهِ تَصِیْرُ الْاُمُوْرُ ﴿٥٣﴾

(၅၃) အကြင်အလ္လာဟ်အရှင်မြတ်၏တရားလမ်းကို(ညွှန်ကြားပြသနေခြင်းဖြစ်သည်)။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များတွင်ရှိသမျှနှင့် မြေပထဝီတွင်ရှိသမျှကို ပိုင်ဆိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။ သတိပြုကြပါ၊ အရေးကိစ္စဟူသမျှသည် အလ္လာဟ်အရှင်မြတ်ထံတော်သို့ပင် ပြန်လည်ရောက်ရှိကြမည်ဖြစ်သည်။

==================================================

رکوعاتها ٧ ٤٣ سُوْرَةُ الزُّخْرُفِ مَكِّيَّةٌ ٦٣ اٰیاتها ٨٩

# စူရဟ် ဇုခ်ရုဖ် (ရွှေကဏ္ဍာ) سُوْرَةُ الزُّخْرُفِ

==================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

حٰمٓ ۚ ﴿١﴾

(၁) ဟာ မီမ် ။

وَالۡكِتٰبِ الۡمُبِيۡنِ ۙ ﴿٢﴾

(၂) (ငါအရှင်မြတ်သည်) ရှင်းလင်းထင်ရှားသောကျမ်းဂန်ကို သက်သေထူတော်မူသည်။

اِنَّا جَعَلۡنٰهُ قُرۡءٰنًا عَرَبِيًّا لَّعَلَّكُمۡ تَعۡقِلُوۡنَ ۚ ﴿٣﴾

(၃) အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့ သိနားလည်ကြရန်အတွက် ထိုကျမ်းဂန်ကို အရဗီဘာသာစကားဖြင့် (ထုတ်ပြန်သည့်) ကုရ်အာန်ကျမ်းတော်မြတ်အဖြစ်ပြုလုပ်တော်မူသည်။❸

❸ ကုရ်အာန်ကျမ်းတော်မြတ်ကို အမိဘာသာစကားနဲ့ အရပ်တွေကို ထုတ်ပြန်ချမှတ် ပေးလိုက်တာဖြစ်တယ်။ သူတို့ကမှတစ်ဆင့် လူမျိုးတိုင်းထံကို အဲဒီဘာသာစကားကို သင်ကြားပို့ချပေးပြီး ဖြန့်ပေးတော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِنَّهٗ فِىۡۤ اُمِّ الۡكِتٰبِ لَدَيۡنَا لَعَلِىٌّ حَكِيۡمٌ ؕ ﴿٤﴾

(၄) ထို့ပြင် အမှန်စင်စစ် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)သည် ငါအရှင်မြတ်ထံရှိ ပင်မကျမ်းတော်ကြီး(ဖြစ်သော လောင်းဟော့မဟ်ဖူဇ္ဖ် သင်ပုန်း)တွင် အမှန်ပင် မြင့်မားထွတ်မြတ်လှပြီး ပညာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသောကျမ်းဖြစ်သည်။❹

❹ အရှင်မြတ်က လူသားတွေအတွက် အရေးတကြီးလိုအပ်မဲ့ အမိန့်တော်တွေကို ပင်မကျမ်းတော်သင်ပုန်းကြီးကနေ ရွေးချယ်ယူပြီး တမန်တော်မြတ် ﷺ ထံကို ချပေးတော်မူခဲ့တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

اَفَنَضۡرِبُ عَنۡكُمُ الذِّكۡرَ صَفۡحًا اَنۡ كُنۡتُمۡ قَوۡمًا مُّسۡرِفِيۡنَ ﴿٥﴾

(၅) ထို့နောက် အသင်တို့သည် စည်းကမ်းကျူးလွန်သည့်သူများ ဖြစ်ခြင်းကြောင့် (ဤ)ဆုံးမသြဝါဒကျမ်းကို ငါအရှင်မြတ်သည် အသင်တို့ထံမှ ပြန်

ရုပ်သိမ်းရမည်လော။(လွှဲဖယ်လိုက်ရမည်လော)။

وَكَمْ اَرْسَلْنَا مِنْ نَّبِيٍّ فِى الْاَوَّلِيْنَ ۝٦

(၆) ထို့ပြင် ငါအရှင်မြတ်သည် ပထမလူများထံသို့ တမန်တော်အမြောက်အမြား စေလွှတ်တော်မူခဲ့သည်။

وَمَا يَاْتِيْهِمْ مِّنْ نَّبِيٍّ اِلَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ۝٧

(၇) ထို့ပြင် သူတို့သည် သူတို့ထံသို့ ရောက်လာသော တမန်တော်တိုင်းအား ပြောင်လှောင်ခဲ့ကြသည်။

فَاَهْلَكْنَآ اَشَدَّ مِنْهُمْ بَطْشًا وَّمَضٰى مَثَلُ الْاَوَّلِيْنَ ۝٨

(၈) သို့ဖြစ်ရာ ငါအရှင်မြတ်သည် ၎င်းတို့ထက် အင်အားပိုပြင်းထန်သည့်သူများကိုပင် ဖျက်ဆီးတော်မူခဲ့သည်။ ထို့ပြင် ပထမလူများ၏အကြောင်းသည် လွန်ခဲ့ပြီးဖြစ်သည်။

وَلَئِنْ سَاَلْتَهُمْ مَّنْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ لَيَقُوْلُنَّ خَلَقَهُنَّ الْعَزِيْزُ الْعَلِيْمُ ۝٩

(၉) ထို့ပြင် အကယ်၍ အသင်သည် သူတို့အား "မိုးကောင်းကင်များနှင့် မြေပထဝီအား မည်သူဖန်ဆင်းခဲ့သနည်း"ဟု မေးခဲ့လျှင် သူတို့က ၎င်းတို့ကို တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်က ဖန်ဆင်းခဲ့ခြင်းဖြစ်သည်ဟု အမှန်စင်စစ် ဖြေဆိုကြမည်။

الَّذِىْ جَعَلَ لَكُمُ الْاَرْضَ مَهْدًا وَّجَعَلَ لَكُمْ فِيْهَا سُبُلًا لَّعَلَّكُمْ تَهْتَدُوْنَ ۝١٠

(၁၀) ထိုအရှင်မြတ်သည် အသင်တို့အတွက် မြေပထဝီကို အခင်းပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အတွက် ၎င်း(မြေပထဝီ)တွင် အသင်တို့သည် (အသင်တို့လိုရာခရီးများသို့ ရောက်ရှိမည့်)လမ်းမှန်ကို ရရှိကြရန်အတွက် လမ်း(ပန်းအဆက်အသွယ်)များကို ပြုလုပ်ဖန်တီးပေးထားတော်မူခဲ့သည်။

وَالَّذِىْ نَزَّلَ مِنَ السَّمَآءِ مَآءًۢ بِقَدَرٍ ۚ فَاَنْشَرْنَا بِهٖ بَلْدَةً مَّيْتًا ۚ كَذٰلِكَ تُخْرَجُوْنَ ۝١١

(၁၁) ထို့ပြင် ထိုအရှင်မြတ်သည် မိုးကောင်းကင်မှမိုးရေကို အတိုင်းအတာအချိန်အဆဖြင့် ရွာသွန်းစေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်ပင် ၎င်း(မိုးရေ)ဖြင့်(ခြောက်သွေ့)သေနေသောမြို့ရွာ(မြေယာ) များကို ရှင်သန်(စိမ်းစို)စေတော်မူခဲ့သည်။ ထိုသို့ပင် အသင်တို့လည်း (သင်္ချိုင်းထဲမှ ရှင်ပြန်)ထွက်စေခြင်းကို ခံကြရမည်ဖြစ်သည်။

وَالَّذِىۡ خَلَقَ الۡاَزۡوَاجَ كُلَّهَا وَجَعَلَ لَـكُمۡ مِّنَ الۡفُلۡكِ وَالۡاَنۡعَامِ مَا تَرۡكَبُوۡنَۙ ﴿١٢﴾

(၁၂) ထို့ပြင် ထိုအရှင်မြတ်သည် ဖိုမစုံတွဲအမျိုးအစားမျိုးစုံကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အတွက် အသင်တို့ စီးနင်းကြသောသင်္ဘောများနှင့် ခြေလေးချောင်းတိရစ္ဆာန်များကို ပြုလုပ်ဖန်ဆင်းတော်မူခဲ့သည်။

لِتَسۡتَوٗا عَلٰى ظُهُوۡرِهٖ ثُمَّ تَذۡكُرُوۡا نِعۡمَةَ رَبِّكُمۡ اِذَا اسۡتَوَيۡتُمۡ عَلَيۡهِ وَتَقُوۡلُوۡا سُبۡحٰنَ الَّذِىۡ سَخَّرَ لَـنَا هٰذَا وَمَا كُنَّا لَهٗ مُقۡرِنِيۡنَۙ ﴿١٣﴾

(၁၃) အသင်တို့သည် သူတို့၏ကျောကုန်းများပေါ်တွင် ကျနစွာ တက်စီးကြရန်အတွက်၊ ထို့ပြင် အသင်တို့သည် ၎င်းအပေါ်တွင် ကျနစွာ တက်စီးခဲ့ကြသည့်အခါ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ကျေးဇူးတော်ကို သတိရတသကြရန်အတွက်၊ ထို့ပြင် (ဤသို့)ပြောဆိုကြရန်အတွက် ဖြစ်သည်။ "ကျွန်ုပ်တို့သည် ဤအစီးအနင်းကို နိုင်နင်းကြသူများမဟုတ်ခဲ့ပါဘဲလျက် ကျွန်ုပ်တို့အတွက် ၎င်းကို နိုင်နင်းစေတော်မူခဲ့သည့်အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါသည်။"

وَاِنَّاۤ اِلٰى رَبِّنَا لَمُنۡقَلِبُوۡنَ ﴿١٤﴾

(၁၄) "ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်သို့ပင် အမှန်ပင် ပြန်သွားကြရမည့်သူများဖြစ်ကြသည်။"❶

❶ ဒီဒုအာဆိုနိုင်းတာဟာ အစီးအနင်းစီးတဲ့အခါတိုင်း ဒီအစီးအနင်းတွေအပေါ်မှာ အရှင်မြတ်က ကျွန်တော်တို့ကို ချုပ်ကိုင်နိုင်တဲ့အင်အားပေးထားလို့ အလွယ်တကူ စီးနင်းလို့ရတာပါလားဆိုတဲ့ အသိစိတ်ဓာတ်ဝင်လာပြီးရင် အရာရာကို နိုင်နင်းတော်မူတဲ့အရှင်မြတ်ထံတော်ကို တစ်နေ့ ပြန်ရမှာပါလားဆိုပြီး သတိတရားရဖို့အတွက်၊ ပြီးတော့ အရှင်မြတ်ကို ကျေးဇူးတင်ကြဖို့အတွက်ဖြစ်တယ်။ (အလင်းပြကျမ်း)

وَجَعَلُوۡا لَهٗ مِنۡ عِبَادِهٖ جُزۡءًا ؕ اِنَّ الۡاِنۡسَانَ لَـكَفُوۡرٌ مُّبِيۡنٌ ؕ‏ ﴿١٥﴾

(၁၅) ထို့ပြင် သူတို့သည် အရှင်မြတ်၏ကျွန်များထဲမှ(အချို့ကို)အရှင်မြတ်၏အစိတ်အပိုင်းတစ်ခုဟု သတ်မှတ်ပြုလုပ်ခဲ့ကြသည်။ အမှန်စင်စစ် လူသားသည် ထင်ရှားသော ကျေးဇူးကန်းသူပင်ဖြစ်သည်။❷

❷ တချို့လူသားဟာ အရှင်မြတ်ကို ကျေးဇူးတင်ရမဲ့အစား ကျေးဇူးကန်းကြတယ်။ အရှင်မြတ်မှာ သမီးတွေရှိတယ်လို့ပြောတာဟာ ဖန်ဆင်းရှင်နဲ့ ဖန်ဆင်းခံကို လုပ်ကြံရောစပ်ခြင်းပဲဖြစ်တယ်။ ဒါဟာ လုံးဝမအပ်စပ်တဲ့ကိစ္စကြီး ဖြစ်တယ်။ အရှင်မြတ်ဟာ ဘယ်သူနဲ့မှ ရောစပ်ခြင်းမရှိဘဲ လုံးဝ

သီးခြားစင်ကြယ်သန့်ရှင်းတော်မူတယ်။ (အလင်းပြကျမ်း)

اَمِ اتَّخَذَ مِمَّا يَخْلُقُ بَنٰتٍ وَّاَصْفٰكُمْ بِالْبَنِيْنَ ﴿١٦﴾

(၁၆) အရှင်မြတ်သည် အရှင်မြတ်၏အဖန်ဆင်းခံများထဲမှ (အရှင်မြတ်အတွက် အသင်တို့ မလိုလားသည့်)သမီးမိန်းကလေးများအား ရွေးချယ်ပြုလုပ်တော်မူပြီး အသင်တို့ကိုမူ (အသင်တို့လိုလားသည့်)သားယောကျ်ားကလေးများဖြင့် မြှောက်စားရွေးချယ်ပေးတော်မူခဲ့သလော။

وَاِذَا بُشِّرَ اَحَدُهُمْ بِمَا ضَرَبَ لِلرَّحْمٰنِ مَثَلًا ظَلَّ وَجْهُهٗ مُسْوَدًّا وَّهُوَ كَظِيْمٌ ﴿١٧﴾

(၁၇) ထို့ပြင် သူတို့ထဲမှတစ်စုံတစ်ဦးသည် သူကိုယ်တိုင် အနန္တကရုဏာတော်ရှင်အား ခိုင်းနှိုင်းဖော်ပြစော်ကားခဲ့သည့်အရာနှင့် သတင်းစကားပြောကြားခြင်းကို ခံရသည့်အခါ သူသည် စိတ်ထဲမှ ခံစားမှုကို မျိုသိပ်ချုပ်တည်းလျက် သူ၏မျက်နှာမှာ ညှိုးနွမ်းမည်းမှောင်ပြီး နေတော့သည်။❷

❷ သူတို့ပဲ အရှင်မြတ်မှာ သမီးတွေရှိတယ်လို့ စွပ်စွဲထားပြီး အဲဒီသမီးတွေရဲ့ပုံတွေလို့ဆိုကာ ရုပ်တုလုပ် ကိုးကွယ်နေကြပြီးတော့ သမီးမိန်းကလေး မွေးလာတဲ့အခါ မျက်နှာမသာပဲ အရှင်လတ်လတ်မြေမြှုပ်သတ်ဖို့ စဉ်းစားတော့တယ်။ ဒါဆိုရင် အရှင်မြတ်ကို မကောင်းတာပေးတာ ဖြစ်နေတာပေါ့။ ဘယ်လောက်မတရားလိုက်သလဲ။ ဒါဟာ အရှင်မြတ်ကို အလွန်ကျေးဇူးကန်းခြင်းပဲဖြစ်တယ်။
(သိုင်စီရွလ်ကရီမိရ်ရဟ်မာန်၊ အွဆ်မာနီ)

اَوَمَنْ يُّنَشَّؤُا فِى الْحِلْيَةِ وَهُوَ فِى الْخِصَامِ غَيْرُ مُبِيْنٍ ﴿١٨﴾

(၁၈) ထို့ပြင် မည်သို့ပါနည်း၊ (ဤသို့သော သမီးမိန်းကလေးသည် အရှင်မြတ်၏သမီးတော်အဖြစ် ပြုလုပ်ခံရမည်လော၊ ထိုသမီးမိန်းကလေးသည် အခြေအတင်)စကားတွင် ရှင်းလင်း ပြတ်သားစွာ မပြောနိုင်ပါဘဲလျက် လက်ဝတ်လက်စား အလှဆင်ယင်မှုထဲ၌ပင် ကြီးပြင်းလာရသူဖြစ်သည်။ (ဤသို့သော မိန်းကလေးကို အရှင်မြတ်က ရွေးချယ်ပါမည်လော)။

وَجَعَلُوا الْمَلٰٓئِكَةَ الَّذِيْنَ هُمْ عِبٰدُ الرَّحْمٰنِ اِنَاثًا ؕ اَشَهِدُوْا خَلْقَهُمْ ؕ سَتُكْتَبُ شَهَادَتُهُمْ وَيُسْـَٔلُوْنَ ﴿١٩﴾

(၁၉) ထို့ပြင် သူတို့သည် အနန္တကရုဏာတော်ရှင်၏ ကျွန်များဖြစ်ကြသော ကောင်းကင်တမန်များကို မိန်းမများဟု သတ်မှတ်ခဲ့ကြသည်။ သူတို့သည် ၎င်း(ကောင်းကင်တမန်)တို့ကို ဖန်ဆင်းသည့်အခါက ရှေ့မှောက်၌ ရှိနေခဲ့ကြသလော။ သူတို့၏သက်သေထွက်ဆိုချက်သည် မကြာမီ ရေးမှတ်ထားခြင်းခံရမည်။ ထို့ပြင် သူတို့သည် (ကိယာမသ်နေ့တွင်)စစ်ဆေးမေးမြန်းခြင်းကို ခံကြရ

ဦးမည် ဖြစ်သည်။

وَقَالُوا لَوْ شَاءَ الرَّحْمَٰنُ مَا عَبَدْنَاهُم ۗ مَّا لَهُم بِذَٰلِكَ مِنْ عِلْمٍ ۖ إِنْ هُمْ إِلَّا يَخْرُصُونَ ﴿٢٠﴾

(၂၀) ထို့ပြင် သူတို့က ပြောဆိုခဲ့ကြသည်။ အကယ်၍ အနန္တကရုဏာ တော်ရှင်သည် အလိုရှိတော်မူခဲ့လျှင် ကျွန်ုပ်တို့သည် ၎င်း(ကောင်းကင်တမန်) တို့ကို ကိုးကွယ်ခဲ့ကြမည်မဟုတ်ပေ။ ၎င်း(အရှင်မြတ်၏အလိုရှိတော်မူခြင်း)နှင့် ပတ်သက်၍ သူတို့တွင် အသိပညာ မရှိပေ။ (အမှန်စင်စစ်) သူတို့သည် ရမ်းဆ ပြောဆိုနေကြသည်ပင် ဖြစ်သည်။

أَمْ آتَيْنَاهُمْ كِتَابًا مِّن قَبْلِهِ فَهُم بِهِ مُسْتَمْسِكُونَ ﴿٢١﴾

(၂၁) သို့မဟုတ် ငါအရှင်မြတ်သည် သူတို့အား ၎င်း(ကုရ်အာန်ကျမ်း တော်မြတ်)၏မတိုင်မီက ကျမ်းဂန်တစ်စောင်ကို ပေးသနားတော်မူခဲ့သလော။ သို့ဖြစ်ရာ သူတို့သည် ၎င်း(ကျမ်း)ဖြင့် လက်ကိုင်ပြု(၍ အထောက်အထားပြုလုပ်) နေသောသူများလော။

بَلْ قَالُوا إِنَّا وَجَدْنَا آبَاءَنَا عَلَىٰ أُمَّةٍ وَإِنَّا عَلَىٰ آثَارِهِم مُّهْتَدُونَ ﴿٢٢﴾

(၂၂) ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် သူတို့သည် (ဤသို့)ပြောဆိုကြ သည်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေးများကို သာသနာ့ လမ်းစဉ်တစ်ခုပေါ်တွင် တွေ့ခဲ့ကြရသည်။ ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည် ၎င်းတို့နောက်သို့ပင် တစ်ထေရာတည်း လိုက်နာသူများဖြစ်ကြပါသည်။

وَكَذَٰلِكَ مَا أَرْسَلْنَا مِن قَبْلِكَ فِي قَرْيَةٍ مِّن نَّذِيرٍ إِلَّا قَالَ مُتْرَفُوهَا إِنَّا وَجَدْنَا آبَاءَنَا عَلَىٰ
أُمَّةٍ وَإِنَّا عَلَىٰ آثَارِهِم مُّقْتَدُونَ ﴿٢٣﴾

(၂၃) ထို့ပြင် ထိုသို့ပင် ငါအရှင်မြတ်သည် မည်သည့်မြို့ရွာကိုမဆို သတိပေးနှိုးဆော်သူ (တမန်တော်)တစ်ပါးပါးကို စေလွှတ်တော်မူခဲ့သည့်အခါ တိုင်း ယင်း(မြို့ရွာ)မှ စည်းစိမ်ရှင်များက (ဤသို့)ပြောဆိုခဲ့ကြသည်ပင်ဖြစ်သည်၊ "အမှန်စင်စစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေးများကို သာသနာ့ လမ်းစဉ်တစ်ခုပေါ်တွင် တွေ့ခဲ့ကြပါသည်။ ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည် ၎င်းတို့၏ခြေရာများပေါ်တွင် လိုက်ကြသူများပင် ဖြစ်ကြပါသည်။"

قَالَ أَوَلَوْ جِئْتُكُم بِأَهْدَىٰ مِمَّا وَجَدتُّمْ عَلَيْهِ آبَاءَكُمْ ۖ قَالُوا إِنَّا بِمَا أُرْسِلْتُم بِهِ كَافِرُونَ ﴿٢٤﴾

(၂၄) ၎င်း(သတိပေးနှိုးဆော်သူ တမန်တော်)က ပြောသည်- "အကယ် ၍ ငါသည် အသင်တို့ထံသို့ အသင်တို့၏အဘ၊ ဘိုး၊ ဘေးများအား တွေ့ရှိခဲ့ကြ

သောလမ်းစဉ်ထက် သာပိုပြီး လမ်းမှန်ကို ညွှန်ကြားပြသမည့်တရားတော်ကို ယူဆောင်ခဲ့လျှင်လည်း (အသင်တို့သည် အသင်တို့၏ ဖလေ့ထုံးစံများကိုပင် လိုက်စားကြမည်လော)။” သူတို့က ပြောဆိုကြသည်-“အမှန်စင်စစ် ကျွန်ုပ်တို့ သည် အသင်တို့ယူဆောင်ခဲ့ကြသော တရားတော်ကို ငြင်းပယ်သူများပင် ဖြစ် ကြသည်။”

فَانْتَقَمْنَا مِنْهُمْ فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِيْنَ ﴿٢٥﴾

(၂၅) သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့အား တန်ပြန်အရေးယူတော် မူခဲ့သည်။ သို့ဖြစ်ရာ အသင်သည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည့်သူ များ၏နောက်ဆုံးအကျိုးဆက်သည် မည်သို့ရှိခဲ့သည်ကို ကြည့်ရှုလိုက်ပါ။

وَاِذْ قَالَ اِبْرٰهِيْمُ لِاَبِيْهِ وَقَوْمِهٖٓ اِنَّنِيْ بَرَآءٌ مِّمَّا تَعْبُدُوْنَ ﴿٢٦﴾

(၂၆) ထို့ပြင် တစ်ခါတွင်(တမန်တော်)အိဗ်ရာဟီမ်သည် ၎င်း၏ဖခင် နှင့် ၎င်း၏အမျိုးသားများအား ပြောဆိုခဲ့သည်- အမှန်စင်စစ် ကျွန်ုပ်သည် အသင် တို့ ကိုးကွယ်သည့်အရာများမှ ကင်းလွတ်သည်။

اِلَّا الَّذِيْ فَطَرَنِيْ فَاِنَّهٗ سَيَهْدِيْنِ ﴿٢٧﴾

(၂၇) သို့ရာတွင် အကြင်အရှင်မြတ်ကိုပင် (ကျွန်ုပ်ကိုးကွယ်သည်) ထို အရှင်မြတ်သည် ကျွန်ုပ်အား ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်ကပင် ကျွန်ုပ်အား အမှန်ပင် မကြာမီ လမ်းမှန်ညွှန်ကြားပြသတော်မူမည်။

وَجَعَلَهَا كَلِمَةًۢ بَاقِيَةً فِيْ عَقِبِهٖ لَعَلَّهُمْ يَرْجِعُوْنَ ﴿٢٨﴾

(၂၈) ထို့ပြင် ၎င်းသည် ယင်း(သောင်ဟီဒ်တရား)ကို သူတို့ (ထိုဘက်) ပြန်လှည့်ကြရန်အတွက် ၎င်း၏နောက်တွင် ဆက်လက်တည်တံ့သော စကား ရပ်တစ်ခုအဖြစ် ပြုလုပ်ထားခဲ့သည်။

بَلْ مَتَّعْتُ هٰٓؤُلَآءِ وَاٰبَآءَهُمْ حَتّٰى جَآءَهُمُ الْحَقُّ وَرَسُوْلٌ مُّبِيْنٌ ﴿٢٩﴾

(၂၉) အမှန်စင်စစ် ငါအရှင်မြတ်သည် ဤသူများနှင့် ၎င်းတို့၏အဘ၊ ဘိုး၊ ဘေးများကို သူတို့ထံသို့ အမှန်တရား(ဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်) နှင့် (အမိန့်တော်များကို) ထင်ရှားစေသော တမန်တော်တစ်ပါးသည် ရောက်ရှိ လာခဲ့သည်အထိ စည်းစိမ်ချမ်းသာပေးထားတော်မူခဲ့သည်။

وَلَمَّا جَآءَهُمُ الْحَقُّ قَالُوْا هٰذَا سِحْرٌ وَّاِنَّا بِهٖ كٰفِرُوْنَ ﴿٣٠﴾

(၃၀) ထို့ပြင် သူတို့ထံသို့ အမှန်တရား ရောက်ရှိလာသည့်အခါ သူတို့

က “ဤသည် မှော်အတတ်ပညာဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည် ၎င်းကို ငြင်းပယ်သူများပင် ဖြစ်ကြသည်”ဟု ပြောဆိုခဲ့ကြသည်။

وَقَالُوْا لَوْلَا نُزِّلَ هٰذَا الْقُرْاٰنُ عَلٰى رَجُلٍ مِّنَ الْقَرْيَتَيْنِ عَظِيْمٍ ﴿٣١﴾

(၃၁) ထို့ပြင် သူတို့က ဤကုရ်အာန်ကျမ်းတော်မြတ်သည် (မက္ကဟ်မြို့နှင့် သွာအိဖ်မြို့)နှစ်မြို့မှ လူကြီးလူကောင်း တစ်ဦးတစ်ယောက်အပေါ်တွင် အဘယ်ကြောင့် ချပေးခြင်းမခံခဲ့ရသနည်းဟု ပြောဆိုခဲ့ကြသည်။❶

❶ အရပ်ကာဖိရ်မုရှ်ရိက်တွေဟာ ဥစ္စာနေရှိသူ၊ သြဇာအာဏာရှိသူကိုမှ လူကြီးလူကောင်းလို့ ထင်မှတ်ကြတာဖြစ်တယ်။ အဲဒါကြောင့် အဲဒီမြို့ကြီးနှစ်မြို့က အဲဒီလို လူကြီးလူကောင်းတွေထံကို ကုရ်အာန် ချပေးခြင်းမခံရဘဲ၊ မချမ်းသာတဲ့သူ သြဇာအာဏာမရှိတဲ့သူတွေထံကို ဘာဖြစ်လို့ချပေးခံရတာလဲလို့ ပြောဆိုကြတာဖြစ်တယ်။ တကယ်တော့ တခြားအရည်အချင်းတွေဟာ ဒီထက်ပိုအရေးကြီးတယ်ဆိုတာ သူတို့ မသိကြတာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

اَهُمْ يَقْسِمُوْنَ رَحْمَتَ رَبِّكَ ؕ نَحْنُ قَسَمْنَا بَيْنَهُمْ مَّعِيْشَتَهُمْ فِى الْحَيٰوةِ الدُّنْيَا وَرَفَعْنَا بَعْضَهُمْ

فَوْقَ بَعْضٍ دَرَجٰتٍ لِّيَتَّخِذَ بَعْضُهُمْ بَعْضًا سُخْرِيًّا ؕ وَرَحْمَتُ رَبِّكَ خَيْرٌ مِّمَّا يَجْمَعُوْنَ ﴿٣٢﴾

(၃၂) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ကရုဏာဖြစ်သော တမန်တော်အဖြစ်ခန့်အပ်ခြင်းကို သူတို့ကပင် ခွဲဝေပေးကြသလော။ (အမှန်စင်စစ်) ငါအရှင်မြတ်သည် လောကီဘဝတွင် သူတို့၏အသက်မွေးဝမ်းကျောင်းကိစ္စကိုပင် သူတို့၏အကြား၌ ခွဲဝေပေးထားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့ထဲမှ အချို့သည် အချို့ကို အခိုင်းအစေပြုလုပ်နိုင်ရန် သူတို့ထဲမှ အချို့ကို အချို့ထက် အဆင့်အတန်းများ မြှင့်တင်ပေးတော်မူခဲ့သည်။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ကရုဏာတော်သည် သူတို့ ရှာဖွေစုဆောင်းနေကြသည်များထက် ပိုကောင်းမြတ်သည်။

وَلَوْلَاۤ اَنْ يَّكُوْنَ النَّاسُ اُمَّةً وَّاحِدَةً لَّجَعَلْنَا لِمَنْ يَّكْفُرُ بِالرَّحْمٰنِ لِبُيُوْتِهِمْ سُقُفًا مِّنْ فِضَّةٍ وَّ

مَعَارِجَ عَلَيْهَا يَظْهَرُوْنَ ﴿٣٣﴾ۙ

(၃၃) ထို့ပြင် အကယ်၍ လူများအားလုံးသည် (ကုဖ်ရ်ငြင်းပယ်သည့်) သာသနာဝင်အုပ်စုတစ်ခုတည်း ဖြစ်သွားကြရန် (စိုးရိမ်စရာ)အကြောင်းမရှိခဲ့လျှင် အနန္တကရုဏာတော်ရှင်ကို သွေဖည်ငြင်းပယ်သူများအတွက် အမှန်ပင် ငါအရှင်မြတ်သည် သူတို့၏နေအိမ်များ၏အမိုးများကို ငွေဖြင့်ပြုလုပ်ပေးတော်မူခဲ့မည်ဖြစ်သည်။ ထို့ပြင် လှေကားများကိုလည်း (ငွေဖြင့်ပြုလုပ်ပေးတော်မူခဲ့မည်ဖြစ်သည်) သူတို့သည် ထို(လှေကားများဖြင့်)အမိုးပေါ်သို့ တက်ကြမည်ဖြစ်သည်။

وَلِبُيُوْتِهِمْ اَبْوَابًا وَّسُرُرًا عَلَيْهَا يَتَّكِـُٔوْنَ ﴿٣٤﴾

(၃၄) ထို့ပြင် သူတို့နေအိမ်များ၏တံခါးများနှင့် သူတို့မှီထိုင်ကြသော ခုတင်များကိုပါ (ငွေဖြင့် ပြုလုပ်ပေးတော်မူခဲ့မည်ဖြစ်သည်)။[၂]

[၂] တကယ်တော့ ဒီဘဝရဲ့ချမ်းသာကြွယ်ဝမှုဟာ ဘာမှ တန်ဖိုးမရှိဘူး။ အဲဒါကြောင့် အရှင်မြတ်က ကာဖိရ်တွေရဲ့အိမ်တွေ၊ အမိုးတွေ၊ လှေကားတွေနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ရွှေသားငွေသားတွေနဲ့ ပြုလုပ်ပေးလို့ရတယ်။ ဒါပေမဲ့ အဲဒီလိုပြုလုပ်ပေးတော်မူလိုက်ရင် လူတွေဟာ ကာဖိရ်တွေပဲ ရွှေအိမ်ငွေအိမ်နဲ့ နေရတယ်ဆိုပြီး အားလုံးကာဖိရ်တွေဖြစ်ကုန်ကြမယ်။ အဲဒီလို ရွှေငွေကြောင့် ကာဖိရ်အုပ်စုတစ်ခုတည်း ဖြစ်သွားမှာကို အလိုမရှိတဲ့အတွက် ပြုလုပ်မပေးခဲ့တာဖြစ်တယ်။ ဒါဟာ အမြင်အားဖြင့် တမင်သက်သက် ဆွဲဆောင်ပြီး ကာဖိရ်လုပ်ခိုင်းသလိုဖြစ်သွားတယ်။ အဲဒီလိုပဲ ကာဖိရ်တွေကို ရွှေအိမ်ငွေအိမ် လုပ်မပေးဘဲ မွတ်စ်လင်မ်တွေကိုပဲ ရွှေအိမ်ငွေအိမ်တွေ လုပ်ပေးပြန်ရင်လည်း အားလုံး မွတ်စ်လင်မ်တွေ ဖြစ်ကုန်ကြမယ်။ အရှင်မြတ်က အဲဒီလို အမြင်အားဖြင့် တမင်သက်သက် ဆွဲဆောင်ပြီး လုပ်တော့မှ လက်ခံတာမျိုးကိုလည်း အလိုမရှိဘဲ ကိုယ့်ဆန္ဒအလျောက် စဉ်းစားဆင်ခြင်ပြီး စေတနာအပြည့်နဲ့ လက်ခံတာကိုပဲ လိုလားတော်မူတဲ့အတွက် လွတ်လွတ်လပ်လပ်အခွင့်ပေးထားတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَزُخْرُفًا ؕ وَاِنْ كُلُّ ذٰلِكَ لَمَّا مَتَاعُ الْحَيٰوةِ الدُّنْيَا ؕ وَالْاٰخِرَةُ عِنْدَ رَبِّكَ لِلْمُتَّقِيْنَ ﴿٣٥﴾

(၃၅) ထို့ပြင် (ထိုပစ္စည်းများကို) ရွှေဖြင့်လည်း (ပြုလုပ်ပေးတော်မူခဲ့မည်ဖြစ်သည်)။ သို့ရာတွင် ၎င်းတို့သည် လောကီဘဝ၏အသုံးအဆောင်များသာ ဖြစ်သည်။ ထို့ပြင် တမလွန်ဘဝကမူ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများအတွက်ဖြစ်သည်။

وَمَنْ يَّعْشُ عَنْ ذِكْرِ الرَّحْمٰنِ نُقَيِّضْ لَهٗ شَيْطٰنًا فَهُوَ لَهٗ قَرِيْنٌ ﴿٣٦﴾

(၃၆) ထို့ပြင် မည်သူမဆို အနန္တကရုဏာတော်ရှင်၏ ဆုံးမသြဝါဒ (ကုရ်အာန်)[၁] မှ (မျက်စိ)ကန်းနေလျှင် (မျက်နှာလွှဲနေလျှင်) ငါအရှင်မြတ်သည် ထိုသူ့အပေါ်တွင် ရှိုင်သွာန်တစ်ကောင်ကို သတ်မှတ်အာရုံကျစေလိုက်တော်မူသည်။ ထို့နောက် ထိုရှိုင်သွာန်သည် သူ၏အဖော် ဖြစ်သွားတော့သည်။

[၁] ဒီနေရာမှာ ဇိက်ရ်ရဲ့အဓိပ္ပာယ်ဟာ ဆုံးမသြဝါဒ(ကုရ်အာန်)ကိုဆိုလိုတယ်။
(ဗယာနွလ်ကုရ်အာန်၊ အသ်သဖ်စီရွလ်မုယတ်စရ်)

وَاِنَّهُمْ لَيَصُدُّوْنَهُمْ عَنِ السَّبِيْلِ وَيَحْسَبُوْنَ اَنَّهُمْ مُّهْتَدُوْنَ ﴿٣٧﴾

(၃၇) ထို့ပြင် အမှန်စင်စစ် ထိုရှိုင်သွာန်များသည် သူတို့အား လမ်း(မှန်)မှ မှုချပိတ်ပင်တားဆီးလေ့ရှိကြသည်။ ထို့နောက် အမှန်ပင် သူတို့က မိမိတို့ကိုယ်ကို လမ်းမှန်ရရှိသည့်သူများဖြစ်ကြသည်ဟု ထင်မြင်ယူဆကြသည်။

حَتّٰٓى اِذَا جَآءَنَا قَالَ يٰلَيۡتَ بَيۡنِىۡ وَبَيۡنَكَ بُعۡدَ الۡمَشۡرِقَيۡنِ فَبِئۡسَ الۡقَرِيۡنُ ﴿٣٨﴾

(၃၈) နောက်ဆုံးတွင် ထို(ဆုံးမသြဝါဒကုရ်အာန်ကို မျက်နှာလွှဲသော) သူသည် ငါအရှင်မြတ်ထံသို့ ရောက်သည့်အခါ (ထိုရှိုင်သွာန်အား ဤသို့) ပြောဆိုမည်။ ဩော်-ကျွန်ုပ်နှင့် အသင်၏အကြားတွင် အရှေ့နေထွက်ရာအရပ်နှင့် အနောက်နေဝင်ရာအရပ်မျှ ဝေးကွာခဲ့လျှင် အဘယ်မျှ ကောင်းလိုက်မည်နည်း။ သူသည် အဘယ်မျှဆိုးသော အဖော်ဖြစ်လိုက်သနည်း။

وَلَنۡ يَّنۡفَعَكُمُ الۡيَوۡمَ اِذۡ ظَّلَمۡتُمۡ اَنَّكُمۡ فِى الۡعَذَابِ مُشۡتَرِكُوۡنَ ﴿٣٩﴾

(၃၉) ထို့ပြင် အသင်တို့ကိုယ်တိုင် မတရားကျူးလွန်ခဲ့ကြသည့်အတွက် (ထိုသို့ဝမ်းနည်းပက်လက်ဖြစ်ခြင်းသည်) ယနေ့ အသင်တို့အတွက် မည်သည့်အရာမျှ အကျိုးပေးမည်မဟုတ်ပေ။ အမှန်စင်စစ် အသင်တို့သည် (သူတို့နှင့်အတူ) ပြစ်ဒဏ်တွင် ဖက်စပ်ပါဝင်သူများပင် ဖြစ်ကြသည်။

اَفَاَنۡتَ تُسۡمِعُ الصُّمَّ اَوۡ تَهۡدِى الۡعُمۡىَ وَمَنۡ كَانَ فِىۡ ضَلٰلٍ مُّبِيۡنٍ ﴿٤٠﴾

(၄၀) သို့ဖြစ်ရာ အသင်သည် နားပင်းသူများအား ကြားစေနိုင်ပါသလော။ သို့မဟုတ် အသင်သည် မျက်စိကန်းသူများနှင့် ထင်ရှားသည့်လမ်းမှားတွင် ရှိနေသူများအား တရားလမ်းမှန်ကို ညွှန်ကြားပြသနိုင်ပါသလော။ J

J တရားမရနိုင်တော့တဲ့သူတွေအတွက် ဝမ်းနည်းမနေနဲ့တော့လို့ အရှင်မြတ်က တမန်တော်မြတ် ﷺ ကို နှစ်သိမ့်တော်မူလိုက်တာဖြစ်တယ်။ (သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

فَاِمَّا نَذۡهَبَنَّ بِكَ فَاِنَّا مِنۡهُمۡ مُّنۡتَقِمُوۡنَ ﴿٤١﴾

(၄၁) ထို့နောက် အကယ်၍ ငါအရှင်မြတ်သည် အသင့်အား (ဤဘဝမှ) ယူဆောင်သွားတော်မူလျှင်လည်း အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အား တန်ပြန်အရေးယူတော်မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူသည်။

اَوۡ نُرِيَنَّكَ الَّذِىۡ وَعَدۡنٰهُمۡ فَاِنَّا عَلَيۡهِمۡ مُّقۡتَدِرُوۡنَ ﴿٤٢﴾

(၄၂) သို့မဟုတ် ငါအရှင်မြတ်သည် သူတို့အား ချိန်းဆိုထားသည့်အပြစ်ဒဏ်ကို အသင့်အား(ဤဘဝတွင်ရှိနေစဉ်)ပြသတော်မူလျှင်လည်း အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အပေါ်တွင် (ပြစ်ဒဏ် သက်ရောက်စေခြင်းကို) တတ်စွမ်းနိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

فَاسۡتَمۡسِكۡ بِالَّذِىۡۤ اُوۡحِىَ اِلَيۡكَ‌ ۚ اِنَّكَ عَلٰى صِرَاطٍ مُّسۡتَقِيۡمٍ ﴿٤٣﴾

(၄၃) သို့ဖြစ်ရာ အသင်(တမန်တော်)သည် အသင်၏ထံသို့ ဝဟီအမိန့်

တော် ထုတ်ပြန်ခြင်းခံရသောအရာ (ကုရ်အာန်ကျမ်းတော်မြတ်)ကိုပင် ခိုင်မြဲစွာ လက်ကိုင်ပြုနေပါ။ အမှန်စင်စစ် အသင်သည် ဖြောင့်မတ်သည့်လမ်းပေါ်တွင်ရှိ သည်။

وَإِنَّهُۥ لَذِكْرٌ لَّكَ وَلِقَوْمِكَ ۖ وَسَوْفَ تُسْـَٔلُونَ ﴿٤٤﴾

(၄၄) ထို့ပြင် အမှန်စင်စစ် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)သည် အသင် (တမန်တော်)နှင့် အသင်၏အမျိုးသားများအတွက် အမှန်ပင် ဆုံးမသြဝါဒ ဖြစ် သည်။ ထို့ပြင် အသင်တို့(အားလုံး)သည် စစ်ဆေးမေးမြန်းခြင်းကို မကြာမီ ခံကြ ရမည်ဖြစ်သည်။

وَسْـَٔلْ مَنْ أَرْسَلْنَا مِن قَبْلِكَ مِن رُّسُلِنَآ أَجَعَلْنَا مِن دُونِ ٱلرَّحْمَٰنِ ءَالِهَةً يُعْبَدُونَ ﴿٤٥﴾

(၄၅) ထို့ပြင် အသင်(တမန်တော်)သည် အသင်၏မတိုင်မီ ငါအရှင် မြတ်စေလွှတ်တော်မူခဲ့သော တမန်တော်များအား "ငါအရှင်မြတ်သည် အနန္တ ကရုဏာတော်ရှင်မှလွဲ၍ ကိုးကွယ်ခြင်းခံကြရန် အခြားကိုးကွယ်ရာများကို ပြဋ္ဌာန်း ပေးတော်မူခဲ့ပါသလော "ဟု မေးမြန်းစုံစမ်းကြည့်ပါ။

وَلَقَدْ أَرْسَلْنَا مُوسَىٰ بِـَٔايَٰتِنَآ إِلَىٰ فِرْعَوْنَ وَمَلَإِي۟هِۦ فَقَالَ إِنِّى رَسُولُ رَبِّ ٱلْعَٰلَمِينَ ﴿٤٦﴾

(၄၆) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)မူစာကို ငါအရှင်မြတ်၏ သက်သေသာဓက တန်ခိုးတော်များနှင့်တကွ ဖိရ်အောင်န်နှင့် သူ၏မှူးမတ်များထံသို့ စေလွှတ်တော်မူခဲ့သည်။ ထို့နောက် ၎င်းကပြောဆိုသည်၊ အမှန်စင်စစ် ကျွန်ုပ်သည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ တမန်တော်ဖြစ်သည်။

فَلَمَّا جَآءَهُم بِـَٔايَٰتِنَآ إِذَا هُم مِّنْهَا يَضْحَكُونَ ﴿٤٧﴾

(၄၇) ထို့နောက် ၎င်းသည် သူတို့ထံသို့ ငါအရှင်မြတ်၏သက်သေ လက္ခဏာတန်ခိုးတော်များကို ယူဆောင်လာခဲ့သည့်အခါ ရုတ်တရက် သူတို့သည် ထိုတန်ခိုးတော်များကို(မြင်ပြီး ပြောင်လှောင်သည့်အနေဖြင့်) ရယ်မောကြသည်။

وَمَا نُرِيهِم مِّنْ ءَايَةٍ إِلَّا هِىَ أَكْبَرُ مِنْ أُخْتِهَا ۖ وَأَخَذْنَٰهُم بِٱلْعَذَابِ لَعَلَّهُمْ يَرْجِعُونَ ﴿٤٨﴾

(၄၈) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား ပြသတော်မူသော တန်ခိုး တော်တိုင်းသည် ၎င်းမတိုင်မီကပြခဲ့သော အခြားတန်ခိုးတော်ထက် ပိုမိုကြီးကျယ် သော တန်ခိုးတော်ပင် ဖြစ်ခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား (သွေ ဖည်ငြင်းပယ်ခြင်းကို စွန့်ပြီး) ပြန်လှည့်လာကြရန်အတွက် ပြစ်ဒဏ်နှင့် ဖမ်းဆီး အရေးယူတော်မူခဲ့သည်။

وَقَالُوا يٰٓاَيُّهَ السّٰحِرُ ادْعُ لَنَا رَبَّكَ بِمَا عَهِدَ عِنْدَكَ ۚ اِنَّنَا لَمُهْتَدُوْنَ ﴿٤٩﴾

(၄၉) ထို့ပြင် သူတို့က (တမန်တော်မူစာကို) ပြောဆိုခဲ့ကြသည်–“အို–မှော်ဆရာ၊ အသင်သည် ကျွန်ုပ်တို့အတွက် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အသင့်ထံတွင် ကတိပြုထားသည့်အတိုင်း ဆုတောင်းပေးပါ။ အမှန်စင်စစ် ကျွန်ုပ်တို့သည် တရားလမ်းမှန်ကို လိုက်နာကြပါတော့မည်။

فَلَمَّا كَشَفْنَا عَنْهُمُ الْعَذَابَ اِذَا هُمْ يَنْكُثُوْنَ ﴿٥٠﴾

(၅၀) ထို့နောက် ငါအရှင်မြတ်သည် ပြစ်ဒဏ်ကို သူတို့ထံမှ ဖယ်ရှားပေးတော်မူလိုက်သည့်အခါ သူတို့သည် ချက်ချင်းပင် ကတိကို ဖျက်လိုက်ကြတော့သည်။

وَنَادٰى فِرْعَوْنُ فِيْ قَوْمِهٖ قَالَ يٰقَوْمِ اَلَيْسَ لِيْ مُلْكُ مِصْرَ وَهٰذِهِ الْاَنْهٰرُ تَجْرِيْ مِنْ تَحْتِيْ ۚ اَفَلَا تُبْصِرُوْنَ ﴿٥١﴾

(၅၁) ထို့ပြင် ဖိရ်အောင်န်သည် သူ၏အမျိုးသားများကို ကြေညာခဲ့သည်။ သူကပြောသည်– အို–ငါ၏အမျိုးသားတို့၊ အီဂျစ်နိုင်ငံ၏စိုးမိုးအုပ်ချုပ်မှုသည် ငါပင် ပိုင်ဆိုင်သည်မဟုတ်လော၊ ထို့ပြင် ဤစမ်းရေချောင်းများသည် ငါ၏(နန်းတော်)အောက်မှ စီးဆင်းနေကြသည် (မဟုတ်လော)။ သို့ဖြစ်ပါလျက် အသင်တို့သည် (ဤဘုန်းတန်ခိုးများကို) မမြင်ကြသလော။

اَمْ اَنَا خَيْرٌ مِّنْ هٰذَا الَّذِيْ هُوَ مَهِيْنٌ ۙ وَّلَا يَكَادُ يُبِيْنُ ﴿٥٢﴾

(၅၂) သို့မဟုတ် ငါသည် ဤသေးသိမ်သူထက် မြင့်မြတ်သည်(ဆိုသည်ကို အသင်တို့ မမြင်ကြသလော)။ ထို့ပြင် ၎င်းသည် ရှင်းလင်းစွာပြောဆိုနိုင်သည်လည်းမဟုတ်ပေ။[1]

[1] တမန်တော်မူစာ عليه السلام ရဲ့စကားထစ်တဲ့ဘက်ကိုရည်ညွှန်းပြောဆိုတာဖြစ်တယ်။(အလင်းပြကျမ်း)

فَلَوْلَآ اُلْقِيَ عَلَيْهِ اَسْوِرَةٌ مِّنْ ذَهَبٍ اَوْ جَآءَ مَعَهُ الْمَلٰٓئِكَةُ مُقْتَرِنِيْنَ ﴿٥٣﴾

(၅၃) ထို့ပြင် ၎င်း(၏ လက်များ)တွင် ရွှေလက်ကောက်များ အဘယ်ကြောင့် ဆင်ယင်ပေးခြင်းမခံရသနည်း။ သို့မဟုတ် ကောင်းကင်တမန်များသည် အဘယ်ကြောင့် ၎င်းနှင့်အတူ အမြဲလိုက်ပါ မလာသနည်း။

فَاسْتَخَفَّ قَوْمَهٗ فَاَطَاعُوْهُ ۚ اِنَّهُمْ كَانُوْا قَوْمًا فٰسِقِيْنَ ﴿٥٤﴾

(၅၄) ထို့ပြင် ဖိရ်အောင်န်သည် သူ၏အမျိုးသားများအား ပညာမဲ့များပြုလုပ်လိုက်သည့်အတွက် သူတို့သည် သူ၏စကားနောက်သို့ လိုက်ခဲ့ကြတော့သည်။ အမှန်စင်စစ် သူတို့သည် စည်းကမ်းကျူးလွန်သည့်သူများပင် ဖြစ်ခဲ့ကြသည်။

فَلَمَّآ اٰسَفُوْنَا انْتَقَمْنَا مِنْهُمْ فَاَغْرَقْنٰهُمْ اَجْمَعِيْنَ ﴿٥٥﴾

(၅၅) ထို့နောက် သူတို့သည် ငါအရှင်မြတ်အား အမျက်ထွက်စေကြသည့်အခါ ငါအရှင်မြတ်သည် သူတို့အား တန်ပြန်အရေးယူတော်မူခဲ့သည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့အားလုံးကို နစ်မြုပ်စေတော်မူခဲ့သည်။

فَجَعَلْنٰهُمْ سَلَفًا وَّمَثَلًا لِّلْاٰخِرِيْنَ ﴿٥٦﴾

(၅၆) ထို့နောက် ငါအရှင်မြတ်သည် သူတို့အား နောင်လာနောက်သားများအတွက် ဦးစီးရှေ့ဆောင်နှင့် သင်ခန်းစာ ဖြစ်စေတော်မူခဲ့သည်။❶

❶ နောင်လာနောက်သားတွေအတွက် နောင်တရပြီး သင်ခန်းစာရယူနိုင်ဖို့ ဒီလိုငြင်းပယ်ရင် ဒီလိုခံရမယ်လို့ စံနမူနာပြုလုပ်ပေးထားခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَمَّا ضُرِبَ ابْنُ مَرْيَمَ مَثَلًا اِذَا قَوْمُكَ مِنْهُ يَصِدُّوْنَ ﴿٥٧﴾

(၅၇) ထို့ပြင် မရ်ယမ်၏သား(တမန်တော်အီစာ)သည် စံနမူနာအဖြစ် ပမာခိုင်းနှိုင်းတင်ပြခြင်းခံရသည့်အခါ၊ အသင်၏အမျိုးသားများသည် ထိုပမာကြောင့် ချက်ချင်းပင်(ပျော်ရွှင်မှုနှင့်)အော်ဟစ်ကြွေးကြော်ခဲ့ကြသည်။

وَقَالُوْٓا ءَاٰلِهَتُنَا خَيْرٌ اَمْ هُوَ ؕ مَا ضَرَبُوْهُ لَكَ اِلَّا جَدَلًا ؕ بَلْ هُمْ قَوْمٌ خَصِمُوْنَ ﴿٥٨﴾

(၅၈) ထို့ပြင် သူတို့က ကျွနုပ်တို့၏ကိုးကွယ်ရာများက မြင့်မြတ်သလော။ သို့မဟုတ် ၎င်း(မရ်ယမ်၏သား)က မြင့်မြတ်သလောဟု ပြောဆိုခဲ့ကြသည်။ သူတို့သည် ၎င်း(ပမာခိုင်းနှိုင်းမှု)ကို အသင်၏ရှေ့၌ အငြင်းအခုံပြုရန်အတွက်မှလွဲ၍ မည်သည့် အတွက်မျှ တင်ပြခဲ့သည်မဟုတ်ပေ။ အမှန်စင်စစ် သူတို့သည် အငြင်းအခုံပြုလေ့ရှိသော အမျိုးသားများပင်ဖြစ်ကြသည်။❷

❷ တစ်ခါမှာ တမန်တော်မြတ် ﷺ ဟာ اِنَّكُمْ وَمَا تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ حَصَبُ جَهَنَّمَ " အမှန်စင်စစ် အသင်တို့နှင့် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့ ကိုးကွယ်ကြသည့်အရာများသည် ဂျဟန္နမ်ငရဲဘုံ၏လောင်စာများပင် ဖြစ်ကြသည်။ " ဆိုတဲ့(ကုရ်အာန် - ၂၁း၉၈ )အာယသ်ကို ဖတ်ရွတ်တော်မူခဲ့တဲ့အခါမှာ အရဗ်မုရှ်ရိက်တွေက ထခုန်ပြီး အော်ကြတာဖြစ်တယ်။ အရဗ်မုရှ်ရိက်တွေက ပြောဆိုကြတယ် - နတ်စွ်ရာနီတွေဟာ တမန်တော်အီစာ عليه السلام ကို ကိုးကွယ်ကြတယ်။ အဲဒီအတွက် တမန်တော်အီစာ عليه السلام ဟာ ကိုးကွယ်ခြင်းခံရတဲ့သူဖြစ်နေတယ်။ အဲဒီတော့ ၎င်းက ပိုကောင်းသလား၊ ငါတို့ရဲ့ကိုးကွယ်ရာ ရုပ်တုတွေက ပိုကောင်းသလားလို့ သူတို့က စောဒကတက် အငြင်းအခုံလုပ်ခဲ့ကြတာဖြစ်တယ်။ တကယ်တော့ အဲဒီအာယသ်နဲ့ တမန်တော်အီစာ عليه السلام နဲ့ ဘယ်လိုမှ မပတ်သက်ဘူး။ အာယသ်က ဘာမှ မပြောနိုင်မဆိုနိုင်ဘဲ ကိုးကွယ်ခြင်းခံနေရတဲ့ ရုပ်တုတွေကို ဆိုလိုတာဖြစ်တယ်။(" مَا " ဟာ အသိဉာဏ်မရှိတဲ့အရာတွေအတွက်ပဲ အများအားဖြင့်အသုံးပြုတယ်။ခြွင်းချက်အနေနဲ့တစ်ခါတစ်ရံသာ အသိဉာဏ်ရှိသူအတွက် အသုံးပြုတယ်။) (အလင်းပြကျမ်း)

اِنْ هُوَ اِلَّا عَبْدٌ اَنْعَمْنَا عَلَيْهِ وَجَعَلْنٰهُ مَثَلًا لِّبَنِيْٓ اِسْرَآءِيْلَ ﴿٥٩﴾

(၅၉) ၎င်း(မရ်ယမ်၏သား)သည် ကျွန်တစ်ပါးပင် ဖြစ်သည်။ ငါအရှင်မြတ်သည် ၎င်း၏အပေါ်တွင် ကျေးဇူးပြုတော်မူခဲ့သည့်အပြင် ၎င်းအား အစ္စရာအီလ်မျိုးနွယ်ဝင်များအတွက် စံနမူနာတစ်ခု ပြုလုပ်တော်မူခဲ့သည်။

وَلَوْ نَشَآءُ لَجَعَلْنَا مِنْكُمْ مَّلٰٓئِكَةً فِى الْاَرْضِ يَخْلُفُوْنَ ﴿٦٠﴾

(၆၀) ထို့ပြင် အကယ်၍ ငါအရှင်မြတ် အလိုရှိတော်မူခဲ့လျှင် အသင်တို့အစား ကောင်းကင်တမန်များအား ဖန်ဆင်းတော်မူခဲ့မည် အမှန်ပင်ဖြစ်သည်။ ထိုသူများသည် ကမ္ဘာမြေတွင် (အသင်တို့အစား အချင်းချင်း၏) အရိုက်အရာကို ဆက်ခံကြမည်ဖြစ်သည်။

وَاِنَّهٗ لَعِلْمٌ لِّلسَّاعَةِ فَلَا تَمْتَرُنَّ بِهَا وَاتَّبِعُوْنِ ۗ هٰذَا صِرَاطٌ مُّسْتَقِيْمٌ ﴿٦١﴾

(၆၁) ထို့ပြင် အမှန်စင်စစ် ၎င်း(တမန်တော်အီစာဆင်းသက်လာခြင်း)သည် ကိယာမသ်၏အလာမသ် နိမိတ်လက္ခဏာ အမှန်ပင်ဖြစ်သည်။ ❻ သို့ဖြစ်ရာ အသင်တို့သည် ထိုနေ့ကို လုံးဝသံသယမဖြစ်ကြနှင့်။ ထို့ပြင် အသင်တို့သည် ငါ၏နောက်သို့လိုက်ခဲ့ကြပါ။ ဤသည် ဖြောင့်မတ်သည့် တရားလမ်းပင်ဖြစ်သည်။

❻ တမန်တော်အီစာ عليه السلام ဟာ ဖခင်မရှိဘဲ မိခင်တစ်ဦးတည်းကနေ မွေးဖွားလာအောင် အရှင်မြတ်ဟာ တတ်စွမ်းနိုင်တဲ့အရှင်ဖြစ်တဲ့အတွက် ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ သေပြီးနောက်ပြန်လည်ရှင်ပြန်ထခြင်း၊ ကိယာမသ်ကိုလည်း ပြုစွမ်းနိုင်တော်မူကြောင်း တမန်တော်အီစာ عليه السلام ဟာ သက်သေသာဓကနိမိတ်လက္ခဏာတစ်ခုဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا يَصُدَّنَّكُمُ الشَّيْطٰنُ ۚ اِنَّهٗ لَكُمْ عَدُوٌّ مُّبِيْنٌ ﴿٦٢﴾

(၆၂) ထို့ပြင် ရှိုင်သွာန်သည် အသင်တို့အား (လမ်းမှန်မှ)လုံးဝ မတားဆီးစေရပေ။ အမှန်စင်စစ် သူသည် အသင်တို့၏ ထင်ရှားသောရန်သူပင်ဖြစ်သည်။

وَلَمَّا جَآءَ عِيْسٰى بِالْبَيِّنٰتِ قَالَ قَدْ جِئْتُكُمْ بِالْحِكْمَةِ وَلِاُبَيِّنَ لَكُمْ بَعْضَ الَّذِىْ تَخْتَلِفُوْنَ فِيْهِ ۚ فَاتَّقُوا اللّٰهَ وَاَطِيْعُوْنِ ﴿٦٣﴾

(၆၃) ထို့ပြင် (တမန်တော်)အီစာသည် ထင်ရှားသော သက်သေလက္ခဏာများနှင့်တကွ လာခဲ့သည့်အခါ (ဤသို့)ပြောဆိုခဲ့သည်- အမှန်စင်စစ် ငါသည် အသင်တို့ထံသို့ ဉာဏ်ပညာကို ယူဆောင်လာခဲ့သည်။ ထို့ပြင် ငါသည် အသင်တို့ ကွဲလွဲကြသော အချို့ကိစ္စများကို အသင်တို့အား ရှင်းလင်းပြသရန်လာခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ၊ ထို့ပြင် ငါ၏စကားကို လိုက်နာကြပါ။

إِنَّ ٱللَّهَ هُوَ رَبِّى وَرَبُّكُمْ فَٱعْبُدُوهُ ۚ هَٰذَا صِرَٰطٌ مُّسْتَقِيمٌ ﴿٦٤﴾

(၆၄) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ငါနှင့် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ဖြစ်တော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုအရှင်မြတ်ကိုသာ ကိုးကွယ်ကြပါ။ ဤသည် ဖြောင့်မတ်သော တရားလမ်းပင် ဖြစ်သည်။

فَٱخْتَلَفَ ٱلْأَحْزَابُ مِنۢ بَيْنِهِمْ ۖ فَوَيْلٌ لِّلَّذِينَ ظَلَمُوا۟ مِنْ عَذَابِ يَوْمٍ أَلِيمٍ ﴿٦٥﴾

(၆၅) ထို့နောက် သူတို့သည် သူတို့အချင်းချင်းကြားတွင် အုပ်စုများ ကွဲခဲ့ကြသည်။ သို့ဖြစ်ရာ မတရားကျူးလွန်သူများတွင် အလွန်နာကျင်စေသည့် နေ့၏ပြစ်ဒဏ်ကြောင့် ပျက်စီးမှု ရှိလိမ့်မည်။

هَلْ يَنظُرُونَ إِلَّا ٱلسَّاعَةَ أَن تَأْتِيَهُم بَغْتَةً وَهُمْ لَا يَشْعُرُونَ ﴿٦٦﴾

(၆၆) သူတို့သည် သူတို့ထံသို့ ကိယာမသ်နေ့သည် သူတို့မသိဘဲ လျက်ရှိစဉ် ရုတ်တရက်ရောက်လာမည်ကိုပင် စောင့်နေကြခြင်းဖြစ်သည်။

ٱلْأَخِلَّآءُ يَوْمَئِذٍۭ بَعْضُهُمْ لِبَعْضٍ عَدُوٌّ إِلَّا ٱلْمُتَّقِينَ ﴿٦٧﴾

(၆၇) ထိုနေ့တွင် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူ မုသ်သကီများမှလွဲ၍ အခြားမိတ်ဆွေများသည် အချို့က အချို့၏ရန်သူများပင် ဖြစ်သွားကြလိမ့်မည်။

يَٰعِبَادِ لَا خَوْفٌ عَلَيْكُمُ ٱلْيَوْمَ وَلَآ أَنتُمْ تَحْزَنُونَ ﴿٦٨﴾

(၆၈) (ကောင်းမြတ်သည့်သူများကို အရှင်မြတ်က မိန့်ကြားတော်မူမည်) "အို-ငါအရှင်မြတ်၏ကျွန်တို့၊ ယနေ့မှာမူ အသင်တို့အပေါ်တွင် မည်သည့်စိုးရိမ်စရာမျှ မရှိပေ။ ထို့ပြင် အသင်တို့သည် ပူဆွေးစရာလည်း မရှိပေ။"

ٱلَّذِينَ ءَامَنُوا۟ بِـَٔايَٰتِنَا وَكَانُوا۟ مُسْلِمِينَ ﴿٦٩﴾

(၆၉) (ထိုသူများသည်) အကြွင်သူများပင်ဖြစ်သည်၊ သူတို့သည် ငါ အရှင်မြတ်၏အာယသ်တော်များကို ယုံကြည်ကြသည်သာမက သူတို့သည် အမိန့်တော်ကို လိုက်နာသူများလည်း ဖြစ်ခဲ့ကြသည်။

ٱدْخُلُوا۟ ٱلْجَنَّةَ أَنتُمْ وَأَزْوَٰجُكُمْ تُحْبَرُونَ ﴿٧٠﴾

(၇၀) အသင်တို့နှင့် အသင်တို့၏ဇနီးများ❶ သည် ဂျန္နသ်သုခဘုံထဲသို့ ဂုဏ်ပြုခံရလျက် ပျော်ရွှင်စွာ ဝင်ရောက်ကြပါ။

❶ أَزْوَٰجُكُمْ ဆိုတာ လောကမှာရှိခဲ့တုန်းက ဇနီးကြင်ရာတွေ၊ မုအ်မင်န်သူငယ်ချင်းတွေ၊ ဂျန္နသ်

သုခဘုံက ဟူရ်မိန်းမပျိုတွေကို ဆိုလိုတယ်။ (သိုင်စီရွလ် ကရီမိရ်ရဟ်မာန် စာ - ၉၀၆)

يُطَافُ عَلَيْهِمْ بِصِحَافٍ مِّنْ ذَهَبٍ وَّأَكْوَابٍ ۚ وَفِيهَا مَا تَشْتَهِيهِ الْأَنْفُسُ وَتَلَذُّ الْأَعْيُنُ ۚ وَأَنْتُمْ فِيهَا خَالِدُونَ ﴿٧١﴾

(၇၁) သူတို့ရှေ့၌ ရွှေပန်းကန်ပြားများနှင့် သောက်ရေဖလားများသည် လည်ပတ်နေလိမ့်မည်။ ထို့ပြင် ထိုအထဲတွင် စိတ်အလိုဆန္ဒရှိသမျှနှင့် မျက်စိအရသာခံစားရမည့်အကြောင်းအရာများကို ရရှိကြမည်။ ထို့ပြင် အသင်တို့သည် ထိုအထဲတွင် အမြဲနေကြရမည်ဖြစ်သည်။

وَتِلْكَ الْجَنَّةُ الَّتِي أُورِثْتُمُوهَا بِمَا كُنْتُمْ تَعْمَلُونَ ﴿٧٢﴾

(၇၂) ထို့ပြင် ၎င်းသည် အသင်တို့ပြုလုပ်ခဲ့ကြသောလုပ်ရပ်များကြောင့် အမွေအဖြစ် ပေးသနားတော်မူခြင်းခံရသည့် ဂျန္နသ်ဥယျာဉ်ဖြစ်သည်။

لَكُمْ فِيهَا فَاكِهَةٌ كَثِيرَةٌ مِّنْهَا تَأْكُلُونَ ﴿٧٣﴾

(၇၃) အသင်တို့အတွက် ၎င်း(သုခဘုံ)တွင် သစ်သီးဝလံအမြောက်အမြား ရှိမည်။ ၎င်း(သစ်သီးဝလံများ)ထဲမှ အသင်တို့ စားသုံးကြရမည်။

إِنَّ الْمُجْرِمِينَ فِي عَذَابِ جَهَنَّمَ خَالِدُونَ ﴿٧٤﴾

(၇၄) အမှန်စင်စစ် အပြစ်ကျူးလွန်သူများကမူ ဂျဟန္နမ်ငရဲဘုံ၏ပြစ်ဒဏ်တွင် အမြဲနေကြရမည့်သူများဖြစ်ကြသည်။

لَا يُفَتَّرُ عَنْهُمْ وَهُمْ فِيهِ مُبْلِسُونَ ﴿٧٥﴾

(၇၅) ၎င်း(ပြစ်ဒဏ်)သည် သူတို့ထံမှ လျှော့ပေါ့စေခြင်းခံရမည်လည်း မဟုတ်ပေ။ ထို့ပြင် သူတို့သည် ထိုအထဲ၌ပင် မျှော်လင့်ချက်ကင်းစွာဖြင့် နေရတော့မည်ဖြစ်သည်။❶

❶ ကာဖိရ်မုရှ်ရိက်တွေကို ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا ظَلَمْنَاهُمْ وَلَٰكِنْ كَانُوا هُمُ الظَّالِمِينَ ﴿٧٦﴾

(၇၆) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား မတရားနှိပ်စက်တော်မူခဲ့သည်မဟုတ်ပေ။ သို့ရာတွင် သူတို့ပင်လျှင် မတရားသည့်သူများဖြစ်ခဲ့ကြသည်။❷

❷ ငါအရှင်မြတ်က နှိပ်စက်တော်မူတာမဟုတ်ဘူးဆိုတာ သူတို့ကို အမှားအမှန်မပြဘဲ၊ သတိပေးနှိုးဆော်ခြင်းမရှိဘဲ ပြစ်ဒဏ်ခတ်လိုက်တာမဟုတ်ဘူး။ အမှားအမှန်ကိုလည်း ရှင်းလင်းထင်ရှားအောင်ပြသတယ်။ သတိလည်း ပေးတယ်။ အဲဒီနောက် သူတို့ဟာ ခေါင်းမာပြီး အမှားကိုပဲ မျက်စိမှိတ်ပြီးလိုက်ခဲ့တာကြောင့် ပြစ်ဒဏ်ခံရတာဟာ သူတို့ကိုယ်သူတို့ နှိပ်စက်တာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

وَنَادَوْا يٰمٰلِكُ لِيَقْضِ عَلَيْنَا رَبُّكَ ۖ قَالَ اِنَّكُمْ مّٰكِثُوْنَ ﴿٧٧﴾

(၇၇) ထို့ပြင် သူတို့သည် (ငရဲဘုံစောင့်များအား) ဟစ်အော်ပြီး ပြောဆိုကြမည်- "အို-မာလိက်၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ကျွနုပ်တို့အား (သေခြင်းတရားပေးပြီး) အဆုံးစီရင်တော်မူပါစေ။" ထိုမာလိက်က ပြန်ပြောမည်-"အမှန်စင်စစ် အသင်တို့သည် (ဤအတိုင်းပင်)အမြဲ (ရှင်လျက်)နေရမည့်သူများ ဖြစ်ကြသည်။"

لَقَدْ جِئْنٰكُمْ بِالْحَقِّ وَلٰكِنَّ اَكْثَرَكُمْ لِلْحَقِّ كٰرِهُوْنَ ﴿٧٨﴾

(၇၈) အမှန်စင်စစ် ငါအရှင်မြတ်သည် အမှန်တရား(သာသနာ)ကို အသင်တို့ထံသို့ ယူဆောင်လာခဲ့သော်လည်း အသင်တို့ထဲမှ အများစုသည် အမှန်ကိုပင် မလိုလားကြဘဲ စက်ဆုပ်ရွံရှာကြသည်။

اَمْ اَبْرَمُوْٓا اَمْرًا فَاِنَّا مُبْرِمُوْنَ ﴿٧٩﴾

(၇၉) ထို့ပြင် သူတို့သည် အရေးကိစ္စတစ်စုံတစ်ခုကို စီမံထားကြသလော၊ သို့ဖြစ်လျှင် အမှန်စင်စစ် ငါအရှင်မြတ်သည်လည်း စီမံတော်မူမည့်အရှင်ဖြစ်တော်မူသည်။

اَمْ يَحْسَبُوْنَ اَنَّا لَا نَسْمَعُ سِرَّهُمْ وَنَجْوٰىهُمْ ۗ بَلٰى وَرُسُلُنَا لَدَيْهِمْ يَكْتُبُوْنَ ﴿٨٠﴾

(၈၀) သို့မဟုတ် ငါအရှင်မြတ်သည် သူတို့၏ လျှို့ဝှက်ချက်များနှင့် သူတို့တိတ်ဆိတ်စွာ တိုင်ပင်ကြသည်များကို ကြားတော်မူမည်မဟုတ်ပေဟုထင်မှတ်ကြသလော။ အဘယ်ကြောင့် မကြားရမည်နည်း၊ အမှန်စင်စစ်ပင် ကြားတော်မူသည်။ ထို့ပြင် ငါအရှင်မြတ်၏စေတမန်များသည် သူတို့ထံတွင် ရေးမှတ်နေကြသည်ပင်။

قُلْ اِنْ كَانَ لِلرَّحْمٰنِ وَلَدٌ ۖ فَاَنَا اَوَّلُ الْعٰبِدِيْنَ ﴿٨١﴾

(၈၁) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အကယ်၍ အလ္လာဟ်အရှင်မြတ်တွင် သားတော်တစ်ပါးရှိခဲ့လျှင် ငါသည် ပထမဆုံး ကိုးကွယ်သူဖြစ်မည်။

سُبْحٰنَ رَبِّ السَّمٰوٰتِ وَالْاَرْضِ رَبِّ الْعَرْشِ عَمَّا يَصِفُوْنَ ﴿٨٢﴾

(၈၂) မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူသောအရှင်၊ အရ်ရှ်ပလ္လင်တော်ကိုလည်း ဖန်ဆင်းတော်မူသောအရှင်သည် သူတို့ပြောဆိုစွပ်စွဲချက်များမှ သန့်ပြန့်စင်ကြယ်တော်မူသည်။

فَذَرْهُمْ يَخُوْضُوْا وَيَلْعَبُوْا حَتّٰى يُلٰقُوْا يَوْمَهُمُ الَّذِيْ يُوْعَدُوْنَ ﴿٨٣﴾

(၈၃) သို့ဖြစ်ရာ သူတို့သည် သူတို့ချိန်းဆိုခြင်းခံရသည့်နေ့နှင့် တွေ့ဆုံရင်ဆိုင်ကြရသည်အထိ သူတို့အား အကျိုးမဲ့စကားများထဲတွင် နစ်မွန်းနေရန် ကစားခုန်စား ပျော်ရွှင်မြူးတူးနေကြရန် အသင်(တမန်တော်)သည် စွန့်လွှတ်ထားလိုက်ပါ။

وَهُوَ الَّذِي فِي السَّمَآءِ إِلٰهٌ وَّفِي الْاَرْضِ إِلٰهٌ ۗ وَهُوَ الْحَكِيمُ الْعَلِيمُ ﴿٨٤﴾

(၈၄) ထို့ပြင် အရှင်မြတ်ပင် မိုးကောင်းကင်၌ကိုးကွယ် ထိုက်သည့်အရှင်ဖြစ်သည့်အပြင် မြေပထဝီတွင်လည်းကိုးကွယ်ထိုက်သည့်အရှင်ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော အရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

وَتَبٰرَكَ الَّذِي لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا ۚ وَعِنْدَهٗ عِلْمُ السَّاعَةِ ۚ وَإِلَيْهِ تُرْجَعُوْنَ ﴿٨٥﴾

(၈၅) ထို့ပြင် အကြင်အရှင်မြတ်သည် ကောင်းချီးမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသည်။ ထိုအရှင်မြတ်တွင် မိုးကောင်းကင်များနှင့် မြေပထဝီတွင် သာမက ထိုနှစ်ခုကြားတွင်ရှိသမျှ၏ စိုးမိုးအုပ်ချုပ်မှုအာဏာရှိသည်။ ထို့ပြင် ကိယာမသ်နေ့၏အသိသည်လည်း အရှင်မြတ်ထံတော်၌ပင်ရှိသည်။ ထို့ပြင် အသင်တို့သည် အရှင်မြတ်ထံတော်သို့ပင် ပြန်ပို့ခြင်းခံကြရမည် ဖြစ်သည်။

وَلَا يَمْلِكُ الَّذِيْنَ يَدْعُوْنَ مِنْ دُوْنِهِ الشَّفَاعَةَ إِلَّا مَنْ شَهِدَ بِالْحَقِّ وَهُمْ يَعْلَمُوْنَ ﴿٨٦﴾

(၈၆) ထို့ပြင် အရှင်မြတ်အား စွန့်ပြီး သူတို့ ဟစ်ခေါ်တသကြသည့်သူများသည် ကြားဝင်အသနားခံပေးနိုင်ခွင့်ကို မပိုင်ဆိုင်ကြပေ။ သို့ရာတွင် အမှန်တရားကို သိရှိကြလျက် (ကလိမဟ်ရှဟာဒသ်ဖြင့်) သက်သေထူခဲ့ကြသည့်သူများကမူ (အရှင်မြတ်၏ ခွင့်ပြုချက်ဖြင့် ကြားဝင်အသနားခံပေးနိုင်မည် ဖြစ်သည်)။

وَلَئِنْ سَاَلْتَهُمْ مَّنْ خَلَقَهُمْ لَيَقُوْلُنَّ اللّٰهُ فَاَنّٰى يُؤْفَكُوْنَ ﴿٨٧﴾

(၈၇) ထို့ပြင် အကယ်၍ အသင်သည် "သူတို့အား မည်သူဖန်ဆင်းခဲ့သနည်း"ဟု သူတို့ကိုမေးမြန်းလျှင် သူတို့က "အလ္လာဟ်အရှင်မြတ်"ဟု အမှန်စင်စစ် ဖြေကြားကြလိမ့်မည်။ ထို့နောက်လည်း သူတို့သည် အဘယ်သို့ ပြန်လှည့်သွားနေကြသနည်း။

وَقِيْلِهٖ يٰرَبِّ إِنَّ هٰٓؤُلَآءِ قَوْمٌ لَّا يُؤْمِنُوْنَ ﴿٨٨﴾

(၈၈) ထို့ပြင် အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အမှန်မှာ ၎င်းတို့သည် အီမာန်မယုံကြည်ကြသော အမျိုးသားများဖြစ်ကြပါသည်

ဟု တမန်တော်၏လျှောက်ထားချက်ကိုလည်း (အရှင်မြတ်သိရှိတော်မူသည်)။

فَاصۡفَحۡ عَنۡهُمۡ وَقُلۡ سَلٰمٌ ۚ فَسَوۡفَ يَعۡلَمُوۡنَ ﴿٨٩﴾

(၈၉) သို့ဖြစ်ရာ အသင်သည် သူတို့ထံမှ မျက်နှာလွှဲနေလိုက်ပါ။ ထို့ပြင် အသင်သည် သူတို့အား စလာမ်ဆိုလိုက်ပါ။ ထို့နောက် သူတို့သည် မကြာမီ သိရှိကြမည်။

ركوعاتها ٣ ٤٤ سُوۡرَةُ الدُّخَانِ مَكِّيَّةٌ ٦٤ اٰياتها ٥٩

## စူရဟ် ဒုခါးန် (အခိုးအငွေ့ များ ကဏ္ဍ) سُوۡرَةُ الدُّخَانِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

حٰمٓ ۚ ﴿١﴾

(၁) ဟာ မီမ် ။

وَالۡكِتٰبِ الۡمُبِيۡنِ ۙ ﴿٢﴾

(၂) (ငါအရှင်မြတ်သည်) ရှင်းလင်းထင်ရှားသော ကျမ်းတော်ကို သက်သေထူတော်မူသည်။

اِنَّاۤ اَنۡزَلۡنٰهُ فِىۡ لَيۡلَةٍ مُّبٰرَكَةٍ اِنَّا كُنَّا مُنۡذِرِيۡنَ ﴿٣﴾

(၃) အမှန်စင်စစ် ငါအရှင်မြတ်သည် ၎င်း(ကျမ်းဂန်)ကို ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသော ညတစ်ညတွင် ချပေးသနားတော်မူခဲ့သည်။❶ အမှန်စင်စစ် ငါအရှင်မြတ်သည် သတိပေးတော်မူမည့်အရှင် ဖြစ်တော်မူသည်။

❶ မင်္ဂလာရှိတဲ့ညဆိုတာ လိုင်လသွလ်ကဒရ်ညကို ဆိုလိုတယ်။ အဲဒီညမှာ ကုရ်အာန်ကျမ်းတော်မြတ်ကို စတင်ချပေးတော်မူခဲ့တာ ဖြစ်တယ်။ အဲဒီညဟာ ရမသွာန်လထဲမှာပဲ ရှိတယ်။ ကုရ်အာန်ဟာ ရမသွာန်လမြတ်မှာပဲ စတင်ကျရောက်ခဲ့တာဖြစ်တယ်။ ဒါတွေကို အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မြတ်ထဲမှာပဲ အမိန့်ရှိထားပြီးသားဖြစ်တယ်။ အဲဒီအာယသ်တော်တွေကို ဖော်ပြလိုက်ပါမယ်။ အဓိပ္ပာယ်တွေကိုတော့ သက်ဆိုင်ရာနေရာတွေမှာ ကြည့်ရှုနိုင်ပါတယ်။ (အလင်းပြကျမ်း)
اِنَّاۤ اَنۡزَلۡنٰهُ فِىۡ لَيۡلَةِ الۡقَدۡرِ ۚ﴿١﴾ وَمَاۤ اَدۡرٰٮكَ مَا لَيۡلَةُ الۡقَدۡرِ ؕ﴿٢﴾ لَيۡلَةُ الۡقَدۡرِ ۙ خَيۡرٌ مِّنۡ اَلۡفِ شَهۡرٍ ؕ﴿٣﴾ تَنَزَّلُ الۡمَلٰٓٮِٕكَةُ وَالرُّوۡحُ فِيۡهَا بِاِذۡنِ
رَبِّهِمۡ ۚ مِنۡ كُلِّ اَمۡرٍ ۛ﴿٤﴾ سَلٰمٌ ۛ هِىَ حَتّٰى مَطۡلَعِ الۡفَجۡرِ ﴿٥﴾ ကုရ်အာန်(၉၇း၁ - ၅)
شَهۡرُ رَمَضَانَ الَّذِىۡۤ اُنۡزِلَ فِيۡهِ الۡقُرۡاٰنُ هُدًى لِّلنَّاسِ وَبَيِّنٰتٍ مِّنَ الۡهُدٰى وَالۡفُرۡقَانِ ۚ ကုရ်အာန်(၂း၁၈၅)

فِيۡهَا يُفۡرَقُ كُلُّ اَمۡرٍ حَكِيۡمٍ ۙ ﴿٤﴾

(၄) ထိုညတွင် နက်နဲသိမ်မွေ့သော အရေးကိစ္စဟူသမျှသည် အသေးစိတ် သတ်မှတ်အတည်ပြုခြင်းခံကြရသည်။

اَمۡرًا مِّنۡ عِنۡدِنَا ؕ اِنَّا كُنَّا مُرۡسِلِيۡنَ ۚ ﴿٥﴾

(၅) ငါအရှင်မြတ်ထံတော်မှ အမိန့်တော်ဖြစ်လျက်၊ အမှန်စင်စစ် ငါအရှင်သည် (အသင့်အား တမန်တော်အဖြစ်) စေလွှတ်တော်မူသော အရှင်မြတ်ပင်

ဖြစ်တော်မူသည်။

رَحۡمَةً مِّن رَّبِّكَ ۚ إِنَّهُۥ هُوَ ٱلسَّمِيعُ ٱلۡعَلِيمُ ﴿٦﴾

(၆) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ကရုဏာဖြင့် (စေလွှတ်တော်မူခြင်းဖြစ်သည်)။ အမှန်စင်စစ် အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

رَبِّ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضِ وَمَا بَيۡنَهُمَآ ۖ إِن كُنتُم مُّوقِنِينَ ﴿٧﴾

(၇) အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ကြမည်ဆိုလျှင်၊ (အရှင်မြတ်သည်) မိုးကောင်းကင်များနှင့် မြေပထဝီသာမက ထိုနှစ်ခုကြားရှိသမျှကိုလည်း ဖန်ဆင်းတော်မူသောအရှင်မြတ်ပင် ဖြစ်သည်။

لَآ إِلَٰهَ إِلَّا هُوَ يُحۡيِۦ وَيُمِيتُ ۖ رَبُّكُمۡ وَرَبُّ ءَابَآئِكُمُ ٱلۡأَوَّلِينَ ﴿٨﴾

(၈) ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ ထိုအရှင်မြတ်သည် ရှင်စေတော်မူသည်။ အရှင်မြတ်သည်ပင် သေစေတော်မူသည်။ အရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဖြစ်သည့်အပြင်၊ ယခင်လူများဖြစ်သော အသင်တို့၏အဘ၊ ဘိုး၊ ဘေး များအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်လည်း ဖြစ်တော်မူသည်။

بَلۡ هُمۡ فِي شَكّٖ يَلۡعَبُونَ ﴿٩﴾

(၉) အမှန်စင်စစ် သူတို့သည် သံသယထဲ၌ပင် ကခုန်ကစားလျက်ပင် ရှိကြသည်။❶

❶ ကာဖိရ်မုရှ်ရိက်တွေဟာ တစ်ပါးတည်းအရှင်နဲ့ပတ်သက်ပြီး အထောက်အထားတွေ အခိုင်အလုံတွေ့မြင်ပြီးဖြစ်ပါလျက်နဲ့ သံသယဖြစ်ပြီး လောကီစည်းစိမ်ထဲမှာပဲ ယစ်မူးကာ ကစားမှုထဲမှာပဲ နစ်မွန်းနေတော့တာဖြစ်တယ်။ (အလင်းပြကျမ်း)

فَٱرۡتَقِبۡ يَوۡمَ تَأۡتِي ٱلسَّمَآءُ بِدُخَانٖ مُّبِينٖ ﴿١٠﴾

(၁၀) သို့ဖြစ်ရာ မိုးကောင်းကင်သည် ထင်ရှားသော အခိုးအငွေ့ဖြင့် (ဖြစ်ပေါ်ရောက်ရှိ)လာမည့်နေ့ကိုပင် အသင်စောင့်နေပါ။

يَغۡشَى ٱلنَّاسَ ۖ هَٰذَا عَذَابٌ أَلِيمٞ ﴿١١﴾

(၁၁) ထိုအခိုးအငွေ့များသည် လူသားအားလုံးကို ဖုံးလွှမ်းသွားမည်။ ဤသည် အလွန်နာကျင်စေသော ပြစ်ဒဏ်ပင် ဖြစ်မည်။

رَّبَّنَا ٱكۡشِفۡ عَنَّا ٱلۡعَذَابَ إِنَّا مُؤۡمِنُونَ ﴿١٢﴾

(၁၂) (သူတို့က ပန်ကြားကြလိမ့်မည်)။ အို- ကျွန်ုပ်တို့အား ဖန်ဆင်း

မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ပြစ်ဒဏ်ကို ကျွန်ုပ်တို့မှဖယ်ရှားပေးသနားတော်မူပါ။ အမှန်စင်စစ် ကျွန်ုပ်တို့သည် အီမာန်ယုံကြည်မည့်သူများဖြစ်ကြပါသည်။❷

❷ ကိယာမသ်နီးတဲ့အခါမှာ ကောင်းကင်ကနေ အခိုးအငွေ့တစ်မျိုး ထွက်လာမယ်။ အဲဒီဒဏ်ကို မခံနိုင်တဲ့အခါမှာ ကာဖိရ်တွေ၊ မုရှ်ရိက်တွေက ယုံကြည်ကြပါတော့မယ်၊ ဖယ်ရှားပေးတော်မူပါလို့ ပြောဆိုကြမယ်။ အဲဒီအချိန်မှာ နောင်တရခြင်းဟာ နောက်ကျသွားပြီဖြစ်တယ်။ တမန်တော် عليهم السلام တွေလာတဲ့အခါတုန်းကတော့ အမျိုးမျိုး စွပ်စွဲပြီး ငြင်းပယ်နေခဲ့ကြတယ်။ အခုအချိန်ကျတော့မှ သတိတရားဟာ ဘယ်ကနေလာပြီး အကျိုးရှိတော့မှာလဲလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

أَنَّىٰ لَهُمُ الذِّكْرَىٰ وَقَدْ جَاءَهُمْ رَسُولٌ مُّبِينٌ ﴿١٣﴾

(၁၃) သူတို့အတွက် အဘယ်မှာလျှင် သတိတရားရရှိခြင်းသည် ရှိတော့မည်နည်း။ အမှန်စင်စစ် သူတို့ထံသို့ (အမှန်တရားကို) ထင်ရှားအောင်ပြသသော တမန်တော်သည် ရောက်ရှိခဲ့ပြီးဖြစ်သည်။

ثُمَّ تَوَلَّوْا عَنْهُ وَقَالُوا مُعَلَّمٌ مَّجْنُونٌ ﴿١٤﴾

(၁၄) ထို့နောက် သူတို့သည် ၎င်း(တမန်တော်)ဘက်မှ မျက်နှာလွှဲခဲ့ကြသည်။ ထို့ပြင် သူတို့က (တမန်တော်သည် သူတစ်ပါး၏)သင်ကြားပို့ချမှုကို ခံရသူ၊ ရူးသွပ်နေသူဟု စွပ်စွဲပြောဆိုခဲ့ကြသည်။

إِنَّا كَاشِفُوا الْعَذَابِ قَلِيلًا ۚ إِنَّكُمْ عَائِدُونَ ﴿١٥﴾

(၁၅) အမှန်စင်စစ် ငါအရှင်မြတ်သည် အချိန်အနည်းငယ် ပြစ်ဒဏ်ကို ဖယ်ရှားပေးတော်မူမည်ဆိုလျှင်လည်း အမှန်စင်စစ် အသင်တို့သည် (မူလအခြေအနေအတိုင်းပင်)ပြန်လာကြမည်ပင်ဖြစ်သည်။

يَوْمَ نَبْطِشُ الْبَطْشَةَ الْكُبْرَىٰ ۚ إِنَّا مُنتَقِمُونَ ﴿١٦﴾

(၁၆) ထိုနေ့တွင် ငါအရှင်မြတ်သည် အကြီးအကျယ် ဖမ်းဆီးအရေးယူတော်မူမည်ဖြစ်သည်။ အမှန်စင်စစ် ငါအရှင်မြတ်သည် တန်ပြန်အရေးယူတော်မူမည့်အရှင်ဖြစ်သည်။

وَلَقَدْ فَتَنَّا قَبْلَهُمْ قَوْمَ فِرْعَوْنَ وَجَاءَهُمْ رَسُولٌ كَرِيمٌ ﴿١٧﴾

(၁၇) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့မတိုင်မီ၊ ဖိရ်အောင်န်၏အမျိုးသားများအား စမ်းသပ်တော်မူခဲ့သည်။ ထို့ပြင် သူတို့ထံသို့ မြင့်မြတ်သော တမန်တော်တစ်ပါးသည် ရောက်ရှိလာခဲ့သည်။

أَنْ أَدُّوا إِلَيَّ عِبَادَ اللَّهِ ۖ إِنِّي لَكُمْ رَسُولٌ أَمِينٌ ﴿١٨﴾

(၁၈) အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ကျွန်များကို ငါ့အား အပ်နှံကြပါ။ အမှန်စင်စစ် ငါသည် အသင်တို့အတွက် ယုံကြည်စိတ်ချရသော တမန်တော်တစ်ပါးပင် ဖြစ်သည်။

وَّاَنۡ لَّا تَعۡلُوۡا عَلَى اللّٰهِ‌ ۚ اِنِّىۡۤ اٰتِيۡكُمۡ بِسُلۡطٰنٍ مُّبِيۡنٍ‌ ۚ‏ ﴿۱۹﴾

(၁၉) အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ဆန့်ကျင်ပြီး ဆိုးသွမ်းသောင်းကျန်းမှုကို မပြုလုပ်ကြနှင့်၊ အမှန်စင်စစ် ငါသည် အသင်တို့ထံသို့ ရှင်းလင်းထင်ရှားသော သက်သေသာဓကကို ယူဆောင်လာခဲ့သည်။

وَاِنِّىۡ عُذۡتُ بِرَبِّىۡ وَرَبِّكُمۡ اَنۡ تَرۡجُمُوۡنِ‌ ﴿۲۰﴾

(၂၀) ထို့ပြင် အမှန်စင်စစ် ငါသည် အသင်တို့ ငါ့အား ကျောက်ခဲများဖြင့် ပစ်ပေါက်သတ်မည်ကို စိုးရိမ်သည့်အတွက် ငါနှင့် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် ခိုလှုံထားပြီးဖြစ်သည်။

وَاِنۡ لَّمۡ تُؤۡمِنُوۡا لِىۡ فَاعۡتَزِلُوۡنِ‏ ﴿۲۱﴾

(၂၁) ထို့ပြင် အကယ်၍ အသင်တို့သည် ငါ့အား မယုံကြည်ကြလျှင်လည်း ငါနှင့် ခွဲခွာရှောင်ကြဉ်၍နေကြပါ။

فَدَعَا رَبَّهٗۤ اَنَّ هٰٓؤُلَاۤءِ قَوۡمٌ مُّجۡرِمُوۡنَ‏ ﴿۲۲﴾ الثلثة

(၂၂) ထို့နောက် ၎င်း(တမန်တော်မူစာ)သည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် အမှန်စင်စစ် ဤသူများသည် ပြစ်မှုကျူးလွန်သော အမျိုးသားများဖြစ်ကြပါသည်ဟု လျှောက်ထားပန်ကြားခဲ့သည်။

فَاَسۡرِ بِعِبَادِىۡ لَيۡلًا اِنَّكُمۡ مُّتَّبَعُوۡنَۙ‏ ﴿۲۳﴾

(၂၃) ထို(သို့လျှောက်ထားပန်ကြားခြင်း)ကြောင့် (အရှင်မြတ်က မိန့်ကြားတော်မူသည်) အသင်သည် ငါအရှင်မြတ်၏ကျွန်များအား ညအချိန်တွင် ခေါ်ဆောင်သွားပါ။ အမှန်စင်စစ် အသင်တို့သည် အသင်တို့၏နောက်မှ (ဖိရ်အောင်န်နှင့် သူ၏စစ်တပ်၏)လိုက်လံခြင်းကို ခံကြရမည်ဖြစ်သည်။

وَاتۡرُكِ الۡبَحۡرَ رَهۡوًا‌ ؕ اِنَّهُمۡ جُنۡدٌ مُّغۡرَقُوۡنَ‏ ﴿۲۴﴾

(၂၄) ထို့ပြင် အသင်သည် ပင်လယ်ကို ရှိရင်းအတိုင်းပင် ငြိမ်သက်စွာပင် ထားခဲ့လိုက်ပါ။ အမှန်စင်စစ် သူတို့သည် နစ်မြုပ်ခြင်းခံကြရမည့် စစ်တပ်ပင်ဖြစ်ကြသည်။

كَمۡ تَرَكُوۡا مِنۡ جَنّٰتٍ وَّعُيُوۡنٍۙ‏ ﴿۲۵﴾

(၂၅) ၎င်း(ဖိရ်အောင်န်နှင့် သူ၏အပေါင်းအပါ)တို့သည် ဥယျာဉ်အမြောက်အမြားနှင့် စမ်းချောင်းများကို စွန့်ထားခဲ့ကြရသည်။

وَّ زُرُوْعٍ وَّ مَقَامٍ كَرِيْمٍ ﴿٢٦﴾

(၂၆) လယ်ယာများနှင့် ကောင်းမွန်သောနေအိမ်များကိုလည်း (စွန့်ထားခဲ့ကြရသည်)။

وَّ نَعْمَةٍ كَانُوْا فِيْهَا فٰكِهِيْنَ ﴿٢٧﴾

(၂၇) ထို့ပြင် သူတို့မွေ့လျော်နေခဲ့ကြသော စည်းစိမ်ချမ်းသာများကိုလည်း (စွန့်ထားခဲ့ကြရသည်)။

كَذٰلِكَ ۫ وَ اَوْرَثْنٰهَا قَوْمًا اٰخَرِيْنَ ﴿٢٨﴾

(၂၈) ထိုသို့ပင် (ဖြစ်ပျက်ခဲ့သည်)။ ထို့ပြင် ငါအရှင်မြတ်သည် ထိုစည်းစိမ်များကို အခြားအမျိုးသားများအား အမွေဆက်ခံစေတော်မူခဲ့သည်။

فَمَا بَكَتْ عَلَيْهِمُ السَّمَآءُ وَ الْاَرْضُ وَ مَا كَانُوْا مُنْظَرِيْنَ ﴿٢٩﴾

(၂၉) သို့ဖြစ်ရာ မိုးကောင်းကင်နှင့်မြေပထဝီသည် ၎င်းတို့အပေါ်(ဝမ်းနည်း၍)မငိုခဲ့ပေ။ ထို့ပြင် သူတို့သည် ဆိုင်းငံ့ခွင့်လည်း မရရှိခဲ့ကြတော့ပေ။

وَ لَقَدْ نَجَّيْنَا بَنِيْٓ اِسْرَآءِيْلَ مِنَ الْعَذَابِ الْمُهِيْنِ ﴿٣٠﴾

(၃၀) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အစ္စရာအီလ်မျိုးနွယ်ဝင်များကို သေးသိမ်စေသော ပြစ်ဒဏ်မှ ကယ်တင်တော်မူခဲ့သည်။

مِنْ فِرْعَوْنَ ؕ اِنَّهٗ كَانَ عَالِيًا مِّنَ الْمُسْرِفِيْنَ ﴿٣١﴾

(၃၁) ဖိရ်အောင်န်ထံမှ(ဖြစ်သော ပြစ်ဒဏ်မှ ကယ်တင်တော်မူခဲ့ခြင်းဖြစ်သည်)။ အမှန်စင်စစ် ၎င်း(ဖိရ်အောင်န်)သည် စည်းကမ်းကျူးလွန်သူများထဲမှ ဆိုးသွမ်းသောင်းကျန်းသူတစ်ဦး ဖြစ်ခဲ့သည်။

وَ لَقَدِ اخْتَرْنٰهُمْ عَلٰى عِلْمٍ عَلَى الْعٰلَمِيْنَ ﴿٣٢﴾

(၃၂) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် (မိမိ၏)အသိနှင့်အညီ ၎င်း(အစ္စရာအီလ်မျိုးနွယ်ဝင်)တို့အား (သူတို့ခေတ်မှ) စကြဝဠာတွင် ရွေးချယ်မြှောက်စားတော်မူခဲ့သည်။

وَ اٰتَيْنٰهُمْ مِّنَ الْاٰيٰتِ مَا فِيْهِ بَلٰٓؤٌا مُّبِيْنٌ ﴿٣٣﴾

(၃၃) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား ထင်ရှားသော စမ်းသပ်မှုများပါရှိသော သက်သေလက္ခဏာများကို ပေးသနားတော်မူခဲ့သည်။

إِنَّ هَٰؤُلَاءِ لَيَقُولُونَ ﴿٣٤﴾

(၃၄) အမှန်စင်စစ် ဤသူများသည် အမှန်ပင် (ဤသို့)ပြောဆိုကြသည်။

إِنْ هِيَ إِلَّا مَوْتَتُنَا الْأُولَىٰ وَمَا نَحْنُ بِمُنْشَرِينَ ﴿٣٥﴾

(၃၅) ကျွန်ုပ်တို့၏ ပထမသေဆုံးခြင်းမှလွဲ၍ မည်သည့်အရာမျှမရှိပေ။ ထို့ပြင် ကျွန်ုပ်တို့သည် ရှင်ပြန်ထစေခြင်းကို ခံကြရမည်လည်း မဟုတ်ပေ။

فَأْتُوا بِآبَائِنَا إِنْ كُنْتُمْ صَادِقِينَ ﴿٣٦﴾

(၃၆) သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် မှန်ကန်သည့်သူများ ဖြစ်ကြလျှင် (သေဆုံးခဲ့ကြပြီးဖြစ်သော) ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေးများကို(ရှင်အောင်လုပ်ပြီး)ခေါ်ခဲ့ကြပါ။

أَهُمْ خَيْرٌ أَمْ قَوْمُ تُبَّعٍ وَالَّذِينَ مِنْ قَبْلِهِمْ ۚ أَهْلَكْنَاهُمْ ۖ إِنَّهُمْ كَانُوا مُجْرِمِينَ ﴿٣٧﴾

(၃၇) ထိုသူများသည် သုဗ်ဗအ်၏အမျိုးသားများထက်သာမက သူတို့မတိုင်မီက ရှိခဲ့ကြသည့်သူများထက်ပင် ပိုကောင်းကြသလော။❶ ငါအရှင်မြတ်သည် အမှန်စင်စစ် ထိုသူများကို သူတို့သည် ပြစ်မှုကျူးလွန်သူများ ဖြစ်ခဲ့ကြသည့်အတွက် ဖျက်ဆီးတော်မူခဲ့သည်။

❶ အရပ်ကာဖိရ်မုရှ်ရိက်တွေဟာ အဲဒီအမျိုးသားတွေလောက် အင်အားကြီးမားခဲ့ကြတာမဟုတ်တာကို သူတို့သိပြီးဖြစ်တယ်။ အဲဒီလောက် အင်အားကြီးမားတဲ့သူတွေကိုတောင် အပြစ်ကျူးလွန်မှု လွန်ကဲလာတဲ့အခါ အရှင်မြတ်က ဖျက်ဆီးတော်မူခဲ့တာဖြစ်တယ်။ သုဗ်ဗအ်ဟာ ယီမင်ပြည်ဘုရင်ရဲ့ဘွဲ့နာမည်ဖြစ်တယ်။ သူတို့ဟာ သူတို့ခေတ်မှာ အလွန်တန်ခိုးအာဏာကြီးခဲ့ကြတယ်။ (အလင်းပြကျမ်း)

وَمَا خَلَقْنَا السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا لَاعِبِينَ ﴿٣٨﴾

(၃၈) ထို့ပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီအပြင် ထိုနှစ်ခုကြားတွင် ရှိသမျှအရာများအား ကစားသည့်အနေဖြင့် ဖန်ဆင်းတော်မူခဲ့သည်မဟုတ်ပေ။❷

❷ အရှင်မြတ်ဟာ ဒီလောကကြီးကို အကျိုးမဲ့ဖန်ဆင်းတာမဟုတ်ဘူး။ အကျိုးပေးဖို့ဖန်ဆင်းတာဖြစ်တယ်။ လူတိုင်းဟာ သူတို့ရဲ့လုပ်ရပ်တွေအပေါ်မူတည်ပြီး ကောင်းတာလုပ်ခဲ့ရင် ကောင်းတဲ့အကျိုး၊ မကောင်းတာလုပ်ခဲ့ရင် မကောင်းတဲ့အကျိုး အစားရရှိကြမှာဖြစ်တယ်။ (အလင်းပြကျမ်း)

مَا خَلَقْنَاهُمَا إِلَّا بِالْحَقِّ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٣٩﴾

(၃၉) ငါအရှင်မြတ်သည် ထို(မိုးကောင်းကင်များနှင့် မြေပထဝီ)နှစ်ခုစလုံးကို မှန်ကန်သည့်ရည်ရွယ်ချက်ဖြင့် ဖန်ဆင်းတော်မူခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် သူတို့ထဲမှ အများစုသည် မသိကြပေ။

إِنَّ يَوْمَ الْفَصْلِ مِيقَاتُهُمْ أَجْمَعِينَ ﴿٤٠﴾

(၄၀) အမှန်စင်စစ် စီရင်ဆုံးဖြတ်မည့်နေ့သည် သူတို့အားလုံးအတွက် သတ်မှတ်ပြီးသော အချိန်ကာလဖြစ်သည်။

يَوْمَ لَا يُغْنِي مَوْلًى عَن مَّوْلًى شَيْئًا وَلَا هُمْ يُنصَرُونَ ﴿٤١﴾

(၄၁) ထိုနေ့တွင် မည်သည့်မိတ်ဆွေကမျှ မည်သည့် မိတ်ဆွေအတွက် မည်သည့်အရာမျှ အသုံးဝင်မည်မဟုတ်ပေ။ ထို့ပြင် သူတို့သည် ကူညီခြင်းလည်း ခံကြရမည်မဟုတ်ပေ။

إِلَّا مَن رَّحِمَ اللَّهُ ۚ إِنَّهُ هُوَ الْعَزِيزُ الرَّحِيمُ ﴿٤٢﴾

(၄၂) သို့ရာတွင် အလ္လာဟ်အရှင်မြတ် ကရုဏာပြုတော်မူသောသူများ ပင် (ကြားဝင်အသနားခံပေးခြင်းကို ခံကြရမည်ဖြစ်သည်)။ အမှန်စင်စစ် ထိုအရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ အလွန်သနား ကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

إِنَّ شَجَرَتَ الزَّقُّومِ ﴿٤٣﴾

(၄၃) အမှန်စင်စစ် ဇက္ကူမ်ရှားစောင်းကြီးပင်သည်၊

طَعَامُ الْأَثِيمِ ﴿٤٤﴾

(၄၄) အပြစ်အလွန်ကျူးလွန်သူများ၏ အစားအစာဖြစ်သည်။❷

❷ ဇက္ကူမ်ဆိုတဲ့ ရှားစောင်းကြီးပင်ဟာ စွယ်စုံဆိုးတဲ့ အပင်တစ်မျိုးဖြစ်တယ်။ ဒီအပင်ကို ဖန်ဆင်း ရခြင်းက ဆိုးသွမ်းတဲ့သူတွေကို အဲဒီအပင်စားခိုင်းပြီး အပြစ်ပေးဖို့ဖြစ်တယ်။ (အလင်းပြကျမ်း)

كَالْمُهْلِ ۛ يَغْلِي فِي الْبُطُونِ ﴿٤٥﴾

(၄၅) ဆီချေးအနည်ကဲ့သို့ (ကြေးရည်ကဲ့သို့)၊ ဝမ်းဗိုက်များထဲတွင် ပွက်ပွက်ဆူနေမည်။

كَغَلْيِ الْحَمِيمِ ﴿٤٦﴾

(၄၆) ရေနွေးဆူသကဲ့သို့။

خُذُوهُ فَاعْتِلُوهُ إِلَىٰ سَوَاءِ الْجَحِيمِ ﴿٤٧﴾

(၄၇) ထို့နောက် အသင်တို့သည် သူ့ကိုဖမ်းပြီး ဂျဟန္နမ်ငရဲဘုံ၏အလယ် ထဲသို့ တရွတ်တိုက်ဆွဲချလိုက်ကြပါ။

ثُمَّ صُبُّوا فَوْقَ رَأْسِهِ مِنْ عَذَابِ الْحَمِيمِ ﴿٤٨﴾

(၄၈) ထို့နောက် အသင်တို့သည် သူ၏ခေါင်းပေါ်တွင် ပွက်ပွက်ဆူနေ သည့် ရေနွေးပူ၏ပြစ်ဒဏ်ကို သွန်းလောင်းကြပါ။

ذُقْ ۚ إِنَّكَ أَنتَ الْعَزِيزُ الْكَرِيمُ ﴿٤٩﴾

(၄၉) (ထို့ပြင် သူသည် ဤသို့ပြောဆိုခံရမည်)၊ အသင်သည် မြည်းစမ်း လိုက်ပါ၊ အမှန်စင်စစ် အသင်သည် အလွန်မြင့်မြတ်သူ၊ ဂုဏ်ရှိသူဖြစ်သည်။

إِنَّ هَٰذَا مَا كُنتُم بِهِ تَمْتَرُونَ ﴿٥٠﴾

(၅၀) အမှန်စင်စစ် ဤသည် အသင်တို့ သံသယဖြစ်နေခဲ့သည့်အရာ ပင် ဖြစ်သည်။

إِنَّ الْمُتَّقِينَ فِي مَقَامٍ أَمِينٍ ﴿٥١﴾

(၅၁) အမှန်စင်စစ် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူ မုသ်သကီများမှာမူ ငြိမ်းချမ်းသာယာသည့်နေရာတွင် ရှိကြမည်။

فِي جَنَّاتٍ وَعُيُونٍ ﴿٥٢﴾

(၅၂) ဥယျာဉ်များနှင့်၊ စမ်းချောင်းများတွင်။

يَلْبَسُونَ مِن سُندُسٍ وَإِسْتَبْرَقٍ مُّتَقَابِلِينَ ﴿٥٣﴾

(၅၃) သူတို့သည် ပိုးထည်အပါးစားနှင့် အထူစားဝတ်ဆင်ပြီး မျက်နှာချင်းဆိုင် ထိုင်နေကြလိမ့်မည်။

كَذَٰلِكَ وَزَوَّجْنَاهُم بِحُورٍ عِينٍ ﴿٥٤﴾

(၅၄) ထိုအတိုင်းပင် (ဖြစ်ပျက်လိမ့်မည်)။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား ဖြူချောပြီး မျက်ဝန်းကျယ်သောမိန်းမများနှင့် ထိမ်းမြားပေးတော်မူမည်။

يَدْعُونَ فِيهَا بِكُلِّ فَاكِهَةٍ آمِنِينَ ﴿٥٥﴾

(၅၅) သူတို့သည် ၎င်း(ဥယျာဉ်များ)ထဲတွင် သစ်သီးဝလံမျိုးစုံကို အေးချမ်းစွာ မှာယူကြမည်ဖြစ်သည်။

لَا يَذُوقُونَ فِيهَا الْمَوْتَ إِلَّا الْمَوْتَةَ الْأُولَىٰ ۖ وَوَقَاهُمْ عَذَابَ الْجَحِيمِ ﴿٥٦﴾

(၅၆) သူတို့သည် ပထမအကြိမ် သေဆုံးခဲ့ကြသည်မှလွဲ၍ ၎င်း(ဥယျာဉ်များ)ထဲတွင် သေခြင်းကို မြည်းစမ်းရတော့မည်မဟုတ်ပေ။ ထို့ပြင် သူတို့အား အရှင်မြတ်က ငရဲမီးပြစ်ဒဏ်မှ လွတ်ကင်းစေတော်မူမည်။

فَضْلًا مِّن رَّبِّكَ ۚ ذَٰلِكَ هُوَ الْفَوْزُ الْعَظِيمُ ﴿٥٧﴾

(၅၇) (ဤအရာများသည်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ကျေးဇူးတော်ကြောင့်ဖြစ်သည်။ ဤသည် ကြီးကျယ်သော အောင်မြင်မှုဖြစ်သည်။

فَاِنَّمَا يَسَّرۡنٰهُ بِلِسَانِكَ لَعَلَّهُمۡ يَتَذَكَّرُوۡنَ ﴿٥٨﴾

(၅၈) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို သူတို့ တရားရယူကြရန်အတွက် အသင်(တမန်တော်)၏ ဘာသာစကားဖြင့်ပင် လွယ်ကူအောင် ပြုလုပ်ပေးတော်မူခဲ့ခြင်းဖြစ်သည်။

فَارۡتَقِبۡ اِنَّهُمۡ مُّرۡتَقِبُوۡنَ ﴿٥٩﴾

(၅၉) သို့ဖြစ်ရာ အသင်(တမန်တော်)သည် စောင့်နေပါ။ သူတို့လည်း စောင့်နေသောသူများပင် ဖြစ်ကြသည်။❶

❶ သူတို့ဟာ ငြင်းပယ်ကြပြီဖြစ်တဲ့အတွက် အသင်ဟာ သူတို့အပေါ် ဘေးဒုက္ခရောက်မှာကို စောင့်သာကြည့်နေလိုက်ပါ။ သူတို့လည်း အသင့်အပေါ် ဘေးဒုက္ခရောက်မလားဆိုပြီး စောင့်ကြည့်နေကြတယ်။ (အလင်းပြကျမ်း)

==================================================

رکوعاتها ٤ ٤٥ سُوْرَةُ الْجَاثِيَةِ مَكِّيَّةٌ ٦٥ اٰياتها ٣٧

## စူရဟ် ဂျာဆိယဟ် (ဒူးထောက်နေခြင်းကဏ္ဍ) سُوْرَةُ الْجَاثِيَةِ

==================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

حٰمٓ ﴿١﴾

(၁) ဟာ မီမ် ။

تَنْزِيْلُ الْكِتٰبِ مِنَ اللّٰهِ الْعَزِيْزِ الْحَكِيْمِ ﴿٢﴾

(၂) (ဤသည်) တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသော၊ ပညာ ဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်မှ ချပေးတော်မူသော ကျမ်းဂန်ဖြစ်သည်။❷

❷ အရှင်မြတ်ထံတော်က ပညာအပြည့်နဲ့ ချပေးထားတဲ့ ကျမ်းဂန်ဖြစ်တဲ့အတွက် နာခံဖို့လိုအပ်တယ်။ (အလင်းပြကျမ်း)

اِنَّ فِي السَّمٰوٰتِ وَالْاَرْضِ لَاٰيٰتٍ لِّلْمُؤْمِنِيْنَ ﴿٣﴾

(၃) အမှန်စင်စစ် မိုးကောင်းကင်များနှင့် မြေပထဝီတွင် မုအ်မင်န်ယုံကြည်သူများအတွက် အမှန်ပင် သက်သေသာဓကများရှိသည်။

وَفِيْ خَلْقِكُمْ وَمَا يَبُثُّ مِنْ دَآبَّةٍ اٰيٰتٌ لِّقَوْمٍ يُّوْقِنُوْنَ ﴿٤﴾

(၄) ထို့ပြင် အသင်တို့အား ဖန်ဆင်းခြင်းနှင့် အရှင်မြတ်ပျံ့နှံ့စေတော်မူသော တိရစ္ဆာန်များအား ဖန်ဆင်းခြင်းတွင် ယုံကြည်သူများအတွက် သက်သေလက္ခဏာများရှိသည်။

وَاخْتِلَافِ الَّيْلِ وَالنَّهَارِ وَمَآ اَنْزَلَ اللّٰهُ مِنَ السَّمَآءِ مِنْ رِّزْقٍ فَاَحْيَا بِهِ الْاَرْضَ بَعْدَ مَوْتِهَا وَتَصْرِيْفِ الرِّيٰحِ اٰيٰتٌ لِّقَوْمٍ يَّعْقِلُوْنَ ﴿٥﴾

(၅) ထို့ပြင် ညနှင့် နေ့တို့၏ ပြောင်းလဲခြင်း၊ အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်မှ (မိုးရွာစေပြီး) စားနပ်ရိက္ခာကို ချပေးတော်မူခြင်း၊ ၎င်း(မိုးရေ) ဖြင့် မြေပထဝီကို (ခြောက်သွေ့)သေပြီးနောက် ရှင်သန်(စိမ်းလန်း)စေတော်မူခြင်း၊ လေများအား (ဦးတည်ရာများကို) ပြောင်းလဲတိုက်ခတ်စေခြင်းများထဲတွင် သိနားလည်ကြသူများအတွက် သက်သေလက္ခဏာများရှိသည်။

تِلۡكَ اٰيٰتُ اللّٰهِ نَتۡلُوۡهَا عَلَيۡكَ بِالۡحَقِّ ۚ فَبِاَىِّ حَدِيۡثٍۭ بَعۡدَ اللّٰهِ وَاٰيٰتِهٖ يُؤۡمِنُوۡنَ ﴿٦﴾

(၆) ထိုအရာများသည် အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာတော်များပင်ဖြစ်သည်။ ငါအရှင်မြတ်သည် ထိုသက်သေလက္ခဏာတော်များကို အသင်၏ရှေ့၌ တိကျမှန်ကန်စွာ ဖတ်ကြားပြတော်မူသည်။ သို့ဖြစ်ရာ သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ သက်သေလက္ခဏာတော်များ၏နောက်တွင် မည်သည့်စကားကို ယုံကြည်ကြဦးမည်နည်း။❷

❷ ဒီလောက်မှန်ကန်တဲ့ အရှင်မြတ်နဲ့ ဒီလောက်မှန်ကန်တဲ့ သက်သေလက္ခဏာတွေကိုမှ မယုံကြည်ဘူးဆိုရင် သူတို့ယုံရမဲ့သူရှိပါသေးသလား။ အရှင်မြတ်ရဲ့အာယသ်တော်တွေ မှန်ကန်မှုထင်ရှားသလောက် သူတို့တစ်တွေရဲ့ငြင်းပယ်မှုကလည်း ထင်ရှားလာခဲ့တယ်။ (အလင်းပြကျမ်း)

وَيۡلٌ لِّكُلِّ اَفَّاكٍ اَثِيۡمٍ ﴿٧﴾

(၇) အလွန်လုပ်ကြံမုသားပြောဆိုသူ၊ အလွန်အပြစ်ကျူးလွန်သူတိုင်းအတွက် အကြီးအကျယ် ပျက်စီးခြင်း❶ ရှိသည်။

❶ ငရဲဘုံမှာရှိတဲ့ ချောက်တစ်ခုရဲ့နာမည်ဟာလည်း ဝိုင်လ်လို့ခေါ်တယ်။
(ရှရ်ဟွလ်အဟာဒီးဆစ်စွဟီးဟာဟ်)

يَّسۡمَعُ اٰيٰتِ اللّٰهِ تُتۡلٰى عَلَيۡهِ ثُمَّ يُصِرُّ مُسۡتَكۡبِرًا كَاَنۡ لَّمۡ يَسۡمَعۡهَا ۚ فَبَشِّرۡهُ بِعَذَابٍ اَلِيۡمٍ ﴿٨﴾

(၈) သူသည် သူ၏ရှေ့၌ ဖတ်ကြားပြသသော အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များကို နားထောင်သည်။ ထို့နောက် သူသည် ထိုအာယသ်တော်များကို မကြားသကဲ့သို့ပင် မာနထောင်ပြီး ဆက်လက်တင်းမာနေသည်။ သို့ဖြစ်ရာ အသင်(တမန်တော်)သည် သူ့အား အလွန်နာကျင်စေသော ပြစ်ဒဏ်ဖြင့် သတင်းကောင်း ပြောလိုက်ပါ။

وَاِذَا عَلِمَ مِنۡ اٰيٰتِنَا شَيۡـئَـا اتَّخَذَهَا هُزُوًا ؕ اُولٰٓـئِكَ لَهُمۡ عَذَابٌ مُّهِيۡنٌ ﴿٩﴾

(၉) ထို့ပြင် သူသည် ငါအရှင်မြတ်၏ အာယသ်တော်များထဲမှ တစ်စုံတစ်ခုသိသည့်အခါ သူသည် ထိုအာယသ်တော်ကိုပင် ပြောင်လှောင်စရာ ပြုလုပ်လေ့ရှိသည်။ ထိုသူများအတွက် သေးသိမ်စေသော ပြစ်ဒဏ်ရှိမည်။

مِنۡ وَّرَآئِهِمۡ جَهَنَّمُ ۚ وَلَا يُغۡنِىۡ عَنۡهُمۡ مَّا كَسَبُوۡا شَيۡـئًا وَّلَا مَا اتَّخَذُوۡا مِنۡ دُوۡنِ اللّٰهِ اَوۡلِيَآءَ ۚ
وَلَهُمۡ عَذَابٌ عَظِيۡمٌ ﴿١٠﴾

(၁၀) သူတို့၏ရှေ့မှောက်တွင် ငရဲဘုံသည် ရှိနေသည်။ ထို့ပြင် သူတို့ရှာဖွေဆည်းပူးခဲ့သမျှသည်လည်းကောင်း၊ သူတို့က အလ္လာဟ်အရှင်မြတ်မှလွဲ၍ ကိစ္စဟူသမျှကို ပြီးစီးအောင်ဆောင်ရွက်ပေးသူများအဖြစ် ပြုလုပ်သတ်မှတ်ထား

သည့်သူများသည်လည်းကောင်း သူတို့အတွက် မည်သည့်အရာမျှ အသုံးဝင်မည်မဟုတ်ပေ။ ထို့ပြင် သူတို့အတွက် ကြီးလေးသော ပြစ်ဒဏ်ရှိမည်။

هٰذَا هُدًى ۚ وَالَّذِيْنَ كَفَرُوْا بِاٰيٰتِ رَبِّهِمْ لَهُمْ عَذَابٌ مِّنْ رِّجْزٍ اَلِيْمٌ ﴿١١﴾

(၁၁) ဤ(ကုရ်အာန်ကျမ်းတော်မြတ်)သည် ❶တရားလမ်းညွှန် ဖြစ်သည်။ သို့ဖြစ်ရာ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အာယသ်တော်များကို ငြင်းပယ်သူများအတွက် ပြင်းထန်သော အပြစ်ဒဏ်များထဲမှ အလွန်နာကျင်စေသော ပြစ်ဒဏ်ရှိမည်။

❶ ကုရ်အာန်ကျမ်းတော်မြတ်ဟာ အားလုံးအတွက် လမ်းမှန်ညွှန်ကြားပြသချက်ဖြစ်ပေမဲ့ လမ်းမှန်ရမဲ့သူတွေကတော့ အမှန်ကိုလိုလားပြီး လက်ခံတဲ့သူတွေပဲဖြစ်တယ်။(အသ်သဖ်စီရွလ်မုယတ်စရ်)

اَللّٰهُ الَّذِىْ سَخَّرَ لَكُمُ الْبَحْرَ لِتَجْرِىَ الْفُلْكُ فِيْهِ بِاَمْرِهٖ وَلِتَبْتَغُوْا مِنْ فَضْلِهٖ وَلَعَلَّكُمْ تَشْكُرُوْنَ ﴿١٢﴾

(၁၂) အလ္လာဟ်အရှင်မြတ်သည်ပင် ပင်လယ်အား ထိုအထဲတွင် သင်္ဘောများသည် အရှင်မြတ်၏အမိန့်တော်ဖြင့် သွားလာလှုပ်ရှားရန်အတွက်၊ ထို့ပြင် အသင်တို့သည် အရှင်မြတ်၏ကျေးဇူးတော်စားနပ်ရိက္ခာကို ရှာဖွေကြရန်အတွက်နှင့် အသင်တို့သည် ကျေးဇူးတင်ကြရန်အတွက် အသင်တို့၏ လက်အောက်ခံဖြစ်စေတော်မူခဲ့သည်။

وَسَخَّرَ لَكُمْ مَّا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ جَمِيْعًا مِّنْهُ ۗ اِنَّ فِىْ ذٰلِكَ لَاٰيٰتٍ لِّقَوْمٍ يَّتَفَكَّرُوْنَ ﴿١٣﴾

(၁၃) ထို့ပြင် အရှင်မြတ်သည် မိုးကောင်းကင်များတွင် ရှိသမျှနှင့်၊ မြေပထဝီတွင် ရှိသမျှအားလုံးကို အရှင်မြတ်ဘက်မှ အသင်တို့၏ လက်အောက်ခံဖြစ်စေတော်မူခဲ့သည်။ အမှန်စင်စစ် ထိုအထဲတွင် စဉ်းစားဆင်ခြင်သူများအတွက် အမှန်ပင် သက်သေလက္ခဏာများ ရှိသည်။

قُلْ لِّلَّذِيْنَ اٰمَنُوْا يَغْفِرُوْا لِلَّذِيْنَ لَا يَرْجُوْنَ اَيَّامَ اللّٰهِ لِيَجْزِىَ قَوْمًا بِمَا كَانُوْا يَكْسِبُوْنَ ﴿١٤﴾

(၁၄) (အို-တမန်တော်) အသင်သည် အီမာန်ယုံကြည်သူများအား သူတို့သည် အလ္လာဟ်အရှင်မြတ်၏ (အပြစ်ဒဏ်များ ကျရောက်လာမည့်)နေ့ရက်များကို မျှော်လင့်စိုးရိမ်မှုမရှိသူများအား ခွင့်လွှတ်ထားလိုက်ရန် ပြောကြားလိုက်ပါ။ သို့မှသာ အရှင်မြတ်သည် လူမျိုးတစ်မျိုးအား သူတို့ရှာဖွေပြုလုပ်ခဲ့သည့်အရာများနှင့်ပတ်သက်၍ အစားပေးတော်မူမည်ဖြစ်သည်။

مَنْ عَمِلَ صَالِحًا فَلِنَفْسِهٖ ۚ وَمَنْ اَسَآءَ فَعَلَيْهَا ۖ ثُمَّ اِلٰى رَبِّكُمْ تُرْجَعُوْنَ ﴿١٥﴾

(၁၅) မည်သူမဆို ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်ခဲ့လျှင် သူ့အတွက် အကျိုးပင်ဖြစ်သည်။ ထို့ပြင် မည်သူမဆို မကောင်းမှုပြုလုပ်ခဲ့လျှင် သူ၏အပေါ်၌ပင် သက်ရောက်မည်ဖြစ်သည်။ ထို့နောက် အသင်တို့အားလုံးသည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်သို့ပင် ပြန်လည်ပို့ဆောင်ခြင်းခံကြရမည်ဖြစ်သည်။

وَلَقَدْ آتَيْنَا بَنِي إِسْرَائِيلَ الْكِتَابَ وَالْحُكْمَ وَالنُّبُوَّةَ وَرَزَقْنَاهُم مِّنَ الطَّيِّبَاتِ وَفَضَّلْنَاهُمْ عَلَى الْعَالَمِينَ ﴿١٦﴾

(၁၆) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အစ္စရာအီလ်မျိုးနွယ်ဝင်များအား ကျမ်းဂန်နှင့် စီရင်ဆုံးဖြတ်မှုအပြင် တမန်တော်ဖြစ်ခြင်းကိုလည်း ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား သန့်ပြန့်စင်ကြယ်သော အစားအစာများကို စားနပ်ရိက္ခာအဖြစ် ပေးသနားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား (ထိုခေတ်မှ) စကြဝဠာတွင်ရှိသူများထက် ထူးကဲစေတော်မူခဲ့သည်။

وَآتَيْنَاهُم بَيِّنَاتٍ مِّنَ الْأَمْرِ ۖ فَمَا اخْتَلَفُوا إِلَّا مِن بَعْدِ مَا جَاءَهُمُ الْعِلْمُ بَغْيًا بَيْنَهُمْ ۚ إِنَّ رَبَّكَ يَقْضِي بَيْنَهُمْ يَوْمَ الْقِيَامَةِ فِيمَا كَانُوا فِيهِ يَخْتَلِفُونَ ﴿١٧﴾

(၁၇) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား သာသနာ့ကိစ္စနှင့်ပတ်သက်၍ ထင်ရှားသော သက်သေသာဓကများကို ပေးတော်မူခဲ့သည်။ ထို့နောက် သူတို့သည် သူတို့ထံ အသိပညာရောက်လာပြီးနောက်မှပင် သူတို့အချင်းချင်း မလိုမုန်းတီးမှုကြောင့် ကွဲလွဲခဲ့ကြသည်။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် သူတို့ကြားတွင် ကိယာမသ်နေ့၌ သူတို့ ကွဲပြားနေခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ စီရင်ဆုံးဖြတ်တော်မူမည်ဖြစ်သည်။

ثُمَّ جَعَلْنَاكَ عَلَىٰ شَرِيعَةٍ مِّنَ الْأَمْرِ فَاتَّبِعْهَا وَلَا تَتَّبِعْ أَهْوَاءَ الَّذِينَ لَا يَعْلَمُونَ ﴿١٨﴾

(၁၈) ထို့နောက် ငါအရှင်မြတ်သည် အသင်(တမန်တော်)အား သာသနာ့အရေးနှင့် ပတ်သက်၍ ရှရီအသ် တရားလမ်းစဉ်တစ်ခုအပေါ်တွင် ပြုလုပ်(ရပ်တည်စေ)တော်မူခဲ့သည်။ သို့ဖြစ်ရာ အသင်သည် ထိုရှရီအသ် တရားလမ်းစဉ်ကိုပင် လိုက်နာပါ။ ထို့ပြင် အသင်သည် အသိပညာမဲ့သူများ၏ အလိုဆန္ဒများကို မလိုက်လေနှင့်။❶

❶ ရှရီအသ်တရားတော်လမ်းစဉ်အတိုင်းပဲ လိုက်နာဖို့နဲ့ ပညာမဲ့တွေရဲ့အလိုဆန္ဒတွေကို မလိုက်ဖို့ အရှင်မြတ်က မိန့်ဆိုထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّهُمْ لَن يُغْنُوا عَنكَ مِنَ اللَّهِ شَيْئًا ۚ وَإِنَّ الظَّالِمِينَ بَعْضُهُمْ أَوْلِيَاءُ بَعْضٍ ۖ وَاللَّهُ وَلِيُّ الْمُتَّقِينَ ﴿١٩﴾

(၁၉) အမှန်စင်စစ် သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ဆန့်ကျင်ပြီး အသင့်အတွက် အနည်းငယ်မျှ လုံးဝအသုံးဝင်ကြမည်မဟုတ်ပေ။ ထို့ပြင် အမှန်စင်စစ် မတရားသူများသည် သူတို့ထဲမှ အချို့သည် အချို့၏မိတ်ဆွေများပင် ဖြစ်ကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ကမူ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူ မုသ်သကီများ၏မိတ်ဆွေ ဖြစ်သည်။

هَٰذَا بَصَائِرُ لِلنَّاسِ وَهُدًى وَرَحْمَةٌ لِّقَوْمٍ يُوقِنُونَ ﴿٢٠﴾

(၂၀) ဤ(ကုရ်အာန်ကျမ်းတော်မြတ်)သည် လူများအတွက် ထင်ရှားသော သက်သေသာဓကများလည်းဖြစ်သည်။ ယုံကြည်သူများအတွက် လမ်းမှန်ညွှန်ကြားပြသချက်နှင့် ကရုဏာလည်းဖြစ်သည်။

أَمْ حَسِبَ الَّذِينَ اجْتَرَحُوا السَّيِّئَاتِ أَن نَّجْعَلَهُمْ كَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ سَوَاءً مَّحْيَاهُمْ وَمَمَاتُهُمْ ۚ سَاءَ مَا يَحْكُمُونَ ﴿٢١﴾

(၂၁) မကောင်းမှုများကို ကျူးလွန်သူများက ငါအရှင်မြတ်သည် သူတို့အား အီမာန်ယုံကြည်ပြီး ကောင်းမြတ်သည့်လုပ်ရပ်များ ပြုလုပ်ခဲ့ကြသည့်သူများကဲ့သို့ သူတို့၏အသက်ရှင်ခြင်းနှင့် သူတို့၏အသက်သေခြင်းကို တန်းတူပြုလုပ်တော်မူမည်ဟု ထင်မှတ်ကြသလော။ သူတို့၏ဆုံးဖြတ်ချက်သည် အလွန်ပင် ဆိုးရွားလှသည်။ (J)

(J) မကောင်းတဲ့လုပ်ရပ်တွေကို ပြုလုပ်နေတဲ့သူတွေဟာ သူတို့ကိုယ်ကို လောကမှာ စည်းစိမ်တွေနဲ့ နေရတဲ့အပေါ်မှာ ဒီဘဝမှာ ကောင်းတဲ့သူတွေထက် သာနေသလို တမလွန်ဘဝမှာလည်း သာနေလိမ့်မယ်လို့ ထင်မြင်ယူဆခြင်းဟာ လုံးဝ ဆိုးဝါးမှားယွင်းတဲ့ အယူအဆကြီး ဖြစ်တယ်ဆိုတာကို အရှင်မြတ်က ဖော်ပြလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَخَلَقَ اللَّهُ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ وَلِتُجْزَىٰ كُلُّ نَفْسٍ بِمَا كَسَبَتْ وَهُمْ لَا يُظْلَمُونَ ﴿٢٢﴾

(၂၂) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီကို တိကျမှန်ကန်စွာ ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် လူတိုင်းသည် သူတို့ ရှာဖွေဆည်းပူးခဲ့သော (ကောင်းသည့်လုပ်ရပ် သို့မဟုတ် မကောင်းသည့်လုပ်ရပ်)နှင့် ပတ်သက်၍ သူတို့သည် မတရားပြုလုပ်ခြင်းကို မခံကြရဘဲလျက် အစားပေးခြင်းခံရရန်အတွက် (ဖန်ဆင်းတော်မူခဲ့ခြင်း) ဖြစ်သည်။

أَفَرَأَيْتَ مَنِ اتَّخَذَ إِلَٰهَهُ هَوَاهُ وَأَضَلَّهُ اللَّهُ عَلَىٰ عِلْمٍ وَخَتَمَ عَلَىٰ سَمْعِهِ وَقَلْبِهِ وَجَعَلَ عَلَىٰ بَصَرِهِ غِشَاوَةً فَمَن يَهْدِيهِ مِن بَعْدِ اللَّهِ ۚ أَفَلَا تَذَكَّرُونَ ﴿٢٣﴾

(၂၃) မိမိ၏စိတ်အလိုဆန္ဒကို မိမိ၏ကိုးကွယ်ရာအဖြစ် ပြုလုပ်ထားသော သူကို အသင်မမြင်လေသလော။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သိလျက်နှင့်ပင် သူ့အား လမ်းမှားတွင် (လွှတ်)ထားတော်မူလိုက်သည်။ ထို့ပြင် အရှင်မြတ်သည် သူ၏နားနှင့် သူ၏စိတ်နှလုံးပေါ်တွင် တံဆိပ်ခတ်နှိပ်တော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် သူ၏မျက်စိပေါ်တွင် အဖုံးအကာကို ပြုလုပ်တော်မူခဲ့သည်။ သို့ဖြစ်ရာ သူ့အား အလ္လာဟ်အရှင်မြတ်၏နောက်တွင် မည်သူလမ်းမှန်ညွှန်ကြားပြသဦးမည်နည်း။ ထို့နောက်လည်း အသင်တို့သည် တရားမရယူကြသလော။

وَقَالُوا مَا هِيَ إِلَّا حَيَاتُنَا الدُّنْيَا نَمُوتُ وَنَحْيَا وَمَا يُهْلِكُنَا إِلَّا الدَّهْرُ ۚ وَمَا لَهُم بِذَٰلِكَ مِنْ عِلْمٍ ۖ إِنْ هُمْ إِلَّا يَظُنُّونَ ﴿٢٤﴾

(၂၄) ထို့ပြင် သူတို့က ပြောဆိုကြသည်- လောကတွင် ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းကလွဲ၍ မည်သည့်အရာမျှမရှိတော့ပေ။ ကျွန်ုပ်တို့သည် (တစ်ကြိမ်သာ) အသက်သေကြ၍ (တစ်ကြိမ်သာ) အသက်ရှင်ကြသည် ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့အား ခေတ်ကာလကပင် ပျက်စီးစေခြင်းဖြစ်သည်။ ၎င်း(စကား)နှင့်ပတ်သက်၍ သူတို့တွင် မည်သည့်အသိပညာမျှ မရှိဘဲလျက် သူတို့သည် ရမ်းဆ(ပြောဆို)နေကြသည်ပင် ဖြစ်သည်။

وَإِذَا تُتْلَىٰ عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ مَّا كَانَ حُجَّتَهُمْ إِلَّا أَن قَالُوا ائْتُوا بِآبَائِنَا إِن كُنتُمْ صَادِقِينَ ﴿٢٥﴾

(၂၅) ထို့ပြင် သူတို့ရှေ့၌ ငါအရှင်မြတ်၏ ထင်ရှားသောအာယသ်တော်များ ဖတ်ကြားခြင်းခံရသည့်အခါ သူတို့က “အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် ကျွန်ုပ်တို့၏ (သေပြီးသည့်)အဘ၊ ဘိုး၊ ဘေးများကို ခေါ်ယူခဲ့ကြပါ” ဟု ပြောဆိုသည်မှလွဲ၍ မည်သည့်အရာမျှ စောဒကတက်နိုင်သည့် အထောက်အထားမရှိတော့ပေ။

قُلِ اللَّهُ يُحْيِيكُمْ ثُمَّ يُمِيتُكُمْ ثُمَّ يَجْمَعُكُمْ إِلَىٰ يَوْمِ الْقِيَامَةِ لَا رَيْبَ فِيهِ وَلَٰكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ ﴿٢٦﴾

(၂၆) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ရှင်စေတော်မူသည်။ ထို့ပြင် အရှင်မြတ်ပင် အသင်တို့အား သေစေတော်မူမည်။ ထို့ပြင် အရှင်မြတ်သည်ပင် အသင်တို့အား သံသယဖြစ်စရာမရှိသော ကိယာမသ်နေ့တွင် စုရုံးစေတော်မူမည်။ သို့ရာတွင် လူအများစုသည် မသိကြပေ။

وَلِلّٰهِ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ؕ وَيَوْمَ تَقُوْمُ السَّاعَةُ يَوْمَىِٕذٍ يَّخْسَرُ الْمُبْطِلُوْنَ ﴿٢٧﴾

(၂၇) ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီ၏ စိုးမိုးအုပ်ချုပ်မှုအာဏာ သည် အလ္လာဟ်အရှင်မြတ်ပင် ပိုင်ဆိုင်တော်မူသည်။ ထို့ပြင် ကိယာမသ်အချိန် ရောက်လာမည့်နေ့တွင် အမှားကို လိုက်စားသူများသည် ပျက်စီးဆုံးရှုံးကြမည် ဖြစ်သည်။၁

၁ ကိယာမသ်နေ့ကို မယုံဘဲ မှားယွင်းတဲ့ အယူအဆတွေနောက်ကို တကောက်ကောက်လိုက် နေခဲ့တဲ့သူတွေပဲ ပျက်စီးကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَتَرٰى كُلَّ اُمَّةٍ جَاثِيَةً ۫ كُلُّ اُمَّةٍ تُدْعٰٓى اِلٰى كِتٰبِهَا ؕ اَلْيَوْمَ تُجْزَوْنَ مَا كُنْتُمْ تَعْمَلُوْنَ ﴿٢٨﴾

(၂၈) ထို့ပြင် အသင်(တမန်တော်)သည် (ကိယာမသ်ရှင်ထမည့်နေ့ တွင်)သာသနာဝင်အုပ်စုတိုင်းကို ဒူးထောက်လျက်ရှိကြမည်ကို တွေ့မြင်ရမည်။ သာသနာဝင်အုပ်စုတိုင်းသည် သူတို့၏မှတ်တမ်းစာအုပ်ထံသို့ ဖိတ်ခေါ်ခြင်းခံ ကြရမည်။ "ယနေ့မှု အသင်တို့သည် အသင်တို့၏ လုပ်ရပ်များနှင့်ပတ်သက်၍ အစားပေးခြင်းကို ခံကြရမည်ဖြစ်သည်။"

هٰذَا كِتٰبُنَا يَنْطِقُ عَلَيْكُمْ بِالْحَقِّ ؕ اِنَّا كُنَّا نَسْتَنْسِخُ مَا كُنْتُمْ تَعْمَلُوْنَ ﴿٢٩﴾

(၂၉) ဤသည် အသင်တို့နှင့်ပတ်သက်၍ တိကျမှန်ကန်စွာ ပြောပြနေ သော ငါအရှင်မြတ်၏ မှတ်တမ်းစာအုပ်ပင် ဖြစ်သည်။ အမှန်စင်စစ် ငါအရှင်မြတ် သည် အသင်တို့ ပြုလုပ်ခဲ့သမျှကို ရေးမှတ်စေလျက် ရှိတော်မူခဲ့သည်။၂

၂ အရှင်မြတ်ဟာ လူသားတွေလုပ်သမျှအားလုံးကို သိနေပါလျက် အရှင်မြတ်ဟာ တရားမျှတ တော်မူတဲ့အရှင်ဖြစ်ကြောင်း သိသာထင်ရှားစေဖို့အတွက် ကောင်းကင်တမန်တွေကို လူသားတိုင်း အတွက် သတ်မှတ်ပေးထားပြီး သူတို့ပြုလုပ်သမျှတွေကို ရေးမှတ်ခိုင်းထားတာဖြစ်တယ်။ ကိယာမသ် နေ့ရောက်တဲ့အခါ အဲဒီမှတ်တမ်းစာအုပ်တွေကို အဲဒီလူတွေရဲ့ရှေ့မှာ ဖွင့်ပြတော်မူမှာဖြစ်တယ်။ ဘာ ငြင်းချင်သေးလဲ ဆိုတဲ့သဘောဖြစ်တယ်။(ဘာမှငြင်းလို့ရမှာ မဟုတ်တော့ဘူး။) (အလင်းပြကျမ်း)

فَاَمَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ فَيُدْخِلُهُمْ رَبُّهُمْ فِيْ رَحْمَتِهٖ ؕ ذٰلِكَ هُوَ الْفَوْزُ الْمُبِيْنُ ﴿٣٠﴾

(၃၀) ထို့နောက် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည့်သူများအား သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ် သည် အရှင်မြတ်၏ကရုဏာတော်ထဲသို့ ဝင်ရောက်စေတော်မူသည်။ ဤသည် ထင်ရှားသော အောင်မြင်မှုပင် ဖြစ်သည်။

وَاَمَّا الَّذِيْنَ كَفَرُوْا ۫ اَفَلَمْ تَكُنْ اٰيٰتِيْ تُتْلٰى عَلَيْكُمْ فَاسْتَكْبَرْتُمْ وَكُنْتُمْ قَوْمًا مُّجْرِمِيْنَ ﴿٣١﴾

(၃၁) ထို့ပြင် ငြင်းပယ်သည့်သူများကမူ (ဤသို့ ပြောဆိုခြင်းခံကြရ

မည်)။ ငါအရှင်မြတ်၏အာယသ်တော်များသည် အသင်တို့၏ရှေ့၌ ဖတ်ကြားခြင်း ခံခဲ့ရသည်မဟုတ်လော။ ထို့နောက်လည်း အသင်တို့သည် မာနထောင်ခဲ့ကြသည်။ ထို့ပြင် အသင်တို့သည် ပြစ်မှုကျူးလွန်သူများပင် ဖြစ်ခဲ့ကြသည်။

وَإِذَا قِيلَ إِنَّ وَعْدَ ٱللَّهِ حَقٌّ وَٱلسَّاعَةُ لَا رَيْبَ فِيهَا قُلْتُم مَّا نَدْرِى مَا ٱلسَّاعَةُ إِن نَّظُنُّ إِلَّا ظَنًّا وَمَا نَحْنُ بِمُسْتَيْقِنِينَ ﴿٣٢﴾

(၃၂) ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ချိန်းဆိုချက်သည် မှန်ကန်သည်၊ ကိယာမသ်နေ့သည် သံသယဖြစ်စရာမရှိပေဟု ပြောဆိုခြင်းခံခဲ့ရသည့်အခါ အသင်တို့က "ကိယာမသ်ရှင်ပြန်ထမည့်နေ့သည် မည်သည့်အရာနည်းဆိုသည်ကို ကျွန်ုပ်တို့မသိကြပေ။ ကျွန်ုပ်တို့သည် ထင်မြင်ချက်တစ်ခုဟူ၍သာ မြင်သည်။ ထို့ပြင် ကျွန်ုပ်တို့သည် ယုံကြည်သူများ မဟုတ်ကြပေ"ဟု ပြောဆိုခဲ့ကြသည်။

وَبَدَا لَهُمْ سَيِّـَٔاتُ مَا عَمِلُوا۟ وَحَاقَ بِهِم مَّا كَانُوا۟ بِهِۦ يَسْتَهْزِءُونَ ﴿٣٣﴾

(၃၃) ထို့ပြင် (ထိုနေ့တွင်) သူတို့၏ရှေ့၌ သူတို့ပြုလုပ်ခဲ့ကြသော မကောင်းမှုများ၏ ဆိုးယုတ်မှုများသည် ပေါ်လွင်လာခဲ့မည်။ ထို့ပြင် သူတို့ပြောင်လှောင်ခဲ့သည့်အရာများသည်လည်း သူတို့အား ဝိုင်းဝန်းလျက်ရှိလိမ့်မည်။

وَقِيلَ ٱلْيَوْمَ نَنسَىٰكُمْ كَمَا نَسِيتُمْ لِقَآءَ يَوْمِكُمْ هَـٰذَا وَمَأْوَىٰكُمُ ٱلنَّارُ وَمَا لَكُم مِّن نَّـٰصِرِينَ ﴿٣٤﴾

(၃၄) ထို့ပြင် (သူတို့သည် ဤသို့) ပြောဆိုခြင်းခံကြရမည်။ အသင်တို့သည် အသင်တို့၏ ဤနေ့၏တွေ့ဆုံမှုကို မေ့လျော့ခဲ့ကြသကဲ့သို့ ငါအရှင်မြတ်သည်လည်း ယနေ့ အသင်တို့အား မေ့လျော့တော်မူမည်။ ထို့ပြင် အသင်တို့၏ ခိုလှုံရာဌာနသည် ငရဲမီးပင် ဖြစ်သည်။ ထို့ပြင် အသင်တို့တွင် ကူညီမည့်သူလည်း မည်သူမျှ မရှိတော့ပေ။

ذَٰلِكُم بِأَنَّكُمُ ٱتَّخَذْتُمْ ءَايَـٰتِ ٱللَّهِ هُزُوًا وَغَرَّتْكُمُ ٱلْحَيَوٰةُ ٱلدُّنْيَا ۚ فَٱلْيَوْمَ لَا يُخْرَجُونَ مِنْهَا وَلَا هُمْ يُسْتَعْتَبُونَ ﴿٣٥﴾

(၃၅) ထိုအရာသည် အသင်တို့က အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များကို ပြောင်လှောင်စရာအဖြစ် ပြုလုပ်ခဲ့ကြသည့်အတွက်နှင့် လောကီဘဝက အသင်တို့အား လှည့်စားခဲ့သည့်အတွက်ကြောင့်ဖြစ်သည်။ ထို့ပြင် ယနေ့မှ သူတို့သည် ထိုငရဲမီးမှ ထွက်စေခြင်းခံကြရမည် မဟုတ်တော့ပေ။ (အရှင်မြတ်

ကို) ကျေနပ်အောင် ခွင့်လွှတ်တောင်းပန်မှုလုပ်ရန် တောင်းဆိုခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။❷

❷ အာခိရသ် တမလွန်ဘဝဟာ ခွင့်လွှတ်တောင်းပန်ရမဲ့နေရာ မဟုတ်ဘူး။ လောကမှာ အသက်နှုတ်တဲ့ စေတမန်လာတဲ့အချိန်ကစပြီး သောင်ဗဟ်အမှားဝန်ချတောင်းပန်ခြင်းရဲ့ တံခါးဟာ ပိတ်သွားပြီဖြစ်တဲ့အတွက် တမလွန်ဘဝမှာ တောင်းပန်ခွင့်ရှိမှာ မဟုတ်တော့ဘူး။ တောင်းပန်ဖို့ အခွင့်အလမ်းဟာ တစ်သက်တာပေးခဲ့ပြီးပြီ ဖြစ်တယ်။ အရှင်မြတ်ကို ကျေနပ်အောင်လုပ်ဖို့အတွက် လောကအချိန်ကို သတ်မှတ်ပေးထားပြီး ဖြစ်ပါလျက်နဲ့ အဲဒီမှာ မလုပ်ခဲ့ရင် တမလွန်ဘဝမှာထပ်ပြီး ကျေနပ်အောင် လုပ်ခိုင်းတော့မှာ မဟုတ်တော့ဘူး။ ကိုယ့်အပြစ်နဲ့ကိုယ် ခံရုံသာရှိတော့တယ်။
(ဒီအကြောင်း ကုရ်အာန် ၃၂း၁၂-၁၃ တွင်ပါရှိပြီးဖြစ်တယ်)

فَلِلّٰهِ الْحَمْدُ رَبِّ السَّمٰوٰتِ وَرَبِّ الْاَرْضِ رَبِّ الْعٰلَمِيْنَ ﴿٣٦﴾

(၃၆) ထို့ပြင် ချီးမွမ်းခြင်းအပေါင်းသည် မိုးကောင်းကင်များအား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အတွက်လည်းကောင်း၊ မြေပထဝီအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အတွက်လည်းကောင်း၊ စကြဝဠာအပေါင်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အတွက်လည်းကောင်း ဖြစ်သည်။

وَلَهُ الْكِبْرِيَآءُ فِى السَّمٰوٰتِ وَالْاَرْضِ ۖ وَهُوَ الْعَزِيْزُ الْحَكِيْمُ ﴿٣٧﴾

(၃၇) ထို့ပြင် မိုးကောင်းကင်များနှင့်မြေပထဝီတွင် မြင့်မြတ်ကြီးကဲမှုသည် အရှင်မြတ်၌ပင် ရှိသည်။ ထို့ပြင် အရှင်မြတ်သည်ပင် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

ركوعاتها ٤ ٤٦ سُوْرَةُ الْاَحْقَافِ مَكِّيَّةٌ ٦٦ اٰيَاتها ٣٥

# စူရဟ် အဟ်ကာဖ် (သဲတောင်ကုန်းများကဏ္ဍ) سُوْرَةُ الْاَحْقَافِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

حٰمٓ ۚ﴿١﴾

(၁) ဟာ မီမ် ။

تَنۡزِيۡلُ الۡكِتٰبِ مِنَ اللّٰهِ الۡعَزِيۡزِ الۡحَكِيۡمِ ﴿٢﴾

(၂) (ဤသည်) တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့်အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်မှ ချပေးသနားတော်မူသော ကျမ်းဂန်ဖြစ်သည်။

مَا خَلَقۡنَا السَّمٰوٰتِ وَالۡاَرۡضَ وَمَا بَيۡنَهُمَاۤ اِلَّا بِالۡحَقِّ وَاَجَلٍ مُّسَمًّى ؕ وَالَّذِيۡنَ كَفَرُوۡا عَمَّاۤ اُنۡذِرُوۡا مُعۡرِضُوۡنَ ﴿٣﴾

(၃) ငါအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီအပြင် ထိုနှစ်ခုကြားတွင် ရှိသမျှတို့အား တိကျမှန်ကန်မှုဖြင့် ဖန်ဆင်းတော်မူခဲ့သည့်အပြင် အချိန်ကာလတစ်ခုသတ်မှတ်ပြီး ဖန်ဆင်းတော်မူခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ငြင်းပယ်သည့်သူများသည် သူတို့ သတိပေးနှိုးဆော်ခံကြရခြင်းများမှ မျက်နှာလွှဲနေကြသည်။

قُلۡ اَرَءَيۡتُمۡ مَّا تَدۡعُوۡنَ مِنۡ دُوۡنِ اللّٰهِ اَرُوۡنِىۡ مَاذَا خَلَقُوۡا مِنَ الۡاَرۡضِ اَمۡ لَهُمۡ شِرۡكٌ فِى السَّمٰوٰتِ ؕ اِيۡتُوۡنِىۡ بِكِتٰبٍ مِّنۡ قَبۡلِ هٰذَاۤ اَوۡ اَثٰرَةٍ مِّنۡ عِلۡمٍ اِنۡ كُنۡتُمۡ صٰدِقِيۡنَ ﴿٤﴾

(၄) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့ ဟစ်ခေါ်တသကြသည့်အရာများနှင့် ပတ်သက်ပြီး အသင်တို့အနေဖြင့် စဉ်းစားကြည့်ကြ၏လော၊ ထိုအရာများသည် မည်သည့်မြေကို ဖန်ဆင်းခဲ့ကြသနည်းဆိုသည်ကို၊ သို့မဟုတ် မိုးကောင်းကင်များတွင် (မည်သည့်နေရာတွင်) ဖက်စပ်ပါဝင်မှု ရှိနေသနည်းဆိုသည်ကို ငါ့အား ပြကြပါ။ အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် ဤကျမ်းမတိုင်မီ ကျရောက်ခဲ့သော ကျမ်းဂန် တစ်စုံတစ်ခုကိုဖြစ်စေ၊ (အဆင့်ဆင့်ရောက်လာခဲ့သည့်) အသိပညာ

ထဲမှ အထောက်အထားတစ်စုံတစ်ခုကိုဖြစ်စေ ငါ့ထံသို့ ယူလာကြပါ။

وَمَنْ اَضَلُّ مِمَّنْ يَّدْعُوْا مِنْ دُوْنِ اللّٰهِ مَنْ لَّا يَسْتَجِيْبُ لَهٗٓ اِلٰى يَوْمِ الْقِيٰمَةِ وَهُمْ عَنْ دُعَآئِهِمْ غٰفِلُوْنَ ۝٥

(၅) ထို့ပြင် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြားသူများကို ဟစ်ခေါ်သူထက်ပို၍လမ်းမှားသည့်သူ မည်သူရှိမည်နည်း။ ယင်း(ဟစ်ခေါ်ခြင်းခံရသည့်)သူများသည် (ဟစ်ခေါ်)သူ(၏ဟစ်ခေါ်မှု)ကို ကိယာမသ်နေ့ထိ ဖြေကြားကြမည်လည်းမဟုတ်သည့်အပြင် ယင်းတို့သည် ထိုသူတို့၏ ဟစ်ခေါ်မှုကိုပင် သိလိုက်ကြမည်မဟုတ်ပေ။❶

❶ အသက်မရှိတဲ့ရုပ်တုတွေဖြစ်ဖြစ်၊ သဘာဝတရားအခြေခံ ကိုးကွယ်တဲ့ အတွေးအခေါ်ဆိုင်ရာ ကိုးကွယ်ရာတွေဖြစ်ဖြစ်၊ သူတို့ထဲက ဘယ်အရာကမှ သိရှိခံစားနိုင်မှု မရှိကြဘူး။ အဲဒီတော့ သူတို့ ကိုးကွယ်ရာတွေကိုယ်တိုင် သိရှိခံစားနိုင်မှု မရှိကြဘူးဆိုရင် ဘယ်လိုလုပ်ပြီး ခဝပ်ကိုးကွယ်သူတွေရဲ့ ဟစ်ခေါ်မှုကို ကြားနိုင်မှာတဲ့လဲ။ သူတို့ရဲ့ စကားလျှောက်ထားမှုကို ဘယ်လိုဖြေရှင်းပေးမှာတဲ့လဲ။ ပြီးတော့ ကောင်းကင်တမန် عليهم السلامတွေနဲ့ နဗီတမန်တော် عليهم السلامတွေကို ကိုးကွယ်ရာအရှင်အဖြစ် ပြုလုပ် ကိုးကွယ်သူတွေလည်း ဒီအတိုင်းပဲ။ ကောင်းကင်တမန် عليهم السلامတွေနဲ့ နဗီတမန်တော် عليهم السلامတွေဆိုတာလည်း အလ္လာဟ်အရှင် ကြားစေတာပဲ ကြားနိုင်ကြတယ်။ ခွင့်ပြုတာပဲ ပြုလုပ်နိုင်ကြတယ်။ (မအာရိဖွလ်ကုရ်အာန် - တွဲ - ၇၊စာ - ၃၆၇ - မော်လာနာအိဒ်ရီးစ်)

وَاِذَا حُشِرَ النَّاسُ كَانُوْا لَهُمْ اَعْدَآءً وَّكَانُوْا بِعِبَادَتِهِمْ كٰفِرِيْنَ ۝٦

(၆) ထို့ပြင် လူများသည် စုရုံးခြင်းခံကြရသောအခါ သူတို့(၏ကိုးကွယ်ရာများ)သည် သူတို့၏ရန်သူများပင် ဖြစ်သွားကြလိမ့်မည်။ ထို့ပြင် ၎င်း(ကိုးကွယ်ရာ)တို့သည် သူတို့၏ကိုးကွယ်မှုကိုပင် ငြင်းပယ်ကြလိမ့်မည်။

وَاِذَا تُتْلٰى عَلَيْهِمْ اٰيٰتُنَا بَيِّنٰتٍ قَالَ الَّذِيْنَ كَفَرُوْا لِلْحَقِّ لَمَّا جَآءَهُمْ ۙ هٰذَا سِحْرٌ مُّبِيْنٌ ۝٧

(၇) ထို့ပြင် သူတို့ရှေ့၌ ငါအရှင်မြတ်၏ထင်ရှားလျက်ရှိသည့်အာယသ်တော်များကို ဖတ်ကြားခြင်းခံရသည့်အခါ ငြင်းပယ်သူများက အမှန်တရား(ဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်)နှင့် ပတ်သက်၍ ထိုအမှန်တရားသည် သူတို့ထံရောက်လာသည့်အခါ "ဤသည် ထင်ရှားသောမှော်အတတ်ပညာဖြစ်သည်" ဟု ပြောဆိုကြသည်။

اَمْ يَقُوْلُوْنَ افْتَرٰىهُ ؕ قُلْ اِنِ افْتَرَيْتُهٗ فَلَا تَمْلِكُوْنَ لِيْ مِنَ اللّٰهِ شَيْـًٔا ؕ هُوَ اَعْلَمُ بِمَا تُفِيْضُوْنَ فِيْهِ ؕ كَفٰى بِهٖ شَهِيْدًا بَيْنِيْ وَبَيْنَكُمْ ؕ وَهُوَ الْغَفُوْرُ الرَّحِيْمُ ۝٨

(၈) သူတို့က ၎င်း(တမန်တော်မုဟမ္မဒ်)သည် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို လုပ်ကြံဖန်တီးထားသည်ဟု ပြောဆိုကြသလော။ (အို - တမန်

တော်) အသင်ပြောလိုက်ပါ- အကယ်၍ ငါသည် ၎င်းကို လုပ်ကြံဖန်တီး ထားလျှင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ဆန့်ကျင်၍ ငါ့အား မည်သည့်အရာတစ်ခုမျှ မကယ်နိုင်ပေ။ ၎င်းနှင့်ပတ်သက်၍ အသင်တို့ ပြောဆိုထိုးနက်နေကြသည်ကို အရှင်မြတ်သည် အသိဆုံးပင် ဖြစ်တော်မူသည်။ အရှင်မြတ်ပင် အသင်တို့နှင့် ငါ၏အကြားတွင် သက်သေအဖြစ် လုံလောက်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသော အရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

قُلْ مَا كُنْتُ بِدْعًا مِّنَ الرُّسُلِ وَمَآ اَدْرِىْ مَا يُفْعَلُ بِىْ وَلَا بِكُمْ ۭ اِنْ اَتَّبِعُ اِلَّا مَا يُوْحٰٓى اِلَىَّ وَ
مَآ اَنَا اِلَّا نَذِيْرٌ مُّبِيْنٌ ﴿٩﴾

(၉) (အို-တမန်တော်)အသင်ပြောလိုက်ပါ-ကျွန်ုပ်သည် တမန်တော်များထဲမှ အသစ်အဆန်းမဟုတ်ပေ။ ထို့ပြင် ကျွန်ုပ်သည် ကျွန်ုပ်နှင့်ပတ်သက်၍ သော်လည်းကောင်း၊ အသင်တို့နှင့် ပတ်သက်၍သော်လည်းကောင်း မည်သို့ပြုလုပ်ခြင်းခံရမည်ဆိုသည်ကို မသိပေ။ ကျွန်ုပ်သည် ကျွန်ုပ်၏ထံသို့ ထုတ်ပြန်ခြင်းခံရသော ဝဟီအမိန့်တော်ကိုပင် လိုက်နာခြင်းဖြစ်သည်။ ထို့ပြင် ကျွန်ုပ်သည် ရှင်းလင်းထင်ရှားစွာ သတိပေးနှိုးဆော်သူတစ်ဦးမှလွဲ၍ အခြားမည်သည့်အရာမျှမဟုတ်ပေ။

قُلْ اَرَءَيْتُمْ اِنْ كَانَ مِنْ عِنْدِ اللّٰهِ وَكَفَرْتُمْ بِهٖ وَشَهِدَ شَاهِدٌ مِّنْۢ بَنِىْٓ اِسْرَآءِيْلَ عَلٰى مِثْلِهٖ فَاٰمَنَ
وَاسْتَكْبَرْتُمْ ۭ اِنَّ اللّٰهَ لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ ﴿١٠﴾ ع

(၁၀) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် ကျွန်ုပ်အားပြောပြကြပါ။ အကယ်၍၎င်း(ကျမ်းတော်)သည်အလ္လာဟ်အရှင်မြတ်ထံတော်မှ (ကျမ်းဂန်)ဖြစ်နေပြီး အသင်တို့သည်၎င်း(ကျမ်းတော်)ကိုငြင်းပယ်လျက်ရှိနေကြဦးမည်ဆိုလျှင် (အသင်တို့၏အခြေအနေ မည်သို့ဖြစ်သွားမည်နည်း)။ ထို့ပြင် အစ္စရာအီလ်မျိုးနွယ်ဝင်များထဲမှ သက်သေခံသူတစ်ဦးက (သောင်ရာသ်ကျမ်းသည် အရှင်မြတ်ထံတော်မှ ချပေးသော ကျမ်းဖြစ်ခဲ့သကဲ့သို့ ) ထိုသို့ကျမ်းမျိုးပင် (ဤကုရ်အာန်ကျမ်းတော်မြတ်သည်လည်း အရှင်မြတ်ထံတော်မှပင် ချပေးသည့် ကျမ်းဖြစ်သည်)ဟု သက်သေထူခဲ့သည်။● ထို့နောက် သူသည် အီမာန်ယူခဲ့ပြီး အသင်တို့ကမူ မာနထောင်နေကြဆဲပင် ဖြစ်သည်။ အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် မတရားသည့်အမျိုးသားများကို တရားလမ်းမှန်ကို ပို့တော်

မမူပေ။

❶ ကုရ်အာန်ကညွှန်ကြားပြသတဲ့အတိုင်းပဲ သောင်ရာသ်ကလည်း ညွှန်ကြားပြသတာဖြစ်တယ်။ အခြေခံအချက်တွေဟာ အတူတူပဲဖြစ်တယ်။ (အလင်းပြကျမ်း)

وَ قَالَ الَّذِيْنَ كَفَرُوْا لِلَّذِيْنَ اٰمَنُوْا لَوْ كَانَ خَيْرًا مَّا سَبَقُوْنَآ اِلَيْهِ ؕ وَ اِذْ لَمْ يَهْتَدُوْا بِهٖ فَسَيَقُوْلُوْنَ هٰذَآ اِفْكٌ قَدِيْمٌ ﴿١١﴾

(၁၁) ထို့ပြင် ငြင်းပယ်သည့်သူများက ယုံကြည်သူများကို ပြောဆိုကြသည်။ အကယ်၍ ၎င်း(ကုရ်အာန်)သည် ကောင်းမြတ်သောအရာတစ်စုံတစ်ခု ဖြစ်ခဲ့လျှင် သူတို့သည် ငါတို့ထက်စောပြီး ၎င်း(ကုရ်အာန်)ကို ယုံကြည်နိုင်ကြမည် မဟုတ်ပေ။ ထို့နောက် သူတို့သည် ၎င်း(ကုရ်အာန်)ဖြင့် တရားလမ်းမှန်ကို မရခဲ့ကြသည့်အခါ သူတို့က ဤသည် ရှေးဟောင်းမုသား အလိမ်အညာ တစ်ခုပင်ဖြစ်သည်ဟု မကြာမီပြောဆိုကြလိမ့်မည်။

وَمِنْ قَبْلِهٖ كِتٰبُ مُوْسٰٓى اِمَامًا وَّ رَحْمَةً ؕ وَهٰذَا كِتٰبٌ مُّصَدِّقٌ لِّسَانًا عَرَبِيًّا لِّيُنْذِرَ الَّذِيْنَ ظَلَمُوْا ۖۗ وَبُشْرٰى لِلْمُحْسِنِيْنَ ﴿١٢﴾

(၁၂) ထို့ပြင် ၎င်း(ကုရ်အာန်ကျမ်းတော်)မတိုင်မီ (တမန်တော်)မူစာ၏ ကျမ်းဂန် (သောင်ရာသ်)သည် ရှေ့ဆောင်လမ်းပြအဖြစ်နှင့် ကရုဏာအဖြစ် ရှိခဲ့သည်။ ထို့ပြင် ဤ(ကျမ်းဂန်)သည် (ထိုသောင်ရာသ်ကျမ်းကို) ထောက်ခံသော ကျမ်းဂန်ဖြစ်ပြီး❷ မတရားကျူးလွန်သည့်သူများကို သတိပေးနှိုးဆော်ရန်နှင့် ကောင်းကျိုးပြုသူများအတွက် သတင်းကောင်းဖြစ်ရန် (စာပေအဆင့်အတန်း မြင့်ပြီး စကားကြွယ်သော) အရဗီဘာသာစကားဖြင့် ထုတ်ပြန်ထားသည်။

❷ တူတဲ့အတွက်ကြောင့် ကုရ်အာန်က အရင်ကျမ်းတွေကို ထောက်ခံနေတာဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّ الَّذِيْنَ قَالُوْا رَبُّنَا اللّٰهُ ثُمَّ اسْتَقَامُوْا فَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ۚ ﴿١٣﴾

(၁၃) အမှန်စင်စစ် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်ဟု ပြောဆိုကြပြီးနောက် ကြံ့ကြံ့ခံရပ်တည်ခဲ့ကြသည့်သူများတွင် မည်သည့်စိုးရိမ်စရာမျှ ရှိမည်မဟုတ်သည့်အပြင် မည်သည့်ပူဆွေးမှုမျှလည်း ဖြစ်ကြရမည်မဟုတ်ပေ။

اُولٰٓئِكَ اَصْحٰبُ الْجَنَّةِ خٰلِدِيْنَ فِيْهَا ۚ جَزَآءًۢ بِمَا كَانُوْا يَعْمَلُوْنَ ﴿١٤﴾

(၁၄) သူတို့သည် သူတို့ပြုလုပ်ခဲ့ကြသည့်အရာများ၏ အစားအဖြစ် ဂျန္နသ်သုခဘုံထဲတွင် အမြဲနေရမည့် ဂျန္နသ်သုခဘုံသားများဖြစ်ကြသည်။

وَوَصَّيْنَا الْإِنسَانَ بِوَالِدَيْهِ إِحْسَانًا ۖ حَمَلَتْهُ أُمُّهُ كُرْهًا وَوَضَعَتْهُ كُرْهًا ۖ وَحَمْلُهُ وَفِصَالُهُ
ثَلَاثُونَ شَهْرًا ۚ حَتَّىٰ إِذَا بَلَغَ أَشُدَّهُ وَبَلَغَ أَرْبَعِينَ سَنَةً قَالَ رَبِّ أَوْزِعْنِي أَنْ أَشْكُرَ نِعْمَتَكَ
الَّتِي أَنْعَمْتَ عَلَيَّ وَعَلَىٰ وَالِدَيَّ وَأَنْ أَعْمَلَ صَالِحًا تَرْضَاهُ وَأَصْلِحْ لِي فِي ذُرِّيَّتِي ۖ إِنِّي تُبْتُ
إِلَيْكَ وَإِنِّي مِنَ الْمُسْلِمِينَ ﴿١٥﴾

(၁၅) ထို့ပြင် ငါအရှင်မြတ်သည် လူသားကို သူ၏မိဘနှစ်ပါးနှင့် ပတ်သက်၍ ကောင်းမွန်စွာ ပြုစုဆက်ဆံရန် လေးနက်စွာ အမိန့်ပေးတော်မူခဲ့သည်။ သူ၏မိခင်သည် သူ့အား ဒုက္ခပင်ပန်းကြီးစွာဖြင့် လွယ်ပိုက်ခဲ့သည်။ ထို့ပြင် ဒုက္ခပင်ပန်းကြီးစွာဖြင့်ပင် မွေးဖွားခဲ့သည်။ ထို့ပြင် သူ့အား လွယ်ပိုက်ခြင်းနှင့် သူ့အား နို့ဖြတ်ခြင်းသည် လပေါင်းသုံးဆယ်ဖြစ်သည်။ နောက်ဆုံးတွင် ထိုလူသားသည် သူ၏ လူလားမြောက်သည့်အရွယ်ရောက်ရှိပြီး အသက်လေးဆယ်ရောက်သည့် အခါ (ဤသို့)လျှောက်ထားပန်ကြားသည်။ အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်ုပ်နှင့် ကျွန်ုပ်၏မိဘနှစ်ပါးအပေါ်တွင် အရှင်မြတ်ပြုတော်မူခဲ့သော ကျေးဇူးတော်နှင့် ပတ်သက်၍ ကျွန်ုပ်အား အမြဲ ကျေးဇူးသိတတ်စေခြင်း၏ အသိတရားကို ထည့်ပေးတော်မူပါ။ ထို့ပြင် အရှင်မြတ် နှစ်သက်တော်မူသောကောင်းမှုများကို ကျွန်ုပ်အား အမြဲပြုလုပ်နိုင်သောအင်အား ပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်အတွက် ကျွန်ုပ်၏သားမြေးများကိုလည်း ကောင်းမွန်(သည့်အရည်အချင်းရှိ)အောင်ပြုပြင် ပေးသနားတော်မူပါ။ အမှန်စင်စစ် ကျွန်ုပ်သည် အရှင်မြတ်ထံတော်တွင် ဝန်ချတောင်းပန်ပါသည်။ ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်သည် (အလ္လာဟ်အရှင်မြတ်၏)အမိန့်တော်ကို လိုက်နာသူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ပါသည်။ (၃)

(၃) ဒီတောင်းဆုဟာ သာဝကကြီး အဗူဘကရ် رضي الله عنه တောင်းခဲ့တာဖြစ်တယ်လို့ ရိဝါယသ်တချို့မှာ လာရှိထားတယ်။(အာစားန်သရ်ဂျူမဟ်) ဒီသာဝကကြီးဟာ သူများမရတဲ့ ကျေးဇူးတွေကို ရရှိထားခဲ့တယ်။ သူရဲ့မိဘနှစ်ပါးလည်း အီမာန်ရှင်တွေဖြစ်ပြီး သာဝကတွေလည်းဖြစ်ကြတယ်။ သူကိုယ်တိုင်လည်း အီမာန်ရှင်ဖြစ်ပြီး သာဝကလည်းဖြစ်တယ်။ ဒါတင်မက သူရဲ့သားသမီးတွေဟာလည်း အီမာန်ရှင်တွေဖြစ်ကြပြီး သာဝကတွေဖြစ်ကြတယ်။ ဒီအခွင့်အရေးဟာ သူတစ်ဦးတည်းပဲ ရရှိခဲ့တဲ့ အခွင့်အရေးဖြစ်တဲ့အတွက် သူဟာ အရှင်မြတ်ကို အထူးကျေးဇူးတင်ခဲ့တယ်။ (အလင်းပြကျမ်း)

أُولَٰئِكَ الَّذِينَ نَتَقَبَّلُ عَنْهُمْ أَحْسَنَ مَا عَمِلُوا وَنَتَجَاوَزُ عَن سَيِّئَاتِهِمْ فِي أَصْحَابِ الْجَنَّةِ ۖ
وَعْدَ الصِّدْقِ الَّذِي كَانُوا يُوعَدُونَ ﴿١٦﴾

(၁၆) ထိုသူများသည် အကြင်သူများပင် ဖြစ်ကြသည်။ သူတို့ထံမှ သူ

တို့၏ကောင်းမြတ်သည့်လုပ်ရပ်များကို ငါအရှင်မြတ်သည် သဘောတူလက်ခံတော်မူမည်ဖြစ်သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့၏အပြစ်များကို (အရေးမယူဘဲ)လျစ်လျူရှုတော်မူမည်။ (သူတို့သည်) ဂျန္နသ်သုခဘုံသားများထဲတွင် အပါအဝင်ဖြစ်ကြလိမ့်မည်။ (ဤသည်) သူတို့ ကတိပေးခြင်းခံကြရသော မှန်ကန်သည့် ကတိပင် ဖြစ်သည်။

وَالَّذِىْ قَالَ لِوَالِدَيْهِ اُفٍّ لَّكُمَآ اَتَعِدٰنِنِىْٓ اَنْ اُخْرَجَ وَقَدْ خَلَتِ الْقُرُوْنُ مِنْ قَبْلِىْ ۚ وَهُمَا
يَسْتَغِيْثٰنِ اللّٰهَ وَيْلَكَ اٰمِنْ ۖ اِنَّ وَعْدَ اللّٰهِ حَقٌّ ۚ فَيَقُوْلُ مَا هٰذَآ اِلَّآ اَسَاطِيْرُ الْاَوَّلِيْنَ ﴿١٧﴾

(၁၇) ထို့ပြင် အကြင်သူသည် သူ၏မိဘနှစ်ပါးကို ပြောဆိုသည်- အသင်တို့နှစ်ဦးအတွက် ရက်စရာပင် ဖြစ်သည်။ အသင်တို့နှစ်ဦးသည် ကျွန်ုပ်ကို (သင်္ချိုင်းထဲမှ) ကျွန်ုပ်ပြန်ထွက်စေခြင်းကို ခံရမည်ဟုခြိမ်းခြောက်ကြသလော။ ထို့ပြင် ကျွန်ုပ်မတိုင်မီ လူမျိုးဆက်များသည် အမှန်ပင် ကုန်လွန်ခဲ့ပြီးဖြစ်သည်။❶ ထို့နောက်လည်း ထိုမိဘနှစ်ပါးသည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဟစ်အော်ငိုကြွေး အကူအညီတောင်းခံလျက်ရှိကြသည်။❷ (၎င်းနောက် ထိုသားသမီးကို ပြောဆိုသည်)။ အသင် ပျက်စီးရလေခြင်းပင်၊ အသင်သည် အီမာန်ယုံကြည်လိုက်ပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ချိန်းဆိုမှုကတိသည် မှန်ကန်သည်။ ထို့နောက် သူကပြောဆိုသည်- ဤသည် ရှေးလူဟောင်းများ၏ပုံပြင်များပင် ဖြစ်သည်။

❶ မွတ်စ်လင်မ်မိဘတွေက မွေးလာပြီး ယုံကြည်ချက်ပျက်ပြားနေတဲ့ သားမိုက်ရဲ့ အကြောင်းကို ဖော်ပြတာဖြစ်တယ်။(အလင်းပြကျမ်း) ❷ အဲဒီသားမိုက်ကို မွတ်စ်လင်မ်မိဘတွေက ဆိုဆုံးမပြီး စိတ်ဆင်းရဲမှုနဲ့ အရှင်မြတ်ထံတော်မှာ အကူအညီတောင်းကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

اُولٰٓئِكَ الَّذِيْنَ حَقَّ عَلَيْهِمُ الْقَوْلُ فِىْٓ اُمَمٍ قَدْ خَلَتْ مِنْ قَبْلِهِمْ مِّنَ الْجِنِّ وَالْاِنْسِ ۭ اِنَّهُمْ كَانُوْا
خٰسِرِيْنَ ﴿١٨﴾

(၁၈) ထိုသူတို့သည် အကြင်သူများပင်ဖြစ်ကြသည်၊ထိုသူများအပေါ်တွင် ဂျင်န်များနှင့် လူများထဲမှ စင်စစ် ၎င်းတို့အလျင် ကုန်လွန်ပြီးဖြစ်သော အမျိုးသားများနှင့်အတူ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်သည် အမှန်ဖြစ်ခဲ့ပြီ ဖြစ်သည်။ အမှန်စင်စစ် သူတို့သည် ဆုံးရှုံးသူများပင် ဖြစ်ကြသည်။

وَلِكُلٍّ دَرَجٰتٌ مِّمَّا عَمِلُوْا ۚ وَلِيُوَفِّيَهُمْ اَعْمَالَهُمْ وَهُمْ لَا يُظْلَمُوْنَ ﴿١٩﴾

(၁၉) ထို့ပြင် လူတိုင်းအတွက် သူတို့ပြုလုပ်ခဲ့ကြသောလုပ်ရပ်များနှင့် အညီအဆင့်အတန်းများရှိသည်။ ထို့ပြင် (အရှင်မြတ်၏ ဤသို့အကျိုးပေးတော်မူခဲ့

ခြင်းမှာ) အရှင်မြတ်သည် သူတို့အား သူတို့၏လုပ်ရပ်များအစား သူတို့သည် မတရား ပြုလုပ်ခြင်းကို မခံကြရဘဲလျက် အပြည့်အဝပေးတော်မူရန်အတွက် ဖြစ်သည်။

وَيَوْمَ يُعْرَضُ الَّذِيْنَ كَفَرُوْا عَلَى النَّارِ ۭ اَذْهَبْتُمْ طَيِّبٰتِكُمْ فِيْ حَيَاتِكُمُ الدُّنْيَا وَاسْتَمْتَعْتُمْ بِهَا ۚ فَالْيَوْمَ تُجْزَوْنَ عَذَابَ الْهُوْنِ بِمَا كُنْتُمْ تَسْتَكْبِرُوْنَ فِي الْاَرْضِ بِغَيْرِ الْحَقِّ وَبِمَا كُنْتُمْ تَفْسُقُوْنَ ﴿٢٠﴾

(၂၀) ထို့ပြင် ငြင်းပယ်သည့်သူများသည် ငရဲမီး၏ရှေ့တွင် ယူဆောင်လာခြင်းခံကြရသည့်အခါ (ဤသို့ မိန့်ကြားခံကြရမည်)၊ အသင်တို့သည် အသင်တို့၏လောကီဘဝ၌ပင် အသင်တို့၏ကောင်းမြတ်သည့်အရာ စည်းစိမ်ချမ်းသာမှုများကို ဖြုန်းတီးခဲ့ကြပြီးဖြစ်သည်။ ထိုအရာများနှင့် အကျိုးလည်းခံစားခဲ့ကြပြီးဖြစ်သည်။ သို့ဖြစ်ရာ ယနေ့မူ အသင်တို့သည် မြေပထဝီတွင် အသင်တို့ မတရားမာနထောင်ခဲ့ကြသည့်အတွက်နှင့် အမိန့်တော်ကို သွေဖည်လျက်ရှိခဲ့ကြသည့်အတွက် သေးသိမ်စေသောပြစ်ဒဏ်ကို အစားပေးခြင်းခံကြရမည် ဖြစ်သည်။

وَاذْكُرْ اَخَا عَادٍ ۭ اِذْ اَنْذَرَ قَوْمَهٗ بِالْاَحْقَافِ وَقَدْ خَلَتِ النُّذُرُ مِنْۢ بَيْنِ يَدَيْهِ وَمِنْ خَلْفِهٖٓ اَلَّا تَعْبُدُوْٓا اِلَّا اللّٰهَ ۭ اِنِّيْٓ اَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ عَظِيْمٍ ﴿٢١﴾

(၂၁) ထို့ပြင် အသင်(တမန်တော်)သည် အာဒ်အမျိုးသားများ၏နောင်တော်(တမန်တော်ဟူဒ်)၏အကြောင်းကို ပြောပြလိုက်ပါ။ တစ်ခါတွင် ၎င်းသည် ၎င်း၏အမျိုးသားများကို အဟ်ကာဖ်ဆိုသော သဲတောင်ကုန်းများတွင် သတိပေးနှိုးဆော်ခဲ့သည်။ ထို့ပြင် ထိုနောင်တော်၏မတိုင်မီသာမက ၎င်း၏ နောက်တွင်လည်း သတိပေးနှိုးဆော်သူများသည် အမှန်ပင် လွန်ခဲ့ပြီးဖြစ်သည်။ (၎င်းက ပြောသည်)- အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြားမည်သူ့ကိုမျှ မကိုးကွယ်ကြနှင့်။ အမှန်စင်စစ် ငါသည် အသင်တို့နှင့်ပတ်သက်၍ ကြီးကျယ်သည့်နေ့၏ ပြစ်ဒဏ်ကို စိုးရိမ်သည်။

قَالُوْٓا اَجِئْتَنَا لِتَاْفِكَنَا عَنْ اٰلِهَتِنَا ۚ فَاْتِنَا بِمَا تَعِدُنَآ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ﴿٢٢﴾

(၂၂) သူတို့က ပြောဆိုကြသည်။ အသင်သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ကိုးကွယ်ရာများမှ လွှဲဖယ်ရန် ကျွန်ုပ်တို့ထံသို့ လာခဲ့သလော။ သို့ဖြစ်ရာ အသင်သည် မှန်ကန်သူတစ်ဦးဖြစ်ခဲ့လျှင် အသင် ကျွန်ုပ်တို့အား ကတိပြုခြိမ်းခြောက်နေသည့်အရာ (ပြစ်ဒဏ်)ကို ကျွန်ုပ်တို့ထံသို့ ယူဆောင်လာခဲ့ပါ။

قَالَ إِنَّمَا الْعِلْمُ عِنْدَ اللَّهِ ۖ وَأُبَلِّغُكُمْ مَا أُرْسِلْتُ بِهِ وَلَٰكِنِّي أَرَاكُمْ قَوْمًا تَجْهَلُونَ ﴿٢٣﴾

(၂၃) ၎င်းကပြောသည်- (အပြစ်ဒဏ်၏)အသိပညာကမူ အလ္လာဟ်အရှင်မြတ်ထံတော်၌သာ ရှိသည်။ ထို့ပြင် ငါသည် အသင်တို့ထံသို့ ငါစေလွှတ်ခြင်းခံရသော အမိန့်တော်များကိုပင် ပို့ဆောင်ခြင်းဖြစ်သည်။ သို့ရာတွင် ငါသည် အသင်တို့အား အသိဉာဏ်မရှိသည့်သူများအဖြစ် တွေ့မြင်ရသည်။

فَلَمَّا رَأَوْهُ عَارِضًا مُسْتَقْبِلَ أَوْدِيَتِهِمْ قَالُوا هَٰذَا عَارِضٌ مُمْطِرُنَا ۚ بَلْ هُوَ مَا اسْتَعْجَلْتُمْ بِهِ ۖ
رِيحٌ فِيهَا عَذَابٌ أَلِيمٌ ﴿٢٤﴾

(၂၄) ထို့နောက် သူတို့သည် ထိုပြစ်ဒဏ်ကို သူတို့၏တောင်ကြားအရပ်များဘက် ဦးလှည့်လာသည့် မိုးတိမ်အဖြစ် တွေ့မြင်ကြရသည့်အခါ သူတို့က ဤသည် ကျွန်ုပ်တို့အပေါ် ရွာချမည့် မိုးတိမ်ပင် ဖြစ်သည်ဟု ဆိုခဲ့ကြသည်။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် ထိုအရာသည် အသင်တို့ ဆောလျင်စွာ တောင်းဆိုခဲ့ကြသည့်အရာ (ပြစ်ဒဏ်)ပင် ဖြစ်သည်။ (ထိုအရာသည်) သူ၏အထဲတွင် အလွန်နာကျင်စေသည့် ပြစ်ဒဏ်ပါရှိသော လေပြင်းမုန်တိုင်းတစ်ခု ဖြစ်သည်။

تُدَمِّرُ كُلَّ شَيْءٍ بِأَمْرِ رَبِّهَا فَأَصْبَحُوا لَا يُرَىٰ إِلَّا مَسَاكِنُهُمْ ۚ كَذَٰلِكَ نَجْزِي الْقَوْمَ الْمُجْرِمِينَ ﴿٢٥﴾

(၂၅) ထိုလေသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အမိန့်တော်နှင့် အရာအားလုံးကို ဖျက်ဆီးသည်။ ထို့ပြင် သူတို့သည် သူတို့အိမ်များမှလွဲ၍ အခြားမည်သည့်အရာကိုမျှ မမြင်ရသည့်အဖြစ်သို့ ရောက်သွားခဲ့ကြသည်။ ငါအရှင်မြတ်သည် အပြစ်ရှိသူများကို ထိုသို့ပင် အစားပေးတော်မူသည်။

وَلَقَدْ مَكَّنَّاهُمْ فِيمَا إِنْ مَكَّنَّاكُمْ فِيهِ وَجَعَلْنَا لَهُمْ سَمْعًا وَأَبْصَارًا وَأَفْئِدَةً فَمَا أَغْنَىٰ عَنْهُمْ
سَمْعُهُمْ وَلَا أَبْصَارُهُمْ وَلَا أَفْئِدَتُهُمْ مِنْ شَيْءٍ إِذْ كَانُوا يَجْحَدُونَ بِآيَاتِ اللَّهِ وَحَاقَ بِهِمْ مَا كَانُوا
بِهِ يَسْتَهْزِئُونَ ﴿٢٦﴾

(၂၆) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား ပေးတော်မမူခဲ့သော စွမ်းရည်သတ္တိကိုပင် သူတို့အား ပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား နား၊ မျက်စိများနှင့် စိတ်နှလုံးများကိုပေးသနားတော်မူခဲ့သည်။ ထို့နောက်လည်း သူတို့၏နားများ၊ သူတို့၏မျက်စိများနှင့် သူတို့၏စိတ်နှလုံးများသည် မည်သည့်အရာမျှ အသုံးမဝင်ခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အလ္လာဟ်အရှင်မြတ်၏သက်သေလက္ခဏာများကို ငြင်းပယ်နေခဲ့ကြသောကြောင့်ဖြစ်သည်။ ထို့ပြင် သူတို့ပြောင်လှောင်နေခဲ့ကြသော ပြစ်ဒဏ်သည် သူ

တို့အား ဝန်းရံခဲ့သည်။

وَلَقَدْ أَهْلَكْنَا مَا حَوْلَكُمْ مِّنَ الْقُرَىٰ وَصَرَّفْنَا الْآيَاتِ لَعَلَّهُمْ يَرْجِعُونَ ﴿٢٧﴾

(၂၇) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့၏ ပတ်ဝန်းကျင်တွင် ရှိခဲ့သော မြို့ရွာများကို ဖျက်ဆီးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့(၏တွဲဖက်ကိုးကွယ်မှုများကို စွန့်ပြီး)ပြန်လှည့်လာကြရန်အတွက် သက်သေလက္ခဏာများကို အမျိုးမျိုးပြောင်းလဲ မိန့်ကြားပြသတော်မူခဲ့သည်။

فَلَوْلَا نَصَرَهُمُ الَّذِينَ اتَّخَذُوا مِن دُونِ اللَّهِ قُرْبَانًا آلِهَةً ۖ بَلْ ضَلُّوا عَنْهُمْ ۚ وَذَٰلِكَ إِفْكُهُمْ وَمَا كَانُوا يَفْتَرُونَ ﴿٢٨﴾

(၂၈) ထို့နောက် အလ္လာဟ်အရှင်မြတ်အား စွန့်ပြီး နီးကပ်မှုရှာဖွေရန် ကိုးကွယ်ရာများအဖြစ် သူတို့သတ်မှတ်ပြုလုပ်ခဲ့ကြသော ကိုးကွယ်ရာများသည် သူတို့အား အဘယ်ကြောင့် မကူညီခဲ့ကြသနည်း။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် ၎င်း(ကိုးကွယ်ရာ)တို့သည် သူတို့ထံမှ ပျောက်ကွယ်သွားခဲ့ကြပြီဖြစ်သည်။ ထို့ပြင် ၎င်းသည် သူတို့၏လိမ်လည်မှုသားနှင့် သူတို့လုပ်ကြံဖန်တီးထားခဲ့သောအရာပင် ဖြစ်သည်။

وَإِذْ صَرَفْنَا إِلَيْكَ نَفَرًا مِّنَ الْجِنِّ يَسْتَمِعُونَ الْقُرْآنَ فَلَمَّا حَضَرُوهُ قَالُوا أَنصِتُوا ۖ فَلَمَّا قُضِيَ وَلَّوْا إِلَىٰ قَوْمِهِم مُّنذِرِينَ ﴿٢٩﴾

(၂၉) ထို့ပြင် တစ်ခါတွင် ငါအရှင်မြတ်သည် ဂျင်န်အုပ်စုတစ်စုကို ကုရ်အာန်နားထောင်ကြရန်အတွက် အသင်(တမန်တော်)ရှိသည့်နေရာသို့ လှည့်ပေးလိုက်တော်မူခဲ့သည်။ ထို့ပြင် သူတို့သည် ၎င်း(တမန်တော်မြတ်)ထံသို့ ရောက်ရှိကြသည့်အခါ သူတို့က (သူတို့အချင်းချင်း) ဆိတ်ဆိတ်နေကြပါဟု ပြောဆိုခဲ့ကြသည်။ ထို့နောက် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်ဖတ်ရွတ်မှု)ပြီးဆုံးသွားသည့်အခါ သူတို့သည် သူတို့၏အမျိုးသားများထံသို့ သတိပေးနှိုးဆော်သူများအဖြစ် လှည့်ပြန်ခဲ့ကြသည်။❶

❶ ဂျင်န်တွေဟာ ကောင်းကင်ကို တက်ပြီး ကောင်းကင်တမန်တွေရဲ့ ပြောဆိုသံတွေကို အရင်က ချောင်းနားထောင်လေ့ရှိခဲ့ကြတယ်။ တမန်တော်မြတ် ﷺ ပွင့်ပေါ်တဲ့အချိန်ကစပြီး အရှင်မြတ်က ဂျင်န်တွေ ချောင်းနားထောင်တဲ့ကိစ္စကို ပိတ်ဆို့လိုက်တော်မူတယ်။ အဲဒီအပေါ်မှာ သူတို့ဟာ ကမ္ဘာအနှံ့ လှည့်ပတ်ပြီး ဘာကိစ္စကြောင့် အခုလို ပိတ်ဆို့လိုက်ရတာလဲလို့ စုံစမ်းထောက်လှမ်းကြတယ်။ အဲဒီလို စုံစမ်းရင်းနဲ့ ဂျင်န်အုပ်စုတစ်စုဟာ တမန်တော်မြတ် ﷺ စွလာသ်ဝတ်ပြုနေတာကို တွေ့သွားခဲ့တယ်။ အဲဒီမှာ သူတို့ဟာ စုရုံးပြီး တမန်တော်မြတ် ﷺ ရဲ့ ကုရ်အာန်ဖတ်သံကို နားထောင်ခဲ့ကြတာ

ဖြစ်တယ်။ အဲဒီနောက် သူတို့ဟာ ဒီကိစ္စကြောင့် မိုးကောင်းကင်မှာ ချောင်းနားထောင်လို့မရအောင် ပိတ်ဆို့ခြင်းခံလိုက်ရတယ်လို့ ကောက်ချက်ချလိုက်ကြပြီး သူတို့ဟာ တမန်တော်မြတ် ﷺ အပေါ်မှာ အီမာန်ယူလိုက်ကြတယ်။ ပြီးတော့ သူတို့ဟာ သူတို့ရဲ့အမျိုးသားတွေထံကို ပြန်သွားပြီး သတိပေးနှိုးဆော်ခဲ့ကြတာဖြစ်တယ်။ အဲဒီနောက် ဂျင်န်အမြောက်အမြားဟာ အီမာန်ယုံကြည်ပြီး တမန်တော်မြတ် ﷺ ထံ မကြာခဏသွားကြပြီး အမိန့်တော်တွေကို သင်ယူခဲ့ကြတယ်။

(ဗုခါရီကျမ်းဟဒီးဆ် နံပါတ် - ၄၉၂၁၊ အလင်းပြကျမ်း)

قَالُوْا يٰقَوْمَنَآ اِنَّا سَمِعْنَا كِتٰبًا اُنْزِلَ مِنْۢ بَعْدِ مُوْسٰى مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ يَهْدِيْٓ اِلَى الْحَقِّ وَاِلٰى طَرِيْقٍ مُّسْتَقِيْمٍ ۝٣٠

(၃၀) ၎င်း(ဂျင်န်)တို့က ပြောဆိုခဲ့ကြသည်- အို - ကျွန်ုပ်တို့၏အမျိုးသားတို့၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် (တမန်တော်)မူစာ၏နောက်တွင် ချပေးခြင်းခံရ၍ ၎င်း၏မတိုင်မီက ကျမ်းများကို ထောက်ခံလျက်ရှိသော ကျမ်းတစ်စောင်ကို ကြားခဲ့ကြရသည်။ ထိုကျမ်းသည် အမှန်တရားနှင့် ဖြောင့်မတ်မှန်ကန်သည့် လမ်းကို ညွှန်ကြားပြသသည်။

يٰقَوْمَنَآ اَجِيْبُوْا دَاعِيَ اللّٰهِ وَاٰمِنُوْا بِهٖ يَغْفِرْ لَكُمْ مِّنْ ذُنُوْبِكُمْ وَيُجِرْكُمْ مِّنْ عَذَابٍ اَلِيْمٍ ۝٣١

(၃၁) အို - ကျွန်ုပ်တို့၏အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ဘက်သို့ဖိတ်ခေါ်သော ၎င်း၏ဖိတ်ခေါ်ချက်ကို လက်ခံလိုက်ကြပါ။ ထို့ပြင် အသင်တို့သည် ထို(ဖိတ်ခေါ်)သူကို ယုံကြည်ကြပါ။ (သို့ဖြစ်လျှင်) အရှင်မြတ်သည် အသင်တို့အတွက် အသင်တို့၏ပြစ်မှုများကို ခွင့်လွှတ်ချမ်းသာပေးသနားတော်မူမည့်အပြင် အရှင်မြတ်သည် အသင်တို့အား နာကျင်စေသော ပြစ်ဒဏ်မှလည်း ကာကွယ်စောင့်ရှောက်တော်မူမည်။

وَمَنْ لَّا يُجِبْ دَاعِيَ اللّٰهِ فَلَيْسَ بِمُعْجِزٍ فِي الْاَرْضِ وَلَيْسَ لَهٗ مِنْ دُوْنِهٖٓ اَوْلِيَآءُ ۗ اُولٰٓئِكَ فِيْ ضَلٰلٍ مُّبِيْنٍ ۝٣٢

(၃၂) ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်ဘက်သို့ ဖိတ်ခေါ်သည့်သူ၏ဖိတ်ခေါ်ချက်ကို လက်မခံခဲ့လျှင် ထိုသူသည် (အလ္လာဟ်အရှင်မြတ်အား) ကမ္ဘာမြေတွင် မစွမ်းဆောင်နိုင်အောင် ပြုစွမ်းနိုင်သည့်သူမဟုတ်ပေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်မှလွဲ၍ သူ့အတွက် ကာကွယ်စောင့်ရှောက်မည့်သူများလည်း မည်သူမျှ ရှိမည်မဟုတ်ပေ။ ထိုသူများသည် ထင်ရှားသည့်လမ်းမှားမှု၌ပင် ရှိနေကြသည်။

اَوَلَمْ يَرَوْا اَنَّ اللّٰهَ الَّذِيْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ وَلَمْ يَعْيَ بِخَلْقِهِنَّ بِقٰدِرٍ عَلٰٓى اَنْ يُّحْيِيَ

الْمَوْتٰى ؕ بَلٰٓى اِنَّهٗ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿٣٣﴾

(၃၃) ထို့နောက် အမှန်စင်စစ် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းတော်မူခဲ့ပြီး ထိုအရာများကို ဖန်ဆင်းတော်မူခြင်းကြောင့် မောပန်းတော်မူခြင်း မရှိခဲ့သော အလ္လာဟ်အရှင်မြတ်သည် သေသူများအား ရှင်စေခြင်းကို အလွန်စွမ်းဆောင်နိုင်သည့်အရှင်ဖြစ်တော်မူကြောင်း သူတို့သည် မစဉ်းစား မတွေ့မြင်ခဲ့ကြလေသလော။ အဘယ်ကြောင့် မဟုတ်ရမည်နည်း။ အမှန်စင်စစ် အရှင်မြတ်သည် အရာအားလုံးကို အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

وَيَوْمَ يُعْرَضُ الَّذِيْنَ كَفَرُوْا عَلَى النَّارِ ؕ اَلَيْسَ هٰذَا بِالْحَقِّ ؕ قَالُوْا بَلٰى وَرَبِّنَا ؕ قَالَ فَذُوْقُوا الْعَذَابَ بِمَا كُنْتُمْ تَكْفُرُوْنَ ﴿٣٤﴾

(၃၄) ထို့ပြင် ကာဖိရ်ငြင်းပယ်သူများသည် ငရဲမီး၏ရှေ့သို့ ယူဆောင်လာခြင်းခံကြရသည့်နေ့တွင် ဤသည် အမှန်ပင် မဟုတ်လေသလော(ဟု မေးမြန်းခြင်းခံကြရမည်)။ သူတို့က ပြောဆိုကြမည်- "ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို တိုင်တည်ပါသည်၊ ဟုတ်ပါသည်။" အရှင်မြတ်က မိန့်တော်မူမည်- "သို့ဖြစ်လျှင် အသင်တို့သည် အသင်တို့ ငြင်းပယ်ခဲ့ခြင်းကြောင့် ပြစ်ဒဏ်ကို မြည်းစမ်းလိုက်ကြပါ။"

فَاصْبِرْ كَمَا صَبَرَ اُولُوا الْعَزْمِ مِنَ الرُّسُلِ وَلَا تَسْتَعْجِلْ لَّهُمْ ؕ كَاَنَّهُمْ يَوْمَ يَرَوْنَ مَا يُوْعَدُوْنَ لَمْ يَلْبَثُوْٓا اِلَّا سَاعَةً مِّنْ نَّهَارٍ ؕ بَلٰغٌ ۚ فَهَلْ يُهْلَكُ اِلَّا الْقَوْمُ الْفٰسِقُوْنَ ﴿٣٥﴾

(၃၅) သို့ဖြစ်ရာ အသင်(တမန်တော်)သည် စိတ်ဓာတ်ကြံ့ခိုင်သော တမန်တော်များကဲ့သို့ပင် သည်းခံပါ။ ထို့ပြင် အသင်သည် သူတို့နှင့် ပတ်သက်၍ အလျင်စလိုမပြုလေနှင့်။ သူတို့သည် သူတို့ချိန်းဆိုခြင်းခံကြရသော ပြစ်ဒဏ်ကို တွေ့မြင်ကြသည့်နေ့တွင် သူတို့သည် (လောကတွင်) နေ့အချိန်၏တစ်နာရီမျှ အချိန်ထက် ပိုနေခဲ့ကြသည်မဟုတ်သကဲ့သို့ (ထင်မှတ်ကြမည်)။ (ဤသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ အသင့်ထံသို့ အမိန့်တော်များ)ပို့ဆောင်ခြင်းပင် ဖြစ်သည်။ ထို့နောက် အမိန့်ဖီဆန်(ငြင်းပယ်)သူများသာလျှင် ဖျက်ဆီးခြင်းကို ခံကြရလိမ့်မည်။❶

❶ အမှားအမှန် သဲကွဲထင်ရှားအောင် နည်းမျိုးစုံနဲ့ ရှင်းလင်းပြသပြီးတဲ့နောက် အမှန်ကို လက်မခံဘဲ အမှားအပေါ်မှာပဲ ခေါင်းမာနေတဲ့သူအတွက် အရှင်မြတ်ရဲ့အခွင့်အရေးပေးမှုဟာ ကုန်သွားပြီဖြစ်တယ်။ သူ့ကို အပြစ်ပေးရုံပဲ ရှိတော့တယ်။ အမှန်တော့ ဒါဟာ သူကိုယ်သူပဲ ဒုက္ခရောက်အောင် နိုပ်စက်ခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

======================================================

ركوعاتها٤ ٤٧ سُوْرَةُ مُحَمَّدٍ مَدَنِيَّةٌ ٩٥ اٰياتها ٣٨

## စူရဟ် မုဟမ္မဒ် (တမန်တော်မုဟမ္မဒ်ကဏ္ဍ) سُوْرَةُ مُحَمَّدٍ

======================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِیۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اَلَّذِیۡنَ کَفَرُوۡا وَ صَدُّوۡا عَنۡ سَبِیۡلِ اللّٰہِ اَضَلَّ اَعۡمَالَہُمۡ ﴿۱﴾

(၁) အကြင်သူများသည် သွေဖည်ငြင်းပယ်ခဲ့ကြပြီး သူတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ ပိတ်ပင်တားဆီးခဲ့ကြသည်။ အရှင်မြတ်သည် သူတို့၏လုပ်ရပ်များကို အလဟဿအကျိုးမဲ့ဖြစ်စေတော်မူမည်။

وَ الَّذِیۡنَ اٰمَنُوۡا وَ عَمِلُوا الصّٰلِحٰتِ وَ اٰمَنُوۡا بِمَا نُزِّلَ عَلٰی مُحَمَّدٍ وَّ ہُوَ الۡحَقُّ مِنۡ رَّبِّہِمۡ ۙ کَفَّرَ عَنۡہُمۡ سَیِّاٰتِہِمۡ وَ اَصۡلَحَ بَالَہُمۡ ﴿۲﴾

(၂) ထို့ပြင် အကြင်သူများသည် အီမာန်ယုံကြည်ခဲ့ကြသည်။ ထို့ပြင် ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် သူတို့သည်(တမန်တော်)မုဟမ္မဒ်၏အပေါ်တွင် ချပေးတော်မူခြင်းခံခဲ့ရသည့်အရာကို ထိုအရာသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ချပေးခဲ့သည့်မှန်ကန်သောအရာအဖြစ်ဖြင့် ယုံကြည်ခဲ့ကြသည်။ အရှင်မြတ်သည် သူတို့၏မကောင်းမှုများကို သူတို့မှ ပပျောက်စေတော်မူမည့်အပြင် သူတို့၏အခြေအနေကိုလည်း ကောင်းအောင် ပြုပြင်ပေးတော်မူမည်ဖြစ်သည်။

ذٰلِکَ بِاَنَّ الَّذِیۡنَ کَفَرُوا اتَّبَعُوا الۡبَاطِلَ وَ اَنَّ الَّذِیۡنَ اٰمَنُوا اتَّبَعُوا الۡحَقَّ مِنۡ رَّبِّہِمۡ ؕ کَذٰلِکَ یَضۡرِبُ اللّٰہُ لِلنَّاسِ اَمۡثَالَہُمۡ ﴿۳﴾

(၃) ထိုသို့ဖြစ်ရခြင်းကမူ အမှန်မှာ ကာဖိရ်များသည် အမှားကို လိုက်နာခဲ့ကြသည့်အတွက်နှင့် အီမာန်ယုံကြည်သူများသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အမှန်တရားကို အမှန်ပင် လိုက်နာခဲ့ကြသည့်အတွက်ဖြစ်သည်။ ထိုအတိုင်းပင် အလ္လာဟ်အရှင်မြတ်သည် လူများအတွက် သူတို့၏အခြေအနေများကို ခိုင်းနှိုင်းမိန့်ကြားတော်မူသည်။

فَاِذَا لَقِیۡتُمُ الَّذِیۡنَ کَفَرُوۡا فَضَرۡبَ الرِّقَابِ ؕ حَتّٰۤی اِذَاۤ اَثۡخَنۡتُمُوۡہُمۡ فَشُدُّوا الۡوَثَاقَ ٭ۙ فَاِمَّا مَنًّۢا

بَعْدُ وَإِمَّا فِدَآءً حَتّٰى تَضَعَ الْحَرْبُ أَوْزَارَهَا ۚ ذٰلِكَ ۛ وَلَوْ يَشَآءُ اللّٰهُ لَانْتَصَرَ مِنْهُمْ وَلٰكِنْ
لِّيَبْلُوَا۟ بَعْضَكُمْ بِبَعْضٍ ۗ وَالَّذِيْنَ قُتِلُوْا فِيْ سَبِيْلِ اللّٰهِ فَلَنْ يُّضِلَّ أَعْمَالَهُمْ ﴿٤﴾

(၄) ထို့နောက် အသင်တို့သည် ကာဖိရ်များနှင့် ရင်ဆိုင်တွေ့ကြသည့်အခါ လည်ကုပ်များကို ခုတ်ဖြတ်ကြပါ။ နောက်ဆုံးတွင် အသင်တို့သည် သူတို့အား ကောင်းစွာ သတ်ဖြတ်ခဲ့ကြပြီးသည့်အခါ သုံ့ပန်းများကို ကြိုးများဖြင့် သေချာတုပ်နှောင်ကြပါ။ ထို့နောက် စစ်မက်တိုက်ခိုက်မှုသည် လက်နက်ချသည်အထိ (သူတို့နှင့် ပတ်သက်သော အမိန့်တော်သည် အသင်တို့) ကျေးဇူးပြုသည့်အနေဖြင့် (လျော်ကြေးမယူဘဲ)ပြန်လွှတ်သည်ပင်ဖြစ်စေ၊ လျော်ကြေးယူ၍(ပြန်လွှတ်သည်)ပင်ဖြစ်စေ (ပြုပိုင်ခွင့်ရှိသည်)။ ထို့ပြင် အကယ်၍သာ အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူလျှင် (စစ်တိုက်ရန် အမိန့်မထုတ်ဘဲ အရှင်မြတ်ကိုယ်တော်တိုင်) သူတို့အား တန်ပြန်အပြစ်ပေးတော်မူခဲ့မည်ဖြစ်သည်။ သို့ရာတွင် အရှင်မြတ်သည် အသင်တို့ထဲမှ အချို့ကို အချို့နှင့် စမ်းသပ်တော်မူရန်အတွက် (စစ်တိုက်အမိန့်ကို ထုတ်ပြန်တော်မူခဲ့ခြင်းဖြစ်သည်)။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် သတ်ဖြတ်ခြင်းခံခဲ့ကြရသည့်သူများ၏လုပ်ရပ်များကို အရှင်မြတ်သည် မည်သည့်အခါမျှ အလဟဿ ဖြစ်စေတော်မူမည်မဟုတ်ပေ။

سَيَهْدِيْهِمْ وَيُصْلِحُ بَالَهُمْ ﴿٥﴾

(၅) အရှင်မြတ်သည် သူတို့ကို မကြာမီ လမ်းမှန်ပို့တော်မူမည့်အပြင် သူတို့၏အခြေအနေကိုလည်း ကောင်းမွန်အောင် ပြုပြင်ပေးတော်မူမည်ဖြစ်သည်။

وَيُدْخِلُهُمُ الْجَنَّةَ عَرَّفَهَا لَهُمْ ﴿٦﴾

(၆) ထို့ပြင် အရှင်မြတ်သည် သူတို့အား (ဝဟီအမိန့်တော်ဖြင့်) အသိပေးခဲ့သည့်ဂျန္နသ်သုခဘုံသို့ ဝင်ရောက်စေတော်မူမည်။❶

❶ ကုရ်အာန်ရဲ့ အာယသ်တော်တွေထဲကရော၊ တမန်တော်မြတ် ﷺ ရဲ့ ဩဝါဒတော်တွေအရပါ ဂျန္နသ်ထဲက အကြောင်းတွေကို ကြိုတင်သိရှိထားတဲ့အတွက် ဂျန္နသ်ထဲရောက်တာနဲ့ မှတ်မိနေမှာဖြစ်တယ်။ ဒုတိယအဓိပ္ပာယ်တစ်ခုကတော့ အရှင်မြတ်က သုခဘုံသားတွေအတွက် ဘာတစ်ခုမှ အခက်အခဲမရှိအောင် စီမံခန့်ခွဲထားတဲ့အထဲမှာ ဒီတစ်ခုလည်းပါရှိခဲ့တယ်။ အကြင်သူဟာ ဂျန္နသ်သုခဘုံထဲရောက်တာနဲ့ အဲဒီသူဟာ သူရဲ့လောကမှာ တစ်သက်လုံးနေထိုင်တဲ့အိမ်ထဲက နေရာအနေအထားတွေကို လွယ်လွယ်ကူကူ မှတ်မိသွားလာနိုင်သလို ဂျန္နသ်ရဲ့အိမ်ကိုလည်း အဲဒီလို မှတ်ဉာဏ်ကြိုတင်ထည့်ထားပေးလိုက်မှာဖြစ်တယ်။ အဲဒီသူဟာ လမ်းညွှန်ပြသသူမပါဘဲနဲ့ သူ့နေရာသူသွားရောက်နေထိုင်နိုင်မှာ ဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်က အတွင်းနေရာအသေးစိတ်ကအစ ကြိုတင်အသိပေးထားပြီးဖြစ်တဲ့ ဂျန္နသ်လို့ မိန့်ထားတာဖြစ်တယ်။ (အာစာနုသရ်ဂျမဟ်)

يَاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِنْ تَنْصُرُوا اللّٰهَ يَنْصُرْكُمْ وَيُثَبِّتْ اَقْدَامَكُمْ ﴿٧﴾

(၇) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကူညီကြလျှင် အရှင်မြတ်ကလည်း အသင်တို့အား ကူညီတော်မူမည်။❶ ထို့ပြင် အရှင်မြတ်သည် အသင်တို့၏ ခြေများကို မြဲမြံကြံ့ခိုင်စေတော်မူမည်။

❶ အရှင်မြတ်ကို ကူညီနိုင်းတယ်ဆိုတာ အရှင်မြတ်ရဲ့သာသနာနဲ့ အရှင်မြတ်ရဲ့တမန်တော်ကို အစ္စလာမ်ပြန့်ပွားဖို့အတွက် ကူညီနိုင်းတာကို ဆိုလိုတာဖြစ်တယ်။ (အစ္စလာမ် ပြန့်ပွားဖို့ဆိုတာ လူသားတွေ အောင်မြင်အေးချမ်းသာယာစေဖို့ပဲ ဖြစ်တယ်။) (မအာရိဖွလ်ကုရ်အာန်၊ အွဆ်မာနီ)

وَالَّذِيْنَ كَفَرُوْا فَتَعْسًا لَّهُمْ وَاَضَلَّ اَعْمَالَهُمْ ﴿٨﴾

(၈) ကာဖိရ်များအတွက်ကမူ ပျက်စီးခြင်းပင် ရှိမည်။ ထို့ပြင် သူတို့၏ လုပ်ရပ်များကိုလည်း အရှင်မြတ်သည် အလဟဿအကျိုးမဲ့ဖြစ်စေတော်မူမည်။

ذٰلِكَ بِاَنَّهُمْ كَرِهُوْا مَآ اَنْزَلَ اللّٰهُ فَاَحْبَطَ اَعْمَالَهُمْ ﴿٩﴾

(၉) ထိုသို့ဖြစ်ရခြင်းမှာ အလ္လာဟ်အရှင်မြတ် ချပေးတော်မူသောအရာ (အမိန့်တော်များ)ကို အမှန်စင်စစ် သူတို့သည် စက်ဆုပ်ခဲ့ကြသည့်အတွက် ကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ အရှင်မြတ်သည် သူတို့၏လုပ်ရပ်များကို အလဟဿ အကျိုးမဲ့ ဖြစ်စေတော်မူခဲ့သည်။

اَفَلَمْ يَسِيْرُوْا فِى الْاَرْضِ فَيَنْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ مِنْ قَبْلِهِمْ ۚ دَمَّرَ اللّٰهُ عَلَيْهِمْ ۖ وَ
لِلْكٰفِرِيْنَ اَمْثَالُهَا ﴿١٠﴾

(၁၀) သူတို့သည် ကမ္ဘာမြေတွင် လှည့်လည်သွားလာမှုကို မပြုခဲ့ကြသလော။ ထိုသို့ပြုခဲ့လျှင် သူတို့သည် သူတို့မတိုင်မီကသူများ၏ နောက်ဆုံးအကျိုးဆက်သည် မည်သို့ဖြစ်ခဲ့သည်ဆိုသည်ကို မြင်ကြမည်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ထို(ယခင်က)သူများကို ဖျက်ဆီးတော်မူခဲ့သည်။ ထို့ပြင် (ဤ)ကာဖိရ်များအတွက်လည်း ထိုသို့ အဖြစ်အပျက်ပင် ဖြစ်ပေါ်လိမ့်မည်။

ذٰلِكَ بِاَنَّ اللّٰهَ مَوْلَى الَّذِيْنَ اٰمَنُوْا وَاَنَّ الْكٰفِرِيْنَ لَا مَوْلٰى لَهُمْ ﴿١١﴾

(၁၁) ထိုသို့ဖြစ်ရသည်မှာ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်သူများ၏ကိစ္စဟူသမျှကို ဆောင်ရွက်ပေးတော်မူသောသခင် အစစ်အမှန်ဖြစ်သည့်အတွက်နှင့် အမှန်စင်စစ် ကာဖိရ်များတွင် ကိစ္စဟူသမျှကို ဆောင်ရွက်ပေးတော်မူသော အရှင်သခင် မရှိခြင်းကြောင့် ဖြစ်သည်။

إِنَّ اللَّهَ يُدْخِلُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ ۖ وَالَّذِينَ
كَفَرُوا يَتَمَتَّعُونَ وَيَأْكُلُونَ كَمَا تَأْكُلُ الْأَنْعَامُ وَالنَّارُ مَثْوًى لَّهُمْ ﴿١٢﴾

(၁၂) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်ပြီးနောက် ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်ကြသည့်သူများအား ဥယျာဉ်များထဲသို့ ဝင်ရောက်စေတော်မူမည်။ ထိုဥယျာဉ်များ၏အောက်တွင် စမ်းရေချောင်းများ စီးဆင်းလျက်ရှိမည်။ ထို့ပြင် ကာဖိရ်ငြင်းပယ်သူများကမူ ခြေလေးချောင်းတိရစ္ဆာန်များ စား(သောက်)ကြသကဲ့သို့ (ဤလောကတွင်)စည်းစိမ်ခံခြင်းနှင့်စား(သောက်နေထိုင်)ခြင်းကို ပြုလုပ်နေကြသည်။ ထို့ပြင် ငရဲမီးပင် သူတို့၏နေရာထိုင်ခင်းဖြစ်သည်။

وَكَأَيِّن مِّن قَرْيَةٍ هِيَ أَشَدُّ قُوَّةً مِّن قَرْيَتِكَ الَّتِي أَخْرَجَتْكَ أَهْلَكْنَاهُمْ فَلَا نَاصِرَ لَهُمْ ﴿١٣﴾

(၁၃) ထို့ပြင် မြို့ရွာအမြောက်အမြား(တွင် နေထိုင်သူများ)သည် အသင်(တမန်တော်)အား နှင်ထုတ်ခဲ့သော အသင်၏မြို့(တွင် နေထိုင်သူများ)ထက်ပင် အင်အားအနေဖြင့် ပိုမို ပြင်းထန်ခဲ့ကြသည်။ ငါအရှင်မြတ်သည် ၎င်း(မြို့ရွာသား)တို့ကို ဖျက်ဆီးတော်မူခဲ့သည်။ သို့ဖြစ်ရာ သူတို့အား ကူညီမည့်သူ မည်သူမျှ မရှိခဲ့ပေ။

أَفَمَن كَانَ عَلَىٰ بَيِّنَةٍ مِّن رَّبِّهِ كَمَن زُيِّنَ لَهُ سُوءُ عَمَلِهِ وَاتَّبَعُوا أَهْوَاءَهُم ﴿١٤﴾

(၁၄) ထို့နောက် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ ထင်ရှားသော သက်သေလက္ခဏာပေါ်တွင် ရပ်တည်နေကြသည့်သူများသည် အကြင်သူများကဲ့သို့ ဖြစ်ကြပါမည်လော။ ထိုသူများ၏မကောင်းသည့်လုပ်ရပ်များသည် သူတို့အမြင်တွင် လှပတင့်တယ်အောင် ပြုလုပ်ခြင်းခံခဲ့ရသည့်အပြင် သူတို့သည် သူတို့၏စိတ်အလိုဆန္ဒများ နောက်သို့လိုက်ခဲ့ကြသည်။

مَّثَلُ الْجَنَّةِ الَّتِي وُعِدَ الْمُتَّقُونَ ۖ فِيهَا أَنْهَارٌ مِّن مَّاءٍ غَيْرِ آسِنٍ وَأَنْهَارٌ مِّن لَّبَنٍ لَّمْ يَتَغَيَّرْ
طَعْمُهُ وَأَنْهَارٌ مِّنْ خَمْرٍ لَّذَّةٍ لِّلشَّارِبِينَ وَأَنْهَارٌ مِّنْ عَسَلٍ مُّصَفًّى ۖ وَلَهُمْ فِيهَا مِن كُلِّ الثَّمَرَاتِ
وَمَغْفِرَةٌ مِّن رَّبِّهِمْ ۖ كَمَنْ هُوَ خَالِدٌ فِي النَّارِ وَسُقُوا مَاءً حَمِيمًا فَقَطَّعَ أَمْعَاءَهُمْ ﴿١٥﴾

(၁၅) မုသ်သကီကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများအား ကတိပေးခြင်းခံကြရသော ဂျန္နသ်သုခဘုံ၏ အခြေအနေမှာ (ဤသို့ဖြစ်သည်)။ ထိုအထဲတွင် အနံ့အရသာမပျက်သော စမ်းရေချောင်းများ၊ အရသာပြောင်းလဲမသွားသော နို့ရည်ချောင်းများ၊ သောက်သုံးသူများအတွက် အနံ့အရ

သာကောင်းသော အရက်ချောင်းများ❶နှင့် သန့်ပြန့်စင်ကြယ်သော ပျားရည်ချောင်းများရှိမည်။ ထို့ပြင် သူတို့အတွက် ထိုအထဲတွင် သစ်သီးဝလံမျိုးစုံလည်းရှိမည်။ ထို့ပြင် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်လည်း ရှိမည်။ (ထိုသူများသည်) အကြင်သူများကဲ့သို့ (ဖြစ်နိုင်ကြပါမည်လော)။ ထိုသူများသည် မီးထဲတွင် အမြဲနေကြရမည့်သူများပင် ဖြစ်ကြသည်။ ထို့ပြင် သူတို့သည် ပွက်ပွက်ဆူနေသောရေနွေးကို တိုက်ကျွေးခြင်းခံကြရမည်ဖြစ်သည့်အတွက် ၎င်း(ရေနွေး)သည် သူတို့၏အူများကို အပိုင်းပိုင်းပြတ်တောက်စေလိမ့်မည်။

❶ အလွန်အရသာရှိပြီး မူးဝေထိုင်းမှိုင်း သတိလစ်စေခြင်းမရှိတဲ့ အရက်ကို ဆိုလိုတယ်။
(သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

وَمِنۡهُمۡ مَّنۡ يَّسۡتَمِعُ اِلَيۡكَ ۚ حَتّٰٓى اِذَا خَرَجُوۡا مِنۡ عِنۡدِكَ قَالُوۡا لِلَّذِيۡنَ اُوۡتُوا الۡعِلۡمَ مَاذَا قَالَ
اٰنِفًا ۚ اُولٰٓـئِكَ الَّذِيۡنَ طَبَعَ اللّٰهُ عَلٰى قُلُوۡبِهِمۡ وَاتَّبَعُوۡۤا اَهۡوَآءَهُمۡ ﴿١٦﴾

(၁၆) ထို့ပြင် သူတို့ထဲတွင် အသင်(တမန်တော်)၏ဘက်သို့ နားစွင့်နေကြသူများလည်း ရှိကြသည်။ နောက်ဆုံးတွင် အသင်၏ထံမှ ထွက်သွားခဲ့ကြသည့်အခါ သူတို့သည် အသိပညာပေးခြင်းခံရသည့်သူများအား ၎င်း(တမန်တော်)သည် (ယခု)မည်သည့်စကား ပြောဆိုခဲ့သနည်းဟု မေးမြန်းကြသည်။ ထိုသူများသည် အကြင်သူများပင် ဖြစ်ကြသည်၊ အလ္လာဟ်အရှင်မြတ်က သူတို့၏စိတ်နှလုံးများအပေါ်တွင် တံဆိပ်ခတ်နှိပ်ထားတော်မူသည်။ ထို့ပြင် သူတို့သည် သူတို့၏စိတ်အလိုဆန္ဒများကို လိုက်ကြသည်။❷

❷ မုနာဖိက်အယောင်ဆောင်တွေအကြောင်းကို အရှင်မြတ်က အမိန့်ရှိတာဖြစ်တယ်။
(အလင်းပြကျမ်း)

وَالَّذِيۡنَ اهۡتَدَوۡا زَادَهُمۡ هُدًى وَّاٰتٰهُمۡ تَقۡوٰٮهُمۡ ﴿١٧﴾

(၁၇) ထို့ပြင် တရားလမ်းမှန်ကို ရရှိခဲ့ကြသည့်သူများကိုမူ အရှင်မြတ်သည် ပိုပြီး တရားလမ်းမှန်ကို ပြတော်မူသည်။ ထို့ပြင် သူတို့အား သက္ကဝါတရားကိုလည်း ပေးသနားတော်မူသည်။❸

❸ တရားလမ်းမှန်အပေါ်မှာ လိုက်နိုင်တဲ့အင်အားတွေ ပိုပေးပြီး အဲဒီအပေါ်မှာ တည်တည်တံ့တံ့ စွဲမြဲနေနိုင်အောင် အရှင်မြတ်က အင်အားပေးတာ ဖြစ်တယ်။ ပြီးတော့ သက္ကဝါတရား လက်ကိုင်ပြုနိုင်ဖို့ စွမ်းအားပေးပြီး သူတို့အတွက် လွယ်ကူစေတယ်။ (အသ်သဖ်စီရွလ်မုယတ်စရ်)

فَهَلۡ يَنۡظُرُوۡنَ اِلَّا السَّاعَةَ اَنۡ تَاۡتِيَهُمۡ بَغۡتَةً ۚ فَقَدۡ جَآءَ اَشۡرَاطُهَا ۚ فَاَنّٰى لَهُمۡ اِذَا جَآءَتۡهُمۡ ذِكۡرٰٮهُمۡ ﴿١٨﴾

(၁၈) ထို့နောက် သူတို့သည် သူတို့ထံသို့ ကိယာမသ်ရှင်ပြန်ထမည့်နေ့

ရုတ်တရက် ဆိုက်ရောက်လာသည်ကိုပင် စောင့်နေကြသည်။ ၎င်းပြင် အမှန်စင်စစ် ထိုနေ့၏နိမိတ်လက္ခဏာများသည် ရောက်လာခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ ထိုနေ့ သူတို့ထံသို့ ရောက်လာသည့်အခါ သူတို့တွင် သတိတရားရခြင်းသည် သူတို့အတွက် မည်သို့ အကျိုးရှိတော့မည်နည်း။

فَاعْلَمْ أَنَّهُ لَا إِلَٰهَ إِلَّا اللَّهُ وَاسْتَغْفِرْ لِذَنْبِكَ وَلِلْمُؤْمِنِينَ وَالْمُؤْمِنَاتِ ۗ وَاللَّهُ يَعْلَمُ مُتَقَلَّبَكُمْ وَمَثْوَاكُمْ ﴿١٩﴾

(၁၉) သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့် အရှင်မရှိကြောင်း အသင် သိရှိယုံကြည်ထားပါ။ ထို့ပြင် အသင်(တမန်တော်)သည် အသင်၏လျှော့နည်းမှုနှင့် ပတ်သက်၍လည်းကောင်း၊ မုအ်မင်န်များအတွက်လည်းကောင်း၊ မုအ်မိနဟ်များအတွက်လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပါ။❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ လှည့်လည်သွားလာမှုနှင့် အသင်တို့၏ ခိုလှုံရာကို သိရှိတော်မူသည်။

❶ တမန်တော်မြတ် ﷺ ဟာ အပြစ်ကင်းစင်သူဖြစ်ပါလျက်နဲ့ ခွင့်လွှတ်မှုတောင်းခံခိုင်းတာဟာ နောက်လိုက်တွေကစံနမူနာယူပြီး လိုက်နာနိုင်ဖို့ ဖြစ်တယ်။ အပြစ်မရှိတဲ့တမန်တော်ကိုတောင်မှ ခွင့်လွှတ်မှုတောင်းခံခိုင်းတယ်ဆိုရင် အပြစ်ရှိတဲ့နောက်လိုက်တွေဟာ အဲဒီထက်ပိုပြီး ခွင့်လွှတ်မှု တောင်းခံဖို့လိုတယ်ဆိုတာကို ညွှန်ပြနေတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَيَقُولُ الَّذِينَ آمَنُوا لَوْلَا نُزِّلَتْ سُورَةٌ ۖ فَإِذَا أُنْزِلَتْ سُورَةٌ مُحْكَمَةٌ وَذُكِرَ فِيهَا الْقِتَالُ ۙ رَأَيْتَ الَّذِينَ فِي قُلُوبِهِمْ مَرَضٌ يَنْظُرُونَ إِلَيْكَ نَظَرَ الْمَغْشِيِّ عَلَيْهِ مِنَ الْمَوْتِ ۖ فَأَوْلَىٰ لَهُمْ ﴿٢٠﴾

(၂၀) ထို့ပြင် အီမာန်ယုံကြည်သူများက စူရဟ်ကလျှာ တစ်စုံတစ်ခု အဘယ်ကြောင့် မကျရောက်ခဲ့သနည်းဟု ပြောဆို(တောင့်တ)ခဲ့ကြသည်။ ထို့နောက် ရှင်းလင်းပြတ်သားသော စူရဟ်တစ်စုံတစ်ခု ချပေးခြင်းခံရပြီး ထိုအထဲတွင် စစ်တိုက်ရန် အကြောင်းဖော်ပြပါရှိသည့်အခါ စိတ်နှလုံးများတွင် ရောဂါဝေဒနာရှိသည့်သူများသည် သေခါနီး မျက်ဖြူဆိုက်နေသည့်သူများ၏ အကြည့်မျိုးဖြင့် အသင်၏ဘက်သို့ ကြည့်နေသည်ကို အသင်တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်ရာ သူတို့အတွက် ပျက်စီးဆုံးရှုံးမှုရှိပေသည်။

طَاعَةٌ وَقَوْلٌ مَعْرُوفٌ ۚ فَإِذَا عَزَمَ الْأَمْرُ فَلَوْ صَدَقُوا اللَّهَ لَكَانَ خَيْرًا لَهُمْ ﴿٢١﴾

(၂၁) (အရှင်မြတ်၏)အမိန့်တော်ကို လိုက်နာမှုနှင့် (တမန်တော်မြတ်ကို)ကောင်းမွန်သည့်စကားပြောဆိုခြင်းသည် (သူတို့အတွက် ပိုကောင်းသည်)။

ထို့နောက် အရေးကိစ္စ(စစ်တိုက်ခြင်း)သည် သတ်မှတ်ပြီးဖြစ်သည့်အခါ အကယ်၍ သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ မှန်ကန်စွာ ဆက်ဆံကြလျှင် သူတို့အတွက် အမှန်ပင် အကောင်းဆုံး ဖြစ်ခဲ့လိမ့်မည်။❶

❶ မုနာဖိက်တွေဟာ အမြင့်မှန်ရပြီး သတိတရားရကြပြီး သူတို့ပြောတဲ့အတိုင်းပဲ သာသနာအပေါ်မှာ သစ္စာရှိရှိနဲ့ ရပ်တည်သွားမယ်ဆိုရင်တော့ သူတို့အတွက် ဆန့်ကျင်ခြင်း၊ အပြစ်လုပ်ခြင်းထက်ပိုကောင်းတယ်လို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَهَلۡ عَسَيۡتُمۡ اِنۡ تَوَلَّيۡتُمۡ اَنۡ تُفۡسِدُوۡا فِى الۡاَرۡضِ وَتُقَطِّعُوۡۤا اَرۡحَامَكُمۡ ﴿٢٢﴾

(၂၂) ထို့နောက် အကယ်၍ အသင်တို့သည်(စစ်တိုက်ခြင်းမှ)မျက်နှာလွှဲခဲ့ကြလျှင် (အမိုက်ခေတ်ထံသို့ပင် ပြန်သွားပြီး) ကမ္ဘာမြေတွင် သောင်းကျန်းဖျက်ဆီးကြရန်နှင့် အသင်တို့အချင်းချင်း (သတ်ဖြတ်လျက်) သားချင်းတော်စပ်မှုကိုဖြတ်တောက်ကြရန်ပင် မျှော်လင့်လိုလားနေကြသလော။❷ (တစ်နည်း) ထို့နောက် အကယ်၍ အသင်တို့သည် (အရှင်မြတ်၏အမိန့်တော်များကို နာခံကျင့်သုံးသည့်သူများမဖြစ်ဘဲနှင့်) အုပ်ချုပ်မှုအာဏာလွှဲအပ်ခြင်းခံကြရလျှင် ကမ္ဘာမြေတွင် သောင်းကျန်းဖျက်ဆီးကြရန်နှင့် အသင်တို့အချင်းချင်း (သတ်ဖြတ်လျက်)သားချင်းတော်စပ်မှုကို ဖြတ်တောက်ကြရန်ပင် မျှော်လင့်ရန်ရှိတော့သည် မဟုတ်လော။

❷ ဂျိဟာဒ်လုပ် စစ်တိုက်ရတဲ့ ရည်ရွယ်ချက်တစ်ခုက ကမ္ဘာလောကကြီးမှာ အစ္စလာမ်ရဲ့ အမိန့်တော်တွေအတိုင်း တရားမျှမျှတတ အုပ်ချုပ်သွားမယ်ဆိုရင် ဘယ်သူမှ အနိုင်ကျင့်ခံရမှာမဟုတ်သလို လူတိုင်းဟာ လူ့အခွင့်အရေး အပြည့်အဝရကြဖို့အတွက် ဖြစ်တယ်။ အဲဒီလို တရားမျှတတဲ့ အစ္စလာမ်ရဲ့ ဥပဒေအတိုင်း အခွင့်အရေးတွေ ရရှိကြဖို့ စီမံခန့်ခွဲအုပ်ချုပ်နိုင်အောင် ဂျိဟာဒ် ပြုလုပ်ရတာဖြစ်တယ်။ (တကယ်တော့ လူ့အခွင့်အရေးကို ဖျက်ဆီးနေတဲ့ အဖျက်အင်အားကို တိုက်ဖျက်ခြင်းသာဖြစ်တယ်။) အဲဒီလို လူ့အခွင့်အရေးအပြည့်အဝရမဲ့စနစ်နဲ့ အုပ်ချုပ်နိုင်အောင် ဂျိဟာဒ် မလုပ်ခဲ့ဘူးဆိုရင် ကမ္ဘာမှာ ဖျက်ဆီးသောင်းကျန်းမှုတွေ၊ အနိုင်ကျင့်မှုတွေ၊ ဆွေမျိုးဖြတ်တောက်မှုတွေနဲ့ ပြည့်နှက်နေမှာဖြစ်ပြီး ဆွေမျိုးတွေရဲ့အခွင့်အရေးအမျိုးမျိုး ဆုံးရှုံးနေမှာဖြစ်တယ်။ (အာစာနိသင်ဂျူမဟ်)

اُولٰٓئِكَ الَّذِيۡنَ لَعَنَهُمُ اللّٰهُ فَاَصَمَّهُمۡ وَاَعۡمٰٓى اَبۡصَارَهُمۡ ﴿٢٣﴾

(၂၃) ထိုသူများသည် အကြင်သူများပင် ဖြစ်ကြသည်။ အလ္လာဟ်အရှင်မြတ်သည် သူတို့ကို ကရုဏာတော်မှ ကင်းဝေးစေတော်မူခဲ့သည်။ ထို့ပြင် သူတို့ကို နားပင်းစေတော်မူခဲ့သည်။ ထို့ပြင် သူတို့၏မျက်စိများကိုလည်း ကန်းစေတော်မူခဲ့သည်။

اَفَلَا يَتَدَبَّرُوۡنَ الۡقُرۡاٰنَ اَمۡ عَلٰى قُلُوۡبٍ اَقۡفَالُهَا ﴿٢٤﴾

(၂၄) ထို့နောက် သူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို စဉ်းစားဆင်ခြင်မှု မပြုကြလေသလော။ သို့မဟုတ် (သူတို့၏)စိတ်နှလုံးများပေါ်တွင် သော့ခလောက်များ(ခတ်ထားလျက်)ရှိနေသလော။❻

❻ မုနာဖိက်တွေဟာ အစ္စလာမ်ကို ဖျက်ဆီးဖို့ရည်ရွယ်ပြီး အယောင်ဆောင်တာကြောင့် စိတ်နှလုံးတွေ ပိတ်ဆို့သော့ခတ်ခံလိုက်ရတာဖြစ်တယ်။ အဲဒါကြောင့် သူတို့ဟာ အမှန်ကို မမြင်နိုင်တော့ဘဲ ကာဖိရ်တွေထက်တောင် ပိုဆိုးသွားတော့တယ်။ (အလင်းပြကျမ်း)

إِنَّ الَّذِينَ ارْتَدُّوا عَلَىٰ أَدْبَارِهِم مِّن بَعْدِ مَا تَبَيَّنَ لَهُمُ الْهُدَى ۙ الشَّيْطَانُ سَوَّلَ لَهُمْ وَأَمْلَىٰ لَهُمْ ﴿٢٥﴾

(၂၅) အမှန်စင်စစ် အကြင်သူများသည် သူတို့အတွက် လမ်းမှန် ထင်ရှားပြီးသည့်နောက်တွင်မှ ကျောခိုင်း၍ ပြန်လှည့်သွားကြသည်။ သူတို့အား ရှိုင်သွာန်သည် ဖြားယောင်းခဲ့သည့်အပြင် သူသည် သူတို့အား မျှော်လင့်ချက်ပေးခဲ့သည်။

ذَٰلِكَ بِأَنَّهُمْ قَالُوا لِلَّذِينَ كَرِهُوا مَا نَزَّلَ اللَّهُ سَنُطِيعُكُمْ فِي بَعْضِ الْأَمْرِ ۖ وَاللَّهُ يَعْلَمُ إِسْرَارَهُمْ ﴿٢٦﴾

(၂၆) ထိုသို့ဖြစ်ရခြင်းမှာမူ သူတို့သည် အလ္လာဟ်အရှင်မြတ်ချပေးတော်မူခဲ့သော အမိန့်တော်များကို မနှစ်မြို့ကြသည့်သူများအား အမှန်ပင် ကျွန်ုပ်တို့သည် အချို့ကိစ္စများတွင် အသင်တို့၏စကားကို မကြာမီ လိုက်နာကြမည်ဟု ပြောဆိုခဲ့ကြသည့်အတွက်ကြောင့်ပင် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့၏လျှို့ဝှက်ချက်ကို သိရှိတော်မူသည်။

فَكَيْفَ إِذَا تَوَفَّتْهُمُ الْمَلَائِكَةُ يَضْرِبُونَ وُجُوهَهُمْ وَأَدْبَارَهُمْ ﴿٢٧﴾

(၂၇) ကောင်းကင်တမန်များသည် သူတို့၏ မျက်နှာများနှင့် သူတို့၏ ကျောကုန်းများကို ရိုက်ကြလျက် သူတို့၏အသက်ဝိညာဉ်ကို နှုတ်သိမ်းကြသည့်အခါ (သူတို့သည်) မည်သို့ဖြစ်နေကြမည်နည်း။

ذَٰلِكَ بِأَنَّهُمُ اتَّبَعُوا مَا أَسْخَطَ اللَّهَ وَكَرِهُوا رِضْوَانَهُ فَأَحْبَطَ أَعْمَالَهُمْ ﴿٢٨﴾

(၂၈) ထိုသို့ဖြစ်ရခြင်းမှာမူ အမှန်စင်စစ် သူတို့သည် အလ္လာဟ်အရှင်မြတ်အား အမျက်ထွက်စေသည့်အရာများကို လိုက်နာခဲ့ကြသည့်အတွက်ကြောင့်နှင့် အရှင်မြတ်၏ကျေနပ်မှုကို မနှစ်မြို့ခဲ့သည့်အတွက်ကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ အရှင်မြတ်သည် သူတို့၏လုပ်ရပ်များကို အလဟဿဖြစ်စေတော်မူခဲ့ခြင်းဖြစ်သည်။

أَمْ حَسِبَ الَّذِينَ فِي قُلُوبِهِم مَّرَضٌ أَن لَّن يُخْرِجَ اللَّهُ أَضْغَانَهُمْ ﴿٢٩﴾

(၂၉) စိတ်နှလုံးများတွင် ရောဂါဝေဒနာရှိသည့်သူများသည် သူတို့၏ ရန်ငြိုးထားမှုများကို ငါအရှင်မြတ်သည် လုံးဝထုတ်ဖော်တော်မူမည်မဟုတ်ပေ

ဟု ထင်မှတ်နေကြသလော။

وَلَوْ نَشَآءُ لَاَرَيْنٰكَهُمْ فَلَعَرَفْتَهُمْ بِسِيْمٰهُمْ ؕ وَلَتَعْرِفَنَّهُمْ فِيْ لَحْنِ الْقَوْلِ ؕ وَاللّٰهُ يَعْلَمُ اَعْمَالَكُمْ ﴿٣٠﴾

(၃၀) ထို့ပြင် အကယ်၍ ငါအရှင်မြတ်သည် အလိုရှိတော်မူလျှင် ငါအရှင်မြတ်သည် အသင်(တမန်တော်)အား သူတို့ကို အမှန်ပင် ပြသတော်မူမည်။ ထို့နောက် အသင်သည် အမှန်ပင် သူတို့အား သူတို့၏ရုပ်ရည်အသွင်သဏ္ဌာန်ဖြင့် အတိအကျသိရှိရမည်။ ထို့ပြင် အသင်သည် သူတို့အား စကားပြောဆိုပုံ စကားအသွားအလာဖြင့် (ယခုလည်း)အမှန်ပင် သိမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏လုပ်ရပ်များကို သိရှိတော်မူသည်။❶

❶ တမန်တော်မြတ် ﷺ ဟာ မုနာဖိက်အမြောက်အများကို နာမည်တွေခေါ်ပြီး ပရိသတ်ထဲကနေ မောင်းထုတ်ခဲ့ဖူးတယ်။ အဲဒါဟာ အရှင်မြတ်က နာမည်တွေနဲ့တကွ အသိပေးလို့လည်းဖြစ်နိုင်တယ်။ ဒါမှမဟုတ် သူတို့ရဲ့ရုပ်ရည် အပြောအဆိုတွေနဲ့ အယောင်ဆောင်မှန်း ထင်ရှားနေတဲ့အတွက်လည်းဖြစ်နိုင်တယ်။ (အလင်းပြကျမ်း)

وَلَنَبْلُوَنَّكُمْ حَتّٰى نَعْلَمَ الْمُجٰهِدِيْنَ مِنْكُمْ وَالصّٰبِرِيْنَ ۙ وَنَبْلُوَا۟ اَخْبَارَكُمْ ﴿٣١﴾

(၃၁) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့ထဲမှ သက်စွန့်ကြိုးပမ်းသည့်သူများနှင့် သည်းခံသည့်သူများ (ထင်ရှားပေါ်ထွက်လာသည်)ကို သိရှိဖော်ထုတ်ရန်နှင့် အသင်တို့၏အခြေအနေကို ဆန်းစစ်တော်မူရန်အတွက် အသင်တို့အား စမ်းသပ်တော်မူမည်ဖြစ်သည်။❷

❷ အရှင်မြတ်ဟာ ဘယ်သူ ဘာလုပ်မယ်ဆိုတာ ကြိုတင်သိပြီးဖြစ်ပါလျက်နဲ့ ဒီထဲမှာ အရှင်မြတ်သိတော်မူဖို့အတွက် စမ်းသပ်မယ်ဆိုတာ အဲဒီသူတွေရဲ့ လုပ်ရပ်တွေကို အားလုံးရှေ့မှာ ထင်ထင်ရှားရှားပေါ်ထွက်လာတာကို အားလုံးသိသာစေဖို့အတွက် သက်သေအဖြစ်နဲ့ မြင်နိုင်ကြအောင် စမ်းသပ်တာဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّ الَّذِيْنَ كَفَرُوْا وَصَدُّوْا عَنْ سَبِيْلِ اللّٰهِ وَشَآقُّوا الرَّسُوْلَ مِنْۢ بَعْدِ مَا تَبَيَّنَ لَهُمُ الْهُدٰى ۙ لَنْ يَّضُرُّوا اللّٰهَ شَيْـًٔا ؕ وَسَيُحْبِطُ اَعْمَالَهُمْ ﴿٣٢﴾

(၃၂) အမှန်စင်စစ် အကြင်သူများသည် ငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းမှ တားဆီးခဲ့ကြသည်။ ထို့ပြင် သူတို့သည် တမန်တော်မြတ်ကို သူတို့အတွက် အမှန်တရားထင်ရှားပြီးသည့်နောက်မှပင် ဆန့်ကျင်ဘက်ပြုလုပ်ခဲ့ကြသည်၊ ထိုသူများသည် အလ္လာဟ်အရှင်မြတ်အား အနည်းငယ်မျှ လုံးဝနစ်နာစေနိုင်မည်မဟုတ်ပေ။ ထို့ပြင် အရှင်မြတ်သည် သူတို့၏လုပ်ရပ်များကို မကြာမီ အလဟဿဖြစ်စေတော်မူမည်ဖြစ်သည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ أَطِيعُوا۟ ٱللَّهَ وَأَطِيعُوا۟ ٱلرَّسُولَ وَلَا تُبْطِلُوٓا۟ أَعْمَٰلَكُمْ ﴿٣٣﴾

(၃၃) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ် အရှင်မြတ်၏အမိန့်တော်ကို လိုက်နာကြပါ။ ထို့ပြင် အသင်တို့သည် တမန်တော်၏အမိန့်တော်ကိုလည်းလိုက်နာကြပါ။ ထို့ပြင် အသင်တို့သည် အသင်တို့၏လုပ်ရပ်များကို အလဟဿ မဖြစ်စေကြနှင့်။

إِنَّ ٱلَّذِينَ كَفَرُوا۟ وَصَدُّوا۟ عَن سَبِيلِ ٱللَّهِ ثُمَّ مَاتُوا۟ وَهُمْ كُفَّارٌ فَلَن يَغْفِرَ ٱللَّهُ لَهُمْ ﴿٣٤﴾

(၃၄) အမှန်စင်စစ် အကြင်သူများသည် ငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းမှ တားဆီးပိတ်ပင်ခဲ့ကြသည်။ ထို့ပြင် သူတို့သည် ငြင်းပယ်သူများဖြစ်လျက် သေဆုံးသွားခဲ့ကြသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် သူတို့အား လုံးဝ ခွင့်လွှတ်ချမ်းသာ ပေးတော်မူမည် မဟုတ်ပေ။

فَلَا تَهِنُوا۟ وَتَدْعُوٓا۟ إِلَى ٱلسَّلْمِ وَأَنتُمُ ٱلْأَعْلَوْنَ وَٱللَّهُ مَعَكُمْ وَلَن يَتِرَكُمْ أَعْمَٰلَكُمْ ﴿٣٥﴾

(၃၅) သို့ဖြစ်ရာ အသင်တို့သည် အောင်မြင်မည့်သူများဖြစ်ကြပါလျက် အသင်တို့သည် အားမလျှော့ကြနှင့်၊ (သူတို့အား) စစ်ပြေငြိမ်းရေးဘက်သို့လည်း မဖိတ်ခေါ်ကြနှင့်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့နှင့် အတူရှိတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့၏ လုပ်ရပ်များ(၏အကျိုး)ကို လုံးဝ လျှော့နည်းစေမည်မဟုတ်ပေ။❸

❸ မွတ်စ်လင်မ်တွေဟာ စိတ်ဓာတ်ကျပြီး အားလျှော့ကာ စစ်ပြေငြိမ်းမှုကို မကမ်းလှမ်းရဘူး။ အဲဒီလိုဆိုရင် အားလုံးက ဝိုင်းပြီး အနိုင်ကျင့်ကြမှာဖြစ်တယ်။ ဖွဲ့သတ္တိရှိရှိနဲ့ ဆက်လက်ကြိုးစားရင် အရှင်မြတ်က အောင်နိုင်မှုပေးမှာပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّمَا ٱلْحَيَوٰةُ ٱلدُّنْيَا لَعِبٌ وَلَهْوٌ ۚ وَإِن تُؤْمِنُوا۟ وَتَتَّقُوا۟ يُؤْتِكُمْ أُجُورَكُمْ وَلَا يَسْـَٔلْكُمْ أَمْوَٰلَكُمْ ﴿٣٦﴾

(၃၆) လောကီဘဝသည် ကစားပွဲ၊ ပျော်ပွဲရွှင်ပွဲပင် ဖြစ်သည်။ ထို့ပြင် အကယ်၍ အသင်တို့သည် အီမာန်ယုံကြည်ကြပြီး ကြောက်ရွံ့အပြစ်ရှောင်ကောင်းကျိုးဆောင်ကြလျှင် အရှင်မြတ်သည် အသင်တို့၏ကုသိုလ်အကျိုးများကို ပေးသနားတော်မူမည်ဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့ထံမှ အသင်တို့၏ပစ္စည်းများကို တောင်းဆိုမည်လည်း မဟုတ်ပေ။❹

❹ အရှင်မြတ်ဟာ လူတွေထံက အရှင်မြတ်အကျိုးအတွက် သူတို့ရဲ့ပစ္စည်းဥစ္စာကို ဘယ်တော့မှ

တောင်းတော်မမူဘူး။ လူသားတွေအကျိုးရှိဖို့အတွက်သာ လိုအပ်တဲ့နေရာတွေမှာ အသုံးပြုခိုင်းခြင်းသာ ဖြစ်တယ်။ (အလင်းပြကျမ်း)

إِن يَسْـَٔلْكُمُوهَا فَيُحْفِكُمْ تَبْخَلُوا۟ وَيُخْرِجْ أَضْغَـٰنَكُمْ ﴿٣٧﴾

(၃၇) အကယ်၍ အရှင်မြတ်သည် အသင်တို့ထံမှ ထိုပစ္စည်းဥစ္စာများကို တောင်းဆိုတော်မူလျှင်၊ ထို့နောက် ထပ်ပြီး အရှင်မြတ်သည် အသင်တို့ထံမှ အဓမ္မတောင်းဆိုလျှင်၊ အသင်တို့သည် စေးနဲ့တွန့်တိုကြမည်ဖြစ်သည်။ ထို့ပြင် အရှင်မြတ်ကလည်း အသင်တို့၏မနှစ်မြို့မှု(စက်ဆုပ်မှု)များကို ထုတ်ဖော်တော်မူမည်ဖြစ်သည်။

هَـٰٓأَنتُمْ هَـٰٓؤُلَآءِ تُدْعَوْنَ لِتُنفِقُوا۟ فِى سَبِيلِ ٱللَّهِ فَمِنكُم مَّن يَبْخَلُ ۖ وَمَن يَبْخَلْ فَإِنَّمَا يَبْخَلُ عَن نَّفْسِهِۦ ۚ وَٱللَّهُ ٱلْغَنِىُّ وَأَنتُمُ ٱلْفُقَرَآءُ ۚ وَإِن تَتَوَلَّوْا۟ يَسْتَبْدِلْ قَوْمًا غَيْرَكُمْ ثُمَّ لَا يَكُونُوٓا۟ أَمْثَـٰلَكُم ﴿٣٨﴾

(၃၈) ကြည့်စမ်းပါ၊ အသင်တို့သည် ဤသို့သောသူများပင်၊ အသင်တို့အား အလ္လာဟ်အရှင်မြတ်၏လမ်းတွင် အသင်တို့သုံးစွဲလှူဒါန်းရန် ဖိတ်ခေါ်ခြင်းခံကြရသည့်အခါ အသင်တို့ထဲမှ အချို့သည် စေးနဲ့သူများဖြစ်ကြသည်။ ထို့ပြင် မည်သူမဆို စေးနဲ့လျှင် သူသည် သူ၏အတွက်ပင် စေးနဲ့ခြင်းဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းပြီး ပြည့်စုံကြွယ်ဝတော်မူသောအရှင် ဖြစ်တော်မူ၍ အသင်တို့သည် လိုလားတောင့်တသူများပင် ဖြစ်ကြသည်။ ထို့ပြင် အကယ်၍ အသင်တို့သည် မျက်နှာလွှဲကြလျှင် အရှင်မြတ်သည် အသင်တို့၏နေရာ၌ အခြားအမျိုးသားများနှင့် လဲလှယ်တော်မူမည်။ ထို့ပြင် ထိုအမျိုးသားများသည် အသင်တို့နှင့် တူကြမည်မဟုတ်ပေ။❶

❶ လူသားဟာ သူ့အကျိုးရရှိဖို့အတွက် အသုံးပြုခိုင်းတာတောင် စေးနဲ့တွန့်တိုနေသေးတယ်ဆိုရင် အရှင်မြတ်ဟာ အဲဒီလူတွေလို မစေးနဲ့တော့မဲ့ လူသားတွေကို ပြောင်းလဲဖန်ဆင်းပြီး အစားထိုးတော်မူမှာဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်ရဲ့လမ်းတော်မှာ သုံးစွဲခြင်းကို လက်မနှေးသင့်ဘူး။(အွခ်မာနီ)

=====================================================

ركوعاتها ٤ ٤٨ سُوْرَةُ الْفَتْحِ مَدَنِيَّةٌ ١١١ اٰياتها ٢٩

## စူရဟ် ဖသဟ် (အောင်နိုင်ခြင်းကဏ္ဍ) سُوْرَةُ الْفَتْحِ

=====================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

إِنَّا فَتَحْنَا لَكَ فَتْحًا مُّبِيْنًا ﴿١﴾

(၁) အမှန်စင်စစ် ငါအရှင်မြတ်သည် အသင့်ကို ထင်ရှားသော အောင်မြင်မှုတစ်ခု ချီးမြှင့်တော်မူလိုက်ပြီဖြစ်သည်။

لِّيَغْفِرَ لَكَ اللّٰهُ مَا تَقَدَّمَ مِنْ ذَنْۢبِكَ وَمَا تَأَخَّرَ وَيُتِمَّ نِعْمَتَهٗ عَلَيْكَ وَيَهْدِيَكَ صِرَاطًا مُّسْتَقِيْمًا ﴿٢﴾

(၂) (ထိုသို့ အောင်မြင်မှုပေးရခြင်းမှာ) အလ္လာဟ်အရှင်မြတ်သည် အသင်၏နောက်ဖြစ်လျှော့နည်းမှုများနှင့် အသင်၏ရှေ့ဖြစ်လျှော့နည်းမှုများကို ခွင့်လွှတ်တော်မူရန်အတွက်၊ ထို့ပြင် အရှင်မြတ်၏ကျေးဇူးတော်ကို အသင်၏အပေါ်တွင် ပြည့်ဝစေတော်မူရန်အတွက်၊ ထို့ပြင် အသင့်အား ဖြောင့်မတ်သောတရားလမ်းကို ညွှန်ကြားပြသတော်မူရန်အတွက်ဖြစ်သည်။

وَّيَنْصُرَكَ اللّٰهُ نَصْرًا عَزِيْزًا ﴿٣﴾

(၃) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင့်အား အားလုံးအပေါ်တွင် လွှမ်းမိုးသော ကူညီမှုကို ချီးမြှင့်ပေးသနားတော်မူရန် အတွက်လည်းဖြစ်သည်။

هُوَ الَّذِيْٓ أَنْزَلَ السَّكِيْنَةَ فِيْ قُلُوْبِ الْمُؤْمِنِيْنَ لِيَزْدَادُوْٓا إِيْمَانًا مَّعَ إِيْمَانِهِمْ ۗ وَلِلّٰهِ جُنُوْدُ السَّمٰوٰتِ وَالْأَرْضِ ۗ وَكَانَ اللّٰهُ عَلِيْمًا حَكِيْمًا ﴿٤﴾

(၄) အရှင်မြတ်သည်ပင် မုအ်မင်နယုံကြည်သူများ၏စိတ်နှလုံးများထဲတွင် သူတို့၏အီမာန်များနှင့်တကွ အီမာန်ထပ်တိုးစေရန်အတွက် စိတ်တည်ငြိမ်မှုကို ချပေးတော်မူခဲ့သည်။❶ ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသောစစ်တပ်ဟူသမျှသည် အလ္လာဟ်အရှင်မြတ်ပင် စိုးပိုင်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။❷

❶ ဟုဒိုင်ဗိယဟ်စစ်ပြေငြိမ်းစာချုပ်ချုပ်ဆိုတဲ့အခါမှာ ကာဖိရ်တွေဘက်က အနိုင်ကျင့်ပြီး စည်းကမ်း

ချက်တွေသတ်မှတ်ခဲ့တယ်။ အဲဒီစည်းကမ်းတွေကို တမန်တော်မြတ် ﷺ က လိုက်လျောလိုက်တဲ့ ကိစ္စမှာ မွတ်စ်လင်မ်တွေဟာ မခံမရပ်နိုင်ဖြစ်ခဲ့ကြတယ်။ ဒါပေမဲ့ တမန်တော်မြတ် ﷺ ရဲ့အမိန့်ကိုပဲ နာခံလိုက်ကြတယ်။ ဒါဟာ အရှင်မြတ်က သူတို့ရဲ့စိတ်နှလုံးတွေထဲမှာ စကီနဟ်ငြိမ်းချမ်းမှုချပေးခဲ့တဲ့အတွက်ကြောင့်ဖြစ်တယ်။ စစ်တိုက်ရင် အသက်ပေးဖို့ အဆင်သင့်တက်ကြွနေခဲ့တဲ့စွဟာဗဟ် رضي الله عنهم တွေဟာ တမန်တော်မြတ် ﷺ ရဲ့ အမိန့်နာခံတဲ့နေရာမှာလည်း သူတို့ရဲ့တက်ကြွနေတဲ့ စိတ်နဲ့ဆန့်ကျင်ပြီး အဆင်သင့်ဖြစ်သွားခဲ့ကြတယ်။ ကိုယ့်စိတ်အလိုကို မလိုက်ခဲ့ကြဘဲ တမန်တော်မြတ် ﷺ ရဲ့အမိန့်ကိုပဲ နာခံခဲ့ကြတာဟာ နောက်လူတွေအတွက် စံနမူနာဖြစ်တယ်။(အလင်းပြကျမ်း)

❷ အရှင်မြတ်ဟာ ဘယ်အချိန်မှာ စစ်တိုက်ရင် သင့်တော်တယ် မသင့်တော်ဘူးဆိုတာ သိတော်မူတဲ့အတွက် သင့်တော်သလို ညွှန်ကြားပေးနေတာဖြစ်တယ်။ အဲဒါကြောင့် အရှင်မြတ်အပေါ်ပုံအပ်ပြီး တမန်တော်မြတ် ﷺ ရဲ့အမိန့်ကို နာခံလိုက်ရင် လုံလောက်သွားပြီဖြစ်တယ်။ (အလင်းပြကျမ်း)

لِّيُدۡخِلَ الۡمُؤۡمِنِيۡنَ وَ الۡمُؤۡمِنٰتِ جَنّٰتٍ تَجۡرِىۡ مِنۡ تَحۡتِهَا الۡاَنۡهٰرُ خٰلِدِيۡنَ فِيۡهَا وَ يُكَفِّرَ عَنۡهُمۡ سَيِّاٰتِهِمۡ‌ؕ وَكَانَ ذٰلِكَ عِنۡدَ اللّٰهِ فَوۡزًا عَظِيۡمًا ۙ‏ ﴿٥﴾

(၅) (ထိုသို့အောင်မြင်မှုပေးရခြင်းမှာ) အရှင်မြတ်သည် မုအ်မင်န် ယုံကြည်သူ အမျိုးသားများနှင့် မုအ်မိနဟ် ယုံကြည်သူအမျိုးသမီးများကို အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူရန်အတွက် ဖြစ်သည်။ သူတို့သည် ၎င်း(ဥယျာဉ်များ)တွင် အမြဲနေကြရမည်ဖြစ်သည်။ ၎င်း(ဥယျာဉ်များ)၏အောက်မှ စမ်းရေချောင်းများ စီးဆင်းနေမည်။ ထို့ပြင် အရှင်မြတ်သည် သူတို့ထံမှ သူတို့၏ပြစ်မှုများကို ပပျောက်စေတော်မူရန်အတွက် ဖြစ်သည်။ ထို့ပြင် ၎င်းသည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ကြီးကျယ်သော အောင်မြင်မှုပင် ဖြစ်သည်။❸

❸ ဟုဒိုင်ဗီယဟ်မှာ တမန်တော်မြတ် ﷺ နဲ့အတူ ပါဝင်ပြီး ဂျိဟာဒ်ပြုလုပ်ဖို့ သစ္စာဆိုခဲ့တဲ့သူတွေထဲက ဘယ်သူမှ ဂျဟန္နမ်ကျမှာမဟုတ်ကြောင်း ဟဒီးဆ်တော်တွေမှာ လာရှိတယ်။ ဒါဟာ အရှင်မြတ်ထံတော်မှာ ကြီးမားတဲ့အောင်မြင်မှု ဖြစ်တယ်။ (အလင်းပြကျမ်း)

وَّيُعَذِّبَ الۡمُنٰفِقِيۡنَ وَالۡمُنٰفِقٰتِ وَالۡمُشۡرِكِيۡنَ وَالۡمُشۡرِكٰتِ الظَّآنِّيۡنَ بِاللّٰهِ ظَنَّ السَّوۡءِ‌ ؕ عَلَيۡهِمۡ دَآئِرَةُ السَّوۡءِ‌ ۚ وَغَضِبَ اللّٰهُ عَلَيۡهِمۡ وَلَعَنَهُمۡ وَاَعَدَّ لَهُمۡ جَهَنَّمَ‌ ؕ وَسَآءَتۡ مَصِيۡرًا‏ ﴿٦﴾

(၆) ထို့ပြင် အရှင်မြတ်သည် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ မကောင်းထင်မြင်မှုကို ထင်မြင်ခဲ့ကြသော မုနာဖိက်အယောင်ဆောင်ယောကျ်ားများ၊ မုနာဖိကဟ်အယောင်ဆောင်မိန်းမများ၊ မုရှ်ရိက်ယောကျ်ားများနှင့် မုရှ်ရိကဟ်မိန်းမများကို ပြစ်ဒဏ်ပေးတော်မူရန်အတွက် ဖြစ်သည်။ သူတို့အပေါ်တွင် ဆိုးဝါးသော ဒုက္ခရောက်မည်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့အပေါ်တွင် အမျက်ထွက်တော်မူပြီး သူတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူမည့်အပြင် အရှင်မြတ်သည် သူတို့အတွက် ဂျဟန္နမ်ငရဲဘုံကို အဆင်

သင့်ပြုလုပ်ထားတော်မူသည်။ ထို့ပြင် ၎င်း(ငရဲဘုံ)သည် အလွန်ဆိုးရွားလှသော နေရာထိုင်ခင်းဖြစ်သည်။

وَلِلّٰهِ جُنُوْدُ السَّمٰوٰتِ وَالْاَرْضِ ۭ وَكَانَ اللّٰهُ عَزِيْزًا حَكِيْمًا ۝

(၇) ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသော စစ်တပ်ဟူသမျှသည် အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

اِنَّآ اَرْسَلْنٰكَ شَاهِدًا وَّمُبَشِّرًا وَّنَذِيْرًا ۝

(၈) အမှန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား သက်သေအဖြစ်၊ သတင်းကောင်းပြောကြားသူအဖြစ်နှင့် သတိပေးနှိုးဆော်သူအဖြစ် စေလွှတ်တော်မူခဲ့သည်။

لِّتُؤْمِنُوْا بِاللّٰهِ وَرَسُوْلِهٖ وَتُعَزِّرُوْهُ وَتُوَقِّرُوْهُ ۭ وَتُسَبِّحُوْهُ بُكْرَةً وَّاَصِيْلًا ۝

(၉) (ထိုသို့ စေလွှတ်တော်မူရခြင်းမှာ) အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို အီမာန်ယုံကြည်ကြရန်အတွက်၊ အရှင်မြတ်(၏တမန်တော်)ကို ကူညီကြရန်အတွက်၊ အရှင်မြတ်(၏တမန်တော်)ကို ရိုသေကိုင်းရှိုင်းဂုဏ်ပေးကြရန်အတွက်၊ အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း နံနက်နှင့် ညနေတွင် ရွတ်ဆိုကြရန်အတွက် ဖြစ်သည်။

اِنَّ الَّذِيْنَ يُبَايِعُوْنَكَ اِنَّمَا يُبَايِعُوْنَ اللّٰهَ ۭ يَدُ اللّٰهِ فَوْقَ اَيْدِيْهِمْ ۚ فَمَنْ نَّكَثَ فَاِنَّمَا يَنْكُثُ عَلٰى نَفْسِهٖ ۚ وَمَنْ اَوْفٰى بِمَا عٰهَدَ عَلَيْهُ اللّٰهَ فَسَيُؤْتِيْهِ اَجْرًا عَظِيْمًا ۝

(၁၀) အမှန်စင်စစ် အသင်(တမန်တော်)နှင့် မိုင်အသ် သစ္စာဆိုမှု ပြုလုပ်ကြသောသူများသည် အလ္လာဟ်အရှင်မြတ်နှင့် မိုင်အသ်သစ္စာဆိုမှု ပြုလုပ်ကြသည်ပင် ဖြစ်သည်။❶ အလ္လာဟ်အရှင်မြတ်၏လက်တော်သည် သူတို့၏လက်များပေါ်တွင်ရှိသည်။ ထို့နောက် မည်သူမဆို သစ္စာဖောက်ခဲ့လျှင် ထိုသူသည် သူ၏ကိုယ်နှင့် ဆန့်ကျင်ပြီး သစ္စာဖောက်ခြင်းပင် ဖြစ်သည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် သစ္စာဆိုခဲ့သည့်အချက်များကို ထိန်းသိမ်းခဲ့လျှင် အရှင်မြတ်သည် သူ့အား ကြီးကျယ်သောအကျိုးကို မကြာမီ ပေးသနားတော်မူမည် ဖြစ်သည်။

❶ ဟုဒိုင်ဗီယဟ်မှာ သာဝကကြီး ﷻ တွေဟာ တမန်တော်မြတ် ﷺ နဲ့ လက်ချင်းထပ်ပြီး မိုင်အသ်

သစ္စာဆိုခဲ့ကြတာဖြစ်တယ်။ အဲဒီလို တမန်တော်မြတ် ﷺ နဲ့ လက်ချင်းထပ်ခဲ့တာကိုပဲ အရှင်မြတ်က အရှင်မြတ်ရဲ့ လက်တော်ဟာ သူတို့လက်တွေပေါ်မှာရှိခဲ့တယ်လို့ အမိန့်ရှိတော်မူခဲ့တာဟာ တမန်တော်မြတ် ﷺ က အရှင်မြတ်ရဲ့အမိန့်နဲ့ပဲ အရှင်မြတ်ကိုယ်စား ဗိုင်အသ်ပြုလုပ်ပေးတာကြောင့် ဖြစ်တယ်။ တကယ်တော့ အရှင်မြတ်ရဲ့အမိန့်တော်ကို နာခံတာကိုပဲ အဲဒီဗိုင်အသ်သစ္စာဆိုမှုနဲ့ လေးနက်စေခဲ့တာဖြစ်တယ်။ အမှန်မှာ တမန်တော်မြတ် ﷺ ရဲ့ အမိန့်နာခံခြင်းဟာ အရှင်မြတ်ရဲ့ အမိန့်နာခံခြင်းပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

سَيَقُوْلُ لَكَ الْمُخَلَّفُوْنَ مِنَ الْاَعْرَابِ شَغَلَتْنَآ اَمْوَالُنَا وَ اَهْلُوْنَا فَاسْتَغْفِرْ لَنَا ۚ يَقُوْلُوْنَ بِاَلْسِنَتِهِمْ مَّا لَيْسَ فِيْ قُلُوْبِهِمْ ۗ قُلْ فَمَنْ يَّمْلِكُ لَكُمْ مِّنَ اللّٰهِ شَيْـًٔا اِنْ اَرَادَ بِكُمْ ضَرًّا اَوْ اَرَادَ بِكُمْ نَفْعًا ۗ بَلْ كَانَ اللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرًا ﴿١١﴾

(၁၁) နောက်ကျန်နေခဲ့သော အရပ်ကျေးတောသားများသည် အသင့်အား မကြာမီ၌ပင် ပြောဆိုကြလိမ့်မည်။ ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ ပစ္စည်းဥစ္စာများနှင့် ကျွန်ုပ်တို့၏မိသားစုများက အလုပ်များစေခဲ့ကြပါသည်။ သို့ဖြစ်ရာ အသင်တမန်တော်မြတ်သည် ကျွန်ုပ်တို့အတွက် (အရှင်မြတ်ထံတော်တွင်) လွတ်ငြိမ်းချမ်းသာခွင့်ပန်ကြားပေးပါ။ သူတို့သည် သူတို့၏စိတ်နှလုံးများထဲတွင် မရှိသည်ကို သူတို့၏နှုတ်လျှာများက ပြောဆိုနေကြခြင်းဖြစ်သည်။❶ (အို - တမန်တော်) အသင်ပြောလိုက်ပါ။ သို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်၏ရှေ့တွင် အကယ်၍ အရှင်မြတ်သည် အသင်တို့အပေါ် ဒုက္ခတစ်စုံတစ်ခု ကျရောက်စေရန် ရည်ရွယ်တော်မူလျှင်၊ သို့မဟုတ် အရှင်မြတ်သည် အကျိုးကျေးဇူးတစ်စုံတစ်ခုပြုရန် ရည်ရွယ်တော်မူလျှင် မည်သူသည် အသင်တို့နှင့်ပတ်သက်၍ အခွင့်အာဏာတစ်စုံတစ်ရာကို ပိုင်ဆိုင်သနည်း။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်သမျှကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

❶ တမန်တော်မြတ် ﷺ နဲ့ သာဝက ﷺ ကြီးတွေဟာ မက္ကဟ်ကို အွမ္မရဟ်ပြုလုပ်ဖို့ သွားတဲ့အခါမှာ အရပ်ကျေးတောသားတွေဟာ တမင်နောက်ချန်ပြီး နေခဲ့ကြတယ်။ သူတို့က တမန်တော်မြတ် ﷺ နဲ့ မွတ်စ်လင်မ်တွေဟာ မက္ကဟ်မြို့သားကာဖိရ်တွေရဲ့ လက်ထဲကနေ မဒီနဟ်ကို ပြန်လာနိုင်တော့မှာမဟုတ်ဘူးလို့ မကောင်းထင်ခဲ့ကြတယ်။ အဲဒီနောက် ဟုဒိုင်ဗီယဟ်စစ်ပြေငြိမ်းစာချုပ်ချုပ်ဆိုပြီး ပြန်လာတဲ့အခါ အရှင်မြတ်က အဲဒီအရပ်ကျေးတောသားတွေဟာ သူတို့မလိုက်ပါခဲ့ရတဲ့အကြောင်းတွေကို တမန်တော်မြတ် ﷺ ထံကို လိမ်လည်ပြီး လာရောက်တိုင်တည်ပြောဆိုကြမဲ့အကြောင်း ကြိုတင်အမိန့်ရှိလိုက်တာဖြစ်တယ်။

(ဒုရ်ရေ့မန်ဆူရ်၊ ဖီ သဖ်စီရေ့မအ်ဆူရ်၊ ဗဂ်ဝီ၊ မုဂျာဟိဒ်) (အလင်းပြကျမ်း)

بَلْ ظَنَنْتُمْ اَنْ لَّنْ يَّنْقَلِبَ الرَّسُوْلُ وَ الْمُؤْمِنُوْنَ اِلٰٓى اَهْلِيْهِمْ اَبَدًا وَّ زُيِّنَ ذٰلِكَ فِيْ قُلُوْبِكُمْ وَ ظَنَنْتُمْ ظَنَّ السَّوْءِ ۖۚ وَ كُنْتُمْ قَوْمًا بُوْرًا ﴿١٢﴾

(၁၂) အမှန်စင်စစ် တမန်တော်နှင့် မုအ်မင်န်ယုံကြည်သူများသည် သူတို့၏အိမ်သူအိမ်သားများထံသို့ မည်သည့်အခါမျှ ပြန်လာကြတော့မည် မဟုတ်ပေဟု အသင်တို့ ထင်မှတ်နေခဲ့ကြသည်။ ထို့ပြင် ထိုထင်မြင်ယူဆချက်သည် အသင်တို့၏စိတ်နှလုံးများထဲတွင် လှပအောင် ဆင်မြန်းခြင်းခံခဲ့ရသည်။ ထို့ပြင် အသင်တို့သည် မကောင်းသည့်ထင်မြင်မှုကို ထင်မြင်ခဲ့ကြသည်။ ထို့ပြင် အသင်တို့သည် ပျက်စီးသည့်သူများပင် ဖြစ်ခဲ့ကြသည်။

وَمَنْ لَّمْ يُؤْمِنْ بِاللّٰهِ وَرَسُوْلِهٖ فَاِنَّآ اَعْتَدْنَا لِلْكٰفِرِيْنَ سَعِيْرًا ﴿١٣﴾

(၁၃) ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို ယုံကြည်ခြင်းမရှိခဲ့လျှင် အမှန်စင်စစ် ငါအရှင်မြတ်သည် ငြင်းပယ်သူများအတွက် မီးတောက်မီးလျှံ(ငရဲဘုံ)ကို အဆင်သင့်ပြုလုပ်ထားတော်မူသည်။

وَلِلّٰهِ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ؕ يَغْفِرُ لِمَنْ يَّشَآءُ وَيُعَذِّبُ مَنْ يَّشَآءُ ؕ وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ﴿١٤﴾

(၁၄) ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီ၏ စိုးမိုးအုပ်ချုပ်မှုအာဏာသည် အလ္လာဟ်အရှင်မြတ်ပင် စိုးပိုင်တော်မူသည်။ အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို ခွင့်လွှတ်ချမ်းသာပေးတော်မူပြီး အရှင်မြတ်အလိုရှိတော်မူသောသူကို ပြစ်ဒဏ်ပေးတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

سَيَقُوْلُ الْمُخَلَّفُوْنَ اِذَا انْطَلَقْتُمْ اِلٰى مَغَانِمَ لِتَاْخُذُوْهَا ذَرُوْنَا نَتَّبِعْكُمْ ۚ يُرِيْدُوْنَ اَنْ يُّبَدِّلُوْا كَلٰمَ اللّٰهِ ؕ قُلْ لَّنْ تَتَّبِعُوْنَا كَذٰلِكُمْ قَالَ اللّٰهُ مِنْ قَبْلُ ۚ فَسَيَقُوْلُوْنَ بَلْ تَحْسُدُوْنَنَا ؕ بَلْ كَانُوْا لَا يَفْقَهُوْنَ اِلَّا قَلِيْلًا ﴿١٥﴾

(၁၅) နောက်ကျန်နေခဲ့သည့်သူများသည် လက်ရပစ္စည်းကို ရယူရန် အသင်တို့ သွားကြသည့်အခါ “အသင်တို့သည် ကျွန်ုပ်တို့အား အသင်တို့နှင့်အတူ လိုက်ခွင့်ပြုပါ”ဟု မကြာမီတွင် ပြောဆိုကြမည်။ သူတို့သည် အလ္လာဟ်အရှင်မြတ်၏စကားတော်ကို ပြောင်းလဲချင်ကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် ကျွန်ုပ်တို့နှင့်အတူ လုံးဝလိုက်၍မရပေ။ ထိုအတိုင်းပင် ယခင်ကတည်းက အလ္လာဟ်အရှင်မြတ်သည် မိန့်ကြားထားတော်မူခဲ့သည်။ ထို့နောက် သူတို့က “ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် အသင်တို့သည် ကျွန်ုပ်တို့အား မနာလိုကြသည်ဟု ပြောဆိုကြလိမ့်မည်။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် သူတို့သည် အနည်းငယ်သာ နားလည်ကြခြင်းဖြစ်သည်။”❶

❷ တမန်တော်မြတ် ﷺ ဟာ ဟုဒိုင်ဗီယဟ်ကနေ ပြန်လာပြီးနောက် ခိုင်ဗရ်ရှိယဟူဒီတွေကို သူတို့ရဲ့သစ္စာဖောက်မှုကြောင့် တိုက်ခိုက်ဖို့ အမိန့်ပါလာခဲ့တယ်။ အဲဒီမှာ မွတ်စ်လင်မ်တွေ အောင်နိုင်ကြမဲ့အကြောင်းကိုလည်း ကြိုတင်သတင်းကောင်းပေးထားတယ်။ အဲဒါကြောင့် နောက်ချန်နေရစ်ခဲ့တဲ့ အရပ်ကျေးတောသားအယောင်ဆောင်တွေက အဲဒီမှာ အတူလိုက်ချင်ခဲ့တာဖြစ်တယ်။ အရှင်မြတ်က သူတို့ရဲ့အကြောင်းတွေကို ထုတ်ဖော်ပြပြီး အတူလိုက်ခွင့်ပေးခြင်းကနေ တားမြစ်လိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ لِّلْمُخَلَّفِيْنَ مِنَ الْاَعْرَابِ سَتُدْعَوْنَ اِلٰى قَوْمٍ اُولِىْ بَاْسٍ شَدِيْدٍ تُقَاتِلُوْنَهُمْ اَوْ يُسْلِمُوْنَ ۚ
فَاِنْ تُطِيْعُوْا يُؤْتِكُمُ اللّٰهُ اَجْرًا حَسَنًا ۚ وَاِنْ تَتَوَلَّوْا كَمَا تَوَلَّيْتُمْ مِّنْ قَبْلُ يُعَذِّبْكُمْ عَذَابًا اَلِيْمًا ﴿١٦﴾

(၁၆) (အို-တမန်တော်) အသင်သည် နောက်ချန်နေခဲ့သည့်အရပ်ကျေးတောသားများကို ပြောလိုက်ပါ-"အသင်တို့သည် အလွန်တိုက်ခိုက်သောအမျိုးသားများနှင့် တိုက်ခိုက်ရန် မကြာမီ ဖိတ်ခေါ်ခံကြရမည်။ အသင်တို့သည် သူတို့နှင့် တိုက်ခိုက်ကြရမည်။ သို့မဟုတ် သူတို့သည် (အစ္စလာမ်၏ အမိန့်အတိုင်း) နာခံကြရမည်။ ထို့နောက် အကယ်၍ အသင်တို့သည် အမိန့်ကို နာခံကြလျှင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ကောင်းကျိုးပေးသနားတော်မူမည်။ ထို့ပြင် အကယ်၍ အသင်တို့သည် ယခင်ကမျက်နှာလွှဲခဲ့ကြသကဲ့သို့ မျက်နှာလွှဲကြလျှင် အရှင်မြတ်သည် အသင်တို့ကို ပြင်းပြနာကျင်စေသော ပြစ်ဒဏ်ကို ပေးတော်မူမည်။"❶

❶ အရပ်ကျေးတောသားတွေဟာ လက်ရပစ္စည်းအမြောက်အမြားရမဲ့ ခိုင်ဗရ်စစ်ပွဲကို လိုက်ခွင့်မရကြဘူး။ အဲဒီမှာ သူတို့ကို လက်ရပစ္စည်းတွေရမှာ မနာလိုတဲ့အတွက် မခေါ်တာဖြစ်တယ်လို့ ပြောဆိုခဲ့တဲ့အပေါ် အရှင်မြတ်က ပြန်လည်ချေပခဲ့တာဖြစ်တယ်။ အသင်တို့ဟာ ဒီလောက်တောင်စစ်ပွဲလိုက်ဖို့ တိုက်ခိုက်ဖို့ စိတ်ဓာတ်တက်ကြွပြင်းပြနေရင် မကြာခင် အလွန်ပြင်းထန်တဲ့တိုက်ပွဲတစ်ခုကို တိုက်ရမဲ့အကြောင်း၊ အဲဒီမှာ အသင်တို့ စိတ်ဓာတ်ပြင်းပြတဲ့အတိုင်း တိုက်ခိုက်ကြဖို့ အခွင့်အလမ်းတစ်ခုပေးလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

لَيْسَ عَلَى الْاَعْمٰى حَرَجٌ وَّلَا عَلَى الْاَعْرَجِ حَرَجٌ وَّلَا عَلَى الْمَرِيْضِ حَرَجٌ ۗ وَمَنْ يُّطِعِ اللّٰهَ وَ
رَسُوْلَهٗ يُدْخِلْهُ جَنّٰتٍ تَجْرِىْ مِنْ تَحْتِهَا الْاَنْهٰرُ ۚ وَمَنْ يَّتَوَلَّ يُعَذِّبْهُ عَذَابًا اَلِيْمًا ﴿١٧﴾

(၁၇) (သို့ရာတွင်) မျက်စိကွယ်သည့်သူ၊ ခြေကျိုးသည့်သူနှင့် ရောဂါဝေဒနာရှင်အပေါ်တွင် (စစ်ပွဲမလိုက်နိုင်ခြင်းကြောင့်) မည်သည့်အပြစ်တစ်ခုမျှ မရှိပေ။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်၏အမိန့်တော်နှင့် အရှင်မြတ်၏တမန်တော့်အမိန့်တော်ကို လိုက်နာလျှင် အရှင်မြတ်က ထိုသူ့ကို အကြင်ဥယျာဉ်များထဲသို့ ဝင်ရောက်စေတော်မူမည်ဖြစ်သည်။ ၎င်း(ဥယျာဉ်များ)၏ အောက်မှ

စမ်းရေချောင်းများ စီးဆင်းနေလိမ့်မည်။ ထို့ပြင် မည်သူမဆို မျက်နှာလွှဲကျောခိုင်း သွားလျှင် အရှင်မြတ်သည် သူ့ကို အလွန်နာကျင်စေသည့် ပြစ်ဒဏ်ခတ်တော်မူမည် ဖြစ်သည်။

لَقَدۡ رَضِىَ اللّٰهُ عَنِ الۡمُؤۡمِنِيۡنَ اِذۡ يُبَايِعُوۡنَكَ تَحۡتَ الشَّجَرَةِ فَعَلِمَ مَا فِىۡ قُلُوۡبِهِمۡ فَاَنۡزَلَ السَّكِيۡنَةَ عَلَيۡهِمۡ وَاَثَابَهُمۡ فَتۡحًا قَرِيۡبًا ۙ‏ ﴿۱۸﴾

(၁၈)မုအ်မင်န်ယုံကြည်သည့်သူများသည် သစ်ပင်အောက်တွင် အသင်နှင့် ဗိုင်အသ်ပြုသစ္စာဆိုနေသည့်အခါတွင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သူတို့အား ကျေနပ်တော်မူခဲ့သည်။❶ ထို့နောက် အရှင်မြတ်သည် သူတို့၏စိတ်နှလုံးများထဲတွင် ရှိသည်ကို သိတော်မူခဲ့သည်။ သို့ဖြစ်ရာ အရှင်မြတ်သည် သူတို့အပေါ်တွင် စိတ်တည်ငြိမ်မှု ချပေးသနားတော်မူခဲ့သည်။❷ ထို့ပြင် သူတို့အား အရှင်မြတ်သည် နီးကပ်သော အောင်မြင်မှုကိုလည်း ပေးသနားတော်မူခဲ့သည်။

❶ အရှင်မြတ်က အဲဒီဗိုင်အသ်ပြုလုပ်တာကို ကျေနပ်ကြောင်း ထုတ်ဖော်ကြေညာတော်မူလိုက်တဲ့အတွက် အဲဒီဗိုင်အသ်ဟာ بَيۡعَةُ الرِّضۡوَان ဗိုင်အသွရ်ရိုသ်ဝါန်လို့ နာမည်ကြီးခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း) ❷ ဟုဒိုင်ဗိယဟ် စာချုပ်ချုပ်နေတဲ့အချိန်မှာ မွတ်စ်လင်မ်တွေရဲ့စိတ်တွေထဲမှာ ကာဖိရ်တွေရဲ့တစ်ဖက်သတ် အနိုင်ကျင့် စည်းကမ်းတွေ သတ်မှတ်တာနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေ ဖြစ်ပေါ်ခဲ့တယ်။ အဲဒါကို အရှင်မြတ်က သိတဲ့အတွက် စိုးရိမ်စိတ်တွေပပျောက်ပြီး အရှင်မြတ်အပေါ်မှာ ယုံပုံလွှဲအပ်ထားလိုက်ရင် လုံလောက်တယ်ဆိုတဲ့ စိတ်တွေဝင်ပြီး တည်ငြိမ်သွားအောင် စကီနဟ် ငြိမ်းချမ်းမှု ချပေးတော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَّمَغَانِمَ كَثِيۡرَةً يَّاۡخُذُوۡنَهَا ‌ؕ وَكَانَ اللّٰهُ عَزِيۡزًا حَكِيۡمًا‏ ﴿۱۹﴾

(၁၉) ထို့ပြင် လက်ရပစ္စည်း အမြောက်အမြားကိုလည်း (ပေးသနားတော်မူခဲ့သည့်အတွက်) သူတို့သည် ထိုလက်ရပစ္စည်းများကို ယူငင်လျက်ရှိကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

وَعَدَكُمُ اللّٰهُ مَغَانِمَ كَثِيۡرَةً تَاۡخُذُوۡنَهَا فَعَجَّلَ لَـكُمۡ هٰذِهٖ وَكَفَّ اَيۡدِىَ النَّاسِ عَنۡكُمۡ‌ۚ وَلِتَكُوۡنَ اٰيَةً لِّلۡمُؤۡمِنِيۡنَ وَيَهۡدِيَكُمۡ صِرَاطًا مُّسۡتَقِيۡمًا ۙ‏ ﴿۲۰﴾

(၂၀) အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အခြားလက်ရပစ္စည်းများ အမြောက်အမြားကိုလည်း အသင်တို့ ရယူကြဦးမည်ဖြစ်သည်ဟု ကတိပေးတော်မူခဲ့သည်။❸ သို့ဖြစ်ရာ အရှင်မြတ်သည် ဤ(အောင်မြင်မှု)လက်ရပစ္စည်းများကို အသင်တို့အား မြန်ဆန်စွာ ပေးတော်မူလိုက်ခြင်း ဖြစ်သည်။ ထို့ပြင် အရှင်

မြတ်သည် လူများ၏လက်များကို အသင်တို့(အား ဒုက္ခပေးနိုင်ခြင်း)မှ တားဆီးတော်မူခဲ့သည်။❺ ထို(အောင်မြင်မှု)လက်ရပစ္စည်းများသည် မုအ်မင်နယုံကြည်သူများအတွက် သာဓကတစ်ခု ဖြစ်ရန်အတွက်နှင့်၊ အရှင်မြတ်သည် အသင်တို့အား ဖြောင့်မတ်သည့်လမ်းကို ပြသတော်မူရန်အတွက်ဖြစ်သည်။

❹ ခိုင်ဗရ်စစ်ပွဲကို ဆိုလိုတာ ဖြစ်တယ်။(အလင်းပြကျမ်း) ❺ မွတ်စ်လင်မ်တွေကို ပြန်ခုခံမတိုက်ခိုက်နိုင်အောင် အရှင်မြတ်က ကာကွယ်ပေးလိုက်တာဖြစ်တယ်။ အဲဒါကြောင့် ခိုင်ဗရ်မှာ အကြီးအကျယ်စစ်ပွဲကြီး ဖြစ်ပွားလောက်အောင် မတိုက်ခိုက်လိုက်ရဘဲနဲ့ မွတ်စ်လင်မ်တွေ အောင်နိုင်မှုရရှိသွားခဲ့ကြတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَّاُخْرٰى لَمْ تَقْدِرُوْا عَلَيْهَا قَدْ اَحَاطَ اللّٰهُ بِهَا ۗ وَكَانَ اللّٰهُ عَلٰى كُلِّ شَىْءٍ قَدِيْرًا ﴿٢١﴾

(၂၁) ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်အနေဖြင့်ဝန်းရံထားတော်မူသော အသင်တို့မတတ်စွမ်းနိုင်သေးသော အခြား(အောင်မြင်မှု)လက်ရပစ္စည်းတစ်ခုလည်းရှိသေးသည်။❻ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။

❻ မက္ကဟ်မြို့အောင်နိုင်မှာကို ကြိုတင်ကတိပေးထားတာဖြစ်တယ်။ အခုမတတ်စွမ်းနိုင်သေးပေမဲ့ မကြာခင် တတ်စွမ်းနိုင်ပြီး အောင်နိုင်မှု ဆွတ်ခူးရမဲ့အကြောင်း ကြိုတင်သတင်းပေးလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَوْ قٰتَلَكُمُ الَّذِيْنَ كَفَرُوْا لَوَلَّوُا الْاَدْبَارَ ثُمَّ لَا يَجِدُوْنَ وَلِيًّا وَّلَا نَصِيْرًا ﴿٢٢﴾

(၂၂) ထို့ပြင် အကယ်၍ ကာဖိရ်များသည် အသင်တို့နှင့်ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြလျှင် သူတို့သည် ကျောခိုင်းထွက်ပြေးခဲ့ကြမည် ဖြစ်သည်။ ထို့နောက် သူတို့တွင် မိတ်ဆွေလည်း မည်သူမျှ ရှိမည်မဟုတ်ပေ။ ကူညီမည့်သူလည်း မည်သူမျှ ရှိမည်မဟုတ်ပေ။

سُنَّةَ اللّٰهِ الَّتِىْ قَدْ خَلَتْ مِنْ قَبْلُ ۖ وَلَنْ تَجِدَ لِسُنَّةِ اللّٰهِ تَبْدِيْلًا ﴿٢٣﴾

(၂၃) (ဤသည်) ယခင်က လွန်ခဲ့သော အလ္လာဟ်အရှင်မြတ်၏စွန္နသ်လုပ်ထုံးလုပ်နည်းပင်ဖြစ်သည်။ ထို့ပြင် အသင်သည် အလ္လာဟ်အရှင်မြတ်၏ စွန္နသ်လုပ်ထုံးလုပ်နည်းတွင် မည်သည့်ပြောင်းလဲမှုမျှ တွေ့ရမည် မဟုတ်ပေ။

وَهُوَ الَّذِىْ كَفَّ اَيْدِيَهُمْ عَنْكُمْ وَاَيْدِيَكُمْ عَنْهُمْ بِبَطْنِ مَكَّةَ مِنْۢ بَعْدِ اَنْ اَظْفَرَكُمْ عَلَيْهِمْ ۗ وَكَانَ اللّٰهُ بِمَا تَعْمَلُوْنَ بَصِيْرًا ﴿٢٤﴾

(၂၄) ထို့ပြင် အရှင်မြတ်သည် ထို(ကာဖိရ်ငြင်းပယ်)သူများ၏လက်များကို အသင်တို့(အား အန္တရာယ်ပြုခြင်း)မှလည်းကောင်း၊ အသင်တို့၏လက်များကို ထိုသူများ(အား အန္တရာယ်ပြုခြင်း)မှလည်းကောင်း၊ မက္ကဟ်မြို့တွင်းတွင်

အသင်တို့အား ထိုသူများအပေါ်၌ အောင်မြင်စေတော်မူပြီးနောက်မှပင် တားဆီးထားတော်မူခဲ့သည်။❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုမူသမျှကို အကြွင်းမဲ့မြင်နေတော်မူလျက်ရှိတော်မူခဲ့သည်။

❶ တမန်တော်မြတ် ﷺ နဲ့ မွတ်စ်လင်မ်တွေဟာ ဟုဒိုင်ဗီယဟ်ကိုရောက်နေတဲ့အချိန်မှာ မက္ကဟ်က ကာဖိရ်တွေက တမန်တော်မြတ် ﷺ ကိုလုပ်ကြံစားပြီး လုပ်ကြံဖို့ အယောက်(၈၀)ပါဝင်တဲ့ တပ်စိတ်တစ်စိတ်ကို စေလွှတ်ခဲ့တယ်။ မွတ်စ်လင်မ်တွေက အဲဒါကို သိပြီး ဝိုင်းဖမ်းလိုက်တဲ့အပေါ်မှာ အားလုံးဖမ်းမိပြီး တမန်တော်မြတ် ﷺ ရဲ့ရှေ့မှောက်ကို ပို့လိုက်ကြတယ်။ တမန်တော်မြတ် ﷺ က ဒီကိစ္စကို အရေးမယူဘဲ ခွင့်လွှတ်တော်မူခဲ့ပြီး သူတို့အားလုံးကို လွှတ်ပေးတော်မူခဲ့တယ်။ လက်ထဲရောက်ပြီးတာတောင် အရှင်မြတ်က တိုက်ခိုက်မှုမဖြစ်အောင် တားဆီးနိုင်တော်မူခဲ့တာကို ဖော်ပြတာဖြစ်တယ်။ (စွဟီးဟ် မွတ်စ်လင်မ် - ၄၇၈၂)

هُمُ الَّذِيْنَ كَفَرُوْا وَصَدُّوْكُمْ عَنِ الْمَسْجِدِ الْحَرَامِ وَالْهَدْيَ مَعْكُوْفًا اَنْ يَّبْلُغَ مَحِلَّهٗ ۚ وَلَوْلَا رِجَالٌ مُّؤْمِنُوْنَ وَنِسَآءٌ مُّؤْمِنٰتٌ لَّمْ تَعْلَمُوْهُمْ اَنْ تَطَـُٔوْهُمْ فَتُصِيْبَكُمْ مِّنْهُمْ مَّعَرَّةٌ ۢ بِغَيْرِ عِلْمٍ ۚ لِيُدْخِلَ اللّٰهُ فِيْ رَحْمَتِهٖ مَنْ يَّشَآءُ ۚ لَوْ تَزَيَّلُوْا لَعَذَّبْنَا الَّذِيْنَ كَفَرُوْا مِنْهُمْ عَذَابًا اَلِيْمًا ﴿٢٥﴾

(၂၅) ထိုသူများသည် ငြင်းပယ်သူများဖြစ်ကြပြီး အသင်တို့အား မြင့်မြတ်သော ဗလီဝတ်ကျောင်းတော်မှ တားဆီးပိတ်ပင်ခဲ့ကြသည်။ ထို့ပြင် (ဟုဒိုင်ဗီယဟ်တွင်)တားဆီးခြင်းခံနေခဲ့ရသော ကုရ်ဗာနီသားကောင်(များ)အားလည်း သူ၏ရောက်ရှိရမည့်နေရာသို့ မရောက်အောင် (တားဆီးခဲ့ကြသည်)။ ထို့ပြင် အကယ်၍ အသင်တို့ မသိခဲ့ကြသော မုအ်မင်န်ယောကျ်ားများ၊ မုအ်မိနဟ်မိန်းမများ (အများအပြား)ကို တက်နင်း(ချေမှုန်း)မိကြသည့်အတွက် သူတို့ကြောင့် အသင်တို့တွင် မသိဘဲနှင့် အပြစ်ကျရောက်မည်ကို မစိုးရိမ်ရလျှင် (အပြီး အဆုံးသတ်ခဲ့မည်ပင်ဖြစ်သည်။ သို့ရာတွင် ထိုသို့ မဖြစ်ခဲ့ခြင်းမှာ) အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ် အလိုရှိတော်မူသောသူကို အရှင်မြတ်၏ကရုဏာတော်ထဲသို့ ဝင်ရောက်စေတော်မူရန်ပင် ဖြစ်ခဲ့သည်။❷ အကယ်၍ ထို(မွတ်စ်လင်မ်ယောကျ်ားများနှင့် မွတ်စ်လိမဟ်မိန်းမများသည် ကာဖိရ်များမှ) ခွဲခြားသိသာနိုင်ခဲ့ကြလျှင် ငါအရှင်မြတ်သည် သူတို့ထဲမှငြင်းပယ်သူများကို ပြင်းပြသည့်ပြစ်ဒဏ် အမှန်ပင် ပေးတော်မူခဲ့မည်ဖြစ်သည်။

❷ စစ်မတိုက်ရအောင် အရှင်မြတ်က ရှောင်ဖယ်ပေးထားတဲ့အတွက် တချို့ကာဖိရ်တွေဟာ တရားလမ်းမှန်သိပြီး အီမာန်ယူကာ အရှင်မြတ်ရဲ့ ကရုဏာထဲကို ဝင်ရောက်နိုင်ဖို့ အရှင်မြတ်က စီမံတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

اِذْ جَعَلَ الَّذِيْنَ كَفَرُوْا فِيْ قُلُوْبِهِمُ الْحَمِيَّةَ حَمِيَّةَ الْجَاهِلِيَّةِ فَاَنْزَلَ اللّٰهُ سَكِيْنَتَهٗ عَلٰى رَسُوْلِهٖ وَ

عَلَى الْمُؤْمِنِينَ وَأَلْزَمَهُمْ كَلِمَةَ التَّقْوَىٰ وَكَانُوا أَحَقَّ بِهَا وَأَهْلَهَا ۚ وَكَانَ اللَّهُ بِكُلِّ شَيْءٍ عَلِيمًا ﴿٢٦﴾

(၂၆) တစ်ခါတွင် ကာဖိရ်များသည် သူတို့၏စိတ်နှလုံးများတွင် အမိုက်ခေတ်၏အယူသီးမှုကို ထားရှိခဲ့ကြသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏တမန်တော်အပေါ်နှင့် မုအ်မင်န်ယုံကြည်သူများ၏အပေါ်တွင် အရှင်မြတ်ထံတော်မှ စိတ်တည်ငြိမ်(သည်းခံ)မှုကို ချပေးသနားတော်မူခဲ့သည်။❸ ထို့ပြင် အရှင်မြတ်သည် သူတို့အပေါ်တွင် သက္ကဝါကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်မှု (အရှင်မြတ်နှင့် အရှင့်တမန်တော်၏အမိန့်နာခံမှုဆိုသည့်)စကားအပေါ်တွင် တည်တံ့စေတော်မူခဲ့သည်။ ထို့ပြင် သူတို့သည် ထိုစကားနှင့် ထိုက်တန်သူများနှင့် ကိုက်ညီသူများ ဖြစ်ခဲ့ကြသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။

❸ ဟုဒိုင်ဗီယဟ်စစ်ပြေငြိမ်းစာချုပ်မှာ တစ်ဖက်သတ်ဆန်လွန်းတဲ့အတွက် မွတ်စ်လင်မ်တွေ မခံမရပ်နိုင်ဖြစ်နေတာကို ငြိမ်အောင် အရှင်မြတ်က သည်းခံနိုင်စိတ် ချပေးတော်မူတဲ့အတွက် စိတ်တည်ငြိမ်မှုရရှိပြီး တမန်တော်မြတ် ﷺ ရဲ့ဆုံးဖြတ်ချက်အတိုင်း လိုက်နာခဲ့ကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

لَقَدْ صَدَقَ اللَّهُ رَسُولَهُ الرُّؤْيَا بِالْحَقِّ ۖ لَتَدْخُلُنَّ الْمَسْجِدَ الْحَرَامَ إِنْ شَاءَ اللَّهُ آمِنِينَ مُحَلِّقِينَ

رُءُوسَكُمْ وَمُقَصِّرِينَ لَا تَخَافُونَ ۖ فَعَلِمَ مَا لَمْ تَعْلَمُوا فَجَعَلَ مِنْ دُونِ ذَٰلِكَ فَتْحًا قَرِيبًا ﴿٢٧﴾

(၂၇) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏တမန်တော်၏အိပ်မက်အတိုင်း မှန်ကန်အောင် ပြုလုပ်ပေးတော်မူခဲ့သည်။ ❹(ထိုအိပ်မက်ကမူ) "အမှန်စင်စစ် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူခဲ့လျှင် အသင်တို့သည် အသင်တို့၏ဦးခေါင်းများကို ရိတ်ကြလျက်၊ ဆံပင်များကို ညှပ်ကြလျက် စိုးရိမ်စရာမရှိကြတော့ဘဲ ဘေးကင်းစွာဖြင့် မတ်စ်ဂျေ့ဒ်ဟရာမ် မြင့်မြတ်သည့်ဗလီဝတ်ကျောင်းတော်သို့ ဝင်ရောက်ရမည်ဖြစ်သည်။" ထို့ပြင် အရှင်မြတ်သည် အသင်တို့ မသိခဲ့ကြသည့်အရာကို သိရှိတော်မူခဲ့သည်။ သို့ဖြစ်ရာ အရှင်မြတ်သည် ထိုမက္ကဟ်မြို့တော်(မဝင်မီ)အလျင် နီးကပ်သည့်အောင်မြင်မှုတစ်ခုကို ပေးသနားတော်မူခဲ့သည်။❺

❹ "ငါတို့ဟာ အေးအေးချမ်းချမ်းနဲ့ မက္ကဟ်ကိုသွားပြီး အွမ္မရဟ်ပြုလုပ်ကြတယ်" လို့ အိပ်မက်မက်ကြောင်း တမန်တော်မြတ် ﷺ က စ္ဂဟာဗဟ် ﷺ တွေကို ပြောပြခဲ့တယ်။ အဲဒီနောက် ဟုဒိုင်ဗီယဟ်ကနေ ပြန်လှည့်လာခဲ့ရတဲ့အခါ သူတို့က ပြန်မေးကြတယ်။ တမန်တော်မြတ် ﷺ က ဒီနှစ်လို့မပြောဆိုခဲ့ကြောင်းမိန့်ဆိုခဲ့တယ်။ အဲဒီအိပ်မက်ကို နောက်နှစ်မှာ အရှင်မြတ်က အကောင်အထည်ဖော်ပေးတော်မူခဲ့တယ်။(အလင်းပြကျမ်း) ❺ ခိုင်ဗရ်ကို သိမ်းပိုက်နိုင်ခဲ့တဲ့ အောင်မြင်မှုကို နီးကပ်တဲ့

အောင်မြင်မှုအဖြစ် ပေးတော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

هُوَ الَّذِيْٓ اَرْسَلَ رَسُوْلَهٗ بِالْهُدٰى وَدِيْنِ الْحَقِّ لِيُظْهِرَهٗ عَلَى الدِّيْنِ كُلِّهٖ ۗ وَكَفٰى بِاللّٰهِ شَهِيْدًا ﴿٢٨﴾

(၂၈) ထိုအရှင်မြတ်သည် သာသနာအားလုံးအပေါ်တွင် (အရှင်မြတ်၏)သာသနာကို လွှမ်းမိုးစေရန်အတွက် အရှင်မြတ်၏တမန်တော်ကို လမ်းမှန်ညွှန်ကြားပြသချက်နှင့် မှန်ကန်သည့်သာသနာဖြင့် စေလွှတ်တော်မူလိုက်သော အရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မျက်မြင်သက်သေအဖြစ် လုံလောက်တော်မူသည်။

مُحَمَّدٌ رَّسُوْلُ اللّٰهِ ۗ وَالَّذِيْنَ مَعَهٗٓ اَشِدَّاۤءُ عَلَى الْكُفَّارِ رُحَمَاۤءُ بَيْنَهُمْ تَرٰىهُمْ رُكَّعًا سُجَّدًا يَّبْتَغُوْنَ
فَضْلًا مِّنَ اللّٰهِ وَرِضْوَانًا ۖ سِيْمَاهُمْ فِيْ وُجُوْهِهِمْ مِّنْ اَثَرِ السُّجُوْدِ ۗ ذٰلِكَ مَثَلُهُمْ فِى التَّوْرٰىةِ ۛ وَ
مَثَلُهُمْ فِى الْاِنْجِيْلِ ۛ كَزَرْعٍ اَخْرَجَ شَطْـَٔهٗ فَاٰزَرَهٗ فَاسْتَغْلَظَ فَاسْتَوٰى عَلٰى سُوْقِهٖ يُعْجِبُ الزُّرَّاعَ
لِيَغِيْظَ بِهِمُ الْكُفَّارَ ۗ وَعَدَ اللّٰهُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ مِنْهُمْ مَّغْفِرَةً وَّاَجْرًا عَظِيْمًا ﴿٢٩﴾

(၂၉) (တမန်တော်) မုဟမ္မဒ်[၁]သည် အလ္လာဟ်အရှင်မြတ်၏တမန်တော်ဖြစ်သည်။ ထို့ပြင် ၎င်းနှင့်အတူရှိကြသည့်သူများသည် ကာဖိရ်များနှင့်ပတ်သက်လျှင် ပြင်းထန်သူများဖြစ်ပြီး သူတို့အချင်းချင်း(ဆက်ဆံရာတွင်) သနားကြင်နာသူများပင် ဖြစ်ကြသည်။[၂] အသင်(တမန်တော်)သည် သူတို့အား ရုကူအ်ဦးညွှတ်ကြလျက်၊ စဂျ်ဒဟ်ဦးချကြလျက်၊ အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်နှင့် (အရှင်မြတ်၏)ကျေနပ်နှစ်သက်မှုကို ရှာဖွေဆည်းပူးလျက် ရှိကြသည်ကို တွေ့မြင်ရမည်။ သူတို့၏ အမှတ်သင်္ကေတသည် စဂျ်ဒဟ်ဦးချခြင်းကြောင့် သူတို့၏ မျက်နှာများတွင် ထင်ပေါ်နေသည်။ ထိုအရာသည် သောင်ရာသ်ကျမ်းတွင် လာသော သူတို့၏သာဓကပင် ဖြစ်သည်။ ထို့ပြင် အင်န်ဂျီလ်ကျမ်းတွင် လာသည့် သာဓကကမူ- လယ်ယာတစ်ခုပမာဖြစ်သည်။ ထိုလယ်ယာသည် သူ(ထဲတွင်ရှိသည့်မျိုးစေ့များ)၏ အစို့အညှောက်ကို ထွက်စေခဲ့သည်။ ထို့နောက် သူ၏အညွှန့်အညှောက်ကို သန်စွမ်းစေခဲ့သည်။ ထို့နောက် ထိုအညွှန့်အညှောက်သည် တုတ်ခိုင်လာ၍ သူ၏ပင်စည်ပေါ်တွင် တည့်မတ်စွာ ထောင်တက်လာခဲ့သည့်အတွက် လယ်သမားများကို အားရကျေနပ်စေခဲ့သည်။ (ထိုသို့ဖြစ်စေတော်မူခြင်းမှာ) ၎င်း(တမန်တော်မုဟမ္မဒ်၏ အပေါင်းအဖော်)တို့၏ အကြောင်းခံဖြင့် ကာဖိရ်များကို အမျက်ဒေါသထွက်စေဖို့အတွက်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ကမူ သူတို့ထဲမှအီမာန်ယုံကြည်ပြီး ကောင်းမြတ်သော လုပ်ရပ်များကို

ပြုလုပ်ခဲ့ကြသူများအား လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးမားသည့်အကျိုးကို ချီးမြှင့်တော်မူမည်ဟု ကတိပြုတော်မူခဲ့သည်။

❶ မုဟမ္မဒ် ﷺ ဟာ အလ္လာဟ်အရှင်မြတ်ရဲ့နောက်ဆုံးတမန်တော်ဖြစ်တယ်။ ကုရ်အာန်ကျမ်းတော်မြတ်တစ်အုပ်လုံးဟာ တမန်တော်မြတ် ﷺ အပေါ်မှာပဲ ကျရောက်ခဲ့တာဖြစ်တယ်။(အလင်းပြကျမ်း)

❷ သာသနာရေးနဲ့ ပတ်သက်ပြီး မွတ်စ်လင်မ်မဟုတ်သူတွေနဲ့ ပြတ်ပြတ်သားသားဆက်ဆံခဲ့ကြပေမဲ့ အချင်းချင်းကတော့ ကြင်နာမှုနဲ့ ဆက်ဆံခဲ့ကြတယ်။ (အလင်းပြကျမ်း)

==========

٤٩ سُوْرَةُ الْحُجُرٰتِ مَدَنِيَّةٌ ١٠٦ ركوعاتها ٢ اٰياتها ١٨

# စူရဟ် ဟုဂျုရာသ် (အိမ်ခန်းများကဏ္ဍ) سُوْرَةُ الْحُجُرٰتِ

==========

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသောအလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تُقَدِّمُوْا بَيْنَ يَدَيِ اللّٰهِ وَرَسُوْلِهٖ وَاتَّقُوا اللّٰهَ ۗ اِنَّ اللّٰهَ سَمِيْعٌ عَلِيْمٌ ۝١

(၁) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ရှေ့နှင့် တမန်တော်မြတ်၏ရှေ့သို့ ကျော်မတက်ကြနှင့်။❷ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်တော်မူသည်။

❷ အရှင်မြတ်နဲ့ တမန်တော် ﷺ ရှေ့မှာ ကျော်မတက်ဖို့ဆိုတာ အရာရာတိုင်းမှာ ရှေ့ကို ကျော်တက်ပြီး မလုပ်ဆောင်ကြဖို့ဖြစ်တယ်။ ဆိုလိုတာက အရှင်မြတ်အမိန့်ပေးတာထက် ကျော်မလုပ်ရဘူး။ တမန်တော် ﷺ အမိန့်ပေးတာထက်လည်း ကျော်မလုပ်ရဘူး။ အစစအရာရာမှာ အရှင်မြတ်နဲ့ တမန်တော် ﷺ ရဲ့ အမိန့်ကို စောင့်ပြီး အမိန့်ရှိတဲ့အတိုင်းပြုလုပ်ရမှာဖြစ်တယ်။ တမန်တော်မြတ် ﷺ မိန့်ကြားနေတဲ့အခါ တိတ်တိတ်ဆိတ်ဆိတ် နားထောင်ရမယ်။ စောဒကမတက်ဘဲ လိုက်နာရမှာဖြစ်တယ်။ ကိုယ့်ရဲ့အလိုဆန္ဒကို ရှေ့မှာမထားရဘူး။ တမန်တော်မြတ် ﷺ ရဲ့အမိန့်ကိုပဲ ရှေ့မှာထားရမှာဖြစ်တယ်။ တမန်တော်မြတ် ﷺ ရဲ့နောက်ကလိုက်သူ အမြဲတမ်း ဖြစ်ရမှာကိုဆိုလိုတယ်။ ရှေ့က ကျော်ကျော် ပြီး လုပ်တာမျိုးမဖြစ်ရဘူး။ (အလင်းပြကျမ်း)

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَرْفَعُوْٓا اَصْوَاتَكُمْ فَوْقَ صَوْتِ النَّبِيِّ وَلَا تَجْهَرُوْا لَهٗ بِالْقَوْلِ كَجَهْرِ
بَعْضِكُمْ لِبَعْضٍ اَنْ تَحْبَطَ اَعْمَالُكُمْ وَاَنْتُمْ لَا تَشْعُرُوْنَ ۝٢

(၂) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့၏ အသံများကို တမန်တော်၏ အသံထက် မြှင့်မပြောကြနှင့်။ ထို့ပြင် အသင်တို့သည် အသင်တို့အချင်းချင်း တစ်ဦးကိုတစ်ဦး ကျယ်လောင်စွာ ဟစ်အော်ခေါ်ပြောသကဲ့သို့ တမန်တော်နှင့် ပြောဆိုရာတွင် ဟစ်အော်မပြောကြနှင့်။ ထိုသို့ပြောခဲ့လျှင် အသင်တို့ပင် မသိလိုက်ကြရဘဲလျက် အသင်တို့၏လုပ်ရပ်များသည် အလဟဿ အကျိုးမဲ့ဖြစ်သွားမည်။❻

❻ တမန်တော်မြတ် ﷺ ရဲ့ရှေ့မှာ တမန်တော်မြတ် ﷺ ရဲ့ အသံကို လွှမ်းမိုးသွားလောက်အောင် ကျယ်ကျယ်မပြောဖို့ တားမြစ်လိုက်တာဖြစ်တယ်။ တမန်တော်မြတ် ﷺ ကို ရိုသေလေးစားဖို့

အရေးကြီးပါတယ်။ တမန်တော်မြတ် ﷺ ရဲ့ရှေ့မှာ အသံကျယ်ကျယ်ပြောတာဟာ တမန်တော်မြတ် ﷺ ကို မရိုသေရာရောက်တဲ့အတွက် တမန်တော်မြတ် ﷺ ကို စိတ်ဒုက္ခရောက်စေတယ်။ တမန်တော်မြတ် ﷺ ကို စိတ်ဒုက္ခရောက်လောက်အောင်အထိ ရိုင်းပျစွာပြောဆိုတဲ့သူရဲ့အပြစ်ဟာ အလွန်ကြီးလေးလှတယ်။ အဲဒီလိုလူရဲ့ပြုလုပ်ထားတဲ့ကောင်းမှုတွေဟာအလဟဿအကျိုးမဲ့ဖြစ်သွားနိုင်တယ်။ (အလင်းပြကျမ်း)

إِنَّ الَّذِينَ يَغُضُّونَ أَصْوَاتَهُمْ عِندَ رَسُولِ اللَّهِ أُولَٰئِكَ الَّذِينَ امْتَحَنَ اللَّهُ قُلُوبَهُمْ لِلتَّقْوَىٰ ۚ لَهُم مَّغْفِرَةٌ وَأَجْرٌ عَظِيمٌ ﴿٣﴾

(၃) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏တမန်တော်ရှေ့တွင် သူတို့၏ အသံများကို နှိမ့်ချကြသည့်သူများသည် အကြင်သူများပင်ဖြစ်ကြသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသူများ၏စိတ်နှလုံးများကို ပြစ်မှုများမှရှောင်ကြဉ်ရန်အတွက် ရွေးချယ်တော်မူခဲ့သည်။ သူတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးကျယ်သည့်အကျိုး ရှိသည်။

إِنَّ الَّذِينَ يُنَادُونَكَ مِن وَرَاءِ الْحُجُرَاتِ أَكْثَرُهُمْ لَا يَعْقِلُونَ ﴿٤﴾

(၄) အမှန်စင်စစ် အသင့်အား အိမ်ခန်းများ၏အပြင်ဘက်မှ ဟစ်ခေါ်ကြသော သူများထဲမှ အများစုသည် မသိနားမလည်ကြပေ။

وَلَوْ أَنَّهُمْ صَبَرُوا حَتَّىٰ تَخْرُجَ إِلَيْهِمْ لَكَانَ خَيْرًا لَّهُمْ ۚ وَاللَّهُ غَفُورٌ رَّحِيمٌ ﴿٥﴾

(၅) ထို့ပြင် အကယ်၍ အမှန်စင်စစ် သူတို့သည် အသင် သူတို့ထံသို့ ထွက်လာသည်အထိ သည်းခံခဲ့လျှင် သူတို့အတွက် အမှန်ပင် အကောင်းဆုံးဖြစ်ခဲ့လိမ့်မည်။❶ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ တစ်နေ့မှာ ဗနီသမီမ်မျိုးနွယ်ဝင်တွေဟာ တမန်တော်မြတ် ﷺ ထံကို ရောက်ရှိလာပြီး အိမ်ခန်းတွေအပြင်ဘက်ကနေ ဟစ်အော်ပြီးခေါ်ခဲ့တယ်။ "အို - မုဟမ္မဒ်၊ ကျွန်ုပ်တို့ထံ အပြင်ကို ထွက်ခဲ့ပါ။" ဒါဟာ တမန်တော်မြတ် ﷺ ကို မရိုမသေဆက်ဆံရာကျတဲ့အတွက် အရှင်မြတ်က တားမြစ်လိုက်တာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုရင် အစ္စလာမ်သာသနာဟာ အရှင်မြတ်ကို ကြောက်ရွံ့ရိုသေခြင်းနဲ့ တမန်တော်မြတ် ﷺ ကို ရိုသေလေးစား လိုက်နာခြင်းအပေါ်မှာ မူတည်နေတဲ့အတွက်ဖြစ်တယ်။ (အလင်းပြကျမ်း)

يَا أَيُّهَا الَّذِينَ آمَنُوا إِن جَاءَكُمْ فَاسِقٌ بِنَبَإٍ فَتَبَيَّنُوا أَن تُصِيبُوا قَوْمًا بِجَهَالَةٍ فَتُصْبِحُوا عَلَىٰ مَا فَعَلْتُمْ نَادِمِينَ ﴿٦﴾

(၆) အို - အီမာန်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အကျင့်ပျက်သူတစ်စုံတစ်ဦးသည် အသင်တို့ထံသို့ သတင်းတစ်စုံတစ်ခု ယူဆောင်လာခဲ့လျှင် အသင်တို့သည် မသိဘဲနှင့် လူမျိုးတစ်မျိုးအား အန္တရာယ်မပြုမိကြရန်အတွက်

(ထိုသတင်းမှန်မမှန်ကို) စစ်ဆေးလေ့လာကြပါ။ (ထိုသို့မဟုတ်လျှင်) အသင်တို့သည် အသင်တို့ပြုမိခဲ့ကြသော လုပ်ရပ်ကြောင့် ဝမ်းနည်းကြေကွဲကြရမည်ဖြစ်သည်။❷

❷ တစ်ဦးတစ်ယောက် ဒါမှမဟုတ် အုပ်စုတစ်စုနဲ့ပတ်သက်ပြီး ကောလာဟလ အသံထွက်လာတိုင်း ဆုံးဖြတ်ချက်ချပြီး ဆောင်ရွက်ကြမယ်ဆိုရင် အမှားအယွင်းတွေဖြစ်ပြီး အချင်းချင်းကွဲပြဲသွားမှာကို အရှင်မြတ်က လိုလားတော်မမူတဲ့အတွက် သေသေချာချာ ဟုတ်မဟုတ် စုံစမ်းစစ်ဆေးပြီးမှ ဆောင်ရွက်ရမယ်လို့ အမိန့်ထုတ်ပြန်ခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاعْلَمُوٓا اَنَّ فِيْكُمْ رَسُوْلَ اللّٰهِ ؕ لَوْ يُطِيْعُكُمْ فِىْ كَثِيْرٍ مِّنَ الْاَمْرِ لَعَنِتُّمْ وَلٰكِنَّ اللّٰهَ حَبَّبَ اِلَيْكُمُ الْاِيْمَانَ وَزَيَّنَهٗ فِىْ قُلُوْبِكُمْ وَكَرَّهَ اِلَيْكُمُ الْكُفْرَ وَالْفُسُوْقَ وَالْعِصْيَانَ ؕ اُولٰٓئِكَ هُمُ الرّٰشِدُوْنَ ۝٧

(၇) ထို့ပြင် အမှန်စင်စစ် အသင်တို့သည် အသင်တို့ထဲတွင် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ရှိနေတော်မူသည်ကို သိထားကြပါ။ အကယ်၍ ထိုတမန်တော်သည် အရေးကိစ္စအများအပြားတွင် အသင်တို့၏ပြောဆိုချက်ကို လိုက်နာလျှင် အမှန်စင်စစ် အသင်တို့ပင် ဒုက္ခတွေ့ကြရမည်ဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား အီမာန်ယုံကြည်မှုကို နှစ်သက်မြတ်နိုးစေတော်မူခဲ့သည်။ ထို့ပြင် အသင်တို့၏စိတ်နှလုံးများတွင် ထိုအီမာန်ယုံကြည်မှုကို လှပတင့်တယ်စေတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အား ကုဖ်ရ်သွေဖည်ငြင်းပယ်မှုနှင့်၊ ပြစ်မှုကျူးလွန်မှုအပြင် အမိန့်မနာခံမှုကိုလည်း စက်ဆုပ်စေတော်မူခဲ့သည်။ ထိုသူများပင် လမ်းမှန်ကို ရရှိသူများဖြစ်ကြသည်။

فَضْلًا مِّنَ اللّٰهِ وَنِعْمَةً ؕ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ۝٨

(၈) (ထိုအရာများသည်) အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ကြောင့်နှင့် ဆုလာဘ်ပေးတော်မူခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့်အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

وَاِنْ طَآئِفَتٰنِ مِنَ الْمُؤْمِنِيْنَ اقْتَتَلُوْا فَاَصْلِحُوْا بَيْنَهُمَا ۚ فَاِنْۢ بَغَتْ اِحْدٰىهُمَا عَلَى الْاُخْرٰى فَقَاتِلُوا الَّتِىْ تَبْغِىْ حَتّٰى تَفِىْٓءَ اِلٰٓى اَمْرِ اللّٰهِ ۚ فَاِنْ فَآءَتْ فَاَصْلِحُوْا بَيْنَهُمَا بِالْعَدْلِ وَاَقْسِطُوْا ؕ اِنَّ اللّٰهَ يُحِبُّ الْمُقْسِطِيْنَ ۝٩

(၉) ထို့ပြင် အကယ်၍ မုအ်မင်န်ယုံကြည်သူများထဲမှ အုပ်စုနှစ်စုသည် အချင်းချင်းစစ်တိုက်ခဲ့ကြလျှင် အသင်တို့သည် ထိုအုပ်စုနှစ်စုကြား၌ စစ်ပြေငြိမ်း

အောင်ပြုလုပ်ဆောင်ရွက်ကြပါ။ ထို့နောက် အကယ်၍ ထိုအုပ်စုနှစ်စုထဲမှအုပ်စု တစ်စုသည် (စစ်ပြေငြိမ်းမှုကို လက်မခံဘဲ ဆက်ပြီး) အခြားအုပ်စုအပေါ်တွင် မတရားကျူးကျော်လာခဲ့လျှင် အသင်တို့သည် ထိုကျူးကျော်နေသည့်အုပ်စုကို သူတို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ဘက်သို့ ပြန်လှည့်လာကြသည် အထိ တိုက်ခိုက်ကြပါ။ ထို့နောက် အကယ်၍ ထိုအုပ်စုသည် (အရှင်မြတ်၏ အမိန့်တော်ဘက်သို့) ပြန်လှည့်လာခဲ့လျှင် အသင်တို့သည် ထိုအုပ်စုနှစ်စုကြား၌ တရားမျှတမှုဖြင့် စစ်ပြေငြိမ်းအောင် ဆောင်ရွက်ကြပါ။ ထို့ပြင် အသင်တို့သည် တရားမျှတကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တရားမျှတသည့်သူ များကို ချစ်ခင်မြတ်နိုးတော်မူသည်။❷

❷ ပြဿနာတစ်ခုခုဖြစ်လာရင် ဘက်မလိုက်ဘဲ ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးဖို့ အမိန့်ရှိထားတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّمَا ٱلْمُؤْمِنُونَ إِخْوَةٌ فَأَصْلِحُوا۟ بَيْنَ أَخَوَيْكُمْ ۚ وَٱتَّقُوا۟ ٱللَّهَ لَعَلَّكُمْ تُرْحَمُونَ ﴿١٠﴾

(၁၀) မုအ်မင်န်ယုံကြည်သူများသည် (အချင်းချင်း) ညီအစ်ကိုများပင် ဖြစ်ကြသည်။ သို့ဖြစ်ရာ အသင်တို့သည် အသင်တို့၏ ညီအစ်ကိုနှစ်ဦး၏ကြား၌ (ရန်ငြိမ်းအောင်) စေ့စပ်ဆောင်ရွက်ကြပါ။ ထို့ပြင် အသင်တို့သည် သနားကရုဏာ ပြုတော်မူခြင်းခံကြရရန်အတွက် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြပါ။❻

❻ သနားကရုဏာရရှိဖို့အတွက်ဟာ အရှင်မြတ်ကို ကြောက်ရွံ့မှု အပေါ်မှာ မူတည်နေတယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا يَسْخَرْ قَوْمٌ مِّن قَوْمٍ عَسَىٰٓ أَن يَكُونُوا۟ خَيْرًا مِّنْهُمْ وَلَا نِسَآءٌ مِّن نِّسَآءٍ عَسَىٰٓ أَن يَكُنَّ خَيْرًا مِّنْهُنَّ ۖ وَلَا تَلْمِزُوٓا۟ أَنفُسَكُمْ وَلَا تَنَابَزُوا۟ بِٱلْأَلْقَٰبِ ۖ بِئْسَ ٱلِٱسْمُ ٱلْفُسُوقُ بَعْدَ ٱلْإِيمَٰنِ ۚ وَمَن لَّمْ يَتُبْ فَأُو۟لَٰٓئِكَ هُمُ ٱلظَّٰلِمُونَ ﴿١١﴾

(၁၁) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အမျိုးသားများသည်(အခြား) အမျိုးသားများကို မပြောင်လှောင်ရပေ။ ထို(အပြောင်ခံရသည့်)အမျိုးသားများ သည် ထို(ပြောင်လှောင်သည့်)အမျိုးသားများထက် ကောင်းမြတ်သူများ ဖြစ် ကောင်း ဖြစ်နိုင်သည်။ ထို့ပြင် အမျိုးသမီးများသည်လည်း (အခြား)အမျိုးသမီး များကို မပြောင်လှောင်ရပေ။ ထို(အပြောင်ခံရသည့်)အမျိုးသမီးများသည် ထို (ပြောင်လှောင်သည့်)အမျိုးသမီးများထက် ကောင်းမြတ်သူမများ ဖြစ်ကောင်း ဖြစ်နိုင်သည်။ ထို့ပြင် အသင်တို့သည် အသင်တို့အချင်းချင်း တစ်ဦးကိုတစ်ဦး စောင်းချိတ်ကဲ့ရဲ့ခြင်းလည်း မပြုကြနှင့်။ ထို့ပြင် အသင်တို့သည် တစ်ဦးကိုတစ်ဦး

အမည်ပျက်များဖြင့်လည်း မခေါ်ကြနှင့်။[၅] အီမာန်ယုံကြည်ပြီးနောက် (ယခင်က ကျူးလွန်ခဲ့သည့်)ပြစ်မှု၏အမည်ဖြင့် ခေါ်ဝေါ်ခြင်းသည် အဘယ်မျှ ဆိုးရွားလိုက် သနည်း။[၆] ထို့နောက် မည်သူမဆို ဝန်ချတောင်းပန်ခြင်းမပြုခဲ့လျှင် ထိုသူများပင် မတရားသူများဖြစ်ကြသည်။

[၅] နာမည်ကိုဖျက်ပြီး ခေါ်ခြင်းကနေ တားမြစ်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း) [၆] အရင်က ပြစ်မှုကျူးလွန်ခဲ့တဲ့နာမည်မျိုးနဲ့ မခေါ် ကြဖို့လည်း တားမြစ်ထားတာဖြစ်တယ်။ ဥပမာ- ကာဖိရ် တစ်ဦးက အစ္စလာမ်ထဲ ဝင်ရောက်လာပြီးတဲ့အခါ သူ့ကို "ဟေ့ ကာဖိရ် "လို့ မခေါ်ရဘူး။ အဲဒီလိုပဲ " ဟေ့ အရက်သမား"၊ "ဟေ့ အရူး"၊ ဟေ့ ငကန်း"၊ "ဟေ့ ဖာစိက် "၊ "ဟေ့ မုနာဖိက် "၊ "ဟေ့ ရှိင်သွာန်" စသဖြင့် မခေါ်ရဘူး။ အလွန်အပြစ်ကြီးတဲ့အတွက် သောင်ဗဟ်ပြုရမယ်။ (မအာရိဖွလ်ကုရ်အာန်)

يَاَيُّهَا الَّذِيْنَ اٰمَنُوا اجْتَنِبُوْا كَثِيْرًا مِّنَ الظَّنِّ ۫ اِنَّ بَعْضَ الظَّنِّ اِثْمٌ وَّلَا تَجَسَّسُوْا وَلَا يَغْتَبْ بَّعْضُكُمْ بَعْضًا ؕ اَيُحِبُّ اَحَدُكُمْ اَنْ يَّاْكُلَ لَحْمَ اَخِيْهِ مَيْتًا فَكَرِهْتُمُوْهُ ؕ وَاتَّقُوا اللّٰهَ ؕ اِنَّ اللّٰهَ تَوَّابٌ رَّحِيْمٌ ﴿١٢﴾

(၁၂) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ထင်မြင် ယူဆချက်အမြောက်အမြားမှ ရှောင်ကြဉ်ကြပါ။ အမှန်စင်စစ် အချို့ထင်မြင် ယူဆချက်သည် အပြစ်ဖြစ်သည်။ ထို့ပြင် အသင်တို့သည် (သူတစ်ပါး၏ ချွတ်ယွင်း ချက်များအား) စပ်စုခြင်း မပြုကြနှင့်။ ထို့ပြင် အသင်တို့ထဲမှ တစ်ဦးသည် တစ်ဦး ၏နောက်တွင် အတင်းမပြောရပေ။[၁] အသင်တို့ထဲမှ မည်သူမဆို မိမိညီအစ်ကို ၏အသေသားကို စားသုံးရန် နှစ်သက်သလော။ ထို့ပြင် အသင်တို့သည် ထို (အသေသားစားခြင်း)ကို စက်ဆုပ်ကြမည်ပင်ဖြစ်သည်။[၂] ထို့ပြင် အသင်တို့ သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင် မြတ်သည် အများဝန်ခံမှုကို အကြိမ်ကြိမ်လက်ခံခွင့်လွှတ်တော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူသည်။

[၁] တမန်တော်မြတ် ﷺ က မိန့်တော်မူတယ် - ((الغيبة اشد من الزنا)) "နောက်ကွယ်အတင်းပြော ခြင်းဟာ ဇိနာ တရားမဝင်ကာမ ကျူးလွန်တာထက်တောင် ပိုဆိုးတယ်"။ နောက်ကွယ်အတင်းဆို တာ လူတစ်ယောက်ရဲ့အမှန်တကယ်မကောင်းတဲ့အရာတစ်ခုကို သူ့ကွယ်ရာမှာ တခြားတစ်ဦးကို ပြောပြတာကို ခေါ်တယ်။ (ဖျက်လိုဖျက်ဆီးလုပ်နေသူရဲ့ရန်က တားဆီးဖို့ သူ့အကြောင်း နောက် ကွယ်သတိပေးပြောဆိုချက်ဟာ အတင်းထဲမှာ မပါဝင်ဘူး။)(အလင်းပြကျမ်း) [၂] အတင်းပြောတာ ဟာ ကိုယ့်ညီအစ်ကိုရဲ့အသေသား စားတာထက်တောင် ပိုပြီးစက်ဆုပ်ရွံရှာဖွယ်ကောင်းတယ်။ (အလင်းပြကျမ်း)

يَاَيُّهَا النَّاسُ اِنَّا خَلَقْنٰكُمْ مِّنْ ذَكَرٍ وَّ اُنْثٰى وَ جَعَلْنٰكُمْ شُعُوْبًا وَّ قَبَآئِلَ لِتَعَارَفُوْا ؕ اِنَّ

اَكۡرَمَكُمۡ عِنۡدَاللّٰهِ اَتۡقٰكُمۡ ؕ اِنَّ اللّٰهَ عَلِيۡمٌ خَبِيۡرٌ ﴿١٣﴾

(၁၃) အို-လူသားအပေါင်းတို့၊ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်မှ (စတင်)ဖန်ဆင်းတော်မူခဲ့သည်။❶ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့အချင်းချင်း တစ်ဦးကိုတစ်ဦး ခွဲခြားသိမြင်မှတ်မိကြရန်အတွက် လူမျိုးစုများ၊ မျိုးနွယ်များ ပြုလုပ်တော်မူခဲ့သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ထံတော်တွင် အသင်တို့ထဲမှ အမြတ်ဆုံးသူသည် အသင်တို့ထဲမှ အကြောက်ရွံ့ဆုံး၊ အပြစ်အရှောင်ကြဉ်ဆုံး၊ ကောင်းကျိုးအဆောင်ဆုံးသူပင်ဖြစ်သည်။❷ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ အကြွင်းမဲ့ကြားသိတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ အာဒမ် عليه السلام နဲ့ ဟောင်ဝါ عليها السلام ကနေမျိုးဆက်ပွားလာခဲ့တာဖြစ်တဲ့အတွက် လူသားတွေအားလုံးဟာ ညီအစ်ကိုတွေပဲဖြစ်ကြတယ်။ အဲဒါကြောင့် ငါ့အမျိုးကမြတ်တယ်၊ သူ့အမျိုးကမြတ်တယ်လို့ ဂုဏ်ပြိုင်စရာမရှိဘူး။ (အလင်းပြကျမ်း) ❷ မြင့်မြတ်မှုဟာ သက္ကဝါအပေါ်မှာပဲ မူတည်ထားတာဖြစ်တယ်။ သက္ကဝါ ပိုရှိတဲ့သူဟာ အရှင်မြတ်ထံတော်မှာ ပိုမြတ်မှာဖြစ်တယ်။

(သိုင်စီရွလ်ကရီမိရ်ရဟ်မာန်)

قَالَتِ الۡاَعۡرَابُ اٰمَنَّا ؕ قُلۡ لَّمۡ تُؤۡمِنُوۡا وَلٰـكِنۡ قُوۡلُوۡۤا اَسۡلَمۡنَا وَلَمَّا يَدۡخُلِ الۡاِيۡمَانُ فِىۡ قُلُوۡبِكُمۡ ؕ وَاِنۡ تُطِيۡعُوا اللّٰهَ وَرَسُوۡلَهٗ لَا يَلِتۡكُمۡ مِّنۡ اَعۡمَالِكُمۡ شَيۡـًٔا ؕ اِنَّ اللّٰهَ غَفُوۡرٌ رَّحِيۡمٌ ﴿١٤﴾

(၁၄) အရပ်ကျေးတောသားများက "ကျွန်ုပ်တို့သည် အီမာန်ယုံကြည်ခဲ့ကြပြီဖြစ်ပါသည်" ဟု ပြောဆိုကြသည်။ (အို-တမန်တော်)အသင်ပြောလိုက်ပါ- အသင်တို့သည် (အမှန်စင်စစ်)ယုံကြည်ကြသေးသည်မဟုတ်ပေ။ သို့ရာတွင် အသင်တို့သည်"ကျွန်ုပ်တို့ အမိန့်နာခံကြပြီဖြစ်ပါသည်" ဟုသာ ပြောဆိုကြပါဦး။ ထို့ပြင် အီမာန်ယုံကြည်မှုသည် အသင်တို့၏စိတ်နှလုံးများထဲတွင် ယခုအချိန်ထိမဝင်သေးပေ။❶ ထို့ပြင် အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်၏အမိန့်တော်များကို လိုက်နာကြလျှင် အရှင်မြတ်သည် အသင်တို့၏လုပ်ရပ်များထဲမှ မည်သည့်အရာမျှ လျော့နည်းစေတော်မူမည်မဟုတ်ပေ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ အီမာန်ဟာ စိတ်နှလုံးထဲကို တကယ်ရောက်မရောက် ကိုယ့်ကိုယ်ကိုယ် အမြဲစစ်ဆေးနေသင့်တယ်။

(အလင်းပြကျမ်း)

إِنَّمَا الْمُؤْمِنُونَ الَّذِينَ آمَنُوا بِاللَّهِ وَرَسُولِهِ ثُمَّ لَمْ يَرْتَابُوا وَجَاهَدُوا بِأَمْوَالِهِمْ وَأَنفُسِهِمْ فِي
سَبِيلِ اللَّهِ ۚ أُولَٰئِكَ هُمُ الصَّادِقُونَ ﴿١٥﴾

(၁၅) အကြင်သူများပင် မုအ်မင်န်ယုံကြည်သူများ ဖြစ်ကြသည်။ ထိုသူများသည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို (စိတ်ထဲမှလည်း) ယုံကြည်ခဲ့ကြသည်။ ထို့ပြင် သူတို့သည် သံသယ မဖြစ်ခဲ့ကြပေ။ ထို့ပြင် သူတို့သည် သူတို့၏ပစ္စည်းဥစ္စာများနှင့် အသက်ဝိညာဉ်များဖြင့် အလ္လာဟ်အရှင်မြတ်၏လမ်းတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ထိုသူများပင် မှန်ကန်သူများဖြစ်ကြသည်။[၆]

[၆] စိတ်နှလုံးထဲကို အီမာန်ရောက်သွားတဲ့သူတွေရဲ့ အရည်အချင်းတွေကို ဖော်ပြထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

قُلْ أَتُعَلِّمُونَ اللَّهَ بِدِينِكُمْ وَاللَّهُ يَعْلَمُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ ۚ وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ ﴿١٦﴾

(၁၆) (အို-တမန်တော်)အသင်ပြောလိုက်ပါ- အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များတွင်ရှိသမျှနှင့် မြေပထဝီတွင် ရှိသမျှကိုသိရှိတော်မူပါလျက် အသင်တို့သည် အသင်တို့၏ဒီန်သာသနာ(၏အခြေအနေ)ကို အလ္လာဟ်အရှင်မြတ်အား အသိပေး(ပြောပြနေ)ကြသလော။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့သိတော်မူသောအရှင်လည်းဖြစ်တော်မူသည်။

يَمُنُّونَ عَلَيْكَ أَنْ أَسْلَمُوا ۖ قُل لَّا تَمُنُّوا عَلَيَّ إِسْلَامَكُم ۖ بَلِ اللَّهُ يَمُنُّ عَلَيْكُمْ أَنْ هَدَاكُمْ
لِلْإِيمَانِ إِن كُنتُمْ صَادِقِينَ ﴿١٧﴾

(၁၇) သူတို့သည် (အမိန့်ကို)နာခံခဲ့ကြကြောင်း အသင်၏ရှေ့၌ ဂုဏ်ဖော်နေကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့သည် ငါ၏ရှေ့၌ အသင်တို့၏ အမိန့်နာခံမှုကို ဂုဏ်မဖော်ကြနှင့်။ အသင်တို့သည် (အသင်တို့ပြောသည့်အတိုင်း) မှန်ကန်သူများဖြစ်သည်ဆိုလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည်ပင် အသင်တို့အား အီမာန်ယုံကြည်ရန်လမ်းကို ပြသတော်မူသည့်အတွက် အရှင်မြတ်သည်ပင် အသင်တို့အပေါ် ကျေးဇူးပြုထားတော်မူခြင်းဖြစ်သည်။[၇]

[၇] စိတ်နှလုံးထဲကို အီမာန်ရောက်သွားတယ်ဆိုရင်လည်း အဲဒါဟာ အရှင်မြတ်ရဲ့ကျေးဇူးပြုမှုပဲဖြစ်တယ်။ လူသားက အရှင်မြတ်ကို ယုံကြည်လိုက်လို့ အရှင်မြတ်ကို ကျေးဇူးပြုတာမဟုတ်ဘူး။ လူသားပဲ အကျိုးခံစားရမှာဖြစ်တယ်။ အရှင်မြတ်က ဘာမှလည်းမလိုဘူး။ အရှင်မြတ်ထံတော်မှာ ကိုယ့်ရဲ့အီမာန်နဲ့ ကောင်းမှုတွေကို ဂုဏ်ဖော်ပြောနေရမှာမဟုတ်ဘူး။ ကျေးဇူးရရှိလို့ ကျေးဇူးတင်

စကားပြောရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ اللَّهَ يَعْلَمُ غَيْبَ السَّمٰوٰتِ وَالْأَرْضِ ۚ وَاللَّهُ بَصِيرٌ بِمَا تَعْمَلُونَ ﴿١٨﴾

(၁၈) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသမျှ၏အကွယ်ကို သိရှိတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုမူသမျှကိုလည်း အကြွင်းမဲ့မြင်တော်မူသောအရှင် ဖြစ်တော်မူသည်။

رکوعاتها٣ ٥٠سُوْرَةُ قٓ مَكِّيَّةٌ ٣٤ اٰياتها ٤٥

# စူရဟ် ကာဖ် (ကာဖ်ကဏ္ဍ) سُوْرَةُ قٓ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

قٓ ۚ وَالۡقُرۡاٰنِ الۡمَجِيۡدِ ۝١

(၁) ကာဖ်၊ (ငါအရှင်မြတ်သည်) မြင့်မြတ်သည့်(ဂုဏ်ထူးများနှင့်ပြည့်စုံသည့်)ကုရ်အာန်ကျမ်းတော်မြတ်ကို သက်သေထူတော်မူသည်။❶

❶ ကုရ်အာန်ကျမ်းတော်မြတ်ဟာ အတိုင်းအဆမရှိ ကြီးကျယ်မြင့်မြတ်လှတယ်။ ၎င်းရောက်လာပြီး တခြားကျမ်းတွေကို ရုပ်သိမ်းစေတယ်။ မိမိရဲ့စွမ်းဆောင်နိုင်တဲ့အင်အား၊ မရေမတွက်နိုင်တဲ့ လျှို့ဝှက်ချက်တွေ၊ အသိပညာဗဟုသုတတွေနဲ့ လောကကို အံ့သြဖွယ်ရာပြုလုပ်လိုက်တယ်။ ဒီမြင့်မြတ်လှတဲ့ကုရ်အာန်ပဲ ၎င်းကိုယ်တိုင်သက်သေထူလျက်ရှိတယ်။ ၎င်းထဲမှာ လျော့နည်းမှု ပြစ်ချက်မရှိဘူး။ ဘယ်နေရာမှ လက်ညှိုးထိုးစရာလည်း မရှိဘူး။ (အွဆ်မာနီ)

بَلۡ عَجِبُوۡۤا اَنۡ جَآءَهُمۡ مُّنۡذِرٌ مِّنۡهُمۡ فَقَالَ الۡكٰفِرُوۡنَ هٰذَا شَىۡءٌ عَجِيۡبٌ ۚ ۝٢

(၂) အမှန်စင်စစ် သူတို့ထံသို့ သူတို့ထဲမှပင် သတိပေးနှိုးဆော်သူတစ်ဦး ရောက်ရှိလာခဲ့သည်ကို သူတို့သည် အံ့သြနေကြသည်။ သို့ဖြစ်ရာ ကာဖိရ်များက ဤသည် အံ့သြဖွယ်ရာကိစ္စပင် ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။

ءَاِذَا مِتۡنَا وَكُنَّا تُرَابًا ۚ ذٰلِكَ رَجۡعٌۢ بَعِيۡدٌ ۝٣

(၃) ကျွန်ုပ်တို့ သေဆုံးခဲ့ကြပြီးနောက် မြေကြီးဖြစ်သွားသည့်အခါ (ပြန်ရှင်ရဦးမည်လော)။ ၎င်းသည် အလွန်ဝေးလံသော ပြန်လှည့်ခြင်းပင်။ (စဉ်းစား၍ ဉာဏ်မမီပေ)။

قَدۡ عَلِمۡنَا مَا تَنۡقُصُ الۡاَرۡضُ مِنۡهُمۡ ۚ وَعِنۡدَنَا كِتٰبٌ حَفِيۡظٌ ۝٤

(၄) မြေကြီးက သူတို့(၏ခန္ဓာကိုယ်များ)ထဲမှ (စားပြီး) လျော့နည်းစေမည့်(ဆွေးမြည့်သွားသည့်)အစိတ်အပိုင်းကို အမှန်စင်စစ် ငါအရှင်မြတ် သိရှိတော်မူသည်။ ထိုအရာပင်မကပေ၊ ငါအရှင်မြတ်ထံတော်တွင် ထိန်းသိမ်းစောင့်ရှောက်ထားသော မှတ်တမ်းစာအုပ်လည်း ရှိနေသေးသည်။❷

❷ မြေကြီးထဲမှာ ဆွေးသွားတဲ့ အစိတ်အပိုင်းတွေ၊ ပျော်ဝင်သွားတဲ့အစိတ်အပိုင်းတွေဟူသမျှဟာ အရှင်မြတ်ရဲ့မှတ်တမ်းစာအုပ်မှာတောင် ရေးပြီးသားဖြစ်နေတဲ့နောက်တော့ ပြန်လည် မဖန်ဆင်း

နိုင်စရာ ဘာအကြောင်းရှိမလဲ။ (အလင်းပြကျမ်း)

بَلْ كَذَّبُوا بِالْحَقِّ لَمَّا جَآءَهُمْ فَهُمْ فِيٓ أَمْرٍ مَّرِيجٍ ۝٥

(၅) အမှန်စင်စစ် သူတို့ထံသို့ အမှန်တရား ရောက်လာသည့်အခါတွင် ၎င်း(အမှန်တရား)ကိုပင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင် သူတို့သည် (မှော်ဆရာဟုပြောလိုက်၊ ကဗျာဆရာဟု ပြောလိုက်၊ အရူးဟု ပြောလိုက်၊ လူလိမ်ဟုပြောလိုက်နှင့်) မကိုက်ညီသည့်စကား (မတည်ငြိမ်သည့် အခြေအနေ)များထဲ၌ပင် နစ်မွန်းနေကြသည်။

أَفَلَمْ يَنظُرُوٓا۟ إِلَى ٱلسَّمَآءِ فَوْقَهُمْ كَيْفَ بَنَيْنَٰهَا وَزَيَّنَّٰهَا وَمَا لَهَا مِن فُرُوجٍ ۝٦

(၆) ထို့နောက် သူတို့သည် သူတို့အထက်မှမိုးကောင်းကင်ကို ငါအရှင်မြတ်သည် ၎င်းကို မည်သို့ပြုလုပ်ထားတော်မူသနည်း၊ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းကို မည်သို့ လှပစွာ ဆင်ယင်ထားတော်မူသနည်းဆိုသည်ကို မကြည့်မြင်ခဲ့ကြသလော။ ထို့ပြင် ၎င်းတွင် ကွဲအက်မှုမရှိသည်(ကိုလည်း မကြည့်မြင်ခဲ့ကြသလော)။

وَٱلْأَرْضَ مَدَدْنَٰهَا وَأَلْقَيْنَا فِيهَا رَوَٰسِىَ وَأَنۢبَتْنَا فِيهَا مِن كُلِّ زَوْجٍۭ بَهِيجٍ ۝٧

(၇) ထို့ပြင် ငါအရှင်မြတ်သည် မြေပထဝီကို ဖြန့်ခင်းတော်မူသည်။ ထို့ပြင် ထိုမြေပထဝီတွင် တောင်များကို စိုက်ထူထားတော်မူသည်။ ထို့ပြင် ငါအရှင်မြတ်သည် ထိုအထဲတွင် လှပတင့်တယ်သည့်အရာမျိုးစုံကို ပေါက်ရောက်စေတော်မူခဲ့သည်။

تَبْصِرَةً وَذِكْرَىٰ لِكُلِّ عَبْدٍ مُّنِيبٍ ۝٨

(၈) (ထိုအရာများသည် အလ္လာဟ်အရှင်မြတ်ဘက်သို့) ပြန်လှည့်ကြသည့်ကျွန်တိုင်းအတွက် ဆင်ခြင်သုံးသပ်သည့်အရာနှင့် တရားရယူရသည့်အရာ ဖြစ်သည်။

وَنَزَّلْنَا مِنَ ٱلسَّمَآءِ مَآءً مُّبَٰرَكًا فَأَنۢبَتْنَا بِهِۦ جَنَّٰتٍ وَحَبَّ ٱلْحَصِيدِ ۝٩

(၉) ထို့နောက် ငါအရှင်မြတ်သည် မိုးကောင်းကင်မှ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော (မိုး)ရေကို ရွာသွန်းစေတော်မူခဲ့သည်။ ထို့ပြင် ၎င်း(ရေ)ဖြင့် ငါအရှင်မြတ်သည် ဥယျာဉ်များနှင့် ရိတ်သိမ်းဖြတ်ယူရမည့် ကောက်ပဲသီးနှံပင်များကို ပေါက်ရောက်စေတော်မူခဲ့သည်။

وَٱلنَّخْلَ بَاسِقَٰتٍ لَّهَا طَلْعٌ نَّضِيدٌ ۝١٠

(၁၀) ထို့ပြင် မြင့်မားသော စွန်ပလွံပင်များကို(လည်း ပေါက်ရောက်စေတော်မူခဲ့သည့်အတွက်) ထိုစွန်ပလွံပင်များတွင် ပြွတ်သိပ်ပြီးသီးနေသောအခိုင်

များရှိနေသည်။

رِّزْقًا لِّلْعِبَادِ ۙ وَاَحْيَيْنَا بِهٖ بَلْدَةً مَّيْتًا ؕ كَذٰلِكَ الْخُرُوْجُ ﴿١١﴾

(၁၁) ကျွန်များအတွက် စားနပ်ရိက္ခာအဖြစ် (ပေါက်ရောက်စေခဲ့ခြင်း ဖြစ်သည်)။ ထို့ပြင် ငါအရှင်မြတ်သည် သေနေသည့်မြေကို ၎င်း(မိုးရေ)ဖြင့် ရှင်စေတော်မူခဲ့သည်။ (လူများ သင်္ချိုင်းထဲမှ ရှင်ပြီး) ပြန်ထွက်ခြင်းသည်လည်း ထိုသို့ပင် ဖြစ်လိမ့်မည်။

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوْحٍ وَّاَصْحٰبُ الرَّسِّ وَثَمُوْدُ ۙ ﴿١٢﴾

(၁၂) သူတို့မတိုင်မီ (တမန်တော်)နူးဟ်၏အမျိုးသားများ၊ ရတ်စ်တွင် နေထိုင်သူများနှင့် ဆမူဒ်အမျိုးသားများသည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ ကြသည်။

وَعَادٌ وَّفِرْعَوْنُ وَاِخْوَانُ لُوْطٍ ۙ ﴿١٣﴾

(၁၃) ထို့ပြင် အာဒ်အမျိုးသားများ၊ ဖိရ်အောင်န်နှင့် လူသွ်၏ညီအစ်ကိုများ၊

وَّاَصْحٰبُ الْاَيْكَةِ وَقَوْمُ تُبَّعٍ ؕ كُلٌّ كَذَّبَ الرُّسُلَ فَحَقَّ وَعِيْدِ ﴿١٤﴾

(၁၄) ထို့ပြင် အိုင်ကဟ်တောအုပ်တွင် နေထိုင်သူများ၊ သုဗ်ဗအ်အမျိုး သားများ၊ အားလုံးတို့သည် တမန်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ ကြသည့်အတွက် ငါအရှင်မြတ်၏ ချိန်းဆိုမှု(ပြစ်ဒဏ်)သည် (သူတို့အပေါ်တွင်) ကျရောက်ခဲ့သည်။❷

❷ အဲဒီသူတွေဟာ ငြင်းပယ်ခဲ့ကြလို့ ပြစ်ဒဏ်ခတ်ခံခဲ့ရတာတွေကို သိရှိပြီး နောင်တရကာ အရှင်မြတ်ကို လက်ခံလိုက်ရင် သူတို့အတွက် အကျိုးပဲဖြစ်တယ်။ မဟုတ်ရင် အဲဒီသူတွေလိုပဲ ပြစ်ဒဏ်ခံ ရမှာပဲဖြစ်တယ်ဆိုတာ သိထားဖို့လိုတဲ့အကြောင်း ဖော်ပြပေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

اَفَعَيِيْنَا بِالْخَلْقِ الْاَوَّلِ ؕ بَلْ هُمْ فِيْ لَبْسٍ مِّنْ خَلْقٍ جَدِيْدٍ ع ﴿١٥﴾

(၁၅) ငါအရှင်မြတ်သည် ပထမအကြိမ် ဖန်ဆင်းတော်မူခဲ့သည့်အတွက် ကြောင့် မောပန်းသွားတော်မူခဲ့ပြီလော။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် သူတို့ သည်အသစ်တစ်ဖန် ပြန်လည်ဖန်ဆင်းခြင်းနှင့် ပတ်သက်၍ သံသယတွင် ရှိနေ ကြခြင်းသာဖြစ်သည်။

وَلَقَدْ خَلَقْنَا الْاِنْسَانَ وَنَعْلَمُ مَا تُوَسْوِسُ بِهٖ نَفْسُهٗ ۖۚ وَنَحْنُ اَقْرَبُ اِلَيْهِ مِنْ حَبْلِ الْوَرِيْدِ ﴿١٦﴾

(၁၆) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် လူသားများကို ဖန်ဆင်း တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူ၏အထဲတွင် သူ၏စိတ်က မသိ မသာပေါ်ပေါက်လာသောအရာ (စိတ်ကူး)ကိုလည်း သိတော်မူသည်။ ထို့ပြင်

ငါအရှင်မြတ်သည် သူ၏လည်ချောင်းသွေးကြောထက်ပင်သူနှင့် ပို၍နီးသည်။

إِذْ يَتَلَقَّى الْمُتَلَقِّيَانِ عَنِ الْيَمِينِ وَعَنِ الشِّمَالِ قَعِيدٌ ﴿١٧﴾

(၁၇) တစ်ချိန်တွင် မှတ်သားသူနှစ်ဦးသည် (လူသား၏)လက်ယာဘက်နှင့် လက်ဝဲဘက်တွင် ထိုင်၍ မှတ်သားနေကြသည်။❶

❶ လူသားတွေရဲ့ လုပ်ရပ်ဟူသမျှကို အရှင်မြတ်ဟာ သိတော်မူတဲ့အပြင် သက်သေအဖြစ်နဲ့ ကောင်းကင်တမန်နှစ်ပါးကို ရေးမှတ်ခိုင်းထားတော်မူတယ်။ လက်ယာဘက်မှာ ကောင်းမှုတွေကို ရေးမှတ်တဲ့ကောင်းကင်တမန်ရှိပြီး လက်ဝဲဘက်မှာ မကောင်းမှုတွေကို ရေးမှတ်တဲ့ကောင်းကင်တမန်ရှိတယ်။ ကိယာမသ်နေ့ကျရင် အဲဒီမှတ်တမ်းတွေကို ထုတ်ပြမှာ ဖြစ်တယ်။ အဲဒီထဲမှာရှိတဲ့ အတိုင်း အကျိုးအပြစ်ခံစားရမှာဖြစ်တယ်။ (အရှင်မြတ် အလိုရှိရင် ခွင့်လွှတ်နိုင်တော်မူတယ်။) (အလင်းပြကျမ်း)

مَا يَلْفِظُ مِنْ قَوْلٍ إِلَّا لَدَيْهِ رَقِيبٌ عَتِيدٌ ﴿١٨﴾

(၁၈) ထိုလူသားသည် မည်သည့်စကားပင် ပြောသည်ဖြစ်စေ သူ၏ အနီးတွင် ချောင်းမြောင်းနေသူတစ်ဦးသည် (ရေးမှတ်ရန်) အသင့်ရှိနေသည်။

وَجَاءَتْ سَكْرَةُ الْمَوْتِ بِالْحَقِّ ذَٰلِكَ مَا كُنْتَ مِنْهُ تَحِيدُ ﴿١٩﴾

(၁၉) ထို့ပြင် သေခြင်း၏ စကရသ်မေ့မြောမှုသည် မှန်ကန်စွာ ရောက်ရှိလာခဲ့သည်။❷ ထိုအရာသည် အသင်(မတွေ့လို၍) တိမ်းရှောင်နေခဲ့သည့်အရာပင် ဖြစ်သည်။

❷ ကိယာမသ်ရဲ့ရှေ့ပြေး ရောက်ရှိလာတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَنُفِخَ فِي الصُّورِ ذَٰلِكَ يَوْمُ الْوَعِيدِ ﴿٢٠﴾

(၂၀) ထို့နောက် တံပိုးခရာမှုတ်ခြင်းခံရမည်။ ထိုအရာသည် ချိန်းထားသည့်နေ့ပင် ဖြစ်သည်။❸

❸ ချိန်းထားတဲ့ ကိယာမသ်နေ့ဟာ တံပိုးမှုတ်တာနဲ့ ရောက်လာမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَجَاءَتْ كُلُّ نَفْسٍ مَعَهَا سَائِقٌ وَشَهِيدٌ ﴿٢١﴾

(၂၁) ထို့ပြင် လူတိုင်းသည် (စုရုံးရာနေရာ ဟရှရ်ကွင်းပြင်သို့) လာကြရမည်။ သူနှင့်အတူ ရှေ့သို့သွားခိုင်းနေသူတစ်ဦးနှင့် သက်သေတစ်ဦး ပါရှိမည်။

لَقَدْ كُنْتَ فِي غَفْلَةٍ مِنْ هَٰذَا فَكَشَفْنَا عَنْكَ غِطَاءَكَ فَبَصَرُكَ الْيَوْمَ حَدِيدٌ ﴿٢٢﴾

(၂၂) အမှန်စင်စစ် အသင်သည် ဤနေ့နှင့် ပတ်သက်၍ ပေ့ါဆမှုတွင် ရှိနေခဲ့သည်။ သို့ဖြစ်ရာ (ယခုမူ) ငါအရှင်မြတ်သည် အသင်၏အပေါ်မှ အသင်၏ အဖုံးအကာအား ဖယ်ရှားတော်မူလိုက်ပြီ ဖြစ်သည်။ သို့ဖြစ်ရာ ယနေ့မူ အသင်သည် ထိုးဖောက်မြင်နိုင်စွမ်းရှိသွားပြီ ဖြစ်သည်။

وَقَالَ قَرِيْنُهٗ هٰذَا مَا لَدَيَّ عَتِيْدٌ ﴿٢٣﴾

(၂၃) ထို့ပြင် သူ၏အဖော်(ကောင်းကင်တမန်)က ပြောဆိုမည်။ ဤသည် ကျွန်ုပ်ထံတွင် အဆင်သင့်ရှိသည့်အရာ (နေ့စဉ်မှတ်တမ်း)ဖြစ်သည်။

اَلْقِيَا فِيْ جَهَنَّمَ كُلَّ كَفَّارٍ عَنِيْدٍ ﴿٢٤﴾

(၂၄) (အရှင်မြတ်က ကောင်းကင်တမန်နှစ်ပါးကို မိန့်တော်မူမည်)။ အသင်တို့နှစ်ဦးသည် ကျေးဇူးကန်းသောသူတိုင်း ခေါင်းမာဆိုးသွမ်းသောသူတိုင်းကို ဂျဟန္နမ်ငရဲမီးထဲသို့ ပစ်ချကြပါ။

مَّنَّاعٍ لِّلْخَيْرِ مُعْتَدٍ مُّرِيْبِ ﴿٢٥﴾

(၂၅) ကောင်းမှု(ပြုလုပ်သည်များ)မှ အလွန်တားမြစ်သူ၊ စည်းကမ်းကျူးလွန်သူ၊ သံသယဖြစ်သူ(တိုင်းကို ထိုအထဲ ပစ်ချကြပါ)။

الَّذِيْ جَعَلَ مَعَ اللّٰهِ اِلٰهًا اٰخَرَ فَاَلْقِيٰهُ فِي الْعَذَابِ الشَّدِيْدِ ﴿٢٦﴾

(၂၆) (ထို့ပြင်) အလ္လာဟ်အရှင်မြတ်နှင့်အတူ အခြားကိုးကွယ်ရာတစ်ဦးကို တွဲဖက်ပြုလုပ်သောသူအားလည်း အသင်တို့နှစ်ဦးသည် ပြင်းထန်သောအပြစ်ဒဏ်ထဲသို့ ပစ်ချလိုက်ကြပါ။

قَالَ قَرِيْنُهٗ رَبَّنَا مَآ اَطْغَيْتُهٗ وَلٰكِنْ كَانَ فِيْ ضَلٰلٍ بَعِيْدٍ ﴿٢٧﴾

(၂၇) သူ၏အဖော်(ရှိုင်သွာန်)က ပြောဆိုမည်- အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်ုပ်သည် သူ့အား (လမ်းလွဲအောင်လုပ်ပြီး)ဆိုးသွမ်းစေခဲ့သည် မဟုတ်ပါ။ သို့ရာတွင် သူကိုယ်တိုင်ပင် ဝေးလံသောလမ်းမှားတွင် ရှိနေခဲ့ခြင်းဖြစ်ပါသည်။

قَالَ لَا تَخْتَصِمُوْا لَدَيَّ وَقَدْ قَدَّمْتُ اِلَيْكُمْ بِالْوَعِيْدِ ﴿٢٨﴾

(၂၈) အရှင်မြတ်သည် မိန့်ကြားတော်မူမည်-အသင်တို့သည် ငါအရှင်မြတ်ထံတော်တွင် အငြင်းအခုံလုပ်မနေကြနှင့်။ အမှန်စင်စစ် ငါအရှင်မြတ်သည် (ပြစ်ဒဏ်နှင့်ပတ်သက်သည့်) ချိန်းဆိုမှုကို အသင်တို့ထံ ကြိုတင်ပို့နှင့်တော်မူခဲ့ပြီး ဖြစ်သည်။

مَا يُبَدَّلُ الْقَوْلُ لَدَيَّ وَمَآ اَنَا بِظَلَّامٍ لِّلْعَبِيْدِ ﴿٢٩﴾

(၂၉) ငါအရှင်မြတ်ထံတော်တွင် စကားသည် မပြောင်းလဲပေ။ ထို့ပြင် ငါအရှင်မြတ်သည် ကျွန်များကို မတရားပြုလုပ်တော်မူသောအရှင်လည်းမဟုတ်ပေ။ ❻

❾ ဒီအကြောင်းတွေဟာ လောကမှာကတည်းက အားလုံးအသိပေးပြီးဖြစ်တဲ့အတွက် အနာဂတ်အရှင်မြတ်ထံမှာ ဘာအပြောင်းအလဲမှ ရှိမှာမဟုတ်တော့ဘူး။ ကြိုတင်မိန့်ကြားထားတဲ့အတိုင်းပဲ ပြုလုပ်ဆောင်ရွက်တော်မူမှာ ဖြစ်တယ်။ ဘယ်သူ့အပေါ်မှာမှ မတရားလုပ်တော်မူမှာ မဟုတ်ဘူး။ အရှိအတိုင်းပဲဖြစ်မယ်။ (အလင်းပြကျမ်း)

يَوْمَ نَقُولُ لِجَهَنَّمَ هَلِ امْتَلَأْتِ وَتَقُولُ هَلْ مِن مَّزِيدٍ ﴿٣٠﴾

(၃၀) ထိုနေ့တွင် ငါအရှင်မြတ်သည် ဂျဟန္နမ်ငရဲဘုံအား အသင်သည် ပြည့်သွားပြီလောဟု မိန့်ကြားတော်မူမည် ဖြစ်ပြီး ထိုဂျဟန္နမ်ငရဲဘုံက "နောက်ထပ် ရှိပါသေးသလော"ဟု ပြောဆိုလျှောက်ထားမည်။❶

❶ လူတွေနဲ့ ဂျင်န်တွေကို အုပ်စုလိုက် အုပ်စုလိုက် ဂျဟန္နမ်ငရဲဘုံထဲ ချလိုက်တဲ့အခါတိုင်း သူက လျှောက်ထားမယ်-((هل من مزيد)) "နောက်ထပ် ရှိပါသေးသလား"။ ချရမဲ့သူတွေအားလုံးကုန်သွားတဲ့အခါမှာလည်း သူကထပ်ပြီး အဲဒီလိုပဲ "နောက်ထပ်ရှိပါသေးသလား"လို့ မေးနေတဲ့အတွက် အရှင်မြတ်က မိမိရဲ့ခြေတော်ကို ချလိုက်တော်မူမယ်။ အဲဒီအခါ ဂျဟန္နမ်က ((قط قط)) "တော်ပြီ၊ တော်ပြီ"လို့ အော်လိုက်လိမ့်မယ်။ (ဗုခါရီဟဒီးဆ် နံပါတ်-၄၈၄၉၊ အလင်းပြကျမ်း)

وَأُزْلِفَتِ الْجَنَّةُ لِلْمُتَّقِينَ غَيْرَ بَعِيدٍ ﴿٣١﴾

(၃၁) ထို့ပြင် ဂျန္နသ်သုခဘုံသည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူ မုသ်သကီများ၏အနီးသို့ မဝေးသည့်နေရာတွင် ယူလာခြင်းခံရမည်။

هَٰذَا مَا تُوعَدُونَ لِكُلِّ أَوَّابٍ حَفِيظٍ ﴿٣٢﴾

(၃၂) ဤသည် အသင်တို့ ကတိပေးခြင်းခံရသည့်အရာပင်၊ (အရှင်မြတ်ဘက်သို့)အလွန်ပြန်လှည့်သောသူ၊ (စည်းကမ်း)စောင့်ထိန်းသော သူတိုင်းအတွက် ဖြစ်သည်။

مَّنْ خَشِيَ الرَّحْمَٰنَ بِالْغَيْبِ وَجَاءَ بِقَلْبٍ مُّنِيبٍ ﴿٣٣﴾

(၃၃) ထိုသူသည် ရဟ်မာန်အနန္တကရုဏာတော်ရှင်ကို မမြင်ဘဲနှင့် ကြောက်ရွံ့ခဲ့သည်။ ထို့ပြင် သူသည် (အရှင်မြတ်ဘက်သို့) ပြန်လှည့်သောစိတ်နှလုံးကို ယူဆောင်လာခဲ့သည်။

ادْخُلُوهَا بِسَلَامٍ ۖ ذَٰلِكَ يَوْمُ الْخُلُودِ ﴿٣٤﴾

(၃၄) (ထိုသူများသည် ဤသို့ မိန့်ကြားတော်မူခြင်းခံကြရမည်။) အသင်တို့သည် ဂျန္နသ်သုခဘုံထဲသို့ ငြိမ်းချမ်းစွာ ဝင်ရောက်ကြပါ။ ဤသည် အမြဲနေထိုင်ရမည့်နေ့ ဖြစ်သည်။❻

❻ ကိယာမသ်နေ့မှာ ဂျန္နသ်သုခဘုံထဲကို ဝင်ရမဲ့သူတွေထံကို ကောင်းကင်တမန်တွေဟာ လာရောက်ပြီး ကောင်းချီးမင်္ဂလာသတင်းတွေပေးကာ ကြိုဆိုမှာဖြစ်တယ်။

(စွဖ်ဝသုသ်သဖာစီရ်၊ လသ္သာအိဖွလ် အိရှာရာသ်)

لَهُمْ مَّا يَشَآءُوْنَ فِيْهَا وَلَدَيْنَا مَزِيْدٌ ﴿٣٥﴾

(၃၅) သူတို့အတွက် ထိုဂျန္နသ်သုခဘုံထဲတွင် သူတို့ အလိုရှိသမျှအရာများသာမက ငါအရှင်မြတ်ထံတော်တွင် အပိုကျေးဇူးချီးမြှင့်မှုလည်း ရှိဦးမည်ဖြစ်သည်။

وَكَمْ اَهْلَكْنَا قَبْلَهُمْ مِّنْ قَرْنٍ هُمْ اَشَدُّ مِنْهُمْ بَطْشًا فَنَقَّبُوْا فِى الْبِلَادِ ؕ هَلْ مِنْ مَّحِيْصٍ ﴿٣٦﴾

(၃၆) ထို့ပြင် ငါအရှင်မြတ်သည် သူတို့မတိုင်မီက လူမျိုးဆက်အမြောက်အမြားကို ဖျက်ဆီးတော်မူခဲ့သည်။ ထိုသူများသည် (ဤ)သူတို့ထက် အင်အားကြီးမားပြင်းထန်သည့်သူများ ဖြစ်ခဲ့ကြသည်။ သူတို့သည် အမြို့မြို့အရွာရွာတွင် (စီးပွားရှာပြီး သေမည်ကိုကြောက်၍)ခရီးထွက်နေခဲ့ကြသည်။ (ထိုသို့သွားလျက်လာလျက်နှင့် နေရာများစွာ သိထားပြီးဖြစ်ကြပါလျက် သူတို့သည်)ထွက်ပြေးတိမ်းရှောင်ရန်နေရာ ရှာတွေ့ခဲ့ကြ၏လော။

اِنَّ فِىْ ذٰلِكَ لَذِكْرٰى لِمَنْ كَانَ لَهٗ قَلْبٌ اَوْ اَلْقَى السَّمْعَ وَهُوَ شَهِيْدٌ ﴿٣٧﴾

(၃၇) အမှန်စင်စစ် ထိုအထဲတွင် စိတ်နှလုံးရှိသည့်သူအတွက် သို့မဟုတ် အသင့်ရောက်ရှိလျက် စိတ်ဝင်စားစွာ နားစိုက်ထောင်သောသူအတွက် အမှန်ပင် သင်ခန်းစာရှိသည်။

وَلَقَدْ خَلَقْنَا السَّمٰوٰتِ وَالْاَرْضَ وَمَا بَيْنَهُمَا فِىْ سِتَّةِ اَيَّامٍ ۖ وَّمَا مَسَّنَا مِنْ لُّغُوْبٍ ﴿٣٨﴾

(၃၈) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီအပြင် ထိုနှစ်ခုကြားတွင် ရှိသမျှကို ခြောက်ရက်(နှင့်ညီမျှသောအချိန်) ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက်လည်း ငါအရှင်မြတ်တွင် မောပန်းမှုလုံးဝမခံစားရပေ။

فَاصْبِرْ عَلٰى مَا يَقُوْلُوْنَ وَسَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوْعِ الشَّمْسِ وَقَبْلَ الْغُرُوْبِ ﴿٣٩﴾

(၃၉) သို့ဖြစ်ရာ အသင်(တမန်တော်)သည် သူတို့၏ပြောဆိုမှုများနှင့်ပတ်သက်၍ သည်းခံပါ။ ထို့ပြင် အသင်သည် နေမထွက်မီနှင့် နေမဝင်မီ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ချီးမွမ်းခြင်းနှင့်တကွ (အရှင်မြတ်) စင်ကြယ်တော်မူကြောင်း ရွတ်ဆိုနေပါ။

وَمِنَ الَّيْلِ فَسَبِّحْهُ وَاَدْبَارَ السُّجُوْدِ ﴿٤٠﴾

(၄၀) ထို့ပြင် အသင်(တမန်တော်)သည် ညအချိန်နှင့် စွလာသ်ဝတ်ပြု

မှုများ၏နောက်တွင် အရှင်မြတ်၏ စင်ကြယ်တော်မူကြောင်းကို ရွတ်ဆိုပါ။(၁)

(၁) နေမထွက်ခင်စွလာသ်ဆိုတာ ဖဂျရ်ကိုဆိုလိုတယ်။ နေမဝင်ခင်စွလာသ်ဆိုတာ ဇုဟုရ်နဲ့ အစွရ်ကို ဆိုလိုတယ်။ ညအချိန်စွလာသ်ဆိုတာ မဂ်ရိဗ်နဲ့ အိရှာကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

وَاسْتَمِعْ يَوْمَ يُنَادِ الْمُنَادِ مِنْ مَّكَانٍ قَرِيْبٍ ﴿٤١﴾

(၄၁) ထို့ပြင် အသင်(တမန်တော်)နားထောင်ပါ၊ အကြင်နေ့တွင် ဟစ်အော်သူ(တစ်ဦး)သည် အနီးမှ ဟစ်အော်လိမ့်မည်။

يَّوْمَ يَسْمَعُوْنَ الصَّيْحَةَ بِالْحَقِّ ۗ ذٰلِكَ يَوْمُ الْخُرُوْجِ ﴿٤٢﴾

(၄၂) ထိုနေ့တွင် ဟစ်အော်သံကို (အားလုံး) အမှန်ပင် ကြားကြမည် ဖြစ်သည်။ ထိုနေ့သည် (သင်္ချိုင်းများထဲမှ)ထွက်ကြရမည့်နေ့ပင် ဖြစ်သည်။(၂)

(၂) အဲဒီနေ့ဟာ ကိယာမသ်နေ့ဖြစ်တယ်။ တံပိုးမှုတ်ဖို့ အရှင်မြတ်က ကောင်းကင်တမန်ကြီးတစ်ပါးဖြစ်တဲ့ အစ္စရာဖီလ် ﵇ ကို တာဝန်ပေးထားတယ်။ (အလင်းပြကျမ်း)

اِنَّا نَحْنُ نُحْيٖ وَنُمِيْتُ وَاِلَيْنَا الْمَصِيْرُ ﴿٤٣﴾

(၄၃) အမှန်စင်စစ် ငါအရှင်မြတ်သည်ပင် ရှင်စေတော်မူသည်။ ထို့ပြင် ငါအရှင်မြတ်သည်ပင် သေစေတော်မူသည်။ ထို့နောက် ငါအရှင်မြတ်ထံတော်သို့ပင် ပြန်လည်ရာဖြစ်သည်။

يَوْمَ تَشَقَّقُ الْاَرْضُ عَنْهُمْ سِرَاعًا ۗ ذٰلِكَ حَشْرٌ عَلَيْنَا يَسِيْرٌ ﴿٤٤﴾

(၄၄) ထိုနေ့တွင် မြေကြီးသည် သူတို့၏အပေါ်မှ ပွင့်ထွက်သွားပြီး(သူတို့သည် သင်္ချိုင်းထဲမှထွက်လျက် ဖိတ်ခေါ်သူ၏ဘက်သို့)လျင်မြန်စွာ ပြေးလျက်သွားကြမည်။ ၎င်း(စုရုံးမှု)သည် ငါအရှင်မြတ်အတွက် လွယ်ကူသောစုရုံးခြင်းပင် ဖြစ်သည်။

نَحْنُ اَعْلَمُ بِمَا يَقُوْلُوْنَ وَمَآ اَنْتَ عَلَيْهِمْ بِجَبَّارٍ ۫ فَذَكِّرْ بِالْقُرْاٰنِ مَنْ يَّخَافُ وَعِيْدِ ﴿٤٥﴾

(၄၅) ငါအရှင်မြတ်သည် သူတို့ပြောသမျှကို အသိဆုံးဖြစ်တော်မူသည်။ ထို့ပြင် အသင်သည် သူတို့အပေါ်တွင် အတင်းအကျပ်စေခိုင်းသူ မဟုတ်ပေ။ သို့ဖြစ်ရာ အသင်သည် (ငါအရှင်မြတ်၏)ချိန်းဆိုချက်ကို ကြောက်ရွံ့သူအား ကုရ်အာန်ကျမ်းတော်မြတ်ဖြင့် သတိပေးနေပါ။(၃)

(၃) တမန်တော်မြတ် ﷺ ကို လူတွေ တရားလိုက်နာအောင် အတင်းအကျပ် ပြုလုပ်ခိုင်းထားခြင်း မရှိဘူး။ အဲဒီလို အတင်းအကျပ်လိုက်နာခိုင်းရင်လည်း လူတွေဟာ စေတနာမပါဘဲ အယောင်ဆောင်ပဲ လိုက်နာတာမျိုးကို အရှင်မြတ်ကလည်း အလိုမရှိဘူး။ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေလေးစားတဲ့စိတ်နှလုံးရှိတဲ့သူတွေပဲ ကုရ်အာန်ရဲ့ဆုံးမဩဝါဒနဲ့ အကျိုးခံစားရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

==========

ايٰاتها ٦٠ ٥١ سُوْرَةُ الذّٰرِيٰتِ مَكِّيَّةٌ ٦٧ رکوعاتها ٣

**စူရဟ် ဇားရိယာသ် (လွင့်ပါးစေသည့်လေများကဏ္ဍ) سُوْرَةُ الذّٰرِيٰتِ**

==========

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَالذّٰرِيٰتِ ذَرۡوًا ۙ﴿۱﴾

(၁) (ငါအရှင်မြတ်သည်) ကစဉ့်ကလျားဖြစ်အောင် လွင့်ပါးစေသော လေများကို သက်သေထူတော်မူသည်။

فَالۡحٰمِلٰتِ وِقۡرًا ۙ﴿۲﴾

(၂) ထို့ပြင် (မိုးရေ)ဝန်(ကို ထမ်းထားသောတိမ်)များကို သယ်ဆောင်ကြသည့်လေများကို သက်သေထူတော်မူသည်။

فَالۡجٰرِيٰتِ يُسۡرًا ۙ﴿۳﴾

(၃) ထို့ပြင် ညင်သာစွာ တိုက်ခတ်သွားလာလှုပ်ရှားကြသော လေများကို သက်သေထူတော်မူသည်။

فَالۡمُقَسِّمٰتِ اَمۡرًا ۙ﴿۴﴾

(၄) ထို့ပြင် အမိန့်တော်အရ (ထိုမိုးရေများကို မြေပေါ်တွင် ရွာသွန်းချရန် သယ်ဆောင်သွားပြီး) ခွဲဝေ(ချ)ပေးသည့် လေများကို သက်သေထူတော်မူသည်။❻

❻ ဒီအာယသ်တော်လေးခုထဲမှာ အရှင်မြတ်က လေအမျိုးအစားလေးခုကို ကျိန်ဆိုထားတော်မူတာဖြစ်တယ်။ အဲဒီလေတွေထဲမှာ သက်သေလက္ခဏာတွေပါရှိတဲ့အတွက် စဉ်းစားဆင်ခြင်ကြည့်ကြဖို့ဖြစ်တယ်။ မိုးရေတွေသယ်ဆောင်ထားတဲ့လေတွေဟာ ခြောက်သွေ့နေတဲ့ မြေကြီးပေါ်ရောက်အောင်သယ်ပို့ပြီး မိုးရွာချလိုက်တဲ့အပေါ်မှာ မြေကြီးက သစ်ပင်တွေပေါက်လာပြီး ဘဝသစ်တစ်ခုဖြစ်ပေါ်လာသလို လူတွေဟာလည်း ကိယာမသ်နေ့မှာ ပြန်ရှင်ထပြီး ဘဝသစ်တစ်ခုကို စတင်ရမှာဖြစ်ကြောင်း လေတွေကို ကျိန်ဆိုမိန့်တာဖြစ်တယ်။ (အာစားန်သန်ရ်ဂျမဟ်)

اِنَّمَا تُوۡعَدُوۡنَ لَصَادِقٌ ۙ﴿۵﴾

(၅) အမှန်စင်စစ် အသင်တို့ ချိန်းဆိုခြင်းခံကြရသော ချိန်းဆိုချက်သည် အမှန်ပင် မှန်ကန်သည်။

وَّاِنَّ الدِّيْنَ لَوَاقِعٌ ۝٦

(၆) ထို့ပြင် အမှန်စင်စစ် အစားပေးမည့်နေ့သည် အမှန်ဆိုက်ရောက်လာမည်။

وَالسَّمَآءِ ذَاتِ الْحُبُكِ ۝٧

(၇) (ငါအရှင်မြတ်သည်) လှပသည့်လမ်းကြောင်းများရှိသော မိုးကောင်းကင်ကို သက်သေထူတော်မူသည်။❶

❶ တချို့က ကြယ်တာရာတွေ သွားရာလမ်းကြောင်းတွေလို့ ဖွင့်ဆိုကြတယ်။ တချို့က ဉာဏ်အမြော်အမြင်လမ်းကြောင်းတွေလို့ ဖွင့်ဆိုကြတယ်။ (အလင်းပြကျမ်း)

اِنَّكُمْ لَفِيْ قَوْلٍ مُّخْتَلِفٍ ۝٨

(၈) အမှန်စင်စစ် အသင်တို့သည် ကွဲပြားခြားနားသော ပြောဆိုမှုများတွင် ရှိနေကြသည်။

يُّؤْفَكُ عَنْهُ مَنْ اُفِكَ ۝٩

(၉) ၎င်း(ကုရ်အာန်နှင့်ရစူလ်ကို ယုံကြည်ခြင်း)မှ သွေဖည်သူသည် (အီမာန်ယုံကြည်ခြင်းမှ) သွေဖည်သူပင်ဖြစ်သည်။❷

❷ အရှင်မြတ်ရဲ့ မိုးကောင်းကင်ကို ဖန်ဆင်းထားပုံကို ကြည့်ပြီး စဉ်းစားမယ်ဆိုရင်တောင် အဲဒီအရှင်ဟာ ကိယာမသ်လုပ်မပေးနိုင်စရာဘာမှအကြောင်းမရှိဘူးဆိုတာ အလွယ်တကူသိနိုင်တယ်။ အဲဒီနောက်လည်း ငြင်းပယ်နေဦးမယ်ဆိုရင် ကောင်းတာဟူသမျှကနေ ဖယ်ရှားခြင်းခံရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

قُتِلَ الْخَرّٰصُوْنَ ۝١٠

(၁၀) ရမ်းဆပြောဆိုကြသည့်သူများသည် ပျက်စီးကြရမည် ဖြစ်သည်။

الَّذِيْنَ هُمْ فِيْ غَمْرَةٍ سَاهُوْنَ ۝١١

(၁၁) အကြင်သူများသည် မသိမိုက်မဲမှုထဲတွင် မေ့လျော့လျက် ရှိနေသူများဖြစ်ကြသည်။

يَسْـَٔلُوْنَ اَيَّانَ يَوْمُ الدِّيْنِ ۝١٢

(၁၂) ထိုသူများက အစားပေးမည့်နေ့သည် မည်သည့်အခါ ရောက်မည်နည်းဟု (ပြောင်လှောင်)မေးမြန်းကြသည်။

يَوْمَ هُمْ عَلَى النَّارِ يُفْتَنُوْنَ ۝١٣

(၁၃) အကြင်နေ့တွင် သူတို့သည် မီးထဲတွင် ချခြင်းကို ခံကြရမည်။

ذُوْقُوْا فِتْنَتَكُمْ ؕ هٰذَا الَّذِيْ كُنْتُمْ بِهٖ تَسْتَعْجِلُوْنَ ۝١٤

(၁၄) အသင်တို့သည် အသင်တို့၏ ပြစ်ဒဏ်ကို မြည်းစမ်းကြပါ။ ဤသည် အသင်တို့ ဆောလျင်စွာ တောင်းဆိုခဲ့ကြသည့်အရာ(ပြစ်ဒဏ်)ပင် ဖြစ်

သည်(ဟု သူတို့သည် ပြောဆိုခြင်းခံကြရမည်)။

إِنَّ الْمُتَّقِينَ فِي جَنّٰتٍ وَّعُيُونٍ ﴿١٥﴾

(၁၅) အမှန်စင်စစ် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူ မုသ်သကီများကမူ ဥယျာဉ်များနှင့် စမ်းချောင်းများတွင် ရှိနေကြမည်။

اٰخِذِينَ مَآ اٰتٰهُمْ رَبُّهُمْ ۚ إِنَّهُمْ كَانُوا قَبْلَ ذٰلِكَ مُحْسِنِينَ ﴿١٦﴾

(၁၆) (သူတို့သည်) သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က သူတို့အား ပေးသနားသည်များကို ယူငင်လျက် ရှိကြမည်။ အမှန်စင်စစ် သူတို့သည် ထို့ထက် ယခင်ကတည်းက ကောင်းမှုပြုသူများပင် ဖြစ်ခဲ့ကြသည်။

كَانُوا قَلِيلًا مِّنَ الَّيْلِ مَا يَهْجَعُونَ ﴿١٧﴾

(၁၇) သူတို့သည် ညတွင် အနည်းငယ်သာ အိပ်စက်ခဲ့ကြသည်။

وَبِالْأَسْحَارِ هُمْ يَسْتَغْفِرُونَ ﴿١٨﴾

(၁၈) ထို့ပြင် သူတို့သည် ည၏နောက်ဆုံးပိုင်းများတွင် လွတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံလေ့ရှိခဲ့ကြသည်။

وَفِيٓ أَمْوَالِهِمْ حَقٌّ لِّلسَّآئِلِ وَالْمَحْرُومِ ﴿١٩﴾

(၁၉) ထို့ပြင် သူတို့၏ပစ္စည်းဥစ္စာများထဲတွင် (လှည့်လည်)တောင်းရမ်းသော ဆင်းရဲသားများအတွက်နှင့် မတောင်းရမ်းသော ဆင်းရဲသားများအတွက် ဝေစုဝေပုံ(အခွင့်အရေး)ရှိခဲ့သည်။❷

❷ အဲဒီသူတွေဟာ ဇကာသ်ရဲ့အပြင် ဆင်းရဲသားတွေကို ထပ်မံပြီး ဝေငှပေးခဲ့ကြတယ်။ သူတို့ရဲ့ ပြဿနာတွေကို ဖြေရှင်းပေးခဲ့ကြတယ်။ အဲဒီအတွက် သုခဘုံမှာ အစားရကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَفِي الْأَرْضِ اٰيٰتٌ لِّلْمُوقِنِينَ ﴿٢٠﴾

(၂၀) ထို့ပြင် ယုံကြည်သူများအတွက် မြေပထဝီတွင် သက်သေလက္ခဏာများ အမြောက်အမြားရှိသည်။

وَفِيٓ أَنفُسِكُمْ ۚ أَفَلَا تُبْصِرُونَ ﴿٢١﴾

(၂၁) ထို့ပြင် အသင်တို့၏ကိုယ်ခန္ဓာများထဲတွင်လည်း (သက်သေလက္ခဏာများ)ရှိကြသည်။ ထို့နောက်လည်း အသင်တို့သည် မမြင်ကြသလော။

وَفِي السَّمَآءِ رِزْقُكُمْ وَمَا تُوعَدُونَ ﴿٢٢﴾

(၂၂) ထို့ပြင် မိုးကောင်းကင်တွင် အသင်တို့၏စားနပ်ရိက္ခာနှင့် အသင်တို့ ကတိပေးခြင်းခံရသောအရာရှိသည်။❸

❻ ဆင်းရဲသားတွေကို လှူဒါန်းလို့ ကုန်သွားမှာ စိုးရိမ်စရာမလိုဘူး။ ရိဇ္ဇ်ာဟာ အရှင်မြတ်ထံတော်မှာ ရှိပြီးသားဖြစ်တယ်။ အချိန်တန်ရင် ရောက်လာမှာဖြစ်တယ်။ ဘယ်သူမှ ရိဇ္ဇ်ာမလာအောင် တားဆီးမထားနိုင်ဘူး။ သုံးစွဲလှူဒါန်းတဲ့အတွက် ကုသိုလ် အပိုရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

فَوَرَبِّ السَّمَآءِ وَالْاَرْضِ اِنَّهٗ لَحَقٌّ مِّثْلَ مَآ اَنَّكُمْ تَنْطِقُوْنَ ﴿٢٣﴾

(၂၃) သို့ဖြစ်ရာ မိုးကောင်းကင်နှင့် မြေပထဝီကို ဖန်ဆင်းတော်မူသော အရှင်မြတ်အား တိုင်တည်ပြောဆိုမည်၊ အမှန်စင်စစ် ၎င်း(ကိယာမသ်ဖြစ်ခြင်း၊ စားနပ်ရိဇ္ဇ်ာရရှိခြင်း၊ တမလွန်ဘဝတွင် အကျိုးခံစားရခြင်းတို့)သည် အသင်တို့ စကားပြောဆိုကြသကဲ့သို့ပင် မှန်ကန်သည်။❼

❼ လူသားတစ်ဦးနဲ့တစ်ဦး စကားပြောတဲ့အပေါ်မှာ သံသယမရှိသလို အရှင်မြတ်ကတိပေးထားတဲ့အရာတွေအပေါ်မှာလည်း သံသယရှိစရာမလိုဘူး။ ကတိတွေဟာသမျှ တကယ်ပဲ ဖြစ်လာမှာဖြစ်တယ်။ (အလင်းပြကျမ်း)

هَلْ اَتٰىكَ حَدِيْثُ ضَيْفِ اِبْرٰهِيْمَ الْمُكْرَمِيْنَ ﴿٢٤﴾

(၂၄) အသင်၏ထံသို့ (တမန်တော်)အိဗ်ရာဟီမ်၏ ဂုဏ်ရှိသော ဧည့်သည်များအကြောင်း ရောက်ရှိခဲ့သလော။

اِذْ دَخَلُوْا عَلَيْهِ فَقَالُوْا سَلٰمًا ۗ قَالَ سَلٰمٌ ۚ قَوْمٌ مُّنْكَرُوْنَ ﴿٢٥﴾

(၂၅) တစ်ခါတွင် ယင်း(ဧည့်သည်)တို့သည် ၎င်း၏ထံသို့ ဝင်ရောက်ခဲ့ကြပြီး စလာမ်ငြိမ်းချမ်းသာယာမှုကျရောက်ပါစေဟု ဆိုခဲ့ကြသည်။ ၎င်းကလည်း စလာမ်ငြိမ်းချမ်းသာယာမှုကျရောက်ပါစေဟုပင် ပြန်ဆိုခဲ့သည်။ မသိသည့်သူစိမ်းများပင်(ဟု စိတ်ထဲတွင် ထင်မှတ်ခဲ့သည်)။

فَرَاغَ اِلٰٓى اَهْلِهٖ فَجَآءَ بِعِجْلٍ سَمِيْنٍ ﴿٢٦﴾

(၂၆) ထို့နောက် ၎င်းသည် ၎င်း၏အိမ်သားများထံသို့ (တိတ်တဆိတ်) ဝင်၍(ကင်ထားသည့်)ဝဖြိုးသော နွားကလေးတစ်ကောင်ကို ယူလာခဲ့သည်။

فَقَرَّبَهٗٓ اِلَيْهِمْ قَالَ اَلَا تَاْكُلُوْنَ ﴿٢٧﴾

(၂၇) ထို့ပြင် ၎င်းကို ထိုဧည့်သည်များရှေ့၌ တည်ခင်း(ဧည့်ခံ)ခဲ့သည်။ (သူတို့က မစားကြသည့်အခါ) အသင်တို့ မစားကြသလောဟု ၎င်းကပြောခဲ့သည်။

فَاَوْجَسَ مِنْهُمْ خِيْفَةً ۗ قَالُوْا لَا تَخَفْ ۗ وَبَشَّرُوْهُ بِغُلٰمٍ عَلِيْمٍ ﴿٢٨﴾

(၂၈) ထို့နောက် ၎င်းသည် ၎င်း၏စိတ်ထဲတွင် သူတို့အား စိုးရိမ်လာခဲ့သည်။ သူတို့က အသင်မစိုးရိမ်ပါနှင့်ဟု ပြောဆိုကြသည်။ ထို့ပြင် သူတို့သည် ၎င်းကို အသိပညာနှင့် အလွန်ပြည့်စုံသော သားရတနာတစ်ပါးနှင့် ပတ်သက်၍ သတင်းကောင်းပြောကြားခဲ့ကြသည်။

فَاَقۡبَلَتِ امۡرَاَتُهٗ فِىۡ صَرَّةٍ فَصَكَّتۡ وَجۡهَهَا وَقَالَتۡ عَجُوۡزٌ عَقِيۡمٌ ﴿۲۹﴾

(၂၉) သို့ဖြစ်ရာ ၎င်း၏ဇနီးသည် အော်ပြီး ရှေ့သို့ရောက်လာသည်။ ထို့ပြင် သူမ၏မျက်နှာကို လက်ဝါးဖြင့်ရိုက်၍ အိုမင်းရင့်ရော်နေသောအမြုံတစ်ဦးပင် (သားဖွားဦးမည်လော)ဟု ပြောဆိုခဲ့သည်။

قَالُوۡا كَذٰلِكِ ۙ قَالَ رَبُّكِ ؕ اِنَّهٗ هُوَ الۡحَكِيۡمُ الۡعَلِيۡمُ ﴿۳۰﴾

(၃၀) ထိုဧည့်သည်များက ပြောဆိုကြသည်- "အသင်မအား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်က ထိုသို့ပင် မိန့်တော်မူခဲ့သည်။ အမှန်စင်စစ် အရှင်မြတ်သည် ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်တော်မူသည်။"❻

❻ တမန်တော်အိဗ်ရာဟီမ် عليه السلام ရဲ့ ဒီကြင်ရာတော်ဟာ စာရဟ် رضي الله عنها ဖြစ်တယ်။ သတင်းပေးခြင်းခံရတဲ့ သားတော်ဟာ အစ္စဟာက် عليه السلام ဖြစ်တယ်။ ဒီသားတော်ကို بِغُلَامٍ عَلِيۡمٍ အလွန်အသိပညာရှိတဲ့ ကလေးအဖြစ် ကင်ပွန်းတပ်ထားပြီး ကြင်ရာတော်ဟာဂိုရဟ် رضي الله عنها က မွေးတဲ့ကလေး အစ္စမာအီလ် عليه السلام ကိုတော့ بِغُلَامٍ حَلِيۡمٍ အလွန်သည်းခံတဲ့ကလေးလို့ ကင်ပွန်းတပ်ထားခဲ့တယ်။ အဲဒါကြောင့်ပဲ ကုရ်ဗာနီပြုလုပ်လည်လှီးတာကိုတောင် သည်းခံခဲ့တာဖြစ်တယ်။ အစ္စဟာက် عليه السلام ရဲ့ သားစဉ်မြေးဆက်ထဲက ပညာဘက်ကို ဦးစားပေးတဲ့ သူတွေထွန်းကားခဲ့တယ်။ အခုထိ အစ္စရာအီလ်မျိုးနွယ်ဝင်တွေဟာ ပညာမှာ ထူးချွန်နေကြတုန်းပဲဖြစ်တယ်။ အစ္စမာအီလ် عليه السلام ရဲ့ သားစဉ်မြေးဆက်ထဲက အလွန်သည်းခံတဲ့သူတွေ ထွန်းကားခဲ့တယ်။ အဲဒီထဲမှာ အလွန်သည်းခံတဲ့ တမန်တော်မြတ် صلى الله عليه وسلم လည်း ပါဝင်ခဲ့တယ်။ (အွဆ်မာနီ၊ အသ်သဖ်စီရွလ်မုယဿစ်ရ်)

قَالَ فَمَا خَطۡبُكُمۡ اَيُّهَا الۡمُرۡسَلُوۡنَ ﴿۳۱﴾

(၃၁) ၎င်း(တမန်တော်အိဗ်ရာဟီမ်)က ပြောဆိုသည်- အို- စေလွှတ်ခြင်းခံရသည့်သူအပေါင်းတို့၊ သို့ဖြစ်လျှင် အသင်တို့တွင် မည်သည့်ကိစ္စရှိပါသနည်း။

قَالُوۡۤا اِنَّاۤ اُرۡسِلۡنَاۤ اِلٰى قَوۡمٍ مُّجۡرِمِيۡنَ ۙ ﴿۳۲﴾

(၃၂) သူတို့က ဖြေကြားခဲ့ကြသည်။ အမှန်စင်စစ် ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်ကြသော အမျိုးသားများထံသို့ စေလွှတ်ခြင်းခံခဲ့ကြရသည်။

لِنُرۡسِلَ عَلَيۡهِمۡ حِجَارَةً مِّنۡ طِيۡنٍ ۙ ﴿۳۳﴾

(၃၃) ကျွန်ုပ်တို့သည် သူတို့အပေါ်တွင် ရွှံ့စေးဖြင့် ပြုလုပ်ထားသော ခဲများကို ရွာသွန်းချရန်အတွက်ဖြစ်သည်။

مُّسَوَّمَةً عِنۡدَ رَبِّكَ لِلۡمُسۡرِفِيۡنَ ﴿۳۴﴾

(၃၄) (ထိုကျောက်ခဲများသည်) စည်းကမ်းကျူးလွန်သည့်သူများအတွက် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် အမှတ်အသား

ပြုလုပ်ပြီးဖြစ်သည်။

فَأَخْرَجْنَا مَنْ كَانَ فِيهَا مِنَ الْمُؤْمِنِينَ ﴿٣٥﴾

(၃၅) ထို့နောက် ငါအရှင်မြတ်သည် ၎င်း(မြို့ရွာ)တွင် ရှိကြသော မုအ်မင်န်ယုံကြည်သူများကို ထွက်ခွာစေပြီး လွတ်မြောက်စေတော်မူခဲ့သည်။

فَمَا وَجَدْنَا فِيهَا غَيْرَ بَيْتٍ مِّنَ الْمُسْلِمِينَ ﴿٣٦﴾

(၃၆) ၎င်းပြင် ငါအရှင်မြတ်သည် ၎င်း(မြို့ရွာ)တွင် မွတ်စ်လင်မ်အိမ် တစ်အိမ်တည်းသာ တွေ့ရှိတော်မူခဲ့သည်။❶

❶ တမန်တော်လူသ္ဂ် عليه السلام ရဲ့အိမ်တစ်အိမ်တည်းပဲ မွတ်စ်လင်မ်အိမ်အဖြစ် ရှိနေတာဖြစ်တယ်။ (အာစာနှ်သရ်ဂျုမဟ်)

وَتَرَكْنَا فِيهَا آيَةً لِّلَّذِينَ يَخَافُونَ الْعَذَابَ الْأَلِيمَ ﴿٣٧﴾

(၃၇) ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(မြို့ရွာ)တွင် နာကျင်စေသောပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်သူများအတွက် သက်သေလက္ခဏာတစ်ခု ကျန်ရစ်စေတော်မူခဲ့သည်။

وَفِي مُوسَىٰ إِذْ أَرْسَلْنَاهُ إِلَىٰ فِرْعَوْنَ بِسُلْطَانٍ مُّبِينٍ ﴿٣٨﴾

(၃၈) ထို့ပြင် (တမန်တော်)မူစာ(၏အကြောင်း)တွင်လည်း (သာဓကများ)ရှိသည်။ တစ်ခါတွင် ငါအရှင်မြတ်သည် (တမန်တော်)မူစာကို ဖိရ်အောင်န်၏ထံသို့ ထင်ရှားသော သက်သေသာဓကနှင့်တကွ စေလွှတ်တော်မူခဲ့သည်။

فَتَوَلَّىٰ بِرُكْنِهِ وَقَالَ سَاحِرٌ أَوْ مَجْنُونٌ ﴿٣٩﴾

(၃၉) သို့ရာတွင် သူသည် သူ၏အင်အားကို အားကိုးပြီး မျက်နှာလွှဲခဲ့သည်။ ထို့ပြင် သူက (တမန်တော်မူစာကို) မှော်ဆရာဟုပြောလိုက်၊ အရူးဟု ပြောလိုက် (အမျိုးမျိုး)ပြောဆိုခဲ့သည်။

فَأَخَذْنَاهُ وَجُنُودَهُ فَنَبَذْنَاهُمْ فِي الْيَمِّ وَهُوَ مُلِيمٌ ﴿٤٠﴾

(၄၀) သို့ဖြစ်ရာ ၎င်း(ဖိရ်အောင်န်)သည် အလွန်ပြစ်တင်ရှုတ်ချခံထိုက်သူဖြစ်လျက် ၎င်းနှင့်တကွ ၎င်း၏စစ်တပ်ကို ငါအရှင်မြတ် ဖမ်းဆီးပြီး ငါအရှင်မြတ်က ၎င်းတို့အား ပင်လယ်ထဲ ပစ်ချတော်မူခဲ့သည်။

وَفِي عَادٍ إِذْ أَرْسَلْنَا عَلَيْهِمُ الرِّيحَ الْعَقِيمَ ﴿٤١﴾

(၄၁) ထို့ပြင် အာဒ်အမျိုးသားများတွင်လည်း (သင်ခန်းစာ)ရှိသည်။ တစ်ခါတွင် ငါအရှင်မြတ်သည် သူတို့အပေါ်တွင် မင်္ဂလာမရှိသော လေပြင်းမုန်တိုင်းကို စေလွှတ်တော်မူခဲ့သည်။

مَا تَذَرُ مِنْ شَيْءٍ اَتَتْ عَلَيْهِ اِلَّا جَعَلَتْهُ كَالرَّمِيْمِ ﴿٤٢﴾

(၄၂) ယင်း(မုန်တိုင်း)သည် မည်သည့်အပေါ်၌ပင်ဖြစ်စေ ကျရောက်ခဲ့လျှင် ထိုအရာအား ဆွေးမြည့်နေသည့်အပိုင်းအစများကဲ့သို့ ပြုလုပ်ခဲ့သည်။

وَفِيْ ثَمُوْدَ اِذْ قِيْلَ لَهُمْ تَمَتَّعُوْا حَتّٰى حِيْنٍ ﴿٤٣﴾

(၄၃) ထို့ပြင် ဆမူဒ်အမျိုးသားများတွင်လည်း (သင်ခန်းစာ) ရှိသည်။ တစ်ခါတွင် သူတို့သည် ပြောကြားခံခဲ့ရသည်။ အသင်တို့သည် အချိန်ကာလတစ်ခုထိသာ အကျိုးခံစားကြပါ။

فَعَتَوْا عَنْ اَمْرِ رَبِّهِمْ فَاَخَذَتْهُمُ الصّٰعِقَةُ وَهُمْ يَنْظُرُوْنَ ﴿٤٤﴾

(၄၄) ထို့နောက် သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်တော်ကို ပုန်ကန်ခဲ့ကြသည့်အတွက် ကျယ်လောင်သည့်အသံပြစ်ဒဏ်သည် သူတို့အား သူတို့မြင်နေလျက်ရှိစဉ်၌ပင် ဖမ်းဆီးကွပ်မျက်ခဲ့သည်။

فَمَا اسْتَطَاعُوْا مِنْ قِيَامٍ وَّمَا كَانُوْا مُنْتَصِرِيْنَ ﴿٤٥﴾

(၄၅) သို့ဖြစ်ရာ သူတို့သည် မတ်တတ်ပင် မရပ်နိုင်ကြတော့ပေ။ ထို့ပြင် သူတို့သည် သူတို့ကိုယ်သူတို့ ကာကွယ်နိုင်ကြသူများလည်း မဟုတ်ပေ။

وَقَوْمَ نُوْحٍ مِّنْ قَبْلُ ۖ اِنَّهُمْ كَانُوْا قَوْمًا فٰسِقِيْنَ ﴿٤٦﴾

(၄၆) ထို့ပြင် ယခင်က (တမန်တော်)နူးဟ်၏အမျိုးသားများကိုလည်း (ဖျက်ဆီးတော်မူခဲ့သည်)။ အမှန်စင်စစ် သူတို့သည် အမိန့်တော်ကို ဖောက်ဖျက်ကျူးလွန်သော အမျိုးသားများပင် ဖြစ်ခဲ့ကြသည်။

وَالسَّمَآءَ بَنَيْنٰهَا بِاَيْىدٍ وَّاِنَّا لَمُوْسِعُوْنَ ﴿٤٧﴾

(၄၇) ထို့ပြင် ငါအရှင်မြတ်သည် မိုးကောင်းကင်ကို (မိမိ၏)အင်အား (တန်ခိုးတော်)ဖြင့် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ကျယ်ဝန်းစေတော်မူသောအရှင် ဖြစ်တော်မူသည်။[၂]

[၂] အရှင်မြတ်ဟာ မိုးကောင်းကင်ကို ဖန်ဆင်းပြီးနောက် ဆက်ပြီး ကျယ်ဝန်းသည်ထက်ကျယ်ဝန်းအောင် ချဲ့ထွင်လျက်ရှိနေတာဖြစ်တယ်။ (အာစားန်သင်ရ်ဂျူမဟ်)

وَالْاَرْضَ فَرَشْنٰهَا فَنِعْمَ الْمٰهِدُوْنَ ﴿٤٨﴾

(၄၈) ထို့ပြင် ငါအရှင်မြတ်သည် မြေပထဝီကို ခင်းကျင်းတော်မူခဲ့သည်။ ထို့ပြင် (ငါအရှင်မြတ်သည်) အဘယ်မျှကောင်းစွာ ခင်းကျင်းသည့်အရှင်မြတ်ဖြစ်လိုက်သနည်း။

وَمِنْ كُلِّ شَيْءٍ خَلَقْنَا زَوْجَيْنِ لَعَلَّكُمْ تَذَكَّرُوْنَ ﴿٤٩﴾

(၄၉) ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့ တရားရယူကြရန်အတွက် အရာရာတိုင်းကို (ဖိုမ)စုံတွဲဖန်ဆင်းတော်မူခဲ့သည်။❷

❷ "အရာရာတိုင်းဟာ (ဖို-မ)ဆန့်ကျင်ဘက်အရာနှစ်ခုနဲ့ ပေါင်းစပ်ဆက်နွယ်လျက်ရှိတယ်။ (အလင်းပြကျမ်း)

فَفِرُّوْٓا اِلَى اللّٰهِ ۗ اِنِّيْ لَكُمْ مِّنْهُ نَذِيْرٌ مُّبِيْنٌ ۝٥٠

(၅၀) သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ထံတော်သို့ ပြေးလွှားရှောင်သွားကြပါ။ အမှန်စင်စစ် ငါ(တမန်တော်)သည် အသင်တို့အတွက် အရှင်မြတ်ထံတော်မှ ထင်ရှားသော သတိပေးနှိုးဆော်သူဖြစ်သည်။

وَلَا تَجْعَلُوْا مَعَ اللّٰهِ اِلٰهًا اٰخَرَ ۗ اِنِّيْ لَكُمْ مِّنْهُ نَذِيْرٌ مُّبِيْنٌ ۝٥١

(၅၁) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်အတူ အခြားကိုးကွယ်ရာကို ဖက်စပ် မသတ်မှတ်ကြနှင့်။ အမှန်စင်စစ် ငါသည် အသင်တို့အတွက် အရှင်မြတ်ထံတော်မှ ထင်ရှားသော သတိပေးနှိုးဆော်သူပင် ဖြစ်သည်။

كَذٰلِكَ مَآ اَتَى الَّذِيْنَ مِنْ قَبْلِهِمْ مِّنْ رَّسُوْلٍ اِلَّا قَالُوْا سَاحِرٌ اَوْ مَجْنُوْنٌ ۝٥٢

(၅၂) ထိုသို့ပင် သူတို့မတိုင်မီ ရှိခဲ့ကြသော သူများထံသို့ တမန်တော်တစ်ပါးပါး ရောက်လာခဲ့သည့်အခါတိုင်း သူတို့သည် ၎င်း(တမန်တော်)ကို မှော်ဆရာ သို့မဟုတ် အရူးဟု ပြောဆိုခဲ့ကြသည်။

اَتَوَاصَوْا بِهٖ ۚ بَلْ هُمْ قَوْمٌ طَاغُوْنَ ۝٥٣

(၅၃) သူတို့သည် အချင်းချင်း ထိုသို့ပြောဆိုကြရန် မှာကြားခဲ့ကြသလော။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် သူတို့(အားလုံး)သည် ဆိုးသွမ်းသူများပင် ဖြစ်ခဲ့ကြသည်။

فَتَوَلَّ عَنْهُمْ فَمَآ اَنْتَ بِمَلُوْمٍ ۝٥٤

(၅၄) သို့ဖြစ်ရာ အသင်(တမန်တော်)သည် သူတို့အား လျစ်လျူရှုထားလိုက်ပါ။ သို့ဖြစ်ရာ အသင်သည် အပြစ်တင်ခြင်းခံရမည် မဟုတ်ပေ။

وَّذَكِّرْ فَاِنَّ الذِّكْرٰى تَنْفَعُ الْمُؤْمِنِيْنَ ۝٥٥

(၅၅) ထို့ပြင် အသင်(တမန်တော်)သည် သတိပေးဆုံးမနေပါ။ အဘယ်ကြောင့်ဆိုသော် ဆုံးမသြဝါဒသည် မုအ်မင်န်ယုံကြည်သူများကို အကျိုးရှိစေခြင်းကြောင့်ဖြစ်သည်။❶

❶ လက်မခံငြင်းပယ်တဲ့သူတွေအပေါ်မှာ အာရုံစိုက်နေစရာမလိုဘဲ လက်ခံယုံကြည်တဲ့သူတွေအပေါ်မှာ အာရုံစိုက်ပြီး ဆိုဆုံးမရမှာဖြစ်တယ်။ အဲဒါဟာ သူတို့အတွက် အကျိုးရှိမဲ့ကိစ္စဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا خَلَقْتُ الْجِنَّ وَالْاِنْسَ اِلَّا لِيَعْبُدُوْنِ ۝٥٦

(၅၆) ထို့ပြင် ငါအရှင်မြတ်သည် ဂျင်န်သတ္တဝါနှင့် လူသတ္တဝါအား ငါအရှင်မြတ်ကိုသာ ကိုးကွယ်ရန်အတွက်ပင် ဖန်ဆင်းတော်မူခဲ့ခြင်း ဖြစ်သည်။❶

❶ ဂျင်န်နဲ့ လူသားကို အရှင်မြတ်က မိမိကိုသာ အိဗာဒသ်ပြုလုပ်ဖို့ ဖန်ဆင်းထားတော်မူတာ ဖြစ်တယ်။ အိဗာဒသ်ဆိုတာ အရှင်မြတ်ရဲ့ အမိန့်နာခံခြင်းပဲ ဖြစ်တယ်။ အရှင်မြတ်ရဲ့ အမိန့်တွေထဲမှာ حُقُوْقُ الله လို့ခေါ်တဲ့ အရှင်မြတ်နဲ့ သက်ဆိုင်တဲ့ ဝတ္တရားတွေရှိသလို၊ حُقُوْقُ العِبَاد လို့ခေါ်တဲ့ အဖန်ဆင်းခံကျွန်တွေနဲ့ ပတ်သက်တဲ့ ဝတ္တရားတွေလည်းရှိတယ်။ အဲဒီနှစ်ခုစလုံးကို ကျေပွန်အောင် ဆောင်ရွက်ခြင်းဟာ အရှင်မြတ်ရဲ့အမိန့်နာခံခြင်းပဲဖြစ်ပြီး အဲဒီအတွက်ပဲ ဖန်ဆင်းထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

مَآ اُرِيْدُ مِنْهُمْ مِّنْ رِّزْقٍ وَّمَآ اُرِيْدُ اَنْ يُّطْعِمُوْنِ ﴿٥٧﴾

(၅၇) ငါအရှင်မြတ်သည် သူတို့ထံမှ စားနပ်ရိက္ခာကိုလည်း အလိုရှိတော်မူသည်မဟုတ်ပေ။ ငါအရှင်မြတ်အား သူတို့ကျွေးမွေးကြရန်လည်း ငါအရှင်မြတ် အလိုရှိတော်မူသည်မဟုတ်ပေ။

اِنَّ اللّٰهَ هُوَ الرَّزَّاقُ ذُو الْقُوَّةِ الْمَتِيْنُ ﴿٥٨﴾

(၅၈) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင်ကပင် စားနပ်ရိက္ခာ အလွန်ရက်ရောစွာ ပေးတော်မူသောအရှင်၊ အင်အားကို ပိုင်ဆိုင်တော်မူသောအရှင်၊ အလွန်ခိုင်မြဲတောင့်တင်းတော်မူသောအရှင် ဖြစ်တော်မူသည်။

فَاِنَّ لِلَّذِيْنَ ظَلَمُوْا ذَنُوْبًا مِّثْلَ ذَنُوْبِ اَصْحٰبِهِمْ فَلَا يَسْتَعْجِلُوْنِ ﴿٥٩﴾

(၅၉) ထို့ပြင် စင်စစ် ပြစ်မှုကျူးလွန်ခဲ့သည့်သူများအတွက် သူတို့အဖော်များ၏ပြစ်ဒဏ်ဝေစုကဲ့သို့ သူတို့တွင်လည်း ပြစ်ဒဏ်ဝေစုရှိမည်။ သို့ဖြစ်ရာ သူတို့သည် ငါအရှင်မြတ်ထံတော်တွင် ပြစ်ဒဏ်ကို ဆောလျင်စွာ မတောင်းဆိုရပေ။

فَوَيْلٌ لِّلَّذِيْنَ كَفَرُوْا مِنْ يَّوْمِهِمُ الَّذِيْ يُوْعَدُوْنَ ﴿٦٠﴾

(၆၀) ထို့ပြင် ကာဖိရ်များအတွက် သူတို့ ချိန်းဆိုခြင်းခံကြရသည့်နေ့တွင် ပျက်စီးခြင်းရှိလိမ့်မည်။

رکوعاتها٢ ٥٢سُوۡرَةُ الطُّوۡرِ مَكِّيَّةٌ٧٦ اٰياتها٤٩

# စူရဟ် သွူရ် (သွူရ်တောင် ကဏ္ဍ) سُوۡرَةُ الطُّوۡرِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَالطُّوۡرِ ۝١

(၁) (ငါအရှင်မြတ်သည်) သွူရ်တောင်[၃] ကို သက်သေထူတော်မူသည်။

[၃] သွူရ် ဆိုတာ တောင်ပဲဖြစ်တဲ့အတွက် ကမ္ဘာပေါ်မှာရှိတဲ့ တောင်တွေကို ဆိုလိုတယ်လို့ တချို့က ဖွင့်ဆိုကြတယ်။ တချို့ကတော့ တမန်တော်မူစာ عليه السلام နဲ့ အရှင်မြတ် စကားပြောခဲ့တဲ့တောင်ကို ဆိုလိုတယ်လို့ ဖွင့်ဆိုကြတယ်။ (အလင်းပြကျမ်း)

وَكِتٰبٍ مَّسۡطُوۡرٍ ۝٢

(၂) ထို့ပြင် ရေးသားပြီးဖြစ်သော ကျမ်းတော်[၄] ကို သက်သေထူတော်မူသည်။

[၄] ရေးသားပြီးဖြစ်တဲ့ကျမ်းတော်ဆိုတာ - အဖွင့်ပညာရှင်တွေရဲ့အဆိုတစ်ခုမှာ - "အရှင်မြတ်ထံတော်မှာရှိနေတဲ့ လောင်းဟော့မဟ်ဖူးဇ်ွ ဒါမှမဟုတ်၊ ကုရ်အာန် ဒါမှမဟုတ်၊ သောင်ရာသ် ဒါမှမဟုတ်၊ ကောင်းကင်ကျကျမ်းအားလုံး၊ ဒါမှမဟုတ် လူတိုင်းနဲ့ပတ်သက်တဲ့ ကောင်းကင်တမန်တွေ ရေးသားနေတဲ့မှတ်တမ်းလို့ အမျိုးမျိုးဖွင့်ဆိုကြတယ်။" (အလင်းပြကျမ်း)

فِيۡ رَقٍّ مَّنۡشُوۡرٍ ۝٣

(၃) ဖြန့်ထားသော စာရွက်ပေါ်တွင်၊

وَّالۡبَيۡتِ الۡمَعۡمُوۡرِ ۝٤

(၄) ထို့ပြင် စည်ကားသောအိမ်တော် ဗိုင်သေ့မအ်မူရ်[၅] ကို သက်သေထူတော်မူသည်။

[၅] ဗိုင်သေ့မအ်မူရ်ဆိုတာ ကအ်ဗဟ်ကျောင်းတော်ကိုလည်း ဆိုလိုနိုင်တယ်။ ဒါမှမဟုတ် မိုးခုနစ်ထပ်ပေါ်မှာရှိတဲ့ ကောင်းကင်တမန်တွေရဲ့ ကအ်ဗဟ်ဖြစ်တဲ့ ဗိုင်သေ့မအ်မူရ်ကိုလည်း ခေါ်ဆိုနိုင်တယ်။ (အလင်းပြကျမ်း)

وَالسَّقۡفِ الۡمَرۡفُوۡعِ ۝٥

(၅) ထို့ပြင် မြင့်မားသောအမိုးကို သက်သေထူတော်မူသည်။

وَالۡبَحۡرِ الۡمَسۡجُوۡرِ ۝٦

(၆) ထို့ပြင် (အပူပေးခြင်းခံနေရသော) လျှံတက်နေသော ပင်လယ်[၆]

ကို သက်သေထူတော်မူသည်။

❻ “မီးရှို့အပူပေးထားသောပင်လယ်”လို့ တချို့သဖ်စီရ်ပညာရှင်တွေက အဓိပ္ပာယ်ဖွင့်ဆိုကြပြီး တချို့သဖ်စီရ်ပညာရှင်တွေက “ပြည့်လျှံနေသောပင်လယ်”လို့ဖွင့်ဆိုကြတယ်။ (သွဖ်ရီကျမ်း)

اِنَّ عَذَابَ رَبِّكَ لَوَاقِعٌ ﴿٧﴾

(၇) အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အပြစ်ဒဏ်သည် အမှန်ပင် ကျရောက်မည်ဖြစ်သည်။

مَّا لَهٗ مِنْ دَافِعٍ ﴿٨﴾

(၈) ထိုပြစ်ဒဏ်ကို ဖယ်ရှားမည့်သူဟူ၍ မရှိပေ။

يَّوْمَ تَمُوْرُ السَّمَآءُ مَوْرًا ﴿٩﴾

(၉) ထိုနေ့တွင် မိုးကောင်းကင်သည် တုန်လှုပ်အက်ကွဲသွားမည်။

وَّتَسِيْرُ الْجِبَالُ سَيْرًا ﴿١٠﴾

(၁၀) ထို့ပြင် တောင်များသည် ရွေ့လျားသွားကြမည်။

فَوَيْلٌ يَّوْمَئِذٍ لِّلْمُكَذِّبِيْنَ ﴿١١﴾

(၁၁) ထို့ပြင် ထိုနေ့တွင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသည့်သူများတွင် ပျက်စီးခြင်းရှိမည်။

الَّذِيْنَ هُمْ فِيْ خَوْضٍ يَّلْعَبُوْنَ ﴿١٢﴾

(၁၂) ထိုသူများသည် အလဟဿပြောဆိုမှုတွင် မွေ့လျော်နေကြသည်။

يَوْمَ يُدَعُّوْنَ اِلٰى نَارِ جَهَنَّمَ دَعًّا ﴿١٣﴾

(၁၃) ထိုနေ့တွင် သူတို့သည် ဂျဟန္နမ်ငရဲမီးရှိရာသို့ တွန်းပို့ခြင်းခံကြရမည်။

هٰذِهِ النَّارُ الَّتِيْ كُنْتُمْ بِهَا تُكَذِّبُوْنَ ﴿١٤﴾

(၁၄) ဤမီးသည် မဟုတ်မမှန်ဟု အသင်တို့ ငြင်းပယ်နေခဲ့ကြသောငရဲမီးပင်ဖြစ်သည်။

اَفَسِحْرٌ هٰذَآ اَمْ اَنْتُمْ لَا تُبْصِرُوْنَ ﴿١٥﴾

(၁၅) ထို့နောက် ဤသည်လည်း စုန်းပယောဂ မှော်အတတ်ပင်လော၊ သို့မဟုတ် အသင်တို့သည် (ယခုထိ) မမြင်ကြသေးသလော။

اِصْلَوْهَا فَاصْبِرُوْٓا اَوْ لَا تَصْبِرُوْا ۚ سَوَآءٌ عَلَيْكُمْ ۗ اِنَّمَا تُجْزَوْنَ مَا كُنْتُمْ تَعْمَلُوْنَ ﴿١٦﴾

(၁၆) အသင်တို့သည် ၎င်း(ငရဲမီး)ထဲသို့ ဝင်ရောက်ကြပါ။ ထို့ပြင် အသင်တို့သည် သည်းခံသည်ပင်ဖြစ်စေ၊ သည်းမခံသည်ပင်ဖြစ်စေ အသင်တို့အတွက် အကြောင်းမထူးတော့ပေ။ အတူတူပင်ဖြစ်သည်။ အသင်တို့သည် အသင်တို့

ပြုလုပ်ခဲ့ကြသည်များအတွက်ပင် အစားပေးခြင်းခံကြရခြင်းဖြစ်သည်။

إِنَّ الْمُتَّقِينَ فِي جَنَّٰتٍ وَنَعِيمٍ ﴿١٧﴾

(၁၇) အမှန်စင်စစ် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူ မုသ်သကီများကမူ ဥယျာဉ်များနှင့် စည်းစိမ်များတွင် ရှိကြမည်။

فَٰكِهِينَ بِمَآ ءَاتَىٰهُمْ رَبُّهُمْ وَوَقَىٰهُمْ رَبُّهُمْ عَذَابَ الْجَحِيمِ ﴿١٨﴾

(၁၈) သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က သူတို့အား ပေးသနားတော်မူခဲ့သောအရာ(စည်းစိမ်)များကြောင့် ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြမည်။ ထို့ပြင် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က သူတို့ကို တောက်လောင်နေသည့်ငရဲမီး၏ပြစ်ဒဏ်မှ လွတ်ကင်းစေတော်မူမည်။

كُلُوا وَاشْرَبُوا هَنِيٓـًٔا بِمَا كُنتُمْ تَعْمَلُونَ ﴿١٩﴾

(၁၉) အသင်တို့သည် အသင်တို့ပြုလုပ်ခဲ့ကြသောလုပ်ရပ်များ၏အစား အရသာရှိစွာ စားကြသောက်ကြပါ။

مُتَّكِـِٔينَ عَلَىٰ سُرُرٍ مَّصْفُوفَةٍ ۖ وَزَوَّجْنَٰهُم بِحُورٍ عِينٍ ﴿٢٠﴾

(၂၀) သူတို့သည် စနစ်တကျ ခင်းကျင်းထားသော မြင့်မားသည့် ထိုင်ခုံများပေါ်တွင် မှီအုံးများနှင့် မှီနေလျက်ရှိကြမည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား ဖြူဖွေးပြီး အလွန်ချောမောလှပသော၊ မျက်ဝန်းကျယ်သော မိန်းမများနှင့် ထိမ်းမြားပေးတော်မူမည်။

وَالَّذِينَ ءَامَنُوا وَاتَّبَعَتْهُمْ ذُرِّيَّتُهُم بِإِيمَٰنٍ أَلْحَقْنَا بِهِمْ ذُرِّيَّتَهُمْ وَمَآ أَلَتْنَٰهُم مِّنْ عَمَلِهِم مِّن شَىْءٍ ۚ كُلُّ امْرِئٍۭ بِمَا كَسَبَ رَهِينٌ ﴿٢١﴾

(၂၁) ထို့ပြင် အကြင်သူများသည် အီမာန်ယုံကြည်ခဲ့ကြသည်။ ထို့ပြင် သူတို့၏သားမြေးများသည်လည်း အီမာန်ယုံကြည်မှုနှင့်တကွ သူတို့၏နောက်သို့ လိုက်ခဲ့ကြသည်။ ငါအရှင်မြတ်သည် သူတို့၏သားမြေးများကို သူတို့နှင့်အတူ ပူးပေါင်းထားပေးတော်မူမည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့၏လုပ်ရပ်များထဲမှလည်း မည်သည့်အရာတစ်ခုမျှ လျှော့နည်းစေမည်မဟုတ်ပေ။ လူတိုင်းသည် သူရှာဖွေဆည်းပူးခဲ့သော အရာများ၏အစား အာမခံ အပေါင်ပစ္စည်းဖြစ်သည်။❶

❶ အပေါင်ခံပစ္စည်းလို့ဆိုလိုရခြင်းမှာ လူသားကို အရှင်မြတ်က နား၊ မျက်စိ၊ ပါးစပ်၊ ဦးနှောက်၊ စိတ်နှလုံးစတဲ့ အရာတွေနဲ့ လုပ်နိုင်ကိုင်နိုင်တဲ့ စွမ်းအားတွေကို ချေးငှားလိုက်တဲ့သဘောနဲ့ ခေတ္တ

ပေးထားတာဖြစ်တယ်။ အဲဒီဈေးဗူးလိုက်တဲ့ အရာတွေရဲ့အစားကို အရှင်မြတ်ထံတော်မှာ အပေါင်ခံ အနေနဲ့ လူသားက သူ့ရဲ့အသက်ဝိညာဉ်ကို အာမခံအဖြစ် ထားခဲ့ရတာဖြစ်တယ်။ သူဈေးဗူး ယူထားတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေရဲ့ စွမ်းအင်တွေကို အသုံးပြုပြီး ကောင်းမှုတွေရှာဖွေကာ အရှင်မြတ်ထံတော်မှာ သူအာမခံအပေါင်ထားခဲ့တဲ့ အသက်ဝိညာဉ်ကို ရွေးယူရမှာဖြစ်တယ်။ အဲဒီ တော့မှ သူ့အသက်ဝိညာဉ်ဟာ လွတ်လပ်သူဖြစ်သွားပြီး သူလုပ်ချင်တာလုပ်၊ စားချင်တာစား၊ သွားချင်တာသွား၊ စည်းစိမ်ခံချင်သလိုခံ၊ ပျော်ချင်သလိုပျော်လို့ရသွားမှာဖြစ်တယ်။ အဲဒီရှာဖွေဆည်း ပူးရမဲ့ ကောင်းမှုဆိုတာ အီမာန်နဲ့ ကောင်းမြတ်တဲ့လုပ်ရပ်တွေပဲဖြစ်တယ်။ အဲဒါတွေကို ရှာဖွေဖို့ အချိန်ကန့်သတ်ပြီး ကိုယ်ခန္ဓာကို ခဏပေးထားတာဖြစ်တယ်။ အချိန်စေ့တာနဲ့ အဲဒီခန္ဓာကိုယ်ဟာ ရုပ်သိမ်းခြင်းခံရမယ်။ သူ့ထံမှာကျန်မှာက သူ့အသက်ကို ရွေးယူဖို့ သူရှာဖွေခဲ့တဲ့ ကောင်းမှုပဲကျန် မယ်။ အဲဒါနဲ့ ရွေးနိုင်ရင်ရွေး၊ မရွေးနိုင်ရင် ငရဲဘုံထောင်ထဲမှာ အကြွေးမဆပ်နိုင်လို့ အချုပ်နှောင်ခံ ရမှာဖြစ်တယ်။အရှင်မြတ်က စကားအလွန်ကြွယ်ကြွယ်နဲ့ ကျစ်ကျစ်လျစ်လျစ် မိန့်ကြားနိုင်တဲ့ အတွက် အဲဒီလိုအဓိပ္ပာယ်ရှိတဲ့စကားကို တိုတိုတုတ်တုတ်နဲ့ မိန့်ကြားလိုက်တာဖြစ်တယ်။ “လူတိုင်း ဟာ သူ့ရဲ့လုပ်ရပ်တွေရဲ့အစား အာမခံအပေါင်ပစ္စည်းဖြစ်တယ်။” ကိုယ့်ရဲ့ကောင်းတဲ့လုပ်ရပ်တွေနဲ့ ကိုယ့်အသက်ကို ရွေးယူလိုက်ပါလို့ဆိုလိုတာဖြစ်တယ်။ (အာစားန်သရ်ဂျမဟ်)

وَاَمۡدَدۡنٰهُمۡ بِفَاكِهَةٍ وَّلَحۡمٍ مِّمَّا يَشۡتَهُوۡنَ ﴿٢٢﴾

(၂၂) ထို့ပြင် ငါအရှင်မြတ်သည် သူတို့အား သူတို့အလိုဆန္ဒရှိကြသော အမျိုးအစားများထဲမှ သစ်သီးဝလံနှင့် အသားကို ထပ်ဖြည့်ပေးနေတော်မူမည် ဖြစ်သည်။

يَتَنَازَعُوۡنَ فِيۡهَا كَاۡسًا لَّا لَغۡوٌ فِيۡهَا وَلَا تَاۡثِيۡمٌ ﴿٢٣﴾

(၂၃) သူတို့သည် ထိုဂျန္နသ်သုခဘုံတွင် အရက်အပြည့်ရှိနေသည့် ခွက်များကို (တစ်ယောက်ထံမှ တစ်ယောက် အပျော်သဘောဖြင့်) လုယူကြ မည်။ ထိုအရက်တွင် အလဟဿစကား ပြောဆိုမှုရှိမည်မဟုတ်ပေ။ အပြစ်ဖြစ် ရန်လည်းရှိမည်မဟုတ်ပေ။

وَيَطُوۡفُ عَلَيۡهِمۡ غِلۡمَانٌ لَّهُمۡ كَاَنَّهُمۡ لُؤۡلُؤٌ مَّكۡنُوۡنٌ ﴿٢٤﴾

(၂၄) ထို့ပြင် သူတို့ထံသို့ သူတို့ပိုင်ဆိုင်ကြသော လူငယ်လေးများ သည် လှည့်ပတ်သွားလာနေကြမည်။ ထို(အခိုင်းအစေ)လူငယ်လေးများသည် လုံခြုံစွာထားရှိသော ပုလဲလုံး(များ)ကဲ့သို့ ရှိကြမည်။

وَاَقۡبَلَ بَعۡضُهُمۡ عَلٰى بَعۡضٍ يَّتَسَآءَلُوۡنَ ﴿٢٥﴾

(၂၅) ထို့ပြင် သူတို့ထဲမှအချင်းချင်း တစ်ဦးဘက်တစ်ဦး လှည့်ပြီး စုံစမ်း မေးမြန်းကြမည်။

قَالُوۡۤا اِنَّا كُنَّا قَبۡلُ فِيۡۤ اَهۡلِنَا مُشۡفِقِيۡنَ ﴿٢٦﴾

(၂၆) သူတို့က ပြောဆိုကြမည်- အမှန်စင်စစ် ကျွန်ုပ်တို့သည် ယခင်

က ကျွန်ုပ်တို့ အိမ်သူအိမ်သားများနှင့် ရှိခဲ့စဉ်က ကြောက်ရွံ့စိုးရိမ်သည့်သူများ အဖြစ်နှင့် ရှိခဲ့ကြရသည်။

فَمَنَّ اللّٰهُ عَلَيْنَا وَوَقٰنَا عَذَابَ السَّمُوْمِ ﴿٢٧﴾

(၂၇) ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အပေါ်တွင် ကျေးဇူးပြုတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား အပူရှိန်ပြင်းသော ငရဲမီးပြစ်ဒဏ်မှလည်း ကင်းလွတ်စေတော်မူခဲ့သည်။

اِنَّا كُنَّا مِنْ قَبْلُ نَدْعُوْهُ ؕ اِنَّهٗ هُوَ الْبَرُّ الرَّحِيْمُ ﴿٢٨﴾

(၂၈) အမှန်စင်စစ် ကျွန်ုပ်တို့သည် ယခင်ကတည်းက အရှင်မြတ်ထံတော်တွင် ဆုတောင်းလျက်ရှိခဲ့ကြသည်။ အမှန်စင်စစ် အရှင်မြတ်သည် အလွန်ကျေးဇူးပြုတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

فَذَكِّرْ فَمَاۤ اَنْتَ بِنِعْمَتِ رَبِّكَ بِكَاهِنٍ وَّلَا مَجْنُوْنٍ ﴿٢٩﴾

(၂၉) ထို့နောက် အသင်(တမန်တော်)သည် သတိပေးဆုံးမ၍ နေပါ။ ထို့ပြင် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ကျေးဇူးတော်ဖြင့် နက္ခတ်ဗေဒင်ဆရာလည်းမဟုတ်ပေ၊ ရူးသွပ်သူလည်းမဟုတ်ပေ။

اَمْ يَقُوْلُوْنَ شَاعِرٌ نَّتَرَبَّصُ بِهٖ رَيْبَ الْمَنُوْنِ ﴿٣٠﴾

(၃၀) သို့မဟုတ် သူတို့က သူသည် ကဗျာဆရာတစ်ဦးသာဖြစ်သည်။ ကျွန်ုပ်တို့သည် သူနှင့်ပတ်သက်၍ ခေတ်ကာလ၏ ဖြစ်ပျက်မှုသေခြင်းတရား ဆိုက်ရောက်ရန်ပင် စောင့်ဆိုင်းနေကြသည်ဟု ပြောဆိုကြသလော။

قُلْ تَرَبَّصُوْا فَاِنِّيْ مَعَكُمْ مِّنَ الْمُتَرَبِّصِيْنَ ﴿٣١﴾

(၃၁) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့ စောင့်ဆိုင်းနေကြပါ။ ထို့ပြင် အမှန်ပင် ငါလည်း အသင်တို့နှင့်အတူ စောင့်ဆိုင်းသူများထဲမှပင် ဖြစ်သည်။

اَمْ تَاْمُرُهُمْ اَحْلَامُهُمْ بِهٰذَاۤ اَمْ هُمْ قَوْمٌ طَاغُوْنَ ﴿٣٢﴾

(၃၂) သို့မဟုတ် သူတို့၏အသိဉာဏ်များက ဤသည်နှင့်ပတ်သက်၍ သူတို့အား အမိန့်ပေးသလော။ သို့မဟုတ် သူတို့ကိုယ်တိုင်ပင် ဆိုးသွမ်းသူများ ဖြစ်ကြသလော။

اَمْ يَقُوْلُوْنَ تَقَوَّلَهٗ ۚ بَلْ لَّا يُؤْمِنُوْنَ ﴿٣٣﴾

(၃၃) သို့မဟုတ် သူတို့က ၎င်း(တမန်တော်)သည် ယင်း(ကုရ်အာန်

ကျမ်းတော်မြတ်)ကို လုပ်ကြံဖန်တီးခဲ့သည်ဟု ပြောဆိုကြသလော။ ထိုသို့မဟုတ်၊ အမှန်စင်စစ် သူတို့ကိုယ်တိုင် ယုံကြည်ကြသည်မဟုတ်ပေ။

فَلۡيَاۡتُوۡا بِحَدِيۡثٍ مِّثۡلِهٖۤ اِنۡ كَانُوۡا صٰدِقِيۡنَ ؕ‏ ﴿٣٤﴾

(၃၄) ထိုသို့(၎င်းလုပ်ကြံသည်ဟု)ဆိုလျှင် အကယ်၍ သူတို့သည် မှန်ကန်သည့်သူများဖြစ်ကြလျှင် ထို(ကုရ်အာန်ကျမ်းတော်မြတ်)ကဲ့သို့ အာယသ်တစ်စုံတစ်ခုကို သူတို့(လည်း လုပ်ကြံ)ယူဆောင်လာကြရမည်။

اَمۡ خُلِقُوۡا مِنۡ غَيۡرِ شَىۡءٍ اَمۡ هُمُ الۡخٰلِقُوۡنَ ؕ‏ ﴿٣٥﴾

(၃၅) သို့မဟုတ် သူတို့သည် မည်သည့်အရာတစ်ခုကမျှ မဟုတ်ဘဲ ဖန်ဆင်းခံခဲ့ကြသလော။ (မိမိအလိုအလျောက်ဖြစ်ပေါ်လာခဲ့ကြသလော။) သို့မဟုတ် သူတို့ကိုယ်တိုင် ဖန်ဆင်းသူများဖြစ်ကြသလော။

اَمۡ خَلَقُوا السَّمٰوٰتِ وَالۡاَرۡضَ‌ ۚ بَلْ لَّا يُوۡقِنُوۡنَ ؕ‏ ﴿٣٦﴾

(၃၆) သို့မဟုတ် သူတို့သည် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းခဲ့ကြသလော။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် သူတို့သည် ယုံကြည်ကြသည်မဟုတ်ပေ။

اَمۡ عِنۡدَهُمۡ خَزَآٮِٕنُ رَبِّكَ اَمۡ هُمُ الۡمُصَۜيۡطِرُوۡنَ ؕ‏ ﴿٣٧﴾

(၃၇) သို့မဟုတ် သူတို့ထံတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ဘဏ္ဍာတော်များ ရှိနေသလော။ သို့မဟုတ် သူတို့သည် ကြီးကြပ်အုပ်ချုပ်သူများဖြစ်ကြသလော။

اَمۡ لَهُمۡ سُلَّمٌ يَّسۡتَمِعُوۡنَ فِيۡهِ‌ ۚ فَلۡيَاۡتِ مُسۡتَمِعُهُمۡ بِسُلۡطٰنٍ مُّبِيۡنٍ ؕ‏ ﴿٣٨﴾

(၃၈) သို့မဟုတ် သူတို့တွင် လှေကားတစ်စုံတစ်ခုရှိနေ၍ သူတို့သည် ထိုလှေကားဖြင့် (မိုးကောင်းကင်မှ စကားများကို) နားထောင်ကြသလော။ ထိုသို့ဆိုလျှင် သူတို့ထဲမှ နားထောင်သူသည် ထင်ရှားသော သက်သေသာဓကေ ယူဆောင်လာရမည်။

اَمۡ لَهُ الۡبَنٰتُ وَلَـكُمُ الۡبَنُوۡنَ ؕ‏ ﴿٣٩﴾

(၃၉) သို့မဟုတ် အရှင်မြတ်တွင် သမီးမိန်းကလေးများရှိကြ၍၊ အသင်တို့၌မူ သားယောက်ျားကလေးများ ရှိကြသလော။

اَمۡ تَسۡـَٔلُهُمۡ اَجۡرًا فَهُمۡ مِّنۡ مَّغۡرَمٍ مُّثۡقَلُوۡنَ ؕ‏ ﴿٤٠﴾

(၄၀) သို့မဟုတ် အသင်သည် သူတို့ထံတွင် (တရားဟောသည့်အတွက်) အဖိုးအခ တစ်စုံတစ်ရာတောင်းဆိုသောကြောင့် သူတို့သည် အကြွေးပေးဆပ်

ရန် တာဝန်ပိနေကြသလော။

أَمْ عِندَهُمُ الْغَيْبُ فَهُمْ يَكْتُبُونَ ﴿٤١﴾

(၄၁) သို့မဟုတ် သူတို့ထံတွင် အကွယ်မှအရာများကို (သိ၍) သူတို့သည် ရေးမှတ်ထားကြသလော။

أَمْ يُرِيدُونَ كَيْدًا ۖ فَالَّذِينَ كَفَرُوا هُمُ الْمَكِيدُونَ ﴿٤٢﴾

(၄၂) သို့မဟုတ် သူတို့သည် တစ်စုံတစ်ခု မကောင်းကြံစည်ရန် ရည်ရွယ်ကြသလော။ ထိုသို့ဆိုလျှင် ကာဖိရ်များပင် မကောင်းသည့်အကြံအစည်ထဲတွင် မိနေကြသည်။❶

❶ တမန်တော်မြတ် ﷺ ကို လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်မယ်ဆိုရင် သူတို့ပဲ သူတို့ဒုက္ခကို သူတို့ရှာတာနဲ့အတူတူပဲဖြစ်တယ်။ တမန်တော်မြတ် ﷺ ဟာ အရှင်မြတ်ရဲ့ကာကွယ်မှုထဲမှာ ရှိနေပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

أَمْ لَهُمْ إِلَٰهٌ غَيْرُ اللَّهِ ۚ سُبْحَانَ اللَّهِ عَمَّا يُشْرِكُونَ ﴿٤٣﴾

(၄၃) သို့မဟုတ် သူတို့တွင် အလ္လာဟ်အရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်တစ်ပါးပါး ရှိနေကြသလော။ အလ္လာဟ်အရှင်မြတ်သည် သူတို့တွဲဖက်ကိုးကွယ်ကြသည်များမှ လုံးဝ စင်ကြယ်သန့်ရှင်းတော်မူသည်။

وَإِن يَرَوْا كِسْفًا مِّنَ السَّمَاءِ سَاقِطًا يَقُولُوا سَحَابٌ مَّرْكُومٌ ﴿٤٤﴾

(၄၄) ထို့ပြင် အကယ်၍ သူတို့သည် မိုးကောင်းကင်၏အစိတ်အပိုင်းတစ်စုံတစ်ခု ကျလာသည်ကို တွေ့မြင်ကြလျှင်ပင် (၎င်းသည်) အထပ်ထပ်ဆင့်နေသော မိုးတိမ်ထုပင် ဖြစ်သည်ဟု ပြောကြဦးမည် ဖြစ်သည်။

فَذَرْهُمْ حَتَّىٰ يُلَاقُوا يَوْمَهُمُ الَّذِي فِيهِ يُصْعَقُونَ ﴿٤٥﴾

(၄၅) သို့ဖြစ်ရာ အသင်(တမန်တော်)သည် သူတို့အား(၎င်းအတိုင်းပင်) လွှတ်ထားလိုက်ပါ။ နောက်ဆုံးတွင် သူတို့သည် သူတို့၏နေ့ဖြစ်သော သတိလက်လွတ်ဆုံးရှုံးရမည့်နေ့နှင့် ကြုံတွေ့ရမည် ဖြစ်သည်။

يَوْمَ لَا يُغْنِي عَنْهُمْ كَيْدُهُمْ شَيْئًا وَلَا هُمْ يُنصَرُونَ ﴿٤٦﴾

(၄၆) ထိုနေ့တွင် သူတို့အတွက် သူတို့၏အကြံအစည်သည် မည်သည့်အရာမျှအသုံးမဝင်မည့်အပြင် သူတို့သည် ကူညီခြင်းလည်း ခံကြရမည်မဟုတ်ပေ။❷

❷ ကိယာမသ်နေ့ကိုဆိုလိုတယ်။ သူတို့ရဲ့ အကြံအစည်၊ ကြိုးပမ်းဆောင်ရွက်မှုတွေဟူသမျှဟာ အလဟဿဖြစ်သွားခဲ့ပြီဖြစ်တယ်။ (အာစာန်သရ်ဂျမဟ်)

وَإِنَّ لِلَّذِينَ ظَلَمُوا عَذَابًا دُونَ ذَٰلِكَ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ ﴿٤٧﴾

(၄၇) ထို့ပြင် မတရားကျူးလွန်ခဲ့ကြသည့်သူများအတွက် ထို(ကိယာမသ် ပြစ်ဒဏ်)မတိုင်မီတွင်လည်း ပြစ်ဒဏ်ရှိဦးမည်ဖြစ်သည်။ သို့ရာတွင် သူတို့ထဲမှ အများစုသည် မသိရှိကြပေ။

وَاصْبِرْ لِحُكْمِ رَبِّكَ فَإِنَّكَ بِأَعْيُنِنَا وَسَبِّحْ بِحَمْدِ رَبِّكَ حِينَ تَقُومُ ﴿٤٨﴾

(၄၈) ထို့ပြင် အသင်(တမန်တော်)သည် အသင့်အား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်၏အမိန့်တော်ကို သည်းခံပြီး စောင့်ဆိုင်းပါ။ အဘယ် ကြောင့်ဆိုသော် အမှန်စင်စစ် အသင်သည် ငါအရှင်မြတ်၏ကြည့်ရှုစောင့်ရှောက် မှုအောက်တွင် ရှိနေသောကြောင့်ဖြစ်သည်။ ထို့ပြင် အသင်သည် မတ်တတ်ရပ် သည့်အခါ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ချီးမွမ်းမှု နှင့်တကွ (အရှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို ရွတ်ဆိုပါ။

وَمِنَ الَّيْلِ فَسَبِّحْهُ وَإِدْبَارَ النُّجُومِ ﴿٤٩﴾

(၄၉) ထို့ပြင် အသင်(တမန်တော်)သည် ညအခါနှင့် ကြယ်များ(ပျောက် ကွယ်ပြီး)နောက်ပိုင်းတွင် အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း ရွတ် ဆိုပါ။

================================================================

ركوعاتها٣ ٥٣سُوْرَةُ النَّجْمِ مَكِّيَّةٌ ٢٣ اٰياتها٦٢

## စူရဟ် နဂ်မ်ကြယ်တာရာ ကဏ္ဍ سُوْرَةُ النَّجْمِ

================================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَالنَّجْمِ اِذَا هَوٰى ۝١

(၁) (ငါအရှင်မြတ်သည်) ကြယ်တာရာကို သက်သေထူတော်မူသည်။ တစ်ခါတွင် ထိုကြယ်တာရာသည် ကွယ်ပျောက်သွားခဲ့သည်။

مَا ضَلَّ صَاحِبُكُمْ وَمَا غَوٰى ۝٢

(၂) အသင်တို့၏အဖော်(တမန်တော်မုဟမ္မဒ်)သည် လမ်းလွဲနေသည်လည်းမဟုတ်ပေ။ လမ်းမှားကို လိုက်ခဲ့သည်လည်း မဟုတ်ပေ။

وَمَا يَنْطِقُ عَنِ الْهَوٰى ۝٣

(၃) ထို့ပြင် ၎င်းသည် (၎င်း၏)စိတ်အလိုဆန္ဒအတိုင်း စကားပြောဆိုသည်မဟုတ်ပေ။❶

❶ တမန်တော်မြတ် ﷺ ဟာ မိမိဆန္ဒအတိုင်းမိမိပြောချင်သလိုပြောနေတာမဟုတ်ဘူး။ အရှင်မြတ်က ဝဟီနဲ့ညွှန်ကြားတဲ့အတိုင်းပြောနေတာပဲ ဖြစ်တယ်။ အရှင်မြတ်ဟာ တမန်တော်မြတ် ﷺ ထံကို ဝဟီနဲ့ ညွှန်ကြားတဲ့အထဲမှာ အရှင်မြတ်အမိန့်ရှိတဲ့ စကားလုံးတွေအတိုင်း "၏၊ သည်" မလွဲ ပြန်ပြောဖို့ ညွှန်ကြားတော်မူထားတာရှိတယ်။ အဲဒါဟာ အရှင်မြတ်ထံတော်က ထွက်လာတဲ့အတိုင်း စကားလုံးစာသားရော၊ အဓိပ္ပာယ်ပါ တမန်တော်မြတ် ﷺ က ပြန်ပြောရတယ်။ အဲဒါကို ကုရ်အာန်လို့ခေါ်တယ်။ နောက်တစ်မျိုးမှာ အရှင်မြတ်က အရှင်မြတ်အမိန့်ပေးလိုတော်မူတဲ့ စကားရပ်ရဲ့ အဓိပ္ပာယ်တစ်ခုကို တမန်တော်မြတ် ﷺ ထံကို ဝဟီနဲ့ ညွှန်ကြားတော်မူတယ်။ အဲဒီညွှန်ကြားချက် အဓိပ္ပာယ်အတိုင်း တမန်တော်မြတ် ﷺ က မိမိပြောတတ်တဲ့ စကားလုံးစာသားနဲ့ ပြန်ပြောပြတာဖြစ်တယ်။ အဲဒါဟာ အရှင်မြတ်ထံတော်က ထွက်လာတဲ့ ညွှန်ကြားချက်အဓိပ္ပာယ်နဲ့ ထပ်တူထပ်မျှဖြစ်ပြီး စကားလုံးကတော့ တမန်တော်မြတ် ﷺ ရဲ့ စကားလုံးစာသားဖြစ်တယ်။ အဲဒါကို ဟဒီးဆ်လို့ခေါ်တယ်။ အချုပ်ပြောရရင် အဓိပ္ပာယ်ရော စာသားပါ အရှင်မြတ် အမိန့်ရှိတဲ့အတိုင်း ပြန်ပြောတာကို အရှင်မြတ်ရဲ့ကလာမ်စကားတော် ကုရ်အာန်လို့ ခေါ်ပြီး အရှင်မြတ်အမိန့်ရှိတော်မူတဲ့ အဓိပ္ပာယ်ကို တမန်တော်မြတ် ﷺ ရဲ့စကားလုံးစာသားနဲ့ ပြန်ပြောတာကို တမန်တော်မြတ် ﷺ ရဲ့ ဩဝါဒစကား ဟဒီးဆ်လို့ခေါ်တယ်။ အဲဒီနှစ်မျိုးစလုံးထဲမှာ ၎င်းရဲ့ဆန္ဒပါထည့်ပြီး မပြောဘူးလို့ ဆိုလိုတာဖြစ်တယ်။ အဲဒီနှစ်မျိုးစလုံးဟာ အရှင်မြတ်ဝဟီညွှန်ကြားတဲ့အတိုင်းပဲဖြစ်တယ်။

(မအာရိဖွလ်ကုရ်အာန်)

إِنْ هُوَ إِلَّا وَحْيٌ يُوحَىٰ ﴿٤﴾

(၄) ထိုပြောဆိုမှုသည် (အလ္လာဟ်အရှင်မြတ်ထံတော်မှ)ထုတ်ပြန်ခြင်း ခံရသော ထုတ်ပြန်ချက်သာဖြစ်သည်။

عَلَّمَهُ شَدِيدُ الْقُوَىٰ ﴿٥﴾

(၅) ၎င်းကို အလွန်အင်အားကြီးမားသူ(ကောင်းကင်တမန်)က သင် ကြားပို့ချပေးခဲ့သည်။

ذُو مِرَّةٍ فَاسْتَوَىٰ ﴿٦﴾

(၆) အင်အားပြည့်စုံသူဖြစ်သည်။ ထို့ပြင် ၎င်း(ကောင်းကင်တမန်)သည် နေသားတကျ ရပ်တည်ခဲ့သည်။ (မူလရုပ်သဏ္ဌာန်ဖြင့် ထင်ရှားခဲ့သည်)။

وَهُوَ بِالْأُفُقِ الْأَعْلَىٰ ﴿٧﴾

(၇) ထို့ပြင် သူသည် မြင့်မားသော မိုးကုပ်စက်ဝိုင်းထဲရှိနေသည့် အခြေ အနေတွင်။

ثُمَّ دَنَا فَتَدَلَّىٰ ﴿٨﴾

(၈) ထို့နောက် သူသည် နီးကပ်လာခဲ့သည်။ ထို့ပြင် ထပ်၍ နီးကပ်လာ ခဲ့သည်။

فَكَانَ قَابَ قَوْسَيْنِ أَوْ أَدْنَىٰ ﴿٩﴾

(၉) ယင်း(ကောင်းကင်တမန်၏နီးကပ်မှုသည်) လေးနှစ်ပြန်စာခန့်ပင် ကွာဝေးတော့သည်။ သို့မဟုတ် ထို့ထက်ပင် ပို၍နီးကပ်စွာ ရှိခဲ့သည်။

فَأَوْحَىٰ إِلَىٰ عَبْدِهِ مَا أَوْحَىٰ ﴿١٠﴾

(၁၀) ထို့နောက် အရှင်မြတ်သည် အရှင်မြတ်၏ကျွန် (တမန်တော် မုဟမ္မဒ်)ထံသို့ အရှင်မြတ်ထုတ်ပြန်မည့်ထုတ်ပြန်ချက်များကို ထုတ်ပြန်တော် မူခဲ့သည်။

مَا كَذَبَ الْفُؤَادُ مَا رَأَىٰ ﴿١١﴾

(၁၁) (၎င်း၏)စိတ်နှလုံးက တွေ့မြင်ခဲ့သောအရာများနှင့်ပတ်သက်၍ လွဲမှားမှုမရှိခဲ့ပေ။ [J]

[J] တမန်တော်မြတ် ﷺ ဟာ ကောင်းကင်တမန်ဂျိဗ်ရီလ် عليه السلام ကို အသေအချာမြင်ခဲ့တာလို့ ဆိုလို တယ်။ (အလင်းပြကျမ်း)

أَفَتُمَارُونَهُ عَلَىٰ مَا يَرَىٰ ﴿١٢﴾

(၁၂) ထို့နောက်လည်း အသင်တို့သည် ၎င်းတွေ့မြင်ခဲ့သည့်အရာ များတွင် အငြင်းအခုံပြုနေကြသေးသလော။

وَلَقَدۡ رَاٰهُ نَزۡلَةً اُخۡرٰى ﴿١٣﴾

(၁၃) ထို့ပြင် ၎င်း(တမန်တော်)သည် ယင်း(ကောင်းကင်တမန်)ကို ဒုတိယအကြိမ် ဆင်းသက်ရာတွင် အမှန်ပင် တွေ့မြင်ခဲ့သည်။

عِنۡدَ سِدۡرَةِ الۡمُنۡتَهٰى ﴿١٤﴾

(၁၄) စိဒ်ရသုလ်မွန်သဟာ နယ်စပ်၌ရှိသည့်ဆီးပင်၏အနီးတွင်၊❷

❷ အဲဒီနေရာဟာ ကောင်းကင်တမန်တွေ အရှင်မြတ်ဘက်ကို သွားလာလို့ရတဲ့နေရာဂိတ်ဆုံးဖြစ်တယ်။ အဲဒီနေရာကနေ အရှင်မြတ်ရဲ့အမိန့်တော်တွေကို ကြားနာရယူရတာဖြစ်တယ်။ (အလင်းပြကျမ်း)

عِنۡدَهَا جَنَّةُ الۡمَاۡوٰى ﴿١٥﴾

(၁၅) ထိုဆီးပင်အနီးတွင် ဂျန္နသုလ်မအ်ဝါ(အမည်ရှိသော) သုခဘုံရှိသည်။

اِذۡ يَغۡشَى السِّدۡرَةَ مَا يَغۡشٰى ﴿١٦﴾

(၁၆) တစ်ခါတွင် ဆီးပင်ကို ဖုံးလွှမ်းနေသည့်အရာများသည် ဖုံးလွှမ်းနေသည်။❸

❸ အဲဒီနေရာကို အရှင်မြတ်ရဲ့ရောင်ခြည်တွေနဲ့ ဖုံးလွှမ်းထားတယ်။ (အလင်းပြကျမ်း)

مَا زَاغَ الۡبَصَرُ وَمَا طَغٰى ﴿١٧﴾

(၁၇) (၎င်း၏)မျက်စိသည် လွဲချော်ခဲ့သည်လည်းမရှိပေ။ ကျော်လွန်သွားခဲ့သည်လည်းမရှိပေ။

لَقَدۡ رَاٰى مِنۡ اٰيٰتِ رَبِّهِ الۡكُبۡرٰى ﴿١٨﴾

(၁၈) ၎င်းသည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ကြီးကျယ်သောသက်သေလက္ခဏာများကို အမှန်ပင် တွေ့မြင်ခဲ့သည်။

اَفَرَءَيۡتُمُ اللّٰتَ وَالۡعُزّٰى ﴿١٩﴾

(၁၉) ထို့ပြင် အသင်တို့သည် လာသ်(ရုပ်တု)နှင့် အုဇ္ဇာ(ရုပ်တု)ကို ဆင်ခြင်သုံးသပ်ကြည့်ခဲ့ကြသလော။

وَمَنٰوةَ الثَّالِثَةَ الۡاُخۡرٰى ﴿٢٠﴾

(၂၀) ထို့ပြင် အခြားတတိယမြောက်ဖြစ်သော မနာသ်(ရုပ်တုနှင့်ပတ်သက်၍လည်း ဆင်ခြင်သုံးသပ်ကြည့်ခဲ့ကြသလော)။

اَلَـكُمُ الذَّكَرُ وَلَهُ الۡاُنۡثٰى ﴿٢١﴾

(၂၁) အသင်တို့တွင် သားယောကျ်ားကလေး(များ)ရှိကြ၍ အရှင်မြတ်တွင် သမီးမိန်းကလေး(များ) ရှိကြသလော။❹

❶ တကယ်လို့ သူတို့အယူအဆအတိုင်း အရှင်မြတ်မှာ သားသမီးရှိတယ်ဆိုရင်တောင်မှ သူတို့ မကြိုက်တဲ့ သမီးတွေကို အရှင်မြတ်ကိုပေးတာဟာ ဘယ်လောက်မမျှတလိုက်သလဲကြည့်ကြပါ။ ဒါပေမဲ့ အရှင်မြတ်ဟာ စင်ကြယ်သန့်ရှင်းတော်မူပါတယ်။ (အလင်းပြကျမ်း)

تِلْكَ اِذًا قِسْمَةٌ ضِيْزٰى ﴿٢٢﴾

(၂၂) ၎င်းသည် မညီမျှသောတစ်ဖက်စောင်းနင်းခွဲဝေမှုပင်ဖြစ်သည်။

اِنْ هِيَ اِلَّآ اَسْمَآءٌ سَمَّيْتُمُوْهَآ اَنْتُمْ وَاٰبَآؤُكُمْ مَّآ اَنْزَلَ اللّٰهُ بِهَا مِنْ سُلْطٰنٍ ؕ اِنْ يَّتَّبِعُوْنَ اِلَّا الظَّنَّ وَمَا تَهْوَى الْاَنْفُسُ ۚ وَلَقَدْ جَآءَهُمْ مِّنْ رَّبِّهِمُ الْهُدٰى ﴿٢٣﴾

(၂၃) ၎င်း(ရုပ်တုများ)သည် အသင်တို့ကိုယ်တိုင်နှင့် အသင်တို့၏အဘ၊ ဘိုး၊ ဘေးများက မှည့်ခေါ်ထားသော အမည်များပင် ဖြစ်ကြသည်။ အလ္လာဟ် အရှင်မြတ်သည် ထိုအရာများနှင့်ပတ်သက်၍ မည်သည့်အထောက်အထားမျှ ချပေးခဲ့ခြင်းမရှိပေ။ သူတို့သည် ရမ်းဆထင်မြင်မှုနှင့် စိတ်အလိုဆန္ဒများကိုပင် လိုက်နာနေကြခြင်းဖြစ်သည်။ အမှန်စင်စစ် သူတို့ထံသို့ သူတို့အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ အမှန်တရားသည် ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

اَمْ لِلْاِنْسَانِ مَا تَمَنّٰى ﴿٢٤﴾

(၂၄) လူသားသည် သူလိုလားသမျှ ရရှိသလော။

فَلِلّٰهِ الْاٰخِرَةُ وَالْاُوْلٰى ﴿٢٥﴾

(၂၅) ထို့ပြင်တမလွန်ဘဝနှင့်လောကီဘဝသည်အလ္လာဟ်အရှင်မြတ်၏ ပိုင်ဆိုင်မှု၌ပင် ရှိသည်။

وَكَمْ مِّنْ مَّلَكٍ فِي السَّمٰوٰتِ لَا تُغْنِيْ شَفَاعَتُهُمْ شَيْـًٔا اِلَّا مِنْۢ بَعْدِ اَنْ يَّاْذَنَ اللّٰهُ لِمَنْ يَّشَآءُ وَيَرْضٰى ﴿٢٦﴾

(၂၆) ထို့ပြင် မိုးကောင်းကင်များတွင် ကောင်းကင်တမန် အမြောက် အမြားရှိကြသည်။ သူတို့၏ရှဖာအသ် ကြားဝင်အသနားခံမှုသည် အလ္လာဟ်အရှင် မြတ်က အရှင်မြတ်အလိုရှိတော်မူပြီး ကျေနပ်တော်မူသည့်သူအတွက် ခွင့်ပြု တော်မူပြီး နောက်မှပင် အသုံးဝင်မည်ဖြစ်သည်။❶

❶ အရှင်မြတ်ထံတော်မှာ ရှဖာအသ် ကြားဝင်အသနားခံပေးမဲ့သူတွေအတွက် အရှင်မြတ်က သတ်မှတ်ချက်နဲ့ ကန့်သတ်ထားပြီးဖြစ်တယ်။ အဲဒီအချက်ကတော့ အလ္လာဟ်အရှင်မြတ်ထံတော် ကနေ ခွင့်ပြုချက်ရရှိသူဖြစ်ရမယ်။ ရှဖာအသ်ကြားဝင်အသနားခံပေးမှုကို ခံထိုက်သူဖြစ်ဖို့အတွက် ကန့်သတ်ထားတဲ့အချက်ကတော့ သူ့အတွက် ရှဖာအသ်ပြုဖို့ အလ္လာဟ်အရှင်မြတ်အလိုတော်ရှိရ မယ်၊ သဘောတူကျေနပ်တော်မူရမယ်။ ဒီအချက်တွေဟာ ကြားဝင်အသနားခံပေးမှုအတွက် သတ်မှတ်ထားတာဖြစ်တယ်။ အဲဒီအချက်တွေမပါဘဲ ရှဖာအသ်ကို မျှော်လင့်နေတာဟာ ကိုယ့်

ကိုယ်ကိုယ် လှည့်စားနေခြင်းသာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ لَيُسَمُّونَ الْمَلَائِكَةَ تَسْمِيَةَ الْأُنثَىٰ ﴿٢٧﴾

(၂၇) အမှန်စင်စစ် အာခိရသ်တမလွန်ဘဝကို မယုံကြည်သူများသည် ကောင်းကင်တမန်များကို မိန်းမ၏အမည်(များ)ဖြင့် အမှန်ပင် မှည့်ခေါ်ကြသည်။

وَمَا لَهُم بِهِ مِنْ عِلْمٍ ۖ إِن يَتَّبِعُونَ إِلَّا الظَّنَّ ۖ وَإِنَّ الظَّنَّ لَا يُغْنِي مِنَ الْحَقِّ شَيْئًا ﴿٢٨﴾

(၂၈) ယင်း(ပြောဆိုချက်)နှင့် ပတ်သက်၍ သူတို့တွင် မည်သည့် အထောက်အထား အသိပညာမျှ မရှိပေ။ သူတို့သည် ထင်မြင်ယူဆချက်ကို လိုက်နာကြခြင်း ဖြစ်သည်။ အမှန်စင်စစ် ထင်မြင်ယူဆချက်သည် အမှန်တရား၏ ရှေ့၌ မည်သည့်အရာမျှ အသုံးမဝင်ပေ။

فَأَعْرِضْ عَن مَّن تَوَلَّىٰ عَن ذِكْرِنَا وَلَمْ يُرِدْ إِلَّا الْحَيَاةَ الدُّنْيَا ﴿٢٩﴾

(၂၉) သို့ဖြစ်ရာ အသင်သည် အကြင်သူအား လျစ်လျူရှုနေပါ။ ထိုသူသည် ငါအရှင်မြတ်၏ဆုံးမသြဝါဒမှ မျက်နှာလွှဲနေခဲ့သည်။ ထို့ပြင် သူသည် လောကီဘဝမှလွဲ၍ အခြားမည်သည့်အရာမျှ မရည်ရွယ်ပေ။

ذَٰلِكَ مَبْلَغُهُم مِّنَ الْعِلْمِ ۚ إِنَّ رَبَّكَ هُوَ أَعْلَمُ بِمَن ضَلَّ عَن سَبِيلِهِ وَهُوَ أَعْلَمُ بِمَنِ اهْتَدَىٰ ﴿٣٠﴾

(၃၀) ထိုအရာသည် သူတို့၏အမြင့်ဆုံး အသိပညာပင် ဖြစ်သည်။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ပင် အရှင်မြတ်၏ လမ်းတော်မှ လွဲချော်သူကို အသိဆုံးဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်ပင် တရားလမ်းမှန်ရသည့်သူကိုလည်း အသိဆုံး ဖြစ်တော်မူသည်။

وَلِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ لِيَجْزِيَ الَّذِينَ أَسَاءُوا بِمَا عَمِلُوا وَيَجْزِيَ الَّذِينَ أَحْسَنُوا بِالْحُسْنَى ﴿٣١﴾

(၃၁) ထို့ပြင် မိုးကောင်းကင်များတွင်ရှိသမျှနှင့် မြေပထဝီတွင် ရှိသမျှကို အလ္လာဟ်အရှင်မြတ်ပင် စိုးပိုင်တော်မူသည်။ အရှင်မြတ်သည် မကောင်းမှုကျူးလွန်သည့်သူများကို သူတို့ပြုလုပ်သမျှ အစားပေးတော်မူရန်နှင့် ကောင်းမှုပြုလုပ်သည့်သူများကိုလည်း ကောင်းသည့်အစားပေးတော်မူရန်အတွက် (သူတို့လမ်းများသည် လမ်းမှန်သည် ဆိုသည်ကို အရှင်မြတ် အသိဆုံး)ဖြစ်သည်။

الَّذِينَ يَجْتَنِبُونَ كَبَائِرَ الْإِثْمِ وَالْفَوَاحِشَ إِلَّا اللَّمَمَ ۚ إِنَّ رَبَّكَ وَاسِعُ الْمَغْفِرَةِ ۚ هُوَ أَعْلَمُ بِكُمْ إِذْ أَنشَأَكُم مِّنَ الْأَرْضِ وَإِذْ أَنتُمْ أَجِنَّةٌ فِي بُطُونِ أُمَّهَاتِكُمْ ۖ فَلَا تُزَكُّوا أَنفُسَكُمْ ۖ هُوَ أَعْلَمُ بِمَنِ اتَّقَىٰ ﴿٣٢﴾

(၃၂) (ထိုကောင်းမှုပြုလုပ်သည့်) အကြင်သူများသည် အသေးအဖွဲ့ ပြစ်မှုများကို ပြုမိကြသော်လည်း ကြီးလေးသောပြစ်မှုများနှင့် ညစ်ညမ်းမှုများ ကို ရှောင်ကြဉ်ကြသည်။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလွန်ကျယ်ဝန်းသော လွတ်ငြိမ်းချမ်းသာခွင့်ကို ပိုင်ဆိုင်တော်မူသော အရှင်မြတ်ဖြစ်တော်မူသည်။ အရှင်မြတ်သည် အသင်တို့အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့စဉ်ကနှင့် အသင်တို့သည် အသင်တို့၏မိခင်ဝမ်းဗိုက်များ ထဲတွင် သန္ဓေသားများအဖြစ်တွင် ရှိစဉ်ကလည်း အရှင်မြတ်ပင် အသင်တို့အား အသိဆုံးဖြစ်တော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် အသင်တို့ကိုယ်ကို အသင်တို့ မြင့်မြတ်သည်၊ စင်ကြယ်သည်ဟု မထင်ကြနှင့်၊ အရှင်မြတ်သာ ကြောက်ရွံ့ အပြစ်ရှောင် ကောင်းကျိုးဆောင်သည့်သူများကို အသိဆုံးဖြစ်တော်မူသည်။ ❶

❶ လူသားဟာ အပြစ်နဲ့ မကင်းတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် စင်ကြယ်လှပြီလို့ အထင်ကြီးခြင်းကနေ တားမြစ်ထားတာဖြစ်တယ်။ လူတိုင်းရဲ့ အခြေအနေကို အရှင်မြတ်ပဲ အသိဆုံးဖြစ်တော်မူတယ်။ (အလင်းပြကျမ်း)

أَفَرَءَيْتَ ٱلَّذِى تَوَلَّىٰ ﴿٣٣﴾

(၃၃) ထို့ပြင် အသင်(တမန်တော်)သည် အကြင်သူကို မမြင်ခဲ့သလော။ ထိုသူသည် မျက်နှာလွှဲသွားခဲ့သည်။

وَأَعْطَىٰ قَلِيلًا وَأَكْدَىٰٓ ﴿٣٤﴾

(၃၄) ထို့ပြင် သူသည်(သူ၏အပြစ်များကို တမလွန်ဘဝတွင် အစားခံပေးမည်ဟု ပြောသူကို ပစ္စည်း)အနည်းငယ်ပေးခဲ့သည်။ ထို့နောက် (ဆက်၍) မပေးဘဲ ထားခဲ့သည်။ ❷

❷ ကာဖိရ်တစ်ဦးဟာ တမလွန်ဘဝမှာ အပြစ်ခံရမှာကိုကြောက်ပြီး အစ္စလာမ်ထဲကိုဝင်တော့မဲ့ဆဲဆဲမှာ အခြားကာဖိရ်တစ်ဦးက "အသင်ဝင်စရာမလိုဘူး၊ အသင့်အပြစ်တွေကို တမလွန်ဘဝမှာ ကျွန်ုပ်ခံပေးမယ်၊ အခု ကျွန်ုပ်ကို ဒီလောကငွေကြေးအရစ်ကျပေးပါ"လို့ ပြောဆိုတဲ့အပေါ်မှာ အဲဒီသူက သူ့ကို စပြီးပေးခဲ့တယ်။ အဲဒီနောက် ဆက်ပြီးပေးဖို့အတွက် မပေးတော့ဘဲ ရပ်ခဲ့လိုက်တယ်။ အဲဒါကြောင့် အရှင်မြတ်က သူတို့နှစ်ဦးရဲ့အသိဉာဏ်မဲ့မှုကို ဖော်ပြလိုက်တာဖြစ်တယ်။ အဲဒီအပြစ်ခံပေးမယ်ဆိုတဲ့သူဟာ အကွယ်က အသိတွေရှိနေလို့ အဲဒါကို တတ်စွမ်းနိုင်မှာလား။ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက်ရမယ်ဆိုတာ မသိဘူးလား။ ကိုယ်ကြိုးစားမှ ကိုယ်ရမယ်ဆိုတာကိုရော မသိဘူးလား။ အဲဒီအသိပညာတွေဟာ အရင်ကတည်းက တမန်တော်မူစာ عليه السلام အပေါ်မှာ ချပေးခဲ့တဲ့ ကျမ်းငယ်မှာနဲ့ တမန်တော် အိဗ်ရာဟီမ် عليه السلام အပေါ်မှာ ချပေးခဲ့တဲ့ကျမ်းငယ်မှာ ပါရှိခဲ့ပြီးဖြစ်တယ်။ အဲဒါတွေရဲ့ အကျဉ်းချုပ်ကို အရှင်မြတ်က အရှင်မြတ်ရဲ့ အာယသ်တွေနဲ့ ဆက်လက်ဖော်ပြထားတယ်။ (အာစားနိသရ်ဂျမဟ်)

أَعِندَهُۥ عِلْمُ ٱلْغَيْبِ فَهُوَ يَرَىٰٓ ﴿٣٥﴾

(၃၅) သူ၏ထံတွင် အကွယ်က အသိရှိနေ၍သူသည် တွေ့မြင်နေသလော။

أَمْ لَمْ يُنَبَّأْ بِمَا فِي صُحُفِ مُوسَىٰ ۝٣٦

(၃၆) သို့မဟုတ် သူသည် (တမန်တော်)မူစာ၏ ကျမ်းများတွင် လာရှိသည်ကို အသိပေးခြင်းမခံခဲ့ရသလော။

وَإِبْرَاهِيمَ الَّذِي وَفَّىٰ ۝٣٧

(၃၇) ထို့ပြင် တာဝန်ကျေပွန်ခဲ့သော (တမန်တော်)အိဗ်ရာဟီမ်၏ကျမ်းများတွင် လာရှိသည်ကိုလည်း (အသိပေးခြင်းမခံခဲ့ရသလော)။

أَلَّا تَزِرُ وَازِرَةٌ وِزْرَ أُخْرَىٰ ۝٣٨

(၃၈) မည်သည့်ထမ်းပိုးသူတစ်ဦးကမျှ သူတစ်ပါး၏ ဝန်ထုပ်ကို ထမ်းပိုးမည် မဟုတ်ပေဆိုသည်ကိုလည်း (အသိပေးခြင်း မခံခဲ့ရသလော)။

وَأَن لَّيْسَ لِلْإِنسَانِ إِلَّا مَا سَعَىٰ ۝٣٩

(၃၉) ထို့ပြင် လူသားတွင် သူကြိုးစားသည်မှလွဲ၍ မည်သည့်အရာမျှ မရှိ ဆိုသည်ကိုလည်း (အသိပေးခြင်းမခံခဲ့ရသလော)။

وَأَنَّ سَعْيَهُ سَوْفَ يُرَىٰ ۝٤٠

(၄၀) ထို့ပြင် သူ၏ကြိုးစားမှုကို မကြာမီ တွေ့မြင်ရမည်ဆိုသည်ကိုလည်း (အသိပေးခြင်းမခံခဲ့ရသလော)။

ثُمَّ يُجْزَاهُ الْجَزَاءَ الْأَوْفَىٰ ۝٤١

(၄၁) ထို့နောက် သူသည် (သူ၏ကြိုးစားမှုကို)အပြည့်ဝဆုံး အစားပေးခြင်း ခံရမည်ဆိုသည်ကိုလည်း (အသိပေးခြင်း မခံခဲ့ရသလော)။

وَأَنَّ إِلَىٰ رَبِّكَ الْمُنتَهَىٰ ۝٤٢

(၄၂) ထို့ပြင် လမ်းဆုံးသည် အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်၌သာဖြစ်သည်ဆိုသည်ကိုလည်းကောင်း၊❶

❶ လူသားတွေဟာ ဒီကနေ့ ဘယ်လောက်ပဲ ဆန့်ကျင်နေပါစေ၊ မနက်ဖြန် အရှင်မြတ်ရဲ့ရှေ့တော်မှောက်ကို မလွဲမသွေ ရောက်ကြရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَأَنَّهُ هُوَ أَضْحَكَ وَأَبْكَىٰ ۝٤٣

(၄၃) ထို့ပြင် အရှင်မြတ်ပင် ရယ်စေတော်မူသည်၊ ငိုစေတော်မူသည် ဆိုသည်ကိုလည်းကောင်း၊

وَأَنَّهُ هُوَ أَمَاتَ وَأَحْيَا ۝٤٤

(၄၄) ထို့ပြင် အရှင်မြတ်ပင် သေစေတော်မူသည်၊ ရှင်စေတော်မူသည် ဆိုသည်ကိုလည်းကောင်း၊

وَاَنَّهٗ خَلَقَ الزَّوْجَيْنِ الذَّكَرَ وَالْاُنْثٰى ﴿٤٥﴾

(၄၅) ထို့ပြင် အရှင်မြတ်ပင် ဖိုနှင့်မ စုံတွဲကို ဖန်ဆင်းတော်မူခဲ့သည်ဆို သည်ကိုလည်းကောင်း၊

مِنْ نُّطْفَةٍ اِذَا تُمْنٰى ﴿٤٦﴾

(၄၆) သုက်ရည်နှင့်၊ ထိုသုက်ရည်သည် သွန်းလောင်းခြင်းခံရသည့် အခါ၌လည်းကောင်း (အသိပေးခြင်းမခံခဲ့ရသလော)၊

وَاَنَّ عَلَيْهِ النَّشْاَةَ الْاُخْرٰى ﴿٤٧﴾

(၄၇) ထို့ပြင် နောက်တစ်ကြိမ်ဖန်ဆင်းမှုသည် အရှင်မြတ်အပေါ်တွင် တာဝန်ဖြစ်သည်ဆိုသည်ကိုလည်းကောင်း၊

وَاَنَّهٗ هُوَ اَغْنٰى وَاَقْنٰى ﴿٤٨﴾

(၄၈) ထို့ပြင် အရှင်မြတ်ပင် လုံလောက်အောင်ပေးတော်မူ၍ အရှင်မြတ် ပင် စုဆောင်းပိုင်ဆိုင်နိုင်အောင် ပေးတော်မူသည် ဆိုသည်ကို လည်းကောင်း၊❶

❶ ချမ်းသာစေသည်၊ ဆင်းရဲစေသည်လို့လည်း ဖွင့်ဆိုတယ်။ ချမ်းသာခြင်း၊ ဆင်းရဲခြင်းဟာ အရှင် မြတ်ရဲ့ စီမံခန့်ခွဲမှုအပေါ်မှာပဲ မူတည်နေတာဖြစ်တယ်။ (အလင်းပြကျမ်း) လုံလောက်အောင်ပေး တော်မူသည်၊ စုဆောင်းပိုင်ဆိုင်နိုင်အောင် ပေးတော်မူသည်လို့လည်း ဖွင့်ဆိုတယ်။ (ဂျလာလိုင်န်)

وَاَنَّهٗ هُوَ رَبُّ الشِّعْرٰى ﴿٤٩﴾

(၄၉) ထို့ပြင် အရှင်မြတ်ပင် ရှိအ်ရာကြယ်ကို ဖန်ဆင်းတော်မူသော အရှင်ဖြစ်တော်မူသည်ဆိုသည်ကို❷ လည်းကောင်း(အသိပေးခြင်းမခံခဲ့ရသလော)၊

❷ ရှိအ်ရာဆိုတာ အလွန်တောက်ပတဲ့ ကြယ်ကြီးတစ်လုံးရဲ့ နာမည်ဖြစ်တယ်။ အရဗ်မုရှ်ရိက်တွေ ဟာ အဲဒီကြယ်ကြီးကို ကိုးကွယ်ကြတဲ့အတွက် အရှင်မြတ်က အဲဒီကြယ်ဟာ ကိုးကွယ်ထိုက်တဲ့ အရှင်မဟုတ်ဘူး။ အဲဒီကြယ်ကြီးကို ဖန်ဆင်းတဲ့အရှင်ဟာ ငါအရှင်မြတ်ပဲဖြစ်တဲ့ အတွက် ငါအရှင် မြတ်ကိုပဲ ကိုးကွယ်ကြ ဆိုတဲ့အနေနဲ့ အမိန့်ရှိထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاَنَّهٗۤ اَهْلَكَ عَادَا ۨالْاُوْلٰى ﴿٥٠﴾

(၅၀) ထို့ပြင် အရှင်မြတ်ပင် ပထမအာဒ်အမျိုးသားများကို ဖျက်ဆီး တော်မူခဲ့သည်ဆိုသည်ကိုလည်းကောင်း (အသိပေးခြင်းမခံခဲ့ရသလော)၊

وَثَمُوْدَاۡ فَمَاۤ اَبْقٰى ﴿٥١﴾

(၅၁) ထို့ပြင် ဆမူဒ်အမျိုးသားများကိုလည်းကောင်း (ဖျက်ဆီးတော်မူ ခဲ့ပြီး) တစ်ယောက်မျှ ချန်မထားခဲ့ပေ။

وَقَوْمَ نُوْحٍ مِّنْ قَبْلُ ۭ اِنَّهُمْ كَانُوْا هُمْ اَظْلَمَ وَاَطْغٰى ﴿٥٢﴾

(၅၂) ထို့ပြင် (တမန်တော်)နူးဟ်၏ အမျိုးသားများကိုလည်းကောင်း ယခင်က (ဖျက်ဆီးတော်မူခဲ့သည်)။ အမှန်စင်စစ် ထိုသူများသည် ပို၍ မတရား ကျူးလွန်သူများ၊ ပို၍ဆိုးသွမ်းသူများဖြစ်ခဲ့ကြသည်။

وَالْمُؤْتَفِكَةَ اَهْوٰى ﴿٥٣﴾

(၅၃) ထို့ပြင် အရှင်မြတ်ကပင် အထက်အောက် ပြောင်းပြန်လှန်ထား သည့်ရွာကို ကိုင်ပေါက်တော်မူခဲ့သည်။

فَغَشّٰىهَا مَا غَشّٰى ﴿٥٤﴾

(၅၄) ထို့ပြင် ထိုရွာကို ဝိုင်းဝန်းဖုံးလွှမ်းခဲ့သည့်အရာသည် ဝိုင်းဝန်း ဖုံးလွှမ်းခဲ့သည်။

فَبِاَيِّ اٰلَاۤءِ رَبِّكَ تَتَمَارٰى ﴿٥٥﴾

(၅၅) သို့ဖြစ်ရာ အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မည်သည့်ကျေးဇူးများနှင့် ပတ်သက်၍ သံသယ ဖြစ်နေသနည်း။

هٰذَا نَذِيْرٌ مِّنَ النُّذُرِ الْاُوْلٰى ﴿٥٦﴾

(၅၆) ၎င်း(တမန်တော်)သည် ပထမဆုံး သတိပေးနှိုးဆော်သူများထဲ တွင် တစ်ဦးအပါအဝင်ဖြစ်သည်။

اَزِفَتِ الْاٰزِفَةُ ﴿٥٧﴾

(၅၇) နီးကပ်သည့်အရာသည် နီးကပ်လာခဲ့ပြီဖြစ်သည်။

لَيْسَ لَهَا مِنْ دُوْنِ اللّٰهِ كَاشِفَةٌ ۭ ﴿٥٨﴾

(၅၈) ထိုနီးကပ်သည့်အရာကို အလ္လာဟ်အရှင်မြတ်မှလွဲ၍ ဖယ်ရှား မည့်သူမရှိပေ။

اَفَمِنْ هٰذَا الْحَدِيْثِ تَعْجَبُوْنَ ﴿٥٩﴾

(၅၉) အသင်တို့သည် အဘယ်ကြောင့် ဤစကား(ကုရ်အာန်ကျမ်း)မှ အံ့သြနေကြသနည်း။

وَتَضْحَكُوْنَ وَلَا تَبْكُوْنَ ﴿٦٠﴾

(၆၀) ထို့ပြင် အသင်တို့သည် မငိုသည့်အပြင် ရယ်နေကြသလော။

وَاَنْتُمْ سٰمِدُوْنَ ﴿٦١﴾

(၆၁) အသင်တို့သည် ဂရုမစိုက်ဘဲ ကစားနေကြလျက်(ရယ်နေကြ သလော)။

فَاسْجُدُوْا لِلّٰهِ وَاعْبُدُوْا ۩ ﴿٦٢﴾ السجدة

**(၆၂) သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ရှေ့တော်တွင် စဂ်ျဒဟ်ဦးချကြပါ။ ထို့ပြင် အသင်တို့သည် (အရှင်မြတ်ကိုသာ)ကိုးကွယ်ကြပါ။❻**

❻ အခုအရှင်မြတ်အမိန့်ရှိခဲ့တဲ့ အကြောင်းအရာတွေဟာ စဉ်းစားပြီးတရားရယူနိုင်တဲ့အကြောင်းတွေချည်းပဲဖြစ်တဲ့အတွက် အသင်တို့ဟာ အရှင်မြတ်ရဲ့ရှေ့မှောက်မှာ ဦးချကြပါ၊ အဲဒီအရှင်မြတ်ကိုပဲ ကိုးကွယ်ကြပါလို့ ဆိုလိုတာဖြစ်တယ်။(မအာရိဖွလ်ကုရ်အာန်) ကိယာမသ်နီးကပ်လာနေပြီဖြစ်တဲ့အတွက် ရယ်မနေကြဘဲ ငိုနေရမှာဖြစ်ကြောင်းနဲ့ အရှင်မြတ်ကို ကြောက်ရွံ့ရိုသေလေးစားပြီး အရှင်မြတ်တစ်ပါးတည်းကိုပဲ စဂ်ျဒဟ်ဦးချကာ ကိုးကွယ်ကြရမှာဖြစ်ကြောင်း မိန့်ဆိုထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

==========

ركوعاتها٣ ٥٤ سُوْرَةُ الْقَمَرِ مَكِّيَّةٌ ٣٧ اٰياتها٥٥

## စူရဟ် ကမရ် (လမင်း ကဏ္ဍ) سُوْرَةُ الْقَمَرِ

==========

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اِقْتَرَبَتِ السَّاعَةُ وَانْشَقَّ الْقَمَرُ ﴿١﴾

(၁) ကိယာမသ်ရှင်ပြန်ထရမည့်အချိန်သည် နီးကပ်လာခဲ့ပြီဖြစ်သည်။ ထို့ပြင် လသည်လည်း (နှစ်ခြမ်း)ကွဲခဲ့ပြီဖြစ်သည်။❶

❶ ကာဖိရ်တွေက တမန်တော်မြတ် ﷺ ထံမှာ တန်ခိုးတော်တစ်ခုခုပြဖို့ တောင်းဆိုတဲ့အခါမှာ တမန်တော်မြတ် ﷺ က သူတို့ကို ကောင်းကင်ဘက်ကို ကြည့်ခိုင်းလိုက်ပြီး လက်ညှိုးညွှန်လိုက်တဲ့အခါ လဟာ နှစ်ခြမ်းကွဲသွားတာကို အားလုံးမြင်လိုက်ကြရတယ်။ တမန်တော်မြတ် ﷺ ဟာ လခွဲပြီးတန်ခိုးပြကာ ကိုယ်တော်ဟာ တမန်တော်ဖြစ်ကြောင်း သက်သေပြပြီးဖြစ်တဲ့အတွက် "ကိယာမသ်နီးပြီလို့ တမန်တော်မြတ် ﷺ ပြောတာလည်း" မှန်တယ်လို့ယုံကြည်ပြီး ကောင်းမှုပွားရုံပဲ ရှိတော့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِنْ يَّرَوْا اٰيَةً يُّعْرِضُوْا وَيَقُوْلُوْا سِحْرٌ مُّسْتَمِرٌّ ﴿٢﴾

(၂) ထို့ပြင် သူတို့သည် သက်သေလက္ခဏာ တစ်စုံတစ်ရာကို တွေ့မြင်ကြလျှင်လည်း ကျောခိုင်းသွားသည့်အပြင် (ဤသည်)ယခင်ကတည်းက ဆင်းသက်လာသော မှော်အတတ်ပညာပင် ဖြစ်သည်ဟု ပြောဆိုနေကြသည်။

وَكَذَّبُوْا وَاتَّبَعُوْٓا اَهْوَآءَهُمْ وَكُلُّ اَمْرٍ مُّسْتَقِرٌّ ﴿٣﴾

(၃) ထို့ပြင် သူတို့သည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြ၍ သူတို့၏ အလိုဆန္ဒများကိုသာ လိုက်နာခဲ့ကြသည်။ ထို့ပြင် အရေးကိစ္စတိုင်းသည်(အချိန်ကာလ သတ်မှတ်)ဆုံးဖြတ်ပြီး ဖြစ်သည်။

وَلَقَدْ جَآءَهُمْ مِّنَ الْاَنْۢبَآءِ مَا فِيْهِ مُزْدَجَرٌ ﴿٤﴾

(၄) ထို့ပြင် အမှန်စင်စစ် သူတို့ထံသို့ သင်ခန်းစာ အလုံအလောက်ပါရှိသော သတင်းများရောက်ရှိခဲ့ပြီဖြစ်သည်။

حِكْمَةٌۢ بَالِغَةٌ فَمَا تُغْنِ النُّذُرُ ﴿٥﴾

(၅) (ဤကျမ်းသည်) ပြည့်စုံသည့်ဉာဏ်ပညာများဖြစ်သည်။ ထို့နောက်လည်း သတိပေးနိုးဆော်သည့်အရာများသည် (ထိုသူများကို) အကျိုးရှိစေမည်

မဟုတ်ပေ။❶

❶ မျက်စိဖွင့်မိတ်ပြီး ငြင်းဆိုတဲ့သူတွေအတွက် ကုရ်အာန်ကျမ်းတော်မြတ်ဟာ ဘာမှ အသုံးမဝင်တော့ဘူး။ ကိယာမသ်နေ့မှာ ပြစ်ဒဏ်ကောင်းကောင်းခံဖို့အတွက် လျစ်လျူရှုထားရုံပဲ ရှိတော့တယ်။ (အလင်းပြကျမ်း)

فَتَوَلَّ عَنْهُمْ ۘ يَوْمَ يَدْعُ الدَّاعِ اِلٰى شَيْءٍ نُّكُرٍ ﴿٦﴾

(၆) သို့ဖြစ်ရာ အသင်(တမန်တော်)သည် သူတို့ဘက်မှ မျက်နှာလွှဲ၍နေပါ။ ထိုနေ့တွင် ဆင့်ခေါ်သူသည် မနှစ်မြို့ဖွယ်ကိစ္စဘက်သို့ ဆင့်ခေါ်လိမ့်မည်။

خُشَّعًا اَبْصَارُهُمْ يَخْرُجُوْنَ مِنَ الْاَجْدَاثِ كَاَنَّهُمْ جَرَادٌ مُّنْتَشِرٌ ﴿٧﴾

(၇) (ထိုနေ့တွင်) သူတို့၏မျက်စိများသည် အောက်သို့ စိုက်နေလိမ့်မည်။ သူတို့သည် ပြန့်ကြဲနေသော ကျိုင်းကောင်များကဲ့သို့ သင်္ချိုင်းမှ ထွက်လာကြမည်။

مُّهْطِعِيْنَ اِلَى الدَّاعِ ؕ يَقُوْلُ الْكٰفِرُوْنَ هٰذَا يَوْمٌ عَسِرٌ ﴿٨﴾

(၈) ဆင့်ခေါ်သူဘက်သို့ ပြေးလာနေသူများဖြစ်လျက်ရှိကြမည်။ ကာဖိရ်များကမူ "ဤနေ့သည် အလွန်ခက်ခဲသောနေ့ပင် ဖြစ်သည်"ဟု ပြောဆိုနေကြလိမ့်မည်။❷

❷ ကိုယ်ငြင်းပယ်ခဲ့တဲ့လုပ်ရပ်တွေရဲ့ အစားဟာ ဒီကနေ့ အလွန်ခက်ခဲလှပါတယ်လို့ ညည်းညူရလောက်အောင် အစားပေးခြင်းခံရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

كَذَّبَتْ قَبْلَهُمْ قَوْمُ نُوْحٍ فَكَذَّبُوْا عَبْدَنَا وَقَالُوْا مَجْنُوْنٌ وَّازْدُجِرَ ﴿٩﴾

(၉) သူတို့မတိုင်မီ (တမန်တော်)နူးဟ်၏အမျိုးသားများလည်း မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ ထို့နောက် သူတို့သည် ငါအရှင်မြတ်၏ ကျွန်(နူးဟ်)အား မဟုတ်မမှန်စွပ်စွဲငြင်းပယ်ပြီး အရူးဟု ပြောဆိုခဲ့ကြသည်။ ထို့ပြင် ၎င်း(နူးဟ်)သည် ခြိမ်းခြောက်မှုကိုလည်း ခံခဲ့ရသည်။

فَدَعَا رَبَّهٗٓ اَنِّيْ مَغْلُوْبٌ فَانْتَصِرْ ﴿١٠﴾

(၁၀) သို့ဖြစ်ရာ ၎င်းသည် ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် "အမှန်စင်စစ် ကျွန်ုပ်သည် အရေးရှုံးနိမ့်နေပြီဖြစ်ပါသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် တန်ပြန်အရေးယူတော်မူပါ(လက်စားချေတော်မူပါ)" ဟု ပန်ကြားခဲ့သည်။

فَفَتَحْنَآ اَبْوَابَ السَّمَآءِ بِمَآءٍ مُّنْهَمِرٍ ﴿١١﴾

(၁၁) သို့ဖြစ်ရာ ငါအရှင်မြတ်သည် မိုးကောင်းကင်၏တံခါးများကို ဖွင့်ပြီး မိုးသည်းထန်စွာ ရွာသွန်းစေတော်မူခဲ့သည်။

وَّفَجَّرْنَا الْاَرْضَ عُيُوْنًا فَالْتَقَى الْمَآءُ عَلٰٓى اَمْرٍ قَدْ قُدِرَ ﴿١٢﴾

(၁၂) ထို့ပြင် ငါအရှင်မြတ်သည် မြေပထဝီမှ စမ်းရေများကို ပန်းထွက်စေတော်မူခဲ့သည့်အတွက် (အပေါ်အောက်)ရေများသည် ကြိုတင်စီမံထားသောအရေးကိစ္စ(ဆောင်ရွက်ရန်)အတွက် ပူးပေါင်းသွားခဲ့သည်။

وَحَمَلْنٰهُ عَلٰى ذَاتِ اَلْوَاحٍ وَّدُسُرٍ ﴿١٣﴾

(၁၃) ထို့ပြင် ငါအရှင်မြတ်သည် ၎င်းကို ပျဉ်ချပ်များ၊ သံများဖြင့် ပြုလုပ်ထားသည့်အရာ(သင်္ဘော)ပေါ်သို့ စီးနင်းစေတော်မူခဲ့သည်။

تَجْرِيْ بِاَعْيُنِنَا ۚ جَزَآءً لِّمَنْ كَانَ كُفِرَ ﴿١٤﴾

(၁၄) ၎င်း(သင်္ဘော)သည် ငါအရှင်မြတ်၏ စောင့်ရှောက်မှုအောက်တွင် သွားလာလှုပ်ရှားနေခဲ့သည်။ (ယင်းသည်) ငြင်းပယ်ခြင်းခံရသည့်သူအတွက် တန်ပြန်အရေးယူတော်မူခြင်းဖြစ်သည်။

وَلَقَدْ تَّرَكْنٰهَآ اٰيَةً فَهَلْ مِنْ مُّدَّكِرٍ ﴿١٥﴾

(၁၅) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ၎င်း(အဖြစ်အပျက်)ကို (သင်ခန်းစာရယူနိုင်ရန်) သက်သေလက္ခဏာတစ်ခုအဖြစ် ချန်ထားတော်မူခဲ့သည်။ သို့ဖြစ်ရာ ကျက်မှတ်တရားရယူမည့်သူ တစ်ဦးတစ်ယောက်ရှိပါ၏လော။

فَكَيْفَ كَانَ عَذَابِيْ وَنُذُرِ ﴿١٦﴾

(၁၆) ထို့ပြင် ငါအရှင်မြတ်၏ပြစ်ဒဏ်နှင့် ငါအရှင်မြတ်၏သတိပေးနှိုးဆော်ချက်များသည် မည်သို့ရှိခဲ့သနည်း (ဆိုသည်ကို ဆင်ခြင်သုံးသပ်ကြပါ)။

وَلَقَدْ يَسَّرْنَا الْقُرْاٰنَ لِلذِّكْرِ فَهَلْ مِنْ مُّدَّكِرٍ ﴿١٧﴾

(၁၇) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူနိုင်ရန် လွယ်ကူအောင် လုပ်ပေးတော်မူခဲ့သည်။ သို့ဖြစ်ရာ ကျက်မှတ်တရားရယူမည့်သူ တစ်ဦးတစ်ယောက်ရှိပါ၏လော။

كَذَّبَتْ عَادٌ فَكَيْفَ كَانَ عَذَابِيْ وَنُذُرِ ﴿١٨﴾

(၁၈) အာဒ်အမျိုးသားများသည်လည်း မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် ငါအရှင်မြတ်၏ပြစ်ဒဏ်နှင့် ငါအရှင်မြတ်၏သတိပေးနှိုးဆော်ချက်များသည် မည်သို့ရှိခဲ့သနည်း (ဆိုသည်ကို ဆင်ခြင်သုံးသပ်ကြပါ)။

اِنَّآ اَرْسَلْنَا عَلَيْهِمْ رِيْحًا صَرْصَرًا فِيْ يَوْمِ نَحْسٍ مُّسْتَمِرٍّ ﴿١٩﴾

(၁၉) အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အပေါ်တွင် ရှည်လျားသောမင်္ဂလာကင်းမဲ့သည့်နေ့တွင် ပြင်းထန်သောလေမုန်တိုင်းကို စေလွှတ်တော်

မူခဲ့သည်။

تَنْزِعُ النَّاسَ ۙ كَاَنَّهُمْ اَعْجَازُ نَخْلٍ مُّنْقَعِرٍ ﴿٢٠﴾

(၂၀) ထိုမုန်တိုင်းသည် လူများကို ဆွဲနှုတ်ခဲ့သည့်အတွက် သူတို့သည် အမြစ်မှ ပြုတ်ထွက် ပြိုလဲခဲ့သော စွန်ပလွံပင်၏ ပင်မကြီးများကဲ့သို့ ဖြစ်သွားခဲ့ကြသည်။

فَكَيْفَ كَانَ عَذَابِيْ وَنُذُرِ ﴿٢١﴾

(၂၁) ထို့ပြင် ငါအရှင်မြတ်၏ပြစ်ဒဏ်နှင့် ငါအရှင်မြတ်၏သတိပေးနှိုးဆော်ချက်များသည် မည်သို့ရှိခဲ့သနည်း (ဆိုသည်ကို ဆင်ခြင်သုံးသပ်ကြပါ)။

وَلَقَدْ يَسَّرْنَا الْقُرْاٰنَ لِلذِّكْرِ فَهَلْ مِنْ مُّدَّكِرٍ ﴿٢٢﴾

(၂၂) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ်တရားရယူနိုင်ရန် လွယ်ကူအောင် လုပ်ပေးတော်မူခဲ့သည်။ သို့ဖြစ်ရာ ကျက်မှတ်တရားရယူမည့်သူ တစ်ဦးတစ်ယောက်ရှိပါ၏လော။

كَذَّبَتْ ثَمُوْدُ بِالنُّذُرِ ﴿٢٣﴾

(၂၃) ဆမူဒ်အမျိုးသားများသည်လည်း သတိပေးနှိုးဆော်သူများအား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။

فَقَالُوْٓا اَبَشَرًا مِّنَّا وَاحِدًا نَّتَّبِعُهٗٓ ۙ اِنَّآ اِذًا لَّفِيْ ضَلٰلٍ وَّسُعُرٍ ﴿٢٤﴾

(၂၄) ထို့ပြင် သူတို့က ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကဲ့သို့ လူသားတစ်ဦး၏နောက်သို့ လိုက်ကြရမည်လော။ ထိုသို့ဆိုလျှင် အမှန်စင်စစ် ကျွန်ုပ်တို့သည် လမ်းလွဲမှုနှင့် ရူးသွပ်မှုတွင် ကျရောက်သွားကြမည်ဖြစ်သည်ဟု ပြောဆိုကြသည်။

ءَاُلْقِيَ الذِّكْرُ عَلَيْهِ مِنْۢ بَيْنِنَا بَلْ هُوَ كَذَّابٌ اَشِرٌ ﴿٢٥﴾

(၂၅) ကျွန်ုပ်တို့ထဲမှ ၎င်း၏အပေါ်၌သာ ဝဟီအမိန့်တော်ကို ချပေးခြင်းခံရသလော။ ထိုသို့မဟုတ်ပေ၊ အမှန်စင်စစ် ၎င်းသည် အလွန်လိမ်လည်သူ၊ ဝင့်ကြွားသူဖြစ်သည်။

سَيَعْلَمُوْنَ غَدًا مَّنِ الْكَذَّابُ الْاَشِرُ ﴿٢٦﴾

(၂၆) သူတို့အနေဖြင့် မည်သူသည် အလွန်လိမ်လည်သူ၊ အလွန်ဝင့်ကြွားသူဖြစ်ကြောင်းကို မကြာမီ နက်ဖြန်၌ပင် သိရှိကြရမည်။

اِنَّا مُرْسِلُوا النَّاقَةِ فِتْنَةً لَّهُمْ فَارْتَقِبْهُمْ وَاصْطَبِرْ ﴿٢٧﴾

(၂၇) အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အား စမ်းသပ်တော်မူရန် ကုလားအုတ်မကို စေလွှတ်တော်မူမည်။ သို့ဖြစ်ရာ အသင်သည် သူတို့အား သည်းခံပြီးစောင့်ဆိုင်းနေပါ။

وَنَبِّئْهُمْ اَنَّ الْمَآءَ قِسْمَةٌۢ بَيْنَهُمْ ۚ كُلُّ شِرْبٍ مُّحْتَضَرٌ ﴿٢٨﴾

(၂၈) ထို့ပြင် အသင်သည် သူတို့အား သူတို့(၏တိရစ္ဆာန်များနှင့် ကုလားအုတ်မ)၏အကြား၌ (အလှည့်ကျသောက်သုံးရန်) ရေခွဲဝေထားသည့် အကြောင်း၊ အလှည့်ကျ လာရောက်သောက်ကြရမည့်အကြောင်း သတင်းပေး လိုက်ပါ။

فَنَادَوْا صَاحِبَهُمْ فَتَعَاطٰى فَعَقَرَ ﴿٢٩﴾

(၂၉) ထို့နောက် သူတို့သည် သူတို့၏အဖော်ကို ဟစ်ခေါ်ခဲ့သည်။ ထို့ ပြင် ထိုအဖော်သည် လာရောက်ပြီး ကုလားအုတ်မ၏ခြေများကို ဖြတ်တောက် (၍သတ်ဖြတ်)ခဲ့သည်။

فَكَيْفَ كَانَ عَذَابِيْ وَنُذُرِ ﴿٣٠﴾

(၃၀) ထို့နောက် ငါအရှင်မြတ်၏ပြစ်ဒဏ်နှင့် ငါအရှင်မြတ်၏သတိပေး နှိုးဆော်ချက်များသည် မည်သို့ရှိခဲ့သနည်း (ဆိုသည်ကို ဆင်ခြင်သုံးသပ်ကြပါ)။

اِنَّآ اَرْسَلْنَا عَلَيْهِمْ صَيْحَةً وَّاحِدَةً فَكَانُوْا كَهَشِيْمِ الْمُحْتَظِرِ ﴿٣١﴾

(၃၁) အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အပေါ်တွင် (ပြင်းထန် သော) အသံတစ်ခုကို စေလွှတ်တော်မူခဲ့သည်။ ထို့နောက် သူတို့သည် ကျွဲ နွား တိရစ္ဆာန်များ နေထိုင်ရန် ခြံခတ်သူ၏သွေ့ခြောက်ကြေမွနေသော သစ်ကိုင်း သစ်ခက်များကဲ့သို့ ဖြစ်သွားခဲ့ကြသည်။

وَلَقَدْ يَسَّرْنَا الْقُرْاٰنَ لِلذِّكْرِ فَهَلْ مِنْ مُّدَّكِرٍ ﴿٣٢﴾

(၃၂) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော် မြတ်ကို ကျက်မှတ်တရားရယူနိုင်ရန် လွယ်ကူအောင် လုပ်ပေးတော်မူခဲ့သည်။ သို့ဖြစ်ရာ ကျက်မှတ်တရားရယူမည့်သူ တစ်ဦးတစ်ယောက်ရှိပါ၏လော။

كَذَّبَتْ قَوْمُ لُوْطٍ بِالنُّذُرِ ﴿٣٣﴾

(၃၃) (တမန်တော်)လူသ်၏အမျိုးသားများသည်လည်း သတိပေးနှိုး ဆော်သူများအား မဟုတ်မမှန်ဟု စွပ်စွဲပြောဆိုငြင်းပယ်ခဲ့ကြသည်။

اِنَّآ اَرْسَلْنَا عَلَيْهِمْ حَاصِبًا اِلَّآ اٰلَ لُوْطٍ ۭ نَجَّيْنٰهُمْ بِسَحَرٍ ﴿٣٤﴾

(၃၄) အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အပေါ်တွင် ခဲမိုးကို ရွာ သွန်းစေတော်မူခဲ့သည်။ သို့ရာတွင် (တမန်တော်)လူသ်၏နောက်လိုက်တပည့် သား မျိုးနွယ်များကိုမူ ငါအရှင်မြတ်သည် ည၏နောက်ဆုံးပိုင်း၌ပင် ကယ်တင် တော်မူခဲ့သည်။

نِّعۡمَةً مِّنۡ عِنۡدِنَا ؕ كَذٰلِكَ نَجۡزِىۡ مَنۡ شَكَرَ ﴿٣٥﴾

(၃၅) ငါအရှင်မြတ်ထံတော်မှ ကျေးဇူးပြုတော်မူသည့်အနေဖြင့် ကျေးဇူး သိတတ်သူများအား ထိုသို့ပင် အစားပေးလေ့ရှိတော်မူသည်။

وَلَقَدۡ اَنۡذَرَهُمۡ بَطۡشَتَنَا فَتَمَارَوۡا بِالنُّذُرِ ﴿٣٦﴾

(၃၆) ထို့ပြင် အမှန်စင်စစ် ထို(တမန်တော်)လူသွ်က ငါအရှင်မြတ် ဖမ်းဆီးအရေးယူမည်ဆိုသည့်အကြောင်း သူတို့အား သတိပေးနှိုးဆော်ခဲ့သော် လည်း သူတို့သည် (ထို)သတိပေးနှိုးဆော်ချက်များနှင့်ပတ်သက်၍ အငြင်းအခုံ ပြုခဲ့ကြသည်။

وَلَقَدۡ رَاوَدُوۡهُ عَنۡ ضَيۡفِهٖ فَطَمَسۡنَاۤ اَعۡيُنَهُمۡ فَذُوۡقُوۡا عَذَابِىۡ وَنُذُرِ ﴿٣٧﴾

(၃၇) ထို့ပြင် အမှန်စင်စစ် သူတို့သည် ၎င်း၏ဧည့်သည်များကို ၎င်း၏ ထံတွင် (မကောင်းသည့်အကြံအစည်ဖြင့်)တောင်းဆိုခဲ့ကြသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့၏မျက်စိများအား ကန်းစေတော်မူခဲ့သည်။❶ ထို့ပြင် (သူတို့အား) အသင်တို့သည် ငါအရှင်မြတ်၏ပြစ်ဒဏ်နှင့် ငါအရှင်မြတ်၏ သတိ ပေးနှိုးဆော်မှုများ၏အရသာကို မြည်းစမ်းကြပါ(ဟုမိန့်ကြားတော်မူခဲ့သည်)။

❶ တမန်တော်လူသွ် عليه السلام ရဲ့အမျိုးသားတွေဟာ တမန်တော်လူးသွ် عليه السلام ကို သွေးဖည်ဆန့်ကျင်ခဲ့ကြတဲ့ အတွက် ပြစ်ဒဏ်သင့်ပြီး မျက်ကန်းတွေဖြစ်သွားခဲ့ကြတယ်။ ပြီးတော့ အရှင်မြတ်က သူတို့ရဲ့မြို့ရွာ ကို အထက်အောက်လှန်ပြီး ပစ်ချခဲ့တယ်။ ပြီးတော့ သူတို့အပေါ်မှာ ခဲမိုးရွာစေခဲ့တယ်။ ဒါပေမဲ့ တမန်တော်လူသွ် عليه السلام နဲ့ တမန်တော်လူသွ် عليه السلام ရဲ့နောက်လိုက်တွေကိုတော့ အရှင်မြတ်က ကယ် တင်တော်မူခဲ့တယ်။ (အလင်းပြကျမ်း)

وَلَقَدۡ صَبَّحَهُمۡ بُكۡرَةً عَذَابٌ مُّسۡتَقِرٌّ ﴿٣٨﴾

(၃၈) ထို့ပြင် အမှန်စင်စစ် အမြဲတည်မြဲနေမည့်ပြစ်ဒဏ်သည် သူတို့ တွင် နံနက်စောစောအချိန် သက်ရောက်ခဲ့သည်။

فَذُوۡقُوۡا عَذَابِىۡ وَنُذُرِ ﴿٣٩﴾

(၃၉) ထို့ပြင် ငါအရှင်မြတ်၏ပြစ်ဒဏ်နှင့် ငါအရှင်မြတ်၏သတိပေးနှိုး ဆော်ချက်များ၏အရသာကို မြည်းစမ်းကြပါ(ဟု မိန့်ကြားတော်မူခဲ့သည်)။

وَلَقَدۡ يَسَّرۡنَا الۡقُرۡاٰنَ لِلذِّكۡرِ فَهَلۡ مِنۡ مُّدَّكِرٍ ﴿٤٠﴾

(၄၀) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော် မြတ်ကို ကျက်မှတ်တရားရယူနိုင်ရန် လွယ်ကူအောင် လုပ်ပေးတော်မူခဲ့သည်။ သို့ဖြစ်ရာ ကျက်မှတ်တရားရယူမည့်သူ တစ်ဦးတစ်ယောက်ရှိပါ၏လော။

وَلَقَدۡ جَآءَ اٰلَ فِرۡعَوۡنَ النُّذُرُ ﴿٤١﴾

(၃၁) ထို့ပြင် အမှန်စင်စစ် ဖိရ်အောင်န်၏ ခြွေရံသင်းပင်းများထံသို့လည်း သတိပေးနှိုးဆော်ချက်များ ရောက်ရှိလာခဲ့သည်။

كَذَّبُوْا بِاٰيٰتِنَا كُلِّهَا فَاَخَذْنٰهُمْ اَخْذَ عَزِيْزٍ مُّقْتَدِرٍ ﴿٤٢﴾

(၄၂) သူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာအားလုံးကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူတို့အား တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသော၊ အလွန်တတ်စွမ်းနိုင်တော်မူသောအရှင်၏ ဖမ်းဆီးပုံမျိုးဖြင့် ဖမ်းဆီးအရေးယူတော်မူခဲ့သည်။

اَكُفَّارُكُمْ خَيْرٌ مِّنْ اُولٰٓئِكُمْ اَمْ لَكُمْ بَرَآءَةٌ فِى الزُّبُرِ ﴿٤٣﴾

(၄၃) အသင်တို့ခေတ်က ကာဖိရ်များသည် သူတို့ထက် ပိုကောင်းကြသလော၊ သို့မဟုတ် ကျမ်းဂန်များထဲတွင် အသင်တို့အတွက် လွတ်ငြိမ်းချမ်းသာခွင့်ရှိသည်ဟု ပါရှိသလော။

اَمْ يَقُوْلُوْنَ نَحْنُ جَمِيْعٌ مُّنْتَصِرٌ ﴿٤٤﴾

(၄၄) သို့မဟုတ် သူတို့က "ကျွန်ုပ်တို့အားလုံးသည် အောင်နိုင်မှုရရှိမည့်အုပ်စုဖြစ်သည်"ဟု ပြောဆိုကြသလော။

سَيُهْزَمُ الْجَمْعُ وَيُوَلُّوْنَ الدُّبُرَ ﴿٤٥﴾

(၄၅) ထိုအုပ်စုသည် မကြာမီ၌ပင် အရေးနိမ့်ပြီး ကျောခိုင်းထွက်ပြေးကြရလိမ့်မည်။

بَلِ السَّاعَةُ مَوْعِدُهُمْ وَالسَّاعَةُ اَدْهٰى وَاَمَرُّ ﴿٤٦﴾

(၄၆) အမှန်စင်စစ် ကိယာမသ်နေ့သည် သူတို့အား ချိန်းဆိုထားသည့်နေ့ပင်ဖြစ်သည်။ ထို့ပြင် ကိယာမသ်နေ့သည် ပိုပြင်းထန်သည့်အပြင် ပို၍နာကြည်းဖွယ်ဖြစ်သည်။

اِنَّ الْمُجْرِمِيْنَ فِىْ ضَلٰلٍ وَّسُعُرٍ ﴿٤٧﴾

(၄၇) အမှန်စင်စစ် အပြစ်ကျူးလွန်သူများသည် လမ်းလွဲမှုနှင့် ပင်ပန်းဒုက္ခရောက်မှု(ပြစ်ဒဏ်ထဲ)တွင် ရှိနေကြသည်။

يَوْمَ يُسْحَبُوْنَ فِى النَّارِ عَلٰى وُجُوْهِهِمْ ؕ ذُوْقُوْا مَسَّ سَقَرَ ﴿٤٨﴾

(၄၈) သူတို့သည် မှောက်လျက် ငရဲမီးထဲတွင် တရွတ်တိုက်ဆွဲချခြင်းခံကြရသည့်နေ့တွင် "အသင်တို့သည် ငရဲမီးထိရောက်ခြင်း၏အရသာကို မြည်းစမ်းကြပါ" (ဟု မိန့်ကြားခြင်းခံကြရမည်)။[၁]

[၁] သူတို့ဟာ သူတို့ကို ငရဲမီးထိတဲ့အခါမှာ သူတို့ မျက်စိမှိတ်ပြီး ဖွတ်မိုက်ခဲ့တာတွေဟာ မှားမှန်းသိ

ကြတော့မှာဖြစ်တယ်။ အဲဒီအချိန်ကျတော့မှ ဘာအသုံးဝင်တော့မလဲ။ (အလင်းပြကျမ်း)

إِنَّا كُلَّ شَيْءٍ خَلَقْنَاهُ بِقَدَرٍ ﴿٤٩﴾

(၄၉) အမှန်စင်စစ် ငါအရှင်မြတ်သည် အရာရာတိုင်းကို ချင့်ချိန်ပြီး ဖန်ဆင်းတော်မူခဲ့သည်။

وَمَا أَمْرُنَا إِلَّا وَاحِدَةٌ كَلَمْحٍ بِالْبَصَرِ ﴿٥٠﴾

(၅၀) ထို့ပြင် ငါအရှင်မြတ်၏အမိန့်တော်သည် တစ်ကြိမ်တည်း အမိန့်ပေးလိုက်သည်နှင့် မျက်စိတစ်မှိတ်အတွင်း ဖြစ်မြောက်သွားမည်။[၂]

[၂] နှစ်ကြိမ်တောင် အမိန့်ပေးစရာမလိုဘဲ အမိန့်တစ်ကြိမ်တည်းနဲ့ မျက်စိတစ်မှိတ်အတွင်းမှာ ဘာမဆိုဖြစ်လာအောင် လုပ်နိုင်တော်မူတဲ့အရှင်ဟာ ကိယာမသ်ကို ဘာမလုပ်ပေးနိုင်စရာအကြောင်း ရှိမလဲ။ (အလင်းပြကျမ်း)

وَلَقَدْ أَهْلَكْنَا أَشْيَاعَكُمْ فَهَلْ مِن مُّدَّكِرٍ ﴿٥١﴾

(၅၁) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့နှင့် အယူအဆတူသောသူများကို ဖမ်းဆီးကွပ်မျက်တော်မူခဲ့သည်။ သို့ဖြစ်ရာ တရားရယူသူ တစ်ဦးတစ်ယောက်ရှိပါ၏လော။[၃]

[၃] ကာဖိရ်တွေနဲ့ အယူဝါဒတူတဲ့ အုပ်စုတွေကို အရင်က အကြိမ်ကြိမ် ဖျက်ဆီးပစ်ခဲ့ပြီးဖြစ်တာတောင်မှ သူတို့ဟာ သတိတရားမရကြသေးဘူးလား။ (အလင်းပြကျမ်း)

وَكُلُّ شَيْءٍ فَعَلُوهُ فِي الزُّبُرِ ﴿٥٢﴾

(၅၂) ထို့ပြင် သူတို့ပြုလုပ်ခဲ့သမျှသည် မှတ်တမ်းများတွင်ရှိသည်။

وَكُلُّ صَغِيرٍ وَكَبِيرٍ مُّسْتَطَرٌ ﴿٥٣﴾

(၅၃) ထို့ပြင် အကြီးအသေးဟူသမျှသည် ရေးမှတ်ထားပြီးဖြစ်သည်။

إِنَّ الْمُتَّقِينَ فِي جَنَّاتٍ وَنَهَرٍ ﴿٥٤﴾

(၅၄) အမှန်စင်စစ် မုသ်သကီကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများသည် ဉယျာဉ်များနှင့် စမ်းချောင်းများတွင်ရှိကြမည်။

فِي مَقْعَدِ صِدْقٍ عِندَ مَلِيكٍ مُّقْتَدِرٍ ﴿٥٥﴾

(၅၅) (၎င်းမုသ်သကီများသည်) တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အရာရာကို စိုးပိုင်တော်မူသော ရှင်ဘုရင်အစစ်အမှန်၏ထံတွင် မြင့်မြတ်မှန်ကန်သည့်နေရာ၌ ရှိနေကြမည်။

رکوعاتها٣ ٥٥سُوْرَةُ الرَّحْمٰنِ مَكِّيَّةٌ٩٧ اٰياتها٧٨

## စူရဟ် ရဟ်မာန် (အနန္တကရုဏာတော်ရှင် ကဏ္ဍ) سُوْرَةُ الرَّحْمٰنِ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اَلرَّحْمٰنُ ﴿١﴾

(၁) ရဟ်မာန်အနန္တကရုဏာတော်ရှင်ပင်၊❻

❻ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့အစ ဗိစ္စမိလ္လာဟ်ထဲမှာလည်း ရဟ်မာန်နဲ့ပဲအစပြုခဲ့တယ်။ အခု ဒီစူရဟ်ရဲ့အစအာယသ်ဟာလည်း ရဟ်မာန်နဲ့ပဲ စခဲ့တယ်။ အဲဒီအကြောင်းကို ရှေ့မှာပဲ ဆက်လက် အမိန့်ရှိထားပါတယ်။ အရှင်မြတ်ဟာ ဘာကိုမှ ဖန်ဆင်းတော်မမူရသေးခင်ကတည်းက အနန္တ ကရုဏာတော်ရှင်ဖြစ်နေခဲ့တယ်။ အဲဒီသနားခြင်းကရုဏာတွေများလွန်းအားကြီးလွန်းလို့ အသနား ခံရမဲ့သူ အဖန်ဆင်းခံတွေကို ဖန်ဆင်းတော်မူလိုက်တာဖြစ်တယ်။ အဲဒီအဖန်ဆင်းခံတွေထဲက လူသားတွေကို ရွေးချယ်ပြီး သနားခြင်းကရုဏာ အစုလိုက်အပြုံလိုက်ဖြစ်တဲ့ ကုရ်အာန်ကျမ်းတော် မြတ်ကို သင်ကြားပို့ချပေးဖို့ ရည်ရွယ်ပြီး ဖန်ဆင်းတော်မူလိုက်တာဖြစ်တယ်။ ဒါ့ကြောင့် အကြီး ကျယ်ဆုံးကျေးဇူးတော်ဖြစ်တဲ့ ကုရ်အာန်သင်ပြပေးတာကို အရင်ဆုံး အမိန့်ရှိပြီး လူသားဖန်ဆင်း တာကို နောက်မှ အမိန့်ရှိထားတာဖြစ်တယ်။ (အကျယ်ကို မအာရိဖွလ်ကုရ်အာန်မှာ ကြည့်ပါ)

عَلَّمَ الْقُرْاٰنَ ﴿٢﴾

(၂) ကုရ်အာန်ကျမ်းတော်မြတ်ကို သင်ကြားပို့ချတော်မူခဲ့သည်။

خَلَقَ الْاِنْسَانَ ﴿٣﴾

(၃) အရှင်မြတ်သည် လူသားအား ဖန်ဆင်းတော်မူခဲ့သည်။

عَلَّمَهُ الْبَيَانَ ﴿٤﴾

(၄) အရှင်မြတ်သည်ပင် လူသားအား စကားရှင်းလင်းစွာပြောဆိုမှုကို သင်ပေးတော်မူခဲ့သည်။❼

❼ ကိုယ့်စိတ်ထဲကအရာကို သူတစ်ပါးကို အသိပေးနိုင်တဲ့နည်းစနစ်အဖြစ် စကားပြောခြင်းအတတ် ပညာကို အရှင်မြတ်က အရှင်မြတ်ရဲ့ကျေးဇူးတော်နဲ့ သင်ပေးတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

اَلشَّمْسُ وَالْقَمَرُ بِحُسْبَانٍ ﴿٥﴾

(၅) နေနှင့်လသည် အချိန်ဇယားဖြင့်(သွားလာနေကြသည်)ဖြစ်သည်။

وَّالنَّجْمُ وَالشَّجَرُ يَسْجُدَانِ ﴿٦﴾

(၆) ကြယ်များနှင့် သစ်ပင်များသည် အမိန့်နာခံဦးချလျက် ရှိကြသည်။

وَالسَّمَآءَ رَفَعَهَا وَوَضَعَ الْمِيْزَانَ ﴿٧﴾

(၇) မိုးကောင်းကင်ကို အရှင်မြတ်ကပင် မြင့်မားစေတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်ကပင် (မြေပထဝီတွင် တရားမျှတသည့်)ချိန်ခွင်ကို တီထွင်စီစဉ်ပေးတော်မူခဲ့သည်။

اَلَّا تَطْغَوْا فِي الْمِيْزَانِ ﴿٨﴾

(၈) အသင်တို့သည် ချိန်တွယ်ရာတွင် မတရားမပြုလုပ်ကြရန်အတွက် ဖြစ်သည်။

وَاَقِيْمُوا الْوَزْنَ بِالْقِسْطِ وَلَا تُخْسِرُوا الْمِيْزَانَ ﴿٩﴾

(၉) ထို့ပြင် အသင်တို့သည် မျှတစွာ ချိန်တွယ်မှုကို ဆောင်ရွက်ကြပါ။ ထို့ပြင် အလေးချိန်တွင် မလျှော့ကြ (မခိုးကြ)နှင့်။

وَالْاَرْضَ وَضَعَهَا لِلْاَنَامِ ﴿١٠﴾

(၁၀) ထို့ပြင် အရှင်မြတ်သည် မြေပထဝီကို အဖန်ဆင်းခံများ၏အကျိုးအတွက် ထားရှိတော်မူခဲ့သည်။

فِيْهَا فَاكِهَةٌ وَّالنَّخْلُ ذَاتُ الْاَكْمَامِ ﴿١١﴾

(၁၁) ၎င်း(မြေပထဝီ)တွင် သစ်သီးဝလံများ၊ အဖူး၊ အငုံ၊ အစွပ်များဖြင့် ဖုံးအုပ်ထားသော စွန်ပလွံပင်များ (ရှိသည်)၊

وَالْحَبُّ ذُو الْعَصْفِ وَالرَّيْحَانُ ﴿١٢﴾

(၁၂) ဖွဲနပါသော ကောက်ပဲသီးနှံများ၊ အရွက်ရှိသောအစေ့များ၊ မွှေးကြိုင်သည့်ပန်းများရှိကြသည်။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿١٣﴾

(၁၃) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။❻

❻ (ဒီစူရဟ်ထဲမှာ ဒီအာယသ်ဟာ ၃၁ ကြိမ်မိန့်ကြားထားတော်မူတယ်။) အရှင်မြတ်က ကျေးဇူးပြုထားတာတွေဖော်ပြပြီးတိုင်း အဲဒီထဲက ဘယ်ကျေးဇူးကို ငြင်းဦးမလဲလို့ မေးထားတာဖြစ်တယ်။ အရှင်မြတ်ရဲ့ဘယ်ကျေးဇူးကိုမှ ငြင်းစရာမရှိပါ။ အရှင့်ကို ကျေးဇူးတင်ပါတယ်။ (အလင်းပြကျမ်း)

خَلَقَ الْاِنْسَانَ مِنْ صَلْصَالٍ كَالْفَخَّارِ ﴿١٤﴾

(၁၄) အရှင်မြတ်သည် လူသားအား အိုးခြမ်းကွဲ(ပဲ့)ကဲ့သို့ အသံမြည်သော ရွှံ့ခြောက်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။

وَخَلَقَ الْجَآنَّ مِنْ مَّارِجٍ مِّنْ نَّارٍ ﴿١٥﴾

(၁၅) ထို့ပြင် အရှင်မြတ်သည် ဂျင်န်များအား မီးခိုးမရှိသောမီးတောက်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿١٦﴾

(၁၆) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

رَبُّ الْمَشْرِقَيْنِ وَرَبُّ الْمَغْرِبَيْنِ ﴿١٧﴾

(၁၇) (အရှင်မြတ်သည်ပင်) နေထွက်ရာအရပ်နှစ်ခု၏ဖန်ဆင်းရှင်နှင့် နေဝင်ရာအရပ်နှစ်ခု၏ဖန်ဆင်းရှင် ဖြစ်သည်။[၁]

[၁] နွေရာသီမှာ နေထွက်ရာနဲ့ နေဝင်ရာဟာ တစ်နေရာမှာဖြစ်ပြီး ဆောင်းရာသီမှာ နေထွက်ရာနဲ့ နေဝင်ရာဟာ တခြားတစ်နေရာမှာဖြစ်တယ်။ အဲဒါကြောင့် နေထွက်ရာ အရပ်နှစ်ခုနဲ့ နေဝင်ရာ အရပ်နှစ်ခုဖြစ်သွားခဲ့တယ်။ (အလင်းပြကျမ်း)

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿١٨﴾

(၁၈) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

مَرَجَ الْبَحْرَيْنِ يَلْتَقِيَانِ ﴿١٩﴾

(၁၉) အရှင်မြတ်ကပင် အချင်းချင်းဆုံသွားသော ပင်လယ်နှစ်ခုကို လွှတ်တော်မူခဲ့သည်။

بَيْنَهُمَا بَرْزَخٌ لَّا يَبْغِيَانِ ﴿٢٠﴾

(၂၀) ၎င်း(ပင်လယ်)နှစ်ခု၏ကြား၌ အကာအဆီးတစ်ခုရှိနေသည့်အတွက် သူတို့နှစ်ခုလုံးသည် နယ်မကျော်ကြပေ။[၂]

[၂] ပင်လယ်တွေ၊ မြစ်တွေကို ပေါင်းစပ်ထားပြီး တချို့နေရာတွေမှာ ရေကြောတွေအလိုက် အကာအရံလုပ်ပြီး ထားပေးတော်မူတယ်။ ရေပြင်နှစ်ခုဟာ ဆက်စပ်နေတယ်လို့ထင်ရပေမဲ့ အနံ့၊ အရသာ၊ အရောင်အဆင်း လုံးဝမတူပဲဖြစ်နေတယ်။ ဒါဟာ မမြင်ရတဲ့ အကာအဆီးကို အရှင်မြတ်က ဘောင်မကျော်အောင်ကန့်ပေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٢١﴾

(၂၁) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

يَخْرُجُ مِنْهُمَا اللُّؤْلُؤُ وَالْمَرْجَانُ ﴿٢٢﴾

(၂၂) ၎င်း(ပင်လယ်)နှစ်ခုမှ ပုလဲရတနာနှင့်သန္တာ ထွက်သည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٢٣﴾

(၂၃) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

وَلَهُ الْجَوَارِ الْمُنشَآتُ فِي الْبَحْرِ كَالْأَعْلَامِ ﴿٢٤﴾

(၂၄) ပင်လယ်တွင် တောင်များကဲ့သို့ရပ်တည်နေကြသော အထင်အရှားဖြစ်နေကြသော သင်္ဘောများသည်လည်း အရှင်မြတ်၏အုပ်ချုပ်မှုလက်အောက်၌ပင် ရှိကြသည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٢٥﴾

(၂၅) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

كُلُّ مَنْ عَلَيْهَا فَانٍ ﴿٢٦﴾

(၂၆) ၎င်း(မြေပထဝီ)ပေါ်တွင် ရှိသမျှသည် ပျက်စီးမည့်အရာများချည်းသာဖြစ်ကြသည်။

وَيَبْقَىٰ وَجْهُ رَبِّكَ ذُو الْجَلَالِ وَالْإِكْرَامِ ﴿٢٧﴾

(၂၇) ထို့နောက် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော၊ မြင့်မြတ်တော်မူသောတန်ခိုးတော်ရှင်ဖြစ်ပြီး ကျေးဇူးများစွာပြုတော်မူသောအရှင်မြတ်၏ မျက်နှာတော်(အရှင်မြတ်)တစ်ပါးတည်းပင် ကျန်ရှိတော်မူမည်ဖြစ်သည်။❶

❶ အရှင်မြတ်ရဲ့မျက်နှာတော်ဆိုတာ အရှင်မြတ်ကိုပဲ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٢٨﴾

(၂၈) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

يَسْأَلُهُ مَن فِي السَّمَاوَاتِ وَالْأَرْضِ ۚ كُلَّ يَوْمٍ هُوَ فِي شَأْنٍ ﴿٢٩﴾

(၂၉) မိုးကောင်းကင်များနှင့် မြေပထဝီတွင် ရှိသူများသည် အရှင်မြတ်ထံတော်၌သာ (သူတို့လိုလားသည်များကို) တောင်းခံကြသည်။ အရှင်မြတ်သည်

အရေးကိစ္စတစ်စုံတစ်ခုကို နေ့စဉ်ဆောင်ရွက်နေတော်မူသည်။❻

❻ အရှင်မြတ်တစ်ပါးတည်းပဲ ရှိတဲ့အတွက် အရှင်မြတ်ထံတော်ကပဲ လိုလားကြရတယ်။ အရှင်မြတ်ကလည်း လိုအပ်သလို ဖြည့်ဆည်းပေးလျက်ရှိတယ်။ (အလင်းပြကျမ်း)

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٣٠﴾

(၃၀) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

سَنَفْرُغُ لَكُمْ اَيُّهَ الثَّقَلٰنِ ﴿٣١﴾

(၃၁) အို-ဂျင်န်နှင့် လူသားအပေါင်းတို့၊ ငါအရှင်မြတ်သည် (အသင်တို့၏လုပ်ရပ်များနှင့်အညီ အစားပေးရန်) အသင်တို့ဘက်သို့ မကြာမီ လှည့်တော်မူမည်။❼

❼ ကိယာမသ်နေ့မှာ လူသားတွေဘက်လှည့်ပြီး ဆုံးဖြတ်တော်မူမှာကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٣٢﴾

(၃၂) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

يٰمَعْشَرَ الْجِنِّ وَ الْاِنْسِ اِنِ اسْتَطَعْتُمْ اَنْ تَنْفُذُوْا مِنْ اَقْطَارِ السَّمٰوٰتِ وَ الْاَرْضِ فَانْفُذُوْا ؕ لَا تَنْفُذُوْنَ اِلَّا بِسُلْطٰنٍ ﴿٣٣﴾

(၃၃) အို-ဂျင်န်နှင့် လူသားအပေါင်းတို့၊ အကယ်၍ အသင်တို့သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေ၏နယ်နိမိတ်များအတွင်းမှ ထွက်သွားနိုင်လျှင် ထွက်သွားကြပါ။ စွမ်းအားမရှိဘဲနှင့် အသင်တို့သည် ထွက်သွားနိုင်ကြမည် မဟုတ်ပေ။

فَبِاَيِّ اٰلَآءِ رَبِّكُمَا تُكَذِّبٰنِ ﴿٣٤﴾

(၃၄) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

يُرْسَلُ عَلَيْكُمَا شُوَاظٌ مِّنْ نَّارٍ ۙ وَّ نُحَاسٌ فَلَا تَنْتَصِرٰنِ ﴿٣٥﴾

(၃၅) အသင်တို့(အုပ်စု)နှစ်ခုအပေါ်တွင် မီးခိုးမပါသော မီးတောက်နှင့် (မီးတောက်မပါသည့်) မီးခိုးများ စေလွှတ်ခြင်းခံရမည်။ သို့ဖြစ်ရာ အသင်တို့

သည် ဖယ်ရှားနိုင်ကြမည်မဟုတ်ပေ။❻

❻ ကိယာမသ်နေ့မှာ အပြစ်ရှိတဲ့သူတွေအပေါ်မှာ စေလွှတ်မှာဖြစ်တယ်။ (အလင်းပြကျမ်း)

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٣٦﴾

(၃၆) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူး တော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

فَإِذَا انشَقَّتِ السَّمَاءُ فَكَانَتْ وَرْدَةً كَالدِّهَانِ ﴿٣٧﴾

(၃၇) ထို့ပြင် တစ်ချိန်တွင် မိုးကောင်းကင်သည် အက်ကွဲပြီး နီရဲနေ သည့်သားရေကဲ့သို့ နီရဲလာမည်။❼

❼ ဂျဟန္နမ်ငရဲမီးရဲ့အပူရှိန်ပြင်းထန်မှုကြောင့် မိုးကောင်းကင်ဟာ အက်ကွဲလာပြီး မိုးကောင်းကင် ရဲ့အတွင်းသားတွေဟာ အရည်ပျော်ကာ သားရေအတွင်းသား နီရဲနေသလို နီရဲနေမှာကို တွေ့မြင် ရမှာဖြစ်တယ်။ (အလင်းပြကျမ်း၊ ကုရ်သွုဗီ)

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٣٨﴾

(၃၈) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူး တော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

فَيَوْمَئِذٍ لَّا يُسْأَلُ عَن ذَنبِهِ إِنسٌ وَلَا جَانٌّ ﴿٣٩﴾

(၃၉) ထို့ပြင် ထိုနေ့တွင် မည်သည့်လူဖြစ်စေ၊ မည်သည့်ဂျင်န်ဖြစ်စေ (သူကျူးလွန်ခဲ့သော အပြစ်များကို အရှင်မြတ်သိတော်မူပြီးဖြစ်သည့်အတွက်) သူ၏အပြစ်များနှင့်ပတ်သက်၍ မေးမြန်းခံရမည် မဟုတ်တော့ပေ။❶

❶ သူတို့အပြစ်ကျူးလွန်ခဲ့တာတွေကို အရှင်မြတ်သိတော်မူတဲ့အပြင် မှတ်တမ်းလည်းရေးထားပြီး သက်သေတွေလည်း ရှိတဲ့အတွက် ဒီအပြစ်တွေကို အသင်တို့ဟာ ကျူးလွန်ခဲ့ကြလား၊ မကျူးလွန် ခဲ့ကြဘူးလားလို့ သူတို့ကို မေးနေစရာမလိုတော့တဲ့အတွက် အမေးမခံရတော့တာဖြစ်တယ်။ (အလင်းပြကျမ်း)

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٤٠﴾

(၄၀) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူး တော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

يُعْرَفُ الْمُجْرِمُونَ بِسِيمَاهُمْ فَيُؤْخَذُ بِالنَّوَاصِي وَالْأَقْدَامِ ﴿٤١﴾

(၄၁) အပြစ်ရှိသူများသည် သူတို့၏ရုပ်ရည်သွင်ပြင်နှင့်သာ သိရှိခြင်းခံ ကြရမည်။ ထို့ပြင် သူတို့သည် ဦးထိပ်များနှင့် ခြေများကို ဆွဲကိုင်ဖမ်းဆီးခြင်းကို

ခံကြရမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٤٢﴾

(၄၂) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

هَٰذِهِ جَهَنَّمُ الَّتِي يُكَذِّبُ بِهَا الْمُجْرِمُونَ ﴿٤٣﴾

(၄၃) ဤသည် အပြစ်ရှိသူများက မဟုတ်မမှန်ဟု ငြင်းပယ်နေခဲ့ကြသော ဂျဟန္နမ်ငရဲပင် ဖြစ်သည်။

يَطُوفُونَ بَيْنَهَا وَبَيْنَ حَمِيمٍ آنٍ ﴿٤٤﴾

(၄၄) ထိုအပြစ်ရှိသူများသည် ထိုဂျဟန္နမ်ငရဲနှင့် ပွက်ပွက်ဆူနေသော ရေနွေးပူ၏အကြားတွင် လှည့်ပတ်နေကြရမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٤٥﴾

(၄၅) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

وَلِمَنْ خَافَ مَقَامَ رَبِّهِ جَنَّتَانِ ﴿٤٦﴾

(၄၆) ထို့ပြင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ရှေ့တော်တွင် မတ်တတ်ရပ်ရန် စိုးရိမ်သည့်သူများအတွက်မူ ဥယျာဉ်နှစ်ခုရှိမည်။[J]

[J] "ငါဟာ အပြစ်တွေလုပ်နေရင် အရှင်မြတ်ရဲ့ရှေ့မှာ ဘယ်လိုရပ်ပြီး အဖြေပေးရမလဲ" လို့ စဉ်းစားပြီး ကြောက်ရွံ့ကာ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ခဲ့ကြတဲ့သူတွေဟာ ဂျန္နသ် တစ်ခုတောင်မဟုတ်ဘူး၊ နှစ်ခုရမယ်။ (အလင်းပြကျမ်း)

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٤٧﴾

(၄၇) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

ذَوَاتَا أَفْنَانٍ ﴿٤٨﴾

(၄၈) အကိုင်းအလက်များ ပေါ်များဝေဆာနေသည့်(ဥယျာဉ်နှစ်ခုဖြစ်သည်)။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٤٩﴾

(၄၉) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည်

အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူး တော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

فِيهِمَا عَيْنَانِ تَجْرِيَانِ ﴿٥٠﴾

(၅၀) ထို(ဥယျာဉ်)နှစ်ခုလုံးတွင် စမ်းချောင်းနှစ်ခုသည် စီးဆင်းနေ လိမ့်မည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٥١﴾

(၅၁) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူး တော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

فِيهِمَا مِن كُلِّ فَاكِهَةٍ زَوْجَانِ ﴿٥٢﴾

(၅၂) ထို(ဥယျာဉ်)နှစ်ခုလုံးတွင် သစ်သီးတိုင်းသည် နှစ်မျိုးနှစ်စားစီ ရှိကြမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٥٣﴾

(၅၃) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူး တော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

مُتَّكِئِينَ عَلَىٰ فُرُشٍ بَطَائِنُهَا مِنْ إِسْتَبْرَقٍ ۚ وَجَنَى الْجَنَّتَيْنِ دَانٍ ﴿٥٤﴾

(၅၄) (သူတို့သည်) ရွှေခြည်များနှင့် ပန်းထိုးထားသော ပိုးဖဲအတွင်းခံ မွေ့ရာများပေါ်တွင်(ထိုင်ပြီး မှီအုံးများကို)မှီနေလျက်ရှိကြမည်။ ထို့ပြင် ဥယျာဉ် နှစ်ခုလုံး၏အသီးများသည်လည်း နီးကပ်စွာပင် ရှိကြမည်။❷

❷ ထရင်း၊ ထိုင်ရင်း၊ လဲလျောင်းရင်း လက်နဲ့ဆွတ်ခူးဖို့ ရွယ်လိုက်တာနဲ့ ညွတ်ကိုင်းလာပြီး လှမ်း ဆွတ်လိုက်လို့ရသွားမှာဖြစ်တယ်။ (အလင်းပြကျမ်း)

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٥٥﴾

(၅၅) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူး တော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

فِيهِنَّ قَاصِرَاتُ الطَّرْفِ لَمْ يَطْمِثْهُنَّ إِنسٌ قَبْلَهُمْ وَلَا جَانٌّ ﴿٥٦﴾

(၅၆) ထိုအထဲတွင် မျက်စိကို အောက်နှိမ့်ချသော မိန်းမပျိုများလည်း ရှိကြမည်။ သူတို့မတိုင်မီ မည်သည့်လူသားနှင့် ဂျင်န်ကမှ ထိတွေ့ခဲ့ဖူးသည် မရှိပေ။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٥٧﴾

(၅၇) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

كَأَنَّهُنَّ الْيَاقُوتُ وَالْمَرْجَانُ ﴿٥٨﴾

(၅၈) ၎င်း(မိန်းမပျို)တို့သည် ပတ္တမြားကဲ့သို့(ကြည်ပြီး)၊ သန္တာကျောက်ကဲ့သို့(ဖြူဖွေးလှပနေကြမည်)။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٥٩﴾

(၅၉) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

هَلْ جَزَاءُ الْإِحْسَانِ إِلَّا الْإِحْسَانُ ﴿٦٠﴾

(၆၀) ကောင်းကျိုးပြုခြင်း၏ အစားသည် ကောင်းကျိုးပြုခြင်းမှလွဲ၍ အခြားမည်သည့်အရာ ရှိဦးမည်နည်း။❻

❻ ဒီဘဝမှာ အရှင်မြတ်မြင်နေတယ်ဆိုပြီး ကောင်းကောင်းပြုလုပ်ခဲ့တဲ့အစားကို ကောင်းကောင်းပဲ တမလွန်ဘဝမှာ ပေးဆပ်ခံရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٦١﴾

(၆၁) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

وَمِن دُونِهِمَا جَنَّتَانِ ﴿٦٢﴾

(၆၂) ထို့ပြင် ထို(ဥယျာဉ်)နှစ်ခုအပြင် နောက်ထပ် ဥယျာဉ်နှစ်ခုရှိသေးသည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٦٣﴾

(၆၃) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

مُدْهَامَّتَانِ ﴿٦٤﴾

(၆၄) ထို(ဥယျာဉ်)နှစ်ခုလုံးသည် အစိမ်းရင့်ပြီး အနက်ဘက်ယိမ်းသည့်

အရောင်ဖြစ်သည်။

فَبِاَيِّ اٰلَاۤءِ رَبِّكُمَا تُكَذِّبٰنِ ﴿٦٥﴾

(၆၅) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

فِيْهِمَا عَيْنٰنِ نَضَّاخَتٰنِ ﴿٦٦﴾

(၆၆) ထို(ဥယျာဉ်)နှစ်ခုတွင် ပန်းထွက်နေသော စမ်းချောင်းနှစ်ခု ရှိလိမ့်မည်။

فَبِاَيِّ اٰلَاۤءِ رَبِّكُمَا تُكَذِّبٰنِ ﴿٦٧﴾

(၆၇) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

فِيْهِمَا فَاكِهَةٌ وَّنَخْلٌ وَّرُمَّانٌ ﴿٦٨﴾

(၆၈) ထို(ဥယျာဉ်)နှစ်ခုတွင် သစ်သီးဝလံ(များ)၊ စွန်ပလွံပင်(များ)နှင့် သလဲသီး(များ) ရှိကြမည်။

فَبِاَيِّ اٰلَاۤءِ رَبِّكُمَا تُكَذِّبٰنِ ﴿٦٩﴾

(၆၉) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

فِيْهِنَّ خَيْرٰتٌ حِسَانٌ ﴿٧٠﴾

(၇၀) ထိုအထဲတွင် စာရိတ္တကောင်းသော ရုပ်ရည်ချောမောလှပသည့် မိန်းမပျိုများရှိကြမည်။

فَبِاَيِّ اٰلَاۤءِ رَبِّكُمَا تُكَذِّبٰنِ ﴿٧١﴾

(၇၁) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

حُوْرٌ مَّقْصُوْرٰتٌ فِى الْخِيَامِ ﴿٧٢﴾

(၇၂) မဏ္ဍပ်များထဲတွင် ထိန်းသိမ်းထားသော အလွန်ဖြူဖွေးပြီး လှပသော မိန်းမပျိုများရှိကြမည်။

فَبِاَيِّ اٰلَاۤءِ رَبِّكُمَا تُكَذِّبٰنِ ﴿٧٣﴾

(၇၃) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

لَمْ يَطْمِثْهُنَّ إِنْسٌ قَبْلَهُمْ وَلَا جَانٌّ ﴿٧٤﴾

(၇၄) သူတို့မတိုင်မီ ထိုမိန်းမပျိုများအား မည်သည့်လူသားနှင့် ဂျင်န်ကမျှ ထိတွေ့ခဲ့ဖူးခြင်း မရှိပေ။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٧٥﴾

(၇၅) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

مُتَّكِئِينَ عَلَىٰ رَفْرَفٍ خُضْرٍ وَعَبْقَرِيٍّ حِسَانٍ ﴿٧٦﴾

(၇၆) (သူတို့သည်) အစိမ်းရောင်ကော်ဇောများနှင့် အလွန်အံ့သြဖွယ်ကောင်းသော အခင်းအကျင်းများပေါ်တွင် (မှီအုံးများဖြင့်)မှီနေလျက်ရှိကြမည်။

فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ﴿٧٧﴾

(၇၇) ထို့နောက် (အို-ဂျင်န်နှင့် လူသားအပေါင်းတို့)၊ အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ မည်သည့်ကျေးဇူးတော်များကို မဟုတ်မမှန်ဟု ငြင်းပယ်ကြဦးမည်နည်း။

تَبَارَكَ اسْمُ رَبِّكَ ذِي الْجَلَالِ وَالْإِكْرَامِ ﴿٧٨﴾

(၇၈) အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ မြင့်မြတ်တော်မူသောတန်ခိုးတော်ရှင်ဖြစ်ပြီး ကျေးဇူးများစွာပြုတော်မူသောအရှင်၏နာမတော်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပေသည်။❶

❶ အရှင်မြတ်ဟာ ဒီစူရဟ်ကို اَلرَّحْمٰنُ ဆိုပြီး အလွန်သနားကြင်နာတော်မူတဲ့အရှင်အဖြစ်နဲ့ အစပြုပြီး ذُوالْاِكْرَامِ အလွန်ကျေးဇူးပြုတော်မူတဲ့အရှင်အဖြစ်နဲ့ အဆုံးသတ်ထားတော်မူတယ်။ ဒါကိုကြည့်လိုက်ရင်ပဲ အရှင်မြတ်သနားလို့ ကုရ်အာန်နဲ့ လမ်းမှန်ပြပေးပြီး ကျေးဇူးပြုတော်မူလိုက်တာဆိုတာကို ကွက်ကွက်ကွင်းကွင်း မြင်ရမှာဖြစ်တယ်။ ဒါဆိုရင် လူသားအလုပ်ဘာရှိတော့လဲ။ ကျေးဇူးတင်ရုံပဲ ကျန်တော့တာမဟုတ်လား။ (ဟာရှီယဟ် ဂျလာလိုင်န်၊ ဗဂ်ဝီ)

ركوعاتها٣ ٥٦ سُوْرَةُ الْوَاقِعَةِ مَكِّيَّةٌ ٤٦ اٰياتها٩٦

## سُوْرَةُ الْوَاقِعَةِ စူရတ် ဝါကိအာ (အဖြစ်အပျက် ကဏ္ဍ)

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اِذَا وَقَعَتِ الۡوَاقِعَۃُ ۙ﴿۱﴾

(၁) အဖြစ်အပျက်(ကိယာမသ်နေ့)သည် ဖြစ်ပျက်ခဲ့သည့်အခါတွင်။

لَیۡسَ لِوَقۡعَتِہَا کَاذِبَۃٌ ۘ﴿۲﴾

(၂) ထိုအဖြစ်အပျက် ဖြစ်ပျက်မည့်အချိန်သည် လိမ်လည်မှုမဟုတ်ပေ။

خَافِضَۃٌ رَّافِعَۃٌ ۙ﴿۳﴾

(၃) (ထိုကိယာမသ်သည် အချို့ကို)နှိမ့်ချလိုက်လိမ့်မည်၊ (အချို့ကို) မြှင့်တင်လိုက်လိမ့်မည်။❶

❶ လောကမှာ မာနထောင်ခဲ့တဲ့သူတွေကို နှိမ့်ချလိုက်ပြီး ကျိုးနွံခဲ့တဲ့သူတွေကို မြှင့်တင်လိုက်မှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

اِذَا رُجَّتِ الۡاَرۡضُ رَجًّا ۙ﴿۴﴾

(၄) ကမ္ဘာမြေသည် အပြင်းအထန်လှုပ်ခြင်းခံရသည့်အခါတွင်၊

وَّ بُسَّتِ الۡجِبَالُ بَسًّا ۙ﴿۵﴾

(၅) ထို့ပြင် တောင်များသည် ကြေညက်အောင် ချေမွခံကြရသည့်အခါတွင်၊

فَکَانَتۡ ہَبَآءً مُّنۡۢبَثًّا ۙ﴿۶﴾

(၆) ၎င်း(တောင်များ)သည် ဖြန့်ကြဲထားသော မြူမှုန့်များ ဖြစ်သွားမည်။

وَّ کُنۡتُمۡ اَزۡوَاجًا ثَلٰثَۃً ؕ﴿۷﴾

(၇) ထို့ပြင် အသင်တို့သည် အတန်းအစားသုံးမျိုးဖြစ်သွားကြမည်။❷

❷ လူတန်းစားသုံးမျိုးမှာ - (၁) အရှင်မြတ်အနားမှာ အနီးကပ်ဆုံးနေရာရထားသူတွေ။ (၂) သာမန်မွတ်စ်လင်မ်တွေ။ (၃) ကာဖိရ်တွေ ဖြစ်တယ်။ (အလင်းပြကျမ်း)

فَاَصۡحٰبُ الۡمَیۡمَنَۃِ ۬ۙ مَاۤ اَصۡحٰبُ الۡمَیۡمَنَۃِ ؕ﴿۸﴾

(၈) မည်သို့ပင်ဖြစ်စေ၊ လက်ယာဘက်သားများကမူ၊ လက်ယာဘက်သားများဆိုသည်မှာ အဘယ်နည်း၊ (သူတို့၏အဆင့်များသည် အဘယ်မျှ မြင့်

လိုက်မည်နည်း။)

وَاَصۡحٰبُ الۡمَشۡـَٔمَةِ ۙ مَاۤ اَصۡحٰبُ الۡمَشۡـَٔمَةِ ؕ ﴿٩﴾

(၉) ထို့ပြင် လက်ဝဲဘက်သားများကမူ၊ လက်ဝဲဘက်သားများဆိုသည်မှာ အဘယ်နည်း၊ (သူတို့၏ အဆင့်များသည် အဘယ်မျှ နိမ့်ကျလိုက်မည်နည်း။)

وَالسّٰبِقُوۡنَ السّٰبِقُوۡنَ ۚ ﴿١٠﴾

(၁၀) ထို့ပြင် ရှေ့ဆုံးရောက်သည့်သူများသည် ရှေ့ဆုံးကပင်ဖြစ်ကြသည်။

اُولٰٓـئِكَ الۡمُقَرَّبُوۡنَ ۚ ﴿١١﴾

(၁၁) ထိုသူများသည် (အရှင်မြတ်၏အပါးတော်တွင်) အနီးကပ်ဆုံးသူများပင် ဖြစ်ကြသည်။❻

❻ ကောင်းမှုဟူသမျှကို ရှေ့ဆုံးကပြေးပြီး ပြုလုပ်ခဲ့တဲ့သူတွေဖြစ်တဲ့အတွက် ရှေ့ဆုံးမှအရှင်မြတ်နားမှာ နေရတာဖြစ်တယ်။ (အလင်းပြကျမ်း)

فِىۡ جَنّٰتِ النَّعِيۡمِ ﴿١٢﴾

(၁၂) (သူတို့သည်) တည်မြဲသည့်စည်းစိမ်ဖြင့် ပြည့်စုံသောဥယျာဉ်များတွင် ရှိကြမည်။

ثُلَّةٌ مِّنَ الۡاَوَّلِيۡنَ ۙ ﴿١٣﴾

(၁၃) (ထိုအထဲတွင်) ပထမလူများထဲမှ များပြားသည့်အုပ်စုကြီးတစ်ခု ရှိမည်။

وَقَلِيۡلٌ مِّنَ الۡاٰخِرِيۡنَ ؕ ﴿١٤﴾

(၁၄) ထို့ပြင် နောက်လူများထဲမှ အနည်းငယ်ရှိကြမည်။

عَلٰى سُرُرٍ مَّوۡضُوۡنَةٍ ۙ ﴿١٥﴾

(၁၅) (သူတို့သည်) ကျောက်သံပတ္တမြား စီမြှုပ်ထားသော မြင့်မားသော ထိုင်ခုံများအပေါ်တွင်၊

مُّتَّكِـِٕيۡنَ عَلَيۡهَا مُتَقٰبِلِيۡنَ ﴿١٦﴾

(၁၆) (မှီအုံးများကို)မှီပြီး မျက်နှာချင်းဆိုင် ထိုင်လျက်ရှိကြမည်။

يَطُوۡفُ عَلَيۡهِمۡ وِلۡدَانٌ مُّخَلَّدُوۡنَ ۙ ﴿١٧﴾

(၁၇) အသက်မသေဘဲ အမြဲနုနေမည့် လူငယ်များသည် သူတို့ထံတွင် လှည့်ပတ်သွားလာနေကြမည်။

بِاَكۡوَابٍ وَّاَبَارِيۡقَ ۙ وَكَاۡسٍ مِّنۡ مَّعِيۡنٍ ۙ ﴿١٨﴾

(၁၈) သောက်ရေဖလားများ၊ ရေတကောင်းများနှင့် စီးတွေသည့်အရက် ပြည့်လျှံနေသော ခွက်များကို ယူဆောင်ပြီး(ပေးကြမည်)။

لَّا يُصَدَّعُوۡنَ عَنۡهَا وَلَا يُنۡزِفُوۡنَ ۙ ﴿١٩﴾

(၁၉) သူတို့သည် ထိုအရက်ကြောင့် ခေါင်းခဲမူးဝေခြင်းလည်း ခံစားရမည်မဟုတ်ပေ။ သတိလစ်ကြမည်လည်း မဟုတ်ပေ။❶

❶ လောကမှာရှိတဲ့ အရက်လိုမျိုးမဟုတ်ဘူး။ صُدَاعٌ ဆိုတာ အရက်ကြောင့် ခေါင်းမူးဝေခြင်းနဲ့ إِنْزَافٌ ဆိုတာ သတိလစ်ခြင်း၊ အသိတရားပျောက်ခြင်းကို ခေါ်တယ်။ ဒီနှစ်ခုဟာ လောကရဲ့အရက်ထဲမှာရှိပြီး တမလွန်ဘဝရဲ့အရက်ထဲမှာ အဲဒါတွေမရှိဘဲ ပျော်ရွှင်မှုနဲ့ အရသာအပြည့်ရှိတဲ့အရက်ပဲ ဖြစ်မယ်။ (အလင်းပြကျမ်း)

وَفَاكِهَةٍ مِّمَّا يَتَخَيَّرُونَ ﴿٢٠﴾

(၂၀) ထို့ပြင် သူတို့နှစ်သက်သော သစ်သီးဝလံ(များ)ကို (ယူဆောင်ပေးကြမည်)။

وَلَحْمِ طَيْرٍ مِّمَّا يَشْتَهُونَ ﴿٢١﴾

(၂၁) ထို့ပြင် သူတို့နှစ်သက်ကြသော ငှက်သားများကို(လည်း ယူဆောင်ပေးကြမည်)။

وَحُورٌ عِينٌ ﴿٢٢﴾

(၂၂) ထို့ပြင် (သူတို့အတွက်) အလွန်ဖြူချောပြီး မျက်ဝန်းကျယ်သော မိန်းမပျိုများလည်း ရှိကြမည်။

كَأَمْثَالِ اللُّؤْلُؤِ الْمَكْنُونِ ﴿٢٣﴾

(၂၃) လျှို့ဝှက်သိမ်းဆည်းထားသော ပုလဲလုံး(များ)ကဲ့သို့ဖြစ်သည်။

جَزَاءً بِمَا كَانُوا يَعْمَلُونَ ﴿٢٤﴾

(၂၄) (ဤသည်) သူတို့ ပြုလုပ်ခဲ့ကြသော(ကောင်းမြတ်သည့်)လုပ်ရပ်များ၏အစားပေးတော်မူခြင်းဖြစ်သည်။

لَا يَسْمَعُونَ فِيهَا لَغْوًا وَلَا تَأْثِيمًا ﴿٢٥﴾

(၂၅) သူတို့သည် ထိုဥယျာဉ်များတွင် အလဟဿစကားရော၊ အပြစ်ဖြစ်စေသည့်စကားပါ တစ်ခွန်းမျှ ကြားရမည်မဟုတ်ပေ။

إِلَّا قِيلًا سَلَامًا سَلَامًا ﴿٢٦﴾

(၂၆) စလာမ် စလာမ် ငြိမ်းချမ်းသာယာပါစေ၊ ငြိမ်းချမ်းသာယာပါစေဟု ပြောသည်ကိုသာ (ကြားကြရမည် ဖြစ်သည်)။

وَأَصْحَابُ الْيَمِينِ مَا أَصْحَابُ الْيَمِينِ ﴿٢٧﴾

(၂၇) ထို့ပြင် လက်ယာဘက်သားများ၊ ထိုလက်ယာဘက်သားများသည် အဘယ်နည်း၊ (သူတို့၏အဆင့်များသည် အဘယ်မျှ မြင့်လိုက်မည်နည်း)။

فِي سِدْرٍ مَّخْضُودٍ ﴿٢٨﴾

(၂၈) (သူတို့သည်) ဆူးမရှိသော ဆီးပင်အနီးတွင် ရှိကြမည်။

وَّطَلۡحٍ مَّنۡضُوۡدٍ ﴿٢٩﴾

(၂၉) ထို့ပြင် အခိုင်လိုက်သီးသော ငှက်ပျောပင်များအနီးတွင် ရှိကြမည်။

وَّظِلٍّ مَّمۡدُوۡدٍ ﴿٣٠﴾

(၃၀) ထို့ပြင် ကျယ်ဝန်းသောအရိပ်များတွင် ရှိကြမည်။

وَّمَآءٍ مَّسۡكُوۡبٍ ﴿٣١﴾

(၃၁) ထို့ပြင် အမြဲစီးဆင်းနေသော ရေအနီးတွင် ရှိကြမည်။

وَّفَاكِهَةٍ كَثِيۡرَةٍ ﴿٣٢﴾

(၃၂) ထို့ပြင် သစ်သီးဝလံ အမြောက်အမြားရှိသည့်နေရာတွင် ရှိကြလိမ့်မည်။

لَّا مَقۡطُوۡعَةٍ وَّلَا مَمۡنُوۡعَةٍ ﴿٣٣﴾

(၃၃) ကုန်ခန်းခြင်းလည်းမရှိဘဲ၊ ပိတ်ပင်တားမြစ်ခြင်းခံရမည့်သစ်သီးဝလံများလည်း မဟုတ်ကြပေ။

وَّفُرُشٍ مَّرۡفُوۡعَةٍ ﴿٣٤﴾

(၃၄) ထို့ပြင် (သူတို့သည်) မြင့်မားသောထိုင်ခုံများ၊ အခင်းအကျင်းများ၊ မွေ့ရာများပေါ်တွင် ရှိကြမည်။

اِنَّاۤ اَنۡشَاۡنٰهُنَّ اِنۡشَآءً ﴿٣٥﴾

(၃၅) အမှန်စင်စစ် ငါအရှင်မြတ်သည် ၎င်း(မိန်းမပျို)တို့ကို အထူးဖန်ဆင်းတော်မူခဲ့သည်။

فَجَعَلۡنٰهُنَّ اَبۡكَارًا ﴿٣٦﴾

(၃၆) ထို့နောက် ငါအရှင်မြတ်သည် သူမတို့အား အပျိုစင်များအဖြစ် ပြုလုပ်ထားတော်မူခဲ့သည်။

عُرُبًا اَتۡرَابًا ﴿٣٧﴾

(၃၇) (ခင်ပွန်းများကို) ချစ်ခင်ကြသောသက်တူရွယ်တူများ ဖြစ်ကြသည်။

لِّاَصۡحٰبِ الۡيَمِيۡنِ ﴿٣٨﴾

(၃၈) လက်ယာဘက်သားများအတွက်ဖြစ်သည်။ J

J အဲဒီဆုလာဘ်တွေဟာ လက်ယာဘက်သားတွေအတွက် ဖြစ်တယ်။ (အလင်းပြကျမ်း)

ثُلَّةٌ مِّنَ الۡاَوَّلِيۡنَ ﴿٣٩﴾

(၃၉) (ထိုလက်ယာဘက်သားများထဲတွင်) ပထမလူများထဲမှ ကြီးကျယ်သော အုပ်စုကြီးတစ်ခုနှင့်၊

وَثُلَّةٌ مِّنَ الۡاٰخِرِيۡنَ ﴿٤٠﴾

(၄၀) နောက်လူများထဲမှ ကြီးကျယ်သည့်အုပ်စုကြီး တစ်ခုတို့ ပါဝင်ကြမည်။

وَاَصۡحٰبُ الشِّمَالِ ۙ۬ مَاۤ اَصۡحٰبُ الشِّمَالِ ﴿٤١﴾

(၄၁) ထို့ပြင် လက်ဝဲဘက်သားများ၊ လက်ဝဲဘက်သားများသည် အဘယ်နည်း၊ (သူတို့၏အဆင့်များသည် အဘယ်မျှ နိမ့်ကျလိုက်မည်နည်း။)

فِیۡ سَمُوۡمٍ وَّ حَمِیۡمٍ ﴿٤٢﴾

(၄၂) (သူတို့အတွက်) ခြစ်ခြစ်တောက်ပူလောင်သော လေပူတွင်၊ ပွက်ပွက်ဆူနေသော ရေနွေးပူတွင်၊

وَّ ظِلٍّ مِّنۡ یَّحۡمُوۡمٍ ﴿٤٣﴾

(၄၃) အလွန်နက်မှောင်သော အခိုးအငွေ့၏အရိပ်တွင် ရှိကြမည်။

لَّا بَارِدٍ وَّ لَا کَرِیۡمٍ ﴿٤٤﴾

(၄၄) (ထိုအရိပ်သည်) အေးမြခြင်းလည်းမရှိဘဲ၊ ပြန်ပြီး လန်းဆန်းစေခြင်းလည်း မရှိပေ။

اِنَّهُمۡ کَانُوۡا قَبۡلَ ذٰلِکَ مُتۡرَفِیۡنَ ﴿٤٥﴾

(၄၅) အမှန်စင်စစ် သူတို့သည် ထို့ထက်အလျင်က စည်းစိမ်ရှင်များပင် ဖြစ်ခဲ့ကြသည်။

وَ کَانُوۡا یُصِرُّوۡنَ عَلَی الۡحِنۡثِ الۡعَظِیۡمِ ﴿٤٦﴾

(၄၆) ထို့ပြင် သူတို့သည် အလွန်ကြီးလေးသော ပြစ်မှုဒုစရိုက်ကို ဖွတ်တိုးပြီး ကျူးလွန်လျက် ရှိခဲ့ကြသည်။

وَ کَانُوۡا یَقُوۡلُوۡنَ ۬ۙ اَئِذَا مِتۡنَا وَ کُنَّا تُرَابًا وَّ عِظَامًا ءَاِنَّا لَمَبۡعُوۡثُوۡنَ ﴿٤٧﴾

(၄၇) ထို့ပြင် သူတို့သည် (ဤသို့)ပြောဆိုခဲ့ကြသည်။ "ကျွန်ုပ်တို့သည် သေပြီးနောက် အရိုးများ ဖြစ်ခဲ့ကြသည့်အခါ အမှန်စင်စစ် ရှင်ပြန်ထစေခြင်းကို ခံကြရဦးမည်လော။"

اَوَ اٰبَآؤُنَا الۡاَوَّلُوۡنَ ﴿٤٨﴾

(၄၈) "ထို့ပြင် ရှေးကလူများဖြစ်ကြသော ကျွန်ုပ်တို့၏အဘ၊ ဘိုး၊ ဘေးများလည်း (ရှင်ပြန်ထရဦးမည်လော)။"

قُلۡ اِنَّ الۡاَوَّلِیۡنَ وَ الۡاٰخِرِیۡنَ ﴿٤٩﴾

(၄၉) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်စင်စစ် ရှေးကလူများသာမက၊ နောက်လူများလည်း။

لَمَجۡمُوۡعُوۡنَ ۬ۙ اِلٰی مِیۡقَاتِ یَوۡمٍ مَّعۡلُوۡمٍ ﴿٥٠﴾

(၅၀) အမှန်ပင် သတ်မှတ်ပြီးဖြစ်သည့်နေ့ ဆိုက်ရောက်လာမည့်အချိန်တွင် စုရုံးခြင်းခံကြရမည်။

ثُمَّ إِنَّكُمْ أَيُّهَا الضَّالُّونَ الْمُكَذِّبُونَ ﴿٥١﴾

(၅၁) ထို့နောက် အို-လမ်းလွဲသူများ၊ မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သူများ၊ အမှန်စင်စစ် အသင်တို့သည်၊

لَآكِلُونَ مِن شَجَرٍ مِّن زَقُّومٍ ﴿٥٢﴾

(၅၂) ဇက္ကူမ်ရှားစောင်းခါးပင်ကို အမှန်ပင်စားကြရမည့်သူများ ဖြစ်သည်။

فَمَالِئُونَ مِنْهَا الْبُطُونَ ﴿٥٣﴾

(၅၃) ထို့ပြင် ၎င်း(ဇက္ကူမ်)နှင့်သာ ဝမ်းဗိုက်များကို ဖြည့်ကြရမည် ဖြစ်သည်။

فَشَارِبُونَ عَلَيْهِ مِنَ الْحَمِيمِ ﴿٥٤﴾

(၅၄) ထို့ပြင် ထိုအရာ (ဇက္ကူမ်)စားပြီးနောက် ပွက်ပွက်ဆူနေသော ရေနွေးပူကို သောက်ကြရမည်ဖြစ်သည်။

فَشَارِبُونَ شُرْبَ الْهِيمِ ﴿٥٥﴾

(၅၅) ထို့ပြင် (ထိုရေနွေးပူကို) ရေဆာနေသော ကုလားအုတ်များ သောက်သကဲ့သို့ (မနားဘဲဗိုက်အပြည့်)သောက်ကြရမည် ဖြစ်သည်။

هَٰذَا نُزُلُهُمْ يَوْمَ الدِّينِ ﴿٥٦﴾

(၅၆) ဤသည် သူတို့အား အစားပေးမည့်နေ့တွင် ညှေ့ခံကျွေးမွေးခြင်းပင်ဖြစ်လိမ့်မည်။[1]

[1] လက်ဝဲဘက်သားတွေ ခံရမဲ့အပြစ်ဒဏ်တွေဖြစ်တယ်။ (အလင်းပြကျမ်း)

نَحْنُ خَلَقْنَاكُمْ فَلَوْلَا تُصَدِّقُونَ ﴿٥٧﴾

(၅၇) ငါအရှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက်လည်း အသင်တို့သည် အဘယ်ကြောင့် မှန်ကန်ကြောင်း ဝန်မခံကြသနည်း။

أَفَرَأَيْتُم مَّا تُمْنُونَ ﴿٥٨﴾

(၅၈) အသင်တို့ ပြောကြပါ။ အသင်တို့သည် အသင်တို့၏သုက်ရည်ကို (အမျိုးသမီး၏ သားအိမ်ထဲတွင်) အစက်ချကြသည်ကို စဉ်းစားကြည့်မြင်ခဲ့ကြသလော။

أَأَنتُمْ تَخْلُقُونَهُ أَمْ نَحْنُ الْخَالِقُونَ ﴿٥٩﴾

(၅၉) ထိုသုက်ရည်ကို အသင်တို့ကိုယ်တိုင်(လူဖြစ်အောင်)ဖန်ဆင်းကြသလော။ သို့မဟုတ် ငါအရှင်မြတ်ပင် ဖန်ဆင်းတော်မူသလော။ [2]

[2] အမျိုးသားတွေဟာ သူတို့ရဲ့အမျိုးသမီးတွေရဲ့သားအိမ်ထဲကို သုက်ရည်ထည့်ကြတယ်။ ဒါပေမဲ့

အဲဒီသုက်ရည်ကနေ လူဖြစ်လာအောင် အမျိုးသားက ပြုလုပ်သလား၊ အမျိုးသမီးက ပြုလုပ်သလား။ အရှင်မြတ်ကလွဲလို့ ဘယ်သူမှ ဘာမှမလုပ်ဘဲနဲ့ လူဖြစ်လာခဲ့ရတယ်။ အဲဒါတောင်မသိဘူးလားလို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

نَحْنُ قَدَّرْنَا بَيْنَكُمُ الْمَوْتَ وَمَا نَحْنُ بِمَسْبُوقِينَ ﴿٦٠﴾

(၆၀) ငါအရှင်မြတ်သည်ပင် အသင်တို့ကြားတွင် သေဆုံးခြင်းကို စီမံတော်မူခဲ့သည်။ ❷ ထို့ပြင် ငါအရှင်မြတ်သည် မစွမ်းနိုင်တော်မူသောအရှင် မဟုတ်ပေ။

❷ လူဖြစ်လာအောင်လည်း အရှင်မြတ်ပဲ ဖန်ဆင်းပြုလုပ်တော်မူခဲ့သလို လူဖြစ်ပြီးတော့ သေဆုံးအောင်လည်း အရှင်မြတ်ပဲ ပြုလုပ်ခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

عَلَىٰ أَن نُّبَدِّلَ أَمْثَالَكُمْ وَنُنشِئَكُمْ فِي مَا لَا تَعْلَمُونَ ﴿٦١﴾

(၆၁) ငါအရှင်မြတ်သည် အသင်တို့ကဲ့သို့သောသူများကို ပြောင်းလဲ(ဖန်ဆင်းတော်မူ)ရန်အတွက် သာမက၊ အသင်တို့ကို အသင်တို့ပင် မသိကြသည့် အခြေအနေမျိုး၌ ဖန်ဆင်းတော်မူရန်အတွက်လည်း ဖြစ်သည်။❻ (မစွမ်းဆောင်နိုင်သည့်အရှင် မဟုတ်ပေ)။

❻ အရှင်မြတ်ဟာ ကြိုက်တဲ့ပုံစံနဲ့ ကြိုက်သလို ဖန်ဆင်းနိုင်တော်မူတဲ့အရှင်ဖြစ်တော်မူတယ်။ (အလင်းပြကျမ်း)

وَلَقَدْ عَلِمْتُمُ النَّشْأَةَ الْأُولَىٰ فَلَوْلَا تَذَكَّرُونَ ﴿٦٢﴾

(၆၂) ထို့ပြင် အမှန်စင်စစ် အသင်တို့သည် ပထမအကြိမ် ဖန်ဆင်းတော်မူသည်ကို သိရှိပြီးဖြစ်ကြလျက်နှင့် အဘယ်ကြောင့် သင်ခန်းစာမယူကြသနည်း။

أَفَرَأَيْتُم مَّا تَحْرُثُونَ ﴿٦٣﴾

(၆၃) ထို့ပြင် အသင်တို့သည် အသင်တို့ စိုက်ပျိုးကြသည်များကို စဉ်းစားကြည့်မြင်ခဲ့ကြသလော။

أَأَنتُمْ تَزْرَعُونَهُ أَمْ نَحْنُ الزَّارِعُونَ ﴿٦٤﴾

(၆၄) ထိုမျိုးစေ့ကို အသင်တို့ကိုယ်တိုင် ပေါက်ရောက်စေကြသလော။ သို့မဟုတ် ငါအရှင်မြတ်သည်သာ ပေါက်ရောက်စေတော်မူသော အရှင်မြတ် ဖြစ်တော်မူသလော။

لَوْ نَشَاءُ لَجَعَلْنَاهُ حُطَامًا فَظَلْتُمْ تَفَكَّهُونَ ﴿٦٥﴾

(၆၅) အကယ်၍ ငါအရှင်မြတ်သည် အလိုရှိတော်မူလျှင် ထိုလယ်ယာကို စဉ်းထားသော ကောက်ရိုးများ၊ မြက်ခြောက်များ ဖြစ်စေတော်မူခဲ့မည်ပင်။ ထိုအခါ အသင်တို့သည် တွေဝေငေးမှိုင်နေကြမည်။❼

❼ မျိုးစေ့တွေကနေ အပင်ဖြစ်လာအောင် လယ်သမားတွေက ပြုလုပ်သလား။ အရှင်မြတ်ကလွဲလို့ ဘယ်သူမှ ဘာမှ မလုပ်ဘူး။ အရှင်မြတ်အလိုရှိရင် ပေါက်ပြီးသားအပင်တွေကိုတောင် ဘယ်

နည်းနဲ့ဖြစ်ဖြစ် သေသွားအောင် လုပ်လို့ရတယ်။ (အလင်းပြကျမ်း)

إِنَّا لَمُغْرَمُونَ ﴿٦٦﴾

(၆၆) အမှန်စင်စစ် ကျွန်ုပ်တို့မှာမူ ကြွေးဆပ်ခိုင်းခံကြရခြင်းပင် ဖြစ်သည်။

بَلْ نَحْنُ مَحْرُومُونَ ﴿٦٧﴾

(၆၇) ထိုသို့မဟုတ် အမှန်စင်စစ် ကျွန်ုပ်တို့သည် လက်မဲ့ဖြစ်သွားကြပါပြီ(ဟု ပြောဆိုညည်းညူကြမည် ဖြစ်သည်)။

أَفَرَءَيْتُمُ الْمَآءَ الَّذِى تَشْرَبُونَ ﴿٦٨﴾

(၆၈) ထို့ပြင် အသင်တို့သည် အသင်တို့ သောက်သုံးကြသည့်ရေကို မြင်ခဲ့ကြသလော။

ءَأَنتُمْ أَنزَلْتُمُوهُ مِنَ الْمُزْنِ أَمْ نَحْنُ الْمُنزِلُونَ ﴿٦٩﴾

(၆၉) ထိုရေကို အသင်တို့ကိုယ်တိုင် မိုးတိမ်မှ ရွာသွန်းစေကြသလော၊ သို့မဟုတ် ငါအရှင်မြတ်သည်ပင် ရွာသွန်းစေသည့်အရှင် ဖြစ်တော်မူသလော။

لَوْ نَشَآءُ جَعَلْنَٰهُ أُجَاجًا فَلَوْلَا تَشْكُرُونَ ﴿٧٠﴾

(၇၀) အကယ်၍ ငါအရှင်မြတ်သည် အလိုရှိတော်မူလျှင် ထိုရေကို ခါးသည့်ရေ၊ ငန်သည့်ရေအဖြစ် ပြုလုပ်တော်မူခဲ့မည်ပင် ဖြစ်သည်။ ထို့နောက်လည်း အသင်တို့သည် အဘယ်ကြောင့် ကျေးဇူးမတင်ကြသနည်း။[၆]

[၆] ဘယ်သူမှ မိုးတိမ်ပေါ်တက်ပြီး မိုးရေကို ယူလာတာမဟုတ်ဘူး။ အဲဒီမိုးရေကိုလည်း ရေချိုအစား ရေငန်တွေ၊ ရေခါးတွေ ပြုလုပ်နိုင်တော်မူတယ်။ ရေချိုရရှိနေတဲ့အတွက် အရှင်မြတ်ကို ကျေးဇူးတင်ဖို့ လိုအပ်တယ်။ (အလင်းပြကျမ်း)

أَفَرَءَيْتُمُ النَّارَ الَّتِى تُورُونَ ﴿٧١﴾

(၇၁) ထို့ပြင် အသင်တို့သည် အသင်တို့ မွှေးကြသောမီးကို မြင်ခဲ့ကြသလော။

ءَأَنتُمْ أَنشَأْتُمْ شَجَرَتَهَآ أَمْ نَحْنُ الْمُنشِـُٔونَ ﴿٧٢﴾

(၇၂) ထိုမီးထွက်သောသစ်ပင်ကို အသင်တို့ကိုယ်တိုင် ပေါက်ရောက်စေခဲ့ကြသလော။ သို့မဟုတ် ငါအရှင်မြတ်ပင် ပေါက်ရောက်စေတော်မူသော အရှင်မြတ် ဖြစ်တော်မူသလော။

نَحْنُ جَعَلْنَٰهَا تَذْكِرَةً وَمَتَٰعًا لِّلْمُقْوِينَ ﴿٧٣﴾

(၇၃) ငါအရှင်မြတ်သည်ပင် ထိုသစ်ပင်ကို သတိတရားရစေသည့်အရာအဖြစ်[၇] နှင့် ခရီးသည်များအတွက် အကျိုးရှိသည့်အရာအဖြစ် ပြုလုပ်တော်မူခဲ့သည်။

[၇] လူတိုင်းဟာ မီးနဲ့ အကျိုးခံစားနေရတယ်။ အဲဒီမီးထွက်မဲ့ သစ်ပင်ကို ဘယ်သူပေါက်ရောက်စေ

တာလဲ။ သစ်ပင်စိမ်းကနေ မီးဖြစ်စေတဲ့အရှင်ဟာ သေသူတွေကို ရှင်ပြန်ထစေနိုင်တယ်ဆိုတာ စဉ်းစားသိရှိရမှာဖြစ်တယ်။ အဲဒီလိုပဲ ဒီဘဝရဲ့အဲဒီမီးပူတာကို သိပြီး တမလွန်ဘဝရဲ့မီးဘယ်လောက် ပူမလဲဆိုတာ စဉ်းစားပြီး အပြစ်ရှောင်ကြဉ်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ ﴿٧٤﴾

(၇၄) သို့ဖြစ်ရာ အသင်(တမန်တော်)သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အလွန်ကြီးကျယ်မြင့်မြတ်သော အရှင်မြတ်၏နာမတော်ဖြင့် စင်ကြယ်တော်မူကြောင်း ရွတ်ဆိုပါ။❶

❶ အရှင်မြတ်ပြုလုပ်နေတာတွေကို မျက်ဝါးထင်ထင်မြင်ပြီးပြီဆိုတော့ အရှင်မြတ်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ချီးမွမ်းမှုပြုရတော့မှာဖြစ်တယ်။ (အလင်းပြကျမ်း)

فَلَا أُقْسِمُ بِمَوَاقِعِ النُّجُومِ ﴿٧٥﴾

(၇၅) ထို့နောက် ငါအရှင်မြတ်သည် ကြယ်များဝင်သည့်နေရာ၊ စခန်းချသည့်နေရာများကို သက်သေထူတော်မူသည်။❷

❷ သက်သေထူမှုမှာ ကြီးကျယ်တဲ့ သက်သေလက္ခဏာတွေရှိတယ်လို့ ဆိုထားတဲ့အတွက် ကိုယ့်ဘာသာ စဉ်းစားဆင်ခြင်ပြီး ကြည့်ရှုရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِنَّهُ لَقَسَمٌ لَّوْ تَعْلَمُونَ عَظِيمٌ ﴿٧٦﴾

(၇၆) ထို့ပြင် စင်စစ် ၎င်း(ကဲ့သို့သက်သေထူခြင်း)သည် အကယ်၍ အသင်တို့ သိရှိကြလျှင် ကြီးကျယ်သော ကျိန်ဆိုမှုအမှန်ပင် ဖြစ်သည်။

إِنَّهُ لَقُرْآنٌ كَرِيمٌ ﴿٧٧﴾

(၇၇) အမှန်စင်စစ် ၎င်းသည် ဂုဏ်ကျက်သရေနှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်ပင် ဖြစ်သည်။

فِي كِتَابٍ مَّكْنُونٍ ﴿٧٨﴾

(၇၈) ထိန်းသိမ်းစောင့်ရှောက်ထားရှိသော မှတ်တမ်းစာအုပ်တစ်ခုတွင် ဖြစ်သည်။

لَّا يَمَسُّهُ إِلَّا الْمُطَهَّرُونَ ﴿٧٩﴾

(၇၉) ထိုမှတ်တမ်းစာအုပ်ကို စင်ကြယ်သန့်ရှင်းသည့်သူများမှလွဲ၍ မည်သူမျှ မထိတွေ့ကြပေ။❶

❶ ဦးစားပေးဖွင့်ဆိုချက်အရ ကောင်းကင်တမန်တွေကို ဆိုလိုတာဖြစ်တယ်။ ကာဖိရ်တွေက ကုရ်အာန်ဟာ မူရင်းပုံစံအတိုင်း အပိုအလိုမရှိဘဲ ဘယ်လိုလုပ်ပြီး ကျလာနိုင်မလဲ၊ ကြားမှာ ရှိုင်သွာန်တွေကိုင်တွယ်ပြီး အပြောင်းအလဲမလုပ်ပေဘူးလားဆိုတဲ့ စောဒကကို အဖြေပေးထားတာ ဖြစ်တယ်။ ရှိုင်သွာန်ဟာ မထိကိုင်နိုင်ဘူး။ ကုရ်အာန်ကို သန့်ပြန့်တဲ့ ကောင်းကင်တမန်တွေကလွဲလို့ ဘယ်သူမှ မထိကိုင်နိုင်ဘူး။ လောင်ဟေ့မဟ်ဖူးဇ်မှာ ရေးမှတ်ထားပြီးသားဖြစ်တယ်။ (အာစာန်

သင်္ချိုင်းမဟုတ်) အဲဒါကြောင့် ဟဒီးဆ်တွေမှာ ကုရ်အာန်ကို သန့်ပြန့်တဲ့အဖြစ်နဲ့ ကိုင်တွယ်ဖတ်ရှုရမယ်လို့ ပြဌာန်းချက်တွေ လာရှိထားတာဖြစ်တယ်။

تَنْزِيْلٌ مِّنْ رَّبِّ الْعٰلَمِيْنَ ﴿٨٠﴾

(၈၀) စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ အနည်းငယ်စီခွဲခွဲပြီးချပေးခံရခြင်း ဖြစ်သည်။

اَفَبِهٰذَا الْحَدِيْثِ اَنْتُمْ مُّدْهِنُوْنَ ﴿٨١﴾

(၈၁) ထို့နောက်လည်း အသင်တို့သည် ဤအာယသ်တော်များကို ဂရုမစိုက်ဘဲ လျစ်လျူရှုနေကြသလော။

وَتَجْعَلُوْنَ رِزْقَكُمْ اَنَّكُمْ تُكَذِّبُوْنَ ﴿٨٢﴾

(၈၂) ထို့ပြင် အမှန်စင်စစ် အသင်တို့သည် မဟုတ်မမှန်ဟု ငြင်းပယ်မှုကိုပင် အသင်တို့၏စားနပ်ရိက္ခာရှာဖွေသော အလုပ်အကိုင်အဖြစ် ပြုလုပ်နေကြသလော။[၂]

[၂] ငြင်းပယ်ခြင်းကိုပဲ သူတို့ရဲ့ဝေစု စားနပ်ရိက္ခာအဖြစ် ပြုလုပ်နေကြတာလားလို့လည်း ဖွင့်ဆိုကြတယ်။ (မအာရိဖွလ်ကုရ်အာန်၊ အွဆ်မာနီ)

فَلَوْلَآ اِذَا بَلَغَتِ الْحُلْقُوْمَ ﴿٨٣﴾

(၈၃) သို့ဖြစ်လျှင် (အသက်ဝိညာဉ်သည်) လည်မျိုသို့ ရောက်ရှိလာသည့်အခါ အသင်တို့သည် အဘယ်ကြောင့်(မဟုတ်မမှန်ဟု ငြင်းပယ်ခြင်း)မပြုကြတော့သနည်း။

وَاَنْتُمْ حِيْنَئِذٍ تَنْظُرُوْنَ ﴿٨٤﴾

(၈၄) ထိုအချိန်တွင် အသင်တို့သည် ကြည့်နေလျက်ရှိကြသည်။

وَنَحْنُ اَقْرَبُ اِلَيْهِ مِنْكُمْ وَلٰكِنْ لَّا تُبْصِرُوْنَ ﴿٨٥﴾

(၈၅) ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့ထက် ပို၍ပင် ထိုသူနှင့် နီးကပ်လျက်ရှိနေတော်မူသည်။ သို့ရာတွင် အသင်တို့သည် မြင်ကြသည်မဟုတ်ပေ။

فَلَوْلَآ اِنْ كُنْتُمْ غَيْرَ مَدِيْنِيْنَ ﴿٨٦﴾

(၈၆) ထို့ပြင် အသင်တို့သည် အစားပေးခြင်း ခံရမည့်သူများမဟုတ်ကြလျှင်၊

تَرْجِعُوْنَهَآ اِنْ كُنْتُمْ صٰدِقِيْنَ ﴿٨٧﴾

(၈၇) အသင်တို့သည် အမှန်ပြောဆိုသူများဖြစ်ကြလျှင်၊ အဘယ်ကြောင့် ၎င်း(အသက်ဝိညာဉ်)ကို ပြန်သွင်းမထားလိုက်ကြသနည်း။ (ပြန်လည်ယူမထားလိုက်ကြသနည်း။)[၃]

[၃] အရှင်မြတ်ရဲ့ လက်အောက်ကကျွန် မဟုတ်ဘူး၊ မိမိဘာသာ လွတ်လပ်သူဖြစ်တယ်ဆိုရင်

အရှင်မြတ်ရဲ့အမိန့်ကို ဘာဖြစ်လို့ နာခံလိုက်သလဲ။ မနာခံဘဲ အသက်ကို ပြန်သွင်းလိုက်ကြပေါ့လို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَاَمَّآ اِنۡ كَانَ مِنَ الۡمُقَرَّبِيۡنَ ﴿٨٨﴾

(၈၈) ထို့နောက် မည်သို့ပင်ဖြစ်စေ၊ အကယ်၍ (သေဆုံး)သူသည် နီးကပ်သူများထဲမှ ဖြစ်ခဲ့လျှင်၊

فَرَوۡحٌ وَّ رَيۡحَانٌ ۙ وَّ جَنَّتُ نَعِيۡمٍ ﴿٨٩﴾

(၈၉) သို့ဖြစ်လျှင် (သူ့အတွက်) သက်သာအနားရမှု၊ အမွှေးအကြိုင်နှင့် စည်းစိမ်ပြည့်ဝသောနေရာ ဂျန္နသ်ရှိလိမ့်မည်။

وَاَمَّآ اِنۡ كَانَ مِنۡ اَصۡحٰبِ الۡيَمِيۡنِ ﴿٩٠﴾

(၉၀) ထို့ပြင် အကယ်၍ သူသည် လက်ယာဘက်သားများထဲမှဖြစ်ခဲ့လျှင်၊

فَسَلٰمٌ لَّكَ مِنۡ اَصۡحٰبِ الۡيَمِيۡنِ ﴿٩١﴾

(၉၁) သို့ဖြစ်လျှင် (အသင်သည်) လက်ယာဘက်သားများထဲမှ ဖြစ်၍ အသင့်အတွက် ငြိမ်းချမ်းသာယာမှု ရှိမည်(ဟု သတင်းပြောကြားခြင်းခံရမည်)။

وَاَمَّآ اِنۡ كَانَ مِنَ الۡمُكَذِّبِيۡنَ الضَّآلِّيۡنَ ﴿٩٢﴾

(၉၂) ထို့ပြင် အကယ်၍ ထိုသူသည် လမ်းမှားသောသူ၊ မဟုတ်မမှန်ဟု ငြင်းပယ်ကြသူများထဲမှ ဖြစ်ခဲ့လျှင်မူ၊

فَنُزُلٌ مِّنۡ حَمِيۡمٍ ﴿٩٣﴾

(၉၃) ပွက်ပွက်ဆူနေသော ရေနွေးပူဖြင့် ဧည့်ခံမှုရှိမည်၊

وَّ تَصۡلِيَةُ جَحِيۡمٍ ﴿٩٤﴾

(၉၄) တောက်လောင်နေသော မီးထဲသို့လည်းဝင်ရောက်စေခြင်းရှိမည်။

اِنَّ هٰذَا لَهُوَ حَقُّ الۡيَقِيۡنِ ﴿٩٥﴾

(၉၅) အမှန်စင်စစ် ဤ(အကြောင်းအရာ)သည် ထင်ရှားလှသော မှန်ကန်မှုပင်ဖြစ်သည်။

فَسَبِّحۡ بِاسۡمِ رَبِّكَ الۡعَظِيۡمِ ﴿٩٦﴾

(၉၆) သို့ဖြစ်ရာ အသင်(တမန်တော်)သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အလွန်ကြီးကျယ်မြင့်မြတ်သော အရှင်မြတ်၏နာမတော်ဖြင့် စင်ကြယ်တော်မူကြောင်း ရွတ်ဆိုပါ။

ركوعاتها ٤ | ٥٧ سُوْرَةُ الْحَدِيْدِ مَدَنِيَّةٌ ٩٤ | اٰياتها ٢٩

# စူရဟ် ဟဒီးဒ် (သံ ဂါထာ) سُوْرَةُ الْحَدِيْدِ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

سَبَّحَ لِلّٰهِ مَا فِی السَّمٰوٰتِ وَالْاَرْضِ ۚ وَهُوَ الْعَزِیْزُ الْحَكِیْمُ ﴿١﴾

(၁) မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသမျှတို့သည် အလ္လာဟ်အရှင်မြတ် သန့်ပြန့်စင်ကြယ်တော်မူကြောင်း ရွတ်ဆိုချီးမွမ်းကြသည်။ ထို့ပြင် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ۚ یُحْیٖ وَیُمِیْتُ ۚ وَهُوَ عَلٰی كُلِّ شَیْءٍ قَدِیْرٌ ﴿٢﴾

(၂) မိုးကောင်းကင်များနှင့်၊ မြေပထဝီ၏စိုးမိုးအုပ်ချုပ်မှုအာဏာကို အရှင်မြတ်ပင် စိုးပိုင်တော်မူသည်။ အရှင်မြတ်ပင် အသက်ရှင်စေတော်မူသည်။ ထို့ပြင် အရှင်မြတ်ပင် အသက်သေစေတော်မူသည်။ ထို့ပြင် အရှင်မြတ်ပင် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။

هُوَ الْاَوَّلُ وَالْاٰخِرُ وَالظَّاهِرُ وَالْبَاطِنُ ۚ وَهُوَ بِكُلِّ شَیْءٍ عَلِیْمٌ ﴿٣﴾

(၃) အရှင်မြတ်ပင် အစအဦးဆုံး တည်ရှိတော်မူသောအရှင်၊ အဆုံးစွန်နောက်ဆုံးတိုင် တည်ရှိတော်မူမည့်အရှင်၊ ထင်ရှားစွာ ရှိနေတော်မူသောအရှင်၊ အကွယ်တွင် လျှို့ဝှက်စွာ တည်ရှိနေတော်မူသောအရှင် ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်ပင် အရာအားလုံးကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

هُوَ الَّذِیْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ فِیْ سِتَّةِ اَیَّامٍ ثُمَّ اسْتَوٰی عَلَی الْعَرْشِ ؕ یَعْلَمُ مَا یَلِجُ فِی الْاَرْضِ وَمَا یَخْرُجُ مِنْهَا وَمَا یَنْزِلُ مِنَ السَّمَآءِ وَمَا یَعْرُجُ فِیْهَا ؕ وَهُوَ مَعَكُمْ اَیْنَ مَا كُنْتُمْ ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ بَصِیْرٌ ﴿٤﴾

(၄) အရှင်မြတ်ပင် မိုးကောင်းကင်များနှင့်၊ မြေပထဝီကို ခြောက်ရက် (နှင့်ညီမျှသောအချိန်)ဖြင့် ဖန်ဆင်းတော်မူခဲ့သည့်အရှင်မြတ် ဖြစ်တော်မူသည်။ ထို့နောက် အရှင်မြတ်သည် အရ်ရှ်ပလ္လင်တော်အပေါ်တွင် တည်(ရှိလျက် အရှင်

မြတ်နှင့်ထိုက်တန်တော်မူသည့်အတိုင်း စံမြန်းနေ)တော်မူသည်။ အရှင်မြတ်သည် မြေပထဝီထဲဝင်သည့်အရာနှင့် မြေပထဝီမှထွက်သည့်အရာကို၊ ထို့ပြင် မိုးကောင်းကင်မှ ဆင်းသက်လာသောအရာနှင့် မိုးကောင်းကင်သို့ တက်သည့်အရာကို သိရှိတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့ရှိနေကြသည့် မည်သည့်နေရာ၌မဆို အသင်တို့နှင့် အတူတကွရှိတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှကို အကြွင်းမဲ့မြင်တော်မူသော အရှင်မြတ်ဖြစ်တော်မူသည်။

لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ؕ وَاِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ﴿٥﴾

(၅) မိုးကောင်းကင်များနှင့် မြေပထဝီအား စိုးမိုးအုပ်ချုပ်မှုအာဏာကို အရှင်မြတ်ပင် စိုးပိုင်တော်မူသည်။ ထို့ပြင် အရေးကိစ္စဟူသမျှသည် အရှင်မြတ်ထံတော်သို့ပင် ပြန်လည်ရောက်ရှိကြရမည်ဖြစ်သည်။

يُوْلِجُ الَّيْلَ فِى النَّهَارِ وَيُوْلِجُ النَّهَارَ فِى الَّيْلِ ؕ وَهُوَ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ ﴿٦﴾

(၆) အရှင်မြတ်သည် ညကို နေ့ထဲတွင် ထည့်သွင်းတော်မူသည်။ (နေ့တာရှည်စေတော်မူသည်)။ ထို့ပြင် အရှင်မြတ်သည် နေ့ကို ညထဲတွင်လည်း ထည့်သွင်းတော်မူသည်။ (ညတာ ရှည်စေတော်မူသည်)။ ထို့ပြင် အရှင်မြတ်သည် စိတ်နှလုံးများထဲ၌ရှိသည်များကိုလည်း အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။[၁]

[၁] အရှင်မြတ်ရဲ့ဂုဏ်တော်တွေကို ဖော်ပြထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

اٰمِنُوْا بِاللّٰهِ وَرَسُوْلِهٖ وَاَنْفِقُوْا مِمَّا جَعَلَكُمْ مُّسْتَخْلَفِيْنَ فِيْهِ ؕ فَالَّذِيْنَ اٰمَنُوْا مِنْكُمْ وَاَنْفَقُوْا لَهُمْ اَجْرٌ كَبِيْرٌ ﴿٧﴾

(၇) အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို အီမာန်ယုံကြည်ကြပါ။ ထို့ပြင် အသင်တို့သည် အကြင်ဥစ္စာပစ္စည်းများထဲမှ သုံးစွဲလှူဒါန်းကြပါ။ အရှင်မြတ်သည် အသင်တို့အား ထိုပစ္စည်းများနှင့်ပတ်သက်၍ ကိုယ်စားလှယ်များ ခန့်အပ်ထားတော်မူသည်။ ထို့ပြင် အသင်တို့ထဲမှ အကြင်သူများသည် အီမာန်ယုံကြည်ပြီး သုံးစွဲလှူဒါန်းခဲ့ကြသည်။ သူတို့အတွက် ကြီးကျယ်သော အကျိုးရှိမည်။[၂]

[၂] အီမာန်ယုံကြည်ပြီးတော့ တကယ်ပဲ အရှင်မြတ်အပေါ်မှာ ယုံကြည်ကြောင်း သက်သေပြဖို့အတွက် သူတို့ပစ္စည်းတွေထဲက အရှင်မြတ်ရဲ့လမ်းမှာ လှူဒါန်းဖို့လိုအပ်တယ်။ တကယ်တော့ ပစ္စည်းဥစ္စာဟာ သူတို့ပိုင်ဆိုင်တာ မဟုတ်ဘဲ အရှင်မြတ်ပဲ ပိုင်ဆိုင်တာဖြစ်တဲ့အတွက် တွန့်တိုနေစရာဘာအကြောင်းရှိလဲ။ အရှင်မြတ်ရဲ့ ပစ္စည်းကို အရှင်မြတ်ကိုပဲ ပြန်ပေးရတာပဲဖြစ်တယ်။

တကယ်လို့ ကြည်ကြည်ဖြူဖြူ မလှူဒါန်းကြရင် အပ်နှံထားတဲ့သတ်မှတ်ချိန်ကုန်တာနဲ့ ပစ္စည်းဥစ္စာအားလုံးကိုယူပြီး တခြားသူလက်ကို လွှဲပေးလိုက်မှာပဲ ဖြစ်တယ်။ ကိုယ့်လက်ထဲမှာ ရှိနေတုန်းပဲ လှူလို့ရမှာဖြစ်တယ်ဆိုတာ သိထားဖို့လိုအပ်တယ်။ (အလင်းပြကျမ်း)

وَمَا لَكُمْ لَا تُؤْمِنُوْنَ بِاللّٰهِ ۚ وَالرَّسُوْلُ يَدْعُوْكُمْ لِتُؤْمِنُوْا بِرَبِّكُمْ وَقَدْ اَخَذَ مِيْثَاقَكُمْ اِنْ
كُنْتُمْ مُّؤْمِنِيْنَ ﴿٨﴾

(၈) ထို့ပြင် အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ယုံကြည်ကြရန်အတွက် တမန်တော်သည် အသင်တို့အား ဖိတ်ခေါ်နေသည်။ ထို့ပြင် အမှန်စင်စစ် အရှင်မြတ်သည် အသင်တို့ထံမှ ကတိဝန်ခံချက်လည်း ယူထားတော်မူပြီး ဖြစ်သည်။ ထို့ပြင် အကယ်၍ အသင်တို့သည် ယုံကြည်မည့်သူများဖြစ်ကြလျှင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို မယုံကြည်ရန် မည်သည့်အကြောင်းရှိကြသနည်း။❷

❷ ဝိညာဉ်လောကမှာ အရှင်မြတ်ရဲ့ရှေ့မှာရှိတုန်းက အရှင်မြတ်ကို ဝန်ခံခဲ့ပြီး ကတိပေးခဲ့တာဖြစ်တယ်။ တမန်တော်တွေလည်း သတိလာပေးပြီးဖြစ်တဲ့အတွက် အီမာန်ယုံကြည်ချင်တဲ့သူအတွက် မယုံကြည်နိုင်စရာ ဘာအကြောင်းမှ မရှိတော့ဘူး။ (အလင်းပြကျမ်း)

هُوَ الَّذِىْ يُنَزِّلُ عَلٰى عَبْدِهٖۤ اٰيٰتٍۢ بَيِّنٰتٍ لِّيُخْرِجَكُمْ مِّنَ الظُّلُمٰتِ اِلَى النُّوْرِ ؕ وَاِنَّ اللّٰهَ بِكُمْ
لَرَءُوْفٌ رَّحِيْمٌ ﴿٩﴾

(၉) ထိုအရှင်မြတ်ပင် အသင်တို့အား အမှောင်ထုများမှ အလင်းကို ထွက်စေရန်အတွက် အရှင်မြတ်၏ကျွန်အပေါ်တွင် ထင်ရှားသော အာယသ်တော်များကို ချပေးတော်မူသောအရှင် ဖြစ်တော်မူသည်။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်တွင် အလွန်ကြင်နာတော်မူသော အရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

وَمَا لَكُمْ اَلَّا تُنْفِقُوْا فِىْ سَبِيْلِ اللّٰهِ وَلِلّٰهِ مِيْرَاثُ السَّمٰوٰتِ وَالْاَرْضِ ؕ لَا يَسْتَوِىْ مِنْكُمْ
مَّنْ اَنْفَقَ مِنْ قَبْلِ الْفَتْحِ وَقٰتَلَ ؕ اُولٰٓئِكَ اَعْظَمُ دَرَجَةً مِّنَ الَّذِيْنَ اَنْفَقُوْا مِنْۢ بَعْدُ وَقٰتَلُوْا ؕ
وَكُلًّا وَّعَدَ اللّٰهُ الْحُسْنٰى ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ﴿١٠﴾ ع

(၁၀) ထို့ပြင် (အသင်တို့ မရှိတော့သည့်နောက်လည်း) မိုးကောင်းကင်များနှင့်မြေပထဝီတွင် ကျန်ရှိမည့်အရာဟူသမျှ၏ဆက်ခံမှုသည် အလ္လာဟ်အရှင်မြတ်အတွက်ပင် ဖြစ်ပါလျက် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် သုံးစွဲလှူဒါန်းခြင်းမပြုကြရန် အသင်တို့တွင် မည်သည့်အကြောင်းရှိသနည်း။ အသင်တို့ထဲမှ (မက္ကာဟ်မြို့ကို)မအောင်နိုင်မီ သုံးစွဲလှူဒါန်းခဲ့ကြသော၊ ဂျိဟာဒ်

တိုက်ခိုက်ခဲ့ကြသောသူများသည် (မက္ကဟ်မြို့ကို အောင်နိုင်ပြီးနောက်တွင် သုံးစွဲခြင်း၊ တိုက်ခိုက်ခြင်းပြုခဲ့ကြသောသူများနှင့်)မတူကြပေ။ ထို(မအောင်နိုင်မီ) လှူဒါန်းတိုက်ခိုက်ခဲ့ကြသောသူများသည် နောက်တွင် သုံးစွဲလှူဒါန်းခြင်း၊ တိုက်ခိုက်ခြင်း ပြုခဲ့ကြသောသူများထက် အဆင့်အတန်းမြင့်ကြသည်။❻ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အားလုံးကို ကောင်းကျိုးပေးတော်မူရန် ကတိပေးတော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှကို သိမြင်တော်မူသော အရှင်ဖြစ်တော်မူသည်။

❻ မူဝါဒတစ်ခုရှိတာကတော့ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် စတင်တည်ထောင်တဲ့အချိန်အခါမှာ ပါဝင်ပြီး အနစ်နာခံတဲ့သူတွေဟာ အကျိုးအမြတ်ပေါ်တော့မှ ပါဝင်တဲ့သူတွေထက်ပိုပြီး အဆင့်ရှိတယ်ဆိုတာဖြစ်တယ်။ (နဗီတမန်တော်တိုင်းရဲ့ လက်ထက်မှာ) အစ္စလာမ်သာသနာ(ပြန်လည်) စတင်တည်ထောင်တဲ့အခါမှာ ပစ္စည်းနဲ့ရော အသက်တွေနဲ့ပါ ရင်းခဲ့တဲ့သူတွေဟာ အစ္စလာမ်ထွန်းကားတဲ့အချိန်ကျတော့မှ ရင်းတဲ့သူထက် အဆင့်အတန်းမြင့်မြတ်ကြောင်း အရှင်မြတ်က မိန့်ဆိုထားတာဖြစ်တယ်။ အားလုံးကိုတော့ အရှင်မြတ်က အကျိုးပေးမှာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

مَنْ ذَا الَّذِي يُقْرِضُ اللَّهَ قَرْضًا حَسَنًا فَيُضَاعِفَهُ لَهُ وَلَهُ أَجْرٌ كَرِيمٌ ﴿١١﴾

(၁၁) အလ္လာဟ်အရှင်မြတ်ကို ကောင်းမြတ်သော ကြွေးမြီချေးငှားမည့်သူ မည်သူရှိသနည်း။ ထိုသို့ချေးငှားခဲ့လျှင် အရှင်မြတ်သည် ထိုကြွေးမြီကို သူ့အတွက် ဆတက်ထမ်းပိုး တိုးပွားစေတော်မူမည့်အပြင် သူ့အတွက် မြင့်မြတ်သည့်အကျိုးလည်းရှိမည်ဖြစ်သည်။❶

❶ အရှင်မြတ်က အမှန်အကန်ပြန်ပေးတော်မူမှာဖြစ်တယ်ဆိုတာကို လေးနက်တဲ့ ကတိအဖြစ် ဖော်ပြချင်လို့ မဆပ်မနေရ အကြွေးနဲ့ တင်စားအသုံးပြုလိုက်တာဖြစ်တယ်။ အကြွေးဆပ်ရုံတင်မကဘူး။ အရှင်မြတ်ဘက်က အပိုပါအများကြီးပေးဦးမှာ ဖြစ်တဲ့အတွက် လှူဒါန်းဖို့ပဲ ကျန်တော့တာဖြစ်တယ်။ (အလင်းပြကျမ်း)

يَوْمَ تَرَى الْمُؤْمِنِينَ وَالْمُؤْمِنَاتِ يَسْعَىٰ نُورُهُمْ بَيْنَ أَيْدِيهِمْ وَبِأَيْمَانِهِمْ بُشْرَاكُمُ الْيَوْمَ جَنَّاتٌ تَجْرِي مِنْ تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا ۚ ذَٰلِكَ هُوَ الْفَوْزُ الْعَظِيمُ ﴿١٢﴾

(၁၂) ထိုနေ့တွင် အသင်(တမန်တော်)သည် မုအ်မင်န်ယုံကြည်သူအမျိုးသားများနှင့် မုအ်မိနဟ် ယုံကြည်သူအမျိုးသမီးများကို တွေ့မြင်ရမည်။ သူတို့၏ ရောင်ခြည်သည် သူတို့၏ရှေ့နှင့် သူတို့၏လက်ယာဘက်များတွင် ပြေးနေလိမ့်မည်။❷ (ဤသို့ပြောဆိုခြင်းလည်းခံကြရမည်)။ ယနေ့ အသင်တို့အတွက် သတင်းကောင်းပင်ဖြစ်သည်။ (အသင်တို့အတွက်) အကြွင်ဥယျာဉ်များရှိသည်။ ယင်း(ဥယျာဉ်များ)၏အောက်မှ စမ်းချောင်းများ စီးဆင်းနေလိမ့်မည်။ ထိုအထဲတွင်

အမြဲနေကြရမည်။ ၎င်းသည် ကြီးကျယ်သောအောင်မြင်မှု ဖြစ်သည်။

❶ ကိယာမသ်နေ့မှာ စိုရာသွ်တံတားပေါ်ဖြတ်တဲ့အခါ အီမာန်ယုံကြည်တဲ့သူတွေနဲ့တကွ နူရ်ရောင်ခြည် ပါရှိသွားမှာ ဖြစ်တယ်။ မုနာဖိက်တွေဟာ ရောင်ခြည်မရှိလို့ အမှောင်ထဲမှာ ဖြတ်သန်းရမှာ ဖြစ်တယ်။ အဲဒါကြောင့် သူတို့ဟာ ရောင်ခြည်ရှိတဲ့ အီမာန်ရှင်တွေကို စောင့်ဆိုင်းပြီးခေါ်သွားပေးဖို့ ဟစ်ခေါ်တာဖြစ်တယ်။ (သွဗ်ရီ၊ ကုရ်သွုဗီ၊ အိဗ်နုကဆီးရ်)

يَوۡمَ يَقُوۡلُ الۡمُنٰفِقُوۡنَ وَالۡمُنٰفِقٰتُ لِلَّذِيۡنَ اٰمَنُوا انۡظُرُوۡنَا نَقۡتَبِسۡ مِنۡ نُّوۡرِكُمۡ ۚ قِيۡلَ ارۡجِعُوۡا وَرَآءَكُمۡ فَالۡتَمِسُوۡا نُوۡرًا ؕ فَضُرِبَ بَيۡنَهُمۡ بِسُوۡرٍ لَّهٗ بَابٌ ؕ بَاطِنُهٗ فِيۡهِ الرَّحۡمَةُ وَظَاهِرُهٗ مِنۡ قِبَلِهِ الۡعَذَابُ ؕ ﴿۱۳﴾

(၁၃) ထိုနေ့တွင် မုနာဖိက်အယောင်ဆောင်ယောကျ်ားများနှင့် မုနာဖိကဟ် အယောင်ဆောင်မိန်းမများသည် အီမာန်ယုံကြည်သူများကို (ဤသို့)ပြောဆိုကြမည်။ အသင်တို့၏အလင်းရောင်မှ (အနည်းငယ်မျှ အလင်း)ရယူရန်အတွက် အသင်တို့သည် ကျွန်ုပ်တို့အား စောင့်ဆိုင်းကြပါဦး။ (ထိုအခါ) သူတို့သည် (ဤသို့)ပြောဆိုခြင်းခံကြရမည်။ အသင်တို့သည် နောက်ကိုပြန်သွားပြီး အလင်းရောင်ကို ရှာဖွေလိုက်ကြပါ။❷ ထိုအချိန်၌ပင် သူတို့၏အကြား၌ တံတိုင်းတစ်ခုကို စိုက်ထူလိုက်မည်ဖြစ်သည်။❸ ထိုတံတိုင်း၌ တံခါးတစ်ခုရှိမည်။ ထိုတံခါး၏အတွင်းဘက်တွင် သနားကရုဏာ ရှိပြီး ထိုတံခါး၏အပြင်ဘက်တွင် ပြစ်ဒဏ်ရှိမည်။

❷ အီမာန်ရှင်တွေ ဒါမှမဟုတ် ကောင်းကင်တမန်တွေက ပြန်ပြောလိုက်တာကတော့ ဒီနေရာဟာ လင်းရောင်ခြည် ရှာရမဲ့နေရာမဟုတ်ဘူး။ အသင်တို့ဟာ နောက်(လောက)ကိုပြန်သွားပြီး ငါတို့ရှာခဲ့ကြသလို ရှာလိုက်ကြပါလို့ ဖြစ်တယ်။(အလင်းပြကျမ်း) ❸ အီမာန်ရှင်တွေနဲ့ အယောင်ဆောင်မွတ်စ်လင်မ်တွေရဲ့ကြားမှာ တံတိုင်းတစ်ခု ခြားပေးလိုက်မှာဖြစ်တယ်။ သူတို့ဟာ လုံးဝ အမှောင်ထဲမှာပဲ ကျန်ခဲ့ကြရတော့မှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

يُنَادُوۡنَهُمۡ اَلَمۡ نَكُنۡ مَّعَكُمۡ ؕ قَالُوۡا بَلٰى وَلٰكِنَّكُمۡ فَتَنۡتُمۡ اَنۡفُسَكُمۡ وَتَرَبَّصۡتُمۡ وَارۡتَبۡتُمۡ وَغَرَّتۡكُمُ الۡاَمَانِىُّ حَتّٰى جَآءَ اَمۡرُ اللّٰهِ وَغَرَّكُمۡ بِاللّٰهِ الۡغَرُوۡرُ ﴿۱۴﴾

(၁၄) ၎င်း(မွတ်စ်လင်မ် အယောင်ဆောင်)တို့သည် ယင်း(အီမာန်ယုံကြည်သူ)တို့အား "ကျွန်ုပ်တို့သည် အသင်တို့နှင့်အတူရှိခဲ့ကြသည်မဟုတ်လော" ဟု ဟစ်အော်ပြောဆိုကြမည်။ ယင်းတို့က ပြောဆိုကြမည်- "အဘယ်ကြောင့် မဟုတ်ရမည်နည်း။ အမှန်ပင် အတူရှိခဲ့ကြသည်။ သို့ရာတွင် အသင်တို့သည် အသင်တို့ကိုယ်ကို အသင်တို့လှည့်စားခဲ့ကြသည်။ ထို့ပြင် အသင်တို့သည် (အစ္စလာမ်သာသနာ ပျက်စီးရန်) စောင့်ဆိုင်းနေခဲ့ကြသည်။ ထို့ပြင် အသင်တို့သည် (အစ္စလာမ်နှင့်ပတ်သက်၍) သံသယဖြစ်နေခဲ့ကြသည်။ (အလဟာသ

အကျိုးမဲ့)မျှော်လင့်ချက်များသည်လည်း အသင်တို့အား လှည့်စားထားခဲ့သည်။ နောက်ဆုံးတွင် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်(သေခြင်းတရား)သည် ဆိုက်ရောက်လာခဲ့သည်။ ထို့ပြင် အလွန်လှည့်စားသူ (ရှိုင်သွာန်)သည် အသင်တို့အား အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ လှည့်စားထားခဲ့သည်။[၅]

[၅] သေခါနီးအထိပါ သောင်ဖဟ်အများဝန်ခံခြင်းမပြုနိုင်အောင် ရှိုင်သွာန်က သူတို့ကို လှည့်စားထားခဲ့တာဖြစ်တယ်။ အဲဒါကြောင့် အဲဒီလို အယောင်ဆောင်ဘဝနဲ့ပဲ တမလွန်ဘဝကို ရောက်လာခဲ့ကြလို့ ဒုက္ခတွေ့တော့မှ အလှည့်စားခံခဲ့ရတာ သိတော့တယ်။ အချိန်ကုန်သွားပြီဖြစ်တယ်။
(အလင်းပြကျမ်း)

فَالْيَوْمَ لَا يُؤْخَذُ مِنكُمْ فِدْيَةٌ وَلَا مِنَ الَّذِينَ كَفَرُوا ۚ مَأْوَاكُمُ النَّارُ ۖ هِيَ مَوْلَاكُمْ ۖ وَبِئْسَ الْمَصِيرُ ﴿١٥﴾

(၁၅) သို့ဖြစ်ရာ ယနေ့မူ အသင်တို့ထံမှလည်း မည်သည့်လျော်ကြေးမျှ လက်ခံမည်မဟုတ်ပေ။ ထို့ပြင် ကာဖိရ်များထံမှလည်း လက်ခံမည်မဟုတ်ပေ။ အသင်တို့၏နေရာထိုင်ခင်းသည် (ငရဲ)မီးပင်ဖြစ်သည်။ ၎င်း(မီး)ပင် အသင်တို့၏ အဖော်ဖြစ်သည်။ ထို့ပြင် ထိုပြန်လည်ရာစခန်းသည် အဘယ်မျှ ဆိုးယုတ်လိုက်သနည်း။

أَلَمْ يَأْنِ لِلَّذِينَ آمَنُوا أَن تَخْشَعَ قُلُوبُهُمْ لِذِكْرِ اللَّهِ وَمَا نَزَلَ مِنَ الْحَقِّ وَلَا يَكُونُوا كَالَّذِينَ أُوتُوا الْكِتَابَ مِن قَبْلُ فَطَالَ عَلَيْهِمُ الْأَمَدُ فَقَسَتْ قُلُوبُهُمْ ۖ وَكَثِيرٌ مِّنْهُمْ فَاسِقُونَ ﴿١٦﴾

(၁၆) အီမာန်ယုံကြည်သူများအတွက် အလ္လာဟ်အရှင်မြတ်၏ ဆုံးမသြဝါဒ သတိပေးနှိုးဆော်ချက်နှင့် ကျရောက်ပြီးဖြစ်သောအမှန်တရား၏ရှေ့တွင် သူတို့၏စိတ်နှလုံးများ ယိမ်းညွတ်ရန် အချိန်မတန်သေးသလော။[၆] ထို့ပြင် သူတို့သည် အကြင်သူများကဲ့သို့ မဖြစ်စေကြနှင့်။ ထိုသူများသည် ယခင်က ကျမ်းဂန်ကို ပေးသနားတော်မူခြင်းခံခဲ့ကြရသည်။ ထို့နောက် သူတို့အပေါ်တွင် ကာလရှည်လျားလာသည့်အခါ သူတို့၏စိတ်နှလုံးများသည် ခက်ထန်မာကျောလာခဲ့သည်။ ထို့ပြင် သူတို့ထဲတွင် အများအပြားသည် သွေဖည်သူများပင်ဖြစ်ကြသည်။

[၆] အီမာန်ယုံကြည်သူတွေရဲ့ စိတ်နှလုံးတွေဟာ ကုရ်အာန်ကျမ်းတော်မြတ်အပေါ်မှာ နူးညံ့ပျော့ပျောင်းယိမ်းညွတ်ဖို့ အချိန်တန်နေပြီဖြစ်တယ်။ အရင်က ကျမ်းရခဲ့တဲ့သူတွေလို ကြာလာတဲ့အခါ စိတ်နှလုံးမာကျောခက်ထန်လာပြီး သွေဖည်တဲ့အဆင့်ထိရောက်သွားခဲ့ကြသလို မဖြစ်သင့်ဘူး။
(အလင်းပြကျမ်း)

اعْلَمُوا أَنَّ اللَّهَ يُحْيِي الْأَرْضَ بَعْدَ مَوْتِهَا ۚ قَدْ بَيَّنَّا لَكُمُ الْآيَاتِ لَعَلَّكُمْ تَعْقِلُونَ ﴿١٧﴾

(၁၇) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မြေပထဝီကို သေ့ခြောက်

(သေ)ပြီးနောက် ပြန်လည်ရှင်စေတော်မူသည်ကို အသင်တို့ သိရှိထားကြပါ။ အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့သိနားလည်ကြရန်အတွက် သက်သေလက္ခဏာများကို ရှင်းလင်းဖော်ပြတော်မူခဲ့ပြီး ဖြစ်သည်။

إِنَّ الْمُصَّدِّقِينَ وَالْمُصَّدِّقَٰتِ وَأَقْرَضُوا اللَّهَ قَرْضًا حَسَنًا يُضَٰعَفُ لَهُمْ وَلَهُمْ أَجْرٌ كَرِيمٌ ﴿١٨﴾

(၁၈) အမှန်စင်စစ် လှူဒါန်းကြသော အမျိုးသားများနှင့် လှူဒါန်းကြသော အမျိုးသမီးများသည် အလ္လာဟ်အရှင်မြတ်အား ကောင်းမြတ်သောကြွေးမြီ ချေးငှားခဲ့ကြသည်။ ယင်း(အလှူဒါန)သည် သူတို့အတွက် ဆတက်တိုးစေခြင်းခံရသည့်အပြင် သူတို့အတွက် မြင့်မြတ်သော အကျိုးလည်း ရှိမည်ဖြစ်သည်။

وَالَّذِينَ ءَامَنُوا بِاللَّهِ وَرُسُلِهِۦٓ أُولَٰٓئِكَ هُمُ الصِّدِّيقُونَ ۖ وَالشُّهَدَآءُ عِندَ رَبِّهِمْ لَهُمْ أَجْرُهُمْ وَنُورُهُمْ ۖ وَالَّذِينَ كَفَرُوا وَكَذَّبُوا بِـَٔايَٰتِنَآ أُولَٰٓئِكَ أَصْحَٰبُ الْجَحِيمِ ﴿١٩﴾

(၁၉) ထို့ပြင် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်များကို ယုံကြည်ကြသူများကမူ သူတို့ပင် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် မှန်ကန်သောသူများ၊ ရှဟီဒ်အလ္လာဟ်အရှင်မြတ်၏လမ်းတွင် အသက်စတေးခဲ့ကြသောသူများ ဖြစ်ကြသည်။❶ သူတို့အတွက် သူတို့၏အကျိုးနှင့် သူတို့၏ရောင်ခြည်ရှိမည်။ ထို့ပြင် အကြင်သူတို့သည် ငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် ငါအရှင်မြတ်၏ သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည်။ သူတို့သည် ဂျဟန္နမ်ငရဲသားများပင် ဖြစ်ကြသည်။

❶ အီမာန်ယုံကြည်ပြီး သူတို့ရဲ့ဥစ္စာပစ္စည်းနဲ့ အသက်ဝိညာဉ်ကို အရှင်မြတ်ရဲ့ လမ်းမှာ ပေးလှူဖို့ အရှင်မြတ်ကို ပုံအပ်ထားတဲ့သူတွေကို အရှင်မြတ်က စိဒ္ဒီက်တွေ၊ ရှဟီဒ်တွေရဲ့အဆင့်အတန်းကို ပေးသနားတော်မူလိုက်တာဖြစ်တယ်။ အရှင်မြတ်ရဲ့လမ်းမှာ သူတို့ဟာ အသက်ပေးခွင့်ရတာပဲဖြစ်ဖြစ်၊ မရတာပဲဖြစ်ဖြစ် သူတို့နဲ့ မဆိုင်တော့ဘဲ အရှင်မြတ်နဲ့ပဲ သက်ဆိုင်နေတော့တာဖြစ်တယ်။ သူတို့နဲ့ ဆိုင်တာကတော့ စိတ်ရင်းစေတနာပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

اعْلَمُوٓا أَنَّمَا الْحَيَوٰةُ الدُّنْيَا لَعِبٌ وَلَهْوٌ وَزِينَةٌ وَتَفَاخُرٌۢ بَيْنَكُمْ وَتَكَاثُرٌ فِى الْأَمْوَٰلِ وَالْأَوْلَٰدِ ۖ كَمَثَلِ غَيْثٍ أَعْجَبَ الْكُفَّارَ نَبَاتُهُۥ ثُمَّ يَهِيجُ فَتَرَىٰهُ مُصْفَرًّا ثُمَّ يَكُونُ حُطَٰمًا ۖ وَفِى الْءَاخِرَةِ عَذَابٌ شَدِيدٌ وَمَغْفِرَةٌ مِّنَ اللَّهِ وَرِضْوَٰنٌ ۚ وَمَا الْحَيَوٰةُ الدُّنْيَآ إِلَّا مَتَٰعُ الْغُرُورِ ﴿٢٠﴾

(၂၀) အသင်တို့သည် သိထားကြပါ။ လောကီဘဝသည် ကစားခုန်စားမှု သက်သက်၊ အလဟဿအချိန်ဖြုန်းတီးမှု၊ မျက်စိပသာဒအတွက် လှပတင့်တယ်မှု၊ အချင်းချင်းဝါကြွားဂုဏ်ပြိုင်ခြင်း၊ ပစ္စည်းဥစ္စာနှင့် သားသမီးပေါ်များမှုတွင် ဂုဏ်ပြိုင်ခြင်းများပင် ဖြစ်သည်။ အကြင်မိုးရေပမာပင်ဖြစ်သည်။ ၎င်း(မိုးရေ)ကြောင့်

ပေါက်ရောက်သော အပင်များသည် တောင်သူလယ်သမားများအား နှစ်သက်ပျော်ရွှင်စေသည်။ ထို့ပြင် ၎င်း(အပင်များ)သည် ခြောက်သွေ့သွားသည့်အခါ အသင် သည် ၎င်း(အပင်များ)အား ဝါနေသည်ကို တွေ့မြင်ရသည်။ ထို့နောက် ၎င်း(အပင်များ)သည် အစိတ်စိတ်အမွှာမွှာကြေမွသွားတော့သည်။ ထို့ပြင် တမလွန်ဘဝ၌မူ ပြင်းထန်သောပြစ်ဒဏ်လည်းရှိသည်။ အလ္လာဟ်အရှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်နှင့် သဘောတူကျေနပ်မှုလည်း ရှိသည်။ ထို့ပြင် လောကီဘဝသည် လှည့်စားသောအကျိုးခံစားမှုပင် ဖြစ်သည်။

سَابِقُوٓا۟ إِلَىٰ مَغْفِرَةٍ مِّن رَّبِّكُمْ وَجَنَّةٍ عَرْضُهَا كَعَرْضِ ٱلسَّمَآءِ وَٱلْأَرْضِ أُعِدَّتْ لِلَّذِينَ
ءَامَنُوا۟ بِٱللَّهِ وَرُسُلِهِۦ ۚ ذَٰلِكَ فَضْلُ ٱللَّهِ يُؤْتِيهِ مَن يَشَآءُ ۚ وَٱللَّهُ ذُو ٱلْفَضْلِ ٱلْعَظِيمِ ﴿٢١﴾

(၂၁) အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏လွတ်ငြိမ်းချမ်းသာခွင့်ဘက်သို့သာမက မိုးနှင့် မြေတမျှ ကျယ်ဝန်းသော ဂျန္နသ်သုခဘုံဘက်သို့လည်း အပြိုင်အဆိုင်ပြေးကြပါ။ ၎င်း(ဂျန္နသ်သုခဘုံ)သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်များကို ယုံကြည်ကြသူများအတွက် အဆင်သင့်ပြုလုပ်ထားပြီးဖြစ်သည်။❶ ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ပင် ဖြစ်သည်။ အရှင်မြတ်သည် ထိုကျေးဇူးတော်ကို အရှင်မြတ်အလိုရှိသည့်သူကို ပေးသနားတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်ကြီးကျယ်သော ကျေးဇူးတော်ရှင် ဖြစ်တော်မူသည်။

❶ လောကီစည်းစိမ်တွေထဲမှာပဲ နစ်မွန်းမနေဘဲ အရှင်မြတ်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ရဖို့နဲ့ ဂျန္နသ်ရဖို့ အပြေးအလွှား ကြိုးစားရမှာ ဖြစ်ကြောင်း မိန့်ဆိုထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

مَآ أَصَابَ مِن مُّصِيبَةٍ فِى ٱلْأَرْضِ وَلَا فِىٓ أَنفُسِكُمْ إِلَّا فِى كِتَٰبٍ مِّن قَبْلِ أَن نَّبْرَأَهَآ ۚ إِنَّ ذَٰلِكَ
عَلَى ٱللَّهِ يَسِيرٌ ﴿٢٢﴾

(၂၂) ကမ္ဘာမြေနှင့် အသင်တို့ကိုယ်တွင် မည်သည့်ဒုက္ခမျှ ကျရောက်မလာပေ၊ သို့ရာတွင် ငါအရှင်မြတ်သည် ထိုဒုက္ခကို ကမ္ဘာမြေနှင့် အသင်တို့၏အသက်များကို မဖန်ဆင်းမီကတည်းက မှတ်တမ်းစာအုပ်တွင် (ရေးသားထားတော်မူပြီး ဖြစ်သည်)။ အမှန်စင်စစ် ၎င်းသည် အလ္လာဟ်အရှင်မြတ်အပေါ်တွင် အလွန်လွယ်ကူသည်။

لِّكَيْلَا تَأْسَوْا۟ عَلَىٰ مَا فَاتَكُمْ وَلَا تَفْرَحُوا۟ بِمَآ ءَاتَىٰكُمْ ۗ وَٱللَّهُ لَا يُحِبُّ كُلَّ مُخْتَالٍ فَخُورٍ ﴿٢٣﴾

(၂၃) အသင်တို့သည် အသင်တို့ထံမှ လွတ်သွားသည့်အရာနှင့် ပတ်

သက်၍ ပူဆွေးခြင်းမရှိကြရန်အတွက်နှင့် အသင်တို့အား အရှင်မြတ်က ပေး သနားတော်မူသောအရာနှင့် ပတ်သက်၍ ဂုဏ်ယူမော်ကြွားခြင်း မပြုကြရန် အတွက် (အရှင်မြတ်သည် ဤသည်ကို အသိပေးတော်မူလိုက်ခြင်းဖြစ်သည်)။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မည်သည့်မာနထောင်သူ၊ ဂုဏ်မောက်သူ ကိုမျှ နှစ်သက်တော်မမူပေ။❷

❷ လောကမှာ ရရှိတဲ့ ဒုက္ခတွေ၊ သုခတွေဟာ လူတွေမဖန်ဆင်းခင်ကတည်းက ရေးမှတ်ထားပြီး သားဖြစ်နေတဲ့အတွက် လွတ်သွားတာအတွက်ငိုနေရင် စိတ်ဆင်းရဲရတာပဲ အဖတ်တင်မယ်။ ဘာ မှ ထူးလာမှာမဟုတ်ဘူး။ လောကီဆိုင်ရာ အရေးကိစ္စတွေဟာ ဘာပဲဖြစ်ဖြစ် အရှင်မြတ်ရေးမှတ် ထားပြီးတဲ့အတိုင်း ဖြစ်လာတာလို့ ယုံကြည်ထားရင် အမြဲစိတ်ချမ်းသာနေမှာ ဖြစ်တယ်။ ဒုက္ခရောက် ရင် သည်းခံပြီး သုခရလာရင် ကျေးဇူးတင်တာဟာ ကိုယ်ကိုယ်တိုင်လည်း စိတ်ချမ်းသာနေရုံတင် မကဘူး အရှင်မြတ်ရဲ့ကျေနပ်နှစ်သက်မှုပါ ရရှိမှာ ဖြစ်တယ်။ အဲဒီအတွက် ဒါကို အသိပေးထားတာ ဖြစ်တယ်။ အခြေအနေတိုင်းမှာ အရှင်မြတ်ကို ချီးမွမ်းနေနိုင်တဲ့အဆင့်ရောက်အောင် ကြိုးစားကြရ မှာဖြစ်တယ်။(မွတ်စ်လင်မ်ထုတစ်ရပ်လုံးကိုဒီအဆင့်မျိုးအရှင်မြတ် ချီးမြှင့်ပေးသနားတော်မူပါစေ၊ အာမီးန်)။ (အလင်းပြကျမ်း)

الَّذِينَ يَبْخَلُونَ وَيَأْمُرُونَ النَّاسَ بِالْبُخْلِ ۗ وَمَن يَتَوَلَّ فَإِنَّ اللَّهَ هُوَ الْغَنِيُّ الْحَمِيدُ ﴿٢٤﴾

(၂၄) ထိုသူများသည် သူတို့ကိုယ်တိုင် စေးနဲကြသည်သာမက၊ သူ တစ်ပါးအားလည်း စေးနဲကြဖို့ တိုက်တွန်းအမိန့်ပေးကြသည်။ ထို့ပြင် မည်သူမဆို (သုံးစွဲလှူဒါန်းခြင်းမပြုဘဲ) မျက်နှာလွှဲထွက်သွားလျှင် အမှန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းပြီး ပြည့်စုံကြွယ်ဝတော်မူသော အရှင်၊ အလွန်ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင်မြတ် ဖြစ်တော်မူသည်။

لَقَدْ أَرْسَلْنَا رُسُلَنَا بِالْبَيِّنَاتِ وَأَنزَلْنَا مَعَهُمُ الْكِتَابَ وَالْمِيزَانَ لِيَقُومَ النَّاسُ بِالْقِسْطِ ۖ وَأَنزَلْنَا الْحَدِيدَ فِيهِ بَأْسٌ شَدِيدٌ وَمَنَافِعُ لِلنَّاسِ وَلِيَعْلَمَ اللَّهُ مَن يَنصُرُهُ وَرُسُلَهُ بِالْغَيْبِ ۚ إِنَّ اللَّهَ قَوِيٌّ عَزِيزٌ ﴿٢٥﴾

(၂၅) အမှန်စင်စစ် ငါအရှင်မြတ်သည် ငါအရှင်မြတ်၏တမန်တော်များ ကို ထင်ရှားသော သက်သေလက္ခဏာများနှင့်တကွ စေလွှတ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ထိုတမန်တော်များနှင့်အတူ တရားမျှတမှုအပေါ်တွင် လူများရပ်တည်ကြရန်အတွက် ကျမ်းဂန်နှင့် မျှတမှုကို ချပေးတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သံကိုလည်း ချပေးတော်မူခဲ့သည်။ ထိုသံတွင် ကြီး ကျယ် ပြင်းထန်သော စွမ်းအင်ရှိသည်။ လူသားများအတွက် အကျိုးကျေးဇူးများ လည်းရှိသည်။❶ ထို့ပြင် မည်သူသည် မမြင်ဘဲလျက် အလ္လာဟ်အရှင်မြတ်နှင့်

အရှင်မြတ်၏တမန်တော်များကို ကူညီသည်ကို အလ္လာဟ်အရှင်မြတ် သိရှိဖော်ထုတ်တော်မူရန်အတွက် (ချပေးတော်မူခြင်းလည်း ဖြစ်သည်)။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်အင်အားကြီးတော်မူသောအရှင်၊ တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ အရှင်မြတ်က တမန်တော်တွေကို စံနမူနာလုပ်ပြဖို့၊ ကျမ်းဂန်တွေကို လူတွေတစ်ဖက်စွန်း မရောက်အောင်ညွှန်ကြားပြသဖို့နဲ့ မျှတတဲ့ အမိန့်ပညတ်ချက်တွေကို တရားမျှမျှတတ အပေးအယူတွေလုပ်နိုင်ဖို့ ချပေးတော်မူခဲ့တာဖြစ်တယ်။ လူတွေဟာ ကျမ်းဂန်အတိုင်း မလိုက်နာဘဲ မျှတမှုကိုလည်း စွန့်လွှတ်ပြီး နိုင်ထက်စီးနင်းမှုတွေ၊ မတရားမှုတွေ ပြုလုပ်လာတဲ့အခါ အာဏာနဲ့ နှိမ်နင်းနိုင်အောင် လက်နက်တွေပြုလုပ်ဖို့ သံကိုလည်း ချပေးတော်မူခဲ့တာဖြစ်တယ်။ ဂျိဟာဒ် လုပ်ရတဲ့ အကြောင်းရင်းကလည်း ဒါပဲဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَقَدْ أَرْسَلْنَا نُوحًا وَإِبْرَٰهِيمَ وَجَعَلْنَا فِى ذُرِّيَّتِهِمَا ٱلنُّبُوَّةَ وَٱلْكِتَٰبَ ۖ فَمِنْهُم مُّهْتَدٍ ۖ وَ
كَثِيرٌ مِّنْهُمْ فَٰسِقُونَ ﴿٢٦﴾

(၂၆) ထို့ပြင် ငါအရှင်မြတ်သည် (တမန်တော်)နူးဟ်နှင့် (တမန်တော်) အိဗ်ရာဟီမ်ကို စေလွှတ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းတို့နှစ်ဦး၏သားမြေးများထဲတွင် တမန်တော်ဖြစ်မှုနှင့် ကျမ်းဂန်ကို သတ်မှတ်ပေးသနားတော်မူခဲ့သည့်အတွက် သူတို့ထဲတွင် တရားလမ်းမှန်ကို ရရှိသူများလည်း ရှိခဲ့ကြသည်။ ထို့ပြင် သူတို့ထဲမှ အမြောက်အမြားသည် သွေဖည်သူများလည်း ဖြစ်ခဲ့ကြသည်။

ثُمَّ قَفَّيْنَا عَلَىٰٓ ءَاثَٰرِهِم بِرُسُلِنَا وَقَفَّيْنَا بِعِيسَى ٱبْنِ مَرْيَمَ وَءَاتَيْنَٰهُ ٱلْإِنجِيلَ ۖ وَجَعَلْنَا فِى
قُلُوبِ ٱلَّذِينَ ٱتَّبَعُوهُ رَأْفَةً وَرَحْمَةً ۚ وَرَهْبَانِيَّةً ٱبْتَدَعُوهَا مَا كَتَبْنَٰهَا عَلَيْهِمْ إِلَّا
ٱبْتِغَآءَ رِضْوَٰنِ ٱللَّهِ فَمَا رَعَوْهَا حَقَّ رِعَايَتِهَا ۖ فَـَٔاتَيْنَا ٱلَّذِينَ ءَامَنُوا۟ مِنْهُمْ أَجْرَهُمْ ۖ وَكَثِيرٌ
مِّنْهُمْ فَٰسِقُونَ ﴿٢٧﴾

(၂၇) ထို့နောက် ငါအရှင်မြတ်သည် သူတို့၏နောက်တွင် ငါအရှင်မြတ်၏တမန်တော်များကို ဆက်တိုက်စေလွှတ်တော်မူခဲ့သည်။ ထို့နောက် ငါအရှင်မြတ်သည် မရ်ယမ်၏သားတော်(တမန်တော်)အီစာကို စေလွှတ်တော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(တမန်တော်အီစာ)ကို အင်န်ဂျီလ်ကျမ်းပေးသနားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း၏နောက်ကို လိုက်ခဲ့ကြသည့်သူများ၏စိတ်နှလုံးများတွင် နူးညံ့သိမ်မွေ့မှုနှင့် သနားကြင်နာမှုကို ထည့်သွင်းပေးတော်မူခဲ့သည်။ ထို့ပြင် သူတို့သည်(လောကီလုပ်ငန်းများနှင့် အရသာများကို

စွန့်လွှတ်ပြီး) ရဟန်းဝတ်သည့်လမ်းစဉ်(တောထွက်လမ်းစဉ်)ကို တီထွင်ခဲ့ကြသည်။ ယင်း(လမ်းစဉ်)ကို ငါအရှင်မြတ်က ပြဌာန်းခဲ့သည်မဟုတ်ပေ။ သို့ရာတွင် (သူတို့ကိုယ်တိုင်ပင်) အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုရှာဖွေရန်အတွက်သက်သက် (ထိုတောထွက်လမ်းစဉ်ကို တီထွင်ပြီး လိုက်နာကျင့်သုံးခဲ့ကြခြင်း)ဖြစ်သည်။ ထို့နောက် သူတို့သည် ယင်း(လမ်းစဉ်)ကို စောင့်ထိန်းရမည့် ဝတ္တရားအတိုင်း စောင့်ထိန်းနိုင်ခြင်းမရှိကြပေ။[၂] ထို့နောက် ငါအရှင်မြတ်သည် သူတို့ထဲမှ ယုံကြည်ခဲ့သည့်သူများအား သူတို့၏အကျိုးကို ပေးသနားတော်မူခဲ့သည်။ ထို့ပြင် သူတို့ထဲမှ အမြောက်အမြားကမူ သွေဖည်သူများပင် ဖြစ်ခဲ့ကြသည်။

[၂] တမန်တော်အီစာ ﷺ ရဲ့ နောက်လိုက်သားတွေဟာ သာသနာမဲ့ ဘုရင်တွေရဲ့ ဆိုးသွမ်းမှုတွေလက်အောက်မှာ လူးလိမ့်ခံကြရတဲ့အခါ တောထွက်လမ်းစဉ်ကို တီထွင်ခဲ့ကြပြီး စီးပွားစွန့် သားမယားစွန့်ပြီး တောထဲမှာ တရားထိုင်ကြတော့တယ်။ ဒါပေမဲ့ သဘာဝမကျတဲ့ သာသနာ့လမ်းစဉ်ဟာ ရေရှည်မခံခဲ့ဘူး။ သူတို့ဟာ ထိန်းသိမ်းသင့်သလောက် မထိန်းသိမ်းနိုင်ခဲ့ကြဘူး။ အစာရေစာငတ်ပြတ်မှုရဲ့ဒဏ်ကို မခံနိုင်တော့တဲ့အဆုံး ရသလို စီးပွားရှာရတော့တယ်။ အဲဒါကြောင့် အစ္စလာမ်က တောထွက်ကျင့်ကြံခြင်းကို ခွင့်မပြုတာဖြစ်တယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ ٱتَّقُوا۟ ٱللَّهَ وَءَامِنُوا۟ بِرَسُولِهِۦ يُؤْتِكُمْ كِفْلَيْنِ مِن رَّحْمَتِهِۦ وَيَجْعَل لَّكُمْ نُورًا تَمْشُونَ بِهِۦ وَيَغْفِرْ لَكُمْ ۚ وَٱللَّهُ غَفُورٌ رَّحِيمٌ ﴿٢٨﴾

(၂၈) အို - အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ၊ ထို့ပြင် အသင်တို့သည် အရှင်မြတ်၏တမန်တော်ကိုလည်း ယုံကြည်ကြပါ။ အရှင်မြတ်သည် အသင်တို့အား အရှင်မြတ်၏ ကရုဏာတော်မှ နှစ်ဆပေးသနားတော်မူမည့်အပြင်၊ အသင်တို့အတွက် အကြင်အလင်းရောင်ကို ဖန်ဆင်းပေးသနားတော်မူမည်။ အသင်တို့သည် ထိုအလင်းရောင်ဖြင့် လျှောက်သွားကြမည်။ ထို့ပြင် အသင်တို့အား လွတ်ငြိမ်းချမ်းသာခွင့်လည်း ပေးသနားတော်မူမည်ဖြစ်သည်။[၃] ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

[၃] အရင်က ကျမ်းရထားတဲ့သူတွေဟာ အစ္စလာမ်ကိုလက်ခံရင် အကျိုးနှစ်ဆရမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

لِّئَلَّا يَعْلَمَ أَهْلُ ٱلْكِتَٰبِ أَلَّا يَقْدِرُونَ عَلَىٰ شَىْءٍ مِّن فَضْلِ ٱللَّهِ ۙ وَأَنَّ ٱلْفَضْلَ بِيَدِ ٱللَّهِ يُؤْتِيهِ مَن يَشَآءُ ۚ وَٱللَّهُ ذُو ٱلْفَضْلِ ٱلْعَظِيمِ ﴿٢٩﴾

(၂၉) (ထိုသို့ ပေးတော်မူရသည့်အကြောင်းမှာ) ယခင်က ကျမ်းဂန်

ရှိသည့်သူများအနေဖြင့် သူတို့သည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးများထဲမှ အနည်းငယ်မျှ(ရယူ)နိုင်ကြသည် မဟုတ်ကြောင်းနှင့်၊ အမှန်စင်စစ် ကျေးဇူးတော်သည် အလ္လာဟ်အရှင်မြတ်၏လက်ထဲ၌ပင်ရှိပြီး အရှင်မြတ်အလိုရှိတော်မူသောသူကိုသာ ထိုကျေးဇူးတော်ကို ပေးသနားတော်မူကြောင်းကို သိရှိကြရန်အတွက်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်ကြီးကျယ်သော ကျေးဇူးတော်ကို ပိုင်ဆိုင်တော်မူသောအရှင်မြတ် ဖြစ်တော်မူသည်။❻

❻ တမန်တော်မြတ် ﷺ ကို လက်ခံပြီး အမိန့်တော်တွေကို လိုက်နာရင် အရှင်မြတ်က မိမိရဲ့ကျေးဇူးတော်ကို အပြည့်အဝ ပေးသနားတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

================================================

ركوعاتها ٣ ٥٨ سُوْرَةُ الْمُجَادِلَةِ مَدَنِيَّةٌ ١٠٥ اٰياتها ٢٢

## စူရဟ် မုဂျာဒိလဟ် (စောဒကတက်သောအမျိုးသမီးကဏ္ဍ) سُوْرَةُ الْمُجَادِلَةِ

================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

قَدْ سَمِعَ اللّٰهُ قَوْلَ الَّتِيْ تُجَادِلُكَ فِيْ زَوْجِهَا وَتَشْتَكِيْٓ اِلَى اللّٰهِ ۖ وَاللّٰهُ يَسْمَعُ تَحَاوُرَكُمَا ۭ اِنَّ اللّٰهَ سَمِيْعٌۢ بَصِيْرٌ ﴿١﴾

(၁) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြင်အမျိုးသမီး၏ ပြောဆိုမှုကို ကြားတော်မူခဲ့ပြီဖြစ်သည်။ သူမသည် သူမ၏လင်ယောကျ်ားနှင့် ပတ်သက်၍ အသင်နှင့် ငြင်းခုံပြောဆိုဆွေးနွေးသည့်အပြင် သူမ(မကျေနပ်ကြောင်း) အလ္လာဟ်အရှင်မြတ်ထံတော်တွင် ထုတ်ဖော်တိုင်တန်းသည်။❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့နှစ်ဦး ပြောဆိုကြသည်ကိုလည်း ကြားတော်မူသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့မြင်တော်မူသောအရှင် ဖြစ်တော်မူသည်။❷

❶ တမန်တော်မြတ် ﷺ မပွင့်ပေါ်ခင်က အရပ်တွေမှာ ဓလေ့ထုံးစံတစ်ခုရှိခဲ့တယ်။ သူတို့ရဲ့ ဇနီးနဲ့ မပေါင်းချင်တော့ရင် သူ့ရဲ့မိခင်နဲ့ တူတယ်လို့ ပြောလိုက်တာနဲ့ ပြတ်စဲသွားတော့တယ်။ ပြန်ပေါင်းဖို့ နည်းလမ်းမရှိတော့ဘူး။ အဲဒီလိုနဲ့ ခေါင်လဟ်ဗင်သိဆအ်လဗဟ် رضي الله عنها ဆိုတဲ့ မွတ်စ်လင်မ်အမျိုးသမီးဟာ သူ့ခင်ပွန်းက မိခင်နဲ့တူတယ်လို့ပြောပြီး မပေါင်းတော့တဲ့အတွက် တမန်တော်မြတ် ﷺ ထံမှာ လာရောက်တိုင်ကြားခဲ့တယ်။ ပြီးတော့ ကျွန်မ အသက်လည်းကြီးပါပြီ၊ ဒီကလေးတွေတစ်ပြုံနဲ့ ကျွန်မဘယ်လိုနေထိုင်ရမလဲ စသဖြင့် ငိုယိုပြီး အရှင်မြတ်ထံတော်မှာလည်း တိုင်တည် လျှောက်ထားခဲ့တယ်။ အဲဒီအပေါ်မှာ ကောင်းကင်တမန် ဂျိဗ်ရီလ် عليه السلام ဟာ ဒီအာယသ်ကို တမန်တော်မြတ် ﷺ ထံ ယူလာခဲ့တာဖြစ်တယ်။ (သွဗ်ရီ၊ အလင်းပြကျမ်း) ❷ ဒုက္ခသည်အမျိုးသမီးရဲ့ငိုကြွေးသံကို ကြားနာလက်ခံပြီး အမျိုးသမီးထုတစ်ရပ်လုံး တစ်သက်လုံး အခွင့်အရေးမဆုံးရှုံးရအောင် အရှင်မြတ်က ချက်ချင်း အမိန့်ချပေးတော်မူလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

اَلَّذِيْنَ يُظٰهِرُوْنَ مِنْكُمْ مِّنْ نِّسَآئِهِمْ مَّا هُنَّ اُمَّهٰتِهِمْ ۭ اِنْ اُمَّهٰتُهُمْ اِلَّا الّٰٓـِٔيْ وَلَدْنَهُمْ ۭ وَاِنَّهُمْ لَيَقُوْلُوْنَ مُنْكَرًا مِّنَ الْقَوْلِ وَزُوْرًا ۭ وَاِنَّ اللّٰهَ لَعَفُوٌّ غَفُوْرٌ ﴿٢﴾

(၂) အသင်တို့ထဲမှ အကြင်သူများသည် သူတို့၏ဇနီးမိန်းမများကို (အသင်မသည် ကျွန်ုပ်၏မိခင်ကဲ့သို့ ကျွန်ုပ်အပေါ်တွင် ဟရာမ်ဖြစ်သည်ဟုပြောဆို) ဖွိဟာရ်ပြုလုပ်ကြသည်။ ထိုဇနီးမိန်းမများသည် သူတို့၏မိခင်များ မဟုတ်

ကြပေ။ သူတို့အား မွေးဖွားခဲ့သည့်မိန်းမများပင် သူတို့၏မိခင်များ ဖြစ်ကြသည်။ ထို့ပြင် အမှန်စင်စစ် သူတို့သည် စက်ဆုပ်ဖွယ်ရာစကားနှင့် မုသားစကားကို ပြောဆိုခဲ့ကြသည် အမှန်ပင်ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန် ခွင့်လွှတ်တော်မူသောအရှင်၊ လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင် ဖြစ်တော်မူသည်။

وَالَّذِيْنَ يُظٰهِرُوْنَ مِنْ نِّسَآىِٕهِمْ ثُمَّ يَعُوْدُوْنَ لِمَا قَالُوْا فَتَحْرِيْرُ رَقَبَةٍ مِّنْ قَبْلِ اَنْ يَّتَمَآسَّا ؕ ذٰلِكُمْ تُوْعَظُوْنَ بِهٖ ؕ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ﴿٣﴾

(၃) ထို့ပြင် အကြင်သူများသည် သူတို့၏ဇနီးမိန်းမများနှင့် ဇိဟာရ်ပြုလုပ်ကြသည်။ ထို့ပြင် သူတို့သည် သူတို့ပြောဆိုခဲ့သည်ကို ပြန်ရုပ်သိမ်းလိုက်ကြသည်။ သို့ဖြစ်လျှင် သူတို့သည် ဇနီးနှင့်ကာမမဆက်ဆံမီအလျင် ကျွန်တစ်ဦးကို သူကောင်းပြုရမည်။ ၎င်းသည် အကြင်အရာပင် ဖြစ်သည်၊ ထိုအရာဖြင့် အသင်တို့သည် ဆုံးမခြင်းခံရသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်သည်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။

فَمَنْ لَّمْ يَجِدْ فَصِيَامُ شَهْرَيْنِ مُتَتَابِعَيْنِ مِنْ قَبْلِ اَنْ يَّتَمَآسَّا ۚ فَمَنْ لَّمْ يَسْتَطِعْ فَاِطْعَامُ سِتِّيْنَ مِسْكِيْنًا ؕ ذٰلِكَ لِتُؤْمِنُوْا بِاللّٰهِ وَرَسُوْلِهٖ ؕ وَتِلْكَ حُدُوْدُ اللّٰهِ ؕ وَلِلْكٰفِرِيْنَ عَذَابٌ اَلِيْمٌ ﴿٤﴾

(၄) ထို့နောက် မည်သူမဆို(ကျွန်ကို)မရခဲ့လျှင် သူတို့နှစ်ဦး ကာမမဆက်ဆံမီအလျင် နှစ်လတိတိ တစ်ဆက်တည်း စွံယာမ် ဥပုသ်စောင့်ထိန်းရမည်။ ထို့နောက် မည်သူမဆို ထိုအရာလည်း မတတ်စွမ်းနိုင်လျှင် ဆင်းရဲသား (၆၀)ဦးကို ကျွေးမွေးရမည်။❷ ယင်း(သို့လျော်ပေါ့ပေးခြင်း)သည် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို ယုံကြည်ရန်ဖြစ်သည်။ ထို့ပြင် ထိုအရာများသည် အလ္လာဟ်အရှင်မြတ်၏သတ်မှတ်ထားသော စည်းကမ်းဥပဒေဘောင်များ ဖြစ်သည်။ ထို့ပြင် ကာဖိရ်ငြင်းပယ်သူများတွင် အလွန်နာကျင်စေသည့်ပြစ်ဒဏ်ရှိလိမ့်မည်။

❷ သူတို့ရဲ့ဇနီးကို သူတို့ရဲ့မိခင်မဟုတ်ဘဲနဲ့ သူတို့ရဲ့ပါးစပ်တွေက လုပ်ကြံလိမ်လည်ပြောဆိုတဲ့အတွက် မိခင်လည်း ဖြစ်မသွားတဲ့အပြင် ဇနီးအဖြစ်ကလည်း ပြတ်စဲမသွားဘူး။ ဒါပေမဲ့ အဲဒီလိုအမျိုးသမီးတွေကို နစ်နာအောင် မဟုတ်တာ တီထွင်ပြုလုပ်တာကြောင့် ဒဏ်ခတ်တဲ့အနေနဲ့ အဲဒီသူကို ကျေးကျွန်တစ်ဦး သူကောင်းပြုခိုင်းထားတာဖြစ်တယ်။ အဲဒါမတတ်နိုင်ရင် နစ်လဆက်တိုက်စွောင်မ်ဥပုသ်စောင့်ရမယ်။ ဒါလဲမတတ်နိုင်ရင် ဆင်းရဲသား(၆၀)ကို ဗိုက်ဝအောင် ထမင်းနှစ်နပ်ကျွေးရမှာဖြစ်တယ်။ အဲဒါဆောင်ရွက်ပြီးမှ သူ့ဇနီးနဲ့ ပြန်ပြီး ကာမဆက်ဆံခွင့်ရှိမှာဖြစ်တယ်။ (အလင်းပြကျမ်း) သွလာက်ရဲ့ ရည်ရွယ်ချက်မပါဘဲ မိန်းမကို ချစ်လို့ တင်စားပြီး ငါ့အမေလိုပဲ ငါ့

အပေါ်ကောင်းတယ်လို့ပြောရင် ဖွဲ့ဟာရိမဖြစ်ဘူး။ (ဖသာဝါဟင်နိဒီယဟ်)

إِنَّ ٱلَّذِينَ يُحَآدُّونَ ٱللَّهَ وَرَسُولَهُۥ كُبِتُوا۟ كَمَا كُبِتَ ٱلَّذِينَ مِن قَبْلِهِمْ ۚ وَقَدْ أَنزَلْنَآ ءَايَٰتٍۭ بَيِّنَٰتٍ ۚ وَلِلْكَٰفِرِينَ عَذَابٌ مُّهِينٌ ﴿٥﴾

(၅) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို ဆန့်ကျင်သည့်သူများသည် သူတို့မတိုင်မီကသူများ သေးသိမ်စေခြင်းခံခဲ့ရသကဲ့သို့ သေးသိမ်စေခြင်းခံကြရမည် ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် ထင်ရှားသောသက်သေလက္ခဏာများကို ချပေးတော်မူခဲ့ပြီးဖြစ်သည်။ ထို့ပြင် ကာဖိရ်များအတွက် သေးသိမ်စေသည့်ပြစ်ဒဏ်ရှိမည်။❻

❻ မွတ်စ်လင်မ်ဟာ အမိန့်နာခံရမှာဖြစ်တယ်။ အမိန့်ဖီဆန်ကျူးလွန်နေတဲ့ ကာဖိရ်တွေကို လျစ်လျူရှုထားလိုက်ပါ၊ သူတို့အတွက်ကတော့ သေးသိမ်စေတဲ့ပြစ်ဒဏ်ဟာ လုံလောက်ပြီးဖြစ်တယ်။ (အလင်းပြကျမ်း)

يَوْمَ يَبْعَثُهُمُ ٱللَّهُ جَمِيعًا فَيُنَبِّئُهُم بِمَا عَمِلُوٓا۟ ۚ أَحْصَىٰهُ ٱللَّهُ وَنَسُوهُ ۚ وَٱللَّهُ عَلَىٰ كُلِّ شَىْءٍ شَهِيدٌ ﴿٦﴾

(၆) ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်သည် သူတို့အားလုံးကို ရှင်ပြန်ထစေတော်မူပြီးနောက် သူတို့ပြုလုပ်ခဲ့သမျှကို သူတို့အား အသိပေးတော်မူမည်။ အလ္လာဟ်အရှင်မြတ်ကမူ ၎င်း(လုပ်ရပ်များ)ကို ရေတွက်မှတ်သားထားတော်မူ၍ သူတို့ကမူ ၎င်း(လုပ်ရပ်များ)ကို မေ့လိုက်ကြပြီဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ်တွင် မျက်မှောက်အသိသက်သေဖြစ်နေတော်မူသောအရှင် ဖြစ်တော်မူသည်။

أَلَمْ تَرَ أَنَّ ٱللَّهَ يَعْلَمُ مَا فِى ٱلسَّمَٰوَٰتِ وَمَا فِى ٱلْأَرْضِ ۖ مَا يَكُونُ مِن نَّجْوَىٰ ثَلَٰثَةٍ إِلَّا هُوَ رَابِعُهُمْ وَلَا خَمْسَةٍ إِلَّا هُوَ سَادِسُهُمْ وَلَآ أَدْنَىٰ مِن ذَٰلِكَ وَلَآ أَكْثَرَ إِلَّا هُوَ مَعَهُمْ أَيْنَ مَا كَانُوا۟ ۖ ثُمَّ يُنَبِّئُهُم بِمَا عَمِلُوا۟ يَوْمَ ٱلْقِيَٰمَةِ ۚ إِنَّ ٱللَّهَ بِكُلِّ شَىْءٍ عَلِيمٌ ﴿٧﴾

(၇) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များတွင် ရှိသမျှနှင့် မြေပထဝီတွင်ရှိသမျှကို သိရှိတော်မူကြောင်း အသင်(တမန်တော်)သည် မစဉ်းစား မကြည့်မြင်ခဲ့သလော။ လူသုံးဦး လျှို့ဝှက်ဆွေးနွေးလျှင် အရှင်မြတ်သည် စတုတ္ထအဖြစ်ရှိနေတော်မူသည်။ ထို့ပြင် လူငါးဦးဆိုလျှင် အရှင်မြတ်သည် ဆဋ္ဌမအဖြစ်ရှိနေတော်မူသည်။ ထို့ပြင် ထိုထက်လျော့သည်ဖြစ်စေ၊ ပိုသည်ဖြစ်စေ၊ သူတို့သည် မည်သည့်နေရာ၌ပင် ရှိနေသည် ဖြစ်စေ၊ အရှင်မြတ်သည် သူတို့နှင့်အတူ ရှိနေတော်မူသည်။❶ ထို့နောက် အရှင်မြတ်သည် ကိယာမသ်

ရှင်ပြန်ထမည့်နေ့တွင် သူတို့ပြုလုပ်ခဲ့သည်များကို သူတို့အား အသိပေးတော်မူမည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။

❶ အရှင်မြတ်ဟာ အသင်တို့ တံခါးပိတ်ဆွေးနွေးရင်လည်း အကုန်သိနေတဲ့အတွက် အသင်တို့ဟာ မကောင်းတာ ဆွေးနွေးကြခြင်းကနေ တားမြစ်ထားပြီးတော့ ကောင်းတာ အကျိုးရှိတာကိုပဲ ဆွေးနွေးကြဖို့ အမိန့်ပေးထားတာဖြစ်တယ်။ (အွခ်မာနီ)

أَلَمْ تَرَ إِلَى الَّذِينَ نُهُوا عَنِ النَّجْوَىٰ ثُمَّ يَعُودُونَ لِمَا نُهُوا عَنْهُ وَيَتَنَاجَوْنَ بِالْإِثْمِ وَالْعُدْوَانِ وَمَعْصِيَتِ الرَّسُولِ وَإِذَا جَاءُوكَ حَيَّوْكَ بِمَا لَمْ يُحَيِّكَ بِهِ اللَّهُ وَيَقُولُونَ فِي أَنفُسِهِمْ لَوْلَا يُعَذِّبُنَا اللَّهُ بِمَا نَقُولُ ۚ حَسْبُهُمْ جَهَنَّمُ يَصْلَوْنَهَا ۖ فَبِئْسَ الْمَصِيرُ ﴿٨﴾

(၈) အသင်(တမန်တော်)သည် အကြင်သူများကို မမြင်ခဲ့သလော။ သူတို့သည် လျှို့ဝှက်ဆွေးနွေးမှုမပြုရန် တားမြစ်ခြင်းကို ခံခဲ့ရသည်။ ထို့နောက် သူတို့ တားမြစ်ခံရသောကိစ္စကိုပင် ထပ်၍ ပြုလုပ်ကြသည်။ ထို့ပြင် သူတို့သည် အပြစ်ကျူးလွန်ရန်၊ ရန်မူရန်နှင့် တမန်တော်၏အမိန့်ကို ဆန့်ကျင်မှုပြုလုပ်ရန်များနှင့် ပတ်သက်၍ လျှို့ဝှက်ဆွေးနွေးကြသည်။ ထို့ပြင် သူတို့သည် အသင်၏ထံသို့ လာကြသည့်အခါ အလ္လာဟ်အရှင်မြတ်က အသင့်အား နှုတ်ခွန်းဆက်တော်မမူခဲ့သည့် နည်းမျိုးဖြင့်သူတို့သည် အသင့်အား နှုတ်ခွန်းဆက်ကြသည်။ ထို့ပြင် သူတို့သည် သူတို့စိတ်ထဲတွင် ပြောဆိုကြသည်- " အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့၏ ပြောဆိုမှုကြောင့် ကျွန်ုပ်တို့အား အဘယ်ကြောင့် ပြစ်ဒဏ်ပေးတော်မမူပါသနည်း။" သူတို့အတွက် ဂျဟန္နမ်ငရဲမီးသည် လုံလောက်သည်။ သူတို့သည် ထိုအထဲသို့ ဝင်ရောက်ကြရမည်ဖြစ်သည်။ ထို့ပြင် (ထိုအရာသည်) အဘယ်မျှ ဆိုးဝါးသော ပြန်လည်ရာ စခန်းဖြစ်လိုက်သနည်း။❷

❷ တချို့ယဟူဒီတွေဟာ တမန်တော်မြတ် ﷺ ထံကိုလာပြီး اَلسَّلَامُ عَلَيْكُمْ "အသင့်အပေါ်မှာ ငြိမ်းချမ်းသာယာမှု သက်ရောက်ပါစေ" လို့ နှုတ်ခွန်းဆက်သရမဲ့ နေရာမှာ اَلسَّامُ عَلَيْكُمْ "အသင့်အပေါ်မှာ သေခြင်းကျရောက်ပါစေ" လို့ ကျိန်ဆဲမှုနဲ့ နှုတ်ခွန်းဆက်ကြတယ်။ ပြီးတော့ သူတို့က သူတို့စိတ်တွေထဲမှာ တွေးထင်ကြတယ် - "ဒီပုဂ္ဂိုလ်ဟာ အရှင်မြတ်ရဲ့ တမန်တော်အစစ်ဖြစ်ရင်၊ ငါတို့ဟာ အရှင်မြတ်ရဲ့ တမန်တော်ကို ကျိန်ဆဲနေတာတောင် ငါတို့ကို အရှင်မြတ်က ဘာဖြစ်လို့ အရေးမယူတာလဲ။" သူတို့ရဲ့ စိတ်ထဲက စောဒကတက်တဲ့စကားကို အရှင်မြတ်ဟာ ကြားသိတော်မူတဲ့အတွက် အရှင်မြတ်က မိန့်ကြားတော်မူလိုက်တယ် - သူတို့အတွက် ဂျဟန္နမ်ငရဲမီးဟာ လုံလောက်တယ်။ (အလင်းပြကျမ်း)

يَا أَيُّهَا الَّذِينَ آمَنُوا إِذَا تَنَاجَيْتُمْ فَلَا تَتَنَاجَوْا بِالْإِثْمِ وَالْعُدْوَانِ وَمَعْصِيَتِ الرَّسُولِ وَتَنَاجَوْا بِالْبِرِّ وَالتَّقْوَىٰ ۖ وَاتَّقُوا اللَّهَ الَّذِي إِلَيْهِ تُحْشَرُونَ ﴿٩﴾

(၉) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် လျှို့ဝှက်ဆွေးနွေးမှု ပြုလုပ်သည့်အခါ အပြစ်ကျူးလွန်ရန်၊ ရန်မူရန်နှင့် တမန်တော်၏ အမိန့်ကို ဆန့်ကျင်မှု ပြုလုပ်ရန်များနှင့် ပတ်သက်၍ လျှို့ဝှက်ဆွေးနွေးမှု မပြုလုပ်ကြနှင့်။ ထို့ပြင် အသင်တို့သည် ကောင်းမှုပြုလုပ်ရန်၊ ပြစ်မှုရှောင်ကြဉ်ရန်နှင့် ပတ်သက်၍ လျှို့ဝှက်ဆွေးနွေးကြပါ။ ထို့ပြင် အသင်တို့သည် အကြင် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထိုအရှင်မြတ်ထံတော်သို့သာ အသင်တို့သည် ပြန်လည်စုရုံးခံကြရမည်ဖြစ်သည်။

إِنَّمَا النَّجْوَىٰ مِنَ الشَّيْطَانِ لِيَحْزُنَ الَّذِينَ آمَنُوا وَلَيْسَ بِضَارِّهِمْ شَيْئًا إِلَّا بِإِذْنِ اللَّهِ ۚ وَعَلَى اللَّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ ﴿١٠﴾

(၁၀) (မကောင်းမှုကျူးလွန်ရန်) လျှို့ဝှက်ဆွေးနွေးမှုသည် ရှိုင်သွာန်ထံမှ အီမာန်ယုံကြည်သူများကို စိတ်ဒုက္ခရောက်စေရန်အတွက်ပင် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်အလိုရှိတော်မမူဘဲ ၎င်း(ရှိုင်သွာန်)သည် သူတို့အား အနည်းငယ်မျှ နစ်နာအောင် လုပ်နိုင်သည့်သူမဟုတ်ပေ။ ထို့ပြင် မုအ်မင်န်ယုံကြည်သူများသည် အလ္လာဟ်အရှင်မြတ်အပေါ်၌ပင် ယုံပုံလွှဲအပ်ထားရမည်ဖြစ်သည်။

يَا أَيُّهَا الَّذِينَ آمَنُوا إِذَا قِيلَ لَكُمْ تَفَسَّحُوا فِي الْمَجَالِسِ فَافْسَحُوا يَفْسَحِ اللَّهُ لَكُمْ ۖ وَإِذَا قِيلَ انْشُزُوا فَانْشُزُوا يَرْفَعِ اللَّهُ الَّذِينَ آمَنُوا مِنْكُمْ وَالَّذِينَ أُوتُوا الْعِلْمَ دَرَجَاتٍ ۚ وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ ﴿١١﴾

(၁၁) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် ထိုင်ဝိုင်းများတွင်(ထိုင်နေသောအခါ) "နေရာချဲ့ပေးကြပါ"ဟု ပြောဆိုခြင်းခံကြရသည့်အခါ နေရာချဲ့ပေးလိုက်ကြပါ။ သို့ဖြစ်လျှင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတွက် နေရာချဲ့ပေးတော်မူမည်။ ထို့ပြင် အသင်တို့သည် "မတ်တတ်ထကြပါ" ဟု ပြောဆိုခြင်းခံကြရသည့်အခါ မတ်တတ်ထလိုက်ကြပါ။ အရှင်မြတ်သည် အသင်တို့ထဲမှ အီမာန်ယုံကြည်သူများနှင့် အသိပညာပေးသနားတော်မူခြင်းခံရသည့်သူများကို အဆင့်အတန်းများစွာ မြှင့်တင်ပေးတော်မူမည်။❷ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သည်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်ဖြစ်တော်မူသည်။

❷ အီမာန်ရရှိပြီးနောက် အဆင့်တန်းတွေ အများကြီးဆက်လက် တိုးတက်ဖို့ လမ်းကြောင်းဟာ အိလ်မ်ပညာရဲ့လမ်းကြောင်း ဖြစ်တယ်။ အဲဒီလမ်းကြောင်းကနေပဲ အရှင်မြတ်ရဲ့ ပိုမိုနစ်သက်မှုကို ဘယ်လိုရှာရမလဲဆိုတာ သိရှိမှာဖြစ်တယ်။ (အွဆ်မာနီ)

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا نَاجَيْتُمُ الرَّسُوْلَ فَقَدِّمُوْا بَيْنَ يَدَيْ نَجْوٰىكُمْ صَدَقَةً ۗ ذٰلِكَ خَيْرٌ لَّكُمْ وَاَطْهَرُ ۗ فَاِنْ لَّمْ تَجِدُوْا فَاِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿١٢﴾

(၁၂) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် တမန်တော်နှင့် လျှို့ဝှက်ဆွေးနွေးတိုင်ပင်ကြသည့်အခါ မတိုင်ပင်မီ အလှူဒါနတစ်စုံတစ်ခုကို ဦးစွာပြုလုပ်ကြပါ။ ယင်း(သို့ပြုလုပ်ခြင်း)သည် အသင်တို့အတွက် အကောင်းဆုံးလည်းဖြစ်သည်။ အသန့်ရှင်းဆုံးလည်း ဖြစ်သည်။ ထို့နောက် အကယ်၍ အသင်တို့သည် (လှူဖွယ်ပစ္စည်းတစ်စုံတစ်ခု)မရခဲ့ကြလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။❶

❶ တမန်တော်မြတ် ﷺ ထံမှာ အသေးအမွှားကိစ္စကစပြီး လာရောက်တိုင်ပင်ကြတဲ့အပေါ်မှာ တမန်တော်မြတ် ﷺ ဟာ အနားမရဖြစ်ကာ မလိုအပ်ဘဲ စိတ်ဆင်းရဲမှုတွေဖြစ်နေခဲ့ရတယ်။ ဒါပေမဲ့ အားနာတဲ့အတွက် ထုတ်မပြောခဲ့တဲ့အခါ အရှင်မြတ်က အဲဒီပြဿနာကို ဖြေရှင်းပေးတော်မူလိုက်တာဖြစ်တယ်။ မတိုင်ပင်ခင်အရင် အလှူဒါနပေးလှူရမယ်လို့ ဆိုလိုက်တဲ့အတွက် အရေးကြီးတဲ့ကိစ္စကျမှပဲ လာတိုင်ပင်ကြတော့တယ်။ အထူးသဖြင့် မုနာဖိက်တွေဟာ စေးနဲတွန့်တိုတဲ့အတွက် တိုင်ပင်ခြင်းမရှိတော့ဘူး။ မွတ်စ်လင်မ်တွေဟာလည်း တမန်တော်မြတ် ﷺ နဲ့ ခဏခဏတိုင်ပင်တာကို အရှင်မြတ် မနှစ်သက်ဘူးဆိုတာသိကြပြီး မလိုအပ်ဘဲ မတိုင်ပင်ကြတော့ဘူး။ အဲဒီရည်ရွယ်ချက်ပြီးစီးအောင်မြင်သွားတဲ့အတွက် အရှင်မြတ်က အဲဒီအမိန့်ကို ပြန်ရုပ်သိမ်းတော်မူလိုက်တော့တာဖြစ်တယ်။ (ကုရ်သွူဗီ)

ءَاَشْفَقْتُمْ اَنْ تُقَدِّمُوْا بَيْنَ يَدَيْ نَجْوٰىكُمْ صَدَقٰتٍ ۗ فَاِذْ لَمْ تَفْعَلُوْا وَتَابَ اللّٰهُ عَلَيْكُمْ فَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ وَاَطِيْعُوا اللّٰهَ وَرَسُوْلَهٗ ۗ وَاللّٰهُ خَبِيْرٌۢ بِمَا تَعْمَلُوْنَ ﴿١٣﴾

(၁၃) အသင်တို့သည် အသင်တို့ လျှို့ဝှက်ဆွေးနွေးမှုမပြုမီ အလှူဒါနများပေးရန် ကြောက်ရွံ့နေခဲ့ကြသလော။ သို့ဖြစ်လျှင် အသင်တို့သည် (ထိုသို့)မပြုလုပ်နိုင်ခဲ့ကြသည့်အတွက်၊ အလ္လာဟ်အရှင်မြတ်သည်လည်း အသင်တို့ဘက်သို့ ကရုဏာတော်နှင့်လှည့်ပြီး ခွင့်လွှတ်တော်မူလိုက်ပြီဖြစ်သည်။ သို့ဖြစ်ရာ အသင်တို့သည် စွလာသ်ဝတ်ပြုမှုကို တည်ဆောက်ကြပါ။ ထို့ပြင် အသင်တို့သည် ဇကာသ်(ဆင်းရဲသားနှင့် လိုအပ်သူများ၏ဝေစု)ကို ပေးဆောင်ကြပါ။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်နှင့် အရှင်မြတ်၏တမန်တော့်အမိန့်တော်ကို လိုက်နာကြပါ။❷ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်နေကြသည်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

❷ ယာယီထုတ်ပြန်တဲ့အမိန့်ကို ရုပ်သိမ်းပြီး ဘယ်တော့မှ မရုပ်သိမ်းမဲ့ အမိန့်တွေဖြစ်တဲ့ စွလာသ်၊

ဇကာသ်အမိန့်တွေကို လိုက်နာနေကြဖို့ မှာကြားတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

أَلَمْ تَرَ إِلَى الَّذِينَ تَوَلَّوْا قَوْمًا غَضِبَ اللَّهُ عَلَيْهِم مَّا هُم مِّنكُمْ وَلَا مِنْهُمْ وَيَحْلِفُونَ عَلَى الْكَذِبِ وَهُمْ يَعْلَمُونَ ﴿١٤﴾

(၁၄) အသင်(တမန်တော်)သည် အကြင်(ယဟူဒီ)အမျိုးသားများကို မိတ်ဆွေဖွဲ့ခဲ့ကြသောသူ (မုနာဖိက်)များကို မမြင်ခဲ့သလော။ ထို(ယဟူဒီ) အမျိုးသားများအပေါ်တွင် အရှင်မြတ်သည် အမျက်ထွက်တော်မူခဲ့သည်။ ၎င်း (မုနာဖိက်)တို့သည် အသင်တို့ထဲမှလည်း မဟုတ်ကြပေ။ ၎င်း(ယဟူဒီ)တို့ ထဲမှလည်း မဟုတ်ကြပေ။❷ ၎င်း(မုနာဖိက်)တို့သည် (သူတို့၏အယောင်ဆောင် မှုကို) သိနေပါလျက် (ကျွနုပ်တို့သည် မွတ်စ်လင်မ်များဖြစ်ကြပါသည်ဟု) လိမ် လည်၍ ကျိန်ဆိုကြသည်။

❷ မုနာဖိက်အယောင်ဆောင်တွေဟာ တကယ်တော့ ယဟူဒီဘာသာဝင်တွေမဟုတ်ကြဘူး။ အစ္စလာမ်ကိုဖျက်ဆီးဖို့အကြံတူလို့ပေါင်းနေကြတာဖြစ်တယ်။(အွဆ်မာနီ၊အသ်သဖ်စီရွလ်မုယတ်စရ်)

أَعَدَّ اللَّهُ لَهُمْ عَذَابًا شَدِيدًا إِنَّهُمْ سَاءَ مَا كَانُوا يَعْمَلُونَ ﴿١٥﴾

(၁၅) အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်သောပြစ်ဒဏ်ကို သူတို့ အတွက် အသင့်ပြုလုပ်ထားတော်မူသည်။ အမှန်စင်စစ် သူတို့ပြုလုပ်နေခဲ့သည် များသည် အလွန်ဆိုးယုတ်လှသည်။

اتَّخَذُوا أَيْمَانَهُمْ جُنَّةً فَصَدُّوا عَن سَبِيلِ اللَّهِ فَلَهُمْ عَذَابٌ مُّهِينٌ ﴿١٦﴾

(၁၆) သူတို့သည် သူတို့၏ကျိန်ဆိုချက်များကို အကာအကွယ်ဒိုင်း ပြု လုပ်ခဲ့ကြ၍ (လူများကို) အလ္လာဟ်အရှင်မြတ်၏လမ်းမှ တားဆီးခဲ့ကြသည်။ သို့ ဖြစ်ရာ သူတို့အတွက် သေးသိမ်စေသော ပြစ်ဒဏ်ရှိမည်။

لَّن تُغْنِيَ عَنْهُمْ أَمْوَالُهُمْ وَلَا أَوْلَادُهُم مِّنَ اللَّهِ شَيْئًا أُولَٰئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدُونَ ﴿١٧﴾

(၁၇) အလ္လာဟ်အရှင်မြတ်နှင့် ဆန့်ကျင်ပြီး သူတို့၏ပစ္စည်းဥစ္စာများနှင့် သူတို့၏သားသမီးများသည် သူတို့အတွက် မည်သည့်အရာမျှ လုံးဝအသုံးမဝင် ပေ။ သူတို့သည် ငရဲသားများပင် ဖြစ်ကြသည်။ သူတို့သည် ထိုငရဲထဲတွင် အမြဲ နေကြရမည့်သူများပင် ဖြစ်ကြသည်။❻

❻ သူတို့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ဖို့အတွက် မွတ်စ်လင်မ် ဖြစ်ကြပါတယ်လို့ လိမ်ပြီး ကျိန်ဆိုခဲ့ကြပေမဲ့ အဲဒီအရာတွေဟာ သူတို့ကို ကိယာမသ်နေ့မှာ ဘာမှ လုပ်ပေးနိုင်မှာ မဟုတ်ဘူး။ သူတို့ဟာ ငရဲမီးထဲမှာပဲ အမြဲနေရတော့မှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

يَوْمَ يَبْعَثُهُمُ اللَّهُ جَمِيعًا فَيَحْلِفُونَ لَهُ كَمَا يَحْلِفُونَ لَكُمْ وَيَحْسَبُونَ أَنَّهُمْ عَلَىٰ شَيْءٍ أَلَا إِنَّهُمْ هُمُ الْكَاذِبُونَ ﴿١٨﴾

(၁၈) အလ္လာဟ်အရှင်မြတ်သည် သူတို့အားလုံးကို ရှင်ပြန်ထစေတော်မူမည့်နေ့တွင် သူတို့သည် အသင်တို့ရှေ့၌ကျိန်ဆိုကြသကဲ့သို့ အရှင်မြတ်၏ရှေ့မှောက်၌လည်း ကျိန်ဆိုကြဦးမည် ဖြစ်သည်။ ထို့ပြင် အမှန်စင်စစ် သူတို့သည် (ကောင်းသည့်)အခြေအနေတွင် ရှိနေကြသည်ဟု သူတို့ထင်မှတ်ကြမည်။ သတိထားကြပါ၊ သူတို့သည် အမှန်ပင် လိမ်လည်သည့်သူများဖြစ်ကြသည်။[၅]

[၅] လောကမှာ လိမ်ပြီးကျိန်လို့ အားမရသေးဘူး၊ အရှင်မြတ်ရှေ့မှာပါ လိမ်ပြီးကျိန်ဖို့ ကြိုးစားကြဦးမှာဖြစ်တယ်။ ဒါပေမဲ့ အရှင်မြတ်က သူတို့ရဲ့ပါးစပ်တွေကို တံဆိပ်ခတ်နိုင်ပြီး ကိုယ်အင်္ဂါတွေကို သက်သေထူနိုင်းတော့မှာဖြစ်တယ်။ (အလင်းပြကျမ်း)

اِسْتَحْوَذَ عَلَيْهِمُ الشَّيْطٰنُ فَاَنْسٰىهُمْ ذِكْرَ اللّٰهِ ؕ اُولٰٓئِكَ حِزْبُ الشَّيْطٰنِ ؕ اَلَاۤ اِنَّ حِزْبَ الشَّيْطٰنِ هُمُ الْخٰسِرُوْنَ ﴿١٩﴾

(၁၉) ရှိုင်သွာန်သည် သူတို့အပေါ် လွှမ်းမိုးထားပြီး အလ္လာဟ်အရှင်မြတ်အား သတိရခြင်းမှ မေ့ပျောက်စေခဲ့သည်။ သူတို့သည် ရှိုင်သွာန်၏အုပ်စုပင် ဖြစ်ကြသည်။ သတိထားကြပါ၊ အမှန်စင်စစ် ရှိုင်သွာန်၏အုပ်စုသည် ပျက်စီးဆုံးရှုံးမည့်သူများပင် ဖြစ်ကြသည်။

اِنَّ الَّذِيْنَ يُحَآدُّوْنَ اللّٰهَ وَرَسُوْلَهٗۤ اُولٰٓئِكَ فِى الْاَذَلِّيْنَ ﴿٢٠﴾

(၂၀) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို ဆန့်ကျင်မှု ပြုလုပ်ကြသည့်သူများသည် အယုတ်ညံ့ဆုံးသူများထဲတွင် အပါအဝင်ဖြစ်ကြမည်။[၆]

[၆] အယုတ်ညံ့ဆုံးနေရာဖြစ်တဲ့ ဂျဟန္နမ်ရဲ့အောက်ဆုံး (ဂျိုးကပ်တဲ့နေရာနား)မှာ ထားမှာဖြစ်တယ်။ (ကုရ်အာန် - ၄း၁၄၅)

كَتَبَ اللّٰهُ لَاَغْلِبَنَّ اَنَا وَرُسُلِىْ ؕ اِنَّ اللّٰهَ قَوِىٌّ عَزِيْزٌ ﴿٢١﴾

(၂၁) ငါအရှင်မြတ်နှင့် ငါအရှင်မြတ်၏တမန်တော်များသည် အမှန်ပင် လွှမ်းမိုးအောင်နိုင်တော်မူမည်ဟု အလ္လာဟ်အရှင်မြတ်က ရေးသားထားတော်မူပြီးဖြစ်သည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလွန်အင်အားကြီးတော်မူသောအရှင်၊ တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်ဖြစ်တော်မူသည်။

لَا تَجِدُ قَوْمًا يُّؤْمِنُوْنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ يُوَآدُّوْنَ مَنْ حَآدَّ اللّٰهَ وَرَسُوْلَهٗ وَلَوْ كَانُوْۤا اٰبَآءَهُمْ اَوْ اَبْنَآءَهُمْ اَوْ اِخْوَانَهُمْ اَوْ عَشِيْرَتَهُمْ ؕ اُولٰٓئِكَ كَتَبَ فِىْ قُلُوْبِهِمُ الْاِيْمَانَ وَاَيَّدَهُمْ بِرُوْحٍ مِّنْهُ ؕ وَيُدْخِلُهُمْ جَنّٰتٍ تَجْرِىْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا ؕ رَضِىَ اللّٰهُ عَنْهُمْ وَرَضُوْا عَنْهُ ؕ اُولٰٓئِكَ حِزْبُ اللّٰهِ ؕ اَلَاۤ اِنَّ حِزْبَ اللّٰهِ هُمُ الْمُفْلِحُوْنَ ﴿٢٢﴾

(၂၂) အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သူများသည်

အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို ဆန့်ကျင်သောသူများအား ချစ်ခင်ကြသည်ကို အသင်(တမန်တော်)တွေ့ရမည်မဟုတ်ပေ။ ယင်း(ဆန့်ကျင်သောသူ)တို့သည် သူတို့၏ဖခင်များပင် ဖြစ်စေ၊ သူတို့၏သားများပင် ဖြစ်စေ၊ သူတို့၏ညီအစ်ကိုများပင် ဖြစ်စေ၊ သူတို့၏ဆွေမျိုးသားချင်းများပင် ဖြစ်စေ (ထိုသူများကို ချစ်ခင်ကြသည်ကို အသင်တွေ့ရမည်မဟုတ်ပေ)။ ထိုသူများသည် အကြင်သူများပင် ဖြစ်ကြသည်၊ အရှင်မြတ်သည် သူတို့၏စိတ်နှလုံးများထဲတွင် အီမာန်ယုံကြည်မှုကို ရေးမှတ်တော်မူခဲ့သည်။ ထို့ပြင် သူတို့အား အရှင်မြတ်ထံတော်မှ ဝိညာဉ်ဆိုင်ရာ အင်အားဖြင့် အားဖြည့်ပေးတော်မူခဲ့သည်။ ထို့ပြင် သူတို့အား အရှင်မြတ်က အကြင်ဥယျာဉ်များကို ဝင်ရောက်စေတော်မူမည်။ ယင်း(ဥယျာဉ်များ)၏အောက်မှ ချောင်းများ စီးဆင်းနေကြလိမ့်မည်။ သူတို့သည် ထိုအထဲတွင် အမြဲနေကြရမည်။ အရှင်မြတ်သည် သူတို့အား ကျေနပ်တော်မူမည်။ သူတို့လည်း အရှင်မြတ်အား ကျေနပ်ကြမည်ဖြစ်သည်။[၁] သူတို့သည် အလ္လာဟ်အရှင်မြတ်၏အုပ်စုပင်ဖြစ်သည်။ သတိပြုကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏အုပ်စုပင် အောင်မြင်မည့်သူများဖြစ်ကြသည်။

[၁] အရှင်မြတ်ရဲ့ ကျေနပ်နှစ်သက်မှုရရှိခြင်းဟာ နှစ်ဘဝစလုံးမှာ အကြီးမားဆုံးအောင်မြင်မှုဖြစ်တယ်။ (အလင်းပြကျမ်း)

===

رکوعاتها ٣ ٥٩ سُوْرَةُ الْحَشْرِ مَدَنِيَّةٌ ١٠١ اٰياتها ٢٤

# စူရတ် ဟရှ်ရ် (ပြည်နှင်ခြင်းကဏ္ဍ) سُوْرَةُ الْحَشْرِ

===

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော
အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

سَبَّحَ لِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ ۚ وَهُوَ الْعَزِيْزُ الْحَكِيْمُ ﴿١﴾

(၁) မိုးကောင်းကင်များတွင် ရှိသမျှနှင့် မြေပထဝီတွင် ရှိသမျှတို့သည် အလ္လာဟ်အရှင်မြတ် စင်ကြယ်တော်မူကြောင်း ရွတ်ဆိုကြသည်။ ထို့ပြင် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

هُوَ الَّذِىْۤ اَخْرَجَ الَّذِيْنَ كَفَرُوْا مِنْ اَهْلِ الْكِتٰبِ مِنْ دِيَارِهِمْ لِاَوَّلِ الْحَشْرِ ؕ مَا ظَنَنْتُمْ اَنْ يَّخْرُجُوْا وَظَنُّوْۤا اَنَّهُمْ مَّانِعَتُهُمْ حُصُوْنُهُمْ مِّنَ اللّٰهِ فَاَتٰىهُمُ اللّٰهُ مِنْ حَيْثُ لَمْ يَحْتَسِبُوْا ۗ وَقَذَفَ فِىْ قُلُوْبِهِمُ الرُّعْبَ يُخْرِبُوْنَ بُيُوْتَهُمْ بِاَيْدِيْهِمْ وَاَيْدِى الْمُؤْمِنِيْنَ ۗ فَاعْتَبِرُوْا يٰۤاُولِى الْاَبْصَارِ ﴿٢﴾

(၂) ထိုအရှင်မြတ်သည် ယခင်က ကျမ်းရသူများထဲမှ ငြင်းပယ်ခဲ့ကြသည့်သူများကို ပထမအကြိမ် စုရုံးကြသည့်အခါ၌ပင် သူတို့၏နေအိမ်များမှ နှင်ထုတ်တော်မူခဲ့သည့်အရှင် ဖြစ်တော်မူသည်။❶ အသင်တို့သည် သူတို့ထွက်သွားကြလိမ့်မည်ဟုပင် မထင်ခဲ့ကြပေ။ သူတို့ကိုယ်တိုင်လည်း အမှန်စင်စစ် သူတို့အနေဖြင့် သူတို့၏ခံတပ်များသည် အလ္လာဟ်အရှင်မြတ်(၏ပြစ်ဒဏ်)မှ ကာကွယ်လိမ့်မည်ဟု ထင်မှတ်နေခဲ့ကြသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်(၏ပြစ်ဒဏ်)သည် သူတို့ထံသို့ သူတို့မထင်သည့်ဘက်မှ ရောက်လာခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် သူတို့၏စိတ်နှလုံးများတွင် ကြောက်ရွံ့မှုကို ထည့်ပေးတော်မူခဲ့သည့်အတွက် သူတို့သည် သူတို့၏နေအိမ်များကို သူတို့၏လက်များဖြင့်သာမက မုအ်မင်န်များ၏လက်များဖြင့်လည်း ဖျက်ဆီးနေကြသည်။ သို့ဖြစ်ရာ အို- ဉာဏ်ရှင်အပေါင်းတို့၊ အသင်တို့သည် သင်ခန်းစာယူကြပါ။❷

❶ သူတို့ရဲ့ခံတပ်ရဲတိုက်ကြီးတွေကို အထင်ကြီးပြီး အရှင်မြတ်ကို ဆန့်ကျင်ခဲ့တဲ့ အရင်ကကျမ်းရသူတွေဖြစ်တဲ့ ဗနီနသီးရ်မျိုးနွယ်ကို အရှင်မြတ်က နှင်ထုတ်တော်မူပြီး ပြည်နှင်ဒဏ်ပေးတော်မူခဲ့တယ်။ ဒါဟာ အရှင်မြတ်ရဲ့ တန်ခိုးတော်နဲ့ အလွန်လွှမ်းမိုးနိုင်တော်မူခြင်းကို ပြသလိုက်တာပဲဖြစ်

တယ်။(အလင်းပြကျမ်း) ❷ သာသနာ့အထောက်အထားကြီးလေးခုဖြစ်တဲ့ (၁) ကုရ်အာန်ကျမ်းတော်မြတ် (၂) ဟဒီးဆ်တော် (၃) အိဂ်ျမာအ်နဲ့ (၄) ကိယာစ်ရှရ်အီတို့အနက် နံပါတ်(၄) ကိယာစ်ရှရ်အီရဲ့အတည်ဖြစ်ကြောင်း အထောက်အထားအာယသ်တော်ဖြစ်ပါတယ်။

(အလ်အဟ်ကာမ်ဖီ အုစူးလိလ်ကုရ်အာန်)

وَلَوْلَآ اَنْ كَتَبَ اللّٰهُ عَلَيْهِمُ الْجَلَآءَ لَعَذَّبَهُمْ فِى الدُّنْيَا ۖ وَلَهُمْ فِى الْاٰخِرَةِ عَذَابُ النَّارِ ﴿٣﴾

(၃) ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ်သည် သူတို့အပေါ်တွင် ပြည်နှင်ဒဏ်ပေးသည်ကို ရေးမှတ်ပြဋ္ဌာန်းတော်မူခဲ့ခြင်းမရှိလျှင် အမှန်ပင် အရှင်မြတ်သည် ဤဘဝတွင်လည်း သူတို့အား (ကွပ်မျက်သတ်ဖြတ်ပြီး) ပြစ်ဒဏ်ခတ်တော်မူခဲ့မည် ဖြစ်သည်။ ထို့ပြင် တမလွန်ဘဝတွင်လည်း သူတို့အတွက် ငရဲမီး၏ပြစ်ဒဏ်ရှိမည်ဖြစ်သည်။

ذٰلِكَ بِاَنَّهُمْ شَآقُّوا اللّٰهَ وَرَسُوْلَهٗ ۚ وَمَنْ يُّشَآقِّ اللّٰهَ فَاِنَّ اللّٰهَ شَدِيْدُ الْعِقَابِ ﴿٤﴾

(၄) ထိုသို့ဖြစ်ရသည်မှာ သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို ဆန့်ကျင်ခဲ့ကြသည့်အတွက်ကြောင့်ပင် ဖြစ်သည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်ကို ဆန့်ကျင်လျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာ ပြစ်ဒဏ်ခတ်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

مَا قَطَعْتُمْ مِّنْ لِّيْنَةٍ اَوْ تَرَكْتُمُوْهَا قَآئِمَةً عَلٰٓى اُصُوْلِهَا فَبِاِذْنِ اللّٰهِ وَلِيُخْزِىَ الْفٰسِقِيْنَ ﴿٥﴾

(၅) စွန်ပလွံပင်များကို အသင်တို့ ခုတ်လှဲဖြတ်တောက်ခဲ့ကြခြင်း၊ သို့မဟုတ် ထိုအရာများကို သူတို့၏အောက်ခြေအမြစ်များပေါ်တွင် ရပ်တည်လျက်ချန်ထားခဲ့ကြခြင်းသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်အတိုင်းပင် ဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် အမိန့်တော်ကို သွေဖည်သောသူများအား အရှက်တကွဲဖြစ်စေရန်အတွက် ဖြစ်သည်။

وَمَآ اَفَآءَ اللّٰهُ عَلٰى رَسُوْلِهٖ مِنْهُمْ فَمَآ اَوْجَفْتُمْ عَلَيْهِ مِنْ خَيْلٍ وَّلَا رِكَابٍ وَّلٰكِنَّ اللّٰهَ يُسَلِّطُ رُسُلَهٗ عَلٰى مَنْ يَّشَآءُ ۖ وَاللّٰهُ عَلٰى كُلِّ شَىْءٍ قَدِيْرٌ ﴿٦﴾

(၆) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏တမန်တော်ကို သူတို့ထံမှ ဖိုင်အ်❶ လက်ရပစ္စည်းအဖြစ် သိမ်းပိုက်စေတော်မူခဲ့သည့် အရာများသည် အသင်တို့အနေဖြင့် ထိုပစ္စည်းများနှင့်ပတ်သက်၍ မြင်းများဖြင့်စီးနင်း(တိုက်ခိုက်)ခဲ့ကြရခြင်းလည်းမဟုတ်ပေ၊ ကုလားအုတ်များဖြင့် စီးနင်း(တိုက်ခိုက်)ခဲ့ကြရခြင်းလည်း မဟုတ်ပေ။ (သို့ဖြစ်ရာ ထိုပစ္စည်းများသည် တမန်တော်အတွက် သီးသန့်ဖြစ်သည်။) သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏

တမန်တော်များအား အရှင်မြတ်အလိုရှိသော သူများအပေါ်တွင် လွှမ်းမိုးစေတော်မူခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူသည်။

❶ ဂနီမသ်သုံ့ပန်းပစ္စည်းနဲ့ ဖိုင်အ်လက်ရပစ္စည်းဟာ မတူဘူး။ ဂနီမသ်သုံ့ပန်းပစ္စည်းဆိုတာ စစ်မြေပြင်မှာ ရန်သူတွေနဲ့ စစ်တိုက်ပြီး ရန်သူတွေရဲ့လက်ကနေ သိမ်းပိုက်ရရှိလိုက်တဲ့ ပစ္စည်းကို ခေါ်တယ်။ နဖ်လ်၊ အန်ဖာလ်လို့လည်းခေါ်တယ်။ အဲဒီထဲက ငါးပုံတစ်ပုံဟာ တမန်တော်မြတ် ﷺ နဲ့ သက်ဆိုင်ပြီး လေးပုံကို စစ်သည်တွေကို ခွဲဝေပေးရတယ်။ ဖိုင်အ်လက်ရပစ္စည်းဆိုတာ စစ်မတိုက်ရဘဲ ရန်သူတွေလက်က သိမ်းပိုက်ရရှိတဲ့ပစ္စည်းကို ခေါ်တယ်။ အများမွတ်စ်လင်မ်တွေနဲ့ သက်ဆိုင်ပြီး အစ္စလာမ့်အစိုးရဘဏ်တိုက်မှာထားကာ အများအကျိုးအတွက် အသုံးပြုရတယ်။ (အလင်းပြကျမ်း)

مَآ اَفَآءَ اللّٰهُ عَلٰى رَسُوْلِهٖ مِنْ اَهْلِ الْقُرٰى فَلِلّٰهِ وَلِلرَّسُوْلِ وَلِذِى الْقُرْبٰى وَالْيَتٰمٰى وَالْمَسٰكِيْنِ
وَابْنِ السَّبِيْلِ ۙ كَىْ لَا يَكُوْنَ دُوْلَةًۢ بَيْنَ الْاَغْنِيَآءِ مِنْكُمْ ؕ وَمَآ اٰتٰىكُمُ الرَّسُوْلُ فَخُذُوْهُ ۗ وَمَا
نَهٰىكُمْ عَنْهُ فَانْتَهُوْا ۚ وَاتَّقُوا اللّٰهَ ؕ اِنَّ اللّٰهَ شَدِيْدُ الْعِقَابِ ۝٧

(၇) အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏တမန်တော်ကို မြို့ရွာများတွင် နေထိုင်သည့်သူများထံမှ ဖိုင်အ်လက်ရပစ္စည်းအဖြစ် သိမ်းပိုက်စေသည့် အရာများသည် အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်သည်။ ထို့ပြင် တမန်တော်မြတ်နှင့် တမန်တော်မြတ်၏ဆွေမျိုးရင်းချာများ၊ အဘမဲ့ကလေးများ၊ ဆင်းရဲသားများ၊ ခရီးသည်များနှင့် သက်ဆိုင်သည်။ (ထိုသို့ပြဋ္ဌာန်းရခြင်းမှာ) ထိုလက်ရပစ္စည်းများသည် အသင်တို့ထဲမှ ကြွယ်ဝချမ်းသာသူများ၏အကြား၌ပင် လည်ပတ်နေသည့်ပစ္စည်းများ မဖြစ်စေရန် (ပြဋ္ဌာန်းတော်မူခြင်း)ပင် ဖြစ်သည်။❷ ထို့ပြင် အသင်တို့သည် အသင်တို့အား တမန်တော်ပေးသည်ကို ယူကြပါ။ ထို့ပြင် တမန်တော် တားမြစ်တော်မူသည်မှ ရှောင်ကြဉ်ကြပါ။❸ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

❷ ချမ်းသာတဲ့သူတွေရဲ့ လက်ထဲမှာပဲ ပစ္စည်းတွေစုပုံမနေဖို့နဲ့ ဆင်းရဲသားတွေအပေါ်မှာ ခေါင်းပုံမဖြတ်နိုင်အောင် အခုလို ပြဋ္ဌာန်းထားတာ ဖြစ်တယ်။ (အလင်းပြကျမ်း) ❸ တမန်တော်မြတ် ﷺ အမိန့်ပေးသမျှကို လိုက်နာဆောင်ရွက်ရမှာဖြစ်တယ်။ တားမြစ်တာဟူသမျှကနေ ရှောင်ကြဉ်ကြရမှာဖြစ်တယ်။ တမန်တော်မြတ် ﷺ ဟာ ကောင်းရာကို ပြုလုပ်ဖို့ အမိန့်ပေးညွှန်ကြားပြီး မကောင်းမှုကနေ တားမြစ်လေ့ရှိတယ်။ (အိဗ်နုကဆီးရ်)

وَمَآ اٰتٰكُمُ الرَّسُوْلُ فَخُذُوْهُ وَمَا نَهٰكُمْ عَنْهُ فَانْتَهُوْا

أى: مهما أمركم به فافعلوه، ومهما نهاكم عنه فاجتنبوه، فإنه إنما يأمر بخير وإنما ينهى عن شر (ابن كثير)

لِلْفُقَرَآءِ الْمُهٰجِرِيْنَ الَّذِيْنَ اُخْرِجُوْا مِنْ دِيَارِهِمْ وَاَمْوَالِهِمْ يَبْتَغُوْنَ فَضْلًا مِّنَ اللّٰهِ وَرِضْوَانًا

وَّيَنۡصُرُوۡنَ اللّٰهَ وَرَسُوۡلَهٗ ؕ اُولٰٓـئِكَ هُمُ الصّٰدِقُوۡنَ ۚ‏ ﴿۸﴾

(၈) (ထိုဖိုင်အ်လက်ရပစ္စည်းများသည်) အကြင်မုဟာဂျိရီန်(ရွှေ့ပြောင်း ခဲ့ကြသော) ဆင်းရဲသားများအတွက်လည်း ဖြစ်သည်။ ထိုသူများသည် သူတို့၏ နေအိမ်များနှင့် သူတို့၏ပစ္စည်းဥစ္စာများကို စွန့်ပြီး ထွက်ခဲ့ကြရသည်။ သူတို့သည် အလ္လာဟ်အရှင်မြတ်ထံမှ ကျေးဇူးတော်နှင့် ကျေနပ်မှုကို ရှာဖွေဆည်းပူးလျက် ရှိကြသည်။ ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို ကူညီကြသည်။ သူတို့ပင် မှန်ကန်သည့်သူများဖြစ်ကြသည်။

وَالَّذِيۡنَ تَبَوَّؤُ الدَّارَ وَالۡاِيۡمَانَ مِنۡ قَبۡلِهِمۡ يُحِبُّوۡنَ مَنۡ هَاجَرَ اِلَيۡهِمۡ وَلَا يَجِدُوۡنَ فِىۡ صُدُوۡرِهِمۡ حَاجَةً مِّمَّاۤ اُوۡتُوۡا وَيُـؤۡثِرُوۡنَ عَلٰٓى اَنۡفُسِهِمۡ وَلَوۡ كَانَ بِهِمۡ خَصَاصَةٌ ؕ وَمَنۡ يُّوۡقَ شُحَّ نَفۡسِهٖ فَاُولٰٓـئِكَ هُمُ الۡمُفۡلِحُوۡنَ ۚ‏ ﴿۹﴾

(၉) ထို့ပြင် (ထိုဖိုင်အ်သည်) အကြင်သူများအတွက်လည်းဖြစ်သည်။ သူတို့သည် ထိုမုဟာဂျိရီန်များ(ရွှေ့ပြောင်းမလာမီ) ယခင်ကတည်းက အစ္စလာမ်၏မြို့တော် (မဒီနဟ်)တွင် နေထိုင်နေခဲ့ကြပြီး အီမာန်ယုံကြည်မှုတွင် ကြံ့ခိုင်မှုရှိခဲ့ကြသည်။ သူတို့သည် သူတို့ထံရွှေ့ပြောင်းလာခဲ့ကြသည့်သူများကို ချစ်မြတ်နိုးကြသည်။ ထို့ပြင် သူတို့သည် ထိုမုဟာဂျိရီန်များရရှိကြသော ပစ္စည်းများကြောင့် သူတို့၏စိတ်ထဲတွင် တစ်စုံတစ်ရာ မကျေနပ်မှုကို တွေ့ရှိခံစားကြရခြင်းမရှိသည့်❻ အပြင် သူတို့သည် သူတို့ကိုယ်တိုင် ငတ်မွတ်နေသော်လည်း(ထိုမုဟာဂျိရီန်များကို) သူတို့ထက် ဦးစားပေးကြသည်။ ထို့ပြင် မည်သူမဆို သူ၏စေးနဲ့တွန့်တိုမှုမှ ကင်းဝေးစေခြင်းခံရလျှင် ထိုသူများပင် အောင်မြင်သည့်သူများ ဖြစ်ကြသည်။❼

❻ သူတို့ကို ချစ်ခင်မှုကြောင့် သူတို့ရရှိတဲ့ ပစ္စည်းဥစ္စာတွေအပေါ်မှာ မနာလိုမရှိကြဘူး။ အဆင်ပြေတဲ့အတွက် ပိုတောင်ဝမ်းသာကြသေးတယ်။(အလင်းပြကျမ်း) ❼ သူတို့ကိုယ်တိုင် လိုအပ်နေတာတောင် သူတစ်ပါး(လိုအပ်သူ)ကို ဦးစားပေးခြင်းဟာ အစ္စလာမ်ရဲ့ အဓိကကျတဲ့ (ခုလုကွန်ဟစံ) ကောင်းတဲ့ အကျင့်စာရိတ္တတစ်ခု ဖြစ်တယ်။ ဒီအကျင့်စာရိတ္တက မွတ်စ်လင်မ်အချင်းချင်း ညီနောင်ဖြစ်တယ်ဆိုတာကို ထောက်ခံလျက်ရှိတယ်။ ညီနောင်စိတ်ဓာတ်မွေးရမှာဖြစ်တယ်။(အလင်းပြကျမ်း)

وَالَّذِيۡنَ جَآءُوۡ مِنۡۢ بَعۡدِهِمۡ يَقُوۡلُوۡنَ رَبَّنَا اغۡفِرۡ لَـنَا وَلِاِخۡوَانِنَا الَّذِيۡنَ سَبَقُوۡنَا بِالۡاِيۡمَانِ وَلَا تَجۡعَلۡ فِىۡ قُلُوۡبِنَا غِلًّا لِّلَّذِيۡنَ اٰمَنُوۡا رَبَّنَاۤ اِنَّكَ رَءُوۡفٌ رَّحِيۡمٌ ﴿۱۰﴾

(၁၀) ထို့ပြင် (ထိုဖိုင်အ်သည်) သူတို့နောက်တွင် ရောက်လာကြသည့် သူများနှင့်လည်း သက်ဆိုင်သည်။ သူတို့သည် (ဤသို့) ပြောဆိုပန်ကြားကြ

သည်– အို–ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့ကိုသာမက အီမာန်ယုံကြည်မှုတွင် ကျွန်ုပ်တို့ထက် အလျင်ဦးခဲ့သော ကျွန်ုပ်တို့၏ညီနောင်များကိုလည်း ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့၏စိတ်ထဲတွင် အီမာန်ယုံကြည်သူများနှင့် ပတ်သက်၍ ရန်ငြိုးတစ်စုံတစ်ရာ မဖြစ်ပေါ်ပါစေနှင့်။ အို–ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်စင်စစ် အရှင်မြတ်သည် အလွန်ကြင်နာတော်မူသော အရှင်၊ အလွန်သနားတော်မူသောအရှင် ဖြစ်တော်မူပါသည်။

أَلَمْ تَرَ إِلَى الَّذِينَ نَافَقُوا يَقُولُونَ لِإِخْوَانِهِمُ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ لَئِنْ أُخْرِجْتُمْ لَنَخْرُجَنَّ
مَعَكُمْ وَلَا نُطِيعُ فِيكُمْ أَحَدًا أَبَدًا وَإِن قُوتِلْتُمْ لَنَنصُرَنَّكُمْ وَاللَّهُ يَشْهَدُ إِنَّهُمْ لَكَاذِبُونَ ﴿١١﴾

(၁၁) အသင်(တမန်တော်)သည် အကြင်အယောင်ဆောင်ခဲ့ကြသော သူများ(၏အခြေအနေ)ကို မမြင်ခဲ့လေသလော။ ထိုသူတို့သည် သူတို့၏ညီအစ်ကိုများဖြစ်ကြသော ယခင်က ကျမ်းဂန်ရရှိသူများထဲမှ ငြင်းပယ်ခဲ့ကြသောသူများအား (ဤသို့)ပြောဆိုနေခဲ့ကြသည်။ အမှန်ပင် အကယ်၍ အသင်တို့သည်(မဒီနဟ်မြို့တော်မှ)နှင်ထုတ်ခြင်းကို ခံခဲ့ကြရလျှင် အမှန်စင်စစ် ကျွန်ုပ်တို့လည်း အသင်တို့နှင့်အတူ ထွက်ကြမည်။ ထို့ပြင် ကျွန်ုပ်တို့သည် အသင်တို့နှင့် ပတ်သက်၍ မည်သည့်အခါမျှ မည်သူ့(စကား)ကိုမျှ လိုက်နာကြမည်မဟုတ်ပေ။ ထို့ပြင် အကယ်၍ အသင်တို့သည် တိုက်ခိုက်ခြင်းကို ခံခဲ့ကြရလျှင်လည်း အမှန်ပင် ကျွန်ုပ်တို့သည် အသင်တို့အား ကူညီကြမည်။ ထို့ပြင် အမှန်စင်စစ် သူတို့သည် အမှန်ပင် လိမ်လည်သူများဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်သည် သက်သေခံတော်မူသည်။

لَئِنْ أُخْرِجُوا لَا يَخْرُجُونَ مَعَهُمْ وَلَئِن قُوتِلُوا لَا يَنصُرُونَهُمْ وَلَئِن نَّصَرُوهُمْ لَيُوَلُّنَّ الْأَدْبَارَ
ثُمَّ لَا يُنصَرُونَ ﴿١٢﴾

(၁၂) အမှန်ပင် အကယ်၍ သူတို့သည် နှင်ထုတ်ခြင်းကို ခံခဲ့ကြရလျှင်လည်း သူတို့သည် ထိုသူများနှင့်အတူ ထွက်ကြမည်မဟုတ်ပေ။ ထို့ပြင် အမှန်ပင် အကယ်၍ သူတို့သည် တိုက်ခိုက်ခြင်းကို ခံခဲ့ကြရလျှင်လည်း သူတို့သည် ထိုသူများကို ကူညီကြမည်မဟုတ်ပေ။ ထို့ပြင် အကယ်၍ သူတို့သည် ထိုသူများကို ကူညီခဲ့ကြလျှင်လည်း အမှန်စင်စစ် သူတို့သည် ကျောခိုင်းထွက်ပြေးကြမည်ပင်ဖြစ်သည်။ ထို့နောက် သူတို့သည် ကူညီမှုရရှိတော့မည် မဟုတ်ပေ။

لَاَنۡتُمۡ اَشَدُّ رَهۡبَةً فِىۡ صُدُوۡرِهِمۡ مِّنَ اللّٰهِ ؕ ذٰلِكَ بِاَنَّهُمۡ قَوۡمٌ لَّا يَفۡقَهُوۡنَ ﴿۱۳﴾

(၁၃) အမှန်ပင် အသင်တို့(မွတ်စ်လင်မ်)များသည် သူတို့၏စိတ်ထဲတွင် အလ္လာဟ်အရှင်မြတ်ထက်ပင် ကြောက်ရွံ့စိုးရိမ်ဖွယ်ဖြစ်နေကြသည်။ ထိုသို့ဖြစ်ရခြင်းမှာမူ အမှန်စင်စစ် သူတို့သည် နားမလည်သူများဖြစ်ကြသည့် အတွက်ပင်ဖြစ်သည်။❶

❶ တကယ်တော့ မွတ်စ်လင်မ်တွေရဲ့ အောင်နိုင်လွှမ်းမိုးမှုဟာ အရှင်မြတ်ကူညီနေလို့ဖြစ်တယ်ဆိုတာ မသိကြလို့ မွတ်စ်လင်မ်တွေကို အရှင်မြတ်ထက်တောင် ပိုကြောက်နေကြတာဖြစ်တယ်။ တကယ်လို့ အရှင့်အကူအညီကြောင့် အောင်နိုင်နေတယ်ဆိုတာလောက်ပဲ သိကြမယ်ဆိုရင်တောင် မွတ်စ်လင်မ်တွေကို မကြောက်ဘဲ အလ္လာဟ်အရှင်မြတ်ကိုပဲ ကြောက်ကြမှာဖြစ်တယ်။ တကယ်တော့ အဲဒီခေတ်က မွတ်စ်လင်မ်တွေကို ကြောက်ကြတဲ့စိတ်တွေဟာ လူတိုင်းရဲ့စိတ်ထဲမှာ ဖြစ်ပေါ်လျက်ရှိခဲ့ကြတယ်။ ယဟူဒီတွေရဲ့ စိတ်ထဲမှာရော၊ မုနာဖိက်တွေရဲ့ စိတ်ထဲမှာရော၊ တခြားသူတွေရဲ့ စိတ်ထဲမှာရော ဖြစ်ပေါ်လျက်ရှိခဲ့ကြတယ်။ အဲဒါဟာ မွတ်စ်လင်မ် စစ်မှန်တဲ့အပေါ်မှာ အရှင်မြတ်က အကူအညီအနေနဲ့ လူတိုင်းရဲ့စိတ်ထဲမှာ ကြောက်စိတ် ထည့်ပေးထားတာဖြစ်တယ်။ ဒီကနေ့လည်း မွတ်စ်လင်မ်စစ်မှန်အောင်လုပ်ကြရင် အဲဒီခေတ်ကလိုပဲ ပြန်ဖြစ်သွားမှာ သေချာတယ်။ အားလုံးအရေးကိစ္စကို စီမံခန့်ခွဲနေတာက အလ္လာဟ်အရှင်မြတ်ပဲ ဖြစ်တယ်။ (အွဆ်မာနီ၊ အဒ်သဖ်စီရွလ်မုယတ်စရ်)

لَا يُقَاتِلُوۡنَكُمۡ جَمِيۡعًا اِلَّا فِىۡ قُرًى مُّحَصَّنَةٍ اَوۡ مِنۡ وَّرَآءِ جُدُرٍ ؕ بَاۡسُهُمۡ بَيۡنَهُمۡ شَدِيۡدٌ ؕ تَحۡسَبُهُمۡ جَمِيۡعًا وَّقُلُوۡبُهُمۡ شَتّٰى ؕ ذٰلِكَ بِاَنَّهُمۡ قَوۡمٌ لَّا يَعۡقِلُوۡنَ ﴿۱۴﴾

(၁၄) သူတို့သည် အသင်တို့ကို တစ်စည်းတစ်လုံးတည်း တိုက်ခိုက်ကြမည်မဟုတ်ပေ။ သို့ရာတွင် လုံခြုံသည့်မြို့ရွာများမှ၊ သို့မဟုတ် တံတိုင်းများ၏အကွယ်မှ တိုက်ခိုက်ကြလိမ့်မည်။ သူတို့အချင်းချင်းတွင် ကြီးကျယ်သောခိုက်ရန်ရှိနေသည်။ အသင်သည် သူတို့အား တစ်စည်းတစ်လုံးတည်းဟု ထင်မှတ်နေသော်လည်း သူတို့၏စိတ်နှလုံးများသည် တကွဲတပြားစီ ဖြစ်နေကြသည်။ ထိုသို့ဖြစ်ရခြင်းကမူ အမှန်စင်စစ် သူတို့သည် အသိဉာဏ်မရှိသည့်အတွက်ကြောင့်ပင်ဖြစ်သည်။

كَمَثَلِ الَّذِيۡنَ مِنۡ قَبۡلِهِمۡ قَرِيۡبًا ذَاقُوۡا وَبَالَ اَمۡرِهِمۡ ۚ وَلَهُمۡ عَذَابٌ اَلِيۡمٌ ﴿۱۵﴾

(၁၅) (သူတို့၏ဥပမာမှာ) သူတို့နှင့် အချိန်ကာလအနည်းငယ်မတိုင်မီက သူတို့၏လုပ်ရပ်များ၏ပြစ်ဒဏ်ကို မြည်းစမ်းသွားခဲ့ကြရသည့်သူများ၏ပမာကဲ့သို့ဖြစ်သည်။ ထို့ပြင် သူတို့အတွက် (တမလွန်ဘဝတွင်လည်း) နာကျင်စေသော ပြစ်ဒဏ်ရှိဦးမည်ဖြစ်သည်။

كَمَثَلِ الشَّيۡطٰنِ اِذۡ قَالَ لِلۡاِنۡسَانِ اكۡفُرۡ ۚ فَلَمَّا كَفَرَ قَالَ اِنِّىۡ بَرِىۡٓءٌ مِّنۡكَ اِنِّىۡۤ اَخَافُ اللّٰهَ

رَبَّ الْعٰلَمِيْنَ ﴿١٦﴾

(၁၆) (ထို့ပြင် သူတို့၏ပမာမှာ) ရှိုင်သွာန်၏ပမာကဲ့သို့ ဖြစ်သည်။ တစ်ခါ တွင် သူသည် လူသားအား "အသင်ငြင်းပယ်လိုက်ပါ" ဟုပြောဆိုခဲ့သည်။ ထို့နောက် လူသားသည် ငြင်းပယ်လိုက်သည့်အခါ ထိုရှိုင်သွာန်ကပြောသည်- "အမှန်စင်စစ် ငါသည် အသင်နှင့် မည်သည့်အရာမျှ မပတ်သက်တော့ပေ။ အမှန်စင်စစ် ငါ သည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ် အား ကြောက်ရွံ့သည်" (ဟုဆိုပြီး နောက်ဆုတ်ပျောက်ကွယ်သွားတော့သည်)။

فَكَانَ عَاقِبَتَهُمَآ اَنَّهُمَا فِى النَّارِ خَالِدَيْنِ فِيْهَا ؕ وَذٰلِكَ جَزٰٓؤُا الظّٰلِمِيْنَ ﴿١٧﴾

(၁၇) ထို့နောက် ၎င်း(လူနှင့်ရှိုင်သွာန်)နှစ်ဦးစလုံး၏ နောက်ဆုံးအကျိုး ဆက်မှာ အမှန်စင်စစ် သူတို့နှစ်ဦးသည် အမြဲနေထိုင်ရမည့်သူနှစ်ဦးအဖြစ် ငရဲ ထဲသို့ ရောက်ရှိကြမည်။ ထို့ပြင် ၎င်းသည် မတရားပြုလုပ်သည့်သူများ၏ အကျိုး ပင်ဖြစ်သည်။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ وَلْتَنْظُرْ نَفْسٌ مَّا قَدَّمَتْ لِغَدٍ ۚ وَاتَّقُوا اللّٰهَ ؕ اِنَّ اللّٰهَ خَبِيْرٌ ۢ بِمَا تَعْمَلُوْنَ ﴿١٨﴾

(၁၈) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထို့ပြင် လူတိုင်းသည် နက်ဖြန်အတွက် မိမိ ကြိုတင်ပို့နှင့်ထားသည်ကို ကြည့်ရမည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင် မြတ်အား ကြောက်ရွံ့ကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ပြုလုပ်သည်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။❶

❶ မနက်ဖြန်ကိယာမသ်နေ့ ကိုယ့်အတွက် ကြိုတင်ပို့ထားတဲ့အထဲက ကောင်းတာနဲ့ မကောင်း တာ ဘယ်ဟာ ပိုများနေလဲဆိုတာ ကိုယ့်ဘာသာ အမြဲစစ်ဆေးကြည့်နေဖို့ လိုအပ်တယ်။ မကောင်း တာတွေရှိနေရင် အမြန်ဆုံးသောင်ဗဟ်ပြု အမှားဝန်ခံပြီး ကောင်းတာတွေ ပြုလုပ်ပို့ဖို့လိုအပ်တယ်။ ကောင်းတာတွေ ပို့ထားတာရှိနေရင် အရှင်မြတ်ကို ကျေးဇူးတင်ပြီး နောက်ထပ်ဒီထက်ပိုပြုလုပ်ပို့ ထားနိုင်အောင် စွမ်းအားပေးဖို့ အသနားခံရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَا تَكُوْنُوْا كَالَّذِيْنَ نَسُوا اللّٰهَ فَاَنْسٰىهُمْ اَنْفُسَهُمْ ؕ اُولٰٓئِكَ هُمُ الْفٰسِقُوْنَ ﴿١٩﴾

(၁၉) ထို့ပြင် အသင်တို့သည် အကြင်သူများကဲ့သို့ မဖြစ်ကြနှင့်၊ ထိုသူ များသည် အလ္လာဟ်အရှင်မြတ်အား မေ့ပစ်ခဲ့ကြသည်။ သို့ဖြစ်ရာ သူတို့အား အရှင်မြတ်ကလည်း သူတို့ကိုယ်ကို သူတို့ပင် မေ့လျော့စေတော်မူခဲ့သည်။ ထို သူများကမူ သူတို့ပင် အမိန့်တော်ကို သွေဖည်သူများ ဖြစ်ကြသည်။

لَا يَسْتَوِىٓ اَصْحٰبُ النَّارِ وَاَصْحٰبُ الْجَنَّةِ ۗ اَصْحٰبُ الْجَنَّةِ هُمُ الْفَآئِزُوْنَ ﴿٢٠﴾

(၂၀) ဂျဟန္နမ်ငရဲဘုံသားများနှင့် ဂျန္နသ်သုခဘုံသားများသည် မတူကြပေ။ သုခဘုံသားများသည် အောင်မြင်သူများပင် ဖြစ်ကြသည်။

لَوْ اَنْزَلْنَا هٰذَا الْقُرْاٰنَ عَلٰى جَبَلٍ لَّرَاَيْتَهٗ خَاشِعًا مُّتَصَدِّعًا مِّنْ خَشْيَةِ اللّٰهِ ۗ وَتِلْكَ الْاَمْثَالُ نَضْرِبُهَا لِلنَّاسِ لَعَلَّهُمْ يَتَفَكَّرُوْنَ ﴿٢١﴾

(၂၁) အကယ်၍ ငါအရှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို တောင်တစ်တောင်ပေါ်တွင် ချပေးတော်မူခဲ့လျှင် အသင်သည် ထိုတောင်ကို အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့မှုကြောင့် နိမ့်ကျလျက်၊ အပိုင်းပိုင်းဖြစ်လျက် ရှိသည်ကို အမှန်ပင် တွေ့မြင်ရမည်ဖြစ်သည်။[၂] ထို့ပြင် ငါအရှင်မြတ်သည် လူများ စဉ်းစားဆင်ခြင်ကြရန်အတွက် ထိုပမာပုံဆောင်ချက်များကို ခိုင်းနှိုင်းဖော်ပြတော်မူသည်။

[၂] တောင်ပေါ်မှာ ချပေးလိုက်ရင်တောင်မှ တောင်ဟာ အစိတ်စိတ်အမြွာမြွာ ကြေမွသွားနိုင်တဲ့ ကုရ်အာန်ကျမ်းတော်မြတ်ဟာ လူတွေရဲ့ စိတ်နှလုံးပေါ်မှာ ကျရောက်တဲ့အခါ ပိုပြီးကျိုးနွံရမှာဖြစ်တယ်။ ပိုပြီး အရှင်မြတ်ရဲ့အရှိန်အဝါကို ကြောက်ရွံ့ရမှာဖြစ်တယ်။ ဒါပေမဲ့ အဲဒီလို ဖြစ်မလာဘူးဆိုရင် စိတ်နှလုံးပေါ်မှာ အမိုက်အမှောင်အကာအဆီးတွေရှိနေတဲ့အတွက် အဲဒီအကာအဆီးတွေကို ဖယ်ရှားပစ်ရမှာ ဖြစ်တယ်။ ကုရ်အာန်ကို ဖတ်ရွတ်ပြီးနောက် ဘာမှ ခံစားချက်ဖြစ်ပေါ်မလာရင် ကိုယ့်အခြေအနေဟာ အလွန်လိုအပ်နေတယ်လို့ သဘောပေါက်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

هُوَ اللّٰهُ الَّذِىْ لَآ اِلٰهَ اِلَّا هُوَ ۚ عٰلِمُ الْغَيْبِ وَالشَّهَادَةِ ۚ هُوَ الرَّحْمٰنُ الرَّحِيْمُ ﴿٢٢﴾

(၂၂) ထိုအရှင်ပင် အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူသည်။ ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ (ထိုအရှင်မြတ်သည်) လျှို့ဝှက်သည့်အရာများနှင့် ထင်ရှားသည့်အရာများကို သိတော်မူသောအရှင်ဖြစ်တော်မူသည်။ အရှင်မြတ်သည် အနန္တကရုဏာတော်ရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

هُوَ اللّٰهُ الَّذِىْ لَآ اِلٰهَ اِلَّا هُوَ ۚ اَلْمَلِكُ الْقُدُّوْسُ السَّلٰمُ الْمُؤْمِنُ الْمُهَيْمِنُ الْعَزِيْزُ الْجَبَّارُ الْمُتَكَبِّرُ ۗ سُبْحٰنَ اللّٰهِ عَمَّا يُشْرِكُوْنَ ﴿٢٣﴾

(၂၃) ထိုအရှင်ပင် အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူသည်။ ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင် မရှိပေ။ အရာရာကို စိုးပိုင်တော်မူသောအရှင်၊ အလွန်သန့်စင်တော်မူသောအရှင်၊ ချို့ယွင်းချက်ဟူသမျှမှ ကင်းစင်ပြီး မင်္ဂလာနှင့်ပြည့်စုံတော်မူသောအရှင်၊ ငြိမ်းချမ်းလုံခြုံမှုပေးတော်မူသောအရှင်၊ ကာကွယ်

စောင့်ရှောက်တော်မူသောအရှင်၊ တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသော အရှင်၊ အမိန့်အာဏာအလွန်လွှမ်းမိုးတော်မူသောအရှင်၊ အလွန်ကြီးကျယ်ထူး ကဲမြင့်မြတ်တော်မူသောအရှင် ဖြစ်တော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် သူတို့ တွဲဖက်ကိုးကွယ်သည်များမှ သန့်ရှင်းစင်ကြယ်တော်မူသည်။

هُوَ اللّٰهُ الْخَالِقُ الْبَارِئُ الْمُصَوِّرُ لَهُ الْاَسْمَآءُ الْحُسْنٰى ۗ يُسَبِّحُ لَهٗ مَا فِى السَّمٰوٰتِ وَالْاَرْضِ ۚ وَهُوَ الْعَزِيْزُ الْحَكِيْمُ ﴿٢٤﴾

(၂၄) ထိုအရှင်မြတ်ပင် အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူသည်၊ (ထိုအရှင်မြတ်သည်) ဖန်ဆင်းတော်မူသောအရှင်၊ အသက်ဝိညာဉ်များအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ (အရှင်မြတ်အလိုရှိတော်မူသည့်အတိုင်း) ပုံဖော်ပြုလုပ်ဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်တွင် ကောင်းမြတ်သည့်နာမတော် ဂုဏ်တော်များရှိသည်။ မိုးကောင်းကင်များတွင်ရှိသမျှနှင့် မြေပထဝီတွင်ရှိသမျှတို့သည် အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း ရွတ်ဆိုလျက်ရှိကြသည်။ ထို့ပြင် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူသည်။❷

❷ အဲဒီလောက်မြင့်မြတ်ထူးကဲလှတဲ့ ဂုဏ်တော်တွေနဲ့ ပြည့်စုံတော်မူတဲ့အရှင်ကို ကိုးကွယ်ခွင့်ရတာဟာ အဲဒီအရှင်မြတ်ရဲ့ ကျေးဇူးတော်ပဲဖြစ်တယ်။ အဲဒါကြောင့် ကျေးဇူးတင်တဲ့အနေနဲ့ အရှင်မြတ်ရဲ့အမိန့်တွေကို ပိုပြီးနာခံနိုင်အောင် ကြိုးစားရမှာဖြစ်တယ်။ ကြိုးစားလာတာနဲ့အမျှ အရှင်မြတ်ဟာ မြင်နေတော်မူတဲ့အရှင်ဖြစ်တဲ့အတွက် ပိုပိုပေးတော်မူသွားမှာဖြစ်တယ်။ အရှင်မြတ်ရဲ့ ဂုဏ်တော်တွေထဲမှာ အကွယ်မှာရှိတာရော ရှေ့မှာရှိတာပါ သိမြင်တော်မူတဲ့အရှင်လို့ဆိုထားတာဟာ တကယ်တော့ အရှင်မြတ်ဟာ အကွယ်ကအရာတွေကိုပါ မြင်နေတော်မူတဲ့အတွက် အကွယ်ဆိုတာမရှိဘူး။ အရာအားလုံးကို မြင်နေတဲ့နောက်တော့ ကွယ်နေတာ ဘာရှိတော့မလဲ။ အဲဒါဟာ လူသားတွေဘက်ကအနေနဲ့ ကွယ်နေတဲ့အရာတွေကိုလည်း သိမြင်နေတော်မူတဲ့အရှင်လို့ ဆိုလိုတာဖြစ်တယ်။ (ကုရ်အာန်၊ အကီဒသုသ်သွဟာဝီ)

==========================================

ركوعاتها٢ ٦٠ سُوْرَةُ الْمُمْتَحِنَةِ مَدَنِيَّةٌ ٩١ اٰياتها١٣

## စူရဟ် မွမ်သဟိနဟ် (စစ်ဆေးခြင်း ကဏ္ဍ) سُوْرَةُ الْمُمْتَحِنَةِ

==========================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡا لَا تَتَّخِذُوۡا عَدُوِّىۡ وَعَدُوَّكُمۡ اَوۡلِيَآءَ تُلۡقُوۡنَ اِلَيۡهِمۡ بِالۡمَوَدَّةِ وَقَدۡ كَفَرُوۡا بِمَا
جَآءَكُمۡ مِّنَ الۡحَـقِّ‌ۚ يُخۡرِجُوۡنَ الرَّسُوۡلَ وَاِيَّاكُمۡ‌ اَنۡ تُؤۡمِنُوۡا بِاللّٰهِ رَبِّكُمۡ ؕ اِنۡ كُنۡتُمۡ خَرَجۡتُمۡ
جِهَادًا فِىۡ سَبِيۡلِىۡ وَابۡتِغَآءَ مَرۡضَاتِىۡ‌ ۖ تُسِرُّوۡنَ اِلَيۡهِمۡ بِالۡمَوَدَّةِ ‌ۖ وَاَنَا اَعۡلَمُ بِمَاۤ اَخۡفَيۡتُمۡ وَمَاۤ
اَعۡلَنۡتُمۡ‌ ؕ وَمَنۡ يَّفۡعَلۡهُ مِنۡكُمۡ فَقَدۡ ضَلَّ سَوَآءَ السَّبِيۡلِ ﴿۱﴾

(၁) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ငါအရှင်မြတ်၏လမ်းတော်တွင် ဂျိဟာဒ်ပြုလုပ်ရန်နှင့် ငါအရှင်မြတ်၏ကျေနပ်မှုကို ရှာဖွေရန် ထွက်ခဲ့ကြသည်ဆိုလျှင် အသင်တို့သည် ငါအရှင်မြတ်၏ရန်သူနှင့် အသင်တို့၏ရန်သူကို မိတ်ဆွေအဖြစ်မပြုလုပ်ကြနှင့်။ အသင်တို့သည် ချစ်ခင်မှုကြောင့် သူတို့ထံသို့ လျှို့ဝှက်(သတင်းကို)ပို့ကြသည်။ အမှန်စင်စစ် သူတို့သည် အသင်တို့ထံ ရောက်လာသော အမှန်တရားကို ငြင်းပယ်ခဲ့ကြသည်။ သူတို့သည် တမန်တော်ကိုလည်း နှင်ထုတ်ကြသည်။ ထို့ပြင် အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခဲ့ကြသည့်အတွက် သူတို့သည် အသင်တို့အား နှင်ထုတ်ကြခြင်း ဖြစ်သည်။ အသင်တို့သည် ချစ်ခင်မှုကြောင့် သူတို့ထံသို့ လျှို့ဝှက်(သတင်းကို) ပို့ဆောင်ကြသော်လည်း ငါအရှင်မြတ်ကမူ အသင်တို့ လျှို့ဝှက်သမျှနှင့် အသင်တို့ ထင်ရှားစေကြသည်များကို အသိဆုံးဖြစ်တော်မူသည်။ ထို့ပြင် အသင်တို့ထဲမှ မည်သူမဆို ထိုလျှို့ဝှက်သတင်းပို့ဆောင်ခြင်းကို ကျူးလွန်လျှင် ထိုသူသည် အမှန်စင်စစ် ဖြောင့်မတ်သည့်လမ်းစဉ်မှ လွဲချော်သွားခဲ့ပြီဖြစ်သည်။❶

❶ တမန်တော်မြတ် ﷺ ဟာ မက္ကာဟ်မြို့သားတွေနဲ့ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုထားခဲ့ပြီး (၂)နှစ်ကြာတဲ့အခါ ကာဖိရ်တွေဘက်က အရင်ဆုံး စတင်ပြီး အဲဒီစာချုပ်ကို ချိုးဖောက်ခဲ့ကြတယ်။ အဲဒီအတွက် တမန်တော်မြတ် ﷺ ဟာ မက္ကာဟ်ကို ပြန်လည်သိမ်းပိုက်ဖို့ တိတ်တဆိတ် စစ်ရေးပြင်ဆင်နေခဲ့တယ်။ သတင်းကိုလည်း အမှောင်ချ လျှို့ဝှက်ထားခဲ့တယ်။ တချို့သာဝကကြီး رضي الله عنهم တွေလောက်

ပဲ သိခဲ့ကြတယ်။ အဲဒီကြားထဲမှာ သာဝကတစ်ဦးဖြစ်သူ ဟာသိဗ် رضي الله عنه ဟာ ဒီသတင်းကို သိသွားပြီး မက္ကဟ်မှာရှိတဲ့ သူ့အိမ်သူအိမ်သားတွေကို စိုးရိမ်သွားတယ်။ အဲဒီအတွက် သူ့အနေနဲ့ တမန်တော်မြတ် ﷺ ဟာ စစ်တိုက်တော့မဲ့အကြောင်း မက္ကဟ်က ကာဖိရ်ခေါင်းဆောင်တွေထံကို စာရေးပြီး အမျိုးသမီးတစ်ဦးနဲ့ ပို့ခိုင်းခဲ့လိုက်တယ်။ အဲဒီကိစ္စကို အရှင်မြတ်က တမန်တော်မြတ် ﷺ ထံ ဝဟီနဲ့ အသိပေးတော်မူခဲ့တယ်။ အဲဒါကြောင့် တမန်တော်မြတ် ﷺ ဟာ သာဝကကြီး အလီ رضي الله عنه နဲ့ တချို့ကို စေလွှတ်ပြီး အမျိုးသမီးထံက စာကို ပြန်ယူခိုင်းလိုက်တယ်။ လမ်းခုလတ်မှာပဲ သူမရဲ့ဆံထုံးထဲမှာ လျှို့ဝှက်ယူလာတဲ့စာကို ပြန်ရခဲ့လိုက်တယ်။ တမန်တော်မြတ် ﷺ က ဟာသိဗ် رضي الله عنه ကို ခေါ်မေးတဲ့အခါ ၎င်းကပြောပြတယ်။ "ကျွန်တော်ဟာ အစ္စလာမ်သာသနာကနေ ဆန့်ကျင်ထွက်သွားတဲ့ အနေနဲ့ ပြုလုပ်တာမဟုတ်ပါဘူး။ ကုဖ်ရ်ကို နှစ်သက်လို့လည်းမဟုတ်ပါဘူး။ မက္ကဟ်မှာရှိတဲ့ကာဖိရ်တွေဟာ ကျွန်တော့်ရဲ့သတင်းပေးမှုကိုထောက်ထားပြီး ကျွန်တော့်အမျိုးတွေကို ငဲ့ညှာကြလိမ့်မယ်လို့ယူဆပြီး ပြုလုပ်ခြင်းသာဖြစ်ပါတယ်။" အဲဒီဟာသိဗ် رضي الله عنه ဆိုတဲ့ သာဝကကို စစ်လျှို့ဝှက်ချက် ဖော်ထုတ်မှုနဲ့ သာဝကကြီးအုမရ် رضي الله عنه က သတ်ခွင့်ပေးဖို့ တောင်းဆိုခဲ့ပေမဲ့ တမန်တော်မြတ် ﷺ က ခွင့်မပြုခဲ့ဘူး။ သူဟာ ဟိဂျ်ရသ်ပြုလုပ်ခဲ့တဲ့သူလည်း ဖြစ်တယ်။ ဗဒရ်စစ်ပွဲမှာ ပါဝင်ခဲ့တဲ့သူလည်း ဖြစ်တယ်။ အရှင်မြတ်က ဗဒရ်စစ်ပွဲမှာပါဝင်ခဲ့တဲ့သူတွေကို လွတ်ငြိမ်းချမ်းသာခွင့်ပေးထားတော်မူတယ်။ အဲဒါကြောင့် အသင်တို့ဟာ သူနဲ့ပတ်သက်ပြီး မကောင်းတာပြောခြင်းကနေရှောင်ကြဉ်ကြပါလို့ တမန်တော်မြတ် ﷺ က မိန့်တော်မူခဲ့တယ်။ (အိဗ်နုကဆီးရ်)

إِن يَثْقَفُوكُمْ يَكُونُوا لَكُمْ أَعْدَاءً وَيَبْسُطُوا إِلَيْكُمْ أَيْدِيَهُمْ وَأَلْسِنَتَهُم بِالسُّوءِ وَوَدُّوا لَوْ تَكْفُرُونَ ﴿٢﴾

(၂) အကယ်၍ သူတို့သည် အသင်တို့အပေါ်တွင် အရေးသာခဲ့ကြလျှင် အသင်တို့၏ရန်သူဖြစ်ကြောင်းကိုပင် ပေါ်လွင်စေကြမည့်အပြင် သူတို့၏လက်များနှင့် သူတို့၏နှုတ်များဖြင့် အသင်တို့အား ဒုက္ခပေးကြမည်ပင် ဖြစ်သည်။ ထို့ပြင် သူတို့သည် အသင်တို့ ကာဖိရ်ပြန်ဖြစ်ရန်ကိုပင် လိုလားတောင့်တကြသည်။

لَن تَنفَعَكُمْ أَرْحَامُكُمْ وَلَا أَوْلَادُكُمْ ۚ يَوْمَ الْقِيَامَةِ يَفْصِلُ بَيْنَكُمْ ۚ وَاللَّهُ بِمَا تَعْمَلُونَ بَصِيرٌ ﴿٣﴾

(၃) အသင်တို့၏ဆွေမျိုးနီးစပ်မှုများနှင့် အသင်တို့၏သားသမီးများသည် ကိယာမသ်နေ့တွင် အသင်တို့အား လုံးဝ အကျိုးပေးကြမည်မဟုတ်ပေ။ အရှင်မြတ်သည် အသင်တို့အကြားတွင် စီရင်ဆုံးဖြတ်တော်မူမည် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်ကြသည်များကို အကြွင်းမဲ့မြင်တော်မူသောအရှင်ဖြစ်တော်မူသည်။

قَدْ كَانَتْ لَكُمْ أُسْوَةٌ حَسَنَةٌ فِي إِبْرَاهِيمَ وَالَّذِينَ مَعَهُ إِذْ قَالُوا لِقَوْمِهِمْ إِنَّا بُرَآءُ مِنكُمْ وَ
مِمَّا تَعْبُدُونَ مِن دُونِ اللَّهِ كَفَرْنَا بِكُمْ وَبَدَا بَيْنَنَا وَبَيْنَكُمُ الْعَدَاوَةُ وَالْبَغْضَاءُ أَبَدًا حَتَّىٰ
تُؤْمِنُوا بِاللَّهِ وَحْدَهُ إِلَّا قَوْلَ إِبْرَاهِيمَ لِأَبِيهِ لَأَسْتَغْفِرَنَّ لَكَ وَمَا أَمْلِكُ لَكَ مِنَ اللَّهِ مِن شَيْءٍ ۖ

رَبَّنَا عَلَيۡكَ تَوَكَّلۡنَا وَاِلَيۡكَ اَنَبۡنَا وَاِلَيۡكَ الۡمَصِيۡرُ ﴿٤﴾

(၄) အမှန်စင်စစ် အသင်တို့အတွက် (တမန်တော်)အိဗ်ရာဟီမ်နှင့် တကွ ၎င်းနှင့် အတူရှိခဲ့သည့်သူများတွင် ကောင်းမြတ်သောစံနမူနာများရှိသည်။ တစ်ခါတွင် ၎င်းတို့သည် ၎င်းတို့၏အမျိုးသားများအား (ဤသို့)ပြောဆိုခဲ့ကြသည်။ အမှန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့သာမက အလ္လာဟ်အရှင်မြတ်မှလွဲ၍ အသင်တို့ ကိုးကွယ်ကြသည့်အရာများနှင့်လည်း မသက်ဆိုင်သူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် အသင်တို့အား ငြင်းပယ်လိုက်ကြပြီ ဖြစ်သည်။ အသင်တို့သည် တစ်ပါးတည်းဖြစ်သော အလ္လာဟ်အရှင်မြတ်ကို မယုံကြည်သမျှ ကျွန်ုပ်တို့နှင့် အသင်တို့၏အကြားတွင် ရန်ငြိုးနှင့် မုန်းတီးမှုသည် အမြဲမပြတ် ဖြစ်ပေါ်လျက်ရှိနေမည်ဖြစ်သည်။[၂] သို့ရာတွင် (တမန်တော်)အိဗ်ရာဟီမ်သည် ၎င်း၏ဖခင်အား "အမှန်စင်စစ် ကျွန်ုပ်သည် အသင့်အတွက် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ရှေ့တွင် အသင်နှင့်ပတ်သက်၍ ကျွန်ုပ်သည် မည်သည့်အရာတစ်ခုမျှ အခွင့်အာဏာမရှိပေ"ဟု (တမန်တော်)အိဗ်ရာဟီမ်၏ ပြောဆို(ကတိပြု)ခြင်းမှလွဲ၍ (စံနမူနာဖြစ်သည်)။ အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်ုပ်တို့သည် အရှင်မြတ်အပေါ်၌ပင် ယုံပုံလွှဲအပ်ကြပြီဖြစ်သည့်အပြင် ကျွန်ုပ်တို့သည် အရှင်မြတ်ဘက်သို့ပင် ပြန်လှည့်ကြပြီးဖြစ်ပါသည်။ ထို့ပြင် နောက်ဆုံးပြန်လည်ရာစခန်းသည် အရှင်မြတ်ထံတော်၌သာဖြစ်ပါသည်။

[၂] အဲဒီလို ပြတ်ပြတ်သားသားကြေညာတာကို စံနမူနာအနေနဲ့ ဖော်ပြထားတာဖြစ်တယ်။
(အလင်းပြကျမ်း)

رَبَّنَا لَا تَجۡعَلۡنَا فِتۡنَةً لِّلَّذِيۡنَ كَفَرُوۡا وَاغۡفِرۡ لَنَا رَبَّنَا ۚ اِنَّكَ اَنۡتَ الۡعَزِيۡزُ الۡحَكِيۡمُ ﴿٥﴾

(၅) အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အား ကာဖိရ်ငြင်းပယ်သူများ၏ ဖိစီးနှိပ်စက်မှုခံကြရသူများအဖြစ် ပြုလုပ်တော်မမူပါနှင့်။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်တို့အား ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပါ။ အို- ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အမှန်စင်စစ် အရှင်မြတ်ပင် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပါသည်။[၁]

[၁] ဒါဟာ (နှိပ်စက်ခံရခြင်း)ဘေးအန္တရာယ်ကင်းဖို့ တောင်းခံတဲ့ ဆုမွန်ဒုအာ ဖြစ်တယ်။
(အလင်းပြကျမ်း)

لَقَدْ كَانَ لَكُمْ فِيهِمْ أُسْوَةٌ حَسَنَةٌ لِّمَن كَانَ يَرْجُوا اللَّهَ وَالْيَوْمَ الْآخِرَ ۚ وَمَن يَتَوَلَّ فَإِنَّ
اللَّهَ هُوَ الْغَنِيُّ الْحَمِيدُ ﴿٦﴾

(၆) အမှန်စင်စစ် အသင်တို့အတွက် ထိုသူများတွင် ကောင်းမြတ်သော စံနမူနာရှိသည်။ အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သောသူ အတွက်လည်း (စံနမူနာရှိသည်)။ ထို့နောက် မည်သူမဆို မျက်နှာလွှဲပြီး ထွက်သွားလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်ကမူ လိုလားတောင့်တခြင်းကင်းပြီး ပြည့်စုံကြွယ်ဝတော်မူသောအရှင်၊ အလွန်ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူသည်။

عَسَى اللَّهُ أَن يَجْعَلَ بَيْنَكُمْ وَبَيْنَ الَّذِينَ عَادَيْتُم مِّنْهُم مَّوَدَّةً ۚ وَاللَّهُ قَدِيرٌ ۚ وَاللَّهُ غَفُورٌ رَّحِيمٌ ﴿٧﴾

(၇) အလ္လာဟ်အရှင်မြတ်သည် အသင်တို့နှင့် အသင်တို့၏ ရန်ဘက်များဖြစ်ကြသည့်သူများ၏ကြားတွင် ချစ်ခင်မှုကို မကြာမီ စီမံဖန်တီးပေးတော်မူမည်ဖြစ်သည်။[၂] ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာရာကို အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်ခွင့်လွှတ်ချမ်းသာပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူသည်။

[၂] မွတ်စ်လင်မ်တွေနဲ့ သူတို့ရဲ့ရန်သူတွေကြားမှာ မကြာခင် ချစ်ခင်မှု ဖန်တီးပေးတော်မူမယ်လို့ အရှင်မြတ်က ကြိုတင်သတင်းပေးတော်မူတဲ့အတိုင်းပဲ မက္ကာဟ်မြို့ကို အောင်နိုင်တဲ့အချိန်မှာ တစ်မြို့လုံးနီးပါးဟာ အစ္စလာမ်သာသနာထဲကို ဝင်ရောက်လာခဲ့ကြတယ်။ အဲဒီနောက် ရန်သူတွေဟာ မိတ်ဆွေတွေဖြစ်သွားပြီး ချစ်ခင်သူတွေ ဖြစ်ကုန်ကြတော့တယ်။ ဒါဟာ လက်တွေ့မြင်တွေ့နိုင်တဲ့ အရှင်မြတ်ရဲ့ကွဒ်ရသ်စွမ်းအား ဖြစ်တယ်။ (အလင်းပြကျမ်း)

لَا يَنْهَاكُمُ اللَّهُ عَنِ الَّذِينَ لَمْ يُقَاتِلُوكُمْ فِي الدِّينِ وَلَمْ يُخْرِجُوكُم مِّن دِيَارِكُمْ أَن تَبَرُّوهُمْ وَ
تُقْسِطُوا إِلَيْهِمْ ۚ إِنَّ اللَّهَ يُحِبُّ الْمُقْسِطِينَ ﴿٨﴾

(၈) အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား သာသနာနှင့်ပတ်သက်၍ တိုက်ခိုက်ခြင်း မပြုလုပ်ကြသည့်အပြင် အသင်တို့ကို အသင်တို့၏နေအိမ်များမှ နှင်ထုတ်ခဲ့ခြင်းလည်း မရှိကြသောသူများအား ကျေးဇူးပြုခြင်း၊ မျှတစွာဆက်ဆံခြင်းများမှ မတားမြစ်ပေ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တရားမျှတသောသူများကို ချစ်ခင်နှစ်သက်တော်မူသည်။

إِنَّمَا يَنْهَاكُمُ اللَّهُ عَنِ الَّذِينَ قَاتَلُوكُمْ فِي الدِّينِ وَأَخْرَجُوكُم مِّن دِيَارِكُمْ وَظَاهَرُوا عَلَىٰ
إِخْرَاجِكُمْ أَن تَوَلَّوْهُمْ ۚ وَمَن يَتَوَلَّهُمْ فَأُولَٰئِكَ هُمُ الظَّالِمُونَ ﴿٩﴾

(၉) (အမှန်စင်စစ်) အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ဤသူ

များ(နှင့် မိတ်ဆွေဖွဲ့ခြင်း)မှ တားမြစ်တော်မူခြင်းဖြစ်သည်။ ထိုသူများသည် သာသနာနှင့်ပတ်သက်၍ အသင်တို့အား တိုက်ခိုက်ခဲ့ကြသည့်အပြင် အသင်တို့အား အသင်တို့၏နေအိမ်များမှလည်း နှင်ထုတ်ခဲ့ကြသည်။ ထို့ပြင် အသင်တို့အား နှင်ထုတ်မှုနှင့်ပတ်သက်၍ (သူတစ်ပါးကိုလည်း) ရိုင်းပင်းကူညီခဲ့ကြသည်။ ထို့နောက် မည်သူမဆို သူတို့အား မိတ်ဆွေပြုလုပ်လျှင် ထိုသူများပင် မတရားသူများဖြစ်ကြသည်။[၃]

[၃] ရန်ပြုသူ ကာဖိရ်တွေနဲ့ မိတ်ဖွဲ့ခြင်းကို အရှင်မြတ်က တားမြစ်ထားပြီး ရန်မပြုတဲ့ ကာဖိရ်တွေနဲ့ မိတ်ဖွဲ့ခြင်းကိုတော့ တားမြစ်ထားခြင်းမရှိဘူး။ အဲဒီလောက်တားမြစ်ထားတဲ့ ကြားထဲက ရန်ပြုသူ ကာဖိရ်တွေနဲ့ မိတ်ဖွဲ့ရင် အဲဒီသူဟာ မတရားကျူးလွန်သူဖြစ်တယ်လို့ အရှင်မြတ်က သတ်မှတ်တော်မူတယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ إِذَا جَآءَكُمُ ٱلْمُؤْمِنَٰتُ مُهَٰجِرَٰتٍ فَٱمْتَحِنُوهُنَّ ۖ ٱللَّهُ أَعْلَمُ بِإِيمَٰنِهِنَّ ۖ
فَإِنْ عَلِمْتُمُوهُنَّ مُؤْمِنَٰتٍ فَلَا تَرْجِعُوهُنَّ إِلَى ٱلْكُفَّارِ ۖ لَا هُنَّ حِلٌّ لَّهُمْ وَلَا هُمْ يَحِلُّونَ
لَهُنَّ ۖ وَءَاتُوهُم مَّآ أَنفَقُواْ ۚ وَلَا جُنَاحَ عَلَيْكُمْ أَن تَنكِحُوهُنَّ إِذَآ ءَاتَيْتُمُوهُنَّ أُجُورَهُنَّ ۚ وَ
لَا تُمْسِكُواْ بِعِصَمِ ٱلْكَوَافِرِ وَسْـَٔلُواْ مَآ أَنفَقْتُمْ وَلْيَسْـَٔلُواْ مَآ أَنفَقُواْ ۚ ذَٰلِكُمْ حُكْمُ ٱللَّهِ ۖ
يَحْكُمُ بَيْنَكُمْ ۚ وَٱللَّهُ عَلِيمٌ حَكِيمٌ ﴿١٠﴾

(၁၀) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့ထံသို့ မုအ်မိနဟ်ယုံကြည်သူအမျိုးသမီးများသည် ရွှေ့ပြောင်းလာခဲ့ကြသောအခါ အသင်တို့သည် သူမတို့အား စမ်းသပ်စစ်ဆေးကြပါ။[၄] အလ္လာဟ်အရှင်မြတ်သည် သူမတို့၏ အီမာန်ယုံကြည်မှုကို အသိဆုံးဖြစ်တော်မူသည်။ သို့ဖြစ်ရာ အကယ်၍ အသင်တို့အနေဖြင့် သူမတို့သည် မုအ်မိနဟ် ယုံကြည်သောအမျိုးသမီးများဖြစ်သည် ဆိုသည်ကို သိရှိခဲ့ကြသည့်အခါ အသင်တို့သည် သူမတို့အား ကာဖိရ်များထံ ပြန်မပို့ကြနှင့်။ သူမတို့သည်လည်း ထိုကာဖိရ်များအတွက် တရားမဝင်တော့ပေ။ ကာဖိရ်များကလည်း သူမတို့အတွက် တရားမဝင်တော့ပေ။ သို့ရာတွင် အသင်တို့သည် ထိုကာဖိရ်များ ကုန်ကျခံခဲ့သည်များကိုမူ ပေးဆပ်လိုက်ကြပါ။ ထို့ပြင် အကယ်၍ အသင်တို့သည် သူမတို့အား သူမတို့၏(လက်ထပ်ရန်သဘောတူထားသော) မဟာရ်ပစ္စည်းများကို ပေးဆပ်ကြလျှင် သူမတို့နှင့် နိကာဟ်ထိမ်းမြားခြင်း၌ အသင်တို့အပေါ် မည်သည့်အပြစ်မျှမရှိပေ။[၅] ထို့ပြင် အသင်တို့သည် ကာဖိရ်မိန်းမများ၏ဂုဏ်အသရေကို သိမ်းပိုက်မထားကြနှင့်။ ထို့ပြင် အသင်တို့သည်လည်း အသင်တို့ ကုန်ကျခံခဲ့ကြသည်များကို (ထိုကာဖိရ်များထံမှ) တောင်းယူကြပါ။

သူတို့သည်လည်း သူတို့ကုန်ကျခဲ့သည်များကို (အသင်တို့ထံမှ) တောင်းယူကြရမည်ဖြစ်သည်။ ထိုအရာသည် အလ္လာဟ်အရှင်မြတ်၏ စီရင်ပြဋ္ဌာန်းချက်ပင်ဖြစ်သည်။ အရှင်မြတ်သည် အသင်တို့၏ကြားတွင် စီရင်ပြဋ္ဌာန်းတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

❻ သာသနာအတွက် ပြောင်းရွှေ့လာတာ ဟုတ်၊ မဟုတ် စစ်ဆေးခိုင်းထားတာဖြစ်တယ်။ သာဝကကြီး အုမရ် ﷺ ဟာ တမန်တော်မြတ် ﷺ ရဲ့ကိုယ်စား စစ်ဆေးပြီး ဗိုင်အသ်ယူလေ့ရှိခဲ့တယ်။ (အလင်းပြကျမ်း) ❼ ကာဖိရ်အမျိုးသမီးက အီမာန်ယူပြီး အစ္စလာမ်နိုင်ငံကို ရွှေ့ပြောင်းသွားရင် သူ့ခင်ပွန်းနဲ့ ပြတ်စဲသွားတယ်။ မွတ်စ်လင်မ်တွေဟာ သူမကို ထိမ်းမြားကြေးပေးပြီး လက်ထပ်နိုင်တယ်။ အခု လက်ထပ်မဲ့သူက ပထမလက်ထပ်ခဲ့တဲ့သူ ကုန်ကျတာကို အဲဒီသူကို ပြန်ပေးဆပ်ရမယ်။ (အလင်းပြကျမ်း)

وَإِنْ فَاتَكُمْ شَيْءٌ مِّنْ أَزْوَاجِكُمْ إِلَى الْكُفَّارِ فَعَاقَبْتُمْ فَآتُوا الَّذِينَ ذَهَبَتْ أَزْوَاجُهُم مِّثْلَ مَا أَنفَقُوا ۚ وَاتَّقُوا اللَّهَ الَّذِي أَنتُم بِهِ مُؤْمِنُونَ ﴿١١﴾

(၁၁) ထို့ပြင် အကယ်၍ အသင်တို့၏ဇနီးမိန်းမများထဲမှတစ်ဦးဦးသည် ကာဖိရ်များထံသို့ ထွက်သွားခဲ့ပြီးနောက် အသင်တို့အလှည့်ရောက်ခဲ့လျှင် (အသင်တို့တွင် စစ်တိုက်သည့်အခါ သုံ့ပန်းပစ္စည်းရခဲ့လျှင်၊ ထိုအထဲမှ) ဇနီးမိန်းမများ ထွက်သွားခဲ့ကြသည့်သူများအား သူတို့ အကုန်အကျခံခဲ့ကြသည့် (မဟရ်)နှင့် အညီအမျှ အသင်တို့ ပေးဆပ်ကြပါ။❶ ထို့ပြင် အသင်တို့ ယုံကြည်ကြသော အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။

❶ အစ္စလာမ်က ကိစ္စဟူသမျှမှာ နစ်နာကြေးအတွက် အစားပြန်ယူတာကို ခွင့်ပြုထားတယ်။(ထိမ်းမြားဖို့ သဘောတူထားတဲ့)မဟရ်ပစ္စည်းမှာလည်း အဲဒီအတိုင်းပဲဖြစ်တယ်။ နစ်ဖက်စလုံးရဲ့နစ်နာမှုကို အစားပြန်ပေးရမှာဖြစ်တယ်။ ကာဖိရ်ရဲ့ ဇနီးမိန်းမက အစ္စလာမ်လက်ခံပြီး အစ္စလာမ်နိုင်ငံကို ပြောင်းရွှေ့သွားခဲ့ရင် ပြတ်စဲသွားတဲ့အတွက် အဲဒီမိန်းမကို နောက်ထပ်ယူမဲ့ မွတ်စ်လင်မ်ယောကျ်ားက (ထိမ်းမြားဖို့ သဘောတူထားတဲ့)မဟရ်ပစ္စည်းနစ်ခုပေးရမယ်။ တစ်ခုက ပထမယောကျ်ားဖြစ်တဲ့ ကာဖိရ်ရဲ့ လက်ထပ်စဉ်ကပေးခဲ့တဲ့ မဟရ်ရဲ့နစ်နာကြေးကို အဲဒီကာဖိရ်ကို ပြန်ပေးရမှာဖြစ်တယ်။ ဒုတိယ မဟရ်က အခုလက်ထပ်မဲ့အတွက် ပေးရမဲ့ (ထိမ်းမြားဖို့ သဘောတူထားတဲ့)ပစ္စည်းဖြစ်တယ်။ အဲဒီအတိုင်းပဲ မွတ်စ်လင်မ်ရဲ့ဇနီးမိန်းမတစ်ဦးက ကာဖိရ်ဖြစ်သွားပြီး ကာဖိရ်တစ်ဦးနဲ့ လက်ထပ်ခဲ့ရင် အဲဒီကာဖိရ်ကလည်း မဟရ်နစ်ခုပေးရမှာဖြစ်တယ်။ ဒါပေမဲ့ အဲဒီနစ်ခုထဲမှာ ကာဖိရ်အနေနဲ့ မိမိလက်ထပ်မဲ့မိန်းမရဲ့ခင်ပွန်းဖြစ်ခဲ့တဲ့ မွတ်စ်လင်မ်ယောကျ်ားကို ပေးရမဲ့ မဟရ်ရဲ့နစ်နာကြေးကို မပေးကြဘူး။ ဒါကြောင့် မွတ်စ်လင်မ်ကလည်း မိမိလက်ထပ်မဲ့မိန်းမရဲ့ခင်ပွန်းဖြစ်ခဲ့တဲ့ အဲဒီကာဖိရ်ကို ပေးရမဲ့ မဟရ်နစ်နာကြေးကို အဲဒီကာဖိရ်ကို မပေးတော့ဘဲ မဟရ်နစ်နာသွားတဲ့ မွတ်စ်လင်မ်ကိုပဲ အစားလှည့်ပေးလိုက်ရတော့မှာ ဖြစ်တယ်။ အဲဒါဟာ တစ်ဖက်နဲ့ တစ်ဖက် အစားချေလိုက်တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

يَا أَيُّهَا النَّبِيُّ إِذَا جَاءَكَ الْمُؤْمِنَاتُ يُبَايِعْنَكَ عَلَىٰ أَن لَّا يُشْرِكْنَ بِاللَّهِ شَيْئًا وَلَا يَسْرِقْنَ وَلَا يَزْنِينَ وَلَا يَقْتُلْنَ أَوْلَادَهُنَّ وَلَا يَأْتِينَ بِبُهْتَانٍ يَفْتَرِينَهُ بَيْنَ أَيْدِيهِنَّ وَأَرْجُلِهِنَّ وَلَا يَعْصِينَكَ فِي مَعْرُوفٍ ۙ فَبَايِعْهُنَّ وَاسْتَغْفِرْ لَهُنَّ اللَّهَ ۖ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿١٢﴾

(၁၂) အို- တမန်တော်၊ မုအ်မိနဟ်ယုံကြည်ကြသူ အမျိုးသမီးများသည် အသင်၏ထံလာပြီး ဤအချက်များအပေါ်တွင် ဗိုင်အသ်သစ္စာဆိုလျှင် အသင်သည် သူမတို့၏ဗိုင်အသ်ပြုမှုကို လက်ခံအတည်ပြုပေးလိုက်ပါ။ ထိုအရာများမှာ- သူမတို့သည် အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ပြီး မည်သူ့ကိုမျှ ကိုးကွယ်ကြမည်မဟုတ်ပါ၊ ခိုးဝှက်ကြမည်လည်းမဟုတ်ပါ၊ တရားမဝင်ကာမ ကျူးလွန်ကြမည်လည်း မဟုတ်ပါ၊ သူမတို့၏သားသမီးများကိုလည်း သတ်ဖြတ်ကြမည်မဟုတ်ပါ၊ သူမတို့၏လက်များနှင့် ခြေများအကြားတွင် မုသားလိမ်လည်စွပ်စွဲမှုကို လုပ်ကြံဖန်တီးပြီး ယူဆောင်လာကြမည်လည်းမဟုတ်ပါ၊ ကောင်းမြတ်သောအမှုကိစ္စတစ်စုံတစ်ခုနှင့်ပတ်သက်၍ အသင်(တမန်တော်)၏အမိန့်ကို ဖီဆန်ကြမည်လည်း မဟုတ်ပါ(ဟု သူမတို့သည် သစ္စာဆိုကြသောအခါ အသင်လက်ခံဗိုင်အသ်ပြုလုပ်လိုက်ပါ)။ ထို့ပြင် အသင်(တမန်တော်)သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် သူမတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်း ပန်ကြားပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။[၂]

[၂] တမန်တော်မြတ် ﷺ ဟာ အမျိုးသမီးတွေနဲ့ ဗိုင်အသ်ပြုလုပ်တဲ့အခါ လက်ဆက်ခြင်းမရှိခဲ့ဘူး။ (အလင်းပြကျမ်း)

يَا أَيُّهَا الَّذِينَ آمَنُوا لَا تَتَوَلَّوْا قَوْمًا غَضِبَ اللَّهُ عَلَيْهِمْ قَدْ يَئِسُوا مِنَ الْآخِرَةِ كَمَا يَئِسَ الْكُفَّارُ مِنْ أَصْحَابِ الْقُبُورِ ﴿١٣﴾

(၁၃) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမျက်တော် ကျရောက်ခဲ့သည့်လူမျိုးအား မိတ်ဆွေမပြုလုပ်ကြနှင့်။[၃] အမှန်စင်စစ် သူတို့သည် သင်္ချိုင်းထဲတွင်ရှိကြသည့်သူကာဖိရ်များ(သင်္ချိုင်းထဲ ရောက်သည့်အခါ ဒုက္ခကို လက်တွေ့ခံစားရသည့်အခါ သူတို့အတွက် တမလွန်ဘဝ၏ဝေစု မရှိသည်ကိုသိပြီး) မျှော်လင့်ချက် ကုန်ခန်းသွားသကဲ့သို့ အာခိရသ်တမလွန်ဘဝ(၏အကျိုးကျေးဇူးများ)ကို မျှော်လင့်ချက်ကင်းမဲ့လျက် ရှိကြသည်။

[၃] အရှင်မြတ်အမျက်ထွက်တဲ့သူကို မကျေနပ်ပါနဲ့။ (အလင်းပြကျမ်း)

رکوعاتها٢ ٦١ سُوْرَةُ الصَّفِّ مَدَنِيَّةٌ ١٠٩ اٰياتها١٤

# စူရဟ် စွာဖ် (အစီအတန်းများ ကဏ္ဍ) سُوْرَةُ الصَّفِّ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

سَبَّحَ لِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الۡاَرۡضِ ۚ وَهُوَ الۡعَزِيۡزُ الۡحَكِيۡمُ ۝١

(၁) မိုးကောင်းကင်များတွင်ရှိသမျှနှင့် မြေပထဝီတွင်ရှိသမျှတို့သည် အရှင်မြတ်သန့်ရှင်းစင်ကြယ်တော်မူကြောင်း ရွတ်ဆိုလျက်ရှိကြသည်။ ထို့ပြင် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ် အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡا لِمَ تَقُوۡلُوۡنَ مَا لَا تَفۡعَلُوۡنَ ۝٢

(၂) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အဘယ် ကြောင့် အသင်တို့မပြုလုပ်ကြသည့်အရာကို ပြောဆိုကြသနည်း။

كَبُرَ مَقۡتًا عِنۡدَ اللّٰهِ اَنۡ تَقُوۡلُوۡا مَا لَا تَفۡعَلُوۡنَ ۝٣

(၃) အလ္လာဟ်အရှင်မြတ်ထံတော်တွင် အသင်တို့ မပြုလုပ်သည့်အရာ ကို ပြောဆိုခြင်းသည် အလွန်မုန်းတီးစက်ဆုပ်ဖွယ်ရာဖြစ်သည်။❻

❻ ကိုယ်လက်တွေ့ မကျင့်သုံးဘဲ ဟိုလိုလုပ်မယ်၊ ဒီလိုလုပ်မယ်လို့ ကြွေးကြော်ပြောတဲ့အရာကို အရှင်မြတ် မုန်းတီးစက်ဆုပ်တဲ့အတွက် မပြောခင်ကျင့်သုံးပါ၊ ဒါမှမဟုတ် ပြောပြီး ကျင့်သုံးပါ။ မကျင့်သုံးဘဲ မနေပါနဲ့။ (အလင်းပြကျမ်း)

اِنَّ اللّٰهَ يُحِبُّ الَّذِيۡنَ يُقَاتِلُوۡنَ فِىۡ سَبِيۡلِهٖ صَفًّا كَاَنَّهُمۡ بُنۡيَانٌ مَّرۡصُوۡصٌ ۝٤

(၄) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏လမ်းတော် တွင် အလွန်ခိုင်ခံ့သော အဆောက်အအုံကဲ့သို့(ပင် စိတ်ဓာတ်တည်ကြည်ကြံ့ ခိုင်မှုဖြင့်)စီတန်းပြီး တိုက်ခိုက်ကြသည့်သူများအား နှစ်သက်တော်မူသည်။

وَاِذۡ قَالَ مُوۡسٰى لِقَوۡمِهٖ يٰقَوۡمِ لِمَ تُؤۡذُوۡنَنِىۡ وَقَدۡ تَّعۡلَمُوۡنَ اَنِّىۡ رَسُوۡلُ اللّٰهِ اِلَيۡكُمۡ ؕ فَلَمَّا زَاغُوۡۤا اَزَاغَ اللّٰهُ قُلُوۡبَهُمۡ ؕ وَاللّٰهُ لَا يَهۡدِى الۡقَوۡمَ الۡفٰسِقِيۡنَ ۝٥

(၅) ထို့ပြင် တစ်ခါတွင် (တမန်တော်)မူစာသည် ၎င်း၏အမျိုးသားများ အား "အို-ငါ၏အမျိုးသားတို့၊ ငါသည် အသင်တို့ထံသို့ (စေလွှတ်ခံရသည့်) အလ္လာဟ်အရှင်မြတ်၏တမန်တော် အမှန်ဖြစ်ကြောင်း အမှန်ပင် အသင်တို့ သိ

ရှိပြီး ဖြစ်ကြပါလျက်နှင့် အဘယ်ကြောင့် အသင်တို့သည် ငါ့အား ဒုက္ခပေးကြသနည်း"ဟု ပြောကြားခဲ့သည်။❶ ထို့နောက် သူတို့သည် လွဲချော်ခဲ့ကြသောအခါ အလ္လာဟ်အရှင်မြတ်သည် သူတို့၏စိတ်နှလုံးများအား လွဲချော်မှောက်မှားစေတော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်ကို သွေဖည်သည့် လူမျိုးများအား လမ်းမှန်ကို ရောက်စေတော်မမူပေ။

❶ အစ္စရာအီလ်မျိုးနွယ်ဝင်တွေဟာ တမန်တော်မူစာ ﷺကို အမျိုးမျိုးဒုက္ခပေးခဲ့ကြတယ်။ အရှင်မြတ်ကို ကိုးကွယ်ရမှန်း သိလျက်နဲ့ နွားငယ်ရုပ်တုကို ကိုးကွယ်ခဲ့ကြတယ်။ အမာလိကဟ်တွေနဲ့ စစ်တိုက်ဖို့ "အသင်နဲ့ အသင့်အရှင်ပဲ သွားတိုက်ကြတော့၊ ကျွန်တော်တို့ကတော့ ဒီနေရာမှာပဲ ထိုင်နေကြမယ်" လို့ ပြောဆိုခဲ့ကြတယ်။ အဲဒီလို စိတ်ဆင်းရဲစရာတွေမျိုးစုံ ခံခဲ့ရတယ်။ (အလင်းပြကျမ်း)

وَإِذْ قَالَ عِيسَى ابْنُ مَرْيَمَ يَٰبَنِىٓ إِسْرَٰٓءِيلَ إِنِّى رَسُولُ ٱللَّهِ إِلَيْكُم مُّصَدِّقًا لِّمَا بَيْنَ يَدَىَّ مِنَ ٱلتَّوْرَىٰةِ وَمُبَشِّرًۢا بِرَسُولٍ يَأْتِى مِنۢ بَعْدِى ٱسْمُهُۥٓ أَحْمَدُ ۖ فَلَمَّا جَآءَهُم بِٱلْبَيِّنَٰتِ قَالُوا۟ هَٰذَا سِحْرٌ مُّبِينٌ ﴿٦﴾

(၆) ထို့ပြင် တစ်ခါတွင် မရ်ယမ်၏သားတော် (တမန်တော်)အီစာသည် (ဤသို့)ပြောဆိုခဲ့သည်- အို-အစ္စရာအီလ်မျိုးနွယ်ဝင်အပေါင်းတို့၊ အမှန်စင်စစ် ငါသည် ငါ၏မတိုင်မီရှိနေသောသောင်ရာသ်ကျမ်းကို မှန်ကန်ကြောင်းထောက်ခံသူအဖြစ်နှင့် ငါ၏နောက်တွင် အဟ်မဒ်အမည်ဖြင့် ပွင့်ပေါ်မည့်တမန်တော်တစ်ပါးနှင့်ပတ်သက်၍ သတင်းကောင်းပြောကြားသူအဖြစ် အသင်တို့ထံသို့ (စေလွှတ်ခံရသော) အလ္လာဟ်အရှင်မြတ်၏တမန်တော်ဖြစ်သည်။❷ ထို့နောက် ၎င်းသည် သက်သေလက္ခဏာများနှင့်တကွ သူတို့ထံသို့ ရောက်ရှိလာသောအခါ သူတို့က ဤသည် ထင်ရှားသော မှော်အတတ်ပင် ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။

❷ တမန်တော်မြတ် ﷺပွင့်ပေါ်မဲ့အကြောင်း သောင်ရာသ်ကျမ်းထဲမှာ အဟ်မဒ်ဆိုတဲ့နာမည်နဲ့ ကြိုတင်သတင်းပေးခဲ့တဲ့အတိုင်းပဲ တမန်တော်မြတ်မုဟမ္မဒ် ﷺ ပွင့်လာခဲ့တယ်။ အဲဒါကို သိပါလျက်နဲ့ ယဟူဒီအများစုဟာ မနာလိုမှုန်းတီးမှုနဲ့ ငြင်းပယ်ခဲ့ကြတယ်။ (သဖ်စီရ်မဖ္ဖဟရီ)

وَمَنْ أَظْلَمُ مِمَّنِ ٱفْتَرَىٰ عَلَى ٱللَّهِ ٱلْكَذِبَ وَهُوَ يُدْعَىٰٓ إِلَى ٱلْإِسْلَٰمِ ۚ وَٱللَّهُ لَا يَهْدِى ٱلْقَوْمَ ٱلظَّٰلِمِينَ ﴿٧﴾

(၇) ထို့ပြင် မိမိကိုယ်တိုင် အစ္စလာမ်ဘက်သို့ ဖိတ်ခေါ်ခြင်းခံရပါလျက် အလ္လာဟ်အရှင်မြတ်အပေါ်တွင် မုသားလိမ်လည်စွပ်စွဲသူထက် ပိုမိုမတရားသူ မည်သူရှိသေးသနည်း။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မတရားသော လူမျိုးများအား တရားလမ်းမှန်သို့ ရောက်စေတော်မမူပေ။❸

❸ တမန်တော်ကို လက်မခံခြင်းဟာ တကယ်တော့ အရှင်မြတ်က တမန်တော်ကို စေလွှတ်တာ မဟုတ်ဘူးလို့၊ အရှင်မြတ်ကပဲ လိမ်လည်တာဖြစ်တယ်လို့ စွပ်စွဲလိုက်တာဖြစ်တယ်။ အဲဒါဟာ

မတရားဆုံးပဲဖြစ်တယ်။ (ရှုရဟ် အကီဒဟ်သွဟာဝီယဟ်)

يُرِيدُونَ لِيُطْفِـُٔوا۟ نُورَ ٱللَّهِ بِأَفْوَٰهِهِمْ وَٱللَّهُ مُتِمُّ نُورِهِۦ وَلَوْ كَرِهَ ٱلْكَـٰفِرُونَ ﴿٨﴾

(၈) သူတို့သည် အလ္လာဟ်အရှင်မြတ်၏ရောင်ခြည်တော်ကို သူတို့၏ ပါးစပ်များဖြင့် ငြိမ်းသတ်လိုကြသည်။ သို့ရာတွင် ကာဖိရ်များ မနှစ်မြို့ကြလျှင်လည်း အလ္လာဟ်အရှင်မြတ်ကမူ အရှင်မြတ်၏ရောင်ခြည်တော်ကို ပြည့်ဝစုံလင်အောင် ပြုတော်မူမည့်အရှင်ပင် ဖြစ်တော်မူသည်။❻

❻ ကာဖိရ် မုရှ်ရိက်တွေဟာ အစ္စလာမ်ရဲ့ရောင်ခြည်ကို သူတို့ရဲ့ နှုတ်တွေနဲ့ မှုတ်ငြိမ်းဖို့ ကြိုးစားကြတယ်။ လိမ်လည်မုသားစကားတွေရဲ့ လေနဲ့မှုတ်လို့ ငြိမ်းသွားမဲ့ရောင်ခြည်မဟုတ်ဘူး။ အလ္လာဟ်အရှင်မြတ်က ပြည့်ဝစုံလင်အောင်ပြုတော်မူမဲ့ လင်းရောင်ခြည်ဖြစ်တယ်။ (အလင်းပြကျမ်း)

هُوَ ٱلَّذِىٓ أَرْسَلَ رَسُولَهُۥ بِٱلْهُدَىٰ وَدِينِ ٱلْحَقِّ لِيُظْهِرَهُۥ عَلَى ٱلدِّينِ كُلِّهِۦ وَلَوْ كَرِهَ ٱلْمُشْرِكُونَ ﴿٩﴾

(၉) ထိုအရှင်မြတ်သည် အရှင်မြတ်၏တမန်တော်ကို လမ်းမှန်ညွှန်ကြားပြသချက်နှင့်သာမက မှန်ကန်သည့်သာသနာနှင့်တကွ စေလွှတ်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။ (စေလွှတ်ရသည့်အကြောင်းကမူ) မုရှ်ရိက်များ မနှစ်မြို့ကြလျှင်လည်း (ထိုမှန်ကန်သည့်)သာသနာကို သာသနာအားလုံးအပေါ်တွင် လွှမ်းမိုးသွားစေရန်အတွက်ဖြစ်သည်။

يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ هَلْ أَدُلُّكُمْ عَلَىٰ تِجَـٰرَةٍ تُنجِيكُم مِّنْ عَذَابٍ أَلِيمٍ ﴿١٠﴾

(၁၀) အို - အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့အား အလွန်နာကျင်စေသောပြစ်ဒဏ်မှ လွတ်မြောက်စေမည့် ရောင်းဝယ်ဖောက်ကားမှုကို ငါအရှင်မြတ်သည် အသင်တို့အား ညွှန်ပြတော်မူရမည်လော။

تُؤْمِنُونَ بِٱللَّهِ وَرَسُولِهِۦ وَتُجَـٰهِدُونَ فِى سَبِيلِ ٱللَّهِ بِأَمْوَٰلِكُمْ وَأَنفُسِكُمْ ۚ ذَٰلِكُمْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ ﴿١١﴾

(၁၁) အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို ယုံကြည်ကြရမည့်အပြင် အသင်တို့သည် အသင်တို့၏ ပစ္စည်းဥစ္စာများအပါအဝင် အသင်တို့၏ အသက်ဝိညာဉ်များဖြင့် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် သက်စွန့်ကြိုးပမ်းကြရမည်။ ၎င်းသည် အကယ်၍ အသင်တို့သိရှိကြလျှင် အသင်တို့အတွက် အကောင်းဆုံးပင် ဖြစ်သည်။❼

❼ အရှင်မြတ်က အရောင်းအဝယ်တွေထဲမှာ အကောင်းဆုံးအရောင်းအဝယ်၊ အကျိုးအမြတ်အများဆုံးရတဲ့ အရောင်းအဝယ်ကို မိန့်ကြားပြသလိုက်တော်မူတာဖြစ်တယ်။ အဲဒါကိုသိပြီး ယုံရင် ကိုယ့်ရဲ့စည်းစိမ်နဲ့ အသက်ကို အရင်းအနှီးအဖြစ် မထည့်ရဲစရာ အကြောင်းမရှိဘူး။ (အလင်းပြကျမ်း)

يَغْفِرْ لَكُمْ ذُنُوبَكُمْ وَيُدْخِلْكُمْ جَنَّـٰتٍ تَجْرِى مِن تَحْتِهَا ٱلْأَنْهَـٰرُ وَمَسَـٰكِنَ طَيِّبَةً فِى جَنَّـٰتِ

عَدۡنٍ ۚ ذٰلِكَ الۡفَوۡزُ الۡعَظِيۡمُ ﴿١٢﴾

(၁၂) အရှင်မြတ်သည် အသင်တို့၏အပြစ်များကို ခွင့်လွှတ်တော်မူပြီး အရှင်မြတ်သည် အသင်တို့အား အကြင်ဉယျာဉ်များသို့ ဝင်ရောက်စေတော်မူမည်။ ၎င်း(ဉယျာဉ်များ)၏အောက်မှ ချောင်းများ စီးဆင်းနေကြမည်။ ထို့ပြင် အမြဲနေထိုင်ရမည့် ဉယျာဉ်များထဲတွင်ရှိသော သန့်ပြန့်စင်ကြယ်သည့်အိမ်များထဲသို့ ဝင်ရောက်စေတော်မူမည်။ ၎င်းသည် ကြီးကျယ်သော အောင်မြင်မှုပင်ဖြစ်သည်။

وَاُخۡرٰى تُحِبُّوۡنَهَا ؕ نَصۡرٌ مِّنَ اللّٰهِ وَفَتۡحٌ قَرِيۡبٌ ؕ وَبَشِّرِ الۡمُؤۡمِنِيۡنَ ﴿١٣﴾

(၁၃) ထို့ပြင် အသင်တို့နှစ်သက်ကြသော အခြားတစ်ခုကိုလည်း (အရှင်မြတ်က အသင်တို့အား ချီးမြှင့်တော်မူမည်၊ ထိုအရာမှာ) အလ္လာဟ်အရှင်မြတ်ထံတော်မှ အကူအညီနှင့် နီးကပ်သော အောင်မြင်မှုဖြစ်သည်။ ထို့ပြင် အသင်သည် မုအ်မင်န်ယုံကြည်သူများအား သတင်းကောင်းပြောကြားလိုက်ပါ။

يٰۤاَيُّهَا الَّذِيۡنَ اٰمَنُوۡا كُوۡنُوۡۤا اَنۡصَارَ اللّٰهِ كَمَا قَالَ عِيۡسَى ابۡنُ مَرۡيَمَ لِلۡحَوَارِيّٖنَ مَنۡ اَنۡصَارِىۡۤ اِلَى اللّٰهِ ؕ قَالَ الۡحَوَارِيُّوۡنَ نَحۡنُ اَنۡصَارُ اللّٰهِ فَاٰمَنَتۡ طَّآئِفَةٌ مِّنۡۢ بَنِىۡۤ اِسۡرَآءِيۡلَ وَكَفَرَتۡ طَّآئِفَةٌ ۚ فَاَيَّدۡنَا الَّذِيۡنَ اٰمَنُوۡا عَلٰى عَدُوِّهِمۡ فَاَصۡبَحُوۡا ظٰهِرِيۡنَ ﴿١٤﴾

(၁၄) အို- အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မရ်ယမ်၏သားတော်(တမန်တော်)အီစာက ဟဝါရီ(အဝတ်လျှော်သူ)များအား ပြောကြားခဲ့သကဲ့သို့ အလ္လာဟ်အရှင်မြတ်အား ကူညီသူများဖြစ်ကြပါ။ (မရ်ယမ်၏သား အီစာက ဟဝါရီများကို) အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် ငါ့အား မည်သူကူညီမည်နည်း(ဟု မေးခဲ့သောအခါ) ဟဝါရီများက ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အား ကူညီမည့်သူများ ဖြစ်ကြပါသည်ဟု ပြောဆိုခဲ့ကြသည်။❶ ထို့နောက် အစ္စရာအီလ်မျိုးနွယ်ဝင်များထဲမှ လူတစ်စုသည် အီမာန်ယုံကြည်ခဲ့ကြပြီး လူတစ်စုသည် ငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် ငါအရှင်မြတ်သည် ယုံကြည်သူများအား သူတို့၏ရန်သူများနှင့်ဆန့်ကျင်၍ ကူညီတော်မူခဲ့သည့်အတွက် သူတို့သည် အောင်နိုင်ခဲ့ကြသည်။❷

❶ တမန်တော်အီစာ عليه السلام ကို ၎င်းရဲ့နောက်လိုက် ဟဝါရီတွေက ကူညီမယ်လို့ ကတိပေးလိုက်ကြတဲ့အတိုင်း ၎င်းကို ကူညီခဲ့တဲ့အပေါ်မှာ ၎င်းသာသနာဟာ အလွန်တိုးတက်ခဲ့သလို အခုမွတ်စ်လင်မ်တွေအနေနဲ့လည်း သာသနာကို ကူညီမှုပေးလိုက်ရင် အစ္စလာမ်သာသနာဟာ ဒီ့ထက်ပိုပြီး တိုးတက်သွားမှာ အမှန်ပဲဖြစ်တယ်။ (အလင်းပြကျမ်း) ❷ နောက်ဆုံးမှာ အရှင်မြတ်ဟာ အီမာန်ယုံကြည်သူတွေကိုပဲ အကူအညီပေးပြီး အောင်မြင်အောင်လုပ်ပေးခဲ့တာပဲဖြစ်တယ်။ ဒါဟာ အမြဲတမ်းလုပ်လေ့လုပ်ထရှိနေခဲ့တဲ့ အရှင်မြတ်ရဲ့ စွန္နသ်လုပ်ထုံးလုပ်နည်းပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

==========================================================

رکوعاتها ٢ ٦٢ سُوۡرَةُ الۡجُمُعَةِ مَدَنِيَّةٌ ١١٠ اٰياتها ١١

# စူရဟ် ဂျုမုအဟ် (သောကြာနေ့ ကဏ္ဍ) سُوۡرَةُ الۡجُمُعَةِ

==========================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

يُسَبِّحُ لِلّٰهِ مَا فِى السَّمٰوٰتِ وَمَا فِى الۡاَرۡضِ الۡمَلِكِ الۡقُدُّوۡسِ الۡعَزِيۡزِ الۡحَكِيۡمِ ﴿۱﴾

(၁) မိုးကောင်းကင်များတွင်ရှိသမျှနှင့် မြေပထဝီတွင်ရှိသမျှတို့သည် အလ္လာဟ်အရှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း ရွတ်ဆိုနေကြသည်။ ထိုအရှင်မြတ်သည် (အရာရာကို) စိုးပိုင်တော်မူသောအရှင်၊ အလွန်သန့်စင်တော်မူသောအရှင်၊ တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

هُوَ الَّذِىۡ بَعَثَ فِى الۡاُمِّيّٖنَ رَسُوۡلًا مِّنۡهُمۡ يَتۡلُوۡا عَلَيۡهِمۡ اٰيٰتِهٖ وَيُزَكِّيۡهِمۡ وَيُعَلِّمُهُمُ الۡكِتٰبَ وَ الۡحِكۡمَةَ وَاِنۡ كَانُوۡا مِنۡ قَبۡلُ لَفِىۡ ضَلٰلٍ مُّبِيۡنٍ ﴿۲﴾

(၂) အရှင်မြတ်သည် စာမတတ်သူများထံသို့ သူတို့ထဲမှပင် တမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့သည်။ ထိုတမန်တော်သည် သူတို့ရှေ့၌အရှင်မြတ်၏အာယသ်တော်များကို ဖတ်ကြား၍ သူတို့အား စင်ကြယ်သန့်ရှင်းအောင် ပြုလုပ်ပေးသည်။ ၎င်းပြင် သူတို့အား ကျမ်းဂန်နှင့် ပညာဉာဏ်အမြော်အမြင်များကို သင်ကြားပို့ချပေးသည်။ ထို့ပြင် သူတို့သည် ယခင်က ထင်ရှားသောလမ်းမှားမှု၌ အမှန်ပင်ရှိနေခဲ့ကြသည်။

وَّاٰخَرِيۡنَ مِنۡهُمۡ لَمَّا يَلۡحَقُوۡا بِهِمۡ ؕ وَهُوَ الۡعَزِيۡزُ الۡحَكِيۡمُ ﴿۳﴾

(၃) ထို့ပြင် (အရှင်မြတ်သည်) သူတို့ထဲမှ သူတို့နှင့်လာရောက်ပူးပေါင်းခြင်းမရှိသေးသည့်အခြားသူများအတွက်လည်း (တမန်တော်ကို စေလွှတ်တော်မူလိုက်ခြင်းဖြစ်သည်)။ ထို့ပြင် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

ذٰلِكَ فَضۡلُ اللّٰهِ يُؤۡتِيۡهِ مَنۡ يَّشَآءُ ؕ وَاللّٰهُ ذُو الۡفَضۡلِ الۡعَظِيۡمِ ﴿۴﴾

(၄) ထိုအရာသည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ပင် ဖြစ်သည်။

အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူအား ထိုကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်ကြီးကျယ်သော ကျေးဇူးတော်ကို ပိုင်ဆိုင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူသည်။

مَثَلُ الَّذِيْنَ حُمِّلُوا التَّوْرٰىةَ ثُمَّ لَمْ يَحْمِلُوْهَا كَمَثَلِ الْحِمَارِ يَحْمِلُ اَسْفَارًا ؕ بِئْسَ مَثَلُ الْقَوْمِ الَّذِيْنَ كَذَّبُوْا بِاٰيٰتِ اللّٰهِ ؕ وَاللّٰهُ لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ ۝٥

(၅) သောင်ရာသ်ကျမ်းတော်မြတ်နှင့် ပတ်သက်၍ တာဝန်ပေးခြင်းခံခဲ့ကြရပြီးနောက် ထိုကျမ်းတော်မြတ်ကို (တာဝန်ကျေအောင်)ထမ်းဆောင်ခြင်းမရှိခဲ့ကြသည့်သူများ၏ပမာသည် ကျမ်းစာအုပ်များကို တင်ဆောင်လျက်ရှိနေသော မြည်းတိရစ္ဆာန်နှင့်တူသည်။ အလ္လာဟ်အရှင်မြတ်၏အာယသ်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည့်လူမျိုး၏ပမာသည် အဘယ်မျှယုတ်ညံ့လိုက်သနည်း။❷ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မတရားသူများကို လမ်းမှန်သို့ ပို့ဆောင်ပေးတော်မမူပေ။

❷ ကုရ်အာန်ရဲ့ အာလင်မ်ပညာရှင်တွေဟာ သောင်ရာသ်ရဲ့ အာလင်မ်ပညာရှင်တွေလို မဖြစ်ကြဖို့ အရှင်မြတ်က ပမာပြပြီး သတိပေးထားတာ ဖြစ်တယ်။ မြည်းတိရစ္ဆာန်ရဲ့ကျောပေါ်မှာ ကျမ်းစာအုပ်တွေပဲတင်ထားထား၊ ရွှေငွေတွေပဲတင်ထားထား၊ ကျောက်ခဲတွေပဲတင်ထားထား မြည်းအတွက်ကတော့ ဝန်ပိတာကလွဲလို့ ဘာမှ အကျိုးမခံစားရဘူး။ သူဟာ စိမ်းစိုတဲ့မြက်ကိုပဲ အလိုရှိတယ်။ တကယ်လို့ ကိုယ့်ကျောပေါ်မှာ တင်ထားတဲ့ ကျမ်းတွေကို အကြောင်းပြုပြီး ကျွန်ုပ်ဟာ ရောမပညာရှင်ကြီး၊ ရောမ ဂုဏ်အသရေရှိသူကြီးဖြစ်တယ်လို့ ထင်မှတ်ရင် ဒါဟာ မြည်းတိရစ္ဆာန်ဖြစ်မှုရဲ့အကျိုးပဲ ပိုပြီး ဖြစ်လိမ့်မယ်။ တကယ်လို့ အဲဒီအာလင်မ်ပညာရှင်က သူ့ကို မြည်းနဲ့ နှိုင်းရမလားလို့ မကျေမနပ်ဖြစ်ခဲ့ရင် အရှင်မြတ်က (၇း၁၇၅၊ ၁၇၆)မှာ ခွေးနဲ့ပါနှိုင်းထားပါသေးတယ်။ အဲဒီခွေးရဲ့ပမာဟာ ကုရ်အာန်ကျမ်းတော်မြတ် ချီးမြှင့်ခြင်းခံရပြီးနောက် ကျမ်းတော်မြတ်နဲ့ အညီ မလိုက်နာ၊ မကျင့်သုံးသူတိုင်းနဲ့ ပတ်သက်ပါတယ်။ ဒါဟာ ကုရ်အာန်ကျမ်းတတ်ပါရဂူ အများစုကြီးရဲ့အဆိုဖြစ်တယ်။
(ကုရ်သွပ်ဗီ) (تِبْيَانُ الْقُرْاٰن ကုရ်အာန် အလင်းပြကျမ်းအစောင်၉၊ စာ-၂၀၉)

قُلْ يٰۤاَيُّهَا الَّذِيْنَ هَادُوْۤا اِنْ زَعَمْتُمْ اَنَّكُمْ اَوْلِيَآءُ لِلّٰهِ مِنْ دُوْنِ النَّاسِ فَتَمَنَّوُا الْمَوْتَ اِنْ كُنْتُمْ صٰدِقِيْنَ ۝٦

(၆) (အို-တမန်တော်) အသင်ပြောကြားလိုက်ပါ။ အို-ယဟူဒီအပေါင်းတို့၊ အကယ်၍ အသင်တို့သည် အခြားသူများမှလွဲ၍ အမှန်စင်စစ် အသင်တို့ပင် အလ္လာဟ်အရှင်မြတ်၏အချစ်တော်များ ဖြစ်ကြသည်ဟုထင်မှတ်ကြလျှင်၊ အကယ်၍ အသင်တို့သည် အမှန်ပြောဆိုသူများဖြစ်ကြလျှင်၊ အသင်တို့အနေဖြင့် သေခြင်းကို တောင့်တကြပါ။

وَلَا يَتَمَنَّوْنَهٗۤ اَبَدًۢا بِمَا قَدَّمَتْ اَيْدِيْهِمْ ؕ وَاللّٰهُ عَلِيْمٌۢ بِالظّٰلِمِيْنَ ۝٧

(၇) ထို့ပြင် သူတို့သည် သူတို့၏လက်များက ကြိုတင်ပို့ထားခဲ့သော လုပ်ရပ်များကြောင့် ထိုသေခြင်းကို မည်သည့်အခါမျှ တောင့်တကြမည်မဟုတ်ပေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မတရားသူများကို အလွန်သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

قُلْ اِنَّ الْمَوْتَ الَّذِيْ تَفِرُّوْنَ مِنْهُ فَاِنَّهٗ مُلٰقِيْكُمْ ثُمَّ تُرَدُّوْنَ اِلٰى عٰلِمِ الْغَيْبِ وَ الشَّهَادَةِ فَيُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ۝٨

(၈) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်မုချ သေခြင်းသည် ၎င်း(သေခြင်း)မှ အသင်တို့(မသေလို၍)ထွက်ပြေးနေကြသည်။ ထို့နောက်လည်း အမှန်ပင် ၎င်း(သေခြင်း)သည် အသင်တို့နှင့် တွေ့ဆုံမည့်သူဖြစ်သည်။ ထို့နောက် အသင်တို့သည် လျှို့ဝှက်သည့်အရာနှင့် ထင်ရှားသည့်အရာကို သိတော်မူသော အရှင်မြတ်ထံတော်သို့ ပြန်လည်ရောက်ရှိစေခြင်းခံကြရမည်။ ထို့နောက် အရှင်မြတ်သည် အသင်တို့အား အသင်တို့ပြုလုပ်ခဲ့ကြသည်များကို အသိပေးတော်မူမည်ဖြစ်သည်။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اِذَا نُوْدِيَ لِلصَّلٰوةِ مِنْ يَّوْمِ الْجُمُعَةِ فَاسْعَوْا اِلٰى ذِكْرِ اللّٰهِ وَذَرُوا الْبَيْعَ ؕ ذٰلِكُمْ خَيْرٌ لَّكُمْ اِنْ كُنْتُمْ تَعْلَمُوْنَ ۝٩

(၉) အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ ဂျုမုအတ်သောကြာနေ့တွင် စွလာသ်ဝတ်ပြုရန်အတွက် အဇာန်ပေးဖိတ်ခေါ်သည့်အခါ ရောင်းဝယ်ဖောက်ကားမှုကို စွန့်လွှတ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား သတိရတသသည့်ဘက်သို့ ဆောလျင်စွာသွားကြပါ။ အကယ်၍ အသင်တို့ သိရှိကြလျှင် ၎င်းသည် အသင်တို့အတွက် အကောင်းဆုံးဖြစ်သည်။❶

❶ သောကြာနေ့ ဂျုမုအတ်စွလာသ်အတွက် အဇာန်ဆိုပြီးတဲ့အချိန်ကစပြီး စွလာသ်ဝတ်ပြုပြီးတဲ့အချိန်ထိ ရောင်းဝယ်ဖောက်ကားမှုပြုလုပ်ခြင်းကို တားမြစ်ထားတယ်။ (အလင်းပြကျမ်း)

فَاِذَا قُضِيَتِ الصَّلٰوةُ فَانْتَشِرُوْا فِي الْاَرْضِ وَ ابْتَغُوْا مِنْ فَضْلِ اللّٰهِ وَ اذْكُرُوا اللّٰهَ كَثِيْرًا لَّعَلَّكُمْ تُفْلِحُوْنَ ۝١٠

(၁၀) ထို့နောက် စွလာသ်ဝတ်ပြုမှု ပြီးဆုံးသွားသည့်အခါ အသင်တို့သည် ကမ္ဘာမြေတွင် အနှံ့အပြားသွားလာကြပြီး အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ရိဇ္ဇကို ရှာဖွေဆည်းပူးကြပါ။ ထို့ပြင် အသင်တို့သည် အသင်တို့ အောင်မြင်ရန်အတွက် အလ္လာဟ်အရှင်မြတ်အား များစွာသတိရတသကြပါ။❷

❶ သောကြာစွလာသ်ဝတ်ပြုပြီးတဲ့အခါမှာ စားနပ်ရိက္ခာရှာဖွေခိုင်းထားပြီး အဲဒီအောင်မြင်မှုရဖို့အတွက် အရှင်မြတ်ကို များများသတိရခိုင်းထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِذَا رَأَوۡا تِجَٰرَةً أَوۡ لَهۡوًا ٱنفَضُّوٓاْ إِلَيۡهَا وَتَرَكُوكَ قَآئِمٗاۚ قُلۡ مَا عِندَ ٱللَّهِ خَيۡرٞ مِّنَ ٱللَّهۡوِ وَمِنَ ٱلتِّجَٰرَةِۚ وَٱللَّهُ خَيۡرُ ٱلرَّٰزِقِينَ ﴿١١﴾

(၁၁) ထို့ပြင် သူတို့သည် ရောင်းဝယ်ဖောက်ကားမှု သို့မဟုတ် ပျော်ပွဲရွှင်ပွဲကိုတွေ့မြင်ခဲ့ကြသည့်အခါ အသင့်အား မတ်တတ်ရပ်လျက်ထားခဲ့၍ ထိုဘက်သို့ အပြေးအလွှား သွားခဲ့ကြသည်။ (အို-တမန်တော်)အသင်ပြောလိုက်ပါ၊ အလ္လာဟ်အရှင်မြတ်ထံတော်တွင် ရှိသည့်အရာသည် ပျော်ပွဲရွှင်ပွဲထက်သာမက အရောင်းအဝယ်ထက်လည်း ပိုကောင်းသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံး ရိက္ခာချီးမြှင့်တော်မူသောအရှင် ဖြစ်တော်မူသည်။❷

❷ တမန်တော်မြတ် ﷺ ခွသ်ဗဟ်တရားဟောကြားနေစဉ်မှာ ရောင်းဝယ်ဖောက်ကားမှုအတွက် ပစ္စည်းတွေ ရောက်လာတဲ့အသံကြားလို့ ဗလီဝတ်ကျောင်းတော်ထဲကနေ တချို့အဲဒီကို ထွက်သွားခဲ့ကြတယ်။ အဲဒါကြောင့် အရှင်မြတ်က ဒီအာယသ်ကို ချပေးတော်မူခဲ့တာဖြစ်တယ်။ အရှင်မြတ်ဟာ အကောင်းဆုံးရိက္ခာချီးမြှင့်တော်မူတဲ့အရှင်ဖြစ်တဲ့အတွက် ဗလီကို လွှတ်ပြီး အဲဒီလောက်ပြေးစရာမလိုဘူး။ ဆုံးမသြဝါဒတွေ သေချာနားထောင်ပြီး တည်တည်ငြိမ်ငြိမ် စွလာသ်ဝတ်ပြုပြီးမှ ရိက္ခာရှာဖွေပါ၊ အရှင်မြတ်ပေးတော်မူမယ်လို့ ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

ركوعاتها ٢ ٦٣ سُوْرَةُ الْمُنٰفِقُوْنَ مَدَنِيَّةٌ ١٠٤ اٰياتها ١١

## စူရဟ် မုနာဖိကူးန် (မွတ်စ်လင်မ်အယောင်ဆောင်များကဏ္ဍ) سُوْرَةُ الْمُنٰفِقُوْنَ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اِذَا جَآءَكَ الْمُنٰفِقُوْنَ قَالُوْا نَشْهَدُ اِنَّكَ لَرَسُوْلُ اللّٰهِ ۘ وَاللّٰهُ يَعْلَمُ اِنَّكَ لَرَسُوْلُهٗ ؕ وَاللّٰهُ يَشْهَدُ اِنَّ الْمُنٰفِقِيْنَ لَكٰذِبُوْنَ ۚ﴿۱﴾

(၁) မုနာဖိက်အရေခြုံအယောင်ဆောင်မွတ်စ်လင်မ်များသည် အသင့်ထံသို့ လာကြသည့်အခါ "အမှန်စင်စစ် အသင်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်ကြောင်း ကျွန်ုပ်တို့ သက်သေခံကြပါသည်"ဟု ပြောဆိုကြသည်။ ထို့ပြင် အသင်သည် အရှင်မြတ်၏တမန်တော် အမှန်ပင် ဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်သည် သိတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အမှန်ပင် မုနာဖိက်အယောင်ဆောင်များသည် (အသင်တမန်တော်ဖြစ်ကြောင်း စိတ်ထဲမှ မပါဘဲ နှုတ်လျှာဖြင့်သာ လိမ်လည်သက်သေခံသော) လိမ်လည်သူများဖြစ်ကြောင်း သက်သေခံတော်မူသည်။

اِتَّخَذُوْۤا اَيْمَانَهُمْ جُنَّةً فَصَدُّوْا عَنْ سَبِيْلِ اللّٰهِ ؕ اِنَّهُمْ سَآءَ مَا كَانُوْا يَعْمَلُوْنَ ﴿۲﴾

(၂) သူတို့သည် သူတို့၏ကျိန်ဆိုချက်များကို အကာအကွယ်ဒိုင်း (သဖွယ်)ပြုလုပ်ပြီး (လူများကို) အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ တားဆီးခဲ့ကြသည်။ အမှန်မှာ သူတို့၏လုပ်ရပ်သည် အလွန်ဆိုးဝါးလှသည်။❻

❻ ကာဖိရ်တွေဟာ အပြင်ရန်သူဖြစ်ပြီး မုနာဖိက်တွေဟာ အတွင်းရန်သူဖြစ်ကြတယ်။ အစ္စလာမ်ရဲ့အရိပ်ကို ခိုပြီး အစ္စလာမ်ကို နည်းမျိုးပေါင်းစုံနဲ့ ပျက်စီးအောင် မကောင်းကြံစည်နေကြတာဖြစ်တယ်။ အဲဒါကြောင့် သူတို့ရဲ့လုပ်ရပ် အလွန်ဆိုးဝါးကြောင်း အမိန့်ရှိထားတာဖြစ်တယ်။
(သိုင်စီရွလ်ကရီမ်ရ်ရဟ်မာန်)

ذٰلِكَ بِاَنَّهُمْ اٰمَنُوْا ثُمَّ كَفَرُوْا فَطُبِعَ عَلٰى قُلُوْبِهِمْ فَهُمْ لَا يَفْقَهُوْنَ ﴿۳﴾

(၃) ထိုအရာကမူ အမှန်ပင် သူတို့သည် ယုံကြည်ခဲ့ကြပြီးနောက် ငြင်းပယ်ခဲ့ကြသည့်အတွက် သူတို့၏စိတ်နှလုံးများအပေါ်တွင် တံဆိပ်ခတ်နှိပ်ခြင်းခံရခြင်းဖြစ်သည်။ သို့ဖြစ်ရာ သူတို့သည် နားမလည်ကြတော့ပေ။

وَاِذَا رَاَيْتَهُمْ تُعْجِبُكَ اَجْسَامُهُمْ ؕ وَاِنْ يَّقُوْلُوْا تَسْمَعْ لِقَوْلِهِمْ ؕ كَاَنَّهُمْ خُشُبٌ مُّسَنَّدَةٌ ؕ

يَحْسَبُوْنَ كُلَّ صَيْحَةٍ عَلَيْهِمْ ۭ هُمُ الْعَدُوُّ فَاحْذَرْهُمْ ۭ قٰتَلَهُمُ اللّٰهُ ۡ اَنّٰى يُؤْفَكُوْنَ ۝٤

(၄) ထို့ပြင် အသင်(တမန်တော်)သည် ၎င်း(အယောင်ဆောင်)သူများကို တွေ့မြင်သည့်အခါ သူတို့၏ခန္ဓာကိုယ် အရပ်အမောင်းများသည် အသင်၏အမြင်၌ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ ထို့ပြင် အကယ်၍ သူတို့သည် စကားစမြည် ပြောဆိုကြလျှင် အသင်သည် သူတို့၏စကားကို (စိတ်ဝင်စားစွာ)နားထောင်မည်။ သူတို့သည် မှီထားသော သစ်တုံးများကဲ့သို့ ဖြစ်ကြသည်။ ဟစ်အော်သံတိုင်းကို သူတို့နှင့် ဆန့်ကျင်(အော်)သည်ဟု ထင်မှတ်ကြသည်။ သူတို့ပင် ရန်သူများ ဖြစ်ကြသည်။ သို့ဖြစ်ရာ သူတို့အား အသင်သတိထားပြီး ကင်းရှင်းစွာနေပါ။ အလ္လာဟ်အရှင်မြတ်သည် သူတို့အား ဖျက်ဆီးတော်မူပါစေ။ သူတို့သည် အဘယ်သို့ ပြန်လှည့်ပြီး ထွက်သွားကြသနည်း။

وَ اِذَا قِيْلَ لَهُمْ تَعَالَوْا يَسْتَغْفِرْ لَكُمْ رَسُوْلُ اللّٰهِ لَوَّوْا رُءُوْسَهُمْ وَ رَاَيْتَهُمْ يَصُدُّوْنَ وَ هُمْ
مُّسْتَكْبِرُوْنَ ۝٥

(၅) ထို့ပြင် သူတို့အား "အသင်တို့သည် လာကြပါ၊ အလ္လာဟ်အရှင်မြတ်၏တမန်တော်သည် အသင်တို့အတွက် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားပေးမည်"ဟု ပြောဆိုသည့်အခါ သူတို့သည် သူတို့၏ဦးခေါင်းများကို လှုပ်ခါကြသည်။ ထို့ပြင် အသင်သည် သူတို့အား မာနထောင်လျက် ပြန်လှည့်သွားကြသည်ကို တွေ့မြင်ရမည်။

سَوَآءٌ عَلَيْهِمْ اَسْتَغْفَرْتَ لَهُمْ اَمْ لَمْ تَسْتَغْفِرْ لَهُمْ ۭ لَنْ يَّغْفِرَ اللّٰهُ لَهُمْ ۭ اِنَّ اللّٰهَ لَا يَهْدِى الْقَوْمَ
الْفٰسِقِيْنَ ۝٦

(၆) အသင်သည် သူတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားသည်ဖြစ်စေ၊ အသင်သည် သူတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့် မပန်ကြားသည်ဖြစ်စေ သူတို့အတွက် အတူတူပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် သူတို့အား မည်သည့်အခါမျှ ခွင့်လွှတ်တော်မူမည် မဟုတ်ပေ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်ကို သွေဖည်သောသူများအား တရားလမ်းမှန်သို့ ပို့ဆောင်တော်မမူပေ။

هُمُ الَّذِيْنَ يَقُوْلُوْنَ لَا تُنْفِقُوْا عَلٰى مَنْ عِنْدَ رَسُوْلِ اللّٰهِ حَتّٰى يَنْفَضُّوْا ۭ وَلِلّٰهِ خَزَآئِنُ السَّمٰوٰتِ وَ
الْاَرْضِ وَلٰكِنَّ الْمُنٰفِقِيْنَ لَا يَفْقَهُوْنَ ۝٧

(၇) သူတို့ကပင် ပြောဆိုခဲ့ကြသည်- "အသင်တို့သည် တမန်တော်မြတ်အပါး၌ ရှိသောသူများအပေါ်တွင် သူတို့သည် ဖရိုဖရဲဖြစ်ပြီး ပြိုကွဲသွားကြ

သည်အထိ သုံးစွဲခြင်းကို မပြုကြနှင့်။" ထို့ပြင် မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသောဘဏ္ဍာများသည် အလ္လာဟ်အရှင်မြတ်ပင် ပိုင်ဆိုင်တော်မူသည်။ သို့ရာတွင် မုနာဖိက်အယောင်ဆောင်များသည် နားမလည်ကြပေ။❶

❶ မုနာဖိက်အယောင်ဆောင်တွေက အိုးအိမ်တွေကို စွန့်ခွာရွှေ့ပြောင်းလာခဲ့ကြတဲ့ မုဟာဂျိရ်တွေကို ကူညီထောက်ပံ့နေကြတဲ့ မဒီနဟ်မြို့ခံအန်စွာရ်တွေကို အသင်တို့ဟာ သူတို့ကို မထောက်ပံ့ကြနဲ့လို့ တားမြစ်ပိတ်ပင်ကြတယ်။ အဲဒါဆိုရင် သူတို့ဟာ တမန်တော်မြတ် ﷺ အနားကနေ ထွက်ပြေးသွားကြလိမ့်မယ်လို့ ပြောဆိုတဲ့အတွက် အရှင်မြတ်က သူတို့ကို သတိပေးလိုက်တာဖြစ်တယ်။ သူတို့မထောက်ပံ့ရင်လည်း အရှင်မြတ် ထောက်ပံ့နိုင်တယ်။ အဲဒီလို ကူညီခွင့်ကိုတောင် အရှင်မြတ်ပေးလို့ ရထားကြတာဖြစ်တယ်။ ဒါပေမဲ့လည်း သူတို့ဟာ အဲဒီလောက်တောင် သိကြတာ မဟုတ်ဘူး။ (အလင်းပြကျမ်း)

يَقُولُونَ لَئِن رَّجَعْنَآ إِلَى ٱلْمَدِينَةِ لَيُخْرِجَنَّ ٱلْأَعَزُّ مِنْهَا ٱلْأَذَلَّ ۚ وَلِلَّهِ ٱلْعِزَّةُ وَلِرَسُولِهِۦ وَلِلْمُؤْمِنِينَ وَلَٰكِنَّ ٱلْمُنَٰفِقِينَ لَا يَعْلَمُونَ ﴿٨﴾

(၈) သူတို့ကပင် ပြောဆိုကြသည်- ကျွန်ုပ်တို့သည် မဒီနဟ်မြို့သို့ ပြန်သွားခဲ့ကြလျှင် ဂုဏ်မြင့်သူများက ဂုဏ်နိမ့်သူများကို ထိုမြို့မှ အမှန်ပင် နှင်ထုတ်ကြမည်။" ထို့ပြင် ဂုဏ်သည် အလ္လာဟ်အရှင်မြတ်အတွက်၊ အရှင်မြတ်၏တမန်တော်အတွက်နှင့် အီမာန်ယုံကြည်သူများအတွက်ပင် ဖြစ်သည်။ သို့ရာတွင် မုနာဖိက်အယောင်ဆောင်များသည် မသိရှိကြပေ။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تُلْهِكُمْ أَمْوَٰلُكُمْ وَلَآ أَوْلَٰدُكُمْ عَن ذِكْرِ ٱللَّهِ ۚ وَمَن يَفْعَلْ ذَٰلِكَ فَأُو۟لَٰٓئِكَ هُمُ ٱلْخَٰسِرُونَ ﴿٩﴾

(၉) အို - အီမာန်ယုံကြည်သူအပေါင်းတို့၊ အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းမှ အသင်တို့၏ပစ္စည်းဥစ္စာများနှင့် အသင်တို့၏သားသမီးများက အသင်တို့အား ပေါ့လျော့မှုဖြစ်အောင် မလုပ်ကြစေနှင့်။ ထို့ပြင် မည်သူမဆို ၎င်းကို ပြုလုပ်လျှင် ထိုသူများပင် ဆုံးရှုံးသူများ ဖြစ်ကြသည်။❷

❷ ဥစ္စာပစ္စည်း သားသမီးကြောင့် အရှင်မြတ်ကို မေ့လျော့နေခဲ့ရင် နှစ်ဘဝစလုံးမှာ ဆုံးရှုံးနစ်နာမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَأَنفِقُوا۟ مِن مَّا رَزَقْنَٰكُم مِّن قَبْلِ أَن يَأْتِىَ أَحَدَكُمُ ٱلْمَوْتُ فَيَقُولَ رَبِّ لَوْلَآ أَخَّرْتَنِىٓ إِلَىٰٓ أَجَلٍ قَرِيبٍ فَأَصَّدَّقَ وَأَكُن مِّنَ ٱلصَّٰلِحِينَ ﴿١٠﴾

(၁၀) ထို့ပြင် အသင်တို့ထဲမှ တစ်ဦးတစ်ယောက်ထံသို့ သေခြင်းဆိုက်ရောက်မလာမီ အသင်တို့သည် အသင်တို့အား ငါအရှင်မြတ် ပေးသနားတော်မူထားသည့်အထဲမှ သုံးစွဲလှူဒါန်းကြပါ။ ထိုအချိန်ရောက်သည့်အခါမှ သူ

သည် "အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် အဘယ်ကြောင့် ကျွန်ုပ်အား အချိန်အနည်းငယ်မျှ ဆိုင်းငံ့ပေးတော်မမူပါသနည်း။ ထိုသို့ပေးခဲ့လျှင် ကျွန်ုပ်သည် အလှူဒါနပြုလုပ်၍ ကောင်းမြတ်သောသူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ပါမည်"ဟု လျှောက်ထားလိမ့်မည်။❷

❷ လောကမှာ စေးနဲတွန့်တိုပြီး မသုံးရက် မစွဲရက် မလှူဒါန်းရက်ဘဲ သေသွားတဲ့သူတွေဟာ ကိယာမသ်နေ့ရောက်ရင် အဲဒီလို ပြောဆိုကြမယ်။ ဆိုလိုတာက ကျွန်တော်တို့ကို လောကပြန်လွှတ်ပါဦး။ ကျွန်တော်တို့ဟာ အလှူအတန်းလုပ်ပြီး ပြန်လာခဲ့ပါ့မယ်။ ဒါဟာ မဖြစ်နိုင်တော့တဲ့ကိစ္စ ဖြစ်သွားပြီဖြစ်တယ်။ အဲဒါကြောင့် မသေခင် အချိန်ရှိစဉ်မှာ သင်ခန်းစာယူဖို့ လိုအပ်တယ်။
(အလင်းပြကျမ်း)

وَلَنْ يُّؤَخِّرَ اللّٰهُ نَفْسًا اِذَا جَآءَ اَجَلُهَا ۭ وَاللّٰهُ خَبِيْرٌۢ بِمَا تَعْمَلُوْنَ ﴿١١﴾

(၁၁) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မည်သူ့ကိုမျှ သူ၏အချိန်ကျရောက်လာခဲ့လျှင် ဆိုင်းငံ့ခွင့် လုံးဝပေးတော်မမူပေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှကို အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။

==========

ركوعاتها٢ ٦٤سُوْرَةُ التَّغَابُنِ مَدَنِيَّةٌ ١٠٨ اٰياتها١٨

**စူရဟ် သဂါဗွန် (အရှုံးအမြတ်ပေါ် လွင်မည့်နေ့ ဂါထာ) سُوْرَةُ التَّغَابُنِ**

==========

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

یُسَبِّحُ لِلّٰہِ مَا فِی السَّمٰوٰتِ وَمَا فِی الۡاَرۡضِ ۚ لَہُ الۡمُلۡکُ وَلَہُ الۡحَمۡدُ ۫ وَہُوَ عَلٰی کُلِّ شَیۡءٍ قَدِیۡرٌ ﴿۱﴾

(၁) မိုးကောင်းကင်များတွင်ရှိသမျှနှင့် မြေပထဝီတွင်ရှိသမျှတို့သည် အလ္လာဟ်အရှင်မြတ်သန့်ရှင်းစင်ကြယ်ကြောင်း ရွတ်ဆိုနေကြသည်။ စိုးမိုးအုပ်ချုပ်မှုသည် အရှင်မြတ်ပင် စိုးပိုင်တော်မူသည်။ ချီးမွမ်းခြင်းအပေါင်းသည်လည်း အရှင်မြတ်နှင့်သာ ထိုက်တန်သည်။ ထို့ပြင် အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

ہُوَ الَّذِیۡ خَلَقَکُمۡ فَمِنۡکُمۡ کَافِرٌ وَّمِنۡکُمۡ مُّؤۡمِنٌ ؕ وَاللّٰہُ بِمَا تَعۡمَلُوۡنَ بَصِیۡرٌ ﴿۲﴾

(၂) ထိုအရှင်မြတ်ပင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့သောအရှင်ဖြစ်တော်မူသည်။ ထို့နောက် အသင်တို့ထဲမှ အချို့သည် ငြင်းပယ်သူဖြစ်ပြီး အသင်တို့ထဲမှ အချို့သည် ယုံကြည်သူဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှကို အကြွင်းမဲ့မြင်တော်မူသောအရှင် ဖြစ်တော်မူသည်။

خَلَقَ السَّمٰوٰتِ وَالۡاَرۡضَ بِالۡحَقِّ وَصَوَّرَکُمۡ فَاَحۡسَنَ صُوَرَکُمۡ ۚ وَاِلَیۡہِ الۡمَصِیۡرُ ﴿۳﴾

(၃) အရှင်မြတ်ပင် မိုးကောင်းကင်များနှင့် မြေပထဝီကို အမှန်တရားဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့၏ပုံပန်းသဏ္ဌာန်ကို ပြုလုပ်တော်မူခဲ့ပြီး အသင်တို့အား အကောင်းဆုံးပုံသဏ္ဌာန်ဖြစ်အောင် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် ထိုအရှင်မြတ်ထံတော်သို့ပင် (အသင်တို့၏နောက်ဆုံး)ပြန်လည်ရာစခန်း ဖြစ်သည်။

یَعۡلَمُ مَا فِی السَّمٰوٰتِ وَالۡاَرۡضِ وَیَعۡلَمُ مَا تُسِرُّوۡنَ وَمَا تُعۡلِنُوۡنَ ؕ وَاللّٰہُ عَلِیۡمٌۢ بِذَاتِ الصُّدُوۡرِ ﴿۴﴾

(၄) အရှင်မြတ်သည် မိုးကောင်းကင်များနှင့် မြေပထဝီတွင်ရှိသမျှတို့ကို သိရှိတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့လျှို့ဝှက်ပြုလုပ်သည့် အရာများနှင့် အသင်တို့ အထင်အရှားပြုလုပ်သည့်အရာများကို သိရှိတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် စိတ်နှလုံးများထဲတွင် ရှိသမျှတို့ကို

လည်း အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူသည်။ ❶

❶ အရှင်မြတ်ဟာ ဖြစ်ပျက်မဲ့အရာအားလုံးကို သိရှိပြီးဖြစ်တဲ့အတွက် ရေးမှတ်ထားပြီးလည်း ဖြစ်တယ်။ အဲဒီရေးမှတ်ထားတဲ့အတိုင်းပဲ ဖြစ်ပျက်လာမှာဖြစ်တယ်။ လူသားနဲ့ ဂျင်န်ကိုတော့ လွတ်လပ်မှုနဲ့ ရွေးချယ်ခွင့်ပေးထားတယ်။ ကောင်းတာဆိုးတာထဲက ကိုယ်ကြိုက်တာ လုပ်ပိုင်ခွင့်ပြုထားတော်မူတယ်။ အရှင်မြတ်က အမိန့်နဲ့ အတင်းအကျပ် ကောင်းတာချည်းလုပ်အောင် လွှမ်းမိုးထားနိုင်ပေမဲ့ အဲဒီလို လုပ်ထားတော်မမူဘဲ လွှတ်ထားပေးတော်မူတယ်။ ဒါပေမဲ့ သူတို့ ကောင်းတာလုပ်မယ်၊ ဒါမှမဟုတ် ဆိုးတာလုပ်မယ်ဆိုတာကိုတော့ အရှင်မြတ်က ကြိုတင်သိတဲ့အတွက် ရေးမှတ်ထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

أَلَمْ يَأْتِكُمْ نَبَؤُا الَّذِينَ كَفَرُوا مِن قَبْلُ فَذَاقُوا وَبَالَ أَمْرِهِمْ وَلَهُمْ عَذَابٌ أَلِيمٌ ﴿٥﴾

(၅) အသင်တို့ထံသို့ ယခင်က ငြင်းပယ်ခဲ့သည့်သူများ၏အကြောင်း သတင်းရောက်မလာခဲ့သလော။ ထိုသို့ ငြင်းပယ်ခဲ့ကြသည့်အတွက် သူတို့သည် သူတို့လုပ်ရပ်၏ပြစ်ဒဏ်ကို မြည်းစမ်းခဲ့ကြရပြီးဖြစ်သည့်အပြင် (တမလွန်ဘဝတွင်) သူတို့အတွက် အလွန်နာကျင်စေသောပြစ်ဒဏ်လည်း ရှိဦးမည်ဖြစ်သည်။

ذَٰلِكَ بِأَنَّهُ كَانَت تَّأْتِيهِمْ رُسُلُهُم بِالْبَيِّنَاتِ فَقَالُوا أَبَشَرٌ يَهْدُونَنَا فَكَفَرُوا وَتَوَلَّوا وَّاسْتَغْنَى اللَّهُ ۚ وَاللَّهُ غَنِيٌّ حَمِيدٌ ﴿٦﴾

(၆) ထိုသို့ဖြစ်ရခြင်းမှာ သူတို့ထံသို့ တမန်တော်များသည် ထင်ရှားသော သက်သေသာဓကများနှင့်တကွ လာရောက်ခဲ့ကြသည့်အခါ သူတို့က လူသားများသည် ကျွန်ုပ်တို့အား တရားလမ်းမှန်ကို ပြသကြမည်လောဟု ပြောဆိုခဲ့ကြသည့်အတွက်ဖြစ်သည်။ ထို့ပြင် သူတို့သည် ငြင်းပယ်ခဲ့ကြပြီး ကျောခိုင်းသွားခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်သည်လည်း သူတို့အား ဂရုစိုက်တော်မမူခဲ့ပေ။ ❷ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းပြီး ပြည့်စုံကြွယ်ဝတော်မူသောအရှင်၊ ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင် ဖြစ်တော်မူသည်။

❷ အရှင်မြတ်က သနားလို့ စည်းစိမ်ရမဲ့လမ်းကို ပြတာကိုတောင် သူတို့က မလိုချင်ဘူးဆိုပြီး ကျောခိုင်းသွားတဲ့အတွက် အရှင်မြတ်က ပိုတောင် ဘာမှ မလိုတဲ့အရှင် ဖြစ်တော်မူတဲ့အပေါ်မှာ သူတို့ကို ဂရုမစိုက်ဘဲ ပစ်ထားလိုက်တော့တယ်။ (အလင်းပြကျမ်း)

زَعَمَ الَّذِينَ كَفَرُوا أَن لَّن يُبْعَثُوا ۚ قُلْ بَلَىٰ وَرَبِّي لَتُبْعَثُنَّ ثُمَّ لَتُنَبَّؤُنَّ بِمَا عَمِلْتُمْ ۚ وَذَٰلِكَ عَلَى اللَّهِ يَسِيرٌ ﴿٧﴾

(၇) ကာဖိရ်များက သူတို့သည် မည်သည့်အခါမျှ ရှင်ပြန်ထကြရမည် မဟုတ်ပေဟု ထင်မြင်ယူဆ(၍ အခိုင်အမာ) ပြောဆိုခဲ့ကြသည်။ (အို-တမန်တော်)အသင်ပြောလိုက်ပါ။ အဘယ်ကြောင့် မဟုတ်ရမည်နည်း။ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို တိုင်တည်ပြီး (ပြောမည်)၊ အမှန်ပင် အသင်

တို့သည် ရှင်ပြန်ထကြရမည်ဖြစ်သည်။ ထို့နောက် အမှန်စင်စစ် အသင်တို့သည် အသင်တို့ပြုလုပ်ခဲ့သမျှတို့ကို အသိပေးခြင်းခံကြရမည်။ ထို့ပြင် ၎င်းသည် အလ္လာဟ် အရှင်မြတ်အတွက် အလွန်လွယ်ကူသည်။❷

❷ ဘာမှမရှိတဲ့ဘဝကနေ ရှိတဲ့ဘဝတစ်ခုဖြစ်အောင် ဖန်ဆင်းတော်မူခဲ့တဲ့အရှင်အတွက် အဲဒီရှိနေတဲ့ဘဝကို ဖျက်ပြီးပြန်ဖန်ဆင်းဖို့ ဘာမှ အခက်အခဲမရှိဘူး။ လူသားတွေ ဆောက်လုပ်တဲ့ တိုက်တာတွေ အိုသွားရင် ဖြိုဖျက်ပြီး အဲဒီထက်ကောင်းတဲ့တိုက်တာတွေကို ပြန်ဆောက်နေကြတာ လက်တွေ့ပဲ မဟုတ်လား။ အရှင်မြတ်ဆောက်လုပ်ထားတဲ့ စကြဝဠာကြီးကို အရှင်မြတ်ပဲ ဖြိုဖျက်ပြီး အဲဒီထက်ကောင်းတဲ့ စကြဝဠာ (အာခိရသ်)ကို ဆောက်လုပ်ဖို့ ဘာအခက်အခဲရှိမှာလဲ။ စဉ်းစားတတ်တဲ့သူဟာ အလွယ်တကူပဲ ရှင်ပြန်ထဖို့ ကိစ္စကို သဘောပေါက်နိုင်တယ်။
(အသ်သဖ်ဖ်စီရုလ်မုယတ်စရ်၊ အွဆ်မာနီ)

فَاٰمِنُوْا بِاللّٰهِ وَرَسُوْلِهٖ وَالنُّوْرِ الَّذِيْٓ اَنْزَلْنَا ۭ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ⑧

(၈) သို့ဖြစ်ရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်အပြင် ငါအရှင်မြတ်ချပေးတော်မူခဲ့သော အလင်းရောင်ကိုလည်း ယုံကြည်ကြပါ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်မြတ် ဖြစ်တော်မူသည်။

يَوْمَ يَجْمَعُكُمْ لِيَوْمِ الْجَمْعِ ذٰلِكَ يَوْمُ التَّغَابُنِ ۭ وَمَنْ يُّؤْمِنْۢ بِاللّٰهِ وَيَعْمَلْ صَالِحًا يُّكَفِّرْ عَنْهُ سَيِّاٰتِهٖ وَيُدْخِلْهُ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَآ اَبَدًا ۭ ذٰلِكَ الْفَوْزُ الْعَظِيْمُ ⑨

(၉) အရှင်မြတ်သည် အသင်တို့အား စုရုံးမှု၏နေ့တွင် စုရုံးတော်မူမည်။ ထိုနေ့သည် နစ်ဖက်အရှုံးအနိုင်ကို အမှန်အတိုင်း သိရှိရမည့်နေ့ပင် ဖြစ်သည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်ကို ယုံကြည်ပြီး ကောင်းမြတ်သည်ကို ပြုလုပ်လျှင် အရှင်မြတ်သည် သူ၏မကောင်းမှုများကို ပပျောက်စေတော်မူမည့်အပြင် သူ့ကို အကြင်ဥယျာဉ်များထဲသို့ အမြဲနေရမည့်သူများအဖြစ် ဝင်ရောက်စေတော်မူမည်ဖြစ်သည်။ ၎င်း(ဥယျာဉ်များ)အောက်မှ ချောင်းများ စီးဆင်းနေလိမ့်မည်။ ထိုအရာသည် ကြီးကျယ်သော အောင်မြင်မှုပင် ဖြစ်သည်။

وَالَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِاٰيٰتِنَآ اُولٰۗىِٕكَ اَصْحٰبُ النَّارِ خٰلِدِيْنَ فِيْهَا ۭ وَبِئْسَ الْمَصِيْرُ ⑩

(၁၀) ထို့ပြင် အကြင်သူများသည် ငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် ငါအရှင်မြတ်၏အာယသ်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ ထိုသူများသည် ငရဲမီးထဲတွင် အမြဲနေရမည့်ငရဲသားများဖြစ်ကြသည်။ ထို့ပြင် ၎င်း(ငရဲမီး)သည် အဘယ်မျှ ယုတ်ညံ့သော နောက်ဆုံးပြန်လည်ရာစခန်းဖြစ်လိုက်သနည်း။

مَآ اَصَابَ مِنْ مُّصِيْبَةٍ اِلَّا بِاِذْنِ اللّٰهِ ۭ وَمَنْ يُّؤْمِنْۢ بِاللّٰهِ يَهْدِ قَلْبَهٗ ۭ وَاللّٰهُ بِكُلِّ شَيْءٍ عَلِيْمٌ ⑪

(၁၁) ဒုက္ခဟူသမျှသည် အလ္လာဟ်အရှင်မြတ်၏အမိန့်ဖြင့်သာ ကျရောက်

သည်။ ❶ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်အား ယုံကြည်လျှင် အရှင်မြတ်သည် သူ၏စိတ်နှလုံးကို တရားလမ်းမှန်ပြသတော်မူသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အလွန်သိရှိတော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူသည်။❷

❶ လောကမှာ ဖြစ်ပျက်တာတွေဟူသမျှဟာ အရှင်မြတ်ရဲ့အမိန့်နဲ့ပဲ ဖြစ်ပျက်နေတဲ့အတွက် ဒုက္ခရောက်လာရင်လည်း အရှင်မြတ်ရဲ့ စီမံခန့်ခွဲမှုထဲကပဲဖြစ်တဲ့အတွက် ဝမ်းနည်းပက်လက်ဖြစ်မနေဘဲ သည်းခံပြီး အရှင်မြတ်ဘက်ကို အာရုံလှည့်ရမှာ ဖြစ်တယ်။(အလင်းပြကျမ်း) ❷ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့တယ် - "မုအ်မင်န်ယုံကြည်သူရဲ့ အဖြစ်ဟာ အံ့သြစရာပဲဖြစ်တယ်။ အလ္လာဟ်အရှင်မြတ်စီရင်တော်မူတာဟူသမျှဟာ သူ့အတွက် အကောင်းချည်းပဲ ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုရင် သူဟာ သူ့မှာ ဒုက္ခဖြစ်ရင် သည်းခံတယ်။ ဒါလည်း သူ့အတွက် အကောင်းပဲဖြစ်တယ်။ သူ့မှာ သုခရရင် ကျေးဇူးတင်တယ်။ ဒါလည်း သူ့အတွက် အကောင်းပဲဖြစ်တယ်။ ဒီအခွင့်အလမ်းတွေဟာ မုအ်မင်န်မှာပဲရှိတယ်။ (ဗုခါရီ၊ မွတ်စ်လင်မ်၊ အလင်းပြကျမ်း)

وَاَطِيْعُوا اللّٰهَ وَاَطِيْعُوا الرَّسُوْلَ ۚ فَاِنْ تَوَلَّيْتُمْ فَاِنَّمَا عَلٰى رَسُوْلِنَا الْبَلٰغُ الْمُبِيْنُ ﴿١٢﴾

(၁၂) ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို လိုက်နာကြပါ။ ထို့ပြင် အသင်တို့သည် တမန်တော်မြတ်၏အမိန့်ကိုလည်း လိုက်နာကြပါ။ ထို့နောက် အကယ်၍ အသင်တို့သည် (မလိုက်နာဘဲ) မျက်နှာလွှဲသွားကြလျှင် ငါအရှင်မြတ်၏တမန်တော်အပေါ်တွင် (အမိန့်တော်များကို) ရှင်းလင်းစွာ ပို့ချပေးရန်သာ တာဝန်ရှိသည်။

اَللّٰهُ لَاۤ اِلٰهَ اِلَّا هُوَ ۗ وَعَلَى اللّٰهِ فَلْيَتَوَكَّلِ الْمُؤْمِنُوْنَ ﴿١٣﴾

(၁၃) အလ္လာဟ်အရှင်မြတ်ပင်၊ ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သောအရှင်မရှိပေ။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်အပေါ်၌ပင် မုအ်မင်န်ယုံကြည်သူများသည် ယုံပုံလွှဲအပ်ကြရမည် ဖြစ်သည်။

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اِنَّ مِنْ اَزْوَاجِكُمْ وَاَوْلَادِكُمْ عَدُوًّا لَّكُمْ فَاحْذَرُوْهُمْ ۚ وَاِنْ تَعْفُوْا وَتَصْفَحُوْا وَتَغْفِرُوْا فَاِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿١٤﴾

(၁၄) အို - အီမာန်ယုံကြည်သူအပေါင်းတို့၊ အမှန်စင်စစ် အသင်တို့၏ ဇနီးမိန်းမများနှင့် အသင်တို့၏သားသမီးများထဲတွင် အချို့သည် အသင်တို့၏ ရန်သူများဖြစ်ကြသည်။❸ သို့ဖြစ်ရာ အသင်တို့သည် သူတို့အား သတိထားကြပါ။ ထို့ပြင် အကယ်၍ အသင်တို့သည် (သူတို့ကို) ခွင့်လွှတ်ကြလျှင်၊ လျစ်လျူရှုကြလျှင်၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးကြလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးသနားတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

❹ ဇနီးတွေ၊ သားသမီးတွေဟာ အသင်တို့ကို အရှင်မြတ်ဘက်ကနေ အာရုံလွဲအောင်ပြုလုပ်ကြမယ်ဆိုရင် အဲဒီလိုသူတွေဟာ အသင်တို့ရဲ့ရန်သူတွေပဲ ဖြစ်ကြတဲ့အတွက် သတိထားပြီး အရှင်မြတ်ဘက်ကို ကြိုးစားလှည့်ဖို့ လိုအပ်တယ်။ ဆုံးမသြဝါဒပေးကာ ဖျောင်းဖျပြီး တရားဘောင်မကျော်တဲ့ကိစ္စတွေကိုတော့ ပိုပြီး ရန်သူဖြစ်မသွားရအောင် ခွင့်လွှတ်ထားရမှာဖြစ်တယ်။ အစ္စလာမ်ရဲ့အဆုံးအမတွေနဲ့ သူတို့ကို ပြုစုပျိုးထောင်ရမှာဖြစ်တယ်။ အဲဒီလိုမဟုတ်ရင် သူတို့ဟာ ဒုက္ခတွေအမျိုးမျိုးပေးနိုင်တဲ့ ရန်သူအကြီးစားတွေဖြစ်သွားနိုင်တယ်။ (အလင်းပြကျမ်း)

إِنَّمَآ أَمۡوَٰلُكُمۡ وَأَوۡلَٰدُكُمۡ فِتۡنَةٞۚ وَٱللَّهُ عِندَهُۥٓ أَجۡرٌ عَظِيمٞ ﴿١٥﴾

(၁၅) အသင်တို့၏ပစ္စည်းဥစ္စာများနှင့် အသင်တို့၏သားသမီးများသည် စမ်းသပ်မှုပင် ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ကြီးကျယ်သော အကျိုးကျေးဇူးရှိသည်။

فَٱتَّقُواْ ٱللَّهَ مَا ٱسۡتَطَعۡتُمۡ وَٱسۡمَعُواْ وَأَطِيعُواْ وَأَنفِقُواْ خَيۡرٗا لِّأَنفُسِكُمۡۗ وَمَن يُوقَ شُحَّ نَفۡسِهِۦ فَأُوْلَٰٓئِكَ هُمُ ٱلۡمُفۡلِحُونَ ﴿١٦﴾

(၁၆) သို့ဖြစ်ရာ အသင်တို့သည် အသင်တို့တတ်နိုင်သမျှ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပြီး အသင်တို့သည် နာခံကြပါ။ ထို့ပြင် လိုက်နာကြပါ။ ထို့ပြင် အသင်တို့သည် (အရှင်မြတ်၏အမိန့်တော်နှင့်အညီ) သုံးစွဲလှူဒါန်းကြပါ၊ (ဤသည်) အသင်တို့အတွက် ကောင်းပေသည်။❻ ထို့ပြင် မည်သူမဆို သူ၏စေးနှဲတွန့်တိုမှုမှ ကင်းဝေးစေခြင်းခံရလျှင် ထိုသူများပင် အောင်မြင်သောသူများ ဖြစ်ကြသည်။

❻ လှူဒါန်းတဲ့အတွက် တမလွန်ဘဝမှာ ရရှိမဲ့အကျိုးတွေဟာ သူ့အတွက်ပဲဖြစ်တယ်။ အရှင်မြတ်ဟာ အကျိုးလိုလားတောင့်တမှုကနေ ကင်းစင်တော်မူတဲ့အရှင်ဖြစ်တော်မူတယ်။ (အွခ်မာနီ)

إِن تُقۡرِضُواْ ٱللَّهَ قَرۡضًا حَسَنٗا يُضَٰعِفۡهُ لَكُمۡ وَيَغۡفِرۡ لَكُمۡۚ وَٱللَّهُ شَكُورٌ حَلِيمٌ ﴿١٧﴾

(၁၇) အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကောင်းမွန်သော ချေးငှားခြင်းဖြင့် ချေးငှားကြလျှင် အရှင်မြတ်သည် အသင်တို့အတွက် ထိုချေးငှားခြင်းကို ဆတက်ထမ်းပိုး တိုးပွားပေးတော်မူမည်။ ထို့ပြင် အရှင်မြတ်သည် အသင်တို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်အကျိုးကျေးဇူးပြုအစားပေးတော်မူသောအရှင်၊ အလွန်ထောက်ထားညှာတာ သည်းခံဆိုင်းငံ့တော်မူသောအရှင် ဖြစ်တော်မူသည်။

عَٰلِمُ ٱلۡغَيۡبِ وَٱلشَّهَٰدَةِ ٱلۡعَزِيزُ ٱلۡحَكِيمُ ﴿١٨﴾

(၁၈) (ထိုအရှင်မြတ်သည်) လျှို့ဝှက်သည့်အရာနှင့် ထင်ရှားသည့်အရာကို အကြွင်းမဲ့သိရှိတော်မူသောအရှင်၊ တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

ركوعاتها٢ ٦٥ سُوْرَةُ الطَّلَاقِ مَدَنِيَّةٌ ٩٩ اٰياتها١٢

# စူရဟ် သွလာက် (သွလာက်ပေး ကွာရှင်းခြင်း ကဏ္ဍ) سُوْرَةُ الطَّلَاقِ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

يٰٓاَيُّهَا النَّبِيُّ اِذَا طَلَّقْتُمُ النِّسَآءَ فَطَلِّقُوْهُنَّ لِعِدَّتِهِنَّ وَاَحْصُوا الْعِدَّةَ ۚ وَاتَّقُوا اللّٰهَ رَبَّكُمْ ۚ لَا
تُخْرِجُوْهُنَّ مِنْۢ بُيُوْتِهِنَّ وَلَا يَخْرُجْنَ اِلَّآ اَنْ يَّاْتِيْنَ بِفَاحِشَةٍ مُّبَيِّنَةٍ ۗ وَتِلْكَ حُدُوْدُ اللّٰهِ ۗ وَ
مَنْ يَّتَعَدَّ حُدُوْدَ اللّٰهِ فَقَدْ ظَلَمَ نَفْسَهٗ ۗ لَا تَدْرِيْ لَعَلَّ اللّٰهَ يُحْدِثُ بَعْدَ ذٰلِكَ اَمْرًا ۝١

(၁) အို-တမန်တော်၊ (အသင်ပြောလိုက်ပါ)- အသင်တို့သည် ဇနီးမိန်းမများကို သွလာက်ပေးကွာရှင်းသည့်အခါ သူမတို့၏ အိဒ်ဒသ်ရက်များ (စ၍ ရေတွက်နိုင်သည့်)အချိန်ကာလတွင် သွလာက်ပေးကွာရှင်းကြပါ။❶ ထို့ပြင် အသင်တို့သည် အိဒ်ဒသ်ရက်များကို ရေတွက်ကြပါ။ ထို့ပြင် အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထင်ရှားသော စက်ဆုပ်ဖွယ်ရာအမှုကို ထိုဇနီးမိန်းမများက ကျူးလွန်ကြသည်မှလွဲ၍ အသင်တို့သည် သူမတို့ကို သူမတို့၏နေအိမ်များမှ မထွက်ခိုင်းကြနှင့်။ သူမတို့ ကိုယ်တိုင်လည်း မထွက်ကြရပေ။❷ ထို့ပြင် ထိုအရာသည် အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းချက်များပင် ဖြစ်သည်။ မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းချက်များကို ကျူးလွန်ဖောက်ဖျက်လျှင် အမှန်စင်စစ် ထိုသူသည် သူ့ကိုယ်သူနှိပ်စက်ခဲ့ပြီဖြစ်သည်။ ထို(သွလာက်ပေးပြီး)နောက် အလ္လာဟ်အရှင်မြတ်သည် အကြောင်းကိစ္စတစ်စုံတစ်ခုကို အသစ်ဖန်တီးပေးတော်မူကောင်း ပေးတော်မူမည်ကို အသင်မသိပေ။❸

❶ သွလာက်ပေးကွာရှင်းမယ်ဆိုရင် ဇနီးဟာ ဓမ္မတာလာပြီးနောက် သန့်ပြန့်နေတဲ့အချိန်မှာ ကာမမဆက်ဆံသေးခင် သွလာက်တစ်ကြိမ်ပေးခြင်းကပဲ အကောင်းဆုံးဖြစ်တယ်။ (ဝိကာယဟ်)
❷ သွလာက်ပေးပြီးနောက် အိဒ်ဒသ်စောင့်ဆိုင်းရမဲ့ရက်ဟာ ဓမ္မတာသုံးကြိမ်လာပြီးတဲ့ထိဖြစ်တယ်။ (ကုရ်အာန် ၂း၂၂၈၊ အာစားန်သရ်ဂျူမဟ်) ဒီအတောအတွင်းမှာ အိမ်ကနေ နှင်မထုတ်ရဘူး။ သူမတို့ဘာသာလည်း မထွက်ရဘူး။ သူမတို့ရဲ့စားဝတ်နေရေးဟာ ခင်ပွန်းအပေါ်မှာပဲ တာဝန်ရှိတယ်။ (အလင်းပြကျမ်း) ❸ အရှင်မြတ်က ဒီအတောအတွင်းမှာ ဇနီးမောင်နှံကြား ချစ်ခင်စိတ် ထည့်ပေးချင်ထည့်ပေးမှာဖြစ်တယ်။ အဲဒါဆိုရင် ပြန်သင့်မြတ်ပြီး ပေါင်းစည်း ညီညွတ်သွားနိုင်တယ်ဆိုတာ

ကို အသင်မသိဘူး။ အဲဒီအတွက် အသင်ဟာ အလျင်စလို မကွာရှင်းသင့်ဘူး။ (အလင်းပြကျမ်း)

فَاِذَا بَلَغۡنَ اَجَلَهُنَّ فَاَمۡسِكُوۡهُنَّ بِمَعۡرُوۡفٍ اَوۡ فَارِقُوۡهُنَّ بِمَعۡرُوۡفٍ وَّ اَشۡهِدُوۡا ذَوَىۡ عَدۡلٍ
مِّنۡكُمۡ وَاَقِيۡمُوا الشَّهَادَةَ لِلّٰهِ ؕ ذٰلِكُمۡ يُوۡعَظُ بِهٖ مَنۡ كَانَ يُؤۡمِنُ بِاللّٰهِ وَالۡيَوۡمِ الۡاٰخِرِ ۙ وَ
مَنۡ يَّتَّقِ اللّٰهَ يَجۡعَلۡ لَّهٗ مَخۡرَجًا ۙ﴿۲﴾

(၂) ထို့နောက် ထို(ကွာရှင်းခဲ့သည့်)ဇနီးမိန်းမများသည် သူမတို့၏ သတ်မှတ်သည့်အိဒ်ဒသ်ရက် နောက်ဆုံးအချိန်ကို ရောက်ခါနီးတွင် အသင်တို့သည် သူမတို့အား စည်းကမ်းနှင့်အညီ ပြန်သိမ်းပိုက်ကြပါ။ သို့မဟုတ် အသင်တို့သည် စည်းကမ်းနှင့်အညီ သူမတို့နှင့် ခွဲခွာကြပါ။ ထို့ပြင် အသင်တို့သည် အသင်တို့ထဲမှ သစ္စာသမာဓိရှိသူနှစ်ဦးကို သက်သေထားကြပါ။❻ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အတွက် ရည်ရွယ်ပြီး ဖြောင့်မတ်စွာ သက်သေထွက်ဆိုကြပါ။ ၎င်းသည် အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သူများအား ဆုံးမဩဝါဒပေးခြင်း ဖြစ်သည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့လျှင် အရှင်မြတ်သည် ထိုသူ့အတွက် ထွက်ပေါက်ဖန်တီးပေးတော်မူမည်။

❻ ပြန်ပေါင်းတဲ့အခါဖြစ်ဖြစ်၊ ကွာရှင်းစွန့်လွှတ်တဲ့အခါဖြစ်ဖြစ် သက်သေထားခြင်းအားဖြင့် အငြင်းပွားစရာမရှိတော့ဘူး။ (အလင်းပြကျမ်း)

وَّيَرۡزُقۡهُ مِنۡ حَيۡثُ لَا يَحۡتَسِبُ ؕ وَمَنۡ يَّتَوَكَّلۡ عَلَى اللّٰهِ فَهُوَ حَسۡبُهٗ ؕ اِنَّ اللّٰهَ بَالِغُ اَمۡرِهٖ ؕ قَدۡ
جَعَلَ اللّٰهُ لِكُلِّ شَىۡءٍ قَدۡرًا ﴿۳﴾

(၃) ထို့ပြင် အရှင်မြတ်သည် ထိုသူအား သူမထင်သည့်နေရာမှ စားနပ်ရိက္ခာကို ပေးသနားတော်မူမည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်အပေါ်တွင် ယုံပုံလွှဲအပ်လျှင် အရှင်မြတ်သည် သူ့အတွက် လုံလောက်တော်မူသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မိမိ၏အရေးကိစ္စကို ပြီးမြောက်အောင် ပြုလုပ်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။ အမှန်မှာ အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးအတွက် အချိန်အဆတစ်ခု ပြုလုပ်ထားတော်မူသည်။

وَالّٰٓـىِٕـىۡ يَـئِسۡنَ مِنَ الۡمَحِيۡضِ مِنۡ نِّسَآٮِٕكُمۡ اِنِ ارۡتَبۡتُمۡ فَعِدَّتُهُنَّ ثَلٰثَةُ اَشۡهُرٍ ۙ وَّالّٰٓـىِٕـىۡ لَمۡ يَحِضۡنَ ؕ
وَاُولَاتُ الۡاَحۡمَالِ اَجَلُهُنَّ اَنۡ يَّضَعۡنَ حَمۡلَهُنَّ ؕ وَمَنۡ يَّتَّقِ اللّٰهَ يَجۡعَلۡ لَّهٗ مِنۡ اَمۡرِهٖ يُسۡرًا ﴿۴﴾

(၄) ထို့ပြင် အသင်တို့၏ (ကွာရှင်းပြီးဖြစ်သည့်)ဇနီးမိန်းမများထဲတွင် ဓမ္မတာလာခြင်းမှ မျှော်လင့်ချက်မရှိတော့သော မိန်းမများသည် အကယ်၍(သူမတို့၏အိဒ်ဒသ်နှင့် ပတ်သက်၍) အသင်တို့သည် သံသယဖြစ်ခဲ့လျှင် သူမတို့၏

အိဒ်ဒသ်သည် သုံးလ ဖြစ်သည်။ ထို့ပြင် ဓမ္မတာ မလာဖူးသေးသော မိန်းမများ လည်း (သုံးလပင်ဖြစ်သည်)။ ထို့ပြင် ကိုယ်ဝန်ရှိသော မိန်းမများသည် သူမတို့၏(အိဒ်ဒသ်)ကာလအပိုင်းအခြားသည် သူမတို့အနေဖြင့် သူမတို့၏ကိုယ်ဝန်ကို ဖွားမြင်လိုက်ခြင်းပင် ဖြစ်သည်။❶ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့လျှင် အရှင်မြတ်သည် သူ့အတွက် သူ၏အရေးကိစ္စကို လွယ်ကူ အောင် ပြုလုပ်ပေးတော်မူမည် ဖြစ်သည်။

❶ သွလာက်ပေးခြင်းခံရတဲ့ ကိုယ်ဝန်ရှိတဲ့ အမျိုးသမီးတွေဟာ ကလေးမွေးဖွားတော့မှ သူမတို့ရဲ့ အိဒ်ဒသ်ရက် ကုန်ဆုံးမှာ ဖြစ်တယ်။ မမွေးမချင်းဟာ သူမရဲ့စားဝတ်နေရေးဟာ ခင်ပွန်းအပေါ်မှာပဲ တာဝန်ရှိတယ်။ (အလင်းပြကျမ်း)

ذٰلِكَ اَمۡرُ اللّٰهِ اَنۡزَلَهٗۤ اِلَيۡكُمۡ ؕ وَمَنۡ يَّتَّقِ اللّٰهَ يُكَفِّرۡ عَنۡهُ سَيِّاٰتِهٖ وَيُعۡظِمۡ لَهٗۤ اَجۡرًا ﴿٥﴾

(၅) ၎င်း(အိဒ်ဒသ်နှင့်ပတ်သက်၍ဖော်ပြခဲ့သောအရာ)သည် အလ္လာဟ် အရှင်မြတ်၏အမိန့်တော်ပင် ဖြစ်သည်။ အရှင်မြတ်သည် ထိုအမိန့်တော်ကို အသင် တို့ထံ ချပေးတော်မူခဲ့သည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့လျှင် အရှင်မြတ်သည် သူ၏မကောင်းမှုများကို သူ၏ထံမှ ပပျောက် စေတော်မူမည့်အပြင် သူ၏အကျိုးရလဒ်ကို ကြီးကျယ်စေတော်မူမည်။

اَسۡكِنُوۡهُنَّ مِنۡ حَيۡثُ سَكَنۡتُمۡ مِّنۡ وُّجۡدِكُمۡ وَلَا تُضَآرُّوۡهُنَّ لِتُضَيِّقُوۡا عَلَيۡهِنَّ ؕ وَاِنۡ كُنَّ
اُولَاتِ حَمۡلٍ فَاَنۡفِقُوۡا عَلَيۡهِنَّ حَتّٰى يَضَعۡنَ حَمۡلَهُنَّ ۚ فَاِنۡ اَرۡضَعۡنَ لَـكُمۡ فَاٰتُوۡهُنَّ اُجُوۡرَهُنَّ ۚ
وَاۡتَمِرُوۡا بَيۡنَكُمۡ بِمَعۡرُوۡفٍ ۚ وَاِنۡ تَعَاسَرۡتُمۡ فَسَتُرۡضِعُ لَهٗۤ اُخۡرٰى ؕ ﴿٦﴾

(၆) အသင်တို့သည် ထို(ကွာရှင်းပြီးဖြစ်ကြသည့်)မိန်းမများကို အသင် တို့နေထိုင်ရာတွင် အသင်တို့၏ချမ်းသာမှုနှင့်အညီ (နေထိုင်ရန်) အိမ်ပေးကြပါ။ ထို့ပြင် အသင်တို့သည် သူမတို့အပေါ်တွင် ကျပ်တည်းစေရန်အတွက် ဒုက္ခမပေး ကြနှင့်။ ထို့ပြင် အကယ်၍ သူမတို့သည် ကိုယ်ဝန်ရှိသူများဖြစ်ခဲ့ကြလျှင် အသင် တို့သည် သူမတို့အပေါ်တွင် သူမတို့အနေဖြင့် သူမတို့၏ကိုယ်ဝန်အား မွေးဖွား ကြသည်အထိ သုံးစွဲကြပါ။ ထို့နောက် အကယ်၍ သူမတို့သည် အသင်တို့ အတွက် (အသင်တို့၏ကလေးကို)နို့တိုက်ကျွေးခဲ့ကြလျှင် အသင်တို့သည် သူ မတို့အား သူမတို့၏အဖိုးအခများကို ပေးဆပ်ကြပါ။ ထို့ပြင် အသင်တို့သည် အသင်တို့ အချင်းချင်း ကောင်းမွန်သည့်နည်းဖြင့် ဆွေးနွေးတိုင်ပင်ကြပါ။ ထို့ နောက် အကယ်၍ အသင်တို့သည် အချင်းချင်း မပြေလည်ခဲ့ကြလျှင် ထို(ဖခင်) အတွက် မကြာမီ အခြားမိန်းမတစ်ဦးက ကလေးကို နို့တိုက်ကျွေး(ရန် ငှားရမ်း)

ရမည်ဖြစ်သည်။

لِيُنْفِقْ ذُوْ سَعَةٍ مِّنْ سَعَتِهٖ ؕ وَ مَنْ قُدِرَ عَلَيْهِ رِزْقُهٗ فَلْيُنْفِقْ مِمَّاۤ اٰتٰىهُ اللّٰهُ ؕ لَا يُكَلِّفُ اللّٰهُ نَفْسًا اِلَّا مَاۤ اٰتٰىهَا ؕ سَيَجْعَلُ اللّٰهُ بَعْدَ عُسْرٍ يُّسْرًا ﴿٧﴾

(၇) ချမ်းသာသူသည် သူ၏ချမ်းသာမှုနှင့်အညီ သုံးစွဲရမည်။ ထို့ပြင် ကျပ်တည်းသူသည်လည်း သူ့ကို အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသည့် အထဲမှ သုံးစွဲရမည်။ အလ္လာဟ်အရှင်မြတ်သည် မည်သူ့ကိုမျှ အရှင်မြတ်ပေး သနားတော်မူသည်ထက် ပိုပြီးတာဝန်ပေးသည်မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ် သည် ကျပ်တည်းမှု၏နောက်တွင် မကြာမီ ချောင်လည်မှုဖန်တီးပေးသနားတော် မူမည်ဖြစ်သည်။

وَ كَاَيِّنْ مِّنْ قَرْيَةٍ عَتَتْ عَنْ اَمْرِ رَبِّهَا وَ رُسُلِهٖ فَحَاسَبْنٰهَا حِسَابًا شَدِيْدًا ۙ وَّ عَذَّبْنٰهَا عَذَابًا نُّكْرًا ﴿٨﴾

(၈) ထို့ပြင် မြို့ရွာအမြောက်အမြား(တွင် နေထိုင်သူများ)သည် သူတို့ အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော်နှင့် အရှင့်တမန်တော် များ၏အမိန့်ကို ဖီဆန်တော်လှန်ခဲ့ကြသည့်အတွက် ငါအရှင်မြတ်သည် ထိုမြို့ရွာ သားများကို ပြင်းထန်စွာ စစ်ဆေးတော်မူသည့်အပြင် သူတို့အား အလွန်ဆိုးရွား လှသည့်ပြစ်ဒဏ်ကိုလည်း ပေးတော်မူခဲ့သည်။

فَذَاقَتْ وَبَالَ اَمْرِهَا وَ كَانَ عَاقِبَةُ اَمْرِهَا خُسْرًا ﴿٩﴾

(၉) သို့ဖြစ်ရာ ထိုမြို့(သူ)ရွာ(သား)များသည် သူတို့၏ မကောင်းသော အမှုကိစ္စများနှင့် ပတ်သက်၍ ပြစ်ဒဏ်ကို မြည်းစမ်းခဲ့ကြရသည့်အပြင် သူတို့၏ နောက်ဆုံးအကျိုးဆက်သည်လည်း ဆုံးရှုံးမှုပင် ဖြစ်ခဲ့သည်။

اَعَدَّ اللّٰهُ لَهُمْ عَذَابًا شَدِيْدًا ۙ فَاتَّقُوا اللّٰهَ يٰۤاُولِى الْاَلْبَابِ ۛۚ الَّذِيْنَ اٰمَنُوْا ۛ قَدْ اَنْزَلَ اللّٰهُ اِلَيْكُمْ ذِكْرًا ﴿١٠﴾

(၁၀) အလ္လာဟ်အရှင်မြတ်သည် သူတို့နှင့်ပတ်သက်၍ အလွန်ပြင်းထန် သည့်ပြစ်ဒဏ်ကို အဆင်သင့်ပြုလုပ်ထားတော်မူသည်။ သို့ဖြစ်ရာ အို-ယုံကြည် သော ဉာဏ်ရှင်အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက် ရွံ့ကြပါ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ထံသို့ ဆုံးမသြဝါဒ (ကုရ်အာန်ကျမ်းတော်မြတ်)ကို ချပေးသနားတော်မူခဲ့သည်။

رَّسُوْلًا يَّتْلُوْا عَلَيْكُمْ اٰيٰتِ اللّٰهِ مُبَيِّنٰتٍ لِّيُخْرِجَ الَّذِيْنَ اٰمَنُوْا وَ عَمِلُوا الصّٰلِحٰتِ مِنَ

الظُّلُمٰتِ اِلَى النُّوۡرِ ؕ وَمَنۡ يُّؤۡمِنۡۢ بِاللّٰهِ وَيَعۡمَلۡ صَالِحًا يُّدۡخِلۡهُ جَنّٰتٍ تَجۡرِىۡ مِنۡ تَحۡتِهَا الۡاَنۡهٰرُ
خٰلِدِيۡنَ فِيۡهَاۤ اَبَدًا ؕ قَدۡ اَحۡسَنَ اللّٰهُ لَهٗ رِزۡقًا ﴿۱۱﴾

(၁၁) (ထို့ပြင်) တမန်တော်တစ်ပါးကို (စေလွှတ်တော်မူခဲ့သည်၊) ထိုတမန်တော်သည် အသင်တို့ရှေ့၌ အလ္လာဟ်အရှင်မြတ်၏ ရှင်းလင်းထင်ရှားသော အာယသ်တော်များကိုဖတ်ကြားသည်။ (ထိုသို့ပြုလုပ်ရခြင်းကမူ) အရှင်မြတ်သည် ယုံကြည်ပြီး ကောင်းမြတ်သည့်လုပ်ရပ်များ ပြုလုပ်သည့်သူများကို အမှောင်ထုများမှ အလင်းကို ထွက်စေတော်မူရန်အတွက် ဖြစ်သည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်ကို ယုံကြည်ပြီး ကောင်းမြတ်သည့်လုပ်ရပ်ကို ပြုလုပ်လျှင်❶ အရှင်မြတ်သည် သူတို့အား အကြင်ဥယျာဉ်များတွင် အမြဲနေရမည့်သူများအဖြစ် ဝင်ရောက်စေတော်မူမည်။ ၎င်း(ဥယျာဉ်များ)အောက်မှ ချောင်းများစီးဆင်းနေလိမ့်မည်။ အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် သူတို့အား မွန်မြတ်သော စားနပ်ရိက္ခာ ပေးသနားတော်မူလိုက်ခြင်း ဖြစ်သည်။

❶ အီမာန်ယုံကြည်ပြီး ကောင်းမြတ်တဲ့ လုပ်ရပ်တွေလုပ်တဲ့သူတွေဟာ ဂျန္နသ်မှာ စံမြန်းရမယ်လို့ မိန့်ဆိုထားတဲ့အတွက် ကလိမဟ်တစ်ခုတည်းပဲ နှုတ်ကရွတ်ဆိုကာ တင်းတိမ်ရောင့်ရဲနေရမှာ မဟုတ်ဘဲ ကောင်းမြတ်တဲ့လုပ်ရပ်တွေကိုလည်း လုပ်ဖို့လိုကြောင်း ညွှန်ပြနေတာဖြစ်တယ်။
(သဖ်ဟီမွလ်မွတ်စ်လင်မ်)

اَللّٰهُ الَّذِىۡ خَلَقَ سَبۡعَ سَمٰوٰتٍ وَّمِنَ الۡاَرۡضِ مِثۡلَهُنَّ ؕ يَتَنَزَّلُ الۡاَمۡرُ بَيۡنَهُنَّ لِتَعۡلَمُوۡۤا اَنَّ اللّٰهَ
عَلٰى كُلِّ شَىۡءٍ قَدِيۡرٌ ۙ وَّاَنَّ اللّٰهَ قَدۡ اَحَاطَ بِكُلِّ شَىۡءٍ عِلۡمًا ﴿۱۲﴾

(၁၂) အလ္လာဟ်အရှင်မြတ်သည် ထိုအရှင်မြတ်ပင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်သည် မိုးခုနစ်ထပ်ကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် မြေကိုလည်း ထိုသို့ပင် (ဖန်ဆင်းတော်မူခဲ့သည်)။ ထိုမိုးနှင့် မြေအကြားတွင် အမိန့်တော်များ ဆင်းသက်သည်။ (ထိုသို့ဖြစ်ရခြင်းမှာ) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အလွန်စွမ်းဆောင်နိုင်တော်မူကြောင်းနှင့် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အသိပညာနှင့် အမှန်ပင် လွှမ်းခြုံထားတော်မူကြောင်းကို အသင်တို့ သိရှိကြရန်အတွက် ဖြစ်သည်။

ركوعاتها٢ ٦٦ سُورَةُ التَّحْرِيمِ مَدَنِيَّةٌ ١٠٧ اٰياتها١٢

# سُوْرَةُ التَّحْرِيمِ စူရဟ် သဟ်ရီးမ် (တားမြစ်ခြင်း ကဏ္ဍ)

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

يٰٓاَيُّهَا النَّبِيُّ لِمَ تُحَرِّمُ مَآ اَحَلَّ اللّٰهُ لَكَ ۚ تَبْتَغِيْ مَرْضَاتَ اَزْوَاجِكَ ۗ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿١﴾

(၁) အို-တမန်တော်၊ အသင်သည် အသင့်အတွက် အလ္လာဟ်အရှင်မြတ်က (ဟလာလ်) ခွင့်ပြုတော်မူခဲ့သည့်အရာအား အဘယ်ကြောင့် အသင်၏ကြင်ရာများ၏နှစ်သက်မှုကို လိုလားမှုအတွက်ဖြင့် (ဟရာမ်)တားမြစ်သည့်အရာအဖြစ် ပြုလုပ်လိုက်သနည်း။❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူသည်။

❶ တမန်တော်မြတ် ﷺ ဟာ အစွရ်စွလာသ်ဝတ်ပြုပြီးတဲ့အခါ ၎င်းရဲ့ကြင်ရာတွေထံကို ခဏစီဝင်ပြီး လှည့်ပတ်ကြည့်ရှုလေ့ရှိခဲ့တယ်။ တစ်နေ့မှာ တမန်တော်မြတ် ﷺ ဟာ ကြင်ရာတော် ဇိုင်နပ် رضي الله عنها ထံမှာ ပျားရည်သောက်ရင်းနဲ့ ကြာသွားခဲ့တယ်။ အဲဒီလိုနဲ့ နေ့စဉ်လိုလို ကြာနေတဲ့အခါ ကြင်ရာတော် ဟဖ်စွဟ် رضي الله عنها နဲ့ ကြင်ရာတော် အာအိရှဟ် رضي الله عنها တို့နှစ်ဦးဟာ တိုင်ပင်ပြီး တမန်တော်မြတ် ﷺ ဟာ ဇိုင်နပ် رضي الله عنها ထံမှာ ပျားရည်မသောက်သုံးအောင် အစီအမံတစ်ခုပြုလုပ်ကြတယ်။ (မဂါဖီရ်ဆိုတဲ့ မြက်ပင်တစ်မျိုးရဲ့အနံ့ရတယ်လို့ ပြောဆိုဖို့ စီစဉ်ထားတာဖြစ်တယ်။) နောက်ဆုံး တမန်တော်မြတ် ﷺ က ဟဖ်စွဟ် رضي الله عنها ကို "ငါဟာ ဇိုင်နပ် رضي الله عنها ထံမှာ ပျားရည်သောက်သုံးလေ့ရှိခဲ့တယ်၊ အခုငါကျိန်ပြောမယ်၊ ငါဟာ ပျားရည်သောက်သုံးတော့မှာ မဟုတ်တော့ဘူး" လို့ ပြောပြတော်မူခဲ့တယ်။ ပြီးတော့ ဒီကိစ္စကို ဘယ်သူမှ မသိအောင် လျှို့ဝှက်ထားဖို့ မှာကြားခဲ့တယ်။ အဲဒီနောက် ဟဖ်စွဟ် رضي الله عنها က အာအိရှဟ် رضي الله عنها ကို လျှို့ဝှက်ပြီး ပြောဆိုလိုက်တယ်။ အဲဒါကို အရှင်မြတ်က တမန်တော်မြတ် ﷺ ကို အသိပေးခဲ့တာဖြစ်တယ်။ (သွဗ်ရီ) အဲဒီလို တမန်တော်မြတ် ﷺ ဟာ ကျိန်ဆိုပြီး ပျားရည်မသောက်တော့ဘူးပြောလို့ အရှင်မြတ်က မိမိဟလာလ်လုပ်ထားတာကို ဘာဖြစ်လို့ အသင်က ဟရာမ်လုပ်ရတာလဲလို့ မိန့်ကြားတော်မူလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

قَدْ فَرَضَ اللّٰهُ لَكُمْ تَحِلَّةَ اَيْمَانِكُمْ ۚ وَاللّٰهُ مَوْلٰىكُمْ ۚ وَهُوَ الْعَلِيْمُ الْحَكِيْمُ ﴿٢﴾

(၂) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတွက် အသင်တို့၏ကျိန်ဆိုချက်များကို ဖြေနိုင်ရန် (နည်းလမ်း) သတ်မှတ်ပေးတော်မူခဲ့သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ကိစ္စများကို ဆောင်ရွက်ပေးတော်မူသောအရှင်သခင်ဖြစ်တော်မူသည့်အပြင် ထိုအရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်

ဖြစ်တော်မူသည်။

وَإِذْ أَسَرَّ النَّبِيُّ إِلَىٰ بَعْضِ أَزْوَاجِهِ حَدِيثًا فَلَمَّا نَبَّأَتْ بِهِ وَأَظْهَرَهُ اللَّهُ عَلَيْهِ عَرَّفَ بَعْضَهُ
وَأَعْرَضَ عَنْ بَعْضٍ ۖ فَلَمَّا نَبَّأَهَا بِهِ قَالَتْ مَنْ أَنْبَأَكَ هَٰذَا ۖ قَالَ نَبَّأَنِيَ الْعَلِيمُ الْخَبِيرُ ﴿٣﴾

(၃) ထို့ပြင် တစ်ခါတွင် တမန်တော်သည် ၎င်း၏ကြင်ရာတော်တစ်ပါးအား စကားတစ်ခွန်းကို လျှို့ဝှက်စွာ ပြောခဲ့သည်။ ထို့နောက် ထိုကြင်ရာတော်က (အခြားကြင်ရာတော်အား) ထိုစကားကို ပြောပြသည့်အခါ အလ္လာဟ်အရှင်မြတ်သည် ထိုအကြောင်း တမန်တော်ကို အသိပေးတော်မူခဲ့သည်။ ထို့နောက် တမန်တော်သည် ထိုစကားထဲမှ အချို့ကို အသိပေးခဲ့ပြီး အချို့ကိုမူ လျစ်လျူရှုထားခဲ့သည်။ ထို့ပြင် တမန်တော်သည် ထိုကြင်ရာတော်ကို ထိုစကားပြောပြခဲ့သည့်အခါ ထိုကြင်ရာတော်က ဤသတင်းကို ကိုယ်တော့်အား မည်သူ ပြောပြခဲ့သနည်း ဟု ပြောဆိုမေးမြန်းခဲ့သည်။ တမန်တော်က ငါ့ကို အကြွင်းမဲ့သိတော်မူသောအရှင်၊ အကြွင်းမဲ့ကြားသိတော်မူသောအရှင်မြတ်က အသိပေးတော်မူခဲ့သည်ဟု ဖြေကြားခဲ့သည်။

إِنْ تَتُوبَا إِلَى اللَّهِ فَقَدْ صَغَتْ قُلُوبُكُمَا ۖ وَإِنْ تَظَاهَرَا عَلَيْهِ فَإِنَّ اللَّهَ هُوَ مَوْلَاهُ وَجِبْرِيلُ وَ
صَالِحُ الْمُؤْمِنِينَ ۖ وَالْمَلَائِكَةُ بَعْدَ ذَٰلِكَ ظَهِيرٌ ﴿٤﴾

(၄) အကယ်၍ အသင်မတို့(ကြင်ရာတော်)နှစ်ဦးသည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဝန်ချတောင်းပန်ခဲ့ကြလျှင် (အသင်မတို့အတွက်ကောင်းပေသည်၊ အဘယ်ကြောင့်ဆိုသော်) အမှန်စင်စစ် အသင်မတို့နှစ်ဦး၏စိတ်နှလုံးများသည် (တမန်တော် မနှစ်သက်သည့်ဘက်သို့) ယိမ်းညွတ်နေခဲ့ကြသည်။ ထို့နောက် အကယ်၍ အသင်မတို့နှစ်ဦးသည် တမန်တော်နှင့် ဆန့်ကျင်၍ အချင်းချင်း ကူညီနေကြလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တမန်တော်ကို ကာကွယ်တော်မူမည့် မိတ်ဆွေဖြစ်တော်မူသည်။ ထို့ပြင် ကောင်းကင်တမန်ဂျိဗ်ရီလ်၊ ကောင်းမြတ်သော မုအ်မင်န်ယုံကြည်သူများသည်လည်း (အကာအကွယ်ပေးမည့် မိတ်ဆွေများ ဖြစ်ကြသည်)၊ ၎င်းတို့အပြင် ကောင်းကင်တမန်များသည်လည်း ကူညီမည့်သူများပင်ဖြစ်ကြသည်။

عَسَىٰ رَبُّهُ إِنْ طَلَّقَكُنَّ أَنْ يُبْدِلَهُ أَزْوَاجًا خَيْرًا مِنْكُنَّ مُسْلِمَاتٍ مُؤْمِنَاتٍ قَانِتَاتٍ تَائِبَاتٍ
عَابِدَاتٍ سَائِحَاتٍ ثَيِّبَاتٍ وَأَبْكَارًا ﴿٥﴾

(၅) အကယ်၍ တမန်တော်သည် အသင်မတို့အား ကွာရှင်းခဲ့လျှင် ထို

တမန်တော်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က အသင်မတို့အစား
ထိုတမန်တော်ကို အသင်မတို့ထက် ပိုထွတ်မြတ်သော မွတ်စ်လိမဟ် မိန်းမများ၊
မုအ်မိနဟ် ယုံကြည်သောမိန်းမများ၊ အမိန့်နာခံသောမိန်းမများ၊ ဝန်ချတောင်း
ပန်သောမိန်းမများ၊ ဝတ်ပြုသောမိန်းမများ၊ စွဲယာမ်ဥပုသ်စောင့်သောမိန်းမများ၊
အပျို မဟုတ်သူများနှင့် အပျိုများကို ပေးသနားတော်မူမည် ဖြစ်သည်။

يَا أَيُّهَا الَّذِينَ آمَنُوا قُوا أَنفُسَكُمْ وَأَهْلِيكُمْ نَارًا وَقُودُهَا النَّاسُ وَالْحِجَارَةُ عَلَيْهَا
مَلَائِكَةٌ غِلَاظٌ شِدَادٌ لَّا يَعْصُونَ اللَّهَ مَا أَمَرَهُمْ وَيَفْعَلُونَ مَا يُؤْمَرُونَ ﴿٦﴾

(၆) အို - အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အသင်တို့
ကိုယ်ကိုသာမက အသင်တို့၏အိမ်သူအိမ်သားများကိုလည်း(ငရဲ)မီးမှ ကယ်တင်
ကြပါ။ ထိုမီး၏လောင်စာသည် လူများနှင့် ကျောက်တုံးများဖြစ်ကြသည်။ ထိုမီး
ပေါ်တွင် အကြင်နာကင်းမဲ့သော၊ စိတ်ဓာတ်ခက်ထန်သော၊ အလွန်ပြင်းထန်သော
ကောင်းကင်တမန်များ (စောင့်ကြပ်လျက်)ရှိနေသည်။ သူတို့သည် အလ္လာဟ်
အရှင်မြတ်ကို အရှင်မြတ်က သူတို့အား ပေးတော်မူထားသည့်အမိန့်တော်နှင့်
ပတ်သက်၍ မဖီဆန်ကြသည့်အပြင် သူတို့အား အမိန့်ပေးခြင်းခံရသည့်အရာကို
(မဆိုင်းမတွ)ပြုလုပ်ဆောင်ရွက်ကြသည်။

يَا أَيُّهَا الَّذِينَ كَفَرُوا لَا تَعْتَذِرُوا الْيَوْمَ ۖ إِنَّمَا تُجْزَوْنَ مَا كُنتُمْ تَعْمَلُونَ ﴿٧﴾

(၇) အို - ကာဖိရ်အပေါင်းတို့၊ ယနေ့ အသင်တို့သည် အကြောင်းမပြ
ကြလေနှင့်။ အသင်တို့သည် အသင်တို့ပြုလုပ်ခဲ့ကြသည်များနှင့် ပတ်သက်၍
အစားပေးခြင်းခံနေကြရခြင်းပင်ဖြစ်သည်။

يَا أَيُّهَا الَّذِينَ آمَنُوا تُوبُوا إِلَى اللَّهِ تَوْبَةً نَّصُوحًا عَسَىٰ رَبُّكُمْ أَن يُكَفِّرَ عَنكُمْ سَيِّئَاتِكُمْ وَ
يُدْخِلَكُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ يَوْمَ لَا يُخْزِي اللَّهُ النَّبِيَّ وَالَّذِينَ آمَنُوا مَعَهُ ۖ
نُورُهُمْ يَسْعَىٰ بَيْنَ أَيْدِيهِمْ وَبِأَيْمَانِهِمْ يَقُولُونَ رَبَّنَا أَتْمِمْ لَنَا نُورَنَا وَاغْفِرْ لَنَا ۖ إِنَّكَ عَلَىٰ كُلِّ
شَيْءٍ قَدِيرٌ ﴿٨﴾

(၈) အို - အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်
အရှင်မြတ်ထံတော်တွင် စစ်မှန်သော ဝန်ချတောင်းပန်ခြင်းမျိုးနှင့် ဝန်ချတောင်း
ပန်ကြပါ။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင်
တို့၏အပြစ်များကို အသင်တို့ထံမှ ပပျောက်စေတော်မူမည့်အပြင် အသင်တို့
အား အကြင်ဥယျာဉ်များထဲသို့ အမှန်ပင် ဝင်ရောက်စေတော်မူမည်။ ၎င်း(ဥယျာဉ်

များ)၏အောက်မှ ချောင်းများသည် စီးဆင်းနေမည်။ ထိုနေ့တွင် အလ္လာဟ်အရှင် မြတ်သည် တမန်တော်ကိုလည်းကောင်း၊ တမန်တော်နှင့်အတူ ယုံကြည်ခဲ့ကြ သည့်သူများကိုလည်းကောင်း အရှက်တကွဲ ဖြစ်စေတော်မူမည် မဟုတ်ပေ။ သူတို့၏အလင်းရောင်သည် သူတို့၏ရှေ့နှင့် လက်ယာဘက်များကြားတွင် ပြေး နေလိမ့်မည်။❶ သူတို့က လျှောက်ထားကြမည်။ အို-ကျွန်ုပ်တို့အား ဖန်ဆင်းမွေး မြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့၏အလင်း ရောင်ကို (ဂျန္နသ်ရောက်သည့်တိုင်) အဆုံးထိ ထားရှိတော်မူပါ။ ထို့ပြင် အရှင် မြတ်သည် ကျွန်ုပ်တို့အား ခွင့်လွှတ်တော်မူပါ။ အမှန်စင်စစ် အရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင် ဖြစ်တော်မူပါသည်။

❶ သူတို့ရဲ့အီမာန်နဲ့ သူတို့ရဲ့လုပ်ရပ်တွေအပေါ်မှာ မူတည်ပြီး လင်းဝင်းမှု အနည်းအများဖြစ်ပေါ်မှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

يَٰٓأَيُّهَا ٱلنَّبِيُّ جَٰهِدِ ٱلْكُفَّارَ وَٱلْمُنَٰفِقِينَ وَٱغْلُظْ عَلَيْهِمْ ۚ وَمَأْوَىٰهُمْ جَهَنَّمُ ۖ وَبِئْسَ ٱلْمَصِيرُ ﴿٩﴾

(၉) အို-တမန်တော်၊ အသင်သည် ကာဖိရ်ငြင်းပယ်ကြသည့်သူများ နှင့် မုနာဖိက်အယောင်ဆောင်များကို သက်စွန့်ကြိုးပမ်းတိုက်ခိုက်ပါ။ ထို့ပြင် အသင်သည် သူတို့အပေါ်တွင် ကျပ်တည်းအောင် ပြုလုပ်ပါ။❷ ထို့ပြင် သူတို့၏ ခိုလှုံရာဌာနသည် ဂျဟန္နမ်ငရဲပင် ဖြစ်သည်။ ထို့ပြင် ထို(ငရဲဘုံ)သည် အဘယ် မျှ ဆိုးရွားလှသော ပြန်လည်ရာစခန်းဖြစ်လိုက်သနည်း။

❷ တမန်တော်မြတ် ﷺ ဟာ ဘယ်လောက်နူးညံ့သိမ်မွေ့မှုနဲ့ လူတွေအပေါ်ကို ဆက်ဆံတော် မူသလဲဆိုရင် အရှင်မြတ်ကတောင်မှ မုနာဖိက်တွေအပေါ်မှာ ပြင်းပြင်းထန်ထန်ဆက်ဆံဖို့ အမိန့် ပေးရတဲ့အထိ ဖြစ်သွားခဲ့တယ်။ (အလင်းပြကျမ်း)

ضَرَبَ ٱللَّهُ مَثَلًا لِّلَّذِينَ كَفَرُوا۟ ٱمْرَأَتَ نُوحٍ وَٱمْرَأَتَ لُوطٍ ۖ كَانَتَا تَحْتَ عَبْدَيْنِ مِنْ عِبَادِنَا
صَٰلِحَيْنِ فَخَانَتَاهُمَا فَلَمْ يُغْنِيَا عَنْهُمَا مِنَ ٱللَّهِ شَيْـًٔا وَقِيلَ ٱدْخُلَا ٱلنَّارَ مَعَ ٱلدَّٰخِلِينَ ﴿١٠﴾

(၁၀) အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်ငြင်းပယ်ကြသည့်သူများ အတွက် (တမန်တော်)နူးဟ်၏ ဇနီးမိန်းမနှင့် (တမန်တော်)လူသွ်၏ဇနီးမိန်းမ ကို ပမာခိုင်းနှိုင်းမိန့်ကြားတော်မူသည်။ ထိုဇနီးမိန်းမနှစ်ဦးသည် ငါအရှင်မြတ်၏ ကျွန်များထဲမှ ကောင်းမြတ်သော ကျွန်နှစ်ဦး၏ (ထိမ်းမြားမှု)အောက်တွင် ရှိခဲ့ ကြသည်။ ထို့နောက်လည်း ထိုဇနီးမိန်းမနှစ်ဦးသည် ထိုကျွန်နှစ်ဦးနှင့် ပတ်သက် ၍ (သာသနာရေးရာတွင်)သစ္စာဖောက်ခဲ့သည့်အတွက် ထိုကျွန်နှစ်ဦးသည် အလ္လာဟ်အရှင်မြတ်နှင့် ဆန့်ကျင်၍ ထိုဇနီးမိန်းမနှစ်ဦးအတွက် အနည်းငယ်မျှ အကျိုးမပြုနိုင်ခဲ့ကြပေ။ ထို့ပြင် “အသင်မတို့နှစ်ဦးလည်း (အခြား)ဝင်ရောက်

ကြသည့်သူများနှင့်အတူ မီးထဲသို့ ဝင်ရောက်ကြပေတော့” ဟု အမိန့်ပေးတော်မူခြင်းခံခဲ့ကြရသည်။❷

❷ အီမာန်နဲ့ လုပ်ရပ်တွေ ချို့ယွင်းပြီဆိုရင် အဲဒီလိုလူတွေဟာ တမန်တော် عليهم السلام တွေရဲ့ ဇနီးသားမယားတွေဖြစ်နေရင်တောင် တမန်တော် عليهم السلام တွေက သူတို့ကို မကယ်တင်နိုင်ဘူး။ (အလင်းပြကျမ်း)

وَضَرَبَ اللّٰهُ مَثَلًا لِّلَّذِيْنَ اٰمَنُوا امْرَاَتَ فِرْعَوْنَ ۘ اِذْ قَالَتْ رَبِّ ابْنِ لِيْ عِنْدَكَ بَيْتًا فِي الْجَنَّةِ وَنَجِّنِيْ مِنْ فِرْعَوْنَ وَعَمَلِهٖ وَنَجِّنِيْ مِنَ الْقَوْمِ الظّٰلِمِيْنَ ﴿١١﴾

(၁၁) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အီမာန်ယုံကြည်သူများအတွက် ဖိရ်အောင်န်၏ဇနီးမိန်းမကို ပမာခိုင်းနှိုင်းမိန့်ကြားတော်မူသည်။ တစ်ခါတွင် သူမသည် လျှောက်ထားခဲ့သည်။ အို - ကျွန်မအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် အရှင်မြတ်ထံတော်တွင် ဂျန္နသ်သုခဘုံ၌ ကျွန်မအတွက် နေအိမ်တစ်လုံးကို ပြုလုပ်ပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်မကို ဖိရ်အောင်န်နှင့် သူ၏လုပ်ရပ်များမှ လွတ်မြောက်စေတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်မကို မတရားသည့်အမျိုးသားများမှလည်း ကယ်တင်တော်မူပါ။❻

❻ ဇနီးကြင်ရာဟာ ကောင်းမြတ်သူ ဖြစ်နေရင်လည်း သူမရဲ့ခင်ပွန်းဟာ အီမာန်နဲ့ လုပ်ရပ်တွေ မမှန်ရင် သူမက သူ့ကို မကယ်တင်နိုင်ဘူးဆိုတာကို နမူနာ ပြသတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَرْيَمَ ابْنَتَ عِمْرٰنَ الَّتِيْٓ اَحْصَنَتْ فَرْجَهَا فَنَفَخْنَا فِيْهِ مِنْ رُّوْحِنَا وَصَدَّقَتْ بِكَلِمٰتِ رَبِّهَا وَكُتُبِهٖ وَكَانَتْ مِنَ الْقٰنِتِيْنَ ﴿١٢﴾

(၁၂) ထို့ပြင် အင်မ်ရာန်၏သမီး မရ်ယမ်ကို (ပမာခိုင်းနှိုင်းမိန့်ကြားတော်မူခဲ့သည်)၊ သူမသည် သူမ၏သိက္ခာကို စောင့်ထိန်းခဲ့သည့်အတွက် ငါအရှင်မြတ်သည် သူမထဲသို့ ငါအရှင်မြတ်ထံတော်မှ ဝိညာဉ်ကို မှုတ်ထည့်တော်မူခဲ့သည်။ ထို့ပြင် သူမသည် သူမအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏မိန့်ကြားချက်များနှင့် အရှင်မြတ်၏ကျမ်းဂန်များကို ယုံကြည်ထောက်ခံခဲ့သည့်အပြင် သူမသည် အမိန့်တော်ကို နာခံသူများထဲတွင် အပါအဝင်ဖြစ်ခဲ့သည်။❼

❼ အီမာန်နဲ့ လုပ်ရပ်တွေ မှန်ကန်ရင် အပျိုကလေးတစ်ဦးပင်ဖြစ်လင့်ကစား ဘယ်သူ့အပေါ်မှာမှ မမှီခိုဘဲ ကိုယ့်ဘာသာရပ်တည်ပြီး အရှင်မြတ်နှစ်သက်တဲ့သူဖြစ်အောင် ကြိုးစားနိုင်ကြောင်း နမူနာပြထားတာဖြစ်တယ်။ (အိမ်ထောင်မပြုဘဲနေဖို့ တိုက်တွန်းထားတာမဟုတ်ဘူး၊ ဘယ်အခြေအနေမှာဖြစ်ဖြစ် အရှင်မြတ်နှစ်သက်မှုကို ရှာဖွေရယူနိုင်တယ်ဆိုတာကို ပြသခြင်းသာဖြစ်တယ်။) အရှင်မြတ်ရဲ့ တန်ခိုးတော်အစီအစဉ်နဲ့ အပျိုစင်စစ်ကနေ တမန်တော်အီစာ عليه السلام ကို မွေးဖွားစေခဲ့တယ်။ အရှင်မြတ်ရဲ့ ရူးဟ်ဝိညာဉ် မှုတ်ထည့်ခဲ့တဲ့အတွက် တမန်တော်အီစာ عليه السلام ကို အလ္လာဟ်အရှင်မြတ်ရဲ့ဝိညာဉ် رُوْحُ اللهِ လို့ ခေါ်တွင်ခဲ့တယ်။ (အလင်းပြကျမ်း)

ركوعاتها٢ ٦٧سُوْرَةُ الْمُلْكِ مَكِّيَّةٌ٧٧ اٰياتها٣٠

## စူရဟ် မွလ်က် (စိုးမိုးအုပ်ချုပ်မှု ကဏ္ဍ) سُوْرَةُ الْمُلْكِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

تَبٰرَكَ الَّذِىۡ بِيَدِهِ الۡمُلۡكُ وَهُوَ عَلٰى كُلِّ شَىۡءٍ قَدِيۡرُ ۙ﴿۱﴾

(၁) အကြင်အရှင်မြတ်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံမြင့်မြတ်တော်မူသည်။ ထိုအရှင်မြတ်၏လက်ထဲတွင် အုပ်ချုပ်မှုအာဏာရှိသည်။ ထို့ပြင် ထိုအရှင်မြတ်သည် အရာအားလုံးအပေါ် အလွန်စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။

الَّذِىۡ خَلَقَ الۡمَوۡتَ وَالۡحَيٰوةَ لِيَبۡلُوَكُمۡ اَيُّكُمۡ اَحۡسَنُ عَمَلًا ؕ وَهُوَ الۡعَزِيۡزُ الۡغَفُوۡرُ ۙ﴿۲﴾

(၂) ထိုအရှင်မြတ်သည် အသင်တို့ထဲမှ မည်သူသည် လုပ်ရပ်အနေဖြင့် အကောင်းဆုံးဖြစ်သည်ကို အသင်တို့အား စမ်းသပ်တော်မူရန်အတွက် သေခြင်းနှင့် ရှင်ခြင်းကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ လွတ်ငြိမ်းချမ်းသာခွင့်အလွန်ပေးတော်မူသောအရှင် ဖြစ်တော်မူသည်။

الَّذِىۡ خَلَقَ سَبۡعَ سَمٰوٰتٍ طِبَاقًا ؕ مَا تَرٰى فِىۡ خَلۡقِ الرَّحۡمٰنِ مِنۡ تَفٰوُتٍ ؕ فَارۡجِعِ الۡبَصَرَ ۙ هَلۡ تَرٰى مِنۡ فُطُوۡرٍ ﴿۳﴾

(၃) ထိုအရှင်မြတ်သည် မိုးကောင်းကင်ခုနစ်ထပ်ကို အဆင့်ဆင့် ဖန်ဆင်းတော်မူခဲ့သည်။ အသင်သည် ရဟ်မာန်အနန္တကရုဏာတော်ရှင်၏ဖန်ဆင်းမှုတွင် ကွာခြားမှု၊ မဆီလျော်မှုဟူ၍ လုံး၀တွေ့ရှိရမည်မဟုတ်ပေ။ သို့ဖြစ်ရာ အသင်သည် မျက်စိကို ပြန်မော့ပြီးကြည့်ပါ၊ အသင်သည် အက်ကွဲမှုတစ်စုံတစ်ခု တွေ့ရ၏လော။

ثُمَّ ارۡجِعِ الۡبَصَرَ كَرَّتَيۡنِ يَنۡقَلِبۡ اِلَيۡكَ الۡبَصَرُ خَاسِئًا وَّهُوَ حَسِيۡرٌ ﴿۴﴾

(၄) ထို့နောက် အသင်သည် မျက်စိကို ပြန်မော့ပြီး အကြိမ်ကြိမ် ပြန်ကြည့်ပါ၊ မျက်စိပင် အသင့်ထံသို့ အလိုမပြည့်ဘဲ အရှက်ရကာ ညောင်းလျက် ပြန်လာမည် ဖြစ်သည်။

وَلَقَدْ زَيَّنَّا السَّمَآءَ الدُّنْيَا بِمَصَابِيحَ وَجَعَلْنٰهَا رُجُومًا لِّلشَّيٰطِيْنِ وَاَعْتَدْنَا لَهُمْ عَذَابَ السَّعِيْرِ ﴿٥﴾

(၅) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အနီးဆုံးမိုးကောင်းကင် (အောက်ဆုံးအထပ်)ကို မီးအိမ်များဖြင့် လှပစွာ ဆင်ယင်ထားတော်မူပြီး ထို မီးအိမ်များကို ရှိုင်သွာန်များအား ပစ်ခတ်ရန် လက်နက်အဖြစ် ❶ပြုလုပ်တော် မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် သူတို့အတွက် ဂျဟန္နမ်ငရဲမီး၏ ပြစ်ဒဏ် ကိုလည်း အဆင်သင့်ပြုလုပ်ပြီးထားတော်မူသည်။

❶ ကြယ်တာရာတွေကို အရှင်မြတ်က လူတွေအတွက် ရည်ရွယ်ချက်သုံးခုနဲ့ ဖန်ဆင်းတော်မူခဲ့ တယ်။ (၁) ခရီးသွားတဲ့သူတွေအတွက် လမ်းပြအဖြစ်၊ (၂) ကောင်းကင်မှာ လှပမှုအတွက် ဆင်ယင် တန်ဆာအဖြစ်၊ (၃) ကောင်းကင်ပေါ်တက်ပြီး သတင်းစကားတွေကို ခိုးနားထောင်တဲ့ရှိုင်သွာန် တွေကို ပစ်ဖို့လက်နက်အဖြစ် ဖန်ဆင်းတော်မူခဲ့တယ်။ (သိုင်စီရွလ်ကရီမ်ရ်ရဟ်မာန်)

وَلِلَّذِيْنَ كَفَرُوْا بِرَبِّهِمْ عَذَابُ جَهَنَّمَ ۖ وَبِئْسَ الْمَصِيْرُ ﴿٦﴾

(၆) ထို့ပြင် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ငြင်း ပယ်သူများအတွက် ဂျဟန္နမ်ငရဲမီး၏ပြစ်ဒဏ်ရှိမည်။ ထို့ပြင် ၎င်း(ဂျဟန္နမ်ငရဲ) သည် အဘယ်မျှဆိုးရွားလှသော စခန်းဖြစ်လိုက်သနည်း။

اِذَآ اُلْقُوْا فِيْهَا سَمِعُوْا لَهَا شَهِيْقًا وَّهِيَ تَفُوْرُ ﴿٧﴾

(၇) သူတို့သည် ၎င်း(ငရဲ)ထဲတွင် ပစ်ချခြင်းခံခဲ့ကြရသည့်အခါ ၎င်း(ငရဲ) ၏ဟိန်းသံကို ကြားကြရမည်။ ထို့ပြင် ၎င်း(ငရဲ)သည် ဆူပွက်လျက်ရှိနေမည်။

تَكَادُ تَمَيَّزُ مِنَ الْغَيْظِ ۖ كُلَّمَآ اُلْقِيَ فِيْهَا فَوْجٌ سَاَلَهُمْ خَزَنَتُهَآ اَلَمْ يَاْتِكُمْ نَذِيْرٌ ﴿٨﴾

(၈) ၎င်း(ငရဲ)သည် အမျက်ဒေါသကြောင့် ပေါက်ကွဲလုနီးပါးဖြစ်နေ မည်။ ၎င်း(ဂျဟန္နမ်ငရဲ)ထဲသို့ အုပ်စုတစ်စု ပစ်ချခံရတိုင်း ၎င်း(ငရဲ)ကို စောင့် ကြပ်နေသော ကောင်းကင်တမန်များက "အသင်တို့ထံ သတိပေးနှိုးဆော်သူ မည်သူမျှ မလာခဲ့သလော"ဟု သူတို့အား မေးမြန်းကြမည်။

قَالُوْا بَلٰى قَدْ جَآءَنَا نَذِيْرٌ ۙ فَكَذَّبْنَا وَقُلْنَا مَا نَزَّلَ اللّٰهُ مِنْ شَيْءٍ ۚ اِنْ اَنْتُمْ اِلَّا فِيْ ضَلٰلٍ كَبِيْرٍ ﴿٩﴾

(၉) သူတို့က အဘယ်ကြောင့် မလာရမည်နည်း၊ အမှန်ပင် သတိပေး နှိုးဆော်သူသည် ကျွန်ုပ်တို့ထံသို့ လာခဲ့သည်။ ထို့နောက်လည်း ကျွန်ုပ်တို့က မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည့်အပြင် အလ္လာဟ်အရှင်မြတ်သည် မည် သည့်အရာမျှ ချပေးတော်မူသည်မရှိပေ၊ အသင်တို့သည် ကြီးကျယ်သော လမ်း မှားတွင် ရှိနေကြသည်ဟု ပြောဆိုခဲ့ကြကြောင်း ဖြေကြားကြမည်။

وَقَالُوا لَوْ كُنَّا نَسْمَعُ أَوْ نَعْقِلُ مَا كُنَّا فِي أَصْحَابِ السَّعِيرِ ﴿١٠﴾

(၁၀) ထို့ပြင် သူတို့က အကယ်၍ ကျွန်ုပ်တို့သည် နားထောင်ခဲ့ကြလျှင် သို့မဟုတ် နားလည်ခဲ့ကြလျှင် ကျွန်ုပ်တို့သည် ငရဲသားများ ဖြစ်ကြမည် မဟုတ်ပေဟု ပြောဆိုကြမည်။

فَاعْتَرَفُوا بِذَنْبِهِمْ فَسُحْقًا لِأَصْحَابِ السَّعِيرِ ﴿١١﴾

(၁၁) ထို့နောက် သူတို့သည် (ကိယာမသ်နေ့တွင်) သူတို့၏အပြစ်ကျူးလွန်မှုကို ဝန်ခံကြလိမ့်မည်။ သို့ဖြစ်ရာ ဂျဟန္နမ်ငရဲသားများအတွက် ကရုဏာမှ ကင်းဝေးမှု ရှိလိမ့်မည်။

إِنَّ الَّذِينَ يَخْشَوْنَ رَبَّهُمْ بِالْغَيْبِ لَهُمْ مَغْفِرَةٌ وَأَجْرٌ كَبِيرٌ ﴿١٢﴾

(၁၂) အမှန်စင်စစ် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို မမြင်ဘဲနှင့် ကြောက်ရွံ့သောသူများအတွက် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးမားသော အကျိုးကျေးဇူးရှိသည်။

وَأَسِرُّوا قَوْلَكُمْ أَوِ اجْهَرُوا بِهِ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ ﴿١٣﴾

(၁၃) ထို့ပြင် အသင်တို့သည်အသင်တို့၏စကားများကို လျှို့ဝှက်ပြောဆိုသည်ပင်ဖြစ်စေ၊ ကျယ်လောင်စွာပြောဆိုသည်ပင်ဖြစ်စေ အမှန်စင်စစ် အရှင်မြတ်သည် စိတ်နှလုံးများထဲတွင်ရှိသည်ကိုပင် အကြွင်းမဲ့သိရှိတော်မူသောအရှင်မြတ်ဖြစ်တော်မူသည်။

أَلَا يَعْلَمُ مَنْ خَلَقَ وَهُوَ اللَّطِيفُ الْخَبِيرُ ﴿١٤﴾

(၁၄) အရှင်မြတ်သည် အရှင်မြတ်ဖန်ဆင်းတော်မူခဲ့သော အဖန်ဆင်းခံများကို မသိဘဲနေမည်လော။ ထို့ပြင် အရှင်မြတ်သည် အလွန်နူးညံ့သိမ်မွေ့တော်မူသောအရှင်၊ အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။

هُوَ الَّذِي جَعَلَ لَكُمُ الْأَرْضَ ذَلُولًا فَامْشُوا فِي مَنَاكِبِهَا وَكُلُوا مِنْ رِزْقِهِ وَإِلَيْهِ النُّشُورُ ﴿١٥﴾

(၁၅) အရှင်မြတ်ပင် အသင်တို့အတွက် မြေပထဝီကို လက်အောက်ခံပြုလုပ်ပေးထားတော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုမြေပထဝီ၏သွားရာလမ်းများတွင် လှုပ်ရှားသွားလာကြပါ။ ထို့ပြင် အသင်တို့သည် အရှင်မြတ်ပေးသနားတော်မူသောရိဇ္ဇာမှ စားသုံးကြပါ။ ထို့ပြင် (အသင်တို့သည်) ရှင်ပြန်ထ၍ အရှင်မြတ်ထံတော်သို့ပင် ပြန်လည်ရောက်ရှိကြရမည် ဖြစ်သည်။

أَأَمِنْتُمْ مَنْ فِي السَّمَاءِ أَنْ يَخْسِفَ بِكُمُ الْأَرْضَ فَإِذَا هِيَ تَمُورُ ﴿١٦﴾

(၁၆) အသင်တို့သည် မိုးကောင်းကင်တွင် ရှိတော်မူသောအရှင်မြတ်ကို ထိုအရှင်မြတ်သည် အသင်တို့အား မြေမျိုစေတော်မူမည်မဟုတ်ပေဆိုပြီး စိုးရိမ်မှု ကင်းနေကြသလော။ ထိုသို့ (မြေမျိုစေတော်မူ)သောအခါ ထိုမြေပထဝီသည် ပြင်းထန်စွာ တုန်လှုပ်နေလိမ့်မည်။

أَمْ أَمِنتُم مَّن فِي السَّمَاءِ أَن يُرْسِلَ عَلَيْكُمْ حَاصِبًا ۖ فَسَتَعْلَمُونَ كَيْفَ نَذِيرِ ﴿١٧﴾

(၁၇) သို့မဟုတ် အသင်တို့သည် မိုးကောင်းကင်တွင်ရှိသော အရှင်မြတ်ကို ထိုအရှင်မြတ်သည် အသင်တို့အပေါ်တွင် ကျောက်စရစ်မိုး ရွာသွန်းစေ❶ တော်မူမည်မဟုတ်ပေဟု စိုးရိမ်မှုကင်းနေကြသလော။ သို့ဖြစ်လျှင် မကြာမီ ငါအရှင်မြတ်၏သတိပေးနှိုးဆော်မှုသည် မည်သို့ရှိခဲ့သည်ကို အသင်တို့ သိရှိကြလိမ့်မည်။

❶ အရှင်မြတ်က လူသ်ﷺရဲ့ အမျိုးသားတွေအပေါ်မှာရော ကအ်ဗဟ်ကျောင်းတော်ကို ဖြိုဖျက်မဲ့ အဗ်ရဟာဟ်ရဲ့ဆင်တပ်အပေါ်မှာပါ ကျောက်စရစ်ခဲမိုးတွေ ရွာသွန်းချပြီး ဖျက်ဆီးပစ်တော်မူခဲ့တယ်။ (ကုရ်အာန် - ၁၁း၈၂၊ ၁၀၅း၄)

وَلَقَدْ كَذَّبَ الَّذِينَ مِن قَبْلِهِمْ فَكَيْفَ كَانَ نَكِيرِ ﴿١٨﴾

(၁၈) ထို့ပြင် အမှန်စင်စစ် သူတို့မတိုင်မီ ရှိခဲ့ကြသည့်သူများကလည်း မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်ရာ ငါအရှင်မြတ်၏ပြစ်ဒဏ်သည် မည်သို့ရှိခဲ့သနည်း။

أَوَلَمْ يَرَوْا إِلَى الطَّيْرِ فَوْقَهُمْ صَافَّاتٍ وَيَقْبِضْنَ ۚ مَا يُمْسِكُهُنَّ إِلَّا الرَّحْمَٰنُ ۚ إِنَّهُ بِكُلِّ شَيْءٍ بَصِيرٌ ﴿١٩﴾

(၁၉) သူတို့သည် သူတို့၏အထက်တွင် ငှက်များကို အတောင်ပံများဖြန့်နေသည်ကိုလည်းကောင်း၊ (ထိုအတောင်ပံများကို) ရုပ်သိမ်းနေသည်ကိုလည်းကောင်း မမြင်ခဲ့ကြသလော။ ထိုငှက်များအား ရဟ်မာန်အနန္တကရုဏာတော်ရှင်မှလွဲ၍ မည်သူကမျှ ထိန်းသိမ်းမထားပေ။ အမှန်စင်စစ် အရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့မြင်တော်မူသောအရှင် ဖြစ်တော်မူသည်။

أَمَّنْ هَٰذَا الَّذِي هُوَ جُندٌ لَّكُمْ يَنصُرُكُم مِّن دُونِ الرَّحْمَٰنِ ۚ إِنِ الْكَافِرُونَ إِلَّا فِي غُرُورٍ ﴿٢٠﴾

(၂၀) ထို့ပြင် ရဟ်မာန်အနန္တကရုဏာတော်ရှင်မှလွဲ၍ အသင်တို့၏ စစ်တပ်အဖြစ် အသင်တို့အား ကူညီမည့်သူ မည်သူရှိမည်နည်း။ ထို့ပြင် ကာဖိရ်များသည် လှည့်စားမှုထဲ၌ပင် ရှိနေကြသည်။

أَمَّنْ هَٰذَا الَّذِي يَرْزُقُكُمْ إِنْ أَمْسَكَ رِزْقَهُ ۚ بَل لَّجُّوا فِي عُتُوٍّ وَنُفُورٍ ﴿٢١﴾

(၂၁) ထို့ပြင် အကယ်၍ အရှင်မြတ်သည် အရှင်မြတ်၏ရိဇ်ကွ်ကို ပိတ်

ပင်တော်မူခဲ့လျှင် အသင်တို့အား ရိဇ္ဇ်ာ မည်သူပေးမည်နည်း။ ထို့ပြင် သူတို့သည် ဆိုးသွမ်းမှုနှင့် စက်ဆုပ်ရွံရှာမှုထဲတွင် စွဲမြဲစွာ ရှိနေကြသည်။

أَفَمَن يَمْشِي مُكِبًّا عَلَىٰ وَجْهِهِۦٓ أَهْدَىٰٓ أَمَّن يَمْشِي سَوِيًّا عَلَىٰ صِرَٰطٍ مُّسْتَقِيمٍ ﴿٢٢﴾

(၂၂) သူ၏မျက်နှာပေါ်တွင် မှောက်လျက်သွားသည့်သူသည် ပို၍ လမ်းမှန်သူလော၊ သို့မဟုတ် ဖြောင့်မတ်သည့်လမ်းပေါ်တွင် တည့်မတ်စွာ သွားနေသူသည် ပို၍လမ်းမှန်သူလော။

قُلْ هُوَ ٱلَّذِيٓ أَنشَأَكُمْ وَجَعَلَ لَكُمُ ٱلسَّمْعَ وَٱلْأَبْصَٰرَ وَٱلْأَفْـِٔدَةَ ۖ قَلِيلًا مَّا تَشْكُرُونَ ﴿٢٣﴾

(၂၃) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အရှင်မြတ်ပင် အသင်တို့အား ဖန်ဆင်းတော်မူခဲ့သည့်အရှင်ဖြစ်တော်မူသည်။ ထို့ပြင် အသင်တို့အတွက် အရှင်မြတ်သည် နားနှင့်၊ မျက်စိများ၊ စိတ်နှလုံးများကို ပြုလုပ်ပေးသနားတော်မူခဲ့သည်။ အသင်တို့သည် အနည်းငယ်သာ ကျေးဇူးသိတတ်ကြသည်။

قُلْ هُوَ ٱلَّذِي ذَرَأَكُمْ فِي ٱلْأَرْضِ وَإِلَيْهِ تُحْشَرُونَ ﴿٢٤﴾

(၂၄) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အရှင်မြတ်ပင် အသင်တို့အား မြေပထဝီတွင် ပြန့်ပွားစေတော်မူခဲ့သည့်အရှင် ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်ထံသို့ပင် အသင်တို့ စုရုံးကြရမည်။

وَيَقُولُونَ مَتَىٰ هَٰذَا ٱلْوَعْدُ إِن كُنتُمْ صَٰدِقِينَ ﴿٢٥﴾

(၂၅) ထို့ပြင် "အကယ်၍ အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် ဤချိန်းဆိုချက်သည် မည်သည့်အခါ ဖြစ်မည်နည်း"ဟု သူတို့က ပြောဆိုကြသည်။

قُلْ إِنَّمَا ٱلْعِلْمُ عِندَ ٱللَّهِ وَإِنَّمَآ أَنَا۠ نَذِيرٌ مُّبِينٌ ﴿٢٦﴾

(၂၆) (အို-တမန်တော်)အသင်ပြောလိုက်ပါ- "(ထို)အသိသည် အလ္လာဟ်အရှင်မြတ်၌ပင် ရှိသည်။ ထို့ပြင် ငါသည် ထင်ရှားသော သတိပေးနှိုးဆော်သူတစ်ဦးသာ ဖြစ်သည်။

فَلَمَّا رَأَوْهُ زُلْفَةً سِيٓـَٔتْ وُجُوهُ ٱلَّذِينَ كَفَرُوا۟ وَقِيلَ هَٰذَا ٱلَّذِي كُنتُم بِهِۦ تَدَّعُونَ ﴿٢٧﴾

(၂၇) ထို့နောက် သူတို့သည် ထို(ပြစ်ဒဏ်)ကို နီးကပ်စွာ တွေ့မြင်ကြသည့်အခါ ကာဖိရ်များ၏ မျက်နှာများသည် ပျက်သွားကြမည်။ ထို့ပြင် ဤသည် အသင်တို့ တောင်းဆိုနေခဲ့ကြသည့်အရာပင် ဖြစ်သည်ဟု ပြောဆိုခံကြရမည်။

قُلْ أَرَءَيْتُمْ إِنْ أَهْلَكَنِيَ ٱللَّهُ وَمَن مَّعِيَ أَوْ رَحِمَنَا فَمَن يُجِيرُ ٱلْكَٰفِرِينَ مِنْ عَذَابٍ أَلِيمٍ ﴿٢٨﴾

(၂၈) (အို-တမန်တော်)အသင်ပြောလိုက်ပါ- အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ငါ့ကိုသာမက ငါနှင့်အတူရှိသည့်သူများကိုလည်း ဖျက်ဆီး

တော်မူခဲ့လျှင် ❶သို့မဟုတ် အရှင်မြတ်သည် ငါတို့ကို သနားကရုဏာ ပြုတော်မူခဲ့လျှင် ကာဖိရ်များအား နာကျင်စေသည့်ပြစ်ဒဏ်မှ မည်သူကာကွယ်မည်နည်း ဆိုသည်ကို အသင်တို့ ပြောပြကြပါ။

❶ အရှင်မြတ်က ဖျက်ဆီးတယ်ဆိုတာ -သေဆုံးရမဲ့အချိန်ရောက်လို့ သေဆုံးစေမှာကို ဆိုလိုတာ ဖြစ်တယ်။ (အသ်သဖ်စီရွလ်မုယတ်စရ်)

قُلْ هُوَ الرَّحْمٰنُ اٰمَنَّا بِهٖ وَعَلَيْهِ تَوَكَّلْنَا ۚ فَسَتَعْلَمُوْنَ مَنْ هُوَ فِيْ ضَلٰلٍ مُّبِيْنٍ ﴿٢٩﴾

(၂၉) (အို-တမန်တော်)အသင်ပြောလိုက်ပါ- အရှင်မြတ်ပင် ရဟ်မာန် ဆိုသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသည်။ အရှင်မြတ်ကိုပင် ငါတို့သည် ယုံကြည်ခဲ့ကြသည်။ ထို့ပြင် အရှင်မြတ်အပေါ်၌ပင် ငါတို့သည် ယုံပုံလွှဲအပ်ခဲ့ကြသည်။ ထို့ပြင် မည်သူသည် ထင်ရှားသည့်လမ်းမှားပေါ်တွင် ရှိနေသည်ကို မကြာမီ အသင်တို့ သိကြရမည်။

قُلْ اَرَءَيْتُمْ اِنْ اَصْبَحَ مَآؤُكُمْ غَوْرًا فَمَنْ يَّاْتِيْكُمْ بِمَآءٍ مَّعِيْنٍ ﴿٣٠﴾

(၃၀) (အို-တမန်တော်)အသင်ပြောလိုက်ပါ- အကယ်၍ အသင်တို့၏ရေသည် (မြေကြီးထဲသို့)တိမ်မြုပ် (စိမ့်ဝင်)ပျောက်ကွယ်သွားခဲ့လျှင် အသင်တို့ထံသို့ ကြည်လင်စီးတွေသည့်ရေကို မည်သူယူလာဦးမည်နည်း။❷

❷ လက်ရှိသောက်သုံးနေကြတဲ့ ရေတွေဟာ မြေကြီးထဲမှ ထုတ်ယူလို့မရနိုင်လောက်အောင် နစ်ဝင်သွားရင်၊ ခြောက်ခန်းသွားရင် ဘယ်သူက ရေကို ထုတ်ပေးမလဲ။ (အလင်းပြကျမ်း)

رکوعاتها٢ ٦٨ سُوْرَةُ الْقَلَمِ مَكِّيَّةٌ ٢ اٰياتها٥٢

## စူရဟ် ကလမ် (ကလောင်တံ ကဏ္ဍ) سُوْرَةُ الْقَلَمِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

نٓ وَالۡقَلَمِ وَمَا يَسۡطُرُوۡنَ ۙ﴿۱﴾

(၁) နူန် (ငါအရှင်မြတ်သည်) ကလောင်နှင့် ၎င်း(ကောင်းကင်တမန်)တို့ ရေးမှတ်နေကြသည်များကို သက်သေထူတော်မူသည်။❷

❷ ရေးမှတ်နေတဲ့အရာတွေဆိုတာ လူသားတွေရဲ့ကောင်းတာ မကောင်းတာကို ရေးမှတ်နေတာကို ဆိုလိုတယ်။ ကလောင်ဆိုတာ လောင်းပေ့ာမဟ်ဖူးဇ္ဖ်ကို ရေးမှတ်တဲ့ ကလောင်ကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

مَاۤ اَنۡتَ بِنِعۡمَةِ رَبِّكَ بِمَجۡنُوۡنٍ ۚ﴿۲﴾

(၂) အသင်(တမန်တော်)သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ရူးသွပ်သူမဟုတ်ပေ။❻

❻ တမန်တော်မြတ် ﷺ ဟာ အရပ်တွေရဲ့ကြားမှာ သစ္စာသမာဓိရှိသူအဖြစ်နဲ့ နှစ်ပေါင်းလေးဆယ်နာမည်ကျော်ကြားနေခဲ့ပြီး အရှင်မြတ်တစ်ပါးတည်းရှိတယ်လို့ ပြောတဲ့အခါကျမှ အရူးလို့ ပြောခံရတာဟာ သဘာဝကျလား မကျလားဆိုတာ ကိုယ့်ဘာသာ စဉ်းစားကြည့်ရင်တောင် လွယ်လွယ်လေး သိနိုင်တဲ့အချက်ဖြစ်တယ်။ ပြီးတော့ အရူးလို့ ပြောခံရသူရဲ့ ပါးစပ်က ထွက်တဲ့စကားတွေနဲ့ အာယသ်တော်တွေဟာလည်း အရူးတစ်ယောက်ပြောနိုင်တဲ့ စကားမျိုးမဟုတ်ဘူးဆိုတာ အလွန်မှ လွယ်လွယ်ကူကူ သိသာနိုင်တဲ့အချက်တွေဖြစ်နေတယ်။ (အလင်းပြကျမ်း)

وَاِنَّ لَكَ لَاَجۡرًا غَيۡرَ مَمۡنُوۡنٍ ۚ﴿۳﴾

(၃) ထို့ပြင် အမှန်စင်စစ် အသင့်အတွက် မကုန်နိုင်သော အကျိုးကျေးဇူးများရှိသည်။

وَاِنَّكَ لَعَلٰى خُلُقٍ عَظِيۡمٍ ﴿۴﴾

(၄) ထို့ပြင် အမှန်စင်စစ် အသင်သည် ကြီးမားမြင့်မြတ်သော အကျင့်စာရိတ္တပေါ်တွင် ရှိနေသည်။❼

❼ တမန်တော်မြတ် ﷺ ရဲ့သက်တမ်းတစ်လျှောက်လုံးမှာပြုလုပ်ခဲ့တဲ့အကျင့်စာရိတ္တတွေဟာလည်း အလွန်ပဲ မြင့်မြတ်ပြီး လူတိုင်းနှစ်သက်ဖွယ်ရာကောင်းတဲ့ အမူအကျင့်တွေပဲ ဖြစ်ခဲ့တယ်။ စံနမူနာအတုယူစရာတွေပဲဖြစ်တယ်။ အရှင်မြတ်ကလည်းကုရ်အာန် - ၃၃း၂၁မှာ တမန်တော်မြတ် ﷺ မှာ အတုယူစရာ ကောင်းမြတ်တဲ့ စံနမူနာတွေရှိတယ်လို့ အမိန့်ရှိထားတော်မူတယ်။ (အလင်းပြကျမ်း)

فَسَتُبۡصِرُ وَيُبۡصِرُوۡنَ ۝٥

(၅) ထို့နောက် မကြာမီ အသင်သည်လည်း မြင်ရမည်၊ သူတို့သည်လည်း မြင်ကြရမည်။

بِاَيِّكُمُ الۡمَفۡتُوۡنُ ۝٦

(၆) အသင်တို့ထဲမှ မည်သူသည် အရူးဆိုသည်ကို၊

اِنَّ رَبَّكَ هُوَ اَعۡلَمُ بِمَنۡ ضَلَّ عَنۡ سَبِيۡلِهٖ ۖ وَهُوَ اَعۡلَمُ بِالۡمُهۡتَدِيۡنَ ۝٧

(၇) အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အရှင်မြတ်၏လမ်းတော်မှ လွဲမှားသွားသည့်သူများကို အသိဆုံးဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် တရားလမ်းမှန် ရရှိကြသည့်သူများကိုလည်း အသိဆုံးဖြစ်တော်မူသည်။

فَلَا تُطِعِ الۡمُكَذِّبِيۡنَ ۝٨

(၈) သို့ဖြစ်ရာ အသင်သည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သူများ၏ စကားကို နားမထောင်လေနှင့်။

وَدُّوۡا لَوۡ تُدۡهِنُ فَيُدۡهِنُوۡنَ ۝٩

(၉) သူတို့သည် အကယ်၍ အသင်အလျှော့ပေးလိုက်လျှောလျှင် သူတို့လည်း အလျှော့ပေးလိုက်လျှောလိုကြသည်။

وَلَا تُطِعۡ كُلَّ حَلَّافٍ مَّهِيۡنٍ ۝١٠

(၁၀) ထို့ပြင် အသင်သည် မည်သည့် အလွန်ကျိန်ဆိုသူ၏စကားကိုမျှ နားမထောင်လေနှင့်၊ ထိုသူသည် အလွန်သေးသိမ်သူ၊

هَمَّازٍ مَّشَّآءٍۢ بِنَمِيۡمٍ ۝١١

(၁၁) အလွန်စောင်းချိတ်ကဲ့ရဲ့သူ၊ အလွန်ကုန်းချောသူ၊

مَّنَّاعٍ لِّلۡخَيۡرِ مُعۡتَدٍ اَثِيۡمٍ ۝١٢

(၁၂) ကောင်းမှုကို အလွန်တားမြစ်သူ၊ စည်းကမ်းကျူးလွန်သူ၊ အလွန်အပြစ်ကျူးလွန်သူ၊

عُتُلٍّۢ بَعۡدَ ذٰلِكَ زَنِيۡمٍ ۝١٣

(၁၃) ထိုအရည်အချင်းများ၏နောက် အလွန်ကြမ်းကြုတ်အန္တရာယ်ပြုသူ၊ မျိုးရိုးမစစ်သူလည်းဖြစ်သည်။

اَنۡ كَانَ ذَا مَالٍ وَّبَنِيۡنَ ۝١٤

(၁၄) ထိုသူသည် ပစ္စည်းရှင်၊ သားသမီးရှင်ဖြစ်သည့်အတွက်ကြောင့်။❶

❶ ပစ္စည်းဂုဏ်မောက်တဲ့သူ၊ သားသမီးဂုဏ်မောက်တဲ့သူကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

إِذَا تُتۡلَىٰ عَلَيۡهِ ءَايَٰتُنَا قَالَ أَسَٰطِيرُ ٱلۡأَوَّلِينَ ﴿١٥﴾

(၁၅) သူ၏ရှေ့၌ ငါအရှင်မြတ်၏အာယသ်တော်များကို ဖတ်ကြားခြင်း ခံရသည့်အခါ သူက (ဤသည်) ယခင်ကလူများ၏ ပုံပြင်များပင် ဖြစ်သည်ဟု ပြောဆိုသည်။

سَنَسِمُهُۥ عَلَى ٱلۡخُرۡطُومِ ﴿١٦﴾

(၁၆) မကြာမီ ငါအရှင်မြတ်သည် သူ၏နှာခေါင်းပေါ်တွင် တံဆိပ်ခတ် နှိပ်တော်မူမည်။ ❶

❶ အဲဒီကာဖိရ်တွေကို ကိယာမသ်နေ့မှာ လူသားအားလုံးရဲ့ရှေ့မှာ ပိုပြီး သေးသိမ်မှုထင်ရှားအောင် အမြဲရှိမဲ့ပြစ်ဒဏ်တစ်ခုအနေနဲ့ သူတို့ရဲ့နှာခေါင်းမှာ အမှတ်အသားလုပ်ပေးလိုက်မှာဖြစ်တယ်။ (အွဆ်မာနီ၊ အသ်သဖ်စီရွလ်မုယတ်စရ်)

إِنَّا بَلَوۡنَٰهُمۡ كَمَا بَلَوۡنَآ أَصۡحَٰبَ ٱلۡجَنَّةِ إِذۡ أَقۡسَمُواْ لَيَصۡرِمُنَّهَا مُصۡبِحِينَ ﴿١٧﴾

(၁၇) အမှန်စင်စစ် ငါအရှင်မြတ်သည် ဥယျာဉ်ပိုင်ရှင်များအား စမ်းသပ်တော်မူသကဲ့သို့ သူတို့အား စမ်းသပ်တော်မူခဲ့သည်။ တစ်ခါတွင် ထိုဥယျာဉ်ခြံရှင်များက အမှန်စင်စစ် သူတို့သည် နံနက်စောစောသွားကြပြီး ထိုဥယျာဉ်ခြံ၏ အသီးများကို ဆွတ်ခူးကြမည်ဟု ကျိန်ဆိုခဲ့ကြသည်။

وَلَا يَسۡتَثۡنُونَ ﴿١٨﴾

(၁၈) ထို့ပြင် သူတို့သည် (ထိုသို့ကျိန်ဆိုရာတွင် အင်န်ရှာအလ္လာဟ် "အလ္လာဟ်အရှင်မြတ်အလိုရှိတော်မူလျှင်" )ဟု ခြွင်းချက် မထားခဲ့ကြပေ။

فَطَافَ عَلَيۡهَا طَآئِفٞ مِّن رَّبِّكَ وَهُمۡ نَآئِمُونَ ﴿١٩﴾

(၁၉) သို့ဖြစ်ရာ သူတို့အိပ်ပျော်နေလျက်ရှိစဉ်၌ပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ လှည့်ပတ်သည့်အရာ(မီး)သည် ထိုခြံပေါ်တွင် လှည့်ပတ်(လောင်ကျွမ်း)ခဲ့သည်။

فَأَصۡبَحَتۡ كَٱلصَّرِيمِ ﴿٢٠﴾

(၂၀) ထို့နောက် နံနက်တွင် ထိုခြံသည် ဆွတ်ခူးရိတ်ဖြတ်ပြီးသကဲ့သို့ ဖြစ်သွားခဲ့သည်။

فَتَنَادَوۡاْ مُصۡبِحِينَ ﴿٢١﴾

(၂၁) ထို့ပြင် သူတို့သည် နံနက်စောစောထကြ၍ အချင်းချင်းဟစ်ခေါ် ခဲ့ကြသည်။

أَنِ ٱغۡدُواْ عَلَىٰ حَرۡثِكُمۡ إِن كُنتُمۡ صَٰرِمِينَ ﴿٢٢﴾

(၂၂) "အသင်တို့သည် အကယ်၍ အသီးများကို ဆွတ်ခူးလိုကြလျှင် အသင်တို့၏လယ်ယာခြံသို့ စောစောသွားကြပါ။"

فَانْطَلَقُوْا وَهُمْ يَتَخَافَتُوْنَ ﴿٢٣﴾

(၂၃) ထို့နောက် သူတို့သည် သူတို့အချင်းချင်း တီးတိုးစကားပြောလျက် ထွက်ခွာသွားကြသည်။

اَنْ لَّا يَدْخُلَنَّهَا الْيَوْمَ عَلَيْكُمْ مِّسْكِيْنٌ ﴿٢٤﴾

(၂၄) အသင်တို့ထံသို့ ထိုခြံတွင် မည်သည့်ဆင်းရဲသားမျှ ယနေ့ လုံးဝ မဝင်ရဟု (ပြောဆိုလျက်သွားကြသည်)။

وَّغَدَوْا عَلٰى حَرْدٍ قٰدِرِيْنَ ﴿٢٥﴾

(၂၅) ထို့ပြင် သူတို့သည် (မိမိဘာသာ မည်သူ့ကိုမျှ)မပေးဘဲ နေနိုင် လိမ့်မည်ဟု ထင်မှတ်၍ စောစောသွားခဲ့ကြသည်။

فَلَمَّا رَاَوْهَا قَالُوْٓا اِنَّا لَضَآلُّوْنَ ﴿٢٦﴾

(၂၆) ထို့နောက် သူတို့သည် ၎င်း(ခြံဥယျာဉ်)ကို မြင်တွေ့ကြသည့် အခါ ပြောဆိုကြသည်- အမှန်စင်စစ် ကျွန်ုပ်တို့သည် လမ်းမှားခဲ့ကြပြီဖြစ်သည်။

بَلْ نَحْنُ مَحْرُوْمُوْنَ ﴿٢٧﴾

(၂၇) ထိုသို့မဟုတ်၊ အမှန်စင်စစ် ကျွန်ုပ်တို့သည် နဖူးစာဆိုးသူများ၊ လက်မဲ့ဖြစ်စေခြင်းခံရသောသူများဖြစ်ကြရပြီ ဖြစ်သည်။

قَالَ اَوْسَطُهُمْ اَلَمْ اَقُلْ لَّكُمْ لَوْلَا تُسَبِّحُوْنَ ﴿٢٨﴾

(၂၈) သူတို့ထဲမှ မျှတစွာရှိသူ(အကောင်းဆုံးသူ)က “ကျွန်ုပ် အသင်တို့ အား (ယခင်ကတည်းက သတိပေး)ပြောကြားခဲ့သည် မဟုတ်လော။ အသင်တို့ သည် အဘယ်ကြောင့် (အလ္လာဟ်အရှင်မြတ်)စင်ကြယ်သန့်ရှင်းတော်မူကြောင်း မပြောဆိုကြသနည်း” ဟု ပြောဆိုခဲ့သည်။

قَالُوْا سُبْحٰنَ رَبِّنَآ اِنَّا كُنَّا ظٰلِمِيْنَ ﴿٢٩﴾

(၂၉) သူတို့က ပြောကြသည်-ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူ သောအရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါသည်။ အမှန်စင်စစ် ကျွန်ုပ် တို့ပင် မတရားသူများဖြစ်ကြပါသည်။

فَاَقْبَلَ بَعْضُهُمْ عَلٰى بَعْضٍ يَّتَلَاوَمُوْنَ ﴿٣٠﴾

(၃၀) ထို့နောက် သူတို့သည် သူတို့အချင်းချင်း တစ်ဦးဘက်တစ်ဦး လှည့်ပြီး တစ်ဦးက တစ်ဦးကို ပြစ်တင်ရှုတ်ချခဲ့ကြသည်။

قَالُوْا يٰوَيْلَنَآ اِنَّا كُنَّا طٰغِيْنَ ﴿٣١﴾

(၃၁) ထို့ပြင် သူတို့က ပြောဆိုခဲ့ကြသည်- ဩော်-ကျွန်ုပ်တို့ ဖြစ်မှ

ဖြစ်ရလေခြင်း၊ အမှန်စင်စစ် ကျွန်ုပ်တို့ပင် ဆိုးသွမ်းသူများ ဖြစ်ခဲ့ကြသည်။

عَسٰى رَبُّنَآ اَنۡ يُّبۡدِلَنَا خَيۡرًا مِّنۡهَاۤ اِنَّاۤ اِلٰى رَبِّنَا رٰغِبُوۡنَ ﴿٣٢﴾

(၃၂) ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ကျွန်ုပ်တို့အား ၎င်း(ဥယျာဉ်ခြံ)ထက် ကောင်းသည့်ဥယျာဉ်ခြံကို လဲလှယ်အစားပေးတော်မူကောင်း ပေးတော်မူမည်။ အမှန်စင်စစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ဘက်သို့ ပြန်လှည့်သူများဖြစ်ကြပါသည်။❶

❶ ဖခင်ထံက အမွေရခဲ့တဲ့ ခြံဥယျာဉ်ဖြစ်ခဲ့တယ်။ ဖခင်လက်ထက်က သီးနှံထွက်တဲ့အခါ မြို့တွင်းက ဆင်းရဲသားတွေပါခေါ်သွားပြီး ဝေငှပေးလေ့ရှိခဲ့တယ်။ သူသေဆုံးသွားတဲ့အခါ သားတွေက ဆင်းရဲသားတွေကို မပေးချင်ကြတဲ့အတွက် တိတ်တိတ်လေး စောစောထွက်သွားပြီး အသီးအနှံတွေကိုခူးဖို့ သွားခဲ့ကြတာဖြစ်တယ်။ အရှင်မြတ်က ပြစ်ဒဏ်ခတ်လိုက်တဲ့အတွက် သူတို့ဟာနောင်တရပြီး အရှင်မြတ်ဘက်ကို ပြန်လှည့်ခဲ့ကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

كَذٰلِكَ الۡعَذَابُ ؕ وَلَعَذَابُ الۡاٰخِرَةِ اَكۡبَرُ ۘ لَوۡ كَانُوۡا يَعۡلَمُوۡنَ ﴿٣٣﴾

(၃၃) ပြစ်ဒဏ်သည် ထိုသို့ပင် ဖြစ်သည်။ ထို့နောက် အမှန်စင်စစ် တမလွန်ဘဝ၏ပြစ်ဒဏ်သည် ပိုကြီးသည်။ (ထိုအရာကို) သူတို့သိကြလျှင် ကောင်းလိုက်မည်ပင်။

اِنَّ لِلۡمُتَّقِيۡنَ عِنۡدَ رَبِّهِمۡ جَنّٰتِ النَّعِيۡمِ ﴿٣٤﴾

(၃၄) အမှန်စင်စစ် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူမုသ်သကီများအတွက် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် စည်းစိမ်ရှိသော ဥယျာဉ်များ ရှိကြမည်။

اَفَنَجۡعَلُ الۡمُسۡلِمِيۡنَ كَالۡمُجۡرِمِيۡنَ ؕ ﴿٣٥﴾

(၃၅) ထို့နောက် ငါအရှင်မြတ်သည် မွတ်စ်လင်မ်အမိန့်နာခံသူများကို အမိန့်ဖီဆန်သူများကဲ့သို့ ပြုလုပ်တော်မူမည်လော။

مَا لَكُمۡ ࣞ كَيۡفَ تَحۡكُمُوۡنَ ۚ ﴿٣٦﴾

(၃၆) အသင်တို့ မည်သို့ ဖြစ်နေကြသနည်း၊ အသင်တို့သည် မည်သို့စီရင်ဆုံးဖြတ်ကြသနည်း။

اَمۡ لَكُمۡ كِتٰبٌ فِيۡهِ تَدۡرُسُوۡنَ ۙ ﴿٣٧﴾

(၃၇) အသင်တို့တွင် ကျမ်းဂန်ရှိနေ၍ အသင်တို့သည် ထိုကျမ်းဂန်ကို ဖတ်ရှုသင်ကြားလေ့လာနေကြသလော။

اِنَّ لَكُمۡ فِيۡهِ لَمَا تَخَيَّرُوۡنَ ۚ ﴿٣٨﴾

(၃၈) အမှန်စင်စစ် ထိုကျမ်းဂန်တွင် အသင်တို့ နှစ်သက်အလိုရှိသည့်

အရာများ ပါရှိနေသလော၊

أَمْ لَكُمْ أَيْمَانٌ عَلَيْنَا بَالِغَةٌ إِلَىٰ يَوْمِ الْقِيَامَةِ ۙ إِنَّ لَكُمْ لَمَا تَحْكُمُونَ ﴿٣٩﴾

(၃၉) သို့မဟုတ် အသင်တို့အတွက် ကိယာမသ်နေ့ထိ ငါအရှင်မြတ် အပေါ်တွင် တာဝန်ရှိသော ကျိန်ဆိုအာမခံချက်တစ်စုံတစ်ခု ရှိနေသလော၊ (ထို အာမခံချက်ထဲတွင်) အမှန်စင်စစ် အသင်တို့အတွက် အသင်တို့ စီရင်ဆုံးဖြတ် ချက်အတိုင်း ဖြစ်ရမည်(ဟု အာမခံထားသလော)။

سَلْهُمْ أَيُّهُم بِذَٰلِكَ زَعِيمٌ ﴿٤٠﴾

(၄၀) အသင်သည် သူတို့အား သူတို့ထဲမှ ထိုအရာကို အာမခံသည့်သူ သည် မည်သူနည်းဟု မေးမြန်းလိုက်ပါ။

أَمْ لَهُمْ شُرَكَاءُ فَلْيَأْتُوا بِشُرَكَائِهِمْ إِن كَانُوا صَادِقِينَ ﴿٤١﴾

(၄၁) သို့မဟုတ် သူတို့ထံတွင် တွဲဖက်ကိုးကွယ်ရာများရှိနေသလော၊ ထိုသို့ရှိလျှင် သူတို့သည် မှန်ကန်သူများဖြစ်ကြလျှင် ထိုတွဲဖက်ကိုးကွယ်ရာများ ကို ခေါ်ဆောင်လာခဲ့ရမည်ဖြစ်သည်။

يَوْمَ يُكْشَفُ عَن سَاقٍ وَيُدْعَوْنَ إِلَى السُّجُودِ فَلَا يَسْتَطِيعُونَ ﴿٤٢﴾

(၄၂) ထိုနေ့တွင် (အရှင်မြတ်၏)ခြေသလုံးတော်ဖွင့်လှစ်ခြင်း ခံရမည် ဖြစ်ပြီး သူတို့သည် စဂျ်ဒဟ်ဦးချရန် ဖိတ်ခေါ်ခံကြရမည်။ ထို့နောက်လည်း သူ တို့သည် (စဂျ်ဒဟ်)ပြုလုပ်နိုင်စွမ်းရှိမည်မဟုတ်တော့ပေ။ J

J ကိယာမသ်နေ့မှာ အရှင်မြတ်ဟာ အရှင်မြတ်ရဲ့ခြေသလုံးတော်ကို ဖွင့်လှစ်ပြသတော်မူမှာဖြစ် ကြောင်း ဗုခါရီကျမ်းမှာလည်း တမန်တော်မြတ် ﷺ ရဲ့မိန့်ခွန်းတော်တွေ လာရှိထားတယ်။ အဲဒီအချိန် မှာ မွတ်စ်လင်မ်တွေဟာ စဂျ်ဒဟ်ဦးချကြလိမ့်မယ်။ ဒါပေမဲ့ မုနာဖိက်၊ မုရှ်ရိက်၊ ကာဖိရ်တွေဟာ သူတို့ရဲ့ခါးဟာ ပျဉ်ချပ်ကြီးလို ဖြစ်နေပြီး ဦးချနိုင်မှာ မဟုတ်တော့ဘူး။ သတိထားရမဲ့အချက်တစ်ခု က ကုရ်အာန်ကျမ်းတော်မြတ်ထဲမှာ အရှင်မြတ်က အရှင်မြတ်ရဲ့ခြေ၊ အရှင်မြတ်ရဲ့လက်၊ အရှင်မြတ် ရဲ့မျက်နှာ စသဖြင့် အမိန့်ရှိထားတာ အမြောက်အမြားတွေ့ရမှာဖြစ်တယ်။ အဲဒါတွေ အရှင်မြတ်မှာ ရှိတယ်လို့ အရှင်မြတ်မိန့်တဲ့အတိုင်း ရှိကြောင်းယုံကြည်လိုက်ရုံပဲ ကျွန်တော်တို့မှာတာဝန်ရှိတယ်။ အရှင်မြတ်ရဲ့လက်က ဘယ်လိုလဲ၊ မျက်နှာက ဘယ်လိုပုံစံလဲ စသဖြင့် စဉ်းစားပိုင်ခွင့်မရှိဘူး။ ပြော ပိုင်ခွင့်လည်းမရှိဘူး။ အလ္လာဟ်အရှင်မြတ်က အရှင်မြတ်နဲ့ ပုံစံတူ မရှိဘူးလို့ အမိန့်ရှိထားတဲ့အတွက် စဉ်းစားလို့ မရနိုင်ဘူး။ အဲဒါကြောင့် အရှင်မြတ်အမိန့်ရှိတဲ့အတိုင်း ယုံကြည်လိုက်ရမှာဖြစ်တယ်။ အလ္လာဟ်အရှင်မြတ်အမိန့်ရှိတဲ့အတိုင်း၊ တမန်တော်မြတ် ﷺ ညွှန်ကြားတဲ့အတိုင်း အရှင်မြတ် အတွက် အရှင်မြတ်နဲ့ ထိုက်တန်စွာရှိတယ်လို့ အီမာန်ယုံကြည်ရင်အရှင်မြတ်လက်ခံမယ်ဆိုတာက အာမခံချက်ရှိပြီးသားဖြစ်တယ်။ အဲဒီထက် ပိုစရာလည်းမလိုဘူး၊ လျှော့စရာလည်း မလိုဘူး။

(အလင်းပြကျမ်း၊ ရှုရဟ်အကီဒဟ်သွဟာဝီယဟ်ကျမ်း)

خَاشِعَةً أَبْصَارُهُمْ تَرْهَقُهُمْ ذِلَّةٌ ۖ وَقَدْ كَانُوا يُدْعَوْنَ إِلَى السُّجُودِ وَهُمْ سَالِمُونَ ﴿٤٣﴾

(၄၃) သူတို့၏မျက်စိများသည် အောက်သို့စိုက်နေကြလိမ့်မည်။ သူတို့အပေါ် သေးသိမ်မှုသည် ဖုံးလွှမ်းနေလိမ့်မည်။ ထို့ပြင် အမှန်စင်စစ် သူတို့သည် ပကတိ ကျန်းမာကောင်းမွန်နေလျက်ရှိစဉ်က စဂ်ျဒဟ်ဦးချရန် ဖိတ်ခေါ်ခြင်းကို ခံခဲ့ကြရပြီးဖြစ်သည်။

فَذَرْنِي وَمَن يُكَذِّبُ بِهَٰذَا الْحَدِيثِ ۖ سَنَسْتَدْرِجُهُم مِّنْ حَيْثُ لَا يَعْلَمُونَ ﴿٤٤﴾

(၄၄) သို့ဖြစ်ရာ အသင်သည် ဤအာယသ်တော်များကို မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်သူများအား ငါအရှင်မြတ်နှင့်သာ လွှတ်ထားလိုက်ပါ။ မကြာမီ ငါအရှင်မြတ်သည် သူတို့အား သူတို့မသိကြသည့်နည်းဖြင့် (ပြစ်ဒဏ်ခတ်ခံရသည်အထိ) အဆင့်ဆင့်ဆွဲခေါ်သွားတော်မူမည်။

وَأُمْلِي لَهُمْ ۚ إِنَّ كَيْدِي مَتِينٌ ﴿٤٥﴾

(၄၅) ထို့ပြင်ငါအရှင်မြတ်သည်သူတို့အားဆိုင်းငံ့ပေးထားတော်မူသည်၊ အမှန်စင်စစ် ငါအရှင်မြတ်၏အကြံအစည်သည် အလွန်ခိုင်မြဲတောင့်တင်းသည်။

أَمْ تَسْأَلُهُمْ أَجْرًا فَهُم مِّن مَّغْرَمٍ مُّثْقَلُونَ ﴿٤٦﴾

(၄၆) အသင်သည် သူတို့ထံ အကျိုးကျေးဇူးတစ်စုံတစ်ခုတောင်းဆိုသည့်အတွက် သူတို့သည် ဒဏ်ဆောင်ရခြင်းကြောင့် ဝန်ပိနေကြသလော။

أَمْ عِندَهُمُ الْغَيْبُ فَهُمْ يَكْتُبُونَ ﴿٤٧﴾

(၄၇) သို့မဟုတ် သူတို့ထံတွင် အကွယ်ကအရာများကို (အသိ)ရှိနေ၍ သူတို့သည် ရေးမှတ်ထားကြသလော။

فَاصْبِرْ لِحُكْمِ رَبِّكَ وَلَا تَكُن كَصَاحِبِ الْحُوتِ إِذْ نَادَىٰ وَهُوَ مَكْظُومٌ ﴿٤٨﴾

(၄၈) သို့ဖြစ်ရာ အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၏စီရင်ဆုံးဖြတ်မှုကို စောင့်ဆိုင်းသည်းခံနေပါ။ ထို့ပြင် အသင်သည် ငါးရှင်ကဲ့သို့မဖြစ်ပါနှင့်။❷ တစ်ခါတွင် သူသည် (သောကကို) မျိုသိပ်ခံစားလျက် (သူ၏အရှင်မြတ်ကို) ဟစ်ခေါ်(တမ်းတ)ခဲ့သည်။

❷ ငါးရှင်ဆိုတာ ပင်လယ်ထဲမှာ ငါးကြီးအမျိုခံလိုက်ရတဲ့ တမန်တော်ယူနွတ်စ် عليه السلام ကို ဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

لَّوْلَا أَن تَدَارَكَهُ نِعْمَةٌ مِّن رَّبِّهِ لَنُبِذَ بِالْعَرَاءِ وَهُوَ مَذْمُومٌ ﴿٤٩﴾

(၄၉) အကယ်၍ ထိုငါးရှင်ကို သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ ကျေးဇူးတော်ကျရောက်လာခြင်းမရှိခဲ့လျှင် အမှန်ပင် ထိုငါးရှင်သည် အခြေမလှဖြစ်၍ လွင်တီးခေါင်ပြင်တွင် အပြစ်တင်ခံရလျက် ပစ်

ထားခြင်းကို ခံခဲ့ရမည်ဖြစ်သည်။❶

❶ တမန်တော်မြတ် ﷺဟာ တမန်တော်ယူနွတ်စ် عليه السلامလို အလျင်စလို မပြုလုပ်ဘဲ အရှင်မြတ်ရဲ့ အမိန့်တော်ကို စောင့်ဆိုင်းဖို့ အရှင်မြတ်က သတိပေးတော်မူတာဖြစ်တယ်။ (အလင်းပြကျမ်း)

فَاجْتَبٰهُ رَبُّهٗ فَجَعَلَهٗ مِنَ الصّٰلِحِيْنَ ﴿٥٠﴾

(၅၀) ထို့နောက် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က သူ့ကို ရွေးချယ်တော်မူပြီး ကောင်းမြတ်သည့်သူများထဲတွင် ပါဝင်စေတော်မူခဲ့သည်။

وَاِنْ يَّكَادُ الَّذِيْنَ كَفَرُوْا لَيُزْلِقُوْنَكَ بِاَبْصَارِهِمْ لَمَّا سَمِعُوا الذِّكْرَ وَيَقُوْلُوْنَ اِنَّهٗ لَمَجْنُوْنٌ ﴿٥١﴾

(၅၁) ထို့ပြင် အမှန်စင်စစ် ကာဖိရ်များသည် ကုရ်အာန်ကျမ်းတော်မြတ်ကို နားထောင်ကြသည့်အခါ သူတို့၏ မျက်စိများနှင့် အသင့်အား ချော်ကျအောင် (မရပ်နိုင်လောက်အောင်)လုပ်လုနီးပါးဖြစ်ကြသည်။❷ ထို့ပြင် သူတို့က အမှန်စင်စစ် ၎င်းသည် အရူးဖြစ်သည်ဟု ပြောဆိုကြသည်။

❷ ကာဖိရ် မုရှ်ရိက်တွေဟာ တမန်တော်မြတ် ﷺကို အစွလာမ်ကနေ ယိမ်းချော်ကျသွားဖို့ နည်းမျိုးပေါင်းစုံနဲ့ ကြိုးစားခဲ့ကြတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَمَا هُوَ اِلَّا ذِكْرٌ لِّلْعٰلَمِيْنَ ﴿٥٢﴾

(၅၂) ထိုကုရ်အာန်ကျမ်းတော်မြတ်သည် စကြဝဠာအားလုံးအတွက် ဆုံးမသြဝါဒဖြစ်သည်မှလွဲ၍ အခြားမဟုတ်ပေ။

==========

ركوعاتها٢ ٦٩سُوْرَةُ الْحَآقَّةِ مَكِّيَّةٌ٧٨ اٰياتها٥٢

## စူရဟ် ဟားက်ကဟ် (အမှန်ဖြစ်မည့်အရာကဏ္ဍ) سُوْرَةُ الْحَآقَّةِ

==========

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اَلْحَآقَّةُ ۝١

(၁) အမှန်မုချဖြစ်မည့်အရာ။

مَا الْحَآقَّةُ ۝٢

(၂) ထိုအမှန်မုချဖြစ်မည့်အရာဆိုသည်မှာ မည်သည့်အရာနည်း။

وَمَآ اَدْرٰىكَ مَا الْحَآقَّةُ ۝٣

(၃) ထို့ပြင် ထိုအမှန်မုချဖြစ်မည့်အရာသည် မည်သည့်အရာနည်းဆိုသည်ကို အသင်သိပါသလော။❷

❷ တကယ်ဖြစ်မဲ့အရာဟာ ကိယာမသ်ကို ဆိုလိုတာဖြစ်တယ်။ လေးနက်အောင် ထပ်ပြန်တလဲလဲ မေးထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

كَذَّبَتْ ثَمُوْدُ وَعَادٌۢ بِالْقَارِعَةِ ۝٤

(၄) ဆမူဒ်လူမျိုးများနှင့် အာဒ်လူမျိုးများသည် ဆိုက်ရောက်လာမည့် ဒုက္ခ(ကိယာမသ်)အား မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့ကြသည်။

فَاَمَّا ثَمُوْدُ فَاُهْلِكُوْا بِالطَّاغِيَةِ ۝٥

(၅) သို့ဖြစ်ရာ ဆမူဒ်လူမျိုးများသည် ပြင်းထန်သောအသံနှင့် သေကြေပျက်စီးစေခြင်းကို ခံခဲ့ကြရသည်။

وَاَمَّا عَادٌ فَاُهْلِكُوْا بِرِيْحٍ صَرْصَرٍ عَاتِيَةٍ ۝٦

(၆) ထို့ပြင် အာဒ်လူမျိုးများကမူ သောင်းကျန်းသော ပြင်းထန်သည့်လေမုန်တိုင်းနှင့် ဖျက်ဆီးခြင်းကို ခံခဲ့ကြရသည်။

سَخَّرَهَا عَلَيْهِمْ سَبْعَ لَيَالٍ وَّثَمٰنِيَةَ اَيَّامٍ حُسُوْمًا فَتَرَى الْقَوْمَ فِيْهَا صَرْعٰى كَاَنَّهُمْ اَعْجَازُ نَخْلٍ خَاوِيَةٍ ۝٧

(၇) အရှင်မြတ်သည် ထိုလေပြင်းမုန်တိုင်းအား ခုနစ်ညနှင့် ရှစ်ရက် တစ်ဆက်တည်း သူတို့အပေါ်တွင် စေခိုင်းတော်မူခဲ့သည်။ သို့ဖြစ်ရာ အသင်

သည် ထိုလူမျိုးများအား အမြစ်မှ ပြုတ်ထွက် ပြိုလဲခဲ့သော စွန်ပလွံပင်၏ ပင်မ ကြီးများကဲ့သို့ ထိုလေမုန်တိုင်းအောက်တွင် လဲကျသေကျေနေကြသည်ကို တွေ့ မြင်ရမည်။

فَهَلْ تَرٰى لَهُمْ مِّنْۢ بَاقِيَةٍ ﴿٨﴾

(၈) ထို့နောက် အသင်သည် သူတို့ထဲမှ (မသေဘဲ)မည်သူကျန်နေ သည်ကို တွေ့မြင်ရသေး၏လော။

وَجَآءَ فِرْعَوْنُ وَمَنْ قَبْلَهٗ وَالْمُؤْتَفِكٰتُ بِالْخَاطِئَةِ ﴿٩﴾

(၉) ထို့ပြင် ဖိရ်အောင်န်နှင့် သူ၏မတိုင်မီကသူများအပြင်၊ ထက်အောက် ပြောင်းပြန်လှန်ခံခဲ့ကြရသောရွာ(သူရွာသား)တို့သည်လည်း ပြစ်မှုကျူးလွန်ခဲ့ ကြသည်။

فَعَصَوْا رَسُوْلَ رَبِّهِمْ فَاَخَذَهُمْ اَخْذَةً رَّابِيَةً ﴿١٠﴾

(၁၀) ထို့ပြင် သူတို့သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် မြတ်က စေလွှတ်တော်မူသော တမန်တော်၏အမိန့်ကို ဖီဆန်ခဲ့ကြသည်။ သို့ဖြစ် ရာ အရှင်မြတ်သည် သူတို့အား အလွန်တင်းကျပ်သော ဖမ်းဆီးအရေးယူမှုမျိုး ဖြင့် ဖမ်းဆီးအရေးယူတော်မူခဲ့သည်။

اِنَّا لَمَّا طَغَا الْمَآءُ حَمَلْنٰكُمْ فِى الْجَارِيَةِ ﴿١١﴾

(၁၁) အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား ရေများအလွန် အကျူး လွှမ်းမိုးလာသည့်အခါ သင်္ဘောပေါ်တွင် တင်ဆောင်(ကယ်တင်)တော် မူခဲ့သည်။

لِنَجْعَلَهَا لَكُمْ تَذْكِرَةً وَّتَعِيَهَآ اُذُنٌ وَّاعِيَةٌ ﴿١٢﴾

(၁၂) ငါအရှင်မြတ်သည် ထိုအဖြစ်အပျက်ကို အသင်တို့အတွက် အမြဲ အောက်မေ့ဖွယ်ရာပြုလုပ်တော်မူရန်အတွက်နှင့် မှတ်သားထားသော နားများ သည် မှတ်ထားကြရန်အတွက် ပြုလုပ်တော်မူခြင်းဖြစ်သည်။

فَاِذَا نُفِخَ فِى الصُّوْرِ نَفْخَةٌ وَّاحِدَةٌ ﴿١٣﴾

(၁၃) ထို့နောက် တံပိုးခရာသည် တစ်ချက် မှုတ်လိုက်သည့်အခါတွင်၊

وَّحُمِلَتِ الْاَرْضُ وَالْجِبَالُ فَدُكَّتَا دَكَّةً وَّاحِدَةً ﴿١٤﴾

(၁၄) ထို့ပြင် မြေပထဝီနှင့် တောင်များသည် ပင့်မြှောက်ခြင်းကို ခံကြ ရ၍ တစ်ချက်တည်း ကြေညက်အောင် ထုထောင်းခြင်းကို ခံခဲ့ကြရသည့်အခါ၊

فَيَوْمَئِذٍ وَّقَعَتِ الْوَاقِعَةُ ﴿١٥﴾

(၁၅) ထို့ပြင် ထိုနေ့တွင် ကိယာမသ်သည် ဖြစ်ပျက်လာမည်။

وَانْشَقَّتِ السَّمَآءُ فَهِيَ يَوْمَئِذٍ وَّاهِيَةٌ ﴿١٦﴾

(၁၆) ထို့ပြင် မိုးကောင်းကင်သည် အက်ကွဲသွားပြီး ထိုနေ့တွင် ချည့်နဲ့ယိုယွင်းပျက်စီးသွားလိမ့်မည်။

وَّالْمَلَكُ عَلٰٓى اَرْجَآئِهَا ۗ وَيَحْمِلُ عَرْشَ رَبِّكَ فَوْقَهُمْ يَوْمَئِذٍ ثَمٰنِيَةٌ ﴿١٧﴾

(၁၇) ထို့ပြင် ကောင်းကင်တမန်များသည် ထိုမိုးကောင်းကင်၏ဘေးဘက်များတွင် ရှိကြလိမ့်မည်။ ထို့ပြင် ထိုနေ့တွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အရ်ရှ်ပလ္လင်တော်ကို ကောင်းကင်တမန်ရှစ်ပါးတို့က သူတို့အပေါ်တွင် ထမ်းရွက်နေကြလိမ့်မည်။❶

❶ အလ္လာဟ်အရှင်မြတ်ရဲ့အရ်ရှ်ပလ္လင်ကြီးကို ကောင်းကင်တမန်ရှစ်ပါးက ထမ်းရွက်ထားမယ်ဆိုတဲ့အတွက် ဘယ်လိုလုပ်ပြီး ထမ်းရွက်ထားနိုင်မှာလဲလို့ စဉ်းစားစရာမလိုဘူး။ အရှင်မြတ်က အရ်ရှ်ပလ္လင်ပေါ်မှာ ဘယ်လိုစံမြန်းမှာလဲဆိုတာလည်း စဉ်းစားစရာ သိစရာမလိုဘူး။ အရှင်မြတ်ကိုယ်တိုင်က ဒီလို အမိန့်ရှိထားတော့ အရှင်မြတ်အမိန့်ရှိထားသလောက်ပဲ အပိုအလိုမရှိ ယုံကြည်လိုက်ရုံပဲ ဖြစ်တယ်။ အဲဒီထက်ပိုပြီး စဉ်းစားခြင်း၊ ပြောဆိုခြင်း၊ ငြင်းခုံခြင်းဟူသမျှဟာ အကျိုးမရှိဘဲ ဆုံးရှုံးမှုပဲ ဖြစ်နိုင်တယ်။ (ရှရဟ်အကီဒဟ် သွဟာဝီယဟ်ကျမ်းမှာ အကျယ်ကြည့်နိုင်တယ်) မုဖ်သီရှဖီးအ်ဆပ် رحمه الله က အဲဒီအကီဒဟ်ယုံကြည်ချက်နဲ့ပတ်သက်ပြီး အခုလို ဖွင့်ဆိုထားပါတယ် - ကုရ်အာန်ကျမ်းတော်မြတ်ထဲမှာလာရှိတဲ့ အလ္လာဟ်အရှင်မြတ်ရဲ့ ဇားသ်တော် ဂုဏ်တော်တွေနဲ့ပတ်သက်ပြီး ဥပမာ - ၂း၂၁၀မှာ "သူတို့ဟာ သူတို့ထံကို အလ္လာဟ်အရှင်မြတ်ဟာ ကောင်းကင်တမန်တွေနဲ့တကွ တိမ်တွေမိုးကာ ကြွရောက်လာပြီး (စီရင်ချက်ချကာ)ကိစ္စပြီးဆုံးသွားတာကိုပဲ စောင့်မျှော်နေကြတယ်။" အဲဒီလို အလ္လာဟ်အရှင်မြတ်ရဲ့ကြွရောက်လာခြင်းဟာ ကိယာမသ် ရှင်ပြန်ထမဲ့နေ့မှာ အမှန်ပဲဖြစ်လိမ့်မယ်။ အဲဒီလိုကိစ္စတွေနဲ့ပတ်သက်ပြီး စွဟာဗဟ် သာဝကရ رضي الله عنهم အားလုံး၊ သာဗိအီန် رحمهم الله နောက်လိုက်အားလုံးနဲ့ အွမ္မသ်ရဲ့ရှေးယခင် ပညာရှင်တွေအားလုံးရဲ့နည်းလမ်းဟာ အခုလိုဖြစ်တယ် - အဲဒီလို မိန့်ဆိုထားတဲ့အကြောင်းအရာတွေဟာ အမှန်ဖြစ်ကြောင်း အကီဒဟ်ယုံကြည်ချက်ထားရမယ်။ ပြီးတော့ အဲဒါဟာ ဘယ်ပုံ ဘယ်နည်း ဘယ်လို ဖြစ်ပျက်မှာလဲလို့ မေးမြန်းစုံစမ်းမှုမပြုရဘူး။ အဲဒီလိုပဲ အလ္လာဟ်အရှင်မြတ်ရဲ့ ဇားသ်တော်နဲ့ စိဖာသ်ဂုဏ်တော်အားလုံးရဲ့ဇာစ်မြစ်အမှန်နဲ့ အခြေအနေတွေကို သိရှိဖို့ လူသားရဲ့ဉာဏ်မမီဘူး။
(မုဖ်သီရှဖီးအ်ဆပ် رحمه الله ၏ မအာရိဖွလ် ကုရ်အာန် အတွဲ - ၁၊ စာမျက်နှာ - ၅၀၀)

يَوْمَئِذٍ تُعْرَضُوْنَ لَا تَخْفٰى مِنْكُمْ خَافِيَةٌ ﴿١٨﴾

(၁၈) ထိုနေ့တွင် အသင်တို့သည် ရှေ့မှောက်သို့ ပို့ဆောင်ခြင်းခံကြရမည်။ ထို့ပြင် အသင်တို့၏လျှို့ဝှက်ချက်များအား တစ်ခုမျှ ဖုံးကွယ်ထား၍မရတော့ပေ။

فَاَمَّا مَنْ اُوْتِيَ كِتٰبَهٗ بِيَمِيْنِهٖ ۙ فَيَقُوْلُ هَآؤُمُ اقْرَءُوْا كِتٰبِيَهْ ﴿١٩﴾

(၁၉) ထို့နောက် သူ၏မှတ်တမ်းစာအုပ်ကို သူ၏လက်ယာလက်၌ ပေးအပ်ခြင်းခံရသူသည်(ပျော်ရွှင်လွန်း၍ သူများကို ဤသို့)ပြောဆိုမည်- "ယူကြည့်

ကြစမ်းပါ၊ ဖတ်ကြည့်ကြစမ်းပါ၊ ကျွန်ုပ်စာအုပ်ကို ။”

إِنِّي ظَنَنتُ أَنِّي مُلَٰقٍ حِسَابِيَهْ ﴿٢٠﴾

(၂၀) “အမှန်ပင် ကျွန်ုပ်သည်(လောကတွင်ရှိစဉ်က) အမှန်ပင် ကျွန်ုပ်သည် စာရင်းစစ်ဆေးမေးမြန်းမှုနှင့် တွေ့ဆုံရမည်ဟု ယုံကြည်ခဲ့သည်။”

فَهُوَ فِي عِيشَةٍ رَّاضِيَةٍ ﴿٢١﴾

(၂၁) ထို့နောက် သူသည် ကျေနပ်သော စည်းစိမ်တွင် နေရမည်။

فِي جَنَّةٍ عَالِيَةٍ ﴿٢٢﴾

(၂၂) မြင့်မြတ်သော သုခဘုံတွင်၊

قُطُوفُهَا دَانِيَةٌ ﴿٢٣﴾

(၂၃) ထိုသုခဘုံ၏သစ်သီးဝလံများသည် ညွတ်ကိုင်းနေလိမ့်မည်။

كُلُوا وَاشْرَبُوا هَنِيٓـًٔا بِمَآ أَسْلَفْتُمْ فِي الْأَيَّامِ الْخَالِيَةِ ﴿٢٤﴾

(၂၄) (ဤသို့ပြောခံရမည်) အသင်တို့သည် လွန်ခဲ့သော နေ့ရက်များတွင် အသင်တို့ ကြိုတင်ပို့ထားခဲ့ကြသော လုပ်ရပ်များကြောင့် အရသာရှိရှိ စားသောက်ကြပါ။

وَأَمَّا مَنْ أُوتِيَ كِتَٰبَهُۥ بِشِمَالِهِۦ فَيَقُولُ يَٰلَيْتَنِي لَمْ أُوتَ كِتَٰبِيَهْ ﴿٢٥﴾

(၂၅) ထို့နောက် သူ၏လက်ဝဲလက်၌ သူ၏မှတ်တမ်းစာအုပ်ပေးခြင်းခံရသူကမူ ပြောဆိုမည်- ဩော်-ကျွန်ုပ်သည် ကျွန်ုပ်၏မှတ်တမ်းစာအုပ်ကို ပေးခြင်းမခံရလျှင် အဘယ်မျှကောင်းလိုက်မည်နည်း။

وَلَمْ أَدْرِ مَا حِسَابِيَهْ ﴿٢٦﴾

(၂၆) ကျွန်ုပ်၏စာရင်းကိုလည်း မသိခဲ့ရလျှင် အဘယ်မျှကောင်းလိုက်မည်နည်း။

يَٰلَيْتَهَا كَانَتِ الْقَاضِيَةَ ﴿٢٧﴾

(၂၇) သေခြင်းသည် အဆုံးစီရင်ခဲ့လိုက်လျှင် အဘယ်မျှကောင်းလိုက်မည်နည်း။

مَآ أَغْنَىٰ عَنِّي مَالِيَهْ ﴿٢٨﴾

(၂၈) ကျွန်ုပ်၏ပစ္စည်းသည် ကျွန်ုပ်အတွက် မည်သည့်အရာမျှ အသုံးမဝင်ခဲ့တော့ပေ။

هَلَكَ عَنِّي سُلْطَٰنِيَهْ ﴿٢٩﴾

(၂၉) ကျွန်ုပ်၏ အာဏာ(အစွမ်းသတ္တိ)သည်လည်း ကျွန်ုပ်၏ထံမှ ကွယ်ပျောက်ပျက်စီးသွားပြီ။

خُذُوهُ فَغُلُّوهُ ﴿٣٠﴾

(၃၀) (ငရဲဘုံစောင့်များသည် ဤသို့ အမိန့်ပေးခြင်းခံကြရမည်။) အသင်တို့သည် သူ့အား ဖမ်းဆီးလိုက်ကြ၊ ထို့ပြင် သူ၏လည်ပင်းတွင် ကွင်းစွပ်လိုက်ကြ။

ثُمَّ الْجَحِيمَ صَلُّوهُ ﴿٣١﴾

(၃၁) ထို့ပြင် အသင်တို့သည် သူ့အား ဂျဟန္နမ်ငရဲဘုံထဲသို့ ပစ်ချလိုက်ကြ။

ثُمَّ فِي سِلْسِلَةٍ ذَرْعُهَا سَبْعُونَ ذِرَاعًا فَاسْلُكُوهُ ﴿٣٢﴾

(၃၂) ထို့ပြင် အသင်တို့သည် သူ့အား အတောင် ခုနစ်ဆယ်ရှိသော သံကြိုးနှင့် တုပ်နှောင်လိုက်ကြ။

إِنَّهُ كَانَ لَا يُؤْمِنُ بِاللَّهِ الْعَظِيمِ ﴿٣٣﴾

(၃၃) အမှန်စင်စစ် သူသည် အလွန်ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခဲ့သည်မဟုတ်ပေ။

وَلَا يَحُضُّ عَلَىٰ طَعَامِ الْمِسْكِينِ ﴿٣٤﴾

(၃၄) ဆင်းရဲသားများအား ကျွေးမွေးခြင်းအပေါ် တိုက်တွန်းလေ့ရှိခဲ့သည်လည်းမဟုတ်ပေ။

فَلَيْسَ لَهُ الْيَوْمَ هَاهُنَا حَمِيمٌ ﴿٣٥﴾

(၃၅) သို့ဖြစ်ရာ ယနေ့ ဤနေရာတွင် သူ၏မိတ်ဆွေသည် တစ်ဦးမျှ မရှိပေ။

وَلَا طَعَامٌ إِلَّا مِنْ غِسْلِينٍ ﴿٣٦﴾

(၃၆) (သူ့အတွက်) အစားအစာဟူ၍ အနာများမှ ထွက်သော သွေးပုပ် ပြည်ပုပ်[၁] မှလွဲ၍ အခြားမည်သည့်အရာမျှမရှိပေ။

[၁] သွေးပုပ်ပြည်ပုပ်လို့ တချို့က ဖွင့်ဆိုကြသလို တချို့က ဇက္ကူးမ်လို အပင်တစ်မျိုးဖြစ်တယ်လို့လည်း ဖွင့်ဆိုကြတယ်။ (အွဆ်မာနီ၊ အဆ်သဖ်စီရှလ်မုယဿတ်စ်ရ်၊ သိုင်စီရှလ်ကရီမိရ်ရဟ်မာန်)

لَا يَأْكُلُهُ إِلَّا الْخَاطِئُونَ ﴿٣٧﴾

(၃၇) ၎င်း(ရေညစ်ရေပုပ်)ကို အပြစ်ရှိသူမှလွဲ၍ မည်သူမျှ စားသုံးရမည် မဟုတ်ပေ။

فَلَا أُقْسِمُ بِمَا تُبْصِرُونَ ﴿٣٨﴾

(၃၈) ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့ မြင်ကြရသော အရာများကို သက်သေထူတော်မူသည်။

وَمَا لَا تُبْصِرُونَ ﴿٣٩﴾

(၃၉) ထို့ပြင် အသင်တို့ မမြင်ကြရသော အရာများကိုလည်း (သက်သေထူတော်မူသည်)။

إِنَّهُ لَقَوْلُ رَسُولٍ كَرِيمٍ ﴿٤٠﴾

(၄၀) အမှန်စင်စစ် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)သည် မြင့်မြတ်သော စေတမန်(ယူဆောင်လာခဲ့သော အရှင်မြတ်)၏စကားတော် အမှန်ပင်ဖြစ်သည်။

وَّمَا هُوَ بِقَوْلِ شَاعِرٍ ۚ قَلِيْلًا مَّا تُؤْمِنُوْنَ ﴿٤١﴾

(၄၁) ထို့ပြင်၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)သည်မည်သည့်ကဗျာဆရာ ၏ပြောဆိုချက်မှု မဟုတ်ပေ။ အသင်တို့သည် အနည်းငယ်သာ ယုံကြည်ကြသည်။

وَلَا بِقَوْلِ كَاهِنٍ ۚ قَلِيْلًا مَّا تَذَكَّرُوْنَ ﴿٤٢﴾

(၄၂) ထို့ပြင် မည်သည့်နက္ခတ်ဗေဒင်ဆရာ၏ ပြောဆိုချက်မှုလည်း မဟုတ်ပေ။ အသင်တို့သည် အနည်းငယ်သာ သတိတရားရကြသည်။

تَنْزِيْلٌ مِّنْ رَّبِّ الْعٰلَمِيْنَ ﴿٤٣﴾

(၄၃) (ထိုကုရ်အာန်ကျမ်းတော်မြတ်သည်) စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ ချပေးတော်မူသောအရာ (အာယသ်တော်များပင်)ဖြစ်သည်။

وَلَوْ تَقَوَّلَ عَلَيْنَا بَعْضَ الْاَقَاوِيْلِ ﴿٤٤﴾

(၄၄) ထို့ပြင် အကယ်၍ ၎င်း(တမန်တော်)သည် ငါအရှင်မြတ်အပေါ် တွင် အချို့စကားများကို လုပ်ကြံပြောဆိုခဲ့လျှင်၊

لَاَخَذْنَا مِنْهُ بِالْيَمِيْنِ ﴿٤٥﴾

(၄၅) အမှန်ပင် ငါအရှင်မြတ်သည် ၎င်းကို လက်ယာလက်(အင်အား) ဖြင့် ဖမ်းဆီးအရေးယူတော်မူမည်။

ثُمَّ لَقَطَعْنَا مِنْهُ الْوَتِيْنَ ﴿٤٦﴾

(၄၆) ထို့ပြင် အမှန်ပင် ငါအရှင်မြတ်သည် ၎င်း၏နှလုံး(သွေး)ကြော ကို ဖြတ်တောက်တော်မူခဲ့မည် ဖြစ်သည်။

فَمَا مِنْكُمْ مِّنْ اَحَدٍ عَنْهُ حٰجِزِيْنَ ﴿٤٧﴾

(၄၇) ထို့နောက် အသင်တို့ထဲမှ ၎င်းအား (ထိုပြစ်ဒဏ်မှ လွတ်မြောက်) ကာကွယ်တားဆီးနိုင်သူ မည်သူမျှရှိမည်မဟုတ်ပေ။

وَاِنَّهٗ لَتَذْكِرَةٌ لِّلْمُتَّقِيْنَ ﴿٤٨﴾

(၄၈) ထို့ပြင် အမှန်စင်စစ် ထိုကုရ်အာန်ကျမ်းတော်မြတ်သည် မုသ်သကီ ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများအတွက် ဆုံးမဩဝါဒပင် ဖြစ် သည်။

وَاِنَّا لَنَعْلَمُ اَنَّ مِنْكُمْ مُّكَذِّبِيْنَ ﴿٤٩﴾

(၄၉) ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့ထဲတွင် (ထို ကျမ်းကို) မဟုတ်မမှန်ဟု စွပ်စွဲ ငြင်းပယ်သူများလည်း ရှိနေသည်ကို အမှန်ပင် သိရှိတော်မူသည်။

وَإِنَّهُ لَحَسْرَةٌ عَلَى الْكَٰفِرِينَ ﴿٥٠﴾

(၅၀) ထို့ပြင် အမှန်စင်စစ် ၎င်း(ကျမ်းတော်)သည် ကာဖိရ်များအတွက် ဝမ်းနည်းကြေကွဲဖွယ်ရာပင် ဖြစ်သည်။

وَإِنَّهُ لَحَقُّ الْيَقِينِ ﴿٥١﴾

(၅၁) ထို့ပြင် အမှန်စင်စစ် ၎င်း(ကျမ်းတော်)သည် မလွဲမသွေပင် အမှန် ဖြစ်သည်။

فَسَبِّحْ بِاسْمِ رَبِّكَ الْعَظِيمِ ﴿٥٢﴾

(၅၂) သို့ဖြစ်ရာ အသင်(တမန်တော်)သည် အသင့်အား ဖန်ဆင်းမွေး မြူတော်မူသောအရှင်၊ အလွန်ကြီးကျယ်မြင့်မြတ်တော်မူသော အရှင်မြတ်၏နာမ တော်ကို စင်ကြယ်သန့်ရှင်းတော်မူကြောင်း ရွတ်ဆိုပါ။

====================================================================

ايا تها ٤٤ ٧٠ سُوْرَةُ الْمَعَارِجِ مَكِّيَّةٌ ٧٩ ركوعاتها ٢

## စူရဟ် မအာရိဂ်ျ (တက်ရာလမ်းများကဏ္ဍ) سُوْرَةُ الْمَعَارِجِ

====================================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

سَاَلَ سَآئِلٌۢ بِعَذَابٍ وَّاقِعٍۙ ۝١

(၁) တောင်းဆိုသူတစ်ဦးသည် ကျရောက်မည့်ပြစ်ဒဏ်ကို တောင်းဆိုသည်။

لِّلۡكٰفِرِيۡنَ لَيۡسَ لَهٗ دَافِعٌۙ ۝٢

(၂) ကာဖိရ်များအတွက် ၎င်း(ပြစ်ဒဏ်)ကို တွန်းလှန်ဖယ်ရှားမည့်သူ မည်သူမျှမရှိပေ။

مِّنَ اللّٰهِ ذِى الۡمَعَارِجِؕ ۝٣

(၃) (ဝိညာဉ်များ၊ ကောင်းမှုများနှင့် ကောင်းကင်တမန်များ)တက်ရာလမ်းများကို စိုးပိုင်တော်မူသောအလ္လာဟ်အရှင်မြတ်ထံတော်မှ (ကျရောက်မည်) ဖြစ်သည်။

تَعۡرُجُ الۡمَلٰٓـئِكَةُ وَالرُّوۡحُ اِلَيۡهِ فِىۡ يَوۡمٍ كَانَ مِقۡدَارُهٗ خَمۡسِيۡنَ اَلۡفَ سَنَةٍۚ ۝٤

(၄) ကောင်းကင်တမန်များနှင့် ဂျိဗ်ရီလ်သည် နေ့တစ်နေ့တွင် အရှင်မြတ်ထံတော်သို့ တက်ရောက်သွားကြသည်။ ထိုနေ့၏ အတိုင်းအတာသည် (ဤဘဝ၏)နှစ်ပေါင်းငါးသောင်းနှင့် ညီမျှသည်။

فَاصۡبِرۡ صَبۡرًا جَمِيۡلًا ۝٥

(၅) သို့ဖြစ်ရာ အသင်(တမန်တော်)သည် ကောင်းစွာ သည်းခံပါ။

اِنَّهُمۡ يَرَوۡنَهٗ بَعِيۡدًاۙ ۝٦

(၆) အမှန်စင်စစ် သူတို့သည် ၎င်း(ပြစ်ဒဏ်ကျရောက်မည့်နေ့)ကို ဝေးသည်ဟု မြင်ကြသည်။

وَّنَرٰٮهُ قَرِيۡبًاؕ ۝٧

(၇) ငါအရှင်မြတ်ကမူ ၎င်း(ပြစ်ဒဏ်ကျရောက်မည့်နေ့)ကို အနီး၌ပင် မြင်နေတော်မူသည်။

يَوۡمَ تَكُوۡنُ السَّمَآءُ كَالۡمُهۡلِۙ ۝٨

(၈) ထိုနေ့တွင် မိုးကောင်းကင်သည် ဆီအနည်ကဲ့သို့ ဖြစ်သွားမည်။

وَتَكُوْنُ الْجِبَالُ كَالْعِهْنِ ۝٩

(၉) ထို့ပြင် တောင်များသည် သိုးမွေးများကဲ့သို့ ဖြစ်သွားမည်။

وَلَا يَسْـَٔلُ حَمِيْمٌ حَمِيْمًا ۝١٠

(၁၀) ထို့ပြင် မည်သည့်ရင်းနှီးသည့်မိတ်ဆွေကမျှ အခြားရင်းနှီးသည့် မိတ်ဆွေကို မေးမည်မဟုတ်ပေ။

يُّبَصَّرُوْنَهُمْ ۗ يَوَدُّ الْمُجْرِمُ لَوْ يَفْتَدِيْ مِنْ عَذَابِ يَوْمِىِٕذٍۢ بِبَنِيْهِ ۝١١

(၁၁) သူတို့သည် အချင်းချင်း(မြင်အောင်)ပြသခြင်းကိုလည်း ခံကြရမည်။ (သို့ရာတွင် မိမိ၏အရေးကိစ္စမှလွဲ၍ မည်သူ့ကိုမျှ ဂရုစိုက်နိုင်မည်မဟုတ်ပေ)။ အပြစ်ရှိသည့်သူများသည် ထိုနေ့၏ပြစ်ဒဏ်မှ(လွတ်မြောက်ရန်) သူ၏သားများကို အစားထိုးလျော်ကြေးပေးပြီး လဲလှယ်၍ရလျှင် အဘယ်မျှ ကောင်းလိုက်မည်နည်းဟု ဆန္ဒဖြစ်လိမ့်မည်။

وَصَاحِبَتِهٖ وَاَخِيْهِ ۝١٢

(၁၂) ထို့ပြင် (လျော်ကြေးပေးပြီးလဲ၍ရမည်ဆိုလျှင်) သူ၏ကြင်ရာကိုသော်လည်းကောင်း၊ သူ၏ညီအစ်ကိုကိုသော်လည်းကောင်း၊

وَفَصِيْلَتِهِ الَّتِيْ تُـْٔوِيْهِ ۝١٣

(၁၃) သူ့ကို ခိုလှုံခွင့်ပေးထားသော ဆွေမျိုးသားချင်းများကိုသော်လည်းကောင်း၊

وَمَنْ فِى الْاَرْضِ جَمِيْعًا ۙ ثُمَّ يُنْجِيْهِ ۝١٤

(၁၄) မြေပြင်ထဝီတွင် ရှိသမျှသူအားလုံးကိုသော်လည်းကောင်း (လျော်ကြေးအဖြစ်ပေးပြီး) သူ့ကိုယ်သူလွတ်မြောက်အောင် လုပ်လိုလိမ့်မည်။

كَلَّا ۗ اِنَّهَا لَظٰى ۝١٥

(၁၅) လုံးဝမဖြစ်နိုင်ပေ၊ အမှန်စင်စစ် ထို(ငရဲမီး)သည် ဟုန်းဟုန်းတောက်နေသော၊

نَزَّاعَةً لِّلشَّوٰى ۝١٦

(၁၆) ဦးခေါင်းအရေခွံကို ခွာပစ်မည့် မီးတောက်မီးလျှံပင် ဖြစ်သည်။

تَدْعُوْا مَنْ اَدْبَرَ وَتَوَلّٰى ۝١٧

(၁၇) ထိုမီးသည် (အီမာန်မယူဘဲ)မျက်နှာလွှဲ ကျောခိုင်းထွက်သွားခဲ့သူကို ခေါ်ယူလိမ့်မည်။

وَجَمَعَ فَاَوْعٰى ۝١٨

(၁၈) (ပစ္စည်းဥစ္စာ)စုဆောင်းပြီး သိမ်းဆည်းထားခဲ့သူကိုလည်း (ခေါ်

ယူလိမ့်မည်)။ [၁]

[၁] တိရစ္ဆာန်တွေဟာ မြေကြီးပေါ်က အစာကောက်သလို ငရဲမီးက အဲဒီသူတွေကို ကောက်ယူခေါ်ငင်သွားလိုက်မှာဖြစ်တယ်။ (အိဗ်နုကဆီးရ်)

إِنَّ الْإِنسَانَ خُلِقَ هَلُوعًا ﴿١٩﴾

(၁၉) အမှန်စင်စစ် လူသားသည် စိတ်လောသူအဖြစ် ဖန်ဆင်းခြင်းခံခဲ့ရသည်။

إِذَا مَسَّهُ الشَّرُّ جَزُوعًا ﴿٢٠﴾

(၂၀) သူသည် ဒုက္ခရောက်လျှင် အလွန်သည်းမခံနိုင်သူဖြစ်သည်။

وَإِذَا مَسَّهُ الْخَيْرُ مَنُوعًا ﴿٢١﴾

(၂၁) ထို့ပြင် သူသည် ကောင်းခြင်းများရောက်လာလျှင် အလွန်စေးနှဲတွန့်တိုသူဖြစ်သည်။ [၂]

[၂] ဒါဟာ ကာဖိရ်တွေရဲ့ မကောင်းတဲ့အကျင့်စရိုက်ကို ဖော်ပြထားတာဖြစ်တယ်။ သူတို့ဟာ ဒုက္ခရောက်ရင် သည်းမခံနိုင်ကြဘူး။ သုခချမ်းသာရရင် ဘယ်သူ့ကိုမှ မပေးချင်ဘဲ တွန့်တိုကြတဲ့သူမျိုးတွေဖြစ်တယ်။ မွတ်စ်လင်မ်တွေထဲမှာ အဲဒီအကျင့်စရိုက်ရှိနေတယ်ဆိုရင် အမြန်ဆုံးထုတ်ပစ်ဖို့ကြိုးစားရမှာဖြစ်တယ်။ လာမဲ့အာယသ်တွေမှာ မွတ်စ်လင်မ်တွေရဲ့ ကောင်းတဲ့အကျင့်စရိုက်တွေကို ဖော်ပြထားတယ်။ အဲဒီအကျင့်တွေကို ကိုယ့်ထဲမှာ ထည့်သွင်းမွေးမြူရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

إِلَّا الْمُصَلِّينَ ﴿٢٢﴾

(၂၂) သို့ရာတွင် စွလာသ်ဝတ်ပြုသူများကမူ (ထိုသို့မဟုတ်ကြပေ)။

الَّذِينَ هُمْ عَلَىٰ صَلَاتِهِمْ دَائِمُونَ ﴿٢٣﴾

(၂၃) ထိုသူများသည် သူတို့၏ စွလာသ်ဆောက်တည်မှုပေါ်တွင် စွဲမြဲစွာ ရှိကြသည်။

وَالَّذِينَ فِي أَمْوَالِهِمْ حَقٌّ مَّعْلُومٌ ﴿٢٤﴾

(၂၄) ထို့ပြင် ထိုသူများသည် သူတို့၏ပစ္စည်းဥစ္စာများထဲတွင် သိရှိသတ်မှတ်ထားသော အခွင့်အရေးရှိသည်။

لِّلسَّائِلِ وَالْمَحْرُومِ ﴿٢٥﴾

(၂၅) တောင်းစားသည့်သူအတွက်နှင့် မတောင်းဘဲ(သိက္ခာစောင့်စည်း)နေသူအတွက်။

وَالَّذِينَ يُصَدِّقُونَ بِيَوْمِ الدِّينِ ﴿٢٦﴾

(၂၆) ထို့ပြင် ထိုသူများသည် ကောင်းကျိုးဆိုးကျိုးအစားပေးတော်မူမည့်နေ့ကို ယုံကြည်ထောက်ခံကြသည်။

وَالَّذِينَ هُم مِّنْ عَذَابِ رَبِّهِم مُّشْفِقُونَ ﴿٢٧﴾

(၂၇) ထို့ပြင် ထိုသူများသည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်နေကြသည်။

إِنَّ عَذَابَ رَبِّهِمْ غَيْرُ مَأْمُونٍ ﴿٢٨﴾

(၂၈) အမှန်စင်စစ် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ပြစ်ဒဏ်သည် မစိုးရိမ်ဘဲနေ၍ ရသည့်အရာမဟုတ်ပေ။

وَالَّذِينَ هُمْ لِفُرُوجِهِمْ حَافِظُونَ ﴿٢٩﴾

(၂၉) ထို့ပြင် ထိုသူများသည် သူတို့၏အရှက်အင်္ဂါများကိုလည်း ထိန်းသိမ်းကြသည်။

إِلَّا عَلَىٰ أَزْوَاجِهِمْ أَوْ مَا مَلَكَتْ أَيْمَانُهُمْ فَإِنَّهُمْ غَيْرُ مَلُومِينَ ﴿٣٠﴾

(၃၀) သူတို့၏ ဇနီးမိန်းမများမှလွဲ၍၊ သို့မဟုတ် သူတို့၏လက်ယာလက်များကပိုင်ဆိုင်သည့်(တရားဝင်) ကျွန်မများမှလွဲ၍၊ ထို့ပြင်(ထိုဇနီးများ၊ ကျွန်မများနှင့် ကာမဆက်ဆံမည်ဆိုလျှင်မူ) အမှန်စင်စစ် သူတို့သည် ကဲ့ရဲ့ပြစ်တင်ခြင်းခံထိုက်သည့်သူများ မဟုတ်ပေ။

فَمَنِ ابْتَغَىٰ وَرَاءَ ذَٰلِكَ فَأُولَٰئِكَ هُمُ الْعَادُونَ ﴿٣١﴾

(၃၁) ထို့နောက် ၎င်း(ဇနီးများနှင့် ကျွန်မများ)မှလွဲ၍ အခြားသူများအား တောင့်တရှာဖွေကြသည့်သူများသည် စည်းကမ်းဖောက်ဖျက် ကျူးလွန်သူများပင်ဖြစ်ကြသည်။

وَالَّذِينَ هُمْ لِأَمَانَاتِهِمْ وَعَهْدِهِمْ رَاعُونَ ﴿٣٢﴾

(၃၂) ထို့ပြင် ထို(စွလာသ်ဝတ်ပြု)သူများသည် သူတို့ ယုံကြည်လွှဲအပ်ခြင်းခံကြရခြင်းများနှင့် သူတို့၏ကတိဝန်ခံချက်များကို စောင့်စည်းထိန်းသိမ်းသူများ ဖြစ်ကြသည်။

وَالَّذِينَ هُمْ بِشَهَادَاتِهِمْ قَائِمُونَ ﴿٣٣﴾

(၃၃) ထို့ပြင် ထိုသူများသည် သူတို့၏သက်သေခံချက်များကို တိကျစွာ ထွက်ဆိုကြသည်။

وَالَّذِينَ هُمْ عَلَىٰ صَلَاتِهِمْ يُحَافِظُونَ ﴿٣٤﴾

(၃၄) ထို့ပြင် ထိုသူများသည် သူတို့၏စွလာသ်ဝတ်ပြုမှုကို အမြဲမပြတ်စောင့်ထိန်းကြသည်။

أُولَٰئِكَ فِي جَنَّاتٍ مُكْرَمُونَ ﴿٣٥﴾

(၃၅) ထိုသူများသည် ဂျန္နသ်သုခဘုံတွင် ဂုဏ်ရှိရှိ စံစားကြရမည်။❶

❶ မွတ်စ်လင်မ်တွေရဲ့ ဂုဏ်အရည်အချင်း (၈)ခုကို အရှင်မြတ်က အမိန့်ရှိပြီးတဲ့အခါမှာ အဲဒီသူတွေဟာ သုခဘုံမှာ ဂုဏ်ရှိရှိနဲ့ စံစားရမဲ့အကြောင်း အမိန့်ရှိတော်မူတာဖြစ်တယ်။ အဲဒီဂုဏ်ရည်

(၈)ခုထဲမှာ အရှင်မြတ်က စွလာသ်ဝတ်ပြုတာနဲ့ အစပြုထားပြီး စွလာသ်ဝတ်ပြုတာနဲ့ပဲ အဆုံးသတ်ထားပေးတာကိုပဲ ကြည့်ပြီး စွလာသ်ဟာ ဘယ်လောက်အရေးကြီးလဲဆိုတာ သဘောပေါက်နိုင်တယ်။ အဲဒါကြောင့် ပိုပြီး ဂရုစိုက်ဖို့ လိုအပ်တယ်။ (အလင်းပြကျမ်း)

فَمَالِ الَّذِيْنَ كَفَرُوْا قِبَلَكَ مُهْطِعِيْنَ ﴿٣٦﴾

(၃၆) ထို့နောက် ကာဖိရ်များသည် အဘယ်ကြောင့် အသင့်ဘက်သို့ အပြေးအလွှားလာနေကြသနည်း။

عَنِ الْيَمِيْنِ وَعَنِ الشِّمَالِ عِزِيْنَ ﴿٣٧﴾

(၃၇) လက်ယာဘက်နှင့် လက်ဝဲဘက်မှ အဖွဲ့လိုက်၊ အုပ်စုလိုက်။

اَيَطْمَعُ كُلُّ امْرِئٍ مِّنْهُمْ اَنْ يُّدْخَلَ جَنَّةَ نَعِيْمٍ ﴿٣٨﴾

(၃၈) သူတို့ထဲမှ လူတိုင်းသည် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော သုခဘုံထဲသို့ ဝင်ရောက်လိုကြသလော။❶

❶ တမန်တော်မြတ် ﷺ ဟာ ကုရ်အာန်ဖတ်ရွတ်ပြီး ဂျန္နသ်နဲ့ ဂျဟန္နမ် အကြောင်းတရားဟောတဲ့အခါမှာ ကာဖိရ်တွေဟာ အမြန်ပြေးလာကြပြီး ပြောင်လှောင်ကြတယ်။ အဲဒီနောက် ဂျန္နသ်ကိုကျတော့ လိုချင်ကြတယ်။ ဘယ်လိုလုပ်ပြီးရမလဲ။ (အလင်းပြကျမ်း)

كَلَّا ۗ اِنَّا خَلَقْنٰهُمْ مِّمَّا يَعْلَمُوْنَ ﴿٣٩﴾

(၃၉) လုံးဝမဖြစ်ပေ။ အမှန်စင်စစ် ငါအရှင်မြတ်သည် သူတို့အား သူတို့သိရှိကြသည့်အရာဖြင့်သာ ဖန်ဆင်းတော်မူခဲ့သည်။

فَلَآ اُقْسِمُ بِرَبِّ الْمَشٰرِقِ وَالْمَغٰرِبِ اِنَّا لَقٰدِرُوْنَ ﴿٤٠﴾

(၄၀) ထို့နောက် နေထွက်ရာအရပ်များနှင့် နေဝင်ရာအရပ်များကို ဖန်ဆင်းတော်မူသော အရှင်မြတ်ကို တိုင်တည်တော်မူသည်။ အမှန်စင်စစ် ငါအရှင်မြတ်သည် တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။

عَلٰٓى اَنْ نُّبَدِّلَ خَيْرًا مِّنْهُمْ ۙ وَمَا نَحْنُ بِمَسْبُوْقِيْنَ ﴿٤١﴾

(၄၁) သူတို့၏အစား သူတို့ထက် သာပိုကောင်းသောသူများနှင့် လဲလှယ်တော်မူခြင်းအပေါ် (တတ်စွမ်းနိုင်တော်မူသောအရှင် ဖြစ်တော်မူသည်)။ ထို့ပြင် ငါအရှင်မြတ်သည် မစွမ်းဆောင်နိုင်သည့်အရှင် မဟုတ်ပေ။❷

❷ မက္ကာဟ်မြို့က ကုရိုင်းရှ်မျိုးနွယ်ဝင်တွေက တမန်တော်မြတ် ﷺ ပွင့်ပေါ်တဲ့ အစပိုင်းမှာ အစ္စလာမ်ကို လက်မခံတဲ့အခါကျတော့ အရှင်မြတ်က သူတို့ရဲ့အစား လူလဲပြီး အန်စွာရ်တွေကို လက်ခံနိုင်းတော်မူလိုက်တာဟာ အရှင်မြတ်ရဲ့တတ်စွမ်းနိုင်မှုကို ဖော်ပြလိုက်တာဖြစ်တယ်။ သူတို့ဟာ စံပြအနေနဲ့ ကူညီသူတွေဖြစ်ခဲ့ကြတယ်။ (အလင်းပြကျမ်း)

فَذَرْهُمْ يَخُوْضُوْا وَيَلْعَبُوْا حَتّٰى يُلٰقُوْا يَوْمَهُمُ الَّذِيْ يُوْعَدُوْنَ ﴿٤٢﴾

(၄၂) သို့ဖြစ်ရာ အသင်(တမန်တော်)သည် သူတို့အား သူတို့ ချိန်းဆို
ခြင်းခံရသည့်နေ့နှင့် တွေ့ဆုံကြသည်အထိ အလဟဿစကားများ ပြောဆိုနေ
ကြရန်အတွက်နှင့် ကစားခုန်စားနေကြရန်အတွက် လွှတ်ထားလိုက်ပါ။❻

❻ မှန်ကန်မှုတွေ ထင်ထင်ရှားရှား တွေ့မြင်နေရပါလျက်နဲ့ ဖွတ်မိုတ်ပြီး ငြင်းပယ်နေတဲ့သူတွေကို
သူတို့ငြင်းနေတဲ့ အဲဒီကိယာမသ်ကို  လက်တွေ့မြင်တွေ့ပြီး လက်တွေ့ပြစ်ဒဏ်ခံရတဲ့အထိသာ
လွှတ်ထားလိုက်ပါတော့၊ သူတို့နဲ့ အဲဒါပဲ တန်တယ်။ အသင်ဟာ သူတို့အတွက် စိတ်သောက
ရောက်မနေပါနဲ့တော့လို့ ဆိုလိုတဲ့သဘောဖြစ်တယ်။ (အလင်းပြကျမ်း)

يَوْمَ يَخْرُجُونَ مِنَ الْأَجْدَاثِ سِرَاعًا كَأَنَّهُمْ إِلَىٰ نُصُبٍ يُوفِضُونَ ﴿٤٣﴾

(၄၃) ထိုနေ့တွင် သူတို့သည် (လောကတွင်) ကိုးကွယ်ရာများထံသို့
ပြေးနေကြသည့်ပမာ သင်္ချိုင်းများမှ ထွက်ပြီး အမြန်ပြေးကြမည်။

خَاشِعَةً أَبْصَارُهُمْ تَرْهَقُهُمْ ذِلَّةٌ ۚ ذَٰلِكَ الْيَوْمُ الَّذِي كَانُوا يُوعَدُونَ ﴿٤٤﴾

(၄၄) သူတို့၏မျက်စိများသည် ငိုက်စိုက်ကျနေကြမည်။ သေးသိမ်မှု
သည် သူတို့အပေါ်တွင် ဖုံးလွှမ်းနေလိမ့်မည်။ ထိုအရာသည် သူတို့ ချိန်းဆိုခြင်း
ခံခဲ့ရသည့်နေ့ပင် ဖြစ်သည်။

====================================================================

رکوعاتها٢ ٧١-سُوۡرَةُ نُوۡحٍ مَكِّيَّةٌ٧١ اٰياتها٢٨

## စူရဟ် နူးဟ် (တမန်တော်နူးဟ်ကဏ္ဍ) سُوۡرَةُ نُوۡحٍ

====================================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اِنَّاۤ اَرۡسَلۡنَا نُوۡحًا اِلٰى قَوۡمِهٖۤ اَنۡ اَنۡذِرۡ قَوۡمَكَ مِنۡ قَبۡلِ اَنۡ يَّاۡتِيَهُمۡ عَذَابٌ اَلِيۡمٌ ﴿١﴾

(၁) အမှန်စင်စစ် ငါအရှင်မြတ်သည် (တမန်တော်)နူးဟ်ကို အသင်သည် အသင်၏အမျိုးသားများအား သူတို့ထံ နာကျင်စေသည့်ပြစ်ဒဏ် ဆိုက်ရောက်မလာမီ သတိပေးလိုက်ပါဟု ပြောဆိုမိန့်ကြား၍ ၎င်း၏အမျိုးသားများထံသို့ စေလွှတ်တော်မူခဲ့သည်။

قَالَ يٰقَوۡمِ اِنِّىۡ لَـكُمۡ نَذِيۡرٌ مُّبِيۡنٌ ۙ﴿٢﴾

(၂) ၎င်း(တမန်တော်နူးဟ်)ကပြောခဲ့သည်- အို-ငါ၏အမျိုးသားတို့၊ အမှန်စင်စစ် ငါသည် အသင်တို့အတွက် ထင်ရှားသော သတိပေးနှိုးဆော်သူဖြစ်သည်။

اَنِ اعۡبُدُوا اللّٰهَ وَاتَّقُوۡهُ وَاَطِيۡعُوۡنِ ۙ﴿٣﴾

(၃) အကြောင်းမှာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုပင် ကိုးကွယ်ကြပြီး အသင်တို့သည် အရှင်မြတ်အား ကြောက်ရွံ့ကြပါ။ ထို့ပြင် အသင်တို့သည် ငါ၏အမိန့်ကို နာခံကြပါ။

يَغۡفِرۡ لَـكُمۡ مِّنۡ ذُنُوۡبِكُمۡ وَيُؤَخِّرۡكُمۡ اِلٰٓى اَجَلٍ مُّسَمًّى ؕ اِنَّ اَجَلَ اللّٰهِ اِذَا جَآءَ لَا يُؤَخَّرُ ۘ لَوۡ كُنۡتُمۡ تَعۡلَمُوۡنَ ﴿٤﴾

(၄) အရှင်မြတ်သည် အသင်တို့၏ပြစ်မှုများကို ခွင့်လွှတ်ချမ်းသာပေးတော်မူမည့်အပြင် အရှင်မြတ်သည် အသင်တို့အား သတ်မှတ်ထားသည့်အချိန်ထိ ဆိုင်းငံ့ခွင့်ပေးတော်မူမည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားသည့်အချိန် ရောက်လာလျှင် ဆိုင်းငံ့၍ရမည်မဟုတ်ပေ။ အကယ်၍ အသင်တို့သည် သိရှိခဲ့ကြလျှင် ကောင်းလေစွ။

قَالَ رَبِّ اِنِّىۡ دَعَوۡتُ قَوۡمِىۡ لَيۡلًا وَّنَهَارًا ۙ﴿٥﴾

(၅) ၎င်း(တမန်တော်နူးဟ်)ကလျှောက်ထားခဲ့သည်- အို-ကျွန်ုပ်အား

ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အမှန်စင်စစ် ကျွန်ုပ်သည် ကျွန်ုပ်၏အမျိုးသား များအား နေ့သာမက ညဉ့်လည်း ဖိတ်ခေါ်ခဲ့ပါသည်။

فَلَمْ يَزِدْهُمْ دُعَآءِيٓ إِلَّا فِرَارًا ۝٦

(၆) ထို့နောက်လည်း ကျွန်တော်၏ဖိတ်ခေါ်မှုသည် သူတို့အား ထွက် ပြေးတိမ်းရှောင်မှုကိုပင် တိုးစေခဲ့ပါသည်။

وَإِنِّي كُلَّمَا دَعَوْتُهُمْ لِتَغْفِرَ لَهُمْ جَعَلُوٓا أَصَابِعَهُمْ فِيٓ ءَاذَانِهِمْ وَاسْتَغْشَوْا ثِيَابَهُمْ وَأَصَرُّوا وَاسْتَكْبَرُوا اسْتِكْبَارًا ۝٧

(၇) ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်သည် အရှင်မြတ်က သူတို့အား ခွင့် လွှတ်တော်မူရန်အတွက် မည်သည့်အခါပင်ဖြစ်စေ ကျွန်ုပ်သည် သူတို့အား ဖိတ်ခေါ်ခဲ့တိုင်း သူတို့သည် သူတို့၏နားများကို သူတို့၏လက်ချောင်းများဖြင့် ပိတ်ဆို့ထားခဲ့ကြပါသည်။ ထို့ပြင် သူတို့သည် သူတို့၏အဝတ်များကို (သူတို့၏ မျက်နှာနှင့် ကိုယ်ပေါ်တွင်) ဖုံးအုပ်ထားခဲ့ကြပါသည်။ (သူတို့ကလည်း ကျွန်ုပ် အား မမြင်ရအောင်၊ ကျွန်ုပ်ကလည်း သူတို့အား မမှတ်မိအောင် အတွက်ဖြစ် သည်)။ ထို့ပြင် သူတို့သည် (ငြင်းပယ်မှုထဲ၌ပင်) ဖွတ်ပေနေခဲ့ကြသည့်အပြင် မာနလည်း အလွန်ထောင်နေခဲ့ကြပါသည်။

ثُمَّ إِنِّي دَعَوْتُهُمْ جِهَارًا ۝٨

(၈) ထို့နောက် အမှန်ပင် ကျွန်ုပ်သည် သူတို့အား အသံကျယ်ကျယ် ဖြင့်လည်း ဖိတ်ခေါ်ခဲ့ပါသည်။

ثُمَّ إِنِّيٓ أَعْلَنتُ لَهُمْ وَأَسْرَرْتُ لَهُمْ إِسْرَارًا ۝٩

(၉) ထို့ပြင် အမှန်ပင် ကျွန်ုပ်သည် သူတို့အား ပွင့်လင်းစွာ ကြေညာ၍ လည်း ဖိတ်ခေါ်ခဲ့သည့်အပြင် ကျွန်ုပ်သည် သူတို့အား လျှို့ဝှက်စွာလည်း ဖိတ် ခေါ်မှုပြုခဲ့ပါသည်။

فَقُلْتُ اسْتَغْفِرُوا رَبَّكُمْ إِنَّهُۥ كَانَ غَفَّارًا ۝١٠

(၁၀) ထို့နောက် ကျွန်ုပ်က (သူတို့အား)ပြောပါသည် - အသင်တို့သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် လွတ်ငြိမ်း ချမ်းသာခွင့်တောင်းခံကြပါ။ အမှန်စင်စစ် အရှင်မြတ်သည် အကြိမ်ကြိမ် လွတ် ငြိမ်းချမ်းသာခွင့်ပေးတော်မူသောအရှင် ဖြစ်တော်မူသည်။

يُرْسِلِ السَّمَآءَ عَلَيْكُم مِّدْرَارًا ۝١١

(၁၁) အရှင်မြတ်သည် အသင်တို့အပေါ်တွင် ကောင်းမွန်စွာ(များပြားစွာ)ရွာချသည့်မိုးကို စေလွှတ်တော်မူမည်ဖြစ်သည်။❶

❶ ဒီအာယသ်တော်ကြောင့် တချို့ပညာရှင်ကြီးတွေက မိုးဆုတောင်းတဲ့ စွလာသ်ထဲမှာ ဒီစူရဟ်နူးဟ်ကို ထည့်ဖတ်ခြင်းဟာ မွတ်စ်သဟာဗ်လို့ ဆိုကြတယ်။ (အိုင်စရွှသ်သဖွာစီရ်)

وَيُمْدِدْكُم بِأَمْوَالٍ وَبَنِينَ وَيَجْعَل لَّكُمْ جَنَّاتٍ وَيَجْعَل لَّكُمْ أَنْهَارًا ﴿١٢﴾

(၁၂) ထို့ပြင် အရှင်မြတ်သည် အသင်တို့အား ပစ္စည်းဥစ္စာများ၊ သားသမီးများဖြင့် ကူညီတော်မူ(၍ တိုးတက်စေတော်မူ)မည်။ ထို့ပြင် အသင်တို့အတွက် ဥယျာဉ်များ ဖန်ဆင်းပေးတော်မူမည့်အပြင် ချောင်းများကိုလည်း စီးဆင်းစေတော်မူမည်။

مَّا لَكُمْ لَا تَرْجُونَ لِلَّهِ وَقَارًا ﴿١٣﴾

(၁၃) အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်မှုကို အဘယ်ကြောင့် မကြောက်ကြသနည်း။ (ယုံကြည်မှုနှင့် အမိန့်နာခံမှုကို အဘယ်ကြောင့် မပြုလုပ်ကြသနည်း)။

وَقَدْ خَلَقَكُمْ أَطْوَارًا ﴿١٤﴾

(၁၄) ထို့ပြင် အမှန်စင်စစ် အရှင်မြတ်သည် အသင်တို့ကို အဆင့်ဆင့်ပြောင်းလဲပြီးဖန်ဆင်းတော်မူခဲ့သည်။

أَلَمْ تَرَوْا كَيْفَ خَلَقَ اللَّهُ سَبْعَ سَمَاوَاتٍ طِبَاقًا ﴿١٥﴾

(၁၅) အလ္လာဟ်အရှင်မြတ်သည် မိုးခုနစ်ခုကို မည်သို့ အထပ်ထပ်ဖန်ဆင်းတော်မူခဲ့သည်ကို အသင်တို့သည် မမြင်ခဲ့ကြသလော။

وَجَعَلَ الْقَمَرَ فِيهِنَّ نُورًا وَجَعَلَ الشَّمْسَ سِرَاجًا ﴿١٦﴾

(၁၆) ထို့ပြင် အရှင်မြတ်သည် ထိုကောင်းကင်များတွင် လကို လင်းရောင်ခြည်ဖြစ်စေတော်မူခဲ့ပြီး နေကို မီးရှူးမီးတိုင် ပြုလုပ်တော်မူခဲ့သည်။

وَاللَّهُ أَنبَتَكُم مِّنَ الْأَرْضِ نَبَاتًا ﴿١٧﴾

(၁၇) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား မြေကြီးမှ အကောင်းဆုံးနည်းလမ်းဖြင့် ဖန်ဆင်းတော်မူခဲ့သည်။

ثُمَّ يُعِيدُكُمْ فِيهَا وَيُخْرِجُكُمْ إِخْرَاجًا ﴿١٨﴾

(၁၈) ထို့နောက် အရှင်မြတ်သည် အသင်တို့အား ထိုမြေပထဝီထဲသို့ပင် ပြန်ရောက်စေတော်မူမည်။ ထို့နောက် အသင်တို့အား (ထိုမြေထဲမှ)အပြင်သို့ထွက်စေတော်မူမည်။

وَاللّٰهُ جَعَلَ لَكُمُ الْاَرْضَ بِسَاطًا ﴿١٩﴾

(၁၉) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတွက် မြေပထဝီကို အခင်းပြုလုပ်တော်မူခဲ့သည်။

لِّتَسْلُكُوْا مِنْهَا سُبُلًا فِجَاجًا ﴿٢٠﴾

(၂၀) အသင်တို့သည် ထိုမြေပထဝီ၏လမ်းကျယ်များတွင် သွားလာနိုင်ကြရန်အတွက်ဖြစ်သည်။

قَالَ نُوْحٌ رَّبِّ اِنَّهُمْ عَصَوْنِيْ وَاتَّبَعُوْا مَنْ لَّمْ يَزِدْهُ مَالُهٗ وَوَلَدُهٗٓ اِلَّا خَسَارًا ﴿٢١﴾

(၂၁) (တမန်တော်)နူးဟ်က လျှောက်ထားခဲ့သည်- အို-ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အမှန်စင်စစ် ထိုအမျိုးသားများသည် ကျွန်ုပ်ကို ဖီဆန်ပြီး အကြင်(ခေါင်းဆောင်)သူများ၏ နောက်သို့ လိုက်သွားခဲ့ကြပါသည်။ ထို(ခေါင်းဆောင်)သူများ၏ ပစ္စည်းဥစ္စာများနှင့် သားသမီးများသည် ထို(ခေါင်းဆောင်)သူများအား(နှစ်ဘဝစလုံးတွင်) ပျက်စီးဆုံးရှုံးခြင်းမှလွဲ၍ မည်သည့်အရာမျှ တိုးပွားစေခြင်းမရှိပေ။

وَمَكَرُوْا مَكْرًا كُبَّارًا ﴿٢٢﴾

(၂၂) ထို့ပြင် ထိုအမျိုးသားများသည် ကြီးကျယ်သော အကြံအစည်များကို ကြံစည်ခဲ့ကြပါသည်။

وَقَالُوْا لَا تَذَرُنَّ اٰلِهَتَكُمْ وَلَا تَذَرُنَّ وَدًّا وَّلَا سُوَاعًا ۙ وَّلَا يَغُوْثَ وَيَعُوْقَ وَنَسْرًا ﴿٢٣﴾

(၂၃) ထို့ပြင် သူတို့က (လက်အောက်ငယ်သားများကို) ပြောဆိုခဲ့ကြပါသည်။ အသင်တို့သည် အသင်တို့၏ကိုးကွယ်ရာများကို လုံးဝမစွန့်လွှတ်ကြနှင့်။ ထို့ပြင် အသင်တို့သည် ဝဒ်၊ စုဝါအ်၊ ယဂူဆ်၊ ယအူက်၊ နတ်စ်ရ် ရုပ်တုများကို မစွန့်လွှတ်ကြနှင့်။❶

❶ ဒီအာယသ်ထဲက နာမည်တွေဟာ တမန်တော်နူးဟ် عليه السلام ရဲ့ အမျိုးသားတွေ ကိုးကွယ်ခဲ့ကြတဲ့ ရုပ်တုတွေရဲ့နာမည်တွေဖြစ်တယ်။ အရဗ်အမျိုးသားတွေလည်းတမန်တော်မြတ် ﷺ မပွင့်ပေါ်မီက ကိုးကွယ်ခဲ့ကြတယ်။ (အိဗ်နုကဆီးရ်)

وَقَدْ اَضَلُّوْا كَثِيْرًا ۚ وَلَا تَزِدِ الظّٰلِمِيْنَ اِلَّا ضَلٰلًا ﴿٢٤﴾

(၂၄) ထို့ပြင် အမှန်စင်စစ် သူတို့သည် လူအမြောက်အမြားကို လမ်းလွဲမှားစေခဲ့ကြပါသည်။ (သို့ဖြစ်ရာ) အရှင်မြတ်သည် မတရားသည့်သူများတွင် လမ်းလွဲမှုကိုပင် ပိုတိုးစေတော်မူပါ။

مِمَّا خَطِيْٓـٰٔتِهِمْ اُغْرِقُوْا فَاُدْخِلُوْا نَارًا ۙ فَلَمْ يَجِدُوْا لَهُمْ مِّنْ دُوْنِ اللّٰهِ اَنْصَارًا ﴿٢٥﴾

(၂၅) သူတို့သည် သူတို့၏ပြစ်မှုများကြောင့်ပင် နစ်မြုပ်စေခြင်းကို ခံခဲ့ကြရသည်။ ထို့ပြင် သူတို့သည် ငရဲမီးထဲသို့လည်း ဝင်ရောက်စေခြင်းခံခဲ့ကြရသည်။ သို့ဖြစ်ရာ သူတို့သည် အလ္လာဟ်အရှင်မြတ်မှလွဲ၍ ကူညီမည့်သူ မည်သူ့ကိုမျှ မတွေ့ခဲ့ကြပေ။

وَقَالَ نُوْحٌ رَّبِّ لَا تَذَرْ عَلَى الْاَرْضِ مِنَ الْكٰفِرِيْنَ دَيَّارًا ﴿٢٦﴾

(၂၆) ထို့ပြင် (တမန်တော်)နူးဟ်က လျှောက်ထားခဲ့သည်- အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် မြေပထဝီတွင် ကာဖိရ်များထဲမှ မည်သည့်နေထိုင်သူတစ်ဦးကိုမျှ ချန်ထားတော်မမူပါနှင့်။

اِنَّكَ اِنْ تَذَرْهُمْ يُضِلُّوْا عِبَادَكَ وَلَا يَلِدُوْٓا اِلَّا فَاجِرًا كَفَّارًا ﴿٢٧﴾

(၂၇) အမှန်ပင် အကယ်၍ အရှင်မြတ်သည် သူတို့အား ချန်ထားတော်မူခဲ့ပါလျှင် သူတို့သည် အရှင်မြတ်၏ကျွန်များကို လမ်းလွဲစေကြမည့်အပြင် သူတို့သည် အလွန်ကျေးဇူးကန်းငြင်းပယ်မည့်၊ အကျင့်စာရိတ္တဖောက်ပြန်မည့်သူများကိုသာ မွေးဖွားကြမည်ပင် ဖြစ်ပါသည်။❶

❶ တမန်တော်နူးဟ် ﷺ ရဲ့ အမျိုးသားတွေဟာ ဆိုးသထက်ဆိုးလာပြီး နောက်ဆုံးအခြေအနေမှာ လက်ရှိအီမာန်ယုံကြည်ပြီးသူကလွဲလို့ နောက်ထပ် အီမာန်ယုံကြည်တော့မှာ မဟုတ်ဘူးလို့ အရှင်မြတ်က အသိပေးလိုက်တဲ့အခါမှာ ၎င်းက အရှင်မြတ်ထံတော်မှာ အဲဒီလို ဆုတောင်းခဲ့တာဖြစ်တယ်။ အီမာန်ယုံတော့မှာ မဟုတ်တော့တဲ့နောက်တော့ သူတို့ကို ဆက်ထားရင် နောင်လာနောက်သားတွေမှာ အဲဒီလို ဆိုးတဲ့ရောဂါတွေပဲ ဆက်လက်ကူးစက်သွားမှာ ဖြစ်တဲ့အတွက်ကြောင့် တစ်ခါတည်း အပြတ်ရှင်းပစ်လိုက်ဖို့ တောင်းခံတာဖြစ်တယ်။ (အလင်းပြကျမ်း)

رَبِّ اغْفِرْ لِيْ وَلِوَالِدَيَّ وَلِمَنْ دَخَلَ بَيْتِيَ مُؤْمِنًا وَّلِلْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ ۗ وَلَا تَزِدِ الظّٰلِمِيْنَ اِلَّا تَبَارًا ﴿٢٨﴾

(၂၈) အို- ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်ုပ်၊ ကျွန်ုပ်၏မိဘနှစ်ပါးနှင့် ကျွန်ုပ်အိမ်တွင် ယုံကြည်သူအဖြစ်နှင့် ဝင်ရောက်သူများအပြင် အီမာန်ယုံကြည်သူယောကျ်ား၊ မိန်းမများကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူပါ။❷ ထို့ပြင် အရှင်မြတ်သည် မတရားသောသူများကိုမူ ပျက်စီးမှုကိုပင် တိုးပွားစေတော်မူပါ။

❷ တမန်တော်နူးဟ် ﷺ ဟာ ကာဖိရ်တွေကို အရေးယူဖို့ တောင်းဆိုပြီးတဲ့အခါ မွတ်စ်လင်မ်တွေ လွတ်ငြိမ်းချမ်းသာခွင့်ရဖို့ ဆုတောင်းခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

رکوعاتها ٢ ٧٢ سُوْرَةُ الْجِنِّ مَكِّيَّةٌ ٤٠ اٰياتها ٢٨

## စူရဟ် ဂျင်န် (ဂျင်န်သတ္တဝါ ကဏ္ဍ) سُوْرَةُ الْجِنِّ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

قُلْ اُوْحِيَ اِلَيَّ اَنَّهُ اسْتَمَعَ نَفَرٌ مِّنَ الْجِنِّ فَقَالُوْٓا اِنَّا سَمِعْنَا قُرْاٰنًا عَجَبًا ۝١

(၁) (အို - တမန်တော်)အသင်ပြောလိုက်ပါ- ငါ၏ထံသို့ ဤသို့ ဝဟီ အမိန့်တော် ထုတ်ပြန်ခြင်းခံခဲ့ရသည်။ အမှန်စင်စစ် ဂျင်န်တစ်စုသည်(ကုရ်အာန် ကျမ်းတော်မြတ်)ကို ကြားနာခဲ့ကြသည်။ ထို့နောက် သူတို့သည် (သူတို့ ဂျင်န် အမျိုးသားများထံ ပြန်သွား၍ ဤသို့)ပြောဆိုခဲ့ကြသည် - အမှန်စင်စစ် ကျွန်ုပ်တို့ သည် အံ့သြဖွယ်ရာကောင်းသော ကုရ်အာန်ကျမ်းတော်မြတ်ကို ကြားနာခဲ့ကြ သည်။❻

❻ တစ်နေ့မှာ တမန်တော်မြတ် ﷺ ဟာ သာဝကကြီး رضي الله عنهم တွေနဲ့အတူ ဖဂျ်ရ်စွလာသ်ဝတ်ပြုနေတုန်း ဂျင်န်သတ္တဝါအုပ်စုတစ်စု ရောက်လာပြီး ကုရ်အာန်ဖတ်ရွတ်သံ ကြားလိုက်ရတဲ့အပေါ်မှာ နားထောင်ပြီး အီမာန်ယုံကြည်ခဲ့ကြတယ်။ (အလင်းပြကျမ်း)

يَّهْدِيْٓ اِلَى الرُّشْدِ فَاٰمَنَّا بِهٖ ۭ وَلَنْ نُّشْرِكَ بِرَبِّنَآ اَحَدًا ۝٢

(၂) ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)သည် ဖြောင့်မတ်သော တရားလမ်း ကို ညွှန်ကြားပြသသည့်အတွက် ကျွန်ုပ်တို့သည် ၎င်း(ကျမ်းတော်)ကို ယုံကြည်ခဲ့ ကြပြီဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူ သောအရှင်မြတ်နှင့် မည်သူ့ကိုမျှ လုံးဝတွဲဖက်ကိုးကွယ်မည်မဟုတ်တော့ပေ။

وَّاَنَّهٗ تَعٰلٰى جَدُّ رَبِّنَا مَا اتَّخَذَ صَاحِبَةً وَّلَا وَلَدًا ۝٣

(၃) ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ဂုဏ်သည် မြင့်မြတ်သည်။ အရှင်မြတ်သည် မည်သူ့ကိုမျှ ကြင်ရာ အဖြစ်ပြုလုပ်ခဲ့သည်လည်းမရှိပေ။ ထို့ပြင် သားသမီးအဖြစ်လည်း ပြုလုပ်တော် မူခဲ့သည်မရှိပေ။

وَّاَنَّهٗ كَانَ يَقُوْلُ سَفِيْهُنَا عَلَى اللّٰهِ شَطَطًا ۝٤

(၄) ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့ထဲမှ အသိဉာဏ်မဲ့သူသည် အလ္လာဟ် အရှင်မြတ်နှင့်ပတ်သက်၍ လုံးဝမတရားသည့်စကားကို ပြောဆိုခဲ့သည်။❼

❶ အလ္လာဟ်အရှင်မြတ်မှာ သားရှိတယ်၊ သမီးရှိတယ်စတဲ့ မအပ်စပ်တဲ့စကားမျိုးတွေကို လုပ်ကြံ စွပ်စွဲပြောဆိုတာကို ဆိုလိုတယ်။ (အသ်သဖ်စီရ္ဂလ်မုယဿတ်စရ်)

وَّاَنَّا ظَنَنَّاۤ اَنۡ لَّنۡ تَقُوۡلَ الۡاِنۡسُ وَالۡجِنُّ عَلَى اللّٰهِ كَذِبًا ۟ۙ ﴿٥﴾

(၅) ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့အနေဖြင့် လူသားများနှင့် ဂျင်န်များသည် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ မုသားစကား လုံးဝပြောဆိုကြမည် မဟုတ်ပေဟု ထင်မှတ်နေခဲ့ကြသည်။

وَّاَنَّهٗ كَانَ رِجَالٌ مِّنَ الۡاِنۡسِ يَعُوۡذُوۡنَ بِرِجَالٍ مِّنَ الۡجِنِّ فَزَادُوۡهُمۡ رَهَقًا ۟ۙ ﴿٦﴾

(၆) ထို့ပြင် လူသားအချို့သည် ဂျင်န်အချို့ထံတွင် ခိုလှုံလေ့ရှိခဲ့ကြသည့်အတွက် ၎င်း(လူသား)တို့သည် ယင်း(ဂျင်န်)တို့၏ဆိုးသွမ်းမှုကို ပိုတိုးပွားစေခဲ့ကြသည်။❷

❷ အမိုက်ခေတ် အရပ်တွေဟာ ဂျင်န်တွေထံကနေ အကွယ်သတင်းတွေကို မေးလေ့ရှိကြတယ်။ တောတောင်ခရီးတွေထွက်ရင် အဲဒီတောင်ရဲ့အကြီးအကဲ ဂျင်န်တွေထံမှာ ခိုလှုံပါတယ်လို့ ပြောဆိုကြတဲ့အတွက် ဂျင်န်တွေဟာ သူတို့ကို ဆရာတင်ခံရလို့ ပိုမြောက်သွားကြပြီး ပိုဆိုးသွမ်းလာခဲ့ကြတယ်။ အဲဒီလို အခြေအနေကနေ ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်တဲ့အခါ အပြောက်အများ တည့်မတ်လာကြတော့တယ်။ (ဒုရ်ရေ့မန်ဆူရ်ဖီ သဖ်စီရေ့မအ်ဆူရ်၊ အိဗ်နုကသီးရ်၊ အလင်းပြကျမ်း)

وَّاَنَّهُمۡ ظَنُّوۡا كَمَا ظَنَنۡتُمۡ اَنۡ لَّنۡ يَّبۡعَثَ اللّٰهُ اَحَدًا ۟ۙ ﴿٧﴾

(၇) ထို့ပြင် အမှန်စင်စစ် ယင်း(ဂျင်န်)တို့သည် အသင်တို့ ထင်မြင်ယူဆကြသကဲ့သို့ အလ္လာဟ်အရှင်မြတ်သည် မည်သူ့ကိုမျှ (သေပြီးနောက်)လုံးဝရှင်ပြန်ထစေမည်မဟုတ်ပေ (မည်သူ့ကိုမျှ တမန်တော်အဖြစ်စေလွှတ်တော်မူမည် မဟုတ်ပေ)ဟု ထင်မြင်ယူဆခဲ့ကြသည်။

وَّاَنَّا لَمَسۡنَا السَّمَآءَ فَوَجَدۡنٰهَا مُلِئَتۡ حَرَسًا شَدِيۡدًا وَّشُهُبًا ۟ۙ ﴿٨﴾

(၈) ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည် မိုးကောင်းကင်ကို စူးစမ်းခဲ့ကြသည့်အခါ ထိုမိုးကောင်းကင်ကို ပြင်းထန်သော အစောင့်အကြပ်များနှင့်တကွ မီးတောက်မီးလျှံများဖြင့်လည်း ပြည့်နက်နေသည်ကို ကျွန်ုပ်တို့ တွေ့ခဲ့ကြရသည်။

وَّاَنَّا كُنَّا نَقۡعُدُ مِنۡهَا مَقَاعِدَ لِلسَّمۡعِ ؕ فَمَنۡ يَّسۡتَمِعِ الۡاٰنَ يَجِدۡ لَهٗ شِهَابًا رَّصَدًا ۟ۙ ﴿٩﴾

(၉) ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည် ထိုမိုးကောင်းကင်မှ (သတင်းများ)နားထောင်ရန် ထိုင်သည့်နေရာများတွင် ထိုင်လေ့ရှိခဲ့ကြသည်။ ယခုမူ မည်သူမဆို (သွားရောက်)နားထောင်လျှင် မီးကျီမီးခဲတစ်ခုအား သူ့အတွက် အသင့်စောင့်နေသည်ကို တွေ့ရမည် ဖြစ်သည်။

وَّاَنَّا لَا نَدۡرِىۡۤ اَشَرٌّ اُرِيۡدَ بِمَنۡ فِى الۡاَرۡضِ اَمۡ اَرَادَ بِهِمۡ رَبُّهُمۡ رَشَدًا ۟ۙ ﴿١٠﴾

(၁၀) ထို့ပြင် အမှန်စင်စစ် ကမ္ဘာသူကမ္ဘာသားများနှင့် ပတ်သက်၍ အဆိုးရည်ရွယ်ခြင်းခံရသလော၊ သို့မဟုတ် သူတို့နှင့်ပတ်သက်၍ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က တရားလမ်းမှန်ပြသရန် ရည်ရွယ်တော်မူသလောဆိုသည်ကို ကျွန်ုပ်တို့ မသိကြတော့ပေ။

وَّاَنَّا مِنَّا الصّٰلِحُوْنَ وَمِنَّا دُوْنَ ذٰلِكَ ۗ كُنَّا طَرَآئِقَ قِدَدًا ۙ﴿۱۱﴾

(၁၁) ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့ထဲတွင် အချို့သည် ကောင်းမြတ်သည့်သူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့ထဲတွင် အချို့ကမူ ထိုအရာနှင့်ခြားနားသည်။ ကျွန်ုပ်တို့အုပ်စု (ဂိုဏ်းဂဏ)အသီးသီးသည် လမ်းစဉ်အမျိုးမျိုး ဖြစ်ခဲ့ကြသည်။

وَّاَنَّا ظَنَنَّآ اَنْ لَّنْ نُّعْجِزَ اللّٰهَ فِى الْاَرْضِ وَلَنْ نُّعْجِزَهٗ هَرَبًا ۙ﴿۱۲﴾

(၁၂) ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်အား မြေပထဝီပေါ်တွင်လည်း မစွမ်းဆောင်နိုင်အောင် လုံးဝပြုလုပ်နိုင်ကြမည်မဟုတ်ကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်ခြင်းအားဖြင့်လည်း အရှင်မြတ်ကို မစွမ်းဆောင်နိုင်အောင် လုံးဝပြုလုပ်နိုင်ကြမည် မဟုတ်ကြောင်းကို သိရှိခဲ့ပြီးဖြစ်သည်။

وَّاَنَّا لَمَّا سَمِعْنَا الْهُدٰۤى اٰمَنَّا بِهٖ ۗ فَمَنْ يُّؤْمِنْۢ بِرَبِّهٖ فَلَا يَخَافُ بَخْسًا وَّلَا رَهَقًا ۙ﴿۱۳﴾

(၁၃) ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည် လမ်းမှန်ညွှန်ကြားပြသချက် (ဖြစ်သော ကျမ်းတော်မြတ်ကုရ်အာန်)ကို ကြားနာကြရသည့်အခါ ကျွန်ုပ်တို့သည် ထိုအရာကို ယုံကြည်လာခဲ့ကြသည်။ ထို့ပြင် မည်သူမဆို သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ယုံကြည်လျှင် ထိုသူသည် မည်သည့်နစ်နာမှုကိုမျှ စိုးရိမ်ရမည်မဟုတ်ပေ၊ ထို့ပြင် မည်သည့်မတရားလုပ်မှုကိုမျှလည်း စိုးရိမ်ရမည်မဟုတ်ပေ။

وَّاَنَّا مِنَّا الْمُسْلِمُوْنَ وَمِنَّا الْقٰسِطُوْنَ ۗ فَمَنْ اَسْلَمَ فَاُولٰٓئِكَ تَحَرَّوْا رَشَدًا ﴿۱۴﴾

(၁၄) ထို့ပြင် အမှန်စင်စစ် ကျွန်ုပ်တို့ထဲတွင် အချို့သည် မွတ်စ်လင်မ်များ ဖြစ်ကြသည်။ ထို့ပြင် ကျွန်ုပ်တို့ထဲတွင် အချို့သည် မတရား(ယုံကြည်ချက်ဖောက်ပြန်)သူများဖြစ်ကြသည်။ ထို့ပြင် အစ္စလာမ်သာသနာကို လက်ခံသောသူများသည် လမ်းမှန်ကို ရှာဖွေတွေ့ရှိသွားသောသူများပင် ဖြစ်ကြသည်။

وَاَمَّا الْقٰسِطُوْنَ فَكَانُوْا لِجَهَنَّمَ حَطَبًا ۙ﴿۱۵﴾

(၁၅) ထို့ပြင် မတရားသောသူများသည် ဂျဟန္နမ်ငရဲမီး၏လောင်စာများပင် ဖြစ်ကြသည်။

وَّاَنْ لَّوِ اسْتَقَامُوْا عَلَى الطَّرِيْقَةِ لَاَسْقَيْنٰهُمْ مَّآءً غَدَقًا ۙ﴿۱۶﴾

(၁၆) ထို့ပြင် အကယ်၍ သူတို့သည် လမ်း(မှန်)ပေါ်တွင် စွဲမြဲစွာ ရပ်တည်ခဲ့ကြလျှင် အမှန်ပင် ငါအရှင်မြတ်သည် ရေကို သူတို့အား ပေါများစွာ တိုက်ကျွေးတော်မူမည်ဖြစ်သည်။

لِّنَفْتِنَهُمْ فِيهِ ۚ وَمَن يُعْرِضْ عَن ذِكْرِ رَبِّهِ يَسْلُكْهُ عَذَابًا صَعَدًا ﴿١٧﴾

(၁၇) ငါအရှင်မြတ်သည် သူတို့အား ထိုရေနှင့် ပတ်သက်၍ စမ်းသပ်တော်မူရန်အတွက်ဖြစ်သည်။ ထို့ပြင် မည်သူမဆို သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား သတိရတသခြင်းမှ မျက်နှာလွှဲလျှင် အရှင်မြတ်သည် သူ့ကို ပြင်းထန်သော ပြစ်ဒဏ်ထဲတွင် ခံစားစေတော်မူမည်။

وَأَنَّ الْمَسَاجِدَ لِلَّهِ فَلَا تَدْعُوا مَعَ اللَّهِ أَحَدًا ﴿١٨﴾

(၁၈) ထို့ပြင် အမှန်စင်စစ် မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်များသည် အလ္လာဟ်အရှင်မြတ်အတွက်ပင်ဖြစ်ခြင်းကြောင့် အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်အတူ မည်သူ့ကိုမျှ မကိုးကွယ်ကြနှင့်။

وَأَنَّهُ لَمَّا قَامَ عَبْدُ اللَّهِ يَدْعُوهُ كَادُوا يَكُونُونَ عَلَيْهِ لِبَدًا ﴿١٩﴾

(၁၉) ထို့ပြင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ကျွန် (တမန်တော်မုဟမ္မဒ်)သည် အရှင်မြတ်အား ဟစ်ခေါ်ဝတ်ပြုရန် ရပ်သည့်အခါ သူတို့သည် ၎င်း၏အပေါ်တွင် ဝိုင်းအုံလုနီးပါးဖြစ်ခဲ့ကြသည်။❶

❶ ဂျင်န်တွေဟာ တမန်တော်မြတ် ﷺ ရဲ့ ကုရ်အာန်ဖတ်သံကို နားထောင်ချင်လို့ အုပ်စုလိုက်စုပြုံလာကြတယ်။ (အသ်သဖ်စီရွလ် မုယဿစ်ရ်)

قُلْ إِنَّمَا أَدْعُو رَبِّي وَلَا أُشْرِكُ بِهِ أَحَدًا ﴿٢٠﴾

(၂၀) (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ ငါသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကိုပင် ကိုးကွယ်သည်။ ထို့ပြင် ငါသည် မည်သူ့ကိုမျှ အရှင်မြတ်နှင့် မတွဲဖက်ပေ။

قُلْ إِنِّي لَا أَمْلِكُ لَكُمْ ضَرًّا وَلَا رَشَدًا ﴿٢١﴾

(၂၁) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်စင်စစ် ငါသည် အသင်တို့၏ဒုက္ခရောက်စေခြင်းကိုလည်းကောင်း၊ လမ်းမှန်ပေါ်ရောက်စေခြင်းကိုလည်းကောင်း မည်သည့်အရာမျှ တတ်စွမ်းနိုင်ခြင်းမရှိပေ။

قُلْ إِنِّي لَن يُجِيرَنِي مِنَ اللَّهِ أَحَدٌ وَلَنْ أَجِدَ مِن دُونِهِ مُلْتَحَدًا ﴿٢٢﴾

(၂၂) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အမှန်စင်စစ်(ငါသည် အလ္လာဟ်အရှင်မြတ်အားဖီဆန်ခဲ့လျှင်) မည်သူမျှ ငါ့ကို အလ္လာဟ်အရှင်မြတ်မှ ကာကွယ်နိုင်မည်မဟုတ်ပေ။ ထို့ပြင် ငါသည် အရှင်မြတ်ထံတော်မှလွဲ၍ မည်

သည့်ခိုလှုံရာနေရာကိုမျှလည်း တွေ့မည်မဟုတ်ပေ။

إِلَّا بَلَٰغًا مِّنَ ٱللَّهِ وَرِسَٰلَٰتِهِۦ ۚ وَمَن يَعْصِ ٱللَّهَ وَرَسُولَهُۥ فَإِنَّ لَهُۥ نَارَ جَهَنَّمَ خَٰلِدِينَ فِيهَآ أَبَدًا ﴿٢٣﴾

(၂၃) သို့ရာတွင် (ငါတတ်စွမ်းနိုင်သည်ကမူ အသင်တို့ထံ)အရှင်မြတ် ပို့ခိုင်းသည်များကို ပို့ဆောင်ခြင်းနှင့် (ငါ့ကို စေလွှတ်ပြီးခိုင်းထားသည့်)အရှင်မြတ်၏မှာကြားချက်များ(ကို လိုက်နာဆောင်ရွက်ခြင်း)သာ ဖြစ်သည်။ ထို့ပြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်ကို ဖီဆန်လျှင် အမှန်စင်စစ် ထိုသူ့အတွက် ဂျဟန္နမ်ငရဲမီးရှိသည်။ ထို(မီး)ထဲတွင် အမြဲနေထိုင်သူများဖြစ်လိမ့်မည်။

حَتَّىٰٓ إِذَا رَأَوْا۟ مَا يُوعَدُونَ فَسَيَعْلَمُونَ مَنْ أَضْعَفُ نَاصِرًا وَأَقَلُّ عَدَدًا ﴿٢٤﴾

(၂၄) နောက်ဆုံးတွင် သူတို့သည် သူတို့ခြိမ်းခြောက်ခြင်းခံရသော (ပြစ်ဒဏ်)ကို တွေ့မြင်ကြသည့်အခါ မည်သူ၏ကူညီစောင်မသူသည် အားနည်းကြောင်းနှင့် အရေအတွက်နည်းပါးကြောင်းကို မကြာမီ သိရှိကြလိမ့်မည်။

قُلْ إِنْ أَدْرِىٓ أَقَرِيبٌ مَّا تُوعَدُونَ أَمْ يَجْعَلُ لَهُۥ رَبِّىٓ أَمَدًا ﴿٢٥﴾

(၂၅) (အို-တမန်တော်) အသင်ပြောလိုက်ပါ- အသင်တို့ ချိန်းဆိုခြင်းခံကြရသောအရာ (ကိယာမသ်နေ့)သည် နီးကပ်စွာ ဖြစ်သလော၊ သို့မဟုတ် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က ၎င်း(ကိယာမသ်နေ့)ကို ဝေးလံစွာ ပြုလုပ်ထားသလောဆိုသည်ကို ငါမသိပေ။

عَٰلِمُ ٱلْغَيْبِ فَلَا يُظْهِرُ عَلَىٰ غَيْبِهِۦٓ أَحَدًا ﴿٢٦﴾

(၂၆) (အရှင်မြတ်သည်) အကွယ်တွင် ရှိသည်များကို သိတော်မူသော အရှင် ဖြစ်တော်မူသည်။ ထို့ပြင် အရှင်မြတ်သည် အရှင်မြတ်၏ အကွယ်မှအသိပညာကို မည်သူ့ကိုမျှ ထုတ်ဖော်အသိပေးတော်မမူပေ။[၂]

[၂] တချို့တမန်တော်တွေကို လိုအပ်သလောက်ပဲ အသိပေးတော်မူတယ်။ (အလင်းပြကျမ်း)

إِلَّا مَنِ ٱرْتَضَىٰ مِن رَّسُولٍ فَإِنَّهُۥ يَسْلُكُ مِنۢ بَيْنِ يَدَيْهِ وَمِنْ خَلْفِهِۦ رَصَدًا ﴿٢٧﴾

(၂၇) သို့ရာတွင် အရှင်မြတ်သည် အရှင်မြတ်ကျေနပ်နှစ်သက်တော်မူသော တမန်တော်တစ်ပါးပါးအား (အကွယ်မှ အသိတစ်စုံတစ်ခုပေးလိုတော်မူသည့်အခါ) အမှန်စင်စစ် ထိုအရှင်မြတ်သည် ထိုတမန်တော်၏ရှေ့နှင့် နောက်မှ အစောင့်အကြပ် (ကောင်းကင်တမန်)ကို စေလွှတ်တော်မူသည်။[၃]

[၃] အဲဒီလို အကွယ်က အရာတစ်ခုခုကို အသိပေးတဲ့အခါမှာလည်း ကောင်းကင်တမန်တွေနဲ့ အဖက်ဖက်က အစောင့်အကြပ်တွေ ချပေးထားတော်မူတယ်။ အသိပေးလိုက်တဲ့အရာဟာ တကယ်

ပဲ တိတိကျကျနဲ့ လူတွေထံကို ရောက်ရှိသွားဖို့အတွက်နဲ့ အနှောင့်အယှက်တစ်စုံတစ်ရာ ပေးခံရနိုင်တယ်ဆိုတဲ့ သံသယပါဝင်မလာနိုင်အောင် ပြုလုပ်ပေးတော်မူလိုက်တာဖြစ်တယ်။

(သွဗ်ရီ၊ ကုရ်သွုဗီ၊ ဗဂ်ဝီ)

لِّيَعْلَمَ اَنْ قَدْ اَبْلَغُوْا رِسٰلٰتِ رَبِّهِمْ وَاَحَاطَ بِمَا لَدَيْهِمْ وَاَحْصٰى كُلَّ شَيْءٍ عَدَدًا ﴿٢٨﴾

(၂၈) ထိုသူများ (လူသားတမန်တော်များနှင့် ကောင်းကင်တမန်များ) သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အကြောင်းကြားချက်များအား ပို့ဆောင်ခဲ့ကြသည်ကို အရှင်မြတ် သိတော်မူရန်အတွက် (ထိုသို့ ပြုလုပ်ရခြင်း)ဖြစ်သည်။❶ ထို့ပြင် အရှင်မြတ်သည် သူတို့၏အခြေအနေအားလုံးကို ဝန်းရံထားတော်မူသည်။ ထို့ပြင် အရာအားလုံး၏ အရေအတွက်ကိုလည်း ရေတွက်မှတ်သားထားတော်မူပြီး ဖြစ်သည်။

❶ အရှင်မြတ်က အစစအရာရာ ကာကွယ်စောင့်ရှောက်ပေးပြီး အကွယ်အသိကို ပို့ပေးပြီး ဖြစ်ပါလျက်နဲ့ တမန်တော်တွေဟာ အဲဒါကို လူတွေထံ သေသေချာချာ ပို့ဆောင်မှု ရှိမရှိ ထင်ရှားသိသာစေဖို့အတွက် အရှင်မြတ်က အဲဒီလို စနစ်တကျ ပို့ပေးတော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

ركوعاتها٢ ٧٣-سُوْرَةُ الْمُزَّمِّلِ مَكِّيَّةٌ٣ اٰياتها٢٠

## စူရဟ် မုဇ်ဇမ်မိလ် (အဝတ်ခြုံထားသူ ကဏ္ဍ) سُوْرَةُ الْمُزَّمِّلِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

يٰۤاَيُّهَا الۡمُزَّمِّلُ ۙ﴿۱﴾

(၁) အို - အဝတ်ခြုံထားသူ။❶

❶ တမန်တော်မြတ် ﷺ ဟာ အစပထမပိုင်းမှာ ကောင်းကင်တမန်ဂျိဗ်ရီလ် عليه السلام ကို မူရင်းအခြေအနေမှာ တွေ့ရလို့ ကြောက်လန့်သွားတာက တစ်ကြောင်း၊ (ကုရ်သွဗီ)၊ အရှင်မြတ်ရဲ့လေးလံတဲ့အာယသ်တော်တွေ ကျလာတာကို စိုးရိမ်ကြောင့်ကြမှုဖြစ်တာက တစ်ကြောင်းကြောင့် အိမ်သူအိမ်သားတွေကို စောင်ခြုံခိုင်းတော်မူခဲ့တယ်။ အဲဒီစောင်ခြုံထားတဲ့အခြေအနေကိုပဲ အရှင်မြတ်က နှစ်သက်မြတ်နိုးပြီး ချစ်စဖွယ် အို - စောင်ခြုံထားသူလို့ခေါ်ကာ အာယသ်တော်တွေ ချပေးတော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

قُمِ الَّيۡلَ اِلَّا قَلِيۡلًا ۙ﴿۲﴾

(၂) အသင်သည် ညဥ့် (စွလာသ်ဝတ်ပြုရန်)ထပါ၊ သို့ရာတွင် အနည်းငယ်(အိပ်ပါ)။

نِّصۡفَهٗۤ اَوِ انۡقُصۡ مِنۡهُ قَلِيۡلًا ۙ﴿۳﴾

(၃) ညဝက်၊ သို့မဟုတ် ညဝက်ထက် အနည်းငယ်လျှော့၍(အိပ်ပါ)။

اَوۡ زِدۡ عَلَيۡهِ وَرَتِّلِ الۡقُرۡاٰنَ تَرۡتِيۡلًا ؕ﴿۴﴾

(၄) သို့မဟုတ် ညတစ်ဝက်ထက်ပို၍(အိပ်ပါ)။❷ ထို့ပြင် အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို (သရ်သီလ်ဖြင့်)ဌာန်ကရိုဏ်းကျကျဖတ်ရွတ်ပါ။❸

❷ ညမှာ ထပြီး သဟဂျ်ဂျုဒ်စွလာသ်ကို ဝတ်ပြုခိုင်းထားတာဖြစ်တယ်။ အချိန်သုံးမျိုး ဖော်ပြထားတယ်။ (၁) ညတစ်ဝက် (၂) ည သုံးပုံနှစ်ပုံ (၃) ည သုံးပုံတစ်ပုံ။ အဲဒီထဲက ကြိုက်ရာရွေးနိုင်တယ်။ (အလင်းပြကျမ်း) ❸ အာယသ်တော်တွေကို စဉ်းစားပြီး ဖြည်းဖြည်းချင်း ရွတ်ဖတ်တဲ့ စည်းကမ်းတွေနဲ့အညီ ရွတ်ဖတ်ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

اِنَّا سَنُلۡقِىۡ عَلَيۡكَ قَوۡلًا ثَقِيۡلًا ﴿۵﴾

(၅) အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်၏အပေါ်တွင် လေးလံသောစကားတော်ကို မကြာမီ ချပေးတော်မူမည်။❹

❹ လေးနက်တဲ့ ကုရ်အာန်အာယသ်တော်တွေ ဆက်တိုက်ချပေးတော့မှာ ဖြစ်တဲ့အတွက် ညမှာ ထပြီး ခံနိုင်တဲ့အရည်အချင်းတွေဝင်အောင်လေ့ကျင့်ခိုင်းထားတာလည်းဖြစ်တယ်။(အလင်းပြကျမ်း)

اِنَّ نَاشِئَةَ الَّيۡلِ هِىَ اَشَدُّ وَطۡاً وَّاَقۡوَمُ قِيۡلًا ؕ﴿۶﴾

(၆) အမှန်စင်စစ် ညဉ့်ထခြင်းသည် စိတ်နှလုံးကို ပိုမိုထိရောက်မှု(စိတ်ပါဝင်စားမှု)ဖြစ်စေသည်။ ထို့ပြင် စကားကိုလည်း ရှင်းလင်းပြတ်သားစေသည်။

إِنَّ لَكَ فِي النَّهَارِ سَبْحًا طَوِيلًا ﴿٧﴾

(၇) အမှန်စင်စစ် နေ့တွင် အသင့်အတွက် လုပ်ငန်းဆောင်တာများ များပြားလှသည်။

وَاذْكُرِ اسْمَ رَبِّكَ وَتَبَتَّلْ إِلَيْهِ تَبْتِيلًا ﴿٨﴾

(၈) ထို့ပြင် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏နာမတော်ကို ရွတ်ဆိုတသပါ။ ထို့ပြင် အသင်သည် (လောကီရေးရာ လုပ်ငန်းဆောင်တာ) သံယောဇဉ်အတွယ်အတာများကို ဖြတ်တောက်ပြီး အရှင်မြတ်ဘက်သို့ပင် အာရုံစူးစိုက်လှည့်ပါ။

رَبُّ الْمَشْرِقِ وَالْمَغْرِبِ لَا إِلَٰهَ إِلَّا هُوَ فَاتَّخِذْهُ وَكِيلًا ﴿٩﴾

(၉) (အရှင်မြတ်သည်) နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ်ကို ဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်မှလွဲ၍ ကိုးကွယ်ထိုက်သည့်အရှင်မရှိပေ။ သို့ဖြစ်ရာ အသင်သည် ထိုအရှင်မြတ်ကိုပင် ကိစ္စဟူသမျှကို ဆောင်ရွက်ပေးသည့် အလွန်ယုံပုံလွှဲအပ်ခြင်းခံထိုက်တော်မူသော အရှင်အဖြစ် ရွေးချယ်ပြုလုပ်ပါ။

وَاصْبِرْ عَلَىٰ مَا يَقُولُونَ وَاهْجُرْهُمْ هَجْرًا جَمِيلًا ﴿١٠﴾

(၁၀) ထို့ပြင် အသင်(တမန်တော်)သည် သူတို့၏ပြောဆိုချက်များအပေါ်တွင် သည်းခံပါ။ ထို့ပြင် အသင်သည် သူတို့အား လှပစွာ ခွဲခွာပြီး လွတ်ကင်းစွာ နေလိုက်ပါ။

وَذَرْنِي وَالْمُكَذِّبِينَ أُولِي النَّعْمَةِ وَمَهِّلْهُمْ قَلِيلًا ﴿١١﴾

(၁၁) ထို့ပြင် အသင်(တမန်တော်)သည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသည့်စည်းစိမ်ရှင်များကို ငါအရှင်မြတ်နှင့် လွှတ်ထားလိုက်ပါ။ ထို့ပြင် အသင်သည် သူတို့အား အနည်းငယ် ဆိုင်းငံ့ခွင့်ပေးလိုက်ပါ။❻

❻ သူတို့ကို အရှင်မြတ်က အရေးယူမှာဖြစ်တဲ့အတွက် စိတ်ရှည်ရှည်နဲ့ သူတို့ကို လွှန်ထားခိုင်းလိုက်တာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ لَدَيْنَا أَنكَالًا وَجَحِيمًا ﴿١٢﴾

(၁၂) အမှန်စင်စစ် ငါအရှင်မြတ်ထံတော်တွင် (ခြေထိတ် ခတ်သည့်) သံခြေချင်းများနှင့် ဂျဟန္နမ်ငရဲရှိသည်။

وَطَعَامًا ذَا غُصَّةٍ وَعَذَابًا أَلِيمًا ﴿١٣﴾

(၁၃) ထို့ပြင် လည်မျိုတွင် တစ်ဆို့နေမည့် အစားအစာနှင့် နာကျင်စေ

သည့်ပြစ်ဒဏ်လည်း(ငါအရှင်မြတ်ထံတော်တွင် ရှိသည်)။

يَوْمَ تَرْجُفُ الْأَرْضُ وَالْجِبَالُ وَكَانَتِ الْجِبَالُ كَثِيبًا مَّهِيلًا ﴿١٤﴾

(၁၄) ထိုနေ့တွင် ကမ္ဘာမြေနှင့်တောင်များသည် တုန်လှုပ်သွားကြမည်။ ထို့ပြင် တောင်များသည် ရွှံ့လျှားလွင့်ပါးနေသောသဲသောင်များကဲ့သို့ ဖြစ်သွားကြမည်။

إِنَّا أَرْسَلْنَا إِلَيْكُمْ رَسُولًا ۙ شَاهِدًا عَلَيْكُمْ كَمَا أَرْسَلْنَا إِلَىٰ فِرْعَوْنَ رَسُولًا ﴿١٥﴾

(၁၅) အမှန်စင်စစ် ငါအရှင်မြတ်သည် ဖိရ်အောင်န်ထံသို့ တမန်တော်တစ်ပါး စေလွှတ်တော်မူသကဲ့သို့ပင် အသင်တို့ထံသို့လည်း တမန်တော်တစ်ပါးကို အသင်တို့အပေါ်တွင် သက်သေအဖြစ် စေလွှတ်တော်မူသည်။[၇]

[၇] တမန်တော်မြတ် ﷺ ဟာ ဘယ်သူဘယ်ဝါဟာ မိမိရဲ့စကားကို နားထောင်တယ်၊ မထောင်ဘူးဆိုတာ အရှင်မြတ်ရဲ့ရှေ့တော်မှာ သက်သေခံမှာဖြစ်တယ်။ (အလင်းပြကျမ်း)

فَعَصَىٰ فِرْعَوْنُ الرَّسُولَ فَأَخَذْنَاهُ أَخْذًا وَبِيلًا ﴿١٦﴾

(၁၆) ထို့နောက် ဖိရ်အောင်န်သည် ထိုတမန်တော်ကို ဖီဆန်ခဲ့သည့်အတွက် ငါအရှင်မြတ်သည် သူ့ကို ပြင်းထန်စွာ ဖမ်းဆီးအရေးယူတော်မူခဲ့သည်။[၁]

[၁] တမန်တော်မူစာ ﷺ ကိုဖီဆန်ခဲ့တဲ့သူတွေကို အရှင်မြတ်ဟာ ပြင်းပြင်းထန်ထန် အရေးယူခဲ့ပြီးဖြစ်တဲ့အတွက် တမန်တော်မြတ် ﷺ ကို ဖီဆန်တဲ့သူတွေကိုလည်း အရေးယူမှာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

فَكَيْفَ تَتَّقُونَ إِن كَفَرْتُمْ يَوْمًا يَجْعَلُ الْوِلْدَانَ شِيبًا ﴿١٧﴾

(၁၇) သို့ဖြစ်ရာ အကယ်၍ အသင်တို့သည် ငြင်းပယ်ခဲ့ကြလျှင် အသင်တို့သည် ထိုနေ့မှ မည်သို့လွတ်ကင်းအောင် ရှောင်ကြမည်နည်း။ ထိုနေ့သည် ကလေးငယ်များကိုပင် အဖိုးအိုများဖြစ်အောင်ပြုလုပ်လိမ့်မည်။

السَّمَاءُ مُنفَطِرٌ بِهِ ۚ كَانَ وَعْدُهُ مَفْعُولًا ﴿١٨﴾

(၁၈) မိုးကောင်းကင်သည်လည်း ထိုနေ့(၏ပြင်းထန်မှု)ကြောင့် အက်ကွဲသွားမည်။ အရှင်မြတ်၏ချိန်းဆိုချက်ကမူ ဆောင်ရွက်ပြီးစီးသွားသည်ချည်းသာဖြစ်သည်။

إِنَّ هَٰذِهِ تَذْكِرَةٌ ۖ فَمَن شَاءَ اتَّخَذَ إِلَىٰ رَبِّهِ سَبِيلًا ﴿١٩﴾

(၁၉) အမှန်စင်စစ် ဤသည် ဆုံးမသြဝါဒပင်ဖြစ်သည်။ သို့ဖြစ်ရာ အလိုရှိသူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်သို့ (သွားသည့်)လမ်းကိုပင် ရွေးချယ်ရမည် ဖြစ်သည်။[၂]

[၂] အရှင်မြတ်က လူသားတွေကို လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ပေးထားတာ ဖြစ်တယ်။ ဒီကုရ်အာန်ကျမ်းတော်မြတ်ရဲ့အဆုံးအမတွေအတိုင်းလျှောက်ရတဲ့လမ်းကို ရွေးချယ်ချင်ရင်ရွေးချယ်၊

မရွေးချယ်ချင်ရင်လည်း ကိုယ့်သဘောပဲ။ လမ်းဆုံးတဲ့အခါမှာ ကိုယ့်ရလဒ် ကိုယ်ရရှိမှာပဲဖြစ်တယ်။ ဒါဟာ အရှင်မြတ်က ဘယ်သူ့ကိုမှ အတင်းအကျပ်မပြုလုပ်ဘူးဆိုတာ ထင်ရှားနေတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّ رَبَّكَ يَعْلَمُ أَنَّكَ تَقُومُ أَدْنَىٰ مِن ثُلُثَيِ اللَّيْلِ وَنِصْفَهُ وَثُلُثَهُ وَطَائِفَةٌ مِّنَ الَّذِينَ مَعَكَ ۚ وَاللَّهُ يُقَدِّرُ اللَّيْلَ وَالنَّهَارَ ۚ عَلِمَ أَن لَّن تُحْصُوهُ فَتَابَ عَلَيْكُمْ ۖ فَاقْرَءُوا مَا تَيَسَّرَ مِنَ الْقُرْآنِ ۚ عَلِمَ أَن سَيَكُونُ مِنكُم مَّرْضَىٰ ۙ وَآخَرُونَ يَضْرِبُونَ فِي الْأَرْضِ يَبْتَغُونَ مِن فَضْلِ اللَّهِ ۙ وَآخَرُونَ يُقَاتِلُونَ فِي سَبِيلِ اللَّهِ ۖ فَاقْرَءُوا مَا تَيَسَّرَ مِنْهُ ۚ وَأَقِيمُوا الصَّلَاةَ وَآتُوا الزَّكَاةَ وَأَقْرِضُوا اللَّهَ قَرْضًا حَسَنًا ۚ وَمَا تُقَدِّمُوا لِأَنفُسِكُم مِّنْ خَيْرٍ تَجِدُوهُ عِندَ اللَّهِ هُوَ خَيْرًا وَأَعْظَمَ أَجْرًا ۚ وَاسْتَغْفِرُوا اللَّهَ ۖ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿٢٠﴾

(၂၀) အမှန်စင်စစ် အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင့်အားသာမက အသင်နှင့်အတူရှိကြသောသူများထဲမှ လူတစ်စုအား ညဉ့်၏သုံးပုံနှစ်ပုံနီးပါး၊ တစ်ခါတစ်ရံ ညဝက်၊ တစ်ခါတစ်ရံ ညဉ့်၏သုံးပုံတစ်ပုံ (စွလာသ်ဝတ်ပြုရန်) ရပ်ကြသည်ကို သိရှိတော်မူသည်။❶ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည်ပင် ညနှင့်နေ့ကို တိုင်းတာသတ်မှတ်တော်မူသည်။ အမှန်စင်စစ် အသင်တို့သည် ၎င်း(ညဉ့်၏အချိန်ပိုင်းများ)ကို လုံးဝရေတွက်မှတ်သားစောင့်စည်းနိုင်ကြမည်မဟုတ်သည်ကို အရှင်မြတ်သိရှိတော်မူသည်။ သို့ဖြစ်ရာ အရှင်မြတ်သည် အသင်တို့ဘက်သို့ ကရုဏာနှင့်လှည့်တော်မူ(၍ လျှော့ပေါ့ပေးတော်မူ)ခဲ့သည်။ သို့ဖြစ်ရာ အသင်တို့သည် (စွလာသ်အတွင်း၌) ကုရ်အာန်ကျမ်းတော်မြတ်ကို အလွယ်တကူ ရွတ်ဖတ်နိုင်သမျှကိုပင် ရွတ်ဖတ်ကြပါ။❷ အသင်တို့ထဲမှ အချို့သည် ရောဂါသည်များဖြစ်ကြမည် ဖြစ်ကြောင်း၊ အခြားသူများသည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော် စားနပ်ရိက္ခာကို ရှာဖွေရန် ကမ္ဘာမြေတွင်ခရီးသွားလာကြမည် ဖြစ်ကြောင်းနှင့် အခြားသူများသည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် စစ်တိုက်ကြမည်ဖြစ်ကြောင်းကို သိရှိတော်မူသည်။ သို့ဖြစ်ရာ အသင်တို့သည် (စွလာသ်ဝတ်ပြုရာတွင်) ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)မှ လွယ်ကူစွာ ရွတ်ဖတ်နိုင်သမျှကိုသာ ရွတ်ဖတ်ကြပါ။ ထို့ပြင် အသင်တို့သည် စွလာသ်ဝတ်ပြုမှုကို (စွဲမြဲစွာ)ဆောက်တည်ကြပါ။ ထို့ပြင် ဇကာသ်ကိုလည်းပေးဆောင်ကြပါ။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကောင်းမြတ်

သော (စေတနာ)ဖြင့် အကြွေးချေးငှားကြပါ။ ထို့ပြင် အသင်တို့သည် မည်သည့် ကောင်းမှုကိုမဆို အသင်တို့အတွက် ကြိုတင်ပို့ကြလျှင် ထိုကောင်းမှုကို အလ္လာဟ်အရှင်မြတ်ထံတော်တွင် ပိုကောင်းသည့် အဖြစ်နှင့်သာမက ပိုကြီးကျယ်သော အကျိုးကုသိုလ်အဖြစ်နှင့်လည်း အသင်တို့ တွေ့ရှိကြရမည် ဖြစ်သည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံကြပါ။❺ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လွတ်ငြိမ်းချမ်းသာ ခွင့်အလွန်ပေးတော်မူသောအရှင်၊ အလွန်သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။

❸ တမန်တော်မြတ် ﷺ နဲ့ စွဟာဗဟ် رضي الله عنهم တွေဟာ ညမှာ ထပြီး ညရဲ့သုံးပုံတစ်ပုံ ဒါမှမဟုတ် တစ်ဝက် ဒါမှမဟုတ် သုံးပုံနှစ်ပုံ စွလာသ်ဝတ်ပြုခဲ့ကြတာဟာ တစ်နှစ်လောက်ရှိသွားခဲ့တယ်။ သူတို့ရဲ့အပင်ပန်းဒုက္ခခံပြီး အရှင်မြတ်ကို သတိရကြတာကို အရှင်မြတ်ဟာ သိရှိတော်မူပြီး အရှင်မြတ်ရဲ့ကရုဏာနဲ့ အားပေးတော်မူခဲ့တယ်။ (အလင်းပြကျမ်း) ❹ ညမှာထပြီး သဟဂျ်ဂျုဒ်စွလာသ်ဝတ်ပြုတာကို မလုပ်မနေရတာဝန်အဖြစ် မသတ်မှတ်တော့ဘဲ သက်သက်သာသာနဲ့ နိုးတဲ့အချိန်မှာထပြီး စွလာသ်ထဲမှာ ကုရ်အာန်ကိုလည်း ကိုယ်နိုင်သလောက်ပဲ ဖတ်ရွတ်ဖို့ အခွင့်ပေးလိုက်တာဖြစ်တယ်။(အလင်းပြကျမ်း) ❺ ကောင်းမှုပြုလုပ်ပြီးတဲ့နောက်၊ တာဝန်ဝတ္တရားတွေကို ဆောင်ရွက်ပြီးတဲ့နောက်မှာလည်း အရှင်မြတ်ထံတော်မှာ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခိုင်းထားတာဟာ ကိုယ်ပြုလုပ်ခဲ့တဲ့ ကောင်းမှုတွေနဲ့ ကိုယ်ထမ်းဆောင်ခဲ့တဲ့ တာဝန်ဝတ္တရားတွေထဲမှာ အနည်းနဲ့အများဆိုသလို လျော့နည်းမှု၊ ချွတ်ယွင်းမှု ပါရှိနိုင်တာကြောင့် အဲဒါတွေအတွက် အရေးယူမခံရအောင် ဖြစ်တယ်။ တမန်တော်တွေတောင် အရှင်မြတ်ထံတော်မှာ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံခဲ့တယ်ဆိုတော့ ကျန်တဲ့သူတွေအတွက်မှာပိုပြီး လိုအပ်တယ်ဆိုတာ ထင်ရှားနေတယ်။ ဘယ်ဘက်ကမှ လျော့နည်းမှုမရှိဘဲ ကောင်းမှုပြုလုပ်နိုင်တယ်လို့ ဘယ်သူမှ မကြွေးကြော်နိုင်ပါဘူး။ အဲဒါကြောင့် ကိုယ်အတတ်နိုင်ဆုံးကောင်းအောင်လုပ်ပြီး အရှင်မြတ်ထံတော်မှာ ခွင့်လွှတ်ချမ်းသာတောင်းခံခိုင်းထားတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

==================================================

ركوعاتها٢   ٧٤-سُوْرَةُ الْمُدَّثِّرِ مَكِّيَّةٌ ٤   اٰياتها٥٦

# စူရဟ် မုဒ်ဒဆ်ဆိရ် (စောင်ခြုံထားသူ ကဏ္ဍ) سُوْرَةُ الْمُدَّثِّرِ

==================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

يٰۤاَيُّهَا الْمُدَّثِّرُ ۝١

(၁) အို - စောင်ခြုံထားသူ။[၁]

[၁] ပြီးခဲ့တဲ့စူရဟ်ရဲ့အစအာယသ်အတိုင်းပဲဖြစ်တယ်။ (အလင်းပြကျမ်း)

قُمْ فَاَنْذِرْ ۝٢

(၂) အသင်သည် ထ၍သတိပေးနှိုးဆော်ပါ။[၂]

[၂] အသင်ဟာ အိပ်ရာကထပြီး လူတွေကို အရှင်မြတ်ရဲ့ အပြစ်ဒဏ်ကနေ ရှောင်ရှားနိုင်အောင် သတိပေးပါ။ (သွဗ်ရီ)

وَرَبَّكَ فَكَبِّرْ ۝٣

(၃) ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ကြီးကဲမြင့်မြတ်တော်မူကြောင်း အသင်ပြောဆိုပါ။[၃]

[၃] လူတွေဟာ အရှင်မြတ်ရဲ့ဂုဏ်တော်တွေကို သိရှိပြီး လေးစားကြောက်ရွံ့နိုင်အောင် အသင်ဟာ အရှင်မြတ်ကြီးကျယ်ကြောင်း ပြောဆိုနေပါ။ (အလင်းပြကျမ်း)

وَثِيَابَكَ فَطَهِّرْ ۝٤

(၄) ထို့ပြင် အသင်သည် အသင်၏အဝတ်များကို သန့်ရှင်းစွာထားပါ။[၄]

[၄] အဝတ်အစားကအစ စိတ်ရောကိုယ်ပါ သန့်သန့်ပြန့်ပြန့် ပြုလုပ်ထားပါ။ (အလင်းပြကျမ်း)

وَالرُّجْزَ فَاهْجُرْ ۝٥

(၅) ထို့ပြင် အသင်သည် ရုပ်တုများမှ လွတ်ကင်းစွာနေပါ။

وَلَا تَمْنُنْ تَسْتَكْثِرُ ۝٦

(၆) ထို့ပြင် အသင်သည် ပို၍များစွာရလိုသည့်အနေဖြင့် ကျေးဇူးပြုပေးကမ်းမှု မပြုပါနှင့်။

وَلِرَبِّكَ فَاصْبِرْ ۝٧

(၇) ထို့ပြင် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အတွက် သည်းခံပါ။

فَاِذَا نُقِرَ فِى النَّاقُوْرِ ۝٨

(၈) ထို့ပြင် တံပိုးခရာ မှုတ်သည့်အခါ။

فَذٰلِكَ يَوْمَئِذٍ يَّوْمٌ عَسِيْرٌ ۙ﴿٩﴾

(၉) ထိုအချိန်သည် ပြင်းထန်ခက်ခဲသော နေ့ဖြစ်လိမ့်မည်။

عَلَى الْكٰفِرِيْنَ غَيْرُ يَسِيْرٍ ﴿١٠﴾

(၁၀) ကာဖိရ်များအတွက် လွယ်ကူမှု မရှိသည့်(နေ့ပင်ဖြစ်သည်)။

ذَرْنِيْ وَمَنْ خَلَقْتُ وَحِيْدًا ۙ﴿١١﴾

(၁၁) အသင်(တမန်တော်)သည် ငါအရှင်မြတ်က တစ်ဦးတည်း❶ ဖန်ဆင်းတော်မူခဲ့သောသူကို ငါအရှင်မြတ်နှင့် လွှတ်ထားလိုက်ပါ။

❶ ဝလီးဒ်ဗင်န် မုဂီရဟ်ဆိုတဲ့ ကာဖိရ်တွေရဲ့ခေါင်းဆောင်တစ်ဦးကို ဆိုလိုတာဖြစ်တယ်။ သူဟာ သူ့မိဘတွေရဲ့တစ်ဦးတည်းသားဖြစ်တယ်။ သူ့ကို အရှင်မြတ်က အစစအရာရာပေးထားခဲ့တဲ့အပေါ်မှာ သူဟာ ကုရိုင်းရှ်မျိုးနွယ်ထဲမှာ ထောင်ထောင် ထောင်ထောင် ဖြစ်နေခဲ့တယ်။ သူရဲ့သားဆယ်ယောက်ဟာ သူ့ရှေ့မှာ အဆင်သင့် ရှိခဲ့တယ်။ အဲဒီလို လောကမှာ ရရှိပြီးတဲ့နောက် အာယသ်တော်တွေကို မဟုတ်မမှန် ငြင်းပယ်တဲ့အပြင် တမန်တော်မြတ် ﷺက ဂျန္နသ်အကြောင်းတွေ ပြောဆိုတဲ့အခါမှာ အဲဒီဂျန္နသ်လည်း ကျွန်ုပ်ရမှာပဲလို့ သူက ပြောဆိုလိုက်တဲ့အတွက် အရှင်မြတ်က ပြန်ချေပထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَّجَعَلْتُ لَهٗ مَالًا مَّمْدُوْدًا ۙ﴿١٢﴾

(၁၂) ထို့ပြင် ငါအရှင်မြတ်သည် သူ့အား ပစ္စည်းဥစ္စာအမြောက်အများ ပေးတော်မူခဲ့သည်။

وَّبَنِيْنَ شُهُوْدًا ۙ﴿١٣﴾

(၁၃) ထို့ပြင် ရှေ့၌ အဆင်သင့်ရှိနေကြသော သားယောက်ျားများကိုလည်း ပေးသနားတော်မူခဲ့သည်။

وَّمَهَّدْتُّ لَهٗ تَمْهِيْدًا ۙ﴿١٤﴾

(၁၄) ထို့ပြင် ငါအရှင်မြတ်သည် သူ့အား(အစစအရာရာ)အဆင်သင့် ပြုလုပ်ပေးတော်မူပြီး အဆင်ပြေအောင် ပြုလုပ်ပေးတော်မူခဲ့သည်။

ثُمَّ يَطْمَعُ اَنْ اَزِيْدَ ۙ﴿١٥﴾

(၁၅) ထို့နောက်လည်း သူ့အား ငါအရှင်မြတ်က ပိုပေးတော်မူရန် သူသည် လိုလားနေသည်။ كَلَّا ۗ اِنَّهٗ كَانَ لِاٰيٰتِنَا عَنِيْدًا ۗ﴿١٦﴾

(၁၆) လုံးဝ(ပေးတော်မူမည်)မဟုတ်တော့ပေ။❻ အမှန်စင်စစ် သူသည် ငါအရှင်မြတ်၏အာယသ်တော်များကို ဆန့်ကျင်သူဖြစ်သည်။

❻ ဒီလောက်ပေးထားတဲ့ကြားက ကျေးဇူးမသိတတ်ဘဲ ထပ်လိုချင်သေးတယ်။ လုံးဝထပ်ပေးဖို့ မရှိဘူး။ အဲဒီနောက် သူရဲ့ပိုင်ဆိုင်မှုတွေဟာ တစ်နေ့တခြား ဆုတ်ယုတ်လာခဲ့ပြီး နောက်ဆုံး ဆင်းရဲတဲ့ဘဝနဲ့ ကာဖိရ်အဖြစ် နိဂုံးချုပ်သွားခဲ့ရတယ်။ ဒါဟာ ကျေးဇူးကန်းခြင်းရဲ့အကျိုးပဲဖြစ်တယ်။

(အလင်းပြကျမ်း)

سَأُرْهِقُهُ صَعُودًا ﴿١٧﴾

(၁၇) မကြာမီ ငါအရှင်မြတ်သည် သူ့အား (ငရဲ)တောင်ပေါ်သို့ အတင်း အကျပ်တက်နိုင်းတော်မူမည်။

إِنَّهُ فَكَّرَ وَقَدَّرَ ﴿١٨﴾

(၁၈) အမှန်စင်စစ် သူသည် စဉ်းစားပြီး ဆုံးဖြတ်ခဲ့သည်။

فَقُتِلَ كَيْفَ قَدَّرَ ﴿١٩﴾

(၁၉) သို့ဖြစ်ရာ သူသည် ပျက်စီးပါစေ၊ သူသည် မည်သို့(စဉ်းစားပြီး) ဆုံးဖြတ်လိုက်သနည်း။

ثُمَّ قُتِلَ كَيْفَ قَدَّرَ ﴿٢٠﴾

(၂၀) သူသည် ထပ်၍ ပျက်စီးပါစေ၊ သူသည် မည်သို့(စဉ်းစားပြီး) ဆုံးဖြတ်လိုက်သနည်း။

ثُمَّ نَظَرَ ﴿٢١﴾

(၂၁) ထို့ပြင် သူသည် (သူ၏လူများကို)ကြည့်ရှု(ပြီး အာယသ်တော် များနှင့် ပတ်သက်၍ စဉ်းစားခဲ့)သည်။

ثُمَّ عَبَسَ وَبَسَرَ ﴿٢٢﴾

(၂၂) ထို့နောက် သူသည် မျက်မှောင်ကြုတ်ခဲ့ပြီး ရှုံ့မဲ့ခဲ့သည်။

ثُمَّ أَدْبَرَ وَاسْتَكْبَرَ ﴿٢٣﴾

(၂၃) ထို့နောက် သူသည် ကျောခိုင်းခဲ့သည်။ ထို့ပြင် မာနထောင်ခဲ့သည်။

فَقَالَ إِنْ هَٰذَا إِلَّا سِحْرٌ يُؤْثَرُ ﴿٢٤﴾

(၂၄) ထို့ပြင်သူကပြောသည်- ဤသည် ရှေးခေတ်ကတည်းက အဆင့်ဆင့်ရောက်လာခဲ့သော မှော်အတတ်မှလွဲ၍ အခြားမဟုတ်ပေ။ ❼

❼ အဲဒီဝလီးဒ်က ပထမတော့ ကုရ်အာန်ဟာ ကဗျာလည်းမဟုတ်ကြောင်း၊ ဗေဒင်ဆရာတွေရဲ့ အနာဂတ်ဟောကြားချက်လည်းမဟုတ်ကြောင်း၊ မှော်အတတ်လည်း မဟုတ်ကြောင်း ဝန်ခံပြော ဆိုပြီးခါမှ နောက်ဆုံး သူ့အမျိုးသားတွေရဲ့ သဘောမကျတဲ့အခြေအနေကို လှည့်ကြည့်စဉ်းစားပြီး မှော်အတတ်ပဲလို့ ဆုံးဖြတ်ပြောဆိုလိုက်တာဖြစ်တယ်။ အဲဒါကြောင့် သူ့ကို အထူးစကရ်ငရဲမှာ ချ မှာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنْ هَٰذَا إِلَّا قَوْلُ الْبَشَرِ ﴿٢٥﴾

(၂၅) ဤသည် လူသား၏ပြောဆိုချက်မှလွဲ၍ အခြားမည်သည့်အရာမျှ မဟုတ်ပေ။

سَأُصْلِيهِ سَقَرَ ﴿٢٦﴾

(၂၆) မကြာမီ ငါအရှင်မြတ်သည် သူ့အား စကရ်ဆိုသော ငရဲထဲသို့ ဝင်ရောက်စေတော်မူမည်။

وَمَآ اَدۡرٰىكَ مَا سَقَرُ ﴿٢٧﴾

(၂၇) ထို့ပြင် စကရ်ငရဲဟူသည် မည်သည့်အရာနည်းဆိုသည်ကို အသင် (တမန်တော်)သိပါသလော။

لَا تُبۡقِىۡ وَلَا تَذَرُ ﴿٢٨﴾

(၂၈) ထိုအရာသည် (မည်သည့်ကာဖိရ်ကိုမျှ မလောင်ကျွမ်းစေဘဲ) ချန်ထားမည်မဟုတ်ပေ၊ ထို့ပြင် (မည်သည့်ကာဖိရ်ကိုမျှ ၎င်းထဲသို့မထည့်ဘဲ) လွှတ်ထားမည်လည်းမဟုတ်ပေ။

لَوَّاحَةٌ لِّلۡبَشَرِ ﴿٢٩﴾

(၂၉) ၎င်းသည် လူသား၏ အသားအရေကို လောင်ကျွမ်းပျက်စီးစေသောအရာ ဖြစ်သည်။

عَلَيۡهَا تِسۡعَةَ عَشَرَ ﴿٣٠﴾

(၃၀) ထိုစကရ်ငရဲတွင်(ကောင်းကင်တမန်) ၁၉ပါးသည် (စောင့်ကြပ်လျက်)ရှိကြသည်။

وَمَا جَعَلۡنَاۤ اَصۡحٰبَ النَّارِ اِلَّا مَلٰٓئِكَةً ۙ وَّمَا جَعَلۡنَا عِدَّتَهُمۡ اِلَّا فِتۡنَةً لِّلَّذِيۡنَ كَفَرُوۡا ۙ لِيَسۡتَيۡقِنَ الَّذِيۡنَ اُوۡتُوا الۡكِتٰبَ وَ يَزۡدَادَ الَّذِيۡنَ اٰمَنُوۡۤا اِيۡمَانًا وَّ لَا يَرۡتَابَ الَّذِيۡنَ اُوۡتُوا الۡكِتٰبَ وَ الۡمُؤۡمِنُوۡنَ ۙ وَلِيَقُوۡلَ الَّذِيۡنَ فِىۡ قُلُوۡبِهِمۡ مَّرَضٌ وَّالۡكٰفِرُوۡنَ مَاذَاۤ اَرَادَ اللّٰهُ بِهٰذَا مَثَلًا ؕ كَذٰلِكَ يُضِلُّ اللّٰهُ مَنۡ يَّشَآءُ وَيَهۡدِىۡ مَنۡ يَّشَآءُ ؕ وَمَا يَعۡلَمُ جُنُوۡدَ رَبِّكَ اِلَّا هُوَ ؕ وَمَا هِىَ اِلَّا ذِكۡرٰى لِلۡبَشَرِ ﴿٣١﴾

(၃၁) ထို့ပြင် ငါအရှင်မြတ်သည် ကောင်းကင်တမန်များကိုပင် ငရဲစောင့်များအဖြစ် ခန့်အပ်ထားတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်း(အစောင့်)တို့၏အရေအတွက်ကို ကာဖိရ်များအတွက် စမ်းသပ်မှု ပြုလုပ်ထားတော်မူသည်။ (ထိုငရဲစောင့် အရေအတွက်ပြောရခြင်းအကြောင်းမှာ ယခင်က) ကျမ်းရသူများသည် (သူတို့ကျမ်းများထဲတွင်လည်း ဤအရေအတွက်ပင် ပါရှိသည်ကို သိပြီး ကုရ်အာန် မှန်ကန်ကြောင်း) ယုံကြည်လာကြရန်အတွက်နှင့် အီမာန်ယုံကြည်ပြီးသည့်သူများသည်လည်း အီမာန်ပိုတိုးလာရန်အတွက် ဖြစ်သည်။ ထို့ပြင် ကျမ်းရသူများနှင့် မုအ်မင်န်ယုံကြည်သူများသည် သံသယမဖြစ်ကြရန်အတွက်လည်း ဖြစ်သည်။ ၎င်းပြင် စိတ်နှလုံးများထဲတွင် ရောဂါရှိသည့်သူများနှင့် ကာဖိရ်များသည် ဤသို့သော(အံ့ဩဖွယ်ရာ)အကြောင်းအရာဖြင့် အလ္လာဟ်အရှင်မြတ်သည် မည်သည်ကို ရည်ရွယ်တော်မူပါသနည်းဟု ပြောဆိုလာကြရန်အတွက်လည်း ဖြစ်သည်။ ထိုသို့ပင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်

မူသောသူကို လမ်းမှား၌ပင် ထားတော်မူပြီး အရှင်မြတ်သည် အရှင်မြတ် အလိုရှိ
တော်မူသောသူကို လမ်းမှန်ညွှန်ကြားပြသတော်မူသည်။ ထို့ပြင် အသင့်အား ဖန်
ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏စစ်တပ်များကို အရှင်မြတ်မှလွဲ၍ မည်သူ
မျှ မသိပေ။❷ ထို့ပြင် ၎င်း(ငရဲမီး)သည် လူသားများအတွက် သတိပေးဆုံးမခြင်း
ပင် ဖြစ်သည်။

❶ ကျမ်းရသူတွေက တမန်တော်မြတ် ﷺ ရဲ့စကားကို ထောက်ခံတယ်ဆိုတာ ကြားသိရပြီး မွတ်စ်လင်မ်တွေရဲ့အီမာန် ပိုတိုးလာမှာ ဖြစ်တယ်။ (အလင်းပြကျမ်း) ❷ ကောင်းကင်တမန်တော်တွေရဲ့အရေအတွက် ဘယ်လောက်များပြားလဲဆိုတာ အတိအကျကို အရှင်မြတ်ပဲ သိတော်မူတယ်။ (၁၉) ဦးဆိုတာ ကြီးကြပ်ကွပ်ကဲအုပ်ချုပ်တဲ့သူတွေကိုပဲ ဖော်ပြထားတာဖြစ်တယ်။ (အလင်းပြကျမ်း)

كَلَّا وَالْقَمَرِ ﴿٣٢﴾

(၃၂) (ထိုငရဲစောင့် ၁၉ဦးမျှကိုမူ ငါတို့ကာဖိရ်များ စုပေါင်းပြီး အပြတ်
ရှင်းလိုက်၍ရသည်ဟု မက္ကာမြို့သားများက ပြောဆိုကြသည်ကို အရှင်မြတ်က
မိန့်ကြားတော်မူသည်)- လုံးဝမရပေ။ လကို သက်သေထူတော်မူသည်။

وَالَّيْلِ إِذْ أَدْبَرَ ﴿٣٣﴾

(၃၃) ထို့ပြင် ဆုတ်ခွာသွားပြီဖြစ်သော ညကို သက်သေထူတော်မူသည်။

وَالصُّبْحِ إِذَآ أَسْفَرَ ﴿٣٤﴾

(၃၄) ထို့ပြင် လင်းလာပြီဖြစ်သောနံနက်ချိန်ကို သက်သေထူတော်မူသည်။

إِنَّهَا لَإِحْدَى الْكُبَرِ ﴿٣٥﴾

(၃၅) အမှန်စင်စစ် ထိုစကရ်သည် (ဂျဟန္နမ်ငရဲ၏) အကြီးအကျယ်
ကြောက်စရာကောင်းသော (အထပ်များ)ထဲမှ တစ်ခုဖြစ်သည်။

نَذِيرًا لِّلْبَشَرِ ﴿٣٦﴾

(၃၆) (ထိုစကရ်ငရဲသည်) လူသားကို သတိပေးနှိုးဆော်လျက်ရှိသည်။

لِمَن شَآءَ مِنكُمْ أَن يَتَقَدَّمَ أَوْ يَتَأَخَّرَ ﴿٣٧﴾

(၃၇) အသင်တို့ထဲမှ ရှေ့သို့ တိုးရန်လိုလားသည့်သူ၊ သို့မဟုတ် နောက်
သို့ ဆုတ်ရန်လိုလားသည့်သူကို (သတိပေးနှိုးဆော်နေခြင်းဖြစ်သည်)။

كُلُّ نَفْسٍۭ بِمَا كَسَبَتْ رَهِينَةٌ ﴿٣٨﴾

(၃၈) လူတိုင်းသည် သူရှာဖွေဆည်းပူးခဲ့သည့်အရာများ၏အစား
အပေါင်ခံပစ္စည်း(အာမခံထားသည့်ပစ္စည်းအဖြစ် ချုပ်နှောင်ထားပြီး)ဖြစ်သည်။❸

❸ အပေါင်ခံပစ္စည်းနဲ့ ပတ်သက်ပြီး စူရဟ်သွူရ်ထဲမှာ ရှင်းလင်းချက် ပါရှိခဲ့ပြီးဖြစ်တယ်။

إِلَّآ أَصْحَٰبَ الْيَمِينِ ﴿٣٩﴾

(၃၉) သို့ရာတွင် လက်ယာဘက်သားများကမူ၊

فِي جَنّٰتٍ ۛ يَتَسَآءَلُونَ ﴿٤٠﴾

(၄၀) ဥယျာဉ်များတွင် ရှိကြမည်။ သူတို့သည် မေးမြန်းလျက်ရှိကြမည်။

عَنِ الْمُجْرِمِينَ ﴿٤١﴾

(၄၁) အပြစ်ရှိသူများနှင့် ပတ်သက်၍၊

مَا سَلَكَكُمْ فِي سَقَرَ ﴿٤٢﴾

(၄၂) မည်သည့်အရာက အသင်တို့အား စကရ်ငရဲထဲသွတ်သွင်းလိုက်သနည်း။

قَالُوا لَمْ نَكُ مِنَ الْمُصَلِّينَ ﴿٤٣﴾

(၄၃) သူတို့က ပြောဆိုကြမည်- ကျွန်ုပ်တို့သည် စွလာသ်ဝတ်ပြုသူများထဲတွင် မပါဝင်ခဲ့ကြပေ။

وَلَمْ نَكُ نُطْعِمُ الْمِسْكِينَ ﴿٤٤﴾

(၄၄) ထို့ပြင် ကျွန်ုပ်တို့သည် ဆင်းရဲသားကိုလည်း ကျွေးမွေးလေ့ မရှိခဲ့ကြပေ။

وَكُنَّا نَخُوضُ مَعَ الْخَآئِضِينَ ﴿٤٥﴾

(၄၅) ထို့ပြင် ကျွန်ုပ်တို့သည် အလဟဿကိစ္စများကို ပြုလုပ်သည့်သူများနှင့်အတူ အလဟဿကိစ္စများကိုပင် ပြုလုပ်နေခဲ့ကြသည်။

وَكُنَّا نُكَذِّبُ بِيَوْمِ الدِّينِ ﴿٤٦﴾

(၄၆) ထို့ပြင် ကျွန်ုပ်တို့သည် အစားပေးမည့်နေ့ကိုလည်း မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်နေခဲ့ကြသည်။

حَتّٰىٓ أَتٰىنَا الْيَقِينُ ﴿٤٧﴾

(၄၇) နောက်ဆုံးတော့ သေခြင်းသည် ကျွန်ုပ်တို့ထံသို့ ဆိုက်ရောက်လာခဲ့သည်။

فَمَا تَنْفَعُهُمْ شَفَاعَةُ الشّٰفِعِينَ ﴿٤٨﴾

(၄၈) သို့ဖြစ်ရာ ကြားဝင်အသနားခံပေးသူများ၏ ကြားဝင်အသနားခံပေးမှုသည် သူတို့အတွက် အကျိုးပေးမည်မဟုတ်ပေ။

فَمَا لَهُمْ عَنِ التَّذْكِرَةِ مُعْرِضِينَ ﴿٤٩﴾

(၄၉) သူတို့သည် အဘယ်ကြောင့် ဆုံးမသြဝါဒဘက်မှ မျက်နှာလွှဲနေကြသနည်း။

كَأَنَّهُمْ حُمُرٌ مُّسْتَنْفِرَةٌ ﴿٥٠﴾

(၅၀) သူတို့သည် ကြောက်ကန်ကန်သော မြည်းရိုင်းသတ္တဝါများကဲ့သို့

ပင် ဖြစ်ကြသည်။

فَرَّتْ مِنْ قَسْوَرَةٍ ﴿٥١﴾

(၅၁) ထိုမြည်းသတ္တဝါများသည် ခြင်္သေ့(ရန်)မှ (လွတ်ရန်) ထွက်ပြေး နေကြသည်။

بَلْ يُرِيدُ كُلُّ امْرِئٍ مِّنْهُمْ أَنْ يُؤْتَىٰ صُحُفًا مُّنَشَّرَةً ﴿٥٢﴾

(၅၂) ထို့ပြင် သူတို့ထဲမှ လူတိုင်းသည် ဖွင့်ထားသည့်ကျမ်းဂန်များကို ပေးသနားတော်မူခြင်းကို ခံလိုကြသည်။

كَلَّا ۖ بَلْ لَا يَخَافُونَ الْآخِرَةَ ﴿٥٣﴾

(၅၃) လုံးဝ (ပေးသနားခံရမည်)မဟုတ်ပေ။ အမှန်စင်စစ် သူတို့သည် တမလွန်ဘဝကို ကြောက်ရွံ့စိုးရိမ်ကြသည်မဟုတ်ပေ။[၁]

[၁] တကယ်တော့ သူတို့ဟာ အမှန်တရားကို လိုလားလို့ တောင်းဆိုကြတာမဟုတ်ဘူး။ သူတို့ဟာ တမလွန်ဘဝကို မယုံတာဖြစ်တယ်။ သူတို့တောင်းဆိုတာပေးခဲ့ရင်တောင်မှ တခြားအရာကို လှည့်ပြီး တောင်းဆိုကြဦးမှာ ဖြစ်တယ်။ (အလင်းပြကျမ်း)

كَلَّا إِنَّهُ تَذْكِرَةٌ ﴿٥٤﴾

(၅၄) (ကုရ်အာန်သည် သူတို့ ပြောကြသကဲ့သို့ မှော်အတတ်ပညာ) လုံးဝမဟုတ်ပေ။ အမှန်စင်စစ် ၎င်း(ကုရ်အာန်)သည် ဆုံးမသြဝါဒအမှန်ပင် ဖြစ်သည်။

فَمَنْ شَاءَ ذَكَرَهُ ﴿٥٥﴾

(၅၅) သို့ဖြစ်ရာ မည်သူမဆို အလိုရှိခဲ့လျှင် ထိုဆုံးမသြဝါဒကို လေ့လာ ကျက်မှတ်တရားရယူရမည် ဖြစ်သည်။[၂]

[၂] ကာဖိရ်တွေတောင်းဆိုကြတဲ့အတိုင်း ကျမ်းတစ်ယောက် တစ်စောင်စီ ချပေးစရာမလိုဘူး။ လိုက်နာချင်တဲ့သူ့အတွက်ကတော့ ကုရ်အာန်တစ်ကျမ်းတည်းနဲ့ပဲ ကျက်မှတ်တရားရယူဖို့ လုံလောက်တယ်။ (အလင်းပြကျမ်း)

وَمَا يَذْكُرُونَ إِلَّا أَنْ يَشَاءَ اللَّهُ ۚ هُوَ أَهْلُ التَّقْوَىٰ وَأَهْلُ الْمَغْفِرَةِ ﴿٥٦﴾

(၅၆) ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူမှပင် လေ့လာကျက်မှတ် တရားရယူနိုင်ကြမည်ဖြစ်သည်။[၃] ထိုအရှင်မြတ်ပင် ကြောက်ရွံ့ထိုက်သောအရှင်၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူမည့်အရှင်ဖြစ်တော်မူသည်။

[၃] အရှင်မြတ်ဟာ အားလုံးရဲ့အရည်အချင်းကို သိတော်မူတဲ့အတွက် လူတွေနဲ့ ထိုက်တန်တဲ့ အတိုင်း အရှင်မြတ်က ဆက်ဆံတော်မူတာကြောင့် အရှင်မြတ်အလိုရှိတော်မူတဲ့သူပဲ တရားရယူ လိုက်နာမှာဖြစ်တယ်။ (အလင်းပြကျမ်း)

========================================

ايٰاتها٤٠ ٧٥ سُوْرَةُ الْقِيٰمَةِ مَكِّيَّةٌ ٣١ ركوعاتها٢

# စူရဟ် ကိယာမဟ် (ရှင်ပြန်ထမည့်နေ့ ကဏ္ဍ) سُوْرَةُ الْقِيٰمَةِ

========================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

لَاۤ اُقْسِمُ بِيَوْمِ الْقِيٰمَةِ ۝١

(၁) ငါအရှင်မြတ်သည် ကိယာမသ်ရှင်ပြန်ထမည့်နေ့ကို သက်သေထူ ကျိန်ဆိုတော်မူသည်။❻

❻ အရှင်မြတ်ဟာ လူတွေရဲ့အကျိုးအပြစ်တွေကို အစားပေးမဲ့အကြောင်းတွေ မိန့်ဆိုတော့မှာဖြစ်တဲ့ အတွက် အလွန်ကြီးလေးကြောက်မက်ဖွယ်ရာကောင်းတဲ့ အစားပေးမဲ့နေ့ဖြစ်တဲ့ ကိယာမသ်နေ့ ကို တိုင်တည်ကျိန်ဆိုပြီး လေးလေးနက်နက် အမိန့်ရှိထားတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَاۤ اُقْسِمُ بِالنَّفْسِ اللَّوَّامَةِ ۝٢

(၂) ထို့ပြင် ငါအရှင်မြတ်သည် (မိမိကိုယ်မိမိ) အလွန်ပြစ်တင်ဆုံးမ တတ်သည့်စိတ်ကို သက်သေထူ ကျိန်ဆိုတော်မူသည်။❼

❼ စိတ်ရဲ့ အခြေအနေသုံးမျိုးရှိတဲ့အထဲက အခြေအနေတစ်မျိုးနဲ့ ကျိန်ဆို မိန့်ကြားတော်မူတာ ဖြစ်တယ်။ အဲဒီသုံးမျိုးမှာ (၁) အမ္မာရဟ် (၂) လောင်ဝ်ဝါမဟ် (၃) မုသ်မအင်နဟ်တို့ဖြစ်တယ်။ အကျယ်ကို (ကုရ်အာန် - ၈၉း၂၇)အောက်ခြေ ၁ - ရှင်းလင်းချက်မှာ ကြည့်ပါ။ (အလင်းပြကျမ်း)

اَيَحْسَبُ الْاِنْسَانُ اَلَّنْ نَّجْمَعَ عِظَامَهٗ ۝٣

(၃) လူသားသည် သူ၏အရိုးများကို ငါအရှင်မြတ်က လုံးဝစုပေါင်း တော်မူမည်မဟုတ်ပေဟု ထင်မှတ်နေသလော။

بَلٰى قٰدِرِيْنَ عَلٰۤى اَنْ نُّسَوِّيَ بَنَانَهٗ ۝٤

(၄) အဘယ်ကြောင့် မစုပေါင်းဘဲ နေမည်နည်း။ ငါအရှင်မြတ်သည် ထိုလူသား၏(လက်ဖျားပါရှိသော)လက်ဆစ်ခြေဆစ်များကိုပင် မူလအခြေအနေ အတိုင်း ပြန်ပြီး နေသားတကျဖြစ်အောင် ဖန်ဆင်းတော်မူခြင်းကို တတ်စွမ်းနိုင် တော်မူသောအရှင် ဖြစ်တော်မူသည်။

بَلْ يُرِيْدُ الْاِنْسَانُ لِيَفْجُرَ اَمَامَهٗ ۝٥

(၅) အမှန်စင်စစ် လူသားသည် သူ၏ရှေ့အနာဂတ်တွင် အမိန့်ဖီဆန်မှု များကိုပင် ကျူးလွန်လိုသည်။ (ကိယာမသ် လာချင်လာစမ်းပါစေ၊ မည်သည့်

အရာဖြစ်မည်နည်း ကြည့်ကြမည်ဆိုသည့်အနေဖြင့် ဆိုးသွမ်းနေခြင်းဖြစ်သည်)။

يَسۡـَٔلُ اَيَّانَ يَوۡمُ الۡقِيٰمَةِ ؕ‏ ﴿٦﴾

(၆) ထိုလူသားက ကိယာမသ်နေ့သည် မည်သည့်အခါဖြစ်မည်နည်းဟု မေးမြန်းသည်။

فَاِذَا بَرِقَ الۡبَصَرُ ۙ‏ ﴿٧﴾

(၇) ထိုအခါတွင် မျက်စိများသည် (ကြောက်လန့်ပြီး) မျက်ဖြူဆိုက် (တွေဝေထိုင်းမှိုင်း)သွားမည်။

وَخَسَفَ الۡقَمَرُ ۙ‏ ﴿٨﴾

(၈) ထို့ပြင် လသည်လည်း အလင်းရောင် ကင်းမဲ့သွားမည်။

وَجُمِعَ الشَّمۡسُ وَالۡقَمَرُ ۙ‏ ﴿٩﴾

(၉) ထို့ပြင် နေနှင့်လတို့သည် (အလင်းရောင်မဲ့ပြီး တစ်မျိုးတစ်စား တည်းဖြစ်ကာ)ပူးပေါင်းခံကြရမည်။

يَقُوۡلُ الۡاِنۡسَانُ يَوۡمَٮِٕذٍ اَيۡنَ الۡمَفَرُّ‌ ۚ‏ ﴿١٠﴾

(၁၀) ထိုနေ့တွင် လူသားသည် ပြေးစရာမည်သည့်နေရာတွင် ရှိသနည်း ဟု မေးလိမ့်မည်။

كَلَّا لَا وَزَرَ ؕ‏ ﴿١١﴾

(၁၁) လုံးဝမရှိပေ။ ခိုလှုံရာ လုံးဝမရှိပေ။

اِلٰى رَبِّكَ يَوۡمَٮِٕذِ ۟الۡمُسۡتَقَرُّ ؕ‏ ﴿١٢﴾

(၁၂) ထိုနေ့တွင် နေထိုင်ရာဌာနသည် အသင့်အား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်မြတ်ထံတော်၌သာ ရှိမည်။[6]

[6] အဲဒီနေ့မှာ ထွက်ပြေးစရာမရှိဘူး။ အားလုံးဟာ အရှင်မြတ်ရဲ့ရှေ့တော်မှာ စာရင်း အစစ်ဆေးခံဖို့ ရောက်ရှိကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

يُنَبَّؤُا الۡاِنۡسَانُ يَوۡمَٮِٕذٍۢ بِمَا قَدَّمَ وَاَخَّرَ ؕ‏ ﴿١٣﴾

(၁၃) ထိုနေ့တွင် လူသားသည် သူကြိုတင်ပို့ခဲ့သည်များနှင့် သူချန်ထား ခဲ့သည်များကို အသိပေးခြင်းခံရမည်။

بَلِ الۡاِنۡسَانُ عَلٰى نَفۡسِهٖ بَصِيۡرَةٌ ۙ‏ ﴿١٤﴾

(၁၄) အမှန်စင်စစ် လူသားသည် သူ့ကိုယ်သူ(မည်သည့်ပြစ်မှုများလုပ် ခဲ့သည်ကို) သိမြင်သူပင် ဖြစ်သည်။ (သူ၏ခန္ဓာကိုယ် အစိတ်အပိုင်းများသည် လည်း သက်သေအဖြစ်ရှိနေကြမည်)။

وَّلَوۡ اَلۡقٰى مَعَاذِيۡرَهٗ ؕ‏ ﴿١٥﴾

(၁၅) ထို့ပြင် သူသည် သူ၏အကြောင်းပြချက်များကို (အဘယ်မျှပင်)

တင်ပြသော်လည်း (သူ့ကိုယ်သူမှာမူ သိပြီးဖြစ်သည်)။

لَا تُحَرِّكۡ بِهٖ لِسَانَكَ لِتَعۡجَلَ بِهٖ ﴿١٦﴾

(၁၆) အသင်(တမန်တော်)သည် (ကောင်းကင်တမန်က ကုရ်အာန်ကို ဖတ်ရွတ်ပြသည့်အခါ) အသင်၏နှုတ်လျှာအား ၎င်း(ကုရ်အာန်)ကို လျင်မြန်စွာ ရရှိအောင် (ကျက်မှတ်သကဲ့သို့) မလှုပ်ပါနှင့်။

اِنَّ عَلَيۡنَا جَمۡعَهٗ وَقُرۡاٰنَهٗ ﴿١٧﴾

(၁၇) အမှန်စင်စစ် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို(စိတ်နှလုံးထဲ၌) စုပေါင်း(ထိန်းသိမ်းထားပေး)ခြင်းနှင့် (နှုတ်လျှာမှ)ဖတ်စေခြင်းသည် ငါအရှင်မြတ်၏တာဝန်ဖြစ်သည်။

فَاِذَا قَرَاۡنٰهُ فَاتَّبِعۡ قُرۡاٰنَهٗ ﴿١٨﴾

(၁၈) ထို့နောက် ငါအရှင်မြတ်သည် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို ဖတ်ကြားတော်မူသည့်အခါ အသင်သည် ၎င်း(ကုရ်အာန်)ကို နောက်လိုက်ပြီးနားထောင်ပါ။

ثُمَّ اِنَّ عَلَيۡنَا بَيَانَهٗ ﴿١٩﴾

(၁၉) ထို့နောက် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)ကို ရှင်းပြရန်မှာလည်း အမှန်စင်စစ် ငါအရှင်မြတ်၏တာဝန်ပင် ဖြစ်သည်။❶

❶ အရှင်မြတ်ဟာ ကုရ်အာန် အာယသ်တော်တွေကို တမန်တော်မြတ် ﷺ ရဲ့စိတ်နှလုံးထဲမှာ မှတ်မိစေဖို့နဲ့ ပြန်လည်ဖတ်ရွတ်နိုင်ဖို့အပြင် ပြန်လည်ရှင်းပြနိုင်ဖို့ပါ တာဝန်ယူထားလိုက်တာဖြစ်တယ်။ အဲဒီနောက် တမန်တော်မြတ် ﷺ ဟာ ကောင်းကင်တမန်ဖတ်ပြတဲ့အခါ အာရုံစိုက်ပြီး နားထောင်လိုက်တာနဲ့ အားလုံးမှတ်မိသွားခဲ့ပြီး ပြန်လည်းဖတ်ပြနိုင်ခဲ့သလို အဓိပ္ပာယ်တွေကိုလည်း ရှင်းလင်းပြသနိုင်ခဲ့တယ်။ ဒါဟာ အရှင်မြတ်ရဲ့တတ်စွမ်းနိုင်မှုဖြစ်တယ်။ အဲဒီအရှင်ဟာ လူတွေသေပြီးနောက် အရိုးတွေကိုစုပြီး ပြန်ရှင်ပြန်ထနိုင်အောင်လုပ်နိုင်တော်မူတဲ့အရှင်ဖြစ်တော်မူတယ်။ (အလင်းပြကျမ်း)

كَلَّا بَلۡ تُحِبُّوۡنَ الۡعَاجِلَةَ ﴿٢٠﴾

(၂၀) (သေပြီးနောက် ရှင်ပြန်မထရဘူးဟု အသင်တို့ပြောသကဲ့သို့) လုံးဝမဟုတ်ပေ၊ အမှန်စင်စစ် အသင်တို့သည် လောကီဘဝကို နှစ်သက်နေကြခြင်းဖြစ်သည်။

وَتَذَرُوۡنَ الۡاٰخِرَةَ ﴿٢١﴾

(၂၁) ထို့ပြင် အသင်တို့သည် တမလွန်ဘဝကို စွန့်လွှတ်ထားကြခြင်းဖြစ်သည်။

وُجُوۡهٌ يَّوۡمَئِذٍ نَّاضِرَةٌ ﴿٢٢﴾

(၂၂) ထိုနေ့တွင် မျက်နှာအမြောက်အမြားသည် ရွှင်လန်းနေကြမည်။

اِلٰى رَبِّهَا نَاظِرَةٌ ﴿٢٣﴾

(၂၃) သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ဖူးမြော်နေကြမည်။[၂]

[၂] အီမာန်ယူပြီး ကောင်းမြတ်တဲ့ လုပ်ရပ်တွေလုပ်ခဲ့တဲ့သူတွေဟာ ဂျန္နသ်မှာ အရှင်မြတ်ကို နှစ်သက်တဲ့အဖြစ်နဲ့ ဖူးမြော်တွေ့ရှိရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَوُجُوهٌ يَّوْمَئِذٍۭ بَاسِرَةٌ ﴿٢٤﴾

(၂၄) ထို့ပြင် ထိုနေ့တွင် မျက်နှာအမြောက်အမြားမှာမူ ညှိုးနွမ်းနေကြမည်။

تَظُنُّ اَنْ يُّفْعَلَ بِهَا فَاقِرَةٌ ﴿٢٥﴾

(၂၅) သူတို့သည် ခါးရိုးကျိုးစေမည့် ပြစ်ဒဏ်ကို ခံရမည်ကို သိနေကြလိမ့်မည်။

كَلَّآ اِذَا بَلَغَتِ التَّرَاقِيَ ﴿٢٦﴾

(၂၆) (ပြစ်ဒဏ်ခံရမည်မဟုတ်ပေဟု အသင်တို့ ထင်သကဲ့သို့)လုံးဝမဟုတ်ပေ။ အမှန်စင်စစ် အသက်ဝိညာဉ်သည် (လည်ပင်းအနီးမှ)ညှပ်ရိုးကို ရောက်သွားသည့်အခါ။[၃]

[၃] အသက်လည်မျိုကို ရောက်တဲ့အချိန်ဟာ စကရာသ် အသက်ငင်ချိန်ဆိုက်ရောက်တာဖြစ်ပြီး တမလွန်ဘဝစတင်တဲ့ အချိန်ဖြစ်တယ်။ အဲဒါကြောင့် အဲဒီအချိန်မှာ အီမာန်ယုံကြည်တာကို လက်မခံတော့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَقِيْلَ مَنْ ۜ رَاقٍ ﴿٢٧﴾

(၂၇) ထို့ပြင် (ထိုသေမည့် လူနာအနီးမှ သူများက) မန်းမှုတ်မည့်သူရှိသလောဟု အော်ဟစ်ကြမည်။[၄]

[၄] သေခါနီးအချိန်ရောက်တဲ့အခါမှာ အနားမှာရှိတဲ့သူတချို့က မန်းမှုတ်ဆရာကို ပြေးခေါ်ကြမယ်။ (လူတွေရဲ့ လုပ်လေ့လုပ်ထရှိတာကို ပြသနေခြင်းသာဖြစ်တယ်။ ပိုင်ခြင်း၊ မပိုင်ခြင်းအတွက် အထောက်အထားပြသတာမဟုတ်ဘူး။)တချို့က အသက်ကယ်ဆေးထိုးဖို့ ဆရာဝန်ကို ပြေးခေါ်ကြမယ်။ ဘယ်သူ့ကို ခေါ်ပြီး ဆွဲခိုင်းထားလို့မှ မရနိုင်တော့ဘူး။ ခွဲခွာရမဲ့အချိန် ရောက်ပြီဖြစ်တယ်။ (အလင်းပြကျမ်း)

وَّظَنَّ اَنَّهُ الْفِرَاقُ ﴿٢٨﴾

(၂၈) ထို့ပြင် အမှန်စင်စစ် ၎င်း(အချိန်)သည် (ဤဘဝမှ) စွန့်ခွာရတော့မည့်အချိန်ဖြစ်သည်ကို သူယုံကြည်လိုက်ပြီဖြစ်သည်။

وَالْتَفَّتِ السَّاقُ بِالسَّاقِ ﴿٢٩﴾

(၂၉) ထို့ပြင် ခြေသလုံးသည် ခြေသလုံးနှင့် ကပ်သွားမည်။ (ဒုက္ခပေါ်ဒုက္ခဆင့်သွားမည်)။[၅]

[၅] လောကရဲ့နောက်ဆုံးရက်မှာ ခံစားရတဲ့ဒုက္ခနဲ့ တမလွန်ဘဝရဲ့ပထမဦးဆုံးရက်မှာ ခံစားရတဲ့ ဒုက္ခ ထပ်ဆင့်နေတဲ့ စပ်ကူးမတ်ကူးကာလမှာ ဒုက္ခခံစားနေရတာဖြစ်တယ်။ (အလင်းပြကျမ်း)

اِلٰى رَبِّكَ يَوْمَىِٕذِ ِۨالْمَسَاقُ ﴿٣٠﴾

(၃၀) ထိုနေ့တွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်
ထံတော်သို့ပင် တွန်းပို့ခံကြရမည်။

فَلَا صَدَّقَ وَلَا صَلّٰى ﴿٣١﴾

(၃၁) ထို့နောက် ထိုလူသားသည် ယုံကြည်ထောက်ခံမှုလည်းမပြုခဲ့ပေ။
စွလာသ်ဝတ်ပြုခြင်းလည်း မရှိခဲ့ပေ။

وَلٰكِنْ كَذَّبَ وَتَوَلّٰى ﴿٣٢﴾

(၃၂) သို့ရာတွင် သူသည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ပြီး မျက်နှာပင်
လွှဲခဲ့သည်။

ثُمَّ ذَهَبَ اِلٰى اَهْلِهٖ يَتَمَطّٰى ﴿٣٣﴾

(၃၃) ထို့ပြင် သူသည် မော်ကြွားပြီး သူ၏အိမ်သူအိမ်သားများထံသို့
သွားခဲ့သည်။

اَوْلٰى لَكَ فَاَوْلٰى ﴿٣٤﴾

(၃၄) အသင့်အတွက် ပျက်စီးခြင်းအပေါ်တွင် ပျက်စီးခြင်းသာရှိမည်။

ثُمَّ اَوْلٰى لَكَ فَاَوْلٰى ﴿٣٥﴾

(၃၅) ထို့ပြင် ထပ်ပြီး အသင့်အတွက် ပျက်စီးခြင်းအပေါ်တွင် ပျက်စီး
ခြင်းသာရှိမည်။❻

❻ အဲဒီလို ဆိုးသွမ်းတဲ့သူတွေအတွက် အကြိမ်ကြိမ်ပျက်စီးမှုဖြစ်မယ်။(အလင်းပြကျမ်း)

اَيَحْسَبُ الْاِنْسَانُ اَنْ يُّتْرَكَ سُدًى ﴿٣٦﴾

(၃၆) လူသားသည် သူ့အား ဤအတိုင်းပင် စွန့်လွှတ်ထားခြင်းခံနေရ
မည်ဟု ထင်မှတ်နေသလော။

اَلَمْ يَكُ نُطْفَةً مِّنْ مَّنِيٍّ يُّمْنٰى ﴿٣٧﴾

(၃၇) သူသည် ထည့်သွင်းခြင်းခံရသည့်သုက်ရည်တစ်စက်ပင် ဖြစ်ခဲ့
သည် မဟုတ်လော။

ثُمَّ كَانَ عَلَقَةً فَخَلَقَ فَسَوّٰى ﴿٣٨﴾

(၃၈) ထို့နောက် ထိုသုက်ရည်သည် သွေးခဲဖြစ်ခဲ့သည်။ ထို့ပြင် အရှင်
မြတ်သည် (သူ့အား) ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည်(သူ့အား)
နေသားတကျဖြစ်အောင် ပြုပြင်တော်မူခဲ့သည်။

فَجَعَلَ مِنْهُ الزَّوْجَيْنِ الذَّكَرَ وَالْاُنْثٰى ﴿٣٩﴾

(၃၉) ထို့ပြင် အရှင်မြတ်သည် ထိုသုက်ရည်မှ ယောကျ်ားနှင့် မိန်းမ
အဖြစ် နှစ်မျိုးနှစ်စားပြုလုပ်တော်မူခဲ့သည်။

اَلَيۡسَ ذٰلِكَ بِقٰدِرٍ عَلٰٓى اَنۡ يُّحۡـىِۦَ الۡمَوۡتٰى ﴿٤٠﴾

(၄၀) ထိုအရှင်မြတ်သည် သေသူများကို ပြန်ရှင်စေတော်မူရန် တတ်စွမ်းနိုင်သောအရှင် မဟုတ်လေသလော။❶

❶ သုက်ရည်တစ်စက်ကနေ လူဖြစ်အောင် ဖန်ဆင်းတော်မူခဲ့တဲ့အရှင်မြတ်ဟာ အဲဒီလူသေပြီးတော့ အရိုးဖြစ်တဲ့အခါ ပြန်ပြီး လူမဖန်ဆင်းနိုင်ဘူးလား။ သုက်ရည်ဖြစ်ခြင်း၊ အရိုးဖြစ်ခြင်းဟာ အရှင်မြတ်ထံတော်မှာ ဘာမှကွာခြားမှုမရှိဘူး။ သုက်ရည်ပဲဖြစ်ဖြစ်၊ အရိုးပဲဖြစ်ဖြစ် အရှင်မြတ်က "ဖြစ်စေ" လို့ မိန့်ကြားလိုက်ရုံပဲ ဖြစ်တယ်။ အဲဒီနောက် လူဖြစ်လာမှာပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

ركوعاتها ٢     ٧٦ سُوْرَةُ الدَّهْرِ مَدَنِيَّةٌ ٩٨     اٰياتها ٣١

## စူရဟ် ဒဟ်ရ် (ခေတ်ကာလ ကဏ္ဍ) سُوْرَةُ الدَّهْرِ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

هَلْ أَتٰى عَلَى الْإِنْسَانِ حِيْنٌ مِّنَ الدَّهْرِ لَمْ يَكُنْ شَيْـًٔا مَّذْكُوْرًا ﴿١﴾

(၁) လူသား၏အပေါ်တွင် ခေတ်ကာလထဲမှ အချိန်တစ်ချိန်သည် အမှန်စင်စစ်ရောက်ရှိခဲ့သည်။ ထိုလူသားသည် (ထိုအချိန်တွင်) ပြောပလောက်သော အရာတစ်ခုပင် မဟုတ်ခဲ့ပေ။❶

❶ လူသားကို ပထမဦးဆုံးလူသားအဖြစ်ယူမယ်ဆိုရင် လူသားမဖြစ်ခင်က မြေကြီးပဲဖြစ်တဲ့အတွက် ဘာမှ ပြောပလောက်စရာမရှိခဲ့ဘူး။ လူသားဆိုတာ လူသားတိုင်းကို ဆိုလိုတယ်လို့ ယူမယ်ဆိုရင် လူသားတိုင်းဟာ သုက်ရည်တစ်စက်ကနေ စတဲ့အခြေအနေကို ဖြတ်သန်းခဲ့ကြရတဲ့အတွက် အဲဒါဟာလည်း ပြောပလောက်တဲ့ အရာတစ်ခု မဟုတ်ခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّا خَلَقْنَا الْإِنْسَانَ مِنْ نُّطْفَةٍ أَمْشَاجٍ ۖ نَّبْتَلِيْهِ فَجَعَلْنٰهُ سَمِيْعًا بَصِيْرًا ﴿٢﴾

(၂) အမှန်စင်စစ် ငါအရှင်မြတ်သည် လူသားကို စမ်းသပ်တော်မူရန်အတွက် ရောနှောပေါင်းစပ်ထားသော သုက်ရည်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။❷ ထို့နောက် ငါအရှင်မြတ်သည် သူ့အား ကြားသောသူ၊ မြင်သောသူအဖြစ် ပြုလုပ်တော်မူခဲ့သည်။❸

❷ အမျိုးသားရဲ့သုက်ရည်နဲ့ အမျိုးသမီးရဲ့မျိုးဥတို့ပေါင်းစပ်ပြီး သန္ဓေသားဖြစ်အောင်ဖန်ဆင်းတော်မူခဲ့တာဖြစ်တယ်။(အလင်းပြကျမ်း) ❸ ဘာမှ မမြင်နိုင်၊ မကြားနိုင်တဲ့အရာကနေ မြင်နိုင်၊ ကြားနိုင်တဲ့ လူသားဖြစ်အောင် အရှင်မြတ်ကပဲ စွမ်းရည်တွေပေးခဲ့တာဖြစ်တယ်။ အရှင်မြတ်ကို ဘယ်လောက်သိမလဲဆိုတာ စမ်းသပ်တော်မူဖို့ဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّا هَدَيْنٰهُ السَّبِيْلَ إِمَّا شَاكِرًا وَّإِمَّا كَفُوْرًا ﴿٣﴾

(၃) အမှန်စင်စစ် ငါအရှင်မြတ်သည် သူ့အား လမ်းမှန်ပြသတော်မူခဲ့သည်။ (ထို့နောက်) သူသည် ကျေးဇူးသိတတ်သူဖြစ်မည်၊ သို့မဟုတ် ကျေးဇူးကန်းသူဖြစ်မည်။❹

❹ အရှင်မြတ်က သိရှိနားလည်တတ်တဲ့ စွမ်းရည်ကိုလည်း ထည့်ပေးတော်မူခဲ့ပြီး တမန်တော်တွေစေလွှတ်ကာ သတိပေးနှိုးဆော်စေခဲ့တယ်။ အရှင်မြတ်ရဲ့ ဝတ္တရားအပြည့်အစုံပြုလုပ်ဆောင်ရွက်ပေးတော်မူခဲ့တယ်။ အဲဒီနောက် လူသားဟာ အုပ်စုနှစ်စု ကွဲသွားခဲ့တယ်။ တစ်စုက အရှင်မြတ်ပေးခဲ့တဲ့ စွမ်းရည်တွေနဲ့ အရှင်မြတ်ကို သိပြီး ကျေးဇူးတင်ခဲ့ကြတယ်။ တစ်စုကတော့ အရှင်မြတ်ပေးခဲ့

တဲ့ စွမ်းရည်တွေကို အလွဲသုံးစားလုပ်ပြီး ကျေးဇူးကန်းခဲ့ကြတယ်။ အဲဒီနှစ်အုပ်စုလုံးရဲ့ကောင်းကျိုး ဆိုးကျိုးတွေကို အရှင်မြတ်က ဆက်လက်ဖော်ပြတော်မူတယ်။ (အလင်းပြကျမ်း)

إِنَّآ أَعْتَدْنَا لِلْكَٰفِرِينَ سَلَٰسِلَا۟ وَأَغْلَٰلًا وَسَعِيرًا ﴿٤﴾

(၄) အမှန်စင်စစ် ငါအရှင်မြတ်သည် ကာဖိရ်များအတွက်သံကြိုးများ၊ လည်ကွင်းစွပ်များနှင့် ဟုန်းဟုန်းတောက်နေသည့်မီးကို အသင့်ပြုလုပ်ထား တော်မူသည်။

إِنَّ ٱلْأَبْرَارَ يَشْرَبُونَ مِن كَأْسٍ كَانَ مِزَاجُهَا كَافُورًا ﴿٥﴾

(၅) အမှန်စင်စစ် ကောင်းမြတ်သောသူများသည် ပရုတ်ရောစပ်ထား သော အရက်အပြည့်အလျှံထည့်ထားသည့် ခွက်ထဲမှ သောက်သုံးကြမည်။

عَيْنًا يَشْرَبُ بِهَا عِبَادُ ٱللَّهِ يُفَجِّرُونَهَا تَفْجِيرًا ﴿٦﴾

(၆) စမ်းချောင်းတစ်ခု၊ ထိုစမ်းချောင်းမှ အလ္လာဟ်အရှင်မြတ်၏(ကောင်း မြတ်သော)ကျွန်များသည် သောက်သုံးကြမည်။ သူတို့သည် ထိုစမ်းချောင်းကို (လိုလားသောနေရာသို့) အလွယ်တကူ စီးဆင်းစေကြမည်။

يُوفُونَ بِٱلنَّذْرِ وَيَخَافُونَ يَوْمًا كَانَ شَرُّهُۥ مُسْتَطِيرًا ﴿٧﴾

(၇) ထိုကျွန်များသည် တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်လေ့ ရှိကြသည့်အပြင်၊ အကြင်နေ့ကိုလည်း စိုးရိမ်ကြောက်ရွံ့လေ့ရှိကြသည်။ ထိုနေ့ ၏ဘေးအန္တရာယ်သည် (လေးဘက်လေးတန်) ပျံ့နှံ့လျက်ရှိမည်။

وَيُطْعِمُونَ ٱلطَّعَامَ عَلَىٰ حُبِّهِۦ مِسْكِينًا وَيَتِيمًا وَأَسِيرًا ﴿٨﴾

(၈) ထို့ပြင် ထိုသူများသည် အရှင်မြတ်ကို ချစ်မြတ်နိုးမှုအပေါ်တွင် (သို့မဟုတ်)အစားအစာကို မက်မောမှုရှိလျက်နှင့် ဆင်းရဲသားများ၊ အဘမဲ့ ကလေးများနှင့် သုံ့ပန်းများကို ကျွေးမွေးကြသည်။

إِنَّمَا نُطْعِمُكُمْ لِوَجْهِ ٱللَّهِ لَا نُرِيدُ مِنكُمْ جَزَآءً وَلَا شُكُورًا ﴿٩﴾

(၉) (သူတို့က ပြောဆိုကြသည်) ကျွန်ုပ်တို့သည် အသင်တို့အား အလ္လာဟ်အရှင်မြတ်၏နှစ်သက်မှုအတွက်ပင် ကျွေးမွေးခြင်းဖြစ်သည်။ ကျွန်ုပ် တို့သည် အသင်တို့ထံမှ မည်သည့်အကျိုးကျေးဇူးကိုမျှလည်း အလိုမရှိပေ၊ မည်သည့်ကျေးဇူးတင်ခြင်းကိုမျှလည်း မရည်ရွယ်ပေ။

إِنَّا نَخَافُ مِن رَّبِّنَا يَوْمًا عَبُوسًا قَمْطَرِيرًا ﴿١٠﴾

(၁၀) အမှန်စင်စစ် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော် မူသောအရှင်မြတ်ထံတော်မှ ကြမ်းကြုတ်ခက်ထန်ပြီး အလွန်မျက်နှာပျက် ညှိုး

နွမ်းရမည့်နေ့ကို ကြောက်ရွံ့စိုးရိမ်ကြသည်(ဟု ပြောဆိုကြသည်)။

فَوَقٰىهُمُ اللّٰهُ شَرَّ ذٰلِكَ الْيَوْمِ وَلَقّٰىهُمْ نَضْرَةً وَّسُرُوْرًا ﴿١١﴾

(၁၁) သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် သူတို့အား ထိုနေ့၏ဒုက္ခများမှ ကယ်တင်တော်မူမည်။ ထို့ပြင် အရှင်မြတ်သည် သူတို့အား ရွှင်လန်းမှုနှင့် ဝမ်းမြောက်ပျော်ရွှင်မှုကို တွေ့ကြုံစေတော်မူမည်။

وَجَزٰىهُمْ بِمَا صَبَرُوْا جَنَّةً وَّحَرِيْرًا ﴿١٢﴾

(၁၂) ထို့ပြင် သူတို့အား အရှင်မြတ်သည် သူတို့သည်းခံခဲ့ကြသောကြောင့် ဂျန္နသ်သုခဘုံနှင့် ပိုးထည်ကို အစားပေးတော်မူမည်ဖြစ်သည်။

مُّتَّكِـِٕيْنَ فِيْهَا عَلَى الْاَرَآئِكِ ۚ لَا يَرَوْنَ فِيْهَا شَمْسًا وَّلَا زَمْهَرِيْرًا ﴿١٣﴾

(၁၃) (သူတို့သည်) ထိုဂျန္နသ်သုခဘုံတွင် မြင့်မားသောထိုင်ခုံများပေါ်၌ မှီပြီးထိုင်နေကြမည်။ သူတို့သည် ထိုအထဲတွင် နေအပူဒဏ်နှင့် အအေးဒဏ်ကို တွေ့ရှိကြမည်မဟုတ်ပေ။

وَدَانِيَةً عَلَيْهِمْ ظِلٰلُهَا وَذُلِّلَتْ قُطُوْفُهَا تَذْلِيْلًا ﴿١٤﴾

(၁၄) ထို့ပြင် ထိုအထဲမှ သစ်ပင်များသည် သူတို့အပေါ်တွင် ကိုင်းညွတ်နေကြမည်။ ထို့ပြင် ထိုအထဲတွင် အပြွတ်လိုက်သီးသော သစ်သီးဝလံများသည် ညွတ်ကျနေကြမည်။

وَيُطَافُ عَلَيْهِمْ بِاٰنِيَةٍ مِّنْ فِضَّةٍ وَّاَكْوَابٍ كَانَتْ قَوَارِيْرَا۠ ﴿١٥﴾

(၁၅) ထို့ပြင် သူတို့ထံသို့ ငွေပန်းကန်များနှင့် ဖန်ခွက်များသည် လှည့်လည်ရောက်ရှိနေလိမ့်မည်။

قَوَارِيْرَا۠ مِنْ فِضَّةٍ قَدَّرُوْهَا تَقْدِيْرًا ﴿١٦﴾

(၁၆) ငွေဖြင့်ပြုလုပ်ထားသော ငွေခွက်များဖြစ်ကြမည်။ သူတို့သည် ထိုငွေခွက်များကို (လိုသမျှ) ချိန်ဆဖြည့်ထည့်ထားကြမည်။

وَيُسْقَوْنَ فِيْهَا كَاْسًا كَانَ مِزَاجُهَا زَنْجَبِيْلًا ﴿١٧﴾

(၁၇) ထို့ပြင် သူတို့သည် ထို(ဂျန္နသ်သုခဘုံ)ထဲတွင် ချင်း(ဂျင်း)ရောထားသောအရက် ပြည့်လျှံစွာပါရှိသော ခွက်များဖြင့် တိုက်ကျွေးခြင်းခံကြရမည်။

عَيْنًا فِيْهَا تُسَمّٰى سَلْسَبِيْلًا ﴿١٨﴾

(၁၈) ၎င်း(သုခဘုံ)ထဲတွင်ရှိသော စလ်စဗီလ်ဆိုသော စမ်းချောင်းမှ (သောက်သုံးကြမည်) ဖြစ်သည်။

وَيَطُوْفُ عَلَيْهِمْ وِلْدَانٌ مُّخَلَّدُوْنَ ۚ اِذَا رَاَيْتَهُمْ حَسِبْتَهُمْ لُؤْلُؤًا مَّنْثُوْرًا ﴿١٩﴾

(၁၉) ထို့ပြင် သူတို့ထံတွင် အသက်မသေဘဲ အမြဲငယ်ရွယ်နေမည့် လူငယ်လေးများသည် လှည့်ပတ်သွားလာ(ပြုစု)နေကြမည်။ အသင်သည် သူတို့အား တွေ့မြင်သည့်အခါ သူတို့သည် ဖြန့်ကြဲထားသော ပုလဲများဖြစ်သည်ဟုပင် ထင်မှတ်မိမည်။

وَإِذَا رَأَيْتَ ثَمَّ رَأَيْتَ نَعِيمًا وَمُلْكًا كَبِيرًا ﴿٢٠﴾

(၂၀) ထို့ပြင် အသင်သည် မည်သည့်နေရာ၌ပင် ကြည့်သည်ဖြစ်စေ ကြီးကျယ်လှသည့်စည်းစိမ်နှင့် ကြီးကျယ်သော အုပ်ချုပ်မှုကို တွေ့မြင်ရမည်။

عَٰلِيَهُمْ ثِيَابُ سُندُسٍ خُضْرٌ وَإِسْتَبْرَقٌ ۖ وَحُلُّوٓا۟ أَسَاوِرَ مِن فِضَّةٍ وَسَقَىٰهُمْ رَبُّهُمْ شَرَابًا طَهُورًا ﴿٢١﴾

(၂၁) သူတို့(၏ခန္ဓာကိုယ်များ)ပေါ်တွင် အစိမ်းရောင်ပိုးထည်အပါးစားနှင့် အထူစား၊ ရွှေခြည်နှင့် ပန်းထိုးထားသော ပိုးထည်များရှိကြမည်။ ထို့ပြင် သူတို့သည် ငွေလက်ကောက်၊ လက်ပတ်များနှင့် တန်ဆာဆင်ယင်ပေးခြင်းကိုလည်း ခံကြရမည်။ ထို့ပြင် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က သူတို့အား အလွန်စင်ကြယ်သည့်အရက်ကို တိုက်ကျွေးတော်မူမည်။[၁]

[၁] အရဗီမှာ ရှရာဗ်ဆိုတာ သောက်သုံးစရာဟူသမျှကိုခေါ်တယ်။ (အလင်းပြကျမ်း)

إِنَّ هَٰذَا كَانَ لَكُمْ جَزَآءً وَكَانَ سَعْيُكُم مَّشْكُورًا ﴿٢٢﴾

(၂၂) အမှန်စင်စစ် ဤသည် အသင်တို့အတွက် အကျိုးကျေးဇူးဖြစ်သည်။ ထို့ပြင် အသင်တို့၏ကြိုးပမ်းမှုသည် ကျေနပ်လက်ခံပြီး ဖြစ်သည်။[၂]

[၂] သူတို့ရဲ့ကြိုးပမ်းချက်တွေကို အရှင်မြတ်လက်ခံတော်မူပြီး ဖြစ်ကြောင်း ဂျန္နသ်ထဲမှာ သူတို့ကို အရှင်မြတ်က မိန့်ကြားတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

إِنَّا نَحْنُ نَزَّلْنَا عَلَيْكَ ٱلْقُرْءَانَ تَنزِيلًا ﴿٢٣﴾

(၂၃) အမှန်စင်စစ် ငါအရှင်မြတ်သည်ပင် အသင်(တမန်တော်)၏ အပေါ်၌ ကုရ်အာန်ကျမ်းတော်မြတ်ကို တဖြည်းဖြည်း ချပေးတော်မူခဲ့သည်။

فَٱصْبِرْ لِحُكْمِ رَبِّكَ وَلَا تُطِعْ مِنْهُمْ ءَاثِمًا أَوْ كَفُورًا ﴿٢٤﴾

(၂၄) သို့ဖြစ်ရာ အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော်အပေါ်တွင် သည်းခံရပ်တည်နေပါ။ ထို့ပြင် အသင်သည် သူတို့ထဲမှ မည်သည့်အပြစ်ကျူးလွန်သူ၏ စကားကိုဖြစ်စေ၊ မည်သည့် ငြင်းပယ်သူ၏ စကားကိုဖြစ်စေ မလိုက်နာပါနှင့်။

وَٱذْكُرِ ٱسْمَ رَبِّكَ بُكْرَةً وَأَصِيلًا ﴿٢٥﴾

(၂၅) ထို့ပြင် အသင်သည် နံနက်ခင်းနှင့် ညနေခင်းတွင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ နာမတော်ကို တသသတိရပါ။

وَمِنَ الَّيۡلِ فَاسۡجُدۡ لَهٗ وَسَبِّحۡهُ لَيۡلًا طَوِيۡلًا ﴿٢٦﴾

(၂၆) ထို့နောက် အသင်သည် ညပိုင်းတွင်လည်း အရှင်မြတ်ကို စဂျ်ဒဟ် ဦးချရမည့်အပြင် အသင်သည် ည၏ရှည်လျားသည့်အစိတ်အပိုင်းတွင် အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို ရွတ်ဆို(လျှက်ဝတ်ပြု)ပါ။

اِنَّ هٰٓؤُلَآءِ يُحِبُّوۡنَ الۡعَاجِلَةَ وَيَذَرُوۡنَ وَرَآءَهُمۡ يَوۡمًا ثَقِيۡلًا ﴿٢٧﴾

(၂၇) အမှန်စင်စစ် ဤသူများသည် ဤဘဝကိုပင် နှစ်သက်ကြသည်။ ထို့ပြင် သူတို့သည် ကြီးလေးလှသော နေ့ကိုမူ သူတို့၏ နောက်တွင် စွန့်ပစ်ထားကြသည်။

نَحۡنُ خَلَقۡنٰهُمۡ وَشَدَدۡنَاۤ اَسۡرَهُمۡ ۚ وَاِذَا شِئۡنَا بَدَّلۡنَاۤ اَمۡثَالَهُمۡ تَبۡدِيۡلًا ﴿٢٨﴾

(၂၈) ငါအရှင်မြတ်သည်ပင် သူတို့အား ဖန်ဆင်းတော်မူခဲ့သည့်အပြင် ငါအရှင်မြတ်သည်ပင် သူတို့၏အဆစ်အမြစ်များ(အကြောများ၊ ကြွက်သားများ) ကို ခိုင်ခံ့စေတော်မူခဲ့သည်။ ထို့ပြင် ငါအရှင်မြတ်သည် အလိုရှိတော်မူသောအခါ သူတို့၏အစား သူတို့ကဲ့သို့သော လူများကို လဲလှယ်တော်မူမည်။

اِنَّ هٰذِهٖ تَذۡكِرَةٌ ۚ فَمَنۡ شَآءَ اتَّخَذَ اِلٰى رَبِّهٖ سَبِيۡلًا ﴿٢٩﴾

(၂၉) အမှန်စင်စစ် ဤသည် ဆုံးမသြဝါဒပင်ဖြစ်သည်။ သို့ဖြစ်ရာ မည်သူမဆို အလိုရှိလျှင် သူ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်သို့ (သွားသည့်)လမ်းကို ရွေးချယ်ရမည်ဖြစ်သည်။

وَمَا تَشَآءُوۡنَ اِلَّاۤ اَنۡ يَّشَآءَ اللّٰهُ ؕ اِنَّ اللّٰهَ كَانَ عَلِيۡمًا حَكِيۡمًا ﴿٣٠﴾

(၃၀) ထို့ပြင် အလ္လာဟ်အရှင်မြတ်အလိုရှိတော်မမူဘဲ အသင်တို့သည် အလိုရှိနိုင်ကြမည်မဟုတ်ပေ။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသောအရှင်၊ ပညာဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။

يُّدۡخِلُ مَنۡ يَّشَآءُ فِىۡ رَحۡمَتِهٖ ؕ وَالظّٰلِمِيۡنَ اَعَدَّ لَهُمۡ عَذَابًا اَلِيۡمًا ﴿٣١﴾

(၃၁) အရှင်မြတ်သည် အရှင်မြတ်အလိုရှိတော်မူသောသူကို အရှင်မြတ်၏ကရုဏာတော်ထဲသို့ ဝင်ရောက်စေတော်မူသည်။ ထို့ပြင် မတရားသူများအတွက်ကမူ အရှင်မြတ်သည် အလွန်နာကျင်စေသည့်ပြစ်ဒဏ်ကို အဆင်သင့် ပြုလုပ်ထားတော်မူပြီးဖြစ်သည်။

================================================================

رکوعاتها٢ ٧٧سُوۡرَةُ الۡمُرۡسَلٰتِ مَكِّيَّةٌ ٣٣ اٰياتها٥٠

# စူရဟ် မုရ်စလာသ် (စေလွှတ်ခံရသည့်လေများကဏ္ဍ) سُوۡرَةُ الۡمُرۡسَلٰتِ

================================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَالۡمُرۡسَلٰتِ عُرۡفًا ۝١

(၁) ဆက်တိုက်စေလွှတ်ခြင်းခံရသောအရာ (လေများ၊ တမန်တော်များ)ကို သက်သေထူတော်မူသည်။

فَالۡعٰصِفٰتِ عَصۡفًا ۝٢

(၂) ထို့ပြင် ပြင်းထန်စွာ တိုက်ခတ်သည့် လေများကို သက်သေထူတော်မူသည်။

وَّالنّٰشِرٰتِ نَشۡرًا ۝٣

(၃) ထို့ပြင် (တိမ်များကို)ပျံ့နှံ့စေသောလေများကို သက်သေထူတော်မူသည်။

فَالۡفٰرِقٰتِ فَرۡقًا ۝٤

(၄) ထို့ပြင် အမှန်နှင့်အမှား ခွဲခြားပေးသည့်အရာ (တမန်တော်များ၊ ကောင်းကင်တမန်များ)ကို သက်သေထူတော်မူသည်။

فَالۡمُلۡقِيٰتِ ذِكۡرًا ۝٥

(၅) ထို့ပြင် ဆုံးမသြဝါဒများ ချပေးသည့်သူ (ကောင်းကင်တမန်)များကို သက်သေထူတော်မူသည်။ عُذۡرًا اَوۡ نُذۡرًا ۝٦

(၆) အကြောင်းပြ စောဒကမတက်နိုင်ရန်နှင့် သတိပေးနှိုးဆော်နိုင်ရန် အတွက်ဖြစ်သည်။

اِنَّمَا تُوۡعَدُوۡنَ لَوَاقِعٌ ۝٧

(၇) အမှန်စင်စစ် အသင်တို့ ချိန်းဆိုခြင်းခံကြရသောအရာသည် အမှန်ပင် ဆိုက်ရောက်လာမည်ဖြစ်သည်။

فَاِذَا النُّجُوۡمُ طُمِسَتۡ ۝٨

(၈) ထို့နောက် ကြယ်များသည် မှေးမှိန်သွားသည့်အခါ (ထိုအဖြစ်အပျက်ကြီးသည် ဖြစ်ပျက်လိမ့်မည်)။

وَإِذَا السَّمَاءُ فُرِجَتْ ۝٩

(၉) ထို့ပြင် မိုးကောင်းကင်သည် အက်ကွဲသွားသည့်အခါ။

وَإِذَا الْجِبَالُ نُسِفَتْ ۝١٠

(၁၀) ထို့ပြင် တောင်များသည် လွင့်ပါးသွားသည့်အခါ။

وَإِذَا الرُّسُلُ أُقِّتَتْ ۝١١

(၁၁) ထို့ပြင် တမန်တော်များသည် သတ်မှတ်ချိန်တွင် စုရုံးခြင်းခံကြရသည့်အခါ။

لِأَيِّ يَوْمٍ أُجِّلَتْ ۝١٢

(၁၂) (သူတို့အားလုံးကို) မည်သည့်နေ့အတွက် ရွှေ့ဆိုင်းခြင်းခံခဲ့ရသနည်း။

لِيَوْمِ الْفَصْلِ ۝١٣

(၁၃) စီရင်ဆုံးဖြတ်မည့်နေ့သို့ (ရွှေ့ဆိုင်းခြင်း ခံခဲ့ရခြင်းဖြစ်သည်)။❶

❶ အရှင်မြတ်ဟာ အလိုရှိတော်မူရင် ချက်ချင်း အဆုံးအဖြတ်ပေးနိုင်တော်မူတယ်။ (အလင်းပြကျမ်း)

وَمَا أَدْرَاكَ مَا يَوْمُ الْفَصْلِ ۝١٤

(၁၄) ထို့ပြင် စီရင်ဆုံးဖြတ်မည့်နေ့ဆိုသည်မှာ မည်သည့်အရာနည်းဟု အသင်သိပါ၏လော။

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ۝١٥

(၁၅) ထိုနေ့တွင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသည့်သူများအတွက် ပျက်စီးမှုရှိမည်။

أَلَمْ نُهْلِكِ الْأَوَّلِينَ ۝١٦

(၁၆) ငါအရှင်မြတ်သည် ရှေးကသူများကို ဖျက်ဆီးတော်မူခဲ့သည် မဟုတ်လော။

ثُمَّ نُتْبِعُهُمُ الْآخِرِينَ ۝١٧

(၁၇) ထို့နောက် ထပ်ပြီး နောက်ကသူများကို သူတို့နောက်သို့ လိုက်စေတော်မူမည်ဖြစ်သည်။❷

❷ အရင်ကလူတွေကို သူတို့ရဲ့ ပြစ်မှုတွေကြောင့် အရှင်မြတ်က ဖျက်ဆီးပစ်ခဲ့သလို အခုလည်း ပြစ်မှုကျူးလွန်တဲ့သူတွေကို အဲဒီလိုပဲ အရှင်သတ်မှတ်တဲ့အချိန်ရောက်လာရင် ဖျက်ဆီးပစ်တော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

كَذَٰلِكَ نَفْعَلُ بِالْمُجْرِمِينَ ۝١٨

(၁၈) ငါအရှင်မြတ်သည် အပြစ်ကျူးလွန်သူများကို ထိုသို့ပင် ပြုလုပ်တော်မူလေ့ရှိသည်။

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ۝١٩

(၁၉) ထိုနေ့တွင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသည့်သူများအတွက် ပျက်စီးမှုရှိမည်။

أَلَمْ نَخْلُقكُّم مِّن مَّآءٍ مَّهِينٍ ﴿٢٠﴾

(၂၀) ငါအရှင်မြတ်သည် အသင်တို့အား သေးသိမ်ယုတ်ညံ့သောရေ (သုက်ရည်)ဖြင့် ဖန်ဆင်းတော်မူခဲ့သည် မဟုတ်လော။

فَجَعَلْنَٰهُ فِى قَرَارٍ مَّكِينٍ ﴿٢١﴾

(၂၁) ထို့ပြင် ငါအရှင်မြတ်သည် ထိုရေကို လုံခြုံသည့်နေရာ(သားအိမ်ထဲ)တွင် ထားရှိတော်မူခဲ့သည်။

إِلَىٰ قَدَرٍ مَّعْلُومٍ ﴿٢٢﴾

(၂၂) သတ်မှတ်ထားသည့်အချိန်ထိ။

فَقَدَرْنَا فَنِعْمَ ٱلْقَٰدِرُونَ ﴿٢٣﴾

(၂၃) ထို့ပြင် ငါအရှင်မြတ်သည် ချိန်ဆစီမံပြုလုပ်တော်မူခဲ့သည်။ သို့ဖြစ်ရာ (ငါအရှင်မြတ်သည်) အဘယ်မျှကောင်းမွန်စွာ ချိန်ဆစီမံပြုလုပ်နိုင်တော်မူသောအရှင် ဖြစ်တော်မူလိုက်သနည်း။

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿٢٤﴾

(၂၄) ထိုနေ့တွင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသည့်သူများအတွက် ပျက်စီးမှုရှိမည်။

أَلَمْ نَجْعَلِ ٱلْأَرْضَ كِفَاتًا ﴿٢٥﴾

(၂၅) ငါအရှင်မြတ်သည် မြေပထဝီကို စုပေါင်းထားသည့်နေရာအဖြစ် ပြုလုပ်တော်မူခဲ့သည်မဟုတ်လော။

أَحْيَآءً وَأَمْوَٰتًا ﴿٢٦﴾

(၂၆) ရှင်သူများနှင့် သေသူများကို။

وَجَعَلْنَا فِيهَا رَوَٰسِىَ شَٰمِخَٰتٍ وَأَسْقَيْنَٰكُم مَّآءً فُرَاتًا ﴿٢٧﴾

(၂၇) ထို့ပြင် ငါအရှင်မြတ်သည် ထိုမြေပထဝီတွင် မြင့်မားသည့်တောင်များကို စိုက်ထူတော်မူသည်။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့အား ချိုမြသည့်ရေကို တိုက်ကျွေးတော်မူသည်။

وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ ﴿٢٨﴾

(၂၈) ထိုနေ့တွင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသည့်သူများအတွက် ပျက်စီးမှုရှိမည်။

ٱنطَلِقُوٓا۟ إِلَىٰ مَا كُنتُم بِهِۦ تُكَذِّبُونَ ﴿٢٩﴾

(၂၉) အသင်တို့သည် မဟုတ်မမှန်ဟု မိမိတို့ စွပ်စွဲငြင်းပယ်ခဲ့ကြသော (ပြစ်ဒဏ်)နေရာကို လျှောက်သွားကြပါ။

انْطَلِقُوا إِلَىٰ ظِلٍّ ذِي ثَلَاثِ شُعَبٍ ﴿٣٠﴾

(၃၀) အသင်တို့သည် အကိုင်းသုံးကိုင်း ခွဲထွက်သော အရိပ်ထံသို့ လျှောက်သွားကြပါ။

لَا ظَلِيلٍ وَلَا يُغْنِي مِنَ اللَّهَبِ ﴿٣١﴾

(၃၁) (ထိုအရိပ်သည်) သက်သာမှုလည်း ရှိမည်မဟုတ်ပေ။ မီးတောက် မီးလျှံမှ ကာကွယ်မည်လည်းမဟုတ်ပေ။

إِنَّهَا تَرْمِي بِشَرَرٍ كَالْقَصْرِ ﴿٣٢﴾

(၃၂) အမှန်စင်စစ် ထိုမီးသည် အဆောက်အအုံကြီးများကဲ့သို့ မီးတောက် မီးလျှံကြီးများ လွင့်စင်ထွက်စေလိမ့်မည်။

كَأَنَّهُ جِمَالَتٌ صُفْرٌ ﴿٣٣﴾

(၃၃) ထိုမီးတောက်မီးလျှံများသည် အဝါရောင်ကုလားအုတ်များကဲ့သို့ ဖြစ်ကြမည်။

وَيْلٌ يَوْمَئِذٍ لِلْمُكَذِّبِينَ ﴿٣٤﴾

(၃၄) ထိုနေ့တွင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသည့်သူများအတွက် ပျက်စီးမှုရှိမည်။

هَٰذَا يَوْمُ لَا يَنْطِقُونَ ﴿٣٥﴾

(၃၅) ဤနေ့သည် သူတို့ စကားမပြောနိုင်သည့်နေ့ပင် ဖြစ်သည်။

وَلَا يُؤْذَنُ لَهُمْ فَيَعْتَذِرُونَ ﴿٣٦﴾

(၃၆) သူတို့သည် အကြောင်းပြ ဆင်ခြေပေးနိုင်ရန် ခွင့်ပြုခံကြရမည် မဟုတ်ပေ။

وَيْلٌ يَوْمَئِذٍ لِلْمُكَذِّبِينَ ﴿٣٧﴾

(၃၇) ထိုနေ့တွင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသည့်သူများအတွက် ပျက်စီးမှုရှိမည်။

هَٰذَا يَوْمُ الْفَصْلِ ۖ جَمَعْنَاكُمْ وَالْأَوَّلِينَ ﴿٣٨﴾

(၃၈) ဤသည် စီရင်ဆုံးဖြတ်မည့်နေ့ပင် ဖြစ်သည်။ ငါအရှင်မြတ်သည် အသင်တို့နှင့် ရှေးယခင်ကသူများကို စုရုံးတော်မူလိုက်ပြီဖြစ်သည်။

فَإِنْ كَانَ لَكُمْ كَيْدٌ فَكِيدُونِ ﴿٣٩﴾

(၃၉) သို့ဖြစ်ရာ အကယ်၍ အသင်တို့တွင် အကြံအစည်တစ်စုံတစ်ခု[1] ရှိလျှင် ငါအရှင်မြတ်နှင့် ယှဉ်ပြိုင်ပြီး ကြံစည်ကြပါ။

၁ လူ့လောက တရားရုံးတွေမှာလို နားလည်မှုတွေနဲ့ အမှုနိုင်အောင်လုပ်ဖို့ အကြံအစည်ရှိရင် အခု ငါအရှင်မြတ်ရဲ့တရားရုံးမှာ အသင်တို့ ကြံစည်ကြည့်လိုက်ကြပါ။ (အလင်းပြကျမ်း)

وَيۡلٌ يَّوۡمَئِذٍ لِّلۡمُكَذِّبِيۡنَ ﴿٤٠﴾

(၄၀) ထိုနေ့တွင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသည့်သူများအတွက် ပျက်စီးမှုရှိမည်။

اِنَّ الۡمُتَّقِيۡنَ فِىۡ ظِلٰلٍ وَّعُيُوۡنٍ ﴿٤١﴾

(၄၁) အမှန်စင်စစ် မုသ်သကီကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများသည် အရိပ်များနှင့် စမ်းချောင်းများတွင်။

وَّفَوَاكِهَ مِمَّا يَشۡتَهُوۡنَ ﴿٤٢﴾

(၄၂) သူတို့ လိုလားသော သစ်သီးဝလံများတွင် ရှိနေကြမည်။

كُلُوۡا وَاشۡرَبُوۡا هَنِيۡٓـًٔا بِمَا كُنۡتُمۡ تَعۡمَلُوۡنَ ﴿٤٣﴾

(၄၃) (သူတို့သည် ပြောဆိုခြင်းခံကြရမည်) အသင်တို့သည် အသင်တို့ ပြုလုပ်ခဲ့ကြသည်များကြောင့် မြိန်ရေယှက်ရေ စားသောက်ကြပါ။

اِنَّا كَذٰلِكَ نَجۡزِى الۡمُحۡسِنِيۡنَ ﴿٤٤﴾

(၄၄) အမှန်စင်စစ် ငါအရှင်မြတ်သည် ကောင်းကျိုးပြုလုပ်သူများကို ထိုသို့ပင် အစားပေးလေ့ရှိတော်မူသည်။

وَيۡلٌ يَّوۡمَئِذٍ لِّلۡمُكَذِّبِيۡنَ ﴿٤٥﴾

(၄၅) ထိုနေ့တွင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသည့်သူများအတွက် ပျက်စီးမှုရှိမည်။

كُلُوۡا وَتَمَتَّعُوۡا قَلِيۡلًا اِنَّكُمۡ مُّجۡرِمُوۡنَ ﴿٤٦﴾

(၄၆) အသင်တို့သည် (ဤဘဝတွင် အချိန်)အနည်းငယ်ပင် စားသုံးခြင်းနှင့် အကျိုးခံစားခြင်းကို ပြုလုပ်ကြပါ။၂ အမှန်စင်စစ် အသင်တို့သည် အပြစ်ရှိသူများပင် ဖြစ်ကြသည်။

၂ အသင်တို့ဟာ ငရဲမီးထဲကို မသွားရသေးခင် အခု အချိန်နည်းနည်းရှိနေတယ်။ ဗိုက်ဖြည့်ထားလိုက်ကြဦး။ စည်းစိမ်ခံထားနှင့်လိုက်ကြဦးလို့ ပြောသလိုပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَيۡلٌ يَّوۡمَئِذٍ لِّلۡمُكَذِّبِيۡنَ ﴿٤٧﴾

(၄၇) ထိုနေ့တွင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသည့်သူများအတွက် ပျက်စီးမှုရှိမည်။

وَاِذَا قِيۡلَ لَهُمُ ارۡكَعُوۡا لَا يَرۡكَعُوۡنَ ﴿٤٨﴾

(၄၈) ထို့ပြင် သူတို့အား "အသင်တို့သည် ရကူအ်ညွတ်ကိုင်းကြပါ" ဟုအမိန့်ပေးတော်မူသည့်အခါ သူတို့သည် ရကူအ်ညွတ်ကိုင်းခြင်းမပြုကြပေ။

وَيۡلٞ يَوۡمَئِذٖ لِّلۡمُكَذِّبِينَ ٤٩

(၄၉) ထိုနေ့တွင် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ကြသည့်သူများအတွက် ပျက်စီးမှုရှိမည်။

فَبِأَيِّ حَدِيثِۭ بَعۡدَهُۥ يُؤۡمِنُونَ ٥٠

(၅၀) သို့ဖြစ်ရာ သူတို့သည် ယင်း(ကုရ်အာန်ကျမ်းတော်မြတ်ကျရောက်ခဲ့ပြီးသည့်)နောက်တွင် မည်သည့်စကားကို ယုံကြည်ကြဦးမည်နည်း။❷

❷ ကုရ်အာန်ကျမ်းတော်မြတ်ကိုမှ မယုံကြည်ရင် အခြားယုံကြည်စရာ ကျမ်းလည်း မရှိတော့ဘူးဖြစ်တယ်။ (အလင်းပြကျမ်း)

==================================================

ركوعاتها٢ ٧٨سُوْرَةُ النَّبَإِ مَكِّيَّةٌ٨٠ اٰياتها٤٠

## စူရဟ် နဗအ် (ကြီးကျယ်သည့်သတင်း ကဏ္ဍ) سُوْرَةُ النَّبَإِ

==================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

عَمَّ يَتَسَآءَلُوْنَ ①

(၁) သူတို့သည် မည်သည့်အရာနှင့်ပတ်သက်၍ မေးမြန်းနေကြသနည်း။

عَنِ النَّبَإِ الْعَظِيْمِ ②

(၂) ၎င်းတို့သည် ကြီးကျယ်သော (ကိယာမသ်)အကြောင်းသတင်းနှင့် ပတ်သက်၍ (မေးမြန်းနေကြခြင်းဖြစ်သည်)။

الَّذِىْ هُمْ فِيْهِ مُخْتَلِفُوْنَ ③

(၃) ၎င်းတို့သည် ထိုအကြောင်းသတင်းနှင့်ပတ်သက်၍ ကွဲလွဲနေသူများဖြစ်ကြသည်။

كَلَّا سَيَعْلَمُوْنَ ④

(၄) (၎င်းတို့သည် ကိယာမသ်ဖြစ်မည်မဟုတ်ပေဟု ထင်မှတ်နေကြသည်။ ထိုသို့) လုံးဝမဟုတ်ပေ၊ ၎င်းတို့သည် မကြာမီ(ကိယာမသ် ရောက်လာသည်ကို) သိရှိကြရမည်။❶

❶ ကြီးကျယ်တဲ့အကြောင်းသတင်းဆိုတာ ကိယာမသ်ရှင်ပြန်ထမဲ့နေ့ကို ဆိုလိုတာဖြစ်တယ်။ အဲဒီနေ့ ဖြစ်နိုင် မဖြစ်နိုင် သံသယဖြစ်ခြင်းဟာ အရှင်မြတ်ရဲ့တတ်စွမ်းနိုင်မှုကို သံသယဖြစ်ခြင်းပဲ ဖြစ်တဲ့အတွက် ရှေ့မှာ အရှင်မြတ်က အရှင်မြတ်ရဲ့တန်ခိုးတော်နဲ့ ဘာမှမရှိရာကနေ စတင်ပြုလုပ်ခဲ့တာတွေကို ဖော်ပြထားတယ်။ အဲဒီလိုလုပ်နိုင်ခဲ့တဲ့အရှင်ဟာ နောက်တစ်ကြိမ် အဲဒါတွေကိုပဲ ပြန်လုပ်ရမှာ ဘာအခက်အခဲရှိမလဲ။ အရှင်မြတ်အတွက်ကတော့ "ဖြစ်စေ" လို့ မိန့်လိုက်တာနဲ့ အရှင်မြတ်ရဲ့စီမံချက်ထဲမှာ စီစဉ်ထားတဲ့အတိုင်း စနစ်တကျ ဖြစ်ပေါ်လာမှာပဲ ဖြစ်တယ်။ (အလင်းပြကျမ်း)

ثُمَّ كَلَّا سَيَعْلَمُوْنَ ⑤

(၅) ထို့နောက် (၎င်းတို့သည် ကိယာမသ်ဖြစ်မည်မဟုတ်ပေဟု ထင်မှတ်နေကြသည်။ ထိုသို့) လုံးဝမဟုတ်ပေ၊ ၎င်းတို့သည် မကြာမီ (ကိယာမသ် ရောက်လာသည်ကို) သိရှိကြရမည်။

اَلَمْ نَجْعَلِ الْاَرْضَ مِهٰدًا ⑥

(၆) (ငါအရှင်မြတ်သည် ငါအရှင်မြတ်၏တန်ခိုးတော်ဖြင့် အမြောက်အမြား

လုပ်ခဲ့ပြီဖြစ်သည်။ ကိယာမသ် မလုပ်နိုင်ရန်မည်သည့်အကြောင်းရှိမည်နည်း။)
ငါအရှင်မြတ်သည်ပင် မြေပထဝီကို အခင်းပြုလုပ်တော်မူခဲ့သည်မဟုတ်လော။

وَّالْجِبَالَ اَوْتَادًا ۝٧

(၇) ထို့ပြင် (ငါအရှင်မြတ်သည်ပင် ထိုမြေပထဝီကို တည်ငြိမ်နေရန်) တောင်များကို သပ်များငုတ်များအဖြစ် (စိုက်ထူခဲ့သည်မဟုတ်လော)။

وَّخَلَقْنٰكُمْ اَزْوَاجًا ۝٨

(၈) ထို့ပြင် ငါအရှင်မြတ်သည်ပင် အသင်တို့အား (ဖို၊ မ)စုံလိုက် ဖန်ဆင်းတော်မူခဲ့သည်(မဟုတ်လော)။

وَّجَعَلْنَا نَوْمَكُمْ سُبَاتًا ۝٩

(၉) ထို့ပြင် ငါအရှင်မြတ်သည်ပင် အသင်တို့၏ အိပ်စက်ခြင်းကို (အသင်တို့အတွက်) အပန်းဖြေအနားယူမှုအဖြစ် ပြုလုပ်တော်မူခဲ့သည်(မဟုတ်လော)။

وَّجَعَلْنَا الَّيْلَ لِبَاسًا ۝١٠

(၁၀) ထို့ပြင် ငါအရှင်မြတ်သည်ပင် ညကို ဖုံးအုပ်သောအရာအဖြစ် ပြုလုပ်တော်မူခဲ့သည်(မဟုတ်လော)။

وَّجَعَلْنَا النَّهَارَ مَعَاشًا ۝١١

(၁၁) ထို့ပြင် ငါအရှင်မြတ်သည်ပင် နေ့ကို အသက်မွေးဝမ်းကျောင်းပြုရန် အချိန်အဖြစ် ပြုလုပ်တော်မူခဲ့သည်(မဟုတ်လော)။

وَّبَنَيْنَا فَوْقَكُمْ سَبْعًا شِدَادًا ۝١٢

(၁၂) ထို့ပြင် ငါအရှင်မြတ်သည်ပင် အသင်တို့အပေါ်တွင် အလွန်ခိုင်ခံ့သော မိုးခုနစ်ထပ်ကို ဆောက်လုပ်တော်မူခဲ့သည်(မဟုတ်လော)။

وَّجَعَلْنَا سِرَاجًا وَّهَّاجًا ۝١٣

(၁၃) ထို့ပြင် ငါအရှင်မြတ်သည်ပင် (ထိုမိုးကောင်းကင်တွင်) လင်းဝင်းတောက်ပသော မီးတိုင်တစ်ခုကို ဖန်ဆင်းတော်မူခဲ့သည်(မဟုတ်လော)။

وَّاَنْزَلْنَا مِنَ الْمُعْصِرٰتِ مَآءً ثَجَّاجًا ۝١٤

(၁၄) ထို့ပြင် ငါအရှင်မြတ်သည်ပင် ညှစ်ထုတ်သည့်တိမ်များမှ (မိုး)ရေကို  သည်းထန်စွာဖြင့် ရွာသွန်းစေတော်မူခဲ့သည်(မဟုတ်လော)။

لِّنُخْرِجَ بِهٖ حَبًّا وَّنَبَاتًا ۝١٥

(၁၅) (ထိုသို့ ရွာသွန်းစေတော်မူခြင်းမှာ) ငါအရှင်မြတ်သည် ၎င်း(မိုးရေ)ဖြင့် ကောက်ပဲသီးနှံများနှင့် ဟင်းသီးဟင်းရွက်များကို ပေါက်ရောက်စေတော်

မှုရန်အတွက်ဖြစ်သည်။

وَّجَنّٰتٍ اَلْفَافًا ﴿١٦﴾

(၁၆) ထို့ပြင် ထူထပ်သောဥယျာဉ်များ (ပေါက်ရောက်စေတော်မူရန် အတွက်လည်း)ဖြစ်သည်။

اِنَّ يَوْمَ الْفَصْلِ كَانَ مِيْقَاتًا ﴿١٧﴾

(၁၇) အမှန်စင်စစ် စီရင်ဆုံးဖြတ်မည့်နေ့သည် သတ်မှတ်ပြီးသည့်အချိန် ကာလတစ်ခုပင် ဖြစ်သည်။

يَّوْمَ يُنْفَخُ فِي الصُّوْرِ فَتَاْتُوْنَ اَفْوَاجًا ﴿١٨﴾

(၁၈) ထိုနေ့တွင် တံပိုးခရာမှုတ်ခြင်း ခံရသည့်အခါ အသင်တို့သည် အုပ်စုလိုက် အုပ်စုလိုက်လာကြမည်။

وَّفُتِحَتِ السَّمَآءُ فَكَانَتْ اَبْوَابًا ﴿١٩﴾

(၁၉) ထို့ပြင် (ထိုနေ့တွင်) မိုးကောင်းကင်သည် ပွင့်သွားပြီး ယင်း(မိုး ကောင်းကင်)သည် တံခါးများပင် ဖြစ်သွားကြမည်။

وَّسُيِّرَتِ الْجِبَالُ فَكَانَتْ سَرَابًا ﴿٢٠﴾

(၂၀) ထို့ပြင် (ထိုနေ့တွင်) တောင်များသည် ရွေ့လျားစေခြင်းခံကြရပြီး ယင်း(တောင်များ)သည် သဲ(သောင်ပြင်တွင်တွေ့ရသော တံလျှပ်ကဲ့သို့) ဖြစ် သွားကြမည်။

اِنَّ جَهَنَّمَ كَانَتْ مِرْصَادًا ﴿٢١﴾

(၂၁) အမှန်စင်စစ် ဂျဟန္နမ်ငရဲသည် (အပြစ်ကျူးလွန်သူများအတွက်) ချောင်းမြောင်းနေသူ ဖြစ်သည်။

لِّلطّٰغِيْنَ مَاٰبًا ﴿٢٢﴾

(၂၂) အလွန်ဆိုးသွမ်းကျူးလွန်သူများ၏ ပြန်လည်ရာစခန်း ဖြစ်သည်။

لّٰبِثِيْنَ فِيْهَآ اَحْقَابًا ﴿٢٣﴾

(၂၃) (သူတို့သည်) ထိုအထဲတွင် အဆုံးမရှိသော ကာလထိနေကြရမည်။

لَا يَذُوْقُوْنَ فِيْهَا بَرْدًا وَّلَا شَرَابًا ﴿٢٤﴾

(၂၄) သူတို့သည် ထိုအထဲတွင် မည်သည့်အအေးကိုမျှ မြည်းစမ်းကြ ရမည် မဟုတ်ပေ။ ထို့ပြင် မည်သည့်သောက်သုံးစရာကိုမျှလည်း မြည်းစမ်းကြရ မည်မဟုတ်ပေ။

اِلَّا حَمِيْمًا وَّغَسَّاقًا ﴿٢٥﴾

(၂၅) သို့ရာတွင် ပွက်ပွက်ဆူနေသော ရေနွေးပူနှင့် ပြည်ပုပ်ကိုပင် (မြည်းစမ်းကြရမည်ဖြစ်သည်)။

جَزَآءً وِّفَاقًا ﴿٢٦﴾

(၂၆) (သူတို့၏မကောင်းမှုလုပ်ရပ်များနှင့်)ကိုက်ညီသော အစားပေးခြင်းပင် ဖြစ်သည်။

اِنَّهُمۡ كَانُوۡا لَا يَرۡجُوۡنَ حِسَابًا ﴿٢٧﴾

(၂၇) အမှန်စင်စစ် သူတို့သည် မည်သည့်စစ်ဆေးမှုကိုမျှ မျှော်လင့်စိုးရိမ်ခဲ့ကြသည်မဟုတ်ပေ။

وَّكَذَّبُوۡا بِاٰيٰتِنَا كِذَّابًا ﴿٢٨﴾

(၂၈) ထို့ပြင် သူတို့သည် ငါအရှင်မြတ်၏ အာယသ်တော်များကို မဟုတ်မမှန်ဟု ဖွတ်ပေငြင်းခဲ့ကြသည်။

وَكُلَّ شَىۡءٍ اَحۡصَيۡنٰهُ كِتٰبًا ﴿٢٩﴾

(၂၉) ထို့ပြင် ငါအရှင်မြတ်သည် အရာရာတိုင်းကို ရေးသားပြီး အသေအချာ ရေတွက်မှတ်သားထားတော်မူခဲ့သည်။

فَذُوۡقُوۡا فَلَنۡ نَّزِيۡدَكُمۡ اِلَّا عَذَابًا ﴿٣٠﴾

(၃၀) သို့ဖြစ်ရာ အသင်တို့သည် (ပြစ်ဒဏ်၏အရသာကို) မြည်းစမ်းကြပါ။ ထို့ပြင် ငါအရှင်မြတ်သည် ပြစ်ဒဏ်မှလွဲ၍ အသင်တို့အပေါ် မည်သည့်အရာမျှ ပိုမိုပြုလုပ်တော်မူမည်မဟုတ်ပေ(ဟု မိန့်ကြားတော်မူမည်)။

اِنَّ لِلۡمُتَّقِيۡنَ مَفَازًا ﴿٣١﴾

(၃၁) အမှန်စင်စစ် မုသ်သကီကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူများအတွက် အောင်မြင်မှုရှိသည်။

حَدَآئِقَ وَاَعۡنَابًا ﴿٣٢﴾

(၃၂) ဥယျာဉ်များနှင့် စပျစ်သီးများ(ရှိကြမည်)။

وَّكَوَاعِبَ اَتۡرَابًا ﴿٣٣﴾

(၃၃) ထို့ပြင် ရင်သားများမို့မောက်နေသော သက်တူရွယ်တူ မိန်းမပျိုများ(ရှိကြမည်)၊❶

❶ جواری تکعبت ثديهن على سن واحد ရင်သားတွေမို့မောက်နေတဲ့ သက်တူရွယ်တူ မိန်းမပျိုတွေ၊ (ဂျလာလိုင်န် ကျမ်း)

وَكَوَاعِبَ اَتۡرَابًا أى:وحورًا كواعب.قال ابن عباس ومجاهد،وغير واحد:

{كواعب} أى: نواهد، يعنون أن ثُدُيَّهن نواهد لم يتدلين لأنهن أبكار عُرُب أتراب، أى: فى سن واحدة،(ابن كثير)

ဟူရ်ပျိုကညာများ၊ -အိဗ်နအဗ္ဗာစ်နဲ့ မုဂျာဟိဒ်အပြင် အခြားသူများက "ကဝါအိဗ်"ရဲ့

အဓိပ္ပာယ်ကို ရင်သားတွေမို့မောက်နေပြီး တွဲကျမနေဘူး၊ ဘာ့ကြောင့်လဲဆိုရင် သူတို့ဟာ နုပျိုသူ
တွေ ဖြစ်တာကြောင့်ပဲ လို့ ဖွင့်ဆိုကြတယ်။ "အသ်ရားဗ်" ဆိုတာ သက်တူရွယ်တူ ဖြစ်တယ်။

(သဖ်စီရ် အိဗ်နုကဆီရ်)

کاعب نوخیز لڑکی کو کہتے ہیں التی تکعب ثدایاھا واستدار مع ارتفاع یسیر

تفسیر انوار البیان حضرت مولانا محمد عاشق الٰہی مہاجر مدنی ؒ

"ကာအိဗ်" ဆိုတာ နုပျိုသူမိန်းမပျိုကိုခေါ်တယ်၊ သူမရဲ့ရင်သားဟာ မို့မောက်နေပြီး အပေါ်အနည်း
ငယ်မြင့်လျက် လုံးဝိုင်းနေတယ်။ (သဖ်စီရ် အန္ဝါရုလ်ဗယာန် - မော်လာနာ အာရှိက် အိလာဟီ)

وَّكَاْسًا دِهَاقًا ﴿٣٤﴾

(၃၄) ထို့ပြင် (အရက်နှင့်)ပြည့်လျှံနေသည့်ခွက်များ၊ (ရှိကြမည်)။

لَا يَسْمَعُوْنَ فِيْهَا لَغْوًا وَّلَا كِذّٰبًا ﴿٣٥﴾

(၃၅) သူတို့သည် ထိုအထဲတွင် မည်သည့်အလဟဿစကားနှင့် မည်သည့်မုသားစကားကိုမျှ ကြားကြရမည်မဟုတ်ပေ။

جَزَآءً مِّنْ رَّبِّكَ عَطَآءً حِسَابًا ﴿٣٦﴾

(၃၆) (ဤသည်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်မှ လုံလောက်စွာ ပေးသနားတော်မူသော အကျိုးဆုလာဘ်ပင် ဖြစ်သည်။

رَّبِّ السَّمٰوٰتِ وَالْاَرْضِ وَمَا بَيْنَهُمَا الرَّحْمٰنِ لَا يَمْلِكُوْنَ مِنْهُ خِطَابًا ﴿٣٧﴾

(၃၇) (ထိုအရှင်မြတ်သည်) မိုးကောင်းကင်များနှင့် မြေပထဝီအပြင် ထိုနှစ်ခုကြားတွင်ရှိသမျှကို ဖန်ဆင်းမွေးမြူတော်မူသောရဟ်မာန်အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသည်။ မည်သူမျှ ထိုအရှင်မြတ်နှင့် စကားပြောရေးဆိုခွင့်ရှိမည်မဟုတ်ပေ။

يَوْمَ يَقُوْمُ الرُّوْحُ وَالْمَلٰٓئِكَةُ صَفًّا ۗ لَّا يَتَكَلَّمُوْنَ اِلَّا مَنْ اَذِنَ لَهُ الرَّحْمٰنُ وَقَالَ صَوَابًا ﴿٣٨﴾

(၃၈) ထိုနေ့တွင် သက်ရှိအားလုံး❶နှင့် ကောင်းကင်တမန်အားလုံးသည် (အရှင်မြတ်၏ရှေ့၌) စီတန်းမတ်တတ်ရပ်ကြမည်။ (ထိုနေ့တွင် သူတို့ထဲမှ) ရဟ်မာန်အနန္တကရုဏာတော်ရှင်က ခွင့်ပြုတော်မူသော၊ မှန်ကန်စွာ ပြောဆိုမည့်သူမှလွဲ၍ မည်သူမျှ စကားပြောဆိုနိုင်မည်မဟုတ်ပေ။

❶ اَلرُّوْحُ ကိုတချို့က ကောင်းကင်တမန်ဂျိဗ်ရီလ် عليه السلام လို့ဖွင့်ဆိုကြတယ်။ တချို့က လူသားအားလုံးလို့ ဖွင့်ဆိုကြတယ်။ ဒီနေရာမှာ လူသားအားလုံးကို ဖွင့်ဆိုခြင်းဟာ အနီးစပ်ဆုံးဖြစ်တယ်။

(အိဗ်နုကဆီးရ်)

ذٰلِكَ الْيَوْمُ الْحَقُّ ۚ فَمَنْ شَآءَ اتَّخَذَ إِلٰى رَبِّهٖ مَاٰبًا ﴿٣٩﴾

(၃၉) ထို(ကိယာမသ်နေ့)သည် အမှန်စင်စစ် ဆိုက်ရောက်မည့်နေ့ပင် ဖြစ်သည်။ သို့ဖြစ်ရာ အလိုရှိသည့်သူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် (သူ့အတွက်) ပြန်လည်ရာဌာန (အသင့်)ပြုလုပ်ထား ရမည်ဖြစ်သည်။

إِنَّآ أَنْذَرْنٰكُمْ عَذَابًا قَرِيبًا ۚ يَّوْمَ يَنْظُرُ الْمَرْءُ مَا قَدَّمَتْ يَدٰهُ وَيَقُولُ الْكٰفِرُ يٰلَيْتَنِى كُنْتُ تُرٰبًا ﴿٤٠﴾

(၄၀) အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား မကြာမီ(ရောက် လာမည့်)ပြစ်ဒဏ်နှင့်ပတ်သက်၍ သတိပေးနှိုးဆော်ခဲ့ပြီဖြစ်သည်။ ထိုနေ့တွင် လူတိုင်းသည် မိမိလက်နှစ်ဖက်နှင့် ကြိုတင်ပို့ထားခဲ့သော လုပ်ရပ်များကို တွေ့ မြင်ကြရမည်။ ထို့ပြင် ကာဖိရ်ငြင်းပယ်သူများက “သြော်-ငါသည် မြေကြီးဖြစ် ခဲ့လျှင် ကောင်းလေစွ”ဟု ပြောဆိုလိမ့်မည်။

==========

رکوعاتها٢ ٧٩سُوۡرَةُ النّٰزِعٰتِ مَکِّیَّةٌ٨١ اٰیاتها٤٦

## စူရဟ် နာဇိအာသ် (ဆွဲငင်ထုတ်နှုတ်သူများ ကဏ္ဍ) سُوۡرَةُ النّٰزِعٰتِ

==========

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَالنّٰزِعٰتِ غَرۡقًا ۙ﴿۱﴾

(၁) (ကာဖိရ်များ၏အသက်ဝိညာဉ်များကို) အပြင်းအထန်ဆွဲငင်ထုတ်နှုတ်ယူကြသောသူ(ကောင်းကင်တမန်)များကို သက်သေထူတော်မူသည်။

وَّالنّٰشِطٰتِ نَشۡطًا ۙ﴿۲﴾

(၂) (အီမာန်ယုံကြည်သူများ၏ အသက်ဝိညာဉ်များကို) အထုံးအဖွဲ့ ဖြေပေးပြီး ညင်သာစွာ နှုတ်ယူကြသောသူ(ကောင်းကင်တမန်)များကို သက်သေထူတော်မူသည်။

وَّالسّٰبِحٰتِ سَبۡحًا ۙ﴿۳﴾

(၃) ထို့ပြင် အမြန်ကူးခတ်သွားကြသောသူ(ကောင်းကင်တမန်)များကို သက်သေထူတော်မူသည်။

فَالسّٰبِقٰتِ سَبۡقًا ۙ﴿۴﴾

(၄) ထို့ပြင် သူ့ထက်ငါ အလျင်ပြေးကြသောသူ(ကောင်းကင်တမန်)များကို သက်သေထူတော်မူသည်။

فَالۡمُدَبِّرٰتِ اَمۡرًا ۘ﴿۵﴾

(၅) ထို့ပြင် အရေးကိစ္စများကို စီမံနေရာချကြသောသူ(ကောင်းကင်တမန်)များကို သက်သေထူတော်မူသည်။

یَوۡمَ تَرۡجُفُ الرَّاجِفَةُ ۙ﴿۶﴾

(၆) ထိုနေ့တွင် တုန်လှုပ်စေသောအရာ(ပထမအကြိမ် တံပိုးခရာမှုတ်ခြင်း)သည် တုန်လှုပ်စေမည်ဖြစ်သည်။

تَتۡبَعُهَا الرَّادِفَةُ ؕ﴿۷﴾

(၇) နောက်မှ လိုက်သောအရာ(ဒုတိယအကြိမ် တံပိုးခရာမှုတ်ခြင်း)သည် ထို(ပထမအကြိမ် တုန်လှုပ်စေသော)အရာနောက်မှ လိုက်လာမည်ဖြစ်သည်။

قُلُوْبٌ يَّوْمَىِٕذٍ وَّاجِفَةٌ ﴿٨﴾

(၈) ထိုနေ့တွင် စိတ်နှလုံးအမြောက်အမြားသည် တုန်လှုပ်ချောက်ချား နေကြမည်။

اَبْصَارُهَا خَاشِعَةٌ ﴿٩﴾

(၉) ထိုသူများ၏မျက်စိများသည် အောက်သို့ စိုက်ကျနေကြမည်။

يَقُوْلُوْنَ ءَاِنَّا لَمَرْدُوْدُوْنَ فِى الْحَافِرَةِ ﴿١٠﴾

(၁၀) သူတို့က ပြောဆိုကြသည်- "ကျွန်ုပ်တို့သည် မူလအခြေအနေကို တစ်ဖန်ပြန်ပြီး အမှန်ပင် ရောက်ကြမည်လော။"

ءَاِذَا كُنَّا عِظَامًا نَّخِرَةً ﴿١١﴾

(၁၁) "ကျွန်ုပ်တို့သည် ဆွေးမြည့်သည့်အရိုးများပင် ကျန်ရှိသည့်အခါ (နဂိုအတိုင်း ပြန်ရှင်ကြရဦးမည်)လော။"

قَالُوْا تِلْكَ اِذًا كَرَّةٌ خَاسِرَةٌ ﴿١٢﴾

(၁၂) "ထိုသို့ဆိုလျှင်မူ ၎င်း(ရှင်ပြန်ထခြင်း)သည် (ကျွန်ုပ်တို့အတွက်) ဆုံးရှုံးသောရှင်ပြန်ထခြင်းပင် ဖြစ်တော့မည်ပင်" ဟု ပြောဆိုကြသည်။

فَاِنَّمَا هِىَ زَجْرَةٌ وَّاحِدَةٌ ﴿١٣﴾

(၁၃) ထို့ပြင် ထိုအရာသည် ပြင်းထန်သော တံပိုးမှုတ်သံတစ်ခုပင် ဖြစ်မည်။

فَاِذَا هُمْ بِالسَّاهِرَةِ ﴿١٤﴾

(၁၄) ထိုအခါ လူသားအားလုံးသည် မြေမျက်နှာပြင်ပေါ်သို့ ရုတ်တရက်ရောက် ရှိလာကြမည်ဖြစ်သည်။❶

❶ ဒုတိယ တံပိုးမှုတ်လိုက်တဲ့အသံနဲ့ သက်ရှိသတ္တဝါအားလုံးဟာ ပြန်လည်ရှင်ပြန်ထလာပြီး စုရုံးရမဲ့ကွင်းပြင်ကြီးမှာ အသင့်ရောက်ရှိလာကြမှာဖြစ်တယ်။ အဲဒါဟာ ကိယာမသ်နေ့ စတင်တော့တာဖြစ်တယ်။ (အလင်းပြကျမ်း)

هَلْ اَتٰىكَ حَدِيْثُ مُوْسٰى ﴿١٥﴾

(၁၅) အသင်၏ထံသို့ (တမန်တော်)မူစာ၏ အကြောင်း ရောက်လာခဲ့ပြီလော။

اِذْ نَادٰىهُ رَبُّهٗ بِالْوَادِ الْمُقَدَّسِ طُوًى ﴿١٦﴾

(၁၆) တစ်ခါတွင် (တမန်တော်)မူစာအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က ၎င်းကို သွုဝါဟုသည့် ထွတ်မြတ်သော တောင်ကြားအရပ်တွင် ဟစ်ခေါ်ခဲ့သည်။

اِذْهَبْ اِلٰى فِرْعَوْنَ اِنَّهٗ طَغٰى ﴿١٧﴾

(၁၇) အသင်သည် ဖိရ်အောင်န်ထံသို့ သွားပါ။ အမှန်စင်စစ် သူသည်

အလွန်ဆိုးသွမ်းသောင်းကျန်း(ရက်စက်ကြမ်းကြုတ်)နေပြီ ဖြစ်သည်။

فَقُلْ هَلْ لَّكَ اِلٰٓى اَنْ تَزَكّٰى ﴿١٨﴾

(၁၈) ထို့နောက် (အို-တမန်တော်) အသင်ပြောလိုက်ပါ- (အို-ဖိရ်အောင်န်)၊ အသင့်တွင် အသင် သန့်ရှင်းစင်ကြယ်အပြစ်ကင်းရန်အတွက် ဆန္ဒရှိသလော။

وَ اَهْدِيَكَ اِلٰى رَبِّكَ فَتَخْشٰى ﴿١٩﴾

(၁၉) ထို့ပြင် ကျွန်ုပ်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်သို့ အသင့်အား လမ်းညွှန်ပေးရန်အတွက် (ဆန္ဒရှိသလော)။ သို့ဖြစ်လျှင် အသင်သည် (အရှင်မြတ်အား) ကြောက်ရွံ့လေးစားသူဖြစ်လာမည်။

فَاَرٰىهُ الْاٰيَةَ الْكُبْرٰى ﴿٢٠﴾

(၂၀) ထို့ပြင် ၎င်းသည် ဖိရ်အောင်န်ကို အကြီးကျယ်ဆုံး သက်သေလက္ခဏာတန်ခိုးတော်ကို ပြသခဲ့သည်။

فَكَذَّبَ وَعَصٰى ﴿٢١﴾

(၂၁) ထို့နောက်လည်း သူသည် မဟုတ်မမှန်ဟု စွပ်စွဲငြင်းပယ်ခဲ့သည့်အပြင် (၎င်း၏မိန့်ကြားချက်များကိုလည်း)ဖီဆန်ခဲ့သည်။

ثُمَّ اَدْبَرَ يَسْعٰى ﴿٢٢﴾

(၂၂) ထို့နောက် သူသည် ကျောခိုင်းပြီး (ဆူပူသောင်းကျန်းရန်)ကြိုးပမ်းတော့သည်။

فَحَشَرَ فَنَادٰى ﴿٢٣﴾

(၂၃) ၎င်းပြင် ထိုဖိရ်အောင်န်သည် (တိုင်းသူပြည်သားများအား)စုရုံးပြီး ဟစ်အော်(ကြေညာ)ခဲ့သည်။

فَقَالَ اَنَا رَبُّكُمُ الْاَعْلٰى ﴿٢٤﴾

(၂၄) "ငါပင် အသင်တို့၏အကြီးဆုံးအရှင်ဖြစ်သည်"ဟုပြောဆိုခဲ့သည်။

فَاَخَذَهُ اللّٰهُ نَكَالَ الْاٰخِرَةِ وَالْاُوْلٰى ﴿٢٥﴾

(၂၅) သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် သူ့အား တမလွန်ဘဝ၏ပြစ်ဒဏ်နှင့် ဤဘဝ၏ပြစ်ဒဏ်ကို အရေးယူကွပ်မျက်တော်မူခဲ့သည်။ ❶

❶ ဖိရ်အောင်န်နဲ့ စစ်တပ်ကို ဒီလောကမှာ ရေနစ်ပြီး ဖျက်ဆီးတော်မူခဲ့တယ်။ တမလွန်ဘဝမှာ ကြီးကျယ်တဲ့ပြစ်ဒဏ်ချထားတော်မူတယ်။ (အလင်းပြကျမ်း)

اِنَّ فِيْ ذٰلِكَ لَعِبْرَةً لِّمَنْ يَّخْشٰى ﴿٢٦﴾

(၂၆) အမှန်စင်စစ် ထိုအထဲတွင် (အရှင်မြတ်ကို)ကြောက်ရွံ့ရှိသေသူများအတွက် သင်ခန်းစာရယူစရာအမှန်ပင် ရှိသည်။

ءَاَنْتُمْ اَشَدُّ خَلْقًا اَمِ السَّمَآءُ ۚ بَنٰهَا ﴿٢٧﴾

(၂၇) အသင်တို့အား ဖန်ဆင်းတော်မူခြင်းသည် ပိုခက်သလော၊ သို့မဟုတ် မိုးကောင်းကင်ကို ဖန်ဆင်းခြင်းသည် ပိုခက်သလော။ အရှင်မြတ်သည် ယင်း(မိုးကောင်းကင်)ကို ပြုလုပ်(ဖန်ဆင်း)တော်မူခဲ့သည်။

رَفَعَ سَمْكَهَا فَسَوّٰىهَا ﴿٢٨﴾

(၂၈) အရှင်မြတ်သည် ယင်း(မိုးကောင်းကင်)၏မျက်နှာကြက်ကို မြင့်မားစွာ ပြုလုပ်တော်မူခဲ့သည်။ ထို့နောက် ယင်း(မိုးကောင်းကင်)ကို အပြစ်အနာအဆာ ကင်းမဲ့အောင် နေသားတကျပြုလုပ်တော်မူခဲ့သည်။

وَاَغْطَشَ لَيْلَهَا وَاَخْرَجَ ضُحٰهَا ﴿٢٩﴾

(၂၉) ထို့ပြင် အရှင်မြတ်သည် ယင်း(မိုးကောင်းကင်)၏ညကို မှောင်မိုက်ငြိမ်သက်စေတော်မူခဲ့ပြီး ယင်း၏နေ့ကိုမူ (လင်းဝင်း)ထင်ရှားစေတော်မူခဲ့သည်။

وَالْاَرْضَ بَعْدَ ذٰلِكَ دَحٰىهَا ﴿٣٠﴾

(၃၀) ထို့ပြင် အရှင်မြတ်သည် ထို့နောက်တွင် မြေပထဝီကို ဖြန့်ခင်းတော်မူခဲ့သည်။

اَخْرَجَ مِنْهَا مَآءَهَا وَمَرْعٰىهَا ﴿٣١﴾

(၃၁) အရှင်မြတ်သည် ယင်း(မြေပထဝီ)မှ ရေနှင့် အပင်များကို ထွက်စေတော်မူခဲ့သည်။

وَالْجِبَالَ اَرْسٰىهَا ﴿٣٢﴾

(၃၂) ထို့ပြင် အရှင်မြတ်သည် တောင်များကို (ထိုမြေတွင်)ကျောက်ဆူး(အဖြစ်)ချထားတော်မူသည်။

مَتَاعًا لَّكُمْ وَلِاَنْعَامِكُمْ ﴿٣٣﴾

(၃၃) အသင်တို့နှင့် အသင်တို့၏ ကျွဲ၊ နွား၊ ကုလားအုတ်၊ သိုး၊ ဆိတ် တိရစ္ဆာန်များ၏ အကျိုးအတွက်ဖြစ်သည်။

فَاِذَا جَآءَتِ الطَّآمَّةُ الْكُبْرٰى ﴿٣٤﴾

(၃၄) ထို့နောက် ကြီးကျယ်သော ဘေးဒုက္ခကြီး ဆိုက်ရောက်လာခဲ့သည့်အခါ၊

يَوْمَ يَتَذَكَّرُ الْاِنْسَانُ مَا سَعٰى ﴿٣٥﴾

(၃၅) ထိုနေ့တွင် လူသားသည် သူပြုလုပ်ခဲ့သမျှကို သတိရမည်ဖြစ်သည်။

وَبُرِّزَتِ الْجَحِيْمُ لِمَنْ يَّرٰى ﴿٣٦﴾

(၃၆) ထို့ပြင် ဂျဟန္နမ်ငရဲသည် ကြည့်ရှုသည့်သူများ၏ရှေ့၌ ထင်ရှားစွာ ပေါ်လာစေခြင်း ခံရမည်။

فَاَمَّا مَنْ طَغٰى ﴿٣٧﴾

(၃၇) ထို့ပြင် အကြင်သူသည် အလွန်သွေဖည်ခဲ့သည်။

وَاٰثَرَ الْحَيٰوةَ الدُّنْيَا ﴿٣٨﴾

(၃၈) ထို့ပြင် သူသည် လောကီဘဝကို ဦးစားပေးခဲ့သည်။

فَاِنَّ الْجَحِيْمَ هِيَ الْمَاْوٰى ﴿٣٩﴾

(၃၉) သို့ဖြစ်ရာ အမှန်စင်စစ် ဂျဟန္နမ်ငရဲမီးသည် (သူ့အတွက်)ခိုကိုး ရာဌာန ဖြစ်လိမ့်မည်။

وَاَمَّا مَنْ خَافَ مَقَامَ رَبِّهٖ وَنَهَى النَّفْسَ عَنِ الْهَوٰى ﴿٤٠﴾

(၄၀) ထို့ပြင် အကြင်သူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ရှေ့တွင် မတ်တတ်ရပ်(ပြီး အစစ်ဆေးခံ)ရမည်ကို ကြောက်ရွံ့ စိုးရိမ်ခဲ့သည်။ ထို့ပြင် သူသည် စိတ်ကိုလည်း (မကောင်းသည့်)အလိုဆန္ဒများမှ တားမြစ်ခဲ့သည်။

فَاِنَّ الْجَنَّةَ هِيَ الْمَاْوٰى ﴿٤١﴾

(၄၁) သို့ဖြစ်ရာ အမှန်စင်စစ် ဂျန္နသ်သုခဘုံသည် (သူ၏)ခိုကိုးရာနေရာ ဖြစ်လိမ့်မည်။

يَسْـَٔلُوْنَكَ عَنِ السَّاعَةِ اَيَّانَ مُرْسٰىهَا ﴿٤٢﴾

(၄၂) သူတို့သည် အသင့်အား ကိယာမသ်နေ့နှင့် ပတ်သက်၍ ထိုနေ့သည် မည်သည့်အခါ ဆိုက်ရောက်မည်နည်းဟု မေးမြန်းကြသည်။

فِيْمَ اَنْتَ مِنْ ذِكْرٰىهَا ﴿٤٣﴾

(၄၃) ထိုနေ့ကို ထုတ်ဖော်ပြောပြရန် အသင်နှင့် မည်သို့ ပတ်သက်သနည်း။

اِلٰى رَبِّكَ مُنْتَهٰىهَا ﴿٤٤﴾

(၄၄) ထိုနေ့၏ဆုံးခန်းတိုင်ခြင်း(အသိ)သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်၌သာ ဖြစ်သည်။

اِنَّمَآ اَنْتَ مُنْذِرُ مَنْ يَّخْشٰىهَا ﴿٤٥﴾

(၄၅) အသင်သည် ၎င်း(ကိယာမသ်နေ့)ကို ကြောက်ရွံ့စိုးရိမ်သည့်သူများကို သတိပေးနှိုးဆော်သူသာဖြစ်သည်။

كَاَنَّهُمْ يَوْمَ يَرَوْنَهَا لَمْ يَلْبَثُوْٓا اِلَّا عَشِيَّةً اَوْ ضُحٰىهَا ﴿٤٦﴾

(၄၆) သူတို့သည် ယင်း(ကိယာမသ်)ကို တွေ့မြင်ကြသည့်နေ့တွင် သူတို့သည် (လောကတွင်)တစ်ညနေမျှ သို့မဟုတ် ထိုညနေ၏ တစ်နံနက်ခင်းမျှသာ နေထိုင်ခဲ့ကြသကဲ့သို့ ထင်မှတ်ကြလိမ့်မည်။

==========

ركوعها١ ٨٠ سُوْرَةُ عَبَسَ مَكِّيَّةٌ ٢٤ اٰياتها ٤٢

## စူရတ် အဗစ (သူမျက်မှောင်ကြုတ်ခဲ့သည့် ကဏ္ဍ) سُوْرَةُ عَبَسَ

==========

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

عَبَسَ وَتَوَلّٰٓى ①

(၁) ၎င်း(တမန်တော်)သည် မျက်မှောင်ကြုတ်ခဲ့သည့်အပြင် မျက်နှာလည်း လွှဲခဲ့သည်။

اَنْ جَآءَهُ الْاَعْمٰى ②

(၂) ၎င်း၏ထံသို့ မျက်မမြင်ဝင်ရောက်လာသည့်အတွက်ကြောင့် ဖြစ်သည်။

وَمَا يُدْرِيْكَ لَعَلَّهٗ يَزَّكّٰٓى ③

(၃) အသင်သိပါ၏လော၊ ထိုမျက်မမြင်သည် စင်ကြယ်သန့်ရှင်းသူဖြစ်ကောင်းဖြစ်သွားနိုင်သည်။

اَوْ يَذَّكَّرُ فَتَنْفَعَهُ الذِّكْرٰى ④

(၄) သို့မဟုတ် သူသည် တရားရသွားနိုင်သည်။ ထို့နောက် ဆုံးမဩဝါဒသည် သူ့အား အကျိုးဖြစ်ထွန်းစေနိုင်မည်။

اَمَّا مَنِ اسْتَغْنٰى ⑤

(၅) မည်သို့ပင်ဖြစ်စေ၊ အကြင်သူသည် ဂရုမစိုက်ဘဲ လျစ်လျူရှုနေခဲ့သည်။

فَاَنْتَ لَهٗ تَصَدّٰى ⑥

(၆) ထို့နောက်လည်း အသင်သည် ထိုသူ့ကိုမူ ဂရုစိုက် အရေးပေးနေသည်။

وَمَا عَلَيْكَ اَلَّا يَزَّكّٰى ⑦

(၇) ထိုသူ မစင်ကြယ်သည့်အတွက် အသင်၏အပေါ်တွင်လည်း တာဝန်မရှိပါဘဲလျက်။

وَاَمَّا مَنْ جَآءَكَ يَسْعٰى ⑧

(၈) ထို့ပြင် မည်သို့ပင်ဖြစ်စေ၊ အကြင်သူသည် အသင့်ထံသို့ ပြေးလွှားလျက် ရောက်လာခဲ့သည်။

وَهُوَ يَخْشٰى ⑨

(၉) ထိုသူသည် (အရှင်မြတ်ကို)ကြောက်ရွံ့လေးစားသူလည်း ဖြစ်လျက်။

فَأَنتَ عَنْهُ تَلَهَّىٰ ﴿١٠﴾

(၁၀) ထိုသို့ဖြစ်ပါလျက်နှင့် အသင်သည် ထိုသူ့ကိုမူ အရေးမပေးဘဲ လျစ်လျူရှုခဲ့သည်။❶

❶ တစ်နေ့မှာ တမန်တော်မြတ် ﷺ ဟာ ကုရိုင်းရှ်မျိုးနွယ်ခေါင်းဆောင်တွေကို အစ္စလာမ်နဲ့ပတ်သက်ပြီး ရှင်းပြနေတဲ့အချိန်မှာ မျက်စိမမြင်တဲ့ စွဟာဗဟ် အဗ်ဒွလ္လာဟ်ဗင်န် အွမ္မိ မက္ကသူမ် رضي الله عنه ဟာ ဝင်ရောက်လာပြီး အာယသ်တော်တချို့ရဲ့အလိုသဘောကို မေးမြန်းခဲ့တယ်။ အဲဒီလို အခြေအနေ အချိန်အခါ မသိမမြင်ဘဲ ကြားဖြတ်မေးမြန်းမှုကြောင့် တမန်တော်မြတ် ﷺ ရဲ့စိတ်ထဲမှာ သဘော မကျဖြစ်ပြီး မျက်နှာမှာ ပေါ်လာခဲ့တာဖြစ်တယ်။ အဲဒီစွဟာဗဟ် رضي الله عنه ဘက်ကိုလည်း လှည့်မကြည့်ခဲ့ဘူး။ တမန်တော်မြတ် ﷺ ဟာ အဲဒီထိုင်ဝိုင်းကနေ ထပြန်ပြီး မိမိအိမ်ကို ရောက်တဲ့အခါမှာ အရှင်မြတ်က ဝဟီချပေးတော်မူခဲ့တယ်။ (မအာရိဖွလ်ကုရ်အာန်) တမန်တော်မြတ် ﷺ က ကုဖ်ရ်မှာပြင်းထန်နေတဲ့သူကို ဆေးကုသဖို့ ပိုအရေးကြီးတယ်လို့ ယူဆခဲ့တယ်။ ဆေးကုသခံဖို့အရေးကြီးတဲ့သူကိုယ်တိုင်က ကုသလိုစိတ်မရှိဘဲဆန့်ကျင်နေရင် စိတ်ပါနေတဲ့ ဆေးကုသခံဖို့ အရေးမကြီးတဲ့လူနာကို ကုသခြင်းဟာ အရေးကြီးကြောင်း အရှင်မြတ်က သင်ပြပေးလိုက်တာဖြစ်တယ်။

## သဗ်လီးဂ်နှင့်သအ်လီးမ်အတွက် အရေးကြီးသော ကုရ်အာန်ဆိုင်ရာ ရင်းမြစ်ဥပဒေ

ဒီနေရာမှာ ထင်ရှားတာက တမန်တော်မြတ် ﷺ ရဲ့ရှေ့မှာ အလုပ်နှစ်ခု တစ်ပြိုင်တည်း ရောက်လာတယ်။ တစ်ခုက မွတ်စ်လင်မ်ကို ပြည့်ဝတဲ့မွတ်စ်လင်မ်ဖြစ်အောင် ဂရုတစိုက် သအ်လီးမ်သင်ကြားပို့ချမှုဖြစ်တယ်။ ဒုတိယတစ်ခုက မွတ်စ်လင်မ်မဟုတ်သူကို ဂရုတစိုက် လမ်းမှန်ညွှန်ကြားပြသခြင်းဖြစ်တယ်။ ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ မိန့်ကြားချက်က အခုလို ရှင်းလင်းပေးလိုက်တယ် - ပထမအလုပ်ဟာ ဒုတိယအလုပ်ထက် အရေးကြီးတယ်။ ဒုတိယအလုပ်ကြောင့် ပထမအလုပ်မှာ နှောင့်နှေးစေတာ ဒါမှမဟုတ် တစ်စုံတစ်ရာ အနှောင့်အယှက်ဖြစ်စေတာဟာ မှန်ကန်မှုမရှိဘူး။ ဒီကနေ သိရတာက မွတ်စ်လင်မ်တွေကို သအ်လီးမ်ပညာသင်ကြားပို့ချခြင်းနဲ့ သူတို့ကို အိစ္စလာဟ်ပြုပြင်ခြင်းအတွက် သောကထားခြင်းဟာ မွတ်စ်လင်မ်မဟုတ်သူတွေကို အစ္စလာမ်ထဲသွတ်သွင်းဖို့ သောကထားခြင်းထက် ပိုအရေးကြီးပြီး အရင်ဆုံးလုပ်ရမဲ့အလုပ်ဖြစ်တယ်။ ဒီမှာ အဲဒီအိုလမာ ပညာရှင်တွေအတွက် အရေးကြီးတဲ့ ညွှန်ကြားချက်ဖြစ်တယ်။ သူတို့ဟာ မွတ်စ်လင်မ်မဟုတ်သူတွေရဲ့သံသယတွေကိုဖယ်ရှားဖို့နဲ့ အစ္စလာမ်ကို နှစ်သက်မှုဖြစ်အောင်လုပ်ဖို့ တချို့လုပ်ရပ်တွေလုပ်နေကြတယ်။ အဲဒီလုပ်ရပ်တွေကြောင့် မွတ်စ်လင်မ်အများစုရဲ့ စိတ်နှလုံးတွေထဲမှာ သံသယတွေ ဒါမှမဟုတ် ရောဂါတွေ ဖြစ်ပေါ်လာနေတယ်။ အဲဒီအိုလမာပညာရှင်တွေအနေနဲ့ ဒီကုရ်အာန်ဆိုင်ရာ ညွှန်ကြားချက်အတိုင်း မွတ်စ်လင်မ်တွေကို စောင့်ရှောက်ဖို့နဲ့ အခြေအနေကို အိစ္စလာဟ်ပြုပြင်ပေးဖို့အတွက် ဦးစားပေးဖို့လိုအပ်တယ်။ (မအာရိဖွလ်ကုရ်အာန်)

كَلَّآ إِنَّهَا تَذْكِرَةٌ ﴿١١﴾

(၁၁) (အသင်သည်) ဤသို့လုံးဝမလုပ်ပါနှင့်၊ ၎င်း(စူရဟ်ကဏ္ဍ)သည် ဆုံးမသြဝါဒပင် ဖြစ်သည်။

فَمَن شَآءَ ذَكَرَهُۥ ﴿١٢﴾

(၁၂) ထို့နောက် အလိုရှိသူသည် ထိုဆုံးမသြဝါဒကို လေ့လာကျက်မှတ် တရားရယူလိမ့်မည်။

فِيْ صُحُفٍ مُّكَرَّمَةٍ ﴿١٣﴾

(၁၃) (ထိုဆုံးမသြဝါဒသည်) ဂုဏ်ကျက်သရေရှိသော စာရွက်များပေါ်တွင် (ရေးထားခြင်း)ဖြစ်သည်။

مَّرْفُوْعَةٍ مُّطَهَّرَةٍ ﴿١٤﴾

(၁၄) မြင့်မြတ်သော၊ စင်ကြယ်သော (စာရွက်များ) ဖြစ်သည်။

بِاَيْدِيْ سَفَرَةٍ ﴿١٥﴾

(၁၅) (ထိုစာရွက်များသည်) ရေးသားကြသော ကောင်းကင်တမန်များ၏ လက်ထဲတွင် ရှိကြသည်။

كِرَامٍ بَرَرَةٍ ﴿١٦﴾

(၁၆) (သူတို့သည်) ဂုဏ်ရှိသောသူ၊ မြင့်မြတ်သောသူ(ကောင်းကင်တမန်)များဖြစ်ကြသည်။

قُتِلَ الْاِنْسَانُ مَآ اَكْفَرَهٗ ﴿١٧﴾

(၁၇) လူသားသည် ပျက်စီးပါစေ၊ သူသည် အဘယ်မျှ ကျေးဇူးကန်းလိုက်သနည်း။

مِنْ اَيِّ شَيْءٍ خَلَقَهٗ ﴿١٨﴾

(၁၈) အရှင်မြတ်သည် သူ့အား မည်သည့်အရာမှ ဖန်ဆင်းတော်မူခဲ့သနည်း။

مِنْ نُّطْفَةٍ خَلَقَهٗ فَقَدَّرَهٗ ﴿١٩﴾

(၁၉) သုက်ရည်တစ်စက်မှ ဖန်ဆင်းတော်မူခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အရှင်မြတ်သည် သူ့အား စနစ်တကျ ချိန်ဆစီမံပြုလုပ်တော်မူခဲ့သည်။

ثُمَّ السَّبِيْلَ يَسَّرَهٗ ﴿٢٠﴾

(၂၀) ထို့နောက် အရှင်မြတ်သည် သူ့အတွက် လမ်းကို လွယ်ကူစေတော်မူခဲ့သည်။

ثُمَّ اَمَاتَهٗ فَاَقْبَرَهٗ ﴿٢١﴾

(၂၁) ထို့နောက် အရှင်မြတ်သည် သူ့ကို သေဆုံးစေတော်မူသည်။ ထို့ပြင် အရှင်မြတ်သည် သူ့ကို သင်္ချိုင်းထဲသို့ မြှုပ်နှံစေတော်မူသည်။

ثُمَّ اِذَا شَآءَ اَنْشَرَهٗ ﴿٢٢﴾

(၂၂) ထို့နောက် အရှင်မြတ်သည် အလိုရှိတော်မူသည့်အခါ သူ့ကို ရှင်ပြန်ထစေတော်မူမည်။

كَلَّا لَمَّا يَقْضِ مَآ اَمَرَهٗ ۝٢٣

(၂၃) (ကာဖိရ်များ ပြောကြသကဲ့သို့) လုံးဝမဟုတ်ပေ၊ လူသားသည် သူ့ကို အရှင်မြတ်က အမိန့်ပေးတော်မူသည်များကို ကျေပွန်အောင် မထမ်းဆောင်ရသေးပေ။❶

❶ အရှင်မြတ်ရဲ့သင်္ကာဒီရ်သတ်မှတ်ချက်မှာ လျာထားတဲ့ လူသားလုပ်ဆောင်ရမဲ့ တာဝန်တွေဟာ အခုထိ ပြီးပြတ်အောင် ထမ်းဆောင်လို့ မပြီးသေးတဲ့အတွက် အရှင်မြတ်ဟာ ပြန်လည်ရှင်ပြန်ထခြင်းကို အခုမလုပ်သေးတာဖြစ်တယ်။ အဲဒီနောက်မှ အရှင်မြတ်အလိုရှိတဲ့အခါမှာ ပြုလုပ်ဖန်ဆင်းတော်မူမှာ ဖြစ်တယ်။ (အိဗ်နုကဆီးရ်)

فَلْيَنْظُرِ الْاِنْسَانُ اِلٰى طَعَامِهٖٓ ۝٢٤

(၂၄) ထို့ပြင် လူသားသည် သူ၏အစားအစာကို ကြည့်ရှုစဉ်းစားသင့်သည်။

اَنَّا صَبَبْنَا الْمَآءَ صَبًّا ۝٢٥

(၂၅) အမှန်စင်စစ် ငါအရှင်မြတ်သည် (မိုး)ရေကို (ကောင်းကောင်း) ရွာသွန်းစေတော်မူခဲ့သည်။

ثُمَّ شَقَقْنَا الْاَرْضَ شَقًّا ۝٢٦

(၂၆) ထို့ပြင် ငါအရှင်မြတ်သည် မြေပထဝီကို (နူးညံ့သော သစ်စေ့အညှောက်လေးများပင် ထိုးထွက်နိုင်အောင် အံ့သြဖွယ်)ခွဲတော်မူခဲ့သည်။

فَاَنْۢبَتْنَا فِيْهَا حَبًّا ۝٢٧

(၂၇) ထို့ပြင် ငါအရှင်မြတ်သည် ထိုမြေပထဝီတွင် ကောက်ပဲသီးနှံကို ပေါက်ရောက်စေတော်မူခဲ့သည်။

وَّعِنَبًا وَّقَضْبًا ۝٢٨

(၂၈) ထို့ပြင် စပျစ်ပင်နှင့် စိမ်းစိုသော ဟင်းသီးဟင်းရွက်ပင်၊

وَّزَيْتُوْنًا وَّنَخْلًا ۝٢٩

(၂၉) ထို့ပြင် သံလွင်ပင်နှင့် စွန်ပလွံပင်၊

وَّحَدَآئِقَ غُلْبًا ۝٣٠

(၃၀) ထို့ပြင် သစ်ပင်များထူထပ်သောဥယျာဉ်များ၊

وَّفَاكِهَةً وَّاَبًّا ۝٣١

(၃၁) ထို့ပြင် သစ်သီးဝလံများနှင့် ကျွဲနွားတိရစ္ဆာန်များ၏အစားအစာများ (ကို ပေါက်ရောက်စေတော်မူခဲ့သည်)။

مَّتَاعًا لَّكُمْ وَلِاَنْعَامِكُمْ ۝٣٢

(၃၂) အသင်တို့နှင့် အသင်တို့၏ကုလားအုတ်၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်

တိရစ္ဆာန်များ၏အကျိုးအတွက် ဖြစ်သည်။

فَإِذَا جَآءَتِ الصَّآخَّةُ ﴿٣٣﴾

(၃၃) ထို့နောက် နားပင်းစေသည့်အသံသည် (ထွက်ပေါ်)လာသည့်အခါ၊

يَوْمَ يَفِرُّ الْمَرْءُ مِنْ أَخِيهِ ﴿٣٤﴾

(၃၄) ထိုနေ့တွင် လူသားသည် ထွက်ပြေး(တိမ်းရှောင်)မည်၊ သူ၏ညီအစ်ကိုထံမှလည်းကောင်း၊

وَأُمِّهِ وَأَبِيهِ ﴿٣٥﴾

(၃၅) သူ၏မိခင်နှင့် ဖခင်ထံမှလည်းကောင်း၊

وَصَاحِبَتِهِ وَبَنِيهِ ﴿٣٦﴾

(၃၆) သူ၏ဇနီးကြင်ရာထံမှလည်းကောင်း၊ သူ၏သားသမီးများထံမှလည်းကောင်း၊ (ထွက်ပြေးတိမ်းရှောင်နေလိမ့်မည်)။

لِكُلِّ امْرِئٍ مِّنْهُمْ يَوْمَئِذٍ شَأْنٌ يُغْنِيهِ ﴿٣٧﴾

(၃၇) ထိုနေ့တွင် လူတိုင်း၌ (အခြားမည်သည့်အရာကိုမျှ)ဂရုမစိုက်ဘဲလုံးပန်းနေစေမည့် အရေးကိစ္စတစ်ခုစီ ရှိနေမည်ဖြစ်သည်။

وُجُوهٌ يَوْمَئِذٍ مُّسْفِرَةٌ ﴿٣٨﴾

(၃၈) ထိုနေ့တွင် မျက်နှာအမြောက်အမြားသည် လင်းဝင်းတောက်ပနေကြလိမ့်မည်။

ضَاحِكَةٌ مُّسْتَبْشِرَةٌ ﴿٣٩﴾

(၃၉) ရယ်မောရွှင်မြူးနေကြမည်။

وَوُجُوهٌ يَوْمَئِذٍ عَلَيْهَا غَبَرَةٌ ﴿٤٠﴾

(၄၀) ထို့ပြင် ထိုနေ့၌ မျက်နှာအမြောက်အမြား၏ အပေါ်တွင်မူ မြူမှုန်များ ရှိနေမည်။

تَرْهَقُهَا قَتَرَةٌ ﴿٤١﴾

(၄၁) ယင်း(မျက်နှာများ)ပေါ်တွင် အမှောင်သည် ဖုံးလွှမ်းနေမည်။

أُولَٰئِكَ هُمُ الْكَفَرَةُ الْفَجَرَةُ ﴿٤٢﴾

(၄၂) ထိုသူများပင် ကာဖိရ်များ၊ ဆိုးသွမ်းသူများ ဖြစ်ကြသည်။

رکوعها ١ ٨١ سُوۡرَةُ التَّكۡوِيۡرِ مَكِّيَّةٌ آياتها ٢٩

# စူရတ် သက္ကဝီးရ် (ခေါက်လိပ်ခြင်း ကဏ္ဍ) سُوۡرَةُ التَّكۡوِيۡرِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اِذَا الشَّمۡسُ كُوِّرَتۡ ۝١

(၁) နေသည် ခေါက်လိပ်ခြင်းကို ခံရသည့်အခါ၊ (အလင်းရောင်မဲ့သွားသည့်အခါ)၊

وَاِذَا النُّجُوۡمُ انۡكَدَرَتۡ ۝٢

(၂) ထို့ပြင် ကြယ်များ ကြွေကျကြသည့်အခါ၊

وَاِذَا الۡجِبَالُ سُيِّرَتۡ ۝٣

(၃) ထို့ပြင် တောင်များသည် ရွေ့လျားစေခြင်းကို ခံကြရသည့်အခါ၊

وَاِذَا الۡعِشَارُ عُطِّلَتۡ ۝٤

(၄) ထို့ပြင် ဆယ်လစေ့နေသော ကိုယ်ဝန်ဆောင် ကုလားအုတ်မများသည် (ကျောင်းသူမဲ့)စွန့်လွှတ်ထားခြင်းကို ခံကြရသည့်အခါ၊

وَاِذَا الۡوُحُوۡشُ حُشِرَتۡ ۝٥

(၅) ထို့ပြင် တောရိုင်းတိရစ္ဆာန်များသည် စုရုံးခြင်းကို ခံကြရသည့်အခါ၊

وَاِذَا الۡبِحَارُ سُجِّرَتۡ ۝٦

(၆) ထို့ပြင် ပင်လယ်များသည် ဆူပွက်ခြောက်ခန်းစေခြင်းကို ခံကြရသည့်အခါ၊

وَاِذَا النُّفُوۡسُ زُوِّجَتۡ ۝٧

(၇) ထို့ပြင် အသက်ဝိညာဉ်များသည် စုံဖက်စုပေါင်းစေခြင်းကို ခံကြရသည့်အခါ၊

وَاِذَا الۡمَوۡءٗدَةُ سُئِلَتۡ ۝٨

(၈) ထို့ပြင် အရှင်လတ်လတ် မြှုပ်နှံခြင်းကို ခံခဲ့ရသောသမီးမိန်းကလေးသည် မေးမြန်းခြင်းကို ခံရသည့်အခါ၊

بِاَىِّ ذَنۡۢبٍ قُتِلَتۡ ۝٩

(၉) မည်သည့်အပြစ်ကြောင့် အသတ်ခံခဲ့ရသနည်း(ဟူ၍)၊

وَاِذَا الصُّحُفُ نُشِرَتۡ ۝١٠

(၁၀) ထို့ပြင် (မှတ်တမ်း)စာရွက်များသည် ဖြန့်ထားခြင်းကို ခံကြရသည့်အခါ၊

وَإِذَا السَّمَآءُ كُشِطَتْ ﴿١١﴾

(၁၁) ထို့ပြင် မိုးကောင်းကင်သည် (၎င်း၏တည်ရှိရာနေရာမှ)ဖယ်ရှားခြင်းကို ခံရသည့်အခါ၊ (အဖွင့်ခံရသည့်အခါ)၊

وَإِذَا الْجَحِيمُ سُعِّرَتْ ﴿١٢﴾

(၁၂) ထို့ပြင် ဂျဟန္နမ်ငရဲသည် မီးမွှေးခြင်းကို ခံရသည့်အခါ၊

وَإِذَا الْجَنَّةُ أُزْلِفَتْ ﴿١٣﴾

(၁၃) ထို့ပြင် ဂျန္နသ်သုခဘုံသည် အနီးသို့ ယူဆောင်လာခြင်းကို ခံရသည့်အခါ၊

عَلِمَتْ نَفْسٌ مَّآ أَحْضَرَتْ ﴿١٤﴾

(၁၄) လူတိုင်းသည် သူတို့ယူဆောင်လာခဲ့ကြသည့်အရာ (ကောင်းမှု၊ မကောင်းမှု)များကို သိသွားကြလိမ့်မည်။

فَلَآ أُقْسِمُ بِالْخُنَّسِ ﴿١٥﴾

(၁၅) ထို့ပြင် ငါအရှင်မြတ်သည် နောက်ဆုတ်တတ်သော ကြယ်များကို သက်သေထူတော်မူသည်။ الْجَوَارِ الْكُنَّسِ ﴿١٦﴾

(၁၆) ထိုကြယ်များသည် ဖြောင့်မတ်စွာ သွားတတ်သော ကွယ်ပျောက်သွားတတ်သော ကြယ်များ ဖြစ်ကြသည်။

وَالَّيْلِ إِذَا عَسْعَسَ ﴿١٧﴾

(၁၇) ထို့ပြင် ညကို သက်သေထူတော်မူသည်။ ထိုညသည် ရောက်လာခဲ့သည့်အခါ။

وَالصُّبْحِ إِذَا تَنَفَّسَ ﴿١٨﴾

(၁၈) ထို့ပြင် နံနက်ကို သက်သေထူတော်မူသည်။ ထိုနံနက်သည် လင်း၍ ရှင်သန်လှုပ်ရှားလာခဲ့သည့်အခါ။

إِنَّهُ لَقَوْلُ رَسُولٍ كَرِيمٍ ﴿١٩﴾

(၁၉) အမှန်စင်စစ် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)သည် မြင့်မြတ်သော စေတမန်တစ်ပါး(ဂျိဗ်ရီလ်)၏ (ယူဆောင်မှုဖြင့် ရောက်လာသော အရှင်မြတ်၏) စကားတော်ဖြစ်သည်။

ذِى قُوَّةٍ عِندَ ذِى الْعَرْشِ مَكِينٍ ﴿٢٠﴾

(၂၀) (ထိုစေတမန်သည်) အင်အားကြီးမားသူ၊ အရ်ရှ်ပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်မြတ်ထံတော်တွင် ဂုဏ်ရှိသူဖြစ်သည်။

مُّطَاعٍ ثَمَّ اَمِيْنٍ ﴿٢١﴾

(၂၁) ၎င်း(မိုးကောင်းကင်များ)တွင် ဩဇာညောင်းသူ၊ ယုံကြည်စိတ်ချရသူ(လည်းဖြစ်သည်)။❶

❶ ကုရ်အာန်ကျမ်းတော်မြတ်ကို ယူဆောင်လာတဲ့ ကောင်းကင်တမန်ဟာ ဂျိဗ်ရီလ် ﷺဖြစ်တယ်။ အင်အားအလွန်ကြီးမားပြီး ကောင်းကင်မှာ ဩဇာလည်းရှိကာ သစ္စာလည်းရှိတယ်။ (အလင်းပြကျမ်း)

وَمَا صَاحِبُكُمْ بِمَجْنُوْنٍ ﴿٢٢﴾

(၂၂) ထို့ပြင် အသင်တို့၏(ဤ)အဖော်သည်လည်း ရူးသွပ်သူမဟုတ်ပေ။

وَلَقَدْ رَاٰهُ بِالْاُفُقِ الْمُبِيْنِ ﴿٢٣﴾

(၂၃) ထို့ပြင် အမှန်စင်စစ် ၎င်း(အသင်တို့၏အဖော်)သည် ရှင်းလင်းသော မိုးကုပ်စက်ဝိုင်း၌ ယင်း(စေတမန်)ကို တွေ့မြင်ခဲ့ဖူးသည်။

وَمَا هُوَ عَلَى الْغَيْبِ بِضَنِيْنٍ ﴿٢٤﴾

(၂၄) ထို့ပြင် ထိုအသင်တို့၏အဖော်သည် အကွယ်မှအရာများ(ထဲမှ အရှင်မြတ်အသိပေးသည့်အရာများ)နှင့် ပတ်သက်၍ စေးနှဲတွန့်တိုသူလည်း မဟုတ်ပေ။❷

❷ အကွယ်ရှိ အရှင်မြတ်ထံတော်က ရောက်လာတဲ့ အမိန့်ပညတ်တွေကို ပို့ချပေးတဲ့ နေရာမှာ စေးနှဲတာလည်း မရှိဘူး။ (အလင်းပြကျမ်း)

وَمَا هُوَ بِقَوْلِ شَيْطٰنٍ رَّجِيْمٍ ﴿٢٥﴾

(၂၅) ထို့ပြင် ၎င်း(ကုရ်အာန်ကျမ်းတော်မြတ်)သည် မည်သည့်နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်၏ ပြောဆိုချက်မျှ မဟုတ်ပေ။

فَاَيْنَ تَذْهَبُوْنَ ﴿٢٦﴾

(၂၆) သို့ဖြစ်ရာ အသင်တို့သည် အဘယ်သို့ သွားနေကြသနည်း။

اِنْ هُوَ اِلَّا ذِكْرٌ لِّلْعٰلَمِيْنَ ﴿٢٧﴾

(၂၇) ၎င်း(ကုရ်အာန်)သည် စကြဝဠာအားလုံးအတွက် ဆုံးမသြဝါဒပင် ဖြစ်သည်။

لِمَنْ شَآءَ مِنْكُمْ اَنْ يَّسْتَقِيْمَ ﴿٢٨﴾

(၂၈) (အထူးသဖြင့်)အသင်တို့ထဲမှ ဖြောင့်မတ်စွာ သွားလိုသည့်သူများ အတွက် ဖြစ်သည်။

وَمَا تَشَآءُوْنَ اِلَّآ اَنْ يَّشَآءَ اللّٰهُ رَبُّ الْعٰلَمِيْنَ ﴿٢٩﴾

(၂၉) ထို့ပြင် စကြဝဠာအားလုံးအား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူမှပင် အသင်တို့သည် အလိုရှိနိုင်ကြမည်ဖြစ်သည်။

==========================================================

ركوعها ١ ٨٢ سُوۡرَةُ الۡاِنۡفِطَارِ مَكِّيَّةٌ ٨٢ اٰياتها ١٩

## စူရတ် အင်န်ဖိသွာရ် (အက်ကွဲ စုတ်ပြဲခြင်း ကဏ္ဍ) سُوۡرَةُ الۡاِنۡفِطَارِ

==========================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اِذَا السَّمَآءُ انۡفَطَرَتۡ ۙ‏ ﴿۱﴾

(၁) မိုးကောင်းကင်သည် အက်ကွဲစုတ်ပြဲသည့်အခါ၊

وَاِذَا الۡكَوَاكِبُ انۡتَثَرَتۡ ۙ‏ ﴿۲﴾

(၂) ထို့ပြင် ကြယ်များသည် ကြွေကျကြသည့်အခါ၊

وَاِذَا الۡبِحَارُ فُجِّرَتۡ ۙ‏ ﴿۳﴾

(၃) ထို့ပြင် ပင်လယ်များသည် ဆူပွက်စီးထွက်စေခြင်းကိုခံကြရသည့် အခါ၊

وَاِذَا الۡقُبُوۡرُ بُعۡثِرَتۡ ۙ‏ ﴿۴﴾

(၄) ထို့ပြင် သင်္ချိုင်းများ(ထဲတွင်ရှိသူများ)သည် ထုတ်ဖော်ခြင်းခံကြရသည့်အခါ၊

عَلِمَتۡ نَفۡسٌ مَّا قَدَّمَتۡ وَاَخَّرَتۡ ؕ‏ ﴿۵﴾

(၅) လူတိုင်းသည် သူတို့ကြိုတင်ပို့ခဲ့ကြသည်များနှင့် သူတို့နောက်တွင် ချန်ခဲ့ကြသည်များကို သိသွားခဲ့ကြမည်။

يٰۤاَيُّهَا الۡاِنۡسَانُ مَا غَرَّكَ بِرَبِّكَ الۡكَرِيۡمِ ۙ‏ ﴿۶﴾

(၆) အို-လူသား၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောကျေးဇူးရှင်နှင့်ပတ်သက်၍ မည်သည့်အရာက အသင့်အား လှည့်စားခဲ့သနည်း။

الَّذِىۡ خَلَقَكَ فَسَوّٰٮكَ فَعَدَلَكَ ۙ‏ ﴿۷﴾

(၇) ထိုအရှင်သည် အသင့်အား ဖန်ဆင်းတော်မူခဲ့သည့်အပြင် အသင့်အား ပုံစံတကျ ဖြစ်အောင်လည်း ပြုပြင်တော်မူခဲ့သည်။ ထို့ပြင် အသင့်အား အချိုးအစားကျအောင်လည်း စီမံတော်မူခဲ့သည်။

فِىۡۤ اَىِّ صُوۡرَةٍ مَّا شَآءَ رَكَّبَكَ ؕ‏ ﴿۸﴾

(၈) အရှင်မြတ် အလိုရှိတော်မူသော ပုံသဏ္ဍာန်တွင် အသင့်အား စီစဉ်ပြုလုပ်တော်မူခဲ့သည်။

كَلَّا بَلۡ تُكَذِّبُوۡنَ بِالدِّيۡنِ ۙ‏ ﴿۹﴾

(၉) (မည်သည့်အကြောင်းမျှ)လုံးဝမဟုတ်ပေ၊ အမှန်စင်စစ် အသင်

တို့သည် အစားပေး(စာရင်းစစ်ဆေး)ခြင်းကိုပင် မဟုတ်မမှန်ဟု စွပ်စွဲ ငြင်းပယ်ကြခြင်းဖြစ်သည်။

وَإِنَّ عَلَيْكُمْ لَحَٰفِظِينَ ﴿١٠﴾

(၁၀) ထို့ပြင် အမှန်စင်စစ် အသင်တို့အပေါ်တွင် ကိုယ်စောင့်များရှိကြသည်။

كِرَامًا كَٰتِبِينَ ﴿١١﴾

(၁၁) မြင့်မြတ်သူများဖြစ်ပြီး ရေးမှတ်သူများ ဖြစ်ကြသည်။

يَعْلَمُونَ مَا تَفْعَلُونَ ﴿١٢﴾

(၁၂) သူတို့သည် အသင်တို့ပြုလုပ်သမျှကို သိရှိကြသည်။

إِنَّ ٱلْأَبْرَارَ لَفِى نَعِيمٍ ﴿١٣﴾

(၁၃) အမှန်စင်စစ် ကောင်းမြတ်သည့်သူများသည် အစဉ်အမြဲ သုခဘုံတွင် ရှိကြမည်။

وَإِنَّ ٱلْفُجَّارَ لَفِى جَحِيمٍ ﴿١٤﴾

(၁၄) ထို့ပြင် ဆိုးသွမ်းသူများသည် အမှန်စင်စစ် ဂျဟန္နမ်ငရဲထဲ၌ပင် ရှိကြမည်။

يَصْلَوْنَهَا يَوْمَ ٱلدِّينِ ﴿١٥﴾

(၁၅) သူတို့သည် ၎င်းထဲသို့ အစားပေးမည့်(ကိယာမသ်)နေ့တွင် ဝင်ကြရမည်ဖြစ်သည်။

وَمَا هُمْ عَنْهَا بِغَآئِبِينَ ﴿١٦﴾

(၁၆) ထို့ပြင် သူတို့သည် ၎င်းငရဲမှ ခွဲခွာရမည့်သူများ မဟုတ်ပေ။

وَمَآ أَدْرَىٰكَ مَا يَوْمُ ٱلدِّينِ ﴿١٧﴾

(၁၇) ထို့ပြင် ကောင်းကျိုးဆိုးကျိုး အစားပေးတော်မူမည့်နေ့ဆိုသည်မှာ အဘယ်နည်းဟု အသင်(တမန်တော်)ကို မည်သည့်အရာက အသိပေးပါသနည်း။

ثُمَّ مَآ أَدْرَىٰكَ مَا يَوْمُ ٱلدِّينِ ﴿١٨﴾

(၁၈) ၎င်းနောက် ကောင်းကျိုးဆိုးကျိုး အစားပေးတော်မူမည့်နေ့ဆိုသည်မှာ အဘယ်နည်းဟု အသင်(တမန်တော်)ကိုမည်သည့်အရာက အသိပေးပါသနည်း။

يَوْمَ لَا تَمْلِكُ نَفْسٌ لِّنَفْسٍ شَيْـًٔا ۖ وَٱلْأَمْرُ يَوْمَئِذٍ لِّلَّهِ ﴿١٩﴾

(၁၉) ထိုနေ့တွင် အသက်ဝိညာဉ် တစ်ခု(လူတစ်ဦး)သည် အခြားအသက်ဝိညာဉ်(လူတစ်ဦး)အတွက် မည်သည့်အရာတစ်ခုမျှ အကျိုးပြုပိုင်ခွင့်မရှိပေ။ ၎င်းပြင် ထိုနေ့တွင် အမိန့်အာဏာအားလုံးသည် အလ္လာဟ်အရှင်မြတ်ပင် စိုးပိုင်တော်မူမည်ဖြစ်သည်။

ركوعها١ ٨٣ سُوْرَةُ الْمُطَفِّفِيْنَ مَكِّيَّةٌ ٨٦ اٰياتها٣٦

## စူရတ် မုသွဖ်ဖိဖီးန် (အလေးအခြင်လျှော့သူများ ကဏ္ဍ) سُوْرَةُ الْمُطَفِّفِيْنَ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَيۡلٌ لِّلۡمُطَفِّفِيۡنَ ۙ﴿۱﴾

(၁) အလေး၊ တင်းတောင်း၊ ခြင်ခွက် စသည်များတွင် ခိုးပြီးလျှော့ပေးသည့်သူများသည် ပျက်စီးကြရမည် ဖြစ်သည်။

الَّذِيۡنَ اِذَا اكۡتَالُوۡا عَلَى النَّاسِ يَسۡتَوۡفُوۡنَ ۖ﴿۲﴾

(၂) အကြင်သူများသည် လူများထံမှ ခြင်တွယ်ပြီးယူကြသည့်အခါတွင်မူ အပြည့်(ခြင်တွယ်ပြီး)ရယူကြသည်။

وَاِذَا كَالُوۡهُمۡ اَوْ وَّزَنُوۡهُمۡ يُخۡسِرُوۡنَ ؕ﴿۳﴾

(၃) ထို့ပြင် သူတို့သည် သူတစ်ပါးအား ခြင်တွယ်ပေးသည့်အခါနှင့် ချိန်တွယ်ပေးသည့်အခါတွင်မူ လျှော့ပြီးပေးကြသည်။ (အလေးခိုးကြသည်)။

اَلَا يَظُنُّ اُولٰٓـئِكَ اَنَّهُمۡ مَّبۡعُوۡثُوۡنَ ۙ﴿۴﴾

(၄) အမှန်စင်စစ် သူတို့သည် ရှင်ပြန်ထရမည့်သူများ ဖြစ်သည်ကို သူတို့(မယုံကြည်)မယူဆကြသလော။

لِيَوۡمٍ عَظِيۡمٍ ۙ﴿۵﴾

(၅) ကြီးကျယ်သည့်နေ့အတွက်။

يَّوۡمَ يَقُوۡمُ النَّاسُ لِرَبِّ الۡعٰلَمِيۡنَ ؕ﴿۶﴾

(၆) ထိုနေ့တွင် လူအားလုံးသည် စကြဝဠာအပေါင်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ရှေ့၌ ရပ်ကြရမည်ဖြစ်သည်။❶

❶ အရှင်မြတ်ရဲ့ရှေ့မှာ စာရင်းအင်းစစ်ဆေးခံရဖို့ ရပ်ရမယ်ဆိုတာကို စဉ်းစားယုံကြည်မိရင် အလေးခိုးမှာ မဟုတ်ဘူး။ (အလင်းပြကျမ်း)

كَلَّاۤ اِنَّ كِتٰبَ الۡفُجَّارِ لَفِىۡ سِجِّيۡنٍ ؕ﴿۷﴾

(၇) (ရှင်ပြန်ထရမည်မဟုတ်ဟု ကာဖိရ်များပြောသကဲ့သို့) လုံးဝမဟုတ်ပေ၊ အမှန်စင်စစ် မကောင်းမှုကျူးလွန်သူများ၏ မှတ်တမ်းသည် အမှန်ပင်

စိဂ်ျဂီျန်တွင် ရှိသည်။

وَمَآ أَدۡرَىٰكَ مَا سِجِّينٌ ﴿٨﴾

(၈) စိဂ်ျဂီျန်ဆိုသည်မှာ မည်သည့်အရာနည်းဟု အသင်သိပါ၏လော။

كِتَٰبٌ مَّرۡقُومٌ ﴿٩﴾

(၉) (ထိုအရာသည်) ရေးသားပြီးဖြစ်သော မှတ်တမ်းစာအုပ်တစ်အုပ်ပင် ဖြစ်သည်။❶

❶ စိဂ်ျဂီျန်ဆိုတာ ကာဖိရ်တွေရဲ့အမည်စာရင်းတွေ ရေးမှတ်ထားတဲ့စာအုပ်ဖြစ်ပြီး အဲဒီစာအုပ်ထားတဲ့နေရာမှာ ကာဖိရ်တွေရဲ့ဝိညာဉ်တွေကိုလည်း ထားရှိတယ်။ (အိဗ်နုကဆီးရ်) တခြားဖွင့်ဆိုချက်အကွဲအလွဲတွေလည်း ရှိပါသေးတယ်။

وَيۡلٌ يَوۡمَئِذٍ لِّلۡمُكَذِّبِينَ ﴿١٠﴾

(၁၀) ထိုနေ့တွင် မဟုတ်မမှန်ဟု ငြင်းပယ်ကြသည့်သူများသည် ပျက်စီးကြရမည်။

ٱلَّذِينَ يُكَذِّبُونَ بِيَوۡمِ ٱلدِّينِ ﴿١١﴾

(၁၁) ထိုသူများသည် အစားပေးမည့်နေ့ကို မဟုတ်မမှန်ဟု ငြင်းပယ်ကြသည်။

وَمَا يُكَذِّبُ بِهِۦٓ إِلَّا كُلُّ مُعۡتَدٍ أَثِيمٍ ﴿١٢﴾

(၁၂) ထို့ပြင် ထိုနေ့ကို ကျူးကျော်သူ၊ အလွန်အပြစ်ကျူးလွန်သူသာ မဟုတ်မမှန်ဟု ငြင်းပယ်ကြသည်။

إِذَا تُتۡلَىٰ عَلَيۡهِ ءَايَٰتُنَا قَالَ أَسَٰطِيرُ ٱلۡأَوَّلِينَ ﴿١٣﴾

(၁၃) သူ၏ရှေ့၌ ငါအရှင်မြတ်၏အာယသ်တော်များကို ဖတ်ကြားသည့်အခါ "ဤသည်ရှေးလူများ၏ပုံပြင်များပင် ဖြစ်ကြသည်"ဟု သူက ပြောဆိုသည်။

كَلَّاۖ بَلۡۜ رَانَ عَلَىٰ قُلُوبِهِم مَّا كَانُواْ يَكۡسِبُونَ ﴿١٤﴾

(၁၄) (ပုံပြင်) လုံးဝမဟုတ်ပေ၊ အမှန်စင်စစ် သူတို့ဆည်းပူးနေခဲ့ကြသည့်အရာ(ပြစ်မှု)များသည် သူတို့၏စိတ်နှလုံးများပေါ်တွင် ဖုံးလွှမ်းခဲ့ခြင်းဖြစ်သည်။

كَلَّآ إِنَّهُمۡ عَن رَّبِّهِمۡ يَوۡمَئِذٍ لَّمَحۡجُوبُونَ ﴿١٥﴾

(၁၅) (အရှင်မြတ်အနီးတွင် နေရမည်ဟု ကာဖိရ်များပြောကြခြင်းသည်) လုံးဝမဟုတ်ပေ၊ အမှန်စင်စစ် သူတို့သည် ထိုနေ့တွင် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်(အား ဖူးမြော်ခြင်း)မှ အမှန်ပင် တားမြစ်(ကာကွယ်)ခြင်းခံကြရမည့်သူများပင်ဖြစ်သည်။

ثُمَّ إِنَّهُمۡ لَصَالُواْ ٱلۡجَحِيمِ ﴿١٦﴾

(၁၆) ထို့နောက် အမှန်စင်စစ် သူတို့သည် ငရဲထဲသို့ ဝင်ရောက်ရမည့် သူများဖြစ်ကြသည်။ ثُمَّ يُقَالُ هٰذَا الَّذِىۡ كُنۡتُمۡ بِهٖ تُكَذِّبُوۡنَ ﴿١٧﴾

(၁၇) ထို့နောက် (သူတို့အား) "ဤသည် အသင်တို့က မဟုတ်မမှန်ဟု ငြင်းပယ်ခဲ့ကြသည့်အရာပင် ဖြစ်သည်"ဟု အပြောခံကြရမည်။

كَلَّاۤ اِنَّ كِتٰبَ الۡاَبۡرَارِ لَفِىۡ عِلِّيِّيۡنَ ﴿١٨﴾

(၁၈) (ကာဖိရ်များထင်သကဲ့သို့)လုံးဝမဟုတ်ပေ၊ အမှန်စင်စစ် သူတော်ကောင်းများ၏မှတ်တမ်းသည် အိလ္လီယီန်[1]တွင် ရှိသည်။

[1] အိလ္လီယီန်ဟာ အီမာန်ယုံကြည်သူတွေရဲ့အမည်စာရင်းကို မှတ်သားထားတဲ့ စာအုပ်တစ်အုပ်ဖြစ်ပြီး အဲဒီစာအုပ်ထားတဲ့နေရာမှာ မုအ်မင်န်တွေရဲ့ဝိညာဉ်တွေကို ထားရှိတယ်။ (အိဗ်နုကဆီးရ်)

وَمَاۤ اَدۡرٰىكَ مَا عِلِّيُّوۡنَ ﴿١٩﴾

(၁၉) အိလ္လီယီန်ဆိုသည်မှာ မည်သည့်အရာနည်းဟု အသင်သိပါ၏လော။

كِتٰبٌ مَّرۡقُوۡمٌ ﴿٢٠﴾

(၂၀) ထိုအရာသည် ရေးသားပြီးဖြစ်သော မှတ်တမ်းစာအုပ် တစ်အုပ်ပင် ဖြစ်သည်။

يَّشۡهَدُهُ الۡمُقَرَّبُوۡنَ ﴿٢١﴾

(၂၁) ထိုမှတ်တမ်းစာအုပ်ကို (အရှင်မြတ်နှင့်)နီးကပ်သော ကောင်းကင်တမန်များသည် ကြည့်ရှုကြမည်။

اِنَّ الۡاَبۡرَارَ لَفِىۡ نَعِيۡمٍ ﴿٢٢﴾

(၂၂) အမှန်စင်စစ် ကောင်းမြတ်သည့်သူများသည် စည်းစိမ်ဖြင့်ပြည့်နေသော သုခတွင် ရှိကြမည်။ عَلَى الۡاَرَآئِكِ يَنۡظُرُوۡنَ ﴿٢٣﴾

(၂၃) သူတို့သည် မြင့်မားသောထိုင်ခုံများတွင် စံမြန်းပြီး ကြည့်ရှုနေကြမည်။

تَعۡرِفُ فِىۡ وُجُوۡهِهِمۡ نَضۡرَةَ النَّعِيۡمِ ﴿٢٤﴾

(၂၄) အသင်(တမန်တော်)သည် သူတို့၏မျက်နှာများတွင် စည်းစိမ်သုခချမ်းသာနှင့် စိုပြည်သည်ကို (မြင်သည့်အခါ ခွဲခြားပြီး) သိနိုင်မည်။

يُسۡقَوۡنَ مِنۡ رَّحِيۡقٍ مَّخۡتُوۡمٍ ﴿٢٥﴾

(၂၅) သူတို့သည် တံဆိပ်ခတ်ထားသော (ကြည်လင်သန့်ရှင်းသည့်) အရက်အစစ်[2]ကို တိုက်ကျွေးခြင်း ခံကြရမည်။

J ဒီလောကမှာရှိတဲ့ အရက်မျိုးမဟုတ်ဘူး။ အမည်တူပေမဲ့ အရည်အချင်းလုံးဝမတူဘူး။ (အလင်းပြကျမ်း)

خِتٰمُهٗ مِسْكٌ ۗ وَفِيْ ذٰلِكَ فَلْيَتَنَافَسِ الْمُتَنَافِسُوْنَ ﴿٢٦﴾

(၂၆) ထိုအရက်၏(အပိတ်)တံဆိပ်သည် ကတိုးဖြစ်သည်။ ထို့ပြင် ပြိုင်ဆိုင်(ရယူလိုသည့်)သူများသည် ၎င်းကိုပင် အပြိုင်အဆိုင်ရယူထိုက်ကြသည်။

وَمِزَاجُهٗ مِنْ تَسْنِيْمٍ ﴿٢٧﴾

(၂၇) ထိုအရက်၏ရောစပ်မှုသည် သတ်စ်နီမ်မှဖြစ်သည်။

عَيْنًا يَّشْرَبُ بِهَا الْمُقَرَّبُوْنَ ﴿٢٨﴾

(၂၈) (ထိုသတ်စ်နီမ်သည်) စမ်းချောင်းတစ်ခုဖြစ်သည်။ အလ္လာဟ်အရှင်မြတ်နှင့် နီးကပ်သည့်သူများသည် ယင်း(သတ်စ်နီမ်)မှ သောက်သုံးကြသည်။

اِنَّ الَّذِيْنَ اَجْرَمُوْا كَانُوْا مِنَ الَّذِيْنَ اٰمَنُوْا يَضْحَكُوْنَ ﴿٢٩﴾

(၂၉) အမှန်စင်စစ် အပြစ်ကျူးလွန်ခဲ့ကြသူများသည် အီမာန်ယုံကြည်သူများအပေါ်တွင် ရယ်မောလေ့ရှိခဲ့ကြသည်။

وَاِذَا مَرُّوْا بِهِمْ يَتَغَامَزُوْنَ ﴿٣٠﴾

(၃၀) ထို့ပြင် ထိုယုံကြည်သူများသည် သူတို့အနီးမှ ဖြတ်လျှောက်သွားကြသည့်အခါ သူတို့သည် မျက်ရိပ်ပြ(၍ ပြောင်လှောင်)လေ့ရှိခဲ့ကြသည်။

وَاِذَا انْقَلَبُوْٓا اِلٰٓى اَهْلِهِمُ انْقَلَبُوْا فَكِهِيْنَ ﴿٣١﴾

(၃၁) ထို့ပြင် သူတို့သည် သူတို့၏အိမ်သူအိမ်သားများထံ ပြန်ကြသည့်အခါ (ထိုယုံကြည်သူများ၏အကြောင်း ပြောပြ၍) ဝမ်းသာပျော်မြူးကြသည်။

وَاِذَا رَاَوْهُمْ قَالُوْٓا اِنَّ هٰٓؤُلَآءِ لَضَآلُّوْنَ ﴿٣٢﴾

(၃၂) ထို့ပြင် သူတို့သည် ယုံကြည်သူများအား တွေ့မြင်ကြသည့်အခါ "အမှန်စင်စစ် ဤသူများသည် အမှန်ပင်လမ်းလွဲသူများ ဖြစ်ကြသည်"ဟု ပြောဆိုကြသည်။

وَمَآ اُرْسِلُوْا عَلَيْهِمْ حٰفِظِيْنَ ﴿٣٣﴾

(၃၃) ထို့ပြင် သူတို့သည် ထိုယုံကြည်သူများအပေါ်တွင် ကြီးကြပ်အုပ်ထိန်းသူများအဖြစ် စေလွှတ်ခြင်းခံခဲ့ကြရခြင်း မဟုတ်ဘဲလျက်(ပြောဆိုကြသည်)။

فَالْيَوْمَ الَّذِيْنَ اٰمَنُوْا مِنَ الْكُفَّارِ يَضْحَكُوْنَ ﴿٣٤﴾

(၃၄) သို့ဖြစ်ရာ ယနေ့မူ အီမာန်ယုံကြည်သူများသည် ကာဖိရ်ငြင်းပယ်သူများအပေါ်တွင် ရယ်မောကြမည်။

عَلَى الْاَرَآئِكِ ۙ يَنْظُرُوْنَ ۝٣٥

(၃၅) ထိုယုံကြည်သူများသည် မြင့်မားသည့်ထိုင်ခုံများပေါ်တွင် စံမြန်းပြီး ကြည့်ရှုနေကြမည်။

هَلْ ثُوِّبَ الْكُفَّارُ مَا كَانُوْا يَفْعَلُوْنَ ۝٣٦

(၃၆) ကာဖိရ်များသည် သူတို့ပြုလုပ်ခဲ့ကြသော လုပ်ရပ်များ၏အကျိုးပေးဆပ်ခြင်းကို ခံကြရပြီမဟုတ်လော။

==========

ركوعها ١ ٨٤ سُوْرَةُ الاِنْشِقَاقِ مَكِّيَّةٌ ٨٣ اٰياتها ٢٥

## စူရဟ် အင်န်ရှိကာက် (အက်ကွဲခြင်း ကဏ္ဍ) سُوْرَةُ الْاِنْشِقَاقِ

==========

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اِذَا السَّمَآءُ انْشَقَّتْ ۝١

(၁) မိုးကောင်းကင်သည် အက်ကွဲသွားသည့်အခါ၊

وَاَذِنَتْ لِرَبِّهَا وَحُقَّتْ ۝٢

(၂) ထို့ပြင် ယင်း(မိုးကောင်းကင်)သည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်ကို နားထောင်(နာခံ)မည်။ ၎င်းပြင် သူသည် (ထိုသို့နာခံရန်သာ)ထိုက်သည်။❶

❶ မိုးကောင်းကင်လည်း အရှင်မြတ်ရဲ့အမိန့်တော်ကို နာခံရမှာပဲဖြစ်တယ်။ (အလင်းပြကျမ်း)

وَاِذَا الْاَرْضُ مُدَّتْ ۝٣

(၃) ထို့ပြင် မြေပထဝီသည် ဆွဲဖြန့်ခြင်းခံရသည့်အခါ၊

وَاَلْقَتْ مَا فِيْهَا وَتَخَلَّتْ ۝٤

(၄) ထို့ပြင် ယင်း(မြေပထဝီ)သည် သူ့အတွင်း၌ရှိသော အရာဝတ္ထုများကို ထုတ်ပြီးလျှင် ဗလာချည်း ဖြစ်သွားမည်။❷

❷ မြေကြီးထဲမှာရှိတဲ့ လူတွေနဲ့ လူတွေရဲ့အစိတ်အပိုင်းတွေ၊ အကျိုးအပြစ်ပေးခြင်းခံရမဲ့အရာတွေ ဟူသမျှကို အန်ထုတ်လိုက်မှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَاَذِنَتْ لِرَبِّهَا وَحُقَّتْ ۝٥

(၅) ထို့ပြင် ယင်း(မြေပထဝီ)သည် သူ့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမိန့်ကို နားထောင်(နာခံ)မည်။ ထို့ပြင် ယင်း(မြေပထဝီ)သည် (ထိုသို့ နာခံရန်သာ)ထိုက်သည်။

يٰۤاَيُّهَا الْاِنْسَانُ اِنَّكَ كَادِحٌ اِلٰى رَبِّكَ كَدْحًا فَمُلٰقِيْهِ ۝٦

(၆) အို-လူသား၊ အမှန်စင်စစ် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်သို့ ရောက်ရှိသည်အထိ(သေသည်အထိ) ပင်ပန်းစွာ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ (အသင်သည်) ၎င်း(ကြိုးပမ်းမှု၏ရလဒ်အကျိုး)ကို တွေ့ရှိရမည်ဖြစ်သည်။

فَأَمَّا مَنْ أُوتِيَ كِتَٰبَهُۥ بِيَمِينِهِۦ ٧

(၇) မည်သို့ပင်ဖြစ်စေ၊ ထိုအခါတွင် မိမိ၏မှတ်တမ်းကို မိမိ၏လက်ယာဘက်လက်ထဲတွင် ပေးခြင်းကိုခံရသူသည်၊

فَسَوْفَ يُحَاسَبُ حِسَابًا يَسِيرًا ٨

(၈) လွယ်ကူသည့်စစ်ဆေးမှုကို မကြာမီ စစ်ဆေးခြင်းခံရမည်ဖြစ်သည်။

وَيَنقَلِبُ إِلَىٰٓ أَهْلِهِۦ مَسْرُورًا ٩

(၉) ထို့ပြင် သူသည် သူ၏အိမ်သူအိမ်သားများထံသို့ ဝမ်းမြောက်ပျော်ရွှင်စွာဖြင့် ပြန်လာမည်။
وَأَمَّا مَنْ أُوتِيَ كِتَٰبَهُۥ وَرَآءَ ظَهْرِهِۦ ١٠

(၁၀) ထို့ပြင် မည်သို့ပင်ဖြစ်စေ၊ မိမိ၏မှတ်တမ်းကို မိမိ၏နောက်ကျောဘက်မှ ပေးခြင်းခံရသူကမူ၊
فَسَوْفَ يَدْعُوا۟ ثُبُورًا ١١

(၁၁) သို့ဖြစ်ရာ သူသည် မကြာမီ သေခြင်းကို ဟစ်ခေါ်မည်။

وَيَصْلَىٰ سَعِيرًا ١٢

(၁၂) ထို့ပြင် သူသည် မီးတောက်မီးလျှံထဲသို့ ဝင်ရမည်။

إِنَّهُۥ كَانَ فِىٓ أَهْلِهِۦ مَسْرُورًا ١٣

(၁၃) အမှန်စင်စစ် သူသည် သူ၏အိမ်သူအိမ်သားများထဲတွင် (ဤဘဝတွင်)ပျော်ရွှင်စွာ ရှိခဲ့သည်။

إِنَّهُۥ ظَنَّ أَن لَّن يَحُورَ ١٤

(၁၄) အမှန်စင်စစ် သူသည် (သူ၏အရှင်မြတ်ထံတော်သို့) လုံးဝ ပြန်သွားရမည်မဟုတ်ပေဟု ထင်မှတ်ခဲ့သည်။

بَلَىٰٓ ۚ إِنَّ رَبَّهُۥ كَانَ بِهِۦ بَصِيرًا ١٥

(၁၅) အဘယ်ကြောင့် ပြန်မသွားရမည်နည်း၊ အမှန်ပင်ပြန်သွားရပေမည်။ စင်စစ် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် သူ့ကို မြင်နေတော်မူသည်။
فَلَآ أُقْسِمُ بِٱلشَّفَقِ ١٦

(၁၆) ထို့နောက် ငါအရှင်မြတ်သည် နေဝင်ပြီး ရောင်နီကို သက်သေထူတော်မူသည်။
وَٱلَّيْلِ وَمَا وَسَقَ ١٧

(၁၇) ထို့ပြင် ညနှင့် ထိုညက ဖုံးလွှမ်းသည့်အရာကို (သက်သေထူတော်မူသည်)။

وَالْقَمَرِ إِذَا اتَّسَقَ ﴿١٨﴾

(၁၈) ထို့ပြင် လပြည့်လာသည့်အခါ ထိုလကို (သက်သေထူတော်မူသည်)။

لَتَرْكَبُنَّ طَبَقًا عَن طَبَقٍ ﴿١٩﴾

(၁၉) အမှန်ပင် အသင်တို့သည် တစ်ဆင့်မှ တစ်ဆင့်သို့ တက်ကြရမည် ဖြစ်သည်။

فَمَا لَهُمْ لَا يُؤْمِنُونَ ﴿٢٠﴾

(၂၀) ထို့နောက်လည်း သူတို့သည် အဘယ်ကြောင့် မယုံကြသနည်း။

السجدة

وَإِذَا قُرِئَ عَلَيْهِمُ الْقُرْآنُ لَا يَسْجُدُونَ ﴿٢١﴾

(၂၁) ထို့ပြင် သူတို့ရှေ့၌ ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ကြားခြင်းခံရသည့်အခါ သူတို့သည် စဂျ်ဒဟ်ဦးချခြင်း မပြုကြပေ။

بَلِ الَّذِينَ كَفَرُوا يُكَذِّبُونَ ﴿٢٢﴾

(၂၂) ဤမျှသာမက အမှန်စင်စစ် မယုံကြည်ကြသည့်သူများသည် မဟုတ်မမှန်ဟုပင် ငြင်းပယ်ကြသေးသည်။

وَاللَّهُ أَعْلَمُ بِمَا يُوعُونَ ﴿٢٣﴾

(၂၃) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့လျှို့ဝှက်မျိုသိပ်ထားသည်များကို အသိဆုံးအရှင် ဖြစ်တော်မူသည်။

فَبَشِّرْهُم بِعَذَابٍ أَلِيمٍ ﴿٢٤﴾

(၂၄) သို့ဖြစ်ရာ အသင်(တမန်တော်)သည် သူတို့အား အလွန်နာကျင်စေသော ပြစ်ဒဏ်နှင့် သတင်းကောင်းပေးလိုက်ပါ။

إِلَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُمْ أَجْرٌ غَيْرُ مَمْنُونٍ ﴿٢٥﴾

(၂၅) သို့ရာတွင် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ကြသည့်သူများအတွက်ကမူ အဆုံးမရှိသော အကျိုးကျေးဇူးရှိသည်။

رکوعها ١ ٨٥ سُوۡرَةُ الۡبُرُوۡجِ مَكِّيَّةٌ ٢٧ اٰياتها ٢٢

# စူရဟ် ဗုရူဂ် (ဗုရူဂ် ကဏ္ဍ) سُوۡرَةُ الۡبُرُوۡجِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَالسَّمَآءِ ذَاتِ الۡبُرُوۡجِ ۙ﴿١﴾

(၁) (ငါအရှင်မြတ်သည်) ဗုရူဂ်(နက္ခတ်တာရာများ၊ ၎င်းတို့၏ရပ်စခန်းများ၊ ၎င်းတို့၏သွားရာလမ်းကြောင်းများ)[၁] ရှိသော မိုးကောင်းကင်ကို သက်သေထူတော်မူသည်။

[၁] ဗုရူဂ်ဆိုတာ နက္ခတ်တာရာတွေလို့လည်း ဖွင့်ဆိုကြတယ်။ သူတို့ရပ်တည်တဲ့နေရာတွေလို့လည်း ဖွင့်ဆိုကြတယ်။သူတို့ရဲ့သွားရာလမ်းကြောင်းတွေလို့လည်း ဖွင့်ဆိုကြတယ်။ ကောင်းကင်တမန်တွေ စောင့်ရှောက်နေတဲ့ ကောင်းကင်ရဲတိုက်တွေလို့လည်း ဖွင့်ဆိုကြတယ်။(အလင်းပြကျမ်း)

وَالۡيَوۡمِ الۡمَوۡعُوۡدِ ۙ﴿٢﴾

(၂) ထို့ပြင် ချိန်းဆိုထားသည့်နေ့ကို သက်သေထူတော်မူသည်။

وَشَاهِدٍ وَّمَشۡهُوۡدٍ ؕ﴿٣﴾

(၃) ထို့ပြင် အသင့်ရောက်ရှိသည့်သူနှင့် အသင့်ရောက်ရှိခြင်းခံရမည့်သူကို သက်သေထူတော်မူသည်။[၂]

[၂] အသင့်ရောက်ရှိမဲ့သူဆိုတာ လူသားဖြစ်ပြီး အသင့်ရောက်ရှိခြင်းခံရမဲ့သူဆိုတာ ကိယာမသ်နေ့ကိုဆိုလိုတယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒီနေ့မှာ လူတွေအားလုံး အသင့်ရောက်ရှိရမှာဖြစ်တဲ့အတွက်ကြောင့်ဖြစ်တယ်။ (အာစားန်သရ်ဂျူမဟ်) တချို့ကလည်း သောကြာနေ့နဲ့ အရဖာသ်နေ့ကို ဆိုလိုတယ်လို့ ဖွင့်ဆိုကြတယ်။ (အလင်းပြကျမ်း)

قُتِلَ اَصۡحٰبُ الۡاُخۡدُوۡدِ ۙ﴿٤﴾

(၄) တူးထားသည့်တွင်းရှည်များ၏ပိုင်ရှင်[၃] သည် ပျက်စီးခဲ့ကြရသည်။

[၃] တွင်းရှင်တွေဆိုတာကတော့ ကျင်းတူးပြီး မီးတွေထည့်ထားကာ အီမာန်ယုံကြည်သူတွေကိုအဲဒီမီးတွင်းထဲကို ထည့်ပြီး မီးရှို့တဲ့သူကိုခေါ်တယ်။ အတိတ်ခေတ်မှာ ဘုရင်တစ်ပါးရှိခဲ့တယ်။ သူဟာ သူ့ကိုယ်သူ အရှင်သခင်လို့ ကြွေးကြော်ပြီး တိုင်းသူပြည်သားတွေကိုလည်း သူ့ကိုပဲ ကိုးကွယ်ခိုင်းခဲ့တယ်။ တစ်နေ့မှာ အီမာန်ရှင်လူငယ်တစ်ဦးကို အကြောင်းပြုပြီး လူထုအမြောက်အမြားဟာ အီမာန်ယုံကြည်သွားခဲ့ကြတယ်။ အဲဒီအပေါ် ဘုရင်က သူ့ကို စွန့်လွှတ်ပြီး အလ္လာဟ်အရှင်မြတ်ကို ကိုးကွယ်ရကောင်းလားဆိုကာ နောက်ဆုံးမှာ တွင်းတွေတူးခိုင်းကာ ထင်းတွေထည့်ပြီး မီးရှို့ခဲ့တယ်။ အဲဒီမီးလောင်တွင်းတွေထဲမှာ အဲဒီအီမာန်ရှင်တွေအားလုံးကို ထည့်ပြီး မီးရှို့ခဲ့ခြင်းဖြစ်တယ်။ ဒီအကြောင်းကျမ်းကြီးတွေမှာ အကျယ်လာရှိထားတယ်။ (အလင်းပြကျမ်း)

النَّارِ ذَاتِ الْوَقُوْدِ ﴿٥﴾

(၅) ထင်းများ(ဖြင့် ရှို့ပြီးထား)ရှိသော မီး(တွင်းများ)ဖြစ်သည်။

اِذْ هُمْ عَلَيْهَا قُعُوْدٌ ﴿٦﴾

(၆) တစ်ခါတွင် သူတို့သည် ထိုမီးတွင်း၏အနီး၌ ထိုင်နေခဲ့ကြသည်။

وَّهُمْ عَلٰى مَا يَفْعَلُوْنَ بِالْمُؤْمِنِيْنَ شُهُوْدٌ ﴿٧﴾

(၇) ထို့ပြင် သူတို့သည် မုအ်မင်န်ယုံကြည်သူများအား သူတို့(နှိပ်စက်မှု)ပြုလုပ်နေသည့်အမှုကိစ္စကို ကြည့်ရှုနေခဲ့ကြသည်။[6]

[6] အဲဒီမီးရှို့နှိပ်စက်တဲ့ကိစ္စကို ဘုရင်နဲ့ သူ့အခြွေအရံတွေက ပွဲတစ်ပွဲလိုပဲ ထိုင်ကြည့်ခဲ့ကြတာဖြစ်တယ်။ အဲဒီလောက် ရက်စက်တဲ့သူတွေကို အရှင်မြတ်ဟာ ဒီလောကမှာရော တမလွန်ဘဝမှာပါ ပြင်းထန်တဲ့ အပြစ်ဒဏ်ပေးတော်မူမှာဖြစ်တယ်။ အဲဒီလို နှိပ်စက်ခံရတဲ့သူတွေကိုတော့ အရှင်မြတ်က အောင်မြင်မှုကြီး ပေးသနားတော်မူလိုက်တာ ဖြစ်တယ်။ (သွဗ်ရီ၊ အိဗ်နုကဆီးရ်)

وَمَا نَقَمُوْا مِنْهُمْ اِلَّآ اَنْ يُّؤْمِنُوْا بِاللّٰهِ الْعَزِيْزِ الْحَمِيْدِ ﴿٨﴾

(၈) ထို့ပြင် သူတို့သည် ၎င်း(အီမာန်ယုံကြည်သူ)တို့တွင် သူတို့အနေဖြင့် အလ္လာဟ်အရှင်မြတ်ကိုပင် အီမာန်ယုံကြည်ကြသည်မှလွဲ၍ မည်သည့်အရာမျှ (အရေးယူရန်)အကြောင်းရှာ၍ မတွေ့ခဲ့ကြပေ။ ထိုအရှင်သည် တန်ခိုးတော်နှင့် အလွန်လွှမ်းမိုးတော်မူသောအရှင်၊ အလွန်ချီးမွမ်းခြင်း ခံထိုက်တော်မူသောအရှင်ဖြစ်တော်မူသည်။

الَّذِيْ لَهٗ مُلْكُ السَّمٰوٰتِ وَالْاَرْضِ ؕ وَاللّٰهُ عَلٰى كُلِّ شَيْءٍ شَهِيْدٌ ﴿٩﴾

(၉) မိုးကောင်းကင်များနှင့် မြေပထဝီကို စိုးမိုးအုပ်ချုပ်မှုအာဏာသည် ထိုအရှင်မြတ်၌ပင်ရှိသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို မျက်မှောက်အသိသက်သေဖြစ်နေတော်မူသောအရှင် ဖြစ်တော်မူသည်။

اِنَّ الَّذِيْنَ فَتَنُوا الْمُؤْمِنِيْنَ وَالْمُؤْمِنٰتِ ثُمَّ لَمْ يَتُوْبُوْا فَلَهُمْ عَذَابُ جَهَنَّمَ وَلَهُمْ عَذَابُ الْحَرِيْقِ ﴿١٠﴾

(၁၀) အမှန်ပင် အကြင်သူများသည် မုအ်မင်န် ယုံကြည်သူယောက်ျားများ၊ မုအ်မိနဟ် ယုံကြည်သူမိန်းမများအား နှိပ်စက်ခဲ့ကြသည်။ ထို့ပြင် သူတို့သည် ဝန်ချတောင်းပန်ခြင်းလည်း မပြုခဲ့ကြပေ။ သို့ဖြစ်ရာ ထိုသူများအတွက် ဂျဟန္နမ်၏ပြစ်ဒဏ်ရှိမည့်အပြင် ထိုသူများအတွက် မီးလောင်ကျွမ်းခြင်း၏ပြစ်ဒဏ်လည်းရှိမည်။

اِنَّ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ لَهُمْ جَنّٰتٌ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ ؕ ذٰلِكَ الْفَوْزُ الْكَبِيْرُ ﴿١١﴾

(၁၁) အမှန်စင်စစ် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်သည့်သူများအတွက် ဥယျာဉ်များရှိမည်။ ယင်း(ဥယျာဉ်များ)၏အောက်မှ စမ်းချောင်းများ စီးဆင်းနေမည်။ ၎င်းသည် ကြီးကျယ်သော အောင်မြင်မှုပင်ဖြစ်သည်။

إِنَّ بَطْشَ رَبِّكَ لَشَدِيدٌ ﴿١٢﴾

(၁၂) အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ဖမ်းဆီး(အရေးယူ)မှုသည် အမှန်ပင် ပြင်းထန်သည်။

إِنَّهُ هُوَ يُبْدِئُ وَيُعِيدُ ﴿١٣﴾

(၁၃) အမှန်စင်စစ် အရှင်မြတ်သည်ပင် (ပထမအကြိမ်)စတင်ဖန်ဆင်းတော်မူသည်။ ထို့ပြင် အရှင်မြတ်သည်ပင် (နောက်တစ်ကြိမ်)ပြန်လည်ဖန်ဆင်းတော်မူမည်။

وَهُوَ الْغَفُورُ الْوَدُودُ ﴿١٤﴾

(၁၄) ထို့ပြင် အရှင်မြတ်သည်ပင် လွတ်ငြိမ်းချမ်းသာခွင့် အလွန်ပေးတော်မူသောအရှင်၊ အလွန်ချစ်ခင်မြတ်နိုးတော်မူသောအရှင် ဖြစ်တော်မူသည်။

ذُو الْعَرْشِ الْمَجِيدُ ﴿١٥﴾

(၁၅) အရ်ရှ်ပလ္လင်တော်ကို စိုးပိုင်တော်မူသောအရှင်၊ အလွန်ကြီးကျယ်မြင့်မြတ်တော်မူသောအရှင် (ဖြစ်တော်မူသည်)။

فَعَّالٌ لِّمَا يُرِيدُ ﴿١٦﴾

(၁၆) အရှင်မြတ် ရည်ရွယ်တော်မူသောကိစ္စကို ပြီးမြောက်အောင် အလွန်ဆောင်ရွက်တော်မူသောအရှင် (ဖြစ်တော်မူသည်)။

هَلْ أَتَاكَ حَدِيثُ الْجُنُودِ ﴿١٧﴾

(၁၇) အသင်၏ထံသို့ (တမန်တော်များကို ငြင်းပယ်သည့်)အုပ်စုများ၏အကြောင်း ရောက်ရှိခဲ့ပြီလော။

فِرْعَوْنَ وَثَمُودَ ﴿١٨﴾

(၁၈) ဖိရ်အောင်န်၏(တပ်သားများ)အကြောင်းနှင့် ဆမူဒ်အမျိုးသားများ၏အကြောင်း ဖြစ်သည်။

بَلِ الَّذِينَ كَفَرُوا فِي تَكْذِيبٍ ﴿١٩﴾

(၁၉) (သူတို့၏နိဂုံးများကို သိပါလျက်နှင့်) အမှန်ပင် ကာဖိရ်များသည် (အီမာန်မယူဘဲ)မဟုတ်မမှန်ဟု ပြောဆိုငြင်းပယ်နေကြခြင်းပင် ဖြစ်သည်။

وَاللَّهُ مِن وَرَائِهِم مُّحِيطٌ ﴿٢٠﴾

(၂၀) ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် သူတို့၏နောက်ဘက်မှ တန်ခိုးတော်နှင့်ဝန်းရံထားတော်မူသည်။ (သူတို့၏လုပ်ရပ်အားလုံးကို ခြုံငုံသိတော်မူသည်)။

بَلۡ هُوَ قُرۡاٰنٌ مَّجِيۡدٌ ﴿۲۱﴾

(၂၁) ထိုသို့(သူတို့ငြင်းပယ်သောကြောင့် ကုရ်အာန်တွင် မည်သည့်အရာမှ ထိခိုက်သွားမည်) မဟုတ်ပေ၊ အမှန်စင်စစ် ၎င်းသည် အလွန်မြင့်မြတ်သော ကုရ်အာန်ကျမ်းတော် ဖြစ်သည်။

فِىۡ لَوۡحٍ مَّحۡفُوۡظٍ ﴿۲۲﴾

(၂၂) လုံခြုံစွာထိန်းသိမ်းထားသော သင်ပုန်းတွင် (ရေးမှတ်ထားပြီး ဖြစ်သည်)။

ركوعها ١ ٨٦ سُوْرَةُ الطَّارِقِ مَكِّيَّةٌ ٣٦ اٰياتها ١٧

# စူရဟ် သွာရိက် (ညတွင်ပေါ်လာသူ ကဏ္ဍ) سُوْرَةُ الطَّارِقِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَالسَّمَآءِ وَالطَّارِقِ ۝١

(၁) (ငါအရှင်မြတ်သည်) မိုးကောင်းကင်နှင့် ညအချိန်တွင် ပေါ်လာသည့်အရာကို သက်သေထူတော်မူသည်။

وَمَآ اَدۡرٰىكَ مَا الطَّارِقُ ۝٢

(၂) ထို့ပြင် ညအချိန်တွင်ပေါ်လာသည့်အရာသည် မည်သည့်အရာဆိုသည်ကို အသင်(တမန်တော်)သိပါ၏လော။

النَّجۡمُ الثَّاقِبُ ۝٣

(၃) (ထိုအရာသည်) လင်းဝင်းတောက်ပသော ကြယ်ဖြစ်သည်။

اِنۡ كُلُّ نَفۡسٍ لَّمَّا عَلَيۡهَا حَافِظٌ ۝٤

(၄) လူတိုင်းတွင် ထိန်းသိမ်းစောင့်ရှောက်သူ (ကောင်းကင်တမန်) တစ်ဦးစီရှိသည်။❶

❶ လူတိုင်းမှာ သူရဲ့လုပ်ရပ်ဟူသမျှကို ရေးမှတ်တဲ့ ကောင်းကင်တမန်ရှိသလို သူ့ကို ဘေးရန်တွေကနေ ကာကွယ်ပေးမဲ့ ကောင်းကင်တမန်တော်လည်း ထားရှိတယ်။ ကုရ်အာန်(၁၃း၁၁) မှာ အခုလိုအမိန့်ရှိထားတယ်။ لَهٗ مُعَقِّبٰتٌ مِّنۡۢ بَيۡنِ يَدَيۡهِ وَمِنۡ خَلۡفِهٖ يَحۡفَظُوۡنَهٗ مِنۡ اَمۡرِ اللّٰهِ (အလင်းပြကျမ်း)

فَلۡيَنۡظُرِ الۡاِنۡسَانُ مِمَّ خُلِقَ ۝٥

(၅) သို့ဖြစ်ရာ လူသားသည် သူမည်သည့်အရာမှ ဖန်ဆင်းခြင်းခံရသည်ဆိုသည်ကို ကြည့်ရမည် ဖြစ်သည်။

خُلِقَ مِنۡ مَّآءٍ دَافِقٍ ۝٦

(၆) ထိုလူသားသည် ပန်းထွက်သည့်အရည်မှ ဖန်ဆင်းခြင်းခံခဲ့ရသည်။

يَّخۡرُجُ مِنۡۢ بَيۡنِ الصُّلۡبِ وَالتَّرَآئِبِ ۝٧

(၇) ၎င်း(အရည်)သည် ကျောရိုးနှင့် ရင်ရိုးများ၏အကြားမှထွက်သည်။

اِنَّهٗ عَلٰى رَجۡعِهٖ لَقَادِرٌ ۝٨

(၈) အမှန်စင်စစ် အရှင်မြတ်သည် ထိုလူသားကို အမှန်ပင် ရှင်ပြန်ထစေနိုင်သော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

يَوْمَ تُبْلَى السَّرَآئِرُ ﴿٩﴾

(၉) လျှို့ဝှက်ချက်များ စစ်ဆေးဖော်ထုတ်ခြင်းခံရမည့်နေ့တွင်၊

فَمَا لَهُ مِنْ قُوَّةٍ وَّلَا نَاصِرٍ ﴿١٠﴾

(၁၀) ထိုလူသားတွင် မည်သည့်အင်အားမျှ ရှိမည်မဟုတ်သည့်အပြင် မည်သည့်ကူညီမည့်သူမျှလည်း ရှိမည်မဟုတ်ပေ။

وَالسَّمَآءِ ذَاتِ الرَّجْعِ ﴿١١﴾

(၁၁) (ငါအရှင်မြတ်သည်) မိုးရွာသွန်းသော မိုးကောင်းကင်ကို သက်သေထူတော်မူသည်။

وَالْاَرْضِ ذَاتِ الصَّدْعِ ﴿١٢﴾

(၁၂) ထို့ပြင် (အပင်ပေါက်သည့်အခါ၊ ရေထွက်သည့်အခါ၊ လူများရှင်ပြန်ထသည့်အခါ) အက်ကွဲသော မြေပထဝီကို သက်သေထူတော်မူသည်။

اِنَّهٗ لَقَوْلٌ فَصْلٌ ﴿١٣﴾

(၁၃) အမှန်စင်စစ် ဤ(ကုရ်အာန်)သည် ပြတ်သားသော အဆုံးအဖြတ်စကားဖြစ်သည်။

وَّمَا هُوَ بِالْهَزْلِ ﴿١٤﴾

(၁၄) ထို့ပြင် ထိုစကား(ကုရ်အာန်)သည် ရယ်စရာ အကျိုးမဲ့စကားမဟုတ်ပေ။

اِنَّهُمْ يَكِيْدُوْنَ كَيْدًا ﴿١٥﴾

(၁၅) အမှန်စင်စစ် ယင်း(ကာဖိရ်)တို့သည် အကြံအစည်များကို ကြံစည်နေကြသည်။

وَّاَكِيْدُ كَيْدًا ﴿١٦﴾

(၁၆) ငါအရှင်မြတ်သည်လည်း အကြံအစည်များကို ကြံစည်နေတော်မူသည်။

فَمَهِّلِ الْكٰفِرِيْنَ اَمْهِلْهُمْ رُوَيْدًا ﴿١٧﴾

(၁၇) သို့ဖြစ်ရာ အသင်သည် ကာဖိရ်များကို ဆိုင်းငံ့ခွင့်ပေးလိုက်ပါ။ အသင်သည် သူတို့အား အချိန်အနည်းငယ် ဆွဲလွှတ်ထားလိုက်ပါ။

ركوعها١ ٨٧ سُوْرَةُ الْاَعْلٰى مَكِّيَّةٌ ٨ اٰياتها١٩

## စူရတ် အအ်လာ (အမြင့်မားအထွတ်မြတ်ဆုံး ကဏ္ဍ) سُوْرَةُ الْاَعْلٰى

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

سَبِّحِ اسۡمَ رَبِّكَ الۡاَعۡلَى ۙ﴿۱﴾

(၁) အသင်(တမန်တော်)သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော၊ အမြင့်မားအထွတ်မြတ်ဆုံး ဖြစ်တော်မူသော အရှင်မြတ်၏ နာမတော် သန့်ရှင်းစင်ကြယ်ကြောင်း ရွတ်ဆိုပါ။

الَّذِىۡ خَلَقَ فَسَوّٰى ۙ﴿۲﴾

(၂) ထိုအရှင်မြတ်သည် (အရာရာကို) ဖန်ဆင်းတော်မူပြီးနောက် အနေအထားမှန်ကန်စွာ ဖြစ်အောင်လည်း ပြုလုပ်တော်မူခဲ့သည်။

وَالَّذِىۡ قَدَّرَ فَهَدٰى ۙ﴿۳﴾

(၃) ထို့ပြင် အရှင်မြတ်သည် ကြိုတင်စီမံခန့်ခွဲတော်မူပြီးနောက် လမ်းညွှန်တော်မူခဲ့သည်။

وَالَّذِىۡۤ اَخۡرَجَ الۡمَرۡعٰى ۙ﴿۴﴾

(၄) ထို့ပြင် အရှင်မြတ်သည် မြက်ပင် (ကောက်ပဲသီးနှံပင်၊ စားကျက်) ကို ပေါက်ရောက်စေတော်မူခဲ့သည်။

فَجَعَلَهٗ غُثَآءً اَحۡوٰى ؕ﴿۵﴾

(၅) ထို့ပြင် အရှင်မြတ်သည် ထိုမြက်ပင်များကို မည်းနက်သော မြက်ခြောက်ဖြစ်စေတော်မူခဲ့သည်။

سَنُقۡرِئُكَ فَلَا تَنۡسٰٓى ۙ﴿۶﴾

(၆) ငါအရှင်မြတ်သည် အသင့်အား မကြာမီ ရွတ်ဖတ်စေတော်မူမည်၊ ထို့နောက် အသင်သည် မေ့လျော့မည် မဟုတ်တော့ပေ။❶

❶ ကုရ်အာန်ကျမ်းတော်မြတ်ကို ထိန်းသိမ်းဖို့ အရှင်မြတ်က ကတိပြုတာဖြစ်တယ်။ အရှင်မြတ်အလိုရှိတော်မူတာကလွဲလို့ တမန်တော်မြတ် ﷺ ကို အာယသ်တော်တွေကို မမေ့အောင် ပြုလုပ်ပေးထားတော်မူတာဖြစ်တယ်။ (အမိန့်ကို ပယ်ဖျက်ဖို့)အရှင်မြတ်အလိုရှိတော်မူတဲ့အရာကိုတော့ မေ့ပျောက်စေတော်မူမှာဖြစ်တယ်။ (အလင်းပြကျမ်း)

اِلَّا مَا شَآءَ اللّٰهُ ۭ اِنَّهٗ يَعۡلَمُ الۡجَهۡرَ وَمَا يَخۡفٰى ۝٧

(၇) အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသောအရာမှလွဲ၍ အခြားကို (မေ့လျော့တော့မည်မဟုတ်ပေ)။ အမှန်စင်စစ် အရှင်မြတ်သည် ပေါ်လွင်ထင်ရှားသည့်အရာနှင့် ဖုံးကွယ်နေသည့်အရာများကို သိရှိတော်မူသည်။

وَنُيَسِّرُكَ لِلۡيُسۡرٰى ۝٨

(၈) ထို့ပြင် ငါအရှင်မြတ်သည် အသင့်အား တဖြည်းဖြည်း လွယ်ကူမှုဖြစ်အောင် ပြုလုပ်ပေးတော်မူမည်။❶

❶ တရားတော်တွေကို နားလည်နိုင်အောင်၊ လိုက်နာနိုင်အောင်၊ ပို့ချနိုင်အောင် အရှင်မြတ်က လွယ်ကူမှုစီစဉ်ပေးတော်မူတာ ဖြစ်တယ်။ (အလင်းပြကျမ်း)

فَذَكِّرۡ اِنۡ نَّفَعَتِ الذِّكۡرٰى ۝٩

(၉) သို့ဖြစ်ရာ အကယ်၍ ဆုံးမခြင်းသည် အကျိုးဖြစ်စေလျှင် အသင်သည် ဆုံးမပါ။

سَيَذَّكَّرُ مَنۡ يَّخۡشٰى ۝١٠

(၁၀) (အရှင်မြတ်ကို)ကြောက်ရွံ့သည့်သူသည် မကြာမီ တရားရမည်။

وَيَتَجَنَّبُهَا الۡاَشۡقَى ۝١١

(၁၁) ထို့ပြင် (အကြောင်းမလှ)နဖူးစာဆိုးသူကမူ ထိုဆုံးမသြဝါဒမှ သွေဖည်နေလိမ့်မည်။

الَّذِىۡ يَصۡلَى النَّارَ الۡكُبۡرٰى ۝١٢

(၁၂) ထိုနဖူးစာဆိုးသူသည် အလွန်ကြီးကျယ်သော မီးထဲသို့ ဝင်ရောက်ရမည်။

ثُمَّ لَا يَمُوۡتُ فِيۡهَا وَلَا يَحۡيٰى ۝١٣

(၁၃) ထို့နောက် ထိုသူသည် ထိုမီးထဲတွင် (ဝေဒနာခံစားရမှုရပ်ဆိုင်းသွားရန်)သေဆုံးမည်လည်း မဟုတ်ပေ၊ (သက်သက်သာသာဖြင့်နေနိုင်ရန်)အသက်ရှင်နေမည်လည်း မဟုတ်ပေ။

قَدۡ اَفۡلَحَ مَنۡ تَزَكّٰى ۝١٤

(၁၄) အမှန်စင်စစ် အကြင်သူသည် အောင်မြင်ခဲ့ပြီဖြစ်သည်။ ထိုသူသည် (ကုဖ်ရ်၊ ရှိရ်က်များကို ရှောင်ပြီး) စင်ကြယ်သန့်ရှင်းခဲ့သည်။

وَذَكَرَ اسۡمَ رَبِّهٖ فَصَلّٰى ۝١٥

(၁၅) ထို့ပြင် ထိုသူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏နာမတော်ကို တသပြီးနောက် စွလာသ်ဝတ်ပြုခဲ့သည်။

بَلْ تُؤْثِرُوْنَ الْحَيٰوةَ الدُّنْيَا ﴿١٦﴾

(၁၆) အမှန်စင်စစ် အသင်တို့သည် လောကီဘဝကို ဦးစားပေးနေကြသည်။

وَالْاٰخِرَةُ خَيْرٌ وَّاَبْقٰى ﴿١٧﴾

(၁၇) ထို့ပြင် တမလွန်ဘဝသည် ပိုကောင်းသည့်အပြင် ပိုလည်းတည်မြဲသည်။

اِنَّ هٰذَا لَفِى الصُّحُفِ الْاُوْلٰى ﴿١٨﴾

(၁၈) အမှန်စင်စစ် ဤသည် ပဌမပိုင်းက ကျမ်းများတွင်လည်း လာရှိခဲ့ပြီးဖြစ်သည်။

صُحُفِ اِبْرٰهِيْمَ وَمُوْسٰى ﴿١٩﴾

(၁၉) (တမန်တော်)အိဗ်ရာဟီမ်၏(အပေါ်တွင် ကျခဲ့သည့်)ကျမ်းများနှင့် (တမန်တော်)မူစာ၏(အပေါ်တွင်ကျခဲ့သည့်)ကျမ်းများတွင်(လာရှိခဲ့သည်)။

==================================================

ركوعها ١ ٨٨ سُوۡرَةُ الۡغَاشِيَةِ مَكِّيَّةٌ ٦٨ اٰياتها ٢٦

## စူရဟ် ဂါရှိယဟ် (လွှမ်းမိုးဖုံးအုပ်မည့်အရာ ကဏ္ဍ) سُوۡرَةُ الۡغَاشِيَةِ

==================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

هَلۡ اَتٰىكَ حَدِيۡثُ الۡغَاشِيَةِ ۝١

(၁) လွှမ်းမိုးဖုံးအုပ်မည့် အရာအကြောင်း သတင်းသည် အသင် (တမန်တော်)၏ထံသို့ ရောက်ရှိခဲ့ပြီလော။❷

❷ ဖုံးလွှမ်းတဲ့အရာဆိုတာ ကိယာမသ်ကိုဆိုလိုတယ်။ ကိယာမသ်ဟာ အားလုံးကို ဖုံးလွှမ်းလိုက်မှာ ဖြစ်တယ်။ တစ်ဦးမှ ကျန်ခဲ့မှာမဟုတ်ဘူး။ (အလင်းပြကျမ်း)

وُجُوۡهٌ يَّوۡمَىِٕذٍ خَاشِعَةٌ ۝٢

(၂) ထိုနေ့တွင် မျက်နှာအမြောက်အမြားသည် ညှိုးငယ်နေကြမည်။

عَامِلَةٌ نَّاصِبَةٌ ۝٣

(၃) ပင်ပန်းကြီးစွာ လုပ်ကိုင်(မှုကြောင့်) မောပန်းနေကြမည်။

تَصۡلٰى نَارًا حَامِيَةً ۝٤

(၄) သူတို့သည် ဟုန်းဟုန်းတောက်နေသော မီးထဲသို့ ဝင်ရောက်ကြရမည်။

تُسۡقٰى مِنۡ عَيۡنٍ اٰنِيَةٍ ۝٥

(၅) သူတို့သည် ပွက်ပွက်ဆူနေသော စမ်းချောင်းတစ်ခုက (ရေပူကို) တိုက်ကျွေးခြင်း ခံကြရမည်။

لَيۡسَ لَهُمۡ طَعَامٌ اِلَّا مِنۡ ضَرِيۡعٍ ۝٦

(၆) သူတို့အတွက် ဿွရီအ်ဆိုသော ဆူးပင်မှလွဲ၍ အခြားအစားအစာ ရှိမည်မဟုတ်ပေ။

لَّا يُسۡمِنُ وَلَا يُغۡنِىۡ مِنۡ جُوۡعٍ ۝٧

(၇) ထိုဆူးပင်သည် (သူတို့အား) ဝဖြိုးစေမည်လည်း မဟုတ်ပေ။ ဆာလောင်ခြင်းမှ အဆာပြေစေမည်လည်း မဟုတ်ပေ။

وُجُوۡهٌ يَّوۡمَىِٕذٍ نَّاعِمَةٌ ۝٨

(၈) မျက်နှာအမြောက်အမြားကမူ ထိုနေ့တွင် စိုပြည်ရွှင်လန်းနေကြမည်။

لِّسَعۡيِهَا رَاضِيَةٌ ﴿٩﴾

(၉) (သူတို့သည်) သူတို့၏ကြိုးပမ်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ နှစ်သက်ကျေနပ်နေကြမည်။

فِىۡ جَنَّةٍ عَالِيَةٍ ﴿١٠﴾

(၁၀) မြင့်မားသော ဂျန္နသ်သုခဘုံတွင် ရှိကြမည်။

لَّا تَسۡمَعُ فِيۡهَا لَاغِيَةً ﴿١١﴾

(၁၁) သူတို့သည် ထိုအထဲတွင် အလဟဿ အကျိုးမဲ့စကားကို ကြားကြရမည်မဟုတ်ပေ။

فِيۡهَا عَيۡنٌ جَارِيَةٌ ﴿١٢﴾

(၁၂) ထိုအထဲတွင် စီးဆင်းနေသော စမ်းချောင်းတစ်ခုရှိသည်။

فِيۡهَا سُرُرٌ مَّرۡفُوۡعَةٌ ﴿١٣﴾

(၁၃) ထိုအထဲတွင် မြင့်မားသောထိုင်ခုံများ ရှိသည်။

وَّاَكۡوَابٌ مَّوۡضُوۡعَةٌ ﴿١٤﴾

(၁၄) ထို့ပြင် စီထားသော သောက်ရေဖလားများလည်း (ရှိကြသည်)။

وَّنَمَارِقُ مَصۡفُوۡفَةٌ ﴿١٥﴾

(၁၅) ထို့ပြင် အတန်းလိုက်စီခင်းထားသော မှီအုံးများသည်လည်း (ရှိကြသည်)။

وَّزَرَابِىُّ مَبۡثُوۡثَةٌ ﴿١٦﴾

(၁၆) ထို့ပြင် စနစ်တကျ ခင်းကျင်းထားသော ကော်ဇောများသည်လည်း (ရှိကြသည်)။ اَفَلَا يَنۡظُرُوۡنَ اِلَى الۡاِبِلِ كَيۡفَ خُلِقَتۡ ﴿١٧﴾

(၁၇) ကုလားအုတ်သည် မည်သို့ ဖန်ဆင်းခြင်းခံခဲ့ရသည်ကို သူတို့သည် ကြည့်ရှုစဉ်းစားခြင်း မပြုကြသလော။

وَاِلَى السَّمَآءِ كَيۡفَ رُفِعَتۡ ﴿١٨﴾

(၁၈) ထို့ပြင် မိုးကောင်းကင်သည် မည်သို့ မြင့်မားစေခြင်း ခံခဲ့ရသည်ကိုလည်းကောင်း၊

وَاِلَى الۡجِبَالِ كَيۡفَ نُصِبَتۡ ﴿١٩﴾

(၁၉) ထို့ပြင် တောင်များသည် မည်သို့ စိုက်ထူခြင်း ခံခဲ့ကြရသည်ကိုလည်းကောင်း၊

وَاِلَى الۡاَرۡضِ كَيۡفَ سُطِحَتۡ ﴿٢٠﴾

(၂၀) ထို့ပြင် မြေပထဝီသည် မည်သို့ ခင်းကျင်းထားခြင်း ခံခဲ့ရသည်ကိုလည်းကောင်း (ကြည့်ရှုစဉ်းစားခြင်း မပြုကြသလော)။

فَذَكِّرْ ۗ إِنَّمَآ أَنتَ مُذَكِّرٌ ﴿٢١﴾

(၂၁) သို့ဖြစ်ရာ အသင်သည် ဆုံးမနေပါ။ အသင်သည် ဆုံးမသူတစ်ဦးပင် ဖြစ်သည်။

لَّسْتَ عَلَيْهِم بِمُصَيْطِرٍ ﴿٢٢﴾

(၂၂) အသင်သည် သူတို့အပေါ်တွင် စောင့်ကြပ်အုပ်ထိန်းသူမဟုတ်ပေ။

إِلَّا مَن تَوَلَّىٰ وَكَفَرَ ﴿٢٣﴾

(၂၃) သို့ရာတွင် မည်သူမဆို မျက်နှာလွှဲခဲ့လျှင်၊ ထို့ပြင် သွေဖည်ငြင်းပယ်ခဲ့လျှင်၊

فَيُعَذِّبُهُ ٱللَّهُ ٱلْعَذَابَ ٱلْأَكْبَرَ ﴿٢٤﴾

(၂၄) အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အား ကြီးသောပြစ်ဒဏ်ကို ပေးတော်မူမည် ဖြစ်သည်။

إِنَّ إِلَيْنَآ إِيَابَهُمْ ﴿٢٥﴾

(၂၅) အမှန်စင်စစ် သူတို့၏ပြန်လည်ရောက်ရှိရာသည် ငါအရှင်မြတ်ထံတော်သို့ပင် ဖြစ်သည်။

ثُمَّ إِنَّ عَلَيْنَا حِسَابَهُم ﴿٢٦﴾

(၂၆) ထို့နောက် အမှန်စင်စစ် သူတို့အား စစ်ဆေးမေးမြန်းမှုသည် ငါအရှင်မြတ်၏အပေါ်တွင် တာဝန် ဖြစ်သည်။

ايَاتُهَا ٣٠ ٨٩ سُوْرَةُ الْفَجْرِ مَكِّيَّةٌ ١٠ رُكُوْعُهَا ١

## စူရဟ် ဖဂျ်ရ် (မိုးသောက်ချိန် ကာလ) سُوْرَةُ الْفَجْرِ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَالْفَجْرِ ۝١

(၁) (ငါအရှင်မြတ်သည်) နံနက်မိုးသောက်ချိန်ကို သက်သေထူတော်မူသည်။

وَلَيَالٍ عَشْرٍ ۝٢

(၂) ထို့ပြင် ညဆယ်ညကို သက်သေထူတော်မူသည်။❶

❶ ညဆယ်ညဆိုတာ ဇွလ်ဟဂျ်လရဲ့ပထမဆယ်ညကိုဆိုလိုတာဖြစ်တယ်။ (အလင်းပြကျမ်း)

وَّالشَّفْعِ وَالْوَتْرِ ۝٣

(၃) ထို့ပြင် စုံနှင့်မကို သက်သေထူတော်မူသည်။

وَالَّيْلِ اِذَا يَسْرِ ۝٤

(၄) ထို့ပြင် ညသည် (ကုန်လွန်)သွားသည့်အခါ ထိုညကို သက်သေထူတော်မူသည်။❷

❷ ညဟာ ကုန်သွားတဲ့ညရော၊ ရောက်လာတဲ့ညကိုပါ ဆိုလိုတယ်။ (အလင်းပြကျမ်း)

هَلْ فِيْ ذٰلِكَ قَسَمٌ لِّذِيْ حِجْرٍ ۝٥

(၅) ၎င်း(သက်သေထူခြင်းများ)ထဲတွင် ဉာဏ်အမြော်အမြင်ရှိသည့် သူများအတွက် (လုံလောက်သော) ကျိန်ဆိုချက်ရှိသည်မဟုတ်လော။

اَلَمْ تَرَ كَيْفَ فَعَلَ رَبُّكَ بِعَادٍ ۝٦

(၆) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အာဒ် အမျိုးသားများအား မည်သို့ပြုလုပ်တော်မူခဲ့သည်ကို အသင် မသိမြင်ခဲ့သလော။

اِرَمَ ذَاتِ الْعِمَادِ ۝٧

(၇) အရပ်အမောင်းထွားကြိုင်းသော၊ တိုင်ရှည်ကြီးများ၏ပိုင်ရှင်ဖြစ်သော "အိရမ်"(၏အဆက်အနွယ်)ကို။

الَّتِيْ لَمْ يُخْلَقْ مِثْلُهَا فِي الْبِلَادِ ۝٨

(၈) မြို့ရွာများတွင် သူတို့ကဲ့သို့ မည်သူမျှ ဖန်ဆင်းခြင်း မခံခဲ့ရပေ။

وَثَمُودَ الَّذِينَ جَابُوا الصَّخْرَ بِالْوَادِ ﴿٩﴾

(၉) ဝါဒီလ်ကုရာအရပ်တွင် ကျောက်ဆောင်(ကျောက်တောင်ကမ်းပါး ယံ)များကို ထွင်းခဲ့ကြသော ဆမူဒ်အမျိုးသားများကို။

وَفِرْعَوْنَ ذِي الْأَوْتَادِ ﴿١٠﴾

(၁၀) ငုတ်များ၏ပိုင်ရှင်ဖြစ်သောဖိရ်အောင်န်ကို (မည်သို့ပြုလုပ်တော်မူခဲ့သည်ကို အသင် မသိမြင်ခဲ့သလော)။

الَّذِينَ طَغَوْا فِي الْبِلَادِ ﴿١١﴾

(၁၁) ထိုသူများသည် တိုင်းပြည်များတွင် ဆိုးသွမ်းခဲ့ကြသည်။

فَأَكْثَرُوا فِيهَا الْفَسَادَ ﴿١٢﴾

(၁၂) ထို့နောက် သူတို့သည် ထိုတိုင်းပြည်များတွင် ပျက်စီးရာပျက်စီး ကြောင်းများကို များစွာပြုလုပ်ခဲ့ကြသည်။

فَصَبَّ عَلَيْهِمْ رَبُّكَ سَوْطَ عَذَابٍ ﴿١٣﴾

(၁၃) သို့ဖြစ်ရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် သူတို့အပေါ်တွင် ပြင်းထန်သော ပြစ်ဒဏ်တစ်မျိုးကို သွန်းချတော်မူခဲ့သည်။

إِنَّ رَبَّكَ لَبِالْمِرْصَادِ ﴿١٤﴾

(၁၄) အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အကွယ်မှ(ချောင်းမြောင်းပြီး) စောင့်ကြည့်နေတော်မူသည်။

فَأَمَّا الْإِنسَانُ إِذَا مَا ابْتَلَاهُ رَبُّهُ فَأَكْرَمَهُ وَنَعَّمَهُ فَيَقُولُ رَبِّي أَكْرَمَنِ ﴿١٥﴾

(၁၅) ထို့နောက် မည်သို့ပင်ဖြစ်စေ၊ လူသားသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က သူ့ကို စမ်းသပ်တော်မူသည့်အခါ အရှင်မြတ်သည် သူ့ကို ဂုဏ်ပေးသနားတော်မူသည်။ ထို့ပြင် သူ့ကို ကျေးဇူးပြုတော်မူသည်။ သို့ဖြစ်ရာ သူက ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ကျွန်ုပ်ကို ဂုဏ်ပေးတော်မူခဲ့သည်ဟု ပြောဆိုသည်။

وَأَمَّا إِذَا مَا ابْتَلَاهُ فَقَدَرَ عَلَيْهِ رِزْقَهُ فَيَقُولُ رَبِّي أَهَانَنِ ﴿١٦﴾

(၁၆) ထို့ပြင် မည်သို့ပင်ဖြစ်စေ၊ အရှင်မြတ်က သူ့ကို(နောက်တစ်မျိုးဖြင့်) စမ်းသပ်တော်မူသည့်အခါ သူ့အပေါ်တွင် သူ၏စားနပ်ရိက္ခာကို ကျပ်တည်းစေတော်မူခဲ့သည်။ သို့ဖြစ်ရာ သူက ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ကျွန်ုပ်ကို သေးသိမ်အောင်ပြုလုပ်ခဲ့လိုက်ပြီဖြစ်သည်ဟု ပြောဆိုသည်။

كَلَّا بَل لَّا تُكْرِمُونَ الْيَتِيمَ ﴿١٧﴾

(၁၇) ထိုသို့ လုံးဝမဟုတ်ပေ၊ အမှန်စင်စစ် အသင်တို့သည် အဘမဲ့ကလေးများကို ဂုဏ်မပေးကြပေ။

وَلَا تَحَاضُّونَ عَلَىٰ طَعَامِ الْمِسْكِينِ ﴿١٨﴾

(၁၈) ထို့ပြင် အသင်တို့သည် ဆင်းရဲသားများကို ကျွေးမွေးရန် တိုက်တွန်းနှိုးဆော်ကြခြင်းလည်း မရှိပေ။

وَتَأْكُلُونَ التُّرَاثَ أَكْلًا لَّمًّا ﴿١٩﴾

(၁၉) ထို့ပြင် အသင်တို့သည် အမွေပစ္စည်းများကိုလည်း (အမွေဆိုင်များအား အချိုးကျခွဲမပေးဘဲ)သိမ်းကျုံး စားသုံးကြသည်။

وَتُحِبُّونَ الْمَالَ حُبًّا جَمًّا ﴿٢٠﴾

(၂၀) ထို့ပြင် အသင်တို့သည် ပစ္စည်းဥစ္စာကိုလည်း အလွန်ချစ်ကြသည်။

كَلَّا إِذَا دُكَّتِ الْأَرْضُ دَكًّا دَكًّا ﴿٢١﴾

(၂၁) လုံးဝမဟုတ်ပေ၊ မြေပထဝီသည် ကြေညက်အောင် ထုထောင်း(၍ ညီညာအောင် လုပ်)ခြင်းခံရသည့်အခါ၊

وَجَاءَ رَبُّكَ وَالْمَلَكُ صَفًّا صَفًّا ﴿٢٢﴾

(၂၂) ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ကြွလာတော်မူသည့်အခါ၊ ထို့ပြင် ကောင်းကင်တမန်များသည် စီတန်း(ပြီးလာ)သည့်အခါ၊

وَجِيءَ يَوْمَئِذٍ بِجَهَنَّمَ ۚ يَوْمَئِذٍ يَتَذَكَّرُ الْإِنسَانُ وَأَنَّىٰ لَهُ الذِّكْرَىٰ ﴿٢٣﴾

(၂၃) ထို့ပြင် ထိုနေ့တွင် ဂျဟန္နမ်ငရဲသည် ယူဆောင်လာခြင်းကို ခံရသည့်အခါ၊ ထိုနေ့တွင် လူသားသည် သတိတရားရလာလိမ့်မည်။ ထို့နောက်သတိတရားရခြင်းသည် အဘယ်မှာလျှင် သူ့အား အကျိုးရှိစေတော့မည်နည်း။

يَقُولُ يَا لَيْتَنِي قَدَّمْتُ لِحَيَاتِي ﴿٢٤﴾

(၂၄) လူသားက ပြောဆိုမည်-သြော်-ကျွန်ုပ်သည် (တမလွန်ဘဝတွင်) ကျွန်ုပ်၏အသက်ရှင်ရေးအတွက် (ကောင်းမှုများ)ကြိုတင်ပို့ခဲ့လိုက်လျှင် အဘယ်မျှ ကောင်းလိုက်မည်နည်း။

فَيَوْمَئِذٍ لَّا يُعَذِّبُ عَذَابَهُ أَحَدٌ ﴿٢٥﴾

(၂၅) ထို့ပြင် ထိုနေ့တွင် အရှင်မြတ်၏ အပြစ်ဒဏ်စီရင်ခြင်းမျိုးကို မည်သူမျှ ပြစ်ဒဏ်စီရင်မည်မဟုတ်ပေ။

وَّلَا يُوْثِقُ وَثَاقَهٗٓ اَحَدٌ ﴿٢٦﴾

(၂၆) ထို့ပြင် အရှင်မြတ်၏ဖမ်းဆီးချုပ်နှောင်ခြင်းမျိုးကိုလည်း မည်သူမှ ဖမ်းဆီးချုပ်နှောင်မည်မဟုတ်ပေ။

يٰٓاَيَّتُهَا النَّفْسُ الْمُطْمَىِٕنَّةُ ﴿٢٧﴾

(၂၇) အို - တည်ငြိမ်နေသော အသက်ဝိညာဉ်။❶

❶ လူသားရဲ့စိတ်ဟာ တစ်ခုတည်းဖြစ်တယ်။ ဒါပေမဲ့ အဲဒီစိတ်ဟာ အခြေအနေသုံးမျိုးမှာ ပြောင်းလဲလျက်ရှိတယ်။ အဲဒီစိတ်ရဲ့အခြေအနေသုံးမျိုးကတော့ (၁) အမ္မာရဟ် (၂) လောင်ဝ်ဝါမဟ် (၃) မုသ္မအင်နှဟ်တို့ဖြစ်တယ်။

(၁) အမ္မာရဟ်။ ။လူသားဟာ လောကီစည်းစိမ်ထဲမှာပဲ နစ်မွန်းနေပြီး မကောင်းမှုလုပ်ဖို့ဘက်ကိုပဲ အားသန်ပြုလုပ်နေလေ့ရှိတဲ့ စိတ်ကို ခေါ်တယ်။

وَمَآ اُبَرِّئُ نَفْسِيْ ۚ اِنَّ النَّفْسَ لَاَمَّارَةٌۢ بِالسُّوْۤءِ اِلَّا مَا رَحِمَ رَبِّيْ ۭ اِنَّ رَبِّيْ غَفُوْرٌ رَّحِيْمٌ (ကုရ်အာန် ၁၂း၅၃)

(၂) လောင်ဝ်ဝါမဟ်။ ။လူသားဟာ လောကီစည်းစိမ်ထဲမှာနဲ့ မကောင်းမှုတွေထဲမှာ နစ်မွန်းနေရာကနေ အမြင်မှန်ရလာပြီး ဒါတွေဟာ မကောင်းပါလားလို့ သိရှိခံစားရပြီး သူ့ကိုယ်သူ အပြစ်တင်လာကာ အရှင်မြတ်ဘက်ကို လှည့်လာတဲ့စိတ်ကို ခေါ်တယ်။ ရံဖန်ရံခါ အဲဒီမကောင်းမှုဘက်ကို ပြန်ပြန်ကျော့သွားပြန်တယ်။ အဲဒီနောက်တစ်ခါ ပြန်သတိရပြီး သူ့ကိုယ်သူ အပြစ်တင်ကာ အရှင်မြတ်ဘက်ကို ပြန်လှည့်ပြန်တယ်။ အဲဒီလို မကောင်းတဲ့ဘက်ကနေ ကောင်းတဲ့ဘက်ကို အကြိမ်ကြိမ်ကူးပြောင်းနေတုန်းကာလမှာရှိတဲ့ စိတ်ကို ခေါ်တယ်။

وَلَآ اُقْسِمُ بِالنَّفْسِ اللَّوَّامَةِ (ကုရ်အာန် ၇၅း၂)

(၃) မုသ္မအင်နှဟ်။ ။လူသားဟာ လောကီစည်းစိမ်တွေနဲ့ မကောင်းမှုတွေထဲမှာ နစ်မွန်းခြင်းဘက်ကို လုံးဝပြန်မလှည့်တော့ဘဲ အရှင်မြတ်ဘက်၊ တမလွန်ဘဝဘက်၊ ကောင်းမှုတွေဘက်ကိုပဲ လှည့်ပြီး အဲဒါတွေနဲ့ သက်ဆိုင်တဲ့အလုပ်တွေထဲမှာပဲ မွေ့လျော်နေတာကို နှစ်သက်ကြည်နူးပြီး တည်ငြိမ်သွားတဲ့စိတ်ကို ခေါ်တယ်။

يٰٓاَيَّتُهَا النَّفْسُ الْمُطْمَىِٕنَّةُ . ارْجِعِيْٓ اِلٰى رَبِّكِ رَاضِيَةً مَّرْضِيَّةً . فَادْخُلِيْ فِيْ عِبٰدِيْ . وَادْخُلِيْ جَنَّتِيْ . (ကုရ်အာန် ၈၉း၂၇ - ၃၀)

(အညွှန်းပြုထားတဲ့ ကုရ်အာန်အာယသ်တွေကို သက်ဆိုင်ရာနေရာတွေမှာ အဓိပ္ပာယ်ကို ပြန်ကြည့်နိုင်ပါတယ်) (အလင်းပြကျမ်း)

ارْجِعِيْٓ اِلٰى رَبِّكِ رَاضِيَةً مَّرْضِيَّةً ﴿٢٨﴾

(၂၈) အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်သို့ ကျေနပ်စွာဖြင့် (အရှင်မြတ်၏)ကျေနပ်မှုခံယူ၍ ပြန်သွားပါ။

فَادْخُلِيْ فِيْ عِبٰدِيْ ﴿٢٩﴾

(၂၉) ထို့ပြင် အသင်သည် ငါအရှင်မြတ်၏ကျွန်များထဲတွင် ပါဝင်လိုက်ပါ။

وَادْخُلِيْ جَنَّتِيْ ﴿٣٠﴾

(၃၀) ထို့ပြင် အသင်သည် ငါအရှင်မြတ်၏ ဂျန္နသ်သုခဘုံထဲတွင် ဝင်လိုက်ပါ။

==================================================

رکوعها ١     ٩٠ سُوْرَةُ الْبَلَدِ مَكِّيَّةٌ ٣٥     اٰياتها ٢٠

## စူရဟ် ဗလဒ် (မြို့တော် ကဗ္ဗာ) سُوْرَةُ الْبَلَدِ

==================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

لَآ اُقْسِمُ بِهٰذَا الْبَلَدِ ﴿١﴾

(၁) ငါအရှင်မြတ်သည် ဤ(မက္ကဟ်)မြို့တော်ကို သက်သေထူတော်မူသည်။

وَاَنْتَ حِلٌّۢ بِهٰذَا الْبَلَدِ ﴿٢﴾

(၂) ထို့ပြင် အသင်သည် ဤမြို့တော်တွင် ဝင်ခွင့်ပြုခြင်းခံရမည်ဖြစ်သည်။❶

❶ တမန်တော်မြတ် ﷺ နဲ့ မွတ်စ်လင်မ်တွေဟာ ကာဖိရ်တွေရဲ့နှိပ်စက်ညှဉ်းပန်းမှုတွေကို ခံနေကြရတဲ့အချိန်မှာ ဒီအာယသ်တွေ ချပေးပြီး ကြိုတင်သတင်းပေးခဲ့တာဖြစ်တယ်။ တမန်တော်မြတ် ﷺ ဟာ ဒီမက္ကဟ်မြို့ကို အောင်နိုင်တဲ့ဘဝနဲ့ ဝင်ရမဲ့အကြောင်း အရှင်မြတ်က ကြိုတင်မိန့်ကြားထားတာဖြစ်တယ်။ (အဲဒီကြိုတင်မိန့်ကြားချက်ဟာ အနှစ် (၂၀)အတွင်းမှာ လက်တွေ့ အကောင်အထည်ပေါ်လာခဲ့တယ်။ ဒါဟာ ကုရ်အာန်ကျမ်းတော်ရဲ့ မှန်ကန်မှုအထောက်အထားတစ်ခုလည်း ဖြစ်သွားခဲ့တယ်။) ဟိဂျ်ရီ (၈) ခုနှစ်မှာ မက္ကဟ်မြို့ကို အောင်နိုင်သွားခဲ့တယ်။ (အလင်းပြကျမ်း)

وَوَالِدٍ وَّمَا وَلَدَ ﴿٣﴾

(၃) ထို့ပြင် ဖခင်နှင့် ထိုဖခင်ကမွေးဖွားသောအရာ (သားသမီးများ) ကို သက်သေထူတော်မူသည်။

لَقَدْ خَلَقْنَا الْاِنْسَانَ فِيْ كَبَدٍ ﴿٤﴾

(၄) အမှန်စင်စစ် ငါအရှင်မြတ်သည် လူသားကို ပင်ပန်းမှုထဲတွင် ဖန်ဆင်းတော်မူခဲ့သည်။❷

❷ လူသားကို အရှင်မြတ်က ဒုက္ခပင်ပန်းမှုထဲမှာပဲ ဖန်ဆင်းထားတာဖြစ်တဲ့အတွက် လောကမှာ ဒုက္ခမခံရတဲ့သူ ဘယ်သူမှ မရှိဘူး။ အရှင်မြတ်ချစ်တဲ့သူတွေ၊ တမန်တော်တွေ၊ ဝလီအောင်လိယာတွေဟာ ပိုပြီးတောင် ဒုက္ခနစ်နာမှုတွေ ခံခဲ့ကြရတယ်။ (အလင်းပြကျမ်း)

اَيَحْسَبُ اَنْ لَّنْ يَّقْدِرَ عَلَيْهِ اَحَدٌ ﴿٥﴾

(၅) ထိုလူသားသည် သူ့အပေါ်တွင် မည်သူမျှတတ်စွမ်းနိုင်မည်မဟုတ်ပေဟု ထင်မှတ်သလော။❸

(၅) ကိုယ်ဖြစ်ချင်တာဖြစ်လို့မရဘူးဆိုတာ သိဖို့ အရာရာစွမ်းဆောင်နိုင်သူက ဒုက္ခထဲမှာ ထည့်ပေးထားတာဖြစ်တယ်။ အဲဒီအရှင်ကို သတိရဖို့ဖြစ်တယ်။ (အလင်းပြကျမ်း)

يَقُولُ أَهْلَكْتُ مَالًا لُّبَدًا ﴿٦﴾

(၆) သူက ကျွန်ုပ်သည် ပစ္စည်းဥစ္စာအမြောက်အမြားကို သုံးဖြုန်းခဲ့သည်ဟု (ကြွား၍)ပြောဆိုသည်။

أَيَحْسَبُ أَن لَّمْ يَرَهُۥٓ أَحَدٌ ﴿٧﴾

(၇) သူသည် သူ့အား မည်သူမျှ မမြင်ခဲ့ပေဟု ထင်မှတ်သလော။(၆)

(၆) ပစ္စည်းတွေကို ဘာရည်ရွယ်ချက်နဲ့ သုံးနေတယ်ဆိုတာ အရှင်မြတ် မသိဘူးထင်နေသလား။ အသင်ကြွားဝါနေလို့ ဘာမှ အကျိုးမရဘူး။ (အလင်းပြကျမ်း)

أَلَمْ نَجْعَل لَّهُۥ عَيْنَيْنِ ﴿٨﴾

(၈) ငါအရှင်မြတ်သည် သူ့အား မျက်စိနှစ်လုံးကို ပြုလုပ်ပေးသနားတော်မမူခဲ့သလော။

وَلِسَانًا وَشَفَتَيْنِ ﴿٩﴾

(၉) ထို့ပြင် လျှာတစ်ခုနှင့် နှုတ်ခမ်းနှစ်ခုကို (ပြုလုပ်ပေးသနားတော်မမူခဲ့သလော)။

وَهَدَيْنَٰهُ ٱلنَّجْدَيْنِ ﴿١٠﴾

(၁၀) ထို့ပြင် ငါအရှင်မြတ်သည် သူ့အား(အကောင်းအဆိုး)လမ်းနှစ်လမ်းကို ညွှန်ကြားပြသတော်မူခဲ့သည် မဟုတ်လော။(၇)

(၇) အကောင်း၊ အဆိုးနှစ်လမ်းစလုံးပြထားတော်မူတယ်။ ကြိုက်တာရွေးချယ်ခွင့်ပေးထားတော်မူတယ်။ ကိုယ်ရွေးချယ်ခဲ့တဲ့ လမ်းကြောင်းအတိုင်း ရလဒ်တွေမှာ ဖြစ်တယ်။ အရှင်မြတ်က မကောင်းတဲ့လမ်းကို ဘယ်သူ့ကိုမှ တွန်းမပို့ဘူး။ (အွဆ်မာနီ၊ အသ်သဖ်စီရွလ်မုယတ်စရ်)

فَلَا ٱقْتَحَمَ ٱلْعَقَبَةَ ﴿١١﴾

(၁၁) ထို့နောက် သူသည် (သူ၏ပစ္စည်းဥစ္စာကိုသုံးပြီး)မတ်စောက်သော တောင်ကြားလမ်း (တမလွန်ဘဝ၏ခက်ခဲမှု)ကို အဘယ်ကြောင့် မဖြတ်ကူးခဲ့သနည်း။

وَمَآ أَدْرَىٰكَ مَا ٱلْعَقَبَةُ ﴿١٢﴾

(၁၂) ထို့ပြင် တောင်ကြားလမ်းသည် အဘယ်အရာနည်းဆိုသည်ကို အသင်သိပါ၏လော။

فَكُّ رَقَبَةٍ ﴿١٣﴾

(၁၃) ကျွန်တစ်ဦးကို သူကောင်းပြုခြင်းဖြစ်သည်။

أَوْ إِطْعَٰمٌ فِى يَوْمٍ ذِى مَسْغَبَةٍ ﴿١٤﴾

(၁၄) သို့မဟုတ် ငတ်မွတ်သည့်နေ့တွင် ကျွေးမွေးခြင်းပင် ဖြစ်သည်။

يَّتِيۡمًا ذَا مَقۡرَبَةٍ ﴿١٥﴾

(၁၅) ဆွေးမျိုးနီးစပ်သောအဘမဲ့ကလေး တစ်ဦးဦးကို၊

اَوۡ مِسۡكِيۡنًا ذَا مَتۡرَبَةٍ ﴿١٦﴾

(၁၆) သို့မဟုတ် မြေကြီးပေါ် လူးလိမ့်နေသော ဒုက္ခသည်တစ်ဦးဦး (ကို ကူညီထောက်ပံ့ ကျွေးမွေးခြင်းဖြစ်သည်)။

ثُمَّ كَانَ مِنَ الَّذِيۡنَ اٰمَنُوۡا وَتَوَاصَوۡا بِالصَّبۡرِ وَتَوَاصَوۡا بِالۡمَرۡحَمَةِ ﴿١٧﴾

(၁၇) ထို့ပြင် (မတ်စောက်သော တောင်ကြားလမ်းကို ကျော်ဖြတ်ချိန်တွင်)သူသည် အကြင်သူများထဲတွင် ပါဝင်ခြင်းဖြစ်သည်။ ထိုသူများသည် အီမာန်ယုံကြည်ခဲ့ကြသည်။ ထို့ပြင် သူတို့သည် အချင်းချင်း သည်းခံကြရန် တိုက်တွန်းဆုံးမခဲ့ကြသည်။ ထို့ပြင် အချင်းချင်း သနားကြင်နာကြရန်လည်း တိုက်တွန်းဆုံးမခဲ့ကြသည်။

اُولٰٓئِكَ اَصۡحٰبُ الۡمَيۡمَنَةِ ﴿١٨﴾

(၁၈) ထိုသူများသည် လက်ယာဘက်သားများပင် ဖြစ်ကြသည်။

وَالَّذِيۡنَ كَفَرُوۡا بِاٰيٰتِنَا هُمۡ اَصۡحٰبُ الۡمَشۡـَٔمَةِ ﴿١٩﴾

(၁၉) ထို့ပြင် ငါအရှင်မြတ်၏အာယသ်တော်များကို ငြင်းပယ်ခဲ့ကြသည့်သူများသည် လက်ဝဲဘက်သားများပင် ဖြစ်ကြသည်။

عَلَيۡهِمۡ نَارٌ مُّؤۡصَدَةٌ ﴿٢٠﴾

(၂၀) သူတို့အပေါ်တွင် (လေးဘက်လေးတန်မှ) ပိတ်ဆို့ လွှမ်းခြုံထားသောမီး ရှိမည်။

==========================================================================

ركوعها ١ ٩١ سُوْرَةُ الشَّمْسِ مَكِّيَّةٌ ٢٦ اٰياتها ١٥

## စူရဟ် ရှမ်စ် (နေ ကဏ္ဍ) سُوْرَةُ الشَّمْسِ

==========================================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَالشَّمْسِ وَضُحٰهَا ۝١

(၁) (ငါအရှင်မြတ်သည်) နေနှင့် ထိုနေ၏ အလင်းရောင် အပူရှိန်ကို သက်သေထူတော်မူသည်။

وَالْقَمَرِ اِذَا تَلٰهَا ۝٢

(၂) ထို့ပြင် ထိုနေ၏နောက်မှ လသည် လိုက်သည့်အခါ ထိုလကို သက်သေထူတော်မူသည်။

وَالنَّهَارِ اِذَا جَلّٰهَا ۝٣

(၃) ထို့ပြင် နေ့သည် နေကို တောက်ပစေသည့်အခါ ထိုနေ့ကို သက်သေထူတော်မူသည်။

وَالَّيْلِ اِذَا يَغْشٰهَا ۝٤

(၄) ထို့ပြင် ညသည် နေကို ဖုံးလွှမ်းသည့်အခါ ထိုညကို သက်သေထူတော်မူသည်။

وَالسَّمَآءِ وَمَا بَنٰهَا ۝٥

(၅) ထို့ပြင် မိုးကောင်းကင်နှင့် ထိုမိုးကောင်းကင်ကို ပြုလုပ်ဖန်ဆင်းတော်မူသောအရှင်ကိုပါ သက်သေထူတော်မူသည်။

وَالْاَرْضِ وَمَا طَحٰهَا ۝٦

(၆) ထို့ပြင် (ငါအရှင်မြတ်သည်) မြေပထဝီနှင့် ထိုမြေပထဝီကို ဖြန့်ခင်းတော်မူသောအရှင်ကို သက်သေထူတော်မူသည်။

وَنَفْسٍ وَّمَا سَوّٰهَا ۝٧

(၇) ထို့ပြင် အသက်ဝိညာဉ်နှင့် ထိုအသက်ဝိညာဉ်ကို စုံလင်အောင် ပြုလုပ်တော်မူသောအရှင်ကို သက်သေထူတော်မူသည်။

فَاَلْهَمَهَا فُجُوْرَهَا وَتَقْوٰهَا ۝٨

(၈) ထို့နောက် အရှင်မြတ်သည် ထိုအသက်ဝိညာဉ်ထဲသို့ ထိုအသက်

ဝိညာဉ်၏မကောင်းမှု(၏အသိစိတ်)နှင့် ကောင်းမှု(၏အသိစိတ်)ကို ထည့်သွင်းတော်မူခဲ့သည်။❶

❶ လူသားရဲ့ပင်ကိုစိတ်ထဲမှာ ကောင်းတာကို လိုချင်တဲ့စိတ်နဲ့အသိရော၊ မကောင်းတာကိုလိုချင်တဲ့စိတ်နဲ့ အသိပါ ထည့်ပေးထားတယ်။ ကောင်းတာလိုချင်တဲ့စိတ်ကို တမန်တော်တွေလာပြီး ကောင်းတာတွေပြသကာ တိုက်တွန်းလှုံ့ဆော်ပေးတဲ့အခါမှာ နဂိုထည့်ထားတဲ့အသိက သတိရပြီး ကောင်းတာကို လုပ်ချင်တဲ့စိတ်ပိုဖြစ်လာကာ ကောင်းတာလုပ်ဖြစ်သွားတဲ့အပေါ်ကောင်းတဲ့ရလဒ်ရရှိမှာဖြစ်တယ်။ မကောင်းတာလိုချင်တဲ့စိတ်ကို ရှိုင်သွာန်ကလာပြီး ကောင်းတာထင်မှတ်အောင်အလှဆင်ပြပြီး လှုံ့ဆော်တိုက်တွန်းပေးတဲ့အခါမှာ နဂိုထည့်ထားတဲ့အသိက သတိရ ထကြွလာပြီး မကောင်းတာကို လုပ်ချင်တဲ့စိတ်ပိုဖြစ်လာကာ မကောင်းတာလုပ်ဖြစ်သွားတဲ့အပေါ် မကောင်းတဲ့ရလဒ် ထွက်လာမှာဖြစ်တယ်။ (အလင်းပြကျမ်း)

قَدۡ اَفۡلَحَ مَنۡ زَكّٰىهَا ﴿٩﴾

(၉) အမှန်စင်စစ် ထိုအသက်ဝိညာဉ်ကို သန့်ရှင်းစင်ကြယ်အောင် လုပ်ခဲ့သူသည် အောင်မြင်ခဲ့ပြီဖြစ်သည်။

وَقَدۡ خَابَ مَنۡ دَسّٰىهَا ﴿١٠﴾

(၁၀) ထို့ပြင် ထိုအသက်ဝိညာဉ်ကို (မကောင်းမှုများထဲတွင်) နစ်မွန်းစေခဲ့သည့်သူသည် ပျက်စီးဆုံးရှုံးခဲ့ပြီဖြစ်သည်။

كَذَّبَتۡ ثَمُوۡدُ بِطَغۡوٰىهَاۤ ﴿١١﴾

(၁၁) ဆမူဒ်အမျိုးသားတို့သည် သူတို့၏ဆိုးသွမ်းမှုဖြင့် (တမန်တော်စွာလေ့ဟ်ကို) မဟုတ်မမှန်ငြင်းပယ်ခဲ့ကြသည်။

اِذِ انۡۢبَعَثَ اَشۡقٰىهَا ﴿١٢﴾

(၁၂) တစ်ခါတွင် သူတို့ထဲမှ နဖူးစာအဆိုးဆုံးသူသည် တစ်ရှိန်ထိုးထွက်ပေါ်လာခဲ့သည်။

فَقَالَ لَهُمۡ رَسُوۡلُ اللّٰهِ نَاقَةَ اللّٰهِ وَسُقۡيٰهَا ﴿١٣﴾

(၁၃) သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်၏ တမန်တော်က သူတို့အား “အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ကုလားအုတ်မကို(သတ်ဖြတ်ခြင်းမှ) သာမက သူရေသောက်ခြင်းကို(တားမြစ်ခြင်းမှ)လည်း(ရှောင်ကြဉ်ကြပါ”ဟု) ပြောဆိုခဲ့သည်။

فَكَذَّبُوۡهُ فَعَقَرُوۡهَا ۙ فَدَمۡدَمَ عَلَيۡهِمۡ رَبُّهُمۡ بِذَنۡۢبِهِمۡ فَسَوّٰىهَا ﴿١٤﴾

(၁၄) ထို့နောက် သူတို့သည် ၎င်း(တမန်တော်)ကို မဟုတ်မမှန်ဟု ငြင်းပယ်ပြီး ထိုကုလားအုတ်မ၏ခြေများကို ဖြတ်တောက်(၍ သတ်ဖြတ်)ခဲ့ကြ

သည်။ သို့ဖြစ်ရာ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က သူတို့ အပေါ်တွင် သူတို့၏ပြစ်မှုများကြောင့် ပြစ်ဒဏ်ကို ချမှတ်တော်မူခဲ့သည်။ ထို့ပြင် အရှင်မြတ်သည် ထိုပြစ်ဒဏ်ကို အားလုံးအပေါ် တညီတညာတည်း ပြုလုပ်ချ ပေးတော်မူလိုက်သည်။

وَلَا يَخَافُ عُقْبٰهَا ﴿١٥﴾

(၁၅) ထို့ပြင် အရှင်မြတ်သည် ထိုပြစ်ဒဏ်၏နောက်ဆက်တွဲ (ဖြစ်ပေါ် လာမည့်တုံ့ပြန်မှု)ကို လုံးဝစိုးရိမ်တော်မမူပေ။

==========================================================

ركوعها١ ٩٢سُوْرَةُ الَّيْلِ مَكِّيَّةٌ٩ اٰياتها٢١

## စူရဟ် လိုင်းလ် (ည ကဏ္ဍ) سُوْرَةُ الَّيْلِ

==========================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَالَّيْلِ اِذَا يَغْشٰى ①

(၁) (ငါအရှင်မြတ်အနေဖြင့်) ညသည် လွှမ်းမိုးသည့်အခါတွင် ထိုညကို သက်သေထူတော်မူသည်။

وَالنَّهَارِ اِذَا تَجَلّٰى ②

(၂) ထို့ပြင် နေ့သည် လင်းဝင်းသည့်အခါ ထိုနေ့ကို သက်သေထူတော်မူသည်။

وَمَا خَلَقَ الذَّكَرَ وَالْاُنْثٰى ③

(၃) ထို့ပြင် ဖိုနှင့်မကို ဖန်ဆင်းတော်မူသောအရှင်ကို သက်သေထူတော်မူသည်။

اِنَّ سَعْيَكُمْ لَشَتّٰى ④

(၄) အမှန်စင်စစ် အသင်တို့၏ကြိုးပမ်းမှုများသည် အမျိုးမျိုးဖြစ်သည်။

فَاَمَّا مَنْ اَعْطٰى وَاتَّقٰى ⑤

(၅) သို့ဖြစ်ရာ မည်သို့ပင်ဖြစ်စေ၊ အကြင်သူသည် ပေးကမ်းလှူဒါန်းသည်။ ထို့ပြင် သူသည် (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့သည်။

وَصَدَّقَ بِالْحُسْنٰى ⑥

(၆) ထို့ပြင် သူသည် ကောင်းသည်[J]ကို ဟုတ်မှန်ကြောင်းထောက်ခံယုံကြည်သည်။

[J] ကောင်းတာဆိုတာ အစ္စလာမ်ကို ယုံကြည်ထောက်ခံခြင်းနဲ့ ဂျန္နသ်ရရှိမယ်ဆိုတဲ့ ယုံကြည်ခြင်းကို ဆိုလိုတယ်။ (အာစားန်သရ်ဂျူမဟ်)

فَسَنُيَسِّرُهٗ لِلْيُسْرٰى ⑦

(၇) သို့ဖြစ်ရာ ငါအရှင်မြတ်သည် သူ့အား မကြာမီ လွယ်ကူမှုထံသို့ ပို့ဆောင်တော်မူမည်။

وَاَمَّا مَنْ بَخِلَ وَاسْتَغْنٰى ⑧

(၈) ထို့ပြင် မည်သို့ပင်ဖြစ်စေ၊ အကြင်သူသည် စေးနဲ့တွန့်တိုသည်။

ထို့ပြင် သူသည် (သူ၏ကိုယ်ကို)လိုလားတောင့်တစရာမလိုဟု ထင်မှတ်သည်။

وَكَذَّبَ بِالْحُسْنٰى ﴿٩﴾

(၉) ထို့ပြင် သူသည် ကောင်းသည်ကို မဟုတ်မမှန်ဟု ငြင်းဆိုသည်။

فَسَنُيَسِّرُهٗ لِلْعُسْرٰى ﴿١٠﴾

(၁၀) သို့ဖြစ်ရာ ငါအရှင်မြတ်သည် ထိုသူကို မကြာမီ ခက်ခဲမှုထံသို့ ပို့ဆောင်တော်မူမည်။

وَمَا يُغْنِيْ عَنْهُ مَالُهٗٓ اِذَا تَرَدّٰى ﴿١١﴾

(၁၁) ထို့ပြင် သူသည် (ငရဲတွင်းထဲသို့)ကျသည့်အခါ သူ(စေးနဲခဲ့သည့်) ပစ္စည်းဥစ္စာများသည် သူ့အတွက် မည်သည့်အရာမျှ အသုံးဝင်မည်မဟုတ်ပေ။

اِنَّ عَلَيْنَا لَلْهُدٰى ﴿١٢﴾

(၁၂) အမှန်စင်စစ် လမ်းမှန်ညွှန်ကြားပြသခြင်းသည် ငါအရှင်မြတ်၏ တာဝန်ပင် ဖြစ်သည်။

وَاِنَّ لَنَا لَلْاٰخِرَةَ وَالْاُوْلٰى ﴿١٣﴾

(၁၃) ထို့ပြင် အမှန်စင်စစ် တမလွန်ဘဝနှင့် ဤဘဝကို ငါအရှင်မြတ်သာ စိုးပိုင်တော်မူသည်။

فَاَنْذَرْتُكُمْ نَارًا تَلَظّٰى ﴿١٤﴾

(၁၄) သို့ဖြစ်ရာ ငါအရှင်မြတ်သည် အသင်တို့အား ဟုန်းဟုန်းတောက် နေသော မီးနှင့်ပတ်သက်၍ သတိပေးနှိုးဆော်ခဲ့ပြီးဖြစ်သည်။

لَا يَصْلٰىهَآ اِلَّا الْاَشْقَى ﴿١٥﴾

(၁၅) ထိုငရဲမီးထဲသို့ နဖူးစာအလွန်ဆိုးသူပင် ကျမည်။

الَّذِيْ كَذَّبَ وَتَوَلّٰى ﴿١٦﴾

(၁၆) ထိုသူသည် မဟုတ်မမှန်ငြင်းပယ်ခဲ့ပြီး မျက်နှာလွှဲခဲ့သည်။

وَسَيُجَنَّبُهَا الْاَتْقَى ﴿١٧﴾

(၁၇) ထို့ပြင် (အလ္လာဟ်အရှင်မြတ်အား) အလွန်ကြောက်ရွံ့သူကမူ ထိုငရဲမီးမှ မကြာမီ (ကယ်တင်ခြင်း) ကင်းဝေးစေခြင်း ခံရမည်ဖြစ်သည်။

الَّذِيْ يُؤْتِيْ مَالَهٗ يَتَزَكّٰى ﴿١٨﴾

(၁၈) ထိုသူသည် သူသန့်ရှင်းစင်ကြယ်ရန် သူ၏ဥစ္စာပစ္စည်းကို ပေး

ကမ်းလှူဒါန်းသည်။

وَمَا لِأَحَدٍ عِنْدَهُ مِنْ نِّعْمَةٍ تُجْزٰٓى ﴿١٩﴾

(၁၉) သူ့အပေါ်တွင် ပြန်လည်ပေးဆပ်ရန် တစ်ဦးတစ်ယောက်၏ မည်သည့်ကျေးဇူးမျှ မရှိပေ။

اِلَّا ابْتِغَآءَ وَجْهِ رَبِّهِ الْاَعْلٰى ﴿٢٠﴾

(၂၀) သူ့အား ဖန်ဆင်းမွေးမြူတော်မူသော၊ အလွန်မြင့်မားထွတ်မြတ်တော်မူသော အရှင်မြတ်၏ နှစ်သက်ကျေနပ်မှုကို ရှာဖွေရယူရန်အတွက်ပင် (လှူဒါန်းခြင်း)ဖြစ်သည်။

وَلَسَوْفَ يَرْضٰى ﴿٢١﴾

(၂၁) ထို့ပြင် သူသည် မကြာမီ အမှန်ပင် ကျေနပ်သွားမည်ဖြစ်သည်။

==========

ركوعها١ ٩٣سُوْرَةُ الضُّحٰى مَكِّيَّةٌ١١ اٰياتها١١

# စူရဟ် သွှဟာ (နေတက်ချိန် ကာလ) سُوْرَةُ الضُّحٰى

==========

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَالضُّحٰى ﴿١﴾

(၁) (ငါအရှင်မြတ်သည်) နေတက်ချိန်(နေရောင်)ကို သက်သေထူတော်မူသည်။

وَالَّيْلِ اِذَا سَجٰى ﴿٢﴾

(၂) ထို့ပြင် ညသည် လွှမ်းမိုးသည့်အခါ ထိုညကို သက်သေထူတော်မူသည်။

مَا وَدَّعَكَ رَبُّكَ وَمَا قَلٰى ﴿٣﴾

(၃) အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အသင့်အား စွန့်ပစ်ထားတော်မူသည်လည်းမဟုတ်ပေ၊ အရှင်မြတ်သည် (အသင့်အား) မုန်းတီးတော်မူသည်လည်းမဟုတ်ပေ။❶

❶ စူရဟ်အိက်ရအ်ထဲက ပထမငါးအာယသ် ကျရောက်ပြီးနောက် အချိန်တော်တော်ကြာ(၁၅ရက်ခန့်၊ တချို့အဆိုအရ သုံးလခန့်၊ တချို့အဆိုအရ သုံးနှစ်ခန့်)ထိ ဝဟီဆိုင်းငံ့နေတဲ့အပေါ်မှာ ကာဖိရ်တွေကရော၊ မိန်းမတစ်ယောက်ကပါ တမန်တော်မြတ် ﷺကို လာပြောကြတယ်- "အသင့်ကို အသင့်အရှင်က စွန့်ပစ်ထားပြီ။" အဲဒါကြောင့် တမန်တော်မြတ် ﷺဟာ စိတ်မကောင်းဖြစ်နေတဲ့အတွက် အရှင်မြတ်က ဒီစူရဟ်ချပေးခဲ့တာ ဖြစ်တယ်။ (အလင်းပြကျမ်း)

وَلَلْاٰخِرَةُ خَيْرٌ لَّكَ مِنَ الْاُوْلٰى ﴿٤﴾

(၄) ထို့ပြင် အမှန်စင်စစ် အသင့်အတွက် တမလွန်ဘဝသည် ဤဘဝထက် ပိုကောင်းသည်။❷

❷ အခုလာမဲ့အခြေအနေဟာ ပြီးခဲ့တဲ့အခြေအနေထက် ပိုကောင်းလိမ့်မယ်။ ဝဟီခဏရပ်တန့်နေတာဟာ တမန်တော်မြတ် ﷺရဲ့နိမ့်ကျခြင်း မဟုတ်ဘူး။ (အလင်းပြကျမ်း)

وَلَسَوْفَ يُعْطِيْكَ رَبُّكَ فَتَرْضٰى ﴿٥﴾

(၅) ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အသင့်အား အမှန်ပင် မကြာမီ ပေးသနားတော်မူမည် ဖြစ်ရာ အသင်သည်ကျေနပ်သွားလိမ့်မည်။❸

❷ တမန်တော်မြတ် ﷺ ကို မုန်းတီးဖို့ နေနေသာသာ၊ နှစ်ဘဝစလုံးမှာ တမန်တော်မြတ် ﷺ ကျေနပ်အောင်အထိ ပေးတော်မူမှာဖြစ်ကြောင်း သတင်းကောင်းပါ ပေးလိုက်တာဖြစ်တယ်။
(အလင်းပြကျမ်း)

أَلَمْ يَجِدْكَ يَتِيمًا فَآوَىٰ ﴿٦﴾

(၆) ထို့ပြင် အရှင်မြတ်သည် အသင့်အား အဘမဲ့အဖြစ် တွေ့ရှိတော်မူခဲ့၍ ခိုကိုးရာပေးတော်မူခဲ့သည် မဟုတ်လော။❻

❻ မိဘမဲ့ဖြစ်ခဲ့ပြီး ဘိုးတော်ရဲ့အရိပ် ရခဲ့တယ်။ ဘိုးတော်ဆုံးတဲ့အခါ ဦးရီးတော်ရဲ့ အရိပ်ရခဲ့တယ်။ ဦးရီးတော်ဆုံးတဲ့အခါ အန်စွာရ်တွေက ဦးခေါင်းထိပ်မှာ အမြတ်တနိုးပန်ဆင်ခဲ့ကြတယ်။
(အလင်းပြကျမ်း)

وَوَجَدَكَ ضَالًّا فَهَدَىٰ ﴿٧﴾

(၇) ထို့ပြင် အရှင်မြတ်သည် အသင့်အား လမ်းမတွေ့သူအဖြစ် တွေ့ရှိတော်မူခဲ့၍ လမ်းမှန်ညွှန်ကြားပြသတော်မူခဲ့သည်မဟုတ်လော။❼

❼ ဟိရာအ်လိုဏ်ဂူထဲမှာ အရှင်မြတ်ကို အာရုံပြုပြီး လမ်းရှာနေခဲ့တယ်။ အရှင်မြတ်က တမန်တော်ခန့်အပ်ပြီး လမ်းပြတော်မူခဲ့တယ်။ (အလင်းပြကျမ်း)

وَوَجَدَكَ عَائِلًا فَأَغْنَىٰ ﴿٨﴾

(၈) ထို့ပြင် အရှင်မြတ်သည် အသင့်အား ပစ္စည်းမဲ့အဖြစ် တွေ့ရှိတော်မူခဲ့၍ ပစ္စည်းဥစ္စာကြွယ်ဝစေတော်မူခဲ့သည်မဟုတ်လော။

فَأَمَّا الْيَتِيمَ فَلَا تَقْهَرْ ﴿٩﴾

(၉) သို့ဖြစ်ရာ မည်သို့ပင်ဖြစ်စေ အသင်သည် အဘမဲ့ကလေးများကို ဖိနှိပ်(ကြိမ်းမောင်း)ခြင်းကို မပြုပါနှင့်။

وَأَمَّا السَّائِلَ فَلَا تَنْهَرْ ﴿١٠﴾

(၁၀) ထို့ပြင် မည်သို့ပင်ဖြစ်စေ အသင်သည် တောင်းရမ်းသူကို ငေါက်ငမ်းနှင်ထုတ်ခြင်း မပြုပါနှင့်။

وَأَمَّا بِنِعْمَةِ رَبِّكَ فَحَدِّثْ ﴿١١﴾

(၁၁) ထို့ပြင် မည်သို့ပင်ဖြစ်စေ အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ကျေးဇူးတော်ကို ထုတ်ဖော်ပြောကြား၍နေပါ။

سُوْرَةُ الشَّرْحِ مَكِّيَّةٌ ٩٤ ١٢ — اٰيَاتُهَا ٨ — رُكُوْعُهَا ١

# စူရဟ် ရှရ်ဟ် (အသိဉာဏ်ပွင့်ခြင်း ကဏ္ဍ) سُوْرَةُ الشَّرْحِ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اَلَمْ نَشْرَحْ لَكَ صَدْرَكَ ۝١

(၁) ငါအရှင်မြတ်သည် အသင်(တမန်တော်)၏ ရင်ကို အသင့်အတွက် ဖွင့်ပေးတော်မူခဲ့သည်မဟုတ်လော။❻

❻ တမန်တော်မြတ် ﷺ ရဲ့စိတ်နလုံးဆိုင်ရာ လိုအပ်တဲ့အရည်အချင်းတွေဟူသမျှကို အရှင်မြတ်က ထည့်ပေးတော်မူခဲ့တာဖြစ်တယ်။ (အလင်းပြကျမ်း)

وَوَضَعْنَا عَنْكَ وِزْرَكَ ۝٢

(၂) ထို့ပြင် ငါအရှင်မြတ်သည် အသင်၏အပေါ်မှ အသင်၏ဝန်ထုပ်ကို ချပေးတော်မူခဲ့သည်(မဟုတ်လော)။

الَّذِيْٓ اَنْقَضَ ظَهْرَكَ ۝٣

(၃) ထိုဝန်ထုပ်သည် အသင်၏ကျော(ခါး)ကို ချိုးထားခဲ့သည်။❼

❼ အမိန့်တွေပို့ချရမဲ့တာဝန်ဟာ အစပိုင်းမှာ စိုးရိမ်မှုကြောင့် ဝန်ထုပ်ပမာဖြစ်နေခဲ့တယ်။ အဲဒီနောက် အရှင်မြတ်က ပေါ့ပါးစေတော်မူခဲ့တယ်။ (အလင်းပြကျမ်း)

وَرَفَعْنَا لَكَ ذِكْرَكَ ۝٤

(၄) ထို့ပြင် ငါအရှင်မြတ်သည် အသင်၏ဂုဏ်သတင်းကို အသင့်အတွက် ကျော်ကြားစေတော်မူခဲ့သည်(မဟုတ်လော)။

فَاِنَّ مَعَ الْعُسْرِ يُسْرًا ۝٥

(၅) ထို့နောက် အမှန်စင်စစ် ခက်ခဲမှုနှင့်အတူ လွယ်ကူမှုတစ်ခုရှိသည်။

اِنَّ مَعَ الْعُسْرِ يُسْرًا ۝٦

(၆) အမှန်စင်စစ် ထိုခက်ခဲမှုနှင့်အတူ (နောက်ထပ်)လွယ်ကူမှုတစ်ခု ရှိသည်။

فَاِذَا فَرَغۡتَ فَانۡصَبۡ ﴿٧﴾

(၇) သို့ဖြစ်ရာ အသင်သည် အားလပ်သည့်အခါ (ဝတ်ပြုမှုတွင်) ကြိုးပမ်းအားထုတ်ပါ။

وَاِلٰى رَبِّكَ فَارۡغَبۡ ﴿٨﴾

(၈) ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ဘက်သို့ (စိတ်ပါလက်ပါ)လှည့်ထားပါ။[၁]

[၁] သဗ်လီးဂ်ပို့ချမှု ပြုလုပ်ပြီးရင် အရှင့်ကို သီးသန့်အာရုံစိုက်ပြီးအဆက်အသွယ်ပြုခိုင်းတာဖြစ်တယ်။ (အလင်းပြကျမ်း)

رکوعها ١ ٩٥ سُوۡرَةُ التِّيۡنِ مَكِّيَّةٌ ٢٨ اٰياتها ٨

## စူရဟ် သီးန် (သဖန်းပင် ကဏ္ဍ) سُوۡرَةُ التِّيۡنِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَالتِّيۡنِ وَالزَّيۡتُوۡنِ ۙ﴿۱﴾

(၁) (ငါအရှင်မြတ်သည်) သဖန်းပင်နှင့် သံလွင်ပင်ကိုသက်သေထူတော်မူသည်။

وَطُوۡرِ سِيۡنِيۡنَ ۙ﴿۲﴾

(၂) ထို့ပြင် သွဲူရ်တောင်ကို သက်သေထူတော်မူသည်။

وَهٰذَا الۡبَلَدِ الۡاَمِيۡنِ ۙ﴿۳﴾

(၃) ထို့ပြင် ဤဘေးရန်ကင်းသောမြို့ကို သက်သေထူတော်မူသည်။❶

❶ ဘေးရန်ကင်းတဲ့မြို့ဆိုတာ မက္ကာဟ်မြို့ကို ဆိုလိုတယ်။ (အလင်းပြကျမ်း)

لَقَدۡ خَلَقۡنَا الۡاِنۡسَانَ فِىۡۤ اَحۡسَنِ تَقۡوِيۡمٍ ﴿۴﴾

(၄) အမှန်စင်စစ် ငါအရှင်မြတ်သည် လူသားကို အကောင်းဆုံး ပုံသဏ္ဍာန်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။

ثُمَّ رَدَدۡنٰهُ اَسۡفَلَ سٰفِلِيۡنَ ۙ﴿۵﴾

(၅) ထို့နောက် ငါအရှင်မြတ်သည် သူ့အား ညံ့ဖျင်းသူများထက် အညံ့ဖျင်းဆုံးအခြေအနေသို့ ပြန်ရောက်စေတော်မူခဲ့သည်။

اِلَّا الَّذِيۡنَ اٰمَنُوۡا وَعَمِلُوا الصّٰلِحٰتِ فَلَهُمۡ اَجۡرٌ غَيۡرُ مَمۡنُوۡنٍ ؕ﴿۶﴾

(၆) သို့ရာတွင် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သောလုပ်ရပ်များကို ပြုလုပ်ခဲ့သည့်သူများအတွက်ကမူ မကုန်ဆုံးနိုင်သော အကျိုးကျေးဇူးများရှိသည်။

فَمَا يُكَذِّبُكَ بَعۡدُ بِالدِّيۡنِ ؕ﴿۷﴾

(၇) ထို(အရာများကို သိရှိပြီးသည့်)နောက် အစားပေးခြင်းကို မဟုတ်မမှန်ဟု ငြင်းပယ်ရန် အသင့်အား မည်သည့်အရာက လှုံ့ဆော်သနည်း။

اَلَيۡسَ اللّٰهُ بِاَحۡكَمِ الۡحٰكِمِيۡنَ ﴿۸﴾

(၈) အလ္လာဟ်အရှင်မြတ်သည် တရားစီရင်သူအားလုံးထက် အကောင်းဆုံးတရားစီရင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်မဟုတ်လော။

ركوعها١ ٩٦سُوْرَةُ الْعَلَقِ مَكِّيَّةٌ١ اٰياتها١٩

## စူရဟ် အလဇ်က် (သွေးခဲ ကဏ္ဍ) سُوْرَةُ الْعَلَقِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اِقۡرَاۡ بِاسۡمِ رَبِّكَ الَّذِىۡ خَلَقَ ۚ‏ ﴿١﴾

(၁) အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူ သောအရှင်မြတ်၏နာမတော်ဖြင့် (အစပြု)ဖတ်ပါ။ ထိုအရှင်မြတ်သည် (အရာရာကို) ဖန်ဆင်းတော်မူခဲ့သည်။

خَلَقَ الۡاِنۡسَانَ مِنۡ عَلَقٍ ۚ‏ ﴿٢﴾

(၂) ထိုအရှင်မြတ်သည် လူသားကို သွေးခဲ၊ (တွယ်ကပ်နေသောအရာ၊ မျှော့ကောင်ကဲ့သို့သောအရာ)မှ ဖန်ဆင်းတော်မူခဲ့သည်။❶

❶ ဒီစူရဟ်ရဲ့အစ ၅ါးအာယသ်ဟာ ဟိရာအ်လိုဏ်ဂူထဲမှာ တမန်တော်မြတ် ﷺ အပေါ် ပထမဦးဆုံး ကျရောက်ခဲ့တာဖြစ်တယ်။ (သွဗ်ရီ)

اِقۡرَاۡ وَرَبُّكَ الۡاَكۡرَمُۙ‏ ﴿٣﴾

(၃) အသင်ဖတ်ပါ။ ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလွန်အရက်ရောဆုံး ပေးကမ်းတော်မူသောအရှင်မြတ် ဖြစ်တော်မူသည်။

الَّذِىۡ عَلَّمَ بِالۡقَلَمِۙ‏ ﴿٤﴾

(၄) ထိုအရှင်မြတ်သည် ကလောင်ဖြင့် (စာရေးနည်းကို) သင်ကြားပေးတော်မူခဲ့သည်။

عَلَّمَ الۡاِنۡسَانَ مَا لَمۡ يَعۡلَمۡؕ‏ ﴿٥﴾

(၅) အရှင်မြတ်သည် လူသားကို သူမသိခဲ့သည့်အရာများ(ဖြစ်သော စာရေး၊ စာဖတ်၊ လက်မှုပညာအရပ်ရပ်နှင့် အခြားပညာရပ်များ)ကို သင်ကြားပေးတော်မူခဲ့သည်။

كَلَّاۤ اِنَّ الۡاِنۡسَانَ لَيَطۡغٰىۙ‏ ﴿٦﴾

(၆) အမှန်ပင်၊ မုချလူသားသည် ဆိုးသွမ်းပုန်ကန်လေ့ရှိသည်။

اَنۡ رَّاٰهُ اسۡتَغۡنٰىؕ‏ ﴿٧﴾

(၇) သူသည် မိမိကိုယ်ကို မည်သည့်အရာမျှမလိုဟု ထင်သည့်အတွက်

ကြောင့်ပင်ဖြစ်သည်။

إِنَّ إِلَىٰ رَبِّكَ الرُّجْعَىٰ ﴿٨﴾

(၈) အမှန်စင်စစ် ပြန်လည်ရောက်ရှိခြင်းသည် အသင့်အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်ထံတော်သို့ပင် ဖြစ်သည်။

أَرَأَيْتَ الَّذِي يَنْهَىٰ ﴿٩﴾

(၉) အသင်သည် တားမြစ်နေသောသူကို မြင်ခဲ့ပါ၏လော၊

عَبْدًا إِذَا صَلَّىٰ ﴿١٠﴾

(၁၀) ကျွန်တစ်ဦး(တမန်တော်မုဟမ္မဒ်)ကို၊ ထိုကျွန်သည် စွလာသ် ဝတ်ပြုသည့်အခါ။

أَرَأَيْتَ إِن كَانَ عَلَى الْهُدَىٰ ﴿١١﴾

(၁၁) အသင်မည်သို့ယူဆသနည်း၊ အကယ်၍ ထို(တားမြစ်ခံရ)သူ သည် တရားလမ်းမှန်ပေါ်တွင်ရှိခဲ့လျှင်၊

أَوْ أَمَرَ بِالتَّقْوَىٰ ﴿١٢﴾

(၁၂) သို့မဟုတ် ထို(တားမြစ်ခံရ)သူသည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်ရန် အမိန့်ပေးခဲ့လျှင်၊ (ထိုမျှ ကောင်းမှုလုပ်သည်ကို တား သောသူသည် ပျက်စီးမည့်သူပင် မဟုတ်သလော)။

أَرَأَيْتَ إِن كَذَّبَ وَتَوَلَّىٰ ﴿١٣﴾

(၁၃) အသင်မည်သို့ယူဆသနည်း၊ ထို(တားမြစ်)သူသည် (တမန် တော်ကို) မဟုတ်မမှန်ငြင်းပယ်ပြီး (အီမာန်ယုံကြည်မှုမှ) မျက်နှာလွှဲခဲ့လျှင် (မည်သူဆုံးရှုံးမည်နည်း)။

أَلَمْ يَعْلَم بِأَنَّ اللَّهَ يَرَىٰ ﴿١٤﴾

(၁၄) အလ္လာဟ်အရှင်မြတ်သည် အမှန်စင်စစ် (စွလာသ်ဝတ်ပြုခြင်းမှ တားမြစ်သည်ကို) မြင်နေတော်မူသည်ဆိုသည်ကို ထို(တားမြစ်)သူသည် မသိ ခဲ့သလော။

كَلَّا لَئِن لَّمْ يَنتَهِ لَنَسْفَعًا بِالنَّاصِيَةِ ﴿١٥﴾

(၁၅) (အဗူဂျဟလ်သည် တမန်တော်မြတ် စွလာသ်ဝတ်ပြုသည့်အခါ လည်ပင်းကိုညှစ်သတ်မည်ဟု ပြောသည့်အတိုင်း သူသည်) လုံးဝ မသတ်နိုင်ခဲ့ ပေ၊ အကယ်၍ သူသည် (သူ၏လုပ်ရပ်ကို)မရပ်စဲခဲ့လျှင်၊ အမှန်ပင် ငါအရှင်မြတ် သည် (သူ၏)ဦးစွန်း(သက်ဦးဆံပိုင်)ကို ကိုင်ပြီး ဆွဲတော်မူမည်။

نَاصِيَةٍ كَاذِبَةٍ خَاطِئَةٍ ﴿١٦﴾

(၁၆) မုသားပြောဆိုလေ့ရှိသော၊ ပြစ်မှုကျူးလွန်လေ့ရှိသော ဦးစွန်းကို။

فَلْيَدْعُ نَادِيَهُ ﴿١٧﴾

(၁၇) သို့ဖြစ်ရာ သူသည် သူ၏အခြွေအရံများကို ခေါ်ပါစေ။

سَنَدْعُ الزَّبَانِيَةَ ﴿١٨﴾

(၁၈) ငါအရှင်မြတ်လည်း ငရဲစောင့်ကောင်းကင်တမန်များကို မကြာမီ ခေါ်ယူတော်မူမည်။

كَلَّا ۖ لَا تُطِعْهُ وَاسْجُدْ وَاقْتَرِب ۩ ﴿١٩﴾

(၁၉) (အဗူဂျဟာလ် ထင်သကဲ့သို့)လုံးဝ မဟုတ်ပေ၊ အသင်သည် သူ၏စကားကို မလိုက်နာပါနှင့်၊ ထို့ပြင် အသင်သည် စဂျ်ဒဟ်ဦးချ၍ (အရှင်မြတ်၏ အပါးတော်သို့) နီးကပ်အောင်ပြုလုပ်ပါ။❶

❶ ဒီစူရဟ်ရဲ့အစ ငါးအာယသ်ဟာ ပဌမဆုံးကျရောက်ခဲ့ပြီး လူသားနဲ့ အရှင်မြတ်ကို ဆက်သွယ်ပေးလိုက်တယ်။ အရင်ဆုံးမိတ်ဆက်တဲ့အနေနဲ့ လူသားဟာ ဘာလဲ၊ အရှင်မြတ်ဟာ ဘယ်သူလဲဆိုတာ ထင်ရှားသိရှိယုံကြည်နိုင်အောင် မိတ်ဆက်ပေးထားတယ်။ အဲဒါတွေသိဖို့အတွက် အရင်ဆုံး စာဖတ်ရမှာဖြစ်လို့ اِقْرَأْ "အသင်ဖတ်ပါ"နဲ့ အစပြုထားတာဖြစ်တယ်။ မဖတ်တတ်တဲ့သူကို ဖတ်တတ်အောင် အိလ်မ်ပညာသင်ပေးတော်မူတဲ့အရှင် ဟာ اَلْاَكْرَمُ "အရက်ရောဆုံးအရှင်" ဖြစ်တော်မူကြောင်း မိန့်ထားတယ်။ ကုရ်အာန်တစ်အုပ်လုံးထဲမှာ ဒီတစ်နေရာမှာပဲ "အရက်ရောဆုံးအရှင်" ရက်ရောမှုမှာ အမြင့်ဆုံးအဖြစ် အဲဒီရက်ရောမှုနဲ့ ထိုက်တန်တဲ့ အိလ်မ်ပညာနဲ့ ဆက်စပ်ပြီး မိန့်ထားတယ်။ အဲဒီအရက်ရောဆုံးအရှင်ဟာ လူသားကို အနိမ့်ဆုံးအဆင့်ဖြစ်တဲ့ သွေးခဲအဆင့်ကနေ အမြင့်ဆုံးအဆင့်ဖြစ်တဲ့ အာလင်မ်ပညာရှင်အဆင့်ရောက်အောင်ပို့တော်မူတယ်။ လူသားရဲ့ အမြင့်ဆုံးဂုဏ်ထူးဝိသေသဟာ အိလ်မ်ပညာဖြစ်တယ်။ အဲဒီအိလ်မ်ပညာနဲ့ပဲ အဖန်ဆင်းခံထဲမှာ အမြင့်မြတ်ဆုံး အဖန်ဆင်းခံပြုလုပ်တော်မူခဲ့တယ်။ အဲဒီလို အိလ်မ်ပညာရရှိပြီးတဲ့နောက် အရှင်မြတ်ရဲ့ နှစ်သက်မှုရရှိဖို့အတွက် အရှင်မြတ်ရဲ့ အမိန့်နာခံမှု အိဗာဒသ်ပြုလုပ်ပြီး "နီးကပ်အောင်ရှာဖွေချဉ်းကပ်ပါ "လို့ ဒီစူရဟ်အဆုံးမှာ وَاقْتَرِبْ လို့ အမိန့်ရှိထားတော်မူတယ်။ အိလ်မ်ပညာနဲ့ စူရဟ်ကို အစပြုပြီး အမလ်ကျင့်သုံးလိုက်နာမှုနဲ့ အဆုံးသတ်ကာ အံ့ဩဖွယ်ရာ ဆက်စပ်ပေးထားတော်မူတယ်။ (မအာလိမွလ်အိရ်ဖာန်၊ စွဖ်ဝသွသ်သဖာစီရ်၊ အလ်ဟာဝီ)

<u>လူသားနဲ့အရှင်မြတ်အနီးကပ်ဆုံးအချိန်ဟာ စဂျ်ဒဟ်ဦးချတဲ့အချိန်ဖြစ်တဲ့အတွက် စဂျ်ဒဟ်ဦးချလျက် ဒုအာများများတောင်းဖို့ အမိန့်ရှိထားပြီး အဲဒီဒုအာကို အရှင်မြတ်လက်ခံတော်မူကြောင်း ဟဒီးဆ်တော်များမှာ လာရှိတယ်။</u>

(أَقْرَبُ مَا يَكُونُ الْعَبْدُ مِنْ رَبِّهِ وَهُوَ سَاجِدٌ فَأَكْثِرُوا الدُّعَاءَ) (وَأَمَّا السُّجُودُ فَاجْتَهِدُوا فِي الدُّعَاءِ فَقَمِنٌ أَنْ يُسْتَجَابَ لَكُمْ)

(စွဟီးဟ်မွတ်စ်လင်မ်ကျမ်း)

رکوعها ١ ٩٧ سُوۡرَةُ الۡقَدۡرِ مَكِّيَّةٌ ٢٥ اٰياتها ٥

## စူရဟ် ကဒရ် (မြင့်မြတ်ခြင်း(ည) ကဏ္ဍ) سُوۡرَةُ الۡقَدۡرِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اِنَّاۤ اَنۡزَلۡنٰهُ فِىۡ لَيۡلَةِ الۡقَدۡرِ ۚ ۝١

(၁) အမှန်စင်စစ် ငါအရှင်မြတ်သည် ထိုကုရ်အာန်ကျမ်းတော်မြတ်ကို မြင့်မြတ်သည့်ည လိုင်လသုလ်ကဒရ်[1] မှာ ချပေးတော်မူခဲ့သည်။

[1] လိုင်လသွလ်ကဒရ်ညမြတ်ဟာ ရမသွာန်လရဲ့နောက်ဆုံးဆယ်ညထဲက မ ညတွေမှာရှိတယ်။ အဲဒါကို တွေ့အောင် (အဲဒီညတွေမှာ အထူးအိဗာဒသ်လုပ်ပြီး) ရှာဖွေရမှာပါ။ (အလင်းပြကျမ်း)

وَمَاۤ اَدۡرٰٮكَ مَا لَيۡلَةُ الۡقَدۡرِ ؕ ۝٢

(၂) ထို့ပြင် မြင့်မြတ်သည့်ည လိုင်လသုလ်ကဒရ်သည် အဘယ်နည်း ဆိုသည်ကို အသင်သိပါ၏လော။

لَيۡلَةُ الۡقَدۡرِ ۙ خَيۡرٌ مِّنۡ اَلۡفِ شَهۡرٍ ؕ ۝٣

(၃) ထိုလိုင်လသုလ်ကဒရ်ညသည် လပေါင်းတစ်ထောင်ထက် ပိုမြတ်သည်။[2]

[2] အဲဒီညဟာ လပေါင်းတစ်ထောင်ထက်ပိုမြတ်တယ်။ အဲဒီညမှာ ကောင်းကင်တမန်တွေဟာ သူတို့ထမ်းဆောင်ရမဲ့ တစ်နှစ်တာလုပ်ငန်းတာဝန်တွေကိုခွဲဝေယူပြီး ဆင်းသက်လာကြတယ်။ အဲဒီညဟာ စီမံခန့်ခွဲတဲ့ညဖြစ်တယ်။ အဲဒီညမှာ ဒီလိုတောင်းဖို့ ဟဒီးဆ်တော်မှာ လာရှိတယ် - ( اَللّٰهُمَّ اِنَّكَ عَفُوٌّ تُحِبُّ الْعَفْوَ فَاعْفُ عَنِّیْ ) "အို - အလ္လာဟ်၊ အရှင်မြတ်ဟာ ခွင့်လွှတ်တော်မူတဲ့အရှင်အမှန်ပဲဖြစ်တော်မူပါတယ်။ အရှင်မြတ်ဟာ ခွင့်လွှတ်မှုကိုလည်း နှစ်သက်တော်မူပါတယ်။ အဲဒီအတွက် ကျွန်တော့်ကို ခွင့်လွှတ်တော်မူပါ။" (အိဗ်နကဆီးရ်)

تَنَزَّلُ الۡمَلٰٓـئِكَةُ وَالرُّوۡحُ فِيۡهَا بِاِذۡنِ رَبِّهِمۡ‌ ۚ مِنۡ كُلِّ اَمۡرٍ ۛ ۝٤

(၄) ထိုညတွင် ကောင်းကင်တမန်များနှင့် ဂျိဗ်ရီလ်တမန်သည် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အမိန့်တော်နှင့် အရေးကိစ္စတိုင်းကို (တာဝန်ထမ်းဆောင်ရန်) ယူဆောင်ဆင်းသက်လာကြသည်။

سَلٰمٌ ۛ هِىَ حَتّٰى مَطۡلَعِ الۡفَجۡرِ ۝٥

(၅) ထိုညသည် နံနက်မိုးသောက်ချိန်ထိ ငြိမ်းချမ်းသာယာမှုရှိသည်။

===========================================

ركوعها ١ ٩٨ سُوۡرَةُ الۡبَيِّنَةِ مَكِّيَّةٌ ١٠٠ اٰياتها ٨

# စူရဟ် ဗိုင်းယိနဟ် (ထင်ရှားသည့်သာဓက ကဏ္ဍ) سُوۡرَةُ الۡبَيِّنَةِ

===========================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

لَمۡ يَكُنِ الَّذِيۡنَ كَفَرُوۡا مِنۡ اَهۡلِ الۡكِتٰبِ وَالۡمُشۡرِكِيۡنَ مُنۡفَكِّيۡنَ حَتّٰى تَاۡتِيَهُمُ الۡبَيِّنَةُ ۙ﴿۱﴾

(၁) (ယခင်က) ကျမ်းရရှိခဲ့ကြသောသူများထဲမှနှင့်၊ မုရှ်ရိက်များထဲမှ ငြင်းပယ်ခဲ့ကြသော သူများသည် သူတို့ထံသို့ ထင်ရှားသော သက်သေသာဓကေ ရောက်ရှိမလာသမျှ (သူတို့၏ အမှားအယူအဆများမှ) စွန့်ခွာကြမည့်သူများ မဟုတ်ခဲ့ကြပေ။

رَسُوۡلٌ مِّنَ اللّٰهِ يَتۡلُوۡا صُحُفًا مُّطَهَّرَةً ۙ﴿۲﴾

(၂) (ထိုသက်သေသာဓကေကမူ သူတို့၏ရှေ့၌) သန့်ရှင်းသော ကျမ်းစာများကို ဖတ်ကြားမည့် အလ္လာဟ်အရှင်မြတ်၏တမန်တော်တစ်ပါးပင် ဖြစ်သည်။

فِيۡهَا كُتُبٌ قَيِّمَةٌ ؕ﴿۳﴾

(၃) ထိုကျမ်းစာသည် ဖြောင့်မတ်(မှန်ကန်သော) အကြောင်းအရာများ ရေးသားပါရှိသည့် ကျမ်းစာများပင် ဖြစ်သည်။

وَمَا تَفَرَّقَ الَّذِيۡنَ اُوۡتُوا الۡكِتٰبَ اِلَّا مِنۡۢ بَعۡدِ مَا جَآءَتۡهُمُ الۡبَيِّنَةُ ؕ﴿۴﴾

(၄) ထို့ပြင် (ယခင်က)ကျမ်းရရှိသည့်သူများသည် သူတို့ထံသို့ ထင်ရှားသော သက်သေသာဓကေ ရောက်ရှိလာပြီးနောက်မှပင် ကွဲလွဲခဲ့ကြသည်။

وَمَاۤ اُمِرُوۡۤا اِلَّا لِيَعۡبُدُوا اللّٰهَ مُخۡلِصِيۡنَ لَهُ الدِّيۡنَ ۙ حُنَفَآءَ وَيُقِيۡمُوا الصَّلٰوةَ وَيُؤۡتُوا الزَّكٰوةَ وَذٰلِكَ دِيۡنُ الۡقَيِّمَةِ ؕ﴿۵﴾

(၅) ထို့ပြင် သူတို့သည် အလ္လာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်မှုကို အရှင်မြတ်အတွက် သက်သက် ဖြစ်စေလျက် အာရုံစူးစိုက်ပြီးကိုးကွယ်ကြရန်၊ စွလာသ်ဝတ်ပြုမှု တည်ဆောက်ကြရန်နှင့် ဇကာသ်ပေးဆောင်ကြရန် အမိန့်ပေးတော်မူခြင်းကို ခံခဲ့ကြရသည်မှလွဲ၍ အခြားမည်သည့်အရာမျှ အမိန့်ပေးခြင်းခံခဲ့ကြရသည်မဟုတ်ပေ။ ထို့ပြင် ထိုအရာပင် မှန်ကန်သော သာသနာ့လမ်းစဉ် ဖြစ်သည်။

إِنَّ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ وَالْمُشْرِكِينَ فِي نَارِ جَهَنَّمَ خَالِدِينَ فِيهَا ۚ أُولَٰئِكَ هُمْ شَرُّ الْبَرِيَّةِ ﴿٦﴾

(၆) အမှန်စင်စစ် ယခင်က ကျမ်းရရှိသူများထဲမှ ငြင်းပယ်ခဲ့ကြသူများနှင့်၊ မုရှ်ရိက်များသည် ဂျဟန္နမ်ငရဲမီးထဲသို့ အမြဲနေရမည့်သူများအဖြစ် ဝင်ကြရမည်။ သူတို့သည် အဖန်ဆင်းခံများထဲတွင် အဆိုးဆုံးသူများပင် ဖြစ်ကြသည်။

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ أُولَٰئِكَ هُمْ خَيْرُ الْبَرِيَّةِ ﴿٧﴾

(၇) အမှန်စင်စစ် အီမာန်ယုံကြည်ပြီး ကောင်းမြတ်သော လုပ်ရပ်များကို ပြုလုပ်ခဲ့ကြသောသူများကမူ အဖန်ဆင်းခံများထဲတွင် အကောင်းဆုံးသူများပင် ဖြစ်ကြသည်။

جَزَاؤُهُمْ عِندَ رَبِّهِمْ جَنَّاتُ عَدْنٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا أَبَدًا ۖ رَّضِيَ اللَّهُ عَنْهُمْ وَرَضُوا عَنْهُ ۚ ذَٰلِكَ لِمَنْ خَشِيَ رَبَّهُ ﴿٨﴾

(၈) သူတို့၏အကျိုးကမူ သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ထံတော်တွင် အမြဲနေကြရမည့် ဥယျာဉ်များပင် ဖြစ်ကြသည်။ ယင်း(ဥယျာဉ်များ)၏အောက်မှ စမ်းရေချောင်းများ စီးဆင်းနေမည်။ (သူတို့သည်) ယင်း(ဥယျာဉ်များ)ထဲတွင် အမြဲနေကြရသူများ ဖြစ်လျက်ရှိမည်။ အလ္လာဟ်အရှင်မြတ်သည်လည်း သူတို့အား ကျေနပ်တော်မူမည်။ သူတို့သည်လည်း အရှင်မြတ်အား ကျေနပ်ကြမည်။ ၎င်း(ကျေနပ်မှု)သည် အကြင်သူအတွက်ဖြစ်သည်၊ ထိုသူသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ကြောက်ရွံ့ခဲ့သည်။❶

❶ အဲဒီလို အီမာန်ယုံကြည်ပြီး ကောင်းမြတ်တဲ့ လုပ်ရပ်တွေကို လုပ်နိုင်ခြင်းဟာ အရှင်မြတ်ကို ကြောက်ရွံ့မှုအပေါ်မှာ မူတည်နေတဲ့အတွက် အဲဒီစည်းစိမ်တွေဟာ အရှင်မြတ်ကို ကြောက်ရွံ့တဲ့သူတွေအတွက်ဖြစ်တော့တယ်။ (အလင်းပြကျမ်း)

=======================================

ركوعها١ ٩٩سُوْرَةُ الزِّلْزَالِ مَدَنِيَّةٌ ٩٣ اٰياتها٨

# စူရဟ် ဇိလ်ဇာလ် (မြေလျှော် ကဏ္ဍ) سُوْرَةُ الزِّلْزَالِ

=======================================

بِسۡمِ اللّٰہِ الرَّحۡمٰنِ الرَّحِیۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اِذَا زُلۡزِلَتِ الۡاَرۡضُ زِلۡزَالَهَا ۙ﴿۱﴾

(၁) မြေပထဝီသည် ၎င်းကို သွက်သွက်ခါ တုန်လှုပ်စေခြင်းဖြင့် တုန်လှုပ်စေခြင်းခံရသောအခါ၊❶

❶ ကိယာမသ်ဖြစ်တဲ့အခါ လျောင်အကြီးအကျယ်လှုပ်ပြီး မြေပေါ်မှာရှိသမျှ ပြိုလဲကျကာ မြေကြီးဟာ လူတွေစုရုံးရမဲ့ ညီညာနေတဲ့ကွင်းပြင်ကြီးဖြစ်သွားမယ်။ (အလင်းပြကျမ်း)

وَ اَخۡرَجَتِ الۡاَرۡضُ اَثۡقَالَهَا ۙ﴿۲﴾

(၂) ထို့ပြင် မြေပထဝီသည် ၎င်းထဲမှ ဝန်ထုပ် (သေသူ)များကို အပြင်ထုတ်သည့်အခါ၊❷

❷ မြေကြီးက သူ့ထဲမှာရှိသမျှ လူသေတွေနဲ့ ရွှေငွေတွေကို ဖော်ထုတ်ပေးလိုက်မယ်။ လောကမှာ လူတွေ အလုအယက်ရှာဖွေနေကြတဲ့ ရွှေငွေတွေဟာ ဟိုအချိန်မှာ တောင်ပုံယာပုံ ဖြစ်နေတာတောင် ဘယ်သူမှ မော်ကြည့်ကြမှာ မဟုတ်တော့ဘူး။ (အလင်းပြကျမ်း)

وَ قَالَ الۡاِنۡسَانُ مَا لَهَا ۚ﴿۳﴾

(၃) ထို့ပြင် လူသားက ဤ(မြေပထဝီ)သည် မည်သို့ဖြစ်သနည်းဟု ပြောဆိုသည့်အခါ၊❸

❸ ဘယ်လိုဖြစ်တာလဲလို့ ကာဖိရ်တွေက အံ့သြတကြီးပြောဆိုကြမယ်။ (အလင်းပြကျမ်း)

یَوۡمَئِذٍ تُحَدِّثُ اَخۡبَارَهَا ۙ﴿۴﴾

(၄) ထိုနေ့တွင် ထိုမြေသည် သူ၏သတင်းစကားများကို ပြောပြမည်။❹

❹ မြေကြီးက သူ့အပေါ်မှာ ပြုလုပ်ခဲ့သမျှ လုပ်ရပ်တွေရဲ့ အဖြစ်အပျက်အကြောင်းအရာတွေကို သူမှတ်ထားသမျှ ပြန်ပြောပြမှာဖြစ်တယ်။ (အလင်းပြကျမ်း)

بِاَنَّ رَبَّکَ اَوۡحٰی لَهَا ؕ﴿۵﴾

(၅) အကြောင်းကမူ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က ၎င်းအား(ထိုသို့ ပြောပြရန်)အမိန့်ထုတ်ခဲ့ခြင်းကြောင့်ဖြစ်သည်။

یَوۡمَئِذٍ یَّصۡدُرُ النَّاسُ اَشۡتَاتًا ۬ۙ لِّیُرَوۡا اَعۡمَالَهُمۡ ؕ﴿۶﴾

(၆) ထိုနေ့တွင် လူများသည် အုပ်စုအမျိုးမျိုးကွဲပြီး သူတို့၏လုပ်ရပ်

များကို ပြသခြင်းခံကြရရန်အတွက် ထွက်ပေါ်လာကြမည်။

فَمَنۡ يَّعۡمَلۡ مِثۡقَالَ ذَرَّةٍ خَيۡرًا يَّرَهٗ ۝٧

(၇) သို့ဖြစ်ရာ မည်သူမဆို အဏုမြူမှုန်၏အလေးချိန်မျှ ကောင်းမှုတစ်စုံတစ်ခု ပြုလုပ်ခဲ့လျှင်လည်း ထိုသူသည် ထိုကောင်းမှုကို တွေ့မြင်ရမည်။

وَمَنۡ يَّعۡمَلۡ مِثۡقَالَ ذَرَّةٍ شَرًّا يَّرَهٗ ۝٨

(၈) ထို့ပြင် မည်သူမဆို အဏုမြူမှုန်၏အလေးချိန်မျှ မကောင်းမှုတစ်စုံတစ်ခု ပြုလုပ်ခဲ့လျှင်လည်း သူသည် ထိုမကောင်းမှုကို တွေ့မြင်ရမည်ဖြစ်သည်။

=====================================================

ايٰاتها ١١ | ١٠٠ سُوْرَةُ الْعٰدِيٰتِ مَكِّيَّةٌ ١٤ | ركوعها ١

## စူရဟ် အာဒိယာသ် (အာဇာနည်မြင်းများ ကဏ္ဍ) سُوْرَةُ الْعٰدِيٰتِ

=====================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَالْعٰدِيٰتِ ضَبْحًا ﴿١﴾

(၁) (ငါအရှင်မြတ်သည်) မောဟိုက်သံနှင့် အမြန်ပြေးသော တိုက်မြင်းများကို သက်သေထူတော်မူသည်။

فَالْمُوْرِيٰتِ قَدْحًا ﴿٢﴾

(၂) ထို့ပြင် (သူတို့၏ခွာများကို ကျောက်ခဲများဖြင့်)ရိုက်ခတ်ပြီး မီးပွားများထွက်စေကြသော မြင်းများကို သက်သေထူတော်မူသည်။

فَالْمُغِيْرٰتِ صُبْحًا ﴿٣﴾

(၃) ထို့ပြင် နံနက်မိုးသောက်ချိန်တွင် ဝင်ရောက်စီးနင်းတိုက်ခိုက်ကြသော မြင်းများကို သက်သေထူတော်မူသည်။

فَاَثَرْنَ بِهٖ نَقْعًا ﴿٤﴾

(၄) ထို့ပြင် နံနက်မိုးသောက်ချိန်တွင် ပြေးခြင်းဖြင့် ဖုံများထောင်းထောင်းထစေသော မြင်းများကို သက်သေထူတော်မူသည်။❻

❻ တိုက်မြင်းတွေဟာ သူ့သခင်ကျွေးတာစားပြီး သူ့သခင်ခိုင်းရာကို စိတ်ပါလက်ပါနဲ့ ကြိုးစားပမ်းစားလုပ်ကြတဲ့ အကျင့်စရိုက်ရှိတဲ့ ထူးခြားမှုတွေကြောင့် အရှင်မြတ်က သက်သေထူပြီး လေးနက်အောင်မိန့်ဆိုထားတာဖြစ်တယ်။ သူတို့ဟာ သူတို့ရဲ့သခင်ကို ကျေးဇူးသိတတ်ရင်၊ လူသားက သူ့သခင် အလ္လာဟ်အရှင် ကျွေးတာစားပြီး ဘာဖြစ်လို့ ကျေးဇူးကန်းကြတာလဲဆိုတဲ့ သဘောဖြစ်တယ်။ (အလင်းပြကျမ်း)

فَوَسَطْنَ بِهٖ جَمْعًا ﴿٥﴾

(၅) ထို့ပြင် ရန်သူများ၏အုပ်စုအလယ်ကို ဖုံထောင်းထောင်းထစေမှုဖြင့် တစ်ဟုန်ထိုး ထိုးဖောက်ဝင်ရောက်ကြသော မြင်းများကို သက်သေထူတော်မူသည်။

اِنَّ الْاِنْسَانَ لِرَبِّهٖ لَكَنُوْدٌ ﴿٦﴾

(၆) အမှန်စင်စစ် လူသားသည် သူ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား အလွန်ကျေးဇူးကန်းသူ ဖြစ်သည်။

وَإِنَّهُۥ عَلَىٰ ذَٰلِكَ لَشَهِيدٌ ﴿٧﴾

(၇) ထို့ပြင် အမှန်စင်စစ် ထိုလူသားသည် ၎င်း(ကျေးဇူးကန်းမှု)နှင့် ပတ်သက်၍ သူကိုယ်တိုင်ပင် သက်သေဖြစ်သည်။❶

❶ လူသားရဲ့ ကျေးဇူးကန်းမှုဟာ ဝန်ခံမပြောရင်တောင် သူရဲ့ကျေးဇူးကန်းတဲ့လုပ်ရပ်တွေက အထင်အရှား ပေါ်လွင်တာ သက်သေသာဓကအနေနဲ့ တွေ့ရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

وَإِنَّهُۥ لِحُبِّ ٱلْخَيْرِ لَشَدِيدٌ ﴿٨﴾

(၈) ထို့ပြင် အမှန်စင်စစ် သူသည် ပစ္စည်းဥစ္စာကို မက်မောရာတွင် အလွန်ပြင်းထန်သည်။

أَفَلَا يَعْلَمُ إِذَا بُعْثِرَ مَا فِى ٱلْقُبُورِ ﴿٩﴾

(၉) ထိုသူသည် သင်္ချိုင်းထဲတွင်ရှိသည့်သူများကို ထုတ်ဖော်ခြင်းခံကြရမည့်အခါကို မသိသလော။

وَحُصِّلَ مَا فِى ٱلصُّدُورِ ﴿١٠﴾

(၁၀) ထို့ပြင် စိတ်နှလုံးများထဲမှ လျှို့ဝှက်ချက်များသည် ထင်ရှားစေခြင်းခံရမည်ကိုလည်း မသိသလော။

إِنَّ رَبَّهُم بِهِمْ يَوْمَئِذٍ لَّخَبِيرٌ ﴿١١﴾

(၁၁) အမှန်စင်စစ် သူတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ထိုနေ့တွင် သူတို့နှင့်ပတ်သက်၍ အားလုံးကို မုချအကြွင်းမဲ့သိမြင်တော်မူသောအရှင် ဖြစ်တော်မူသည်။

=====================================================

ركوعها١ ١٠١سُوۡرَةُ الۡقَارِعَةِ مَكِّيَّةٌ ٣٠ اٰياتها١١

# စူရဟ် ကာရိအဟ် (ဒုက္ခကြီး ကဏ္ဍ) سُوۡرَةُ الۡقَارِعَةِ

=====================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِیۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اَلۡقَارِعَةُ ۙ﴿۱﴾

(၁) တီးခေါက်သတိပေးသည့်အရာ(ဒုက္ခကြီး)၊❶

❶ တီးခေါက်တဲ့အရာဆိုတာ ကိယာမသ်နေ့ကို ဆိုလိုတယ်။ ကြောက်မက်ဖွယ်ရာကောင်းတဲ့နေ့ကို ခေါ်တယ်။ အဲဒီနေ့မှာ တောင်တွေဟာ သိုးမွေးတွေလို ဝါဂွမ်းတွေလို လွင့်ပျံနေကြမယ်။ (အလင်းပြကျမ်း)

مَا الۡقَارِعَةُ ۚ﴿۲﴾

(၂) ထိုတီးခေါက်သတိပေးသည့်အရာသည် မည်သည့်အရာနည်း။

وَ مَاۤ اَدۡرٰىكَ مَا الۡقَارِعَةُ ؕ﴿۳﴾

(၃) ထို့ပြင် ထိုတီးခေါက်သည့်အရာသည် အဘယ်နည်းဆိုသည်ကို အသင်(တမန်တော်)သိပါ၏လော။

یَوۡمَ یَکُوۡنُ النَّاسُ کَالۡفَرَاشِ الۡمَبۡثُوۡثِ ۙ﴿۴﴾

(၄) ထိုနေ့တွင် လူများသည် ပြန့်ကြဲနေသော ပိုးဖလံများကဲ့သို့ ဖြစ်ကြမည်။

وَ تَکُوۡنُ الۡجِبَالُ کَالۡعِهۡنِ الۡمَنۡفُوۡشِ ؕ﴿۵﴾

(၅) ထို့ပြင် တောင်များသည် ဖတ်ထားသော သိုးမွေးကဲ့သို့ ဖြစ်ကြမည်။

فَاَمَّا مَنۡ ثَقُلَتۡ مَوَازِیۡنُهٗ ۙ﴿۶﴾

(၆) ထို့ပြင် အကြင်သူ၏ ချိန်စက်ခြင်းခံရသည့်အရာ (ကောင်းမှု)များသည် (မကောင်းမှုများထက်) အချိန်စီးခဲ့လျှင်။

فَهُوَ فِیۡ عِیۡشَۃٍ رَّاضِیَۃٍ ؕ﴿۷﴾

(၇) ထိုသူသည် စည်းစိမ်ထဲတွင် စိတ်တိုင်းကျ ရှိမည်။

وَ اَمَّا مَنۡ خَفَّتۡ مَوَازِیۡنُهٗ ۙ﴿۸﴾

(၈) ထို့ပြင် အကြင်သူ၏ ချိန်စက်ခြင်းခံရသောအရာ(ကောင်းမှု)များ သည် ပေါ့နေခဲ့လျှင်။

فَأُمُّهُۥ هَاوِيَةٌ ۝٩

(၉) သူ၏နေထိုင်ရာဌာနသည် "ဟာဝိယဟ်"ပင်ဖြစ်မည်။

وَمَآ أَدْرَىٰكَ مَا هِيَهْ ۝١٠

(၁၀) ထို့ပြင် ထို"ဟာဝိယဟ်"သည် မည်သည့်အရာနည်းဆိုသည်ကို အသင်သိပါ၏လော။

نَارٌ حَامِيَةٌۢ ۝١١

(၁၁) (ထိုအရာသည်) အလွန်ပူပြင်း ဟုန်းဟုန်းတောက်နေသော မီး ပင် ဖြစ်သည်။

ركوعها ١ ١٠٢ سُوْرَةُ التَّكَاثُرِ مَكِّيَّةٌ ١٦ اٰياتها ٨

## စူရဟ် သကာဆုရ် (ဥစ္စာကြွယ်ဝခြင်း ကဏ္ဍ) سُوْرَةُ التَّكَاثُرِ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اَلْهٰىكُمُ التَّكَاثُرُ ۝١

(၁) သူ့ထက်ငါ ပြိုင်ဆိုင်ကြွယ်ဝလိုမှုက❶ အသင်တို့အား (အလ္လာဟ်အရှင်မြတ်၏အမိန့်ကို နာခံခြင်းမှ) မေ့လျော့စေခဲ့သည်။

❶ ပစ္စည်းဥစ္စာကြွယ်ဝခြင်းကြောင့် မောက်မာခြင်း၊ သားသမီးများပြားခြင်းကြောင့် မာနတက်ခြင်း၊ လူအင်အားတောင့်ခြင်းကြောင့် မောက်မာခြင်း၊ ကြွားဝါခြင်းတို့က။ (အလင်းပြကျမ်း)

حَتّٰى زُرْتُمُ الْمَقَابِرَ ۝٢

(၂) နောက်ဆုံးတွင် အသင်တို့သည် သင်္ချိုင်းများကို တွေ့မြင်ရောက်ရှိခဲ့ကြရတော့သည်။❷

❷ ဒီလိုနဲ့ နောက်ဆုံးမှာ အသင်တို့ဟာ သင်္ချိုင်းထဲ ရောက်သွားခဲ့ကြတယ်။ (ဝါ) သေပြီး မြေမြှုပ်ခြင်းခံခဲ့ကြရတယ်။ (အလင်းပြကျမ်း)

كَلَّا سَوْفَ تَعْلَمُوْنَ ۝٣

(၃) (အသင်တို့သည် ထိုသို့ကြွယ်ဝမှုလောဘတက်ရန်) လုံးဝမဟုတ်ပေ၊ အသင်တို့သည် မကြာမီပင် သိရလိမ့်မည်။

ثُمَّ كَلَّا سَوْفَ تَعْلَمُوْنَ ۝٤

(၄) ထို့ပြင် လုံးဝမဟုတ်ပေ၊ အသင်တို့သည် မကြာမီပင် သိရလိမ့်မည်။

كَلَّا لَوْ تَعْلَمُوْنَ عِلْمَ الْيَقِيْنِ ۝٥

(၅) အကယ်၍ အသင်တို့သည် လက်တွေ့မြင်တွေ့ရသောအသိမျိုးဖြင့် သိရှိကြမည်ဆိုလျှင် လုံးဝ(အလ္လာဟ်ကို မေ့လျော့ကြမည်)မဟုတ်ပေ။

لَتَرَوُنَّ الْجَحِيْمَ ۝٦

(၆) အမှန်စင်စစ် အသင်တို့သည် ဂျဟန္နမ်ငရဲကို မြင်ကြရမည်ဖြစ်သည်။

ثُمَّ لَتَرَوُنَّهَا عَيْنَ الْيَقِيْنِ ۝٧

(၇) ထို့နောက် အမှန်ပင် အသင်တို့သည် ထိုဂျဟန္နမ်ငရဲကို လက်တွေ့မြင်တွေ့ကြရမည် ဖြစ်သည်။

ثُمَّ لَتُسْـَٔلُنَّ يَوْمَىِٕذٍ عَنِ النَّعِيْمِ ﴿٨﴾

**(၈) ထို့နောက် အသင်တို့သည် စည်းစိမ်များနှင့် ပတ်သက်၍ အမှန်ပင် စစ်ဆေးမေးမြန်းခြင်းကို ခံကြရမည် ဖြစ်သည်။❻**

❻ အဲဒီစည်းစိမ်တွေနဲ့ပတ်သက်ပြီး အရှင်မြတ်ကို ကျေးဇူးတင်ခြင်းရှိမရှိ၊ အဲဒီစည်းစိမ်တွေကို အရှင်မြတ်နှစ်သက်တဲ့နေရာမှာ သုံးစွဲခြင်းရှိမရှိ၊ အရှင်မြတ်မနှစ်သက်တဲ့နေရာမှာ အလွဲသုံးစား ပြုလုပ်ခြင်းရှိမရှိ၊ အားလုံးကို စစ်ဆေးခြင်းခံကြရမှာဖြစ်တယ်။ (အလင်းပြကျမ်း)

ركوعها ١ ١٠٣سُوْرَةُ الْعَصْرِ مَكِّيَّةٌ ١٣ اٰيَاتُهَا ٣

## စူရဟ် အစွရ် (ခေတ်ကာလ ကဏ္ဍ) سُوْرَةُ الْعَصْرِ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَالْعَصْرِ ﴿١﴾

(၁) (ငါအရှင်မြတ်သည်) ခေတ်ကာလ(အစွရ်အချိန်၊ အစွရ်စွလာသ်)ကို သက်သေထူတော်မူသည်။

اِنَّ الْاِنْسَانَ لَفِيْ خُسْرٍ ﴿٢﴾

(၂) အမှန်စင်စစ် လူသားသည် အမှန်ပင် ဆုံးရှုံးမှုထဲတွင် ရှိသည်။❶

❶ လူသားရရှိတဲ့ သက်တမ်းဟာ နေ့စဉ်နဲ့အမျှ စက္ကန့်တိုင်းမှာ လျော့နည်းဆုံးရှုံးပျက်စီးသွားတာပဲ ဖြစ်တယ်။ တိုးလာတယ်လို့ မရှိဘူး။ အဲဒီသက်တမ်းရဲ့အချိန်ကို တန်ဖိုးရှိရှိ အသုံးမချဘဲ ဒီအတိုင်းပဲ လွှတ်ထားလိုက်ရင် ပျက်စီးသွားပြီပဲဖြစ်တယ်။ (အလင်းပြကျမ်း)

اِلَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ وَتَوَاصَوْا بِالْحَقِّ ۙ وَتَوَاصَوْا بِالصَّبْرِ ﴿٣﴾

(၃) အကြင်သူများမှလွဲ၍၊ ထိုသူများသည် အီမာန်ယုံကြည်ခဲ့ကြပြီး ကောင်းမြတ်သည့်လုပ်ရပ်များကို ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် အမှန်တရားအပေါ်တွင် ရပ်တည်ကြရန် အချင်းချင်း တိုက်တွန်းဆုံးမကြသည်။ ထို့ပြင် သူတို့သည် သည်းခံကြရန်လည်း အချင်းချင်း တိုက်တွန်းဆုံးမကြသည်။❷

❷ အဲဒီလို ပျက်စီးသွားနေတဲ့လူသားကို မပျက်စီးအောင်ကာကွယ်ချင်ရင် အချက်လေးချက်ပြုလုပ်ရမှာဖြစ်တယ်။ (၁)အီမာန်ယုံကြည်မှု၊ (၂)ကောင်းမြတ်တဲ့လုပ်ရပ်တွေ ပြုလုပ်မှု၊ (၃) အမှန်အပေါ်မှာ အမြဲရပ်တည်နိုင်အောင် အချင်းချင်းတိုက်တွန်းနှိုးဆော်မှု၊ (၄) သည်းခံဖို့ အချင်းချင်းတိုက်တွန်းဆုံးမမှု။ အဲဒီလေးခုပြုလုပ်တဲ့လူသားဟာ မပျက်စီးဘူး။ (အလင်းပြကျမ်း)

ركوعها ١ ١٠٤ سُوْرَةُ الْهُمَزَةِ مَكِّيَّةٌ ٣٢ اٰياتها ٩

## စူရဟ် ဟုမဇဟ် (ကုန်းချောသူ ကဏ္ဍ) سُوْرَةُ الْهُمَزَةِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

وَيۡلٌ لِّكُلِّ هُمَزَةٍ لُّمَزَةِۣ ۙ﴿١﴾

(၁) နောက်ကွယ်အတင်းပြောသူတိုင်း၊ ရှေ့တွင် စောင်းချိတ်ရှုတ်ချသူ အပြစ် ပြောသူတိုင်းအတွက် ပျက်စီးမှု(ငရဲဘုံထဲမှ လျှိုတစ်ခု) ရှိသည်။

الَّذِىۡ جَمَعَ مَالًا وَّعَدَّدَهٗ ۙ﴿٢﴾

(၂) ထိုသူသည် ပစ္စည်းဥစ္စာကို စုဆောင်းပြီး ထိုပစ္စည်းကို အကြိမ်ကြိမ် ရေတွက်လျက်ရှိသည်။

يَحۡسَبُ اَنَّ مَالَهٗۤ اَخۡلَدَهٗ ۚ﴿٣﴾

(၃) ထိုသူသည် သူ့အား အမှန်စင်စစ် သူ၏ပစ္စည်းဥစ္စာက အမြဲရှင် အောင်လုပ်ပေးလိမ့်မည်ဟု ထင်မှတ်နေသည်။❷

❷ ဘာမဆို ငွေနဲ့ပေါက်ပြီး ဖြေရှင်းလို့ရတယ်ဆိုပြီး ငွေနဲ့ ဖြေရှင်းနေရင်းနဲ့ သေခြင်းကို သတိမရ တော့ဘဲ ငွေနဲ့ပဲ အသက်ရှင်နေရတယ်လို့ ထင်လာတော့တာဖြစ်တယ်။ သေခြင်းရောက်လာတော့မှ အရာရာကို ငွေနဲ့ဖြေရှင်းလို့ မရမှန်း သတိရသွားမှာဖြစ်တယ်။ (အလင်းပြကျမ်း)

كَلَّا لَيُنۡۢبَذَنَّ فِى الۡحُطَمَةِ ۖ﴿٤﴾

(၄) လုံးဝမဟုတ်ပေ၊ အမှန်စင်စစ် သူသည် ကြေမွအောင်ပေါက်ခွဲ (အပိုင်းပိုင်းအစစလုပ်)မည့်အရာ(ငရဲ)ထဲတွင် ပစ်ချခြင်းကိုခံရမည်။

وَمَاۤ اَدۡرٰٮكَ مَا الۡحُطَمَةُ ؕ﴿٥﴾

(၅) ထို့ပြင် ထိုကြေမွအောင် ပေါက်ခွဲမည့်အရာသည် မည်သည့်အရာ နည်းဆိုသည်ကို အသင်သိပါ၏လော။

نَارُ اللّٰهِ الۡمُوۡقَدَةُ ۙ﴿٦﴾

(၆) မွှေးထားပြီးဖြစ်သော အလ္လာဟ်အရှင်မြတ်၏ငရဲမီးပင် ဖြစ်သည်။

الَّتِىۡ تَطَّلِعُ عَلَى الۡاَفۡـِٕدَةِ ؕ﴿٧﴾

(၇) ထိုမီးသည် စိတ်နှလုံးများထိ ထိုးဖောက်ဝင်ရောက်သည်။

اِنَّهَا عَلَيۡهِمۡ مُّؤۡصَدَةٌ ۙ﴿٨﴾

(၈) အမှန်စင်စစ် ထိုမီးသည် သူတို့အပေါ်တွင် ပိတ်ဆို့ထားလိမ့်မည်။

فِیۡ عَمَدٍ مُّمَدَّدَةٍ ﴿٩﴾

(၉) ရှည်လျားသောတိုင်များတွင်(တုပ်နှောင်လျက်)။

=====

ركوعها ١ ١٠٥ سُوْرَةُ الْفِيْلِ مَكِّيَّةٌ ١٩ اٰياتها ٥

# စူရဟ် ဖီးလ် (ဆင် ကဏ္ဍ) سُوْرَةُ الْفِيْلِ

=====

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اَلَمْ تَرَ كَيْفَ فَعَلَ رَبُّكَ بِاَصْحٰبِ الْفِيْلِ ﴿١﴾

(၁) အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ဆင်ပိုင်ရှင်များအား မည်သို့ ပြုလုပ်တော်မူခဲ့သည်ကို အသင်သည် မသိမြင်ခဲ့လေသလော။❻

❻ ယီမင်ပြည်မှာ အဗ်ရာဟဟ်ဆိုတဲ့ နတ်စွဲရာနီ ဘုရင်ခံတစ်ဦးဟာ အရပ်တွေရဲ့ကအ်ဗဟ်ကျောင်းတော်မှာ စည်ကားနေတာ မနာလိုဖြစ်ပြီး သူ့နိုင်ငံမှာ အလွန်ကြီးမားတဲ့နတ်စွဲရာနီကျောင်းကြီး ဆောက်လုပ်ခဲ့တယ်။ အဲဒီနောက်လည်း သူ့ကျောင်းမှာ မစည်ကားဘဲ ကအ်ဗဟ်ကျောင်းတော်မှာပဲ စည်ကားနေတဲ့အပေါ် အဲဒီကအ်ဗဟ်ကျောင်းတော်ကို ဖျက်ဆီးဖို့ ဆင်တပ်ကြီးနဲ့ လာခဲ့တာဖြစ်တယ်။ အဲဒီဆင်တပ်ကြီးကို ကအ်ဗဟ်ကျောင်းတော်မရောက်ခင်မှာဘဲ အရှင်မြတ်က ငှက်အုပ်နဲ့ ကျောက်စရစ်ခဲမိုး ရွာချပြီး ဖျက်ဆီးလိုက်တာဖြစ်တယ်။(အလင်းပြကျမ်း) ကအ်ဗဟ်ကျောင်းတော်ကို ဖျက်မဲ့သူကိုတော့ အရှင်မြတ်က ဖျက်ဆီးပစ်လိုက်ပြီး ကအ်ဗဟ်ကျောင်းတော်ထဲကို ရုပ်တုတွေသွင်းပြီး အရှင်မြတ်နဲ့ တုဖက်ကိုးကွယ်နေတဲ့ ကုရိုင်းရှ်လူမျိုးကိုတော့ မဖျက်ဆီးခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုရင် တုဖက်ကိုးကွယ်ခြင်းဟာ အရှင်မြတ်ရဲ့အခွင့်အရေးမှာ ချိုးဖောက်တာဖြစ်ပြီး ကအ်ဗဟ်ကျောင်းတော်ကို ဖျက်ဆီးခြင်းဟာ လူ့အခွင့်အရေးမှာ ချိုးဖောက်တာဖြစ်တယ်။ ဥပမာ - လုယက်တိုက်ခိုက်သူ ဓားပြတွေဟာ မွတ်စ်လင်မ်တွေဖြစ်နေရင်လည်း အရေးယူခံရမှာဖြစ်တယ်။ အဘိုးအို၊ မျက်မမြင်၊ ရသေ့ရဟန်း၊ အမျိုးသမီးနဲ့ ကလေးတွေဟာ ကာဖိရ်တွေဖြစ်နေရင်လည်း အရေးယူသတ်ဖြတ်ခြင်းမခံရဘူး။ ဘာဖြစ်လို့လဲဆိုရင် သူတို့ဟာ တခြားလူသားတွေအပေါ်မှာ လူ့အခွင့်အရေးကို ချိုးဖောက်ကျူးလွန်မဲ့ အန္တရာယ်မရှိလို့ဖြစ်တယ်။ (သဖ်စီရ် အရ်ရာဇီ)

اَلَمْ يَجْعَلْ كَيْدَهُمْ فِيْ تَضْلِيْلٍ ﴿٢﴾

(၂) အရှင်မြတ်သည် သူတို့၏လျှို့ဝှက်ကြံစည်မှုကို ပျက်ပြားစေတော်မူခဲ့သည် မဟုတ်လော။

وَّاَرْسَلَ عَلَيْهِمْ طَيْرًا اَبَابِيْلَ ﴿٣﴾

(၃) ထို့ပြင် အရှင်မြတ်သည် သူတို့၏အပေါ်တွင် (အဗာဗီးလ်အနက်ရောင်ရှိ ပျံလွှားငှက်များနှင့်တူသည့်)ငှက်များကို အုပ်စုလိုက် စေလွှတ်တော်မူခဲ့သည် မဟုတ်လော။

تَرۡمِيهِم بِحِجَارَةٖ مِّن سِجِّيلٖ ۝٤

(၄) ထိုငှက်များသည် သူတို့အား ရွှံ့စေးဖြင့်ပြုလုပ်ထားသော ကျောက်ခဲများဖြင့် ပစ်ခတ်လျက်ရှိခဲ့ကြသည်။

فَجَعَلَهُمۡ كَعَصۡفٖ مَّأۡكُولِۭ ۝٥

(၅) ထို့နောက် အရှင်မြတ်သည် သူတို့အား စားထားပြီးဖြစ်သော ကောက်ရိုးဖတ်များကဲ့သို့ ပြုလုပ်တော်မူခဲ့သည်။

==========

ركوعاتها ١ ١٠٦ سُوۡرَةُ قُرَيۡشٍ مَكِّيَّةٌ ٢٩ اٰياتها ٤

## سُوۡرَةُ قُرَيۡشٍ စူရဟ် ကုရိုင်းရှ် (ကုရိုင်းရှ် အမျိုးသားများကဏ္ဍ)

==========

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

لِاِيۡلٰفِ قُرَيۡشٍ ۙ﴿۱﴾

(၁) ကုရိုင်းရှ်အမျိုးသားများ၏ အလေ့အထရှိကြသည့်အတွက်၊

اٖلٰفِهِمۡ رِحۡلَةَ الشِّتَآءِ وَالصَّيۡفِ ۚ﴿۲﴾

(၂) ၎င်း(ကုရိုင်းရှ်အမျိုးသား)တို့သည် ဆောင်းရာသီနှင့် နွေရာသီတွင် ခရီးထွက်လေ့ရှိကြသည့်အတွက်(ငါအရှင်မြတ်သည် ၎င်းတို့၏ခရီးစဉ်ကို အစစအရာရာ အဆင်ပြေချောမွေ့အောင် ပြုလုပ်ပေးလျက် ကျေးဇူးပြုတော်မူခဲ့သည်)။

فَلۡيَعۡبُدُوۡا رَبَّ هٰذَا الۡبَيۡتِ ۙ﴿۳﴾

(၃) သို့ဖြစ်ရာ သူတို့သည် ဤအိမ်တော်(ကအ်ဗဟ်ကျောင်းတော်)၏ ဖန်ဆင်းရှင်ကို ကိုးကွယ်ကြရမည်ဖြစ်သည်။

الَّذِىۡۤ اَطۡعَمَهُمۡ مِّنۡ جُوۡعٍ ۙ وَّاٰمَنَهُمۡ مِّنۡ خَوۡفٍ ﴿۴﴾

(၄) ထိုအရှင်မြတ်သည် သူတို့အား ဆာလောင်မွတ်သိပ်ခြင်းမှ ကင်းလွတ်ရန် ကျွေးမွေးတော်မူခဲ့သည့်အပြင် သူတို့အား စိုးရိမ်မှုမှလည်း ဘေးရန်ကင်းငြိမ်းစေတော်မူခဲ့သည်။

رکوعها ١ ١٠٧ سُوْرَةُ الْمَاعُوْنِ مَكِّيَّةٌ ١٧ اٰيَاتها ٧

## စူရဟ် မာအူးန် (အသေးအဖွဲ ကဏ္ဍ) سُوْرَةُ الْمَاعُوْنِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اَرَءَيۡتَ الَّذِىۡ يُكَذِّبُ بِالدِّيۡنِ ۝١

(၁) အသင်(တမန်တော်)သည် အစားပေးခြင်း(၏နေ့)ကို မဟုတ်မမှန်ဟု ငြင်းပယ်သည့်သူကို မမြင်ခဲ့သလော။

فَذٰلِكَ الَّذِىۡ يَدُعُّ الۡيَتِيۡمَ ۝٢

(၂) ထိုသူပင် အဘမဲ့ကလေးသူငယ်ကို တွန်းထုတ်သောသူ ဖြစ်သည်။

وَلَا يَحُضُّ عَلٰى طَعَامِ الۡمِسۡكِيۡنِ ۝٣

(၃) ထို့ပြင် ထိုသူသည် ဆင်းရဲသားကို အစားအစာကျွေးမွေးရန် တိုက်တွန်းနှိုးဆော်မှုလည်းမပြုပေ။

فَوَيۡلٌ لِّلۡمُصَلِّيۡنَ ۝٤

(၄) သို့ဖြစ်ရာ အကြင်စွလာသ်ဝတ်ပြုသူများတွင် အကြီးအကျယ်ပျက်စီးခြင်းရှိသည်။

الَّذِيۡنَ هُمۡ عَنۡ صَلَاتِهِمۡ سَاهُوۡنَ ۝٥

(၅) ထိုသူများသည် သူတို့၏ စွလာသ်ဝတ်ပြုမှု(ထဲတွင် စိတ်ပါဝင်စားမှုနှင့် တာဝန်ဝတ္တရား)ကိုပင် မေ့လျော့ထားကြသည်။

الَّذِيۡنَ هُمۡ يُرَآءُوۡنَ ۝٦

(၆) ထိုသူများသည် (သူတို့၏စွလာသ်ဝတ်ပြုမှုစသည့်ကောင်းမှုများကို) ပြစားကြသည်။

وَيَمۡنَعُوۡنَ الۡمَاعُوۡنَ ۝٧

(၇) ထို့ပြင် သူတို့သည် အသေးအဖွဲ အသုံးအဆောင်ပစ္စည်းများကိုပင် (သူတစ်ပါးကို ငှားရမ်းခြင်းမပြုရန်) ပိတ်ပင်တားမြစ်ကြသည်။

==========================================================================

ركوعها ١ — ١٠٨ سُوْرَةُ الْكَوْثَرِ مَكِّيَّةٌ ١٥ — اٰياتها ٣

## စူရဟ် ကောင်ဆရ် (ကောင်ဆရ် ကန်တော်ကဿာ) سُوْرَةُ الْكَوْثَرِ

==========================================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اِنَّآ اَعْطَيْنٰكَ الْكَوْثَرَ ۝١

(၁) အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်(တမန်တော်)အား များပြားလှသောကောင်းခြင်းများ(ကောင်ဆရ်ကန်တော်)ကို ပေးသနားတော်မူခဲ့သည်။

فَصَلِّ لِرَبِّكَ وَانْحَرْ ۝٢

(၂) သို့ဖြစ်ရာ အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အတွက်ရည်ရွယ်ပြီး စွလာသ်ဝတ်ပြုပါ။ ထို့ပြင် အသင်သည် (အရှင်မြတ်အား ရည်ရွယ်ပြီး သားကောင်ကို လှီးဖြတ်စွန့်လှူ)ကုရ်ဗာနီပြုပါ။

اِنَّ شَانِئَكَ هُوَ الْاَبْتَرُ ۝٣

(၃) အမှန်စင်စစ် အသင်၏ရန်သူပင် အညွန့်တုံးသူ ဖြစ်သည်။❶

❶ اَبْتَرُ အဗ်သရ်ဆိုတာ အညွန့်တုံးသူ၊ အမျိုးပြတ်သူ၊ ကျောထောက်နောက်ခံမရှိသူကို ခေါ်တယ်။ ကာဖိရ်တွေက တမန်တော်မြတ် ﷺ မှာ သားယောကျ်ားလေးတစ်ဦးတစ်ယောက်မှ မရှိတော့တဲ့အတွက် အဲဒီလိုပြောဆိုတာဖြစ်တယ်။ အဲဒါကို အရှင်မြတ်က ပြန်လည်ချေပတော်မူတာဖြစ်တယ်။ တမန်တော်ဟာ အညွန့်မတုံးဘူး။ နောက်လိုက်တွေ ကိယာမသ်နေ့ထိ မရေမတွက်နိုင်ရှိတယ်။ အသင်တို့ကာဖိရ်တွေပဲ အညွန့်တုံးသူဖြစ်တယ်။ အဲဒါကြောင့် အဲဒီခေတ်က အဲဒီလိုပြောခဲ့တဲ့သူရဲ့ အဆက်အနွယ်ဟာ အစအနတောင်မရှိတော့ဘူး။ (အလင်းပြကျမ်း)

==================================================

اٰياتها ٦ ١٠٩ سُوْرَةُ الْكٰفِرُوْنَ مَكِّيَّةٌ ١٨ ركوعها ١

## စူရဟ် ကာဖိရူးန် (ငြင်းပယ်သူများ ကဏ္ဍ) سُوْرَةُ الْكٰفِرُوْنَ

==================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

قُلْ يٰۤاَيُّهَا الْكٰفِرُوْنَ ۝١

(၁) (အို-တမန်တော်) အသင်ပြောပါ၊ အို-ကာဖိရ်ငြင်းပယ်သူအပေါင်းတို့။

لَاۤ اَعْبُدُ مَا تَعْبُدُوْنَ ۝٢

(၂) ငါသည် အသင်တို့ကိုးကွယ်နေကြသော ကိုးကွယ်ရာများကို ကိုးကွယ်နေသည်မဟုတ်ပေ။

وَلَاۤ اَنْتُمْ عٰبِدُوْنَ مَاۤ اَعْبُدُ ۝٣

(၃) ထို့ပြင် အသင်တို့သည်လည်း ငါကိုးကွယ်နေသော ကိုးကွယ်ခြင်းခံထိုက်သူကို ကိုးကွယ်နေကြသူများ မဟုတ်ကြပေ။

وَلَاۤ اَنَا عَابِدٌ مَّا عَبَدْتُّمْ ۝٤

(၄) ထို့ပြင် ငါသည် အသင်တို့ကိုးကွယ်ကြသော ကိုးကွယ်ရာများကို ကိုးကွယ်မည့်သူ မဟုတ်ပေ။

وَلَاۤ اَنْتُمْ عٰبِدُوْنَ مَاۤ اَعْبُدُ ۝٥

(၅) အသင်တို့သည်လည်း ငါကိုးကွယ်မည့်ကိုးကွယ်ခြင်းခံထိုက်သူကို ကိုးကွယ်ကြမည့်သူများ မဟုတ်ကြပေ။

لَكُمْ دِيْنُكُمْ وَلِيَ دِيْنِ ۝٦

(၆) အသင်တို့အတွက် အသင်တို့၏သာသနာဖြစ်၍ ငါ့အတွက် ငါ၏သာသနာပင် ဖြစ်သည်။

================================================

ركوعها ١ ١١٠ سُوْرَةُ النَّصْرِ مَدَنِيَّةٌ ١١٤ اٰياتها ٣

## စူရဟ် နတ်စ်ွရ် (အကူအညီ ကဏ္ဍ) سُوْرَةُ النَّصْرِ

================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

اِذَا جَآءَ نَصْرُ اللّٰهِ وَ الْفَتْحُ ۝١

(၁) အလ္လာဟ်အရှင်မြတ်၏အကူအညီနှင့် အောင်နိုင်မှု❶ ရောက်ရှိလာခဲ့သည့်အခါ။

❶ အောင်နိုင်မှုဆိုတာ မက္ကာဟ်မြို့ကို အောင်နိုင်မှုကို ဆိုလိုတယ်။ မက္ကာဟ်ကို အောင်နိုင်ပြီးတဲ့အခါမှာ အစ္စလာမ်ထဲကို အုပ်စုလိုက်၊ အုပ်စုလိုက် ဆက်တိုက်ဝင်ရောက်လာခဲ့တာဟာ နောက်ဆုံးမှာ ဆော်ဒီအာရေဗျကျွန်းဆွယ်တစ်ခုလုံးနီးပါးဟာ မွတ်စ်လင်မ်တွေ ဖြစ်သွားခဲ့ကြတယ်။ ရန်သူတွေဟာ မိတ်ဆွေတွေအဖြစ် ပြောင်းလဲသွားခဲ့ကြတယ်။ အစ္စလာမ်ဟာ ဘယ်သူ့ကိုမှ မစိုးရိမ်ရတော့ဘဲ ငြိမ်းချမ်းမှုရရှိပြီး လွတ်လွတ်လပ်လပ်ကိုယ့်ဘာသာ ရပ်တည်လာနိုင်ပြီဖြစ်တဲ့အတွက် တမန်တော်မြတ် ﷺ လုပ်ငန်းဆောင်တာ အားလုံးပြီးစီးသွားတာကြောင့် အရှင်မြတ်က ပြန်လည်ခေါ်ယူလိုက်တော့တယ်။ ဒီစူရဟ်ထဲမှာ ညွှန်ပြချက်နှစ်ရပ်ဖော်ပြထားတယ်။ တစ်ခုက အရှင်မြတ်ရဲ့အကူအညီရောက်ရှိလာရင် အရှင်မြတ်သန့်စင်တော်မူကြောင်းကို ချီးမွမ်းမှုနဲ့တကွ မြွက်ဆိုဖို့နဲ့ အရှင်မြတ်ထံတော်မှာ ခွင့်လွှတ်မှုတောင်းခံကြဖို့ ဖြစ်တယ်။ နောက်တစ်ခုကတော့ တမန်တော်မြတ် ﷺ ရဲ့ဝဖာသ်ဟာ နီးကပ်နေပြီဖြစ်ကြောင်း အသိပေးလိုက်ခြင်း ဖြစ်တယ်။

(သိုင်စီရွလ် ကရီမိရ်ရဟ်မာန်၊ စွဟီးဟ် ဗုခါရီ)

وَ رَاَيْتَ النَّاسَ يَدْخُلُوْنَ فِيْ دِيْنِ اللّٰهِ اَفْوَاجًا ۝٢

(၂) ထို့ပြင် အသင်(တမန်တော်)သည် လူများအား အလ္လာဟ်အရှင်မြတ်၏ဒီနိသာသနာတော်တွင် အသင်းလိုက်အဖွဲ့လိုက် ဝင်ရောက်နေသည်ကို တွေ့မြင်သည့်အခါ။

فَسَبِّحْ بِحَمْدِ رَبِّكَ وَ اسْتَغْفِرْهُ ؕ اِنَّهٗ كَانَ تَوَّابًا ۝٣

(၃) အသင်(တမန်တော်)သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ချီးမွမ်းထောမနာပြုခြင်းနှင့်တကွ စင်ကြယ်သန့်ရှင်းတော်မူကြောင်း ရွတ်ဆိုပါ။ ထို့ပြင် အသင်သည် အရှင်မြတ်ထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံပါ။ အမှန်စင်စစ် အရှင်မြတ်သည် ဝန်ချတောင်းပန်မှုကို အကြိမ်ကြိမ်လက်ခံခွင့်လွှတ်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

رکوعها ١ ١١١ سُوْرَةُ اللَّهَبِ مَكِّيَّةٌ ٦ اٰياتها ٥

## စူရဟ် လဟဗ် (မီးတောက်မီးလျှံ ကဏ္ဍ) ❷ سُوْرَةُ اللَّهَبِ

❷ ဒီစူရဟ်ကဏ္ဍကို တချို့က سُوْرَةُ اللَّهَبِ မီးတောက်မီးလျှံကဏ္ဍ၊ တချို့က سُوْرَةُ الْمَسَدِ စွန်ပလွံလျှော်ကဏ္ဍ၊ တချို့က سُوْرَةُ تَبَّتْ ပျက်စီးပါစေကဏ္ဍလို့ ခေါင်းစဉ်တပ်ကြတယ်။ (အရ်ရတ်စ်မွလ်အွခ်မာနီ)

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

تَبَّتْ يَدَآ اَبِيْ لَهَبٍ وَّ تَبَّ ۝١

(၁) အဗူလဟဗ်၏လက်နှစ်ဖက်သည် ကျိုးပဲ့ပျက်စီးပါစေ၊ ထို့ပြင် သူကိုယ်တိုင်လည်း ပျက်စီးပါစေ။

مَآ اَغْنٰى عَنْهُ مَالُهٗ وَمَا كَسَبَ ۝٢

(၂) သူ၏ပစ္စည်းဥစ္စာနှင့် သူရှာဖွေခဲ့သော (ဥစ္စာ၊ သားသမီး)သည်လည်း သူ့အား အသုံးမဝင်စေခဲ့ပေ။

سَيَصْلٰى نَارًا ذَاتَ لَهَبٍ ۝٣

(၃) သူကိုယ်တိုင်လည်း ဟုန်းဟုန်းတောက်နေသည့်မီးထဲသို့ မကြာမီဝင်ရောက်ရမည်။

وَّامْرَاَتُهٗ ۚ حَمَّالَةَ الْحَطَبِ ۝٤

(၄) ထင်းစည်းကို ထမ်းထားသောသူ၏ဇနီးသည်လည်း (ငရဲမီးထဲဝင်ရမည်)။

فِيْ جِيْدِهَا حَبْلٌ مِّنْ مَّسَدٍ ۝٥

(၅) သူမ၏လည်ကုပ်တွင် စွန်ပလွံလျှော်ကို ကျစ်ထားသော ကြိုးတစ်ချောင်းလည်းရှိသည်။

==========================================================================

ركوعها ١ ١١٢ سُوْرَةُ الْاِخْلَاصِ مَكِّيَّةٌ ٢٢ اٰياتها ٤

## စူရတ် အိခ်လာစ် (ဖြူစင်သည့်စေတနာ ကဏ္ဍ) سُوْرَةُ الْاِخْلَاصِ

==========================================================================

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

قُلْ هُوَ اللّٰهُ اَحَدٌ ۚ﴿١﴾

(၁) (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ ထိုအလ္လာဟ်အရှင်မြတ်သည် တစ်ပါးတည်းဖြစ်တော်မူသည်။

اَللّٰهُ الصَّمَدُ ۚ﴿٢﴾

(၂) အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်းဟူသမျှမှ ကင်းတော်မူသောအရှင် (သူတစ်ပါးတို့၏ မှီခိုအားထားရာအရှင်၊ အမြဲထာဝရအရှင်) ဖြစ်တော်မူသည်။

لَمْ يَلِدْ ۙ وَلَمْ يُوْلَدْ ۙ﴿٣﴾

(၃) အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားတော်မူခဲ့သည်မဟုတ်ပေ။ ထို့ပြင် မည်သူတစ်ဦးတစ်ယောက်၏ မွေးဖွားခြင်းကိုမျှလည်း ခံခဲ့ရတော်မမူပေ။

وَلَمْ يَكُنْ لَّهٗ كُفُوًا اَحَدٌ ۚ﴿٤﴾

(၄) ထို့ပြင် အရှင်မြတ်တွင် ဂုဏ်ရည်တူသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ မရှိပေ။

ركوعها١ ١١٣سُوۡرَةُ الۡفَلَقِ مَكِّيَّةٌ٢٠ اٰياتها٥

# စူရဟ် ဖလတ်က် (အရုဏ်တက်ချိန် ကဏ္ဍ) سُوۡرَةُ الۡفَلَقِ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

قُلۡ اَعُوۡذُ بِرَبِّ الۡفَلَقِ ۙ﴿۱﴾

(၁) (အို-တမန်တော်) အသင်ပြောဆိုပါ၊ ကျွန်ုပ်သည် နံနက်မိုးသောက်ချိန်ကို ဖန်ဆင်းတော်မူသောအရှင်မြတ်ထံတော်တွင် ခိုလှုံပါသည်။❶

❶ တစ်ခါမှာ ယဟူဒီတစ်ဦးဖြစ်သူ လဗီးဒ်ဗင်အအ်စွမ်နဲ့ သူ့သမီးတွေက တမန်တော်မြတ် ﷺကို စိပ်ဟ်ရ်ဂျာဒူပြုလုပ်ခဲ့ကြတဲ့အတွက် တမန်တော်မြတ် ﷺဟာ အနည်းငယ်ခံစားတော်မူခဲ့ရတယ်။ အဲဒီအတွက်တမန်တော်မြတ် ﷺကအရှင်မြတ်ထံတော်မှာဆုတောင်းတော်မူတဲ့အခါအရှင်မြတ်က ဒီစူရဟ်နှစ်ပုဒ်ကို ချပေးတော်မူခဲ့တယ်။ ဒီစူရဟ်နှစ်ခုပေါင်းမှာ အာယသ်တော်တွေ (၁၁)ခုပါဝင်တယ်။ လဗီးဒ်ရဲ့ဂျာဒူမှာလည်း အထုံး (၁၁)ထုံးပါရှိတယ်။ ကောင်းကင်တမန်ဂျိဗ်ရီလ် عليه السلامဟာ ဒီစူရဟ်နှစ်ပုဒ်ကို ရွတ်ဖတ်တဲ့အခါ အာယသ်တော်တစ်ခု ရွတ်ဖတ်ပြီးတိုင်း အထုံးတစ်ထုံးစီ ပြေသွားခဲ့တယ်။ အဲဒီလိုနဲ့ အာယသ်(၁၁)ခု ဆုံးသွားတဲ့အခါ အထုံးအားလုံးပြေသွားပြီး တမန်တော်မြတ် ﷺဟာ နေသာထိုင်သာရှိသွားခဲ့တယ်။ ဒီစူရဟ်ရဲ့အဓိကဟာ လူသားတွေအနေနဲ့ နစ်ဘဝစလုံးရဲ့ ဒုက္ခအန္တရာယ်ကနေ လွတ်မြောက်ကြဖို့အတွက်ဟာ တခြားလမ်းမရှိဘူး။ အရှင်မြတ်ထံတော်မှာပဲ အားကိုးတကြီးနဲ့ ယုံယုံကြည်ကြည် ခိုလှုံရမှာဖြစ်ကြောင်း မိန့်ဆိုထားတာဖြစ်တယ်။ (အလင်းပြကျမ်း) ကုရ်အာန်ရဲ့နေရာအမြောက်အမြားမှာ အရှင်မြတ်အလိုရှိမှသာ ဘယ်သူမဆို မိမိအလို(ရ)ရှိနိုင်ကြောင်း၊ အရှင်မြတ်အလိုမရှိရင် ဘယ်သူမှလည်း မိမိအလိုမ(ရ)ရှိနိုင်ကြောင်း ထပ်ပြန်တလဲလဲ အမိန့်ရှိထားခဲ့ပြီးဖြစ်တယ်။ (ကုရ်အာန်-၈၁း၂၉)အဲဒါက ဘာကိုဆိုလိုတာလဲဆိုရင် အရာရာတိုင်းမှာ စွမ်းအားတွေ၊ အရည်အချင်းတွေ ကိုယ်စီကိုယ်စီ အရှင်မြတ်ကပဲ ထည့်သွင်းပေးထားတာဖြစ်တယ်။ ဒါပေမဲ့ အဲဒီအရည်အချင်းတွေ၊ လုပ်နိုင်ကိုင်နိုင်မှုတွေကို ချုပ်ကိုင်ထားတာကလည်း အလ္လာဟ်အရှင်မြတ်ပဲ ဖြစ်တယ်။ အရှင်မြတ်က အလိုရှိနေတယ်ဆိုရင် အဲဒီအရာတွေအားလုံးဟာ အရှင်မြတ်ထည့်ပေးထားတဲ့အစွမ်းတွေအတိုင်း ထိရောက်နေလိမ့်မယ်။ အရှင်မြတ်က အလိုမရှိတော့ဘူးဆိုရင် ဘာမှထိရောက်မှာ မဟုတ်တော့ဘူး။ မီးဟာ ပူတယ်။ အရှင်မြတ်ကပဲ ပူတဲ့အစွမ်းသတ္တိကို ထည့်ပေးထားတာ ဖြစ်တယ်။ ဒါပေမဲ့ အဲဒီမီးဟာ အရှင်မြတ်က ပူဖို့အလိုမရှိဘူးဆိုရင် မပူတော့ဘူး။ ဥပမာအနေနဲ့လည်း အရှင်မြတ်က တမန်တော်အိဗ်ရာဟီမ် عليه السلامမီးပုံထဲ ချခံရတဲ့အဖြစ်အပျက်ကို ပြသခဲ့ပြီးဖြစ်တယ်။ မီးဟာ မပူဘဲ အေးချမ်းသာယာမှုဖြစ်သွားခဲ့ရတယ်။ (ကုရ်အာန်-၂၁း၆၉) အဲဒီအတိုင်းပဲ ရှိုင်သွာန်တွေ မကောင်းတဲ့ ဂျင်န်တွေရော၊ လူတွေရော ဂျာဒူတွေရောဟာ အရှင်မြတ်အလိုရှိမှပဲ အနှောင့်အယှက်ပေးလို့ရတာဖြစ်တယ်။ အရှင်မြတ်အလိုမရှိရင် ဘယ်သူမှ ဘာအန္တရာယ်မှ မပေးနိုင်ဘူး။(ကုရ်အာန်-၂း၁၀၂) အဲဒါကြောင့်အရှင်မြတ်

ရဲ့အလိုတော်ကို ယုံကြည်ပြီး အရှင်မြတ်ထံတော်မှာပဲ ခိုလှုံကာ အားကိုးအားထားပြုခိုင်းထားတာ ဖြစ်တယ်။ (ကုရ်အာန် - ၁၁၃း၁၊ ၁၁၄း၁)

တမန်တော်မြတ် ﷺ က အမိန့်ရှိတော်မူတယ် - "အကြင်သူဟာ လူတွေထဲမှာ အင်အား အကြီးဆုံးဖြစ်ချင်တယ်ဆိုရင် အလ္လာဟ်အရှင်မြတ်အပေါ်မှာ ယုံပုံလွှဲအပ်လိုက်ပါ။ အကြင်သူဟာ လူတွေထဲမှာ အမြင့်မြတ်ဆုံးဖြစ်ချင်တယ်ဆိုရင် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ပြီး သက္ကဝါ လက်ကိုင်ပြုပါ။ အကြင်သူဟာ လူတွေထဲမှာ အချမ်းသာဆုံးဖြစ်ချင်တယ်ဆိုရင် မိမိလက်ထဲမှာ ရှိတဲ့အရာထက် အလ္လာဟ်အရှင်မြတ်ရဲ့လက်ထဲမှာရှိတဲ့အရာအပေါ်မှာ ပိုပြီးအားကိုးပါ။"

(စွဟီးဟ်ဟာကင်မ်ကျမ်း - နံပါတ် ၇၇၀၇)

အရှင်မြတ်တစ်ပါးတည်းနဲ့ အစစအရာရာဟာ လုံလောက်တဲ့အတွက် အရှင်မြတ်အပေါ်မှာ ပုံအပ်ပြီး ခိုလှုံခိုင်းထားတာဖြစ်တယ်။ وَمَنْ يَّتَوَكَّلْ عَلَى اللّٰهِ فَهُوَ حَسْبُهٗ "ထို့ပြင် မည်သူမဆို အလ္လာဟ် အရှင်မြတ်အပေါ်တွင် ယုံပုံလွှဲအပ်လျှင် အရှင်မြတ်သည် သူ့အတွက် လုံလောက်တော်မူသည်။"

(ကုရ်အာန် - ၆၅း၃)

قُلْ حَسْبِيَ اللّٰهُ "အသင်ပြောပါ - ကျွန်ုပ်အတွက် အလ္လာဟ်အရှင်မြတ်သည် လုံလောက်တော်မူပါသည်"

(ကုရ်အာန် - ၃၉း၃၈)

ကုရ်အာန်ကျမ်းတော်မြတ်ရဲ့အစအဦးဆုံး စူရဟ်ဖာသိဟဟ် မှာ "ကျွန်ုပ်တို့သည် အရှင်မြတ်ထံမှသာလျှင် အကူအညီတောင်းခံကြပါသည်" လို့ အစပြုခဲ့ပြီး နောက်ဆုံးစူရဟ်နှစ်ပုဒ်မှာ အရှင်မြတ်ထံမှာ ခိုလှုံမှုရယူဖို့ အဆုံးသတ်ပေးထားခြင်းဟာ အကျိုးအမြတ်အတွက် အရှင်မြတ်ထံကသာ အကူအညီ ရယူရမှာဖြစ်ကြောင်းနဲ့ ဆုံးရှုံးမှုအန္တရာယ်ကနေ ကာကွယ်ဖို့လည်း အရှင်မြတ်ထံတော်မှာပဲ ခိုလှုံမှုရယူရမှာဖြစ်ကြောင်း နှစ်ဘဝစလုံးရဲ့အမြတ်ရဖို့နဲ့ မရှုံးဖို့အတွက် လုံလောက်အောင် ရှေ့ဆုံးစူရဟ်နဲ့ နောက်ဆုံးစူရဟ်ကို ဆက်စပ်ညွှန်ကြားထားတာ တွေ့ရမှာဖြစ်တယ်။

(ဗယာနွလ်ကုရ်အာန်)

مِنْ شَرِّ مَا خَلَقَ ۝٢

(၂) အရှင်မြတ်ဖန်ဆင်းတော်မူသော အဖန်ဆင်းခံများ၏ဘေးအန္တရာယ်များမှ။

وَمِنْ شَرِّ غَاسِقٍ اِذَا وَقَبَ ۝٣

(၃) ထို့ပြင် အမှောင်အတိဖြစ်လာသည့်အခါ ထိုအမှောင်၏ ဘေးအန္တရာယ်များမှ။

وَمِنْ شَرِّ النَّفّٰثٰتِ فِي الْعُقَدِ ۝٤

(၄) အထုံးအဖွဲ့များတွင် မန်းမှုတ်သော မိန်းမများ၏ဘေးအန္တရာယ်များမှ။

وَمِنْ شَرِّ حَاسِدٍ اِذَا حَسَدَ ۝٥

(၅) မနာလိုငြူစူသူသည် မနာလိုငြူစူသည့်အခါ သူ၏ဘေးအန္တရာယ်များမှ (လွတ်မြောက်ရန် အရှင်မြတ်ထံတော်တွင် ခိုလှုံပါသည်)။

=====================================================================

ركوعها ١ ‏ ١١٤ سُوْرَةُ النَّاسِ مَكِّيَّةٌ ٢١ ‏ اٰياتها ٦

## စူရဟ် နာစ် (လူသားများ ကဏ္ဍ) سُوْرَةُ النَّاسِ

=====================================================================

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အလွန်သနားကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် (ကျွန်ုပ်အစပြုပါသည်)။

قُلۡ اَعُوۡذُ بِرَبِّ النَّاسِ ۝١

(၁) (အို-တမန်တော်) အသင်ပြောဆိုပါ၊ လူသားများအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် ကျွန်ုပ်ခိုလှုံပါသည်။

مَلِكِ النَّاسِ ۝٢

(၂) လူသားများ၏ အရာရာကိုစိုးပိုင်တော်မူသည့် ဘုရင်မင်းမြတ်ဖြစ်တော်မူသော (အရှင်မြတ်ထံတော်တွင်)။

اِلٰهِ النَّاسِ ۝٣

(၃) လူသားများ၏ ကိုးကွယ်ခြင်းခံထိုက်တော်မူသော (အရှင်မြတ်ထံတော်တွင်)။

مِنۡ شَرِّ الۡوَسۡوَاسِ ۙ الۡخَنَّاسِ ۝٤

(၄) မကောင်းအကြံအစည်များကို ထည့်သွင်းတတ်သော၊ နောက်ဆုတ်တတ်သော (ရှိုင်သွာန်၏)အန္တရာယ်မှ။

الَّذِىۡ يُوَسۡوِسُ فِىۡ صُدُوۡرِ النَّاسِ ۝٥

(၅) ထို(ရှိုင်သွာန်)သည် လူများ၏စိတ်နှလုံးများထဲသို့ မကောင်းအကြံအစည်များထည့်သွင်းလေ့ရှိသည်။

مِنَ الۡجِنَّةِ وَالنَّاسِ ۝٦

(၆) ထို(ရှိုင်သွာန်)သည် ဂျင်န်သတ္တဝါများထဲမှလည်းကောင်း၊ လူများထဲမှလည်းကောင်း။ (အရှင်မြတ်ထံတော်တွင် ကျွန်ုပ် ခိုလှုံပါသည်)။

اَلۡحَمۡدُ لِلّٰهِ အလ္လာဟ်အရှင်မြတ်ရဲ့ ကျေးဇူးတော်နဲ့ ကုရ်အာန်ကျမ်းတော်မြတ်တစ်အုပ်လုံး ဘာသာပြန်မှု ပြီးဆုံးသွားပါပြီ။

**ဟာရှင်မ်တင်မြင့် (၁-၅-၂၀၁၃)**

(၂၀၁၆ ဒီဇင်ဘာတွင် ဆိုဒ်အသေးပြင်ဆင်ပြောင်းလဲ၍ ပြီးစီးသည်။)

# ကုရ်အာန်ကို လေ့လာလိုသူများအတွက် အလ္လာဟ်အရှင်မြတ်က လွယ်ကူအောင်လုပ်ပေးပြီး ကျေးဇူးပြုတော်မူလိုက်သည်မှာ—

## မြန်မာ့သမိုင်းတွင် ပထမဦးဆုံးအဖြစ် ကုရ်အာန်အဓိပ္ပာယ်ဆိုင်ရာ စွယ်စုံသုံးနိုင်သော ကွန်ပျူတာ ဆော့ဝဲအခွေ ထွက်လာပါပြီ။

ဎင်းထဲတွင် ပါဝင်လုပ်ဆောင်နိုင်သောအချက်အလက်များမှာ—

၁။ ကုရ်အာန်၏တန်ခိုးတော်များကို ဝင်ပေါက်(၁၁၁)ခုမှ ဝင်ကြည့်နိုင်ခြင်း၊
၂။ တန်ခိုးတော်များကို ကြားမြင်ပြီး အီမာန်ယုံကြည်မှု တိုးတက်ခိုင်မာစေနိုင်ခြင်း၊
၃။ ကုရ်အာန်တစ်အုပ်လုံးကို ဖတ်ရွတ်နိုင်ခြင်း၊ အသံနားထောင်နိုင်ခြင်း၊
၄။ ကုရ်အာန်ဘာသာပြန်တစ်အုပ်လုံးကို ဖတ်နိုင်ရုံမက နားပါထောင်နိုင်ခြင်း၊
၅။ အလွတ်ကျက်လိုသူများအတွက် အကြိမ်ကြိမ်ပြန်ကျော့နားထောင်နိုင်ခြင်း၊
၆။ သဂျ်ဝီးဒ်လေ့ကျင့်လိုသူများအတွက် လေ့ကျင့်ရန်အခန်းကဏ္ဍပါရှိခြင်း၊
၇။ ကုရ်အာန်အကျယ်ဖွင့်ဆိုချက်များနှင့် ကဏ္ဍ(၁၀)ခုကို လေ့လာနိုင်ခြင်း၊
၈။ ကုရ်အာန်၏စာသားများနှင့် ဘာသာပြန်၏စာသားများကို (တက်စ်)အဖြစ် ကူးယူနိုင်ပြီး လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ခြင်း၊
၉။ စူရဟ်နံပါတ်နှင့် အာယသ်နံပါတ်ရိုက်နှိပ်လိုက်ရုံဖြင့် ဎင်းနှင့်သက်ဆိုင်သော ကုရ်အာန်အာယသ်နှင့် အဓိပ္ပာယ်များပေါ်ထွက်လာမည်ဖြစ်ခြင်း၊
၁၀။ အာယသ်အထောက်အထားများ ရှာဖွေရန် လွယ်ကူခြင်း၊
၁၁။ အာယသ်အထောက်အထားများဖြင့် စုစည်းထားသော အကြောင်းအရာ ပေါင်း(၁၅၃)ခု ပါရှိခြင်း၊ မိမိဖတ်ရှုလိုသော အကြောင်းအရာကို နှိပ်လိုက်ရုံဖြင့် ပေါ်ထွက်လာမည်ဖြစ်ခြင်း၊ အသံပါနားထောင်နိုင်ခြင်း၊ စာသားများကို ကူးယူနိုင်ခြင်း စသောအချက်အလက်များပါရှိပါသည်။

ကျောင်းသားများ၊ ဆရာများ၊ စာရေးဆရာများအတွက် အထူးအသုံးဝင်မည်ဖြစ်ပါသည်။ မိမိတို့အတွက်သာမက လူထုကိုပါ အကျိုးပြုနိုင်ပါမည်။

ကွန်ပျူတာမရှိသူများအတွက် လက်မဲ့မဖြစ်စေရန် ကုရ်အာန်အာယသ်ဖတ်ပြီးတိုင်း ဎင်း၏အဓိပ္ပာယ်ကို ဖတ်ပြထားသော ဒီဗွီဒီခွေလည်း ထုတ်ပေးထားပါသည်။ ကဏ္ဍပေါင်း ၁၆ခု ပါရှိပါသည်။ ပလေယာများဖြင့် အသံနားထောင်နိုင်ပါသည်။ လက်ကိုင်ဖုန်းများတွင်လည်း ထည့်ပြီး နားထောင်နိုင်ပါသည်။



ဟာရှင်မ်တင်မြင့်